# နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်လာ၏

အနန္တတန်ခိုးရှင် ဘုရားသခင် အသင်းတော်

မူပိုင်ခွင့် © ၂၀၂၁ အနန္တတန်ခိုးရှင် ဘုရားသခင် အသင်းတော်

လုပ်ပိုင်ခွင့်အားလုံး ထိန်းသိမ်းထားသည်။

မူပိုင်ခွင့်ပိုင်ရှင်၏ စာရေးသားခွင့်ပြုချက် မပါရှိဘဲ ဤစာအုပ်ကိုဖြစ်စေ၊ ယင်းတွင်ပါရှိသည့် မည်သည့်အပိုင်းကိုမဆိုဖြစ်စေ မည်သည့်ပုံစံနှင့်မျှ မူပွားကူးယူခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရပါ။

သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက၊ လိပ်စာ-

contact.my@kingdomsalvation.org

သမ္မာကျမ်းစာပိုဒ်များ- မြန်မာ သမ္မာကျမ်းစာ ကျမ်းချက်အချို့ကို မြန်မာနိုင်ငံ ကျမ်းစာအသင်း၏ သဘောတူညီချက်ဖြင့် အသုံးပြုထားပါသည်။

https://my.godfootsteps.org/

# ကျမ်းဦးစကား

များစွာသော လူတို့သည် ဘုရားသခင်ကို ယုံကြည်ကြသော်လည်း၊ ဘုရားသခင်ကို ယုံကြည်ခြင်းမှာ အဘယ်အရာကို ဆိုလိုကြောင်းနှင့် ဘုရားသခင်၏ အလိုနှင့် ညီညွတ်ရန် ၎င်းတို့ မည်သည့်အရာ လုပ်ရမည်ဆိုကြောင်းတို့ကို အနည်းငယ်ကသာ သိနားလည်ကြသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူများသည် "ဘုရားသခင်" ဆိုသည့် စကားလုံးနှင့် "ဘုရားသခင်၏ အမှု" ဟူသော စကားစုများနှင့် ရင်းနှီးကြသော်လည်း၊ ဘုရားသခင်ကို မသိကြဘဲ သူ၏ အမှုကို သာ၍ပင် မသိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ကို မသိသောသူများ အားလုံးသည် ဘုရားသခင်ကို ၎င်းတို့၏ ယုံကြည်မှုတွင် ရှုပ်ထွေးကြသည်မှာ မထူးဆန်းပေ။ လူများသည် ဘုရားသခင်ကို ယုံကြည်မှုအား အလေးအနက် မထားကြသကဲ့သို့၊ ဤသည်မှာ ဘုရားသခင်ကို ယုံကြည်ခြင်းသည် ၎င်းတို့အတွက် အလွန် မရင်းနှီးသောကြောင့်၊ အလွန်ပင် ထူးခြားနေသောကြောင့် လုံးလုံးလျားလျား ဖြစ်ပေသည်။ ဤနည်းဖြင့် ၎င်းတို့သည် ဘုရားသခင်၏ တောင်းဆိုမှုများကို ပြည့်မီနိုင်ခြင်း မရှိကြချေ။ တစ်နည်းအားဖြင့် လူများသည် ဘုရားသခင်ကို မသိဘဲ၊ ဘုရားသခင်၏အမှုကိုလည်း မသိပါက၊ ၎င်းတို့သည် ဘုရားသခင်၏ အသုံးပြုခြင်းအတွက် မသင့်တော်သကဲ့သို့၊ ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းဖို့မှာ ပို၍ပင် မဖြစ်နိုင်ချေ။ "ဘုရားသခင်ကို ယုံကြည်ခြင်း" ဆိုသည်မှာ ဘုရားသခင်တစ်ပါး ရှိသည်ကို ယုံကြည်ခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကို ယုံကြည်ခြင်းနှင့်ပတ်သက်၍ အရိုးရှင်းဆုံး အယူအဆ ဖြစ်၏။ ထို့အပြင် ဘုရားသခင်တစ်ပါးရှိသည်ကို ယုံကြည်ခြင်းသည် ဘုရားသခင်ကို အမှန်တကယ် ယုံကြည်ခြင်းနှင့် မတူပေ။ ယင်းထက်၊ ထိုအရာသည် ခိုင်မာသည့် ဘာသာရေး အငွေ့အသက်ပါရှိသည့် ရိုးရှင်းသော ယုံကြည်မှုတစ်မျိုး ဖြစ်သည်။ ဘုရားသခင်ကို စစ်မှန်စွာ ယုံကြည်ခြင်း ဆိုသည်မှာ အောက်ပါအတိုင်း ဆိုလိုပေသည်- ဘုရားသခင်သည် အရာအားလုံးအပေါ် အချုပ်အခြာအာဏာ ကိုင်စွဲသည်ဟု ယုံကြည်မှုအရ၊ သူ၏ နှုတ်ကပတ်တော်များနှင့် အမှုတို့ကို လူတစ်ဦးက တွေ့ကြုံခံစားသည်၊ မိမိ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို သန့်စင်သည်၊ ဘုရားသခင်၏အလိုကို ဖြည့်ဆည်းပြီး၊ ဘုရားသခင်ကို သိကျွမ်းလာပေသည်။ ဤခရီးလမ်းမျိုးကိုသာ "ဘုရားသခင်ကို ယုံကြည်ခြင်း" ဟု ခေါ်ဆိုနိုင်ပေသည်။ သို့သော် လူများက ဘုရားသခင်ကို ယုံကြည်မှုသည် ရိုးရှင်းပြီး ပေါ့ပေါ့ပြက်ပြက် ကိစ္စတစ်ခုကဲ့သို့ ယေဘုယျအားဖြင့် မြင်တတ်ကြသည်။ ဤနည်းဖြင့် ဘုရားသခင်ကို ယုံကြည်သောလူများသည် ဘုရားသခင်အား

ယုံကြည်ဖို့ဆိုသည်မှာ အဘယ်အရာဆိုလိုသည်ကို မျက်ခြည်ပြတ်သွားခဲ့ကြကာ၊ ၎င်းတို့သည် တကယ့်အဆုံးအထိ ဆက်လက် ယုံကြည်ကောင်း ယုံကြည်နိုင်သော်လည်း၊ ဘုရားသခင်၏ လက်ခံခြင်းကို မည်သည့်အခါတွင်မျှ ရရှိမည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် မှားယွင်းသောလမ်းကြောင်းပေါ် နင်းလျှောက်ကြသောကြောင့် ဖြစ်သည်။ ယနေ့တွင် ကျမ်းဟောင်းတရားများ နှင့် အနှစ်မဲ့သည့် အယူဝါဒများအတိုင်း ဘုရားသခင်ကို ယုံကြည်သူများ ရှိနေသေးပေသည်။ ၎င်းတို့အနေဖြင့် ဘုရားသခင်ကို ယုံကြည်မှု၏ အနှစ်သာရ ကင်းမဲ့သည်ကို ၎င်းတို့ မသိကြသကဲ့သို့၊ ဘုရားသခင်၏ လက်ခံခြင်းကို ၎င်းတို့ မရရှိနိုင်ပေ။ ၎င်းတို့သည် ဘေးကင်းလုံခြုံခြင်း ကောင်းချီးမင်္ဂလာများနှင့် လုံလောက်သော ကျေးဇူးတော်ကို ဘုရားသခင်ထံ တောင်းလျှောက်ကြဆဲ ဖြစ်သည်။ ငါတို့ ရပ်တန့်ကြစို့၊ ငါတို့၏ စိတ်နှလုံးများကို ငြိမ်သက်စေပြီး မိမိတို့ကိုယ်ကိုယ် မေးကြစို့- ဘုရားသခင်ကို ယုံကြည်ခြင်းသည် ကမ္ဘာပေါ်တွင် အမှန်တကယ် အလွယ်ကူဆုံးသောအရာ ဖြစ်နိုင်သလော။ ဘုရားသခင်ကို ယုံကြည်ခြင်းသည် ဘုရားသခင်ထံမှ များစွာသော ကျေးဇူးတော် ရရှိခြင်းထက် ဘာမျှမပိုဟု ဆိုလိုသလော။ ဘုရားသခင်ကို မသိဘဲလျက် ဘုရားသခင်ကို ယုံကြည်သူ၊ သို့မဟုတ် ဘုရားသခင်ကို ယုံကြည်သော်လည်း သူ့ကို ဆန့်ကျင်သူတို့သည် ဘုရားသခင်၏အလိုကို အမှန်တကယ် ဖြည့်ဆည်းနိုင်သလော။

ဘုရားသခင်နှင့်လူသားကို တန်းတူပြောဆို၍မရပေ။ ဘုရားသခင်၏ အနှစ်သာရနှင့် ဘုရားသခင်၏အမှုသည် လူတို့အဖို့ ဉာဏ်မမီနိုင်ဆုံးသော အရာနှင့် နားမလည်နိုင်ဆုံးသော အရာ ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် လူ့လောကတွင် သူ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ မလုပ်ဆောင်သကဲ့သို့၊ သူ၏နှုတ်ကပတ်တော်တို့ကို မပြောဆိုပါက၊ လူသားသည် ဘုရားသခင်၏အလိုကို မည်သည့်အခါတွင်မျှ နားလည်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်ကို ၎င်းတို့၏ ဘဝတစ်ခုလုံး ဆက်ကပ်အပ်နှံကြပြီးဖြစ်သည့် သူတို့ပင်လျှင် ဘုရားသခင်၏ လက်ခံခြင်းကို ရရှိနိုင်မည် မဟုတ်ပေ။ ဘုရားသခင်၏ အကြံအစည်များသည် လူသား၏ စိတ်ကူးအကြံအစည်များထက် အမြဲမြင့်မားနေမည်ဖြစ်ကာ ဘုရားသခင်၏ ဉာဏ်ပညာသည် လူတို့၏ သဘောပေါက်နားလည်နိုင်စွမ်းကို ကျော်လွန်သောကြောင့်၊ လူသားသည် မည်မျှကောင်းစွာ လုပ်ဆောင်သည် ဖြစ်စေ၊ ဘုရားသခင်သည် အားကြိုးမာန်တက် အမှုမပြုပါက၊ အားလုံး အချည်းနှီး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်နှင့် ဘုရားသခင်၏အမှုကို “အပြည့်အဝ သိသည်” ဟု အခိုင်အမာဆိုသူများမှာ အသုံးမကျသည့် လူတစ်သိုက်ဖြစ်သည်ဟု ငါဆိုပေသည်။ ၎င်းတို့အားလုံးသည် ထောင်လွှားကာ မသိနားမလည်သူများဖြစ်သည်။ လူသားသည်

ဘုရားသခင်၏ အမှုကို မသတ်မှတ်သင့်ပေ။ ထို့အပြင် လူသားတို့သည် ဘုရားသခင်၏ အမှုကို မသတ်မှတ်နိုင်ပေ။ ဘုရားသခင်၏ အမြင်တွင် လူသားသည် ပုရွက်ဆိတ် တစ်ကောင်မျှပင် အရေးမပါပေ။ သို့ဖြစ်လျှင် လူသားသည် ဘုရားသခင်၏ အမှုကို မည်သို့ နားလည် သဘောပေါက်နိုင်မည်နည်း။ "ဘုရားသခင်က ဤသို့မလုပ်ပါ၊ ဒါမှမဟုတ် ထိုသို့မလုပ်ပါ။" သို့မဟုတ် "ဘုရားသခင်သည် ဤကဲ့သို့ သို့မဟုတ် ထိုကဲ့သို့ ဖြစ်သည်။" ဟု လေကြောရှည်ရန် နှစ်သက်သူများ- ၎င်းတို့သည် မာနထောင်လွှားစွာ စကားပြောနေကြသည် မဟုတ်လော။ ဇာတိပကတိနှင့် သက်ဆိုင်သော လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည်ကို ငါတို့အားလုံး သိသင့်သည်။ လူသားမျိုးနွယ်၏ တကယ့် သဘာဝမှာ ဘုရားသခင်ကို ဆန့်ကျင်ရန် ဖြစ်သည်။ လူသားမျိုးနွယ်သည် ဘုရားသခင်နှင့် တန်းတူ မဖြစ်နိုင်ပေ၊ လူသားမျိုးနွယ်သည် ဘုရားသခင်၏ အမှုကို အကြံပေးရန် မျှော်လင့်ဖို့ သာ၍ပင် မဖြစ်နိုင်ပေ။ လူသားကို ဘုရားသခင်က မည်သို့လမ်းပြသည် ဆိုသည့်အတွက်မူ၊ ဤသည်မှာ ဘုရားသခင်ကိုယ်တော်တိုင်၏ အလုပ် ဖြစ်ပေသည်။ လူသားသည် ဖုန်မှုန့်သာ ဖြစ်သည့်အတွက်၊ ဟိုဟိုသည်သည် အမြင် ဖွင့်ဟခြင်းမရှိဘဲ၊ ကျိုးနွံနာခံသင့်သည်မှာ သင့်တော်ပေသည်။ ဘုရားသခင်ကို ရှာဖွေရန်မှာ ငါတို့၏ ရည်ရွယ်ချက်ဖြစ်သည့်အတွက်၊ ဘုရားသခင်၏ အမှုနှင့်ပတ်သက်၍ ငါတို့၏ အယူအဆများကို ဘုရားသခင်၏ ဆင်ခြင်သုံးသပ်မှုအတွက် ထပ်မဆင့်သင့်ပေ၊ ဘုရားသခင်၏အမှုကို တမင်တကာ အစွမ်းကုန် ဆန့်ကျင်ရန် ငါတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ငါတို့ အသုံးပြုဖို့ သာ၍ပင်မသင့်တော်ပေ။ ယင်းက ငါတို့ကို အန္တိခရစ်များ ဖြစ်စေမည် မဟုတ်လော။ ထိုသို့သောလူများသည် ဘုရားသခင်ကို မည်သို့ ယုံကြည်နိုင်မည်နည်း။ ဘုရားသခင်တစ်ပါးရှိသည်ဟု ငါတို့ယုံကြည်သည့် အတွက်၊ ပြီးလျှင် သူ၏အလိုကို ဖြည့်ဆည်းကာ သူ့ကို ငါတို့ တွေ့မြင်လိုသည့်အတွက်၊ သမ္မာတရား၏ လမ်းခရီးကို ငါတို့ ရှာဖွေသင့်ပြီး ဘုရားသခင်နှင့် သဟဇာတဖြစ်ဖို့ နည်းလမ်း တစ်ခုကို ရှာဖွေသင့်ပေသည်။ ငါတို့သည် ဘုရားသခင်ကို ခေါင်းမာသည့် ဆန့်ကျင်မှုဖြင့် မရပ်တည်သင့်ပေ။ ထိုသို့သော လုပ်ရပ်များမှ မည်သည့်ကောင်းကျိုး ရလဒ်ဖြစ်ပေါ် နိုင်မည်နည်း။

ယနေ့တွင် ဘုရားသခင်သည် အမှုသစ်လုပ်ဆောင်ပြီးပြီ ဖြစ်သည်။ ဤစကားများကို သင်လက်ခံကောင်း လက်ခံနိုင်မည် မဟုတ်သကဲ့သို့၊ သင့်အဖို့ ထူးဆန်းပုံပေါ် နိုင်သော်လည်း၊ ဘုရားသခင်၏ ရှေ့တွင် ဖြောင့်မတ်ခြင်းတရားအတွက် အမှန်တကယ် ဆာငတ်သောသူတို့သာ သမ္မာတရားကို ရရှိနိုင်ပြီး၊ အမှန်တကယ် ဘာသာတရား အလွန်ရိုသေ ကိုင်းရှိုင်းသော သူတို့သည်သာ သူ၏ ဉာဏ်ပွင့်လင်းစေခြင်းနှင့် လမ်းပြမှုကို ခံရနိုင်သည့်အတွက်၊ သင်၏

သဘာဝကျခြင်းကို မဖော်ထုတ်ရန် ငါအကြံပြုသည်။ အကျိုးရလဒ်များကို စကားများခြင်းနှင့် ယှဉ်ပြိုင်မှုဖြင့် မဟုတ်ဘဲ၊ တည်ကြည်သော ဆိတ်ငြိမ်မှုအားဖြင့် သမ္မာတရားကို ရှာဖွေခြင်းမှ ရရှိနိုင်ပေသည်။ "ယနေ့ ဘုရားသခင်သည် အမှုသစ် လုပ်ဆောင်ပြီးပြီ ဖြစ်သည်။" ဟု ငါပြောသောအခါ၊ ဘုရားသခင် လူ့ဇာတိအဖြစ်သို့ ပြန်လည် ကြွလာခြင်းကို ငါ ရည်ညွှန်းနေခြင်းဖြစ်သည်။ ဤစကားများက သင့်ကို စိတ်အနှောင့်အယှက် ပေးကောင်းပေးမည် မဟုတ်။ သင်သည် ယင်းတို့ကို စက်ဆုပ်ကောင်း စက်ဆုပ်မည်၊ သို့မဟုတ် ယင်းတို့သည် သင့်ဖို့ အလွန်စိတ်ဝင်စားဖွယ် ဖြစ်ကောင်း ဖြစ်မည်။ မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင် ပေါ်ထွန်းသည်ကို အမှန်တကယ် တမ်းတသူတို့အားလုံးသည် ယင်းနှင့် ပတ်သက်၍ ချက်ချင်းရမ်းသန်း ကောက်ချက်ချသည်ထက်၊ ဤအမှန်တရားကို ရင်ဆိုင်နိုင်ပြီး သေသေချာချာ စေ့စေ့စပ်စပ် စစ်ဆေးနိုင်မည်ဟု ငါ မျှော်လင့်သည်။ ယင်းမှာ အမြော်အမြင်ရှိသည့် လူတစ်ဦး လုပ်ဆောင် သင့်သည့်အရာတစ်ခု ဖြစ်သည်။

ထိုသို့သောအရာကို စုံစမ်းရန် မခက်ခဲသော်လည်း၊ ငါတို့ တစ်ဦးချင်းစီအနေဖြင့် ဤသမ္မာတရားတစ်ရပ်ကိုသိရန် လိုအပ်ပေသည်- လူ့ဇာတိခံ ဘုရားသခင်ဖြစ်သော သူသည် ဘုရားသခင်၏ အနှစ်သာရကို ပိုင်ဆိုင်ရမည်ဖြစ်ပြီး၊ လူ့ဇာတိခံ ဘုရားသခင်ဖြစ်သော သူသည် ဘုရားသခင်၏ ဖော်ပြခြင်းကို ပိုင်ဆိုင်လိမ့်မည် ဖြစ်သည်။ ဘုရားသခင်သည် ဇာတိပကတိ ဖြစ်သွားသည့်အတွက် သူလုပ်ဆောင်ရန် ရည်ရွယ်သည့်အမှုကို သူ လုပ်ဆောင်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် ဇာတိပကတိ ဖြစ်သွားသည့် အတွက်၊ သူ၏ဖြစ်ခြင်းကို ဖော်ပြမည်ဖြစ်ကာ လူသားထံ သမ္မာတရားကို ယူဆောင်လာနိုင်မည်၊ သူ့အပေါ် အသက်ကို အပ်နှင်းနိုင်မည်ဖြစ်ပြီး၊ သူ့အတွက် လမ်းခရီးကို ညွှန်ပြနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏ အနှစ်သာရ မရှိသည့် ဇာတိပကတိသည် လူ့ဇာတိခံ ဘုရားသခင် တကယ် မဟုတ်ပေ။ ဤအရာနှင့် သက်ဆိုင်၍ သံသယဖြစ်ဖွယ် မရှိချေ။ ယင်းသည် လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိပကတိ ဟုတ်မဟုတ် ဆိုသည်ကို လူသားက စုံစမ်းရန် ရည်ရွယ်ပါက၊ သူဖော်ပြသော စိတ်နေသဘောထားနှင့် သူပြောဆိုသော နှုတ်ကပတ်တော်များမှ ဤအရာကို အတည်ပြုရမည်ဖြစ်သည်။ ဆိုလိုသည်မှာ၊ ယင်းသည် လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိပကတိ ဟုတ် မဟုတ် ဆိုသည်နှင့် မှန်ကန်သော လမ်းခရီး ဟုတ် မဟုတ် ဆိုသည်ကို အတည်ပြုရန်၊ သူ၏ အနှစ်သာရအရ ခွဲခြားရမည်ဖြစ်သည်။ ထို့ကြောင့် ယင်းသည် လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိပကတိ ဟုတ် မဟုတ် ဆိုသည်ကို ဆုံးဖြတ်ရာတွင် သူ၏ အပြင်ပန်းသွင်ပြင်ထက် သူ၏အနှစ်သာရတွင် (သူ၏အမှု၊ သူ၏ မိန့်မြွက်ချက်များ၊ သူ၏စိတ်သဘောထားနှင့် အခြား ရှုထောင့်များစွာ) အဓိကအချက် တည်ရှိပေသည်။ အကယ်၍ လူတို့သည် သူ၏ အပြင်ပန်း သွင်ပြင်ကိုသာ

စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးကာ အကျိုးဆက်အနေဖြင့် သူ၏ အနှစ်သာရကို သတိမမူမိပါက၊ ဤအရာက လူသည် မသိနားမလည်သကဲ့သို့ ပညာမဲ့ဖြစ်သည်ကို ပြပေသည်။ အပြင်ပန်း သွင်ပြင်သည် အနှစ်သာရကို အဆုံးအဖြတ်မပေးနိုင်ပေ။ ထို့ပြင်၊ ဘုရားသခင်၏အမှုသည် လူသား၏ အယူအဆများနှင့် မည်သည့်အခါတွင်မျှ ကိုက်ညီနိုင်မည် မဟုတ်ပေ။ ယေရှု၏ အပြင်ပန်းပုံသဏ္ဌာန်သည် လူ၏ အယူအဆများနှင့် ဆန့်ကျင်ခဲ့သည် မဟုတ်ပါလား။ ယေရှု၏ မျက်နှာနှင့် အဝတ်အစားက သူ၏ စစ်မှန်သော ပင်ကိုလက္ခဏာနှင့် ပတ်သက်သည့် မည်သည့် သဲလွန်စမျှ မပေးနိုင်သည် မဟုတ်လော။ အစောပိုင်း ဖာရိရှဲများသည် အတိအကျအားဖြင့် သူ၏ အပြင်ပန်းသွင်ပြင်ကိုသာ ကြည့်ရုံမျှခဲ့ကြပြီး သူ၏ နှုတ်မှ နှုတ်ကပတ်တော်များကို နှလုံးမသွင်းခဲ့ကြသောအချက် အတိအကျကြောင့် ယေရှုကို ဆန့်ကျင်ခဲ့ကြသည် မဟုတ်လော။ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ရှာဖွေကြသော ညီအစ်ကို မောင်နှမ အယောက်စီတိုင်းသည် သမိုင်း၏ အဖြစ်ဆိုးကို ထပ်ခါထပ်ခါ ဖြစ်စေမည်မဟုတ်သည်မှာ ငါ၏ မျှော်လင့်ချက် ဖြစ်သည်။ သင်တို့သည် ခေတ်သစ် ဖာရိရှဲများ ဖြစ်လာ၍ မဖြစ်သကဲ့သို့၊ ဘုရားသခင်ကို ကားတိုင်တွင် တစ်ဖန် သံမှိုရိုက်၍လည်း မဖြစ်ပေ။ သင်တို့သည် ဘုရားသခင်၏ ပြန်ကြွလာခြင်းကို မည်သို့ကြိုဆိုရမည်ကို သေသေချာချာ စဉ်းစားထားသင့်ပြီး သမ္မာတရားကို ကျိုးနွံနာခံသူတစ်ဦး မည်သို့ဖြစ်ရမည် ဆိုသည်နှင့် စပ်လျဉ်း၍ ရှင်းလင်းသော စိတ်ရှိရမည်။ ဤသည်မှာ ယေရှုက မိုးတိမ်စီးရင်း ပြန်ကြွလာသည်ကို စောင့်ဆိုင်းသူတိုင်း၏ တာဝန် ဖြစ်သည်။ ငါတို့သည် ငါတို့၏ဝိညာဉ်မျက်စိများကို ကြည်လင်သွားစေဖို့ ပွတ်သပ်ကြည့်သင့်ပြီး လွန်ကဲသည့် စိတ်ကူးယဉ် စကားလုံးများတွင် နွံနစ်မသွားသင့်ပေ။ ငါတို့သည် ဘုရားသခင်၏ လက်တွေ့ကျသည့် အမှုအကြောင်းကို စဉ်းစားသင့်ပြီး ဘုရားသခင်၏ လက်တွေ့ကျသည့် ရှုထောင့်ကို ကြည့်သင့်သည်။ သခင်ယေရှုက မိုးတိမ်စီးရင်း၊ သင်တို့အလယ် ရုတ်တရက် ကြွဆင်းကာ သူ့ကို မည်သည့်အခါတွင်မျှ မသိဖူး သို့မဟုတ် မမြင်ဖူးသကဲ့သို့၊ သူ၏ အလိုကို မည်သို့ ဆောင်ရွက်ရမည်ကို မသိသည့် သင်တို့ကို ခေါ်ဆောင်မည့် နေ့ရက်ကို အမြဲ တောင့်တရင်း၊ စိတ်ကူးယဉ်အိပ်မက်ထဲတွင် အလွန်အမင်း စိတ်လှုပ်ရှားမနေနှင့် သို့မဟုတ် မိမိတို့ကိုယ်ကိုယ် နစ်မြုပ်မနေလေနှင့်။ သာ၍လက်တွေ့ကျသော ကိစ္စများနှင့်ပတ်သက်၍ စဉ်းစားရန် သာ၍ ကောင်းပေသည်။

သုတေသနလုပ်ရန် ရည်ရွယ်ချက်၊ သို့မဟုတ် လက်ခံရန် ရည်ရွယ်ချက်ဖြင့် ဤစာအုပ်ကို သင်ဖွင့်ခဲ့ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ သင်၏သဘောထား မည်သည့်အရာဖြစ်ပါစေ၊ ယင်းကို သင်အဆုံးအထိ ဖတ်လိမ့်မည်ဖြစ်ပြီး အလွယ်တကူ မေ့ထားလိမ့်မည်မဟုတ်ဟု

ငါမျှော်လင့်သည်။ ဤနှုတ်ကပတ်တော်များကို ဖတ်ပြီးနောက်၊ သင်၏ သဘောထား ပြောင်းလဲကောင်း ပြောင်းလဲလိမ့်မည်၊ သို့သော် ယင်းမှာ သင်၏စိတ်ပါဝင်စားမှုနှင့် သင်၏ နားလည်ခြင်း အတိုင်းအတာအပေါ် မူတည်သည်။ သို့သော် သင်သိသင့်သည့် အရာတစ်ခုရှိသည်- ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လူ့စကားအဖြစ် ပြော၍ မရဘဲ၊ လူ့စကားကို ဘုရားသခင်၏ နှုတ်ကပတ်တော်အဖြစ် သာ၍ပင် ပြော၍ မရပေ။ ဘုရားသခင် အသုံးပြုသောသူသည် လူ့ဇာတိခံ ဘုရားသခင် မဟုတ်သကဲ့သို့၊ လူ့ဇာတိခံ ဘုရားသခင်သည် ဘုရားသခင် အသုံးပြုသော လူတစ်ဦး မဟုတ်ပေ။ ဤတွင် ပဓာနကျသော ကွဲပြားမှုတစ်ခု ရှိသည်။ ဤနှုတ်ကပတ်တော်များကို ဖတ်ပြီးနောက် ယင်းတို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်များအဖြစ် သင်လက်မခံဘဲ၊ လူသားက ရရှိပြီးဖြစ်သည့် ဉာဏ်ပွင့်ခြင်းအဖြစ်သာ လက်ခံခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ထိုသို့ဖြစ်ပါက၊ သင်သည် မသိနားမလည်မှု၏ မျက်စိအလင်းကွယ်စေခြင်း ခံရပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူသားက ရရှိသည့် ဉာဏ်ပွင့်ခြင်းနှင့် မည်သို့ တူညီနိုင်မည်နည်း။ လူ့ဇာတိခံ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ခေတ်သစ်တစ်ခုကို ဖွင့်လှစ်သည်၊ လူသားမျိုးနွယ် အားလုံးကို လမ်းပြသည်၊ နက်နဲမှုများကို ထုတ်ဖော်ပြပြီး၊ ခေတ်သစ်တွင် လူသားလျှောက်လှမ်းရမည့် ဦးတည်ရာကို ပြသပေသည်။ လူသားရရှိသော အသိဉာဏ်ပွင့်လင်းခြင်းမှာ လက်တွေ့လုပ်ဆောင်ခြင်း သို့မဟုတ် အသိပညာအတွက် ရိုးရှင်းသော သွန်သင်မှုများသာ ဖြစ်သည်။ ယင်းက လူသားမျိုးနွယ်အားလုံးကို ခေတ်သစ်တစ်ခုထဲသို့ လမ်းပြနိုင်ခြင်းမရှိ၊ သို့မဟုတ် ဘုရားသခင်ကိုယ်တိုင်၏ နက်နဲမှုများကို ထုတ်ဖော်မပြနိုင်ပေ။ နောက်ဆုံး စာရင်းချုပ်လိုက်သောအခါ၊ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး လူသည် လူဖြစ်သည်။ ဘုရားသခင်သည် ဘုရားသခင်၏ အနှစ်သာရရှိပြီး လူသည် လူ၏အနှစ်သာရ ရှိသည်။ လူသည် ဘုရားသခင် ပြောဆိုသော စကားများကို သန့်ရှင်းသော ဝိညာဉ်တော်၏ ရိုးရှင်းသော ဉာဏ်ပွင့်စေခြင်း အဖြစ် ရှုမြင်ပြီး၊ တမန်တော်များနှင့် ပရောဖက်များ၏စကားများကို ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ ပြောဆိုသော စကားများအဖြစ် မှတ်ယူပါက၊ လူတို့၏အမှား ဖြစ်ပေမည်။ မည်သို့ပင်ဖြစ်စေ သင်သည် အမှန်နှင့် အမှားကို မည်သည့်အခါတွင်မျှ မရောထွေးသင့်ပေ၊ သို့မဟုတ် မြင့်မားသောအရာကို နိမ့်ကျသောအရာ မဖြစ်စေသင့်၊ သို့မဟုတ် လေးနက်သောအရာကို ပေါ့တန်သောအရာနှင့် မမှားသင့်ပေ။ မည်သို့ပင်ဖြစ်စေ အမှန်တရားဟု သင်သိထားသောအရာကို တမင်သက်သက် မည်သည့်အခါတွင်မျှ မငြင်းဆိုသင့်ပေ။ ဘုရားသခင်တစ်ပါး ရှိသည်ဟု ယုံကြည်သူတိုင်းသည် ပြဿနာများကို မှန်ကန်သော ရှုထောင့်မှ

စုံစမ်းသင့်ပြီး၊ ဘုရားသခင်၏ အမှုသစ်နှင့် သူ၏ နှုတ်ကပတ်တော်အသစ်များကို သူ၏ ဖန်ဆင်းခံ ရှုထောင့်မှ လက်ခံသင့်ပေသည်။ သို့မဟုတ်ပါက ဘုရားသခင်၏ သုတ်သင်ပယ်ရှင်းခြင်းကို ၎င်းတို့ ခံရလိမ့်မည်။

ယေဟောဝါ၏ အမှုပြီးသည့်နောက်တွင်၊ ယေရှုသည် လူတို့အလယ် သူ၏အမှုကို လုပ်ဆောင်ရန် လူ့ဇာတိခံခဲ့သည်။ သူ၏အမှုကို သီးခြား မဆောင်ရွက်ခဲ့ဘဲ၊ ယေဟောဝါ၏ အမှုပေါ်တွင် အခြေခံ၍ ဆက်လက် အကောင် အထည်ဖော်သည်။ ယင်းမှာ ပညတ်တော်ခေတ်ကို ဘုရားသခင် အဆုံးသတ်ပြီးနောက် ခေတ်သစ်တစ်ခုအတွက် ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အမှု ဖြစ်သည်။ ထိုနည်းတူ၊ ဘုရားသခင်၏ စီမံခန့်ခွဲမှု တစ်ခုလုံးသည် အမြဲ ရှေ့ဆက် တိုးတက်နေသောကြောင့်၊ ယေရှု၏အမှု အဆုံးသတ်ပြီးနောက် ဘုရားသခင်သည် နောက်ခေတ်အတွက် သူ၏အမှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ခေတ်ဟောင်း ကုန်လွန်သည့်အချိန်တွင်၊ ယင်းကို ခေတ်သစ်တစ်ခုဖြင့် အစားထိုးလိမ့်မည် ဖြစ်ပြီး၊ အမှုဟောင်း ပြည့်စုံသည်နှင့် တစ်ပြိုင်နက် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ဆက်လက်လုပ်ဆောင်မည့် အမှုသစ် ရှိလိမ့်မည်။ ဤလူ့ဇာတိခံယူခြင်းသည် ယေရှု၏အမှုနောက်လိုက်လာသည့် ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်း ဖြစ်သည်။ ဟုတ်ပေ၏၊ ဤလူ့ဇာတိခံယူခြင်းသည် သီးခြား မဖြစ်ပေါ်ပေ။ ယင်းသည် ပညတ်တော်ခေတ်နှင့် ကျေးဇူးတော်ခေတ် နောက်ပိုင်း အမှု၏ တတိယအဆင့် ဖြစ်သည်။ အမှု၏ အဆင့်သစ်တစ်ခုကို ဘုရားသခင် အစပြုသည့် အချိန်တိုင်းတွင်၊ အသစ်သော အစပြုခြင်း ရှိရမည်ဖြစ်ပြီး ယင်းက ခေတ်သစ်တစ်ခုကို အမြဲ ဆောင်ကြဉ်းရမည် ဖြစ်သည်။ ထိုနည်းတူ ဘုရားသခင်၏ စိတ်သဘောထား၊ သူ၏ အလုပ်လုပ်ပုံ၊ သူ၏အမှု တည်နေရာနှင့် သူ၏ နာမတော်တို့တွင်လည်း လိုက်လျောညီထွေသော အပြောင်းအလဲများ ရှိပေသည်။ သို့ဆိုလျှင်၊ လူသားအနေဖြင့် ခေတ်သစ်ထဲတွင် ဘုရားသခင်၏အမှုကို လက်ခံရန် ခက်ခဲသည်မှာ အံ့သြဖွယ်မရှိပေ။ သို့သော် ဘုရားသခင်သည် လူသား၏ ဆန့်ကျင်မှုကို မည်သို့ ခံရသည်ဖြစ်စေ၊ သူသည် မိမိ၏အမှုကို အမြဲ လုပ်ဆောင်နေပြီး လူသားမျိုးနွယ် တစ်ရပ်လုံးကို အမြဲ ရှေ့သို့ ဦးဆောင်နေပေသည်။ ယေရှုသည် လူ့လောကထဲသို့ ကြွလာခဲ့သောအချိန်တွင်၊ သူသည် ကျေးဇူးတော်ခေတ်ကို ဖွင့်လှစ်ပေးခဲ့ပြီး ပညတ်တော်ခေတ်ကို အဆုံးသတ်ခဲ့သည်။ နောက်ဆုံးသော ကာလအတွင်းတွင်၊ ဘုရားသခင်သည် နောက်တစ်ကြိမ် လူ့ဇာတိခံယူခဲ့ပြီး၊ ဤလူ့ဇာတိခံယူခြင်းဖြင့် သူသည် ကျေးဇူးတော်ခေတ်ကို အဆုံးသတ်ကာ နိုင်ငံတော်ခေတ်ကို ဖွင့်လှစ်ခဲ့သည်။ ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်းကို လက်ခံနိုင်သောသူ အားလုံးသည် နိုင်ငံတော်ခေတ်ထဲသို့ ဦးဆောင်ခြင်းခံရမည် ဖြစ်သည့်အပြင်၊ ဘုရားသခင်၏

လမ်းပြမှုကို ကိုယ်တိုင်ကိုယ်ကျ လက်ခံလာနိုင်လိမ့်မည်။ ယေရှုသည် လူသားအလယ်တွင် အမှုများစွာ လုပ်ဆောင်ခဲ့သော်လည်း၊ သူသည် လူသားမျိုးနွယ် အားလုံး၏ ရွေးနုတ်ခြင်းကိုသာ ပြီးစီးစေခဲ့ပြီး လူသားတို့၏ အပြစ်ဖြေရာယဇ် ဖြစ်လာခဲ့သည်။ သူသည် လူသားထံမှ သူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားအားလုံး ဖယ်ရှားမပေးခဲ့ပေ။ စာတန်၏စွမ်းအားမှ လူသားကို အပြည့်အဝ ကယ်တင်ခြင်းသည် ယေရှုအနေဖြင့် အပြစ်ဖြေရာယဇ် ဖြစ်လာပြီး လူသား၏ အပြစ်များကို သယ်ဆောင်ရန် လိုအပ်သည်သာမက၊ ဘုရားသခင်အနေဖြင့် လူသားထံမှ သူ၏ ဆိုးယုတ်စွာ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားအား လုံးဝဖယ်ရှားပေးရန် သာ၍ပင် ကြီးမားသော အမှုကို လုပ်ဆောင်ရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် လူသားသည် သူ၏အပြစ်များမှ ခွင့်လွှတ်ခံရပြီး ဖြစ်သဖြင့်၊ ဘုရားသခင်သည် လူသားကို ခေတ်သစ်ထဲသို့ ဦးဆောင်ရန် လူ့ဇာတိ ပြန်လည်ခံယူပြီဖြစ်ပြီး၊ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းအမှုကို စတင်ပြီဖြစ်သည်။ ဤအမှုသည် လူသားကို သာ၍မြင့်မားသည့် လောကတစ်ခုထဲသို့ ဆောင်ကြဉ်းပြီးဖြစ်သည်။ သူ၏အုပ်စိုးမှုအောက်တွင် ကျိုးနွံနာခံသူအားလုံးသည် သာ၍မြင့်မားသော သမ္မာတရားကို မွေ့လျော်ပြီး သာ၍ကြီးမြတ်သော ကောင်းချီးမင်္ဂလာများကို ရရှိရပေမည်။ ၎င်းတို့သည် အလင်းတွင် အမှန်တကယ် အသက်ရှင်ကြရမည် ဖြစ်ပြီး သမ္မာတရား၊ လမ်းခရီးနှင့် အသက်တို့ကို ရရှိကြရလိမ့်မည်။

အကယ်၍ လူများသည် ကျေးဇူးတော်ခေတ်တွင် ဆက်လက် သောင်တင်နေပါက၊ ဘုရားသခင်၏ ပင်ကိုစိတ်သဘောထားကို သိရန် မဆိုထားနှင့်၊ ၎င်းတို့သည် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ဘယ်သောအခါမျှ ဖယ်ရှားလိမ့်မည် မဟုတ်ပေ။ အကယ်၍ လူများသည် ကျေးဇူးတော်အလျှံပယ်ကြား အမြဲ အသက်ရှင်သော်လည်း၊ ဘုရားသခင်ကို သိရန် သို့မဟုတ် ဘုရားသခင်ကို စိတ်ကျေနပ်စေရန် ၎င်းတို့ကို အခွင့်ပေးသည့် အသက်လမ်းခရီး မရှိကြပါက၊ ၎င်းတို့သည် ကိုယ်တော်၌ ၎င်းတို့၏ ယုံကြည်မှုတွင် သူ့ကို မည်သည့်အခါတွင်မျှ အမှန်တကယ် ရရှိလိမ့်မည်မဟုတ်ပေ။ ဤယုံကြည်မှုမျိုးသည် ဧကန်အမှန် သနားစဖွယ် ဖြစ်သည်။ ဤစာအုပ်ကို သင်ဖတ်ပြီးသည့်အခါ၊ နိုင်ငံတော်ခေတ်ထဲက လူ့ဇာတိခံ ဘုရားသခင်၏ အမှု အဆင့်တိုင်းကို သင် တွေ့ကြုံပြီးချိန်တွင်၊ နှစ်ပေါင်းများစွာ သင်၌ ရှိခဲ့သည့် စိတ်ဆန္ဒများသည် နောက်ဆုံးတွင် တကယ်ဖြစ်ပေါ်လာပြီ ဖြစ်သည်ကို သင်ခံစားရပေမည်။ ယခုမှသာ ဘုရားသခင်ကို မျက်နှာချင်းဆိုင် သင် အမှန်တကယ် မြင်တွေ့ရပြီ၊ ယခုမှသာ သူ၏ မျက်နှာကို ကြည့်ရပြီ၊ သူ၏ ကိုယ်တိုင်ကိုယ်ကျ မိန့်မြွက်ချက်များကို ကြားရပြီ၊ သူ၏ အမှု၏ ဉာဏ်ပညာကို

နားလည်သဘောပေါက်ပြီး သူသည် မည်မျှစစ်မှန်ပြီး အနန္တတန်ခိုးရှင် ဖြစ်သည်ကို အမှန်တကယ် သိရပြီဟု သင်ခံစားရလိမ့်မည်။ ယခင်ခေတ်က လူများ မမြင်ခဲ့ဖူးသကဲ့သို့ မပိုင်ဆိုင်ခဲ့ဖူးသည့် အရာများစွာကို သင် ရရှိပြီးဖြစ်သည်ဟု သင်ခံစားသိလိမ့်မည်။ ဤအချိန်တွင်၊ သင်သည် ဘုရားသခင်ကို ယုံကြည်ခြင်းမှာ အဘယ်အရာဖြစ်သည်ဆိုသည်နှင့် ဘုရားသခင်၏ အလိုနှင့် ကိုက်ညီဖို့ဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို ရှင်းရှင်းလင်းလင်း သိလိမ့်မည်။ ဟုတ်ပေ၏၊ သင်သည် အတိတ်၏ အမြင်များကို တွယ်ဖက်ပြီး ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်း အချက်ကို ပယ်ချပါက၊ သို့မဟုတ် ငြင်းပယ်ပါက၊ သင်သည် မည်သည့်အရာမျှ မရရှိဘဲ လက်ချည်းသက်သက် ဖြစ်နေလိမ့်မည်ဖြစ်ပြီး၊ နောက်ဆုံးတွင် ဘုရားသခင်ကို ဆန့်ကျင်ခြင်းအပြစ်ရှိသည်ဟု ကြေညာခံရလိမ့်မည်။ သမ္မာတရားကို နာခံနိုင်ပြီး ဘုရားသခင်၏ အမှုကို ကျိုးနွံနာခံနိုင်သော သူတို့သည် ဒုတိယအကြိမ် လူ့ဇာတိခံ ဘုရားသခင်- အနန္တတန်ခိုးရှင် ဘုရားသခင်၏ နာမတော်အောက်တွင် အကျုံးဝင်လိမ့်မည်။ ၎င်းတို့သည် သာ၍ များပြီး သာ၍ မြင့်မားသည့် သမ္မာတရားများအပြင် စစ်မှန်သော အသက်ကို ရရှိရင်း၊ ဘုရားသခင်၏ ကိုယ်တိုင်ကိုယ်ကျ လမ်းပြမှုကို လက်ခံနိုင်လိမ့်မည်။ ၎င်းတို့သည် အတိတ်က လူတို့ လုံးဝ မမြင်ဖူးကြသည့် ရူပါရုံကိုလည်း ရှုမြင်ကြရလိမ့်မည်- “ထိုသို့ ငါနှင့်စကားပြော၍ အသံမြည်သော သူကို မြင်ခြင်းငှာ ငါသည် လှည့်ကြည့်လျှင်၊ ရွှေမီးခွက် ခုနစ်လုံးကိုင်၎င်း၊ ထိုမီးခွက် ခုနစ်လုံး အလယ်၌ လူသားတော်နှင့်တူသော သူတစ်ဦးကို၎င်း မြင်၏။ ထိုသူသည် ခြေသို့တိုင်အောင် ဝတ်ခြုံလျက် ရင်တော်၌ ရွှေခါးပန်းကို စည်းလျက်ဖြစ်၏။ ခေါင်းတော်နှင့် ဆံပင်တော်သည် ဖြူသော သိုးမွေးကဲ့သို့၎င်း၊ မိုဃ်းပွင့်ကဲ့သို့၎င်းဖြူ၏။ မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။ ခြေတော်သည်လည်း မီး၌ ချွတ်ပြီးသော ကြေးဝါစစ်နှင့် တူ၏။ အသံတော်သည်လည်း သမုဒ္ဒရာသံကဲ့သို့ဖြစ်၏။ လက်ျာလက်တော် သည်လည်း ကြယ်ခုနစ်လုံးကိုကိုင်၏။ ခံတွင်းတော်ထဲကလည်း ထက်သော သန်လျက်ထွက်၏။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့် ထွန်းတောက်သော နေကဲ့သို့ဖြစ်၏။” (ဗျာဒိတ်ကျမ်း ၁:၁၂-၁၆) ဤရူပါရုံသည် ဘုရားသခင်၏ စိတ်သဘောထား တစ်ရပ်လုံး၏ ဖော်ပြချက်ဖြစ်ပြီး သူ၏စိတ်သဘောထား တစ်ရပ်လုံး ဖော်ပြခြင်းသည် သူ၏ လက်ရှိအချိန် လူ့ဇာတိခံယူခြင်းထဲက ဘုရားသခင်၏ အမှု၏ ဖော်ပြချက်လည်း ဖြစ်သည်။ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း တစ်ပုံတစ်ပင်ထဲတွင် လူသားသည် ယောဟန်တွေ့မြင်ခဲ့သော လူသားမျက်နှာ၏ တိကျသော သရုပ်ဖော်ချက်တစ်ခုဖြစ်သည့် လူသား၏ စစ်မှန်သော မျက်နှာကို သူ၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို လက်ခံသူအားလုံးအား မြင်ခွင့်ပေးရင်း၊ မိန့်မြွက်ချက်များအားဖြင့် သူ၏

ပင်ကိုစိတ်သဘောထားကို ဖော်ပြလေသည်။ (ဟုတ်ပေ၏၊ ဤအရာ အားလုံးသည် နိုင်ငံတော်ခေတ်တွင် ဘုရားသခင်၏အမူကို လက်မခံသော သူများအဖို့ မြင်၍ရနိုင်လိမ့်မည် မဟုတ်ပေ။) ဘုရားသခင်၏ မျက်နှာအစစ်ကို လူတို့၏ ဘာသာစကားကို သုံးလျက် အပြည့်အဝ ရှင်းရှင်းလင်းလင်းပြောဆို၍ မရနိုင်ပေ၊ ထို့ကြောင့် ဘုရားသခင်သည် မိမိ၏ မျက်နှာအစစ်ကို လူတို့ထံ ပြသရန် သူ၏ ပင်ကိုစိတ်သဘောထားကို ဖော်ပြသည့် နည်းလမ်းအား အသုံးပြုလေသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် ကြီးမြတ်လွန်းပြီး လူဘာသာစကားကို အသုံးပြုလျက် အပြည့်အဝ ရှင်းလင်းပြောဆို၍ မရနိုင်သည့်အတွက်၊ လူ၏ ပင်ကိုစိတ်သဘောထားကို နားလည်ပြီးသော သူအားလုံးသည် လူသား၏ စစ်မှန်သော မျက်နှာကို မြင်တွေ့ပြီးဖြစ်သည်ဟု ဆိုရပေမည်။ လူသည် နိုင်ငံတော်ခေတ်တွင် ဘုရားသခင်၏ အမူ၏ အဆင့်အသီးသီးကို တွေ့ကြုံပြီးသည်နှင့် တစ်ပြိုင်နက်၊ မီးခွက်များအလယ် လူသားဟု ပြောသည့်အချိန် ယောဟန်၏ စကားများ၏ စစ်မှန်သော အဓိပ္ပာယ်ကို သိပေလိမ့်မည်- “ခေါင်းတော်နှင့် ဆံပင်တော်သည် ဖြူသော သိုးမွေးကဲ့သို့၎င်း၊ မိုဃ်းပွင့်ကဲ့သို့၎င်းဖြူ၏။ မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။ ခြေတော်သည်လည်း မီး၌ ချွတ်ပြီးသော ကြေးဝါစစ်နှင့် တူ၏။ အသံတော်သည်လည်း သမုဒ္ဒရာသံကဲ့သို့ဖြစ်၏။ လက်ျာလက်တော်သည်လည်း ကြယ်ခုနစ်လုံးကိုကိုင်၏။ ခံတွင်းတော်ထဲကလည်း ထက်သော သန်လျက်ထွက်၏။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့် ထွန်းတောက်သော နေကဲ့သို့ဖြစ်၏။” ထိုအချိန်တွင်၊ များစွာပြောဆိုပြီးဖြစ်သော ဤသာမန်လူ့ဇာတိသည် သိသိသာသာ ဒုတိယ လူ့ဇာတိခံ ဘုရားသခင် ဖြစ်သည်ကို သံသယကင်းစွာ သင်သိလိမ့်မည်။ ထို့ပြင်၊ သင်မည်မျှ ကောင်းချီးခံစားရသည်ကို အမှန်တကယ် သင်ခံစားရလိမ့်မည်ဖြစ်ပြီး မိမိကိုယ်ကိုယ် ကံအကောင်းဆုံး ဖြစ်သည်ဟု ခံစားရလိမ့်မည်။ ဤကောင်းချီးမင်္ဂလာကို လက်ခံရန် သင် လိုလားလျက် မရှိသလော။

ဤစာအုပ်၏ပထမပိုင်းသည် “အစအဦး၌ ခရစ်တော်၏ မိန့်မြွက်ချက်များ” ဖြစ်သည်။ ဤနှုတ်ကပတ်တော်များသည် ကျေးဇူးတော်ခေတ်အဆုံးမှ နိုင်ငံတော်ခေတ်အစသို့ အကူးအပြောင်းကို ကိုယ်စားပြုကာ၊ အသင်းတော်များထံ သန့်ရှင်းသောဝိညာဉ်တော်၏ လူသားနှင့်သက်ဆိုင်သည့် လူသိရှင်ကြား သက်သေခံချက်ဖြစ်သည်။ ယင်းတို့သည် ဗျာဒိတ်ကျမ်းထဲက၊ “ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို နားရှိသောသူ မည်သည်ကား ကြားပါစေ” ဟူသည့် နှုတ်ကပတ်တော်များ၏ ပြည့်စုံခြင်းလည်း ဖြစ်သည်။ ဤနှုတ်ကပတ်တော်များသည် နိုင်ငံတော်ခေတ်ထဲက ဘုရားသခင် အစပြုခဲ့သည့် အမူ၏ ကနဦးအဆင့်ကို ကိုယ်စားပြုပေသည်။ ဤစာအုပ်၏ ဒုတိယပိုင်းမှာ လူသားက

မိမိကိုယ်ကိုယ် တရားဝင် ထုတ်ဖော်ပြပြီးနောက် ကိုယ်တိုင်ကိုယ်ကျ ပြောဆိုထားသည့် နှုတ်ကပတ်တော်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ယင်းတွင် ပရောဖက်ပြုချက်များ၊ နက်နဲမှုများ၏ ဖွင့်ပြချက်နှင့် အကြောင်းအရာ အတော်အတန် များပြားကွယ်ဝသည့် အသက်လမ်းခရီးကဲ့သို့သော မိန့်မြွက်ချက်အမျိုးမျိုးနှင့် နှုတ်ကပတ်တော်များ ပါဝင်လေသည်- နိုင်ငံတော်၏ အနာဂတ်အတွက် ဟောကိန်းများ၊ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်နှင့်သက်ဆိုင်သည့် နက်နဲမှုများ၏ ဖွင့်ပြချက်များ၊ လူ့သဘာဝကို စိတ်ဖြာလေ့လာမှု၊ တိုက်တွန်းအားပေးချက်များနှင့် သတိပေးချက်များ၊ ပြင်းထန်သော တရားစီရင်ချက်များ၊ လှိုက်လှဲသော နှစ်သိမ့်ရာ နှုတ်ကပတ်တော်များ၊ အသက်နှင့်သက်ဆိုင်သည့် ဆွေးနွေးမှု၊ ဝင်ရောက်မှုနှင့်ပတ်သက်၍ အကျယ်တဝင့်ဟောပြောချက်များ စသည်တို့ ရှိလေသည်။ တိုတိုပြောရလျှင်၊ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းအပြင်၊ ဘုရားသခင်၏ စိတ်သဘောထားတို့ကို သူ၏အမှုနှင့် သူ၏ နှုတ်ကပတ်တော်များတွင် အားလုံးဖော်ပြထားပေသည်။ ဟုတ်ပေ၏၊ လက်ရှိ လူ့ဇာတိခံယူခြင်း၌ ဘုရားသခင်၏ အမှုမှာ အဓိကအားဖြင့် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့မှတစ်ဆင့် သူ၏ စိတ်သဘောထားကို ဖော်ပြရန်ဖြစ်သည်။ ဤအခြေခံအုတ်မြစ်ပေါ်တွင် ဆက်လက် အကောင်အထည်ဖော်ရင်း၊ သူသည် သာ၍များသော သမ္မာတရားကို လူတို့ထံ ဆောင်ကြဉ်းပေးကာ လက်တွေ့လုပ်ဆောင်မှု နည်းလမ်းများကို ပိုမိုညွှန်ပြပေးသည်၊ ဤသို့ဖြင့် လူတို့ကို သိမ်းပိုက်ခြင်းနှင့် လူတို့ကို မိမိကိုယ်တိုင်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားမှ ကယ်တင်ခြင်းနှင့် သက်ဆိုင်သည့် သူ၏ ရည်မှန်းချက်ကို စွမ်းဆောင်ရရှိလေသည်။ ဤသည်မှာ နိုင်ငံတော်ခေတ်ထဲက ဘုရားသခင်၏အမှု နောက်ကွယ်တွင် တည်ရှိသည့်အရာ ဖြစ်သည်။ ခေတ်သစ်ထဲသို့ သင် ဝင်ရောက်လိုသလော။ သင်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို မိမိကိုယ်ကိုယ်မှ ဖယ်ရှားရန် ဆန္ဒရှိသလော။ သာ၍မြင့်မားသော သမ္မာတရားကို သင်ရရှိရန် ဆန္ဒရှိသလော။ လူသား၏ စစ်မှန်သော မျက်နှာကို သင်မြင်တွေ့ရန် ဆန္ဒရှိသလော။ ဤဘဝကို တန်ဖိုးရှိစေရန် ဆန္ဒရှိသလော။ ဘုရားသခင်၏ စုံလင်စေခြင်းခံရရန် သင် ဆန္ဒရှိသလော။ သို့ဆိုလျှင် ယေရှု၏ ပြန်ကြွလာခြင်းကို သင်မည်သို့ ကြိုဆိုမည်နည်း။

## မာတိကာ

အပိုင်း တစ် အစအဦး၌ ခရစ်တော်၏ မိန့်မြွက်ချက်များ —အသင်းတော်တို့ထံ သန့်ရှင်းသောဝိညာဉ်တော်၏ နှုတ်ကပတ်တော်များ (၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် မှ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် အထိ)

နိဒါန်း


အခန်း ၁

အခန်း ၂

အခန်း ၃

အခန်း ၄

အခန်း ၅

အခန်း ၆

အခန်း ၇

အခန်း ၈

အခန်း ၉

အခန်း ၁၀

အခန်း ၁၁

အခန်း ၁၂

အခန်း ၁၃

အခန်း ၁၄

အခန်း ၁၅

အခန်း ၁၆

အခန်း ၁၇

အခန်း ၁၈

အခန်း ၁၉

အခန်း ၂၀

အခန်း ၂၁

အခန်း ၂၂
အခန်း ၂၃
အခန်း ၂၄
အခန်း ၂၅
အခန်း ၂၆
အခန်း ၂၇
အခန်း ၂၈
အခန်း ၂၉
အခန်း ၃၀
အခန်း ၃၁
အခန်း ၃၂
အခန်း ၃၃
အခန်း ၃၄
အခန်း ၃၅
အခန်း ၃၆
အခန်း ၃၇
အခန်း ၃၈
အခန်း ၃၉
အခန်း ၄၀
အခန်း ၄၁
အခန်း ၄၂
အခန်း ၄၃
အခန်း ၄၄
အခန်း ၄၅
အခန်း ၄၆

အခန်း ၄၇

အခန်း ၄၈

အခန်း ၄၉

အခန်း ၅၀

အခန်း ၅၁

အခန်း ၅၂

အခန်း ၅၃

အခန်း ၅၄

အခန်း ၅၅

အခန်း ၅၆

အခန်း ၅၇

အခန်း ၅၈

အခန်း ၅၉

အခန်း ၆၀

အခန်း ၆၁

အခန်း ၆၂

အခန်း ၆၃

အခန်း ၆၄

အခန်း ၆၅

အခန်း ၆၆

အခန်း ၆၇

အခန်း ၆၈

အခန်း ၆၉

အခန်း ၇၀

အခန်း ၇၁

အခန်း ၇၂

အခန်း ၇၃

အခန်း ၇၄

အခန်း ၇၅

အခန်း ၇၆

အခန်း ၇၇

အခန်း ၇၈

အခန်း ၇၉

အခန်း ၈၀

အခန်း ၈၁

အခန်း ၈၂

အခန်း ၈၃

အခန်း ၈၄

အခန်း ၈၅

အခန်း ၈၆

အခန်း ၈၇

အခန်း ၈၈

အခန်း ၈၉

အခန်း ၉၀

အခန်း ၉၁

အခန်း ၉၂

အခန်း ၉၃

အခန်း ၉၄

အခန်း ၉၅

အခန်း ၉၆

အခန်း ၉၇
အခန်း ၉၈
အခန်း ၉၉
အခန်း ၁၀၀
အခန်း ၁၀၁
အခန်း ၁၀၂
အခန်း ၁၀၃
အခန်း ၁၀၄
အခန်း ၁၀၅
အခန်း ၁၀၆
အခန်း ၁၀၇
အခန်း ၁၀၈
အခန်း ၁၀၉
အခန်း ၁၁၀
အခန်း ၁၁၁
အခန်း ၁၁၂
အခန်း ၁၁၃
အခန်း ၁၁၄
အခန်း ၁၁၅
အခန်း ၁၁၆
အခန်း ၁၁၇
အခန်း ၁၁၈
အခန်း ၁၁၉
အခန်း ၁၂၀
အပိုင်း နှစ် စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ (၁၉၉၂ ခုနှစ်၊

ဖေဖော်ဝါရီလ ၂၀ ရက် မှ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁ ရက် အထိ)


နိဒါန်း

အခန်း ၁

အခန်း ၂

အခန်း ၃

အခန်း ၄

အခန်း ၅

အခန်း ၆

အခန်း ၇

အခန်း ၈

အခန်း ၉

အခန်း ၁၀

ကောင်းကင်နိုင်ငံတော်သီချင်း

အခန်း ၁၁

အခန်း ၁၂

အခန်း ၁၃

အခန်း ၁၄

အခန်း ၁၅

အခန်း ၁၆

အခန်း ၁၇

အခန်း ၁၈

အခန်း ၁၉

အခန်း ၂၀

အခန်း ၂၁

အခန်း ၂၂

အခန်း ၂၃
အခန်း ၂၄
အခန်း ၂၅
လူမျိုးအပေါင်းတို့၊ ဝမ်းမြောက်ကြလော့။
အခန်း ၂၆
အခန်း ၂၇
အခန်း ၂၈
အခန်း ၂၉
အခန်း ၃၀
အခန်း ၃၁
အခန်း ၃၂
အခန်း ၃၃
အခန်း ၃၄
အခန်း ၃၅
အခန်း ၃၆
အခန်း ၃၇
အခန်း ၃၈
အခန်း ၃၉
အခန်း ၄၀
အခန်း ၄၁
အခန်း ၄၂
အခန်း ၄၃
အခန်း ၄၄
အခန်း ၄၅
အခန်း ၄၆

အခန်း ၄၇
နောက်ဆက်တွဲ- စကြဝဠာ တစ်ခုလုံးအတွက် ဘုရားသခင်၏
နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သော နက်နဲမှုများကို အနက်ဖွင့်ဆိုချက် （အခန်းအချို့၏
အနက်ဖွင့်ဆိုချက်များ)
အခန်း ၁
အခန်း ၃
အခန်း ၄
အခန်း ၅
အခန်း ၆
ပေတရု၏ အသက်တာနှင့်ပတ်သက်၍
အခန်း ၈
အခန်း ၉
ဖြည့်စွက်ချက်- အခန်း ၁
အခန်း ၁၀
အခန်း ၁၁
ဖြည့်စွက်ချက်- အခန်း ၂
အခန်း ၁၂
အခန်း ၁၃
အခန်း ၁၄
အခန်း ၁၅
အခန်း ၁၆
အခန်း ၁၇
အခန်း ၁၈
အခန်း ၁၉
အခန်း ၂၀

အခန်း ၂၁

အခန်း ၂၂ နှင့် ၂၃

အခန်း ၂၄ နှင့် ၂၅

အခန်း ၂၆

အခန်း ၂၇

အခန်း ၂၈

အခန်း ၂၉

အခန်း ၃၀

အခန်း ၃၁

အခန်း ၃၂

အခန်း ၃၃

အခန်း ၃၅

အခန်း ၃၆

အခန်း ၃၈

အခန်း ၃၉

အခန်း ၄၀

အခန်း ၄၁

အခန်း ၄၂

အခန်း ၄၄ နှင့် ၄၅

အခန်း ၄၆

အပိုင်း သုံး အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ (၁၉၉၂ ခုနှစ်၊ ဇွန်လ မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ အထိ)

နိဒါန်း

အတွေ့အကြုံနှင့်ပတ်သက်၍

အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၁ (၁၉၉၂ ခုနှစ်၊

ဇွန်လ မှ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ အထိ)

လမ်းကြောင်း ... (၁)

လမ်းကြောင်း... (၂)

လမ်းကြောင်း... (၃)

လမ်းကြောင်း... (၄)

လမ်းကြောင်း... (၅)

လမ်းကြောင်း... (၆)

လမ်းကြောင်း... (၇)

လမ်းကြောင်း... (၈)

ယုံကြည်သူများသည် မည်သည့်ရှုထောင့်အား ဆုပ်ကိုင်ထားသင့်သနည်း

ဘုရားသခင်၏ အမှုတော် အဆင့်များနှင့် ပတ်သက်၍

ဖောက်ပြန်ပျက်စီးသော လူသားသည် ဘုရားသခင်ကို ကိုယ်စားပြုခြင်းငှာ မတတ်စွမ်းနိုင်

ဘာသာရေး အစေခံခြင်းကို သန့်စင်ရမည်

ဘုရားသခင်၌ သင်၏ယုံကြည်ခြင်းတွင် သင်သည် ဘုရားသခင်ကို နာခံသင့်သည်

ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးတစ်ခုတည်ဆောက်ရန် အလွန်အရေးကြီး၏

ပုံမှန်ဝိညာဉ်ရေးရာအသက်တာသည် လူတို့ကိုလမ်းကြောင်းမှန်ပေါ်သို့ ပို့ဆောင်ပေး၏

စုံလင်စေခြင်း ခံရပြီးသော သူတို့အဖို့ ကတိတော်များ

ဆိုးညစ်သောသူများသည် အပြစ်ဒဏ်ပေးခြင်းကို မုချခံကြရလိမ့်မည်

ပုံမှန်အခြေအနေတစ်ခုထဲသို့ ဝင်ရောက်ပုံ

ဘုရားသခင်၏အလိုတော်နှင့် သဟဇာတရှိစွာ အစေခံနည်း

လက်တွေ့အရှိတရားကို သိရှိပုံ

ပုံမှန်ဝိညာဉ်ရေးရာ အသက်တာနှင့် စပ်လျဉ်း၍

အသင်းတော် အသက်တာနှင့် လက်တွေ့အသက်တာ ဆွေးနွေးခြင်း

မိမိတို့၏ အလုပ်တာဝန်ကို ထမ်းဆောင်ကြသော အယောက်တိုင်းနှင့်ပတ်သက်၍

လူသားကို ဘုရားသခင်၏ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍

သမ္မာတရားကိုသင်နားလည်သွားသည်နှင့် သင်သည် ၎င်းကိုလက်တွေ့လုပ်ဆောင်သင့်သည်
ကယ်တင်ခြင်းကို ရရှိသည့် လူတစ်ဦးသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် လိုလားလျက်ရှိသူ ဖြစ်သည်

ပြည့်စုံသော သိုးထိန်းတစ်ဦး ရှိသင့်သည့်အရာ

ခေတ်သစ်၏ ပညတ်တော်များ

နှစ်တစ်ထောင်နိုင်ငံတော် ရောက်ရှိလာခဲ့ပြီ

ဘုရားသခင်နှင့် သင်၏ ဆက်ဆံရေး မည်သို့ရှိသနည်း

စစ်မှန်မှုအပေါ် သာ၍အာရုံစိုက်လော့

ပညတ်တော်များကို စောင့်ထိန်းခြင်းနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း

လက်တွေ့ကျသော ဘုရားသခင်သည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ကို သင်သိသင့်သည်

သမ္မာတရားအား လက်တွေ့လုပ်ဆောင်ခြင်းသည်သာလျှင် စစ်မှန်မှု ပိုင်ဆိုင်ခြင်းဖြစ်သည်

ယနေ့ ဘုရားသခင်၏ အမှုကို သိခြင်း

ဘုရားသခင်၏အမှုသည် လူသားထင်သကဲ့သို့ ရိုးရှင်းပါသလော

သင်သည် ဘုရားသခင်ကို ယုံကြည်သောကြောင့် သမ္မာတရားအတွက် အသက်ရှင်သင့်သည်

ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားသည် စကြဝဠာတစ်ခွင်လုံး ပျံ့နှံ့သွားမည်ဟု ဟောပြောနေသည့် မိုးကြိုးသံ ခုနစ်ချက်မြည်ဟည်းသည်

လူ့ဇာတိခံ ဘုရားသခင်နှင့် ဘုရားသခင် အသုံးပြုသောလူတို့ကြား ပဓာနကျသည့် ကွာခြားချက်

အမှောင်၏လွှမ်းမိုးမှုမှ လွတ်မြောက်လော့၊ ပြီးလျှင် သင်သည် ဘုရားသခင်၏ ရယူခြင်း ခံရလိမ့်မည်

လူတစ်ဦးသည် ယုံကြည်ခြင်း၌ စစ်မှန်မှုကို အဓိကထားရမည်၊ ဘာသာရေး ထုံးတမ်းဓလေ့၌ ပါဝင်လုပ်ဆောင်ခြင်းသည် ယုံကြည်ခြင်းမဟုတ်

ဘုရားသခင်၏ ယနေ့အမှုကို သိသောသူများသာလျှင် ဘုရားသခင်ကို အစေခံနိုင်သည်

ဘုရားသခင်အတွက် စစ်မှန်သောချစ်ခြင်းသည် သဘာဝအလျောက် ဖြစ်သည်

ဆုတောင်းခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍

ဘုရားသခင်၏ အသစ်ဆုံးသောအမှုကို သိပြီး သူ၏ ခြေလှမ်းများနောက် လိုက်လော့

မိမိတို့၏ စိတ်သဘောထားများ ပြောင်းလဲပြီးဖြစ်သည့် လူများသည်
ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ စစ်မှန်မှုထဲသို့ ဝင်ရောက်ပြီးသောသူများ ဖြစ်သည်
ဘုရားသခင်ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးအား ငြိမ်သက်စေခြင်းနှင့် ပတ်သက်၍
စုံလင်ခြင်းကိုရရှိဖို့အလို့ငှာ ဘုရားသခင်၏ အလိုတော်ကို အလေးထားလော့
ဘုရားသခင်သည် သူ၏စိတ်တော်နှင့် ထိတွေ့သောသူတို့ကို စုံလင်စေသည်
ဘုရားသခင်ကို စစ်မှန်သော နှလုံးသားနှင့် နာခံသောသူတို့သည် ဘုရားသခင်၏ ပိုင်ဆိုင်ခြင်းကို ဧကန်အမှန် ခံကြရလိမ့်မည်
နိုင်ငံတော်ခေတ်သည် နှုတ်ကပတ်တော်ခေတ်ဖြစ်သည်
အရာအားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် စွမ်းဆောင်ရရှိသည်
ဘုရားသခင်အား အမှန်တကယ်ချစ်သောသူများသည် ဘုရားသခင်၏ လက်တွေ့ကျခြင်းကို အကြွင်းမဲ့ ကျိုးနွံနာခံနိုင်သောသူများ ဖြစ်သည်
စုံလင်ခြင်းသို့ ရောက်မည့်သူများသည် စစ်ဆေးခြင်းကို ခံကြရမည်
နာကျင်သည့်စမ်းသပ်မှုများကို တွေ့ကြုံခြင်းဖြင့်သာ ဘုရားသခင်၏နှစ်လိုဖွယ်ကောင်းခြင်းကို သိနိုင်မည်
ဘုရားသခင်ကို ချစ်ခြင်းသည်သာလျှင် ဘုရားသခင်ကို အမှန်တကယ် ယုံကြည်ခြင်းဖြစ်သည်
“နှစ်တစ်ထောင်နိုင်ငံတော် ရောက်ရှိလာခဲ့ပြီ” နှင့်ပတ်သက်၍ အကျဉ်းချုပ်ဆွေးနွေးချက်
ဘုရားသခင်ကိုသိသောသူများသာလျှင် ဘုရားသခင်ကို သက်သေခံနိုင်ကြသည်
ယေရှုကို ပေတရု သိကျွမ်းလာခဲ့ပုံ
စစ်ဆေးခြင်းကိုကြုံတွေ့ခြင်းအားဖြင့်သာ လူသားသည် စစ်မှန်သော ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်နိုင်သည်
ဘုရားသခင်ကို ချစ်သောသူများသည် သူ၏အလင်းထဲတွင် ထာဝရနေထိုင်လိမ့်မည်
လက်တွေ့လုပ်ဆောင်ခြင်းကို အာရုံစိုက်သူများသာ စုံလင်စေခြင်းခံရနိုင်သည်
သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုတော်နှင့် စာတန်၏အလုပ်
သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သောသူများကို သတိပေးချက်
သင်သည် ဘုရားသခင်ထံ သင်၏ကိုးကွယ်ဆည်းကပ်ခြင်းကို ထိန်းသိမ်းသင့်သည်
သင်သည် အသက်ရှင်ခြင်းသို့ ရောက်လာပြီးသူတစ်ဦးဖြစ်သလော

မပြောင်းလဲသော စိတ်သဘောထား ရှိခြင်းသည် ဘုရားသခင်ကို ရန်ဘက်ပြုခြင်းဖြစ်သည်
ဘုရားသခင်ကို မသိသောသူ အားလုံးသည် ဘုရားသခင်ကို ဆန့်ကျင်သောသူများ ဖြစ်ကြသည်
အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၂ (၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ မှ ၁၉၉၃ ခုနှစ်၊ ဇွန်လ အထိ)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၁)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၂)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၃)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၄)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၅)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၆)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၇)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၈)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၉)
အမှုတော်နှင့် ဝင်ရောက်ခြင်း (၁၀)
ဘုရားသခင့်အမှုတော်၏ ရူပါရုံ (၁)
ဘုရားသခင့်အမှုတော်၏ ရူပါရုံ (၂)
ဘုရားသခင့်အမှုတော်၏ ရူပါရုံ (၃)
သမ္မာကျမ်းစာနှင့် ပတ်သက်၍ (၁)
သမ္မာကျမ်းစာနှင့် ပတ်သက်၍ (၂)
သမ္မာကျမ်းစာနှင့် ပတ်သက်၍ (၃)
သမ္မာကျမ်းစာနှင့် ပတ်သက်၍ (၄)
လက်တွေ့လုပ်ဆောင်ခြင်း (၁)
လက်တွေ့လုပ်ဆောင်ခြင်း (၂)
လူ့ဇာတိခံယူခြင်း၏ နက်နဲရာအချက် (၁)
လူ့ဇာတိခံယူခြင်း၏ နက်နဲရာအချက် (၂)

လူ့ဇာတိခံယူခြင်း၏ နက်နဲရာအချက် (၃)

လူ့ဇာတိခံယူခြင်း၏ နက်နဲရာအချက် (၄)

လူ့ဇာတိခံယူခြင်းနှစ်ကြိမ်သည် လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်ကို ပြည့်စုံစေသည်

သုံးပါးတစ်ဆူ တည်ရှိပါသလော

လက်တွေ့လုပ်ဆောင်ခြင်း (၃)

လက်တွေ့လုပ်ဆောင်ခြင်း (၄)

လက်တွေ့လုပ်ဆောင်ခြင်း (၅)

သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းသမ္မာတရား (၁)

သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းသမ္မာတရား (၂)

သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းသမ္မာတရား (၃)

သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းသမ္မာတရား (၄)

လက်တွေ့လုပ်ဆောင်ခြင်း (၆)

လက်တွေ့လုပ်ဆောင်ခြင်း (၇)

အဖြည့်ခံဖြစ်ရန် သင်အဘယ်ကြောင့် လိုလားခြင်းမရှိသနည်း

သိမ်းပိုက်ခြင်းအမှု ဒုတိယအဆင့်၏ အကျိုးတရားများကို ရရှိပုံ

ဣသရေလအမျိုးသားများ အစေခံခဲ့သကဲ့သို့ အစေခံလော့

လက်တွေ့လုပ်ဆောင်ခြင်း (၈)

အရည်အချင်းကို မြှင့်တင်ခြင်းသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို ရရှိရေးအတွက် ဖြစ်သည်

မောဘ၏ သားစဉ်မြေးဆက်များကို ကယ်တင်ခြင်း အဓိပ္ပါယ်

ပေတရု၏ အတွေ့အကြုံများ- ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့နှင့်သက်ဆိုင်သည့် သူ၏အသိပညာ

သင်တို့သည် အမှုတော်ကို သိနားလည်ရမည်- စိတ်ရှုပ်ထွေးမှုဖြင့် မလိုက်ကြလေနှင့်။

လမ်းကြောင်း၏ နောက်ဆုံးခရီးတစ်ထောက်ကို သင်လျှောက်လှမ်းသင့်ပုံ

အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၃ (၁၉၉၃

ခုနှစ်၊ ဇူလိုင်လ မှ ၁၉၉၄ ခုနှစ်၊ မတ်လ အထိ)

သင်၏အနာဂတ်တာဝန်ကို မည်သို့ အာရုံစိုက်၍ လုပ်ဆောင်သင့်သနည်း

လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်း၏ ရည်ရွယ်ချက်

လူ၏ အနှစ်သာရနှင့် ပင်ကိုလက္ခဏာ

လူသား၏ ပင်ကို ကိုယ်ပိုင်လက္ခဏာနှင့် ၎င်း၏ တန်ဖိုး- ထိုအရာများသည် အမှန်တကယ် မည်သည့်အရာများနှင့် တူပါသနည်း

မသင်ယူသောကြောင့် ပညာမဲ့မြဲ မဲ့နေသောသူများ- ၎င်းတို့သည် သားရဲတိရစ္ဆာန်များ ဖြစ်ကြသည် မဟုတ်လော

တရုတ်နိုင်ငံ၏ ရွေးကောက်ခံရသော လူတို့သည် မည်သည့် ဣသရေလမျိုးနွယ်စုကိုမျှ ကိုယ်စားပြုနိုင်စွမ်းမရှိပေ

ကောင်းချီးမင်္ဂလာများနှင့် ပတ်သက်ပြီး သင်တို့၏နားလည်ချက်မှာ အဘယ်နည်း

ဘုရားသခင်နှင့် ပတ်သက်သည့် သင်၏ သိနားလည်မှုသည် အဘယ်နည်း

စစ်မှန်သောလူတစ်ယောက် ဖြစ်ခြင်းဆိုသည်မှာ

ယုံကြည်ခြင်းအကြောင်း သင် မည်သည့်အရာ သိရှိသနည်း

ရွက်ကြွေများ ၎င်းတို့အမြစ်များဆီ ပြန်သွားကြချိန် ပြုပြီးသမျှ မကောင်းမှုအားလုံးကို သင်နောင်တရလတ္တံ့

အမျက်ဒေါသ ကျရောက်မည့်နေ့ကို အသွေးအသားရှိသောသူ မည်သူမျှ မလွတ်မြောက်နိုင်

ကယ်တင်ရှင်သည် "ဖြူသောမိုးတိမ်" စီးလျက် ပြန်ကြွလာနှင့်ပြီးဖြစ်သည်

ဧဝံဂေလိတရားကို ဖြန့်ဝေသည့် အလုပ်သည် လူသားကို ကယ်တင်သည့် အလုပ်လည်းဖြစ်သည်

သင်တို့အားလုံးသည် အကျင့်စရိုက် အလွန် ယုတ်ညံ့ကြသည်တကား

ပညတ်တော်ခေတ်ရှိ အမှုတော်

ရွေးနှုတ်ခြင်းခေတ်၏အမှု နောက်ကွယ်မှ အဖြစ်မှန်

လူငယ်နှင့် သက်ကြီးရွယ်အိုတို့အတွက် နှုတ်ကပတ်တော်များ

လူသားမျိုးနွယ် တစ်ရပ်လုံးသည် မျက်မှောက်ခေတ်ထိ မည်သို့ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည်ကို သင်သိသင့်သည်

အမည်နာမများနှင့် ကိုယ်ပိုင်လက္ခဏာတို့နှင့် ပတ်သက်၍

စုံလင်စေခြင်းခံရပြီးသူများသာလျှင် အဓိပ္ပာယ်ရှိသော အသက်တာဖြင့် အသက်ရှင်နိုင်သည်

သင်တို့သည် အဆင့်အတန်းနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများကို ဘေးဖယ်ပြီး လူသားထံ ကယ်တင်ခြင်းကို ဆောင်ကြဉ်းဖို့ ဘုရားသခင်၏ အလိုကို နားလည်သင့်၏

မိမိ၏ အယူအဆများထဲ၌ ဘုရားသခင်ကို ဘောင်ခတ်ထားသော လူသားသည် ဘုရားသခင်၏ ဗျာဒိတ်တော်များကို မည်သို့ လက်ခံရရှိနိုင်မည်နည်း

ဘုရားသခင်နှင့် သူ၏ အမှုကို သိရှိသူတို့သာ ဘုရားသခင်ကို ကျေနပ်စေနိုင်၏

လူ့ဇာတိခံ ဘုရားသခင်၏အမှုတော်နှင့် လူ၏တာဝန်ကြား ကွဲပြားခြားနားမှု

ဘုရားသခင်သည် ဖန်ဆင်းရာအားလုံး၏ သခင်ဖြစ်တော်မူ၏

ဩဝါဒစာစောင် ဆယ့်သုံးစောင်နှင့် ပတ်သက်၍ သင် မည်သည့်နေရာတွင် ရပ်တည်သနည်း။

အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုသည် လူလျှောက်သော လမ်းကြောင်းအပေါ်တွင် မူတည်သည်

ဘုရားသခင်၏ အမှုနှင့် လူသား၏အလုပ်

ဘုရားသခင်၏ အမှုအဆင့် သုံးဆင့်ကို သိခြင်းသည် ဘုရားသခင်ကို သိခြင်း၏ လမ်းကြောင်းဖြစ်သည်

ဖောက်ပြန်ပျက်စီးနေသော လူသားမျိုးနွယ်သည် လူ့ဇာတိခံ ဘုရားသခင်၏ ကယ်တင်ခြင်းကို သာ၍လိုအပ်သည်

ဘုရားသခင် ကိန်းဝပ်သော ဇာတိပကတိ၏ အနှစ်သာရ

ဘုရားသခင်၏ အမှုနှင့် လူ၏လက်တွေ့လုပ်ဆောင်မှု

ခရစ်တော်၏ အနှစ်သာရမှာ ကောင်းကင်ဘုံရှိ ခမည်းတော်၏ အလိုတော်ကို နာခံခြင်းဖြစ်သည်

လူ၏သာမန်ဘဝကို နဂိုအတိုင်း ပြန်ဖြစ်လာစေခြင်းနှင့် သူ့ကို အံ့ဩဖွယ်ကောင်းသော ခရီးပန်းတိုင်သို့ ခေါ်ဆောင်သွားခြင်း

ဘုရားသခင်နှင့် လူသားသည် ငြိမ်သက်ခြင်းချမ်းသာထဲသို့ အတူတကွ ဝင်ရောက်ကြလိမ့်မည်

အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၄ (၁၉၉၆ ခုနှစ် မှ ၁၉၉၇ ခုနှစ် အထိ၊ ၂၀၀၃ ခုနှစ် မှ ၂၀၀၅ ခုနှစ် အထိ)

ယေရှု၏ဝိညာဉ်ခန္ဓာကို သင်တွေ့မြင်သည့်အချိန်တွင် ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို အသစ်တစ်ဖန် ပြုလုပ်ပြီးဖြစ်လိမ့်မည်

ခရစ်တော်နှင့် သဟဇာတမဖြစ်သောသူများသည် အကယ်စင်စစ် ဘုရားသခင်၏ ရန်ဘက်များဖြစ်ကြသည်
ခေါ်တော်မူသောသူအများရှိသော်လည်း ရွေးကောက်တော်မူသောသူနည်း၏
သင်သည် ခရစ်တော်နှင့် သဟဇာတဖြစ်ရာလမ်းကို ရှာဖွေသင့်သည်
သင်သည် ဘုရားသခင်ကို ယုံကြည်သူစစ်စစ်တစ်ယောက် ဖြစ်သလော
ခရစ်တော်သည် တရားစီရင်ခြင်း အမှုကို သမ္မာတရားဖြင့် ဆောင်ရွက်၏
သင်သိခဲ့သလော ဘုရားသခင်သည် လူသားများကြား၌ ကြီးမားသောအမှုကို ပြုခဲ့ပြီးပြီ
နောက်ဆုံးသော ကာလ၏ ခရစ်တော်သည်သာ လူသားအား ထာဝရအသက်၏ လမ်းခရီးကို ပေးနိုင်သည်
သင်၏ ပန်းတိုင်အတွက် လုံလောက်သော ကောင်းမှုများကို ပြင်ဆင်လော့
သင်မည်သူ့ကို သစ္စာစောင့်သိသနည်း
ခရီးပန်းတိုင်နှင့်ပတ်သက်၍
သတိပေးချက် သုံးချက်
လွန်ကျူးခြင်းအပြစ်များက လူသားကိုငရဲသို့ ဦးဆောင်လမ်းပြလိမ့်မည်
ဘုရားသခင်၏ စိတ်နေသဘောထားကို နားလည်ရန်မှာ အလွန်အရေးကြီးပေ၏
မြေကြီးပေါ် ရှိ ဘုရားသခင်ကို သိရှိနိုင်ပုံ
အလွန်ကြီးလေးသော ပြဿနာတစ်ခု- သစ္စာဖောက်ခြင်း (၁)
အလွန်ကြီးလေးသော ပြဿနာတစ်ခု- သစ္စာဖောက်ခြင်း (၂)
နိုင်ငံတော်ခေတ်၌ ဘုရားသခင် ရွေးချယ်ထားသောသူများ လိုက်နာရမည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်တော် ဆယ်ရပ်
သင်တို့၏ လုပ်ဆောင်ချက်များကို သင်တို့ သုံးသပ်ဆင်ခြင်သင့်သည်
ဘုရားသခင်သည် လူ့အသက်၏ အရင်းအမြစ်ဖြစ်သည်
အနန္တတန်ခိုးရှင် သက်ပြင်းချတော်မူခြင်း
ဘုရားသခင်၏ ပေါ်ထွန်းခြင်းသည် ခေတ်သစ်တစ်ခေတ်ကို အစပြုခဲ့၏
လူသားမျိုးနွယ်တစ်ရပ်လုံး၏ ကံကြမ္မာအပေါ် ဘုရားသခင် တာဝန်ယူဦးဆောင်သည်

ဘုရားသခင်၏ စီမံခန့်ခွဲမှုအလယ်၌သာ လူသားသည် ကယ်တင်ခြင်း ခံရနိုင်သည်

အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ (၏အဆက်) (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ဘုရားသခင်ကို သိခြင်းသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်းဆီသို့ သွားရာလမ်းဖြစ်၏

ဘုရားသခင်၏ စိတ်နေသဘောထားနှင့် သူ့အမှုတော်မှရရှိမည့် ရလဒ်များကို သိနားလည်ပုံ

ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် (၁)

ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် (၂)

ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် (၃)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၁)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၂)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၃)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၄)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၅)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၆)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၇)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၈)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၉)

အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၁၀)

နောက်ဆက်တွဲ- ဘုရားသခင်၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှု၌ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ရှုမြင်ခြင်း

နိဂုံးအမှာစကား

# အပိုင်း တစ် အစအဦး၌ ခရစ်တော်၏ မိန့်မြွက်ချက်များ — အသင်းတော်တို့ထံ သန့်ရှင်းသောဝိညာဉ်တော်၏ နှုတ်ကပတ်တော်များ (၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် မှ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် အထိ)

## နိဒါန်း

၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဘုရားသခင်သည် သူ၏ပထမဆုံးသော မိန့်မြွက်ချက်ကို အသင်းတော်တွင် ပြုလုပ်ခဲ့ပြီး ဤမိန့်မြွက်ချက်သည် ထိုအချိန်က သန့်ရှင်းသောဝိညာဉ်တော်၏ ရေစီးကြောင်းတွင် အသက်ရှင်နေကြသော လူတစ်ဦးစီတိုင်းအပေါ် သာမန်ထက် လွန်ကဲသော သက်ရောက်မှု ရှိခဲ့သည်။ ဤမိန့်မြွက်ချက်က "ဘုရားသခင်၏ ကျိန်းဝပ်တော်မူရာအရပ် ပေါ်ထွန်းပေပြီ" နှင့် "စကြဝဠာ၏ဦးသျှောင်၊ နောက်ဆုံးသောကာလ၏ခရစ်တော်- သူသည် တောက်ပနေသည့်နေဖြစ်၏" တို့ကို ဖော်ပြခဲ့သည်။ ဤအလွန်အမင်း အရေးပါသည့် နှုတ်ကပတ်တော်များဖြင့် လူအပေါင်းတို့သည် နယ်ပယ်သစ်တစ်ခုထဲသို့ ခေါ်ဆောင်ခြင်း ခံခဲ့ကြရ၏။ ဤမိန့်မြွက်ချက်ကို ဖတ်ရှုသူအားလုံးသည် အမှုသစ်၊ ဘုရားသခင်စတင်တော့မည့် ကြီးမားသောအမှု၏ အရိပ်အမြွက်ကို ခံစားခဲ့ရ၏။ လူသားမျိုးနွယ်အားလုံးကို ဘုရားသခင်၏အမှုအသစ်နှင့် ခေတ်သစ်တစ်ခုထဲသို့ ခေါ်ဆောင်လာပြီး၊ ဤလူ့ဇာတိခံယူခြင်းထဲက ဘုရားသခင်၏အမှုအတွက် အခြေခံအုတ်မြစ်ချပေးခဲ့ပြီး ဇာတ်ခုံကို ပြင်ဆင်ပေးခဲ့သည်မှာ ဤလှပသည့်၊ ချိုသာငြိမ့်ညောင်းပြီး ကျစ်လစ်ပြည့်စုံသော မိန့်မြွက်ချက်ဖြစ်၏။ ဤအချိန်၌ ဘုရားသခင်ပြုသော မိန့်မြွက်ချက်သည် ခေတ်များကို ပေါင်းကူးပေးသည့် မိန့်မြွက်ချက်တစ်ခုသည်၊ ယင်းသည် ကျေးဇူးတော်ခေတ် အစကတည်းက

ဘုရားသခင်သည် လူသားမျိုးနွယ်အား ပထမဆုံးအကြိမ် လူသိရှင်ကြား ပြောဆိုခြင်းဖြစ်သည်၊ ယင်းမှာ သူသည် အနှစ်နှစ်ထောင် ကွယ်ဝှက်နေခဲ့ပြီးနောက် ပထမဆုံးအကြိမ် စကားပြောဆိုခြင်းဖြစ်သည့်အပြင်၊ ယင်းသည် နိုင်ငံတော်ခေတ်တွင် ဘုရားသခင်က ဆောင်ရွက်တော့မည့်အမှုအတွက် နိဒါန်းပျိုးခြင်းတစ်ရပ်၊ အရေးပါသော အစပြုရာအမှတ် တစ်ခုဟု ဆိုနိုင်ပေသည်။

ဘုရားသခင်က မိန့်မြွက်ချက်တစ်ရပ်ကို ပြုလုပ်ခဲ့သည့် ပထမဆုံးအကြိမ်တွင်၊ သူသည် တတိယလူ၏ ရှုထောင့်အမြင်တစ်ခုမှ ချီးမွမ်းခြင်းပုံစံဖြင့်၊ တစ်ချိန်က ရည်မွန်ပြီး ရိုးစင်းပေါ်လွင်သော ဘာသာစကားအပြင် လွယ်လွယ်ကူကူနှင့် အရန်သင့် ရယူ၍ရခဲ့သည့် အသက်အထောက်အပံ့ဖြင့်လည်း ထိုသို့ လုပ်ဆောင်ခဲ့သည်။ ဤအရာဖြင့် သူသည် သခင်ယေရှုပြန်အလာကို စိတ်အားထက်သန်စွာ မျှော်လင့်ရင်း သူ၏ကျေးဇူးတော်ကို မည်သို့မွေ့လျော်ရမည်ကိုသာ သိခဲ့သည့် အနည်းငယ်သော ဤလူစုကို ယူဆောင်သွား၍ ၎င်းတို့အား ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်ထဲက အမှုနောက်တစ်ဆင့်ထဲသို့ တိတ်တဆိတ် ခေါ်ဆောင်လာခဲ့၏။ ဤအခြေအနေများအောက်၌ ဘုရားသခင်သည် အဆုံးတွင် မည်သည့် အမှုမျိုး လုပ်ဆောင်မည်၊ သို့မဟုတ် ရှေ့လမ်းခရီးတွင် မည်သည့်အရာက အဆင်သင့်ခင်းကျင်းထားသည်ကို လူသားမျိုးနွယ်သည် စိတ်ကူးဝံ့ဖို့ မဆိုထားနှင့် သိပင်မသင်ချေ။ ထို့နောက် ဘုရားသခင်သည် လူသားမျိုးနွယ်အား ခေတ်သစ်ထဲသို့ တစ်ဆင့်ပြီးတစ်ဆင့် ခေါ်ဆောင်ဖို့ ပိုမိုများပြားသော မိန့်မြွက်ချက်များကို ဆက်လက်ပြုလုပ်ခဲ့၏။ အံ့အားသင့်ဖွယ်ကောင်းစွာ၊ ဘုရားသခင်၏ မိန့်မြွက်ချက်တိုင်းသည် ပါဝင်သောအကြောင်းအရာတွင် ကွဲပြားသည့်အပြင်၊ ကွဲပြားသော ချီးမွမ်းခြင်းပုံစံများနှင့် ဖော်ပြချက်နည်းလမ်းများကို အသုံးပြု၏။ သဘောသွားတွင် တူညီသော်လည်း ပါဝင်သည့်အကြောင်းအရာတွင် ကွဲပြားသည့် ဤမိန့်မြွက်ချက်များသည် ဘုရားသခင်၏ ဂရုပြုစိုက်ခြင်းနှင့် ပူပန်ခြင်း ခံစားချက်တို့ဖြင့် အစဉ်ပြည့်နေပြီး၊ အသီးသီးနီးပါးသည် ကွဲပြားသော အကြောင်းအရာဖြင့် အသက်အထောက်အပံ့များအပြင် ဘုရားသခင်ထံမှ လူသားဆီသို့ သတိပေးစကားများ၊ တိုက်တွန်းမှုနှင့် နှစ်သိမ့်မှုတို့ ပါဝင်သည်။ ဤမိန့်မြွက်ချက်များတွင်၊ "တစ်ပါးတည်းသော စစ်မှန်သောဘုရားသခင်သည် လူ့ဇာတိကို ခံယူပြီးဖြစ်ကာ သူသည် စကြဝဠာ၏ ဦးသျှောင် ဖြစ်ပြီး အရာခပ်သိမ်းကို ကွပ်ကဲအုပ်ချုပ်၏"၊ "အောင်ပွဲခံသော ရှင်ဘုရင်သည် ဘုန်းအသရေနှင့်ပြည့်သော သူ၏ပလ္လင်ပေါ်၌ ထိုင်လေ၏"၊ "သူသည် စကြဝဠာကို သူ၏လက်ထဲ၌ ဆုပ်ကိုင်၍" စသည်ဖြင့် ဤသို့သော စာပိုဒ်များသည် ထပ်သလဲလဲ ထွက်ပေါ်၏။ ဤစာပိုဒ်များတွင် သတင်းစကားတစ်ရပ်ကို အသိပေးထား၏၊

သို့မဟုတ် ဤစာပိုဒ်များသည် လူသားမျိုးနွယ်ထံသို့ သတင်းစကားတစ်ရပ်ကို ထုတ်လွှင့်သည်ဟု ဆိုနိုင်၏- ဘုရားသခင်သည် လူ့လောကသို့ ကြွလာနှင့်ပြီးဖြစ်သည်၊ ဘုရားသခင်သည် သာ၍ ကြီးမားသောအမှုကို စတင်မည်ဖြစ်သည်၊ ဘုရားသခင်၏နိုင်ငံတော်သည် အချို့သော လူတစ်စုအလယ် ဆင်းသက်ပြီးဖြစ်ကာ၊ ဘုရားသခင်သည် ဘုန်းအသရေရရှိနှင့်ပြီးဖြစ်ကာ သူ၏ ရန်သူ အမြောက်အမြားကို အနိုင်ယူပြီးဖြစ်သည် ဟူ၍ဖြစ်၏။ ဘုရားသခင်၏ မိန့်မြွက်ချက်အသီးသီးသည် လူသားတစ်ဦးစီတိုင်း၏ နှလုံးသားကို ဖမ်းဆုပ်ထားသည်။ ဘုရားသခင်စကားပြောသည့်အခါတိုင်းတွင် သူသည် လူသား၏နှလုံးသားကို အမြစ်များထိ ကိုင်လှုပ်သည့်အပြင်၊ လူသားမျိုးနွယ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်များအပေါ် အမှီပြုပြီး ထိုထက်ပင်ပို၍ ဘုရားသခင်၏နှုတ်ကပတ်တော်များကို လေးစားရန်အလို့ငှာ လူသား၏ လှုပ်ရှားမှုတိုင်းနှင့် စိတ်ခံစားမှုတိုင်းကို သူ စီမံကာ တည်တံ့စေသောကြောင့်၊ လူသားမျိုးနွယ်အားလုံးသည် သာ၍ပင်များပြားသော နှုတ်ကပတ်တော်သစ်များကို ဘုရားသခင်ပေးရန် စိတ်အားထက်သန်စွာဖြင့် စောင့်ဆိုင်းကြ၏၊...ဤနည်းဖြင့် အမှတ်တမဲ့၊ မြောက်မြားစွာသော လူတို့သည် သမ္မာကျမ်းစာကို အခြေခံအားဖြင့် မေ့လျော့သွားကြပြီးဖြစ်ကာ ၎င်းတို့သည် အတိတ်၏ အရေးအသားများတွင် ဘုရားသခင်၏ ဤနှုတ်ကပတ်တော်များအတွက် အခြေခံအကြောင်းရင်း တစ်ခုတစ်လေကို ရှာမတွေ့ကြသကဲ့သို့ ဤမိန့်မြွက်ချက်များကို ပြုလုပ်ရာတွင် ဘုရားသခင်၏ရည်ရွယ်ချက်ကို မည်သည့်နေရာတွင်မျှ မရှာတွေ့နိုင်ကြသောကြောင့် ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်များ၏ ခေတ်နောက်ကျသော တရားဟောချက်များနှင့် ရေးသားချက်များကို သာ၍ပင် အလေးမထားကြတော့ပေ။ ဤသို့ဖြစ်လျက်၊ ဤမိန့်မြွက်ချက်များသည် အချိန်ကာလအစကတည်းက မမြင်ဖူးသကဲ့သို့ မကြားဖူးသော ဘုရားသခင်၏အသံဖြစ်ကြောင်း၊ ယင်းတို့သည် ဘုရားသခင်ကို ယုံကြည်သူ မည်သူမဆို လက်လှမ်းမမီသည့်နေရာတွင် တည်ရှိကြောင်းနှင့် ယင်းတို့သည် ကုန်လွန်သည့် ခေတ်များထဲက မည်သည့်ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်မဆိုက ပြောခဲ့သည့်အရာ တစ်ခုတစ်လေ သို့မဟုတ် ဘုရားသခင်၏ အတိတ်က မိန့်မြွက်ချက်များအားလုံးထက် သာလွန်ကြောင်းကို ယင်းက လူသားများမျိုးနွယ်အား မည်မျှသာ၍ ဝန်ခံအပ်စေခဲ့သည်တကား။ ဤမိန့်မြွက်ချက်အသီးသီးအားဖြင့် စေ့ဆော်ခံရလျက်၊ လူသားမျိုးနွယ်သည် သန့်ရှင်းသောဝိညာဉ်တော်အမှု၏ ရောင်ဝါလက္ခဏာထဲသို့၊ ခေတ်သစ်၏ ရှေ့တန်းများရှိ အသက်တာထဲသို့ အလစ် ဝင်ရောက်ခဲ့၏။ ဘုရားသခင့်နှုတ်ကပတ်တော်များဖြင့်

စေ့ဆော်ခံရလျက်၊ မျှော်မှန်းချက်များပြည့်လျက် လူသားမျိုးနွယ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်များအားဖြင့် ကိုယ်တိုင် ဦးဆောင်လမ်းပြခံရခြင်း၏ ချိုမြိန်မှုကို မြည်းစမ်းခဲ့ရသည်။ ဤတဒင်္ဂကာလသည် တာရှည်ခံသည့် အမှတ်ရမှုဖြင့် လူတိုင်းပြန်ပြောင်းတွေးကြမည့် အချိန်ကာလတစ်ခုဖြစ်ဖို့ ငါယုံကြည်သည့်အချိန်၊ အမှန်တွင် ဤကာလအတွင်း လူသားမျိုးနွယ်မွေ့လျော်ခဲ့သည်မှာ သန့်ရှင်းသောဝိညာဉ်တော်အမှု၏ ရောင်ဝါလက္ခဏာထက် မပိုပေ၊ သို့မဟုတ် ယင်းကို အောက်ကဆေးလုံးကို အုပ်ထားသည့် သကာ၏ ချိုမြိန်သောအရသာဟု ဆိုနိုင်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဤအချိန်မှစ၍ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ လမ်းပြမှုအောက်တွင်ပင်၊ သန့်ရှင်းသောဝိညာဉ်တော်အမှု၏ ရောင်ဝါလက္ခဏာတွင်ပင် လူသားမျိုးနွယ်သည် နိုင်ငံတော်ခေတ်ထဲက ဘုရားသခင်၏ အမှုနှင့် မိန့်မြွက်ချက်များ၏ ပထမအဆင့်- အစေခံသူများ၏ စစ်သပ်ခံရခြင်း- ဖြစ်သည့် ဘုရားသခင့်နှုတ်ကပတ်တော်များ၏ နောက်တစ်ဆင့်ထဲသို့ အမှတ်တမဲ့ ဦးဆောင်လမ်းပြခံခဲ့ရသောကြောင့်ဖြစ်သည်။

အစေခံသူများ၏ စစ်သပ်ခံရခြင်းမတိုင်မီ မိန့်မြွက်ခဲ့သော နှုတ်ကပတ်တော်များသည် အများအားဖြင့် သင်ကြားပို့ချခြင်း၊ တိုက်တွန်းခြင်း၊ ပြစ်တင်ကန့်ကွက်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းပုံစံဖြင့် ဖြစ်ခဲ့ပြီး အချို့နေရာများတွင် ကျေးဇူးတော်ခေတ်က အသုံးပြုခဲ့သော အမည်တပ်ခေါ်သည့် ပုံစံဟောင်းကို ၎င်းတို့ အသုံးချခဲ့ကြသည်- လူသားမျိုးနွယ်အနေဖြင့် ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ရန်အတွက် သာ၍လွယ်ကူစေရန်အလို့ငှာ၊ သို့မဟုတ် လူသားမျိုးနွယ်အနေဖြင့် ဘုရားသခင်နှင့် ၎င်းတို့၏ဆက်ဆံရေးကို ရင်းနှီးသောဆက်ဆံရေးအဖြစ် မှတ်ယူစေရန်အလို့ငှာ ဘုရားသခင်နောက်သို့ လိုက်ခဲ့သူများအတွက် "ငါ၏သားများ" ဟူသည့်အမည်ကို အသုံးပြုခြင်း ဖြစ်သည်။ ဤနည်းဖြင့် လူသားမျိုးနွယ်၏ မိမိကိုယ်ကိုယ် စိတ်ကြီးဝင်ခြင်း၊ မာနထောင်လွှားခြင်းနှင့် အခြားသော ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားများအပေါ် ဘုရားသခင်က မည်သည့်တရားစီရင်ချက်ကိုမဆို ချမှတ်ခဲ့သည်ဖြစ်စေ လူသားသည် သူ၏ "သား" ဟူသော ကိုယ်ပိုင်လက္ခဏာဖြင့် "ခမည်းတော် ဘုရားသခင်" ၏ မိန့်မြွက်ချက်များအပေါ် မုန်းတီးမှုမထားဘဲ၊ ယင်းကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပြီး လက်ခံနိုင်မည်ဖြစ်သည်၊ ယင်း၏ အထက်တွင် "ခမည်းတော် ဘုရားသခင်"က သူ၏ "သားများ"ထံ ပြုခဲ့သည့် ကတိကို လုံးဝ သံသယမရှိခဲ့ပေ။ ဤကာလအတွင်းတွင်၊ လူသားမျိုးနွယ်အားလုံးသည် နို့စို့ကလေးတစ်ဦးတမျှ ဒုက္ခကင်းဝေးသကဲ့သို့သော တည်ရှိခြင်းကို မွေ့လျော်ခဲ့ကြပြီး ဤအရာက ၎င်းတို့ "အရွယ်ရောက်"သည့်အခါ သူသည် ၎င်းတို့အပေါ် တရားစီရင်မှုကို စတင်ပေးမည်ဟူသော

ဘုရားသခင်၏ရည်ရွယ်ချက်ကို စွမ်းဆောင်ရရှိခဲ့သည်။ ဤအရာက နိုင်ငံတော်ခေတ်တွင် ဘုရားသခင်တရားဝင်စတင်ခဲ့သည့် လူသားမျိုးနွယ်အား တရားစီရင်ခြင်း အမှုအတွက် အခြေခံအုတ်မြစ်ကိုလည်း ချပေးခဲ့၏။ ဤလူ့ဇာတိခံယူခြင်းထဲက ဘုရားသခင်၏အမှုသည် အဓိကအားဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံးကို တရားစီရင်ရန်နှင့် သိမ်းပိုက်ရန်ဖြစ်သောကြောင့်၊ လူသားသည် မြေကြီးပေါ်သူ၏ခြေတို့ကို မြဲမြံစွာချပြီးသည်နှင့်တစ်ပြိုင်နက် ဘုရားသခင်သည် သူ့အမှု- လူသားကို တရားစီရင်ကာ ပြစ်တင်ဆုံးမသည့် အမှု- ၏ နည်းလမ်းထဲသို့ ချက်ချင်း ဝင်ရောက်ခဲ့၏။ သိသိသာသာပင်၊ ရည်ရွယ်ချက်အစစ်အမှန်မှာ ထင်ရသည့်အရာမှတစ်ပါး အခြားအရာဖြစ်လျက်၊ အစေခံသူများ၏ စမ်းသပ်ခံရခြင်းမတိုင်မီ မိန့်မြွက်ချက်အားလုံးသည် အကူးအပြောင်းကို ဖြတ်သန်းခြင်းအလို့ငှာ ပြုလုပ်ထားခဲ့ပေသည်။ ဘုရားသခင်၏စိတ်အားထက်သန်သော ရည်ရွယ်ချက်မှာ သူသည် နိုင်ငံတော်ခေတ်တွင် သူ၏အမှုကို တတ်နိုင်သမျှအမြန်ဆုံး တရားဝင်စတင်နိုင်ရန်ဖြစ်သည်။ သူသည် သကာဖုံးထားသော ဆေးလုံးများကို ကျွေးခြင်းဖြင့် လူသားမျိုးနွယ်ကို ဆက်လက်ချော့ရန် ဆန္ဒလုံးဝမရှိခဲ့ပေ။ ယင်းထက်၊ သူသည် သူ၏တရားပလ္လင်ရှေ့မှောက်တွင် လူသားတိုင်း၏စစ်မှန်သော မျက်နှာထားကို မြင်ရန် စိတ်အားထက်သန်ပြီး၊ သူ၏ကျေးဇူးတော်ကို ဆုံးရှုံးပြီးနောက် လူသားမျိုးနွယ်တစ်ရပ်လုံးက သူ့အပေါ်ထားရှိမည့် စစ်မှန်သော သဘောထားကို မြင်ရန် သာ၍ပင် စိတ်အားထက်သန်စွာ ဆန္ဒရှိခဲ့သည်။ သူသည် ဖြစ်စဉ်ကိုမဟုတ်ဘဲ၊ ရလဒ်များကိုသာ တွေ့မြင်ရန် ဆန္ဒရှိ၏။ သို့ရာတွင် လူသား၏နှလုံးသားသည် ၎င်း၏ ခရီးပန်းတိုင်နှင့် ယင်း၏ အနာဂတ် မျှော်လင့်ချက်များနှင့်သာ ပတ်သက်သောကြောင့်၊ ထိုအချိန်၌ ဘုရားသခင်၏စိတ်အားထက်သန်သော ရည်ရွယ်ချက်ကို နားလည်သူ တစ်ဦးမျှမရှိခဲ့ပေ။ ဘုရားသခင်၏ တရားစီရင်ခြင်းကို လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် အဖန်ဖန် ဦးတည်ထားခဲ့သည်မှာ သိပ်အံ့သြဖွယ်မရှိပေ။ လူသားအပေါ် ဘုရားသခင်၏ သဘောထား ပြောင်းလဲသည်မှာ ဘုရားသခင်၏ လမ်းပြမှုအောက်ကို စတင် အသက်ရှင်ခဲ့ကြသည့်အချိန်တွင်သာ ဖြစ်သည်။

၁၉၉၁ ခုနှစ်သည် ထူးခြားသောနှစ်ဖြစ်၏။ ဤနှစ်ကို "ရွှေရောင်လွှမ်းသောနှစ်" တစ်နှစ်ဟု ခေါ်ကြစို့။ ဘုရားသခင်သည် နိုင်ငံတော်ခေတ်၏အမှုသစ်ကို စတင်ခဲ့ကာ သူ၏မိန့်မြွက်ချက်ကို လူသားမျိုးနွယ်တစ်ရပ်လုံးထံ ဦးတည်ခဲ့သည်။ တစ်ချိန်တည်းတွင်၊ လူသားမျိုးနွယ်သည် မကြုံစဖူးသော နွေးထွေးမှုကို မွေ့လျော်ခဲ့ကြပြီး၊ ထိုထက်ပို၍ ဘုရားသခင်၏ လူသားအပေါ် မကြုံစဖူးတရားစီရင်ခြင်းနောက်မှ လိုက်ပါလာသည့်နာကျင်မှုကို တွေ့ကြုံခံစားခဲ့ရသည်။

ဘုရားသခင်ကို ရရှိခဲ့ပြီးဖြစ်သော်လည်း ဘုရားသခင်ကို တစ်ဖန် ဆုံးရှုံးခဲ့ပြီးဖြစ်သည့်အလား၊ လူသားမျိုးနွယ်သည် ဤအချိန်အထိ မသိခဲ့သည့် ချို့မြိန်မှုကို မြည်းစမ်းခဲ့ရသကဲ့သို့၊ ဤအချိန်အထိ မသိခဲ့သည့် တရားစီရင်ခြင်းနှင့် စွန့်ပစ်ခံရခြင်းတို့ကိုလည်း ခံစားခဲ့ရသည်။ ပိုင်ဆိုင်ခြင်း၌ ဒုက္ခခံရခြင်းနှင့် အခက်အခဲ၌ ဒုက္ခခံရခြင်း- ဤခံစားချက်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားခဲ့သူများသာ သိ၏၊ ယင်းတို့သည် လူသားအနေဖြင့် ဖော်ပြရန် အစွမ်းအစမရှိသကဲ့သို့၊ နည်းလမ်းများ ရှိသည့်အရာတစ်ခု ဖြစ်သည်။ ဤသို့သော ဒဏ်ရာမျိုးများသည် လူသားတိုင်းအပေါ် လက်ဆုပ်လက်ကိုင် မပြနိုင်သည့် အတွေ့အကြုံနှင့် တန်ဖိုးရှိသော ပိုင်ဆိုင်မှုပုံစံဖြင့် ဘုရားသခင်က အပ်နှင်းသောအရာ ဖြစ်၏။ ဤနှစ်တွင် ဘုရားသခင် ပြုလုပ်ခဲ့သည့် မိန့်မြွက်ချက်များ၏ ပါဝင်သည့် အကြောင်းအရာသည် အမှန်တွင် အဓိကအစိတ်အပိုင်း နှစ်ရပ် အကျုံးဝင်၏- ပထမသည် လူသားမျိုးနွယ်အား ဧည့်သည်များအဖြစ် သူ၏ပလ္လင်ရှေ့သို့ လာရန် ဖိတ်ကြားဖို့ လူတို့၏လောကထဲသို့ ဘုရားသခင် ဆင်းသက်ခဲ့သည့်နေရာ ဖြစ်သည်။ ဒုတိယမှာ ဝလင်သည်အထိ စားသောက်ခဲ့ပြီးနောက် လူသားမျိုးနွယ်သည် အစေခံသူများအဖြစ် ဘုရားသခင်၏ အသုံးပြုခြင်းခံရသည့် နေရာဖြစ်၏။ ဟုတ်ပေ၏၊ ပထမအပိုင်းသည် လူသားမျိုးနွယ်၏ အမြတ်နိုးဆုံးနှင့် အလေးနက်ဆုံးဆန္ဒဖြစ်သည်မှာ ပြောစရာမလိုပေ၊ လူတို့သည် ဘုရားသခင်၏အရာရာတိုင်းအား မွေ့လျော်ခြင်းကို ဘုရားသခင်၌ ၎င်းတို့ယုံကြည်ခြင်း ရည်ရွယ်ချက်အဖြစ် ပြုလုပ်ခြင်းကို အချိန်ကြာမြင့်စွာက အကျင့်ဖြစ်နေခဲ့သည့်အတွက် သာ၍ပင်ဖြစ်ပေသည်။ ဤသည်မှာ ဘုရားသခင်သည် သူ၏မိန့်မြွက်ချက်များကို စတင်ဖွင့်ဟလိုက်သည်နှင့် တစ်ပြိုင်နက် လူသားမျိုးနွယ်သည် နိုင်ငံတော်ထဲသို့ဝင်ရောက်ရန်နှင့် ၎င်းတို့အပေါ် ဘုရားသခင်က အမျိုးမျိုးသော ဆုလာဘ်များ အပ်နှင်းဖို့ရန်အတွက် ထိုနေရာတွင် စောင့်ဆိုင်းဖို့ အသင့်ဖြစ်ကြသည့် အကြောင်းရင်း ဖြစ်သည်။ ထိုအခြေအနေများထဲက လူများသည် ၎င်းတို့၏စိတ်သဘောထားများကို ပြောင်းလဲခြင်း၊ ဘုရားသခင်အား ကျေနပ်စေရန်ကြိုးစားခြင်း၊ ဘုရားသခင်၏ အလိုကို အလေးထားမှုပြခြင်း အစရှိသော သင့်တော်သည့် အဖိုးအခကို တကယ်ကို မပေးခဲ့ကြပေ။ အပြင်ပန်းအားဖြင့်ကြည့်ရာတွင်၊ လူတို့သည် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်အတွက် အသုံးခံပြီး လုပ်လုပ်ခဲ့ကြသည်နှင့်အမျှ စဉ်ဆက်မပြတ် ဟိုဟိုသည်သည် ပျားပန်းခပ်မျှ လှုပ်ရှားနေပုံရကြ၏၊ အကယ်စင်စစ် ၎င်းတို့၏ အတွင်းကျကျ နှလုံးသားများ၏ လျှို့ဝှက်ချောင်ကြိုချောင်ကြားများတွင် ၎င်းတို့သည် ကောင်းချီးမင်္ဂလာများ ရရှိရန်၊ သို့မဟုတ် ရှင်ဘုရင်များအဖြစ် စိုးစံရန် ၎င်းတို့ လျှောက်လှမ်းသင့်သည့် နောက်အဆင့်ကို တွက်ဆနေခဲ့ကြခြင်းဖြစ်၏။ လူသားနှလုံးသားသည်

ဘုရားသခင်ကို မေ့လျော့နေသည်နှင့်အမျှ၊ ယင်းသည် ဘုရားသခင်အပေါ် အပိုင်ကြံနေကြသည့် တစ်ချိန်တည်းတွင် ဖြစ်ခဲ့ပေသည်ဟု ဆိုနိုင်၏။ ဤအခြေအနေတွင်ရှိသည့် လူသားမျိုးနွယ်သည် ဘုရားသခင်၏ အနက်ရှိုင်းဆုံးသော ရွံရှာခြင်းနှင့် စက်ဆုပ်ခြင်းတို့ကို တွေ့ကြုံရ၏။ ဘုရားသခင်၏စိတ်သဘောထားသည် မည်သည့်လူသားမဆို၏ လှည့်ဖြားမှု၊ သို့မဟုတ် သူ့ကို အသုံးချခြင်းအား သည်းမခံပေ။ သို့သော် ဘုရားသခင်၏ ဉာဏ်ပညာသည် မည်သည့်လူသားအဖို့မျှ လက်လှမ်းမမီနိုင်ပေ။ သူသည် သူ၏ မိန့်မြွက်ချက်များ၏ ပထမအပိုင်းကို ပြောဆိုခဲ့သည်မှာ၊ ဤဆင်းရဲဒုက္ခအားလုံးကို သည်းခံမှုအလယ်တွင် ဖြစ်သည်။ ဤအကြိမ်တွင် ဆင်းရဲဒုက္ခမည်မျှ ဘုရားသခင် ကြံ့ကြံ့ခံခဲ့ပြီး ဂရုစိုက်မှုနှင့် အတွေးမည်မျှ သူ အသုံးပြုခဲ့သည်ကို မည်သည့်လူသားကမျှ စိတ်ကူးနိုင်စွမ်းမရှိပေ။ ဤမိန့်မြွက်ချက်များ၏ ပထမအပိုင်းနှင့်ဆိုင်သည့် ရည်ရွယ်ချက်မှာ ရာထူးနှင့် အမြတ်အစွန်းတို့နှင့် ရင်ဆိုင်ရသည့်အခါ လူသားပြသသည့် ကွဲပြားသော အကျည်းတန်မှုပုံစံအားလုံးကို ဖော်ထုတ်ရန်ဖြစ်ပြီး၊ လူသား၏လောဘနှင့် စက်ဆုပ်ဖွယ်ကောင်းခြင်းတို့ကို ဖော်ထုတ်ရန်ဖြစ်သည်။ စကားပြောဆိုရာတွင်၊ ဘုရားသခင်သည် ချစ်ခင်သောမိခင်တစ်ဦး၏ စစ်မှန်ပြီး၊ စိတ်အားထက်သန်သော လေသံဖြင့် သူ၏နှုတ်ကပတ်တော်များကို သုံးနှုန်းပြောဆိုသော်လည်း သူ၏အတွင်းကျကျ နှလုံးသားရှိ အမျက်ဒေါသသည် သူ၏ရန်သူများကို ဦးတည်ထားသည့်အလား မွန်းတည့်နေကဲ့သို့ တောက်လောင်၏။ ဘုရားသခင်သည် လူသား၏သာမန်ပုံသဏ္ဍာန် ကင်းမဲ့နေသော လူတစ်စုကို စကားပြောရန် မည်သည့်အခြေအနေအောက်တွင်မျှ လိုလားနေခြင်း မရှိပေ၊ ထို့ကြောင့် သူစကားပြောသည့်အခါတိုင်းတွင် သူသည် သူ၏နှလုံးသားထဲရှိ အမျက်ဒေါသကို ချုပ်တည်းထားနေသည့် တစ်ချိန်တည်းတွင် သူ၏မိန့်မြွက်ချက်များအဖို့ ဖော်ပြချက်ပေးရန် မိမိကိုယ်ကိုယ် ဖျစ်ညှစ်၍ပြောလေသည်။ ထို့အပြင် သာမန်လူ့သဘာဝ မရှိသော၊ ဆင်ခြင်တုံတရားကင်းမဲ့သော၊ အဆုံးစွန် ဖောက်ပြန်ပျက်စီးသော၊ ပင်ကိုစရိုက်သဖွယ်ဖြစ်သွားသည့် လောဘနှင့် အကြိတ်အနယ် ပွဲသိမ်းသည်အထိ ဘုရားသခင်ကို နာခံမှုမရှိသကဲ့သို့ ပုန်ကန်တတ်သည့် လူသားမျိုးနွယ်ကို သူစကားပြောနေခြင်းဖြစ်၏။ လူသားမျိုးနွယ်ကျဆင်းခဲ့သည့် ဖောက်အနက်များနှင့် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ မုန်းတီးမှုနှင့် စက်ဆုပ်ရွံရှာမှု အတိုင်းအတာကို အလွယ်တကူ စိတ်ကူးကြည့်နိုင်၏။ လူသားမျိုးနွယ်အနေဖြင့် စိတ်ကူးရန် ခက်ခဲနေသည်မှာ- စကားများဖြင့် ဖော်ပြရန်မဖြစ်နိုင်သော- ဘုရားသခင်အပေါ် ၎င်းတို့ပေးသည့် နာကျင်မှုဖြစ်၏။ သို့သော် လူတစ်ဦးစီတိုင်းသည် အရှက်တစ်စက်မျှ၊ သို့မဟုတ် ကိုယ်ကျင့်သိက္ခာ

တစ်စက်မျှမရှိဘဲ မည်သူမျှ နောက်ကျကျန်နေလိုသည့်ဆန္ဒမရှိသကဲ့သို့ အားလုံးသည် အခွင့်အရေး ဆုံးရှုံးရမည်ကို အလွန်အမင်းစိုးရိမ်လျက် တစ်ဦးနှင့်တစ်ဦး တုပြိုင်သည်အထိ၊ လူသားအတွက် ဘုရားသခင်ပြင်ဆင်ပြီးဖြစ်သည့် ဆုလာဘ်အားလုံးကို ဘုရားသခင်၏သားများအနေဖြင့် လက်ခံရရှိရန် ၎င်းတို့ လုပ်ပိုင်ခွင့်ရှိသည်ဟု အလေးမမူခဲ့ကြသည်မှာ- ဘုရားသခင်၏နှလုံးသား မည်သို့ခံစားခဲ့ရသည်ကို မည်သူမျှ မတွေ့ရနိုင်သည့်အပြင် လူသားမျိုးနွယ်သည် မည်မျှ ယုတ္တိမတန်သကဲ့သို့ ပြုပြင်၍မရသည်ကို မည်သူမျှ မတွေ့နိုင်ခဲ့သည့်နေရာ- ဤနောက်ခံ အတိအကျတွင် ဖြစ်သည်။ ထိုအချိန်က လူများသည် ဘုရားသခင်၏အမြင်၌ မည်သည့်အနေအထားမျိုး ယူခဲ့ကြသည်ကို ယခု သင်သိသင့်ပေသည်။ ဤကဲ့သို့သော မျိုးနွယ်တစ်စုသည် ဘုရားသခင်၏ဆုလာဘ်များကို မည်သို့ရရှိနိုင်မည်နည်း။ သို့သော် ဘုရားသခင်ထံမှ လူသားရရှိသည့်အရာသည် အချိန်တိုင်းတွင် အဖိုးတန်ဆုံးရတနာဖြစ်ပြီး၊ အပြန်အလှန်အားဖြင့် လူသားထံမှ ဘုရားသခင်ရရှိသည့်အရာသည် အဆုံးစွန် နာကျင်မှုဖြစ်၏။ ဘုရားသခင်နှင့်လူသားအကြား ဆက်ဆံရေးစတင်ကတည်းက၊ ဤသည်မှာ ဘုရားသခင်ထံမှ လူသားက အစဉ်အမြဲလက်ခံရရှိပြီးသည့်အရာဖြစ်ပြီး၊ ဤသည်မှာ ဘုရားသခင်အား အပြန်အလှန်အားဖြင့် ၎င်းက အစဉ် ပေးပြီးဖြစ်သည့် အရာဖြစ်၏။

ဘုရားသခင်သည် ပူပန်သောကဖြင့်ပူလောင်နေသမျှ၊ ဤလူသားမျိုးနွယ်သည် ရိုးတွင်းခြင်ဆီအထိ ဖောက်ပြန်ပျက်စီးလျက်ရှိသည်ကို သူ မြင်သည့်အခါ၊ သူ့အနေဖြင့် ၎င်းတို့ စစ်ဆေးခြင်းခံရရန်အလို့ငှာ မီးအိုင်ထဲသို့ ပစ်ချရုံမှတစ်ပါး အခြားရွေးချယ်စရာမရှိခဲ့ပေ။ ဤသည်မှာ ဘုရားသခင်သည် လူသားမျိုးနွယ်အား သူ၏အစေခံသူများအဖြစ် အသုံးပြုသော သူ့မိန့်မြွက်ချက်များ၏ ဒုတိယအပိုင်းဖြစ်သည်။ ဤအပိုင်းတွင် ဘုရားသခင်သည် လူသား၏ ပျက်စီးသောသဘာဝကို ဖော်ထုတ်ရန် "ဘုရားသခင်၏ဇာတိအဖြစ်တော်" အနေအထားကို တည်ကြက်အဖြစ်အသုံးပြုလျက်၊ တစ်ချိန်တည်းမှာပင် လူသားမျိုးနွယ် ရွေးချယ်ရန် အစေခံသူများ၊ လူများနှင့် သားများဟူသည့် ကွဲပြားသည့်အတန်းအစားများကို ^က^ အဆိုပြုရင်း၊ နည်းစနစ်နှင့် အတိုင်းအတာ နှစ်ခုလုံးအရ၊ နုရာမှ ကြမ်းရာသို့ ပြောင်းကာ နည်းရာမှ များရာသို့ ပြောင်းခဲ့၏။ ဘုရားသခင်ကြိုတင်ပြောခဲ့ပြီးဖြစ်သည့်အတိုင်းပင် ဘုရားသခင်အတွက် အစေခံသူတစ်ဦးဖြစ်ရန် မည်သူမျှ မရွေးချယ်သကဲ့သို့၊ ထိုအစား အားလုံးသည် ဘုရားသခင်၏ ဇာတိအဖြစ်တော်ဖြစ်လာရန် ကြိုးပမ်းခဲ့ကြသည်မှာ သေချာသလောက် ဖြစ်သည်။ ဤကာလအတွင်းတွင် ဘုရားသခင်ပြောဆိုခဲ့သော ပြင်းထန်မှုမှာ လူသားများက ကြားဖူးရန်မဆိုထားနှင့် မည်သည့်အခါတွင်မျှ မျှော်လင့်ထားခဲ့ခြင်း မရှိသည့်အရာတစ်ခု

ဖြစ်သည်။ သို့ပါလျက်၊ လူတို့သည် အဆင့်အတန်းနှင့်ပတ်သက်၍ အလွန်အမင်း နီးနွယ်ခဲ့ကြပြီး၊ ဤအရာထက် ကောင်းချီးမင်္ဂလာများ ရရှိခြင်းဖြင့် အလွန်ပျာယာခတ်လျက် စိတ်အာရုံရောက်ရင်းဖြင့်၊ ၎င်းတို့သည် ဘုရားသခင်၏ စကားပြောသည့် လေသံနှင့် သူ၏ စကားပြောဆိုနည်းနှင့်ပတ်သက်၍ အယူအဆတစ်ရပ် ဖြစ်ပေါ်စေဖို့ အချိန် မရှိခဲ့ကြဘဲ၊ ထိုအစား ၎င်းတို့ကိုယ်တိုင်၏ အဆင့်အတန်းနှင့် အနာဂတ်တွင် ဖြစ်ကောင်းဖြစ်နိုင်မည့် အရာတို့သည် ၎င်းတို့၏ စိတ်များကို အစဉ်ဖိစီး၏။ ဤနည်းဖြင့်၊ လူသားမျိုးနွယ်သည် ဘုရားသခင်က ၎င်းတို့အတွက် ချမှတ်ထားသည့် "ဝက်ပါ"ထဲသို့ ဘုရားသခင်၏ မိန့်မြွက်ချက်များအားဖြင့် အလစ် ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ အနာဂတ်နှင့်ဆိုင်သော မက်လုံးနှင့် ၎င်းတို့၏ကံကြမ္မာအားဖြင့် ကြိုက်သည်ဖြစ်စေ၊ စိတ်ပါပါ မပါပါဖြားယောင်းသွေးဆောင်ခံရလျက်၊ လူသားများသည် ဘုရားသခင်၏ဇာတိတော်ဖြစ်လာရန် အရည်အချင်းမပြည့်မီကြသည်ကို မိမိတို့ကိုယ်ကိုယ် သိခဲ့ကြသော်လည်း သူ၏အစေခံသူများအဖြစ် ဆောင်ရွက်ရန် တွန့်ဆုတ်နေခဲ့ကြသည်။ ဤဆန့်ကျင်ဘက်စိတ်နေသဘောထားနှစ်ခုအကြားတွင် ဝေခွဲမရနိုင်ဖြစ်လျက်၊ ၎င်းတို့သည် ဘုရားသခင်က လူသားမျိုးနွယ်အပေါ် စီရင်သည့် မကြုံစဖူးသော တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို မရည်ရွယ်ဘဲ လက်ခံလိုက်ကြ၏။ သဘာဝအားဖြင့်၊ ဤတရားစီရင်ခြင်းနှင့် စစ်ဆေးခြင်းပုံစံသည် လူသားမျိုးနွယ် လက်ခံရန် လုံးဝ လိုလားခြင်းမရှိသည့် အရာတစ်ခု ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ အဆုံး၌ ၎င်းတို့ အလျှော့ပေးကြရန်အလို့ငှာ လိုလားစွာဖြစ်စေ၊ မလိုလားစွာဖြစ်စေ၊ ပျက်စီးနေသည့် ဤလူသားမျိုးနွယ်ထံမှ အောက်ကျို့သည့် ကျိုးနွံနာခံခြင်းကို အရယူရန် ဘုရားသခင်သည်သာ ဉာဏ်ပညာရှိပြီး ဘုရားသခင်၌သာ တန်ခိုးရှိပေသည်။ လူသားမျိုးနွယ်သည် ရွေးချယ်စရာ အခြားနည်းလမ်း မရှိပေ။ ဘုရားသခင်သည်သာ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး၊ ဘုရားသခင်သည်သာ လူသားအပေါ် သမ္မာတရားနှင့် အသက်ကို အပ်နှင်းဖို့နှင့် သူ့ကို လမ်းညွှန်မှုပေးရန် ဤကဲ့သို့သော နည်းစနစ်တစ်ခုကို အသုံးပြုနိုင်၏။ ဤနည်းစနစ်သည် လူသားအပေါ် ဘုရားသခင့်အမှု၏ ရှောင်လွှဲ၍မရခြင်းဖြစ်ကာ ယင်းသည် လူသား၏ မရှိမဖြစ်သော လိုအပ်ချက်လည်းဖြစ်သည်မှာ သံသယဖြစ်စရာ သို့မဟုတ် အငြင်းပွားစရာ မရှိပေ။ ဘုရားသခင်သည် လူတို့မျိုးနွယ်ထံ ဤအမှန်တရားကို ထိုသို့သော နည်းစနစ်တစ်ခုဖြင့် စကားပြောကာ အမှုပြုသည်- လူသားမျိုးနွယ်ကို ကယ်တင်ရာ၌၊ ဘုရားသခင်သည် သူ၏ချစ်ခြင်းမေတ္တာနှင့် အကြင်နာတို့မှ၊ ပြီးလျှင် သူ၏စီမံခန့်ခွဲမှုအတွက် ထိုသို့ လုပ်ဆောင်ပေသည်။ ဘုရားသခင်၏ကယ်တင်ခြင်းကို လက်ခံရရှိရာတွင်၊ ဘုရားသခင်သည်

ကိုယ်တိုင်ကိုယ်ကျ မပြောဘဲမနေနိုင်သည့် အဆင့်ထိ ကျဆင်းပြီးဖြစ်သောကြောင့် လူသားမျိုးနွယ်သည် ထိုသို့ လုပ်ဆောင်ရပေသည်။ လူသားသည် ဘုရားသခင်၏ကယ်တင်ခြင်းကို လက်ခံရရှိသည့်အခါ၊ ဤသည်မှာ အကြီးမားဆုံးသော ကျေးဇူးတော်ဖြစ်ပြီး၊ အထူး မျက်နှာသာတစ်ခုလည်းဖြစ်၏။ ဆိုလိုသည်မှာ၊ ဘုရားသခင်က လူကိုယ်တိုင် သူ၏မိန့်မြွက်ချက်များကို ဖွင့်ဟခြင်းကြောင့်သာမဟုတ်ပါက၊ လူသားမျိုးနွယ်၏ကံကြမ္မာသည် မျိုးသုဉ်းခြင်း ဖြစ်ပေမည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို စက်ဆုပ်ရွံရှာသည့် တစ်ချိန်တည်းတွင်၊ ဘုရားသခင်သည် လူသား၏ကယ်တင်ခြင်းအတွက် အဖိုးအခတစ်ခုတစ်လေ ပေးရန် အဆင်သင့်ရှိကာ လိုလားနေဆဲ ဖြစ်သည်။ ထိုအတောအတွင်းတွင်၊ လူသားသည် ဘုရားသခင်အပေါ် သူ၏ချစ်ခြင်းမေတ္တာနှင့် ဘုရားသခင်ထံ အားလုံးကို သူဆက်ကပ်ပုံကို ထပ်တလဲလဲပြောသည်နှင့်အမျှ၊ သူသည် ဘုရားသခင်ကို ပုန်ကန်နေပြီး၊ ဘုရားသခင်ထံမှ ကျေးဇူးတော်မျိုးစုံကို ခြိမ်းခြောက်တောင်းယူစဉ်တွင် ဘုရားသခင်အား နာကျင်စေပြီး သူ၏နှလုံးသားအပေါ် ပြောမပြနိုင်သော နာကျင်မှုကိုပင် ဖြစ်ပေါ်နေစေသည်။ ယင်းမှာ ဘုရားသခင်နှင့် လူသားအကြား ကိုယ်ကျိုးမငဲ့ခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့၏ သိသာသည့် ဆန့်ကျင်မှု ဖြစ်၏။

အမှုပြုခြင်းနှင့် စကားပြောခြင်းတွင်၊ ဘုရားသခင်သည် မည်သည့်အထူးနည်းစနစ်ကိုမျှ လိုက်နာရန် ကန့်သတ်ခံထားရခြင်းမရှိဘဲ ရလဒ်များ စွမ်းဆောင်ရရှိခြင်းကို သူ၏ရည်ရွယ်ချက်ပန်းတိုင် ဖြစ်စေသည်။ ဤအကြောင်းကြောင့်၊ သူ့မိန့်မြွက်ချက်များ၏ ဤအပိုင်းတွင် ဘုရားသခင်သည် သူကိုယ်တိုင်၏ ကိုယ်ပိုင်လက္ခဏာကို ရှင်းလင်းစွာ ဖွင့်ချဖို့ မပျက်မကွက် မလုပ်ဆောင်ဘဲ၊ "နောက်ဆုံးသောကာလ၏ခရစ်တော်"၊ "စကြဝဠာ၏ဦးသျှောင်" အစရှိသည့် ဝေါဟာရအနည်းငယ်ကို ထုတ်ဖော်ရန်ကိုသာ မပျက်မကွက်ပြုလုပ်ခဲ့၏။ ဤအရာက အထူးသဖြင့် ထိုကနဦးနေ့ရက်များက လူသားမျိုးနွယ်သည် "ခရစ်တော်" နှင့် "လူ့ဇာတိခံယူခြင်း" ဟူသော အယူအဆများကို လုံးဝမသိနားမလည်ခဲ့ကြသည့်အတွက်၊ ဘုရားသခင်သည် သူ၏မိန့်မြွက်ချက်များကို ဖော်ပြဖို့ရန် "အထူး လုပ်ငန်းဆောင်တာ" တစ်ရပ် ရှိသည့် လူတစ်ဦးအဖြစ် မိမိကိုယ်ကိုယ် နှိမ့်ချဖို့အလို့ငှာ၊ ဤသည်မှာ ခရစ်တော်၏အမှုတော် သို့မဟုတ် လူသားမျိုးနွယ်၏ ဘုရားသခင်နှင့် ပတ်သက်သည့် အသိပညာအပေါ် လုံးဝသက်ရောက်ခြင်း မရှိပေ။ ထိုအချိန်က လူတို့သည် ဤအမည်တပ်ခေါ်သည့်ပုံစံကိုသာ လက်ခံနိုင်ခဲ့ကြသောကြောင့်၊ ဤသည်မှာ ဘုရားသခင်၏ အပတ်တကုတ်လုပ်ရသော ဂရုစိုက်မှုနှင့် အတွေး ဖြစ်သည်။ ဘုရားသခင်သည် မည်သည့်အမည်တပ်ခေါ်သည့်ပုံစံကို

အသုံးပြုသည်ဖြစ်စေ သူလုပ်သမျှအားလုံးတွင် ဘုရားသခင်သည် လူသားအား ပြောင်းလဲစေနိုင်ဖို့၊ ဘုရားသခင်၏ကယ်တင်ခြင်းကို လူသားသား ရရှိစေနိုင်ဖို့ ရည်ရွယ်သောကြောင့်၊ သူ့အမှု၏ရလဒ်များသည် ထိခိုက်မခံရပေ။ ဘုရားသခင်သည် မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ ဘုရားသခင်သည် လူသား၏လိုအပ်ချက်များကို အစဉ် မှတ်ထား၏။ ဤသည်မှာ ဘုရားသခင်၏ အမှုပြုခြင်းနှင့် စကားပြောခြင်း နောက်ကွယ်က ရည်ရွယ်ချက်ဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ သွင်ပြင်လက္ခဏာအားလုံးကို စဉ်းစားရာတွင် စေ့စေ့စပ်စပ် အာရုံစိုက်ပြီး၊ သူ လုပ်ဆောင်သမျှအားလုံးတွင် အလွန်ပြောင်မြောက်စွာ အမြော်အမြင်ရှိသော်လည်း၊ ဤအရာကို ငါ ပြောနိုင်၏- ဘုရားသခင်သည် မိမိကိုယ်ကိုယ် သက်သေမခံခဲ့လျှင်၊ ဘုရားသခင်ကိုယ်တိုင်ကို သတိပြုနိုင်စွမ်းရှိသူ၊ သို့မဟုတ် ဘုရားသခင်ကိုယ်တိုင်ကို ထလျက် သက်သေခံနိုင်စွမ်းရှိသူ တစ်ဦးမျှ ဖန်ဆင်းခံလူသားမျိုးနွယ်ထဲတွင် ရှိမည်မဟုတ်ပေ။ ဘုရားသခင်သည် သူ၏အမှု၌ အမည်တပ်ခေါ်သည့်ပုံစံအဖြစ် "အထူး လုပ်ငန်းဆောင်တာတစ်ခုရှိသည့် လူတစ်ဦး"ကို အသုံးပြုမြဲ အသုံးပြုနေခဲ့ပါက၊ ဘုရားသခင်ကို ဘုရားသခင်ဟု သဘောထားမည့် လူသား တစ်ဦးမျှရှိမည် မဟုတ်ပေ- ဤသည်မှာ လူသားမျိုးနွယ်၏ သောကရောက်စရာ ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဖန်ဆင်းခံလူသားမျိုးနွယ်ထဲတွင် ဘုရားသခင်ကို ချစ်မည့်သူ၊ ဘုရားသခင်နှင့်ပတ်သက်၍ ဂရုစိုက်မည့်သူနှင့် ဘုရားသခင်ထံသို့ တိုးဝင်ချဉ်းကပ်မည့်သူ တစ်ဦးတစ်လေ ရှိဖို့မဆိုထားနှင့်၊ ဘုရားသခင်ကို သိနိုင်သောသူ တစ်ဦးမျှမရှိပေ။ လူသား၏ယုံကြည်ခြင်းသည် ကောင်းချီးမင်္ဂလာများရရန် တစ်ခုတည်းအတွက် ဖြစ်၏။ အထူး လုပ်ငန်းဆောင်တာတစ်ခုရှိသည့် လူတစ်ဦးအဖြစ် ဘုရားသခင်၏ ကိုယ်ပိုင်လက္ခဏာသည် လူသားတစ်ဦးစီတိုင်းအဖို့ အရိပ်အမြွက်တစ်ခု ပေးပြီးဖြစ်သည်။ လူသားမျိုးနွယ်အနေဖြင့် ဘုရားသခင်အား ဖန်ဆင်းခံလူသားမျိုးနွယ်ထဲမှ တစ်ဦးအဖြစ် သဘောထားရန် လွယ်ကူ၏၊ ဘုရားသခင်အပေါ် လူသားမျိုးနွယ် ပေးသည့် အကြီးမားဆုံးသောနာကျင်မှုနှင့် အရှက်ရစေခြင်းသည် အတိအကျအားဖြင့် သူပွင့်လင်းစွာ ပေါ်ထွန်းသည့်အခါ၊ သို့မဟုတ် အမှုပြုသည့်အခါ ဘုရားသခင်သည် လူသား၏ငြင်းပယ်မှုကို ခံရဆဲဖြစ်ကာ သူ၏မေ့လျော့မှုကိုပင် ခံရခြင်းဖြစ်၏။ လူသားမျိုးနွယ်ကို ကယ်တင်ရန်အလို့ငှာ ဘုရားသခင်သည် အကြီးမားဆုံးသော အရှက်ရခြင်းကို သည်းခံ၏။ အရာရာကိုပေးရာတွင် သူ၏ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်အား ကယ်တင်ရန်၊ လူသားမျိုးနွယ်၏ အသိအမှတ်ပြုခြင်းကို ရယူရန်ဖြစ်သည်။ ဤအရာအားလုံးအတွက် ဘုရားသခင်ပေးပြီးသော

အဖိုးအခမှာ အသိစိတ်ရှိသူတိုင်း အသိအမှတ်ပြုနိုင်မည့် အရာတစ်ခုဖြစ်၏။ လူသားမျိုးနွယ်သည် ဘုရားသခင်၏ မိန့်မြွက်ချက်များနှင့် အမှုကို ရရှိပြီးဖြစ်ကာ ဘုရားသခင်၏ ကယ်တင်ခြင်းကို ရရှိပြီးဖြစ်၏။ တစ်ချိန်တည်းတွင်၊ ဤအရာကိုမေးမြန်းဖို့ မည်သူမျှ စိတ်မကူးမိကြပေ- ဘုရားသခင်သည် လူသားမျိုးနွယ်ထံမှ မည်သည့်အရာကို ရရှိပြီးပြီနည်း။ ဘုရားသခင်၏ မိန့်မြွက်ချက် တစ်ခုစီတိုင်းမှ လူသားမျိုးနွယ်သည် သမ္မာတရားကို ရရှိပြီးဖြစ်သည်၊ ပြောင်းလဲရာတွင် အောင်မြင်ပြီးဖြစ်၏၊ အသက်တာတွင် ဦးတည်ချက်ကို ရှာတွေ့ပြီးဖြစ်သည်။ သို့သော် ဘုရားသခင်ရရှိပြီးလေသည်မှာ ဘုရားသခင်ကို ၎င်းတို့၏ ကျေးဇူးကြွေးတင်ခြင်းကိုဖော်ပြရန် လူသားမျိုးနွယ် အသုံးပြုသောစကားများနှင့် အားနည်းသော တီးတိုးချီးမွမ်းသံများထက် မပိုပေ။ ဤသည်မှာ ဧကန်မုချ လူသားထံမှ ဘုရားသခင်တောင်းဆိုသည့် နစ်နာကြေး မဟုတ်ပေ။

ယခုတွင် ဘုရားသခင်၏မိန့်မြွက်ချက် များစွာကို ဖော်ပြပြီးဖြစ်သော်လည်း၊ လူအများစုသည် ဘုရားသခင်နှင့်ပတ်သက်သည့် ၎င်းတို့၏ အသိပညာနှင့် သိနားလည်ခြင်းအတွင်းရှိ အစအဦးတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များက ကိုယ်စားပြုသည့် အဆင့်၌ ရပ်တန့်နေဆဲ ရှိပြီး၊ ယင်းမှ ၎င်းတို့ ရှေ့မဆက်သေးပေ- ဤသည်မှာ အမှန်တကယ် စိတ်မချမ်းမြေ့စရာ အကြောင်းအရာတစ်ခု ဖြစ်သည်။ "အစအဦး၌ ခရစ်တော်၏ မိန့်မြွက်ချက်များ"၏ ဤအပိုင်းသည် လူသား၏နှလုံးသားကိုဖွင့်ရန် သော့တစ်ချောင်းမျှသာ ဖြစ်၏၊ ဤနေရာတွင် ရပ်တန့်ခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်ကို ဖြည့်ဆည်းရာ၌ အလွန် အဆင့်မမီခြင်း ဖြစ်သည်။ သူ့မိန့်မြွက်ချက်များ၏ ဤအပိုင်းကို ပြောရာ၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်ကို ကျေးဇူးတော်ခေတ်မှ နိုင်ငံတော်ခေတ်ထဲသို့ ခေါ်ဆောင်ရန်သာ ဖြစ်၏၊ သူ့မိန့်မြွက်ချက်များ၏ ဤအပိုင်းတွင် လူသားမျိုးနွယ်က လုံးဝဥဿုံရပ်ရန် သို့မဟုတ် သူ့မိန့်မြွက်ချက်များ၏ ဤအပိုင်းကို လမ်းညွှန်ချက်တစ်ရပ်အဖြစ် သဘောထားရန် သူ၌လုံးဝဆန္ဒမရှိပေ၊ သို့မဟုတ်ပါက ဘုရားသခင်၏ အနာဂတ်မိန့်မြွက်ချက်များသည် လိုအပ်မည်မဟုတ်သကဲ့သို့ အဓိပ္ပာယ်ရှိမည် မဟုတ်ပေ။ ဘုရားသခင့်မိန့်မြွက်ချက်များ၏ ဤအပိုင်းတွင် လူသားရရှိရန် ဘုရားသခင်တောင်းဆိုသည့်အရာထဲသို့ ဝင်ရောက်နိုင်ခြင်းမရှိသေးသူ တစ်ဦးတစ်လေရှိပါက၊ ထိုလူ၏ဝင်ရောက်မှုသည် မသိရှိရသောအရာတစ်ခုအဖြစ် ဆက်လက်ရှိနေသည်။ ဘုရားသခင့်မိန့်မြွက်ချက်များ၏ ဤအပိုင်းသည် နိုင်ငံတော်ခေတ်တွင် ဘုရားသခင်က လူသားအပေါ် ပြုလုပ်သည့် အခြေခံအကျဆုံး သတ်မှတ်ချက်ဖြစ်ပြီး၊ လမ်းကြောင်းမှန်ပေါ်သို့ လူသားမျိုးနွယ်ဝင်ရောက်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ အကယ်၍ သင်သည်

မည်သည့်အရာကိုမျှ နားမလည်သော လူတစ်ဦးဖြစ်ပါက ဤအပိုင်းထဲက နှုတ်ကပတ်တော်များကို ဖတ်ခြင်းဖြင့် စတင်သင့်ပေသည်။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "ကွဲပြားသည့်အတန်းအစားများ" ဆိုသည့် စကားစု မပါဝင်ပါ။

# အခန်း ၁

ချီးမွမ်းခြင်းသည် ဇိအုန်သို့ရောက်လာပြီဖြစ်ကာ ဘုရားသခင်၏ ကျိန်းဝပ်တော်မူရာအရပ်သည် ပေါ်ထွန်းလာပြီးဖြစ်သည်။ လူမျိုးခပ်သိမ်း၏ ချီးမွမ်းခြင်းခံရသော ဘုန်းကြီးသည့် သန့်ရှင်းသောနာမသည် ပျံ့နှံ့လျက်ရှိသည်။ အို အနန္တတန်ခိုးရှင် ဘုရားသခင်။ စကြဝဠာ၏ဦးသျှောင်၊ နောက်ဆုံးသောကာလ၏ ခရစ်တော်- သူသည် ဘုန်းတန်ခိုးအာနုဘော်နှင့် ကြီးကျယ်ခမ်းနားခြင်းတို့ဖြင့် စကြဝဠာတစ်ခုလုံးအပေါ်လွှမ်းမိုးသည့် ဇိအုန်တောင်အထက်တွင် ပေါ်ထွက်နေသော တောက်ပနေသည့်နေမင်းဖြစ်၏...

အနန္တတန်ခိုးရှင် ဘုရားသခင်၊ ကျွန်ုပ်တို့သည် ဂုဏ်ယူဝင့်ကြွားခြင်းဖြင့် ကိုယ်တော်အား ဟစ်အော်ခေါ်ကြပါ၏၊ ကျွန်ုပ်တို့သည် ကခုန်လျက် သီချင်းဆိုကြပါ၏။ ကိုယ်တော်သည် အမှန်တကယ် ကျွန်ုပ်တို့၏ ရွေးနုတ်ရှင်၊ စကြဝဠာ၏ ကြီးမြတ်သော ဘုရင်ဖြစ်၏။ ကိုယ်တော်သည် အောင်မြင်သောသူတစ်စုကို ပြုလုပ်ပြီးဖြစ်ကာ ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်ကို ပြည့်စုံစေလေပြီ။ လူမျိုးခပ်သိမ်းသည် ဤတောင်သို့ စုဝေးကြလိမ့်မည်။ လူမျိုးခပ်သိမ်းသည် ပလ္လင်တော်ရှေ့တွင် ဒူးထောက်ကြလိမ့်မည်။ ကိုယ်တော်သည် တစ်ပါးတည်းသော စစ်မှန်သည့် ဘုရားသခင်ဖြစ်တော်မူပြီး ဘုန်းအသရေနှင့် ဂုဏ်ပြုခြင်းတို့ ထိုက်တန်ပါ၏။ ဘုန်းအသရေ၊ ချီးမွမ်းခြင်းနှင့် ဩဇာအာဏာအားလုံးတို့သည် ပလ္လင်တော်၌ ရှိစေသတည်း။ အသက်စမ်းရေသည် မြောက်မြားစွာသော ဘုရားသခင်၏လူတို့ကို ရေလောင်းကာ ကျွေးမွေးလျက် ပလ္လင်တော်မှ စီးထွက်သည်။ အသက်သည် နေ့စဉ်နှင့်အမျှ ပြောင်းလဲ၏။ အသစ်သောအလင်းနှင့် ဗျာဒိတ်တော်များသည် ဘုရားသခင်အကြောင်း အသစ်သော ထိုးထွင်းသိမြင်မှုများကို စဉ်ဆက်မပြတ် ပေးလျက်၊ ကျွန်ုပ်တို့နောက်ကို လိုက်ကြ၏။ အတွေ့အကြုံများအလယ်တွင်၊ ဘုရားသခင်နှင့် ပတ်သက်၍

ကျွန်ုပ်တို့ လုံးဝ သေချာသွားကြသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်များသည် စဉ်ဆက်မပြတ် ထင်ရှားလာကြ၏၊ မှန်ကန်သောသူများအတွင်းတွင် ထင်ရှားလာကြ၏။ ကျွန်ုပ်တို့သည် ဧကန်အမှန် ကောင်းချီးအလွန်ခံစားကြရပါ၏။ ဘုရားသခင်နှင့် နေ့စဉ် မျက်နှာချင်းဆိုင် တွေ့၍ အရာရာ၌ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ကာ ဘုရားသခင်အား အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာပေးလျက်ရှိကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သေချာစွာ စဉ်းစားချင့်ချိန်၍ ကျွန်ုပ်တို့၏နှလုံးသားများသည် ဘုရားသခင်၌ ငြိမ်သက်လျက်ရှိပြီး၊ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလင်းကို လက်ခံရရှိသည့် နေရာဖြစ်သော ကိုယ်တော်၏ရှေ့မှောက်သို့ လာကြ၏။ နေ့စဉ် ကျွန်ုပ်တို့၏ အသက်တာများ၊ လုပ်ဆောင်မှုများ၊ စကားများ၊ အတွေးများနှင့် စိတ်ကူးများ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်အတွင်းတွင် ကျွန်ုပ်တို့ အသက်ရှင်ကြပြီး အစဉ်အမြဲ ခွဲခြားစိတ်ဖြာနိုင်ကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် တိကျသေချာစွာ လမ်းပြ၏၊ ကျွန်ုပ်တို့အတွင်း ကွယ်ဝှက်ထားသောအရာများသည် တစ်ခုပြီးတစ်ခု မမျှော်လင့်ဘဲ ပေါ်လာကြ၏။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းသည် နှောင့်နှေးခြင်းကို သည်းခံသည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ အတွေးများနှင့် စိတ်ကူးများသည် ဘုရားသခင်၏ ဖော်ထုတ်ခြင်းကို ခံရသည်။ အခိုက်အတန့်တိုင်းတွင် ကျွန်ုပ်တို့သည် တရားစီရင်ခြင်းကို ကျွန်ုပ်တို့ ကြုံရသည့်နေရာဖြစ်သော ခရစ်တော်၏ပလ္လင်တော်ရှေ့၌ အသက်ရှင်နေထိုင်လျက်ရှိကြ၏။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများအတွင်းရှိ နေရာတိုင်းသည် စာတန်၏ ဆက်လက်သိမ်းပိုက်ထားခြင်းကို ခံနေရသည်။ ယနေ့တွင် ဘုရားသခင်၏ အချုပ်အခြာအာဏာကို ပြန်လည် ရရှိရန်အလို့ငှာ၊ သူ၏ဗိမာန်တော်သည် သန့်ရှင်းရပေမည်။ ဘုရားသခင်၏ ပိုင်ဆိုင်ခြင်းကို အပြည့်အဝခံရဖို့ရန် ကျွန်ုပ်တို့သည် သေရေးရှင်ရေး ရုန်းကန်မှုတစ်ရပ်တွင် ပါဝင်ရမည်။ ကျွန်ုပ်တို့၏ လူဟောင်းများကို ကားစင်တင်ပြီးဖြစ်သည့်အခါမှသာ ခရစ်တော်၏ ရှင်ပြန်ထမြောက်သော အသက်သည် အထွတ်အထိပ် စိုးစံနိုင်ပေသည်။

ယခုတွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ဆယ်တင်ခြင်းအတွက် တိုက်ပွဲဝင်ရန် ကျွန်ုပ်တို့၏ နေရာအနှံ့တွင် ရုတ်တရက် တစ်ဟုန်ထိုးတိုက်ပွဲတစ်ရပ် စတင်၏။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုယ် ငြင်းပယ်ရန်နှင့် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ဖို့ လိုလားလျက်ရှိရန် အဆင်သင့်ရှိသရွေ့ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် တတ်နိုင်သမျှအမြန်ဆုံး စုံလင်သွားနိုင်စေရန်အလို့ငှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အတွင်းမှ အချိန်တိုင်း

အလင်းပေးကာ သန့်စင်စေမည်ဖြစ်ပြီး၊ စာတန်သိမ်းပိုက်ထားခဲ့သည့်အရာကို အသစ်ပြန်လည် သိမ်းယူလိမ့်မည်မှာ သေချာ၏။ အချိန်မဖြုန်းနှင့်- ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်းတွင် အချိန်တိုင်း အသက်ရှင်လော့။ သန့်ရှင်းသူတို့ နှင့်အတူ တည်ဆောက်ခြင်းခံကြလော့၊ နိုင်ငံတော်အတွင်း ခေါ်ဆောင်ခြင်းခံကြလော့၊ ပြီးလျှင်ဘုရားသခင်နှင့်အတူ ဘုန်းတော်ဝင်စားကြလော့။

# အခန်း ၂

ဖိလဒေလဖိအသင်းတော်သည် ရုပ်လုံးပေါ်လာခဲ့သည်မှာ ဘုရားသခင်၏ကျေးဇူးနှင့် ကရုဏာတော်ကြောင့် လုံးလုံးဖြစ်၏။ ၎င်းတို့၏ ဝိညာဉ်ရေးရာ ခရီးပေါ်တွင် ယိမ်းယိုင်ခြင်းမရှိသည့် မရေမတွက်နိုင်သော သန့်ရှင်းသူတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ ထွက်ပေါ်လေသည်။ ၎င်းတို့သည် တစ်ပါးတည်းသော စစ်မှန်သည့် ဘုရားသခင် လူ့ဇာတိခံလာပြီဖြစ်သည်၊ သူသည် အရာခပ်သိမ်းကို ကွပ်ကဲအုပ်ချုပ်သည့် စကြဝဠာ၏ ဦးသျှောင် ဖြစ်သည်ဟူသော ၎င်းတို့၏ ယုံကြည်ခြင်းကို စွဲစွဲမြဲမြဲ ကိုင်စွဲကြလေသည်။ ယင်းကို သန့်ရှင်းသောဝိညာဉ်တော်က အတည်ပြုထား၏၊ ယင်းသည် တောင်တန်းများတမျှပင် မရွေ့လျားနိုင်ပေ။ ပြီးလျှင် ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည် မဟုတ်ပေ။

အိုး၊ အနန္တတန်ခိုးရှင်ဘုရားသခင်၊ ယနေ့တွင် မျက်စိမမြင်သူများကို မြင်ခွင့်ပေးလျက်၊ ခြေမသန်သောသူများကို လမ်းလျှောက်စေလျက်နှင့် နူနာစွဲသောသူများကို ပျောက်ကင်းစေလျက် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာမျက်စိတို့ကို ဖွင့်ပေးခဲ့သူမှာ ကိုယ်တော်ဖြစ်ပါ၏။ ဝိညာဉ်ရေးရာ နယ်ပယ်၏ နက်နဲမှုများကို ကျွန်ုပ်တို့အား သိမြင်စေလျက်၊ မိုးကောင်းကင်သို့ တံခါးကို ဖွင့်ခဲ့သည်မှာ ကိုယ်တော် ဖြစ်ပါ၏။ ကိုယ်တော်၏ သန့်ရှင်းသော နှုတ်ကပတ်တော်များဖြင့် စိမ့်ဝင်ပျံ့နှံ့ကာ ကျွန်ုပ်တို့သည် စာတန်၏ ဖျက်ဆီးခြင်းခံရသည့် လူ့သဘာဝမှ ကယ်တင်ခံရလျက်- ကိုယ်တော်၏မခန့်မှန်းနိုင်သော မဟာအမှုတော်နှင့် မခန့်မှန်းနိုင်သော မဟာကရုဏာတော်သည် ဤကဲ့သို့ ဖြစ်ပါ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သက်သေခံများ ဖြစ်ကြပါ၏။

ကိုယ်တော်သည် နှိမ့်ချစွာနှင့် တိတ်ဆိတ်စွာ ကွယ်ဝှက်၍နေလာခဲ့သည်မှာ ကာလကြာမြင့်ခဲ့ချေပြီ။ ကိုယ်တော်သည် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း၊

ကားစင်တင်ခံရခြင်းဒုက္ခ၊ လူ့ဘဝ၏ ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်းများ၊ ညှဥ်းပန်းနှိပ်စက်ခြင်းနှင့် ခက်ခဲခြင်းတို့ကို ကြုံရပြီးဖြစ်ပါ၏။ ကိုယ်တော်သည် လူ့လောက၏ နာကျင်မှုကို တွေ့ကြုံကာ မြည်းစမ်းပြီးဖြစ်ကာ ခေတ်ကာလ၏ ပစ်ပယ်မှုကို ကိုယ်တော် ခံရပြီးဖြစ်ပါ၏။ လူ့ဇာတိကိုခံယူသော ဘုရားသခင်သည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်တော်မူ၏။ ဘုရားသခင်၏ အလိုတော်အဖို့ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ လက်ျာလက်တော်ဖြင့် ချီပင့်ရင်းနှင့် ကိုယ်တော်၏ ကျေးဇူးတော်ကို ကျွန်ုပ်တို့အား အခမဲ့ ပေးရင်း နောက်ချေးပုံမှ ကျွန်ုပ်တို့ကို ကယ်တင်ပြီးဖြစ်ပါ၏။ မည်သည့်နာကျင်မှုကိုမျှ မရှောင်ရှားဘဲ၊ ကိုယ်တော်သည် ကိုယ်တော်၏အသက်ကို ကျွန်ုပ်တို့အတွင်း၌ ဖြစ်ပေါ်စေခဲ့လေပြီ။ ကိုယ်တော်၏ သွေး၊ ချွေးနှင့် မျက်ရည်တို့ဖြင့် ကိုယ်တော် ပေးဆပ်ခဲ့သော အဖိုးအခသည် သန့်ရှင်းသူတို့အပေါ် ပုံပေါ်လာပါ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အပင်ပန်းခံသော အားထုတ်မှုများ၏ ရလဒ်ကာ ဖြစ်ပါ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်ပေးဆပ်သည့် အဖိုးအခဖြစ်ပါ၏။

အို၊ အနန္တတန်ခိုးရှင် ဘုရားသခင်၊ ကိုယ်တော်၏ချစ်ခြင်းမေတ္တာနှင့် ကရုဏာတော်၊ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်တော်၊ ကိုယ်တော်၏ သန့်ရှင်းခြင်းနှင့် နှိမ့်ချခြင်းတို့ကြောင့် လူမျိုးအားလုံးသည် ကိုယ်တော်၏ ရှေ့တော်၌ ထာဝရကာလပတ်လုံး ပျပ်ဝပ်၍ ကိုးကွယ်ကြပါလိမ့်မည်။

ယနေ့၊ ကိုယ်တော်သည်- ဖိလဒေလဖိ အသင်းတော်- အသင်းတော်အားလုံးကို စုံလင်စေပြီးဖြစ်ကာ ထိုသို့ဖြင့် ကိုယ်တော်၏ အနှစ် ၆၀၀၀ စီမံခန့်ခွဲမှုအစီအစဉ်ကို ပြည့်စုံစေပြီးဖြစ်ပါ၏။ စိတ်ဝိညာဉ်တွင် ဆက်နွှယ်လျက်နှင့် ချစ်ခြင်းမေတ္တာနှင့်အတူ လိုက်လျှောက်ရင်း၊ စမ်းရေ၏ အရင်းအမြစ်နှင့် ဆက်သွယ်လျက် ကိုယ်တော်၏ရှေ့တွင် သန့်ရှင်းသူတို့သည် မိမိတို့ကိုယ်ကိုယ် နှိမ့်ချစွာဖြင့် နာခံနိုင်ကြပါ၏။ ရှင်သန်သော အသက်စမ်းရေသည် အသင်းတော်ထဲက ရွံ့နှင့် ညစ်ညူးမှုအားလုံးကို ဆေးကြောကာ သန့်စင်ဖယ်ရှားလျက်၊ ကိုယ်တော်၏ ဗိမာန်တော်ကို တစ်ဖန် သန့်စင်စေရင်း၊ မရပ်မနား စီးဆင်းပါ၏။ ကျွန်ုပ်တို့သည် လက်တွေ့ကျသည့် စစ်မှန်သော ဘုရားသခင်ကို သိရှိလာကြပါပြီ၊ ကိုယ်တော်၏နှုတ်ကပတ်တော်အတွင်းတွင် လျှောက်လှမ်းကြပါပြီ၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင် လုပ်ငန်းတာဝန်များကို သိမှတ်ပြီး အသင်းတော်အဖို့အလို့ငှာ မိမိတို့ကိုယ်ကိုယ် အသုံးခံဖို့ ကျွန်ုပ်တို့သည် တတ်နိုင်သမျှ လုပ်ဆောင်ပြီးဖြစ်သည်။ ကိုယ်တော်၏ အလိုတော်သည် ကျွန်ုပ်တို့၌ မပိတ်ဆို့ရန်၊ ကိုယ်တော်၏ ရှေ့မှောက်တွင် အမြဲ ဆိတ်ဆိတ်နေလျက်

သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်ကို ကျွန်ုပ်တို့ အရေးစိုက်ရပါမည်။ သန့်ရှင်းသူများအကြားတွင် အပြန်အလှန် ချစ်ခြင်းမေတ္တာရှိပြီး အချို့၏ အားသာချက်တို့သည် အခြားသူတို့၏အားနည်းချက်များအတွက် အစားထိုးပေးပါလိမ့်မည်။ ထိုသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခံရကာ အလင်းပြခံရလျက်၊ အချိန်တိုင်း ဝိညာဉ်တော်၌ လျှောက်လှမ်းနိုင်ကြပေသည်။ ၎င်းတို့သည် သမ္မာတရားကို သိရှိနားလည်သည်နှင့် ချက်ချင်း လက်တွေ့လုပ်ဆောင်ကြသည်။ အသစ်သောအလင်းကို အမီလိုက်ကာ ဘုရားသခင်၏ ခြေလှမ်းများနောက် လိုက်ကြလေသည်။

ဘုရားသခင်နှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြလော့၊ ကိုယ်တော်ကို ထိန်းချုပ်ခွင့်ပေးခြင်းမှာ ကိုယ်တော်နှင့်အတူလျှောက်လှမ်းခြင်းဖြစ်၏။ ကျွန်ုပ်တို့၏ ကိုယ်ပိုင် စိတ်ကူးများ၊ အယူအဆများ၊ သဘောထားများနှင့် လောကီ ငြိတွယ်ခြင်းများသည် မီးခိုးငွေ့ကဲ့သို့ ပျောက်ချင်းမလှ ပျောက်ကွယ်သွားကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်များထဲတွင် ဘုရားသခင်ကို ကျွန်ုပ်တို့ အထွတ်အထိပ် အုပ်စိုးခွင့်ပြုသောကြောင့်၊ သူနှင့်အတူလျှောက်ကာ၊ ထူးကဲသာလွန်ခြင်း၊ လောကကို အောင်မြင်ခြင်းတို့ကို ရရှိကြပြီး ကျွန်ုပ်တို့၏စိတ်ဝိညာဉ်များသည် လွတ်လပ်စွာ ပျံသန်းကာ လွတ်မြောက်မှုကို ရရှိကြ၏။ ဤသည်မှာ အနန္တတန်ခိုးရှင်ဘုရားသခင်သည် ရှင်ဘုရင်ဖြစ်လာသည့်အခါ ရရှိသော အကျိုးရလဒ်ပင် ဖြစ်ပေ၏။ ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းများ၊ အသစ်သော ဓမ္မသီချင်းများကို ပူဇော်ရင်း၊ ကျွန်ုပ်တို့သည် အဘယ်သို့ ချီးမွမ်းခြင်းဖြင့် မကခုန်၊ မသီဆိုဘဲ နေနိုင်ကြမည်နည်း။

ဘုရားသခင်ကိုချီးမွမ်းရန် နည်းလမ်းများစွာ အမှန်ရှိ၏- ကိုယ်တော့်နာမတော်ကို ဟစ်ခေါ်ခြင်း၊ ကိုယ်တော့်ထံ တိုးဝင် ချဉ်းကပ်ခြင်း၊ ကိုယ်တော့်အကြောင်းကို တွေးတောခြင်း၊ ဆုတောင်း-ဖတ်ရှုခြင်း၊ မိတ်သဟာယ၌ ပါဝင်ခြင်း၊ ဆင်ခြင်စဉ်းစားခြင်းနှင့် တွေးဆခြင်း၊ ဆုတောင်းခြင်းနှင့် ချီးမွမ်းသီချင်းများ ဖြစ်သည်။ ဤကဲ့သို့ ချီးမွမ်းခြင်းမျိုးများတွင် ပျော်မွေ့ခြင်းရှိကာ ဘိသိက်ရှိ၏၊ ချီးမွမ်းခြင်း၌ တန်ခိုးရှိပြီး ဝန်တာတစ်ခုလည်း ရှိ၏။ ချီးမွမ်းခြင်း၌ ယုံကြည်ခြင်းရှိကာ အသစ်သော ထိုးထွင်းသိမြင်ခြင်း ရှိပေသည်။

ဘုရားသခင်နှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လော့၊ အစေခံခြင်းတွင် ပူးပေါင်းဆောင်ရွက်ကာ တစ်လုံးတစ်ဝတည်း ဖြစ်ကြလော့၊ အနန္တတန်ခိုးရှင် ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းလော့၊ သန့်ရှင်းသော ဝိညာဉ်ရေးရာ ခန္ဓာတစ်ခု ဖြစ်ရန် အလျင်အမြန်ပြုလော့၊ စာတန်အား ခြေဖြင့်နင်းကာ စာတန်၏ ကံကြမ္မာကို အဆုံးသတ်လော့။

ဖိလဒေလဖိအသင်းတော်သည် ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ ချီဆောင်ခံရပြီးဖြစ်ကာ သူ၏ ဘုန်းတော်ထဲတွင် ထင်ရှားစေပြီ ဖြစ်သည်။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "ရလဒ်" ဆိုသည့် စကားစု မပါဝင်ပါ။

# အခန်း ၃

အောင်ပွဲခံသော ရှင်ဘုရင်သည် ဘုန်းအသရေနှင့်ပြည့်သော သူ၏ပလ္လင်ပေါ်၌ ထိုင်လေ၏။ သူသည် ရွေးနုတ်ခြင်းကို ပြီးမြောက်ပြီးဖြစ်ကာ၊ သူ၏လူအပေါင်းကို ဘုန်းအသရေဖြင့် ပေါ်ထွန်းဖို့ ဦးဆောင်ပြီးလေပြီ။ သူသည် စကြဝဠာကို သူ၏လက်ထဲ၌ ထိန်းချုပ်ထားကာ၊ သူ၏ဘုရားသဘောသဘာဝ ဉာဏ်ပညာနှင့် ခွန်အားဖြင့် ဇီအုန်ကို တည်ဆောက်ကာ ခိုင်ခံ့စေလေပြီ။ သူ၏ဘုန်းအာနုဘော်ဖြင့် ဆိုးယုတ်သော လောကကြီးကို တရားစီရင်၏၊ သူသည် တိုင်းနိုင်ငံများအားလုံးနှင့် လူအပေါင်း၊ ကမ္ဘာမြေကြီး၊ ပင်လယ်များနှင့် ၎င်းတို့ထဲရှိ သက်ရှိအရာအားလုံးအပြင်၊ မတရားသောမေထုန်၏ စပျစ်ရည်ဖြင့် ယစ်မူးကြသူများကို တရားစီရင်ပြီးလေပြီ။ ဘုရားသခင်သည် ၎င်းတို့ကို ဧကန်မုချ တရားစီရင်လိမ့်မည်ဖြစ်ပြီး၊ သူသည် ၎င်းတို့ကို မုချအမျက်ထွက်မည်ဖြစ်ကာ၊ ယင်း၌ သူ၏ တရားစီရင်ခြင်းသည် ချက်ချင်းပင်ဖြစ်ကာ၊ နှောင့်နှေးခြင်း အလျှင်းမရှိသည့် ဘုရားသခင်၏ ဘုန်းအာနုဘော်အား ထုတ်ဖော်ပြလိမ့်မည်။ ဘုရားသခင်၏ အမျက်ဒေါသမီးသည် ၎င်းတို့၏ စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသော ပြစ်မှုများကို ဧကန်မုချ မီးရှို့ဖျက်ဆီးမည်ဖြစ်ပြီး၊ ကပ်ဘေးသည် ၎င်းတို့အပေါ် အချိန်မရွေး ကျရောက်လေမည်။ ၎င်းတို့သည် လွတ်မြောက်ရန် လမ်းကို သိကြမည်မဟုတ်ဘဲ၊ ပုန်းအောင်းစရာ နေရာမရှိ ဖြစ်ကြမည်၊ ၎င်းတို့သည် ငိုကြွေးကာ အံသွားခဲကြိတ်ကြလေမည်ဖြစ်ပြီး၊ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်အပေါ်သို့ ပျက်စီးခြင်းကို ကျရောက်စေကြလိမ့်မည်။

ဘုရားသခင်၏ အောင်ပွဲခံသော ချစ်သားများသည် ဇီအုန်၌ မုချနေထိုင်ကြမည်ဖြစ်လိမ့်မည်၊ ထိုနေရာမှ မည်သည့်အခါမျှ ထွက်ခွာကြ မည်မဟုတ်။ မြောက်မြားစွာသော လူတို့သည် သူ၏အသံတော်ကို စေ့စေ့နားထောင်ကြလိမ့်မည်၊ ၎င်းတို့သည် သူ၏ လုပ်ဆောင်ချက်များကို

အသေအချာ အလေးဂရုပြုကြလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့၏ ချီးမွမ်းခြင်း အသံများသည် မည်သည့်အခါတွင်မျှ ရပ်စဲမည်မဟုတ်ပေ။ စစ်မှန်သည့် တစ်ပါးတည်းသော ဘုရားသခင်သည် ပေါ်ထွန်းလေပြီ။ ငါတို့သည် စိတ်ဝိညာဉ်၌ သူနှင့်ပတ်သက်၍ ယုံမှားဖွယ်မရှိဘဲ၊ သူ့နောက်သို့ နီးကပ်စွာ လိုက်သင့်ပေသည်။ ငါတို့သည် အစွမ်းကုန် ရှေ့သို့ တစ်ဟုန်ထိုးပြေးပြီး နောက်ထပ် မတုံ့ဆိုင်းသင့်ပေ။ ကမ္ဘာလောက၏ အဆုံးသတ်သည် ငါတို့ရှေ့၌ ဖွင့်ဟလျက်ရှိ၏။ မှန်ကန်သော အသင်းတော် အသက်တာအပြင် ငါတို့ပတ်လည်၌ရှိသော လူများ၊ အရေးကိစ္စများနှင့် အမှုအရာများသည် ယခုပင်လျှင် ငါတို့၏ လေ့ကျင့်ခြင်းကို ပို၍ပြင်းထန်စေနေသည်။ လောကကို အလွန်ချစ်သော ငါတို့၏စိတ်နှလုံးများကို အလျင်အမြန် ပြန်ယူကြပါစို့။ အလွန် မှေးမှိန်သော ငါတို့၏ရူပါရုံကို အလျင်အမြန် ပြန်ယူကြပါစို့။ ငါတို့သည် နယ်နိမိတ်များကို မကျော်လွန်မိနိုင်စေရန် ငါတို့၏ ခြေလှမ်းများကို ထိန်းကြစို့။ ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် လျှောက်လှမ်းပြီး ငါတို့၏ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုတို့ကို ခုခံပြောဆိုခြင်းမရှိနိုင်တော့ဖို့အလို့ငှာ ငါတို့၏နှုတ်များကို ရပ်တန့်ကြစို့။ လောကီနှင့် ကြွယ်ဝချမ်းသာခြင်းကို သင်၏ အလိုကြီးသော တွယ်တာခြင်း- အို၊ ယင်းကို လက်လွှတ်လော့။ ခင်ပွန်းသည်များနှင့် သားသမီးများကို သင်၏ နှောင်တွယ်နေသော သံယောဇဉ်- အို၊ ယင်းမှ မိမိကိုယ်ကိုယ် လွတ်မြောက်စေကြလော့။ သင်တို့၏ရှုထောင့်အမြင်များနှင့် အခြေအမြစ် မရှိသော စွဲလမ်းမှုများကို- ကျောခိုင်းကြလော့။ အို၊ နိုးထကြလော့၊ အချိန်သည် တိုတောင်း၏။ သင်တို့၏စိတ်ဝိညာဉ်အတွင်းမှ အထက်သို့ မျှော်ကြည့်လော့၊ အထက်သို့ မျှော်ကြည့်လော့၊ ပြီးလျှင် ဘုရားသခင်ကို ထိန်းချုပ်ခွင့်ပေးလော့။ မည်သည့်အရာ ဖြစ်ပါစေ၊ လောတ၏ နောက်ထပ်ဇနီး ဖြစ်မလာစေကြနှင့်။ ပစ်ပယ်ခံရခြင်းမှာ သနားချင့်စဖွယ် ဖြစ်သည်တကား။ အမှန်ပင် သနားချင့်စဖွယ် ဖြစ်ပါတကား။ အို၊ နိုးထကြလော့။

# အခန်း ၄

ငါတို့သည် စဉ်ဆက်မပြတ်စောင့်ကြည့်၍ စောင့်ဆိုင်းရမည် ဖြစ်ကာ၊ စိတ်ဝိညာဉ်ထဲ၌ ဆိတ်ငြိမ်ပြီး စင်ကြယ်သော စိတ်နှလုံးဖြင့် ရှာဖွေနေရမည်။ ငါတို့အပေါ် မည်သည့်အရာ ကျရောက်သည်ဖြစ်စေ၊ ငါတို့သည် ကျိုးကြောင်းမမြင်ဘဲ မိတ်သဟာယဖွဲ့ခြင်း မပြုရပေ။ ငါတို့သည် ဘုရားသခင်ရှေ့တွင် ဆိတ်ငြိမ်နေပြီး သူနှင့် အဆက်မပြတ် မိတ်သဟာယဖွဲ့ရန်သာ လိုအပ်သည်၊ ထိုအခါ သူ၏ရည်ရွယ်ချက်များကို ငါတို့အား အသေအချာပင်

ထုတ်ဖော်ပြလေမည်။ ငါတို့သည် စိတ်ဝိညာဉ်အတွင်း၌ ပိုင်းခြားသိမြင်ရန် အမြဲတမ်း အသင့်ရှိနေရမည် ဖြစ်ကာ၊ စိတ်အားထက်သန်ပြီး အလျှော့မပေးတတ်သည့် စိတ်ဝိညာဉ် ရှိရမည်။ ငါတို့သည် ငါတို့၏ ခြောက်ကပ်သော ဝိညာဉ်ကို အာဟာရပြည့်စေပြီး ဖြည့်တင်းပေးသည့် ဘုရားသခင်ရှေ့ရှိ အသက်ရေကို ရယူရမည်ဖြစ်သည်။ ငါတို့သည် ငါတို့၏ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု ယူမှတ်မှု၊ မာနထောင်လွှားမှု၊ စိတ်ကြီးဝင်မှုနှင့် မိမိကိုယ်ကိုယ် ကျေနပ်အားရမှုရှိသော စာတန်ဆန်သည့် စိတ်သဘောထားမှ ကိုယ့်ကိုယ်ကိုယ် သန့်စင်ရန် အချိန်တိုင်း အသင့်ရှိရမည်။ ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံရရှိရန် ငါတို့၏စိတ်နှလုံးများကို ဖွင့်ထားပြီး သူ၏နှုတ်ကပတ်တော်အပေါ် အခြေခံ၍ လုပ်ဆောင်ရမည်။ ငါတို့သည် သူ၏ နှုတ်ကပတ်တော်ကို တွေ့ကြုံခံစားပြီး သေချာမှု ရှိရမည်၊ ထို့ပြင် သူ၏နှုတ်ကပတ်တော်အား နားလည်ခြင်းတစ်ရပ် ရရှိကာ၊ သူ၏ နှုတ်ကပတ်တော်ကို ငါတို့၏ အသက်တာဖြစ်ခွင့် ပေးရမည်။ ဤသည်မှာ ငါတို့၏ ဘုရားပေးတာဝန်ပေတည်း။ ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်သည့်အခါမှသာ အောင်ပွဲခံနိုင်မည်ဖြစ်သတည်း။

ယခုအခါ ငါတို့၏ အယူအဆများသည် အလွန် အသက်မပါကြဘဲ၊ ငါတို့သည် ရွှန်းရွှန်းဝေအောင် ပြောဆိုကြ၍၊ မဆင်မခြင် ပြုမူကြကာ၊ ဝိညာဉ်တော်နှင့်အညီ မလုပ်ဆောင်နိုင်ကြပေ။ ယနေ့သည် အတိတ်က ဖြစ်လေ့ရှိသကဲ့သို့ မဟုတ်ချေ၊ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသည် ကြီးသောအရှိန်ဖြင့် ရှေ့သို့ ရွေ့လျားလေ၏။ ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသေးစိတ် တွေ့ကြုံခံစားရမည်။ စိတ်ကူးနှင့် အတွေးတိုင်း၊ လှုပ်ရှားမှုနှင့် တုံ့ပြန်မှုတိုင်းအား ငါတို့သည် ငါတို့၏ စိတ်နှလုံးထဲ၌ ရှင်းလင်းစွာ ခွဲခြားသိမြင်နိုင်ရမည်။ တစ်စုံတစ်ဦး၏ ရှေ့၌ သို့မဟုတ် ၎င်းတို့၏ နောက်ကွယ်၌ ငါတို့ ပြုသမျှ မည်သည့်အရာမျှ ခရစ်တော်၏ ပလ္လင်ရှေ့တွင် တရားစီရင်ခြင်းကို လွတ်မြောက်နိုင်မည် မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် ငါတို့ကို ပို၍နက်နဲသော အတွေ့အကြုံလောကထဲသို့ လမ်းပြနေဆဲပင် ဖြစ်ပြီး၊ ဤနေရာ၌ ငါတို့သည် အနန္တတန်ခိုးရှင်အကြောင်း သေချာခြင်းနှင့် ပို၍ နီးကပ်လာလိမ့်မည် ဖြစ်သည်။

စကြဝဠာ၏ဘုရားသခင်သည် ငါတို့၏ ဝိညာဉ်မျက်လုံးများကို ဖွင့်ပေးခဲ့ပြီး၊ စိတ်ဝိညာဉ်ထဲက နက်နဲမှုများကို ငါတို့အား စဉ်ဆက်မပြတ် ထုတ်ဖော်ပြနေသည်။ စင်ကြယ်သော စိတ်နှလုံးဖြင့် ရှာကြလော့။ အဖိုးအခပေးရန် လိုလိုလားလားရှိကြလော့၊ စည်းလုံးညီညွတ်စွာဖြင့် ရှေ့ဆက်ကြလော့၊ သင်တို့ကိုယ်သင်တို့ ငြင်းပယ်ရန် အသင့်ရှိကြလော့၊

လောဘမကြီးကြတော့နှင့်၊ သန့်ရှင်းသောဝိညာဉ်တော်နောက်ကို လိုက်၍၊ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မွေ့လျော်ကြလော့၊ ထိုအခါ စကြဝဠာတစ်ခုလုံးဆိုင်ရာ အသစ်သောလူသား ပေါ်ထွန်းလိမ့်မည်။ ထိုအခိုက်အတန့်သည် လက်တစ်ကမ်း၌ရှိပြီး၊ စာတန်က ၎င်း၏ နိဂုံးနှင့် ကြုံတွေ့မည့်အချိန်တွင် ဘုရားသခင်၏ အလိုတော်သည် ပြည့်စုံလိမ့်မည်၊ ကမ္ဘာလောက၏ တိုင်းနိုင်ငံအားလုံးသည် ခရစ်တော်၏ နိုင်ငံတော် ဖြစ်လိမ့်မည်၊ ထို့ပြင် ခရစ်တော်သည် ကမ္ဘာမြေကြီးပေါ် ရှိ ရှင်ဘုရင်အဖြစ် အမြဲထာဝရ စိုးစံလိမ့်မည်။

# အခန်း ၅

တောင်များနှင့် မြစ်များ ပြောင်းလဲကြသည်၊ ရေများက မိမိတို့၏ လမ်းကြောင်းတစ်လျှောက် စီးဆင်းကြပြီး၊ လူသား၏အသက်သည် မြေကြီးနှင့် ကောင်းကင်ကဲ့သို့ တည်တံ့ခြင်း မရှိပေ။ အနန္တတန်ခိုးရှင် ဘုရားသခင်သာလျှင် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ရာသက်ပန် ဆက်လက် တည်ရှိသော ထာဝရနှင့် ရှင်ပြန်ထမြောက်သော အသက် ဖြစ်သည်။ ခပ်သိမ်းသော အရာများနှင့် အဖြစ်အပျက်များသည် သူ၏ လက်ထဲတွင်ရှိပြီး စာတန်သည် သူ၏ ခြေအောက်၌ ရှိ၏။

ယနေ့တွင်၊ ကျွန်ုပ်တို့ကို စာတန်၏လက်တွင်းမှ သူကယ်နုတ်သည်မှာ ဘုရားသခင်၏ ကြိုတင်ခွဲခန့် မှတ်သားထားသော ရွေးချယ်ခြင်းအားဖြင့် ဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏ ရွေးနုတ်ရှင် အစစ်အမှန် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် သူနှင့် မျက်နှာချင်းဆိုင် လာနိုင်ဖို့၊ သူ့ကို စားသောက်ကာ မွေ့လျော်နိုင်ကြဖို့အလို့ငှာ ကျွန်ုပ်တို့ကို ဘုရားသခင်၏အသက်နှင့် ဆက်နွယ်စေရန် စီမံရင်း၊ ခရစ်တော်၏ ထာဝရ၊ ရှင်ပြန်ထမြောက်သော အသက်ကို ကျွန်ုပ်တို့အတွင်း၌ ဖြစ်ပေါ်စေပြီးဖြစ်သည်။ ဤသည်မှာ သူ၏ နှလုံးသွေး အဖိုးအခဖြင့် ဘုရားသခင် ပြုပြီးဖြစ်သည့် ကိုယ်ကျိုးမငဲ့သော ဆက်ကပ်မှု ဖြစ်သည်။

အလွန်များလှစွာသော ဘဝ၏ ဆင်းရဲဒုက္ခများ၊ နှိပ်စက်ညှဉ်းပန်းမှုများနှင့် အတိဒုက္ခများ၊ အလွန်များလှစွာသော လောကကြီး၏ ငြင်းပယ်မှုများ နှင့် အသရေဖျက်မှုများ၊ အလွန်များလှစွာသော အစိုးရ၏ မမှန်မကန် စွပ်စွဲချက်များနှင့် တွေ့ဆုံရလျက်၊ လေနှင့် ဆီးနှင်းတို့ကို ဖြတ်သန်းရင်း ရာသီဥတုများ လာလိုက်သွားလိုက် ဖြစ်ကြသော်လည်း၊ ဘုရားသခင်၏ ယုံကြည်ခြင်းနှင့် ဆုံးဖြတ်ချက်တို့မှာ အနည်းငယ်မျှ ဆုတ်ယုတ်ခြင်း မရှိပေ။ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ဘုရားသခင်၏ အလိုတော်၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့်

အစီအစဉ်တို့ကို ဆက်ကပ်လျက်၊ ၎င်းတို့ ပြီးမြောက်စေနိုင်ဖို့ရန် အလို့ငှာ သူသည် မိမိကိုယ်တိုင်၏ အသက်ကို ဘေးဖယ်ထား၏။ သူ၏ လူထုအားလုံးအတွက် သူသည် ၎င်းတို့ကို ဂရုတစိုက် ကျွေးမွေးပြီး ရေလောင်းပေးလျက် နာကျင်မှုများကို ရှောင်ရှားခြင်းမရှိပေ။ ကျွန်ုပ်တို့ မည်မျှ မသိနားမလည်ပါစေ၊ သို့မဟုတ် မည်မျှ ဆက်ဆံရခက်ပါစေ သူ၏ရှေ့တွင် နာခံရုံမျှနာခံရမည်ဖြစ်ပြီး ခရစ်တော်၏ ရှင်ပြန်ထမြောက်သော အသက်သည် ကျွန်ုပ်တို့၏ ဇီဇဟောင်းကို ပြောင်းလဲပေးလိမ့်မည် ဖြစ်သည်။... ဤသားဦးများ အားလုံးအတွက် သူသည် အစားအစာနှင့် အိပ်စက်ခြင်းတို့ကို စွန့်လွှတ်ရင်း မမောနိုင်မပန်းနိုင် အလုပ်လုပ်သည်။ နေ့နှင့်ညများ မည်မျှ များပြားပါစေ၊ မည်မျှချစ်ချစ်တောက်ပူသော အပူရှိန်များနှင့် အလွန့်အလွန်အေးသော အေးစက်မှုများကို ဖြတ်သန်းရပါစေ၊ သူသည် ဇီအုန်တွင် စိတ်နှလုံးအကြွင်းမဲ့ စောင့်ကြည့်လေသည်။

လောက၊ နေအိမ်၊ အလုပ်နှင့် အားလုံးကို ဝမ်းမြောက်ဝမ်းသာ၊ လိုလိုလားလား လုံးဝ စွန့်လွှတ်ပြီး၊ လောက၏ ပျော်ရွှင်မှုများသည် သူနှင့် သက်ဆိုင်ခြင်းမရှိပေ။... သူ၏ နှုတ်မှ နှုတ်ကပတ်တော်များသည် ကျွန်ုပ်တို့၏ စိတ်နှလုံးများထဲတွင် နက်နက်ရှိုင်းရှိုင်း ကွယ်ဝှက်ထားသည့် အရာများကို ဖော်ထုတ်ရင်း၊ ကျွန်ုပ်တို့ထဲကို ထိမှန်လေသည်။ ကျွန်ုပ်တို့သည် လက်ခံယုံကြည်မှုမရှိဘဲ အဘယ်သို့ နေနိုင်မည်နည်း။ သူ၏နှုတ်မှ ထွက်လာသော ဝါကျတိုင်းသည် ကျွန်ုပ်တို့အထဲတွင် အချိန်မရွေး အမှန်တကယ် ဖြစ်ပေါ်လာကောင်း ဖြစ်ပေါ်လာနိုင်သည်။ သူ၏ မျက်မှောက်တွင်ဖြစ်စေ သူ့ထံမှဝေးရာ၌ ဖုံးကွယ်၍ဖြစ်စေ ကျွန်ုပ်တို့လုပ်ဆောင်သည့် မည်သည့်အရာမဆို သူမသိသောအရာ မရှိ၊ သူ နားမလည်သောအရာ မရှိပေ။ ကျွန်ုပ်တို့၏ ကိုယ်ပိုင် ကြံဆချက်များနှင့် အစီအစဉ်များ ရှိစေကာမူ အားလုံးသည် သူ၏ ရှေ့မှောက်တွင် ဧကန်အမှန် ထုတ်ဖော်ပြခံရလိမ့်မည် ဖြစ်သည်။

သူ့ရှေ့တွင် ထိုင်ရင်း၊ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်အတွင်းတွင် ဝမ်းမြောက်မှု ခံစားရင်း၊ ငြိမ်းငြိမ်းချမ်းချမ်းနှင့် ငြိမ်သက်သော်လည်း၊ အမြဲ အနှစ်မဲ့ကာ ဘုရားသခင်ကို အမှန်တကယ် ကျေးဇူးကြွေးတင်ရှိသည်ဟု ခံစားရခြင်း- ဤသည်မှာ စိတ်ကူး၍ မရနိုင်သကဲ့သို့ စွမ်းဆောင်ရရှိဖို့ မဖြစ်နိုင်သည့် အံ့ဖွယ်တစ်ခု ဖြစ်သည်။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် စစ်မှန်သည့် တစ်ဆူတည်းသော ဘုရားသခင် ဖြစ်သည်ကို သက်သေပြဖို့ သန့်ရှင်းသော ဝိညာဉ်တော်သည် လုံလောက်ပေ၏။ ယင်းမှာ မငြင်းနိုင်သော သက်သေဖြစ်သည်။ ဤလူစုထဲမှ ကျွန်ုပ်တို့သည် ပြောမပြနိုင်လောက်အောင် ကောင်းချီးမင်္ဂလာ ခံစားကြရ၏။

ဘုရားသခင်၏ ကျေးဇူးတော်နှင့် သနားခြင်းကရုဏာကြောင့် မဟုတ်ပါက၊ ကျွန်ုပ်တို့သည် ထာဝရ ပျက်စီးခြင်းသို့သာ သွားပြီး စာတန်နောက်သို့ လိုက်မိနိုင်ပေသည်။ အနန္တတန်ခိုးရှင် ဘုရားသခင်သာ ကျွန်ုပ်တို့ကို ကယ်တင်နိုင်ပေသည်။

အလိုလေး။ အနန္တတန်ခိုးရှင် ဘုရားသခင်၊ လက်တွေ့ကျသော ဘုရားသခင်။ ဝိညာဉ်လောက၏ လျှို့ဝှက်ဆန်းကြယ်မှုများကို ကျွန်ုပ်တို့အား ရှုမြင်ခွင့်ပေးရင်း၊ ကျွန်ုပ်တို့၏ ဝိညာဉ်မျက်စိများကို ဖွင့်ပေးပြီးလေသူမှာ ကိုယ်တော်ဖြစ်သည်။ နိုင်ငံတော်၏ အလားအလာများမှာ အကန့်အသတ်မဲ့ပေသည်။ ကျွန်ုပ်တို့ စောင့်ဆိုင်းနေရင်း ဂရုတစိုက်ကြည့်ကြပါစို့။ ထိုနေ့ရက်သည် အလွန့်အလွန် မဝေးနိုင်ပေ။

စစ်၏မီးလျှံများ ဝေ့လည်သည်၊ လေထုသည် စက်အမြောက်မီးခိုးများဖြင့် ပြည့်နေ၏၊ မိုးလေဝသအခြေအနေ ပူနွေးသွားသည်၊ ရာသီဥတု ပြောင်းလဲသည်၊ ကပ်ဆိုးတစ်ခု ပျံ့နှံ့လိမ့်မည်ဖြစ်ကာ၊ အသက်ရှင်ကျန်ရစ်ရန် မျှော်လင့်ချက်မရှိဘဲ လူတို့ သေဖို့သာ ရှိနိုင်သည်။

အလိုလေး။ အနန္တတန်ခိုးရှင် ဘုရားသခင် လက်တွေ့ကျသော ဘုရားသခင်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ထိုးဖောက်မရနိုင်သော ခံတပ်ကြီးဖြစ်ပါ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ခိုလှုံရာဖြစ်ပါ၏။ ကိုယ်တော်၏ အတောင်တော်များ အောက်တွင် ကျွန်ုပ်တို့ တိုးဝင်ပြီး ဘေးဒုက္ခသည် ကျွန်ုပ်တို့ထံ မရောက်နိုင်ပေ။ ယင်းမှာ ကိုယ်တော်၏ ဘုရားသဘောသဘာဝ ကွယ်ကာခြင်းနှင့် စောင့်မခြင်းတို့ ဖြစ်ပေသည်။

ကျွန်ုပ်တို့အားလုံး သီချင်းများ ကျယ်လောင်စွာ သီဆိုကြသည်၊ ချီးမွမ်းခြင်းဖြင့် ကျွန်ုပ်တို့ သီဆိုကြပြီး ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းအသံသည် ဇိအုန်တစ်လျှောက်လုံး မြည်ဟည်း လေသည်။ အနန္တတန်ခိုးရှင် ဘုရားသခင် လက်တွေ့ကျသော ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ထိုဘုန်းကြီးသော ခရီးပန်းတိုင်ကို ပြင်ဆင်ပေးလေပြီ။ ဂရုတစိုက်ကြည့်လော့- အို၊ သတိပြုလော့။ ယခုချိန်ထိ အချိန်နာရီသည် နောက်မကျလွန်းပေ။

# အခန်း ၆

ခပ်သိမ်းသော အရာတို့၏ ဦးသျှောင် ဖြစ်သော အနန္တတန်ခိုးရှင် ဘုရားသခင်သည် သူ၏ ရှင်ဘုရင်တန်ခိုးအာဏာကို သူ၏ပလ္လင်ထက်မှ စွဲကိုင်၏။ သူသည် စကြဝဠာနှင့် ခပ်သိမ်းသော အရာများအပေါ် အုပ်စိုးပြီး၊ ကမ္ဘာမြေ တစ်ခုလုံးပေါ်၌ ငါတို့အား လမ်းပြလျက်ရှိသည်။

ငါတို့သည် သူနှင့် အချိန်တိုင်းတွင် နီးကပ်နေရမည် ဖြစ်ပြီး၊ အခိုက်အတန့်တစ်ခုကိုမျှ လုံးဝ လက်မလွှတ်ဘဲနှင့် ငါတို့အတွက် အချိန်တိုင်း သင်ယူဖို့ သင်ခန်းစာများဖြင့်၊ သူ၏ရှေ့မှောက်သို့ ဆိတ်ငြိမ်လျက် ရောက်ရှိကြရမည် ဖြစ်သည်။ ငါတို့၏ ပတ်လည်၌ရှိသည့် ပတ်ဝန်းကျင်မှသည် လူများ၊ အရေးကိစ္စများနှင့် အရာဝတ္ထုများအထိ၊ အားလုံးသည် သူ၏ ပလ္လင်တော်၏ ခွင့်ပြုချက်အားဖြင့် တည်ရှိကြခြင်း ဖြစ်သည်။ သင်၏စိတ်နှလုံးထဲတွင် မည်သည့် အကြောင်းကြောင့်မျှ မကျေနပ်ချက်များ မရှိစေနှင့်၊ သို့မဟုတ် ဘုရားသခင်သည် သင်တို့အပေါ် သူ၏ ကျေးဇူးတော်ကို အပ်နှင်းလိမ့်မည် မဟုတ်။ နာမကျန်းမှု ပေါ်ပေါက်သည့်အခါတွင်၊ ဤသည်မှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြစ်ပြီး၊ အတွင်းတွင် သူ၏ ကြင်နာသော ရည်ရွယ်ချက်များ မုချ ရှိပေ၏။ သင်၏ ခန္ဓာကိုယ်သည် ဆင်းရဲဒုက္ခ အနည်းငယ် ခံစားရသော်လည်း၊ စာတန်ထံမှ မည်သည့်စိတ်ကူးမျှ လက်သင့်မခံနှင့်။ ဖျားနာခြင်းအလယ်တွင် ဘုရားသခင်ကို ချီးမွမ်းကာ၊ သင်၏ ချီးမွမ်းခြင်း အလယ်တွင် ဘုရားသခင်၌ မွေ့လျော်လော့။ နာမကျန်းဖြစ်ခြင်းကို ရင်ဆိုင်ရာတွင် စိတ်ပျက်ခြင်း မရှိနှင့်၊ အဖန်ဖန် ကြိုးစားမြဲကြိုးစားကာ လက်မလျှော့နှင့်၊ ပြီးလျှင် ဘုရားသခင်သည် သင့်ကို သူ၏ အလင်းဖြင့် အလင်းပေးလိမ့်မည်။ ယောဘ၏ ယုံကြည်ခြင်းသည် အဘယ်သို့ဖြစ်ခဲ့သနည်း။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် အရာခပ်သိမ်း တတ်စွမ်းနိုင်သော သမားတော်တစ်ဦး ပေတကား။ နာမကျန်းမှု၌ တည်ခြင်းသည် မကျန်းမာဖို့ ဖြစ်သော်လည်း၊ စိတ်ဝိညာဉ်၌ တည်ခြင်းသည် ကျန်းမာဖို့ ဖြစ်၏။ သင်သည် ထွက်သက်ဝင်သက်တစ်ခု ရှိသေးသရွေ့ ဘုရားသခင်သည် သင့်အား သေစေလိမ့်မည် မဟုတ်ပေ။

ငါတို့သည် ငါတို့အတွင်း၌ ခရစ်တော်၏ ရှင်ပြန်ထမြောက်သော အသက်ကို ပိုင်ဆိုင်၏။ ငါတို့သည် ဘုရားသခင်၏ မျက်မှောက်၌ သိသိသာသာ ယုံကြည်ခြင်း ကင်းမဲ့ကြပေသည်- ဘုရားသခင်သည် ငါတို့၏အတွင်း၌ စစ်မှန်သော ယုံကြည်ခြင်းကို ထည့်ပေးမည်သာပင်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဧကန်အမှန် ချိုမြိန်သည်တကား။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ထိရောက်သောဆေးဝါး ဖြစ်ပေသည်တကား။ ယင်းက နတ်ဆိုးများ နှင့် စာတန်ကို အရှက်ရစေသည်တကား။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သဘောပေါက်ခြင်းက ငါတို့ကို ထောက်ပံ့မှုပေး၏။ သူ၏ နှုတ်ကပတ်တော်သည် ငါတို့၏ စိတ်နှလုံးများကို ကယ်တင်ဖို့ အလျင်အမြန် လုပ်ဆောင်လေသည်။ ယင်းက အရာအားလုံးကို ပပျောက်စေပြီး၊ အရာအားလုံးကို အေးချမ်းစေ၏။ ယုံကြည်ခြင်းသည် သစ်လုံးတစ်လုံးတည်း တံတားကဲ့သို့ ဖြစ်သည်- အသက်ကို လက်မှိုင်ချလျက် ဖက်တွယ်ထားသူတို့သည် ယင်းတံတားကို ဖြတ်ကူးရာတွင် အခက်ကြုံလိမ့်မည် ဖြစ်သော်လည်း၊ မိမိတို့ကိုယ်ကိုယ်

စွန့်လွှတ်အနစ်နာခံရန် အသင့်ရှိသော သူတို့သည် ခြေမြဲကာ စိုးရိမ်မှုကင်းလျက် ဖြတ်ကူးနိုင်ကြ၏။ အကယ်၍ လူသားသည် တွန့်ဆုတ်ကာ ကြောက်ရွံ့သော အတွေးများ သိုထားပါက၊ ယင်းမှာ ဘုရားသခင်ထဲသို့ ဝင်ရောက်ဖို့ ယုံကြည်ခြင်း တံတားအား ငါတို့ ဖြတ်ကူးမည်စိုးလျက်၊ စာတန်သည် ၎င်းတို့ကို လှည့်စားပြီး ဖြစ်သောကြောင့် ဖြစ်သည်။ စာတန်သည် ၎င်း၏ အတွေးအခေါ်များကို ငါတို့ထံ ပို့ရန် ဖြစ်နိုင်သမျှသောနည်းလမ်းတိုင်းကို ကြိုးစားနေ၏။ ငါတို့ကို သူ၏အလင်းဖြင့် အလင်းပေးဖို့ အချိန်တိုင်း ဘုရားသခင်ထံ ငါတို့ ဆုတောင်းသင့်သည်၊ ငါတို့အတွင်းမှ စာတန်၏ အဆိပ်အတောက်ကို သန့်စင်စေရန် ဘုရားသခင်အပေါ် အချိန်တိုင်း ငါတို့ မှီခိုသင့်သည်၊ ဘုရားသခင်နှင့် မည်သို့နီးကပ်လာရမည်ဆိုသည်ကို ငါတို့၏ စိတ်ဝိညာဉ်အတွင်း၌ အချိန်တိုင်း လက်တွေ့လုပ်ဆောင်သင့်ပြီး၊ ငါတို့၏ ဖြစ်တည်မှုတစ်ခုလုံးအပေါ် ဘုရားသခင်ကို အုပ်စိုးခွင့်ပေးသင့်ပေသည်။

## အခန်း ၇

ငါတို့ပတ်လည်မှ ပတ်ဝန်းကျင်များ၏ ပေါ်ပေါက်ခြင်းသည် စိတ်ဝိညာဉ်ထဲသို့ ငါတို့ နောက်ကြောင်းပြန်လှည့်ခြင်းကို လျင်မြန်စေသည်။ သန့်ရှင်းသော ဝိညာဉ်တော် ပူပန်ခြင်းရှိမရှိကို လျစ်လျူရှုလျက်၊ မာကြောသော စိတ်နှလုံးဖြင့် မလုပ်ဆောင်နှင့်၊ ထို့ပြင် တတ်သိကျွမ်းကျင်ဟန် မပြုနှင့်၊ မိမိကိုယ်ကိုယ်အားရခြင်းနှင့် မိမိကိုယ်ကိုယ် ကျေနပ်ခြင်း မရှိနှင့်၊ သို့မဟုတ် သင်ကိုယ်တိုင်၏ အခက်အခဲများကို အလွန်ပုံကြီးမချဲ့နှင့်။ လုပ်ဆောင်ရမည့် တစ်ခုတည်းသော အရာမှာ ဘုရားသခင်ကို စိတ်ဝိညာဉ်နှင့် သစ္စာတရားဖြင့် ကိုးကွယ်ရန် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကျောခိုင်းခြင်း သို့မဟုတ် ၎င်းတို့ကို အရေးမစိုက်ခြင်း ပြု၍မရပေ။ သင်သည် ၎င်းတို့ကို သေချာစွာ နားလည်ရမည်၊ ဆုတောင်းဖတ်ရှုခြင်းများကို အဖန်ဖန်ပြုလုပ်ကာ နှုတ်ကပတ်တော်များထဲမှ အသက်ကို အမိအရယူရမည်။ ၎င်းတို့ကို ကျေညက်ရန် မိမိကိုယ်ကိုယ် အချိန်မပေးဘဲ ၎င်းတို့ကို အတင်းမျိုချခြင်းဖြင့် အချည်းနှီး မလုပ်ဆောင်နှင့်။ သင်သည် ပြုလေသမျှ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် အမှီပြုသလော။ ကလေးငယ်ကဲ့သို့ လေလုံးထွားလျက် စကားပြောပြီးမှ ပြဿနာတစ်ခု ရုတ်တရက် ပေါ်ပေါက်လာတိုင်း ကမောက်ကမဖြစ်၍ချည်းသာ မနေနှင့်။ သင်၏ စိတ်ဝိညာဉ်ကို နေ့ရက်တိုင်း နာရီတိုင်း လေ့ကျင့်ရမည်၊ တစ်ခဏတာမျှပင်လျှင် မလျော့ပေါ့လေနှင့်။ သင်၌ ထက်သန်သော

စိတ်ဝိညာဉ် ရှိရမည်။ သင်သည် မည်သူ သို့မဟုတ် မည်သည့်အဖြစ်အပျက် သို့မဟုတ် မည်သည့်အရာကို ကြုံရလင့်ကစား၊ ဘုရားသခင်ရှေ့မှောက်သို့ ရောက်လာပါက သင်၌ လိုက်လျှောက်စရာ လမ်းကြောင်းတစ်ခု ရှိလိမ့်မည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နေ့စဉ်နေ့တိုင်း စားသောက်ရမည်၊ ပေါ့ဆခြင်းမရှိဘဲ ၎င်းတို့၏ အနက်အဓိပ္ပာယ်ကို နားလည်အောင် လုပ်ရမည်၊ ပို၍ကြိုးပမ်းအားထုတ်မှု ပြုရမည်၊ အမှုအရာများကို တကယ့်အသေးစိတ်မှအစ နားလည်ပြီး၊ ဘုရားသခင်၏ အလိုတော်အပေါ် နားလည်မှုလွဲမှားခြင်းကို ရှောင်ရှားရန်အလို့ငှာ စုံလင်သော သမ္မာတရားဖြင့် မိမိကိုယ်ကိုယ် တပ်ဆင်ထားရမည်။ သင်တို့၏ အတွေ့အကြုံအမျိုးမျိုးကို ကျယ်ပြန့်စေပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခြင်းအပေါ် အလေးထားရမည်။ သင်သည် အတွေ့အကြုံမှတစ်ဆင့် ဘုရားသခင်နှင့်ပတ်သက်၍ ပို၍သေချာနိုင်မည် ဖြစ်သည်။ အတွေ့အကြုံမရှိပါက သူနှင့်ပတ်သက်၍ သေချာသည်ဟု ဆိုခြင်းမှာ အချည်းနှီးသော စကားလုံးများတစ်စုသာ ဖြစ်သည်။ ငါတို့သည် အတွေးအမြင် ရှင်းလင်းရပေမည်။ နိုးထလော့။ မပေါ့ဆလေတော့နှင့်။ အမှုအရာများကို ပေါ့ဆသည့်ပုံစံဖြင့် ကိုင်တွယ်ဖြေရှင်းပြီး တိုးတက်မှုအတွက် မကြိုးပမ်းပါက သင်တို့သည် အမှန်ပင် လွန်စွာမျက်စိကန်းနေကြခြင်းဖြစ်သည်။ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို အာရုံစိုက်ရမည်၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသံကို ဂရုတစိုက် နားထောင်ရမည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် နားစွင့်ထားရမည်၊ သင်၌ကျန်ရှိသော အချိန်ကို မြတ်နိုးပြီး၊ မည်သည့်အဖိုးအခ ဖြစ်နေပါစေ ပေးရမည်ဖြစ်သည်။ သင်တို့၌ သံမဏိရှိသောအခါ ယင်းကို အရေးပါသည့်နေရာ၊ ခိုင်မာသော ဓားတစ်လက်ပြုလုပ်ရန် အသုံးချလော့။ အဓိကကျသောအရာကို ကောင်းစွာ ဆုပ်ကိုင်ထားပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်းအပေါ် အာရုံစိုက်လော့။ အကယ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်ကျောခိုင်းထားပါက သင်သည် အပြင်ပန်းအားဖြင့် မည်မျှကောင်းမွန်စွာ လုပ်ဆောင်နေပါစေ၊ အလုံးစုံမှာ အချည်းနှီးပင် ဖြစ်သည်။ အပြောမျှသာဖြင့် လက်တွေ့လုပ်ဆောင်ခြင်းသည် ဘုရားသခင် လက်ခံနိုင်ဖွယ် မဟုတ်ပေ။ ပြောင်းလဲခြင်းသည် သင်၏အပြုအမူ၊ စိတ်သဘောထား၊ ယုံကြည်ခြင်း၊ ရဲစွမ်းသတ္တိနှင့် ထိုးထွင်းအမြင်မှ လာရမည်။

အချိန်နီးလေပြီတကား။ ဤလောက၏ အကောင်းဆုံးသော အရာများကိုပင် ဘေးဖယ်ထားရမည်။ မည်သည့် အခက်အခဲ သို့မဟုတ် အန္တရာယ်ပမာဏကမျှ ငါတို့ကို မတုန်လှုပ်စေနိုင်သည့်အပြင်၊ ကောင်းကင်ကြီးပြိုကျမည် ဆိုလျှင်ပင် ငါတို့ကို ဒုက္ခမပေးနိုင်ပေ။

ဤစိတ်ဆုံးဖြတ်ချက်မျိုး မရှိပါက သင်တို့အနေဖြင့် အရေးပါသောသူ တစ်ဦးဦး ဖြစ်လာရန် တကယ့်ကို ခက်ခဲလွန်းလိမ့်မည် ဖြစ်သည်။ သူရဲဘောနည်းသောသူများနှင့် ဘဝကို အကြောက်ကြီးစွာဖြင့် ဖက်တွယ်ထားသောသူများမှာ ဘုရားသခင်ရှေ့တွင် ရပ်နေရန် မထိုက်တန်ပေ။

အနန္တတန်ခိုးရှင် ဘုရားသခင်သည် လက်တွေ့ကျသော ဘုရားသခင်ဖြစ်သည်။ ငါတို့သည် မည်မျှပင် မသိနားမလည်ဖြစ်လင့်ကစား၊ သူသည် ငါတို့ကို ကရုဏာသက်နေဦးမည်ဖြစ်သည်၊ သူ၏ လက်များက ငါတို့ကို ဧကန်မုချ ကယ်တင်ပြီး၊ သူက ငါတို့ကို စုံလင်စေဦးမည် ဖြစ်သည်။ ငါတို့၌ ဘုရားသခင်ကို စစ်မှန်စွာ အလိုရှိသော စိတ်နှလုံးပိုင်ဆိုင်နေသရွေ့ ငါတို့သည် နီးကပ်စွာ လိုက်လျှောက်ပြီး စိတ်ပျက်အားလျော့ မသွားသရွေ့ ထို့ပြင် အရေးတကြီးအသိစိတ်ဖြင့် ငါတို့ ရှာဖွေနေသရွေ့ သူသည် ငါတို့ တစ်စုံတစ်ဦးကိုမျှ လုံးဝ မတရားဆက်ဆံလိမ့်မည် မဟုတ်ပေ။ သူသည် ငါတို့၌ ကင်းမဲ့သောအရာကို အသေအချာပင် ထေမိစေပြီး ငါတို့ကို သူကျေနပ်စေမည်ဖြစ်သည်။ ဤအရာအလုံးစုံမှာ အနန္တတန်ခိုးရှင် ဘုရားသခင်၏ ကြင်နာခြင်းပင် ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ဦးသည် အစားကြူး၍ ပျင်းရိပြီး၊ မိမိဝမ်းဗိုက်ကို အမြဲပြည့်စေသော ဘဝဖြင့် အသက်ရှင်ကာ၊ အရာရာတိုင်းကို စိတ်ဝင်စားခြင်း မရှိပါက ၎င်းတို့သည် ဆုံးရှုံးမှုခံစားရခြင်းကို ရှောင်လွှဲရန် အခက်အခဲတွေ့လိမ့်မည်။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် ခပ်သိမ်းသော အရာများနှင့် ဖြစ်ရပ်များကို ချုပ်ကိုင်ထားသည်တကား။ ငါတို့သည် သူ့ကို ငါတို့၏စိတ်နှလုံးထဲမှ အချိန်တိုင်း ကြည်ညိုပြီး စိတ်ဝိညာဉ်ထဲသို့ ဝင်ရောက်ကာ သူနှင့် မိတ်သဟာယဖွဲ့နေသရွေ့ သူသည် ငါတို့ ရှာဖွေသော အရာခပ်သိမ်းကို ငါ့တို့အား ပြသပြီး သူ၏ အလိုတော်ကို ငါတို့အား ထုတ်ဖော်ပြမည်မှာ သေချာပေသည်။ ထိုအခါ ငါတို့၏ စိတ်နှလုံးများသည် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းရှိပြီး၊ ပကတိရှင်းလင်းခြင်းနှင့် တည်ငြိမ်နေမည် ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်များနှင့်အညီ လုပ်ဆောင်နိုင်စွမ်းရှိရန် အရေးကြီးလေသည်။ သူ၏ အလိုတော်ကို နားလည်သဘောပေါက်နိုင်စွမ်းရှိပြီး သူ၏ နှုတ်ကပတ်တော်များအပေါ် အမှီပြုလျက် အသက်ရှင်နိုင်စွမ်းရှိခြင်းကို သာ စစ်မှန်သော အတွေ့အကြုံအဖြစ် သတ်မှတ်လေသည်။

ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားလည်မှသာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ သမ္မာတရားသည် ငါတို့အထဲသို့ ဝင်ရောက်ပြီး ငါတို့၏အသက် ဖြစ်လာလိမ့်မည်။ လက်တွေ့ကျသော အတွေ့အကြုံ တစ်ခုမျှမရှိဘဲ သင်သည် ဘုရားသခင်၏

နှုတ်ကပတ်တော်၏ စစ်မှန်မှုထဲ မည်သို့ ဝင်ရောက်နိုင်မည်နည်း။ အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ အသက်အဖြစ် လက်ခံရရှိနိုင်ခြင်း မရှိပါက သင်၏ စိတ်သဘောထားမှာ မပြောင်းလဲနိုင်ပေ။

သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသည် တစ်ဟုန်ထိုး တိုးတက်နေသည်တကား။ အကယ်၍ သင်တို့ နီးကပ်စွာ မလိုက်လျှောက်ဘဲ လေ့ကျင့်မှုလည်း မရရှိပါက သန့်ရှင်းသောဝိညာဉ်တော် ရှေ့သို့ဆက်တိုးသောအခါ သူ၏အရှိန်အဟုန်ကို အမီလိုက်ရန် သင့်အတွက် ခက်ခဲလိမ့်မည်။ သင်သည် စာတန်၏ ခြေဖဝါးအောက်တွင် နင်းခြေခံရပြီး လွတ်လမ်းမရှိသည့် ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ မဝင်ရောက်ရစေရန် လုံးလုံးလျားလျား ပြောင်းလဲမှုကို အလျင်အမြန် ဖြစ်ပေါ်စေလော့။ သင်သည် ဘေးဖယ်ထားခြင်းကို မခံရစေရန် ယခုသွား၍ တတ်နိုင်သမျှ ကောင်းစွာ ရှာဖွေကြလော့။

# အခန်း ၈

နိုင်ငံတော်၏ ရှင်ဘုရင်ဖြစ်သည့် အနန္တတန်ခိုးရှင် ဘုရားသခင်သည် သက်သေထူခံရပြီး ဖြစ်သည့်အချိန်ကတည်းက၊ ဘုရားသခင်၏ စီမံခန့်ခွဲမှု အတိုင်းအတာကို စကြဝဠာတစ်ခုလုံး အနှံ့အပြားတွင် လုံးလုံးလျားလျား ဖွင့်ဟပြီးဖြစ်သည်။ ဘုရားသခင် ပေါ်ထွန်းခြင်းကို တရုတ်နိုင်ငံတွင် သက်သေခံပြီးသည်သာမက၊ အနန္တတန်ခိုးရှင် ဘုရားသခင်၏ နာမကိုလည်း တိုင်းနိုင်ငံအားလုံးနှင့် နေရာအားလုံးတွင် သက်သေခံပြီး ဖြစ်သည်။ ၎င်းတို့အားလုံးသည် ဘုရားသခင်နှင့် ဖြစ်နိုင်သမျှ မည်သည့်နည်းလမ်းမဆိုဖြင့် မိတ်သဟာယဖွဲ့ဖို့ ကြိုးစားရင်း၊ အနန္တတန်ခိုးရှင် ဘုရားသခင်၏ အလိုတော်ကို သဘောပေါက်ပြီး အသင်းတော်၌ ပူးပေါင်းအစေခံရင်း၊ ဤသန့်ရှင်းသော နာမတော်ကို ဟစ်ခေါ်ကြ၏။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သည့် အံ့သြဖွယ်နည်းလမ်း ဖြစ်ပေသည်။

တိုင်းနိုင်ငံအမျိုးမျိုးတို့၏ ဘာသာစကားများသည် တစ်ခုနှင့်တစ်ခု ကွဲပြားကြသော်လည်း၊ ဝိညာဉ်တော်သည် တစ်ပါးတည်းသာရှိသည်။ ဤဝိညာဉ်တော်သည် စကြဝဠာတစ်လျှောက် အသင်းတော်တို့ကို ပေါင်းစည်းပေးပြီး ကွာခြားချက် စိုးစဉ်းမျှ မရှိဘဲ ဘုရားသခင်နှင့် လုံးဝ တစ်လုံးတစ်ဝတည်း ဖြစ်ပေသည်။ ဤသည်မှာ ယုံမှားဖွယ် မရှိသောအရာ ဖြစ်သည်။ ယခုတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့ကို ခေါ် ပြီး၊ သူ၏အသံသည် ၎င်းတို့ကို နိုးထစေသည်။ ယင်းမှာ ဘုရားသခင်၏ ကရုဏာတော် အသံ ဖြစ်ပေသည်။

ၵင်းတို့အားလုံးသည် အနန္တတန်ခိုးရှင် ဘုရားသခင်၏ သန့်ရှင်းသော နာမကို ဟစ်ခေါ်နေကြ၏။ ၎င်းတို့သည် ချီးမွမ်းကာလည်း သီချင်း သီဆိုကြ၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ထဲတွင် ဘယ်သောအခါမျှ မည်သည့်သွေဖည်ခြင်းမျှ မရှိနိုင်ပေ။ ဤလူများသည် မှန်ကန်သော လမ်းကြောင်းတစ်လျှောက် ရှေ့တိုးချီတက်ရန် အလွန့်အလွန် ကြိုးစားပမ်းစား လုပ်ကြသည်၊ ၎င်းတို့ နောက်မဆုတ်ကြ- အံ့သြဖွယ်ရာများသည် ထပ်ဆင့် ပုံလျက်ရှိသည်။ ဤသည်မှာ လူတို့ စိတ်ကူးဖို့ခက်ပြီး မှန်းဆဖို့ မဖြစ်နိုင်ဟု တွေ့ရသည့် အရာတစ်ခု ဖြစ်သည်။

အနန္တတန်ခိုးရှင် ဘုရားသခင်သည် စကြဝဠာတွင် အသက်၏ အရှင်သခင် ဖြစ်၏။ သူသည် ဘုန်းကြီးသော ပလ္လင်ထက်တွင် ထိုင်ပြီး၊ လောကကို တရားစီရင်၏၊ အရာခပ်သိမ်းကို ကြီးစိုးကာ၊ တိုင်းနိုင်ငံ အားလုံးကို အုပ်စိုးလေသည်။ လူမျိုးအားလုံးသည် သူ့ထံ ဒူးထောက်ကြသည်၊ သူ့အားဆုတောင်းကာ၊ သူ့ထံ ချဉ်းကပ်ကြပြီး သူနှင့် မိတ်သဟာယဖွဲ့ကြ၏။ ဘုရားသခင်ကို သင် မည်မျှကြာ ယုံကြည်ပြီး ဖြစ်သည်၊ သင်၏ အဆင့်အတန်း မည်မျှမြင့်မားသည် သို့မဟုတ် သင်၏ ဝါရင့်မှု မည်မျှကြီးမားသည်ကို ပဓာနမထားဘဲ၊ သင်၏စိတ်နှလုံးထဲတွင် ဘုရားသခင်ကို သင်ဆန့်ကျင်ပါက၊ သင်သည် တရားစီရင်ခံရမည်ဖြစ်ပြီး နာကျင်ဖွယ် အသနားခံခြင်းအသံကို မြည်တမ်းလျက် သူ၏ ရှေ့မှောက်တွင် မိမိကိုယ်ကိုယ် ပျပ်ဝပ်ရမည် ဖြစ်သည်။ ဤသည်မှာ သင်၏ ကိုယ်ပိုင် လုပ်ရပ်များ၏ အသီးအပွင့်တို့ကို ဧကန်အမှန် ရိတ်သိမ်းခြင်း ဖြစ်သည်။ ဤမြည်တမ်းသောအသံသည် ကန့်နှင့်ရောနှောသော မီးအိုင်ထဲတွင် ညှဉ်းဆဲခံနေရခြင်း အသံဖြစ်ပြီး၊ ဘုရားသခင်၏ သံလှံတံဖြင့် ဆုံးမခံရရာမှ ငိုညည်းသံဖြစ်သည်။ ဤသည်မှာ ခရစ်တော်၏ ပလ္လင်တော်ရှေ့ တရားစီရင်ခြင်း ဖြစ်သည်။

လူအချို့သည် ကြောက်ရွံ့ကြ၏၊ အချို့သည် အပြစ်ရှိသည့် အသိစိတ် သိုထားကြသည်၊ အချို့သည် နိုးကြားကြသည်၊ အချို့မှာ အာရုံတစိုက် နားထောင်ရန် သတိထားကြသည်၊ အချို့သည် အဆုံးစွန် ဝမ်းနည်းမှုကို ခံစားလျက် နောင်တရကြပြီး အသစ်တစ်ဖန် စတင်ကြသည်၊ အချို့မှာ နာကျင်လျက် ခါးသီးစွာ ငိုကြွေးကြသည်၊ အချို့မှာ အရာရာကို စွန့်လွှတ်ကာ အသည်းအသန် ရှာဖွေကြသည်၊ လူအချို့မှာ မိမိတို့ကိုယ်ကိုယ် ဆန်းစစ်ပြီး အထိန်းအကွပ်မဲ့ မပြုမူဝံ့တော့ပေ၊ အချို့မှာ ဘုရားသခင်ထံ ချဉ်းကပ်ရန် အဆောတလျင် ကြိုးစားကြသည်၊ အချို့မှာ မိမိတို့၏ အသက်များ အဘယ့်ကြောင့် မတိုးတက်နိုင်သည်ကို စုံစမ်းရင်း၊ မိမိတို့ကိုယ်တိုင်၏ အသိစိတ်များကို ဆန်းစစ်ကြသည်။ အချို့မှာ

စိတ်ရှုပ်နေကြဆဲဖြစ်သည်၊ အချို့မှာမူ အဓိကအချက်ကို သဘောပေါက်ကာ မိမိတို့၏ အသက်များကို အာရုံစိုက်ရာတွင် အချိန်မဖြုန်းဘဲလျက် မိမိတို့၏ ခြေများကို အချုပ်အနှောင်မှ လွတ်စေကြ၍ သတ္တိဖြင့် တက်လှမ်းကြသည်။ အချို့မှာ တွန့်ဆုတ်နေဆဲ ဖြစ်ပြီး ရုပ်ပါရုံများနှင့် ပတ်သက်၍ မရှင်းမလင်း ဖြစ်နေကြသည်- ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ထမ်းပိုးကာ သယ်ဆောင်ရသော ဝန်ထုပ်သည် ကေန်အမှန် လေးလံပေသည်။

သင်၏စိတ်သည် ရှင်းလင်းခြင်းမရှိပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏အတွင်း၌ အလုပ်လုပ်ရန် နည်းလမ်းမရှိပေ။ သင် အာရုံစိုက်လေသမျှ အားလုံး၊ သင်လျှောက်သော လမ်းနှင့် သင်၏ စိတ်နှလုံး တောင့်တလေသမျှ အရာအားလုံးတို့သည် သင်၏ အယူအဆများနှင့် မိမိကိုယ်မိမိ မှန်သည်ဟု မှတ်ယူခြင်းတို့ဖြင့် ပြည့်နှက်နေသည်။ ငါသည် စိတ်မရှည်မှုဖြင့် စိတ်ပြင်းပြလျက်ရှိ၏- ငါ၏ အသုံးပြုခြင်းကို ခံရရန် သင်တို့ကို မကြာမီ သင့်တော်စေနိုင်ဖို့အလို့ငှာ၊ ပြီးလျှင် ငါ၏ လေးလံသော ဝန်ထုပ်ကို ပေါ့ပါးသွားစေနိုင်ဖို့အလို့ငှာ၊ သင်တို့အားလုံးကို ချက်ချင်း စုံလင်စေနိုင်ဖို့ ငါဆန္ဒရှိလေစွ။ သို့သော် သင်တို့ကို ဤပုံစံဖြင့် မြင်ရသည့်အခါ၊ မြန်ဆန်သော ရလဒ်များကို ရရှိဖို့ ကြိုးစားရန်မှာ အလုပ်ဖြစ်မည်မဟုတ်သည်ကို ငါ မြင်ရ၏။ ငါသည် စိတ်ရှည်စွာ စောင့်ဖို့၊ ဖြည်းညင်းစွာ လျှောက်လှမ်းပြီး ဖြည်းညင်းစွာ သင်တို့ကို ထောက်ပံ့ကာ လမ်းပြဖို့သာ တတ်နိုင်၏။ အဲ၊ သင်၏ခေါင်းကို သင် ရှင်းရှင်းထားသင့်၏။ အဘယ်အရာတို့ကို စွန့်လွှတ်သင့်သနည်း၊ သင်၏ ရတနာများက မည်သည့်အရာများနည်း၊ သင်၏ သေလောက်သော အားနည်းချက်များသည် မည်သည့် အရာများနည်း၊ သင်၏ အတားအဆီးများသည် မည်သည့်အရာများနည်း။ ဤမေးခွန်းများကို သင်၏ စိတ်ဝိညာဉ်၌ သာ၍ တွေးဆပြီး ငါနှင့် မိတ်သဟာယပြုလော့။ ငါအလိုရှိသည်မှာ သင်တို့၏ စိတ်နှလုံးများက ငါ့ကို တိတ်တဆိတ် ကိုးစားရန် ဖြစ်သည်၊ သင်တို့၏ အပြောသက်သက်ကို ငါ အလိုမရှိ။ သင်တို့ထဲမှ ငါ၏ရှေ့မှောက်တွင် အမှန်တကယ် ကြိုးစားသောသူတို့အဖို့၊ ငါသည် အရာအားလုံးကို သင့်အား ထုတ်ဖော်ပြမည်။ ငါ၏ ခြေလှမ်းသည် အဟုန်မြင့်လာ၏။ သင်၏ စိတ်နှလုံးက ငါ့ကို ကိုးစားပြီး၊ သင်တစ်ချိန်လုံး လိုက်လျှောက်သရွေ့ စေ့ဆော်မှုအားဖြင့် ငါ၏ အလိုတော်ကို သင့်အား အချိန်မရွေး ပေးနိုင်ပြီး ထုတ်ဖော်ပြနိုင်ပေသည်။ စောင့်မျှော်ခြင်းငှာ ဂရုပြုသောသူတို့သည် အာဟာရ ရရှိလိမ့်မည်ဖြစ်ပြီး၊ ရှေ့ဆက်ရမည့် လမ်းတစ်ခု ရှိလိမ့်မည်။ ထောက်ထားစာနာမှု မရှိသူတို့သည် ငါ၏စိတ်နှလုံးကို နားလည်ဖို့ အခက်တွေ့လိမ့်မည် ဖြစ်ပြီး၊ တစ်ဖက်ပိတ်လမ်းထဲသို့ ၎င်းတို့ လျှောက်ကြလိမ့်မည်။

သင်တို့အားလုံး မြန်မြန်ထပြီး ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန်၊ တစ်ရက်တည်း၊ တစ်ညတည်းအတွက်မဟုတ်ဘဲ၊ တစ်ချိန်လုံး ငါနှင့်နီးကပ်စွာရှိရန် ငါ ဆန္ဒရှိ၏။ ငါ၏လက်သည် သင်တို့ကို အစဉ်ဆွဲခေါ် ပြီး လှုံ့ဆော်ရမည်၊ တွန်းပို့ရမည်၊ ဆက်လက်လုပ်ဆောင်ရန် ဖျောင်းဖျရမည်ဖြစ်ပြီး၊ ရှေ့တိုးဖို့ စိတ်ကို ဆွဲဆောင်ရမည်ဖြစ်သည်။ ငါ၏အလိုတော်ကို သင်တို့ နားကိုမလည်ကြပေ။ သင်တို့ကိုယ်တိုင်၏ အယူအဆများ၏ အဟန့်အတားများနှင့် လောကီချည်နှောင်မှုများ၏ အဟန့်အတားများသည် အလွန်ပြင်းထန်ပြီး၊ သင်တို့သည် ငါနှင့်သာ၍ နက်ရှိုင်းသော ရင်းနှီးမှု မရှိနိုင်ကြချေ။ ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုလျှင်၊ သင်တို့သည် ပြဿနာတစ်ခုရှိသောအခါ၌ ငါ့ထံသို့ လာကြသော်လည်း၊ မည်သည့်ပြဿနာမျှ မရှိသောအခါတွင် သင်တို့၏ စိတ်နှလုံးများ ဗျာများကုန်ကြ၏။ သင်တို့၏ စိတ်နှလုံးများသည် လွတ်လပ်သော ဈေးကွက်တစ်ခုကဲ့သို့ ဖြစ်ပြီး၊ စာတန်ဆန်သော စိတ်သဘောထားများနှင့် ပြည့်နေကြပေသည်။ ၎င်းတို့သည် လောကီ အရာများဖြင့် အချိန်ကုန်နေကြပြီး ငါနှင့်မည်သို့ မိတ်သဟာယ ဖွဲ့ရမည်ကို သင်တို့မသိကြပေ။ ငါသည် သင်တို့နှင့် ပတ်သက်၍ ပူပန်သောကမခံစားဘဲ အဘယ်သို့ နေနိုင်မည်နည်း။ သို့သော် ပူပန်သောကဖြစ်ခြင်းက အလုပ်ဖြစ်မည်မဟုတ်။ အချိန်သည် လွန်စွာအရေးကြီးပြီး အလုပ်တာဝန်သည် အလွန်ခက်ခဲလှသည်။ ငါ၏ခြေလှမ်းတို့သည် ရှေ့သို့ အပြေးအလွှား သွားနေသည်။ သင်တို့ ရှိသည့်အရာအားလုံးကို သင်တို့ ခိုင်မာစွာ ဆုပ်ကိုင်ရမည်၊ အချိန်တိုင်း ငါ့ကို ကိုးစားရမည်ဖြစ်ပြီး၊ ငါနှင့် ရင်းရင်းနှီးနှီး မိတ်သဟာယပြုရမည်။ ထိုအခါ၊ ငါ၏ အလိုတော်ကို သင်တို့အား ဧကန်မုချ အချိန်မရွေး ထုတ်ဖော်ပြမည်။ ငါ၏စိတ်နှလုံးကို သင်တို့ နားလည်သည့်အခါ၊ ရှေ့ဆက်ရမည့် လမ်းတစ်ခု သင်တို့၌ ရှိကြ၏။ သင်တို့အနေဖြင့် နောက်ထပ် တုံ့ဆိုင်းရတော့မည် မဟုတ်။ ငါနှင့်စစ်မှန်သော မိတ်သဟာယကို ထိန်းသိမ်းလော့၊ ပြီးလျှင် လှည့်ဖြားခြင်းကို အားမကိုးနှင့် သို့မဟုတ် အလွန်ပါးနပ်ရန် မကြိုးစားလေနှင့်။ ယင်းသည် မိမိကိုယ်ကိုယ် လှည့်ဖြားခြင်းသာ ဖြစ်မည် ဖြစ်ပြီး၊ ခရစ်တော်၏ ပလ္လင်တော်ရှေ့၌ အချိန်မရွေး ထုတ်ဖော်ပြခံရမည် ဖြစ်သည်။ ရွှေအစစ်သည် မီးဖြင့် အစစ်ဆေးခံရခြင်းကို မကြောက်ပေ- ဤသည်မှာ အမှန်တရားဖြစ်၏။ ဝန်မလေးနှင့်၊ ပြီးလျှင် အားမငယ်နှင့် သို့မဟုတ် ပျော့ညံ့ခြင်း မရှိနှင့်။ သင်၏ စိတ်ဝိညာဉ်၌ ငါနှင့် တိုက်ရိုက် သာ၍မိတ်သဟာယပြုလော့၊ စိတ်ရှည်စွာဖြင့် စောင့်မျှော်လော့၊ ပြီးလျှင် ငါရွေးချယ်သည့် အချိန်တွင် ငါသည် သင်တို့အား ဧကန်မုချ ထုတ်ဖော်ပြမည်။ သင့်အနေဖြင့် လုံးဝ ဂရုစိုက်ရမည်ဖြစ်ပြီး သင့်အပေါ် ငါ၏ကြိုးစားအားထုတ်မှုကို အလဟဿ မဖြစ်စေလေနှင့်။ တစ်ခဏကိုမျှ လက်လွတ်မခံလေနှင့်။ သင်၏ စိတ်နှလုံးသည် ငါနှင့် စဉ်ဆက်မပြတ်

မိတ်သဟာယပြုလျက် ရှိသည့်အခါ၊ သင်၏ စိတ်နှလုံးသည် ငါ၏ရှေ့မှောက်တွင် စဉ်ဆက်မပြတ် အသက်ရှင်သည့်အခါ၊ သင်၏ စိတ်နှလုံးတွင်းက ငါနှင့် သင်၏ မိတ်သဟာယကို မည်သူမျှ၊ မည်သည့်ဖြစ်ရပ်မျှ၊ မည်သည့်အရာကမျှ၊ မည်သည့်ခင်ပွန်း၊ မည်သည့် သားသမီးကမျှ မနှောင့်ယှက်နိုင်ပေ။ သင်၏ စိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ ချုပ်ချယ်ခြင်းကို စဉ်ဆက်မပြတ် ခံရသောအခါ၊ သင်သည် ငါနှင့် အချိန်တိုင်းတွင် မိတ်သဟာယပြုသောအခါ ငါ၏ အလိုတော်ကို သင့်အား ဧကန်မုချ ထုတ်ဖော်ပြပေမည်။ သင်သည် ဤသို့ ငါ့ထံ စဉ်ဆက်မပြတ် တိုးဝင်ချဉ်းကပ်နေသည့်အခါ၊ သင်၏ မည်သည့် ပတ်ဝန်းကျင်များ၊ သို့မဟုတ် မည်သည့်လူ၊ အဖြစ်အပျက် သို့မဟုတ် အမှုအရာတို့ကို ကြုံရပါစေ၊ သင်သည် စိတ်မရှုပ်ဘဲ ရှေ့ဆက်ရမည့် လမ်းတစ်ခု ရှိလိမ့်မည်။

သာမန်အားဖြင့်၊ ကိစ္စ အကြီးအသေးတို့တွင် သင်သည် မည်သည့်အရာကိုမျှ ချွတ်ချော်ခွင့်မပေးပါက၊ သင်၏ အတွေးနှင့် စိတ်ကူးတိုင်း သန့်စင်ခံရပါက၊ ပြီးလျှင် သင်သည် သင်၏ စိတ်ဝိညာဉ်၌ ငြိမ်ဝပ်မည်ဆိုပါက၊ ပြဿနာတစ်ရပ်ရပ် သင် ကြုံရသည့် အချိန်တိုင်းတွင်၊ သင့်ကိုယ်သင် ယှဉ်၍ စစ်ဆေးဖို့အတွက် ကြည်လင်တောက်ပသည့် မှန်တစ်ချပ်ကဲ့သို့ ငါ၏ နှုတ်ကပတ်တော်သည် သင်၏အတွင်းတွင် ချက်ချင်း လှုံ့ဆော်လိမ့်မည်ဖြစ်ပြီး၊ ထိုအခါ ရှေ့ဆက်ရမည့်လမ်းတစ်ခု သင်၌ ရှိလိမ့်မည်။ ဤအရာကို အနာနှင့်ဆေး တည့်သည်ဟု ခေါ်ပေသည်။ ပြီးလျှင် ရောဂါအခြေအနေသည် ဧကန်မုချ ပျောက်ကင်းလိမ့်မည်- ဘုရားသခင်၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းမှာ ထိုသို့ ဖြစ်၏။ ဖြောင့်မတ်ခြင်းတရားကို ဆာငတ်ခင်မွတ်သော သူတို့နှင့် စိတ်ရင်းမှန်ဖြင့် ရှာဖွေသောသူတို့ကို ငါသည် ဧကန်မုချ အလင်းပေးကာ ဉာဏ်အလင်းပေးမည်။ ငါသည် ဝိညာဉ်လောက၏ နက်နဲမှုများနှင့် ရှေ့ဆက်ရမည့်လမ်းကို သင်တို့အားလုံးအား ပြသမည်၊ သင်တို့အနေဖြင့် အသက် ရင့်ကျက်မှုကို ရရှိပြီး၊ ငါ၏ အသုံးပြုခြင်းအတွက် သင့်တော်နိုင်ကြဖို့အလို့ငှာနှင့် ဧဝံဂေလိအမှုသည် အဟန့်အတားမရှိဘဲ မကြာမီ ရှေ့ဆက်နိုင်ဖို့အလို့ငှာ သင်တို့၏ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားအဟောင်းများကို ဖြစ်နိုင်သမျှမြန်မြန် သင်တို့ကို ငါစွန့်ပစ်စေမည်။ ထိုအခါမှသာ ငါ၏ အလိုတော်သည် အားရကျေနပ်လိမ့်မည်၊ ထိုအခါမှသာ ဘုရားသခင်၏ နှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်သည် ဖြစ်နိုင်သမျှ အတိုတောင်းဆုံးသောအချိန်တွင် ပြီးမြောက်လိမ့်မည်။ ဘုရားသခင်သည် နိုင်ငံတော်ကို ရရှိလိမ့်မည်ဖြစ်ပြီး ကမ္ဘာမြေသို့ ကြွဆင်းလာကာ ငါတို့အတူတကွ ဘုန်းတော်ဝင်စားကြမည် ဖြစ်သည်။

# အခန်း ၉

ငါ၏ နှုတ်ကပတ်တော်နှင့်ပတ်သက်၍ အနည်းငယ်သော မရေရာခြင်း သို့မဟုတ် အရေးမထားခြင်းသည်ပင်လျှင် လက်ခံနိုင်ဖွယ် မဟုတ်ကြောင်း သင့်ကို ငါသတိပေးလိုသည်။ သင်သည် ငါ၏ ရည်ရွယ်ချက်များနှင့်အညီ အလေးဂရုပြုပြီး နာခံကာ၊ လက်တွေ့လုပ်ဆောင်ရမည်။ သင်သည် အမြဲတမ်း နိုးကြားနေရမည်ဖြစ်ပြီး၊ မာနထောင်လွှားသော သို့မဟုတ် မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု ယူမှတ်သော စိတ်သဘောထားကို လုံးဝ မပြသရပေ။ သင်၏အထဲ၌ ရှိနှင့်ပြီးသော ပင်ကို စိတ်သဘောထားဟောင်းကို စွန့်ပစ်ရန် သင်သည် အစဉ်အမြဲပင် ငါ့အပေါ် အမှီပြုရမည်။ သင်သည် ငါ၏ရှေ့တွင် သာမန်အခြေအနေကို အစဉ်အမြဲ ထိန်းသိမ်းထားနိုင်ရမည်ဖြစ်ပြီး၊ တည်ငြိမ်သော စိတ်သဘောထား ပိုင်ဆိုင်သင့်သည်။ သင်တို့၏ တွေးခေါ်ခြင်းသည် သင့်တင့်လျောက်ပတ်ပြီး ကြည်လင်ပြတ်သားကာ၊ မည်သည့်လူပုဂ္ဂိုလ်၊ အဖြစ်အပျက် သို့မဟုတ် အမှုအရာတို့၏ ထိန်းချုပ်ခံရခြင်း သို့မဟုတ် တိမ်းညွတ်စေခြင်းကို မခံရသင့်ပေ။ သင်သည် ငါ၏မျက်မှောက်တွင် အစဉ်အမြဲ ငြိမ်သက်နိုင်စွမ်းရှိကာ၊ ငါနှင့် စဉ်ဆက်မပြတ် ရင်းနှီးကျွမ်းဝင်မှုနှင့် မိတ်သဟာယ ဖွဲ့ခြင်းကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ သင်သည် ကြံ့ခိုင်ခြင်းနှင့် အားမာန်ကို ပြသကာ၊ ငါအတွက် သင်၏ သက်သေခံချက်၌ မြဲမြံစွာ ရပ်တည်ရမည်ဖြစ်သည်။ ထ၍ ငါ၏ကိုယ်စား စကားပြောလော့၊ ထို့ပြင် အခြားသောလူတို့ ပြောကောင်းပြောမည့်အရာကို မကြောက်ရွံ့လေနှင့်။ ငါ၏ ရည်ရွယ်ချက်များကိုသာ ဖြည့်ဆည်းပြီး မည်သူ့ကိုမျှ သင့်အား ထိန်းချုပ်ခွင့် မပေးလေနှင့်။ သင့်အား ငါထုတ်ဖော်သောအရာကို ငါ၏ ရည်ရွယ်ချက်များနှင့်အညီ လိုက်နာရမည်ဖြစ်ပြီး၊ နှောင့်နှေးကြန့်ကြာ၍ မရပေ။ သင်၏အတွင်းထဲတွင် မည်ကဲ့သို့ ခံစားရသနည်း။ သင်သည် မသက်မသာဖြစ်နေသည် မဟုတ်လော။ သင်နားလည်လိမ့်မည်။ ငါ၏ဝန်ထုပ်ဝန်ပိုးကို ထောက်ထား ညှာတာလျက် သင်သည် အဘယ့်ကြောင့် ငါ၏ကိုယ်စား ထရပ်၍ မပြောနိုင်ရသနည်း။ သင်သည် သိမ်ဖျင်းသော လျှို့ဝှက်ကြံစည်မှုထဲတွင် မလျှော့တမ်း ပါဝင်နေသော်လည်း၊ ငါသည် အရာရာကို ရှင်းလင်းစွာ မြင်ရသည်။ ငါသည် သင်၏ ကိုးစားရာနှင့် သင်၏အကွယ်အကာဖြစ်ကာ၊ အရာခပ်သိမ်းသည် ငါ၏လက်ထဲတွင်ရှိသည်။ သို့ဖြစ်လျှင် သင်သည် အဘယ်အရာကို ကြောက်သနည်း။ သင်သည် လွန်ကဲစွာ စိတ်လှုပ်ရှားနေသည် မဟုတ်လော။ သင်သည် သင်၏ စိတ်ခံစားမှုများကို တတ်နိုင်သမျှအမြန်ဆုံး ဖယ်ရှားရမည်။ ငါသည် စိတ်ခံစားမှုကြောင့် လုပ်ဆောင်မှုမပြုဘဲ၊

ထိုအစား ဖြောင့်မတ်ခြင်းကို ကျင့်သုံးသည်။ သင်၏မိဘတို့သည် အသင်းတော်အဖို့ အကျိုးမရှိသောအရာ တစ်စုံတစ်ခုကိုပြုလျှင်၊ သူတို့ လွတ်မြောက်နိုင်မည် မဟုတ်ပေ။ ငါ၏ ရည်ရွယ်ချက်များကို သင့်အား ထုတ်ဖော်ပြပြီးပြီဖြစ်ပြီး ၎င်းတို့ကို သင်လျစ်လျူမရှုရပေ။ ထိုအစား သင်သည် ၎င်းတို့အပေါ် သင်၏ အာရုံစူးစိုက်မှု အလုံးစုံကို ထားရှိကာ စိတ်ပါလက်ပါ လိုက်လျှောက်ရန် အခြားအရာဟူသမျှကို ဘေးဖယ်ထားရမည်။ ငါသည် သင့်အား ငါ၏လက်ထဲတွင် အစဉ်အမြဲ ထားရှိမည်။ အမြဲတမ်း တွန့်ဆုတ်ခြင်းနှင့် သင့်ခင်ပွန်း သို့မဟုတ် ဇနီးသည်၏ ထိန်းချုပ်မှုအောက်တွင် ရှိမနေနှင့်။ သင်သည် ငါ၏ အလိုတော်ကို လုပ်ဆောင်ပြည့်စုံစေရန် အခွင့်ပေးရမည်။

ယုံကြည်ခြင်းရှိလော့။ ယုံကြည်ခြင်းရှိလော့။ ငါသည် သင်၏ အနန္တတန်ခိုးရှင် ဖြစ်သည်။ ဤအရာနှင့်ပတ်သက်၍ သင်၌ ထိုးထွင်းသိမြင်မှု တစ်စုံတစ်ရာ ရှိကောင်းရှိလိမ့်မည် ဖြစ်သော်လည်း၊ သင်သတိထားရဦးမည် ဖြစ်သည်။ အသင်းတော်၊ ငါ၏ အလိုတော်နှင့် ငါ၏စီမံခန့်ခွဲမှု အဖို့အလို့ငှာ သင်သည် အပြည့်အဝ ဆက်ကပ်အပ်နှံရမည်ဖြစ်ပြီး၊ အလုံးစုံသော နက်နဲရာများနှင့် ရလဒ်များကို သင့်အား ရှင်းလင်းစွာ တွေ့မြင်စေမည် ဖြစ်သည်။ နောက်ထပ်ကြန့်ကြာခြင်း ရှိတော့မည်မဟုတ်ဘဲ၊ နေ့ရက်ကာလတို့သည် အဆုံးသို့ ရောက်ရှိလာနေပြီ ဖြစ်သည်။ သင်မည်သည့်အရာ လုပ်ဆောင်သင့်သနည်း။ သင်သည် အသက်တာ၌ ကြီးထွားလာပြီး ရင့်ကျက်ရန် မည်ကဲ့သို့ ကြိုးစားသင့်သနည်း။ သင်သည် သာ၍ဆောလျင်စွာ ငါ့အတွက် အသုံးဝင်လာစေရန် သင့်ကိုယ်သင် မည်ကဲ့သို့ ပြုလုပ်နိုင်သနည်း။ သင်သည် ငါ၏ အလိုတော်ကိုဆောင်ရွက်ရန် မည်ကဲ့သို့ ထောက်ကူမည်နည်း။ ဤမေးခွန်းများက များစွာသော ဆင်ခြင်တွေးတောခြင်းနှင့်၊ ငါနှင့် ပို၍နက်ရှိုင်းသော မိတ်သဟာယဖွဲ့ခြင်းကို လိုအပ်သည်။ ငါ့ကိုအမှီပြုလော့၊ ငါ့ကိုယုံကြည်လော့၊ မည်သည့်အခါမျှ အရေးမထားခြင်း မရှိဘဲ ငါ၏ လမ်းညွှန်မှုနှင့်အညီ အမှုအရာများကို လုပ်ဆောင်နိုင်ရမည်။ သင်သည် သမ္မာတရားနှင့် ကောင်းစွာ ပြင်ဆင်ထားရမည် ဖြစ်ပြီး၊ ယင်းကို ပို၍မကြာခဏ စားသောက်ရမည်။ သမ္မာတရားတိုင်းကို ရှင်းလင်းစွာ နားမလည်နိုင်ခင် ၎င်းကို လက်တွေ့လုပ်ဆောင်ရမည်။

သင်၌ လုံလောက်သော အချိန်မရှိဟု သင် ယခု ခံစားရသလော။ သင်သည် အတွင်းထဲ၌ ယခင်နှင့် မတူသည့်အပြင်၊ သင်၏ ဝန်ထုပ်ဝန်ပိုးမှာ ယခု အလွန်လေးလံပုံ ရသည်ဟုလည်း ခံစားရသလော။ ငါ၏ရည်ရွယ်ချက်များမှာ သင့်အပေါ်တွင် ရှိသည်။ သင်သည် အတွေးအမြင်ရှင်းလျက်၊ ထိုအရာများမှ မခွဲထွက်ဘဲ၊ အမြဲတမ်း ငါနှင့် ဆက်နွှယ်နေရမည်

ဖြစ်သည်။ ငါ၏ ရည်ရွယ်ချက်များကို သင်တို့အား အစဉ်အမြဲ ထုတ်ဖော်စိမ့်သောငှာ ငါနှင့် နီးကပ်စွာနေလော့၊ ငါနှင့် ဆွေးနွေးလော့၊ ငါ၏ စိတ်နှလုံးအား ထောက်ထားညှာတာလော့၊ ပြီးလျှင် အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက် အစေခံနိုင်ခြင်းရှိလော့။ အစဉ်အမြဲ သေချာစွာ အထူးအာရုံစိုက်လော့။ သေချာစွာ အာရုံစိုက်လော့။ အနည်းငယ်မျှပင် ပေါ့လျော့ခြင်း မရှိလေနှင့်။ ယင်းသည် သင်၏ တာဝန်ဖြစ်ပြီး ငါ၏အမှုသည် ထိုအထဲ၌ တည်၏။

ယခုအချိန်တွင် သင်သည် အနည်းငယ်မျှသော နားလည်မှု ရကောင်းရခဲ့ပြီး ဖြစ်ပြီး၊ ဤသည်မှာ အတော်ပင် အံ့သြဖွယ်ကောင်းသည်ဟု ခံစားရနိုင်သည်။ ယင်းသည် လူသား၏ အယူအဆများ၊ စိတ်ကူးများနှင့် ထင်မြင်ချက်များနှင့် လုံးလုံးလျားလျား ခြားနားနေသည်ဟု ခံစားရလျက် သင်သည် အတိတ်က သံသယများရှိကောင်းရှိနိုင်ခဲ့သော်လည်း ယခုတွင် အခြေခံကျကျ နားလည်သဘောပေါက်လေသည်။ ဤသည်မှာ ငါ၏ အံ့သြဖွယ်သော အမှုဖြစ်ပြီး၊ ဘုရားသခင်၏ အံ့သြဖွယ်သော အမှုလည်းဖြစ်သည်။ သင်သည် ထိုအထဲ၌ လျှောက်လှမ်းစဉ် အပြည့်အဝနိုးကြားကာ စောင့်စားရမည် ဖြစ်သည်။ အချိန်သည် ငါ၏လက်ထဲတွင် ရှိသည်၊ ယင်းကို မဖြုန်းတီးနှင့်၊ ထို့ပြင် တစ်ခဏတာမျှပင် လုံးဝ ပေါ့လျော့ခြင်း မရှိလေနှင့်။ အချိန်ဖြုန်းတီးခြင်းက ငါ၏အမှုကို နှောင့်နှေးကြန့်ကြာစေပြီး၊ ယင်းက သင့်အပေါ်၌ ငါ၏အလိုတော်ကို အဟန့်အတားဖြစ်စေသည်။ သင်တို့သည် တစိမ့်စိမ့်ချင့်ချိန်ပြီး၊ ငါနှင့်မကြာခဏ မိတ်သဟာယဖွဲ့ရမည်။ သင်သည် သင်၏ လုပ်ဆောင်ချက်များ၊ လှုပ်ရှားမှုများ၊ ထင်မြင်ချက်များ၊ စိတ်ကူးများ၊ သင်၏ မိသားစု၊ ခင်ပွန်းသည်၊ သားသမီးများ အလုံးစုံတို့ကို ငါ၏ရှေ့မှောက်သို့ ယူဆောင်လာရမည်။ သင်၏ လက်တွေ့ကျင့်ဆောင်ခြင်း၌ မိမိကိုယ်ကိုယ် အမှီမပြုနှင့်၊ သို့မဟုတ်ပါက ငါသည် ပြင်းစွာဒေါသထွက်လာပြီး၊ သင်၏ ဆုံးရှုံးမှုများသည် ကြီးမားလိမ့်မည်။

အချိန်တိုင်းတွင် သင်ကိုယ်တိုင်၏ခြေလှမ်းများကို ထိန်းချုပ်ပြီး၊ အစဉ်အမြဲ ငါ၏ နှုတ်ကပတ်တော်များအတွင်း၌ လျှောက်လှမ်းလော့။ သင်၌ ငါ၏ဉာဏ်ပညာ ရှိရမည်။ သင်သည် မည်သည့်အခက်အခဲများကိုမဆို ကြုံရသည့်အခါ ငါ၏ရှေ့မှောက်သို့ လာလော့၊ ထိုအခါ ငါသည် သင့်ကို လမ်းညွှန်မှုပေးမည်။ ပြဿနာဖန်တီးခြင်း သို့မဟုတ် ပရမ်းပတာ ပြောဆိုဆွေးနွေးခြင်း မပြုနှင့်။ သင်၏အသက်တာသည် အကျိုးကျေးဇူး မရရှိပါက၊ ယင်းသည် သင် အသိပညာမဲ့ပြီး၊ ကောင်းသောစကားများနှင့် ဆိုးသောစကားများကို ပိုင်းခြား၍ မသိမြင်နိုင်ခြင်းကြောင့် ဖြစ်သည်။ သင်သည် အန္တရာယ်ကျရောက်ခံရပြီးကာ၊

ဆိုးဝါးသောအခြေအနေ၌ရှိနေကာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အတူပါရှိခြင်း မရှိသော အချိန်အထိ ဤအရာကို နားလည်မည် မဟုတ်ပေ။ သို့သော် ထိုအချိန်ကျလျှင် အလွန်အမင်း နောက်ကျပြီးဖြစ်လိမ့်သည်။ ယခုတွင် အချိန်သည် အပူတပြင်း ဖြစ်နေသောကြောင့် သင်သည် အသက်တာပြိုင်ပွဲ၌ အနည်းငယ်မျှပင် နောက်ကျကျန်ရစ်ခြင်း မရှိရပေ။ သင်သည် ငါ၏ခြေလှမ်းများကို အလွန်နီးကပ်စွာ လိုက်လျှောက်ရမည်။ အခက်အခဲများ တစ်စုံတစ်ရာ ပေါ်လာသည့် အချိန်တွင်၊ ငါနှင့် အနီးကပ်အသက်ရှင်ခြင်းအားဖြင့် မကြာခဏ ဆင်ခြင်သုံးသပ်ခြင်းကို ပြုလုပ်ပြီး၊ ငါနှင့် တိုက်ရိုက် မိတ်သဟာယဖွဲ့လော့။ ဤလမ်းကြောင်းကို သင် နားလည်သဘောပေါက်နိုင်လျှင်၊ ဤအရာက သင့်ရှေ့က ဝင်ရောက်ခြင်းကို လွယ်ကူစေလိမ့်မည်။

ငါ၏နှုတ်ကပတ်တော်များသည် သင့်ကိုသာ တိုက်ရိုက်ရည်ရွယ်ခြင်း မဟုတ်ပေ။ အသင်းတော်ရှိ လူတိုင်းသည် အမျိုးမျိုးသော လက္ခဏာသွင်ပြင်များ ကင်းမဲ့ကြသည်။ သင်တို့သည် ပို၍ မိတ်သဟာယဖွဲ့ကာ၊ သင်တို့ကိုယ်တိုင်၏ ဝိညာဉ်ရေးရာ ဆည်းကပ်ချိန်များအတွင်း တစ်ဦးချင်းစီ စားသောက်နိုင်ပြီး၊ အခရာကျသော သမ္မာတရားများကို နားလည်သဘောပေါက်နိုင်ကာ ယင်းတို့ကို ချက်ချင်းပင် လက်တွေ့လုပ်ဆောင်နိုင်ရမည် ဖြစ်သည်။ သင်တို့သည် ငါ့နှုတ်ကပတ်တော်၏ စစ်မှန်မှုနှင့် အကျွမ်းတဝင်ရှိရမည်- ယင်း၏ တကယ့်အချက်အချာနှင့် ယင်း၏ အခြေခံသဘောတရားများကို ဖမ်းဆုပ်ပြီး သင်၏ ဆုပ်ကိုင်ထားမှုကို မလျှော့ပေးလေနှင့်။ အစဉ်အမြဲ တစိမ့်စိမ့်ချင့်ချိန်လျက်၊ ငါနှင့် အစဉ်အမြဲ မိတ်သဟာယဖွဲ့လော့၊ ထို့နောက် အမှုအရာများသည် တဖြည်းဖြည်း ထုတ်ဖော်ခြင်းခံရမည်။ သင်သည် ဘုရားသခင်နှင့် တစ်ခဏတာမျှ နီးကပ်လာပြီးနောက် သင်၏ နှလုံးသားကို သူ၏ ရှေ့မှောက်တွင် ငြိမ်ဝပ်လာအောင် စောင့်ဆိုင်းခြင်းမရှိဘဲ အခြားအရာတစ်ခုခု သင့်အပေါ် ဖြစ်ပျက်သည့်အခါ စိတ်အနှောင့်အယှက် ဖြစ်၍မရပေ။ သင်သည် အစဉ်အမြဲ ဇဝေဇဝါဖြစ်လျက် အမှုအရာများအပေါ် ရှင်းလင်းခြင်းမရှိသည့်အပြင် ငါ၏မျက်နှာကို မမြင်နိုင်ပေ။ ထိုသို့ဖြစ်၍ သင်သည် ငါ၏ စိတ်နှလုံးကို ရှင်းလင်းစွာ သဘောပေါက် နားလည်ခြင်းကို မရရှိနိုင်ပေ။ ထို့ပြင် သင်သည် ယင်းကို အနည်းငယ် နားလည်သဘောပေါက်နိုင်သော်လည်း သင်သည် မသေချာဘဲ သံသယဖြစ်သေးသည်။ သင်၏နှလုံးသားကို ငါသည် အပြည့်အဝ ပိုင်ဆိုင်ပြီး၊ သင်၏ စိတ်အာရုံသည် မည်သည့်လောကီအရာတို့၏ နှောက်ယှက်ခြင်းကိုမျှ မခံရတော့ဘဲ၊ သင်သည် ကြည်လင်ပြတ်သားပြီး ငြိမ်သက်သော စိတ်အာရုံဖြင့် စောင့်စားနိုင်သောအခါမှသာ ငါသည် သင်တို့အား ငါ၏ ရည်ရွယ်ချက်များနှင့်အညီ ထုတ်ဖော်ခြင်းများကို တစ်ခုပြီးတစ်ခု

ပြုမည်ဖြစ်သည်။ သင်တို့သည် ငါနှင့် ဤရင်းနှီးကျွမ်းဝင်ခြင်းလမ်းကြောင်းကို နားလည်သင့်သည်။ သင့်အား မည်သူ ရိုက်နှက်သည် သို့မဟုတ် ဆဲဆိုသည်ဖြစ်စေ၊ သို့မဟုတ် သင့်အား လူတို့ ပေးသောအရာများ မည်မျှပင် ကောင်းမွန်သည်ဖြစ်စေ၊ ၎င်းတို့သည် သင့်အား ဘုရားသခင်နှင့် နီးကပ်ခြင်းမှ တားဆီးထားပါက ယင်းမှာ လက်ခံနိုင်ဖွယ်ရာ မရှိပေ။ သင်၏စိတ်နှလုံးကို ငါ၏လက်ထဲ၌ ရှိစေလော့၊ ပြီးလျှင် ငါ့အပါးမှ လုံးဝ မထွက်ခွာလေနှင့်။ ဤကဲ့သို့သော ရင်းနှီးကျွမ်းဝင်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းအားဖြင့်၊ သင်၏ မိဘများ၊ ခင်ပွန်း၊ သားသမီးများ၊ အခြားသော မိသားစုဆက်သွယ်မှုနှင့် လောကီရေးရာ အနှောင်အဖွဲ့များအားလုံး လွင့်ပါးသွားလိမ့်မည်။ သင်သည် သင်၏ စိတ်နှလုံးထဲတွင် ဖော်ပြ၍ မရနိုင်လုနီးဖြစ်သော ချိုမြိန်မှုကို ခံစားရမည် ဖြစ်ပြီး၊ မွှေးကြိုင်ပြီး ကောင်းမွန်သော အရသာကို တွေ့ကြုံခံစားရမည် ဖြစ်သည်။ ထိုမျှမက သင်သည် အမှန်တကယ် ငါ့ထံမှ ခွဲခွာ၍ရနိုင်မည် မဟုတ်ပေ။ ဤပုံစံအတိုင်း ဆက်သွားပါက၊ သင်တို့သည် ငါ၏ စိတ်နှလုံးထဲတွင် ရှိသောအရာကို နားလည်သဘောပေါက်လိမ့်မည်။ ငါသည် သင်တို့၏ လမ်းခရီးဖြစ်ပြီး အရာခပ်သိမ်းသည် ငါ့ကြောင့် ဖြစ်တည်နေသောကြောင့် သင်တို့သည် ဆက်လက်၍ တိုးတက်လာသည်နှင့်အမျှ မည်သည့်အခါမျှ လမ်းပျောက်လိမ့်မည်မဟုတ်။ သင်၏အသက်တာ မည်မျှရင့်ကျက်သည်၊ သင်သည် မည်သည့်အချိန်၌ လောကီရေးရာများမှ ထွက်ပြေးလွတ်မြောက်နိုင်မည်၊ သင်၏ စိတ်လှုပ်ရှားမှုများကို မည်သည့်အချိန်၌ ဖယ်ရှားနိုင်မည်၊ သင်၏ ခင်ပွန်းနှင့် သားသမီးများကို မည်သည့်အချိန်၌ ချန်ထားခဲ့နိုင်မည်၊ သင်၏အသက်တာ မည်သည့်အချိန်၌ ရင့်ကျက်လာမည်...စသည့်အရာအားလုံးတို့သည် ငါ၏ အချိန်နာရီနှင့်အညီ ဖြစ်ပျက်လာလိမ့်မည်။ စိုးရိမ်ကြောင့်ကြရန် မလိုအပ်ပေ။

သင်သည် အပြုသဘောဆောင်သည့်ဘက်မှ ဝင်ရောက်မှုကို ရယူရမည်။ မလှုပ်မယှက် စောင့်စားနေခဲ့လျှင် သင်သည် အပျက်သဘောဆောင်နေဆဲသာ ဖြစ်သည်။ သင်သည် ငါနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးယူရာ၌ လိုလားတက်ကြွနေရမည် ဖြစ်သည်။ လုံ့လဝီရိယရှိပြီး ဘယ်သောအခါမျှ မပျင်းရိလေနှင့်။ ငါနှင့် အမြဲတစေ မိတ်သဟာယဖွဲ့ပြီး၊ ငါနှင့် ပို၍ပင် နက်ရှိုင်းသော ရင်းနှီးကျွမ်းဝင်ခြင်းကို ရယူလော့။ အကယ်၍ သင်နားမလည်ပါက၊ မြန်ဆန်သော ရလဒ်များ ရရှိရန် ဆန္ဒမစောလေနှင့်။ ငါသည် သင့်အား မပြောပြဘဲ နေမည် မဟုတ်။ သင်သည် ငါ့မျက်မှောက်တွင်ရှိစဉ် ငါ့အပေါ် အမှီပြုခြင်း ရှိမရှိနှင့်၊ ငါ့အပေါ် သင်၏ မှီခိုအားထားမှုတွင် သင်သည် ယုံကြည်စိတ်ချခြင်း ရှိမရှိကို ငါမြင်တွေ့လိုခြင်း ဖြစ်သည်။ သင်သည် အစဉ်အမြဲ ငါနှင့် နီးကပ်စွာ ရှိနေပြီး၊ အမှုအရာခပ်သိမ်းကို ငါ့လက်ထဲတွင် ထားရှိရမည်။ အချည်းနှီး ပြန်လှည့်မသွားနှင့်။ သင်သည် အချိန်ကာလတစ်ခုအထိ သတိမမူမိဘဲ

ငါနှင့် နီးကပ်စွာရှိနေပြီးနောက်တွင် သင့်အား ငါ၏ ရည်ရွယ်ချက်များကို ထုတ်ဖော်ပြသမည်။ သင်သည် ယင်းတို့ကို သဘောပေါက်နားလည်လျှင် ငါနှင့် အမှန်တကယ် မျက်နှာချင်းဆိုင် တွေ့ဆုံရမည်ဖြစ်ပြီး၊ သင်သည် ငါ၏ မျက်နှာကို အမှန်တကယ် တွေ့ရှိပြီး ဖြစ်လိမ့်မည်။ သင်သည် အတွင်းထဲ၌ များစွာသော ရှင်းလင်းမှုနှင့် တည်ကြည်ခိုင်မာမှုကို ရရှိလိမ့်မည်ဖြစ်ပြီး၊ သင်၌ မှီခိုအားထားစရာ တစ်စုံတစ်ရာ ရှိလိမ့်မည်ဖြစ်သည်။ ထို့နောက် သင်သည် လုပ်နိုင်စွမ်းနှင့် ယုံကြည်စိတ်ချမှုကိုလည်း ပိုင်ဆိုင်လိမ့်မည် ဖြစ်ပြီး၊ သင်သည် ရှေ့ဆက်ရမည့် လမ်းကြောင်း ရှိလိမ့်မည်ဖြစ်သည်။ အရာအားလုံးမှာ သင့်အတွက် လွယ်ကူပေလိမ့်မည်။

## အခန်း ၁၀

သင်သည် ဤအရာ ထိုအရာတို့ကို ကြောက်ရွံ့ခြင်း မရှိအပ်။ မည်မျှများပြားသော အခက်အခဲများနှင့် အန္တရာယ်များ သင်ရင်ဆိုင်ရစေကာမူ၊ ငါ၏ အလိုကို မပိတ်ဆီးဘဲ ဆောင်ရွက်နိုင်ဖို့အလို့ငှာ၊ သင်သည် မည်သည့် အဟန့်အတားမျှဖြင့် ပိတ်ဆို့ခံရခြင်းမရှိဘဲ ငါ၏ရှေ့၌ မြဲမြဲလျက် နေနိုင်စွမ်းရှိသည်။ ဤသည်မှာ သင်၏ တာဝန်ဖြစ်သည်။ သို့မဟုတ်ပါက ငါ၏ အမျက်ဒေါသကို သင့်အပေါ်သို့ ငါ ယူဆောင်လာမည် ဖြစ်ပြီး ငါ၏လက်ဖြင့် ပြုမည်....။ ထိုအခါ သင်သည် မဆုံးနိုင်သော စိတ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခကို ခံရပ်ရလိမ့်မည်။ အားလုံးကို သင် ခံရပ်ရမည်။ ငါ့အတွက် သင်သည် သင်ပိုင်ဆိုင်သမျှ အရာရာတိုင်းကို စွန့်လွှတ်ဖို့နှင့် ငါ့နောက်လိုက်ရန် သင်လုပ်နိုင်သမျှ အရာရာကို လုပ်ဆောင်ဖို့ အဆင်သင့် ရှိရမည် ဖြစ်ကာ၊ သင်၏ အရာအားလုံးကို အသုံးပြုဖို့ အဆင်သင့် ရှိရမည်။ ယခုအချိန်သည် သင့်ကို ငါစစ်ဆေးမည့် အချိန်ဖြစ်သည်။ သင်၏ သစ္စာစောင့်သိမှုကို ငါ့အား သင်ဆက်ကပ်မည်လော။ သင်သည် လမ်းဆုံးအထိ သစ္စာရှိစွာ ငါ့နောက် လိုက်နိုင်သလော။ ကြောက်ရွံ့ခြင်းမရှိနှင့်။ ငါ၏မစခြင်းဖြင့်၊ အဘယ်သူသည် ဤလမ်းကို တစ်ကြိမ်တစ်ခါမျှ ပိတ်ဆို့နိုင်မည်နည်း။ ဤအရာကို သတိရလော့၊ မမေ့လျော့နှင့်။ ဖြစ်သမျှအားလုံးသည် ငါ၏ကောင်းမွန်သော ရည်ရွယ်ချက်အားဖြင့် ဖြစ်ပြီး၊ အရာရာသည် ငါ၏ စောင့်ကြည့်ခြင်းအောက်တွင် ရှိ၏။ သင် ပြောသမျှနှင့် လုပ်သမျှအားလုံးတွင် ငါ၏နှုတ်ကပတ်တော်ကို သင် လိုက်လျှောက်နိုင်သလော။ မီးဖြင့် စမ်းသပ်မှုများ သင့်အပေါ် ရောက်လာသောအခါ၊ သင်သည် ဒူးထောက်ကာ ဟစ်ခေါ်မည်လော။ သို့မဟုတ် ရှေ့ဆက်နိုင်စွမ်းမရှိဘဲ တွန့်ဆုတ်မည်လော။

သင်၏အတွင်း၌ ငါ၏သတ္တိကို သင် ပိုင်ဆိုင်ရမည် ဖြစ်ပြီး၊ မယုံကြည်သော ဆွေမျိုးများနှင့်

ရင်ဆိုင် လာရသည့်အခါတွင် သင်သည် ကိုယ်ကျင့်တရားများ ရှိရမည်။ သို့သော် ငါ့အတွက် သင်သည် မည်သည့် အမှောင်အင်အားစုကိုမျှလည်း အလျှော့မပေးရ။ စုံလင်သော လမ်းကို လျှောက်လှမ်းရန် ငါ၏ဉာဏ်ပညာကို အမှီပြုလော့။ စာတန်၏ မည်သည့် လှို့ဝှက်ကြံစည်ခြင်းကိုမျှ ထိန်းချုပ်ခွင့် မပေးနှင့်။ ငါ၏ရှေ့မှောက်သို့ သင်၏စိတ်နှလုံးထားရှိရာတွင် သင်၏ရှိသမျှလုံ့လစိုက်လော့၊ ပြီးလျှင် ငါသည် သင့်ကို နှစ်သိမ့်ကာ သင့်ထံ ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်း ယူဆောင်လာပေးမည်။ အခြားသူတို့ရှေ့တွင် ပုံစံတစ်မျိုး ဖြစ်ဖို့ မကြိုးပမ်းနှင့်။ ငါ့ကို ကျေနပ်စေခြင်းသည် သာ၍တန်ဖိုးရှိပြီး အလေးသာသည် မဟုတ်လော။ ငါ့ကို ကျေနပ်စေခြင်းဖြင့်၊ သင်သည် ထာဝရတည်ပြီး ရာသက်ပန်ဖြစ်သော ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းတို့ဖြင့် သာ၍ပင် ပြည့်လိမ့်မည်မဟုတ်လော။ သင်၏ လတ်တလော ဆင်းရဲဒုက္ခသည် သင်၏ အနာဂတ် ကောင်းချီးမင်္ဂလာများ မည်မျှ ကြီးမားမည်ကိုသာ ဖော်ပြ၏။ ၎င်းတို့သည် ဖော်ပြမရနိုင်အောင် ဖြစ်သည်။ သင် ရရှိမည့် ကောင်းချီးမင်္ဂလာများ၏ ကြီးမားမှုကို သင် မသိပေ။ ယင်းကို သင့်အနေဖြင့် စိတ်ကူးယဉ်၍ပင် ရနိုင်မည်မဟုတ်။ ယနေ့တွင် ထိုအရာသည် အမှန်တကယ်ဖြစ်လာလေပြီ။ အလွန့်အလွန်ကို အမှန်တကယ် ဖြစ်ပေသည်။ ဤသည်မှာ အလှမ်းဝေးလွန်းလှသည် မဟုတ်- သင်မြင်နိုင်သလော။ ဤအရာ၏ ရှိသမျှတိုင်းသည် ငါ၏အတွင်းတွင်ရှိ၏။ ရှေ့ကလမ်းသည် တောက်ပလှပေစွတကား။ သင်၏ မျက်ရည်များကို သုတ်လော့၊ ပြီးလျှင် နာကျင်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်းတို့ကို နောက်ထပ် မခံစားနှင့်။ အရာအားလုံးကို ငါ၏လက်များဖြင့် စီစဉ်ထားပြီး ငါ၏ ရည်မှန်းချက်မှာ သင်တို့ကို မကြာမီ အောင်မြင်သောသူများ ဖြစ်စေကာ ငါနှင့်အတူ ဘုန်းအသရေထဲသို့ သင်တို့ကို ခေါ်ဆောင်ရန်ဖြစ်သည်။ သင်၌ ဖြစ်ပျက်သမျှ အားလုံး အတွက်၊ သင့်အနေဖြင့် လိုက်လျောညီထွေစွာ ကျေးဇူးတင်ကာ ချီးမွမ်းခြင်းဖြင့် ပြည့်သင့်ပေသည်။ ယင်းက ငါ့ကို နက်ရှိုင်းသည့် စိတ်ကျေနပ်မှု ယူဆောင် လာပေးလိမ့်မည်။

ခရစ်တော်၏ ထူးကဲသာလွန်သော အသက်သည် ပေါ်ထွန်းနှင့်လေပြီ။ သင့်အတွက် ကြောက်ရွံ့စရာ ဘာမျှမရှိပေ။ စာတန်တို့သည် ငါတို့၏ခြေအောက်၌ရှိကာ ၎င်းတို့၏အချိန်သည် များစွာ ကြည်ရှည်ခံလိမ့်တော့မည် မဟုတ်။ နိုးထလော့။ ကိလေသာညစ်ညူးခြင်း လောကကို စွန့်ပယ်လော့။ သေခြင်း၏ ချောက်နက်မှ မိမိကိုယ်ကိုယ် လွတ်မြောက်စေလော့။ မည်သည့်အရာဖြစ်ပါစေ ငါ့ကို သစ္စာစောင့်သိပြီး၊ ရဲရင့်စွာ ရှေ့သို့တက်လှမ်းလော့။ ငါသည် သင်၏ခွန်အား ကျောက်ဆောင်ဖြစ်၏၊ ထို့ကြောင့် ငါ့အပေါ် အမှီပြုလော့။

# အခန်း ၁၁

ငါသည် သင်၏ဘုရားသခင်လော။ ငါသည် သင်၏ ရှင်ဘုရင်လော။ သင်သည် သင့်အထဲ၌ ငါ့ကို ရှင်ဘုရင်အဖြစ် အမှန်တကယ် အုပ်စိုးခွင့်ပြုပြီလော။ သင့်ကိုယ်သင် စေ့စပ်သေချာစွာ ဆန်းစစ်သင့်၏- အလင်းသစ်လာသောအခါ၊ ယင်းနောက်သို့မလိုက်ဘဲ ဟန့်တားသည်အထိ တိုင်အောင်ပင် သေချာစွာမလေ့လာဘဲ၊ ငြင်းပယ်ခဲ့သည် မဟုတ်လော။ ဤအတွက် သင်သည် တရားစီရင်ခြင်းကို ကြုံရမည်ဖြစ်ပြီး သင်၏ပျက်စီးကိန်းသို့ ကျရောက်လိမ့်မည်။ သင်သည် တရားစီရင်ခြင်းကို ခံရကာ သံလုံတံဖြင့် ရိုက်နှက်ခြင်းကို ခံရမည်ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ခံစားရမည်မဟုတ်ပေ။ သင်သည် များမကြာမီ ငိုကြွေးရမည် ဖြစ်ပြီး အော်ငိုမြည်တမ်းရင်းဖြင့် ဒူးထောက်လျက် ဝတ်ပြုလိမ့်မည်။ ငါသည် သင့်တို့ကို အမြဲတမ်း ပြောဆိုပြီး စကားပြောခဲ့ပြီ ဖြစ်သည်။ ငါသည် ငါ၏နှုတ်ကပတ်တော်များကို သင့်တို့အား မည်သည့်အခါမျှ ထိမ်ချန်ထားခဲ့ခြင်းမရှိပေ။ ပြန်စဉ်းစားလော့- ငါသည် သင့်တို့ကို တစ်စုံတစ်ခုပြောပြရန် ပျက်ကွက်ခဲ့ဖူးသလော။ သို့ပါလျက် အမှုအရာများကို မှားယွင်းသောနည်းဖြင့် လုပ်မြဲလုပ်ကြသော လူအချို့ရှိသည်။ သူတို့သည် နေမင်းကို ပိတ်ဖုံးထားသော သံသယ မြူခိုးများထဲတွင် လမ်းပျောက်နေကြပြီး၊ သူတို့သည် အလင်းကို လုံးဝ မမြင်ကြပေ။ ဤသည်မှာ သူတို့၏ “အတ္တ” ဟူသော အသိက အလွန် ပြင်းထန်သောကြောင့် သို့မဟုတ် သူတို့၏ကိုယ်ပိုင် အယူအဆများက အလွန် ကြီးမားသောကြောင့် မဟုတ်သလော။ သင်သည် မည်သည့်အချိန်မှစ၍ ငါ့အပေါ် အလေးထားမှု ရှိခဲ့သနည်း။ သင်သည် မည်သည့်အချိန်မှစ၍ သင့်စိတ်နှလုံးထဲတွင် ငါ့အတွက်နေရာပေးခဲ့သနည်း။ သင်ကျရှုံးခဲ့သောအခါ၊ မတတ်စွမ်းကြောင်း သင့်ကိုယ်သင် တွေ့မြင်သောအခါနှင့် သင်၌ ရွေးချယ်စရာများ လုံးဝမရှိသော အခါများမှသာ သင်သည် ငါ့ထံ ဆုတောင်း၏။ သို့ဆိုလျှင် ကောင်းပြီ- ယခု အမှုအရာများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဘယ်ကြောင့် မလုပ်ဆောင်သနည်း။ အသင်လူသားတို့။ သင့်ကို ဖျက်ဆီးသည်မှာ ထိုအတ္တဟောင်းပင် ဖြစ်ချေသည်။

လူအချို့တို့သည် လမ်းကို ရှာမတွေ့နိုင်ကြသည့်အပြင် သူတို့သည် အလင်းသစ်ကို မီအောင် မလိုက်နိုင်ကြပေ။ သူတို့သည် ယခင်က သူတို့မြင်တွေ့ဖူးသည့် ထိုအရာများကိုသာ မိတ်သဟာယပြုကြ၏။ သူတို့အတွက် အသစ်သောအရာ မရှိပေ။ ယင်းမှာ အဘယ်ကြောင့်နည်း။ သင်တို့သည် မိမိကိုယ်တိုင်၏ အတွင်းထဲ၌ နေထိုင်ပြီး ငါ့အတွက်

တံခါးကို ပိတ်ထားကြ၏။ သင်သည် သန့်ရှင်းသောဝိညာဉ်တော် အလုပ်၏ နည်းလမ်းများ ပြောင်းလဲသည်ကို တွေ့မြင်လျက်၊ မှားယွင်းမှု မရှိစေရန် သင်၏စိတ်နှလုံးထဲ၌ အမြဲပင် သတိထား၏။ ဘုရားသခင်အပေါ် သင်၏ ချစ်ကြောက်ရိုသေခြင်းက အဘယ်မှာနည်း။ ယင်းကို ဘုရားသခင့် မျက်မှောက်၏ ဆိတ်ငြိမ်မှုထဲ၌ သင် ရှာဖွေခဲ့ပြီလော။ သင်သည် "သန့်ရှင်းသော ဝိညာဉ်တော်က အမှန်တကယ် ထိုကဲ့သို့ အမှုပြုသလော။" ဟုသာ တွေးမိသည်။ အချို့သော လူတို့ မြင်တွေ့ခဲ့ပြီးသောအရာမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ပင် ဖြစ်သည်၊ သို့ရာတွင် သူတို့၌ ထိုအရာနှင့်ပတ်သက်၍ ပြောစရာ အကြောင်းများ ရှိနေသေးသည်။ အခြားသူတို့က ယင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည်ဟု ဝန်ခံသော်လည်း၊ ထိုသူတို့က ၎င်းကို လက်မခံကြပေ။ သူတို့ တစ်ဦးစီ၏ အတွင်းထဲ၌ အမျိုးမျိုးသော အယူအဆများ ပေါ်ထွက်လာပြီး သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို နားမလည်ကြပေ။ သူတို့သည် ပေါ့လျော့ပြီး ဂရုမစိုက်ကြသည့်အပြင်၊ အဖိုးအခ ပေးရန်နှင့် ငါမျက်မှောက်၌ စိတ်အားထက်သန်ရန် အလိုမရှိကြချေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့ကို ဉာဏ်အလင်းပေးပြီးဖြစ်သော်လည်း၊ သူတို့သည် ပြောဆိုဆွေးနွေးရန် သို့မဟုတ် ရှာဖွေရန် ငါ့ရှေ့မှောက်သို့ လာကြမည် မဟုတ်ချေ။ ထို့အစား သူတို့သည် သူတို့သဘောရှိသည့် မည်သည့်အရာကိုမဆို လုပ်ဆောင်လျက်၊ သူတို့၏ ကိုယ်ပိုင် လိုအင်ဆန္ဒများ နောက်ကိုသာ လိုက်ကြသည်။ ဤသည်မှာ မည်ကဲ့သို့သော ရည်ရွယ်ချက်မျိုး ဖြစ်သနည်း။

## အခန်း ၁၂

အကယ်၍ သင်၌ လေနှင့် မိုးကဲ့သို့ ဟိုဟိုသည်သည် တိုက်ခတ်တတ်သည့် မတည်ငြိမ်သော စိတ်သဘောထားရှိပြီး၊ သင့်အစွမ်းရှိသမျှဖြင့် စဉ်ဆက်မပြတ် ရှေ့မဆက်မသွားနိုင်ပါက၊ ငါ၏လှံတံသည် မည်သည့်အခါမျှ သင်နှင့် အဝေးတွင် ရှိလိမ့်မည်မဟုတ်။ သင်သည် ကိုင်တွယ်ဖြေရှင်းခြင်း ခံနေရသည့်အခါ၊ ပတ်ဝန်းကျင်က ပို၍ ဆိုးကျိုးပေးသည့်အခါနှင့် သင်သည် ပို၍ ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသည့်အခါတွင်၊ ဘုရားသခင်အပေါ် ထားရှိသော သင်၏ချစ်ခြင်းမေတ္တာမှာ ပို၍ ကြီးမားလာပြီး၊ သင်သည် လောကအပေါ် တွယ်တာမှု ရပ်သွားလိမ့်မည်။ သင်သည် ရှေ့သို့ အခြားသောလမ်း မရှိတော့ဘဲ၊ ငါ့ထံသို့လာပြီး သင်၏ခွန်အားနှင့် မိမိကိုယ်ကိုယ် စိတ်ချယုံကြည်မှုကို ပြန်လည်ရရှိမည် ဖြစ်သည်။ သို့သော်လည်း သင်သည် ပို၍လွယ်ကူသက်သာသော ပတ်ဝန်းကျင်၌ ရှိနေသေးပါက၊ တော်စွလျော်စွ ကြုံရာကျပန်း ဖြစ်နေပေမည်။ သင်သည် အပြုသဘောဆောင်သောဘက်မှ

ဝင်ရောက်ရမည်၊ တက်ကြွပြီး မလှုပ်မယှက် မနေနှင့်။ မည်သူ့ကြောင့် သို့မဟုတ် မည်သည့်အရာကြောင့်မဆို၊ အခြေအနေများအားလုံး၌ သင်သည် တုန်လှုပ်ခြင်း မရှိရဘဲ၊ တစ်ဦးတစ်ယောက်၏ စကားလုံးများ၏ လွှမ်းမိုးခြင်းကိုလည်း မခံရပေ။။ သင်၌ တည်ငြိမ်သော စိတ်သဘောထား ရှိရမည် ဖြစ်ပြီး၊ လူတို့ မည်သည့်အရာ ပြောစေကာမူ၊ သင်သည် သမ္မာတရား ဖြစ်သည်ဟု သင်သိသည့်အရာကို ချက်ချင်း လက်တွေ့ကျင့်သုံးရမည်။ သင်သည် မည်သူနှင့် ရင်ဆိုင်နေရစေကာမူ၊ သင့်အထဲတွင် အလုပ်လုပ်နေသည့် ငါ့နှုတ်ကပတ်တော်ကို အမြဲရှိနေရမည်။ သင်သည် ငါ့အတွက် သက်သေခံခြင်း၌ ခိုင်မြဲစွာ ရပ်တည်နိုင်ပြီး၊ ငါ၏ဝန်ထုပ်များအတွက် စာနာထောက်ထားမှုကို ပြသနိုင်ရမည်။ ကိုယ်ပိုင်အတွေးအခေါ်များ မရှိဘဲနှင့် လူတို့အား ကျိုးကြောင်းမမြင်ဘဲ သဘောတူလျက် စိတ်ရှုပ်ထွေးခြင်း မရှိရပေ။ ထို့ထက် သင်သည် ရပ်တည်ရန်နှင့် ငါ့ထံမှမလာသော ထိုအရာများကို ကန့်ကွက်ရန် သတ္တိရှိရမည်။ တစ်စုံတစ်ခု မှားနေသည်ကို ရှင်းလင်းစွာ သင်သိသော်လည်း နှုတ်ဆိတ်နေပါက၊ သင်သည် သမ္မာတရားကို လက်တွေ့ကျင့်သုံးသော လူတစ်ယောက် မဟုတ်ပေ။ သင်သည် တစ်စုံတစ်ခု မှားနေသည်ကို သိသော်လည်း၊ အကြောင်းအရာကို လှည့်လိုက်ပြီး စာတန်၏ ပိတ်ဆို့ခြင်းကို ခံရလျက်၊ သင့်ကို် မည်သည့်အကျိုးသက်ရောက်မှုမျှ မရှိဘဲ ပြောဆိုစေပြီး အဆုံးတိုင်အောင် မဆုတ်မနစ်လုံ့လထုတ်ခြင်း မရှိစေနိုင်ပါက၊ ဤသည်မှာ သင်သည် ကြောက်ရွံ့ခြင်းကို မိမိစိတ်နှလုံးထဲတွင် သယ်ဆောင်နေသေးသည် ဟူသည့်အဓိပ္ပာယ်ဖြစ်သည်။ သို့ဖြစ်၍ သင်၏စိတ်နှလုံးမှာ စာတန်၏ စိတ်ကူးများနှင့် ပြည့်နှက်နေသေးသည် ဟူသည့် အကြောင်းကိစ္စပင် ဖြစ်သည် မဟုတ်လော။

အောင်မြင်သောသူဆိုသည်မှာ အဘယ်နည်း။ ခရစ်တော်၏ စစ်သည်ကောင်းများသည် ရဲရင့်ရမည်ဖြစ်ပြီး၊ ဝိညာဉ်ရေးရာ ခွန်အားကြီးရန် ငါ့အပေါ် မှီခိုရမည်ဖြစ်သည်။ ၎င်းတို့သည် စစ်သူရဲများ ဖြစ်လာရန် တိုက်ခိုက်ပြီး စာတန်ကို အသေအကြေ စစ်ထိုးရမည်။ သင်သည် အမြဲတမ်း နိုးကြားနေရမည်ဖြစ်ပြီး၊ သို့ဖြစ်၍ အချိန်တိုင်းတွင် ငါနှင့် တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်ဖို့ရန်နှင့် ငါ့ထံ ပို၍ တိုးဝင်ချဉ်းကပ်ဖို့ သင်ယူရန် သင့်ကို ငါတောင်းဆိုခြင်းဖြစ်သည်။ အကယ်၍ မည်သည့်အချိန်နှင့် မည်သည့် အခြေအနေတွင်မဆို၊ ငါ့ဟောပြောချက်ကို နားထောင်ကာ ငါ၏ နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက်များကို အာရုံစိုက်လျက်၊ ငါ့ရှေ့တွင် ဆိတ်ငြိမ်စွာ နေနိုင်ပါလျှင်၊ သင်သည် ယိမ်းယိုင်ခြင်းမရှိဘဲ သင်၏ရပ်တည်ချက်ကို ဆုံးရှုံးမည်မဟုတ်ချေ။ ငါ၏အထဲမှ သင် လက်ခံရရှိသော အရာမှန်သမျှကို လက်တွေ့ကျင့်သုံးနိုင်သည်။ ငါ၏ နှုတ်ကပတ်တော်များ တစ်လုံးစီတိုင်းသည်

သင့်အခြေအနေကို ဦးတည်ထားပြီး ယင်းတို့က သင့်စိတ်နှလုံးကို ထိုးဖောက်သည်။ သင်သည် နှုတ်အားဖြင့် ယင်းတို့ကို ငြင်းဆိုနေလျှင်ပင်၊ သင်၏ စိတ်နှလုံး၌ မငြင်းဆိုနိုင်ပေ။ ထို့ပြင် သင်သည် ငါ၏ နှုတ်ကပတ်တော်များအား စစ်ကြောလျှင် သင်သည် တရားစီရင်ခြင်းခံရမည်။ ဆိုလိုသည်မှာ၊ ငါ၏ နှုတ်ကပတ်တော်များသည် သမ္မာတရား၊ အသက်နှင့် လမ်းခရီးဖြစ်၏။ ၎င်းတို့သည် အသွားနှစ်ဖက်ရှိသော ထက်မြသည့် ဓါးတစ်လက်ဖြစ်ပြီး၊ ယင်းတို့က စာတန်ကို နှိမ်နှင်းနိုင်သည်။ ငါ၏ နှုတ်ကပတ်တော်များကို နားလည်ပြီး၊ လက်တွေ့ကျင့်သုံးရန် လမ်းကြောင်းရှိသော သူတို့သည် မင်္ဂလာရှိကြပြီး၊ ယင်းတို့ကို လက်တွေ့မကျင့်သုံးသော သူများမူကား ဧကန်မလွဲ စီရင်ခြင်းခံရလိမ့်မည်။ ဤသည်မှာ အလွန် လက်တွေ့ကျသည်။ မျက်မှောက်တွင် ငါ တရားစီရင်သော သူတို့ အတိုင်းအတာသည် ပိုမိုကျယ်ပြန့်လာပြီ ဖြစ်သည်- ငါ့ကို သိသောသူများသည်သာ ငါ့မျက်မှောက်တွင် တရားစီရင်ခြင်း ခံရမည်မဟုတ်ဘဲ၊ ငါ့ကို မယုံကြည်သောသူများနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ခုခံပြီး၊ တားဆီးရန် အစွမ်းကုန် ကြိုးစားသော သူတို့သည်လည်း တရားစီရင်ခြင်း ခံရမည်။ ဘုရားသခင်သည် တောက်လောင်နေသော မီးဖြစ်ကြောင်း ငါ့ရှေ့၌ ငါ၏ ခြေလှမ်းများအတိုင်း လိုက်လျှောက်သောသူ အားလုံးတို့က မြင်တွေ့ရလတ္တံ့။ ဘုရားသခင်သည် ဘုန်းအာနုဘော်ပေတည်း။ သူသည် သူ၏တရားစီရင်ချက်များကို အကောင်အထည် ဖော်နေပြီး၊ သူတို့အား သေခြင်းသို့ ပြစ်ဒဏ်ချမှတ်နေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်နောက်ကို လိုက်လျှောက်ရန် အလေးမထားသော အသင်းတော်အတွင်းမှ လူများ၊ ထိုအလုပ်ကို နှောင့်ယှက်သူများ၊ ကြွားဝါသူများ၊ မမှန်ကန်သော ရည်မှန်းချက်များနှင့် ပန်းတိုင်များရှိသူများ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၌ ကြိုးစားအားထုတ်မှု မရှိသူများ၊ နားဝေတိမ်တောင် ဖြစ်နေပြီး သံသယဝင်နေသူများ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို စေ့စေ့စပ်စပ် စစ်ဆေးသူများ၊ ဤသူများထံသို့ တရားစီရင်ခြင်းနှင့်ယှဉ်သော နှုတ်ကပတ်တော်များသည် အချိန်မရွေး ရောက်လာလိမ့်မည်။ လူတို့၏ လုပ်ရပ်များအားလုံးမှာ ထုတ်ဖော်ခြင်းခံရမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူတို့၏ အတွင်းကျကျနှလုံးသားများကို ရှာဖွေသည် ဖြစ်သောကြောင့်၊ သတိလက်လွတ်မနေနှင့်၊ ဂရုစိုက်ပြီး သတိရှိလော့။ ကိုယ်ကိုယ်တိုင် ကြောင်းကျိုးမမြင်ဘဲ မလုပ်ဆောင်နှင့်။ အကယ်၍ သင့်လုပ်ဆောင်မှုများမှာ ငါ၏ နှုတ်ကပတ်တော်များနှင့် မညီညွတ်ပါက၊ သင်သည် တရားစီရင်ခြင်းခံရမည်။ အတုခိုးခြင်း၊ သံသယရှိခြင်း သို့မဟုတ် အမှန်တကယ် နားမလည်ခြင်းက လုံးလုံး လက်မခံနိုင်ဖွယ် ဖြစ်သည်။ သင်သည် ငါ့ရှေ့မှောက်သို့ လာပြီး၊ ငါနှင့် မကြာခဏ ပြောဆိုဆွေးနွေးရမည်။

ငါ၏အထဲမှ သင်ယူဆောင်သော အရာမှန်သမျှက လက်တွေ့ကျင့်သုံးရန် လမ်းကြောင်းအား သင့်ကို ပေးလိမ့်မည်။ သင်သည် ငါ၏တန်ခိုးများ၏ အတူလိုက်ပါခြင်းကို ခံရမည်၊ ငါ၏မျက်မှောက်ကို ရရှိမည်ဖြစ်ပြီး ငါ၏ နှုတ်ကပတ်တော်ထဲ၌ အစဉ်သွားလာရမည်။ သင်သည် လောကအရာ အားလုံးကို ကျော်လွှားနိုင်လိမ့်မည် ဖြစ်ပြီး၊ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးကို ပိုင်ဆိုင်ရမည်။ အကယ်၍ သင်၏ စကားများ၊ အပြုအမူနှင့် လုပ်ဆောင်မှုများ၌ ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏မျက်မှောက်တို့ မရှိပါလျှင်၊ အကယ်၍ သင့်ကိုယ်သင် ငါနှင့် ဝေးကွာစေပြီး၊ မိမိအထဲ၌သာ အသက်ရှင်လျှင်၊ စိတ်၏ အယူအဆများထဲ၌ အသက်ရှင်လျက် အယူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ထဲ၌ အသက်ရှင်လျှင်၊ ယင်းမှာ သင့်စိတ်ကို ဒုစရိုက်အပြစ်များပေါ်တွင် တည်မှီထားကြောင်း သက်သေဖြစ်သည်။ တစ်နည်းအားဖြင့် သင်သည် သင်၏ အသက်တာဟောင်းကို စွဲကိုင်ထားလျက်၊ သူတစ်ပါးအား သင်၏ ပင်ကိုသဘောကို ထိခိုက်စေရန် သို့မဟုတ် သင်၏ စိတ်ဝိညာဉ်ကို ပျက်စီးစေရန် စိုးစဉ်းမျှ ခွင့်မပြုပေ။ ဤအရာကိုပြုသော လူတို့၌ အလွန်အမင်းညံ့ဖျင်းသော အစွမ်းအစရှိပြီး၊ အတော်ပင် အဓိပ္ပာယ်မဲ့ကြကာ၊ သူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို မတွေ့မြင်နိုင် သို့မဟုတ် သူ၏ ကောင်းချီးမင်္ဂလာများကို မသိမှတ်နိုင်ပေ။ သင်သည် ဆက်လက်၍ အလွန်ဝေ့လည်ကြောင်ပတ် ပြုမူနေပါက၊ မည်သည့်အချိန်မှ သင့်အထဲ၌ ငါ့ကို အမှုပြုခွင့် ပေးနိုင်မည်နည်း။ ငါစကားပြောပြီးသွားသောအခါ၊ သင်သည် နားထောင်ခဲ့ပြီ ဖြစ်သော်လည်း မည်သည့်အရာကိုမျှ စွဲမှတ် မထားခဲ့ဘဲ၊ သင်၏ ပြဿနာများ အမှန်တကယ် ထောက်ပြခံရသည့် အခါတိုင်း၌ သင်သည် အထူးသဖြင့် ခွန်အားနည်းလာ၏၊ ယင်းမှာ မည်ကဲ့သို့သော ဝိညာဉ်ရင့်ကျက်မှုမျိုးနည်း။ သင်သည် အမြဲပင် ချော့ပြောနေရန် လိုအပ်ပါက၊ ငါသည် သင့်ကို မည်သည့်အခါမှ စုံလင်စေနိုင်မည်နည်း။ သင်သည် အဖူးအရောင်များနှင့် ပွန်းပဲ့ခြစ်ရာများကို ကြောက်သည်ဆိုလျှင်၊ သင်သည် အပြေးအလွှားသွား၍ သူတစ်ပါးတို့အား “ငါသည် အဘယ်သူ့ကိုမျှ ငါ့အား ကိုင်တွယ်ဖြေရှင်းခွင့် ပေးမည်မဟုတ်ပါ။ ငါ၏ ပင်ကို စိတ်သဘောထားဟောင်းကို ငါကိုယ်တိုင်ပင် ဖယ်ရှားနိုင်သည်။” ဟု သတိပေးသင့်သည်။ ထိုသို့အားဖြင့် အဘယ်သူမျှ သင့်အား ဝေဖန်ခြင်း သို့မဟုတ် သင့်အား ထိခိုက်ခြင်း ပြုလိမ့်မည်မဟုတ်ဘဲ၊ သင်သည်လည်း အဘယ်သူကမျှ သင့်အား ဂရုမစိုက်ဘဲ၊ သင်အလိုရှိရာ နည်းလမ်းအတိုင်း လွတ်လပ်စွာ ယုံကြည်နိုင်လိမ့်မည်ဖြစ်သည်။ သင်သည် ငါ၏ခြေလှမ်းများကို ဤကဲ့သို့ လိုက်နိုင်သလော။ ငါသည် သင်၏ ဘုရားသခင်နှင့် သင်၏ သခင်ဖြစ်သည်မှာ သင်သေချာသည်ဟု ပြောဆိုခြင်းမှာ အနှစ်သာရမဲ့သော စကားလုံးများသာလျှင် ဖြစ်ကြသည်။ အကယ်၍ သင်သည် အမှန်ပင် သံသယမရှိပါက

ဤအရာများမှာ ပြဿနာတစ်ခု ဖြစ်မည်မဟုတ်ဘဲ၊ သင့်အပေါ် ရောက်လာသည်မှာ ဘုရားသခင်၏ ချစ်ခြင်းနှင့် ကောင်းချီးမင်္ဂလာများပင် ဖြစ်ကြောင်း သင်ယုံကြည်လိမ့်မည်။ ငါ စကားပြောသောအခါ ငါ၏သားများအား ပြောခြင်းဖြစ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များကို ကျေးဇူးတင်ခြင်းများနှင့် ချီးမွမ်းခြင်းတို့ဖြင့် တုံ့ပြန်သင့်သည်။

# အခန်း ၁၃

သင်တို့၏ လက်ရှိအခြေအနေတွင်၊ သင်တို့သည် အတ္တ၏အယူအဆများကို အလွန်အမင်း လိုက်နာကာ၊ သင်တို့အတွင်းတွင် အတော်ဆိုးရွားသော ဘာသာရေး အနှောင့်အယှက်များ ရှိ၏။ သင်တို့သည် စိတ်နှလုံးအားဖြင့် မလုပ်ဆောင်နိုင်ကြ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို သင်တို့ သဘောမပေါက်နိုင်ကြသကဲ့သို့၊ အသစ်သော အလင်းကို သင်တို့ ငြင်းပယ်ကြသည်။ သင်သည် မျက်စိကန်းနေသောကြောင့်၊ နေ့အချိန် နေမင်းကို မမြင်နိုင်၊ လူတို့ကို သင် မသိ၊ သင်၏ "မိဘများ" ကို သင်သည် ဘယ်သောအခါမျှ မစွန့်ခွာနိုင်၊ ဝိညာဉ်ရေးရာ ချင့်ချိန်နိုင်စွမ်း ချို့တဲ့သည်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို သင် သတိမပြုမိသကဲ့သို့၊ ငါ၏နှုတ်ကပတ်တော်ကို မည်သို့ စားသောက်ရမည်ကို မသိပေ။ သင့်ဘာသာ မည်ကဲ့သို့ စားသောက်ရမည်ကို မသိသည်မှာ ပြဿနာဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် အလွန်အံ့အားသင့်ဖွယ်ကောင်းသော အရှိန်ဖြင့် တစ်နေ့တခြား ရှေ့ဆက်နေသည်။ နေ့ရက်တိုင်းတွင် အလင်းသစ်ရှိပြီး၊ သစ်လွင်ပြီး လတ်ဆတ်သော အရာများလည်း နေ့တိုင်းရှိ၏။ သို့သော် သင်သည် နားမလည်ပေ။ ထိုအစား သင်သည် သုတေသနပြုရန် နှစ်သက်သည်၊ သင်သည် အမှုအရာများကို သေချာစွာ ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ သင်ကိုယ်တိုင်၏ စိတ်ဝင်စားမှုများနှင့်ဆိုင်သော မှန်ဘီလူးဖြင့်သာ ကြည့်ရှုပြီး မှင်တက်လျက် နားထောင်သည်။ သင်သည် စိတ်နှလုံးအားဖြင့် လုံ့လဝီရိယရှိစွာ ဆုမတောင်းသကဲ့သို့၊ ငါ့ကို အားမထား သို့မဟုတ် ငါ၏ နှုတ်ကပတ်တော်များကို သာ၍ တွေးဆခြင်းလည်း မရှိပေ။ ထို့ကြောင့် သင်၌ ရှိသမျှမှာ ကျမ်းဟောင်းတရားများ၊ စည်းကမ်းများနှင့် အယူဝါဒများ ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်ကို မည်သို့စားသောက်ရမည်ကို သင် ရှင်းလင်းစွာ သိရမည်ဖြစ်ပြီး ငါ၏ ရှေ့မှောက်သို့ ငါ၏ နှုတ်ကပတ်တော်ကို သာ၍ မကြာခဏ ယူဆောင်လာရမည်။

ယနေ့ခေတ် လူတို့သည် သူတို့ကိုယ်သူတို့ မစွန့်လွှတ်နိုင်ကြပေ။ ၎င်းတို့ မှန်ကန်သည်ဟု

အမြဲထင်ကြသည်။ ၎င်းတို့သည် မိမိတို့၏ ကိုယ်ပိုင် ကမ္ဘာငယ်လေးများတွင် ပိတ်မိနေကြပြီး၊ မှန်ကန်သော လူစားမျိုး မဟုတ်ကြပေ။ ၎င်းတို့သည် မှားယွင်းသော ရည်ရွယ်ချက်များနှင့် ရည်ရွယ်ချက်များရှိကြပြီး၊ ဤအရာများ၌ ၎င်းတို့ မလျှော့တမ်း လုပ်ဆောင်မည်ဆိုပါက၊ ဧကန်မုချ ၎င်းတို့ တရားစီရင်ခံရမည်ဖြစ်ပြီး၊ ဆိုးရွားသော ကိစ္စများတွင်၊ ၎င်းတို့ ဖယ်ရှားသုတ်သင် ခံရလိမ့်မည်ဖြစ်သည်။ သင်တို့သည် ငါနှင့် စဉ်ဆက်မပြတ် မိတ်သဟာယပြုခြင်းကို ထိန်းသိမ်းရာတွင် ပိုမိုအားထုတ်ရမည်ဖြစ်ပြီး၊ သင်တို့မိတ်သဟာယဖွဲ့လိုသူ မည်သူမဆိုနှင့် မိတ်သဟာယဖွဲ့ရမည် မဟုတ်။ သင်မိတ်သဟာယဖွဲ့သည့် လူတို့အပေါ် သိနားလည်မှုတစ်ခု သင်၌ ရှိရမည်ဖြစ်ပြီး အသက်တာထဲက ဝိညာဉ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သင် မိတ်သဟာယဖွဲ့ရမည်။ ထိုအခါမှသာ၊ သင်သည် အခြားသူတို့အား အသက်ကို ထောက်ပံ့ပေးနိုင်ကာ ၎င်းတို့၏ ချို့ယွင်းချက်များကို ဖာထေးပေးနိုင်မည်ဖြစ်သည်။ ၎င်းတို့ကို ဩဝါဒပေးသည့် လေသံဖြင့် မပြောဆိုသင့်ပေ။ ယင်းသည် အခြေခံအားဖြင့် မှားယွင်းသော အနေအထားဖြစ်သည်။ မိတ်သဟာယဖွဲ့ရာတွင်၊ သင်သည် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို သိနားလည်မှု ရှိရမည့်အပြင် ဉာဏ်ပညာ ပိုင်ဆိုင်ရမည်ဖြစ်ပြီး လူတို့၏နှလုံးသားများထဲတွင် မည်သည့်အရာ ရှိသည်ကို သင်နားလည်နိုင်ရမည်။ အကယ်၍ သင်သည် အခြားသူများကို အစေခံဖို့ဖြစ်ပါက၊ သင်သည် မှန်ကန်သော လူစားမျိုး ဖြစ်ရမည်ဖြစ်ပြီး သင်၌ ရှိသမျှဖြင့် မိတ်သဟာယဖွဲ့ရမည်။

ယခုတွင် အရေးပါသော အရာမှာ သင် ငါနှင့် မိတ်သဟာယဖွဲ့နိုင်ဖို့၊ ငါနှင့် နီးကပ်စွာ မိတ်သဟာယဖွဲ့ရန်၊ သင့်ဘာသာ စားသောက်ရန်နှင့် ဘုရားသခင်နှင့် နီးကပ်လာရန်ဖြစ်သည်။ သင်သည် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို တတ်နိုင်သမျှ မြန်မြန် နားလည်လာရမည် ဖြစ်ပြီး၊ သင်၏ပတ်ဝန်းကျင်နှင့် သင်၏ဝန်းကျင်တွင် စီစဉ်ထားသည့် အရာကို ရှင်းလင်းစွာ နားလည်သဘောပေါက်နိုင်ရမည် ဖြစ်သည်။ ငါ၏ဖြစ်ခြင်းကို သင်နားလည်နိုင်စွမ်း ရှိသလော။ သင်ချို့တဲ့သော အရာပေါ် အခြေခံ၍ စားသောက်ပြီး ငါ၏ နှုတ်ကပတ်တော်ဖြင့် အသက်ရှင်ရန် အရေးကြီးသည်။ ငါ၏လက်များကို အသိအမှတ်ပြုကာ မညည်းညူလေနှင့်။ သင်သည် ညည်းညူကာ ခွဲထွက်ပါက၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ရရှိဖို့ အခွင့်အရေး သင် ဆုံးရှုံးကောင်း ဆုံးရှုံးနိုင်သည်။ ငါ့အားချဉ်းကပ်ခြင်းဖြင့် အစပြုလော့- သင် မည်သည့်အရာ ချို့တဲ့နေသနည်း၊ သင်သည် ငါ့အား မည်ကဲ့သို့ ချဉ်းကပ်သင့်ပြီး၊ ငါ့နှလုံးသားကို မည်ကဲ့သို့ နားလည်သင့်သနည်း။ လူတို့သည် အတ္တကို လက်မလွှတ်နိုင်ကြသောကြောင့် ငါနှင့် နီးစပ်ဖို့ရန် ၎င်းတို့အတွက် ခက်ခဲပေသည်။ ၎င်းတို့၏ စိတ်သဘောထားများသည် စဉ်ဆက်မပြတ် ခုတစ်မျိုး တော်ကြာတစ်မျိုးပြောင်းလျက် အမြဲတမ်း မတည်ငြိမ်သကဲ့သို့၊ ဤလူတို့သည်

အနည်းငယ်သော ချိုမြိန်မှု အရသာကို ရရှိသည်နှင့် စိတ်ကြီးဝင်လာကြကာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ကြလေသည်။ အချို့သော လူတို့သည် နိုးထခြင်း မရှိသေးပေ။ သင်ပြောသောအရာ မည်မျှသည် သင်၏ဖြစ်ခြင်းကို ပုံဖော်သနည်း။ ထိုအရာအနက် မည်မျှသည် မိမိကိုယ်ကိုယ် ကာကွယ်ခြင်းဖြစ်သနည်း၊ ထိုအရာထဲမှ မည်မျှသည် အခြားသူများကို အတုခိုးနေခြင်း ဖြစ်သနည်း၊ ပြီးလျှင် ထိုအရာထဲမှ မည်မျှသည် စည်းမျဉ်းများကို လိုက်နာခြင်း ဖြစ်သနည်း။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို နားမလည်နိုင်ရသည့် အကြောင်းရင်းမှာ ငါနှင့် အဘယ်သို့ နီးစပ်ရမည်ကို သင် မသိသောကြောင့် ဖြစ်သည်။ အပြင်ပန်းတွင်၊ သင်သည် အတ္တနှင့် သင့်စိတ်၏ အယူအဆများပေါ်တွင် မှီခိုနေလျက် အကြောင်းအရာများကို အမြဲ တွေးဆနေသည်။ သင်သည် တိတ်တဆိတ် သုတေသနပြုနေပြီး၊ အရေးမပါသည့် လျှို့ဝှက်ကြံစည်မှုများတွက် ပါဝင်ပတ်သက်ပြီး ၎င်းတို့ကို ပွင့်လင်းစွာပင် မဖော်ပြနိုင်ပေ။ ဤသည်မှာ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်အား အမှန်တကယ် နားမလည်သည်ကို ပြသသည်။ တစ်စုံတစ်ရာသည် ဘုရားသခင်ထံမှ လာခြင်းမဟုတ်သည်ကို သင် စစ်မှန်စွာ သိရှိပါက၊ ထရပ်ကာ ငြင်းပယ်ရန်အတွက် အဘယ့်ကြောင့် ကြောက်ရွံ့နေသနည်း။ မည်မျှသည် ငါ့အတွက် ထရပ်ကာ၊ ပြောဆိုနိုင်သနည်း။ သင်သည် သားယောက်ျားလေး ပိုင်ဆိုင်သော အကျင့်စရိုက်နှင့်ဆိုင်သည့် အသေးငယ်ဆုံးသော အစွမ်းအစ အစိတ်အပိုင်းပင် မရှိချေ။

လက်ရှိတွင် စီစဉ်ထားသော အရာအားလုံး၏ ရည်ရွယ်ချက်မှာ သင်တို့၏ အသက်တာများတွင် သင်တို့ ကြီးထွားနိုင်ကြဖို့အလို့ငှာ သင်တို့ကို လေ့ကျင့်ပေးဖို့၊ သင်တို့၏ စိတ်ဝိညာဉ်တို့ကို စိတ်အားထက်သန်စေကာ ထက်မြက်စေဖို့နှင့် ဘုရားသခင်ထံမှ မည်သည့်အရာများ လာသည်ကို သင်တို့ သတိပြုမိဖို့အလို့ငှာ သင်တို့၏ ဝိညာဉ်ရေးရာ မျက်စိများကို ဖွင့်ပေးဖို့ဖြစ်သည်။ ဘုရားသခင်ထံမှလာသော အရာသည် သင့်အား တတ်စွမ်းနိုင်ခြင်းနှင့် ဝန်ထုပ်ဝန်ပိုးတို့ဖြင့် အစေခံနိုင်စေပြီး စိတ်ဝိညာဉ် တည်ကြည်ခိုင်မာစေသည်။ ငါ့ထံမှ မလာသော အရာအားလုံးသည် အနှစ်မဲ့၏။ ထိုအရာများက သင်တို့ကို မည်သည့်အရာမျှ မပေးပေ၊ ၎င်းတို့သည် သင်၏စိတ်ဝိညာဉ်၌ ဟာကွက်ဖြစ်စေပြီ၊ သင်၏ယုံကြည်ခြင်း ပျောက်ဆုံးစေကာ၊ သင့်ကို သင်ကိုယ်တိုင်၏ စိတ်ထဲတွင် ပိတ်မိစေလျက် ငါနှင့် သင့်ကြားတွင် ဝေးကွာစေသည်။ သင်သည် စိတ်ဝိညာဉ်၌ အသက်ရှင်သောအခါ လောကီကမ္ဘာရှိ အရာအားလုံးကို ယခု ကျော်လွှန်နိုင်သော်လည်း၊ သင်၏ စိတ်ထဲတွင် အသက်ရှင်ခြင်းသည် စာတန်၏ သိမ်းယူခြင်းခံရဖို့ ဖြစ်သည်။ ဤသည်မှာ လမ်းဆုံးဖြစ်၏။ ယခု အလွန်ရိုးစင်းသည်။ သင်၏ နှလုံးသားဖြင့် ငါ့အား မျှော်ကြည့်လော့၊ သို့ဖြစ်လျှင် သင်၏ စိတ်ဝိညာဉ်သည် ချက်ချင်း

တိုး၍ သန်မာလိမ့်မည်။ သင်သည် လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်း တစ်ခု ရှိလိမ့်မည် ဖြစ်ပြီး၊ သင်၏ ခြေလှမ်းတိုင်းကို ငါ ဦးဆောင်လမ်းပြမည်။ ငါ၏ နှုတ်ကပတ်တော်ကို သင့်အား အချိန်တိုင်း နှင့် နေရာတိုင်းတွင် ထုတ်ဖော်ပြ လိမ့်မည်ဖြစ်သည်။ မည်သည့်နေရာ မည်သည့်အချိန်တွင် ဖြစ်စေ၊ သို့မဟုတ် ပတ်ဝန်းကျင် မည်မျှ ဆိုးရွားသည်ဖြစ်စေ၊ အကယ်၍ သင်၏ နှလုံးသားဖြင့် ငါ့အား အားထားပါက၊ ငါသည် သင့်အား ရှင်းလင်းစွာ မြင်စေမည်ဖြစ်ပြီး ငါ့နှလုံးသားကို သင့်အား ထုတ်ဖော်ပြမည်။ ဤပုံစံဖြင့်၊ သင်သည် ရှေ့တွင်ရှိသော လမ်းတွင် ပြေးသွားလိမ့်မည်ဖြစ်ပြီး ဘယ်သောအခါမျှ လမ်းပျောက်လိမ့်မည် မဟုတ်ပေ။ အချို့သော လူတို့သည် မိမိတို့၏ လမ်းခရီးကို အပြင်ပန်းအားဖြင့် ခံစားဖို့ ကြိုးစားကြ၏၊ သို့သော် မိမိတို့၏ စိတ်ဝိညာဉ်များအတွင်းမှ မည်သည့်အခါမျှ ထိုသို့ မလုပ်ဆောင်ကြပေ။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မကြာခဏ သဘောမပေါက်နိုင်ကြ။ အခြားသူများနှင့် မိတ်သဟာယဖွဲ့သည့်အခါ၊ ၎င်းတို့သည် လိုက်လျှောက်စရာ လမ်းကြောင်းမရှိဘဲလျက်နှင့် မည်သည့်အရာ လုပ်ဆောင်ရမည်ကို မသိဘဲလျက် ပိုမိုစိတ်ရှုပ်ထွေးသွားကြလေသည်။ ဤလူများသည် မည်သည့်အရာက ၎င်းတို့ကို ဝေဒနာခံစားစေသည်ကို မသိကြချေ။ ၎င်းတို့အနေဖြင့် အမှုအရာများစွာကို ပိုင်ဆိုင်နိုင်ပြီး၊ အတွင်းတွင် လုံးလုံးလျားလျား ကျေနပ်ကောင်း ကျေနပ်နိုင်ကြသော်လည်း၊ ယင်းသည် အသုံးဝင်မှု တစ်ခုတစ်လေ ရှိသလော။ သင်သည် အမှန်တကယ် လိုက်လျှောက်ဖို့ လမ်းကြောင်းတစ်ခု ရှိသလော။ အလင်းပေးခံရခြင်း သို့မဟုတ် ဉာဏ်အလင်းရခြင်း တစ်ခုတစ်လေ သင်၌ ရှိသလော။ သင့်ထံတွင် အသစ်သော ထိုးထွင်းသိမြင်မှုများ တစ်ခုတစ်လေ ရှိသလော။ သင်သည် တိုးတက်ပြီးပြီလော သို့မဟုတ် ယုတ်လျော့လေပြီလော။ အသစ်သော အလင်းကို သင် အမီလိုက်နိုင်သလော။ သင်သည် နာခံမှု လုံးဝမရှိပေ၊ သင်မကြာခဏ ပြောသော ကျိုးနွံနာခံမှုသည် မည်သည့်မျှ မဟုတ်ဘဲ ဆွေးနွေးခြင်းသာ ဖြစ်သည်။ နာခံသော အသက်တာတစ်ခုကို သင် အသက်ရှင်နေထိုင်ပြီးပြီလော။

လူတို့၏ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူခြင်း၊ မိမိဘာသာ အားရကျေနပ်မှု၊ မိမိကိုယ်ကိုယ် ကျေနပ်ခြင်းနှင့် မာနထောင်လွှားခြင်းတို့က ဖြစ်ပေါ်စေသည့် အတားအဆီးသည် မည်မျှကြီးမားသနည်း။ လက်တွေ့အရှိတရားထဲသို့ သင်မဝင်ရောက်နိုင် သည့်အခါ မည်သူကို အပြစ်တင်ရမည်နည်း။ သင်သည် မှန်ကန်သော လူ ဟုတ်သည် မဟုတ်သည်ကို သိရန် သင့်ကိုယ်သင် သေချာစွာ ဆန်းစစ်သင့်သည်။ သင်၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များသည် ငါ့အတွက် ရည်ရွယ်၍ ဖန်တီးထားသလော။ သင်၏ စကားများနှင့် လုပ်ရပ်များအားလုံးသည် ငါ၏ မျက်မှောက်တွင် ပြောဆို၊ လုပ်ဆောင်ခြင်း ဖြစ်သလော။

သင်၏ အတွေးများနှင့် စိတ်ကူးများအားလုံးကို ငါ ဆန်းစစ်၏။ အပြစ်ရှိသည်ဟု သင်မခံစားရသလော။ အခြားသူများ မြင်စေရန် သင်သည် ဟန်ဆောင်ထားပြီး၊ သင်သည် ကိုယ့်ကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူခြင်း ပုံပန်းတစ်ခုကို တည်ငြိမ်စွာ ပုံဖမ်းထားသည်။ သင်သည် မိမိကိုယ်ကိုယ် ကာကွယ်ရန် ဤအရာကို လုပ်ဆောင်သည်။ သင်၏ဆိုးယုတ်ခြင်းကို ဖုံးကွယ်ရန် ဤအရာကို လုပ်ဆောင်ပြီး၊ ထိုဆိုးယုတ်ခြင်းကို အခြားတစ်စုံတစ်ဦးအပေါ် တွန်းပို့ရန် နည်းလမ်းများကိုပင် အကြံထုတ်လေသည်။ သင်၏ နှလုံးသားတွင် ဖောက်ပြန်မှုသည် ကိန်းဝပ်နေလေတကား။ သင်ပြောခဲ့သော အရာအားလုံးကို စဉ်းစားလော့။ သင်သည် သင်ကိုယ်တိုင်၏ ဝိညာဉ် ထိခိုက်လာမည်စိုးသဖြင့်၊ စာတန်ကို ဖုံးကွယ်ပေးခဲ့ပြီး၊ သင်၏ ညီအစ်ကို မောင်နှမများ၏ စားသောက်ခြင်းတို့ကို အတင်းအကျပ် လုယူခဲ့ခြင်းသည် သင်၏ အကျိုးအလို့ငှာသာ ဖြစ်သည် မဟုတ်လော။ သင်သည် မိမိကိုယ်ကိုယ် မည်သို့ရှင်းပြမည်နည်း။ ယခုအကြိမ် စာတန်ယူဆောင်သွားသော စားသောက်ခြင်းကို သင်သည် နောင်တစ်ကြိမ်တွင် ပြန်လည် ထေမိနိုင်မည်ဟု ထင်သလော။ ထို့ကြောင့် ယခု သင်ရှင်းလင်းစွာ မြင်ရ၏။ ဤသည်မှာ သင်ပြန်လည်လျော်ပေးနိုင်သော အရာတစ်စုံတစ်ခု ဖြစ်သလော။ သင်သည် ဆုံးရှုံးသွားသည့် အချိန်အတွက် ပြန်လည် ထေမိနိုင်သလော။ လွန်ခဲ့သော တွေ့ဆုံမှုအနည်းငယ်တွင် မည်သည့် စားသောက်ခြင်းမျှ အဘယ့်ကြောင့် မလုပ်ဆောင်ခဲ့သည်ဆိုသည်နှင့် အဘယ်သူသည် ဤဒုက္ခကို ဖြစ်ပွားစေခဲ့သည် ဆိုသည်တို့ကို မြင်နိုင်ဖို့ရန် သင်တို့သည် မိမိတို့ကိုယ်ကိုယ် လုံ့လရှိစွာ ဆန်းစစ်ရမည်။ သင်သည် ရှင်းလင်းသွားသည်အထိ တစ်ဦးပြီးတစ်ဦး မိတ်သဟာယဖွဲ့ရမည်။ အကယ်၍ ထိုသို့သောလူတစ်ဦးကို ပြင်းထန်စွာ ထိန်းချုပ်မထားလျှင်၊ ညီအစ်ကို မောင်နှမတို့သည် နားလည်လိမ့်မည် မဟုတ်သကဲ့သို့၊ ထိုအရာ တဖန်ဖြစ်ပျက်မည်သာ ဖြစ်သည်။ သင်တို့၏ ဝိညာဉ်ရေးရာ မျက်စိများသည် ပိတ်နေကြ၏။ သင်တို့ထဲမှ များလှစွာသောသူတို့သည် မျက်စိကွယ်နေကြ၏။ ထို့အပြင်၊ မြင်သောသူတို့သည် ထိုအရာကို အရေးမထားကြချေ။ ၎င်းတို့သည် ထရပ်ကာ ဖွင့်ပြောခြင်း မရှိသကဲ့သို့ ၎င်းတို့သည်လည်း မျက်စိကန်းနေကြ၏။ မြင်သော်လည်း ဖွင့်မပြောသော သူတို့သည် ဆွံ့အသောသူများ ဖြစ်ကြသည်။ ဤနေရာတွင် မသန်မစွမ်းသူ များစွာရှိနေသည်။

လူအချို့သည် သမ္မာတရားက အဘယ်အရာဖြစ်သည်၊ အသက်က အဘယ်အရာဖြစ်သည် ဆိုသည်နှင့် လမ်းခရီးက အဘယ်အရာဖြစ်သည် ဆိုသည်တို့ကို သဘောမပေါက်ပေ၊ ထို့အပြင်၊ စိတ်ဝိညာဉ်ကို နားမလည်ကြပေ။ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်ကို ပုံသေနည်းအဖြစ်မျှသာ သဘောထားကြ၏။ ဤသည်မှာ များစွာ တင်းကျပ်လွန်းသည်။

ၿငင်းတို့သည် အဘယ်အရာက စစ်မှန်သော ကျေးဇူးတရားနှင့် ချီးမွမ်းခြင်းဖြစ်သည်ကို နားမလည်ကြ။ လူအချို့သည် အရေးပါပြီး အဓိကကျသော အရာများကို သဘောမပေါက်နိုင်ကြပေ။ ယင်းအစား အဓိကမဟုတ်သော အရာကိုသာ သဘောပေါက်ကြသည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ဝင်ရောက်နှောင့်ယှက်ခြင်းဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ အသင်းတော်၏ အဆောက်အဦးအား ပြိုပျက်စေခြင်းမှာ မည်သည့်အရာကို ဆိုလိုသနည်း။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ဝင်ရောက်နှောင့်ယှက်ခြင်းမှာ မည်သည့်အရာကို ဆိုလိုသနည်း။ စာတန်၏ လက်ပါးစေဆိုသည်မှာ အဘယ်နည်း။ ဤသမ္မာတရားများကို ရှင်းလင်းစွာ နားလည်ရမည်ဖြစ်ပြီး၊ မရေမရာ ဖော့ပြောခြင်းမျှသာ မဟုတ်ရ။ ဤတစ်ကြိမ်တွင် စားသောက်ခြင်း မရှိရခြင်းကို မည်သည့်အရာက ဖြစ်စေခဲ့သနည်း။ လူအချို့က ယနေ့တွင် ဘုရားသခင်အား အသံကျယ်ကျယ် ချီးမွမ်းသင့်သည်ဟု ထင်ကြသော်လည်း၊ သူ့အား ၎င်းတို့ အဘယ်သို့ ချီးမွမ်းသင့်သနည်း။ ဓမ္မသီချင်းများဆိုကာ ကခုန်ခြင်းဖြင့် ထိုသို့ လုပ်ဆောင်သင့်သလော။ အခြားသော နည်းလမ်းများကို ချီးမွမ်းခြင်းအဖြစ် မယူဆသလော။ လူအချို့က ဝင့်ကြွားဝမ်းမြောက်သော ချီးမွမ်းခြင်းမှာ ဘုရားသခင်အား ချီးမွမ်းဖို့ နည်းလမ်းဖြစ်သည်ဟူသော အယူအဆဖြင့် အစည်းအဝေးများကို လာကြသည်။ လူတို့သည် ဤအယူအဆများ ရှိကြပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို အာရုံမစိုက်ကြချေ။ ဤအရာ၏နောက်ဆုံးရလဒ်သည် အနှောင့်အယှက်များ ဖြစ်ပွားဆဲဖြစ်ခြင်း ဖြစ်သည်။ ဤအစည်းအဝေးတွင် စားသောက်ခြင်း မရှိခဲ့ပေ။ သင်တို့အားလုံးက ဘုရားသခင်၏ ဝန်ထုပ်ဝန်ပိုးကို အရေးထားကာ၊ အသင်းတော်၏ သက်သေခံချက်ကို ကာကွယ်ပြောဆိုမည်ဟု ပြောကြသော်လည်း၊ သင်တို့ထဲမှ မည်သူသည် ဘုရားသခင်၏ ဝန်ထုပ်ဝန်ပိုးကို အမှန်တကယ် အရေးထားခဲ့ကြပြီနည်း။ သင့်ကိုယ်သင် မေးလော့- သင်သည် ဘုရားသခင်၏ ဝန်ထုပ် ဝန်ပိုးကို ထည့်သွင်းစဉ်းစားမှု ပြသပြီးသော သူတစ်စုံတစ်ဦးလော။ ဘုရားသခင်အတွက် ဖြောင့်မတ်ခြင်းတရားကို သင်လက်တွေ့ လုပ်ဆောင်နိုင်သလော။ ငါ့အတွက် သင်ထရပ်ကာ ပြောဆိုနိုင်သလော။ သင်သည် သမ္မာတရားကို တည်ကြည်ခိုင်မာစွာ လက်တွေ့လုပ်ဆောင် နိုင်သလော။ စာတန်၏ လုပ်ရပ်အားလုံးကို ဆန့်ကျင်တိုက်ခိုက်ရလောက်အောင် သင်သည် ရဲရင့်သလော။ သင်သည် သင်၏ စိတ်ခံစားမှုများကို ဘေးဖယ်ကာ၊ ငါ၏ သမ္မာတရားအတွက် စာတန်ကို ဖော်ထုတ်ပေးနိုင်မည်လော။ သင့်အထဲတွင် ငါ၏ ရည်ရွယ်ချက်များ ပြည့်စုံစေခွင့် သင် ပေးနိုင်သလော။ အရေးအပါဆုံးသော အခိုက်အတန့်များတွင် သင်၏နှလုံးသားကို သင် ဆက်ကပ်ပြီးပြီလော။ သင်သည် ငါ၏အလိုကို လုပ်ဆောင်သောသူ တစ်စုံတစ်ဦးလော။

ဤမေးခွန်းများကို သင့်ကိုယ်သင် မေးပြီး ၎င်းတို့နှင့်ပတ်သက်၍ မကြာခဏ စဉ်းစားလော့။ သင့်အထဲတွင် စာတန်၏ဆုကျေးဇူးများ ရှိပြီး- သင်သည် လူတို့ကို နားမလည်သကဲ့သို့ စာတန်၏အဆိပ်ကို သတိပြုမိရန် ပျက်ကွက်သည့်အတွက်- ယင်းအတွက် သင့်ကို အပြစ်တင်ရမည်ဖြစ်သည်။ သင်သည် မိမိကိုယ်ကိုယ် သေခြင်းဆီသို့ ခေါ်ဆောင်နေ၏။ စာတန်သည် သင် လုံးဝ စိတ်ရှုပ်ထွေးသွားသည်အထိ သင့်ကို လုံးလုံးလျားလျား လှည့်ဖြားပြီး ဖြစ်သည်။ သင်သည် လူတကာနှင့် သောင်းပြောင်းလိုင်ဆက်ဆံခြင်း စပျစ်ရည်ဖြင့် ယစ်မူးကာ၊ ရှေ့နောက် ယိမ်းထိုးလျက်၊ ခိုင်မာသော ရှုထောင့်အမြင်တစ်ရပ်ကို မထိန်းသိမ်း နိုင်သကဲ့သို့၊ သင်၏ လက်တွေ့လုပ်ဆောင်မှုအတွက် လမ်းကြောင်းမရှိပေ။ သင်သည် ကောင်းမွန်စွာ စားသောက်ခြင်းမရှိ၊ သင်သည် အထိန်းအကွပ်မဲ့သော ရန်ဖြစ်ခြင်းနှင့် ငြင်းခုန်ခြင်းတို့တွင် ပါဝင်သည်၊ သင်သည် အမှန်နှင့် အမှားကို မသိသကဲ့သို့၊ ဦးဆောင်သည့် မည်သူမဆိုနောက်သို့ သင်လိုက်၏။ သင်သည် သမ္မာတရား အနည်းငယ်မျှပင် ရှိသလော။ အချို့သော လူတို့သည် မိမိတို့ကိုယ်ကိုယ် ကာကွယ်ကြပြီး၊ လှည့်ဖြားမှုတွင်ပင် ပါဝင်ကြ၏။ ၎င်းတို့သည် အခြားသူများနှင့် မိတ်သဟာယဖွဲ့ကြသော်လည်း၊ ယင်းက ၎င်းတို့အား လမ်းဆုံးသို့သာ ဦးတည်စေသည်။ ဤလူတို့သည် ၎င်းတို့၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် အရင်းအမြစ်များကို ရရှိသည်မှာ ငါ့ထံမှလော။ ညီအစ်ကို မောင်နှမများ၏ စားသောက်ခြင်း ယူဆောင်သွားခံရသည့် အဖြစ်အတွက် သင် အလျော်ပေးနိုင်သည်ဟု ထင်သလော။ မိတ်သဟာယဖွဲ့ရန် လူအနည်းငယ်ရှာပြီး မေးလော့။ ၎င်းတို့အား မိမိတို့ကိုယ်ကိုယ်အတွက် ပြောဆိုပါစေ- ၎င်းတို့အား တစ်စုံတစ်ရာ ထောက်ပံ့ပေးပြီးပြီလော။ သို့မဟုတ် ၎င်းတို့သည် လိုက်လျှောက်ရမည့် လမ်းကြောင်းမရှိဘဲ ထားရစ်ခံရလျက်၊ ၎င်းတို့၏ ဝမ်းဗိုက်များကို ညစ်ပတ်သောရေနှင့် အမှိုက်များဖြင့် ဖြည့်ထားသလော။ ယင်းသည် အသင်းတော်အား ဖြိုဖျက်လိမ့်မည် မဟုတ်လော။ ညီအစ်ကို မောင်နှမများအကြား ချစ်ခြင်းမေတ္တာသည် အဘယ်မှာရှိသနည်း။ သင်သည် မည်သူမှန်သည်၊ မည်သူမှားသည်ကို လျှို့ဝှက်စွာ သုတေသနပြုသော်လည်း၊ အသင်းတော်၏ ဝန်ထုပ်ဝန်ပိုးကို အဘယ်ကြောင့် မထမ်းရွက်သနည်း။ သာမန်အားဖြင့်၊ သင်သည် ပေါ်ပင်ရေပန်းစားသော စကားလုံးများကို အော်ဟစ်ရာတွင် တော်သော်လည်း၊ အမှုအရာများ အမှန်တကယ် ဖြစ်ပျက်သည့်အချိန်တွင်၊ သင်သည် ၎င်းတို့နှင့်ပတ်သက်၍ မရေမရာ ဖြစ်လေသည်။ အချို့သော သူတို့သည် နားလည်သော်လည်း သိုသိုသိပ်သိပ် တီးတိုးသာ ပြောဆိုလင့်ကစား၊ အခြားသူများသည် မည်သူမျှ စကားတစ်ခွန်းမျှ မပြောသည့်အချိန်တွင် ၎င်းတို့ နားလည်သည့်အရာကို ထုတ်ဖော်ပြောဆိုကြလေသည်။ ၎င်းတို့သည် ဘုရားသခင်ထံမှ

မည်သည့်အရာ လာပြီး၊ မည်သည့်အရာသည် စာတန်၏ လုပ်ဆောင်ချက် ဖြစ်သည်ကို မသိကြ။ အသက်နှင့် ပတ်သက်၍ သင်တို့၏ စိတ်ထဲ၌ဖြစ်သော ခံစားချက်များသည် အဘယ်မှာနည်း။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုကို တကယ် နားမလည်နိုင်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုကို သတိလည်းမပြုမိပေ၊ ပြီးလျှင် သင်သည် အသစ်သောအရာများကို လက်ခံရန် အခက်အခဲ ရှိလေသည်။ သင်သည် လူတို့၏ အယူအဆများနှင့် ကိုက်ညီသော ဘာသာရေးနှင့် လောကီအရာများကိုသာ လက်ခံ၏။ အကျိုးဆက်အနေဖြင့်၊ သင်သည် အကြောင်းမဲ့သက်သက် တိုက်ခိုက်လေသည်။ လူမည်မျှက သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို သဘောပေါက်နိုင်သနည်း။ လူမည်မျှသည် အသင်းတော်၏ ဝန်ထုပ်ဝန်ပိုးတစ်ခုကို အမှန်တကယ် ထမ်းရွက် ကြပြီးပြီနည်း။ သင် သဘောပေါက်သလော။ ဓမ္မသီချင်းများကို သီဆိုခြင်းသည် ဘုရားသခင်အား ချီးမွမ်းသည့် နည်းလမ်းတစ်ခု ဖြစ်သော်လည်း၊ သင်သည် ဘုရားသခင်ကို ချီးမွမ်းခြင်းနှင့်ဆိုင်သည့် သမ္မာတရားကို ရှင်းလင်းစွာ နားမလည်ပေ။ ထို့အပြင်၊ သူ့ကို ချီးမွမ်းခြင်းနှင့် ပတ်သက်၍ သင် လုပ်ဆောင်သည့် နည်းလမ်းသည် တင်းကျပ်၏။ ယင်းမှာ သင်၌ရှိသည့် အယူအဆတစ်ခု မဟုတ်လော။ သင်သည် သင်၏ အယူအဆများကို အမြဲတမ်း မဆုတ်မနစ် တွယ်ဖက်ထားပြီး၊ ယနေ့တွင် သန့်ရှင်းသောဝိညာဉ်တော် မည်သည့်အရာ လုပ်ဆောင်မည်ကို အာရုံမစိုက်နိုင်၊ သင်၏ ညီအစ်ကိုမောင်နှမများ မည်သည့်အရာ ခံစားနေရသည်ကို မခံစားနိုင်သကဲ့သို့ ဘုရားသခင်၏အလိုတော်ကို တိတ်ဆိတ်စွာ မရှာဖွေနိုင်ပေ။ သင်သည် အမှုအရာများကို ကျိုးကြောင်းမမြင်ဘဲလျက် လုပ်ဆောင်သည်။ သင်သည် သီချင်းများကို ကောင်းစွာ သီဆိုကောင်းသီဆိုနိုင်သော်လည်း၊ ရလဒ်သည် လုံးဝ ကမောက်ကမအခြေအနေတစ်ခု ဖြစ်သည်။ ယင်းမှာ စားသောက်ခြင်း အမှန်တကယ်ပင်လော။ အမှန်တကယ် မည်သူက အနှောင့်အယှက်များ ဖြစ်နေစေသည်ကို သင် မြင်သလော။ သင်သည် စိတ်ဝိညာဉ်အားဖြင့် လုံးဝ အသက်မရှင်ပေ။ ထိုထက်၊ အမျိုးမျိုးသော အယူအဆများကို သင် ကိုင်စွဲထား၏။ ယင်းမှာ အသင်းတော်၏ ဝန်ကို ထမ်းရွက်ဖို့ နည်းလမ်းတစ်ခု အဘယ်သို့ ဖြစ်သနည်း။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် ယခုတွင် ပို၍ပင် မြန်ဆန်စွာ ခရီးပေါက်နေသည်ကို သင်တို့ မြင်ရမည်။ ထို့ကြောင့်၊ အကယ်၍ သင်သည် သင်ကိုယ်တိုင်၏ အယူအဆများကို တင်းကျပ်စွာ ဖမ်းဆုပ်ထားပြီး သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်မှုကို ခုခံနေပါက၊ သင်သည် မျက်စိကန်းနေသူ မဟုတ်လော။ ယင်းမှာ နံရံများကို ဝင်တိုက်ပြီး ဟိုဟိုသည်သည် တဝီဝီမြည်နေသော ယင်ကောင်တစ်ကောင်နှင့် ဆင်တူသည် မဟုတ်သလော။ သင်သည် ဤပုံစံဖြင့် ဆက်လက်ပြုလုပ်ပါက၊ ဘေးဖယ်ခြင်း ခံရလိမ့်မည်။

ဘေးအန္တရာယ်မတိုင်မီ စုံလင်စေခြင်းခံရသောသူတို့သည် ဘုရားသခင်ကို ကျိုးနွံနာခံသောသူများ ဖြစ်ကြ၏။ ၎င်းတို့သည် ခရစ်တော်အပေါ် ကိုးစားလျက် အသက်ရှင်ကြသည်၊ သူ့အဖို့ သက်သေခံကြပြီး၊ သူ့ကို ချီးမြှောက်ကြလေသည်။ ၎င်းတို့သည် ခရစ်တော်၏ အောင်နိုင်သော သားယောကျ်ားများနှင့် စစ်သည်ကောင်းများ ဖြစ်ကြသည်။ ယခု သင့်ကိုယ်သင် တည်ငြိမ်စေကာ၊ ဘုရားသခင်ထံ ချဉ်းကပ်ပြီး၊ သူနှင့်အတူ မိတ်သဟာယဖွဲ့ရန် အရေးကြီးသည်။ အကယ်၍ သင်သည် ဘုရားသခင်ထံ ချဉ်းကပ်နိုင်ခြင်း မရှိပါက၊ စာတန်၏ဖမ်းဆီးခြင်းကို ခံရဖို့ အန္တရာယ် ရှိပေသည်။ သင်သည် ငါ့ထံ ချဉ်းကပ်နိုင်ပြီး၊ ငါနှင့် မိတ်သဟာယဖွဲ့နိုင်ပါက၊ သမ္မာတရား အလုံးစုံကို သင့်အား ထုတ်ဖော်ပြလိမ့်မည်ဖြစ်ပြီး သင်သည် အသက်ရှင်ကာ ပြုမူဖို့ စံနှုန်းတစ်ခု ရှိလိမ့်မည်။ သင်သည် ငါနှင့်ရင်းနှီးသောသူ ဖြစ်သောကြောင့်၊ ငါ၏ နှုတ်ကပတ်တော်သည် သင်၏အနားမှ မည်သည့်အခါမျှ စွန့်ခွာလိမ့်မည် မဟုတ်သကဲ့သို့၊ သင်၏ ဘဝတစ်လျှောက်လုံးတွင် သင်သည် ငါ၏ နှုတ်ကပတ်တော်ထံမှ ဘယ်သောအခါမျှ သွေဖည်သွားလိမ့်မည် မဟုတ်ပေ။ စာတန်သည် သင့်ကို ကောင်းကောင်းအသုံးချရန် နည်းလမ်းရှိလိမ့်မည် မဟုတ်သကဲ့သို့၊ ထိုအစား ၎င်းသည် အရှက်ရကာ၊ ရှုံးနိမ့်လျက် ထွက်ပြေးသွားလိမ့်မည်။ အကယ်၍ သင်သည် သင်၏အတွင်း၌ ပျောက်ဆုံးနေသော အရာကို အပြင်၌ ရှာဖွေပါက၊ တစ်ခါတစ်ရံ ထိုအရာ တစ်ချို့ကို သင်ရှာတွေ့ကောင်းတွေ့နိုင်သော်လည်း၊ သင် ရှာတွေ့သည့် အရာအများစုမှာ စည်းကမ်းများနှင့် သင်မလိုအပ်သောအရာများ ဖြစ်ပေလိမ့်မည်။ သင်သည် မိမိကိုယ်ကိုယ် လက်လွှတ်ရမည်၊ ငါ၏နှုတ်ကပတ်တော်များကို ပိုမို စားသောက်ပြီး ၎င်းတို့ကို မည်သို့တွေးဆရမည်ကို သိရမည်။ သင်သည် တစ်စုံတစ်ရာကို နားမလည်ပါက၊ ငါ့ထံ ချဉ်းကပ်ပြီး၊ ငါနှင့် မကြာခဏ မိတ်သဟာယဖွဲ့လော့။ ဤသို့ဖြင့်၊ သင်နားလည်သည့်အရာများသည် စစ်မှန်ကာ မှန်ကန်လိမ့်မည်။ ငါထံ ချဉ်းကပ်ခြင်းဖြင့် သင် အစပြုရမည်။ ဤသည်မှာ အရေးပါလှ၏။ သို့မဟုတ်လျှင်၊ သင်သည် မည်သို့ စားသောက်ရမည်ကို သိလိမ့်မည်မဟုတ်။ သင်သည် မိမိဘာသာ မစားသောက်နိုင်ပေ။ အမှန်ပင် သင်၏ ဝိညာဉ်အသက်တာသည် အလွန်သေးနုပ်လှ၏။

## အခန်း ၁၄

ယခု၊ အချိန်သည် ကေန်အမှန် အရေးတကြီး ဖြစ်နေ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ငါတို့အား ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ ဦးဆောင်ရန် ကြွပြားသော

နည်းလမ်းများစွာကို အသုံးပြု၍။ သင်သည် သမ္မာတရားအားလုံးဖြင့် ပြင်ဆင်ထားသင့်၏၊ သန့်ရှင်းစင်ကြယ်ခြင်း ရှိသင့်ကာ၊ စစ်မှန်ရိုးသားစွာ ငါနှင့် နီးကပ်သင့်ပြီး၊ ငါနှင့် ပေါင်းသင်းဆက်ဆံမှု ရှိသင့်၏၊ ပြီးလျှင် သင့်ကို စံရွေးစရာ အခြေအနေ ပေးထားလိမ့်မည် မဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် စိတ်ခံစားချက် ကင်းမဲ့ပြီး၊ သင် မည်သို့သော လူစားမျိုးဖြစ်သည်ကို ဂရုမစိုက်ပေ။ သင်သည် ဆင်ခြေများပေးခြင်း မရှိသကဲ့သို့၊ သင်၏ ကိုယ်ပိုင် အမြတ်အစွန်းများနှင့် ဆုံးရှုံးမှုများ အပေါ် ငြင်းခုံခြင်း မပြုဘဲ-ဖြောင့်မတ်ခြင်းကို ဆာငတ်မှုတစ်ခုဖြင့် ရှာဖွေကာ လိုက်လျှောက်ရန် ဆန္ဒရှိသရွေ့ ငါသည် သင့်ကို အသိဉာဏ်ပွင့်လင်းစေမည်ဖြစ်သည်။ သင်သည် မည်မျှ မိုက်မဲကာ မသိနားမလည်သည်ဖြစ်စေ၊ ဤအရာများအပေါ် ငါ အာရုံမစိုက်ပေ။ သင်သည် အပြုသဘောဆောင်သော ရှုထောင့်ဖြင့် မည်မျှ ကြိုးစားလုပ်ဆောင်သည်ကို မြင်ရန် ငါ ကြည့်သည်။ အကယ်၍ သင်သည် ကိုယ်ပိုင် ကမ္ဘာငယ်လေးထဲ၌ ပတ်ချာလည်လျက်၊ အတ္တ၏အယူအဆကို မြဲမြံစွာ စွဲကိုင်နေဆဲဖြစ်ပါက၊ သင်သည် အန္တရာယ်ရှိသည်ဟု ငါထင်၏။... ချီဆောင်ခြင်းဆိုသည်မှာ အဘယ်နည်း။ စွန့်ပစ်ခံရခြင်းဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ ယနေ့တွင် ဘုရားသခင်၏ ရှေ့မှောက်၌ သင် မည်သို့ အသက်ရှင်သင့်သနည်း။ သင်သည် ငါနှင့်အတူ မည်သို့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သင့်သနည်း။ သင်၏ ကိုယ်ပိုင် အယူအဆများကို ဖယ်ရှားလော့၊ သင့်ကိုယ်သင် ပိုင်းခြားစိစစ်လော့၊ သင်၏ မျက်နှာဖုံးကို ချွတ်လော့၊ သင်၏ စရိုက်အမှန်ကို ရှင်းလင်းစွာ မြင်လော့၊ သင့်ကိုယ်သင် ရွံမုန်းလော့၊ ဖြောင့်မတ်ခြင်းကို ဆာလောင်ငတ်မွတ်စွာဖြင့် ရှာဖွေသော စိတ်နှလုံးတစ်ခု ရှိလော့၊ သင်ကိုယ်တိုင်သည် အမှန်တကယ်ပင် အချည်းနှီးဖြစ်သည့် သဘောသက်ရောက်သည်ကို ယုံကြည်လော့၊ သင့်ကိုယ်သင် စွန့်လွှတ်ရန် လိုလားလျက်နေလော့၊ အမှုအရာများကို လုပ်ဆောင်ခြင်းနှင့် သက်ဆိုင်သည့် သင်၏ ကိုယ်ပိုင်နည်းလမ်းများ အားလုံးကို ရပ်တန့်နိုင်စွမ်းရှိလော့၊ ငါ၏ရှေ့တွင် သင့်ကိုယ်သင် တည်ငြိမ်စေလော့၊ ဆုတောင်းခြင်းများကို ပို၍ ပူဇော်ဆက်သလော့၊ ငါ့အပေါ် လေးလေးနက်နက် မှီခိုအားကိုးလော့၊ ငါ့ကို ကြည်ညိုလေးစားလော့၊ ပြီးလျှင် ငါ့ထံ တိုးဝင်ချဉ်းကပ်ခြင်းနှင့် ငါနှင့် မိတ်သဟာယဖွဲ့ခြင်းကို မည်သည့်အခါတွင်မျှ မရပ်တန့်နှင့်-ဤအရာများတွင် အဓိကအချက်ကို တွေ့ရှိရပေသည်။ လူတို့သည် မကြာခဏ မိမိတို့ကိုယ်ကိုယ် ဖက်တွယ်ကြသောကြောင့်၊ ၎င်းတို့သည် ဘုရားသခင်၏ ရှေ့မှောက်၌ မရှိကြချေ။

သန့်ရှင်းသော ဝိညာဉ်တော်၏ လတ်တလော အမှုသည် လူတို့အတွက် စိတ်ကူးကြည့်ရန်

ကေန်အမှန် ခက်ခဲပြီး၊ အားလုံးသည် လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ကြလေသည်။ ထိုအရာနှင့်ပတ်သက်၍ စဉ်းစဉ်းစားစား မရှိခြင်းသည် အမှန်တကယ် အဆင်ပြေလိမ့်မည် မဟုတ်ပေ။ အကယ်၍ သင်၏ နှလုံးသားနှင့် စိတ်သည် ထားသင့်သည့် နေရာတွင် မရှိပါက၊ သင်သည် ရှေ့ဆက်ရမည့်လမ်း ရှိလိမ့်မည်မဟုတ်။ အစမှ အဆုံးအထိ၊ အချိန်တိုင်း သင် သတိရှိရမည်ဖြစ်ပြီး၊ ပေါ့ဆမှုအပေါ် နိုးနိုးကြားကြားရှိဖို့ သေချာစေရမည်။ စဉ်ဆက်မပြတ် သတိရှိကာ စောင့်ဆိုင်း နေသောသူများနှင့် ငါ၏ရှေ့မှောက်တွင် ငြိမ်သက်သောသူများသည် မင်္ဂလာရှိကြ၏။ မိမိတို့၏ စိတ်နှလုံးများဖြင့် ငါ့အား အမြဲ လေးစားကြည်ညိုသောသူများ၊ ငါ၏ အသံကို သေချာစွာ နားထောင်ဖို့ ဂရုစိုက်သောသူများ၊ ငါ၏ လုပ်ဆောင်ချက်များကို အာရုံစိုက်သောသူများနှင့် ငါ၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်သောသူများသည် မင်္ဂလာရှိကြ၏။ အချိန်သည် နောက်ထပ် နှောင့်နှေးမှုကို အမှန်တကယ် ခွင့်မပြုနိုင်ပေ။ အမျိုးမျိုးသော ကပ်ဆိုးတို့သည် သင်တို့အားလုံးကို ရေလွှမ်းမိုးမှုတစ်ခုကဲ့သို့ ဝါးမျိုပစ်ရန်အလို့ငှာ ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်သော၊ သွေးစွန်းနေသော ပါးစပ်များကို ဖွင့်ဟလျက်၊ သောင်းကျန်းကြလိမ့်မည်။ ငါ၏ သားတို့။ အချိန် ကျရောက်လေပြီ။ ချင့်ချိန်တွေးဆစရာ နောက်ထပ်မရှိတော့။ သင်တို့အား ငါ၏ ကွယ်ကာမှုအောက်သို့ ခေါ်ဆောင်လာပေးမည့် တစ်ခုတည်းသော လွတ်လမ်းမှာ ငါ၏ရှေ့မှောက်သို့ ပြန်လာဖို့ ဖြစ်သည်။ သင်သည် သားယောက်ျား၏ အကျင့်စရိုက် ခွန်အား ရှိရမည်။ အားမနည်းနှင့်၊ သို့မဟုတ် စိတ်ပျက်ခြင်း မရှိနှင့်။ သင်သည် ငါ၏ ခြေလှမ်းများကို မီအောင်လိုက်ရမည်၊ အသစ်သော အလင်းကို မငြင်းပယ်ရ၊ ပြီးလျှင် ငါ၏ နှုတ်ကပတ်တော်များကို အဘယ်သို့ စားသောက်ရမည်ကို သင်တို့အား ငါ ပြောပြသည်နှင့်အမျှ၊ သင်တို့သည် ကျိုးနွံနာခံပြီး ထိုနှုတ်ကပတ်တော်များကို သင့်တင့်လျောက်ပတ်စွာ စားသောက်သင့်၏။ အချင်းချင်း ထင်ရာမြင်ရာ တိုက်ခိုက်ရန် သို့မဟုတ် ယှဉ်ပြိုင်ရန် အချိန်ရှိသေးသလော။ သင်သည် ဝလင်စွာ မစားသောက်သကဲ့သို့၊ သမ္မာတရားဖြင့် ပြည့်ဝစွာ မပြင်ဆင်ထားပါက၊ တိုက်ပွဲ ဆင်နွှဲနိုင်မည်လော။ သင်သည် ဘာသာတရားကို အောင်နိုင်လိုပါက၊ သမ္မာတရားဖြင့် အပြည့်အဝ ပြင်ဆင်ထားရမည်။ ငါ၏ နှုတ်ကပတ်တော်များကို ပို၍ စားသောက်ကာ၊ ၎င်းတို့နှင့်ပတ်သက်၍ နောက်ထပ်တွေးဆလော့။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များကို အမှီအခိုကင်းစွာ စားသောက်ရမည်ဖြစ်ပြီး၊ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ခြင်းဖြင့် အစပြုရမည်။ ဤအရာကို သင့်အတွက် သတိပေးချက်တစ်ခု ဖြစ်စေလော့။ သင် အလေးဂရုပြုရမည်။ ချက်ချာပါးနပ်သော သူတို့သည် သမ္မာတရား၌ အလျင်အမြန် နိုးထသင့်ပေ၏။ သင်

မစွန့်လိုသည့် မည်သည့်အရာကိုမဆို စွန့်လွှတ်လော့။ ထိုသို့သော အရာများသည် သင်၏ အသက်တာအဖို့ အမှန်တကယ် အန္တရာယ်ရှိပြီး၊ အကျိုးမရှိသည်ကို သင့်အား ငါ နောက်တစ်ကြိမ် ပြောလေပြီ။ သင်သည် သင်၏ လုပ်ဆောင်မှုများတွင် ငါ့အပေါ် အမှီပြုနိုင်မည်ဟု ငါ မျှော်လင့်သည်။ သို့မဟုတ်ပါက၊ ရှေ့ဆက်ရမည့် တစ်ခုတည်းသောလမ်းကြောင်းမှာ သေခြင်းလမ်း ဖြစ်သည်- ထိုအခါ သင်သည် အသက်လမ်းကို မည်သည့်နေရာ၌ သွားရှာမည်နည်း။ အပြင်ပန်း အရာများနှင့် အလုပ်များရသည်ကို နှစ်သက်သော သင်၏ စိတ်နှလုံးကို ရုပ်သိမ်းလော့။ အခြားလူတို့ကို မနာခံတတ်သော သင်၏ စိတ်နှလုံးကို ရုပ်သိမ်းလော့။ သင်၏ အသက်တာသည် မရင့်ကျက်နိုင်ပါက၊ သင်သည် စွန့်ပစ်ခြင်း ခံရပါက၊ သင်သည် မိမိကိုယ်ကိုယ် အမှားပြုလုပ်စေသောသူတစ်ဦး ဖြစ်လိမ့်မည် မဟုတ်လော။ သန့်ရှင်းသောဝိညာဉ်တော်၏ လက်ရှိ လုပ်ဆောင်ချက်သည် သင် စိတ်ကူးသည့်အရာ မဟုတ်ပေ။ အကယ်၍ သင်သည် သင်၏ အယူအဆများကို မစွန့်လွှတ်နိုင်ပါက၊ ကြီးစွာသော ဆုံးရှုံးမှုတစ်ခုကို သင် ခံစားရလိမ့်မည်။ အမှုသည် လူသား၏ အယူအဆများနှင့် ကိုက်ညီနေစေရန်ဆိုပါက၊ သင်၏ ဟောင်းနွမ်းသော သဘာဝနှင့် အယူအဆများသည် ပေါ်လွင်လာနိုင်မည်လော။ သင်သည် မိမိကိုယ်ကိုယ် သိရှိနိုင်မည်လော။ သင်သည် အယူအဆများ ကင်းရှင်းသည်ဟု သင် တွေးထင်ဆဲ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ ဤအချိန်တွင် သင်၏ အကျည်းတန်သည့် စရိုက်လက္ခဏာ အမျိုးမျိုးသည် ရှင်းလင်းစွာ ပေါ်လွင်လာလိမ့်မည် ဖြစ်သည်။ သင့်ကိုယ်သင် သေချာစွာ မေးလော့-

သင်သည် ငါ့ကို ကျိုးနွံနာခံသောသူတစ်ဦးလော။

သင်သည် မိမိကိုယ်ကိုယ် စွန့်လွှတ်ပြီး ငါ့နောက်လိုက်ဖို့ လိုလားကာ အဆင့်သင့်ရှိနေသလော။

သင်သည် ဖြူစင်သော စိတ်နှလုံးတစ်ခုဖြင့် ငါ၏ မျက်နှာကို ရှာဖွေသောသူတစ်ဦးလော။

ငါ့ထံသို့ မည်သို့ချဉ်းကပ်ပြီး ငါနှင့် မည်သို့ မိတ်သဟာယပြုရမည်ကို သင် သိသလော။

သင်သည် ငါ၏ရှေ့မှောက်တွင် သင့်ကိုယ်သင် တည်ငြိမ်စေပြီး၊ ငါ၏ အလိုကို ရှာဖွေနိုင်သလော။

သင့်ကို ငါ ထုတ်ဖော်ပြသော နှုတ်ကပတ်တော်များကို သင်သည် လက်တွေ့လုပ်ဆောင်သလော။

ငါ၏ရှေ့မှောက်တွင် သင်သည် ပုံမှန်အခြေအနေတစ်ခုကို ထိန်းသိမ်းနိုင်သလော။

စာတန်၏ စဉ်းလဲသော အကြံအစည်များကို သင် ရိပ်စားနိုင်သလော။ ယင်းတို့ကို သင် ဖော်ထုတ်ဝံ့သလော။

ဘုရားသခင်၏ ဝန်ထုပ်ဝန်ပိုးကို သင် မည်သို့ အလေးထားသနည်း။

သင်သည် ဘုရားသခင်၏ ဝန်ထုပ်ဝန်ပိုးကို အလေးထားသူတစ်ဦးလော။

သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို သင် မည်သို့ သဘောပေါက်သနည်း။

ဘုရားသခင်၏ မိသားစုအတွင်းတွင် ပူးဆောင်ဆောင်ရွက်ခြင်းဖြင့် သင် မည်သို့ အစေခံသနည်း။

ငါ့အတွက် သင် မည်သို့ အားကောင်းသည့် သက်သေခံသနည်း။

သမ္မာတရားအတွက် သင် မည်သို့ ကောင်းစွာသော တိုက်ပွဲဝင်သနည်း။

သင်သည် ဤသမ္မာတရားတို့ကို စေ့စေ့စပ်စပ် တွေးဆဖို့ အချိန်ယူရမည်။ နေ့ရက်သည် အလွန့်အလွန် နီးကပ်နေပြီဖြစ်သည်ကို သက်သေပြရန် အချက်အလက်များမှာ လုံလောက်ပေသည်။ ဘေးဒုက္ခများ ရောက်မလာမီ သင်သည် စုံလင်စေခြင်းခံရမည်- ဤအရာသည် အရေးကြီးသည့် ကိစ္စ၊ အဆောတလျင် ဖြေရှင်းရမည့် ကိစ္စတစ်ခု ဖြစ်၏။ ငါသည် သင်တို့ကို စုံလင်စေရန် ဆန္ဒရှိသော်လည်း၊ သင်တို့သည် ဇကေန်အမှန် အတော်အတန် ထိန်းမနိုင်သိမ်းမရ ဖြစ်ကြသည်ကို ငါ မြင်ရသည်။ သင်သည် အနိုင်မခံအရှုံးမပေးလိုစိတ် ရှိသော်လည်း၊ သင်သည် ယင်းစိတ်ကို အကောင်းဆုံး အသုံးမချသကဲ့သို့၊ အရေးကြီးဆုံးသောအရာများကို သဘောမပေါက်ချေ။ ယင်းအစား သင် သဘောပေါက်သမျှ အရာအားလုံးမှာ အသေးအမွှား ကိစ္စရပ်များသာ ဖြစ်၏။ ဤအရာများအပေါ် စဉ်းစားချင့်ချိန်ခြင်းမှာ အဘယ်အကျိုး ရှိသနည်း။ ယင်းသည် အချိန်ဖြုန်းခြင်း ဖြစ်သည် မဟုတ်လော။ ငါသည် သင်တို့အား ဤနည်းဖြင့် သနားခြင်းကရုဏာကို ပြသော်လည်း၊ သင်တို့သည် မည်သည့်တန်ဖိုးထားမှုမျှ မပြနိုင်ကြချေ။ သင်တို့သည် အချင်းချင်းကြား ခိုက်ရန်ဖြစ်ပွားရုံမျှသာ ရှိကြ၏- ထို့ကြောင့် ငါ၏ အပတ်တကုတ်ကြိုးပမ်းသည့် အားထုတ်မှု အားလုံးသည် အချည်းနှီးဖြစ်သွားပြီ မဟုတ်လော။ သင်သည် ဤနည်းဖြင့် ဆက်သွားပါက၊ ငါသည် သင်တို့ကို အချိန်ယူကာ ချော့မော့မည် မဟုတ်။ သင်တို့သည် သမ္မာတရားအဖို့ မနိုးထကြပါက၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် သင်တို့ထံမှ

ရုပ်သိမ်းခံရလိမ့်မည်ဟု သင်တို့ကို ငါပြော၏။ သင်တို့ကို စားသောက်ရန် နောက်ထပ် ပေးတော့မည် မဟုတ်သကဲ့သို့ သင့်တော်သည်ဟု သင်တို့ မြင်သည့်အတိုင်း သင်တို့ ယုံကြည်နိုင်သည်။ ငါသည် ငါ၏ နှုတ်ကပတ်တော်များကို ပြည့်စုံစေ့စပ်စွာ ပြောဆိုပြီးဖြစ်သည်။ သင်တို့ နားထောင်ခြင်း ရှိ၊ မရှိဆိုသည်မှာ သင်တို့အပေါ် မူတည်၏။ သင်တို့ စိတ်ရှုပ်ထွေးသည့်အချိန် ရောက်လာသည့်အခါ၊ ရှေ့ဆက်ရန် လမ်း မရှိသကဲ့သို့ စစ်မှန်သော အလင်းကိုလည်း မမြင်နိုင်သည့်အခါတွင်၊ ငါ့ကို အပြစ်တင်လိမ့်မည်လော။ မသိနားမလည် လိုက်လေခြင်း။ သင်၏ အတ္တကို တင်းကျပ်စွာ ဖက်တွယ်ပါက၊ လက်လွှတ်ရန် ငြင်းဆန်ပါက၊ အကျိုးဆက်သည် မည်သည့်အရာ ဖြစ်သင့်သနည်း။ သင်၏ အလုပ်သည် အချည်းနှီး လေ့ကျင့်မှုတစ်ခုမျှသာ ဖြစ်လိမ့်မည် မဟုတ်လော။ ဘေးဒုက္ခများ ကျရောက်သည့်အခါတွင်၊ ဖယ်ရှားခံရခြင်းသည် သနားစဖွယ်ဖြစ်လှပေသည်တကား။

ယခုအချိန်သည် အသင်းတော်အား တည်ဆောက်ခြင်း၏ အရေးပါသောအဆင့် ဖြစ်၏။ သင်သည် ငါနှင့် ပူးပေါင်းဆောင်ရွက်ရန်အခြေအနေကို ဖန်တီးနိုင်စွမ်း မရှိသကဲ့သို့၊ ငါ့ထံ မိမိကိုယ်ကိုယ် စိတ်နှလုံးအကြွင်းမဲ့ မဆက်ကပ်နိုင်ပါက၊ အရာရာကို သင် မစွန့်လွှတ်နိုင်ပါက၊ သင်သည် ဆုံးရှုံးမှုကို ခံစားရလိမ့်မည်။ အခြားသော ရည်ရွယ်ချက်များကို သင် သိုထားနိုင်သေးသလော။ သင်တို့အနေဖြင့် နောင်တရကာ၊ အသစ်ပြန်စမည်ကို စောင့်မျှော်လျက်၊ ငါသည် သင်တို့အား သက်ညှာမှုကို ဤနည်းဖြင့် ပြခဲ့၏။ သို့သော်လည်း ဤအရာကို အချိန်က တကယ်ကို နောက်ထပ် အခွင့်မပေးတော့သကဲ့သို့၊ ငါသည် အခြေအနေ တစ်ရပ်လုံးကို သုံးသပ်ရမည်ဖြစ်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်၏ ရည်ရွယ်ချက်အတွက်၊ အရာခပ်သိမ်းသည် ရှေ့ဆက်လျက်ရှိပြီး ငါ၏ ခြေလှမ်းများသည် တစ်နေ့တခြား၊ တစ်နာရီပြီးတစ်နာရီ၊ အခိုက်အတန့် တစ်ခုပြီးတစ်ခု ရှေ့သို့ တက်လှမ်းနေ၏- မီအောင် မလိုက်နိုင်သောသူများသည် စွန့်ပစ်ခြင်း ခံရကြလိမ့်မည်။ နေ့ရက်တိုင်းတွင် အသစ်သောအလင်း ရှိ၏၊ နေ့ရက်တိုင်းတွင် အသစ်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်၏။ နေ့ရက်တိုင်းတွင် အသစ်သော အရာများ ထွက်ပေါ် ပြီး၊ အလင်းကို မမြင်နိုင်သောသူများသည် မျက်စိကန်းနေသူများဖြစ်ကြပေသည်။ လိုက်လျှောက်ခြင်း မရှိသော သူတို့သည် သုတ်သင်ဖယ်ရှင်းခြင်း ခံကြရလိမ့်မည်…။

## အခန်း ၁၅

ဘုရားသခင်ပေါ်ထွန်းခြင်းသည် အသင်းတော်များအားလုံးတွင် ထွက်ပေါ်နိုင့်ပြီး ဖြစ်သည်။ မိန့်တော်မူသူမှာ ဝိညာဉ်တော် ဖြစ်သည်- ကိုယ်တော်သည် လောင်သောမီးဖြစ်သည်၊ ဘုန်းအာနုဘော်ရှိပြီး၊ တရားစီရင်နေသည်။ ကိုယ်တော်သည် လူသားဖြစ်သည်။ ခြေသို့တိုင်အောင် ဝတ်ခြုံလျက်၊ ရင်တော်၌ ရွှေခါးပန်းကို စည်းလျက်ဖြစ်၏။ ဦးခေါင်းတော်နှင့် ဆံပင်တော်သည် သိုးမွေးကဲ့သို့ ဖြူ၏။ မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ ဖြစ်၏။ ခြေတော်သည်လည်း မီး၌ချွတ်ပြီးသော ကြေးဝါစစ်နှင့်တူ၏။ အသံတော်သည်လည်း သမုဒ္ဒရာသံကဲ့သို့ ဖြစ်၏။ လက်ျာတော်သည်လည်း ကြယ်ခုနစ်လုံးကို ကိုင်၏။ ခံတွင်းတော်ထဲကလည်း ထက်သောသန်လျက်ထွက်၏။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့် ထွန်းတောက်သော နေကဲ့သို့ဖြစ်၏။

လူသားကို သက်သေခံပြီးဖြစ်ပြီး၊ ဘုရားသခင် ကိုယ်တော်တိုင်ကို ပွင့်လင်းစွာ ထုတ်ဖော်ပြီးဖြစ်သည်။ ဘုရားသခင်၏ ဘုန်းတော်သည် တောက်လောင်နေသော နေကဲ့သို့ ပြင်းထန်စွာ တောက်ပလျက် ထုတ်လွှတ်ပြီးဖြစ်သည်။ ကိုယ်တော်၏ ဘုန်းကြီးသောမျက်နှာသည် အလွန်စူးရှတောက်ပသော အလင်းဖြင့် တောက်လောင်သည်၊ မည်သူ၏မျက်လုံးတို့သည် ကိုယ်တော်ကို ခုခံမှုဖြင့် ဆက်ဆံနိုင်သနည်း။ ခုခံမှုသည် သေခြင်းသို့ ဦးတည်သည်။ သင်၏စိတ်နှလုံးထဲတွင် ကြံစည်သည့် မည်သည့်အရာမဆို၊ သင်ပြောဆိုသည့် မည်သည့်စကားကိုမဆို သို့မဟုတ် သင်လုပ်ဆောင်သည့် မည်သည့်အရာမဆို အတွက် အနည်းငယ်ဆုံးသော သနားကရုဏာကို ပြသမည်မဟုတ်ပေ။ သင်တို့အားလုံးသည် သင်တို့ရရှိပြီးသောအရာမှာ ငါ၏စီရင်မှုမှတစ်ပါး အခြား မည်သည့်မျှ မရှိကြောင်း နားလည်လာကြ၊ မြင်တွေ့လာကြလိမ့်မည်။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်ကို စားသောက်ရန် အားမထုတ်ဘဲ၊ ၎င်းအစား ငါတည်ဆောက်ထားသောအရာကို စိတ်ကူးပေါက်သည်အတိုင်း ဝင်ရောက် နှောင့်ယှက်ကာ ဖျက်ဆီးသောအခါ၊ ငါသည် ယင်းကို သည်းခံနိုင်မည်လော။ ငါသည် ဤကဲ့သို့သောသူကို သိမ်မွေ့စွာ ဆက်ဆံလိမ့်မည် မဟုတ်ပေ။ သင်၏စရိုက်သည် သာ၍ဆိုးရွားစွာ ယိုယွင်းလာပါလျှင်၊ သင်သည် မီးလောင်ခြင်းကို ခံရလိမ့်မည်။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် ဦးခေါင်းမှသည် ခြေဖျားအထိ ဆက်သွယ်ထားသော အသား သို့မဟုတ် အသွေး စိုးစဉ်းမျှ မရှိသော ဝိညာဉ်ခန္ဓာကိုယ်တွင် ကိုယ်ထင်ပြသည်။ ကိုယ်တော်သည် စကြာဝဠာလောကကို ကျော်လွန်သည်၊ တတိယကောင်းကင်ရှိ ဘုန်းကြီးတော်မူသော ပလ္လင်တော်ထက်တွင် ထိုင်တော်မူကာ အရာခပ်သိမ်းကို စီမံအုပ်ချုပ်နေသည်။ စကြာဝဠာနှင့် အရာခပ်သိမ်းတို့သည် ငါ၏လက်များအထဲတွင် ရှိကြသည်။ ငါသည် မြွက်တော်မူလျှင် ထိုအတိုင်းဖြစ်သည်။

ငါချမှတ်ဆုံးဖြတ်လျှင်၊ ထိုအတိုင်းဖြစ်လိမ့်မည်။ စာတန်သည် ငါ၏ခြေအောက်တွင်ရှိသည်- ၎င်းသည် အနက်ဆုံးသောတွင်း အထဲ၌ရှိသည်။ ငါ၏အသံတော် ထွက်သောအခါ၊ ကောင်းကင်နှင့်မြေကြီးသည် တည်ရှိတော့မည် မဟုတ်ဘဲ၊ မည်သည့်အရာမျှ ရှိတော့မည် မဟုတ်ပေ။ အရာခပ်သိမ်းတို့သည် အသစ်ပြုခြင်းကို ခံရကြလိမ့်မည်၊၎င်းသည် အကြွင်းမဲ့ မှန်ကန်သော ပြောင်းလဲ၍မရနိုင်သည့် သမ္မာတရား တစ်ခုဖြစ်သည်။ ငါသည် လောကအပြင် ဆိုးယုတ်သောသူများကို အောင်နိုင်ပြီးဖြစ်သည်။ ငါသည် ဤနေရာတွင် ထိုင်တော်မူကာ သင်တို့အား မိန့်မြွက်တော်မူသည်၊ ထို့ကြောင့် နားရှိသောသူအားလုံး ကြားသင့်ပြီး၊ အသက်ရှင်နေသောသူ အားလုံး လက်ခံသင့်သည်။

နေ့ရက်တို့သည် အဆုံးသတ်လိမ့်မည်၊ ဤလောကရှိ အရာခပ်သိမ်းတို့သည် တည်ရှိတော့မည် မဟုတ်ဘဲ၊ အရာခပ်သိမ်းတို့သည် အသစ် မွေးဖွားကြလိမ့်မည်။ ဤသည်ကို သတိရလော့။ မမေ့လေနှင့်။ မည်သည့် ယုံမှားသံသယမျှ မရှိနိုင်ပေ။ ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း၊ ငါ့စကားတည်လိမ့်မည်။ ငါ သင်တို့ကို နောက်တစ်ကြိမ် တိုက်တွန်းမည်- အကျိုးမရှိဘဲ မပြေးလေနှင့်။ နိုးထလော့။ နောင်တရလော့။ ကယ်တင်ခြင်းသည် ရောက်လုနီးပြီ။ ငါသည် သင်တို့အလယ်တွင် ပေါ်ထွန်းနှင့်ပြီးဖြစ်ပြီး၊ ငါ၏အသံတော်သည် ပေါ်ထွက်ပြီးဖြစ်သည်။ ငါ၏ အသံတော်သည် သင်တို့ မျက်မှောက်တွင် ပေါ်ထွက်ပြီးဖြစ်သည်၊ ၎င်းသည် နေ့စဉ်နေ့တိုင်း သင်တို့ကို မျက်နှာချင်းဆိုင် ရင်ဆိုင်ပြီး၊ ၎င်းသည် နေ့ရက်အသီးသီးတွင် လန်းဆန်းကာ အသစ်ဖြစ်သည်။ သင်သည် ငါ့ကိုမြင်သည်၊ ငါသည်လည်း သင့်ကို မြင်သည်၊ ငါသည် သင့်အား စဉ်ဆက်မပြတ် ပြောဆိုပြီး၊ သင်နှင့် မျက်နှာချင်းဆိုင် ရှိသည်။ သို့သော်လည်း သင်သည် ငါ့ကို ငြင်းပယ်ပြီး၊ ငါ့ကို မသိပေ။ ငါ့သိုးတို့သည် ငါ့စကားသံကို ကြားနိုင်သည်၊ သို့သော်လည်း သင်တို့သည် တွန့်ဆုတ်ကြသေးသည်။ သင်တို့သည် တွန့်ဆုတ်ကြသည်။ သင်တို့၏ နှလုံးတို့သည် မိုက်လျက်၊ သင်တို့၏မျက်လုံးတို့သည် စာတန်၏ ကွယ်စေခြင်းကို ခံရကြသည်၊ ငါ၏ ဘုန်းကြီးသော မျက်နှာတော်ကို မမြင်နိုင်ပေ၊ သင်တို့သည် သနားဖွယ်ကောင်းလိုက် လေခြင်း။ သနားဖွယ်ကောင်းလိုက်လေခြင်း။

ငါ၏ ပလ္လင်တော်ရှေ့မှ ဝိညာဉ်ခုနှစ်ပါးတို့ကို မြေ၏လေးမျက်နှာသို့ စေလွှတ်ပြီး၊ ငါသည် ငါ၏ တမန်တော်ကို အသင်းတော်များသို့ စကားပြောရန် စေလွှတ်လိမ့်မည်။ ငါသည် ဖြောင့်မတ်ကာ သစ္စာရှိသည်၊ ငါသည် လူ့နှလုံးသား၏ အနက်ရှိုင်းဆုံးသော အစိတ်အပိုင်းများကို စစ်ဆေးသော ဘုရားသခင်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် အသင်းတော်တို့အား မိန့်တော်မူပြီး၊

ငါ၏ သားတော်အတွင်းမှ ထွက်ပေါ်သည်မှာ ငါ၏ နှုတ်ကပတ်တော်များ ဖြစ်သည်၊ နားရှိသောသူအားလုံး ကြားသင့်သည်။ အသက်ရှင်နေသောသူအားလုံး လက်ခံသင့်သည်။ ၎င်းတို့ကို စားသောက်ခြင်းသာ ပြုလော့၊ သံသယမရှိလေနှင့်။ ငါ၏နှုတ်ကပတ်တော်များကို နာခံ၍ သတိပြုသောသူ အားလုံးတို့သည် ကြီးမားသော ကောင်းချီးမင်္ဂလာများကို ရရှိလိမ့်မည်။ ငါ၏မျက်နှာတော်ကို လေးနက်စွာ ရှာဖွေသော သူအားလုံးတို့သည် အသစ်သောအလင်း၊ အသစ်သော ဉာဏ်အလင်းရခြင်းနှင့် အသစ်သော ထိုးထွင်းသိမြင်စွမ်းသော ဉာဏ်များကို အကယ်စင်စစ် ရရှိလိမ့်မည်၊ အရာခပ်သိမ်းတို့သည် လန်းဆန်းကာ အသစ်ဖြစ်ကြလိမ့်မည်။ ငါ၏ နှုတ်ကပတ်တော်များတို့သည် သင့်ထံသို့ အချိန်မရွေး ရောက်ရှိလာလိမ့်မည်ဖြစ်ပြီး၊ သင်သည် ဝိညာဉ်လောက၏ နက်နဲရာများအားလုံးကို မြင်နိုင်ပြီး နိုင်ငံတော်သည် လူတို့အလယ်တွင် ရှိကြောင်း မြင်နိုင်စေရန် ၎င်းတို့သည် သင့်ဝိညာဉ်၏မျက်လုံးကို ပွင့်စေလိမ့်မည်။ ခိုလှုံရာသို့ ဝင်ရောက်လော့၊ ထိုသို့ပြုပါက ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာအပေါင်းတို့သည် သင့်အပေါ်သို့ ကျရောက်လိမ့်မည်။ အစာခေါင်းပါးခြင်းနှင့် အနာရောဂါတို့သည် သင့်ကို ထိခိုက်စေနိုင်လိမ့်မည် မဟုတ်ပေ၊ ပြီးလျှင် ဝံပုလွေများ၊ မြွေများ၊ ကျားများနှင့် ကျားသစ်များတို့သည် သင့်ကို အန္တရာယ်ပြုနိုင်မည် မဟုတ်ပေ။ သင်သည် ငါနှင့်အတူ သွားလိမ့်မည်၊ ငါနှင့်အတူ လျှောက်လှမ်းလိမ့်မည်၊ ပြီးလျှင် ငါနှင့်အတူ ဘုန်းတော်ဝင်စားလိမ့်မည်။

အနန္တတန်ခိုးရှင် ဘုရားသခင်။ ကိုယ်တော်၏ဘုန်းကြီးသော ခန္ဓာကိုယ်သည် ပွင့်လင်းစွာ ပေါ်ထွန်းသည်၊ သန့်ရှင်းတော်မူသော ဝိညာဉ်ခန္ဓာတော်သည် ပေါ်ထွက်ပြီး၊ ကိုယ်တော်သည် ပြည့်စုံသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ လောကနှင့်လူ့ဇာတိ နှစ်ခုစလုံးတို့ ပြောင်းလဲကြပြီး၊ တောင်ပေါ်တွင် ကိုယ်တော်၏ အဆင်းသဏ္ဌာန်တော်ပြောင်းလဲခြင်းသည် ဘုရားသခင်၏ ဇာတိအဖြစ်တော် ဖြစ်သည်။ ကိုယ်တော်သည် ဦးခေါင်းထက်၌ ရွှေသရဖူကို ဆောင်း၏၊ ကိုယ်တော်၏ဝတ်ရုံတော်သည် ဖြူစင်သန့်ရှင်းသည်၊ ရင်တော်၌ ရွှေခါးပန်းကို စည်းလျက်ဖြစ်၏။ လောကရှိ အရာအားလုံးတို့သည် ကိုယ်တော်၏ ခြေတင်ရာခုံဖြစ်သည်။ မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။ ခံတွင်းတော်ထဲကလည်း ထက်သောသန်လျက်ထွက်၏။ လက်ျာလက်တော်သည်လည်း ကြယ်ခုနစ်လုံးကို ကိုင်၏။ နိုင်ငံတော်သို့ သွားရာလမ်းသည် အဆုံးမဲ့စွာ တောက်ပပြီး၊ ကိုယ်တော်၏ ဘုန်းတော်သည် ထွက်ပေါ်ကာ ထွန်းတောက်သည်။ တောင်တို့သည် ဝမ်းမြောက်လျက်၊ ရေတို့သည် ရယ်မောလျက်၊ နေ၊ လနှင့် ကြယ်တို့ အားလုံးသည် စီစဉ်ထားသည့် အစဉ်အတိုင်း လည်ပတ်ကြလျက်၊ နှစ်ပေါင်းခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ် အပြီးသတ်ခြင်းကို

ကြေငြာကာ အောင်ပွဲခံပြန်လာသည့် အတုမရှိ၊ စစ်မှန်သည့် ဘုရားသခင်ကို ကြိုဆိုကြသည်။ အားလုံး ဝမ်းမြောက်စွာ ကခုန်ကြလော့။ သြဘာပေးလော့။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် သူ၏ ဘုန်းကြီးသော ပလ္လင်တော်ထက်တွင် ထိုင်တော်မူသည်။ သီချင်းဆိုလော့။ အနန္တတန်ခိုးရှင်၏ အောင်လံကို ဘုန်းအာနုဘော်ပြည့်စုံ၍ ခမ်းနားသော ဇိအုန်တောင်ပေါ်တွင် မြင့်မားစွာ လွှင့်ထူသည်။ လူမျိုးအပေါင်းတို့သည် သြဘာပေးနေကြသည်၊ လူမျိုးအားလုံးတို့သည် သီချင်းသီဆိုနေကြသည်၊ ဇိအုန်တောင်သည် ဝမ်းမြောက်စွာ ရယ်မောနေပြီး ဘုရားသခင်၏ ဘုန်းတော်သည် ထွက်ပေါ် ပြီ ဖြစ်သည်။ ငါသည် ဘုရားသခင်၏မျက်နှာတော်ကို တွေ့မြင်ရလိမ့်မည်ဟု မည်သည့်အခါမျှ အိပ်မက်ပင် မမက်ဘူးပေ၊ သို့သော် ယနေ့တွင် ငါသည် ၎င်းကို တွေ့ခဲ့ပြီ ဖြစ်သည်။ နေ့စဉ် ကိုယ်တော်နှင့်မျက်နှာချင်းဆိုင် ငါသည် ကိုယ်တော်ထံ ရင်ဖွင့်သည်။ ကိုယ်တော်သည် စားဖွယ်နှင့်သောက်ဖွယ်ကို ကြွယ်ဝစွာ ပေးသနားတော်မူသည်။ အသက်၊ နှုတ်ကပတ်တော်များ၊ လုပ်ဆောင်မှုများ၊ အတွေးများ၊ အယူအဆများ အားလုံးတို့ကို ကိုယ်တော်၏ ဘုန်းကြီးသော အလင်းတော်မှ အလင်းပေးတော်မူသည်။ ကိုယ်တော်သည် လမ်းခရီး၏ခြေလှမ်းတိုင်းကို ဦးဆောင်ပြီး၊ ကိုယ်တော်၏ တရားစီရင်မှုသည် မည်သည့် တော်လှန်လိုသော နှလုံးသားပေါ်သို့မဆို ချက်ချင်း ကျရောက်လေသည်။

စားခြင်း၊ အတူနေထိုင်ခြင်း၊ ဘုရားသခင်နှင့်အတူ အသက်ရှင်ခြင်း၊ ကိုယ်တော်နှင့် အတူရှိခြင်း၊ အတူတကွ လျှောက်လှမ်းခြင်း၊ အတူတကွ ပျော်မွေ့ခြင်း၊ အတူတကွ ဘုန်းတော်ရရှိခြင်းနှင့် ကောင်းချီးများခံစားခြင်း၊ ကိုယ်တော်နှင့် ဘုရင်အရိုက်အရာကို အတူခံစားခြင်းနှင့် နိုင်ငံတော်တွင် အတူတကွ တည်ရှိခြင်း- အို၊ ပျော်ရွှင်ဖွယ် ကောင်းလိုက်လေခြင်း။ အို၊ ချိုမြိန်လိုက်လေခြင်း။ ငါတို့သည် ကိုယ်တော်နှင့်အတူ နေ့စဉ် မျက်နှာချင်းဆိုင် ရှိနေသည်၊ ကိုယ်တော်နှင့် နေ့စဉ် စကားပြောနေပြီး၊ စဉ်ဆက်မပြတ် စကားပြောနေသည်၊ ထို့အပြင် နေ့တိုင်း အသစ်သော ဉာဏ်အလင်းပွင့်ခြင်းနှင့် အသစ်သော ထိုးထွင်းမြင်နိုင်စွမ်းသော အသိဉာဏ်များကို ပေးသနားတော်မူသည်။ ငါတို့၏ ဝိညာဉ်မျက်စိတို့ကို ပွင့်စေပြီး၊ ငါတို့သည် အရာရာတိုင်းကို တွေ့မြင်သည်။ ဝိညာဉ်၏ နက်နဲရာအလုံးစုံတို့ကို ငါတို့အား ထုတ်ဖော်တော်မူသည်။ သန့်ရှင်းသော အသက်တာသည် အကယ်ပင် ပူပင်ကြောင့်ကြမှု ကင်းမဲ့သည်၊ လျင်မြန်စွာပြေးပြီး၊ မရပ်ပေ၊ ပြီးလျှင် ရှေ့သို့ စဉ်ဆက်မပြတ် တိုးသွားသည်- ရှေ့တွင် သာ၍အံ့သြဖွယ် ဘဝတစ်ခု ရှိသည်။ ချိုမြိန်သောအရသာ၌သာ ကျေနပ်မနေလေနှင့်၊ ဘုရားသခင်ထံတွင်းသို့ ဝင်ရောက်ရန် အစဉ် ရှေးရှုလော့။ ကိုယ်တော်သည် အရာခပ်သိမ်းကို လွှမ်းခြုံကာ ကြွယ်ဝပြီး ငါတို့ ချို့တဲ့သောအရာ အမျိုးမျိုးကို ပိုင်ဆိုင်သည်။

ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးယူပြီး ကိုယ်တော်ှအတွင်းသို့ ဝင်ရောက်လော့၊ ထိုအခါ မည်သည့်အရာမျှ မည်သည့်အခါမျှ နောက်တစ်ဖန် တူလိမ့်မည် မဟုတ်ပေ။ ငါတို့၏ဘဝများသည် ထူးကဲသာလွန်ကာ၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ကိစ္စ သို့မဟုတ် မည်သည့်အရာမျှ ငါတို့ကို နှောင့်ယှက်နိုင်လိမ့်မည် မဟုတ်ပေ။

ထူးကဲသာလွန်ခြင်း။ ထူးကဲသာလွန်ခြင်း။ စစ်မှန်သော ထူးကဲသာလွန်ခြင်း။ ဘုရားသခင်၏ ထူးကဲသာလွန်သော အသက်သည် အထဲတွင် ရှိပြီး၊ အရာခပ်သိမ်းသည် စစ်မှန်စွာ သက်သောင့်သက်သာ ရှိသွားကြပြီ ဖြစ်သည်။ ငါတို့သည် ခင်ပွန်းများ သို့မဟုတ် သားသမီးများတို့အပေါ် သံယောဇဉ် မရှိဘဲ၊ လောကနှင့် လောကီအရာများတို့ကို ကျော်လွန်သည်။ ဖျားနာခြင်းနှင့် ပတ်ဝန်းကျင်များတို့၏ ထိန်းချုပ်မှုကို ငါတို့ ကျော်လွန်သည်။ စာတန်သည် ငါတို့ကို မနှောင့်ယှက်ရဲပေ။ ငါတို့သည် ဘေးအန္တရာယ်အလုံးစုံတို့ကို ကျော်လွန်သည်။ ဤသည်မှာ ဘုရားသခင်အား ဘုရင်ဖြစ်ခွင့်ပေးခြင်း ဖြစ်သည်။ ငါတို့သည် စာတန်ကို ခြေဖဝါးအောက် နင်းခြေကြသည်၊ အသင်းတော်အဖို့ သက်သေခံကြပြီး၊ စာတန်၏ အကျည်းတန်သော မျက်နှာကို လုံးလုံးလျားလျား ဖော်ထုတ်ကြသည်။ အသင်းတော်ကို တည်ဆောက်ခြင်းသည် ခရစ်တော်၌ဖြစ်ပြီး၊ ဘုန်းကြီးသော ခန္ဓာတော်သည် ပေါ်ထွက်ပြီးဖြစ်သည်- ၎င်းသည် ချီဆောင်ခြင်း၌ အသက်ရှင်ခြင်း ဖြစ်သည်။

# အခန်း ၁၆

လူသားအား သက်သေခံပြီးနောက်တွင် အနန္တတန်ခိုးရှင် ဘုရားသခင်သည် ငါတို့ထံသို့ ဖြောင့်မတ်ခြင်းနေမင်းအဖြစ် ကိုယ်တော်တိုင် လူသိရှင်ကြား ထုတ်ဖော်ပြလေသည်။ ဤသည်မှာ တောင်ပေါ်တွင် ပုံသဏ္ဌာန်ပြောင်းလဲခြင်း ဖြစ်ပေတကား။ ထိုအရာသည် ယခုတွင် ပို၍ပို၍စစ်မှန်လာပြီး စစ်မှန်မှုတစ်ခု ဖြစ်လာနေလေသည်။ ငါတို့သည် သန့်ရှင်းသောဝိညာဉ်တော် အမှုတော်ဆောင်ပုံကို မြင်တွေ့ပြီးဖြစ်ကာ၊ ဘုရားသခင်ကိုယ်တော်တိုင် လူ့ဇာတိမှ ထွက်ပေါ်လာသည်။ ကိုယ်တော်သည် လူသား၏ထိန်းချုပ်မှုအောက်၌လည်း မရှိ၊ အာကာသ၏ထိန်းချုပ်မှုအောက်၌လည်း မရှိ၊ ပထဝီအနေအထား၏ ထိန်းချုပ်မှုအောက်၌လည်း မရှိပေ။ ကိုယ်တော်သည် မြေထုနှင့် ပင်လယ်တို့၏ နယ်နိမိတ်တို့ကို ကျော်လွန်သည်။ ကိုယ်တော်သည် စကြဝဠာတစ်ခုလုံး အနှံ့အပြားနှင့် မြေကြီးစွန်းတိုင်အောင် ရောက်ရှိပြီး၊ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအားလုံးသည်

သူ၏အသံတော်ကို ငြိမ်သက်စွာနားထောင်နေကြသည်။ ငါတို့သည် ငါတို့၏ဝိညာဉ်မျက်စိများကို ဖွင့်သောအခါ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သူ၏ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာမှ ပေါ်ထွက်လာသည်ကို မြင်လေသည်။ ဤသည်မှာ လူ့ဇာတိခန္ဓာမှ ပေါ်ထွက်နေသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်၏။ သူသည် စစ်မှန်၍ ပြီးပြည့်စုံသော ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်။ ကိုယ်တော်သည် ငါတို့ကို လူသိရှင်ကြား ပြောဆို၏။ သူသည် ငါတို့နှင့် မျက်နှာချင်းဆိုင်ရှိ၏။ ကိုယ်တော်သည် ငါတို့ကို တိုက်တွန်း ပေးတော်မူ၏။ ကိုယ်တော်သည် ငါတို့အပေါ်၌ သနားခြင်းရှိ၏။ ကိုယ်တော်သည် ငါတို့ကို စောင့်သည်။ ကိုယ်တော်သည် ငါတို့ကို အားပေးနှစ်သိမ့်၏။ ငါတို့ကို ဆုံးမပဲ့ပြင်၍ တရားစီရင်တော်မူ၏။ ကိုယ်တော်သည် ငါတို့ကို လက်ဖြင့် လမ်းပြဦးဆောင်လျက် ငါတို့အပေါ် သူ၏ပူပန်မှုသည် သူ၏အထဲ၌ မီးတောက်ကဲ့သို့ လောင်ကျွမ်းလေသည်။ ကိုယ်တော်သည် ထက်သန်သော စိတ်နှလုံးဖြင့် ငါတို့ကို နိုးကြား၍ သူ့အတွင်းသို့ဝင်ရောက်ရန် နှိုးဆော်၏။ ကိုယ်တော်၏ ထူးကဲသာလွန်သော အသက်တာကို ငါတို့အားလုံးအတွင်း ဖြစ်ပေါ်စေခဲ့ပြီး၊ ကိုယ်တော့်အတွင်းသို့ ဝင်ရောက်သူ မည်သူမဆို ထူးကဲသာလွန်မှုကိုရရှိ၍၊ ကမ္ဘာလောကနှင့် ဆိုးယုတ်သူအားလုံးတို့ကို အောင်နိုင်မည်ဖြစ်ကာ၊ ကိုယ်တော်နှင့်အတူ ဘုရင်များအဖြစ် စိုးစံရမည်ဖြစ်သည်။ အနန္တတန်ခိုးရှင်ဘုရားသခင်သည် ဘုရားသခင်၏ဝိညာဉ်ခန္ဓာဖြစ်သည်။ ကိုယ်တော်က ထိုအရာကို စီမံထားလျှင်၊ ထိုအရာသည် ထိုစီမံထားချက်အတိုင်းသာ ဖြစ်လိမ့်မည်။ ကိုယ်တော်က ထိုအရာကို ပြောသည်ဆိုလျှင်၊ ထိုအရာသည် ထိုပြောဆိုချက်အတိုင်းသာ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ကိုယ်တော်က ထိုအရာကို အမိန့်ပေးသည်ဆိုလျှင်၊ ထိုအရာသည် ထိုအမိန့်တော်အတိုင်းသာ ဖြစ်လိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် စစ်မှန်သော တစ်ဆူတည်းသော ဘုရားသခင် ဖြစ်သည်။ စာတန်သည် ကိုယ်တော်၏ ခြေအောက်၌ အဆုံးမရှိသောတွင်းထဲတွင် ရှိနေ၏။ စကြဝဠာထဲရှိ အရာရာတိုင်းသည် ကိုယ်တော်၏လက်ထဲတွင် ရှိသည်။ အချိန်အခါသည် ရောက်ရှိလာပြီဖြစ်ပြီး၊ အရာအားလုံးတို့သည် ဘာမျှမရှိခြင်းသို့ ပြန်လည်ရောက်ရှိကာ အသစ်သော မွေးဖွားခြင်းကို ခံရလိမ့်မည်။

## အခန်း ၁၇

အသင်းတော်သည် တည်ဆောက်ဆဲဖြစ်ပြီး၊ စာတန်သည် အသင်းတော်ကို ဖြိုချရန် အစွမ်းကုန် ကြိုးစားနေသည်။ ၎င်းသည် ငါ၏ တည်ဆောက်ခြင်းကို ဖြစ်နိုင်သမျှသော မည်သည့်

နည်းလမ်းမဆိုဖြင့် ဖြိုချလို၏။ ဤအကြောင်းကြောင့်၊ အသင်းတော်ကို လျင်မြန်စွာ သန့်စင်ရမည်ဖြစ်သည်။ ဆိုးယုတ်မှုနှင့်ဆိုင်သည့် အသုံးမဝင်သည့်အရာ အနည်းငယ်မျှ မကျန်ကြွင်းစေရ။ အသင်းတော်သည် ဆက်လက် စင်ကြယ်လာကာ ယခင်အတိုင်း အပြစ်အနာအဆာ ကင်းမဲ့သည်အထိ သန့်စင်ခြင်းခံရမည်။ သင်တို့သည် နိုးထကြရမည်ဖြစ်ပြီး၊ အချိန်တိုင်း၌ စောင့်စားနေကာ၊ ငါ၏ရှေ့မှောက်တွင် သာ၍ ဆုတောင်းကြရမည်။ သင်တို့သည် စာတန်၏ အမျိုးမျိုးသော အကြံများနှင့် ကောက်ကျစ်သော အကြံအစည်များကို သတိပြုရမည်၊ ဝိညာဉ်များကို သတိပြုရမည်၊ လူတို့ကို သိရမည်ဖြစ်ပြီး၊ လူများ၊ အဖြစ်အပျက်များနှင့် အမှုအရာမျိုးစုံတို့ကို ရိပ်စားမိနိုင်ရမည်။ ငါ၏ နှုတ်ကပတ်တော်များကိုလည်း သင်တို့ သာ၍ စားသောက်ရမည် ဖြစ်ပြီး၊ ပို၍အရေးကြီးသည်မှာ၊ သင်တို့အနေဖြင့် ထိုနှုတ်ကပတ်တော်များကို မိမိတို့ဘာသာ စားသောက်နိုင်ရမည် ဖြစ်သည်။ သင်တို့၏ ဝိညာဉ်ရေးရာ မျက်စိများကို ငါဖွင့်ပေးနိုင်ဖို့နှင့် စိတ်ဝိညာဉ်အတွင်း တည်ရှိသော နက်နဲမှုများအားလုံးကို သင်တို့အား မြင်တွေ့ခွင့်ပေးနိုင်ဖို့အလို့ငှာ၊ သင်တို့သည် သမ္မာတရားအားလုံးဖြင့် မိမိတို့ကိုယ်ကိုယ် ပြင်ဆင်ထားကြပြီး၊ ငါ၏ ရှေ့မှောက်သို့ လာကြလော့။... အသင်းတော်သည် ၎င်း၏ တည်ဆောက်ခြင်း အဆင့်ထဲသို့ ဝင်ရောက်သည့်အချိန်တွင်၊ သန့်ရှင်းသူများသည် တိုက်ပွဲဆီသို့ ချီတက်ကြသည်။ စာတန်၏ အမျိုးမျိုးသော အကျည်းတန်သည့် မျက်နှာပေါက်တို့ကို သင်တို့ရှေ့တွင် ချပြထား၏။ သင်တို့သည် ရပ်တန့်ကာ နောက်သို့ ပြန်ရွေ့သွားကြသလော၊ သို့မဟုတ် သင်တို့သည် ငါ့ကို အားထားရင်း မတ်တပ်ရပ်ပြီး ရှေ့ဆက်သွားကြသလော။ စာတန်၏ ဖောက်ပြန်ပျက်စီးပြီး အကျည်းတန်သော မျက်နှာပေါက်များကို စေ့စေ့စပ်စပ် ဖော်ထုတ်လော့၊ ၎င်း စိတ်မချမ်းသာဖြစ်မည်ကို လုံးဝ မစိုးရိမ်လေနှင့်၊ ပြီးလျှင် သက်ညှာခြင်းမရှိလေနှင့်။ စာတန်ကို သေသည့်တိုင်အောင် တိုက်ခိုက်လော့။ ငါသည် သင်၏ အထောက်အပံ့ ဖြစ်ပြီး၊ သင်သည် ယောကျ်ားသား၏ စိတ်ဓါတ်ရှိရမည်။ စာတန်သည် ၎င်း၏ နောက်ဆုံးသော မချိတင်ကဲ သေဆုံးခြင်း၌ ရုတ်တရက် ဒေါသတကြီး တိုက်ခိုက်နေသော်လည်း၊ ၎င်းသည် ငါ၏ တရားစီရင်ခြင်းမှ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်သေးပေ။ စာတန်သည် ငါ၏ ခြေအောက်တွင် ရှိနေပြီး၊ သင်တို့၏ ခြေအောက်တွင်လည်း အနင်းခံရလျက်ရှိသည်- ဤသည်မှာ အမှန်တရားဖြစ်၏။

ဘာသာရေးနှောင့်ယှက်သူများနှင့် အသင်းတော်၏ အဆောက်အဦးကို ဖြိုချသူများအားလုံးကို သည်းခံခြင်း အနည်းငယ်မျှ ပြရလိမ့်မည်မဟုတ်ဘဲ၊ ချက်ချင်း တရားစီရင်ခြင်းခံရလိမ့်မည်။ စာတန်သည် ဖော်ထုတ်ခံရလိမ့်မည်၊ နင်းခြေခံရလိမ့်မည်၊ လုံးဝ ဖျက်ဆီးခံရလိမ့်မည် ဖြစ်ပြီး၊

ပုန်းကွယ်စရာ နေရာမရှိဘဲ ကျန်ရစ်လိမ့်မည်။ မကောင်းဆိုးဝါးများနှင့် တစ္ဆေမျိုးစုံတို့သည် ၎င်းတို့၏ ပုံသဏ္ဍာန်အစစ်အမှန်တို့ကို ငါ၏ ရှေ့မှောက် ကေန်မုချ ထုတ်ဖော်ပြကြလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့ ဘယ်သောအခါမျှ လွတ်မြောက်လိမ့်မည် မဟုတ်သည့် အနက်ဆုံးသော တွင်းထဲသို့ ၎င်းတို့အားလုံးကို ငါပစ်ချမည်။ ၎င်းတို့အားလုံးသည် ငါတို့၏ ခြေအောက်၌ ရှိကြလိမ့်မည်။ အကယ်၍ သင်သည် သမ္မာတရား အတွက် ကောင်းသော တိုက်ခိုက်ခြင်းကို ပြုလိုပါက၊ ပထမဦးဆုံး အနေဖြင့်၊ စာတန်ကို အလုပ်လုပ်စေရန် မည်သည့် အခွင့်အရေးမျှ မပေးရ- ဤရည်ရွယ်ချက် အထမြောက်ဖို့ရန်၊ သင်တို့သည် တစ်စိတ်တစ်ဝမ်းတည်းရှိဖို့နှင့်၊ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အစေခံနိုင်ဖို့၊ သင်၏ ကိုယ်ပိုင်အယူအဆများ၊ ထင်မြင်ချက်များ၊ အမြင်များနှင့် အမှုအရာများကို လုပ်ဆောင်သည့် နည်းလမ်းများ အားလုံးကို စွန့်လွှတ်နိုင်ဖို့၊ ငါ၏အတွင်းတွင် သင်၏စိတ်နှလုံးကို ငြိမ်သက်စေနိုင်ဖို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏အသံကို အာရုံစိုက်နိုင်ဖို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှု အပေါ် အာရုံစိုက်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အသေးစိတ် တွေ့ကြုံခံစားနိုင်ဖို့တို့ကိုလိုအပ်လိမ့်မည် ဖြစ်သည်။ သင်တို့တွင် ရည်ရွယ်ချက် တစ်ခုသာ ရှိရမည်ဖြစ်ပြီး၊ ယင်းသည် ငါ၏ အလိုကို ပြည့်စုံစေဖို့ ဖြစ်သည်။ ဤအရာမှလွဲ၍ အခြားရည်ရွယ်ချက် သင်တို့၌ မရှိသင့်ပေ။ သင်၏ စိတ်နှလုံး အကြွင်းမဲ့ဖြင့် ငါ့ကို ကြည့်ရမည်၊ ငါ၏ လုပ်ဆောင်ချက်များနှင့် ငါ အမှုအရာများကို လုပ်ဆောင်သည့် နည်းလမ်းများအား သေချာစွာ ကြည့်ရမည် ဖြစ်ပြီး၊ လုံးဝ မပေါ့ဆရပေ။ သင်၏ စိတ်ဝိညာဉ်သည် ထက်မြက်ရမည်၊ သင်၏ မျက်စိများ ဖွင့်ထားရမည်။ သာမန်အားဖြင့်၊ မိမိတို့၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ မှန်ကန်မှုမရှိသည့် သူများအပြင်၊ အခြားသူများ မြင်သည်ကို နှစ်သက်သောသူများ အမှုအရာများကို လုပ်ဆောင်ရန် စိတ်အားထက်သန်သော သူများ၊ အနှောင့်အယှက်များကို ဖြစ်စေတတ်သူများ၊ ဘာသာရေး အယူဝါဒကို လေကြောရှည်ရာတွင် တော်သောသူများ၊ စာတန်၏ လက်ပါးစေများ စသည်တို့ကဲ့သို့သောသူများနှင့် ပတ်သက်လာသည့်အခါတွင်- ဤလူများ ထရပ်သည့်အခါ၊ ထိုသူတို့သည် အသင်းတော်အတွက် အခက်အခဲများ ဖြစ်လာကြပြီး၊ ဤအရာက ၎င်းတို့၏ ညီအစ်ကိုမောင်နှမများ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းကို အချည်းနှီး ဖြစ်သွားစေသည်။ ထိုသို့သော လူများ ဟန်ဆောင်ခြင်းကို သင် ကြုံရချိန်တွင် ချက်ချင်း တားမြစ်လော့။ အဖန်ဖန် သတိပေးခံရသော်လည်း၊ ၎င်းတို့ မပြောင်းလဲပါက၊ ၎င်းတို့ ဆုံးရှုံးခြင်း ခံစားရလိမ့်မည်။ အကယ်၍ မိမိတို့၏ နည်းလမ်းများ အတိုင်း ခေါင်းမာမာနှင့် မရမကလုပ်ဆောင်သူများသည် မိမိတို့ကိုယ်ကိုယ် ကာကွယ်ဖို့ကြိုးပမ်းပြီး မိမိတို့၏အပြစ်များကို ဖုံးကွယ်ရန် ကြိုးစားပါက၊ အသင်းတော်က ၎င်းတို့ကို ချက်ချင်း

ဖြုတ်တောက်ပစ်သင့်ပြီး၊ ၎င်းတို့ လှုပ်ရှားဆောင်ရွက်ဖို့ အခွင့်အလမ်း မရှိစေသင့်ပေ။ အနည်းငယ်ကို ကယ်တင်ရန် ကြိုးစားခြင်းဖြင့် များစွာ မဆုံးရှုံးစေနှင့်။ အခြေအနေတစ်ရပ်လုံးကို ကြည့်နေလော့။

ယခု သင်တို့၏ ဝိညာဉ်မျက်စိများကို ဖွင့်ထားရမည်ဖြစ်ပြီး၊ အသင်းတော်ထဲက လူအမျိုးမျိုးကို သတိပြုနိုင်ရမည်-

အဘယ်ကဲ့သို့သော လူစားမျိုးသည် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို နားလည်ပြီး၊ ဝိညာဉ်ကို သိသနည်း။

အဘယ်ကဲ့သို့သော လူစားမျိုးသည် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို နားမလည်သနည်း။

အဘယ်ကဲ့သို့သော လူစားမျိုးသည် ဆိုးညစ်သော ဝိညာဉ်ရှိသနည်း။

အဘယ်ကဲ့သို့သော လူစားမျိုးသည် စာတန်၏ လုပ်ဆောင်ချက် မိမိတို့အထဲတွင် ရှိသနည်း။

အဘယ်ကဲ့သို့သော လူစားမျိုးသည် အနှောင့်အယှက်များကို ဖြစ်စေတတ်သနည်း။

အဘယ်ကဲ့သို့သော လူစားမျိုးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် မိမိတို့အထဲတွင် ရှိသနည်း။

အဘယ်ကဲ့သို့သော လူစားမျိုးသည် ဘုရားသခင်၏ ဝန်ထုပ်ကို အရေးထားမှု ပြသနည်း။

အဘယ်ကဲ့သို့သော လူစားမျိုးသည် ငါ့အလိုကို လုပ်ဆောင်နိုင်သနည်း။

ငါ၏ သစ္စာရှိသော သက်သေများမှာ အဘယ်သူများနည်း။

ယနေ့၏ အမြင့်မားဆုံးသော ရူပါရုံမှာ အသင်းတော်များထံ သန့်ရှင်းသော ဝိညာဉ်တော် ယူဆောင်လာသည့် ဉာဏ်အလင်းပေးခြင်း ဖြစ်သည်ကို သိလော့။ ဤအရာများနှင့် ပတ်သက်၍ နားဝေတိမ်တောင် မဖြစ်လေနှင့်၊ ယင်းထက် ၎င်းတို့ကို စေ့စေ့စပ်စပ် သဘောပေါက်နားလည်ဖို့ အချိန်ယူလော့- ဤသည်မှာ သင်တို့၏ အသက်တာတိုးတက်ခြင်းအတွက် အလွန့်အလွန် အရေးပါ၏။ သင်ကိုယ်တိုင်၏ မျက်စိရှေ့တွင် ရှိသော ဤအရာများကို သင် နားမလည်ပါက၊ သင်သည် ရှေ့တွင်ရှိသည့် လမ်းကို လျှောက်လှမ်းနိုင်လိမ့်မည် မဟုတ်။ သင်၌ စုံစမ်းသွေးဆောင်ခြင်းသို့ လဲကျမည့် အန္တရာယ်နှင့် အကျဉ်းချ ခံရမည့် အန္တရာယ် စဉ်ဆက်မပြတ် ရှိလိမ့်မည်ဖြစ်ပြီး သင် ဝါးမျိုခံရကောင်း ခံရနိုင်သည်။ ယခုတွင် အဓိက

လုပ်ဆောင်ရမည့်အရာများမှာ သင်၏ နှလုံးသားဖြင့် ငါ့ထံ တိုးဝင်ချဉ်းကပ်နိုင်စွမ်း ရှိလာခြင်းအပေါ် အာရုံစိုက်ဖို့နှင့် ငါနှင့် သာ၍ မိတ်သဟာယပြုဖို့တို့ဖြစ်သည်။ ထိုသို့သော ရင်းနှီးမှုနှင့် မိတ်သဟာယပြုခြင်းတို့ဖြင့် သင် ချို့တဲ့သည့်အရာ သို့မဟုတ် သင် ရှာဖွေသည့်အရာ မည်သည့်အရာမဆို ပြည့်စုံစေခြင်းခံရလိမ့်မည် ဖြစ်သည်။ သင်၏ အသက်တာသည် ကေန်မုချ ထောက်ပံ့ ပေးခံရမည်ဖြစ်ပြီး၊ သင်သည် အသစ်သော ဉာဏ်အလင်းပေးခြင်း ရရှိလိမ့်မည်။ ယခင်က သင် မည်မျှ မသိနားမလည်သည်ကို ငါသည် လုံးဝ မကြည့်ရှုခဲ့သကဲ့သို့ သင်တို့၏ အတိတ်က အပြစ်များနှင့်ပတ်သက်၍ ငါ၏ စိတ်၌ စွဲမကျန်စေပေ။ ငါသည် ငါ့ကို သင် အဘယ်မျှ ချစ်သည်ကို ကြည့်၏- သင်သည် ငါ့ကို အခြား မည်သည့်အရာမဆိုထက် ပိုချစ်နိုင်သလော။ သင့်အနေဖြင့် သင်၏မသိနားမလည်ခြင်းကို စွန့်ပစ်ရန် နောက်ပြန်လှည့်ပြီး ငါ့အပေါ် မှီခိုနိုင်ခြင်း ရှိမရှိဆိုသည်ကို မြင်ရန် ငါကြည့်ရှုသည်။ အချို့သော လူများသည် ငါ့ကို ဆန့်ကျင်ကြသည်၊ ငါ့ကို ပွင့်ပွင့်လင်းလင်း အာခံကြပြီး အခြားသူများကို ဝေဖန်အကဲဖြတ်ကြသည်။ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များကို မသိကြသကဲ့သို့ ငါ၏မျက်နှာကို ရှာတွေ့ရန် အလားအလာ သာ၍ပင် နည်းပေသည်။ ငါ့ကို ရိုးသားစစ်မှန်စွာ ရှာဖွေသူ၊ ဖြောင့်မတ်ခြင်းတရားကို ဆာလောင်ပြီး ငတ်မွတ်သော စိတ်နှလုံးများရှိသူတို့ ဖြစ်သည့် ငါ၏ရှေ့မှောက်တွင် ရှိသောသူအားလုံး- သင့်ကို ငါသည် အသိဉာဏ်ပွင့်လင်းစေမည်၊ သင့်ထံ ထုတ်ဖော်ပြမည်၊ သင်ကိုယ်တိုင်၏ မျက်စိများဖြင့် ငါ့ကို မြင်ခွင့်ပေးမည်ဖြစ်ပြီး ငါ၏အလိုတော်ကို ကိုယ်တိုင်ကိုယ်ကျ သဘောပေါက်ခွင့်ပေးမည်။ သင် နားလည်နိုင်စေဖို့အလို့ငှာ ငါ၏စိတ်နှလုံးကို သင့်ထံ ကေန်မုချ ဖော်ထုတ်ပြမည်။ ငါ၏ နှုတ်ကပတ်တော်များနှင့်အညီ သင်၏အတွင်းတွင် ငါ ဉာဏ်အလင်း ပေးသည့်အရာကို သင် လက်တွေ့လုပ်ဆောင်ရမည်။ သို့မဟုတ်ပါက၊ သင်သည် တရားစီရင်ခြင်း ခံရလိမ့်မည်။ ငါ၏အလိုကို လိုက်လျှောက်လော့၊ ပြီးလျှင် သင်သည် လမ်းပျောက်လိမ့်မည် မဟုတ်ပေ။

ငါ၏ နှုတ်ကပတ်တော်ထဲသို့ ဝင်ရောက်ရန် ကြိုးစားသူ အားလုံးအဖို့၊ ၎င်းတို့အပေါ် နှစ်ဆသော ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာများ ရှိလိမ့်မည်၊ ၎င်းတို့သည် အသစ်သော ဉာဏ်အလင်းပေးခြင်းနှင့် ထိုးထွင်းသိမြင်မှုတို့ကို နေ့တိုင်း ရရှိလိမ့်မည် ဖြစ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များကို နေ့စဉ်နှင့်အမျှ စားသောက်ရာတွင် သာ၍ လန်းဆန်းမှုကို ၎င်းတို့ ခံစားရလိမ့်မည်။ ထိုနှုတ်ကပတ်တော်ကို ၎င်းတို့၏ ကိုယ်ပိုင်နှုတ်ဖြင့် မြည်းစမ်းကြ ရလိမ့်မည်။ ချိုမြိန်လိုက်ပါဘိ။... သင်သည် သတိရှိရမည် ဖြစ်ပြီး၊ ထိုးထွင်းသိမြင်မှုအချို့နှင့် ချိုမြိန်မှု အရသာတစ်ခုကို ရရှိပြီးချိန်တွင် ကျေနပ်အားရနေရမည် မဟုတ်ပေ။ အဓိက သော့ချက်မှာ ရှေ့ဆက် ဆက်လက်ကြိုးစားဖို့ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုသည်

အမှန်တကယ် အံ့သြဖွယ်ဖြစ်ပြီး စစ်မှန်သည်ဟု အချို့သောလူတို့ ထင်ကြသည်- ဤသည်မှာ အနန္တတန်ခိုးရှင် ဘုရားသခင်၏ ဇာတိအဖြစ်တော်ကို ပွင့်လင်းစွာ ထုတ်ဖော်ပြခြင်းဖြစ်ပြီး၊ သာ၍ ကြီးသော နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများသည် ရှေ့တွင် တည်လျက်ရှိသည်။ အချိန်တိုင်း သတိထားပြီး နိုးကြားနေလော့၊ အရင်းအမြစ်အပေါ် စူးစိုက်ကြည့်လော့၊ ငါ၏ရှေ့တွင် ငြိမ်သက်နေလော့၊ အလေးဂရုပြုပြီး သေချာစွာ နားထောင်ကာ ငါ၏ နှုတ်ကပတ်တော်များကို စိတ်ချလော့။ မရေရာခြင်း မရှိရ၊ အကယ်၍ သင် စိုးစဉ်းမျှ သံသယရှိပါက၊ တံခါး ပြင်ပတွင် သင် အစွန့်ပစ်ခံရလိမ့်မည်ကို ငါစိုးရိမ်မိသည်။ ရှင်းလင်းသော ရုပါရုံများ ရှိလော့၊ ခိုင်မာသော ရပ်တည်ချက်ပေါ်တွင် ရပ်လော့၊ ဤအသက်ရေစီးချောင်း နောက်လိုက်လော့၊ ပြီးလျှင် ၎င်းစီးဆင်းရာ မည်သည့်အရပ်ကိုမဆို နီးကပ်စွာ လိုက်လော့။ မည်သည့် လူသား တွန့်ဆုတ်မှုကိုမျှ သင် လုံးဝ နှလုံးမသွင်းရ။ စားသောက်၍သာ ချီးမွမ်းလော့။ ဖြူစင်သော စိတ်နှလုံးဖြင့် ရှာဖွေပြီး၊ လုံးဝ အရှုံးမပေးလေနှင့်။ သင့်အနေဖြင့် ကြီးမားသော ဆုံးရှုံးမှုများ ခံစားရခြင်းကို ရှောင်လွှဲနိုင်ဖို့အလို့ငှာ၊ သင်နားမလည်သည့် မည်သည့်အရာမဆို ငါ၏ ရှေ့သို့ မကြာခဏ ယူဆောင်လာပြီး မည်သည့် သံသယကိုမျှ သိုမထားသည်ကို သေချာစေလော့။ ဆက်ထိန်းထားလော့။ ဆက်ထိန်းထားလော့။ နီးနီးကပ်ကပ် နေလော့။ သင်၏ အဟန့်အတားများကို သင်မှ ဖယ်ရှားပြီး၊ အသောက်အစား အပျော်အပါး၌ မမွေ့လျော်လေနှင့်။ စိတ်ပါလက်ပါ ရှေ့ဆက်သွားပြီး အားထုတ်ကာ မတွန့်ဆုတ်လေနှင့်။ သင်၏ စိတ်နှလုံးကို အချိန်တိုင်း သင် ဆက်ကပ်ရမည်ဖြစ်ပြီး၊ အဘယ်သောအခါမျှ တဒင်္ဂပင် လက်မလွတ်လေနှင့်။ သန့်ရှင်းသော ဝိညာဉ်တော်သည် လုပ်ဆောင်ဖို့ အမှုသစ် စဉ်ဆက်မပြတ်ရှိသည်၊ အသစ်သော အရာများကို နေ့စဉ်လုပ်ဆောင်ပြီး၊ အသစ်သော ဉာဏ်အလင်းပေးခြင်းများလည်း နေ့ရက်တိုင်း ရှိသည်။ တောင်ပေါ်တွင် ထူးခြားသောအဆင်းအရောင်နှင့် ပြည့်စုံသည်ဖြစ်၍ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်ခန္ဓာသည် ပေါ်ထွန်းခဲ့လေပြီ။ ဖြောင့်မတ်ခြင်း နေမင်းသည် အလင်းကို ထုတ်လွှတ်ပြီး ထွန်းလင်းလေသည်။ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအားလုံးတို့သည် သင်၏ ဘုန်းအသရေ ရှိသော မျက်နှာကို မြင်ခဲ့ပြီးဖြစ်သည်။ ငါ၏ အလင်းသည် ငါ၏ ရှေ့မှောက်သို့ လာသော သူအားလုံးအပေါ် ထွန်းလင်းလိမ့်မည်။ ငါ၏ နှုတ်ကပတ်တော်များသည် သင့်ကို ရှေ့ဆက်ဦးဆောင်နေသည့် အလင်းဖြစ်၏။ သင်တို့ လျှောက်လှမ်းသည်နှင့်အမျှ လက်ယာဘက် သို့မဟုတ် လက်ဝဲဘက် သွေဖည်ခြင်း ရှိလိမ့်မည် မဟုတ်ဘဲ ငါ၏ အလင်းအတွင်းတွင် လျှောက်လှမ်းကြလိမ့်မည် ဖြစ်ကာ၊ သင်၏ ပြေးလွှားခြင်းသည်လည်း အချည်းနှီး အားထုတ်မှု ဖြစ်လိမ့်မည် မဟုတ်ပေ။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို ရှင်းလင်းစွာ တွေ့မြင်ရမည်။ ငါ၏ အလိုတော်သည် ထိုအထဲတွင် ရှိ၏။

လျှို့ဝှက်ဆန်းကြယ်မှုအားလုံး ဖုံးကွယ်ခြင်း ခံထားရသော်လည်း၊ ၎င်းတို့ကို တဖြည်းဖြည်း သင့်အား ထုတ်ဖော်ပြလိမ့်မည်။ ငါ၏နှုတ်ကပတ်တော်များကို စိတ်တွင် အချိန်တိုင်း ထိန်းသိမ်းထားလော့၊ ပြီးလျှင် ငါနှင့် ပို၍ မိတ်သဟာယပြုရန် ငါ၏ရှေ့မှောက်သို့ လာလော့။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုသည် တိုးတက်၏။ ငါ၏ခြေလှမ်းများအတိုင်း လျှောက်လော့။ ကြီးမားသော အံ့သြဖွယ်ရာများသည် ရှေ့တွင်ရှိပြီး၊ ဤအရာများကို သင့်ထံ တစ်ခုချင်းစီ ထုတ်ဖော်ပြလိမ့်မည်။ ဂရုစိုက်သော သူများ၊ စောင့်ဆိုင်းသောသူများနှင့် နိုးနေသောသူများသာ ၎င်းတို့ကို တွေ့မြင်ရလိမ့်မည်။ အားထုတ်မှု မလျှော့ဖို့ သေချာစေလော့။ ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အစီအစဉ်သည် ၎င်း၏ နောက်ဆုံးအဆင့်နှင့် နီးကပ်နေလေပြီ။ အသင်းတော် တည်ဆောက်ခြင်း အောင်မြင်လိမ့်မည်၊ အောင်မြင်သောသူ အရေအတွက် သတ်မှတ်ထားနှင့်ပြီး ဖြစ်သည်၊ အောင်မြင်သော သားယောကျ်ားလေးကို ဖန်တီးလိမ့်မည်ဖြစ်ပြီး၊ ၎င်းသည် ငါနှင့်အတူ နိုင်ငံတော်ထဲသို့ ဝင်ရောက်လိမ့်မည်၊ ငါနှင့်အတူ ဘုရင့်အရိုက်အရာကို ခံယူလိမ့်မည်၊ တိုင်းနိုင်ငံအားလုံးကို သံလှံတံဖြင့် အုပ်စိုးပြီး အတူတကွ ဘုန်းဝင်စားလိမ့်မည်။

## အခန်း ၁၈

အသင်းတော်ကို တည်ဆောက်ခြင်းသည် အမှန်အားဖြင့် လုပ်ဆောင်ရန် လွယ်ကူသောအရာ မဟုတ်လိုက်လေခြင်း။ အသင်းတော်ကို တည်ဆောက်ရာတွင် ငါသည် စိတ်နှလုံးအကြွင်းမဲ့ဖြင့် လုပ်ဆောင်ခဲ့ပြီး၊ စာတန်သည် ယင်းကို ဖြိုဖျက်ဖို့ရန် ၎င်းတတ်နိုင်သမျှ အားလုံးကို လုပ်ဆောင်လိမ့်မည်။ သင့်ကို တည်ဆောက်စေလိုလျှင် သင်သည် ရှုပါရုံတစ်ခုရှိသောသူ ဖြစ်ရမည်၊ ငါ့ကို မှီခိုအားကိုးလျက် အသက်ရှင်ရမည်၊ ခရစ်တော်အတွက် သက်သေခံရမည်၊ ခရစ်တော်ကို ချီးမြှောက်ရမည်ဖြစ်ပြီး ငါ့အပေါ် သစ္စာစောင့်သိရမည်။ သင်သည် ဆင်ခြေများမပေးသင့်ဘဲ၊ ယင်းအစား အကြွင်းမဲ့နာခံကာ မည်သည့် စမ်းသပ်မှုကိုမဆို ကြံ့ကြံ့ခံပြီး၊ ငါ့ထံမှ လာသမျှအားလုံးကို လက်ခံရမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို မည်သို့ပင်ဦးဆောင်သည်ဖြစ်စေ သင်က လိုက်နာရမည်။ သင်၌ တက်ကြွသောစိတ်ဓာတ်နှင့် အမှုအရာတို့ကို ခွဲခြားသိမြင်နိုင်စွမ်း ရှိရမည်။ သင်သည် လူတို့ကို နားလည်ရမည်ဖြစ်ပြီး ၎င်းတို့၏နောက်သို့ ကြောင်းကျိုးမမြင်ဘဲ မလိုက်ရ။ သင်၏ ဝိညာဉ်မျက်စိများကို တောက်ပနေစေပြီး၊ အရာအားလုံးအကြောင်းကို စေ့စေ့စပ်စပ် သိထားရမည်။ ငါနှင့်စိတ်တူသောလူတို့သည် ငါ့အတွက် သက်သေခံရမည် ဖြစ်ပြီး၊

စာတန်ကိုတိုက်ရန် အဆုံးအဖြတ်စစ်ပွဲကို ဆင်နွှဲရမည်။ သင်သည် တည်ဆောက်ခံရခြင်းကိုရော တိုက်ပွဲတွင်ပါဝင်ခြင်းကိုပါ ပြုရမည်။ ငါသည် သင်တို့အကြားတွင် ရှိ၏၊ သင်တို့ကို ထောက်မ၏၊ ထို့ပြင် ငါသည် သင်တို့၏ ခိုလှုံရာ ဖြစ်၏။

ပထမဆုံး လုပ်ဆောင်ရမည့်အရာများမှာ သင့်ကိုယ်သင် စင်ကြယ်စေရန်ဖြစ်ပြီး၊ ပြောင်းလဲပြီးသော လူတစ်ဦးဖြစ်လာကာ၊ တည်ငြိမ်သော စိတ်သဘောရှိရန် ဖြစ်သည်။ ပတ်ဝန်းကျင်အခြေအနေ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ငါ့ကိုအားထားရမည်။ အိမ်တွင်ရှိသည်ဖြစ်စေ၊ အခြားမည်သည့်ပတ်ဝန်းကျင်မဆိုတွင် ရှိသည်ဖြစ်စေ အခြားသူတစ်ဦးဦးကြောင့် သို့မဟုတ် ဖြစ်ရပ်အချို့ သို့မဟုတ် အကြောင်းကိစ္စအချို့ကြောင့် တုံ့ဆိုင်းခြင်း မရှိစေရ။ ထို့ပြင် သင်သည် မြဲမြံစွာရပ်တည်ရမည်ဖြစ်ပြီး၊ ခါတိုင်းကဲ့သို့ပင် ခရစ်တော်အတိုင်း အသက်ရှင်ရမည်ဖြစ်ကာ ဘုရားသခင်ကိုယ်တော်တိုင်အား ထင်ရှားစေရမည်။ သင့်လုပ်ငန်းဆောင်တာကို လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ပုံမှန်အတိုင်း သင့်တာဝန်များကို ဖြည့်ဆည်းရမည်။ ယင်းကို တစ်ကြိမ်တစ်ခါသာ လုပ်ဆောင်ရမည်မဟုတ်ဘဲ ရေရှည်လုပ်ဆောင်နေရမည်။ ငါ့စိတ်နှလုံးကို သင့်စိတ်နှလုံးကဲ့သို့ မှတ်ယူရမည်၊ ငါ့ရည်ရွယ်ချက်တို့သည် သင်၏အတွေးများ ဖြစ်လာရမည်၊ အခြေအနေတစ်ရပ်လုံးကို ဆင်ခြင်သုံးသပ်ရမည်၊ သင့်အထဲမှ ခရစ်တော်ကို ပေါ်ထွက်လာစေပြီး၊ သင်သည် အခြားသူများနှင့် ညှိနှိုင်းလျက် အစေခံရမည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို အမီလိုက်ရမည်ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်၏ ကယ်တင်ခြင်းနည်းလမ်းထဲသို့ သင့်ကိုယ်သင် ခြေစုံပစ်ဝင်ရောက်ရမည်။ သင့်ကိုယ်သင် အမှုအရာများမှ ရှင်းလင်းပြီးနောက် အပြစ်ကင်းစင်ပြီး ပွင့်လင်းသောသူ ဖြစ်စေရမည်။ သင်သည် သင်၏ညီအစ်ကိုမောင်နှမများနှင့် ပုံမှန်မိတ်သဟာယဖွဲ့ရမည်၊ အမှုအရာများကို စိတ်ရင်းမှန်ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိရမည်၊ အချင်းချင်း ချစ်ရမည်၊ သူတို့၏ အားသာချက်များဖြင့် သင်၏ အားနည်းချက်များကို ထိန်းညှိစေလော့၊ ထို့ပြင် အသင်းတော်အတွင်း၌ တည်ဆောက်ခံရရန် ကြိုးပမ်းလော့။ ထိုအခါမှသာ နိုင်ငံတော်တွင် နေရာတစ်ခုကို အမှန်တကယ် ရလိမ့်မည်။

## အခန်း ၁၉

သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် ရှေ့ဆက်တိုးသည့်အားလျော်စွာ ဘုရားသခင်သည်

သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသော လမ်းခရီးအသစ်ထဲသို့ ငါတို့ကို တစ်ဖန်ပြန်၍ ခရီးဦးကြို နေရာချပေးပြီးဖြစ်သည်။ ရလဒ်အနေဖြင့် လူအချို့သည် ငါ့ကို မလွဲကေန် အထင်လွဲမှားကြပြီး ငါ့ထံ ညည်းညူတိုင်တန်းကြ၏။ အချို့က ငါ့ကို ခုခံကာ ဆန့်ကျင်ကြပြီး ငါ့ကို စစ်စစ်ပေါက်ပေါက် စစ်ဆေးကြ၏။ သို့သော်လည်း သင်တို့ကိုယ်သင်တို့ နောင်တရပြီး ပြုပြင်ရန် သနားကရုဏာဖြင့် ငါစောင့်နေဆဲဖြစ်၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုပြုသည့် နည်းလမ်း၌ ပြောင်းလဲခြင်းအရာမှာ ဘုရားသခင် ကိုယ်တော်တိုင် လူပုံအလယ်၌ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ ငါ၏နှုတ်ကပတ်တော်သည် မပြောင်းမလဲ ဆက်ရှိနေအံ့။ ငါ ကယ်တင်နေသူသည် သင် ဖြစ်သည့်အတွက်၊ ငါသည် သင့်ကို လမ်းခုလတ်၌ စွန့်လွှတ်ရန် လုံးဝ ဆန္ဒမရှိ။ သင်တို့သည် ယုံမှားသံသယတို့ကို သိုထားပြီး လက်ဗလာ လှည့်ပြန်ချင်ကြခြင်းသာ ဖြစ်၏။ အခြားသူတို့ စောင့်ဆိုင်းကြည့်ရှုနေကြရုံမျှ ရှိနေစဉ် သင်တို့ထဲမှ အချို့ကမူ ရှေ့ဆက်တိုးခြင်းကို ရပ်တန့်လိုက်ကြပြီး ဖြစ်သည်။ ဆင်တူအောင် တုပရုံမျှကို အချို့က ပြုလုပ်နေကြစဉ်၊ အခြားသူတို့သည် အခြေအနေကို မတုန်မလှုပ် ကိုင်တွယ်ဖြေရှင်းနေကြဆဲ ဖြစ်၏။ သင်တို့သည် သင်တို့၏ နှလုံးသားများကို ကေန်ပင် မာကျောစေကြချေပြီတကား။ သင်သည် သင်တို့အား ငါပြောခဲ့သည်ကို ယူပြီးယင်းကို သင်ဂုဏ်ယူသော သို့မဟုတ် သင်ကြွားဝါအမွှမ်းတင်သော တစ်စုံတစ်ရာ အဖြစ်သို့ ပြောင်းလဲခဲ့သည်။ ယင်းကို ထိုထက်တိုး၍ ချင့်ချိန်စဉ်းစားကြလော့- ဤသည်မှာ သင့်အပေါ်သို့ သက်ဆင်းလာသော သနားကရုဏာနှင့် တရားစီရင်ခြင်း နှုတ်ကပတ်တော်များ မှတစ်ပါး အခြားမဟုတ်။ သင်တို့သည် ကေန်ပင် ပုန်ကန်လိုကြသည်ကို မြင်သောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ပြောဆိုခြင်းနှင့် စိတ်ဖြာလေ့လာ ဆွေးနွေးခြင်းကို ချက်ချင်း ပြုလုပ်လေသည်။ သင်တို့ ကြောက်ရွံ့သင့်ပေ၏။ အရမ်းမဲ့ မပြုမူကြနှင့်၊ သို့မဟုတ် မည်သည့်အရာကိုမျှ မဆင်မခြင် မပြုကြနှင့်၊ ပြီးလျှင် စိတ်ကြီးဝင်သော၊ မာနထောင်လွှားသော သို့မဟုတ် ခေါင်းမာသော စိတ်သဘောမရှိကြနှင့်။ ငါ၏ နှုတ်ကပတ်တော်တို့သည် သင့်ကို အတွင်းထဲမှ စစ်မှန်စွာ ပြောင်းလဲစေမည် ဖြစ်သလို ငါ၏ စိတ်သဘောထားကို သင်ရရှိစေရန် သင်သည် ငါ၏နှုတ်ကပတ်တော်တို့ကို လက်တွေ့လုပ်ဆောင်ခြင်း အရာ၌ သာ၍ အာရုံစိုက်ပြီး သင် သွားလေရာ၌ ယင်းတို့အတိုင်း အသက်ရှင်နေထိုင်သင့်သည်။ ယင်းတို့ကဲ့သို့သော ရလဒ်များသည်သာ အစစ်အမှန် ဖြစ်ကြလေ၏။

အသင်းတော်ကို တည်ဆောက်ရန်အလို့ငှာ သင်တို့သည် အထူး ဝိညာဉ်ရင့်ကျက်မှု ရှိရမည်ဖြစ်ပြီး သည်းလှိုက်အူလှိုက် မရပ်မနား ကြိုးပမ်းရှာဖွေရမည်။ ထို့အပြင် ပြောင်းလဲပြီးသူ တစ်ဦး ဖြစ်လာစေရန် သန့်ရှင်းသော ဝိညာဉ်တော်၏ လောင်ကျွမ်းစေခြင်းနှင့်

သန့်စင်စေခြင်းကို လက်ခံရမည်။ ဤကဲ့သို့သော အခြေအနေများ အောက်တွင်သာ အသင်းတော်ကို တည်ဆောက်နိုင်သည်။ အသင်းတော် တည်ဆောက်ခြင်းကို စတင် လုပ်ဆောင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသည် ယခုအခါ သင်တို့ကို ဦးဆောင်လမ်းပြခဲ့ပြီး ဖြစ်၏။ အကယ်၍ သင်သည် အတိတ်က သင်ပြုခဲ့သကဲ့သို့ ဇဝေဇဝါဖြစ်ပြီး နှေးကွေးလေးလံသည့် ပုံစံအတိုင်း ဆက်လက်ပြုမူပါက၊ သင့်အတွက် မျှော်လင့်ချက် မရှိပေ။ သင်တို့သည် သင်တို့ကိုယ်သင်တို့ သမ္မာတရား အလုံးစုံနှင့် ပြည့်စုံစေလျက် ဝိညာဉ်ရေးရာ ထိုးထွင်းသိမြင်မှုကို ပိုင်ဆိုင်ရမည်ဖြစ်ကာ စုံလင်သောလမ်းခရီးကို ငါ၏ဉာဏ်ပညာနှင့်အညီ လျှောက်ရပေမည်။ အသင်းတော် တည်ဆောက်ရန်အလို့ငှာ သင်သည် အပေါ်ယံအားဖြင့် တုပရုံမျှမဟုတ်ဘဲ အသက်ရှင်စေသော ဝိညာဉ်တော်အတွင်း၌ ရှိရပေမည်။ သင်၏အသက်တာထဲ၌ ကြီးထွားခြင်း ဖြစ်စဉ်သည် သင့်ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ထားသည့် ဖြစ်စဉ်နှင့် အတူတူပင် ဖြစ်သည်။ သို့သော် ဆုကျေးဇူးတို့အပေါ် အမှီထားသူများ သို့မဟုတ် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို နားလည်နိုင်စွမ်း မရှိသူများ သို့မဟုတ် စစ်မှန်မှု မရှိသူများသည် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက် မခံရနိုင်သလို ငါနှင့် အစဉ် နီးကပ်နေစေရန်၊ ငါနှင့် ပြောဆိုဆွေးနွေးရန် မစွမ်းသာသူများသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက် မခံရနိုင်ကြောင်း ဂရုပြုလော့။ ၎င်းတို့၏စိတ်ကို အယူအဆများဖြင့် ဖိစီးစေသူများ သို့မဟုတ် ဒေသနာများအတိုင်း အသက်ရှင်သူများကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်၍ မရသကဲ့သို့ ၎င်းတို့စိတ်ခံစားမှုများ၏ ဦးဆောင်ခြင်းကို ခံရသူတို့သည်လည်း တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်၍ မရနိုင်။ ဘုရားသခင်က သင့်ကို မည်သို့ ဆက်ဆံသည်ဖြစ်စေ၊ သင်သည် ဘုရားသခင်အား အပြည့်အဝ ကျိုးနွံနာခံရမည်။ သို့မဟုတ်လျှင် သင့်ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်၍ မရနိုင်။ မိမိကိုယ်တိုင်၏ စိတ်ကြီးဝင်မှု၊ မိမိကိုယ်ကို မှန်ကန်သည်ဟု ယူမှတ်မှု၊ ပလွှားမှုနှင့် အားရကျေနပ်မှုတို့တွင် စွဲငြိနေသူများ၊ တင်စီးခြင်းနှင့် ဝါကြွားခြင်းကို နှစ်သက်သူများသည် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်၍ မရပေ။ အခြားသူတို့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး အစေမခံနိုင်သူတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်၍ မရသလို ဝိညာဉ်ဆိုင်ရာ ထိုးထွင်းသိမြင်မှု မရှိဘဲ ၎င်းတို့ကို ဦးဆောင်နေသူ မည်သူမဆို၏ နောက်သို့ ကျိုးကြောင်းမမြင်ဘဲ လိုက်သူတို့သည်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်ကြ၏။ အလားတူပင် ငါ၏ ရည်ရွယ်ချက်များကို နားလည်ရန် ပျက်ကွက်သူများနှင့် ခေတ်မမီတော့သော အနေအထား၌ ရှင်သန်သူများကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်၍ မရသလို အသစ်သော အလင်းထံသို့ အမီလိုက်ရန် နှေးကွေးလွန်းသူများ၊ သူတို့၏ အခြေခံအုတ်မြစ် အဖြစ် မည်သည့် ရူပါရုံမှ

မရှိသူတို့သည် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်၍ မရပေ။

အသင်းတော်ကို နှောင့်နှေးခြင်း မရှိဘဲ တည်ဆောက်သင့်ပေသည်။ ဤသည်ကား ငါ့အတွက် အရေးတကြီး ပူပန်စရာ အကြောင်းပေတည်း။ သင်သည် အပြုသဘောဆောင်သော အရာကို အာရုံစိုက်ခြင်းဖြင့် စတင်သင့်ကာ အားကုန်သုံးပြီး သင့်ကိုယ်သင် ဆက်ကပ်လျက်၊ တည်ဆောက်ရေး ရေစီးကြောင်း၌ ပူးပေါင်းပါဝင်သင့်ပေသည်။ သို့မဟုတ်လျှင် သင်သည် ငြင်းပယ်ခံရလိမ့်မည်။ သင်သည် စွန့်လွှတ်ခံရသင့်သည့်အရာတို့ကို လုံးလုံးစွန့်လွှတ်ကာ စားသောက်ခံရသင့်သည့်အရာကို သင့်တင့်လျောက်ပတ်စွာ စားသောက်သင့်ပေသည်။ ငါ့နှုတ်ကပတ်တော်၏ လက်တွေ့အရှိတရားအတိုင်း သင်အသက်ရှင်နေထိုင်သင့်ပြီး လေးနက်မှု မရှိဘဲ၊ မည်မည်ရရ မဟုတ်သော အကြောင်းအရာတို့အပေါ် အာရုံစိုက်ခြင်းကို ရပ်တန့်သင့်၏။ သင်သည် ငါ၏နှုတ်ကပတ်တော်ကို အဘယ်မျှ မှတ်ယူပြီးပြီနည်း။ ငါ၏နှုတ်ကပတ်တော်အတိုင်း အဘယ်မျှ အသက်ရှင်နေထိုင်ပြီးပြီနည်း။ ယင်းကို သင့်ကိုယ်သင်မေးလော့။ သင်သည် ခေါင်းရှင်းရှင်းထားရှိလျက် မည်သည့်အရာကိုမဆို မဆင်မခြင် လုပ်ဆောင်ခြင်းအား ရှောင်ကြဉ်သင့်၏။ သို့မဟုတ်လျှင် ထိုသို့သော အပြုအမူသည် အသက်တာ၌ သင့်ကြီးထွားခြင်းတွင် အကျိုးမပြုဘဲ သင့်ကြီးထွားခြင်းကိုသာ ထိခိုက်လိမ့်မည်။ သင်သည် သမ္မာတရားကို နားလည်သင့်ပြီး ယင်းကို မည်သို့ လက်တွေ့လုပ်ဆောင်ရမည်ကို သိသင့်ကာ ငါ၏နှုတ်ကပတ်တော်ကို သင်၏ အသက်တာ ဇာကန် ဖြစ်လာရန် ခွင့်ပြုသင့်၏။ ဤသည်မှာ အကြောင်းအချက်၏ အခရာတည်း။

ယခုအခါတွင် အသင်းတော်တည်ဆောက်ခြင်းမှာ အလွန်အရေးပါသော အခိုက်အတန့်သို့ ရောက်ရှိနေပြီဖြစ်ရာ စာတန်သည် အစီအစဉ်များ ဖန်တီးနေပြီး အသင်းတော်ကို ဖြိုဖျက်ရန် အစွမ်းကုန် လုပ်ဆောင်နေလေသည်။ သင်တို့ သတိလက်လွတ် မနေသင့်ဘဲ သတိဝီရိယနှင့် ရှေ့ဆက်တိုးကာ ဝိညာဉ်ဆိုင်ရာ ထိုးထွင်းသိမြင်မှုကို အသုံးပြုသင့်သည်။ ယင်းကဲ့သို့ ထိုးထွင်းသိမြင်မှုမရှိပါက၊ သင်တို့သည် ကြီးမားသောဆုံးရှုံးမှုများကို တွေ့ကြုံခံစားရမည်။ ဤသည်မှာ ပေါ့တန်သော ကိစ္စမဟုတ်ပေ။ ယင်းကို အထူးအရေးကြီးသော ကိစ္စအဖြစ် သင်တို့ မှတ်ယူရမည်။ စာတန်သည်လည်း ယုံမှားစေသော အသွင်တို့ကို ဆောင်နိုင်စွမ်းရှိပြီး အတုအပများကိုလည်း ဖြန့်ဝေနိုင်စွမ်းရှိ၏၊ သို့သော် ထိုအရာတို့၏ အတွင်းအနှစ်သာရမှာမူ ကွာခြား၏။ လူတို့သည် လွန်စွာမိုက်မဲစွာကြပြီး သတိမမူကြ၊ ထို့အပြင် ကွဲပြားမှုကို မမြင်နိုင်ကြ။ ထိုသူတို့သည် တစ်ချိန်လုံး ခေါင်းရှင်းရှင်းနှင့် တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းနိုင်စွမ်း မရှိသည်ကို ယင်းကပြသ၏။ သင်တို့၏ စိတ်နှလုံးတို့ကို

မည်သည့်နေရာတွင်မျှ ရှာဖွေမရပေ။ အစေခံခြင်းသည် တစ်ဖက်တွင် ဂုဏ်အသရေ ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဆုံးရှုံးမှု ဖြစ်နိုင်ပေသည်။ ၎င်းသည် ကောင်းချီးမင်္ဂလာ သို့မဟုတ် ကံဆိုးခြင်း ဖြစ်စေနိုင်၏။ ငါ၏ ရှေ့တော်မှောက်တွင် တိတ်ဆိတ်ငြိမ်သက်နေပြီး ငါ၏နှုတ်ကပတ်တော်အတိုင်း အသက်ရှင်နေထိုင်လော့၊ သင်သည် ဧကန်အမှန်ပင် ဝိညာဉ်ပကတိနှင့်စပ်ဆိုင်သော သတိရှိလျက် ထိုးထွင်းသိမြင်မှုကို ကျင့်သုံးလိမ့်မည်။ စာတန် ရောက်လာချိန်တွင် သင်သည် ယင်းမှ ချက်ချင်းကာကွယ်နိုင်ကာ စာတန် ရောက်လာခြင်းကိုလည်း သတိပြုမိနိုင်လိမ့်မည်၊ သင်၏ဝိညာဉ်ထဲ၌ အမှန်တကယ် နေမထိထိုင်မသာဖြစ်ခြင်းကို သင်ခံစားရလိမ့်မည်။ ဦးတည်ရာများ ပြောင်းလဲသည့် အားလျော်စွာ စာတန်၏ လက်ရှိအလုပ်သည် အလိုက်သင့် ပြောင်းလဲသည်။ လူတို့သည် ဇဝေဇဝါ ပြုမူလျက် သတိကင်းမဲ့သောအခါ၊ ၎င်းတို့သည် ဆက်လက် အကျဉ်းချထား ခံရလိမ့်မည်။ သင်သည် အမြဲတစေ ဂရုစိုက်ကြည့်လျက် နိုးနိုးကြားကြား သတိရှိသင့်ပေသည်။ သင် ကိုယ်တိုင်၏ အမြတ်အစွန်းများ ပေါ်တွင်နှင့် ဆုံးရှုံးမှုများပေါ်တွင် အခြေအတင် မငြင်းခုံကြနှင့်၊ သို့မဟုတ် သင်ကိုယ်တိုင်၏ အကျိုးအမြတ် အတွက်လည်း မရေတွက်လေနှင့်။ ယင်းအစား ငါ၏အလိုကို ပြည့်စုံစေရန်သာ ကြိုးပမ်းကြလော့။

အရာဝတ္ထုတို့သည် ထပ်တူဖြစ်သယောင် ထင်ရနိုင်သည်၊ သို့သော် သူတို့သည် အရည်အသွေး ကွဲပြားနိုင်၏။ ထို့အတွက်ကြောင့် သင်သည် လူပုဂ္ဂိုလ်တို့ကို မှတ်မိသကဲ့သို့ ဝိညာဉ်တို့ကိုလည်း မှတ်မိရမည်။ သင်သည် ထိုးထွင်းသိမြင်မှုကို ကျင့်သုံးကာ ဝိညာဉ်ရေးရာတွင် ခေါင်းရှင်းရှင်း ထားသင့်သည်။ စာတန်၏အဆိပ် ပေါ်လာသောအခါ၊ သင်သည် ယင်းကို ချက်ချင်း မှတ်မိနိုင်စွမ်း ရှိသင့်သည်။ ထိုအရာသည် ဘုရားသခင်၏ တရားစီရင်ခြင်းအလင်းမှ မလွတ်မြောက်နိုင်ပေ။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသံကို သင်၏ဝိညာဉ်၌ နီးကပ်စွာ နားထောင်ရန် ပို၍ အာရုံစိုက်သင့်သည်။ အခြားသူတို့၏နောက်သို့ အမြင်ကန်းစွာ မလိုက်နှင့် သို့မဟုတ် အမှားကို အမှန်ဟု တလွဲမထင်နှင့်။ ကြီးစွာသော ဆုံးရှုံးခြင်းများကို သင်မခံစားရစေရန် ဦးဆောင်လမ်းပြသည့် မည်သူမဆို၏နောက်သို့ ယတိပြတ်မလိုက်နှင့်။ ထိုအရာအားလုံးသည် သင်တို့ထံတွင် မည်သို့သော အရာမျိုးကို ကျန်ရစ်စေသနည်း။ အကျိုးဆက်များကို သင်တို့ ခံစားပြီးသလော။ သင်သည် အစေခံခြင်း၌ အလျဉ်းသင့်သလို ဝင်ရောက်နှောင့်ယှက်ခြင်း မပြုသင့် သို့မဟုတ် သင်၏ ကိုယ်ပိုင်ထင်မြင်ချက်တို့ကို ယင်း၌ထည့်သွင်းခြင်း မပြုသင့်ပေ သို့မဟုတ်ပါက ငါသည် သင့်ကိုဒဏ်ခတ်မည်။ သည့်ထက်ပိုဆိုးသည်မှာ သင်သည် ကျိုးနွံနာခံရန် ငြင်းဆန်လျက် သင်အလိုရှိသည်ကိုသာ ပြောဆို၍ လုပ်ကိုင်ပါက ငါသည် သင့်ကို ပယ်ရှင်းမည်။ အသင်းတော်သည် နောက်ထပ်

မည်သူတို့ကိုမှ ကုတ်ကုတ်ကတ်ကတ် စုစည်းရန် မလိုအပ်ပေ။ အသင်းတော်သည် ဘုရားသခင်ကို ရိုးသားစွာ ချစ်သောသူများနှင့် ငါ၏နှုတ်ကပတ်တော်အတိုင်း အမှန်တကယ် အသက်ရှင်သူတို့ကိုသာ အလိုရှိပေသည်။ သင်သည် သင်ကိုယ်တိုင်၏ ပကတိအခြေအနေကို သတိမူသင့်ပေ၏။ ဆင်းရဲသားတို့သည် သူတို့ကိုယ်သူတို့ ချမ်းသာသည်ဟု ထင်မြင်ပါက ဤသည်မှာ ကိုယ့်ကိုယ်ကိုယ် လှည့်ဖြားခြင်း မဟုတ်သလော။ အသင်းတော်ကို တည်ဆောက်ရန်အတွက် သင်သည် ဝိညာဉ်တော်ကို နာခံလိုက်လျှောက်ရမည်။ အမြင်ကန်းစွာ ပြုမူခြင်းအားဖြင့် ရှေ့ဆက်တိုးမည့်အစား သင်၏နေရာများ၌သာနေ၍ သင်ကိုယ်တိုင်၏ တာဝန်တို့ကို ကျေပွန်အောင် ဆောင်ရွက်လော့။ သင်သည် သင့်အခန်းကဏ္ဍများ၏ အပြင်သို့ ကျော်မသွားသင့်ဘဲ၊ သင်ဆောင်ရွက်နိုင်သော မည်သည့် တာဝန်ကိုမဆို အစွမ်းကုန် ကျေပွန်အောင် ဆောင်ရွက်သင့်သည်။ သို့ဖြစ်လျှင် ငါ၏ စိတ်နှလုံးသည် အားရကျေနပ်ခြင်း ရှိလိမ့်မည်။ သင်တို့ အားလုံးသည် တူညီသော လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရမည် မဟုတ်။ ယင်းအစား သင်တို့ အယောက်စီတိုင်းသည် သင်တို့၏ ကိုယ်ပိုင် အခန်းကဏ္ဍကိုသာ ဆောင်ရွက်သင့်ပြီး အသင်းတော်ရှိ အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်၍ သင်၏အစေခံမှုကို ဆက်ကပ်လော့။ သင်၏အစေခံခြင်းသည် လမ်းကြောင်း တစ်ခုခုထံ သွေဖည်မသွားသင့်ပေ။

# အခန်း ၂၀

သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုသည် သင်တို့ကို လုံး၀ သစ်လွင်သော လောကတစ်ခုဆီသို့ ခေါ်ဆောင်လာလျက်၊ အရှိန်အဟုန်ဖြင့် ရှေ့သို့ချီနေသည်၊ ဆိုလိုသည်ကား နိုင်ငံတော်နှင့်ဆိုင်သော အသက်တာ၏ လက်တွေ့အရှိတရားသည် သင်တို့၏ရှေ့မှောက်သို့ ပေါ်ထွန်းလာပြီး ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ပြောသော နှုတ်ကပတ်တော်များသည် သင်၏နှလုံးသားအတွင်းရှိ နက်နဲသိမ်မွေ့မှုကို တိုက်ရိုက် ဖွင့်ပြခဲ့ပြီး၊ ပုံရိပ် တစ်ခုပြီးတစ်ခု သင်တို့ရှေ့မှာ ပေါ်ထွန်းနေလျက် ရှိသည်။ ဖြောင့်မတ်ခြင်းတရားကို ဆာလောင်သော၊ ငတ်မွတ်သောသူများအားလုံးနှင့် ကျိုးနွံနာခံရန် ရည်ရွယ်ချက်ရှိသူများ အားလုံးတို့သည် ဇိအုန်တောင်တွင် ဧကန်မုချ ကျန်ရှိနေကြလိမ့်မည်ဖြစ်ပြီး၊ အသစ်သော ယေရုရှလင်မြို့၌ နေရကြလိမ့်မည်။ ထိုသူတို့ သည် ငါနှင့်အတူရှိစဉ် ဘုန်းတန်ခိုးနှင့် ဂုဏ်အသရေကို ဧကန်မုချ ရရှိကြပြီး လှပတင့်တယ်သော ကောင်းချီးမင်္ဂလာများကို မျှဝေခံစားကြရလိမ့်မည်။ သင်တို့၏ ဝိညာဉ်မျက်စိများ မပွင့်သေးသောကြောင့်၊ လောလောဆယ်တွင် သင်တို့ မမြင်ကြရသေးသော ဝိညာဉ်ရေးလောကနှင့်ဆိုင်သော လျှို့ဝှက်နက်နဲသည့်အရာအချို့ ရှိနေပေသည်။ အရာ

အားလုံးတို့သည် လွန်စွာ အံ့သြဘွယ်ကောင်းကြသည်။ နိမိတ်လက္ခဏာများနှင့် အံ့သြဘွယ်ရာများနှင့် လူတို့တစ်ခါမျှ မစဉ်းစားခဲ့ဖူးကြသည့် အမှုအရာများသည် တဖြည်းဖြည်း ဖြစ်ပေါ်လာကြလိမ့်မည်။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် သူ၏ အကြီးမားဆုံးသော နိမိတ်လက္ခဏာများ အပြင် ငါ၏ဘုန်းတန်ခိုးအာနုဘော်၊ ဖြောင့်မတ်ခြင်းနှင့် အနန္တတန်ခိုးတို့ တည်ရှိသည့် နေရာကိုလည်း စကြဝဠာတစ်ခွင်လုံးနှင့် ကမ္ဘာမြေ အစွန်းများနှင့် တိုင်းနိုင်ငံရှိသမျှနှင့် လူမျိုးအပေါင်းတို့ သူတို့ကိုယ်တိုင်၏မျက်စိများဖြင့် မြင်တွေ့စေခြင်းငှါ ပြတော်မူလိမ့်မည်။ ထိုနေ့ရက်သည် သာ၍ နီးကပ်လာနေပြီဖြစ်သည်။ ဤသည်မှာ အလွန်အရေးကြီးသောအချိန် ဖြစ်သည်- သင်နောက်ဆုတ်မည်လော သို့မဟုတ် အဆုံးတိုင်အောင် လုံးဝနောက်မလှည့်ဘဲ စွဲမြဲစွာ လုပ်ဆောင်မည်လော။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖြစ်အပျက် သို့မဟုတ် မည်သည့်အမှုအရာကိုမျှ မကြည့်လေနှင့်။ ကမ္ဘာလောက၊ သင်၏ခင်ပွန်း၊ သင်၏သားသမီးများ သို့မဟုတ် အသက်တာနှင့်ပတ်သက်၍ သင်ဒွိဟဖြစ်သောအရာများကို မကြည့်လေနှင့်။ ငါ၏ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာကိုသာ ကြည့်၍ သင်တို့ကိုရယူရန် ငါပေးဆပ်ခဲ့သော အဖိုးအခအပြင် ငါ၏ ဖြစ်ခြင်းတို့ကို မြင်လော့။ ဤအရာများသည် သင့်ကို ခွန်အားဖြစ်စေဖို့ လုံလောက်ပေလိမ့်မည်။

အချိန်သည် အလွန် နီးကပ်နေပြီ၊ ငါ၏အလိုတော်သည် အလွန် လျင်မြန်စွာ အောင်မြင်ရမည်။ ငါ၏ နာမတော်၌ တည်နေသောသူတို့ကို ငါသည် စွန့်ပစ်မထားပေ၊ သင်တို့အားလုံးကို ဘုန်းတော်ထဲသို့ ငါခေါ်ဆောင်သွားမည်။ သို့သော် ယခုအချိန်ကို ကြည့်သည့်အခါ အရေးကြီးသော ကာလတစ်ခု ဖြစ်နေသည်၊ နောက်တစ်ဆင့်သို့ မတက်လှမ်းနိုင်သော သူများအားလုံးသည် နောင်တရဖို့ လွန်စွာနောက်ကျနှင့်ပြီး ဖြစ်လိမ့်မည်ဖြစ်သော်လည်း ၎င်းတို့ဘဝတစ် လျှောက်လုံး၌ ငိုချင်းချကြရပြီး၊ နောင်တ ရကြပေလိမ့်မည်။ အသင်းတော်ကို တည်ဆောက်နိုင်သလော၊ သင်တို့ တစ်ဦးနှင့်တစ်ဦး နာခံမှုရှိနိုင်သလော၊ မရှိနိုင်သလော ဆိုသည်ကိုမြင်စေရန် သင်တို့၏ ဝိညာဉ်ရင့်ကျက်မှုများသည် ယခု လက်တွေ့စစ်ဆေးခြင်း ခံနေကြရသည်။ ဤရှုထောင့်မှ ကြည့်ရှုသည့်အခါ၊ သင်၏နာခံခြင်းသည် သင် စံရွေးထားသော နာခံခြင်း အမှန်တကယ် ဖြစ်သည်။ လူတစ်ယောက်အပေါ်၌ သင် နာခံနိုင်ကောင်း နာခံနိုင်သော်လည်း၊ အခြားတစ်ယောက်သောသူအပေါ်၌ နာခံဖို့ရန် ခက်ခဲကြောင်း သင်တွေ့နေရသေးသည်။ လူသားတို့၏ အယူအဆများအပေါ် သင်အားထားနေလျှင် နာခံမှုရှိရန် မည်သို့မျှ ဖြစ်နိုင်မည် မဟုတ်သည်မှာ အမှန်ပင် ဖြစ်သည်။ သို့သော် ဘုရားသခင်၏အကြံအစည်များသည် လူသား၏အကြံအစည်များထက် အမြဲသာလွန်သည်။ ခရစ်တော်သည် သေသည့်တိုင်အောင် နာခံလျက် ကားတိုင်ပေါ်တွင် အသေခံခဲ့သည်။

ခရစ်တော်သည် မည်သည့်သတ်မှတ်ချက်များနှင့် အကြောင်းပြချက်ကိုမျှမပေးခဲ့ပေ။ ခမည်းတော်၏ အလိုတော်ဖြစ်နေသရွေ့ လိုလိုလားလား နာခံခဲ့သည်။ သင်၏ လက်ရှိ နာခံခြင်းအဆင့်သည် လွန်စွာ နိမ့်လွန်းသည်။ သင်တို့အားလုံးကို ငါဆိုသည်ကား နာခံခြင်းမည်သည် လူများကိုနာခံခြင်း မဟုတ်ပေ။ ယင်းထက် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို နာခံခြင်းနှင့် ဘုရားသခင်ကိုယ်တော်တိုင်ကို နာခံခြင်းဟု ဆိုလိုသည်။ ငါ၏နှုတ်ကပတ်တော်များသည် သင်တို့ကို အတွင်းထဲမှ အသစ်ပြုပြင်၍ ပြောင်းလဲနေစေသည်။ ၎င်းတို့သည် ထိုသို့မဟုတ်ပါက၊ မည်သူက မည်သူ့ကို နာခံလိမ့်မည်နည်း။ သင်တို့အားလုံးသည် အခြားသူများကို မနာခံကြပေ။ သင်တို့သည် နာခံခြင်းဆိုသည့်အရာနှင့် နာခံသည့်အသက်တာကို မည်ကဲ့သို့ အသက်ရှင်နေထိုင်နိုင်သည်ကို သဘောပေါက်အောင် အချိန်ယူကြရမည်။ သင်တို့သည် ငါ့ရှေ့မှောက်သို့ ပို၍ တိုးဝင်ချဉ်းကပ်ကာ ဤအကြောင်းအရာနှင့် စပ်လျဉ်းပြီး မိတ်သဟာယပြုရမည်ဖြစ်ပြီး၊ ဤအရာကို သင်တို့သည် တဖြည်းဖြည်း နားလည်သိရှိလာပြီး၊ အကျိုးဆက်အဖြစ် သင်၏အထဲ၌ရှိသော အယူအဆများနှင့် ရွေးချယ်မှုများကို သင် စွန့်လွှတ်လာမည် ဖြစ်သည်။ အမှုအရာများကို ငါလုပ်ဆောင်သော ဤနည်းလမ်းသည် လူတို့အတွက် စေ့စေ့စပ်စပ်နားလည်ဖို့ရန် ခက်ခဲသည်။ ဤအရာကား လူတို့သည် မည်သို့ ကောင်းမြတ်ကြသည် သို့မဟုတ် မည်သို့ စွမ်းဆောင်နိုင်ကြသည် စသည့်အကြောင်းအရာများနှင့်မဆိုင်ပေ။ ငါသည် အသိဉာဏ် အနည်းဆုံး နှင့် အရေးမပါဆုံးကိုပင် ဘုရားသခင်၏ အနန္တတန်ခိုးကို ဖွင့်ပြရန် အသုံးပြုသည်။ တစ်ချိန်တည်းတွင် လူတို့၏ အယူအဆများ၊ အမြင်များနှင့် ရွေးချယ်မှု အချို့ကိုလည်း ပြောင်းပြန်လှန်ပေးသည်။ ဘုရားသခင်၏ လုပ်ဆောင်မှုများသည် လွန်စွာ အံ့သြဘွယ်ကောင်း၏၊ ၎င်းတို့သည် လူသားများ၏ နားလည်သဘောပေါက်နိုင်သည့် စွမ်းရည်ထက် ကျော်လွန်သည်။

အကယ်၍ သင်သည် ငါ့အတွက် သက်သေခံသောသူ အမှန်တကယ် ဖြစ်လိုလျှင် သမ္မာတရားကို စစ်မှန်စွာ လက်ခံပြီး၊ မှားယွင်းစွာ လက်မခံရပေ။ ငါ၏နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ရန် ပိုမို အာရုံပြုရမည်ဖြစ်ပြီး၊ သင်၏အသက်တာ လျင်မြန်စွာ ရင့်ကျက်လာစေရန် ကြိုးပမ်းရမည်။ တန်ဖိုးမရှိသော အရာများကို မရှာဖွေလေနှင့်။ ထိုအရာများသည် သင်တို့၏ဘဝတိုးတက်မှုကို အကျိုးမဖြစ်စေပါ။ သင်တို့သည် သင်တို့၏အသက်တာများ ရင့်ကျက်ပြီးမှသာ တည်ဆောက်ခြင်းကို ခံရနိုင်ပြီး၊ ထိုအခါမှသာ နိုင်ငံတော်သို့ ခေါ်ဆောင်ခြင်းခံရနိုင်မည် ဖြစ်သည်။ ဤအရာသည် ငြင်းပယ်၍မရပေ။ သင့်ကို

ငါထပ်၍ပြောချင်သေးသည်။ ငါသည် သင့်ကို များစွာပေးခဲ့ပြီးသော်လည်း၊ သင်သည် အမှန်တကယ် အဘယ်မျှ နားလည်သနည်း။ ငါပြောသောအရာ မည်ရွေ့မည်မျှသည် သင်၏ဘဝ၌ လက်တွေ့အရှိတရား ဖြစ်လာပြီနည်း။ ငါပြောသောအရာ မည်ရွေ့မည်မျှကို သင်၏ အသက်ရှင်နေထိုင်နေသနည်း။ ဝါးခြင်းတောင်းနှင့် ရေမခပ်နှင့်။ နောက်ဆုံးတွင် သင်သည် ဘာမျှမရဘဲ အနှစ်သာရမဲ့ခြင်းကိုသာ ရလိမ့်မည်။ အခြားသူများသည် စစ်မှန်သော အကျိုးကျေးဇူးများကို အလွန် လွယ်ကူစွာ ရရှိခဲ့ကြပြီ။ သင်ရော ရပြီလော။ သင်သည် လက်နက်မဲ့ပြီး မည်သည့် လက်နက်မျှ မကိုင်ဆောင်ပါက၊ စာတန်ကို အနိုင်ယူ နိုင်သလော။ ငါ၏နှုတ်ကပတ်တော်များသည် မိမိကိုယ်ကိုယ် ကာကွယ်ဖို့ အကောင်းဆုံး လက်နက်များဖြစ်ကြသဖြင့် သင်၏အသက်တာတွင် ငါ၏နှုတ်ကပတ်တော် အပေါ်၌ သာ၍ မှီခိုရမည်။ သင် မှတ်သားသင့်သည်မှာ ငါ၏နှုတ်ကပတ်တော်များကို သင်၏ ပိုင်ဆိုင်မှုများကဲ့သို့ မမှတ်ယူနှင့်။ အကယ်၍ သင်သည် ထိုနှုတ်ကပတ်တော်များကို နားမလည်၊ ရှာလည်းမရှာဖွေ၊ သဘောပေါက်ဖို့ရန်လည်း မကြိုးစား သို့မဟုတ် ထိုနှုတ်ကပတ်တော် အကြောင်းနှင့်စပ်လျဉ်းပြီး ငါနှင့်ဆွေးနွေးတိုင်ပင်ခြင်း မပြုဘဲ၊ မိမိကိုယ်ကိုယ် ကျေနပ်ကာ ရောင့်ရဲတင်းတိမ်နေမည်ဆိုပါက၊ ဆုံးရှုံးမှုကို သင် ခံစားရလိမ့်မည်။ ယခု ဤသင်ခန်းစာမှ သင် သင်ခန်းစာယူသင့်ပြီး၊ သင့်ကိုယ်သင် ဘေးသို့ဖယ်ထားကာ သင်၏ကိုယ်ပိုင် ချွတ်ယွင်းချက်များကို ထေမိစေရန် အလို့ငှာ အခြားသူများ၏ ခွန်အားများကို ယူရမည်။ သင်လုပ်ချင်သည့် အရာတိုင်းကိုသာ မလုပ်ဆောင်လေနှင့်။ အချိန်သည် လူကိုမစောင့်ပေ။ သင်၏ညီအစ်ကို မောင်နှမများ၏ အသက်တာများသည် တစ်ရက်ပြီးတစ်ရက် ကြီးထွားလာနေကြ၏၊ ၎င်းတို့အားလုံးသည် ပြောင်းလဲမှုကို တွေ့ကြုံခံစားနေကြပြီး နေ့စဉ် အသစ်ပြုပြင်ခြင်းကိုလည်း ခံစားနေကြရသည်။ သင်၏ညီအစ်ကို မောင်နှမများ၏ အင်အား တိုးနေပြီး ဤအရာသည် ကောင်းလှသောအရာတစ်ခုပင်တည်း။ ပန်းတိုင်သို့ အမြန်ပြေးလော့။ မည်သူ တစ်ဦးတစ်ယောက်ကမျှ အခြားတစ်ဦးတစ်ယောက်ကို ဂရုတစိုက် ကူညီနိုင်လိမ့်မည် မဟုတ်။ ငါနှင့် ပူးပေါင်းလုပ်ဆောင်ရန် ခံစားချက်အရ မိမိကိုယ်တိုင်၏ အားထုတ်မှုများကိုသာ ပြုလော့။ ရူပါရုံရှိသောသူများ၊ တက်လမ်းရှိသောသူများ၊ စိတ်ပျက်အားလျှော့ခြင်း မရှိသောသူများနှင့် ရှေ့သို့တက်လှမ်းရန် အမြဲတမ်း မျှော်မှန်းကြသူများသည် အောင်မြင်မှုရရှိမည်မှာ အသေအချာပင်ဖြစ်သည်။ ယခုအချိန်သည် အရေးကြီးသော ကာလတစ်ခု ဖြစ်သည်။ စိတ်အားလျှော့ခြင်း သို့မဟုတ် စိတ်ပျက်ခြင်းမရှိရန် သေချာစေလော့။ အရာရာ၌ ရှေ့သို့မျှော်ရည်မှန်းလျက် နောက်ပြန်မလှည့်လေနှင့်။ အရာအားလုံးကို စွန့်လွှတ်ရမည်။ ငွေတွယ်မှုများ အားလုံး စွန့်လွှတ်ကာ အစွမ်းရှိသမျှနှင့်

ကြိုးပမ်းအားထုတ်ရာလော့။ သင်၌ နောက်ဆုံးထွက်သက်တစ်မျှင် ကျန်နေသေးသရွေ့ အဆုံးအထိ စွဲမြဲစွာ လုပ်ဆောင်လော့။ ဤသည်မှာ သင်သည် ချီးမွမ်းရန် ထိုက်တန်သောသူ ဖြစ်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်ပေလိမ့်မည်။

# အခန်း ၂၁

သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုသည် ယခုအခါ သင်တို့ကို အသစ်သောကောင်းကင်နှင့် အသစ်သော ကမ္ဘာမြေထဲသို့ ခေါ်ဆောင်ခဲ့ပြီဖြစ်သည်။ အရာရာသည် အသစ်ပြုပြင်ခြင်း ခံရလျက်ရှိသည်၊ အရာရာသည် ငါ့လက်တွင် ရှိသည်၊ အရာရာသည် အသစ်တဖန် အစပြုနေသည်။ ၎င်းတို့၏အယူအဆများဖြင့် လူတို့သည် ထိုအရာကို နားမလည်နိုင်ကြသကဲ့သို့ ထိုအရာသည် ၎င်းတို့အဖို့ အဓိပ္ပါယ်လုံးဝ မရှိသော်လည်း၊ အမှုပြုသောသူမှာ ငါဖြစ်ပြီး ငါ၏ ဉာဏ်ပညာသည် အတွင်းတွင်ပါရှိ၏။ ထို့ကြောင့် သင်တို့အနေဖြင့် သင်တို့၏အယူအဆများနှင့် ထင်မြင်ချက်များအားလုံးကို စွန့်လွှတ်ခြင်းနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျိုးနွံနာခံခြင်းဖြင့် စားသောက်ခြင်းကိုသာ စိတ်ဝင်စား သင့်ပေသည်။ မည်သည့် ဒွိဟမျှ မရှိနှင့်။ ငါသည် ဤနည်းဖြင့် လုပ်ဆောင်နေသည့်အတွက်၊ သန့်ရှင်းမြင့်မြတ်သော တာဝန်ကို ငါထမ်းဆောင်မည်။ အကယ်စင်စစ်၊ လူတို့သည် သီးခြားပုံစံ တစ်ခုဖြစ်ဖို့ မလိုအပ်ပေ။ ယင်းထက်၊ ဘုရားသခင်က သူ၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းကို ထင်ရှားစေရင်း၊ အံ့ဩဖွယ်ရာများကို လုပ်ဆောင်နေခြင်း ဖြစ်သည်။ လူတို့သည် ဘုရားသခင်နှင့်ပတ်သက်၍ မကြွားဝါပါက၊ မကြွားဝါနိုင်ပေ။ သို့မဟုတ်ပါက ဆုံးရှုံးမှုကို သင်ခံစားရလိမ့်မည်။ ဘုရားသခင်သည် ဆင်းရဲသူကို မြေမှုန့်မှ ချီမ၏။ နှိမ့်ချသောသူများသည် ချီးမြှောက်ခြင်းခံရမည်။ ၎င်းတို့အားလုံး ငါ၏အတွင်းတွင် ရှိကြဖို့အလို့ငှာနှင့် အသင်းတော်တွင်ရှိသော သင်တို့အားလုံး ငါ့ကို ကျိုးနွံနာခံကြဖို့အလို့ငှာ၊ ငါသည် စကြဝဠာနှင့်ဆိုင်သော အသင်းတော်ကို အုပ်စိုးဖို့၊ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအားလုံးကို အုပ်စိုးဖို့ရန် ငါ၏ဉာဏ်ပညာကို ပုံစံမျိုးစုံဖြင့် ငါ အသုံးပြုမည်။ ယခင်က မနာခံခဲ့သူများသည် ယခု ငါ့ရှေ့မှောက်တွင် နာခံရမည်၊ အချင်းချင်း ကျိုးနွံနာခံရမည်၊ အချင်းချင်း သည်းခံရမည် ဖြစ်သည်။ သင်ကိုယ်တိုင်၏ အားနည်းချက်များကို ထေမိဖို့ရန် အားလုံးသည် အချင်းချင်း၏ အားသာချက်များကို ထုတ်သုံးရင်းနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် အစေခံရင်း၊ သင်တို့၏ အသက်တာများသည် ဆက်နွယ်နေရမည်ဖြစ်ပြီး၊ သင်တို့ အချင်းချင်း ချစ်ခင်ရမည်။

ဤနည်းလမ်းဖြင့် အသင်းတော်ကို တည်ဆောက်မည် ဖြစ်ပြီး စာတန်သည် အမြတ်ထုတ်ဖို့ အခွင့်အရေး ရရှိလိမ့်မည် မဟုတ်ပေ။ ထိုအခါမှသာ ငါ၏စီမံခန့်ခွဲမှု အစီအစဉ်သည် ကျရှုံးလိမ့်မည် မဟုတ်ပေ။ ဤတွင် အခြားသတိပေးချက်တစ်ခုကို သင်တို့အား ငါပေးဦးမည်။ အကြင်မည်သောလူသည် တစ်ချို့သော ပုံစံဖြစ်သောကြောင့်၊ သို့မဟုတ် တစ်စုံတစ်ရာသော နည်းလမ်းဖြင့် ပြုမူခဲ့သောကြောင့်၊ သင်၏ ဝိညာဉ်ရေးရာ အခြေအနေအတွင်း ဆုတ်ယုတ်လာသည့် အကျိုးဆက်နှင့်အတူ သင့်အထဲတွင် နားလည်မှုလွဲမှားခြင်းများ ဖြစ်ပေါ်ခွင့်မပေးနှင့်။ ငါမြင်ရသမျှ၊ ဤသည်မှာ မသင့်တော်သကဲ့သို့၊ တန်ဖိုးမဲ့သော အရာတစ်ခု ဖြစ်သည်။ သင် ယုံကြည်သောသူသည် ဘုရားသခင်ဖြစ်သည် မဟုတ်လော။ လူတစ်စုံတစ်ယောက် မဟုတ်ပေ။ လုပ်ငန်းဆောင်တာများသည် မတူပေ။ ကိုယ်တစ်ခုတည်းရှိ၏။ အသီးသီးက မိမိ၏ တာဝန်ကို လုပ်ဆောင်သည်၊ အသီးသီးက မိမိ၏ နေရာတွင်ရှိပြီး အကောင်းဆုံးလုပ်ဆောင်နေပြီး- မီးပွင့်တစ်ခုစီအတွက် ပြိုးပြိုးပြက်ပြက် အလင်းရောင်တစ်ခု ရှိသည်- အသက်တာ၌ ရင့်ကျက်မှုကို ရှာဖွေနေကြ၏။ ထိုသို့ဖြင့် ငါသည် စိတ်ကျေနပ်ခြင်း ရှိလိမ့်မည်။

ငါ့ရှေ့မှောက်တွင် ငြိမ်းချမ်းစွာ ရှိခြင်းအဖြစ်ကိုသာ သင်တို့ စိတ်ဝင်စားရမည်။ ငါနှင့် အနီးကပ် မိတ်သဟာယပြုနေလော့၊ သင်နားမလည်သောနေရာများကို သာ၍ကြိုးစားလော့၊ ဆုတောင်းချက်များ ဆက်ကပ်အပ်နှံပြီး ငါ၏အချိန်ကို စောင့်လော့။ စိတ်ဝိညာဉ်မှ အရာရာကို ရှင်းလင်းစွာ မြင်လော့။ သွေဖည်လျက် လျှောက်လှမ်းမိခြင်းမှ မိမိကိုယ်ကိုယ် တားဆီးဖို့ရန် မဆင်မခြင် မပြုလေနှင့်။ ဤနည်းဖြင့်သာ ငါ၏ နှုတ်ကပတ်တော်များကို သင်၏ စားသောက်ခြင်းသည် အမှန်တကယ် အကျိုးဖြစ်ထွန်းလိမ့်မည်။ ငါ၏ နှုတ်ကပတ်တော်များကို မကြာခဏ စားသောက်လော့၊ ငါပြောပြီးသောအရာကို တွေးဆလော့၊ ငါ၏ နှုတ်ကပတ်တော်များအား လက်တွေ့လုပ်ဆောင်ခြင်းကို အာရုံစိုက်ပြီး ငါ၏နှုတ်ကပတ်တော်များ၏ စစ်မှန်မှုကို အသက်ရှင်နေထိုင်လော့။ ဤသည်မှာ အဓိက အကြောင်းအရာ ဖြစ်သည်။ အသင်းတော်ကို တည်ဆောက်ခြင်း လုပ်ငန်းစဉ်သည် အသက်ကြီးထွားခြင်း ဖြစ်စဉ်လည်း ဖြစ်သည်။ အကယ်၍ သင်၏အသက် ကြီးထွားမှုရပ်တန့်ပါက၊ သင်သည် တည်ဆောက်ခြင်း မခံရနိုင်ပေ။ သဘာဝကျမှု၊ ဇာတိပကတိ၊ စိတ်အားထက်သန်မှု၊ အထောက်အကူပြုသော ဆောင်ရွက်ခြင်းများ၊ အရည်အချင်းများအပေါ် အမှီပြုလျက်၊ သင်မည်မျှပင် ကောင်းနိုင်သည်ဖြစ်စေ၊ ဤအရာများအပေါ် သင် အမှီပြုပါက သင် တည်ဆောက်ခြင်း ခံရလိမ့်မည် မဟုတ်ပေ။ သင်သည် အသက်၏ နှုတ်ကပတ်တော်များအတွင်းတွင် အသက်ရှင်ရမည်၊

သန့်ရှင်းသောဝိညာဉ်တော်ထံမှ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းအတွင်းတွင် အသက်ရှင်ရမည်၊ သင်၏ တကယ့်အခြေအနေကို သိရမည်ဖြစ်ပြီး ပြောင်းလဲသောသူတစ်ဦး ဖြစ်ရမည်။ စိတ်ဝိညာဉ်၌ အလားတူ ထိုးထွင်းသိမြင်မှု ရှိရမည်၊ အသစ်သော ဉာဏ်အလင်းပေးခြင်း ရှိရမည်ဖြစ်ပြီး၊ အသစ်သောအလင်းကို အမီလိုက်နိုင်ရမည်။ သင့်အနေဖြင့် ငါ့ထံ မရပ်မနား တိုးဝင်ချဉ်းကပ်နိုင်ရမည် ဖြစ်ပြီး ငါနှင့် အဆက်အသွယ်ပြုနိုင်ရမည်၊ နေ့စဉ်အသက်တာ၌ သင်၏ လုပ်ဆောင်ချက်များကို ငါ၏နှုတ်ကပတ်တော်များပေါ်တွင် အခြေခံနိုင်ရမည်၊ လူများ၊ အဖြစ်အပျက်များနှင့် အမှုအရာ မျိုးစုံတို့ကို ငါ၏နှုတ်ကပတ်တော်များအပေါ် အခြေခံလျက် မှန်ကန်စွာ ကိုင်တွယ်နိုင်ရမည် ဖြစ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များကို သင်၏စံနှုန်းစံထားအဖြစ် ထားရှိကာ သင်၏အသက်တာထဲ လှုပ်ရှားမှုအားလုံးတွင် ငါ၏ စိတ်သဘောထားကို အသက်ရှင်နေထိုင်နိုင်ရမည်ဖြစ်သည်။

အကယ်၍ သင်သည် ငါ့အလိုကို နားလည်သဘောပေါက်ပြီး ဂရုပြုရန် ဆန္ဒရှိပါက၊ ငါ၏နှုတ်ကပတ်တော်များကို အာရုံစိုက် ရမည်။ အမှုအရာများကို မဆင်မခြင် မလုပ်ဆောင်နှင့်။ ငါမထောက်ခံသော အရာအားလုံးသည် ဆိုးရွားသော နိဂုံးနှင့် ကြုံရလိမ့်မည်။ ကောင်းချီးမင်္ဂလာများသည် ငါ ထောက်ခံသော အရာများဖြင့်သာ လာ၏။ ငါပြောလျှင်၊ ဖြစ်လိမ့်မည်။ ငါ အမိန့်ပေးလျှင် မြဲမြံစွာတည်လိမ့်မည်။ ငါ့ကို အမျက်ထွက်စေခြင်းအား ရှောင်ရှားရန်၊ ငါခွင့်မပြုထားသော အရာကို သင်တို့ လုံးဝ မလုပ်ဆောင်ရ။ လုပ်ဆောင်ပါက၊ သင့်အတွက် နောင်တရဖို့ အချိန် ရှိလိမ့်မည်မဟုတ်ပေ။

# အခန်း ၂၂

ဘုရားသခင်၌ ယုံကြည်ခြင်းသည် လုပ်ဆောင်ဖို့ လွယ်ကူသော အရာမဟုတ်ပေ။ သင်သည် အရာရာကို စားသောက်ကာ၊ အားလုံးသည် အလွန်စိတ်ဝင်စားစရာကောင်းသည်၊ အလွန် အရသာရှိသည်ဟု တွေးထင်လျက်၊ တော်စွလျော်စွ ကြုံရာကျပန်းနေ၏။ ချီးကျူးနေသော လူအချို့ ရှိသေးသည်- ၎င်းတို့သည် ၎င်းတို့၏စိတ်နှလုံးအားဖြင့် ချင့်ချိန်နိုင်စွမ်း မရှိကြပေ။ ဤသည်မှာ သင်တို့ မချွင်းမချန် စိတ်ဖြာရှင်းလင်းထိုက်သည့် အတွေ့အကြုံတစ်ခု ဖြစ်သည်။ နောက်ဆုံးသောကာလတွင်၊ ဝိညာဉ်မျိုးစုံတို့သည် ဘုရားသခင်၏ သားသမီးများ၏ တိုးတက်မှုကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ကာ အသင်းတော်၏တည်ဆောက်ခြင်းကို

တမင်ဖျက်ဆီးရာတွင် ပါဝင်လျက် ၎င်းတို့၏အခန်းကဏ္ဍများကို ဆောင်ရွက်ရန် ထွက်ပေါ်ကြ၏။ သင်သည် ဤအရာကို ပေါ့ပေါ့တန်တန် သဘောထားပြီး စာတန်ကို အလုပ်လုပ်ဖို့ အခွင့်အရေးများ ပေးပါက၊ ယင်းသည် အသင်းတော်ကို ကမောက်ကမ အခြေအနေတစ်ခု ဖန်တီးလိမ့်မည်၊ လူတို့သည် အထိတ်တလန့် ဖြစ်ကာ၊ ထင်ရာစိုင်းကြလိမ့်မည် ဖြစ်ပြီး၊ ဆိုးရွားသော ကိစ္စရပ်များတွင်၊ လူတို့၏ ရှုပါရုံများ ပျောက်ကွယ်သွားလိမ့်မည်။ ဤသို့ဖြင့်၊ နှစ်ပေါင်းများစွာတစ်လျှောက် ငါအပင်ပန်းခံ ပေးဆပ်ထားသည့် အဖိုးအခသည် အချည်းနှီး ဖြစ်ပေလိမ့်မည်။

အသင်းတော်ကို တည်ဆောက်ရမည့် အချိန်သည် စာတန်၏ သွေးရူးသွေးတန်းဖြစ်ခြင်း အမြင့်ဆုံးအရှိန်သို့ ရောက်ရှိသည့် အချိန်လည်း ဖြစ်သည်။ စာတန်သည် လူအနည်းငယ်မှတစ်ဆင့် အာရုံပျက်စေမှုနှင့် နှောင့်ယှက်မှုတို့ကို မကြာခဏ ဖြစ်စေပြီး၊ ယင်းမှာ ဝိညာဉ်ကို မသိသောသူများနှင့် စာတန်၏ အခန်းကဏ္ဍကို အလွယ်ကူဆုံး ဝင်ရောက်လုပ်ဆောင်နိုင်သည့် ယုံကြည်သူအသစ်များ ဖြစ်ကြသည်။ လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏အမှုကို ယေဘုယျအားဖြင့် နားမလည်ကြသောကြောင့်၊ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ အကြိုက်များ၊ အမှုအရာများကို လုပ်ဆောင်သည့် ၎င်းတို့ကိုယ်တိုင်၏ နည်းလမ်းများနှင့် ၎င်းတို့ကိုယ်တိုင်၏ အယူအဆများအတိုင်း ထင်ရာမြင်ရာ လုံး၀ ပြုမူတတ်ကြပေသည်။ သင်၏နှုတ်ကိုစောင့်ထိန်းလော့- ဤသည်မှာ သင့်ကို ကာကွယ်ရန်အတွက် ဖြစ်သည်။ ကောင်းစွာ နားစိုက်ထောင်ကာ ကောင်းစွာ နာခံလော့။ အသင်းတော်သည် လူ့အဖွဲ့အစည်းနှင့် မတူပေ။ သင် စိတ်ရှိတိုင်း လွယ်လွယ်ပြော၍ မရပေ။ သင် တွေးထင်သည့် မည်သည့်အရာကိုမဆို ပြော၍မရပေ။ ဤသည်မှာ ဘုရားသခင်၏ အိမ်တော် ဖြစ်သည်နှင့်အညီ၊ ယင်းသည် ဤနေရာတွင် အလုပ်ဖြစ်မည်မဟုတ်။ အမှုအရာများအား လူတို့ လုပ်ဆောင်သည့် နည်းလမ်းကို ဘုရားသခင် လက်မခံပေ။ သင်သည် ဝိညာဉ်တော်နောက်သို့ လိုက်ခြင်းဖြင့် အရေးကိစ္စများကို လုပ်ဆောင်ရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် အသက်ရှင်နေထိုင်ရမည် ဖြစ်ပြီး၊ ထိုအခါတွင် အခြားသောသူတို့သည် သင့်ကို လေးစားကြလိမ့်မည်။ သင်သည် ဘုရားသခင်အပေါ် မှီခိုခြင်းအားဖြင့် သင်ကိုယ်တိုင်အတွင်းရှိ အခက်အခဲများအားလုံးကို ဦးစွာ ဖြေရှင်းရမည်။ သင်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားတို့ကို အဆုံးသတ်စေပြီး၊ သင်ကိုယ်တိုင်၏ အခြေအနေကို အမှန်တကယ် နားလည်လာနိုင်ကာ၊ မည်သို့ ပြုမူရမည်ကို သိလော့။ နားမလည်သော အရာမှန်သမျှနှင့်ပတ်သက်၍ ဆက်၍ မိတ်သဟာယ ပြုလော့။ လူတစ်ယောက်အတွက် မိမိကိုယ်ကိုယ် မသိခြင်းမှာ လက်ခံနိုင်ဖွယ်ရာ မရှိပေ။

သင်ကိုယ်တိုင်၏ အနာရောဂါကို ဦးစွာ ငြိမ်းစေလော့၊ ပြီးလျှင် ငါ၏နှုတ်ကပတ်တော်များကို သာ၍ မကြာခဏ စားသောက်ကာ စဉ်းစားဆင်ခြင်ရင်း၊ ငါ၏နှုတ်ကပတ်တော်များပေါ် အခြေပြု၍ သင်၏အသက်တာကို ရှင်သန်ကာ သင်၏ ဆောင်ရွက်ချက်များကို လုပ်ဆောင်လော့။ သင်သည် အိမ်တွင် ရှိသည်ဖြစ်စေ အခြားနေရာတွင် ရှိသည် ဖြစ်စေ၊ သင်၏အတွင်းတွင် ဘုရားသခင်အား တန်ခိုးအာဏာစွဲကိုင်ခွင့် ပြုသင့်သည်။ ဇာတိပကတိနှင့် သဘာဝကျခြင်းတို့ကို စွန့်ပစ်လော့။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏အတွင်းတွင် အမြစ်စိုးမိုးခွင့်ပေးလော့။ သင်၏ အသက်တာသည် ပြောင်းလဲခြင်းမရှိ ဖြစ်နေသည်ကို စိုးရိမ်စရာ မလိုပေ။ အချိန်နှင့်အမျှ သင်၏စိတ်သဘောထားသည် ကြီးစွာပြောင်းလဲပြီးဖြစ်သည်ကို သင်သည် ခံစားလာရလိမ့်မည်။ ယခင်က သင်သည် ကျော်ကြားဖို့ရန် စိတ်အားထက်သန်ခဲ့၏၊ သင်သည် မည်သူ့ကိုမျှ မနာခံခဲ့ပေ၊ သို့မဟုတ် ရည်မှန်းချက်ကြီးခဲ့ကာ၊ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူခဲ့သည်၊ သို့မဟုတ် မာနကြီးခဲ့သည်- ဤအရာများသည် သင် တဖြည်းဖြည်း ဖယ်ရှားပစ်မည့် အရာများ ဖြစ်သည်။ အကယ်၍ သင်သည် ၎င်းတို့အား ယခုချက်ချင်း စွန့်ပစ်လိုပါက၊ မဖြစ်နိုင်ပေ။ ဤသည်မှာ သင်၏ အတ္တဟောင်းသည် အခြားသူများအား ထိုအရာကို ထိတွေ့ခွင့်ပေးလိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်၊ ၎င်း၏ အမြစ်များသည် အလွန် နက်ရှိုင်းလှ၏။ ထို့ကြောင့် သင်သည် စိတ်ခံစားချက်အရ အားထုတ်မှု ပြုရမည်၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို အပြုသဘောဆောင်စွာနှင့် တက်ကြွစွာ နာခံရမည်၊ ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ရန် သင်၏အလိုဆန္ဒကို အသုံးပြုပြီး၊ ငါ၏နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ရန် လိုလားခြင်း ရှိရမည်။ သင်သည် အပြစ်တစ်ခုကို ကျူးလွန်ပါက၊ ဘုရားသခင်သည် သင့်အား ဆုံးမပဲ့ပြင်လိမ့်မည်။ သင်သည် နောက်ပြန်လှည့်ကာ နားလည်သဘောပေါက်လာချိန်တွင်၊ အားလုံးသည် သင်၏ အတွင်း၌ ရုတ်ခြည်း ကောင်းသွားလိမ့်မည်။ သင်သည် စိတ်အလိုလိုက်လျက် ပြောဆိုလျှင်၊ သင်ကိုယ်တိုင်၏အတွင်း၌ ချက်ချင်း ဆုံးမပဲ့ပြင် ခံရလိမ့်မည်။ ဘုရားသခင်သည် ထိုသို့သောအရာတို့တွင် ဝမ်းမြောက်ခြင်း မရှိသည်ကို သင် သိမြင်၏၊ ထို့ကြောင့် သင်ချက်ချင်း ရပ်တန့်လိုက်မည်ဆိုလျှင်၊ အတွင်းစိတ် ငြိမ်းချမ်းခြင်းကို သင် တွေ့ကြုံခံစားရလိမ့်မည်။ ဘဝ၏ ခံစားချက်များက မည်သည့်အရာဖြစ်သည် သို့မဟုတ် ထိုခံစားချက်များအတွင်း မည်သို့ အသက်ရှင်ရမည်ကို နားမလည်သော ယုံကြည်သူအသစ်တစ်ချို့ ရှိ၏။ သင်သည် မည်သည့်အရာမျှ မပြောသော်လည်း၊ သင်၏အတွင်း၌ အဘယ်ကြောင့် အလွန်ဂနာမငြိမ် ဖြစ်ရသနည်းဟု တစ်ခါတစ်ရံတွင် သင် တွေးမိသည်။ ထိုသို့သောအချိန်များတွင်၊

မှားနေသည်မှာ သင်၏ အတွေးများနှင့် သင်၏စိတ် ဖြစ်သည်။ တစ်ခါတစ်ရံ၌ သင်သည် ကိုယ်ပိုင်ရွေးချယ်မှုများ၊ ကိုယ်ပိုင်အယူအဆများနှင့် ထင်မြင်ချက်များ ရှိ၏။ တစ်ခါတစ်ရံတွင် သင်သည် အခြားသူများကို သင့်ထက် ယုတ်ညံ့သည်ဟု ယူဆ၏။ တစ်ခါတစ်ရံတွင် သင်သည် တစ်ကိုယ်ကောင်းဆန်သော ကိုယ်ပိုင်တွက်ချက်မှုများကို ပြုလုပ်ပြီး၊ ဆုတောင်းခြင်း မပြု၊ သင့်ကိုယ်သင် ဆန်းစစ်ခြင်း မပြုပေ။ ဤသည်မှာ အတွင်း၌ သင်ဂနာမငြိမ်ဖြစ်ရသည့် အကြောင်းရင်း ဖြစ်သည်။ ပြဿနာက မည်သည့်အရာ ဖြစ်သည်ကို သင် သိကောင်းသိလိမ့်မည်၊ ထို့ကြောင့် သင်၏စိတ်နှလုံးတွင် ဘုရားသခင်၏နာမကို ချက်ချင်း ခေါ်ဆိုလော့၊ ဘုရားသခင်ထံ ချဉ်းကပ်လော့၊ သို့ပြုလျှင် သင် သက်သာလိမ့်မည်။ သင်၏ စိတ်နှလုံးသည် တိုး၍ ပျာယာခတ်ပြီး ဂနာမငြိမ် ဖြစ်လာသည့်အခါ၊ ဘုရားသခင်သည် သင့်အား စကားပြောရန် အခွင့်ပေးသည်ဟု သင် လုံးဝ တွေးရမည်မဟုတ်။ အထူးသဖြင့် ယုံကြည်သူအသစ်များသည် ဤအရာ၌ ဘုရားသခင်ကို နာခံခြင်းအား သေချာအာရုံစိုက်သင့်၏။ လူသား၏အတွင်း၌ ဘုရားသခင် ထားရှိသည့် ခံစားချက်တို့မှာ ငြိမ်းချမ်းခြင်း၊ ဝမ်းမြောက်ခြင်း၊ ကြည်လင်ပြတ်သားခြင်းနှင့် သေချာခြင်းတို့ ဖြစ်၏။ ယေဘုယျအားဖြင့်၊ ကမောက်ကမအခြေအနေ ဖြစ်စေပြီး ထင်ရာမြင်ရာ ပြုမူမည့် နားမလည်သည့်သူများ ရှိ၏ - ဤအရာအားလုံးသည် အနှောင့်အယှက်များ ဖြစ်သည်။ ဤအရာကို သေချာစွာ အရေးထားလော့။ သင်သည် ဤအခြေအနေမျိုး ဖြစ်တတ်ပါက၊ ထိုအရာကို တားဆီးဖို့ "ကြိုတင်ကာကွယ်ဆေး" ကို မှီဝဲသင့်သည်။ သို့မဟုတ်လျှင်၊ သင်သည် အနှောင့်အယှက်များကို ဖန်တီးလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် သင့်အား ပြစ်ဒဏ်ပေးလိမ့်မည်။ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မမှတ်ယူလေနှင့်။ သင်ကိုယ်တိုင်၏ မပြည့်ဝခြင်းတို့ကို ထေမိစေရန် အခြားသူများ၏ အားသာချက်များကို ယူပြီး အသုံးပြုလော့။ ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြင့် အခြားသူများ မည်သို့ အသက်ရှင်ကြသည်ကို ကြည့်ရှုပြီး၊ ၎င်းတို့၏ အသက်တာများ၊ လုပ်ရပ်များနှင့် အပြောအဆိုများက အတုယူထိုက်ခြင်း ရှိမရှိဆိုသည်ကို ကြည့်လော့။ အခြားသောသူများကို သင့်ထက် နိမ့်ကျသည်ဟု သဘောထားပါက၊ သင်သည် မိမိကိုယ်ကိုယ်မှန်ကန်သည်ဟု ယူမှတ်သောသူ၊ စိတ်ကြီးဝင်သောသူ ဖြစ်ပြီး၊ မည်သူ့ကိုမျှ အကျိုးမပေးပေ။ ယခုအချိန်တွင် မရှိမဖြစ် လိုအပ်သည်မှာ အသက်တာအပေါ် အာရုံစိုက်ရန်၊ ငါ၏နှုတ်ကပတ်တော်များကို ပို၍ စားသောက်ရန်၊ ငါ၏နှုတ်ကပတ်တော်များကို တွေ့ကြုံခံစားရန်၊ ငါ၏ နှုတ်ကပတ်တော်များကို သိရှိရန်၊ ငါ၏နှုတ်ကပတ်တော်များကို အမှန်တကယ် သင်၏အသက်တာ ဖြစ်လာစေရန်တို့ ဖြစ်သည်- ဤအရာများသည် အဓိကကျသောအရာများ ဖြစ်၏။ တစ်စုံတစ်ဦးသည်

ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြင့် အသက်မရှင်နိုင်ပါက၊ ၎င်း၏ အသက်တာ ရင့်ကျက်နိုင်သလော။ မရင့်ကျက်နိုင်ပေ။ သင်သည် ငါ၏နှုတ်ကပတ်တော်များဖြင့် တစ်ချိန်လုံး အသက်ရှင်ရမည်ဖြစ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များကို အသက်တာအတွက် သင်၏ ကျင့်ဝတ်စည်းကမ်းအဖြစ် ထားရှိရမည်၊ သို့မှသာ ထိုကျင့်ဝတ်စည်းကမ်းဖြင့် ပြုမူခြင်းသည် ဘုရားသခင်ကို ဝမ်းမြောက်စေသောအရာ ဖြစ်ပြီး အခြားသောနည်းဖြင့် ပြုမူခြင်းသည် ဘုရားသခင် မုန်းတီးသောအရာ ဖြစ်သည်ကို သင်ခံစားရလိမ့်မည်ဖြစ်သည်။ ပြီးလျှင် သင်သည် လမ်းကြောင်းမှန်ပေါ် တဖြည်းဖြည်း လျှောက်လှမ်းလာလိမ့်မည်။ ဘုရားသခင်ထံမှ လာသည့်အရာနှင့် စာတန်ထံမှ လာသည့်အရာတို့ကို သင် နားလည်ရမည်။ ဘုရားသခင်ထံမှ လာသောအရာသည် သင့်ကို သာ၍ ကြီးမားသော ရှင်းလင်းပြတ်သားမှုဖြင့် သင့်ကို ရူပါရုံများပေးပြီး၊ သင့်ကို ဘုရားသခင်နှင့် ယခင်ထက် သာ၍ နီးကပ်စေသည်။ သင်သည် လေးနက်သည့် ချစ်ခြင်းမေတ္တာကို ညီအစ်ကိုမောင်နှမတို့နှင့်အတူ မျှဝေခံစားသည်၊ သင်သည် ဘုရားသခင်၏ ဝန်ထုပ်ဝန်ပိုးအတွက် အရေးထားမှုကို ပြသနိုင်စွမ်းရှိပြီး၊ ဘယ်သောအခါမျှ ဆုတ်ယုတ်မသွားသည့် ဘုရားသခင်ကို ချစ်သည့် နှလုံးသားတစ်ခု သင်၌ ရှိလေသည်။ သင့်အတွက် ရှေ့တွင် လျှောက်လှမ်းဖို့ လမ်းတစ်ခု ရှိ၏။ စာတန်ထံမှ လာသောအရာသည် ရူပါရုံများကို သင်နှင့်အတူ ပျောက်ကွယ်သွားဖို့ ဖြစ်စေပြီး၊ ယခင်က သင်ရှိခဲ့သည့် အရာအားလုံး ဆုံးရှုံးဖို့ ဖြစ်စေသည်။ သင်သည် ဘုရားသခင်နှင့် ခပ်ခွာခွာ ဖြစ်လာသည်၊ သင်၏ ညီအစ်ကိုမောင်နှမများအတွက် သင့်၌ ချစ်ခြင်းမေတ္တာ မရှိဘဲ အမုန်းတရားနှင့်ပြည့်နေသော နှလုံးသားတစ်ခု ရှိ၏။ သင်သည် မျှော်လင့်ချက်မဲ့လာကာ၊ အသင်းတော် အသက်တာကို အသက်ရှင်ရန် ဆန္ဒမရှိတော့သကဲ့သို့၊ ဘုရားသခင်ကို ချစ်သော သင်၏နှလုံးသားသည်လည်း မရှိတော့ပေ။ ဤသည်မှာ စာတန်၏ လုပ်ဆောင်မှုဖြစ်ပြီး၊ ဆိုးယုတ်သောဝိညာဉ်များ၏ လုပ်ဆောင်ချက်က ဆိုက်ရောက်စေသည့် အကျိုးဆက်လည်း ဖြစ်သည်။

ယခုသည် အတိမ်းအစောင်းမခံသော အခိုက်အတန့်တစ်ခု ဖြစ်၏။ သင်သည် သင်၏နောက်ဆုံးအချိန်ဆိုင်းအထိ သင်၏ နေရာတွင် ရှိရမည်၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်ရန် သင့်ဝိညာဉ်၏ အမြင်များကို ကြည်လင်စေရမည် ဖြစ်ပြီး၊ အသင်းတော် တည်ဆောက်ရာတွင် သင်တို့၏ အားထုတ်မှု အားလုံးကို အသုံးပြုရမည်။ စာတန်၏ လက်ပါးစေများ၊ ဘာသာရေး အနှောင့်အယှက်များနှင့် ဆိုးယုတ်သောဝိညာဉ်များ၏ လုပ်ဆောင်မှုကို ဖယ်ရှားကြလော့။ အသင်းတော်ကို သန့်စင်စေကာ၊ ငါ၏ အလိုကို မပိတ်ဆီးစေဘဲ ဆောင်ရွက်စေလော့၊ ပြီးလျှင် ကပ်ဘေးများ မတိုင်မီ ဤမျှ တိုတောင်းသည့် အချိန်တွင် ငါသည် သင်တို့ကို ဖြစ်နိုင်သမျှ မြန်မြန် ပြည့်စုံစေမည်ဖြစ်ပြီး၊ သင်တို့အား

ဘုန်းအသရေထဲသို့ ခေါ်ဆောင်မည်မှာ အမှန်ပင် ဖြစ်သည်။

## အခန်း ၂၃

ငါ့အသံကို ကြားကြပြီဖြစ်သော ညီအစ်ကိုမောင်နှမ အပေါင်းတို့- သင်တို့သည် ငါ၏ပြင်းထန်သော တရားစီရင်သံကို ကြားကြပြီးဖြစ်ကာ ကြီးစွာသော ဆင်းရဲဒုက္ခကို ကြုံကြွခံပြီး ဖြစ်သည်။ သို့ရာတွင် ငါ၏ ခက်ထန်သောအသံ နောက်ကွယ်တွင် ဖုံးကွယ်ထားသည့် ငါ၏ ရည်ရွယ်ချက်တို့ ရှိကြောင်း သင်တို့ သိသင့်ပေတကား။ သင်တို့ ကယ်တင်ခြင်း ခံရနိုင်ဖို့ရန်အလို့ငှာ သင်တို့ကို ငါ ဆုံးမပဲ့ပြင်၏။ ငါချစ်သောသားတို့အတွက်၊ သင်တို့ကို ငါ ဧကန်မုချ ဆုံးမပဲ့ပြင်ပြီး ပြုပြင်ကာ မကြာမီ စုံလင်စေမည် ဖြစ်ကြောင်းကို သင်တို့ သိသင့်၏။ ငါ့စိတ်နှလုံးသည် အလွန် စိတ်အားထက်သန်သော်လည်း၊ သင်တို့သည် ငါ့စိတ်နှလုံးကို နားမလည်၊ ငါ့နှုတ်ကပတ်တော်နှင့်အညီလည်း လုပ်ဆောင်ခြင်း မရှိကြ။ ယနေ့တွင် ငါ့နှုတ်ကပတ်တော်တို့သည် သင်တို့အပေါ်သို့ ကျရောက်ပြီး ဘုရားသခင်သည် ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော ဘုရားသခင် ဖြစ်ကြောင်းကို သင်တို့အား အမှန်တကယ် သတိပြုမိစေကာ ဘုရားသခင်၏ စစ်မှန်သောမေတ္တာကို သင်တို့အားလုံးကို တွေ့ကြုံခံစားစေသည်။ သို့သော် ဟန်ဆောင်နေကြသော လူ အရေအတွက် အနည်းငယ်လည်း ရှိသည်။ ၎င်းတို့သည် အခြားလူများ၏ ဝမ်းနည်းမှုကို မြင်တွေ့ရချိန်တွင်၊ ၎င်းတို့သည်လည်း ၎င်းတို့၏ မျက်လုံးများတွင် မျက်ရည်များ ပြည့်စေလျက်၊ ထိုသူတို့ကို အတုခိုးသည်။ အပေါ်ယံအားဖြင့်- ဘုရားသခင်၏ အကြွေးတင်ရှိပုံပေါ် ပြီး ၎င်းတို့သည် နောင်တရနေသည်ဟု ထင်ရသော်လည်း၊ ၎င်းတို့အတွင်းတွင် ဘုရားသခင်ကို အမှန်တကယ် နားလည်ခြင်း မရှိသည့်အပြင်၊ ဘုရားသခင်အကြောင်းကိုလည်း မသေချာဘဲ၊ အမှန်မှာ အပြင်ပန်း ဟန်ပြရုံသာဖြစ်သော အခြားသူများ ရှိကြပေ၏။ ဤလူတို့ကို ငါသည် စက်ဆုပ်အရွံရှာဆုံးပင် ဖြစ်လေတကား။ ဤလူတို့သည် ငါ့မြို့နှင့် အနေးနှင့်အမြန် အဆက်အသွယ်ဖြတ်ခြင်းကို ခံရလိမ့်မည်။ ငါ၏ရည်ရွယ်ချက်မှာ- ငါ့အား ပြင်းပြစွာ အလိုရှိသောသူများကို ငါအလိုရှိပြီး၊ စစ်မှန်သော နှလုံးသားဖြင့် ငါ့နောက်သို့ လိုက်သူများသည်သာ ငါ့ကို ကျေနပ်စေနိုင်သည်။ ထိုသူတို့သည် ငါ့လက်တော်များဖြင့် ငါအသေအချာ ထောက်ပံ့ပေးမည့်သူများ ဖြစ်ပြီး၊ သူတို့ ဘေးဒုက္ခနှင့် မတွေ့ကြုံရစေရန် ငါသေချာစေမည်။ ဘုရားသခင်ကို အမှန်တကယ် အလိုရှိသောသူတို့သည် ဘုရားသခင်၏ စိတ်နှလုံးကို အလေးထားရန် လိုလားနေကြပြီး၊ ငါ့အလိုတော်ကို လုပ်ဆောင်ကြသည်။

ထို့ကြောင့် သင်တို့သည် မကြာမီ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ပြီး ငါ့နှုတ်ကပတ်တော်ကို သင်တို့၏အသက်အဖြစ် လက်ခံသင့်ကြ၏။ ဤသည်မှာ ငါ၏အကြီးလေးဆုံးသောဝန်ထုပ် ဖြစ်၏။ အကယ်၍ အသင်းတော်များနှင့် သန့်ရှင်းသူများအားလုံးသည် လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ကြပြီး၊ ငါနှင့်တိုက်ရိုက် မိတ်သဟာယဖွဲ့နိုင်ကာ ငါနှင့်မျက်နှာချင်းဆိုင်ပြီး သမ္မာတရားနှင့် ဖြောင့်မတ်ခြင်းကို လက်တွေ့လုပ်ဆောင်နိုင်ကြမှသာလျှင်၊ ထိုသူတို့သည် ငါ၏ ချစ်သားများ၊ ငါ နှစ်သက်မြတ်နိုးသောသူများ ဖြစ်ကြပေမည်။ ထိုသူတို့အပေါ်သို့ ငါသည် ကြီးစွာသော ကောင်းချီးမင်္ဂလာ အလုံးစုံကို အပ်နှင်းမည်။

# အခန်း ၂၄

အချိန်သည် အစဉ် ပို၍နီးကပ်လာသည်။ နိုးထကြလော့။ သန့်ရှင်းသူအားလုံးတို့။ ငါသည် သင်တို့ထံ မိန့်ဆိုလိမ့်မည်ဖြစ်ပြီး၊ ကြားသောသူအားလုံးတို့သည် နိုးထကြလိမ့်မည်။ ငါသည် ဤနှစ်ပေါင်းများစွာအတွင်း သင်တို့ယုံကြည်သော ဘုရားသခင် ဖြစ်၏။ ယနေ့တွင် ငါသည် လူ့ဇာတိကို ခံယူပြီး သင်တို့မျက်စိရှေ့တွင် ရောက်လာသည်၊ ထိုသို့အားဖြင့် ငါ့ကိုအမှန်တကယ်အလိုရှိသူ၊ ငါ့အတွက် မည်သည့်အဖိုးအခကိုမဆို ပေးချင်နေသူ၊ ငါ၏နှုတ်ကပတ်တော်ကို ကေန်အမှန် နားထောင်သူနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်လိုနေသူကို ထုတ်ဖော်သည်။ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်သောကြောင့် မှောင်မိုက်တွင် ဖုံးကွယ်ထားသော လူသား၏ လျှို့ဝှက်ချက်များအားလုံးတို့ကို တွေ့မြင်နိုင်သည်၊ ငါ့ကို အမှန်အလိုရှိသောသူကို ငါသိပြီး၊ ငါ့ကို ခုခံသောသူကို ငါသိသည်။ ငါသည် အရာအားလုံးတို့ကို စောင့်ကြည့်သည်။

ယခုတွင် ငါသည် ငါနှင့်စိတ်နှလုံးညီညွတ်သူလူတစ်စု၊ ငါ၏ဝန်ထုပ်တို့ကို နားလည်စာနာပေးနိုင်သူလူတစ်စုကို တတ်နိုင်သမျှ အမြန်ဆုံး ပြုလုပ်လိုသည်။ သို့သော် ငါသည် အသင်းတော်ကို သန့်ရှင်းစေခြင်းနှင့် စင်ကြယ်စေခြင်းကို မချုပ်တည်းနိုင်ပေ၊ အသင်းတော်သည် ငါ၏နှလုံးသားဖြစ်သည်။ ငါ၏နှုတ်ကပတ်တော်ကို သင်တို့ စားသောက်ခြင်းမရှိရန် တားဆီးသော ဆိုးယုတ်သူတို့ကို ငါစက်ဆုပ်ရွံရှာ၏။ ထိုသို့ဖြစ်ရခြင်းအကြောင်းမှာ ငါ့ကိုအမှန်တကယ် အလိုမရှိသည့် အခြားလူအချို့ရှိခြင်းကြောင့် ဖြစ်သည်။ ဤလူတို့သည် လိမ်ညာမှုနှင့်ပြည့်ဝလျက်၊ ၎င်းတို့သည် စစ်မှန်သောစိတ်နှလုံးဖြင့်

ငါ့ထံသို့မတိုးဝင်ကြပေ၊ ၎င်းတို့သည် ဆိုးယုတ်ကြပြီး ငါ၏အလိုတော်ကို ဆောင်ရွက်ရာတွင် တားဆီးနှောင့်ယှက်သူများဖြစ်ကြသည်၊ ၎င်းတို့သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်သူများ မဟုတ်ကြပေ။ ဤသူတို့သည် မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု ယူမှတ်ခြင်းနှင့် မာနကြီးခြင်းတို့ဖြင့် ပြည့်ဝလျက်၊ ၎င်းတို့သည် လွန်လွန်ကဲကဲ ရည်မှန်းချက်ကြီးလွန်းကြသည်၊ ၎င်းတို့သည် အထက်စီးမှ ဆက်ဆံခြင်းကို နှစ်သက်ကြသည်၊ ၎င်းတို့၏စကားမှာ နားဝင်ချိုလှသော်လည်း ၎င်းတို့သည် သမ္မာတရားကို တိတ်တဆိတ် လက်တွေ့မလုပ်ဆောင်ကြပေ။ ဤဆိုးယုတ်သူတို့သည် အဆက်ဖြတ်ခြင်းနှင့် ဖယ်ရှားခြင်းကို ခံရမည်၊ ၎င်းတို့သည် ဘေးဒုက္ခအလယ်တွင် ဆင်းရဲခံရလိမ့်မည်။ ဤနှုတ်ကပတ်တော်တို့မှာ သင်တို့သည် ငါ၏ အလိုတော်နှင့် ကိုက်ညီသောလမ်းပေါ်တွင် လျှောက်လှမ်းရန် သင်တို့ကို သတိရစေရန်နှင့် သတိပေးရန် ဖြစ်သည်။ သင်တို့၏ ဝိညာဉ်ထံသို့ အမြဲပြန်၍လာလော့၊ အကြောင်းမူကား ငါ့ကို မိမိတို့၏စိတ်နှလုံးအကြွင်းမဲ့ဖြင့် ချစ်သောသူတို့ကို ငါချစ်သောကြောင့်ဖြစ်သည်။ သင်တို့သည် ငါ့ထံသို့ တိုးဝင်သောကြောင့် ငါသည် သင်တို့ကိုကွယ်ကာ၍ ဆိုးယုတ်သူတို့ထံမှ ကွယ်ကာမည်၊ ငါသည် သင်တို့ကို ငါ၏အိမ်တော်၌ မြဲမြဲရပ်စေလျက် အဆုံးတိုင် သင်တို့ကို စောင့်ရှောက်မည်။

# အခန်း ၂၅

အနန္တတန်ခိုးရှင် ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်း၏အရှင်၊ ငါတို့၏ ဘုရားသခင်သည် ဘုရင်ဖြစ်၏။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် သံလွင်တောင်ပေါ်တွင် ခြေချလေ၏။ လှပတင့်တယ်လေစွ။ နားထောင်လော့။ ကင်းစောင့်သောသူများတည်းဟူသော ငါတို့သည် ငါတို့၏ အသံများကို လွှင့်ကြ၏၊ ဘုရားသခင်သည် ဇိအုန်မြို့သို့ ပြန်လာခဲ့ပြီဖြစ်သောကြောင့် ငါတို့သည် ငါတို့၏ အသံများနှင့် သီဆိုကြ၏။ ယေရုရှလင်မြို့၏ အနိဋ္ဌာရုံမြင်ကွင်းကို ငါတို့ ကိုယ်တိုင်၏ မျက်စိများနှင့် မြင်၏။ ဝမ်းမြောက်သောအသံနှင့် ကြွေးကြော်၍ တညီတညွတ်တည်း သီချင်းဆိုကြလော့၊ အကြောင်းမူကား ဘုရားသခင်သည် ငါတို့အတွက် နှစ်သိမ့်ခြင်းကို ယူဆောင်လာခဲ့ပြီး ယေရုရှလင်မြို့ကို ရွေးနုတ်ပြီးသောကြောင့် ဖြစ်၏။ ခပ်သိမ်းသော လူအမျိုးမျိုးတို့၏ရှေ့တွင် ဘုရားသခင်သည် မိမိ၏ သန့်ရှင်းသော လက်ရုံးကို ဖွင့်ပြပြီး ဘုရားသခင်၏ စစ်မှန်သော ဇာတိအဖြစ်တော်သည် ပေါ်ထွန်းလာလေပြီ။ မြေကြီးစွန်းရှိသမျှတို့သည် ငါတို့ဘုရားသခင်၏ ကယ်တင်ခြင်းကို သိမြင်ခဲ့ပြီ။

အို အနန္တတန်ခိုးရှင် ဘုရားသခင်။ ကိုယ်တော်၏ နက်နဲရာရှိသမျှကို ထုတ်ဖော်ရန် ဝိညာဉ်တော်ခုနှစ်ပါးကို ကိုယ်တော်၏ပလ္လင်မှ အသင်းတော်အားလုံးထံသို့ စေလွှတ်ခဲ့လေပြီ။ ကိုယ်တော်သည် ကိုယ်တော်၏ ဘုန်းတော်ပလ္လင်ပေါ်၌ ထိုင်လျက် မိမိ၏ နိုင်ငံတော်ကို စီမံခန့်ခွဲခဲ့ကာ ယင်းကို တရားမျှတမှုနှင့် ဖြောင့်မတ်ခြင်းတို့ဖြင့် ခိုင်မာပြီး တည်တံ့စေခဲ့ပြီး ကိုယ်တော်၏ရှေ့တွင် တိုင်းနိုင်ငံအားလုံးကို ချိုးနှိမ်လေပြီ။ အို အနန္တတန်ခိုးရှင် ဘုရားသခင်။ ရှင်ဘုရင်တို့၏ ခါးစည်းကို ကိုယ်တော်ချွတ်လေပြီ၊ မြို့တံခါးတို့ကို နောက်တစ်ဖန် မပိတ်စေခြင်းငှာ ကိုယ်တော်ဖွင့်ခဲ့ပြီ။ အကြောင်းမူကား ကိုယ်တော်၏အလင်း ရောက်လာပြီးဖြစ်၍ ကိုယ်တော်၏ ဘုန်းတော်သည် နိုးထကာ ယင်း၏တောက်ပမှုကို ထွန်းလင်းစေ၏။ မှောင်မိုက်သည် မြေကြီးကို ဖုံးလွှမ်း၍ ထူထပ်သော မှောင်မိုက်သည် လူများကို ဖုံးလွှမ်းလေသည်။ အို ဘုရားသခင်။ ကိုယ်တော်မူကား ငါတို့ထံ ပေါ်ထွန်း၍ ငါတို့အပေါ် ကိုယ်တော်၏ အလင်းကို ထွန်းလင်းကာ ကိုယ်တော်၏ ဘုန်းတော်သည် ငါတို့အပေါ်၌ ထင်ရှားလိမ့်မည်။ ခပ်သိမ်းသော လူမျိုးတို့သည် ကိုယ်တော်၏ အလင်းသို့လည်းကောင်း၊ ရှင်ဘုရင်တို့သည် ကိုယ်တော်၌ ထွန်းလင်းတောက်ပခြင်းသို့လည်းကောင်း လာကြလိမ့်မည်။ ကိုယ်တော်သည် အရပ်ရပ်သို့ မျှော်ကြည့်လေသည်- ကိုယ်တော်၏ သားတို့သည် ကိုယ်တော့်ရှေ့တွင် စုရုံးကြ၍ ၎င်းတို့သည် အဝေးက လာကြ၏။ ကိုယ်တော်၏ သမီးတို့သည် ပွေ့ချီခြင်းကို ခံရလေပြီ။ အို အနန္တတန်ခိုးရှင် ဘုရားသခင်။ ကိုယ်တော်၏ ကြီးစွာသော ချစ်ခြင်းမေတ္တာသည် ငါတို့ကို ဖမ်းဆုပ်တော်မူ၏။ ကိုယ်တော်၏ နိုင်ငံတော်သို့ သွားရာလမ်းတွင် ငါတို့အား ရှေ့သို့ဦးဆောင်သူမှာ ကိုယ်တော်ဖြစ်ပြီး ငါတို့၌ စိမ့်ဝင်ပျံ့နှံ့သည်မှာ ကိုယ်တော်၏ သန့်ရှင်းသော နှုတ်ကပတ်တော်များဖြစ်သည်။

အို အနန္တတန်ခိုးရှင် ဘုရားသခင်။ ကိုယ်တော့်ကို ငါတို့ ကျေးဇူးတင်၍ ချီးမွမ်းကြ၏။ ငါတို့ကို ကိုယ်တော့်အား ကြည်ညိုခွင့်၊ သက်သေခံခွင့်နှင့် ချီးမြှောက်ခွင့်ကိုပေး၍၊ ရိုးသား၍ တည်ငြိမ်ကာ မြဲမြံသော နှလုံးသားနှင့် ကိုယ်တော့်ကို သီချင်းကျူးခွင့်အား ပေးပါလော့။ ငါတို့၌ တစ်လုံးတစ်ဝတည်းသော စိတ်သာရှိစေ၍ အတူတကွ တည်ဆောက်ခွင့်ကို ပေးပါလော့။ ကိုယ်တော်၏ အသုံးပြုခြင်းခံရရန်၊ ကိုယ်တော်၏ စိတ်နှလုံးနှင့် ညီညွတ်သော သူများအဖြစ် ကိုယ်တော်သည် ငါတို့အား မကြာမီ ပြုလုပ်ပါစေ။ ကိုယ်တော်၏အလိုသည် ကမ္ဘာမြေကြီးတွင် အဆီးအတား မရှိ ဆောင်ရွက်စိမ့်သောငှာ ငါတို့ဆန္ဒပြုပါ၏။

# အခန်း ၂၆

ငါ့သားတို့၊ ငါ၏နှုတ်ကပတ်တော်များကို အလေးဂရုပြုကြလော့၊ ငါ၏အသံကို ငြိမ်သက်စွာ နားထောင်လော့၊ ငါသည် သင့်ကို ဗျာဒိတ်များ ပေးမည်။ ငါသည် သင်တို့၏ ဘုရားသခင်၊ သင်တို့၏ တစ်ဦးတည်းသော ရွေးနုတ်သောအရှင် ဖြစ်သောကြောင့် ငါ့အတွင်း၌ ငြိမ်ဝပ်နေလော့။ သင်တို့၏ စိတ်နှလုံးများကို အချိန်တိုင်း ငြိမ်သက်စေရမည်ဖြစ်ပြီး ငါ့အတွင်း၌ အသက်ရှင်ရမည်။ ငါသည် သင်တို့၏ကျောက်၊ သင်တို့ကို ကွယ်ကာပေးသူဖြစ်၏။ အခြားစိတ်များ မထားဘဲ၊ ငါ့ကို သင်တို့၏ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ကိုးစားလော့၊ ပြီးလျှင် ငါသည် သင်တို့ထံ အသေအချာ ပေါ်ထွန်းလာမည်။ ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်၏။ အို သံသယများသူတို့။ ၎င်းတို့သည် ဧကန်မုချ မြဲမြံစွာ ရပ်တည်နိုင်မည် မဟုတ်သကဲ့သို့၊ မည်သည့်အရာမျှ ရရှိကြလိမ့်မည် မဟုတ်။ ယခု မည်သည့်အချိန်ဖြစ်သည်ကို သင်သိရမည်၊ အရေးကြီးလှသည့် အချိန်ပါတကား။ အရေးကြီးလှပါတကား။ အသုံးမဝင်သော အမှုအရာများဖြင့် မိမိဘာသာ အလုပ်မရှုပ်နှင့်။ ငါ့ အနီးသို့ အမြန်လာလော့၊ ငါနှင့်အတူ မိတ်သဟာယပြုလော့၊ ပြီးလျှင် ငါသည် ငါ၏ နက်နဲမှုအားလုံးကို သင်တို့ထံ ထုတ်ဖော်ပြမည်။

သန့်ရှင်းသောဝိညာဉ်တော်ထံမှ လမ်းပြခြင်းနှင့်ဆိုင်သည့် နှုတ်ကပတ်တော်တိုင်းကို သင် နားထောင်ရမည်။ ၎င်းတို့ကို စဉ်ဆက်မပြတ် နားထောင်ဖို့ မပျက်ကွက်နှင့်။ ငါ၏ နှုတ်ကပတ်တော်စကားများကို ကြိမ်ဖန်များလှစွာ သင် ကြားဖူးပြီးနောက် မေ့ထားကြပြီးဖြစ်သည်။ အို ထောက်ထားစာနာမှု မရှိသူတို့။ သင်သည် အလွန်များသည့် ကောင်းကြီးမင်္ဂလာများစွာ ဆုံးရှုံးပြီးလေပြီ။ ယခု ငါ၏နှုတ်ကပတ်တော်များကို သေချာစွာ နားထောင်ပြီး အလေးဂရု ပြုရမည်၊ ငါနှင့် သာ၍ မိတ်သဟာယပြုပြီး ငါ့ထံ သာ၍ တိုးဝင်ချဉ်းကပ်လော့။ သင် နားမလည်သောအရာအားလုံးတွင် သင့်ကို ငါ လမ်းပြမည်ဖြစ်ပြီး၊ သင့်ကို ရှေ့ဆက် ဦးဆောင်မည်။ အခြားသူများနှင့် သာ၍ မိတ်သဟာယပြုခြင်းကို အာရုံမပြုနှင့်။ ယခုအခါ ကျမ်းဟောင်းတရားများနှင့် အယူဝါဒများကို ဟောပြောသူ အများအပြား ရှိပြီး ငါ၏စစ်မှန်မှုကို အမှန်တကယ် ပိုင်ဆိုင်သူ နည်းပါးလွန်း၏။ ၎င်းတို့၏ မိတ်သဟာယပြုခြင်းက တစ်ဦးတစ်ယောက်ကို အဘယ်သို့ တိုးတက်ရမည်ကို မသိဘဲလျက်၊ စိတ်ရှုပ်ထွေးစေကာ ထုံထိုင်းစေသည်။ ၎င်းတို့ပြောသည်ကို ကြားရင်း၊ တစ်ဦးတစ်ယောက်သည် ကျမ်းဟောင်းတရားများနှင့် အယူဝါဒများ အကြောင်း အနည်းငယ် သာ၍ သိကောင်းသိလိမ့်မည်။ သင်တို့ခြေလှမ်းကို သတိထားရမည်ဖြစ်ပြီး၊ သင်တို့၏

စိတ်နှလုံးကို ငါ၏ ရှေ့တွင် တစ်ချိန်လုံး ဆက်ရှင်သန်စေရမည်။ ငါနှင့် ဆက်သွယ်ပြီး ငါ့ထံ တိုးဝင်ချဉ်းကပ်ရမည်ဖြစ်ကာ၊ ငါသည် သင်နားမလည်သောအရာကို သင့်အား မြင်ခွင့်ပေးမည်။ သင်၏ စကားတွင် သတိထားလော့၊ သင်၏ စိတ်နှလုံးကို အချိန်တိုင်း လေ့လာစောင့်ကြည့်ပြီး ငါ လျှောက်သောလမ်းကို လျှောက်လှမ်းလော့။

ယခု ကြာလိမ့်မည်မဟုတ်။ အချိန်အနည်းငယ် ကျန်သေး၏။ ငါမှတစ်ပါး အရာအားလုံးကို အမြန်စွန့်လွှတ်ပြီး ငါ့နောက်သို့ လိုက်လော့။ ငါသည် သင်တို့ကို နှိပ်စက်မည်မဟုတ်။ သင်တို့သည် ငါ၏လုပ်ရပ်များကို ကြိမ်ဖန်များစွာ နားလည်မှုလွဲလေပြီ၊ သို့သော် သင်တို့အား ငါမည်မျှချစ်သည်ကို သင် သိပါ၏လော။ အို၊ ငါ၏စိတ်နှလုံးကို သင် တကယ်ကို နားမလည်ပါတကား။ သင်တို့သည် ငါ့ကို မည်သို့ သံသယရှိခဲ့သည်ဖြစ်စေ၊ ငါ့ထံ မည်မျှကျေးဇူးကြွေးတင်ခဲ့သည်ဖြစ်စေ၊ ငါ အောက်မေ့မည်မဟုတ်၊ သို့တိုင် သင်တို့ ရှေ့ဆက်သွားကာ ငါ့အလိုအတိုင်း ဆောင်ရွက်ဖို့ရန် ငါသည် သင်တို့ကို ရွေးချယ်ခဲ့ပေသည်။

ယနေ့သည် ကြန့်ကြာဖို့ အချိန်မရှိပေ။ ယခုအချိန်မှစ၍ သင်သည် ဖုံးကွယ်ထားသော ရည်မှန်းချက်အချို့သိုထားပါက၊ ငါ၏ တရားစီရင်ခြင်းသည် သင်တို့အပေါ် ကျရောက်လိမ့်မည်။ ငါ့ကို တစ်ခဏလေးပင် သင်စွန့်ခွာသွားပါက၊ သင်သည် လောတ၏ မယားကဲ့သို့ ဖြစ်လာလိမ့်မည်။ ယခု သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသည် အရှိန်အဟုန်မြင့်လာပြီး အလင်းသစ်ကို အမီမလိုက်နိုင် သူများသည် ဘေးအန္တရာယ်ထဲ ကျရောက်ကြသည်။ သတိနှင့် မနေသူများသည် စွန့်ပစ်ခြင်း ခံရလိမ့်မည်။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ကာကွယ်ရမည်။ သင့်ကို ဝန်းရံသည့် ပတ်ဝန်းကျင်ရှိ အရာအားလုံးသည် ငါ၏အခွင့်အားဖြင့်ဖြစ်သည်၊ ငါ စီစဉ်ထားခြင်းသာ ဖြစ်သည်ကို သင်သိထား၏။ သင့်ကို ငါပေးထားသော ပတ်ဝန်းကျင်တွင် ငါ၏စိတ်နှလုံးကို ရှင်းရှင်းလင်းလင်း မြင်ကာ ဖြည့်ဆည်းလော့။ မကြောက်နှင့်၊ ကောင်းကင်ဗိုလ်ခြေတို့၏ အနန္တတန်ခိုးရှင် ဘုရားသခင်သည် သင်နှင့်အတူ ဧကန်အမှန် ရှိလိမ့်မည်။ သူသည် သင့်ကို ထောက်မပေးပြီး သူသည် သင်၏ ဒိုင်းလွှားဖြစ်သည်။ ယနေ့တွင် လူတို့သည် အယူအဆများစွာရှိကြသည်၊ ယင်းက စိတ်ကြီးဝင်ပြီး မိမိသာမှန်သည်ဟု မှတ်ထင်သူများ၊ ပလွှားသူများ၊ ရည်မှန်းချက်ကြီးပြီး တင်စီးတတ်သော အဆင့်အတန်း မြင့်မားသူများကို အရှက်ရစေဖို့ အခြားသူများ အထင်သေးသော လူများမှတစ်ဆင့် ငါ၏အလိုကို ဖော်ပြရန် အတင်းအကျပ်ပြုလေသည်။ သင်တို့သည် ငါ၏ဝန်ကို စစ်မှန်ရိုးသားသည့် အလေးဂရုမှု ပြသနေသရွေ့ ငါသည် သင်တို့အတွက် အရာရာတိုင်းကို ပြင်ဆင်ပေးမည်။ ငါ့နောက်သို့သာ လိုက်လော့။

# အခန်း ၂၇

စကြဝဠာ နှင့် အရာခပ်သိမ်းတို့အပေါ် အုပ်စိုးတော်မူသည့် စစ်မှန်သည့် တစ်ဆူတည်းသော ဘုရားသခင်၊ အနတ္တတန်ခိုးရှင် ဘုရားသခင်၊ နောက်ဆုံးသော ကာလ၏ခရစ်တော်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏သက်သေခံချက်၊ ငြင်းဆန်၍မရသော သက်သေဖြစ်သည်။ မည်သူမျှ သံသယမရှိကြစေရန်အလို့ငှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် နေရာအနှံ့တွင် သက်သေခံရန် ဆောင်ရွက်လျက်ရှိ၏။ အောင်နိုင်သူ ရှင်ဘုရင်၊ အနတ္တတန်ခိုးရှင် ဘုရားသခင်။ ကိုယ်တော်သည် ကမ္ဘာလောကကို အောင်နိုင်ခဲ့ပြီးဖြစ်၏၊ ကိုယ်တော်သည် အပြစ်တရားကို အောင်နိုင်ပြီးဖြစ်၏၊ ကိုယ်တော်သည် ကိုယ်တော်၏ရွေးနုတ်ခြင်းကို ပြီးမြောက်ပြီးဖြစ်၏။ စာတန်၏ဖောက်ပြန်ပျက်စီးစေခြင်းကို ခံရသော ဤလူအုပ်စု ဖြစ်သည့် ငါ့တို့အား ကိုယ်တော်သည် ကယ်တင်ပြီးဖြစ်ပြီး၊ ကိုယ်တော်၏ အလိုတော်ကို ဆောင်ရွက်စေရန်အလို့ငှာ ငါတို့အား ပြည့်စုံစေခဲ့ပြီးဖြစ်၏။ ကိုယ်တော်သည် ကမ္ဘာလောကတစ်ခုလုံးအပေါ် မင်းအာဏာစက်ဖြင့် စိုးမိုးကာ၊ ဤမြေအား ပြန်လည်သိမ်းယူ၍လျက်၊ စာတန်အား အနက်ဆုံးသောတွင်းထဲသို့ မောင်းထုတ်လေသည်။ ကိုယ်တော်သည် ကမ္ဘာလောကကို တရားစီရင်လျက်ရှိပြီး၊ မည်သူမျှ ကိုယ်တော်၏လက်တော်များမှ မလွတ်မြောက်နိုင်ပေ။ ကိုယ်တော်သည် ရှင်ဘုရင်ကဲ့သို့ စိုးစံလေသည်။

ကမ္ဘာလောတစ်ခုလုံး ဝမ်းမြောက်လျက် ကြွေးကြော်လေသည်။ ကမ္ဘာလောကသည် အောင်နိုင်သူ ရှင်ဘုရင်၊ အနတ္တတန်ခိုးရှင် ဘုရားသခင်ကို ချီးမွမ်းလေသည်။ အစဉ်ထာဝရပင်ဖြစ်သည်တကား၊ ကိုယ်တော်သည် ဂုဏ်ပြုခြင်း၊ ချီးမွမ်းခြင်းနှင့် ထိုက်တန်ပေ၏။ ဩဇာအာဏာနှင့် ဘုန်းတော်သည် စကြဝဠာ၏ ကြီးမြတ်သော အရှင်ဘုရင်အတွက် ဖြစ်ပါစေသော်။

အချိန်သည် တိုတောင်း၏။ အနတ္တတန်ခိုးရှင်ဘုရားသခင်၏ ခြေလှမ်းများနောက်သို့ လိုက်၍ ရှေ့ဆက်လော့။ စေ့စပ်လွန်းစွာ တိကျလော့၊ ကိုယ်တော်၏ဝန်ထုပ်ဝန်ပိုးကို ညှာတာထောက်ထားလော့၊ ကိုယ်တော်နှင့်တစ်စိတ်တဝမ်းတည်း ဖြစ်လော့၊ ပြီးလျှင် ကိုယ်တော်၏ စီမံခန့်ခွဲမှုအစီအစဉ်အတွက် သင့်ကိုယ်သင် အသုံးခံလော့။ သင်သည် သင်၏ပိုင်ဆိုင်မှုတို့ကို စွဲကိုင်မထားရ။ ကျန်ရှိသည့် အချိန်နည်းလွန်းသည်။ ထိုအရာတို့ကို ဆက်ကပ်လော့။ ထိုအရာတို့ကို ဆုပ်ကိုင်မထားလေနှင့်။ ထိုအရာတို့ကို ဆက်ကပ်လော့။ ထိုအရာတို့ကို ဆုပ်ကိုင်မထားလေနှင့်။

# အခန်း ၂၈

အချိန်သည် မြန်ဆန်လွန်းနေပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် သင့်ကို အင်မတန်ကြီးမားသော ကောင်းချီးမင်္ဂလာများကို ရရှိစေပြီး နိုင်ငံတော်၏အရှင်ဘုရင်၊ တောက်ပသောနေမင်း ဖြစ်သည့် အနန္တတန်ခိုးရှင်ဘုရားသခင် တည်းဟူသော စကြဝဠာ၏ အရှင်ဘုရင်ကို လက်ခံ ရရှိစေ ပြီးနောက်၊ ရှေ့သို့ တစ်ဟုန်ထိုးသွားသည်ကို သင်မြင်သည့်အခါ- ဤသည်မှာ ငါ၏ ကျေးဇူးတော်နှင့် သနားကရုဏာ အားလုံး ဖြစ်သည်။ သင့်အား ငါ၏ ချစ်ခြင်းမေတ္တာမှ ဖြတ်တောက်နိုင်သည့်အရာ နောက်ထပ် မည်သည့်အရာ ရှိသနည်း။ သေချာစွာ တွေးဆလော့၊ လွတ်မြောက်ရန် မကြိုးစားနှင့်၊ ငါ၏ ရှေ့တွင် အချိန်တိုင်း ငြိမ်သက်စွာ စောင့်ဆိုင်းပြီး၊ ပြင်ပတွင် အမြဲ လှည့်လည်သွားလာခြင်း မပြုနှင့်။ သင်၏ စိတ်နှလုံးသည် ငါ၏ စိတ်နှလုံးနှင့် နီးကပ်စွာ လိုက်ရမည် ဖြစ်ပြီး၊ မည်သည့်အရာ ဖြစ်ပျက်ပါစေ၊ ကျိုးကြောင်းမမြင်ဘဲ သို့မဟုတ် ထင်ရာမြင်ရာ မလုပ်နှင့်။ သင်သည် ငါ၏ အလိုကို ကြည့်ရမည်၊ ငါဆန္ဒရှိသည့်အရာ မည်သည့်အရာကိုမဆို လုပ်ရမည်ဖြစ်ပြီး၊ ငါ မလိုလားသောအရာကို စွန့်ပစ်ရန် စိတ်ပိုင်းဖြတ် ထားရမည်။ သင်သည် သင်၏ စိတ်ခံစားမှုများ အတိုင်း မပြုမူရ၊ သို့သော် ယင်းအစား သင်၏ မိဘများ အတွက်ပင် ခံစားချက်မရှိဘဲ ငါကဲ့သို့ ဖြောင့်မတ်ခြင်းကို လက်တွေ့လုပ်ဆောင်ရမည်။ သင်သည် သမ္မာတရားနှင့် မကိုက်ညီသည့် အရာအားလုံးကို စွန့်လွှတ်ရမည် ဖြစ်ပြီး၊ သင့်ကိုယ်သင် ဆက်ကပ် ရမည်ဖြစ်ကာ၊ ငါ့အား ချစ်သော ဖြူစင်သည့် စိတ်နှလုံးဖြင့် ငါ့အတွက် မိမိကိုယ်ကိုယ် အသုံးခံရမည်။ မည်သည့်လူ၊ မည်သည့်အဖြစ်အပျက် သို့မဟုတ် မည်သည့်အမှုအရာ ထိန်းချုပ်မှုကိုမျှ မခံလေနှင့်။ ငါ၏ အလိုနှင့် ကိုက်ညီသရွေ့ ငါ၏ နှုတ်ကပတ်တော်များနှင့်အညီ လက်တွေ့ လုပ်ဆောင်လော့။ ငါ၏ လက်များသည် သင့်ကို မစသည့် အားလျော်စွာ၊ ကြောက်ရွံ့ခြင်း မရှိနှင့်၊ ပြီးလျှင် ငါသည် သင့်ကို မကောင်းမှုပြုသူများထံမှ ဝေးဝေးနေစေမည်။ သင်၏ အသက်သည် ရှင်သန်ခြင်း၌ ငါ ကိုယ်တိုင်၏ အသက်အပေါ် တည်မှီသည့်အတွက်၊ သင်သည် သင်၏ စိတ်နှလုံးကို အချိန်တိုင်း ငါ၏အတွင်းတွင် ရှိစေလျက် စောင့်ကြပ်သင့်သည်။ သင်သည် ငါ့ကို စွန့်ခွာပါက ချက်ချင်း ညှိုးခြောက်လိမ့်မည်။

ဤနေ့ရက်များသည် နောက်ဆုံးသောကာလ ဖြစ်သည်ကို သင် သိသင့်သည်။ စာတန်မာရ်နတ်သည်၊ ဟိန်းသော ခြင်္သေ့ကဲ့သို့ လူတို့ကို မျိုဖို့ရန်အတွက် အနှံ့အပြား ရှာဖွေလျက်ရှိ၏။ ကပ်ရောဂါမျိုးစုံတို့သည် ယခု ဖြစ်ပွားလျက်ရှိနေပြီး၊ အမျိုးမျိုးသော

ဆိုးညစ်သည့် ဝိညာဉ်များစွာ ရှိ၏။ ငါသည်သာ စစ်မှန်သော ဘုရားသခင် ဖြစ်သည်။ ငါသည်သာ သင်၏ ခိုလှုံရာဖြစ်သည်။ ယခု သင်သည် ငါ၏ လျှို့ဝှက်သောနေရာ၊ ငါ၏ အတွင်း၌သာ ပုန်းကွယ်နိုင်ပြီး၊ ဘေးဒုက္ခများသည် သင့်အပေါ် ကျရောက်မည် မဟုတ်သကဲ့သို့၊ မည်သည့်ကပ်ဘေးမျှ သင်၏တဲအနီးသို့ ရောက်လာလိမ့်မည် မဟုတ်။ သင်သည် ငါနှင့် ပို၍ မကြာခဏ နီးကပ်လာရမည် ဖြစ်ပြီး လျှို့ဝှက်သောနေရာတွင် ငါနှင့်အတူ မိတ်သဟာယပြု ရမည်။ အခြားသော သူများနှင့် မရေမရာ မိတ်သဟာယပြုခြင်း မပြုနှင့်။ သင်သည် ငါ၏ နှုတ်ကပတ်တော်များထဲက အဓိပ္ပာယ်ကို သဘောပေါက်ရမည်- သင့်အနေဖြင့် မိတ်သဟာယပြု ခွင့်မရှိဟု ငါပြောနေခြင်း မဟုတ်ဘဲ၊ သင်သည် ချင့်ချိန်နိုင်စွမ်း မရှိသေးဟု ပြောနေခြင်း ဖြစ်၏။ ဤအချိန်အတွင်းတွင် ဆိုးယုတ်သောဝိညာဉ်များ၏ လုပ်ဆောင်မှုသည် ထကြွလျက်ရှိသည်။ ၎င်းတို့သည် သင့်အား မိတ်သဟာယပြုပေးဖို့ အမျိုးမျိုးသောလူတို့ကို အသုံးပြု၏။ ၎င်းတို့၏ စကားလုံးများသည် အလွန်နှစ်လိုဖွယ်ရသော်လည်း၊ အတွင်း၌ အဆိပ်ရှိလေသည်။ ၎င်းတို့သည် သကြားအုပ် ထားသော ကျည်ဆန်များဖြစ်ပြီး၊ သင် မသိလိုက်မီ ၎င်းတို့၏ အဆိပ်ကို သင်၏အတွင်းတွင် ထည့်လိမ့်မည်။ ယနေ့တွင် လူအများစုသည် အရက်မူးနေသကဲ့သို့ မတည်ငြိမ်ကြသည်ကို သင် သိသင့်သည်။ သင်၏ အခက်အခဲများအကြောင်း အခြားသူများနှင့် သင် မိတ်သဟာယပြုသည့်အခါ၊ သင့်ကို ၎င်းတို့ပြောသည့်အရာမှာ စည်းမျဉ်းများနှင့် အယူဝါဒမျှသာ ဖြစ်ပြီး၊ ယင်းသည် ငါနှင့် တိုက်ရိုက် မိတ်သဟာယ ပြုခြင်းလောက် မကောင်းပေ။ ငါ၏ ရှေ့သို့လာပြီး၊ သင်၏ အတွင်း၌ရှိသည့် ဟောင်းသောအရာများကို ပွင့်အံထွက် လာစေလော့။ ငါ့အား သင်၏ စိတ်နှလုံးကို ဖွင့်လော့၊ ပြီးလျှင် ငါ၏ စိတ်နှလုံးကို သင့်အား မုချ ထုတ်ဖော်ပြလိမ့်မည်။ သင်၏ စိတ်နှလုံးသည် ငါ၏ ရှေ့တွင် လုံ့လဝီရိယရှိရမည်။ မပျင်းရိဘဲ မကြာခဏ ငါ့ထံ နီးကပ်စွာ လာလော့- ဤသည်မှာ သင်၏ အသက်တာ ကြီးထွားရန် အမြန်ဆုံး နည်းလမ်းဖြစ်သည်။ သင်သည် ငါ၏ အတွင်းတွင် ရှင်သန်ရမည်ဖြစ်ပြီး ငါသည် သင်၏အတွင်းတွင် ရှင်သန်မည်၊ ပြီးလျှင်ငါသည် အရာခပ်သိမ်းတွင် သင့်ကို ညွှန်ကြားရင်း သင်၏ အတွင်းတွင် ရှင်ဘုရင်ဖြစ်မည်ဖြစ်ပြီး၊ သင်သည် နိုင်ငံတော်ကို မျှဝေခံစားရလိမ့်မည်။

သင်သည် ငယ်ရွယ်သောကြောင့် မိမိကိုယ်ကိုယ် လျှော့မတွက်နှင့်။ သင်သည် ငါ့ထံ မိမိကိုယ်ကိုယ် ဆက်ကပ် အပ်နှံသင့်၏။ ငါသည် လူတို့ကို အပေါ်ယံအားဖြင့် မည်သို့ ထင်ရသည်ကို ထည့်သွင်းမစဉ်းစားသကဲ့သို့ ၎င်းတို့ အသက်အရွယ် မည်မျှရှိသည်ကို ငါ ထည့်သွင်းမစဉ်းစားပေ။ ၎င်းတို့ ငါ့ကို ရိုးသားစစ်မှန်စွာ ချစ်မချစ်ဆိုသည်နှင့် ငါ၏လမ်းကို လိုက်လျှောက်ကာ၊ အခြားအရာများအားလုံးကို အလေးမထားဘဲ သမ္မာတရားကို

လက်တွေ့လုပ်ဆောင်ခြင်း ရှိမရှိဆိုသည်ကိုသာ ငါ ထည့်သွင်းစဉ်းစားသည်။ မနက်ဖြန် မည်သို့ဖြစ်မည်၊ အနာဂတ်သည် မည်သို့ဖြစ်မည်ကို မစိုးရိမ်နှင့်။ နေ့စဉ် အသက်ရှင်ရန် သင်သည် ငါ့အပေါ် အမှီပြုသရွေ့ ငါသည် သင့်ကို ဧကန်မုချ ဦးဆောင်လမ်းပြမည် ဖြစ်သည်။ စာတန် စေလွှတ်သည့် အတွေးတစ်ခုဖြစ်သော၊ "ငါ့အသက်တာသည် အလွန်သေးနုပ်လှသည်၊ မည်သည့်အရာကိုမျှ ငါ နားမလည်။" ဟူသည့် အတွေးအပေါ် တရစ်ဝဲဝဲတွေးမနေနှင့်။ သင်သည် အချိန်တိုင်း ငါနှင့် နီးကပ်လာဖို့၊ လမ်းဆုံးထိ ငါ၏ ခြေလှမ်းများနောက် လိုက်ဖို့ရန် သင်၏စိတ်နှလုံးကို အသုံးပြုရန်သာ ဖြစ်သည်။ ငါ၏ အပြစ်တင်ကာ သတိပေးသော နှုတ်ကပတ်တော်များကို သင် ကြားသည့်အခါ၊ ချက်ချင်း နိုးထပြီး ရှေ့သို့ ပြေးလော့။ မရပ်မနားဘဲ ငါ့ထံ နီးနီးကပ်ကပ် လာလော့၊ လူအုပ်ကို အမီလိုက်ပြီး၊ ရှေ့သို့ မပြတ်ကြည့်လော့။ ငါ၏မျက်မှောက်တွင်၊ သင်သည် သင်၏ဘုရားသခင်ကို သင်၏ စိတ်နှလုံးနှင့် ဝိညာဉ်အလုံးစုံဖြင့် ချစ်ရမည်။ အစေခံခြင်း လမ်းကြောင်းပေါ်တွင် ငါ၏နှုတ်ကပတ်တော်များကို ပို၍ မကြာခဏ စဉ်းစားလော့။ သမ္မာတရားကို လက်တွေ့ လုပ်ဆောင်ရာတွင် သူရဲဘောနည်းခြင်း မရှိနှင့်- ယောက်ျားသား၏ စိတ်ဆုံးဖြတ်ချက်နှင့် စိတ်ပိုင်းဖြတ်မှုတို့ဖြင့် အားကြီးသည့် နှလုံးသားရှိလော့။ ရှိန်လောက်သော စိတ်နှလုံး ပိုင်ဆိုင်ထားရှိလော့။ သင်သည် ငါ့ကိုချစ်လိုလျှင်၊ သင့်အထဲတွင် ငါဖြစ်မြောက်စေလိုသည့် အရာအားလုံးဖြင့် သင်သည် ငါ့ကို စိတ်ကျေနပ်စေရမည်။ ငါ့နောက်ကို သင် လိုက်လိုလျှင်၊ သင့်၌ ရှိသမျှ၊ သင် ချစ်သောအရာအားလုံးကို ပစ်ပယ်ရမည်။ ငါ၏ ရှေ့မှောက်တွင် ရိုးရှင်းသော စိတ်ဖြင့် နှိမ့်ချစွာ ကျိုးနွံနာခံရမည်။ ဖြစ်ကတတ်ဆန်း မစူးစမ်း သို့မဟုတ် မစဉ်းစားဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို ရင်ပေါင်တန်းလိုက်လော့။

ဤတွင်၊ ငါသည် သင့်ကို အကြံပြု၏- သင်၏အတွင်းတွင် ငါ ဉာဏ်အလင်းပေးသည့် အရာအားလုံးကို မြဲမြံစွာ ထိန်းသိမ်းကာ လက်တွေ့လုပ်ဆောင်သည်ကို သေချာစေလော့။

## အခန်း ၂၉

အချိန် သိပ်မရှိတော့ကြောင်း သင်သိသလော။ ထို့ကြောင့် ကာလတိုအတွင်း သင်သည် ငါ့အပေါ် မှီခိုပြီး၊ ငါ့စိတ်သဘောထားနှင့် သဟဇာတမဖြစ်သည့် မသိနားမလည်မှု၊ တုံ့ပြန်မှုနှေးကွေးခြင်း၊ မရှင်းလင်းသောအတွေးများ၊ စိတ်ပျော့ခြင်း၊ စိတ်ဓာတ်အားနည်းခြင်း၊ ရယ်ဖွယ်ရာများ၊ သောကခံစားမှုများ၊ စိတ်ရှုပ်ထွေးမှုနှင့် အမြော်အမြင်မဲ့ခြင်း စသောအရာအားလုံးကို

စွန့်ပစ်ရမည်။ ယင်းတို့ ကို တတ်နိုင်သမျှမြန်မြန် စွန့်ပယ်ရမည်။ ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်၏။ သင်သည် ငါနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုလိုလားလား ရှိနေသမျှကာလပတ်လုံး သင့်ကို ဝေဒနာပေးနေသော အရာများအားလုံးကို ငါကုစားပေးနိုင်သည်။ ငါသည် လူတို့၏ စိတ်နှလုံးအတွင်း နက်နက်ရှိုင်းရှိုင်း ကြည့်ရှုသောဘုရားသခင် ဖြစ်သည်။ သင်၏ဝေဒနာအလုံးစုံနှင့် သင်၏အပြစ်အနာအဆာများ ရှိနေသည့်နေရာကို ငါသိ၏။ ၎င်းတို့သည် ဘဝတွင် သင့်ကို တိုးတက်ရာတိုးတက်ကြောင်းမှ ဆီးတားသော အရာများဖြစ်ကြပြီး၊ ယင်းတို့ကို မကြာခင်စွန့်ပစ်ရမည်။ သို့မဟုတ်ပါက ငါ၏အလိုတော်ကို သင်၏အပေါ်၌ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ ငါ အလင်းပေးသည့် သင်နှင့်သက်ဆိုင်သမျှအရာအားလုံးကို စွန့်ပစ်ဖို့၊ ငါ့အားဖြင့် အစဉ်အသက်ရှင်ဖို့၊ ငါအနီးနေပြီး၊ သင်၏အပြုအမူနှင့် အမူအကျင့်များ အားလုံးကို ငါ၏သဏ္ဍာန်တော်ဖြင့် လုပ်ဆောင်ဖို့ ငါ့ကိုမှီခိုလော့။ သင်နားမလည်သည့်အရာအကြောင်း ငါနှင့်ပို၍ မိတ်သဟာယဖွဲ့လော့၊ ထိုအခါ သင်ရှေ့သို့ ဆက်လျှောက်နိုင်ဖို့အလိုငှာ သင့်ကို ငါလမ်းညွှန်ပေးမည်။ သင်မသေချာပါက ထင်ရာမြင်ရာမလုပ်ဘဲ၊ ငါ၏အချိန်ကို စောင့်လော့။ တည်ငြိမ်သော ပင်ကိုယ်စရိုက်ကို ထိန်းသိမ်းပြီး သင့်စိတ်ဇောများကို ပူလိုက်၊ အေးလိုက် မဖြစ်စေနှင့်။ ငါ့ကို အစဉ်ကြည်ညို သောစိတ်နှလုံးသား သင့်၌ရှိရမည်။ ငါ့ရှေ့၌ ဖြစ်စေ၊ ငါ့ကွယ်ရာ၌ဖြစ်စေ၊ သင်လုပ်ဆောင်သမျှသည် ငါ၏ အလိုတော်နှင့် အညီ အမြဲတမ်း ဖြစ်ရမည်။ သင်၏ခင်ပွန်းဖြစ်စေ၊ မိသားစုဝင်ဖြစ်စေ၊ ငါ့ကိုယ်စား မည်သူတစ်ဦးတစ်ယောက်ကိုမျှ သက်ညှာခြင်းမရှိစေနှင့်။ ၎င်းတို့သည် မည်မျှပင်ကောင်းစေကာမူ ယင်းသည် လက်မခံနိုင်သောအရာ ဖြစ်သည်။ သမ္မာတရားကို အခြေခံပြီး သင်သည် လုပ်ဆောင်ရမည်။ သင်သည် ငါ့ကို ချစ်လျှင်၊ ငါသည် သင့်အား ကြီးစွာသောကောင်းချီးမင်္ဂလာများ သွန်းလောင်းပေးမည်။ ခုခံသူ မည်သူ့ကိုမျှ ငါသည် သည်းခံမည်မဟုတ်။ ငါချစ်သောသူတို့ကို ချစ်ပြီး၊ ငါမုန်းသောသူတို့ကို မုန်းလော့။ မည်သည့်လူသား၊ မည်သည့်အဖြစ်အပျက်၊ သို့မဟုတ် မည်သည့်အမှုအရာကိုမျှ အလေးဂရုမပြုနှင့်။ သင့်ဝိညာဉ်ဖြင့် ကြည့်ရှုပြီး၊ ငါအသုံးပြုသော လူတို့ကို ရှင်းရှင်းလင်းလင်းမြင်လော့။ ဝိညာဉ်ရေးရာ ပြည့်ဝသောလူတို့နှင့် မကြာ မကြာ ဆက်သွယ်မှုပြုလော့။ မသိနားမလည်ခြင်းမဖြစ်လေနှင့်၊ ပိုင်းခြားသိမြင်တတ်ရမည်။ ဂျုံပင်သည် အမြဲပင် ဂျုံပင်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ပေါင်းပင်သည် ဘယ်သောအခါမျှ ဂျုံပင်ဖြစ်မလာပေ၊ လူအမျိုးမျိုးတို့ကို ခွဲခြားသိမြင်ရမည်။ သင်ပြောသည့်စကားကို အထူးသတိပြုရမည်ဖြစ်ပြီး၊ ငါ၏ စိတ်နှလုံးနှင့်ကိုက်ညီသော လမ်းကြောင်းတွင် သင့်ခြေကို ထားရမည်။ ဤနှုတ်ကပတ်တော်များကို သေချာစွာ စေ့စေ့စပ်စပ် ဆင်ခြင်လော့။

ငါ၏စိတ်နှလုံးအလို ပြည့်စုံစေဖို့အလို့ငှာ သင်၏ ပုန်ကန်လိုမှုကို ချက်ချင်းစွန့်ပစ်ပြီး၊ ငါ၏အသုံး ပြုမှုအတွက် သင့်တော်လာလော့။

# အခန်း ၃၀

နိုးထလော့၊ ညီအစ်ကိုတို့။ နိုးထလော့၊ ညီအစ်မတို့။ ငါ၏နေ့ရက်သည် ကြန့်ကြာလိမ့်မည်မဟုတ်။ အချိန်သည် အသက်ဖြစ်ပြီး၊ အချိန်ကို ပြန်လည် မလွှတ်တမ်း အသုံးချဖို့ဆိုသည်မှာ အသက်ကို ကယ်တင်ဖို့ဖြစ်၏။ အချိန်သည် အလှမ်းမဝေးလှပေ။ အကယ်၍ သင်တို့သည် ကောလိပ် ဝင်ခွင့်စာမေးပွဲ ကျရှုံး ပါက၊ သင်တို့ ကြိုက်နှစ်သက်သလောက် အကြိမ်များစွာ လေ့လာပြီး ပြန်ဖြေနိုင်သည်။ သို့သော် ငါ၏နေ့ရက်သည် နောက်ထပ် ကြန့်ကြာခြင်းကို သည်းခံလိမ့်မည်မဟုတ်။ အမှတ်ရကြလော့။ အမှတ်ရကြလော့။ ငါသည် သင်တို့ကို ဤကောင်းမြတ်သော နှုတ်ကပတ်တော်များဖြင့် တိုက်တွန်း၏။ ကမ္ဘာကြီး၏ နိဂုံးသည် သင်တို့၏မျက်စိရှေ့တွင် ဖွင့်ဟကာ ကြီးမားသော ဘေးဒုက္ခတို့သည် ရုတ်ခြည်းနီးကပ် လာကြ၏။ မည်သည့်အရာ သာ၍ အရေးကြီးသနည်း- သင်တို့၏ အသက်တာလော သို့မဟုတ် သင်တို့၏အိပ်စက်ခြင်း၊ သင်တို့၏အစားအသောက်နှင့် အဝတ်အစားတို့လော။ ဤအရာများကို ချိန်ဆရန် သင့်အတွက် အချိန်ကျရောက်လာလေပြီ။ သံသယ မရှိလေတော့နှင့်၊ ပြီးလျှင် သေချာရေရာခြင်းကို မရှောင်ရှားနှင့်။

သနားဖွယ်ကောင်းလေစွ။ နုံချာလိုက်လေစွ။ ကျိုးကြောင်းမမြင်လေစွ။ လူသားမျိုးနွယ်သည် ရက်စက်လှပေသည်တကား။ ဧကန်အမှန်၊ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်ကို နားမထောင်ပေ- ငါသည် သင်တို့ကို အချည်းနှီး ပြောဆိုနေသည်လော။ သင်တို့သည် အလွန်ပင် ပေါ့လျော့နေဆဲဖြစ်သည်- အဘယ်ကြောင့်နည်း။ အဘယ်ကြောင့် ထိုသို့ဖြစ်သနည်း။ သင်တို့သည် ထိုသို့သော အတွေးတစ်ခု အမှန်တကယ် လုံးဝ မရှိဖူးကြသလော။ ငါသည် မည်သူ့အတွက် ဤအရာများကို ပြောဆိုသနည်း။ ငါ့ကို ယုံကြည်လော့။ ငါသည် သင်တို့၏ ကယ်တင်ရှင်ဖြစ်သည်။ ငါသည် သင်တို့၏ အနန္တတန်ခိုးရှင် ဖြစ်သည်။ ဆက်စောင့်ကြည့်လော့။ ဆက်စောင့်ကြည့်လော့။ ဆုံးရှုံးသွားသောအချိန်သည် မည်သည့်အခါတွင်မျှ တစ်ဖန် လာလိမ့်မည် မဟုတ်- ဤသည်ကို အမှတ်ရကြလော့။ နောင်တကို ကုသပျောက်ကင်းစေသောဆေး လောကတွင် မရှိ။ ထို့ကြောင့်၊ ငါသည် သင်တို့ကို အဘယ်သို့ ပြောဆိုသင့်သနည်း။ ငါ၏နှုတ်ကပတ်တော်သည် သင်တို့၏ သတိရှိသည့်၊ အဖန်ဖန်

စဉ်းစားဆင်ခြင်ခြင်းနှင့် မထိုက်တန်သလော။ သင်တို့သည် ငါ၏နှုတ်ကပတ်တော်နှင့်ပတ်သက်၍ အလွန် အရေးမထားသကဲ့သို့ သင်တို့၏အသက်တာနှင့်ပတ်သက်၍ အလွန် တာဝန်မဲ့လေသည်။ ငါသည် ယင်းကို မည်သို့ သည်းခံနိုင်မည်နည်း။ ငါ မည်သို့ သည်းခံနိုင်မည်နည်း။

ဤတစ်ချိန်လုံး၊ မှန်ကန်သော အသင်းတော် အသက်တာတစ်ခုသည် သင်တို့အလယ် အဘယ်ကြောင့် မပေါ်ထွက်နိုင်သေးသနည်း။ အဘယ်ကြောင့် ဆိုသော် သင်တို့သည် ယုံကြည်ခြင်း ကင်းမဲ့သောကြောင့် ဖြစ်သည်။ သင်တို့သည် အဖိုးအခကို ပေးဆပ်ရန်၊ မိမိတို့ကိုယ်ကိုယ် ဆက်ကပ်ရန်၊ ငါ၏ရှေ့မှောက်တွင် မိမိတို့ကိုယ်ကိုယ် အသုံးခံရန် လိုလားခြင်းမရှိကြပေ။ နိုးထကြလော့၊ ငါ့သားတို့။ ငါ့ကို ယုံကြည်ကြလော့၊ ငါ့သားတို့။ ငါ၏ချစ်လှစွာသော သူတို့၊ သင်တို့သည် ငါ၏ စိတ်နှလုံး၌ မည်သည့်အရာ ရှိသည်ကို အဘယ်ကြောင့် မစဉ်းစားကြလိမ့်မည်နည်း။

## အခန်း ၃၁

ငါ့ကို ရိုးသားစွာ အလိုရှိသောသူအားလုံးကို ငါချစ်သည်။ သင်တို့သည် ငါ့ကိုချစ်ခြင်းအပေါ် အလေးဂရုပြုလျှင် သင်တို့ကို ကောင်းချီးမင်္ဂလာမြောက်များစွာ ဧကန်အမှန်ငါပေးမည်။ ငါ၏ ရည်ရွယ်ချက်များကို သင်တို့ နားလည်သလော။ ငါ့အိမ်တော်တွင် အဆင့်အတန်း နိမ့်ခြင်း၊ မြင့်ခြင်း ခွဲခြားမှုမရှိ။ လူတိုင်းသည် ငါ၏သားများ ဖြစ်ကြပြီး၊ ငါသည် သင်တို့၏အဖ၊ သင်တို့၏ ဘုရားသခင် ဖြစ်၏။ ငါသည် အမြင့်ဆုံးသောအထွတ်အထိပ်နှင့် အတုမရှိ ဖြစ်၏။ ငါသည် စကြဝဠာနှင့် ၎င်းအထဲရှိ အရာအားလုံးကို ထိန်းချုပ်ထား ၏။

ငါ့အိမ်တော်ထဲတွင် သင်သည် "နှိမ့်ချစွာဖြင့် မထင်မရှား မထင်မရှား ငါ့ကိုအစေခံ" သင့်ပေသည်။ ဤစကားရပ်သည် သင်၏ဆောင်ပုဒ်အဖြစ် အသုံးတော်ခံသင့်၏။ သစ်ပင်တစ်ပင်ပေါ် ရှိ သစ်ရွက်တစ်ရွက် မဖြစ်ဘဲ၊ အပင်၏အမြစ်ဖြစ်ပြီး၊ အသက်တာ၌ နက်ရှိုင်းစွာ အမြစ်တွယ်လော့။ အသက်တာ၏ စစ်မှန်သော အတွေ့အကြုံထဲသို့ ဝင်ရောက်ပြီး၊ ငါ့နှုတ်ကပတ်တော်များအားဖြင့် အသက်ရှင်လော့၊ အကြောင်းအရာတိုင်း၌ ငါ့ကို ပိုမိုရှာဖွေကာ၊ ငါ့နားသို့ချဉ်းကပ်ပြီး၊ ငါနှင့် မိတ်သဟာယဖွဲ့လော့။ မည်သည့် အပြင်ပန်းအရာကိုမျှ အလေးဂရုမပြုနှင့်။ ထို့အပြင် မည်သည့်လူ၊ မည်သည့်ဖြစ်ရပ် သို့မဟုတ် မည်သည့်အမှုအရာ၏ ထိန်းချုပ်ခြင်းကိုမျှ မခံဘဲ ငါ၏ဖြစ်ခြင်းကို

ဝိညာဉ်ရေးရာပြည့်ဝသောသူများနှင့်သာ မိတ်သဟာယဖွဲ့လော့။ ငါ၏ ရည်ရွယ်ချက်တို့ကို နားလည်လော့၊ ငါ့အသက်ကို သင်တို့၏အကြား စီးဝင်စေပြီး ငါ၏နှုတ်ကပတ်တော်များအတိုင်း အသက်ရှင်နေထိုင်ကာ ငါ၏သတ်မှတ်ချက်များကို လိုက်နာလော့။

ငါသင့်အားတာဝန်ပေးထားခဲ့ပြီးဖြစ်သော ကိစ္စရပ်များပေါ်တွင် သင်၏ခွန်အားရှိသမျှဖြင့် ဆက်ကပ်လော့၊ ငါ၏ စိတ်နှလုံးကို ကျေနပ်စေရန် သင်တတ်စွမ်းသမျှ လုပ်ဆောင်လော့။ ငါသည် သင်၏ စွမ်းအားနှင့် သင်၏ဝမ်းမြောက်မှုဖြစ်၏။... ငါသည် သင်၏အလုံးစုံဖြစ်၏။ ငါ့နောက်သို့သာလိုက်လော့။ ငါသည် သင့်စိတ်နှလုံး၏ စစ်မှန်သောဆန္ဒများကို သိပြီး၊ ငါ့အတွက် သင့်ကိုယ်သင် စစ်မှန်စွာအသုံးပြုကြောင်းကို ငါသိ၏၊ သို့သော် ငါ့အိမ်တော်တွင် သစ္စာတရားကို ငါ့အား အဘယ်ကဲ့သို့ ပြရမည်နှင့် အဆုံးထိ ငါ့နောက်သို့မည်သို့လိုက်ရမည်ကို သင်သိသင့်၏။

အသင်းတော်သည် ငါ့နှလုံးသားဖြစ်ပြီး၊ ငါ၏အသင်းတော် တည်ဆောက်ရေးအတွက် ငါသည် စိုးရိမ် သောကပြင်းပြလျက်ရှိ၏။ ငါ၏စိတ်နှလုံး ကျေနပ်ဖို့အလို့ငှာ သံသယစိုးစဉ်းမျှမထားဘဲ သင့် ကိုယ်သင် ဆက်ကပ်အပ်နှံခြင်းဖြင့် ငါ့အတွက် သင့်ကိုယ်သင် အသုံးပြုသင့်ပြီး ငါ့ရည်ရွယ်ချက်များအပေါ် ဆင်ခြင်သုံးသပ်မှုကို ပြသသင့်ပေသည်။

# အခန်း ၃၂

အလင်းဆိုသည်မှာ အဘယ်နည်း။ ယခင်က သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်၏ သဏ္ဌာန်ပြောင်းလဲခြင်းကို အလင်းဟု အကယ်စင်စစ် မှတ်ယူခဲ့ကြ၏။ စစ်မှန်သောအလင်းသည် အစဉ်အမြဲ ရှိပေ၏- ဆိုလိုသည်မှာ ၎င်းသည် ငါထံချဉ်းကပ်လျက် ငါနှင့်မိတ်သဟာယဖွဲ့ခြင်းအားဖြင့် ဘုရားသခင်၏ ဖြစ်ခြင်းကို ရရှိခြင်းကို ဆိုလိုသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အတွင်း ထိုးထွင်းသိမြင်မှု ရရှိခြင်းပြီး ကိုယ်တော်၏နှုတ်ကပတ်တော်များထဲမှ ဘုရားသခင်၏ အလိုတော်ကို နားလည်သဘောပေါက်ပြီးနောက်- ဆိုလိုသည်မှာ ၎င်းတို့ကို စားသောက်နေစဉ်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ ဝိညာဉ်တော်ကို ခံစားရပြီး သင်တို့ကိုယ်တိုင်၏ အတွင်းထဲ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံရရှိလျက်၊ သင်သည် အတွေ့အကြုံအားဖြင့် ကိုယ်တော်၏ဖြစ်ခြင်းကို နားလည် သဘောပေါက်ပြီး ကိုယ်တော်နှင့် ပြောဆိုဆွေးနွေးစဉ်တွင်း ဘုရားသခင်၏ အလင်းပေးခြင်းကို လက်ခံရရှိ၏၊ အရာခပ်သိမ်းသည် အလင်းဖြစ်သည်။

စဉ်းစားတွေးတောနေစဉ်အတွင်း မည်သည့်အချိန်တွင်မဆို ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ အသိဉာဏ်ပွင့်လင်းစေခြင်းကို ခံရနိုင်ပြီး အသစ်သော ထိုးထွင်းသိမြင်မှုကို ရရှိနိုင်သည်။ အကယ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်နားလည်ပြီး အလင်းသစ်ကို ခံစားရပါက၊ အစေခံခြင်းတွင် တန်ခိုးရှိလိမ့်မည် မဟုတ်လော။ သင်တို့သည် အစေခံစဉ်တွင် စိတ်ပူပန်လွန်း၏။ ထိုသို့ဖြစ်ရခြင်းမှာ သင်တို့သည် စစ်မှန်မှုကို မထိတွေ့ရသေး၍ ဖြစ်ပြီး၊ စစ်မှန်သော အတွေ့အကြုံ သို့မဟုတ် ထိုးထွင်းသိမြင်မှု မရှိကြပေ။ သင်၌ စစ်မှန်သော ထိုးထွင်းသိမြင်မှု ရှိခဲ့ပါက၊ မည်သို့ အစေခံရမည်ကို မသိဘဲ နေမည်လော။ အချို့သောကိစ္စများ သင့်အပေါ်သို့ ကျရောက်သည့်အခါ၊ သင်သည် ယင်းတို့ကို ဝီရိယရှိရှိ တွေ့ကြုံခံစားရမည်။ လွယ်ကူပြီး သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင် အခြေအနေမျိုးတွင် သင်သည် ဘုရားသခင်၏ မျက်နှာတော်၏ အလင်းထဲတွင်လည်း နေနိုင်ပါက၊ သင်သည် ဘုရားသခင်၏ မျက်နှာတော်ကို နေ့စဉ် မြင်လိမ့်မည်။ သင်သည် ဘုရားသခင်၏ မျက်နှာတော်ကို မြင်ခဲ့ပြီး ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခဲ့ပါက၊ သင်၌ အလင်း မရှိမည်လော။ သင်တို့သည် စစ်မှန်မှုထဲသို့ မဝင်ဘဲ အပြင်ပန်းတွင် အမြဲရှိနေကြသည်။ အကျိုးဆက်အဖြစ် သင်သည် အဘယ်အရာကိုမျှ ရှာမတွေ့ဘဲ သင့်ဘဝ၌ တိုးတက်မှုသည် နှောင့်နှေးပေတော့သည်။

အပြင်ပန်းကို အာရုံမပြုနှင့်၊ ၄င်းအစား အတွင်း၌ ဘုရားသခင်ထံ ချဉ်းကပ်ပြီး လုံလောက်သောနက်ရှိုင်းခြင်းဖြင့် မိသဟာယဖွဲ့ကာ ဘုရားသခင်၏ အလိုတော်ကို နားလည်သဘောပေါက်လော့၊ ထိုအခါ သင်၏အစေခံခြင်းတွင် လမ်းကြောင်းတစ်ခုကို ရမည်မဟုတ်လော။ သင်တို့သည် ဝီရိယရှိရှိ အလေးထားပြီး နာခံရန် လိုအပ်သည်။ ငါ၏ နှုတ်ကပတ်တော်များအတိုင်း အရာအားလုံးကိုသာ လုပ်ဆောင်ပြီး ငါညွှန်ပြသောလမ်းကြောင်းများထဲသို့ ဝင်ရောက်ပါက၊ သင်၌ လမ်းကြောင်းတခုရမည် မဟုတ်လော။ စစ်မှန်မှုထဲသို့ ဝင်ရောက်ရန် လမ်းကြောင်းကို သင်တွေ့ရှိပါက၊ သင်သည် ဘုရားသခင်ကို အစေခံရန် လမ်းကြောင်းတစ်ခုကိုလည်း ရပေမည်။ ရိုးရှင်းလှပေ၏။ ဘုရားသခင်၏ မျက်မှောက်တော်သို့ ပိုမိုတိုးဝင်လော့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပိုမိုဆင်ခြင်လော့၊ ထိုအခါ သင်၌ လိုအပ်နေသောအရာကို သင်ရရှိလိမ့်မည်။ သင်၌ ထိုးထွင်းသိမြင်မှုအသစ်၊ ဉာဏ်အလင်းဖွင့်ပြမှုအသစ်နှင့် အလင်း ရှိလိမ့်မည်။

## အခန်း ၃၃

ငါ၏နိုင်ငံတော်သည် ရိုးသားသူများ၊ သူတော်ကောင်း အယောင်မဆောင်သောသူများ သို့မဟုတ် မလှည့်ဖြားသောသူများကို လိုအပ်ပေသည်။ စိတ်ရင်းမှန်ပြီး ရိုးသားသောသူတို့သည် ကမ္ဘာလောကတွင် လူကြိုက်နည်းသည် မဟုတ်လော။ ငါသည် တကယ့်ကို ဆန့်ကျင်ဘက် ဖြစ်၏။ ရိုးသားသူများ ငါ့ထံသို့လာရန်မှာ လက်ခံနိုင်ဖွယ် ဖြစ်သည်။ ငါသည် ဤလူစားမျိုးကို အထူးနှစ်သက်သကဲ့သို့ ဤလူစားမျိုးကို ငါသည် လိုလည်းလိုအပ်၏။ ဤသည်မှာ ငါ၏ဖြောင့်မတ်ခြင်း အတိအကျ ဖြစ်သည်။ အချို့သော လူတို့သည် မသိနားမလည်ကြပေ။ ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မခံစားနိုင်ကြသကဲ့သို့ ငါ၏အလိုကို သဘောမပေါက်နိုင်ကြပေ။ ၎င်းတို့သည် ၎င်းတို့၏မိသားစုနှင့် ၎င်းတို့၏ဝန်းကျင်များ တည်ရှိသည့် ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်း မမြင်နိုင်ကြသကဲ့သို့ အမှုအရာများကို ကျိုးကြောင်းမမြင်ဘဲ လုပ်ဆောင်ကြကာ ကျေးဇူးတော်ကို ရရှိဖို့ အခွင့်အရေးများစွာ ဆုံးရှုံးကြလေသည်။ ၎င်းတို့သည် ၎င်းတို့၏ လုပ်ရပ်များကို အကြိမ်ကြိမ် နောင်တရကြပြီး ကိစ္စတစ်ခုနှင့် ၎င်းတို့ ကြုံရသောအခါတွင်၊ တစ်ဖန် ရှင်းရှင်းလင်းလင်း မမြင်နိုင်ကြပေ။ တစ်ခါတစ်ရံ ၎င်းတို့သည် အောင်နိုင်ခြင်းကို ခက်ခက်ခဲခဲ ရယူရန် ဘုရားသခင်ကို အမှီပြုနိုင်ကြသော်လည်း၊ နောက်ပိုင်းတွင် အလားတူ ကိစ္စရပ်မျိုးနှင့် ၎င်းတို့ ကြုံရသည့်အခါ၊ ရောဂါဟောင်း ပြန်ထလာပြီး ငါ၏အလိုကို ၎င်းတို့ သဘောမပေါက်နိုင်ကြပေ။ သို့သော် ငါသည် ဤအရာများကို မကြည့်သကဲ့သို့ သင်တို့၏ အပြစ်များကို အမှတ်မရမပေ။ ထိုထက်၊ လူတကာနှင့် သောင်းပြောင်းလိုင်ဆက်ဆံသော ဤပြည်မှ သင်တို့ကို ငါကယ်တင်လိုပြီး၊ သင်တို့၏အသက်တာများကို အသစ်ပြုပြင်ခွင့် ပေးလိုသည်။ ငါသည် သင်တို့ကို အကြိမ်ကြိမ် ခွင့်လွှတ်ခဲ့ပြီး ဖြစ်သည်။ သို့သော် ယခုအချိန်သည် အလွန်အရေးပါဆုံးသော အဆင့် ဖြစ်သည်။ သင်တို့သည် နောက်ထပ် စိတ်ရှုပ်ထွေး၍မဖြစ်သကဲ့သို့၊ ထိုကဲ့သို့ သွားလိုက်၊ ရပ်လိုက်နည်းလမ်းဖြင့် ရှေ့ဆက်၍ မဖြစ်ပေ။ သင်တို့သည် ပန်းတိုင်သို့ မည်သည့်အချိန်တွင် ရောက်နိုင်လိမ့်မည်နည်း။ သင်တို့သည် ပန်းတိုင်သို့ မရပ်နားဘဲ ပြေးရန် အစွမ်းကုန် လုပ်ဆောင်ရမည် ဖြစ်သည်။ အလွန် အရေးပါဆုံးသော အချိန်တွင် လျှော့မချလိုက်နှင့်၊ ရဲရင့်စွာ ရှေ့ဆက် လှမ်းလော့၊ ပြီးလျှင် အလျှံအပယ်သော စားပွဲတော်သည် သင်တို့၏ရှေ့တွင် ရှိ၏။ သင်တို့၏မင်္ဂလာဝတ်စုံများနှင့် ဖြောင့်မတ်ခြင်းဝတ်လုံတို့ကို အလျင်အမြန် ဝတ်ဆင်ပြီး၊ ခရစ်တော်၏ မင်္ဂလာဆောင် ညစာစားပွဲကို တက်ရောက်လော့။ မိသားစုအတိသုခကို ထာဝရကာလပတ်လုံး မွေ့လျော်လော့။ သင်သည် ယခင်ကဲ့သို့ စိတ်ဓာတ်ကျ၊ ဝမ်းနည်းကာ သက်ပြင်းချတော့မည် မဟုတ်ပေ။ ထိုအချိန်ကာလနှင့်သက်ဆိုင်သည့် အရာရာတိုင်းသည် မီးခိုးငွေ့ကဲ့သို့

ပျောက်ကွယ်လိမ့်မည်ဖြစ်ပြီး ရှင်ပြန်ထမြောက်သော ခရစ်တော်၏ အသက်သည်သာ သင်၌ တန်ခိုးအာဏာ ရှိလိမ့်မည်။ သင့်အတွင်းတွင် သန့်ရှင်းစေခြင်းနှင့် ဆေးကြောခြင်းအားဖြင့် သန့်စင်ထားသည့် ဗိမာန်တော်ရှိမည်ဖြစ်ပြီး၊ သင်ရရှိပြီးဖြစ်သည့် ရှင်ပြန်ထမြောက်ခြင်း အသက်သည် သင်၌ အစဉ်ထာဝရ ကိန်းဝပ်လိမ့်မည်ဖြစ်သည်။

# အခန်း ၃၄

အနန္တတန်ခိုးရှင် ဘုရားသခင်သည် အကြွင်းမဲ့ တန်ခိုးနှင့်ပြည့်စုံပြီး အလုံးစုံအထမြောက်ကာ လုံးလုံးလျားလျား စစ်မှန်သောဘုရားသခင်ဖြစ်သည်။ ကိုယ်တော်သည် ကြယ်ခုနှစ်လုံးကို ကိုင်ဆောင်သည်သာမက၊ ဝိညာဉ်တော်ခုနှစ်ပါးနှင့် ပြည့်စုံကာ မျက်လုံးခုနှစ်လုံးရှိပြီး တံဆိပ်ခုနှစ်ချက်ကိုဖွင့်၍ စာစောင်ကိုဖွင့်သည့်အပြင်၊ ဘေးဒဏ်ခုနှစ်ပါးနှင့် ဖလားခုနှစ်လုံးကို သူစီမံအုပ်ချုပ်ပြီး ခုနှစ်ချက်သော မိုးကြိုးသံများကို ထုတ်ဖော်လေသည်။ လွန်လေပြီးသောအခါကလည်း ကိုယ်တော်သည် တံပိုးခုနှစ်လုံးကို မှုတ်တော်မူခဲ့သတည်း။ ကိုယ်တော်ဖန်ဆင်း၍ စုံလင်စေခဲ့သော အရာအားလုံးသည် ကိုယ်တော့်ကိုချီးမွမ်းသင့်ပြီး ကိုယ်တော့်ကို ဂုဏ်တင်ကာ ကိုယ်တော်၏ပလ္လင်တော်ကို ထောမနာပြုသင့်သည်။ အို၊ အနန္တတန်ခိုးရှင် ဘုရားသခင်။ ကိုယ်တော်သည် ခပ်သိမ်းသောအရာ ဖြစ်၏။ ကိုယ်တော်သည် အရာခပ်သိမ်းကို ပြီးမြောက်အောင်မြင်ခဲ့ပြီးဖြစ်ပြီး ကိုယ်တော်နှင့်ဆိုလျှင် အားလုံးသည် ပြီးပြည့်စုံကာ လင်းလက်တောက်ပပြီး အဆီးအတားမှ လွတ်ကင်း၍ လွတ်လပ်၊ သန်မာကာ တန်ခိုးနှင့် ပြည့်ပေ၏။ မည်သည့်အရာမျှ ဖုံးကွယ်ထားခြင်း သို့မဟုတ် ကွယ်ဝှက်ထားခြင်း အလျဉ်းမရှိပေ။ အားလုံးသော နက်နဲရာများသည် ကိုယ်တော်နှင့်ဆိုလျှင် ထုတ်ဖော်ခံကြရသည်။ ထို့အပြင် ကိုယ်တော်သည် ကိုယ်တော်၏ များပြားလှသော ရန်သူများကို တရားစီရင်ခဲ့၍ ကိုယ်တော်၏ ဘုန်းအာနုဘော်ကိုထုတ်ဖော်ကာ ကိုယ်တော်၏ ပြင်းထန်သော်မီးကို ပေါ်လွင်စေပြီး အမျက်ဒေါသကိုပြသည့်အပြင်၊ ကိုယ်တော်၏ မကြုံစဖူးဖြစ်သော၊ ထာဝရခိုင်မြဲသော၊ လုံးလုံးလျားလျား အနန္တဖြစ်သော ဘုန်းတော်ကိုပြသလေသည်။ လူမျိုးအပေါင်းတို့သည် လုံးဝဥဿုံ စစ်မှန်သော၊ အကြွင်းမဲ့ အသက်ရှင်သော၊ ကြွယ်ဝသော၊ ဘုန်းကြီးပြီး စစ်မှန်သော ဘုရားသခင်ဖြစ်သည့် ကမ္ဘာအဆက်ဆက် ဖြစ်သော အနန္တတန်ခိုးရှင်ကို ထောမနာပြုလျက် ခြွင်းချက်မရှိ ချီးမွမ်း၍ သီချင်းဆိုရန် နိုးထသင့်ပေသည်။ ကိုယ်တော်၏ ပလ္လင်တော်သည် အဆက်မပြတ် ချီးမွမ်းခံရသင့်သည်၊ ကိုယ်တော်၏ သန့်ရှင်းသော နာမသည် ချီးမွမ်းခံရပြီး ဘုန်းပွင့်တော်မူခြင်း

ခံရသင့်သည်။ ဤသည်မှာ ငါဘုရားသခင်၏ ထာဝရအလိုတော်ဖြစ်ကာ ငါတို့အပေါ် ကိုယ်တော်ထုတ်ဖော်ပြပြီး နှင်းအပ်သည့် အကန့်အသတ်မဲ့သော ကောင်းချီးပေတည်း။ ငါတို့အထဲမှ မည်သူသည် ယင်းကို မဆက်ခံရသနည်း။ ဘုရားသခင်၏ ကောင်းချီးကို ဆက်ခံရန်အတွက် လူတစ်ဦးသည် ကိုယ်တော်၏ သန့်ရှင်းသောနာမကို ချီးမွမ်းပြီး ကိုယ်တော်၏ပလ္လင်ကို ကိုးကွယ်လျက် ဝန်းရံရန် လာရမည်ဖြစ်သည်။ ကိုယ်တော်၏ရှေ့သို့ အခြားအကြောင်းရင်းများနှင့် အခြားရည်ရွယ်ချက်များဖြင့် သွားကြသောသူများအားလုံးသည် ကိုယ်တော်၏လောင်သောမီးဖြင့် အရည်ပျော်ပျောက်ကွယ် သွားကြမည်ဖြစ်သည်။ ယနေ့သည် ကိုယ်တော်၏ရန်သူများ တရားစီရင်ခြင်းခံကြရမည့် နေ့ရက်ဖြစ်ပြီး သူတို့ ပျက်စီးရမည်မှာလည်း ဤနေ့မှာပင်ဖြစ်သည်။ ထို့အပြင် ယင်းမှာ ငါ အနန္တတန်ခိုးရှင် ဘုရားသခင် ထုတ်ဖော်ခြင်း ခံရမည့်နေ့နှင့် ဘုန်းအသရေကို ငါရရှိမည့်နေ့လည်း ဖြစ်သည်။ အို လူမျိုးအပေါင်းတို့၊ ရှေးအတီတေကာလမှ အဆုံးမရှိသောကာလအထိ ငါတို့အား မေတ္တာကျေးဇူးတော်ကိုပို၍ ကယ်တင်ခြင်းအား အထမြောက်စေပြီး ငါတို့ကို ကောင်းချီးများပေးကာ သူ၏သားများကို စုံလင်စေပြီး သူ၏နိုင်ငံတော်ကို အောင်အောင်မြင်မြင် စွမ်းဆောင်ရရှိသော အနန္တဘုန်းတန်ခိုးရှင် ဘုရားသခင်ကို ထောမနာပြု၍ ကြိုဆိုရန် အလျင်အမြန်ထကြလော့။ ဤအရာသည် ဘုရားသခင်၏ အံ့သြဖွယ် ဆောင်ရွက်ချက်ပင်ဖြစ်လေသတည်း။ ဤအရာသည် ဘုရားသခင်ကိုယ်တော်တိုင် ငါတို့ကို ကယ်တင်ရန်၊ စုံလင်စေရန်နှင့် ဘုန်းတော်ထဲသို့ ခေါ်ဆောင်သွားရန် ကိုယ်တော်၏ ထာဝရတည်သော ကြိုတင်ခွဲခန့်မှတ်သားထားချက်နှင့် စီမံမှုဖြစ်၏။

ထပြီး သက်သေမခံသောသူအားလုံးသည် မျက်ကန်းသူတို့၏ ဘိုးဘေးဘီဘင်များ၊ မသိနားမလည်သောသူတို့၏ ဘုရင်များ ဖြစ်ကြ၏။ ထိုသူတို့သည် ထာဝရ မသိနားမလည်သူများ၊ ထာဝရ မိုက်သောသူများနှင့် ထာဝရသေနေသောမျက်ကန်းများ ဖြစ်သွားကြမည်။ ငါတို့၏ ဝိညာဉ်များသည် နိုးကြားသင့်သည်မှာ ယင်းအကြောင်းရင်းကြောင့် ဖြစ်သည်။ လူသားအားလုံး ထသင့်သည်။ ဘုန်းတော်၏ ဘုရင်၊ ကရုဏာတော်၏အဖ၊ ရွေးနုတ်ခြင်း၏သားတော်၊ ကြွယ်ဝသော ဝိညာဉ်တော်ခုနစ်ပါးနှင့် ဘုန်းအာနုဘော်ဖြစ်သော လောင်သောမီးနှင့် ဖြောင့်မတ်သော တရားစီရင်မှုကို ယူဆောင်လာသော၊ အကြွင်းမဲ့ လုံလောက်သော၊ ကြွယ်ဝသော၊ အနန္တတန်ခိုးရှိ၍ ပြီးပြည့်စုံသော အနန္တတန်ခိုးရှင် ဘုရားသခင်ကို အဆုံးမရှိ သြဘာပေး၊ ချီးမွမ်း၍ ထောမနာပြုကြလော့။ ကိုယ်တော်၏ပလ္လင်သည် အစဉ်အမြဲ ချီးမွမ်းခြင်းခံရလိမ့်မည်။ ဤအရာသည် ဘုရားသခင်၏ ဉာဏ်ပညာဖြစ်ကြောင်း၊ ကိုယ်တော်၏ အံ့သြဖွယ်ကောင်းသော ကယ်တင်ခြင်းသို့

လမ်းခရီးဖြစ်ကြောင်းနှင့် ကိုယ်တော်၏ ဘုန်းကြီးသော အလိုတော်၏ အောင်မြင်မှု ဖြစ်ကြောင်း လူအားလုံး မြင်သင့်သည်။ ငါတို့ ထပြီး သက်သေမခံလျှင်၊ ထိုအချိန်အခါ ကုန်လွန်ပြီးသည်နှင့် ပြောင်းလဲ၍မရပေ။ ငါတို့သည် ကောင်းချီးများ သို့တည်းမဟုတ် ကံဆိုးခြင်းများ ရရှိမည်လော ဆိုသည်ကို ငါတို့ခရီး၏ ဤလက်ရှိအဆင့်အတောအတွင်း ယခုအချိန်၌ ငါတို့ အဘယ်အရာကို လုပ်ဆောင်သည်၊ အဘယ်အရာကို တွေးတောသည်နှင့် အဘယ်အရာကို အသက်ရှင်နေထိုင်သည်တို့အပေါ် အခြေခံကာ ဆုံးဖြတ်ခြင်းကို ခံနေရသည်။ သင်တို့သည် မည်ကဲ့သို့ ပြုမူသင့်သနည်း။ ဘုရားသခင်အတွက် သက်သေခံပြီး သူ့ကိုထာဝရ ချီးမွမ်းကြ၊ ထာဝရတည်၍ အတုမရှိဘဲ စစ်မှန်သော ဘုရားသခင်ဖြစ်သည့် အနန္တတန်ခိုးရှင် ဘုရားသခင်တည်းဟူသော နောက်ဆုံးသောကာလ၏ ခရစ်တော်ကို ချီးမွမ်းကြလော့။

ဘုရားသခင်ကို သက်သေမခံသော၊ ဤအတုမရှိသော၊ စစ်မှန်သော ဘုရားသခင်အတွက် သက်သေမခံသောသူအားလုံးနှင့် ကိုယ်တော့်အပေါ် သံသယ ထားသိုသောသူတို့အားလုံးသည် မကျန်းမာကြကာ သေဆုံးကြပြီး ဘုရားသခင်ကို အာခံသူများ ဖြစ်ကြောင်းကို ယခုအချိန်မှစပြီး သင်တို့ ရှင်းရှင်းလင်းလင်း မြင်သင့်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရှေးသရောအခါ ကတည်းကပင် သက်သေပြခဲ့ကြပြီးဖြစ်သည်- ငါနှင့်စုရုံးခြင်း မရှိသူအားလုံးသည် ကွဲလွင့်ကြပြီး ငါ့ဘက်ကမဟုတ်သောသူတို့သည် ငါ့ကိုဆန့်ကျင်သောသူများ ဖြစ်ကြသည်။ ဤအရာသည် ကျောက်ပေါ်တွင် ရေးထွင်းထားသော မပြောင်းလဲနိုင်သည့် သမ္မာတရားဖြစ်သည်။ ဘုရားသခင်အတွက် သက်သေမခံသောသူများသည် စာတန်၏ လက်ပါးစေများဖြစ်ကြသည်။ ထိုကဲ့သို့သောသူများသည် ဘုရားသခင်၏ သားသမီးများကို စိတ်အနှောင့်အယှက်ပေးရန်၊ လှည့်ဖြားရန်နှင့် ကိုယ်တော်၏ စီမံခန့်ခွဲမှုကို နှောင့်ယှက်ရန်လာခဲ့ကြလေပြီ၊ သူတို့ကို သတ်ရမည်ဖြစ်သည်။ ထိုသူတို့အပေါ် ကောင်းမွန်သော စေတနာများကို ပြသူအားလုံးသည် သူတို့ကိုယ်တိုင်၏ ပျက်စီးရာပျက်စီးကြောင်းကို ရှာနေကြခြင်း ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏ ဝိညာဉ်တော်၏ မိန့်မြွက်ချက်များကို နားထောင်ပြီး ယုံကြည်သင့်သည်၊ ဘုရားသခင်၏ ဝိညာဉ်တော်၏ လမ်းကြောင်းကို လျှောက်လှမ်းကာ ဘုရားသခင်၏ ဝိညာဉ်တော်၏ နှုတ်ကပတ်တော်များအတိုင်း အသက်ရှင်နေထိုင်သင့်သည်။ ထို့အပြင် အနန္တတန်ခိုးရှင် ဘုရားသခင်၏ ပလ္လင်တော်ကို ထာဝရ ချီးမွမ်းသင့်သည်။

အနန္တတန်ခိုးရှင် ဘုရားသခင်သည် ဝိညာဉ်တော်ခုနှစ်ပါး၏ ဘုရားသခင်ဖြစ်သည်။ မျက်လုံးခုနှစ်လုံးနှင့် ကြယ်ခုနှစ်လုံးတို့၏ ဘုရားသခင်မှာလည်း ကိုယ်တော်ပင်ဖြစ်သည်။

ကိုယ်တော်သည် တံဆိပ်ခုနှစ်ချက်ကို ဖွင့်ပြီး စာစောင်တစ်ခုလုံးကို သူဖွင့်ခဲ့သည်။ ကိုယ်တော်သည် တံပိုးခုနှစ်လုံးကို မှုတ်ခဲ့ပြီး ဖလားခုနှစ်လုံးနှင့် ဘေးဒဏ်ခုနှစ်ပါးကို ကိုယ်တော်၏အလိုတော်အတိုင်း လွှတ်ထုတ်ရန် ကိုယ်တော့်လက်ထဲတွင် ရှိနေသည်။ အို၊ အစဉ်အမြဲ တံဆိပ်ခတ်ထားခြင်း ခံရသော မိုးကြိုးသံ ခုနှစ်ချက်တို့။ ၎င်းတို့ကို ထုတ်ဖော်ရာအချိန်သည် ကျရောက်လာလေပြီ။ မိုးကြိုးသံ ခုနှစ်ချက်ကို ယူလာပေးမည့်သူသည် ငါတို့၏ မျက်စိရှေ့တွင် ပေါ်ထွန်းခဲ့နှင့်ပြီး ဖြစ်သည်။

အနန္တတန်ခိုးရှင် ဘုရားသခင်၊ ကိုယ်တော်နှင့်ဆိုလျှင် အရာရာတိုင်းသည် အတားအဆီးမှ လွတ်ကင်း၍ လွတ်လပ်၏။ အခက်အခဲများမရှိ၊ အရာရာတိုင်းသည် ချောမွေ့စွာ စီးဆင်းပေ၏။ အဘယ်အရာမျှ သင့်ကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရဲဘဲ အရာရာတိုင်းသည် သင့်ကို ကျိုးနွံနာခံကြသည်။ ကျိုးနွံနာခံခြင်း မရှိသူအားလုံးသည် သေဆုံးကြအံ့။

အနန္တတန်ခိုးရှင် ဘုရားသခင်၊ မျက်လုံးခုနှစ်လုံးရှိသော ဘုရားသခင်။ အရာရာတိုင်းသည် လုံးလုံးလျားလျား ရှင်းလင်းပြီး အရာရာတိုင်းသည် တောက်ပကာ ဖုံးအုပ်ထားခြင်းမရှိဘဲ ထုတ်ဖော်ထားပြီး ဖွင့်ချထားသည်။ ကိုယ်တော်နှင့်ဆိုလျှင် အရာရာတိုင်းသည် ရှင်းလင်းပြတ်သားပြီး ဘုရားသခင် ကိုယ်တော်တိုင်သည်သာ ဤကဲ့သို့ မဟုတ်ဘဲ၊ ကိုယ်တော်၏သားများသည်လည်း ထိုနည်းနှင်နှင် ဖြစ်ကြသည်။ မည်သူမျှ၊ မည်သည့်အရာမျှ၊ မည်သည့်အကြောင်းအရာမျှ ကိုယ်တော်နှင့် ကိုယ်တော်၏သားများရှေ့မှောက်တွင် ဖုံးကွယ်ထားနိုင်မည် မဟုတ်ပေ။

အနန္တတန်ခိုးရှင် ဘုရားသခင်၏ ကြယ်ခုနှစ်လုံးတို့သည် တောက်ပနေကြသည်။ အသင်းတော်သည် ကိုယ်တော်အားဖြင့် စုံလင်စေခြင်းကို ခံခဲ့ပြီးဖြစ်သည်။ ကိုယ်တော်သည် ကိုယ်တော့်အသင်းတော်၏ စေတမန်များကို သတ်မှတ်ပြီး အသင်းတော်တစ်ခုလုံးသည် ကိုယ်တော်၏ ပြဋ္ဌာန်းချက်အတွင်းတွင် ရှိသည်။ ကိုယ်တော်သည် တံဆိပ်ခုနှစ်ချက်စလုံးကို ဖွင့်ပြီး သူ၏စီမံခန့်ခွဲမှု အစီအစဉ်နှင့် သူ၏အလိုတော်ကို သူကိုယ်တော်တိုင် အပြီးသတ်စေလေသည်။ စာစောင်သည် ကိုယ်တော်၏စီမံခန့်ခွဲမှု၏ လျှို့ဝှက်ဆန်းကြယ်သော ဝိညာဉ်ဘာသာစကားဖြစ်ပြီး ကိုယ်တော်သည် ထိုစာစောင်ကို ဖွင့်ပြ၍ ထုတ်ဖော်ပြီးဖြစ်သည်။

လူသားအားလုံးတို့သည် ကိုယ်တော်၏တံပိုးခုနှစ်လုံး မြည်ဟည်းသံကို နားထောင်သင့်သည်။ ကိုယ်တော်နှင့်ဆိုလျှင် အရာရာတိုင်းကို ဘယ်သောအခါမျှ ပြန်လည်ဖုံးကွယ်မထားတော့ရန် ကြေညာထားပြီး နောက်ထပ်ဝမ်းနည်းစရာ မရှိတော့ပေ။ အရာအားလုံးကို ဖော်ထုတ်ထားပြီး

အရာအားလုံးသည် အောင်မြင်လေသည်။

အနန္တတန်ခိုးရှင်ဘုရားသခင်၏ တံပိုးခုနှစ်လုံးသည် ပွင့်နေကြကာ ဘုန်းကြီး၍ အောင်ပွဲခံသော တံပိုးများဖြစ်သည်။ ၎င်းတို့သည် ကိုယ်တော်၏ရန်သူများကို တရားစီရင်သော တံပိုးများလည်း ဖြစ်ကြသည်။ ကိုယ်တော်၏အောင်ပွဲအလယ်တွင် ကိုယ်တော်၏ တံပိုးခရာသည် ချီးမွမ်းခြင်း ခံနေရသည်။ ကိုယ်တော်သည် စကြဝဠာတစ်ခုလုံးအပေါ် အုပ်စိုးလေသည်။

ကိုယ်တော်သည် ဘေးဒဏ်များ၏ ဖလားခုနှစ်လုံးကို ပြင်ဆင်ထား၏၊ သူ၏ရန်သူများကို ပစ်မှတ်ထားကာ ယင်းတို့ကို ပြင်းထန်စွာ ဒလဟောစီးနေသည့် ရေအလျဉ်သို့ လွှတ်ပေးပြီး ထိုရန်သူတို့သည် ကိုယ်တော့်လောင်သောမီးများ၏ မီးတောက်များထဲတွင် ဝါးမျိုခြင်းကို ခံကြရလိမ့်မည်။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် သူ့ဩဇာအာဏာ၏ခွန်အားကိုပြပြီး ကိုယ်တော်၏ရန်သူအားလုံး ပျက်စီးကြသည်။ နောက်ဆုံးသော မိုးကြိုးသံခုနှစ်ချက်သည် အနန္တတန်ခိုးရှင် ဘုရားသခင်၏ရှေ့မှောက်တွင် တံဆိပ်ခတ်ထားခြင်းခံရန် မဟုတ်တော့ပေ။ ၎င်းတို့အားလုံးကို ထုတ်ဖော်ထားသည်။ သူတို့အားလုံးကို ထုတ်ဖော်ထားသည်။ ကိုယ်တော်သည် မြေကြီးကို ဘယ်သောအခါမျှ ထပ်မံ၍ ဖျက်ဆီးခြင်း မခံရစေတော့ရန် တည်ငြိမ်စေကာ သူ့အား အစေခံစေလျက်၊ သူ၏ရန်သူများကို မိုးကြိုးသံ ခုနှစ်ချက်ဖြင့် သေစေ၏။

ဖြောင့်မတ်သော အနန္တတန်ခိုးရှင်ဘုရားသခင်။ ကိုယ်တော့်ကို ကျွန်ုပ်တို့ ထာဝရ ချီးမွမ်းပါ၏။ ကိုယ်တော်သည် အဆုံးမရှိသော ချီးမွမ်းခြင်းနှင့် ထာဝရ ထောမနာပြုခြင်းနှင့် ချီးမြှောက်ခြင်းကို ခံထိုက်ပေ၏။ ကိုယ်တော်၏ မိုးကြိုးသံ ခုနှစ်ချက်သည် ကိုယ်တော်၏ တရားစီရင်ခြင်းအတွက် အသုံးပြုခြင်းခံရရန် သက်သက်သာမဟုတ်ဘဲ၊ အရာအားလုံးကို စုံလင်စေရန်အလို့ငှာ ကိုယ်တော်၏ ဘုန်းတော်နှင့် ဩဇာအာဏာအတွက် သာ၍ အသုံးပြုခြင်းခံရရန် ဖြစ်ပေသည်။

လူမျိုးအပေါင်းသည် နောက်ဆုံးသောကာလ၏ ခရစ်တော်ဖြစ်သော အနန္တတန်ခိုးရှင် ဘုရားသခင်ကို ထောမနာပြုလျက် ချီးမွမ်းကာ ပလ္လင်တော်ရှေ့တွင် အောင်ပွဲကျင်းပသည်တကား။ ထိုသူတို့၏ အသံများသည် မိုးကြိုးသံအလား စကြဝဠာတစ်ခွင်လုံးကို လှုပ်ခါလေ၏။ အရာခပ်သိမ်းသည် အမှန်တကယ်ပင် ကိုယ်တော့်ကြောင့်သာ တည်ရှိကြပြီး ကိုယ်တော့်ကြောင့်သာ ပေါ်ပေါက်ကြသည်။ အားလုံးသော ဘုန်းတော်၊ ဂုဏ်အသရေ၊ ဩဇာအာဏာ၊ ဉာဏ်ပညာ၊ သန့်ရှင်းခြင်း၊

အောင်နိုင်ခြင်းနှင့် ဗျာဒိတ်တော်များသည် ကိုယ်တော်ကြောင့်သာ လုံးလုံးလျားလျား ဖြစ်ကြောင်း မမှတ်ယူဘဲ မည်သူ နေ့ဝံ့သနည်း။ ယင်းသည် ကိုယ်တော်၏အလိုတော် ပြီးမြောက်ခြင်းဖြစ်ပြီး ကိုယ်တော်၏စီမံခန့်ခွဲမှုကို ဖော်ဆောင်ခြင်း၏ နောက်ဆုံး အပြီးသတ်ခြင်း ဖြစ်သည်။

# အခန်း ၃၅

မိုးချုန်းသံ ခုနှစ်ချက် ပလ္လင်မှ ထွက်ပေါ်လာသည်၊ စကြဝဠာကို တုန်ခါစေသည်၊ ကောင်းကင်နှင့် မြေကြီးကို မှောက်လှန်ပြီး၊ မိုးကောင်းကင်တစ်လျှောက် ပဲ့တင်ထပ်လေ၏။ အသံသည် နားကို စူးဝင်ပြီး လူတို့သည် ယင်းအသံမှ မလွတ်မြောက်နိုင်ကြသကဲ့သို့ ယင်းမှ မပုန်းကွယ်နိုင်ကြပေ။ မိုးချုန်းသံနှင့် လျှပ်စီးလက်ခြင်းသည် ပေါက်ထွက်ပြီး ချက်ချင်း ကောင်းကင်နှင့်မြေကြီး အသွင်ပြောင်းကာ လူတို့သည် သေလုမြောပါး ဖြစ်ကြလေ၏။ ထို့နောက် စကြဝဠာတစ်ခုလုံးသည် မိုးကောင်းကင်မှ ကျဆင်းနေသည့် ပြင်းထန်သော မိုးသက်မုန်တိုင်း တစ်ခုဖြင့် လျှပ်တစ်ပြက် ပတ်ရုံခံရလေသည်။ ကမ္ဘာမြေ၏ အစွန်ဆုံးနေရာများတွင် ယင်းသည် အကုန်အစင် ရွာသည့်မိုးကဲ့သို့ ခြေဆုံးခေါင်းဆုံး ဆေးကြောသည်နှင့်အမျှ အစွန်းအထင်း မကျန်စေဘဲရှိ၏။ ယင်းထံမှ မည်သည့်အရာမျှ ဖုံးကွယ်၍ မရသကဲ့သို့၊ မည်သည့်လူမျှ ထိုအရာမှ တသီးတသန့် နေ၍မရနိုင်ပေ။ လျှပ်စီးအလင်းရောင်များအလား၊ မိုးချုန်းသံ တအုန်းအုန်းမြည်သံတို့သည် အေးစိမ့်သော အလင်းဖြင့် ဝင်းလက်ကာ လူတို့ကို ကြောက်ရွံ့ခြင်းဖြင့် တုန်လှုပ်စေ၏။ အသွားနှစ်ဖက်ပါသည့် ထက်မြသော သန်လျက်သည် အမေ့လူအပေါင်းတို့ကို အဆုံးစီရင်ပြီး၊ ရန်သူသည် ပုန်းကွယ်စရာ နေရာမရှိဘဲ ကပ်ဘေးကို ရင်ဆိုင်ရလေသည်။ ၎င်းတို့သည် ပြိုကျလာသည့် လေနှင့်မိုးတို့တွင် မှင်တက်သွားကြပြီး၊ လေတိုက်မှုကြောင့် ချာချာလည်လျက်၊ စီးဆင်းနေသော ရေများထဲသို့ ချက်ချင်း တုံးခနဲ လဲသေကြပြီး ရေစီး၍ ပါသွားကြလေသည်။ သေခြင်းသာ ရှိပြီး၊ ၎င်းတို့အတွက် ရှင်ကျန်ဖို့ နည်းလမ်းမရှိပေ။ မိုးချုန်းသံ ခုနှစ်ချက်သည် ငါ့ထံမှ ထွက်ပေါ် ပြီး၊ အားလုံးသည် အချင်းချင်း ဆက်နွယ်မှု ရှိနိုင်ကြဖို့၊ မိမိတို့ကိုယ်ကိုယ် မှန်ကန်စွာ ပြုမူနိုင်ကြဖို့နှင့် ငါနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နိုင်ကြဖို့၊ ပြီးလျှင် စကြဝဠာထဲရှိ အသင်းတော်အားလုံးသည် တစ်ခုတည်းအဖြစ် တည်ဆောက်ခြင်း ခံရနိုင်ကြဖို့အလို့ငှာ အဲဂုတ္တုပြည်၏ အကြီးဆုံးသားများကို အဆုံးစီရင်ရန်၊ ဆိုးယုတ်သောသူတို့အား အပြစ်ဒဏ်ပေးရန်နှင့် ငါ၏ အသင်းတော်များကို သန့်ရှင်းစေရန်ဖြစ်သည့် ငါ၏ ရည်ရွယ်ချက်ကို သိရှိစေ၏။ ဤသည်မှာ

ငါ၏ ရည်ရွယ်ချက် ဖြစ်သည်။

မိုးချုန်းသံ မြည်ပြီး၊ ယင်း၏ နောက်တွင် မြည်တမ်းခြင်း အသံများ မြည်ဟီးလေသည်။ အချို့သည် ၎င်းတို့၏ အိပ်စက်ခြင်းမှ နိုးကြပြီး၊ အလွန် အထိတ်တလန့်ဖြစ်လျက်၊ ၎င်းတို့၏ ဝိညာဉ်များ ထဲ၌ စူးစူးစိုက်စိုက် ရှာဖွေကြပြီး ပလ္လင်ရှေ့သို့ အပြေးအလွှား ပြန်သွားကြလေသည်။ ၎င်းတို့သည် သောင်းကျန်းသော လိမ်လည် လှည့်စားခြင်းနှင့် လက်ခံနိုင်ဖွယ် မရှိသော လုပ်ရပ်များကို ရပ်တန့်လိုက်ကြသည်။ ထိုသို့သော လူတို့အတွက် နိုးထရန် နောက်မကျလွန်းသေးချေ။ ငါသည် ပလ္လင်ထက်မှ စောင့်ကြည့်လျက်နေသည်။ ငါသည် လူတို့၏ အတွင်းကျကျ စိတ်နှလုံးများထဲသို့ ကြည့်၏။ ငါ့အား လေးလေးနက်နက် ပြင်းပြစွာ တောင့်တသောသူတို့ကို ငါသည် ကယ်တင်ပြီး၊ ၎င်းတို့ကို ငါသည် သနား၏။ မိမိတို့၏ စိတ်နှလုံးများထဲ၌ အခြားသောအရာ အားလုံးထက် ငါ့ကို ပို၍ချစ်သောသူများ၊ ငါ၏ အလိုကို နားလည်ကာ၊ ငါ၏နောက်သို့ တကယ့်လမ်းဆုံးတိုင်အောင် လိုက်သောသူများကို ငါသည် ထာဝရ ကယ်တင်မည်။ ၎င်းတို့အနေဖြင့် ဤအဖြစ်အပျက်ကို မကြုံရဖို့နှင့် မည်သည့် ဘေးအန္တရာယ်မျှ ရှိမလာဖို့ရန်အလို့ငှာ ငါ၏လက်သည် ၎င်းတို့အား အသေအချာ ဆုပ်ကိုင်ထားမည်ဖြစ်သည်။ အချို့တို့သည် ဤပြိုးပြက်သော လျှပ်စီးလက်ခြင်း မြင်ကွင်းကို မြင်သည့်အခါ၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ပြောမပြတတ်သည့် နာကျင်မှု ရှိကြပြီး၊ ပြင်းပြင်းထန်ထန် နောင်တရမိကြလေသည်။ ဤနည်းဖြင့် ပြုမူခြင်းကို ၎င်းတို့ မလျှော့တမ်းဆက်လုပ်ပါက၊ ၎င်းတို့အတွက် နောက်ကျလွန်းပေသည်။ အို၊ ခပ်သိမ်းသောအရာတို့၊ အားလုံး ပြီးမြောက်ပေလိမ့်မည်။ ဤအရာသည်လည်း ငါ၏ ကယ်တင်ခြင်း နည်းလမ်းများထဲမှ တစ်ခု ဖြစ်၏။ ငါ့ကို ချစ်သောသူများကို ငါကယ်တင်ပြီး၊ ဆိုးယုတ်သောသူများကို ငါအဆုံးစီရင်၏၊ ငါသည် ငါ၏ နိုင်ငံတော်ကို ကမ္ဘာမြေပေါ်၌ မြဲမြံကာ ခိုင်ခံ့စေပြီး၊ ငါသည် ဘုန်းအာနုဘော် ဖြစ်ကြောင်း၊ ပြင်းထန်သော မီးဖြစ်ကြောင်း၊ လူအယောက်တိုင်း၏ အတွင်းကျကျ စိတ်နှလုံးကို ရှာဖွေသော ဘုရားသခင် ဖြစ်ကြောင်းကို တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအားလုံး၊ စကြဝဠာထဲနှင့် ကမ္ဘာ့ အစွန်ဆုံးနေရာများရှိ အရာအားလုံးကို သိခွင့်ပေးသည်။ ဤအချိန်မှစ၍၊ ဖြူသောပလ္လင်ကြီး၏ တရားစီရင်ခြင်းကို လူထုနှင့် လူမျိုးအပေါင်းတို့ထံ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြထားပေသည်၊ တရားစီရင်ခြင်း စတင်ပြီဟု ကြေညာ ထားပေသည်။ မိမိတို့၏ စကားများက အူလှိုက်သည်းလှိုက် မဖြစ်သောသူများ၊ သံသယဖြစ်ကာ မသေချာဝံ့သူများ၊ ငါ၏ အလိုဆန္ဒများကို သိသော်လည်း၊ ၎င်းတို့ကို လက်တွေ့ လုပ်ဆောင်ရန် လိုလားခြင်းမရှိသည့် အချိန်ဖြုန်းသော သူများ အားလုံး- ၎င်းတို့အားလုံး တရားစီရင်ခြင်းကို ခံကြရမည်မှာ သံသယဖြစ်ဖွယ် မရှိချေ။ သင်တို့သည်

သင်တို့ကိုယ်တိုင်၏ ရည်ရွယ်ချက်များနှင့်ကြံရွယ်ချက်များကို သေချာစွာ ဆန်းစစ်ရမည် ဖြစ်ပြီး၊ သင်တို့၏ သင့်တော်သော နေရာယူရမည်။ ငါ၏ နှုတ်ကပတ်တော်များကို လေးနက်စွာ လက်တွေ့လုပ်ဆောင်လော့၊ သင်၏ အသက် အတွေ့အကြုံကို တန်ဖိုးထားလော့၊ ပြီးလျှင် အပေါ်ယံ စိတ်အားထက်သန်မှုဖြင့် မလုပ်ဘဲ၊ သင်၏ အသက်တာကို ကြီးထွားစေလော့၊ ရင့်ကျက်စေလော့၊ တည်ငြိမ်စေပြီး အတွေ့အကြုံရင့်စေလော့- ထိုအခါမှသာ သင်သည် ငါ၏စိတ်နှလုံးနှင့် ကိုက်ညီသောသူ ဖြစ်လိမ့်မည်။

ငါ တည်ဆောက်သည့်အရာကို နှောင့်ယှက်ကာ ဖျက်ဆီးသည့် စာတန်၏အစေအပါးများနှင့် ဆိုးယုတ်သောဝိညာဉ်များကို ၎င်းတို့ အကျိုးအတွက် အမှုအရာများကို အမြတ်ထုတ်ဖို့ မည်သည့် အခွင့်အလမ်းကိုမဆို ငြင်းပယ်ကြလော့။ ၎င်းတို့ကို အပြင်းအထန် ကန့်သတ်ပြီး ချုပ်ထိန်းရမည်။ ၎င်းတို့အား ထက်သော ဓါးတစ်စင်းဖြင့်သာ ကိုင်တွယ်ဖြေရှင်းနိုင်သည်။ အဆိုးဆုံးသော သူများကို နောင်ဖြစ်မည့်ဒုက္ခကို တားဆီးဖို့ ချက်ချင်း အမြစ်ပါမကျန် ဖယ်ရှားပစ်ရမည်။ ထိုအခါ အသင်းတော်သည် ပုံပန်းမကျခြင်းအားလုံး ကင်းမဲ့လျက် စုံလင်စေခြင်း ခံရလိမ့်မည် ဖြစ်ကာ၊ တက်ကြွမှုနှင့် အားအင်ပြည့်လျက် ကျန်းမာပေလိမ့်မည်။ ပြိုးပြက်သော လျှပ်ပြက်ခြင်းနောက်တွင် မိုးချုန်းသံများ မြည်ဟည်း၏။ သင်သည် မပေါ့ဆရ၊ ပြီးလျှင် သင်သည် လက်မလျှော့ဘဲ အမီလိုက်ရန် အစွမ်းကုန် လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ငါ၏လက် လုပ်ဆောင်သည့်အရာ၊ ငါ ရရှိဖို့ ရည်ရွယ်သည့်အရာ၊ ငါ ဖယ်ရှားဖို့ ရည်ရွယ်သည့်အရာ၊ ငါ စုံလင်စေဖို့ ရည်ရွယ်သည့်အရာ၊ ငါ အမြစ်ဖြုတ်ဖယ်ရှားဖို့ ရည်ရွယ်သည့်အရာ၊ ငါ အဆုံးစီရင်ဖို့ ရည်ရွယ်သည့်အရာတို့ကို သင် ဧကန်မုချ မြင်နိုင်လိမ့်မည်- ငါ၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းကို သင်တို့အား ရှင်းရှင်းလင်းလင်း မြင်ခွင့်ပေးလျက် ဤအရာအားလုံးကို သင်တို့၏ မျက်စိရှေ့တွင် ဖွင့်ဟမည်ဖြစ်သည်။

ပလ္လင်ထက်မှသည် စကြဝဠာနှင့် ကမ္ဘာ့ အစွန်ဆုံးနေရာများ အထိ၊ မိုးချုန်းသံ ခုန့်ချက်သည် ပဲ့တင်ထပ်လေ၏။ ကြီးစွာသော လူတစ်စုသည် ကယ်တင်ခံရလိမ့်မည် ဖြစ်ပြီး၊ ငါ၏ ပလ္လင်ရှေ့တွင် ကျိုးနွံနာခံကြလိမ့်မည်။ ဤအသက်၏အလင်း နောက်လိုက်ရင်း၊ လူတို့သည် ရှင်သန်ရန် နည်းလမ်းတစ်ခုကို ရှာဖွေကြပြီး၊ ဒူးထောက် ကိုးကွယ်ရန်နှင့် ၎င်းတို့၏ နှုတ်များဖြင့် စစ်မှန်သော အနန္တတန်ခိုးရှင် ဘုရားသခင်၏ နာမကို အော်ခေါ်  ပြီး မိမိတို့၏ အသနားခံခြင်းများကို ဖွင့်ဟရန် ငါ့ထံ မလာဘဲ မနေနိုင်ကြပေ။ သို့သော် ငါ့ကို အတိုက်အခံပြုသောသူများ၊ မိမိတို့၏ စိတ်နှလုံးများကို မာကျောစေသောသူများကိုမူ၊ မိုးချုန်းသံသည် ၎င်းတို့၏ နားများထဲ၌ ပဲ့တင်ထပ်ပြီး၊ ၎င်းတို့ ဧကန်မုချ ပျက်စီးခြင်းသို့

ရောက်ကြရမည်ဖြစ်သည်။ ဤသည်မှာ ၎င်းတို့ကို စောင့်ကြိုနေသည့် ရလဒ်သက်သက် ဖြစ်သည်။ အောင်မြင်သော ငါ၏ ချစ်သားများသည် ဇိအုန်တွင် နေကြလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့ ရရှိမည့်အရာကို လူမျိုးအပေါင်းတို့သည် မြင်ကြလိမ့်မည်ဖြစ်ကာ သင်တို့၏ရှေ့၌ အလွန်ကြီးစွာသော ဘုန်းအသရေသည် ပေါ်ထွန်းလိမ့်မည်။ အမှန်ပင် ဤသည်မှာ ကြီးမားသော ကောင်းချီးမင်္ဂလာတစ်ခု ဖြစ်ပြီး၊ ပြန်ပြောပြဖို့ ခက်ခဲသည့် ချီးမြှင့်မှုတစ်ခု ဖြစ်သည်။

မိုးချုန်းသံခုနစ်ချက် ထွက်ပေါ်ခြင်းသည် ငါ့အား ချစ်သောသူများ၊ ငါ့အား စစ်မှန်သော စိတ်နှလုံးများဖြင့် တောင့်တသောသူများကို ကယ်တင်ခြင်း ဖြစ်သည်။ ငါနှင့် သက်ဆိုင်သောသူများနှင့် ငါ ကြိုတင်ပြဋ္ဌာန်းထားပြီး ရွေးကောက် ထားသော သူများအားလုံးသည် ငါ၏နာမအောက်သို့ ရောက်လာ နိုင်ကြ၏။ ၎င်းတို့သည် ဘုရားသခင် ၎င်းတို့ကို ခေါ်ခြင်းဖြစ်သည့် ငါ၏အသံကို ကြားနိုင်ကြလေသည်။ ကမ္ဘာမြေကြီး၏ အဆုံးစွန် နေရာများတွင် ရှိသောသူတို့အား ငါသည် ဖြောင့်မတ်ကြောင်း၊ သစ္စာနှင့်ပြည့်စုံကြောင်း၊ ငါသည် မေတ္တာ ဖြစ်ကြောင်း၊ သနားခြင်းကရုဏာ ဖြစ်ကြောင်း၊ ဘုန်းအာနုဘော် ဖြစ်ကြောင်း၊ ငါသည် ပြင်းထန်သော မီးဖြစ်ကြောင်းနှင့် နောက်ဆုံးတွင် ရက်စက်သော တရားစီရင်ခြင်း ဖြစ်ကြောင်းကို မြင်စေကြလော့။

ငါသည် စစ်မှန်ပြီး စုံလင်သော ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်ကြောင်းကို ကမ္ဘာလောကကြီးထဲရှိ လူအပေါင်းတို့ မြင်စေကြလော့။ လူအပေါင်းတို့သည် အပြည့်အဝ ယုံကြည်လက်ခံ ကြပြီး ငါ့အား မည်သူမျှ နောက်တစ်ဖန် မခုခံဝံ့သကဲ့သို့၊ နောက်တစ်ဖန် ငါ့အား ဝေဖန်ရန် သို့တည်းမဟုတ် အသရေဖျက်ရန် မပြုဝံ့ကြချေ။ သို့မဟုတ်ပါက၊ ၎င်းတို့အပေါ် ကျိန်ခြင်း အမင်္ဂလာများ ချက်ချင်း ရောက်လာပြီး ၎င်းတို့အပေါ် ကပ်ဘေးကျရောက်ပေသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်၏ ပျက်စီးခြင်းကို ကျရောက်စေပြီးနောက် ငိုကြွေးခြင်းနှင့် အံကြိတ်ခြင်းတို့ကိုသာ ပြုနိုင်ကြပေသည်။

လူမျိုးအပေါင်းတို့အား သိစေကြလော့၊ စကြဝဠာ တစ်လျှောက်နှင့် ကမ္ဘာမြေ၏ အဆုံးစွန်များအထိ၊ အိမ်ထောင်တိုင်း နှင့် လူတိုင်းအားဖြင့် သိစေကြလော့- အနန္တတန်ခိုးရှင် ဘုရားသခင်သည် တစ်ပါးတည်းသော စစ်မှန်သည့် ဘုရားသခင် ဖြစ်၏။ လူအပေါင်းသည် တစ်ယောက်ပြီး တစ်ယောက် ဒူးထောက်ကာ ငါ့ကို ကိုးကွယ်ကြလိမ့်မည် ဖြစ်ပြီး၊ စကားပြောတတ်စ ကလေးငယ်များကပင် "အနန္တတန်ခိုးရှင် ဘုရားသခင်" ဟု အော်ခေါ်ကြလိမ့်မည်။ အာဏာကို စွဲကိုင်ထားသည့် အရာရှိများသည်လည်း ၎င်းတို့ ရှေ့တွင် ပေါ်ထွန်းလျက်ရှိသည့် စစ်မှန်သော ဘုရားသခင်ကို ၎င်းတို့၏ မျက်စိများဖြင့်

မြင်တွေ့ကြရလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့သည်လည်း သနားကရုဏာနှင့် ခွင့်လွှတ်ခြင်းကို တောင်းခံလျက်၊ ကိုးကွယ်ခြင်းဖြင့် မိမိတို့ကိုယ်ကိုယ် ပျပ်ဝပ်ကြလိမ့်မည် ဖြစ်သော်လည်း၊ ၎င်းတို့၏ ပျက်စီးခြင်းအချိန်သည် ရောက်လာပြီ ဖြစ်သည့်အတွက် ကေန်အမှန် နောက်ကျလွန်းလေပြီ ဖြစ်သည်။ ၎င်းတို့အနေဖြင့် အပြတ်ရှင်းခြင်းသာခံရပြီး အတိုင်းမသိသော တွင်းနက်ထဲသို့ စီရင်ခြင်းခံရကြလေသည်။ ငါသည် ခေတ်တစ်ခုလုံးကို အဆုံးသတ်စေမည်ဖြစ်ပြီး၊ ငါ၏ နိုင်ငံတော်ကို ယခင်ကထက် သာ၍ အားကောင်းစေမည်။ တိုင်းနိုင်ငံများနှင့် လူမျိုးအပေါင်းတို့သည် ငါ၏ရှေ့၌ ထာဝရကာလပတ်လုံး ကျိုးနွံနာခံကြလိမ့်မည် ဖြစ်သည်။

## အခန်း ၃၆

အနန္တတန်ခိုးရှင် စစ်မှန်သော ဘုရားသခင်၊ နန်းတက် ရှင်ဘုရင်သည် တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့အား မျက်နှာမူလျက် စကြဝဠာတစ်ခုလုံးကို စိုးစံပြီး၊ ကောင်းကင်အောက်ရှိ အရာခပ်သိမ်းတို့သည် ဘုရားသခင်၏ ဘုန်းဖြင့် ထိန်လင်းလျက်ရှိ၏။ စကြဝဠာနှင့် ကမ္ဘာ့အစွန်အဖျားတိုင်အောင်ရှိ သက်ရှိအပေါင်းတို့သည် မြင်ကြရမည်။ တောင်များ၊ မြစ်များ၊ ရေကန်များ၊ ကုန်းမြေများ၊ သမုဒ္ဒရာများနှင့် သက်ရှိသတ္တဝါအပေါင်းတို့သည် စစ်မှန်သော ဘုရားသခင်၏ မျက်နှာအလင်းတွင် အိပ်မက်မှ နိုးထလျက်ရှိကြသည့်အလား၊ မြေကို ထိုးဖောက်၍ အညှောင့်ထွက်သည့်အလား ၎င်းတို့၏ ကန့်လန့်ကာများကို ဖွင့်လှစ်ခဲ့ကြလေပြီ။

အဲ၊ တစ်ဆူတည်းသော စစ်မှန်သည့် ဘုရားသခင်သည် ကမ္ဘာလောကရှေ့၌ ပေါ်ထွန်းလေသည်။ မည်သူသည် ကိုယ်တော့်အား ခုခံမှုဖြင့် ချဉ်းကပ်ဝံ့သနည်း။ အားလုံးသည် ကြောက်ရွံ့ခြင်းဖြင့် တုန်လှုပ်ကြ၏။ အားလုံး လုံးဝ ယုံကြည်လက်ခံကြပြီး၊ ခွင့်လွှတ်ခြင်းကို ထပ်ကာတလဲ တောင်းခံကြ၏။ လူအားလုံး သူ၏ရှေ့တွင် ဒူးထောက်ကာ နှုတ်ရှိသမျှသည် သူ့ကို ရှိခိုးကြလေသည်။ တိုက်ကြီးများနှင့် သမုဒ္ဒရာများ၊ တောင်များ၊ မြစ်များ- အရာခပ်သိမ်းတို့သည် ကိုယ်တော့်အား အတောမသတ် ချီးမွမ်းကြသည်။ နွေဦးသမယသည် ၎င်း၏ နွေးထွေးသော လေညင်းများနှင့်အတူ သန့်စင်သော နွေဦးမိုးကို ယူဆောင်လျက် ရောက်လာသည်။ လူအားလုံးကဲ့သို့ စမ်းချောင်းများ၏ ရေစီးကြောင်းများသည် ကျေးဇူးတင်ရှိခြင်းနှင့် မိမိကိုယ်ကိုယ် အပြစ်တင်ခြင်း မျက်ရည်များ ယိုစီးလျက် ပူဆွေးခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ဖြင့် စီးဆင်းကြသည်။ မြစ်များ၊ ရေကန်များ၊ ကမ်းခတ်လှိုင်းနှင့်

လှိုင်းတံပိုးထခြင်းများ အားလုံးသည် စစ်မှန်သော ဘုရားသခင်၏ သန့်ရှင်းသောနာမကို သီဆိုလျက်၊ ချီးမွမ်းထောပနာပြုလျက် ရှိနေကြသည်။ ချီးမွမ်းခြင်းအသံများမှာ အင်မတန် ကြည်လင်ပြတ်သားမှုဖြင့် မြည်ဟည်းထွက်သွား၏။ တစ်ချိန်က စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံခဲ့ရသည့် ဟောင်းသောအရာများ- တစ်ခုစီတိုင်းသည် အသစ်ပြုပြင်ခံရကာ ပြောင်းလဲကြလိမ့်မည်ဖြစ်ပြီး၊ လုံး၀ သစ်လွင်သော နယ်ပယ် တစ်ခုထဲသို့ ဝင်ရောက်ကြလိမ့်မည် ...

ဤသည်မှာ သန့်ရှင်းသော တံပိုးဖြစ်ပြီး စတင်အသံမြည်လေပြီ။ နားစိုက်ထောင် ကြလော့။ အချိန်ကျရောက်ပြီ ဖြစ်ကြောင်း၊ နောက်ဆုံးသောနိဂုံး ရောက်လာပြီ ဖြစ်ကြောင်းကို တိုင်းနိုင်ငံတိုင်းနှင့် လူတိုင်းအား အသိပေးလျက် အလွန် သာယာနာပျော်ဖွယ်ကောင်းသော ထိုအသံသည် ပလ္လင်၏ မိန့်မြွက်ချက်ဖြစ်သည်။ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်မှာ ပြီးမြောက်ပြီဖြစ်သည်။ ငါ၏ နိုင်ငံတော်သည် ကမ္ဘာမြေကြီးပေါ်တွင် လူပုံအလယ် ပေါ်ထွန်းလေပြီ။ လောက၏ နိုင်ငံများသည် ဘုရားသခင်ဖြစ်သော ငါ၏ နိုင်ငံတော် ဖြစ်လာကြပေပြီ။ ငါ၏ တံပိုးခုနှစ်လုံးသည် ပလ္လင်မှ အသံမြည်ကာ၊ အင်မတန် အံ့သြဖွယ် အရာများ ဖြစ်ပေါ်လိမ့်မည်။ ကမ္ဘာမြေကြီး အစွန်းရှိ လူတို့သည် အချို့က ပင်လယ်များတွင် ရွက်လွှင့်လျက်၊ အချို့တို့သည် လေယာဉ်ဖြင့် ပျံသန်းလျက်၊ အချို့တို့သည် ပုံသဏ္ဌာန် အရွယ်အစား အမျိုးမျိုးရှိသော မော်တော်ယာဉ်များကို စီးလျက်၊ အချို့တို့သည် မြင်းစီးလျက်၊ ရေခဲတောင်တစ်ခု ပြိုကျသည့် အရှိန်မျိုး၊ မိုးကြိုးတို့၏ အင်အားမျိုးဖြင့် အရပ်ရပ်မှ တစ်ဟုန်ထိုး ပြေးလာကြလိမ့်မည်။ သေချာစွာ ကြည့်လော့။ ဂရုတစိုက် နားထောင်လော့။ စိတ်ဝိညာဉ်များ နိုးထလျက်၊ အင်အားကြီးမားပြီး ခံ့ညားလျက်၊ စစ်မြေပြင်ကို သိမ်းပိုက်သည့်အလား၊ အရောင်အမျိုးမျိုးသော မြင်းများကို စီးနင်းလာသည့် ဤသူများသည် သေခြင်းကို ဂရုမစိုက်ပေ။ မြင်းများ၏ ဟီသံနှင့် စစ်မှန်သော ဘုရားသခင်အား ဟစ်ခေါ်ကြသော လူတို့၏ ပွက်ပွက်ညံသံကြားတွင် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများစွာသည် ၎င်းတို့၏ခွာများဖြင့် ချက်ချင်း နင်းချေခံရကြလိမ့်မည်။ အချို့တို့သည် သေကျေကြလိမ့်မည်၊ အချို့တို့သည် ၎င်းတို့၏ နောက်ဆုံး ထွက်သက်ကို ရှူိက်ကြလိမ့်မည်၊ အချို့တို့သည် ကယောင်ချောက်ချား အော်ဟစ်ရင်း၊ နာကျင်မှုဝေဒနာဖြင့် ငိုကြွေးရင်းဖြင့် ၎င်းတို့အား စောင့်ရှောက်မည့်သူ တစ်ဦးမျှ မရှိဘဲ ရုပ်ပျက်ဆင်းပျက်ဖြစ်ကြလိမ့်မည်။ ပုန်ကန်ခြင်း၏ သားများပေတကား။ ဤသည်မှာ သင်တို့၏ နောက်ဆုံးရလဒ် မဟုတ်လော။

ငါ၏အသံကို ကြားပြီး တိုင်းနိုင်ငံနှင့် နယ်မြေအားလုံးမှ စုဝေးကြကုန်သော ငါ၏ လူများအပေါ်

ငါသည် ဝမ်းမြောက်စွာကြည့်၏။ စစ်မှန်သော ဘုရားသခင်ကို မိမိတို့၏ နှုတ်တွင် ထားရှိကြသော လူအပေါင်းတို့သည် ဝမ်းမြောက်သည့်အတွက် အတောမသတ် ချီးမွမ်းကာ ခုန်ပေါက်ကြလေ၏။ ၎င်းတို့သည် ကမ္ဘာလောကကို သက်သေခံကြပြီး၊ စစ်မှန်သော ဘုရားသခင်အား ၎င်းတို့၏ သက်သေခံချက်အသံသည် ရေထု၏ မြည်ဟည်းနေသော အသံကဲ့သို့ဖြစ်သည်။ လူအပေါင်းတို့သည် ငါ၏ နိုင်ငံတော်ထဲသို့ စုရုံးကြလိမ့်မည်။

ငါ၏ တံပိုးခုနှစ်လုံးသည် အိပ်မောကျနေသူတို့အား နိုးထစေလျက် အသံမြည်ကြ၏။ အလျင်အမြန် ထကြလော့၊ အချိန် သိပ်မနှောင်းသေးပေ။ သင်တို့၏ အသက်တာကို ကြည့်ကြလော့။ သင်တို့၏ မျက်လုံးများကို ဖွင့်၍၊ ယခု မည်သည့်အချိန် ရှိပြီဖြစ်သည်ကို မြင်ကြလော့။ ရှာဖွေစရာ မည်သည့်အရာ ရှိသနည်း။ စဉ်းစားစရာ မည်သည့်အရာ ရှိသနည်း။ ဖက်တွယ်စရာ မည်သည့်အရာ ရှိသနည်း။ ငါ၏ အသက်ကို ရခြင်းနှင့် သင် ချစ်ခင်ကာ ဖက်တွယ်ထားသော အရာအားလုံးကို ရရှိခြင်းကြား တန်ဖိုးကွာခြားမှုကို သင် ဆင်ခြင်စဉ်းစားဖူးပါသလော။ တဇွတ်ထိုးမလုပ်သကဲ့သို့ ကပြက်ကချော် မလုပ်ကြနှင့်တော့။ ဤ အခွင့်အရေးကို လက်လွှတ်မခံလေနှင့်။ ဤအချိန်သည် တစ်ဖန် ရောက်လာလိမ့်မည် မဟုတ်။ သင်တို့၏ ဘဝအတွေ့အကြုံ ပို၍ နက်ရှိုင်းစေရန်နှင့် ငါ၏ စိတ်သဘောထားအတိုင်း သင်တို့ အသက်ရှင်ရန်အလို့ငှာ၊ ပြီးလျှင် သင်တို့၏ အသက်တာ ရင့်ကျက်ပြီး အတွေ့အကြုံရင့်စေရန်နှင့် ငါ၏ ခြေလှမ်းများနောက်သို့ သင်တို့ အမြဲလိုက်နိုင်ပြီး စာတန်ကို အောင်နိုင်ကြစေဖို့အလို့ငှာ၊ ချက်ချင်း ထရပ်လော့၊ သင်တို့၏ စိတ်ဝိညာဉ်ကို လက်တွေ့လေ့ကျင့်လော့၊ စာတန်၏ ကြံစည်မှုနှင့် လှည့်ကွက်တိုင်းကို ရိပ်မိပြီး ဖျက်ဆီးရန် အမျိုးမျိုးသော လက်နက်များကို အသုံးပြုလော့။ စိတ်ဓာတ်ကျခြင်း၊ အားနည်းခြင်း မရှိဘဲ၊ ရှေ့သို့ အမြဲရွေ့ရင်း၊ တစ်လှမ်းချင်း လမ်းဆုံးထိ တည့်တည့် သွားကြလော့။

တံပိုးခုနှစ်လုံး တစ်ဖန် အသံမြည်သည့်အခါ၊ ယင်းသည် တရားစီရင်ခြင်း၊ ပုန်ကန်သော သားများကို တရားစီရင်ခြင်း၊ တိုင်းနိုင်ငံအပေါင်းနှင့် လူမျိုးအပေါင်းတို့ကို တရားစီရင်ခြင်းအဖို့ ကြေညာခြင်း ဖြစ်လိမ့်မည်ဖြစ်ပြီး တိုင်းနိုင်ငံအသီးသီးသည် ဘုရားသခင်၏ရှေ့တွင် အညံ့ခံကြလိမ့်မည်။ ဘုရားသခင်၏ ကျက်သရေရှိသော မျက်နှာသည် တိုင်းနိုင်ငံအပေါင်းနှင့် လူမျိုးအပေါင်းတို့ရှေ့၌ ဧကန်အမှန် ပေါ်ထွန်းလိမ့်မည်။ အယောက်တိုင်းသည် လုံးဝ လက်ခံယုံကြည်ကြလိမ့်မည်ဖြစ်ပြီး စစ်မှန်သော ဘုရားသခင်အား အတောမသတ် ကြွေးကြော်ကြလိမ့်မည်။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် ပို၍ကြီးမားသော ကျက်သရေရှိလိမ့်မည်ဖြစ်ပြီး၊ ငါ၏ သားများသည် တိုင်းနိုင်ငံအပေါင်းနှင့်

လူမျိုးအပေါင်းတို့အား တရားစီရင်လျက်၊ မတရားသောသူတို့အား ပြစ်ဒဏ်ပေးလျက်၊ ငါနှင့်သက်ဆိုင်သောသူတို့အား ကယ်တင်ကာ သနား ကရုဏာထားလျက်၊ နိုင်ငံတော်ကို ခိုင်မာပြီး တည်ငြိမ်စေလျက် ငါနှင့်အတူ ဘုန်းအသရေနှင့် ရှင်ဘုရင် အရိုက်အရာကို မျှဝေခံစားကြလိမ့်မည်။ တံပိုးခုနှစ်လုံး၏ အသံမှတစ်ဆင့်၊ လူပေါင်းမြောက်မြားစွာတို့သည် အစဉ် ချီးမွမ်းခြင်းဖြင့် ဒူးထောက်ကိုးကွယ်ရန် ငါ၏ရှေ့သို့ ပြန်လာကြရင်း ကယ်တင်ခြင်း ခံရကြလိမ့်မည်။

တံပိုးခုနှစ်လုံး နောက်တစ်ဖန် အသံမြည်သည့်အခါ၊ ယင်းသည် ခေတ်ကာလ၏ အဆုံးမှ နိဂုံးချုပ်အဖြစ်အပျက်၊ စာတန်မာရ်နတ်အပေါ် အောင်မြင်မှုနှင့်ဆိုင်သော ကျယ်လောင်စူးရှသည့် တံပိုးမှုတ်သံ၊ ကမ္ဘာမြေကြီးပေါ် ရှိ နိုင်ငံတော်ထဲတွင် လူပုံအလယ် အသက်ရှင်ခြင်း၏ အစအဦးကို ကြေညာသည့် ဂုဏ်ပြုခြင်း ဖြစ်လတ္တံ့။ အလွန်မြင့်မြတ်သည့် အသံပေတကား၊ ပလ္လင်ပတ်လည်တွင် ပဲ့တင်ထပ်နေသော ဤအသံ၊ ကောင်းကင်နှင့်မြေကြီးကို တုန်ခါစေသော ဤကျယ်လောင်စူးရှသည့် တံပိုးမှုတ်သံသည် ငါ၏ စီမံခန့်ခွဲမှုအစီအစဉ် အထမြောက်အောင်မြင်ခြင်း လက္ခဏာဖြစ်၏။ ယင်းသည် စာတန်နှင့်ဆိုင်သော တရားစီရင်ခြင်း ဖြစ်သည်။ ၎င်းက ဟောင်းနွမ်းသော ဤကမ္ဘာလောကကြီး တစ်ခုလုံးကို သေဆုံးခြင်းသို့၊ အနက်ဆုံးသောတွင်းထဲသို့ ပြန်သွားဖို့ စီရင်လေသည်။ ကျယ်လောင်စူးရှသော ဤတံပိုးမှုတ်သံသည် ကျေးဇူးတော်တံခါး ပိတ်တော့မည်၊ နိုင်ငံတော်၏အသက်တာသည် ကမ္ဘာမြေကြီးပေါ်၌ စတင်လိမ့်မည်ဟူသည့် မှန်ကန်ပြီး လျော်ကန်သောအချက်တို့ကို ညွှန်ပြပေသည်။ ဘုရားသခင်သည် သူ့အား ချစ်သောသူများကို ကယ်တင်၏။ သူ၏ နိုင်ငံတော်ဆီသို့ ၎င်းတို့ ပြန်သွားကြသည်နှင့် တစ်ပြိုင်နက်၊ ကမ္ဘာမြေကြီးပေါ် ရှိ လူတို့သည် ငတ်မွတ်ခြင်းဘေးနှင့် ကပ်ရောဂါဘေးကို ရင်ဆိုင်ကြရလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ ဖလားခုနှစ်လုံးနှင့် ဘေးဒဏ်ခုနှစ်ပါးသည် တစ်ခုပြီး တစ်ခု သက်ရောက်မည် ဖြစ်သည်။ ကောင်းကင်နှင့် မြေကြီး မတည်သော်လည်း၊ ငါ၏စကား တည်လိမ့်မည်။

# အခန်း ၃၇

သင်တို့သည် ငါ၏မျက်မှောက်တွင် ယုံကြည်ခြင်း အမှန်ပင် ကင်းမဲ့ကြပြီး လျှပ်ရှားလုပ်ဆောင်ရာတွင် မိမိကိုယ်ကိုယ် အားထားလေ့ရှိကြ၏။"သင်တို့သည် ငါမပါဘဲ မည်သည်မျှ မပြုနိုင်ပေ"။ သို့သော် ဖောက်ပြန်ပျက်စီးသော သင်တို့သည် ငါ့စကားများကို

အစဉ်အမြဲ ကြားပြီးသည်နှင့် ချက်ချင်းမေ့ပစ်လိုက်ကြ၏။ ယခုကာလ အသက်တာသည် နှုတ်ကပတ်တော်အားဖြင့် ဖြစ်သော အသက်တာ ဖြစ်ပေ၏၊ နှုတ်ကပတ်တော်မရှိဘဲ အသက်မရှိ၊ အတွေ့အကြုံမရှိ၊ ယုံကြည်ခြင်းမရှိကြောင်း ဖော်ပြခြင်းကိုပင် လျှော့အပ်သည်။ ယုံကြည်ခြင်းသည် နှုတ်ကပတ်တော်များထဲ၌ ရှိ၏၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ သင့်တို့ကိုယ်သင်တို့ ခြေစုံပစ် သာ၍တိုးဝင်မှသာလျှင် အရာရာကို သင်ရနိုင်သည်။ ကြီးထွားမှု မရှိလိမ့်မည်ကို မစိုးရိမ်နှင့်- အသက်တာသည် ကြီးထွားကို ကြီးထွားပြီး၊ လူတို့၏ စိုးရိမ်ပူပန်ခြင်းမှ ကြီးထွားခြင်းမဟုတ်ပေ။

သင်တို့သည် အမြဲပင် စိုးရိမ်ကြောင့်ကြတတ်လာကြပြီး၊ ငါ၏ ညွှန်ကြားချက်များကို နားမထောင်ကြချေ။ သင်တို့သည် ငါ၏ ခြေလှမ်းကို အမြဲကျော်လွန်လိုကြသည်။ အဘယ်အရာများ ဖြစ်နေသနည်း။ ယင်းသည် လူ၏ပြင်းပြသောဆန္ဒ ဖြစ်သည်။ မည်သည်က ဘုရားသခင်ထံမှလာပြီး မည်သည်က သင်တို့ကိုယ်တိုင်ထံမှ လာသည်ကို ရှင်းရှင်းလင်းလင်း ခွဲခြားသင့်၏။ စိတ်အားထက်သန်မှုသည် ငါ၏မျက်မှောက်၌ မည်သည့်အခါမျှ ချီးကျူးခံရမည်ဟုတ်ပေ။ သင်တို့သည် မပြောင်းလဲသော အစဉ်သစ္စာ ရှိမှုဖြင့် ငါ့နောက်သို့ အဆုံးတိုင် လိုက်နိုင်ရန် ငါအလိုရှိ၏။ ဤနည်းလမ်းအတိုင်း ပြုမူခြင်းသည် ဘုရားသခင်အား ရိုသေကိုင်းရှိုင်းခြင်းဖြစ်သည်ဟု သင်တို့ ယုံကြည်ကြ၏။ လူကန်းတို့၊ ငါ့မျက်မှောက်သို့ အဘယ်ကြောင့် ရှာဖွေရန် ပိုမိုတိုးဝင်ခြင်းမ ရှိဘဲ သင်တို့ဘာသာသင်တို့ ဟိုဟိုသည်သည် ဖရိုဖရဲဖြစ်ကြသနည်း။ ရှင်းလင်းစွာ မြင်ရမည်။ အကယ်စင်စစ် ယခုအလုပ်လုပ်နေသူမှာ လူပုဂ္ဂိုလ်တစ်ဦးမဟုတ်ဘဲ ယင်းအစား အရာခပ်သိမ်းကို အစိုးရသူ၊ တစ်ပါးတည်းသော စစ်မှန်သည့် ဘုရားသခင် အနန္တတန်ခိုးရှင် ဖြစ်၏။ သင်သည် လျစ်လျူမရှုဘဲ သင်တို့၌ ရှိသမျှအရာအားလုံးကို အမြဲဖက်တွယ်ထားရမည်၊ အကြောင်းမူကား ငါ၏နေ့ရက်သည် နီးကပ်လာပြီ ဖြစ်သောကြောင့် ဖြစ်သည်။ ဤသို့သော အချိန်၌ပင်လျှင် သင်တို့သည် နိုးထခြင်း မရှိသေးသလော။ ရှင်းရှင်းလင်းလင်း မမြင်သေးသလော။ သင်တို့သည် လောကနှင့် ဆက်ဆံမြဲဆက်ဆံနေသေး၏၊ ထိုအရာမှ ဖြတ်တောက်ခြင်း မပြုနိုင်ပေ။ အဘယ့်ကြောင့်နည်း။ ငါ့ကို အမှန်တကယ် ချစ်သလော။ ငါမြင်ရန် သင်တို့၏ စိတ်နှလုံးတို့ကို ဖွင့်ပြနိုင်သလော။ သင်တို့၏ဖြစ်တည်မှုများ အလုံးစုံတို့ကို ငါ့အား ဆက်ကပ်နိုင်သလော။

ငါ၏ နှုတ်ကပတ်တော်များကို သာ၍တွေးတောပြီး၊ ရှင်းရှင်းလင်းလင်း အစဉ်အမြဲနားလည်သဘောပေါက်လော့။ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် စိတ်မပါ့တပါဖြစ်ခြင်းတို့ မဖြစ်နှင့်။ ငါ၏ မျက်မှောက်တွင် သာ၍ ရှိလော့၊ ငါ၏ ဖြူစင်သော

နှုတ်ကပတ်တော်များကို သာ၍နာယူလော့၊ ငါ၏ရည်ရွယ်ချက်များကို နားလည်မှု မလွဲနှင့်။ ငါ့အား သင်တို့ကို အဘယ်အရာများ ထပ်ပြောစေလိုသေးသနည်း။ လူတို့၏ စိတ်နှလုံးတို့သည် မာကျော၏၊ လူတို့သည် အယူအဆများ၏ လေးလွန်းသောဝန်ကို ထမ်းနေရ၏။ ၎င်းတို့သည် နေသာရုံနှင့် လုံလောက်သည်ဟု အမြဲထင်ကြပြီး ၎င်းတို့၏ အသက်တာများကို အမြဲ ပြက်လုံး ထုတ်ကြသည်။ မိုက်မဲသော သားသမီးများပေတကား။ အချိန်နှောင်းပြီ။ အပျော်အပြက် ရှာဖွေရန် အချိန်မဟုတ်။ သင်တို့၏မျက်လုံးများကို ဖွင့်ပြီး မည်သည့်အချိန် ဟူသည်ကို ကြည့်ရှုသင့်ပြီ။ နေသည် မိုးကုပ်စက်ဝိုင်းကို ဖြတ်ပြီး ကမ္ဘာမြေကို အလင်းပေးတော့မည်။ သင်တို့၏မျက်စိတို့ကို ကျယ်ကျယ်ဖွင့်ပြီး ကြည့်ရှုလော့၊ သတိမဲ့စွာ မနေနှင့်။

ဤသည်မှာ ကြီးကျယ်သည့်အမှုဖြစ်၏၊ သို့သော် သင်တို့သည် ယင်းအပေါ် ဤသို့ ပေါ့ပေါ့တန်တန် သဘောထားကြပြီး ဤသို့ ပြုမူကြသည်တကား။ ငါ၏စိတ်နှလုံးသည် ပူပန်၏၊ သို့သော် ငါ၏စိတ်နှလုံးကို အရေးထားသူ၊ ငါ၏ ကောင်းသောတိုက်တွန်းမှုများကို ကြားနိုင်သူ၊ ငါ၏ အကြံဉာဏ်ကို နားထောင်နိုင်သူ နည်း၏။ ဤတာဝန်သည် ခက်ခဲကြမ်းတမ်းသည်၊ သို့သော် သင်တို့အထဲတွင် ငါ့အတွက် ဤဝန်ကို မျှဝေခံစားနိုင်သောသူ နည်း၏။ သင်သည် ဤကဲ့သို့သော စိတ်သဘောထားကို ဆုပ်ကိုင်ထားနေသေး၏။ အတိတ်ကာလဖြင့် နှိုင်းယှဉ်လျှင် သင်၌တိုးတက်မှုအချို့ရှိသော်လည်း၊ ဤအခြေအနေတွင် အမြဲရပ်တန့်မနေနိုင်ပေ။ ငါ၏ခြေလှမ်းများသည် အလျင်အမြန် ရှေ့သို့သွားနေ၏၊ သို့သော် သင်တို့၏အရှိန်သည် ဤအတိုင်းပင် ရှိနေသေး၏။ သင်သည် ယနေ့အလင်းနှင့် ငါ၏ ခြေလှမ်းတို့ကို မည်သို့ အမီလိုက်နိုင်မည်နည်း။ တုံ့ဆိုင်းခြင်း မရှိလေတော့နှင့်။ ငါသည် သင်တို့ကို တစ်ကြိမ်ပြီးတစ်ကြိမ် အလေးထားပြောပြီးပေပြီ- ငါ၏နေ့ရက်သည် နှောင့်နှေးကြန့်ကြာတော့မည် မဟုတ်။

ယနေ့အလင်းသည် ယနေ့နှင့်သက်ဆိုင်ပြီး၊ ယင်းကို ယခင်နေ့က အလင်းနှင့် နှိုင်းယှဉ်ခြင်း မပြုနိုင်သည်သာမက နက်ဖြန်နေ့၏ အလင်းနှင့်လည်း နှိုင်းယှဉ်ခြင်း မပြုနိုင်ရာ။ နေ့အသီးသီးကုန်လွန်သည်နှင့်အမျှ အသစ်သောထုတ်ဖော်ခြင်းများ နှင့် အသစ်သောအလင်းသည် ပိုမိုပြင်းထန်ပြီး ပိုမိုထွန်းတောက်လာ၏။ တွေဝေမနေတော့နှင့်၊ မိုက်မဲ မနေတော့နှင့်၊ နည်းလမ်းဟောင်းများကို ဖက်တွယ်ခြင်း မရှိတော့နှင့်၊ ငါ၏အချိန်ကို ထပ်၍ မနှောင့်နှေးစေတော့နှင့်၊ သို့မဟုတ် အချည်းနှီး မဖြစ်စေတော့နှင့်။

ဂရုစိုက်ကြည့်လော့၊ ဂရုစိုက်ကြည့်လော့။ ငါ့ထံ၌ ပိုမိုဆုတောင်း၍ ငါ၏မျက်မှောက်၌ ပိုမိုနေထိုင်လော့၊ ထိုအခါ သင်သည် အရာရာတိုင်းကို ဧကန်မုချ ရပေလိမ့်မည်။

ဤသို့ပြုခြင်းဖြင့် သင်သည် အရာရာတိုင်းကို ဧကန်အမှန် ရမည်ဖြစ်ကြောင်းကို ယုံကြည်လော့။

# အခန်း ၃၈

သင်၏ယုံကြည်ခြင်းသည် ကောင်းမွန်သည်၊ သို့မဟုတ် သန့်စင်သည် မဟုတ်၊ သို့သော် ထိုထက် ငါ၏အမှုသည် အံ့ဩဖွယ်ဖြစ်ခြင်း ဖြစ်၏။ အရာရာတိုင်းသည် ငါ၏သနားကြင်နာခြင်းကြောင့် ဖြစ်သည်။ သင့်ထံတွင် တကိုယ်ကောင်းဆန်မှု သို့မဟုတ် မာနထောင်လွှားမှုတို့နှင့် သက်ဆိုင်သည့် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား အနည်းငယ်မျှ မရှိရ၊ သို့မဟုတ်ပါက ငါသည် သင့်အပေါ် အမှုပြုလိမ့်မည် မဟုတ်။ သင်သည် ရှင်းလင်းစွာ နားလည်ရမည်မှာ လူတို့သည် လဲကျသည်ဖြစ်စေ၊ ခိုင်ခိုင်မာမာရပ်သည်ဖြစ်စေ ယင်းတို့မှာ ၎င်းတို့ကြောင့်မဟုတ်၊ ငါ့ကြောင့်သာဖြစ်သည်။ ယနေ့တွင် သင်သည် ဤအဆင့်ကို ရှင်းရှင်းလင်းလင်း နားမလည်ပါက၊ သင်သည် နိုင်ငံတော်သို့ ဝင်ရောက်ရန်အတွက် မအောင်မြင်မည်မှာ သေချာလိမ့်မည်။ ယနေ့ လုပ်ဆောင်နေသည့်အရာသည် ဘုရားသခင်၏ အံ့ဖွယ်သောအမှု ဖြစ်သည်ကို သင်နားလည်ရမည်၊ ထိုအရာသည် လူသားနှင့် လုံးဝ သက်ဆိုင်ခြင်း မရှိပေ။ လူသား၏လုပ်ရပ်တို့သည် မည်သည့်အရေးပါမှုရှိသနည်း။ ၎င်းတို့ တကိုယ်ကောင်းမဆန်၊ မာနထောင်လွှားမှုမရှိ၊ ဂုဏ်မမောက်ချိန်တွင်၊ ၎င်းတို့သည် ဘုရားသခင်၏ စီမံအုပ်ချုပ်မှုကို နှောင့်ယှက်နေ၍ ကိုယ်တော်၏ အကြံအစည်တို့ကို ဖျက်ဆီးနေလေသည်။ အိုဖောက်ပြန်ပျက်စီးသောသူတို့။ သင်တို့သည် ယနေ့တွင် ငါ့ကို အမှီပြုရန် လာရမည်၊ အကယ်၍ သင်တို့မလာလျှင်၊ သင်တို့သည် ဘယ်သောအခါမှ မည်သည့်အရာကိုမျှ ရရှိလိမ့်မည်မဟုတ်ဟု ယနေ့ ငါဆိုသည်။ အားလုံးတို့သည် အချည်းနှီးသက်သက် ဖြစ်လိမ့်မည်ဖြစ်ပြီး သင်တာဝန်ယူနေသည့်အရာတို့မှာ တန်ဖိုးမဲ့ ဖြစ်ကြလိမ့်မည်။

အချိန်ဆွဲခြင်း သို့မဟုတ် တုံ့ဆိုင်းခြင်း မပြုနှင့်၊ ယနေ့တွင် ငါ့ကိုချစ်သောသူ အယောက်စီတို့သည် ၎င်းတို့အပေါ်၌ ငါ၏အံ့ဖွယ်သောအမှု ဆောင်ရွက်စေခြင်းခံရမည်။ မိမိကိုယ်ကိုယ် မနှိမ့်ချသောသူတို့သည် ငါ့အတွက် အသုံးမဝင်ပေ၊ ထို့အပြင် ယနေ့တွင် ငါသည် လုံးလုံးလျားလျား နှိမ့်ချသူတို့ကိုသာလျှင် အသုံးပြုသည်။ ငါ့ကို စစ်မှန်သော စိတ်နှလုံးဖြင့် ချစ်သောသူတို့၊ အခြားသူတို့၏ အထင်အမြင်သေးခြင်းကို ခံရသောသူတို့နှင့် ငါ့ထံသို့

ၶင်းတို့ကိုယ်ၶင်းတို့ အပြည့်အဝ ဖွင့်ပါနိုင်သောသူတို့ကိုသာလျှင် ငါသည် အပြည့်အဝ ဖွင့်ပါမည်။ ငါ၏ရည်ရွယ်ချက်တို့ကို သင့်အား နားလည်စေ၍ သင်သည် အချိန်တိုင်း ငါ၏ကောင်းချီးမင်္ဂလာတို့ကို ရရှိကာ ငါ၏ရှေ့တွင် ရှိလိမ့်မည်။ ယနေ့တွင် ငါ့အတွက် မိမိကိုယ်ကိုယ် အသုံးပြုသူ၊ ယနေ့တွင် ငါ့အတွက် မိမိကိုယ်ကိုယ် ဆက်ကပ်သူနှင့် ယနေ့တွင် ငါ့အတွက် ဝန်တို့ကိုထမ်းသူတို့ကို ငါသည် ဘယ်သောအခါမျှ မတရားစွာ ဆက်ဆံမည်မဟုတ်၊ ထိုသို့ဖြင့် ငါ၏ဖြောင့်မတ်ခြင်းကို ထုတ်ဖော်သည်။ ငါနှင့်ပတ်သက်၍ မညည်းညူကြနှင့်။ ငါ၏ ကျေးဇူးတော်သည် သင်တို့အဖို့ လုံလောက်ပေ၏။ နှိုင်းယှဉ်၍မရသော ချိုမြိန်ခြင်းအရသာကို သင်ခံစားရန် သင်လာ၍ယူလျှင် ကောင်းလိမ့်မည်။ ဤအရာသည် သင့်အတွင်း၌ ငါ့အတွက် ချစ်ခြင်းမေတ္တာကို ဖန်တီးလိမ့်မည်သာမက သင်၏ ဤချစ်ခြင်းမေတ္တာကိုပါ လေးနက်စေလိမ့်မည်ဖြစ်သည်။

ငါ၏အမှုကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပြီး ထိုအမှုအရာသည် ဂရုမပြုခြင်း သို့မဟုတ် မရေရာခြင်း လုံးဝမရှိ။ ငါ့နောက်သို့လိုက်ရန်၊ သင်တို့သည်လည်း ဤနည်းလမ်းဖြင့် အမှုအရာတို့ကို ဆောင်ရွက်ရမည်။ ငါ၏ ကိုယ်နှုတ်အမှုအရာကို ကြည့်ရှု၍ ငါ့ထံမှ သင်ယူလော့၊ ဤနည်းဖြင့်၊ ငါ၏ခြေလှမ်းများနောက် လိုက်လျှောက်ပါက၊ သင်တို့သည် နိုင်ငံတော်၏ သရုပ်သကန်အတွင်းသို့ ခေါ်ဆောင်ခြင်း ခံရလိမ့်မည်။ တစ်သံတည်းဖြင့် ကောင်းချီးသြဘာပေးလော့။ ငါ၏သားတို့။ ဘုရားသခင်၏အမှုကို သင်တို့လူစုအပေါ်သို့ ပြီးမြောက်စေလိမ့်မည်။ သင်တို့သည် ကောင်းချီးမင်္ဂလာခံစားရသည်ဟု မခံစားကြရသလော။

ဤအရာသည် နားလည်သဘောပေါက်ရန် အမှန်တကယ် ခက်ခဲလှသည်။ ငါ၏ အံ့ဖွယ်သောအမှုတို့ကို သင်တို့သည် မြင်နိုင်ရန် ငါသည် သင်တို့ကို ဤနေရာသို့ ယနေ့ ခေါ်ဆောင်ခဲ့လေပြီ။

# အခန်း ၃၉

သင်၏ မျက်စိတို့အား ဖွင့်ပြီး ကြည့်လော့၊ ငါ၏ ကြီးမြတ်သောတန်ခိုးကို နေရာတိုင်း၌ သင် မြင်နိုင်သည်။ သင်သည် နေရာတိုင်း၌ ငါ့ကို သေချာနိုင်သည်။ စကြဝဠာ နှင့် မိုးမျက်နှာကြက်သည် ငါ၏ ကြီးမြတ်သော တန်ခိုးကို ပျံ့နှံ့စေနေသည်။ ငါဆိုခဲ့သော နှုတ်ကပတ်တော်တို့သည် ရာသီဥတုပူနွေးမှု၊ ဥတုရာသီ ပြောင်းလဲမှု၊ လူတို့အတွင်း မူမမှန်မှုများ၊ လူမှုဆက်ဆံရေးများ ကစဉ့်ကလျားဖြစ်မှုနှင့် လူတို့၏ နှလုံးသားများအတွင်း

လိမ်ညာလှည့်ဖြားမှုများတွင် အမှန်ဖြစ်လာခဲ့ပြီးဖြစ်သည်။ နေသည် ဖြူလာပြီး၊ လသည် နီလာသည်၊ အရာအားလုံးသည် ဟန်ချက်မညီ ဖြစ်နေသည်။ သင်တို့သည် ဤအရာများကို အမှန်ပင် မမြင်သေးသလော။

ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးကို ဤနေရာတွင် ထုတ်ဖော်ပြသထားသည်။ ကိုယ်တော်သည် လူတို့ နှစ်ပေါင်းများစွာ လေ့လာကိုးစားခဲ့သည့်၊ တစ်ဆူတည်းသော စစ်မှန်သည့် ဘုရားသခင် အနန္တတန်ခိုးရှင် ဖြစ်သည်ကို သံသယ ရှိစရာ မလိုပေ။ မည်သူသည် စကားလုံးတို့ကို မိန့်မြွက်ရုံဖြင့် အမှုအရာများကို ဖြစ်ပေါ်စေနိုင်သနည်း။ ကျွန်ုပ်တို့၏ အနန္တတန်ခိုးရှင် ဘုရားသခင်သာ ဖြစ်သည်။ ကိုယ်တော် ပြောဆိုလျှင်ပြောဆိုချင်း သမ္မာတရား ပေါ်လာသည်။ ကိုယ်တော်သည် စစ်မှန်သော ဘုရားသခင်ဖြစ်ကြောင်း သင်သည် အဘယ့်ကြောင့် မပြောဘဲနေနိုင်သနည်း။

သင်တို့အားလုံးသည် ငါနှင့်အတူ ပူးပေါင်းဆောင်ရွက်လို ကြောင်း ငါသည် ရင်ထဲက သိပြီး၊ ငါရွေးချယ်ထားသောသူများ၊ ငါ၏ ချစ်လှစွာသော ညီအစ်ကိုများနှင့် ညီအစ်မများ အားလုံးတို့၌ ဤကဲ့သို့သော ပြင်းပြသည့် ဆန္ဒရှိသော်လည်း၊ စစ်မှန်မှုဖြစ်စဉ်နှင့် ရင်ဆိုင်ရသောအချိန်တွင် အကယ်ပင် မဝင်ရောက်နိုင် သို့မဟုတ် အမှန်တကယ် လက်တွေ့မလုပ်ဆောင်နိုင်ဘဲ၊ အေးအေးဆေးဆေး တည်ငြိမ်လျက် ရှိမနေနိုင်ကြောင်း ငါယုံကြည်သည်။ သင်သည် ဘုရားသခင်၏ ရည်ရွယ်ချက်များကို မည်သည့်အခါမျှ ပဓာနမပြုဘဲ၊ မိမိကိုယ်တိုင်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ စိတ်ဝင်စားမှုများကို ရှေ့တန်းတင်ပြီး၊ စောင့်စားခြင်းမရှိဘဲ မိမိဘာသာ လုပ်ဆောင်သည်။ ဤနည်းလမ်းသည် ငါ၏ ရည်ရွယ်ချက်တို့အား မည်သည့်အခါမျှ ကျေနပ်စေလိမ့်မည် မဟုတ်ကြောင်း သင်တို့ကို ငါ ပြောမည်။ ကလေးငယ်။ သင်၏ နှလုံးသားကိုသာ ငါ့အား အပြည့်အဝ ပေးလော့။ အတွေးအမြင် ကြည်လင်ပြတ်သားလော့။ ငါသည် သင်၏ ငွေကြေးကိုသော်လည်းကောင်း၊ သင်၏ ဥစ္စာပစ္စည်းများကိုသော်လည်းကောင်း မလိုချင်သကဲ့သို့၊ သင် ငါ့ရှေ့မှောက်သို့ စိတ်အားထက်သန်စွာ၊ လိမ်လည်လှည့်ဖြားခြင်းဖြင့် သို့မဟုတ် ဉာဏ်အမြော်အမြင်ကျဉ်းစွာဖြင့် အစေခံရန် လာရောက်ခြင်းကိုလည်းပဲ အလိုမရှိပေ။ ပြဿနာများ ပေါ်လာသည့် အချိန်တွင် တိတ်ဆိတ်စွာနေ၍ ဖြူစင်သော နှလုံးသားရှိလော့၊ စောင့်ဆိုင်း၍ ရှာဖွေ လော့၊ ထိုအခါ ငါသည် သင့်ကို အဖြေ ပေးမည်။ သံသယမရှိလေနှင့်။ ငါ၏ နှုတ်ကပတ်တော်တို့သည် မှန်ကန်ကြောင်း သင်သည် အဘယ်ကြောင့် မည်သည့်အခါမျှ မယုံကြည်သနည်း။ အဘယ့်ကြောင့် သင်သည် ငါ၏ နှုတ်ကပတ်တော်တို့အား မယုံကြည်နိုင်သနည်း။ သင်သည် ဤမျှအစွန်းရောက်သည့်

အတိုင်းအတာအထိ ခေါင်းမာ၍၊ ယခုကဲ့သို့သောချိန်တွင်ပင်လျှင် ထိုကဲ့သို့ ဖြစ်နေသေး၏၊ သင်သည် အသိဉာဏ်မဲ့လွန်းကာ၊ အသိဉာဏ်ပွင့်လင်းခြင်း အလျင်းမရှိပေ။ အဓိက သမ္မာတရား မည်မျှကို သင်တို့သည် မှတ်မိသနည်း။ ဤအရာကို အမှန်တကယ် တွေ့ကြုံခံစားပြီးပြီလော။ ပြဿနာများနှင့် ကြုံတွေ့သည့်အချိန်တွင် သင်သည် စိတ်ရှုပ်ထွေးလာပြီး၊ မဆင်မခြင်၊ အလောတကြီး လုပ်ဆောင်သည်။ ယနေ့အတွက် အဓိက အရာမှာ၊ သင်တို့ကိုယ်တိုင်၏ နှလုံးသားများသည် မေးခွန်းများကို မကြာခဏ စဉ်းစားသည့်နည်းတူ၊ သင်သည် ဝိညာဉ်တော်အထဲဝင်ရောက်ကာ၊ ငါနှင့် မိသဟာယ သာ၍ဖွဲ့ရန် ဖြစ်သည်။ သင်နားလည်သလော။ ဤအရာသည် အဓိက သော့ချက် ဖြစ်သည်။ လက်တွေ့လုပ်ဆောင်ရန် နောက်ကျခြင်းသည် အမှန်တကယ်ပင် ပြဿနာဖြစ်သည်။ လျင်မြန်စွာလုပ်ဆောင်လော့၊ ပြီးလျှင် နှောင့်နှေးမနေနှင့်။ ငါ၏ နှုတ်ကပတ်တော်တို့ကို ကြားပြီး၊ နှောင့်နှေးမနေဘဲ ချက်ခြင်းလက်တွေ့လုပ်ဆောင်သော သူတို့သည် ကြီးစွာသော ကောင်းချီးကို ခံစားရမည်။ ငါသည် သင်တို့ အပေါ်တွင် နှစ်ဆ အပ်နှင်းမည်။ မစိုးရိမ်နှင့်။ တစ်စက္ကန့်မျှ နောက်မကျစေဘဲ၊ ငါပြောဆိုသည်အတိုင်း လုပ်ဆောင်လော့။ သင်တို့၏ လူ့အယူအဆများသည် ယေဘုယျအားဖြင့် ဤသို့ ဖြစ်ပြီး၊ သင်သည် အချိန်ဆွဲကာ ယနေ့လုပ်ဆောင်သင့်သော အရာကို နက်ဖြန်နေ့တိုင်အောင် ရောက်ရှိစေလျက် အစဉ်အမြဲ နှောင့်နှေးစေလေ့ရှိသည်။ အလွန်ပျင်းရိပြီး၊ အလွန် တရာ ပေါ့တီးပေါ့ဆနိုင်ပေတကား။ ယင်းကို စကားလုံးများဖြင့် မဖော်ပြနိုင်ပေ။ ငါသည် ချဲ့ကားပြောဆိုနေခြင်းမဟုတ်၊ ဤသည်မှာ အမှန်တရားဖြစ်သည်။ အကယ်၍ သင်သည် ထိုအရာကို မယုံကြည်လျှင်၊ သင့်ကိုယ်သင် ဂရုတစိုက် ဆန်းစစ် လေ့လာ၍၊ သင်၏ အခြေအနေကို စစ်ဆေးလော့။ ထိုသို့ပြုလျှင် ထိုအရာသည် အကယ်ပင် ထိုသို့ ဖြစ်ကြောင်းကို သင်တွေ့ရှိလိမ့်မည်။

## အခန်း ၄၀

သင်တို့သည် အဘယ့်ကြောင့် အလွန်ဉာဏ်ထိုင်းကြသနည်း။ အဘယ့်ကြောင့် အလွန်ထုံကြသနည်း။ အကြိမ်ကြိမ် သတိပေးခြင်းများက သင်တို့အား နိုးကြားစေခဲ့ခြင်းမရှိသေး၊ ထို့ကြောင့် ဤအရာသည် ငါ့အား စိတ်သောက ဖြစ်စေသည်။ ငါသည် ငါ၏သားတို့အား ထိုကဲ့သို့ အမှန်ပင် မမြင်ရက်ပေ။ ငါ၏ နှလုံးသည် ဤအရာအား မည်သို့ ခံနိုင်မည်နည်း။ အား။ ငါသည် သင်တို့အား ငါ၏လက်ဖြင့် သင်ကြားရမည်။ ငါ၏ ခြေလှမ်းသည် ဆက်လက် အရှိန်မြင့်လာသည်။ ငါ့သားတို့၊ လျင်မြန်စွာ နိုးထလျက် ငါနှင့်အတူ

ပူးပေါင်းဆောင်ရွက်လော့။ ယခု မည်သူသည် မိမိကိုယ်ကိုယ် ငါ့အတွက် ရိုးသားစွာ အသုံးခံသနည်း။ မည်သူသည် အနည်းငယ်မျှပင် ညည်းညူခြင်းမရှိဘဲ မိမိကိုယ်ကိုယ် အပြည့်အဝ ဆက်ကပ်နိုင်သနည်း။ သင်တို့သည် အမြဲတမ်း အလွန်ထုံပြီး ဉာဏ်ထိုင်းကြပေတကား။ အဘယ်မျှသော သူတို့သည် ငါ၏ ခံစားချက်များကို ထောက်ထားနိုင်ကြပြီး၊ ငါ့ နှုတ်ကပတ်တော်တို့၏ ဝိညာဉ်ကို မည်သူသည် အမှန်တကယ် နားလည်သဘောပေါက်နိုင်သနည်း။ ငါပြုနိုင်သည်မှာ စိုးရိမ်စွာ စောင့်ဆိုင်းခြင်း နှင့် မျှော်လင့်ခြင်းသာ ဖြစ်သည်၊ သင်တို့ ၏ လှုပ်ရှားမှုတစ်ခုစီတိုင်းတို့သည် ငါ၏ စိတ်နှလုံးအား ကျေနပ်မှု မရှိစေသည်ကို မြင်ရသည့်အခါ၊ ငါဘာပြောနိုင်မည်နည်း။ ငါ့သားတို့။ ယနေ့တွင် သင်တို့၏အဖပြုသော အရာအားလုံးသည် သူ၏ သားတို့အတွက် ဖြစ်ကြသည်။ အဘယ့်ကြောင့် ငါ့သားတို့သည် ငါ၏စိတ်နှလုံးအား မည်သည့်အခါမျှ နားမလည်ကြသနည်း၊ ထို့အပြင် ငါ့သားတို့သည်၊ သင်တို့၏အဖ၊ ငါ့အား အဘယ့်ကြောင့် အမြဲ စိတ်ပူပန်စေသနည်း။ မည်သည့် အချိန်တွင် ငါ့သားတို့သည် ကြီးရင့်လျက်၊ ငါ့အား မစိုးရိမ်စေဘဲ၊ ၎င်းတို့နှင့်ပတ်သက်၍ ငါ့အား စိတ်အေးချမ်းခွင့် ရစေမည်နည်း။ မည်သည့်အချိန်တွင် ငါ၏သားတို့သည် မှီခိုခြင်းကင်းစွာ အသက်ရှင်နိုင်ပြီး၊ မတ်တပ်ရပ်ကာ၊ ၎င်းတို့၏အဖ၏ ပခုံးထက်မှ ဝန်တို့ကို ပေါ့ပါးစေမည်နည်း။ ငါသည် ငါ့သားတို့အတွက် တိတ်ဆိတ်စွာသာ မျက်ရည်ကျလျက်၊ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ် အပြီးသတ်ခြင်းနှင့် ငါချစ်သော သူတို့၊ ငါ့သားတို့အား ကယ်ဆယ်ဖို့ရန် အစွမ်းကုန်အားထုတ်သည်။ ငါ့ထံတွင် အခြားသော ရွေးချယ်စရာမရှိပေ။

ငါ၏ကတိတော် တို့သည် ဖြစ်ပွားခဲ့ပြီး၊ သင်တို့၏ မျက်စိများ ရှေ့တွင် သိသာထင်ရှားလျက်ရှိသည်။ အဘယ့်ကြောင့် သင်တို့သည် ငါ၏ စိတ်နှလုံးအား မထောက်ထားသနည်း။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်နည်း။ ယခုအချိန်ထိ ငါ၏ စိတ်နှလုံးအား ကျေနပ်အားရစေသော အရာများ မည်မျှနှင့် အသင်းတော်အား အာဟာရဖြစ်စေပြီး ကျွေးမွေးသော အရာများ မည်မျှ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သင် ရေတွက်ပြီးပြီလော။ ဤအရာကို သေချာစွာ တွေးဆလော့၊ ဂရုမပြုဘဲ မနေနှင့်။ သမ္မာတရား၏ သေးငယ်သောပမာဏ တစ်ခုကိုမျှ လက်မလွှတ်လေနှင့်။ ပုံပန်းသဏ္ဍာန်များ၌သာ အာရုံစိုက်ပြီး အနှစ်သာရအပေါ် သတိမမူဘဲ၊ နေ၍မရ။ သင်၏ စကားလုံးနှင့် အပြုအမူတိုင်းနှင့် သင်၏ လှုပ်ရှားမှု တစ်ခုစီတိုင်းကို ခရစ်တော်၏ ပုလ္လင်တော်ရှေ့တွင် တရားစီရင်ခြင်း ခံရပြီးဖြစ်သည် မဖြစ်သည်ဆိုသည်နှင့် အတုအပမဟုတ်ဘဲ အသက်၏ဖော်ပြခြင်းဖြင့် နက်ရှိုင်းသော အတွင်းမှ ပေါ်ထွက်ကာ

အသစ်သောသူ၏ သဏ္ဍာန်သို့ ပြောင်းလဲပြီးဖြစ်သည် မဖြစ်သည်ဆိုသည်ကို အချိန်တိုင်း၌ ဆန်းစစ်ရမည်။ ဆုံးရှုံးမှုများ ခံစားရခြင်း မှ ကင်းလွတ်နိုင်စေရန် သင်၏ ဘဝကို မနှောင့်နှေးစေနှင့်။ ဤအခြေအနေအား အလျင်အမြန် ကုစားကာ၊ ငါ၏ စိတ်နှလုံးကို ကျေနပ်စေပြီး၊ အရာရာတိုင်းအား ဖြောင့်မတ်ခြင်းနှင့် သမာဓိရှိခြင်း တို့ဖြင့် လုပ်ဆောင်ခြင်းဟူသည့် ကျင့်ဝတ် နိယာမများကို စိတ်၌ စွဲမှတ်လျက်၊ ငါ၏ စိတ်နှလုံးကို ကျေနပ်စေလော့။ မဆင်မခြင် မဖြစ်နှင့်။ ဤအရာကို သင်မှတ်မိ နိုင်မည်လော။

# အခန်း ၄၁

အသင်းတော်ထဲတွင် ဖြစ်ပေါ်သော ပြဿနာများနှင့် စပ်လျဉ်း၍ များစွာသောဒွိဟများဖြင့် မပြည့်နှင့်။ အသင်းတော်ကို တည်ဆောက်ဆဲအချိန်၌ အမှားများကို ရှောင်လွှဲ၍ မရနိုင်၊ သို့သော် ပြဿနာများနှင့် တွေ့ကြုံရသည့်အခါ သင်သည် အထိတ်တလန့် မဖြစ်နှင့်။ ယင်းထက်၊ စိတ်လှုပ်ရှားခြင်းမရှိဘဲ စိတ်တည်ငြိမ်လော့။ ငါသည် သင်တို့ကို ပြောနှင့်ပြီ မဟုတ်လော။ ငါ၏ရှေ့သို့ မကြာခဏ လာပြီး ဆုတောင်းလော့၊ ပြီးလျှင် ငါသည် သင့်အား ငါ၏ရည်ရွယ်ချက်များကို ရှင်းလင်းစွာပြမည်။ အသင်းတော်သည် ငါ၏ နှလုံးသား ဖြစ်ပြီး၊ ယင်းသည် ငါ၏ နောက်ဆုံး ရည်မှန်းချက်ဖြစ်သည်၊ ထို့ကြောင့် ငါသည် ယင်းကို အဘယ်သို့ မချစ်ဘဲ နေနိုင်မည်နည်း။ မကြောက်ကြနှင့်- ဤသို့သော အရာများ အသင်းတော်၌ ဖြစ်ပျက်သည့်အခါ၊ ၎င်းတို့သည် ငါ၏ခွင့်ပြုချက်ဖြင့် ဖြစ်ပျက်ကြပေသည်။ မတ်တပ်ရပ်ကာ ငါ၏ကိုယ်စား စကားပြောလော့။ အရာခပ်သိမ်းနှင့် ကိစ္စရပ်အားလုံးသည် ငါ၏ ပလ္လင်က ခွင့်ပြုထားခြင်း ဖြစ်ပြီး ၎င်းတို့အတွင်းတွင် ငါ၏ ရည်ရွယ်ချက်များ ပါရှိသည်ကို ယုံကြည်ခြင်းရှိလော့။ အကယ်၍ သင်သည် အကြောင်းမဲ့သက်သက် ပုံစံဖြင့် ဆက်လက် မိတ်သဟာယပြုပါက၊ ပြဿနာများ ရှိလိမ့်မည်။ အကျိုးဆက်များကို သင် စဉ်းစားပြီးပြီလော။ ဤသည်မှာ စာတန် ကောင်းကောင်းအသုံးချမည့် အရာမျိုး ဖြစ်သည်။ ငါ၏ရှေ့သို့ မကြာခဏလာလော့။ ငါသည် ရှင်းလင်းစွာ ပြောမည်- သင်သည် ငါ၏ ရှေ့သို့ လာခြင်းမရှိဘဲ တစ်စုံတစ်ရာ လုပ်ဆောင်မည်ဆိုပါက၊ ယင်းကို သင် ပြည့်စုံစေနိုင်လိမ့်မည်ဟု မထင်နှင့်။ ဤအခြေအနေထဲသို့ ငါ့ကို တွန်းပို့သည်မှာ သင်တို့ ဖြစ်သည်။

စိတ်မပျက်နှင့်၊ အားမနည်းနှင့်၊ ထိုအခါ ငါသည် သင့်အတွက် အမှုအရာများကို ရှင်းလင်းစေမည်။ နိုင်ငံတော်သို့ သွားရာလမ်းသည် သိပ်ချောမွေ့ခြင်းမရှိ။ မည်သည့်အရာမျှ

ထိုမျှ မရိုးရှင်းပေ။ ကောင်းချီးများ သင့်ထံ အလွယ်တကူ ရောက်လာသည်ကို သင် လိုချင်သည် မဟုတ်လော။ ယနေ့တွင် အယောက်တိုင်းသည် ခါးသီးသော စမ်းသပ်ခြင်းများ ရင်ဆိုင်ဖို့ ရှိလိမ့်မည်။ ထိုသို့သော စမ်းသပ်မှုများမရှိပါက၊ သင်တို့၌ ရှိသည့် ငါ့ကိုချစ်သော နှလုံးသားသည် တိုး၍ အားကောင်းလာလိမ့်မည် မဟုတ်သကဲ့သို့၊ သင်တို့သည် ငါ့အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာ ရှိလိမ့်မည်မဟုတ်။ ဤစမ်းသပ်မှုများတွင် အရေးမပါသော အခြေအနေများသာ ပါရှိလျှင်ပင်၊ အယောက်တိုင်း ၎င်းတို့ကို ကျော်ဖြတ်ရမည်။ စမ်းသပ်မှုများ၏ ခက်ခဲမှုက လူတစ်ဦးနှင့်တစ်ဦး ခြားနား လိမ့်မည်သာ ဖြစ်သည်။ စမ်းသပ်မှုများသည် ငါ့ထံမှလာသော ကောင်းချီးမင်္ဂလာများဖြစ်ပြီး၊ သင်တို့ထဲမှ မည်မျှသည် ငါ၏ ရှေ့သို့ မကြာခဏ လာပြီး ဒူးထောက်လျက် ကောင်းချီး မင်္ဂလာများကို တောင်းခံကြသနည်း။ မိုက်မဲသော ကလေးတို့။ အနည်းငယ်သော မင်္ဂလာရှိသည့် စကားများကို ငါ၏ ကောင်းချီးမင်္ဂလာများအဖြစ် သင်တို့ အမြဲ ယူဆ ကြသော်လည်း၊ ခါးသီးမှုသည် ငါ၏ ကောင်းချီးမင်္ဂလာများထဲမှ တစ်ခုဖြစ်သည်ကို သင်တို့ သတိမပြုမိကြပေ။ ငါ၏ ခါးသီးခြင်းကို မျှဝေခံစားသော သူတို့သည် ငါ၏ ချိုမြိန်ခြင်းကို သေချာပေါက် မျှဝေခံစားရလိမ့်မည်။ ယင်းမှာ သင်တို့အဖို့ ငါ၏ ကတိနှင့် ငါ၏ ကောင်းချီးမင်္ဂလာဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များကို စားသောက်ရန်နှင့် မွေ့လျော်ရန် မတွန့်ဆုတ်နှင့်။ အမှောင် ကျော်လွန်သည့်အခါ၊ အလင်း စုရုံး၏။ အရုဏ်မတက်မီ အမှောင်ဆုံးဖြစ်၏။ ဤအချိန်ပြီးနောက် ကောင်းကင်သည် တဖြည်းဖြည်း လင်းလက်လာပြီး၊ ထို့နောက် နေ ပေါ်ထွက်ပေသည်။ ကြောက်ရွံ့ခြင်းမရှိနှင့် သို့မဟုတ် တွန့်ဆုတ်ခြင်း မဖြစ်နှင့်။ ယနေ့တွင် ငါ၏ သားများကို ငါ အားပေးပြီး၊ ၎င်းတို့အတွက် ငါ၏ တန်ခိုးကို ငါစွဲကိုင်၏။

အသင်းတော်၏ လုပ်ငန်းဆောင်တာနှင့် ပတ်သက် လာသည့်အခါ၊ သင်၏ တာဝန်ဝတ္တရားကို အမြဲ ခေါင်းမရှောင်နှင့်။ အကယ်၍ သင်သည် ငါ၏ရှေ့သို့ အကြောင်းကိစ္စကို တာဝန်သိစွာ ယူဆောင်လာပါက၊ နည်းလမ်းတစ်ခုကို သင်ရှာတွေ့လိမ့်မည်။ ဤသို့သော မဖြစ်စလောက် ပြဿနာတစ်ခု ဖြစ်ပွားသည့်အခါ၊ သင်သည် မည်သည့်အရာ လုပ်ရမည်မသိ ကြောက်ရွံ့ကာ ထိတ်လန့်လာပါသလော။ "ငါ့အနီးသို့ မကြာခဏ လာလော့" ဟု ငါသည် အကြိမ်အတော်များများ ပြောဆိုပြီး ဖြစ်သည်။ သင်တို့ကို ငါစေခိုင်းသည့်အရာများကို တာဝန်သိစွာ သင်တို့ လက်တွေ့လုပ်ဆောင် ပြီးပြီလော။ ငါ၏ နှုတ်ကပတ်တော်များကို ဘယ်နှစ်ကြိမ်မျှ သင် တွေးဆဖူးသနည်း။ ထိုသို့ မလုပ်ဆောင်ဖူးပါက၊ သင်၌ ရှင်းလင်းသော ထိုးထွင်းသိမြင်မှု တစ်ခုတစ်လေမျှ မရှိပေ။ ဤသည်မှာ သင်၏ ကိုယ်ပိုင်လုပ်ဆောင်ချက် မဟုတ်လော။ သင်သည် အခြားသူတို့ကို အပြစ်တင်သော်လည်း၊ ယင်းအစား မိမိကိုယ်ကိုယ်

ရှုံ့ရှာမှု အဘယ့်ကြောင့် သင် မခံစားရသနည်း။ အမှုအရာများကို သင်သည် ဖျက်ဆီးပြီး၊ ထို့နောက်တွင် သင် ဂရုမစိုက်မြဲ ဂရုမစိုက်သကဲ့သို့ ဝတ်ကျေတမ်းကျေ ဖြစ်မြဲဖြစ်လေသည်။ ငါ၏ နှုတ်ကပတ်တော်များကို သင် အရေးစိုက်ရမည်။

နာခံသောသူနှင့် ကျိုးနွံသော သူတို့သည် ကြီးမားသော ကောင်းချီးမင်္ဂလာများကို ရရှိကြလိမ့်မည်။ အသင်းတော်တွင်၊ ငါ့အတွက် သင်၏ သက်သေခံချက်၌ ခိုင်မာစွာ ရပ်တည်လော့၊ သမ္မာတရားကို ထိန်းသိမ်းလော့။ အမှန်သည် အမှန်၊ အမှားသည် အမှား ဖြစ်၏။ အဖြူနှင့် အမည်းကို ရောထွေးခြင်း မရှိနှင့်။ သင်သည် စာတန်နှင့် တိုက်ပွဲဖြစ်လိမ့်မည် ဖြစ်ပြီး ၎င်းကို အဘယ်သောအခါမျှ တစ်ဖန် မထကြွစေဖို့အလို့ငှာ အလျှင်း နှိမ်နင်းရမည်။ ငါ၏ သက်သေခံချက်ကို ကာကွယ်ရန်အတွက် သင်၌ ရှိသမျှအရာရာကို ပေးရမည်။ ဤအရာသည် သင်တို့ အပြုအမူများ၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်ရလိမ့်မည်- ဤအရာကို မမေ့လျော့နှင့်။ သို့သော် ယခုတွင်၊ သင်တို့သည် ယုံကြည်ခြင်းနှင့် အမှုအရာများကို ပိုင်းခြားသိမြင်သော အစွမ်းအစတို့တွင် ချို့တဲ့နေကြပြီး၊ ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏ ရည်ရွယ်ချက်များကို သင်တို့ အမြဲပင် နားမလည်နိုင်ကြပေ။ မည်သို့ပင်ဆိုစေကာမူ၊ စိုးရိမ်ပူပန်ခြင်း မရှိနှင့်။ အရာရာသည် ငါ၏ ခြေလှမ်းများအတိုင်း ရှေ့ဆက်နေပြီး၊ စိုးရိမ်ပူပန်ခြင်းသည် ဒုက္ခကိုသာ ဖြစ်စေသည်။ ငါ၏ရှေ့တွင် အချိန် သာ၍ ကုန်ဆုံးပြီး၊ ကာယခန္ဓာအတွက်ဖြစ်သည့် အစားအစာနှင့် အဝတ်အစားတို့ကို အရေးကြီးသည်ဟု မထင်နှင့်။ ငါ၏ ရည်ရွယ်ချက်များကို မကြာခဏ ရှာဖွေလော့၊ ပြီးလျှင် ၎င်းတို့ အဘယ်အရာဖြစ်သည်ကို သင်တို့အား ရှင်းလင်းစွာ ငါ ပြမည်။ ငါသည် လူသားတိုင်းအတွက် ပိတ်ပင်တားဆီးခြင်းမရှိဘဲ အဝင်လမ်းတစ်ခု ရှိဖို့အလို့ငှာ အရာရာတိုင်း၌ သင်သည် ငါ၏ ရည်ရွယ်ချက်များကို တဖြည်းဖြည်း ရှာတွေ့လိမ့်မည်။ ဤအရာက ငါ၏ စိတ်နှလုံးကို ကျေနပ်စေလိမ့်မည် ဖြစ်ပြီး၊ သင်တို့သည် ငါနှင့်အတူ ကောင်းချီးမင်္ဂလာများကို ကာလအစဉ်အမြဲ ရရှိကြလိမ့်မည်။

# အခန်း ၄၂

အနန္တတန်ခိုးရှင် ဘုရားသခင်၏ လုပ်ဆောင်မှုများသည် ကြီးမြတ်ပေတကား။ အံ့သြဖွယ် ဖြစ်ပေတကား။ ထူးကဲလှပေတကား။ တံပိုးခရာခုနစ်ခုတို့သည် အသံမြည်ကြ၏၊ မိုးကြိုးသံ ခုနစ်ချက်မြည်ကာ ဖလားခုနစ်လုံးအား သွန်းလောင်း၏ - ဤအရာများသည် လူပုံအလယ်၌ ချက်ခြင်း ထုတ်ဖော်ပြခံရမည်ဖြစ်ပြီး သံသယမရှိနိုင်ပေ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည်

ငါတို့ထံ နေ့စဉ်လာ၏။ အနန္တတန်ခိုးရှင် ဘုရားသခင်သည်သာ ငါတို့ကို ကယ်တင်နိုင်၏၊ ငါတို့သည် ကံဆိုးခြင်းနှင့် တွေ့ကြုံရသည်ဖြစ်စေ၊ ကောင်းချီးကို ခံစားရသည်ဖြစ်စေ သူ့အပေါ် လုံးလုံးလျားလျား တည်မှီပြီး၊ ငါတို့လူသားများသည် ဤအရာကို ဆုံးဖြတ်နိုင်ခြင်း မရှိပေ။ စိတ်နှလုံးတစ်ခုလုံးဖြင့် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်အား ဆက်ကပ်ပူဇော်သော သူတို့သည် ကြီးစွာသော ကောင်းချီးများကို ဧကန်မုချ ရရှိကြလိမ့်မည် ဖြစ်သော်လည်း မိမိတို့၏ အသက်များကို ထိန်းသိမ်းရန် ကြိုးပမ်းသောသူတို့သည် ၎င်းတို့၏ အသက်များကို ဆုံးရှုံးခြင်းသာ ဖြစ်လိမ့်မည်။ အရာအားလုံးနှင့် ကိစ္စရပ်အားလုံးသည် အနန္တတန်ခိုးရှင် ဘုရားသခင်၏ လက်ထဲ၌သာ ရှိသည်။ သင်၏ခြေလှမ်းများကို ရပ်တန့်မထားပါနှင့်တော့။ ရောမပြောင်းလဲမှုကြီးသည် ကောင်းကင်နှင့် မြေကြီးဆီသို့ ရောက်ရှိလာပြီး၊ လူသားသည် ယင်းမှ ပုန်းကွယ်ရန် မည်သို့မျှ မဖြစ်နိုင်ပေ။ သူ့အတွက် ခါးသီးသော ငိုကြွေးမြည်တမ်းခြင်းကလွဲ၍ အခြား ရွေးချယ်စရာရှိလိမ့်မည် မဟုတ်။ ယနေ့ သန့်ရှင်းသော ဝိညာဉ်တော် လုပ်နေသည့် အလုပ်နောက်သို့ လိုက်လော့။ သူ၏ အမှုတော် မည်သည့်အဆင့်သို့ တိုးတက်ပြီးသည်နှင့်ပတ်သက်၍ အခြားမည်သူကမျှ အသိပေးစရာမလိုဘဲ၊ မိမိစိတ်ထဲတွင် ရှင်းလင်းသင့်ပေသည်။ ယခု အနန္တတန်ခိုးရှင် ဘုရားသခင်၏ မျက်မှောက်ထဲသို့ သင်တတ်နိုင်သရွေ့ မကြာခဏ ပြန်လာလော့။ အရာရာတိုင်းအတွက် သူ့ကို တောင်းလျှောက်လော့။ သူသည် သင့်အား အတွင်း၌ ဧကန်မုချ အသိဉာဏ် ပွင့်လင်းစေလိမ့်မည်ဖြစ်ပြီး၊ သေရေးရှင်ရေးဖြစ်သော အခိုက်အတန့်များ၌ သူသည် သင့်ကို ကာကွယ်လိမ့်မည်။ ကြောက်ရွံ့ခြင်း မရှိနှင့်။ သူသည် သင်၏ ဖြစ်တည်မှုတစ်ခုလုံးအား ပိုင်ဆိုင်ထားနှင့်ပြီဖြစ်၏။ သူ၏ ကာကွယ်ခြင်းနှင့် သူ၏ စောင့်ရှောက်ခြင်းရှိလျှင်၊ သင့်အတွက် အဘယ်အရာ ကြောက်ဖို့ရှိသနည်း။ ယနေ့တွင် ဘုရားသခင်၏အလိုတော် ဖြစ်မြောက်အောင်မြင်မှုသည် လက်တစ်ကမ်းတွင်ရှိပြီး ကြောက်ရွံ့သော မည်သူမဆို ဆုံးရှုံးနိုင်ခြေသော မြင့်မားပေသည်။ သင့်ကို ငါပြောနေသည်မှာ သမ္မာတရားဖြစ်၏။ သင်၏ ဝိညာဉ်ရေးမျက်စိများကို ဖွင့်လော့- ကောင်းကင်သည် ချက်ချင်း ပြောင်းလဲနိုင်၏၊ သို့သော် သင့်အတွက် ကြောက်ရမည့်အရာ မည်သည့်အရာရှိသနည်း။ သူ၏ လက်ကို အနည်းငယ်မျှ လှုပ်ရှားခြင်းဖြင့်၊ ကောင်းကင်နှင့် မြေကြီးသည် ချက်ချင်း ပျက်သုဉ်းသွားကြ၏။ ထို့ကြောင့် လူသားသည် စိုးရိမ်ပူပန်ခြင်းဖြင့် အဘယ်အရာ ရရှိနိုင်သနည်း။ အရာခပ်သိမ်းသည် ဘုရားသခင်၏ လက်ထဲ၌ ရှိသည် မဟုတ်သလော။ အကယ်၍ ကောင်းကင်နှင့်မြေကြီးကို ပြောင်းလဲဖို့ သူ အမိန့်ပေးပါက၊ ၎င်းတို့သည် ပြောင်းလဲကြလိမ့်မည်။ အကယ်၍ ငါတို့သည် စုံလင်ခံရဖို့ဖြစ်သည်ဟု သူဆိုပါက၊ ငါတို့ စုံလင်ခြင်းခံရကြလိမ့်မည် ဖြစ်သည်။

လူသားအနေဖြင့် စိုးရိမ်ပူပန်ရန် မလိုအပ်ပေ၊ သို့သော် တည်ငြိမ်စွာ ရှေ့ဆက်သင့်၏။ မည်သို့ပင်ဆိုစေ၊ သင်သည် တတ်နိုင်သမျှ အလေးဂရုပြုကာ နိုးနိုးကြားကြား ရှိရမည်။ ကောင်းကင်သည် ချက်ချင်း ပြောင်းလဲသွားနိုင်သည်။ လူသည် မိမိ၏ ပကတိမျက်စိများကို မည်မျှကျယ်ဝန်းစွာ ဖွင့်ထားပါစေ မည်သည့်အရာကိုမျှ သိပ်မြင်နိုင်လိမ့်မည်မဟုတ်။ ယခု ဂရုစိုက်ကြည့်လော့။ ဘုရားသခင်၏ အလိုတော်သည် ပြီးမြောက်ပြီးဖြစ်သည်၊ သူ၏ စီမံကိန်းသည် ပြည့်စုံပြီးဖြစ်သည်၊ သူ၏ အစီအစဉ်သည် အောင်မြင်ပြီး ဖြစ်ကာ သူ၏ သားတို့သည် သူ၏ပလ္လင်ဆီသို့ အားလုံးရောက်ရှိပြီးဖြစ်သည်။ ၎င်းတို့သည် တိုင်းနိုင်ငံတိုင်းနှင့် လူမျိုးအားလုံးကို အနန္တတန်ခိုးရှင် ဘုရားသခင်နှင့်အတူ တရားစီရင်ဖို့ အတူတကွ လာကြလေသည်။ အသင်းတော်ကို နှိပ်စက်ညှဉ်းပန်းနေခဲ့ပြီး ဘုရားသခင်၏ သားတို့ကို ထိခိုက်နစ်နာစေခဲ့သော သူတို့သည် ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်းနှင့် ကြုံရကြလိမ့်မည်- ဤသည်မှာ ဧကန်မလွဲဖြစ်၏။ ဘုရားသခင်အား မိမိတို့ကိုယ်ကိုယ် စစ်မှန်ရိုးသားစွာ ပေးအပ်သူ၊ အရာရာတိုင်းကို ထိန်းသိမ်းသောသူတို့ကို၊ ဘုရားသခင်သည် မည်သည့်အခါမျှ ပြောင်းလဲခြင်းမရှိဘဲ၊ ထာဝရကာလပတ်လုံး ဧကန်မုချ ချစ်လိမ့်မည် ဖြစ်သည်။

# အခန်း ၄၃

ငါသည် သင့်တို့ကို သတိမပေးခဲ့သလော။ စိုးရိမ် ကြောင့်ကြခြင်း မဖြစ်နှင့်၊ သင်တို့သည် ငါ့အား နားကိုမထောင်ကြ၊ သင်တို့သည် အလွန့်အလွန် စဉ်းစားဉာဏ်မရှိသော လူတို့ဖြစ်ကြပေတကား။ သင်တို့သည် ငါ၏နှလုံးသားကို မည်သည့်အချိန်၌ နားလည်နိုင်လိမ့်မည်နည်း။ နေ့ရက်တိုင်း၌ အသစ်သော ဉာဏ်အလင်းရခြင်းရှိပြီး၊ နေ့ရက်တိုင်း၌ အသစ်သော အလင်း ရှိသည်။ ဘယ်နှစ်ကြိမ်မျှ သင်တို့သည် ထိုအရာကို သင်တို့အဖို့အလို့ငှာ နားလည်ပြီးပြီနည်း။ ငါသည် ငါကိုယ်တိုင် သင်တို့အား ပြောခဲ့ပြီး မဟုတ်သလော။ ထိုးနှက်ခြင်း ခံရချိန်မှသာလျှင် လှုပ်ရှားတတ်သော အင်းဆက်ပိုးကောင်များကဲ့သို့ သင်သည် မလှုပ်မယှက်ဖြစ်နေသေးပြီး၊ ငါနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ကိုယ်စွမ်းကိုယ်စ ဖြင့် သင်မှ စတင်လုပ်ဆောင်ရန် နှင့် ငါ၏ ဝန်ထုပ်ဝန်ပိုးအတွက် စာနာထောက်ထားကြောင်း ပြသရန် မလုပ်ဆောင်နိုင်ပေ။ ငါသည် သင်တို့၏ ရွှင်ပျပြီး ချစ်ဖွယ်ကောင်းသော အပြုံးများ၊ ငါ့သားတို့၏ ဖျတ်လတ်၍ ထကြွလုံ့လရှိသော ဟန်အမူအရာများကို မြင်လိုသော်လည်း၊ ငါသည် မမြင်ရ။ ထိုအစား၊ သင်သည် စိတ်ခွန်အားနည်း၊ မိုက်မဲ ပြီး စဉ်းစား ဉာဏ် မရှိပေ။ သင်တို့သည် ရှာဖွေရန် သင်တို့မှ စတင်လုပ်ဆောင်

သင့်သည်။ ရဲရင့်စွာ ဖြင့် အားထုတ်လော့။ သင်တို့၏ နှလုံးသားများကို သာဖွင့်၍ ငါ့ကို သင်တို့၏ အတွင်း၌နေရန် အခွင့်ပေးလော့။ သတိရှိ၍၊ နိုးကြားစွာ စောင့်ကြည့်လော့။ အသင်းတော်တွင်းရှိ အချို့သော လူတို့သည် လူတို့ကို လှည့်စားကြသည်၊ ထို့ကြောင့် သင်တို့၏အသက်တာများကို ထိခိုက်ခြင်း သို့မဟုတ် အချို့သော ဆုံးရှုံးခြင်းကို ခံစားရခြင်းမှ ကင်းလွတ်စေရန် ဤနှုတ်ကပတ်တော်တို့ကို သင်သည် အစဉ်အမြဲ အလေးထားရမည်။ ငါ့အတွက် ရပ်တည်ရန် နှင့် ပြောဆိုရန် ရဲရင့်ခြင်း သင်၌ရှိသော ကာလပတ်လုံး စိတ်အေးချမ်းစွာနေလော့၊ ငါသည် အားလုံး၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းပြီး သင့်အား ခွန်အားပေးမည်။ ငါ၏ နှလုံးသားကို ကျေနပ်အားရစေသော ကာလပတ်လုံး၊ ငါသည် အစဉ်အမြဲ သင့်အား ငါ၏ အပြုံးနှင့် ငါ၏ အလိုတော်ကို ပြသမည်။ သင်၌တောင့်တင်းသော ကျောရိုးရှိပြီး ယောကျ်ားကလေးငယ်တစ်ဦး၏ စိတ်နေသဘောထားဖြင့် နေထိုင်သောကာလပတ်လုံး၊ ငါသည် သင့်အား ထောက်ပံ့ပြီး သင့်ကို အရေးပါသော နေရာ၌ထားမည်။ သင်သည် ငါ့ရှေ့သို့ လာသောအချိန်၌ ငါ့အနားသို့သာ ချဉ်းကပ်လော့။ သင်သည် စကားမပြောနိုင်သည့် အခါတွင် မကြောက်ရွံ့နှင့်။ သင့်ထံ၌ ရှာဖွေသော နှလုံးသားရှိသည့် ကာလပတ်လုံး၊ ငါသည် သင့်အား နှုတ်ကပတ်တော်များ ပေးမည်။ ငါသည် ချောင်ပြေပြစ်သော စကားလုံးများနှင့် သင်၏မြှောက်ပင့်မှုများကို မလိုအပ်၊ ငါသည် ထိုကဲ့သို့ သော အရာကို အားလုံးထဲတွင် အမုန်းဆုံးဖြစ်သည်။ ငါသည် ထိုကဲ့သို့သော လူအား အရာအားလုံးထက်ပို၍ မနှစ်သက်ဆုံးဖြစ်သည်။ သူတို့သည် ငါ့မျက်စိ အတွင်းမှအမှိုက်စ သို့မဟုတ် ငါ့ အသားထဲမှ ဆူးကဲ့သို့ ဖယ်ထုတ် ပစ်ရမည့် အရာဖြစ်သည်။ သို့မဟုတ်လျှင်၊ ငါ့သားတို့သည် ငါ့အတွက် အာဏာစွဲကိုင် ခြင်းငှာ မတတ်နိုင်ဘဲ မွန်းကျပ်သော ထိန်းချုပ်ခြင်း ခံရလိမ့်မည်။ ငါသည် အဘယ့်ကြောင့် ကြွလာသနည်း။ ငါ့သားတို့အား ထောက်ပံ့ရန် နှင့် ခွန်အားပေးရန် အတွက် ဖြစ်ပြီး၊ သို့ဖြစ်၍ သူတို့အပေါ် ဖိနှိပ်ခြင်း၊ ကြီးနိုင်ငယ်ညှဉ်းပြုခြင်း၊ အေးစက်သော နှလုံးသား နှင့် အလွဲသုံးစားပြုခံရခြင်းတို့ကို ကြွံကြွံခံနေရသည့် သူတို့၏ နေ့ရက်များတို့သည် ထာဝရ ကွယ်ပျောက်သွားရန် ဖြစ်သည်။

ရဲရင့်လော့။ ငါသည် အစဉ်အမြဲ သင်နှင့်အတူလျှောက်လှမ်းကာ၊ သင်နှင့်အတူနေထိုင်မည်၊ သင်နှင့် စကားပြောပြီး သင်နှင့်အတူ လုပ်ဆောင်မည်။ မကြောက်ရွံ့နှင့်။ စကားပြောဖို့ရန် မတွန့်ဆုတ်နှင့်။ သင်တို့သည် အမြဲပင် စိတ်လှုပ်ရှားလွယ်ကြသည်၊ ရှက်ကြောက်ကာ၊ ကြောက်ရွံ့ကြသည်။ အသင်းတော်ကိုတည်ဆောက်ခြင်းအရေးတွင် အကျိုးမပြုသော သူတို့ကို ဖယ်ထုတ်ရမည်။ ဤအထဲတွင် အသင်းတော်တွင်ရှိသော အခြေအနေမကောင်းသောသူတို့နှင့် ငါ၏ နှုတ်ကပတ်တော်များအတိုင်း မလုပ်ဆောင်နိုင်သော သူတို့ပါဝင်၍၊ သင်၏ မယုံကြည်သူ

ဖခင်နှင့် မိခင်တို့ကိုမူ ဖော်ပြရန်ပင် မလိုပေ။ ငါသည် ထိုအရာများကို အလိုမရှိ။ ၎င်းတို့သည် ချေမှုန်းသုတ်သင်ခြင်းခံရမည် ဖြစ်ပြီး မည်သူတစ်ဦး တစ်ယောက်မှ မကျန်ရှိရ။ သင်၏ လက်များနှင့် ခြေတို့ကို ချည်နှောင်ထားသော အရာများကိုသာ လွှတ်လိုက်လော့။ သင်ကိုယ်တိုင်၏ ရည်ရွယ်ချက်များကို ဆန်းစစ်ပြီး ၎င်းတို့သည် အမြတ်အစွန်းတို့နှင့်သော်လည်းကောင်း၊ ကျော်စောခြင်း နှင့် ကြွယ်ဝခြင်းနှင့်သော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်ဆံရေးများနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိသည့် ကာလပတ်လုံး၊ ငါသည် သင့်အား အဖော်ပြု လိမ့်မည်၊ သင့်အား အမှုအရာများကို ညွှန်ပြပြီး၊ သင့်ကို အချိန်တိုင်း ရှင်းလင်းသော လမ်းညွှန်ချက်များ ပေးလိမ့်မည်။

အို၊ ငါ့သားတို့။ ငါဘာပြောသင့်သနည်း။ ငါသည် ဤအရာများကို ပြောသော်လည်း၊ သင်တို့သည် ငါ၏ နှလုံးသားအား စာနာထောက်ထားခြင်းမရှိဘဲ အလွန်တရာ ကြောက်ရွံ့နေသေးသည်။ သင်သည် မည်သည့်အရာကို ကြောက်ရွံ့နေသနည်း။ သင်သည် အဘယ့်ကြောင့် ပညတ်တော်များနှင့် စည်းမျဉ်းစည်းကမ်းများ ၏ နှောင်ဖွဲ့ခြင်းကို ခံရဆဲဖြစ်သနည်း။ ငါသည် သင်တို့အား လွတ်မြောက်စေပြီးဖြစ်သော်လည်း၊ သင်တို့သည် လွတ်လပ်ခြင်း မရရှိသေးပေ။ ဤအရာမှာ အဘယ့်ကြောင့်နည်း။ ငါနှင့်အတူ သာ၍ မိတ်သဟာယ ဖွဲ့ပါက ငါသည် သင့်ကို ပြောပြလိမ့်မည်။ ငါ့အားမစမ်းသပ်နှင့်။ ငါသည် စစ်မှန်၏။ ငါနှင့်ဆိုလျှင် မည်သည့်အရာမျှ ဟန်ဆောင်ခြင်းမရှိ။ အရာရာတိုင်းသည် စစ်မှန်၏။ ငါပြောသော အရာသည် မှန်ကန်သည်။ ငါ၏ နှုတ်ကပတ်တော် တို့အား မည်သည့် အခါမျှ ပြန်လည် မရုပ်သိမ်းပေ။

# အခန်း ၄၄

ငါသည် ဖြောင့်မတ်သည်၊ ငါသည် ယုံကြည်စိတ်ချရပြီး၊ လူသား၏ အတွင်းကျကျ စိတ်နှလုံးကို စစ်ဆေးသော ဘုရားသခင် ဖြစ်၏။ မည်သူ စစ်မှန်ပြီး မည်သူ မှားယွင်းသည်ကို ငါသည် မဆိုင်းမတွ ထုတ်ဖော်မည်။ အထိတ်တလန့် မဖြစ်လေနှင့်။ အရာအားလုံးသည် ငါ၏အချိန်အတိုင်း အလုပ်လုပ်၏။ မည်သူက ငါ့အား စစ်မှန်ရိုးသားစွာ လိုချင်ပြီး မည်သူက ငါ့အား စစ်မှန်ရိုးသားစွာ မလိုချင်သည်ကို ငါသည် သင်တို့အား တစ်ယောက်ပြီး တစ်ယောက် ပြောပြမည်။ သင်တို့အနေဖြင့် ငါ၏ မျက်မှောက်သို့ လာကြသည့်အခါ စားဖို့၊ သောက်ဖို့နှင့် ငါ့ထံ တိုးဝင်ချဉ်းကပ်ဖို့သာ ဂရုစိုက်လော့၊ ပြီးလျှင် ငါ၏အလုပ်ကို ငါကိုယ်တိုင်လုပ်မည်။

မြန်ဆန်သော ရလဒ်များအတွက် အလွန် စိုးရိမ်ကြောင့်ကြခြင်း မရှိလေနှင့်။ ငါ၏အလုပ်သည် အားလုံး ချက်ချင်း ပြီးမြောက်နိုင်သည့် အရာတစ်ခု မဟုတ်ပေ။ ထိုအထဲ၌ ငါ၏ခြေလှမ်းများနှင့် ငါ၏ဉာဏ်ပညာတို့ ရှိပြီး ယင်းမှာ ငါ၏ဉာဏ်ပညာကို ထုတ်ဖော်ပြနိုင်ရသည့် အကြောင်းရင်း ဖြစ်သည်။ ဆိုးသောသူကို အပြစ်ပေးခြင်းနှင့် ကောင်းသောသူကို ဆုလာဘ်ချီးမြှင့်ခြင်း ဖြစ်သည့် ငါ၏လက်များဖြင့် မည်သည့်အရာ လုပ်ဆောင်ထားသည်ကို သင်တို့အား ငါမြင်ခွင့်ပေးမည်။ ငါသည် မည်သူကိုမျှ ဘက်မလိုက်သည်မှာ အသေချာဆုံး ဖြစ်သည်။ ငါ့ကို ရိုးသားစစ်မှန်စွာ ချစ်သော အသင်၊ ငါသည် သင့်ကို ရိုးသားစစ်မှန်စွာ ချစ်မည်ဖြစ်ပြီး၊ ငါ့အား ရိုးသားစစ်မှန်စွာ မချစ်သော သူတို့အတွက်မူ ငါသည် စစ်မှန်သော ဘုရားသခင်၊ လူသား၏ အတွင်းကျကျ စိတ်နှလုံးကို ဆန်းစစ်သော ဘုရားသခင်ဖြစ်သည်ကို ၎င်းတို့ ထာဝရတစ်လျှောက် အမှတ်ရနိုင်ဖို့အလို့ငှာ ငါ၏ အမျက်ဒေါသသည် ၎င်းတို့နှင့်အတူ အမြဲရှိလိမ့်မည်။ အခြားသူများ၏ရှေ့တွင် တစ်မျိုး၊ ၎င်းတို့၏ နောက်ကွယ်၌ တစ်ဖုံ မပြုမူလေနှင့်။ ငါသည် သင်ပြုသမျှ အရာအားလုံးကို ရှင်းလင်းစွာမြင်ပြီး၊ သင်သည် အခြားသူများအား အရူးလုပ်ကောင်း လုပ်နိုင်လိမ့်မည် ဖြစ်သော်လည်း၊ ငါ့အား အရူး လုပ်၍မရနိုင်။ ငါသည် အားလုံးကို ရှင်းလင်းစွာ မြင်၏။ မည်သည့်အရာကိုမျှ ဖုံးကွယ်ရန် သင့်အတွက် မဖြစ်နိုင်။ အရာအားလုံး ငါ့ လက်တွင် ရှိ၏။ သင်၏ အရေးမပါသော သေးငယ်သည့် တွက်ချက်မှုများ ပြုလုပ်ခြင်းက သင့်အတွက် အကျိုးအမြတ် ဖြစ်ပေါ်စေခြင်းကြောင့် သင့်ကိုယ်သင် အလွန်တရာ လိမ္မာပါးနပ်သည်ဟု မထင်လေနှင့်။ ငါ သင့်ကို ပြောသည်- လူသားသည် အစီအစဉ်များစွာ၊ ထောင်ချီ သို့မဟုတ် သောင်းချီဖြစ်စေ၊ လျှို့ဝှက်ကြံစည်ကောင်း ကြံစည်နိုင် သော်လည်း၊ နောက်ဆုံး၌ ၎င်းတို့သည် ငါ၏လက်ဖဝါးမှ မလွတ်မြောက်နိုင်ပေ။ လူတစ်ဦးတစ်ယောက် မဆိုထားနှင့်၊ အရာခပ်သိမ်းနှင့် အရာဝတ္ထု အားလုံးသည် ငါ့လက်များ၏ ထိန်းချုပ်ခြင်းခံရကြ၏။ ငါ့အား ရှောင်ပြေးရန် သို့မဟုတ် ပုန်းကွယ်ရန် မကြိုးစားနှင့်၊ မြှောက်ထိုးပင့်ကော်လုပ်ရန် သို့မဟုတ် ဖုံးကွယ်ရန် မကြိုးစားလေနှင့်။ ငါ၏ဘုန်းအသရေ ရှိသော မျက်နှာထား၊ ငါ၏အမျက်ဒေါသနှင့် ငါ၏ တရားစီရင်ခြင်းတို့သည် လူသိရှင်ကြား ထုတ်ဖော်ပြီးဖြစ်သည်ကို သင် မမြင်သေးသည်မှာ ဖြစ်နိုင်သလော။ ငါ့အား ရိုးသားစစ်မှန်စွာ အလိုမရှိသောသူ မည်သူမဆို ငါသည် ၎င်းတို့ကို သနားညှာတာခြင်း မရှိဘဲ ချက်ချင်း တရားစီရင်မည်။ ငါ၏သနားခြင်းကရုဏာသည် အဆုံးသတ်ပြီဖြစ်၏။ ဘာမျှ မကျန်ကြွင်းတော့ပေ။ သူတော်ကောင်းယောင်ဆောင်သောသူ မဖြစ်တော့ဘဲ၊ သင်၏ အထိန်းအကွပ်မဲ့ပြီး အဆင်အခြင်မဲ့သော နည်းလမ်းများကို ရပ်တန့်လော့။

ငါ့သား၊ ဂရုစိုက်လော့။ ငါ့မျက်မှောက်၌ အချိန်ပိုမို ကုန်ဆုံးလော့၊ ပြီးလျှင် ငါသည် သင့်ကို တာဝန်ယူမည်။ ကြောက်ရွံ့ခြင်း မရှိလေနှင့်၊ ငါ၏ ထက်မြက်သည့် အသွားနှစ်ဖက် ပါသောဓါးကို ရှေ့သို့ယူဆောင်ပြီး စာတန်ကို ငါ၏အလိုတော် နှင့်အညီ နောက်ဆုံးပွဲသိမ်းသည်အထိ အကြိတ်အနယ် တိုက်ခိုက်လော့။ ငါသည် သင့်ကို ကွယ်ကာမည်။ စိုးရိမ်ခြင်း မရှိလေနှင့်။ ဖုံးကွယ်ထားသော အရာမှန်သမျှ ဖွင့်ဟခံရပြီး ထုတ်ဖော်ခြင်း ခံရလိမ့်မည်။ ငါသည် အမှောင်ထုဟူသမျှကို ရက်ရက်စက်စက် လင်းစေလျက်၊ အလင်းကိုပေးသော နေမင်း ဖြစ်သည်။ ငါ၏တရားစီရင်ခြင်းသည် အပြည့်အဝ ဖြစ်ပေါ်လာပြီး ဖြစ်သည်။ အသင်းတော်သည် စစ်မြေပြင် ဖြစ်၏။ သင်တို့အားလုံး အဆင်သင့်ဖြစ်ပြီး၊ နောက်ဆုံး အဆုံးအဖြတ်ပေးသည့် စစ်ပွဲအတွက် သင်၏ ဖြစ်တည်မှုအားလုံးကို လုံးလုံးလျားလျား ပေးအပ်မြှုပ်နှံထားသင့်သည်။ သင်သည် ငါ့အတွက် ကောင်းမြတ်၊ အောင်မြင်သည့် စစ်ပွဲကို တိုက်နိုင်ကြဖို့အလို့ငှာ သင့်ကို ဧကန်မုချ ငါကွယ်ကာမည်။

သတိရှိကြလော့- ယနေ့ခေတ်တွင် လူတို့၏ စိတ်နှလုံးများသည် လှည့်စားတတ်ပြီး ခန့်မှန်း၍ မရနိုင်သကဲ့သို့ အခြားလူတို့၏ယုံကြည်မှုကို ရရှိရန် ၎င်းတို့ မည်သို့မျှ မဖြစ်နိုင်ပေ။ ငါသည်သာ သင်တို့အတွက် အလုံးစုံ ဖြစ်သည်။ ငါ့အထဲ၌ လှည့်ဖြားခြင်းမရှိ။ ငါ့အပေါ်တွင်သာ မှီခိုလော့။ ငါ့သားတို့သည် နောက်ဆုံး အဆုံးအဖြတ်ပေးသည့် စစ်ပွဲတွင် ဧကန်မုချ အောင်မြင်ကြလိမ့်မည် ဖြစ်ပြီး၊ စာတန်သည် သေခါနီး ဆန့်တငင်ငင် အခြေအနေတွင် မလွဲမသွေ ထွက်ပေါ်ရလိမ့်မည်။ ကြောက်ရွံ့ခြင်း မရှိလေနှင့်။ ငါသည် သင်၏တန်ခိုးဖြစ်ပြီး သင်၏အလုံးစုံ ဖြစ်၏။ အမှုအရာများကို ထပ်ခါထပ်ခါ မစဉ်းစားလေနှင့်၊ သင်သည် များလှစွာသော အတွေးများကို အာရုံစိုက်၍မဖြစ်ပေ။ အချိန်သည် အလွန်ပင် အပူတပြင်း အရေးကြီးနေသောကြောင့်၊ ငါသည် သင်တို့ကို လမ်းကြောင်း တစ်လျှောက် ဆွဲခေါ်မသွားနိုင်တော့သည်ကို ယခင်က ငါပြောပြီးဖြစ်သည်။ သင်တို့ကို နားရွက်မှ ဖမ်းကိုင်ပြီး အလှည့်တိုင်း သတိပေးရန် ငါ၌ နောက်ထပ် အချိန်မရှိတော့ပေ- ယင်းသည် မဖြစ်နိုင်ပေ။ တိုက်ပွဲအတွက် သင်တို့၏ ပြင်ဆင်မှုများကိုသာ အပြီးသတ်ကြလော့။ ငါသည် သင့်အတွက် အပြည့်အဝ တာဝန်ယူသည်။ အရာခပ်သိမ်းသည် ငါ၏လက် အတွင်းတွင် ရှိ၏။ ဤသည်မှာ သေသည်အထိ တိုက်ရမည့် စစ်ပွဲတစ်ခုဖြစ်ပြီး၊ တစ်ဖက် မဟုတ် တစ်ဖက် ပျက်ဆီးဆုံးရှုံးဖို့ သေချာ၏။ သို့သော် သင်သည် ဤအရာနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖြစ်ရမည်- ငါသည် ထာဝရအောင်နိုင်ပြီး ရှုံးပွဲမရှိသောသူဖြစ်ကာ စာတန်သည် ဧကန်မုချ ပျက်စီးရလိမ့်မည် ဖြစ်၏။ ဤသည်မှာ ငါ၏ချဉ်းကပ်နည်း၊ ငါ၏အမှု၊ ငါ၏အလိုနှင့် ငါ၏အကြံအစည်တို့ ဖြစ်သည်။

ပြီးမြောက်ပြီ။ အရာအားလုံး ပြီးမြောက်ပြီ။ သူရဲဘောမကြောင်လေနှင့်၊ သို့မဟုတ် မကြောက်လေနှင့်။ ငါသည် သင်နှင့်အတူ၊ သင်သည် ငါနှင့်အတူ ထာဝရ အစဉ်အမြဲ ရှင်ဘုရင်များ ဖြစ်လိမ့်မည်။ ငါ၏နှုတ်ကပတ်တော်များသည် တစ်ကြိမ် ပြောလိုက်သည်နှင့် ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည် မဟုတ်သကဲ့သို့ အဖြစ်အပျက်များသည် သင်တို့အပေါ် မကြာခင် ကျရောက်လာလိမ့်မည်။ သတိရှိကြလော့။ သင်သည် စာတစ်ကြောင်းစီတိုင်းကို ကောင်းစွာ တွေးဆသင့်၏။ ငါ၏ နှုတ်ကပတ်တော်များနှင့်ပတ်သက်၍ နောက်ထပ် မရေမရာ မဖြစ်လေတော့နှင့်။ သင်သည် ၎င်းတို့နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖြစ်နေရမည်။ သင် အမှတ်ရရမည်မှာ- ငါ၏မျက်မှောက်တွင် သင် တတ်နိုင်သမျှ အချိန်များများ ကုန်ဆုံးလော့။

# အခန်း ၄၅

သင်သည် သင်၏ ညီအစ်ကိုမောင်နှမများကို လူသိရှင်ကြား အကဲဖြတ်ဝေဖန်သည်မှာ ယင်းသည်မည်သည့်အရာမှ မဟုတ်ခဲ့သကဲ့သို့ပင် ဖြစ်သည်။ သင်သည် အကောင်းနှင့် အဆိုးကို အမှန်တကယ်မသိ။ ရှက်ရွံ့ခြင်းကို မသိ။ ဤအပြုအမူသည် ဆိုးဆိုးရွားရွား မထီလေးစားသော၊ ထင်တိုင်းကြဲသော အပြုအမူ မဟုတ်သလော။ သင်တို့ တစ်ဦးချင်းစီတိုင်းသည် စိတ်ရှုပ်ထွေးကာ စိတ်နှလုံး လေးလံလျက် ရှိကြ၏။ သင်တို့သည် များပြားလွန်းသော ဝန်စည်စလယ်ကို သယ်ဆောင်ထားကာ သင်၏အထဲတွင် ငါ့အတွက် နေရာမရှိ။ မျက်ကန်းတို့။ သင်တို့၏ ရက်စက်ကြမ်းကြုတ်ခြင်းသည် ဤမျှ အစွန်းရောက်ပြီးဖြစ်ရာ ယင်းသည် မည်သည့်အချိန်တွင် အဆုံးသတ်မည်နည်း။

ငါသည် သင်တို့အား ငါ၏စိတ်နှလုံးထဲမှ ထပ်ခါတလဲလဲ ပြောကြားပြီး ငါ၌ရှိသမျှ အရာအားလုံးကို သင်တို့အား ပေးသော်လည်း၊ သင်တို့သည် အလွန်တရာ ကပ်စေးနှဲလျက် လူ့သဘာဝ စိုးစဉ်းမျှ မရှိပေ။ ဤအရာသည် နားလည်သဘောပေါက်ရန် အမှန်တကယ် ခက်သည်။ သင်သည် သင်၏ ကိုယ်ပိုင် အယူအဆများကို အဘယ်ကြောင့် ဖက်တွယ်ထားသနည်း။ အဘယ့်ကြောင့် သင်၏အထဲ၌ ငါ့အတွက် နေရာအချို့ မရှိစေသနည်း။ ငါသည် သင်တို့အား အဘယ်သို့များ ထိခိုက်နာကျင်စေနိုင်မည်နည်း။ သင်သည် ဤနည်းအားဖြင့် ဆက်လက် မပြုမူရ၊ ငါ၏နေ့ရက်သည် ယခုအချိန်မှ အမှန်တကယ် မဝေးတော့ပေ။ ဂရုမထားဘဲ မပြောနှင့်၊ မဆင်မခြင် မပြုမူနှင့်၊ သို့မဟုတ် ခိုက်ရန်ဖြစ်ပွားပြီး ပြဿနာ မဖြစ်စေနှင့်။ ယင်းသည် သင်တို့၏ အသက်တာများအပေါ် မည်သို့

ကောင်းစေနိုင်သနည်း။ ငါသည် သင်တို့ကို မှန်ကန်စွာ ပြောကြားနေသည်။ ငါ၏နေ့ရက်ရောက်သောအခါ လူတစ်ဦးတစ်ယောက်မျှ ကယ်တင်ခြင်း မခံရလျှင်ပင်၊ ငါသည် အမှုအရာတို့ကို ငါ၏ အစီအစဉ်အတိုင်းသာ ကိုင်တွယ်သွားလိမ့်ဦးမည် ဖြစ်သည်။ ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင် ဖြစ်ကြောင်းကို သင်သိရမည်။ မည်သည့် အရာဝတ္ထု တစ်ခုကမျှ၊ လူပုဂ္ဂိုလ် တစ်ဦးကမျှ၊ အဖြစ်အပျက် တစ်ခုကမျှ ငါ၏ ရှေ့ဆက်သော ခြေလှမ်းများကို နှောင့်နှေးစေရန် မဝံ့ရဲ။ သင်တို့မပါဘဲ ငါ၏ အလိုတော်ကို ဆက်လက် လုပ်ဆောင်ဖို့ရန် ငါ့တွင်နည်းလမ်းမရှိဟု သင်တို့မထင်သင့်။ အကယ်၍ သင်သည် သင်ကိုယ်တိုင်၏အသက်တာအား ဤအပျက်သဘောဆောင်သည့် အပြုအမူဖြင့် ပြုမူပါက၊ သင်ကိုယ်တိုင်၏အသက်တာကို ပျက်စီးစေမည်သာဖြစ်ကြောင်း ငါပြောနိုင်သည်။ ယင်းသည် ငါအမှုထားစရာ ကိစ္စမဟုတ်ပေ။

သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည် အဆင့်တစ်ခုအထိ တိုးတက်ပြီးဖြစ်ကာ သက်သေခံချက်သည် အထွတ်အထိပ်သို့ ရောက်ပြီးဖြစ်၏။ ဤအရာသည် ရိုးရှင်းသော အမှန်တရား ဖြစ်သည်။ သင်တို့၏ ဝေဝါးနေသော မျက်စိများကို အမြန်ဖွင့်လော့။ သင်တို့၏အတွင်း၌ ငါ၏ အပင်ပန်းခံ ကြိုးစားအားထုတ်မှုများကို အချည်းနှီး မဖြစ်စေဘဲ၊ သင်တို့ကိုယ်သင်တို့ စိတ်အလိုလိုက်ခြင်း မပြုတော့နှင့်။ သင်တို့သည် ငါ၏ရှေ့တော်မှောက်၌ ကောင်းမှုများကို လုပ်ဆောင်ရန် ဝမ်းမြောက်ဝမ်းသာ ရှိသော်လည်း၊ ငါမရှိသည့် အချိန်တွင် သင်တို့၏ လုပ်ဆောင်မှုများနှင့် အပြုအမူများကို ငါ့ရှေ့တော်၌ ငါမြင်ရန်အတွက် ဆက်လက် ထိန်းထားနိုင်မည်လော။ သင်တို့သည် အကောင်းနှင့် အဆိုးကို မသိ။ သင်တို့သည် ငါ့အား နားမထောင်၊ ငါ၏ရှေ့တွင် တစ်မျိုးပြုလျက် ငါ၏နောက်ကွယ်ရာတွင် တစ်မျိုး ပြုကြသည်။ ငါသည် လူသား၏ စိတ်နှလုံး နက်ရှိုင်းရာထဲသို့ ကြည့်သော ဘုရားသခင် ဖြစ်သည်ကို သင်သည် သဘောမပေါက်နိုင်သေးပေ။ သင် မသိနားမလည်မှုက လွန်ကဲလိုက်လေတကား။

နောက်ပိုင်း၌ ရှေ့တွင်ရှိသောလမ်းတွင် သင်သည် လှည့်ဖြားမှုကို မဖန်တီးရ၊ သို့မဟုတ် လှည့်စားခြင်းနှင့် မရိုးဖြောင့်ခြင်းတို့၌ စိတ်ဝင်စားခြင်းမရှိဘဲ နေရမည်။ ထိုကဲ့သို့မဟုတ်လျှင် အကျိုးဆက်များသည် မစဉ်းစားတတ်အောင်ပင် ဖြစ်လိမ့်မည်။ လှည့်စားခြင်းနှင့် မရိုးဖြောင့်ခြင်းသည် မည်သည့်အရာများ ဖြစ်ကြသည်ကို သင်တို့ အားလုံး နားမလည်ကြသေးပေ။ ငါမြင်ရန် သင်အခွင့်မပေးနိုင်သော မည်သည့်လုပ်ရပ် သို့မဟုတ် မည်သည့်အပြုအမူများကိုမဆို၊ အများသူငါ အသိမခံနိုင်သော အရာမှန်သမျှသည် လှည့်စားခြင်းနှင့် မရိုးဖြောင့်ခြင်းများ ဖြစ်ကြသည်။ ယခု ဤအရာကို

သင်နားလည်သဘောပေါက်သင့်သည်။ အကယ်၍ အနာဂတ်တွင် သင်သည် လှည့်စားခြင်းနှင့် မရိုးဖြောင့်ခြင်းများ၌ ပါဝင်သည့်အခါ၊ နားမလည်ယောင်မဆောင်နှင့်- အကယ်၍ သင်သည် ဤအရာကို ပြုလုပ်ပါက၊ သိလျက်နှင့် အမှား ပြုနေခြင်းဖြစ်ကာ နှစ်ဆ အပြစ်ရှိ၏။ ဤအရာသည် သင့်အား မီး၌လောင်မြိုက်ခြင်းခံရရန် သို့မဟုတ် ပို၍ဆိုးရွားသော သင့်ကိုယ်သင် ပျက်ကိန်းဆိုက်စေရန်အတွက်သာ ဦးတည်လိမ့်မည်။ သင်နားလည်ရမည်။ ယနေ့ သင်တို့ ရင်ဆိုင်တွေ့ကြုံနေရသော အရာသည် ချစ်ခြင်းမေတ္တာဖြင့် ပြစ်တင်ဆုံးမခြင်း ဖြစ်ပြီး ယင်းသည် အသနားအကြင်နာမဲ့သော တရားစီရင်ခြင်း မဟုတ်သည်မှာ အသေအချာဖြစ်သည်။ ဤသည်ကို သင်မမြင်နိုင်လျှင်၊ သင်သည် အလွန်သနားဖွယ်ရာကောင်းပြီး သင့်ထံတွင် တကယ့်ကို မျှော်လင့်ချက် မဲ့ချေပြီ။ အကယ်၍ သင်သည် ချစ်ခြင်းမေတ္တာဖြင့် ပြစ်တင်ဆုံးမခြင်းကို လက်မခံလိုလျှင်၊ သင်တို့အပေါ်သို့ ကျရောက်နိုင်သည့်အရာအားလုံးမှာ အသနားအကြင်နာမဲ့သော တရားစီရင်ခြင်းသာ ဖြစ်မည်။ ထိုအရာ ဖြစ်လာသော အချိန်၌၊ ငါသည် သင့်အား မပြောခဲ့ဟု မညည်းညူလေနှင့်။ ငါ၏ တာဝန်ဝတ္တရားများကို ခေါင်းရှောင်သူမှာ ငါ မဟုတ်ဘဲ၊ ယင်းအစား ငါ့နှုတ်ကပတ်တော်များကို နားမထောင်၊ ငါ့နှုတ်ကပတ်တော်များကို မထမ်းရွက်သော သင်တို့သာ ဖြစ်သည်။ လူတို့သည် နောက်ပိုင်းတွင် ငါ့ကို ပြစ်တင်ကြမည်ကို စိုးသဖြင့် ငါသည် ယင်းကို သင်တို့အား ယခု ပြောကြားနေခြင်း ဖြစ်သည်။

## အခန်း ၄၆

မည်သူမဆို ငါ့အတွက် မိမိကိုယ်ကို ရိုးသားစွာ အပ်နှံအသုံးပြုပါက ငါသည် သင့်ကို အဆုံးတိုင်အောင် ဧကန်အမှန် အကာအကွယ်ပေးမည်၊ သင်သည် အစဉ်အမြဲ ငြိမ်သက်ခြင်းရှိပြီး အစဉ်အမြဲ ဝမ်းမြောက်ဖို့ရန်အလို့ငှာ ငါ့လက်သည် သင့်ကို အမှန်ဆွဲကိုင်ထားမည် ဖြစ်ပြီး သင့်ထံတွင် ငါ၏ အလင်းနှင့် ဖွင့်ပြချက်တို့ နေ့စဉ် ရှိနေမည်။ ငါ၌ရှိသည့်အရာတို့ကို သင်ရရှိပြီး ငါ၌ဖြစ်သည်ကို သင်ပိုင်ဆိုင်ဖို့ရန်အလို့ငှာ သင့်ကို နှစ်ဆသော ကောင်းကြီးမင်္ဂလာများ ဧကန်အမှန် ငါပေးမည်။သင့်အထဲ၌ သင်အတွင်း၌ ပေးထားသမျှသည် သင်၏ အသက်ဖြစ်ပြီး သင့်ထံမှ မည်သူမျှ မယူနိုင်ရာ။ သင့်ကိုယ်သင် ဒုက္ခမပေးနှင့် သို့မဟုတ် စိတ်ပျက်ညှိုးငယ်ခြင်း မဖြစ်နှင့်၊ ငါ၏အတွင်း၌ ငြိမ်းသက်ခြင်းနှင့် ဝမ်းမြောက်ခြင်းသာ ရှိ၏။ ငါ့ကို ရိုးသားစွာ အလေးထားပြီး ငါ့ကို နာခံသော အသင်သားသမီး၊ ငါသည် သင့်ကို စိတ်ရင်းအတိုင်း ချစ်၏၊ ငါအမုန်းဆုံးကား

သူတော်ကောင်းယောင်ဆောင်သူများ ဖြစ်ပြီး ၎င်းတို့အား ငါသည် ဆက်ဆက်သုတ်သင်ဖယ်ရှားမည်။ ငါ့အိမ်မှ လူ့လောက အရိပ်အယောင် မှန်သမျှ ငါဖယ်ရှားမည်၊ ငါမမြင်လိုသည့်အရာများ အားလုံးကို ငါဖယ်ရှားမည်။

ငါ့စိတ်နှလုံးထဲတွင် မည်သူသည် ငါ့အား ရိုးသားစွာ အလိုရှိရှိပြီး မည်သူသည် အလိုမရှိကြောင်း ငါအတိအကျ သိ၏။ သူတို့သည် ကျကျနန အယောင်ဆောင်နိုင်ပြီး ပါးပါးနပ်နပ် ရုပ်ဖျက်နိုင်ကြ၏။ သူတို့ကို ကမ္ဘာ့အကောင်းဆုံး သရုပ်ဆောင်များဟုပင် ခေါ်ဆိုနိုင်ပေမည်။ သို့သော် သူတို့၏ စိတ်နှလုံးထဲ၌ သိုထားသမျှအရာအားလုံးကို ငါရှင်းရှင်းလင်းလင်း မြင်သည်။သင့်နှလုံးထဲ၌ အဘယ်အရာရှိသည်ကို ငါမသိဟု မထင်နှင့်၊ လက်တွေ့တွင် ငါ့ထက်ပို၍ ရှင်းရှင်းလင်းလင်း နားလည်နိုင်သောသူ တစ်ယောက်မျှမရှိ။ သင့်စိတ်နှလုံးထဲ၌ အဘယ်အရာရှိသည်ကို ငါသိ၏၊ သင်သည် ဘုရားသခင်အတွက် သင့်ကိုယ်သင် ဆက်ကပ်ရန် လိုလား၏၊ ဘုရားသခင်အတွက် သင့်ကိုယ်သင် အသုံးပြုလို၏၊ အခြားသူများ ဝမ်းမြောက်စေရန် ချိုသာသောစကားများကို သင်မပြောလိုခြင်းသာ ဖြစ်၏။ ရှင်းရှင်းလင်းလင်း သိနားလည်လော့။ ယနေ့ နိုင်ငံတော်သည် လူသားတို့၏ ခွန်အားဖြင့် တည်ဆောက်ထားခြင်းမဟုတ်၊ သို့သော် ငါ၏ ပညာအသချေနှင့် ဒုက္ခသုခခံ၍ ကြိုးစားအားထုတ်မှုတို့ကို အသုံးပြုခြင်းဖြင့် လုံးလုံးလျားလျား အောင်မြင်စွာ တည်ထောင်မည်။ ဉာဏ်ပညာရှိသော မည်သူမဆိုနှင့် ၎င်းတို့အတွင်း ငါ၏ဖြစ်ခြင်းကို ပိုင်ဆိုင်သူတို့သည် နိုင်ငံတော်တည်ထောင်ရာတွင် ဝေစုရပေမည်။ ထပ်မံ၍ စိတ်ပူပန်ခြင်း မရှိနှင့်။ သင့်အထဲတွင် ငါ၏အလိုကို ဖွင့်ပြခြင်း သို့မဟုတ် ဉာဏ်အလင်းပြခြင်းတို့ကို သင်သည်အလေးမထားဘဲ အမြဲစိုးရိမ်ပူပန်လျက် မိမိကိုယ်ကို စိတ်ဆင်းရဲစေသည်။ ထိုသို့ ထပ်မံမလုပ်ဆောင်နှင့်။ သင်၏ အပြုအမူများကြောင့်ဖြစ်သော ဆင်းရဲဒုက္ခဝေဒနာများကို ရှောင်ကြဉ်ရန်အတွက် မည်သည့် အကြောင်းအရာမဆိုနှင့်ပတ်သက်ပြီး ငါနှင့် ပိုမို၍ မိတ်သဟာယဖွဲ့လော့။

အပြင်ပန်းတွင် ငါသည် လူတိုင်းနှင့် ဟက်ဟက်ပက်ပက် မရှိသကဲ့သို့ ထင်ရသော်လည်း ငါသည် အတွင်းထဲ၌ အဘယ်အရာကို တွေးတောနေသနည်း ဆိုသည်ကို သင်သိပါသလော။ ငါသည် နှိမ့်ချသူများကို အမြဲမြှင့်တင်၍ စိတ်ကြီးဝင်သူ၊ မိမိကိုယ်ကို ရှေ့တန်းတင်သူတို့ကို အမြဲဖြုတ်ချသည်။ ငါ၏အလိုကို မသိနားမလည်သူတို့သည် ကြီးစွာသော ဆုံးရှုံးမှုတို့ကို ခံစားရမည်။ဤသည်မှာ ငါဖြစ်ကြောင်း သင်သိရမည်။ ၎င်းသည် ငါ၏ စိတ်သဘောထား ဖြစ်၏။ မည်သူမျှ မပြောင်းလဲနိုင်၊ မည်သူမျှ စေ့စေ့စပ်စပ် မသိပေ။ ငါဖွင့်ပြမှသာ

သင်နားလည်နိုင်မည်၊ သို့မဟုတ်ပါက သင်သည်လည်း စေ့စေ့စပ်စပ် နားလည်မည် မဟုတ်ပေ၊ မာနမကြီးနှင့်။ အချို့လူတို့သည် အပြောကောင်းသော်လည်း သူတို့၏ စိတ်နှလုံးသည် ငါ့ကိုဘယ်သောအခါမျှ သစ္စာမရှိ၊ ငါ့အား တိတ်တဆိတ် အတိုက်အခံလုပ်လျက်ရှိသည်၊ ထိုသို့သောလူစားများကို ငါတရားစီရင်မည်။

အခြားသူများထံမှ အရိပ်နိမိတ်များကို အာရုံမပြုနှင့်၊ ငါ့အမူအယာနှင့် ဟန်ပန်တို့ကိုသာ အထူးဂရုပြုလော့။ ဤနည်းအားဖြင့်သာ သင်သည် ငါ၏အလိုကို တဖြည်းဖြည်း နားလည်လာလိမ့်မည်။ သင်၏ လုပ်ဆောင်မှုတို့သည် ငါ၏အလိုနှင့်အညီ ဖြစ်လာလိမ့်မည်ဖြစ်ပြီး သင်သည် အမှားများ ကျူးလွန်မိမည်မဟုတ်ပေ။ ဝမ်းနည်းငိုကြွေးခြင်း မပြုနှင့်။ သင်လုပ်သမျှအားလုံး၊ သင်၏အပြုအမူအားလုံးနှင့် သင်တွေးသမျှအားလုံးကို ရှင်းရှင်းလင်းလင်း ငါသိမြင်၏။ ထို့ပြင် သင်၏ ရိုးသားသော လိုအင်ဆန္ဒများကိုလည်း ငါသိ၏။ ငါသည် သင့်ကို အသုံးပြုမည်။ ယခုအချိန်သည် အရေးပါလှသောအချိန်ဖြစ်၏၊ သင့်ကို စစ်ဆေးချိန် ရောက်ပေပြီ။ သင်မမြင်သေးသလော။ သင်သဘောမပေါက်သေးသလော။ သင့်အပေါ် အဘယ်ကြောင့် ထိုသို့ ငါသဘောထားသနည်း။ သင်သိပါသလော။ ဤအရာများကိုသင့်အား ထုတ်ဖော်ပြသပြီး ဖြစ်ပြီး သင်၌ ထိုးထွင်းသိမြင်နိုင်စွမ်း အနည်းငယ်သာ ရှိ၏။ သို့သော် မရပ်တန့်နှင့်။ သင်၏ ဝင်ရောက်မှုနှင့်အတူ ဆက်လက်လျှောက်လှမ်းလော့၊ ငါသည် သင့်ကို ဆက်လက်၍ ဉာဏ်အလင်းပြမည်။ သင်သည် ငါ့ကို နာခံပြီး အလေးဂရုပြုလေလေ သင်သည် အတွင်းထဲတွင် ပိုမိုထက်မြက်ပြီး ဖွင့်ပြချက်များ ပိုမိုရရှိလေလေ ဖြစ်သည်ကို သင်သတိပြုမိပါ၏လော။ သင်သည် ငါ့အကြောင်း ပိုမိုသိရှိလေလေ၊ အတွေ့အကြုံ ပိုမိုရရှိလေလေ ဖြစ်သည်မဟုတ်လော။ သင်၏ ကိုယ်ပိုင် စိတ်ကူးစိတ်သန်းများကို အမြဲတွယ်ဖက်မထားနှင့်။ ထိုသို့လုပ်ခြင်းသည် ငါ၏ အသက်စမ်းရေ စီးဆင်းမှုကို ပိတ်စေပြီး ငါ၏အလိုကို အကောင်အထည်ဖော်ရန် အဟန့်အတား ဖြစ်စေသောကြောင့် ဖြစ်သည်။ လူတစ်ဦးကို လုံးလုံးလျားလျား ရရှိခြင်းသည် လွယ်ကူသောကိစ္စတစ်ရပ် မဟုတ်ကြောင်း သင်သိရမည်။ ခက်ခဲရှုပ်ထွေးသော နည်းလမ်းကို မစဉ်းစားပါနှင့်။ ရိုးရိုးပင် လိုက်နာ ပြီးထပ်မံ မစဉ်းစားပါနှင့်တော့။

## အခန်း ၄၇

ဖြောင့်မတ်သော အနန္တတန်ခိုးရှင် ဘုရားသခင်- အနန္တတန်ခိုးရှင်။ ကိုယ်တော်၌ အဘယ်အရာမျှ လုံးဝကွယ်ဝှက်မထားပါ။ ရှေးကာလမှစ၍ ထာဝရကာလအထိ လူသားတို့အားဖြင့် မည်သည့်အခါမျှ ဖော်ထုတ်၍ မရနိုင်သော နက်နဲသောအရာ တစ်ခုစီတိုင်းသည် ကိုယ်တော်၌ ထင်ရှားပြီး လုံးဝ ရှင်းလင်းသည်။ ကျွန်ုပ်တို့ ကြိုးစားရန် နှင့် စမ်းတဝါးဝါး ရှာဖွေရန် မလိုအပ်တော့ပါ၊ အကြောင်းမှာ ယနေ့ ကျွန်ုပ်တို့အား ကိုယ်တော်၏ ဇာတိအဖြစ်တော်ကို လူပုံအလယ်တွင် ထင်ရှားဖော်ပြ လာသောကြောင့် ဖြစ်သည်၊ ကိုယ်တော်သည် ထုတ်ဖော်ပြပြီးဖြစ်သည့် နက်နဲမှုဖြစ်သည်။ ကိုယ်တော်သည် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ ယနေ့ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်လာပြီး၊ ကျွန်ုပ်တို့က ကိုယ်တော်၏ ဇာတိအဖြစ်တော်ကို တွေ့မြင်သည့်အခါ၊ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာနယ်ပယ်၏ နက်နဲမှုတိုင်းကို တွေ့မြင်လာသည် ။ အမှန်စင်စစ် ဤအရာသည် အဘယ်သူမျှ စိတ်မကူးနိုင်သော အရာပင် ဖြစ်သည်။ ယနေ့ ကိုယ်တော်သည် ကျွန်ုပ်တို့အလယ်တွင် ရှိသည်၊ ကျွန်ုပ်တို့နှင့်ပင် အတူရှိနေသောကြောင့်၊ ကျွန်ုပ်တို့နှင့် အလွန်နီးစပ်သည်။ ယင်းမှာ ရှင်းပြဖို့ ခက်ခဲပေ၏။ အတွင်း၌ရှိသော နက်နဲမှုသည် အနှိုင်းမဲ့ပါသည်။

အနန္တတန်ခိုးရှင် ဘုရားသခင်သည် သူ၏ စီမံခန့်ခွဲမှုအစီအစဉ်ကို ပြည့်စုံစေခဲ့သည်။ သူသည် စကြဝဠာ၏ အောင်မြင်သော ဘုရင်ဖြစ်သည်။ အရာအားလုံးနှင့် ကိစ္စရပ်များ အားလုံးတို့ကို သူ့လက်ထဲမှာ ထိန်းချုပ်ထားသည်။ လူသားအားလုံးသည် စစ်မှန်သော ဘုရားနာမတော်- အနန္တတန်ခိုးရှင်- ကို အော်ခေါ်၍ ဒူးထောက် ဝတ်ပြုကြသည်။ သူ၏ နှုတ်တော်ထွက် နှုတ်ကပတ်တော်တို့အားဖြင့် အရာရာ ပြီးစီးပါသည်။ ကိုယ်တော်နှင့်အတူ စိတ်အား ထက်သန်စွာအလုပ်လုပ်နိုင်ခြင်း၊ သူနှင့် အနီးကပ်လက်တွဲနိုင်ခြင်းနှင့် သူနှင့်အတူ ဘုန်းတော်ဝင်စားနိုင်ခြင်းတို့မရှိဘဲ၊ သင်တို့သည် အဘယ်ကြောင့် လွန်စွာ ပျင်းရိပါသနည်း။ ယင်းမှာ သင်တို့သည် ဆင်းရဲဒုက္ခခံဖို့ လိုလားသည့်အတွက် ဖြစ်နိုင်သလော။ နှင်ထုတ်ခံရဖို့ လိုလားပါသလား။ ငါ့အား စိတ်ရင်းအမှန်ဖြင့် ဆက်ကပ်သောသူများနှင့် ငါ့အတွက် အသုံးတော်ခံသော သူများအား ငါမသိဟု သင်တို့ ထင်ပါသလော။ အဝိဇ္ဇာတို့၊ လူမိုက်တို့။ ငါ၏ ရည်ရွယ်ချက်တို့ကို သင်တို့သည် မဖော်ဆောင်နိုင်ပေ၊ ပြီးလျှင် သင်တို့အတွက် ငါ့အား ပင်ပန်းကြီးစွာ လုပ်စေကာ၊ သင်တို့အတွက် ငါ့အား အမြဲစိုးရိမ်ပူပန်စေလျက်၊ ငါ၏ ဝန်ထုပ်များအတွက် အရေးထားမှုကို သာ၍ပင် မပြနိုင်ပေ။ ယင်းမှာ မည်သည့်အချိန်တွင် အဆုံးသတ်လိမ့်မည်နည်း။

အရာရာတိုင်းမှာ ငါ၌ အသက်ရှင်နေထိုင်ရန်၊ အရာရာတိုင်းမှာ ငါ့ကို သက်သေခံရန်- ဆိုသည်မှာ သင်တို့ နှုတ်ပါးစပ်အား ဖွင့်ရုံနှင့် သူတစ်ပါး နားလည်နိုင်အောင် တစ်စုံတစ်ရာကို ပြောခြင်း သက်သက်သာ ဖြစ်ပါသလော။ ကောင်းမြတ်ခြင်းနှင့် ဆိုးယုတ်ခြင်းတို့ အကြား ကွဲပြားချက် ကို သင်မသိပေ။ သင် လုပ်သည့်အရာများ၌ ငါမပါရှိဘဲ၊ သင်၏ နေ့စဉ် အသက်တာများတွင် ငါသည် သာ၍ပင် မတည်ရှိသေးပေ။ သင်တို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းအား လေးနက်သောအရာ အဖြစ် ထင်မှတ်မထားကြောင်း ငါသိသည်၊ ထို့ကြောင့် ဤအရာတို့သည် သင်တို့သီးသော အသီးအပွင့်များဖြစ်သည်။ သင်သည် မနိုးသေးပါ၊ ပြီးလျှင် ထိုအတိုင်း ဆက်သွားနေမည်ဆိုလျှင် သင်သည် ငါ၏ နာမကို ဂုဏ်သရေပျက်စေလိမ့်မည်။

သင်စကားပြောသည့်အခါ၊ ငါသည် သင်နှင့်အတူ ရှိသလောဟု သင့်ကိုယ်သင်မေးလော့။ သင်စားသည့်အခါ သို့မဟုတ် အဝတ်အစားများ ဝတ်သည့်အခါ ငါ့ကတိတော် ထိုနေရာမှာ ရှိပါသလား။ အမှန်စင်စစ် သင်တို့သည် ထောက်ထားစာနာမှု မဲ့ပါတကား။ သင်တို့၏ ပြဿနာကို တိုက်ရိုက် ထုတ်ဖော်ခြင်းမရှိသည့်အခါတိုင်း၊ သင့်စရိုက်အမှန်ကို သင်ပြပြီး၊ သင်တို့ထဲက မည်သူမျှ ကျိုးနွံနာခံလိုသူ မရှိချေ။ ထိုကဲ့သို့မဟုတ်လျှင်၊ သင်တို့သည် သင်တို့ကိုယ်ကိုယ် ကြီးမြတ်ပြီး သင်တို့အထဲ၌ များစွာသော ပိုင်ဆိုင်မှု ရှိသည်ဟု ထင်မိကြမည်။ သင့်အထဲမှာ သင်ကိုဖြည့်ဆည်း ထားသောအရာသည် စာတန်၏ အကျည်းတန်သော မျက်နှာ ဖြစ်သည်ကို သင်မသိသလော။ ထိုအရာတို့ကို အကုန်အစင် သွန်ပစ်နိုင်ရန် ငါနှင့်အတူ အလုပ်လုပ်ပါ။ သင်တို့သည် ငါ့အတွက် အသက်ရှင်နိုင်ရန်၊ ငါ့အတွက် သာ၍စစ်မှန်မှုဖြင့် သက်သေခံနိုင်ရန် နှင့် လူများစွာ ငါ့ပလ္လင်ရှေ့မှာ ဆက်ကပ်နိုင်ရန်အတွက် အကြောင်းရင်းဖြစ်စေရန် သင်တို့၏အထဲ၌ ငါ၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို လုံးလုံး နေရာယူခွင့်ပေးလော့။ မရေမတွက်နိုင်သော လူများ ကယ်တင်ခြင်း ရရှိစေရန်အလို့ငှါ၊ ငါ၏ နိုင်ငံတော်သည် ဆက်လက် ခိုင်မာပြီး၊ မတုန်လှုပ်ရှိ စေရန် ခရစ်တော်အား ချီးမြှောက်ရင်း၊ ခရစ်တော်အား ထင်ရှားစေရင်း၊ ခရစ်တော်အား သက်သေခံရင်းဖြင့့် သင်တို့၏ ပခုံးပေါ် ရှိ ဝန်ထုပ်သည် မည်မျှလေးလံသည်ကို သင်သိရမည်။ ယနေ့ လုပ်ဆောင်ရမည့် အလုပ်၏ အရေးကြီးခြင်းကို သိနားလည်ခြင်း မရှိပါဘဲ၊ သင်တို့သည် တော်စွလျော်စွ ကြုံရာကျပန်း မနေရန် ငါသည် ဤအရာတို့ကို ညွှန်ပြပါသည်။

ပြဿနာများနှင့် ရင်ဆိုင်ရသောအခါ၊ ပူလောင်နေသော အကြော်အိုးတစ်လုံးထဲက ပုရွက်ဆိတ်များကဲ့သို့ ပတ်ချာလှည့်ပြေးလျက် ကူကယ်ရာမဲ့နေသည်- ဤသည်မှာ သင်တို့၏ စိတ်သဘောထားဖြစ်သည်။ သင်သည် အပြင်ပန်းမှာ အရွယ်ရောက်ပြီး သူများကဲ့သို့

ဖြစ်သော်လည်း၊ အတွင်းပိုင်းအသက်တာများသည် ကလေးငယ်တစ်ဦးနှင့် တူသည်။ သင်လုပ်နိုင်သည့် အရာဟူသည် ပြဿနာကို ရှာပြီး ငါ့အား ပိုမိုဝန်ပိစေခြင်း ဖြစ်သည်။ ငါစိတ်ဝင်စားမှု အနည်းဆုံးအရာ ရှိပါက၊ သင်တို့ ပြဿနာ ဖန်တီးခြင်းပင် ဖြစ်မည်။ ယင်းမှာ မမှန်ကန်ပါသလော။ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မယူမှတ်နှင့်လော့။ ငါပြောသောအရာသည် သမ္မာတရားဖြစ်၏။ ငါသည် စကားကြီးစကားကျယ်များကိုသာ အသုံးပြုနေသည့်ပုံပေါက်သော်လည်း၊ ငါသည် သင်တို့အား အစဉ်မပြတ် ဩဝါဒချွေနေသည်ဟု အမြဲ မတွေးနှင့်လော့။ ဤအရာသည် သင်တို့၏ စစ်မှန်သော အခြေအနေပင်တည်း။

## အခန်း ၄၈

ငါသည် စိုးရိမ်ကြောင့်ကြလျက်ရှိ၏၊ သို့သော် သင်တို့အထဲတွင် မည်မျှသောသူတို့သည် ငါနှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိနိုင်မည်နည်း။ သင်တို့သည် ငါ့နှုတ်ကပတ်တော်တို့ကို အရေးစိုက်ခြင်းပင်မပြု၊ ထိုအရာတို့ကို အလျှင်း လျစ်လျူရှုလျက် အာရုံစိုက်နိုင်ခြင်း မရှိကြပြီ၊ ထို့ထက် သင်တို့၏ အပေါ်ယံမျှသာဖြစ်သော အရာတို့ကိုသာ အာရုံစိုက်လျက်ရှိကြသည်။ သင်သည် ငါ၏အပင်ပန်းခံ စောင့်ရှောက်မှု နှင့် အားထုတ်မှုတို့ကို အလဟဿအဖြစ် သဘောထားလေသည်၊ သင်တို့၏အသိတရားသည် ပြစ်တင်ရှုတ်ချခြင်း မခံရသလော။ သင်တို့သည် မသိနားမလည်ကြဘဲ ဆင်ခြင်တုံတရား မဲ့ကြသည်၊ သင်တို့သည် မိုက်မဲသူများဖြစ်ပြီး ငါ့ကို အလျှင်း မကျေနပ်စေနိုင်ကြချေ။ ငါသည် သင်တို့အတွက် အလုံးစုံ ဖြစ်၏- သင်တို့သည် အဘယ်မျှလောက် ငါ့အတွက် ဖြစ်နိုင်မည်နည်း။ ငါ၏ရည်ရွယ်ချက်ကို သင်တို့သည် နားလည်မှု လွဲကြပြီ၊ ဤသည်မှာ သင်တို့၏ အမြင်ကန်းခြင်း နှင့် အကြောင်းအရာတို့ကို ရိပ်စားမိနိုင်စွမ်း မရှိခြင်းတို့ ကြောင့်ဖြစ်သည်၊ သင်တို့သည် အစဉ် ငါ့ကို သင်တို့အတွက် စိုးရိမ်ရန်နှင့် သင်တို့အတွက် အချိန်ကုန်ရန် လုပ်ဆောင်နေကြသည်။ ယခုတွင် သင်တို့၏မည်မျှသောအချိန်ကို ငါ့အတွက်အသုံးပြု၍ ငါ့အဖို့ ဆက်ကပ်မြုပ်နှံမည်နည်း။ သင်တို့ကိုယ်သင်တို့ ဤမေးခွန်းများကို ပို၍ မကြာခဏ မေးသင့်ပေသည်။

ငါ၏ရည်ရွယ်ချက်မှာ သင်တို့နှင့်ပတ်သက်သောအရာ အားလုံး ဖြစ်သည်- သင်တို့သည် ဤသည်ကို အမှန်တကယ် နားလည်သလော။ အကယ်၍ သင်တို့သည် ဤသည်ကို အမှန်တကယ် နားလည်ခဲ့ပါက၊ သင်တို့သည် ငါ၏ရည်ရွယ်ချက်ကို ရှေးကတည်းကပင် သဘောပေါက်နိုင်ခဲ့မည်ဖြစ်ပြီး၊ ငါ၏ဝန်ကိုလည်း ထောက်ထားစာနာပြီး ဖြစ်လိမ့်မည်။

ထပ်မံ၍ ဂရုမပြုဘဲ မနေနှင့်၊ သို့မဟုတ်လျှင် သင်တို့၌ သန့်ရှင်းသောဝိညာဉ်တော်၏အမှုပြုခြင်းကို ရရှိလိမ့်မည် မဟုတ်၊ ယင်းက သင်တို့၏စိတ်ဝိညာဉ်တို့ကို သေစေလျက် မရဏနိုင်ငံသို့ ကျရောက်စေမည်ဖြစ်သည်။ ဤသည်မှာ သင့်အတွက် အလွန်မဆိုးရွားသလော။ ငါသည် သင်တို့ကို တစ်ဖန်ပြန်၍ သတိပေးရန် မလိုအပ်တော့ပေ။ သင်တို့သည် သင်တို့၏ အသိတရားများကို ရှာဖွေလျက် မိမိကိုယ့်ကိုယ်ကို မေးစမ်းသင့်ပေသည်၊ ဤသည်မှာ ငါသည် သင်တို့အားလုံးအတွက် အလွန် စိတ်မကောင်းဖြစ်သောကြောင့် သို့မဟုတ် သင်တို့သည် ငါ့ကို အလွန်အကြွေးတင်သောကြောင့် ဖြစ်သလော။ အမှားအမှန်ကို မရောထွေးကြနှင့်၊ အသိတရားကင်းမဲ့ခြင်း မဖြစ်ကြနှင့်။ ယခုသည် အာဏာ နှင့် အကျိုးအမြတ်အတွက် တိုက်ခိုက်ရမည့်အချိန်၊ ခြေပုန်းခုတ်ခြင်းုတို့၌ ပါဝင်ရမည်အချိန် မဟုတ်ပေ။ ထို့ထက် သင်တို့သည် အသက်တာကို အလွန်အကျိုးပျက်ပြားစေသော ဤအရာတို့ကို အမြန်ဘေးဖယ်ထားပြီး စစ်မှန်မှုထဲသို့ဝင်ရန် ကြိုးစားကြရမည်။ သင်သည် အလွန်ပင် ဂရုမစိုက်ဖြစ်သည် တကား။ သင်သည် ငါ၏စိတ်နှလုံးကို နားမလည်နိုင်ပေ သို့မဟုတ် ငါ၏ရည်ရွယ်ချက်ကို သဘောမပေါက်နိုင်ပေ။ ငါသည် သင်တို့ကို မပြောခဲ့သင့်သည့်အရာ များစွာရှိသော်လည်း၊ သင်တို့သည် ထိုကဲ့သို့သော စိတ်ရှုပ်ထွေး၍ နားမလည်သူများ ဖြစ်သောကြောင့် ငါသည် အကြိမ်ကြိမ် ဆိုနေခဲ့ရသည်၊ ထိုသို့ဖြစ်လျှင်ပင် သင်တို့သည် ငါ့စိတ်နှလုံးကို ကျေနပ်အားရစေခြင်း မရှိသေးပါ။

သင်တို့ကို တစ်ယောက်ပြီးတစ်ယောက် ရေတွက်လျက်၊ သင်တို့ထဲမှ အဘယ်မျှလောက်သောသည် ငါ့စိတ်နှလုံးကို အမှန်တကယ် ထောက်ထားစာနာနိုင်မည်နည်း။

# အခန်း ၄၉

ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အစေခံဖို့ရန် မှန်ကန်စွာ၊ ထကြွလုံ့လဖြင့် ပေါ်ပေါ်လွင်လွင် ညှိနှိုင်းဆောင်ရွက် ရမည်။ ထို့အပြင် တက်ကြွမှု၊ အားအင် နှင့် မိမိကိုယ်ကိုယုံကြည်မှု အပြည့်ရှိရမည်၊ သို့မှသာလျှင် အခြားသူတို့သည် မြင်သောအခါ၊ ထောက်မခံရလျက် ပြည့်ဝလိမ့်မည်။ ငါ့အား အစေခံရန်၊ ငါ ရည်ရွယ်သကဲ့သို့ အစေခံရမည်၊ ငါ၏သဘောနှင့် ကိုက်ညီရမည်သာမက ထို့ထက်သာ၍ ငါ၏ရည်ရွယ်ချက်များကို ဖြည့်ဆည်းရမည်၊ ထိုမှသာ ငါသည် သင့်ထံ၌ ပြီးမြောက်သောအရာအားဖြင့် ကျေနပ်မည်။ ငါ၏ နှုတ်ကပတ်တော်အားဖြင့် သင်၏အသက်တာကို ပြည့်ဝစေလော့၊ သင်၏စကားကို ငါ၏တန်ခိုးဖြင့် ပြည့်စေလော့၊

ဤသည်မှာ သင့်ကို ငါ တောင်းဆိုသောအရာဖြစ်၏။ သင်၏လိုအင်ဆန္ဒများနောက်သို့ လိုက်ခြင်းသည် ငါနှင့်သဏ္ဍာန်တူခြင်းကို ထုတ်ဖော်သလော။ ယင်းသည် ငါ၏စိတ်နှလုံးကို ကျေနပ်စေမည်လော။ သင်သည် ငါ၏ရည်ရွယ်ချက်တို့ကို စစ်မှန်စွာ လိုက်နာပြီးသည့် တစ်စုံတစ်ယောက်လော။ သင်သည် ငါ၏စိတ်နှလုံးကို နားလည်ရန် အမှန်တကယ် ကြိုးစားပြီးသည့် တစ်စုံတစ်ယောက်လော။ သင်သည် သင့်ကိုယ်သင် ငါ့အတွက် အမှန်ပင် ဆက်ကပ်ပြီလော။ သင်သည် ငါ့အတွက် သင့်ကိုယ်သင် အမှန်တကယ် အသုံးခံပြီလော။ သင်သည် ငါ၏ နှုတ်ကပတ်တော်တို့ကို ဆင်ခြင်ပြီလော။

တစ်ဦးတစ်ယောက်အနေဖြင့် ကဏ္ဍတိုင်းတွင် ဉာဏ်ပညာကို အသုံးပြုပြီး၊ ငါ၏ပြီးပြည့်စုံသောလမ်းခရီးကို လိုက်လျှောက်ရန် ဉာဏ်ပညာကို အသုံးပြုရမည်။ ငါ၏နှုတ်ကပတ်တော်၌ ပြုမူနေထိုင်သော သူတို့သည် ဉာဏ်ပညာ အရှိဆုံးဖြစ်၍၊ ငါ၏နှုတ်ကပတ်တော်နှင့် အညီ ပြုမူနေထိုင်သူတို့မှာ နာခံမှုအရှိဆုံးသူတို့ ဖြစ်၏။ ငါပြောသောအရာသည် ဖြစ်ပေါ်၍၊ သင်သည် ငါနှင့် စကားရည်လုရန် သို့မဟုတ် ငါ့အား နားသွင်းဖျောင်းဖျဖို့ ကြိုးစားရန် မလိုအပ်ပေ။ ငါ ဆိုသည့် အရာတိုင်းသည် သင့်ကို အမှန်တကယ် ရည်ရွယ်၍ပြောခြင်းဖြစ်သည် (ငါသည် စည်းကမ်းတင်းကျပ်သည် ဖြစ်ပါစေ၊ နူးညံ့သိမ်မွေ့သည်ဖြစ်ပါစေ)။ အကယ်၍ သင်သည် နာခံခြင်းကို အာရုံစိုက်ပါက၊ ထိုအရာသည် ကောင်းမွန်မည်ဖြစ်ပြီး၊ ဤသည်မှာ မှန်ကန်သော ဉာဏ်ပညာ၏လမ်း ဖြစ်သည် (ထို့ပြင် ဘုရားသခင်၏ တရားစီရင်ခြင်း ကျရောက်ခြင်းအား တားဆီးသည့် နည်းလမ်းဖြစ်သည်)။ ယနေ့တွင် ငါ၏အိမ်တော်၌ ငါ့ရှေ့တွင် ယဉ်ကျေးလျက်၊ ငါ့နောက်ကွယ်တွင် အခြားအရာများ ပြောခြင်းကို မပြုနှင့်။ ငါသည် သင့်ကို လက်တွေ့ကျစေချင်၏၊ ဟန်များသော လေလုံးတို့ကို အသုံးပြုရန် မလိုအပ်ပေ။ လက်တွေ့ကျသောသူတို့အတွက် အရာရာ ရှိလေသည်။ လက်တွေ့မကျသူတို့အတွက်မူ ဘာမျှ မရှိပေ။ သူတို့၏ခန္ဓာတို့သည်ပင်လျှင် သူတို့နှင့်အတူ မတည်ရှိခြင်းသို့ ပြန်သွားမည်၊ အကြောင်းမှာ လက်တွေ့ကျခြင်းမရှိသောအခါ အနတ္တသာရှိ၏၊ အခြား ရှင်းလင်းချက် မရှိပေ။

ဘုရားသခင်၌ သင်တို့၏ယုံကြည်ခြင်းတွင် ငါသည် သင်တို့ကို အလွန် စိတ်အားထက်သန်စေလိုပြီး၊ သင်ရအံ့သော အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများ အကြောင်းသော်လည်းကောင်း၊ သင်၌ရှိသော အရာအားလုံးအတွက်သော်လည်းကောင်း မစိုးရိမ်ကြနှင့်၊ သင်သည် မှန်ကန်သော လမ်းခရီးပေါ်တွင် ခြေချဖို့ရန်သာ ကြိုးပမ်းသင့်ပြီး မည်သူကြောင့်မျှ မယိမ်းယိုင်နှင့် သို့မဟုတ် မည်သူ၏ ထိန်းချုပ်ခြင်းကိုမျှ မခံလေနှင့်။

ဤသည်မှာ အသင်းတော်၏ထောက်တိုင်တစ်ခုဖြစ်ခြင်း၊ နိုင်ငံတော်၏ အောင်မြင်သူတစ်ဦးဖြစ်ခြင်း ဟူ၍ တွင်သောအရာဖြစ်၏၊ သို့သော် အခြားအရာ လုပ်ဆောင်လျှင်မူ၊ သင်သည် ငါ၏ မျက်မှောက်တော်တွင် အသက်ရှင်ရန် မထိုက်တန်ဟု ဆိုလိုခြင်းဖြစ်သည်။

ကွဲပြားခြားနားသည့် အခြေအနေတို့တွင်၊ ငါ့ထံသို့ နီးကပ်စေသည့် လမ်းခရီးသည်လည်း ထို့အတူပင် ခြားနားသည်။ အချို့သော သူတို့သည် နားဝင်ချိုသော စကားတို့ကို ပြောရန် နှစ်သက်ကြ၍၊ ငါ၏ မျက်မှောက်တော်တွင် ရိုသေကိုင်းရှိုင်းကြ၏။ သို့သော် နောက်ကွယ်၌မူ သူတို့သည် အလုံးစုံ ကစဉ့်ကလျားဖြစ်၍၊ ငါ၏နှုတ်ကပတ်တော်တို့သည် သူတို့၌ မရှိ။ ၎င်းတို့သည် စက်ဆုပ်ဖွယ်ဖြစ်ကာ စိတ်အနှောင့် အယှက်ဖြစ်စေ၏၊ ၎င်းတို့သည် တစ်စုံတစ်ဦးအား တည်ဆောက်နိုင်ရန် သို့မဟုတ် ထောက်မမှုပေးနိုင်ရန်မှာ မဖြစ်နိုင်ပေ။ သင်တို့သည် ငါ၏ စိတ်နှလုံးကို ထောက်ရှုနိုင်စွမ်းမရှိပေ၊ အကြောင်းမှာ သင်တို့သည် ငါနှင့် သာ၍မနီးစပ်မှု မရှိနိုင်ခြင်း သို့မဟုတ် မိတ်သဟာယမပြုနိုင်ခြင်း ကြောင့်သာ ဖြစ်သည်၊ သင်တို့သည် ငါ့အား သင်တို့အဖို့ အစဉ်အမြဲ စိုးရိမ်စေ၍၊ သင်တို့အဖို့ အစဉ်အမြဲ အလုပ်ပင်ပန်းစေ၏။

## အခန်း ၅၀

အသင်းတော်အားလုံး နှင့် သန့်ရှင်းသူအားလုံးတို့သည် အတိတ်ကို ပြန်လည်တွေးကြည့်သင့်သကဲ့သို့ အနာဂတ်ကိုလည်း မျှော်ကြည့်သင့်သည်။ အတိတ်မှ သင်၏ လုပ်ဆောင်ချက် အဘယ်မျှတို့သည် အရည်အသွေးပြည့်မီသနည်း၊ သူတို့ထဲမှ အဘယ်မျှသည် နိုင်ငံတော်တည်ဆောက်ရာတွင် ဝေစုရှိသနည်း။ သင့်ကိုယ်သင် တော်လှပြီဟု ထင်မနေနှင့်။ သင်၏ကိုယ်ပိုင် အားနည်းချက်တို့ကို ရှင်းလင်းစွာ မြင်သင့်ပြီး၊ သင်သည် မိမိ၏ကိုယ်ပိုင်အခြေအနေကို နားလည်သင့်ပါသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကြိုးပမ်းအားထုတ်ရန် သို့မဟုတ် အချိန်မရွေး အသုံးခံရန် သင်တို့ထဲမှ မည်သူမျှ လိုလားလျက်မရှိသည်ကို ငါသိသည်၊ ထို့ကြောင့် သင်တို့သည် မည်သည့် အောင်မြင်စွာ ရယူခြင်းများကိုမျှ မပိုင်ဆိုင်နိုင်ပါ။ သင်တို့သည် သင်တို့၏အချိန်အားလုံးကို စားသောက်ခြင်း နှင့် ပျော်ပါးခြင်းတို့ဖြင့်သာ အလဟဿ ဖြုန်းတီးလေသည်။ အနည်းစုသောသင်တို့သည် အတူဆုံသည့်အခါ၊ အသက်တာ၌ ဝိညာဉ်ရေးရာကိစ္စများကို မိတ်သဟာယပြုခြင်း သို့မဟုတ်

အချင်းချင်း အသက်တာကို ထောက်မခြင်းကို အာရုံမစိုက်ကြဘဲလျက်၊ ပြက်တီးပြက်ချော် လုပ်ကြသည်။ သင်သည် စကားပြောသောအခါ၊ ရယ်မောလျက် စနောက်လျက် နေသည်ကို ငါသည်ကြည့်ရှုရန် ခံနိုင်ရည်မရှိပါ၊ ပြီးလျှင် သင်တို့သည် ယခုထိ အလွန် အဓိပ္ပာယ်မဲ့ကြသည်။ ငါသည် ကြိမ်ဖန်များစွာ ပြောဆိုပြီးပြီ၊ သို့သော် သင်တို့သည် ငါပြောသည့်အရာ၏အဓိပ္ပာယ်ကို သိကိုမသိကြပေ- ယင်းသည် သင်တို့၏ နှာတစ်ဖျားအကွာတွင်သာရှိ၍ အလွန်ပင်မြင်သာသော တစ်စုံတစ်ရာ ဖြစ်သည်မဟုတ်လော။ ငါသည် ဤကဲ့သို့သော အရာတို့ကို ယခင်က ပြောဖူးပြီဖြစ်သော်လည်း၊ သင်တို့သည် လက်ခံယုံကြည်ခြင်း မရှိသေးသေး၊ ငါသည် သင်တို့ကို နားလည်မှု လွဲသည်ဟုထင်လျက်၊ ငါပြောသောအရာတို့မှာ အစစ်အမှန် မဟုတ်ဟု ထင်လျက်၊ ငါပြောသောအရာကို သင်တို့ အသိအမှတ် မပြုကြ။ သို့မဟုတ် ဤသည်မှာ မမှန်ကန်၍များ ဖြစ်နိုင်သလော။

အကယ်၍ သင်သည် ငါ့အား ဟန်ဆောင်လုပ်ပြရုံသာဖြစ်ပါက၊ ငါသည်သင့်ကို ဘေးတစ်ဘက်သို့ ဖယ်ထားမည်။ သင်သည် တစ်ဖန် ဝတ်ကျေတမ်းကျေ ဖြစ်ဝံ့လေသည်။ သင်သည် တစ်ဖန် ဆင်ခြင်တုံတရားမဲ့လျက် အရေးမထားလျက် ရှိပြန်သည်တကား။ ငါ၏ နှုတ်ကပတ်တော်တို့သည် ပုံသွင်းထွင်းထုသည့် ဓါးဖြစ်သည်- ငါ၏အလိုတော်နှင့် မကိုက်ညီသည့် မည်သည့်အရာမဆိုသည် ဤဓါးဖြင့် လှီးထုတ်ခြင်း ခံရလိမ့်မည်ဖြစ်ပြီး၊ သင်သည် မိမိကိုယ်ကိုယ် လေးစားမှုအတွက် အလွန်အမင်း အရေးထားဖို့ မလိုအပ်ပေ။ သင်သည် ငါ၏အလိုတော်နှင့် ကိုက်ညီပြီး သဏ္ဌာန် ပြောင်းနိုင်ဖို့ သင့်ကိုငါ စီမံဖန်တီးပေသည်။ ငါ၏စိတ်နှလုံးကို နားလည်မှု မလွဲလေနှင့်၊ ငါ၏စိတ်နှလုံးအပေါ် တတ်နိုင်သမျှ ထောက်ရှုနိုင်မှသာလျှင် ယင်းသည် လက်ခံနိုင်ဖွယ်ဖြစ်လိမ့်မည်။ အကယ်၍ သင်သည် စိုးစဉ်းမျှသော စာနာထောက်ထားမှုကိုပင် ပြသပါက၊ ငါသည် သင့်ကို အမှုမထားဘဲ ရှောင်လွှဲမည်မဟုတ်။ ထိုအရာကို ဆင်ခြင်မှုမဲ့စွာ လျစ်လျူမရှုလေနှင့်၊ ငါ၏အလိုတော်ကို သင်၏အပေါ်တွင် အစဉ်ဆောင်ရွက်စေခြင်းငှါ ခွင့်ပြုလော့။

သန့်ရှင်းသူအမြောက်အမြားတို့သည် ကွဲပြားခြားနားသော ရာထူးတို့တွင် အားလုံးတည်လျက်နေကြသည်၊ ထို့ကြောင့် သင်တို့အားလုံးတို့တွင် ခြားနားသော လုပ်ဆောင်ချက်တာဝန်များ ရှိကြသည်။ သို့သော် သင်တို့သည် ငါ့အတွက် စစ်မှန်စွာ မိမိကိုယ်ကိုယ် အသုံးတော်ခံရန် အရာရာတိုင်းကို အစွန်းကုန် ဆောင်ရွက်သင့်သည်၊ သင်တို့၏တာဝန်မှာ သင်တို့တတ်နိုင်သမျှ အစွမ်းကုန် ဆောင်ရွက်ရန်ဖြစ်သည်။ သင်သည် ဤတွင် သစ္စာရှိသင့်သည်၊ ဝမ်းမြောက်စွာ လိုလိုလားရှိသင့်သည်။ သင်သည် အမှန်တကယ်

စိတ်မပါ့တပါ မဖြစ်ရ။ သို့မဟုတ်ပါက ငါ၏တရားစီရင်ခြင်းသည် သင်တို့အပေါ်၌ အစဉ်ကျရောက်၍၊ သင်တို့၏ခန္ဓာ၊ စိတ်ဝိညာဉ်နှင့် ဝိညာဉ်တို့သည် မခံနိုင်ဖြစ်လိမ့်မည်၊ ပြီးလျှင် သင့်အတွက် ငိုကြွေးမြည်တမ်းခြင်း နှင့် အံသွားခဲကြိတ်ခြင်းတို့ ဖြစ်လိမ့်မည်။

# အခန်း ၅၁

အို အနန္တတန်ခိုးရှင် ဘုရားသခင်။ အာမင်။ ကိုယ်တော်၌ အရာအားလုံးက လွတ်ငြိမ်းသည်၊ အရာအားလုံးက လွတ်မြောက်သည်၊ အရာအားလုံးက ပွင့်လင်းသည်၊ အရာအားလုံးကို ထုတ်ဖော်ထားပြီး အရာအားလုံးက တောက်ပကာ ဝှက်ထားခြင်း သို့မဟုတ် ဖုံးကွယ်ထားခြင်း အလျဉ်းမရှိချေ။ ကိုယ်တော်သည် လူဇာတိခံယူထားသော အနန္တတန်ခိုးရှင် ဘုရားသခင် ဖြစ်သည်။ ကိုယ်တော်သည် ရှင်ဘုရင်ကဲ့သို့ စိုးစံပြီဖြစ်သည်။ ကိုယ်တော်သည် ပွင့်လင်းစွာ ထုတ်ဖော်လှစ်ဟပြီဖြစ်ကာ၊ နက်နဲရာတစ်ခု မဟုတ်တော့ဘဲအစဉ်အမြဲ အလျဉ်း ထုတ်ဖော်လှစ်ဟထားပြီတကား။ ငါ့ကိုယ်ကို လုံးလုံးလျားလျား ဧကန်အမှန် ထုတ်ဖော်လှစ်ဟထားပြီ၊ ငါသည် လူသိရှင်ကြား ရောက်ရှိလေပြီဖြစ်ပြီး ငါသည် ဖြောင့်မတ်ခြင်းနေမင်းအဖြစ် ပေါ်ထွန်းလာပြီဖြစ်သည်၊ အကြောင်းမှာ ယနေ့သည် မိုးသောက်ကြယ် ပေါ်ထွန်းသောခေတ် မဟုတ်သကဲ့သို့၊ ဝှက်ထားခြင်းအဆင့်တွင် ရှိနေသည်လည်း မဟုတ်တော့ပေ။ ငါ၏အမှုသည် လျှပ်စီးပြက်သကဲသို့ ဖြစ်သည်။ ယင်းသည် မိုးကြိုးပစ်သံသမျှ အလျင်အမြန်ပြီးမြောက်လေပြီ။ ငါ၏အမှုသည် ဤလက်ရှိအဆင့်သို့ တိုးတက်ခဲ့ပြီဖြစ်၍ နှောင့်နှေးသူ သို့မဟုတ် တက်ကြွလှုပ်ရှားမှုမရှိသူ မည်သူမဆို ငဲ့ညှာခြင်းမရှိသော တရားစီရင်မှုနှင့်သာလျှင် ကြုံတွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် ငါသည် ဘုန်းအာနုဘော်နှင့် တရားစီရင်ခြင်းဖြစ်ပြီး၊ ငါသည် သင်စိတ်ကူးထားမိသကဲ့သို့ သနားဂရုဏာနှင့် ချစ်ခြင်းမေတ္တာ မဟုတ်တော့သည်ကို ရှင်းလင်းစွာ နားလည်မှု ရှိရမည်ဖြစ်သည်။ အကယ်၍ သင်သည် ဤအချက်ပေါ်တွင် မရှင်းလင်းသေးပါက သင်ရရှိမည့်အရာမှာ တရားစီရင်ခြင်းသာလျှင်ဖြစ်သည်၊ အကြောင်းမှာ သင်အသိအမှတ် မပြုရသေးသည့်အရာကို သင်ကိုယ်တိုင် မြည်းစမ်းခံစားရမည် ဖြစ်သောကြောင့် ဖြစ်ပေသည်။ သို့မဟုတ်ပါက သင်သည် သံသယများ ရှိနေဦးမည်ဖြစ်ပြီး သင်၏ယုံကြည်ခြင်း၌ ခိုင်မြဲနေရန် ဝံ့ရဲမည်မဟုတ်ပေ။

သင်တို့ထံ ငါအပ်နှင်းထားသောအရာနှင့်ပတ်သက်၍ သင်တို့သည် ယင်းကို

အလေးထားခြင်းနှင့်အတူ ပြည့်စုံစေနိုင်မည်လော။ ငါဆိုသည်မှာ မည်သည့်လုပ်ငန်းတာဝန်မဆို ဉာဏ်ပညာကို လိုအပ်ပေသည်၊ သို့တစေ တစ်စုံတစ်ခုကို ပြုလုပ်နေစဉ် ငါ၏တိုက်တွန်းနှိုးဆော်ချက်များအပေါ် သင်တို့သည် အကြိမ်ကြိမ် ကြည့်ရှုစစ်ဆေးခြင်းနှင့် ထပ်၍ဆင်ခြင်သုံးသပ်ခြင်း မည်မျှမကြာခဏ ပြုခဲ့ပြီလော။ အကယ်၍ သင်သည် ငါတိုက်တွန်းနှိုးဆော်ချက် စကားတစ်လုံးအပေါ် နားလည်မှုအနည်းငယ် ရှိပြီး ယင်းကို သင်ကြားသောအခါ ကောင်းမွန်သည်ဟု သင်ထင်မှတ်လျှင်ပင် နောင်တွင် ယင်းကို သင် အလေးအထားပေ။ ယင်းကို သင်ကြားသောအခါ သင်၏ကိုယ်ပိုင် အခြေအနေမှန်ကို သင်ရည်ညွှန်းပြီး သင့်ကိုယ်သင် မထီမဲ့မြင်ပြုလေသည်၊ သို့သော် နောင်တွင် သင်သည် ယင်းကို အသေးအဖွဲကိစ္စရပ်အဖြစ် ယူဆလေသည်။ ယနေ့မေးခွန်းမှာ သင်၏အသက်တာ တိုးတက်နိုင်ခြင်း ရှိမရှိပင် ဖြစ်သည်။ ယင်းမှာ အပြင်ပန်းတွင် သင့်ကို မည်သို့ တန်ဆာဆင်ထားသည် ဟူသော မေးခွန်းမဟုတ်ပေ။ သင်တို့တစ်ယောက်တွင်မျှ မည်သည့်ဆုံးဖြတ်ချက်မျှ မရှိသည့်အပြင် စိတ်ပိုင်းဖြတ်ထားလိုစိတ်မရှိပေ။ သင်သည် အဖိုးအခကို မပေးလို၊ သင်သည် ယာယီဖြစ်သော လောကီသာယာမှုကို ဘေးဖယ်မထားလိုပေ၊ သို့တိုင် ကောင်းကင်မှ ကောင်းချီးမင်္ဂလာများ ဆုံးရှုံးမှာလည်း ကြောက်ရွံ့ကြသည်။ သင်တို့သည် မည်သို့သောလူစားမျိုး ဖြစ်သနည်း။ သင်သည် လူမိုက်ပင်ဖြစ်ပါတကား။ သင်တို့သည် စိတ်ထိခိုက်မှုကို မခံစားသင့်ပေ။ ငါဆိုထားသောအရာသည် အဖြစ်မှန် မဟုတ်သလော။ ယင်းက သင်ကိုယ်တိုင် စဉ်းစားထားပြီးသောအရာကိုသာ ထောက်ပြပေပြီ မဟုတ်လော။ သင်သည် လူသားသဘာဝမရှိပါတကား။။ သင်၌ သာမန်လူ၏ အရည်အချင်းမျှပင် မရှိပေ။ ထိုမျှမက အကယ်၍ ထိုသို့ဖြစ်လျှင်ပင် သင်သည် သင့်ကိုယ်သင် ချွတ်ခြုံကျနေသည်ကို မတွေ့မြင်သေးချေ။ သင်သည် တစ်နေ့တာပတ်လုံး စိမ်ပြေနပြေနှင့် အပူအပင်ကင်းမဲ့စွာ နေပြီး လုံးလုံးလျားလျား ကျေနပ်အားရ နေသည်တကား။ သင်သည် မိမိကိုယ်တိုင်၏ ပျော့ကွက်ဟာကွက်တို့ မည်မျှကြီးမားကြောင်း သို့မဟုတ် သင်လိုအပ်နေသည့်အရာကို မသိပေ။ မိုက်မဲလိုက်လေခြင်း။

ငါ၏အမှုသည် ထိုသို့သော အဆင့်သို့ ရောက်ရှိလာပြီးဖြစ်သည်ကို သင်မမြင်သလော။ ငါ၏အလိုတော် အားလုံးမှာသင်တို့၌သာ ရှိသည်။ သင်တို့သည် ယင်းကို မည်သည့်အချိန်တွင် နားလည်သဘောပေါက်ပြီး ထောက်ထားစာနာခြင်း အနည်းငယ်ကို ပြသမည်နည်း။ သင်တို့ ပျင်းရိပါတကား။ သင်တို့သည် အဖိုးအခကိုမပေးလို၊ ပင်ပန်းသောအလုပ်ကို မလုပ်လို၊ အချိန်မယူလိုသည့်အပြင် အားထုတ်ကြိုးပမ်းမှုကို မဆောင်ရွက်လိုကြပေ။ သင့်ကို တစ်စုံတစ်ခု ငါပြောအံ့။ သင်သည် ဆင်းရဲဒုက္ခကို ခံရဖို့ ပို၍ကြောက်ရွံ့လေ သင်၏အသက်တာက

ပို၍နည်းပါးသော အကျိုးကျေးဇူးကို ခံစားရလေဖြစ်သည်သာမက သင်၏အသက်တာ ကြီးထွားလာသည်နှင့်အမျှ သင်သည်အတားအဆီးများကို ပို၍တွေ့ကြုံရမည်ဖြစ်ပြီး သင်၏အသက်တာ တိုးတက်ဖို့ ပို၍အလားအလာနည်းလေ ဖြစ်သည်။ သင့်ကို ငါ ထပ်မံ၍ သတိပေးရအံ့ (ယင်းကို နောက်ထပ် ပြောမည်မဟုတ်)။ မိမိ၏ ကိုယ်ပိုင်အသက်တာအတွက် တာဝန်ယူခြင်း မရှိသောသူ မည်သူမဆိုအား ငါသည် ဂရုပြုမည်မဟုတ်ဘဲ စွန့်ပစ်မည်ဖြစ်သည်။ ငါသည် ဤအရာကို စတင်၍ အကျိုးသက်ရောက်စေပြီ ဖြစ်သည်။ ဤသည်ကို သင် ရှင်းရှင်းလင်းလင်း မမြင်ရသေးသလော။ ဤသည်မှာ စီးပွားရေးလုပ်ငန်းကိစ္စ မဟုတ်သကဲ့သို့ ကုန်သွယ်မှုလည်းမဟုတ်၊ အသက်တာဖြစ်သည်။ ရှင်းသလော။

# အခန်း ၅၂

ငါသည် ဖြောင့်မတ်ခြင်းနေမင်းကဲ့သို့ ပေါ်ထွက်လာပြီး သင်တို့နှင့် ငါသည် ဘုန်းအာနုဘော်နှင့် ကောင်းမွန်သော ကောင်းချီးမင်္ဂလာများကို အတူတကွ ကာလအစဉ်အမြဲ ဝေမျှမည်။ ဤသည်မှာ အငြင်းပွားစရာ မရှိသော အချက်တစ်ခုဖြစ်ပြီး သင်တို့၌ စတင်၍ အခြေခိုင်လာပြီး ဖြစ်သည်။ ဤသည်မှာ ငါကတိထားပြီးသော အရာအားလုံးကို သင်တို့အတွက် ငါဖြည့်ဆည်းပေးမည် ဖြစ်သောကြောင့်ဖြစ်သည်။ ငါဆိုသော အရာအားလုံးမှာ လက်တွေ့အရှိတရား ဖြစ်ပြီး၊ မည်သည့်အခါမျှ အကျိုးမဲ့ မပြန်ရ။ ဤကောင်းမွန်သော ကောင်းချီးမင်္ဂလာများမှာ သင်တို့အပေါ်တွင်ရှိပြီး မည်သူမျှ ထိုအရာတို့ကို တောင်းဆို၍မရပေ။ ထိုအရာတို့မှာ ငါနှင့်တစ်သဘောတည်း ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပြုလုပ်သော သင့်အစေခံခြင်း၏အသီးများ ဖြစ်ကြသည်။ သင်တို့၏ ဘာသာရေးအယူအဆများကို ဖယ်ရှားလော့၊ ငါ့နှုတ်ကပတ်တော်များ၏ မှန်ကန်ခြင်းကို ယုံကြည်ပြီး သံသယမဖြစ်လေနှင့်။ ငါသည် သင်တို့ကို စနောက်နေသည်မဟုတ်။ ငါဆိုသည့်အရာကို ငါအမှန် ရည်ရွယ်သည်။ ငါကောင်းချီးမင်္ဂလာ အပ်နှင်းသူတို့က ထိုသို့အတိုင်း ကောင်းချီးရရှိသကဲ့သို့ ငါကောင်းချီးမင်္ဂလာ မအပ်နှင်းသူတို့မူကား အဘယ်ကောင်းချီးမျှ ရရှိသည်မဟုတ်ပေ။ ဤသည်ကို ငါသာလျှင် ဆုံးဖြတ်၏။ လောကီနှင့်ဆိုင်သော ကံကောင်းခြင်းဆိုသည်မှာ အမှန်တကယ် အရေးမပါလှချေ။ ငါ၏အမြင်တွင်မူ ယင်းက တစ်ပြားမျှပင် တန်ဖိုးမရှိသော တိရိစ္ဆာန်ချေးသာလျှင် ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် လောကီပျော်မွေ့ဖွယ်ရာများကို လွှန်ကဲစွာ တန်ဖိုးမထားသင့်ပေ။ ငါနှင့်အတူ ကောင်းကင်နှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများကို မွေ့လျော်ခံစားခြင်းက များစွာပို၍

အဓိပ္ပာယ်ရှိပြီးအကျိုးကျေးဇူးရှိသည် မဟုတ်လော။

ယခင်ကမူ သမ္မာတရားကို မထုတ်ဖော်ရသေးသည့်အပြင် ငါသည် လူသိရှင်ကြား ပေါ်မလာသေးပေ။ ထိုစဉ်က သင်တို့သည် ငါ့ကို သံသယဝင်လျက် ငါ့အကြောင်းကို သေချာခြင်းငှါ မဝံ့ရဲကြ။ သို့သော်လည်း ယခုတွင်မူ အရာခပ်သိမ်းသည် ထုတ်ဖော်ပြီးဖြစ်လာ၍ ငါသည် ဖြောင့်မတ်ခြင်းနေမင်းကဲ့သို့ ပေါ်ထွက်လာပြီဖြစ်သောကြောင့်အကယ်၍ သင်တို့သည် သံသယရှိနေဆဲဖြစ်ပါက ထိုအရာအတွက် သင်ဘာပြောမည်နည်း။ အမှောင်ထုသည် မြေကြီးကို ဖုံးလွှမ်းသောအခါ သင်တို့က အလင်းကို မတွေ့နိုင်ခဲ့သည်မှာ ခွင့်လွှတ်နိုင်လောက်ခဲ့သည်၊ သို့သော် ယခုတွင် နေမင်းသည် မှောင်မိုက်သော အရပ်တကာကို ထွန်းလင်းစေပြီဖြစ်ကာ၊ ဖုံးကွယ်ထားသောအရာမှာ ဖုံးကွယ်ထားခြင်း မရှိတော့သည့်အပြင် ကွယ်ဝှက်ထားသောအရာမှာ ကွယ်ဝှက်ထားခြင်း မရှိတော့ပေ။ အကယ်၍ သင်တို့သည် သံသယရှိနေသေးပါက သင့်တို့ကို ငါ အလွယ်တကူ ခွင့်လွှတ်မည်မဟုတ်။ ယခုအချိန်မှာ ငါနှင့်ပတ်သက်၍ လုံးလုံးလျားလျား သေချာရမည့်အချိန်၊ သင်တို့ကိုယ်ကို ငါ့ထံ ဆက်ကပ်ပြီး ငါ့အတွက် အသုံးခံရန် ဆန္ဒရှိရမည့်အချိန် ဖြစ်သည်။ ငါ့ကို စိုးစဉ်းမျှဖြစ်စေ ဆန့်ကျင်သော မည်သူမဆိုကို နှစ်ခါပြန်စဉ်းစားခြင်း မရှိဘဲ သို့မဟုတ် တစ်ခဏမျှ ကြန့်ကြာခြင်းမရှိဘဲ ချက်ချင်း တရားစီရင်ခြင်းမီးလျှံကို ခံရမည်။ ယခုတွင် သက်ညှာမှုမရှိသော တရားစီရင်ခြင်း ရောက်လာပြီဖြစ်သည့် အချိန်ဖြစ်သောကြောင့်၊ မိမိစိတ်နှလုံး မမှန်ကန်သောသူတို့အတွက် တရားစီရင်ခြင်းက လျင်မြန်လိမ့်မည်။ ဤသည်မှာ မိန့်ဆိုထားသည့်အတိုင်း "ငါ၏အမှုသည် ပြက်သောလျှပ်စီးကဲ့သို့ဖြစ်သည်" ၏ မှန်ကန်သောအဓိပ္ပာယ် ဖြစ်သည်။

ယင်းသည် လျင်မြန်စွာ တိုးတက်နေသည်၊ ယင်းက လူတို့ကို မအံ့ဩစေဘဲ မနေနိုင်၊ ယင်းက လူတို့ကို မကြောက်ရွံ့စေဘဲ မနေနိုင်၊ ထိုအရာကို နောက်ထပ် အချိန်ဆွဲ၍ မရတော့ပြီဖြစ်ပြီး ရပ်တန့်၍ မရတော့ပေ။ ငါ၏အမှုကို ပို၍ဆောင်ရွက်လေလေ ပို၍လျင်မြန်စွာ ရှေ့သို့ ရွေ့လျားလေလေ ဖြစ်သည်။ သတိဝီရိယမရှိသူနှင့် ကြိုတင်မပြင်ဆင်ထားသူ မည်သူမဆို စွန့်ပစ်ခြင်းခံရမည့် အန္တရာယ်ကို အမြဲတမ်း သယ်ဆောင်ထားလေသည်။ သင်သည် စုံစမ်းသွေးဆောင်ခြင်း၏ တွန်းအားကို နောက်ထပ် အရှုံးပေး၍ မရတော့ပေ။ ငါ၏အမှုသည် အပြည့်အဝ စတင်ပြီဖြစ်ပြီး တစ်ပါးအမျိုးသားနိုင်ငံတို့နှင့် စကြဝဠာကမ္ဘာဆီသို့ ကျယ်ပြန့်နေပြီဖြစ်သည်။ တရားစီရင်ခြင်း၏ မီးလျှံများမှာ ရက်စက်ပြီး မည်သူ့ကိုမျှ သနားခြင်းကရုဏာ သို့မဟုတ် ချစ်ခြင်းမေတ္တာ မရှိချေ။ ဘုရားသခင်ကို သစ္စာရှိသော်လည်း မမှန်ကန်သော အတွေးများနှင့် အကြံအစည်များရှိသောသူ သို့မဟုတ် အနည်းငယ်မျှသာ

ခုခံသူပင်လျှင်လည်း တရားစီရင်ခြင်း ခံရမည်။ ဤအကြောင်းနှင့်ပတ်သက်၍ သံသယဖြစ်စရာ မရှိပေ။ ငါ၏အလင်းအား သူ့အပေါ်ချထားသူ မည်သူမဆို အလင်းထဲတွင် အသက်ရှင်ပြီး အလင်းထဲတွင် လုပ်ဆောင်ရလိမ့်မည် ဖြစ်ကာ လမ်းဆုံးထိတိုင်အောင် ငါ့ကို အစေခံလိမ့်မည်ဖြစ်သည်။ အလင်းထဲတွင် အသက်မရှင်သော သူတို့မှာ မှောင်မိုက်တွင် နေထိုင်နေကြသည်။ ငါသည် သူတို့ကို တရားစီရင်ပြီးသောအခါ၊ သူတို့ကိုယ်တိုင်၏ အပြစ်ရှိခြင်းအတွက် မိမိတို့၏ စိတ်နေသဘောထားအပေါ် မူတည်၍ ငါသည် ဆုံးဖြတ်ချက်ချမည်။

ငါ၏နေ့ရက်သည် ရောက်လာပြီ။ သင်တို့သည် ငါနှင့်အတူ ဆင်းသက်သောကြောင့် အထက်တွင်ဆိုခဲ့ပြီးသော “ငါ၏နေ့ရက်” သည် ယခု သင်၏မျက်စိရှေ့တွင်ရှိပြီဖြစ်သည်။ ငါနှင့်သင်၊ သင်နှင့်ငါသည် မိုးပေါ်တွင် တွေ့ဆုံပြီဖြစ်ကာ၊ ဘုန်းကျက်သရေကို အတူဝေမျှခံစားကြသည်။ ငါ၏နေ့သည် အမှန်တကယ်ပင် လုံးလုံးလျားလျား ရောက်လာပေပြီ။

## အခန်း ၅၃

ငါသည် အစဖြစ်ပြီး၊ ငါသည် အဆုံးလည်း ဖြစ်၏။ ငါသည် ရှင်ပြန်ထမြောက်သူ ဖြစ်၍ တစ်ဆူတည်းသော စုံလင်ကာ စစ်မှန်သည့် ဘုရားသခင် ဖြစ်သည်။ ငါသည် ငါ၏နှုတ်ကပတ်တော်တို့ကို သင်တို့ရှေ့၌ မိန့်ဆိုပြီး၊ သင်တို့သည် ငါပြောသည့်အရာကို ပြတ်သားစွာ ယုံကြည်ရမည်။ ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း၊ ငါဆိုသော စာလုံးတစ်လုံး သို့မဟုတ် ကလောင်တံတစ်ချက်မျှ မည်သည့်အခါမျှ မတည်ဘဲရှိမည် မဟုတ်။ ဤသည်ကို သတိရကြလော့။ ယင်းကို သတိရကြလော့။ ငါသည် ယင်းကို တစ်ခါ မိန့်မြွက်ပြီးပါက၊ စကားလုံး တစ်လုံးကိုမျှ ပြန်လည် ရုပ်သိမ်းမည် မဟုတ်သည့်အပြင်၊ စကားလုံး တစ်လုံးစီတိုင်းကို ပြည့်စုံစေလိမ့်မည်။ ယခုတွင် အချိန်ကျရောက်ပြီဖြစ်၍ သင်တို့သည် လက်တွေ့အရှိတရားထဲသို့ အမြန်ဝင်ရောက်ရမည် ဖြစ်သည်။ အချိန်အများကြီး မရှိတော့ပေ။ ငါသည် ငါ၏သားတို့ကို ဘုန်းအသရေနှင့်ပြည့်စုံသော နိုင်ငံတော်ထဲသို့ ဦးဆောင်မည် ဖြစ်၍၊ သင်တို့ ကြိုးပမ်းကာ တောင့်တပြီးဖြစ်သောအရာသည် အမှန်တကယ် ဖြစ်ပေါ်လာပေလိမ့်မည်။ ငါ့သားတို့။ အလျင်အမြန် နိုးထလျက် ငါ့နောက်သို့ လိုက်လော့။ ယခုတွင် ယင်းကို အချိန်ယူ တွေးတောနေဆဲပြုရန် သင်တို့အတွက် လုံလောက်သည့် အချိန်

မရှိပေ။ ကုန်ဆုံးသွားသော အချိန်သည် ဘယ်သောအခါမျှ ပြန်လာမည် မဟုတ်ပေ၊ မှောက်မိုက်ခြင်း အပြီးနောက် အလင်းရှိလာပြီး၊ ချီဆောင်ခြင်းသည် သင်တို့ မျက်စိရှေ့တွင် ဖြစ်သည်။ သင်တို့ နားလည်ကြသလော။ သင်တို့ မျက်လုံးများကိုဖွင့်လော့။ လျင်မြန်စွာ နိုးထလော့။ ယခုတွင် သင်တို့ အချင်းချင်းအကြား ပြောဆိုဆွေးနွေးကြစဉ်၊ အချည်းနှီးသော စကားများ ပြောရန် သို့မဟုတ် အသင်းတော် တည်ဆောက်ရေးအတွက် အကျိုးမရှိသောအရာ တစ်စုံတစ်ခုကိုမျှ ပြောဆိုရန် သင်တို့ကို ခွင့်မပြုပေ။ အရေးကြီးသောအရာမှာ သင်၏လက်တွေ့ကျသော အတွေ့အကြုံများ သို့မဟုတ် ဘုရားသခင်၏ရှေ့တော်တွင် သင်မည်သို့ အလင်းပေးခြင်း ခံရပြီးဖြစ်သည်ဆိုသည့် အကြောင်းများဖြင့် သင်၏ ညီအစ်ကိုမောင်နှမတို့အား ပံ့ပိုးပေးရန်နှင့် သင်တို့ကိုယ်သင်တို့ သိရန် ဖြစ်သည်။ ဤသည်တို့ကို ပံ့ပိုးပေးနိုင်သူ မည်သူမဆိုသည် ဝိညာဉ်ရင့်ကျက်မှု ရှိလိမ့်မည်။ ယခုအခါတွင် သင်တို့အနက် အချို့သောသူတို့သည် မကြောက်မရွံ့ ရှိနေဆဲဖြစ်ပြီး ငါ မည်သည့်အရာကို ပြောသည်ဖြစ်စေ၊ ငါ မည်မျှပင် စိုးရိမ်သည်ဖြစ်စေ သင်သည် မကြောက်မရွံ့ ရှိမြဲ ရှိနေသည်၊ သင်၏ အတ္တအဟောင်းသည် အနည်းငယ်မျှပင် အထိမခံပေ။ ကိုင်း၊ ဤသို့ဆိုလျှင် ထိုအတိုင်းသာ ဆက်လက် စခန်းသွားလော့။ မည်သူဖျက်ဆီးခံရမည်ကို စောင့်၍သာ ကြည့်နေလော့။ သင်သည် ချမ်းသာကြွယ်ဝမှုကို လိုလားလျက်၊ သင်၏သားသမီးများနှင့် ခင်ပွန်းတို့ကို အလွန်အမင်း တွယ်တာလျက် ဤလောကကို ဆုပ်ကိုင်ရန် အစဉ် တွေးတောလျက် ရှိသည်။ ကိုင်း၊ သင်သည် ဆက်လက်၍သာ တွယ်တာနေနိုင်သည်။ ငါ့နှုတ်ကပတ်တော်တို့ကို သင်တို့အား မမိန့်ကြားခဲ့ခြင်း မဟုတ်သည့်အလား၊ ပြီးလျှင် သင်တို့ အလိုရှိသည့်အတိုင်းသာ ဆက်လက် လုပ်ဆောင်နိုင်သည့်အလားပင် ဖြစ်နေသည်။ များမကြာမီတွင် သင်တို့သည် အရာရာတိုင်းကို နားလည်လိမ့်မည်၊ သို့သော် ထိုအခါ နောက်ကျလွန်းနေနှင့်ပြီ ဖြစ်လိမ့်မည် ဖြစ်သည်။ သင်တို့ကို စောင့်နေလျက် ရှိနေသည့်အရာမှာ တရားစီရင်ခြင်းသာ ဖြစ်တော့သည်။

## အခန်း ၅၄

ငါသည် အသင်းတော်တစ်ခုစီ၏ အခြေအနေကို ခရေစေ့တွင်းကျ သိသည်။ ယင်းတို့အကြောင်းကို ငါ နားမလည် သို့မဟုတ် ရှင်းလင်းမှုမရှိဟု မထင်နှင့်။ အသင်းတော်များရှိ လူအမျိုးမျိုးတို့အတွက်မူ ငါ၌ သာ၍ပင် ရှင်းလင်းသော နားလည်ခြင်းနှင့် အသိပညာ ရှိသည်။ ယခုတွင် သင့်ကို လေ့ကျင့်ရမည်မှာ ငါ၏ အရေးတကြီးလုပ်ဆောင်ရမည့် အလိုတော်ပင်ဖြစ်သည်၊ ထိုသို့ဖြင့် သင်သည် လူလားမြောက်သောအရွယ်သို့ ပို၍လျင်မြန်စွာ

ကြီးထွားလာနိုင်မည် ဖြစ်သည်။ ထိုသို့ဖြင့် ငါ့အတွက် သင်အသုံးကျနိုင်သော နေ့မှာ များမကြာမီ ရောက်လာနိုင်မည် ဖြစ်သည်။ သို့ဆိုလျှင် သင်တို့သည် မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ ဘုရားသခင်ကို ထင်ရှားစေနိုင်ရန်အတွက် သင်တို့၏အမှုအရာများမှာ ငါ့၏ ဉာဏ်ပညာနှင့် ပြည့်ဝနိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် ငါ့၏အဆုံးစွန်သော ရည်မှန်းချက်သည် အောင်မြင်လိမ့်မည်ဖြစ်သည်။ ငါ့သားတို့၊ သင်တို့သည် ငါ၏အလိုတော်အပေါ် အရေးထားမှုကို ပြသသင့်ပေသည်။ ငါသည် သင့်ကို သင်ကြားသောအခါ အသေးအဖွဲလေးမှအစ သင်ကြားရအောင် မလုပ်နှင့်။ သင်တို့သည် ငါ့အလိုတော်ကို နားလည်သဘောပေါက်ပြီး ကိစ္စရပ်များ၏ အချက်အချာကို မြင်တွေ့ရန် သင်ယူရမည်။ သင်တို့ကြုံတွေ့သော ကိစ္စရပ်တိုင်းကို အခက်အခဲမရှိ၊ လွယ်လင့်တကူ ကိုင်တွယ်တတ်စေရန် ဤအရာက သင့်တို့ကို အထောက်အကူပြုလိမ့်မည်။ သင့်ကိုလေ့ကျင့်ရာတွင်၊ အစပထမ၌ ယင်းကို သင် နားလည်ချင်မှ နားလည်နိုင်မည်ဖြစ်သော်လည်း ဒုတိယအကြိမ်နှင့် တတိယအကြိမ် စသည်ဖြင့် နောက်ဆုံးတွင် ငါ၏အလိုတော်ကို သင်နားလည်သဘောပေါက်ပါလိမ့်မည်။

သင်တို့၏စကားလုံးများ၌ ခဲကတ်သော လက္ခဏာတစ်ခု အမြဲတမ်း ရှိနေသည်။ ဤအရာကို ဉာဏ်ပညာဖြစ်သည်ဟု သင်တို့ယုံကြည်သည် မဟုတ်ပါသလော။ တစ်ခါတစ်ရံ သင်တို့၏ စကားလုံးများက မနာခံတတ်ပေ။ တစ်ခါတစ်ရံ နောက်ပြောင်သည့်ပုံစံဖြင့် သင်တို့ စကားပြောတတ်ကြသည်။ ထို့ပြင် တစ်ခါတစ်ရံ သင်တို့သည် လူသား အယူအဆများနှင့် သဝန်တိုခြင်းနှင့်ငှ်ဆိုင်သော အရိပ်အယောင်ဖြင့် စကားပြောကြသည်။...အချုပ်ဆိုရသော်၊ သင်သည် အခြားသူများအား မည်သို့ အသက်ဖြည့်စွမ်းပေးရမည် သို့မဟုတ် သူတို့၏အခြေအနေများကို မည်သို့ နားလည်သဘောပေါက်ရမည်ကို တည်ကြည်ငြိမ်သက်မှု မရှိဘဲ၊ ပေါ့ပေါ့တန်တန် ပြောဆိုဆွေးနွေးတတ်ကြသည်။သင်တို့၏တွေးခေါ်မှုသည် မရှင်းလင်းသည့်အပြင် သင်သည် ဉာဏ်ပညာသည် မည်သည့်အရာဟူသည်နှင့် ကောက်ကျစ်မှုသည် မည်သည့်အရာဟူသည်ကို နားလည်သဘောပေါက်ခြင်း မရှိပေ။ သင်သည် အဘယ်မျှ နားဝေတိမ်တောင် ဖြစ်လိုက်လေခြင်း။ သင်သည် လှည့်ဖြားခြင်းနှင့် လိမ်လည်ခြင်းကို ဉာဏ်ပညာအဖြစ် မှတ်ယူသည်။ ဤအရာက ငါ့နာမကို အရှက်ရစေသည် မဟုတ်လော။ ဤသည်မှာ ငါ့ကို ပြစ်မှားစော်ကားခြင်း မဟုတ်လော။ ဤအရာက ငါ့ကို မမှန်မကန်စွပ်စွဲချက်တင်ခြင်း မဟုတ်လော။ သို့ဆိုလျှင် သင်ရှာဖွေနေသော ပန်းတိုင်ကား အဘယ်နည်း။ သင်တို့ ထိုအရာကို ဂရုတစိုက် စဉ်းစားပြီးပြီလော။ ဤကိစ္စရပ်တွင် ရှာဖွေခြင်းတစ်စုံတစ်ရာကို သင်တို့ လုပ်ဆောင်ပြီးပြီလော။ သင့်အားငါဆို၏၊ ငါ၏အလိုတော်သည် သင်တို့ရှာဖွေနေသော ဦးတည်ချက်နှင့် ရည်ရွယ်ချက်ပင် ဖြစ်သည်။

ဤသို့မဟုတ်ပါက အရာခပ်သိမ်းသည် အချည်းနှီးဖြစ်လိမ့်မည်။ ငါ၏ အလိုတော်ကို မသိသောသူတို့သည် မည်သို့ရှာဖွေရမည်ကို မသိသောသူများ၊ စွန့်ပစ်ခြင်း၊ နှုတ်ပစ်ခြင်းကို ခံရမည့်သူများ ဖြစ်ကြပေသည်။ ငါ၏အလိုတော်ကို နားလည်သဘောပေါက်ခြင်းသည် သင်တို့သင်ယူရမည့် ပထမသင်ခန်းစာဖြစ်သည်မှာ ထင်ရှားပေ၏။ ယင်းသည် အလုပ်တာဝန်များထဲမှ အရေးကြီးဆုံးသောအရာ ဖြစ်ပြီး နှောင့်နှေးကြန့်ကြာခြင်းကို ခွင့်မပြုပေ။ သင်တို့အား တစ်ယောက်ပြီးတစ်ယောက် အပြစ်ရှာရန် ငါ့ကို မစောင့်လေနှင့်။ သင်သည် မရေမရာဖြစ်ပြီး ဉာဏ်ထိုင်းသော ထုံအခြင်းအခြေအနေ၌ တစ်နေ့တာများကို ကုန်ဆုံးစေသည်။ ရယ်ဖွယ်ကောင်းလိုက်သည့်ဖြစ်ခြင်း။ သင်တို့၏ နားဝေတိမ်တောင်ဖြစ်ခြင်းမှာ အံ့အားသင့်စရာ ကောင်းလှသည်။ ငါ၏အလိုတော်အပေါ် သင် အရေးထားမှု မပြပါတကား။ သင်တို့ကိုယ်သင်တို့ မေးလော့-လုပ်ဆောင်ချက်ပြုသောအခါ ငါ၏အလိုတော်ကို ဘယ်နှစ်ကြိမ် နားလည်ခဲ့ပြီနည်း။ ယခုသည် သင်တို့အနေဖြင့် မိမိကိုယ်ကိုယ် လေ့ကျင့်ရမည့်အချိန်ပင် ဖြစ်ပေသည်။ သင်တို့ တစ်ယောက်ပြီးတစ်ယောက်ကို ငါ့အား ကိုင်တွယ်စေခြင်းက ခွကျပေသည်။ သင်သည် အတွေ့အကြုံကို ရယူရန်နှင့် သင်လုပ်ဆောင်သည်နှင့်အမျှ ထိုးထွင်းအမြင်နှင့် ဉာဏ်ပညာကို ဆည်းပူးရန် သင်ယူသင့်သည်။ သင်တို့၏နှုတ်မှထွက်သော စကားများက ကောင်းမွန်လှပါသော်လည်း စစ်မှန်မှုကား အဘယ်နည်း။ သင်တို့သည် စစ်မှန်မှုကို ရင်ဆိုင်ရသောအခါ ယင်းနှင့်ပတ်သက်၍ မည်သည့်အရာမှ မလုပ်ဆောင်နိုင်ကြပေ။ သင်ပြောသောအရာက စစ်မှန်မှုနှင့် လုံးဝမကိုက်ညီပေ။ အမှန်ဆိုရလျှင် ငါသည် သင်တို့လုပ်နေသောအရာအား တွေ့မြင်ရသည်ကို သည်းမခံနိုင်ပေ။ ကြည့်နေရင်းဖြင့် ငါ အလွန်အမင်း ဝမ်းနည်းပေသည်။ ဤအရာကို သတိရလော့၊ အနာဂတ်တွင် ငါ၏အလိုတော်ကို နားလည်ရန် သင်ယူလော့။

# အခန်း ၅၅

သာမန် လူသားသဘာဝဟု ဆိုကြသော အရာသည် လူများစိတ်ကူးသလို သဘာဝလွန်မဟုတ်ပေ။ တကယ်တမ်းတွင်မူ ၎င်းသည် လူသားများ၊ အဖြစ်အပျက်များ၊ အရာဝတ္ထုများအားလုံးနှင့် တစ်ဦးတစ်ယောက်၏ ပတ်ဝန်းကျင်မှ ထွက်ပေါ်လာသော ဖိစီးနှိပ်စက်မှုများအားလုံး၏ နှောင်ဖွဲ့မှုများကို ကျော်လွန်နိုင်ပေသည်။ ၎င်းသည် မည်သည့်နေရာ သို့မဟုတ် မည်သည့် အခြေအနေတွင်မဆို ငါ့ထံချဉ်းကပ်နိုင်ပြီး ငါနှင့် ပြောဆိုဆွေးနွေးနိုင်သည်။ သင်တို့လူသားများသည် ငါ၏ ရည်ရွယ်ချက်တို့ကို အမြဲ

အခိပ္ပါယ်ကောက်လွဲကြသည်။ သင်တို့သည် သာမန် လူ့ဘဝကို နေထိုင်သင့်သည်ဟု ငါ ပြောဆိုသည့်အခါ သင်တို့သည် မိမိကိုယ်ကို ထိန်းချုပ်၍ သင်တို့၏ ဇာတိပကတိကို ယဉ်ပါးစေသည်။ သို့သော် သင်တို့သည် သင်တို့၏ ဝိညာဉ်အတွင်းထဲတွင် ဂရုတစိုက် ရှာဖွေရန် သင် အာရုံမစိုက်ကြ။ သင်သည် သင့်အတွင်းထဲတွင် ငါဖြစ်စေသည့် ထုတ်ဖော်ခြင်းများနှင့် စိတ်လှုပ်ရှားထိခိုက်စေခြင်းများကို လျစ်လျူရှုလျှက် သင်၏အပြင်ပန်း ရုပ်သွင်အပေါ်သာ အာရုံစိုက်၏။ သင်သည် အရေးမစိုက်လွန်းစွတကား။ အလွန်ပင် အရေးမစိုက်လွန်းစွတကား။ ယင်းသည် သင့်ထံသို့ ငါအပ်နှံထားသည့်အရာအား ပြီးဆုံးအောင်ပြုလုပ်ခြင်းကို ကြီးမားသည့် အောင်မြင်မှုအဖြစ် သင်ယူဆသောကြောင့် ဖြစ်နိုင်သလော။ သင်သည် မိုက်မဲစွ။ သင်သည် နက်ရှိုင်းစွာ အမြစ်တွယ်ရေးကို အာရုံစိုက် မနေပေ။ "သစ်ပင်ပေါ်မှ သစ်ရွက်တစ်ရွက် မဖြစ်လေနှင့်၊ သစ်ပင်၏ အမြစ်ဖြစ်လော့"၊ ဤသည်ကား အမှန်တကယ်ပင် သင်၏ ဆောင်ပုဒ် ဖြစ်သလော။ ထောက်ထားစာနာမှုကင်းမဲ့စွ။ အရေးမစိုက်လွန်းစွ။ တိုးတက်မှု အနည်းငယ်ကို သင်ပြုလုပ်ခဲ့ပြီးဖြစ်သည်ဟု သင်ထင်လိုက်သည် နှင့်တစ်ပြိုင်နက် သင်ကျေနပ်သွားသည်။ ငါ၏ အလိုတော်ကို သင် ဂရုစိုက်သည်မှာ နည်းလွန်းလှ၏။ ယခုမှစ၍ အလေးဂရုပြုလော့၊ ငြိမ်သက်မနေနှင့်၊ အဆိုးမြင်ခြင်း မရှိနှင့်။ သင် အစေခံသည့်အခါတွင် ငါထံ သာ၍ ကြိမ်ဖန်များစွာ ချဉ်းကပ်ကာ ငါနှင့် သာ၍ ဆက်သွယ်ပြောဆိုလော့။ ဤသည်သာ သင်၏ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည်။ သင်သည် သင့်ကိုယ်သင် ငြင်းပယ်ပြီးသည်ကို၊ သင်ကိုယ်တိုင်၏ ပျော့ကွက်များကို သိရှိသည်ကို၊ သင်ကိုယ်တိုင်၏ အားနည်းချက်များကို သတိထားမိသည်ကို ငါ သတိပြုမိသည်။ သို့သော် သိခြင်းသက်သက်သည် မလုံလောက်ပေ။ သင်သည် ငါနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပြီး ငါ၏ ရည်ရွယ်ချက်တို့ကို သင် နားလည်သည် နှင့်တစ်ပြိုင်နက် ၎င်းတို့ကို သင် ချက်ချင်း အထမြောက်စေလော့။ ဤအရာသည် ငါ၏ ဝန်ထုပ်ဝန်ပိုးကို အလေးထားကြောင်း ပြသရန် အကောင်းဆုံးနည်းလမ်း၊ ကျိုးနွံနာခံရန် အကောင်းဆုံးနည်းလမ်း ဖြစ်သည်။

ငါ့ကို သင်မည်သို့ ဆက်ဆံသည်ဖြစ်စေ ငါသည် သင်နှင့် သန့်ရှင်းသူ အားလုံးတို့ထဲတွင် ငါ၏ အလိုတော်ကို လုပ်ကိုင်ဆောင်ရွက်လိုသည်။ ငါ၏ အလိုတော်ကို နယ်မြေတစ်ခုလုံးသို့ အဆီးအတားမရှိ လုပ်ကိုင်ဆောင်ရွက်ရန် ငါအလိုရှိသည်။ ဤအချက်ကို လုံးလုံးလျားလျား သတိပြုလော့။ ၎င်းသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များနှင့် သက်ဆိုင်သည်။ သင်သည် စိုးစဉ်းမျှ ကြောက်ရွံ့ခြင်း မရှိသလော။ သင်၏ လုပ်ဆောင်ချက်တို့နှင့် အပြုအမူအတွက် ကြောက်ရွံ့မှုဖြင့် တုန်လှုပ်မနေသလော။ သန့်ရှင်းသူအားလုံးတို့ အကြားတွင် ငါ၏ ရည်ရွယ်ချက်များကို သတိပြုမိသူ မရှိသလောက်ပင်။ ငါ၏ အလိုတော်ကို စစ်မှန်စွာ

သတိရှိသူတစ်ယောက်အဖြစ် မပေါ်လွင်လိုသလော။ သင်သတိပြုမိသလော။ လက်ရှိအချိန်တွင် ငါ၏ အရေးပေါ် ရည်ရွယ်ချက်မှာ ငါ၏ အလိုတော်ကို အပြည့်အဝ သတိရှိနိုင်စွမ်းရှိသည့် လူတစ်စုကို ရှာဖွေရန်ဖြစ်၏။ သင်သည် ထိုသူတို့ထဲမှ တစ်ဦး မဖြစ်လိုသလော။ သင်သည် ငါ့အတွက် သင့်ကိုယ်သင် အသုံးချရန်၊ ငါ့အတွက် သင့်ကိုယ်သင် ပေးအပ်ရန် ဆန္ဒမရှိသလော။ သင်သည် အသေးငယ်ဆုံးသော တန်ဖိုးကိုပင် ပေးအပ်ရန် သို့မဟုတ် အနည်းငယ်ဆုံးသော အားစိုက်မှုကိုပင် ပြုလုပ်ရန် ဆန္ဒမရှိပေ။ ဤသို့ ဆက်လက်ဖြစ်နေလျှင် ငါ၏ အပတ်တကုတ် ကြိုးစားအားထုတ်မှုတို့သည် သင်တို့ထံတွင် ပြုန်းတီး ရလိမ့်မည်။ ယခု သင့်အား ဤအရာကို ငါ ထောက်ပြပြီးဖြစ်ရာ ဤပြဿနာ၏ လေးနက်မှုကို သင် နားမလည်သေးသလော။

"ငါ့အတွက် စစ်မှန်စွာ အသုံးတော်ခံသည့် သူများအတွက် ငါသည် သင့်ကို ကြီးမြတ်စွာ ကောင်းကောင်းချီးပေးမည်။" သင် မြင်သလော။ ဤအရာကို သင့်အား ငါ အကြိမ်အချို့ ပြောခဲ့သည်။ သို့တိုင် သင့်တွင် ဒွိဟများစွာ ရှိနေသေးသည်၊ မိသားစု အခြေအနေများ၊ ပြင်ပပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် အကြောက်တရားများ ရှိနေသေးသည်။ သင့်အတွက် မည်သည့်အရာက ကောင်းမွန်သည်ကို အမှန်တကယ် သင်မသိရှိပေ။ ငါသည် ရိုးသားသည့်၊ ရိုးရှင်းသည့်၊ ပွင့်လင်းသည့် လူများကိုသာ အသုံးပြုသည်။ သင်သည် ငါက သင့်ကို အသုံးပြုရန်အတွက် ပျော်ရွှင်ပြီး လိုလိုလားလားရှိနေသည်။ သို့သော် မည်သည့်အတွက်ကြောင့် သင် အလွန် စိုးရိမ်နေဆဲ ဖြစ်သနည်း။ ငါ၏ နှုတ်ကပတ်တော်တို့သည် သင့်အပေါ် လုံးဝအကျိုးသက်ရောက်မှု မရှိခြင်း ဖြစ်နိုင်သလော။ ငါသည် သင့်ကို အသုံးပြုနေသည်ဟု ငါပြောခဲ့ပြီးဖြစ်သော်လည်း သင်သည် ဤအရာ၌ တည်ကြည်ခိုင်မာစွာ မယုံကြည်နိုင်ပါ။ ငါသည် သင့်ကို စွန့်လွှတ်မည်ကို သင် ကြောက်ရွံ့နေလျက် သင်သည် အမြဲတမ်း သံသယဝင်နေသည်။ သင်၏ ထင်မြင်ယူဆချက်တို့သည် အလွန်ပင် အမြစ်တွယ်နေသည်။ ငါသည် သင့်ကို အသုံးပြုနေသည်ဟု ငါပြောသောအခါ ငါသည် သင့်ကို အသုံးပြုနေသည်ဟု ယင်းက ဆိုလိုသည်။ သင်သည် မည်သည့်အတွက်ကြောင့် အမြဲတမ်း သံသယဝင်နေသနည်း။ ငါသည် အလုံအလောက် ရှင်းလင်းစွာ ပြောခဲ့ပြီး မဟုတ်သလော။ ငါပြောသည့် စကားလုံးတိုင်းသည် မှန်ကန်ပေသည်။ မမှန်ကန်သည့် မိန့်မြွက်ချက် တစ်ခုမျှ မရှိပေ။ ငါ့သား၊ ငါ့ကို ယုံကြည်လော့။ ငါ၏ ကိုယ်စား ဆက်ကပ်အပ်နှံလော့။ သို့ဖြစ်လျှင် ငါသည်လည်း သင့်ထံ သေချာပေါက် ဆက်ကပ်အပ်နှံပေလိမ့်မည်။

# အခန်း ၅၆

မကောင်းမှုပြုသောသူများ၊ တန်ခိုးအာဏာ စွဲကိုင်သော သူများနှင့် ဘုရားသခင်၏သားများကို နှိပ်စက်ညှဉ်းပန်းသော သူများအား အပြစ်ပေးဖို့ ငါ စတင် အရေးယူပြီ ဖြစ်သည်။ ယခုမှစ၍ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များ၏ ကြီးကြပ်ကွပ်ကဲမှုသည် မိမိတို့၏ စိတ်နှလုံးများထဲတွင် ငါ့ကို ဆန့်ကျင်သောသူများ အပေါ်၌ အစဉ်ရှိလိမ့်မည်။ ဤအရာကို သိကြလော့။ ဤသည်မှာ ငါ၏ တရားစီရင်မှု အစဖြစ်ပြီး မည်သူ့ကိုမျှ သနားခြင်းကရုဏာ ပြမည် မဟုတ်သကဲ့သို့၊ ငါသည် ဖြောင့်မတ်ခြင်းတရားကို လက်တွေ့လုပ်ဆောင်သည့် ဘက်မလိုက်သောဘုရားသခင် ဖြစ်သည့်အတွက် မည်သူကိုမျှ အလွတ်ပေးမည် မဟုတ်၊ ပြီးလျှင် သင့်တို့အားလုံး ဤအရာကို သတိပြုမိလျှင် ကောင်းပေမည်။

ငါသည် မကောင်းမှုပြုသောသူများကို အပြစ်ပေး လိုသည် မဟုတ်။ ယင်းထက်၊ ဤသည်မှာ မိမိတို့ကိုယ်တိုင် ဒုစရိုက်အကျင့်ကို ကျင့်ကြံခြင်းဖြင့် မိမိတို့ကိုယ်ကိုယ်အပေါ် မိမိတို့ ကျရောက်စေသည့် ဒဏ်ခတ်ခံရခြင်း ဖြစ်သည်။ ငါသည် မည်သူ့ကိုမျှ အလျင်အမြန် အပြစ်မပေးသကဲ့သို့ မည်သူ့ကိုမျှ မတရားသဖြင့် မဆက်ဆံပေ- ငါသည် အားလုံးအပေါ် ဖြောင့်မတ်ပေသည်။ ငါ၏သားများကို ငါ ကေန် ချစ်မြတ်နိုးပြီး၊ ငါ့ကို အာခံသည့် ဆိုးယုတ်သူများကို ငါ ကေန် မုန်း၏။ ဤသည်မှာ ငါ၏ လုပ်ဆောင်ချက်များ နောက်ကွယ်မှ နိယာမ ဖြစ်သည်။ သင်တို့ အယောက်တိုင်းသည် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၌ ထိုးထွင်းအမြင်အချို့ ရှိသင့်ပေသည်။ အကယ်၍ မရှိခဲ့ပါက၊ သင်တို့သည် အနည်းငယ်မျှ ကြောက်ရွံ့ခြင်း ရှိကြလိမ့်မည် မဟုတ်သကဲ့သို့ ငါ၏ ရှေ့တွင် သတိမမူဘဲ ပြုမူကြလိမ့်မည်။ ငါ မည်သည့်အရာ စွမ်းဆောင်ရရှိလိုသည်၊ ငါ မည်သည်အရာ ပြီးမြောက်လိုသည်၊ မည်သည့်အရာကို ငါ ရယူလိုသည် သို့မဟုတ် ငါ၏ နိုင်ငံတော်သည် မည်သည့် လူစားမျိုးကို လိုအပ်သည် ဆိုသည်တို့ကိုလည်း သင် သိလိမ့်မည်မဟုတ်ပေ။

ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များမှာ -

၁။ သင်တို့ မည်သူဖြစ်ကြပါစေ၊ သင်တို့၏ စိတ်နှလုံးထဲ၌ ငါ့ကို ဆန့်ကျင်ပါက၊ သင်တို့ တရားစီရင်ခံရလိမ့်မည်။

၂။ ငါရွေးချယ်ပြီးသောသူများသည် မမှန်ကန်သော အတွေး တစ်စုံတစ်ရာအတွက် ချက်ချင်း ဆုံးမပဲ့ပြင်ခြင်းကို ခံကြရလိမ့်မည်။

၃။ ငါ့ကို မယုံကြည်သောသူများကို တစ်ဖက်တွင် ငါထားမည်။ ၎င်းတို့ကို လုံးလုံးလျားလျား အပြစ်ပေးပြီး အမျိုးအစား ခွဲမည့်အချိန်ဖြစ်သည့် တကယ့်အဆုံးထိတိုင် ငါသည် ၎င်းတို့ကို မဆင်မခြင် စကားပြောရန်နှင့် ပြုမူရန် အခွင့်ပေးမည်။

၄။ ငါ့ကို ယုံကြည်သောသူများကို ငါသည် အချိန်တိုင်း ကြည့်ရှုစောင့်ရှောက်ပြီး ကွယ်ကာမည်။ ငါသည် ကယ်တင်ခြင်းမှတစ်ဆင့် ၎င်းတို့ကို အချိန်တိုင်း အသက်ကို ထောက်ပံ့ပေးမည်။ ဤလူများသည် ငါ၏ချစ်ခြင်းကို ရကြလိမ့်မည်ဖြစ်ပြီး ၎င်းတို့သည် ဧကန်မုချ လဲကျခြင်း သို့မဟုတ် လမ်းပျောက်ခြင်း ရှိလိမ့်မည်မဟုတ်။ ၎င်းတို့၌ ရှိသည့် မည်သည့်အားနည်းချက်မဆိုသည် ယာယီသာ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ငါသည် ၎င်းတို့၏ အားနည်းချက်များကို သေချာပေါက် အောက်မေ့လိမ့်မည် မဟုတ်။

၅။ ယုံကြည်သည်ဟု ထင်ရသော်လည်း အမှန်တကယ် မယုံကြည်သောသူများ- ဘုရားသခင်တစ်ဆူရှိသည်ကို ယုံကြည်သော်လည်း ခရစ်တော်ကို မရှာဖွေသောသူများ၊ သို့သော် အတိုက်အခံလည်း မလုပ်သောသူများ- ဤသူတို့သည် သနားစရာအကောင်းဆုံး လူစားမျိုးဖြစ်ကြပြီး ငါ၏ လုပ်ဆောင်ချက်များမှတစ်ဆင့် ၎င်းတို့ကို ငါ ရှင်းရှင်းလင်းလင်း မြင်စေမည်ဖြစ်သည်။ ငါ၏ လုပ်ဆောင်ချက်များမှတစ်ဆင့် ငါသည် ထိုသို့သောလူများကို ကယ်တင်ပြီး ပြန်လည်ခေါ်ဆောင်လာမည်။

၆။ ငါ၏နာမကို ပထမဦးဆုံး လက်ခံခဲ့ကြသော သားဦးများသည် ကောင်းချီးခံစားရကြလိမ့်မည်။ ငါသည် အကောင်းဆုံး ကောင်းချီးမင်္ဂလာများကို သင်တို့၏ စိတ်နှလုံး ရောင့်ရဲတင်းတိမ်သည်အထိ မွေ့လျော်ခွင့်ပေးရင်း ထိုကောင်းချီးမင်္ဂလာများကို သင်တို့အပေါ် ဧကန်မုချ အပ်နှင်းမည်။ ဤအရာကို မည်သူမျှ တားဆီးဝံ့မည်မဟုတ်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်သည်နှင့်အမျှ ဤအရာအားလုံးကို သင်တို့အတွက် အပြည့်အဝ ပြင်ဆင်ထားပေသည်။

အခြေအနေတိုင်းတွင် သင်တို့သည် ငါ၏လက်၏ လုပ်ဆောင်ချက်အားလုံးနှင့် ငါ၏ စိတ်နှလုံး၏ အတွေး အားလုံးကို မြင်နိုင်သင့်ပေသည်။ ယင်းမှာ သင်တို့အတွက်သာ ဖြစ်သည်မဟုတ်လော။ သင်တို့ထဲမှ မည်သူသည် ငါ့အတွက် ဖြစ်သနည်း။ သင်တို့သည် သင်တို့၏ စိတ်နှလုံးများထဲက အတွေးများ သို့မဟုတ် သင်တို့နှုတ်ခမ်းများထက်က စကားများကို ဆန်းစစ်ဖူးသလော။ သင်တို့သည် ဤအရာများကို တာဝန်သိသည့် ချဉ်းကပ်မှု ပြုဖူးသလော။ နားဝေတိမ်တောင်ဖြစ်သော သူတို့။ အကျင့်ပျက်သောသူတို့။ သင်တို့သည်

သန့်ရှင်းသော ဝိညာဉ်တော်၏ ကန့်သတ်ချုပ်ချယ်မှုကို လက်မခံကြလေတကား။ ငါသည် သင်တို့၏အတွင်း၌ ငါ၏ အသံကို အထပ်ထပ်အခါခါ လွှင့်နေပြီးဖြစ်သော်လည်း၊ တုံ့ပြန်ချက်လုံးဝ မရရှိလေပြီ။ မထုံထိုင်းတော့နှင့်။ သင်၏တာဝန်မှာ ငါ၏အလိုကို သဘောပေါက်ရန်ဖြစ်သည်။ ထို့အပြင် ယင်းသည် သင်ဝင်ရောက်သင့်သော လမ်းကြောင်းဖြစ်သည်။ သင်သည် စိတ်ရှုပ်ထွေးနေ၏၊ သင်၌ ထိုးထွင်းအမြင် မရှိသကဲ့သို့ သင့်အထဲ၌ ငါ ပြီးမြောက် လိုသည့်အရာ သို့မဟုတ် သင့်ထံမှ ငါ ရယူလိုသည့်အရာကို သင် ရှင်းလင်းစွာ မမြင်ပေ။ ငါ၏ အလိုကို သဘောပေါက်ရန် သင်တို့သည် ငါ့ထံသို့ နီးကပ်လာခြင်းနှင့် ငါနှင့်အတူ ပို၍ မိတ်သဟာယပြုခြင်းဖြင့် အစပြုရမည်။ သင်သည် ငါ၏အလိုကို သဘောမပေါက်နိုင်ဟု သင် အမြဲ ဆိုသည်၊ သင်သည် မိမိ၏ ကိုယ်ပိုင်အရာများနှင့် ပြည့်နှက်နှင့်ပြီး ဖြစ်ပါက၊ သင်တို့အပေါ် ငါအဘယ်သို့ အမှုပြုနိုင်မည်နည်း။ သင်တို့သည် ပဏ္ဏာမခြေလှမ်းလှမ်းပြီး ငါ့ရှေ့သို့ မလာကြဘဲ၊ မတုန်မလှုပ် စောင့်ဆိုင်းရုံမျှ စောင့်ဆိုင်းလေသည်။ သင်သည် ပိုးကောင်တစ်ကောင်နှင့် တူသည်ဟု ငါပြောသော်လည်း၊ သင်သည် မတရားသဖြင့် ခံရသည်ဟု ခံစားရပြီး ဤအရာကို လက်ခံရန် ငြင်းလေသည်။ ဤအကြိမ်တွင် သင်တို့သည် ထပြီး ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်သင့်သည်။ မတုန်မလှုပ် မနေနှင့်။ ယင်းသည် သင်၏အသက်တာကို နှောင့်နှေးစေ လိမ့်မည်။ အခြေအနေကို ဖန်တီးယူခြင်းသည် အခြားသူများထံ မဟုတ်ဘဲ၊ သင့်ထံ အကျိုးကျေးဇူးများ ယူဆောင်လာပေး၏။ ဤအရာကို သင် သတိမပြုသေး သကဲ့သို့ နားမလည်သေးသလော။ ငါ၏ အလိုသည် သင့်အထဲတွင် စဉ်ဆက်မပြတ် ထုတ်ဖော်လျက်ရှိ၏။ ယင်းကို သင် သတိမမူမိသေးသလော။ သင်သည် ယင်းကို အဘယ်ကြောင့် လုံးဝ အာရုံမစိုက်ဖူးပါသနည်း။ ငါ၏အလိုကို အဘယ်ကြောင့် သင် လုံးဝ နားလည်နိုင်ခြင်း မရှိဖူးသနည်း။ ငါ၏အလိုကို သဘောပေါက်ခြင်းသည် သင့်ကို မည်သည့် အကျိုးကျေးဇူးမျှ အမှန်တကယ် မဆောင်ကြဉ်းပေးနိုင်သလော။

ငါသည် သင်မှတစ်ဆင့် ရှေ့ဆက်ရမည့်လမ်းနှင့် ခိုနားစရာအိမ်တစ်ခု ရှိဖို့ရန်အလို့ငှာ သင်သည် ငါ၏အလိုကို အခြေအနေအားလုံးတွင် ထည့်သွင်းစဉ်းစားဖို့ ငါ မျှော်လင့်သည်။ ငါ့ကို မတားဆီးတော့နှင့်- ယင်းမှာ ရက်စက်လွန်းလှ၏။ သင်သည် ငါ၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် သိနားလည်နိုင်ခြင်း မရှိသကဲ့သို့ ထိုနှုတ်ကပတ်တော်များကို တုန့်ပြန်ခြင်း မပြုချေ။ ယခု မည်သည့်အချိန်ဖြစ်သည်ကို ကြည့်လော့။ နောက်ထပ် စောင့်ဆိုင်း၍ မဖြစ်။ ငါ၏ခြေလှမ်းများနောက် နီးကပ်စွာ သင်မလိုက်ပါက၊ ယင်းကို သင် ရွေးနုတ်နိုင်သည့် နည်းလမ်း တစ်ခုတစ်လေရှိဖို့ မပြောနှင့်၊ နောက်ကျလွန်းသွားလိမ့်မည် ဖြစ်သည်။

# အခန်း ၅၇

သင်၏ စဉ်းစားတွေးတောမှုများ၊ စိတ်ကူးအကြံဉာဏ်များနှင့် သင်၏ ပြုမူဆောင်ရွက်မှု တစ်ခုချင်းစီတိုင်းကို သင်စစ်ဆေးပြီးပြီလော။ ၎င်းတို့အနက် မည်သည့်အရာများသည် ငါ၏ အလိုတော်နှင့်ကိုက်ညီပြီး မည်သည့်အရာများမှာ မကိုက်ညီကြောင်း ရှင်းလင်းသော ထင်မြင်ချက်တစ်ခု သင့်တွင်ရှိသလော။ ဤအရာများကို ထိုးထွင်းသိမြင်နိုင်စွမ်း သင်၌ လုံးဝမရှိပါလေတကား။ သင်သည် အဘယ်ကြောင့် ငါ့ရှေ့မှောက်သို့ မလာသနည်း။ ငါသင့်ကို မပြောပြသောကြောင့်လော သို့မဟုတ် အခြားအကြောင်းပြချက်ကြောင့်လော။ ဤသည်ကို သင်သိသင့်သည်။ ပေါ့ဆသူတို့သည် ငါ၏ အလိုတော်ကို လုံးဝနားမလည်နိုင် သို့မဟုတ် မည်သည့် ကြီးမြတ်သော အလင်းပေးခြင်းနှင့် ထုတ်ဖော်ခြင်းကိုမှ မရရှိနိုင်ဟူသည်ကို သိလော့။

အသင်းတော်သည် အာဟာရကို မရရှိနိုင်ခြင်းနှင့် စစ်မှန်သည့် မိတ်သဟာယဖွဲ့မှုမရှိခြင်းတို့၏ အကြောင်းရင်းများကို သင်ရှာဖွေတွေ့ရှိခဲ့ပြီးသလော။ ယင်းသို့ဦးတည်သော အကြောင်းရင်းမည်မျှက သင့်ကြောင့်ဖြစ်သည် ဆိုခြင်းကို သင်သတိပြုမိသလော။ အသက်တာကို ထောက်ပံ့ပေးပြီး ငါ၏ အသံတော်ကို ထုတ်လွှတ်ရန် သင့်ကို ငါညွှန်ကြားခဲ့သည်။ ဤအရာများကို သင်လုပ်ပြီးပြီလော။ သင်၏ ညီအစ်ကို မောင်နှမများ၏ အသက်တာ တိုးတက်မှုကို နှောင့်နှေးစေခြင်းအတွက် သင်တာဝန်ယူနိုင်သလော။ ပြဿနာများကို သင်ကြုံတွေ့ရသည့်အခါတွင် အေးဆေးတည်ငြိမ်၊ အိန္ဒြေရရမည့်အစား သင်သည် စိတ်ပူပင်မောပန်းနေသည်။ သင်သည် အမှန်တကယ်ပင် ပညာမဲ့လှတကား။ ငါ၏ အသံတော်ကို သူတော်စင်များထံသို့ ထုတ်လွှတ်ပေးသင့်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်ကို မဖိနှိပ်နှင့်၊ ဖင့်နွှေးမှုအားဖြင့် ငါ့ကို မနှောင့်နှေးစေနှင့်၊ ယင်းတို့သည် မည်သူ့ကိုမှ အကျိုးမဖြစ်စေပါ။ သင်၏ စိတ်အား၊ ကိုယ်အားဖြင့် ငါ့ထံ လုံးဝဥဿုံ နှစ်မြှုပ်ရည်စူးထားရန် ငါအလိုရှိသည်။ သို့မှသာ သင်၏ စဉ်းစားတွေးတောမှုနှင့် စိတ်ကူးအကြံဉာဏ်တိုင်းသည် ငါ့အတွက်ဖြစ်လိမ့်မည်၊ သို့မှသာ ငါ၏ စဉ်းစားတွေးတောမှုများနှင့် စိတ်ကူးအကြံဉာဏ်များကို သင်မျှဝေခံစားနိုင်လိမ့်မည်၊ သို့မှသာ သင်ပြုလုပ်သည့် မည်သည့်အရာမဆိုသည် သင်ကိုယ်တိုင်အတွက် မဟုတ်ဘဲ ယနေ့နိုင်ငံတော်နှင့် ငါ၏ စီမံခန့်ခွဲမှုအတွက် ဖြစ်နိုင်ပေလိမ့်မည်။ ဤအရာကသာ ငါ၏ နှလုံးသားကို ကျေနပ်စေလိမ့်မည်။

ငါပြုလုပ်သည့် မည်သည့်အရာမဆို သက်သေသက္ကာယ မရှိသည့်အရာ မရှိချေ။ သင်သည်

အဘယ်ကြောင့် ငါ့ကို အတုမယူသနည်း။ သင်လုပ်ဆောင်သည့်အရာအတွက် အဘယ်ကြောင့် သက်သေ မရှာဖွေသနည်း။ သင်သည် ငါ့ကို အဘယ်အရာ ထပ်ပြောစေချင်သနည်း။ သင့်ကို သင်ကြားပြသရန် သင်၏ လက်ကို ငါဆွဲကိုင်ထား၏၊ သို့သော် သင်သည် သင်ယူနိုင်ခြင်း မရှိပေ။ သင်သည် အလွန်ဒုံးဝေးပေတကား။ သင်သည် အားလုံးကို နောက်တစ်ဖန် အစမှ ပြန်စချင်သလော။ အားငယ်ခြင်း မရှိနှင့်။ ကိုယ့်ကိုယ်ကို တဖန်ပြန်လည်၍ အားတင်းထားပြီး သူတော်စင်များ မျှဝေပေးအပ်ထားသည့် မျှော်လင့်ချက်များနှင့် လိုအင်ဆန္ဒများကို အလုံးစုံ ကိုယ်စားပြု၍ သင့်ကိုယ်သင် နှစ်မြှုပ်အပ်နှံခြင်းရှိရမည်။ ဤစကားတို့ကို သတိရလော့၊ “ငါ့အတွက် ရိုးသားစွာ အသုံးခံသောသူများ၊ ငါသည် သင့်ကို ကေန်ပင် ကြီးစွာ ကောင်းချီးပေးမည်။”

သင်သည် မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ ဖြစ်ကတတ်ဆန်း မဟုတ်ဘဲ စီစဉ်တကျ လုပ်ဆောင်ရမည်။ သင်သည် သူတော်စင်များ၏ အနေအထားကို (မိမိ၏ လက်ဖမိုးအား သိသကဲ့သို့) ကောင်းစွာသိ၏ဟု အမှန်တကယ် ပြောဆိုရဲသလော။ ဤအချက်က သင်သည် အသိဉာဏ်ပညာမရှိ၊ ဤအခြင်းအရာကို သင် လုံးဝအလေးထားခြင်းမရှိ၊ ၎င်းအပေါ်တွင် သင်အချိန်ပေးခြင်းမရှိဟု ပြဆိုနေသည်။ ဤအခြင်းအရာအပေါ်တွင် သင်သည် သင်၏အချိန်အားလုံးကို ၎င်းအပေါ်တွင် အမှန်တကယ် ပေးနိုင်လျှင် သင်၏ အတွင်းစိတ်အခြေအနေသည် မည်သို့ဖြစ်မည်ကို သင်သိခဲ့လိမ့်မည်။ သင်သည် ဓမ္မဓိဌာန် မကျသော အားထုတ်မှုများကို ပြုလုပ်ရန် မကြိုးစားဘဲ ဓမ္မဓိဌာန်ကျသော အကြောင်းပြချက်များကိုသာ ရှာဖွေပြီး ငါ၏အလိုကို ထည့်သွင်းစဉ်းစားမှု လုံးဝမပြသပေ။ ဤအချက်သည် ငါ့ကို နက်ရှိုင်းစွာ နာကျင်ထိခိုက်စေသည်။ ဤသို့ ဆက်မလုပ်နှင့်။ ဤသည်မှာ ငါသည် သင့်အား ပေးသနားသော ကောင်းချီးများကို သင်လက်မခံခြင်းပေလော။

အို ဘုရားသခင်၊ ကိုယ်တော်၏ ရင်သွေးသည် ကိုယ်တော့်ထံ ပေးဆပ်စရာရှိနေသည်။ ကိုယ်တော်၏ အလုပ်ကို ကျွန်ုပ်အလေးအနက်ထားခြင်းမရှိခဲ့ပါ သို့မဟုတ် ကိုယ်တော်၏ အလိုတော်ကို ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့သလို ကိုယ်တော်၏ တွန်းအားပေးမှုအပေါ်တွင် ကျွန်ုပ် သစ္စာစောင့်သိခြင်း မရှိခဲ့ပါ။ ကိုယ်တော်၏ ရင်သွေးသည် ဤအရာအားလုံးတို့ကို ပြန်ပြီး ပြုပြင်ချင်ပါသည်။ ကျွန်ုပ်အား ကိုယ်တော် မစွန့်ပစ်ပါနှင့်။ ကိုယ်တော်၏ အမှုတော်ကို ကျွန်ုပ်မှတစ်ဆင့် ဆက်လက် ဆောင်ရွက်တော်မူပါ။ အို ဘုရားသခင်၊ ကိုယ်တော်၏ သားသမီးကို တစ်ကိုယ်တည်း ပစ်မထားပါနှင့်။ ယင်းအစား အချိန်တိုင်းတွင် ကျွန်ုပ်နှင့် အတူရှိတော်မူပါ။ အို ဘုရားသခင်၊ ကိုယ်တော်၏ ရင်သွေးသည် ကိုယ်တော် ကျွန်ုပ်ကို

ချစ်သည်ကို သိမြင်ပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ကိုယ်တော်၏ အလိုတော်ကို နားလည်နိုင်ခြင်း မရှိပါ။ ကိုယ်တော်၏ ဝန်ထုပ်ဝန်ပိုးအတွက် မည်သို့ အရေးထားရမည်ကို ကျွန်ုပ်မသိပါ သို့မဟုတ် ကိုယ်တော် ကျွန်ုပ်ကို အပ်နှံထားသည့်အရာကို မည်သို့ ပြီးမြောက်အောင် လုပ်ဆောင်ရမည်ကို ကျွန်ုပ်မသိပါ။ အသင်းတော်ကို မည်သို့ ဦးဆောင်လမ်းပြရမည်ကို သာ၍ပင် မသိပါ။ ဤအခြင်းအရာအပေါ်တွင် ကျွန်ုပ်သည် စိတ်ပျော်ရွှင်မှုမရှိဘဲ စိတ်ဖိစီးနေသည်ကို ကိုယ်တော် သိပါသည်။ အို ဘုရားသခင်၊ အချိန်တိုင်းတွင် ကျွန်ုပ်အား လမ်းညွှန်ပြသတော်မူပါ။ ကျွန်ုပ်မည်မျှ ချို့တဲ့နေသည်ကို ယခုမှသာ ကျွန်ုပ်ခံစားမိပါသည်၊ ကျွန်ုပ်သည် လွန်စွာ ချို့တဲ့၏။ မည်မျှချို့တဲ့သည်ကို ကျွန်ုပ် ဖော်ပြနိုင်စွမ်းပင် မရှိပါ။ ကိုယ်တော်၏ အနန္တတန်ခိုးနှင့် ပြည့်စုံသည့် လက်တော်နှင့် ကိုယ်တော်၏ ရင်သွေးအား ကျေးဇူးတော်ကို ပြသတော်မူပါ၊ ကျွန်ုပ်အား အချိန်တိုင်း ထောက်ပံ့တော်မူပါ၊ ကျွန်ုပ်သည် ကိုယ်တော့်ရှေ့တော်မှောက်ဝယ် အလုံးစုံ ဝပ်စင်းနိုင်ရန်၊ ကျွန်ုပ်၏ ကိုယ်ပိုင်ရွေးချယ်မှုများကို မပြုလုပ်နိုင်တော့ရန်၊ ကျွန်ုပ်၏ ကိုယ်ပိုင် စဉ်းစားတွေးတောမှုများ သို့မဟုတ် စိတ်ကူး အကြံဉာဏ်များ မရှိတော့ရန် ပြုလုပ်တော်မူပါ။ အို ဘုရားသခင်၊ ကိုယ်တော်၏ ရင်သွေးသည် ကိုယ်တော့်အကျိုးသက်သက်အတွက်၊ ယနေ့နိုင်ငံတော်၏ အကျိုးသက်သက်အတွက် အရာအားလုံးကို လုပ်ဆောင်လိုကြောင်းကို ကိုယ်တော်သိပါသည်။ ဤအခိုက်အတန့်တွင် ကျွန်ုပ် မည်သည့်အရာကို စဉ်းစားနေသည်၊ မည်သည့်အရာကို လုပ်ဆောင်နေသည်ကို ကိုယ်တော်သိပါသည်။ အို ဘုရားသခင်၊ ကျွန်ုပ်ကို ကိုယ်တော်တိုင် ရှာဖွေတော်မူပါ။ ကိုယ်တော်၏ အားအင်သည် ကျွန်ုပ် လုပ်ကိုင်ဆောင်ရွက်သမျှအားလုံးကို အဖော်ပြုပေးရန် အလို့ငှာ အသက်တာတွင် အချိန်တိုင်း၌ ကျွန်ုပ်နှင့်အတူ လျှောက်လှမ်းပြီး ကျွန်ုပ်နှင့်အတူ ဆက်ရှိနေရန်ကိုသာ ကျွန်ုပ်တောင်းဆိုပါသည်။

## အခန်း ၅၈

ငါ၏ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ထားခြင်းအားဖြင့် သင်သည် ငါ၏ဝန်ကို စာနာထောက်ထားနိုင်စွမ်း ရှိလာလိမ့်မည်ဖြစ်ပြီး၊ သင်သည် အလင်းနှင့် ဗျာဒိတ်တော်ကို ရယူနိုင်ကာ လွတ်ငြိမ်းခြင်းနှင့် လွတ်မြောက်မှုကို ရရှိနိုင်လေသည်။ ဤအရာက ငါ့ကို ကျေနပ်စေလျက် သင့်အတွက် ငါ၏အလိုတော်ကို ဆောင်ရွက်ခွင့်ပေးကာ၊ သန့်ရှင်းသူအားလုံးတို့ကို စိတ်ဓါတ်မြှင့်တင်ရေး ယူဆောင်ပေးပြီး ငါ၏နိုင်ငံတော်ကို

မြေကြီးပေါ်တွင် ခိုင်မြဲတည်မြဲအောင် လုပ်ဆောင်လိမ့်မည်။ ယခုတွင် အရေးပါလှသောအရာမှာ ငါ၏ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ရန်ဖြစ်သည်။ ဤသည်မှာ သင်တို့ ဝင်ရောက်သင့်သော လမ်းကြောင်းဖြစ်ပြီး၊ ထို့ပြင် ယင်းမှာ လူတိုင်း ဖြည့်ဆည်းသင့်သည့် တာဝန်ပင်ဖြစ်သည်။

ငါ၏နှုတ်ကပတ်တော်သည် ဖျားနာခြင်းအမျိုးမျိုးကို ကုသပေးသော ဆေးကောင်းဖြစ်သည်။ သင်သည် ငါ့ရှေ့သို့ လာလိုသ၍ ငါသည် သင့်ကို ကျန်းမာစေမည်ဖြစ်ပြီး ငါ၏ အနန္တတန်ခိုး၊ ငါ၏အံ့ဖွယ်အမှုများ၊ ငါ၏ဖြောင့်မတ်ခြင်းနှင့် ငါ၏ ဘုန်းအာနုဘော်တို့ကို တွေ့မြင်ခွင့်ပေးမည်။ ထို့ပြင်၊ သင်တို့၏ ဖောက်ပြန်ပျက်စီးမှုနှင့် အားနည်းချက်များကို သင်အား တွေ့မြင်စေမည်။ သင့်အထဲတွင်ရှိသော အခြေအနေတိုင်းကို ငါသည် လုံးလုံးလျားလျား နားလည်ပေသည်။ သင်သည် အမှုအရာများကို သင်၏ စိတ်နှလုံးအတွင်း၌ အမြဲလုပ်ဆောင်ပြီး ယင်းတို့ကို အပြင်ပန်းတွင် ပြသခြင်းမရှိပေ။ သင်လုပ်ဆောင်သော အရာတစ်ခုစီတိုင်းကို ငါသည် ပို၍ပင် နားလည်သည်။ သို့သော် ငါအဘယ်အရာတို့ကို ချီးမွမ်းသည်နှင့် အဘယ်အရာတို့ကို မချီးမွမ်းသည်ကို သင်သိသင့်သည်။ သင်သည် ဤအရာနှစ်ခုကို ရှင်းရှင်းလင်းလင်း ခွဲခြားသင့်ပြီး ဤသည်ကို သာမန်ကာလျှံကာ သဘောမထားသင့်ပေ။

“ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝန်ကို ထောက်ထားစာနာမှု ပြရမည်” ဟု ဆိုလျက် သင်သည် နှုတ်အားဖြင့်သာ အစေခံနေသည်။ သို့သော်လည်း အဖြစ်မှန်တို့နှင့် ရင်ဆိုင်ရချိန်တွင် သင်သည် ဘုရားသခင်၏ဝန်မှာ အဘယ်အရာဖြစ်သည်ကို ကောင်းကောင်းကြီး သိသော်လည်း ယင်းအား မည်သည့် ထောက်ထားစာနာမှုကိုမျှ မပေးပေ။ သင်သည် အမှန်တကယ်ပင် အတော့်ကို စိတ်ရှုပ်ထွေးပြီး မိုက်မဲနေကာ၊ ထို့ပြင် ကမ်းကုန်အောင် အသိပညာ ကင်းမဲ့လေသည်။ ဤအရာက လူသည် ဆက်ဆံရန် အဘယ်မျှခက်ခဲသည်ကို ဖော်ပြနေသည်။ သူတို့လုပ်ဆောင်သမျှမှာ “ကျွန်ုပ်သည် ဘုရားသခင်၏ရည်ရွယ်ချက်ကို အကယ်ပင် နားမလည်နိုင်ပါ၊ သို့သော် အကယ်၍ ကျွန်ုပ်သည် အမှန်ပင်နားလည်ပါက ထိုအရာအတိုင်း အသေအချာ လုပ်ဆောင်ပါမည်” စသည်ကဲ့သို့ ကြားကောင်းသော စကားများကို ဖွင့်ဟခြင်းသာ ဖြစ်သည်။ ဤသည်မှာ သင်တို့၏ အခြေအနေအမှန်ပင် မဟုတ်လော။ သင်တို့အားလုံးသည် ဘုရားသခင်၏ရည်ရွယ်ချက်ကို သိပြီး သင်တို့၏ ဖျားနာရခြင်း အကြောင်းတရားကို သိသော်လည်း၊ ပဓာနကျသော အကြောင်းကိစ္စမှာ သင်တို့သည် လက်တွေ့လုပ်ဆောင်ရန် လုံးဝဆန္ဒမရှိခြင်း ဖြစ်သည်။ ဤသည်မှာ သင်တို့၏ အကြီးမားဆုံးသော အခက်အခဲဖြစ်သည်။ သင်တို့သည် ဤအရာကို ချက်ချင်းမဖြေရှင်းပါက ယင်းသည် သင်၏အသက်တာအတွက်

အကြီးမားဆုံးသော အပဟန့်အတား ဖြစ်လိမ့်မည်။

## အခန်း ၅၉

သင်တွေ့ထိသော ပတ်ဝန်းကျင်များထဲ၌ ငါ၏ အလိုတော်ကို ပို၍ ရှာဖွေလော့၊ သင်သည် ငါ၏ ထောက်ခံမှုကို ဧကန် ရရှိလိမ့်မည်။ သင်သည် ငါ့ကို ကြည်ညိုခြင်းအား ရှာဖွေ၊ ထိန်းသိမ်းလိုစိတ် ရှိနေသမျှ ကာလပတ်လုံး သင်၌ မရှိသော အရာမှန်သမျှ သင့်ကို ငါပေးအပ်မည်။ ယခုအခါ အသင်းတော်သည် နည်းလမ်းတကျဖြစ်သော လေ့ကျင့်မှုတစ်ခုထဲသို့ ဝင်ရောက်နေပြီး ခပ်သိမ်းသော အရာမှန်သမျှသည် မှန်သော လမ်းကြောင်းပေါ်တွင် ရှိနေ၏။ ဖြစ်ပေါ်လာမည့် အရာများ၏ နမူနာတစ်ခု ဖြစ်ခဲ့သည့် အချိန်ကကဲ့သို့ အမှုအရာများသည် ဆက်ရှိမနေတော့ပေ။ သင်တို့၌ ရှုပ်ထွေးခြင်း သို့မဟုတ် ထိုးထွင်းသိမြင်မှု ကင်းမဲ့ခြင်း ဆက်၍ မရှိစေရ။ အရာခပ်သိမ်းတွင် လက်တွေ့အရှိတရားထဲသို့ သင်တို့ ဝင်ရောက်ရန် အဘယ်ကြောင့် ငါလိုအပ်သနည်း။ ဤအရာကို သင် စစ်မှန်စွာ သင် တွေ့ကြုံဖူးပြီလော။ ငါသည် သင်တို့အား ဖြည့်ဆည်းပေးသကဲ့သို့ပင် သင်တို့ကို ငါလိုအပ်သော အရာ၌ သင်တို့ ငါ့ကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်သလော။ လိမ်လည်လှည့်ဖြားခြင်း မပြုကြနှင့်။ ငါသည် သင်တို့ကို အကယ်ပင် ထပ်တလဲလဲ ဆက်လက် သည်းခံနေသော်လည်း သင်တို့သည် အကောင်းနှင့်အဆိုးကြား ခြားနားချက်ကို ပြောရန်နှင့် သင်တို့၏ တန်ဖိုးထား အသိအမှတ်ပြုမှုကို ပြသရန် ထပ်ခါထပ်ခါ ပျက်ကွက်ခဲ့ကြ၏။

ငါ၏ ဖြောင့်မတ်ခြင်း၊ ငါ၏ ဘုန်းအာနုဘော်၊ ငါ၏ တရားစီရင်ခြင်းနှင့် ငါ၏ ချစ်ခြင်းစသည့် ငါပိုင်ဆိုင်သော အမှုအရာအလုံးစုံနှင့် ငါဖြစ်တည်သည့် အမှုအရာများကို သင်အမှန်တကယ် မြည်းစမ်းပြီးပြီလော။ သင်သည် ဧကန်ပင် အလွန် ထောက်ထားမှု မရှိ၊ ငါ၏ အလိုတော်ကို သဘောပေါက် သိမြင်ခြင်းမရှိဟု မလျှော့တမ်းပြောသည်။ ငါပြင်ဆင်သော စားပွဲများကို သင်တို့ကိုယ်တိုင် မြည်းစမ်းရမည် ဖြစ်ကြောင်း သင်တို့ကို ငါအကြိမ်ကြိမ် ပြောခဲ့ပြီးသော်လည်း သင်တို့သည် ၎င်းတို့ကို အဖန်ဖန် ဖြုတ်ချပြီး ကောင်းသော ပတ်ဝန်းကျင်နှင့် မကောင်းသော ပတ်ဝန်းကျင်ကို ခွဲခြား၍ မပြောနိုင်ကြပေ။ ယင်းပတ်ဝန်းကျင်များထဲမှ မည်သည်ကို သင်တို့ကိုယ်တိုင် ဖန်တီးခဲ့ကြသနည်း။ မည်သည့်အရာတို့ကို ငါ၏ လက်ဖြင့် စီမံခဲ့သနည်း။ သင်တို့ကိုယ်သင်တို့ ကာကွယ်နေခြင်းကို ရပ်ကြလော့။ ငါသည် အရာခပ်သိမ်းကို အပြည့်အဝ ရှင်းရှင်းလင်းလင်း မြင်ပြီး သင်သည်

သွား၍ မရှာခြင်းကြောင့်သာ ဖြစ်သည်။ ငါဘာများ ထပ်ပြောနိုင်ဦးမည်နည်း။

ငါ၏ အလိုတော်အား သဘောပေါက်သူ အားလုံးကို ငါအမြဲနှစ်သိမ့်မည်ဖြစ်ပြီး ငါသည် သူတို့ကို ဒုက္ခဆင်းရဲခံရရန် သို့မဟုတ် ထိခိုက်နစ်နာရန် အခွင့်ပေးမည် မဟုတ်။ ယခု အရေးပါသော အရာမှာ သင်တို့သည် ငါ၏ အလိုတော်နှင့်အညီ လုပ်ဆောင်နိုင်ရန်ဖြစ်ပြီး ဤသို့ပြုသောသူများသည် ငါ၏ကောင်းချီးမင်္ဂလာများကို ဧကန်ရရှိကာ ငါ၏ကာကွယ်မှုအောက်တွင် ရှိလာကြလိမ့်မည် ဖြစ်သည်။ မည်သူသည် ငါ့အတွက် သူတို့ကိုယ်သူတို့ အမှန်တကယ် ပြည့်ဝစွာ အသုံးခံကာ သူတို့၏ အရာအားလုံးကို ငါ့အတွက် ဆက်ကပ်နိုင်သနည်း။ သင်တို့ အားလုံးသည် စိတ်မပါ့တပါဖြစ်နေကြပြီး သင်တို့၏ အတွေးများသည် တဝဲလည်လည် ဖြစ်ကာ အိမ်၊ အပြင်လောက၊ အစားအစာနှင့် အဝတ်အစားများအကြောင်း တွေးနေကြသည်။ သင်သည် ငါ့အရှေ့ဤနေရာတွင် ရှိနေပြီး ငါ့အတွက် အမှုအရာများကို လုပ်ဆောင်နေသော်လည်း သင်၏ စိတ်နှလုံးအတွင်းထဲတွင်မူ သင်သည် အိမ်ရှိ သင်၏ ဇနီးသည်၊ သားသမီးများနှင့် မိဘများအကြောင်းကို တွေး၍နေသေးသည်။ ဤအရာအားလုံးသည် သင်၏ ဉစ္စာဖြစ်သလော။ ၎င်းတို့ကို ငါ၏ လက်ထဲသို့ သင်အဘယ်ကြောင့် မအပ်နှံသနည်း။ ငါ့ကို သင်အလုံအလောက် မယုံကြည်သလော။ ထိုသို့မဟုတ်လျှင် ငါသည် သင့်အတွက် မဆီလျော်သော စီစဉ်ပြင်ဆင်မှုများကို ပြုလိမ့်မည်ဟူ၍ သင်စိုးရိမ်သောကြောင့် ဖြစ်သလော။ သင်သည် သင်၏ဇာတိပကတိ မိသားစုကို အဘယ်ကြောင့် အမြဲတစေ စိုးရိမ်ပူပန်သနည်း။ သင်သည် သင်ချစ်ရသူများကို အမြဲအောက်မေ့နေသည်။ ငါသည် သင်၏ နှလုံးသားထဲတွင် ကျိန်းသေနေရာတစ်ခု ရှိသလော။ ငါ့ကို သင့်အထဲ၌ အုပ်စိုးမှုရှိရန်နှင့် သင်၏ ဖြစ်တည်ခြင်းအလုံးစုံထဲတွင် နေရာယူရန် ငါ့ကို ခွင့်ပြုသည့်အကြောင်း သင်ပြောဆဲဖြစ်သည်၊ ဤအရာအားလုံးမှာ လှည့်စားသော မုသားများပင် ဖြစ်သည်။ သင်တို့ထဲမှ မည်မျှသည် သင်တို့၏ စိတ်နှလုံးအကြွင်းမဲ့ဖြင့် အသင်းတော်ထံ ကတိခံကြသနည်း။ ထို့အပြင် သင်တို့ထဲမှ မည်သူသည် ကိုယ့်အတွက်ကိုယ် မတွေးဘဲ ယခုကာလ၏ နိုင်ငံတော်အတွက် ပြုမူလုပ်ဆောင်ကြသနည်း။ ဤအကြောင်းကို အလွန် သေချာစွာ စဉ်းစားလော့။

သင်တို့သည် ငါ့ကို ဤအတိုင်းအတာအထိ တွန်းပို့ခဲ့ကြသဖြင့် သင်တို့ကို ရိုက်နှက်ရန်နှင့် သင်တို့ကို ရှေ့သို့ မောင်းနှင်ရန် ငါသည် ငါ၏လက်များကိုသာ အသုံးပြုနိုင်၏။ သင်တို့ကို ငါလိုက်၍ချော့တော့မည် မဟုတ်ပေ။ ၎င်းသည် အဘယ်ကြောင့်ဆိုသော် ငါသည် ဉာဏ်အမြော်အမြင်ရှိသော ဘုရားသခင် ဖြစ်၍ ငါ့ကို သင်တို့ မည်ကဲ့သို့

သစ္စာရှိသည်အပေါ်မူတည်ပြီး ကွဲပြားသော လူတို့ကို မတူညီသော နည်းလမ်းတို့ဖြင့် ငါဆက်ဆံသောကြောင့် ဖြစ်သည်။ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်သည်၊ မည်သူသည် ငါ၏ ရှေ့ဆက်ခြေလှမ်းများကို ဟန့်တားဝံ့သနည်း။ ငါ့ကို သစ္စာဖောက်ဖျက်ဝံ့သူအားလုံးသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ လက်အောက်သို့ ယခုမှစ၍ ဧကန်သက်ရောက်မည်။ သို့မှသာလျှင် သူတို့သည် ငါ၏ အနန္တတန်ခိုးကို သိစေရန် ပြုလုပ်ခြင်း ခံကြရလိမ့်မည်။ ငါအလိုရှိသောအရာမှာ လူအမြောက်အမြားမဟုတ်ဘဲ ထူးချွန်မှု ဖြစ်သည်။ သစ္စာမရှိသော၊ မရိုးဖြောင့်သော မည်သူမဆို၊ ကောက်ကျစ်သော အမူအကျင့်နှင့် လိမ်လည်လှည့်ဖြားမှု ပြုသောသူ မည်သူမဆိုကို ငါစွန့်ပစ်ပြီး အပြစ်ဒဏ်ပေးအံ့။ ငါသည် သက်ညှာသည် သို့မဟုတ် ငါသည် ချစ်ခင်၍ ကြင်နာသည်ဟု မထင်ကြတော့နှင့်၊ ထိုသို့သော အတွေးများသည် သင်တို့ကိုယ်သင်တို့ လိုက်လျောနေခြင်းမျှသာ ဖြစ်သည်။ သင့်ကို ငါချော့လေလေ သင်သည် ပို၍ အနုတ်လက္ခဏာဆန်ပြီး မလှုပ်မယှက်ဖြစ်ကာ သင်သည် သင့်ကိုယ်သင် စွန့်လွှတ်ရန် ပို၍အလိုမရှိ ဖြစ်လာမည်ကို ငါသိသည်။ လူတို့သည် ဤအတိုင်းအတာအထိ ခက်ခဲလာသည့်အခါ ငါသည် သူတို့ကို အချိန်တိုင်း စေ့ဆော်ပြီး ဆွဲခေါ်ခြင်းကိုသာ ပြုနိုင်သည်။ ဤအရာကို သိကြလော့။ ယခုမှစတင်ကာ ငါသည် တရားစီရင်သော ဘုရားသခင် ဖြစ်ပြီး ငါ့ကို လူတို့ မှတ်ထင်ကြသည့် သက်ညှာသော၊ ကြင်နာပြီး ချစ်တတ်သော ဘုရားသခင် မဟုတ်တော့ပေ။

# အခန်း ၆၀

အသက်တာကြီးထွားခြင်းသည် လွယ်ကူသော အရာမဟုတ်။ နည်းစနစ်လိုအပ်သည့်အပြင်၊ သင်တို့သည် အဖိုးအခပေးနိုင်ပြီး ငါနှင့်အတူ တစ်စိတ်တစ်ဘောတည်း စုပေါင်းလုပ်ဆောင်ရန်နှင့် ထိုသို့ဖြင့် ငါ၏ချီးမွမ်းခြင်းကို ရရှိကြလိမ့်မည်။ မိုးကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့သည် ငါမိန့်မြွက်သည့် နှုတ်ကပတ်တော်များအားဖြင့် တည်ထောင်ပြီး စုံလင်ခြင်းသို့ ရောက်ရပြီး၊ ငါနှင့်အတူ အရာရာကို အောင်မြင်နိုင်သည်။ ငါ၏တစ်ခုတည်းသောဆန္ဒမှာ သင်တို့သည် လျင်မြန်စွာကြီးထွား၍ ငါ့ပုခုံးပေါ်မှဝန်ကို ယူတင်ကာ ငါ၏အလုပ်ကို ငါ့ကိုယ်စား လုပ်ပေးရန်ဖြစ်ပြီး ထိုအခါမှသာ ငါ့ကို ကျေနပ်စေမည်ဖြစ်သည်။ သားသည် ဖခင်၏ဝန်တို့ကို ငြင်းဆိုမည်လော။ ဖခင်သည်လည်း သားအတွက် နေ့ညမပြတ် အလုပ်မလုပ်ဘဲ နေမည်လော။ သို့ပါလျက် သင်တို့သည် ငါ၏အလိုတော်ကို နားလည်ခြင်း တကယ်မရှိကြသည့်အပြင် ငါ၏ဝန်များကို မငဲ့ကွက်ကြ။

ငါ့နှုတ်ကပတ်တော်များကို အလေးမထားသည့်အပြင် ငါပြောသည့်အတိုင်း မလုပ်ဆောင်ကြပေ။ သင်တို့သည် အမြဲတစေ အနှောင်အဖွဲ့ ကင်းလွတ်ကြ၏။ တစ်ကိုယ်ကောင်းဆန်လှပါတကား။ သင်တို့သည် မိမိအတွက်သာ စဉ်းစားကြသည်။

သင်သည် ငါ၏အလိုတော်ကို အမှန်တကယ် နားလည်သလော၊ သို့မဟုတ် နားမလည်ဟန်ဆောင် နေသလော။ အဘယ်ကြောင့် ပေါ့ပျက်သောအပြုအမူ၌ အမြဲတမ်း ပါဝင်နေကြသနည်း။ ထိုသို့ပြုမူရာ၌သင်သည် ငါ့ရှေ့မှာ မှန်ကန်စွာ ပြုလုပ်နေသည်ဟု သင်၏အသိစိတ်က ဆိုပါသလော။ သင်၏ဖျားနာခြင်း အကြောင်းအရင်းကို တွေ့ရှိသောအခါ သင်သည် အဘယ်ကြောင့် ကုသမှုအတွက် ငါ့အား ပြောဆိုဆွေးနွေးမှု မပြုရသနည်း။ သင့်ကို ငါပြောပြမည်- ယနေ့မှစ၍ သင်တို့သည် ကိုယ်ခန္ဓာ၌ နောက်ထပ်အနာရောဂါများ ရှိမည်မဟုတ်ပေ။ အကယ်၍ သင်တို့၏ အစိတ်အပိုင်းတချို့က နေထိုင်မကောင်းဖြစ်ခဲ့လျှင် ပြင်ပအကြောင်းအရင်းကို ရှာဖို့ မိမိကိုယ်ကိုယ် အလုပ်မရှုပ်စေနှင့်။ ထိုအစား ငါ့ရှေ့မှောက်သို့လာ၍ ငါ၏ရည်ရွယ်ချက်ကိုသိရန် ကြိုးပမ်းကြလော့။ ဤအရာကို သင်တို့မှတ်မိမည်လော။ ငါ၏ကတိသည်ကား- ယနေ့မှစ၍ သင်တို့သည် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို လုံးဝထားခဲ့ပြီး ဝိညာဉ်ရေးရာလောကသို့ ဝင်သွားရမည်။ ဆိုလိုရင်းမှာ သင်တို့၏ ခန္ဓာကိုယ်ကို ဖျားနာခြင်းဖြင့် ဝန်လေးစေတော့မည် မဟုတ်တော့ပေ။ သင်သည် ယင်းအတွက် ပျော်ရွှင်ပါသလော။ ဝမ်းမြောက်ပါသလော။ ဤသည်မှာ ငါ၏ကတိတော် ဖြစ်သည်။ ထို့မျှမက ယင်းသည် သင်တို့ ကြာမြင့်စွာ မျှော်လင့်ခဲ့ဖူးသော အရာလည်းဖြစ်၏။ ယနေ့တွင် ယင်းမှာ မင်္ဂလာရှိသော သင်တို့၌ပြီးမြောက်အောင်မြင်ပြီဖြစ်သည်။ အဘယ်မျှ အံ့သြဖွယ်ကောင်းပြီး ဉာဏ်မမီနိုင်ဖွယ် ကောင်းလိုက်သနည်း။

ငါ၏အလုပ်သည် အချိန်နှင့်အမျှ၊ နေ့ရောညပါ တိုးတက်နေကာ၊ မည်သည့်အခါမျှ မရပ်တန့်ပေ။ ဤသည်မှာ ငါ၏ အရေးတကြီးဆန္ဒသည် သင့်ကို ငါ၏စိတ်နှလုံးနှင့် ညီညွတ်စေခြင်းအားဖြင့် ငါ၏စိတ်နှလုံးသည် သင်တို့အားဖြင့် မကြာမီ နှစ်သိမ့် ခြင်းရှိရန် ဖြစ်၏။ ငါ့သားတို့၊ သင်တို့အနေဖြင့် ငါ၏ ကောင်းမြတ်ခြင်းကောင်းချီးများကို ဝေမျှခံစားရန်အတွက် အချိန်ကျရောက်လေပြီ။ အတိတ်တွင် သင်တို့သည် ငါ့နာမအတွက် ဒုက္ခဆင်းရဲခံခဲ့ရသော်လည်း ယခုတွင်မူ သင်တို့၏ စမ်းသပ်ခံရခြင်း နေ့ရက်များ ကုန်ဆုံးပြီ။ တစ်စုံတစ်ဦးသည် ငါ့သားတို့၏ ဦးခေါင်းထက်မှ ဆံချည်တစ်မျှင်ကိုပင် အန္တရာယ်ပြုဝံ့ပါအံ့၊ ထိုသိုတို့ကို ငါသည် အလွယ်တကူ ခွင့်မလွှတ်သည်သာမက၊ ထိုသူတို့သည် လုံးဝ ပြန်ထနိုင်မည် မဟုတ်ချေ။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သောကြောင့် ယင်းကို

ဖောက်ဖျက်သောသူသည် မိမိကိုယ်ကို အန္တရာယ်ပြုခြင်းပင်ဖြစ်သည်။ ငါ့သားတို့။ သင်တို့ စိတ်ရှိသမျှ မြူးထူးပျော်ရွှင်ကြလော့။ ဝမ်းမြောက်ခြင်းဖြင့် သီဆိုဟစ်ကြွေးကြလော့။ သင်တို့သည် နောက်ထပ် အနိုင်ကျင့်ခံရခြင်းနှင့် ဖိနှိပ်ခြင်းကို ခံရတော့မည်မဟုတ်သည့်အပြင်၊ သင်တို့သည် ညှဉ်းပန်းနှိပ်စက်ခြင်းကိုလည်း နောက်ထပ် ခံရတော့မည် မဟုတ်ပေ။ သင်တို့သည် ငါ့အပေါ် ယုံကြည်ခြင်း၌ နောက်ထပ် မကြောက်ရွံ့ရတော့ပေ။ သင်သည် သင့်ယုံကြည်ခြင်းကို လူသိရှင်ကြား ထုတ်ဖော်ပြောသင့်ပေသည်။ စကြဝဠာကြီးနှင့် ကမ္ဘာမြေစွန်းတို့အား တုန်ဟည်းသွားလောက်သည်အထိငါ၏ သန့်ရှင်းသောနာမကို ကျယ်လောင်စွာ ခေါ်ကြလော့။ ထိုသူတို့ အထင်အမြင်သေး၍ ထိုသူတို့၏ ဖျက်ဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသောသူတို့သည် ယနေ့တွင် ထိုသူတို့၏ အထက်၌ရပ်လျက် ထိုသူတို့ကို အုပ်ချုပ်သည်ကိုလည်းကောင်း၊ အစိုးရသည်ကိုလည်းကောင်း၊ အထူးသဖြင့် တရားစီရင်ရသည်ကိုလည်းကောင်း သိမြင်စေကြလော့။

ဝင်ရောက်ခြင်းကိုသာ သင်တို့ စိတ်ဝင်စားကြလော့၊ သို့ပြုလျှင် သင်တို့ခံစားမွေ့လျော်ဖို့ရာ စောင့်ဆိုင်းနေသည့် ပို၍ကောင်းမွန်သော ကောင်းချီးများကို သင်တို့အပေါ် ငါနှင်းအပ်၍၊ သင်တို့သည်လည်း အနှိုင်းမဲ့သော ချိုမြိန်မှု၊ အကန့်အသတ်မရှိသော နက်နဲရာများနှင့်၊ ဉာဏ်မမီနိုင်သော နက်နဲသိမ်မွေ့မှုတို့ကို အရသာပိုခံစားနိုင်ကြမည်ဖြစ်သတည်း။

## အခန်း ၆၁

သင်ကိုယ်တိုင်၏ အခြေအနေကို သင် သတိပြု မိသောအခါ၊ ငါ၏အလိုတော်ကို သင် ဖြည့်ဆည်းကောင်း ဖြည့်ဆည်းနိုင်လိမ့်မည်။ အမှန်စင်စစ် ငါ၏အလိုတော်သည် နားလည်သဘောပေါက်ရန် ခက်ခဲသည်မဟုတ်။ အတိတ်ကာလတွင် သင်သည် ငါ၏ရည်ရွယ်ချက်များနှင့်အညီ မည်သည့်အခါကမှ မရှာဖွေခဲ့သောကြောင့်သာ ဖြစ်သည်။ လူတို့၏ အတွေးအခေါ်များ သို့မဟုတ် အယူအဆများကို ငါအလိုမရှိ၊ သင်၏ငွေ သို့မဟုတ် သင်၏ ပိုင်ဆိုင်မှုများကို သာ၍ပင် ငါ အလိုမရှိ။ ငါ အလိုရှိသည်မှာ သင်၏ နှလုံးသား ဖြစ်၏။ သင်နားလည်သလော။ ဤအရာသည် ငါ၏အလိုတော် ဖြစ်၏၊ ထို့အပြင် ၎င်းသည် ငါရရှိလိုသော အရာလည်း ဖြစ်သည်။ လူတို့သည် ငါ့ကို အကဲဖြတ်ဝေဖန်ဖို့ သူတို့၏ ကိုယ်ပိုင်အယူအဆများကို အမြဲ အသုံးပြုကြပြီး အားဖြင့် ငါ၏ဝိညာဉ်ရင့်သန်မှုကို ချင့်တွက်သတ်မှတ်ဖို့ သူတို့၏ စံများကို အသုံးပြုကြသည်။ ဤအရာသည် လူသားမျိုးနွယ်နှင့်

ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် အခက်ခဲဆုံးသော အရာဖြစ်ပြီး၊ ဤအရာသည် ငါအမုန်းတီးဆုံးနှင့် စက်ဆုပ်အရွံရှာဆုံးသော အရာဖြစ်၏။ သင် ယခုသိပြီလော။ အကြောင်းမူကား ဤအရာသည် စာတန်၏ အမြင်သာဆုံးသော စိတ်သဘောထား ဖြစ်ခြင်းကြောင့်ပင်တည်း။ ထို့အပြင် သင်တို့၏ ဝိညာဉ်ရင့်ကျက်မှုသည် နည်းပါးလှသောကြောင့်၊ သင်တို့သည် စာတန်၏ စဉ်းလဲသော အကြံအစည်များထဲသို့ မကြာခဏ ကျရောက်တတ်ကြသည်။ သင်တို့သည် ထိုအရာတို့ကို ယတိပြတ် ထိုးထွင်းသိမြင်နိုင်ခြင်း မရှိကြပေ။ စာတန်၏ လိမ်လည်လှည့်စားမှုကို မခံရခြင်းအလို့ငှာ အချိန်တိုင်း၊ အရာရာတိုင်း၌ သတိရှိကြရန် သင်တို့ကို ငါအကြိမ်ကြိမ် ပြောပြီးဖြစ်သည်။ သို့သော်လည်း သင်တို့သည် နားမထောင်ဘဲ၊ ယင်းအစား ငါပြောသောအရာကို ပေါ့ပေါ့တန်တန် လျစ်လျူရှု၏။ ရလဒ်အနေဖြင့် အသက်တာ၌ ဆုံးရှုံးမှုကြုံတွေ့ခြင်းဖြင့် သင်ဇာတ်သိမ်းပြီး၊ ထို့နောက်တွင်မူ နောင်တတရားများအတွက် အလွန်တရာ နောက်ကျချေပြီ။ သင့်အနေဖြင့် ဤအရာကို သင်၏ အနာဂတ် ရှာဖွေမှုအတွက် သင်ခန်းစာတစ်ခုအဖြစ် မှတ်ယူရန်မှာ အလွန်ကောင်းသော စိတ်ကူးအကြံဉာဏ်တစ်ခု ဖြစ်မည် မဟုတ်သလော။ သင့်ကို ငါပြောမည်၊ အပျက်သဘောဆောင်လွယ်ခြင်းသည် သင်၏ အသက်တာ၌ အဆုံးစွန် ပြင်းထန်သော ဆုံးရှုံးမှုများကို ဖြစ်စေလိမ့်မည်။ ဤအရာကို သိရှိပါလျက်၊ ယင်းသည် သင်နိုးထပြီးသည့်အချိန် မဟုတ်လော။

လူတို့သည် လျင်မြန်သော ရလဒ်များအတွက် စိတ်မရှည်ကြဘဲ၊ သူတို့ရှေ့တည့်တည့်တွင် ရှိသောအရာကိုသာ မြင်ကြသည်။ ငါသည် အာဏာရှိသူများကို ပြစ်ဒဏ်စပေးပြီဟု ပြောသောအခါ၊ သင်တို့သည် "အဘယ်ကြောင့် ထိုသူတို့ အာဏာရှိနေသေးသနည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အချည်းနှီးသာဖြစ်၏ဟု ဤသည်က မဆိုလိုသလော။" ဟုမေးလျက်၊ သာ၍ပင် စိုးရိမ်ပူပန် လာကြသည်။ လူသားအယူအဆများသည် အလွန်ခိုင်မာစွာ အမြစ်တွယ်နေကြသည်။ ငါပြောသော အရာ၏ဆိုလိုရင်းကို သင်တို့နားမလည်။ ငါပြစ်ဒဏ်ပေးသော သူတို့မှာ ဆိုးယုတ်သူများ၊ ငါ့ကိုဖီဆန်သူများ၊ ငါ့ကို မသိသောသူများ ဖြစ်ကြပြီး သမ္မာတရားကို မရှာဖွေဘဲ၊ ငါ့ကိုယုံကြည်ရုံသာ ယုံကြည် သောသူတို့ကိုမူ ငါလျစ်လျူရှု၏။ သင်တို့သည် ဇကန် မသိနားမလည်ကြပေတကား။ ငါပြောခဲ့ပြီးသော အရာ၏ဆံခြည်တစ်မျှင်မျှကိုပင် သင်တို့ နားမလည်ကြ။ သို့ဖြစ်စေကာမူ သင်တို့သည် မိမိကိုယ်ကို ရင့်ကျက်ပြီဟု လည်းကောင်း၊ သင်တို့သည် အမှုအရာများကို နားလည်ပြီဟု လည်းကောင်း၊ သင်တို့သည် ငါ၏အလိုတော်ကို နားလည်နိုင်ပြီဟု လည်းကောင်း တွေးထင်နေကြရင်း သင်တို့ကိုယ်သင်တို့ ချီးကျူးကြဆဲ

ဖြစ်၏။ အရာခပ်သိမ်းနှင့် ကိစ္စရပ်များသည် ခရစ်တော်အတွက် အစေခံမှုပေးကြသည်ဟု ငါမကြာခဏပြောသော်လည်း၊ ဤနှုတ်ကပတ်တော်များကို စစ်မှန်စွာ သင်နားလည်သလော။ ၎င်းတို့ မည်သည်ကို ဆိုလိုကြောင်း အမှန်စင်စစ် သင်သိသလော။ ငါသည် မည်သူ့ကိုမှ မဆင်မခြင် အပြစ်ဒဏ် မပေးကြောင်း ရှေးမဆွက ငါပြောခဲ့ပြီးပြီ။ စကြဝဠာ ကမ္ဘာရှိ လူပုဂ္ဂိုလ် တစ်ယောက်ချင်းစီတိုင်းသည် ငါ၏လျော်ကန်သော စီစဉ်ချက်များကို လိုက်နာကြသည်။ ငါ၏ အပြစ်ဒဏ် ပေးခြင်းကို ခံရသူများ၊ ခရစ်တော်အတွက် အစေခံမှု ပေးသောသူများ (ထိုသူတို့ကို ငါမကယ်တင်)၊ ငါရွေးကောက်သောသူများနှင့်၊ ငါရွေးကောက်သော်လည်း၊ နောက်မှ သုတ်သင်ဖယ်ရှားခြင်းကို ခံရသောသူများ- ဤအားလုံးတို့ကို ငါ့လက်၌ ငါကိုင်ထားသည်၊ ငါ ရွေးကောက်ထားပြီး ငါ ပို၍ နားလည်ထားသော သင့်ကိုမူ ပြောစရာပင်မလို။ ဤအဆင့်အတွင်းတွင် လည်းကောင်း၊ နောက်အဆင့်အတွင်းတွင် လည်းကောင်း ငါပြသမျှ အရာခပ်သိမ်းတို့သည် ငါ၏ ဉာဏ်ပညာရှိသော စီစဉ်မှုများအတိုင်း လိုက်လျှောက်ကြသည်။ သင်သည် ငါ့အတွက် စီစဉ်မှုများကို ကြိုလုပ်ထားရန် မလို။ စောင့်ဆိုင်းပြီးသာ မွေ့လျော်လော့။ ဤသည်မှာ သင်ထိုက်တန်သောအရာ ဖြစ်သည်။ ငါ့အပိုင်ဖြစ်သော အရာများကို ငါအုပ်စိုး၍ ငါ့ကို စောဒကတက်ဝံ့သော သူတို့ကိုလည်းကောင်း၊ ငါနှင့်ပတ်သက်ပြီး အခြားအယူအဆများ ရှိသူတို့ကို လည်းကောင်း ငါသည် ပေါ့တန်စွာ သက်ညှာချမ်းသာခွင့်မပေး။ ငါစီစဉ်ပြီးဖြစ်သော စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ အစီအစဉ်သည် ဤအဆင့်သို့ အခြေအနေ တိုးတက်လာသောကြောင့်၊ ငါသည် ယခုကာလတွင် မကြာခဏ ဒေါသထွက်လျက်ရှိသည်။ ငါ့တွင် ခံစားချက်များမရှိဟု မယူဆကြနှင့်။ ဤသည်မှာ ရှေးမဆွက ငါပြောခဲ့ပြီးသည့်အတိုင်း အဘယ်အရာ၊ အဘယ်ပုဂ္ဂိုလ် သို့မဟုတ် အဘယ်အဖြစ်အပျက်ကမျှ ငါ၏ရှေ့ဆက် ခြေလှမ်းများကို ဟန့်တားရန် မဝံ့ရဲကြသောကြောင့် ဖြစ်လေသည်။ ငါသည် ပြောသည့်အတိုင်း လုပ်၏၊ ယင်းသည် ငါ၏ဖြစ်ခြင်း ဖြစ်၏။ ထို့အပြင် ဤသည်မှာ ငါ့စိတ်သဘောထား၏ အမြင်သာဆုံး သရုပ်သကန်ဖြစ်သည်။ သင်တို့အားလုံးသည် ငါ၏သားများဖြစ်သောကြောင့်၊ ငါသည် လူများအားလုံးကို ညီတူညီမျှဆက်ဆံပြီး၊ သင်တို့ တစ်ယောက်ချင်းစီတိုင်းကို ငါချစ်သည်။ အဘယ်မည်သော ဖခင်သည် သူ့သား၏ဘဝအတွက် တာဝန်မယူဘဲ နေမည်နည်း။ အဘယ်မည်သော ဖခင်သည် သူ့သား၏ အနာဂတ်အတွက် နေ့ရောညပါ အလုပ်မလုပ်ဘဲ နေမည်နည်း။ ယင်းကို သင်တို့ထဲမှ အဘယ်သူ အသိအမှတ်ပြုသနည်း။ အဘယ်သူက ငါ့စိတ်နှလုံးကို စာနာထောက်ထားမှု ပြသနိုင်မည်နည်း။ သင်တို့သည် သင်တို့၏ ကိုယ်ပိုင် ကာမဂုဏ်ခံစားသာယာမှုများအတွက် အစီအစဉ်များနှင့် အကြံအစည်များကို အဆက်မပြတ် ပြုလုပ်ကြပြီး ငါ၏ စိတ်နှလုံးကို ဘာဆိုဘာမျှ နားမလည်ကြပေ။ ငါ၏စိတ်နှလုံး

အစိတ်စိတ်အမွှာမွှာ ဖြစ်သည်အထိ သင်တို့အတွက် ငါပူပန်သော်လည်း၊ သင်တို့သည် ကာမဂုဏ် ခံစားသာယာမှုများ၊ စားသောက်ခြင်း၊ အိပ်စက်ခြင်းနှင့် အဝတ်အထည်များကို အမြဲ စွဲလမ်းတောင့်တကြသည်။ သင်တို့၌ အသိတရား စိုးစဉ်းမျှပင် မရှိကြသလော။ အကယ်၍ ဤသို့ဖြစ်လျှင်၊ သင်တို့သည် လူ့အဝတ်အစား ဝတ်ထားသော သားရဲတိရစ္ဆာန်များသာ ဖြစ်ကြသည်။ ငါပြောသော စကားသည် မလွန်ကဲသောကြောင့်၊ သင်တို့သည် ဤစကားလုံးများကို ခံနိုင်သင့်သည်။ ၎င်းသည် သင်တို့ကို ကယ်တင်ရန် အကောင်းဆုံးနည်းလမ်း ဖြစ်ပြီး၊ ၎င်းသည် ငါ၏ ဉာဏ်ပညာတည်ရာ သာ၍ပင် ဖြစ်လေသည်၊ စာတန်၏ အဓိက အားနည်းချက်ကို ထိုးနှက်ကာ ၎င်းကို လုံးလုံးလျားလျား အနိုင်ယူပြီး အလျှင်း ဖျက်ဆီးထားခဲ့လော့။ သင်သည် နောင်တရပြီး သင်၏ ဗီဇဟောင်းကို ဖယ်ရှားကာ လူသစ်တစ်ဦး၏ပုံသဏ္ဌာန်ကို အသက်ရှင်နေထိုင်ရန် ငါ့အပေါ် သင်အားထားကြောင်း သေချာအောင်ပြုနေသရွေ့ ယင်းသည် သာမန်လူ့သဘာဝဖြင့် အသက်ရှင်နေထိုင်ခြင်း၊ ငါ့နာမကို သက်သေခံခြင်း မည်သောကြောင့်၊ ငါသည် အပြည့်အဝ ကျေနပ်အားရမည်ဖြစ်၏။ ငါ့ကို ထို့ထက်ပို၍ ပျော်ရွှင်စေသော အရာမရှိ။

သင်သည် ငါနှင့် အစဉ်နီးကပ်စွာ နေရမည်။ ငါ၏အဟုန်သည် တစ်နေ့တခြား မြန်ဆန်လာသည်မှာ ထင်ရှားမြင်သာ၏။ သင်၌ ဝိညာဉ်ရေးရာ မိတ်သဟာယ အခိုက်အတန့်မျှ ကင်းမဲ့လျှင်ပင်၊ ငါ၏တရားစီရင်ခြင်းသည် သင့်ထံ ချက်ချင်း ရောက်ရှိလာလိမ့်မည်။ ဤအချက်၌ သင်သည် အပြည့်အဝ သဘောပေါက် နားလည်ခြင်း ရရှိပြီးဖြစ်သည်။ သင့်ကို ငါဆုံးမသည်မှာ ငါ သင့်ကို မချစ်သောကြောင့်မဟုတ်။ ယင်းအစား ငါသည် သင့်ကို ချစ်သောကြောင့် ဆုံးမပဲ့ပြင်ခြင်း ဖြစ်သည်။ ထိုသို့မပြုလျှင် သင်သည် ကြီးထွားတိုးတက်လိမ့်မည် မဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော်၏ အထိန်းအကွပ်များ ကင်းမဲ့လျက်၊ အစဉ်အမြဲ ကိုယ်ကျင့်တရား ပျက်နေလိမ့်မည်။ ယင်းက ငါ့ဉာဏ်ပညာကို တိုး၍ ထင်ရှားစေပေသည်။

# အခန်း ၆၂

ငါ၏အလိုတော်ကို နားလည်သဘောပေါက်ခြင်းသည် အလိုတော်ကို သင်သိရှိရုံ သိရှိရန်သက်သက်မဟုတ်ဘဲ ငါ၏ ရည်ရွယ်ချက်များနှင့်အညီ သင်အသက်ရှင်နိုင်ဖို့ဖြစ်သည်။ လူတို့သည် ငါ၏စိတ်နှလုံးသားအား တကယ့်ကိုပင် နားမလည်ကြပေ။

ဦးတည်ရာလမ်းကြောင်းသည် အရှေ့ဘက်ဖြစ်သည်ဟု ငါပြောသည့်အခါ သူတို့သည် မယုံကြည်နိုင်ကြဘဲ “၎င်းသည် အမှန်ပင် အရှေ့ဘက်လော။ ဤသို့မဟုတ်ဘဲ ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ၎င်းကို ယုံကြည်ခြင်းသက်သက်ဖြင့် ကျွန်ုပ်လက်မခံနိုင်ပါ။ ကိုယ့်ဘာသာကိုယ် ကြည့်ဖို့ရန်လိုအပ်သည်။” ဟူ၍ တွေးတောလျက် စဉ်းစားချင့်ချိန်ကြ၏။ ဤမျှလောက်အထိ အသင်လူသားတို့သည် ကိုင်တွယ်ဖို့ရန် ခက်ခဲပေ၏။ မည်သည့်အရာသည် စစ်မှန်သည့်နာခံခြင်းဖြစ်သည်ကို သင်တို့မသိကြ။ ငါ၏ရည်ရွယ်ချက်များကို သင်သိသည့်အခါ ၎င်းတို့ကိုဆောင်ရွက်ခြင်း၌သာ အာရုံစိုက်လော့။ တွေးတောခြင်းမပြုလေနှင့်။ သင်သည် ငါပြောသောအရာအား အမြဲပင် သံသယဖြင့်ကြည့်ပြီး ယင်းကို ရယ်ဖွယ်ကောင်းသောနည်းဖြင့် လက်ခံ၏။ ဤသည်မှာ စစ်မှန်သောထိုးထွင်းသိမြင်မှု မည်ကဲ့သို့ဖြစ်ထွန်းစေနိုင်မည်နည်း။ သင်သည် မည်သည့်အခါမျှ ငါ၏နှုတ်ကပတ်တော်များထဲသို့ မဝင်ရောက်ပေ။ ငါယခင်က ပြောဆိုခဲ့ပြီးသည့်အတိုင်း ငါလိုချင်သည့်အရာသည် လူအရေအတွက်များပြားခြင်းထက် လူတို့အထဲ၌ အရည်အသွေးထူးချွန်ခြင်းဖြစ်၏။ ငါ၏နှုတ်ကပတ်တော်အတွင်းသို့ဝင်ရောက်ရန် အလေးမထားသောသူ မည်သူမဆိုသည် ခရစ်တော်၏ ကောင်းသောစစ်သူရဲဖြစ်ဖို့ရန် မထိုက်တန်ပေ။ ယင်းအစား ၎င်းတို့သည် စာတန်၏အစေပါးကဲ့သို့ အသက်ရှင်ကြပြီး ငါ၏အမှုတော်ကို နှောင့်ယှက်ကြသည်။ ဤသည်ကို သေးငယ်သောကိစ္စဟု မထင်လေနှင့်။ ငါ၏အမှုတော်ကို နှောင့်ယှက်သောသူ မည်သူမဆိုသည် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို ချိုးဖောက်ခြင်းဖြစ်ပြီး ထိုသို့သောသူများကို ငါသည် ဧကန်အမှန် ပြင်းထန်စွာ ဆုံးမပဲ့ပြင်လိမ့်မည်။ ဆိုလိုသည်မှာ ယခုအချိန်မှစ၍ သင်တို့သည် ငါ့ထံမှ ဝေးရာသို့ ခဏတာမျှ လှည့်သွားလျှင်ပင် သင်တို့အပေါ်သို့ တရားစီရင်ခြင်းကျရောက်လိမ့်မည်။ အကယ်၍ သင်သည် ငါ၏နှုတ်ကပတ်တော်များကို မယုံကြည်လျှင် ငါ့မျက်နှာ၏ အလင်းထဲ၌နေထိုင်ခြင်းသည် မည်သည့်အခြေအနေဆိုသည်နှင့် ငါ့ကိုစွန့်ပစ်ခဲ့ခြင်းသည် မည်သည့်အခြေအနေဆိုသည်ကို သင်ကိုယ်တိုင်ကြည့်လော့။

သင်သည် ဝိညာဉ်တော်အထဲ၌ အသက်မရှင်လျှင် ငါမစိုးရိမ်ပေ။ ငါ၏အမှုတော်သည် ယခုလက်ရှိအဆင့်အထိ ရောက်ရှိလာပြီဖြစ်သောကြောင့် သင်သည် ဘာများလုပ်နိုင်သနည်း။ ငါလုပ်ဆောင်သည့်အရာအားလုံး၌ အဆင့်ဆင့်ရှိပြီး ငါ၏အမှုတော်ကို ငါကိုယ်တိုင်ဆောင်ရွက်မည်ဖြစ်သည့်အတွက် စိတ်ပူပန်ခြင်းမရှိနှင့်။ ငါစတင်ဆောင်ရွက်သည်နှင့်တစ်ပြိုင်နက် အားလုံးသောသူတို့သည် အကြွင်းမဲ့ယုံကြည်ကြသည်။ သူတို့မယုံကြည်လျှင် နှစ်ဆသောပြင်းထန်မှုဖြင့် ငါသည် သူတို့ကို ပြစ်တင်ဆုံးမမည်ဖြစ်ကာ ယင်းသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို ဒီထက်ပို၍

ထည့်သွင်းစဉ်းစားပေသည်။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များသည် ဖုန်းကွယ်ထားခြင်းမရှိတော့ဘဲ ဌာန်းဖို့ရန်နှင့် အကောင်အထည်ဖော်ဖို့ရန် စတင်ခဲ့ပြီးသည်ကို မြင်တွေ့နိုင်သည်။ ယခု ဤအရာအား သင်တို့ရှင်းလင်းစွာ မြင်တွေ့ကြရမည်။ အရာအားလုံးသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို ထည့်သွင်းစဉ်းစားကြပြီး ၎င်းတို့အား ချိုးဖောက်သူ မည်သူမဆိုသည် ဆုံးရှုံးခြင်းကြုံရကြပေမည်။ ဤအရာသည် သေးငယ်သောကိစ္စမဟုတ်ပေ။ သင်တို့သည် ဤအရာအပေါ် ထိုးထွင်းသိမြင်စွမ်း တစ်စုံတစ်ရာ အမှန်ပင် ရှိကြသလော။ ဤအရာအား သင်တို့ရှင်းလင်းစွာ မြင်ကြသလော။ ငါသည် စ၍ မိသာဟာယဖွဲ့မည်။ တိုင်းနိုင်ငံအားလုံးနှင့် လောက၏လူမျိုးအပေါင်းတို့သည် ငါ့လက်တော်ထဲ၌ အုပ်ချုပ်ခြင်းခံကြရပြီး ၎င်းတို့၏ဘာသာတရားကို ပစ်ဓာနမထားဘဲ ၎င်းတို့သည် ငါ၏ပလ္လင်တော်သို့ပြန်လာရကြမည်။ မှန်ပေ၏။ အချို့တို့သည် တရားစီရင်ခြင်း ခံကြရပြီးနောက် အနက်ဆုံးသောတွင်းထဲသို့ ပစ်ချခြင်းခံရမည် (လောင်မြိုက်မီးခြင်းခံရ၍ မကျန်ရစ်တော့ပဲ ပျက်စီးခြင်းသို့ရောက်သောအရာများဖြစ်လျက်။) အချို့သောသူတို့မှာမူ တရားစီရင်ခြင်းခံကြရပြီးနောက် ငါ၏နာမကို လက်ခံကြကာ ငါ၏နိုင်ငံသားများဖြစ်လာကြမည် (ဤသည်ကို ၎င်းတို့သည် နှစ်ပေါင်းတထောင်သာ မွေ့လျော်ကြရပေမည်)။ မည်သို့ပင်ဖြစ်စေ သင်တို့သည်ကား ငါနှင့်အတူ ဘုရင့်အရိုက်အရာ စွဲကိုင်မည်ဖြစ်ပြီး သင်တို့သည် ယခင်က ငါ့အတွက် ဒုက္ခဆင်းရဲခံခဲ့ကြသောကြောင့် သင်တို့၏ ဆင်းရဲဒုက္ခများအား ငါသင်တို့အပေါ် အစဉ်မပြတ်ပေးအပ်သော ကောင်းချီးမင်္ဂလာများဖြင့် ပြန်၍အစားထိုးပေးမည်။ ငါ၏လူများဖြစ်ကြသောသူတို့သည် ခရစ်တော်အား ဆက်၍ အစေခံရုံသာ အစေခံကြလိမ့်မည်။ ဤနေရာတွင် မွေ့လျော်ခြင်းဟုခေါ်ဆိုသည့် အရာသည် မွေ့လျော်ခြင်းကိုသာ ဆိုလိုသည်မဟုတ်ဘဲ ထိုသူတို့သည် ကပ်ဘေးများကို ခံစားရခြင်းမှလည်း ကာကွယ်ခြင်းခံကြရမည်ဖြစ်ကြောင်းကိုလည်း ဆိုလို၏။ ဤအရာသည် ယခုအချိန်တွင် သင်တို့အပေါ် ငါ၏တောင်းဆိုချက်များအလွန်တင်းကြပ်ရခြင်းနှင့် ယခုတွင် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို ထည့်သွင်းစဉ်းစားသည့် အရာအားလုံး၏ အဓိပ္ပာယ် အချုပ်အခြာဖြစ်၏။ ယင်း၏အကြောင်းအရင်းမှာ ငါ၏လေ့ကျင့်ပေးမှုအား သင်တို့လက်မခံခဲ့လျှင် သင်တို့အမွေဆက်ခံရန်အဖို့ ရည်ရွယ်ထားသည့် အရာကိုပေးဖို့ ငါ့အတွက်နည်းလမ်းရှိမည်မဟုတ်ပေ။ သို့သော်ငြားလည်း သင်တို့သည် အစဉ်အမြဲပင် ဇာတိပကတိအတွက်စဉ်းစားကာ စဉ်ဆက်မပြတ် သင်တို့အတွက်သာ အစီအမံများနှင့် အစီအစဉ်များပြုလုပ်လျက် ကြောက်ရွံ့နေသေးကာ သင်တို့၏ ဝိညာဉ်များ အနာတရဖြစ်မည်ကိုလည်း ကြောက်ရွံ့နေသည်။ ငါ၏အကြံစည်များသည် သင်တို့အတွက်

မသင့်တော်သလော။ ထိုသို့ဖြစ်ပါက သင်သည် အဘယ်ကြောင့် သင့်အတွက် အစီအမံများ ဆက်၍ပြုလုပ်သနည်း။ သင်တို့သည် ငါ့အား သွားပုတ်လေလွင့် ပြောလေတကား။ သင့်အတွက် ငါတစ်စုံတစ်ခုစီမံပေးပြီးနောက် သင်သည် ၎င်းကို လုံးဝငြင်းပယ်ပြီး မိမိဘာသာ အကြံအစည်များပြုလေ၏။

သင်တို့သည် အဟောအပြောကောင်းနိုင်လောက်သော်လည်း အမှန်တွင် သင်တို့သည် ငါ၏အလိုတော်ကို ဘာမျှမလိုက်နာကြပေ။ ငါ့ကို နားထောင်လော့။ သင်တို့အထဲတွင် ငါ၏အလိုတော်ကို စစ်မှန်စွာ အရေးထားမှု ပြသနိုင်သောသူတစ်ဦးရှိသည်ဟု ငါပြောမည်မဟုတ်သည်မှာ ဧကန်မုချဖြစ်သည်။ သင်တို့၏ လုပ်ရပ်သည် ငါ၏အလိုတော်နှင့် ကိုက်ညီကောင်း ကိုက်ညီနိုင်သော်လည်း သင်တို့ကို ငါချီးမွမ်းမည်မဟုတ်ပေ။ ဤသည်မှာ ငါ၏ ကယ်တင်ခြင်း နည်းလမ်းဖြစ်၏။ သို့တိုင် သင်တို့သည် အခြားသူများအားလုံးအား မထီမဲ့မြင်ပြုနေစဉ် မိမိတို့ကိုယ်ကိုယ် အံ့ဩဖွယ်အဖြစ်ထင်မှတ်ကာ တစ်ခါတစ်ရံ မိမိတို့ဘာသာ ကျေနပ်ရောင့်ရဲလျက် ရှိနေသေးသည်။ ဤအရာသည် လူသား၏ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထား၏ လက္ခဏာတစ်ခုပင် ဖြစ်၏။ ငါပြောနေသည့် ဤအရာကို သင်တို့အားလုံးသည် အသိမှတ်ပြုနေခြင်းသည် ပေါ့ပြက်ခြင်းတစ်ခုဖြစ်သည်။ အမှန်တကယ် ပြောင်းလဲနိုင်ဖို့ရန် ငါ့အနီးသို့ သင်လာရမည်။ ငါနှင့် မိသဟာယ ဖွဲ့လော့။ သို့ပြုလျှင် သင့်အပေါ်သို့ ငါ၏ကျေးဇူးတော်ပေးအပ်မည်။ အချို့သောသူတို့သည် အချောင်ခို ငုတ်တုတ်ထိုင်ကာ အခြားသူများ၏ စိုက်ပျိုးသောအရာများကိုသာ ရိတ်သိမ်းလိုကြ၏။ အဝတ်ဝတ်ဖို့ရန် သူတို့လက်ကိုသာ ဆန့်ထုတ်ရန်သာလိုပြီး သူတစ်ပါးအစာကျွေးဖို့ရန် သူတို့ပါးစပ်ကို ဖွင့်ထားရုံသာ လိုကြ၏။ သူတို့ မမျိုချခင်ပင် သူတို့ဝါးပေးရန်နှင့် သူတစ်ပါး ခွန့်ပေးခြင်းရန် စောင့်နေကြ၏။ ထိုသို့သောသူများသည် အမိုက်မဲဆုံးသောသူများဖြစ်ပြီး သူတစ်ပါးဝါးပြီးသောအရာများကို နှစ်သက်ကြပေသည်။ ဤအရာသည် လူသား၏ အပျင်းရိဆုံးလက္ခဏာ ဖော်ပြခြင်းလည်းဖြစ်၏။ သင်တို့သည် ငါ၏ ဤနှုတ်ကပတ်တော်များကို ကြားပြီးနောက် ကျော်၍မသွားရတော့ပေ။ သင်၏အာရုံစူးစိုက်မှု နှစ်ဆတိုးမှသာလျှင် မှန်ကန်သောအမှု သင်ပြုလိမ့်မည်ဖြစ်ပြီး သို့မှသာလျှင် ငါ၏အလိုတော်ကို သင်ဖြည့်ဆည်းမည်ဖြစ်သည်။ ဤအရာသည် အကောင်းဆုံးသော ကျိုးနွံနာခံခြင်းနှင့် လိုက်နာခြင်းဖြစ်ပေသည်။

## အခန်း ၆၃

သင်သည် သင်၏ကိုယ်ပိုင်အခြေအနေကို နားလည်ရမည်ဖြစ်ပြီး ထို့အပြင် သင်လျှောက်လှမ်းရန်လိုအပ်သော လမ်းကြောင်းကို ရှင်းလင်းစွာသိရမည်ဖြစ်၏။ သင့်နားရွက်များကို ငါဆွဲမ၍ အရာများကို သင့်ထံညွှန်ပြပေးရန် စောင့်မနေနိုင်တော့။ ငါသည် လူသား၏ နှလုံးသားအတွင်းဆုံးကို ကြည့်ရှုသော ဘုရားသခင်ဖြစ်တော်မူပြီး သင့်အတွေးခပ်သိမ်းနှင့် အကြံဉာဏ်ခပ်သိမ်းကို ငါသိရုံသာမက သင့်လုပ်ရပ်များနှင့် အပြုအမူကို ငါနားလည်သည်။ သို့သော် ၎င်းတို့အားလုံး၌ ငါ၏ကတိ ပါဝင်သလော။ ၎င်းတို့တွင် ငါ၏အလိုတော် ပါဝင်သလော။ ၎င်းတို့ကို ယခင်က သင်အမှန်တကယ် ရှာဖွေခဲ့ဖူးသလော။ ၎င်းအတွက် ကေန်အမှန်ပင် သင်အချိန်ယူခဲ့ပြီးပြီလော။ ကေန်ပင် သင်ကြိုးစားအားထုတ်ခဲ့သလော။ သင့်ကို ငါဝေဖန်နေသည်မဟုတ်။ သင်တို့သည် ဤရှုထောင့်ကို ယတိပြတ် လျစ်လျူရှုထားကြသည်။ သင်တို့သည် အမြဲတစေ စိတ်ရှုပ်ထွေးနေပြီး မည်သည့်အရာကိုမျှ ရှင်းလင်းစွာ မမြင်နိုင်ကြ။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းအရင်းကို သင်သိသလော။ သင်တို့၏ အတွေးအခေါ်များသည် မကြည်လင်ဘဲ သင်တို့၏ အယူအဆများသည် အလွန်ခိုင်မြဲစွာ အမြစ်တွယ်နေခြင်းကြောင့်ပင် ဖြစ်သည်။ ထို့အပြင် ငါ့အလိုကို သင်တို့ အရေးထားခြင်း လုံးဝမရှိပေ။ “ကိုယ်တော့်အလိုတော်ကို ကျွန်ုပ်တို့ မစဉ်းစား မဆင်ခြင်ဟု ကိုယ်တော် အဘယ်သို့ ပြောနိုင်သနည်း။ ကိုယ်တော့်အလိုတော်ကို နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့ အစဉ်တစိုက် ကြိုးစားနေသော်လည်း ကျွန်ုပ်တို့ မည်သည့်အခါမျှ မအောင်မြင်၊ ထို့ကြောင့် ကျွန်ုပ်တို့ အဘယ်သို့ ပြုသင့်သနည်း။ ကျွန်ုပ်တို့သည် လုံ့လစိုက်ထုတ်ခြင်း လုံးဝမရှိဟု ကိုယ်တော်သည် အမှန်ပင် ပြောနိုင်သလော” ဟု အချို့သူများက ပြောဆိုကြလိမ့်မည်။ သင့်ကို ငါမေးမည်၊ သင်သည် ငါ့အပေါ် ကေန်အမှန် သစ္စာစောင့်သိသည်ဟု အခိုင်အမာ ဆိုဝံ့သလော။ ထို့အပြင် စုံလင်သော သစ္စာစောင့်သိမှုဖြင့် မိမိတို့ကိုယ်မိမိ ငါ့ထံသို့ ဆက်ကပ်သည်ဟု မည်သူပြောဝံ့သနည်း။ သင်တို့ထဲမှ မည်သူကမျှ ယင်းသို့ မပြောနိုင်ကြသည်ကို ငါစိတ်မကောင်း၊ အဘယ်ကြောင့်ဆိုသော် သင်တို့တစ်ဦးချင်းစီတိုင်းတွင် သင်တို့၏ ကိုယ်ပိုင်ရွေးချယ်မှုများ၊ သင်တို့၏ ကိုယ်ပိုင်အကြိုက်များသာမက သင်တို့၏ ကိုယ်ပိုင်ရည်ရွယ်ချက်များ ကိုယ်စီရှိကြ၍ ဟူသည်မှာ ငါပြောစရာပင် မလို။ မုသား၌ မကျင်လည်ကြနှင့်။ သင်တို့၏ အတွင်းကျကျ အတွေးများအား ငါသည် ယခင်ကတည်းက နှံ့နှံ့စပ်စပ် နားလည်ပြီးဖြစ်၏။ ယင်းကို ငါရှင်းပြရန် လိုသေးသလော။ သင့်အနေဖြင့် ရှုထောင့်တိုင်းမှ (သင်တို့၏ အတွေးများနှင့် စိတ်ကူးများ၊ သင်တို့ပြောဆိုသည့်အရာတိုင်း၊ စကားလုံးတိုင်း၊ ရည်ရွယ်ချက်တိုင်းနှင့် သင်ပြုသည့် လှုပ်ရှားမှုတိုင်း၏ နောက်ကွယ်ရှိ

ကြံရွယ်ချက် အရင်းခံအကြောင်းအရင်း) ပို၍ ဆန်းစစ်ရမည်။ ဤနည်းအားဖြင့် သင်သည် ရှုထောင့်တိုင်းသို့ ဝင်ရောက်မှု ရရှိနိုင်လိမ့်မည်ဖြစ်သည့်အပြင် သင်သည် ပြီးပြည့်စုံသောသမ္မာတရားနှင့် သင့်ကိုယ်သင် ပိုမိုလောက်ငပြည့်စုံစေပေလိမ့်မည်။

အကယ်၍ ငါသည် သင်တို့ကို ထိုအရာများ မပြောပြခဲ့လျှင် သင်တို့သည် စိတ်ရှုပ်ထွေးနေခဲ့လိမ့်ဦးမည်ဖြစ်ပြီး ကာမဂုဏ် ပျော်ပါးမှုများကိုသာ တစ်နေကုန် တောင့်တ၍ မည်သို့ပင်ဖြစ်စေ ငါ့အလိုကို အရေးထားရန် ဆန္ဒမရှိ။ သင်တို့ကို ကယ်တင်ရန် ငါ့မေတ္တာလက်ကို အစဉ်အသုံးပြုနေ၏။ ယင်းကို သင်တို့သိသလော။ သင်တို့ နားလည်သဘောပေါက်လာပြီလော။ ငါသည် သင့်ကို ရိုးသားစွာ ချစ်၏။ သင်သည် ငါ့ကို ရိုးသားစွာ ချစ်၏ဟု သင်ဆိုဝံ့သလော။ သင်၏လုပ်ရပ်တိုင်းကို ငါ၏စစ်ဆေးခြင်းထံ ကျိုးနွံနာခံရန်အလို့ငှာ ငါ့ရှေ့တော်မှောက်သို့ သင်အမှန်တကယ် လာရောက်နိုင်မည်လော၊ ယင်းကို သင့်ကိုယ်သင် မကြာခဏ မေးကြည့်လော့။ သင်၏ လုပ်ရပ်တိုင်းကို ဆန်းစစ်ရန် ငါ့ကို ဧကန်ပင် သင်အခွင့်ပေးနိုင်သလော။ သင်သည် ကိုယ်ကျင့်တရား ပျက်ယွင်းပြီး သင့်ကိုယ်သင် အမှန်ထင်သည်ဟု ငါပြောသည်။ ငါ့တရားစီရင်မှု သင့်အပေါ် ကျရောက်ပြီ။ ယခု သမ္မာတရားကို သင်သတိပြုသင့်ပြီ။ ငါမြွက်ဟသမျှသည် သမ္မာတရားဖြစ်ပြီး ငါ့နှုတ်ကပတ်တော်များသည် သင့်အတွင်းရှိ ပကတိ အခြေအနေကို ထောက်ပြသည်။ ဟေ လူသား၊ သင်တို့ကို ကိုင်တွယ်ဖြေရှင်းရန် အလွန်ခက်ခဲလှသည်တကား။ ငါသည် သင်၏ ပကတိ အခြေအနေကို ထောက်ပြမှသာ သင်တို့သည် ငါပြောသည်ကို အသည်းလှိုက်အူလှိုက် ဧကန် လက်ခံကြသည်။ အကယ်၍ ၎င်းကို ငါမလုပ်ခဲ့ပါက သင်တို့သည် ကမ္ဘာကြီးပေါ်တွင် သင်တို့ထက် ချက်ချာပါးနပ်သူ တစ်ယောက်မှမရှိဟု ယူဆလျှက် သင်တို့၏ အတွေးအခေါ်ဟောင်းများကို ခိုင်မာစွာ အမြဲဆုပ်ကိုင်ထားပြီး သင်တို့၏ တွေးခေါ် ပုံ တွေးခေါ်နည်းများကို အစဉ်ဖက်တွယ် ထားခဲ့လိမ့်မည်။ ဤသည်မှာ သင့်ကိုယ်သင် ဖြောင့်မတ်သည်ဟု ခံယူနေခြင်းပင် မဟုတ်လော။ သင်သည် မိမိဘာသာ ကျေနပ်ခြင်းနှင့် အားရခြင်း၌ မွေ့လျော်နေပြီး မောက်မာထောင်လွှား၍ စိတ်ကြီးဝင်နေသည် မဟုတ်လော။ ၎င်းကို သင် ယခုသိရှိသင့်ပြီ။ သင်သည် ချက်ချာပါးနပ်သည် သို့မဟုတ် သာမန်ထက် ထူးမြတ်သည်ဟု သင့်ကိုယ်သင် မထင်သင့်၊ ယင်းအစား သင်ကိုယ်တိုင်၏ ချို့ယွင်းချက်များနှင့် အားနည်းချက်များကို အစဉ်သတိပြုရမည်။ ဤနည်းအားဖြင့် ငါ့ကိုချစ်ရန်ဟူသော သင်၏စိတ်ပိုင်းဖြတ်မှုမှာ မှေးမှိန်မသွားဘဲ ယင်းအစား ပိုမိုအားကြီးသထက် အားကြီးလာကာ သင့်ကိုယ်ပိုင်အခြေအနေသည် ဆက်လက်တိုးတက်လာလိမ့်မည်။ ပို၍အရေးကြီးသည်မှာ သင့်ဘဝအသက်တာသည် တစ်နေ့ပြီးတစ်နေ့ တိုးတက်လာမည်။

ငါ့အလိုတော်ကို သင်နားလည် သဘောပေါက်လာသောအခါ သင်သည် သင့်ကိုယ်သင် သိလာမည်ဖြစ်ပြီး ထိုသို့ဖြင့် ငါ့အကြောင်း ပိုမိုနားလည်မှု ရရှိကာ ငါနှင့်ပတ်သက်၍ သင်၏ကျိန်းသေမှုတွင် အခြေအနေ ပိုမိုတိုးတက်လာမည်။ လက်ရှိတွင် အကယ်၍ တစ်စုံတစ်ယောက်သည် ငါနှင့်ပတ်သက်ပြီး ကိုးဆယ်ရာခိုင်နှုန်း သေချာခြင်းမရရှိနိုင်ဘဲ တက်လိုက်ကျလိုက်ဖြစ်နေပြီး ပူလိုက်အေးလိုက် ဆက်တိုက်ဖြစ်နေလျှင် ထိုသူသည် ဧကန်အမှန် စွန့်ပစ်ခံရသောသူတစ်ဦး ဖြစ်လိမ့်မည်ဟု ငါပြောမည်။ ကျန်သော တစ်ဆယ်ရာခိုင်နှုန်းမှာမူ ငါ၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်းတို့အပေါ် လုံးလုံး မူတည်နေကာ လူတို့သည် ၎င်းတို့အားဖြင့် ငါ့အကြောင်း တစ်ရာရာခိုင်နှုန်း သေချာမှု ရရှိနိုင်ပေမည်။ လက်ရှိတွင်၊ ဆိုလိုသည်မှာ ယနေ့တွင် ဤသို့သော ဝိညာဉ်ရင့်သန်မှုကို ဘယ်နှစ်ယောက် ရရှိနိုင်သနည်း။ ငါသည် သင့်အား ငါ့အလိုတော်ကို အဆက်မပြတ် ဖော်ပြနေပြီး သင့်အတွင်း၌လည်း အသက်တာ၏ ခံစားချက်များ အစဉ်ဝင်ရောက် စီးဆင်းနေ၏။ သို့ဆိုလျှင် သင်သည် အဘယ်ကြောင့် ဝိညာဉ်တော်နှင့်အညီ မကျင့်ဆောင်သနည်း။ အမှားများ ပြုလုပ်မိမည်ကို သင်ကြောက်ရွံ့သလော။ သို့ဆိုလျှင် လေ့ကျင့်မှုကို အဘယ်ကြောင့် သင်လုံးဝ အာရုံမစိုက်သနည်း။ လူတို့သည် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ကြိုးစားရုံမျှနှင့် ငါ့အလိုတော်ကို သဘောပေါက်နိုင်မည် မဟုတ်ဟု ငါပြောမည်၊ သူတို့သည် ဖြစ်စဉ်တစ်ခုကို ကြုံရပေမည်။ ၎င်းကို ကြိမ်ဖန်များစွာ ငါထောက်ပြပြီး ဖြစ်သော်လည်း သင်အဘယ့်ကြောင့် လက်တွေ့မလုပ်ဆောင်သနည်း။ သင်သည် မနာခံဘဲ ဖြစ်နေသည်ဟု သင်မထင်သလော။ သင်သည် အရာအားလုံးကို ချက်ချင်း ပြီးမြောက်ချင်စိတ်သာရှိပြီး အဘယ်အမှုကိုမျှ လုံ့လစိုက်ထုတ်လိုစိတ် သို့မဟုတ် အချိန်ပေးလိုစိတ်မရှိ။ သင်သည် မိုက်မဲရုံသာမက ပို၍ အသိဉာဏ်ကင်းမဲ့သည်တကား။

ငါသည် အမှုအရာအများ အကြောင်းကို ကဗျာဆန်သော စကားလုံးများ မပါဘဲ အမြဲပြောကြောင်း သင်တို့ သတိမထားမိသလော။ သင်တို့သည် အဘယ်ကြောင့် ဆက်လက်၍ ထူ၊ထုံထိုင်းကာ တုံးအနေသနည်း။ သင်တို့သည် သင်တို့ကိုယ်သင်တို့ သာ၍စစ်ဆေးသင့်ပြီး သင်တို့ နားမလည်သောအရာ တစ်စုံတစ်ခုရှိပါက ငါ့ရှေ့တော်မှောက်သို့ သင်တို့ ပို၍မကြာခဏ လာရောက်သင့်သည်။ ဤသို့၊ ထိုသို့ ငါပြောရခြင်း၏ ရည်ရွယ်ချက်မှာ သင်တို့ကို ငါ့ရှေ့တော်မှောက်သို့ ဦးတည်ခေါ်ဆောင်ရန် ဖြစ်၏ဟု ငါပြောမည်။ ဤမျှလောက် ကြာမြင့်သော်လည်း ၎င်းကို သင်တို့ အဘယ်ကြောင့် သဘောမပေါက်သေးသနည်း။ ငါ့နှုတ်ကပတ်တော်များက သင်တို့ကို လုံးလုံးရှုပ်ထွေးစေသောကြောင့်လော။ သို့မဟုတ် ငါ့နှုတ်ကပတ်တော်များ၏ စကားလုံးတစ်လုံးစီတိုင်းကို သင်တို့

အလေးနက်မထားသောကြောင့်လော။ ၎င်းတို့ကို သင်တို့ ဖတ်သောအခါ သင်တို့သည် မိမိကိုယ်ကို ကောင်းမွန်သော သိနားလည်မှုတစ်ခု ရရှိပြီး သင်တို့သည် ငါ့အပေါ် အကြွေးတင်ကြောင်း သို့မဟုတ် ငါ့အလိုကို သဘောမပေါက်၊ နားမလည်နိုင်ကြောင်း ဆက်လက် ပြောကြသည်။ သို့စင်လျှက် ထို့နောက်တွင်ကား အသို့နည်း။ ဤအရာများသည် သင်တို့နှင့် မသက်ဆိုင်သကဲ့သို့၊ သင်တို့သည် ဘုရားသခင်ကို မယုံကြည်ကြသူကဲ့သို့ ဖြစ်ကြသည်။ သင်တို့သည် အချက်အလက်များကို ကြေညက်အောင် သင်တို့ကိုယ်သင်တို့ အချိန်မပေးဘဲ အငမ်းမရ မျိုချကြသည်သာ မဟုတ်လော။ ငါ့နှုတ်ကပတ်တော်များကို သင်တို့မွေ့လျော်ချိန်တွင် ၎င်းသည် မြင်းကျောပေါ်၌ သင်ဒုန်းစိုင်းစီးနေစဉ် ပန်းများကို ဖျတ်ခနဲမျှသာ လှမ်းကြည့်ခြင်းနှင့် အလားတူသည်၊ ငါ့အလိုတော်သည် အဘယ်ဖြစ်သည်ကို ငါ့နှုတ်ကပတ်တော်များမှတစ်ဆင့် အမှန်တကယ် နားလည်သဘောပေါက်ရန် သင်တို့ ဘယ်သောအခါမှ မကြိုးစားကြ။ လူတို့မှာ ဤသို့ပင်ဖြစ်သည်။ သူတို့သည် နှိမ့်ချပုံ အစဉ်ပေါ်နေစေလို၏။ ထိုသို့သော သူတို့သည် မုန်းဖွယ်ရာ အကောင်းဆုံး လူအမျိုးအစား ဖြစ်သည်။ သူတို့သည် အခြားသူများနှင့် မိတ်သဟာယဖွဲ့ရန် တွေ့ဆုံချိန်၌ သူတို့အကြောင်းကို အခြားလူများရှေ့တွင်ပြောရန် အမြဲနှစ်သက်ကြပြီး သူတို့သည် ငါ့ဝန်ကို အရေးထားသောသူများအဖြစ် အခြားသူများ မြင်စေရန် ပြုလုပ်နေကြသော်လည်း စင်စစ်တွင်မူ သူတို့သည် အမိုက်မဲဆုံး သူရူးများ ဖြစ်ကြသည် (ညီအစ်ကို မောင်နှမများနှင့် မိတ်သဟာယဖွဲ့လျှင်လည်း ငါ့အကြောင်း စစ်မှန်သော ထိုးထွင်းအမြင်နှင့် အသိပညာများကို ပြောမည့်အစား အခြားသူများရှေ့၌ သူတို့အကြောင်းကိုသာ ဖော်ထုတ်ကြွားဝါနေသည်။ သူတို့သည် အမနာပပြောပြီး ငါ့ကို မတရားသဖြင့် ချိုးနှိမ်သောကြောင့် ထိုသူများကို ငါအရွံရှာဆုံးဖြစ်သည်။

ငါ၏အကြီးမားဆုံး ပြာဋ္ဌိဟာများကို သင့်တို့အထဲ၌ ငါမကြာခဏ ထင်ရှားစေနေသည်။ ၎င်းတို့ကို သင်တို့ မမြင်နိုင်သလော။ ငါ့ကို စစ်မှန်စွာ ချစ်သောသူများက လက်တွေ့အရှိတရားဟု ဆိုအပ်သောအရာကို အသက်ရှင်နေထိုင်ကြသည်။ ၎င်းကို သင်တို့ မတွေ့သလော။ သင်တို့ ငါ့ကိုသိကျွမ်းနိုင်ရန် ဤအရာသည် အကောင်းဆုံးသော သက်သေသက္ကာယ မဟုတ်သလော။ ၎င်းသည် ငါ့အတွက် ပိုကောင်းသော သက်သေကို မခံသလော။ သို့စင်လျှက် သင်တို့သည် ၎င်းကို အသိအမှတ်မပြုကြ။ မသန့်ရှင်းလွန်း၊ ညစ်ပတ်ပေရေလွန်းကာ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို ခံထားရသော၊ လူတကာနှင့် သောင်းပြောင်း လိုင်ဆက်ဆံနေသည့် ဤကမ္ဘာပေါ်ဝယ် မည်သူက လက်တွေ့အရှိတရားကို အသက်ရှင် နေထိုင်နိုင်မည်နည်း။ လူသားအားလုံးသည် ဗလာဖြစ်ပြီး

ဖောက်ပြန်ပျက်စီးနေသည် မဟုတ်လော။ မည်သို့ဆိုစေ ငါ၏နှုတ်ကပတ်တော်များသည် သူတို့၏ အထွတ်အထိပ်သို့ ရောက်ပြီးဖြစ်သည်။ ဤထက်သာ၍ နားလည်လွယ်မည့် နှုတ်ကပတ်တော်များ မရှိပေ။ လုံးလုံးလျားလျား တုံးအသူတစ်ဦးပင်လျှင် ငါ့နှုတ်ကပတ်တော်များကို ဖတ်ရှုနိုင်ပြီး ၎င်းတို့ကို နားလည်နိုင်သည်။ ထို့ကြောင့် သင်တို့သည် လုံလောက်သော ကြိုးစားအားထုတ်မှု မထည့်ခြင်းသာ မဟုတ်လော။

# အခန်း ၆၄

သင်သည် လွဲချော်ပြီး ယုတ္တိအမှားပေါ် အခြေခံသော နည်းလမ်းတစ်ခုအားဖြင့် ငါ၏နှုတ်ကပတ်တော်များကို နားမလည်ရ၊ သင်သည် ၎င်းတို့ကို ရှုထောင့်အလုံးစုံမှ နားလည်ကာ သာ၍ သဘောပေါက်အောင် ကြိုးစားသင့်ပြီး တစ်မနက် သို့မဟုတ် တစ်ညမျှ အတွက်သာမဟုတ်ဘဲ အဖန်တလဲလဲ အလေးအနက် သုံးသပ်ဝေဖန်သင့်သည်။ ငါ့အလိုတော်သည် မည်သည့်နေရာတွင် ရှိသည် သို့မဟုတ် မည်သည့် ရှုထောင့်များအားဖြင့် အပတ်တကုတ် အဖိုးအခတစ်ခုအား ငါပေးပြီးသည်နှင့် စပ်လျဉ်းပြီး သင်မသိပေ။ ငါ့အလိုတော်အတွက် အရေးထားမှုကို သင်တို့ မည်သို့ ပြသနိုင်မည်နည်း။ သင်တို့လူသားများသည် ဤအတိုင်းတည်း၊ အသေးစိတ် နှိုက်နှိုက်ချွတ်ချွတ် ကြိုးစားရှာဖွေရန် လုံးလုံးလျားလျား မတတ်နိုင်ကြ၊ အပေါ်ယံ၌သာ အာရုံစိုက်၍ တုပခြင်းမျှသာ တတ်စွမ်းသည်။ ဤသည်ကို ယုံကြည်သက်ဝင်ခြင်းဟု မည်သို့ဆိုနိုင်မည်နည်း။ ၎င်းသည် လူ၏ စိတ်အားထက်သန်မှုမျှသာ ဖြစ်ပြီး ၎င်းကို ငါမချီးကျူးရုံမက သာ၍ငါရွံရှာသည်။ ငါရွံရှာသောအရာအားလုံးသည် သုတ်သင်ခြင်းခံရ၍ ဘေးဒုက္ခမျိုးမျိုးဖြင့် ဆင်းရဲဒုက္ခခံရကာ ငါ၏ မီးတင်ရှို့ခြင်းနှင့် တရားစီရင်ခြင်းကို မလွှန်ဆန်နိုင်ဟု သင်တို့ကို ငါပြောမည်။ သို့မဟုတ်လျှင် “ကြောက်မက်ဖွယ်ကောင်းသော” ဟူသည် အဘယ်အရာကို ဆိုလိုကြောင်း လူတို့ သိလိမ့်မည် မဟုတ်သည့်အပြင် အပျော်အပါးကြူးကြကာ ငါ့ကို လူသားမျက်စိဖြင့် အစဉ်မြင်ကြလိမ့်မည်၊ သူတို့သည် အလွန် မိုက်မဲစွတကား။ သင်ကိုယ်တိုင်ထံမှ စာတန်၏ အတွေးအခေါ်များကို ဖယ်ရှားရန် အကောင်းဆုံး နည်းလမ်းမှာ ငါ့ထံသို့ ချဉ်းကပ်၍ ငါနှင့် မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်။ တရားစီရင်ခံရခြင်းနှင့် သင်တို့၏ အသက်တာ၌ ဆုံးရှုံးမှုဒဏ်ကို သင်တို့ ရှောင်ရှားနိုင်ရန်အလို့ငှာ သင်တို့အားလုံး ဤစည်းမျဉ်းနှင့်အညီ ပြုမူကြရန် ငါအလိုရှိသည်။

လူသားများသည် ကိုင်တွယ်ဖြေရှင်းရန် အလွန်ခက်ခဲသူများ ဖြစ်ကြပြီး အပြင်လူများ၊ ဖြစ်ရပ်များ၊ အမှုအရာများနှင့် သူတို့၏ ကိုယ်ပိုင်အယူအဆများ၏ ထိန်းချုပ်မှုအောက်တွင် အမြဲရှိနေကြ၏။ ရလဒ်အဖြစ် သူတို့သည် ငါ့အတွက် ကောင်းမွန်သော သက်သေခံရန်နှင့် ငါနှင့် အလွန်ကောင်းစွာ ပူးပေါင်းလုပ်ဆောင်ရန် မတတ်နိုင်ကြပေ။ ငါသည် သင်တို့ကို အဆက်မပြတ် ထောက်ပံ့၍ အားပေးမြှင့်တင်သော်လည်း သင်တို့သည် ငါနှင့် ပူးပေါင်းဆောင်ရွက်ရန် အကောင်းဆုံးကြိုးပမ်းခြင်း မပြုနိုင်ကြပေ။ ငါ့ကို သင်တို့နားမလည်ကြကြောင်းကို ဤအကြောင်းအရာအားလုံးက ပြည့်စုံလုံလောက်စွာ ဖော်ပြနေလေသည်။ အချိန်တန်၍ ငါနှင့်ပတ်သက်ပြီး သင်တို့ မည်သည့်သံသယများမှ မရှိတော့သောအခါ စစ်မှန်သော လမ်းကြောင်းပေါ်တွင် သင်တို့လျှောက်လှမ်းခြင်းကို မည်သူမျှ တားဆီးနိုင်ကြလိမ့်မည် မဟုတ်သည့်အပြင် မည်သည့် လူသားအယူအဆများကမှ သင့်အပေါ် အုပ်စိုးမှု ရှိမည်မဟုတ်။ ၎င်းကို အဘယ်ကြောင့် ငါဆိုသနည်း။ ငါ့မိန့်မြွက်ချက်များ၏ အဓိပ္ပာယ်ကို သင် စစ်မှန်စွာ နားလည်သလော။ ဤသို့သော နှုတ်ကပတ်တော်များကို ငါရှင်းပြမှသာ သင်တို့ အနည်းငယ်မျှ နားလည်ကြသည်။ လူတို့သည် လွန်စွာမိုက်မဲညံ့ဖျင်းပြီး စဉ်းစားဉာဏ် နုံနဲ့ကြသည်။ အပ်နှင့် အရိုး ထိုးမိမှသာ အနည်းဆုံးသော နာကျင်မှုကို သူတို့စတင် ခံစားကြရသည်။ ဆိုလိုသည်မှာ သင်၏ ရောဂါဇာစ်မြစ်ကို ငါ့နှုတ်ကပတ်တော်များက ညွှန်ပြသောအခါမှသာ အပြည့်အဝ သင်ယုံကြည်လက်ခံသည်။ သို့ဖြစ်သည့်တိုင် သင်တို့သည် တစ်ခါတစ်ရံတွင် ငါ၏ နှုတ်ကပတ်တော်တို့ကို လက်တွေ့လိုက်နာ ကျင့်သုံးလိုခြင်းမရှိဆဲ သို့မဟုတ် သင်တို့ကိုယ်သင်တို့ သိလိုစိတ် မရှိဆဲ ဖြစ်ကြ၏။ ဤနေရာတွင် လူသားများကို ကိုင်တွယ်ဖြေရှင်းရန် မည်မျှခက်ခဲသည့်အကြောင်း သင်တို့ အဘယ်ကြောင့် သဘောမပေါက်ကြသေးသနည်း။ ဤသည်မှာ ငါ့နှုတ်ကပတ်တော်များသည် လုံလုံလောက်လောက် မထင်ရှားကြ သို့မဟုတ် မရိုးစင်းကြသောကြောင့်လော။ သင်တို့ ငါနှင့် လေးနက်စွာ၊ ရိုးသားဖြောင့်မတ်စွာ ပူးပေါင်းလုပ်ဆောင်သည်ကို ငါအလိုရှိသည်။ သာယာနာပျော်ဖွယ်သော စကားလုံးတို့ကို သင်ဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ ငါနှင့် ပူးပေါင်းလုပ်ဆောင်လိုစိတ်ရှိကာ မှန်ကန်သောနှလုံးသားဖြင့် ငါ့ကို ကိုးကွယ်နိုင်နေသရွေ့ ငါ၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင် သင်ရှိလိမ့်မည်။ ဤလူမျိုးသည် လွန်စွာပညာမဲ့လှလျှင်ပင် သူတို့၏ ပညာမဲ့မှုကို သူတို့စွန့်ပစ်စေခြင်းငှာ ငါသည် သူတို့ကို ဉာဏ်အလင်းပွင့်စေမည်။ ဤသည်မှာ ငါ၏ လုပ်ဆောင်မှုများသည် ငါ၏နှုတ်ကပတ်တော်များနှင့် သေချာပေါက် ကိုက်ညီသောကြောင့်ဖြစ်၏။ ငါသည် မိမိမစောင့်စည်းနိုင်သည့် ကတိသစ္စာကို ဘယ်သောအခါမျှ မပြုသော အနန္တတန်ခိုးရှင်

ဘုရားသခင်ဖြစ်၏။

ငါ့အလိုကို အသင်းတော်အားလုံးနှင့် သားဦးအားလုံးထံသို့ ငါချက်ချင်းထုတ်ဖော်မည်။ အရာခပ်သိမ်းကို ထုတ်ဖော်ရမည့်နေ့ရက် ရောက်ရှိလာပြီး ဖြစ်သည့်အတိုင်း မည်သည့်အရာမဆို ဖုံးကွယ်ထားခြင်း တဖန်ရှိတော့မည်မဟုတ်ပေ။ ဆိုလိုသည်မှာ "ဖုံးကွယ်ထားခြင်း" ဟူသော စကားရပ်ကို ယခုမှစ၍ တဖန်ပြန်လည် အသုံးပြုတော့မည် မဟုတ်ပေ၊ ဖုံးကွယ်ထားသောအရာ တစ်စုံတစ်ရာ ဆက်လက် တည်ရှိရန်ကား ဝေးစွ။ ဖုံးကွယ်ထားသော လူများ၊ ဖြစ်ရပ်များနှင့် အမှုအရာများအားလုံးသည် ကျိန်းသေပေါက် တစ်ခုပြီးတစ်ခု ဖွင့်ပြခြင်းခံရတော့မည် ဖြစ်သည်။ ငါသည် အာဏာအလုံးစုံကို ချုပ်ကိုင်ထားသော အမြော်အမြင်ကြီးသည့် ဘုရားသခင်ဖြစ်သည်။ ဖြစ်ရပ် အားလုံး၊ အမှုအရာအားလုံးနှင့် လူတစ်ဦးစီတိုင်းကို ငါ့လက်များအထဲ၌ ချုပ်ကိုင်ထားသည်။ သူတို့ကို ဖွင့်ပြရန် ငါကိုယ်တိုင် စတင်လုပ်ဆောင်မည်ဖြစ်ပြီး ၎င်းတို့အားလုံးကို အစီအစဉ်တကျ တစ်ခုပြီးတစ်ခု ငါဖွင့်ပြသွားမည်။ ငါ့ကို ပူဆာဝံ့သူ သို့မဟုတ် ငါ့အား တစ်စုံတစ်ရာ ကွယ်ဝှက်ရန် ကြိုးစားဝံ့သူ မည်သူတစ်ဦးတစ်ယောက်မဆို ဘယ်သောအခါမျှ တဖန်ပြန်မထနိုင်စေရန် ငါအသေအချာပြုမည်။ သင်တို့အားလုံး ထင်ရှားမြင်တွေ့စေရန် ဤနည်းဖြင့် ငါအရေးယူမည်။ ရှင်းလင်းစွာ ကြည့်ကြလော့။ ငါပေးခဲ့သော အပတ်တကုတ် အဖိုးအခသည် အလာဟဿမဟုတ်ဘဲ အသီး သီးလိမ့်မည်။ အရေးမထားသူ သို့မဟုတ် မနာခံသူ မည်သူမဆို ငါ၏ တရားစီရင်ခြင်းကို ချက်ချင်းခံရမည်။ ငါ့ကို မည်သူ ဖီဆန်ရဲသေးသလော။ သင်တို့အားလုံး ငါ့ကို ကျိုးနွံနာခံရမည်။ ယနေ့ ငါပြောသမျှ၊ လုပ်သမျှအားလုံး၊ လုပ်ဆောင်ချက်တိုင်း၊ စိတ်ကူးအကြံဉာဏ်တိုင်း၊ အတွေးတိုင်းနှင့် အကြံအစည်တိုင်းသည် အားလုံး လုံးဝဥဿုံမှန်ကန်၍ လူသား ထပ်မံစဉ်းစားသုံးသပ်ရန် လုံးဝမလိုအပ်ဟု သင်တို့ကို ငါပြောမည်။ သင်တို့ ပြုလုပ်ရန်လိုသည့်အရာမှာ လိုက်လျှောက်ရန်သာဖြစ်ပြီး ၎င်းနှင့်ပတ်သက်၍ ထပ်မံ တွေးတောရန် မလိုသည့်အကြောင်း သင်တို့အား အဘယ်ကြောင့် အဖန်တလဲလဲ ငါပြောသနည်း။ ဤအကြောင်းကြောင့်ဖြစ်သည်။ သင်တို့ကို ငါရှင်းပြရန် လိုသေးသလော။

သင်တို့၏ အယူအဆများသည် သင်တို့အပေါ် စိုးမိုးမှုရှိသော်လည်း ယင်းသည် သင်တို့ကိုယ်တိုင် လုံလောက်သော အားထုတ်မှု မရှိသောကြောင့် ဖြစ်ပေသည်ဟု မစဉ်းစားဘဲ ယင်းအစား ငါက သင့်ကို ဉာဏ်အလင်းမဖွင့်ပေးသောကြောင့်ဖြစ်သည် ဟုဆိုကာ ငါ့အပေါ်တွင် အပြစ်ပုံကြသည်။ ဤသည်မှာ အဘယ်သို့သော စကားနည်း။ သင်တို့သည် မိမိကိုယ်ကို

တာဝန်ယူခြင်း မရှိဘဲ ငါ့ကိုသာ အစဉ်အမြဲ ညည်းညူတိုင်ကြားကြသည်။ သင့်ကို ငါသတိပေးနေသည်။ သင်တို့သည် အဖိုးအခပေးဆပ်ခြင်း လုံးဝမရှိဘဲလျှက် ဤနည်းလမ်းအတိုင်း ဆက်လျှောက်ကြလျှင် သင်တို့သည် စွန့်ပစ်ခြင်းကို ခံကြရလိမ့်မည်။ သင်တို့ကို ခြိမ်းခြောက်ရန် ငါတစ်နေကုန် ကြီးကြီးကျယ်ကျယ် ပြောနေခြင်းမဟုတ်။ ဤသည်မှာ စင်စစ်တွင် အမှန်တရားဖြစ်ပြီး ငါပြောသည့်အတိုင်း ငါလုပ်၏။ နှုတ်ကပတ်တော်များသည် ငါ့နှုတ်မှထွက်သည်နှင့်တစ်ပြိုင်နက် ၎င်းတို့သည် ချက်ချင်း စတင်ပြည့်စုံလာသည်။ ယခင်ကဆိုလျှင် ငါမြွက်ဟခဲ့သော နှုတ်ကပတ်တော်များသည် ဖြည်းဖြည်းချင်း ပြည့်စုံခဲ့၏။ သို့သော်လည်း ယခုအခါတွင် အမှုအရာများမှာ ကွဲပြားပြီး ဖြည်းညင်းစွာ ဖြစ်တော့လိမ့်မည် မဟုတ်ပေ။ ရှင်းရှင်းပြောရလျှင် တိုက်တွန်းခြင်း သို့မဟုတ် ချော့မော့ခြင်းကို ငါပြုတော့မည် မဟုတ်ဘဲ ထိုအစား သင်တို့ကို မာန်တင်းပေးကာ အတင်းအကျပ်ပြုမည်။ သာ၍ပွင့်လင်းစွာ ပြောရလျှင် လိုက်နိုင်သောသူတို့ လိုက်ကြလိမ့်မည်၊ မလိုက်နိုင်သူများ၊ ရှေ့မဆက်နိုင်တော့သူများသည် ဖယ်ရှားခြင်း ခံရလိမ့်မည်။ ငါသည် သင်တို့ကို ဖြစ်နိုင်သမျှ နည်းမျိုးစုံဖြင့် စိတ်ရှည်စွာ ပြောဆိုလေ့ရှိခဲ့သည်။ သို့သော် သင်တို့ လုံးဝ နားမထောင်ခဲ့ပေ။ ယခုတွင် အမှုမှာ ဤအဆင့်ထိ ဆက်လာပြီးဖြစ်ရာ သင်တို့ အဘယ်အရာကို လုပ်ကြမည်နည်း။ သင်တို့သည် ဧကန်ပင် မိမိကိုယ်ကို အလိုလိုက်ဆဲ ရှိဦးမည်လော။ ထိုသို့သောလူများသည် စုံလင်အောင် ပြုခြင်းကို မခံရနိုင်ဘဲ ငါ၏ဖယ်ရှားခြင်းကို ဧကန်မုချ ခံရပေလိမ့်မည်။

# အခန်း ၆၅

ငါ၏ နှုတ်ကပတ်တော်သည် သင့်ကို အမြဲ အရိုက်ထိသည်၊ ဆိုလိုသည်မှာ ၎င်းတို့သည် သင်တို့၏ သေလောက်သော အားနည်းချက်များကို ထောက်ပြ ပေသည်။ ထိုသို့မဟုတ်ပါက သင်တို့သည် ယခု မည်သည့် အချိန်ဖြစ်သည်ကို မသိကြဘဲ အချိန်ဆွဲနေကြဦးမည် ဖြစ်သည်။ ဤအရာကို သိကြလော့။ သင်တို့ကို ကယ်တင်ရန် ချစ်ခြင်းနည်းလမ်းကို ငါအသုံးပြု၏။ သင်တို့ မည်သို့ ပြုမူကြပါစေ၊ ငါ လက်ခံပြီးဖြစ်သောအရာများကို ငါ ပြည့်စုံစေမည်ဖြစ်ပြီး မည်သည့် အမှားများကိုမျှ ပြုမည် မဟုတ်။ ဖြောင့်မတ်သော အနန္တတန်ခိုးရှင် ဘုရားသခင် ဖြစ်သည့် ငါသည် အမှားတစ်ခုကို ပြုမိနိုင်သလော။ ယင်းမှာ လူသား၏ အယူအဆတစ်ခု ဖြစ်သည် မဟုတ်လော။ ငါ့ကို ပြောလော့- ငါလုပ်ဆောင်သမျှနှင့် ပြောသမျှတို့သည် သင်တို့အဖို့ ဖြစ်သည် မဟုတ်လော။ လူအချို့တို့က၊ “အို ဘုရားသခင်။ ကိုယ်တော် လုပ်ဆောင်သမျှသည်

ကျွန်ုပ်တို့ အတွက် ဖြစ်သော်လည်း၊ ကိုယ်တော်နှင့် မည်ကဲ့သို့ ပူးပေါင်းလုပ်ဆောင်ရမည်ကို ကျွန်ုပ်တို့ မသိကြပါ။" ဟု နှိမ့်ချစွာ ဆိုကြလိမ့်မည်။ အသိမဲ့လိုက်လေစွ။ သင်တို့က ငါနှင့် အဘယ်သို့ ပူးပေါင်းလုပ်ဆောင်ရမည်ကို မသိဟူ၍ပင် ပြောကြသည်။ ဤအရာအားလုံးမှာ ရှက်ဖွယ်သော အလိမ်အညာများသာ ဖြစ်၏။ သင်တို့သည် ထိုသို့သော အရာများ ဖွင့်ဟပြီးဖြစ်သည်ကို ထောက်ဆလျှင်၊ တကယ့် အမှန်တရားတွင်၊ အဘယ်ကြောင့် ဇာတိပကတိ အတွက် အရေးထားမှု အကြိမ်ကြိမ် ပြုကြသနည်း။ သင်တို့၏ စကားများသည် ကြားကောင်းသော်လည်း၊ သင်တို့သည် ဖော်ရွေပြီး နှစ်လိုဖွယ်သော ပုံစံဖြင့် မပြုမူကြပေ။ ဤအရာကို သင်တို့ နားလည်ရမည်- ယနေ့ သင်တို့ကို ငါ များစွာ မတောင်းဆိုသကဲ့သို့၊ ငါ၏ သတ်မှတ်ချက်များသည် သင်တို့ လက်လှမ်းမမီသည့် အရာလည်း မဟုတ်ပေ၊ ယင်းထက်၊ ၎င်းတို့သည် လူသားများ စွမ်းဆောင်ရရှိနိုင်သည့် အရာများ ဖြစ်သည်။ ငါသည် သင်တို့ကို ပိုလွန်ခန့်မှန်းခြင်း လုံးဝမပြုပေ။ ငါသည် လူသား၏ လုပ်နိုင်စွမ်း အတိုင်းအတာကို မသိဘဲနေမည်လော။ ထိုအရာနှင့် ပတ်သက်၍ ငါသည် လုံးဝ ရှင်းလင်းသော သိနားလည်ခြင်း ရှိပေသည်။

ငါ၏ နှုတ်ကပတ်တော်များသည် သင်တို့ကို စဉ်ဆက်မပြတ် အသိဉာဏ်ပွင့်စေသော်ငြားလည်း၊ သင်တို့၏ စိတ်နှလုံးများမှာ မာကြောလွန်းပြီး သင်တို့သည် သင်တို့၏ စိတ်ဝိညာဉ်များအတွင်း၌ ငါ၏အလိုကို သဘောမပေါက် နိုင်ကြချေ။ ငါ့ကို ပြောလော့- အစားအစာ၊ အဝတ်အထည် သို့မဟုတ် သင်တို့၏ ပုံပန်းကို အာရုံမစိုက်ကြဘဲ၊ ယင်းအစား သင်တို့၏ အတွင်းအသက်များကို အာရုံစိုက်ကြရန် အကြိမ် မည်မျှ သင်တို့ကို ငါသတိပေးပြီးပြီနည်း။ သင်တို့သည် တကယ်ကို နားထောင်ကြမည်မဟုတ်။ ပြောဆိုရသည်ကို ငါစိတ်ကုန်ပြီ။ ဤသည်မှာ သင်တို့ ထုံထိုင်းလာကြပုံ ဖြစ်သလော။ သင်တို့သည် လုံးဝ အသိတရားမဲ့ကြသလော။ ငါ၏ နှုတ်ကပတ်တော်များကို အချည်းနှီး ပြောဆိုခဲ့ခြင်း ဖြစ်နိုင်သလော။ မှားယွင်းသောအရာ တစ်ခုတစ်လေကို ငါပြောမိပြီလော။ ငါ့သားတို့၊ ငါ၏ လေးနက်သော ရည်ရွယ်ချက်များကို အရေးထားကြလော့။ သင်တို့၏ အသက်တာများ ရင့်ကျက်ပြီးဖြစ်သည်နှင့်တစ်ပြိုင်နက်၊ နောက်ထပ်စိုးရိမ်ရန် လိုအပ်တော့မည် မဟုတ်ဘဲ၊ အရာအားလုံးကို ထောက်ပံ့ခြင်းခံရလိမ့်မည်။ ယခု ထိုအရာများကို အာရုံပြုခြင်းမှာ တန်ဖိုးမရှိပေ။ ငါ၏ နိုင်ငံတော်သည် လုံးလုံးလျားလျား အမှန်တကယ် ဖြစ်ပေါ်လာပြီးဖြစ်ကာ၊ ယင်းသည် ကမ္ဘာလောကထဲသို့ လူသိရှင်ကြား ဆင်းသက်လာပြီး ဖြစ်သည်။ ဤအရာက ငါ၏ တရားစီရင်ခြင်းသည် လုံးဝ ရောက်ရှိပြီဖြစ်သည်ကို သာ၍ပင် ညွှန်ပြပေသည်။ ယင်းကို သင်တို့ ကြုံတွေ့ပြီး ပြီလော။ သင်တို့ကို တရားစီရင်ရန် ငါမနှစ်မြို့သော်လည်း၊ သင်တို့သည် ငါ၏

စိတ်နှလုံးကို စာနာထောက်ထားခြင်း ဘာဆိုဘာမျှ မပြကြပေ။ ရက်စက်သော တရားစီရင်ခြင်းထက် ငါ၏ ချစ်ခြင်းမေတ္တာ၏ စောင့်မခြင်း နှင့် ကွယ်ကာခြင်းတို့ကို သင်တို့အား စဉ်ဆက်မပြတ် ပေးဖို့မှာ ငါ၏ ဆန္ဒဖြစ်သည်။ တရားစီရင်ခြင်းကို ခံရန် သင်တို့ လိုလားနေသည်များ ဖြစ်နိုင်သလော။ သို့မဟုတ်ပါက သင်တို့သည် ငါ့ထံ အဘယ်ကြောင့် ထပ်တလဲလဲ တိုးဝင်ချဉ်းကပ်ခြင်း မရှိသနည်း၊ ငါနှင့် မိတ်သဟာယပြုခြင်း မရှိသနည်း၊ ပြီးလျှင် ငါနှင့် ပေါင်းသင်းဆက်ဆံခြင်း မရှိသနည်း။ သင်သည် ငါ့ကို အလွန် အေးတိအေးစက် ဆက်ဆံသော်လည်း၊ စာတန်သည် သင့်အား အကြံဉာဏ်များ ပေးသည့်အခါ ယင်းတို့သည် သင်၏ ကိုယ်ပိုင်အလိုဆန္ဒနှင့် ကိုက်ညီသည်ဟု ထင်လျက် သင်ဘဝင်ခိုက်လေသည်- သို့သော် သင်ပြုသော အရာမည်သည့်အရာမျှ ငါ့အဖို့ မဟုတ်ပေ။ သင်တို့သည် ငါ့ကို အမြဲ အလွန်ရက်စက်စွာ ဆက်ဆံရန် ဆန္ဒရှိကြသလော။

ငါသည် သင့်ကို ပေးရန် ဆန္ဒမရှိသည် မဟုတ်ဘဲ၊ သင်တို့သည် အဖိုးအခကို မပေးလိုခြင်း ဖြစ်သည်။ ထိုသို့ဖြစ်သဖြင့်၊ သင်တို့သည် မည်သည့်အရာကိုမျှ စွဲကိုင်ထားခြင်း မရှိဘဲလျက်၊ လက်ချည်းဗလာ ဖြစ်ကြလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် မည်မျှ လျင်မြန်စွာ တိုးတက်သည်ကို သင်တို့ မမြင်ကြသလော။ ငါ၏ စိတ်နှလုံးသည် ပူပန်ခြင်းဖြင့် တောက်လောင်သည်ကို သင်တို့ မမြင်ကြသလော။ ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် သင်တို့ကို ငါတောင်းဆို သော်လည်း၊ သင်တို့သည် လိုလားခြင်းမရှိမြဲ ဖြစ်ကြသည်။ ဘေးဒုက္ခမျိုးစုံ တစ်ခုပြီး တစ်ခု ကျရောက်လိမ့်မည်။ တိုင်းနိုင်ငံအားလုံးနှင့် နေရာအားလုံး ဘေးဒုက္ခများ ကြုံတွေ့ရလိမ့်မည်— ကပ်ဆိုး၊ ငတ်မွတ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် ငလျင်လှုပ်ခြင်းများသည် အရပ်ရပ်တို့၌ ဖြစ်လေ၏။ ဤကပ်ဘေးဒုက္ခများသည် တစ်နေရာ၊ နှစ်နေရာ၌သာ ဖြစ်ပျက်နေခြင်း မဟုတ်သကဲ့သို့ တစ်ရက်၊ နှစ်ရက်အတောအတွင်း ပြီးဆုံး သွားလိမ့်မည်လည်း မဟုတ်ပေ။ ယင်းထက်၊ ၎င်းတို့သည် သာ၍ သာ၍ ကြီးမားသော နယ်ပယ်အနှံ့ တိုးချဲ့လိမ့်မည် ဖြစ်ပြီး၊ သာ၍ သာ၍ ပြင်းထန်လာလိမ့်မည် ဖြစ်သည်။ ဤအချိန်ကာလ အတောအတွင်းတွင်၊ အင်းဆက်ကပ်ဆိုး မျိုးစုံ တစ်ခုပြီး တစ်ခု ဖြစ်ပေါ်လိမ့်မည် ဖြစ်ပြီး၊ ခပ်သိမ်းသော နေရာတို့၌ လူသားစားသည့် ဖြစ်ရပ် ဖြစ်ပွားလိမ့်မည်။ ဤသည်မှာ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့အပေါ် ငါ၏ တရားစီရင်ခြင်း ဖြစ်သည်။ ငါ့သားတို့။ သင်တို့သည် နာကျင်ခြင်းဝေဒနာ သို့မဟုတ် ကပ်ဘေးများ၏ အခက်အခဲများကို မခံစားကြရ။ သင်တို့ မကြာမီ အရွယ်ရောက်ပြီး ဖြစ်နိုင်သမျှမြန်မြန် ငါ၏ပုခုံးများ ပေါ် ရှိသည့် ဝန်ကို လက်ခံကြဖို့ ငါအလိုရှိ၏။ ငါ၏အလိုကို သင်တို့ အဘယ်ကြောင့် နားမလည်ကြသနည်း။ ရှေ့လျှောက် အလုပ်သည် ပို၍ပို၍ ပင်ပန်းလိမ့်မည်။ သင်တို့သည် ငါ့ကို တစ်ကိုယ်တည်း

အလွန်ခက်ခဲကြမ်းတမ်းစွာ အလုပ်လုပ် စေလျက်၊ ငါ့ကို လက်မလည်နိုင်အောင် ထားရစ်ဖို့ အကြင်နာတရားမဲ့ ကြသလော။ ပို၍ ရှင်းရှင်း ငါပြောမည်- အသက်တာ ရင့်ကျက်သော သူများသည် ခိုလှုံရာထဲသို့ ဝင်ရောက်လိမ့်မည်ဖြစ်ပြီး၊ နာကျင်ခြင်းဝေဒနာ သို့မဟုတ် အခက်အခဲကို ခံစား ရလိမ့်မည် မဟုတ်။ အသက်တာ မရင့်ကျက်သော သူများသည် နာကျင်ခြင်း ဝေဒနာနှင့် ဘေးအန္တရာယ်ကို ခံစားကြရလိမ့်မည်။ ငါ၏ နှုတ်ကပတ်တော်များသည် အတော်အသင့် ရှင်းသည် မဟုတ်လော။

အယောက်တိုင်းသည် ငါ၏ သန့်ရှင်းသောနာမကို သိကြပြီး ငါ့ကို သိနိုင်ကြဖို့အလို့ငှာ၊ ငါ၏နာမသည် ဦးတည်ရာအားလုံးနှင့် နေရာအားလုံးတွင် တိုးချဲ့ရမည်။ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ကနေဒါ၊ စင်္ကာပူ၊ ဆိုဗီယက်ပြည်ထောင်စု၊ မကာအို၊ ဟောင်ကောင်နှင့် အခြား နိုင်ငံများမှ လူ့အလွှာအားလုံးထဲက လူတို့သည် မှန်သော လမ်းခရီးကို ရှာဖွေရင်း၊ တရုတ်ပြည်ထဲတွင် အတူတကွ စုရုံးကြလိမ့်မည်။ ၎င်းတို့ထံ ငါ၏နာမကို သက်သေခံနှင့်ပြီး ဖြစ်သည်။ ကျန်ရှိသမျှမှာ သင်တို့အနေဖြင့် ၎င်းတို့ကို ထိန်းကျောင်းကာ ဦးဆောင်နိုင်ဖို့အလို့ငှာ ဖြစ်နိုင်သမျှ အမြန်ဆုံး ရင့်ကျက်ကြဖို့ ဖြစ်သည်။ ဤသည်မှာ လုပ်ဆောင်ရမည့် အလုပ် သာ၍ပင် ရှိသည်ဟု ငါပြောရသည့် အကြောင်းရင်း ဖြစ်သည်။ ကပ်ဘေးများ၏ နောက်ပိုင်းတွင် ငါ၏နာမသည် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လိမ့်မည်ဖြစ်ပြီး၊ သင်တို့ သတိမထားပါက၊ သင်တို့၏ ရထိုက်သော ဝေစုကို သင်တို့ ဆုံးရှုံးကြရလိမ့်မည်။ သင်တို့ မစိုးရွံ့ကြသလော။ ငါ၏နာမသည် ဘာသာတရားအားလုံး၊ လူ့အလွှာအားလုံး၊ တိုင်းနိုင်ငံအားလုံးနှင့် ဂိုဏ်းဂဏအားလုံးထံ တိုးချဲ့၏။ ဤသည်မှာ စနစ်ကျသောနည်းလမ်း၊ နီးကပ်သော အချိတ်အဆက်ဖြင့် လုပ်ဆောင်လျက်ရှိသည့် ငါ၏အမှု ဖြစ်သည်။ အားလုံးသည် ငါ၏ အမြော်အမြင်ရှိသော စီမံခန့်ခွဲမှုအားဖြင့် ဖြစ်ပျက်ပေသည်။ သင်တို့သည် ငါ၏ ခြေလှမ်းများနောက် နီးကပ်စွာ လိုက်လျှောက်ရင်း တစ်ဆင့်ချင်း ရှေ့တိုးနိုင်ဖို့သာ ငါဆန္ဒရှိပေသည်။

## အခန်း ၆၆

ငါ၏ အလုပ်သည် ဤအဆင့်သို့ ဆက်လက်ရောက်ရှိလာပြီး ၎င်းတို့အားလုံးသည် ငါ့လက်၏ အမြော်အမြင်ရှိသော စီမံမှုများနောက် လိုက်ပြီးဖြစ်ကာ ၎င်းသည် ငါ၏ ကြီးမြတ်သော အောင်မြင်မှုတစ်ခု ဖြစ်၏။ လူသားတို့အနက် မည်သူက ဤသို့သော အရာတစ်ခုကို

ပြုလုပ်နိုင်သနည်း။ ယင်းအစား လူတို့သည် ငါ၏ စီမံခန့်ခွဲမှုကို နှောင့်ယှက်ကြသည် မဟုတ်လော။ သို့ဖြစ်စေကာမူ ငါလုပ်ဆောင်၊ ပြောဆိုသည့်အရာများကို ပြောဆိုနိုင်သော သို့မဟုတ် လုပ်ဆောင်နိုင်သောသူ တစ်ဦးတစ်လေမျှ မရှိသည့် အားလျော်စွာ ငါ၏ ကိုယ်စား ငါ၏ အလုပ်ကို မည်သူမျှ မလုပ်ဆောင်နိုင်ဆိုသည်ကို သင်သိရမည်၊ ၎င်းကို တားဆီးဖို့ဆိုသည်မှာ ပို၍ ဝေးစွ။ ဤသို့ဆိုသော်လည်း ဉာဏ်ပညာနှင့် ပြည့်စုံသော အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်သည့် ငါ့ကို လူတို့ မသိကြသေး။ သင်တို့သည် အပြင်ပန်းအားဖြင့် ငါ့ကို ပွင့်လင်းစွာ မဆန့်ကျင်ရဲကြသော်လည်း သင်တို့၏ နှလုံးသားများနှင့် အတွင်းစိတ်များထဲတွင်မူ ငါ့ကို ဆန့်ကျင်ကြသည်။ အမိုက်အမဲတို့၊ ငါသည် လူသား၏ အတွင်းကျဆုံး နှလုံးသားကို စောင့်ကြည့်သည့် ဘုရားသခင်ဖြစ်သည်ကို သင်တို့ မသိရှိသလော။ သင်၏ စကားလုံးတိုင်းနှင့် လုပ်ဆောင်ချက်တိုင်းအား ငါစောင့်ကြည့်သည်ကို သင်မသိလေသလော။ ငါ သင့်ကို ပြောမည်၊ နူးညံ့သိမ်မွေ့သော နှုတ်ကပတ်တော်တို့ကို ငါ၏ နှုတ်ခမ်းများမှ နောက်တစ်ဖန် မည်သည့်အခါမျှ ငါမြွက်ဆိုတော့မည်မဟုတ်။ ယင်းအစား ငါ၏ နှုတ်ကပတ်တော် အားလုံးတို့သည် ခက်ထန်သော တရားစီရင်ခြင်း၏ နှုတ်ကပတ်တော်များသာ ဖြစ်လိမ့်မည်။ ၎င်းတို့ကို သင်ခံနိုင်ရည် ရှိမရှိ ငါစောင့်ကြည့်မည်။ ယခုမှစ၍ မိမိတို့၏ နှလုံးသားများမှာ ငါနှင့် မနီးကပ်သောသူတို့သည်၊ အဓိပ္ပာယ်မှာ ငါ့အတွက် စစ်မှန်သော ချစ်ခြင်းမရှိသော သူတို့သည် ငါ့ကို ပွင့်လင်းစွာ ဆန့်ကျင်သူတို့ဖြစ်ကြသည်။

ယခုအချိန်ကာလတွင် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသည် ယခင်နည်းလမ်းကို ဆက်လက်အသုံးမပြုတော့ဘဲ နည်းလမ်းသစ်တစ်ခုကို အထမြောက်စေသည့် အခြေအနေတစ်ခုသို့ ရောက်လာသည်။ ငါနှင့်အတူ တက်ကြွစွာ၊ အပြုသဘောဆန်စွာ အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသောသူတို့သည် သေမင်းချောက်ဖြစ်သည့် မရဏာနိုင်ငံထဲသို့ ကျရောက်လိမ့်မည် (ဤလူတို့သည် ထာဝရပြစ်ဒဏ်ကို ခံစားရမည်ဖြစ်သည်)။ နည်းလမ်းသစ်သည် အောက်ပါအတိုင်းဖြစ်၏၊ သင်၏ နှလုံးသားနှင့် အတွင်းစိတ်တို့ မမှန်ကန်လျှင် ငါ၏ တရားစီရင်ခြင်းသည် သင့်ထံသို့ ချက်ချင်း ကျရောက်အံ့။ ၎င်းတွင် လောက၊ ကြွယ်ဝချမ်းသာမှု၊ သင်၏ မိသားစု၊ လင်ယောကျ်ား၊ ဇနီးမယား၊ သားသမီးများ၊ မိဘများ၊ စားသောက်ခြင်း၊ အဝတ်အစားနှင့် ဝိညာဉ်ရေးရာနယ်ပယ်၏ အစိတ်အပိုင်း မဟုတ်သော အဆိုပါ အရာအားလုံးတို့ကို ဖက်တွယ်ခြင်းတို့ ပါဝင်သည်။ သန့်ရှင်းသူတို့၏ အလင်းဖွင့်ပြခြင်းသည် တိုး၍တိုး၍ မြင်သာလာလိမ့်မည်။ ဆိုလိုသည်မှာ အသက်တာ၏ ခံစားချက်များသည် ပို၍ပင် သိသာထင်ရှားလာကာ စဉ်ဆက်မပြတ် ရွေ့လျားနေလိမ့်မည်။ အနည်းဆုံးသော နှောင့်ယှက်မှု ဖြစ်စေသည့် မည်သူမဆို အသက်တာ၏

ပြိုင်လမ်းကြောင်းပေါ်တွင် နောက်ကျကျန်ရစ်ရင်း ဆိုးဝါးသော ကျွမ်းထိုးမှောက်ခုံကျခြင်းကို ခံစားရလိမ့်မည်။ စိတ်ဝင်စားမှု မရှိသော၊ စိတ်နှစ်မြှုပ်လျက် အားထုတ်ရှာဖွေခြင်း မရှိသော သူတို့ကို ငါသည် လုံးဝ စွန့်ပစ်မည်ဖြစ်ပြီး သူတို့အားလုံးကို ခြွင်းချက်မရှိ လျစ်လျူရှုမည်ဖြစ်သည်။ ဘေးဒုက္ခများထဲတွင် နှစ်တစ်ထောင် ဒုက္ခခံစားကြရစေရန် သူတို့ကို ငါပြုလုပ်မည်။ စိတ်အားထက်သန်စွာ အားထုတ်ရှာဖွေကြသောသူတို့သည်၊ ဆိုလိုသည်မှာ အမြဲတမ်း ကြားဖြတ်ဝင်ရောက်လုပ်ဆောင်ကြသော သူတို့အတွက်မူ ငါသည် သူတို့၏ ပညာမဲ့မှုကို ဖယ်ရှားပြီး သူတို့ငါ့အပေါ် သစ္စာရှိအောင် ပြုလုပ်အံ့။ ထို့အပြင် သူတို့သည် ဉာဏ်ပညာနှင့် ဉာဏ်ရည်ဉာဏ်သွေးတို့ ရှိကြမည်ဖြစ်ပြီး သာ၍ပင် ကြီးမြတ်သည့် ယုံကြည်မှုသဒ္ဓါဖြင့် အားထုတ်ရှာဖွေကြလိမ့်မည်။ ငါ၏ သားဦးများအားလုံးအပေါ် ငါ၏ ကောင်းချီးများကို နှစ်ဆ ငါပေးသနားပြီး ငါ၏ ချစ်ခြင်းသည် သင်တို့အပေါ်သို့ အချိန်တိုင်း သက်ရောက်ပေသည်။ ငါသည် သင်တို့ကို အစဉ် ကြည့်ရှုစောင့်ရှောက်ပြီး ကာကွယ်ပေးနေသည်။ သင်တို့ကို စာတန်၏ ပိုက်ကွန်ထဲသို့ သက်ဆင်းရန် ငါခွင့်ပြုမည် မဟုတ်ပေ။ လူအားလုံးတို့အထဲတွင် ငါ၏ အမှုကို စတင်လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။ ဆိုလိုသည်မှာ အခြားအမှု စီမံကိန်းတစ်ခုကို ငါထည့်သွင်းခဲ့သည်။ ဤလူများသည် ခရစ်တော်ထံ နှစ်တစ်ထောင် အစေခံကြမည့်သူများ ဖြစ်ကြပြီး များစွာသောလူတို့သည် ငါ၏ နိုင်ငံတော်သို့ ပြုံတိုး၍ဝင်ရောက်ကြလိမ့်မည်။

ငါ့သားတို့ သင်တို့၏ လက်တွေ့လုပ်ဆောင်မှုများကို ပိုပြီးမြှင့်တင်ရမည်။ သင်တို့ ပြီးဆုံးအောင် ပြုလုပ်ရန်အမှု မည်မျှ ရှိနေသနည်း။ သင်တို့ကို ငါတာဝန်ပေး စေခိုင်းထားသည့် အမှုကို အဆုံးသတ်ရန်အလို့ငှာ သင်တို့အနေဖြင့် ခပ်မြန်မြန် ပြုလုပ်ရန်နှင့် ရင့်ကျက်ရန်သာ ငါအလိုရှိသည်။ ဤသည်မှာ သင်တို့၏ မြင့်မြတ်သော ဝတ္တရားဖြစ်ပြီး ငါ၏ သားဦးများဖြစ်ကြသော သင်တို့ ပြုလုပ်သင့်သည့် တာဝန်ဖြစ်သည်။ ခရီးလမ်းကြောင်း အဆုံးသို့ သင်တို့ရောက်သည့်တိုင် သင်တို့ကို ငါကာကွယ်မည်ဖြစ်ပြီး ငါနှင့်အတူ ပျော်ရွှင်ငြိမ်းချမ်းမှုကို သင်တို့ ထာဝရခံစားနိုင်စေရန်အတွက် သင်တို့ကို ငါကာကွယ်မည်။ သင်တို့ကို စုံလင်စေရန်အလို့ငှာ အနစ်နာခံ စွန့်လွှတ်ခြင်းများစွာနှင့် ပတ်ဝန်းကျင်များစွာတို့ကို ငါစီမံခဲ့ပြီး ဖြစ်သည်ဆိုသည့်အချက်ကို ထိုးထွင်းသိမြင်မှု သင်တို့တစ်ဦးချင်းစီတိုင်းတွင် ရှိသင့်သည်။ ဤအရာအားလုံးတို့သည် ငါ၏ ကောင်းချီးတို့ဖြစ်သည်ကို သင်တို့ သိသည်မဟုတ်လော။ သင်တို့အားလုံးသည် ငါ၏ချစ်သားများ ဖြစ်ကြသည်။ သင်တို့သည် ငါ့အား စစ်မှန်စွာ ချစ်မြတ်နိုးသရွေ့ ငါသည် သင်တို့ တစ်ဦးတစ်ယောက်ကိုမျှ စွန့်လွှတ်လိမ့်မည်မဟုတ်။ သို့သော်လည်း ထိုအချက်မှာ သင်တို့သည် ငါနှင့် လိုက်ဖက်ညီစွာ

အတူတကွ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း ရှိမရှိအပေါ်တွင် မူတည်သည်။

# အခန်း ၆၇

ငါ၏သားများသည် ပွင့်ပွင့်လင်းလင်းနှင့် လူအားလုံးရှေ့တွင် ပေါ်ထွန်းကြ၏။ ၎င်းတို့ကို လူသိရှင်ကြား အာခံဝံ့သူ မည်သူကိုမဆို ငါသည် ပြင်းထန်စွာ ပြစ်တင်ဆုံးမမည်။ ယင်းသည် သေချာ၏။ ယနေ့တွင် ထရှ အသင်းတော်ကို လမ်းပြနိုင်သောသူ အားလုံးသည် သားဦး အဆင့်အတန်းကို ရရှိကြပြီးဖြစ်ကာ ယခု ငါနှင့်အတူ ဘုန်းဝင်စားကြရ၏- ငါပိုင်သမျှ အားလုံးသည် သင်တို့၏ အပိုင်လည်း ဖြစ်သည်။ သင်တို့အနေဖြင့် အခြားလူများ၏ ခွန်အားကို ကျော်လွန်လျက် အားကြီးလာကြဖို့အလို့ငှာ ငါ့ကို လေးလေးနက်နက် ကျိုးနွံနာခံသူအားလုံးအပေါ် လုံလောက်သော ကျေးဇူးကို ငါအပ်နှင်း၏။ ငါ၏အလိုသည် သားဦးများဖြစ်သည့် သင်တို့ထံ အပြည့်အဝရှိပြီး သင်တို့အနေဖြင့် ဖြစ်နိုင်သမျှမြန်မြန် ရင့်ကျက်ကာ ငါပေးအပ်ထားသော တာဝန်များကို ပြီးပြည့်စုံစေဖို့သာ သင်တို့ကို ငါဆန္ဒရှိသည်။ ဤအရာကို သိလော့။ သင်တို့ကို ငါပေးအပ်သော အရာသည် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်နှင့်ဆိုင်သည့် နောက်ဆုံး စီမံကိန်းဖြစ်သည်။ သင်၏ စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှဖြင့် သင်၏အလုံးစုံကို ငါ့ထံ ဆက်ကပ်နိုင်ဖို့နှင့် ငါ့အတွက် အားလုံးအသုံးပြုနိုင်ဖို့သာ သင်တို့ကို ငါမျှော်လင့်သည်။ အချိန်သည် ဧကန်အမှန် လူကိုမစောင့်သကဲ့သို့၊ မည်သည့်လူ၊ မည်သည့်အဖြစ်အပျက် သို့မဟုတ် မည်သည့်အရာကမျှ ငါ၏ အမှုကို မတားဆီးနိုင်။ ဤအရာကို သိလော့။ ငါ့အမှုသည် အဆင့်တိုင်းတွင် အဟန့်အတားမရှိဘဲ၊ ချောမွေ့စွာ တိုးတက်၏။

ငါ၏ခြေလှမ်းများသည် စကြဝဠာအနှံ့နှင့် ကမ္ဘာမြေ အဆုံးထိ နင်းလျှောက်၏၊ ငါ၏မျက်လုံးများသည် လူတစ်ဦးစီတိုင်းကို စဉ်ဆက်မပြတ် ဆန်းစစ်နေကြပြီး ထိုမျှမက စကြဝဠာကို တပေါင်းတစည်းတည်း ငါစောင့်ကြည့်သည်။ ငါ၏နှုတ်ကပတ်တော်များသည် စကြဝဠာ၏ နေရာတိုင်းတွင် အမှန်တကယ် အမှုပြုလျက်ရှိသည်။ ငါ့ကို အစေခံခြင်းအမှု မပေးဘဲနေဝံ့သူ မည်သူမဆို၊ ငါ့အပေါ် သစ္စာမစောင့်သိဘဲ နေဝံ့သူ မည်သူမဆို၊ ငါ့နာမကို အကဲဖြတ်ဝေဖန်ဝံ့သူ မည်သူမဆိုနှင့်၊ ငါ၏သားများကို ပုတ်ခတ်ဝေဖန်ပြီး အသရေဖျက်ဝံ့သူ မည်သူမဆို- ထိုသို့ အမှန်တကယ် လုပ်ဆောင်နိုင်စွမ်း ရှိသူတို့သည် ပြင်းထန်သော တရားစီရင်ခြင်းကို ကြုံကြရမည်။ ငါ၏ တရားစီရင်ခြင်းသည် အလုံးစုံ ကျရောက်လိမ့်မည်၊

ဆိုလိုသည်မှာ ယခုအချိန်သည် တရားစီရင်ခြင်းခေတ် ဖြစ်ကာ ငါ၏တရားစီရင်ခြင်းသည် စကြဝဠာ လောက တစ်လျှောက်လုံး တိုးချဲ့သည်ကို ဂရုတစ်စိုက် စောင့်ကြည့်လေ့လာခြင်းမှတစ်ဆင့် သင် တွေ့ရှိရလိမ့်မည် ဖြစ်သည်။ ဟုတ်ပေ၏၊ ငါ၏ အိမ်သည် ကင်းလွတ်လိမ့်မည် မဟုတ်။ ၎င်းတို့၏ အတွေးများ၊ စကားများနှင့် အပြုအမူများ ငါ၏ အလိုနှင့် မကိုက်ညီသူတို့ထံ တရားစီရင်ခြင်း လာလိမ့်မည်။ ဤအရာကို နားလည်လော့။ ငါ၏ တရားစီရင်ခြင်းသည် လူတစ်စု သို့မဟုတ် အမှုအရာများကိုသာ ဦးတည်သည်မဟုတ်ဘဲ၊ စကြဝဠာ လောက တစ်ခုလုံးကို ဦးတည်ပေသည်။ ဤအရာကို သင် နားလည်လာပြီလော။ ငါနှင့်ပတ်သက်၍ စိတ်ထဲက သင်၏ အတွေးများတွင် ကွဲလွဲမှုရှိပါက၊ သင်သည် အတွင်းကျကျ ချက်ချင်း တရားစီရင်ခံရလိမ့်မည်။

ငါ၏တရားစီရင်ခြင်းသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ပုံစံအမျိုးမျိုးဖြင့် လာ၏။ ဤအရာကို သိကြလော့။ ငါသည် စကြဝဠာ လောက၏ အတုမဲ့ဖြစ်ပြီး ဉာဏ်ပညာရှိသော ဘုရားသခင်ဖြစ်သည်။ ငါ၏တန်ခိုး လက်လှမ်းမမီသော အရာဟူ၍ မရှိ။ ငါ၏တရားစီရင်ခြင်း အားလုံးတို့ကို သင်တို့ထံ ထုတ်ဖော်ပြထားသည်။ သင်တို့၏ အတွေးများ ထဲတွင် ငါနှင့်ပတ်သက်၍ သဘောကွဲလွဲမှု ရှိပါက၊ သတိပေးချက်တစ်ခုအဖြစ် သင့်ကို ငါ ဉာဏ်အလင်းပေးမည်။ သင်တို့နားမထောင်လျှင် သင်တို့ကို ချက်ချင်း ငါစွန့်ပစ်မည် (ဤတွင် ငါ၏နာမကို သံသယရှိခြင်းအား ငါ ရည်ညွှန်းနေခြင်း မဟုတ်ဘဲ၊ သွေးသား ကာမဂုဏ်ခံစားမှုများနှင့် ဆက်နွယ်သည့် အပြင်ပိုင်း အပြုအမူများကို ရည်ညွှန်းနေခြင်းဖြစ်သည်)။ ငါ့အပေါ် သင်တို့၏ အတွေးများသည် အာခံမှုရှိပါက၊ သင်သည် ငါ့ကိုညည်းညူပါက၊ စာတန်၏ စိတ်ကူးများကို ထပ်တလဲလဲ သင် လက်ခံပါက၊ ပြီးလျှင် အသက်၏ ခံစားမှုများနောက် သင် မလိုက်ပါက၊ သင်၏ ဝိညာဉ်သည် အမှောင်ထဲတွင် ရှိလိမ့်မည်ဖြစ်ပြီး သင်၏ ဇာတိပကတိသည် နာကျင်မှုကို ခံစားရလိမ့်မည်။ သင်သည် ငါနှင့် သာ၍နီးကပ်စွာ နေရမည်။ သင်၏ ပုံမှန်အခြေအနေများကို တစ်ရက်၊ နှစ်ရက်မျှဖြင့် ပြန်လည်ရရှိဖို့ မဖြစ်နိုင်သကဲ့သို့ သင်၏အသက်တာသည် သိသိသာသာ အလွန် နောက်ကျကျန်ရစ်လိမ့်မည်။ အပြောအဆို၌ ကိုယ်ကျင့်တရားပျက်သော သူတို့အတွက်မူ၊ သင်တို့၏နှုတ်နှင့် လျှာတို့ကို ငါသည် ပဲ့ပြင်ဆုံးမမည်ဖြစ်ပြီး၊ သင်တို့၏လျှာများကို ကိုင်တွယ်ဖြေရှင်းခြင်း ခံစေမည်။ လုပ်ဆောင်ချက်တွင် ထိန်းမနိုင်သိမ်းမရ အကျင့်ပျက်သောသူများတို့၊ သင်တို့၏ စိတ်ဝိညာဉ်များ၌ သင်တို့ကို ငါသတိပေး၏၊ ပြီးလျှင် နားမထောင်သော သူတို့ကို ငါ ပြင်းထန်စွာ ပြစ်တင်ဆုံးမမည်။ မနာခံမှုကို စကားဖြင့်ဖြစ်စေ လုပ်ဆောင်ချက်ဖြင့်ဖြစ်စေ ပြသသောသူများဖြစ်လျက်၊ ငါ့ကို ပွင့်ပွင့်လင်းလင်း

ဝေဖန်အကဲဖြတ်၍ အာခံသူများ၊ ငါသည် ၎င်းတို့ကို ပျက်စီးစေပြီး အမြင့်မားဆုံး ကောင်းချီးမင်္ဂလာများကို ဆုံးရှုံးစေလျက်၊ ၎င်းတို့ကို လုံးဝ သုတ်သင်ဖယ်ရှင်းကာ စွန့်ပစ်မည်။ ဤသူတို့သည် ရွေးကောက်ခံရပြီးနောက် သုတ်သင်ဖယ်ရှင်းခံရမည့် သူများဖြစ်သည်။ မိမိတို့၏ ရုပါရုံများ မရှင်းမလင်းဖြစ်လျက် အသိမဲ့သောသူများ၊ ငါသည် ၎င်းတို့ကို အသိဉာဏ် ပွင့်လင်းစေပြီး ကယ်တင်လိမ့်ဦးမည်။ သို့သော် အမှန်တရားကို နားလည်သော်လည်း လက်တွေ့ မလုပ်ဆောင်သော သူများသည် အသိမဲ့သည်ဖြစ်စေ၊ အသိမမဲ့သည်ဖြစ်စေ အထက်တွင် ဆိုခဲ့ပြီးဖြစ်သော စည်းမျဉ်းများအတိုင်း စီမံခြင်းခံရလိမ့်မည်။ အစကတည်းက လမ်းလွဲသော ရည်ရွယ်ချက်များ ရှိသည့် လူတို့အတွက်မူ၊ ငါသည် ၎င်းတို့ကို စစ်မှန်မှုအား ထာဝရ သဘောမပေါက်နိုင်ဘဲ ဖြစ်စေမည်ဖြစ်ပြီး၊ နောက်ဆုံးတွင် တဖြည်းဖြည်း တစ်ယောက်ပြီးတစ်ယောက် သုတ်သင်ဖယ်ရှင်းခြင်း ခံရကြလိမ့်မည်။ (ငါသည် အမှုအရာများကို အလောတကြီး မပြုဘဲ စနစ်ကျသည့် ပုံစံဖြင့် ပြုသည့်အတွက်) ငါ၏ စီမံခန့်ခွဲမှုဖြင့် ယခု ၎င်းတို့ ကျန်ရှိသော်လည်း၊ တစ်ယောက်မျှ ကျန်ရှိလိမ့်မည်မဟုတ်။

ငါ၏တရားစီရင်ခြင်းကို လုံးဝ ထုတ်ဖော်ပြထား၏။ ယင်းသည် မိမိတို့၏ သင့်တော်သည့် နေရာများကို ယူရမည့် လူအမျိုးမျိုးကို ရည်ရွယ်သည်။ ၎င်းတို့ ချိုးဖောက်ထားသော စည်းမျဉ်းများအတိုင်း ငါသည် လူတို့ကို စီမံအုပ်ချုပ်ကာ တရားစီရင်မည်။ ဤအမည်တွင် မပါရှိသကဲ့သို့ နောက်ဆုံးသောကာလ၏ ခရစ်တော်ကို လက်မခံသော သူများအတွက်မူ၊ စည်းမျဉ်းတစ်ခုသာ သက်ဆိုင်သည်- ငါ့ကို အာခံသောသူ မည်သူမဆို၏ စိတ်ဝိညာဉ်များ၊ အသက်ဝိညာဉ်များနှင့် ခန္ဓာတို့ကို ငါသည် ချက်ချင်း ယူပြီး မရဏာနိုင်ငံထဲသို့ ပစ်ချမည်။ ငါ့ကို အာမခံသောသူ မည်သူမဆို၊ ငါသည် ဒုတိယတရားစီရင်ခြင်း ဆောင်ရွက်ခြင်းမပြုမီ သင်တို့ ရင့်ကျက်ဖို့ရန်အတွက် စောင့်ဆိုင်းပေးမည်။ ငါ၏နှုတ်ကပတ်တော်များသည် အရာရာကို လုံးဝ ရှင်းလင်းပြတ်သားမှုဖြင့် ရှင်းပြပြီး မည်သည့်အရာမျှ မကွယ်ဝှက်ထားပေ။ သင်တို့သည် ၎င်းတို့ကို စိတ်ထဲ၌ အချိန်တိုင်း ထိန်းသိမ်းနိုင်ဖို့သာ ငါမျှော်လင့်သည်။

## အခန်း ၆၈

ငါ၏နှုတ်ကပတ်တော်ကို နိုင်ငံတိုင်း၊ နေရာတိုင်း၊ လူမျိုးတိုင်းနှင့် ဂိုဏ်းဂဏတိုင်း၌ အကောင်အထည် ဖော်လျက်ရှိပြီး၊ ထိုနှုတ်ကပတ်တော်သည် သတ်မှတ် ထားသည့် မည်သည့်အချိန်တွင်မဆို အရပ်တိုင်း၌ ပြည့်စုံလျက်ရှိ၏။ နေရာတိုင်းတွင် ဖြစ်ပွားသော

ကပ်ဘေးများသည် လူများကြားက တိုက်ပွဲများ မဟုတ် သကဲ့သို့ လက်နက်များဖြင့် တိုက်ခိုက်ကြသည်လည်း မဟုတ်ပေ။ နောက်ပိုင်းတွင် စစ်ပွဲများ ရှိတော့မည် မဟုတ်။ အားလုံးသည် ငါ၏ လက်တွင်း၌ ရှိသည်။ အားလုံးသည် ငါ၏တရားစီရင်ခြင်းကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ပြီး ကပ်ဘေး အလယ်တွင် ဆင်းရဲဒုက္ခခံရလိမ့်မည်။ ငါ့ကိုခုခံသောသူများ အပြင် ငါနှင့်အတူ ပူးပေါင်းဆောင်ရွက်ဖို့ အစမပြုသော သူတို့သည် အမျိုးမျိုးသော ကပ်ဘေးများ၏ နာကျင်မှုကို ခံစားကြစေ။ ၎င်းတို့ ငိုကြွေးပြီး အမှောင်ထဲတွင် ထာဝရ ကျန်ရှိလျက်၊ အသင်္ချေ အံသွားခဲကြိတ်ကြစေ။ ၎င်းတို့ ရှင်ကျန်လိမ့်မည် မဟုတ်။ ငါသည် ရိုးရိုးစင်းစင်းနှင့် ပေါ့ပါးဖျတ်လတ်မှုဖြင့် လုပ်ဆောင်ပြီး၊ အတိတ်တွင် သင် ငါ့အပေါ် မည်မျှ သစ္စာစောင့်သိခဲ့သည်ကို ငါသည် ထည့်သွင်းစဉ်းစားခြင်း မရှိပေ။ သင်သည် ငါ့ကို ခုခံနေသမျှ ကာလပတ်လုံး၊ တစ်စက္ကန့်မျှပင် နှောင့်နှေးခြင်း မရှိသကဲ့သို့ ကရုဏာ တစ်စက်မျှလည်းမရှိဘဲ ငါ၏ တရားစီရင်ခြင်း လက်သည် သင့်အပေါ် မြန်ဆန်သော အမျက်ဒေါသကို ထုတ်လွှတ်လိမ့်မည်။ ငါသည် မိမိစကားကို တည်စေသော ဘုရားသခင်ဖြစ်သည်ကို တစ်လျှောက်လုံး ငါပြောနေခဲ့ပြီး ဖြစ်သည်။ ငါမိန့်မြွက်သမျှ နှုတ်ကပတ်တော်တိုင်းသည် ပြည့်စုံလိမ့်မည်ဖြစ်ပြီး ၎င်းတို့တစ်ခုစီကို သင်တို့အား ငါမြင်စေမည်။ ဤသည်မှာ အရာရာ၌ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ခြင်းဟု ဆိုလိုသော အရာ ဧကန်အမှန် ဖြစ်ပေသည်။

ငါချစ်သော ငါ့သားများအပေါ် ကြီးမားသော ကပ်ဘေးများ သေချာပေါက် ကျရောက်လိမ့်မည်မဟုတ်။ ငါ၏သားများကို အချိန်တိုင်းနှင့် စက္ကန့်တိုင်း ငါ စောင့်ရှောက်မည်။ ထိုသို့သော နာကျင်မှုနှင့် ဆင်းရဲဒုက္ခကို သင်တို့ လုံးဝ ခံရပ်စရာ လိုလိမ့်မည်မဟုတ်။ ယင်းအစား၊ ထိုအရာ၏ ဆိုလိုချက်မှာ ငါ့သားများကို စုံလင်စေဖို့နှင့် ၎င်းတို့အထဲ၌ ငါ၏နှုတ်ကပတ်တော်ကို ပြည့်စုံစေဖို့ ဖြစ်သည်။ အကျိုးဆက်အနေဖြင့်၊ သင်တို့သည် ငါ၏ အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်းကို အသိအမှတ် ပြုနိုင်သည်၊ အသက်၌ တိုး၍ကြီးထွားနိုင်သည်၊ ငါ့အတွက် ဝန်ကို သာ၍စောစော ထမ်းရွက်ပေးနိုင်ပြီး ငါ၏ စီမံခန့်ခွဲမှု အစီအစဉ် ပြီးမြောက်ခြင်းအတွက် သင်တို့သည် မိမိကိုယ်ကိုယ် လုံးလုံးလျားလျား ဆက်ကပ်နိုင်ပေသည်။ ဤအရာကြောင့် ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်မှုဖြင့် သင်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ပေသည်။ ငါသည် သင်တို့ကို ထိန်းချုပ်ခွင့်ပေးလျက်၊ အရာရာကို သင်တို့ထံ လွှဲအပ်မည် ဖြစ်သည်။ ယင်းကို သင်တို့လက်ထဲ၌ ငါထားမည်။ သားသည် ဖခင်၏ အမွေဥစ္စာတစ်ခုလုံးကို အမွေဆက်ခံ ရသည် မှန်လျှင်၊ ဤအရာသည် ငါ၏ သားဦးများဖြစ်သော သင်တို့အတွက် မည်မျှ သာ၍ပင် မှန်ကန်လိမ့်မည်နည်း။ သင်တို့သည် အမှန်တကယ် မင်္ဂလာရှိကြ၏။ ကြီးမားသော ကပ်ဘေးများမှ ဆင်းရဲဒုက္ခခံရသည်ထက်၊

ထာဝရ ကောင်းချီးမင်္ဂလာများကို သင်တို့ခံစားရလိမ့်မည်။ ဘုန်းအသရေရှိပေစွ။ ဘုန်းအသရေရှိပေစွ။

သင်၏ အရှိန်ကို မြှင့်ပြီး ငါ၏ခြေရာများနောက်သို့ နေရာတိုင်းနှင့် အချိန်တိုင်း လိုက်လျှောက်ကြလော့။ နောက်ကျ မကျန်ရစ်လေနှင့်။ သင်၏စိတ်နှလုံးအား ငါ၏စိတ်နှလုံးနောက်သို့ လိုက်စေလော့၊ ပြီးလျှင် သင်၏စိတ်အား ငါ၏စိတ်နောက်သို့ လိုက်စေလော့။ ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်ပြီး တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိလော့။ ငါနှင့်အတူစားလော့၊ ငါနှင့်အတူ အသက်ရှင်ပြီး အတူမွေ့လျော်လော့။ သင်တို့အတွက် မွေ့လျော်ဖို့နှင့် လက်ခံဖို့ အံ့သြဖွယ်သော ကောင်းချီး မင်္ဂလာများ စောင့်ဆိုင်းလျက်ရှိသည်။ ထိုသို့သော မယှဉ်သာသော အလျှံပယ်ရှိခြင်းသည် ငါ့အတွင်းတွင် ရှိ၏။ ယင်း၏ အနည်းငယ်မျှပင် အခြားမည်သူ တစ်ဦး တစ်ယောက်အတွက်မျှ ပြင်ဆင်မထားလေပြီ။ ဤအရာကို ငါ၏သားများအတွက်သာ ငါ လုံးဝ လုပ်ဆောင်ပေသည်။

ယခုတွင်၊ ငါ၏ စိတ်၌ရှိသည့်အရာမှာ ပြည့်စုံလာမည့် အရာ ဖြစ်သည်။ သင်တို့ကို ငါစကားပြောပြီးသော အချိန်တွင်၊ ထိုကိစ္စများ ပြည့်စုံနှင့်ပြီး ဖြစ်လိမ့်မည်။ အမှုတော်သည် အမှန်တကယ် ထိုမျှ မြန်မြန်ဆန်ဆန် ရှေ့ဆက်ပြီး အချိန်တိုင်း ပြောင်းလဲလျက်ရှိသည်။ သင်တို့၏ အာရုံစိုက်ခြင်းသည် တစ်ခဏအတွက်ပင် ဟိုဟိုသည်သည် ပျံ့လွင့်ပါက၊ “ခွဲထွက်ရေး” ဖြစ်ရပ်မျိုး ဖြစ်ပွားလိမ့်မည် ဖြစ်ပြီး၊ သင်သည် အတော်ဝေးဝေးတွင် သောင်တင် ကျန်ရစ်လိမ့်မည် ဖြစ်ကာ ထိုသို့ဖြင့် ဤစီးကြောင်းမှ ခွဲခွာသွားရလိမ့်မည်။ သင်တို့သည် လေးလေးနက်နက် မကြိုးစားပါက၊ ငါ၏ အပင်ပန်းခံသော အားထုတ်မှုများကို သင်တို့ အချည်းနှီး ဖြစ်စေကြလိမ့်မည်။ အနာဂတ်တွင်၊ အမျိုးမျိုးသော တိုင်းနိုင်ငံများမှ လူတို့သည် အချိန်မရွေး စုရုံးကြလိမ့်မည်- သင်တို့၏လက်ရှိ အဆင့်တွင်၊ ၎င်းတို့ကို သင်တို့ ဦးဆောင်နိုင်မည်လော။ ငါ၏ စေခိုင်းချက်ကို ပြည့်စုံစေဖို့အလို့ငှာ ငါသည် သင်တို့ကို ဤတိုတောင်းသည့် အချိန်ကာလအတွင်း စစ်သားကောင်းများ ဖြစ်လာဖို့ စေ့စေ့စပ်စပ် လေ့ကျင့်ပေးမည်။ အရာအားလုံးတွင် ငါ၏ နာမကို ဘုန်းထင်ရှားစေဖို့နှင့် ငါ့အတွက် အံ့သြဖွယ် သက်သေများ ခံကြဖို့ရန် သင်တို့ကို ငါအလိုရှိ၏။ ၎င်းတို့ အထင်အမြင်သေးခဲ့ကြသူများသည် ၎င်းတို့ကို ဦးဆောင်ပြီး အုပ်စိုးဖို့ ယနေ့ ၎င်းတို့အထက်တွင် ရပ်တည်ကြစေ။ ငါ၏ရည်ရွယ်ချက်များကို သင်တို့ သဘောပေါက်သလော။ ငါပြုပြီးဖြစ်သည့် အပင်ပန်းခံသော အားထုတ်မှုများကို သင်တို့ နားလည်ကြပြီလော။ ဤအရာအားလုံးကို သင်တို့အတွက် ငါပြုပေသည်။ ယင်းသည် ငါ၏ ကောင်းချီးမင်္ဂလာများကို သင်တို့ မွေ့လျော်နိုင်ခြင်း

ရှိမရှိဆိုသည့်အပေါ်သာ မူတည်ပေသည်။

လူသားမျိုးနွယ်၏ စိတ်နှင့်နှလုံးကို စိစစ်သော ဘုရားသခင်ဖြစ်သည့် ငါသည် ကမ္ဘာမြေ၏ အစွန်ဆုံး နေရာများထိတိုင် ခရီးနှင်၏။ အဘယ်သူသည် ငါ့ကို အစေခံမှု မပေးဝံ့သနည်း။ တိုင်းနိုင်ငံများ အားလုံး အလယ်တွင် တင်းမာမှုများ မြင့်တက်ပြီး ၎င်းတို့ အသည်းအသန် ရုန်းကန်ကြ၏။ သို့သော်၊ နောက်ဆုံးတွင် ငါ့လက်မှ ၎င်းတို့ လွတ်မြောက်ကြလိမ့်မည် မဟုတ်။ ငါသည် ၎င်းတို့ကို ဧကန်မုချ အလွယ်တကူ လွှတ်လိုက်မည် မဟုတ်ပေ။ ၎င်းတို့၏ လုပ်ဆောင်ချက်များ၊ ၎င်းတို့၏ လောကီအဆင့်အတန်းများနှင့် လောကီ ကာမဂုဏ်များ နှင့်အညီ ၎င်းတို့ကို တစ်ယောက်ပြီး တစ်ယောက် တရားစီရင်ခြင်းသို့ ငါ ခေါ်ဆောင်မည် ဖြစ်သည်။ တစ်ဦးတစ်ယောက်ကိုမျှ ငါချမ်းသာပေးမည် မဟုတ်။ ငါ၏အမျက်ဒေါသကို စတင်ထုတ်ဖော်ပြီ ဖြစ်ပြီး၊ ၎င်းတို့အပေါ် အားလုံး သွန်ဆင်းလာလိမ့်မည်။ ၎င်းတို့တွင် တစ်ခုပြီးတစ်ခု အားလုံး ပြည့်စုံလိမ့်မည် ဖြစ်ပြီး၊ ဤအရာအားလုံးကို မိမိတို့ကိုယ်ကိုယ်အပေါ် မိမိတို့ ကျရောက်စေခဲ့လိမ့်မည် ဖြစ်သည်။ အတိတ်က ငါ့ကို မသိကျွမ်းခဲ့ကြသူများ သို့မဟုတ် ငါ့ကို အထင်အမြင်သေး ခဲ့ကြသူများသည် ငါ၏တရားစီရင်ခြင်းကို ယခု ရင်ဆိုင်ကြ ရလိမ့်မည်။ ငါ၏သားများကို ညှဉ်းပန်းနှိပ်စက်ဖူးကြသူများ အတွက်မူ၊ ငါသည် ၎င်းတို့၏ ယခင်ကစကားများ၊ လုပ်ရပ်များနှင့်အညီ ၎င်းတို့ကို အထူးပြစ်တင်ဆုံးမမည်။ ကလေးများကိုပင် ငါသည် အလွတ်ပေးမည် မဟုတ်။ ဤလူအားလုံးသည် စာတန်၏အတန်းအစားများ ဖြစ်ကြသည်။ ၎င်းတို့ မည်သည့်အရာကိုမျှ မပြော၊ မလုပ်ဆောင်လျှင်ပင်၊ စိတ်ထဲတွင် ငါ့သားများကို မုန်းတီးမှု သိုထားပါက၊ သူတို့ထဲမှ တစ်ယောက်ကိုမျှ ငါသည် ချမ်းသာပေးမည် မဟုတ်။ ဤလူစုဖြစ်သည့် ငါတို့သည် ယနေ့ စိုးစံကာ တန်ခိုးအာဏာ ကိုင်စွဲသည်ကို ၎င်းတို့အားလုံးအား ငါ မြင်စေမည်။ ယင်းမှာ သေချာပေါက် ၎င်းတို့ မဟုတ်ကြပေ။ ဤအကြောင်းကြောင့်၊ သင်တို့သည် နေရာတိုင်း၊ ထောင့်တိုင်း၊ ဘာသာတရားတိုင်းနှင့် ဂိုဏ်းဂဏတိုင်း၌ ငါ၏နာမကို ဘုန်းထင်ရှားစေပြီး သက်သေခံနိုင်ဖို့၊ ပြီးလျှင် စကြဝဠာတစ်ခွင်လုံးနှင့် ကမ္ဘာမြေ၏ အစွန်ဆုံးနေရာများထိ ထိုနာမကို ပျံ့နှံ့စေဖို့ရန်အလို့ငှာ သင်၏ အဆုံးစွန် ခွန်အားကို ဆက်ကပ်ပြီး၊ မိမိကိုယ်ကိုယ် ငါ့အတွက် လေးနက်စွာ အသုံးခံဖို့မှာ သာ၍ပင် အရေးပါလှပေသည်။

## **အခန်း ၆၉**

ငါ၏အလိုတော် ထွက်သောအခါ ခုခံဝံ့သူ မည်သူကိုမဆို၊ တရားစီရင်ဝံ့သူ သို့မဟုတ် သံသယရှိဝံ့သူ မည်သူကိုမဆို ငါသည် ချက်ချင်း နုတ်ပယ်သန့်စင်အံ့။ ယနေ့ ငါ့အလိုတော်အတိုင်း မလုပ်ဆောင်သော မည်သူမဆို သို့မဟုတ် ငါ့အလိုတော်ကို မှားယွင်းစွာယူဆသော မည်သူမဆိုသူကို ငါ၏နိုင်ငံတော်မှ ဖယ်ရှားသုတ်သင်ကာ ပယ်ထုတ်ခြင်း ခံရမည်။ ငါ၏နိုင်ငံတော်တွင် ငါချစ်သောသူများ၊ ငါ့ကိုစာနာထောက်ထားသောသူများ ဖြစ်ကြသည့် ငါ၏သားများမှတစ်ပါး အခြားမည်သူမှ မရှိပေ။ ထို့အပြင် သူတို့သည် ငါ၏ နှုတ်ကပတ်တော်အတိုင်း ပြုမူကြသူများ ဖြစ်ကြပြီး တိုင်းနိုင်ငံအားလုံးနှင့် လူအားလုံးတို့ကို ငါ့ကိုယ်စား တရားစီရင်ရန် တန်ခိုးဖြင့် အုပ်စိုးနိုင်သော သူများဖြစ်သည်။ ထို့မျှမက သူတို့သည် အပြစ်ကင်း၍ သွက်လက်သော သားဦးများဖြစ်ကြပြီး ရိုးရှင်း၍ ပွင့်လင်းကြကာ ရိုးသားဖြောင့်မတ်၍ ဉာဏ်ပညာရှိကြသည်။ သင်တို့တွင် ငါ၏အလိုတော်သည် ပြည့်ဝပြီး ငါလုပ်လိုသော အရာသည်လည်း သင်တို့တွင် ဖြည့်ဆည်းပြီး ဖြစ်ကာ အမှားအယွင်းမရှိ၊ လုံးလုံးလျားလျား ပွင့်လင်းပြီး၊ ထုတ်ဖော်ခဲ့ပြီး ဖြစ်သည်။ မှားယွင်းသောအကြံများနှင့် ရည်ရွယ်ချက်များ ရှိသောသူတို့ကို စွန့်ပစ်ရန် ငါအစပြုပြီဖြစ်၍ ငါသည် သူတို့ကို တစ်ယောက်ပြီးတစ်ယောက် လဲကျစေမည်။ သူတို့ အသက်ရှင် မကျန်ရစ်နိုင်ရန် တစ်ယောက်ပြီးတစ်ယောက် ငါဖျက်ဆီးမည်၊ ဤအရာအားလုံးသည် သူတို့၏ စိတ်များ၊ သူတို့၏ ဝိညာဉ်များနှင့် သူတို့၏ ခန္ဓာကိုယ်များကို ရည်ညွှန်းသည်။

သူဆင်းရဲများအား ပံ့ပိုးခြင်း၊ ငါ့ကိုချစ်သောသူများအား ဂရုစိုက်ခြင်း၊ ကာကွယ်ခြင်း၊ ငါ၏စီမံခန့်ခွဲမှုတွင် ဝင်မစွက်သည့် အသိပညာမဲ့ကာ စိတ်အားထက်သန်သောသူများအား ကယ်တင်ခြင်း၊ ငါ့ကိုခုခံသူများ၊ ငါနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသူများအား ပြစ်ဒဏ်ပေးခြင်း တို့သည် ငါ့လက်၏ အမှုအရာများ ဖြစ်ကြပြီး ဤအရာများအားလုံးကို ငါ၏မြွက်ဟချက်များအတိုင်း တစ်ခုပြီးတစ်ခု အတည်ပြုမည်ကို နားလည်ကြလော့။ သင်သည် ငါ့ကို စစ်မှန်စွာ ချစ်သူတစ်ဦးလော။ သင်သည် ငါ့အတွက် သစ္စာရှိစွာ မိမိကိုယ်ကို အသုံးပြုသူတစ်ဦးလော။ သင်သည် ငါ၏နှုတ်ကပတ်တော်ကို နားထောင်၍ ၎င်းနှင့်အညီ ပြုမူသူလော။ သင်သည် ငါ့ကိုဆန့်ကျင်သူ တစ်ဦးလော သို့မဟုတ် ငါနှင့် သဟဇာတဖြစ်သူတစ်ဦးလော။ တကယ်ဆိုလျှင် ဤအရာများနှင့်ပတ်သက်၍ သင့်တွင် ရှင်းလင်းသော အကြံဉာဏ်တစ်ခု ရှိသလော။ ငါပြောပြီးသောအရာ တစ်ခုချင်းစီကို သင်တုံ့ပြန်နိုင်သလော။ အကယ်၍ သင်မတုံ့ပြန်နိုင်လျှင် သင်သည် စိတ်အားထက်သန်မှုဖြင့် ရှာဖွေသော်လည်း ငါ၏အလိုတော်ကို သဘောမပေါက်သူ ဖြစ်၏။ ဤသို့သော ပုဂ္ဂိုလ်တို့သည် ငါ၏စီမံခန့်ခွဲမှုကို အလွယ်ကူဆုံး နှောင့်ယှက်၍ ငါ၏အလိုတော်ကိုလည်း

တလွဲထင်ကြလိမ့်မည်။ အကယ်၍ သူတို့၌ တဒင်္ဂမျှ မှားယွင်းသော ရည်ရွယ်ချက်ရှိလျှင်ပင် ငါ၏နုတ်ပယ်သန့်စင်ခြင်းနှင့် ဖျက်ဆီးခြင်းကို သူတို့ ခံကြရလိမ့်မည်။

မတွေးတတ်အောင် ခက်ခဲနက်နဲသော အဆုံးမဲ့ လျှို့ဝှက်ဆန်းကြယ်မှုများ ငါ့ထဲတွင် ရှိသည်။ ၎င်းတို့အား ငါ၏အစီအစဉ်နှင့်အညီ တစ်ခုပြီးတစ်ခု လူတို့ထံသို့ ငါထုတ်ဖော်မည်။ ဆိုလိုရင်းမှာ ၎င်းတို့ကို ငါ၏သားဦးများထံသို့ ငါထုတ်ဖော်မည်။ မယုံကြည်ကြသူများနှင့် ငါ့ကိုခုခံသောသူတို့မူကား သူ့သဘောသူဆောင်အောင် ယတိပြတ် ငါခွင့်ပြုထားမည် ဖြစ်သော်လည်း ငါသည် ဘုန်းအာနုဘော်ဖြစ်ပြီး တရားစီရင်ခြင်းဖြစ်ကြောင်းကို နောက်ဆုံးတွင် သူတို့အား ငါသဘောပေါက်စေရမည်။ ယနေ့ မယုံကြည်ကြသူများသည် သူတို့၏မျက်စိရှေ့၌ ဖြစ်ပျက်သော အရာကိုသာ သိကြပြီး ငါ၏အလိုတော်ကိုမူ မသိကြပေ။ ငါချစ်သောသူများ ဖြစ်ကြသော ငါ၏သားများသာလျှင် ငါ၏အလိုတော်ကို သိ၍ သဘောပေါက်ကြသည်။ ငါသည် ငါ့သားများထံသို့ ပွင့်လင်းစွာ ထုတ်ဖော်ပြီး စာတန်ထံမူ ငါသည် ဘုန်းအာနုဘော်ဖြစ်ပြီး တရားစီရင်ခြင်းဖြစ်၏။ ဖုံးကွယ်ခြင်း လုံးဝမရှိပေ။ လက်ရှိတွင် ငါ၏သားဦးများသာလျှင် ငါ၏အလိုတော်ကိုသိရှိရန် ထိုက်တန်သူများ ဖြစ်ကြသည်။ အခြား မည်သူမှ အရည်အချင်းမပြည့်မီကြပေ။ ဤအရာအလုံးစုံသည် ဖန်ဆင်းခြင်းမတိုင်မီ ငါကြိုတင်စီစဉ်သောအရာဖြစ်သည်။ အဘယ်သူသည် ကောင်းချီးပေးခံရ၍ အဘယ်သူသည် နှိပ်ကွပ်ခံရမည့်အကြောင်းကို ငါသည်အစောပိုင်းကတည်းက စနစ်တကျ စီစဉ်ခဲ့သည်။ ဤအရာ၌ ငါသည် ရှင်းလင်း၍ ယနေ့တွင် ၎င်းသည် အပြည့်အဝ ပေါ်လွင်စေခြင်း ခံခဲ့ရပြီးဖြစ်သည်။ ကောင်းချီးပေးခံရသူတို့သည် ၎င်းတို့၏ ကောင်းချီးမင်္ဂလာများကို စ၍ခံစားကြပြီး နှိပ်ကွပ်ခံရသူတို့သည်လည်း ဘေးဒုက္ခကို စ၍ခံစားကြရပြီ ဖြစ်သည်။ နှိပ်ကွပ်ခြင်းကို မခံလိုကြသူတို့သည် မခံလိုသော်လည်း ၎င်းကိုခံရကြသည်။ အကြောင်းမူကား ဤအရာသည် ငါချမှတ်ဆုံးဖြတ်ခဲ့သော အရာဖြစ်ပြီး ဤအရာသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များ၏ လက်များဖြင့် စီစဉ်ခဲ့သော အရာဖြစ်သည်။ အတိအကျဆိုလျှင် မည်သို့သော ပုဂ္ဂိုလ်သည် ကောင်းချီးပေးခံရ၍ မည်သို့သောပုဂ္ဂိုလ်သည် နှိပ်ကွပ်ခံရသနည်း။ ဤအရာများကို ငါထုတ်ဖော်ပြီး ဖြစ်သည်။ ဤအရာသည် သင်တို့အတွက် လျှို့ဝှက်ဆန်းကြယ်မှုမဟုတ်ဘဲ ယင်းအစား ၎င်းသည် ဘွင်းဘွင်းရှိနေ၏။ ငါ့ကိုလက်ခံသော်လည်း မှားယွင်းသော ရည်ရွယ်ချက်များ ရှိသူများ၊ ငါ့ကိုလက်ခံသော်လည်း ငါ့ကို မရှာဖွေသူ၊ ငါ့ကိုသိသော်လည်း ငါ့ထံ ကျိုးနွံနာခံခြင်း မရှိသူများ၊ မရိုးဖြောင့်ခြင်းနှင့် သစ္စာဖောက်ခြင်းအားဖြင့် ငါ့ကိုလှည့်ဖြားရာတွင် ပါဝင်သူများ၊ ငါ၏နှုတ်ကပတ်တော်များကို ဖတ်ရှုသော်လည်း အပျက်သဘောကို အန်ထုတ်သူများ၊ မိမိကိုယ်ကိုမသိ၊ မိမိသည်

မည်သည့်အရာဖြစ်သည်ကို မသိဘဲ မိမိကိုယ်ကို ကြီးမြတ်သည်ဟု အထင်ရှိ၍ မိမိတို့ ရင့်ကျက်ပြီဟု ယူဆသူများ (စာတန်၏ ဥပမာ)၊ ထိုသို့သော ပုဂ္ဂိုလ်များအားလုံးသည် နှိပ်ကွပ်ခံရမည့် အရာများဖြစ်ကြသည်။ ငါ့ကိုလက်ခံကြသူများနှင့် ၎င်းတို့၏ ကြံရွယ်ချက်များသည် ငါ့အတွက် ဖြစ်သူများ (အကယ်၍ သူတို့သည် အနှောင့်အယှက်များကို ဖြစ်စေပါက သူတို့၏ ဖောက်ဖျက်မှုများကို ငါမှတ်မိလိမ့်မည် မဟုတ်ပေ။ သို့သော် သူတို့၏ ကြံရွယ်ချက်များသည် မှန်ကန်၍ သူတို့သည် အမြဲသတိရှိ၊ ဂရုစိုက်ရမည်ဖြစ်ပြီး အသောက်အစား၊ အပျော်အပါး၌ မမွေ့လျော်ရ။ ထို့အပြင် သူတို့သည် ငါ့ကို နားထောင်လိုစိတ်နှင့် ငါ့ထံ ကျိုးနွံနာခံလိုစိတ်တို့ကို အမြဲမွေးမြူထားရမည်)၊ သန့်စင်သောသူများ၊ ပွင့်လင်းသောသူများ၊ ရိုးသားသူများ၊ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်ဝတ္ထုပစ္စည်း၊ မည်သည့်အရာတို့၏ ထိန်းချုပ်ခြင်းကိုမှ မခံရသူများ၊ အသက်တာတွင် ရင့်ကျက်သော်လည်း သူငယ်ကဲ့သို့သော ပုံပန်းရှိသူများ၊ ဤသူတို့သည် ငါချစ်သောသူများဖြစ်၍ ငါ့ကောင်းချီးများ ဦးတည်ရည်မှန်းသောသူများလည်း ဖြစ်ကြသည်။ ယခု သင်တို့ အယောက်တိုင်းသည် သင်တို့၏ အခြေအနေနှင့်အညီ သင်တို့၏ အပ်စပ်သော နေရာကို ယူကြရမည်။ ထို့အပြင် သင်သည် ကောင်းချီးပေးခံရသူ သို့မဟုတ် နှိပ်ကွပ်ခံရသူ ဖြစ်ကြောင်းကို သင်သိရလိမ့်မည်။ ၎င်းကို ငါ ထင်ရှားစွာ ပြောပြရန် မလိုအပ်ပေ။ ကောင်းချီးပေးခံရသူတို့သည် ဝမ်းမြောက်၍ ပျော်ရွှင်အပ်သော်လည်း နှိပ်ကွပ်ခြင်းကို ခံစားရသောသူတို့သည် စိတ်ဒုက္ခမရောက်အပ်။ ဤကိစ္စနှစ်ရပ်လုံးကို ငါ့လက်အားဖြင့် စီစဉ်ပြီးဖြစ်သော်လည်း ငါ့ကိုအပြစ်မတင်အပ်ပေ။ ဤအရာသည် သင်ကိုယ်တိုင် ငါနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းခြင်း မရှိသောကြောင့်နှင့် ငါသည် လူသား၏ အနက်ရှိုင်းဆုံး စိတ်နှလုံးကို ရှာဖွေသော ဘုရားသခင် ဖြစ်တော်မူကြောင်း သင် နားမလည်သောကြောင့် ဖြစ်သည်။ ဤအရာသည် ကြိုတင်လျက် ငါဆုံးဖြတ်ပြီးသည့် အရာဖြစ်ကာ သင်သည် သင်၏ သေးနုပ်သော ကိုယ်ပိုင်လှည့်စားမှုအားဖြင့် သင့်ကိုယ်သင် ထိခိုက်စေခြင်း ဖြစ်၏။ သင်သည် ကိုယ့်ကြမ္မာ ကိုယ်ဖန်ခြင်းဖြစ်၏။ မရဏာနိုင်ငံထဲသို့ သင်ကျသွားသင့်သည်မှာ သင့်ကို နှိပ်စက်ခြင်း မဟုတ်ပေ။ ၎င်းသည် သင်၏ အဆုံးသတ်ဖြစ်၏။ ၎င်းသည် သင်၏ အကျိုးတရားဖြစ်၏။

ကောင်းချီးပေးခံရသော သားဦးတို့၊ လျင်မြန်စွာ ထပြီး ကောင်းချီးသြဘာ ပေးကြလော့။ လျင်မြန်စွာ ထပြီး ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ ယခုမှစ၍ ခါးသီးမှုများ၊ ဒုက္ခခံစားရခြင်းများ နောက်ထပ်မရှိတော့ဘဲ အရာရာသည် ငါတို့၏ လက်များထဲ၌ ရှိကြကုန်၏။ ငါ၏ အတွေးများနှင့် သူတို့၏ အတွေးများ ညီညွတ်ကြသောသူ မည်သူမဆိုသည်

ငါချစ်သောသူဖြစ်၍ ဘေးဒုက္ခကို ခံစားရလိမ့်မည် မဟုတ်ပေ။ သင့်နှလုံးသား၏ အလိုဆန္ဒသည် မည်သည့်အရာဖြစ်စေ ၎င်းကို ငါဖြည့်ဆည်းပေးမည်။ (သို့သော် ၎င်းသည် ထင်ရာမြင်ရာ မဖြစ်ရ)။ ဤအရာသည် ငါ၏အလုပ်ဖြစ်လေသည်။

# အခန်း ၇၀

ငါ၏ နက်နဲမှုများ ထုတ်ဖော်ပြခံရပြီး ပွင့်ပွင့်လင်းလင်း ထင်ရှားကာ မကွယ်ဝှက်တော့သည်မှာ ငါ၏ ကျေးဇူးနှင့် ကရုဏာကြောင့် လုံးလုံးလျားလျား ဖြစ်၏။ ထို့အပြင်၊ လူသားတို့ကြား ငါ၏ နှုတ်ကပတ်တော် ပေါ်ထွန်းပြီး ဖုံးကွယ်မထားတော့သည်မှာလည်း ငါ၏ ကျေးဇူးနှင့် ကရုဏာတို့ကြောင့် ဖြစ်သည်။ ငါ့အတွက် ရိုးသားစစ်မှန်စွာ အသုံးခံကြပြီး မိမိတို့ကိုယ်ကိုယ် ငါ့အဖို့ ဆက်ကပ်အပ်နှံသူ အားလုံးကို ငါ ချစ်၏။ ငါ့ထံမှ မွေးဖွားသော်လည်း၊ ငါ့ကို မသိဘဲ အာခံခြင်းပင် ပြုသောသူအားလုံးကို ငါ မုန်း၏။ ငါ့အတွက် ရိုးသားစစ်မှန်သောသူ မည်သူကိုမဆို ငါ စွန့်လိမ့်မည်မဟုတ်။ ယင်းထက်၊ ထိုလူ၏ ကောင်းကြီးမင်္ဂလာများကို ငါ နှစ်ဆဖြစ်စေမည်။ ကျေးဇူးကန်းပြီး ငါ၏ ကြင်နာမှုကို စော်ကားသူများကို ငါသည် နှစ်ဆ ပြစ်ဒဏ်ပေးမည်ဖြစ်ပြီး ၎င်းတို့ကို သက်ညှာမည် မဟုတ်။ ငါ၏ နိုင်ငံတော်တွင် ကောက်ကျစ်ခြင်း သို့မဟုတ် လှည့်စားခြင်း မရှိသကဲ့သို့ လောကီဆန်ခြင်းမရှိ။ ယင်းမှာ လူသေအနံ့မရှိဟု ဆိုလိုသည်။ ယင်းထက်၊ အားလုံးသည် ရိုးသားခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ ရှိလေသည်။ မည်သည့်အရာမျှ ကွယ်ဝှက်ခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း မရှိဘဲနှင့် အရာအားလုံး ဖြူစင်ခြင်းနှင့် ပွင့်လင်းခြင်း ရှိလေသည်။ အရာရာသည် လတ်ဆတ်၏၊ အရာရာမှာ ပျော်မွေ့စရာဖြစ်ပြီး၊ အရာရာသည် တည်ဆောက်စရာ ဖြစ်လေသည်။ လူသေ အနံ့ထွက်နေသေးသူ မည်သူမဆိုသည် ငါ၏ နိုင်ငံတော်ထဲတွင် မကျန်ရှိနိုင်သကဲ့သို့၊ ယင်းအစား ငါ၏ သံမဏိတောင်ဝှေးဖြင့် အုပ်စိုးခြင်း ခံရမည်။ မမှတ်မိနိုင်သည့် အချိန်ကာလမှ မျက်မှောက်ခေတ်အထိ၊ မကုန်ဆုံးနိုင်သော နက်နဲမှုများအားလုံးသည် နောက်ဆုံးသောကာလတွင် ငါ့အားဖြင့် ရယူခြင်းခံရသည့် လူစု ဖြစ်သော သင်တို့အား အပြည့်အဝ ထုတ်ဖော်ပြလေပြီ။ သင်တို့ ကောင်းချီး ခံစားရသည်ဟု မထင်သလော။ ထို့အပြင်၊ အရာအားလုံး ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြခံရသည့် နေ့ရက်များသည်၊ ငါ၏ အုပ်စိုးခြင်းကို သင်တို့ မျှဝေခံစားရသည့် နေ့ရက်များ ဖြစ်သည်။

ရှင်ဘုရင်များကဲ့သို့ အမှန်တကယ် အုပ်စိုးသည့် လူစုသည် ငါ၏ ကြိုတင်ပြဋ္ဌာန်းထားခြင်းနှင့်

ရွေးချယ်မှုတို့အပေါ် မှီခိုကြပြီး ထိုအတွင်းတွင် လူသားအလို လုံးဝ မရှိပေ။ ဤအရာတွင် ပါဝင်ဝံ့သူ မည်သူမဆိုသည် ငါ၏ လက်မှ ရိုက်နှက်မှုတစ်ခုကို ခံရမည်ဖြစ်ပြီး ထိုသို့သော လူတို့သည် ငါ၏ ပြင်းပြသောမီးကို ခံရမည့်သူများ ဖြစ်လိမ့်မည်။ ဤသည်မှာ ငါ၏ ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်၏ အခြားတစ်ဖက် ဖြစ်သည်။ အရာခပ်သိမ်းကို ငါ အုပ်စိုးသည်ဟု ငါ ပြောပြီးဖြစ်သည်၊ ငါသည် သြဇာအာဏာ အပြည့်အဝကို ကိုင်စွဲသည့် ဉာဏ်ပညာရှိသော ဘုရားသခင် ဖြစ်ပြီး ငါသည် မည်သူ့ကိုမျှ သက်ညှာခြင်းမရှိ။ ငါသည် လုံးဝ ရက်စက်၏၊ ပုဂ္ဂိုလ်ရေး ခံစားချက်များ လုံးဝ ကင်းမဲ့၏။ ငါသည် မည်သူကိုမဆို (သူမည်မျှ အပြောကောင်းသည်ဖြစ်စေ၊ ငါသည် သူ့ကို သက်ညှာမည်မဟုတ်) ငါ၏ ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်းနှင့် ဘုန်းအာနုဘော်တို့ဖြင့် ဆက်ဆံ၏၊ ထိုအတောအတွင်း ငါ့လုပ်ဆောင်ချက်များ၏ အံ့ဖွယ်ရာအပြင် ငါ၏ လုပ်ဆောင်ချက်များ မည်သည့်အရာ ဆိုလိုသည်တို့ကို အယောက်တိုင်းအား ပိုမိုကောင်းမွန်စွာ မြင်နိုင်စေသည်။ ငါသည် ဆိုးယုတ်သောဝိညာဉ်များကို အနက်ဆုံးသော တွင်းထဲသို့ အသီးသီး ပစ်ချရင်း၊ ၎င်းတို့ ကျူးလွန်သည့် လုပ်ရပ်မျိုးစုံတို့အတွက် အပြစ်ပေးခဲ့သည်။ ၎င်းတို့ကို ရာထူးမရှိ ဖြစ်ကျန်ရစ်စေကာ၊ ၎င်းတို့အား အလုပ်လုပ်ရန် နေရာမရှိ ဖြစ်ကျန်ရစ်စေလျက်၊ အချိန်ကာလ မစတင်မီ ဤအမှုကို ငါ ပြီးစီးခဲ့သည်။ ငါ၏ကြိုတင်ပြဋ္ဌာန်းခြင်း ခံရပြီး ရွေးချယ်ခံရသည့် သူများဖြစ်သော ငါ ရွေးချယ်ထားသောလူများထဲမှ မည်သူမျှ ဆိုးယုတ်သောဝိညာဉ်များ၏ ဝင်ပူးခြင်းကို မခံရနိုင်ဘဲ၊ ယင်းအစား အစဉ်အမြဲ သန့်ရှင်းကြပေလိမ့်မည်။ ငါ ကြိုတင်ပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့ ရွေးချယ်မခံရသူတို့ အတွက်မူ၊ ငါသည် ၎င်းတို့ကို စာတန်ထံ လွှဲပြောင်းပေးမည် ဖြစ်ပြီး ၎င်းတို့ကို ဆက်လက်တည်ရှိရန် အခွင့်ပေးတော့မည် မဟုတ်။ အားလုံးကို ကြည့်လျှင်၊ ငါ၏ စီမံခန့်ခွဲမှုအမိန့်များသည် ငါ၏ ဖြောင့်မတ်ခြင်းနှင့် ငါ၏ ဘုန်းအာနုဘော်တို့ ပါဝင်သည်။ စာတန်အမှုပြုသည့်သူတို့ထဲမှ မည်သူတစ်ဦး တစ်ယောက်ကိုမျှပင် ငါသည် သက်ညှာမည် မဟုတ်ဘဲ၊ စာတန်ကို ငါ မုန်းတီးသည့်အတွက် ၎င်းတို့ကို ၎င်းတို့၏ ခန္ဓာများနှင့်အတူ မရဏာနိုင်ငံထဲသို့ ပစ်ချမည်။ ယင်းကို ငါသည် လုံးဝ အလွယ်တကူ ချမ်းသာပေးမည် မဟုတ်ဘဲ သူ၏ အလုပ်ကို လုပ်ဆောင်ရန် နည်းနည်းမျှ အခွင့်အရေး မပေးဘဲလျက်၊ ငါလုံးဝ ဖျက်စီးမည်။ အတိုင်းအတာ တစ်ခုအထိ စာတန် ဖျက်ဆီးထားသည့် သူတို့သည် (ယင်းမှာ ကပ်ဘေးခံရမည့်သူများကို ဆိုလိုသည်) ငါကိုယ်တိုင်၏ လက်၏ အမြော်အမြင်ရှိသော စီမံခန့်ခွဲမှုအောက်တွင် ရှိကြ၏။ ဤသည်မှာ စာတန်၏ ကြမ်းကြုတ်ရက်စက်ခြင်း ရလဒ်တစ်ခု အဖြစ် ဖြစ်ပျက်လေပြီဟု မထင်နှင့်။ ငါသည် စကြဝဠာနှင့် အရာခပ်သိမ်းတို့ကို အုပ်စိုးသည့် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်သည်ကို

သိလော့။ ငါ့အတွက်၊ ဖြေရှင်းမရသည့် ပြဿနာများ မရှိသကဲ့သို့၊ မပြီးမြောက်နိုင်သည့်အရာ တစ်ခုခု သို့မဟုတ် မိန့်မြွက်မရသည့် နှုတ်ကပတ်တော် တစ်ခွန်းတစ်လေမျှ သာ၍မရှိပေ။ လူသားများသည် ငါ၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် ပြုမူရမည်မဟုတ်။ ငါ၏ လက်ဖြင့် ရိုက်ချခံရပြီး မရဏာနိုင်ငံထဲသို့ ပစ်ချခံရမည့်အဖြစ်ကို သတိပြုလော့။ ဤအရာကို သင့်အား ငါ ပြော၏။ ယနေ့ ငါနှင့်အတူ တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်သော သူများသည် အတော်ဆုံးသောသူများ ဖြစ်ပြီး ၎င်းတို့အားလုံး ဆုံးရှုံးမှုများကို ရှောင်ရှားကာ တရားစီရင်ခြင်း၏ နာကျင်မှုမှ လွတ်မြောက်ကြလေသည်။ ဤအရာအားလုံးသည် ငါ၏ အစီအစဉ်များဖြစ်ပြီး၊ ငါ၏ ကြိုတင်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ အဆင်ခြင်မဲ့သော မှတ်ချက်များကို မပြုနှင့်၊ ပြီးလျှင် သင် အလွန်ကြီးမြတ်သည်ဟု တွေးထင်လျက် စကားကြီး စကားကျယ်များ မပြောဆိုနှင့်။ ဤအရာအားလုံးသည် ငါ၏ ကြိုတင်ပြဋ္ဌာန်းထားခြင်းမှတစ်ဆင့် ဖြစ်သည် မဟုတ်လော။ ငါ၏ အကြံပေးများဖြစ်မည့် သင်တို့သည် အရှက် မရှိကြလေတကား။ သင်တို့၏ ကိုယ်ပိုင် ဝိညာဉ်အသက်တာကို သင်တို့ မသိကြ။ ယင်းမှာ သနားစဖွယ် သေးနုပ်လိုက်ပါဘိ။ ထိုသို့ဖြစ်သော်လည်း၊ ဤအရာသည် ကြီးမားသော ကိစ္စရပ်တစ်ခုမဟုတ်ဟု သင်တို့ ထင်ပြီး မိမိတို့ကိုယ်ကိုယ် မိမိတို့မသိပေ။ တစ်ကြိမ်ပြီးတစ်ကြိမ်၊ ငါ၏ ဆင်းရဲဒုက္ခ ကြီးမားသော အားထုတ်မှုများကို အချည်းနှီးဖြစ်စေလျက်၊ ပြီးလျှင် ၎င်းတို့သည် ငါ၏ ကျေးဇူးတော်နှင့် ကရုဏာတော်တို့၏ သရုပ်သကန်များဖြစ်သည်ကို လုံးဝ နားလည်ခြင်းမရှိဘဲလျက် ငါ၏ နှုတ်ကပတ်တော်များကို သင်တို့ ဂရုမစိုက်ချေ။ ယင်းထက်၊ သင်၏ ကိုယ်ပိုင် လိမ္မာပါးနပ်မှုကို အကြိမ်ကြိမ် ကြွားဖို့ သင် ကြိုးစားလေသည်။ ဤအရာကို သင် မှတ်မိပါသလော။ ၎င်းတို့ အလွန်တော်သည်ဟု ထင်သော လူတို့သည် မည်သည့် ပြစ်တင်ဆုံးမမှုကို ရရှိရမည်နည်း။ ငါ၏ နှုတ်ကပတ်တော်များကို စိတ်မဝင်စားသကဲ့သို့ သစ္စာမရှိဘဲလျက်၊ ပြီးလျှင် ၎င်းတို့ကို သင်တို့၏ စိတ်နှလုံးများထဲတွင် စွဲမြဲခြင်းမရှိဘဲလျက်၊ သင်တို့သည် ဤအရာ၊ ထိုအရာတို့ကို လုပ်ဆောင်ဖို့ ဟန်ဆောင်ရာတွင် ငါ့ကို အသုံးပြုကြသည်။ မကောင်းမှု ပြုသူတို့၊ သင်တို့သည် မည်သည့်အချိန်တွင် ငါ၏ စိတ်နှလုံးကို အပြည့်အဝ ထည့်သွင်းစဉ်းစားနိုင်မည်နည်း။ သင်တို့သည် ထိုအရာကို အရေးထားခြင်းမရှိ၊ ထို့ကြောင့် သင်တို့ကို “မကောင်းမှုပြုသူများ” ဟု ခေါ်ဆိုခြင်းသည် သင်တို့ကို နှိပ်စက်ခြင်းတစ်ခု မဟုတ်ချေ။ ယင်းသည် သင်တို့နှင့် လုံးဝ သင့်တော်ပေသည်။

ယနေ့ တစ်ချိန်က ကွယ်ဝှက်ထားသည့် အရာများကို ငါသည် သင်တို့ကို တစ်ခုပြီးတစ်ခု ပြသနေ၏။ အဆင်းနီသော နဂါးကြီးသည် အနက်ဆုံးသော တွင်းထဲသို့ ပစ်ချခံရပြီး လုံးဝ ဖျက်ဆီးခံရလေသည်၊ အဘယ်ကြောင့်ဆိုသော် ယင်းကို ထိန်းသိမ်းထားခြင်းက လုံးဝ

အသုံးဝင်မည် မဟုတ်သည့်အတွက် ဖြစ်သည်။ ယင်းသည် ခရစ်တော်အတွက် အစေခံမှု မလုပ်ဆောင်နိုင်ဟု ဆိုလိုခြင်း ဖြစ်သည်။ နောက်နောင်တွင်၊ နီသောအရာများသည် တည်ရှိတော့မည် မဟုတ်။ တဖြည်းဖြည်း၊ ၎င်းတို့သည် ဘာမျှမရှိခြင်းသို့ လျော့ပါးလွင့်ပျောက်သွားရပေမည်။ ငါပြောသည့်အရာကို ငါ လုပ်၏။ ဤသည်မှာ ငါ့အမှု၏ စုံလင်ခြင်း ဖြစ်သည်။ လူသား အယူအဆများကို ဖယ်ရှားလော့။ ငါ ပြောပြီးသမျှအရာရာကို ငါ လုပ်ဆောင်ပြီးလေပြီ။ လိမ္မာပါးနပ်ဖို့ ကြိုးစားသူ မည်သူမဆိုသည် မိမိတို့ကိုယ်ကိုယ်အပေါ် ပျက်စီးခြင်းနှင့် အထင်သေးခြင်းတို့ ဆောင်ယူလာနေခြင်းသာ ဖြစ်ပြီး၊ အသက်မရှင်ချင်ပေ။ ထို့ကြောင့်၊ ငါသည် သင့်ကို စိတ်ကျေနပ်စေမည်ဖြစ်ပြီး ထိုသို့သော လူတို့ကို ထိန်းသိမ်းမည်မဟုတ်သည်ကား သေချာပေသည်။ နောက်နောင်တွင်၊ လူ့အသိုင်းအဝိုင်းသည် ထူးချွန်မှု တိုးပွားလိမ့်မည်၊ ငါနှင့်အတူ တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်ခြင်း မရှိသူအားလုံးမှာမူ ဘာမျှမရှိခြင်းသို့ ဖယ်ရှားခြင်းခံရကြလိမ့်မည်။ ငါ လက်ခံပြီးဖြစ်သည့် သူတို့သည် ငါ စုံလင်စေမည့်သူများဖြစ်ပြီး တစ်ဦးတစ်ယောက်ကိုမျှ ငါ စွန့်ပစ်မည်မဟုတ်။ ငါပြောသည့်အရာတွင် ရှေ့နောက် မညီခြင်းများ မရှိ။ ငါနှင့်အတူ တက်ကြွစွာ ပူးပေါင်း လုပ်ဆောင်ခြင်း မရှိသူများသည် ပြစ်တင်ဆုံးမခြင်းကို သာ၍ ခံစားရမည် ဖြစ်သော်လည်း၊ နောက်ဆုံးတွင် ၎င်းတို့ကို ငါ့ကျေးဇူး ကယ်တင်မည်ဖြစ်သည်။ သို့သော်၊ ထိုအချိန်အရောက်တွင် ၎င်းတို့ အသက်တာများ၏ အတိုင်းအတာသည် အတော်အတန် ကွာခြားလိမ့်မည်။ သင်သည် ထိုသို့သော လူတစ်ဦး ဖြစ်ချင်သလော။ ထကာ ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်လော့။ ငါ့အတွက် ရိုးသားစစ်မှန်စွာ အသုံးခံသူ မည်သူကိုမဆို ငါသည် ကျေးဇူး တော်ရိလျော်ရိ ဆက်ဆံမည် မဟုတ်။ ငါ့ထံ မိမိတို့ကိုယ်ကိုယ် လေးလေးနက်နက် ဆက်ကပ်သောသူတို့အတွက်မူ၊ သင့်အပေါ် ငါ၏ ကောင်းချီးမင်္ဂလာများအားလုံးကို ငါ အပ်နှင်းမည်။ ငါ့ထံ သင်ကိုယ်သင် အပြည့်အဝ ဆက်ကပ်လော့။ သင် စားသည့်အရာ၊ ဝတ်သည့်အရာနှင့် သင်၏ အနာဂတ် အားလုံးသည် ငါ၏ လက်ထဲတွင် ရှိ၏။ ဘယ်သောအခါမျှ သုံးကုန်မည်မဟုတ်သည့် မဆုံးနိုင်သော ပျော်မွေ့မှုကို သင် ရရှိဖို့အလို့ငှာ အရာရာကို သင့်တင့်လျောက်ပတ်စွာ ငါ စီစဉ်မည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော်၊ ငါက၊ "ငါ့အတွက် ရိုးသားစွာ အသုံးခံသော သူတို့အဖို့၊ ငါသည် သင့်ကို ကျေးဇူးအမှန်ပင် ကြီးစွာသော ကောင်းချီးပေးမည်။" ဟု ဆိုလေပြီးဖြစ်သောကြောင့် ဖြစ်သည်။ ကောင်းချီးမင်္ဂလာများ အားလုံးသည် ငါ့အတွက် ရိုးသားစစ်မှန်စွာ အသုံးခံသည့် လူတိုင်းထံ ရောက်လာလိမ့်မည်။

# အခန်း ၇၁

ငါ၏အရာအားလုံးကို သင်တို့အားလုံးထံ ငါ ထင်ရှားစေပြီးဖြစ်သော်လည်း အဘယ်ကြောင့် သင်တို့သည် ငါ၏စကားများကို စိတ်ဝိညာဉ် အလုံးစုံဖြင့် မတွေးဆနိုင်ကြသနည်း။ အဘယ်ကြောင့် ငါ၏စကားများကို အမှိုက်အဖြစ် သင်တို့ သဘောထားကြသနည်း။ ငါပြောသောအရာသည် မမှန်ကန်သလော။ ငါ့စကားများသည် သင်တို့၏ အားနည်းချက်များကို ထိမိလေပြီလော။ သင်သည် ထပ်လဲလဲ နှောင့်နှေးကာ တုံ့ဆိုင်းနေကြသည်။ အဘယ်ကြောင့် သင်တို့သည် ဤသို့ပြုမူကြသနည်း။ ငါသည် ရှင်းလင်းစွာ မပြောဆိုပြီလော။ ငါ့စကားများကို သေချာစွာ တွေးဆသင့်ပြီး၊ ယင်းတို့ကို သင်တို့ သေချာ အာရုံစိုက်သင့်သည်ဟု ကြိမ်ဖန်များစွာ ငါ ပြောလေပြီ။ သင်တို့ထဲမှ တစ်ဦးတစ်လေသည် နာခံကာ ကျိုးနွံနာခံသော ကလေးများ ဖြစ်သလော။ ငါ၏ စကားများသည် အချည်းအနှီး ဖြစ်ပြီလော။ ယင်းတို့သည် လုံးဝ ထိရောက်မှု မရှိလေပြီလော။ သင်သည် ငါ၏အလိုနှင့် အဘယ်မျှ ကိုက်ညီနိုင်သနည်း။ တစ်ဒင်္ဂအတွက်ပင် သင်သည် စကားပြောဆိုခြင်းမခံရဘဲရှိပါက၊ သင်သည် အကျင့်ပျက်လာလိမ့်မည်ဖြစ်ပြီး အထိန်းအကွပ်မဲ့လာလိမ့်မည်။ မည်သို့ပြုမူကာ ပြောဆို ရမည်ကို ငါသည်ရှင်းလင်းစွာ မဖော်ပြပါက၊ စိတ်ထဲတွင် သင်သည် လုံးဝ မသိဘဲရှိနိုင်မည်လော။ သင်ကို ငါပြောပြပါရစေ။ ဆုံးရှုံးမှုများကို ခံစားရသူသည် နာမခံသောသူ၊ ကျိုးနွံနာခံခြင်း မရှိသောသူနှင့် မိုက်မဲစွာ ယုံကြည်သောသူ ဖြစ်သည်။ ငါပြောသည့်အရာကို အာရုံမစိုက်သကဲ့သို့ အသေးစိတ်များကို သဘောမပေါက်နိုင်သော လူတို့သည် ငါ၏ရည်ရွယ်ချက်များကို နားလည်နိုင်လိမ့်မည်မဟုတ်သကဲ့သို့ ငါ့ကို အစေခံနိုင်မည်လည်း မဟုတ်ပေ။ ဤကဲ့သို့သော လူတို့သည် ငါ၏ ကိုင်တွယ်ဖြေရှင်းခြင်းကို ခံရလိမ့်မည်ဖြစ်ပြီး ငါ၏တရားစီရင်ခြင်းကို တွေ့ကြုံရလိမ့်မည်။ အသေးစိတ်အချက်များကို နားမလည်ခြင်းမှာ အလွန့်အလွန် မလေးစားခြင်းဖြစ်သည့်အပြင် တဇွတ်ထိုး မဆင်မခြင်ပြုလုပ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုသို့သော လူများကို ငါမုန်းပြီး၊ ၎င်းတို့အပေါ် ငါလျှော့ပေါ့မည် မဟုတ်။ ငါသည် ၎င်းတို့အား သက်ညှာမှု ပြမည် မဟုတ်။ ၎င်းတို့အား ငါ၏ဘုန်းအာနုဘော်နှင့် တရားစီရင်ခြင်းကိုသာ ငါ ပြမည်။ ထိုနောက် သင်သည် ငါကို လှည့်ဖြားဝံ့သေးခြင်း ရှိမရှိဆိုသည်ကို ကြည့်လော့။ ငါသည် လူသား စိတ်နှလုံး၏ အတွင်းကျကျ နက်ရှိုင်းသောနေရာများကို ဆန်းစစ်သော ဘုရားသခင် ဖြစ်သည်။ ဤအချက်သည် အယောက်တိုင်းအဖို့ ထင်ရှားမြင်သာသင့်ပေသည်။ သို့မဟုတ်ပါက ၎င်းတို့သည် ၎င်းတို့၏ အလုပ်ကို သာမန်ကာလျှံကာဖြစ်သော ပုံစံဖြင့်သာ

လုပ်ကြလိမ့်မည်ဖြစ်ပြီး၊ ငါ့ကို ဝတ်ကျေတမ်းကျေ ဆက်ဆံကြလိမ့်မည်။ ဤသည်မှာ လူအချို့တို့သည် အမှတ်တမဲ့ ငါ၏ဒဏ်ခတ်ခြင်းခံရသည့် အကြောင်းရင်း ဖြစ်သည်။ ငါသည် မည်သူကိုမျှ မတော်မတရား ဆက်ဆံခြင်းမရှိ၊ ငါသည် မှားယွင်းသော အရာကိုမပြုသကဲ့သို့ ငါ၏ လုပ်ရပ်အားလုံးကို ငါ့လက်၏ အမျှော်အမြင်ရှိသော အစီအစဉ်များဖြင့် လုပ်ဆောင်သည်ဟု ငါ ပြောပြီး ဖြစ်သည်။

ငါ၏တရားစီရင်ခြင်းသည် ငါ့ကို အမှန်တကယ် မချစ်သောလူအားလုံးအပေါ် ကျရောက်လေပြီ။ မည်သူတို့ကို ငါ၏ကြိုတင်ခွဲခန့်မှတ်သားကာ ရွေးချယ်ထားပြီးဖြစ်သည်ဆိုသည်နှင့် မည်သူတို့သည် ငါ၏ သုတ်သင်ဖယ်ရှင်းခြင်းခံရမည့် ပစ်မှတ်များဖြစ်မည်ဆိုသည်တို့က သိသာရှင်းလင်းလာသည်မှာ ဤအချိန်တွင် အတိအကျ ဖြစ်ပေသည်။ ဤအရာများအားလုံးသည် တစ်ခုပြီးတစ်ခု ထုတ်ဖော်ပြခံရလိမ့်မည်ဖြစ်ပြီး မည်သည့်အရာမျှ ကွယ်ဝှက်လျက် ကျန်ရှိလိမ့်မည် မဟုတ်။ လူအားလုံး၊ အဖြစ်အပျက်အားလုံးနှင့် အမှုအရာအားလုံးတို့သည် ငါ့စကားများကို ပြည့်စုံခြင်းသို့ ဆောင်ကြဉ်းဖို့ ရပ်တည်ကာ တည်ရှိကြပြီး အားလုံးသည် ငါ၏ နှုတ်မှ မိန့်မြွက်သော စကားများကို အမှန်တကယ်ဖြစ်စေရင်း အလုပ်များနေကြ၏။ စကြာဝဠာနှင့် ကမ္ဘာမြေ၏ အစွန်းနေရာများကို ငါ တစ်ဦးတည်းက ထိန်းချုပ်သည်။ ငါ၏စကားများကို နာမခံဝံ့သူ သို့မဟုတ် ငါ၏လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် ငြင်းပယ်သောသူ မည်သူမဆိုကို ထိုလူအား မရဏာနိုင်ငံသို့ နှစ်မြှုပ်စေကာ မတည်ရှိစေတော့ဘဲလျက် ငါရိုက်နှက်မည်။ ငါ့စကားအားလုံးသည် သင့်တော်ပြီး မှန်ကန်ကာ မစင်ကြယ်မှု လုံးဝ မရှိချေ။ သင်တို့၏ စကားပြောဆိုပုံသည် ငါ၏ စကားပြောပုံနှင့် ဆင်နိုင်သလော။ သင်တို့သည် အလွန် စကားကြောရှည်ကြ၏။ သင်တို့သည် အဓိပ္ပါယ်မဲ့ပြီး မိမိတို့ကိုယ်ကိုယ် ရှင်းရှင်းလင်းလင်း မရှင်းပြပေ- သို့သော် သင်တို့သည် အချို့သောအရာများကို ရယူပြီးဖြစ်ကာ ယင်းကို သင်တို့ ရရှိလုနီးပါး ဖြစ်ပြီဟု တွေးထင်ကြသည်။ သင့်ကို ငါ ပြောပါရစေ။ လူတို့သည် မိမိတို့ကိုယ်ကိုယ် စိတ်ကျေနပ်လေ၊ ငါ၏ စံနှုန်းများကို ပြည့်မီခြင်းမှ ၎င်းတို့ ဝေးလေလေ ဖြစ်သည်။ ၎င်းတို့သည် ငါ၏အလိုကို အရေးထားမှု မပြုကြသကဲ့သို့ ငါ့ကို လိမ်လည်လှည့်စားကာ ငါ၏နာမကို အပြင်းထန်ဆုံး အရှက်ရစေကြ၏။ အရှက်မဲ့လိုက်လေစွ။ သင်သည် မိမိကိုယ်တိုင် မည်သည့် ဝိညာဉ်ရင့်ကျက်မှုမျိုး ရှိသည်ကို မကြည့်ပေ။ မိုက်မဲကာ မသိနားမလည်လိုက်လေစွတကား။

ငါ၏ နှုတ်ကပတ်တော်များသည် စဉ်ဆက်မပြတ်နှင့် သွင်ပြင်လက္ခဏာ အားလုံးဖြင့် အမှုအရာများကို ထောက်ပြနေသည်။ သင် နားမလည်နိုင်သေးသည်များ ဖြစ်နိုင်သလော။

သင်တို့ နားမလည်ကြသေးသလော။ သင်၏ ရည်ရွယ်ချက်သည် ငါ့ကိုစိတ်ပျက်စေရန် ဖြစ်သလော။ သင်တို့၏ စိတ်ဓာတ်များကို ပြန်ကောက်ကာ သင်တို့၏သတ္တိကို အားတင်းကြလော့။ ငါ့ကိုချစ်သော လူတစ်ဦးကိုမျှ ငါသည် မကောင်းတရောင်း မဆက်ဆံပေ။ ငါသည် လူသား စိတ်နှလုံး၏ အတွင်းကျကျ နက်ရှိုင်းသော နေရာများကို ဆန်းစစ်ပြီး လူတို့၏ စိတ်နှလုံးများထဲတွင် တည်ရှိသည့်အရာတိုင်းကို ငါသိသည်။ ဤအရာအားလုံး ထုတ်ဖော်ပြခံရလိမ့်မည်ဖြစ်ပြီး၊ ယင်းတို့အားလုံးသည် ငါ၏ ဆန်းစစ်ခြင်းကို ခံကြရလိမ့်မည်။ ငါ့ကို အမှန်တကယ်ချစ်သော သူများထဲမှ တစ်ဦးတစ်ယောက်ကိုမျှ ငါလုံး၀ လျစ်လျူရှုလိမ့်မည်မဟုတ်။ ၎င်းတို့အားလုံးသည် ကောင်းချီးမင်္ဂလာများကို လက်ခံရရှိသောသူများဖြစ်ပြီး၊ ဘုရင်များအဖြစ် ငါ ကြိုတင်ခွဲခန့်မှတ်သားပြီးဖြစ်သော သားဦးများ အုပ်စု ဖြစ်သည်။ ငါ့ကို အမှန်တကယ်မချစ်သောသူများအတွက်မူ၊ ၎င်းတို့၏ မိမိတို့၏ ကိုယ်ပိုင် လှည့်ကွက်များ၏ ပစ်မှတ်များဖြစ်ကြပြီး ကံအကြောင်းမလှသည့် ဖြစ်ရပ်ကို ခံစားကြရလိမ့်မည်။ ဤအရာကိုလည်း ငါကြိုတင်ခွဲခန့်မှတ်သားခြင်း ဖြစ်သည်။ မစိုးရိမ်နှင့်။ ၎င်းတို့ကို ငါ တစ်ဦးပြီးတစ်ဦး ထုတ်ဖော်ပြမည်။ ငါသည် ဤအမှုကို ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကာ ယင်းကို စတင်လုပ်ဆောင်နှင့်ပြီး ဖြစ်သည်။ ထိုအရာအားလုံးကို စနစ်တကျ ပုံစံတစ်ခုဖြင့် လုပ်ဆောင်လျက် ရှိ၏။ အဘယ်သူသည် ရွေးချယ်ခြင်းခံရပြီး အဘယ်သူသည် ဖယ်ရှားသုတ်သင်ခြင်း ခံရမည်ကို ငါဆုံးဖြတ်နှင့်ပြီး ဖြစ်သည်။ တစ်ဦးပြီးတစ်ဦး ၎င်းတို့သည် သင်တို့ တွေ့မြင်ဖို့အတွက် ထုတ်ဖော်ပြခံရလိမ့်မည်။ ဤအချိန်များအတွင်းတွင် ငါ၏လက်က အဘယ်အရာလုပ်ဆောင်နေသည်ကို သင်တို့မြင်ရကြလိမ့်မည်။ ငါ၏ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်သည် တစ်ဦးတစ်လေထံမှ မည်သည့် ပုန်ကန်ပြစ်မှားမှု သို့မဟုတ် ခုခံမှုကိုမျှ ခွင့်မပြုသကဲ့သို့ ပုန်ကန်ပြစ်မှားသူ မည်သူမဆို ပြင်းထန်စွာ အပြစ်ပေးခံရလိမ့်မည်ကို လူအားလုံး တွေ့မြင်လိမ့်မည်။

ငါသည် အယောက်တိုင်း၏ စိတ်နှလုံး အတွင်းကျကျ နက်ရှိုင်းသော နေရာများကို စဉ်ဆက်မပြတ် စိစစ်သောသူ ဖြစ်သည်။ ငါ့ကို အပြင်ဘက်မှသာ မကြည့်နှင့်။ မျက်စိကန်းသောလူတို့၊ ငါအလွန်ရှင်းလင်းစွာ ပြောဆိုပြီးဖြစ်သည့် စကားများကို သင်တို့ နားမထောင်ကြသကဲ့သို့၊ ငါ့ကို- ပြီးပြည့်စုံသော ဘုရားသခင်ကိုယ်တိုင်ကို- သက်သက် မယုံကြည်ကြပေ။ ငါ့ကို နားပူ နားဆာလုပ်ဝံ့သူ သို့မဟုတ် ငါ့ထံမှ တစ်စုံတစ်ရာကို ဖုံးကွယ်ဝံ့သူ မည်သူဆိုကို ငါ သေချာပေါက် သည်းခံလိမ့်မည်မဟုတ်။

ငါ၏ မိန့်မြွက်ချက် အသီးသီးကို သင်တို့ မှတ်မိကြသလော။ "ငါ့ကိုမြင်ခြင်းသည်

ကမ္ဘာအဆက်ဆက် ဖုံးကွယ်ထားသော နက်နဲမှုတစ်ခုစီတိုင်းကို မြင်ခြင်းနှင့် တူ၏။”
ဤထုတ်ပြန်ချက်ကို သေချာစွာ သင် တွေးဆဖူးသလော။ ငါသည် ဘုရားသခင်ဖြစ်ပြီး၊ ငါ၏ နက်နဲမှုများများကို သင်တို့အတွက် ပြသပြီး ဖြစ်သည်။ ယင်းတို့ကို သင်တို့ မမြင်ပြီလော။ အဘယ်ကြောင့် သင်တို့သည် ငါ့ကို အာရုံမစိုက်ကြသနည်း။ ပြီးလျှင် အဘယ်ကြောင့် သင့်စိတ်၌ရှိသည့် ထိုမရေရာသော ဘုရားကို သင် အလွန်ကိုးကွယ်သနည်း။ စစ်မှန်သည့် တပါးတည်းသောဘုရားသခင်- ငါသည် တစ်ခုတစ်လေကို အဘယ်သို့ မှားနိုင်မည်နည်း။ ယင်းနှင့်သက်ဆိုင်၍ သေချာကြလော့။ ငါ၏ စကားတိုင်းနှင့် လုပ်ရပ်တိုင်း၊ ငါ၏ လုပ်ဆောင်ချက်တိုင်းနှင့် လှုပ်ရှားမှုတိုင်း၊ ငါ၏ပြုံးရယ်ခြင်း၊ ငါ၏စားသောက်ခြင်း၊ ငါ၏ဝတ်ဆင်ခြင်း၊ ငါ၏အရာရာတိုင်းကို ဘုရားသခင် ကိုယ်တိုင်လုပ်ဆောင်ခြင်းဖြစ်သည်။ သင်တို့သည် ငါ့ကို ဝေဖန်ကြသည်- ငါ၏ ရောက်ရှိလာခြင်းမတိုင်မီ သင်တို့သည် ဘုရားကိုမြင်နှင့်ကြပြီးသည်များ ဖြစ်နိုင်မည်လော။ သို့မဟုတ်ပါက သင်တို့သည် အဘယ်ကြောင့် ငါနှင့် သင်တို့၏ ဘုရားသခင်ကြား စိတ်နှင့်ဆိုင်သော နှိုင်းယှဉ်ချက်များ အမြဲ ပြုနေကြသနည်း။ ယင်းသည် လုံးဝ လူသား အယူအဆများ၏ ရလဒ်တစ်ခု ဖြစ်၏။ ငါ၏ လုပ်ရပ်များနှင့် အပြုအမူများသည် သင်၏ စိတ်ကူးစိတ်သန်းများနှင့် ကိုက်ညီမှုမရှိပေ၊ ဟုတ်ပါသလော။ ငါ၏လုပ်ရပ်များနှင့် အပြုအမူများ မှန်ကန်ခြင်း ရှိမရှိဆိုသည်ကို ထင်မြင်ချက်ပေးရန် မည်သည့်လူကိုမျှ ငါခွင့်မပြုပေ။ ငါသည် တစ်ပါးတည်းသော စစ်မှန်သည့် ဘုရားသခင် ဖြစ်ပြီး ဤသည်မှာ ပြောင်းလဲ၍မရနိုင်သည့်၊ မငြင်းနိုင်သော အမှန်တရား ဖြစ်သည်။ မိမိကိုယ်တိုင်၏ လှည့်ကွက်များ လှည်းစားခြင်းကို မခံကြနှင့်။ ငါ၏ နှုတ်ကပတ်တော်များက ဤအရာကို အကြွင်းမဲ့ ရှင်းလင်းပြတ်သားမှုဖြင့် ထောက်ပြပြီး ဖြစ်သည်။ ငါ၌ လူ့သဘာဝ တစ်စက်မျှ မရှိပေ။ ငါ၏အရာအားလုံးသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်၏၊ အမှုအရာ တစ်ခုမျှ ကွယ်ဝှက်ခြင်းမရှိဘဲ အပြည့်အဝ သင်တို့ထံ သိသာထင်ရှားစေပြီး ဖြစ်သည်။

## အခန်း ၄၂

ချို့ယွင်းချက် သို့မဟုတ် အားနည်းချက် တစ်ခုတစ်လေကို သင်ရှာဖွေတွေ့ရှိပါက၊ ယင်းကို သင့်အား ဖယ်ရှားစေရန် သင်သည် ငါ့အပေါ်တွင် မှီခိုရမည်။ အချိန်မဆွဲနှင့်။ သို့မဟုတ်လျှင် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် သင်နှင့် အလွန်ဝေးကွာလိမ့်မည်ဖြစ်ပြီး၊ သင်သည် အလွန်နောက်ကျကျန်ရစ်လိမ့်မည်။ သင့်ကို ငါ ပေးအပ်ထားပြီးဖြစ်သည့် အလုပ်ကို ငါ၏

မျက်မှောက်တွင် မကြာခဏ တိုးချဲ့ကပ်ခြင်း၊ ဆုတောင်းခြင်းနှင့် မိတ်သဟာယပြုခြင်းတို့ဖြင့်သာ ပြီးမြောက်နိုင်သည်။ ဤအရာများကို သင် မလုပ်ဆောင်ပါက၊ မည်သည့်ရလဒ်မျှ စွမ်းဆောင်ရရှိလိမ့်မည် မဟုတ်သကဲ့သို့၊ အားလုံးသည် အချည်းနှီး လုပ်ဆောင်ပြီးဖြစ်လိမ့်မည်။ ယနေ့ ငါ၏အမှုသည် အတိတ်ကကဲ့သို့ မဟုတ်။ ငါချစ်သောလူတို့ထဲက အသက်၏ အတိုင်းအတာသည် ယခင်က ဖြစ်ခဲ့သည့်အရာနှင့် အလွန် ကွာခြား၏။ ၎င်းတို့အားလုံးသည် ငါ၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် ရှင်းလင်းသော သိနားလည်မှုတစ်ခုအပြင်၊ ယင်းတို့ထဲသို့ ထိုးထွင်းသော အမြင်တစ်ခုလည်း ရှိကြ၏။ ဤအရာသည် အသိသာအထင်ရှားဆုံးသော ရှုထောင့်ဖြစ်ပြီး၊ ယင်းသည် ငါ့အမှု၏အဲ့သြဖွယ်ရာကို သုံးသပ်ဆင်ခြင်နိုင်စွမ်း အရှိဆုံး ဖြစ်သည်။ ငါ့အမှု၏ အရှိန်အဟုန်သည် အရှိန်မြင့်ပြီးဖြစ်ကာ၊ ဤအမှုသည် အတိတ်ကနှင့် သေချာပေါက် ကွဲပြား၏။ ယင်းသည် လူတို့အတွက် စိတ်ကူးကြည့်ရန် ခက်ခဲပြီး၊ ထို့အပြင် ၎င်းတို့ နားလည်ဖို့ မဖြစ်နိုင်ပေ။ သင်တို့အဖို့ အဘယ်အရာမျှ နက်နဲမှုတစ်ခု မဟုတ်တော့ပေ။ ထိုအစား၊ အားလုံးကို သိရှိစေပြီးဖြစ်ကာ သိသာထင်ရှားစေပြီးဖြစ်သည်။ ယင်းသည် ရှင်းလင်း၏၊ ယင်းသည် လွှတ်ခြင်းခံရပြီး၊ ထို့အပြင် လုံးဝ လွတ်လပ်သည်။ ငါချစ်သောသူတို့သည် မည်သည့်လူမျှ၊ မည်သည့် အဖြစ်အပျက်မျှ၊ သို့မဟုတ် မည်သည့် အမှုအရာမျှ၏ တကယ်ကို ကန့်သတ်ခြင်းခံရလိမ့်မည်မဟုတ်သကဲ့သို့ မည်သည့် နေရာ သို့မဟုတ် ပထဝီဝင် အနေအထားမျှ၏ ကန့်သတ်ခြင်းကို ခံရလိမ့်မည်မဟုတ်ပေ။ ၎င်းတို့သည် ပတ်ဝန်းကျင်အားလုံးက ချမှတ်သော ထိန်းချုပ်မှုကို ကျော်လွန်ကြလိမ့်မည်ဖြစ်ပြီး၊ ဇာတိပကတိမှ လွတ်လာကြလိမ့်မည်။ ဤအရာသည် ငါ၏ ကြီးမြတ်သော အမှု ပြီးစီးခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် လုပ်ဆောင်ဖို့ နောက်ထပ် မည်သည့်အရာမျှ ရှိလိမ့်မည် မဟုတ်။ ယင်းသည် လုံးဝ ပြီးဆုံးသွားလိမ့်မည် ဖြစ်သည်။

ကြီးမြတ်သော အမှု ပြီးစီးခြင်းကို သားဦးများအားလုံးနှင့် ငါချစ်သော သူတအားလုံးကို ရည်ညွှန်းရာတွင် ဖော်ပြထားခြင်း ဖြစ်သည်။ နောင်တွင် သင်သည် မည်သည့်လူ၊ အဖြစ်အပျက် သို့မဟုတ် အမှုအရာမျှ၏ ထိန်းချုပ်မှုကို ခံရလိမ့်မည် မဟုတ်ပေ။ သင်သည် စကြဝဠာတစ်ခုလုံးကို ဖြတ်သန်းရင်းနှင့် နေရာတိုင်းတွင် သင်၏ ခြေရာကို ချန်ထားရင်း၊ စကြဝဠာ၏ အမျိုးမျိုးသော တိုင်းနိုင်ငံများတစ်လျှောက် ခရီးနှင်လိမ့်မည်။ ဤအရာကို အလွန်ရှည်ကြာလွန်းလှသည်ဟု မစဉ်စားနှင့်။ ဤသည်မှာ သင့်မျက်စိရှေ့တည့်တည့်တွင် များမကြာမီ အမှန်တကယ် ဖြစ်လာမည့် တစ်စုံတစ်ခု ဖြစ်သည်။ ငါပြုသောအရာကို သင်တို့အား အပ်နှံလိမ့်မည်ဖြစ်ပြီး၊ ငါ၏နင်းလျှောက်သွားသော နေရာများသည်

သင်တို့၏ခြေရာများ ရှိလိမ့်မည်။ ထို့အပြင် ဤသည်မှာ ငါတို့-သင်တို့နှင့် ငါသည်-ရှင်ဘုရင်များကဲ့သို့ အတူစိုးစံခြင်း၏ စစ်မှန်သော အဓိပ္ပာယ် ဖြစ်ပေသည်။ ငါပေးသည့် ထုတ်ဖော်ပြချက်များသည် အနည်းငယ်မျှ ကွယ်ဝှက်ခြင်းမရှိဘဲ၊ အဘယ့်ကြောင့် တိုး၍ ယခင်ထက် ရှင်းလင်းလာကာ သာ၍ သာ၍ ထင်ရှားပေါ်လွင်လာသည်ကို သင်တို့ တွေးဆဖူးပါသလော။ အဘယ်ကြောင့် ငါသည် အမြင့်ဆုံးသက်သေခံပြီးဖြစ်ကာ ဤနက်နဲမှုများအားလုံးနှင့် ဤနှုတ်ကပတ်တော်အားလုံးကို သင်တို့ထံ ပြောပြီးပြီနည်း။ အကြောင်းရင်းမှာ အထက်ဖော်ပြပါ အမှုမှလွဲ၍ အခြားမရှိပေ။ သို့သော်၊ လက်ရှိတွင် သင်တို့၏ အလုပ် တိုးတက်မှုသည် နှေးကွေးလွန်းလှ၏။ ငါ၏ ခြေလှမ်းများကို သင်သည် အမှီမလိုက်နိုင်ပေ၊ သင်တို့သည် ငါနှင့်အတူ အလွန်ကောင်းစွာ မပူးပေါင်းမဆောင်ရွက်နိုင်သကဲ့သို့၊ ယခုတွင် ငါ၏အလိုကို သင်တို့ စွမ်းဆောင်ရရှိနိုင်စွမ်း မရှိကြသေးပေ။ သင်တို့သည် ငါ၏ စိတ်နှလုံးကို ဖြစ်နိုင်သမျှ မြန်မြန် စိတ်ကျေနပ်မှု ဆောင်ကြဉ်းနိုင်ဖို့အလို့ငှာ၊ ငါသည် သင်တို့ကို ပိုမိုပြင်းထန်စွာ လေ့ကျင့်ပေးရမည်ဖြစ်ပြီး သင်တို့အား ငါ၏စုံလင်စေခြင်းကို အရှိန်မြှင့်ရပေမည်။

လတ်တလောတွင်၊ အသိသာအထင်ရှားဆုံးသောအရာမှာ သားဦးများအဖွဲ့သည် လုံးဝ ဖွဲ့စည်းပြီးသွားပြီဖြစ်သည်။ အားလုံးသည် ငါ၏ အတည်ပြုခြင်းခံရကာ၊ ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက ငါ၏ခွဲခန့်မှတ်သားထားခြင်းနှင့် ရွေးချယ်ခြင်းကိုပင် ခံရပြီး ဖြစ်သည်။ အသီးသီးကို ငါ၏ကိုယ်ပိုင်လက်ဖြင့် အထောက်အကူပြုထားသည်။ ဤအရာတွင် လူသား သုံးသပ်ခြင်းတစ်ခုတစ်လေမျှအတွက် အခွင့်အရေး မရှိပေ။ ယင်းသည် သင်၏ ထိန်းချုပ်မှုကို ကျော်လွန်သည်။ မာနမကြီးနှင့်။ ယင်းသည် ငါ၏ ကြင်နာခြင်းနှင့် သနားကရုဏာ ဖြစ်သည်။ ငါ၏ရှုထောင့်အမြင်မှ၊ အရာရာတိုင်းသည် ပြီးမြောက်နှင့်ပြီး ဖြစ်သည်။ ယင်းမှာ သင်တို့၏ မျက်စိများသည် အလွန် မှုန်ဝါးနေသောကြောင့်သာဖြစ်ပြီး ယခုတွင်ပင် သင်တို့သည် ငါ၏ လုပ်ဆောင်ချက်များ၏ ရှင်းလင်းသည့် အံ့သြဖွယ် မြင်ကွင်းတစ်ခုကို ရရှိနိုင်ချေ။ သင်တို့ မည်သူမျှ ငါ၏အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်း၊ ငါ၏ ဉာဏ်ပညာ၊ ငါ၏ လုပ်ရပ်တိုင်း သို့မဟုတ် ငါ၏ စကားလုံးတိုင်းနှင့် လုပ်ဆောင်မှုတိုင်း၏ လုံးဝ ရှင်းလင်းသည့် သို့မဟုတ် မှန်ကန်သည့် သိနားလည်မှုတစ်ခုကို မပိုင်ဆိုင်ကြပေ။ ဤအကြောင်းရင်းကြောင့်၊ ရှင်းလင်းစွာ ငါပြောဆို၏။ ငါ့သားများအတွက်၊ ငါ၏ ချစ်ရသူများအတွက်၊ ငါသည် ဖြစ်သည့်နည်းဖြင့် ပေးဆပ်ရန်၊ ပင်ပင်ပန်းပန်း လုပ်ရန်နှင့် ငါ့ကိုယ်ငါ အသုံးခံရန် ဆန္ဒရှိသည်။ ငါ၏ နှုတ်ကပတ်တော်များမှတစ်ဆင့် သင်သည် ငါ့ကို သိသလော။ ယင်းတို့ကို သာ၍ ရှင်းလင်းစွာ ဖွင့်ဟဖို့ ငါ့ကို သင် လိုအပ်သလော။ နောက်ထပ် အကျင့်မပျက်တော့နှင့်။ ငါ၏ စိတ်နှလုံးကို

စာနာထောက်ထားလော့။ ယခုတွင် ထိုသို့သော ကြီးမြတ်သည့် နက်နဲမှုကို သင်တို့အား ပြောပြပြီးဖြစ်သောကြောင့်၊ သင်တို့ အဘယ်အရာကို ပြောရန် ရှိသနည်း။ သင်တို့သည် စောဒကတက်ခြင်းများ တစ်ခုတစ်လေ ရှိသေးသလော။ အကယ်၍ သင်သည် အဖိုးအခကို မပေးသကဲ့သို့ ကြိုးစားမလုပ်ဆောင်ပါက၊ ငါ ဖြတ်သန်းပြီးသော အပင်ပန်းခံသည့် အားထုတ်မှုအားလုံးနှင့် သင် ထိုက်တန်နိုင်မည်လော။

ယနေ့ခေတ်လူတို့သည် ၎င်းတို့ကိုယ်ကိုယ် မထိန်းချုပ်နိုင်ကြပေ။ ၎င်းတို့ အလိုရှိကြလျှင်ပင် ငါ မျက်နှာသာမပေးသော သူတို့တွင် ငါ့ကို ချစ်ခြင်း မထွက်ပေါ် နိုင်ပေ။ သို့သော် ငါခွဲခန့်မှတ်သားထားပြီး ရွေးချယ်ထားပြီးဖြစ်သော လူတို့သည် ၎င်းတို့ အလိုရှိကြလျှင်ပင် လွတ်မြောက်နိုင်ကြလိမ့်မည်မဟုတ်။ ၎င်းတို့ မည်သည့်နေရာသို့ သွားကြသည်ဖြစ်စေ၊ ငါ၏ လက်ကို မရှောင်လွှဲနိုင်ကြ။ ယင်းမှာ ငါ၏ဘုန်းအာနုဘော် ဖြစ်ပြီး၊ ထို့ထက်ပင် သာ၍ ငါ၏ တရားစီရင်ခြင်း ဖြစ်သည်။ လူအားလုံးသည် ငါ၏အစီအစဉ်၊ ငါ၏အလိုနှင့်အညီ၊ ၎င်းတို့၏ အရေးကိစ္စများကို လုပ်ရမည်။ ဤနေ့မှစ၍ အရာရာသည် ငါ၏လက်သို့ လုံးဝ ပြန်ရောက်ရှိလာပြီး၊ ၎င်းတို့ မထိန်းချုပ်နိုင်လောက်အောင် ဖြစ်သည်။ အရာရာတိုင်းကို ငါ ထိန်းချုပ်ပြီး စီစဉ်ထားခြင်း ဖြစ်သည်။ အကယ်၍ လူတို့သည် အသေးအဖွဲနည်းလမ်းဖြင့် ပါဝင်ကြပါက၊ ငါသည် ၎င်းတို့ကို ပေါ့တန်စွာ အလွှတ်ပေးလိမ့်မည် မဟုတ်။ ယနေ့မှစလျက်၊ ငါသည် လူအားလုံးအား- အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည့်၊ လူသားများအလယ် ကြွလာခဲ့ပြီး ၎င်းတို့၏ ငြင်းပယ်ခြင်းနှင့် အသရေဖျက်ခြင်းတို့ကို ခံခဲ့ရသကဲ့သို့၊ အရာရာတိုင်းကို အလုံးစုံ ထိန်းချုပ်ကာ စီစဉ်သော စစ်မှန်သည့် တစ်ပါးတည်းသော ဘုရားသခင်၊ နိုင်ငံတော်ကို ကွပ်ကဲအုပ်ချုပ်သည့် ရှင်ဘုရင်၊ စကြဝဠာကို စီမံခန့်ခွဲသော ဘုရားသခင်ကိုယ်တိုင်၊ ထို့အပြင် လူသားတို့၏ သေခြင်းနှင့် ရှင်ခြင်းကို ထိန်းချုပ်ပြီး၊ မရဏာနိုင်ငံသော့ကို ကိုင်စွဲထားသော ဘုရားသခင်- ငါ့ကို သိခွင့်ပေးမည်။ ငါသည် လူသား အားလုံးတို့အား (၎င်းတို့ ဝိညာဉ်များ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပြီးလျှင် ၎င်းတို့ မိုက်မဲသည်ဖြစ်စေ သို့မဟုတ် မသန်မစွမ်းဖြစ်ခြင်းများ ရှိသည်ဖြစ်စေ၊ စသဖြင့် လူကြီးများနှင့် ကလေးသူငယ်များအား) ငါ့အကြောင်းကို သိစေမည်။ ငါသည် ဤအလုပ်မှ မည်သူကိုမျှ လွတ်ငြိမ်းခွင့်ပေးမည်မဟုတ်။ ယင်းသည် အကြီးလေးဆုံးသော အလုပ်၊ ငါကောင်းမွန်စွာ ပြင်ဆင်ထားသော အလုပ်နှင့် ယခု စတင်လျက်၊ ဆောင်ရွက်လျက်ရှိနေသည့် အလုပ်တစ်ခု ဖြစ်သည်။ ငါပြောသောအရာ လုပ်ဆောင်ပြီးဖြစ်ရမည်။ သင်၏ ဝိညာဉ်ရေးရာ မျက်စိများကို ဖွင့်လော့၊ သင်၏ ကိုယ်ပိုင် အယူအဆများကို ချထားပြီး၊ ငါသည် စကြဝဠာကို စီမံအုပ်ချုပ်သော စစ်မှန်သည့် တစ်ပါးတည်းသော ဘုရားသခင် ဖြစ်သည်ကို သိမှတ်လော့။ ငါသည် မည်သူမျှထံမှ

မကွယ်ဝှက်သကဲ့သို့ ငါသည် အယောက်တိုင်းအပေါ် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ဆောင်ရွက်သည်။

သင်တို့၏ ကိုယ်ပိုင် အမှုအရာများ အားလုံးကို ဘေးဖယ်ထားလော့။ ငါ့ထံမှ သင်တို့ ရရှိသော အရာများသည် ပို၍တန်ဖိုးကြီးပြီး၊ များစွာ ပို၍ အရေးပါသည် မဟုတ်သလော။ ယင်းတို့နှင့် သင်၏အမှိုက် ကြားတွင် ကမ္ဘာတစ်ခုခြားသကဲ့သို့ ကွာခြားခြင်းရှိသည် မဟုတ်သလော။ မြန်မြန်လုပ်ကာ အသုံးမဝင်သော အရာများကို စွန့်ပစ်လော့။ သင်သည် ကောင်းချီးမင်္ဂလာများကို ရရှိမည် သို့မဟုတ် ကံအကြောင်းမလှသည့် ဖြစ်ရပ် ကြုံရမည်ဆိုသည်ကို ယခု ဆုံးဖြတ်ထားလျက် ရှိသည်။ ဤသည်မှာ အရေးပါလှသော အခိုက်အတန့်တစ်ခု ဖြစ်၏။ ယင်းသည် အရေးပါဆုံးသော အခိုက်အတန့်တစ်ခုပင် ဖြစ်၏။ သင်သည် ဤအရာကို အမှန်တကယ် မြင်နိုင်သလော။

# အခန်း ၄၃

ငါ့စကားတို့သည် ငါပြောဆိုလိုက်သည်နှင့်တပြိုင်နက် ပြည့်စုံခြင်းသို့ ရောက်ရှိပြီး၊ ၎င်းတို့သည် ဘယ်သောအခါမျှ ပြောင်းလဲခြင်းမရှိဘဲ အပြည့်အဝ မှန်ကန်ကြသည်။ ဤအရာကို အောက်မေ့လော့။ သင်သည် ငါ၏နှုတ်မှ ထွက်ဆိုသော စကားလုံးတိုင်း၊ စကားရပ်တိုင်းကို သေချာစွာ ထည့်သွင်းစဉ်းစားရမည်။ သင်သည် ဆုံးရှုံးမှုကို ခံစားရပြီး ငါ၏တရားစီရင်ခြင်း၊ ငါ၏အမျက်ဒေါသ၊ ငါ၏လောင်မြိုက်ခြင်းတို့ကိုသာ ရရှိမည်ကိုစိုး၍ အထူးသတိပြုလော့။ ယခုတွင် ငါ၏ အမှုသည် မည်ကာမတ္တမဟုတ်ဘဲ အလွန်လျင်မြန်သော အဟုန်ဖြင့် ရွေ့လျားလျက်ရှိ၏၊ ၎င်းကို အလွန်သိမ်မွေ့စွာ မွမ်းမံထားသဖြင့် ပကတိမျက်စိဖြင့် မမြင်ရနိုင်သလောက်ဖြစ်ပြီး၊ လူ့လက်ဖြင့် ဖမ်းဆုပ်၍ မရနိုင်ပေ။ ၎င်းသည် အထူးပင် စေ့စပ်တိကျသည်။ ငါသည် အဓိပ္ပာယ်မဲ့သော စကားများကို ဘယ်သောအခါမျှ မမိန့်မြွက်၊ ငါဆိုသမျှအားလုံးက မှန်ကန်သည်။ ငါ၏စကားလုံးတိုင်းသည် စစ်မှန်ပြီး တိကျမှန်ကန်သည်ကို သင်ယုံကြည်သင့်သည်။ အရေးမထားဘဲ မနေနှင့်၊ ဤသည်မှာ အရေးပါသော အခိုက်အတန့်ဖြစ်ပေသည်။ သင် ကောင်းကြီးမင်္ဂလာများ ရရှိမည် သို့မဟုတ် ကံဆိုးခြင်းကို ရရှိမည်ကို ဤအခိုက်အတန့်မှာပင် ဆုံးဖြတ်မည်ဖြစ်ပြီး။ ခြားနားချက်မှာ ကောင်းကင်နှင့် မြေကြီးကြားထဲရှိ ထိုကဲ့သို့ ဖြစ်သည်။ သင်သည် ကောင်းကင်သို့ သွားမည်လော သို့မဟုတ် မရဏာနိုင်ငံသို့ သွားမည်လော ဆိုသည်မှာ ငါ၏ထိန်းချုပ်မှုအောက်တွင်

လုံးလုံးလျားလျားရှိသည်။ မရဏာနိုင်ငံသို့ ဦးတည်နေသူတို့သည် ၎င်းတို့၏
နောက်ဆုံးသေအံ့ဆဲဆဲ ရုန်းကန်ကြိုးပမ်းခြင်းကို ရင်ဆိုင်နေရစဉ် ကောင်းကင်သို့
သွားမည့်သူတို့မှာ ၎င်းတို့၏ နောက်ဆုံးသော ဆင်းရဲဒုက္ခအနည်းငယ်ကို ခံစားရပြီး၊
နောက်ဆုံးအနေဖြင့် ငါ့အတွက် အသုံးခံနေကြသည်။ အနာဂတ်တွင်
သူတို့ပြုသမျှအရာအားလုံးသည် လူတို့အား ဒုက္ခပေးသော အရေးမပါသည့် အရာများအားလုံး
(အိမ်ထောင်ရေး၊ အလုပ်အကိုင်၊ စိတ်ညစ်ညူးဖွယ် ဓနဥစ္စာ၊ ရာထူးအဆင့်အတန်း စသည်တို့)
မပါသော ပျော်ရွှင်ခြင်းနှင့် ချီးမွမ်းခြင်းတို့ ပါဝင်မည်ဖြစ်သည်။ သို့သော်လည်း မရဏာနိုင်ငံသို့
သွားမည့်သူများအတွက်မှာမူ၊ ၎င်းတို့၏ ဆင်းရဲဒုက္ခခံရခြင်းသည် ထာဝရဖြစ်သည်
(ဤအရာက ၎င်းတို့၏ ဝိညာဉ်၊ စိတ်နှင့် ခန္ဓာတို့ကို ရည်ညွှန်းသည်။) ၎င်းတို့သည် ငါ၏
အပြစ်ဒဏ်ပေးခြင်းလက်မှ ဘယ်သောအခါမျှ လွတ်မြောက်မည်မဟုတ်ပေ။
ဤအစွန်းနှစ်ဖက်မှာ မီးနှင့်ရေကဲ့သို့ တခြားစီဖြစ်သည်။ ၎င်းတို့မှာ ရောထွေးခြင်း လုံးဝမရှိ-
ကံဆိုးခြင်းကို ခံစားရသော သူတို့က ကံဆိုးခြင်းကို ဆက်လက်ခံစားနေရမည်ဖြစ်စဉ်
ကောင်းကြီးခံစားရသောသူတို့သည် သူတို၏ စိတ်ရှိသလောက် ပျော်မွေ့ခြင်းနှင့်
တွေ့ဆုံရလိမ့်မည် ဖြစ်သည်။

ဖြစ်ရပ်အားလုံးနှင့်၊ အမှုအရာအားလုံးသည် ငါ၏ ထိန်းချုပ်ခြင်းကို ခံရသည်သာမက သင်တို့
(ငါ၏ သားများ၊ ငါ၏ ချစ်လှစွာသောသူများ) သည် ထို့အတူ ငါနှင့် ပို၍ပင်စပ်ဆိုင်သည်။
သင်တို့သည် ငါ၏ အနှစ်ခြောက်ထောင်စီမံခန့်ခွဲမှုအစီအစဉ်၏ ပုံဆောင်ခဲဖြစ်ကာ၊ သင်တို့သည်
ငါ၏ ရတနာများ ဖြစ်ကြသည်။ သူတို့သည် ငါ့အား သိသာထင်ရှားစေသောကြောင့်
ငါချစ်သောသူအားလုံးသည် ငါ့အမြင်တွင် နှစ်လိုဖွယ်ရာဖြစ်သည်။ ငါမုန်းတီးသောသူများ
သူတို့အား ကြည့်ပင်မကြည့်ဘဲ ငါစက်ဆုပ်ရွံ့ရှာသည်မှာ သူတို့သည် စာတန်မှ
ဆင်းသက်လာသူများဖြစ်ပြီး စာတန်နှင့် စပ်ဆိုင်ကြသည်။ ယနေ့တွင် လူတို့အားလုံးသည်
မိမိကိုယ်ကိုယ် ပြန်လည်စစ်ဆေးသင့်သည်- အကယ်၍ သင်၏ ရည်ရွယ်ချက်များသည်
မှန်ကန်ပြီး သင်သည် ငါ့အား အမှန်တကယ် ချစ်မြတ်နိုးလျှင် သင်သည် ငါ၏ချစ်ခြင်းကို
ဧကန်မုချ ခံရမည်ဖြစ်သည်။ သင်သည် ငါ့အား စစ်မှန်စွာ ချစ်မြတ်နိုးရမည်ဖြစ်ပြီး ငါ့အား
မလှည့်ဖြားရ။ ငါသည် လူတို့၏ အတွင်းကျဆုံးသော စိတ်နှလုံးများကို စစ်ကြောသော
ဘုရားသခင်ဖြစ်သည်။ အကယ်၍ သင်၏ ရည်ရွယ်ချက်များသည် မှားယွင်းပြီး သင်သည်
ငါ့အပေါ် အေးစက်ကာ သစ္စာမဲ့လျှင် သင်သည် ငါ၏စက်ဆုပ်ရွံရှာခြင်းကို အသေအချာ
ခံရမည်ဖြစ်သည်။ ငါသည် သင့်ကို ရွေးချယ်ခြင်းလည်း
မပြုခဲ့သကဲ့သို့ကြိုတင်ပြဋ္ဌာန်းခြင်းလည်း မရှိခဲ့ပေ။ သင်ငရဲသွားရမည့်အချိန်ကိုသာ

ဆက်၍စောင့်ဆိုင်းနေလော့။ အခြားသောသူတို့က ဤအရာများကို မြင်ချင်မှမြင်နိုင်လိမ့်မည် ဖြစ်သော်လည်း၊ လူတို့၏ စိတ်နှလုံးအတွင်းကို နက်နက်နဲနဲကြည့်သော ဘုရားသခင်ဖြစ်သည့် ငါနှင့်သင်သာ သိလေသည်။ ယင်းတို့အားလုံးမှာ သေချာသောအချိန်တစ်ခု၌ ထုတ်ဖော်ခြင်းကို ခံရလိမ့်မည်။ ရိုးသားမှန်ကန်သောသူတို့သည် စိုးရိမ်ပူပန်ရန် မလိုအပ်ဘဲ၊ ရိုးသားမှန်ကန်ခြင်း မရှိသောသူတို့သည် ကြောက်ရွံ့စရာ မလိုအပ်ပေ။ ဤအရာအားလုံးမှာ ငါ၏ အမြော်အမြင်ရှိသော အကြံအစည်တို့၏ အစိတ်အပိုင်းပင် ဖြစ်ပေသည်။

လက်ရှိလုပ်ငန်းတာဝန်သည် အရေးတကြီးနှင့် ခက်ခဲကြီးလေးပြီး၊ ယင်းက သင်တို့အနေဖြင့် ဤနောက်ဆုံးအလုပ်ကို လက်စသတ်ဖို့ရန် ငါ့အတွက် နောက်ဆုံးအကြိမ် အသုံးခံ ရန် အလိုရှိသည်။ ငါ၏ တောင်းဆိုချက်များသည် အမှန်တကယ်တွင် အလွန်မတင်းကျပ်ပေ- ငါသည် သင်တို့ကို ငါနှင့်အတူ ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ငါ့ကို အရာရာ၌ ကျေနပ်အားရစေနိုင်ရန်နှင့် အတွင်းထဲ၌ သင့်အား ငါပေးသော လမ်းညွှန်မှုကို လိုက်လျှောက်နိုင်ရန်သာ လိုအပ်သည်။ မျက်စိမကန်းနှင့်၊ ရည်မှန်းချက်ပန်းတိုင်တိုင် ရှိပြီး၊ ငါ၏ ရည်ရွယ်ချက်များကို ရှုထောင့်ပေါင်းစုံနှင့် အရာရာတိုင်း၌ ခံစားကြည့်လော့။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့အဖို့ ဖုံးကွယ်ထားသော ဘုရားသခင် မဟုတ်တော့သောကြောင့်ဖြစ်ပြီး သင်တို့သည် ငါ၏ရည်ရွယ်ချက်များကို နားလည်ရန်အလို့ငှာ ဤအကြောင်းကို လွန်စွာ ရှင်းလင်းနေရမည် ဖြစ်သည်။ အလွန်တိုတောင်းသော အချိန်ကာလအတွင်း၌၊ သင်တို့သည် မှန်ကန်သောလမ်းကို ရှာဖွေသော တိုင်းတစ်ပါးသားများနှင့် တွေ့ဆုံရမည်သာမက၊ ပို၍အရေးကြီးသည်မှာ သင်တို့၌ ၎င်းတို့အား ဦးဆောင်လမ်းပြရန်အတွက် အရည်အချင်း ရှိသင့်ခြင်းပင်ဖြစ်သည်။ ထိုအရာသည် ငါ၏ အရေးတကြီး ရည်ရွယ်ချက်ဖြစ်သည်။ အကယ်၍ ဤအရာကို သင်မမြင်နိုင်လျှင် အလုပ်ဖြစ်လိမ့်မည်မဟုတ်ပေ။ သို့ရာတွင် သင်သည် ငါ၏အနန္တတန်ခိုးကို ယုံကြည်ရမည်။ လူတို့သည် မှန်ကန်နေသရွေ့ ငါသည် သူတို့ကို စစ်သည်ကောင်းများ ဖြစ်စေရန် သေချာစွာ လေ့ကျင့်ပေးမည်။ အရာရာအားလုံးသည် ငါ၏ သင့်လျော်စွာ စီစဉ်ထားခြင်းခံရသည်။ သင်တို့သည် ငါ့အတွက် ဒုက္ခခံဖို့ရန် ဆန္ဒပြင်းပြနေရမည်။ ဤသည်မှာ အဓိကကျသော အခိုက်အတန့်ဖြစ်သည်။ ယင်းကို လက်မလွှတ်စေနှင့်။ ငါသည်အတိတ်က သင်တို့ပြုခဲ့သော အရာများကို အမှတ်ထားမည်မဟုတ်။ သင်သည် ငါ့ရှေ့တွင် မကြာခဏ ဆုတောင်းပြီး အသနားခံရမည်။ ငါသည် သင်၏ ပျော်ရွှင်မှုနှင့် အသုံးပြုမှုတို့အတွက် လုံလောက်သော ကျေးဇူးတော်ကို သင့်အပေါ် နှင်းအပ်လိမ့်မည်။ ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာများသည် တူညီသည့်အရာ မဟုတ်ချေ။ ယခု သင်တို့မွေ့လျော်နေသော အရာသည် ငါ၏

ကျေးဇူးတော်ဖြစ်ပြီး၊ ငါ၏အမြင်တွင် ဖော်ပြရန် မထိုက်တန်သော်လည်း ကောင်းချီးမင်္ဂလာများမှုကား အနာဂတ်တွင် သင်တို့ အဆုံးမရှိ မွေ့လျော်ရသောအရာ ဖြစ်လိမ့်မည်။ ၎င်းတို့သည် လူတို့၌ မဖြစ်ခဲ့ဖူးသည့်အပြင်၊ သူတို့စိတ်ကူး၍ပင် မရနိုင်ခဲ့သော ကောင်းချီးမင်္ဂလာများ ဖြစ်ကြသည်။ ဤသည်မှာ သင်တို့ ကောင်းချီးခံစားကြရပြီဟု ငါဆိုရသည့် အကြောင်းရင်းဖြစ်ပြီး၊ ဤကောင်းချီးများကို ဖန်ဆင်းခြင်းကာလကတည်းက လူသားတို့ မခံစားရခဲ့ဖူးပါချေ။

ငါ၏အလုံးစုံကို သင်တို့အား ငါထုတ်ဖော်ခဲ့ပြီဖြစ်သည်။ သင်တို့အနေဖြင့် ငါ၏စိတ်နှလုံးကို အရေးထားနိုင်စေရန်၊ သင်တို့ပြုသမျှ အရာရာတိုင်း၌ သင်တို့၏ အကြံအစည်များကို ငါ့အား ပေးအပ်ပြီး အကြောင်းအရာတိုင်း၌ ငါ့ကို အရေးထားနိုင်ရန်နှင့် ငါအစဉ်တွေ့မြင်သည်မှာ သင်တို့၏ အပြုံးမျက်နှာများ ဖြစ်မည်ဟုသာ ငါမျှော်လင့်ပေသည်။ ယခုမှစ၍ သားဦးအရာကို ရရှိသောသူတို့သည် ငါနှင့်အတူ ရှင်ဘုရင်များကဲ့သို့ အုပ်စိုးရမည့်သူများ ဖြစ်ကြသည်။ သူတို့သည် မည်သည့်ညီအစ်ကို၏ အနိုင်ကျင့်ခြင်းကို ခံရလိမ့်မည် မဟုတ်သကဲ့သို့ သူတို့သည် ငါ၏ဆုံးမခြင်း သို့မဟုတ် ကိုင်တွယ်ဖြေရှင်းခြင်းကို ခံရလိမ့်မည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ငါလုပ်ဆောင်ရာ၌ အသုံးပြုသော အခြေခံသဘောတရားမှာ- သားဦးအုပ်စုတွင် ပါဝင်သောလူတို့သည် သူတစ်ပါးတို့၏ အထင်အမြင်သေးခြင်းနှင့် အနိုင်ကျင့်ခြင်းကို ခံခဲ့ရသောသူများဖြစ်ပြီး ဘဝ၏ အကောင်းအဆိုး ပြောင်းလဲတတ်သော လောကဓံတရားအားလုံးကို ခံစားခဲ့ရပြီးသောသူများ ဖြစ်ကြသည်။ (ထိုသူတို့သည် ငါ၏ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ချိုးဖဲ့ခြင်းကို ကြိုတင်၍ ခံခဲ့ကြရပြီဖြစ်ကာ၊ စုံလင်စေခြင်းကိုလည်း ကြိုတင်၍ ခံခဲ့ကြရပြီးဖြစ်လေသည်။) ဤလူတို့သည် သူတို့ ရရှိထိုက်သော ကောင်းချီးများကို ငါနှင့်အတူ ကြိုတင်၍ မွေ့လျော်ခဲ့ကြပြီးဖြစ်သည်။ ငါသည် ဖြောင့်မတ်သည်ဖြစ်၍၊ မည်သူ့ကိုမျှ ဘက်လိုက်ခြင်း လုံးဝမရှိပေ။

# အခန်း ၇၄

ငါ၏နှုတ်ကပတ်တော်များကို ဖတ်ရှုပြီး ထိုနှုတ်ကပတ်တော်များ ပြည့်စုံလာမည်ဟု ယုံကြည်သော သူများသည် မင်္ဂလာရှိကြ၏။ ငါသည် သင့်အား လုံးဝ နှိပ်စက်မည် မဟုတ်ပေ၊ ငါသည် သင်ယုံကြည်သော အရာကို သင်၏အတွင်းတွင် ပြည့်စုံစေမည်။ ဤသည်မှာ သင်တို့အပေါ် ရောက်ရှိလာမည့် ငါ၏ကောင်းချီးမင်္ဂလာ ဖြစ်၏။ ငါ၏

နှုတ်ကပတ်တော်များသည် လူတိုင်း၌ ကွယ်ဝှက်ထားသော လျှို့ဝှက်ချက်များကို အရှိုက်ထိ လေသည်။ လူတိုင်းတွင် သေလောက်သော ဒဏ်ရာများရှိပြီး ငါသည် ၎င်းတို့ကို ကုသပျောက်ကင်းစေသည့် သမားတော်ကောင်း ဖြစ်ပေသည်- ငါ့မျက်မှောက်ထဲသို့သာ လာကြလော့။ အနာဂတ်တွင် နောက်ထပ် ဝမ်းနည်းခြင်းနှင့် မျက်ရည်များ ရှိတော့မည်မဟုတ်ဟု ငါအဘယ်ကြောင့် ဆိုခဲ့သနည်း။ ယင်းမှာ ဤအကြောင်းကြောင့် ဖြစ်သည်။ ငါ၌ အရာရာ ပြီးမြောက်သော်လည်း၊ လူသားများ၌ အရာခပ်သိမ်းသည် ဖောက်ပြန်ပျက်စီး၍၊ အနှစ်သာရမဲ့ပြီး လှည့်ဖြားတတ် ပေသည်။ ငါ၏မျက်မှောက်တွင် သင်သည် အရာခပ်သိမ်းကို ရရှိဖို့သေချာပြီး သင် လုံးဝစိတ်ကူး၍ မရနိုင်ခဲ့သည့် ကောင်းချီးမင်္ဂလာများအားလုံးကို တကယ်ကို မြင်ကာ မွေ့လျော်နိုင်ပေသည်။ ငါ၏ရှေ့မှောက်သို့ မလာသော သူများသည် သေချာပေါက် ပုန်ကန်သောသူများ ဖြစ်ပြီး၊ ငါ့ကို ဆန့်ကျင်သောသူများ လုံးဝ ဖြစ်ပေသည်။ ငါသည် ၎င်းတို့ကို ပေါ့ပေါ့တန်တန် သက်ညှာမည် မဟုတ်။ ထိုသို့သောလူများကို ငါသည် ပြင်းပြင်းထန်ထန် ပြစ်တင်ဆုံးမမည်။ ဤအရာကို သတိရလော့။ ယင်းသည် ကျေးဇူးတော်သာ ဖြစ်လိမ့်မည် ဖြစ်သော်လည်း- ငါ၏ ရှေ့မှောက်သို့ လူများ သာ၍လာလေလေ၊ ၎င်းတို့ သာ၍ ရရှိလေလေ ဖြစ်လိမ့်မည်။ နောက်ပိုင်းတွင်၊ ၎င်းတို့သည် သာ၍ပင် ကြီးမြတ်သော ကောင်းချီးမင်္ဂလာများကို ရရှိကြ လိမ့်မည်။

ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက ငါသည် ဤလူစု၊ အတိအကျဆိုရသော် ယနေ့ သင်တို့ကို၊ စတင် ခွဲခန့်မှတ်သားကာ ရွေးကောက်ပြီး ဖြစ်သည်။ သင်တို့၏ ပင်ကိုစရိုက်၊ အစွမ်းအစ၊ သွင်ပြင်နှင့် ဝိညာဉ်အသက်တာ၊ သင်မွေးဖွားခဲ့သော သင်၏မိသားစု၊ သင်၏ အလုပ်နှင့် သင်၏ အိမ်ထောင်- သင်၏ဆံပင်အရောင်နှင့် အသားအရောင်၊ ပြီးလျှင် သင်မွေးဖွားသည့်အချိန်တို့ပင် အပါအဝင် သင်၏ အလုံးစုံထဲက သင်- အားလုံးကို ငါ၏လက်များဖြင့် စီစဉ်ထားခဲ့ပေသည်။ ယနေ့ သင်တို့ကို ငါ့မျက်မှောက်တော် ထဲသို့ ခေါ်ဆောင်လာခြင်းသည် အမှန်တကယ် ငါ၏ အစီအစဉ်အားဖြင့် ဖြစ်သည်ကို မဆိုထားနှင့်ဦး၊ နေ့ရက်စဉ်တိုင်း သင်တို့လုပ်ဆောင်သော အရာများနှင့် သင်တို့ တွေ့ဆုံသောလူများကိုပင် ငါ၏လက်ဖြင့် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။ ကစဉ့်ကလျားဖြစ်ခြင်းထဲသို့ ခြေစုံပစ်မဝင်နှင့်။ တည်ငြိမ်စွာ သင် ရှေ့ဆက်သင့်သည်။ ယနေ့ သင့်ကို ငါမွေ့လျော်ခွင့်ပေးသည့် အရာသည် သင်နှင့်ထိုက်တန်သည့် ဝေစုတစ်ခု ဖြစ်ပြီး၊ ယင်းကို ကမ္ဘာလောက၏ ဖန်ဆင်းခြင်းကတည်းက ငါ့အားဖြင့် ခွဲခန့်မှတ်သားထားပြီး ဖြစ်ပေသည်။ လူသားအားလုံးသည် အလွန် အစွန်းရောက်ကြသည်- ၎င်းတို့သည် လွန်ကဲစွာ ခေါင်းမာသောသူများ သို့မဟုတ် အရှက်လုံးဝမရှိသောသူများ ဖြစ်ကြသည်။ ၎င်းတို့သည် အမှုအရာများနှင့်ပတ်သက်၍

ငါ၏အစီအစဉ်နှင့် စီမံချက်များနှင့်အညီ မလုပ်ဆောင် နိုင်ကြချေ။ ဤအရာကို နောက်ထပ်ကြာရှည်စွာ မလုပ်ကြနှင့်။ ငါ၌ အားလုံးသည် လွတ်မြောက်စေခြင်း ခံရသည်။ သင်၏ အသက်နှင့်ပတ်သက်၍ ဆုံးရှုံးမှုရှိလိမ့်မည် ဖြစ်သည့်အတွက်၊ သင့်ကိုယ်သင် မချည်နှောင်နှင့်။ ဤအရာကို သတိရလော့။

အရာရာတိုင်းသည် ငါ၏လက်များ၌ ရှိသည်ကို ယုံကြည်လော့။ အတိတ်တွင် သင်တို့အဖို့ နက်နဲမှုများအဖြစ် ယူဆထားခဲ့သည့် အရာများသည် ယနေ့တွင် အားလုံးကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြထားပေသည်။ (အနာဂတ်တွင် မည်သည့်အရာမျှ ကွယ်ဝှက်ထားမည်မဟုတ်ဟု ငါဆိုပြီး ဖြစ်သည့်အတွက်) ၎င်းတို့ကို ဖုံးကွယ်ထားတော့မည် မဟုတ်ပေ။ လူများသည် မကြာခဏ စိတ်မရှည် ဖြစ်ကြ၏။ ၎င်းတို့သည် အမှုအရာများကို ပြည့်စုံစေဖို့ အလွန် စိတ်ပူပန်ကြပြီး ငါ၏စိတ်နှလုံးထဲ၌ မည်သည့်အရာ ရှိသည်ကို မစဉ်းစားကြပေ။ သင်တို့သည် ငါ၏ဝန်ထုပ်ကို မျှဝေနိုင်ဖို့ရန် နှင့် ငါ၏အိမ်ထောင်ကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ငါသည် သင်တို့ကို လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။ သင်တို့ထက် ငယ်ရွယ်သော သင်တို့၏ညီများကို ဦးဆောင်နိုင်ဖို့၊ ပြီးလျှင် ဖခင်နှင့် သားများဖြစ်သည့် ငါတို့သည် မည်သည့်အခါတွင်မျှ တစ်ဖန် မဝေးကွာဘဲ မကြာမီ ပြန်လည် ပေါင်းစည်းနိုင်ဖို့ရန်အလို့ငှာ ငါသည် သင်တို့ကို အလျင်အမြန် အရွယ်ရောက်စေလိုသည်။ ဤအရာက ငါ၏ ရည်ရွယ်ချက်များကို ပြည့်စုံစေလိမ့်မည်။ နက်နဲမှုများကို လူအားလုံးထံ ထုတ်ဖော်ပြနှင့်ပြီးဖြစ်ကာ မည်သည့်အရာမျှ လုံးဝ ဆက်လက် ကွယ်ဝှက်ထားခြင်း မရှိပေ- သာမန် လူ့သဘာဝနှင့် ပြည့်စုံသော ဘုရားသဘောသဘာဝ နှစ်မျိုးလုံးကို ပိုင်ဆိုင်သော ပြည့်စုံသော ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည့် ငါသည် ယနေ့ သင်တို့၏ မျက်စိရှေ့တည့်တည့်တွင် ထုတ်ဖော်ပြခံရပြီး ဖြစ်သည်။ ငါ၏ဖြစ်တည်ခြင်း တစ်ခုလုံး (အဝတ်အစား၊ အပြင်ပန်း သွင်ပြင်နှင့် ခန္ဓာကိုယ်ပုံစံ) သည် ဘုရားသခင် ကိုယ်တော်တိုင်၏ စုံလင်သော သရုပ်သကန်ပင်ဖြစ်၏။ ယင်းသည် ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက လူတို့ စိတ်ကူးကြပြီးဖြစ်သော်လည်း၊ မည်သူမျှ မမြင်ဖူးကြလေသည့် ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြယုဂ် ဖြစ်သည်။ ငါ၏နှုတ်ကပတ်တော်များလောက် ငါ၏ လုပ်ဆောင်ချက်များ ကောင်းမြတ်ရသည့် အကြောင်းရင်းမှာ ငါ၏သာမန် လူ့သဘာဝနှင့် ပြည့်စုံသော ဘုရားသဘာဝတို့သည် အချင်းချင်း ပြည့်စုံစေကြသောကြောင့် ဖြစ်သည်။ ထို့အပြင် ဤအရာက သာမန်လူသားတစ်ယောက်သည် အင်မတန် ကြီးမားသော တန်ခိုးအာဏာ အမှန်တကယ် ကိုင်စွဲသည်ကို လူအားလုံးအား မြင်ခွင့်ပေးလေသည်။ သင်တို့သည် ငါ့ကို ချစ်နိုင်ကြဖို့အလို့ငှာ စစ်မှန်ရိုးသားသော စိတ်နှလုံးတစ်ခုကို သင်တို့အသီးသီးအား ငါပေးခဲ့သောကြောင့်၊ သင်တို့ထဲမှ ငါ့ကို အမှန်တကယ်

ယုံကြည်သောသူများသည် ထိုသို့ ယုံကြည်ကြခြင်း ဖြစ်သည်။ သင့်ကို ငါ ကိုင်တွယ်ဖြေရှင်းသည့်အခါ၊ ငါသည် သင်နှင့်ပတ်သက်၍ ဖော်ထုတ်ပေးပြီး သင့်ကို ဉာဏ်အလင်းပေးကာ၊ ငါ့ကို သိခွင့်ပေးသည်မှာ ဤအရာမှတစ်ဆင့် ဖြစ်သည်။ အကျိုးဆက်အနေဖြင့်၊ သင့်ကို ငါ မည်သို့ ကိုင်တွယ်ဖြေရှင်းပါစေ၊ သင်ထွက်ပြေးလိမ့်မည် မဟုတ်ပေ။ ထိုအစား သင်သည် ငါနှင့်ပတ်သက်၍ ပို၍ပို၍ သေချာလာလိမ့်မည်။ သင်အားနည်းသောအခါတွင်၊ ဤသည်မှာလည်း ငါ၏ စီမံမှုအားဖြင့် ဖြစ်ကာ၊ ယင်းက ငါ့ကို သင်စွန့်ခွာသွားမည်ဆိုလျှင် သင် သေဆုံးကာ ညှိုးနွမ်းခြောက်လိမ့်မည် ဖြစ်သည်ကို သင့်အား မြင်ခွင့်ပေးသည်။ ငါသည် သင်၏ အသက်ဖြစ်သည်ကို ယင်းမှ သင် သင်ယူနိုင်ပေသည်။ သင်သည် အားနည်းလျက်ရှိပြီးနောက် သန်မာလာသည်နှင့်အမျှ အားနည်းခြင်း သို့မဟုတ် သန်မာခြင်းသည် သင်၏သဘောအတိုင်း မဟုတ်သည်ကို သင့်အား မြင်ခွင့်ပေးမည်။ ယင်းသည် လုံးဝ ငါ၏ သဘောအတိုင်း ဖြစ်ပေသည်။

နက်နဲမှုအားလုံးကို လုံးဝ ထုတ်ဖော်ပြထားပေသည်။ သင်တို့၏ အနာဂတ်လုပ်ဆောင်မှုများတွင် လုပ်ငန်းတာဝန် တစ်ခုပြီးတစ်ခုအတွက် ငါ၏ညွှန်ကြားမှုများကို သင်တို့အား ငါပေးမည်။ ငါသည် မရေမရာဖြစ်မည် မဟုတ်။ ငါသည် လုံးဝ တိကျပြတ်သားမည်ဖြစ်ကာ သင်တို့ကို တိုက်ရိုက်ပင် ပြောဆိုမည်ဖြစ်သည်။ ဤသည်မှာ သင်တို့အနေဖြင့် ငါ၏စီမံခန့်ခွဲမှုကို နှောင့်ယှက်မည်စိုးသဖြင့်၊ အမှုအရာများ နှင့်ပတ်သက်၍ မိမိတို့ဘာသာ ဆင်ခြင်သုံးသပ်ရန် မလိုအပ်စေဖို့ ဖြစ်သည်။ ယခုချိန်မှစ၍ နောက်ထပ် မည်သည့်အရာမျှ ကွယ်ဝှက်မည်မဟုတ်သည်ကို အဖန်ဖန် ငါ အလေးထားမြဲ ထားနေသည်မှာ ဤအကြောင်းရင်းကြောင့် ဖြစ်ပေသည်။

# အခန်း ၇၅

ငါ၏ နှုတ်ကပတ်တော်တို့အား မြွက်ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် စိုးစဉ်းမျှ လမ်းလွဲဖောက်ပြန်ခြင်း မရှိဘဲ အားလုံး ပြည့်ဝစေအံ့။ ဖုံးကွယ်ထားသော လျှို့ဝှက်ဆန်းကြယ်မှုများအားလုံးသည် ယခုမှစ၍ ဖုံးဖိထားခြင်း သို့မဟုတ် ဝှက်ထားခြင်း လုံးဝရှိလိမ့်မည် မဟုတ်ဘဲ သင်တို့ထံ ထုတ်ဖော်အံ့၊ ငါ၏ ချစ်စွာသောသားတို့။ ငါသည် ငါ့အတွင်းရှိ သာ၍ပင်ကြီးစွာသော နိမိတ်လက္ခဏာများ၊ အံ့ချီးဖွယ်ရာများနှင့် သာ၍ပင်ကြီးစွာသော လျှို့ဝှက်နက်နဲမှုများကို သင့်အား မြင်စေအံ့။ ဤအရာများသည်

သင်တို့ကို မုချ အံ့အားသင့်စေ မည် ဖြစ်သလို အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်သော ငါ့အပေါ် ပိုမိုကောင်းမွန်သော နားလည်မှုတစ်ခုကို သင်တို့အား ပေးမည်ဖြစ်ကာ ယင်းတို့နှင့်ဆက်စပ်သမျှ ငါ၏ ဉာဏ်ပညာကို သင်တို့ သဘောပေါက်နားလည်စေမည် ဖြစ်သည်။ ဖန်ဆင်းခြင်းကာလမှစ၍ လူသားတို့ အဘယ်သောအခါမျှ မမြင်ဖူးခဲ့သည့် တစ်ပါးတည်းသော စစ်မှန်သည့် ဘုရားသခင်ကို သင်တို့သည် ယနေ့တွင် မျက်နှာချင်းဆိုင်ဆုံခွင့်ရကြပြီ၊ ထို့ပြင် ငါနှင့်ပတ်သက်၍ အထူးတလည် ဘာမျှမရှိ။ ငါသည် စားသောက်၏၊ နေထိုင်၏၊ စကားပြော၏၊ သင်တို့နှင့်အတူ ရယ်မော၏၊ ငါသည် သင်တို့အတွင်း၌ အမြဲတမ်း နေထိုင်သလို တစ်ချိန်တည်းမှာပင် သင်တို့အကြား၌ လှုပ်ရှားသွားလာနေ၏။ မယုံကြည်သောသူများ သို့မဟုတ် အလွန်ဆိုးရွားသော ကိုယ်ပိုင်အယူအဆ ရှိသူများအတွက်မူ ဤအရာသည် ဆူးညှောင့်ခလုတ်တစ်ခု ဖြစ်သည်။ ဤအရာသည် ငါ၏ ဉာဏ်ပညာ ဖြစ်သည်။ ငါ၏ သာမန်လူ့သဘာဝတွင် မသိသောအရာများ အပေါ်တွင်လည်း ငါသည် အချို့သောလူများကို ထုတ်ဖော်ပြမည်၊ သို့သော် ငါသည် ဘုရားသခင်ကိုယ်တော်တိုင် မဟုတ်ဟု ၎င်းက မဆိုလိုပေ။ အမှန်တကယ်အားဖြင့် ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်ပြီး ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင် ဖြစ်ကြောင်း သက်သေပြရန် ဤအချက်က လုံလောက်၏။ ယုံကြည်သောသူတို့အဖို့ ဤအချက်သည် အဆုံးအဖြတ်ပေးသော အကျိုးသက်ရောက်မှု ရှိပြီး ဤအချက်ကြောင့်ပင်လျှင် သူတို့သည် ငါ့တွင် တစ်ရာ ရာခိုင်နှုန်း သေချာမှု ရှိကြ၏။ လွန်ကဲစွာ စိုးရိမ်ခြင်း မရှိကြနှင့်၊ ငါသည် အကြောင်းအရာများကို သင်တို့ထံ တစ်ခုပြီးတစ်ခု ထုတ်ဖော်သွားအံ့။

သင်တို့အတွက် ငါသည် ဖွင့်လှစ်ထား၏၊ ဖုံးကွယ်မထား။ သို့သော်လည်း ဖောက်ပြန်သူများ၊ စာတန်ကြောင့် အတိုင်းအတာတစ်ခုအထိ ပျက်စီးနေသူများဖြစ်ကြသည့် မယုံကြည်သူများအတွက်မူ ငါသည် ဆက်လက်ပုန်းကွယ်နေလိမ့်မည်။ သို့သော်လည်း လူမျိုးအပေါင်းတို့ထံ ငါ့ကိုယ်ငါ ထုတ်ဖော်ခြင်း မတိုင်မီ ငါ ပြောဆိုခဲ့သောအချိန်၌ ငါသည် ငါ၏ဖြောင့်မတ်ခြင်း၊ တရားစီရင်ခြင်းနှင့် ဘုန်းအာနုဘော်တို့ကို ငါရည်ညွှန်းပြနေခဲ့၏။ သို့မှသာလျှင် ငါသည် စကြဝဠာနှင့် အရာခပ်သိမ်းအပေါ် အုပ်စိုးကြောင်းကို သူတို့ ရရှိသော ရလဒ်မှ သိကြစေရန်ဖြစ်သည်။ ရဲရဲဝံ့ဝံ့ ပြုမူကြလော့။ သင်တို့၏ ဦးခေါင်းများကို မော့သာထားလော့။ မကြောက်ရွံ့နှင့်၊ သင်တို့၏ အဖဖြစ်သော ငါသည် သင်တို့အား ထောက်ပံ့ရန် ဤနေရာ၌ ရှိပြီး သင်တို့သည် ဒုက္ခခံစား ရလိမ့်မည်မဟုတ်။ သင်တို့သည် ငါ၏ရှေ့မှောက်တွင် မကြာခဏ ဆုတောင်းလျက် ကျိုးနွံစွာ အသနားခံနေသရွေ့ ငါသည် သင်တို့အပေါ်တွင် ယုံကြည်ခြင်းအားလုံးကို အပ်နှင်းထားလိမ့်မည်။ အာဏာရှိသော သူတို့သည်

အပြင်ပန်းအားဖြင့် ကြောက်စရာကောင်းသည်ဟု ထင်ရသော်လည်း ကြောက်ရွံ့ခြင်း မရှိနှင့်၊ အဘယ့်ကြောင့်ဆိုသော် ဤသည်မှာ သင်တို့တွင် ယုံကြည်မှု အနည်းငယ်သာ ရှိခြင်းကြောင့်ဖြစ်သည်။ သင်တို့၏ယုံကြည်ခြင်း ကြီးထွားသည့် ကာလပတ်လုံး မည်သည့်အရာမျှ အလွန်တရာ ခက်ခဲလိမ့်မည်မဟုတ်။ သင်တို့စိတ်ရှိသရွေ့ မြူးထူးခုန်ပေါက်ကြလော့။ အရာအားလုံးသည် သင်တို့၏ ခြေထောက်အောက်နှင့် ငါ၏ လက်ထဲတွင် ရှိ၏။ ပြီးမြောက်အောင်မြင်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းတို့ကို ငါ၏စကားတစ်ခွန်းဖြင့် မဆုံးဖြတ်သလော။

ယခု ငါ အသုံးပြုနေသောသူ အားလုံးကို ရှေးမဆွကပင် တစ်ဦးပြီးတစ်ဦး ငါအတည်ပြုခဲ့၏။ ဆိုလိုသည်မှာ သားဦးများအုပ်စုတွင် ပါဝင်သော ထိုသူတို့ကို အဆုံးအဖြတ်ပေးထားပြီးသား ဖြစ်သလို ကမ္ဘာလောကကို ငါက ဖန်ဆင်းခဲ့ချိန်ကတည်းကပင် အဆုံးအဖြတ်ပေးထားပြီးဖြစ်သည်။ ဤအရာကို မည်သူတစ်ဦးတစ်ယောက်ကမှ မပြောင်းလဲနိုင်၊ အားလုံးသည် ငါ၏ အမိန့်တော်အတိုင်း ဖြစ်ရမည်။ မည်သည့်လူသားကမှ ၎င်းကို မလုပ်နိုင်၊ ဤအရာအားလုံးသည် ငါ၏ အစီအစဉ်များ ဖြစ်ကြသည်။ ငါနှင့်ဆိုလျှင် အရာအားလုံးသည် တည်ငြိမ်ကာ လုံခြုံအံ့။ ငါနှင့်ဆိုလျှင် အနည်းဆုံးသော အားထုတ်မှုကို မသုံးရဘဲ အရာအားလုံးသည် သင့်တင့်လျောက်ပတ်စွာ၊ ကောင်းမွန်စွာ ပြီးစီးအံ့။ ငါ ပြောဆိုသည်နှင့် ထိုအရာသည် အခြေခိုင်၏၊ ငါ ပြောဆိုသည်နှင့် ထိုအရာသည် ပြီးမြောက်၏။ နိုင်ငံတကာ အခြေအနေသည် ဝရုန်းသုန်းကားဖြစ်နေလျက်နှင့် သင်တို့သည် သင်တို့၏ လေ့ကျင့်မှုကို စတင်ရန် အဘယ်ကြောင့် အလျင်မလိုကြသနည်း။ မည်သည့်အချိန်အထိ သင်တို့စောင့်စားမည်နည်း။ သင်တို့နှင့် တွေ့ဆုံရန်အတွက် တရုတ်ပြည်သို့ တိုင်းတစ်ပါးသားများ လှိမ့်ဝင်လာသော နေ့ရက်အထိ စောင့်စားမည်လော။ သင်တို့သည် ယခင်က အနည်းငယ် နှေးကွေးနေခဲ့နိုင်သော်လည်း သင်တို့ကိုယ်သင်တို့ ဆက်၍ အလိုလိုက်ရန် မဖြစ်နိုင်တော့။ ငါ့သားတို့၊ ငါ၏ အပတ်တကုတ် လုပ်ရသော ရည်ရွယ်ချက်များကို အရေးထားကြလော့။ ငါနှင့် နီးကပ်သော သူတို့သည် အရာရာအားလုံးကို သာ၍မကြာခဏ ရရှိလိမ့်မည်။ ငါ့ကို သင်တို့ မယုံကြည်သလော။

ငါ့အမှုတော်၏ အရှိန်အဟုန်သည် လျှပ်စီးပြက်သကဲ့သို့ ဖြစ်သော်လည်း မိုးခြိမ်းသံ၏ မြည်ဟည်းသံမျိုး မဟုတ်သည်မှာ သေချာ၏။ ဤစကားလုံးတို့၏ အဓိပ္ပါယ်အစစ်အမှန်ကို သင်နားလည်သလော။ သင်တို့သည် ငါနှင့်အတူ ပို၍ ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ငါ၏ ရည်ရွယ်ချက်များကို အရေးထားရမည်။ သင်သည်

ကောင်းချီးမင်္ဂလာများကို လက်ခံရရှိလိုသော်လည်း ဒုက္ခခံရမည်ကိုလည်း ကြောက်ရွံ့ခြင်းရှိသည်၊ ဤသည်မှာ သင်တို့၏ စိတ်နှစ်ခွဖြစ်ခြင်း မဟုတ်လော။ သင့်အား ငါပြောမည်။ အကယ်၍ လူတစ်ဦးသည် ယနေ့တွင် ကောင်းချီးမင်္ဂလာများကို လက်ခံရရှိရန် ဆန္ဒရှိသော်လည်း၊ ထိုအဆုံးသို့ ရောက်သည်အထိ စွန့်လွှတ်အနစ်နာခံခြင်းများအားလုံးကို မပြုလျှင် သူတို့ ရရှိအံ့သော အရာအားလုံးမှာ အပြစ်ဒဏ်ပေးခြင်းနှင့် ငါ၏ တရားစီရင်ခြင်းပင်ဖြစ်သည်။ သို့သော် အားလုံးသော စွန့်လွှတ်အနစ်နာခံခြင်းများကို ပြုသူတို့သည် အရာခပ်သိမ်း၌ ငြိမ်သက်ခြင်းကို ကြုံတွေ့ခံစားရလိမ့်မည်ဖြစ်ပြီး အရာရာအားလုံးတွင် အလျှံပယ်ရှိကြကာ သူတို့ လက်ခံရရှိသော အရာတိုင်းသည် ငါ၏ ကောင်းချီးမင်္ဂလာများ ဖြစ်လိမ့်မည်။ ယနေ့တွင် အရေးတကြီး လိုအပ်သောအရာမှာ သင်တို့၏ ယုံကြည်မှုသဒ္ဓါတရား ဖြစ်ပြီး သင်တို့ကလည်း အဖိုးအခ ပေးရန်ဖြစ်သည်။ ငါ၏ ရည်ရွယ်ချက်များကို အဓိပ္ပာယ်ကောက်မလွဲနှင့်။ အရာရာတိုင်းသည် ဖြစ်ပျက်လာမည် ဖြစ်ပြီး ၎င်းတို့ကို သင်တို့၏ ကိုယ်ပိုင်မျက်လုံးများဖြင့် မြင်ကာ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားရလိမ့်မည်။ ငါနှင့်ဆိုလျှင် မစစ်မှန်သော စကားတစ်ခွန်း သို့မဟုတ် မုသားတစ်ခုမျှ မရှိ၊ ငါပြောသမျှ အရာတိုင်းသည် အလုံးစုံ စစ်မှန်ပြီး ဉာဏ်ပညာ ကင်းမဲ့ခြင်း မရှိပေ။ တစ်ဝက်တစ်ပျက်ယုံခြင်း၊ တစ်ဝက်တစ်ပျက် သံသယရှိခြင်း မဖြစ်နှင့်။ သင်တို့အကြားတွင် အရာခပ်သိမ်းကို ပြီးမြောက်သူမှာ ငါပင် ဖြစ်ပြီး မကောင်းမှုပြုသူတို့ကို တရားစီရင်၍ ရွေးဖယ်သောသူမှာလည်း ငါပင်ဖြစ်သည်။ ငါသည် သင်တို့ကို ချစ်ပြီး ငါသည် သင်တို့ကို စုံလင်စေ၏။ သို့သော်လည်း သူတို့အတွက်မူ ငါသည် လုံးဝဆန့်ကျင်ဘက် ဖြစ်၏၊ လူးသာလွန့်သာခွင့် မပေး၊ သဲလွန်စ မချန်သည့် မုန်းတီးခြင်းနှင့် ဖျက်ဆီးခြင်း ဖြစ်သည်။ ငါ၏ အလျှံပယ်ဖြစ်ခြင်းသည် ငါ ပြောသော၊ လုပ်သော အရာအားလုံး၌ ရှိရင်းစွဲဖြစ်သည်။ သင်တို့သည် ၎င်းတို့ကို အနည်းငယ်စီ ဆန်းစစ်ပြီးသလော။ အချို့သော နှုတ်ကပတ်တော်တို့အား ငါသည် အကြိမ်များစွာ ပြောခဲ့ပြီးဖြစ်သည်၊ ထို့ကြောင့် မည်သည့်အရာကို ငါ ဆိုလိုကြောင်း အဘယ်ကြောင့် သင်တို့ နားမလည်ရသနည်း။ ငါ၏ နှုတ်ကပတ်တော်တို့ကို သင်တို့ဖတ်ပြီးသောအခါ အရာအားလုံးသည် ၎င်းဖြစ်သင့်သည့် အတိုင်းသာ ဖြစ်လိမ့်မည်လော။ ယင်းအချိန်တွင် အရာရာတိုင်းသည် ပြီးမြောက်သလော။ သင်သည် ငါ၏ နှလုံးသားကို အရေးထားရန် ရည်ရွယ်ချက် လုံးဝမရှိ။ ငါသည် လုံးလုံးလျားလျား အာဏာသုံးပြီး အရာအားလုံးကို သိကာ လူတို့၏ နှလုံးသားများ အတွင်းအထိ နက်နက်ရှိုင်းရှိုင်းကြည့်တော်မူသည့် တစ်ပါးတည်းသော ဘုရားသခင်အစစ်အမှန် ဖြစ်ကြောင်းကို အဘယ့်ကြောင့် ငါ ပြောသနည်း။ ဤနှုတ်ကပတ်တော်တို့၏ အဓိပ္ပါယ်ကို

သင်နားမလည်သေးသလော။ ငါ အလေးပေးပြောထားသော နှုတ်ကပတ်တော် တစ်ခုချင်းစီကို သင်အလွတ်ရပြီးသလော။ ထိုအရာတို့သည် သင် မည်သို့ ပြုမူရမည်ဆိုသည့် အခြေခံသဘောတရားများ အမှန်တကယ် ဖြစ်လာပြီးသလော။

ငါသည် စကြဝဠာတစ်ခုလုံးအား စောင့်ကြည့်လျက် အရာအားလုံးအပေါ်တွင် ရပ်၏။ ငါ၏ ကြီးစွာသောတန်ခိုးနှင့် ငါ၏ ဉာဏ်ပညာအားလုံးကို တိုင်းနိုင်ငံတိုင်းနှင့်လူမျိုးတိုင်းထံ ငါထင်ရှားစေအံ့။ ယခုအချိန်တွင် ပျော်ရွှင်ချမ်းမြေ့မှုနောက် လိုက်ရန်အတွက် သင်တို့လုပ်နိုင်သမျှ အားလုံးကို အလွယ်တကူ မလုပ်ဆောင်နှင့်။ ကမ္ဘာလောက၏ တိုင်းနိုင်ငံများအားလုံး ပေါင်းစည်းသွားသောအခါ သင့်ဟာမဟုတ်သော အရာ အဘယ်မှာ ရှိလိမ့်မည်နည်း။ သို့ဖြစ်စေကာမူ ငါသည် သင်တို့ကို ယခုအချိန်တွင် ချို့တဲ့စေမည်မဟုတ်သလို သင်တို့ကို ဒုက္ခခံစားစေမည်လည်း မဟုတ်။ ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင် ဖြစ်သည်ကို ယုံကြည်လော့။ အရာအားလုံးသည် ပြီးမြောက်လိမ့်မည်ဖြစ်ပြီး သာ၍ သာ၍ ကောင်းမွန်လာအံ့။ ငါ၏သားဦးတို့၊ အားလုံးသော ကောင်းချီးမင်္ဂလာတို့သည် သင်တို့ထံ ရောက်လာလိမ့်မည်။ ထိုအရာတို့ကား မကုန်ခန်းနိုင်အောင်ရှိကာ ပေါများ၍ အလျှံပယ်ဖြစ်လျှက် ပြည့်စုံလှပြီး သင်တို့သည် ထိုအရာတို့ကို မဆုံးနိုင်အောင် ခံစားကြရလိမ့်မည်။

# အခန်း ၇၆

ငါ၏မိန့်မြွက်ချက်များ အားလုံးသည် ငါ၏အလိုတော်အား ဖော်ပြချက်များ ဖြစ်သည်။ မည်သူသည် ငါ၏ဝန်ထုပ်ဝန်ပိုးကို ထောက်ထားနိုင်သနည်း။ မည်သူသည် ငါ၏ရည်ရွယ်ချက်ကို နားလည်နိုင်သနည်း။ သင်တို့အား ငါ မေးသောမေးခွန်း တစ်ခုတိုင်းစီကို သင်တို့သည် သုံးသပ်ဆင်ခြင်ကြပြီးပြီလော။ အလွန်တရာ သတိ မမူလိုက်လေခြင်း။ ငါ၏အစီအစဉ်များကို နှောင့်ယှက်ဝှံ့လိုက်လေခြင်း။ သင်သည် ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်။ အကယ်၍ နတ်ဆိုးတို့၏ ဤကဲ့သို့သော လုပ်ဆောင်မှုသည် ဆက်လက် ဖြစ်ပွားနေပါက၊ ငါသည် ချက်ချင်းပင် အနက်ဆုံးသောတွင်းထဲသို့ ၎င်းတို့အား သေစေရန် ပစ်ချလိမ့်မည်။ ငါသည် နတ်ဆိုးတို့၏ လုပ်ရပ်အမျိုးမျိုးကို ရှင်းလင်းစွာ တွေ့မြင်ခဲ့သည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။ နတ်ဆိုးများ (မှားယွင်းသော ရည်ရွယ်ချက်များ ရှိသူများ၊ ဇာတိပကတိနှင့် ကြွယ်ဝမှုတို့ကို လိုချင်တပ်မက်မောသူများ၊ မိမိတို့ကိုယ်ကိုယ် ချီးမြှောက်သောသူများ၊

အသင်းတော်ကို ဖျက်လိုဖျက်ဆီး လုပ်သောသူများ၊ အစရှိသည်ဖြင့်) ၏ အသုံးချခြင်းခံရသော လူတစ်ယောက်ချင်းစီကိုလည်း ငါသည် ထိုးထွင်းမြင်တွေ့ခဲ့လေပြီ။ နတ်ဆိုးများကို နှင်ထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် အရာရာအားလုံးသည် ပြီးဆုံးသွားသည်ဟု မယူဆလေနှင့်။ သင့်အား ငါ ပြောကြားမည်။ ယခုမှစ၍ ငါသည် ထိုလူတို့အား တစ်ယောက်ပြီးတစ်ယောက် ရှင်းထုတ်ပစ်ကာ၊ ထိုသူတို့အား မည်သည့်အခါမျှ အသုံးပြုလိမ့်မည်မဟုတ်။ ဆိုလိုသည်မှာ နတ်ဆိုးများ၏ ဖောက်ပြန်ပျက်စီးစေခြင်းကို ခံရသူ မည်သူမဆို ငါ၏ အသုံးပြုခြင်း ခံရလိမ့်မည် မဟုတ်ဘဲ၊ နှင်ထုတ်ခြင်း ခံရလိမ့်မည်။ ငါ့တွင် ခံစားချက်များ မရှိဟု မထင်လေနှင့်။ ဤအရာကို သိလော့။ ငါသည် သန့်ရှင်းသော ဘုရားသခင် ဖြစ်ပြီး၊ ညစ်ညမ်းသော ဗိမာန်တော်တွင် နေထိုင်လိမ့်မည် မဟုတ်။ ငါသည် ငါ့အပေါ် အပြည့်အဝ သစ္စာရှိပြီး ငါ၏ဝန်ထုပ်ဝန်ပိုးကို ထောက်ထားနိုင်သော လူများဖြစ်သည့် ရိုးသားဖြောင့်မတ်ပြီး ဉာဏ်ပညာရှိသူများကိုသာ အသုံးပြုသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့သော လူတို့သည် ငါ၏ ကြိုတင်ခွဲခန့် မှတ်သားထားခြင်းကို ခံခဲ့ရသောသူတို့ ဖြစ်သောကြောင့် ဖြစ်ပြီး ၎င်းတို့အပေါ်တွင် နတ်ဆိုးများ၏ အဘယ်လုပ်ဆောင်မှုမျှ လုံးဝမရှိပေ။ အရာတစ်ခုအား ငါရှင်းလင်းအောင်ပြောမည်- ယခုမှစ၍ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှု မရှိသော သူအားလုံးတို့၌ နတ်ဆိုးများ၏လုပ်ဆောင်မှု ရှိကြသည်။ ငါ ထပ်လောင်း ပြောဆိုမည်- နတ်ဆိုးများ လုပ်ဆောင်မှုရှိသည့် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ငါမလိုလားပေ။ ၎င်းတို့ အားလုံးသည် မရဏာနိုင်ငံသို့ ၎င်းတို့၏ ဇာတိပကတိနှင့်အတူ ပစ်ချခြင်းကို ခံရလိမ့်မည်။

အတိတ်တွင် သင်တို့ထံမှ ငါ၏တောင်းဆိုချက်များမှာ အနည်းငယ် လျော့တိလျော့ရဲ ဖြစ်ပြီး၊ သင်တို့သည် အသွေးအသားနှင့် ပတ်သက်လျှင် အသောက်အစား အပျော်အပါး၌ မွေ့လျော်နေခဲ့ကြသည်။ ယနေ့မှစ၍ ငါသည် သင်တို့အား ဤကဲ့သို့ ဆက်လက် လုပ်ဆောင်ခွင့်ပြုလိမ့်မည် မဟုတ်။ အကယ်၍ သင်တို့၏စကားလုံးများနှင့် အပြုအမူများသည် နည်းအမျိုးမျိုးအဖုံဖုံဖြင့် ငါ့ကို မထင်ရှားစေလျှင် သို့မဟုတ် ၎င်းတို့သည် ငါ၏သဏ္ဌာန်နှင့် အနည်းငယ်မျှပင် ကွဲပြားလျှင်၊ ငါသည် သင့်ကို လွယ်လွယ်နှင့်သက်ညှာမည် မဟုတ်သည်မှာ သေချာ၏။ ထိုသို့မဟုတ်လျှင် သင်တို့သည် ထိန်းချုပ်မှုမရှိဘဲ၊ ခွက်ထိုးခွက်လန် ရယ်မောနေလျက် အစဉ်အမြဲ ရယ်မောနောက်ပြောင်နေကြလိမ့်မည်။ သင်သည် အမှား တစ်စုံတစ်ရာကို ပြုမိသောအခါ၊ ငါသည် သင့်အား စွန့်ခွာသွားပြီ ဖြစ်ကြောင်း သင် မခံစားရသလော။ သင် သိကိုသိနေသဖြင့်၊ အဘယ့်ကြောင့် အသောက်အစား အပျော်အပါး၌ မွေ့လျော်နေဆဲ ဖြစ်သနည်း။ ငါ၏တရားစီရင်သော လက်ဖြင့် တို့ထိခြင်းကို သင်သည်

စောင့်ဆိုင်းနေသလော။ ယနေ့မှစ၍ ငါ၏ရည်ရွယ်ချက်နှင့် တစ်ခဏမျှပင် ကိုက်ညီခြင်း မရှိသော သူမည်သူကိုမဆို ငါသည် ချက်ချင်းပင် အပြစ်ဒဏ်ခတ်မည်။ သင်တို့သည် အတူထိုင်ပြီး အတင်းအဖျင်းများ ပြောဆိုနေလျှင်၊ ငါသည် သင့်အား စွန့်ခွာလိမ့်မည်။ သင်သည် ဝိညာဉ်ရေးရာ အထောက်အပံ့ မပေးလျှင် စကားမပြောလေနှင့်။ ငါသည် သင်တို့အား ချုပ်ထိန်းရန် ဤသည်ကို ပြောခြင်း မဟုတ်သော်လည်း၊ ငါ၏အမှုသည် ယခုအဆင့်ထိ တိုးတက်ရောက်ရှိပြီး ဖြစ်ကာ ငါသည် ငါ၏ အစီအစဉ်နှင့်အညီ ဆက်လက် လုပ်ဆောင်လိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သင်တို့သည် အတူတကွ ထိုင်လျက် အသက်တာ၌ ဝိညာဉ်ရေးရာများ အကြောင်းကို ပြောဆိုဆွေးနွေးခြင်း ဖြစ်ပါက၊ ငါသည် သင်တို့နှင့်အတူ ဧကန်အမှန် ရှိနေလိမ့်မည်။ ငါသည် သင်တို့ထဲရှိ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတရား ဆက်ဆံလိမ့်မည် မဟုတ်။ သင်သည် သင်၏ပါးစပ်ကို ဖွင့်လျှင်၊ ငါသည် သင့်အပေါ်တွင် သင့်တော်သော စကားလုံးများကို အပ်နှင်းပေးမည်။ သင်သည် ငါ၏ နှုတ်ကပတ်တော်များ အတွင်းမှ ငါ၏စိတ်နှလုံးကို နားလည်သဘောပေါက်ရမည်။ ငါသည် သင်တို့အား စွံ့အနေပုံ ဟန်ဆောင်၍နေရန် ပြောနေခြင်းမဟုတ်၊ သင်တို့အား ထွေရာလေးပါး ပြောဆိုရန် ပြောနေခြင်းလည်း မဟုတ်ပေ။

အဘယ်ကြောင့် ငါသည် အချိန်များစွာ မကျန်တော့ကြောင်းနှင့် ငါ၏နေ့ရက်သည် မနှောင့်နှေးစေရဟု ထပ်ကာ ပြောကြားနေသနည်း။ သင်တို့သည် ဤအရာအကြောင်းကို သေချာစွာ စဉ်းစားပြီးပြီလော။ ငါ့ နှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်ကို သင် စစ်မှန်စွာ နားလည်သလော။ ဆိုလိုသည်မှာ ငါ စတင် စကားပြောသည့် အချိန်ကတည်းက ငါ အလုပ်လုပ် နေခဲ့ခြင်း ဖြစ်သည်။ သင်တို့ တစ်ဦးချင်း တစ်ယောက်ချင်းစီသည် ငါ့အမှု၏ ဦးတည်ရာ ရည်ရွယ်ချက် ဖြစ်ကြသည်။ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အဓိကထား၍ ပြောခြင်း မဟုတ်၊ ထို့အပြင် အခြားသောသူ တစ်စုံတစ်ယောက်အား ပြောခြင်းလည်း မဟုတ်ပေ။ သင်တို့သည် ကောင်းချီးမင်္ဂလာများ မခံစားရကြောင်းကိုသာ စိုးရိမ်ပူပန်သော်လည်း၊ သင်တို့၏အသက်တာများ အပေါ် သင်တို့သည် မစဉ်းစားပေ။ သင်သည် မိုက်မဲလိုက်လေခြင်း။ သင်သည် သနားစဖွယ်ကောင်းလိုက်လေခြင်း။ သင်သည် ငါ၏ဝန်ထုပ်ဝန်ပိုးကို လုံးဝ ထောက်ထားခြင်း မရှိပေ။

ငါ၏ဒုက္ခခံ ကြိုးစားအားထုတ်မှုများ အားလုံးနှင့် ငါပေးခဲ့သော အဖိုးအခတို့သည် သင်တို့အတွက် ဖြစ်သည်။ ငါ၏ဝန်ထုပ်ဝန်ပိုးကို ထောက်ထားခြင်း မရှိပါက၊ သင်တို့သည် ငါ သင်တို့အပေါ် ထားရှိသော မျှော်လင့်ချက်များနှင့် လျော်ညီအောင် အသက်ရှင်နေထိုင်ခဲ့ခြင်း

မရှိပေ။ တိုင်းနိုင်ငံများ အားလုံးသည် သင်တို့ အုပ်ချုပ်စိုးစံရန် စောင့်ဆိုင်းနေကြပြီး၊ လူမျိုးအပေါင်းတို့သည် ၎င်းတို့ကို သင်တို့ အုပ်စိုးရန် စောင့်ဆိုင်းနေကြသည်။ ငါသည် အရာရာတိုင်းအား သင်တို့ လက်ထဲသို့ ကမ်းပေးခဲ့ပြီး ဖြစ်သည်။ ယခုအခါ အာဏာရှိသော လူတို့အားလုံးသည် စတင်၍နုတ်ထွက်ကာ ပြိုလဲကြပြီး ဖြစ်ပြီး၊ ၎င်းတို့သည် ငါ၏ တရားစီရင်ခြင်း ၎င်းတို့အပေါ်သို့ ကျရောက်ရန်ကိုသာ စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။ ရှင်းလင်းစွာ မြင်လော့။ ငါ၏ နိုင်ငံတော်ကို အောင်မြင်စွာ တည်ဆောက်ပြီးစဉ်တွင် ကမ္ဘာလောကသည် ယခု တစ်စစီပြိုကွဲနေပြီ ဖြစ်သည်။ ငါ့သားတို့သည် ပေါ်ထွက်ခဲ့ပြီး၊ ငါ၏ သားဦးတို့သည်လည်း အမျိုးမျိုးသော တိုင်းနိုင်ငံများနှင့် လူတို့ကို အုပ်ချုပ်နေလျက်၊ ဘုရင်များအဖြစ် ငါနှင့်စိုးစံသည်။ ဤအရာသည် မရေရာသောအရာ ဖြစ်သည်ဟု မထင်လေနှင့်၊ ဤသည်မှာ ရှင်းလင်းသော သမ္မာတရား ဖြစ်သည်။ မဟုတ်သလော။ သင်တို့သည် ငါထံသို့ ဆုတောင်းပြီး အသနားခံသည်နှင့်တစ်ပြိုင်နက်၊ ငါသည် သင်တို့အား ညှဉ်းပန်းနှိပ်စက်သော သူများကို ချက်ချင်းပင် အရေးယူ၍ အပြစ်ဒဏ်ပေးမည်၊ သင်တို့အား နှောင့်ယှက်သော သူများကို ကိုင်တွယ်ဖြေရှင်းကာ၊ သင်တို့ မုန်းတီးသော သူများကို သုတ်သင်ချေမှုန်းပြီး၊ သင်တို့အတွက် အသုံးတော်ခံသော လူများ၊ အဖြစ်အပျက်များနှင့် အမှုအရာများကို စီမံခန့်ခွဲမည် ဖြစ်သည်။ ငါ ကြိမ်ဖန်များစွာ ပြောခဲ့ပြီးပြီ- ခရစ်တော်အား အစေခံသောသူ မည်သူမဆို (ဆိုလိုသည်မှာ ငါ၏သားတော်အား အစေခံမှု ပေးသောသူ မည်သူမဆို) ထံကိုမျှ ငါ ကယ်တင်ခြင်း ယူဆောင်လာမည် မဟုတ်။ ငါ၏သားတော်အား အစေခံခြင်းသည် ၎င်းတို့အနေဖြင့် လူကောင်းများ ဖြစ်ကြသည်ဟု မဆိုလိုပေ၊ ၎င်းသည် ငါ၏ကြီးမြတ်သောတန်ခိုးနှင့် အံ့ဖွယ် လုပ်ဆောင်ချက်များ၏ ရလဒ်သက်သက်သာ ဖြစ်သည်။ လူသားမျိုးနွယ်ကို အလွန်အကျွံ အရေးမထားလေနှင့်။ ထိုကဲ့သို့သော သူများ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှု ကေန်မရှိသကဲ့သို့၊ ၎င်းတို့သည် ဝိညာဉ်ရေးရာ အမှုအရာများကို လုံး၀ နားမလည်ကြပေ။ ၎င်းတို့နှင့် ငါကိစ္စပြတ်ပြီးသည့်အခါ၊ ၎င်းတို့သည် အသုံးဝင်ကြလိမ့်မည် မဟုတ်ပေ။ ဤအရာကို မှတ်မိလော့။ ဤသည်မှာ သင်တို့အတွက် ငါ၏အတည်ပြုချက် ဖြစ်သည်။ ဟိုဟိုသည်သည် သွေးရှူးသွေးတန်း ဖမ်းဆုပ်ခြင်း မရှိကြနှင့်၊ နားလည်သလော။

လူဦးရေ ပို၍ပို၍ နည်းပါးလာသော်လည်း၊ အသင်းဝင်များသည် ပိုမို စစ်ဆေးခြင်း ခံကြရသည်။ ဤအရာသည် ငါ၏အမှု၊ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်အပြင် ငါ၏ဉာဏ်ပညာနှင့် ငါ၏အရာခပ်သိမ်း တတ်နိုင်စွမ်းခြင်းတို့ ဖြစ်သည်။ ဤအရာသည် ငါ၏ သာမန်လူ့သဘာဝနှင့် ငါ၏စုံလင်သော ဘုရားသဘာဝတို့၏ ညှိနှိုင်းဆောင်ရွက်မှု ဖြစ်သည်။ ဤအရာကို သင်တို့သည်

ရှင်းလင်းစွာ မြင်သလော။ ဤအချက်ကို သင်တို့ စစ်မှန်စွာ နားလည်သဘောပေါက်ကြသလော။ ငါ၏သာမန်လူ့သဘာဝတွင် ပြောခဲ့သော အရာအားလုံးကို ငါ၏ဘုရားသဘာဝအားဖြင့် ငါသည် တစ်ခုပြီးတစ်ခု ပြီးမြောက်စေမည်။ ထို့ကြောင့် ငါ ပြောသောအရာသည် မရေရာခြင်း မရှိဘဲ ဖြစ်လာလိမ့်မည်ဟု ငါ ထပ်ကာ ပြောကြားနေခြင်း ဖြစ်သည်၊ အတိအကျဆိုရပါက ထိုအရာသည် အလွန် ရှင်းလင်းပြီး ထင်သာမြင်သာ ဖြစ်လိမ့်မည်။ ငါ ပြောသောအရာ အားလုံးသည် ပြည့်စုံလိမ့်မည် ဖြစ်ပြီး ပေါ့ပေါ့ဆဆ မဟုတ်သည်မှာ သေချာသည်။ ငါသည် အနှစ်မဲ့သောစကားကို မဆိုသည့်အပြင် ငါသည် အမှားများကို မပြုပေ။ ငါ့အား အကဲဖြတ်ဝံ့သော မည်သူမဆို တရားစီရင်ခြင်းခံရမည် ဖြစ်ပြီး၊ ၎င်းတို့သည် ငါ၏လက်ဖဝါးမှ ဧကန်မုချ လွတ်မြောက်နိုင်မည် မဟုတ်ပေ။ ငါ၏ နှုတ်ကပတ်တော်တို့အား ငါပြောဆိုသည်နှင့်တစ်ပြိုင်နက် မည်သူသည် ဆန့်ကျင်ဝံ့သနည်း။ အဘယ်သူသည် ငါအား ပူဆာခြင်း သို့မဟုတ် ငါ့ထံမှ တစ်စုံတစ်ရာကို ဖုံးကွယ်ထားခြင်း ပြုဝံ့သနည်း။ ယခင်က ငါပြောခဲ့သည်မှာ- ငါသည် ဉာဏ်ပညာရှိသော ဘုရား ဖြစ်သည်။ ငါသည် လူအားလုံးနှင့် စာတန်ဆန်သော အပြုအမူတို့ကို ထုတ်ဖော်ရန်၊ ရည်ရွယ်ချက်များ မှားယွင်းနေသောသူများ၊ အခြားသူများရှေ့တွင် တစ်မျိုး၊ ၎င်းတို့၏နောက်ကွယ်တွင် တစ်မျိုး လုပ်ဆောင်သူများ၊ ငါ့အား ခုခံသောသူများ၊ ငါ့အပေါ် သစ္စာမဲ့သောသူများ၊ ငွေကြေးကို တပ်မက်သောသူများ၊ ငါ၏ဝန်ထုပ်ဝန်ပိုးကို မထောက်ထားသောသူများ၊ မိမိတို့၏ ညီအစ်ကိုမောင်နှမများအား လှည့်စား၍ မရိုးမဖြောင့် အကောက်ကြံသူများ၊ လူတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန် ကျလောက်အောင် အပြောကောင်းသောသူတို့နှင့် ၎င်းတို့၏ ညီအစ်ကိုမောင်နှမများနှင့် စိတ်တူကိုယ်တူ တညီတညွတ်တည်း ညှိနှိုင်းဆောင်ရွက်ခြင်း မပြုနိုင်သောသူတို့ကို ဖော်ထုတ်ရန် ငါ၏ သာမန်လူ့သဘာဝကို အသုံးပြုသည်။ လူများစွာတို့သည် ငါ၏ သာမန်လူ့သဘာဝသည် မသိဟု ယူဆလျက်၊ ငါ၏ သာမန်လူ့သဘာဝကြောင့် ငါ့အား တိတ်တခိုး ခုခံပြီး၊ လှည့်စား၍ အကောက်ကြံကြသည်။ ထို့အပြင် လူများစွာသည် ငါ စားသောက်ရန်အတွက် ကောင်းသောအရာများကို ပေးကာ၊ ငါ့အား အစေခံများကဲ့သို့ အစေခံကြပြီး၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ရှိသော အရာများအကြောင်းကို ငါ့အား ပြောကြားလျက် ငါ၏သာမန်လူ့သဘာဝကို အထူး အာရုံစိုက်ကြသော်လည်း၊ တစ်ချိန်လုံး ငါ၏နောက်ကွယ်တွင် လုံးဝ ခြားနားစွာ ပြုမူနေကြသည်။ ကန်းနေသောလူသားများ။ သင်သည် လူသား၏နက်ရှိုင်းသော စိတ်နှလုံးအတွင်းသို့ ကြည့်သောဘုရားသခင် ငါ့ကို သိကျွမ်းမှု နည်းလိုက်လေခြင်း။ သင်သည် ယခုပင်လျှင် ငါ့အား မသိရှိသေးပေ၊ ငါသည် သင် မည်သည်ကို ပြုလုပ်နေသည်ကို မသိဟု သင်

ထင်နေဆဲ ဖြစ်သည်။ ပြန်လည်စဉ်းစားလော့- ငါ၏သာမန် လူ့သဘာဝကြောင့် မည်မျှသော လူတို့သည် မိမိတို့ကိုယ်မိမိ ဖျက်ဆီးပြီး ဖြစ်သနည်း။ နိုးထလော့။ ငါ့အား ဆက်လက်လှည့်စားခြင်း မပြုလေတော့နှင့်။ သင်သည် သင်၏လုပ်ဆောင်ပုံနှင့် အပြုအမူအားလုံး၊ သင်၏စကားလုံးတိုင်းနှင့် လုပ်ဆောင်ချက်တိုင်းကို ငါ့ရှေ့မှောက်တွင်ထားပြီး ထိုအရာအား ငါစစ်ဆေးခြင်းကို လက်ခံရမည်။

## အခန်း ၇၇

ငါ၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်၍ မသေချာခြင်းသည် ငါ၏ လုပ်ရပ်များအား ငြင်းပယ်ခြင်း သဘောထားကို ကိုင်စွဲထားခြင်းနှင့် သဘောသွားညီမျှ၏။ ဆိုလိုသည်မှာ၊ ငါ၏ နှုတ်ကပတ်တော်တို့သည် ငါ၏ သားအတွင်းမှ စီးထွက်ပြီးဖြစ်သော်လည်း၊ သင်တို့သည် ယင်းတို့အပေါ် အရေးမထားကြပေ။ သင်တို့သည် ပေါ့ပြက်လွန်းလှသည်။ များစွာသော နှုတ်ကပတ်တော်တို့သည် ငါ၏ သားအတွင်းမှ စီးထွက်ပြီးဖြစ်သော်လည်း၊ သင်တို့သည် သံသယရှိမြဲရှိကာ မသေမချာ ဖြစ်ကြသည်။ သင်သည် မျက်ကန်းဖြစ်၏။ ငါလုပ်ဆောင်ပြီးသော အရာတစ်ခုစီတိုင်း နောက်ကွယ်ရှိ ရည်ရွယ်ချက်ကို သင်သည် နားမလည်ပေ။ ငါ၏ သားမှတဆင့် ငါ ဖော်ပြသော နှုတ်ကပတ်တော်များသည် ငါ၏ ကိုယ်ပိုင် နှုတ်ကပတ်တော်များ မဟုတ်သလော။ ငါတိုက်ရိုက်မဖွင့်ဟချင်သည့် အရာအချို့ရှိ၏။ ထို့ကြောင့် ငါ၏ သားမှတဆင့် ငါပြောဆိုသည်။ သို့သော် သင်တို့သည် ငါနှင့်တိုက်ရိုက်စကားပြောသင့်သည်ဟု မရအရ တောင်းဆိုကာ အဘယ်ကြောင့် ကတ်သီးကတ်သတ် နိုင်လွန်းကြရသနည်း။ သင်သည် ငါ့ကို နားမလည်သကဲ့သို့၊ သင်သည် ငါ၏လုပ်ရပ်များ နှင့် ဆောင်ရွက်ချက်များကို အမြဲ သံသယရှိသည်။ ငါ၏ လှုပ်ရှားမှုတိုင်း၊ ငါ၏ လုပ်ရပ်တိုင်းနှင့် လုပ်ဆောင်ချက်တိုင်း မှန်ကန်သည်ဟု ယခင်က ငါမပြောလေပြီလော။ လူတို့သည် ယင်းတို့ကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးခြင်းအား ရပ်တန့်ရမည်။ သင်၏ ညစ်ပေသော လက်များကို ပြန်ရုပ်သိမ်းလော့။ သင့်အား တစ်စုံတစ်ရာ ငါပြောပါရစေ - ငါအသုံးပြုသော လူအားလုံးသည် ငါလောကကို မဖန်ဆင်းမီ ကြိုတင်စီမံထားခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတို့သည် ယနေ့ ငါ၏ အတည်ပြုခြင်းကိုလည်း ခံရပေသည်။ သင်တို့သည် ငါ၏ ဖြစ်ခြင်းဖြစ်သော ဇာတိအဖြစ်တော်ကို စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးရင်းနှင့် ငါ၏ လုပ်ရပ်များကို လေ့လာရင်း ထိုသို့သော အရာများထဲသို့ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်နေကြသည်။ သင်တို့အားလုံးသည် အရောင်းအဝယ် စိတ်နေစိတ်ထားတစ်ခု

ရှိကြသည်။ အကယ်၍ ဤအရာ တစ်ဖန် ဖြစ်ပေါ်ပါက၊ သင်တို့သည် သေချာပေါက် ငါ၏ လက်ဖြင့် ဒဏ်ခတ်ခံရကြလိမ့်မည်။ ငါပြောနေသောအရာမှာ ဤသို့ဖြစ်သည်- ငါ့အား သံသယမရှိနှင့်၊ ပြီးလျှင် ငါ လုပ်ဆောင်ပြီးသော အရာများကို မစိစစ်နှင့် သို့မဟုတ် မတွေးဆနှင့်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များနှင့် ပတ်သက်သည့်အတွက်၊ သင်တို့သည် ထိုသို့သော အရာများကို သာ၍မစွက်ဖက် သင့်ပေ။ ဤသည်မှာ သေးငယ်သော ကိစ္စမဟုတ်ပေ။

ငါညွှန်ကြားပြီးသော အရာအားလုံးကို မည်သည့်အချိန်တွင် သင်တို့ လုပ်ဆောင်ရမည်ကို လက်မလွှတ်တမ်း အသုံးချလော့။ ယင်းတို့ တစ်ဖန် ငါ ပြောပြီး သတိပေးချက်အနေဖြင့်လည်း ပြောပါရစေ - တရုတ်ပြည်သို့ နိုင်ငံခြားသားများ လိုမ့်ဝင်လာတော့မည် ဖြစ်သည်။ ဤသည်မှာ လုံး၀ အမှန်တရား ဖြစ်သည်။ လူအများစုသည် ဤအရာကို သံသယရှိကြပြီး မသေချာကြသည်ကို ငါ သိ၏၊ ထို့ကြောင့် သင်တို့သည် အသက်တာကြီးထွားမှုကို အလျင်အမြန် ရှာဖွေကြပြီး ငါ၏ အလိုကို အဆောတလျင် ဖြည့်ဆည်းနိုင်ကြဖို့အလို့ငှာ သင့်အား အဖန်ဖန် ငါသတိပေး၏။ ယနေ့မှ စ၍၊ နိုင်ငံတကာ အခြေအနေသည် ပိုမိုပင် တင်းမာလာလိမ့်မည်ဖြစ်ပြီး၊ အမျိုးမျိုးသော နိုင်ငံများသည် အတွင်းမှ စတင်ပြိုလဲလာကြလိမ့်မည်။ တရုတ်ပြည်တွင်၊ ပျော်ရွှင်သော နေ့ရက်များ အဆုံးသတ်နေပြီဖြစ်သည်။ ဤသည်မှာ အလုပ်သမားများ ဆက်လက် သပိတ်မှောက်ကြလိမ့်မည်၊ ကျောင်းသားများ ၎င်းတို့၏ အတန်းများနှင့်ပတ်သက်၍ ရုတ်တရက်ထကာ သပိတ်မှောက်ကြလိမ့်မည်၊ စီးပွားရေးသမားများက စီးပွားရေးလုပ်ခြင်းကို ရပ်တန့်ကြလိမ့်မည်ဖြစ်ပြီး၊ စက်ရုံများ ပိတ်သိမ်းကြလိမ့်မည်ဖြစ်ကာ ဆက်လက်မရှင်သန်နိုင် ဖြစ်ကြလိမ့်မည်။ အထူးလေ့ကျင့်သင်ကြားပေးထားသော စစ်သည်များသည် လွတ်မြောက်ရန် ရန်ပုံငွေကို စတင်ပြင်ဆင်ကြလိမ့်မည်ဖြစ်ပြီး (ဤသည်မှာလည်း ငါ၏စီမံခန့်ခွဲမှုအစီအစဉ်ကို အသုံးတော်ခံလိမ့်မည်) အဆင့်တိုင်းရှိ ဗဟိုအစိုးရ ခေါင်းဆောင်များသည် ပြင်ဆင်မှုများကို အားလုံးပြုလုပ်ကြသည်နှင့်အမျှ (ဤအရာသည် နောက်တစ်ဆင့်ကို အသုံးတော်ခံရန် ဖြစ်သည်) အခြားသူများကို ဆုံးရှုံးအနစ်နာခံလျက် အချို့သော အရာများအပေါ် အာရုံစိုက်ရင်း အလွန်အလုပ်များကြလိမ့်မည်။ ကောင်းစွာ ကြည့်လော့။ ငါ၏ အမှုသည် ကမ္ဘာလောကတစ်ခုလုံးသို့ ဖောင်းပေးထားသည့်အတွက်၊ ဤသည်မှာ တရုတ်ပြည်သာမက၊ စကြဝဠာတစ်ခုလုံး ပါဝင်သော အရာတစ်ခု ဖြစ်သည်။ သို့သော်၊ ယင်းမှာ သားဦးများဖြစ်သည့် လူစုမှ ရှင်ဘုရင်များ ဖြစ်စေခြင်း အစေခံမှုတွင်လည်း ပါရှိပေသည်။ ဤအရာကို သင် ရှင်းလင်းစွာ မြင်သလော။ အလျင်အမြန်ပြုကာ ရှာဖွေကြလော့။ ငါသည် သင်တို့အား မတရား

ဆက်ဆံလိမ့်မည်မဟုတ်။ ငါသည် သင်တို့အား သင်တို့ စိတ်ကျေနပ်သည်အထိ ပျော်ရွှင်မှုကို တွေ့ကြုံခွင့်ပေးမည်။

ငါ၏လုပ်ရပ်များသည် အံ့သြဖွယ်ရာ ဖြစ်သည်။ ကမ္ဘာလောကထဲက ကြီးမားသော ကပ်ဘေးများ ဖြစ်ပေါ်သည်နှင့်အမျှ၊ မကောင်းမှုပြုသူများနှင့် အုပ်ချုပ်သူများသည် အပြစ်ပေးခြင်းကို ရရှိနေကြစဉ်- သို့မဟုတ် ပို၍တိကျစေရန်- ငါ၏နာမ ပြင်ပရှိ မကောင်းမှုပြုသူများအားလုံး ဆင်းရဲဒုက္ခ ခံစားရချိန်တွင် - ငါသည် ငါ၏ ကောင်းချီးမင်္ဂလာများကို သင်တို့အပေါ် စတင် အပ်နှင်းလိမ့်မည်။ ဤသည်မှာ “သင်တို့သည် ကပ်ဘေးများ၏ နာကျင်မှု သို့မဟုတ် အန္တရာယ်ကို မခံစားရ” ဟု အတိတ်က ထပ်သလဲလဲ ငါ ပြောပြီးဖြစ်သည့် နှုတ်ကပတ်တော်များ၏ မူလအဓိပ္ပါယ်ဖြစ်သည်။ ဤအရာကို သင်တို့ နားလည်ပါသလော။ ငါပြောသည့် “ဤအချိန်”သည် ငါ၏ နှုတ်မှ နှုတ်ကပတ်တော်များကို ထုတ်ပြန်သည့် အချိန်ကို ရည်ညွှန်းပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုသည် အလွန်မြန်ဆန်သည့် အရှိန်ဖြင့် လုပ်ဆောင်လေသည်။ ငါသည် တစ်မိနစ် သို့မဟုတ် တစ်စက္ကန့်ပင် နှောင့်နှေးမည်မဟုတ်၊ သို့မဟုတ် ဖြုန်းတီး လိမ့်မည် မဟုတ်။ ယင်းထက် ငါသည် ငါ၏ နှုတ်ကပတ်တော်များကို ပြောကြားလိုက်သည့် တကယ့် အခိုက်အတန့်တွင် ထိုနှုတ်ကပတ်တော်များနှင့်အညီ ငါဆောင်ရွက်လိမ့်မည်။ ယနေ့တွင် ငါသည် တစ်စုံတစ်ဦးအား ဖယ်ရှားသုတ်သင်နေသည် သို့မဟုတ် ငါသည် တစ်စုံတစ်ဦးအား စက်ဆုပ်သည်ဟု ငါပြောလျှင်၊ ထိုလူအတွက် ချက်ချင်း ပြီးဆုံးသွားလိမ့်မည်။ တစ်နည်းအားဖြင့်၊ ငါ၏သန့်ရှင်းသော ဝိညာဉ်တော်ကို ချက်ချင်း ၎င်းတို့ထံမှ ပြန်သိမ်းယူလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့သည် လုံးဝ အသုံးမကျသည့်၊ လမ်းလျှောက်နေသော အသေကောင်များ ဖြစ်ကြလိမ့်မည်။ ထိုသို့သော လူတို့သည် အသက်ရှူနေဆဲ၊ လမ်းလျှောက်နေဆဲဖြစ်ပြီး စကားပြောနေဆဲဖြစ်ကောင်း ဖြစ်နိုင်ကာ ငါ၏ရှေ့တွင် ဆုတောင်းနေဆဲ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ ငါသည် ၎င်း တို့အား စွန့်ခွာသွားပြီဖြစ်သည်ကို ၎င်းတို့ ဘယ်သောအခါမျှ နားလည်လိမ့်မည်မဟုတ်ပေ။ ၎င်းတို့သည် အနှစ်သာရအားဖြင့် အသုံးမကျသော လူများ ဖြစ်သည်။ ဤ သည်မှာ လုံးဝ မှန်ကန်ပြီး စစ်မှန်သည်။

ငါ၏ နှုတ်ကပတ်တော်များသည် ငါဖြစ်သည့် လူသားကို ကိုယ်စားပြုသည်။ ဤအရာကို သတိရလော့။ သံသယမရှိနှင့်။ သင်သည် လုံးဝ သေချာရမည်။ ဤအရာသည် သေရေး ရှင်ရေး ကိစ္စဖြစ်သည်။ ဤအရာသည် အလွန့်အလွန် ဆိုးရွား၏။ ငါ၏ နှုတ်ကပတ်တော်များကို ပြောဆိုသည့် တကယ့်အခိုက်အတန့်တွင်၊ ငါပြုချင်သော အရာသည် ဖြစ်လာနှင့်ပြီး ဖြစ်သည်။

ဤနှုတ်ကပတ်တော် အားလုံးကို ငါ၏သားမှတဆင့် ပြောဆိုရမည် ဖြစ်သည်။ သင်တို့ထဲမှ မည်သူသည် ဤကိစ္စရပ်ကို လေးနက်သော အရေးထားမှု ပေးပြီနည်း။ ငါသည် ယင်းကို အခြား မည်ကဲ့သို့ ရှင်းပြရမည်နည်း။ တစ်ချိန်လုံး ကြောက်လန့်ပြီး၊ တွန့်ဆုတ်နေခြင်းကို ရပ်လော့။ ငါသည် တကယ်ပင် လူတို့၏ ခံစားချက်များကို စာနာထောက်ထားခြင်း မရှိသလော။ ငါအတည်ပြုထားသော သူတို့ကို ငါသည် သာမန်ကာလျှံကာ အစွန့်ပစ်လိမ့်မည်လော။ ငါလုပ်ဆောင်သမျှတိုင်းသည် မူအရဖြစ်၏။ ငါကိုယ်တိုင် ထူထောင်ထားသော ပဋိညာဉ်ကို ငါ ဖြိုလိမ့်မည်မဟုတ်သကဲ့သို့၊ ငါကိုယ်တိုင်၏ အစီအစဉ်အား ငါ နှောင့်ယှက်လိမ့်မည်မဟုတ်။ ငါသည် သင်တို့ကဲ့သို့ နုံအသောသူမဟုတ်။ ငါ၏ အမှုသည် ကြီးမြတ်သောအရာတစ်ခု ဖြစ်၏။ ယင်းသည် မည်သည့်လူသားမျှ မပြီးမြောက်နိုင်သည့် အရာတစ်စုံတစ်ခု ဖြစ်သည်။ ငါသည် ဖြောင့်မတ်သော သူဖြစ်ကာ ငါ့အား ချစ်သော သူတို့အဖို့ ငါသည် ချစ်ခြင်းမေတ္တာဖြစ်သည်ဟု ငါ ပြောပြီး ဖြစ်သည်။ ဤအရာ မှန်ကန်ကြောင်းကို သင်မယုံကြည်သလော။ သင်သည် ဒွိဟများ ဆက်လက် ရှိနေသည်။ အရာရာနှင့်ပတ်သက်၍ ရှင်းလင်းသော အသိစိတ်တစ်ခု သင် ရှိပါက၊ သင်သည် အဘယ်ကြောင့် အလွန် ကြောက်ရွံ့ဆဲဖြစ်သနည်း။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် သင်သည် မိမိကိုယ်ကိုယ် ချည်နှောင်ထားပြီး ဖြစ်သောကြောင့်သာ ဖြစ်သည်။ ငါ့သား။ ငါသည် သင့်အား ဝမ်းမနည်းရန် သို့မဟုတ် မျက်ရည်မကျရန်နှင့် သင့်အား ငါ စွန့်ပစ်လိမ့်မည် မဟုတ်သည်ကို ကြိမ်ဖန်များစွာ သတိပေးပြီး ဖြစ်သည်။ သင်သည် ငါ့အား မယုံကြည်နိုင်သေးသလော။ ငါသည် သင့်အား ကိုင်ထားမည်ဖြစ်ပြီး သွားခွင့်ပေးမည် မဟုတ်။ ငါသည် ငါ၏ ချစ်ခြင်းမေတ္တာဖြင့် သင့်အား အစဉ်အမြဲ ပွေ့ဖက်မည်။ ငါသည် သင့်အား ကြည့်ရှုစောင့်ရှောက်မည်၊ သင့်အား ကွယ်ကာမည်ဖြစ်ပြီး၊ ငါသည် သင်၏ ဖခင်ဖြစ်ပြီး သင့်ကို ထောက်ပံ့ပေးသူဖြစ်သည်ကို သင် မြင်နိုင်ဖို့အလို့ငှာ အရာရာတွင် ငါသည် ထုတ်ဖော်ပြခြင်းများနှင့် ထိုးထွင်းသိမြင်နိုင်စွမ်းများကို သင့်အား ပေးမည်။ သင့်ဖခင်၏ ပုခုံးထက်က ဝန်ထုပ်ဝန်ပိုးအား သင်သည် မည်သို့ ပေါ့ပါးစေနိုင်သည်ကို အမြဲစဉ်းစားနေသည်ကို ငါသိသည်။ ဤသည်မှာ သင့်ကို ငါ ပေးပြီးဖြစ်သည့် ဝန်ထုပ်ဝန်ပိုးဖြစ်သည်။ ယင်းကို အရေးမစိုက်ဘဲ ထားရန်မကြိုးစားနှင့်။ ယနေ့တွင် လူမည်မျှသည် ငါ့အား သစ္စာစောင့်သိနိုင်မည်နည်း။ သင်သည် သင်၏ လေ့ကျင့်ခြင်းကို အရှိန်မြင့်နိုင်ကာ အလျင်အမြန် ကြီးထွားပြီး ငါ၏ စိတ်နှလုံးအား ကျေနပ်စေနိုင်မည်ဟု ငါ ငါမျှော်လင့်သည်။ အဖသည် သားအတွက် နေ့ညမပြတ် အားသွန်ခွန်စိုက် အလုပ်လုပ်၏၊ ထို့ကြောင့် သားသည် ဖခင်၏ စီမံခန့်ခွဲမှုအစီအစဉ်ကို မိနစ်တိုင်းနှင့် စက္ကန့်တိုင်း စဉ်းစားသင့်သည်။ ဤသည်မှာ ငါပြောလေ့ရှိခဲ့သည့် အခြေအနေကိုဖန်တီးယူ၍ ငါနှင့်အတူ

ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။

အားလုံးသည် ငါ၏လုပ်ဆောင်မှုဖြစ်သည်။ ၎င်းတို့၏ လုပ်ရပ်အားလုံးသည် ငါ၏ အလိုနှင့် ကိုက်ညီဖို့အလို့ငှာ၊ ငါ၏နိုင်ငံတော် တကယ်ဖြစ်ပေါ်လာဖို့အလို့ငှာနှင့် ကောင်းကင်သစ်နှင့် မြေကြီးသစ်တို့ ပေါ်ထွန်းလာဖို့အလို့ငှာ၊ ယနေ့ငါ အသုံးပြုသော လူတို့အပေါ် ငါသည် ဝန်ထုပ်ဝန်ပိုးတစ်ခု ချထားရမည်ဖြစ်ပြီး၊ ၎င်းတို့အား ဉာဏ်ပညာပေးမည်။ ငါ အသုံးပြုနေခြင်း မရှိသော လူတို့သည် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ ၎င်းတို့သည် အမြဲ မှင်တက်နေကြ၏၊ ၎င်းတို့သည် ဝန်ထုပ်ဝန်ပိုးဆိုသည်မှာ မည်သည့်အရာကို ဆိုလိုမှန်း လုံးဝမသိကြဘဲလျက်၊ စားပြီးနောက် အိပ်ကြကာ၊ အိပ်ပြီးနောက် စားကြ၏။ ထိုသို့သော လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော် ၏ လုပ်ဆောင်မှု ကင်းမဲ့ပြီး၊ ဖြစ်နိုင်သမျှ မြန်မြန် ငါ၏ အသင်းတော်မှ ထုတ်ပယ်သင့်သည်။ ယခုတွင် ငါသည် ရုပ်ပါရုံများနှင့် ပတ်သက်သည့် ကိစ္စအချို့ကို ဆွေးနွေးမည် - အသင်းတော်သည် နိုင်ငံတော်၏ မရှိမဖြစ်လိုအပ်ချက် တစ်ခု ဖြစ်သည်။ အတိုင်းအတာ တစ်ခုအထိ အသင်းတော် တည်ဆောက်ပြီးသည်နှင့်တစ်ပြိုင်နက်မှသာ လူတို့သည် နိုင်ငံတော်ထဲသို့ ဝင်ရောက်နိုင်သည်။ (အကယ်၍ ငါက ကတိမပြုခဲ့ပါက) မည်သူမျှ နိုင်ငံတော်ထဲသို့ တိုက်ရိုက် ဝင်ရောက်နိုင်ခြင်း မရှိပေ။ အသင်းတော်သည် ပထမခြေလှမ်းဖြစ်သော်လည်း၊ နိုင်ငံတော်သည် ငါ၏စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်မှန်းချက် ဖြစ်သည်။ လူတို့သည် နိုင်ငံတော်ထဲသို့ ဝင်ရောက်သည်နှင့်တစ်ပြိုင်နက် အရာရာ ရုပ်လုံးပေါ်လိမ့်မည်ဖြစ်ပြီး စိုးရွံ့စရာ မည်သည့်အရာမျှ ရှိလိမ့်မည် မဟုတ်။ လက်ရှိအချိန်တွင်၊ ငါ၏ သားဦးများ နှင့် ငါသည်သာ နိုင်ငံတော်ထဲသို့ ဝင်ရောက်ပြီးဖြစ်ကာ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့ကို စတင် အုပ်ချုပ်ပြီဖြစ်သည်။ ဆိုလိုသည်မှာ၊ ငါ၏ နိုင်ငံတော်သည် စတင်ဖွဲ့စည်းနေပြီဖြစ်ပြီး၊ ဘုရင်များ သို့မဟုတ် ငါ၏ လူများ ဖြစ်လာမည့်သူများကို လူသိရှင်ကြား ကြေညာပြီးဖြစ်သည်။ အနာဂတ် အဖြစ်အပျက်များကို တဆင့်ပြီး တဆင့်နှင့် အစီအစဉ်လိုက် သင်တို့ထံ ပြောပြထားလိမ့်မည်။ အလွန်အမင်း စိတ်သောကရောက်ခြင်း သို့မဟုတ် စိုးရိမ်ခြင်း မရှိနှင့်။ သင့်ကို ငါ ပြောပြီးဖြစ်သည့် နှုတ်ကပတ်တော်တိုင်းကို သင် မှတ်မိသလော။ အကယ်၍ သင်သည် ငါ့အတွက် အမှန်တကယ် ဖြစ်ပါက၊ ငါသည် သင့်အား မှန်မှန်ကန်ကန် ပြောဆိုမည်။ လှည့်စားမှုနှင့် မရိုးဖြောင့်မှုတို့ကို ကျင့်သုံးသောသူတို့အတွက်မူ၊ ငါသည် အပြန်အလှန်အားဖြင့် ၎င်းတို့ကို ဝတ်ကျေတမ်းကျေ ဆက်ဆံမည်ဖြစ်ပြီး၊ ထိုသို့သော အပြုအမူက ပျက်ဆီးခြင်းသို့ ရောက်စေမည့်သူမှာ အဘယ်သူဖြစ်သည်ကိုသာ ရှင်းလင်းသော အမြင်တစ်ခုကို ၎င်းတို့အား ရှိခွင့်ပေးမည်။

# အခန်း ၇၈

အမှုပြုနေသူမှာ မည်သည့်လူသားတစ်ဦးမျှ မဟုတ်၊ ငါဖြစ်သည်ဟု ယခင်က ပြောပြီးဖြစ်သည်။ ငါနှင့်အတူ၊ အရာရာသည် သက်သောင့်သက်သာနှင့် ပျော်ရွှင်ဖွယ်ရှိသော်လည်း၊ သင်တို့နှင့်အတူ၊ အမှုအရာများသည် အလွန်ကွဲပြား၏။ သင်သည် လုပ်ဆောင်သည့် အရာတိုင်းတွင် လွန်ကဲသော အခက်အခဲကို ကြုံရ၏။ ငါအတည်ပြုသော မည်သည့်အရာမဆို၊ ငါသည် သေချာပေါက် ပြီးမြောက်မည်။ ငါအတည်ပြုသော မည်သူကိုမဆို၊ ငါစုံလင်စေမည်။ လူသားတို့- ငါ၏အမှုတွင် မစွက်ဖက်ကြနှင့်။ သင်တို့သည် ငါ နှစ်သက်သောအရာကို လုပ်ဆောင်ရင်း၊ ငါ မုန်းသောအရာအားလုံးကို ငြင်းပယ်ရင်း၊ မိမိတို့ကိုယ်ကိုယ် အပြစ်မှ ကယ်ထုတ်ရင်းနှင့် ငါ၏ ချစ်ခင်သော ပွေ့ဖက်ခြင်းထဲသို့ မိမိတို့ကိုယ်ကိုယ် ပစ်ဝင်ရင်း ငါ၏ ဦးဆောင်မှုနောက် လိုက်နေကြစဉ်တွင် အရေးယူဆောင်ရွက်ဖို့သာ လိုအပ်သည်။ ငါသည် သင်တို့အား ကြွားဝါနေခြင်း မဟုတ်သကဲ့သို့ ငါသည် ချဲ့ကားပြောဆိုနေခြင်းလည်းမဟုတ်။ ဤသည်မှာ အမှန်တကယ် အမှန်တရားဖြစ်၏။ အကယ်၍ ငါသည် ကမ္ဘာလောကကို ဖျက်ဆီးမည်ဟုဆိုလျှင်၊ သင်တို့အတွက် မျက်စိများ တစ်မှိတ်ဖြစ်သည့် အချိန်တွင် ကမ္ဘာကြီးသည် ပြာမှုန့်များအဖြစ်သို့ ပြောင်းလဲသွားလိမ့်မည်။ သင်တို့သည် မကြာခဏ အလွန် စိုးရိမ်ပူပန်ကြပြီး၊ သင်တို့၏ ကိုယ်ပိုင် ဝန်ထုပ်ဝန်ပိုးများကို တိုးစေကာ၊ ငါ၏ နှုတ်ကပတ်တော်များက အနှစ်သာရမဲ့မည်ကို အလွန်အမင်း စိုးရွံ့ကြ၏။ ထို့ကြောင့်၊ သင်တို့သည် ငါ့အတွက် “ထွက်ပေါက်တစ်ခု ရှာတွေ့ဖို့” ကြိုးစားရင်း အလုပ်များကြသည်။ မျက်ကန်းတို့။ မိုက်မဲသူတို့။ သင်တို့သည် သင်တို့၏ ကိုယ်ပိုင် တန်ဖိုးကိုပင် မသိဘဲ၊ ငါ၏ အကြံပေးပုဂ္ဂိုလ်ဖြစ်ရန် ကြိုးပမ်း ကြသည်။ သင်သည် ထိုက်တန်ကြပါသလော။ မှန်ထဲသို့ ကောင်းစွာ ကြည့်ကြလော့။

သင့်ကို တစ်စုံတစ်ခု ငါ ပြောပါရစေ။ တွန့်ဆုတ်သောသူတို့သည် ၎င်းတို့၏ တွန့်ဆုတ်ခြင်းအတွက် ပြစ်တင်ဆုံးမခြင်းကို ခံရမည်ဖြစ်သော်လည်း၊ အလွန့်အလွန် သစ္စာရှိသောသူတို့သည် ၎င်းတို့၏ ယုံကြည်ခြင်းအတွက် ကောင်းချီးမင်္ဂလာများကို ရရှိကြလိမ့်မည်။ ရှင်းအောင်ပြောရလျှင်၊ ယခု အရေးပါဆုံးသောအချက်မှာ ယုံကြည်ခြင်းဖြစ်၏။ သင်တို့အပေါ်သို့ ကျရောက်လာမည့် ကောင်းချီးမင်္ဂလာများကို ထုတ်ဖော်မပြမီ၊ သင်တို့သည် ငါ့အတွက် အသုံးခံရန်အလို့ငှာ-ယခု- အရာရာတိုင်းကို သင်တို့ စတေးဖို့ လိုအပ်သည်။ ဤသည်မှာ “ကောင်းချီးမင်္ဂလာများ ရရှိခြင်း” နှင့် “ဘေးဒုက္ခ

ခံစားရခြင်း” တို့က ရည်ညွှန်းသည့် သွင်ပြင်လက္ခဏာ အတိအကျ ဖြစ်သည်။ ငါ့သားတို့။ “ငါ့အတွက် စစ်မှန်စွာ အသုံးခံသောသူတို့ကို၊ ငါသည် ကေန်မုချ အလွန် ကောင်းချီးပေးမည်” ဟူသော ငါ၏စကားတို့သည် သင်တို့၏ နှလုံးသားများထဲ၌ စွဲကျန်သေးသလော။ ယနေ့တွင်၊ အတွင်း၌ ရှိသည့် အဓိပ္ပါယ်ကို သင်တို့ အမှန်တကယ် နားလည်ကြပါသလော။ ငါသည် အနှစ်မဲ့သော စကားတို့ကို မဆိုပေ။ ယခုမှစ၍၊ မည်သည့်အရာကိုမျှ ဖုံးကွယ်ထားလိမ့်မည်မဟုတ်။ ဆိုလိုသည်မှာ၊ ငါ၏ နှုတ်ကပတ်တော် များတွင် ကွယ်ဝှက်ထားသော အရာများကို၊ ယခုတွင် သင်တို့အား ဝှက်ထားခြင်း တစ်ခုတစ်လေမျှ မရှိဘဲ တစ်ခုပြီးတစ်ခု ပြောပြလိမ့်မည် ဖြစ်သည်။ ထို့အပြင်၊ နှုတ်ကပတ်တော် အသီးသီးသည် ငါ၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်လိမ့်မည်၊ ငါ၏ရှေ့တွင် ဖုံးကွယ်ထားသော လူအားလုံး၊ အဖြစ်အပျက်များနှင့် အရာအားလုံးတို့အား ထုတ်ဖော်ခြင်းကို အလွယ်တကူ လုပ်ဆောင်လိမ့်မည်ဖြစ်ပြီး၊ ငါ့အတွက် လုံးဝ ခက်ခဲလိမ့်မည်မဟုတ်သည်ကို ဖော်ပြရန် မလိုအပ်ပေ။ ငါပြုသော အရာရာတိုင်းတွင် ငါ၏ သာမန်လူ့သဘာဝ လက္ခဏာသွင်ပြင်တစ်ခုအပြင်၊ ငါ၏ ပြည့်စုံသော ဘုရားသဘောသဘာဝ လက္ခဏာသွင်ပြင်တစ်ခုလည်း ပါရှိ၏။ ဤနှုတ်ကပတ်တော်များနှင့် သက်ဆိုင်သည့် ရှင်းလင်းသော သိနားလည်မှုတစ်ခုကို သင်တို့ အမှန်တကယ် ရှိကြသလော။ ဤသည်မှာ သင်တို့သည် အလွန်တရာ အလောတကြီး မဖြစ်သင့်ဟု ငါထပ်လောင်းပြောဆိုမြဲ ပြောဆိုနေရသည့် အကြောင်းရင်း ဖြစ်သည်။ လူတစ်ဦး သို့မဟုတ် အမှုအရာတစ်ခုအား ထုတ်ဖော်ပြခြင်းသည် ငါ့အတွက် မခက်သကဲ့သို့၊ ယင်းအတွက် အချိန်တစ်ခု အမြဲရှိ၏။ ထိုသို့ မဟုတ်လော။ များစွာသော လူတို့သည် ငါ့ရှေ့တွင် ၎င်းတို့၏ စစ်မှန်သော ပုံသဏ္ဌာန်များကို ဖော်ထုတ်ခံရကြပြီး ဖြစ်သည်။ ငါ လုပ်ဆောင်သည့်အရာတိုင်းသည် ငါ့အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သောကြောင့်၊ ၎င်းတို့အားလုံးသည် တိကျသည့် အချိန်တစ်ခုတွင် ၎င်းတို့ မြေခွေးဝိညာဉ်များ၊ သို့မဟုတ်၊ ခွေးများ သို့မဟုတ် ဝံပုလွေများ ဖြစ်သည်ဖြစ်စေ၊ ၎င်းတို့၏ စစ်မှန်သော ပုံသဏ္ဌာန်အား ထုတ်ဖော်ပြကြလေသည်။ ဤအချက်နှင့်ပတ်သက်၍ သင်တို့သည် လုံးဝ ရှင်းလင်းသော သိနားလည်မှုတစ်ခု ရှိရမည်။

“အချိန်သည် အလှမ်းဝေးသည်မဟုတ်၊”ဟု ဆိုခြင်းက အဘယ်အရာ ရည်ရွယ်သည်ကို သင်အမှန်တကယ် နားလည်ပါ၏လော။ အတိတ်တွင်၊ ယင်းသည် ငါ၏နေ့ရက်ကို ရည်ညွှန်းသည်ဟု သင်တို့ အမြဲ ထင်ခဲ့ကြသော်လည်း၊ သင်တို့အားလုံးသည် ငါ၏ နှုတ်ကပတ်တော်များကို သင်တို့၏ အယူအဆများအပေါ်တွင် အခြေခံ၍၊ အဓိပ္ပာယ်ကောက်လွဲကြပြီး ဖြစ်သည်။ ငါသင့်ကိုပြောပါရစေ။ ယခုမှစ၍၊

ငါ၏နှုတ်ကပတ်တော်တို့အား တလွဲအဓိပ္ပါယ်ကောက်သော သူမည်သူမဆို အဓိပ္ပာယ်မရှိသောသူ ဧကန်မုချဖြစ်သည်။ "အချိန်သည် အလှမ်းဝေးသည် မဟုတ်၊" ဟု ငါ မိန့်မြွက်ခဲ့သည့် စကားများသည် သင်တို့၏ ကောင်းချီးမင်္ဂလာများ မွေ့လျော်ခံစားခြင်း နေ့ရက်များကို ရည်ညွှန်းပေသည်။ ဆိုလိုသည်မှာ နတ်ဆိုးများအားလုံး ဖျက်ဆီးခြင်းခံရပြီး၊ ငါ၏ အသင်းတော်မှ မောင်းထုတ်ခြင်းခံရကာ၊ အမှုအရာများကို လုပ်ဆောင်ခြင်းနှင့်ဆိုင်သည့် လူသားနည်းလမ်းအားလုံး ပယ်ချခြင်းခံရမည့် နေ့ရက်များဖြစ်၏။ ထို့အပြင် ဤအသုံးအနှုန်းက ကြီးသောကပ်ဘေးဒုက္ခ အားလုံး ကျရောက်မည့် နေ့ရက်များကို ရည်ညွှန်းသည်။ ဤအရာကို အမှတ်ရလော့။ ယင်းသည် ကြီးမားသော ကပ်ဘေးဒုက္ခများသာ ဖြစ်၏၊ ဤအရာ၌ အဓိပ္ပာယ်မကောက်လွဲတော့နှင့်။ ငါ၏ ကြီးမားသော ကပ်ဘေးများ ကမ္ဘာလောကတစ်ခုလုံးပေါ်သို့ ငါ၏ လက်များမှ တစ်ပြိုင်နက် ကျရောက်မည်ဖြစ်သည်။ ငါ၏ နာမကို ရရှိပြီးသောသူတို့သည် ကောင်းချီးခံစားရလိမ့်မည်ဖြစ်ပြီး၊ ထိုသို့သော ဆင်းရဲဒုက္ခကို သေချာပေါက် ခံစားရလိမ့်မည်မဟုတ်။ ယင်းကို သင်တို့ အမှတ်ရသေးသလော။ ငါပြောနေသည့်အရာကို သင်တို့ နားလည်ကြသလော။ ငါပြောသောအချိန်သည် ငါ စတင်အမှုပြုသည့် အချိန် (ကြီးမားသော ကပ်ဘေးများ သက်ဆင်းပြီးချိန်၊ ထိုသို့သော အချိန်တစ်ခုတွင်သာ) အတိအကျ ဖြစ်သည်။ သင်တို့သည် ငါ၏ ရည်ရွယ်ချက်များကို အမှန်တကယ် နားမလည်ကြချေ။ သင်တို့အား မည်သည့် သက်ညှာမှုမျှ လုံး၀ မပြဘဲ၊ ငါသည် အဘယ့်ကြောင့် ထိုသို့သော တင်းကြပ်သည့် တောင်းဆိုမှုများကို သင်တို့အပေါ် ထားရှိသည်ကို သင်တို့ သတိကြသလော။ နိုင်ငံတကာအခြေအနေ တင်းမာသည့်အချိန်နှင့် တရုတ်ပြည်အတွင်း၌ အာဏာရနေသောသူများ(ဟုဆိုသော)က ပြင်ဆင်မှုများ ပြုလုပ်နေကြစဉ်တွင်၊ ဤသည်မှာ ချိန်ကိုက်ဗုံးတစ်လုံး ပေါက်ကွဲတော့မည့် တိကျသော အချိန် ဖြစ်သည်။ တိုင်းနိုင်ငံခုနှစ်နိုင်ငံမှ မှန်ကန်သောလမ်းခရီးကို ရှာဖွေနေကြသောသူများသည် နစ်နာဆုံးရှုံးမှုကို ပဓာနမထားဘဲ၊ ရေတံခါးများကို ဖြတ်စီးသော ရေများကဲ့သို့ တရုတ်ပြည်ထဲသို့ အသည်းအသန် တစ်ဟုန်ထိုးဝင်လာကြလိမ့်မည်။ အချို့တို့ကို ငါ ရွေးချယ်ထားပြီးဖြစ်ကာ အခြားသူများမှာ ငါ့အတွက် အစေခံမှု လုပ်ဆောင်ရန် ရည်ရွယ်၏၊ သို့သော် ၎င်းတို့ထဲတွင် သားဦး မရှိပေ။ ဤအရာသည် ငါ၏ လုပ်ဆောင်မှုဖြစ်၏။ ဤသည်မှာ ကမ္ဘာလောကကို ဖန်ဆင်းခဲ့ချိန်တွင် လုပ်ဆောင်ပြီးသည့် ကိစ္စ ဖြစ်သည်။ သင်တို့၏ လူသားအယူအဆများကို ဖယ်ရှားလော့။ ငါသည် အဓိပ္ပာယ်မရှိသောစကားများ ပြောနေသည်ဟု မထင်မှတ်နှင့်။ ငါ တွေးတောသည့်အရာမှာ ငါ ပြီးမြောက်နှင့်ပြီးဖြစ်သော အရာဖြစ်ပြီး၊ ငါ၏ အစီအစဉ်မှာ ငါပြီးမြောက်နှင့်ပြီးဖြစ်သည့် တစ်စုံတစ်ရာလည်း ဖြစ်သည်။ ဤအရာနှင့်ပတ်သက်၍ သင်

ရှင်းပါသလော။

အရာရာအားလုံးသည် ငါ၏အတွေးများနှင့် ငါ၏အစီအစဉ်ပေါ်တွင် တည်သည်။ ငါ့သား။ သင်အတွက်အပြင်၊ ငါသည် သင့်ကို ချစ်သောကြောင့် သင့်ကို ငါ ရွေးချယ်၏။ အတွေးဖြင့် မနာခံဝံ့သောသူ သို့မဟုတ် မနာလိုခြင်း ဖြစ်ပေါ်စေသောသူ မည်သူမဆို ငါ၏ ကျိန်ခြင်းနှင့် လောင်မြိုက်ခြင်းဖြင့် သေဆုံးရမည်ဖြစ်သည်။ ဤနေ့၏ နိုင်ငံတော်သည် ဖွဲ့စည်းနှင့်ပြီးဖြစ်သောကြောင့် ဤတွင် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ ပါဝင်သည်။ သို့သော်လည်း၊ ငါ့သား၊ သင်သည် သတိရှိရမည်ဖြစ်ပြီး၊ ဤအရာကို အရင်းအနှီးတစ်ခုအဖြစ် သဘောမထားသင့်ပေ။ သင့်ဖခင်၏ နှလုံးသားကို သင် အရေးထားသင့်ပြီး၊ ဤအရာမှတစ်ဆင့် သင့်ဖခင်၏ အပင်ပန်းခံသော အားထုတ်မှုများကို အသိအမှတ်ပြုသင့်သည်။ ဤအရာမှ၊ မည်သည့်လူစားမျိုးကို ငါအချစ်ဆုံးဖြစ်သည်၊ မည်သည့် လူစားမျိုးကို ငါဒုတိယ ချစ်သည်၊ မည်သည့်လူစားမျိုးကို ငါအမုန်းတီးဆုံးဖြစ်ပြီး၊ မည်သည့်လူစားမျိုးကို ငါ စက်ဆုပ်ရွံရှာသည်တို့ကို ငါ၏ သားက နားလည်ရမည်။ မိမိကိုယ်ကိုယ်အပေါ် ဖိအား ပုံပေးမြဲ ပေးမနေနှင့်။ သင် ရှိသည့် မည်သည့် စိတ်သဘောထားမဆိုကို ငါက ကြိုတင်စီစဉ်ထားခဲ့ခြင်း ဖြစ်ပြီး၊ ငါ၏ ဘုရားစိတ်သဘောထား လက္ခဏာသွင်ပြင်တစ်ခုကို ထုတ်ဖော်ပြခြင်းတစ်ခု ဖြစ်သည်။ သင်တို့၏ ဒွိဟများကို စွန့်ပစ်လော့။ ငါသည် သင့်အပေါ် အမုန်းတရား သိုမထားပေ။ ဤအရာကို ငါ အဘယ်သို့ ပြောသင့်သနည်း။ သင်သည် နားမလည်သေးသလော။ သင်တို့သည် သင်၏ ကြောက်ရွံ့ခြင်းများဖြင့် ဘောင်ခတ်ခံရသေးသလော။ ငါသည် သန့်ရှင်းသူတို့၏ အခြေအနေကို ကောင်းကောင်း သိသည်ဟု ယခင်က ငါ ဆိုပြီးဖြစ်သည့်အတိုင်း၊ မည်သူ သစ္စာစောင့်သိသည်၊ မည်သူ စိတ်အားထက်သန်သည်၊ မည်သူ ရိုးသားသည်၊ မည်သူ လှည့်စားတတ်သည်ဆိုသည်ကို- ငါ လုံးဝ သိသည်။

ငါ၏ အမြင်တွင်၊ အရာရာသည် ပြီးမြောက်ကာ ထုတ်ဖော်ပြခံရပြီးဖြစ်သည် ကြာမြင့်ပြီဖြစ်၏ (ငါသည် လူတို့၏ အတွင်းကျကျ နှလုံးသားများကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးသော ဘုရားသခင်ဖြစ်၏။ ငါ၏ ရည်ရွယ်ချက်မှာ ငါ၏ သာမာန် လူ့သဘာဝ လက္ခဏာသွင်ပြင်အား သင်တို့ကို ပြသရန် သက်သက် ဖြစ်၏။) သို့သော်၊ သင်တို့၏ ရှုထောင့်အမြင်မှ၊ အရာအားလုံးသည် ဖုံးကွယ်ထားဆဲဖြစ်ကာ၊ မည်သည့်အရာမျှ မပြီးမြောက်သေးပေ။ ဤသည်မှာ သင်တို့သည် ငါ့အား မသိကြသည့် အချက်ကြောင့် လုံးဝ ဖြစ်သည်။ အားလုံးသည် ငါ၏လက်များတွင် ရှိ၏၊ အားလုံးသည် ငါ၏ခြေအောက်၌ရှိကာ၊ ငါ၏မျက်လုံးများသည် အရာခပ်သိမ်းကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေး၏၊ ငါ၏တရားစီရင်ခြင်းကို မည်သူ

လွတ်မြောက်နိုင်မည်နည်း။ မသန့်ရှင်းသော သူများအားလုံး၊ ဖုံးကွယ်စရာ အမှုအရာများရှိသောသူများ၊ ငါ၏နောက်ကွယ်တွင် ဝေဖန်သောသူများ၊ ၎င်းတို့၏ နှလုံးသားများထဲတွင် ခုခံမှု သိုထားသောသူများ၊ စသည်ဖြင့်- ငါ၏ အမြင်ဖြင့် တန်ဖိုးမရှိဟု ငါ ယူဆသည့် ဤလူအားလုံးသည် ငါ့ရှေ့တွင် ဒူးထောက်ရမည်ဖြစ်ပြီး၊ မိမိတို့ကိုယ်ကိုယ် ရင်ဖွင့်ရမည်။ ဤအရာကို ကြားပြီးနောက်တွင်၊ အချို့သည် အနည်းငယ် လှုံ့ဆော်ခံရကောင်းလှုံ့ဆော်ခံရမည်ဖြစ်သော်လည်း၊ အခြားသော သူတို့သည် ဤအရာကို လေးနက်သည့် ကိစ္စရပ်တစ်ခုအဖြစ် သဘောထားလိမ့်မည် မဟုတ်ပေ။ သင်တို့အား ငါ သတိပေး၏။ ပညာရှိသော သူတို့သည် အလျင်အမြန် နောင်တရကြစေ။ အကယ်၍ သင်သည် လူမိုက်တစ်ဦးဖြစ်ပါက၊ စောင့်ဆိုင်း၍သာနေလော့။ အချိန်ကျရောက်သောအခါတွင်၊ ကပ်ဘေးခံစားရလိမ့်မည်သူမှာ မည်သူဖြစ်သည်ကိုသာ ကြည့်ပါလေ။

ကောင်းကင်သည် မူလကောင်းကင်ဖြစ်နေဆဲဖြစ်ကာ၊ ကမ္ဘာမြေသည်လည်း မူလကမ္ဘာမြေ ဖြစ်နေဆဲဖြစ်၏၊ သို့သော် ငါ၏အမြင်တွင်၊ နှစ်ခုလုံးသည် ပြောင်းလဲနှင့်ကြပြီဖြစ်ပြီး၊ တစ်ချိန်က ရှိခဲ့သည့် ကောင်းကင်နှင့် မြေကြီး မဟုတ်တော့ပေ။ ကောင်းကင်သည် အဘယ်အရာကို ရည်ညွှန်းသနည်း။ သင် သိပါသလော။ ယနေ့၏ကောင်းကင်သည် အဘယ်အရာကို ရည်ညွှန်းသနည်း။ အတိတ်၏ကောင်းကင်သည် အဘယ်အရာကို ရည်ညွှန်းခဲ့သနည်း။ ဤအရာအား သင်တို့ကို ငါ မိတ်သဟာယပြုပါရစေ- အတိတ်ကာလ၏ ကောင်းကင်သည် သင်တို့ယုံကြည်သော်လည်း မည်သူမျှ မမြင်ဖူးသည့် ဘုရားသခင်ကို ရည်ညွှန်းခဲ့ပြီး၊ သူသည် လူတို့က စစ်မှန်သော ရိုးသားမှုဖြင့် ယုံကြည်ခဲ့ကြသည့် (သူ့ကို ၎င်းတို့ မမြင်နိုင်သောကြောင့်) ဘုရားသခင် ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ယနေ့၏ ကောင်းကင်မှာ ငါ၏သာမန် လူ့သဘာဝနှင့် ငါ၏ ပြည့်စုံသော ဘုရားသဘောသဘာဝ နှစ်ခုလုံးကို ရည်ညွှန်း၏။ ဆိုလိုသည်မှာ၊ ယင်းသည် ဤလက်တွေ့ကျသော ဘုရားသခင်ကိုယ်တိုင်ကို ရည်ညွှန်းပေသည်။ နှစ်ဦးလုံးသည် ဘုရားသခင်တစ်ပါးတည်း ဖြစ်၏၊ သို့ဆိုလျှင် ငါသည် အသစ်သော ကောင်းကင်ဖြစ်သည်ဟု အဘယ့်ကြောင့် ငါပြောဆိုသနည်း။ ဤအရာအားလုံးသည် လူသား၏အယူအဆများကို ဦးတည်ထား၏။ ယနေ့၏ ကမ္ဘာမြေသည် သင်တို့ တည်ရှိသောနေရာကို ရည်ညွှန်းသည်။ အတိတ်ကာလ၏ ကမ္ဘာမြေသည် သန့်ရှင်းသောနေရာ တစ်နေရာမျှမရှိခဲ့ပေ၊ ယနေ့ သင်တို့လည်ပတ်သော နေရာများကိုမူ သန့်ရှင်းသောနေရာအဖြစ် သီးခြားထားရှိပြီးဖြစ်သည်။ ဤသည်မှာ ကမ္ဘာသစ်တစ်ခုဖြစ်သည်ဟု ငါပြောရသည့် အကြောင်းရင်း ဖြစ်သည်။ ဤနေရာရှိ “အသစ်” ဆိုသည်မှာ “သန့်ရှင်းသော”ဟု ဆိုလိုသည်။ အသစ်သော ကောင်းကင်နှင့် အသစ်သော ကမ္ဘာမြေကြီးသည် ယခု လုံးဝ

ဖြစ်ပေါ်လာပြီဖြစ်သည်။ သင်တို့ ယခု နားလည်ကြပြီလော။ ငါသည် နက်နဲမှုအားလုံးကို စာမျက်နှာတစ်ခုပြီး နောက်တစ်ခု သင်တို့ထံ ထုတ်ဖော်ပြမည်။ မလောလေနှင့်၊ ပြီးလျှင် သာ၍ပင် ကြီးမားသည့် နက်နဲမှုများ သင်တို့ထံ ထုတ်ဖော်ပြမည် ဖြစ်သည်။

# အခန်း ၇၉

မျက်ကန်း။ ပညာမဲ့။ တန်ဖိုးမဲ့သော အမှိုက်ပုံ။ သင်တို့သည် ငါ၏ စုံလင်သော ဘုရားသဘာဝမှ ငါ၏ပုံမှန် လူ့သဘောသဘာဝကို သီးခြားခွဲကြသည်။ ဤသည်မှာ ငါ့ကိုပြစ်မှားခြင်းဖြစ်ကြောင်း သင်တို့ မသိမြင်ကြသလော။ ထို့အပြင်၊ ယင်းမှာ ခွင့်လွှတ်ဖို့ခက်သော အရာတစ်ခု ဖြစ်သည်။ လက်တွေ့ကျသော ဘုရားသခင်သည် သင်တို့အလယ် ယနေ့ကြွလာပြီ ဖြစ်သော်လည်း၊ သင်တို့သည် ငါ၏ ပုံမှန်လူ့သဘာဝဖြစ်သည့် ဘက်ကိုသာ သိရှိကြပြီး ငါ၏လုံးဝ ဘုရားသခင်ကဲ့သို့ဖြစ်သည့် ဘက်ကို သင်တို့ လုံးဝ မမြင်ဖူးကြသေး။ ငါ၏ နောက်ကွယ်တွင် ငါ့ကို လိမ်လည်လှည့်ဖြားရန် ကြိုးပမ်းသည့်သူကို ငါမသိဟု သင်ထင်သလော။ ငါသည် သင့်ကို ဝေဖန်နေခြင်း မဟုတ်။ သင်သည် မည်သည့်အဆင့်အထိ ရောက်နိုင်သည်ကို မြင်ရန်နှင့် နောက်ဆုံးတွင် သင် မည်သို့ အဆုံးသတ်မည်ကို မြင်ရန် ငါသည် စောင့်ကြည့်ရုံမျှ စောင့်ကြည့်နေခြင်းသာ ဖြစ်၏။ ငါ၏နှုတ်ကပတ်တော်များကို ရာထောင်ချီ ပြောဆိုပြီး ဖြစ်သော်လည်း၊ သင်တို့သည် ကြီးစွာသော မကောင်းသည့် အရာများစွာတို့ကို ပြုခဲ့ကြလေပြီ။ အဘယ်ကြောင့် ငါ့ကို လိမ်လည်လှည့်ဖြားရန် ထပ်ကာတလဲ ကြိုးစားကြသနည်း။ သင်၏အသက် ဆုံးရှုံးမည်ကို သတိပြုလော့။ ငါ၏အမျက်ဒေါသကို အဆင့်တစ်ခုထိ ရောက်အောင် သင် နှိုးဆွပါက၊ ငါသည် သင့်ကို မည်သည့် သနားကရုဏာမျှ ပြသမည် မဟုတ်ဘဲ၊ သင်သည် နှင်ထုတ်ခံရလိမ့်မည် ဖြစ်သည်။ သင်သည် သစ္စာစောင့်သိခဲ့သည်ဖြစ်စေ၊ စိတ်အားထက်သန်ခဲ့သည်ဖြစ်စေ၊ မည်မျှ အလုပ်များခဲ့သည်ဖြစ်စေ၊ သို့မဟုတ် ငါ့အတွက် မည်မျှ အသုံးခံခဲ့သည်ဖြစ်စေ သင်သည် ယခင်က မည်သို့ရှိခဲ့သည်ကို ငါ ထည့်သွင်းစဉ်းစားမည် မဟုတ်ပေ။ ငါသည် ဤအရာများကို လုံးဝ ကြည့်လိမ့်မည် မဟုတ်ပေ။ သင်သည် ငါ့ကို ယခု ရန်စလိုက်ရန်သာ လိုအပ်ပြီး၊ ငါသည် သင့်ကို အနက်ဆုံးသောတွင်းထဲသို့ ပစ်ချလိုက်မည်။ မည်သူသည် ငါ့ကို လိမ်လည်လှည့်ဖြားရန် ကြိုးပမ်းဝံ့သေးသနည်း။ ဤအရာကို သတိရလော့။ ယခုအချိန်မှစ၍၊ မည်သူနှင့်ပတ်သက်၍ ငါအမျက်ထွက်သည်ဖြစ်စေ ငါ အမျက်ထွက်သည့် အချိန်တိုင်း နောင်တွင် ပြဿနာ အလျှင်းမရှိတော့စေရန်နှင့် သင့်ကို ငါ မမြင်ရတော့ဖို့အလို့ငှာ၊ ငါသည် သင့်ကို ချက်ချင်း သုတ်သင်ပစ်မည် ဖြစ်သည်။ သင်သည် ငါ့ကို အာခံလျှင် ငါသည်

သင့်ကို မဆိုင်းမတွ ပြစ်တင်ဆုံးမမည်။ ဤအရာကို သင်တို့ စိတ်ထဲတွင် မှတ်ထားမည်လော။ သင်တို့ထဲမှ အသိဉာဏ်ထက်မြက်သောသူများသည် ချက်ချင်း နောင်တရကြသင့်သည်။

ယနေ့- ဆိုလိုသည်မှာ ယခု- ငါသည် အမျက်ထွက်လျက်ရှိသည်။ သင်တို့အားလုံးသည် ငါ့ကို သစ္စာစောင့်သိသင့်ပြီး သင်၏ဖြစ်တည်မှု အလုံးစုံကို ငါ့ထံ ဆက်ကပ်ပူဇော်သင့်သည်။ သင် နောက်ထပ် မနှောင့်နှေးရ။ ငါ၏နှုတ်ကပတ်တော်များကို သင် အရေးမစိုက်ပါက၊ ငါသည် ငါ၏လက်ကိုဆန့်ပြီး သင့်ကို ရိုက်ချမည်။ ဤသို့ လုပ်ဆောင်ရာတွင်၊ ငါ့ကို အားလုံး သိအောင် ငါလုပ်မည်။ ဤနေ့တွင် ငါသည် အယောက်တိုင်းပေါ် အမျက်ထွက်ကာ ဘုန်းအာနုဘော်ပြလျက်ရှိ၏ (ယင်းမှာ ငါ၏ တရားစီရင်မှုထက် သာ၍ပင် ပြင်းထန်သည်)။ ငါသည် မြောက်များလှစွာသော စကားတို့ကို ပြောဆိုပြီး ဖြစ်သော်လည်း၊ သင်တို့သည် လုံးဝတုန့်ပြန်ကြခြင်း မရှိပေ။ သင်တို့သည် အလွန် ထုံထိုင်းကြသလော။ သင်တို့ ထုံထိုင်းသည်ဟု ငါမထင်။ ဒုက္ခပေးနေသည်မှာ သင်တို့အတွင်းက အိုမင်းနေသော မကောင်းဆိုးဝါးကြီးဖြစ်သည်။ ဤအရာကို သင်တို့ရှင်းလင်းစွာ မြင်ကြသလော။ အခြေခံကျသော အပြောင်းအလဲ ပေါ်ပေါက်လာစေဖို့ အလျင်အမြန်ပြုကြလော့။ ယနေ့ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသည် ဤအဆင့်ထိ တိုးတက် ပြီးဖြစ်သည်။ ယင်းကို သင်တို့ မတွေ့မြင်ကြသလော။ ငါ၏နာမသည် တိုင်းနိုင်ငံအားလုံးနှင့် ဦးတည်ရာ အားလုံး၌ အိမ်တစ်အိမ်မှ တစ်အိမ်သို့ ပျံ့နှံ့လိမ့်မည်ဖြစ်ပြီး စကြဝဠာလောက တစ်ဝှမ်းလုံး လူကြီးများရော ကလေးများပါ ၎င်းတို့၏ နှုတ်များမှ ဟစ်အော်ကြလိမ့်မည်။ ဤသည်မှာ အကြွင်းမဲ့ သမ္မာတရားတစ်ရပ် ဖြစ်သည်။ ငါသည် အတုမရှိ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည့်အပြင်၊ ငါသည် တစ်ဆူတည်းသော ဘုရားသခင်၏ ဇာတိအဖြစ်တော်လည်း ဖြစ်သည်။ ထို့ထက်ပင်ပို၍၊ ဇာတိပကတိ အလုံးစုံဖြစ်သော ငါသည် ဘုရားသခင်၏ စုံလင်သော သရုပ်သကန်ဖြစ်သည်။ ငါ့ကို မကြည်ညိုဘဲ နေဝံ့သူ၊ မိမိတို့၏ မျက်စိများတွင် ခုခံမှုကို ဖော်ပြဝံ့သူနှင့် ငါ့အား အာခံသော စကားများ ပြောဝံ့သောသူ မည်သူမဆိုတို့သည် ငါ၏ကျိန်ခြင်းများနှင့် အမျက်ကြောင့် ဧကန်မုချ သေကြရမည် (ငါ၏အမျက်ကြောင့် ကျိန်ခြင်း ရှိလိမ့်မည်)။ ထို့အပြင် ငါ့ကို သစ္စာမစောင့်သိဝံ့သူ သို့မဟုတ် ရင်းနှီးကျွမ်းဝင်ခြင်း မရှိဘဲ နေဝံ့သောသူ မည်သူမဆိုနှင့် ငါ့ကို လှည့်ဖြားရန် ကြိုးစားဝံ့သောသူ မည်သူမဆိုသည် ငါ၏ အမုန်းတရားကြောင့် ဧကန်အမှန် သေကြရမည်။ ငါ၏ ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်နှင့် တရားစီရင်ခြင်းတို့သည် ထာဝရကာလပတ်လုံး တည်တံ့လိမ့်မည်။ ဦးစွာပထမ၊ ငါသည် ချစ်တတ်ပြီး သနားကရုဏာနှင့် ပြည့်သော်ငြားလည်း၊ ဤသည်မှာ ငါ၏ပြီးပြည့်စုံသော ဘုရားသဘောသဘာဝ၏ စိတ်သဘောထား မဟုတ်ပေ။ ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်နှင့်

တရားစီရင်ခြင်းတို့သည် စုံလင်သော ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည့် ငါ၏ စိတ်သဘောထားတွင် ဖွဲ့စည်းပါဝင်ရုံမျှ ဖြစ်သည်။ ကျေးဇူးတော်ခေတ်အတောအတွင်းတွင်၊ ငါသည် ချစ်တတ်ပြီး ကရုဏာတရား ပြည့်ဝသည်။ ငါပြီးစီးရမည့်အမှုကြောင့် ငါသည် မေတ္တာနှင့် သနားကရုဏာတို့ ပိုင်ဆိုင်ခဲ့သည်။ သို့သော်၊ နောက်ပိုင်းတွင် ထိုသို့သော အရာများ မလိုအပ်တော့ပေ (ထို့အပြင် ထိုအချိန်ကတည်းကစပြီး တစ်ခုမှ မရှိတော့ပေ)။ ယင်းသည် ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်နှင့် တရားစီရင်ခြင်းသာ ဖြစ်ပြီး၊ ဤသည်မှာ ငါ၏ စုံလင်သော ဘုရားသဘာဝနှင့် ယှဉ်တွဲရှိနေသော ငါ၏ ပုံမှန် လူ့သဘာဝ၏ စုံလင်သော စိတ်သဘောထား ဖြစ်သည်။

ငါ့ကို မသိသောသူတို့သည် အနက်ဆုံးသောတွင်းထဲတွင် ပျက်စီးကြရလိမ့်မည် ဖြစ်သော်လည်း၊ ငါ့အကြောင်းကို သေချာစွာ သိသောသူတို့မှာမူ ငါ၏ချစ်ခြင်းမေတ္တာအတွင်းတွင် စောင့်ရှောက်ခံရပြီး အကာအကွယ်ပေးခြင်း ခံရရန် ထာဝရ အသက်ရှင်ကြလိမ့်မည်။ ငါသည် စကားတစ်ခွန်းကို မိန့်မြွက်သည်နှင့်တစ်ပြိုင်နက်၊ ဤစကြဝဠာ တစ်ခုလုံးနှင့် ကမ္ဘာမြေအစွန်းတို့သည် တုန်လှုပ်ကြ၏။ မည်သူသည် ငါ၏နှုတ်ကပတ်တော်များကို ကြားနိုင်ပြီး ကြောက်ရွံ့ခြင်းဖြင့် မတုန်လှုပ်ဘဲ နေနိုင်သနည်း။ မည်သူသည် ငါ့အပေါ် ကြည်ညိုမှု လျှံထွက်လာခြင်းအား ချုပ်တည်းထားနိုင်သနည်း။ ထို့အပြင် မည်သူသည် ငါ၏ လုပ်ဆောင်ချက်များမှ ငါ၏ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်ကို သိနိုင်စွမ်း မရှိသနည်း။ ပြီးလျှင် မည်သူသည် ငါ၏လုပ်ဆောင်ချက်များ အတွင်းရှိ ငါ၏အနန္တတန်ခိုးနှင့် ဉာဏ်ပညာကို မမြင်နိုင်သနည်း။ သတိမမူသောသူ မည်သူမဆို ကေန်မုချ သေဆုံးကြလိမ့်မည်။ ဤသည်မှာ ထိုသတိမမူသော သူတို့သည် ငါ့ကို ခုခံသောသူတို့နှင့် ငါ့ကို မသိသောသူများ ဖြစ်ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ကောင်းကင်တမန်မင်းဖြစ်ပြီး အစွန်းရောက်၍ လုံးဝ ဂရုမစိုက်သော သူများဖြစ်သည်။ မိမိကိုယ်ကိုယ် ဆန်းစစ်ကြလော့။ အစွန်းရောက်၍ လုံးဝ ဂရုမစိုက်သောသူ၊ မိမိကိုယ်ကိုယ် မှန်သည်ဟု မှတ်ယူသောသူ၊ စိတ်ကြီးဝင်သောသူနှင့် မာနထောင်လွှားသောသူ မည်သူမဆို ငါ၏မုန်းတီးခြင်းကို ကေန်မုချ ခံရသည့်အရာဖြစ်ပြီး ပျက်စီးဆုံးရှုံးဖို့ သေချာပေသည်။

ငါသည် ယခု ငါ၏နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ကြေညာ၏- အရာခပ်သိမ်းသည် ငါ၏ တရားစီရင်ခြင်းအတွင်းတွင် ရှိသည်၊ အရာခပ်သိမ်းသည် ငါ၏ဖြောင့်မတ်ခြင်းအတွင်းတွင် ရှိသည်၊ အရာခပ်သိမ်းသည် ငါ၏ဘုန်းအာနုဘော်အတွင်းတွင် ရှိပြီး၊ ငါ၏ဖြောင့်မတ်ခြင်းတရားကို အားလုံးအပေါ် ငါလက်တွေ့လုပ်ဆောင်၏။

ငါ့ကိုယုံကြည်သည်ဟု ဆိုကြသော်လည်း၊ စိတ်ထဲတွင် ငါ့ကို ဆန့်ကျင်သောသူများ သို့မဟုတ် စိတ်နှလုံး၌ ငါ့ကိုစွန့်ပစ်သော သူတို့သည် နှင်ထုတ်ခံရလိမ့်မည် ဖြစ်သည်- သို့သော်လည်း ငါ့အတွက်အချိန်ကောင်း ကျရောက်ချိန်မှသာ ဖြစ်လိမ့်မည်။ ငါ့အကြောင်းကို လှောင်ပြောင် ပြောဆိုသူများသည် အခြားသူများ သတိမထားမိသော နည်းလမ်းဖြင့် လှောင်ပြောင်ပြောဆိုခြင်းဖြစ်သော်လည်း၊ ချက်ချင်းသေရလိမ့်မည် (သူတို့သည် စိတ်၊ ခန္ဓာနှင့် ဝိညာဉ်၌ သေဆုံးကြလိမ့်မည်)။ ငါချစ်ခင်သောသူတို့ကို ဖိနှိပ်သောသူ၊ သို့မဟုတ် တမင် အဖက်မလုပ်သော သူတို့သည် ငါ့အမျက်ဖြင့် ချက်ချင်း တရားစီရင်ခြင်းခံရလိမ့်မည်။ ဆိုလိုသည်မှာ ငါချစ်ခင်သောသူတို့ကို မနာလိုဝန်တိုသော လူများနှင့် ငါသည် ဖြောင့်မတ်ခြင်းမရှိဟု ထင်သောလူများသည် ငါချစ်ခင်သောသူတို့၏ တရားစီရင်ခြင်းခံရရန် လွှဲပြောင်းပေးအပ်ခြင်း ခံရလိမ့်မည်။ ကောင်းစွာ ပြုမူနေထိုင်သူ၊ ရိုးဖြောင့်ပြီး၊ ရိုးသားသူ (ဉာဏ်ပညာ ကင်းမဲ့သောသူများ အပါအဝင်) နှင့် ငါ့အား မြဲမြံသော ရိုးသားစစ်မှန်မှုဖြင့် ဆက်ဆံသောသူ အားလုံးသည် ငါ၏နိုင်ငံတော်တွင် ကျန်ရှိကြလိမ့်မည်။ လေ့ကျင့်ပေးခြင်းကို မဖြတ်သန်းရသေးသူများ၊ ဆိုလိုသည်မှာ ဉာဏ်ပညာနှင့် ထိုးထွင်းသိမြင်မှု ကင်းမဲ့သည့် ရိုးသားသူများသည် ငါ၏နိုင်ငံတော်တွင် တန်ခိုးအာဏာ ရှိကြလိမ့်မည်။ သို့ရာတွင်၊ ၎င်းတို့သည်လည်း ကိုင်တွယ်ဖြေရှင်းခြင်းခံရပြီး ကျိုးပဲ့ကြေမွကြရပြီး ဖြစ်သည်။ ၎င်းတို့ လေ့ကျင့်ပေးခြင်းကို မကြုံရသေးသည်မှာ မလွှဲကေန မဟုတ်ပေ။ ထို့ထက်၊ အယောက်တိုင်းကို ငါ၏အနန္တတန်ခိုးနှင့် ငါ၏ဉာဏ်ပညာအား ငါ ပြသမည်မှာ ဤအရာများမှတစ်ဆင့် ဖြစ်သည်။ ငါ့ကို သံသယရှိသေးသော သူအားလုံးကို ငါ မောင်းထုတ်မည်။ ၎င်းတို့ တစ်ဦးတစ်ယောက်ကိုမျှ ငါအလိုမရှိ (ဤသို့သော အချိန်ကာလမျိုးတွင် ငါ့ကိုသံသယဖြစ်ဆဲရှိသော သူတို့ကို ငါမုန်းတီးသည်)။ ဤစကြဝဠာ တစ်ခုလုံးအနှံ့ ငါပြုသော လုပ်ဆောင်ချက်များအားဖြင့် ရိုးသားသောလူတို့ကို ငါ့ဆောင်ရွက်ချက်များ၏ အံ့သြဖွယ်ဖြစ်ခြင်းကို ငါပြသမည် ဖြစ်ပြီး၊ ထို့နောက်ချက်ချင်း ၎င်းတို့၏ ဉာဏ်ပညာ၊ ထိုးထွင်းသိမြင်မှုနှင့် ချင့်ချိန်နိုင်စွမ်းတို့ကို ကြီးထွားစေမည်။ လိမ်လည် လှည့်ဖြားသော လူတို့ကိုလည်း ငါ၏ အံ့သြဖွယ် လုပ်ဆောင်ချက်များ၏ အကျိုးဆက်အဖြစ် တစ်ခဏတွင်းတွင် ဖျက်ဆီး ခံရစေမည်။ ငါ၏နာမကို ရှေးဦးစွာလက်ခံသည့် သားဦးများအားလုံး (ဆိုလိုသည်မှာ သန့်ရှင်းပြီး၊ အပြစ်ကင်းကာ ရိုးသားသောသူများ) သည် နိုင်ငံတော်ထဲ ဝင်ရောက်ခြင်းကို ဦးစွာပထမ ရရှိသောသူများ ဖြစ်လိမ့်မည်ဖြစ်ပြီး နိုင်ငံတော်ထဲတွင် ရှင်ဘုရင်များကဲ့သို့ စိုးစံကာ တိုင်းနိုင်ငံများအားလုံးနှင့် လူမျိုးများ အားလုံးတို့ကို တရားစီရင်လျက်၊ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအားလုံးကို ငါနှင့်အတူ အုပ်စိုးရလိမ့်မည်။ (ဤအရာက နိုင်ငံတော်ထဲက သားဦးများ

အားလုံးကို ရည်ညွှန်းပြီး အခြားသူများကို မရည်ညွှန်းပေ)။ တိုင်းနိုင်ငံများအားလုံးနှင့် လူမျိုးများအားလုံး အလယ်ရှိ စီရင်ခြင်းခံရပြီး နောင်တရပြီးသော သူတို့သည် ငါ၏နိုင်ငံတော်ထဲ ဝင်ကြမည်ဖြစ်ပြီး ငါ၏လူမျိုး ဖြစ်လာကြလိမ့်မည် ဖြစ်သော်လည်း၊ ခေါင်းမာပြီး၊ နောင်တမရသောသူတို့သည် (ထာဝရပျက်စီးဆုံးရှုံးရန်) အနက်ဆုံးသော တွင်းထဲသို့ ပစ်ချခြင်းခံရလိမ့်မည်။ နိုင်ငံတော်ထဲက တရားစီရင်ခြင်းသည် နောက်ဆုံးတရားစီရင်ခြင်း ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ယင်းသည် လောကကြီးအား ငါ၏ အကုန်အစင် ဆေးကြောခြင်း ဖြစ်လိမ့်မည်။ ထိုနောက်တွင် မတရားမှု၊ ဝမ်းနည်းခြင်း၊ မျက်ရည်များ၊ သို့မဟုတ် သက်ပြင်းချရခြင်းများ ရှိတော့မည် မဟုတ်ဘဲ၊ ထို့ထက်ပင်ပို၍ ကမ္ဘာလောကလည်း ရှိတော့မည်မဟုတ်ပေ။ အရာရာသည် ခရစ်တော်၏ သရုပ်သကန် ဖြစ်လိမ့်မည်ဖြစ်ပြီး၊ အရာခပ်သိမ်းသည် ခရစ်တော်၏နိုင်ငံတော် ဖြစ်လိမ့်မည်။ ဘုန်းအသရေ ရှိလှတကား။ ဘုန်းအသရေ ရှိလှတကား။

# အခန်း ၈၀

အကြင်သူတစ်ဦးသည် အသိဉာဏ်ပွင့်လင်းပြီး အလင်းရရှိရန်အလို့ငှာ အရာခပ်သိမ်းတို့တွင် ငါနှင့် အစစ်အမှန် ပြောဆိုဆွေးနွေးမှု လိုအပ်သည်။ ဤအရာမှ တစ်ဆင့်သာလျှင် ဝိညာဉ်သည် ငြိမ်သက်ခြင်း ရှိနိုင်ပေသည်။ သို့မဟုတ်ပါက ဝိညဉ်သည် ငြိမ်သက်ခြင်းရှိလိမ့်မည်မဟုတ်။ ယခု သင်တို့အကြားရှိ အပြင်းထန်ဆုံးသော နာမကျန်းမှုသည် ငါ၏ သာမန်လူ့သဘာဝကို ငါ၏စုံလင်ပြည့်ဝသော ဘုရားသဘောသဘာဝမှ သီးခြားခွဲထုတ်နေသည်။ ထို့အပြင် သင်တို့သည် ငါ့ထံတွင် စုံလင်ပြည့်ဝသော ဘုရားသဘောသဘာဝလည်း ရှိနေသည်ကို တစ်ခါမျှ မသိဖူးသည့်အလား သင်တို့အများစုက ငါ၏သာမန်လူ့သဘာဝကို အသားပေးကြသည်။ ဤသည်မှာ ငါ့ကို ကျူးလွန်ပြစ်မှားခြင်း ဖြစ်၏။ ၎င်းကို သင်တို့ သိကြသလော။ သင်တို့၏ နာမကျန်းမှုသည် ပြင်းထန်လွန်းလှသဖြင့် အကယ်၍ သင်တို့ အလျင်အမြန် ပြန်မကောင်းလျှင် သင်တို့သည် ငါ့လက်ဖြင့် အဆုံးစီရင်ခြင်း ခံကြရပေလိမ့်မည်။ သင်တို့သည် ငါ့ရှေ့တွင် နည်းလမ်းတစ်မျိုး ပြုမူကြပြီး (နှိမ့်ချပြီး သည်းခံသည့် ဂုဏ်သရေရှိပုဂ္ဂိုလ်တစ်ဦး ပုံပေါ်နေပြီး) ငါ့နောက်ကွယ်တွင်မူ သင်တို့သည် လုံးဝခြားနားစွာ ပြုမူကြသည် (လုံးလုံးလျားလျား ကြောင်သူတော်ဖြစ်ပြီး အသောက်အစား အပျော်အပါး၌ မွေ့လျော်ကာ အထိန်းအကွပ်မရှိသူ၊ လုပ်ချင်သည့် အရာမှန်သမျှကို လုပ်ကာ သင်းကွဲအုပ်စုဖွဲ့ခြင်း၊ သီးခြားနိုင်ငံတော်များ ထူထောင်ခြင်း၊ ငါ့ကိုသစ္စာဖောက်လိုခြင်း) သင်သည် အကန်းပင် ဖြစ်တော့သည်တကား။

စာတန်၏ လှည့်ဖြားခံထားရသော သင်၏မျက်စိတို့ကို ဖွင့်လော့။ ငါသည် အမှန်တကယ် မည်သူဖြစ်သည်ကို ကြည့်ရှုလော့။ သင်တို့၌ အရှက်မရှိကြပါတကား။ ငါ၏လုပ်ဆောင်ချက်တို့သည် အံ့သြဖွယ်ဖြစ်ကြောင်း သင်တို့မသိကြပါတကား။ ငါ၏ အနန္တတန်ခိုးကို သင်တို့မသိကြလေတကား။ ကယ်တင်ခြင်း မခံရသေးလင့်ကစား ခရစ်တော်အတွက် အစေခံသည်ဟု မည်သူ့ကို ဆိုနိုင်သနည်း။ သင်သည် မည်သည့်အခန်းကဏ္ဍ၌ ပါဝင်ကပြနေသည်ကို သင်မသိပါတကား။ သင်သည် သင်၏ ခင်မင်နှစ်လိုဖွယ်ဖြစ်မှုကို ဝါကြွားပြစားလျက် ငါ၏မျက်မှောက်သို့ အယောင်ဆောင်ပြီး အမှန်တကယ် ရောက်လာ၏၊ သင်သည် ဆိုးညစ်စုတ်ပြတ်လှလေစွ။ သင့်ကို ငါ့အိမ်ထဲမှ ငါကန်ထုတ်မည်။ ဤသို့သော လူစားမျိုးကို ငါအသုံးမပြု။ အဘယ်ကြောင့်ဆိုသော် ငါသည် သူတို့ကို ကြိုတင်ခွဲခန့်ခြင်း သို့မဟုတ် ရွေးချယ်ခြင်း မပြုခဲ့သောကြောင့်ဖြစ်သည်။

ငါပြောသည့်အတိုင်း ငါလုပ်ဆောင်သည်။ မကောင်းမှုပြုသူများသည် ကြောက်ရွံ့ခြင်းမရှိရ။ ငါသည် အဘယ်သူ တစ်ဦးတစ်ယောက်ကိုမျှ မတရားသဖြင့်မပြု။ ငါ၏ဖြောင့်မတ်ခြင်းနှင့်အညီ အမှုအရာတို့ကို ငါဆောင်ရွက်ပြီး ငါ၏အစီအစဉ်အတိုင်း အစဉ်အမြဲ ငါလုပ်ဆောင်သည်။ မကောင်းမှုပြုသူများသည် ဖန်ဆင်းခြင်းအချိန် ကာလကတည်းကပင် စာတန်၏သားမြေးများ ဖြစ်ကြသောကြောင့် ငါသည်သူတို့ကို မရွေးချယ်ခဲ့ပေ။ “တောင်များနှင့် မြစ်များသည် ရွှေ့နိုင်၊ ပြောင်းလဲနိုင်သော်လည်း တစ်စုံတစ်ဦး၏ သဘာဝမှာမူ ပြောင်းလဲရိုးမရှိ” ဟူသော စကားပုံက ၎င်းကို ဆိုလိုသည်။ လူသားတို့ နားမလည်နိုင်သော ကိစ္စရပ်များနှင့်ပတ်သက်ပြီး အရာခပ်သိမ်းတို့ကို ရှင်းလင်းစေခဲ့ပြီးဖြစ်လျက် မည်သည့်အရာကမှ ငါ့အဖို့ ဖုံးကွယ်လျက်မရှိ။ သင်သည် တစ်စုံတစ်ခုကို လူအနည်းငယ်၏ မျက်လုံးများမှ ဖုံးကွယ်ထားကောင်း ဖုံးကွယ်ထားနိုင်ပြီး အတော်နည်းသော လူတို့၏ ယုံကြည်ကိုးစားမှုကိုပင် ရရှိနိုင်သော်လည်း ငါနှင့်ဆိုလျှင် ၎င်းသည် မလွယ်ကူလှ။ နောက်ဆုံးတွင် သင်သည် ငါ၏တရားစီရင်ခြင်းမှ ပြေးမလွတ်နိုင်ပေ။ လူသားမျိုးနွယ်၏ အမြင်သည် အကန့်အသတ်ရှိပြီး လက်ရှိအခြေအနေ၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုကို နားလည်နိုင်သော သူများပင်လျှင် အရည်အချင်းအချို့ရှိသူဟူ၍ သတ်မှတ်ခြင်းခံရသည်။ ငါ့အဖို့ အရာခပ်သိမ်းသည် ချောမွေ့စွာ ရှေ့ဆက်ကြပြီး ငါ၏လမ်းကြောင်းတွင် မည်သည့်အရာကမှ ဟန့်တားနှောင့်ယှက်ခြင်း စိုးစဉ်းမရှိ။ အဘယ်ကြောင့်ဆိုသော် အရာအားလုံးသည် ငါ၏ ထိန်းချုပ်မှုနှင့် အစီအစဉ်အောက်တွင် ရှိနေသောကြောင့်ဖြစ်သည်။ ငါ့ထိန်းချုပ်မှုထံ မကျိုးနွံ၊ မနာခံဘဲ မည်သူ နေဝံ့မည်နည်း။ ငါ့စီမံခန့်ခွဲမှုကို မည်သူ နှောင့်ယှက်ဝံ့မည်နည်း။ ငါ့အပေါ် သစ္စာမစောင့်ဘဲ သို့မဟုတ် သးသမီးဝတ္တရား မကျေဘဲ မည်သူနေဝံ့မည်နည်း။ မမှန်ကန်သောအရာ

တစ်စုံတစ်ခုကို ငါ့အားပြောဝံ့သောသူ၊ မုသားစကား တစ်ပုံတစ်ခေါင်းကို ငါ့အားပြောဝံ့သောသူ မည်သူနည်း။ ထိုသူတစ်ဦးတစ်ယောက်မျှ ငါ၏ အမျက်ဒေါသနှင့်ပြည့်သော လက်မှ ပြေးလွတ်လိမ့်မည်မဟုတ်။ အကယ်၍ သင်သည် ယခုအခါ အရှုံးပေးပြီး ပြစ်တင်ဆုံးမခြင်းကို ခံယူရန်နှင့် အနက်ဆုံးသောတွင်းထဲသို့ ဝင်ရောက်ရန် ဆန္ဒရှိလျှင်ပင် ငါသည်သင့်ကို အလွယ်တကူ လွှတ်ပေးလိမ့်ဦးမည်မဟုတ်။ ငါ၏ အမျက်ဒေါသနှင့်ပြည့်သော အပြစ်ဒဏ်ပေးခြင်း (အဆုံးအစွန် မုန်းတီးခြင်း)ကို သင်တစ်ဖန် ပြန်ခံရစေရန်အလို့ငှာ ငါသည်သင့်ကို အနက်ဆုံးသောတွင်းထဲမှ ပြန်ဆယ်ရမည်။ သင်ထွက်ပြေးနိုင်သော နေရာတစ်စုံတစ်ရာ ရှိသလော။ ငါအမုန်းဆုံးသောအရာမှာ ငါ၏သာမန်လူ့သဘာဝကို ငါ၏ စုံလင်ပြည့်ဝသော ဘုရားသဘောသဘာဝမှ လူများက သီးခြားခွဲထုတ်ပစ်သောအခါတွင် ဖြစ်သည်။

ငါ့ကို သစ္စာစောင့်သိသူတို့သည် ကောင်းချီးပေးခံကြရသူများ ဖြစ်ကြ၏။ တစ်နည်းအားဖြင့်ဆိုရလျှင် လူသား စိတ်နှလုံးကို အနီးကပ် စစ်ဆေးတော်မူသော ဘုရားသခင်ကိုယ်တော်တိုင်အဖြစ် ငါ့ကိုအမှန်တကယ် အသိအမှတ်ပြုသူတို့သည် ကောင်းချီးပေးခံကြရသူများ ဖြစ်ကြ၏။ ငါ၏နိုင်ငံတော်တွင် ကောင်းသော ကောင်းချီးမင်္ဂလာများကို အစဉ်အမြဲခံစားခွင့်အား သင့်ကိုငါပေးလျက် သင်၏ ကောင်းချီးမင်္ဂလာများကို ဧကန်အမှန် ငါတိုးပွားစေမည်။ ဤသည်မှာ စာတန်ကိုအရှက်ရစေမည့် အထိရောက်ဆုံး နည်းလမ်းလည်းဖြစ်သည်။ သို့ရာတွင် စိတ်မရှည်လွန်းခြင်း သို့မဟုတ် စိတ်ပူပန်လွန်းခြင်း မရှိစေနှင့်။ အရာခပ်သိမ်းအတွက် ငါသတ်မှတ်ထားသော အချိန်ရှိသည်။ ငါကြိုတင်ခွဲခန့် မှတ်သားသောအချိန် မရောက်သေးပါက တစ်စက္ကန့်မျှ စောနေခြင်း ဖြစ်လျှင်ပင် ငါလှုပ်ရှားလိမ့်မည်မဟုတ်။ ငါသည် စည်းချက်တစ်ခုအလိုက် အတိအကျ လှုပ်ရှားဆောင်ရွက်ပြီး အကြောင်းမဲ့ လုပ်ဆောင်ခြင်းမရှိ။ လူသား ရှုထောင့်အမြင်တွင် ငါသည် စိုးရိမ်ပူပန်ခြင်း၏ လိုက်လံနှောင့်ယှက်ခြင်းကို လုံးဝမခံရဘဲ ငါသည် ထိုက်ရှန့်တောင်ကဲ့သို့ မြဲမြံ၏။ သို့သော် ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည်ကို သင်မသိသလော။ စိတ်မရှည်လွန်းခြင်း မရှိစေနှင့်။ အရာအားလုံးသည် ငါ၏လက်များထဲတွင်ရှိသည်။ အရာခပ်သိမ်းတို့ကို ရှေးယခင်ကတည်းက ပြင်ဆင်ထားနှင့်ပြီးဖြစ်၍ သူတို့သည် ငါ့အတွက်အစေခံရန် မစောင့်နိုင်တော့ချေ။ ပြင်ပမှကြည့်လျှင် စကြဝဠာတစ်ခုလုံးသည် ကစဉ့်ကလျားဖြစ်နေသည်ဟု ထင်ရသော်လည်း ငါ၏အမြင်ရှုထောင့်တွင်မူ အားလုံးသည် အစီအစဉ်တကျရှိ၏။ သင်တို့အတွက် ငါပြင်ဆင်သောအရာသည် သင်တို့မွေ့လျော်ခံစားဖို့အတွက်သာဖြစ်သည်။ ဤသည်ကို သင်တို့

သဘောမပေါက်သလော။ ငါ၏စီမံခန့်ခွဲမှုတွင် သင်တို့ကိုယ်သင်တို့ ကြားဖြတ်ဝင်ခြင်း မပြုကြနှင့်။ ငါ၏လုပ်ဆောင်ချက်တို့မှတစ်ဆင့် ငါ၏ အနန္တတန်ခိုးနှင့်ပြည့်စုံမှုကို လူမျိုးအားလုံးနှင့် နိုင်ငံအားလုံးတို့က မြင်တွေ့ရန် ငါအခွင့်ပေးမည်။ ငါ၏ အုံ့ဩဖွယ်အမှုများအတွက် ငါ၏ သန့်ရှင်းသော နာမတော်ကို ကောင်းချီးပေးပြီး ချီးမွမ်းကြရန် သူတို့ကို ငါအခွင့်ပေးမည်။ အကြောင်းမူကား အကြောင်းရင်းမရှိဘဲ အဘယ်အမှုကိုမှ ငါမပြုဟု ဆိုခဲ့သည့်အတိုင်း အရာခပ်သိမ်းတို့သည် ငါ၏ဉာဏ်ပညာနှင့် ငါ၏တန်ခိုး၊ ငါ၏ဖြောင့်မတ်ခြင်း၊ ငါ၏ ဘုန်းအာနုဘော်တို့နှင့် ပြည့်ဝနေသကဲ့သို့ ငါ၏ အမျက်ဒေါသနှင့် ပို၍ပင် ပြည့်ဝသည်။

ငါ့နှုတ်ကပတ်တော်တို့ကို ကြားနာရသည်နှင့် ချက်ချင်းနိုးထသောသူတို့သည် ငါ၏ကောင်းချီးများကို ဧကန်အမှန် လက်ခံရလိမ့်မည်ဖြစ်ကာ ငါ၏အကာအကွယ်နှင့် စောင့်ရှောက်မှုကို ဧကန်အမှန်လက်ခံရလိမ့်မည်။ သူတို့သည် ပြစ်တင်ဆုံးမခြင်း၏ ဝေဒနာကို ခံစားရလိမ့်မည် မဟုတ်ဘဲ ယင်းအစား မိသားစု၏ ပျော်ရွှင်မှုကို သူတို့မွေ့လျော်ရလိမ့်မည်။ ဤသည်ကို သင်သိသလော။ ဒုက္ခဝေဒနာ ခံစားရခြင်းသည် ထာဝရဖြစ်ပြီး ဝမ်းမြောက်ခြင်းက ထိုထက်ပင် ပို၍ထာဝရဖြစ်၏။ ယခုမှစတင်ပြီး နှစ်မျိုးစလုံးကို သူတို့ တွေ့ကြုံခံစားရလိမ့်မည်။ သင်သည် ဝေဒနာခံစားရသလော သို့မဟုတ် ဝမ်းမြောက်သလော ဆိုသည်မှာ သင်၏အပြစ်ကို သင်အသိအမှတ်ပြုသည့်အခါ မည်သည့် စိတ်ထားမျိုး သင်ထားသနည်း ဟူသည့်အပေါ် မူတည်သည်။ သင်သည် ငါ၏ ကြိုတင်ခွဲခန့်မှတ်သားထားသောသူနှင့် ရွေးချယ်ထားသောသူ ဖြစ်သည်၊ မဖြစ်သည်ကို သင်တို့ပြောခဲ့သည့်အပေါ် မူတည်ပြီး သေချာစေရမည်။ သင်သည် လူတို့ကို အရူးလုပ်နိုင်သော်လည်း ငါ့ကို သင်အရူးမလုပ်နိုင်။ ငါက ကြိုတင်ခွဲခန့်မှတ်သားပြီး ရွေးချယ်ခြင်း ခံကြရသူများသည် ယခုမှစပြီး ကြီးမားစွာ ကောင်းချီးပေး ခံရကြလိမ့်မည်။ ငါက ကြိုတင်ခွဲခန့်မှတ်သားပြီး ရွေးချယ်ခြင်း မခံရသူတို့ကိုကား ယခုမှစပြီး ငါသည် ပြင်းထန်စွာ ပြစ်တင်ဆုံးမမည်။ ဤသည်မှာ သင်တို့အတွက် ငါ၏ သက်သေအထောက်အထား ဖြစ်လိမ့်မည်။ ယခု ကောင်းချီးမင်္ဂလာ ခံရသောသူတို့သည် ငါ၏ချစ်ရသောသူများ ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိဘဲ ပြစ်တင်ဆုံးမခြင်း ခံရသူများသည် ငါ၏ ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် ရွေးချယ်ခြင်း မခံရသူများဖြစ်ကြောင်း ပြောနေရန်ပင်မလိုပေ။ ၎င်းကို သင် ရှင်းရှင်းလင်းလင်း သိသင့်သည်။ တစ်နည်းအားဖြင့် အကယ်၍ ယခုတွင် သင်ရရှိသောအရာက ငါ၏ကိုင်တွယ်ဖြေရှင်းခြင်းကို ခံရရန်ဖြစ်လျှင်၊ အကယ်၍ သင်သည် ငါ၏ပြင်းထန်သော တရားစီရင်ချက် နှုတ်ကပတ်တော်များကို လက်ခံရရှိလျှင် သင်သည် ငါ့နှလုံးသားထဲတွင် မုန်းတီးခြင်းနှင့် စက်ဆုပ်ခြင်းခံရသူဖြစ်ပြီး သင်သည် ငါက ဘေးသို့ဖယ်ပစ်သောသူများအနက်

တစ်ဦး ဖြစ်လိမ့်မည်။ အကယ်၍ သင်သည် ငါ၏အားပေးနှစ်သိမ့်မှုနှင့် အသက်တာအတွက် ငါ၏အထောက်အပံ့ကို လက်ခံရရှိပါက သင်သည် ငါ၏ပိုင်ဆိုင်မှုထဲတွင်ရှိပြီး သင်သည် ငါချစ်ခင်နှစ်သက်ရသူများအနက် တစ်ဦးဖြစ်သည်။ ဤသည်ကို ငါ၏အပြင်ပန်းသဏ္ဍာန်အပေါ် အခြေခံပြီး သင် မဆုံးဖြတ်နိုင်ပါ။ ၎င်းအပေါ် သင်အမျက်ထွက်ခြင်း မရှိနှင့်။

ငါ၏ နှုတ်ကပတ်တော်တို့သည် လူတစ်ဦးတစ်ယောက်ချင်းစီတိုင်း၏ ပကတိအခြေအနေကို ပြောကြားသည်။ ငါသည် ကြုံရာကျပန်း အကြောင်းအရာများကိုသာ ဆက်ပြောနေသည် သို့မဟုတ် ငါပြောချင်စိတ်ပေါက်သည်များကိုသာ ပြောနေသည်ဟု သင်တို့ ယုံကြည်ကြသလော။ လုံးဝမဟုတ်ပေ။ ငါ၏နှုတ်ကပတ်တော် တစ်ခွန်းစီတိုင်းတွင် ငါ၏ဉာဏ်ပညာကို ဝှက်ထားသည်။ ငါ့နှုတ်ကပတ်တော်တို့ကို သမ္မာတရားဟုသာ သင်တို့ သတ်မှတ်သင့်သည်။ မှန်သောလမ်းခရီးကို ရှာဖွေနေသည့် တစ်ပါးအမျိုးသားတို့သည် တိုတောင်းသော အချိန်ကာလတစ်ခု အတွင်းတွင် ဝင်ရောက်လာကြလိမ့်မည်။ ထိုအရာ ဖြစ်ပေါ်လာသောအခါ သင်တို့သည် အံ့သြဆွံ့အသွားကြမည် ဖြစ်ပြီး အရာခပ်သိမ်းတို့သည် ခဲယဉ်းခြင်းအလျဉ်းမရှိဘဲ ပြီးမြောက်လိမ့်မည်။ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်သည်ကို သင်တို့မသိကြသလော။ ငါ၏ ဤနှုတ်ကပတ်တော်တို့ကို ကြားနာခြင်းဖြင့် သင်တို့သည် တည်ကြည်မြဲမြံစွာ ယုံကြည်ကြသည် မဟုတ်သလော။ ငါသည် အမှားပြုလုပ်ရန်ဝေးစွ၊ စကားကိုပင် မှားပြောမိခြင်းမရှိသည်ကို သင်တို့သိကြသလော။ ထို့ကြောင့် ထိုသူတို့ကို ဦးဆောင်ရန်နှင့် ထိန်းကျောင်းရန် အလို့ငှာ သင်တို့အနေဖြင့် ငါ၏ လေ့ကျင့်ပေးမှုကို လျင်မြန်စွာ လက်ခံရန် ငါထပ်ခါထပ်ခါ အလေးပေး ပြောဆိုနေခြင်းဖြစ်၏။ ဤသည်ကို သင်တို့သိကြသလော။ သင်တို့မှတစ်ဆင့် ငါသည် သူတို့ကို စုံလင်အောင်ပြုလုပ်မည်။ ပို၍ အရေးကြီးသည်မှာ သင်တို့မှတစ်ဆင့် ငါ၏ ကြီးမားလှသော နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ထင်ရှားပြမည်။ ဆိုလိုသည်မှာ လူသားမျိုးနွယ်က အထင်မြင်သေးသူတို့ အကြားတွင် ငါ့ကိုထင်ရှားစေရန်၊ ငါ့နာမကိုဘုန်းထင်ရှားစေရန်၊ ငါ့အဖို့ အရာခပ်သိမ်းကို တာဝန်ယူရန်၊ ငါနှင့်အတူ ရှင်ဘုရင်များကဲ့သို့ စိုးစံရန် လူတစ်စုကို ငါရွေးချယ်ထားပြီ။ ထို့ကြောင့် သင်တို့ကို ငါ ယခုလေ့ကျင့်ပေးနေခြင်းသည် လောက၏ အကြီးကျယ်ဆုံးသော စီမံခန့်ခွဲမှုဖြစ်သည်။ ဤသည်မှာ လူသားတို့က ထမ်းဆောင်နိုင်ခြင်းမရှိသည့် အံ့သြဖွယ်ရာ အမှုတစ်ခုဖြစ်သည်။ သင်တို့ကို စုံလင်စေခြင်းဟူသော နည်းလမ်းအားဖြင့် ငါသည် စာတန်ကို ကန့်နှင့်ရောနှောသော မီးအိုင်အတွင်းသို့ လည်းကောင်း၊ အနက်ဆုံးသောတွင်းထဲသို့ လည်းကောင်း ပစ်ချပြီး၊ အဆင်းနီသောနဂါးကြီးကို နောက်တစ်ဖန် မည်သည့်အခါမျှ တစ်ဖန်ပြန်၍ နိုးထခြင်း မရှိနိုင်ရန်

၎င်း၏သေခြင်းသို့ အပြီးအပိုင် ချပစ်မည်။ သို့ဖြစ်၍ အနက်ဆုံးသောတွင်းထဲသို့ ပစ်ချခံရသူများ အားလုံးတို့သည် အဆင်းနီသော နဂါးကြီး၏ သားမြေးများ ဖြစ်ကြသည်။ ငါသည် သူတို့ကို အဆုံးအစွန်အဆင့်အထိ မုန်းတီးသည်။ ငါပြုခဲ့သည့် ဤအရာကို သင်တို့ မမြင်နိုင်သလော။ သစ္စာမရှိသူများအားလုံး၊ ကောက်ကျစ်မှုနှင့် လှည့်ဖြားမှုတို့ကို သုံးသောသူများ အားလုံးတို့ကို ဖော်ထုတ်လိုက်ပြီးဖြစ်သည်။ မာနထောင်လွှားသူ၊ မောက်မာသူ၊ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ယူမှတ်သူ၊ ရိုင်းစိုင်းသူတို့သည် ကောင်းကင်တမန်မင်း၏ သားမြေးများဖြစ်ကြပြီး သူတို့သည် စာတန်စင်စစ်များ ဖြစ်ကြသဖြင့် သူတို့အားလုံးသည် ငါ၏ မပြေနိုင်သော ရန်သူများ၊ ငါ၏ ရန်ဘက်များဖြစ်ကြသည်။ ငါ့နှလုံးသားအတွင်းမှ မုန်းတီးမှုကို ငြိမ်းသတ်ရန်အလို့ငှာ သူတို့ကို တစ်ဦးပြီးတစ်ဦး ငါအပြစ်ပေးရမည်။ ဤသည်ကို ငါသည် တစ်ခုပြီးတစ်ခု အလှည့်ကျ ဖြေရှင်းလျက် အမျိုးအမည် တစ်ခုပြီးတစ်ခု လုပ်ဆောင်မည်။

ယခုတွင် ကန့်နှင့်ရောနှောသော မီးအိုင်နှင့် အနက်ဆုံးသော တွင်းနက်ကြီးမှာ အတိအကျအားဖြင့် အဘယ်အရာ ဖြစ်သနည်း။ လူသား၏ စိတ်ကူးထဲတွင် ကန့်နှင့်ရောနှောသော မီးအိုင်ဆိုသည်မှာ ရုပ်ဝတ္ထုတစ်ခုဖြစ်၏။ သို့သော် ၎င်းသည် လွန်စွာမှားယွင်းသော ဖွင့်ဆိုချက်တစ်ခု ဖြစ်သည်ကို လူသားတို့မသိရှိကြဘဲ လူသားတို့၏ စိတ်ထဲတွင် ၎င်းက တိကျသော နေရာတစ်ခု ယူထားဆဲဖြစ်သည်။ ကန့်နှင့်ရောနှောသော မီးအိုင်ဆိုသည်မှာ လူသားမျိုးနွယ်အပေါ် ပြစ်တင်ဆုံးမခြင်းကို စီရင်ချမှတ်သည့် ငါ၏လက်ပင်ဖြစ်သည်။ ကန့်နှင့်ရောနှောသော မီးအိုင်အတွင်းသို့ ပစ်ချခံရသူ မည်သူမဆိုသည် ငါ၏လက်ဖြင့် ရှင်းပစ်ခြင်းခံရသူဖြစ်သည်။ ထိုသူတို့၏ ဝိညာဉ်၊ စိတ်နှင့် ခန္ဓာတို့သည် ထာဝရ ဝေဒနာ ခံစားနေကြရမည် ဖြစ်သည်။ အရာခပ်သိမ်းတို့သည် ငါ၏လက်များထဲတွင် ရှိသည်ဟု ငါမိန့်ဆိုချိန်တွင် ငါ့နှုတ်ကပတ်တော်များ၏ မှန်ကန်သောအဓိပ္ပာယ်မှာ ဤအရာဖြစ်သည်။ သို့တပြီးကား အနက်ဆုံးသောတွင်းဟူသည် မည်သည့်အရာကို ရည်ညွှန်းသနည်း။ လူသားတို့သည် ၎င်းကို အဆုံးမရှိသော၊ ဉာဏ်မမီနိုင်အောင် နက်ရှိုင်းသော ကြီးမားသည့် တွင်းနက်ကြီးတစ်ခုအဖြစ် စိတ်ကူးထဲတွင် ရုပ်လုံးဖော်ကြသည်။ အမှန်တကယ် အနက်ဆုံးသောတွင်း ဆိုသည်မှာ စာတန်၏ လွှမ်းမိုးမှုဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် စာတန်၏ လက်များထဲသို့ ကျရောက်သွားပါက ထိုသူသည် အနက်ဆုံးသောတွင်းထဲတွင် ရှိနေခြင်းဖြစ်သည်။ အကယ်၍ သူတို့တွင် အတောင်ပံများ ပေါက်လာသည့်တိုင် ထိုအထဲမှ သူတို့ ပျံသန်းထွက်မလာနိုင်ပါ။ သို့ဖြစ်သောကြောင့် ၎င်းကို အနက်ဆုံးသောတွင်း ဟုခေါ်သည်။ ထိုလူများအားလုံးသည် ထာဝရကာလ ပြစ်တင်ဆုံးမခြင်းကို ခံစားကြရမည်။ ဤသည်မှာ ၎င်းကို ငါစီစဉ်ပြီးသော နည်းလမ်းဖြစ်၏။

## အခန်း ၈၁

ဤကာလပဟောင်းသည် ဆိုးယုတ်၍ လိင်ကိစ္စများတွင် ကိုယ်ကျင့်သိက္ခာ ကင်းမဲ့ လှပေတကား။ ငါသည် သင့်ကို ဝါးမျိုလိမ့်မည်။ ဇီအုန်တောင်။ ငါ့ကို ကြိုဆိုနှုတ်ဆက်ဖို့ရန် ထလော့။ ငါ၏စီမံခန့်ခွဲမှု အစီအစဉ် ပြီးမြောက်ခြင်းအတွက်၊ ငါ၏ကြီးမြတ်သောအမှုတော် အောင်မြင်စွာ ပြီးမြောက်ခြင်းအတွက်၊ အဘယ်သူသည်ထ၍ ချီးမြှောက်ခြင်း မပြုဝံ့သနည်း။ အဘယ်သူသည် ပျော်ရွှင်မှုဖြင့်ထလျက်၊ အတောမသတ် ခုန်ပေါက်ခြင်းမပြုဘဲ နေဝံ့သနည်း။ ၎င်းတို့သည် ငါ၏လက်တော်၌ ၎င်းတို့၏သေခြင်းကို တွေ့ကြုံရလိမ့်မည်။ သနားကရုဏာ သို့မဟုတ် မေတ္တာကျေးဇူးတော် အနည်းငယ်မျှ မရှိဘဲ၊ ငါ၏ ဖြောင့်မတ်ခြင်းကို လူတိုင်းအပေါ်တွင် လုပ်ဆောင်သည်၊ ထိုသို့လုပ်ဆောင်ရာတွင်လည်း လုံးဝ ဘက်မလိုက်ခြင်းဖြင့် လုပ်ဆောင်သည်။ လူအပေါင်းတို့၊ ငါ့ကို ချီးမွမ်းရန် ထလျက်၊ ငါ၏ဂုဏ်တော်ကို ချီးမွမ်းကြလော့။ အလုံးစုံသော မဆုံးမရှိသည့် ဘုန်းတော်သည် ကမ္ဘာအဆက်ဆက် ငါ့ကြောင့် တည်ရှိပြီး၊ ငါ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ အဘယ်သူသည် သူ့အတွက်သူ ဘုန်းတော်ကို ယူဝံ့သနည်း။ အဘယ်သူသည် ငါ၏ဘုန်းတော်ကို ရုပ်ဝတ္ထုပစ္စည်းကဲ့သို့ သဘောထားဝံ့သနည်း။ ၎င်းတို့သည် ငါ၏ လက်တော်ဖြင့် ကွပ်မျက်ခြင်းကို ခံရလိမ့်မည်။ အို၊ ရက်စက်ကြမ်းကြုတ်သောလူသားများ၊ ငါသည် သင်တို့ကို ဖန်ဆင်းခဲ့ပြီး၊ သင်တို့အဖို့ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကာ ငါသည် သင်တို့ကို ယနေ့တိုင်အောင် ဦးဆောင်ခဲ့သော်လည်း၊ သင်တို့သည် ငါ့အကြောင်းကို အနည်းငယ်မျှပင် မသိဘဲ၊ ငါ့ကို လုံးဝ ချစ်မြတ်နိုးခြင်းမရှိ။ ငါသည် သင်တို့အား သနားကရုဏာ ုကို အဘယ်ကဲ့သို့ ထပ်မံပြနိုင်မည်နည်း။ ငါသည် သင်တို့ကို အဘယ်ကဲ့သို့ ကယ်တင်နိုင်မည်နည်း။ သင်တို့ကို ငါ၏ အမျက်ဒေါသဖြင့်သာ ဆက်ဆံနိုင်သည်။ ငါသည် သင်တို့ကို ဖျက်ဆီးခြင်းနှင့် ထာဝရ ပြစ်တင်ဆုံးမခြင်းဖြင့် ပြန်လည်ပေးဆပ်မည်။ ဤအရာသည် ဖြောင့်မတ်ခြင်းဖြစ်၏။ ဤနည်းလမ်းဖြင့်သာ ဖြစ်နိုင်သည်။

ငါ၏နိုင်ငံတော်သည် တောင့်တင်းပြီး မြဲမြံ၏၊ ၎င်းသည် အဘယ်သောအခါမှ ပြိုကျလိမ့်မည်မဟုတ်။ ၎င်းသည် ထာဝရကာလတိုင် တည်ရှိလိမ့်မည်။ ငါ့သားများ၊ ငါ၏သားဦးများနှင့် ငါ၏လူများတို့သည် ငါနှင့်အတူ ကောင်းချီးမင်္ဂလာများကို အစဉ်အမြဲ ခံစားကြရလိမ့်မည်။ ဝိညာဉ်ရေးရာကိစ္စများကိုနားမလည်သော သူများနှင့်၊ သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ဗျာဒိတ်တော်ကို မရရှိသောသူတို့သည် ငါ၏ နိုင်ငံတော်မှ အနေ့းနှင့်အမြန်

ဖြတ်တောက်ခြင်းကို ခံရလိမ့်မည်။ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ ဆန္ဒအလျောက် ထွက်ခွာလိမ့်မည်မဟုတ်ဘဲ၊ ငါ၏သံလုံတံ၏အုပ်စိုးခြင်းနှင့် ငါ၏ဘုန်းအာနုဘော်အားဖြင့် အတင်း နှင်ထုတ်ခြင်းခံရမည်၊ ထို့အပြင် ၎င်းတို့သည် ငါ၏ခြေဖြင့် ကန်ထုတ်ခြင်းကို ခံရကြလိမ့်မည်။ နတ်ဆိုးများ၏ (ဆိုလိုသည်မှာ- မွေးစကပင်) အချိန်အတော်ကြာကြာ စွဲကပ်ခြင်းကို ခံရသောသူများသည် ယခုတွင် ဖော်ထုတ်ခြင်းကို ခံရလိမ့်မည်။ ငါသည် သင့်ကို နှင်ထုတ်လိုက်မည်။ ငါ ပြောထားသောအရာကို သင် မှတ်မိသေးသလော။ သန့်ရှင်း၍ အပြစ်ကင်းစင်သော ဘုရားသခင်- ငါသည် နံစော်၍ ညစ်ညမ်းသော ဗိမာန်တွင် မနေထိုင်ပေ။ နတ်ဆိုးများ စွဲကပ်လျက်ရှိသော သူများသည် ဤသည်ကို ၎င်းတို့ကိုယ်တိုင် သိကြပြီး၊ ငါရှင်းပြရန် မလိုပေ။ ငါသည် သင့်ကို ကြိုတင်ခွဲခန့်မှတ်သားထားခဲ့ခြင်း မဟုတ်၊ သင်သည် စာတန်အို ဖြစ်လျက်ပင်၊ ငါ၏နိုင်ငံတော်သို့ ထိုးဖောက်ဝင်ရောက်လိုသေးသည်။ လုံးဝမရပေ၊ သင့်ကို ငါပြောနေသည်။ ယနေ့တွင် သင့်ကို ငါသေချာရှင်းပြမည်- လူသားမျိုးနွယ်ကို ဖန်ဆင်းချိန်တွင် ငါရွေးချယ်ခဲ့သောသူတို့ကို ငါသည် ငါ၏အရည်အသွေးနှင့် ငါ၏ စိတ်သဘောထားတို့ဖြင့် ပြည့်ဝစေခဲ့သည်၊ ထိုကြောင့် ယနေ့တွင် ၎င်းတို့သည် ငါ့တစ်ဦးတည်း အပေါ်၌သာ သစ္စာရှိသည်၊ ၎င်းတို့သည် အသင်းတော်အတွက် ဝန်ထုပ်ကို ထမ်းနိုင်ကြပြီး ငါ့အတွက် ၎င်းတို့ကိုယ်၎င်းတို့ အသုံးခံလိုကြကာ ၎င်းတို့၏ဖြစ်တည်ခြင်းအလုံးစုံကို ငါ့ထံတွင် ဆက်ကပ်လိုကြသည်။ ထိုကြောင့် ငါမရွေးချယ်ခဲ့သော သူတို့သည် အတိုင်းအတာ တစ်ခုအထိ စာတန်၏ ဖျက်ဆီးခြင်းကို ခံကြရပြီးဖြစ်ကာ ငါ၏ အရည်အသွေးနှင့် ငါ၏စိတ်သဘောထားတစ်ခုမျှ ၎င်းတို့၌ မရှိပေ။ ငါ၏နှုတ်ကပတ်တော်များသည် ရှေ့နောက်မညီဟု သင်တို့ ထင်ကြသော်လည်း၊ "သင်တို့ကို ငါ ကြိုတင်ခွဲခန့်မှတ်သားကာ ရွေးချယ်ထားသော်လည်း၊ သင်တို့၏ လုပ်ရပ်များအတွက် သင်တို့သည် အကျိုးဆက်များကို ခံရသည်။" ဟူသည့် နှုတ်ကပတ်တော်များအားလုံးသည် စာတန်ကို ရည်ညွှန်းသည်။ ယခု အချက်တစ်ချက်အား ငါရှင်းပြမည်- ယနေ့ ထ၍ အသင်းတော်အပေါ် သြဇာသက်ရောက်နိုင်သူများ၊ အသင်းတော်ကို ဦးဆောင်လမ်းပြနိုင်သူများ၊ ငါ၏ဝန်ထုပ်ကို ထောက်ထားနိုင်သူများနှင့် အထူးတာဝန်များကို ဖြည့်ဆည်းနိုင်သူများ- မည်သူတစ်ဦးတစ်ယောက်မျှ ခရစ်တော်အား အစေခံမနေကြပေ။ ၎င်းတို့အားလုံးသည် ငါ၏ ကြိုတင်ခွဲခန့်မှတ်သားထားခြင်းနှင့် ရွေးချယ်ခြင်းခံရသူများ ဖြစ်သည်။ ဤအရာကို ငါပြောသည်မှာ သင်တို့သည် အလွန်အမင်း ပူပန်မှု မရှိစေရန်နှင့် သင်၏အသက် တိုးတက်မှုကို မနှောင့်နှေးစေရန်အတွက် ဖြစ်သည်။ အဘယ်မျှလောက်သော သူတို့သည် သားဦး၏အဆင့်အတန်းကို ရယူနိုင်မည်နည်း။ ဤအရာသည် ဒီပလိုမာ ဘွဲ့ပေးနေသကဲ့သို့

လွယ်ကူသည့် အရာတစ်ခု ဖြစ်နိုင်သလော။ မဖြစ်နိုင်ပေ။ သင်တို့အပေါ် ငါ၏စုံလင်စေခြင်းကြောင့်သာ မဟုတ်လျှင်၊ သင်တို့သည် တိကျသော အတိုင်းအတာတစ်ခုအထိ စာတန်၏ဖျက်ဆီးခြင်းကို ခံရမည်မှာ ကြာမြင့်နေပြီ ဖြစ်သည်။ ထို့ကြောင့်ပင် ငါသည် ငါ့အပေါ် သစ္စာရှိသော သူတို့ကို အစဉ်အမြဲ ကြည့်ရှုစောင့်ရှောက်ကာ ၎င်းတို့ကို ဘေးအန္တရာယ်နှင့် ဒုက္ခဒဏ်မှ ကာကွယ်မည်ဟု ငါသည် ထပ်ကာတလဲလဲ အလေးထား ပြောကြားထားခြင်း ဖြစ်သည်။ ငါကြိုတင်ခွဲခန့်မှတ်သားထားခဲ့ခြင်း မရှိသောသူများမှာ နတ်ဆိုးများ စွဲကပ်နေသောသူများပင် ဖြစ်ကြသည်။ ထိုသူတို့သည် ခံစားချက်မရှိသောသူများ၊ ထိုင်းမှိုင်းနေသောသူများနှင့် ဝိညာဉ်ရေးရာ၌ ကြီးထွားခြင်း မရှိသောသူများနှင့် အသင်းတော်များကို ဦးမဆောင်နိုင်သောသူများ (စိတ်အားထက်သန်မှုရှိသော်လည်း၊ ရုပ်ပါရုံများနှင့် ပတ်သက်၍ မရှင်းလင်းသောသူများကို ဆိုလိုသည်။) ဖြစ်ကြသည်။ သင်သည် ငါ၏ မြင်ကွင်းမှ လျင်မြန်စွာ ဖယ်ရှားသင့်ပြီး၊ မြန်လေကောင်းလေပင်ဖြစ်ကာ၊ သင့်ကို တွေ့မြင်ရခြင်းဖြင့် ငါသည် စက်ဆုပ်ရွံရှာပြီး ဒေါသထွက်ခြင်းတို့ ဖြစ်မလာရန်အတွက် ဖြစ်သည်။ သင်သည် လျင်မြန်စွာ လွတ်မြောက်သွားမည်ဆိုပါက၊ ပြစ်တင်ဆုံးမခြင်းခံရမှု လျော့နည်းမည် ဖြစ်သော်လည်း၊ သင်အချိန်ကြာလေလေ ပြစ်တင်ဆုံးမခြင်းသည် ပြင်းထန်လေလေ ဖြစ်လိမ့်မည် ဖြစ်သည်။ သင် နားလည်သလော။ အလွန်တရာ အရှက်ကင်းမဲ့စွာ မပြုမူနှင့်။ သင်သည် ကိုယ်ကျင့်တရားပျက်စီးပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်ကာ မစဉ်းစားမဆင်ခြင်နှင့် ပေါ့ပျက်ပျက်နိုင်ပြီး၊ သင်သည် မည်သည့်အမျိုးအစား ဖြစ်သည်ကိုပင် လုံးဝမသိပေ။ သင်သည် မျက်စိကန်းသောသူ ဖြစ်သည်တကား။

ငါ၏နိုင်ငံတော်တွင် တန်ခိုးအာဏာ ကိုင်စွဲထားသော သူအားလုံးကို ငါသေချာစွာ ရွေးချယ်ထားပြီး၊ ၎င်းတို့သည် အထပ်ထပ်အခါခါ စစ်ဆေးမှုများကို တွေ့ကြုံခဲ့သူများ ဖြစ်သည်။ အဘယ်သူ တစ်ဦးတစ်ယောက်မျှ ၎င်းတို့ကို အနိုင်ယူနိုင်ခြင်းမရှိ။ ငါသည် ၎င်းတို့အား ခွန်အားပေးထားသောကြောင့်၊ ၎င်းတို့သည် ဘယ်သောအခါမျှ လဲကျမည် မဟုတ်၊ သို့မဟုတ် လမ်းလွဲသွားလိမ့်မည် မဟုတ်။ ငါ၏ထောက်ခံမှုကို ၎င်းတို့သည် ရရှိခဲ့ပြီးဖြစ်သည်။ ယနေ့မှစ၍ သူတော်ကောင်းယောင်ဆောင် သူများသည် ၎င်းတို့၏ စစ်မှန်သောစရိုက်များကို ပြသလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် အမျိုးမျိုးသော ရှက်ဖွယ်ကောင်းသော အရာများကို တတ်စွမ်းနိုင်ကြသော်လည်း၊ နောက်ဆုံး၌ စာတန်ကို ပြစ်တင်ဆုံးမပြီး မီးရှို၍သုတ်သင်သော ငါ၏လက်တော်မှ ၎င်းတို့သည် လွတ်မြောက်လိမ့်မည် မဟုတ်။ ငါ၏ဗိမာန်တော်သည် သန့်ရှင်းပြီး၊ အစွန်းအထင်းမရှိ ဖြစ်လိမ့်မည်။ ထိုအရာအားလုံးသည် ငါ့အတွက်

သက်သေခံချက်များ ဖြစ်ကာ၊ ငါ၏သရုပ်သကန်ဖြစ်ပြီး၊ ငါ့နာမ၏ ဘုန်းတော် ဖြစ်သည်။ ငါ၏မိမာန်တော်သည် ငါ၏ထာဝရနေအိမ် ဖြစ်ပြီး၊ ငါ၏ထာဝရ ချစ်ခြင်းခံရသည့်အရာ ဖြစ်သည်။ ၎င်းသည် နတ်ဆိုးတို့၏ ထောင်ချောက်များအတွင်း ကျရောက်မသွားစေရန် သို့မဟုတ် စာတန်၏ လှည့်စားခြင်းကို မခံရစေရန်အတွက် ၎င်းကို ငါသည် မကြာခဏ ချစ်ခြင်းမေတ္တာလက်ဖြင့် ကြင်နာစွာပွတ်သပ်ကာ၊ ချစ်ခြင်းမေတ္တာ ဘာသာစကားဖြင့် ၎င်းကို နှစ်သိမ့်၍၊ ချစ်မေတ္တာမျက်စိများဖြင့် ၎င်းကို စောင့်ရှောက်ပြီး၊ မေတ္တာရင်ခွင်ဖြင့် ၎င်းကို ပွေ့ဖက်သည်။ ယနေ့တွင် ငါ့အတွက် အစေခံမှုကို ပေးသော်လည်း၊ ကယ်တင်ခြင်း မခံရသော သူများသည် နောက်ဆုံးတစ်ကြိမ် ငါ၏အသုံးပြုခြင်းကို ခံရလိမ့်မည်။ ငါသည် ထိုအရာများကို အဘယ်ကြောင့် ငါ၏နိုင်ငံတော်မှ ဖယ်ရှားရန် အလျင်အမြန် ပြုသနည်း။ ငါ၏မြင်ကွင်းမှ ၎င်းတို့ကို ငါသည် အဘယ်ကြောင့် မောင်းထုတ်ရသနည်း။ ငါသည် ၎င်းတို့ကို ငါ၏ ရိုးတွင်းခြင်ဆီအတွင်းအထိ မုန်းတီးသည်။ ငါသည် ၎င်းတို့ကို အဘယ်ကြောင့် မကယ်တင်သနည်း။ ငါသည် ၎င်းတို့ကို အဘယ်ကြောင့် ဤသို့ ရွံမုန်းသနည်း။ ငါသည် အဘယ့်ကြောင့် ၎င်းတို့ကို သေသည်တိုင်အောင် ရိုက်နှက်ရသနည်း။ ငါသည် အဘယ်ကြောင့် ၎င်းတို့ကို ဖျက်ဆီးရမည်နည်း။ (၎င်းတို့၏ ပြာမှုန့်များ အပါအဝင် ၎င်းတို့၏ သေးငယ်သော အစိတ်အပိုင်း တစ်ခုပင် ငါ၏ မြင်ကွင်းတွင် မကျန်ရှိနိုင်။) အဘယ်ကြောင့်နည်း။ အဆင်းနီသော နဂါးကြီး၊ ရှေးကမြွေနှင့် စာတန်အိုသည် ငါ၏နိုင်ငံတော်တွင် မထိုက်တန်သော အစားအသောက်ကို ရှာဖွေနေသည်။ စိတ်ကူးယဉ် မနေတော့နှင့်။ ၎င်းတို့အားလုံးသည် လုံးဝရှုံးနိမ့်လိမ့်မည် ဖြစ်ပြီး ပြာမှုန့်များ အဖြစ်သို့ ပြောင်းလဲသွားလိမ့်မည်။

ငါသည် ဤခေတ်ကို ဖျက်ဆီးမည်၊ ယင်းကို ငါ၏နိုင်ငံတော် အဖြစ်သို့ ပြောင်းလဲမည် ဖြစ်ပြီး၊ ထာဝရကာလတိုင် ငါချစ်မြတ်နိုးသည့် လူများနှင့်အတူ နေထိုင်ကာ ပျော်မွေ့မည်။ ထိုမသန့်ရှင်းသောအရာများသည် ငါ၏ နိုင်ငံတော်၌ ဆက်လက် တည်ရှိနိုင်မည်ဟု မယူဆသင့်ပေ။ နောက်ကျိသော ရေ၌ ငါးမျှားနိုင်မည်ဟု သင်ထင်သလော။ ထိုကဲ့သို့သော စိတ်ကူးယဉ်ခြင်းများကို မေ့ပျောက်လိုက်လော့။ ငါ၏မျက်စိများသည် အရာအားလုံးအား မြင်သည်ကို သင်မသိ။ ငါ၏လက်တော်ဖြင့် ခပ်သိမ်းသော အရာအား စီစဉ်ထားသည်ကို သင်မသိ။ သင်သည် လွန်စွာ လေးစားမြတ်နိုး ခံရသည်ဟု မထင်လေနှင့်။ သင်တို့ တစ်ဦးချင်းစီသည် သင်တို့နှင့် သင့်လျော်သည့်နေရာကို ယူရမည်။ နှိမ့်ချယောင် ဟန်မဆောင်နှင့် (ကောင်းချီးမင်္ဂလာ ခံစားရသူများကို ရည်ညွှန်းသည်)၊ သို့မဟုတ် တုန်လှုပ်ကာ ကြောက်ရွံ့ခြင်း မရှိလေနှင့် (ဆင်းရဲဒုက္ခကို ခံစားရသော သူများကို ရည်ညွှန်းသည်)။ ယခုတွင် လူတို့သည် မိမိတို့ နှလုံးသားများထဲ၌ မိမိတို့ကိုယ်မိမိတို့ သိသင့်သည်။ ငါသည် သင့်အား အမည်နာမဖြင့်

မဖော်ပြလျှင်ပင် သင်သည် အသေအချာ သိသင့်သည်၊ အဘယ်ကြောင့်ဆိုသော် ငါ၏ နှုတ်ကပတ်တော်များသည် တစ်ဦးချင်းစီတိုင်းကို ဦးတည်ထားခြင်းကြောင့် ဖြစ်သည်။ သင်သည် ငါရွေး်ချယ်ထားသောသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ငါ၏ နှုတ်ကပတ်တော်များသည် သင်တို့၏ လက်ရှိ အခြေအနေများ အားလုံးကို ဦးတည်ထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သင်တို့သည် ငါရွေးချယ်ထားသူများထဲက ဖြစ်ကြသည်ဆိုလျှင်၊ သင်တို့ကိုယ်သင်တို့ တင်ပြပုံအပေါ်တွင် အခြေခံကာ ငါရွေးချယ်ထားသူများ၏ အခြေအနေကို ငါပြောဆိုခြင်း ဖြစ်သည်၊ ငါရွေးချယ်ထားသူ မဟုတ်သူများအတွက်မူ၊ ၎င်းတို့၏ အခြေအနေများနှင့်အညီ ငါပြောဆိုခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ငါ၏ နှုတ်ကပတ်တော်များသည် အဆင့်တစ်ခုအထိ ပြောဆိုပြီးဖြစ်သည်။ ထိုအရာကို သင်တို့ တစ်ဦးချင်းစီသည် ကောင်းစွာ နားလည် ခံယူတတ်သင့်သည်။ သင်တို့ကိုယ်သင်တို့ မလှည့်စားလေနှင့်။ မကြောက်ရွံ့လေနှင့်။ လူအရေအတွက်ကို အနည်းငယ်မျှသော ပမာဏအထိသာ ကန့်သတ်ထားသောကြောင့်၊ လှည့်စားမှုသည် အလုပ် ဖြစ်လိမ့်မည် မဟုတ်။ ငါရွေးချယ်ထားသူဟု ပြောခံရသူသည် ရွေးချယ်ခံရပြီး၊ သင်သည် ဟန်ဆောင်ရာ၌ မည်မျှပင် ကောင်းသည်ဖြစ်စေ၊ ငါ၏ အရည်အသွေးမပါလျှင် သင်သည် ကျရှုံးလိမ့်မည်။ ငါသည် ငါ့စကားကို တည်စေသောကြောင့်၊ ငါကိုယ်တိုင်၏ အစီအစဉ်များကို ငါသည် သာမန်ကာလျှံကာ မနှောင့်ယှက်ပေ။ ငါပြုသော အရာမှန်သမျှသည် မှန်ကန်သောကြောင့်၊ ငါပြုလိုသော အရာမှန်သမျှကို ငါပြုသည်။ ငါသည် အထွတ်အထိပ် ဖြစ်ပြီး၊ အတုမရှိသောသူ ဖြစ်သည်။ ဤသည်ကို သင်ရှင်းလင်းစွာ နားလည်သလော။ သင် နားလည်သလော။

ယခုတွင် ငါ၏နှုတ်ကပတ်တော်များကို ဖတ်ပြီးနောက်၊ ဆိုးယုတ်မှုများကို ပြုသောသူများ၊ ကောက်ကျစ်ပြီး လှည့်စားတတ်သော သူများသည်လည်း တိုးတက်မှုကို ရှာဖွေရန်နှင့် ၎င်းတို့ကိုယ်တိုင်၏ အားထုတ်မှုများကို ပြုရန် ကြိုးစားနေကြသည်။ ၎င်းတို့သည် ငါ၏နိုင်ငံတော်သို့ သွားရန်လမ်းသို့ တိုးဝှေ့ဝင်ရန်အတွက် အဖိုးအခ အနည်းငယ်သာ ပေးလိုကြသည်။ ၎င်းတို့သည် ထိုကဲ့သို့သော အတွေးမျိုးကို ဘေးဖယ်ထားသင့်သည်။ (ငါသည် ၎င်းတို့အား နောင်တရခွင့်ကို မပေးထားသောကြောင့်၊ ဤလူများ၌ မျှော်လင့်ချက် မရှိပေ။) ငါ၏ နိုင်ငံတော် တံခါးဝကို ငါစောင့်ရှောက်သည်။ ငါ၏နိုင်ငံတော်ထဲသို့ လူတို့သည် ၎င်းတို့ဆန္ဒအလျောက် ဝင်နိုင်လိမ့်မည်ဟု သင်ထင်သလော။ ငါ၏နိုင်ငံတော်သည် မည်သည့်အသုံးမဝင်သည့်အရာမျိုးကိုမဆို လက်ခံလိမ့်မည်ဟု သင်ထင်သလော။ တန်ဖိုးမရှိသော မည်သည့်အမှိုက်မျိုးကိုမဆို ငါ၏နိုင်ငံတော်သည် လက်ခံမည်ဟု ထင်သလော။ သင်သည် မှားယွင်းနေသည်။ ယနေ့တွင် နိုင်ငံတော်၌ ရှိသောသူတို့သည် ငါနှင့်အတူ

ရှင်ဘုရင်အာဏာကို စွဲကိုင်ထားကြသူများ ဖြစ်သည်၊ ငါသည် ၎င်းတို့ကို ဂရုတစိုက် ပြုစုပျိုးထောင်ထားခြင်း ဖြစ်သည်။ ဤအရာသည် လိုချင်ရုံနှင့် ရယူနိုင်သည့်အရာ တစ်စုံတစ်ရာ မဟုတ်၊ သင်သည် ငါ၏ထောက်ခံမှုကို ရရမည် ဖြစ်သည်။ ထို့အပြင် ဤအရာမှာ တစ်ဦးတစ်ယောက်နှင့် ဆွေးနွေးတိုင်ပင်သော အရာမဟုတ်၊ ဤအရာသည် ငါကိုယ်တိုင် စီစဉ်ထားသောအရာတစ်ခု ဖြစ်သည်။ ငါပြောသမျှကို နာခံရသည်။ ငါ၏နက်နဲရာတို့ကို ငါချစ်သောသူတို့အား ထုတ်ဖော်ပြသည်။ ဆိုးယုတ်မှုကို ပြုသောသူတို့သည်၊ ဆိုလိုသည်မှာ၊ ငါရွေးချယ်ထားခြင်း မရှိသူများသည် ထိုအရာများကို ရရှိရန် အခွင့်မရှိပေ။ ထိုနက်နဲအရာတို့ကို ၎င်းတို့ ကြားရပင်လျှင် ၎င်းတို့သည် နားလည်ကြမည် မဟုတ်ပေ၊ အကြောင်းမှာ စာတန်သည် ၎င်းတို့၏မျက်စိကို ဖုံးထားပြီး၊ ၎င်းတို့၏နှလုံးသားများကို ဖမ်းဆုပ်ထားကာ ၎င်းတို့၏ ဖြစ်တည်မှုတစ်ရပ်လုံးကို ပျက်စီးစေသောကြောင့် ဖြစ်သည်။ ငါ၏လုပ်ဆောင်မှုများသည် အံ့သြဖွယ်ဖြစ်ပြီး အမြော်အမြင်ရှိကာ ငါသည် ငါ၏အမှုအတွက် အရာအားလုံးကို ဆော်သြစည်းရုံးသည်ဟု အဘယ်ကြောင့် ပြောရသနည်း။

ငါ၏ကြိုတင်ခွဲခန့်မှတ်သားထားခဲ့ခြင်းနှင့် ရွေးချယ်ထားခဲ့ခြင်း မခံရသောသူများကို အပြစ်ဒဏ်ပေးရန်နှင့် ဖျက်ဆီးရန် စာတန်ဆီသို့ ငါလွှဲပြောင်းပေးအပ်မည်။ ၎င်းတို့ကို အပြစ်ပေးခြင်းတွင် ငါသည် ပါဝင်ပတ်သက်မည်မဟုတ်၊ ငါသည် ဤမျှပင် ဉာဏ်ပညာရှိ၏။ မည်သူသည် ဤအရာကို တွေးတောဖူးသနည်း။ မည်သည့်ကြိုးစားအားထုတ်မှုမျှ လုံး၀မရှိဘဲ၊ ငါ၏ကြီးမြတ်သောအမှုသည် ပြီးမြောက်အောင်မြင်ပြီ ဖြစ်သည်၊ မဟုတ်သလော။

# အခန်း ၈၂

ငါ၏နှုတ်ကပတ်တော်ကို ကြားသောအချိန်တွင် အားလုံးသည် ကြောက်ရွံ့ကြသည်။ အားလုံးသည် စိုးရိမ်ပူပန်ခြင်းဖြင့် ပြည့်လျက်ရှိသည်။ အဘယ်အရာကို သင်သည်ကြောက်ရွံ့သနည်း။ ငါသည် သင်တို့ကို ကွပ်မျက်လိမ့်မည်မဟုတ်။ သင်တို့သည် အပြစ်ရှိသည်ဟု ခံစားရခြင်းနှင့် ရှာဖွေတွေ့ရှိခြင်းခံရမည်ကို ကြောက်ရွံ့ခြင်းကြောင့်သာ ထိုကဲ့သို့ ဖြစ်ခြင်းဖြစ်သည်။ ငါ၏ နောက်ကွယ်တွင် သင်ပြုသောအရာသည် အလွန်တာဝန်မဲ့ပြီး၊ အလွန်ပင် သုံးမရပေ။ ဤအရာသည် ငါသင့်ကို အလွန်အမင်း မုန်းတီးခြင်း ဖြစ်စေသောကြောင့် ငါသည် ငါခွဲခန့်မှတ်သားထားခြင်းနှင့် ရွေးချယ်ခဲ့ခြင်း မရှိခဲ့သောသူတို့ကို အပိုင်းပိုင်းအစစ ကျိုးပဲ့စေခြင်းငှာ အနက်ဆုံးသောတွင်းထဲသို့ ပစ်ချရန် ငါသည် ပြင်းပြစွာ ဆန္ဒရှိသည်။ မည်သို့ပင်ဆိုစေကာမူ၊ ငါ့ထံ၌ ငါ၏ အကြံအစည်ရှိကာ၊ ငါ့ထံ၌ ငါ၏

ရည်ရွယ်ချက်များ ရှိသည်။ သင်၏အသက်တာကို ငါသည် ယခုအချိန်တွင် ချမ်းသာပေးကာ၊ ငါ့ကို သင်၏အစေခံခြင်း ပြီးဆုံးချိန်တိုင်အောင် သင့်ကို ကန်ထုတ်မည်မဟုတ်။ ထိုကဲ့သို့သော သတ္တဝါများကို ငါသည် မမြင်လို၊ ထိုသူတို့သည် ငါ၏နာမကို အရှက်ရစေသည်။ ဤအရာကို သင်သိလော။ သင်နားလည်လော။ သုံးမရသော ဆိုးယုတ်သူတို့။ ဤအရာကို ရှင်းလင်းစွာ နားလည်လော့။ သင်အသုံးပြုခံရသည့်အခါ ထိုသို့ပြုသူမှာ ငါပင်ဖြစ်ပြီး သင်အသုံးပြုမခံရပါက ထိုအရာသည်လည်း ငါ့ကြောင့်ပင်ဖြစ်သည်။ အရာရာအားလုံးသည် ငါ၏ စီစဉ်ထားခြင်း ခံရပြီး၊ ငါ၏လက်ဖြင့် အားလုံးသည် နာခံ၍ စနစ်တကျဖြစ်လျက်ရှိသည်။ အလှည့်ကျခြင်းမှ ပြောင်းရွှေ့ဝံ့သော မည်သူမဆို ငါ၏လက်များဖြင့် ချက်ချင်းပင် ရိုက်ချခြင်း ခံရလိမ့်မည်။ "ရိုက်ချခြင်း" ကို မကြာခဏ ငါပြောသည် - ထိုအရာကို အမှန်တကယ်ပင် ငါ၏ကိုယ်ပိုင်လက်များဖြင့် ပြုလုပ်သည်ဟု သင်ထင်သလော။ ငါလုပ်ဖို့ရန် မလိုအပ်။ ငါ၏ လုပ်ဆောင်ချက်များသည် လူသားတို့ စိတ်ကူးထင်မြင်သကဲ့သို့ အချိုးမကျခြင်းမဟုတ်။ အရာရာအားလုံးသည် ငါ၏ နှုတ်ကပတ်တော်အားဖြင့် ထူထောင်ပြီး ပြီးပြည့်စုံသည်ဟုဆိုသောအခါ မည်သည့်အရာကို ဆိုလိုသနည်း။ ငါ၏လက်ချောင်းကိုပင် မဖို့ရန်မလိုအပ်ဘဲ အရာရာအားလုံးသည် ပြီးပြည့်စုံသည်။ ငါ၏ နှုတ်ကပတ်တော် အဓိပ္ပာယ် အစစ်အမှန်ကို သင်နားလည်သလော။

ငါ့အတွက် အစေခံသောသူများကို ငါသည် ဘယ်သောအခါမျှ ကယ်တင်လိမ့်မည် မဟုတ်။ သူတို့သည် ငါ့နိုင်ငံတော်နှင့် အလျှင်းမဆိုင်ကြ။ ဤအရာမှာ အဘယ့်ကြောင့်ဆိုသော်၊ ထိုလူတို့သည် ငါ၏အလိုကို လုပ်ဆောင်ရန်ထက် သူတို့ကိုယ်သူတို့ ပြင်ပအကြောင်းအရာများနှင့်သာ အလုပ်များနေသောကြောင့်ဖြစ်သည်။ ငါသည် သူတို့ကို ယခုတွင် အသုံးချနေသော်လည်း၊ အမှန်တကယ်၌ ထိုသူတို့သည် ငါအမုန်းဆုံးသောသူများ၊ ငါအရွံ့ရှာဆုံးသောသူများ ဖြစ်ကြသည်။ ယနေ့တွင်၊ ငါ၏အလိုကို လုပ်ဆောင်နိုင်သော မည်သူကိုမဆို၊ ငါ၏ဝန်ထုပ်ဝန်ပိုးများကို အရေးထားသော မည်သူ့ကိုမဆိုနှင့် ငါ့အတွက် မှန်ကန်သော နှလုံးသားနှင့် စိတ်ရင်းအမှန်ဖြင့် မိမိတို့၏အရာအားလုံးကို အပြည့်အဝပေးနိုင်သော မည်သူကိုမဆို ငါချစ်မြတ်နိုးပြီး ငါသည် ထိုသူတို့ကို အဆက်မပြတ် ဉာဏ်အလင်းရရှိစေကာ၊ ငါ့ထံမှ ဝေးကွာဖို့ရန် ထိုသူတို့ကို အခွင့်မပေးပေ။ "ငါ့အတွက် ရိုးသားစွာ အသုံးခံသော သူတို့အဖို့၊ ငါသည် သင့်ကို ဧကန်အမှန်ပင် ကြီးစွာသော ကောင်းချီးပေးမည်" ဟု မကြာခဏ ငါပြောသည်။ "ကောင်းချီးပေးသည်" ဆိုသည်မှာ အဘယ်အရာကို ရည်ညွှန်းသနည်း။ သင်သိသလော။ သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိလုပ်ဆောင်မှုနှင့် စပ်လျဉ်း၍၊ ၎င်းသည် သင့်အား ငါပေးသော ဝန်ထုပ်ဝန်ပိုးများကို

ညွှန်ပြနေသည်။ အသင်းတော်အတွက် ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်နိုင်သော ထိုသူတို့အားလုံး၊ ငါ့ကို သူတို့ကိုယ်သူတို့ ရိုးသားစွာ ဆက်ကပ်သော သူတို့၊ ထိုသူတို့၏ ဝန်ထုပ်ဝန်ပိုးနှင့် သူတို့၏ စစ်မှန်သော နှလုံးသားတို့သည် ငါ့ထံမှလာသော ကောင်းချီးမင်္ဂလာဖြစ်သည်။ ထပ်လောင်းအနေဖြင့်၊ သူတို့အပေါ် ငါ၏ထုတ်ဖော်ချက်များသည်လည်း ငါ့ထံမှလာသော ကောင်းချီးမင်္ဂလာဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ယခုတွင် ဝန်ထုပ်ဝန်ပိုးမရှိသောသူများသည် ငါ၏ခွဲခန့်မှတ်သားထားခြင်းမခံရသော၊ ရွေးချယ်ခြင်းမခံရသောသူတို့ ဖြစ်သောကြောင့်ဖြစ်ပြီး ငါ၏ကျိန်ဆိုခြင်းများသည် သူတို့အပေါ်၌ ကျရောက်ခဲ့ပြီးဖြစ်သည်။ ဆိုလိုရင်းမှာ၊ ငါခွဲခန့်မှတ်သားထားပြီး ရွေးချယ်ထားသောသူများသည် ငါပြောဆိုခဲ့သည့် အပြုသဘောဆောင်သည့် ရှုထောင့်များနှင့် သက်ဆိုင်ကြလင့်ကစား ငါ၏ခွဲခန့်မှတ်သားခြင်းနှင့် ရွေးချယ်ခြင်းမခံရသူတို့မှာမူ ငါပြောဆိုခဲ့သည့် အပျက်သဘောဆောင်သည့် ရှုထောင့်များနှင့်သာ သက်ဆိုင်ကြသည်။ ငါ၏နှုတ်ကပတ်တော်တို့ကို တိုး၍ပြောလေ၊ ၎င်းတို့ကို ပိုမိုနားလည်လေဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်တို့ကို တိုး၍ပြောလေ၊ ၎င်းတို့သည် ပိုမိုရှင်းလင်းလာလေ ဖြစ်သည်။ ငါ၏ခွဲခန့်မှတ်သားထားခြင်းမခံရသော၊ ကလိမ်ကကျစ်နှင့် လှည့်စားတတ်သော သူတစ်ဦးချင်းစီသည် လောကကိုမဖန်ဆင်းမီကပင် ငါ၏ ကျိန်ဆိုခြင်းခံရသည်။ သင်တို့ မွေးဖွားသော နှစ်၊ လနှင့် နာရီ၊ မိနစ်နှင့် စက္ကန့်တို့ပင်လျှင် အားလုံးတို့မှာ ငါ၏ သင့်လျော်စွာ စီမံထားခြင်းခံရသည်ဟု အဘယ့်ကြောင့်ပြောသနည်း။ သားဦးအရာကို မည်သူရရှိမည်ဆိုသည်ကို ငါသည် ရှေ့မဆွက ခွဲခန့်မှတ်သားထားပြီး ဖြစ်သည်။ သူတို့သည် ငါ၏မျက်စိများအတွင်း၌ ရှိကာ၊ အဖိုးတန် သောသူများအဖြစ် ကြာမြင့်စွာကပင် ငါ၏မှတ်ယူထားခြင်းခံရပြီး ငါ၏နှလုံးသားအတွင်း၌ ကြာမြင့်စွာကပင် နေရာရှိနေပြီး ဖြစ်သည်။ ငါပြောသော နှုတ်ကပတ်တော် တစ်လုံးချင်းစီတိုင်း၌ ဩဇာသက်ရောက်မှုရှိပြီး ငါ၏အတွေးအခေါ်များ ပါရှိသည်။ လူသားမပါဝင်။ သားဦးများ၏အရာကို စွဲကိုင်သော ငါချစ်သောသူ အနည်းစုမှလွဲ၍ မည်မျှနည်းသောသူများသည် ငါ၏အလိုကို အရေးထားကြသနည်း။ ငါ့သားတို့၏တန်ဖိုးမှာ အဘယ်နည်း။ ငါ့လူတို့၏တန်ဖိုးမှာ အဘယ်နည်း။ အတိတ်ကာလတွင် "ငါ၏သားများ" ဟူသည့် စကားရပ်သည် ငါ၏သားဦးများဟူသည့် ဘွဲ့သညာပင် ဖြစ်သည်။ သို့ရာတွင် အရှက်မရှိသော ငါ၏သားများနှင့် ငါ၏လူများကမူ ထိုအရာသည် သူတို့ကို အမည်တပ်သည့် ချီးမြှောက်သော ဂုဏ်ပုဒ်ဖြစ်သည်ဟု တွေးထင်ကြသည်။ ရှက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် ငါ၏သားဦးများ အခန်းကဏ္ဍနေရာမှ သရုပ်မဆောင်နှင့် - ဤအရာကို သင်သည် ထိုက်တန်သလော။ ယနေ့တွင် စိစစ်အတည်ပြုခြင်းခံရပြီးသော သူတို့သည်သာလျှင်၊

ငါ၏ရှေ့တွင် အရေးပါသော နေရာများ၌ ခန့်အပ်ထားခံရသည်။ သူတို့သည် သားဦးအရိုက်အရာကို ရရှိခဲ့ပြီးဖြစ်သည်။ သူတို့သည် ငါ၏ပလ္လင်၊ ငါ၏သရဖူ၊ ငါ၏ချီးကျူးထောပနာပြုခြင်းနှင့် ငါ၏နိုင်ငံတော်တို့၏ ဝေစုကို ရရှိပြီးဖြစ်ကြသည်။ အရာရာအားလုံးသည် ငါ၏စေ့စပ်တိကျစွာ အသေးစိတ်ပြင်ဆင်ထားခြင်းခံရသည်။ ယနေ့တွင် သားဦးအရိုက်အရာကို ရရှိသောသူအားလုံးသည် ကြီးစွာသော နာကျင်မှု၊ နှိပ်ကွပ်မှုနှင့် သူတို့၏ မိသားစုများအတွင်း မွေးကတည်းက တွေ့ကြုံခဲ့ရသောအရာများ၊ သူတို့၏ ကိုယ်ပိုင် တက်လမ်းများ၊ အလုပ်၊ အိမ်ထောင်ရေးစသော အခက်အခဲများကို ခံခဲ့ကြရပြီးဖြစ်သည်။ ထိုသားဦးများသည် ဤအရိုက်အရာကို မည်သည့်အဖိုးအခမျှမပေးဘဲ ရရှိခဲ့ခြင်းမဟုတ်။ သူတို့အားလုံးသည် ကောင်းခြင်း၊ ဆိုးခြင်းနှင့် ထိုကြားထဲရှိ ဘဝအသက်တာ၏ လက္ခဏာများအားလုံးကို ကြုံခဲ့ကြရပြီးဖြစ်သည်။ လောကလူတို့၏ ယခင်က မြင့်မားစွာ အထင်ကြီးလေးစားခြင်းခံရသော သူတို့နှင့် အိမ်တွင် သက်သောင့်သက်သာစွာ နေထိုင်သောသူတို့သည် သားဦးများနှင့် မသက်ဆိုင်ပေ။ သူတို့သည် သားဦးများဖြစ်ရန် မထိုက်တန်၊ သူတို့သည် ငါ၏နာမကို အရှက်ရစေ၍ ငါသည်သူတို့ကို လုံးဝ အလိုမရှိပေ။ ငါ၏သားများနှင့် ငါရွေးချယ်ခဲ့သော သူများအတွက်မူ၊ သူတို့သည် လောက၌ ကောင်းသော ဂုဏ်သတင်းများ ရှိကြသည်၊ သို့သော်လည်း ငါ၏ သားဦးဖြစ်ဖို့ရန်မှု သူတို့သည် အဆင့်မမီကြချေ။ ငါသည် ယခုတွင် လူအချို့ကို အသုံးချနေသည်၊ သို့သော်လည်း ထိုသူများအကြားတွင် အများအပြားသည် ငါ၏လူများဖြစ်ဖို့ရန် အရည်အချင်းပြည့်မီခြင်း မရှိ၊ သူတို့သည် သေပြီးနောက် ထာဝရ ပြစ်ဒဏ်ခံရမည့် ပုဂ္ဂိုလ်တို့ဖြစ်ကြကာ၊ သူတို့ကို ရေရှည်စွာ အသုံးပြုရန်မဟုတ်ဘဲ အချိန်အတိုင်းအတာတစ်ခုအထိ ငါ့ကို အစေခံခြင်းငှာ အသုံးပြုရန်ဖြစ်သည်။ ထိုကာလကြာရှည်စွာ အသုံးပြုမည့်သူများကိုမူ ငါ၏ နှလုံးသားအတွင်း၌ သတ်မှတ်ထားခဲ့ပြီးဖြစ်သည်။ တစ်နည်းအားဖြင့်၊ အရေးပါသောနေရာ၌ ခန့်အပ်ထားသောသူတို့သည် ငါချစ်သောသူတို့ ဖြစ်ကြပြီး၊ ငါသည် သူတို့ကို ကြာမြင့်စွာကပင် အသုံးပြုရန် စတင်ခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ၊ သူတို့၏ လုပ်ငန်းတာဝန်သည် သတ်မှတ်ထားပြီးဖြစ်သည်။ ငါစက်ဆုပ်ရွံရှာသော သူတို့အတွက်မူ လက်ရှိအဆင့်၌ သူတို့သည် ယာယီအသုံးပြုခြင်း ခံနေရခြင်းမျှသာ ဖြစ်သည်။ နိုင်ငံခြားသားများ ရောက်လာချိန်တွင်၊ သင်တို့ထံသို့ သားဦးများကို ရှင်းလင်းစွာ ထုတ်ဖော်ပြသလိမ့်မည်။

ယနေ့တွင် ငါသည် သင်တို့ကို လျှင်မြန်စွာဖွံ့ဖြိုးပြီး ငါ၏ ဝန်ထုပ်ဝန်ပိုးကို အရေးထားစေရန် အလိုရှိသည်၊ ဤဝန်ထုပ်ဝန်ပိုးသည် အလွန်အမင်းမဟုတ်ဘဲ၊ ငါသည် သင်တို့၏ လုပ်နိုင်စွမ်းအတွင်းမှသာ သင်တို့ကို လုပ်ဆောင်စေမည် ဖြစ်သည်။ ငါသည်သင်တို့၏

ဝိညာဉ်အသက်တာကိုသိပြီး သင်တို့သည် မည်သည့်တာဝန်များကို ဆောင်ရွက်နိုင်ကြောင်း ငါသိသည်။ ဤအရာများ အားလုံးကို ငါသိပြီး၊ ငါသည် ၎င်းအရာများကို နားလည်သည်။ ငါ၏သားတို့သည် ငါချစ်သောအရာကို အမှန်တကယ်ချစ်နိုင်ပြီး ငါမုန်းသောအရာကို မုန်းနိုင်ကာ ငါပြုသောအမှုကို လုပ်နိုင်၍ ငါပြောသောအရာကို ပြောနိုင်လျက် မိမိတို့ကိုယ်မိမိ ငြင်းပယ်ကြစေဖို့ရန် ငါအလိုရှိသည်။ နေရာ၊ ပထဝီအနေအထား၊ အချိန် သို့မဟုတ် မည်သူ တစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှုကိုမျှ မခံနှင့်။ သင်တို့၏ ဝိညာဉ်များသည် နေရာတိုင်း၌ လွတ်လပ်ပြီး၊ သင်တို့တစ်ဦးချင်းစီသည် သားဦးများ၏ အရိုက်အရာ၌ ရပ်တည်နိုင်ရန် ငါအလိုရှိသည်။ ယနေ့တွင် မည်သူသည် သူတို့၏ ဖြစ်တည်မှုအလုံးစုံကို ငါ့အား ဆက်ကပ်သနည်း။ မည်သူသည် ငါ့အတွက် သစ္စာရှိစွာ ကုန်ဆုံးစေသနည်း။ မည်သူသည် ငါ့အတွက် နေ့နှင့်ည နိုးထနေသနည်း။ မည်သူသည် ငါ၏ အိမ်ထောင်ရေးရာကိစ္စများအတွက် စီမံဆောင်ရွက် နေသနည်း။ ငါ၏ပခုံးထက်မှ ဝန်ထုပ်ဝန်ပိုးကို မည်သူသည် သက်သာစေသနည်း။ သူတို့သည်ငါ၏ သားများ မဟုတ်ကြသလော။ ငါလုပ်သမျှသည် ငါ၏သားများကို စုံလင်စေရန်နှင့် ငါ၏ သားများအတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်ကို နားလည်သလော။ အားလုံးသည် ငါ၏သားဦးများအတွက်ဖြစ်ပြီး၊ ငါသည် အမှားမပြုလုပ်။ ငါသည် လူတို့ကို မှားယွင်းစွာ တရားစီရင်သည်ဟု မထင်နှင့်။ သင့်ကို ငါသည် အထင်အမြင်သေးသည်ဟု မထင်နှင့်။ ကြီးမြတ်သော စွမ်းရည်ကို ငါသည် အကျိုးမဲ့စွာ အသုံးချသည်ဟု မထင်နှင့်။ သင့်ကို ခွဲခန့်မှတ်သားထားခြင်း မရှိခဲ့သည့်အပေါ် ငါသည် မှားယွင်းသည်ဟု မထင်နှင့်။ စင်စစ်အားဖြင့်၊ သင်သည် ၎င်းကိုမထိုက်တန်ခြင်းကြောင့်ဖြစ်သည်။ သင်သိသလော။ ယခုတွင် အချို့သောအရာများအား သင်တို့ကို ငါအတည်ပြုပေးမည်၊ ငါ၏ အမျက်ဒေါသကို မကြာခဏ ထကြွစေသော မည်သူမဆို၊ ငါ၏ဝေဖန်ခြင်း သို့မဟုတ် ရိုက်နှက်ဆုံးမခြင်း၏ မကြာခဏ ပစ်မှတ်ဖြစ်သော မည်သူမဆို၊ ငါ၏ အမုန်းတရား ပစ်မှတ်ဖြစ်ကြောင်း သေချာသည်။ သူတို့သည် ဧကန်အမှန်ပင် သေလိမ့်မည်၊ ဤအရာသည် ကျောက်သားပေါ်တွင် မှတ်သားထားပြီးဖြစ်သည်။ ငါ၏သားဦးတို့ကို ငါသည် ရိုက်နှက်ဆုံးမတော့မည် မဟုတ်ကြောင်း ငါပြောခဲ့ပြီးဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ထိုလူတို့သည် ငါ၏ပြင်းထန်သော စစ်ဆေးခြင်းကို ဖြတ်သန်းခဲ့ပြီးဖြစ်ကာ၊ ၎င်းတို့သည် ငါ၏ ထောက်ခံချက်ကို ရရှိပြီးဖြစ်သည်။ သုန်မှုန်ခက်ထန်သော မျက်နှာအမူအရာဖြင့် ငါကြည့်သော မည်သူမဆို အန္တရာယ်ကို ရင်ဆိုင်ရလိမ့်မည်၊ သင်သည် မကြောက်ရွံ့သလော။ ငါ၏နှုတ်မှ ငါ၏နှုတ်ကပတော်စကားလုံးများ ထွက်သည်နှင့် တစ်ပြိုင်နက်၊ လူအများအပြားတို့သည်

သေကြလိမ့်မည်။ သို့သော်ငြားလည်း၊ အချို့သောသူတို့သည် သူတို့၏ ခန္ဓာအသွေးအသားကို ဆက်လက် ထိန်းသိမ်းထားဆဲရှိသည်၊ သူတို့၏ဝိညာဉ်သည် သေခြင်းသာ ဖြစ်သည်။ အရှင်းလင်းဆုံးသော အညွှန်းမှာ သူတို့၌ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှု မရှိဘဲ၊ သူတို့ကို ထိန်းချုပ်ထားသော မည်သည့်အရာမျှ မရှိပေ။ (သူတို့သည် စာတန်၏ ဖျက်ဆီးခြင်းကို အတိုင်းအတာတစ်ခုအထိ ခံထားကြရပြီးဖြစ်သည်။) သူတို့၏ခန္ဓာသည် အဆုံးသတ်ကွယ်ပျောက်သော မည်သည့်အချိန်မဆို၊ ၎င်းသည် ငါ၏ သင့်တော်စွာ စီစဉ်ထားခြင်းဖြင့် ဖြစ်ပေါ်ခြင်းဖြစ်ပြီး၊ ငါသတ်မှတ်ပြဋ္ဌာန်းထားသော အချိန်တစ်ခု၌ ဖြစ်ပေါ်ခြင်းဖြစ်သည်။ သူတို့၏ ဝိညာဉ်ရေးရာ သေဆုံးခြင်းသည် ငါ့အတွက် ကြီးမြတ်သော အသုံးဝင်မှုမရှိ၊ ငါ၏ အံ့သြဖွယ် လုပ်ဆောင်မှုများကို ပြသဖို့ရန်အတွက် သူတို့၏ ခန္ဓာအသွေးအသားကို ငါအသုံးပြုမည်။ ထိုအရာမှတစ်ဆင့် လူတို့သည် လက်ခံယုံကြည်လိမ့်မည်ဖြစ်ကာ၊ သူတို့သည် မရပ်မနား ချီးမွမ်းခြင်းပြုကြပြီး၊ ငါ့ကို ရိုသေလေးမြတ်ခြင်းမရှိသောသူ မည်သူမျှ ရှိမည်မဟုတ်ဘဲ ငါ့ကို မကြောက်ရွံ့သောသူ မည်သူမျှ ရှိမည်မဟုတ်။ ငါသည် မည်သည့်အသေးစိတ်ကိုမျှ ပေါ့ပျက်စွာ မဆက်ဆံ၊ ငါ့ကြောင့်သာ အားလုံးသည် ရှင်သန်ကြ သို့မဟုတ် သေဆုံးကြပြီး၊ ငါ့အတွက် မိမိတို့၏ အစေခံမှု မပြီးမချင်း မည်သူမျှ ထွက်ခွာမသွားနိုင်။ စာတန်ပင်လျှင် ငါ့အတွက် ၎င်း၏ အစေခံမှု မပြီးမချင်း၊ သူ၏ အနက်ဆုံးသောတွင်းထဲသို့ ပြန်လည်ဆုတ်ခွာသွားနိုင်ခြင်း မရှိ။ ငါလျှောက်သော ခြေလှမ်းတစ်လှမ်းချင်းစီသည် တည်ငြိမ်ပြီး၊ လုံခြုံကာ၊ ခိုင်မာသော မြေပေါ်တွင်ဖြစ်သည်။ ငါလျှောက်သော ခြေလှမ်းတစ်ခုမျှ အပေါ်ယံ မဟုတ်၊ လုံးဝမဟုတ်။

မည်သူသည် ငါနှင့်နှိုင်းယှဉ်ဝံ့သနည်း။ မည်သူသည် ငါ့ကိုဆန့်ကျင်ဝံ့သနည်း။ ငါသည် သင့်ကို ချက်ချင်းပင် ရိုက်ချမည်။ ငါသည် သဲလွန်စချန်မထား၊ သင်၏ခန္ဓာသည် ချေဖျက်ခြင်းခံရလိမ့်မည်၊ ဤအရာသည် ကေန်မုချပင် ဖြစ်၏။ ၎င်းကို ငါပြောသည်နှင့်တစ်ပြိုင်နက် ငါလုပ်ဆောင်မည်ဖြစ်ပြီး၊ နောက်ပြန်ဆုတ်လိမ့်မည် မဟုတ်။ လောကသည် တစ်နေ့တခြား ပြိုကျပျက်စီးလာနေသည်။ လူသားမျိုးနွယ်သည် တစ်နေ့တခြား ပျက်စီးနေသည်။ ငါ၏နိုင်ငံတော်သည် တစ်နေ့တခြား ပုံသဏ္ဌာန်ပေါ်လာသည်။ ငါ၏သားဦးတို့သည် တစ်နေ့တခြား ကြီးထွားဖွံ့ဖြိုးလာနေသည်။ ငါ၏ဒေါသသည် တစ်နေ့တခြား ကြီးထွားလာကာ၊ ငါ၏ပြစ်တင်ဆုံးမခြင်းများသည် နေ့ရက်တိုင်း တိုးကာ ပြင်းထန်လာနေပြီး၊ ငါ၏နှုတ်ကပတ်တော်သည်လည်း ပိုမို ကြမ်းတမ်းလာသည်။ သင်တို့သည် ငါ၏အသံနေအသံထားကို ပေါ့ပါးစေရန်နှင့် သင်တို့အကြောင်းပြောသော ငါ၏ ဘာသာစကားကို နူးညံ့စေရန် မျှော်လင့်နေကြဆဲဖြစ်သည်၊ ပြန်လည်စဉ်းစားလော့။ ၎င်းမှာ

ငါသည် မည်သူနှင့် ဆက်ဆံနေသည်ဟူသည့်အချက်အပေါ်တွင် မူတည်သည်။ ငါချစ်သောသူတို့အတွက်မူ၊ ငါ၏အသံနေအသံထားမှာ နူးညံ့ကာ၊ အစဉ်အမြဲ နှစ်သိမ့်လျက်ရှိသည်။ သင်တို့အတွက်မူ ဤပြစ်တင်ဆုံးမခြင်းနှင့် ဒေါသူပုန်ထခြင်းတို့အပေါ်မှာ ထပ်လောင်းလျက် ငါသည် ပြင်းထန်ပြီး ဝေဖန်တိကပြုသောသူသာ ဖြစ်နိုင်သည်။ အမှုမဲ့အမှတ်မဲ့ဖြင့်၊ ကမ္ဘာပေါ် ရှိ နိုင်ငံတိုင်း၏ အခြေအနေသည် တိုး၍ အခြေအနေတင်းမာလာကာ၊ တစ်နေ့တခြား တစ်စတစ်စနှင့် ပြိုလဲပျက်စီးနေပြီး၊ တစ်နေ့တခြား ဖရိုဖရဲ အခြေအနေသို့ ဆင်းသက်နေသည်။ နိုင်ငံတိုင်း၏ ခေါင်းဆောင်တိုင်းတို့သည် နောက်ဆုံး၌ အာဏာရရှိရန် အားလုံးမျှော်လင့်လျက်ရှိသည်။ သူတို့သည် မမျှော်လင့်သော်လည်း ငါ၏ ပြစ်တင်ဆုံးမခြင်းသည် သူတို့အပေါ်တွင် ကျရောက်ပြီး ဖြစ်သည်။ သူတို့သည် ငါ၏ တန်ခိုးကို ဖမ်းကိုင်ဖို့ရန် ရှာဖွေနေသော်လည်း၊ သူတို့သည် အိမ်မက်မက်နေခြင်း သာဖြစ်သည်။ ကုလသမ္မဂ္ဂအဖွဲ့အစည်း၏ ခေါင်းဆောင်သည်ပင် ငါ့ထံမှ ခွင့်လွှတ်ခြင်းကို တောင်းပန်ရမည်။ သူပြုခဲ့သော ဆိုးယုတ်သည့် လုပ်ရပ်များသည် အတော်ပင် များပြားနေသည်။ ယခုသည် ပြစ်တင်ဆုံးမရမည့် အချိန်ဖြစ်သည်။ ငါသည် သူ့ကို သက်ညှာစွာ ချမ်းသာမပေး။ အာဏာရရှိထားသော ထိုသူအားလုံးတို့သည် သူတို့၏ သရဖူများကို ချွတ်ရလိမ့်မည်။ ငါသာလျှင် အရာရာအားလုံးကို အုပ်စိုးဖို့ရန် ထိုက်တန်သည်။ ခပ်သိမ်းသောအရာတို့သည် ငါ့ကိုအမှီပြုနေသည်။ အရာအားလုံးသည် ငါ့အပေါ်တွင် အမှီပြုနေကာ၊ အနည်းငယ်သော နိုင်ငံခြားသားအချို့ကို ဖော်ပြရန်ပင် မလိုအပ်ပေ။ ငါ၏အမှုသည် ယခုအတိုင်းအတာအထိ ရောက်ရှိလာပြီ ဖြစ်သောကြောင့် ငါ့ကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးသော သူကို ငါသည် ချက်ချင်းပင် ရိုက်ချမည်ဖြစ်သည်။ နေ့ရက်တိုင်း၌ အသစ်သော ထုတ်ဖော်ချက်ရှိကာ၊ နေ့ရက်တိုင်းတွင် အသစ်သော အလင်းရှိသည်။ အရာအားလုံးသည် တိုး၍ ပြီးပြည့်စုံလာနေပြီ ဖြစ်သည်။ စာတန်၏ နောက်ဆုံးသော နေ့ရက်သည် ပိုမို နီးကပ်လာနေပြီး ယခင်ထက် ပိုမို ရှင်းလင်းနေသည်။

## အခန်း ၈၃

ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင် ဖြစ်သည်ကို သင်တို့မသိကြသကဲ့သို့၊ အဖြစ်အပျက်အားလုံးနှင့် အမှုအရာအားလုံးသည် ငါ၏ထိန်းချုပ်မှုအောက်တွင် ရှိသည်ကိုလည်း သင်တို့ မသိကြချေ။ အရာရာတို့ကို ငါ တည်ထောင်ထားပြီး ငါ

ပြည့်စုံစေသည်ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ လူတိုင်း၏ ကောင်းချီးမင်္ဂလာများ သို့မဟုတ် ကံအကြောင်းမလှသည့် ဖြစ်ရပ်များသည် ငါ၏စိတ်ကျေနပ်မှုအပေါ်နှင့် ငါ၏ လုပ်ရပ်များအပေါ် မူတည်ပေသည်။ လူသားသည် အဘယ်အရာကို လုပ်ဆောင်နိုင်သနည်း။ လူသားသည် တွေးတောခြင်းအားဖြင့် အဘယ်အရာကို ပြီးမြောက်နိုင်သနည်း။ ဤနောက်ဆုံးသောခေတ်တွင်၊ ဤကိုယ်ကျင့်တရားပျက်သော ခေတ်တွင်၊ စာတန်က အတိုင်းအတာတစ်ခုထိ ဖောက်ပြန်ပျက်စီးစေပြီးဖြစ်သည့် ဤအမှောင် လောကတွင် မည်သည့် မစိုမပို နည်းပါးသော သူတို့သည် ငါ၏အလိုနှင့် သဟဇာတဖြစ်နိုင်သနည်း။ ယနေ့ဖြစ်စေ၊ မနေ့ကဖြစ်စေ၊ မဝေးသည့် အနာဂတ်တွင်ဖြစ်စေ၊ အားလုံး၏ ဘဝများကို ငါက သတ်မှတ်ထားခြင်း ဖြစ်သည်။ ၎င်းတို့သည် ကောင်းချီးမင်္ဂလာများ ရရှိသည်ဖြစ်စေ၊ ကံအကြောင်းမလှသည့် ဖြစ်ရပ်များ ခံစားရသည်ဖြစ်စေ၊ ၎င်းတို့သည် ငါ၏ချစ်ခြင်းခံရသည်ဖြစ်စေ၊ ငါ၏မုန်းတီးခြင်းခံရသည်ဖြစ်စေ၊ အရာရာကို တစ်ချက်တည်းဖြင့် ငါ အတိအကျ ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ သင်၏ခြေလှမ်းများမှာ ကိုယ်တိုင်ဆုံးဖြတ်ထားခြင်း ဖြစ်ပြီး၊ သင်၏ကံကြမ္မာသည် သင်၏ထိန်းချုပ်မှုအတွင်းတွင်ရှိသည်ဟု သင်တို့တွင် မည်သူ အခိုင်အမာ ဆိုဝံ့သနည်း။ ထိုသို့ မည်သူ ဆိုဝံ့သနည်း။ မည်သူသည် အလွန်အာခံဝံ့သနည်း။ မည်သူ ငါ့ကို မကြောက်ရွံ့သနည်း။ မည်သူသည် စိတ်နှလုံးတွင် ငါ့အပေါ် မနာခံသနည်း။ မည်သူသည် ၎င်းတို့စိတ်ရှိသည်အတိုင်း ပြုမူဝံ့သနည်း။ ငါသည် ၎င်းတို့ကို ချက်ချင်း ပြစ်တင်ဆုံးမမည်ဖြစ်ပြီး၊ လူသားမျိုးနွယ်အပေါ် နောက်ထပ် သနားကရုဏာ လုံးဝ ရှိလိမ့်မည်မဟုတ် သို့မဟုတ် နောက်ထပ် မည်သည့် ကယ်တင်ခြင်းကိုမျှ ပေးအပ်မည်မဟုတ်။ ဤအချိန်သည်- ဆိုလိုသည်မှာ၊ ငါ၏နာမကို သင်တို့ လက်ခံသည့် အခိုက်အတန့်သည်- လူသားမျိုးနွယ်အပေါ် သက်ညှာမှုတစ်ခုတစ်လေ ငါ ပြလိမ့်မည်မဟုတ်သည့် နောက်ဆုံးအချိန် ဖြစ်သည်။ ဆိုလိုသည်မှာ၊ ငါသည် လူသားမျိုးနွယ်ထဲမှ ၎င်းတို့၏ ကောင်းချီးမင်္ဂလာများ ထာဝရဖြစ်ကောင်းမဖြစ်နိုင်သော်လည်း၊ ငါ၏ ကျေးဇူးတော်ကို ကောင်းစွာ မွေ့လျော်ခံစားပြီးဖြစ်သည့် တစ်စိတ်တစ်ပိုင်းကို ရွေးချယ်ထားပြီး ဖြစ်ပေသည်။ ထို့ကြောင့်၊ သင်သည် ထာဝရ ကောင်းချီးခံစားရမည်ဟု ကြိုတင်ခွဲခန့်မှတ်သားခြင်း မဟုတ်လျှင်ပင်၊ သင်သည် နှိပ်စက်ခံရလိမ့်မည်ဟု မလိုက်လာသကဲ့သို့၊ သင်သည် ကံအကြောင်းမလှသည့် ဖြစ်ရပ်ကို တိုက်ရိုက်ခံစားရမည့် သူများထက် များစွာ သာပေသည်။

အမှန်တွင်၊ ငါ၏တရားစီရင်ခြင်းသည် အထွတ်အထိပ်တစ်ခုသို့ ရောက်ရှိနှင့်ပြီးဖြစ်သကဲ့သို့ မကြုံစဖူးသော နယ်မြေထဲသို့ ဝင်ရောက်နေပြီဖြစ်သည်။ ငါ၏တရားစီရင်ခြင်းသည်

လူတစ်ဦးချင်းစီတိုင်းအပေါ်တွင် ရှိပြီး၊ ယခုတွင် ယင်းသည် အမျက်ဒေါသနှင့်ပြည့်သော တရားစီရင်ခြင်း ဖြစ်သည်။ အတိတ်တွင် ယင်းမှာ ဘုန်းအာနုဘော်ရှိသည့် တရားစီရင်ခြင်းဖြစ်ခဲ့သော်လည်း၊ ယခုတွင် ယင်းမှာ အလွန်ကွဲပြား၏။ အတိတ်တွင်၊ လူတို့သည် ငါ၏တရားစီရင်ခြင်း ချမှတ်ခံရသည်ကို ၎င်းတို့ မကြုံမီအထိ ကြောက်ရွံ့ခြင်း အနည်းငယ်မျှကိုပင် မခံစားခဲ့ရပေ။ သို့သော်၊ ယခုတွင်၊ ၎င်းတို့သည် စကားတစ်ခွန်းကိုကြားရုံမျှဖြင့် သွေးပျက်မတတ် ကြောက်လန့်ကြ၏။ အချို့သည် ငါ၏နှုတ်ကိုသာ ဖွင့်လိုက်ချိန်တွင်ပင် ကြောက်လန့်သွားကြသည်။ ငါ အသံ ထုတ်ပြန်လိုက်ပါက၊ ငါ စတင်စကားပြောသည့်အချိန်တွင်၊ ၎င်းတို့ အလွန် ကြောက်ရွံ့ကြသည်မှာ မိမိတို့ကိုယ်ကိုယ် မြေကြီးထဲရှိ တွင်းပေါက်တစ်ခုထဲတွင် ဝှက်ထားဖို့ သို့မဟုတ် အမှောင်ဆုံးသော ချောင်များထဲတွင် ကွယ်ဝှက်နေရန်သာ စိတ်အားထက်သန်စွာ ဆန္ဒရှိရင်း၊ မည်သည့်အရာ လုပ်ဆောင်ရမည်ကို မသိကြချေ။ ထိုသို့သော လူများသည် နတ်ဆိုးများ၏ ဝင်ပူးခြင်းကို ခံရသောကြောင့် ကယ်တင်ခြင်းမခံရနိုင်ပေ။ ငါသည် အဆင်းနီသောနဂါးကြီးနှင့် ရှေးမြွေဟောင်းကို တရားစီရင်သည့်အခါ၊ ၎င်းတို့သည် တိုး၍ ကြောက်ကြကာ အခြားသူများ အမြင်ခံရမည်ကိုပင် စိုးရွံ့ကြသည်။ အမှန်တွင်၊ ၎င်းတို့သည် မှောင် မိုက်တွင် မွေးဖွားသော စာတန်၏ သားစဉ်မြေးဆက်များ ဖြစ်ကြသည်။

ယခင်က ငါသည် "ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် ရွေးချယ်ခြင်း"ဟူသော စကားများကို မကြာခဏ အသုံးပြုလေ့ရှိ၏။ ယင်းတို့သည် မည်သည့်အရာကို ဆိုလိုသနည်း။ ငါသည် မည်သို့ ကြိုတင်ခွဲခန့်မှတ်သားကာ ရွေးချယ်သနည်း။ တစ်စုံတစ်ယောက်သည် အဘယ်ကြောင့် ကြိုတင်ခွဲခန့်မှန်သားခံရပြီး ရွေးချယ်ခံရသူများထဲတွင် မရှိမည်နည်း။ ဤအရာကို သင်မည်သို့နားလည်နိုင်သနည်း။ ဤအရာများသည် ငါ့ထံမှ ရှင်းလင်းသော ဖွင့်ဆိုရှင်းပြချက်အချို့ကို လိုအပ်ပြီး ငါ၏ တိုက်ရိုက်စကားပြောဆိုမှုကို လိုအပ်လာသည်။ အကယ်၍ ငါသည် ဤအရာများကို သင်တို့အတွင်းတွင် ထုတ်ဖော်ပြပါက၊ ဉာဏ်နည်းသောသူတို့သည် ယင်းမှာ စာတန်က ပေးသော အတွေးတစ်ခုဖြစ်ခဲ့သည်ဟု မှားယွင်းစွာ ယုံကြည်ပေမည်။ ငါသည် မတရားသဖြင့် သွားပုပ်လေလွင့် ပြောဆိုခံရပေမည်။ ယခုတွင် ငါသည် ဘွင်းဘွင်း ပြောမည်ဖြစ်ပြီး မည်သည့်အရာကိုမျှ ချုပ်တည်းထားမည် မဟုတ်။ အရာခပ်သိမ်းကို ငါ ဖန်ဆင်းခဲ့ချိန်တွင်၊ လူသားမျိုးနွယ်ကို အသုံးတော်ခံမည့် ထိုရုပ်ဝတ္ထုပစ္စည်းများ (ပန်းများ၊ မြက်ပင်များ၊ သစ်ပင်များ၊ သစ်တော၊ တောင်များ၊ မြစ်များ၊ ရေအိုင်များ၊ ကုန်းမြေနှင့် သမုဒ္ဒရာ၊ အင်းဆက်မျိုးစုံ၊ ငှက်များနှင့် တိရစ္ဆာန်များ။ အချို့တို့သည် လူသားမျိုးနွယ်အတွက် စားရန်နှင့် အချို့မှာ လူသားမျိုးနွယ် ကြည့်ရန်အတွက် ဖြစ်သည်)

ဖန်ဆင်းခဲ့သည်။ မတူကွဲပြားသောနယ်မြေများကြာက ခြားနားမှုများအတိုင်း လူသားမျိုးနွယ်အတွက် အစေ့အဆန်များကို ဖန်ဆင်းခဲ့သည်။ ဤအရာများ အားလုံးကို ဖန်ဆင်းပြီးနောက်တွင်သာ ငါသည် လူသားများကို စတင်ဖန်ဆင်းခဲ့သည်။ လူနှစ်မျိုးနှစ်စားရှိ၏။ ပထမအမျိုးအစားမှာ ငါ၏ ရွေးချယ်ပြီး ကြိုတင်ခွဲခန့်မှတ်သားသောလူများ ဖြစ်၏၊ ဒုတိယမှာ စာတန်၏ အရည်အချင်းများ ပိုင်ဆိုင်ပြီး ဤအမျိုးအစားသည် ဤကမ္ဘာလောကကို ငါမဖန်ဆင်းမီ ဖန်ဆင်းခံခဲ့ရသော်လည်း၊ ၎င်းတို့သည် စာတန်၏ လုံး၀ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရသည့်အတွက်၊ ငါသည် ၎င်းတို့ကို စွန့်ပစ်ပြီးဖြစ်သည်။ ထို့နောက် အသီးသီးက ငါ၏အရည်အချင်းများကို မတူညီသော အတိုင်းအတာများထိ ပိုင်ဆိုင်ထားကြသည့် ငါ၏ရွေးချယ်ကာ ကြိုတင်ခွဲ ခန့်မှတ်သားခြင်းခံရသော အမျိုးအစားတစ်ခုကို ငါဖန်ဆင်းခဲ့၏။ ထို့ကြောင့် ယနေ့ ငါ၏ရွေးချယ်ခြင်းခံရသော သူအသီးသီးသည် ငါ၏ အရည်အချင်းများကို မတူညီသောအတိုင်းအတာများဖြင့် ပိုင်ဆိုင်ကြသည်။ ၎င်းတို့သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံထားရကြပြီးဖြစ်သော်လည်း၊ ငါနှင့် သက်ဆိုင်ဆဲဖြစ်သည်။ ခြေလှမ်းအသီးသီးသည် ငါ၏စီမံခန့်ခွဲမှုအစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ဤသည်မှာ ငါ၏ ကြိုတင် စီစဉ်ထားခဲ့ခြင်းဖြစ်သောကြောင့် ရိုးသားသောသူသည် နိုင်ငံတော်တွင် အုပ်စိုးပေသည်။ ကောက်ကျစ်ပြီး လှည့်ဖြားတတ်သောသူတို့သည် မည်သည့်အခါမျှ မရိုးသားနိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် စာတန်၏ သားပေါက်များဖြစ်ကြပြီး၊ စာတန်က ပိုင်ဆိုင်ထားသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် စာတန်၏ အစေခံများဖြစ်ပြီး အစမှ အဆုံးထိ စာတန်၏ ကွပ်ကဲမှုအောက်တွင် ရှိကြ၏။ သို့သော်၊ ဤအရာအားလုံး၏ ရည်ရွယ်ချက်မှာ ငါ၏အလိုကို ပြည့်စုံစေရန် ဖြစ်သည်။ သင်တို့၏ ယူဆချက်များကို ဖယ်ရှားရန်အလို့ငှာ၊ ယင်းကို ငါ ရှင်းလင်းသွားစေပြီး ဖြစ်သည်။ ငါ စုံလင်စေသော သူများကို ငါသည် စောင့်ရှောက်ပြီး ကွယ်ကာပေးမည်။ ငါမုန်းတီးသောသူများအတွက်မူ၊ ၎င်းတို့၏အစေခံမှု အဆုံးသတ်သည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် ငါ၏နေရာမှ ထွက်သွားကြရမည်။ ဤလူများအကြောင်း ပြောဆိုချိန်တွင်၊ ငါသည် အမျက်ထွက်မိ၏။ ၎င်းတို့အကြောင်းကို ဖော်ပြပြောဆိုချိန်တွင်ပင်၊ ၎င်းတို့ကို ချက်ချင်း ငါ ကိုင်တွယ်ဖြေရှင်းရန် အလွန် ဆန္ဒရှိလွန်းလှသည်။ သို့သော်၊ ငါသည် ငါ၏ လုပ်ရပ်များတွင် ချုပ်တည်းထား၏။ ငါသည် ငါ၏ လုပ်ရပ်များနှင့် စကားတို့တွင် အကဲဖြတ်ခြင်း ခံရသည်။ ငါသည် ကမ္ဘာလောကကို ဒေါသအလျောက် ဖိနှိပ်၍ရသော်လည်း၊ ငါ ကြိုတင်ခွဲခန့်ပြီးဖြစ်သူများမှာ ခြွင်းချက် ဖြစ်သည်။ စိတ်ကိုလျှော့ချပြီးနောက်တွင်၊ ငါသည် ကမ္ဘာလောကကို

ငါ့လက်လက်ဖဝါးထဲတွင် ကိုင်ထားနိုင်သည်။ တစ်နည်းအားဖြင့်၊ ငါသည် အရာရာတိုင်းကို ထိန်းချုပ်၏။ ကမ္ဘာလောကသည် လူတို့ သည်းမခံနိုင်သည့် ထိုသို့သော အတိုင်းအတာတစ်ခုထိ ဖောက်ပြန်ပျက်စီးပြီးဖြစ်သည်ကို မြင်ရသောအခါ၊ ငါသည် ယင်းကို ချက်ချင်း ဖျက်ဆီးမည်။ ယင်းကို စကားတစ်ခွန်းတည်းကို မိန့်မြွက်ရုံမျှဖြင့် ငါ လုပ်ဆောင်နိုင်မည် မဟုတ်လော။

ငါသည် လက်တွေ့ကျသော ဘုရားသခင်ကိုယ်တိုင်ဖြစ်၏။ ငါသည် သဘာဝလွန် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို မဆောင်ရွက်ပေ- သို့သော် ငါ၏ အံ့ဖွယ်အမှုတို့သည် နေရာတကာတွင် ရှိ၏။ ရှေ့ကလမ်းသည် မနှိုင်းယှဉ်သာအောင် ပိုပြီး တောက်ပလာလိမ့်မည်။ ခြေလှမ်းအသီးသီးနှင့်ဆိုင်သည့် ငါ၏ထုတ်ဖော်ပြခြင်းမှာ သင်တို့ထံ ငါ ထောက်ပြသော လမ်းခရီးဖြစ်ပြီး ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်ဖြစ်သည်။ ဆိုလိုသည်မှာ၊ အနာဂတ်တွင် ဤထုတ်ဖော်ပြခြင်းများသည် သာ၍ပင် များပြားလာလိမ့်မည်ဖြစ်ပြီး၊ တိုး၍ ရှင်းလင်းလာလိမ့်မည် ဖြစ်သည်။ နှစ်တစ်ထောင်နိုင်ငံတော်တွင်ပင်- မဝေးတော့သည့် အနာဂတ်တွင်- သင်တို့သည် ငါ၏ ထုတ်ဖော်ပြခြင်းများနှင့် ငါ့ခြေလှမ်းများနောက် လိုက်လျှောက်ခြင်းအရ ရှေ့သို့တက်လှမ်းသွားကြရမည်။ အားလုံးသည် ရုပ်လုံးပေါ် ပြီးဖြစ်သကဲ့သို့ အားလုံးကို ပြင်ဆင်ထားပြီး ဖြစ်သည်။ ထာဝရ ကောင်းချီးမင်္ဂလာများသည် ကောင်းချီးခံစားရသောသူတို့အလယ် သင့်ကို စောင့်ဆိုင်းနေသည်၊ နှိပ်စက်ခြင်းခံရသောသူများမှာမူ ထာဝရ ပြစ်တင်ဆုံးမခြင်းက ၎င်းတို့ကို စောင့်ကြိုလျက် ရှိသည်။ ငါ၏နက်နဲမှုများသည် သင်တို့အတွက် အလွန်များလွန်းလှသည်။ ငါ့အဖို့ အရိုးရှင်းဆုံးဖြစ်သော နှုတ်ကပတ်တော်များသည် သင်တို့အဖို့ အခက်ခဲဆုံး ဖြစ်၏။ ထို့ကြောင့် သင်သည် နားလည်မှု အလွန် နည်းပါးပြီး စကားလုံး တစ်ခုချင်းစီတိုင်းအား ငါ ရှင်းပြသည်ကို လိုအပ်သည့်အတွက်၊ ငါသည် သာ၍ သာ၍ မိန့်မြွက်ရသည်။ သို့သော်လည်း များစွာ မစိုးရိမ်လွန်းနှင့်။ ငါသည် သင်တို့ကို ငါ၏ အမှုနှင့်အညီ စကားပြောမည်။

## အခန်း ၈၄

လူတို့သည် ငါ့ကို သိကျွမ်းခြင်း မရှိသောကြောင့်၊ ငါ၏ စီမံခန့်ခွဲမှုကို အနှောင့်အယှက် ဖြစ်စေခဲ့ပြီး၊ ငါ၏အစီအစဉ်များကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင် ထိခိုက်စေခဲ့သည်၊ သို့သော်လည်း ၎င်းတို့သည် ငါ၏ရှေ့ဆက်တိုးနေသော ခြေလှမ်းများကို မည်သည့်အခါမျှ ဟန့်တားနိုင်ခဲ့ဖူးခြင်း မရှိပေ။ ဤသည်မှာ ငါသည် ဉာဏ်ပညာရှိသော ဘုရားသခင်

ဖြစ်သောကြောင့် ဖြစ်သည်။ ငါ၌ အတိုင်းမသိသော ဉာဏ်ပညာ ရှိ၏၊ ထို့အပြင် ငါ၌ အကန့်အသတ်မရှိ၊ တိုင်းတာ၍ မရသော နက်နဲမှုများ ရှိ၏။ ရှေးပဝေသဏီ အချိန်မှစ၍ လူတို့သည် ၎င်းတို့အား တွေးတော သဘောပေါက်နိုင်ခြင်းနှင့် ပြည့်စုံစွာ နားလည်နိုင်ခြင်း မရှိခဲ့ဖူးပေ။ ဤသည်မှာ မမှန်သလော။ ငါမိန့်မြွက်သော နှုတ်ကပတ်တော် တစ်ခုချင်းစီ၌ ဉာဏ်ပညာ ပါရှိသည်သာမကဘဲ၊ နှုတ်ကပတ်တော် တစ်ခုချင်းစီတွင် ငါ၏ကွယ်ဝှက်ထားသော နက်နဲမှုများလည်း ရှိသေး၏။ ငါနှင့်ဆိုလျှင်၊ အရာအားလုံးတို့သည် နက်နဲသောအရာ ဖြစ်၏၊ ငါ၏အစိတ်အပိုင်းတိုင်းသည် နက်နဲသောအရာ ဖြစ်သည်။ ယနေ့တွင် သင်တို့သည် နက်နဲသောအရာကို မြင်ရုံမျှသာ ဖြစ်ပြီး၊ ယင်းသည် ငါ၏ဇာတိတော်ကို သင်မြင်ခဲ့ရခြင်း ဖြစ်၏၊ သို့သော် အတွင်း၌ ဖုံးကွယ်ထားသည့် ဤနက်နဲသောအရာကိုမူ သင်တို့ သိနားလည်ခြင်း မရှိသေးပေ။ လူတို့သည် ငါ၏ဦးဆောင်မှုနောက်ကို လိုက်ခြင်းအားဖြင့်သာ ငါ၏နိုင်ငံတော်သို့ ဝင်ရောက်နိုင်သည်။ ထိုသို့မဟုတ်လျှင်၊ ထိုသူတို့သည် လောကနှင့်အတူ ပျက်စီးကာ၊ ပြာမှုန့်များ ဖြစ်သွားကြလိမ့်မည်။ ငါသည် ပြီးပြည့်စုံသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ ငါသည် အဘယ်သူမျှ မဟုတ်၊ ဘုရားသခင် ကိုယ်တော်တိုင်ပင် ဖြစ်သည်။ "ဘုရားသခင်၏ထင်ရှားဖော်ပြခြင်း" ကဲ့သို့သော ယခင်က ဆိုထုံးများသည် ခေတ်နောက်ကျနေပြီ ဖြစ်၏၊ ၎င်းတို့သည် အပ်စပ်မှုမရှိတော့သည့် အသုံးမဝင်တော့သည့် အရာဟောင်းများ ဖြစ်ကြသည်။ သင်တို့အနက် မည်မျှလောက်သည် ဤအရာအား နားလည်လာနိုင်ခဲ့သနည်း။ သင်တို့အနက် မည်မျှလောက်သည် ဤအတိုင်းအတာအထိ ငါ့အား အသေအချာသိပြီး ဖြစ်သနည်း။ အရာအားလုံးကို ငါသည် ရှင်းလင်းစွာ ရှင်းပြပြီး၊ ညွှန်ကြားရပေမည်။

စာတန်၏နိုင်ငံသည် ဖျက်ဆီးခြင်းခံရပြီဖြစ်ပြီး၊ ၎င်း၏လူတို့ ငါ့အတွက် အစေခံမှုများကို ဆောင်ရွက်ခြင်းမှာ များမကြာမီတွင် ပြီးဆုံးသွားလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် တစ်ယောက်ပြီးတစ်ယောက် ငါ၏အိမ်တော်မှ မောင်းထုတ်ခြင်းခံရလိမ့်မည်။ ဆိုလိုသည်မှာ အမျိုးမျိုးသော အခန်းကဏ္ဍများ၌ အယောင်ဆောင်နေခဲ့ကြသော ထိုသူတို့အားလုံး၏ စစ်မှန်သော သဘာဝဗီဇများသည် ထုတ်ဖော်ခံခဲ့ရပြီး၊ ၎င်းတို့အားလုံးသည် ငါ၏နိုင်ငံတော်မှ ဖြတ်တောက်ပစ်ခံရလိမ့်မည်။ မမေ့လျော့လေနှင့်။ အတိတ်တွင် ငါစွန့်ပယ်ခဲ့သူများအပါအဝင် ယနေ့မှစ၍ ငါ စွန့်ပယ်သော သူတို့အားလုံးသည် သရုပ်ဆောင်နေခြင်းသာ ဖြစ်ကာ၊ ၎င်းတို့သည် အတုအယောင်များသာ ဖြစ်ကြ၏၊ ၎င်းတို့သည် ငါ့အတွက် တင်ဆက် ကပြနေခဲ့ကြခြင်းသာ ဖြစ်ပြီး၊ ဤပြဇာတ် ပြီးဆုံးသွားသည်နှင့်တစ်ပြိုင်နက် ၎င်းတို့သည် ဇာတ်စင်မှ ထွက်ခွာသွားရမည် ဖြစ်သည်။ ငါ၏စစ်မှန်သော သားများသည် ငါ၏ချစ်ခြင်းကို

လက်ခံရရှိရန်နှင့် သင်တို့အတွက် ငါပြင်ဆင်ထားပြီးဖြစ်သော ကောင်းချီးမင်္ဂလာများကို စံစားရန် ငါ၏နိုင်ငံတော်၌ တရားဝင် ရှိကြလိမ့်မည် ဖြစ်သည်။ သားဦးတို့သည် မင်္ဂလာရှိကြ၏။ သင်တို့ကို ငါသည် ကြိုတင် လေ့ကျင့်ပေးခဲ့သောကြောင့်၊ သင်တို့သည် ငါ၏အသုံးပြုခြင်းကို ခံရရန် ယနေ့တွင် သင့်လျော်ကြသည်။ ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင် ဖြစ်ကြောင်းကို ယုံကြည်လော့။ လူတို့ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်သောအရာများအား ငါသည် အခက်အခဲမရှိ လုပ်ဆောင်နိုင်ပြီး၊ ယှဉ်ပြိုင်ခြင်းသည် လက်သင့်ခံနိုင်ဖွယ် မရှိပေ။ သင်တို့သည် အဘယ်အရာကိုမျှ မလုပ်ဆောင်နိုင်၊ သို့မဟုတ် ငါ၏သားဦးများဖြစ်ရန် မထိုက်တန်ဟု မထင်ကြနှင့်။ သင်သည် လုံးဝ ထိုက်တန်၏။ ဤသို့ ဖြစ်ရခြင်းအကြောင်းမှာ အရာအားလုံးသည် ပြီးမြောက်ရန် ငါ့အပေါ် မူတည်သောကြောင့် ဖြစ်၏၊ ၎င်းတို့အားလုံးသည် ပြီးမြောက်အောင်မြင်ရန် ငါ့ကို မှီခိုသည်။ သင်တို့၌ ဤကဲ့သို့သော ဝိညာဉ်ရင့်ကျက်မှု ရှိသည်ဟု အဘယ်ကြောင့် ယခု ခံစားရသနည်း။ ဤသည်မှာ ငါသင်တို့အား အမှန်တကယ် အသုံးပြုရန် အချိန်သည် မရောက်ရှိသေးသောကြောင့်သာ ဖြစ်သည်။ ကြီးမားသော စွမ်းရည်တို့ကို အရေးမပါသော ရည်ရွယ်ချက်များအတွက် အသုံးမပြုနိုင်ပေ၊ သင်နားလည်သလော။ စကြဝဠာလောက တစ်ခုလုံးတွင် သင်တို့သည် သေးငယ်သော တရုတ်ပြည်အတွင်း၌သာ ကန့်သတ်ခံရသလော။ ဆိုလိုသည်မှာ စကြဝဠာလောကတစ်ခုလုံးရှိ လူအားလုံးတို့အား ထိန်းကျောင်းရန်နှင့် ဦးဆောင်ရန် သင်တို့ကို ပေးအပ်မည် ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သင်တို့သည် သားဦးများ ဖြစ်ကြပြီး၊ သင်တို့၏ ညီအစ်ကိုတို့အား ဦးဆောင်ခြင်းသည် သင်တို့ ကျေပွန်စွာထမ်းရွက်ရန် တာဝန် ဖြစ်သောကြောင့် ဖြစ်သည်။ ဤသည်ကိုသိလော့။ ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင် ဖြစ်၏။ သင်တို့ကိုယ်ကို ပျော်မွေ့ရန် အခွင့်ပေးနေကြောင်းကို ငါတစ်ဖန် အလေးပေး ပြောဆိုသည်။ အမှုပြုနေသော သူသည် ငါ ဖြစ်သည်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် နေရာအနှံ့တွင် အလုပ်လုပ်နေပြီး၊ ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်လျက်ရှိသည်။

ငါ၏ကယ်တင်ခြင်းအား လူတို့သည် ယခင်က နားမလည်ခဲ့ကြပေ။ ယခုတွင် သင်နားလည်သလော။ ငါ၏ကယ်တင်ခြင်းတွင် အသွင်အပြင် လက္ခဏာများစွာ ရှိ၏- တစ်ခုမှာ အချို့သော လူတို့အတွက် ကြိုတင်ခွဲခန့်မှတ်သားထားခြင်း လုံးဝ မရှိဟူ၍ဖြစ်သည်၊ ဆိုလိုသည်မှာ ၎င်းတို့သည် ငါ၏ကျေးဇူးတော်၌ လုံးဝ မွေ့လျော်နိုင်ခြင်း မရှိပေ။ နောက်တစ်ခုမှာ ကနဦးတွင် ငါ၏ကျေးဇူးတော်၌ အချိန်အတိုင်းအတာ တစ်ခုအထိ မွေ့လျော်သော ကြိုတင်ခွဲခန့်မှတ်သားထားခြင်းခံရသော သူတို့ရှိသော်လည်း၊ ငါကြိုတင်ခွဲခန့်မှတ်သားထားသည့် အချိန်ဖြစ်သည့် အချိန်အတန်ကြာပြီးနောက် ငါသည်

၎င်းတို့ကို ဖယ်ထုတ်မည်၊ ထို့နောက်တွင် ၎င်းတို့၏အသက်တာများသည် လုံးဝ ပြီးဆုံးသွားလိမ့်မည် ဖြစ်သည်။ ထို့ပြင် နောက်လက္ခဏာသွင်ပြင် တစ်ခုမှာ ငါ ကြိုတင်ခွဲခန့်မှတ်သားထားခဲ့ပြီး၊ ရွေးချယ်ထားသောသူတို့နှင့် ထာဝရ ကောင်းချီးမင်္ဂလာများကို ခံစားကြသောသူများ ရှိသည်၊ ၎င်းတို့သည် ငါ၏ကျေးဇူးတော်ကို အစမှအဆုံးတိုင်အောင် ခံစားရကြသည်ဖြစ်ပြီး၊ ထိုအထဲ၌ ငါ့အားလက်မခံမီနှင့် လက်ခံအပြီး ၎င်းတို့ ခံစားခဲ့ရသော အခက်အခဲများအပါအဝင် ငါ့အားလက်ခံပြီးနောက် ၎င်းတို့ရရှိခဲ့ကြသည့် ဉာဏ်အလင်းရခြင်းနှင့် အလင်းပေးခြင်းတို့လည်း ပါဝင်ကြ၏။ ယခုမှစ၍ ၎င်းတို့သည် ကောင်းချီးမင်္ဂလာများကို စတင်ခံစားရလိမ့်မည်၊ ဆိုလိုသည်မှာ ထိုသူတို့သည် ငါ အပြည့်အဝ ကယ်တင်နေသောသူများ ဖြစ်ကြသည်။ ဤအရာသည် ငါ၏ကြီးမြတ်သောအမှု ပြီးဆုံးခြင်းအား သိသာထင်ရှားဆုံးသော ဖော်ပြချက် ဖြစ်သည်။ သို့ဆိုလျှင် ကောင်းချီးမင်္ဂလာများဆိုသည်မှာ အဘယ်အရာကို ရည်ညွှန်းသနည်း။ သင်တို့ကို ငါမေးမည်- သင်တို့သည် မည်သည်ကို ပြုလုပ်ရန် ဆန္ဒအရှိဆုံး ဖြစ်သနည်း။ သင်တို့သည် မည်သည်ကို အမုန်းတီးဆုံး ဖြစ်သနည်း။ သင်တို့သည် အဘယ်အရာကို ရရှိရန် အမျှော်လင့်ဆုံး ဖြစ်သနည်း။ သင်တို့သည် ငါ့ကိုရရှိရန်နှင့် သင်တို့၏ အသက်တာများ ကြီးထွားဖွံ့ဖြိုးနိုင်စေရန်အတွက်သာ၊ နာကျင်မှုများနှင့် ဆင်းရဲဒုက္ခများကို အတိတ်တွင် ကျော်ဖြတ်ခဲ့ပြီးဖြစ်၏၊ ဤအရာများသည် ကျေးဇူးတော်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ "ကောင်းချီးခံရခြင်း" ဆိုသည့်အဓိပ္ပာယ်မှာ၊ အနာဂတ်တွင် သင်တို့မုန်းတီးသော အရာများသည် သင်တို့၌ ရှိတော့မည် မဟုတ်၊ ဆိုလိုသည်မှာ ထိုအရာတို့သည် သင်တို့၏တကယ့်ဘဝများ၌ ရှိတော့မည် မဟုတ်ပေ။ ၎င်းတို့သည် သင်တို့၏ မျက်စိရှေ့မှ လုံးဝ ဖယ်ရှားခြင်းကို ခံရလိမ့်မည်။ မိသားစု၊ အလုပ်အကိုင်၊ ဇနီးမယား၊ လင်ယောကျ်ား၊ သားသမီးများ၊ သူငယ်ချင်းများ၊ ဆွေမျိုးများနှင့် သင်တို့ နေ့စဉ် မုန်းတီးသော တစ်နေ့အစားအစာ သုံးနပ်သည်ပင်လျှင် ပျောက်ကွယ် သွားလိမ့်မည် ဖြစ်သည်။ (ဤသည်မှာ အချိန်၏ ကန့်သတ်ချက်ကို မခံရဘဲ၊ ဇာတိပကတိမှ လုံးဝ ထွက်ခွာသွားခြင်းဟု ဆိုလိုသည်။ သင်၏ ဆန္ဒပြည့်ဝသော ဝိညာဉ်သည်သာ သင်၏ကိုယ်ခန္ဓာကို ထိန်းသိမ်းနိုင်သည်၊ သို့သော် ၎င်းသည် သင်၏ ဇာတိပကတိ မဟုတ်၊ သင်၏ ကိုယ်ခန္ဓာကို ရည်ညွှန်းခြင်း ဖြစ်သည်။ သင်သည် လုံးလုံးလျားလျား လွတ်လပ်ပြီး၊ ထူးကဲ သာလွန်လိမ့်မည်။ ဤအရာသည် လောကကမ္ဘာကိုဖန်ဆင်းစဉ်ကတည်းက ဘုရားသခင်က ပေါ်လွင်ထင်ရှားစေခဲ့သည့် အကြီးမြတ်ဆုံးနှင့် ထင်ရှားမြင်သာဆုံးသော အံ့ဖွယ်ရာ ဖြစ်သည်။) သင်တို့၏ ခန္ဓာကိုယ်တွင်းမှ မြေကြီး၏အမှုန်များအားလုံးသည် ဖယ်ရှားခြင်းခံရလိမ့်မည် ဖြစ်ပြီး၊ သင်တို့သည် သန့်ရှင်းစင်ကြယ်ပြီး အစွန်းအထင်းမရှိသော

ဝိညာဉ်ခန္ဓာများ လုံးလုံးလျားလျား ဖြစ်သွားလိမ့်မည် ဖြစ်ကာ၊ စကြဝဠာအနှံ့နှင့် မြေကြီးဆုံးတိုင်အောင် ခရီးနှင်နိုင်လိမ့်မည်။ ထိုအချိန်မှစ၍ သင်တို့သည် စိတ်အနှောင့်အယှက်ဖြစ်ဖွယ် ကိုယ်လက်ဆေးကြောခြင်းနှင့် တိုက်ချွတ်ခြင်းတို့လည်း ကင်းဝေးသွားမည်ဖြစ်သည်၊ ၊ ထို့အပြင် သင်တို့သည် တဝကြီး ပျော်မွေ့ကြလိမ့်မည်။ ထိုအချိန်မှစ၍ သင်တို့သည် အိမ်ထောင်ပြုခြင်း အကြောင်းကို စဉ်းစားတော့မည် မဟုတ် (အဘယ့်ကြောင့်ဆိုသော် ငါသည် ကမ္ဘာလောကအား ဖန်ဆင်းနေခြင်း မဟုတ်၊ ခေတ်တစ်ခုအား အဆုံးသတ်နေခြင်းကြောင့် ဖြစ်သည်)၊ ထို့အပြင် အမျိုးသမီးများအတွက် လွန်စွာ ဒုက္ခပေးသည့် မီးဖွားခြင်းဝေဒနာသည်လည်း ရှိတော့မည်မဟုတ်။ အနာဂတ်တွင် သင်သည် အလုပ်လုပ်တော့မည် မဟုတ်၊ သို့မဟုတ် ပင်ပန်းကြီးစွာ လုပ်ကိုင်တော့မည် မဟုတ်။ သင်သည် သင်တို့အား ငါပေးထားသော ကောင်းချီးမင်္ဂလာများ၌ မွေ့လျော်လျက်၊ သင့်ကိုယ်သင် ငါ၏ချစ်ခြင်းမေတ္တာဖြင့် ပွေ့ဖက်ခြင်းထဲ၌ လုံးဝနှစ်မြှုပ်ထားမည် ဖြစ်သည်။ ယင်းသည် မလွဲဧကန်ဖြစ်သည်။ သင်သည် ဤကောင်းချီးမင်္ဂလာများ၌ မွေ့လျော်နေစဉ်၊ သင်တို့၏ နောက်သို့ ကျေးဇူးတော်သည် ဆက်လက် လိုက်လာလိမ့်မည်။ သင်တို့အတွက် ငါပြင်ဆင်ထားခဲ့သောအရာ ဖြစ်သည့် ရှားပါးပြီး အဖိုးတန်သော ကမ္ဘာတစ်ဝှမ်းလုံးမှ ရတနာများ အားလုံးကို သင်တို့အား ပေးအပ်မည်။ သင်တို့သည် ဤအရာအားလုံးအား ယခုတွင် စိတ်ကူးခြင်း၊ တွေးကြည့်ခြင်း မပြုနိုင်ကြသကဲ့သို့၊ ဤအရာတို့အား မည်သူကမျှ ယခင်က မွေ့လျော်ခဲ့ခြင်း မရှိပေ။ ဤကောင်းချီးမင်္ဂလာများ သင်တို့အပေါ် ကျရောက်သောအခါ၊ သင်တို့သည် အဆုံးမရှိ ဝမ်းသာပီတိ ဖြစ်လိမ့်မည်၊ သို့သော်လည်း ဤအရာအားလုံးသည် ငါ၏တန်ခိုးတော်၊ ငါ၏လုပ်ဆောင်မှုများ၊ ငါ၏ဖြောင့်မတ်ခြင်းနှင့် ထို့ထက်သာ၍ပင် ငါ၏ဘုန်းအာနုဘော်ကြောင့် ဖြစ်သည်ကို မေ့လျော့ခြင်း မရှိလေနှင့်။ (ကျေးဇူးပြုရန် ငါရွေးချယ်သော သူတို့အပေါ်တွင် ငါသည် ကျေးဇူးပြုမည် ဖြစ်ပြီး၊ သနားကရုဏာစိတ်ထားရန် ငါရွေးချယ်သော သူတို့အပေါ်တွင် ငါသည် သနားကရုဏာစိတ်ထားမည်။) ထိုအချိန်တွင် သင်တို့၌ မိဘများ ရှိကြလိမ့်မည်မဟုတ်၊ ပြီးလျှင် သွေးသားရင်းချာများလည်း ရှိကြလိမ့်မည် မဟုတ်။ သင်တို့အားလုံးသည် ငါချစ်သောလူတို့၊ ငါ၏ချစ်သားများ ဖြစ်ကြသည်။ ထိုအချိန်မှစ၍ မည်သူကမျှ သင်တို့ကို ဖိနှိပ်ဝံ့မည် မဟုတ်။ ထိုအချိန်သည် သင်တို့အတွက် လူကြီးများအဖြစ်သို့ ကြီးပြင်းရန်အချိန် ဖြစ်လိမ့်မည့်အပြင်၊ သင်တို့သည် တိုင်းနိုင်ငံများကို သံလှံတံနှင့် အုပ်စိုးရန်အချိန်လည်း ဖြစ်လိမ့်မည်။ ငါ၏ချစ်သားတို့ကို အဘယ်သူသည် နှောင့်ယှက်ဝံ့သနည်း။ ၎င်းတို့ကို အဘယ်သူသည် တိုက်ခိုက်ဝံ့သနည်း။ ဖခင်သည် ဘုန်းထင်ရှားပြီး ဖြစ်သောကြောင့်၊ အားလုံးသည် ငါ၏

ချစ်သားတို့အပေါ် ရှိသေလေးမြတ်ခြင်း ရှိကြလိမ့်မည်။ မည်သူ တစ်ဦးတစ်ယောက်ကမျှ စိတ်ကူးနိုင်မည် မဟုတ်သော အရာများ အားလုံးသည် သင်တို့၏မျက်စိများရှေ့တွင် ပေါ်လာလိမ့်မည်၊ ၎င်းတို့သည် အကန့်အသတ်မဲ့၊ မကုန်ခန်းနိုင်ဘဲ အဆုံးမဲ့လိမ့်မည်။ များမကြာမီတွင် သင်တို့သည် နေ၏လောင်ကျွမ်းခြင်းနှင့် အပူ၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရရန် မလိုအပ်တော့မည်မှာ အသေအချာပင် ဖြစ်သည်၊ သင်တို့သည် အအေးဒဏ်ကိုသော်လည်းကောင်း၊ မိုးအရိပ်အငွေ့ ဆီးနှင်း၊ သို့မဟုတ် လေအရိပ်အငွေ့တို့ကိုလည်းကောင်း ခံစားရလိမ့်မည် မဟုတ်။ ဤသည်မှာ သင်တို့ကို ငါချစ်သောကြောင့်ဖြစ်ပြီး ၎င်းသည် ငါ့ချစ်ခြင်းမေတ္တာလောကကြီးတစ်ခုသာ လုံးလုံးလျားလျား ဖြစ်လိမ့်မည်။ သင်တို့ အလိုရှိသော အရာအားလုံးကို ငါပေးမည် ဖြစ်ပြီး၊ သင်တို့ လိုအပ်သော အရာအားလုံးကို ငါ ပြင်ဆင်ပေးမည်။ ငါသည် မဖြောင့်မတ်ဟု အဘယ်သူသည် အခိုင်အမာ ပြောဝံ့သနည်း။ ငါ၏အမျက်ဒေါသသည် (ဆိုးယုတ်သောသူတို့အပေါ်) ထာဝရတည်မြဲလိမ့်မည်ဟု ယခင်က ငါပြောခဲ့ပြီးဖြစ်သောကြောင့်၊ ငါသည် သင့်ကို ချက်ချင်း ကွပ်မျက်မည် ဖြစ်ပြီး၊ အနည်းငယ်မျှပင် သက်ညှာပေးမည် မဟုတ်။ သို့သော်လည်း ငါ၏ ချစ်ခြင်းမေတ္တာသည်လည်း (ငါ၏ချစ်သားတို့အတွက်) ထာဝရ အစဉ်အဆက် တည်မြဲလိမ့်မည် ဖြစ်၏၊ ငါသည် ၎င်းကို အနည်းငယ်မျှပင် ချုပ်တည်းထားမည် မဟုတ်ပေ။

ယနေ့တွင် ငါ၏နှုတ်ကပတ်တော်များကို တရားစီရင်ခြင်းအဖြစ် ကြားသောသူတို့သည် မှန်ကန်သော အခြေအနေတွင် ရှိနေသောသူတို့ မဟုတ်ကြပေ။ သို့သော် ၎င်းတို့သည် ဤအချက်ကို သိရှိသောအချိန်၌ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့အား စွန့်ပစ်ထားခဲ့ပြီး ဖြစ်လိမ့်မည်။ စကြဝဠာလောကတစ်ခုလုံးတွင် သားဦးများသည် သင်တို့ထဲမှ ရွေးချယ်ခံထားရသူတို့ ဖြစ်သော်လည်း၊ သားများနှင့်လူတို့သည် သင်တို့၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုမျှသာ ပါဝင်သည်။ ငါ၏အလေးထားမှုသည် စကြဝဠာလောက တစ်ခုလုံး အပေါ်တွင် ဖြစ်ကာ၊ ဆိုလိုသည်မှာ သားများနှင့်လူတို့သည် လောကကမ္ဘာ၏ တိုင်းနိုင်ငံများအားလုံးမှ ရွေးချယ်ခံရသည်ကို ဆိုလိုခြင်းဖြစ်သည်။ သင်နားလည်သလော။ သားဦးများသည် လျင်မြန်စွာ ကြီးပြင်းသင့်ပြီး၊ နိုင်ငံခြားသားများအား ဦးဆောင်ရန် ထွက်သွားသင့်ကြောင်းကို ငါသည် အဘယ့်ကြောင့် အလေးထားပြောပြီးရင်း ပြောကြားနေသနည်း။ ငါ၏နှုတ်ကပတ်တော်များ၏ အနက်အဓိပ္ပာယ် အစစ်အမှန်ကို သင် နားလည်သလော။ ဤသည်မှာ တရုတ်နိုင်ငံသည် ငါကျိန်ဆဲခဲ့သော နိုင်ငံဖြစ်သောကြောင့် ဖြစ်၏၊ ၎င်းသည် ငါ့အား နှိပ်စက်ညှဉ်းပန်းခဲ့ဆုံးသော နိုင်ငံဖြစ်ကာ၊ ၎င်းအား ငါသည်

အမုန်းတီးဆုံး ဖြစ်သည်။ ငါ၏သားဦးများနှင့် ငါသည် ကောင်းကင်ဘုံမှ လာပြီး၊ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော လူများ ဖြစ်ကြသည်ကို သင်သည် သိရမည်၊ ငါတို့သည် မည်သည့် တိုင်းနိုင်ငံတစ်ခုနှင့်မျှ မသက်ဆိုင်။ လူ၏ အယူအဆများကို ကိုင်စွဲထားခြင်းကို ရပ်လော့။ ဤသည်မှာ ငါ၏ဇာတအဖြစ်တော်ကို သင်တို့အား ထုတ်ဖော်ပြသပြီး ဖြစ်သောကြောင့် ဖြစ်သည်။ အရာခပ်သိမ်းသည် ငါ့အပေါ်တွင်မူတည်သည်။ ငါ၏ နှုတ်ကပတ်တော်များကို သင်သည် မှတ်မိနိုင်သလော။ သင်တို့ထဲတွင် လူဦးရေ ပို၍ပို၍ နည်းလာပြီး၊ ထိုလူဦးရေသည် ပို၍ပို၍ စစ်ဆေးခြင်း ခံလာပြီးဖြစ်သည်ဟု ငါသည် အဘယ်ကြောင့် ပြောဆိုသနည်း။ ဤသည်မှာ ငါ၏ကယ်တင်ခြင်းသည် တဖြည်းဖြည်းချင်း စကြဝဠာလောကဆီသို့ လှည့်လာခြင်းကြောင့် ဖြစ်သည်။ ဖယ်ရှားခံရသူများ၊ ငါ၏နာမအား လက်ခံခဲ့သောသူများသည် သားဦးများအား စုံလင်စေရန်အတွက် အစေခံခဲ့ကြသောသူများ ဖြစ်ကြ၏။ သင် နားလည်သလော။ ၎င်းတို့အားလုံးသည် ငါ၏သားများအတွက် အစေခံခဲ့ကြသောသူများ ဖြစ်သည်ဟု အဘယ်ကြောင့် ငါပြောသနည်း။ ယခုတွင် သင်သည် စစ်မှန်စွာ နားလည်သဘောပေါက်သည်၊ မဟုတ်သလော။ အရေအတွက်သည် အမှန်တကယ်ပင် နည်းပါး၏၊ အမှန်ပင် အနည်းငယ်သာ ရှိသည်။ သို့သော် ငါ၏သားများကြောင့် ထိုသူတို့သည် များစွာ အကျိုးကျေးဇူး ခံစားရပြီး၊ ငါ၏ကျေးဇူးတော် အများအပြားကို မွေ့လျော်ခဲ့ကြ၏၊ ထို့ကြောင့်ပင် လူသားမျိုးနွယ်အား နောက်ဆုံးအကြိမ်အဖြစ် ငါသည် ကယ်တင်နေခြင်း ဖြစ်ကြောင်း ပြောခဲ့ခြင်း ဖြစ်သည်။ ယခုတွင် ငါ၏ နှုတ်ကပတ်တော်တို့၏ စစ်မှန်သော အဓိပ္ပာယ်ကို သင်သိပြီဖြစ်သည်။ ငါ့အား ခုခံသောသူ မည်သူကိုမဆို ငါသည် ပြင်းပြင်းထန်ထန် ပြစ်တင်ဆုံးမလိမ့်မည် ဖြစ်ပြီး၊ ငါ၏မျက်နှာတော်အား ငါ့ကို ကာကွယ်ပေးသော မည်သူ့မဆိုထံသို့ ငါလှည့်မည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ငါသည် အစအဦးမှစ၍ ဘုန်းအာနုဘော်နှင့်ပြည့်စုံပြီး ဖြောင့်မတ်သောဘုရားသခင် အစဉ် ဖြစ်သောကြောင့် ဖြစ်ပြီး၊ အရာခပ်သိမ်းကို သင်တို့အား ထုတ်ဖော်ပြသလိမ့်မည် ဖြစ်သည်။ ငါသည် အုံ့ဩဖွယ်ရာ နည်းလမ်းများဖြင့် အလျင်အမြန် လုပ်ဆောင်ပြီး၊ လူတို့တွေးတော၍မမီသော အံ့ဩဖွယ်အရာများသည် မကြာမီ ဖြစ်ပေါ်လိမ့်မည်။ ချက်ချင်းနှင့်မကြာမီဖြစ်ကြောင်းကို ငါသည် တကယ်ပင် ဆိုလိုခြင်းဖြစ်၏။ သင်နားလည်သလော။ အသက် ဝင်ရောက်မှုကို နှောင့်နှေးမှု မရှိဘဲ ရှာဖွေလော့။ ငါ၏ချစ်သားတို့၊ အရာအားလုံးသည် သင်တို့အတွက် ဤနေရာတွင် ရှိနေပြီး၊ အရာအားလုံးသည် သင်တို့အတွက် တည်ရှိနေ၏။

# အခန်း ၈၅

ငါ၏ အလို စွမ်းဆောင်ရရှိဖို့ အမျိုးမျိုးသော လူများကို ငါအသုံးပြု၏- ငါ၏ ကျိန်ခြင်းအမင်္ဂလာများသည် ငါပြစ်တင်ဆုံးမသော သူများအပေါ် တစ်ကယ်ဖြစ်ပေါ်လာသကဲ့သို့၊ ငါ၏ ကောင်းချီးမင်္ဂလာများသည် ငါချစ်သော သူတို့အပေါ်တွင် တစ်ကယ်ဖြစ်ပေါ်လာ၏။ ယခုတွင် သင်တို့ထဲမှ မည်သူက ငါ၏ ကောင်းချီးမင်္ဂလာများကို ရရှိမည်ဖြစ်ပြီး မည်သူက ငါ၏ ကျိန်ခြင်းအမင်္ဂလာများကို ခံစားရမည်ဆိုသည့် မေးခွန်းမှာ ငါ၏ စကားတစ်ခွန်းတည်းပေါ်တွင် တည်ထား၏။ ယင်းကို ငါ၏ မိန့်မြွက်ချက်များဖြင့် ဆုံးဖြတ်ထားခြင်းသာ ဖြစ်သည်။ ယခု ငါကောင်းမြတ်သောသူ မည်သူမဆိုသည် ငါ၏ကောင်းချီးမင်္ဂလာများ အမြဲ ချပေးခံရဖို့ သေချာသည် (ဆိုလိုသည်မှာ ငါ့အား တဖြည်းဖြည်း သိရှိလာခြင်းနှင့် ငါနှင့်ပတ်သတ်၍ သာ၍ သာ၍ တိုးကာ သေချာလာခြင်း၊ အလင်းသစ်နှင့် ထုတ်ဖော်ပြခြင်းများကို ရရှိခြင်းနှင့် ငါ၏ အမူ အရှိန်အဟုန်ကို အမှီလိုက်နိုင်ခြင်းတို့ ဖြစ်သည်)။ ငါ အလွန်မုန်းတီးသောသူ မည်သူမဆိုသည် (ဤအရာသည် လူတို့က အပြင်မှ မတွေ့မြင်နိုင်သည့် ငါ၏ အတွင်း၌ရှိသော တစ်စုံတစ်ရာ ဖြစ်သည်) ငါ၏ ကျိန်ခြင်းအမင်္ဂလာများကို ဧကန်မုချ ခံစားရမည့် လူများဖြစ်ပြီး၊ ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ သားသမီးများထဲတွင် သေချာပေါက် ရှိကြ၏။ ထိုသို့ဖြင့်၊ ၎င်းတို့သည် အဆင်းနီသော နဂါးကြီးနှင့်သက်ဆိုင်သည့် ငါ၏ ကျိန်ခြင်းကို မျှဝေခံစားရလိမ့်မည်။ အရည်အချင်း ချို့တဲ့နေသည်ဟု ငါမြင်သောသူများနှင့် ငါ၏ စုံလင်စေခြင်းမခံရနိုင်သောသူ သို့မဟုတ် ငါ၏ အသုံးပြုခြင်းမခံရနိုင်သောသူတို့နှင့်ဆိုင်သည့် မြင်ကွင်းကို ငါ သည်းမခံနိုင်သောသူများ၊ ၎င်းတို့သည် ကယ်တင်ခံရရန် အခွင့်အရေးရှိလိမ့်ဦးမည်ဖြစ်ပြီး ငါ၏ သားများထဲက တစ်ဦး ဖြစ်ကြလိမ့်မည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် ငါ၏ အရည်အချင်း တစ်ခုတစ်လေကိုမျှ မပိုင်ဆိုင်ပါက၊ဝိညာဉ်ရေးရာ ကိစ္စများကို သဘောမပေါက်နိုင်သကဲ့သို့ ငါ့ကို မသိသော်လည်း အလွန်တက်ကြွသော စိတ်နေစိတ်ထားရှိပါက၊ ထိုလူသည် ငါ၏ လူများထဲမှ တစ်ဦးအဖြစ် သတ်မှတ်ခံရလိမ့်မည်။ ငါ၏ ကျိန်ခြင်းကို မျှဝေခံစားသော သူတို့သည် မကယ်တင်၍မရနိုင်ဟု ငါယူဆပြီး၊ ၎င်းတို့သည် နတ်ဆိုးများ ဝင်ပူးခြင်း ခံရသူများ ဖြစ်သည်။ ငါသည် ၎င်းတို့အား မောင်းထုတ်ရန် စိတ်ထက်သန်လျက်ရှိ၏၊ ၎င်းတို့သည် အဆင်းနီသော နဂါးကြီးက မွေးထားခဲ့ခြင်းဖြစ်ပြီး ငါ အမုန်းဆုံးသော သူများ ဖြစ်သည်။ ဤအချိန်မှစ၍၊ ၎င်းတို့အား ငါ့ကို အစေခံမှုပေးရန် ငါ မလိုအပ်ပေ။ ၎င်းတို့ကို ငါ တကယ်ကို အလိုမရှိတော့ပေ။ ၎င်းတို့ တစ်ဦးတစ်လေကိုမျှ

ငါအလိုမရှိ။ ငါ၏ ရှေ့၌ ၎င်းတို့၏ ငိုကြွေးခြင်းနှင့် သွားကြိတ်ခြင်းတို့သည်ပင် အကျိုးသက်ရောက်မှုမရှိ။ ငါသည် ၎င်းတို့ထဲမှ မည်သူကိုမျှ မကြည့်။ ၎င်းတို့ကို အဝေးသို့သာ ငါနှင်ထုတ်သည်။ သင်သည် မည်သည့် အရာမျိုးများ ဖြစ်သနည်း။ သင်သည် ငါ၏ ရှေ့၌ရှိဖို့ ထိုက်တန်ပါသလော။ သင်သည် အဖိုးတန်သလော။ သင်တို့သည် လူကောင်းများအဖြစ် ဟန်ဆောင်နေကြဆဲ ဖြစ်ပြီး၊ နှိမ့်ချသယောင် ဟန်ဆောင်နေဆဲဖြစ်၏။ ထိုမရေမတွက်နိုင်သည့် ဆိုးယုတ်သော လုပ်ဆောင်ချက်များကို သင် လုပ်ဆောင်ပြီးနောက်တွင်၊ ငါသည် သင့်ကို ငါချမ်းသာပေးနိုင်မည်လော။ ထို့နောက် သင်သည် ငါ၏ရှေ့တွင် ပေါ်ထွက်၍မျှ မကြာမီ ငါ့ကို တစ်ဖန် စတင်အာခံ၏။ သင်သည် မည်သည့် ကောင်းမွန်သော ရည်ရွယ်ချက်မျှ မရှိဖူးပေ။ သင်သည် ငါ့ကို လှည့်စားရုံသာ လှည့်စားချင်သည်။ သင်သည် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်တစ်ဦး ဖြစ်ချိန်တွင် အမှန်တကယ် ကောင်းမြတ်လာနိုင်သလော။ မဖြစ်နိုင်။ သင်သည် ငါ၏ ကျိန်ခြင်းကို ခံရပြီးဖြစ်ကာ ငါသည် သင့်ကို လုံးလုံးလျားလျား တရားစီရင်ပြီး ဖြစ်သည်။ ငါ့အတွက် စိတ်ပါလက်ပါ၊ ရိုးသားစွာနှင့် ကိုယ်ကျင့်တရားရှိသော နည်းလမ်းဖြင့် အစေခံခြင်းကို ပေးလော့၊ ထို့နောက် သင်၏ အနက်ဆုံးသောတွင်းထဲသို့ ပြန်သွားလော့။ ငါ၏ နိုင်ငံတော်တွင် သင် မျှဝေခံစားလိုသလော။ သင်သည် အိမ်မက်မက်နေခြင်းဖြစ်သည်။ အရှက်မရှိလိုက်လေခြင်း။ သင်၏ ညစ်ပတ်ပေရေကာ မသန့်ရှင်းသော သင်၏ခန္ဓာကိုယ်ဖြင့် သင်သည် အတိုင်းအတာတစ်ခုထိ ဖောက်ပြန်ပျက်စီးပြီးဖြစ်သော်လည်း၊ ငါ၏ရှေ့၌ ရပ်ရန် သင် သတ္တိရှိသေး၏။ လမ်းဖယ်လော့။ အကယ်၍ သင်သည် ထပ်၍ နှောင့်နှေးနေပါက၊ သင့်ကို ငါ ပြင်းထန်စွာ အပြစ်ပေးမည်။ ငါ၏ရှေ့၌ မရိုးဖြောင့်မှုနှင့် လှည့်ဖြားခြင်း၌ ပါဝင်ပတ်သက်သောသူအားလုံး ဖော်ထုတ်ခံရမည်။ သင်သည် မည်သည့်နေရာတွင် ပုန်းကွယ်နိုင်မည်နည်း။ သင်သည် မိမိကိုယ်ကိုယ် မည်သည့်နေရာတွင် ဖုံးကွယ်ထားနိုင်သနည်း။ သင်သည် မည်မျှ တိမ်းရှောင်သည်ဖြစ်စေ သို့မဟုတ် အကာအကွယ်ယူသည်ဖြစ်စေ၊ ငါ၏ ထိန်းချုပ်မှုမှ သင် အမှန်တကယ် လွတ်မြောက်နိုင်သလော။ သင်သည် ငါ့အတွက် အစေခံခြင်းကို ကောင်းမွန်စွာ မပေးပါက၊ သင်သည် သာ၍ပင် တိုတောင်းသော အသက် ရှိလိမ့်မည်။ သင်သည် ချက်ချင်း အဆုံးသတ်သွားလိမ့်မည်။

ငါ၏ သားဦးများက မည်သည့် လူစားမျိုးများဖြစ်သည်ကို အလုံးစုံရှင်းလင်းပြတ်သားမှုဖြင့် သင်တို့ကို ငါ ပြောပြီး၊ သင်တို့အား တိကျသော သက်သေကို ငါပေးသည်။ သို့မဟုတ်ပါက၊ သင်တို့သည် သင်တို့၏ သင့်တော်သော နေရာများကို ယူနိုင်လိမ့်မည်မဟုတ်သကဲ့သို့၊ ထိုအစား သင်တို့၏ နေရာများက မည်သည့်အရာဖြစ်သင့်သည်ဆိုသည်ကို သင်တို့သည် မိမိတို့ကိုယ်ကိုယ်အတွက် အရမ်းကာရော ပြုမူသော ဆုံးဖြတ်ချက်များ ပြုလုပ်ပေမည်။

အချို့သည် အလွန် နှိမ့်ချကြမည် ဖြစ်ပြီး အချို့သည် အလွန် ထိန်းမနိုင်သိမ်းမရ ဖြစ်ကြမည်။ ငါ၏ အရည်အချင်းကို မပိုင်ဆိုင်သောသူများ သို့မဟုတ် မိမိ၏ အရည်အချင်း အလွန် ချို့တဲ့သော သူများအားလုံးသည် ငါ၏ သားဦးများ ဖြစ်ရန် ဆန္ဒရှိကြပေမည်။ ငါ၏ သားဦးများ ဖြစ်သောသူများက မည်သည့် အမူအရာများ ပြုလုပ်ကြသနည်း။ ဦးစွာပထမ၊ ၎င်းတို့သည် ငါ၏အလိုကို သဘောပေါက်ခြင်းအပေါ် အာရုံစိုက်ကြပြီး ငါ၏ အလိုကို အရေးထားမှု ပြကြသည်။ ထို့အပြင်၊ ၎င်းတို့အားလုံးသည် မိမိတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်ခြင်း ရှိကြသည်။ ဒုတိယအနေဖြင့်၊ ၎င်းတို့သည် ၎င်းတို့၏ ဝိညာဉ်အတွင်းတွင် မဆုတ်မနစ် ကြိုးစားကြသည်၊ အသောက်အစား အပျော်အပါးကြူးမှုမှ ချုပ်တည်းကြပြီး၊ အချိန်တိုင်းတွင် ငါ၏ဘောင်အတွင်း ရှိနေရန် ထိန်းသိမ်းကြသည်။ ၎င်းတို့သည် အလွန့်အလွန် ပုံမှန်ဖြစ်ကြ၏။ ထို့အပြင်၊ ဤနည်းဖြင့် ပြုမူရာတွင်၊ ၎င်းတို့သည် အတုခိုးနေကြခြင်း မဟုတ်ပေ။ (သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်အား ခံစားခြင်းအပေါ် ၎င်းတို့ အာရုံစိုက်ကြသကဲ့သို့၊ ၎င်းတို့အတွက် ငါ၏ချစ်ခြင်းကို အရေးထားကြသောကြောင့်၊ ၎င်းတို့သည် အချိန်တိုင်း သတိရှိကြကာ ငါ့ကို သစ္စာဖောက်ခြင်း သို့မဟုတ် ဗီဆန်ခြင်း စိတ်နေစိတ်ထားတစ်ခု ဝင်လာမည်ကို အလွန်စိုးရွံ့ကြသည်)။ တတိယအနေဖြင့်၊ ၎င်းတို့သည် ငါ့အတွက် စိတ်ပါလက်ပါ ပြုမူကြသည်၊ မိမိတို့ကိုယ်ကိုယ် အလုံးစုံ ဆက်ကပ်နိုင်စွမ်း ရှိကြပြီး၊ ၎င်းတို့၏ ကိုယ်ပိုင်အနာဂါတ် မျှော်လင့်ချက်များ၊ ၎င်းတို့၏ ဘဝများ၊ ၎င်းတို့စားသော အရာ၊ ဝတ်သောအရာနှင့် အသုံးပြုသောအရာ သို့မဟုတ် ၎င်းတို့ အသက်ရှင်သော နေရာနှင့်သက်ဆိုင်၍ စိတ်ကူးတစ်ခုတစ်လေကို ဖျက်သိမ်းနှင့်ကြပြီး ဖြစ်သည်။ စတုတ္ထအနေဖြင့်၊ ၎င်းတို့သည် ဖြောင့်မတ်ခြင်းတရားအတွက် စဉ်ဆက်မပြတ် ဆာလောင်ကာ ငတ်မွတ်ကြပြီး၊ ၎င်းတို့ အလွန်ချို့တဲ့လွန်းကာ ဝိညာဉ်ရင့်ကျက်မှုက အလွန် မရင့်ကျက်လွန်းသည်ကို ယုံကြည်ကြသည်။ ပဉ္စမအနေဖြင့်၊ ယခင်က ငါ ဖော်ပြပြီးဖြစ်သည့်အတိုင်း၊ ၎င်းတို့သည် လောကတွင် နာမည်ကောင်းတစ်ခု ရှိကြသော်လည်း လောကီလူတို့၏ ဖယ်ထားခြင်းကို ခံကြရပြီး ဖြစ်သည်။ ဆန့်ကျင်ဘက်လိင်နှင့် ၎င်းတို့၏ ဆက်ဆံရေးများတွင်၊ ၎င်းတို့သည် ကိုယ်ကျင့်သိက္ခာ ပိုင်ဆိုင်ကြ၏။ ဤအရာအားလုံးသည် မှတ်ကျောက်တင်ခြင်းဖြစ်သော်လည်း၊ ငါ၏ အမှုသည် ထိုအဆင့်သို့ မရောက်ရှိသေးသည့်အတွက်၊ ယခု ယင်းတို့ကို သင်တို့ထံ ငါ လုံးဝ မထုတ်ဖော်ပြနိုင်ပေ။ သားဦးများ၊ အမှတ်ရကြလော့။ သင်တို့ အတွင်း၌ ခံစားရသော အသက်၊ ငါ့အတွက် သင်၏ ကြည်ညိုခြင်း၊ ငါ့ကို သင်၏ ချစ်ခြင်း၊ ငါနှင့်သက်ဆိုင်သည့် သင်၏ အသိပညာ၊ ငါ့အတွက် သင်၏ ရှာဖွေခြင်း၊ သင်တို့၏ ယုံကြည်ခြင်း- ဤအရာအားလုံးသည် သင်တို့အတွက်

ငါ၏ချစ်ခြင်းကို သရုပ်ထင်စေကြသည်။ သင်တို့သည် အတုမရှိသော ဘုန်းအသရေတွင် ငါနှင့်အတူ စားရင်း၊ အသက်ရှင်ရင်းနှင့် ကောင်းချီးမင်္ဂလာများကို မွေ့လျော်ရင်း အမှန်တကယ် ငါ၏ ချစ်ခင်မြတ်နိုးရသော သူများ ဖြစ်လာပြီး ငါကဲ့သို့ အတူတူဖြစ်လာကြဖို့အလို့ငှာ ယင်းတို့သည် သင်တို့အား ငါပေးသော မှတ်ကျောက်တင်ခြင်းသာ ဖြစ်သည်။

ငါ့အား နှိပ်စက်ညှင်းပန်းပြီးဖြစ်သည့် မည်သူကိုမျှ၊ ငါနှင့်သက်ဆိုင်သည့် အသိပညာမရှိသူ၊ (ငါ၏ နာမကို သက်သေခံခြင်းမတိုင်မီ အပါအဝင်) ငါ့အား လူသားတစ်ယောက်အဖြစ် ယုံကြည်သောသူ မည်သူကိုမျှ၊ သို့မဟုတ် ငါ့ကို ပြစ်မှားစော်ကားပြီးဖြစ်ကာ အတိတ်တွင် ငါ့ကို အသရေဖျက်ပြီးသူ မည်သူကိုမျှ ငါသည် သက်ညှာမှု မပြနိုင်။ ၎င်းတို့သည် ယခု ငါ့အတွက် အထူးကဲဆုံးသော သက်သေကို ခံခဲ့ကြမည်ဆိုလျှင်ပင်၊ ယင်းသည် အလုပ်ဖြစ်ဦးမည်မဟုတ်။ အတိတ်က ငါ့ကို ညှဥ်းပန်းနှိပ်စက်ခြင်းသည် ငါ့အတွက် အစေခံခြင်း ပေးသည့် နည်းလမ်းတစ်ခုဖြစ်ပြီး၊ ထိုလူတို့သည် ယနေ့ ငါ့အတွက် အသက်သေခံကြလျှင်ပင်၊ ၎င်းတို့သည် ငါ၏ တန်ဆာပလာများ ဖြစ်ကြဆဲ ဖြစ်ပေမည်။ ငါသည် ဖြောင့်မတ်သော ဘုရားသခင် ကိုယ်တိုင်ဖြစ်သည်နှင့်အမျှ၊ ယနေ့ ငါ၏ စုံလင်စေခြင်းကို စစ်မှန်စွာ ခံရသူတို့သာ ငါ့အဖို့ အသုံးဝင်မှု တစ်ခုတစ်လေရှိပြီး၊ ငါသည် ဇာတိပကတိမှ ထွက်လာပြီးဖြစ်ကာ မိမိကိုယ်ကိုယ် ကမ္ဘာမြေနှင့်ဆိုင်သည့် ဆက်နွယ်မှုများအားလုံးမှ ခွဲထွက်ပြီးဖြစ်သည်။ ငါသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်ပြီး၊ အတိတ်တွင် ငါ၏ ဝန်းကျင်တွင် ရှိလေ့ရှိခဲ့သည့် လူများအားလုံး၊ ကိစ္စရပ်များအားလုံးနှင့် အမှုအရာများအားလုံးသည် ငါ၏ လက်များ၌ ရှိ၏။ ငါသည် စိတ်ခံစားချက်မရှိသကဲ့သို့၊ အရာခပ်သိမ်းနှင့်ပတ်သက်၍ ဖြောင့်မတ်ခြင်းကို ငါ လက်တွေ့လုပ်ဆောင်သည်။ ငါသည် တည်ကြည်ပြီး၊ အညစ်အကြေး အနည်းငယ်မျှဖြင့် မစွန်းထင်းပေ။ ငါ၏နှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်ကို သင်နားလည်သလော။ ဤအရာကို သင်တို့ စွမ်းဆောင်ရရှိနိုင်သလော။ ငါသည် သာမာန်လူ့သဘာဝကိုလည်း ပိုင်ဆိုင်ပြီး၊ မိသားစုတစ်ခုနှင့် စိတ်ခံစားချက်များရှိသည်ဟု လူတို့ ထင်ကြသည် - သို့သော် သင်တို့ လုံးဝ မှားယွင်းသည်ကို သင်တို့ သိကြသလော။ ငါသည် ဘုရားသခင်ဖြစ်သည်။ ဤအရာကို သင်တို့ မေ့လျော့ကြပြီလော။ သင်တို့ မရှင်းမလင်း ဖြစ်ကြသလော။ သင်တို့သည်ငါ့ကို မသိကြသေးပေ။

ငါ၏ ဖြောင့်မတ်ခြင်းကို သင်တို့ထံ လုံးဝ ထုတ်ဖော်ပြသပြီး ဖြစ်သည်။ မည်သည့်လူစားမျိုးကိုမဆို ငါ ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းတစ်ခုတစ်လေသည် ငါ၏ ဖြောင့်မတ်ခြင်းနှင့် ငါ၏ ဘုန်းအာနုဘော် နှစ်ခုလုံးကို ထုတ်ဖော်ပြသည်။ ငါသည် မိမိနှင့်အတူ

အမျက်ဒေါသကို ဆောင်ကြဉ်းသော ဘုရားသခင် ကိုယ်တိုင်ဖြစ်သောကြောင့်၊ ငါ့အား နှိပ်စက်ညှင်းပန်းပြီးသည့် သို့မဟုတ် ငါ့အား ပုတ်ခတ်ဝေဖန်ပြီးသည့် လူတစ်ဦးကိုပင် အသက်ရှုပေါက်ရသွားခွင့် ပေးလိမ့်မည်မဟုတ်။ ထိုသို့သော တင်းကြပ်သည့် သတ်မှတ်ချက်တစ်ခုအောက်တွင်၊ ဤအရာကို သင်တို့ သတိပြုမိကြပါသလော။ ငါရွေးချယ်ပြီး ကြိုတင်ခွဲခန့်ထားသောသူတို့သည် ရှားပါးသော ပုလဲများ သို့မဟုတ် သဘော်မဟူရာ ကျောက်များကဲ့သို့ဖြစ်သည်။ ယင်းတို့သည် ရှားပါးကြ၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ငါ၏ လူများဖြစ်မည့်သူများထက် များစွာ သာ၍ နည်းပါးသော ဘုရင်များအဖြစ် စိုးစံမည့် လူများဖြစ်ဖို့ သေချာကြသောကြောင့် ဖြစ်ပြီး၊ ဤသည်မှာ ငါ၏တန်ခိုးနှင့် ငါ၏ အုံ့သြဖွယ်ရာ လုပ်ဆောင်မှုများ၏ သက်သေအထောက်အထား ဖြစ်သည်။ ငါသည် သင်တို့အား ဆုလာဘ်ပေးမည်ဖြစ်ပြီး၊ သင်တို့အပေါ် သရဖူများ နှင်းအပ်မည်ဖြစ်ကာ ငါနှင့်အတူ မဆုံးသော ဘုန်းအသရေရှိသည်ဟု မကြာခဏ ငါ ပြောဆို၏။ ဆုလာဘ်များ၊ သရဖူများနှင့် ဘုန်းအသရေအားဖြင့် မည်သည့်အရာကို ငါ ဆိုလိုသနည်း။ လူတို့သည် ဆုလာဘ်များမှာ အစားအစာ၊ အဝတ်အထည် သို့မဟုတ် အသုံးပြုနိုင်သော အခြားအရာများကဲ့သို့သော ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်သည်ဟူသော အယူအဆများအောက်တွင် ရှိကြသော်လည်း၊ ဤသည်မှာ လုံး၀ ခေတ်မမီတော့သော တွေးခေါ်မှု နည်းလမ်းတစ်ခု ဖြစ်သည်။ ယင်းမှာ ထိုဝေါဟာရများအားဖြင့် ငါဆိုလိုသည့်အရာမဟုတ်သကဲ့သို့၊ ထိုအစား နားလည်မှုလွဲခြင်းတစ်ခု ဖြစ်သည်။ ဆုလာဘ်များသည် ယခု ရရှိသည့် အရာများ ဖြစ်ကြပြီး၊ ယင်းတို့သည် ကျေးဇူးတော်၏ တစ်စိတ်တဒေသ ဖြစ်ကြသည်။ သို့သော်၊ သွေးသား ပျော်ရွှင်မှုများနှင့် ဆက်စပ်သည့် အချို့သော ဆုလာဘ်များလည်း ရှိကြပြီး၊ ငါ့အတွက် အစေခံမှုပေးသော်လည်း ငါ ကယ်တင်လိမ့်မည်မဟုတ်သည့် သူများလည်း အချို့သော ရုပ်ဝတ္ထု ပျော်မွေ့မှုကို (ယင်းတို့သည် ငါ့အတွက် အစေခံခြင်းကို လုပ်ဆောင်သည့် ရုပ်ဝတ္ထုပစ္စည်းများသာ ဖြစ်ကြဆဲဖြစ်သော်လည်း) ကြိုးပမ်းရရှိနိုင်သည်။ သရဖူတစ်ခုသည် ရာထူးနှင့်ဆိုင်သည့် တံဆိပ်တစ်ခုမဟုတ်ပေ။ ဆိုလိုသည်မှာ၊ ယင်းသည် သင်တို့ မွေ့လျော်နိုင်ဖို့ ငါပေးသော ရုပ်ဝတ္ထုပစ္စည်းတစ်ခု မဟုတ်။ ထို့ထက်၊ ယင်းသည် သင်တို့အပေါ် ငါအပ်နှင်းသော အမည်နာမအသစ်တစ်ခု ဖြစ်ပြီး၊ သင်၏ အမည်နာမအသစ်ကို အသက်ရှင်နေထိုင်နိုင်သောသူ မည်သူမဆိုသည် ငါ၏ ကောင်းချီးမင်္ဂလာများကို ရရှိခြင်း ဖြစ်သည့် သရဖူကို ရရှိပြီးသောသူ ဖြစ်လိမ့်မည်။ ဆုလာဘ်များနှင့် သရဖူတို့သည် ကောင်းချီးမင်္ဂလာများ၏ တစ်စိတ်တဒေသ ဖြစ်သည်၊ သို့သော် ကောင်းချီးမင်္ဂလာများနှင့် နှိုင်းယှဉ်သောအခါ ယင်းတို့သည် ကောင်းကင်နှင့် မြေကြီးကဲ့သို့ အလွန်ခြားနားကြသည်။ ဘုန်းအသရေသည် ရုပ်ဝတ္ထုပစ္စည်းတစ်ခု

မဟုတ်သောကြောင့်၊ ဘုန်းအသရေကို လူတို့၏ အယူအဆများဖြင့် တကယ်ကို စိတ်ကူး၍မရနိုင်ပေ။ ၎င်းတို့အတွက်၊ ယင်းသည် အလွန့်အလွန် စိတ်ကူးသက်သက်ဖြစ်သော အယူအဆတစ်ခု ဖြစ်သည်။ သို့ဆိုလျှင်၊ ဘုန်းအသရေသည် အတိအကျ မည်သည့်အရာ ဖြစ်သနည်း။ သင်တို့သည် ငါနှင့်အတူ ဘုန်းအသရေဖြင့် ဆင်းသက်ကြလိမ့်မည် ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ ငါ၏ အလုံးစုံ - ဆိုလိုသည်မှာ ငါ၏ ဖြစ်ခြင်းနှင့် အရာအားလုံး၊ သနားကရုဏာနှင့် (ငါ၏သားများအား) ချစ်ခင်ကြင်နာခြင်း၊ ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်၊ တရားစီရင်ခြင်း၊ အမျက်ဒေါသ၊ ကျိန်ခြင်း နှင့် (လူသားအားလုံးကို) လောင်မြိုက်ခြင်း— ငါ၏ ဇာတိအဖြစ်တော်သည် ဘုန်းအသရေ ဖြစ်၏။ ငါနှင့်အတူ အဆုံးမဲ့ ဘုန်းအသရေရှိသည်ဟု အဘယ့်ကြောင့် ငါဆိုသနည်း။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော်၊ ငါနှင့်အတူ အဆုံးမဲ့ ဉာဏ်ပညာအပြင် ပြိုင်ဘက်ကင်းသော အလျှံအပယ် ရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ ငါနှင့်အတူ ဘုန်းအသရေဖြင့် ဆင်းသက်ခြင်းဆိုသည်မှာ သင်တို့သည် ငါ့အားဖြင့် စုံလင်စေခြင်းခံရနှင့်ပြီးဖြစ်သည်၊ ငါ၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို သင်တို့ ပိုင်ဆိုင်သည်၊ သင်တို့သည် ငါ့အားဖြင့် စုံလင်စေခြင်းခံရပြီးဖြစ်သည်၊ သင်တို့သည် ငါ့ကို ကြောက်ရွံ့ကြကာ ငါ့ကို မဆန့်ကျင်ကြဟု ဆိုလိုပေသည်။ ဤအရာသည် သင်တို့အဖို့ ယခု ဧကန်မုချ ရှင်းလင်းပေသည်။

ကမ္ဘာမြေပေါ် ရှိ တိုင်းနိုင်ငံအားလုံး၏ တင်းမာနေသော အခြေအနေသည် အထွတ်အထိပ်သို့ ရောက်ရှိပြီးဖြစ်ကာ၊ ၎င်းတို့အားလုံးသည် ငါ့အတွက် အစေခံခြင်းကို ပေးရန် နှင့် ၎င်းတို့ထံ ငါ ဆောင်ကြဉ်းသည့် မီးရှို့ဖျက်ဆီးခြင်းကို လက်ခံရန် မရပ်မနား ပြင်ဆင်နေကြပေသည်။ ငါ၏ အမျက်ဒေါသနှင့် လောင်မြိုက်ခြင်းတို့ ရောက်လာချိန်တွင်၊ ကြိုတင် သဲလွန်စရှိလိမ့်မည် မဟုတ်။ သို့သော်၊ ငါလုပ်ဆောင်သည့်အရာ မည်သည့်အရာဖြစ်သည်ကို ငါသိပြီး၊ ယင်းနှင့်ပတ်သက်၍ ငါသည် လုံးဝ ရှင်းလင်း၏။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များနှင့်ပတ်သတ်၍ သေချာသင့်ပြီး၊ အရာရာကို အဆင်သင့် ဖြစ်စေရန် သင်တို့ အလျှင်အမြန် ပြုရမည်။ နိုင်ငံရပ်ခြားမှ ရှာဖွေလျက် လာကြသူများကို ထိန်းကျောင်းဖို့ရန် ပြင်ဆင်ထားကြလော့။ ဤအရာကို အမှတ်ရလော့။ တရုတ်ပြည်— ဆိုလိုသည်မှာ တရုတ်ပြည်အတွင်းရှိ လူတစ်ဦးစီတိုင်း နှင့် နေရာတစ်ခုစီတိုင်း— သည် ငါ၏ ကျိန်ခြင်းအမင်္ဂလာများကို ခံစားရသည်။ ငါ့ နှုတ်ကပတ်တော်များ၏ အဓိပ္ပါယ်ကို သင်တို့ နားလည်ကြသလော။

# အခန်း ၈၆

ငါသည် သနားကရုဏာနှင့်ပြည့်စုံသော ဘုရားသခင် ဖြစ်သည်ဟု လူတို့ ပြောကြ၏။ ငါဖန်ဆင်းပြီးသမျှ အားလုံးထံ ကယ်တင်ခြင်းကို ငါ ဆောင်ကြဉ်းလိမ့်မည်ဟု ၎င်းတို့ ပြောကြသည်။ ဤအရာများမှာ လူသား၏ အယူအဆများအပေါ် အခြေခံ၍ ပြောဆိုထားခြင်းသာ ဖြစ်သည်။ ငါသည် သနားကရုဏာနှင့်ပြည့်စုံသော ဘုရားသခင်ဖြစ်သည်ဆိုသည်ကို ငါ၏ သားဦးများထံ ပြောဆိုထားခြင်းဖြစ်ပြီး၊ အားလုံးထံ ကယ်တင်ခြင်း ငါ ဆောင်ကြဉ်းမည်ဆိုသည်ကို ငါ၏ သားများနှင့် ငါ၏လူများထံ ပြောဆိုထားခြင်း ဖြစ်သည်။ ငါသည် ဉာဏ်ပညာရှိသော ဘုရားသခင် ဖြစ်သောကြောင့်၊ မည်သည့်လူတို့ကို ငါချစ်ပြီး၊ မည်သည့်လူတို့ကို ငါမုန်းတီးသည်ကို ငါ၏ စိတ်တွင် ရှင်းလင်းသည်။ ငါချစ်သော သူတို့အတွက်၊ ငါသည် ၎င်းတို့အား တကယ့် အဆုံးထိတိုင် အမြဲချစ်လိမ့်မည်ဖြစ်ပြီး၊ ထိုချစ်ခြင်းမေတ္တာသည် ဘယ်သောအခါမျှ ပြောင်းလဲမည်မဟုတ်။ ငါမုန်းတီးသော သူတို့အတွက်၊ ၎င်းတို့ မည်မျှ လိမ္မာကြစေကာမူ၊ ငါသည် အနည်းငယ်မှ တို့ထိမခံရပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော်၊ ၎င်းတို့သည် ငါမှ မပေါက်ဖွားခဲ့ကြသကဲ့သို့၊ ငါ၏ အရည်အချင်းများ သို့မဟုတ် ငါ၏ အသက်ကို မပိုင်ဆိုင်ကြသောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ငါသည် အမှားကင်းသည့်အတွက်- ၎င်းတို့သည် ငါ၏ ကြိုတင်ခွဲခန့်ထားခြင်းနှင့် ရွေးချယ်ခြင်း မခံခဲ့ကြရပေသည်။ ဆိုလိုသည်မှာ၊ ငါ၏ လုပ်ဆောင်ချက်အားလုံးကို သန့်ရှင်းပြီး ဂုဏ်အသရေရှိသည်ဟု ခေါ်ဆိုပြီး ငါသည် မည်သည့်အခါတွင်မျှ နောင်တများ မရှိဖူးပေ။ လူတို့၏ အမြင်များတွင်၊ ငါသည် အလွန့်အလွန် အသနားအကြင်နာမဲ့သည်- သို့သော် ငါသည် ဖြောင့်မတ်ပြီး ဘုန်းအာနုဘော်ဖြစ်သော ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်ကို သင်တို့ မသိသလော။ ငါ၏ အရာရာသည် မှန်ကန်၏။ ငါမုန်းတီးသော သူတို့သည် သေချာပေါက် ငါ၏ ကျိန်ခြင်းအမင်္ဂလာများကို ရရှိကြမည်ဖြစ်ပြီး၊ ငါချစ်သော သူတို့သည် ငါ၏ ကောင်းချီးမင်္ဂလာများကို သေချာပေါက် ရရှိကြပေမည်။ ဤသည်မှာ ငါ၏ သန့်ရှင်းခြင်းနှင့် ချိုးဖောက်မရနိုင်သော စိတ်သဘောထား ဖြစ်ကာ၊ ယင်းကို မည်သူမျှ ပြောင်းလဲရမည် မဟုတ်။ ဤသည်မှာ အကြွင်းမဲ့ ဖြစ်သည်။

ယနေ့တွင်၊ ငါ၏ ရည်ရွယ်ချက်များနှင့် အမှန်တကယ် ကိုက်ညီသော သူတို့သည် ငါ့အားဖြင့် ဧကန်မုချ စုံလင်စေခြင်း ခံရလိမ့်မည်၊ အကြောင်းမှာ ငါ၏အမှုသည် ပွင့်လင်းပြီး စေ့စပ်သေချာကာ ငါသည် မအားသောကြောင့် ဖြစ်သည်။ ငါကျိန်သောသူတို့သည်

လောင်မြိုက်ခံရမည်။ သို့ဆိုလျှင် လူအများစုသည် ငါ၏ ကျိန်ခြင်းကို ခံကြရသော်လည်း အဘယ်ကြောင့် ၎င်းတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏ အလုပ်ကို လုပ်ဆောင်နေဆဲ ဖြစ်သနည်း (ဤအရာကို ညစ်ပတ်ပေရေသော ဗိမာန်တော်တွင် ငါမနေထိုင်ခြင်းနှင့် စပ်လျဉ်း၍ ဆိုထားခြင်းဖြစ်သည်)။ ကိစ္စရပ်အားလုံးနှင့် အရာခပ်သိမ်းသည် ခရစ်တော်အတွက် အစေခံမှုပေးကြသည်ဟု ဆိုခြင်းနောက်ကွယ်ရှိ စစ်မှန်သော အဓိပ္ပါယ်ကို သင်တို့ နားလည်သလော။ ငါသည် ၎င်းတို့၏ အစေခံခြင်းကို အသုံးပြုသည့်အခါ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏ အမှုကို ၎င်းတို့မှတစ်ဆင့် လုပ်ဆောင်သည်၊ သို့သော် သာမာန်အားဖြင့် ၎င်းတို့သည် ငါ၏ အစေခံမှုတွင် မရှိသောအချိန်တွင်၊ ၎င်းတို့သည် အခြေခံအားဖြင့် ဝိညာဉ်ရေးရာတွင် အသိဉာဏ်ပွင့်လင်းစေခြင်း မခံကြရပေ။ အကယ်၍ ၎င်းတို့ရှာဖွေကြလျှင်ပင်၊ ယင်းကို စိတ်အားထက်သန်မှ ၎င်းတို့ လုပ်ဆောင်ကြပြီး၊ ဤသည်မှာ စာတန်၏ ဥပါယ်တံမျဉ်တစ်ခု ဖြစ်သည်- အကြောင်းမှာ၊ သာမာန်အချိန်များတွင်၊ ၎င်းတို့သည် ငါ၏ အမှုကို လုံးဝ အာရုံမစိုက်ကြသကဲ့သို့၊ ငါ၏ ဝန်ထုပ်ဝန်ပိုးများနှင့် စပ်လျဉ်း၍ လုံးဝ အရေးမထားကြသောကြောင့် ဖြစ်သည်။ ယခုတွင် ငါ၏ သားဦးတို့သည် အရွယ်ရောက်ပြီးဖြစ်သောကြောင့်၊ ငါသည် ၎င်းတို့အား အဝေးသို့ နှင်ထုတ်နေသည်။ ဤအကြောင်းရင်းကြောင့်၊ ငါ၏ဝိညာဉ်သည် နေရာတိုင်းမှ စွန့်ခွာပြီးဖြစ်ကာ ငါ၏ သားဦးတို့အပေါ် အထူး အလေးပေးမှု ထားရှိပြီး ဖြစ်သည်။ သင်တို့ နားလည်သလော။ အရာခပ်သိမ်းသည် ငါ၏ လုပ်ဆောင်မှုများ၊ ငါ၏ ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် ငါ၏ နှုတ်မှ ထုတ်ပြန်သော စကားများအားလုံးအပေါ်တွင် တည်၏။ ငါ၏ ကောင်းကြီးမင်္ဂလာများကို ရရှိပြီးဖြစ်သည့် နေရာအားလုံးသည် ငါအမှုပြုသော နေရာများနှင့် ငါ၏ အမှု ဆောင်ရွက်သော နေရာများ သေချာပေါက် ဖြစ်ကြ၏။ တရုတ်ပြည်သည် စာတန်ကို အကိုးကွယ်ဆုံးသော တိုင်းနိုင်ငံ ဖြစ်သည်၊ ထိုကြောင့် ယင်းသည် ငါ၏ကျိန်ခြင်းကို ခံရပြီး ဖြစ်သည်။ ထို့အပြင်၊ ယင်းသည် ငါ့ကို ညှဉ်းပန်းနှိပ်စက်ဖို့ အလုပ်ဆောင်ဆုံးသော တိုင်းနိုင်ငံ ဖြစ်သည်။ အဆင်းနီသောနဂါးကြီး၏ စွမ်းအားအောက်၌ရှိသော လူများအပေါ် ငါ၏ အမှုကို ငါ လုံးဝ လုပ်ဆောင်လိမ့်မည်မဟုတ်။ ငါ့စကားများ၏ စစ်မှန်သော အဓိပ္ပါယ်ကို သင်တို့ နားလည်ကြသလော။ နောက်ဆုံးတွင်တော့၊ ငါ့သားများနှင့် ငါ့လူတို့သည် နည်းပါး၏။ အရာရာသည် ငါ၏ လက်ထဲ၌ လုံးဝ ရှိသည်။ အားအင်ကို အာရုံစိုက်သင့်ပြီး၊ ငါရွေးချယ်ကာ ကြိုတင်ခွဲခန့်ထားပြီးဖြစ်သည့် သူများအပေါ် သာ၍ အားထုတ်မှုများ သုံးသင့်သည်။ တစ်နည်းအားဖြင့်၊ ငါ၏ ဝန်ထုပ်များကို ဖြစ်နိုင်သမျှ မြန်မြန် မျှဝေခံစားနိုင်ပြီး ငါ၏ အမှုအဖို့ ၎င်းတို့၏ အားထုတ်မှုအားလုံးကို ဆက်ကပ်နိုင်ကြဖို့အလို့ငှာ ငါ၏သားဦးများဖြစ်သော

သူများသည် အလျင်အမြန်ပြုကာ လက်တွေ့လုပ်ဆောင်သင့်ကြပေသည်။

သင်တို့ထဲမှ ငါ့အတွက် အစေခံမှု လုပ်ဆောင်သော သူတို့၊ နားထောင်လော့။ ငါ့အတွက် အစေခံမှု လုပ်ဆောင်နေချိန်တွင် ငါ၏ ကျေးဇူးတော်အချို့ကို သင်တို့ ရရှိနိုင်သည်။ ဆိုလိုသည်မှာ၊ သင်တို့သည် ငါ၏နောက်ပိုင်း အမှုနှင့် အနာဂါတ်တွင် ဖြစ်ပျက်မည့်အရာများကို ယာယီ သိကြလိမ့်မည်- သို့သော် ယင်းတို့ကို သင်တို့ လုံးဝ မွေ့လျော်ကြလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ငါ၏ ကျေးဇူးတော် ဖြစ်သည်။ သင်၏ အစေခံခြင်း ပြည့်စုံသောအခါ၊ ချက်ချင်း စွန့်ခွာလော့၊ အချိန်မဆွဲနှင့်။ သင်တို့ထဲမှ ငါ၏ သားဦးဖြစ်သောသူတို့သည် မာနမထောင်လွှားသင့်ပေ၊ သို့သော်လည်း ငါသည် သင့်တို့အပေါ် အဆုံးမဲ့ ကောင်းကြီးမင်္ဂလာများကို နှင်းအပ်ထားပြီးဖြစ်သောကြောင့်၊ သင်တို့သည် ဂုဏ်ယူခွင့်ရှိကြသည်။ သင်တို့ထဲမှ ပျက်စီးခြင်းအတွက် ပစ်မှတ်များဖြစ်သော သူတို့သည် မိမိတို့ကိုယ်ကိုယ်အပေါ် ဒုက္ခကို မယူဆောင်သင့်ပေ သို့မဟုတ် သင်တို့၏ ကံကြမ္မာနှင့်ပတ်သက်၍ ဝမ်းမနည်းသင့်ပေ။ သင့်အား အဘယ်သူသည် စာတန်၏ သားစဉ်မြေးဆက်တစ်ဦး ဖြစ်စေခဲ့သနည်း။ ငါ့အတွက် အစေခံခြင်းကို သင် လုပ်ဆောင်ပြီးသည့်နောက်တွင်၊ သင်သည် ငါ့အဖို့ အသုံးဝင်တော့မည် မဟုတ်သောကြောင့် သင်သည် အနက်ဆုံးသောတွင်းထဲသို့ ပြန်သွားနိုင်သည်။ ထိုအခါ ငါသည် သင်တို့အား ငါ၏ ပြစ်တင်ဆုံးမခြင်းဖြင့် စတင် ကိုင်တွယ်ဖြေရှင်းမည်။ ငါသည် စတင် အမှုပြုသည်နှင့်တစ်ပြိုင်နက်၊ အဆုံးထိ ဖြတ်သန်းလိုက်လျှောက်မည်ဖြစ်သည်။ ငါ၏ လုပ်ဆောင်ချက်များ ပြီးမြောက်လိမ့်မည် ဖြစ်ပြီး၊ ငါ အောင်မြင်မှုများသည် ထာဝရ တည်တံ့လိမ့်မည်။ ဤအရာအားလုံးသည် ငါ၏သားဦးများ၊ ငါ၏ သားများ၊ ငါ၏ လူများနှင့် သက်ဆိုင်ကာ၊ သင်တို့အတွက်လည်း ထိုသို့ပင် ဖြစ်သည်။ သင့်တို့နှင့်သက်ဆိုင်သည့် ငါ၏ ပြစ်တင်ဆုံးမခြင်းသည် ထာဝရဖြစ်လိမ့်မည်။ ငါ့ကို ခုခံသော ဆိုးယုတ်သူတို့သည် ငါ၏ ပြစ်တင်ဆုံးမခြင်းကို ဧကန်မုချ ခံရလိမ့်မည်ဟု သင်တို့အား ယခင်က အကြိမ်ပေါင်းများစွာ ငါ ပြောပြပြီး ဖြစ်သည်။ သင်သည် ငါ့ကို ခုခံပြီးနောက် သန့်ရှင်းသော ဝိညာဉ်တော်၏ အပြစ်ဖော်ပြဆုံးမခြင်းကို မခံရပါက၊ သင်သည် ကျိန်ခြင်းခံရနှင့်ပြီးဖြစ်ကာ၊ နောင်တွင် သင်သည် ငါ၏ လက်ဖြင့် ဒဏ်ခတ်ခြင်း ခံရလိမ့်မည်။ အကယ်၍ သင်သည် ငါနှင့် ပတ်သက်သည့် မကောင်းသော အတွေးများ ရှိနေစဉ်တွင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ပဲ့ပြင်ဆုံးမခြင်းကို ခံရပါက၊ သင်သည် ငါ၏ ကောင်းကြီးမင်္ဂလာများကို ရရှိပြီး ဖြစ်သည်။ သို့သော်၊ သင်သည် အမြဲ သတိထားရမည်၊ ဘယ်သောအခါမျှ အလေးမထားခြင်းမဖြစ်ရသကဲ့သို့ ဘယ်သောခါမျှ သတိမမူခြင်း မဖြစ်ရ။

# အခန်း ၈၇

သင်သည် သင်၏ အရှိန်ကို လျှင်မြန်စေရမည်ဖြစ်ပြီး၊ ငါလုပ်ဆောင်စေလိုသောအရာကို လုပ်ဆောင်ရမည်- ဤသည်မှာ ကြီးမားသော စိတ်ထက်သန်မှုဖြင့် သင်တို့အတွက် ငါ ရည်ရွယ်သည့် အရာဖြစ်သည်။ ယခုတွင်ပင် သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များ၏ အဓိပ္ပါယ်ကို နားမလည်ကြသေးသည်များ ဖြစ်နိုင်မည်လော။ သင်သည် ငါ၏ရည်ရွယ်ချက်ကို မသိရှိသေးသည်များ ဖြစ်နိုင်မည်လော။ ငါသည် တိုး၍ ရှင်းလင်းပြတ်သားမှုဖြင့် စကားပြောဆိုပြီးဖြစ်ကာ ပို၍ပို၍ ပြောပြီးဖြစ်သော်လည်း၊ သင်တို့သည် ငါ့ နှုတ်ကပတ်တော်များ၏ အဓိပ္ပါယ်ကို နားလည်နိုင်ရန် မည်သည့်အားထုတ်မှုမျှ မရှိကြသေးသလော။ အချင်း စာတန်၊ ငါ၏ အစီအစဉ်ကို သင်ဖျက်ဆီးနိုင်သည်ဟု စိတ်မကူးလေနှင့်။ စာတန်အတွက် အစေခံမှု ပြုသောသူတို့သည်- ဆိုလိုသည်မှာ၊ စာတန်၏ သားသမီးများသည် (ဤအရာက စာတန်၏ ဝင်ပူးခြင်းခံရသူများ၊ ထို့ကြောင့် စာတန်၏ အသက် သေချာပေါက် အရှိဆုံးသောများဖြစ်ပြီး၊ ထို့ကြောင့် ၎င်း၏ သားသမီးများအဖြစ် ပြောဆိုထားသောသူများကို ရည်ညွှန်းပေသည်)- ငိုကြွေးရင်း အံသွားခဲကြိတ်ရင်း၊ ငါ့၏ခြေရင်း၌ သနားကရုဏာကို တောင်းခံကြလေသည်။ သို့သော်၊ ငါသည် ထိုသို့သောမိုက်မဲမှုမျိုးကို ပြုမည်မဟုတ်။ ငါသည် စာတန်အား ခွင့်လွှတ်နိုင်သလော။ စာတန်အဖို့ ကယ်တင်ခြင်းကို ငါဆောင်ကြဉ်းပေးနိုင်သလော။ ယင်းသည် ဖြစ်နိုင်မည် မဟုတ်ပေ။ ငါပြောသည့်အရာကို ငါ လုပ်ဆောင်ပြီး၊ ယင်းကို ငါ လုံးဝ နောင်တရလိမ့်မည် မဟုတ်။

ငါ ဖွင့်ဟသည့် မည်သည့်အရာမဆို ဖြစ်တည်လာ၏။ ထိုသို့ ဖြစ်သည် မဟုတ်သလော။ သို့သော်၊ သင်တို့သည် ငါ့အား ဆက်လက် အယုံအကြည်ကင်းမဲ့ကြ၏၊ ငါ၏ နှုတ်ကပတ်တော်များကို သံသယ ရှိကြပြီး၊ ငါသည် သင်တို့အား နောက်ပြောင်ခြင်းသာ ဖြစ်သည်ဟု ထင်ကြ၏။ ယင်းသည် အလွန်သာ အဓိပ္ပာယ်မရှိပေ။ ငါသည် ဘုရားသခင်ကိုယ်တိုင် ဖြစ်၏။ သင်တို့ နားလည်သလော။ ငါသည် ဘုရားသခင်ကိုယ်တိုင် ဖြစ်၏။ အကယ်၍ ငါသည် မည်သည့် ဉာဏ်ပညာ သို့မဟုတ် မည်သည့်တန်ခိုးအာဏာမျှ မရှိပါက၊ ငါ စိတ်ရှိသည်တိုင်းသာ ငါ လုပ်ဆောင်ကာ ပြောဆိုနိုင်မည်လော။ သိုတိုင် သင်သည် ငါ့အား အယုံအကြည်ကင်းမဲ့သေး၏။ ငါသည် သင့်အား ဤအရာများကို ထပ်သလဲလဲ အလေးပေးပြီးဖြစ်ကာ၊ယင်းတို့အား သင်တို့ထံ အကြိမ်ကြိမ် ပြောပြထားပြီး ဖြစ်သည်။

သင်တို့အများစုက မယုံကြည်ကြသေးသည်မှာ အဘယ်ကြောင့်နည်း။ သင်တို့သည် အဘယ့်ကြောင့် သံသယများ သိုထားကြသေးသနည်း။ သင်တို့၏ နှစ်လိုဖွယ် အသက်အတွက် သင်တို့၏ အယူအဆများကို အဘယ့်ကြောင့် ဖက်တွယ်ထားကြသနည်း။ ယင်းတို့သည် သင့်ကို ကယ်တင်နိုင်သလော။ ငါပြောသည့် အရာကို ငါလုပ်ဆောင်၏။ ငါသည် သင်တို့အား အဖန်များစွာ ပြောပြပြီး ဖြစ်သည်- ငါ၏ နှုတ်ကပတ်တော်များကို အမှန်အဖြစ် မှတ်ယူပြီး သံသယ မရှိကြနှင့်။ သင်တို့သည် ထိုနှုတ်ကပတ်တော်များကို အလေးအနက် သဘောထားကြပြီးပြီလော။ သင့်ဘာသာ မည်သည့်အရာကိုမျှ သင် မလုပ်ဆောင်နိုင်သော်လည်း၊ ငါပြုသောအရာကို သင်သည် မယုံကြည်နိုင်သေးပေ။ ထိုသို့သော လူတစ်ဦးနှင့်သက်ဆိုင်၍ မည်သည့်အရာကို ပြောနိုင်သနည်း။ တဲ့တိုးပြောရလျှင်၊ ယင်းသည် သင်တို့အား အဘယ်သောအခါမျှ ငါ မဖန်းဆင်းခဲ့သည့်အလားဖြစ်၏။ တစ်နည်းအားဖြင့်၊ သင်သည် အခြေအနေတိုင်းတွင် ငါ့အတွက် အစေခံသူတစ်ဦးဖြစ်ရန် အရည်အချင်းမပြည့်မီပေ။ ငါ၏ နှုတ်ကပတ်တော်တို့ကို အယောက်တိုင်း ယုံကြည်ရမည်။ စမ်းသပ်မှုကို အားလုံး အောင်မြင်ရမည်။ ငါသည် အဘယ်သူကိုမျှ ချွတ်ချော်ခွင့်ပေးမည် မဟုတ်။ ဟုတ်ပေ၏၊ ယုံကြည်သောသူများသည် ခြွင်းချက်ဖြစ်၏။ ငါ၏နှုတ်ကပတ်တော်များကို ယုံကြည်သောသူတို့သည် ငါ၏ ကောင်းချီးမင်္ဂလာများကို သေချာပေါက် ရရှိကြလိမ့်မည်၊ ယင်းကို သင်ယုံကြည်သည့်အရာအတိုင်း သင့်အပေါ် အပ်နှင်းလိမ့်မည်ဖြစ်ပြီး သင်၌ ပြည့်စုံလိမ့်မည်။ ငါ၏ သားဦးတို့။ ယခုတွင် ငါသည် သင်တို့အား ငါ၏ကောင်းချီးမင်္ဂလာအားလုံးကို စတင်ပေးနေ၏။ သင်တို့သည် ဇာတိပကတိ၏ စက်ဆုပ်စရာ ချည်နှောင်မှုများ- အိမ်ထောင်ပြုခြင်း၊ မိသားစုရေးရာ၊ စားသောက်ခြင်း၊ ဝတ်ဆင်ခြင်း၊ အိပ်စက်ခြင်းနှင့် အားလုံးသော သဘာဝဘေးအန္တရာယ်များ (လေ၊ နေ၊ မိုး၊ အရိုးခိုက်အောင် စူးရှသောလေပြင်းများ၊ ဆီးနှင်းကျခြင်း ဒုက္ခနှင့် သင် မနှစ်သက်သည့် အခြားသော အရာများ)) အားလုံးကို ဖြည်းဖြည်းချင်း စတင်ဖယ်ရှားကြလိမ့်မည်။ သင်တို့သည် ငါ၏ ချစ်ခင်သော ထွေးပွေ့မှုတွင် အလွန်အမင်း ပျော်မွေ့ရင်းနှင့် ငါ၏ကြင်နာသော စောင့်ရှောက်မှုအောက်၌ အရာရာကို ကွပ်ကဲရင်း၊ နေရာ၊ အချိန်ကာလ သို့မဟုတ် ပထဝီမြေတို့၏ ကန့်သတ်ခြင်း တစ်ခုတစ်လေမျှ သက်ရောက်ခြင်းမရှိဘဲ ပင်လယ်အနှံ့၊ ကုန်းမြေတစ်လျှောက်နှင့် လေကိုဖြတ်၍ ခရီးနှင်ကြလိမ့်မည်။

ငါ စုံလင်စေပြီးဖြစ်သော သားဦးများနှင့်သက်ဆိုင်၍ အဘယ်သူ ဂုဏ်ယူဝံ့ကြွားမှုမရှိသနည်း။ ၎င်းတို့အတွက် အဘယ်သူသည် ငါ၏ နာမကို မချီးမွမ်းလိမ့်မည်နည်း။ ငါသည် သင်တို့ထံ အလွန်များစွာသော နက်နဲမှုများကို ယခု အဘယ်ကြောင့် ထုတ်ဖော်ပြရန် ဆန္ဒရှိသနည်း။

အဘယ်ကြောင့် ယခုဖြစ်ပြီး အတိတ်တွင် မဟုတ်ရသနည်း။ ဤအရာကိုယ်၌ကလည်း နက်နဲမှုတစ်ခု ဖြစ်သည်။ ယင်းကို သင်သိပါသလော။ တရုတ်သည် ငါ ကျိန်ပြီးသော တိုင်းနိုင်ငံတစ်ခု ဖြစ်သည်ဟု အတိတ်တွင် အဘယ်ကြောင့် ငါမဖော်ပြခဲ့သနည်း။ ငါ့အတွက် အစေခံမှု ပြုသောသူတို့ကို ငါသည် အဘယ်ကြောင့် မသိရှိစေခဲ့သနည်း။ ယနေ့တွင် ဤအရာကိုလည်း သင်တို့အား ငါပြောမည်- ယနေ့တွင်၊ ငါ၏အယူအဆ၌ အရာရာသည် ပြီးမြောက်ပြီဖြစ်သကဲ့သို့၊ ငါ၏ သားဦးများနှင့် စပ်လျဉ်း၍ ဤအရာကို ငါဆို၏။ (အကြောင်းမှာ ယနေ့တွင်၊ ငါ၏ သားဦးများသည် ငါနှင့်အတူ စိုးစံဖို့ လာကြပြီဖြစ်သကဲ့သို့၊ ရုပ်လုံးပေါ်လာသည်သာမဟုတ်ဘဲ၊ အမှန်တကယ် ငါနှင့်အတူ စိုးစံနေကြခြင်းဖြစ်သည်။ လက်ရှိအချိန်တွင်၊ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သည့်သူတို့သည် ငါနှင့်အတူ ဧကန်မုချ စိုးစံကြပြီး- ဤအရာကို ယခု ထုတ်ဖော်ပြလျက်ရှိသည်၊ မနေ့ကမဟုတ်သကဲ့သို့ မနက်ဖြန်လည်း မဟုတ်ပေ)။ ငါထုတ်ဖော်ပြလိုသော လူတို့သည် ထုတ်ဖော်ပြခံရကြပြီးဖြစ်ကာ ဤသည်မှာ ငါ့၏ ဉာဏ်ပညာဖြစ်သောကြောင့်၊ ယနေ့တွင် သာမန်လူ့သဘောသဘာဝနှင့်ဆိုင်သည့် ငါ၏ နက်နဲမှု အားလုံးကို ငါ ဖော်ထုတ်လျက်ရှိ၏။ ငါ၏ အမှုသည် ဤအဆင့်ထိ တိုးတက်ပြီးဖြစ်သည်။ ဆိုလိုသည်မှာ ဤအချိန်တွင် ငါသည် ဤအချိန်ကာလအတွက် အပေါ်ယံအားဖြင့် ငါ ဆုံးဖြတ်ထားပြီးဖြစ်သည့် စီမံအုပ်ချုပ်ရေး အမိန့်များ၏ အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် ထိုသို့ဖြင့်၊ ငါသည် ဩဇာအာဏာရှိကာ တရားစီရင်ခြင်းကို ထုတ်ပြန်လိမ့်မည်ဖြစ်ပြီး ငါသည် သံလှံတံဖြင့် အုပ်စိုးလိမ့်မည်ဖြစ်သောကြောင့်၊ သားဦးများ၊ သားများ၊ လူများ၊ နှင့် အစေခံသူများအပေါ် သင့်တော်သော အတည်ပြုခြင်းကို ပေးအပ်နေသည်။ အဘယ်သူသည် ငါ့အတွက် နာခံမှုရှိစွာ အစေခံခြင်းအား မလုပ်ဆောင်ဘဲ နေဝံ့သနည်း။ အဘယ်သူသည် ငါ့ကို စောဒကတက်ဝံ့သနည်း။ ငါသည် ဖြောင့်မတ်ခြင်းတရား၏ ဘုရားသခင်မဟုတ်ဟု အဘယ်သူ ဆိုဝံ့သနည်း။ ငါ၏ ရှေ့၌ သင်တို့၏ ဘီလူးသရဲစီးသော သဘာဝကို ထုတ်ဖော်ပြခံရပြီးဖြစ်သည်မှာ ကြာမြင့်ပြီဖြစ်သည်ကို ငါသိသည်- သင်သည် ငါ ကောင်းမြတ်သောသူ မည်သူကိုမဆိုအပေါ် မနာလိုမှုနှင့် အမုန်းတရား ခံစားရ၏။ ဤသည်မှာ လုံးဝ စာတန်၏ သဘာဝ ဖြစ်သည်။ ငါသည် ငါ၏သားများအပေါ် ကောင်းမြတ်၏။ ငါသည် ဖြောင့်မတ်ခြင်းမရှိဟု သင်သည် ဆိုဝံ့မည်လော။ ငါသည် သင့်အား လုံးဝ နှင်ထုတ်နိုင်သော်လည်း၊ ကံအားလျော်စွာ သင့်အတွက်မူ၊ သင်သည် ငါ့အတွက် အစေခံမှုကို လုပ်ဆောင်နေပြီး ယခုသည် အချိန်မကျသေးပေ။ သို့မဟုတ်ပါက၊ ငါသည် သင့်အား နှင်ထုတ်ပြီး ဖြစ်လိမ့်မည်။

စာတန် အမျိုး။ ကြမ်းကြုတ်ခြင်းကို ရပ်တန့်လော့။ နောက်ထပ် စကားမပြောနှင့်။ နောက်ထပ် မပြုမူနှင့်။ ငါ၏ အမှုသည် ငါရွေးနုတ်ထားသော သားများနှင့် လူများ၌ ဆောင်ရွက်နှင့်ပြီဖြစ်ပြီး၊ ယင်းသည် တိုင်းနိုင်ငံအားလုံး၊ ဂိုဏ်းဂဏအားလုံး၊ ဘာသာတရားအားလုံးနှင့် တရုတ်နိုင်ငံပြင်ပ လူ့အလွှာမျိုးစုံအနှံ့ ပျံ့နှံ့နှင့်နေပြီ ဖြစ်သည်။ ငါ့အတွက် အစေခံမှုကို ပေးသောသူတို့သည် အဘယ်ကြောင့် အမြဲတစေ ဝိညာဉ်ရေးရာ၌ ပိတ်ဆို့ခြင်းခံရသနည်း။ ၎င်းတို့သည် အဘယ်ကြောင့် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို လုံးဝ သဘောမပေါက်ကြသနည်း။ ငါ၏ ဝိညာဉ်သည် ဤလူတို့တွင် အဘယ်ကြောင့် မည်သည့်အခါမျှ အလုပ်မလုပ်သနည်း။ ယေဘူယျအားဖြင့်၊ ငါ ကြိုတင်ခွဲခန့်မထားသကဲ့သို့ မရွေးချယ်ထားသော သူတို့ပေါ်တွင် ငါသည် အလွန်များလှသော အားထုတ်မှုအား တကယ်ကို အသုံးမပြုနိုင်ပေ။ ယခင် ငါ၏ ဒုက္ခဆင်းရဲနှင့် ငါ၏ အပင်ပန်းခံဂရုစိုက်ခြင်းနှင့် အားထုတ်မှုတို့သည် ငါ၏သားဦးများနှင့် သားများ၊ လူများ၏ နည်းပါးသော အစိတ်အပိုင်းအတွက် ဖြစ်လေပြီ။ ထို့အပြင်၊ ငါ၏ အနာဂတ် အမှုသည် အခက်အခဲတစ်ခုမျှ မရှိဘဲ ပြီးမြောက်နိုင်ဖို့အလို့ငှာနှင့် ငါ၏ အလိုသည် ပိတ်ဆီးမခံရဖို့အလို့ငှာ ဤအရာများကို ငါ လုပ်ဆောင်ပြီး ဖြစ်သည်။ ငါသည် ဉာဏ်ပညာရှိသော ဘုရားသခင် ကိုယ်တိုင် ဖြစ်သောကြောင့်၊ ငါသည် အဆင့်တိုင်းအတွက် သင့်တော်သော အစီအစဉ်များကို ပြုလုပ်ပြီးဖြစ်သည်။ ငါသည် လူတစ်ဦးတစ်လေကို ထိန်းထားရန် မည်သည့် အားထုတ်မှုမျှ မပြုသကဲ့သို့ (ဤအရာကို ရွေးချယ်ခြင်းမခံရသူများ သို့မဟုတ် ကြိုတင်ခွဲခန့်ထားခြင်းမခံရသူများကို ဦးတည်သည်)၊ မည်သည့် လူကိုမျှ သာမန်ကာလျှံကာ ငါ ဒဏ်မခတ်ပေ (ဤအရာသည် ရွေးချယ်ထားခြင်းခံရသူများနှင့် ကြိုတင်ခွဲခန့်မှတ်သားခြင်းခံရသူများကို ဦးတည်သည်)- ဤသည်မှာ မည်သူမျှ မပြောင်းလဲနိုင်သည့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည်။ ငါ မုန်းတီးသော သူတို့အပေါ် ငါ ရက်စက်၏။ ငါ ချစ်ခင်နှစ်သက်သော သူတို့အပေါ် ငါသည် ဂရုစိုက်ကြည့်ကာ ကွယ်ကာတတ်ပေသည်။ ဤသို့ဖြင့်၊ ငါဆိုသည့်အရာကို ငါပြု၏ (ငါ ရွေးချယ်သောသူများသည် ရွေးချယ်ခံရပြီး ငါ ကြိုတင်ခွဲခန့်မှတ်သားသောသူတို့သည် ကြိုတင်ခွဲခန့်မှတ်သားခံရကြသည်။ ဤသည်တို့မှာ ဖန်းဆင်းခြင်းမတိုင်မီကတည်းက ငါ စီစဉ်ထားပြီးဖြစ်သည့် ငါ၏ အရေးကိစ္စများ ဖြစ်သည်)။

မည်သူသည် ငါ၏ စိတ်နှလုံးကို ပြောင်းလဲစေနိုင်သနည်း။ ငါဆန္ဒရှိသည့်အတိုင်း၊ ငါပြုသော အစီအစဉ်များအတိုင်း ငါ၏ ဆောင်ရွက်ချက်မှအပ၊ အဘယ်သူသည် မဆင်မခြင် ဆောင်ရွက်ကာ ငါ၏ အမိန့်များကို မနာခံဝံ့သနည်း။ ဤသည်တို့မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များသာ ဖြစ်သည်။ အဘယ်သူသည် ယင်းတို့ထဲမှတစ်ခုကိုပင်

ငါ့ထံမှ ဖယ်ရှားဝှံ့သနည်း။ အရာအားလုံးသည် ငါ၏ ကွပ်ကဲမှုတွင် ရှိရမည်။ လူအချို့က လူတစ်ဦးဦးသည် အလွန်များစွာ ဆင်းရဲဒုက္ခခံစားရပြီးဖြစ်ကာ ရိုးသားပြီး ငါ၏ စိတ်နှလုံးကို သက်သက် အရေးထားသည်ဟု ဆိုသည်။ သို့ဆိုလျှင်၊ ငါသည် အဘယ်ကြောင့် ထိုသူကို မရွေးချယ်ခဲ့သနည်း။ ဤအရာသည်လည်း ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်တစ်ခု ဖြစ်၏။ အကယ်၍ တစ်စုံတစ်ဦးသည် ငါ၏ ရည်ရွယ်ချက်များနှင့် လိုက်ဖက်သည်ဟု ငါ ဆိုပါက၊ ထိုလူသည် ငါ၏ ရည်ရွယ်ချက်များနှင့် လိုက်ဖက်ပြီး ငါ ချစ်သောသူဖြစ်၏။ တစ်စုံတစ်ဦးသည် စာတန်၏ သားသမီးတစ်ယောက် ဖြစ်သည်ဟု ငါဆိုလျှင်၊ ထိုလူသည် ငါမုန်းတီးသောသူတစ်ဦး ဖြစ်၏။ မည်သူကိုမျှ မျက်နှာမလိုက်နှင့်။ ထိုလူကို သင် အမှန်တကယ် ရိပ်စားမိနိုင်သလော။ ဤအရာအားလုံးသည် ငါ့အားဖြင့် ဆုံးဖြတထားခြင်း ဖြစ်သည်။ သားသည် အစဉ် သားတစ်ဦး ဖြစ်လိမ့်မည် ဖြစ်ပြီး၊ စာတန်သည်လည်း အစဉ် စာတန်ဖြစ်လိမ့်မည်။ တစ်နည်းအားဖြင့်၊ လူသား၏ သဘာဝသည် မပြောင်းလဲပေ။ ငါသည် ယင်းတို့ကို မပြောင်းလဲစေပါက၊ အားလုံးသည် မိမိတို့၏ ကိုယ်ပိုင် အမျိုးအစားနောက်ကို လိုက်လိမ့်မည်ဖြစ်ပြီး၊ မပြောင်းလဲနိုင်ပေ။

ငါ၏ အမှု တိုးတက်သည်နှင့်အမျှ ငါ၏ နက်နဲမှုများကို သင်တို့ထံ ငါထုတ်ဖော်ပြသည်။ ငါ၏ အမှု တိုးတက်ပြီးဖြစ်သည်မှာ မည်သည့်အဆင့်ထိ ဖြစ်သည်ကို သင်တို့ အမှတ်တကယ် သိကြသလော။ ငါ လုပ်ဆောင်သည့်အရာကို လုပ်ဆောင်ရန်နှင့် ငါ ပြောသည့်အရာကို ပြောရန် ငါ့ဝိညာဉ်၏ ဦးဆောင်မှုနောက် သင်တို့ အမှန်တကယ် လိုက်ကြလိမ့်မည်လော။ တရုတ်ပြည်သည် ငါကျိန်ပြီးဖြစ်သော တိုင်းနိုင်ငံဖြစ်သည်ဟု အဘယ်ကြောင့် ငါပြောဆိုရသနည်း။ ဦးစွာပထမ၊ ငါသည် ယနေ့ခေတ် တရုတ်လူမျိုးများကို ငါ၏ ပုံသဏ္ဍာန်ဖြင့် ဖန်ဆင်းခဲ့သည်။ ၎င်းတို့သည် ဝိညာဉ်မရှိသကဲ့သို့ အစဦး၌ ၎င်းတို့သည် စာတန်အားဖြင့် ဖောက်ပြန်ပျက်စီးခဲ့ကြပြီး၊ ကယ်တင်၍မရနိုင်ခဲ့ပေ။ ဤအကြောင်းရင်းကြောင့်၊ ငါသည် ဤလူများကို တိုး၍အမျက်ထွက်ခဲ့ပြီး ၎င်းတို့ကို ကျိန်ဆဲခဲ့သည်။ ငါသည် ဤလူများကို အမုန်းဆုံးဖြစ်ပြီး၊ ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ သားသမီးများ ဖြစ်သည့်အတွက်၊ ၎င်းတို့အား ဖော်ပြသောအခါတိုင်းတွင် ငါသည် ဒေါသထွက်ရသည်။ ဤအရာက တစ်ဦးတစ်ယောက်အား ကမ္ဘာလောက၏ နိုင်ငံများက တရုတ်ပြည်အား သိမ်းပိုက်ခဲ့သော ခေတ်ကို မှတ်မိစေသည်။ ယင်းသည် ယနေ့နှင့် တူညီဆဲဖြစ်ပြီး၊ ယင်းသည် ငါ၏ ကျိန်ခြင်းအမင်္ဂလာသာ-အဆင်းနီသော နဂါးကြီးအား ငါ၏ အပြင်းထန်ဆုံးသော တရားစီရင်ခြင်းသာ- ရှိလေပြီဖြစ်သည်။ နောက်ဆုံးတွင်၊ ငါသည် နောက်ထပ်လူတစ်မျိုးကို ဖန်ဆင်းခဲ့သည်၊ ထိုသူအတွင်းတွင် ငါသည် ငါ၏ သားဦးများ၊

ငါ၏သားများ၊ ငါ၏လူများနှင့်၊ ငါ့အတွက် အစေခံမှု ပေးသော သူများကို ကြိုတင်ခွဲခန့်မှတ်သားထားခဲ့သည်။ ထို့ကြောင့်၊ ယနေ့ ငါပြုသမျှအားလုံးကို အချိန်ကြာမြင့်စွာက ငါ့အားဖြင့် စီစဉ်ထားခဲ့ခြင်း ဖြစ်သည်။ အဘယ့်ကြောင့် တရုတ်ပြည်ရှိ အာဏာရှိသော သူတို့သည် သင်တို့အား ထပ်သလဲလဲ နှိပ်စက်ညှင်းပန်းကာ ဖိနှိပ်ချုပ်ချယ်ရသနည်း။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် အဆင်းနီသော နဂါးကြီးသည် ငါ၏ကျိန်ခြင်းအမင်္ဂလာနှင့်ပတ်သက်၍ မပျော်ရွှင်သကဲ့သို့ ငါ့ကို ခုခံသောကြောင့် ဖြစ်သည်။ သို့သော်၊ ဤအရာက အဆင်းနီသော နဂါးကြီးနှင့် သူ၏သားသမီးများအား အားကောင်းသော တန်ပြန်တိုက်ခိုက်ခြင်းတစ်ခု ပေးနိုင်ဖို့အလို့ငှာ၊ ငါ၏ သားဦးများကို ငါစုံလင်စေသည်မှာ အတိအကျအားဖြင့် ဤနှိပ်စက်ညှင်းပန်းခြင်းနှင့် ခြိမ်းခြောက်မှုမျိုးအောက်၌ ဖြစ်သည်။ နောက်ပိုင်းတွင် ၎င်းတို့အား ငါရွေးထုတ်မည်။ ယခုတွင်၊ ငါ၏နှုတ်ကပတ်တော်များအား နားထောင်ပြီးနောက်၊ သင်တို့အား ငါနှင့်အတူ အုပ်စိုးခွင့်ပေးခြင်း၏ အရေးပါမှုကို သင်တို့ အမှန်တကယ် နားလည်ကြသလော။ အဆင်းနီသော နဂါးကြီးသည် ၎င်း၏ သေခြင်းသို့ လုံးဝ ပစ်ချခြင်းခံရလေပြီဟု ငါဆိုသည့်အချိန်သည် ငါ၏ သားဦးများ ငါနှင့်အတူ အုပ်စိုးသောအချိန်ဖြစ်သည်။ သားဦးတို့အား အဆင်းနီးသော နဂါးကြီး၏ ညှဉ်းပန်းနှိပ်စက်ခြင်းသည် ငါ့ကို အလွန် အသုံးတော်ခံပြီး၊ ငါ၏ သားဦးများ အရွယ်ရောက်ကာ ငါ့အိမ်၏ အရေးကိစ္စများကို စီမံနိုင်သည်နှင့်တစ်ပြိုင်နက်၊ ထိုဆိုးယုတ်သော အစေခံများ (အစေခံသူများ)သည် ဘေးဖယ်ထားခြင်း ခံရလိမ့်မည်။ ငါ၏ သားဦးများသည် ငါနှင့်အတူ အုပ်စိုးနေပြီးဖြစ်လိမ့်မည်ဖြစ်ကာ ငါ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းပြီးဖြစ်လိမ့်မည်ဖြစ်သောကြောင့်၊ ငါသည် အစေခံသူများကို ကန့်နှင့်လောင်သော မီးအိုင်ထဲသို့ တစ်ဦးပြီးတစ်ဦး တွန်းပို့လိမ့်မည်- ဖြစ်သည့်နည်းနှင့် ၎င်းတို့သွားကြရမည်။ စာတန်၏ အမျိုးသည်လည်း ငါ၏ကောင်းချီးမင်္ဂလာများကို မွေ့လျော်လိုပြီး စာတန်၏ အုပ်စိုးမှုအောက်သို့ ပြန်သွားရန် ဆန္ဒမရှိကြသည်ကိုလည်း ငါ အပြည့်အဝ သိ၏။ သို့သော်၊ ငါသည် အယောက်တိုင်း လိုက်နာရမည်ဖြစ်ပြီး ဆောင်ရွက်ရမည့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ ရှိကာ- မည်သူမျှ ကင်းလွတ်လိမ့်မည်မဟုတ်။ နောက်ပိုင်းတွင်၊ သင်တို့သည် ထိုအမိန့်များကို မချိုးဖောက်ရလေအောင် ထိန်းသိမ်းရန် ငါသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို သင်တို့အား တစ်ခုပြီးတစ်ခု ပြောပြမည်။

## အခန်း ၈၈

လူတို့သည် မည်သည့်အတိုင်းအတာထိ ငါ၏ခြေလှမ်း အရှိန်မြင့်လာပြီးဖြစ်သည်ကို လွယ်လွယ် စိတ်မကူးနိုင်ကြပေ- ဤသည်မှာ လူသားအနေဖြင့် ဉာဏ်မမီနိုင်သော အံ့သြဖွယ်ရာတစ်ခု ပေါ်ပေါက်ခဲ့ခြင်း ဖြစ်၏။ ငါ၏ခြေလှမ်းသည် ကမ္ဘာလောကကို ဖန်ဆင်းချိန်ကတည်းက ဆက်လက်ဖြစ်ပေါ် ခဲ့ပြီး ငါ၏အမှုသည် ဘယ်သောအခါမျှ မရပ်တန့်ခဲ့ပေ။ စကြဝဠာ လောကကြီးတစ်ခုလုံးသည် တစ်နေ့ပြီးတစ်နေ့ ပြောင်းလဲနေပြီး၊ လူတို့သည်လည်း စဉ်ဆက်မပြတ် ပြောင်းလဲနေကြသည်။ ဤအရာ အားလုံးသည် ငါ၏အမှု၊ ငါ၏အစီအစဉ်၏တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ ထို့အပြင် ၎င်းတို့သည် ငါ၏စီမံခန့်ခွဲမှုနှင့် သက်ဆိုင်ပြီး၊ ဤအရာတို့ကို အဘယ်လူသားမျှ မသိ၊ သို့မဟုတ် နားမလည်ကြပေ။ ငါကိုယ်တိုင် သင်တို့ကို ပြောသော အခါမှသာ၊ ငါသည် သင်တို့နှင့် မျက်နှာချင်းဆိုင် မိတ်သဟာယဖွဲ့သော အခါမှသာ သင်တို့သည် အနည်းငယ်မျှ သိကြရ၏။ သို့မဟုတ်ပါက၊ ငါ၏စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသေးစိတ်အစီအစဉ်ကို မည်သူမျှ လုံးဝ မသိနိုင်ကြပေ။ ယင်းမှာ ငါ၏ကြီးစွာသော တန်ခိုးဖြစ်ပြီး၊ ထို့အပြင် ယင်းမှာ ငါ၏အံ့ဖွယ်ရာ လုပ်ဆောင်ချက်များ ဖြစ်သည်။ ဤအရာများသည် မည်သူမျှ မပြောင်းလဲနိုင်သောအရာများ ဖြစ်သည်။ ထို့ကြောင့် ယနေ့ ငါပြောသည့် အရာသည် အမှန်တကယ်ဖြစ်ပြီး၊ ဤအရာသည် တကယ်ကို မပြောင်းလဲနိုင်ပေ။ လူသားတို့၏အယူအဆများတွင် ငါနှင့်ဆိုင်သော အသိပညာ အနည်းငယ်မျှပင် မပါရှိ- ၎င်းတို့အားလုံးသည် အဓိပ္ပာယ်မရှိသော စကားများသာ ဖြစ်ကြ၏။ သင်တို့သည် လုံလောက်နေခဲ့ပြီ၊ အားရကျေနပ်ပြီဟု မထင်ကြနှင့်။ ဤအရာကို သင့်အား ငါပြောသည်- သင်တို့ သွားရမည့်ခရီး ဝေးသေး၏။ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုလုံးနှင့် သက်ဆိုင်၍ အနည်းငယ်သာ သင်တို့ သိကြသည်၊ ထို့ကြောင့် သင်တို့သည် ငါပြောသည့်အရာကို နားထောင်ရမည် ဖြစ်ပြီး၊ ငါလုပ်ခိုင်းသော အရာမှန်သမျှကို လုပ်ကြရမည်။ အရာရာတိုင်းတွင် ငါ၏ဆန္ဒနှင့်အညီ ပြုမူကြလော့၊ ထိုအခါ ငါ၏ကောင်းချီးမင်္ဂလာများကို သင်တို့ ဧကန်မုချ ရကြလိမ့်မည်။ ယုံကြည်သော မည်သူမဆိုသည် ရရှိနိုင်သော်လည်း၊ မယုံကြည်သောသူ မည်သူမဆိုမူကား မိမိတို့အထဲတွင် ပြည့်မီပြီဟု ထင်မှတ်သည့် "ဗလာနတ္ထိ" သာ ရှိလိမ့်မည်။ ဤသည်မှာ ငါ၏ ဖြောင့်မတ်ခြင်းဖြစ်ပြီး၊ ငါ၏ဘုန်းအာနုဘော်၊ အမျက်ဒေါသနှင့် ငါ၏ ပြစ်တင်ဆုံးမခြင်းတို့ သာ၍ပင် ဖြစ်သည်။ ငါသည် မည်သူကိုမျှ အတွေးတစ်ခု သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုကိုပင် အပြစ်ပေးခံရခြင်းမရှိဘဲ လုပ်ဆောင်ခွင့် ပြုလိမ့်မည်မဟုတ်။

ငါ၏နှုတ်ကပတ်တော်တို့ကို ကြားရသည့်အခါ၊ လူအများစုသည် စိုးရိမ်ပူပန်သည့် ရှစ်ခေါက်ချိုး မျက်နှာများဖြင့် ကြောက်ရွံ့ကာ တုန်လှုပ် ကြသည်။ ငါသည် သင့်ကို အမှန်တကယ်

မတရားလုပ်ဖူးသလော။ သင်သည် အဆင်းနီသော နဂါးကြီး၏ သားသမီးတစ်ဦး မဟုတ်သည်မှာ ဖြစ်နိုင်သလော။ သင်သည် ကောင်းချင်ယောင်ဆောင်ခြင်းပင် ပြု၏။ ငါ၏သားဦးအဖြစ်ပင် သင်ဟန်ဆောင်သည်။ ငါ မျက်စိကန်းသည်ဟု သင်ထင်သလော။ ငါသည် လူတို့ကို မခွဲခြားနိုင်ဟု သင်ထင်သလော။ ငါသည် လူတို့၏ အတွင်းကျဆုံးသော နှလုံးသားများကို စိစစ်သော ဘုရားသခင်ဖြစ်သည်- ဤသည်မှာ ငါ၏သားတို့ကို ငါပြောသောအရာဖြစ်ပြီး အဆင်းနီသောနဂါးကြီး၏ သားသမီးများဖြစ်သော သင်တို့ကိုလည်း ငါပြောသောအရာ ဖြစ်သည်။ ငါသည် အမှား စိုးစဉ်းမျှ ပြုမိခြင်းမရှိဘဲ၊ အရာရာကို ရှင်းလင်းစွာ မြင်၏။ ငါလုပ်သောအရာကို ငါမသိဘဲနေမည်လော။ ငါ လုပ်သောအရာနှင့်ပတ်သက်၍ ငါသည် ရှင်းလင်းပြတ်သား၏။ ငါသည် စကြဝဠာနှင့် အရာခပ်သိမ်းတို့၏ ဖန်ဆင်းရှင်၊ ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်ဟု အဘယ်ကြောင့် ငါပြောသနည်း။ ငါသည် လူတို့၏ အတွင်းကျဆုံးသော နှလုံးသားများကို စစ်ဆေးသော ဘုရားသခင်ဖြစ်သည်ဟု အဘယ်ကြောင့် ငါပြောသနည်း။ ငါသည် လူတိုင်း၏အခြေအနေကို ကောင်းကောင်းသိ၏။ ငါသည် မည်သည့်အရာ လုပ်ရမည်၊ မည်သည့်အရာ ပြောရမည်ကို မသိဟု သင်တို့ထင်သလော။ ဤအရာသည် သင်တို့ပူပန်စရာ မဟုတ်။ ငါ၏လက်ဖြင့် အဆုံးစီရင်ခြင်း မခံရဖို့ ဂရုပြုကြလော့။ သင်တို့သည် ထိုသို့ ဆုံးရှုံးရလိမ့်မည် ဖြစ်သည်။ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များသည် ခွင့်မလွှတ်တတ်ပေ။ နားလည်သလော။ အထက်က အရာအားလုံးသည် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ အစိတ်အပိုင်းများ ဖြစ်သည်။ ယခင်က သင်တို့ နားမလည်ခဲ့ကြသောကြောင့် ၎င်းတို့ကို သင်တို့အား ငါပြောသောနေ့မှ စ၍၊ နောက်ထပ် ချိုးဖောက်မှုများ တစ်ခုတစ်လေ သင် ကျူးလွန်မိပါက၊ ဒဏ်ခတ်ခြင်း ရှိလာလိမ့်မည်ဖြစ်သည်။

ယခုတွင် ငါသည် သင်တို့အတွက် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပြဋ္ဌာန်းသည်။ (လူအမျိုးမျိုးတို့ကို အမျိုးမျိုးသော ပြစ်တင်ဆုံးမခြင်းများ သတ်မှတ်ပြီး၊ ၎င်းတို့သည် ပြဋ္ဌာန်းသော နေ့မှ စတင်သက်ရောက်မှုရှိသည်)

ငါသည် ငါ၏ကတိများကို တည်သကဲ့သို့ အရာရာသည် ငါ၏လက်ထဲတွင် ရှိ၏- သံသယရှိသူ မည်သူမဆို မုချ အဆုံးစီရင် ခံရလိမ့်မည်။ မည်သည့် စာနာထောက်ထားမှုအတွက်မျှ နေရာမရှိ။ ၎င်းတို့သည် ချက်ခြင်း မျိုးဖြုတ်ခံရလိမ့်မည်၊ ထိုသို့ဖြင့် မုန်းတီးမှုကို ငါ၏နှလုံးသားမှ ဖယ်ရှားပေမည်။ (ယခုအချိန်မှစ၍ အဆုံးစီရင်ခြင်းခံရသူ မည်သူမဆိုသည် ငါ၏နိုင်ငံသားတစ်ဦး ဖြစ်ရမည်မဟုတ်သကဲ့သို့ စာတန်၏ သားစဉ် မြေးဆက်တစ်ဦး ဖြစ်ရမည်ကို အတည်ပြုပြီးပြီ ဖြစ်သည်။)

သားဦးများအနေဖြင့်၊ သင်တို့သည် သင်တို့၏အနေအထားများကို ထိန်းသိမ်းထားသင့်ပြီး၊ သင်တို့၏ ကိုယ်ပိုင်တာဝန်များကို ကောင်းစွာ ဖြည့်ဆည်းသင့်ကာ၊ စပ်စုသောသူများ မဖြစ်သင့်ပေ။ ငါ၏စီမံခန့်ခွဲမှု အစီအစဉ်အတွက် သင်တို့သည် မိမိကိုယ်ကိုယ် ဆက်ကပ်သင့်ပြီး၊ သင်တို့သွားသည့်နေရာတိုင်းတွင် ငါ့အတွက် ကောင်းသောသက်သေခံခြင်းကို ပြုသင့်ကာ၊ ငါ၏နာမကို ဘုန်းထင်ရှားစေသင့်၏။ ရှက်ဖွယ်သော လုပ်ရပ်တို့ကို မကျူးလွန်နှင့်။ ငါ၏သားများနှင့် ငါ၏လူတို့အားလုံးအတွက် ပုံသက်သေ ဖြစ်လော့။ တစ်ခဏမျှပင် အကျင့်တရားမပျက်လေနှင့်။ သင်တို့သည် အယောက်တိုင်းရှေ့တွင် သားဦးများ၏ ပင်ကိုလက္ခဏာဆောင်လျက် အမြဲ ရှိရမည်ဖြစ်ကာ ဖော်လံဖားရမည်မဟုတ်။ ယင်းထက်၊ ခေါင်းမော့လျက် ရှေ့ဆက် ခြေလှမ်းလှမ်းသင့်၏။ ငါ၏နာမကို အရှက်ရစေရန်မဟုတ်ဘဲ၊ ငါ၏နာမကို ဘုန်းထင်ရှားစေကြရန် သင်တို့ကို တောင်းဆိုနေခြင်းဖြစ်သည်။ သားဦးများဖြစ်ကြသောသူတို့ အသီးသီးသည် ၎င်းတို့ တစ်ဦးချင်းကိုယ်တိုင် လုပ်ငန်းတာဝန် ရှိကြပြီး၊ အရာရာတိုင်းကို မလုပ်ဆောင်နိုင်ကြပေ။ ဤသည်မှာ သင်တို့ကို ငါပေးထားသော တာဝန်ဖြစ်ပြီး၊ ထိုတာဝန်ကို ခေါင်းရှောင်ရမည် မဟုတ်။ သင်တို့ကို ငါ ပေးအပ်ထားသည့် အရာကို ဖြည့်ဆည်းရန် သင်တို့သည် မိမိတို့ကိုယ်ကိုယ် စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်စွမ်းရှိသမျှနှင့် အစွမ်းရှိသမျှဖြင့် ဆက်ကပ်ကြရမည်။

ယနေ့မှရှေ့ဆက်၍၊ စကြဝဠာလောကအနှံ့တွင် ငါ၏သားများအားလုံးနှင့် ငါ၏လူမျိုးအားလုံးကို ထိန်းကျောင်းခြင်းတာဝန်အား ဖြည့်ဆည်းဖို့ ငါ၏ သားဦးများထံ အပ်နှံလိမ့်မည်ဖြစ်ပြီး၊ ထိုတာဝန်ကို ဖြည့်ဆည်းဖို့ မိမိတို့၏ နှလုံးသားနှင့် စိတ်တစ်ခုလုံးကို ဆက်ကပ်နိုင်ခြင်း မရှိသူ မည်သူမဆိုအား ငါ ပြစ်တင်ဆုံးမမည် ဖြစ်သည်။ ဤသည်မှာ ငါ၏ဖြောင့်မတ်ခြင်း ဖြစ်၏။ ငါသည် ငါ၏သားဦးများအပေါ်တွင်ပင် သက်ညှာလိမ့်မည် မဟုတ်သကဲ့သို့၊ လျှော့ပေါ့ ပေးလိမ့်မည် မဟုတ်။

ငါ၏သားများနှင့် ငါ၏လူတို့ကြားတွင် ငါ၏သားများထဲမှတစ်ဦးကို လှောင်ပြောင်ကာ စော်ကားသောသူ ရှိပါက၊ ငါ၏ သားဦးများသည် ငါကိုယ်တိုင်အား ကိုယ်စားပြုကြသည့်အတွက် ငါသည် ထိုသူတို့ကို ပြင်းထန်စွာ အပြစ်ပေးမည်။ ငါ၏သားဦးများကို တစ်စုံတစ်ယောက်က ပြုသောအရာသည် ငါ့ကို ပြုခြင်းပင်ဖြစ်၏။ ဤသည်မှာ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ ထဲမှ အပြင်းထန်ဆုံးသောအမိန့် ဖြစ်သည်။ ဤအမိန့်ကို ချိုးဖောက်သော ငါ၏သားများနှင့် ငါ၏လူများထဲမှ မည်သူမဆိုအပေါ်

ငါ၏ဖြောင့်မတ်ခြင်းကို ငါ၏သားဦးများ၏ ဆန္ဒများနှင့်အညီ စီရင်ဖို့ ၎င်းတို့ကို ငါအခွင့်ပေးမည်။

ငါ့ကို ပေါ့ပြက်စွာ သဘောထားပြီး ငါ၏အစားအစာ၊ အဝတ်အစားနှင့် အိပ်စက်ခြင်းကိုသာ အာရုံစိုက်သူ၊ ငါ၏အပြင်ပန်း အရေးကိစ္စများကိုသာ အရေးစိုက်လုပ်ဆောင်ပြီး၊ ငါ၏ဝန်ထုပ်ဝန်ပိုးကို အလေးထားခြင်းမရှိသကဲ့သို့၊ ၎င်းတို့ကိုယ်တိုင်၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဖြည့်ဆည်းရန် အာရုံမစိုက်သောသူ မည်သူမဆိုကို ငါသည် တဖြည်းဖြည်း စွန့်ပစ်မည်။ ဤသည်မှာ နားရှိသောသူအားလုံးတို့ကို ညွှန်ကြားခြင်းဖြစ်သည်။

ငါ့အတွက် အစေခံခြင်းကို ပြီးစီးအောင်လုပ်ဆောင်သောသူ မည်သူမဆိုသည် ရေးကြီးခွင်ကျယ်မလုပ်ဘဲ နာခံစွာ ဆုတ်ခွာကြလိမ့်မည်။ သတိထားလော၊ သို့မဟုတ်ပါက ငါသည် သင့်ကို ဖယ်ထုတ်လိမ့်မည်။ (ဤသည်ကား နောက်ဆက်တွဲ အမိန့်တစ်ခုဖြစ်သည်။)

ငါ၏ သားဦးများသည် ယခုမှစ၍ သံလှံတံကို ကောက်ကိုင်ကာ တိုင်းနိုင်ငံများနှင့် လူမျိုးအပေါင်းတို့ကို အုပ်စိုးရန်၊ တိုင်းနိုင်ငံများနှင့် လူမျိုးအပေါင်းတို့ကြားတွင် လျှောက်လှမ်းရန်နှင့်၊ တိုင်းနိုင်ငံများနှင့် လူမျိုးအပေါင်းတို့ကြားတွင် ငါ၏တရားစီရင်မှု၊ ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်ကို ဖော်ဆောင်ရန်၊ ငါ၏သြဇာအာဏာကို စတင် စီမံဆောင်ရွက်ကြလိမ့်မည်။ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်သည် ပြည့်စုံကာ ငါ၏ သားဦးများသည် ငါနှင့်အတူ စိုးစံနိုင်ကြသောကြောင့်၊ ငါ၏သားများနှင့် ငါ၏လူမျိုးတို့သည် ရပ်စဲခြင်းမရှိဘဲ၊ ငါ့ကို ကြောက်ရွံ့လိမ့်မည်၊ ငါ့ကို ချီးမွမ်းလိမ့်မည်၊ ငါ့ကို ကောင်းချီးသြဘာပေးကာ ဘုန်းထင်ရှားစေကြလိမ့်မည်။

ဤသည်မှာ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပြီး၊ ဤအမှု တိုးတက်သည်နှင့်အမျှ ၎င်းတို့ကို သင်တို့အား ငါပြောပြမည်။ အထက်က စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များမှ၊ ငါ၏ အမှုကို လုပ်ဆောင်သည့် ခြေလှမ်းအပြင်၊ မည်သည့်အဆင့်သို့ ငါ၏အမှု ရောက်ရှိပြီးဖြစ်သည်ကို သင်တို့ မြင်ရကြလိမ့်မည်။ ဤသည်မှာ အတည်ပြုချက်တစ်ခု ဖြစ်လိမ့်မည်။

ငါသည် စာတန်ကို တရားစီရင်နှင့်ပြီးဖြစ်သည်။ ငါ၏ အလိုသည် ပိတ်ဆီးခြင်း မခံရသကဲ့သို့၊ ငါ၏သားဦးတို့သည် ငါနှင့်အတူ ဘုန်းထင်ရှားခြင်း ရှိကြပြီးဖြစ်သောကြောင့် ငါသည် ကမ္ဘာလောကနှင့် စာတန်နှင့်ဆိုင်သည့် အရာခပ်သိမ်းတို့အပေါ် ငါ၏ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်ကို ကျင့်သုံးနှင့်ပြီးဖြစ်သည်။ ငါသည် စာတန်အပေါ် နည်းနည်းမျှပင် မကူ

သို့မဟုတ် လုံးဝ အာရုံစိုက်ခြင်း မရှိပေ (၎င်းသည် ငါနှင့် စကားပြောဆိုရန်ပင် မထိုက်တန်သောကြောင့် ဖြစ်သည်)။ ငါလုပ်ချင်သောအရာကိုသာ ငါဆက်လုပ် နေသည်။ ငါ၏အမှုသည် ချောမွေ့စွာဖြင့် တစ်ဆင့်ချင်း ရှေ့ဆက်နေသကဲ့သို့၊ ငါ၏အလိုသည် ကမ္ဘာမြေကြီးတစ်ခုလုံးအနှံ့ ပိတ်ဆီး၍မရပေ။ ဤအရာသည် စာတန်ကို အတိုင်းအတာတစ်ခုအထိ အရှက်ရစေခဲ့ပြီး၊ ၎င်းသည် လုံးဝ ဖျက်ဆီးခံရပြီး ဖြစ်သော်လည်း၊ ဤအရာကို၌က ငါ၏အလိုကို မဖြည့်ဆည်း ရသေးပေ။ ငါသည် ငါ၏သားဦးများအား ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ၎င်းတို့အပေါ် ဖော်ဆောင်ရန်လည်း အခွင့်ပေး၏။ တစ်ဖက်တွင်၊ စာတန်ကို ငါမြင်ခွင့်ပြုသည်မှာ ၎င်းအပေါ် ငါ၏အမျက်ဒေါသ ဖြစ်သည်။ အခြားတစ်ဖက်တွင်၊ ၎င်းကို ငါ၏ဘုန်းအား မြင်ခွင့်ပေးသည် (ငါ၏ သားဦးများသည် စာတန်၏ အရှက်ရခြင်းအဖို့ အထူးကဲဆုံးသော မျက်မြင်သက်သေများဖြစ်ကြသည်ကို မြင်ခွင့်ပေးသည်)။ ငါသည် ၎င်းကို ကိုယ်တိုင်ကိုယ်ကျ ပြစ်ဒဏ်မပေး။ ယင်းထက်၊ ငါ၏ သားဦးများကို ငါ၏ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်အား ငါ ဖော်ဆောင်ခွင့်ပေးသည်။ စာတန်သည် ငါ၏သားများကို စော်ကားလေ့ရှိခဲ့၍၊ ညှဉ်းပန်းနှိပ်စက်လေ့ ရှိခဲ့သကဲ့သို့ ဖိနှိပ်လေ့ ရှိခဲ့သောကြောင့်၊ ယနေ့တွင် ၎င်း၏အစေခံခြင်း ပြီးဆုံးသည့်နောက်၊ ငါသည် ငါ၏အရွယ်ရောက်သော သားဦးများအား ၎င်းကို ဖယ်ထုတ်ခွင့်ပြုမည်။ စာတန်သည် ကျရှုံးခြင်းအပေါ် ဆန့်ကျင်နိုင်စွမ်း မရှိပေ။ ကမ္ဘာလောကထဲက တိုင်းနိုင်ငံအားလုံး ဆိုင်းတွသွားခြင်းသည် အကောင်းဆုံး သက်သေ ဖြစ်သည်။ တိုက်ခိုက်နေကြသော လူတို့နှင့် စစ်မက်ဖြစ်နေသော နိုင်ငံတို့သည် စာတန်၏နိုင်ငံတော် ပြိုလဲခြင်း၏ သိသာသော သရုပ်သကန်များဖြစ်ကြသည်။ ငါသည် ယခင်က နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများ မပြသခဲ့သည့်အကြောင်းရင်းမှာ စာတန်အပေါ် အရှက်ရစေရန်နှင့် ငါ၏နာမကို တစ်ဆင့်ချင်း ဘုန်းထင်ရှားစေရန် ဖြစ်သည်။ စာတန်သည် လုံးဝ အပြတ်ရှင်းခံရပြီးချိန်တွင်၊ ငါသည် ငါ၏ တန်ခိုးကို စတင် ပြသမည်- ငါပြောသောအရာ အမှန်ဖြစ်လာပြီး၊ လူသားအယူအဆများနှင့် ကိုက်ညီခြင်းမရှိသော သဘာဝလွန်အရာတို့သည် ပြည့်စုံလိမ့်မည် (ဤသည်မှာ မကြာမီ လာလတ္တံ့သော ကောင်းချီးများကို ရည်ညွှန်း၏)။ ငါသည် လက်တွေ့ကျသော ဘုရားသခင်ကိုယ်တိုင်ဖြစ်ကာ၊ ငါ၌ စည်းမျဉ်းများ မရှိသောကြောင့်၊ ပြီးလျှင် ငါသည် ငါ၏စီမံခန့်ခွဲမှု အစီအစဉ်ထဲက အပြောင်းအလဲများနှင့်အညီ စကားပြောဆိုသောကြောင့်၊ ယခင်က ငါပြောပြီးသောအရာသည် ပစ္စုပ္ပန်တွင် သေချာပေါက်သက်ဆိုင်ခြင်း မရှိပေ။ သင်၏ကိုယ်ပိုင်အယူအဆများကို မဖက်တွယ်လေနှင့်။ ငါသည် စည်းမျဉ်းများကို လိုက်နာသော ဘုရားသခင်တစ်ပါး မဟုတ်။ ငါနှင့်ပတ်သက်၍မူ၊ အရာရာအားလုံး လွတ်လပ်သည်၊

ထူးကဲသာလွန်ကာ၊ လုံးဝ လွတ်ငြိမ်းခွင့်ပေးထား၏။ ယမန်နေ့က ပြောခဲ့သောအရာသည် ယနေ့ ခေတ်ကုန်ခြင်း သို့မဟုတ် ယနေ့တွင် ဘေးဖယ်ထားခံရခြင်း ဖြစ်ကောင်း ဖြစ်လိမ့်မည် (သို့သော် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များသည် ပြဋ္ဌာန်းထားသည့်အတွက် ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည်မဟုတ်)။ ဤအရာတို့သည် ငါ၏စီမံခန့်ခွဲမှုအစီအစဉ်ထဲက အဆင့်များ ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းတို့ကို မဖက်တွယ်လေနှင့်။ နေ့ရက်တိုင်းတွင် အလင်းသစ်ရှိပြီး၊ ထုတ်ဖော်ပြမှုအသစ်များရှိကာ၊ ယင်းမှာ ငါ၏ အစီအစဉ်ဖြစ်သည်။ နေ့ရက်တိုင်းတွင် ငါ၏အလင်းသည် သင့်အထဲတွင် ထုတ်ဖော်ပြလိမ့်မည်ဖြစ်ပြီး၊ ငါ၏အသံသည် စကြဝဠာလောကဆီသို့ ထုတ်လွှင့်လိမ့်မည် ဖြစ်သည်။ နားလည်သလော။ ဤသည်မှာ သင်၏ ဝတ္တရား၊ သင့်ကို ငါပေးအပ်ထားသော တာဝန် ဖြစ်သည်။ သင်သည် ထိုအရာကို တစ်ခဏမျှပင် လျစ်လျူရှုခြင်း မပြုရ။ ငါလက်ခံသော လူတို့ကို ငါသည် အဆုံးတိုင်အောင် အသုံးပြုမည်ဖြစ်ပြီး၊ ဤအရာသည် ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည်မဟုတ်။ ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင် ဖြစ်သောကြောင့်၊ အဘယ်လူစားမျိုးက ဘယ်အရာ လုပ်သင့်သည်ကို ငါသိသည့်အပြင်၊ အဘယ်လူစားမျိုးက ဘယ်အရာ လုပ်ဆောင်နိုင်သည်ကို ငါသိ၏။ ဤသည်မှာ ငါ၏အရာခပ်သိမ်း စွမ်းဆောင်နိုင်စွမ်းဖြစ်သည်။

## အခန်း ၈၉

ငါ၏ ရည်ရွယ်ချက်များနှင့်အညီ အရာရာကို လုပ်ဆောင်ဖို့ မလွယ်ကူပေ။ ယင်းမှာ သင့်ကိုယ်သင် ဟန်ဆောင်မှုဖြင့် အတင်းအကျပ်လုပ်စေခြင်း အကြောင်း မဟုတ်။ ထို့ထက်၊ ယင်းမှာ ကမ္ဘာလောကကို ငါ၏ ဖန်ဆင်းခြင်းမတိုင်မီ သင့်ကို ငါ၏ အစွမ်းအစများ အပ်နှင်းခဲ့ခြင်း ရှိမရှိဆိုသည့်အပေါ် မူတည်ပေသည်။ ဤအရာအားလုံးသည် ငါ့သဘောအတိုင်းဖြစ်၏။ ယင်းတို့သည် လူသားများ ပြီးမြောက်နိုင်သည့်အရာများ မဟုတ်ပေ။ ငါချစ်ရန်ဆန္ဒရှိသောသူကို ငါချစ်ပြီး၊ သားဦးများဖြစ်သည်ဟု ငါပြောသည့် မည်သူမဆိုသည် ဧကန်မုချ ငါ၏သားဦး ဖြစ်သည်။ ယင်းမှာ အတိအကျ မှန်ပေသည်။ သင်သည် ယင်းကို ဟန်ဆောင်ကောင်း ဟန်ဆောင်ချင်မည်ဖြစ်သော်လည်း၊ ထိုသို့ လုပ်ဆောင်ခြင်းသည် အချည်းနှီးဖြစ်ပေမည်။ သင့်ကို သင် ဖြစ်သည့်အရာအတွက် ငါမမှတ်မိဟု သင်ထင်သလော။ ငါ့ရှေ့တွင်ရှိချိန် ကောင်းမွန်သော အပြုအမူအချို့ကို ပြသခြင်းမျှသည် သင့်အတွက် တော်လောက်ပြီလော။ ယင်းသည် ထိုမျှ ရိုးရှင်းသလော။ လုံးဝမဟုတ်ပေ။ သင်သည် ငါ၏

ဂတိရှိရမည်ဖြစ်ပြီး၊ ငါ၏ ခရီးပန်းတိုင် ရှိရမည်။ ငါ၏ နောက်ကွယ်၌ သင် လုပ်ဆောင်သည့်အရာကို ငါမသိဟု သင်ထင်သလော။ သင်သည် ကိုယ်ကျင့်တရားပျက်သည်တကား။ ငါ့အဖို့ သင်၏ အစေခံမှု ပြီးဆုံးသည်နှင့်တစ်ပြိုင်နက်၊ ကန့်နှင့်လောင်သော မီးအိုင်ထဲ အလျင်အမြန်ပြန်သွားလော့။ ငါ ရွံရှာစက်ဆုပ်သည်။ သင့်အား တကယ်ကို မြင်ရခြင်းတွင် ငါသည် စက်ဆုပ်မှုဖြင့် ပြည့်၏။ ငါ့ကို အစေခံမှုတွင် ရှိသူအားလုံး၊ ငါ့အတွက် သစ္စာရှိစွာ အသုံးမခံသောသူအားလုံး၊ အကျင့်ပျက်ပြီး အသောက်အစား အပျော်အပါး၌ မွေ့လျော်သူအားလုံးနှင့် ငါ၏ ရည်ရွယ်ချက်များကို သဘောမပေါက်နိုင်သူ အားလုံး - သင်တို့၏ အစေခံမှု ပြီးသည့်နောက်တွင်၊ မြန်မြန်လုပ်ကာ ငါ၏ မြင်ကွင်းမှ ထွက်သွားကြလော့။ သို့မဟုတ်ပါက၊ ငါသည် သင့်ကို မောင်းထုတ်ရလိမ့်မည်။ ဤလူတို့သည် ငါ့၏အိမ်၌ ( အတိအကျပြောရသော်၊ အသင်းတော်၌) တဒင်္ဂမျှ ကြာကြာ နေ၍မရနိုင်။ ငါ၏နာမကို အရှက်မရစေရန်နှင့် ငါ၏ ဂုဏ်သတင်းကို မပျက်စီးစေရန် ၎င်းတို့အားလုံး ဤနေရာမှ ထွက်သွားရမည်။ ဤလူများအားလုံးသည် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များဖြစ်ကြ၏။ ၎င်းတို့ကို ငါ၏ စီမံခန့်ခွဲခြင်းအား နှောင့်ယှက်ရန် အဆင်းနီသော နဂါးကြီးက စေလွှတ်ထားခြင်းဖြစ်၏။ ငါ၏ အမှုကို နှောင့်ယှက်ရန် ၎င်းတို့သည် လှည့်ဖြားခြင်း၌ အထူးကျွမ်းကျင်ကြ၏။ ငါ့သား၊ ဤအရာကို သင် ရိပ်စားမိရမည်။ ထိုသို့သော လူတို့ကို မပေါင်းဖော်နှင့်။ ဤလူစားမျိုးများကို သင် မြင်သည့်အခါ၊ ၎င်းတို့၏ ထောင်ချောက်များထဲသို့ လဲကျခြင်းကို ရှောင်ရှားရန် ၎င်းတို့ထံမှ အလျင်အမြန် အဝေးသို့ ထွက်သွားလော့။ သတိမမူဘဲ စကားပြောဆိုသောသူ၊ တွေးတောခြင်းမရှိဘဲ ပြုမူသောသူ၊ ပြက်လုံးထုတ်ကာ ရယ်မောနေသောသူနှင့် ပေါ့ပြက်သော စကားစမြည်ပြောခြင်း၌ ပါဝင်သောသူတို့ကို ငါ အစက်ဆုပ်ဆုံး ဖြစ်သည်။ ထိုလူများထဲမှ မည်သူကိုမျှ ငါအလိုမရှိ။ ၎င်းတို့အားလုံးသည် စာတန်၏ အမျိုး ဖြစ်သည်။ လုံးဝ အကြောင်းမရှိဘဲ ကျီစားနေခြင်းတွင် ၎င်းတို့ ပါဝင်ကြသည်။ ဤသတ္တဝါများမှာ အဘယ်သူများဖြစ်သနည်း။ ၎င်းတို့သည် အဓိပ္ပာယ်မရှိသောစကားများကို ပြောဆိုကြပြီး ဒေါသတကြီး လျှောက်ရမ်းကြသည်။ ၎င်းတို့သည် အရှက်တရား ခံစားကြရသေးသလော။ အမှန်တွင်၊ ဤလူစားမျိုးသည် တန်ဖိုးအနည်းဆုံးဖြစ်ပြီး၊ ငါသည် အချိန်ကြာမြင့်စွာကတည်းက ၎င်းတို့ကို ရိပ်စားမိပြီးဖြစ်ကာ စွန့်ပစ်ပြီး ဖြစ်သည်။ ထိုသို့ငါ မလုပ်ခဲ့ပါက၊ အဘယ်ကြောင့် ၎င်းတို့သည် ငါ၏ ဆုံးမပဲ့ပြင်မှုကို ခံရခြင်းမရှိဘဲ အဓိပ္ပာယ်မရှိသော စကားများကို ထပ်သလဲလဲ ပြောကြမည်နည်း။ ၎င်းတို့သည် အမှန်တကယ် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များ ဖြစ်ကြသည်။ ယခုတွင်၊ ငါသည် ဤအရာများကို တစ်ခုပြီးတစ်ခု စတင် ဖယ်ရှားပြီဖြစ်သည်။ စာတန်၏

သားစဉ်မြေးဆက်များအား ငါ၏ သားဦးများအဖြစ်၊ သားများနှင့် လူများအဖြစ် ငါအသုံးပြုနိုင်မည်လော။ သို့ဖြစ်လျှင် ငါသည် မပြတ်မသား ဖြစ်မည်မဟုတ်လော။ ငါသည် ထိုသို့ ဧကန်မုချ လုပ်ဆောင်လိမ့်မည်မဟုတ်။ ဤအရာနှင့်သက်ဆိုင်၍ ရှင်းလင်းသော သိနားလည်မှုတစ်ခု သင်တို့ ရှိကြသလော။

ယနေ့ သင်ကြုံရသော အရာတိုင်းသည်၊ အကောင်း အဆိုးဖြစ်စေ၊ ငါ၏ အမြော်အမြင်ရှိသော လက်များဖြင့် စီစဉ်ထားခြင်းသာ ဖြစ်သည်။ အားလုံးသည် ငါ၏စီစဉ်ညွှန်ကြားခြင်းခံရကာ ငါ၏ထိန်းချုပ်မှုအောက်တွင် ရှိ၏။ ဤသည်မှာ လူသားမျိုးနွယ် အသင့် ပြီးမြောက်နိုင်သောအရာ တစ်စုံတစ်ခု တကယ်ကို မဟုတ်ပေ။ လူအချို့သည် ငါနှင့်ပတ်သက်၍ လက်ဖဝါးမှ ခွေးထွက်ပြီး ပူပန်လျက်ရှိကြ၏၊ သို့သော် ၎င်းတို့ အမှန်တကယ် စိုးရိမ်စရာ မလိုပေ။ ၎င်းတို့သည် ၎င်းတို့၏အဓိက အလုပ်ကို လစ်လျူရှုပြီး၊ ဝိညာဉ်ထဲသို့ ဝင်ရောက်ဖို့ မကြိုးစားကြဘဲ အသက်တာ၌ ကြီးထွားခြင်းကို ဆန္ဒရှိကြသေး၏။ ၎င်းတို့သည် အချည်းနှီး မျှော်လင့်ကြပေသည်။ ၎င်းတို့သည် လုံးဝ စိုးရိမ်သောကမရောက်ကြသော်လည်း၊ ငါ၏ အလိုကို ဖြည့်ဆည်းချင်ကြဆဲ ဖြစ်သည်။ ငါ၏ကိုယ်စား သင်စိုးရိမ်သော်လည်း၊ ငါသည်မစိုးရိမ်။ သင်သည် အဘယ်အရာနှင့်ပတ်သက်၍ စိုးရိမ်နေသနည်း။ ငါ့အတွက် သင်၏ အလုပ်သည် ဝတ်ကျေတမ်းကျေဖြစ်ပြီး သင်သည် ငါ့ကို ဇွတ်မှိတ် လိမ်ညာ၏။ သင့်ကို ငါ ပြောသည်။ ဤအခိုက်အတန့်မှစ၍၊ ငါသည် သင်ကဲ့သို့သော လူများကို ငါ၏ အိမ်မှ မောင်းထုတ်မည်။ ထိုသို့သော လူများသည် ငါ၏အိမ်၌ ငါ့ကို အစေခံခြင်းငှာ မထိုက်တန်ပေ။ ၎င်းတို့သည် ငါ့ကို ၎င်းတို့၏ လုပ်ရပ်များဖြင့် ပြစ်မှားစော်ကားကြသောကြောင့် ၎င်းတို့ကို ငါ အလွန်မုန်းတီးသည်။ "ငါ့ကို ပြစ်မှားစော်ကားခြင်းသည် ခွင့်လွှတ်၍မရနိုင်သော အပြစ်ဖြစ်သည်"ဟု ဆိုခဲ့ချိန်တွင်၊ ဤအရာက မည်သူကို ရည်ညွှန်းခဲ့သနည်း။ ဤအရာနှင့်ပတ်သက်၍ သင်တို့ ရှင်းလင်းကြသလော။ ဤသို့သော လူတစ်ဦးသည် ဤအပြစ်ကိ ု ကျူးလွန်နှင့်ပြီးဖြစ်သော်လည်း ပြဿနာမှာ မဆိုးရွားလွန်းသေးဟု ယုံကြည်လေသည်။ အမှန်တကယ်၊ ဤမပြတ်သားသော လူသည် ကျိုးကြောင်းမမြင်သကဲ့သို့ မသိနားမလည်သောသူဖြစ်ပြီး၊ သူ၏ စိတ်ဝိညာဉ်သည် ပိတ်ဆို့ခံထားရပေသည်။ ငါသည် သင့်အား နှင်ထုတ်မည်။ (ဤသည်မှာ ငါနှင့်သက်ဆိုင်သည့် စာတန်၏ စုံစမ်းခြင်းဖြစ်သောကြောင့်၊ ယင်းကို ငါ အလွန် မုန်းပြီး၊ ငါ့ကို အကြိမ်တိုင်း အမျက်ထွက်စေလျက်၊ ဤအကြောင်းအရာကို ထပ်သလဲလဲ ပြောဆိုထားပြီး ဖြစ်သည်။ ငါဒေါသူပုန်ထခြင်းကို ငါ မချုပ်တည်းနိုင်သကဲ့သို့ မည်သူမျှ ယင်းကို မရပ်တန့်နိုင်ပေ။ အချိန် မကျသေးပေ၊ သို့မဟုတ်ပါက ငါသည် ထိုလူကို အချိန်ကြာမြင့်စွာကတည်းက

ကိုင်တွယ်ဖြေရှင်းပြီး ဖြစ်ပေမည်။) (ဤသည်မှာ လက်ရှိအချိန်တွင်၊ နိုင်ငံခြားသားများသည် တရုတ်ပြည်ထဲသို့ စုပြုံဝင်ရောက်ရှာဖွေကြလိမ့်မည်ကို မယုံကြည်သေးသည့် လူများစွာ ရှိဆဲဖြစ်သည်ဆိုသည့် အမှန်တရားအကြောင်း ဖြစ်သည်။ ယခုပင် ၎င်းတို့သည် မယုံကြည်ကြသကဲ့သို့ ဤအရာက ငါ၏အမျက်ကို တစ်လိပ်လိပ်ထစေကာ ဆူပွက်သွားစေ၏။)

ငါ၏ အိမ်အတွင်းတွင်၊ ငါ၏ စိတ်နှင့် ညီညွတ်သောသူသည် မည်သည့် လူစားမျိုး အတိအကျ ဖြစ်သနည်း။ ဆိုလိုသည်မှာ၊ ဖန်ဆင်းခြင်းမတိုင်မီ၊ မည်သည့်လူစားမျိုးမားကို ငါ၏အိမ်၌ ထာဝရ နေထိုင်ရန် ငါကြိုတင်ခွဲခန့်ထားခဲ့သနည်း။ သင်တို့ သိသလော။ မည်သည့် လူစားမျိုးကို ငါချစ်ခင်နှစ်သက်ပြီး မည်သည့် လူစားမျိုးကို ငါ မုန်းတီးသည်ကို သင်တို့ စဉ်းစားကြပြီးပြီလော။ ငါ၏ အိမ်သည် ငါကဲ့သို့သော စိတ်တစ်ခုတည်း ရှိသောသူနှင့် ငါနှင့်အတူ အဆင်ပြေချိန်များနှင့် အခက်အခဲများ မျှဝေခံစားသူများ - တစ်နည်းအားဖြင့်၊ ကောင်းချီးမင်္ဂလာများနှင့် အခက်အခဲနှစ်ခုလုံးတွင် မျှဝေခံစားသော လူများ - အတွက်ဖြစ်သည်။ ဤလူအားလုံးသည် ငါချစ်ခင်နှစ်သက်သော အရာကို ချစ်ခင်နှစ်သက်ပြီး၊ ငါမုန်းတီးသော အရာကို မုန်းတီးနိုင်ကြ၏။ ၎င်းတို့သည် ငါ စက်ဆုပ်သောအရာကို စွန့်ပစ်နိုင်ကြသည်။ အကယ်၍ ၎င်းတို့မစားရဟု ငါ ပြောပါက၊ ငါ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန် ၎င်းတို့သည် ၎င်းတို့၏ အစာအိမ်များကို လစ်ဟာခွင့်ပေးဖို့ လိုလားနေကြသည်။ ဤလူစားမျိုးသည် ငါ့ကို သစ္စာစောင့်သိမြဲစောင့်သိရန်နှင့် ငါ့အတွက် မိမိတို့ကိုယ်ကိုယ် အသုံးခံရန် လိုလားနေကြကာ ငါ့အတွက် အမြဲ ကြိုးစားအလုပ်လုပ်ရင်း ငါ၏အပင်ပန်းခံသော အားထုတ်မှုများကို အရေးထားနိုင်ကြသည်။ ထို့ကြောင့်၊ ထိုသို့သောလူများအဖို့၊ ငါ၌ ရှိသမျှအရာရာကို ၎င်းတို့အား ပေးရင်း၊ သားဦးများ၏ အဆင့်အတန်းကို ငါ ပေးသည် - ငါသည် အသင်းတော်အားလုံးကို ဦးဆောင်ရန် အစွမ်းအစရှိပြီး၊ ဤအရာကို ၎င်းတို့အား ငါ ပေး၏။ ငါသည် ဉာဏ်ပညာရှိပြီး ဤအရာကိုလည်း ၎င်းတို့အား ငါပေးသည်။ ငါသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းအတွက် ဆင်းရဲဒုက္ခခံနိုင်ပြီး ၎င်းတို့ကို ငါ့အတွက် အရာရာ ခံစားနိုင်စေရင်း၊ ဤလူများအား စိတ်ပိုင်းဖြတ်မှုကိုလည်း ငါပေးမည်။ ငါသည် ကောင်းမြတ်သော အစွမ်းအစများ ရှိပြီး၊ ဤလူတို့ကို လူများ မြင်ကြသည့်အခါ ငါ့ကို မြင်ကြဖို့အလို့ငှာ၊ ကွဲပြားခြားနားမှု စိုးစဉ်မျှမရှိဘဲ၊ ၎င်းတို့အား ငါကဲ့သို့ အတိအကျ ဖြစ်စေရင်း၊ ဤအရာများကို ၎င်းတို့အား ငါ ပေးမည်။ ယခုတွင်၊ ၎င်းတို့အနေဖြင့် ငါ့ကို အပြည့်အဝ ထင်ရှားစေနိုင်ဖို့အလို့ငှာ၊ ငါ၏ ပြီးပြည့်စုံသော ဘုရားသဘာဝ၏ သွင်ပြင်လက္ခဏာတစ်ခုကို ၎င်းတို့အား အသက်ရှင်နေထိုင်နိုင်စေဖို့၊ ဤလူများအတွင်းတွင် ငါ၏ ပြီးပြည့်စုံသော ဘုရားသဘာဝကို ငါ ထားရှိနေသည်။ ဤသည်မှာ ငါ၏ ရည်ရွယ်ချက်ဖြစ်သည်။

ပြင်ပန်းအရာများအရ (ငါကဲ့သို့ အလားတူ စားသောက်ခြင်း၊ ငါကဲ့သို့ ဆင်တူသည့် အဝတ်များကို ဝတ်ဆင်ခြင်း) ငါနှင့်တူရန် မကြိုးစားနှင့်။ ယင်းအားလုံးသည် အချည်းနှီးဖြစ်ပြီး၊ ထိုသို့သော အရာများကို သင် ရှာဖွေပါက၊ သင့်ကိုယ်သင်သာ ဖျက်ဆီးမိလိမ့်မည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါ့ကို အပြင်ပန်းအားဖြင့် တုပရန် ကြိုးစားသောသူများသည် စာတန်၏ လက်ပါးစေများ ဖြစ်ကြပြီး၊ ထိုအားထုတ်မှုမျိုးသည် စာတန်၏ အကြံအစည် ဖြစ်သည်။ ယင်းသည် စာတန်၏ ရည်မှန်းချက် ရောင်ပြန်ဟပ်သောအရာ ဖြစ်သည်။ သင်သည် ငါနှင့်တူရန် ကြိုးစားသော်လည်း၊ သင်သည် ထိုက်တန်ပါသလော။ သင့်ကို သေသည်ထိ ငါနင်းခြေမည်။ ငါ၏အမှုသည် ကမ္ဘာအနှံ့က တိုင်းနိုင်ငံတိုင်းဆီသို့ တိုးချဲ့ရင်း စဉ်ဆက်မပြတ် စတင်ဆောင်ရွက်လျက် ရှိသည်။ အလျင်အမြန် ငါ၏ ခြေလှမ်းများနောက် လိုက်လော့။

# အခန်း ၉၀

ငါအလိုရှိသောသူတို့မှာ ငါ့ကိုသိနိုင်သူ၊ ငါ့ကိုတွေ့နိုင်သူနှင့် ငါ့ထံမှ အရာအားလုံးကို ရရှိနိုင်သူ ဖြစ်သည့်အတွက်၊ ကြောင်းကျိုးမမြင်သောသူ အားလုံးသည် ငါ့ထံမှထွက်သွားရမည်ဖြစ်ပြီး တဒင်္ဂမျှပို၍ကြာရှည်၍ မနေရ။ ပြီးလျှင် မည်သူသည် ငါ့ထံမှ အရာအားလုံးကို အမှန်တကယ် ရရှိနိုင်သနည်း။ ဤလူစားမျိုး အလွန်နည်းပါးသည်မှာ သေချာဆုံးဖြစ်ပြီး ၎င်းတို့သည် ငါ၏ကောင်းချီးမင်္ဂလာများကို ကေန်မုချ ရရှိကြလိမ့်မည်။ ငါသည် ဤလူတို့ကိုချစ်ပြီး ငါ၏လကျာ်လက်၊ ငါ၏ သရုပ်သကန် ဖြစ်ဖို့ ၎င်းတို့ကို တစ်ယောက်ပြီးတစ်ယောက် ငါရွေးချယ်မည်။ ငါသည် တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့အား ဤလူတို့အတွက် မရပ်မနား ဩဘာပေးစေရင်း ငါ့ကို မရပ်မနား ချီးမွမ်းစေအံ့။ အို၊ ဇိအုန်တောင်၊ အောင်မြင်ခြင်း အောင်လံတံခွန်ထူပြီး ငါ့အတွက် ဩဘာပေးလော့။ အကြောင်းမူကား ငါသည် ဤနေရာသို့ တစ်ဖန် ပြန်မလာမီတွင် တောင်များ၊ မြစ်များနှင့် အရာခပ်သိမ်းတို့၏ နေရာတိုင်းသို့ ခြုံငုံရင်း၊ စကြဝဠာအနှံ့နှင့် ကမ္ဘာမြေစွန်းများအထိ သွား၏။ ငါသည် ဖြောင့်မတ်ခြင်း၊ တရားစီရင်ခြင်း၊ အမျက်ဒေါသနှင့် လောင်ကျွမ်းခြင်းဖြင့်သာမက၊ ထို့ထက်ပို၍ ငါ၏ သားဦးများနှင့်ပင် အောင်မြင်စွာ ပြန်လာသည်။ ငါရွံရှာသော အရာအားလုံးနှင့် ငါရွံမုန်းသော လူများ၊ ကိစ္စရပ်များ၊ အရာဝတ္ထုများ အားလုံးကို ငါသည် အဝေးသို့ စွန့်ပစ်သည်။ ငါသည် အောင်မြင်ပြီး ငါလုပ်ဆောင်လိုသောအရာအားလုံးကို ငါ ပြီးစီးပြီး ဖြစ်သည်။ ငါ့အမှုကို ငါ မပြီးစီးသေးဟု အဘယ်သူ ဆိုဝံ့သနည်း။ ငါ၏သားဦးများကို ငါ မရယူသေးဟု အဘယ်သူ ဆိုဝံ့သနည်း။ ငါသည် အောင်မြင်ခြင်းဖြင့် ပြန်မလာသေးဟု အဘယ်သူ ဆိုဝံ့သနည်း။ ထိုသို့သော လူတို့သည်

သေချာပေါက် စာတန်မျိုး ဖြစ်သည်။ ၎င်းတို့သည် ငါ၏ လွတ်ငြိမ်းစေခြင်းကို ရရှိဖို့ အခက်တွေ့သူများ ဖြစ်ကြ၏။ ၎င်းတို့သည် ကျိုးကြောင်းမမြင်ကြ၊ ညစ်ညူးသော မကောင်းဆိုးဝါးများဖြစ်ကြပြီး ၎င်းတို့ကို ငါအရွံရှာဆုံးဖြစ်သည်။ ဤအရာများနှင့်ပတ်သက်၍ ငါသည် ငါ၏အမျက်ဒေါသနှင့် ငါ၏ တရားစီရင်ခြင်း အလုံးစုံကို စတင် ထုတ်ဖော်ပြမည် ဖြစ်ပြီး ငါ၏ လောင်ကျွမ်းနေသောမီးမှတစ်ဆင့် နေရာတိုင်းကို အလင်းပေးရင်း၊ စကြာဝဠာနှင့် ကမ္ဘာမြေကို နေရာအနှံ့ မီးစွဲစေမည်- ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည်။

ငါ၏နှုတ်ကပတ်တော်များကို သင် နားလည်ပြီးသည်နှင့် တစ်ပြိုင်နက်၊ ယင်းတို့မှ နှစ်သိမ့်ခြင်းကို သင်တို့ ရရှိသင့်သည်။ ယင်းတို့ကို အလေးဂရုမပြုဘဲ၊ သင် လွန်မသွားစေရ။ တရားစီရင်ခြင်း နှင့်ဆိုင်သော မိန့်မြွက်ချက်တို့သည် နေ့စဉ် ကျရောက်၏၊ ထို့ကြောင့် သင်တို့သည် အဘယ်ကြောင့် အလွန်နုံအကာ ထုံထိုင်းကြသနည်း။ သင်တို့သည် အဘယ်ကြောင့် ငါနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိကြသနည်း။ သင်တို့သည် ငရဲသို့ သွားရန် အလွန် လိုလားနေကြသလော။ ငါသည် ငါ၏သားဦးများ၊ ငါ၏သားများနှင့် လူတို့အဖို့ သနားကရုဏာရှိသည့် ဘုရားသခင်ဖြစ်သည်ဟု ငါဆိုသည်၊ ထို့ကြောင့် ဤအရာကို သင်တို့ အဘယ်သို့ နားလည်ကြသနည်း။ ဤသည်မှာ ရိုးရှင်းသော ကြေညာချက်တစ်ခု မဟုတ်သကဲ့သို့၊ ယင်းကို အပြုသဘောဆောင်သော ရှုထောင့်တစ်ခုမှ နားလည်သင့်သည်။ အို ကြောင်းကျိုးမမြင်သော လူသားမျိုးနွယ်။ သင်တို့သည် ငါ၏ကတိကို ရရှိနိုင်ရန်အလို့ငှာ၊ ငါသည် သင်တို့ကို စာတန်၏ လက်တွင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့မှ ဆောင်ကြဉ်းလျက် အကြိမ်များစွာ ကယ်တင်ပြီးလေပြီ၊ ထို့ကြောင့် သင်တို့သည် ငါ၏စိတ်နှလုံးအတွက် အရေးထားမှု တစ်ခုတစ်လေ အဘယ်ကြောင့် မပြုကြသနည်း။ သင်တို့ထဲမှ တစ်ဦးတစ်လေသည် ဤနည်းဖြင့် ကယ်တင်ခံရနိုင်သလော။ ငါ၏ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်နှင့် တရားစီရင်ခြင်းတို့သည် စာတန်ကို သနားကရုဏာ မပြပေ။ သို့သော် သင်တို့နှင့် ပတ်သက်သရွေ့၊ ဤအရာများ၏ ရည်ရွယ်ချက်သည် သင်တို့ကို ကယ်တင်ရန်ဖြစ်သည်၊ သို့သော် သင်တို့သည် ငါ၏စိတ်သဘောထားကို နားလည်နိုင်စွမ်း မရှိသကဲ့သို့၊ ငါ၏လုပ်ရပ်များ နောက်ကွယ်က အခြေခံသဘောတရားများကိုလည်း မသိကြချေ။ ငါသည် ငါ၏လုပ်ရပ်အမျိုးမျိုး၏ ပြင်းထန်မှုတွင် မည်သည့်ကွဲပြားမှုများကိုမျှ မပြုလုပ်သကဲ့သို့၊ ငါ၏လုပ်ရပ်များ၏ ပစ်မှတ်များကြားတွင် မည်သည့် ကွဲပြားမှုများကိုမှ ငါမပြုလုပ်ဟု သင်တို့ တွေးခဲ့ကြသည်- မသိနားမလည် လိုက်လေခြင်း။ ငါသည် လူအားလုံး၊ အဖြစ်အပျက်အားလုံးနှင့် အရာအားလုံးတို့ကို ရှင်းလင်းစွာ မြင်နိုင်၏။ ငါသည် လူတိုင်း၏

အနှစ်သာရကို ပြီးပြည့်စုံသော ရှင်းလင်းမှုဖြင့် နားလည်သည်၊ ဆိုလိုသည်မှာ ငါသည် လူတစ်ဦးက မိမိတို့ကိုယ်ကိုယ်အတွင်း၌ သိုထားသော အရာတို့ကို လုံး၀ ရိပ်စားမိသည်။ လူတစ်ဦးသည် ယေဇဗေလတစ်ဦးလော သို့မဟုတ် ပြည့်တန်ဆာတစ်ဦးလော ဆိုသည်ကို ရှင်းလင်းစွာ ငါမြင်နိုင်ပြီး အဘယ်သူသည် အဘယ်အရာကို တိတ်တဆိတ် လုပ်ဆောင်သည်ကို ငါသိ၏။ အသင် အယုတ်ကောင်၊ ငါ၏ ရှေ့တွင် သင်၏ နှစ်လိုဖွယ်ကောင်းခြင်းကို ကြွားလုံးမထုတ်နှင့်။ ဤနေရာမှ ယခု ထွက်သွားလော့။ ငါ၏နာမကို အရှက်ရစေခြင်းအား ရှောင်ရှားရန်အလို့ငှါ ထိုလူစားမျိုးကို ငါ အသုံးမပြု။ ၎င်းတို့သည် ငါ့နာမအဖို့ သက်သေမခံနိုင်ကြသကဲ့သို့၊ ထိုအစား ၎င်းတို့သည် ဖြစ်စေလိုသည့်အရာနှင့် တခြားစီဖြစ်လျက်ပြုမူကြပြီး ငါ၏မိသားစုကို အရှက်ရစေသည်။ ၎င်းတို့သည် ငါ၏အိမ်မှ ချက်ချင်း နှင်ထုတ်ခြင်းကို ခံကြရလိမ့်မည်။ ၎င်းတို့ကို ငါ အလိုမရှိ။ ငါသည် တစ်စက္ကန့်မျှပင် နှောင့်နှေးခြင်းကို သည်းခံလိမ့်မည်မဟုတ်။ ငါ၏နိုင်ငံတော်တွင် အားလုံးသည် သန့်ရှင်းကြပြီး၊ မည်သည့်နည်းဖြင့်မဆို အပြစ်အနာအဆာ မရှိသည့်အတွက်၊ ထိုလူတို့အတွက် ၎င်းတို့ မည်သို့ကြိုးစားကြသည်ဖြစ်စေ၊ အချည်းနှီး ဖြစ်၏။ အကယ်၍ ငါသည် တစ်စုံတစ်ဦးကို အလိုမရှိဟုဆိုလျှင်- ယင်းသည် ငါ၏လူများအပါအဝင်ဖြစ်ပါက- ငါအမှန်တကယ် ဆိုခြင်းဖြစ်သည်။ ငါ၏စိတ်ပြောင်းလဲရန် မစောင့်ဆိုင်းနှင့်။ သင်သည် ယခင်က ငါ့အဖို့ မည်မျှ ကောင်းခဲ့သည်ကို ငါဂရုမစိုက်ပေ။

ငါသည် နက်နဲမှုများကို သင်တို့ထံ နေ့စဉ် ထုတ်ဖော်ပြသည်။ ငါ စကားပြောသည့်နည်းစနစ်ကို သင်တို့ သိကြသလော။ ငါ၏ နက်နဲမှုများကို ငါ ထုတ်ဖော်ပြသည့် အခြေခံအကြောင်းရင်းမှာ အဘယ်နည်း။ သင်တို့ သိသလော။ ငါသည် သင့်တော်သော အချိန်တွင် သင်တို့ကို ထောက်ပံ့ပေးသော ဘုရားသခင် ဖြစ်သည်ဟု သင်တို့ မကြာခဏ ဆိုကြသည်၊ သို့ဖြစ်လျှင် ဤသွင်ပြင်လက္ခဏာများကို သင်တို့ မည်ကဲ့သို့ သဘောပေါက်ကြသနည်း။ ငါသည် ငါ၏ နက်နဲမှုများကို ငါ့အမှု၏ အဆင့်များနှင့်အညီ တစ်ခုပြီးတစ်ခု သင်တို့ထံသို့ ထုတ်ဖော်ပြပြီး၊ ငါ့အစီအစဉ်နှင့်အညီ၊ ပြီးလျှင် သင်တို့၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှုများနှင့် သာ၍အညီပင်၊ သင်တို့ကို ငါ ထောက်ပံ့ပေးသည် (ငါ၏ပံ့ပိုးပေးခြင်းသည် ဖော်ပြသည့်အခါတိုင်း၊ ယင်းသည် နိုင်ငံတော်ထဲရှိ လူအယောက်စီတိုင်းကို ရည်ညွှန်းရာတွင် ဖြစ်သည်)။ ငါ စကားပြောဆိုသည့် နည်းစနစ်မှာ ဤသို့ဖြစ်၏- ငါ၏အိမ်၌ ရှိသောလူတို့ကို ကိုယ်စိတ်ချမ်းသာခြင်း ငါပေးသည်- ငါသည် ၎င်းတို့အတွက် ထောက်ပံ့ပေးပြီး၊ ၎င်းတို့ကို တရားစီရင်သည်။ စာတန်ကို ငါသည် သနားကရုဏာ စိုးစဉ်းမျှ မပြသကဲ့သို့၊ အားလုံးသည် အမျက်ဒေါသနှင့် လောင်ကျွမ်းခြင်းဖြစ်၏။ ငါ ခွဲခန့်မှတ်သားထားခြင်း မရှိသော သို့မဟုတ်

ရွေးချယ်မထားသောသူတို့ကို တစ်ယောက်ပြီး တစ်ယောက်ကို ငါ၏အိမ်မှ နှင်ထုတ်ရန် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ငါအသုံးပြုမည်။ စိုးရိမ်ကြောင့်ကြရန် မလိုပေ။ ငါသည် ၎င်းတို့အား ၎င်းတို့၏ မူလပုံသဏ္ဍာန်များကို ထုတ်ဖော် ပြစေပြီးနောက် (အဆုံးရောက်လာချိန် ၎င်းတို့သည် ငါ၏ သားများအတွက် အစေခံမှု ပေးသည့်နောက်တွင်) ၎င်းတို့သည် အနက်ဆုံးသော တွင်းထဲသို့ ပြန်သွားကြလိမ့်မည် သို့မဟုတ် ငါသည် ဤကိစ္စရပ်ကို မည်သည့်အခါမျှ အဆုံးသတ်စေမည် မဟုတ်သကဲ့သို့ ငါသည် လုံး၀ လက်လွှတ်မည်မဟုတ်ပေ။ လူတို့သည် ငရဲနှင့် မရဏာနိုင်ငံကို မကြာခဏ ထုတ်ဖော်ပြောကြသည်။ သို့သော် ဤစကားလုံးနှစ်လုံးသည် မည်သည့်အရာကို ရည်ညွှန်းသနည်း၊ ပြီးလျှင် ၎င်းတို့နှစ်ခုအကြား ခြားနားချက်မှာ အဘယ်နည်း။ အေးစက်၊ မှောင်မိုက်ပြီး ချောင်ကျသော အရပ်အချို့ကို ယင်းတို့ အမှန်တကယ် ရည်ညွှန်းသလော။ ၎င်းတို့၏ ကိုယ်ပိုင် ကြံ့ရာကျပန်း တွေးဆခြင်းတို့သည် အပြည့်အ၀ ကောင်းမွန်သည်ဟု တွေးထင်ရင်း၊ လူသားများ၏ စိတ်များသည် ငါ၏စီမံခန့်ခွဲမှုကို အစဉ် နှောင့်ယှက်နေကြသည်။ သို့သော် ဤအရာအားလုံးသည် ၎င်းတို့၏ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများသာ ဖြစ်သည်။ မရဏာနိုင်ငံနှင့် ငရဲ နှစ်ခုလုံးသည် ယခင်က စာတန် သို့မဟုတ် နတ်ဆိုးတို့ အသက်ရှင်ပြီးဖြစ်သည့် ညစ်ညမ်းသောဗိမာန်တစ်ခုကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ ယခင်က စာတန် သို့မဟုတ် နတ်ဆိုးတို့၏ နေရာယူခြင်း ခံရပြီးသူ မည်သူမဆို- မရဏာနိုင်ငံမှာရှိသည့်သူသည် ၎င်းတို့ ဖြစ်ကြပြီး ငရဲမှာရှိသည့်သူသည် ၎င်းတို့ဖြစ်ကြသည်- မှားစရာမရှိ။ ဤသည်မှာ ငါသည် ညစ်ညမ်းသော ဗိမာန်၌ အသက်မရှင်ဟု အတိတ်တွင် ထပ်တလဲလဲ အလေးပေးပြောကြား ပြီးဖြစ်သည့် အကြောင်းရင်း ဖြစ်သည်။ ငါ (ဘုရားသခင်ကိုယ်တော်တိုင်)သည် မရဏာနိုင်ငံ သို့မဟုတ် ငရဲထဲတွင် အသက်ရှင်နိုင်သလော။ ယင်းသည် ရယ်ဖွယ်ရာ အဓိပ္ပာယ်မရှိသော စကား ဖြစ်မည် မဟုတ်လော။ ငါသည် ဤအရာကို နှစ်ကြိမ်ထက်မက ဆိုလေပြီ၊ သို့သော် သင်တို့သည် ငါဆိုလိုသည့်အရာကို နားမလည်ကြသေး။ ငရဲနှင့် နှိုင်းယှဉ်ပါက၊ မရဏာနိုင်ငံသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို သာ၍ ပြင်းထန်စွာ ခံရ၏။ မရဏာနိုင်ငံအတွက် ဖြစ်သောသူတို့သည် အဆိုးရွားဆုံးသော အခြေအနေများ ဖြစ်ကြပြီး၊ ငါသည် ဤလူတို့ကို တကယ်ကို ခွဲခန့်မှတ်သားထားခြင်းမရှိလေပြီ။ ငရဲအတွက် ဖြစ်သောသူတို့သည် ငါခွဲခန့်မှတ်သားပြီးဖြစ်ကာ၊ ထို့နောက် ဖယ်ရှားခြင်း ခံရပြီးသောသူများ ဖြစ်ကြသည်။ ရိုးရှင်းစွာဆိုရလျှင်၊ ဤလူများထဲမှ တစ်ဦးကိုမျှပင် ငါ မရွေးချယ်လေပြီ။

လူတို့သည် ငါ၏နှုတ်ကပတ်တော်များကို နားလည်မှုလွဲရာတွင် ကျွမ်းကျင်သူများအဖြစ်

မိမိတို့ကိုယ်ကိုယ် မကြာခဏ ပြသကြသည်။ အကယ်၍ ငါသည် အမှုအရာများကို နည်းနည်းချင်း ရှင်းလင်းစွာ ထောက်ပြပြီး မရှင်းခဲ့ပါက၊ သင်တို့ထဲမှ မည်သူသည် နားလည်မည်နည်း။ ငါ ပြောသော နှုတ်ကပတ်တော်များကိုပင်လျှင် သင်တို့သည် ထက်ဝက်သာ ယုံကြည်ကြသည်၊ ယခင်က မဖော်ပြဖူးသော အရာတို့ကိုကား ဆိုစရာမရှိပေ။ ယခုတွင် တိုင်းနိုင်ငံအားလုံးအတွင်း၌ ပြည်တွင်း အငြင်းပွားမှုများစတင်လေပြီ- အလုပ်သမားများက ခေါင်းဆောင်များနှင့်၊ ကျောင်းသားများက ဆရာများနှင့်၊ နိုင်ငံသားများက အစိုးရ အရာရှိများနှင့် အငြင်းပွားနေကြပြီး ဆူပူမှုကို ဖြစ်စေသည့် ဤကဲ့သို့သော လုပ်ရပ်များ အားလုံးသည် တိုင်းနိုင်ငံတိုင်းအတွင်းတွင် ပထမဦးဆုံး ဆူပူအုံကြွမှု ဖြစ်ပေါ်စေပြီး၊ ဤသည်မှာ ငါ့ကို ပေးသော အစေခံမှု၏ အစိတ်အပိုင်းသာ ဖြစ်သည်။ ပြီးလျှင် အစေခံမှုကို ဤအရာများမှတစ်ဆင့် ငါ့ထံ ပေးသည်ဟု အဘယ်ကြောင့် ငါဆိုသနည်း။ ငါသည် လူတို့၏ ကံဆိုးခြင်း၌ သာယာသလော။ ငါသည် အလေးဂရုပြုခြင်းမရှိဘဲ လက်ပိုက် ကြည့်နေသလော။ သေချာပေါက် မဟုတ်ပေ။ အကြောင်းမူကား ဤသည်မှာ စာတန်က ၎င်း၏ သေဆုံးတော့မည့် မချိတင်ကဲ အခြေအနေတွင် ဒေါသတကြီး ရမ်းနေခြင်းဖြစ်ကာ ဤအရာ အားလုံးတို့၏ ရည်ရွယ်ချက်မှာ ငါ၏တန်ခိုးနှင့် ငါ၏ အံ့သြဖွယ် လုပ်ဆောင်ချက်တို့အတွက် အပျက်သဘောဆောင်သူကို အဖြည့်ခံ တစ်ဦးအဖြစ် ပြုမူစေရန် ထိန်းချုပ်အသုံးချဖို့ ဖြစ်၏။ ယင်းသည် ငါ့အဖို့ သက်သေခံသော ခိုင်မာသည့် သက်သေခံချက်တစ်ခုသာ ဖြစ်ပြီး၊ စာတန်ကို တိုက်ခိုက်ရန် လက်နက်တစ်ခုသာ ဖြစ်သည်။ ကမ္ဘာလောက၏ တိုင်းနိုင်ငံအားလုံးတို့သည် နယ်မြေနှင့် အရှိန်အဝါအတွက် တိုက်ခိုက်နေကြချိန်တွင်ပင်၊ ငါ၏သားဦးများနှင့် ငါသည် ဘုရင်များအဖြစ် အတူတကွ စိုးစံကာ ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းပြီး၊ ဤမနှစ်မြို့ဖွယ် ပတ်ဝန်းကျင် အခြေအနေများ အောက်တွင် ငါ၏နိုင်ငံတော်သည် လူသားအလယ် လုံးလုံးလျားလျား အကောင်အထည် ပေါ်လာသည်မှာ သူတို့ လုံးဝ စိတ်ကူး၍မရနိုင်ပေ။ ထို့အပြင်၊ ၎င်းတို့သည် တန်ခိုးအာဏာအတွက် ယှဉ်ပြိုင်ကြပြီး အခြားသူတို့ကို တရားစီရင်ရန် ဆန္ဒရှိနေကြချိန်တွင်၊ အခြားသူတို့သည် ၎င်းတို့ကို တရားစီရင်ပြီး၊ ငါ၏ အမျက်ဒေါသအားဖြင့် ၎င်းတို့ လောင်ကျွမ်းသွားကြသည်- သနားဖွယ်ကောင်းလိုက်လေခြင်း။ သနားဖွယ်ကောင်းလိုက်လေခြင်း။ ငါ၏နိုင်ငံတော်သည် လူသားအလယ် လုံးလုံးလျားလျား အကောင်အထည်ပေါ်လေသည်- ဤသည်မှာ မွန်မြတ်သော အဖြစ်အပျက်တစ်ခု ပါတကား။

လူသားဖြစ်ပြီးသည့်နောက် (ငါ၏နိုင်ငံတော်နှင့်ဆိုင်သော လူများဖြစ်စေ၊ စာတန်၏ သားသမီးဖြစ်စေ)၊ သင်တို့အားလုံးသည် ငါ၏အံ့ဖွယ်သော လုပ်ဆောင်ချက်တို့ကို မြင်တွေ့ရမည်၊ သို့မဟုတ်ပါက ငါသည် ဤကိစ္စကို မည်သည့်အခါတွင်မျှ အဆုံးသတ်မည်

မဟုတ်။ သင်သည် ငါ၏ တရားစီရင်ခြင်းကို လက်ခံရန် လိုလားနေလျှင်ပင်၊ ငါ၏ အံ့ဖွယ်သော လုပ်ဆောင်ချက်တို့ကို သင်မမြင်တွေ့ရသေးပါက ယင်းသည် လက်ခံနိုင်ဖွယ်ဖြစ်လိမ့်ဦးမည် မဟုတ်။ လူအားလုံးသည် စိတ်နှလုံးဖြင့်၊ စကားအားဖြင့်၊ ပြီးလျှင် အမြင်အားဖြင့် လက်ခံ ယုံကြည်ကြရမည်ဖြစ်ပြီး၊ မည်သူမျှ ပေါ့ပေါ့တန်တန် သက်ညှာ မခံရနိုင်ပေ။ လူအပေါင်းတို့သည် ငါ၏ဂုဏ်တော်ကို ချီးမွမ်းကြရမည်။ အဆုံး၌ ငါသည် အဆင်းနီသောနဂါးကြီးကိုပင် ထစေပြီး၊ ငါ၏ အောင်မြင်ခြင်းအတွက် ငါ့ကို ချီးမွမ်းစေအံ့။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည်- ယင်းကို သင်မှတ်မိလိမ့်မည်လော။ လူအပေါင်းတို့သည် ငါ့ကို မဆုံးနိုင်အောင် ချီးမွမ်းရမည်ဖြစ်ပြီး ငါ့အား ဘုန်းအရေ ပေးကြရမည်။

# အခန်း ၉၁

ငါ့ဝိညာဉ်သည် စကားပြောပြီး ငါ့အသံအား အဆက်မပြတ် မိန့်မြွက်သည်- သင်တို့ထဲမှ မည်မျှသည် ငါ့ကို သိနိုင်သနည်း။ ငါသည် အဘယ်ကြောင့် လူ့ဇာတိခံယူကာ သင်တို့အလယ် ကြွလာရမည်နည်း။ ဤသည်မှာ ကြီးမားသော နက်နဲမှုတစ်ခု ဖြစ်၏။ သင်တို့သည် ငါ့ကို တစ်နေ့လုံး တွေးတောကာ တမ်းတကြပြီး ငါ့ကို ချီးမွမ်းကြသည်၊ ငါ့ကို မွေ့လျော်ခံစားကြကာ၊ ငါ့ကို နေ့စဉ် စားသောက်ကြသည်၊ သို့သော် ယနေ့တွင် သင်တို့သည် ငါ့ကို မသိကြသေးချေ။ သင်တို့ မသိနားမလည်ဖြစ်ကာ ကျိုးကြောင်းမမြင် လိုက်လေခြင်း။ ငါ့ကို သင်တို့ စိုးစဉ်းမျှသာ သိကြပါတကား။ သင်တို့ထဲမှ မည်မျှသည် ငါ၏အလိုကို အရေးထားနိုင်သနည်း။ ဆိုလိုသည်မှာ သင်တို့ထဲမှ မည်မျှသည် ငါ့ကို သိနိုင်ကြသနည်း။ သင်တို့အားလုံးသည် ဆိုးယုတ်သော အမျိုးအစားများ ဖြစ်ကြသော်လည်း၊ ငါ၏အလိုကို သင်တို့ ဖြည့်ဆည်းချင် ကြသေးသည်လော။ ယင်းကို မေ့လိုက်လော့။ သင့်ကို ငါပြောမည်- စာတန်၏ လုပ်ရပ်များ မည်မျှ ကောင်းမြတ်သည်ဖြစ်စေ၊ ယင်းတို့သည် ငါ၏တည်ဆောက်ခြင်းကို ဖြိုဖျက်ရန်နှင့် ငါ၏စီမံခန့်ခွဲမှုကို နှောင့်ယှက်ရန် ရည်ရွယ်၏။ ၎င်း၏ လုပ်ရပ်များ မည်မျှ ကောင်းမြတ်သည်ဖြစ်စေ၊ ၎င်း၏အနှစ်သာရသည် မပြောင်းလဲပေ— ၎င်းက ငါ့ကို အာခံဖီဆန်သည်။ ထို့ကြောင့် လူများစွာတို့သည် ငါ၏လက်ဖြင့် အမှတ်တမဲ့ ဒဏ်ခတ်ခြင်းခံကြရပြီး၊ ငါ၏မိသားစုထဲမှ အမှတ်တမဲ့ နှင်ထုတ်ခြင်းခံကြရသည်။ ယနေ့တွင် အမှုအရာတစ်ခုမျှ (ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ) လူသားက စီစဉ်ညွှန်ကြားခြင်း မဟုတ်။ အားလုံးသည် ငါ၏လက်များထဲ၌ ရှိ၏။ အရာအားလုံးသည် လူသား၏

ထိန်းချုပ်မှုအောက်တွင် ရှိကြသည်ဟု တစ်စုံတစ်ဦးက ပြောပါက၊ သင်သည် ငါ့ကိုအာခံသည်ဟု ငါဆိုပြီး ငါသည် သင့်ကို ဧကန်မုချ ပြင်းပြင်းထန်ထန် ပြစ်တင်ဆုံးမကာ သင့်ကို ထာဝရ ခေါင်းချစရာ တစ်နေရာမျှမရှိဘဲ ဖြစ်သွားစေမည်။ အဖြစ်အပျက်များနှင့် အမှုအရာ အားလုံးအနက်၊ ငါ့လက်များအတွင်း၌ မည်သည့်အရာကို မစွဲကိုင် ထားသနည်း။ မည်သည့်အရာသည် ငါ၏ စီစဉ်ခြင်းကို မခံရသနည်း သို့မဟုတ် ငါ၏သတ်မှတ်ခြင်း မခံရသနည်း။ ပြီးလျှင် သင်သည် ငါ့ကိုသိက္ခာချမ်းခြင်းအကြောင်း ပြောဆိုဆဲ ဖြစ်သည်တကား။ ဤသည်တို့မှာ ဆိုးယုတ်သော စကားများ ဖြစ်၏။ သင်သည် အခြားသူများကို လိမ်လည်လှည့်စားပြီးဖြစ်သည်၊ ထို့ကြောင့် ငါ့ကိုလည်း လိမ်လည်လှည့်စားနိုင်မည်ဟု သင်ထင်သလော။ သင်လုပ်ပြီးသည့်အရာကို မည်သူမျှ မသိပါက၊ ထိုအရာမှ မည်သည့်အရာမျှ ဖြစ်လာလိမ့်မည်မဟုတ်ဟု သင်ထင်သည်။ သင်တို့ သက်သက်သာသာနှင့် လွတ်သွားရလိမ့်မည်ဟု မထင်လေနှင့်။ ငါသည် သင့်ကို ငါ့ရှေ့၌ ဒူးထောက်ပြီး ယင်းကို ပွင့်ပွင့်လင်းလင်း ပြောစေရမည်။ မပြောခြင်းသည် လက်မခံနိုင်စရာ ဖြစ်၏။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်တည်း။

ငါ၏ဝိညာဉ် မည်သူဖြစ်သည်ဆိုသည်နှင့် ငါ၏အသွေးအသား ကိုယ်၌က မည်သူဖြစ်သည်ကို သင်တို့ အမှန်တကယ် နားလည်ကြသလော။ ငါ၏ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုမှာ အဘယ်နည်း။ သင်တို့ထဲတွင် အဘယ်သူက ဤကြီးမားသော ကိစ္စရပ်ကို သေချာစွာ တွေးဆပြီး ငါ့ထံမှ ထုတ်ဖော်ပြခြင်းအချို့ကို ရရှိပြီးပြီနည်း။ သင်တို့အားလုံးသည် မိမိတို့ကိုယ်ကိုယ် လှည့်စားနေကြခြင်းပေတည်း။ သင်သည် အဆင်းနီသောနဂါးကြီး၏ သားသမီး ဖြစ်သည်ဟု အဘယ်ကြောင့် ငါပြောသနည်း။ ယနေ့တွင် ငါသည် ငါ၏ လူ့ဇာတိခံယူခြင်း နက်နဲမှု၊ ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက လူတို့ မဖြေရှင်းနိုင်သေးသည့်၊ ငါ၏ မုန်းတီးခြင်းကို ခံရသူများစွာအား ပျက်စီးခြင်းသို့ ဆောင်ကြဉ်းပြီး ဖြစ်သည့် နက်နဲမှုတစ်ရပ်ကို သင်တို့ထံ ထုတ်ဖော်ပြသည်။ ထို့ကြောင့် ယင်းသည် ယနေ့ဖြစ်၏။ ငါ၏ လူ့ဇာတိကြောင့်၊ ငါချစ်သောသူများစွာတို့သည် စုံလင်စေခြင်း ခံကြရပြီးဖြစ်သည်။ ငါသည် အတိအကျ အဘယ်ကြောင့် လူ့ဇာတိခံယူရမည်နည်း။ ပြီးလျှင် (ငါ၏အရပ်အမြင့်၊ ပုံပန်းသဏ္ဌာန်နှင့် ဝိညာဉ်ရင့်ကျက်မှု၊ အစရှိသည်ဖြင့် အပါအဝင် အရာအားလုံးတွင်) ငါသည် အဘယ့်ကြောင့် ငါ ပေါ်ထွန်းသည့်အတိုင်း ပေါ်ထွန်းရသနည်း။ ယင်းနှင့်ပတ်သက်၍ အဘယ်သူသည် တစ်ခုတစ်လေ ပြောစရာ ရှိသနည်း။ ငါ၏လူ့ဇာတိခံယူရခြင်းတွင် တကယ်ကို အားလုံးပြော၍ မရနိုင်သည့် အရေးပါမှုများစွာ ရှိ၏။ ယင်း၏ အစိတ်ပိုင်းတစ်ခုကိုသာ သင်တို့ကို ယခုငါပြောမည် (ဤအထိ ငါ၏အမှုအဆင့်များ

ရောက်ရှိပြီဖြစ်သည်နှင့်အမျှ၊ ဤအရာကို ငါလုပ်ဆောင်ကာ ပြောဆိုရမည်)။ ငါသည် ၎င်းတို့ကို ထိန်းကျောင်းနိုင်ဖို့အလို့ငှာနှင့် ၎င်းတို့သည် စကားစမြည်ပြောကာ ငါနှင့် မျက်နှာချင်းဆိုင် စကားပြောဆိုနိုင်ရန်အလို့ငှာ၊ ငါ၏လူ့ဇာတိခံယူခြင်းသည် အဓိကအားဖြင့် ငါ၏သားဦးများထံ ဦးတည်ထားပေသည်။ ယင်းက လက်တွေ့တွင် ၎င်းတို့သည် ငါ၏ ကျွေးမွေးခြင်း ခံရနိုင်ဖို့အလို့ငှာ၊ ငါနှင့်ငါ၏သားဦးများသည် တစ်ဦးနှင့်တစ်ဦး အကျွမ်းဝင်ကြသည်ကို နောက်ထပ် ပြသပေသည် (ဆိုလိုသည်မှာ ငါတို့ အတူစားကြသည်၊ အတူနေထိုင်ကြသည်၊ အတူ အသက်ရှင်ကြပြီး၊ အတူတကွ ဆောင်ရွက်ကြပေသည်)- ဤသည်တို့မှာ အနှစ်မဲ့သော စကားများမဟုတ်ဘဲ၊ လက်တွေ့အရှိတရား ဖြစ်သည်။ ယခင်က လူတို့သည် ငါ့ကို ယုံကြည်ခဲ့ကြသော်လည်း၊ လက်တွေ့အရှိတရားကို သဘောမပေါက်နိုင်ခဲ့ကြပေ။ ဤသည်မှာ ငါသည် လူ့ဇာတိ မခံယူခဲ့ရသေးသောကြောင့် ဖြစ်သည်။ ယနေ့တွင် ငါ၏လူ့ဇာတိခံယူခြင်းသည် သင်တို့အားလုံးအား လက်တွေ့အရှိတရားကို သဘောပေါက်ခွင့်ပေးပြီး၊ ငါ့ကို စစ်မှန်စွာ ချစ်ကြသူတို့အား- ဉာဏ်ပညာရှိသည့် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သော- ငါ့ကို ငါ၏စကားနှင့် အပြုအမူ၊ ပြီးလျှင် ကိစ္စရပ်များကို ငါကိုင်တွယ်သည့် နည်းလမ်းနောက်ကွယ်ရှိ အခြေခံသဘောတရားများမှတစ်ဆင့် သိခွင့်ပေးလေသည်။ ယင်းက ငါ့ကို စစ်မှန်စွာ မရှာဖွေသကဲ့သို့၊ ထိုသို့ဖြင့် ငါ့ကိုအာခံပြီးနောက် ငါ၏ဒဏ်ခတ်ခံရလျက် “အကြောင်းရင်း လုံးဝမရှိဘဲ” သေဆုံးကြသည့်သူများကိုလည်း ငါ၏ မမြင်နိုင်သော လုပ်ရပ်များထဲက ငါ၏လူ့သဘာဝဖြစ်သည့် ငါ၏ သွင်ပြင်လက္ခဏာကို မြင်ခွင့်ပေးလေသည်။ စာတန်ကို အရှက်ရစေရာတွင်၊ လူ့ဇာတိခံယူခြင်းသည် ငါ့အတွက် အထူးကဲဆုံးသော သက်သေကိုခံပေး၏။ ငါသည် လူ့ဇာတိမှ ထွက်လာနိုင်ရုံသာမက၊ လူ့ဇာတိအတွင်း၌လည်း အသက်ရှင်နိုင်သည်။ ငါသည် မည်သည့် အကွာအဝေး သို့မဟုတ် ပထဝီဝင် ကန့်သတ်ချက်ကိုမျှ မခံစားရ။ ငါ့အတွက် အတားအဆီးများ ဘာမျှ မရှိသကဲ့သို့၊ အရာရာတိုင်းသည် ချောမောစွာ စီးဆင်း၏။ စာတန် အရှက်အရဆုံးဖြစ်သည်မှာ ဤအရာတွင်ဖြစ်ပြီး၊ လူ့ဇာတိမှ ငါထွက်ပေါ်သည့်အချိန်တွင် ငါသည် ငါ၏လူ့ဇာတိ၌ ငါ၏အမှုကို ပြုနေဆဲဖြစ်ပြီး၊ ငါသည် လုံးဝ ထိခိုက်ခြင်းမခံရပေ။ ငါသည် တောင်များ၊ မြစ်များ၊ ရေကန်များနှင့် စကြဝဠာ၏ နေရာတိုင်းအပြင်၊ ယင်းအတွင်းရှိ အသင်္ချေအရာများ အပေါ် လျှောက်လှမ်းဆဲဖြစ်သည်။ ငါသည် ငါ့အထဲမှ မွေးဖွားခဲ့ကြသော်လည်း၊ ငါ့ကို အာခံရန် ထကြွကြပြီးဖြစ်သည့် သူအားလုံးကို ထုတ်ဖော်ပြရန်အလို့ငှာ လူ့ဇာတိခံယူပြီးဖြစ်သည်။ အကယ်၍ ငါသည် လူ့ဇာတိမခံယူခဲ့ပါက၊ ၎င်းတို့ကို (ငါ၏ရှေ့တွင် တစ်မျိုး၊ ကွယ်ရာတွင်တစ်မျိုး ပြမူသူများကို ဆိုလိုသည်) ထုတ်ဖော်ပြနိုင်မည် မဟုတ်ပေ။ အကယ်၍

ငါသည် ဝိညာဉ်အဖြစ် ဆက်လက်တည်ရှိနေပါက၊ လူတို့သည် ငါ့ကို ၎င်းတို့၏ အယူအဆများဖြင့် ကိုးကွယ်ကြမည်ဖြစ်ပြီး ငါသည် ပုံသဏ္ဌာန်မရှိသကဲ့သို့ လက်လှမ်းမမီနိုင်သည့် ဘုရားသခင် ဖြစ်သည်ဟု တွေးထင်ကြပေမည်။ သူသည် သာမန်ဖြစ်ပုံရပြီး အလွန် အရပ်မရှည်သည်နှင့်အမျှ၊ ယနေ့ ငါ၏ လူ့ဇာတိခံယူခြင်းသည် လူတို့၏ အယူအဆများ (ငါ၏အရပ်အမောင်းနှင့် အသွင်အပြင်တို့ကို ပြောဆိုခြင်း)နှင့် အတော်အတန် ဆန့်ကျင်ပေ၏။ စာတန်အား အရှက်အရဆုံး ဖြစ်စေသည်မှာ ဤအချက်ဖြစ်ပြီး လူတို့၏ အယူအဆများ (စာတန်၏ ပြစ်မှားစော်ကားခြင်း) ကို အားအကောင်းဆုံးသော ဆန့်ကျင်တုံ့ပြန်ချက်ဖြစ်သည်။ အကယ်၍ ငါ၏သွင်ပြင်သည် အခြားအယောက်တိုင်းနှင့် ကွဲပြားခဲ့ပါက၊ ယင်းသည် စိတ်အနှောင့်အယှက် ပေးသောအရာ ဖြစ်ပေမည်— အယောက်တိုင်းသည် ၎င်းတို့၏ ကိုယ်ပိုင် အယူအဆများမှတစ်ဆင့် ငါ့ကို လာရောက် ကိုးကွယ်ကြမည်ဖြစ်ပြီး ငါ့ကို နားလည်ကြမည် ဖြစ်ကာ၊ ငါ့အတွက် နှစ်သက်ဖွယ်ကောင်းသော သက်သေကို ခံနိုင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် ငါသည် သိနားလည်ရန် လုံးဝမခက်ခဲသော ယနေ့ ငါ၌ရှိသည့် ပုံသဏ္ဌာန်ကို ငါခံယူခဲ့ပေသည်။ အယောက်တိုင်းသည် လူသားအယူအဆများမှ ထွက်လာသင့်ပြီး၊ စာတန်၏ ကောက်ကျစ်သော အကြံအစည်များအားဖြင့် အလှည့်စား မခံသင့်ပေ။ လာလတ္တံ့သောကာလတွင် ငါ့အမှု၏ လိုအပ်ချက်များ နှင့်အညီ ငါသည် သင်တို့ကို အဆင့်ဆင့် သာ၍ ပြောပြမည်။

ယနေ့တွင် ငါ၏ကြီးမားသော အလုပ်သည် အောင်မြင်မှုကို စွမ်းဆောင်ရရှိပြီးဖြစ်ကာ ငါ၏အစီအစဉ်သည် ပြီးမြောက်၏။ တစ်စိတ်တစ်ဝမ်းတည်းဖြင့် ငါနှင့်အတူ ပူးပေါင်းဆောင်ရွက်သော လူတစ်စုကို ငါ ရရှိပြီးဖြစ်သည်။ ဤသည်မှာ ငါ့အတွက် အမွန်မြတ်ဆုံးသော အချိန်ကာလ ဖြစ်သည်။ ငါ၏ချစ်သားများသည် (ငါ့ကိုချစ်သောသူအားလုံးသည်) ငါလုပ်ဆောင်ရန် လိုအပ်သည့် အရာအားလုံးကို ပြည့်စုံစေရာတွင် ငါနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နိုင်ကြသည်။ ဤသည်မှာ အံ့သြဖွယ်သောအရာ ဖြစ်၏။ ယနေ့ပြီးနောက် ငါ သဘောမကျဟု သဘောထားသောသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ် ရှိလိမ့်မည်မဟုတ်ပေ၊ ဆိုလိုသည်မှာ အတိတ်က ငါပြောပြီးသည့် အရာများနှင့် မကိုက်ညီသော သူများကို ငါဖယ်ထုတ်မည် ဖြစ်သည်။ လူတို့သည် ငါပြောသည့်အရာနှင့် ပကတိ ကိုက်ညီရမည်။ နားလည်မှု မလွဲနှင့်။ ဤအရာကို အမှတ်ရလော့။ သင်တို့သည် ပကတိ ကိုက်ညီရမည်။ အလွဲမယူနှင့်။ အားလုံးသည် ငါ၏သဘောအတိုင်း ဖြစ်၏။ လူတို့- ငါနှင့် ညှိနှိုင်းပြောဆိုခြင်းမပြုနှင့်။ သင်သည် အရည်အချင်းပြည့်မီသည်ဟု ငါပြောလျှင်၊ ယင်းကို

ကျောက်၌ ရေးထားပေသည်။ သင်သည် အရည်အချင်းမပြည့်မီဟု ငါပြောပါက၊ နာကျင်ဟန်မပြနှင့်၊ ပြီးလျှင် ကောင်းကင်နှင့် မြေကြီးကို အပြစ်မတင်နှင့်။ ယင်းသည် ငါ၏ အစီအစဉ်သာ ဖြစ်၏။ သင်သည် မိမိကိုယ်ကိုယ် မလေးမစားပြုသင့်သည်ဟု မည်သူပြောခဲ့သနည်း။ သင်သည် ထိုရှက်ဖွယ်သော မိုက်မဲမှုကို ကျူးလွန်သင့်သည်ဟု မည်သူပြောခဲ့သနည်း။ သင်သည် မည်သည့်အရာကိုမျှ မပြောလျှင်ပင်၊ သင်သည် အမှန်တရားကို ငါ့ထံမှ ဖုံးကွယ်၍မရနိုင်။ ငါသည် လူ၏ အတွင်းကျကျ စိတ်နှလုံးကို စစ်ဆေးသည့် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ဟု ပြောသောအခါ၊ ငါ့နှုတ်ကပတ်တော်များသည် မည်သူ့အတွက် ရည်ညွှန်းခြင်း ဖြစ်သနည်း။ ငါသည် ယင်းကို မရိုးသားသောသူများအား ပြောခြင်းဖြစ်၏။ ငါ၏နောက်ကွယ်တွင် ထိုသို့သော အရာများကို လုပ်ဆောင်ခြင်း- အရှက်မဲ့လိုက်လေခြင်းပါတကား။ သင်တို့သည် ငါ့ကို နှစ်ပေါက်တစ်ပေါက် ရိုက်ချင်သလော။ ယင်းသည် ထိုမျှမလွယ်ကူပေ။ ဤနေရာမှ ချက်ချင်းထွက်သွားလော့။ အဓမ္မလူ။ သင်သည် မိမိကိုယ်ကိုယ် မချစ်သကဲ့သို့ မိမိကိုယ်ကိုယ် မလေးစားပေ။ သင်သည် မိမိကိုယ်ကိုယ် ဂရုမစိုက်သော်လည်း၊ ငါ့အား သင်တို့ကို ချစ်စေချင်သေးသလော။ မေ့လိုက်လော့။ ထိုသို့သော ဆင်တူခြင်းရှိသည့် အကောင်ယုတ် တစ်ယောက်ကိုပင် ငါမလိုချင်။ သင်တို့အားလုံး၊ ငါ့ထံမှ ထွက်သွားကြလော့။ ဤအရာက ငါ့နာမကို အဆိုးရွားဆုံးသော အရှက်ရစေ၏။ သင်တို့သည် ဤအရာကို ရှင်းရှင်းလင်းလင်း မမြင်ပါက၊ ယင်းသည် လုံးဝ လက်ခံနိုင်ဖွယ်ရာဖြစ်မည် မဟုတ်။ ဤဆိုးယုတ်ပြီး လိင်မှုကိစ္စရှုပ်ပွေသော ဤခေတ်ဟောင်းထဲတွင် သင်တို့သည် မည်သည့် အညစ်အကြေးဖြင့်မျှ ညစ်ညမ်းမသွားစေဖို့ မိမိကိုယ်ကိုယ် ကာကွယ်ရမည်။ သင်တို့သည် လုံးဝ သန့်ရှင်းပြီး အပြစ်အနာအဆာမရှိ ဖြစ်ရမည်။ ယနေ့တွင် ငါသည် သန့်ရှင်းသော ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်ပြီး၊ ငါ၏နာမကို အရှက်ရစေသူ မည်သူကိုမျှ အလိုမရှိသည့်အတွက်၊ ငါနှင့်အတူ ဘုရင်များကဲ့သို့ အုပ်ချုပ်ရန် အရည်အချင်းပြည့်မီသူတို့သည် မည်သည့်အညစ်အကြေးဖြင့်မျှ မညစ်ညမ်းသောသူများ ဖြစ်သည်။ ထိုသို့သော လူများသည် ငါ့ကိုစမ်းသပ်ရန် စာတန် စေလွှတ်လိုက်သော သူများဖြစ်ကြပြီး၊ ၎င်းတို့အားလုံးသည် (အနက်ဆုံးသောတွင်းထဲသို့ ၎င်းတို့ကို ပစ်ချရင်း) အတင်းအကျပ် နောက်ကြောင်းပြန်လှည့်ခိုင်းရမည်ဖြစ်သော စာတန်၏ လက်ပါးစေများသာ ကေန်ဖြစ်ကြ၏။

ငါ၏မိသားစုသည် သန့်ရှင်းပြီး အပြစ်အနာအဆာ မရှိသကဲ့သို့ ငါ၏ဗိမာန်တော်သည် ခမ်းနားကာ ခံ့ညားထည်ဝါသည် (ငါ၏ဖြစ်ခြင်းနှင့် ငါ၏အရာအားလုံးကို ပိုင်ဆိုင်သောသူများကို ဆိုလိုသည်)။ အဘယ်သူသည် ဝင်ရောက်ပြီး ၎င်းတို့စိတ်ကြိုက် ဒုက္ခဖြစ်စေဝံ့သနည်း။

၎င်းတို့ကို ငါ သေချာပေါက် ခွင့်လွှတ်လိမ့်မည် မဟုတ်။ ၎င်းတို့သည် လုံး၀ ဖျက်ဆီးခံရမည်ဖြစ်ပြီး ကြီးစွာ အရှက်ရလိမ့်မည်။ ငါသည် အမြော်အမြင်ရှိစွာ ပြုမူ၏။ ဓားမပါ၊ သေနတ်မပါဘဲနှင့် အားမထုတ်ရပါဘဲ၊ ငါ့ကိုအာခံသူများနှင့် ငါ၏နာမအား အရှက်စေရသူများကို ငါ လုံး၀ အနိုင်ယူမည်။ ငါသည် သဘောထားကြီးပြီး၊ ထိုသို့သော အတိုင်းအတာတစ်ခုထိ စာတန်က နှောင့်ယှက်မှု ဖန်တီးချိန်တွင်ပင်၊ ငါ၏အမှုကို အရှိန်မှန်မှန်ဖြင့် ငါ ဆက်လက် လုပ်ဆောင်သည်။ ငါသည် ၎င်းကို အမှုမထားသကဲ့သို့၊ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ် ပြီးစီးခြင်းဖြင့် ၎င်းကို ငါအနိုင်ယူမည်။ ဤသည်မှာ ငါ၏တန်ခိုးနှင့် ငါ၏ဉာဏ်ပညာဖြစ်ပြီး၊ ထို့ထက်မက မဆုံးနိုင်သော ငါ့ဘုန်းအသရေ၏ သေးငယ်သော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ငါ၏ အမြင်တွင်၊ ငါ့ကို အာခံသောသူများသည် အချိန်မရွေး ငါ၏ ရည်ရွယ်ချက်များနှင့်အညီ ငါ၏ခြေဖ၀ါးအောက်၌ ငါနင်းချေပစ်နိုင်သည့်၊ အညစ်အကြေးထဲ၌ တွားသွားနေသော ပိုးကောင်များကဲ့သို့ဖြစ်သည်။ သို့သော် ငါသည် အမှုအရာများကို ဉာဏ်ပညာဖြင့် လုပ်ဆောင်သည်။ ငါ၏သားဦးများကို ၎င်းတို့အား ငါ ကိုင်တွယ်ဖြေရှင်းစေမည်။ ငါသည် အလျင်မလို။ ငါသည် စနစ်တကျ၊ သေ၀ပ်သော ပုံစံဖြင့် အသေးငယ်ဆုံးသော အမှားမရှိဘဲ ဆောင်ရွက်သည်။ ငါ့အထဲမှ မွေးဖွားသော ထိုသားဦးတို့သည် ငါ၏ဖြစ်ခြင်းကို ပိုင်ဆိုင်သင့်ပြီး၊ ငါ၏လုပ်ဆောင်ချက်များထဲက ငါ၏အဆုံးမရှိသော ဉာဏ်ပညာကို မြင်တွေ့နိုင်သင့်ပေသည်။

# အခန်း ၉၂

လူတိုင်းသည် ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏ လုပ်ရပ်များတွင် ငါ၏ အနန္တတန်ခိုးနှင့် ဉာဏ်ပညာကို မြင်တွေ့နိုင်သည်။ ငါသွားသည့် နေရာတိုင်းတွင်၊ ငါ၏အမှု ရှိသည်။ ငါ၏ခြေလှမ်းများသည် တရုတ်ပြည်၌သာ ရှိသည်မဟုတ်ပေ။ သာ၍အရေးကြီးသည့်အရာမှာ ယင်းတို့သည် ကမ္ဘာလောက၏ တိုင်းနိုင်ငံများအားလုံးတွင် ရှိ၏။ သို့သော်၊ ဤသည်မှာ ငါ့အမှု၏ အစီအစဉ် ဖြစ်သည်နှင့်အမျှ၊ ဤနာမကို ပထမဦးဆုံး လက်ခံကြမည်မှာ ယခင်က ဆွေးနွေးခဲ့သည့် တိုင်းနိုင်ငံ ခုနှစ်ခုများသာ ဖြစ်ကြ၏။ မ၀ေးသည့် အနာဂတ်၌၊ သင်တို့သည် ဤအရာနှင့်ပတ်သက်၍ လုံးလုံးလျားလျား သိနားလည်ရင်း၊ အလွန် ရှင်းလင်းပြတ်သားမှု ရှိလာလိမ့်မည်။ ငါသည် သင်တို့၏ ၀ိညာဉ်ရင့်ကျက်မှုများနှင့်အညီ သင်တို့ကို စကားပြောပြီး သင်တို့ထံ ငါ၏ အသံကို မိန့်မြွက်ကာ ငါ လုပ်ဆောင်သည့်အရာအားလုံးသည် အတွင်းတွင် မည်သူမျှ နားမလည်နိုင်သည့် ငါ၏မဆုံးနိုင်သော ဉာဏ်ပညာရှိသည်ဟု ယခင်က ငါ

ပြောဆိုပြီးဖြစ်သည့်အတွက်၊ အကယ်၍ ယခု သင်တို့အား ငါပြောပါက၊ အကျိုးဆက်အနေဖြင့် အများစု လဲကျလိမ့်မည်ကို ငါ စိုးရိမ်မိ၏။ တစ်ခုတည်းသော နည်းလမ်းမှာ ထိုအရာအား သင်တို့ကို အစုအတွဲဖြင့် ပြောပြဖို့ ဖြစ်သည်။ ဤသည်ကို သိလော့။ ငါ၏အမြင်၌ သင်တို့သည် အစဥ်အမြဲ ကလေးများဖြစ်ကြသည်။ သင်တို့ လျှောက်လှမ်းသည့် ခြေလှမ်းတိုင်းတွင်၊ သင်တို့သည် ငါ၏ လမ်းပြခြင်း ခံရမည်ဖြစ်ပြီး ငါ၏ ညွှန်ကြားခြင်းကို ခံရမည်ဖြစ်သည်။ လူတို့- ငါ၏ လမ်းပြမှုအောက်တွင်သာ သင်တို့သည် သင်တို့၏ အသက်တာများကို ဖြတ်သန်းအသက်ရှင်နိုင်ကြသည်။ ထိုအရာမရှိဘဲနှင့်၊ အဘယ်သူမျှ ဆက်လက်အသက်ရှင်နိုင်မည်မဟုတ်။ စကြဝဠာလောကတစ်ခုလုံးသည် ငါ၏လက်များထဲ၌ ရှိ၏၊ သို့သော် ငါပျားပန်းခပ်အလုပ်များနေခြင်းကို သင် မတွေ့ရပေ။ ဆန့်ကျင်ဖက်အနေဖြင့်၊ ငါသည် သက်သောင့်သက်သာရှိကာ ပျော်ရွှင်လျက်ရှိသည်။ လူတို့သည် ငါ၏ အနန္တတန်ခိုးကို မသိကြသကဲ့သို့၊ ငါ့အတွက် သောကရောက်ကြပေမည်- သင်တို့သည် မိမိတို့ကိုယ်ကိုယ် သိရှိမှု နည်းလေစွတကား။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် သဘောကျလျက်၊ သင်တို့၏ သုံးမရသော အသေးအဖွဲများအား ငါ၏ရှေ့၌ ကြွားလုံးထုတ်ကြဆဲ ဖြစ်သည်။ ငါသည် ဤအရာကို အချိန်ကြာမြင့်စွာက ရိပ်စားမိခဲ့သည်။ အသင် စက်ဆုပ်ဖွယ်ရာ အကောင်ယုတ်များ၊ သင်တို့သည် ငါ၏ရှေ့တွင် လှည့်စားမှုများ၌ ပါဝင်ပတ်သက်ကြ၏၊ အသင် စက်ဆုပ်ဖွယ်ရာ အကောင်ယုတ်သူများ။ ယခု ငါ၏အိမ်မှ ထွက်သွားကြလော့။ သင်တို့ကဲ့သို့သော စိတ်ပျက်စရာ အရာများကို ငါ အလိုမရှိ။ သင်၏ အမျိုးအစား- စက်ဆုပ်ဖွယ်ရာ ယုတ်ညံ့သူများထက် ငါ၏နိုင်ငံ၌ မည်သူမျှ ငါသည် မရှိစေလို။ သင်သည် ပုံမှန်အတိုင်း အစာစားနေပြီး အဝတ်ဝတ်နေဆဲ ဖြစ်သော်လည်း၊ ငါသည် သင့်အပေါ်၌ အမှုပြုခြင်း ရပ်တန့်နှင့်ပြီးဖြစ်သည်ကို သင် သိသလော။ သို့သော် သင်သည် စာတန်အတွက် အသက်ရှင်နေပြီး၊ စာတန်အတွက် အစေခံမှု ပေးနေသည်ကို သင် သိသလော။ သို့တိုင် သင်သည် ငါ့ရှေ့၌ ရပ်ရန် သတ္တိ ရှိဆဲ ဖြစ်သည်။ သင်သည် အမှန်တကယ် အရှက်မဲ့လေသည်တကား။

အတိတ်တွင်၊ "ကြီးမားသော ကပ်ဘေးများသည် မကြာမီ ရောက်လာလိမ့်မည်။ ကြီးမားသော ကပ်ဘေးများသည် ငါ၏လက်များမှ ကျရောက်နှင့်ပြီးဖြစ်သည်" ဟု ငါ မကြာခဏ ပြောခဲ့၏။ "ဘေးဒဏ်ကြီးများ"သည် အဘယ်အရာကို ရည်ညွှန်းပြီး၊ ဤ"ကျရောက်သည်" ဆိုသည်ကို အဘယ်သို့ ရှင်းပြသင့်သနည်း။ ဤကြီးမားသော ကပ်ဘေးများသည် လူသား၏ ဝိညာဉ်၊ စိတ်နှင့် ခန္ဓာအား ထိခိုက်စေသည့် မလွတ်မြောက်နိုင်သော ကပ်ဘေးများကို ရည်ညွှန်းသည်ဟု သင်တို့ ထင်ကြပြီး၊ ငါ ပြောဆိုသော "မြေငလျင်များ၊ အငတ်ဘေးများနှင့် ကပ်ရောဂါများ"သည် ဤ ကြီးမားသော ကပ်ဘေးများ ဖြစ်သည်ဟု ထင်ကြ၏။ သို့သော်လည်း

သင်တို့သည် ငါ၏ စကားများကို အဓိပ္ပာယ်ကောက်လွဲကြပြီးဖြစ်သည်ကို သင်တို့ မသိချေ။ ဤ "ကျရောက်သည်"ဆိုသည့်အရာ၏ အဓိပ္ပာယ်မှာ ကြီးမားသော ကပ်ဘေးများ စတင်ပြီးဖြစ်သည်ဟု ဆိုလိုသည်ဟူ၍ သင်တို့ ထင်ကြသည်- ဤသည်မှာ ရယ်ဖွယ်ရာကောင်း၏။ ဤသည်မှာ ဧကန်အမှန် သင်တို့သည် နားလည်သည့် ပုံဖြစ်ပြီး သင်တို့၏ ရှင်းပြချက်များကို ကြားရသောအခါ၊ ငါအမှန်တကယ် ဒေါသထွက်လာသည်။ လူတို့ ထုတ်ဖော်မပြနိုင်သေးသည့် နက်နဲမှုသည် (ယင်းမှာ အလျှို့ဝှက်ဆုံးသော နက်နဲမှုဖြစ်သည်) ခေတ်များတစ်လျှောက် အဆိုးရွားဆုံး အဓိပ္ပါယ်ကောက်လွဲခံရပြီးဖြစ်သည့် နက်နဲမှုတစ်ခု ဖြစ်ပြီး၊ (ယင်းသည် နောက်ဆုံးသောကာလ၌သာ ကျရောက်စေမည်ဖြစ်ကာ နောက်ဆုံးသော ခေတ်တွင်သာ လူသားက ယင်းကို သတိမပြုမိသော်လည်း မြင်နိုင်သည်နှင့်အမျှ) ယင်းသည် မည်သူမျှ ကိုယ်တိုင် မတွေ့ကြုံဖူးသေးသည့် နက်နဲမှုတစ်ခုဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ငါသည် ထိုအရာကို အတင်းကျပ်ဆုံး ပိတ်ဆို့ထားသည်မှာ၊ လူသားသည် ယင်းကို ထိုးထွင်းမမြင်နိုင်သည်အထိ (ယင်း၏ အသေးငယ်ဆုံးသော အစိတ်အပိုင်းကိုပင် မမြင်နိုင်) ဖြစ်လေသည်။ ယခုတွင် ငါ၏ အမှုသည် ဤအဆင့်အထိ ဆောင်ရွက်ပြီးဖြစ်သည်၊ ငါသည် ငါ့အမှု၏ သင့်ကို ငါ့အမှု၏ လိုအပ်ချက်များနှင့်အညီ အသိဉာဏ်ပွင့်လင်းစေသည်။ သို့မဟုတ်ပါက လူတို့သည် နားလည်နိုင်လိမ့်မည်မဟုတ်ပေ။ ယခု ငါသည် မိတ်သဟာယကို စတင်ပေး၏။ ငါ၏သားဦးများအပါအဝင်၊ သတိမထားသောသူ မည်သူမဆိုသည် ငါ၏ တရားစီရင်ခြင်းကို ခံစားကြရလိမ့်မည်ဖြစ်ကာ၊ အဆိုးဆုံး ကိစ္စများ၌ ၎င်းတို့သည် ငါ၏လက်ဖြင့် ဒဏ်ခတ်ခံရမည်ဖြစ်သည့်အတွက်(ဆိုလိုသည်မှာ ၎င်းတို့၏ ဝိညာဉ်၊ စိတ်နှင့် ခန္ဓာတို့ ယူဆောင်ခြင်းခံရမည်) အယောက်တိုင်း အာရုံစိုက်သင့်ပေသည်။ ကြီးမားသော ကပ်ဘေးများကို ငါ့နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များ တစ်ခုတိုင်းနှင့် ဆက်နွှယ်၍ ပြောဆိုထားပြီး၊ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များ တစ်ခုတိုင်းသည် ဘေးဒဏ်ကြီးများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ (ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များအား သင်တို့ထံ လုံးဝ ထုတ်ဖော်မပြသေးသော်လည်း၊ ဤအရာနှင့်ပတ်သက်၍ သင်တို့ကိုယ်သင်တို့ စိုးရိမ်ခြင်း မရှိနှင့် သို့မဟုတ် သောကရောက်ခြင်း မရှိကြနှင့်။ သင်တို့အဖို့ အကျိုးကျေးဇူး အနည်းငယ် ဆောင်ကြဉ်းမည့် အရာအချို့ရှိ၏၊ ယင်းတို့ကို သင်တို့ အလွန်စောစီးစွာ သိလာသင့်ကြသည်။ ဤအရာကို အမှတ်ရလော့။ ငါသည် ဉာဏ်ပညာရှိသော ဘုရားသခင် ဖြစ်သည်။) သို့ဆိုလျှင် အခြားသော အစိတ်အပိုင်းသည် အဘယ်နည်း။ ကြီးမားသော ကပ်ဘေးများသည် အပိုင်းနှစ်ပိုင်း ပါဝင်၏- ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များနှင့် ငါ၏အမျက်ဒေါသ ဖြစ်သည်။ ကြီးမားသော ကပ်ဘေးများ ရောက်လာသည့် အချိန်သည် ငါ၏ ဒေါသ

စတင်တောက်လောင်ပြီး၊ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပြဋ္ဌာန်းသည့်အချိန်လည်း ဖြစ်လိမ့်မည်။ ဤတွင် ငါ၏သားဦးများကို ငါ ပြောသည်- ဤအရာကြောင့် သင်တို့သည် အကျင့်ပျက်မလာရ။ အရာအားလုံးနှင့် ကိစ္စရပ်အားလုံးကို ငါက ကြိုတင်ခွဲခန့်ထားသည်ကို သင် မေ့လျော့ပြီလော။ ငါ့သား၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ ငါသည် သင့်ကို မုချ ကာကွယ်ပေးမည်။ သင်သည် ငါနှင့်အတူ ကောင်းမွန်သော ကောင်းချီးမင်္ဂလာများကို ထာဝရ မွေ့လျော်ရမည် ဖြစ်ပြီး၊ ငါနှင့်အတူတကွ ထာဝရ ရှိလိမ့်မည်။ သင်သည် ငါချစ်ခင်ရသောသူ ဖြစ်သောကြောင့်၊ ငါသည် သင့်အား စွန့်ပစ်လိမ့်မည်မဟုတ်။ ငါသည် မိုက်မဲသောအရာများကို မပြု၊ သို့သော် ထိုသို့သော ခက်ခဲခြင်းဖြင့် ပြီးစီးပြီးဖြစ်သော အရာတစ်ခုကို ငါ ဖြိုဖျက်ခဲ့ပါက၊ ငါသည် မိမိကိုယ်ကိုယ် ထိခိုက်စေခြင်း ဖြစ်မည် မဟုတ်လော။ သင်၏ စိတ်နှလုံး၌ မည်သည့်အရာ တွေးသည်ကို ငါ သိသည်။ ဤအရာကို သင် အမှတ်ရပြီလော။ အခြားမည်သည့်အရာကို ငါ့အား သင် ပြောစေချင်သနည်း။ ငါသည် ကြီးမားသော ကပ်ဘေးများအကြောင်းကို ပို၍ ပြောလိမ့်မည်။ ကြီးမားသော ကပ်ဘေးများ ရောက်လာချိန်တွင်၊ ယင်းသည် ကြောက်လန့်ဖွယ်အကောင်းဆုံးအချိန် ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ယင်းတို့သည် လူသား၏ အကျည်းတန်ခြင်းကို အကြီးမားဆုံးသော အတိုင်းအတာထိ ထုတ်ဖော်ပြကြလိမ့်မည်။ ငါ့မျက်နှာ၏ အလင်းတွင် ဘီလူးသရဲစီးသော မျက်နှာမျိုးစုံ ဖော်ထုတ်ခံရလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့သည် ပုန်းကွယ်စရာနေရာ မရှိ၊ မည်သည့်နေရာတွင်မျှ အကာအကွယ် ရှာမတွေ့ဖြစ်လိမ့်မည်။ ၎င်းတို့သည် လုံး၀ ဖော်ထုတ်ခံရလိမ့်မည်။ ကြီးမားသော ကပ်ဘေးများ၏ သက်ရောက်မှုမှာ ငါ၏ ရွေးချယ်ထားခြင်းခံရသူများ မဟုတ်သောသူများ သို့မဟုတ် ကြိုတင်ခွဲခန့်ထားခြင်းမခံရသူများ အားလုံးကို ငါ၏ရှေ့၌ အံကြိတ်ကာ ငိုကြွေးလျက်ဖြင့် ဒူးထောက်စေကာ၊ ခွင့်လွှတ်ခြင်းအတွက် တောင်းခံစေဖို့ ဖြစ်လိမ့်မည်။ ဤသည်မှာ စာတန်နှင့်သက်ဆိုင်သည့် ငါ၏ တရားစီရင်ခြင်း၊ ငါ၏ အမျက်ဒေါသနှင့်ပြည့်သော တရားစီရင်ခြင်းဖြစ်သည်။ ငါသည် လတ်တလောတွင် ဤအမှု၌ ပါဝင်ပတ်သက်လျက်ရှိပြီး၊ အရည်အချင်းရှိကြောင်း ဟန်ဆောင်ကာ၊ ၎င်းတို့၏ လွတ်လမ်း ထွင်ရန် ဆန္ဒရှိသောသူအချို့ ရှိကောင်းရှိပေမည်။ ထိုသို့ ၎င်းတို့ သာ၍ လုပ်ဆောင်လေ၊ ၎င်းတို့၏ မူလပုံသဏ္ဌာန်များက အခြေအနေတစ်ခုတွင် ထုတ်ဖော်ပြခံရသည်အထိ၊ စာတန်သည် ၎င်းတို့အပေါ် သာ၍ အမှုပြုလေဖြစ်သည်။

ငါသည် ငါ၏အမှုကို ပြုရန် အလျင်မလိုသကဲ့သို့ လုတိုင်းကို ငါကိုယ်တိုင် စီစဉ်ညွှန်ကြားသကဲ့သို့ (ဤသည်မှာ ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များဖြစ်ကြောင်းကို သက်သေပြရင်း၊ ၎င်းတို့နှင့်သက်ဆိုင်သည့်

သရော်ခြင်းဖြစ်ပြီး၊ ငါသည် ၎င်းတို့အပေါ် အာရုံမစိုက်ပေ၊ ထို့ကြောင့် “စီစဉ်ညွှန်ကြားသည်”ဟူသော စကားကို သုံးဖို့ရန် လွန်ကဲသည်မဟုတ်)၊ လုပ်ဆောင်ချက်တိုင်းကို ငါကိုယ်တိုင် လုပ်ဆောင်သည်။ အရာရာသည် ငါနှင့်အတူ အောင်မြင်ကာ၊ ယင်းသည် လုံခြုံကာ စိတ်ချရသော အောင်မြင်မှုဖြစ်သည်။ ငါ လုပ်ဆောင်သမျှ အရာရာတိုင်းကို တစ်ဆင့်ပြီးတစ်ဆင့် စီစဉ်နှင့်ပြီးသား ဖြစ်သည်။ သင်တို့အား ငါ၏အလိုနှင့် ငါ၏ ဝန်ထုပ်ဝန်ပိုးအကြောင်းကို တစ်ကြိမ်လျှင် နည်းနည်းစီ ငါ ပြောပြမည်။ ဤအချိန်မှစ၍၊ ငါ၏နှုတ်ကပတ်တော်များသည် တိုင်းနိုင်ငံများအားလုံးနှင့် လူမျိုးအပေါင်းတို့ထံ စတင် ပေါ်ထွန်း၏။ ငါ၏သားဦးများကို စုံလင်စေနှင့်ပြီဖြစ်သောကြောင့် (ငါ့နှုတ်ကပတ်တော်များသည် ငါ၏သားများနှင့် ငါ၏လူများအပေါ် အာရုံစိုက်သည်)၊ ငါ အမှုပြုသော နည်းလမ်းသည် တစ်ဖန် စတင်ပြောင်းလဲပြီ ဖြစ်သည်။ ဤအရာကို ရှင်းလင်းစွာ သင်မြင်သလော။ ဤကုန်လွန်ခဲ့သော ရက်အနည်းငယ်က ငါ့နှုတ်ကပတ်တော်များ၏ သဘောသွားကို သင်တို့ ခံစားမိပြီလော။ ငါသည် ငါ၏သားဦးများအား လမ်းခရီးတစ်လျှောက်လုံး နှစ်သိမ့်သော်လည်း၊ ယခုမှစ၍ (ငါ၏သားဦးများသည် စုံလင်စေခြင်းခံရနှင့်ပြီး ဖြစ်သောကြောင့်)ငါသည် ငါ၏ လက်တွင် ဓားကို သယ်ဆောင်၏ ( “ဓါး”မှာ “အဆုံးစွန် ပြင်းထန်သော နှုတ်ကပတ်တော်များ”ကို ဆိုလိုသည်)။ တဒင်္ဂမျှ သဘောမကျစွာ ငါ မှတ်ယူသောသူ မည်သူမဆိုသည် (ဤသည်မှာ ကြိုတင်ခွဲခန့်ထားခြင်း မခံရသောသူများ သို့မဟုတ် ရွေးချယ်မခံရသူများကို ရည်ညွှန်းသည်၊ သို့ဖြစ်၍ ကွဲလွဲခြင်း မရှိ) ၎င်းတို့သည် ငါ့အတွက် အစေခံမှု ပေးသည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့သည် အခြားတစ်စုံတစ်ရာဖြစ်ကြသည် ဖြစ်စေ၊ ငါသည် ဂရုမစိုက်။ ငါသည် ၎င်းတို့အား ချက်ချင်း ဖျက်ပစ်မည်။ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်ပြီး၊ ငါသည် လူအားလုံးအား ငါ့ကို အစေခံစေနိုင်သည်။ ငါသည် ထိုသို့သော လူများကို စွန့်ရန် လုံးဝ ဝန်မလေးပေ။ အကယ်၍ ငါသည် ၎င်းတို့အား အလိုမရှိဟု ဆိုပါက၊ အလိုမရှိပေ။ ယခု ဤအချိန်ရောက်ပြီဖြစ်သောကြောင့်၊ ငါ့အား သဘောမကျဖြစ်စေသော တစ်စုံတစ်ဦးကိုသာ ငါ မြင်တွေ့ရန် လိုအပ်ပြီး၊ ငါသည် မိမိ၏ နှုတ်ကပတ်တော်အတိုင်း ကောင်းမြတ်သည့် ဘုရားသခင် ဖြစ်သည့်အတွက်၊ ၎င်းတို့ကို စုံစမ်းစစ်ဆေးခြင်းမရှိဘဲ ချက်ချင်း ငါစွန့်ပစ်မည်။ ငါ၏ အစေခံမှုတွင် ရှိဖို့ရန် ငါ ကြိုတင်ခွဲခန့်ထားပြီးဖြစ်သော သူတို့အဖို့- သင်သည် မည်မျှ ကောင်းမြတ်သည်ဖြစ်စေ၊ သင်သည် ငါ့အား ဖီဆန်သော အရာတစ်စုံတစ်ခုကို လုပ်ဆောင်မိသည်ဖြစ်စေ၊ မလုပ်ဆောင်မိသည်ဖြစ်စေ၊ အကယ်၍ သင်သည် ငါ့အား သဘောမကျဖြစ်စေပါက၊ ငါသည် သင့်ကို နှင်ထုတ်မည်။ အနာဂတ်ပြဿနာကို ငါ မကြောက်ရွံ့ချေ။ ငါသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များ ရှိသည်၊ ငါသည် ငါ၏

နှုတ်ကပတ်တော်အတိုင်း ကောင်းမြတ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်သည် ပြည့်စုံလိမ့်မည်။ ငါသည် စာတန်အား ဆက်ကျန်ရှိခွင့်ပေးမည်လော။ အသင်လူတို့၊ ငါ့အား နားထောင်ကြလော့။ သင်တို့ စိုးရွံ့ရန်မလိုပေ။ ငါသည် သင့်အား ထွက်သွားရန် စေခိုင်းသည့်အချိန်တိုင်းတွင် သင် ထွက်သွားရမည်။ ငါ့ကို ဆင်ခြေများ မပေးနှင့်။ သင့်အား ပြောစရာစကားများ ငါ မရှိ။ အကြောင်းမှာ ငါသည် ထိုသို့သော သည်းခံခြင်းကို ကျင့်သုံးပြီးဖြစ်ကာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပြဋ္ဌာန်းဖို့ အချိန် ရောက်ရှိပြီဖြစ်ပြီး၊ သင်တို့၏ နောက်ဆုံးနေ့ရက်သည်လည်း ဤတွင် ရှိသောကြောင့် ဖြစ်သည်။ နှစ်ပေါင်းထောင်ချီကြာ၊ သင်တို့သည် ကိုယ်ကျင့်တရားပျက်ခဲ့ကြကာ အမှုအရာများကို ခေါင်းမာမှုဖြင့်၊ တဇွတ်ထိုး နည်းလမ်းဖြင့် အမြဲ လုပ်ဆောင်ခဲ့ကြ၏၊ သို့သော် (ငါသည် သဘောထားကြီးကာ သင်၏ ဖောက်ပြန်ပျက်စီးခြင်းအား အတိုင်းအတာတစ်ခုထိ ခွင့်ပြုသည်နှင့်အမျှ) ငါသည် အမြဲ သည်းခံခဲ့သည်။ သို့သော် ယခုတွင်၊ ငါ၏ သက်ညှာခြင်း ကုန်ဆုံးသည့် နေ့ရက် ရောက်ရှိပြီးဖြစ်ကာ၊ သင်တို့အတွက် သိမ်းယူခံရကာ ကန်နှင့်ရောသော မီးအိုင်ထဲသို့ ပစ်ချခံရဖို့ အချိန် ရောက်ရှိပြီဖြစ်သည်။ အလျင်အမြန်ပြုကာ လမ်းဖယ်ကြလော့။ ငါသည် ငါ၏တရားစီရင်မှုကို တရားဝင် စတင် ပြဋ္ဌာန်းပြီး၊ ငါ၏ အမျက်ဒေါသကို စတင်ထုတ်ပြန်ပြီ ဖြစ်သည်။

တိုင်းနိုင်ငံအားလုံးနှင့် ကမ္ဘာလောက၏ နေရာအားလုံးတွင်၊ မြေငလျင်များ၊ အငတ်ဘေးများ၊ ကပ်ရောဂါများနှင့် ကပ်ဘေးမျိုးစုံ မကြာခဏ ဖြစ်ပွားနေသည်။ ငါသည် ငါ၏ ကြီးမြတ်သော အမှုကို တိုင်းနိုင်ငံများအားလုံးနှင့် နေရာအားလုံးတွင် လုပ်ဆောင်သည်နှင့်အမျှ၊ ဤကပ်ဘေးများသည် ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက အခြားမည်သည့်အချိန်မဆိုထက် ပို၍ ပြင်းထန်မှုဖြင့် ထွက်ပေါ်လိမ့်မည်။ ဤသည်မှာ လူအပေါင်းတို့နှင့်ဆိုင်သည့် ငါ၏တရားစီရင်ခြင်း အစဖြစ်သည်၊ သို့သော် ငါ၏သားများသည် အေးချမ်းစွာ အနားယူနိုင်သည်။ သင်တို့အပေါ်သို့ မည်သည့် ကပ်ဘေးမျှ သက်ရောက်လိမ့်မည်မဟုတ်သကဲ့သို့၊ ငါသည် သင်တို့ကို ကွယ်ကာမည် (ဤသည်မှာ သင်တို့သည် နောက်ပိုင်းတွင် ကိုယ်ခန္ဓာတွင် အသက်ရှင်လိမ့်မည်ဖြစ်သော်လည်း၊ ဇာတိပကတိ၌ အသက်ရှင်လိမ့်မည်မဟုတ်သောကြောင့်၊ သင်သည် မည်သည့် ကပ်ဘေးကိုမျှ ခံစားရလိမ့်မည်မဟုတ်ဟု ဆိုလိုပေသည်)။ ငါနှင့်အတူတကွ၊ သင်တို့သည် ဘုရင်များကဲ့သို့ တကယ်ကို စိုးစံလိမ့်မည်ဖြစ်ပြီး၊ ငါနှင့်အတူ စကြဝဠာနှင့် ကမ္ဘာမြေ၏ အစွန်းနေရာများတွင် ကောင်းမွန်သော ကောင်းချီးမင်္ဂလာများကို မွေ့လျော်ရင်း၊ တိုင်းနိုင်ငံအားလုံးနှင့် လူအပေါင်းတို့အပေါ် တရားစီရင်လိမ့်မည်။ ဤနှုတ်ကပတ်တော်များအားလုံး

ပြည့်စုံလိမ့်မည်ဖြစ်ပြီး၊ ယင်းတို့ကို သင်၏ တကယ့်မျက်လုံးများရှေ့၌ မကြာမီ စွမ်းဆောင်ရရှိလိမ့်မည်။ တစ်နာရီ သို့မဟုတ် တစ်ရက်မျှ ငါသည် နှောင့်နှေးခြင်းမရှိ။ ငါသည် အမှုအရာတို့ကို အလွန့်အလွန် လျင်မြန်စွာ ပြု၏။ စိုးရိမ်ခြင်း သို့မဟုတ် သောကရောက်ခြင်း မရှိကြနှင့်။ သင့်ကို ငါ ပေးသော ကောင်းချီးမင်္ဂလာသည် သင့်ထံမှ အဘယ်သူမျှ ယူဆောင်မသွားနိုင်သည့် အရာတစ်ခု ဖြစ်သည်- ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်၏။ လူအားလုံးသည် ငါ၏ လုပ်ဆောင်ချက်များကြောင့် ငါ့အား နာခံကြလိမ့်မည်။ ၎င်းတို့သည် မရပ်မနား ဩဘာပေးကြလိမ့်မည်ဖြစ်ပြီး၊ သို့တိုင် သာ၍ ဝမ်းမြောက်ခြင်းဖြင့် ၎င်းတို့ ကခုန်ကြလိမ့်မည်။

# အခန်း ၉၃

လက်တွေ့အရှိတရားကို တစ်ဦးတစ်ယောက်၏မျက်စိရှေ့တွင် အမှုအရာတစ်ခုစီတိုင်းကို စွမ်းဆောင်ရရှိနှင့်ပြီး ဖြစ်သည်။ ငါ့အမှု၏ အရှိန်သည် ပစ်လွှတ်ပြီးနောက် ဒုံးကျည်တစ်စင်းကဲ့သို့ အမြင့်သို့တက်လျက်၊ အရှိန်မြှင့်လေသည်။ အမှုအရာများဖြစ်ပျက်ပြီးနောက်တွင်သည် ငါ့နှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ်ကို သင်တို့ နားလည်ကြလိမ့်မည်။ အဆင်းနီသော နဂါးကြီး၏ သားသမီးများသည့် ခြွင်းချက်မရှိသကဲ့သို့၊ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင်မျက်လုံးများဖြင့် ငါ၏အံ့ဖွယ် လုပ်ဆောင်ချက်များကို သက်သေခံစေခြင်း ခံရကြမည်။ ငါ၏ လုပ်ဆောင်ချက်များကို တွေ့မြင်ပြီးနောက် ငါနှင့်သက်ဆိုင်၍ သင်သည် သေချာသောကြောင့် ငါသည် သင့်ကိုစွန့်ပစ်မည်မဟုတ်ဟု မထင်နှင့်- ယင်းသည် ထိုမျှ မရိုးရှင်းပေ။ ငါသည် ငါဆိုပြီးသော နှုတ်ကပတ်တော်များအားလုံးနှင့် ငါဆုံးဖြတ်ပြီးသော အဖြစ်အပျက်တို့ကို သေချာပေါက် ပြည့်စုံစေမည်ဖြစ်ပြီး၊ ယင်းတို့သည် ငါထံသို့ အချည်းနှီးမပြန်ရ။ တရုတ်ပြည်တွင် ငါ၏သားဦးများဖြစ်သော လူနည်းစုမှတပါး ငါ၏လူများဖြစ်သူ အနည်းအကျဉ်းသာ ရှိသည်။ ထို့ကြောင့် ယနေ့တွင်၊ (ငါ့ကိုအဆိုးရွား ဆုံးညှင်းပန်းနှိပ်စက်ပြီးဖြစ်သည့် အဆင်းနီသော နဂါးကြီး၏ သားသမီး)သင်တို့သည် ကြီးမားသော မျှော်လင့်ခြင်းများ တစ်ခုတစ်လေ မကိုင်စွဲရ၊ ပြီးလျှင် ငါ့အမှု၏အာရုံစိုက်ရာသည် (ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက) ငါ၏သားဦးများနှင့် တရုတ်နိုင်ငံအလွန်ရှိ အချို့သော နိုင်ငံများအပေါ်တွင်ဖြစ်သည်ဟု သင်တို့ထံ ငါ ရှင်းလင်းစွာ ဆိုပေသည်။ ဤအကြောင်းကြောင့် ငါ၏သားဦးများ အရွယ်ရောက်သောအခါ၊ ငါ၏အလိုကို စွမ်းဆောင်ရရှိလိမ့်မည်။ (ရှေ့၌ရှိသော အမှုကို ၎င်းတို့အား

ပေးထားပြီးဖြစ်သည့်အတွက်၊ ငါ၏သားဦးများ အရွယ်ရောက်သည်နှင့် တပြိုင်နက် အရာအားလုံး လုပ်ဆောင်ပြီးစီးလိမ့်မည်)။ ငါသည် အဆင်းနီသော နဂါးကြီး အရှက်ရစေဖို့ရန်သာ ယခုတွင် ဤလူတို့ကို ငါ၏အံ့ ဖွယ်သော လုပ်ဆောင်ချက်များ၏ အစိတ်အပိုင်းတစ်ခုကို တွေ့မြင်ခွင့်ပေးသည်။ ဤလူတို့သည် ယင်းတွင် တကယ်ကို မပျော်ရွှင်နိုင်ကြဘဲ၊ ငါ့အဖို့ အစေခံမှုအား ပေးသည်ကိုသာ ပျော်ရွှင်နိုင်ကြသည်။ ငါသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များရှိပြီး အဘယ်သူမျှ ယင်းတို့ကို မချိုးဖောက်ဝံ့သည့်အတွက် ၎င်းတို့သည် အခြားနည်းလမ်းမရှိကြပေ။

သင်တို့သည် အသိပညာရှိကြဖို့၊ ငါ၏ အမည်နာမကို သက်သေခံဖို့ အရာရာကို ကောင်းမွန်စွာ ပြင်ဆင်ဖို့နှင့် ၎င်းတို့အပေါ်တွင် သွားရပ်ကာ ၎င်းတို့ကို အုပ်စိုးနိုင်ကြဖို့အလို့ငှာ၊ ယခုတွင် ငါသည် နိုင်ငံခြားသားများ ရောက်လာခြင်းအပါအဝင် အချို့သော အခြေအနေများအကြောင်းကို မိတ်သဟာယပြုမည်။ ( ၎င်းတို့ထဲက အကြီးမြတ်ဆုံးသူတို့သည် သင်တို့ထဲတွင် အသေးငယ်ဆုံးသော သူများ ဖြစ်နေဆဲဖြစ်သောကြောင့် ငါသည် “၎င်းတို့အပေါ်၌ ရပ်ကာ အုပ်စိုးရန်”ပြောခြင်း ဖြစ်သည်)။ ဤလူအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ထုတ်ဖော်ပြခြင်းကို ရရှိပြီးဖြစ်ကာ၊ အနာဂတ်တွင် ၎င်းတို့သည် ကြိုတင်စီစဉ်ထားသည့်အလား တရုတ်နိုင်ငံထဲသို့ ပြွတ်သိပ်ဝင်လာကြလိမ့်မည်။ အဆင်းနီသော နဂါးကြီးသည် အလစ် ခေါ်ဆောင်သွားခြင်းခံရပြီး၊ ခုခံဖို့ အစွမ်းကုန် ကြိုးစားသော်လည်း၊ တစ်ခုကို အမှတ်ရလော့- ငါ၏ စီမံခန့်ခွဲခြင်း အစီအစဉ်သည် လုံးဝ တကယ်ဖြစ်ပေါ်  ပြီးဖြစ်ကာ မည်သည့်အရာမျှနှင့် မည်သူကမျှ ငါ၏ခြေလှမ်းတို့ကို တားဆီးဝံ့ပေ။ ငါသည် ၎င်းတို့ကို အချိန်တိုင်း ထုတ်ဖော်ပြချက် ပေးပြီး၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုနောက်လိုက်ခြင်းအားဖြင့် ဆောင်ရွက်ကြသည်။ ငါ့အထဲတွင် အရာအားလုံး လွတ်မြောက်ပြီး လွတ်လပ်ကြသည့်အတွက်၊ ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ ကျေးကျွန်ဘဝကို သေချာပေါက် ခံစားရလိမ့်မည် မဟုတ်။ ၎င်းတို့ကို ထိန်းကျောင်းဖို့ ကြိုတင်ပြင်ဆင်သော အလုပ်ကို သင်တို့ လုပ်ဆောင်ဖို့အတွက် စောင့်ဆိုင်းရင်း၊ ငါသည် အရာအားလုံးကို သင့်လျော်စွာ စီမံပြီးဖြစ်သည်။ ငါသည် ထိုသို့ တစ်လျှောက်လုံး ပြောဆိုပြီးဖြစ်သော်လည်း၊ သင်တို့အများစုသည် မယုံတစ်ဝက် ယုံတစ်ဝက်သာ ဖြစ်နေဆဲ ဖြစ်သည်။ ယခုတွင် အဘယ်သို့ ရှိသနည်း။ သင်တို့သည် မှင်တက်လေပြီ မဟုတ်လော။

ဤအရာများသည် သာမညသာ ဖြစ်သည်။ အဓိကအရာမှာ ကြိုတင်ပြင်ဆင်သော အလုကို

ဖြစ်နိုင်သမျှမြန်မြန် သင်၏ ပြီးစီးခြင်း ဖြစ်သည်။ အထိတ်တလန့်မဖြစ်လေနှင့်။ အမှုကိုပြုသောသူသည် ငါဖြစ်ပြီး၊ အချိန်ကျရောက်သောအခါ ငါသည် ငါ၏အမှုကို ကိုယ်တိုင် လုပ်ဆောင်မည်။ ငါသည် အဆင်းနီသော နဂါးကြီးကို အပိုင်းပိုင်းချိုးဖျက်လေပြီ။ ဆိုလိုသည်မှာ ငါ၏ဝိညာဉ်သည် ငါ၏သားဦးများထံမှလွဲ၍ (ယခုတွင် မည်သူသည် အဆင်းနီသော နဂါးကြီး၏ သားသမီးများဖြစ်သည်ကို ထုတ်ဖော်ပြရန် ပို၍လွယ်ကူပေသည်) လူအားလုံးထံမှ ရုပ်သိမ်းပြီး ဖြစ်သည်။ ဤလူတို့သည် ငါ့အဖို့ အစေခံမှုကို ပေးခြင်းအား ပြီးစီးပြီးဖြစ်ကာ ငါသည် ၎င်းတို့ကို အနက်ဆုံးသော တွင်းထဲသို့ ပြန်လည်ပို့ဆောင်မည်။ (ဤသည်မှာ ငါသည် ၎င်းတို့ထဲမှ မည်သူ့မျှကို အသုံးပြုမည်မဟုတ်ဟု ဆိုလိုပေသည်။ ယခုမှစ၍၊ ငါ၏ သားဦးတို့သည် လုံးဝ ထုတ်ဖော်ပြခံရလိမ့်မည်ဖြစ်ပြီး၊ ငါ၏ ထံပါးရှိသူများနှင့် ငါအသုံးပြုရန် သင့်တော်သောသူတို့သည် ငါ၏သားဦးများ ဖြစ်လိမ့်မည်)။ ငါ၏သားဦးတို့၊ သင်တို့သည် ငါအပ်နှင်းသော ကောင်းချီးမင်္ဂလာတို့ကို တရားဝင်ပျော်မွေ့ကြကာ၊ (အကြောင်းမှာ ငါ အလွန်မုန်းတီးသောသူအားလုံးသည် ၎င်းတို့၏ သရုပ်မှန်ကို ဖော်ပြပြီးဖြစ်သည်) ဤအချိန်မှစ၍ နောင်တွင် သင်တို့အလယ်၌ ငါ့ကို အာခံဖီဆန်ခြင်း ဖြစ်ရပ်များ ရှိလိမ့်မည် မဟုတ်ပေ။ သင်တို့သည် အစစ်အမှန် ငါနှင့်ပတ်သက်၍ တစ်ရာရာခိုင်နှုန်း သေချာကြ၏။ (ယနေ့တွင်သာ ဤအရာ လုံးဝ ပြီးမြောက်ကာ ဤအချိန်ကို ငါ စီမံထားခဲ့ပေသည်)။ သင်တို့၏ နှလုံးသားများနှင့် စိတ်များတွင် သင်တို့ စွဲကိုင်သမျှအားလုံးမှာ ငါ့အတွက် အဆုံးမရှိသော ချစ်ခြင်းမေတ္တာနှင့် ကြည်ညိုခြင်း ဖြစ်ပြီး သင်တို့သည် ငါ့ကို အချိန်တိုင်း ချီးမွမ်းကာ ဆုကျေးဇူးတော် ချီးမွမ်းကြ၏။ သင်တို့သည် တတိယကောင်းကင်တွင် အမှန်တကယ် ငါ့ချစ်ခြင်း၏ ဂရုစိုက်မှုနှင့် ကွယ်ကာမှုအောက်၌ အသက်ရှင်နေကြပေသည်။ နှိုင်းယှဉ်၍မရသော အတိသုခနှင့် ပျော်ရွှင်ခြင်းပေတကား။ ယင်းသည် လူတို့ စိတ်ကူးရန် ခက်ခဲသော အခြားနယ်ပယ် ဖြစ်သည်- စစ်မှန်သော ဝိညာဉ်လောကဖြစ်သည်။

ကပ်ဘေးများအားလုံးသည် အသီးသီးသည် ပြီးခဲ့သည်ထက် သာ၍ ပြင်းထန်လျက် တစ်ခုပြီးတစ်ခု ထွက်ပေါ် ပြီး၊ အခြေအနေသည် တစ်နေ့ထက်တစ်နေ့ တိုး၍ တင်းမာလာသည်။ ဤသည်မှာ ကပ်ဘေးများ၏အစသာ ဖြစ်သည်။ ရောက်လာမည့် ပို၍ပြင်းထန်သော ကပ်ဘေးများသည် လူသားအဖို့ မတွေးတတ်အောင် ဖြစ်သည်။ ငါ့သားတို့သည် ယင်းတို့ကို ရှင်းကြပါလေ့စေ။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်ပြီး၊ ယင်းကို အချိန်ကြာမြင့်စွာက ငါ စီစဉ်ခဲ့ပေသည်။ ယခင်က လူသား တစ်ခါမျှမမြင်ဖူးသည့် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများသည် လူအပေါင်းတို့ထံ တစ်ခုပြီးတစ်ခု ပေါ်လာရင်း၊ ငါ့ထံမှ ထွက်ပေါ်လာသည် (ဆိုလိုသည်မှာ ငါ့နိုင်ငံတော်၏

လူများအားလုံး ဖြစ်သည်)။ သို့သော် ဤသည်မှာ မဝေးသည့် အနာဂတ်တွင် ဖြစ်ပျက်မည့် တစ်စုံတစ်ရာ ဖြစ်သည်။ စိတ်သောကမရောက်ကြနှင့်။ အယောက်တိုင်း ပြောဆိုပြီးဖြစ်သည့် ဤနိုင်ငံတော်ထဲသို့ ဝင်ရောက်ခြင်း- နိုင်ငံတော်ထဲသို့ ဝင်ရောက်ဖို့ဆိုသည်မှာ မည်သည့် အခြေအနေဖြစ်သနည်း။ နိုင်ငံတော်ဆိုသည်မှာ အဘယ်နည်း။ ယင်းသည် ရုပ်ဝတ္ထုဆိုင်ရာ မြို့တော်တစ်ခုလော။ သင်တို့ နားလည်မှုလွဲကြပြီ။ နိုင်ငံတော်သည် ကမ္ဘာမြေပေါ်တွင် မရှိသကဲ့သို့ ရုပ်ဝတ္ထုဆိုင်ရာ ကောင်းကင်၌လည်း မရှိဘဲ၊ လူသားက မမြင်နိုင် သို့မဟုတ် မထိတွေ့နိုင်သည့် ဝိညာဉ်လောက ဖြစ်သည်။ ငါ၏ နာမကို လက်ခံလျက်၊ ငါ၏ စုံလင်စေခြင်း လုံးဝ ခံရပြီး၊ ငါ၏ ကောင်းချီးမင်္ဂလာများကို မွေ့လျော်ခံစားသည့် သူများသာ ထိုအထဲသို့ ဝင်ရောက်နိုင်ကြလိမ့်မည်။ ယခင်က မကြာခဏဖော်ပြခဲ့သည့် ဝိညာဉ်လောကသည် နိုင်ငံတော်၏ အပေါ်ယံ ဖြစ်သည်။ သို့သော်၊ နိုင်ငံတော်ထဲသို့ အမှန်တကယ် ဝင်ရောက်ခြင်းသည် လွယ်ကူသော ကိစ္စရပ်တစ်ခု မဟုတ်ပေ။ ထိုအထဲသို့ ဝင်ရောက်သောသူတို့သည် ငါ၏ဂတိကို ရရှိ ရမည်ဖြစ်ပြီး ငါကိုယ်တိုင် ငါကြိုတင်ခွဲခန့်မှတ်သားကာ ရွေးချယ်ပြီးသောသူများ ဖြစ်ရပေမည်။ ထို့ကြောင့် ဝိညာဉ်လောကသည် လူတို့ စိတ်ကြိုက် ဝင်ထွက်သွားလာနိုင်သော နေရာတစ်ခု မဟုတ်ပေ။ ဤအရာနှင့်သက်ဆိုင်၍ လူတို့၏ သိနားလည်မှုသည် အလွန် အပေါ်ယံဖြစ်ပြီး၊ လူသား၏ အယူအဆစစ်စစ်များ ပါရှိပေသည်။ နိုင်ငံတော်ထဲသို့ ဝင်ရောက်သောသူတို့သာ ကောင်းချီးမင်္ဂလာများကို မွေ့လျော်ခံစားနိုင်သည်၊ ထို့ကြောင့် လူသားသည် ဤကောင်းချီးမင်္ဂလာများကို မမွေ့လျော်နိုင်သည်သာမက၊ ထို့ထက်ပို၍၊ သူသည် ယင်းတို့ကို မတွေ့မြင်နိုင်ပေ။ ဤသည်မှာ ငါ၏ နောက်ဆုံး စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်သည်။

## အခန်း ၉၄

ငါသည် ဇိအုန်တောင်သို့ ငါ၏ သားဦးများနှင့် ပြန်လာသည်၊ ဤနှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်အစစ်အမှန်ကို သင်တို့ အမှန်တကယ် နားလည်သလော။ သင်တို့ကို ငါအဖန်တလဲလဲ သတိပေးခဲ့ပြီးသည့်အတိုင်း ငါသည် သင်တို့ကို လျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးစေလိုပြီး ငါနှင့်အတူ အုပ်ချုပ်စိုးစံစေလို၏။ သင်တို့ မှတ်မိကြသလော။ ဤအရာများအားလုံးသည် ငါ၏ လူ့ဇာတိခံယူခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သည်။ ငါနှင့်အတူ စိတ်သဘောထား တစ်ခုတည်းဖြစ်သော လူအုပ်စုတစ်စုကို ဇာတိပကတိအားဖြင့် ရရှိရန်အလို့ငှာ ငါသည် ဇိအုန်တောင်မှ လောကသို့ ဇာတိပကတိဖြင့် ဆင်းသက်လာကာ ထိုသို့ပြုပြီးနောက် ငါသည်

ဇိအုန်တောင်သို့ ပြန်မည်။ ငါတို့သည် ဇာတိပကတိမှ မူလခန္ဓာကိုယ်သို့ ပြန်သွားရန် လိုအပ်ဆဲဖြစ်ကြောင်း ၎င်းကဆိုလိုသည်။ ဤသည်မှာ "ဇိအုန်တောင်သို့ ပြန်သွားခြင်း" ၏ အဓိပ္ပာယ်အစစ်အမှန် ဖြစ်သည်။ ဤအရာသည် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ် တစ်ခုလုံး၏ စစ်မှန်သော အဓိပ္ပာယ်နှင့် အချက်အချာလည်းဖြစ်ပြီး ထိုမျှမက ၎င်းသည် မည်သူတစ်ဦးတစ်ယောက်မျှ မပိတ်ဆို့နိုင်ဘဲ ချက်ချင်းဖြစ်မြောက်အောင်မြင်မည့် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အရေးအကြီးဆုံးသော အပိုင်းဖြစ်သည်။ ဇာတိပကတိထဲ၌ ရှိချိန်တွင် အကြင်သူသည် လူသား အယူအဆများနှင့် တွေးခေါ်ခြင်းကို မည်သည့်အခါမှ စွန့်ပစ်နိုင်မည် မဟုတ်ဘဲ မြေကြီးနှင့် သက်ဆိုင်သောလေကို စွန့်ပစ်နိုင်ရန် သို့မဟုတ် ဖုန်များကို စွန့်ပစ်နိုင်ရန် သာ၍ဝေးစွ။ အကြင်သူသည် ရွံ့စေးသာ အစဉ်ဖြစ်လိမ့်မည်၊ ခန္ဓာကိုယ်အတွင်း၌ ရှိချိန်တွင်မှ အကြင်သူသည် ကောင်းချီးမင်္ဂလာများကို မွေ့လျော်ဖို့ရန် သင့်လျော်လိမ့်မည်ဖြစ်သည်။ ကောင်းချီးမင်္ဂလာများဟူသည် အဘယ်အရာများနည်း။ သင်တို့မှတ်မိကြသလော။ ဇာတိပကတိထဲတွင် ကောင်းချီးမင်္ဂလာများကို ထည့်သွင်းစဉ်းစားခြင်း လုံးဝမရှိနိုင်။ ထို့ကြောင့် ဇာတိပကတိမှ ခန္ဓာကိုယ်သို့ လမ်းကြောင်းသည် သားဦးတိုင်း လိုက်လျှောက်ရမည့် လမ်းကြောင်းတစ်ခုဖြစ်၏။ ဇာတိပကတိထဲတွင် သင်သည် အဆင်းနီသောနဂါးကြီး၏ ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းတို့ကို ခံရသည်၊ (ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သင့်ထံ၌ တန်ခိုးမရှိသောကြောင့်၊ သင်သည် ဘုန်းအသရေကို မရရှိသောကြောင့်ဖြစ်သည်)၊ သို့သော် ခန္ဓာကိုယ်ထဲတွင်မူ ၎င်းသည် အလွန်ကွာခြားသွားလိမ့်မည်ဖြစ်ပြီး သင်သည် ဂုဏ်ယူပြီး ရွှင်လန်းအားရလိမ့်မည်။ ဖိနှိပ်ချုပ်ချယ်ခြင်းခံရသော နေ့ရက်တို့သည် လုံးဝပြီးဆုံးသွားလိမ့်မည်ဖြစ်ပြီး သင်သည် ထာဝရ လွတ်ငြိမ်းကာ လွတ်မြောက်လိမ့်မည်။

ဤနည်းလမ်းအားဖြင့်သာလျှင် ငါသည် ငါဖြစ်သောအရာနှင့် ငါ့တွင်ရှိသောအရာကို သင်တို့ထဲသို့ လာပေါင်းနိုင်ပေမည်။ ထိုသို့မဟုတ်ပါက သင့်ထံတွင် ငါ၏ ကြန်အင်လက္ခဏာများသာ ရှိလိမ့်မည်။ လူတစ်ဦးသည် အခြားသူတစ်ဦးကို အပြင်ပန်းအားဖြင့် မည်သို့ အတုခိုးစေကာမူ သူတို့သည် အတိအကျ မတူညီနိုင်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် သက်ဆိုင်သော ခန္ဓာ၌သာ (ခန္ဓာကိုယ်ကို ရည်ညွှန်းသည်) ငါတို့သည် အတိအကျ တူညီနိုင်သည်။ (ဤသည်မှာ တူညီသော ကြန်အင်လက္ခဏာများ၊ တူညီသော ဖြစ်တည်မှု၊ တူညီသော ပိုင်ဆိုင်မှုများကို ရည်ညွှန်းပြီး တစ်စိတ်တစ်ဝမ်းတည်း ဖြစ်စေနိုင်ခြင်း၊ စည်းလုံးစေနိုင်ခြင်း၊ ကွဲပြားမှုမရှိခြင်းနှင့် ပိုင်းခြားမှုမရှိခြင်းတို့ကို ရည်ညွှန်းသည်၊ အဘယ်ကြောင့်ဆိုသော် အားလုံးမှာ သန့်ရှင်းသော ဝိညာဉ်ခန္ဓာ ဖြစ်သောကြောင့် ဖြစ်၏။)

ယခုအခါ သင်တို့သည် အဘယ့်ကြောင့် လောကကို စတင်မုန်းတီးလာကြသနည်း၊ စားခြင်း၊ ဝတ်ဆင်ခြင်းနှင့် စိတ်တိုစရာအရာများ ဖြစ်ကြသည့် ထိုသို့သော ဟန်အမူအရာများကို စတင် စက်ဆုပ်ရွံရှာလာကြသနည်း။ ထိုမျှမက ၎င်းတို့ကို စွန့်ပယ်ရန် အဘယ်ကြောင့် မစောင့်နိုင်ကြသနည်း။ ဤသည်မှာ သင်သည် ဝိညာဉ်လောကအတွင်းသို့ ဝင်ရောက်မည့် လက္ခဏာတစ်ခုဖြစ်၏ (ခန္ဓာကိုယ်)။ (၎င်းတို့သည် အတိုင်းအတာအားဖြင့် ကွာခြားသော်လည်း) သင်တို့ အားလုံးတွင် ဤအရာအပေါ် စိတ်လေးခြင်းများ ရှိကြသည်။ ငါသည် ကွဲပြားသော လူများ၊ ကွဲပြားသော ဖြစ်ရပ်များနှင့် ကွဲပြားသော အရာများအားလုံးကို ငါ၏ အရေးပါဆုံးသော ခြေလှမ်းကို အစေခံရာ၌ အသုံးချလိမ့်မည်ဖြစ်ပြီး ၎င်းတို့အားလုံးသည် ငါ့အတွက် အစေခံကြရအံ့။ ထိုသို့ ငါပြုရမည်။ (ငါသည် ဤအရာကို ဇာတိပကတိထဲ၌ ပြီးမြောက်အောင် မလုပ်ဆောင်နိုင်ဘဲ ငါ၏ ဝိညာဉ်တော်ကိုယ်တိုင်သာ ဤအလုပ်ကို ဆောင်ရွက်နိုင်သည်မှာ မှန်၏၊ အဘယ့်ကြောင့်ဆိုသော် အချိန်မကျသေးသောကြောင့် ဖြစ်သည်)။ ဤသည်မှာ စကြဝဠာလောက တစ်ခုလုံး အစေခံသည့် လုပ်ငန်း၏ အဆုံးသတ် အပိုင်း အနည်းငယ် ဖြစ်သည်။ လူတိုင်းသည် ငါ့ကို ချီးမွမ်းပြီး ရွှင်ရွှင်မြူးမြူး ထောမနာပြုကြလိမ့်မည်။ ငါ၏ ကြီးမြတ်သော အမှုသည် ပြီးဆုံးချေပြီ။ စကြဝဠာလောကသို့၊ တိုင်းနိုင်ငံအားလုံးသို့နှင့် လူအားလုံးသို့ ထို့အပြင် တောင်များသို့၊ မြစ်များနှင့် အရာအားလုံးသို့ အမျက်တော် ဖလားခုနစ်လုံးကို ငါ၏ လက်ထဲမှ သွန်းလောင်းကာ မိုးကြိုးသံခုနစ်ချက်၊ တံပိုးခုနစ်လုံးအသံနှင့် တံဆိပ်ခုနစ်ချက်တို့သည် ပွင့်သွားခဲ့ပြီးဖြစ်သည်။ အမျက်တော်ဖလား ခုနစ်လုံးတို့သည် အဘယ်အရာများ ဖြစ်ကြသနည်း။ ၎င်းတို့၏ တိကျသော ပစ်မှတ်မှာ အဘယ်နည်း။ ၎င်းတို့ကို ငါ၏လက်မှ သွန်းလောင်းလိမ့်မည်ဟု အဘယ်ကြောင့် ငါပြောသနည်း။ လူတိုင်း လုံးဝ နားလည်သဘောပေါက်မည့် အချိန်မတိုင်ခင်နှင့် လူတိုင်း အလုံးစုံ နားမလည်မီတွင် အချိန်အတော်ကြာ ကုန်လွန်လိမ့်မည် ဖြစ်သည်။ အကယ်၍ သင်တို့ကို ငါ ယခုပြောပြခဲ့လျှင်ပင် သင်တို့သည် သေးငယ်သော အပိုင်းတစ်ခုကိုသာ နားလည်ခဲ့လိမ့်မည် ဖြစ်သည်။ လူသား၏ စိတ်ကူးနိုင်စွမ်းအရ အမျက်တော်ဖလားခုနစ်လုံးတို့သည် လောကရှိ တိုင်းနိုင်ငံအားလုံးနှင့် လူအားလုံးတို့ကို ဦးတည်ထားသည်၊ သို့သော်လည်း အမှန်အားဖြင့် ထိုကဲ့သို့မဟုတ်။ "အမျက်တော်ဖလား ခုနစ်လုံး"သည် စာတန်မာရ်နတ်၏ လွှမ်းမိုးမှုနှင့် အဆင်းနီသော နဂါးကြီး၏ လျှို့ဝှက်ပူးပေါင်းကြံစည်ချက်ကို (ငါ့အတွက် အစေခံစေခြင်းအလို့ငှာ ငါအသုံးပြုသောအရာကို) ရည်ညွှန်းခြင်းဖြစ်သည်။ ထိုအချိန်တွင် သားများနှင့် လူများကို ပြစ်တင်ဆုံးမရန်အလို့ငှာ ငါသည် စာတန်နှင့် အဆင်းနီသော နဂါးကြီးကို လွှတ်လိုက်လိမ့်မည် ဖြစ်သည်။ မည်သူသည်

သားများဖြစ်ကြောင်း၊ မည်သူသည် လူများဖြစ်ကြောင်းကို ဤနည်းအားဖြင့် ထုတ်ဖော်ခြင်း ခံရလိမ့်မည်။ ငါ၏ ခွဲခန့်မှတ်သားထားခြင်း၏ ပစ်မှတ်များ မဖြစ်ခဲ့ကြသူတို့သည် လှည့်စားခံရသူများ ဖြစ်ကြသည်။ သို့သော်လည်း ထိုအချိန်တွင် ငါ၏ သားဦးတို့သည် ငါနှင့်အတူ စိုးစံနေလိမ့်မည်ဖြစ်၏။ ဤနည်းအားဖြင့် ငါသည် သားများနှင့် လူများကို စုံလင်စေလိမ့်မည်။ အမျက်တော်ဖလား ခုနစ်လုံးကို သွန်းလောင်းခြင်းသည် တိုင်းနိုင်ငံများအားလုံးနှင့် လူအားလုံးတို့အပေါ် သက်ရောက်လိမ့်မည် မဟုတ်ဘဲ ငါ၏သားများနှင့် ငါ၏ လူများအပေါ်ကိုသာ သက်ရောက်လိမ့်မည်ဖြစ်သည်။ ကောင်းချီးမင်္ဂလာများသည် လွယ်ကူစွာ ရောက်လာသည်မဟုတ်ဘဲ အဖိုးအခ အပြည့်အဝ ပေးရမည် ဖြစ်သည်။ သားများနှင့် လူများ ကြီးထွားဖွံ့ဖြိုးလာသောအချိန်၌ အမျက်တော်ဖလားခုနစ်လုံးသည် အကုန်အစင် ရှင်းလင်းသွားလိမ့်မည်ဖြစ်ပြီး ထို့နောက်တွင် ၎င်းတို့ တည်ရှိလိမ့်မည်မဟုတ်။ "မိုးကြိုးသံခုနစ်ချက်"ဆိုသည်မှာ အဘယ်နည်း။ ဤအရာသည် နားလည်ဖို့ရန် မခက်ခဲ။ ငါ၏သားဦးများနှင့် ငါ ခန္ဓာကိုယ် ဖြစ်လာသော အခိုက်အတန့်၌ မိုးကြိုးသံခုနစ်ချက်တို့သည် မြည်ဟည်းလိမ့်မည်။ ၎င်းသည် ကောင်းကင်နှင့်မြေကြီး အထက်အောက်လန်သွားသကဲ့သို့ စကြာဝဠာ တစ်ခုလုံးကို လှုပ်ခါသွားစေလိမ့်မည်။ ထိုအရာကို မသိသောလူ တစ်ဦးမျှရှိလိမ့်မည် မဟုတ်၊ ထိုအရာကို လူတိုင်းသိလိမ့်မည်။ ထိုအချိန်၌ ငါ၏သားဦးများနှင့် ငါသည် ဘုန်းအသရေ၌ အတူတကွရှိကြမည်ဖြစ်ပြီး အမှု၏ နောက်ထပ် ခြေလှမ်းကို စတင်လိမ့်မည်။ မိုးကြိုးသံခုနစ်ချက်ကြောင့် များစွာသော လူတို့သည် သနားကြင်နာမှုနှင့် ခွင့်လွှတ်ခြင်းအတွက် ဒူးထောက်ကြလိမ့်မည်။ သို့သော်လည်း ၎င်းသည် ကျေးဇူးတော်ခေတ် ဖြစ်လိမ့်မည် မဟုတ်တော့၊ ၎င်းသည် ဒေါသအမျက်အတွက် အချိန်ဖြစ်လိမ့်မည်။ ဆိုးယုတ်မှုများကို ပြုလုပ်သူအားလုံးအတွက် (ကာမေသုမိစ္ဆာလွန်ကျူးသူများ၊ သို့မဟုတ် မသန့်ရှင်းသော ငွေကြေးများနှင့် ပတ်သက်သောသူများ၊ သို့မဟုတ် ယောကျ်ားတို့နှင့် မိန်းမတို့အကြား ခြားနားကန့်သတ်ချက်ကို ရှင်းလင်းခြင်း မရှိသောသူများ၊ သို့မဟုတ် ငါ၏ စီမံခန့်ခွဲမှုကို နှောင့်ယှက်သောသူ သို့မဟုတ် ပျက်စီးစေသောသူများ၊ သို့မဟုတ် ဝိညာဉ်ရေးရာ ကိစ္စရပ်တို့ကို နားမလည်သောသူများ၊ သို့မဟုတ် ဆိုးယုတ်သော ဝိညာဉ်များ၏ ပူးကပ်ခြင်း ခံရသူများ စသည်ဖြင့် ... ငါ၏ ရွေးကောက်ခြင်းခံရသောသူများမှအပ ကျန်သူအားလုံး) သူတို့တစ်ဦးမှ လွတ်လိမ့်မည် မဟုတ်သကဲ့သို့ ခွင့်လွှတ်ခြင်းလည်း ခံရလိမ့်မည် မဟုတ်ဘဲ အယောက်စီတိုင်းသည် မရဏာနိုင်ငံထဲသို့ ပစ်ချခြင်း ခံရလိမ့်မည်ဖြစ်ပြီး သူတို့သည် ထိုနေရာတွင် ထာဝရပျက်စီးသွားပေလိမ့်မည်။ "တံပိုးခုနစ်လုံးအသံ"သည် ကြီးမားပြီး ရန်လိုသည့်

ပတ်ဝန်းကျင်ကို ရည်ညွှန်းခြင်းမဟုတ်သကဲ့သို့ လောကကို ကြေညာခြင်းတစ်စုံတစ်ရာကို ရည်ညွှန်းခြင်းလည်းမဟုတ်ပေ၊ ၎င်းတို့သည် လူသား၏ အယူအဆများ လုံးလုံးဖြစ်သည်။ "တံပိုးခုနစ်လုံး"သည် ငါ၏ ဒေါသအမျက်ဖြင့်ပြည့်သော မိန့်မြွက်ချက်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ငါ၏အသံတော် (ဘုန်းအာနုဘော်ဖြစ်သော တရားစီရင်ခြင်းနှင့် ဒေါသအမျက်ဖြင့်ပြည့်သော တရားစီရင်ခြင်း) ထုတ်လွှတ်သောအခါ တံပိုးခုနစ်လုံး အသံမြည်သည်။ (ယခုချက်ချင်းဟုဆိုရာတွင် ငါ၏အိမ်၌ ဤအရာသည် အပြင်းထန်ဆုံးဖြစ်ပြီး ၎င်းထံမှ မည်သူမှ မလွတ်မြောက်နိုင်ပေ)။ မရဏာနိုင်ငံနှင့် ငရဲရှိ အကြီး၊ အသေးသော မကောင်းဆိုးဝါးများအားလုံးသည် သူတို့၏ ဦးခေါင်းများကို သူတို့၏ လက်များဖြင့် အုပ်ထားကြလိမ့်မည်ဖြစ်ပြီး အရပ်မျက်နှာအားလုံးသို့ ထွက်ပြေးကြကာ ငိုကြွေးကြ၊ အံသွားခဲကြိတ်ကြပြီး ရှက်ရွံ့ကြ၍ သူတို့၏မျက်နှာများကို ဝှက်ထားရန် နေရာမရှိကြ။ ထိုအခိုက်အတန့်တွင် စတင်မြည်ဟည်းလာသည်မှာ တံပိုးခုနစ်လုံးမဟုတ်ဘဲ ငါ၏ ပြင်းထန်သော အမျက်သည်းခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်မျှ မလွတ်မြောက်နိုင်ဘဲ အားလုံးခံကြရမည့် ငါ၏ အပြင်းထန်ဆုံးသော တရားစီရင်မှုလည်း ဖြစ်သည်။ ထိုအချိန်တွင် ထုတ်ဖော်ခြင်းခံရသော အရာသည် တံဆိပ်ခုနစ်ချက်၏ ပါဝင်သောအရာများ မဟုတ်ကြ။ တံဆိပ်ခုနစ်ချက်တို့သည် အနာဂတ်တွင် သင်တို့မွေ့လျော်ရမည့် ကောင်းချီးမင်္ဂလာများ ဖြစ်ကြသည်။ "ဖွင့်ခြင်း"ဆိုသည်မှာ ၎င်းတို့အကြောင်း သင်တို့ကို အသိပေးခြင်းသက်သက်အား ရည်ညွှန်းသည်။ သို့သော် သင်တို့သည် ဤကောင်းချီးမင်္ဂလာများကို မွေ့လျော်ရလိမ့်ဦးမည် မဟုတ်။ ဤကောင်းချီးမင်္ဂလာများကို သင်တို့ အမှန်မွေ့လျော်သောအချိန်တွင် သင်တို့သည် တံဆိပ်ခုနစ်ချက် အတွင်း၌ ပါရှိသည့်အရာများကို သိလာလိမ့်မည် ဖြစ်သည်။ ယခုတွင် သင်တို့သည် ပြီးပြည့်စုံခြင်း မရှိသေးသော အစိတ်အပိုင်းတစ်ခုကို ထိနေရုံမျှသာဖြစ်သည်။ ငါသည် သင်တို့အား အနာဂတ်လုပ်ဆောင်မှုများကို တဆင့်ချင်းစီသာ ပြောပြနိုင်သည်၊ ထို့ကြောင့် သင်တို့သည် ၎င်းကို ကိုယ်တိုင်ကိုယ်ကျ ခံစားရလိမ့်မည်ဖြစ်ပြီး မယုဉ်သာသော ဘုန်းအသရေကို ခံစားရကာ အဆုံးမထင်သော ဘဝင်ခိုက်ခြင်း အဆင့်တစ်ခု၌ သင်တို့ တည်ရှိလိမ့်မည်။

သားဦးများ၏ ကောင်းချီးမင်္ဂလာများကို မွေ့လျော်နိုင်ခြင်းသည် လွယ်ကူသော အရာမဟုတ်သကဲ့သို့ သာမာန်လူတစ်ဦး စွမ်းဆောင်နိုင်သောအရာ တစ်စုံတစ်ခုလည်း မဟုတ်ပေ။ ငါ၏သားဦးများအပေါ်၌ တင်းကြပ်သော တောင်းဆိုချက်များကို ငါပြုလုပ်ရမည်ဖြစ်ကြောင်း ငါသည် နောက်တဖန် အလေးထားပြီး ပို၍အားမာန်ပါပါ ထပ်မံပြောကြားမည်။ သို့မဟုတ်လျှင် သူတို့သည် ငါ၏နာမကို ဘုန်းထင်ရှားစေနိုင်မည်မဟုတ်။

လောကဥ္စ သိက္ခာမဲ့သော မည်သူကိုမဆို ငါသည် ပြတ်ပြတ်သားသား ပယ်ချပြီး ကာမဂုဏ်လွန်ကျူးသောသူ မည်သူမဆိုကို ငါသည် သာ၍ပင် ပယ်ချသည် (ဘုရားသခင်၏ လူများဖြစ်လာဖို့ရန် သူတို့တွင်အကြောင်းမရှိ- ဤအရာကို အထူးသဖြင့် ငါအလေးထားသည်)။ အတိတ်က သင်ပြုခဲ့သောအရာသည် ပြီးဆုံးသွားကာ ပြီးပြတ်သည်ဟု မထင်နှင့်၊ ထိုကဲ့သို့ ကောင်းသောအရာတစ်ခု အဘယ်ကဲ့သို့ ရှိနိုင်မည်နည်း။ သားဦးအရာကို ရရှိရန် ဤမျှရိုးရှင်းမည်လော။ ထိုနည်းငှင်းပင် ငါ့ကို ဆန့်ကျင်သောသူ၊ ငါ၏ ဇာတိပကတိ၌ ငါ့ကိုအသိအမှတ်ပြုခြင်း မရှိသောသူ၊ ငါ၏အလိုတော်အတိုင်း လုပ်ဆောင်ရာတွင် ငါ့ကို ဝင်ရောက်စွက်ဖက်သောသူ၊ ငါ့ကို နှိပ်စက်ညှဉ်းဆဲသောသူ မည်သူကိုမဆို ငါသည် ပယ်ချ၏၊ ဤသည်မှာ ငါအလွန် ရက်စက်ကြောင်းပင် (အဘယ်ကြောင့်ဆိုသော် ငါ၏ တန်ခိုးကို ငါအပြည့်အဝ ပြန်ယူပြီး ဖြစ်သောကြောင့်ဖြစ်၏)။ နောက်ဆုံး၌ ထိုနည်းတူ ဘဝတွင် မည်သည့်အနှောင့်အယှက်များမှ မရှိဖူးသောသူ မည်သူကိုမဆို ငါပယ်ချသည်။ ငါ့နည်းတူ မိမိတို့၏ ဝေဒနာများမှ လွန်မြောက်လာသူများကို (၎င်းတို့သည် သေးငယ်သော ဝေဒနာများ ဖြစ်ကြလျှင်ပင်) ငါအလိုရှိသည်။ သို့မဟုတ်လျှင် သူတို့သည် ငါ ကန်ထုတ်မည့် အမျိုးအစားများ ဖြစ်ကြ၏။ ငါ့ရှေ့၌ သင့်ကိုယ်သင် ပြစားဝင့်ဝါလျှက် ငါ၏သားဦး ဖြစ်လိုခြင်းကြောင့် အရှက်တရားမဲ့ခြင်း မဖြစ်ကြနှင့်။ ငါထံမှ လျင်မြန်စွာ ထွက်သွားလော့။ သင်သည် ငါ၏ဝမ်းမြောက်ခြင်းကို ရရှိရန် ရှာဖွေရင်း အရေးမပါသောအရာများကို ငါ့အား ယခင်က ပြောခဲ့ပြီး ဖြစ်၏။ ဤအရာသည် မျက်စိကန်းခြင်း ဖြစ်သည်။ အသုံးမကျသော သူယုတ်၊ သင့်အား ငါမုန်းသည်ကို သင်မသိသလော။ သင်၏ ပုန်းရှိုးကွယ်ရှိုး စီးပွားရေးများကို ငါမသိဟု သင်ထင်သလော။ သင်သည် ထပ်ကာ ထပ်ကာ ဖုံးကွယ်ထား၏။ သင်သည် သင်၏ မကောင်းဆိုးဝါးမျက်နှာကို ပြခဲ့ပြီးဖြစ်သည်ကို သင်မသိသလော။ ၎င်းကို လူတို့ မမြင်ရသော်လည်း ငါမမြင်ရဟု သင်ထင်သလော။ ငါ့ကို အစေခံသောသူများသည် ကောင်းသောသူများ မဟုတ်ဘဲ သုံးမရသော သူယုတ်တစ်သိုက်သာ ဖြစ်ကြသည်။ ငါသည် သူတို့ကို ကိုင်တွယ်ဖြေရှင်းရမည်။ ငါသည် သူတို့ကို အနက်ဆုံးသော တွင်းထဲသို့ ပစ်ချကာ သူတို့ကို လောင်မြိုက်စေမည်။

သင်သည် ဘုရားမကြိုက်သော ဟန်အမူအရာတစ်ခုဖြင့် စကားပြောပြီး ယုံကြည်မှုသဒ္ဓါ ကင်းမဲ့စွာ ပြုမူဆောင်ရွက်ကာ အခြားသူများနှင့် ကောင်းမွန်သင့်တော်စွာ ပူးပေါင်းဆောင်ရွက်ခြင်းမရှိ၊ ထိုကဲ့သို့သောသူတစ်ယောက်သည် ရှင်ဘုရင်တစ်ပါး ဖြစ်ချင်နေသေးသည်။ သင်သည် အိပ်မက်မက်နေခြင်း မဟုတ်လော။ သင်သည် ထင်ယောင်ထင်မှား ဖြစ်နေခြင်း မဟုတ်လော။ သင်အဘယ်အရာဖြစ်သည်ကို

သင်မမြင်သလော။ သင်သည် သုံးမရသော သူယုတ်တစ်ဦး ဖြစ်သည်။ ထိုကဲ့သို့သောသူတစ်ယောက်အတွက် တစ်နည်းတစ်ဖုံ အသုံးဝင်စရာ ရှိသလော။ ငါ့မြင်ကွင်းမှ အမြန် ထွက်သွားလော့။ ငါ ရှင်းလင်းစွာ ပြောသောအရာကို လူတိုင်း နားလည်သင့်သည်၊ ငါ၏နှုတ်ကပတ်တော်များဖြင့် နှိုးကြွကာ၊ ငါ၏ အနန္တတန်ခိုးကို သိမှတ်လော့၊ ထို့အပြင် ငါ၏ ဉာဏ်ပညာကို သိလော့။ သန့်ရှင်းသော ဝိညာဉ်ခန္ဓာသည် ပေါ်ထွန်းခဲ့ပြီဖြစ်ကြောင်း မကြာခဏ ပြောခဲ့ပြီးဖြစ်သည်။ နောက်ဆုံးတွင် သန့်ရှင်းသော ဝိညာဉ်ခန္ဓာသည် ပေါ်ထွန်းခဲ့ပြီ သို့မဟုတ် မပေါ်ထွန်းသေးကြောင်း သင်တို့ပြောမည်လော။ ငါပြောသောအရာသည် အချည်းနှီးပြောဆိုခြင်းလော။ သန့်ရှင်းသော ဝိညာဉ်ခန္ဓာ ဆိုသည်မှာ အဘယ်နည်း။ မည်ကဲ့သို့သော အခြေအနေများ၌ သန့်ရှင်းသော ဝိညာဉ်ခန္ဓာ တည်ရှိသနည်း။ လူသားများအဖို့ ၎င်းသည် စိတ်ကူးတွေးကြည့်ရန် မတတ်နိုင်၊ ၎င်းကို သဘောမပေါက်နိုင်၊ နားမလည်နိုင်။ ငါသည် စင်းလုံးချောဖြစ်ပြီး ငါ့အထဲရှိ အားလုံးသည် ပွင့်လင်းကာ အရာအားလုံးသည် လွတ်ငြိမ်းခြင်းရှိသည်ဟု သင်တို့ကို ငါပြောမည် (အဘယ်ကြောင့်ဆိုသော် ငါသည် အမြော်အမြင်ရှိစွာ ပြုမူလုပ်ဆောင်ပြီး ငါသည် လွတ်လပ်စွာ ပြောကြားသောကြောင့်ဖြစ်၏)။ ငါ၏ လုပ်ဆောင်မှုများကြား၌ ရှက်ဖွယ်ရာ တစ်ခုမှမရှိဘဲ အရာခပ်သိမ်းသည် အလင်း၌ လုပ်ဆောင်သောကြောင့် လူတိုင်းသည် အကွင်းမဲ့ အခိုင်အမာ ယုံကြည်နိုင်ကြသည်။ ထို့အပြင် သူတို့အတွင်းရှိ တစ်စုံတစ်ခုကို ဖမ်းဆုပ်ကိုင်ပြီး ငါ့ကိုဆန့်ကျင်ရန် ၎င်းတို့ကို အသုံးပြုနိုင်သူ တစ်ယောက်မျှမရှိ။ ဤသည်မှာ “သန့်ရှင်းသော ဝိညာဉ်ခန္ဓာ” ပါ “သန့်ရှင်းသော” ကို ရှင်းလင်းချက်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ငါသည် ထိုကဲ့သို့သော ရှက်ဖွယ်အရာများကို လုပ်သောသူ မည်သူကိုမဆို ငါအလိုမရှိဟု ထပ်ကာ ထပ်ကာ အလေးပေးပြောခဲ့ခြင်းဖြစ်သည်။ ထိုအရာသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ အချက်တစ်ခုဖြစ်ပြီး ငါ၏စိတ်သဘောထား၏ အပိုင်းတစ်ခုလည်း ဖြစ်သည်။ “ဝိညာဉ်ခန္ဓာ”သည် ငါ၏မိန့်မြွက်ချက်များကို ရည်ညွှန်းသည်။ ငါပြောသောအရာသည် အစဉ်အမြဲ ရည်ရွယ်ချက်ရှိကာ အစဉ်အမြဲ ဉာဏ်ပညာရှိသည်။ သို့သော် ထိန်းချုပ်ဖို့ရန် အကြောင်းအရာ မဟုတ်ပေ။ (ငါပြောလိုသောအရာကို ငါပြောပြီး ထိုအရာမှာ ငါ၏ဝိညာဉ်တော်သည် ကိုယ်တော်၏အသံကို မိန့်မြွက်ခြင်းဖြစ်ပြီး ထိုအရာသည် ငါ၏ဇာတိအဖြစ်တော်က ပြောနေခြင်းဖြစ်သည်။) ငါပြောသောအရာသည် လွတ်လပ်စွာ လွှတ်လိုက်ပြီး ထိုအရာသည် လူတို့၏ အယူအဆများနှင့် မတိုက်ဆိုင်သောအခါ ၎င်းသည် လူတို့ကို ထုတ်ဖော်ရန် အချိန်ပင်ဖြစ်သည်။ ဤသည်မှာ ငါ၏ စည်းစနစ်တကျ စီစဉ်ခြင်းဖြစ်သည်။ ထို့ကြောင့် ငါတည်းဟူသော ဇာတိအဖြစ်တော် စကားပြောချိန် သို့မဟုတ် ပြုမူချိန်တိုင်း၌ ယင်းသည်

စာတန်၏ အနှစ်သာရကို မြင်သာအောင်ပြသည့် အခွင့်အရေးကောင်းတစ်ခု အစဉ်အမြဲ ဖြစ်သည်။ ငါတည်းဟူသော ဇာတိအဖြစ်တော် ဘိသိက်ခြင်း ခံရချိန်တွင် သန့်ရှင်းသော ဝိညာဉ်ခန္ဓာ ထွက်ပေါ်သည်။ အနာဂတ်ကာလတွင် “သန့်ရှင်းသော ဝိညာဉ်ခန္ဓာ”သည် ခန္ဓာကိုရည်ညွှန်းလိမ့်မည်ဖြစ်ပြီး ဤအဓိပ္ပာယ်တွင် ရှုထောင့်နှစ်မျိုးရှိ၏။ လက်ရှိတွင် အဓိပ္ပာယ် ရှုထောင့်တစ်ခုရှိပြီး အနာဂတ်တွင် အခြားသော အဓိပ္ပာယ် ရှုထောင့် ရှိသည်။ သို့သော် အနာဂတ်ကာလတွင် သန့်ရှင်းသော ဝိညာဉ်ခန္ဓာသည် လက်ရှိကာလနှင့် အလွန်တရာ ကွာခြားသွားမည်မှာ ကောင်းကင်နှင့် မြေကြီးအကြား ကွာခြားသကဲ့သို့ ဖြစ်လိမ့်မည်။ ၎င်းကို အဘယ်သူမျှ နားလည်သဘောပေါက်နိုင်မည် မဟုတ်ဘဲ ငါသည် ၎င်းကို သင်တို့ထံ ကိုယ်တိုင်ကိုယ်ကျ ထုတ်ဖော်ပြရလိမ့်မည် ဖြစ်သည်။

# အခန်း ၉၅

လူတို့သည် အရာရာကို အလွန့်အလွန် ရိုးရှင်းသည်ဟု စိတ်ကူးကြချိန်၌ အမှန်တွင် ထိုသို့မဟုတ်ပေ။ အရာရာအတွင်းတွင် ကွယ်ဝှက်ထားသော နက်နဲမှုများအပြင် ငါ၏ ဉာဏ်ပညာနှင့် ငါ၏ အစီအမံများလည်း ပါရှိ၏။ မည်သည့် အသေးစိတ်အချက်ကိုမျှ လျစ်လျူမရှုထားသကဲ့သို့၊ အရာအားလုံးကို ငါကိုယ်တိုင် စီစဉ်ထားခြင်း ဖြစ်သည်။ ငါ့ကို စစ်မှန်ရိုးသားစွာ မချစ်သောသူများ အပေါ်သို့ ကြီးမားသောတရားစီရင်ခြင်း နေ့ရက် ကျရောက်ပြီး (ကြီးမားသော တရားစီရင်ခြင်း နေ့ရက်သည် ဤအမည်နာမကို ရရှိသည့် လူတိုင်းအား ရည်ရွယ်ထားသည်ကို အမှတ်ရလော့) ၎င်းတို့အား ငိုကြွေးကာ အံသွားခဲကြိတ်စေသည်။ ဤမြည်တမ်းခြင်း အသံသည် မရဏာနိုင်ငံနှင့် ငရဲမှလာ၏။ ယင်းမှာ လူတို့၏ ငိုကြွေးမြည်တမ်းခြင်း မဟုတ်ဘဲ၊ မကောင်းဆိုးဝါးတို့၏ ငိုကြွေးမြည်တမ်းခြင်း ဖြစ်သည်။ ဤငိုကြွေးမြည်တမ်းခြင်းကို ယူဆောင်လာသည်မှာ၊ လူတို့အတွက် ငါ့စီမံခန့်ခွဲမှု အစီအစဉ်၏ နောက်ဆုံးကယ်တင်ခြင်းကို ယူဆောင်လာသည်မှာ ငါ၏ တရားစီရင်ခြင်း ဖြစ်သည်။ အချို့သောလူတို့အတွက် ငါသည် အချို့သော မျှော်လင့်ခြင်းများကို စွဲကိုင်ထားလေ့ရှိသည်။ သို့သော်လည်း၊ ယခုကြည့်ရာ၌ ဤသည်မှာ ငါ၏အမှု ရောက်ရှိသည့် အဆင့်ဖြစ်ပြီး ဤသည်မှာ အဘယ်သူမျှ မပြောင်းလဲနိုင်သော တစ်စုံတစ်ရာ ဖြစ်သည့်အတွက်၊ ငါသည် ဤလူများအား တစ်ဦးပြီးတစ်ဦး စွန့်ပစ်ရပေမည်။ ငါ၏သားဦးများ သို့မဟုတ် ငါ၏ လူများ မဟုတ်ကြသောသူများအားလုံးသည် စွန့်ပစ်ခံရမည်ဖြစ်ပြီး၊ ငါ့ထံမှ အဝေးသို့ ထွက်သွားရမည်။ တရုတ်ပြည်တွင်၊ ငါ၏ သားဦးများနှင့် ငါ၏ လူတို့မှလွဲ၍

အခြားသူအားလုံးတို့သည် အဆင်းနီသောနဂါးကြီး၏ သားသမီးဖြစ်ကြပြီး စွန့်ပစ်ခံရမည် ဖြစ်သည်ကို သင်တို့ နားလည်ရမည်။ အဆုံးတွင်တော့ တရုတ်ပြည်သည် ငါ၏ကျိန်ခြင်းခံရသော တိုင်းနိုင်ငံတစ်ခု ဖြစ်ပြီး၊ ထိုနေရာက အနည်းငယ်သော ငါ၏လူများသည် ငါ၏အနာဂတ်အမှုအတွက် အစေခံမှု ပေးသော သူတို့ထက် ဘာမျှမပိုသည်ကို၊ သင်တို့အားလုံး နားလည်ရမည်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင်၊ ငါ၏ သားဦးတို့မှလွဲ၍၊ အခြားမည်သူမျှ မရှိ— ၎င်းတို့သည် ပျက်စီးဆုံးရှုံးဖို့သာ ဖြစ်သည်။ ငါ၏ လုပ်ဆောင်မှုများ၌ ငါသည် အလွန် အစွန်းရောက်သည်ဟု မထင်နှင့်—ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်သည်။ ငါ၏ ကျိန်ခြင်းများကို ခံစားရသော သူများသည် ငါ၏အမုန်းတရားကို ခံရသူများ ဖြစ်ကြပြီး၊ ဤအရာသည် ခိုင်မာလွန်းလှ၏။ ငါသည် အမှားများကို ပြုလုပ်ခြင်း မရှိ။ အကယ်၍ ငါ့အား သဘောမကျစေသော သူတစ်ဦးကိုတွေ့လျှင် ငါသည် ၎င်းတို့ကို မောင်းထုတမည်။ ယင်းမှာ သင်သည် ငါ၏ ကျိန်ခြင်းခံရကာ အဆင်းနီသော နဂါးကြီး၏ သာစဉ်မြေးဆက်တစ်ဦးဖြစ်သည်ဆိုသည့် လုံလောက်သော သက်သေဖြစ်သည်။ သင့်အား နောက်တစ်ခါ ငါစွဲမှတ်စေမည်- တရုတ်ပြည်၌ (အစေခံခြင်းကို ပေးသော ငါ၏လူတို့အပြင်) ငါ၏ သားဦးများသာ ရှိပြီး၊ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်သည်။ သို့သော်လည်း ငါ၏ သားဦးများသည် အလွန်နည်းပါးပြီး၊ အားလုံးသည် ငါ၏ ကြိုတင်ခွဲခန့်မှတ်သားခြင်းခံရပြီး ဖြစ်သည်- ငါလုပ်ဆောင်သည်မှာ မည်သည့်အရာဖြစ်သည်ကို ငါသိသည်။ ငါသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များရှိပြီး ငါ၏ ဒေါသအမျက်ရှိသည့်အတွက်၊ ငါသည် သင်၏ အပျက်သဘောဆောင်မှုကို မကြောက်ရွံ့သကဲ့သို့ သင်သည် ပြန်လှည့်ကာ ငါ့အား ကိုက်မည်ကို ငါ မကြောက်ရွံ့ပေ။ ဆိုလိုသည်မှာ၊ ငါသည် ကြီးမားသော ကပ်ဘေးများကို ငါ၏လက်၌ ကိုင်စွဲထားပြီး အရာခပ်သိမ်းကို စွမ်းဆောင်ရရှိနှင့်သည်ဟု ငါ မှတ်ယူသည်နှင့်အမျှ ငါသည် အဘယ်အရာကိုမှ မကြောက်သကဲ့သို့၊ ထိုနေ့ရက်ရောက်လာသော အချိန်တွင် ငါသည် သင်ကို လုံးလုံးလျားလျား ကိုင်တွယ်ဖြေရှင်းမည်။ တစ်ဦးတစ်ယောက်သည် လူအားဖြင့် ငါ၏ သားဦး ဖြစ်လာခြင်းအဖြစ်သို့ စုံလင်စေခြင်းမခံရနိုင် သို့မဟုတ် တည်ဆောက်ခြင်းမခံရနိုင်ပေ- ဤကိစ္စရပ်သည် ငါ၏ ကြိုတင်ခွဲခန့်မှတ်သားခြင်းအပေါ်တွင် လုံး၀ တည်ပေသည်။ သားဦးဟု ငါပြောသောသူ မည်သူမဆိုသည် သားဦးဖြစ်၏။ ယင်းအတွက် ပြိုင်ဆိုင်ရန် သို့မဟုတ် ယင်းကို လုယူရန် မကြိုးစားနှင့်။ အရာခပ်သိမ်းသည် အနန္တတန်ခိုးရှင် ဘုရားသခင် ကိုယ်တိုင်ဖြစ်သော ငါ့အပေါ်တွင် တည်သည်။

တစ်နေ့တွင် ငါသည် သင်တို့အားလုံးအား ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များက

အဘယ်အရာ ဖြစ်သည်ဆိုသည်နှင့် ငါ၏ အမျက်ဒေါသက အဘယ်အရာဖြစ်သည်ဆိုသည်ကို တွေ့မြင်ခွင့်ပေးမည်။ (အားလုံးတို့သည် ငါ့ကို ဒူးထောက်ကြရလိမ့်မည်၊ အားလုံးသည် ငါ့ကို ကိုးကွယ်ကြလိမ့်မည်၊ အားလုံးသည် ခွင့်လွှတ်ခြင်းအတွက် ငါ့အား တောင်းခံကြလိမ့်မည် ဖြစ်ပြီး အားလုံးသည် နာခံခြင်းဖြင့် လိုက်နာစောင့်ထိန်းကြလိမ့်မည်။ ယခုတွင် ငါသည် ငါ၏ သားဦးများကိုသာ ထိုအရာ၏ တစိတ်တဒေသကို မြင်ခွင့်ပေးသည်)။ ငါသည် ငါ၏သားဦးတို့အား စုံလင်စေဖို့အလို့ငှာ များစွာသောသူတို့ကို (ငါ၏သားဦးများမှ လွဲ၍ အယောက်တိုင်းကို) စတေးရန် ရွေးချယ်ပြီးဖြစ်ကြောင်း၊ ငါသည် အဆင်းနီသော နဂါးကြီးအား ၎င်းကိုယ်တိုင်၏ ကောက်ကျစ်သော အကြံအစည်၌ အဖမ်းစားခံရစေပြီးဖြစ်ကြောင်းကို အဆင်းနီသော နဂါးကြီး၏ သားသမီးအားလုံးအား တွေ့မြင်စေမည်။ (ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၌ အဆင်းနီသော နဂါးကြီးသည် ငါ၏ စီမံခန့်ခွဲခြင်း အစီအစဉ်အား နှောင့်ယှက်ဖို့ရန်—ငါ၏သားဦးများမှလွဲ၍ အယောက်တိုင်းဖြစ်သော- ငါ့အတွက် အစေခံခြင်းကို ပေးသောများအား စေလွှတ်လိုက်လေ၏။ သို့သော်လည်း ၎င်းသည် ၎င်းကိုယ်တိုင်၏ ကောက်ကျစ်သော အစီအစဉ်တွင် အဖမ်းစားခံရပြီးဖြစ်ကာ ငါ၏အမှုအဖို့ သူတို့အားလုံးသည် အစေခံခြင်းကို ပေးကြလေသည်။ ဤသည်မှာ ငါ့အတွက် အစေခံမှုပေးရန် အားလုံးကို ငါ၏ ဆော်ဩစည်းရုံးခြင်းနှင့်ဆိုင်သော စစ်မှန်သော အဓိပ္ပါယ်၏ တစိတ်တဒေသ ဖြစ်သည်။) ယနေ့တွင် အရာအားလုံးကို စွမ်းဆောင်ရရှိပြီးချိန်တွင်၊ ငါသည် ၎င်းတို့အားလုံးကို ရှင်းထုတ်ပစ်မည်၊ ငါ၏ ခြေအောက်၌ ၎င်းတို့အား နင်းခြေပြီး၊ ဤအရာမှတဆင့် ငါသည် အဆင်းနီသော နဂါးကြီးအား အရှက်ခွဲမည် ဖြစ်ပြီး ၎င်းအား လုံး၀ အရှက်ရစေမည် (၎င်းတို့သည် ကောင်းချီးမင်္ဂလာများရရှိဖို့ ၎င်းတို့၏ နည်းလမ်းကို ထွင်ရန် ကြိုးပမ်းကြသော်လည်း၊ ငါ့အတွက် အစေခံမှု ပေးရမည်ဟု အဘယ်သောအခါမျှ ၎င်းတို့ မတွေးခဲ့ကြပေ)—ဤသည်မှာ ငါ၏ ဉာဏ်ပညာ ဖြစ်သည်။ ဤအရာကို ကြားခြင်းဖြင့်၊ လူတို့က ငါသည် ခံစားချက်များ သို့မဟုတ် သနားကရုဏာမရှိသကဲ့သို့၊ ငါသည် လူ့သဘာ၀မရှိဟု ထင်ကြသည်။ ငါသည် ဧကန်အမှန် စာတန်အပေါ် ခံစားမှုများ သို့မဟုတ် သနားကရုဏာမရှိပေ၊ ထို့အပြင် ငါသည် လူ့သဘာ၀ကိုကျော်လွန်သော ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်။ ငါသည် လူ့သဘာ၀ရှိသည့် ဘုရားသခင် ဖြစ်သည်ဟု သင်သည် အဘယ်သို့ပြောနိုင်သနည်း။ ငါသည် ကမ္ဘာလောကနှင့် မသက်ဆိုင်သည်ကို သင်မသိသလော။ ငါသည် အရာခပ်သိမ်းတို့အထက်တွင် ရှိသည်ကို သင်မသိသလော။ ငါ၏ သားဦးများမှလွဲ၍၊ ငါနှင့်တူသောသူ တစ်ဦးမျှမရှိ၊ ငါ၏ စိတ်သဘောထား (လူသားမဟုတ်ဘဲ ဘုရဖြစ်သည့် စိတ်သဘောထားတစ်ခု) ရှိသောသူ တစ်ဦးမျှမရှိသကဲ့သို့၊ ငါ၏ အရည်အသွေးများကို

ပိုင်ဆိုင်သောသူ တစ်ဦးမျှ မရှိပေ။

ဝိညာဉ်လောက၏ တံခါးပွင့်သွားချိန်၌၊ သင်တို့အား လွပ်လပ်သော နယ်ပယ်သို့ လုံးဝ ဝင်ရောက်နိုင်စေရင်း၊ ငါ၏ ချစ်ခင်သော ပွေ့ဖက်ခြင်းထဲသို့ ဝင်ရောက်နိုင်စေရင်း၊ ငါ၏ ထာဝရကောင်းချီးမင်္ဂလာများထဲသို့ ဝင်ရောက်နိုင်စေရင်း၊ နက်နဲသောအရာအားလုံးကို သင်တို့ မြင်ရကြလိမ့်မည်။ ငါ၏ လက်များသည် လူသားမျိုးနွယ်အား အစဉ် ထောက်ပံ့ပေးပြီးဖြစ်သည်။ သို့သော် ငါကယ်တင်မည့် လူသားမျိုးနွယ်၏ တစ်စိတ်တစ်ဒေသရှိပြီး၊ ငါမကယ်တင်မည့် တစ်စိတ်တစ်ဒေသ ရှိသည်။ (ငါ၏ ထောက်ပံ့ခြင်းမရှိဘဲနှင့် လောကတစ်ခုလုံးသည် မရဏာနိုင်ငံထဲသို့ အချိန်ကြာမြင့်စွာက ကျဆင်းပြီးဖြစ်မည်ဖြစ်သောကြောင့် "ထောက်ပံ့သည်" ဟု ငါ ဆိုပေသည်။) ဤအရာကို နားလည်လော့။ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်ဖြစ်သည်။ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်ဆိုသည်မှာ အဘယ်နည်း။ ငါသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သော်လည်း လူတစ်ဦးစီတိုင်းအား ရယူဖို့ရန် ငါသည် ဘယ်သောအခါမှ မစီစဉ်ခဲ့၊ လူသားမျိုးနွယ်၏ အနည်းငယ်သော အစိတ်အပိုင်းတစ်ခုကိုသာ ရယူရန် ဖြစ်သည်။ သို့ဆိုလျှင် ငါသည် အဘယ်ကြောင့် များစွာသော လူတို့ကို ဖန်ဆင်းခဲ့သနည်း။ ငါနှင့်ဆိုလျှင်၊ အားလုံးသည် လွတ်လပ်မှုနှင့် လွတ်မြောက်မှုဖြစ်ပြီး၊ ငါ ဆန္ဒရှိသည့်အရာ မည်သည့်အရာကိုမဆို ငါလုပ်ဆောင်သည်ဟု ယခင်က ငါ ပြောပြီး ဖြစ်သည်။ လူသားမျိုးနွယ်ကို ငါ ဖန်ဆင်းခဲ့ချိန်တွင်၊ ယင်းမှာ ၎င်းတို့သည် ပုံမှန်အသက်တာတစ်ခုကို အသက်ရှင်နိုင်ပြီးနောက် ငါ၏ သားဦးများ၊ ငါ၏သားများနှင့် ငါ၏လူများ ဖြစ်နိုင်မည့် လူသားမျိုးနွယ်၏ သေးငယ်သော အစိတ်အပိုင်းတစ်ခု ထွက်ပေါ်နိုင်စေဖို့အလို့ငှာသာ ဖြစ်ခဲ့သည်။ ယင်းကို—ငါ၏ သားဦးများ၊ ငါ၏လူများ နှင့် ငါ၏ သားများ တို့မှလွဲ၍— အားလုံးသော လူများ၊ အဖြစ်အပျက်များ၊ နှင့် အရာဝတ္ထုများသည် အစေခံသူများသာ ဖြစ်ကြပြီး၊ အားလုံး ဆုံးရှုံးပျက်စီးရမည်ဟု ပြော၍ရသည်။ ဤနည်းဖြင့်၊ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ် တစ်ခုလုံး ပြီးဆုံးလိမ့်မည်။ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်၊ ငါ၏ အမှုနှင့် ငါ ဆောင်ရွက်သည့် အဆင့်များ ဖြစ်သည်။ အရာရာ ပြီးဆုံးသွားသော အချိန်တွင် ငါသည် လုံးဝ အနားယူလိမ့်မည်။ ထိုအချိန်တွင်၊ အရာရာသည် အဆင်ပြေလိမ့်မည်။ အရာရာသည် ငြိမ်သက်ခြင်းနှင့် လုံခြုံစိတ်ချရခြင်း ရှိလိမ့်မည်။

ငါ့အမှု၏ အရှိန်အဟုန်သည် အလွန် မြန်ဆန်လွန်းသည်မှာ လူသား စိတ်ကူးစိတ်သန်းကို ကျော်လွန်လေသည်။ ယင်းသည် တနေ့တခြား ပြောင်းလဲပြီး၊ အမှီမလိုက်နိုင်သော မည်သူမဆို ဆုံးရှုံးခြင်းကို ခံစားရလိမ့်မည်။ (ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များအပြင်၊ ငါ

မိတ်သဟာယပြုသည့် ရူပါရုံနှင့် သမ္မာတရားတွင် အဘယ်သောအခါမျှ ပြောင်းလဲမှုတစ်ခုတစ်လေ မရှိသော်လည်း) အသစ်သော အလင်းကို နေ့တိုင်း မည်သူမျှ ခိုင်မာစွာ ဆုပ်ကိုင်နိုင်ခြင်း မရှိ။ ငါသည် အဘယ့်ကြောင့် နေ့တိုင်း စကားပြောသနည်း။ ငါသည် အဘယ့်ကြောင့် သင့်အား စဉ်ဆက်မပြတ် အသိဉာဏ်ပွင့်လင်းစေသနည်း။ အတွင်းရှိ အဓိပ္ပါယ်အစစ်အမှန်ကို သင်နားလည်သလော။ လူအများစုသည် ယခု ရယ်မောနေကြပြီး နောက်ပြောင်နေကြဆဲဖြစ်ကာ အလေးအနက် မဖြစ်နိုင်ကြချေ။ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များအား တကယ်ကို မည်သို့မျှ အာရုံမစိုက်ကြသော်လည်း ယင်းတို့ကို ၎င်းတို့ကြားသောအချိန်တွင် တစ်ဒင်္ဂမျှဖြစ်သော စိုးရိမ်ကြောင့်ကြမှုကိုသာ ခံစားကြရသည်။ နောက်ပိုင်းတွင်၊ ငါ၏ နှုတ်ကပတ်တော်များသည် မကြာမီ မေ့လျော့ခြင်းခံရပြီး ၎င်းတို့သည် မကြာမီ ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာကို မသိကြသကဲ့သို့ သတိမမူဘဲ ဖြစ်လာကြသည်။ သင်၏ အဆင့်အတန်းက မည်သည့်အရာ ဖြစ်သည်ကို သင် သိပါသလော။ တစ်စုံတစ်ဦးသည် ငါ့အတွက် အစေခံမှု ပေးသည် မပေးသည် သို့မဟုတ် ငါ့အားဖြင့် ကြိုတင်ခွဲခန့်ခြင်းခံရကာ ရွေးကောက်ခံရခြင်း ရှိမရှိဆိုသည်ကို ငါ၏ လက်များဖြင့်သာ စီမံထားခြင်းဖြစ်သည်။ ဤအရာကို အဘယ်သူမျှ ပြောင်းလဲ၍မရနိုင်—ငါသည် ဤအရာကို ကိုယ်တိုင် လုပ်ဆောင်ရမည်၊ ၎င်းတို့ကို ငါကိုယ်တိုင် ရွေးချယ်ကာ ကြိုတင်ခွဲခန့်မှတ်သားရမည်။ ငါသည် ဉာဏ်အမြော်အမြင်မရှိသော ဘုရားသခင်ဖြစ်သည်ဟု အဘယ်သူ ဆိုဝံ့သနည်း။ ငါပြောသော စကားတိုင်းနှင့် ငါလုပ်သော အရာတိုင်းသည် ငါ၏ ဉာဏ်ပညာ ဖြစ်ကြသည်။ အဘယ်သူသည် ငါ၏ စီမံခန့်ခွဲမှုကို နောက်တစ်ဖန် နှောင့်ယှက်ဝံ့သနည်း သို့မဟုတ် ငါ၏ အစီအစဉ်များကို ဖျက်စီးဝံ့သနည်း။ ၎င်းတို့ကို ငါ သေချာပေါက် ခွင့်လွှတ်လိမ့်မည် မဟုတ်။ အချိန်သည် ငါ၏ လက်များထဲ၌ တည်ရှိပြီး ငါသည် နှောင့်နှေးမှုကို ပူပင်ခြင်းမရှိ။ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ် ပြီးဆုံးမည့် အချိန်ကို ဆုံးဖြတ်သောသူသည် ငါမဟုတ်လော။ အားလုံးသည် ငါ၏ အတွေးတစ်ခုတည်းအပေါ်တွင် တည်သည် မဟုတ်သလော။ ထိုအရာ ပြီးစီးပြီ ဟု ငါပြောသောအခါ ပြီးစီးပြီး၊ ထိုအရာ အဆုံးသတ်သည်ဟု ငါပြောသောအခါ အဆုံးသတ်လေသည်။ ငါသည် အဆောတလျှင် မဖြစ်သကဲ့သို့၊ သင့်တင့်လျောက်ပတ်သော အစီအစဉ်များကို ငါပြုရမည်။ လူတို့သည် ငါ၏အမှုအထဲသို့ ကိုယ်နှင့်မဆိုင်သည်ကို ဝင်စွက်ဖက်ရမည်မဟုတ်သကဲ့သို့ ငါ့အတွက် အမှုအရာများကို ၎င်းတို့ နှစ်သက်သည်အတိုင်း မလုပ်ဆောင်ရ။ ကိုယ်နှင့်မဆိုင်သည်ကို ဝင်စွက်ဖက်သောသူ မည်သူမဆိုအား ငါသည် ကျိန်၏—ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များထဲမှ တစ်ခုဖြစ်သည်။ ငါကိုယ်တိုင်သည် ငါ၏ အမှုကို လုပ်ဆောင်ပြီး၊ အခြားမည်သူကိုမျှ ငါ မလိုအပ် (အစေခံသူများအား

ဆောင်ရွက်ခွင့် ငါပေး၏၊ သို့မဟုတ်လျှင် ၎င်းတို့သည် မဆင်မခြင် သို့မဟုတ် ကျိုးကြောင်းမမြင်ဘဲ လုပ်ဆောင်ဝံ့ကြမည်မဟုတ်)။ ငါသည် တစ်ပါးတည်းသော ဘုရားသခင်ကိုယ်တိုင် ဖြစ်သည့်အတွက်၊ အမှုအားလုံးကို ငါ စီစဉ်ထားခြင်းဖြစ်ပြီး ငါ ဆုံးဖြတ်ထားခြင်း ဖြစ်သည်။

လောက၏ တိုင်းနိုင်ငံအားလုံးတို့သည် အာဏာ၊ အမြတ်အစွန်းတို့အတွက် အချင်းချင်း ယှဉ်ပြိုင်နေကြပြီး၊ မြေများအတွက် တိုက်ခိုက်နေကြသော်လည်း ဤအရာအားလုံးတို့သည် ငါ၏ အစေခံမှုတွင် ရှိသည့်အတွက်၊ အထိတ်တလန့် မဖြစ်နှင့်။ ယင်းတို့သည် ငါ၏ အစေခံမှု၌ ရှိသည်ဟု အဘယ့်ကြောင့် ငါပြောသနည်း။ ငါသည် အမှုအရာများကို အနည်းငယ်မျှ အားစိုက်ထုတ်ခြင်း မရှိဘဲ လုပ်ဆောင်သည်။ စာတန်အား တရားစီရင်ဖို့ရန်၊ ငါသည် ပထမဦးစွာ ၎င်းတို့ကိုယ်တိုင်ကြားတွင် အငြင်းပွားမှု ဖြစ်စေပြီး၊ အဆုံး၌ ၎င်းတို့အား ပျက်စီးခြင်းသို့ ဆောင်ကြဉ်းကာ၊ ၎င်းတို့၏ ကိုယ်ပိုင်ကောက်ကျစ်သောအကြံအစည်များထဲသို့ အဖမ်းစားခံရစေသည် (၎င်းတို့သည် အာဏာအတွက် ငါနှင့် ယှဉ်ပြိုင်ဖို့ရန် ဆန္ဒရှိကြသော်လည်း၊ ငါ့အတွက် အစေခံမှု ပေးခြင်းဖြင့် အဆုံးသတ်ကြရသည်)။ ငါသည် စကားပြောကာ ငါ၏အမိန့်များကို ပေးရုံသာ ပေးပြီး၊ အယောက်တိုင်းသည် လုပ်ဆောင်ရန် ငါပြောသောအရာကို လုပ်ဆောင်ကြ၏၊ သို့မဟုတ်လျှင် ငါသည် သင့်အား ချက်ချင်း ဖျက်ဆီးပစ်လိမ့်မည်ဖြစ်သည်။ ငါသည် အရာခပ်သိမ်းကို ကွပ်ကဲအုပ်ချုပ်သကဲ့သို့၊ အရာခပ်သိမ်းကို ငါ စီမံသည့်အတွက်၊ ဤအရာများသည် ငါ၏ တရားစီရင်ခြင်း တစိတ်တဒေသသာ ဖြစ်ကြ၏။ တစ်ခုတစ်လေကို လုပ်ဆောင်သောသူ မည်သူမဆိုသည် ဆန္ဒအလျောက်လုပ်ဆောင်ကြသည်၊ ငါ၏ ကိုယ်ပိုင် အစီအစဉ်အားဖြင့် ထိုသို့လုပ်ဆောင်ခြင်းဖြစ်သည်။ မကြာမီ ကျရောက်မည့် ဖြစ်ရပ်များ၌ သင်တို့သည် ငါ၏ ဉာဏ်ပညာနှင့် ပြည့်နိုင်ဖို့ ငါ မျှော်လင့်သည်။ မဆင်မခြင် ချဉ်းကပ်မှု မပြုဘဲ၊ အမှုအရာများ သင့်အပေါ် ကျရောက်သောအခါ ငါ့ထံ မကြာခဏ တိုးဝင်ချဉ်းကပ်လော့။ ငါ၏ ပြစ်တင်ဆုံးမခြင်းအား ပုန်ကန်ပြစ်မှားခြင်းကို ရှောင်ရှားဖို့ရန်နှင့် စာတန်၏ ကောက်ကျစ်သော အကြံအစည်များထဲသို့ အဖမ်းစားခံရခြင်းကို ရှောင်ရှားရန် အခြေအနေအားလုံးတွင် သာ၍ဂရုစိုက်ကာ သတိထားလော့။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များမှ ထိုးထွင်းအမြင်များ ရရှိသင့်သည်၊ ငါဘယ်အရာ ဖြစ်သည်ကို သိသင့်ပြီး၊ ငါရှိသောအရာကို တွေ့မြင်သင့်သည်။ သင်သည် ငါ၏ အဓိပ္ပါယ်ပြည့်ဝသော အသွင်များဖြင့် အမှုအရာများကို လုပ်ဆောင်ရမည်ဖြစ်ပြီး၊ မဆင်မခြင် မပြုမူရ။ ငါလုပ်ဆောင်သည့်အရာကို လုပ်ပြီး ငါပြောသည့်အရာကို ပြောလော့။ သင်သည် အမှားများ ပြုလုပ်ခြင်းကို ရှောင်ရှားနိုင်ပြီး စုံစမ်းနှောင့်ယှက်ခံရခြင်းကို ရှောင်ရှားနိုင်ဖို့အလို့ငှာ ငါသည်

ဤအရာများကို သင်တို့အား ကြိုတင်ပြောခြင်း ဖြစ်သည်။ “ငါ၏ဖြစ်တည်ခြင်း”နှင့် “ငါ၏ပိုင်ဆိုင်မှုများ”မှာ အဘယ်အရာများ ဖြစ်သနည်း။ သင်တို့ အမှန်တကယ် သိသလော။ ငါခံစားရသော ဝေဒနာသည် ငါ၏ သာမန် လူ့သဘာဝ၏ တစ်စိတ်တစ်ပိုင်းဖြစ်သကဲ့သို့၊ ငါ၏ဖြစ်တည်ခြင်း တစ်စိတ်တစ်ဒေသဖြစ်ပြီး၊ ငါ၏ ဖြစ်တည်ခြင်းကို ငါ၏စုံလင်သော ဘုရားသဘာဝ၌လည်း ရှာတွေ့နိုင်သည်—ဤအရာကို သင်တို့ သိကြသလော။ ငါ၏ဖြစ်တည်ခြင်းကို သွင်ပြင်လက္ခဏာနှစ်ခုဖြင့် ဖန်တီးထားသည်- တစ်ခုသော သွင်ပြင်လက္ခဏာမှာ ငါ၏ လူသဘာဝနှင့်သက်ဆိုင်သော်လည်း၊ အခြားသောအရာမှာ ငါ၏ စုံလင်သော ဘုရားသဘာဝနှင့် သက်ဆိုင်ပေသည်။ ဤသွင်ပြင်လက္ခဏာနှစ်ခု အတူတကွပေါင်းစည်းခြင်းကသာ စုံလင်သော ဘုရားသခင်ကိုယ်တိုင် ဖြစ်စေသည်။ ငါ၏ စုံလင်သော ဘုရားသဘာဝ ဖြစ်သည့်အရာတွင် ကောင်းသောအရာများစွာလည်း ပါဝင်သည်- ငါသည် မည်သည့် လူ၊ ကိစ္စရပ်၊ သို့မဟုတ် အမှုအရာမျှ၏ ချုပ်ထိန်းခြင်းကို မခံရပေ။ ငါသည် ပတ်ဝန်းကျင်အားလုံးကို ကျော်လွန်သည်။ ငါသည် အချိန် သို့မဟုတ် နေရာ သို့မဟုတ် ပထဝီ၏ မည်သည့်ထိန်းချုပ်ခြင်းကိုမဆို ကျော်လွန်သည်။ ငါသည် လူအားလုံး၊ ကိစ္စရပ်များနှင့် အမှုအရာများအားလုံးကို အမှန်တကယ် အလွန်ကောင်းစွာ သိသည်။ သို့သော် ငါသည် အသွေးအသားနှင့် အရိုးများ ဖြစ်နေဆဲဖြစ်ကာ၊ လက်ဆုပ်လက်ကိုင်ပြ၍ရသော ပုံစံတစ်ခုတွင် တည်ရှိဆဲ ဖြစ်သည်။ ငါသည် လူတို့၏ အမြင်များတွင် ဤလူ ဖြစ်နေဆဲဖြစ်သော်လည်း သဘာဝသည် ပြောင်းလဲပြီးဖြစ်သည်- ယင်းသည် အသွေးအသားမဟုတ်ဘဲ၊ ခန္ဓာကိုယ်ဖြစ်သည်။ ဤအရာများသည် ယင်း၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ ငါ၏ သားဦးများသည်လည်း အနာဂတ်တွင် ဤကဲ့သို့ ဖြစ်လိမ့်မည်။ ဤသည်မှာ နင်းလျှောက်ရမည့်လမ်းဖြစ်ပြီး ပျက်စီးကိန်းကြုံသောသူတို့သည် မလွတ်မြောက်နိုင်။ ဤအရာကို ငါလုပ်ဆောင်နေစဉ်တွင်၊ ကြိုတင်ခွဲခန့်မှတ်သားခြင်းမခံရသော သူအားလုံးသည် နှင်ထုတ်ခံရကြလိမ့်မည် (ဤသည်မှာ ငါ၏နှုတ်ကပတ်တော်များ မှန်ကန်မှု ရှိ မရှိဆိုသည်ကို ကြည့်ဖို့ ငါ့ကို စာတန်၏ စစ်ဆေးခြင်းဖြစ်သည့်အတွက် ဖြစ်သည်)။ ကြိုတင်ခွဲခန့်မှတ်သားခြင်းခံရသော သူတို့သည် ၎င်းတို့ ဘယ်အရပ်သို့ သွားသည်ဖြစ်စေ ယင်းကို မလွတ်မြောက်နိုင်ကြသကဲ့သို့၊ ထိုသို့ဖြင့် သင်တို့သည် ငါ၏ ဤလုပ်ဆောင်ချက် နောက်ကွယ်ရှိ အခြေခံသဘောတရားများကို မြင်ရကြလိမ့်မည်။ “ငါ၏ ပိုင်ဆိုင်မှုများ”သည် ငါ၏ ဉာဏ်ပညာ၊ ငါ၏ အသိပညာ၊ ငါ၏ ကြံရည်ဖန်ရည်ရှိခြင်းနှင့် ငါပြောသော နှုတ်ကပတ်တော်တိုင်းကို ရည်ညွှန်း၏။ ငါ၏ လူ့သဘာဝနှင့် ငါ၏ ဘုရားသဘာဝ နှစ်ခုလုံးက ယင်းကို ပိုင်ဆိုင်သည်။ ဆိုလိုသည်မှာ၊ ငါလူ့သဘာဝအားဖြင့် လုပ်ဆောင်သည့်အရာအပြင်

ငါ၏ ဘုရားသဘာဝဖြင့် လုပ်ဆောင်သည့် အရာအားလုံးတို့သည် ငါ၏ ပိုင်ဆိုင်မှုများ ဖြစ်သည်။ မည်သူမျှ ဤအရာများကို ယူဆောင်မသွားနိုင်သကဲ့သို့ ယင်းတို့ကို မဖယ်ရှားနိုင်ပေ။ ယင်းတို့သည် ငါ၏ ပိုင်ဆိုင်မှုများတွင် ရှိပြီး အဘယ်သူမျှ မပြောင်းလဲနိုင်ပေ။ ဤသည်မှာ ငါ၏ အပြင်းထန်ဆုံးသော စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်ကာ (လူသား၏ အယူအဆများတွင်၊ ငါလုပ်ဆောင်သော အရာများစွာသည် ၎င်းတို့၏ အယူအဆများနှင့် ကိုက်ညီမှုမရှိသကဲ့သို့၊ လူသား သိနားလည်မှုကို ကျော်လွန်ပေသည့်အတွက်၊ ဤသည်မှာ လူတစ်ဦးစီတိုင်းက အလွယ်ကူဆုံး ပုန်ကန်ပြစ်မှားတတ်သော အမိန့်ဖြစ်ပြီး ယင်းသည် အပြင်းထန်ဆုံးလည်း ဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့၏ အသက်တာများသည် ဤတွင် ဆုံးရှုံးမှုကို ခံစား ရသည်)။ တစ်ဖန် ငါထပ်ပြောမည်၊ လုပ်ဆောင်ရန် သင်တို့ကို ငါ တိုက်တွန်းသည့်အရာကို သင်တို့သည် တာဝန်ကျေပွန်သော ချဉ်းကပ်ခြင်းတစ်ခု ပြုလုပ်ရမည်- သင်သည် သတိမမူခြင်း မဖြစ်ရ။

# အခန်း ၉၆

ငါ၏အမျက်ဒေါသ၊ ငါ၏ ကြီးမားသောတန်ခိုးနှင့် ငါ၏ ပြည့်ဝသော ဉာဏ်ပညာတို့ကို ထင်ရှားစေရန်အတွက် ငါ့ထံမှ မွေးဖွားသော်လည်း၊ ငါ့အား မသိသောသူတိုင်းအား ငါ ပြစ်တင်ဆုံးမမည်။ ငါ၌ အရာအားလုံးသည် ဖြောင့်မတ်ပြီး မဖြောင့်မတ်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ကောက်ကျစ်ခြင်း လုံးဝမရှိပေ။ ကောက်ကျစ်စဉ်းလဲသောသူ မည်သူမဆို မရဏနိုင်ငံတွင် မွေးဖွားသည့် ငရဲသားပင်ဖြစ် ရမည်။ ငါ၌ အရာရာတိုင်းသည် ဖုံးကွယ်ခြင်း မရှိ၊ ပြီးမြောက်မည်ဟု ငါဆိုသမျှသည် ပြီးမြောက်ရမည်။ တည်မြဲမည်ဟု ငါဆိုသမျှသည် တည်မြဲမည်ဖြစ်ပြီး၊ မည်သူမျှ ဤအရာများကို ပြောင်းလဲခြင်း သို့မဟုတ် အတုယူခြင်း မပြုလုပ်နိုင်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် တစ်ဆူတည်းသော ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သောကြောင့်ဖြစ်သည်။ ဖြစ်လာလတ္တံ့သော အရာ၌၊ ငါခွဲခန့်မှတ်သား၍ ရွေးချယ်ထားသော သားဦးများ၏ အုပ်စုထဲတွင် ရှိသောသူတိုင်းအား တစ်ဦးပြီးတစ်ဦး ထုတ်ဖော်ခြင်း ခံရလိမ့်မည်ဖြစ်ပြီး၊ သားဦးများ၏ အုပ်စုထဲတွင် မရှိသောသူတိုင်းကို ဤအရာအားဖြင့် ငါသုတ်သင်ဖယ်ရှင်းမည်။ ဤသည်မှာ ငါ၏အမှုကို ငါမည်သို့ လုပ်ဆောင်ပြီးမြောက်စေပုံ ဖြစ်သည်။ ယခုအချိန်၌ ငါ၏သားဦးများက ငါ၏ အံ့ဩဖွယ်လုပ်ဆောင်ချက်များကို မြင်နိုင်ရန်အလို့ငှာသာလျှင် လူအချို့ကို ဖော်ထုတ်ပြထားသည်၊ သို့သော် နောက်ပိုင်းတွင် ဤနည်းလမ်းဖြင့် လုပ်ဆောင်တော့မည် မဟုတ်ပေ။ ထို့ထက် တစ်ဦးပြီးတစ်ဦး ၎င်းတို့၏ သဘာဝဗီဇ အမှန်များကို

ပြသခွင့်ပေးခြင်းအစား ယေဘုယျအခြေအနေမှနေ၍ ငါ ဆက်လက် လုပ်ဆောင်မည် (အဘယ့်ကြောင့်ဆိုသော် မကောင်းဆိုးဝါးများ အားလုံးသည် အခြေခံအားဖြင့် တူညီကြသဖြင့် ဥပမာအဖြစ် ဖော်ပြရန်အတွက် အနည်းငယ်ကို ရွေးချယ်ရန် လုံလောက်သည်)။ ငါ၏ သားဦးများအားလုံးသည် ၎င်းတို့၏ စိတ်နှလုံးထဲတွင် ရှင်းလင်းကြပြီး ငါ့အနေဖြင့် အသေးစိတ် ဖော်ပြရှင်းလင်းရန် မလိုပေ။ (အဘယ့်ကြောင့်ဆိုသော် ချိန်းချက်ထားသော အချိန်ကာလ၌ ၎င်းတို့သည် တစ်ဦးပြီးတစ်ဦး ထုတ်ဖော်ခြင်းကို ခံရမည်ဖြစ်သောကြောင့် ဖြစ်၏။)

ငါ၏ကတိများကို တည်ရန်မှာ ငါ၏ စိတ်သဘောထား ဖြစ်ပြီး ငါ၌ မည်သည့်အရာမှ ဖုံးကွယ်ထားခြင်း သို့မဟုတ် ကွယ်ဝှက်ထားခြင်း မရှိပေ။ သင်တို့ နားလည်ရမည့် အရာများ တစ်ခုစီတိုင်းကို သင်တို့အား ငါပြောပြမည်ဖြစ်ပြီး၊ သင်တို့ ခိုင်မြဲစွာ ရပ်တည်မလာနိုင်မည် စိုးသောကြောင့်၊ သင်တို့ မသိသင့်သည့် မည်သည့်အရာကိုမဆို ငါလုံးဝ ပြောပြမည် မဟုတ်ပေ။ သေးငယ်သောအရာများကို တွယ်ဖက်ထားပြီး၊ ထိုသို့ဖြင့် အရေးကြီးသော အရာများကို မဆုံးရှုံးလေနှင့်- အမှန်တကယ်ပင် ထိုသို့ပြုရန် မထိုက်တန်ပါချေ။ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်ကြောင်းနှင့် အရာရာတိုင်းသည် အထမြောက်ပြီး အရာခပ်သိမ်း လွယ်ကူသာယာလိမ့်မည်ဟု ယုံကြည်ကြလော့။ ဤသည်မှာ အမှုအရာများကို ငါလုပ်ဆောင်သည့်ပုံ ဖြစ်သည်။ ယုံကြည်သည့် မည်သူ့ကိုမဆို၊ ငါသည် သူ့အား မြင်ခွင့်ပေးပြီး မယုံကြည်သည့် မည်သူ့ကိုမဆို၊ ငါသည် သူ့အား သိရှိခွင့်မပေးသည့်အပြင် မည်သည့်အခါမှ နားလည်စေခွင့် မပေးပါချေ။ ငါ၌ ခံစားချက် သို့မဟုတ် သနားကရုဏာ မရှိ၊ ထို့ပြင် ငါ၏ ပြစ်တင်ဆုံးမခြင်းကို မည်သူ ပုန်ကန်ပြစ်မှားသည် ဖြစ်စေ၊ ငါသည် သူတို့ကို လက်တွန့်ခြင်းမရှိဘဲ မလွဲကေန် ငါသတ်မည် ဖြစ်ပြီး သူတို့ကို ထိုနည်းတူစွာပင် ဆက်ဆံရလိမ့်မည်။ ငါသည် လူတိုင်းအပေါ် အတူတူပင်ဖြစ်သည်- ငါ၌ ပုဂ္ဂိုလ်ရေး ခံစားချက်များမရှိဘဲ စိတ်ခံစားချက်အရ မည်သို့မျှ လုပ်ဆောင်ခြင်း မရှိပေ။ လူတို့သည် ဤအရာမှတဆင့် ငါ၏ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်ကို မမြင်နိုင်ဘဲ အဘယ်သို့ ရှိမည်နည်း။ ဤသည်မှာ မည်သူမျှ မပြောင်းလဲနိုင်သည့်အပြင် မည်သူမျှ အပြည့်အဝ မသိနိုင်သည့် ငါ၏ ဉာဏ်ပညာနှင့် ငါ၏ စိတ်သဘောထားပင် ဖြစ်သည်။ ငါ၏လက်တို့သည် အမြဲတမ်း အချိန်တိုင်း အရာအားလုံးကို ကွပ်ကဲနေပြီး ငါ၏အလိုကျ ငါ့အတွက် အစေခံပေးဖို့ အသင့်ရှိစေရန် အရာအားလုံးကို ငါအမြဲစီစဉ်သည်။ လူအတော်များများက ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်ကို ပြည့်စုံစေရန်အလို့ငှာ ငါ့ကိုယ်စား အစေခံနေကြသည်၊ သို့သော် အဆုံးတွင် သူတို့သည် ကောင်းချီးများကို မြင်တွေ့ရသော်လည်း ယင်းတို့ကို မခံစားနိုင်ကြပေ- သနားစရာကောင်းလိုက်လေခြင်း။ သို့သော် မည်သူမျှ ငါ၏စိတ်နှလုံးကို မပြောင်းလဲနိုင်ချေ။

ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည် (စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ဖော်ပြသည့်အခါတိုင်း၊ ဤသည်မှာ မည်သူမျှ မပြောင်းလဲနိုင်သည့် အရာကို ရည်ညွှန်းလေသည်၊ ထို့ကြောင့် အနာဂတ်တွင် ငါစကားပြောသောအခါ၊ ငါသည် တစ်စုံတစ်ခုအကြောင်းကို စိတ်ပိုင်းဖြတ်ခဲ့ပြီးပါက၊ ယင်းသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည်မှာ အသေအချာဆုံးပင် ဖြစ်သည်။ အမှတ်ရလော့။ သင်သည် ဆုံးရှုံးခြင်းအား ကြုံတွေ့ရမည် စိုးရိမ်သဖြင့် ဤအရာကို ပုန်ကန်ပြစ်မှားခြင်း မပြုလေနှင့်) ထို့ပြင် ၎င်းသည် ငါ့စီမံခန့်ခွဲမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။ ၎င်းမှာ ငါ၏ကိုယ်ပိုင်အလုပ်ဖြစ်ကာ၊ လူတစ်ဦးဦးက ပြုလုပ်နိုင်သည့် အရာတစ်စုံတစ်ခု မဟုတ်ပါပေ။ ငါသည် ဤအရာကို လုပ်ဆောင်ရမည်- ငါသည် ဤအရာကို စီစဉ်ရမည်၊ ယင်းသည် ငါ၏ အနန္တတန်ခိုး ရှိခြင်းကို ပြသရန်နှင့် ငါ၏ အမျက်ဒေါသအား ဖော်ထုတ်ပြရန် လုံလောက်သည်။

လူအများစုက ငါ၏လူ့သဘာဝနှင့်ပတ်သက်၍ မသိရှိကြသေး၊ မရှင်းလင်းကြသေးပေ။ ယင်းကို ငါ အကြိမ်ကြိမ် ပြောဆိုခဲ့ပြီးသော်လည်း၊ သင်တို့သည် ဇဝေဇဝါဖြစ်ပြီး သိပ်နားမလည်ကြသေးပေ။ သို့သော် ဤသည်မှာ ငါ၏အမှုဖြစ်ပြီး၊ ယခု ဤအချိန်၌ သိသောသူတိုင်းက သိကြပြီး၊ မသိသောသူများကိုလည်း ငါအကျုပ်မကိုင်ပေ။ ယင်းက ဤနည်းလမ်းသာလျှင် ဖြစ်နိုင်သည်။ ငါသည် ထိုအကြောင်းကို ရှင်းလင်းစွာ ပြောထားပြီးဖြစ်ပြီး ယင်းကို နောင်တွင် ထပ်၍ပြောမည်မဟုတ်ပေ (အဘယ့်ကြောင့်ဆိုသော် ငါများစွာ ပြောဆိုခဲ့ပြီးဖြစ်ပြီး အလွန် ရှင်းလင်းစွာ စကားပြောခဲ့ပြီးဖြစ်သည်။ ငါ့ကိုသိသောသူ၌ သန့်ရှင်းတော်ဝိညာဉ်တော်၏ အလုပ် သေချာပေါက် ရှိပြီး ငါ၏သားဦးများထဲမှတစ်ဦး ဧကန်အမှန်ဖြစ်၏။ ငါ့ကို မသိသောသူတစ်ယောက်သည် တကယ်မသိ၊ ငါသည် သူ့ထံမှနေ၍ ငါ၏ဝိညာဉ်တော်ကို ရုပ်သိမ်းပြီးဖြစ်ကြောင်း သက်သေပြနေသည်)။ သို့သော် အဆုံးတွင်၊ လူတိုင်းကို ငါ့အားသိစေရန် ငါလုပ်မည်- ငါ၏ လူ့သဘာဝနှင့် ငါ၏ဘုရားသဘောသဘာဝ နှစ်ခုလုံးအရ လုံးလုံးလျားလျား သိစေမည်။ ဤအရာများသည် ငါ့အလုပ်၏ ခြေလှမ်းများဖြစ်ပြီး ငါသည် ဤနည်းလမ်းဖြင့် လုပ်ဆောင်ရမည်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်လည်းဖြစ်သည်။ လူတိုင်းက ငါ့ကို တစ်ဆူတည်းသော စစ်မှန်သည့်ဘုရားဟု ခေါ်ဆိုပြီး ငါ့အား စဉ်ဆက်မပြတ် ချီးမွမ်း၍ ဝမ်းသာအားရ ထောမနာပြုရမည်။

ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်သည် လုံးလုံးလျားလျား ပြီးပြည့်စုံပြီဖြစ်ကာ၊ အရာခပ်သိမ်းတို့ ပြီးမြောက်သည်မှာ ကြာပြီဖြစ်သည်။ လူ့အမြင်တွင် ယင်းမှာ ငါ၏ များစွာသောအလုပ်က

ဆောင်ရွက်နေဆဲဖြစ်ဟန်တူသော်လည်း၊ ငါသည် ယင်းကို ကောင်းမွန်စွာ စီစဉ်ထားပြီးဖြစ်ကာ၊ စောင့်ဆိုင်းနေသော အရာအားလုံးမှာ တစ်ကြိမ်လျှင် အလုပ်တစ်ခုကျစီ ဖြစ်သော ငါ့ခြေလှမ်းများအရ ယင်း၏ ပြီးစီးမှုသာ ဖြစ်သည်။ (ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာမြေအား မဖန်ဆင်းမီကပင် မည်သူက စမ်းသပ်မှုအောက်တွင် ကြံ့ကြံ့ခံနိုင်သောသူ၊ မည်သူက ငါ၏ ရွေးချယ်ခြင်းနှင့် ကြိုတင်ခွဲခန့်မှတ်သားခြင်း မခံရနိုင်သောသူနှင့်၊ မည်သူက ငါ၏ဒုက္ခဆင်းရဲအား မျှဝေမခံစားနိုင်သူ ဖြစ်ကြောင်းကို ကြိုတင်ခွဲခန့်မှတ်သားပြီး ဖြစ်သည်။ ငါ၏ဆင်းရဲဒုက္ခအား မျှဝေခံစားနိုင်သူများ၊ ဆိုလိုသည်မှာ ငါ၏ ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် ရွေး်ချယ်ခြင်းကို ခံရသူများကို ငါသည် ကေန်မုချ ထိန်းသိမ်းထားပြီး သူတို့က အရာအားလုံးကို ကျော်လွှန်ရန် ထောက်မမည်။) မည်သူက အခန်းကဏ္ဍ တစ်ခုစီတွင် ပါဝင်ကြောင်း ငါ၏နှလုံးသားထဲတွင် ရှင်းလင်းနေသည်။ ငါသည် မည်သူက ငါ့အတွက် အစေခံမှု ပေးကြောင်း၊ မည်သူက သားဦးဖြစ်ကြောင်း၊ မည်သူက ငါ၏သားများနှင့် ငါ၏လူများတွင် ပါဝင်ကြောင်းကို ကောင်းစွာ သိရှိသည်။ ဤသည်ကို ငါသည် ခရေစေ့တွင်းကျ သိ၏။ အတိတ်ကာလက သားဦး ဖြစ်သည်ဟု ငါပြောထားသော မည်သူမဆို ယခုတွင်လည်း သားဦး ဖြစ်နေဆဲဖြစ်ပြီး၊ အတိတ်ကာလက သားဦးမဟုတ်ဟု ငါပြောထားသော မည်သူမဆို ယခုတွင်လည်း သားဦး မဟုတ်ဆဲ ဖြစ်၏။ ငါလုပ်သော အဘယ်အရာမဆို ငါနောင်တမရသည့်အပြင် ယင်းကို အလွယ်တကူ မပြောင်းပေ။ ငါပြောသည့်အရာကို အတည်ပြောသည် (ငါ၌ မည်သည့်အရာမျှ ပေါ့ပြက်ပြက်မဟုတ်ပေ)၊ ထို့ပြင် ယင်းသည် မည်သည့်အခါမျှ မပြောင်းလဲပေ။ ငါ့အတွက် အစေခံမှု ပေးသူများသည် ငါ့အတွက် အစဉ်အမြဲ အစေခံမှု ပေးသည်- သူတို့သည် ငါ၏ကျွဲနွားများ၊ ငါ၏မြင်းများဖြစ်သည် (သို့သော်လည်း ဤလူတို့သည် သူတို့၏ဝိညာဉ်၌ မည်သည့်အခါမျှ အသိဉာဏ်မပွင့်လင်းကြပေ။ ငါသည် ထိုသူတို့အား အသုံးဝင်စေသည့်အခါ သူတို့သည် အသုံးဝင်ကြသည်၊ သို့သော် ငါသည် ထိုသူတို့ကို အသုံးမဝင်စေသည့်အခါ သူတို့ကို ငါသတ်သည်။ ငါသည် ကျွဲနွားများ၊ မြင်းများဟု ပြောရာ၌ သူတို့၏ ဝိညာဉ်ရေး၌ အသိဉာဏ် မပွင့်လင်းသောသူများ၊ ငါ့အား မသိကြသောသူများနှင့် ငါ့အား မနာခံသူများကို ဆိုလိုပြီး၊ အကယ်၍ ထိုသူတို့သည် နာခံခြင်း၊ ကျိုးနွံခြင်း၊ ရိုးရှင်းခြင်းနှင့် ရိုးသားခြင်းရှိသော်မှပင်လျှင် ထိုသူတို့သည် ကျွဲနွားများနှင့် မြင်းများစစ်စစ်သာ ဖြစ်နေကြသေးသည်)။ ယခုတွင် လူအများစုတို့သည် ငါ၏ရှေ့မှောက်၌ ပျော်မြူး လွတ်လပ်လျက်ရှိကြကာ၊ ပရမ်းပတာ ပြောဆိုရယ်မောလျက်၊ မထီမဲ့မြင် ပြုမူကြသည်- သူတို့သည် ငါ၏လူ့သဘာဝကိုသာ မြင်ကြပြီး ငါ၏ ဘုရားသဘောသဘာဝကို မမြင်ကြ။ ငါ၏ လူ့သဘာဝ၌ ဤအပြုအမူများကို ခွင့်ပြုနိုင်ပြီး သူတို့ကို

ကြိတ်မှိတ်ခွင့်လွှတ်နိုင်သော်လည်း၊ ငါ၏ ဘုရားသဘောသဘာဝ၌မူ သိပ်မလွယ်ကူပေ။ နောင်ကာလတွင်မူ သင်သည် ပြစ်မှားစော်ကားခြင်း အပြစ်ကို သင်ကျူးလွန်ခဲ့ပြီဟု ငါဆုံးဖြတ်မည်။ တစ်နည်းအားဖြင့်ဆိုသော် ငါ၏ လူ့သဘာဝကို ပုန်ကန်ပြစ်မှားနိုင်သော်လည်း၊ ငါ၏ ဘုရားသဘောသဘာဝကိုမူ ပုန်ကန်ပြစ်မှား၍ မရဘဲ၊ ငါနှင့် စိုးစဉ်းမျှပင် ကွဲလွဲသည့် မည်သူ့ကိုမဆို ငါသည် ဆိုင်းငံ့ခြင်းမရှိ ချက်ချင်းတရားစီရင်မည်။ သင်သည် ငါတည်းဟူသော ဤပုဂ္ဂိုလ်နှင့် နှစ်ပေါင်းများစွာ အတူတကွ နှီးနှောယ်ထားပြီး ငါနှင့် ရင်းနှီးလာသောကြောင့် သင်သည် လက်လွတ်စပယ် ပြောဆိုပြုမူနိုင်သည်ဟု မထင်လေနှင့်။ အမှန်ပင် ငါ ဂရုမစိုက်ချေ။ မည်သူပင်ဖြစ်စေကာမူ ငါသည် သူတို့ကို ဖြောင့်မတ်ခြင်းနှင့် ဆက်ဆံမည်။ ဤသည်မှာ ငါ၏ ဖြောင့်မတ်ခြင်းပင်ဖြစ်သည်။

ငါ၏ နက်နဲရာများကို လူတို့အား တစ်နေ့ပြီးတစ်နေ့ ဖော်ထုတ်လျက်ရှိပြီး ဗျာဒိတ်တော်အဆင့်များ နောက်ပိုင်းတွင် ယင်းတို့မှာ တစ်နေ့ထက်တစ်နေ့ ပို၍ ရှင်းလင်းလာကြကာ၊ ယင်းက ငါ၏ အမှုအားပြသရန် လုံလောက်ပေသည်။ ဤသည်မှာ ငါ၏ ဉာဏ်ပညာဖြစ်သည် (ငါသည် ယင်းကို တိုက်ရိုက်မပြောပေ။ ငါသည် ငါ၏သားဦးတို့အား အသိဉာဏ်ပွင့်လင်းစေပြီး အဆင်းနီသော နဂါးကြီး၏ သားသမီးများကို မျက်ကန်းစေသည်။) ထိုမျှသာမက ယနေ့တွင် ငါ၏ နက်နဲရာကို ငါ၏သားမှတစ်ဆင့် သင်တို့အား ငါထုတ်ဖော်မည်။ လူတို့အတွက် စဉ်းစားနိုင်ဖွယ်ရာမရှိသည့် အရာများကို သင်တို့အား စေ့စေ့စပ်စပ် သိခွင့်ပေးရန်နှင့် ရှင်းလင်းသော နားလည်မှုရှိစေရန် ယနေ့တွင် သင်တို့အား ငါထုတ်ဖော်ပြမည်။ ထိုမျှမက ဤနက်နဲမှုသည် ငါ၏သားဦးများမှလွဲ၍ လူတိုင်း၌ တည်ရှိသော်လည်း၊ ယင်းကို မည်သူမျှ နားမလည်နိုင်ပေ။ ၎င်းသည် လူတစ်ဦးတိုင်း၏ အထဲ၌ ရှိနေသော်လည်း ၎င်းကို မည်သူမျှ မမှတ်မိနိုင်ပေ။ ငါ မည်သည့်အရာကို ပြောနေသနည်း။ ဤကာလအတွင်း ငါ၏အလုပ်နှင့် ငါ၏မိန့်မြွက်ချက်များတွင် ငါသည် အဆင်းနီသော နဂါးကြီး၊ စာတန်၊ မာရ်နတ်နှင့် ကောင်းကင်တမန်မင်းတို့ကို မကြာခဏ ဖော်ပြသည်။ ထိုသူတို့သည် အဘယ်အရာများနည်း။ ၎င်းတို့၏ ဆက်နွှယ်မှုများသည် အဘယ်နည်း။ ဤအရာများတွင် မည်သည့်အရာကို သိသာထင်ရှားစေသနည်း။ အဆင်းနီသော နဂါးကြီး၏ သရုပ်သကန်များမှာ ငါ့အားခုခံခြင်း၊ ငါ့နှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်တို့ကို နားလည်သဘောပေါက်မှု ကင်းမဲ့ခြင်း၊ ငါ့အား မကြာခဏ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ငါ၏စီမံခန့်ခွဲမှုအား နှောင့်ယှက်ရန်အတွက် အကြံအစည်များကို အသုံးပြုရန် ကြိုးစားခြင်းတို့ ဖြစ်ကြသည်။ စာတန်အား အောက်ပါအတိုင်း သိသာထင်ရှားစေသည်- အာဏာအတွက် ငါနှင့် အားထုတ်ယှဉ်ပြိုင်ခြင်း၊ ငါရွေးချယ်ထားသည့် လူတို့ကို ပိုင်ဆိုင်လိုခြင်းနှင့် ငါ၏လူတို့ကို

လုည့်စားရန်အတွက် အပျက်သဘောဆောင်သော စကားလုံးများကို ထုတ်ပြန်ခြင်းတို့ ဖြစ်သည်။ မာရ်နတ်၏ သိသာထင်ရှားချက်များမှာ (ငါ၏ နာမကို လက်မခံသောသူများ၊ မယုံကြည်သူများ အားလုံးသည် မာရ်နတ်များ ဖြစ်ကြသည်။) အောက်ပါအတိုင်းဖြစ်သည်- ဇာတိပကတိ၏ သာယာမှုများကို အငမ်းမရလိုချင်ခြင်း၊ မကောင်းသော တပ်မက်မှုများ၌ မွေ့လျော်ခြင်း၊ စာတန်၏ ချည်နှောင်မှု၌ နေထိုင်ခြင်း၊ အချို့က ငါ့ကို အာခံခြင်းနှင့် အချို့က ငါ့ကို ပံ့ပိုးခြင်း တို့ရှိသည် (သို့သော် သူတို့သည် ငါချစ်မြတ်နိုးသော သားများဖြစ်ကြောင်း သက်သေမပြကြပေ)။ ကောင်းကင်တမန်မင်း၏ သရုပ်သကန်များမှာ အောက်ပါအတိုင်း ဖြစ်သည်- စော်ကားမော်ကား ပြောဆိုခြင်း၊ ဘုရားတရား မကြည်ညိုခြင်း၊ လူတို့ကို ဩဝါဒပေးရန် မကြာခဏ ငါ၏လေသံကို တုပခြင်း၊ အပြင်ပန်းအရ ငါ့အား အတုခိုးရန်ကိုသာ အာရုံစိုက်ခြင်း၊ ငါစားသည့်အရာကို စား၍ ငါသုံးသည့်အရာကို သုံးခြင်းတို့ ဖြစ်ကြသည်။ အတိုချုပ်ရသော် ငါနှင့်အဆင့်အတန်း တူရန် လိုလားပြီး ရည်မှန်းချက်ကြီးသော်လည်း၊ ငါ၏အစွမ်းအစနှင့် ငါ၏အသက်ကင်းမဲ့ကာ၊ စွန့်ပစ်ပစ္စည်း အပိုင်းအစသက်သက် ဖြစ်ခြင်းတို့ ဖြစ်ကြသည်။ စာတန်၊ မာရ်နတ်နှင့် ကောင်းကင်တမန်မင်းတို့ အားလုံးသည် အဆင်းနီသော နဂါးကြီး၏ သာဓကများ စစ်စစ်ဖြစ်ကြသောကြောင့် ငါ၏ ကြိုတင်ခွဲခန့်မှတ်သားခြင်း နှင့် ရွေးချယ်ခြင်းကို မခံရသောသူများအားလုံးသည် အဆင်းနီသော နဂါးကြီး၏ သားသမီးများ ဖြစ်ကြသည်- ဤသည်မှာ ၎င်းဖြစ်သည့်ပုံစံ တကယ်ဖြစ်သည်။ ဤအရာများအားလုံးသည် ငါ၏ရန်သူများ ဖြစ်ကြသည်။ (သို့သော်လည်း စာတန်၏ နှောင့်ယှက်ဖျက်ဆီးခြင်းများကို ဖယ်ထုတ်ထားသည်။ သင်၏ သဘာဝသည် ငါ၏ အရည်အသွေးဖြစ်လျှင် ယင်းကို မည်သူမျှ မပြောင်းလဲနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ယခုတွင် သင်တို့သည် ဇာတိပကတိ၌ အသက်ရှင်လျက် ရှိနေသေးသောကြောင့် မကြာခဏဆိုသလိုပင် စာတန်၏ ဖြားယောင်းသွေးဆောင်ခြင်းများကို ရင်ဆိုင်ရမည်- ဤသည်မှာ မလွဲမသွေဖြစ်သည်- သို့သော် သင်တို့သည် အမြဲသတိရှိရမည်။) ထို့ကြောင့် ငါသည် ငါ၏ သားဦးများမှလွဲ၍ အဆင်းနီသော နဂါးကြီး၏ သားသမီးများ အားလုံးကို စွန့်ပစ်မည်။ သူတို့၏ဗီဇသည် မည်သည့်အခါမျှ မပြောင်းလဲနိုင်ပေ၊ ယင်းသည် စာတန်၏ အရည်အသွေးဖြစ်သည်။ ယင်းသည် သူတို့ ထင်ရှားစေသည်မှာ မာရ်နတ်ဖြစ်ပြီး ယင်းသည်သူတို့ အသက်ရှင်လိုက်လျှောက်သည့် ကောင်းကင်တမန်မင်း ဖြစ်သည်။ ဤသည်မှာ လုံးဝ မှန်ကန်သည်။ ငါပြောသည့် အဆင်းနီသော နဂါးကြီးသည် ကြီးမားသော အနီရောင် နဂါးကြီးမဟုတ်ပေ။ ထို့ထက် ၎င်းသည် ငါ့အား ဆန့်ကျင်ပြုသော ဝိညာဉ်ဆိုးပင်ဖြစ်ပြီး "အဆင်းနီသော နဂါးကြီး" ဟူသည်မှာ ပမာပြုသုံးနှုန်းထားခြင်း ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသော

ဝိညာဉ်တော်မှလွဲ၍ ဝိညာဉ်များအားလုံးသည် ဝိညာဉ်ဆိုးများဖြစ်ကြပြီး အဆင်းနီးသော နဂါးကြီး၏ သားသမီးများဖြစ်သည်ဟုလည်း ဆိုနိုင်လေသည်။ ဤအရာအားလုံးမှာ လူတိုင်းအတွက် ရှင်းလင်းပြတ်သားသင့်သည်။

## အခန်း ၉၇

ငါသည် လူတစ်ဦးစီတိုင်းအား ငါ၏ အံ့သြဖွယ် လုပ်ဆောင်ချက်များကို မြင်စေကာ ငါ၏ အမြော်အမြင်ရှိသော စကားများကို ကြားစေမည်။ ဤသည်မှာ လူတစ်ဦးစီတိုင်း ပါဝင်ရမည်ဖြစ်ပြီး၊ အမှုအရာတစ်ခုစီတိုင်းမှတစ်ဆင့် ဖြစ်ပျက်ရမည်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်ပြီး၊ ဤသည်မှာ ငါ၏ အမျက်ဒေါသ ဖြစ်သည်။ စကြဝဠာထဲက နေရာတိုင်းနှင့် ကမ္ဘာမြေ၏ အစွန်းနေရာများက လူအပေါင်းတို့သည် မိမိတို့၏ ကိုယ်ပိုင်မျက်လုံးများဖြင့် မြင်ကြဖို့အလို့ငှာ၊ ငါသည် လူတစ်ဦးစီတိုင်းနှင့် ကိစ္စရပ်တစ်ခုစီတိုင်းကို ခြုံငုံမည် ဖြစ်သည်။ ဤအရာကို စွမ်းဆောင်ရရှိသည်အထိ ငါသည် ဘယ်သောအခါမျှ ရပ်တန့်မည်မဟုတ်။ ငါ၏ အမျက်ဒေါသကို အနည်းငယ်မျှ မထိန်ချုန်ဘဲ အပြည့်အဝ သွန်းလောင်းပြီး ဖြစ်သည်။ ယင်းသည် ဤအမည်နာမကို လက်ခံသော လူတစ်ဦးစီတိုင်းကို ဦးတည်ထားသည်။ (ယင်းသည် ကမ္ဘာလောက၏ တိုင်းနိုင်ငံအားလုံးအပေါ်သို့ မကြာမီ ကျရောက်လာတော့မည် ဖြစ်သည်။) ငါ၏ အမျက်ဒေါသသည် အဘယ်နည်း။ ယင်းသည် မည်မျှ ပြင်းထန်သနည်း။ မည်သည့် လူစားမျိုးအပေါ် ငါ၏ အမျက်ဒေါသ ကျရောက်သနည်း။ အမျက်ဒေါသသည် ဒေါသ၏ အပြင်းထန်ဆုံးအဆင့်ဖြစ်သည်ဟု လူအချို့က ထင်ကြသော်လည်း ဤအရာက အမျက်ဒေါသကို အပြည့်အဝ မရှင်းပြပေ။ ငါ၏အမျက်ဒေါသနှင့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များသည် ခွဲထုတ်မရသော အပိုင်းနှစ်ပိုင်း ဖြစ်သည်။ ငါ၏စီမံအုပ်ချုပ်ရေး အမိန့်များကို ငါထုတ်ပြန်လိုက်သည့်အခါ ယင်းတို့၏ နောက်တွင် အမျက်ဒေါသက လိုက်လာသည်။ သို့ဆိုလျှင် အမျက်ဒေါသသည် အတိအကျ အဘယ်အရာဖြစ်သနည်း။ အမျက်ဒေါသသည် လူများကို ငါ စီရင်သည့် တရားစီရင်ခြင်း၏ အတိုင်းအတာတစ်ခုဖြစ်ပြီး ယင်းသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် တစ်ခုတစ်လေကို ပြဌာန်းချက်နောက်ကွယ်က အခြေခံသဘောတရား ဖြစ်သည်။ ငါ၏အမိန့်တစ်ခုကို ဖောက်ဖျက်သောသူ မည်သူမဆို ဖောက်ဖျက်ခြင်းခံရပြီးဖြစ်သည့် အတိုင်းအတာအပေါ် မူတည်၍ ငါ၏အမျက်ဒေါသသည် အလားတူ လိုက်လျောညီထွေသော ပမာဏ ရှိလိမ့်မည်။ ငါ၏ အမျက်ဒေါသ ရှိသည့်အခါ၊ ငါ၏

စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များလည်း ရှိဖို့ သေချာပြီး၊ အပြန်အလှန် ရှိလိမ့်မည်။ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များနှင့် အမျက်ဒေါသသည် ခွဲမရသော အရာတစ်ခုလုံး ဖြစ်သည်။ ယင်းသည် မည်သူမျှ ပုန်ကန်မပြစ်မှားနိုင်သည့် တရားစီရင်ခြင်းများထဲမှ အပြင်းထန်ဆုံးဖြစ်သည်။ လူအားလုံးသည် ယင်းကို လိုက်နာစောင့်ထိန်းရမည် သို့မဟုတ်ပါက ၎င်းတို့သည် ငါ၏လက်ဖြင့် ဒဏ်ခတ်ခံရခြင်းကို ရှောင်ရှားရန် လွယ်ကူလိမ့်မည်မဟုတ်ပေ။ လူတို့သည် ယင်းကို ခေတ်ကာလများတစ်လျှောက်လုံး အဘယ်သောအခါမျှ မသိခဲ့ကြသော်လည်း၊ (ကြီးမားသော ကပ်ဘေးများက ဖြစ်စေသည့် နာကျင်မှုဝေဒနာကို ခံစားခဲ့ရသူ အချို့ရှိသော်လည်း၊ ယင်းကို ၎င်းတို့ မသိကြသေးပေ။ သို့သော်၊ ဤစီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်အား စီမံဆောင်ရွက်ခြင်းသည် ယခုမှစ၍ အဓိက စတင်ပေသည်။) သင်တို့သည် ပုန်ကန်ပြစ်မှားမှု ဖြစ်စေခြင်းအား ရှောင်ရှားနိုင်ဖို့အလို့ငှာ၊ ယနေ့တွင် ငါသည် ထိုအရာအားလုံးကို သင်တို့ထံ ထုတ်ဖော်ပြပြီး ဖြစ်သည်။

လူအားလုံးသည် ငါ၏အသံကို ကြားသင့်ပြီး၊ ငါ၏နှုတ်ကပတ်တော်များကို ယုံကြည်သင့်သည်။ သို့မဟုတ်ပါက၊ ငါသည် ဆောင်ရွက်မည်မဟုတ်သကဲ့သို့ မည်သည့်အမှုကိုမျှ လုပ်ဆောင်မည် မဟုတ်။ ငါ၏ နှုတ်ကပတ်တော်တိုင်းနှင့် လှုပ်ရပ်တိုင်းသည် သင်တို့လိုက်နာသင့်သော ဥပမာများဖြစ်သည်။ ယင်းတို့သည် သင်တို့၏ စံနမူနာများဖြစ်ကြပြီး သင်တို့ လိုက်လျှောက်ဖို့အတွက် စံပုံစံတစ်ခု ဖြစ်သည်။ ငါလူ့ဇာတိခံယူရသည့် အကြောင်းရင်းမှာ သင်တို့သည် ငါ၏လူ့သဘာဝ၌ ငါ၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို မြင်နိုင်ကြဖို့အလို့ငှာ ဖြစ်သည်။ အနာဂတ်တွင်၊ ငါသည် သင်တို့အား ငါ၏ဘုရားသဘာဝရှိ ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို မျက်မြင်တွေ့ကြုံခွင့်ပေးမည်။ အမှုအရာများသည် ဤနည်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ဆက်ရမည်။ သို့မဟုတ်ပါက၊ လူတို့သည် တကယ်ကို ယုံကြည်နိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ ၎င်းတို့သည် ငါနှင့်သက်ဆိုင်သည့် အသိပညာရှိကြလိမ့်မည်မဟုတ်။ ထိုအစား ၎င်းတို့သည် မရှင်းလင်းသကဲ့သို့ မပြတ်သားသော ရုပ်ပုံများသာ ရှိနိုင်စွမ်း ရှိကြလိမ့်မည်ဖြစ်ပြီး၊ ငါနှင့်သက်ဆိုင်သည့် ရှင်းသော သိနားလည်မှုတစ်ခု ရှိနိုင်ကြလိမ့်မည် မဟုတ်ပေ။ ငါ့ဇာတိအဖြစ်တော်သည် သင်တို့ထံ အပြည့်အဝ ပေါ်ထွန်းပြီးဖြစ်သည်ဟု ငါ၏နှုတ်ကပတ်တော်များက ပြသပြီးဖြစ်သော်လည်း- လူတို့သည် မိုက်မဲကာ မသိနားမလည်ကြသည့် တစ်ခုတည်းသော အကြောင်းရင်းကြောင့်- ၎င်းတို့သည် ငါ့နှုတ်ကပတ်တော်များကို ကြားသော်လည်း ငါ့ကို မသိကြသေးချေ။ ငါသည် လူ့ဇာတိခံယူပြီးဖြစ်သည့် ယခုတင်၊ လူတို့သည် ငါ့ကို အာခံဆဲဖြစ်သောကြောင့်၊ ငါသည် ဤဆိုးယုတ်ပြီး အကျင့်ပျက်သည့် ခေတ်ဟောင်းကို အပြစ်ပေးရန်နှင့် စာတန်နှင့်

နတ်ဆိုးများကို လုံးလုံး အရှက်ရစေရန် ငါ၏ အမျက်ဒေါသနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ငါ အသုံးပြုသည်။ ဤသည်မှာ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ယင်းသည် လူသားမျိုးနွယ်အတွက် ခရီးပန်းတိုင်ဖြစ်ပြီး၊ ယင်းသည် လူသားမျိုးနွယ်ကို စောင့်ဆိုင်းသည့် အဆုံးသတ် ဖြစ်သည်။ ရလဒ်မှာ မည်သူမျှ မပြောင်းလဲနိုင် သို့မဟုတ် ၎င်းတို့၏ ထွက်မြောက်ရာလမ်းကို မပြောဆိုနိုင်သော ရှောင်လွှဲမရသည့် ဇာတ်သိမ်းဖြစ်သည်။ ငါတစ်ဦးတည်းသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှုနှင့် ငါ၏ အစီအစဉ်ဖြစ်သည်။ လူအားလုံးတို့သည် ယုံကြည်ရမည်ဖြစ်သကဲ့သို့၊ စိတ်နှလုံးနှင့် စကားဖြင့် လက်ခံယုံကြည်ရမည်။ ဤဘဝတွင် ကောင်းမွန်သော ကံကြမ္မာကို ရရှိသူများသည် ထာဝရကာလပတ်လုံး ဧကန်မခု ဆင်းရဲဒုက္ခခံစားရလိမ့်မည်ဖြစ်သော်လည်း ဤဘဝတွင် ဆင်းရဲဒုက္ခခံစားရသူများသည် ထာဝရကာလပတ်လုံး ဧကန်မုချ ကောင်းချီးခံစားရလိမ့်မည်- ဤအရာကို ငါကြိုတင်ခွဲခန့်မှတ်သားထားပြီးဖြစ်ကာ မည်သူမျှ မပြောင်းလဲနိုင်ပေ။ ငါ့နှလုံးသားကို ပြောင်းလဲနိုင်သူ မည်သူမျှ မရှိသကဲ့သို့၊ စကားတစ်လုံးပင် ဖယ်ရှားဖို့မဆိုထားနှင့်၊ ငါ့နှုတ်ကပတ်တော်များဆီသို့ နောက်ထပ် စကားတစ်လုံးကို ပေါင်းထည့်နိုင်သူ မည်သူမျှ မရှိပေ။ ဤအရာကို ဖောက်ဖျက်သူမည်သူမဆို၊ ၎င်းတို့ကို ငါ ဧကန်မုချ ပြစ်တင်ဆုံးမမည်။

ငါ၏ နက်နဲမှုများကို သင်တို့ထံ နေ့စဉ် ထုတ်ဖော်ပြလျက်ရှိသည်- ယင်းတို့ကို သင်တို့ အမှန်တကယ် နားလည်ကြသလော။ ထိုအရာများနှင့် ပတ်သက်၍ သင်တို့ အမှန်တကယ် သေချာသလော။ စာတန်သည် သင်တို့ကို လှည့်ဖြားနေချိန်တွင်၊ ယင်းကို သင်တို့ ရိပ်စားမိနိုင်သလော။ ဤအရာကို အသက်တာထဲက သင်တို့၏ ဝိညာဉ်ရင့်ကျက်မှုများအတိုင်း ဆုံးဖြတ်ထားပေသည်။ အရာခပ်သိမ်းကို ငါ စီမံထားခြင်းဖြစ်သည်ဟု ငါ ဆိုသည့်အတွက်၊ ငါ၏ သားဦးများကို စုံလင်စေရန်အလို့ငှာ ငါသည် အဘယ်ကြောင့် လူ့ဇာတိခံယူရမည်နည်း။ ထို့အပြင်၊ လူတို့က အသုံးမဝင်သကဲ့သို့ ထင်သည့် များစွာသော အလုပ်တို့ကို ငါအဘယ်ကြောင့် လုပ်ဆောင်လေပြီနည်း။ မရှင်းမလင်းဖြစ်သူမှာ ငါ လော။ ဤအရာကို အမှတ်ရကြလော့။ ငါ လုပ်ဆောင်သည့် အရာတိုင်းသည် ငါ၏ သားဦးများကိုရရှိရန်အလို့ငှာသာမက၊ သာ၍အရေးကြီးသည်မှာ၊ စာတန်ကို အရှက်ရစေရန် ဖြစ်သည်။ စာတန်သည် ငါ့ကို အာခံသော်လည်း၊ ငါသည် ၎င်း၏ သားသမီးများအား ၎င်းကို ပုန်ကန်စေပြီး ငါ့ကို ပြန်လည်ချီးမွမ်းစေရန် တန်ခိုးအာဏာ ရှိ၏။ ထို့အပြင်၊ ငါ လုပ်ဆောင်သည့်အရာအားလုံးသည် အမှု၏ နောက်အဆင့်က ချောမွေ့ပြေပြစ်စွာ စီးဆင်းဖို့နှင့် ကမ္ဘာလောကတစ်ခုလုံးသည် ငါ့ကို ဩဘာပေးကာ ချီးမွမ်းကြရန်၊ ပြီးလျှင်

ထွက်သက်ရှိသမျှအရာအားလုံးသည် ငါ့ရှေ့၌ ဒူးထောက်ကာ ငါ့ကို ဘုန်းထင်ရှားစေရန် ဖြစ်သည်။ ထိုနေ့သည် အမှန်တကယ် ဘုန်းအသရေနှင့်ဆိုင်သော နေ့ရက် ဖြစ်လိမ့်မည်။ ငါသည် အရာခပ်သိမ်းကို ငါ၏ လက်ထဲ၌ ဆုပ်ကိုင်ထားပြီး မိုးချုန်းသံခုနှစ်ချက် မြည်ဟီးသောအခါ အရာခပ်သိမ်းသည် ဘယ်သောအခါမျှ မပြောင်းလဲဘဲ အားလုံး တစ်သမတ်တည်းဖြစ်လျက် လုံးလုံးလျားလျား ပြီးမြောက်လိမ့်မည်။ ထိုအချိန်မှစ၍၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်တို့၏ အသစ်သော အသက်တာထဲသို့ ဝင်ရောက်ရမည်၊ လုံးလုံးလျားလျား အသစ်ဖြစ်သော အခြေအနေများထဲသို့ ဝင်ရောက်ရမည်ဖြစ်ပြီး၊ နိုင်ငံတော်အသက်တာသည် စတင်လိမ့်မည်ဖြစ်သည်။ သို့သော် နိုင်ငံတော်အတွင်းတွင် မည်သည့်အရာနှင့် တူသနည်း။ လူတို့သည် ယင်းကို ရှင်းလင်းစွာ တကယ်ကို မသိမြင်နိုင်ကြချေ (အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်အသက်တာကို မည်သူမျှ မမြည်းစမ်းဖူးသေးသောကြောင့်ဖြစ်ပြီး၊ ထို့ကြောင့် ၎င်းကို လူတို့၏ စိတ်များတွင်သာ စိတ်ကူးရသေးကာ ၎င်းတို့၏နှလုံးသားထဲတွင်သာ အချိန်ယူ စဉ်းစားဖူးကြသည်။) အသင်းတော်အသက်တာမှသည် နိုင်ငံတော် အသက်တာသို့ ပြောင်းလဲရာတွင်၊ ယင်းသည် လက်ရှိအခြေအနေမှ အနာဂတ်အခြေအနေသို့ ပြောင်းလဲခြင်းဖြစ်သည်၊ ဤအချိန်ကာလအတောအတွင်းတွင် ယခင်က လူတို့ မည်သည့်အခါမျှ စိတ်မကူးဖူးသော အရာများစွာ ဖြစ်ပျက်လိမ့်မည်။ အသင်းတော်အသက်တာသည် နိုင်ငံတော်အသက်တာထဲသို့ ဝင်ရောက်ရန် ရှေ့ပြေးနိမိတ်ဖြစ်သည်၊ ထို့ကြောင့် နိုင်ငံတော်သက်တာ မပေါ်ထွက်မီ အသင်းတော် အသက်တာကို ပြုစုစောင့်ရှောက်ရန် ငါသည် အစွမ်းကုန်အားထုတ်မည် ဖြစ်သည်။ အသင်းတော် အသက်တာသည် အဘယ်နည်း။ ယင်းသည် ဤကဲ့သို့ဖြစ်၏- ငါ၏သားဦးများအပါအဝင် အယောက်တိုင်းသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၊ ငါ၏ တရားစီရင်ခြင်းနှင့် ငါ၏ အမျက်ဒေါသတို့ကို နားလည်နိုင်ကြဖို့အလို့ငှာ၊ ငါ၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းနှင့် မွေ့လျော်ခြင်း၊ ထိုသို့ဖြင့် ငါ၏လောင်ကျွမ်းခြင်းနှင့် သန့်စင်စေခြင်းတို့ကို လက်ခံခြင်းဖြစ်သည်။ “နိုင်ငံတော်အသက်တာ”ဆိုသည်မှာ အဘယ်နည်း။ နိုင်ငံတော်အသက်တာဆိုသည်မှာ ငါ၏ သားဦးများသည် ငါနှင့်အတူ လူအပေါင်းနှင့် တိုင်းနိုင်ငံများအားလုံးကို အုပ်စိုးရင်း၊ ရှင်ဘုရင်များအဖြစ် စိုးစံရာနေရာဖြစ်သည် (ငါ၏သားဦးများနှင့် ငါသာလျှင် နိုင်ငံတော်အသက်တာကို မွေ့လျော်ခံစားနိုင်သည်)။ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအားလုံးမှ ငါ၏သားများနှင့် ငါ၏လူများသည် နိုင်ငံတော်ထဲသို့ ဝင်ရောက်သော်လည်း၊ ၎င်းတို့သည် နိုင်ငံတော် အသက်တာကို မခံစားနိုင်ကြပေ။ နိုင်ငံတော်အသက်တာကို ဝိညာဉ်လောကထဲသို့

ဝင်ရောက်သောသူတို့သာ မွေ့လျော်ခံစားနိုင်သည်။ ထို့ကြောင့် ငါ၏သားဦးများနှင့် ငါသာလျှင် ခန္ဓာကိုယ်ဖြင့် အသက်ရှင်နိုင်သော်လည်း ငါ၏သားများနှင့် ငါ၏လူများသည် ဇာတိပကတိထဲ၌ အသက်ရှင်ကျန်ရစ်နေကြသည်။ (သို့သော် ဤသည်မှာ စာတန်က ပျက်စီးစေပြီးဖြစ်သည့် ဇာတိပကတိမဟုတ်ပေ။ ဤသည်မှာ ငါနှင့်အတူ ရှင်ဘုရင်များအဖြစ် စိုးစံနေသည့် ငါ၏ သားဦးများ၏ အရေးပါမှုဖြစ်သည်။) အခြားလူအားလုံးသည် ၎င်းတို့၏ စိတ်ဝိညာဉ်များ၊ ဝိညာဉ်များနှင့် ခန္ဓာများ ယူဆောင်ခြင်းခံရပြီး မရဏာနိုင်ငံထဲသို့ ပစ်ချခြင်းခံရလိမ့်မည်။ ဆိုလိုသည်မှာ ဤလူများသည် လုံးဝ ဆုံးရှုံးပျက်စီးလိမ့်မည်ဖြစ်ပြီး တည်ရှိတော့မည်မဟုတ် (သို့တိုင် ၎င်းတို့သည် အခက်အခဲများနှင့် ကပ်ဘေးများကဲ့သို့သော စာတန်၏ချည်နှောင်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ဖြတ်သန်းရပေမည်)။ ဤအရာ ပြီးသွားသည်နှင့်တစ်ပြိုင်နက်၊ နိုင်ငံတော်အသက်တာသည် လမ်းကြောင်းပေါ်တွင် တရားဝင်ရှိလိမ့်မည်ဖြစ်ပြီး၊ ငါသည် ငါ၏လုပ်ဆောင်မှုများကို တရားဝင် စတင်ထုတ်ဖော်ပြလိမ့်မည် ( ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြပြီး ကွယ်ဝှက်မထားဖို့ ဖြစ်သည်)။ ထိုအချိန်မှစ၍၊ သက်ပြင်းချခြင်းများနှင့် မျက်ရည်များ ဧကန်မုချ ရှိတော့မည် မဟုတ်ပေ။ (အကြောင်းမှာ လူများကို ထိခိုက်စေသော အရာ၊ သို့မဟုတ် ၎င်းတို့ကို ငိုကြွေးစေသည့် အရာ သို့တည်းမဟုတ် ဆင်းရဲဒုက္ခခံစေသည်အရာ မည်သည့်အရာမျှ ရှိတော့မည် မဟုတ်သကဲ့သို့၊ ဤသည်မှာ ငါ့သားများနှင့် ငါ့လူများအတွက်လည်း ဖြစ်သည်။ သို့သော် အလေးပေးရမည့် အချက်တစ်ချက် ရှိ၏၊ ယင်းမှာ ငါ့သားများနှင့် ငါ့လူများသည် ထာဝရ ဇာတိပကတိ ဖြစ်လိမ့်မည် ဖြစ်သည်။) အားလုံးသည် ရွှင်လန်းတက်ကြွကြလိမ့်မည်- စိတ်ကြည်နူးစရာ မြင်ကွင်းတစ်ခု ဖြစ်လိမ့်မည်။ ယင်းသည် ရုပ်ပိုင်းဆိုင်ရာ တစ်စုံတစ်ရာဖြစ်လိမ့်မည်မဟုတ်ဘဲ၊ ထို့ထက် ရုပ်ပိုင်းဆိုင်ရာ မျက်စိများဖြင့် မမြင်နိုင်သည့် တစ်စုံတစ်ရာ ဖြစ်လိမ့်မည်။ ငါ၏ သားဦးဖြစ်သူများသည်လည်း ဤအရာကို မွေ့လျော်ခံစားနိုင်ကြလိမ့်မည်။ ဤသည်မှာ ငါ၏ အံ့ဩဖွယ် လုပ်ဆောင်ချက်နှင့် ငါ၏ ကြီးမားသော တန်ခိုး ဖြစ်သည်။

သင်တို့သည် အချိန်တိုင်းတွင် ငါ၏ အလိုကိုရှာဖွေနိုင်ဖို့ ငါ၏ စိတ်နှလုံးကို အရေးထားနိုင်ကြဖို့ ငါ ဆန္ဒရှိသည်။ ယာယီ သာယာမှုသည် သင်၏ ဘဝတစ်ခုလုံးကို ဖျက်ဆီးနိုင်သော်လည်း၊ ယာယီ ဆင်းရဲဒုက္ခသည် ထာဝရကောင်းချီးမင်္ဂလာများကို ဖွင့်လှစ်ပေးနိုင်၏။ စိတ်ပျက်လက်ပျက် မဖြစ်နှင့်။ ဤသည်မှာ နင်းလျှောက်ရမည့် လမ်းကြောင်း ဖြစ်သည်။ ယခင်က "ငါ့အတွက် စိတ်ရင်းအမှန်ဖြင့် အသုံးခံသူများအဖို့၊ ငါသည် ဧကန်မုချ သင့်ကို ကြီးစွာ ကောင်းချီးပေးမည်"ဟု မကြာခဏ ပြောဆိုပြီး ဖြစ်သည်။ ကောင်းချီးမင်္ဂလာများ ဆိုသည်မှာ အဘယ်နည်း။ ယင်းတို့သည် ယနေ့ ရရှိသောအရာများသာ မဟုတ်ဘဲ၊ ထို့ထက်ပိုသည်မှာ

အနာဂတ်၌ မွေ့လျော်ခံစားရမည့်အရာများ ဖြစ်သည်- ဤအရာတို့သည်သာ စစ်မှန်သော ကောင်းချီးမင်္ဂလာများဖြစ်သည်။ သင်တို့သည် ဇိအုန်တောင်သို့ ပြန်သွားသောအခါ၊ ဤသည်မှာ ငါ၏ ကောင်းချီးမင်္ဂလာ ဖြစ်သည့်အတွက်၊ သင်သည် သင်၏ လတ်တလော ဆင်းရဲဒုက္ခအတွက် အဆုံးမရှိသော ကျေးဇူးတင်ရှိခြင်းကို ပြသလိမ့်မည်။ ဇာတိပကတိ၌ ယခု အသက်ရှင်ခြင်းသည် ဇိအုန်တောင်ပေါ်တွင် ရှိခြင်း ဖြစ်စဉ်တွင်၊ (ဆိုလိုသည်မှာ သင်တို့သည် ငါ့အတွင်းတွင် အသက်ရှင်ခြင်းဖြစ်သည်)၊ မနက်ဖြန်တွင် ခန္ဓာကိုယ်၌ အသက်ရှင်ခြင်းသည် ဘုန်းအသရေနှင့်ဆိုင်သော နေ့ရက် ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ဤသည်မှာ သာ၍ပင် ဇိအုန်တောင်ပေါ်တွင် ရှိခြင်း ဖြစ်သည်။ ငါပြောသော ဤနှုတ်ကပတ်တော်များကို ကြားပြီးနောက်တွင်၊ "ဇိအုန်တောင်"၏ ဆိုလိုရင်းကို သင်တို့ နားလည်ကြ၏။ ဇိအုန်တောင်သည် နိုင်ငံတော်နှင့် အဓိပ္ပာယ်တူ ကြောင်းတူသံကွဲ ဖြစ်ပြီး၊ ယင်းသည် ဝိညာဉ်လောကလည်း ဖြစ်သည်။ ယနေ့၏ ဇိအုန်တောင်ပေါ်တွင်၊ သင်သည် နှစ်သိမ့်မှုကို ရရှိရင်းနှင့် ငါ၏ကျေးဇူးတော်ကို ရရှိရင်း၊ ဇာတိပကတိ၌ ရှိပေသည်။ အနာဂတ်၏ ဇိအုန်တောင်ပေါ်တွင်၊ သင်တို့သည် ရှင်ဘုရင်များအဖြစ် စိုးစံရခြင်း ကောင်းချီးမင်္ဂလာကို မွေ့လျော်ခံစားရင်း ခန္ဓာကိုယ်ထဲ၌ ရှိကြလိမ့်မည် ဖြစ်သည်။ ဤအရာကို ပြတ်သားတိကျစွာ လျစ်လျူရှု၍ မရ။ ကောင်းချီးမင်္ဂလာများ ရရှိနိုင်မည့်အချိန်များကို လွန်သွားခွင့်အား လုံးဝ မပေးနှင့်။ စင်စစ်အားဖြင့်၊ ယနေ့သည် ယနေ့ဖြစ်ပြီး၊ နံနက်ဖြန်နှင့် လုံးဝခြားနားပေသည်။ သင်တို့သည် ကောင်းချီးများကို ခံစားလာရသည့်အခါ၊ ယနေ့၏ ကျေးဇူးတော်သည် ဖော်ပြရန်ပင် မထိုက်တန်ဟု သင်တို့ ထင်ကြလိမ့်မည်။ ဤသည်မှာ သင်တို့ကို ငါအပ်နှံသောအရာဖြစ်ပြီး ဤသည်မှာ ငါ၏နောက်ဆုံး အကြံဉာဏ် ဖြစ်သည်။

# အခန်း ၉၈

ခပ်သိမ်းသောအရာတို့သည် သင်တို့အယောက်တိုင်းအပေါ် ကျရောက်လာလိမ့်မည်ဖြစ်ပြီး၊ ယင်းတို့သည် သင်တို့အား ငါ့အကြောင်းကို ပို၍ သိခွင့်ပေးမည်ဖြစ်ကာ၊ ငါ့အကြောင်းကို ပို၍ သေချာစေလိမ့်မည်။ ယင်းတို့သည် သင်တို့အား တစ်ပါးတည်းသော ဘုရားသခင်ကိုယ်တိုင်ဖြစ်သည့် ငါ့ကို သိခွင့်ပေးလိမ့်မည်၊ အနန္တတန်ခိုးရှင်ဖြစ်သော ငါ့ကို သိခွင့်ပေးလိမ့်မည်၊ လူ့ဇာတိခံ ဘုရားသခင်ကိုယ်တိုင်ဖြစ်သော ငါ့ကို သိခွင့်ပေးလိမ့်မည်။ ထို့နောက်တွင် ငါသည် ဇာတိပကတိမှ ထွက်လာကာ၊ ငါ၏ နေထိုင်ရာနှင့် ငါ၏ ခရီးပန်းတိုင်၊ အရာခပ်သိမ်းကို ငါ ဖန်ဆင်းခဲ့သည့် အခြေစိုက်စခန်းဖြစ်သည့်၊ ဇိအုန်သို့ ခါနန်၏

ကောင်းသောမြေသို့ ပြန်သွားလိမ့်မည်။ ယခုတွင် သင်တို့ တစ်ဦးမျှ ငါ ပြောနေသော စကားများ၏ အဓိပ္ပါယ်ကို နားမလည်ချေ။ ဤစကားတို့၏ အဓိပ္ပါယ်ကို နားလည်နိုင်သော လူတစ်ယောက်မျှ မရှိပေ။ အရာရာကို သင်တို့ထံ ထုတ်ဖော်ပြသည့်အခါမှသာ၊ ဤစကားများကို အဘယ်ကြောင့် ငါ ပြောဆိုနေသည်ကို သင်တို့ နားလည်ကြလိမ့်မည်။ ငါသည် တစ်ပါးတည်းသော ဘုရားသခင်ကိုယ်တိုင် ဖြစ်သောကြောင့်၊ ငါသည် စကြဝဠာနှင့် သက်ဆိုင်ဖို့ မဆိုထားနှင့်၊ လောကနှင့် မသက်ဆိုင်ပေ။ ငါသည် စကြဝဠာလောက တစ်ခုလုံးကို ငါ၏လက်ထဲတွင် စွဲကိုင်ထား၏၊ ငါကိုယ်တိုင်သည် ယင်းကို ကွပ်ကဲအုပ်ချုပ်ပြီး၊ လူတို့သည် ငါ၏ ဩဇာအာဏာအား ကျိုးနွံနာခံရုံသာ တတ်နိုင်၏၊ ငါ၏ သန့်ရှင်းသော နာမအား ပြောဆိုရုံသာ တတ်နိုင်၏၊ ငါ့ကို ဩဘာပေးကာ ချီးမွမ်းရုံသာ တတ်နိုင်ကြ၏။ အရာရာကို သင်တို့ထံ တဖြည်းဖြည်း ထုတ်ဖော်ပြလိမ့်မည်။ မည်သည့်အရာမျှ ဖုံးကွယ်မထားသော်လည်း၊ သင်တို့သည် ငါ၏ စကားပြောခြင်းနည်းလမ်းသို့မဟုတ် ငါ့နှုတ်ကပါတ်တော်တို့၏ သဘောသွားကို နားမလည်နိုင်ကြသေးချေ။ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်က မည်သည့်အရာသာ ဖြစ်သည်ကို သင်တို့ နားမလည်ကြသေးချေ။ ထို့ကြောင့် ငါ ပြောဆိုပြီးဖြစ်သည့်အရာထဲမှ သင်တို့ နားမလည်သော အရာအားလုံးကို နောက်ပိုင်းတွင် သင်တို့အား ငါ ပြောပြလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် အရာရာသည် ငါ့အတွက် ရိုးရှင်းကာ ရှင်းလင်းသော်လည်း၊ သင်တို့အတွက် အလွန့်အလွန် ခက်ခဲပြီး၊ ယင်းတို့ သင်တို့ တကယ်ကို လုံးဝ နားမလည်သောကြောင့် ဖြစ်သည်။ ဤရည်မှန်းချက်အဖို့၊ ငါသည် ငါ၏ စကားပြောဆိုခြင်း နည်းလမ်းကို ပြောင်းလဲမည်ဖြစ်ပြီး၊ ငါ စကားပြောဆိုသောအခါ အမှုအရာများကို အတူတကွ ဆက်စပ်တော့မည်မဟုတ်ဘဲ၊ အချက်အသီးသီးကို တစ်ခုပြီးတစ်ခု ငါ ရှင်းလင်းစေမည်။

သေရာမှ ရှင်ပြန်ထမြောက်ဖို့ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းမှာ ဇာတိပကတိတွင် သေဆုံးပြီးနောက် သေခြင်းနောက်တွင် ကိုယ်ခန္ဓာသို့ ပြန်လာခြင်းကို ဆိုလိုသလော။ ဤသည်မှာ သေရာမှ ရှင်ပြန်ထမြောက်ရန်ဟု ခေါ်ဆိုသလော။ ထိုမျှ ရိုးရှင်းသလော။ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်သည်။ ဤအရာနှင့်သက်ဆိုင်၍ သင်သည် မည်သည့်အရာကို သိသနည်း။ ဤအရာကို သင် မည်သို့ သဘောပေါက်သနည်း။ ငါ၏ ပထမအကြိမ် လူ့ဇာတိခံယူခြင်းအတွင်း သေရာမှ ငါ၏ရှင်ပြန်ထမြောက်ခြင်းကို တိုက်ရိုက် ယူ၍ ရနိုင်မည်လော။ ဖြစ်စဉ်မှာ စာထဲ၌ ဖော်ပြထားသကဲ့သို့ အမှန်တကယ် ဖြစ်ခဲ့သလော။ ငါသည် ပွင့်လင်းစွာ စကားမပြောပါက၊ ငါသည် ရှင်းလင်းစွာ စကားမပြောပါက၊ ငါ့နှုတ်ကပတ်တော်တို့၏ အနက်အဓိပ္ပါယ်ကို မည်သူမျှ နားလည်နိုင်လိမ့်မည်မဟုတ်ဟု ငါ ပြောဆိုပြီးဖြစ်သည်။ သေရာမှ ရှင်ပြန်ထမြောက်ခြင်းသည်

ထိုကဲ့သို့ ဖြစ်ခဲ့သည်ဟု မတွေးထင်ခဲ့သောသူ ခေတ်ကာလများတစ်လျှောက်တွင် လူတစ်ဦးမျှ မရှိလေပြီ။ ကမ္ဘာလောက၏ ဖန်ဆင်းခြင်းအချိန်ကတည်းက၊ မည်သူမျှ ဤအရာ၏ စစ်မှန်သော အဓိပ္ပာယ်ကို နားမလည်သေးပေ။ ငါသည် ကားတိုင်ပေါ်တွင် အမှန်တကယ် သံမှိုစွဲခံခဲ့ရသလော။ ထို့ပြင် သေပြီးနောက် ငါသည် သချိုင်းထဲမှ ထွက်လာခဲ့သလော။ အမှန်တကယ် ဤသို့ ဖြစ်ခဲ့သလော။ ဤအရာသည် အမှန်တကယ် အမှန်ဖြစ်နိုင်သလော။ ခေတ်ကာလများတစ်လျှောက်တွင် မည်သူမျှ ဤအရာထဲသို့ အားထုတ်မှုတစ်ခုတစ်လေ မထားရှိလေပြီ၊ ဤအရာမှ ငါ့ကို မည်သူမျှ သိမလာလေပြီ၊ ပြီးလျှင် ဤအရာကို မယုံကြည်သော လူတစ်ဦးမျှ မရှိပေ။ ဤအရာ မှန်ကန်သည်ဟု အယောက်တိုင်းက ထင်ကြသည်။ ငါ၏ နှုတ်ကပတ်တော်တိုင်းတွင် အတွင်းအနက်အဓိပ္ပါယ်တစ်ခုရှိသည်ကို ၎င်းတို့ မသိကြပေ။ သို့ဆိုလျှင် သေရာမှ ရှင်ပြန်ထမြောက်ခြင်းသည် အတိအကျ မည်သည့်အရာ ဖြစ်သနည်း။ (မဝေးသော အနာဂတ်တွင်၊ သင်တို့သည် ဤအရာကို ကြုံတွေ့ရလိမ့်မည်၊ ထို့ကြောင့် သင်တို့ကို ထိုအရာအကြောင်းအား ကြိုတင် ပြောနေခြင်း ဖြစ်သည်။) မည်သည့် ဖန်ဆင်းခံ သတ္တဝါမျှ သေဆုံးရန် လိုလားနေခြင်းမရှိပေ။ ၎င်းတို့အားလုံး အသက်ရှင်ချင်ကြ၏။ ငါ၏ ရှုထောင့်အမြင်မှ၊ ဇာတိပကတိ၏ သေဆုံးခြင်းသည် အမှန်တကယ် သေခြင်းတစ်ခု မဟုတ်ပေ။ ငါ၏ ဝိညာဉ်အား လူတစ်ယောက်ထံမှ ပြန်သိမ်းသောအခါ၊ ထိုလူသည် သေဆုံး၏။ ထို့ကြောင့် စာတန်၏ ဖောက်ပြန်ဖျက်ဆီးခြင်းခံရသော ထို မကောင်းဆိုးဝါးများအားလုံး (ယုံကြည်ခြင်း မရှိသောသူများ၊ မယုံကြည်သူများအားလုံး)ကို လူသေဟု ငါ ခေါ်ဆို၏။ ကမ္ဘာလောကကို ဖန်ဆင်းခြင်း အချိန်ကတည်းက၊ ငါသည် ငါ၏ ဝိညာဉ်ကို ငါ ရွေးချယ်ထားပြီးဖြစ်သော အယောက်တိုင်းထံ ထောက်ပံ့ပေးထားပြီးဖြစ်သည်။ သို့သော်၊ ဖန်ဆင်းခြင်း အချိန်နောက်၌ ဖြစ်ပေါ်သော အဆင့်တစ်ခုနောက်တွင်၊ လူတို့သည် အချိန်တစ်ခုကြာ စာတန်၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရ၏။ ထို့ကြောင့် ငါသည် စွန့်ခွာခဲ့ကာ၊ လူတို့သည် စတင် ဆင်းရဲဒုက္ခခံစားခဲ့ရ၏ (ငါသည် လူ့ဇာတိခံယူပြီး ကားတိုင်တွင် သံမှိုစွဲရိုက်ခံခဲ့ရချိန်၌ ငါကြုံကြုံ၌ခံခဲ့ရသော ဆင်းရဲဒုက္ခ)။ သို့သော်၊ ငါ ကြိုတင်ခွဲခန့်ထားသော အချိန်တွင် (လူတို့ကို ငါ၏စွန့်ပစ်မှု အဆုံးသတ်သောအချိန်)၊ ငါသည် ငါ ကြိုတင်ခွဲခန့်ထားခဲ့သော လူတို့ကို ပြန်သိမ်းယူခဲ့ပြီး၊ သင်တို့သည် အသက် ပြန်ဝင်လာဖို့အလို့ငှာ၊ ငါ၏ဝိညာဉ်အား သင်တို့ထဲသို့ ငါ တစ်ဖန် ထားရှိခဲ့၏။ ဤအရာကို "သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း"ဟု ခေါ်သည်။ ယခုတွင်၊ ငါ၏ ဝိညာဉ်၌ အမှန်တကယ် အသက်ရှင်သောသူတို့သည် အားလုံး ထူးကဲသာလွန်နှင့်ကြကာ ၎င်းတို့အားလုံးသည် ကိုယ်ခန္ဓာထဲတွင် အသက်ရှင်ကြ၏။ သို့ရာတွင် များမကြာမီ၊

သင်တို့အားလုံးသည် သင်တို့၏ တွေးခေါ်မှု၊ သင်တို့၏ အယူအဆများနှင့် လောကီ အချုပ်အနှောင်အားလုံးတို့ကို စွန့်ပစ်ကြလိမ့်မည်။ သို့သော် ယင်းမှာ လူတို့ စိတ်ကူးသကဲ့သို့ ဆင်းရဲဒုက္ခခံပြီးနောက် သေခြင်းမှ ထလာခြင်း မဟုတ်ပေ။ ယခု သင်တို့ ရှင်သန်နေကြခြင်းသည် ကိုယ်ခန္ဓာထဲတွင် အသက်ရှင်ခြင်းအဖို့ ကြိုတင်သတ်မှတ်ချက်ဖြစ်သည်။ ယင်းသည် ဝိညာဉ်လောကထဲသို့ ဝင်ရောက်ရန် လိုအပ်သောလမ်းကြောင်း ဖြစ်၏။ ငါ ပြောဆိုသော သာမန်လူ့သဘာဝ၏ ကျော်လွန်ခြင်းသည် မိသားစုမရှိခြင်း၊ ဇနီးမယား မရှိခြင်း၊ သားသမီး မရှိခြင်းနှင့် လူသားလိုအပ်ချက်များ မရှိခြင်းကို ဆိုလိုသည်။ ယင်းသည် ငါ၏ပုံသဏ္ဌာန်အား အသက်ရှင်နေထိုင်ခြင်းအပေါ် တစ်ခုတည်း အာရုံစိုက်ရန်၊ ငါ့အထဲသို့ ဝင်ရောက်ခြင်းအပေါ် တစ်ခုတည်း အာရုံစိုက်ရန်နှင့် ငါမှလွဲ၍ အခြားသော အရာများကို မတွေးတောရန် ဖြစ်သည်။ သင်သွားသော နေရာတိုင်းသည် သင့်အိမ်ဖြစ်၏။ ဤသည်မှာ သာမန်လူ့သဘာဝကို ကျော်လွန်ခြင်း ဖြစ်သည်။ သင်တို့သည် ငါ၏ ဤစကားတို့ကို လုံးဝ နားလည်မှုလွဲကြလေပြီ။ သင်တို့၏ သိနားလည်ခြင်းသည် ပေါ့တန်လွန်း၏။ ငါသည် တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့ထံ အတိအကျ မည်သို့ ပေါ်ထွန်းမည်နည်း။ ယနေ့တွင် ဇာတိပကတိဖြင့်လော။ မဟုတ်ချေ။ အချိန်ကျသောအခါ၊ ငါသည် စကြဝဠာ၏ တိုင်းနိုင်ငံတိုင်းတွင် ငါ၏ခန္ဓာကိုယ်ဖြင့် ပေါ်ထွန်းလိမ့်မည်။ နိုင်ငံခြားသားများက ၎င်းတို့အား ထိန်းကျောင်းပေးရန် သင်တို့ကို လိုအပ်ချိန်သည် မရောက်ရှိသေးချေ။ ထိုအချိန်တွင်၊ သင်တို့သည် ၎င်းတို့ကို ထိန်းကျောင်းပေးရန် ဇာတိပကတိမှ ထွက်လာပြီး ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ရန် လိုအပ်လိမ့်မည်။ ဤအရာသည် အမှန်တရားဖြစ်သော်လည်း၊ ယင်းသည် လူတို့ စိတ်ကူးသကဲ့သို့၊ "သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း" မဟုတ်ပေ။ သတ်မှတ်ထားသော အချိန်၌၊ သင်တို့သည် ဇာတိပကတိမှ အမှတ်တမဲ့ ထွက်လာလိမ့်မည်ဖြစ်ပြီး၊ ဝိညာဉ်လောကသို့ ဝင်ရောက်ကာ၊ ငါတို့နှင့်အတူ တိုင်းနိုင်ငံအားလုံးကို အုပ်စိုးကြလိမ့်မည်။ အချိန် မကျသေးချေ။ ငါသည် သင်တို့ကို ဇာတိပကတိထဲတွင် ရှိစေလိုသောအခါ၊ သင်တို့သည် ဇာတိပကတိထဲတွင် ရှိနေကြလတ္တံ့ (ငါ့အမှု၏ သတ်မှတ်ချက်များနှင့်အညီ သင်တို့သည် ယခု တွေးတောခြင်း ရှိရမည်ဖြစ်ပြီး၊ ဇာတိပကတိထဲတွင် အသက်ရှင်ရဦးမည်၊ ထို့ကြောင့် သင်တို့အနေဖြင့် ငါ၏ ခြေလှမ်းများအတိုင်း ဇာတိပကတိဖြင့် သင်လုပ်ဆောင်ရန် လိုအပ်သောအရာများကို သင် လုပ်ဆောင်သင့်ဆဲ ဖြစ်သည်။ မလှုပ်မယှက် မစောင့်ဆိုင်းနှင့်၊ အဘယ်ကြောင့်ဆိုသော် စောင့်ဆိုင်းခြင်းသည် ကြန့်ကြာမှု ဖြစ်စေလိမ့်မည်)။ ငါသည် သင်တို့ကို အသင်းတော်၏ သိုးထိန်းများအဖြစ် ကိုယ်ခန္ဓာဖြင့် ဆောင်ရွက်စေရန် လိုအပ်သောအခါ၊ သင်တို့သည်

ဇာတိပကတိမှ ထွက်လာလိမ့်မည်၊ သင်၏ အတွေးကို စွန့်ပစ်လိမ့်မည်ဖြစ်ပြီး၊ အသက်ရှင်ရန် ငါ့အပေါ် လုံး၀ အမှီပြုကြလိမ့်မည်။ ငါ၏ တန်ခိုးနှင့် ဉာဏ်ပညာ၌ ယုံကြည်ခြင်းရှိလော့။ အရာရာကို ငါ ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်လိမ့်မည်။ သင်တို့သည် စောင့်ဆိုင်းကာ ဝမ်းမြောက်ဖို့ရန်သာ လို၏။ ကောင်းချီးမင်္ဂလာအားလုံး သင်တို့ထံ ရောက်လာမည်ဖြစ်ပြီး၊ သင်တို့သည် မကုန်ခမ်းနိုင်သကဲ့သို့ အဆုံးအစမဲ့သော အထောက်အပံ့ကို ရရှိလိမ့်မည်။ ထိုနေ့ရက် ရောက်လာသောအခါ၊ သင်တို့သည် ဤအရာကို ငါလုပ်ဆောင်ပုံ၏ အခြေခံသဘောတရားကို နားလည်ကြလိမ့်မည်။ ငါ၏ အံ့ဖွယ် လုပ်ဆောင်ချက်များကို သင်တို့ သိကြလိမ့်မည်ဖြစ်ပြီး၊ ငါ၏သားဦးတို့ကို ဇိအုန်သို့ ငါမည်သို့ ပြန်ဆောင်ကြဉ်းသည်ကို သင်တို့ နားလည်ကြလိမ့်မည်။ ဤအရာသည် သင်တို့ စိတ်ကူးသလောက် မရှုပ်ထွေးသော်လည်း၊ သင်တို့ တွေးထင်သလောက်လည်း မရိုးရှင်းပေ။

ဤအရာကို ငါပြောသည့်အခါ၊ သင်တို့သည် ငါ၏ စကားများ နောက်ကွယ်က ရည်ရွယ်ချက်ကို သာ၍ပင် သဘောမပေါက်လာနိုင်ကြသကဲ့သို့ ပို၍ပင် ရှုပ်ထွေးလာကြသည်ကို ငါ သိ၏။ သင်တို့သည် မည်သည့်အရာကိုမျှ နားမလည်နိုင်ကြဖို့အလို့ငှာ၊ ယင်းတို့ကို အစောပိုင်းတွင် ငါ ပြောဆိုပြီးဖြစ်သည့်အရာများနှင့် သင်တို့ ရောထွေးကုန်မည်ဖြစ်ပြီး၊ ထွက်ပေါက်မရှိသည့်အလား ထင်ရလိမ့်မည်။ သို့သော် မစိုးရိမ်ကြနှင့်။ အရာရာကို သင်တို့အား ငါ ပြောပြမည်။ ငါ ပြောသော အရာရာတိုင်းသည် အဓိပ္ပါယ်ရှိ၏။ ငါသည် တည်ရှိနေသော အရာများကို မရှိခြင်းသို့ ပြန်ရောက်စေနိုင်ပြီး၊ ဘာမျှမရှိခြင်းမှ အမှုအရာမျိုးစုံကို ဖန်တီးနိုင်သည်ဟု ငါ ပြောဆိုပြီးဖြစ်၏။ လူသား စိတ်ကူးထဲ၌၊ ဇာတိပကတိမှ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ရန်၊ တစ်ဦးတစ်ယောက်သည် သေရာမှ ထမြောက်ရမည်ဖြစ်သည်။ အတိတ်တွင်၊ ငါသည် ဤနည်းလမ်းကို သုံးခဲ့ပြီး၊ ငါ၏ အကြီးမားဆုံးသော နိမိတ်လက္ခဏာကို ထင်ရှားစေခဲ့သည်၊ သို့သော် ယနေ့သည် အတိတ်နှင့် မတူပေ။ ငါသည် သင်တို့ကို ဇာတိပကတိမှ ခန္ဓာကိုယ်ထဲသို့ တိုက်ရိုက် ခေါ်ဆောင်မည်ဖြစ်သည်။ ဤသည်မှာ သာ၍ပင် ကြီးမြတ်သော နိမိတ်လက္ခဏာနှင့် အံ့ဖွယ်ရာတစ်ခု မဟုတ်ပေလော။ ဤအရာသည် ငါ၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်း၏ သာ၍ ကြီးမားသော သရုပ်သကန်တစ်ခု မဟုတ်လော။ ငါသည် ငါ၏အစီအစဉ် ရှိပြီး၊ ငါ၏ ရည်ရွယ်ချက်များ ရှိ၏။ အဘယ်သူသည် ငါ၏လက်များတွင် မရှိသနည်း။ ငါလုပ်ဆောင်သည့်အမှုကို ငါသိ၏။ ယနေ့ ငါ၏ အမှုပြုခြင်း နည်းစနစ်များသည် အမှန်တကယ်၌ အတိတ်နှင့် ကွဲပြားလေသည်။ ငါသည် ခေတ်များ၏ အပြောင်းအလဲအတိုင်း ငါ၏ အမှုပြုခြင်း နည်းစနစ်များကို ပြုပြင်၏။ ငါသည် ကားတိုင်တွင် သံမှိုရိုက်နှက်ခံခဲ့ရချိန်တွင်၊ ယင်းမှာ ကျေးဇူးတော်ခေတ် ဖြစ်ခဲ့သော်လည်း၊ ယခုသည်

နောက်ဆုံးသောကာလ ဖြစ်၏။ ငါ့အမှု၏ အဟုန်သည် အရှိန်မြင့်လာနေသည်။ ယင်းသည် အတိတ်ကထက် သာ၍ နှေးကွေးဖို့မဆိုထားနှင့်၊ အတိတ်တွင် လုပ်ဆောင်ခဲ့သကဲ့သို့ တူညီသော မြန်နှုန်းဖြင့် ရှေ့မဆက်ပေ။ ထို့ထက်၊ ယင်းသည် အတိတ်ကထက် ပို၍ များစွာ မြန်မြန်ဆန်ဆန် ရှေ့ဆက်သည်။ ယင်းကို ဖော်ပြဖို့ရန် တကယ်ကို မဖြစ်နိုင်သကဲ့သို့၊ အလွန်များသည့် ခက်ခဲရှုပ်ထွေးသော ဖြစ်စဉ်များစွာ မလိုအပ်ချေ။ ငါသည် မည်သည့်အရာကိုမဆို လုပ်ဆောင်ရန် လွတ်လပ်သည်။ ငါ၏ အလိုအား မည်သို့ ပြည့်စုံစေမည်ဆိုသည်နှင့် ငါသည် သင်တို့အား မည်သို့ စုံလင်စေမည်ဆိုသည်တို့ကို သတ်မှတ်ရန် ငါ့ထံမှ ဩဇာအာဏာနှင့်ဆိုင်သော စကားတစ်ခွန်းသာ လိုအပ်သည်မှာ အမှန် မဟုတ်သလော။ ငါ ပြောသော အရာတိုင်းသည် ဧကန်မုချ လုပ်ဆောင်ပြီးစီးလိမ့်မည်။ အတိတ်ကာလ၌၊ ငါသည် ဆင်းရဲဒုက္ခ ခံစားရလိမ့်မည်ဟု မကြာခဏ ငါပြောခဲ့ပြီး၊ ယခင်က ငါ ကြုံကြုံခံခဲ့ရသော ဆင်းရဲဒုက္ခကို လူတို့အား ထုတ်ဖော်ပြောခွင့် ငါမပြုခဲ့ပေ။ ဤအရာအား ထုတ်ဖော်ပြောခြင်းသည် ငါ့အပေါ် ပြစ်မှားစော်ကားခြင်း ဖြစ်ခဲ့၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါသည် ဘုရားသခင်ကိုယ်တိုင် ဖြစ်ပြီး၊ ငါ့အတွက် မည်သည့်အခက်အခဲမျှ မရှိသောကြောင့် ဖြစ်သည်။ သင်က ဤဆင်းရဲဒုက္ခကို ပြောသောအခါ၊ လူတို့ကို ငိုကြွေးစေ၏။ အနာဂတ်တွင် သက်ပြင်းချခြင်းများနှင့် မျက်ရည်များ ရှိလိမ့်မည် မဟုတ်ဟု ငါ ပြောဆိုပြီးဖြစ်သည်။ ဤအရာကို ဤရှုထောင့်မှ ရှင်းပြသင့်ပြီး၊ ထို့နောက် ငါ့နှုတ်ကပတ်တော်တို့၏ အဓိပ္ပာယ်ကို နားလည်နိုင်ပေသည်။ “လူသားတို့သည် ဤဆင်းရဲဒုက္ခအား တကယ်ကို မခံရပ်နိုင်ကြ” ဟူသော စကား၏ အဓိပ္ပါယ်မှာ ငါသည် လူသားအယူအဆများနှင့် အတွေးများအားလုံးမှ ချိုးဖျက်လွတ်မြောက်နိုင်သည်၊ ဇာတိပကတိ၏ စိတ်ခံစားချက်များမှ ချိုးဖျက်လွတ်မြောက်နိုင်သည်၊ လောကီဆန်ခြင်း အရိပ်လက္ခဏာအားလုံးမှ ချိုးဖျက်လွတ်မြောက်နိုင်ပြီး၊ ဇာတိပကတိမှ ထွက်ခွာသွားနိုင်သကဲ့သို့၊ အယောက်တိုင်းက ငါ့အား ငြင်းဆိုနေချိန်တွင်၊ ငါသည် ရပ်တည်နိုင်ဆဲဖြစ်သည်ဟူ၍ ဖြစ်ပေသည်။ ဤသည်မှာ ငါသည် တစ်ပါးတည်းသော ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်ကို သက်သေပြရန် လုံလောက်၏။ “သားဦးတိုင်းသည် ဇာတိပကတိမှ ဝိညာဉ်လောကသို့ ဝင်ရောက်ရမည်။ ဤသည်မှာ ရှင်ဘုရင်များအဖြစ် ငါနှင့်အတူ စိုးစံရန်အတွက် ၎င်းတို့ လျှောက်ရမည့် လမ်းကြောင်း ဖြစ်သည်” ဟူ၍ ငါ ပြောဆိုပြီးဖြစ်သည်။ ဤစာကြောင်း၏ အဓိပ္ပါယ်မှာ သင့်အနေဖြင့် အတိတ်တွင် သင်စိတ်ကူးထားပြီးဖြစ်သော အရာကို ကြုံရသောအခါ၊ သင်တို့သည် ထိုမင်းသားများနှင့် ရှင်ဘုရင်များအား တရားဝင် စတင် တရားစီရင်ရန် ဇာတိပကတိမှ တရားဝင် ထွက်ခွာကာ

ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လိမ့်မည်ဖြစ်သည်ဟူ၍ ဖြစ်ပေသည်။ ၎င်းတို့သည် ဤအချိန်၌ ဖြစ်ပေါ်သော အရာများအပေါ် အခြေခံ၍ တရားစီရင်ခြင်းခံရလိမ့်မည်။ သို့သော် ယင်းသည် သင်တို့ စိတ်ကူးသလောက် မရှုပ်ထွေးပေ- ယင်းသည် ခဏတွင်းချင်း လုပ်ဆောင်ပြီးလိမ့်မည်။ သင်တို့သည် သေခြင်းမှ ထမြောက်ရန် မလိုအပ်သကဲ့သို့၊ သင်သည် ဆင်းရဲဒုက္ခခံစားဖို့ရန်ပင် လိုအပ်လိမ့်မည် မဟုတ် (အဘယ်ကြောင့်ဆိုသော် ကမ္ဘာမြေပေါ်က သင်တို့၏ ဆင်းရဲဒုက္ခနှင့် အခက်အခဲများသည် အဆုံးသတ်သို့ ရောက်လာနှင့်ပြီးဖြစ်သောကြောင့်ဖြစ်ကာ၊ ငါသည် နောင်တွင် ငါ၏သားဦးများကို ကိုင်တွယ်ဖြေရှင်းလိမ့်မည်မဟုတ်တော့သည်ကို ငါ ပြောဆိုနှင့်ပြီးဖြစ်သည်)။ သင်သည် ဝိညာဉ်လောကသို့ အမှတ်တမဲ့ဖြင့် ဝင်ရောက်လိမ့်မည်ဟူသော အမှန်တရားဖြင့်၊ သားဦးတို့သည် ပြောဆိုထားသည့်အတိုင်း ၎င်းတို့၏ ကောင်းချီးမင်္ဂလာများကို မွေ့လျော်ခံစားရလိမ့်မည်။ ဤသည်မှာ ငါ၏ သနားကရုဏာနှင့် ကျေးဇူးတော် ဖြစ်သည်ဟု ငါအဘယ်ကြောင့် ဆိုသနည်း။ အကယ်၍ တစ်ဦးတစ်ယောက်သည် သေခြင်းမှ ထမြောက်ပြီးမှသာ ဝိညာဉ်လောကသို့ ဝင်ရောက်နိုင်မည်ဆိုပါက၊ ဤသည်မှာ သနားကရုဏာနှင့် ကျေးဇူးတော်ဖြင့် ပြည့်စုံခြင်းမှ အလှမ်းဝေးနေပေမည်။ ထို့ကြောင့် ဤသည်မှာ ငါ၏ကျေးဇူးတော်နှင့် သနားကရုဏာတို့၏ အသိသာဆုံးသော ဖော်ပြချက် ဖြစ်သည်။ ထို့အပြင် ဤအရာက လူတို့ကို ငါ၏ ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် ငါ၏ ရွေးကောက်ခြင်းအား ထုတ်ဖော်ပြသည်။ ယင်းသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များက မည်မျှ တင်းကျပ်သည်ကို လုံလောက်စွာ ပြသနိုင်ပေသည်။ ငါ ဆန္ဒရှိသောသူ မည်သူ့အပေါ်မဆို ငါသည် ကျေးဇူးတော်ဖြင့် ပြည့်စုံမည်ဖြစ်ပြီး၊ ငါ ဆန္ဒရှိသော မည်သူ့အပေါ်မဆို ငါသည် သနားကရုဏာနှင့် ပြည့်စုံမည်ဖြစ်သည်။ မည်သူမျှ ဖက်ပြိုင်ခြင်း၊ သို့မဟုတ် တိုက်လှန်ခြင်း မပြုရာ။ ဤအရာအားလုံးကို ငါ ဆုံးဖြတ်မည်။

လူတို့သည် ယင်းကို နားမလည်နိုင်ကြသကဲ့သို့၊ ၎င်းတို့ အသက်မရှူနိုင်သည်အထိ မိမိတို့ကိုယ်ကိုယ်အပေါ် ဖိအားပေးကြ၏၊ သို့သော် မိမိတို့ကိုယ်ကိုယ် ချည်နှောင်သည်မှာ ၎င်းတို့ ဖြစ်ကြဆဲ ဖြစ်သည်။ လူတို့၏ တွေးခေါ်ခြင်းသည် အမှန်တကယ် ကန့်သတ်ချက်ရှိသည်၊ ထို့ကြောင့် ၎င်းတို့သည် လူသားအတွေးနှင့် အယူအဆများကို ဖယ်ရှားပစ်ရမည်။ ထို့ကြောင့်၊ ငါသည် အရာရာကို ထိန်းချုပ်ရန်၊ အရာရာကို စီမံခန့်ခွဲရန်၊ ဇာတိပကတိမှ ထွက်ခွာကာ ဝိညာဉ်လောကသို့ ဝင်ရောက်ရမည်ဖြစ်သည်။ ဤသည်မှာ လူအပေါင်းတို့နှင့် တိုင်းနိုင်ငံအားလုံးကို အုပ်စိုးဖို့ရန်နှင့် ငါ၏အလို ပြည့်စုံစေဖို့ရန် တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်။ ယင်းသည် အလှမ်းမဝေးပေ။ သင်တို့သည် ငါ၏

အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်းကို ယုံကြည်ခြင်း မရှိကြသကဲ့သို့ ငါအဘယ်သူဖြစ်သည်ကို မသိကြချေ။ ငါသည် လူသားတစ်ဦးာ ဖြစ်သည်ဟု သင်တို့ ထင်ကြပြီး၊ ငါ၏ ဘုရားသဘောသဘာဝကို လုံးဝ မမြင်နိုင်ကြချေ။ အမှုအရာတို့သည် ငါ ပြည့်စုံစေလိုသော အချိန်တွင်၊ ပြည့်စုံလိမ့်မည်ဖြစ်သည်။ လိုအပ်သမျှအားလုံးမှာ ငါ၏ နှုတ်မှ စကားခွန်းသာ ဖြစ်သည်။ သင်တို့သည် လတ်တလောတွင် ငါ ပြောဆိုပြီးဖြစ်သည့် ငါ၏ လူ့သဘာဝနှင့်ဆိုင်သော သွင်ပြင်လက္ခဏာနှင့် ငါ၏လှုပ်ရှားမှုတိုင်းကိုသာ အာရုံစိုက်ထားကြပြီးဖြစ်သော်လည်း၊ ငါ၏ ဘုရားသဘောသဘာဝ၏ သွင်ပြင်လက္ခဏာကို သင်တို့ အာရုံမစိုက်ကြလေပြီ။ ဆိုလိုသည်မှာ၊ ငါသည်လည်း အတွေးနှင့် အယူအဆများရှိသည်ဟု သင်တို့ ထင်ကြပေသည်။ သို့သော် ငါ၏အတွေးများ၊ စိတ်ကူးများနှင့် စိတ်၊ ငါ၏လှုပ်ရှားမှုတိုင်း၊ ငါ ပြုသော အရာတိုင်းနှင့် ငါ ပြောသော အရာတိုင်းတို့သည် ဘုရားသခင်ကိုယ်တိုင်၏ ပြည့်စုံသော သရုပ်သကန်ဖြစ်သည်ဟူ၍ ငါ ဆိုထားပြီးဖြစ်သည်။ သင်တို့သည် ဤအရာအားလုံးကို မေ့လျော့ကြပြီလော။ သင်တို့အားလုံးသည် မရေရာသော လူများပေတကား။ သင်တို့သည် ငါ့နှုတ်ကပတ်တော်များ၏ အနက်အဓိပ္ပါယ်ကို နားမလည်ကြချေ။ ငါသည် ငါ ပြောဆိုပြီးဖြစ်သည့် အရာမှတစ်ဆင့် ငါ၏ သာမန်လူ့သဘာဝ သွင်ပြင်လက္ခဏာကို သင်တို့အား တွေ့မြင်ခွင့်ပေးပြီး ဖြစ်သည် (ငါသည် သင်တို့အား ငါ၏ သာမန် လူ့သဘာဝကို ငါ၏ နေ့စဉ်ဘဝ၊ လက်တွေ့အရှိတရားတွင် မြင်တွေ့ခွင့်ပေးပြီးဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ဤကာလအတွင်း၌ ငါ ပြောဆိုပြီးသည့်အရာမှ ငါ၏ သာမန်လူ့သဘာဝ သွင်ပြင်လက္ခဏာကို နားမလည်ကြသေးသောကြောင့် ဖြစ်၏)၊ သို့သော် ငါ၏ သာမန်လူ့သဘာဝကို သင်တို့ နားမလည်ကြသကဲ့သို့ ငါ့အား ဆန့်ကျင်အသုံးပြုနိုင်သည့် တစ်စုံတစ်ရာကို ဆုပ်ကိုင်ရန်သာ ကြိုးစားကြပြီး သင်တို့သည် ငါ့ရှေ့တွင် မထိန်းမသိမ်းနိုင်လောက်အောင် ဖြစ်ကြသည်။ သင်တို့သည် ကျိုးကြောင်းမမြင်ကြပါတကား။ မသိနားမလည်ကြပါတကား။ သင်တို့သည် ငါ့အား မသိကြ။ ငါသည် အချိန်ကြာမြင့်စွာ အချည်းနှီး ပြောဆိုမိလေပြီ။ သင်တို့သည် ငါ့ကို လုံးလုံး မသိကြသကဲ့သို့ ငါ၏ သာမန်လူ့သဘာဝအား ပြည့်စုံသော ဘုရားသခင်ကိုယ်တိုင်၏ အစိတ်အပိုင်းတစ်ခုအဖြစ် တကယ်ကို မမှတ်ယူကြပေ။ ငါသည် အမျက်မထွက်ဘဲ အဘယ်သို့ နေနိုင်မည်လော။ ငါသည် တစ်ဖန် သနားကရုဏာနှင့် အဘယ်သို့ ပြည့်စုံနိုင်မည်နည်း။ ငါသည် ဤမနာခံသောသူတို့အား ငါ၏ အမျက်ဒေါသဖြင့်သာ တုံ့ပြန်နိုင်၏။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ယုံကြည်မှုလွန်ကဲကြ၏၊ ငါ့ကို သင်တို့ လုံးဝ မသိကြချေ။ ငါသည် အမှားလုပ်မိပြီဟု သင်တို့ ထင်ကြသည်။ ငါသည် အမှားလုပ်မိနိုင်မည်လော။ ငါသည် လူ့ဇာတိခံယူရန် မည်သည့်

ဇာတိခန္ဓာကိုမဆို သတိမမူဘဲ ရွေးချယ်မည်လော။ ငါ၏ လူ့သဘာဝနှင့် ငါ၏ ဘုရားသဘောသဘာဝသည် ပြီးပြည့်စုံသော ဘုရားသခင်ကိုယ်တိုင် ဖန်တီးသည့် ခွဲထုတ်၍မရသော အစိတ်အပိုင်းနှစ်ခုဖြစ်သည်။ ယခု သင်တို့သည် ဤအရာနှင့်ပတ်သက်၍ လုံးဝ ရှင်းသွားသင့်ပေသည်။ ငါ၏ နှုတ်ကပတ်တော်များသည် အထွတ်အထိပ်သို့ ရောက်ရှိနှင့်ပြီးဖြစ်ကာ ငါ၏ နှုတ်ကပတ်တော်များကို သာ၍ ကြီးမားသော အတိုင်းအတာဖြင့် ရှင်းပြတော့မည် မဟုတ်။

## အခန်း ၉၉

ငါ့အမှု၏အရှိန်အဟုန်သည် အရှိန်မြင့်နေသောကြောင့်၊ မည်သူမျှ ငါ၏ခြေလှမ်းများကို အမီမလိုက်နိုင်ကြသကဲ့သို့ ငါ၏စိတ်ကိုလည်း မည်သူမျှထိုးထွင်းမသိမြင်နိုင်ပေ၊ သို့သော် ဤသည်မှာ တစ်ခုတည်းသော ရှေ့ဆက်လမ်း ဖြစ်သည်။ ဤသည်မှာ ပြောဆိုထားနှင့်ပြီးဖြစ်သည့် "သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း"ဟူသော စကားရပ်ထဲက "သေခြင်း" ဖြစ်သည် (ငါ၏အလိုကို သဘောမပေါက်နိုင်ခြင်း၊ ငါ၏နှုတ်ကပတ်တော်များမှ ငါဆိုလိုသည့်အရာကို နားမလည်နိုင်ခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။ ဤသည်မှာ "သေခြင်း"နှင့်ဆိုင်သည့် နောက်ထပ်ရှင်းပြချက်ဖြစ်ပြီး "ငါ့ဝိညာဉ်၏ စွန့်ပစ်ခံရခြင်း"ဟု မဆိုလိုပေ။) သင်တို့နှင့် ငါသည် ဤအဆင့်မှ ခန္ဓာကိုယ်ထဲသို့ ကူးပြောင်းပြီးချိန်တွင်၊ "သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း"၏ စစ်မှန်သော အဓိပ္ပာယ် ပြည့်စုံလိမ့်မည် (ဆိုလိုသည်မှာ၊ ဤသည်မှာ "သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း"၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်)။ ယခုတွင်၊ ဤသည်မှာ သင်တို့အားလုံး တည်ရှိသည့် အခြေအနေဖြစ်သည်။ သင်တို့သည် ငါ၏အလိုကို သဘောမပေါက်နိုင်သကဲ့သို့၊ ငါ၏ခြေလှမ်းများကို ရှာမတွေ့နိုင်ကြပေ။ ထို့အပြင် သင်တို့သည် သင်တို့၏ စိတ်ဝိညာဉ်များ၌ ဆိတ်ဆိတ်မနေနိုင်ကြ၊ ထို့ကြောင့် သင်တို့သည် စိတ်ထဲတွင် မသက်သာမှုကို ခံစားရသည်။ ဤအခြေအနေမျိုးသည် ငါဖော်ပြခဲ့သည့် "ဆင်းရဲဒုက္ခ" အတိအကျ ဖြစ်ပြီး၊ လူတို့ မခံနိုင်သည့် ဤဆင်းရဲဒုက္ခအတွင်းတွင် သင်သည် သင်၏ကိုယ်ပိုင်အနာဂတ်ကို တစ်ဖက်တွင် တွေးနေပြီး အခြားတစ်ဖက်တွင် သင်တို့ကို အရပ်လေးမျက်နှာမှ ပစ်ခတ်ကာ တိုက်ခိုက်နေသည့် ငါ၏လောင်ကျွမ်းခြင်းနှင့် ငါ၏တရားစီရင်ခြင်းတို့ကို သင် လက်ခံနေသည်။ ထို့အပြင်၊ သင်သည် ငါ စကားပြောသည့် အသံနေအသံထားနှင့် ဟန်ပန်တို့မှ စည်းမျဉ်းတစ်ခုတစ်လေကို သင် သဘောပေါက်မနိုင်သကဲ့သို့၊ သင် အလွန် ဆင်းရဲဒုက္ခခံရဖို့အလို့ငှာ၊ တစ်နေ့တာ

မိန့်မြွက်ချက်တွင် အသံနေအသံထား အမျိုးမျိုးရှိလေသည်။ ဤအရာတို့သည် ငါ၏ အမှုရှိ အဆင့်များဖြစ်သည်။ ဤသည်မှာ ငါ၏ဉာဏ်ပညာဖြစ်သည်။ အနာဂတ်တွင်၊ သင်တို့သည် ဤသွင်ပြင်လက္ခဏာတွင် ပို၍ကြီးမားသော ဆင်းရဲဒုက္ခကို တွေ့ကြုံလိမ့်မည်၊ ထိုအရာအားလုံးသည် သူတော်ကောင်းယောင်ဆောင်လူအားလုံးကို ထုတ်ဖော်ပြရန်အလို့ငှာ ဖြစ်သည်- ဤအရာသည် ယခု ရှင်းလင်းသင့်ပေပြီ။ ဤသည်မှာ ငါ အမှုပြုသည့် နည်းလမ်းဖြစ်သည်။ ဤဆင်းရဲဒုက္ခမျိုး၏ စိတ်ဓာတ်လှုံ့ဆော်မှုနှင့်အတူ၊ သေခြင်းနှင့် ညီမျှသော ဤနာကျင်မှုကို တွေ့ကြုံပြီးသည့်နောက်တွင်၊ အခြားသော နယ်ပယ်ထဲသို့ သင်ဝင်ရောက်လိမ့်မည်။ သင်သည် ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လိမ့်မည် ဖြစ်ပြီး၊ ငါနှင့်အတူ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့အပေါ် အုပ်စိုးလိမ့်မည်။

ငါသည် လတ်တလောတွင် အဘယ်ကြောင့် သာ၍ ပြင်းထန်သော အသံနေအသံထားတစ်ခုဖြင့် ပြောဆိုနေခဲ့သနည်း။ ငါ၏အသံနေအသံထားသည် အဘယ်ကြောင့် မကြာခဏပြောင်းလဲပြီး ငါ၏အမှုပြုခြင်း နည်းလမ်းသည်လည်း အဘယ်ကြောင့် အလွန် မကြာခဏ ပြောင်းလဲလေပြီနည်း။ ငါ၏ဉာဏ်ပညာသည် ဤအရာများတွင် ရှိလေပြီ။ ငါ၏ နှုတ်ကပတ်တော်များကို ဤနာမအား လက်ခံသူအယောက်စီတိုင်းအတွက် (ငါ၏နှုတ်ကပတ်တော်များ ပြီးပြည့်စုံနိုင်သည်ကို ၎င်းတို့ ယုံကြည်သည် ဖြစ်စေ မယုံကြည်သည်ဖြစ်စေ) ပြောဆိုထားပေသည်၊ ထို့ကြောင့် ငါ၏နှုတ်ကပတ်တော်တို့ကို အယောက်တိုင်းက ကြားကာ မြင်ကြရမည်ဖြစ်ပြီး၊ ငါသည် ငါ၏ အမှုပြုသည့်နည်းလမ်းရှိပြီး ငါ၏ ဉာဏ်ပညာရှိသောကြောင့်၊ ၎င်းတို့သည် ဖိနှိပ်ခြင်းမခံရကြ။ ငါသည် လူတို့ကိုတရားစီရင်ရန်၊ လူတို့ကို ထုတ်ဖော်ပြရန်နှင့် လူတို့၏သဘာဝကို ဖော်ထုတ်ရန် ငါ၏နှုတ်ကပတ်တော်များကို အသုံးပြုသည်။ ထိုသို့ဖြင့်၊ ငါ၏ ရွေးကောက်ခြင်းခံရသူတို့ကို ငါရွေးချယ်ပြီး၊ ငါ၏ ခွဲခန့်မှတ်သားခြင်းမခံရသူများ သို့မဟုတ် ငါ၏ရွေးချယ်ခြင်းမခံရသူများကို ဖယ်ရှင်းသုတ်သင်သည်။ ဤအရာအားလုံးသည် ငါ၏ဉာဏ်ပညာဖြစ်ပြီး၊ ငါ့အမှု၏ အံ့ဖွယ်ရာ ဖြစ်သည်။ ဤသည်မှာ ငါ့အမှု၏ဤအဆင့်တွင်ရှိသော ငါ၏နည်းစနစ် ဖြစ်သည်။ လူတို့အလယ်တွင်၊ ငါ၏အလိုကို သဘောပေါက်နိုင်သူ တစ်ဦးတစ်လေ ရှိသလော။ လူတို့အလယ်တွင် ငါ၏ဝန်ထုပ်ကို အရေးထားနိုင်သောသူ တစ်ဦးတစ်လေ ရှိသလော။ အမှုကို လုပ်ဆောင်နေသူသည် ငါ၊ ဘုရားသခင် ကိုယ်တိုင်ဖြစ်သည်။ သင်တို့သည် ငါ၏ ဤနှုတ်ကပတ်တော်များ၏ အရေးပါမှုကို စေ့စေ့စပ်စပ် နားလည်သည့်တစ်နေ့ ရောက်လာလိမ့်မည်ဖြစ်ပြီး ငါသည် အဘယ်ကြောင့် ဤနှုတ်ကပတ်တော်များအား ပြောဆိုလိုသည်ကို သင်တို့ လုံးဝ ရှင်းသွားကြလိမ့်မည်။

ငါ၏ဉာဏ်ပညာသည် အဆုံးမရှိ၊ အနန္တဖြစ်ပြီး၊ တိုင်းတာမရနိုင်သကဲ့သို့၊ ယင်းသည် လူသားများအဖို့ လုံး၀ ထိုးထွင်းမသိမြင်နိုင်ပေ။ လူသားများသည် ငါပြသောအရာများမှ ယင်း၏ အစိတ်အပိုင်းတစ်ခုကိုသာ မြင်နိုင်ကြ၏၊ သို့သော် ၎င်းတို့မြင်သောအရာမှာ ချို့ယွင်းချက်များရှိဆဲဖြစ်ကာ မပြည့်စုံသေးပေ။ သင်တို့သည် ဤအဆင့်မှ နောက်တစ်ဆင့်သို့ အပြည့်အ၀ ကူးပြောင်းပြီးသည့်အခါတွင်၊ ထိုအရာကို သင်တို့ ရှင်းရှင်းလင်းလင်း မြင်နိုင်လိမ့်မည်။ အမှတ်ရကြလော့။ ယခုသည် တန်ဖိုးအရှိဆုံးခေတ်ဖြစ်သည်- ခန္ဓာ၌ သင်တို့ ရှိကြသည့် နောက်ဆုံးသောအဆင့်ဖြစ်သည်။ ယခု သင်၏အသက်သည် သင်၏ ရုပ်ပိုင်းဆိုင်ရာ အသက်တာ၏ နောက်ဆုံးအသက် ဖြစ်သည်။ သင်တို့သည် ဇာတိပကတိမှ ဝိညာဉ်လောကသို့ ဝင်ရောက်သောအခါ၊ ထိုအချိန်တွင် နာကျင်မှုအားလုံးသည် သင်တို့ကို စွန့်ခွာလိမ့်မည်။ သင်တို့သည် အလွန် ဝမ်းမြောက်ကြလိမ့်မည်ဖြစ်ကာ ရွှင်လန်းဝမ်းမြောက်မှုကြောင့် မရပ်မနား ကခုန်ကြလိမ့်မည်။ သို့သော် သားဦးများသာလျှင် ဤကောင်းချီးမင်္ဂလာနှင့် ထိုက်ထန်သောကြောင့်၊ ငါ ပြောဆိုသော ဤနှုတ်ကပတ်တော်များသည် သားဦးများအတွက်သာဖြစ်သည်ကို သင်တို့ ရှင်းလင်းရမည်။ ဝိညာဉ်လောကသို့ ဝင်ရောက်မှုမှာ အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာ၊ အမြင့်ဆုံးသော ကောင်းချီးမင်္ဂလာနှင့် မွေ့လျော်ခံစားရမည့် အဖိုးတန်ဆုံးသော အရာ ဖြစ်သည်။ ယခု သင်တို့ စားဖို့နှင့် ဝတ်ဖို့ ရရှိသည့် အရာများသည် အသွေးအသား၏ ပျော်မွေ့ခြင်းများထက် ဘာမျှမပိုပေ။ ယင်းတို့သည် ကျေးဇူးတော်ဖြစ်ပြီး ငါသည် ဤအရာများကို တကယ်ကို အရေးမထားပေ။ ငါ့အမှု၏ အာရုံစိုက်ရာသည် နောက်တစ်ဆင့် (ဝိညာဉ်လောကသို့ဝင်ရောက်ခြင်းနှင့် စကြဝဠာလောကကို ရင်ဆိုင်ခြင်း)တွင် ရှိသည်။

အဆင်းနီသောနဂါးကြီးသည် ငါ၏ပစ်ချခြင်းနှင့် ချေမှုန်းခြင်းကို ခံရပြီးဖြစ်သည်ဟု ငါဆိုပြီးဖြစ်သည်။ သင်တို့သည် ငါ၏နှုတ်ကပတ်တော်များကို အဘယ်သို့ မယုံကြည်နိုင်ကြသနည်း။ သင်တို့သည် အဘယ်ကြောင့် ငါ့အတွက် နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ဘေးအန္တရာယ်တို့ကို သည်းခံရန် ဆန္ဒရှိကြသေးသနည်း။ ဤအရာမှာ သင်တို့ ပေးဖို့ မလိုအပ်သော အဖိုးအခတစ်ခု မဟုတ်လော။ ငါသည် ငါ၏ အမှုကို ငါကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်စဉ်တွင်၊ သင်တို့အနေဖြင့် ပျော်မွေ့ဖို့သာ လိုအပ်သည်ကို ငါသည် သင်တို့အား အကြိမ်ကြိမ် သတိပေးပြီးဖြစ်သည်။ သင်တို့သည် အဘယ်ကြောင့် အရေးယူဆောင်ရွက်ရန် အလွန် စိတ်အားထက်သန်ကြသနည်း။ သင်တို့သည် မည်သို့မွေ့ပျော်ရမည်ကို အမှန်တကယ်မသိကြ။ ငါသည် သင်တို့အတွက် အရာရာကို လုံး၀ ပြင်ဆင်ပြီးဖြစ်သည်- ယင်းကို တောင်းဆိုရန် အဘယ်ကြောင့် သင်တို့ထဲမှ မည်သူမျှ ငါထံ မလာကြသနည်း။

သင်တို့သည် ငါဆိုပြီးသည့်အရာနှင့်ပတ်သက်၍ မသေချာကြသေး။ သင်တို့သည် ငါ့ကိုနားမလည်ကြ။ ငါသည် အနှစ်သာရမရှိသော အလ္လာပသလ္လာပများကို ပြောဆိုနေသည်ဟု သင်တို့ ထင်သည်။ အမှန်တကယ်၊ သင်သည် နားဝေတိမ်တောင်ဖြစ်သည်တကား။ (ငါ ပြောဆိုသည့် ပြည့်စုံသော ပြင်ဆင်ခြင်းများဆိုသည်မှာ ငါသည် ငါ့ကိုခုခံသောသူ အယောက်တိုင်းကို ကျိန်ဆဲရန်နှင့် သင်တို့ကိုနှိပ်စက်ညှဥ်းပန်းသူတို့အား အပြစ်ပေးရန် ကိုယ်တိုင်ကိုယ်ကျ အမှုပြုစဉ်တွင်၊ သင်တို့သည် ငါ့ကို ပို၍ကြည်ညိုသင့်ပြီး၊ ငါ့ရှေ့မှောက်၌ ပို၍ဆုတောင်းသင့်ကြောင်းကို ဆိုလိုသည်။) သင်တို့သည် ငါ၏နှုတ်ကပတ်တော်များနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှ မသိကြပေ။ ငါ၏နက်နဲမှုများအားလုံးကို သင်တို့ထံ ငါထုတ်ဖော်ပြသော်လည်း၊ သင်တို့ထဲမှ မည်မျှသည် ယင်းတို့ကို အမှန်တကယ်နားလည်ကြသနည်း။ သင်တို့ထဲမှ မည်မျှသည် ယင်းတို့ကို နက်ရှိုင်းစွာ နားလည်ကြသနည်း။ ငါ၏ပလ္လင်သည် မည်သည့်အရာဖြစ်သနည်း။ ငါ၏သံလှံတံသည် မည်သည့်အရာနည်း။ သင်တို့အထဲမှ မည်သူ သိသနည်း။ ငါ၏ပလ္လင်ကို ဖော်ပြသောအခါ ယင်းမှာ ငါထိုင်သောနေရာ သို့မဟုတ် ငါကျိန်းဝပ်ရာနေရာ သို့မဟုတ် ငါ့ကို၊ ငါ၏ ဖြစ်ခြင်းဖြစ်သည့် ဇာတိအဖြစ်တော်ကို ရည်ညွှန်းသည်ဟု လူအများစုက ထင်ကြသည်။ ဤအရာများသည် မှားယွင်းသော နားလည်မှုများသာ- နားလည်မှုလွဲခြင်း အရှုပ်အထွေးတစ်ခု သက်သက် ဖြစ်သည်။ ဤအနက်ပြန်များထဲမှ မည်သည့်အရာမျှ မမှန်ပေ၊ ဟုတ်ပါသလော။ ဤသည်မှာ သင်တို့အားလုံး ထိုအရာကို နားလည်ကာ သဘောပေါက်ကြသည့် နည်းလမ်းဖြစ်သည်- ဤသည်မှာ အစွန်းရောက်သော သိနားလည်မှု သွေဖည်ခြင်းတစ်ခု သက်သက် ဖြစ်သည်။ ဩဇာအာဏာသည် မည်သည့်အရာဖြစ်သနည်း။ ဩဇာအာဏာနှင့် ပလ္လင်ကြားက ဆက်နွှယ်မှုမှာ အဘယ်နည်း။ ပလ္လင်သည် ငါ၏ ဩဇာအာဏာဖြစ်သည်။ ငါ၏သားဦးများသည် ငါ၏ပလ္လင်ကို မြင့်မြင့်ကိုင်ထားချိန်၊ ယင်းသည် ငါ၏သားဦးများသည် ငါ့ထံမှ ဩဇာအာဏာရရှိမည့်အချိန် ဖြစ်သည်။ ငါသာလျှင် ဩဇာအာဏာရှိသည်၊ ထို့ကြောင့် ငါသာလျှင် ပလ္လင်ရှိသည်။ တစ်နည်းအားဖြင့်၊ ငါ၏ သားဦးများသည် ငါဒုက္ခဆင်းရဲခံသကဲ့သို့ ဒုက္ခဆင်းရဲခံပြီးနောက်တွင်၊ ၎င်းတို့သည် ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို လက်ခံလိမ့်မည်ဖြစ်ပြီး ငါ့ထံမှ အရာရာကို လက်ခံရရှိလိမ့်မည်။ ဤသည်မှာ သားဦးအရိုက်အရာကို ၎င်းတို့ ရရှိမည့် လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းသည် ငါ၏သားဦးများက ငါ၏ပလ္လင်ကို ကိုင်မြှောက်သောအချိန် ဖြစ်လိမ့်မည်ဖြစ်ပြီး ငါ့ထံမှ ဩဇာအာဏာကို ၎င်းတို့ လက်ခံသော အချိန်လည်း ဖြစ်လိမ့်မည်။ ယခုတွင် ဤအရာကို သင်နားလည်သင့်သည်။ ငါ ပြောသောအရာတိုင်းသည် ရှင်းလင်းပြီး အယောက်တိုင်း နားလည်ရန်အလို့ငှာ လုံးဝ

ပြတ်သားပေသည်။ သင်တို့၏ ကိုယ်ပိုင်အယူအဆများကို ဘေးဖယ်ထားပြီး၊ သင်တို့ထံ ငါထုတ်ဖော်ပြသော နက်နဲမှုများကို လက်ခံဖို့ စောင့်ဆိုင်းလော့။ သို့ဆိုလျှင် သံလှံတံသည် မည်သည့်အရာ ဖြစ်သနည်း။ ယခင်အဆင့်တွင်၊ ယင်းသည် ငါ၏ ပြင်းထန်သော နှုတ်ကပတ်တော်တို့ကို ရည်ရွယ်ခဲ့သော်လည်း၊ ယခုတွင် ယင်းသည် အတိတ်နှင့် ကွာခြားပေသည်- ယခုတွင် သံလှံတံမှာ ဩဇာအာဏာဖြင့် ပြည့်ဝသည့် ကြီးမားသော ကပ်ဘေးများဖြစ်သည့် ငါ၏လုပ်ဆောင်ချက်များကို ရည်ညွှန်းပေသည်။ ထို့ကြောင့်၊ သံလှံတံကို ဖော်ပြသည့် အချိန်တိုင်းတွင်၊ ယင်းသည် ဩဇာအာဏာနှင့် ပေါင်းစပ်လေသည်။ သံလှံတံ၏ မူရင်းအဓိပ္ပာယ်မှာ ကြီးမားသော ကပ်ဘေးများအရ ပြောဆိုထားခြင်း ဖြစ်သည်- ယင်းသည် ဩဇာအာဏာ၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ ဤအရာကို အယောက်တိုင်း ရှင်းရှင်းလင်းလင်း မြင်ကြရမည်ဖြစ်ပြီး၊ ထိုသို့ဖြင့်သာ ၎င်းတို့သည် ငါ၏အလိုကို သဘောပေါက်နိုင်ကာ ငါ၏နှုတ်ကပတ်တော်များမှ ဗျာဒိတ်ကို ရရှိနိုင်ပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ရှိသောသူ မည်သူမဆို ၎င်း၏လက်တွင် သံလှံတံကို ကိုင်ဆောင်ထားပြီး ဩဇာအာဏာသယ်ဆောင်ပြီး ကြီးမားသော ကပ်ဘေးတစ်ခုတစ်လေကို စီမံဆောင်ရွက်ရန် အခွင့်ရှိသူမှာ သူ ဖြစ်သည်။ ဤသည်မှာ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များထဲမှ တစ်ခု ဖြစ်သည်။

အရာရာတိုင်းနှင့် အရာခပ်သိမ်းသည် သင်တို့အတွက် ဖွင့်ဟထားပြီး (ဤသည်မှာ ရှင်းလင်းစွာ ထောက်ပြပြီးဖြစ်သည့် အစိတ်အပိုင်းကို ရည်ညွှန်းသည်) အရာရာနှင့် အရာခပ်သိမ်းသည် သင်တို့ထံမှ ကွယ်ဝှက်ထားသည် (ဤအရာက ငါ့နှုတ်ကပတ်တော်များ၏ လျှို့ဝှက်သော အစိတ်အပိုင်းကို ရည်ညွှန်း၏)။ ငါသည် ဉာဏ်ပညာဖြင့် စကားပြောသည်- ငါသည် အခြားအရာတို့၏ အဓိပ္ပာယ်ကို သင်တို့အား သဘောပေါက်ခွင့်ပြုစဉ်တွင် (သို့သော် လူအများစုက နားမလည်နိုင်ကြ) ငါ၏နှုတ်ကပတ်တော်များထဲမှ အချို့၏ တိုက်ရိုက်အဓိပ္ပာယ်ကိုသာ သင်တို့အား ငါနားလည်ရန်အခွင့်ပေးသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ ငါ့အမှု၏ အစီအစဉ်တစ်ခု ဖြစ်သောကြောင့် ဖြစ်သည်။ သင်တို့သည် ဝိညာဉ်ရင့်ကျက်မှု တစ်ခုခုသို့ ရောက်ရှိချိန်တွင်သာ ငါ့နှုတ်ကပတ်တော်၏ စစ်မှန်သောအဓိပ္ပာယ်ကို ငါပြောနိုင်သည်။ ဤသည်မှာ ငါ၏ဉာဏ်ပညာဖြစ်ပြီး၊ ဤသည်တို့မှာ ငါ၏ အံ့ဖွယ်လုပ်ဆောင်ချက်များ ဖြစ်သည် (သင်တို့ကို စုံလင်စေရန်နှင့် စာတန်ကို လုံးလုံးလျားလျားအနိုင်ယူကာ နတ်ဆိုးတို့ကို အရှက်ရစေရန်ဖြစ်သည်)။ သင်တို့သည် အခြားသောနယ်ပယ်သို့ မဝင်ရောက်မီထိတိုင် အပြည့်အဝ နားလည်နိုင်လိမ့်မည်မဟုတ်။ လူတို့၏အယူအဆများတွင် လူတို့ တကယ်ကို နာမလည်နိုင်သည့် အရာများစွာရှိပြီး အကယ်၍

ငါသည် ရှင်းလင်းစွာ ပြောဆိုလျှင်ပင် သင်တို့ နားလည်နိုင်ကြလိမ့်ဦးမည် မဟုတ်သောကြောင့်၊ ငါသည် ဤနည်းဖြင့် ထိုအရာကို လုပ်ဆောင်ရမည် ဖြစ်သည်။ စင်စစ်အားဖြင့်၊ လူတို့၏ စိတ်များမှာ ကန့်သတ်မှုရှိပြီး၊ သင်တို့သည် ဝိညာဉ်လောကသို့ ဝင်ရောက်ပြီးနောက်မှသာ သင်တို့ကို ငါသိရှိစေနိုင်သည့်အရာ များစွာရှိလေသည်။ သို့မဟုတ်ပါက လူသားခန္ဓာသည် လုပ်ငန်းတာဝန်အတွက် အဆင့်မမီသကဲ့သို့၊ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှုကိုသာ နှောင့်ယှက်နိုင်ပေသည်။ ဤသည်မှာ ငါ ပြောဆိုသော “ငါ့အမှု၏ အစီအစဉ်”၏ မှန်ကန်သော အဓိပ္ပာယ် ဖြစ်သည်။ သင်တို့၏အယူအဆများတွင်၊ ငါ့ကို သင်တို့ အဘယ်မျှ နားလည်ကြသနည်း။ သင်တို့၏နားလည်ခြင်းသည် အပြစ်အနာအဆာကင်းသလော။ ယင်းသည် စိတ်ဝိညာဉ်တွင်းရှိ အသိပညာလော။ ထို့ကြောင့်၊ ငါ၏အမှုကို သင်တို့ ပြီးစီးဖို့ရန်နှင့် ငါ၏ အလိုကို လုပ်ဆောင်ဖို့ရန်အတွက် ငါသည်သင်တို့ကို အခြားသောနယ်ပယ်သို့ ကူးပြောင်းခွင့်ပြုရမည်။ သို့ဆိုလျှင် အခြားသောနယ်ပယ်မှာ အတိအကျ မည်သည့်အရာ ဖြစ်သနည်း။ ယင်းသည် လူတို့ထင်သကဲ့သို့ ထူးကဲသာလွန်သော မြင်ကွင်းမျိုး အမှန်တကယ်ဖြစ်သလော။ ယင်းသည် မတွေ့မြင်ရ သို့မဟုတ် မခံစားရသော်လည်း တည်ရှိနေသည့် လေကဲ့သို့သော တစ်စုံတစ်ရာ အမှန်တကယ်ဖြစ်သလော။ ငါဆိုပြီးသည်အတိုင်း၊ ခန္ဓာကိုယ်၌ ဖြစ်တည်ခြင်း အခြေအနေသည် အရိုးနှင့် အသားရှိသည့် အရာတစ်ခုဖြစ်ပြီး၊ ပုံသဏ္ဌာန်နှင့် သွင်ပြင် ပိုင်ဆိုင်သော အခြေအနေတစ်ခုဖြစ်သည်။ ဤအရာသည် လုံးဝ မှန်ကန်ပြီး ဧကန်မလွဲဖြစ်ကာ အယောက်တိုင်း ယုံကြည်ရမည်။ ဤသည်မှာ ခန္ဓာကိုယ်ထဲက စစ်မှန်သော အခြေအနေဖြစ်သည်။ ထို့အပြင်၊ ခန္ဓာကိုယ်တွင် လူတို့ မုန်းသောအရာများ မရှိပေ။ သို့သော် ဤအခြေအနေသည် အတိအကျ မည်သည့်အရာ ဖြစ်သနည်း။ လူတို့သည် အသွေးအသားမှ ခန္ဓာသို့ ဖြတ်သန်းသောအခါ၊ ကြီးမားသောအုပ်စု ထွက်ပေါ်လာရမည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ၎င်းတို့၏ အသွေးအသားအိမ်များမှ ချိုးဖျက်လွတ်မြောက်ကြလိမ့်မည်ဖြစ်ပြီး၊ အသီးသီးသည် မိမိတို့၏ ကိုယ်ပိုင် အမျိုးအစားနောက် လိုက်လိမ့်မည်ဟု ဆိုနိုင်သည်- အသွေးအသားသည် အသွေးအသားဆီသို့ စုစည်းပြီး၊ ခန္ဓာသည် ခန္ဓာဆီသို့ စုစည်းလေသည်။ ယခုတွင် ၎င်းတို့၏အိမ်များ၊ ၎င်းတို့၏ မိဘများ၊ ဇနီးများ၊ ခင်ပွန်းများ၊ သားများနှင့်သမီးများမှ ခွဲထွက်သောသူတို့သည် ဝိညာဉ်လောကထဲသို့ စတင်ဝင်ရောက်ကြပေသည်။ အဆုံးတွင် ယင်းသည် ဤကဲ့သို့ဖြစ်သည်- ဝိညာဉ်လောကထဲက အခြေအနေမှာ သားဦးများသည် သီဆိုရင်းနှင့် ကခုန်ရင်း၊ ငါ၏သန့်ရှင်းသောနာမကို ဩဘာပေးရင်း၊ အတူတကွ စုစည်းကြလေသည်။ ဤသည်မှာ လှပပြီး အစဉ်သစ်လွင်သော မြင်ကွင်းတစ်ခုဖြစ်သည်။ အားလုံးသည် ငါ့ကို မရပ်မနားဘဲ

ထာဝရချီးမွမ်းလျက် ငါ၏သန့်ရှင်းသောနာမကို ထာဝရ ကိုင်မြှောက်လျက်၊ ငါချစ်ခင်ရသော သားများဖြစ်သည်။ ဤသည်မှာ ဝိညာဉ်လောကထဲသို့ ဝင်ရောက်ပြီးနောက် အခြေအနေဖြစ်သည်၊ ဤသည်မှာ ဝိညာဉ်လောကထဲသို့ ဝင်ရောက်ပြီးနောက် အမှုလည်းဖြစ်ပြီး၊ ငါ ပြောဆိုပြီးဖြစ်သည့် အခြေအနေ၊ ဝိညာဉ်လောကတွင် အသင်းတော်ကို ထိန်းကျောင်းခြင်း အခြေအနေလည်းဖြစ်သည်။ ထို့အပြင် ယင်းမှာ ငါ၏ ဩဇာအာဏာ၊ ငါ၏အမျက်ဒေါသနှင့် ငါ၏စီရင်ခြင်းတို့ကို သယ်ဆောင်ရင်း၊ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့ကို အုပ်ချုပ်ရန် ငါ၏သံလှံတံကို ကိုင်ဆောင်လျက်၊ စကြဝဠာ၏ တိုင်းနိုင်ငံတိုင်းနှင့် တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့အလယ် ငါ၏ဇာတိအဖြစ်တော် ပေါ်ထွန်းခြင်းဖြစ်သည်။ လူအားလုံးနှင့် စကြဝဠာတစ်ခုလုံးအလယ်တွင် ဤအရာသည် လူအားလုံးနှင့် တောင်တန်းများပေါ်၊ မြစ်များထဲ၊ အိုင်များထဲနှင့် ကမ္ဘာမြေကြီး၏ အစွန်းနေရာများရှိ အရာအားလုံးအား ငါ့ကိုချီးမွမ်းစေကာ ဘုန်းထင်ရှားစေရင်း၊ အရာခပ်သိမ်း၏ ဖန်ဆင်းရှင်နှင့် အရာရာကိုလမ်းပြသူ၊ အရာရာ စီမံခန့်ခွဲသူ၊ အရာရာကို တရားစီရင်သူ၊ အရာရာကို ပြီးမြောက်စေသူ၊ အရာရာကို အပြစ်ပေးပြီး အရာရာကို ဖျက်ဆီးသူဖြစ်သော တစ်ပါးတည်းသော ဘုရားသခင်ဖြစ်သည့် ငါ့ကိုသိရှိစေရင်း၊ ငါ့ကို ကောင်းကင်နှင့် မြေကြီးအား တုန်လှုပ်စေသော သက်သေကို ခံလေသည်။ ထိုအခါ ဤသည်မှာ ငါ့ဇာတိအဖြစ်တော်၏ စစ်မှန်သော ပေါ်ထွန်းခြင်း ဖြစ်ပေသည်။

## အခန်း ၁၀၀

ငါ၏ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် ရွေးချယ်ခြင်း မခံထားရသူ အားလုံးကို ငါစက်ဆုပ်၏။ ထို့ကြောင့် ဤလူများကို ငါ၏အိမ်တော်မှ တစ်ယောက်ပြီးတစ်ယောက် ငါနှင်ထုတ်ရမည်၊ ဤနည်းအားဖြင့် ငါ၏ဗိမာန်တော်ကို သန့်ရှင်းစေကာ ပြစ်မျိုးမဲ့မထင် ဖြစ်စေမည်၊ ငါ၏အိမ်တော်ကို အမြဲသစ်လွင်စေပြီး မည်သည့်အခါမျှ မဟောင်းနွမ်းဘဲ ရှိစေမည်၊ ငါ၏သန့်ရှင်းသောနာမကို ထာဝရပျံ့နှံ့နိုင်စေမည်ဖြစ်ကာ ငါ၏သန့်ရှင်းသောလူများကို ငါချစ်မြတ်နိုးသောလူများ ဖြစ်လာနိုင်စေမည်။ ဤမြင်ကွင်းမျိုး၊ ဤအိမ်မျိုး၊ ဤနိုင်ငံတော်မျိုးသည် ငါ၏ရည်မှန်းချက် ပန်းတိုင်နှင့် ငါ၏ဘုံဗိမာန်ဖြစ်၏။ ဤအရာသည် ခပ်သိမ်းသောအရာတို့ကို ငါဖန်ဆင်းသည့် အရင်းခံအရပ်ဖြစ်၏။ ဤသည်ကို အဘယ်သူကမျှ ယိမ်းယိုင်စေခြင်း၊ သို့မဟုတ် ပြောင်းလဲစေခြင်း မပြုရ။ ထိုအရပ်အတွင်းတွင် ငါကိုယ်တိုင်နှင့် ငါချစ်မြတ်နိုးသော သားများသာ အတူတကွ နေထိုင်ကြလိမ့်မည်ဖြစ်ပြီး၊ အဘယ်သူကိုမျှ

ယင်းကို ခြေဖဝါးအောက် နင်းခြေခွင့် ပြုလိမ့်မည်မဟုတ်၊ မည်သည့်အရာကိုမျှ ထိုအရပ်တွင် နေရာယူခွင့် ပြုမည်မဟုတ်၊ ထို့ထက်မက မနုစ်မြို့ဖွယ်အရာ တစ်စုံတစ်ခုကိုမျှ ဖြစ်ပျက်ခွင့်ပေးမည် မဟုတ်ပေ။ အားလုံးသည် ချီးမွမ်းခြင်းနှင့် ဩဘာပေးခြင်းတို့ ဖြစ်နေမည်ဖြစ်ပြီး၊ အားလုံးသည် လူသားတို့မတွေးနိုင်သော မြင်ကွင်းတစ်ရပ် ဖြစ်နေလိမ့်မည်။ သင်တို့၌ ရှိသမျှသော ခွန်အားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်စွမ်းရှိသမျှဖြင့် ငါ့အား အစွမ်းကုန်ပေးအပ်သည်ကိုသာ ငါအလိုရှိ၏။ ယနေ့ဖြစ်စေ၊ မနက်ဖြန်ဖြစ်စေ၊ သင်တို့သည် ငါ့ကို အစေခံသောသူတစ်ဦး ဖြစ်သည်ဖြစ်စေ၊ ကောင်းချီးမင်္ဂလာများ ရရှိသူတစ်ဦး ဖြစ်သည်ဖြစ်စေ၊ သင်တို့အားလုံးသည် သင်တို့၏ခွန်အား ပမာဏကို ငါ၏နိုင်ငံတော်အတွက် အသုံးပြုသင့်ကြ၏။ ဤသည်မှာ ခမ်းသိမ်းသော ဖန်ဆင်းခံလူတို့ လက်ခံရမည့် တာဝန်ဝတ္တရားတစ်ခုဖြစ်ပြီး၊ ယင်းကို ဤနည်းလမ်းဖြင့် လုပ်ဆောင်ကာ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ငါ့နိုင်ငံတော်၏အလှတရားကို အမြဲသစ်လွင်နေစေရန်နှင့် ငါ၏အိမ်တော်သည် ညီညွတ်ကာ စည်းလုံးနေစေရန်အတွက် အစေခံကြဖို့အလို့ငှာ ခပ်သိမ်းသောအရာတို့ကို ငါဆော်ဩစည်းရုံးမည်။ အဘယ်သူကိုမျှ ငါ့အား အာခံခွင့်မပြု၊ ထိုသို့အာခံသောသူတို့သည် တရားစီရင်ခြင်းနှင့် ကျိန်ဆဲခြင်းကို ခံရမည်။ ယခုအချိန်၌ ငါ၏ကျိန်စာများသည် တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအားလုံးတို့အပေါ် စတင်ကျရောက်လျက်ရှိပြီး ငါ၏ကျိန်စာများသည် ငါ၏တရားစီရင်ခြင်းထက်ပင် ပိုမိုပြင်းထန်၏။ ယခုအချိန်သည် လူအားလုံးကို စတင်၍ ပြစ်တင်ရှုတ်ချဖို့ရာ အချိန်ကျရောက်ပြီ ဖြစ်သောကြောင့် ကျိန်စာများဟု ဆိုခြင်းဖြစ်သည်။ ဤသည်မှာ ယခုအချိန်သည် နောက်ဆုံးသော ခေတ်ကာလဖြစ်ပြီး ဖန်ဆင်းခြင်းအချိန် မဟုတ်သောကြောင့်ပင်ဖြစ်၏။ ခေတ်များ ပြောင်းလဲသွားသည့်အားလျော်စွာ ငါ့အမှု၏အရှိန်အဟုန်သည်လည်း ယခုအချိန်တွင် အလွန်ကွဲပြားပေသည်။ ငါ့အမှု၏လိုအပ်ချက်များကြောင့် ငါလိုအပ်သည့် လူများသည်လည်း ကွဲပြားခြားနား၏။ စွန့်ပစ်သင့်သူများကို စွန့်ပစ်မည်၊ ဖယ်ရှားသင့်သူများကို ဖယ်ရှားမည်၊ အသတ်ခံရသင့်သူများသည် အသတ်ခံရလိမ့်မည်ဖြစ်ကာ ချန်ရစ်ထားသင့်သူများကိုလည်း ချန်ရစ်ထားမည် ဖြစ်သည်။ ဤသည်မှာ လူသား၏အလိုဆန္ဒမပါသော ရှောင်လွှဲမရသည့် ဦးတည်ရာတစ်ခုဖြစ်ပြီး ယင်းကိုမည်သူမျှ ပြောင်းလဲ၍ မရပေ။ ယင်းကို ငါ့အလိုတော်အတိုင်း လုပ်ဆောင်ရမည် ဖြစ်သည်။ ငါသည် ငါစွန့်လွှတ်လိုသူများကို စွန့်လွှတ်ပြီး၊ ငါဖယ်ရှားလိုသူများကို ဖယ်ရှား၏၊ မည်သူမျှ ထင်ရာမြင်ရာ မလုပ်ရ။ ငါသည် ငါချန်ရစ်ထားလိုသော သူတို့ကို ချန်ရစ်ပြီး၊ ငါချစ်မြတ်နိုးလိုသော သူတို့ကို ချစ်မြတ်နိုး၏။

ဤအရာကို ငါ့အလိုတော်အတိုင်း လုပ်ဆောင်ရမည်။ ငါသည် စိတ်ခံစားမှုအရ ပြုမူဆောင်ရွက်ခြင်း မရှိ။ ငါ့ထံ၌ ဖြောင့်မတ်ခြင်း၊ တရားစီရင်ခြင်းနှင့် အမျက်ဒေါသတို့သာ ရှိ၏– စိတ်ခံစားမှု အလျှင်းမရှိ။ ငါသည် ဘုရားသခင်၏ လူ့ဇာတိအဖြစ်တော်၊ ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည့်အတွက် လူသား၏အရိပ်အယောင် စိုးစဉ်းမျှ ငါ၌မရှိ။ လူအားလုံးသည် ငါ၏လူ့သဘာဝနှင့်ဆိုင်သည့် ငါ၏လက္ခဏာသွင်ပြင်ကို တွေ့မြင်ကြပြီး၊ ငါ၏ဘုရားသဘောသဘာဝနှင့်ဆိုင်သည့် လက္ခဏာသွင်ပြင်ကိုမူ မမြင်ကြသေးသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် အမှန်တကယ် မျက်စိကန်းကြပြီး မရေမရာဖြစ်နေကြ၏။

ငါပြောသောအရာကို သင်တို့၏စိတ်နှလုံးတွင် ထိန်းသိမ်းထားရမည်၊ ငါ၏နှုတ်ကပတ်တော်များမှတစ်ဆင့် ငါ၏စိတ်နှလုံးကို သင်တို့သိနားလည်ရမည်ဖြစ်ပြီး ငါ၏ဝန်ထုပ်ဝန်ပိုးအပေါ် စာနာထောက်ထားမှုကို ပြကြရမည်။ ထိုအခါ ငါ၏အနန္တတန်ခိုးကို သင်တို့သိရှိလာကြမည်ဖြစ်ပြီး ငါ၏လူ့ဇာတိအဖြစ်တော်ကို တွေ့မြင်ကြလိမ့်မည်။ အကြောင်းမူကား ငါ၏နှုတ်ကပတ်တော်များသည် ဉာဏ်ပညာနှင့်ဆိုင်သော စကားများဖြစ်ပြီး၊ ငါ၏နှုတ်ကပတ်တော်များ နောက်ကွယ်ရှိ အခြေခံသဘောတရားများ၊ သို့မဟုတ် နိယာမများကို အဘယ်သူမျှ သဘောမပေါက်နိုင်ကြပေ။ ငါသည် လှည့်စားခြင်းနှင့် ကောက်ကျစ်ခြင်းတို့ကို ကျင့်ကြံသည်ဟု လူတို့က ထင်ကြပြီး ငါ့ကို ငါ၏နှုတ်ကပတ်တော်များမှတစ်ဆင့် မသိရှိကြဘဲ၊ ဆန့်ကျင်ဘက်အနေဖြင့် ငါ့ကို ပြစ်မှားစော်ကားကြသည်။ ၎င်းတို့သည် အလွန်တရာ မျက်စိကန်းကြပြီး အသိပညာမဲ့ကြ၏။ ၎င်းတို့၌ ချင့်ချိန်နိုင်စွမ်း ပမာဏ စိုးစဉ်းမျှပင် မရှိကြချေ။ ငါမိန့်မြွက်သမျှ ဝါကျတိုင်း၌ ဩဇာအာဏာနှင့် တရားစီရင်မှုတို့ ပါဝင်ပြီး၊ ငါ၏နှုတ်ကပတ်တော်များကို အဘယ်သူမျှ မပြောင်းလဲနိုင်ပေ။ ငါ၏နှုတ်ကပတ်တော်များကို ထုတ်ပြန်လိုက်သည်နှင့် တစ်ပြိုင်နက် ငါ၏နှုတ်ကပတ်တော်များနှင့်အညီ အမှုအရာများ ပြီးမြောက်ဖို့ သေချာပေသည်။ ဤသည်ကား ငါ၏စိတ်သဘောထား ဖြစ်၏။ ငါ၏နှုတ်ကပတ်တော်များသည် ဩဇာအာဏာဖြစ်ပြီး ၎င်းတို့ကို ပြင်ဆင်သူ မည်သူမဆိုသည် ငါ၏ပြစ်တင်ဆုံးမခြင်းကို ပုန်ကန်ပြစ်မှားသောကြောင့် ၎င်းတို့ကို ငါဒဏ်ခတ်ရမည်။ ပြင်းထန်သည့်အခြေအနေများ၌ ၎င်းတို့သည် မိမိတို့၏ အသက်တာများပေါ် ပျက်စီးယိုယွင်းခြင်း ကျရောက်စေကြပြီး မရဏာနိုင်ငံသို့ဖြစ်စေ၊ အနက်ဆုံးသော တွင်းထဲသို့ဖြစ်စေ သွားကြလေသည်။ ဤသည်ကား လူသားမျိုးနွယ်ကို ငါကိုင်တွယ်ဖြေရှင်းသည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပြီး၊ ယင်းကို ပြောင်းလဲရန် လူသား၌ နည်းလမ်းတစ်ခုမျှ မရှိပေ— ဤသည်မှာ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်၏။ ဤအရာကို သတိရလော့။ ငါ၏အမိန့်ကို အဘယ်သူမျှ ပုန်ကန်ပြစ်မှားခွင့်မရှိ။ အမှုအရာတို့ကို

ငါ၏အလိုအတော်အတိုင်း လုပ်ဆောင်ရမည်။ ယခင်က ငါသည် သင်တို့အပေါ် သက်ညှာလွန်းခဲ့ပြီး ငါ၏နှုတ်ကပတ်တော်များကိုသာ သင်တို့တွေ့ကြုံခဲ့ကြသည်။ လူများကို ဒဏ်ခတ်ခြင်းနှင့်ပတ်သက်၍ ငါမိန့်မြွက်ခဲ့သော နှုတ်ကပတ်တော်များမှာ ဖြစ်မလာသေးပေ။ သို့သော် ယနေ့မှစ၍ ငါ၏အလိုတော်နှင့် မကိုက်ညီသူ အားလုံးကို အပြစ်ဒဏ်ပေးရန်အတွက် (ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များနှင့် ဆက်နွှယ်သော) ကပ်ဘေးများအားလုံးသည် တစ်ခုပြီးတစ်ခု ကျရောက်လာလိမ့်မည်။ ဖြစ်ရပ်မှန်များ ပေါ်ထွန်းလာရမည်- သို့မဟုတ်လျှင် လူတို့သည် ငါ၏အမျက်ဒေါသကို မြင်နိုင်ကြမည်မဟုတ်ဘဲ ကိုယ်ကျင့်တရားများ အကြိမ်ကြိမ် ပျက်ပြားကြလိမ့်မည်။ ဤသည်ကား ငါ့စီမံခန့်ခွဲမှုအစီအစဉ်၏ အဆင့်တစ်ခုဖြစ်ပြီး၊ ငါ့အမှု၏နောက်တစ်ဆင့်ကို ငါလုပ်ဆောင်သည့် နည်းလမ်းဖြစ်သည်။ သင်တို့အနေဖြင့် ပြစ်မှားမှုကျူးလွန်ခြင်းနှင့် ထာဝရပြစ်ဒဏ်ပေးခံရခြင်းကို ရှောင်ရှားနိုင်ရန်အလို့ငှာ ဤအရာကို ငါကြိုတင်ပြောဆိုထားခြင်းဖြစ်၏။ ဆိုလိုသည်မှာ၊ ယနေ့မှစကာ ငါ၏သားဦးများမှလွဲ၍ ခပ်သိမ်းသောလူတို့အား ငါ၏အလိုတော်နှင့်အညီ သင့်တော်သောနေရာများကို ယူစေမည်ဖြစ်ပြီး ၎င်းတို့ကို တစ်ယောက်ပြီးတစ်ယောက် ငါပြစ်တင်ဆုံးမမည်။ ငါသည် ၎င်းတို့ တစ်ယောက်တလေကိုမျှ လွတ်ငြိမ်းခွင့်ပေးမည်မဟုတ်။ သင်တို့အနေဖြင့် ကိုယ်ကျင့်တရား ထပ်မံပျက်ပြားဝံ့ကြသေးပါက ပျက်ကြည့်ကြလော့။ ပုန်ကန်ဝံ့ကြသေးပါက ထပ်မံပုန်ကန်ကြည့်ကြလော့။ ငါသည် အားလုံးအပေါ် ဖြောင့်မတ်သည်၊ ငါ၌ စိတ်ခံစားချက် တစိုးတစိမျှမရှိဟု ယခင်က ငါပြောဆိုပြီးဖြစ်ကာ၊ ငါ၏စိတ်သဘောထားအား မပြစ်မှားသင့်ကြောင်းကို ဤအရာက ပြသ၏။ ဤသည်မှာ ငါ၏ဇာတိအဖြစ်တော်ဖြစ်၏။ ဤအရာကို အဘယ်သူမျှ မပြောင်းလဲနိုင်။ ခပ်သိမ်းသောသူတို့သည် ငါ၏နှုတ်ကပတ်တော်များကို ကြားကြပြီး၊ ငါ၏ဘုန်းကြီးသော မျက်နှာထားကိုမြင်ကြ၏။ ခပ်သိမ်းသောသူတို့သည် ငါ့အား လုံးဝအကြွင်းမဲ့နာခံကြရမည်— ဤသည်မှာ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်၏။ ငါသည် အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည့်အတွက်၊ ငါသည် ဘုရားသခင်၏ ဇာတိအဖြစ်တော် ဖြစ်သည့်အတွက် စကြဝဠာအနှံ့နှင့် မြေကြီးစွန်းရှိ ခပ်သိမ်းသောသူတို့သည် ငါ့အား ချီးမွမ်းပြီး ဘုန်းထင်ရှားစေသင့်ကြ၏။ ငါ၏နှုတ်ကပတ်တော်များနှင့် မိန့်မြွက်ချက်များ၊ ငါ၏စကားနှင့် အပြုအမူများသည် ငါတစ်ပါးတည်းနှင့်သာဆိုင်သည့် ကိစ္စရပ်များဖြစ်ပြီး ရှေးအကျဆုံးသော အချိန်ကာလများမှ ငါပိုင်ဆိုင်ထားသည့် အရာများဖြစ်ကာ ထာဝရတည်ရှိနေမည့် အရာများဖြစ်သောကြောင့် ၎င်းတို့ကို မည်သူမျှ မပြောင်းလဲနိုင်ပေ။

လူတို့သည် ငါ့အား စမ်းသပ်ရန် ရည်ရွယ်ချက်ထားရှိကြပြီး၊ ငါ့အား အသရေဖျက်

ပြောဆိုရန်အလို့ငှာ ငါ၏နှုတ်ကပတ်တော်များအတွင်း၌ ငါ့ကိုဆန့်ကျင်အသုံးပြုဖို့ တစ်စုံတစ်ရာကို ရှာတွေ့လိုကြ၏။ ငါသည် သင်၏အသရေဖျက်ပြောဆိုမှုကို ခံရမည်လော။ ငါသည် ပေါ့ပေါ့တန်တန် ဝေဖန်ခံရမည်လော။ ငါ၏အရေးကိစ္စသည် ပေါ့ပေါ့တန်တန် ဆွေးနွေးဖို့လော။ သင်တို့သည် အမှန်တကယ်ပင် မိမိတို့အတွက် မည်သည့်အရာက ကောင်းသည်ကို မသိကြသော လူတစ်စုဖြစ်ပေတကား။ သင်တို့သည် ငါ့ကို လုံးဝမသိကြပေတကား။ ဇီအုန်တောင်ဟူသည်မှာ အဘယ်နည်း။ ငါ၏ဘုံဗိမာန်ဟူသည်မှာ အဘယ်နည်း။ ကောင်းမွန်သော ခါနာန်ပြည်ဟူသည်ကား အဘယ်နည်း။ ဖန်ဆင်းခြင်း၏ အရင်းခံအရပ်ကား အဘယ်နည်း။ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ဤစကားများကို ငါအဆက်မပြတ်ပြောနေခဲ့သည်မှာ အဘယ့်ကြောင့်နည်း။ ဇီအုန်တောင်၊ ငါ၏ဘုံဗိမာန်၊ ကောင်းမွန်သော ခါနာန်ပြည်၊ ဖန်ဆင်းခြင်း၏ အရင်းခံအရပ်- ဤအရာအားလုံးကို ငါ၏ဇာတိအဖြစ်တော်အား ရည်ညွှန်းလျက် (ကိုယ်ထည်ကို ရည်ညွှန်းလျက်) ပြောဆိုခြင်းဖြစ်၏။ လူအားလုံးက ဤအရာများသည် ရုပ်အထည်အရ တည်ရှိသည့် နေရာများဖြစ်သည်ဟု ထင်ကြသည်။ ငါ့ဇာတိအဖြစ်တော်သည် ဇီအုန်တောင်ဖြစ်၏။ ယင်းသည် ငါ့ဘုံဗိမာန်ဖြစ်၏။ ဝိညာဉ်လောကသို့ ဝင်ရောက်သူမှန်သမျှသည် ဇီအုန်တောင်ကို တက်လှမ်းကာ ငါ၏ဘုံဗိမာန်ထဲသို့ ဝင်ရောက်ကြလိမ့်မည်။ ငါ၏ဇာတိအဖြစ်တော်အတွင်းတွင် အရာခပ်သိမ်းကို ငါဖန်ဆင်းခဲ့၏၊ ဆိုလိုသည်မှာ၊ အရာခပ်သိမ်းသည် ကိုယ်ထည်အတွင်း၌ ဖန်ဆင်းခြင်းခံခဲ့ရသည်၊ ထို့ကြောင့် ကိုယ်ထည်သည် အရင်းခံအရပ်ဖြစ်၏။ သင်တို့သည် ကိုယ်ထည်ထဲသို့ ငါနှင့်အတူတကွ ပြန်သွားလိမ့်မည်ဟု ငါအဘယ်ကြောင့်ပြောသနည်း။ ယင်းတွင် မူရင်းအဓိပ္ပာယ်တည်ရှိ၏။ “ဘုရားသခင်” ဟူသည့် အမည်နာမကဲ့သို့ပင် ထိုနာမ်များကိုယ်၌က မည်သည့်အဓိပ္ပာယ်မျှ မရှိပေ၊ ယင်းထက် ၎င်းတို့မှာ ကွဲပြားခြားနားသည့် နေရာများကို ငါပေးထားသည့် ကွဲပြားခြားနားသည့် အမည်နာမများပင် ဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့၏ တိုက်ရိုက်အဓိပ္ပာယ်များကို အလွန်အမင်းအာရုံစိုက်မနေဘဲ၊ ငါ၏နှုတ်ကပတ်တော်များကို နာယူခြင်းအပေါ်၌သာ အာရုံစိုက်ကြလော့။ ၎င်းတို့ကို ဤနည်းလမ်းဖြင့် သင်တို့မြင်ရမည်ဖြစ်သည်၊ ထိုအခါ ငါ၏အလိုတော်ကို သင်တို့သဘောပေါက်နိုင်ပေလိမ့်မည်။ ငါ၏နှုတ်ကပတ်တော်များထဲ၌ ဉာဏ်အမြော်အမြင် ရှိကြောင်းကို သင်တို့အား ငါအဘယ့်ကြောင့် အကြိမ်ကြိမ်အဖန်ဖန် သတိပေးသနည်း။ ဤအရာ၏နောက်ကွယ်က အဓိပ္ပာယ်ကို သင်တို့အထဲမှ မည်မျှက ကြိုးစား၍ အဖြေရှာဖူးသနည်း။ သင်တို့အားလုံးသည် မျက်စိစုံမှိတ်၍ ခွဲခြမ်းစိတ်ဖြာနေကြပြီး အကျိုးသင့်အကြောင်းသင့်မရှိဘဲ ဖြစ်နေကြပေသည်။

ယခင်က ငါမိန့်မြွက်ခဲ့သည့် အရာအများစုကို သင်တို့ ယခုထိ နားမလည်ကြသေးချေ။ သင်တို့သည် သံသယဖြစ်သည့် အခြေအနေတွင် ရှိမြဲရှိနေကြပြီး ငါ၏စိတ်နှလုံးကို ကျေနပ်မှု မပေးနိုင်ကြသေး။ ငါမိန့်မြွက်သည့် ဝါကျတိုင်းအပေါ် သင်တို့စိတ်ချသေချာလာနိုင်သည့် မည်သည့်အချိန်မဆိုသည် သင်တို့၏အသက်တာ ရင့်ကျက်သည့်အချိန် ဖြစ်လိမ့်မည်။ ငါ့အဖို့ တစ်ရက်သည် အနှစ်တစ်ထောင်ကဲ့သို့ဖြစ်ပြီး၊ အနှစ်တစ်ထောင်သည် တစ်ရက်ကဲ့သို့ဖြစ်၏။ ငါပြောသည့် အချိန်နှင့်ပတ်သက်၍ သင်တို့ မည်သို့ထင်မြင်သနည်း။ ယင်းကို သင်တို့ မည်သို့ရှင်းပြမည်နည်း။ ထိုအရာကို သင်တို့ အဓိပ္ပာယ်ကောက်လွဲကြ၏။ ထို့အပြင် လူအများစုသည် ငါ့ကို ဆန့်ကျင်၍အသုံးပြုဖို့ရန်အတွက် တစ်စုံတစ်ရာ ရှာတွေ့လိုလျက် ဤအရာနှင့်ပတ်သက်၍ ငါ့ကို ရေးကြီးခွင်ကျယ်လုပ်ကြ၏— သင်တို့အတွက် မည်သည့်အရာက ကောင်းသည်ကို သင်တို့မသိကြပေတကား။ သတိထားလော့၊ သို့မဟုတ်ပါက သင်တို့ကို ငါဒဏ်ခတ်အံ့။ အရာခပ်သိမ်း ရှင်းလင်းထင်ရှားသည့်နေ့ရက် ရောက်ရှိလာသည့်အခါ သင်တို့ လုံးဝနားလည်ကြလိမ့်မည်။ ယခု သင်တို့ကို ငါမပြောသေး (ယခုအချိန်သည် လူတို့ကို ဖော်ထုတ်ရန်အချိန်ဖြစ်၏၊ ငါ၏အလိုကို ဖြည့်ဆည်းပေးနိုင်ရန် အယောက်တိုင်း ဂရုစိုက်ကာ သတိထားကြရမည်)။ ငါသည် လူအားလုံးကို ငါ၏နှုတ်ကပတ်တော်များမှတစ်ဆင့် ဖော်ထုတ်မည်ဖြစ်ပြီး၊ ၎င်းတို့ စစ်မှန်ခြင်း ရှိမရှိဆိုသည်ကို ပြသရန် ၎င်းတို့၏ မူလအသွင်အပြင်များ ထုတ်ဖော်ပြခံရလိမ့်မည်။ အကယ်၍ တစ်စုံတစ်ဦးသည် ပြည့်တန်ဆာ၊ သို့မဟုတ် မိန်းမပျက်တစ်ဦးဖြစ်ပါက ၎င်းတို့ကို ငါဖော်ထုတ်ရမည်။ ငါသည် အမှုအရာများကို အားစိုက်ထုတ်ခြင်းမရှိဘဲ လုပ်ဆောင်ပြီး လူတို့ကို ဖော်ထုတ်ရန် ငါ၏နှုတ်ကပတ်တော်များကိုသာ အသုံးပြုသည်ကို ယခင်က ငါပြောဆိုပြီးဖြစ်သည်။ မည်သည့်ရုပ်ဖျက်ခြင်းကိုမျှ ငါမကြောက်ပေ။ ငါ၏နှုတ်ကပတ်တော်များကို မိန့်မြွက်လိုက်သည်နှင့် တစ်ပြိုင်နက် သင်၏မူလအသွင်အပြင်ကို သင်ထုတ်ဖော်ပြရမည်ဖြစ်ပြီး၊ သင့်ကိုယ်သင် အဘယ်မျှကောင်းစွာ ရုပ်ဖျက်စေကာမူ ထိုအရာကို ငါကေန်မုချ ရိပ်မိလိမ့်မည်။ ဤသည်မှာ ငါ၏လုပ်ဆောင်ချက်များနှင့်ဆိုင်သော အခြေခံသဘောတရားများဖြစ်၏— မိန့်မြွက်ချက်များကိုသာ အသုံးပြုပြီး အင်အားတစ်စုံတစ်ရာမျှ မသုံးခြင်းဖြစ်၏။ လူတို့သည် ငါ၏နှုတ်ကပတ်တော်များ ပြည့်စုံမည်၊ မပြည့်စုံမည်နှင့်ပတ်သက်၍ ကြောက်စိတ်ဝင်လာကြပြီး ငါ့အတွက် ၎င်းတို့စိုးရိမ်ကြောင့်ကြကာ ငါ့အတွက် စိတ်ပူနေကြ၏။ သို့သော်လည်း ဤအားထုတ်မှုများသည် အမှန်တကယ် မလိုအပ်ပေ။ ၎င်းတို့သည် ပေးဆပ်ရန်မလိုသည့် အဖိုးအခတစ်ခု ဖြစ်သည်။ ငါ့အတွက် သင်စိတ်ပူသော်လည်း သင်ကိုယ်တိုင်၏

အသက်တာသည် ရင့်ကျက်ပြီလော။ သင်ကိုယ်တိုင်၏ ကံကြမ္မာရော မည်သို့နည်း။ သင့်ကိုယ်သင် မကြာခဏ မေးလော့၊ ဖြစ်ကတတ်ဆန်း မနေလေနှင့်။ လူအပေါင်းတို့သည် ငါ၏အမှုကို— ငါ၏လုပ်ဆောင်ချက်များနှင့် ငါ၏နှုတ်ကပတ်တော်များမှတစ်ဆင့်— ထည့်သွင်းစဉ်းစားသင့်ကြသည်၊ ငါ၏ဇာတိအဖြစ်တော်ကို မြင်သင့်ကြသည်၊ ငါ့အကြောင်းကို ပို၍ သိသင့်ကြသည်၊ ငါ၏အနန္တတန်ခိုးကို သိသင့်ကြသည်၊ ငါ၏ဉာဏ်ပညာကို သိရှိပြီး ခပ်သိမ်းသောအရာတို့ကို ငါဖန်ဆင်းခဲ့သည့် နည်းလမ်းများနှင့် နည်းစနစ်များကို သိရှိသင့်ကြကာ ထိုသို့အားဖြင့် ငါ့ကို အဆုံးမရှိ ချီးမွမ်းသင့်ကြ၏။ ငါ့စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ လက်တံများကို မည်သူ့အပေါ်တွင် ငါတင်ထားသည်၊ မည်သူ့အပေါ် ငါအမှုပြုသည်၊ မည်သည့်အရာကို ငါလုပ်လိုသည်နှင့် ငါပြီးပြည့်စုံစေလိုသည်မှာ မည်သည့်အရာဖြစ်သည်တို့ကို လူအားလုံးတို့အား ငါမြင်စေမည်။ ဤသည်မှာ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည့်အတွက် လူအယောက်စီတိုင်းက အောင်မြင်အောင် ဆောင်ရွက်ရမည့် အရာတစ်ခုဖြစ်၏။ ငါပြောသည့်အရာကို ငါဖြစ်မြောက်စေမည်။ ငါ၏နှုတ်ကပတ်တော်များကို အဘယ်သူမျှ ပေါ့ပေါ့တန်တန် ခွဲခြမ်းစိတ်ဖြာခြင်း မပြုရ။ ငါ၏လုပ်ဆောင်ချက်များ နောက်ကွယ်မှ အခြေခံသဘောတရားများကို ငါ့နှုတ်ကပတ်တော်များမှတစ်ဆင့် အားလုံးတွေ့မြင်ရမည်ဖြစ်ပြီး၊ ငါ၏အမျက်ဒေါသမှာ အဘယ်အရာဖြစ်ကြောင်း၊ ငါ၏ကျိန်စာမှာ အဘယ်အရာဖြစ်ကြောင်းနှင့် ငါ၏တရားစီရင်ခြင်းမှာ အဘယ်အရာဖြစ်ကြောင်းတို့ကို ငါ၏နှုတ်ကပတ်တော်များမှ သိရှိကြရမည်။ ဤအရာအားလုံးသည် ငါ၏နှုတ်ကပတ်တော်များအပေါ်တွင် တည်နေပြီး လူအယောက်စီတိုင်းက ငါ၏နှုတ်ကပတ်တော် အခုစီတိုင်းအတွင်း တွေ့မြင်သင့်သည် အရာများဖြစ်ပေ၏။

## အခန်း ၁၀၁

ငါ၏စီမံခန့်ခွဲမှုကို နှောင့်ယှက်သောသူ သို့မဟုတ် ငါ၏အစီအစဉ်များကို ဖျက်ဆီးရန်ကြိုးစားသောသူ တစ်ဦးတစ်ယောက်ကိုမျှ ငါသက်ညှာမည်မဟုတ်။ ငါမိန့်မြွက်သော နှုတ်ကပတ်တော်များမှ ငါ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို အယောက်တိုင်း သဘောပေါက်သင့်ပြီး ငါ ပြောဆိုနေသည့်အကြောင်းအရာနှင့်ဆိုင်သော ရှင်းလင်းသည့် သိနားလည်မှုတစ်ခု ရှိသင့်၏။ လက်ရှိအခြေအနေကိုအကြောင်းပြု၍ သင်တို့ အသီးသီးသည် မိမိကိုယ်ကိုယ် ဆန်းစစ်သင့်သည်- မည်သည့်အခန်းကဏ္ဍကို သင်တို့ လုပ်ဆောင်နေသနည်း။

သင်သည် ငါ့အတွက် အသက်ရှင်နေခြင်းဖြစ်သလော သို့မဟုတ် စာတန်အတွက် သင် အစေခံနေခြင်းဖြစ်သလော။ သင်တို့ အယောက်စီတိုင်း၏ အပြုအမူများသည် ငါ့ထံမှအစပြုသလော၊ သို့မဟုတ် နတ်ဆိုးထံမှ အစပြုသလော။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်မိကာ ထိုသို့အားဖြင့် ငါ၏ ပြင်းထန်သော အမျက် သင့်ရောက်ခြင်းကို ရှောင်ရှားရန် ဤအရာအားလုံးနှင့် ပတ်သက်၍ သင်တို့ ရှင်းလင်းသင့်သည်။ အတိတ်ကိုပြန်တွေးသည့်အခါ၊ လူတို့သည် ငါ့အပေါ် အမြဲ သစ္စာမဲ့ကြပြီး သားသမီးဝတ် မကျေပွန်ကြလေပြီ။ ၎င်းတို့သည် ငါ့အား မရိုသေကြသကဲ့သို့ ထိုမျှမက ငါ့အား သစ္စာဖောက်ကြပြီးဖြစ်သည်။ ဤအကြောင်းရင်းများကြောင့်၊ ဤလူတို့သည် ငါ၏တရားစီရင်ခြင်းကို ယနေ့ ရင်ဆိုင်ရခြင်းဖြစ်သည်။ ငါသည် လူသားတစ်ဦးသာ ဖြစ်ပုံရသော်လည်း၊ ငါလက်မခံသောသူအားလုံးသည် ငါ၏သုတ်သင်ဖယ်ရှင်းခြင်း ပစ်မှတ်များဖြစ်ကြလိမ့်မည်။ (ဤအရာမှ ငါ၏ဆိုလိုရင်းအဓိပ္ပါယ်ကို သင်နားလည်သင့်သည်။ ယင်းမှာ သင်မည်မျှ လှပပုံရသည် သို့မဟုတ် သင်မည်မျှ နှစ်လိုဖွယ်ကောင်းသည်ဆိုသည့်အကြောင်း မဟုတ်ဘဲ သင့်အား ငါကြိုတင်ခွဲခန့်ထားခြင်းနှင့် ရွေးချယ်ထားပြီးခြင်း ရှိမရှိဆိုသည့်အကြောင်း ဖြစ်သည်။) ဤသည်မှာ အကြွင်းမဲ့မှန်ကန်၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါသည် အပြင်ပန်းတွင် လူသားဖြစ်ပုံရကောင်းရနိုင်သော်လည်း၊ သင်သည် ငါ၏ဘုရားသဘာဝကို သိမြင်ဖို့ ငါ၏လူသားသဘာဝကို ကျော်၍ မြင်ရန်လိုသောကြောင့်ဖြစ်သည်။ "သာမန်လူ့သဘာဝနှင့် ပြီးပြည့်စုံသော ဘုရားသဘာဝတို့သည် ပြီးပြည့်စုံသော ဘုရားသခင်ကိုယ်တိုင်၏ ခွဲခြား၍မရသော အပိုင်းနှစ်ခု ဖြစ်သည်" ဟု ငါ ကြိမ်ဖန်များစွာ ပြောဆိုပြီးဖြစ်သည်။ မည်သို့ဆိုစေကာမူ၊ သင်တို့သည် ငါ့ကို နားမလည်သေးပေ။ သင်တို့၏ မသဲကွဲသော ထိုဘုရားသခင်ကိုသာ သင်တို့ အလေးထားကြသည်။ သင်တို့သည် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို နားမလည်ကြသော လူများဖြစ်ကြသည်။ သို့ရာတွင် ထိုသို့သောလူများသည် ငါ၏သားဦးများ ဖြစ်ရန် ဆန္ဒရှိကြဆဲဖြစ်၏။ အရှက်မရှိလိုက်လေ။ ၎င်းတို့သည် ၎င်းတို့၏ အဆင့်အတန်းက အမှန်တကယ် မည်သည့်အရာဖြစ်သည်ကို မမြင်ကြပေ။ ၎င်းတို့သည် ငါ၏လူမျိုးအဖြစ် အစေခံခြင်းငှာ အဆင့်အတန်းပင် မရှိကြပေ၊ ထို့ကြောင့် ၎င်းတို့သည် အဘယ်သို့ ငါ၏ သားဦးများဖြစ်ပြီး ငါနှင့်အတူ ရှင်ဘုရင်များဖြစ်နိုင်ကြမည်နည်း။ ထိုသို့သော လူများသည် မိမိတို့ကိုယ်ကိုယ် မသိကြပေ။ ၎င်းတို့သည် စာတန်၏အမျိုးဖြစ်ကြပြီး၊ ငါ၏ ရှေ့မှောက်တွင် အစေခံခြင်းငှာ မဆိုထားနှင့်၊ ငါ၏အိမ်ထောင်စုတွင် တိုင်များဖြစ်ခြင်းငှာပင် မထိုက်တန်ကြပေ။ ထို့ကြောင့် ငါသည် ၎င်းတို့အား တစ်ဦးပြီးတစ်ဦး

သုတ်သင်ဖယ်ရှင်းမည်ဖြစ်ပြီး၊ တစ်ဦးပြီးတစ်ဦး ၎င်းတို့၏ စစ်မှန်သော မျက်နှာများကို ငါ ထုတ်ဖော်ပြမည်။

ငါသည် အောင်မြင်မှု ရရှိပြီးဖြစ်သောကြောင့်၊ ပြီးလျှင် စကြဝဠာတစ်ခွင်လုံးတစ်လျှောက် ရှင်ဘုရင်အဖြစ် ငါ စိုးစံပြီးဖြစ်သောကြောင့်၊ ငါ၏အမှုသည် တားဆီးမခံရဘဲနှင့် အဟန့်အတား အနည်းငယ်မျှ မရှိဘဲ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ဆက်သွား၏။ (ငါ ရည်ညွှန်းနေသောအရာမှာ နတ်ဆိုးစာတန်ကို အနိုင်ယူပြီးကတည်းက၊ ငါသည် ငါ၏တန်ခိုးကို အသစ်တစ်ဖန် ပြန်လည်ရရှိပြီးဖြစ်သည်။) ငါသည် သားဦးအားလုံးကို ငါ ရရှိသည်နှင့်အမျှ၊ အောင်ခြင်းအလံသည် ဇိအုန်တောင်ပေါ်တွင် ပေါ်ထွက်လိမ့်မည်။ ဆိုလိုသည်မှာ၊ ငါ၏သားဦးတို့သည် ငါ၏အောင်ခြင်းအလံ၊ ငါ၏ဘုန်းအသရေ၊ ငါ၏ဝါကြွားစရာဖြစ်ကြ၏။ ၎င်းတို့သည် စာတန်အား ငါအရှက်ရစေပြီးဖြစ်သည့် သင်္ကေတဖြစ်ပြီး ၎င်းတို့သည် ငါအမှုပြုသည့် နည်းစနစ်ဖြစ်၏။ ၎င်းတို့ကို ငါကြိုတင်ခွဲခန့်ခဲ့ပြီးနောက်တွင် စာတန်၏ပျက်စီးစေခြင်းကို ခံခဲ့ရသော်လည်း၊ ငါ့ဘက်သို့ အသစ်တစ်ဖန်ပြန်လာကြသော လူတစ်စုမှတစ်ဆင့်၊ ငါသည် အဆင်းနီသောနဂါးကြီးကို အရှက်ရစေကာ ပုန်ကန်ခြင်း၏ သားအားလုံးကို ငါအုပ်စိုးမည်။) ငါ၏သားဦးများသည် ငါ၏ အနန္တတန်ခိုးတည်သောနေရာ ဖြစ်ကြ၏။ ၎င်းတို့သည် ပြောင်းလဲ၍မရနိုင်သကဲ့သို့ ငြင်း၍မရနိုင်သော ငါ၏ကြီးမြတ်သည့် အောင်မြင်မှုဖြစ်သည်။ ငါ၏သားဦးများအားဖြင့် ငါ၏စီမံခန့်ခွဲမှုအစီအစဉ်ကို ငါပြီးမြောက်စေမည်၊ ဤသည်မှာ "သင်တို့အားဖြင့် တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့အား ငါ၏ပလ္လင်ရှေ့သို့ ငါပြန်လာစေမည်" ဟု အတိတ်တွင် ပြောခဲ့ချိန် ငါ ရည်ရွယ်ခဲ့သည့်အရာ ဖြစ်သည်။ ယင်းမှာ "သင်တို့၏ ပုခုံးများပေါ်မှ လေးလံသောဝန်"ဟူသော စကားများကို ငါ ပြောဆိုခဲ့ချိန်တွင်လည်း ငါ ရည်ရွယ်နေခဲ့သော အရာ ဖြစ်သည်။ ရှင်းသလော။ သင် နားလည်သလော။ သားဦးများသည် ငါ၏စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုလုံး၏ ပံ့ပေါ်လာခြင်းဖြစ်သည်။ ဤအကြောင်းရင်းကြောင့်၊ ငါသည် ဤလူစုအား မည်သည့်အခါတွင်မျှ နူးညံ့သိမ်မွေ့စွာ မဆက်ဆံဖူးသကဲ့သို့ ၎င်းတို့အား ငါပြင်းထန်စွာ အမြဲ ဆုံးမပြီးဖြစ်သကဲ့သို့၊ (လောကတွင် ခံစားရခဲ့သော နာကျင်မှုဝေဒနာများ၊ မိသားစုများ၏ အဖြစ်ဆိုးများ၊ မိဘများ၊ ခင်ပွန်းသည်များ၊ ဇနီးသည်များနှင့် သားသမီးများ၏စွန့်ပစ်ခြင်း- တိုတိုပြောရလျှင် လောကကြီး၏စွန့်ပစ်ခြင်းနှင့် ခေတ်ကာလ၏ ပစ်ပယ်ခြင်းဖြစ်သည့် ထိုပြင်းထန်သော ဆုံးမပဲ့ပြင်မှုဖြစ်၏။) ဤသည်မှာ ယနေ့ ငါ့ရှေ့သို့လာရန် သင်၌ကောင်းသော အခွင့်အလမ်းရှိသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ သင်တို့ မကြာခဏတွေးဆကြပြီးဖြစ်သည့်- "ဤနာမကို အခြားလူများ လက်မခံသော်လည်း

အဘယ်ကြောင့် ငါလက်ခံခဲ့သနည်း" ဟူသော မေးခွန်းအဖို့ အဖြေ ဖြစ်သည်။ သင် ယခုသိရလေပြီ။

ယနေ့တွင် မည်သည့်အရာမျှ အတိတ်ကနှင့်မတူပေ။ ငါ၏စီမံခန့်ခွဲမှု အစီအစဉ်သည် နည်းလမ်းအသစ်များကို ခံယူပြီးဖြစ်သည်၊ ငါ၏အမှုသည် ယခင်က ဖြစ်ခဲ့သည်ထက် သာ၍ပင် ကွဲပြားပြီး၊ ငါ၏ မိန့်မြွက်ချက်များသည် ယခုတွင် ပို၍ပင် မကြုံစဖူး ဖြစ်ကြသည်။ ထို့ကြောင့် သင်တို့သည် ငါ့အား သင့်တင့်လျောက်ပတ်စွာ အစေခံမှု ပေးသင့်သည်ဟု ထပ်တလဲလဲ ငါအလေးပေးပြီးဖြစ်သည် (ဤအရာကို အစေခံသူများအား ပြောဆိုထားခြင်းဖြစ်သည်)။ သင်တို့ကိုယ်သင်တို့ အပျက်သဘောဆောင်စွာ မဆက်ဆံကြဘဲ၊ လေးနက်သော လိုက်စားမှုကို ထိန်းသိမ်းလော့။ ကျေးဇူးတော်အနည်းငယ်ကို ရရှိဖို့မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည် မဟုတ်သလော။ ယင်းသည် လောကထဲတွင် ဒုက္ခဆင်းရဲခံရခြင်းထက် သာ၍ပိုကောင်း၏။ သင်တို့အား ငါ ပြော၏။ အကယ်၍ သင်သည် ငါ့အား စိတ်နှလုံးအကြွင်းမဲ့ အစေခံမှုမပေးဘဲ၊ ထိုအစား ငါသည် မဖြောင့်မတ်လေပြီဟု စောဒကတက်ပါက၊ သင်သည် မနက်ဖြန် မရဏာနိုင်ငံနှင့်ငရဲထဲသို့ သက်ဆင်းရလိမ့်မည်။ မည်သူမျှ စောစီးစွာ မသေလိုကြပေ- ထိုသို့ ဖြစ်သည်မဟုတ်သလော။ ဘဝ၏ နောက်ထပ်တစ်ရက်သည်ပင် အဖိုးတန်၏၊ ထို့ကြောင့် သင်သည် ငါ၏စီမံခန့်ခွဲမှုအစီအစဉ်အဖို့ သင့်ကိုယ်သင် လုံးဝ ဆက်ကပ်သင့်ပြီး၊ ထို့နောက်တွင် သင်နှင့်သက်ဆိုင်သည့် ငါ၏တရားစီရင်ခြင်းကို စောင့်စားပြီး၊ သင့်အပေါ် ငါ၏ဖြောင့်မတ်သော ပြစ်တင်ဆုံးမခြင်း ကျရောက်သည်ကို စောင့်ဆိုင်းသင့်၏။ ငါ ပြောနေသောအရာသည် အဓိပ္ပါယ်မရှိဟု မယူဆလေနှင့်။ ငါသည် ငါ၏ဖြောင့်မတ်ခြင်းနှင့် ငါ၏စိတ်သဘောထားမှ စကားပြောနေခြင်း ဖြစ်သည်။ ထို့အပြင်၊ ငါသည် ငါ၏ဘုန်းအာနုဘော်နှင့် ဖြောင့်မတ်ခြင်းဖြင့် ပြုမူ၏။ ငါသည်မဖြောင့်မတ်ဟု လူအားလုံး ပြောကြသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ငါ့အား မသိကြသောကြောင့်ဖြစ်၏။ ဤသည်မှာ ၎င်းတို့၏ ပုန်ကန်တတ်သော စိတ်သဘောထားများ၏ ရှင်းလင်းသော ဖော်ပြချက်ဖြစ်သည်။ ငါ့အတွက်မူကား၊ စိတ်ခံစားမှုမရှိပေ။ ထို့ထက်၊ ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်၊ တရားစီရင်ခြင်းနှင့် အမျက်ဒေါသတို့သာ ရှိသည်။ အချိန်သာ၍ကုန်လွန်လေ ငါ၏စိတ်သဘောထားကို သင်ပို၍ မြင်ရလာလေဖြစ်လိမ့်မည်။ လက်ရှိအချိန်သည် အကူးအပြောင်းအဆင့်တစ်ခုဖြစ်ပြီး သင်တို့သည် ဤအရာ၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုကိုသာ မြင်နိုင်ကြသည်။ အပြင်ပန်းအားဖြင့် ထင်ရှားသေ အရာအချို့ကိုသာ သင်တို့ မြင်နိုင်ကြ၏။ ငါ၏သားဦးများပေါ်ထွန်းသောအခါ ငါသည် သင်တို့အား အရာရာတိုင်းကို မြင်ခွင့်ပေးမည်ဖြစ်ပြီး အရာအားလုံးကို နားလည်ခွင့်ပေးမည်။ လူအယောက်တိုင်းသည်

၎င်းတို့၏စိတ်နှလုံးများနှင့် စကားများဖြင့် လက်ခံယုံကြည်ကြလိမ့်မည်။ ငါသည် သင်တို့အား ငါ့အဖို့ သက်သေခံခြင်းဖြင့် စကားပြောစေမည်၊ ငါ့အား အစဉ်အမြဲချီးမွမ်းစေကာ အစဉ်အမြဲ ထောမနာပြုစေမည်။ ဤသည်မှာ အလွဲကေန် ဖြစ်ပြီး မည်သူမျှ ပြောင်းလဲ၍မရနိုင်ပေ။ လူတို့သည် ယင်းကို ယုံကြည်ရန်မဆိုထားနှင့်၊ အနည်းငယ်မျှ စိတ်ကူး၍ပင် မရနိုင်ပေ။

သားဦးဖြစ်ကြသောသူများသည် ရုပ်ရုံများနှင့်စပ်လျဉ်း၍ တိုးပွားနေသည့် ရှင်းလင်းမှု ရှိကြပြီး၊ ငါ့အပေါ် ၎င်းတို့၏ချစ်ခြင်းသည် ယခင်ထက် တိုး၍ ကြီးမားလာသည်။ (ဤသည်မှာ ငါနှင့်သက်ဆိုင်သည့် စာတန်၏စုံစမ်းနှောင့်ယှက်မှုဖြစ်သော စိတ်ကူးယဉ်အချစ်နှင့် ရိုပ်စားမိရမည့် တစ်စုံတစ်ရာ မဟုတ်ပေ။) ဤအကြောင်းကြောင့်၊ ငါ့ရှေ့တွင် ၎င်းတို့၏ဆွဲဆောင်မှုများကို ထုတ်ကြွားသောသူများ ရှိကြောင်း ယခင်က ငါဆိုပြီးဖြစ်သည်။ ထိုသို့သော သူများသည် ၎င်းတို့၏ပုံပန်းများကို ငါစိတ်ဝင်စားမည်ဟု ယုံကြည်နေကြသည့် စာတန်၏ လက်ပါးစေများဖြစ်ကြသည်။ အရှက်မရှိ လိုက်လေ။ ၎င်းတို့သည် ကံဆိုးသူများထဲတွင် အနိမ့်ကျဆုံးသောသူများ ဖြစ်လေသည်တကား။) သို့သော်၊ ဤကာလတစ်လျှောက် ငါ ပြောဆိုပြီးဖြစ်သော ဤနှုတ်ကပတ်တော်များမှတစ်ဆင့်၊ မိမိတို့ကိုယ်တိုင် သားဦးများ မဟုတ်ကြသူများသည် ရုပ်ရုံများအကြောင်း တိုး၍ မရှင်းမလင်း ဖြစ်လာကြပြီး၊ ငါဖြစ်သည့် ဇာတိအဖြစ်တော်၌ ယုံကြည်ခြင်း ဆုံးရှုံးကြပြီး ဖြစ်သည်။ ထို့နောက်တွင်၊ ၎င်းတို့သည် အဆုံးတွင်လဲကျသည့်အထိ တဖြည်းဖြည်း တိုး၍ စိတ်ဝင်စားမှုမရှိဖြစ်လာကြသည်။ ထိုသို့သော လူတို့သည် မိမိတို့ကိုယ်ကိုယ် မတတ်နိုင်ကြချေ။ ဤသည်မှာ ဤကာလအတောအတွင်း ငါပြောနေသောအရာ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်၊ အယောက်တိုင်း (သားဦးများအား ငါပြောနေခြင်း ဖြစ်သည်) ဤအရာကိုမြင်သင့်ပြီး ငါ၏ မိန့်မြွက်ချက်များနှင့် လုပ်ရပ်များမှတစ်ဆင့်၊ ငါ၏အံ့ဖွယ်ဖြစ်ခြင်းကို ရှုမြင်သင့်ကြ၏။ ငါသည် ငြိမ်သက်ခြင်းအရှင်၊ ထာဝရအဘဖြစ်သည်၊ ငါသည်အံ့သြဖွယ်ဖြစ်ပြီး တိုင်ပင်ဘက်ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုထားသနည်း။ ငါ၏ ကိုယ်ပိုင်လက္ခဏာ၊ ငါ၏ မိန့်မြွက်ချက်များရှုထောင့်မှ သို့မဟုတ် ငါပြုသည့်အရာမှ ဤအရာကိုရှင်းပြရန်မှာ အလွန်အပေါ်ယံဆန်ပေမည်။ ယင်းကို ဖော်ပြပြောဆိုခြင်းငှာပင် ထိုက်မည်မဟုတ်။ ငါ့အား ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဆိုသည့် အကြောင်းရင်းသည် သားဦးများအား စုံလင်စေဖို့ဖြစ်သော ငါ၏တန်ခိုး၊ စာတန်နှင့် သက်ဆိုင်သော ငါ၏တရားစီရင်ခြင်းနှင့် သားဦးတို့အပေါ် ငါ ပေးအပ်သော အကန့်အသတ်မဲ့ ကောင်းကြီးမင်္ဂလာများမှ အရင်းခံပေသည်။ တစ်နည်းအားဖြင့်၊ ငါသည် ငါ၏သားဦးများအားချစ်ပြီး ငြိမ်သက်ခြင်းအရှင်ဟူသော ဂုဏ်ပုဒ်သည်

၎င်းတို့၏နှုတ်များမှလာသင့်သည့်အတွက်၊ သားဦးများသာ ငါ့ကို ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဆိုရန် အရည်အချင်းပြည့်မီကြသည်။ ၎င်းတို့အဖို့ ငါသည် ငြိမ်သက်ခြင်းအရှင် ဖြစ်သည်။ ငါ၏သားများနှင့် ငါ၏လူများအဖို့ ငါသည်ထာဝရအဘဟု သိထားကြသည်။ ငါ၏သားဦးများ တည်ရှိခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့သည် ငါနှင့်အတူ ရှင်ဘုရင်အရိုက်အရာ၏ တန်ခိုးကိုကိုင်စွဲထားနိုင်ပြီး တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့ကို (သားများနှင့်လူမျိုးတို့ကို) အုပ်စိုးနိုင်ကြသောကြောင့်လည်းကောင်း၊ သားများနှင့်လူမျိုးတို့သည် ငါ့အား- သားဦးများ၏အထက်၌ရှိသော ဘုရားသခင်ကိုယ်တော်တိုင်ဟု အဓိပ္ပါယ်ရသည့်- ထာဝရအဘဟု ခေါ်သင့်ကြ၏။ ငါသည် သားများ၊ လူမျိုးများ သို့မဟုတ် သားဦးများ မဟုတ်သောသူများအဖို့ အံ့သြဖွယ်ဖြစ်သည်။ ငါ့ အမှု၏အံ့သြဖွယ်ဖြစ်ခြင်းကြောင့် မယုံကြည်သူများသည် (၎င်းတို့၏မျက်လုံးများအား ငါဖုံးကာထားပြီးဖြစ်သည့်အတွက်) ငါ့အား လုံးဝမမြင်နိုင်ကြသကဲ့သို့ ငါ၏အမှုနှင့်သက်ဆိုင်သည့် ရှင်းလင်းသော အမြင်မရှိကြချေ။ ထို့ကြောင့်၊ ၎င်းတို့အဖို့ ငါသည် အံ့သြဖွယ်ဖြစ်၏။ ငါပြုသမျှအားလုံးသည် ၎င်းတို့ကို အရှက်ရစေဖို့ အသုံးတော်ခံသည့်အတွက်၊ နတ်ဆိုးများအားလုံးနှင့် စာတန်အဖို့ ငါသည် တိုင်ပင်ဘက်ဖြစ်သည်။ ငါ၏ လုပ်ရပ်အားလုံးသည် ငါ၏သားဦးများအတွက် ဖြစ်၏။ ငါ၏ခြေလှမ်းတိုင်းသည် အဆင်ပြေချောမွေ့စွာ ရှေ့ဆက်ပြီး၊ ငါသည် ခြေလှမ်းတိုင်းဖြင့် အောင်မြင်မှုရသည်။ ထို့အပြင်၊ ငါသည် စာတန်၏အကြံအစည်အားလုံးကို ရိပ်စားမိနိုင်ပြီး၊ ယင်းတို့ကို ငါ၏ ရည်ရွယ်ချက်များအား အပျက်သဘောဆောင်သော ဘက်မှ အသုံးတော်ခံဖို့ အရာဝတ္ထုတစ်ခု ဖြစ်စေရင်း၊ ငါ့အား အစေခံစေရန် ယင်းတို့ကို ငါအသုံးပြု၏။ ဤသည်မှာ မည်သူမျှ ပြောင်းလဲ၍ရနိုင်သကဲ့သို့ မည်သူမျှ ပြည့်စုံစွာ နားမလည်နိုင်သည့် ငါ၏ "တိုင်ပင်ဘက်"ဖြစ်ခြင်းက ရည်ရွယ်သည့်အရာ ဖြစ်သည်။ သို့သော်၊ ငါ၏ ဇာတိအဖြစ်တော်အရ၊ ငါသည် ငြိမ်သက်ခြင်းအရှင်နှင့် ထာဝရအဘဖြစ်သည့်အပြင်၊ တိုင်ပင်ဘက်နှင့်အံ့သြဖွယ်လည်းဖြစ်သည်။ ဤအရာတွင် မမှန်သောအရာတစ်ခုမျှမရှိ။ ယင်းကို ငြင်းပယ်၍မရနိုင်သကဲ့သို့ မပြောင်းလဲသော သမ္မာတရား ဖြစ်သည်။

ငါ၌ ပြောစရာ အလွန်များလှ၏။ နှိုင်းစာ၍ရနိုင်သည့်အချက် တကယ်ကို မရှိပေ။ ထို့ကြောင့် သင်တို့အနေဖြင့် သည်းခံပြီး စောင့်ရန် ငါ တောင်းဆိုပေသည်။ သင်တို့ လုပ်ဆောင်သည့် မည်သည့်အရာတွင်မဆို စိတ်ကူးပေါက်ရာ မလုပ်ဆောင်နှင့်။ အဘယ်ကြောင့်ဆိုသော် သင်တို့ အတိတ်တွင် နားလည်ခဲ့သည့်အရာများမှာ ယခု ခေတ်မမီတော့သောကြောင့် ဖြစ်သည်။ ယင်းသည် မသက်ဆိုင်တော့သကဲ့သို့၊ လက်ရှိသည် ပြောင်းလဲခြင်း အချိန်ကာလတစ်ခု- မင်းဆက်များကြား အကူးအပြောင်း ကာလတစ်ခုကဲ့သို့ ဖြစ်သည်။ ဤအကြောင်းရင်းကြောင့်၊

သင်တို့အနေဖြင့် သင်တို့၏ အတွေးအခေါ်ကို ပြောင်းလဲရန်နှင့် သင်တို့၏အယူအဆဟောင်းများကို ဖယ်ရှားရန် ငါ တောင်းဆိုသည်။ ဤသည်မှာ "ဖြောင့်မတ်သန့်ရှင်းခြင်းဝတ်ရုံကို ဝတ်ဆင်ခြင်း"၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်။ ငါကိုယ်တိုင်၏ နှုတ်ကပတ်တော်များကို ငါသာ ရှင်းပြနိုင်ပြီး ငါလုပ်ဆောင်ရန် ငါတာဝန်ယူပြီးဖြစ်သောအရာကို ငါသာ သိသည်။ ထို့ကြောင့်၊ ငါ၏နှုတ်ကပတ်တော်များသာ မစင်ကြယ်ခြင်း မရှိသကဲ့သို့ ငါရည်ရွယ်သောအရာ လုံးဝ ဖြစ်၏။ ထို့ကြောင့် ယင်းသည် ဖြောင့်မတ်သန့်ရှင်းခြင်းဝတ်ရုံကို ဝတ်ဆင်ခြင်းဖြစ်သည်။ လူသား စိတ်၏ သိနားလည်မှုသည် စိတ်အထင်မျှဖြစ်သည်။ ၎င်းတို့၏ သိနားလည်မှုသည် မစင်ကြယ်သကဲ့သို့ ငါ၏ရည်ရွယ်ချက်များကို စွမ်းဆောင်မရရှိနိုင်ပေ။ ထို့ကြောင့်၊ ငါကိုယ်တိုင် စကားပြောပြီး ငါကိုယ်တိုင် ရှင်းပြကာ၊ ဤသည်မှာ "ငါကိုယ်တိုင် အမှုပြုသည်" ဟု ဆိုခဲ့ချိန်တွင် ငါရည်ရွယ်သောအရာဖြစ်သည်။ ယင်းသည် ငါ၏စီမံခန့်ခွဲမှုအစီအစဉ်၏ မရှိမဖြစ်သော အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး လူအားလုံးသည် ငါ့အား ဘုန်းထင်ရှားစေကာ ချီးမွမ်းကြရပေမည်။ ငါ၏နှုတ်ကပတ်တော်များကို သဘောပေါက်ခြင်းနှင့် စပ်လျဉ်း၍၊ ငါသည် ထိုတန်ခိုးကို လူသားများအား မည်သည့်အခါကမျှ မပေးဖူးသကဲ့သို့ ယင်းအတွက် ၎င်းတို့ အစွမ်းအစ လုံးဝ မပိုင်ဆိုင်ကြချေ။ ဤသည်မှာ နတ်ဆိုးအား အရှက်ရစေခြင်းအတွက် ငါ၏နည်းစနစ်များထဲမှ တစ်ခုဖြစ်သည်။ (အကယ်၍ လူသားများသည် ငါ၏မိန့်မြွက်ချက်များကို နားလည်ခဲ့ပြီး ၎င်း၏ ရည်ရွယ်ချက်များကို အဆင့်တိုင်းတွင် စူးစမ်းနိုင်ခဲ့ကြပါက၊ စာတန်သည် လူတို့အား သူ ဆန္ဒရှိသည့် အချိန်တိုင်း ပိုင်ဆိုင်နိုင်မည်ဖြစ်ပြီး၊ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် ငါ့အား ဆန့်ကျင်ကြမည်ဖြစ်ပြီး၊ သားဦးများကို ရွေးချယ်ခြင်းနှင့်ဆိုင်သည့် ငါ၏ရည်မှန်းချက်ပန်းတိုင်ကို ရရှိရန် မဖြစ်နိုင် ဖြစ်စေပေမည်။ အကယ်၍ ငါသည် နက်နဲမှုတိုင်းကို နားလည်ပြီး ငါ ဖြစ်သည့် ဇာတိအဖြစ်တော်က မည်သူမျှ နားမလည်နိုင်သည့် မိန့်မြွက်ချက်များကို ပြောဆိုနိုင်မည်ဆိုပါက၊ ငါသည်လည်း စာတန်၏ ဝင်ပူးခြင်းခံရနိုင်မည်ဖြစ်သည်။ ဤသည်မှာ လူ့ဇာတိ၌ ငါရှိစဉ် ငါသည် သဘာဝလွန် လုံးဝ မဖြစ်သည့် အကြောင်းရင်းဖြစ်၏။) ဤနှုတ်ကပတ်တော်များ၏ အရေးပါမှုနှင့်ဆိုင်သော ရှင်းလင်းသည့် သိနားလည်မှုရှိရန်နှင့် ငါ၏ဦးဆောင်မှုနောက်သို့ လိုက်ရန် အယောက်တိုင်းအတွက် လိုအပ်၏။ နက်နဲသော နှုတ်ကပတ်တော်များနှင့် အယူဝါဒများကို နားလည်ရန် သင်တို့ဘာသာ မကြိုးစားကြနှင့်။

# အခန်း ၁၀၂

ငါသည် အတိုင်းအတာတစ်ခုအထိ ပြောဆိုပြီးဖြစ်ကာ ငါ၏ အမှုသည် အတိုင်းအတာတစ်ခုအထိ ရောက်ရှိပြီးဖြစ်သည်။ သင်တို့ အသီးသီးသည် ငါ၏ အလိုကို ဘောပေါက်နေသင့်ပြီး ငါ၏ ဝန်ကို အမျိုးမျိုးသော အတိုင်းအတာအထိ ထောက်ထားနိုင်သင့်သည်။ ယခုသည် ဇာတိပကတိမှ ဝိညာဉ်လောကထဲသို့ ပြောင်းလဲသောအချိန် အလှည့်အပြောင်းဖြစ်သည်- သင်တို့သည် ခေတ်ကာလများကြား ဖြတ်ကျော်နေသည့် ရှေ့ပြေးများ၊ စကြဝဠာနှင့် ကမ္ဘာအစွန်းဆုံး နေရာများကို ဖြတ်ကူးသော စကြဝဠာနှင့်ဆိုင်သည့် လူများ ဖြစ်ကြသည်။ သင်တို့သည် ငါ၏ အချစ်မြတ်နိုးဆုံးသူများ ဖြစ်သည်။ သင်တို့သည် ငါချစ်သောသူများ ဖြစ်ကြသည်။ ငါ၏အားသွန်ခွန်စိုက် လုပ်ရသော အားထုတ်မှုအားလုံးသည် သင်တို့အတွက် ဖြစ်သောကြောင့်၊ ငါသည် သင်တို့မှလွဲ၍ မည်သူကိုမျှ မချစ်ဟု ဆိုနိုင်သည်။ ယင်းကို သင်တို့ မသိခြင်း ဖြစ်နိုင်သလော။ အရာခပ်သိမ်းကို ငါအဘယ်ကြောင့် ဖန်ဆင်းခဲ့မည်နည်း။ သင်တို့အား အလုပ်အကျွေးပြုရန် အရာခပ်သိမ်းကို အဘယ်ကြောင့် ငါ လှုပ်ရှားစေခဲ့မည်နည်း။ ဤလုပ်ရပ်အားလုံးသည် သင်တို့အတွက် ငါ့ချစ်ခြင်းမေတ္တာ၏ ဖော်ပြချက်များ ဖြစ်ခဲ့ပေသည်။ ငါသည် သင်တို့အား ရယူခြင်းအတွက် တောင်များနှင့် တောတောင်များထဲမှ အရာခပ်သိမ်း၊ ပြီးလျှင် ကမ္ဘာမြေကြီးနှင့် ကမ္ဘာမြေကြီးပေါ်မှ အရာခပ်သိမ်းတို့သည် ငါ့အား ချီးမွမ်းကာ ဘုန်းထင်ရှားစေကြသည်။ အမှန်တွင် အရာရာတိုင်းကို လုပ်ဆောင်ပြီး ဖြစ်သည်။ ထို့အပြင် အရာရာတိုင်းကို စေ့စေ့စပ်စပ် လုပ်ဆောင်ပြီး ဖြစ်သည်။ သင်တို့သည် ငါ့အဖို့ ထူးကဲသော သက်သေကို ခံကြပြီးဖြစ်ကာ၊ ငါ့အတွက် နတ်ဆိုးများနှင့် စာတန်ကို အရှက်ရစေကြပြီး ဖြစ်သည်။ ငါ၏ အပြင်ဘက်ရှိ လူများ၊ အရေးကိစ္စများနှင့် အမှုအရာအားလုံးသည် ငါ၏ ဩဇာအာဏာ အောက်တွင် ကျိုးနွံနာခံကြပြီး၊ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ် ပြီးပြည့်စုံခြင်းကြောင့်၊ အားလုံးသည် ၎င်းတို့၏ ကိုယ်ပိုင်အမျိုးအစား နောက်လိုက်ကြသည် (ငါ၏ လူများသည် ငါနှင့်သက်ဆိုင်ပြီး စာတန်၏ အမျိုးအားလုံးသည် မီးအိုင်နှင့် သက်ဆိုင်ကြသည်- ၎င်းတို့သည် ထာဝရ ငိုကြွေးမြည်တမ်းကြမည်ဖြစ်ပြီး၊ အစဉ်အမြဲ ဆုံးရှုံး ပျက်စီးကြမည့် နေရာဖြစ်သည့် အနက်ဆုံးသော တွင်းထဲသို့ ကျဆင်းသွားကြသည်။) “ဆုံးရှုံးပျက်စီးခြင်း” နှင့် “ထိုအချိန်မှ စတင်ကာ ၎င်းတို့၏ ခန္ဓာ၊ စိတ် နှင့် ဝိညာဉ်ကို ယူကာ၊” ဟူ၍ ငါပြောဆိုသည့်အခါ၊ ငါသည် ၎င်းတို့အား စာတန်၏ လက်သို့ လွှဲအပ်လိုက်ခြင်းနှင့် ၎င်းတို့အား နင်းခြေခွင့်ပေးခြင်းကို ရည်ညွှန်းနေပေသည်။ တစ်နည်းအားဖြင့်ဆိုသော် ငါ၏ အိမ်သူအိမ်သား မဟုတ်သောသူ

အားလုံးသည် ပျက်စီးခြင်း ခံရမည့်အရာများ ဖြစ်ကြလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့ တည်ရှိတော့မည် မဟုတ်။ ဤသည်မှာ လူတို့ စိတ်ကူးသကဲ့သို့ ၎င်းတို့ ရှိကြတော့မည် မဟုတ်ဟု မဆိုလိုပေ။ ယင်းမှာ ငါ၏ အယူအဆတွင် ငါ၏ အပြင်ဘက်ရှိ အရာရာသည် မတည်ရှိဟု ဆိုနိုင်ပြီး ဤသည်မှာ ထာဝရ ပြစ်ဒဏ်ခံရခြင်း အဖြစ်၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်။ လူသား၏အမြင်တွင် ဤအရာတို့သည် တည်ရှိပုံရသေးသော်လည်း၊ ငါ၏ အမြင်တွင် ၎င်းတို့သည် ဘာမျှမရှိခြင်းအဖြစ်သို့ ပြောင်းသွားပြီး ဖြစ်ကာ ထာဝရကာလပတ်လုံး ပျက်စီးဆုံးရှုံးကြလိမ့်မည်ဖြစ်သည်။ (ငါအမှုမပြုတော့သည့် သူများသည် ငါ၏ အပြင်ဘက်၌ ရှိသည်ဟု ငါအလေးပေးပြောခြင်း ဖြစ်သည်။) လူသားများတွင် ၎င်းတို့ မည်သို့ တွေးသည်ဖြစ်စေ၊ ဤအရာကို ၎င်းတို့ သဘောမပေါက်နိုင်ကြသကဲ့သို့၊ ၎င်းတို့ မည်မျှကောင်းစွာ မြင်သည်ဖြစ်စေ၊ ယင်းကို ထိုးထွင်းသိမြင်နိုင်ခြင်း မရှိကြပေ။ ၎င်းတို့အား ငါ အသိဉာဏ် မပွင့်လင်းစေပါက၊ ၎င်းတို့ကို အလင်းမပေးသကဲ့သို့ ယင်းကို ၎င်းတို့ထံ တိကျပြတ်သားစွာ မထောက်ပြပါက၊ လူတို့သည် ရှင်းလင်းစွာ နားမလည်နိုင်ပေ။ ထို့အပြင် ၎င်းတို့အားလုံးက ယခင်ထက် သာ၍ အနှစ်မဲ့သည်ကို ခံစားရင်းနှင့် လိုက်လျှောက်ရန် လမ်းကြောင်း မရှိဟု တိုး၍ ခံစားကြရင်း၊ ယင်းနှင့်ပတ်သက်ပြီး ပို၍ပို၍ ဇဝေဇဝါ ဖြစ်လာကြသည်- ၎င်းတို့သည် လူသေများကဲ့သို့ ဖြစ်လုနီးနီး ဖြစ်ကြသည်။ ယခု (သားဦးများမှအပ လူအားလုံးကို ဆိုလိုခြင်း) လူသားအများစုသည် ဤအခြေအနေတွင် ရှိကြသည်။ ဤအရာများကို အင်မတန် ရှင်းလင်းပြတ်သားမှုဖြင့် ငါထောက်ပြပြီးဖြစ်သော်လည်း၊ ဤလူတို့သည် တုံ့ပြန်မှု မရှိကြသကဲ့သို့၊ ၎င်းတို့၏ ဇာတိသွေးသား ပျော်ရွှင်မှုများကို ဂရုစိုက်နေကြဆဲဖြစ်သည်၊ ၎င်းတို့ စားလိုက် အိပ်လိုက်၊ အိပ်လိုက် စားလိုက် လုပ်နေသည်။ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များကို တွေးဆခြင်း မရှိကြပေ။ ၎င်းတို့ အားထုတ်သည့်အခါတွင်ပင်၊ ယင်းသည် တစ်ခဏမျှသာဖြစ်သည်။ နောက်ပိုင်းတွင် ငါ့အား လုံး၀ နားမထောင်ခဲ့ကြသည့်အလား လုံး၀ မပြောင်းလဲဘဲလျက်၊ ၎င်းတို့ ရှိခဲ့ကြသည့်အတိုင်း ရှိနေကြဆဲဖြစ်သည်။ ဤသည်မှာ ၀န်ထုပ်၀န်ပိုးများ မရှိသော ထုံးစံအတိုင်းဖြစ်သည့် အသုံးမကျသော လူများဖြစ်သည်။ ၎င်းတို့သည် အသိသာဆုံးသော ကပ်ပါးရပ်ပါးများ ဖြစ်ကြသည်။ နောက်ပိုင်းတွင် ငါသည် ၎င်းတို့အား တစ်ယောက်ပြီး တစ်ယောက် စွန့်ပယ်မည်။ မစိုးရိမ်နှင့်။ တစ်ယောက်ပြီး တစ်ယောက် ငါသည် ၎င်းတို့အား အနက်ဆုံးသော တွင်းထဲသို့ ပြန်ပို့မည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသို့သော လူအမျိုးအစား ပေါ်၌ မည်သည့်အခါမျှ အမှုမပြုဖူးသကဲ့သို့၊ ၎င်းတို့ လုပ်ဆောင်သမျှတိုင်းသည် ၎င်းတို့ ရရှိပြီးဖြစ်သည့် ဆုကျေးဇူးများမှ လာပေသည်။ ဆုကျေးဇူးအကြောင်းကို

ငါပြောဆိုသည့်အခါ၊ ဤသူတို့မှာ ငါ၏ အစေခံသူများဖြစ်သည့် အသက်မရှိသော လူများဖြစ်သည်ကို ဆိုလိုပေသည်။ ငါသည် ၎င်းတို့ထဲမှ မည်သူကိုမျှ မလိုချင်သကဲ့သို့ ၎င်းတို့အား ငါသုတ်သင်ဖယ်ရှားမည် (သို့သော် ယခုတွင်မူ ၎င်းတို့သည် အနည်းငယ် အသုံးဝင်ကြသေးသည်)။ အစေခံသူများဖြစ်ကြသော အသင်တို့ နားထောင်ကြလော့။ သင်တို့ကို ငါ၏အသုံးပြုနေခြင်းမှာ သင့်အား ငါမျက်နှာသာပေးသည်ကို ဆိုလိုသည်ဟု မထင်ကြနှင့်။ ယင်းမှာ သိပ်လွယ်ကူလှသည် မဟုတ်။ အကယ်၍ သင်သည် ငါ့အား သင့်ကို မျက်နှာသာ ပေးစေလိုပါက၊ သင်သည် ငါလက်ခံသောသူနှင့် ငါကိုယ်တိုင် ကိုယ်ကျ စုံလင်စေသောသူတစ်ဦး ဖြစ်ရမည်။ ဤသည်မှာ ငါချစ်သော လူအမျိုးအစား ဖြစ်သည်။ လူတို့က ငါသည် အမှားတစ်ခု ပြုမိပြီဟု ဆိုကြလျှင်ပင်၊ ငါသည် လုံးဝ ကတိပျက်မည် မဟုတ်ပေ။ ဤအရာကို သင်သိသလော။ အစေခံခြင်းကို ပေးသောသူများသည် ကျွဲနွားနှင့် မြင်းများသာ ဖြစ်ကြသည်။ ၎င်းတို့သည် အဘယ်သို့ ငါ၏ သားဦးများ ဖြစ်နိုင်ကြမည်နည်း။ ယင်းမှာ အဓိပ္ပာယ်မဲ့မည် မဟုတ်လော။ ယင်းမှာ သဘာဝ၏ နိယာမများအား ဖောက်ဖျက်မှုတစ်ခု ဖြစ်မည် မဟုတ်လော။ ငါ၏ အသက်နှင့် ငါ၏ အရည်အချင်း ရှိသောသူ မည်သူမဆိုသည် ငါ၏ သားဦးများ ဖြစ်ကြသည်။ ဤသည်မှာ ယုတ္တိတန်သောအရာ ဖြစ်သည်။ မည်သူမျှ ယင်းကို မငြင်းနိုင်။ ယင်းသည် ထိုသို့ ဖြစ်ရပေမည်။ သို့မဟုတ်ပါက ဤအခန်းကဏ္ဍတွင် လုပ်ဆောင်နိုင်သောသူမည်သူမျှ ရှိမည်မဟုတ်သကဲ့သို့၊ ယင်းအတွက် အစားထိုးနိုင်သောသူ မည်သူမျှ ရှိမည် မဟုတ်ပေ။ ငါသည် ဖြောင့်မတ်သော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည့်အတွက်၊ ဤသည်မှာ စိတ်ခံစားချက်ကို အကြောင်းပြု၍ ဆောင်ရွက်သည့် ကိစ္စတစ်ခု မဟုတ်ပေ။ ငါသည် သန့်ရှင်းသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ ငါသည် ဘုန်းအာနုဘော်နှင့် ပြည့်စုံသည့်၊ ပုန်ကန်ပြစ်မှား၍မရသည့် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။

လူသားများအတွက် မဖြစ်နိုင်သော အရာတိုင်းသည် ငါ့အတွက် အဆင်ပြေချောမွေ့ကာ အချုပ်အနှောင်ကင်းသည်။ ယင်းကို မည်သူမျှ မရပ်တန့်နိုင်သကဲ့သို့ မည်သူကမျှ မပြောင်းလဲနိုင်ပေ။ နတ်ဆိုးစာတန်လေးကို မပြောနှင့်၊ ယင်း၏ ကြီးမားမှုဖြင့် ကမ္ဘာလောကကြီးသည် ငါ၏ လက်ထဲတွင် လုံးဝ ရှိပေသည်။ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်ကြောင့်သာ မဟုတ်ခဲ့ပါက၊ ငါ၏ သားဦးများကြောင့်သာ မဟုတ်ခဲ့ပါက၊ ငါသည် ဤအိုဟောင်းဆိုးယုတ်သည့်အပြင် သေခြင်း အနံ့ဆိုးဖြင့် အလွန်နံဟောင်နေသည့် ဤလူတကာနှင့် သောင်းပြောင်း လိင်ဆက်ဆံတတ်သည့် ခေတ်ကို အချိန်ကြာမြင့်စွာက ဖျက်ဆီးပြီး ဖြစ်ပေမည်။ သို့သော် ငါသည် မှန်ကန်မှုဖြင့် ဆောင်ရွက်ပြီး၊ ပေါ့ပေါ့တန်တန်

စကားမပြောပေ။ တစ်စုံတစ်ရာကို ငါပြောလိုက်သည်နှင့်တစ်ပြိုင်နက်၊ ယင်းသည် ပြီးမြောက်သွားလိမ့်မည်။ အကယ်၍ ဤသည်မှာ ထိုသို့မဖြစ်ခဲ့လျှင်ပင်၊ ငါ့အတွက် အရာရာကို ပြီးမြောက်စေမည်ဖြစ်ကာ ငါ၏ လုပ်ဆောင်ချက်များအတွက် လမ်းဖွင့် ပေးမည့် ငါ့ဉာဏ်ပညာ၏ ရှုထောင့် အမြဲရှိသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါ၏ နှုတ်ကပတ်တော်များသည် ငါ၏ ဉာဏ်ပညာ ဖြစ်သောကြောင့် ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များသည် အရာရာဖြစ်၏။ လူတို့သည် ထိုနှုတ်ကပတ်တော်များကို အခြေခံအားဖြင့် နားမလည်နိုင်ကြသကဲ့သို့ ယင်းတို့ကို သဘောမပေါက်နိုင်ကြပေ။ "မီးအိုင်" ကို ငါ မကြာခဏ ရည်ညွှန်းသည်။ ယင်းမှာ မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းသည် ကန့်နှင့်ရောသော မီးအိုင်နှင့် အဘယ်သို့ ကွာခြားသနည်း။ ကန့်နှင့်ရောသော မီးအိုင်ဆိုသည်မှာ စာတန်၏ ဩဇာလွှမ်းမိုးမှုကို ရည်ညွှန်းပြီး မီးအိုင် ဆိုသည်မှာ စာတန်၏ အုပ်စိုးမှုအောက်၌ရှိသော ကမ္ဘာလောကတစ်ခုလုံးကို ဆိုလိုသည်။ ကမ္ဘာလောကထဲရှိ အယောက်တိုင်းသည် မီးအိုင်ထဲတွင် လောင်မြိုက်ခြင်းကို ခံကြရသည် (ဆိုလိုသည်မှာ ၎င်းတို့သည် တိုး၍ ဖောက်ပြန်ပျက်စီးလာကြပြီး ၎င်းတို့၏ ဖောက်ပြန်ပျက်စီးမှုသည် အဆင့်တစ်ခုသို့ ရောက်ရှိ ပြီးသည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် တစ်ယောက်ပြီး တစ်ယောက် ငါ၏ ဖျက်ဆီးခြင်းကို ခံကြရလိမ့်မည်၊ ယင်းမှာ နှုတ်ကပတ်တော် တစ်ခုမျှ၏ မိန့်မြွက်ချက်ဖြင့် အလွယ်တကူ ငါ လုပ်ဆောင်နိုင်ပေသည်)။ ငါ၏ အမျက် ပို၍ ကြီးလေ၊ မီးအိုင် တစ်လျှောက် မီးတောက်မီးလျှံ ပို၍ ကြီးလေ ဖြစ်သည်။ ဤသည်မှာ လူတို့သည် ပို၍ ပို၍ ဆိုးယုတ်လာပုံကို ရည်ညွှန်းပေသည်။ ငါ၏ အမျက်ဒေါသ ပေါက်ကွဲသည့် အချိန်သည် မီးအိုင် ပွင့်ထွက်ပေါက်ကွဲသည့် အချိန်လည်း ဖြစ်လိမ့်မည်။ ဆိုလိုသည်မှာ ယင်းသည် စကြဝဠာ ကမ္ဘာ တစ်ခုလုံး ဆုံးရှုံးပျက်စီးသည့် အချိန် ဖြစ်လိမ့်မည်။ ထိုနေ့ရက်တွင် ငါ၏ နိုင်ငံတော်သည် ကမ္ဘာမြေကြီးပေါ်၌ အပြည့်အဝ ပေါ်ထွန်းလိမ့်မည်ဖြစ်ပြီး၊ အသက်သစ် တစ်ခု စတင်လိမ့်မည်။ ဤသည်မှာ များမကြာမီ ပြည့်စုံလာမည့် အရာတစ်ခု ဖြစ်သည်။ ယင်းကို ငါပြောဆိုခြင်းဖြင့်၊ အရာရာသည် အမြင်တွင် ပြည့်စုံလာလိမ့်မည် ဖြစ်သည်။ ဤသည်မှာ ကိစ္စရပ်နှင့်ဆိုင်သည့် လူသား၏ အမြင်တွင် ဖြစ်သော်လည်း၊ ငါ့အတွက် အရာရာသည် လွယ်ကူသောကြောင့်၊ ငါ၏ အမြင်တွင် အမှုအရာများသည် ကြိုတင်ပြီးပြည့်စုံနှင့်ပြီး ဖြစ်လိမ့်မည်။ ငါ စကားပြောပြီး ယင်းသည် ပြီးစီးသွား၏။ ငါ စကားပြောပြီး ယင်းသည် တည်ထောင်ခြင်းသို့ ရောက်လေသည်။

နေ့စဉ်နေ့တိုင်း သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များကို စားကြသည်၊ ငါ၏ ဗိမာန်တော်ထဲတွင် ကြွယ်ဝခြင်းကို မွေ့လျော်ကြသည်၊ ငါ၏ အသက်ရေစီးရာမြစ်မှ ရေကို သောက်ကြပြီး၊ ငါ၏ အသက်ပင်မှ အသီးကို ခူးဆွတ်ကြသည်။ သို့ဆိုလျှင် ငါ၏

ဗိမာန်တော်ထဲက ကြွယ်ဝခြင်းဆိုသည်မှာ အဘယ်နည်း။ ငါ၏ အသက်ရေစီးရာမြစ်မှ ရေဆိုသည်မှာ အဘယ်နည်း။ အသက်ပင် ဆိုသည်မှာ အဘယ်နည်း။ အသက်ပင်၏ အသီးဆိုသည်မှာ အဘယ်နည်း။ ဤစကားရပ်များကို ကြားနေကျဖြစ်ကောင်း ဖြစ်နိုင်သော်လည်း၊ မည်သို့ပင်ဆိုစေ ယင်းတို့သည် စိတ်ရှုပ်ထွေးသော စိတ်ရှုပ်ထွေးနေကြသည့် လူသား အားလုံးအဖို့ နားမလည်နိုင်စရာ ဖြစ်သည်။ ၎င်းတို့သည် ထိုအသုံးအနှုန်းများကို တာဝန်မဲ့စွာ ပြောဆိုနေကြသည်၊ မဆင်မခြင် အသုံးပြုနေကြပြီး ယင်းတို့ကို ကြုံရာကျပန်း အသုံးချနေကြသည်။ ဗိမာန်တော်ထဲက ကြွယ်ဝခြင်း ဆိုသည်မှာ ငါ ပြောဆိုပြီးသော နှုတ်ကပတ်တော်များကို မဆိုလိုသကဲ့သို့၊ သင်တို့အပေါ် ငါ အပ်နှင်းပြီးဖြစ်သော ကျေးဇူးတော်တို့ကို မဆိုလိုပေ။ သို့ဆိုလျှင် ယင်းသည် အမှန်တကယ် မည်သည့်အရာကို ဆိုလိုသနည်း။ ရှေးကာလများ ကတည်းက၊ ငါ၏ ဗိမာန်တော်ထဲက ကြွယ်ဝခြင်းကို မွေ့လျော်ရလောက်အောင် မည်သူမျှ ကံမကောင်းဖူးကြချေ။ နောက်ဆုံးသော ကာလတွင်သာ၊ ငါ၏ သားဦးများအလယ်တွင် လူတို့သည် ငါ၏ ဗိမာန်တော်ထဲက ဤကြွယ်ဝခြင်းဆိုသည်မှာ မည်သည့်အရာ ဖြစ်သည်ကို မြင်နိုင်ကြပေသည်။ ဤစကားရပ်ထဲက “ဗိမာန်တော်” သည် ငါ၏ ဇာတိအဖြစ်တော်ကို ရည်ညွှန်းသည်။ ယင်းသည် ငါ၏ ဘုံဗိမာန်ဖြစ်သည့်၊ ဇိအုန်တောင်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ ငါ၏ ခွင့်ပြုချက် မရှိဘဲနှင့်၊ မည်သူမျှ ထိုအရာထဲသို့ မဝင်ရောက်နိုင် သို့မဟုတ် ထိုအရာမှ မထွက်နိုင်။ “ကြွယ်ဝခြင်း” ဆိုသည်မှာ မည်သည့်အရာကို ရည်ညွှန်းသနည်း။ ယင်းမှာ ခန္ဓာဖြင့် ငါနှင့်အတူ စိုးစံနိုင်ခြင်းနှင့်ဆိုင်သည့် ကောင်းချီးမင်္ဂလာကို ရည်ညွှန်းပေသည်။ ယေဘုယျအားဖြင့် ဆိုပါက၊ ဤသည်မှာ သားဦးများ၏ ခန္ဓာဖြင့် ငါနှင့်အတူ စိုးစံနိုင်ခြင်း ကောင်းချီးမင်္ဂလာကို ရည်ညွှန်းပြီး၊ ဤသည်မှာ နားလည်ရန် မခက်ပေ။ အသက်ရေစီးရာမြစ်၏ ရေသည် အဓိပ္ပာယ် နှစ်မျိုးရှိ၏- တစ်ဖက်တွင်၊ ယင်းသည် ငါ၏ စမ်းရေတွင်းမှ စီးဆင်းသော အသက်ရေကို ရည်ညွှန်းသည်- ဆိုလိုသည်မှာ ငါ၏ နှုတ်မှ ထုတ်ပြန်သော နှုတ်ကပတ်တော်တိုင်း ဖြစ်သည်။ အခြားတစ်ဖက်တွင် ယင်းသည် ငါ့လုပ်ဆောင်မှုများ နောက်ကွယ်က ဉာဏ်ပညာနှင့် နည်းဗျူဟာတို့အပြင်၊ ငါ၏ဖြစ်ခြင်းနှင့် ငါ၏အရာအားလုံးကို ရည်ညွှန်းပေသည်။ ငါ၏ နှုတ်ကပတ်တော်များသည် အဆုံးမရှိသည့်၊ ဝှက်ထားသော နက်နဲမှုများ ရှိသည် (ပြီးလျှင် ထိုနက်နဲမှုများသည် ဝှက်ထားခြင်း မရှိတော့ခြင်းသည် အတိတ်ကာလနှင့် ဆန့်ကျင်ဘက်ဖြင့် ဖော်ပြထားခြင်း ဖြစ်သော်လည်း၊ အနာဂတ်တွင် ဖြစ်ပျက်မည့် လူသိရှင်ကြား ထုတ်ဖော်ပြချက်နှင့် နှိုင်းယှဉ်ပါက၊ ယင်းတို့သည် ဝှက်ထားဆဲဖြစ်သည်။ ဤနေရာ၌ “ဝှက်ထားခြင်း” ဆိုသည်မှာ အကြွင်းမဲ့မဟုတ်။ နှိုင်းယှဉ်ချက်အရ ဖြစ်သည်)။ တစ်နည်းအားဖြင့် အသက်ရေစီးရာမြစ်မှ ရေသည် အစဉ်

စီးဆင်းနေခြင်းဖြစ်သည်။ ငါ့အထဲတွင်၊ အဆုံးမဲ့ ဉာဏ်ပညာရှိပြီး လူတို့သည် ငါ၏ဖြစ်ခြင်းနှင့် ငါ၏အရာအားလုံးကို လုံး၀ သဘောမပေါက်နိုင်ကြချေ။ ဆိုလိုသည်မှာ အသက်ရေစီးရာမြစ်၏ ရေသည် အစဉ် စီးဆင်းခြင်း ဖြစ်သည်။ လူသား အမြင်တွင်၊ ကိုယ်ထည်ရှိသော သစ်ပင်အမျိုးအစား များစွာရှိကြသော်လည်း မည်သူမျှ အသက်ပင်ကို မမြင်တွေ့ဖူးကြချေ။ သို့သော်လည်း ယင်းကို ယနေ့ မြင်ရသော်လည်း၊ လူတို့သည် ယင်းကို သတိမပြုမိကြသေးချေ- သို့သော် ၎င်းတို့သည် အသက်ပင်မှ စားသုံးခြင်းအကြောင်းကိုပင် ပြောဆိုကြသေးသည်။ ယင်းမှာ အမှန်တကယ် အဓိပ္ပာယ် မရှိလိုက်လေခြင်း။ ၎င်းတို့သည် အသက်ပင်ကို လက်လွတ်စပယ် စားကြမည်တကား။ ယနေ့ လူတို့သည် အသက်ပင်ကို မြင်ကြသော်လည်း၊ သတိမပြုမိကြဟု အဘယ်ကြောင့် ငါဆိုသနည်း။ အဘယ်ကြောင့် ငါထိုသို့ဆိုသနည်း။ ငါ၏ နှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်ကို သင်နားလည်သလော။ ယနေ့၏ လက်တွေ့ကျသော ဘုရားသခင် ကိုယ်တိုင်သည် ငါဖြစ်သည့် ဇာတိအဖြစ်တော်ဖြစ်ပြီး သူသည် အသက်ပင် ဖြစ်သည်။ ငါ့ကို အကဲဖြတ်ရန် လူသားတို့၏ အယူအဆများကို အသုံးမပြုနှင့်။ အပြင်ပန်းတွင်၊ ငါသည် အပင်တစ်ပင်နှင့် မတူသော်လည်း၊ ငါသည် အသက်ပင် အမှန်တကယ် ဖြစ်သည်ကို သင် သိသလော။ ငါ၏ လှုပ်ရှားမှု၊ ငါ၏ စကားနှင့် နည်းဟန်တိုင်းသည် အသက်ပင်၏ အသီးဖြစ်ပြီး ယင်းတို့သည် ငါ၏ ဇာတိအဖြစ်တော် ဖြစ်သည်- ယင်းတို့သည် ငါ၏ သားဦးများ စားသင့်သော အရာများ ဖြစ်သည်၊ ထို့ကြောင့် နောက်ဆုံးတွင် ငါ၏ သားဦးများနှင့် ငါသာလျှင် အတိအကျ တစ်ထပ်တည်း တူကြလိမ့်မည်။ ၎င်းတို့သည် ငါ့အား အသက်ရှင်နေထိုင်နိုင်ကြလိမ့်မည် ဖြစ်ပြီး၊ ငါ့အတွက် သက်သေခံနိုင်ကြလိမ့်မည်။ (ဤသည်တို့မှာ ဝိညာဉ်လောကထဲသို့ ငါတို့ ဝင်ရောက်ပြီးနောက်တွင် ဖြစ်ပျက်မည့်အရာများ ဖြစ်သည်။ ခန္ဓာကိုယ်ဖြင့်သာ ငါတို့ တစ်ထပ်တည်း တူညီနိုင်ကြသည်။ သွေးသားဇာတိဖြင့် ငါတို့သည် အကြမ်းဖျင်းသာ တူညီနိုင်သော်လည်း၊ ငါတို့၌ မိမိတို့၏ ကိုယ်ပိုင်အကြိုက်များ ရှိကြသေး၏။)

ငါသည် ငါ၏တန်ခိုးကို ငါ၏သားဦးများထဲ၌ ထုတ်ဖော်ပြလိမ့်မည်သာမက၊ ယင်းကို ငါ၏သားဦးများ၏ တိုင်းနိုင်ငံများနှင့် လူမျိုးအပေါင်းတို့အပေါ် အုပ်ချုပ်ခြင်းတွင်လည်း ထုတ်ဖော်ပြမည်။ ဤသည်မှာ ငါ့အမှု၏ အဆင့်တစ်ခု ဖြစ်သည်။ ယခုသည် အဓိကကျ၏၊ ထို့အပြင် ယခုအချိန်သည် အလှည့်အပြောင်း ဖြစ်ပေသည်။ အရာရာ ပြီးမြောက်ပြီးဖြစ်ချိန်တွင်၊ သင်တို့သည် ငါ၏ လက်များက မည်သည့်အရာ လုပ်နေသည်ကို မြင်ရလိမ့်မည်ဖြစ်ပြီး၊ ငါသည် မည်ကဲ့သို့ စီစဉ်ပြီး စီမံခန့်ခွဲသည်ကို သင်တို့ မြင်ရလိမ့်မည်- သို့သော် ဤသည်မှာ မရေရာသော အရာတစ်ခု မဟုတ်ချေ။ ကမ္ဘာလောက၏

တိုင်းနိုင်ငံတိုင်း၏ အင်အားများအရ၊ ယင်းသည် အလွန် အလှမ်းမဝေးလှပေ။ ယင်းသည် လူတို့ စိတ်မကူးနိုင်သော အရာတစ်ခု ဖြစ်သည့်အပြင်၊ ၎င်းတို့ ကြိုတင်၍ မမြင်နိုင်သောအရာတစ်ခု ဖြစ်သည်။ ကောင်းချီးမင်္ဂလာခံစားရန်နှင့် ဆုလာဘ်ချီးမြှင့်ခြင်းခံရရန် အခွင့်အရေးကို လက်လွတ်မဆုံးရှုံးစေရန် သင်တို့သည် သတိမမူခြင်း သို့မဟုတ် ပေါ့ဆခြင်း လုံးဝ မရှိရ။ နိုင်ငံတော်၏ အလားအလာသည် အမြင်တွင် ရှိပြီး၊ ကမ္ဘာလောက တစ်ခုလုံးသည် တဖြည်းဖြည်း ခြောက်ကပ် တိတ်ဆိတ်ခြင်းသို့ ကျရောက်လျက်ရှိသည်။ အနက်ဆုံးသော တွင်းနှင့် ကန့်နှင့်ရောသော မီးအိုင်မှ၊ လူတို့အား ထိတ်လန့်စေရင်းနှင့် ၎င်းတို့အား ကြောက်လန့်စေရင်း မိမိတို့ကိုယ်ကိုယ် ပုန်းကွယ်ရန် နေရာမရှိ ဖြစ်စေရင်း၊ ငိုကြွေးမြည်တမ်းသံများ ထွက်ပေါ်လျက်ရှိသည်။ ငါ၏ နာမဖြင့် ရွေးချယ်ခြင်းကို ခံရပြီးနောက် သုတ်သင်ဖယ်ရှင်းခြင်းကို ခံရသော မည်သူမဆိုသည် အနက်ဆုံးသော တွင်းထဲတွင် အဆုံးသတ်ရလိမ့်မည်။ ထို့ကြောင့် ငါသည် ကြိမ်ဖန်များစွာ ပြောဆိုပြီးသည်အညီ၊ ငါသည် သုတ်သင်ဖယ်ရှားရမည့် အရာများကို အနက်ဆုံးသော တွင်းထဲသို့ ငါပစ်ချမည်။ ကမ္ဘာလောကတစ်ခုလုံး ဖျက်ဆီးခြင်းခံရသည့်အခါ ဖြိုချခံရပြီးချိန်တွင်၊ ဖျက်ဆီးခံရပြီးဖြစ်သည့် အရာရာသည် ကန့်နှင့်ရောသော မီးအိုင်ထဲသို့ ကျဆင်းသွားလိမ့်မည်။ တစ်နည်းအားဖြင့်၊ ဤအရာတို့သည် မီးအိုင်ထဲမှ ကန့်နှင့်ရောသော မီးအိုင်ထဲသို့ လွှဲပြောင်းခြင်းကို ခံရလိမ့်မည်။ ထိုအချိန်တွင် အယောက်တိုင်းသည် ထာဝရ ပျက်စီးခြင်းအတွက်ဖြစ်စေ(ငါ၏ အပြင်ဘက်၌ ရှိသောသူ အားလုံးကို ဆိုလိုသည်) သို့မဟုတ် ထာဝရ အသက်အတွက်ဖြစ်စေ (ငါ၏အထဲ၌ ရှိသောသူ အားလုံးကို ဆိုလိုသည်) အဆုံးအဖြတ်ပေးခြင်းကို ခံကြရပြီးဖြစ်လိမ့်မည်။ ထိုအချိန်တွင် ငါနှင့် ငါ၏သားဦးများသည် နိုင်ငံတော်မှ ပေါ်ထွက်လိမ့်မည်ဖြစ်ပြီး၊ ထာဝရကာလထဲသို့ ဝင်ရောက်ကြလိမ့်မည်။ ဤသည်မှာ နောက်ပိုင်းတွင် ပြည့်စုံလိမ့်မည့် အရာတစ်ခု ဖြစ်သည်။ သင်တို့အား ယခု ငါပြောမည်ဆိုပါက၊ သင်တို့ နားလည်ကြမည် မဟုတ်။ သင်သည် ငါ၏ ဦးဆောင်မှု နောက်သာလိုက်နိုင်သည်၊ ငါ၏ အလင်းထဲတွင် လျှောက်လှမ်းနိုင်သည်၊ ငါ၏ ချစ်ခြင်းမေတ္တာတွင် ငါနှင့်အတူ အဖော်ပြုနိုင်သည်၊ ငါ၏ အိမ်တော်တွင် ငါနှင့်အတူ ပျော်ရွှင်ခြင်းကို ခံစားနိုင်ပြီး၊ ငါ၏ နိုင်ငံတော်ထဲတွင် ငါနှင့်အတူ စိုးစံနိုင်ကာ ငါ၏ ဩဇာအာဏာအောက်တွင် တိုင်းနိုင်ငံအားလုံးနှင့် လူအပေါင်းတို့ကို ငါနှင့်အတူ အုပ်စိုးနိုင်သည်။ အထက်တွင် ငါဖော်ပြပြီးသောအရာ အားလုံးသည် သင်တို့အား ငါပေးနေသည့် အဆုံးမဲ့ ကောင်းချီးမင်္ဂလာများအဖြစ် ပါဝင်ပေသည်။

# အခန်း ၁၀၃

စကြဝဠာ တစ်ခွင်လုံးကို လွှမ်းခြုံလျက်၊ တစ်ဖြောင်းဖြောင်း မြည်ဟည်းသော အသံတစ်သံ ပေါ်ထွက်၏။ ယင်းသည် အလွန်ကျယ်လောင်လွန်းသဖြင့် လူတို့သည် လမ်းကြောင်းမှ အချိန်မီ မရှောင်နိုင်အောင် ဖြစ်လေသည်။ အချို့သည် အသတ်ခံကြရသည်၊ အချို့သည် ဖျက်ဆီးခြင်းကို ခံကြရပြီး အချို့မှာ တရားစီရင်ခြင်းခံကြရလေသည်။ ယင်းသည် အမှန်တကယ် မည်သူမျှ မမြင်ဖူးသော မြင်ကွင်းတစ်ခု ဖြစ်သည်။ သေချာစွာ နားထောင်လော့- မိုးခြိမ်းသံများနှင့်အတူ ငိုကြွေးသံများ လိုက်ပါလာပြီး ဤအသံသည် မရဏနိုင်ငံမှလာသည်၊ ငရဲမှ လာခြင်း ဖြစ်သည်။ ယင်းမှာ ငါ၏ တရားစီရင်ခြင်းကို ခံရသည့် ဆန့်ကျင်ပုန်ကန်သော ထိုသားများ၏ ခါးသီးသောအသံ ဖြစ်သည်။ ငါပြောသော အရာကို နားမထောင်သေးသော သူများနှင့် ငါ၏ နှုတ်ကပတ်တော်များကို လက်တွေ့မလုပ်ဆောင်သေးသော သူများသည် ပြင်းထန်စွာ တရားစီရင်ခြင်းကို ခံကြရပြီး ငါ၏အမျက်ဒေါသ၏ ကျိန်ခြင်းကို ခံကြရပြီးဖြစ်သည်။ ငါ၏ အသံသည် တရားစီရင်ခြင်းနှင့် အမျက်ဒေါသ ဖြစ်သည်။ ငါသည် ဖြောင့်မတ်သော ဘုရားသခင်ကိုယ်တိုင်ဖြစ်ပြီး အမျက်ဒေါသကို ပိုင်ဆိုင်သောကြောင့်၊ မည်သူ့ကိုမျှ နူးညံ့သိမ်မွေ့စွာ ငါမဆက်ဆံသကဲ့သို့ မည်သူ့ကိုမျှ မသက်ညှာပေ။ ငါသည် တောက်လောင်ခြင်း၊ သန့်စင်စေခြင်းနှင့် ဖျက်ဆီးခြင်းတို့ကို ပိုင်ဆိုင်၏။ ငါ့အထဲတွင်၊ မည်သည့်အရာမျှ ကွယ်ဝှက်မထား သို့မဟုတ် စိတ်ခံစားမှုနှင့် ဆိုင်သောအရာ မရှိဘဲ၊ ဆန့်ကျင်ဘက်အနေဖြင့် အရာရာသည် ပွင့်လင်းသည်၊ ဖြောင့်မတ်ပြီး၊ သမာသမတ်ကျလေသည်။ ငါ၏ သားဦးများသည် တိုင်းနိုင်ငံအပေါင်းနှင့် လူမျိုးအပေါင်းတို့အား အုပ်စိုးလျက်၊ ငါနှင့်အတူ ပလ္လင်ပေါ်တွင် ရှိနှင့်ကြပြီး ဖြစ်သောကြောင့်၊ မတရားသကဲ့သို့ မဖြောင့်မတ်သော လူများသည် တရားစီရင်ခြင်း ယခု စတင်ခံရလျက်ရှိသည်။ ငါသည် တစ်စုံတစ်ခုကိုမျှ မလွတ်စေဘဲ ၎င်းတို့ကို အလျှင်း ထုတ်ဖော်လျက်၊ တစ်ယောက်ပြီး တစ်ယောက် ၎င်းတို့ကို စုံစမ်းစစ်ဆေးမည်။ အကြောင်းမူကား ငါ၏ တရားစီရင်ခြင်းကို အပြည့်အဝ ထုတ်ဖော်ကာ ဖွင့်ပြပြီးဖြစ်သောကြောင့် ဖြစ်သည်။ ပြီးလျှင် ငါသည် မည်သည့်အရာကိုမျှ လုံးဝ ထိန်ချန်ခြင်း မရှိလေပြီ။ ငါ၏ အလိုနှင့် မကိုက်ညီသော အရာတိုင်းကို ငါလွှင့်ပစ်မည်ဖြစ်ပြီး၊ အနက်ဆုံးသောတွင်းထဲတွင် ထာဝရ ကာလပတ်လုံး ပျက်စီးဆုံးရှုံးစေမည်။ ထိုနေရာတွင် ယင်းကို ငါ ထာဝရ လောင်ကျွမ်းစေမည်။ ဤသည်မှာ ငါ၏ ဖြောင့်မတ်ခြင်း ဖြစ်ပြီး၊ ဤသည်မှာ ငါ၏ တည်ကြည်မှု ဖြစ်သည်။ ဤ အရာကို မည်သူမျှ မပြောင်းလဲနိုင်ဘဲ၊ အားလုံး ငါ၏ ကွပ်ကဲမှု အောက်တွင်ရှိရမည်။

လူအများစုသည် စကားများက စကားများသာဖြစ်ပြီး အမှန်တရားများက အမှန်တရားများသာဖြစ်သည်ဟု တွေးထင်ရင်း၊ ငါ၏ မိန့်မြွက်ချက်များကို လျစ်လျူရှုကြ၏။ ၎င်းတို့သည် မျက်ကန်းများပေတည်း။ ငါသည် သစ္စာရှိသော ဘုရားသခင် ကိုယ်တိုင်ဖြစ်သည်ကို ၎င်းတို့ မသိကြသလော။ ငါ၏ နှုတ်ကပတ်တော်များနှင့် အမှန်တရားများသည် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ကြ၏။ ဤသည်မှာ စစ်မှန်သော ကိစ္စရပ်ဖြစ်သည် မဟုတ်လော။ လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို တကယ်ပင် သဘောမပေါက်ကြဘဲ၊ ဉာဏ်အလင်းရပြီးသောသူများသာ စစ်မှန်စွာ နားလည်နိုင်ကြသည်။ ဤသည်မှာ အမှန်တရားတစ်ခု ဖြစ်သည်။ ငါ၏နှုတ်ကပတ်တော်များကို လူတို့ မြင်သည်နှင့်တစ်ပြိုင်နက်၊ အလွန်အမင်း အထိတ်တလန့်ဖြစ်ကာ ပုန်းရှောင်ဖို့ နေရာအနှံ့ သုတ်သုတ်ပြာပြာပြေးကြ၏။ ဤသည်မှာ ငါ၏ တရားစီရင်ခြင်း ကျရောက်သည့်အခါ သာ၍ပင် ဖြစ်လေသည်။ အရာခပ်သိမ်းကို ငါဖန်ဆင်းခဲ့သည့် အချိန်၊ ကမ္ဘာလောကကို ငါဖျက်ဆီးသည့် အချိန်နှင့် သားဦးများကို ငါ စုံလင်စေသည့်အချိန်တွင်- ဤအရာအားလုံးသည် ငါ၏ နှုတ်မှ နှုတ်ကပတ်တော် တစ်လုံးတည်းအားဖြင့် ဖြစ်မြောက်ပေသည်။ ဤသည်မှာ ငါ၏ နှုတ်ကပတ်တော်ကိုယ်၌က ဩဇာအာဏာ ဖြစ်သောကြောင့်ဖြစ်သည်။ ယင်းသည် တရားစီရင်ခြင်း ဖြစ်ပေသည်။ ငါ၏ဖြစ်ခြင်းတည်းဟူသော ဇာတိအဖြစ်တော်သည် တရားစီရင်ခြင်းနှင့် ဘုန်းအာနုဘော် ဖြစ်သည်ဟု ဆိုနိုင်၏။ ဤသည်မှာ မပြောင်းလဲနိုင်သော အချက်တစ်ခုဖြစ်သည်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များ၏ ရှုထောင့်တစ်ခုဖြစ်သည်။ ယင်းမှာ လူတို့အား ငါတရားစီရင်သည့် နည်းလမ်း တစ်ခုသာ ဖြစ်သည်။ ငါ၏ အမြင်တွင်၊ လူအားလုံး၊ အရေးကိစ္စများအားလုံးနှင့် အမှုအရာအားလုံး အပါအဝင် အရာရာတိုင်းသည် ငါ၏ လက်ထဲတွင်ရှိပြီး ငါ၏ တရားစီရင်မှုအောက်တွင် ရှိကြ၏။ မည်သူမျှ၊ မည်သည့်အရာမျှ ရိုင်းစိုင်းစွာ သို့မဟုတ် တမင်တကာ မပြုမူဝံ့သကဲ့သို့၊ အရာခပ်သိမ်းသည် ငါမိန့်မြွက်သော နှုတ်ကပတ်တော်များနှင့်အညီ ဖြစ်မြောက်ရမည် ဖြစ်သည်။ လူသား၏ အယူအဆများ အတွင်းမှနေ၍၊ ငါ၏ဖြစ်ခြင်းတည်းဟူသော ဇာတိအဖြစ်တော်၏ နှုတ်ကပတ်တော်များကို အယောက်တိုင်း ယုံကြည်ကြသည်။ ငါ၏ဝိညာဉ်တော်က ဖွင့်ဟသည့်အခါ၊ အယောက်တိုင်းက သံသယရှိကြသည်။ လူတို့သည် ငါ၏အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းနှင့် သက်ဆိုင်သော အသိပညာ အနည်းငယ်မျှ မရှိကြသကဲ့သို့၊ ငါ့ကို အပြစ်တင် စွပ်စွဲမှုများပင် ပြုကြ၏။ ယခု သင့်ကို ငါပြော၏၊ ငါ၏ နှုတ်ကပတ်တော်များကို သံသယရှိပြီး ငါ၏ နှုတ်ကပတ်တော်များကို စော်ကားသော သူမည်သူမဆိုသည် ဖျက်ဆီးခံရမည့် သူများဖြစ်ကြသည်။ ၎င်းတို့သည် ထာဝရ

ပြစ်ဒဏ်ခတ်ခြင်းကို ရာသက်ပန်ခံစားရမည့် သားများ ဖြစ်ကြသည်။ ဤသည်မှာ ငါ အမှုပြုသည့်ပုံဖြစ်သောကြောင့် သားဦးများ ဖြစ်ကြသူ အလွန်နည်းပါးသည်ကို ဤအရာမှ မြင်နိုင်ပေသည်။ ယခင်က ငါဆိုဖူးသည့်အတိုင်း၊ တစ်စက်မျှ အားမထုတ်ရဘဲ အရာရာကို ငါ ပြီးမြောက်စေ၏၊ ငါ၏ နှုတ်ကပတ်တော်များကိုသာ ငါအသုံးပြု၏။ ထို့နောက်၊ ဤသည်မှာ ငါ၏ အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်းတန်ခိုး တည်သောနေရာ ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များထဲတွင်၊ မည်သူမျှ ငါပြောသည့်အရာ၏ အရင်းအမြစ်နှင့် ရည်ရွယ်ချက်ကို ရှာမတွေ့နိုင်ပေ။ လူတို့သည် ဤအရာကို စွမ်းဆောင်နိုင်ကြခြင်း မရှိကြဘဲ၊ ၎င်းတို့သည် ငါ၏ မိသားစုကို ဖြောင့်မတ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို ရှိစေ၍၊ ထာဝရ အသက်ရှင်စေပြီး၊ ထာဝရ မြဲမြဲစေကာ မဆုတ်မနစ်ဖြစ်စေလျက်၊ ၎င်းတို့သည် ငါ၏ ဦးဆောင်မှုနောက်လိုက်စဉ်သာ ပြုမူဆောင်ရွက်နိုင်ကြပြီး၊ ငါ၏ ဖြောင့်မတ်ခြင်းတရားအတိုင်း ငါ၏ အလိုနှင့်အညီသာ အရာရာကို လုပ်ဆောင်နိုင်ကြလေသည်။

ငါ၏ တရားစီရင်ခြင်းသည် အယောက်တိုင်းထံသို့ ရောက်လာသည်၊ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များသည် အယောက်တိုင်းကို တို့ထိပြီး ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏ ဇာတိအဖြစ်တော်ကို အယောက်တိုင်းထံ ထုတ်ဖော်ပြထားသည်။ ဤသည်မှာ ငါ၏ ဝိညာဉ်တော်၏ ကြီးသောအမှု အတွက် အချိန်ဖြစ်သည် (ဤအချိန်တွင် ကောင်းချီးခံစားရမည့် သူများနှင့် ဘေးဥပဒ်ကြုံရမည့် သူများကို တစ်ဦးနှင့်တစ်ဦး ခွဲခြားထားပေသည်)။ ငါ၏ နှုတ်ကပတ်တော်များကို ထုတ်ပြန်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ကောင်းချီး ခံစားရမည့် သူများနှင့် ဘေးဥပဒ် ကြုံရမည့်သူများကို ငါခွဲခြားပြီး ဖြစ်သည်။ ဤအရာသည် လုံးဝ ရှင်းလင်းပြတ်သားပြီး တစ်ချက်ကြည့်ရုံဖြင့် အားလုံးကို ငါမြင်နိုင်၏။ (ငါ၏ လူသားသဘာဝနှင့် စပ်လျဉ်း၍ ဤအရာကို ငါဆိုနေခြင်းဖြစ်သည်၊ ထို့ကြောင့် ဤနှုတ်ကပတ်တော်များသည် ငါ၏ ကြိုတင်ပြဋ္ဌာန်းထားခြင်းနှင့် ရွေးကောက်ခြင်းတို့အား ကွဲလွဲဆန့်ကျင်ခြင်း မရှိပေ။) မသန့်ရှင်းသော နေရာများနှင့် အဓမ္မအမှုနှင့် ပြည့်သော တိုင်းပြည်များအားလုံး မတည်ရှိတော့ဘဲ ငါ၏ နှုတ်ကပတ်တော်များ၏ အကျိုးဆက်အဖြစ် ဗလာနတ္ထိအဖြစ်သို့ မီးရှို့ဖျက်ဆီးခြင်းကို ခံရဖို့အလို့ငှာ၊ ငါသည် နေရာတိုင်းကို စောင့်ကြည့်ကာ သန့်ရှင်းစင်ကြယ်စေရင်း တောင်များ၊ မြစ်များနှင့် အရာအားလုံးကြား၊ စကြဝဠာ အာကာသဟင်းလင်းပြင်များအနှံ့ လှည့်လည်သွားလာ၏။ ငါ့အတွက်၊ အရာခပ်သိမ်းသည် လွယ်ကူ၏။ အကယ်၍ ယခုအချိန်သည် ကမ္ဘာမြေကြီး၏ ပျက်စီးခြင်းအတွက် ငါကြိုတင်စီရင်ထားသော အချိန်ဖြစ်ခဲ့ပါက၊ နှုတ်ကပတ်တော် တစ်လုံးကို မိန့်မြွက်ခြင်းဖြင့် ကမ္ဘာမြေကြီးကို

ငါဝါးမျိုနိုင်ပေသည်။ သို့ရာတွင်၊ ယခု အချိန်မကျသေးပေ။ ငါ၏ အစီအစဉ် အနှောင့်အယှက် မဖြစ်စေရန်နှင့် ငါ၏ စီမံခန့်ခွဲမှုကို အနှောင့်အယှက်မခံရဖို့အလို့ငှာ ဤအမှုကို ငါမပြုမီ အရာခပ်သိမ်းသည် အဆင့်သင့်ရှိရမည် ဖြစ်သည်။ ဤအရာကို မည်သို့ အကျိုးသင့် အကြောင်းသင့် ပြုရမည်ကို ငါသိသည်- ငါ၌ ငါ၏ ဉာဏ်ပညာ ရှိပြီး ငါ၌ ငါ၏ ကိုယ်ပိုင် အစီအစဉ်များ ရှိ၏။ လူတို့သည် လက်ချောင်း တစ်ချောင်းကိုမျှ မရွေ့ရ။ ငါ၏ လက်၌ အသေသတ်ခြင်းကို မခံရရန် သတိပြုလော့။ ဤအရာ၌ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို ထည့်သွင်းစဉ်းစားနှင့်ပြီးဖြစ်သည်။ ဤအရာမှ၊ နှစ်ဖက်ရှိသည့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များအပြင် ၎င်းတို့ နောက်ကွယ်ရှိ အခြေခံသဘောတရားများ၏ ပြင်းထန်မှုကို မြင်နိုင်ပေသည်- တစ်ဘက်တွင် ငါသည် ငါ၏ အလိုနှင့်မကိုက်ညီသောသူနှင့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်သော သူအားလုံးကို အသေသတ်သော်ငြားလည်း၊ အခြားတစ်ဘက်တွင် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်သော သူအားလုံးကို ငါ၏ အမျက်ဒေါသဖြင့် ကျိန်ဆဲပေသည်။ ဤရှုထောင့်နှစ်ခုသည် မရှိမဖြစ်ဖြစ်သကဲ့သို့ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ နောက်ကွယ်က စီရင်ဆုံးဖြတ်ခွင့် အာဏာရှိသော အခြေခံ သဘောတရားများ ဖြစ်သည်။ လူတစ်ဦး မည်မျှ သစ္စာရှိနိုင်သည်ကို ပဓာနမထားဘဲ၊ အယောက်တိုင်းသည် စိတ်ခံစားချက် မပါဘဲ ဤအခြေခံသဘောတရား နှစ်ခုအရ ကိုင်တွယ်ခြင်းခံရပေသည်။ ဤသည်မှာ ငါ၏ ဖြောင့်မတ်ခြင်း၊ ငါ၏ဘုန်းအာနုဘော်နှင့် မြေကြီးနှင့်သက်ဆိုင်သော အရာအားလုံး၊ လောကနှင့်သက်ဆိုင်သော အရာအားလုံးနှင့် ငါ၏ အလိုနှင့်မကိုက်ညီသော အရာအားလုံးကို မီးရှို့ဖျက်ဆီးမည့် ငါ၏ အမျက်ဒေါသတို့ကို ပြသရန်အတွက် လုံလောက်ပေသည်။ ငါ၏ နှုတ်ကပတ်တော်များထဲတွင် ဝှက်ထားလျက်ရှိနေသော နက်နဲမှုများရှိပြီး၊ ငါ၏ နှုတ်ကပတ်တော်များထဲတွင် ထုတ်ဖော်ပြထားသည့် နက်နဲမှုများလည်း ရှိ၏။ ထို့ကြောင့်၊ လူသား၏အယူအဆများအရနှင့် လူသားစိတ်ထဲတွင် ငါ၏ နှုတ်ကပတ်တော်များသည် အစဉ် နားမလည်နိုင်စရာဖြစ်ပြီး၊ ငါ၏ စိတ်နှလုံးသည် အစဉ် ဉာဏ်မမီနိုင်ဖွယ်ဖြစ်သည်။ ဆိုလိုသည်မှာ လူသားများကို ၎င်းတို့၏ အယူအဆများနှင့် အတွေးတို့မှ ငါ မောင်းထုတ်ရမည် ဖြစ်သည်။ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အရေးကြီးဆုံးသော ကိစ္စ ဖြစ်သည်။ ငါ၏ သားဦးများကို ရယူရန်နှင့် ငါ ပြုလိုသော အရာများကို ဖြစ်မြောက်စေရန် ဤနည်းဖြင့် ငါ လုပ်ဆောင်ရမည်။

ကမ္ဘာလောက၏ ဘေးဒုက္ခများသည် တစ်နေ့ထက် တစ်နေ့ တိုး၍ ကြီးမားလာပြီး ငါ၏အိမ်တွင်၊ ကြီးမားလှသော ဘေးဒုက္ခများသည် တိုး၍ အားကောင်းလာသည်။ လူတို့သည်

ပုန်းရှောင်ရန်၊ မိမိတို့ကိုယ်ကိုယ် ဖုံးကွယ်ရန် နေရာ မည်သည့်နေရာမျှ အမှန်တကယ် မရှိကြချေ။ အကူးအပြောင်းသည် ယခု ဖြစ်နေသောကြောင့် လူတို့သည် မိမိတို့၏ နောက်တစ်ဆင့်ကို မည်သည့်နေရာ၌ ဖြတ်သန်းရလိမ့်မည်ကို မသိကြပေ။ ငါ၏ တရားစီရင်ခြင်းပြီးသည့်နောက်တွင်သာ ဤအရာ သိသာထင်ရှား လာလိမ့်မည် ဖြစ်သည်။ သတိရလော့။ ဤအရာများသည် ငါ၏အမှု၏ အဆင့်များဖြစ်ပြီး၊ ငါ အမှုပြုသောနည်းလမ်း ဖြစ်သည်။ ငါသည် ငါ၏သားဦးများ အားလုံးကို တစ်ယောက်ပြီး တစ်ယောက် နှစ်သိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့ကို တစ်ကြိမ်လျှင်တစ်ဆင့် ငါချီးမြှောက်မည်၊ အစေခံသူများအတွက်မူ၊ ငါသည် ၎င်းတို့အားလုံးကို တစ်ယောက်ပြီး တစ်ယောက် သုတ်သင်ဖယ်ရှင်းပြီး စွန့်ပစ်မည်။ ဤသည်မှာ ငါ၏စီမံခန့်ခွဲမှု အစီအစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ အစေခံသူများအားလုံးကို ထုတ်ဖော်ပြီးသည့်နောက်၊ ငါ၏ သားဦးများသည်လည်း ထုတ်ဖော်ပြခြင်း ခံရလိမ့်မည်။ (ငါ့အတွက်၊ ဤအရာသည် အလွန့်အလွန် လွယ်ကူ၏။ ငါ၏ နှုတ်ကပတ်တော်များကို ၎င်းတို့ကြားပြီးသည့်နောက်တွင် အစေခံသူ အားလုံးသည် ငါ၏ နှုတ်ကပတ်တော်များ၏ တရားစီရင်ခြင်းနှင့် ခြိမ်းခြောက်မှုရှေ့တွင် တဖြည်းဖြည်းချင်း ဆုတ်ခွာသွားကြမည် ဖြစ်ပြီး ငါ၏ သားဦးများသာ ကျန်ရစ်ကြလိမ့်မည်။ ဤသည်မှာ ဆန္ဒအလျောက် ဖြစ်သောအရာတစ်ခု မဟုတ်သကဲ့သို့၊ လူသား၏အလိုဆန္ဒက ပြောင်းလဲနိုင်သော အရာတစ်ခုလည်း မဟုတ်ပေ၊ ထို့ထက် ယင်းသည် ငါ၏ ဝိညာဉ်တော်က ကိုယ်တိုင်ကိုယ်ကျ အမှုပြုနေခြင်း ဖြစ်သည်။) ဤသည်မှာ အလှမ်းဝေးသော ဖြစ်ရပ်တစ်ခု မဟုတ်သကဲ့သို့ သင်သည် ငါ၏အမှုနှင့် ငါ၏ နှုတ်ကပတ်တော်များ၏ ဤအဆင့်အတွင်းမှ ယင်းကို အတိုင်းအတာတစ်ခုထိ သိမြင်နိုင်သင့်ပေသည်။ များစွာ ငါပြောဆိုရသည့် အကြောင်းရင်းနှင့် ငါ၏ မိန့်မြွက်ချက်များ၏ မခန့်မှန်းနိုင်သော သဘာဝတို့သည် လူတို့အဖို့ ဉာဏ်မမီနိုင်ဖွယ်ဖြစ်သည်။ (ဤလူတို့အား ငါ အမြဲတစေ ဉာဏ်အလင်းဖွင့်ပေးပြီး ၎င်းတို့ကို ငါကြိုတင်ပြဋ္ဌာန်းထားသည့်အတွက် ၎င်းတို့ကို ငါစွန့်ခွာမည် မဟုတ်သောကြောင့်) ငါသည် ငါ၏ သားဦးများကို နှစ်သိမ့်ခြင်း၊ သနားကရုဏာနှင့် ချစ်ခြင်းမေတ္တာရှိသည့် လေသံများဖြင့် စကား ပြောဆိုသော်လည်း၊ ငါ၏ သားဦးများမှလွဲ၍ လူတို့ကို ပြင်းထန်သော တရားစီရင်ခြင်း၊ ကြိမ်းဝါးခြင်းများနှင့် ခြိမ်းခြောက်ခြင်းတို့ဖြင့်၊ ၎င်းတို့ အမြဲတစေ ထိတ်လန့်တုန်လှုပ်နေရသည့် အခြေအနေအထိ ၎င်းတို့ကို စဉ်ဆက်မပြတ် ကြောက်လန့်စေရင်းဖြင့် ငါ ဆက်ဆံ၏။ အတိုင်းအတာ တစ်ခုထိ အခြေအနေ တိုးတက်သည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် ဤအခြေအနေမှ လွတ်မြောက်ကြလိမ့်မည် (ကမ္ဘာလောကကို ငါဖျက်ဆီးသည့်အချိန်တွင်၊ ဤလူများသည် အနက်ဆုံးသောတွင်းထဲတွင်

ရှိကြလိမ့်မည်။) သို့သော် ၎င်းတို့သည် ငါ၏ တရားစီရင်ခြင်း လက်မှ မည်သည့်အခါမျှ လွတ်မြောက်ကြလိမ့်မည် မဟုတ်၊ သို့မဟုတ် ဤအခြေအနေမှ မည်သည့်အခါမျှ လွတ်မြောက်ကြလိမ့်မည် မဟုတ်ပေ။ ထိုအခါ ဤသည်မှာ ၎င်းတို့၏ တရားစီရင်ခြင်း ဖြစ်သည်၊ ၎င်းတို့၏ ပြစ်တင်ဆုံးမခြင်း ဖြစ်သည်။ တိုင်းတစ်ပါးသားများ ရောက်လာသော နေ့တွင် ငါသည် ဤလူတို့ကို တစ်ယောက်ပြီး တစ်ယောက် ထုတ်ဖော်မည်။ ဤသည်တို့မှာ ငါ၏အမှုနှင့်ဆိုင်သော အဆင့်များ ဖြစ်သည်။ ငါ၏ ယခင်နှုတ်ကပတ်တော်များ နှင့်ဆိုင်သည့် မိန့်မြွက်ချက်များ နောက်ကွယ်က ရည်ရွယ်ချက်ကို သင်တို့ ယခုနားလည်ပြီလော။ ငါ၏ အယူအဆတွင်၊ မပြည့်ဝသော အရာတစ်ခုသည် ပြည့်ဝပြီးဖြစ်သော အရာတစ်ခု ဖြစ်သော်လည်း၊ ပြည့်ဝသော အရာတစ်ခုသည် ရရှိဖြစ်မြောက်ပြီးသော အရာတစ်ခု သေချာပေါက် မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ငါ၌ လူသားတို့ အလွယ်တကူ နားမလည်နိုင်သည့် ငါ၏ဉာဏ်ပညာရှိပြီး ငါ၏ အမှုပြုသည့် နည်းလမ်း ရှိသောကြောင့် ဖြစ်သည်။ ဤအဆင့်နှင့်ပတ်သက်၍ ရလဒ်များကို ငါရရှိပြီးသည်နှင့်တစ်ပြိုင်နက် (ငါ့ကို အတိုက်အခံလုပ်သည့် ဆိုးယုတ်သော သူများအားလုံးကို ငါ ထုတ်ဖော်ပြီးသည့်အခါ) ငါသည် နောက်တစ်ဆင့်ကို အစပြုမည်၊ အဘယ်ကြောင့်ဆိုသော် ငါ၏အလိုသည် ကာဆီးမရသော အရာဖြစ်ပြီး ငါ၏စီမံခန့်ခွဲမှု အစီအစဉ်ကို မည်သူမျှ မဟန့်တားဝံ့သကဲ့သို့ မည်သည့်အရာကမျှ အတားအဆီးတစ်ခုတစ်လေကိုမျှ ထားရှိရန်မဝံ့ပေ- ၎င်းတို့အားလုံး ငါ့ရှေ့မှ ထွက်သွားကြရမည်။ အဆင်းနီသော နဂါးကြီး၏ သားသမီးများ၊ နားထောင်ကြလော့။ ငါ၏ သားဦးများကို ရယူရန်၊ သင်တို့၏ အဖကို အရှက်ရစေရန် (ဤနှုတ်ကပတ်တော်များမှာ အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များကို ရည်ရွယ်သည်)၊ ငါ၏ သားဦးများကို ထောက်မရန်နှင့် ငါ၏ သားဦးများအပေါ် ပြုခဲ့သောအမှားများကို အမှန်ပြင်ရန် ငါသည် ဇိအုန်မှ ကြွလာပြီး လောကထဲတွင် လူ့ဇာတိခံလာခဲ့၏။ ထို့ကြောင့် နောက်တဖန် ရက်စက်ကြမ်းကြုတ်ခြင်း မရှိကြနှင့်။ ငါ၏ သားဦးများအား သင်တို့ကို ကိုင်တွယ်ဖြေရှင်းစေမည်။ အတိတ်တွင်၊ ငါ၏ သားများသည် အနိုင်ကျင့်ခြင်း နှင့် ဖိနှိပ်ခြင်းကို ခံခဲ့ကြရပြီး ခမည်းတော်သည် သားများအတွက် တန်ခိုးကို ကိုင်စွဲသည့်အတွက်၊ ငါ၏သားများသည် ငါ၏အမြတ်တနိုး ပွဲ့ဖက်မှုထံသို့ ပြန်လာကြလိမ့်မည်ဖြစ်ကာ အနိုင်ကျင့်ခြင်းနှင့် ဖိနှိပ်ခြင်း ခံရတော့မည် မဟုတ်ပေ။ ငါသည် မတရားသောသူ မဟုတ်။ ဤအရာက ငါ၏ ဖြောင့်မတ်ခြင်းတရားကို ပြသပြီး၊ ယင်းသည် အမှန်တကယ် "ငါ ချစ်သော သူကို ချစ်ခြင်းနှင့် ငါ မုန်းသော သူကို မုန်းခြင်း" ဖြစ်သည်။ အကယ်၍ သင်တို့သည် ငါ့ကို မတရားဟု ဆိုပါက၊ သင်တို့ မြန်မြန် ထွက်သွားသင့်သည်။ ငါ၏အိမ်တွင် အရှက်မဲ့ကာ

ကပ်ပါးရပ်ပါး မလုပ်လေနှင့်။ သင့်ကို ငါနောက်ထပ်မမြင်ရတော့ရန်အလို့ငှာ သင်၏ အိမ်သို့ အလျင်အမြန် သင် ပြန်သွားသင့်သည်။ အနက်ဆုံးသောတွင်းသည် သင်တို့၏ ခရီးပန်းတိုင်ဖြစ်ပြီး ၎င်းသည် သင်တို့ နားခိုမည့် နေရာ ဖြစ်သည်။ အကယ်၍ သင်တို့သည် ငါ၏ အိမ်၌ ရှိပါက သင်တို့သည် ဝန်တင်တိရစ္ဆာန်များ၊ ငါ အသုံးပြုသော တန်ဆာပလာများ ဖြစ်သောကြောင့် သင်တို့အတွက် နေရာရှိလိမ့်မည် မဟုတ်။ သင်တို့အား ငါ နောက်ထပ် အသုံးပြုစရာမရှိသည့်အခါတွင်၊ သင်တို့ကို မီးရှို့ဖျက်ဆီးဖို့ မီးထဲသို့ ငါပစ်ချမည်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည်။ ဤနည်းလမ်းဖြင့် ငါ အမှုပြုရမည် ဖြစ်ပြီး၊ ဤသည်သာလျှင် ငါ အမှုပြုပုံကို ပြသကာ ငါ၏ ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်တို့ကို ထုတ်ဖော် ပြပေသည်။ ပို၍ အရေးကြီးသည်မှာ၊ ဤ နည်းလမ်းအားဖြင့်သာ ငါ၏ သားဦးများအား တန်ခိုးအာဏာဖြင့် ငါနှင့်အတူ စိုးစံခွင့်ပြုမည်ဖြစ်သည်။

# အခန်း ၁၀၄

ငါ၏ အပြင်၌ ရှိသော လူများ၊ အဖြစ်အပျက်များ နှင့် အမှုအရာ အားလုံးသည် အနတ္တအဖြစ်သို့ ကုန်လွန်၍သွားလိမ့်မည် ဖြစ်သော်လည်း၊ ငါ၏ အတွင်း၌ ရှိသော လူများ၊ အဖြစ်အပျက်များ နှင့် အမှုအရာ အားလုံးသည် ငါ့ထံမှ အရာရာတိုင်းကို ရရှိလိမ့်မည် ဖြစ်ပြီး ငါနှင့်အတူ ဘုန်းအသရေထဲသို့ ဝင်ရောက်ကြရလိမ့်မည်၊ ငါ၏ ဇိအုန်တောင်သို့ ဝင်ရောက်ရလိမ့်မည်၊ ငါ၏ နေထိုင်ရာထဲသို့ ဝင်ရောက်ရလိမ့်မည်ဖြစ်ပြီး ငါနှင့်အတူတကွ ထာဝရ ယှဉ်တွဲ နေထိုင်ရလိမ့်မည် ဖြစ်သည်။ ငါသည် အစအဦး၌ အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီး အဆုံးတွင် ငါ၏ အမှုကို ပြည့်စုံစေမည် ဖြစ်သည်။ ငါသည် ရှင်ဘုရင်အဖြစ်လည်း တည်ရှိကာ ထာဝရ အုပ်စိုးမည်။ ကြားကာလ အတောအတွင်းတွင်၊ ငါသည် စကြဝဠာ တစ်ခုလုံးကိုလည်း ဦးဆောင်ပြီး ကွပ်ကဲအုပ်ချုပ်၏။ ငါသည် တစ်ဆူတည်းသော ဘုရားသခင် ကိုယ်တိုင် ဖြစ်သည့်အတွက်၊ ငါ၏ ဩဇာအာဏာကို မည်သူမျှ ယူဆောင်မသွားနိုင်ပေ။ ထို့အပြင် ငါ၏သားဦးများအနေဖြင့် ငါနှင့်အတူ စိုးစံနိုင်ကြစေရန်အလို့ငှာ၊ ငါ၏ ဩဇာအာဏာကို ငါ၏ သားဦးများအပေါ် လွှဲပြောင်းပေးဖို့ အာဏာ ရှိ၏။ ဤအရာများသည် ထာဝရ တည်ရှိလိမ့်မည် ဖြစ်ပြီး၊ မည်သည့်အခါမျှ မပြောင်းလဲနိုင်ပေ။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်သည်။ (ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ကို ငါဆွေးနွေးသည့် မည်သည့်နေရာတွင်မဆို၊ ငါသည် ငါ၏ နိုင်ငံတော်ထဲ၌ ဖြစ်ပျက်သော အရာနှင့် ထာဝရ တည်ရှိလိမ့်မည် ဖြစ်သကဲ့သို့ မည်သည့်အခါမျှ မပြောင်းလဲနိုင်သော အရာကို ရည်ညွှန်းနေခြင်း ဖြစ်သည်။)

အယောက်တိုင်းသည် စိတ်နှလုံးအကြွင်းမဲ့ လက်ခံယုံကြည်ရမည် ဖြစ်ပြီး ငါချစ်သော သူများအထဲ၌ ငါ၏ ကြီးမြတ်သော တန်ခိုးကို မြင်ကြရမည်။ မည်သူမျှ ငါ၏ နာမကို အရှက်မရစေနိုင်။ အရှက်ရစေသည့် မည်သူမဆို ဤနေရာမှ ထွက်သွားရမည်။ ယင်းမှာ ငါသည် အကြင်နာကင်းမဲ့၍ မဟုတ်ဘဲ သင်သည် မဖြောင့်မတ်သောကြောင့် ဖြစ်သည်။ အကယ်၍ ငါ၏ ပြစ်တင်ဆုံးမမှုကို သင် စော်ကားပါက၊ ငါသည် သင့်ကို ကိုင်တွယ်မည် ဖြစ်ပြီး သင့်ကို ထာဝရကာလပတ်လုံး ပျက်စီးဖို့ ဖြစ်စေမည်။ (ဟုတ်ပေ၏၊ ဤသည်မှာ ငါ့သားဦးများ မဟုတ်သည့် လူများကို ရည်ညွှန်းပေသည်။) ထိုသို့သော အမျိုးကို ငါ၏ အိမ်တွင် မကြိုဆိုလိုပေ၊ ထို့ကြောင့် အမြန်ထကာ ဤနေရာမှ ထွက်သွားလော့။ တစ်မိနစ် သို့မဟုတ် တစ်စက္ကန့်မျှပင် အချိန်မဆွဲနှင့်။ ငါ ပြောသည့် အရာကို သင် လုပ်ရမည်၊ သို့မဟုတ်ပါက စကားတစ်လုံးဖြင့် သင့်ကို ငါဖျက်ဆီးမည်။ သင် မတုံ့ဆိုင်းဘဲ ရှိနေသေးလျှင် ပိုကောင်းမည် ဖြစ်ပြီး၊ လှည့်စားဖို့ မကြိုးစားသေးပါက ပိုကောင်းမည်။ ငါ၏ရှေ့တွင် ရှိသည့်အခါ၊ သင်သည် အဓိပ္ပာယ်မရှိသော စကားများကို ဖန်တီးပြီး၊ ငါ့ကို ဖြောင်လိမ်၏။ အမြန်ထကာ ထွက်သွားကြလော့။ ထိုသို့သော အရာများအတွက် ငါရှိသည့်အချိန်မှာ နည်းပါးသည်။ (အစေခံမှု လုပ်ဆောင်ရန် အချိန်ကျသည့်အခါ၊ ဤလူများသည် အစေခံမှုကို လုပ်ဆောင်ကြလိမ့်မည် ဖြစ်ပြီး ထွက်ခွာရန် အချိန်ကျသည့်အခါ ထွက်ခွာကြလိမ့်မည် ဖြစ်သည်။ ငါသည် အမှုအရာများကို တစ် မိနစ် သို့မဟုတ် တစ်စက္ကန့်မျှ မနှောင့်နှေးစေဘဲ၊ ဉာဏ်ပညာဖြင့် လုပ်ဆောင်၏။ အနည်းငယ်မျှ လုံး၀ နှောင့်နှေးမှုမရှိစေပေ။ ငါ၏ လုပ်ရပ်အားလုံးသည် ဖြောင့်မတ်ပြီး လုံး၀ မှန်ကန်တိကျသည်။) သို့သော်လည်း ငါ၏ သားဦးများနှင့် ပတ်သက်လာသည့်အခါတွင်၊ ငါသည် အလွန်အမင်း သည်းခံပြီး သင့်အား ငါနှင့်အတူ ကောင်းမွန်သော ကောင်းကြီးမင်္ဂလာများနှင့် ထာဝရအသက်ကို ရာသက်ပန် မွေ့လျော်နိုင်စေရင်း၊ သင့်အတွက် ငါ၏ ချစ်ခြင်းမေတ္တာသည် ထာဝရ ဖြစ်သည်။ ထိုအတောအတွင်းတွင်၊ သင်သည် မည်သည့် ဆုတ်ဆိုင်းမှုကိုမျှ လုံး၀ ကြုံကြုံခံရလိမ့်မည် မဟုတ်သကဲ့သို့ ငါ၏ တရားစီရင်ခြင်းကို ကြုံဖို့ လိုလိမ့်မည်လည်း မဟုတ်ပေ။ (ဤသည်မှာ ကောင်းချီးမင်္ဂလာများကို သင် စတင် မွေ့လျော်သည့် အချိန်ကို ရည်ညွှန်းသည်။) ဤသည်မှာ အဆုံးမဲ့ ကောင်းချီးမင်္ဂလာနှင့် ကမ္ဘာလောကကို ဖန်ဆင်းခဲ့အချိန်တွင် ငါ၏ သားဦးများထံ ငါပြုသည့်ကတိ ဖြစ်သည်။ ထိုအထဲတွင် ငါ၏ ဖြောင့်မတ်ခြင်းကို သင်တို့ မြင်သင့်သည်- ငါခွဲခန့်မှတ်သားပြီးသော သူများကို ငါ ချစ်ပြီး ငါ စွန့်ပစ်ကာ သုတ်သင်ဖယ်ရှင်းပြီးဖြစ်သော သူများကို ကမ္ဘာအဆက်ဆက် ငါ မုန်းသည်။

ငါ၏ သားဦးများအဖြစ်၊ သင်တို့အားလုံးသည် သင်တို့၏ ကိုယ်ပိုင် တာဝန်များကို

ထိန်းသိမ်းသင့်ကြပြီး၊ သင်တို့၏ ကိုယ်ပိုင် ရာထူးအဆင့်အတန်းများတွင် ခိုင်မာစွာ ရပ်တည်သင့်သည်။ သင်တို့အနေဖြင့် ငါ၏ ဘုန်းအသရေရှိသော ပုံသဏ္ဍာန်ကို အသက်ရှင်နေထိုင်နိုင်ကြဖို့အလို့ငှာနှင့် ငါ၏ ဘုန်းအသရေ အလင်းသည် သင်တို့၏ မျက်နှာများမှတစ်ဆင့် လင်းနိုင်ဖို့အလို့ငှာ၊ ငါ၏ မိန့်မြွက်ချက်များသည် သင်တို့၏ နှုတ်များမှ ပျံ့နှံ့နိုင်ဖို့အလို့ငှာ၊ ငါ၏ နိုင်ငံတော်ကို သင်တို့ စိုးမိုးနိုင်ကြဖို့အလို့ငှာနှင့် ငါ၏ လူတို့ကို သင်တို့ အုပ်စိုးနိုင်ကြဖို့အလို့ငှာ၊ ငါ့ ရှေ့၌ ဆောင်ယူခံရသည့် အဦးဆုံး ရင့်မှည့်သော အသီးများ ဖြစ်ပြီး၊ ငါ၏ ကိုယ်တိုင် စစ်ဆေးခြင်းကို လက်ခံကြလော့။ ဤ နေရာ၌ "အဦးဆုံး ရင့်မှည့်သော အသီးများ" အပြင်၊ "ဆောင်ယူခံရသည်" ဟူသကဲ့သို့သော ဝေါဟာရများကို ငါဖော်ပြသည်။ "အဦးဆုံး ရင့်မှည့်သော အသီးများ" ဆိုသည်မှာ အဘယ်နည်း။ လူတို့၏ အယူအဆများအရ၊ ၎င်းတို့က ထိုအရာများကို ဆောင်ယူခံရသော ပထမအသုတ်မှ လူများ သို့မဟုတ် အောင်မြင်သောသူများ သို့မဟုတ် သားဦးများ ဖြစ်ကြသောလူများအဖြစ် တွေးထင်ကြသည်။ ဤအရာများ အားလုံးသည် ငါ၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အတွေးမှားများနှင့် မှားယွင်းသော အနက်ပြန်ဆိုမှုများ ဖြစ်သည်။ အဦးဆုံး ရင့်မှည့်သော အသီးများမှာ ငါ့ထံမှ ဗျာဒိတ် ရရှိပြီးသောလူများနှင့် ငါ၏ ဩဇာအာဏာ ပေးခြင်း ခံရပြီးသောသူများ ဖြစ်သည်။ "အဦးဆုံး ရင့်မှည့်သော" ဟူသည့် စကားများက ငါ၏ ပိုင်ဆိုင်မှုတွင် ရှိခြင်းနှင့် ငါ၏ ခွဲခန့်မှတ်သားခြင်းနှင့် ရွေးကောက်ခံရခြင်းကို ရည်ညွှန်းပေသည်။ "အဦးဆုံး ရင့်မှည့်သော" ဟူသည်မှာ "အစဉ်အလိုက်တစ်ခုတွင် အဦးဆုံး" ဖြစ်သည်ကို မဆိုလိုပေ။ "အဦးဆုံး ရင့်မှည့်သော အသီးများ" သည် လူသား မျက်စိများဖြင့် မြင်နိုင်သည့် ရုပ်ဝတ္ထု အရာများ မဟုတ်ပေ။ ဤ "အသီးများ" ဟုခေါ်ဆိုသည့် အရာမှာ မွှေးရနံ့ ထွက်သော အရာများကို ရည်ညွှန်းသည် (ဤသည်မှာ သင်္ကေတဆိုင်ရာ အဓိပ္ပာယ်တစ်ခု ဖြစ်သည်)၊ ဆိုလိုသည်မှာ ယင်းသည် ငါ့ကို အသက်ရှင်နေထိုင်နိုင်သည့် လူများ၊ ငါ့အား ထင်ရှားစေနိုင်သည့်လူများနှင့် ငါနှင့်အတူ ထာဝရ အသက်ရှင်နိုင်သော လူများကို ရည်ညွှန်းပေသည်။ "အသီးများ" ဟု ငါဆိုသောအခါတွင်၊ ငါ၏ သားများနှင့် လူများ အားလုံးကို ရည်ညွှန်းနေခြင်း ဖြစ်သည်၊ "အဦးဆုံး ရင့်မှည့်သော အသီးများ" ဆိုသည်မှာ ငါ နှင့်အတူတကွ ရှင်ဘုရင်များအဖြစ် စိုးစံကြမည့် သားဦးများကို ရည်ညွှန်းပေသည်။ ထို့ကြောင့် "အဦးဆုံး ရင့်မှည့်သော" ဆိုသည်ကို ဩဇာအာဏာ ရှိခြင်းအဖြစ် ရှင်းပြသင့်ပေသည်။ ယင်းမှာ ၎င်း၏ စစ်မှန်သော အဓိပ္ပာယ် ဖြစ်သည်။ "ဆောင်ယူခံရခြင်း" ဆိုသည်မှာ လူတို့ စိတ်ကူးမည်ကဲ့သို့ နိမ့်သော နေရာ တစ်ခုမှ မြင့်သော နေရာ တစ်ခုသို့ ဆောင်ယူခံရခြင်းကို မဆိုလိုပေ။ ယင်းမှာ ကြီးမားသော နားလည်မှုလွဲခြင်း တစ်ခု ဖြစ်သည်။ "ဆောင်ယူခံရခြင်း" ဆိုသည်မှာ ငါ၏

ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့်၊ ထို့နောက် ရွေးကောက်ခြင်းကို ရည်ညွှန်းပေသည်။ ယင်းသည် ငါ ကြိုတင်ခွဲခန့်မှတ်သားပြီး ရွေးကောက်ထားသော သူအားလုံးကို ရည်ညွှန်းသည်။ ဆောင်ယူခံရသူ အားလုံးမှာ သားဦးများ သို့မဟုတ် သားများ၏ အရိုက်အရာကို ရရှိပြီးသည့် လူများ သို့မဟုတ် ဘုရားသခင်၏ လူမျိုးများ ဖြစ်သည့် လူများ ဖြစ်သည်။ ဤသည်မှာ လူတို့၏ အယူအဆများနှင့် သဟဇာတ မဖြစ်ဆုံးသောအရာ ဖြစ်သည်။ အနာဂတ်တွင် ငါ၏ အိမ်၌ ဝေစုတစ်ခု ရှိကြမည့် သူများသည် ငါ၏ရှေ့တွင် ဆောင်ယူခြင်းကို ခံရပြီးဖြစ်သော သူအားလုံး ဖြစ်ကြသည်။ ဤသည်မှာ လုံးဝ မှန်ကန်သည်၊ မည်သည့်အခါမျှ မပြောင်းလဲသကဲ့သို့ ငြင်းပယ်၍မရနိုင်ပေ။ ယင်းသည် စာတန်အား တန်ပြန်တိုက်ခိုက်ခြင်း တစ်ခု ဖြစ်သည်။ ငါ ကြိုတင်ခွဲခန့်မှတ်သားထားသောသူ မည်သူမဆိုသည် ငါ၏ ရှေ့တွင် ဆောင်ယူခြင်း ခံရကြမည်။

"သန့်ရှင်းသော တံပိုးခရာ" ကို မည်သို့ ရှင်းပြသနည်း။ ဤအရာနှင့် သက်ဆိုင်၍ သင်တို့၏ သိနားလည်မှုမှာ အဘယ်နည်း။ အဘယ်ကြောင့် ယင်းကို သန့်ရှင်းကာ၊ အသံလွှင့်နှင့်ပြီးဖြစ်သည်ဟု ဆိုရသနည်း။ ဤအရာကို ငါ့ အမှု၏ အဆင့်များမှ ရှင်းပြသင့်ပြီး ငါ အမှုပြုနည်းစနစ်မှ နားလည်သင့်သည်။ ငါ၏ တရားစီရင်ခြင်းကို လူသိရှင်ကြား ကြေညာသည့် အချိန်သည် ငါ၏ စိတ်သဘောထားကို တိုင်းနိုင်ငံများနှင့် လူမျိုးအပေါင်းတို့ထံ ထုတ်ဖော်ပြသည့်အချိန် ဖြစ်သည်။ ယင်းသည် သန့်ရှင်းသော တံပိုးကို မှုတ်သော အချိန် ဖြစ်သည်။ ဆိုလိုသည်မှာ ငါ၏ စိတ်သဘောထားသည် သန့်ရှင်းပြီး ပုန်ကန်ပြစ်မှား၍ မရသည်ကို ငါ မကြာခဏ ဆိုပေသည်၊ ယင်းမှာ "တံပိုးခရာ" ကို သရုပ်ဖော်ပြရန် "သန့်ရှင်းသော" ဟူသည့် ဝေါဟာရကို အသုံးပြုရသည့် အကြောင်းရင်း ဖြစ်သည်။ ဤအရာမှ "တံပိုးခရာ" သည် ငါ၏ စိတ်သဘောထားကို ရည်ညွှန်းပြီး ငါ၏ ဖြစ်ခြင်း နှင့် ငါ၏အရာအားလုံးကို ကိုယ်စားပြုသည်မှာ သိသာထင်ရှားပေသည်။ ငါ၏ တရားစီရင်ခြင်းသည် နေ့စဉ် တိုးတက်နေသည်၊ ငါ၏ အမျက်ဒေါသကို နေ့စဉ် ထုတ်လွှတ်နေသကဲ့သို့ ငါ၏ ကျိန်ခြင်းသည် ငါ၏ စိတ်သဘောထားနှင့် မကိုက်ညီသော အရာတစ်ခုစီတိုင်းအပေါ် နေ့စဉ်နှင့်အမျှ ကျရောက်သည်ဟုလည်း ဆိုနိုင်သည်။ ထိုအခါ ငါ၏ တရားစီရင်ခြင်း စတင်သည့် အချိန်သည် သန့်ရှင်းသော တံပိုးခရာ အသံမြည်သည့်အချိန် ဖြစ်ပြီး၊ ယင်းသည် တစ်ခဏ ရပ်တန့်ခြင်းမရှိသကဲ့သို့၊ တစ်မိနစ် သို့မဟုတ် တစ်စက္ကန့်မျှပင် ရပ်တန့်ခြင်းမရှိဘဲ၊ နေ့စဉ်နေ့တိုင်း ဆက်လက် အသံမြည်သည်ဟု ဆိုနိုင်ပေသည်။ ယခုအချိန်မှစ၍ ကြီးမားသည့် ဘေးဒုက္ခများ တဖြည်းဖြည်း ကျရောက်ခြင်းနှင့်အတူ သန့်ရှင်းသော တံပိုးခရာသည် သာ၍ ကျယ်လောင်သည်ထက် ကျယ်လောင်စွာ အသံမြည်လိမ့်မည် ဖြစ်သည်။ တစ်နည်းအားဖြင့် ငါ၏ ဖြောင့်မတ်သော

တရားစီရင်ခြင်းနှင့်ဆိုင်သည့် ဖွင့်ပြခြင်းနှင့်အတူ၊ ငါ၏ စိတ်သဘောထားသည် တိုး၍ လူသိရှင်ကြား ဖြစ်လိမ့်မည်ဖြစ်ပြီး ငါ၏ ဖြစ်ခြင်းနှင့် ငါ၏အရာအားလုံးတို့ကို ငါ၏ သားဦးများထဲသို့ တိုး၍ ဖြည့်လိမ့်မည် ဖြစ်သည်။ ဤသည်မှာ အနာဂတ်တွင် ငါ အမှုပြုမည့်ပုံ ဖြစ်သည်။ တစ်ဖက်တွင် ငါချစ်သော သူများကို အားဖြည့်ကာ ကယ်တင်နေစဉ်တွင်၊ အခြားတစ်ဖက်တွင် ငါ ရွံ့မုန်းသော သူအားလုံးကို ထုတ်ဖော်ပြရန် ငါ၏ နှုတ်ကပတ်တော်ကို အသုံးပြုနေခြင်း ဖြစ်သည်။ အောက်မေ့သတိရလော့။ ဤသည်မှာ လုံးဝ မှန်ကန်သည့် ငါ့ အမှု၏ နည်းစနစ်၊ ငါ့ အမှု၏ အဆင့်များ ဖြစ်သည်။ ဤအရာကို ဖန်ဆင်းခြင်းကတည်းက ငါ စီစဉ်နေခဲ့ပြီးဖြစ်ကာ မည်သူကမျှ ပြောင်းလဲ၍ မရနိုင်ပေ။

လူတို့အတွက် နားလည်ရန် ခက်ခဲသော ငါ၏ နှုတ်ကပတ်တော်များ၏ အစိတ်အပိုင်းများစွာ ရှိနေဆဲ ဖြစ်သည်၊ ထို့ကြောင့် ငါသည် ငါ စကားပြောသည့် ပုံစံနှင့် နက်နဲမှုများကို ဖွင့်ပြသည့် ငါ၏ နည်းစနစ်များကို နောက်ထပ် တိုးတက်စေခဲ့သည်။ ဆိုလိုသည်မှာ ငါ စကားပြောသည့် ပုံစံသည် အသစ်သော ပုံစံနှင့် နည်းစနစ်များဖြင့် နေ့စဉ် ပြောင်းလဲကာ တိုးတက်နေသည်။ ဤသည်တို့မှာ ငါ့အမှု၏ အဆင့်များ ဖြစ်ပြီး မည်သူမျှ မပြောင်းလဲနိုင်ပေ။ လူတို့သည် ငါ ပြောသော အရာများ နှင့်အညီသာ ပြောဆိုနိုင်ပြီး ဆောင်ရွက်နိုင်ကြသည်။ ဤသည်မှာ လုံးဝ အမှန်တရား ဖြစ်သည်။ ငါ၏ ဇာတိအဖြစ်တော် နှင့် ငါ၏ လူ့ဇာတိ နှစ်မျိုးလုံးတွင် သင့်လျော်သော အစီအစဉ်များကို ငါ ပြုလုပ်ပြီး ဖြစ်သည်။ ငါ၏ လူသားသဘာဝ၏ လုပ်ရပ်နှင့် လုပ်ဆောင်မှုတိုင်း အတွင်းတွင်၊ ငါ၏ ဘုရားသဘောသဘာဝနှင့်ဆိုင်သော ဉာဏ်ပညာ၏ လက္ခဏာသွင်ပြင်တစ်ခု ရှိသည်။ (လူသားမျိုးနွယ်သည် မည်သည့် ဉာဏ်ပညာမျှ လုံးလုံး မပိုင်ဆိုင်သည်နှင့်အမျှ၊ သားဦးများက ငါ၏ ဉာဏ်ပညာ ရှိသည်ဟုဆိုခြင်းမှာ ၎င်းတို့အထဲတွင် ငါ၏ ဘုရားသဘောသဘာဝနှင့်ဆိုင်သော စိတ်သဘောထား ရှိသည်ကို ရည်ညွှန်းပေသည်။) သားဦးများသည် မိုက်မဲသော အရာများကို လုပ်ဆောင်ကြသည့်အခါတွင်၊ ယင်းမှာ သင်တို့အတွင်းတွင် လူသား အရိပ်လက္ခဏာများ သင်တို့ ရှိကြသေးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ထိုသို့သော လူသား မိုက်မဲမှုကို ဖယ်ရှားရမည် ဖြစ်ပြီး၊ ငါနှစ်သက်သော အရာကို လုပ်ဆောင်ကာ ငါ မုန်းသောအရာကို ငြင်းပယ်ရမည်။ ငါထံမှ လာသောသူ မည်သူမဆို ငါ၏ အတွင်းသို့ ပြန်လာရမည် ဖြစ်ပြီး၊ ငါ့အထဲမှ မွေးဖွားသောသူ မည်သူမဆိုသည် ငါ၏ ဘုန်းအသရေအထဲသို့ ပြန်လာရမည်။ ငါ မုန်းသော သူများသည် စွန့်ပစ်ခံရမည် ဖြစ်ပြီး ငါ့ထံမှ တစ်ယောက်ပြီး တစ်ယောက် အဆက်ဖြတ်ခံရမည်။ ဤသည်တို့မှာ ငါ့ အမှု၏ အဆင့်များ ဖြစ်သည်။ ငါ၏ စီမံခန့်ခွဲမှုနှင့် ငါ၏အနှစ်ခြောက်ထောင် ဖန်ဆင်းခြင်း အစီအစဉ် ဖြစ်သည်။ ငါ စွန့်ပစ်သော သူများအားလုံးသည် ငါ့ကို ကျိုးနွံနာခံပြီး

နာခံမှုရှိစွာ စွန့်ခွာသင့်သည်။ ငါ၏ နာမသည် သာ၍ပင် တိုး၍ ဘုန်းအသရေရှိနိုင်ဖို့ အလို့ငှာနှင့် ငါ၏ဘုန်းအသရေရှိသော မျက်နှာကို ဘုန်းအသရေရှိသော အလင်းက ဖြည့်ဆည်းနိုင်ဖို့အလို့ငှာ၊ ၎င်းတို့သည် ငါ၏ ဘုန်းအသရေထဲတွင် ငါ၏ ဉာဏ်ပညာနှင့် ပြည့်ဝနိုင်ကြပြီး ငါ၏ ဘုန်းအသရေရှိသော အလင်းထဲတွင် ငါ၏ နာမကို သာ၍ပင် ဘုန်းထင်ရှားစေနိုင်ဖို့အလို့ငှာ၊ ငါချစ်သော သူများအားလုံးသည် ၎င်းတို့အပေါ် ငါ နှင်းအပ်ပြီးဖြစ်သည့် ကောင်းချီးမင်္ဂလာများကြောင့် ငါ့ကို ချီးမွမ်းသင့်ပေသည်။

# အခန်း ၁၀၅

ငါ၏ နှုတ်ကပတ်တော်များ နောက်ကွယ်က အခြေခံသဘောတရားများကြောင့်၊ ပြီးလျှင် ငါအမှုပြုပုံပြုနည်းတို့ကြောင့်၊ လူတို့သည် ငါ့ကို ငြင်းပယ်ကြ၏။ ဤသည်မှာ အလွန်ကြာမြင့်စွာ ငါ စကားပြောခြင်း နောက်ကွယ်က ရည်ရွယ်ချက် ဖြစ်သည် (ဤအရာကို အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များအားလုံးကို ဦးတည်ပေသည်)။ ဤသည်မှာ ငါ့အမှု၏ အမြော်အမြင်ရှိသော နည်းစနစ် ဖြစ်သည်။ ယင်းသည် အဆင်းနီသောနဂါးကြီးအား ငါ၏ တရားစီရင်ခြင်း ဖြစ်သည်။ ဤသည်မှာ ငါ၏ နည်းဗျူဟာ ဖြစ်ပြီး၊ လူတစ်ဦးတစ်ယောက်ကမျှ ယင်းကို အပြည့်အဝ နားမလည်နိုင်ပေ။ အလှည့်အပြောင်းတိုင်းတွင်- ဆိုလိုသည်မှာ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အသွင်ကူးပြောင်းသည့် အဆင့်တိုင်းတွင်- လူအချို့သည် သုတ်သင်ဖယ်ရှင်းခြင်း ခံရမည်။ ၎င်းတို့သည် ငါ့အမှု၏ အစီအစဉ်အလိုက် သုတ်သင်ဖယ်ရှင်းခံရကြသည်။ ဤသည်သာလျှင် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံး အလုပ်လုပ်သည့် နည်းလမ်း ဖြစ်သည်။ ငါ သုတ်သင်ဖယ်ရှင်းလိုသော လူများကို တစ်ယောက်ပြီးတစ်ယောက် ငါလွှင့်ပစ်ပြီးနောက်တွင်၊ ငါ့အမှု၏ နောက်တစ်ဆင့်ကို ငါ စတင်၏။ သို့သော် (ဤအရာက တရုတ်ပြည်ရှိ အသင်းတော်များအတွင်းတွင် ဆိုလိုသည်) ဤသည်မှာ သုတ်သင်ဖယ်ရှင်းခြင်းကို လုပ်ဆောင်မည့် နောက်ဆုံးအကြိမ်ဖြစ်ပြီး ကမ္ဘာလောကအား ဖန်ဆင်းခြင်းကတည်းက အသွင်ကူးပြောင်းသည့် အဆင့်တစ်ခုအတောအတွင်း လူဦးရေပမာဏ အများဆုံး သုတ်သင်ဖယ်ရှင်းခြင်း ခံရမည့် အကြိမ်လည်း ဖြစ်သည်။ သမိုင်းတစ်လျှောက်တွင်၊ လူတို့ သုတ်သင်ဖယ်ရှင်းခံရပြီးသည့် အကြိမ်တိုင်း၌၊ နောက်ပိုင်းအမှုတွင် အစေခံခြင်း ပေးရန် လက်ကျန် လူတစ်စု ရှိထားပြီး ဖြစ်သည်။ သို့သော်၊ ဤအကြိမ်သည် ယခင် အကြိမ်များနှင့် မတူပေ။ ယင်းသည် သန့်ရှင်းပြီး၊ ကျွမ်းကျင်၏။ ဤသည်မှာ အကြိမ်အားလုံးထဲမှ

အရေးပါဆုံးနှင့် အစေ့စပ်အသေချာဆုံး ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက် လူအများစုသည် ၎င်းတို့၏ စိတ်များမှ သံသယကို မျိုသိပ်ဖို့ အတင်းအကျပ် ကြိုးစားကြသော်လည်း ၎င်းတို့သည် နောက်ဆုံးတွင် သံသယကို မချိုးနှိမ်နိုင်ကြသကဲ့သို့ အဆုံးတွင် ၎င်းတို့၏ ရုန်းကန်မှုများထဲသို့ လဲကျသွားကြသည်။ ဤအရာကို ဆုံးဖြတ်ရန် ၎င်းတို့ တာဝန်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ငါကြိုတင်ခွဲခန့်ထားသောသူများသည် မလွတ်မြောက်နိုင်ကြသကဲ့သို့ ငါကြိုတင်ခွဲခန့်ထားခြင်း မရှိသောသူများကို ငါ အထင်အမြင်သေးရုံသာ တတ်နိုင်သောကြောင့် ဖြစ်သည်။ ငါချစ်သည့် တစ်ဦးတည်းသော လူများမှာ ငါမျက်နှာသာပေးလျက် ကြည့်ရှုသော သူများ ဖြစ်သည်။ သို့မဟုတ်လျှင် လူတစ်ဦးမျှ ငါ၏ နိုင်ငံတော်ထဲသို့ လွတ်လပ်စွာ ဝင်ထွက်နိုင်ကြလိမ့်မည်မဟုတ်ပေ။ ဤသည်မှာ ငါ၏ သံလုံတံဖြစ်ပြီး ဤသည်သာ တန်ခိုးနှင့်ပြည့်သော သက်သေခံချက်နှင့် ငါ၏ စီမံအုပ်ချုပ်ရေး အမိန့်များကို ဆောင်ရွက်ခြင်း၏ ပြည့်ဝသော သရုပ်သကန် ဖြစ်သည်။ ဤသည်မှာ တက်ကြွသောစိတ်နှလုံးတစ်ခု ရှိရုံမျှဖြစ်သည့် ကိစ္စတစ်ခု သေချာပေါက် မဟုတ်ပေ။ စာတန်သည် ကျရှုံးခြင်းကို ရင်ဆိုင်လျက် အစွမ်းမဲ့လေပြီဟု အဘယ်ကြောင့် ငါ ပြောလေပြီနည်း။ ပထမတွင် ၎င်းသည် ခွန်အား ရှိခဲ့သော်လည်း ၎င်းသည် ငါ၏ လက်ထဲတွင် ရှိ၏။ အကယ်၍ ငါက လှဲ၍နေရန် ၎င်းကို စေခိုင်းပါက၊ ၎င်းသည် လှဲ၍နေရမည်ဖြစ်ပြီး၊ ငါ့အတွက် အစေခံမှုပေးဖို့ ထရန် ၎င်းကို ငါ စေခိုင်းပါက၊ ၎င်းသည် ထကာ ငါ့အတွက် အစေခံမှု ပေးရမည်ဖြစ်သကဲ့သို့ ထိုသို့ ကောင်းစွာ လုပ်ဆောင်ရမည်ဖြစ်သည်။ စာတန်အနေဖြင့် ဤအရာကို လုပ်ဆောင်ရန် လိုလားနေခြင်း မဟုတ်။ ငါ၏ သံလုံတံသည် စာတန်အား အုပ်စိုးသည်ဟု ဆိုထားပြီး၊ ဤနည်းဖြင့်သာ ၎င်းသည် စိတ်နှလုံးနှင့် စကားဖြင့် ယုံကြည်လက်ခံခြင်းဖြစ်သည်။ ငါ၏ စီမံအုပ်ချုပ်ရေး အမိန့်များသည် ယင်းအား စိုးမိုးသကဲ့သို့ ငါ၌ ငါ၏ ကြီးမားသော ခွန်အားရှိ၏၊ ထို့ကြောင့် စာတန်သည် လုံးဝ လက်ခံယုံကြည်ရုံသာ တတ်နိုင်သည်။ ၎င်းသည် ခုခံမှု တစိုးတစိမျှ မရှိဘဲ ငါ၏ ခြေတင်ရာခုံအောက်၌ အနင်းခံရမည်ဖြစ်သည်။ အတိတ်တွင်၊ ၎င်းသည် ငါ၏ သားများအတွက် အစေခံနေခဲ့ချိန်တွင်၊ ထိုသို့ဖြင့် ငါ့အား အရှက်ရစေရန် မျှော်လင့်ရင်းနှင့် ငါသည် အစွမ်းအစ မရှိဟု အခိုင်အမာဆိုရင်း၊ ငါ၏ သားများကို အပြင်းအထန် မထီလေးစားပြုခဲ့ပြီး တမင်တကာ အနိုင်ကျင့်ခဲ့သည်။ ကျိုးကြောင်းမမြင်လိုက်လေခြင်း။ သင့်ကို သေသည်ထိ ငါနင်းခြေမည်။ ဆက်လုပ်လော့။ နောက်တစ်ဖန် ရက်စက်ကြမ်းကြုတ်ဖို့ သင့်ကို ငါ စိန်ခေါ်သည်။ ငါ၏ သားများကို အေးစက်သော ဥပေက္ခာပြုခြင်းဖြင့် နောက်တစ်ဖန် ဆက်ဆံဖို့ သင့်ကို ငါ စိန်ခေါ်သည်။ လူတို့ သာ၍ ရိုးသာလေလေ၊ ငါ၏ စကားများကို ၎င်းတို့ သာ၍ နားထောင်ကာ

ငါ့ကို ကျိုးနွံနာခံလေလေ၊ သင်သည် ၎င်းတို့အား သာ၍ အနိုင်ကျင့်ကာ သီးခြားခွဲထားလေလေဖြစ်သည် (ဤတွင် အုပ်စုတစ်စုဖွဲ့ဖို့ သင်၏ ကြံရာပါများကို စုစည်းခြင်းအား ငါ ရည်ညွှန်းနေခြင်း ဖြစ်သည်)။ ယခုတွင် သင်၏ ရက်စက်ကြမ်းကြုတ်သော နေ့ရက်များမှာ အဆုံးသတ်ပြီဖြစ်ပြီး၊ ငါသည် သင့်ကို တစ်စစီ စာရင်းရှင်းနေ၏။ ငါသည် သင် လုပ်ဆောင်ပြီးသည့်အရာ တစ်စက်မျှဖြင့်ပင် သင့်ကို အလွတ်ပေးလိမ့်မည်မဟုတ်။ ယခုတွင် တန်ခိုးကို ဆောင်ယူပြီးသူမှာ စာတန်ဖြစ်သည့် သင်မဟုတ်။ ထို့ထက်၊ ယင်းတန်ခိုးကို ငါပြန်ဆောင်ယူပြီးဖြစ်ကာ၊ သင့်အား ကိုင်တွယ်ဖြေရှင်းဖို့ ငါ၏သားများကို ခေါ်ရန် အချိန် ရောက်လာပြီဖြစ်သည်။ သင်သည် နာခံရမည်ဖြစ်ပြီး အနည်းငယ်မျှ ခုခံခြင်း မရှိရ။ အတိတ်တွင် ငါ့ရှေ့မှောက်၌ သင် ရှိသည့်အချိန်တွင် မည်မျှ လိမ္မာခဲ့သည်ဖြစ်စေ၊ ယင်းက ယနေ့ သင့်ကို ကူညီလိမ့်မည်မဟုတ်။ အကယ်၍ သင်သည် ငါချစ်သောသူများထဲမှ တစ်ဦး မဟုတ်ပါက၊ သင့်ကို ငါ အလိုမရှိ။ တစ်ယောက် ပိုနေခြင်းက လက်မခံနိုင်စရာ ဖြစ်သည်။ ယင်းသည် ငါကြိုတင်သတ်မှတ်ထားသော အရေအတွက် ဖြစ်ရမည်ဖြစ်ပြီး၊ ယင်းထက် တစ်ယောက် လျော့သည်မှာ သာ၍ပင် ဆိုးရွားသည်။ အချင်းစာတန်- အနှောင့်အယှက် မပြုနှင့်။ ယင်းမှာ မည်သူ့ကို ငါချစ်ပြီး မည်သူ့ကို ငါမုန်းသည်ဆိုသည်နှင့်ပတ်သက်၍ ငါ၏ စိတ်နှလုံးတွင် မရှင်းမလင်း ဖြစ်သောကြောင့်များ ဖြစ်နိုင်သလော။ ငါ့ကို သတိပေးရန် သင့်အား ငါ လိုအပ်သလော။ စာတန်သည် ငါ၏ သားများကို မွေးဖွားပေးနိုင်သလော။ အားလုံးသည် အဓိပ္ပာယ်မရှိပေ။ အားလုံးသည် စိတ်ပျက်စရာဖြစ်၏။ ငါသည် အားလုံးကို စေ့စေ့စပ်စပ်နှင့် လုံးလုံးလျားလျား ဖယ်ရှားမည်။ တစ်ဦးတစ်ယောက်ကိုမျှပင် အလိုမရှိ။ အားလုံး ထွက်သွားရမည်။ နှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ် အဆုံးသတ်ပြီ၊ ငါ၏ အမှု ပြီးပြီဖြစ်သကဲ့သို့ ဤသားရဲများနှင့် ကြမ်းကြုတ်သောတိရိစ္ဆာန်အုပ်ကို ငါရှင်းပစ်ရမည်။

ငါ၏ နှုတ်ကပတ်တော်များကို ယုံကြည်ပြီး ယင်းတို့ကို လက်တွေ့လုပ်ဆောင်သူများသည် ငါ ချစ်သောသူများ ဖြစ်ရမည်။ ငါသည် ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်ကိုမျှ စွန့်ပစ်မည်မဟုတ်သကဲ့သို့ တစ်ဦးတစ်ယောက်ကိုမျှ လက်လွှတ်မည် မဟုတ်။ ထို့ကြောင့် သားဦးများ ဖြစ်ကြသောသူများသည် စိုးရိမ်ရန် မလိုအပ်။ ယင်းကို ငါကပေးသနားထားသည့်အတွက်၊ မည်သူမျှ ယူဆောင်မသွားနိုင်သကဲ့သို့ ငါကောင်းချီးပေးသော သူများအပေါ်၌ ယင်းကို ငါပေးသနားရန် သေချာပေသည်။ (ကမ္ဘာလောကကို ဖန်ဆင်းခြင်းမတိုင်မီ) ငါလက်ခံခဲ့သောသူများကို ငါ (ယနေ့) ကောင်းချီးပေး၏။ ဤသည်မှာ ငါအမှုပြုသော နည်းလမ်းဖြစ်ပြီး၊ ငါ၏ စီမံအုပ်ချုပ်ရေး အမိန့်များ၏ အပိုဒ်ငယ်အသီးသီးနောက်ကွယ်က အဓိက နိယာမလည်း ဖြစ်ကာ၊ ယင်းကို

မည်သူမျှ မပြောင်းလဲနိုင်ပေ။ နောက်ထပ် စာလုံးတစ်လုံးကိုမျှ ဖြစ်စေ၊ နောက်ထပ် စာကြောင်းတစ်ကြောင်းကိုမျှဖြစ်စေ ထပ်ဖြည့်၍မရနိုင်သကဲ့သို့ စာလုံးတစ်လုံး သို့မဟုတ် စာကြောင်းတစ်ကြောင်းကိုမျှ ချန်ထား၍ မရနိုင်ပေ။ အတိတ်တွင် ငါ၏ ဇာတိအဖြစ်တော်သည် သင်တို့ထံ ပေါ်ထွန်းသည်ဟု မကြာမခဏ ငါဆိုခဲ့၏။ သို့ဆိုလျှင် ငါ၏ ဇာတိအဖြစ်တော်မှာ အဘယ်အရာဖြစ်ပြီး ယင်းသည် မည်သို့ ပေါ်ထွန်းသနည်း။ ဤအရာက ငါ၏ ဖြစ်ခြင်း ဖြစ်သော ဇာတိအဖြစ်တော်ကို သက်သက် ရည်ညွှန်းသလော။ ယင်းသည် ငါ ပြောသော ဝါကျတိုင်းကို သက်သက် ရည်ညွှန်းသလော။ မရှိမဖြစ်လျက်ရှိသော ဤသွင်ပြင်လက္ခဏာနှစ်ခုသည် သေးငယ်သော အစိတ်အပိုင်းတစ်ခုကိုသာ ဖြစ်စေသည်။ ဆိုလိုသည်မှာ၊ ၎င်းတို့သည် ငါ၏ ဇာတိအဖြစ်တော်နှင့်သက်ဆိုင်သည့် ပြည့်စုံသော ရှင်းပြချက်တစ်ခုအဖြစ် မပါဝင်ပေ။ ငါ၏ ဇာတိအဖြစ်တော်သည် ငါ၏ အသွေးအသား ကိုယ်တိုင်၊ ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏ လုပ်ဆောင်ချက်များလည်း ပါဝင်၏၊ သို့သော် အတိကျဆုံးသော ရှင်းပြချက်မှာ ငါ၏ သားဦးများနှင့် ငါသည် ငါ၏ ဇာတိအဖြစ်တော် ဖြစ်သည်ဟူ၍ ဖြစ်၏။ ဆိုလိုသည်မှာ၊ စိုးစံပြီး တန်ခိုးကို စွဲကိုင်ထားသည့် ပေါင်းစည်းထားသော ခရစ်ယာန်လူတစ်စုသည် ငါ၏ ဇာတိအဖြစ်တော် ဖြစ်ပေသည်။ ဤအကြောင်းကြောင့်၊ သားဦး အသီးသီးသည် မရှိမဖြစ် ဖြစ်သကဲ့သို့၊ ငါ၏ ဇာတိအဖြစ်တော်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် လူအရေအတွက်သည် (ထိုသို့ဖြင့် ငါ၏ နာမကို အရှက်ရစေခြင်း) တစ်ယောက် မပိုနိုင်သကဲ့သို့၊ ပို၍ အရေးကြီးသည်မှာ (ထိုသို့ဖြင့် ငါ့ကို အပြည့်အဝ မထင်ရှားခြင်းစေနိုင်ခြင်း) တစ်ယောက် လျော့နည်း၍လည်း မရနိုင်ကြောင်းကို ငါအလေးပေးခြင်း ဖြစ်သည်။ ထို့အပြင်၊ သားဦးများသည် ငါ၏ အချစ်ဆုံးသောသူများ၊ ငါ၏ ရတနာများနှင့် ငါ၏ နှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ် ပုံပေါ်လာခြင်းဖြစ်သည်ဟု အကြိမ်ကြိမ် ငါအလေးပေးခြင်း ဖြစ်သည်။ ၎င်းတို့သာ ငါ၏စုံလင်ပြီး ပြည့်ဝသော သရုပ်သကန်ကို ပုံဖော်နိုင်သည်။ ငါကိုယ်တိုင်သည် ငါ၏ ဇာတိအဖြစ်တော်၏ ပြည့်ဝသော သရုပ်သကန်တစ်ခု ဖြစ်နိုင်သည်။ သားဦးများနှင့် အတူရှိမှသာ ငါ ကိုယ်တိုင်အား စုံလင်ပြီး ပြည့်ဝသော သရုပ်သကန်တစ်ခုအဖြစ် ဆိုနိုင်ပေသည်။ ထို့ကြောင့်၊ ငါသည် ငါ၏ သားဦးများအပေါ် တင်းကျပ်သော တောင်းဆိုချက်များ ထားရှိပြီး၊ အမှုအရာတစ်ခုကိုမျှ လျစ်လျူမရှုဘဲ၊ ငါ၏ သားဦးများမှလွဲ၍ အားလုံးကို အထပ်ထပ်အခါခါ ဖြတ်တောက်ပြီး သေစေ၏။ ဤသည်မှာ ငါပြောပြီးသော အရာအားလုံး၏ အရင်းအမြစ်ဖြစ်သကဲ့သို့၊ ငါ ပြောပြီးသမျှ အရာအားလုံး၏ နောက်ဆုံး ရည်မှန်းချက်ပန်းတိုင် ဖြစ်သည်။ ထို့အပြင်၊ ငါသည် ၎င်းတို့သည် ငါလက်ခံပြီးသောသူများ၊

ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက ကိုယ်တိုင်ကိုယ်ကျ ငါရွေးချယ်ပြီးဖြစ်သောသူများ ဖြစ်ရမည်ဟု ထပ်သလဲလဲ ငါ အလေးပေးရခြင်း ဖြစ်သည်။ သို့ဆိုလျှင်၊ "ပေါ်ထွန်းသည်" ဟူသော စကားကို မည်သို့ ရှင်းပြ၍ရနိုင်မည်နည်း။ ယင်းသည် ဝိညာဉ်ရေးရာ လောကထဲသို့ တစ်ဦးတစ်ယောက် ဝင်ရောက်သည့် အချိန်နှင့် ပတ်သက်သလော။ ယင်းသည် ငါ၏ သွေးသား ကိုယ်တိုင် ဘိသိက်ခံရသော အချိန်၊ သို့မဟုတ် ငါ၏ သွေးသား ကိုယ်တိုင်ကို ၎င်းတို့ မြင်ရသောအချိန် ဖြစ်သည်ဟု လူအများစုက ယုံကြည်ကြသော်လည်း၊ ဤအရာအားလုံးသည် မှားယွင်း၏။ နီးပင် မနီးစပ်ပေ။ ယင်း၏ မူရင်း အဓိပ္ပာယ်အရ၊ "ပေါ်ထွန်းသည်" ဟူသည်မှာ နားလည်ရန် လုံးဝ မခက်ခဲသော်လည်း ယင်းကို ငါ၏ ရည်ရွယ်ချက်နှင့်အညီ နားလည်ရန်မှာ များစွာ သာ၍ ခက်ခဲသည်။ ယင်းကို ဤသို့ ပြော၍ရနိုင်သည်- လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ချိန်တွင်၊ ငါသည် ငါ၏ အရည်အသွေးကို ငါချစ်သော ဤလူစုအထဲသို့ ထည့်သွင်းပေးခဲ့ပြီး ဤလူစုသည် ငါ၏ ဇာတိအဖြစ်တော် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ပြောရမည် ဆိုပါက၊ ငါ၏ ဇာတိအဖြစ်တော်သည် ထိုအချိန်က ပေါ်ထွန်းခဲ့နှင့်ပြီး ဖြစ်သည်။ ဤအမည်နာမကို လက်ခံရရှိခဲ့သည့်နောက် ငါ၏ ဇာတိအဖြစ်တော် ပေါ်ထွန်းခဲ့သည် မဟုတ်ပေ။ ထို့ထက်၊ ယင်းသည် ဤလူစုအား ငါကြိုတင်ခန့်ခွဲခဲ့သည့်နောက်၊ ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ငါ၏ အရည်အသွေး ပါရှိသောကြောင့် ဖြစ်သည် (၎င်းတို့၏ သဘာဝ မပြောင်းလဲသကဲ့သို့၊ ၎င်းတို့သည် ငါ၏ ဇာတိအဖြစ်တော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်)။ ထို့ကြောင့် ကမ္ဘာလောကကို ဖန်ဆင်းခြင်း အချိန်မှစ၍ မျက်မှောက်ခေတ်ထိတိုင် ငါ၏ ဇာတိအဖြစ်တော်သည် အစဉ်အပေါ်ထွန်းလေပြီ။ ငါ၏ သွေးသား ကိုယ်တိုင်သည် ငါ၏ ဇာတိအဖြစ်တော်ဖြစ်သည်ဟု လူအများစုက ယုံကြည်ကြ၏၊ ယင်းမှာ ထိုသို့ လုံးဝ မဟုတ်ပေ။ ထိုစိတ်ကူးသည် ၎င်းတို့၏ အတွေးများနှင့်အယူအဆများတွင်သာ ပေါ်ပေါက်၏။ အကယ်၍ ငါ၏ သွေးသား ကိုယ်တိုင် တစ်ဦးတည်းသည် ငါ၏ ဇာတိအဖြစ်တော် ဖြစ်ခဲ့ပါက၊ စာတန်အား အရှုံးရစေဖို့ လုံလောက်မည် မဟုတ်ပေ။ ယင်းသည် ငါ၏ နာမကို ဘုန်းထင်ရှားစေနိုင်မည် မဟုတ်သကဲ့သို့၊ ယင်းသည် အမှန်တွင် တန်ပြန် အကျိုးသက်ရောက်မှု တစ်ခု ရှိမည် ဖြစ်ကာ၊ ထိုသို့ဖြင့် ငါ၏ နာမကို အရှုက်ရစေမည်ဖြစ်ပြီး၊ ခေတ်များတစ်လျှောက် ငါ့နာမအား စာတန်၏ အရှုက်ရစေခြင်း အမှတ်အသား တစ်ခု ဖြစ်လာမည် ဖြစ်သည်။ ငါသည် ဉာဏ်ပညာရှိသော ဘုရားသခင် ကိုယ်တိုင် ဖြစ်ပြီး ထိုသို့ မိုက်မဲသော အရာတစ်ခုကို မည်သည့်အခါမျှ ငါ လုပ်ဆောင်မည် မဟုတ်။

ငါ၏ အမှုသည် ရလဒ်များစွာရှိ၏၊ ထို့ပြင် ငါသည် နှုတ်ကပတ်တော်များကို နည်းစနစ်များဖြင့်

ပြောရမည်။ ငါ၏ နှုတ်ကပတ်တော်များနှင့် မိန့်မြွက်ချက်များ အားလုံးကို ငါ၏ ဝိညာဉ်တော်နှင့်အတူ ပြောဆိုထားခြင်းဖြစ်ကာ၊ ငါ၏ ဝိညာဉ်တော်ပြုသည့် အရာအားလုံးအတိုင်း ငါ စကားပြောပေသည်။ ထို့ကြောင့် အားလုံးသည် ငါ၏ နှုတ်ကပတ်တော်များမှတစ်ဆင့် ငါ၏ ဝိညာဉ်ကို ခံစားမိသင့်သည်၊ ငါ၏ ဝိညာဉ်က မည်သည့်အရာ လုပ်ဆောင်နေသည်ကို မြင်သင့်သည်။ ငါ လုပ်ဆောင်သည်မှာ မည်သည့်အရာ အတိအကျဖြစ်သည်ကို ၎င်းတို့ မြင်သင့်သည်၊ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များကို အခြေခံ၍ ငါအမှုပြုသည့် နည်းစနစ်ကို မြင်သင့်ပြီး ငါ၏ စီမံခန့်ခွဲမှု အစီအစဉ် တစ်ခုလုံး၏ အခြေခံသဘောတရားများက မည်သည့်အရာများ ဖြစ်သည်ကို မြင်သင့်သည်။ ငါသည် စကြဝဠာ၏ အခြေအနေ တစ်ခုလုံးကို စောင့်ကြည့်နေ၏။ လူတိုင်း၊ အဖြစ်အပျက်တိုင်းနှင့် နေရာတိုင်းသည် ငါ၏ ကွပ်ကဲမှုအောက်၌ ရှိကြသည်။ ငါ၏ အစီအစဉ်ကို ချိုးဖောက်ဝံ့သောသူ တစ်ယောက်မျှ မရှိ။ အရာခပ်သိမ်းသည် ငါညွှန်ကြားထားသည့် အစီအစဉ်ဖြင့် တစ်ဆင့်ချင်း ရှေ့ဆက်တိုးနေ၏။ ဤသည်မှာ ငါ၏ ကြီးမားသော ခွန်အား ဖြစ်သည်။ ဤသည်မှာ ငါ၏ အစီအစဉ် တစ်ခုလုံးအား စီမံခန့်ခွဲခြင်း ဉာဏ်ပညာ တည်ရှိသော နေရာ ဖြစ်သည်။ မည်သူမျှ အပြည့်အဝ နားမလည်နိုင် သို့မဟုတ် ရှင်းလင်းစွာ မပြောဆိုနိုင်ပေ။ ငါသည် အရာခပ်သိမ်းကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ထားခြင်းဖြစ်ကာ ငါတစ်ဦးတည်းက ထိန်းချုပ်ထားခြင်း ဖြစ်သည်။

# အခန်း ၁၀၆

ငါ၏ နှုတ်ကပတ်တော်များကို မသိကြသော သူများ၊ ငါ၏ သာမန် လူ့သဘာဝကို မသိကြသော သူများနှင့် ငါ၏ ဘုရားသဘောသဘာဝကို အာခံသောသူများ အားလုံးသည် ဘာမျှမရှိခြင်းအဖြစ်သို့ ချေဖျက်ခံရမည်။ မည်သူမျှ ဤအရာမှ လွတ်ငြိမ်းခွင့်ရမည် မဟုတ်သကဲ့သို့၊ ယင်းသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သကဲ့သို့ ဤသည်မှာ လက်တွေ့လုပ်ဆောင်ဖို့ အကြီးလေးဆုံးသော အရာတစ်ခု ဖြစ်သည့်အတွက်၊ အားလုံးသည် ဤသွင်ပြင်လက္ခဏာတွင် စံမီရမည်ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များကို မသိကြသော သူများသည် ငါရှင်းရှင်းလင်းလင်း ညွှန်ပြခဲ့သော အရာတို့ကို နားထောင်ပြီးဖြစ်သော်လည်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် အသိပညာ မရှိကြသေးသူများ ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ၎င်းတို့သည် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို နားမလည်ကြသော လူများ ဖြစ်သည် (ငါသည် ဝိညာဉ်ရေးရာ ကိစ္စရပ်များနှင့် ကိုက်ညီသည့် လူသား အစွမ်းအစတစ်ခုကို

မဖန်ဆင်းသေးသည်နှင့်အမျှ၊ ၎င်းတို့အား များစွာ ငါမတောင်းဆိုပေ။ ငါ၏ နှုတ်ကပတ်တော်များကို ၎င်းတို့ နားထောင်ကြရန်နှင့် ယင်းတို့ကို လက်တွေ့လုပ်ဆောင်ကြရန်မျှသာ ငါတောင်းဆိုပေသည်)။ ၎င်းတို့သည် ငါ၏ အိမ်တော်နှင့်ဆိုင်သော လူများ မဟုတ်သကဲ့သို့၊ ငါကဲ့သို့ အလားတူ အမျိုးအစား မဟုတ်ကြပေ။ ၎င်းတို့သည် စာတန်၏ နိုင်ငံနှင့် သက်ဆိုင်ကြသည်။ ထို့ကြောင့် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို နားမလည်ကြသော ဤလူများထဲမှ တစ်ဦးတစ်ယောက်ကိုမျှ ငါအလိုမရှိပေ။ ယခင်က၊ ငါသည် ခြေလွန်လက်လွန် ဖြစ်လေပြီဟု သင်တို့ ထင်ခဲ့ကြသည်၊ သို့သော ယခုတွင် သင်တို့ နားလည်သင့်ကြပေသည်။ သားရဲများသည် ဘုရားသခင်နှင့် မည်သို့ စကားလက်ဆုံပြောဆိုဖို့ ဖြစ်နိုင်မည်နည်း။ ယင်းသည် အဓိပ္ပာယ်မရှိ ဖြစ်မည် မဟုတ်လော။ ငါ၏ သာမန် လူ့သဘာဝကို မသိကြသော လူများသည် ငါ၏ လူ့သဘာဝဖြင့် ငါပြုသည့် အရာကို ၎င်းတို့၏ တိုင်းတာဖို့ ကိုယ်ပိုင် အယူအဆများကို အသုံးပြုသော သူများ ဖြစ်ကြသည်။ နာခံဖို့ထက်၊ ၎င်းတို့သည် မိမိတို့၏ ဇာတိ မျက်လုံးများဖြင့် ငါ့အား ချစ်တီးခေါင်းသန်းရှာ လုပ်လာကြသည်။ ငါ ပြောလေပြီးသော စကားများက အချည်းနှီး ဖြစ်ကောင်းဖြစ်လေပြီလော။ ငါ၏ သာမန် လူ့သဘာဝသည် ငါ၏ မရှိမဖြစ်သည့် အစိတ်အပိုင်းတစ်ခု၊ ပြီးပြည့်စုံသည့် ဘုရားသခင် ကိုယ်တိုင် ဖြစ်သကဲ့သို့၊ ဤသည်မှာ ငါ၏ သာမန် လူ့သဘာဝနှင့် ပြီးပြည့်စုံသော ဘုရားသဘောသဘာဝတို့ တစ်ခုနှင့်တစ်ခု အတူပူးပေါင်းလျက် လုပ်ဆောင်သော မှန်ကန်သည့်နည်းလမ်း ဖြစ်သည်ဟု ငါ ပြောပြီးဖြစ်သည်- ငါ၏ သာမန် လူ့သဘာဝမှတစ်ဆင့် ငါပြုသော အမှုများသည် လူသား အယူအဆများနှင့် မကိုက်ညီသည့်အခါ၊ ငါ့ကို အာခံသောသူများနှင့် ငါနှင့်သဟဇာတ မဖြစ်သောသူများသည် ထုတ်ဖော်ပြခြင်းခံကြရ၏။ ထို့နောက်တွင်၊ ငါ၏ ပြီးပြည့်စုံသော သဘာဝသည် လူ့သဘာဝမှတစ်ဆင့် စကားပြောပြီး၊ ဤနည်းဖြင့် ငါသည် အချို့သော လူတို့ကို ကိုင်တွယ်ဖြေရှင်း၏။ အကယ်၍ ငါပြုသည့်အရာကို သင်နားမလည်သော်လည်း မည်သို့ပင်ဆိုစေ သင် ကျိုးနွံနာခံနိုင်ပါက၊ သင်သည် ငါ ရှုတ်မချသည့် လူစားမျိုး ဖြစ်၏။ ထိုသို့သော လူတို့ကို ငါသည် အသိဉာဏ်သာပွင့်လင်းစေသည်။ ထိုသို့သော လူတို့ကို ငါချစ်ပြီး၊ သင်၏ ကျိုးနွံနာခံမှုကြောင့်၊ သင့်ကို ငါ အသိဉာဏ်ပွင့်လင်းစေသည်။ ငါ၏ ဘုရားသဘောသဘာဝကို အာခံသော သူများတွင် ငါ၏ နှုတ်ကပတ်တော်များကို မသိကြသော သူများ၊ ငါ၏ သာမန် လူ့သဘာဝနှင့် သဟဇာတ မဖြစ်ကြသော လူများနှင့် ဘုရားသဘောသဘာဝဖြင့် ငါပြုသောအရာ (ဥပမာအားဖြင့် ငါ၏ အမျက်ဒေါသထွက်လာခြင်း သို့မဟုတ် အသင်းတော်ကို တည်ဆောက်ခြင်း အစရှိသည်တို့အား)

သဘောမတူကြသောသူများ ပါဝင်သည်။ ဤသည်တို့မှာ ငါ၏ ဘုရားသဘောသဘာဝကို ခုခံခြင်းနှင့်ဆိုင်သည့် ထုတ်ဖော်ပြသချက်များသာ ဖြစ်ကြသည်။ သို့သော်၊ ငါအလေးပေးရမည်ဖြစ်ပြီး သင်တို့ အယောက်တိုင်း အာရုံစိုက်သင့်သော အရာတစ်ခု ရှိ၏- ယနေ့ ငါ၏ ဖြစ်ခြ်ြင်းဖြစ်သော ဇာတိအဖြစ်တော်နှင့် သဟဇာတ မဖြစ်သော သူများသည် ငါ၏ ဘုရားသဘောသဘာဝအား ခုခံနေကြခြင်း ဖြစ်သည်။ ငါ၏ ဖြစ်ခြင်း ဖြစ်သော ဇာတိအဖြစ်တော်သည် ပြီးပြည့်စုံသော ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်ဟု အဘယ်ကြောင့် ငါပြောမြဲပြောနေသနည်း။ ငါ၏ ဖြစ်ခြင်း ဖြစ်သော ဇာတိအဖြစ်တော်၏ စိတ်သဘောထားသည် ဘုရားသဘောသဘာဝနှင့်ဆိုင်သော စိတ်သဘောထား၏ အလုံးစုံ ဖွဲ့စည်းပါဝင်သည်။ ငါ့ကို တိုင်းတာရန် လူသား အယူအဆများကို အသုံးပြုနှင့်။ ယခုပင်လျှင်၊ လူများစွာတို့က ငါသည် သာမန် လူ့သဘာဝ ပိုင်ဆိုင်ပြီး၊ ငါပြုသော အရာများအားလုံးသည် သေချာပေါက် မှန်ကန်ခြင်းမရှိဟု ပြောနေကြဆဲ ဖြစ်သည်။ လူတို့သည် ဤကဲ့သို့ ဖြစ်ကြသည်အခါ၊ သင်သည် အသက်သေဆုံးရန် တောင်းဆိုနေခြင်း သက်သက် မဟုတ်လော။ ငါပြောနေသော စကားတစ်လုံးကိုမျှ ၎င်းတို့ နားမလည်ကြသကဲ့သို့၊ ၎င်းတို့သည် မျက်ကန်း၏ သားစဉ်မြေးဆက်များနှင့် အဆင်းနီသော နဂါးကြီး၏ သားပေါက်များ လုံးဝ ဖြစ်ကြလေတကား။ အယောက်တိုင်းကို နောက်တစ်ကြိမ် ထပ်၍ ငါပြောမည် (ပြီးလျှင် နောက်ပိုင်းတွင် ငါထပ်၍ ပြောတော့မည် မဟုတ်သကဲ့သို့၊ ဤအရာကို စော်ကားသောသူ အားလုံး မုချ ကျိန်ခြင်းကိုခံကြရလိမ့်မည်)၊ ငါ၏ နှုတ်ကပတ်တော်များ၊ ငါ၏ ရယ်ခြင်း၊ ငါ၏ စားခြင်း၊ ငါ၏ အသက်ရှင်ခြင်း၊ ငါ၏ စကားနှင့် အပြုအမူ အားလုံးသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်သည့် ငါက လုပ်ဆောင်ထားခြင်းဖြစ်ပြီး၊ ထိုအထဲတွင် လူသား ရောနှောသည့် လက္ခဏာ ရေးရေးမျှမရှိ။ တစ်ခုမျှ မရှိ။ လုံးဝ တစ်ခုမျှ မရှိ။ လူအားလုံးသည် စိတ်ပိုင်းဆိုင်ရာ လှည့်ကွက်များကို ရပ်တန့်ရမည်ဖြစ်ပြီး၊ ၎င်းတို့၏ အရေးမပါသော ခန့်မှန်းမှုများကို ရပ်ရမည်။ ဤအရာများနှင့်ပတ်သက်၍ လူတို့ ဆက်လက်လုပ်ဆောင်လေ၊ ၎င်းတို့ ပျက်ဆီးကိန်းဆိုက်လေ ဖြစ်လိမ့်မည်။ ငါ၏ အကြံဉာဏ်ကို အလေးဂရုပြုလော့။

ငါသည် အယောက်တိုင်း၏ အတွင်းကျကျ စိတ်နှလုံးကို အမြဲ စိစစ်နေသည်၊ တစ်ဦးချင်းစီ၏ စကားလုံးတိုင်းနှင့် လုပ်ရပ်တိုင်းကို စိစစ်နေသည်။ ငါနှစ်သက်သောသူများနှင့် ငါမနှစ်သက်သော လူများအား တစ်ယောက်ချင်းစီ ရှင်းလင်းစွာ ငါမြင်သည်။ ဤသည်မှာ လူတို့ စိတ်မကူးနိုင်သည့် တစ်စုံတစ်ရာဖြစ်သည့်အပြင်၊ ၎င်းတို့ မပြီးမြောက်နိုင်သည့် တစ်စုံတစ်ရာ ဖြစ်သည်။ ငါသည် အလွန်များလှစွာ ပြောဆိုပြီးဖြစ်ကာ အမှုအရာ များစွာတို့ကို လုပ်ဆောင်ပြီး ဖြစ်သည်။ ငါ၏ စကားများနှင့် ငါလုပ်ဆောင်သည့်အရာ၏ ရည်ရွယ်ချက်က

မည်သည့်အရာဖြစ်သည်ကို မည်သူ အတိအကျ ဖော်ထုတ်နိုင်မည်နည်း။ မည်သူမျှ မဖော်ထုတ်နိုင်ပေ။ ဤအချိန်မှစ၍ နောင်တွင်၊ သာ၍ များသော နှုတ်ကပတ်တော်များကိုပင် ငါပြောဦးမည်။ တစ်ဖက်တွင် ဤအရာသည် ငါမနှစ်သက်သောသူ အားလုံးကို သုတ်သင်ဖယ်ရှင်းလိမ့်မည်ဖြစ်သော်လည်း၊ အခြားတစ်ဖက်တွင် သင်တို့သည် ရှင်ပြန်ထမြောက်ခြင်းကို နောက်တစ်ကြိမ် သာ၍ ပြင်းထန်မှုဖြင့်သာ သင်တို့ မြည်းစမ်းဖို့အလို့ငှာ၊ ယင်းသည် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သင်တို့အား အနည်းငယ် ပို၍ ဒုက္ခခံစေလိမ့်မည်။ ဤအရာကို လူတို့က ဆုံးဖြတ်၍မရနိုင်သကဲ့သို့၊ မည်သူမျှ ယင်းကို ဖြစ်ပျက်ခြင်းမှ မထိန်းထားနိုင်ပေ။ ဤအရာကို ယခု သင်သိလျှင်ပင်၊ ဤသည်မှာ ငါ့အမှု၏ နည်းစနစ်ဖြစ်သောကြောင့်၊ အချိန်လာသည့်အခါ ဤဒုက္ခဆင်းရဲခြင်းမျိုးကို သင် ရှောင်ရှားနိုင်လိမ့်မည် မဟုတ်ပေ။ ငါ၏ ရည်မှန်းချက်များ စွမ်းဆောင်ရရှိဖို့အလို့ငှာနှင့် သင်တို့အပေါ်၌ ငါ၏အလို ပြည့်စုံနိုင်ဖို့အလို့ငှာ ဤကဲ့သို့ ငါအမှုပြုရမည်ဖြစ်သည်။ ဤသည်မှာ "သင်တို့ သည်းခံရမည့် နောက်ဆုံးသော ဒုက္ခဆင်းရဲ" ဟု ခေါ်ဆိုရသည့် အကြောင်းရင်း ဖြစ်သည်။ နောက်ပိုင်းတွင်၊ အဆင်းနီသော နဂါးကြီးသည် ငါ၏ အမြစ်ဖြတ် ချေမှုန်းခြင်းကို ခံရပြီးဖြစ်လိမ့်မည်ဖြစ်ကာ ၎င်းသည် နောက်တစ်ဖန် သောင်းကျန်းဝံ့မည် မဟုတ်သည့်အတွက်၊ သင်တို့၏ ဇာတိခန္ဓာသည် တစ်ဖန် ဆင်းရဲဒုက္ခ ခံရလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ကိုယ်ခန္ဓာထဲ မဝင်ရောက်မီ နောက်ဆုံးသော အဆင့် ဖြစ်သည်။ ယင်းသည် အသွင်ကူးပြောင်းခြင်းဆိုင်ရာ အဆင့်တစ်ခု ဖြစ်သည်။ သို့သော် မစိုးရိမ်ကြနှင့်- ငါသည် သင်တို့အား အခက်အခဲတစ်ခုပြီး နောက်တစ်ခုကို ဖြတ်သန်းဦးဆောင်သွားမည် ဖြစ်သည်။ ငါသည် ဖြောင့်မတ်သော ဘုရားသခင် ကိုယ်တိုင် ဖြစ်သကဲ့သို့၊ ငါပြောခဲ့သောအရာများ ဧကန်မုချ ဖြစ်လာမည်ဆိုသည်ကို ယုံကြည်ကြလော့။ ငါသည် ယုံကြည်အားကိုးထိုက်သော ဘုရားသခင် ကိုယ်တိုင် ဖြစ်၏။ နိုင်ငံအားလုံး၊ တိုင်းပြည်အားလုံးနှင့် ဂိုဏ်းဂဏ အားလုံးသည် ငါ့ထံသို့ ပြန်လာနေကြပြီး ငါ၏ ပလ္လင်ဆီ အုံနေကြပြီ ဖြစ်သည်။ ဤသည်မှာ ငါ၏ ကြီးမြတ်သော တန်ခိုးဖြစ်ပြီး ငါသည် မနာခံသောသူ တစ်ဦးချင်းစီတိုင်းကို တရားစီရင်ကာ မည်သည့်ခြွင်းချက်မျှ မရှိဘဲ ၎င်းတို့အား ကန့်နှင့်ရောသော မီးအိုင်ထဲသို့ ပစ်ချမည် ဖြစ်သည်။ အားလုံး ရပ်တည်ချက်ကို ပြင်ဆင်ရမည်။ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ နောက်ဆုံး အဆင့် ဖြစ်ပြီး ထိုအရာ ပြီးပြည့်စုံသည်နှင့်တစ်ပြိုင်နက်၊ အရာရာတိုင်းကို လုပ်ဆောင်ပြီးဖြစ်လိမ့်မည် ဖြစ်သကဲ့သို့၊ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်သည် အဆုံးလာပြီးဖြစ်လိမ့်မည် ဖြစ်သောကြောင့်၊ ငါသည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်မည်။

(ငါသည် စိတ်သောက မခံစားရသော်လည်း) ငါ၏ အမှု၏ အရှိန် တိုးမြင့်ပြီးဖြစ်သောကြောင့်၊ သင်တို့ထံ ငါ၏ နှုတ်ကပတ်တော်များကို နေ့စဉ် ငါထုတ်ဖော်ပြသကဲ့သို့၊ သင်တို့သည် ငါ၏ ခြေလှမ်းများနောက် နီးကပ်စွာ လိုက်လျှောက်နိုင်ကြဖို့အလို့ငှာ နေ့စဉ် သင်တို့ကို ငါ ထိန်းသိမ်းထားသည့် နက်နဲမှုများကို ငါ ဖွင့်ဟမည်။ (ဤသည်မှာ ငါ၏ ဉာဏ်ပညာ ဖြစ်၏။ ငါသည် လူတို့ကို စုံလင်စေဖို့ ငါ၏ နှုတ်ကပတ်တော်များကို အသုံးပြုသော်လည်း၊ လူတို့အား ဒဏ်ခတ်ရန်လည်း ငါ အသုံးပြု၏။ အားလုံးသည် ငါ၏ နှုတ်ကပတ်တော်များကို ဖတ်ရှုကာ ငါ၏ နှုတ်ကပတ်တော်များထဲရှိ ငါ၏ အလိုနှင့်အညီ ဆောင်ရွက်နိုင်ကြ၏။ အပျက်သဘောဆောင် သူများသည် အပျက်သဘောဆောင်ကြလိမ့်မည်ဖြစ်ပြီး၊ ထုတ်ဖော်ပြခံရမည့်သူများသည် ၎င်းတို့၏ စရိုက်အမှန်များကို ပြသလိမ့်မည်။ အာခံသူများသည် ခုခံကြလိမ့်မည်ဖြစ်ပြီး၊ ငါ့ကို သစ္စာစောင့်သိစွာ ချစ်ကြသော သူများသည် သာ၍ပင် သစ္စာစောင့်သိကြလိမ့်မည်။ ဤအကြောင်းကြောင့်၊ အားလုံးသည် ငါ၏ ခြေလှမ်းများ နောက်လိုက်နိုင်ကြလိမ့်မည် ဖြစ်သည်။ ငါဖော်ပြပြီးဖြစ်သည့် ဤအခြေအနေအားလုံးမှာ ငါ၏ အမှုပြုသည့် နည်းစနစ်များနှင့် ငါ စွမ်းဆောင်ရရှိရန် ဆန္ဒရှိသည့် ရည်မှန်းချက်များ ဖြစ်သည်။) အတိတ်တွင်၊ ငါသည် ဤအရာမျိုးကို ပြောဆိုပြီးဖြစ်သည်-သင်တို့ကို မည်သို့မည်ပုံ ငါ ဦးဆောင်သည်ဖြစ်စေ၊ သင်တို့သည် အလားတူ နည်းလမ်းဖြင့် ရှာဖွေသင့်၏။ သင်တို့အား မည်သည့်အရာကိုမဆို ငါပြောသည်ဖြစ်စေ၊ သင်တို့ နားထောင်သင့်ကြ၏။ ဤအရာအားဖြင့် အဘယ်အရာကို ငါဆိုလိုသနည်း။ သင်တို့ သိကြသလော။ ငါ၏ နှုတ်ကပတ်တော်၏ ရည်ရွယ်ချက်နှင့် အရေးပါမှုတို့မှာ အဘယ်နည်း။ သင်တို့ နားလည်ကြသလော။ ဤအရာကို လူမည်မျှက အပြည့်အဝ ရှင်းလင်းစွာပြောဆိုနိုင်သနည်း။ “သင်တို့ကို မည်သို့မည်ပုံ ငါ ဦးဆောင်သည်ဖြစ်စေ၊ သင်တို့သည် အလားတူ နည်းလမ်းဖြင့် ရှာဖွေသင့်၏” ဟု ငါပြောသောအခါ၊ ငါ၏ ဖြစ်ခြင်းဖြစ်သည့် ဇာတိအဖြစ်တော်အနေဖြင့် ငါ ထောက်ပံ့ပေးသော လမ်းပြမှုကို ငါ ရည်ညွှန်းရုံမျှရည်ညွှန်းနေခြင်း ဖြစ်သည်။ ထို့အပြင်၊ ငါသည် ငါပြောသော နှုတ်ကပတ်တော်များနှင့် ငါလျှောက်သော လမ်းကြောင်းကို ရည်ညွှန်းနေခြင်း ဖြစ်သည်။ ယနေ့တွင်၊ ဤနှုတ်ကပတ်တော်များသည် အမှန်တကယ် ပြည့်စုံပြီးဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များကို ငါ ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက်၊ ဘီလူးသရဲစီးသော မျက်နှာများသည် သင်တို့အား ၎င်းတို့အားလုံးနှင့်ဆိုင်သည့် ရှင်းလင်း အမြင်တစ်ခုကို ပေးရင်း၊ ငါ၏ မျက်မှောက်အလင်းတွင် ဖော်ထုတ်ခံရကြလေသည်။ ငါ၏ ဤမိန့်မြွက်ချက်များသည် စာတန်ထံ ကြေညာချက်တစ်ခု ဖြစ်သည်သာမက သင်တို့ အားလုံးကို တာဝန်ပေးအပ်နှံမှုတစ်ခုလည်း ဖြစ်သည်။ သင်တို့ အများစုသည် ဤနှုတ်ကပတ်တော်များကို

သင်တို့အဖို့ တာဝန်ပေးအပ်နှံမှုတစ်ခုအဖြစ် ယုံကြည်ရင်း မသိကျိုးကျွံပြုကြသည်။ ယင်းတို့သည် တရားစီရင်ခြင်း နှုတ်ကပတ်တော်များနှင့် ဩဇာအာဏာပါရှိသော နှုတ်ကပတ်တော်များဖြစ်သည်ကို သင်တို့ နားမလည်ကြချေ။ ငါ၏ နှုတ်ကပတ်တော်များ၏ ရည်ရွယ်ချက်မှာ ငါ့အတွက် ကောင်းမွန်စွာ အစေခံမှု လုပ်ဆောင်ရန်နှင့် ငါ့ကို လုံးဝ ကိုးနွံနာခံရန် စာတန်အား အမိန့်ပေးဖို့ ဖြစ်သည်။ အတိတ်တွင် ငါ ထုတ်ဖော်ပြပြီးသော နက်နဲမှုများထဲတွင်၊ သင်တို့ သဘောမပေါက်ကြသေးသော အရာများစွာ ရှိဆဲဖြစ်၏။ ထို့ကြောင့်၊ အနာဂတ်တွင် သင်တို့သည် သာ၍ ရှင်းလင်းပြီး စေ့စပ်သော သိနားလည်မှုတစ်ခု ရရှိနိုင်ကြဖို့အလို့ငှာ သင်တို့ထံ သာ၍ ငါ ထုတ်ဖော်ပြလိမ့်မည်ဖြစ်သည်။

ကပ်ဘေးများ ရောက်လာသောအခါ၊ အယောက်တိုင်း ကြောက်လန့်ကြ၏။ လူအားလုံးသည် ဝမ်းနည်းခြင်းဖြင့် ငိုကြွေးကာ အတိတ်တွင် ၎င်းတို့ လုပ်ဆောင်ခဲ့သည့် မကောင်းသောအရာများအတွက် စက်ဆုပ်မှုကို ခံစားကြရ၏၊ သို့သော် ဤသည်မှာ အမျက်တော်ခေတ် ဖြစ်သည့်အတွက်၊ ထိုအချိန်တွင် အလွန်နောက်ကျပြီ ဖြစ်သည်။ ယင်းသည် လူတို့အား ကယ်တင်ရန်နှင့် ကျေးဇူးတော်ကို ပေးရန် အချိန် မဟုတ်ဘဲ၊ အစေခံများ အားလုံးကို ရှင်းလင်းပြီး၊ ငါ့အတွက် ငါ၏ သားများကို အုပ်စိုးခွင့်ပေးရန် အချိန် ဖြစ်သည်။ ဤသည်မှာ အတိတ်က အချိန်ကာလများနှင့် ဧကန်အမှန် ကွဲပြား၏။ ယင်းသည် ကမ္ဘာလောကအား ဖန်းဆင်းခြင်းကတည်းက မကြုံဖူးစဖူး ဖြစ်သည်။ ငါသည် ကမ္ဘာလောကအား တစ်ကြိမ် ဖန်ဆင်းခဲ့သောကြောင့် ကမ္ဘာလောကအား တစ်ကြိမ် ငါဖျက်ဆီးမည်ဖြစ်ပြီး ငါကြိုတင်ခွဲခန့်ထားသောအရာကို မည်သူမျှ မပြောင်းလဲနိုင်ပေ။ “ပေါင်းစည်းထားသော ခရစ်ယာန်လူများ” နှင့် “ပေါင်းစည်းထားသော ကမ္ဘာ့အနှံ့ လူသစ်များ” ဟူသော ဝေါဟာရ နှစ်ခုကို ယခင်က အတော်အတန် မကြာခဏ ဖော်ပြပြီးဖြစ်သည်။ ယင်းတို့ကို မည်ကဲ့သို့ ရှင်းပြသင့်သနည်း။ “ပေါင်းစည်းထားသော ခရစ်ယာန် လူများ”သည် သားဦးများကို ရည်ညွှန်းခြင်း ဖြစ်သလော။ “ပေါင်းစည်းထားသော ကမ္ဘာ့အနှံ့ လူသစ်များ”သည်လည်း သားဦးများကို ရည်ညွှန်းခြင်း ဖြစ်သလော။ မဟုတ်ပေ။ လူတို့သည် ထိုစကားရပ်များကို မှန်ကန်စွာ အနက်မပြန်ကြလေပြီ။ လူတို့၏ အယူအဆများသည် ၎င်းတို့အား အမှုအရာတို့ကို ဤအတိုင်းအတာထိ နားလည်ရန်သာ ကူညီကြသောကြောင့်၊ ယင်းတို့ကို သင်တို့အတွက် ဤနေရာတွင် ယခု ငါရှင်းပြမည်။ ပေါင်းစည်းထားသော ခရစ်ယာန် လူများနှင့် ပေါင်းစည်းထားသော ကမ္ဘာ့အနှံ့ လူသစ်များသည် မတူညီကြပေ။ ၎င်းတို့၏ အဓိပ္ပာယ်များသည် သီးခြားဖြစ်ကြ၏။ ဤဝေါဟာရနှစ်ခု၏ သုံးနှုန်းပုံသည် အလွန် ဆင်တူပြီး၊ တစ်ခုတည်းသော အရာကဲ့သို့ ထင်ရသော်လည်း၊ စစ်မှန်သော အနေအထားမှာ လုံးဝ

ဆန့်ကျင်ဘက် ဖြစ်သည်။ "ပေါင်းစည်းထားသော ခရစ်ယာန် လူများ" ဆိုသည်မှာ မည်သူတို့ကို အတိအကျ ရည်ညွှန်းခြင်း ဖြစ်သနည်း။ သို့မဟုတ် ယင်းသည် မည်သည့်အရာကို ရည်ညွှန်းခြင်း ဖြစ်သနည်း။ ခရစ်ယာန် လူများနှင့်သက်ဆိုင်၍ ဆိုရလျှင်၊ အယောက်တိုင်းသည် တစ်ညီတစ်ညွတ်တည်း ငါ့ကို တွေးမိကြမည် ဖြစ်သည်။ ၎င်းတို့သည် ထိုသို့လုပ်ဆောင်ရန် လုံးဝ မမှားကြချေ။ ထို့အပြင်၊ လူသား အယူအဆများတွင် "လူများ" ဟူသော ဝေါဟာရသည် လူသားများကို အသေအချာ ရည်ညွှန်းခြင်း ဖြစ်ပေမည်။ မည်သည့်လူတစ်ဦးကမျှ ယင်းကို အခြားအရာနှင့် ဆက်စပ်မိမည် မဟုတ်ပေ။ "ပေါင်းစည်းထားသော" ဟူသည့် ဝေါဟာရကို ပြောဆိုသည့်အခါ၊ ယင်းမှာ တစ်ခုတည်းနီးပါးဖြစ်သည့် လူများစွာ စုဝေးခြင်းတစ်ခုကို ဆိုလိုပြီး၊ ဤအကြောင်းကြောင့် "ပေါင်းစည်းထားသည်"ဟု ခေါ်ဆိုပေသည်။ ဤနေရာတွင် လူသားများ၏ စိတ်များသည် အလွန်ရိုးစင်းလွန်းလှသည်ကို တွေ့နိုင်သည်။ ၎င်းတို့သည် ငါ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို လုံးဝ နားမလည်နိုင်ကြပေ။ ယခုတွင်၊ ပေါင်းစည်းထားသော ခရစ်ယာန်လူများက မည်သည့်အရာ ဖြစ်သည်ဆိုသည်နှင့်ပတ်သက်၍ ငါတရားဝင် စတင် မိတ်သဟာယပြုမည် (သို့သော်လည်း လူအားလုံးသည် ၎င်းတို့၏ ကိုယ်ပိုင် အယူအဆများကို ဘေးဖယ်ထားရမည်။ ထိုသို့မဟုတ်ပါက ၎င်းတို့ထဲမှ မည်သူမျှ နားလည်နိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ ထိုဝေါဟာရကို ငါရှင်းပြလျှင်ပင် ၎င်းတို့သည် ယုံကြည်ကြမည် မဟုတ်သကဲ့သို့ ယင်းကို သဘောပေါက်နိုင်ကြလိမ့်မည် မဟုတ်ပေ)- ငါ၏ နှုတ်ကပတ်တော်များကို ပြောလျှင်ပြောချင်း၊ ငါ၏ သားဦးများ အားလုံးသည် ငါ၏ အလိုနှင့်အညီ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပြီး၊ ငါ၏ အလိုကို ဖော်ပြနိုင်ကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် စိတ်နှလုံးတစ်ခုတည်းနှင့် နှုတ်တစ်ခုတည်း ဖြစ်ကြ၏။ ၎င်းတို့သည် တိုင်းနိုင်ငံ အားလုံးနှင့် လူမျိုးအပေါင်းတို့အား တရားစီရင်နေကြစဉ်တွင်၊ ၎င်းတို့သည် ငါ၏ ဖြောင့်မတ်ခြင်းကို ဆောင်ရွက်နိုင်ကြလိမ့်မည်ဖြစ်ပြီး၊ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို အကောင်အထည်ဖော်နိုင်ကြလိမ့်မည် ဖြစ်သည်။ ယင်းတို့သည် ငါ၏ ဖော်ပြချက်တစ်ခုဖြစ်ပြီး၊ ငါ၏ သရုပ်သကန် ဖြစ်သည်။ ထို့ကြောင့် "ပေါင်းစည်းထားသော ခရစ်ယာန်လူများ" ဆိုသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ငါ၏ သားဦးများ အကောင်အထည်ဖော်ခြင်းနှင့်ဆိုင်သည့် အမှန်တရား ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ၎င်းတို့သည် သားဦးများ၏ လက်ထဲ၌ ရှိသော သြဇာအာဏာ ဖြစ်သည်။ ဤသည်မှာ ခရစ်တော်နှင့် ဆက်နွှယ်၏- ထို့ကြောင့် "ပေါင်းစည်းထားသော ခရစ်ယာန်လူများ" ဟူသော ဝေါဟာရ ဖြစ်ပေသည်။ ထို့အပြင်၊ သားဦးများ အားလုံးသည် ငါ၏ အလိုနှင့်အညီ ဆောင်ရွက်နိုင်ကြပြီး၊ ဤအကြောင်းရင်းကြောင့်၊ "ပေါင်းစည်းထားသော" ဟူသည့် ဝေါဟာရကို ငါအသုံးပြု၏။

“ပေါင်းစည်းထားသော ကမ္ဘာအနှံ့ လူသစ်များ” ဆိုသည်မှာ ငါ၏ နာမဉ္ဇရှိသော လူအားလုံးကို ဆိုလိုသည်။ တစ်နည်းအားဖြင့်၊ ငါ၏ သားဦးများ၊ ငါ၏ သားများနှင့် ငါ၏ လူများ ဖြစ်ကြသည်။ “အသစ်” ဟူသော စကားလုံးသည် ငါ၏ နာမကို ရည်ညွှန်းခြင်း ဖြစ်သည်။ ၎င်းတို့သည် ငါ၏ နာမဉ္ဇ ရှိကြသောကြောင့်၊ (ငါ၏ နာမဉ္ဇ အရာခပ်သိမ်း ပါရှိပြီး၊ ယင်းသည် ထာဝရ သစ်လွင်ကာ မည်သည့်အခါတွင်မျှ မအိုဟောင်းပေ။ ယင်းကို လူသားက ပြောင်းလဲ၍ မရ) ပြီးလျှင် ၎င်းတို့သည် အနာဂတ်တွင် ထာဝရ အသက်ရှင်ကြမည် ဖြစ်သောကြောင့်၊ ၎င်းတို့သည် ကမ္ဘာအနှံ့ လူသစ်များ ဖြစ်ကြသည်။ ဤနေရာရှိ “ပေါင်းစည်းထားသော” ဟူသည့် စကားမှာ လူ့အရေအတွက်နှင့် စပ်လျဉ်းပြီး၊ ယင်းသည် ယခင် ကိစ္စရပ်နှင့် မတူပေ။ ငါ၏ နှုတ်ကပတ်တော်ကို ပြောဆိုသည့်အခါ၊ အားလုံး ယုံကြည်သင့်၏။ သံသယ မရှိကြနှင့်။ သင်တို့၏ လူသား အယူအဆများနှင့် လူ့အတွေးအခေါ်များကို သင်တို့ကိုယ်တိုင် ဖယ်ရှားကြလော့။ နက်နဲမှုများကို ထုတ်ဖော်ပြခြင်းနှင့်ဆိုင်သည့် ငါ၏ လတ်တလော လုပ်ငန်းစဉ်မှာ လူသား အယူအဆများနှင့် အတွေးအခေါ်များကို ဖယ်ရှားခြင်း လုပ်ငန်းစဉ် အတိအကျ ဖြစ်သည် (အဘယ်ကြောင့်ဆိုသော် လူတို့သည် ငါ့ကို တိုင်းတာဖို့နှင့် ငါ ပြောသည့်အရာကို တိုင်းတာဖို့ ၎င်းတို့၏ ကိုယ်ပိုင်အယူအဆများကို အသုံးပြုကြသောကြောင့်၊ ငါသည် လူသား အယူအဆများနှင့် လူ့အတွေးအခေါ်များကို ဖယ်ရှားရန် ငါကိုယ်တိုင် ထုတ်ဖော်ပြထားသော နက်နဲမှုများကို ငါအသုံးပြုသည်)။ ဤအမှုသည် မကြာမီ ပြီးစီးလိမ့်မည် ဖြစ်သည်။ ငါ၏ နက်နဲမှုများသည် အတိုင်းအတာတစ်ခုအထိ ထုတ်ဖော်ပြခံရချိန်တွင်၊ လူတို့သည် ငါ၏ နှုတ်ကပတ်တော်များနှင့် ပတ်သက်၍ တွေးခေါ်ခြင်း နည်းလမ်းအဆင့်ဆင့်တို့ မရှိတော့လုနီးပါး ဖြစ်ကြလိမ့်မည်ဖြစ်ပြီး ၎င်းတို့သည် ငါ့အား တိုင်းတာရန် ၎င်းတို့၏ လူသားအယူအဆများ အသုံးပြုခြင်းကို ရပ်တန့်ကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့ နေ့စဉ် တွေးသည့်အရာကို ငါထုတ်ဖော်ပြလိမ့်မည်ဖြစ်ပြီး ငါပြန်တိုက်ခိုက်မည်။ အတိုင်းအတာတစ်ခုထိ၊ လူတို့သည် နောက်ထပ် တွေးတောကြလိမ့်မည် မဟုတ်ပေ။၎င်းတို့၏ ဦးခေါင်းများသည် အတွေးအခေါ်အားလုံး ကင်းမဲ့လိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များကို လုံး၀ ကျိုးနွံနာခံကြလိမ့်မည် ဖြစ်သည်။ ယင်းသည် ဝိညာဉ်လောကထဲသို့ သင်တို့ ဝင်ရောက်ကြမည့် အချိန် ဖြစ်လိမ့်မည်။ ဤသည်မှာ သင်တို့အား ဝိညာဉ်လောကထဲသို့ ငါ ဝင်ရောက်ခွင့်မပြုမီ ငါ၏ အမှုထဲက အဆင့် တစ်ဆင့် ဖြစ်သည်။ သင်တို့သည် သန့်ရှင်းပြီး အပြစ်အနာအဆာကင်းကာ ဝိညာဉ်လောကထဲသို့ မဝင်ရောက်မီ၊ လူသားအယူအဆများအားလုံးကို မိမိတို့ကိုယ်ကိုယ် ဖယ်ရှားရမည်။ ဤသည်မှာ “ငါသည် သန့်ရှင်းသော ဝိညာဉ်ခန္ဓာ ဖြစ်သည်” ဟုဆိုခြင်းအားဖြင့် ရည်ရွယ်သည့် အရာ ဖြစ်သည်။

သို့သော်၊ သင်တို့သည် ငါ၏ ခြေလှမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ သင်တို့ နားမလည်လိုက်မီ၊ ငါ၏ အချိန် ရောက်လာလိမ့်မည် ဖြစ်သည်။

## အခန်း ၁၀၇

ငါ၏ နှုတ်ကပတ်တော်များသည် ပြင်းထန်မှု အဆင့်တစ်ခုထိ ရောက်ရှိသည့်အခါ၊ လူအများစုသည် ယင်းတို့ကြောင့် နောက်ဆုတ်သွားကြသည်။ ငါ၏သားဦးများ ထုတ်ဖော်ပြခံရသည်မှာ ဤအခိုက်အတန့်တွင် အတိအကျ ဖြစ်၏။ ငါသည် အရာအားလုံးကို စွမ်းဆောင်ရရဖို့ စိုးစဉ်းမျှ အားမထုတ်ဘဲ၊ ငါ၏ နှုတ်ကပတ်တော်များကို အသုံးပြုသည်ဟု ငါ ဆိုပြီးဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များဖြင့်၊ ငါသည် ငါမုန်းတီးသော အရာအားလုံးကို ဖျက်ဆီးပြီး၊ ငါ၏ သားဦးများကို စုံလင်စေဖို့လည်း ယင်းတို့ကို ငါ အသုံးပြုသည်။ (ငါ၏ နှုတ်ကပတ်တော်များကို ပြောဆိုသောအခါ မိုးချုန်းသံ ခုနှစ်ချက်သည် မြည်ဟီးလိမ့်မည်ဖြစ်ပြီး၊ ထိုအခိုက်အတန့်တွင် ငါ၏ သားဦးများနှင့် ငါသည် ပုံသဏ္ဍာန်ပြောင်းလဲကာ ဝိညာဉ်လောကသို့ ဝင်ရောက်ကြလိမ့်မည်။) ငါ၏ ဝိညာဉ်သည် ကိုယ်တိုင် လုပ်ဆောင်သည်ဟု ငါပြောသောအခါ၊ ငါ၏ နှုတ်ကပတ်တော်များသည် အားလုံးကို စွမ်းဆောင်ရရှိသည်ဟု ဆိုလိုပြီး၊ ဤအရာမှ ငါသည် အနန္တတန်ခိုးရှင်ဖြစ်သည်မှာ သိသာပေသည်။ သို့ဖြစ်ရာ တစ်ဦးတစ်ယောက်သည် ငါ မိန့်မြွက်သော စာကြောင်းအသီးသီး နောက်ကွယ်က ရည်မှန်းချက်နှင့် ရည်ရွယ်ချက်တို့ကို သာ၍ပင် ကြီးမားသော ရှင်းလင်းမှုဖြင့် မြင်နိုင်သည်။ ယခင်က ငါ ဆိုပြီးဖြစ်သည့်အတိုင်း၊ ငါ၏ လူ့သဘာဝအတွင်း ငါဖွင့်ဟသမျှတိုင်းသည် ငါ့သရုပ်သကန်၏ လက္ခဏာသွင်ပြင် တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ၊ ငါ၏ သာမန်လူ့သဘာဝအတွင်း ငါပြောသည့်အရာကို သေချာရေရာခြင်း မရှိနိုင်သကဲ့သို့ အမှန်တကယ် မယုံကြည်နိုင်သော လူတို့သည် ဖယ်ရှားခြင်း ခံရပေမည်။ ငါ၏ သာမန်လူ့သဘာဝသည် ငါ၏ ပြည့်စုံသော ဘုရားသဘောသဘာဝ၏ မရှိမဖြစ်သော လက္ခဏာသွင်ပြင်တစ်ခု ဖြစ်သည်ဟု ငါသည် ထပ်သလဲလဲ အလေးပေးပြီးဖြစ်သော်လည်း၊ အလွန်များလှသော လူတို့သည် ငါ၏ သာမန်လူ့သဘာဝကို လျစ်လျူရှုလျက် ငါ၏ ပြည့်စုံသော ဘုရားသဘောသဘာဝကိုသာ ဆက်လက် အာရုံစိုက်ကြလေသည်။ သင်သည် ကျိုးကြောင်းမမြင်လေပြီ။ ငါသည် သင်၏ အယူအဆများနှင့် မကိုက်ညီသကဲ့သို့၊ ငါ ဖြစ်သည့် လူသားသည် သင်၏ ဘုရားသခင်နှင့် မကိုက်ညီဟု သင်ဆိုသည်။ ဤလူများသည် ငါ၏ နိုင်ငံတော်တွင် ကျန်ရှိနိုင်သလော။ ငါသည် သင့်ကို ငါ၏ ခြေဖဝါးအောက်တွင် နင်းခြေမည်။

ငါ့ကို နောက်ထပ် ပုန်ကန်ရန် သင့်ကို ငါ စိန်ခေါ်၏။ ထိုသို့သော တစ်ဇွတ်ထိုးလုပ်ခြင်းဖြင့် ဆက်လက်လုပ်ဆောင်ဖို့ သင့်ကို ငါ စိန်ခေါ်၏။ ငါ၏အပြုံးသည် သင်၏အယူအဆများနှင့် မကိုက်ညီ၊ ငါ၏ စကားသည် သင်၏ နားများအဖို့ နာပျော်ဖွယ် မဖြစ်သကဲ့သို့၊ ငါ၏ လုပ်ရပ်များသည် သင့်ကို အကျိုးမပြုပေ- ငါ မှန်သလော။ ဤအရာအားလုံးသည် သင့်အကြိုက်ဖြစ်ရမည်။ ယင်းမှာ ဘုရားသခင်နှင့် တူသောအရာ ဖြစ်သလော။ ပြီးလျှင် ဤလူများသည် ငါ၏ အိမ်တွင် ရှိနေချင်သေးပြီး၊ ငါ၏ နိုင်ငံတော်တွင် ကောင်းချီးမင်္ဂလာများ ရရှိချင်ကြသေးသလော။ သင်သည် စိတ်ကူးယဉ်နေသည် မဟုတ်လော။ အမှုအရာများသည် မည်သည့်အချိန်ကတည်းက အလွန် အံ့ဖွယ်ဖြစ်လေသနည်း။ သင်သည် ငါ့ကို မနာခံချင်သော်လည်း၊ ငါ့ထံမှ ကောင်းချီးမင်္ဂလာများကို ရရှိရန် ဆန္ဒရှိဆဲ ဖြစ်သည်။ သင့်ကို ငါ ပြော၏- လုံး၀ မဖြစ်နိုင်။ ကြိမ်ဖန်များစွာ ငါ ပြောပြီးသည့်အတိုင်း၊ ငါ၏ နိုင်ငံတော်ထဲသို့ ဝင်ရောက်ပြီး ကောင်းချီးမင်္ဂလာများကို ရရှိသူများသည် ငါချစ်သော သူများဖြစ်ရမည်။ ဤစကားများအပေါ် အဘယ်ကြောင့် ငါ အလေးပေးရသနည်း။ အယောက်တိုင်း တွေးနေသည့်အရာကို ငါ သိကာ နားလည်၏။ ၎င်းတို့၏ အတွေးများကို တစ်ခုပြီးတစ်ခု ထောက်ပြရန် ငါ့အတွက် မလိုအပ်ပေ။ ၎င်းတို့၏ စစ်မှန်သော ပုံသဏ္ဌာန်များသည် ငါ၏ တရားစီရင်ခြင်း နှုတ်ကပတ်တော်များမှတဆင့် ထုတ်ဖော်ပြခံရလိမ့်မည်ဖြစ်ပြီး၊ ငါ၏ တရားစီရင်ခြင်း ပလ္လင်ရှေ့မှာက်တွင်၊ အားလုံးသည် ဝမ်းနည်းမှုဖြင့် ငိုကြွေးကြလိမ့်မည်။ ဤသည်မှာ မည်သူမျှ ပြောင်းလဲ၍မရနိုင်သော သိသာသည့် အချက်တစ်ချက် ဖြစ်သည်။ အဆုံးတွင်၊ ငါသည် ၎င်းတို့အား တစ်ဦးပြီးတစ်ဦး အနက်ဆုံးသောတွင်းထဲသို့ ဝင်ရောက်စေလိမ့်မည်။ ဤသည်မှာ နတ်ဆိုး စာတန်အပေါ် ငါ၏ တရားစီရင်ခြင်းနှင့်ပတ်သက်၍ ငါ စွမ်းဆောင်ရရှိရန် ဆန္ဒရှိသည့် နောက်ဆုံး ရလဒ်ဖြစ်သည်။ ငါသည် တစ်ဦးချင်းစီကို ကိုင်တွယ်ဖြေရှင်းရန် ငါ၏ တရားစီရင်ခြင်းနှင့် စီမံခန့်ခွဲခြင်း အမိန့်များကို အသုံးပြုရမည်ဖြစ်ပြီး၊ ဤသည်မှာ လူတို့ကို ငါ ပြစ်တင်ဆုံးမပုံ ဖြစ်သည်။ ဤအရာတွင် သင်တို့တွင် မှန်ကန်သော ထိုးထွင်းသိမြင်မှု တစ်ခုတစ်လေ ရှိသလော။ ငါသည် စာတန်အား အကြောင်းပြချက်တစ်ခုပေးရန် မလိုအပ်ပေ။ ငါသည် ၎င်း၏ အသက်သေလုနီးပါးဖြစ်ကာ ထပ်သလဲလဲ သက်ညှာမှု တောင်းခံသည်အထိ ရိုက်နှက်ရန် ငါ၏ သံလှံတံကို အသုံးပြုမည်။ ထို့ကြောင့်၊ လူတို့သည် ငါ၏ တရားစီရင်ခြင်း နှုတ်ကပတ်တော်များကို ဖတ်ရှုကြသည့်အခါ၊ ၎င်းတို့သည် ယင်းတို့ကို စိုးစဉ်းမျှ နားမလည်နိုင်ကြဘဲ၊ ငါ၏ ရှုထောင့်အမြင်မှ၊ စာကြောင်းဆိုင်းနှင့် ဝါကျတိုင်းသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို အကောင်အထည်ဖော်ခြင်းတစ်ခု ဖြစ်သည်။ ဤသည်မှာ

သိသာထင်ရှားသည့် အချက်တစ်ချက်ဖြစ်သည်။

ယနေ့တွင် ငါသည် တရားစီရင်ခြင်းကို ဖော်ပြပြီးဖြစ်သည့်အတွက်၊ ဤအကြောင်းအရာသည် တရားစီရင်ခြင်း ပလ္လင်ကို ခြုံငုံပေသည်။ အတိတ်တွင်၊ သင်တို့သည် ဘုရားသခင်၏ ပလ္လင်ရှေ့မှောက်တွင် တရားစီရင်ခြင်းကို ရရှိကြလိမ့်မည်ဟု သင်တို့ မကြာခဏ ပြောကြလေပြီ။ သင်တို့သည် တရားစီရင်ခြင်းနှင့် ပတ်သက်၍ သိနားလည်မှုအချို့ ရှိသော်လည်း တရားစီရင်ခြင်း ပလ္လင်ကို သင်တို့ စိတ်မကူးနိုင်ကြပေ။ အချို့သော လူများသည် တရားစီရင်ခြင်း ပလ္လင်မှာ ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုတစ်ခုဟု တွေးကောင်းတွေးကြမည် သို့မဟုတ် ယင်းသည် စားပွဲကြီးတစ်လုံးဖြစ်သည်ဟု ထင်ကောင်းထင်ကြမည် သို့မဟုတ် ယင်းကို လောကီကမ္ဘာလောကတွင်ရှိသည့် တရားသူကြီး၏ ပလ္လင်တစ်ခုအဖြစ် မြင်ယောင်မိပေမည်။ မှန်ပေ၏၊ ဤအကြိမ် ငါ၏ ရှင်းပြချက်၌ သင်တို့ ပြောဆိုပြီးသည့်အရာကို ငါ ငြင်းလိမ့်မည်မဟုတ်သော်လည်း၊ ငါ့အဖို့ လူများ၏ စိတ်ကူးစိတ်သန်းများထဲက အရာများသည် သင်္ကေတဖြစ်သော အဓိပ္ပာယ် ပါရှိဆဲဖြစ်သည်။ သို့ဖြစ်ရာ လူတို့ စိတ်ကူးသည့်အရာနှင့် ငါ၏ ဆိုလိုရင်းအဓိပ္ပာယ်တို့အကြား ခြားနားချက်မှာ ကောင်းကင်နှင့် မြေကြီးကြားလောက် ကြီးမားဆဲ ဖြစ်သည်။ လူတို့၏ အယူအဆများ၌ လူများစွာတို့သည် တရားစီရင်ခြင်း ပလ္လင်ရှေ့တွင် ဝမ်းနည်းမှုဖြင့် ငိုကြွေးရင်းနှင့် ညှာတာမှုကို တောင်ခံရင်း လဲလျောင်း ဝပ်ဆင်းနေကြ၏။ ဤအရာတွင် လူသား စိတ်ကူးစိတ်သန်းသည် အထွတ်အထိပ်သို့ ရောက်ရှိပြီး၊ ထို့ထက်ပို၍ မည်သည့်အရာကိုမျှ မည်သူမျှက မစဉ်းစားနိုင်ကြပေ။ သို့ဆိုလျှင် တရားစီရင်ခြင်း ပလ္လင်သည် အဘယ်အရာနည်း။ ဤနက်နဲမှုကို ငါထုတ်ဖော်မပြမီ၊ သင်တို့သည် ယခင်က သင်တို့ ယခင် နားလည်မှုလွဲခြင်းများအားလုံးကို ငြင်းပယ်ကြရမည်။ ထိုအခါမှသာ ငါ၏ ရည်မှန်းချက် ရောက်ရှိနိုင်ပေမည်။ ဤသည်သာ ဤအကြောင်းအရာနှင့်ပတ်သက်၍ သင်တို့၏ အယူအဆများနှင့် အတွေးများအား ပပျောက်စေနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ငါစကားပြောသည့် အချိန်တိုင်းတွင်၊ သင်တို့ အာရုံစိုက်ကြရမည်။ သင်တို့သည် နောက်ထပ် သတိမမူ မဖြစ်ရ။ ငါ၏ တရားစီရင်ခြင်း ပလ္လင်ကို ကမ္ဘာလောက၏ ဖန်ဆင်းခြင်းကတည်းက တည်ထောင်ထားပြီး ဖြစ်သည်။ ကုန်လွန်သည့် ခေတ်များနှင့် မျိုးဆက်များတွင်၊ များစွာသောသူတို့သည် ယင်း၏ ရှေ့မှောက်တွင် သေဆုံးကြရပြီးဖြစ်ကာ၊ များစွာသော သူတို့သည်လည်း ယင်းရှေ့မှာက်တွင် အသက်ပြန်ရှင်လာရင်း၊ ထမြောက်ကြပြီး ဖြစ်သည်။ အစမှ အဆုံးထိ ငါ၏ တရားစီရင်ခြင်းသည် မည်သည့်အခါမျှ ရပ်တန့်ခြင်းမရှိဟု ပြောနိုင်၏၊ ထို့ကြောင့် ငါ၏ တရားစီရင်ခြင်း ပလ္လင်သည် အစဉ်အမြဲ တည်ရှိသည်။ တရားစီရင်ခြင်း ပလ္လင်အကြောင်း

ဖော်ပြသည့်အခါတိုင်းတွင် လူသားအားလုံးသည် ကြောက်ရွံ့မှု အရိပ်အယောင်တစ်ခု ခံစားကြရသည်။ မှန်ပေ၏၊ အထက်တွင် ငါဆိုထားပြီးဖြစ်သည့်အရာမှ၊ သင်တို့သည် ဤတရားစီရင်ခြင်း ပလ္လင်မှာ အဘယ်အရာဖြစ်သည်ကို မသိကြပေ။ တရားစီရင်ခြင်း ပလ္လင်သည် တရားစီရင်ခြင်းနှင့်အတူ ဒွန်တွဲတည်ရှိသော်လည်း၊ ယင်းတို့သည် မတူညီသော ဂုဏ်ဒြပ်နှစ်မျိုး ရှိကြ၏။ (ဤနေရာတွင် "ဂုဏ်ဒြပ်" မှာ ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုတစ်ခုကို မရည်ညွှန်းဘဲ နှုတ်ကပတ်တော်များကို ရည်ညွှန်း၏။ လူသားများသည် ဤဂုဏ်ဒြပ်ကို လုံးဝမမြင်နိုင်ပေ။) တရားစီရင်ခြင်းသည် ငါ၏ နှုတ်ကပတ်တော်များကို ရည်ညွှန်းပေသည်။ (ယင်းတို့သည် ပြင်းထန်သည် ဖြစ်စေ၊ ပျော့ပျောင်းသည်ဖြစ်စေ၊ အားလုံး ငါ၏ တရားစီရင်ခြင်းတွင် ပါဝင်ကြသည်။ သို့ဖြစ်ရာ ငါ၏ နှုတ်မှ ငါ ထုတ်ပြန်သည့် မည်သည့်အရာမဆိုသည် တရားစီရင်ခြင်း ဖြစ်၏။) ယခင်က လူများသည် ငါ၏ နှုတ်ကပတ်တော်များကို တရားစီရင်ခြင်း၏ နှုတ်ကပတ်တော်များ၊ နူးညံ့သိမ်မွေ့ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တော်များနှင့် အသက်ကိုပေးသော နှုတ်ကပတ်တော်များ အပါအဝင် မတူညီသော အမျိုးအစားများအဖြစ် ခွဲခြားခဲ့ကြသည်။ ယနေ့တွင်၊ တရားစီရင်ခြင်းနှင့် ငါ၏ နှုတ်ကပတ်တော်တို့သည် ဆက်နွှယ်ကြသည်ကို သင်တို့အတွက် ငါရှင်းလင်းပြမည်။ ဆိုလိုသည်မှာ၊ တရားစီရင်ခြင်းသည် ငါ၏ နှုတ်ကပတ်တော်များဖြစ်ပြီး ငါ၏ နှုတ်ကပတ်တော်များသည် တရားစီရင်ခြင်း ဖြစ်သည်။ သင်တို့အနေဖြင့် ယင်းတို့ကို သီးခြားစီ လုံးဝ ပြော၍မရပေ။ လူတို့က ထိုပြင်းထန်သော နှုတ်ကပတ်တော်များသည် တရားစီရင်ခြင်း ဖြစ်သည်ဟု ထင်ကြသည်၊ သို့သော် ၎င်းတို့၏ သိနားလည်မှုသည် မပြည့်စုံပေ။ ငါပြောသည့် အရာရာတိုင်းသည် တရားစီရင်ခြင်း ဖြစ်သည်။ အတိတ်တွင် ပြောဆိုခဲ့သော တရားစီရင်ခြင်း အစသည် ငါ၏ ဝိညာဉ်သည် နေရာတိုင်းတွင် တရားဝင် အလုပ်စတင်ပြီး ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို စတင်အကောင်အထည်ဖော်သည့်အချိန်ကို ရည်ညွှန်းသည်။ ဤဝါကျတွင် "တရားစီရင်ခြင်း" ဆိုသည်မှာ တကယ့် လက်တွေ့အရှိတရားကို ရည်ညွှန်း၏။ ယခုတွင် ငါသည် တရားစီရင်ခြင်း ပလ္လင်အကြောင်း ရှင်းပြမည်။ စီရင်ခြင်းပလ္လင်သည် ကမ္ဘာအဆက်ဆက် တည်ရှိပြီး ငါ၏ တရားစီရင်ခြင်းနှင့် အတူတကွပါရှိသည်ဟု ငါသည် အဘယ်ကြောင့် ပြောသနည်း။ ငါ၏ တရားစီရင်ခြင်းနှင့် သက်ဆိုင်သည့် ရှင်းပြချက်မှ ယင်းနှင့်သက်ဆိုင်၍ သိနားလည်မှု သင်တို့ ရရှိပြီးပြီလော။ တရားစီရင်ခြင်းပလ္လင်မှာ ငါဖြစ်သည့် လူသားကို ရည်ညွှန်း၏။ ကမ္ဘာအဆက်ဆက် ငါသည် အစဉ် ဖွင့်ဟပြီး စကားပြောနေသည်။ ငါသည် ထာဝရ အသက်ရှင်၏၊ ထို့ကြောင့် ငါ၏ တရားစီရင်ခြင်း ပလ္လင်နှင့် ငါ၏ တရားစီရင်ခြင်းသည် ထာဝရ

အတူတကွ တည်ရှိပေသည်။ ဤအရာကို ယခု ရှင်းလင်းသင့်ပေပြီ။ လူတို့၏ စိတ်ကူးများထဲတွင်၊ ၎င်းတို့သည် ငါ့ကို အရာဝတ္ထု တစ်ခုကဲ့သို့ သဘောထားကြသော်လည်း၊ ဤကိစ္စနှင့် စပ်လျဉ်း၍ သင်တို့ကို ငါသည် အပြစ်မတင်သကဲ့သို့၊ သင်တို့ကို ငါမရှုတ်ချပေ။ သင်တို့သည် နာခံကာ ငါ၏ ထုတ်ဖော်ပြချက်ကို လက်ခံပြီး၊ ယင်းမှ ငါသည် အလုံးစုံကို လွှမ်းခြုံသော ဘုရားသခင် ကိုယ်တိုင်ဖြစ်သည်ကို သင်တို့သိရှိရန်သာ ငါ မျှော်လင့်သည်။

ငါ၏နှုတ်ကပတ်တော်များသည် လူသားများအဖို့ လုံးဝ နားမလည်နိုင်စရာ ဖြစ်သည်၊ ငါ၏ခြေလှမ်းများသည် ၎င်းတို့အတွက် ရှာတွေ့ရန် မဖြစ်နိုင်သကဲ့သို့၊ ငါ၏အလိုသည် ၎င်းတို့အတွက် သဘောပေါက်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့်၊ သင်တို့ ယနေ့ရှိကြသည့် အခြေအနေ (ငါ၏ ထုတ်ဖော်ပြချက်ကို လက်ခံရရှိနိုင်ခြင်း၊ ယင်းအတွင်းမှ ငါ့အလိုကို သဘောပေါက်နိုင်ခြင်းနှင့် ယင်းမှတစ်ဆင့် ငါ့ခြေလှမ်းများနောက် လိုက်နိုင်ခြင်း)သည် လုံးဝ ငါ၏ အံ့သြဖွယ် လုပ်ဆောင်ချက်များ၊ ငါ၏ ကျေးဇူးတော်နှင့် ငါ၏သနားကြင်နာမှုတို့၏ ရလဒ် ဖြစ်သည်။ တစ်နေ့တွင် ငါသည် သင်တို့အား ငါ၏ဉာဏ်ပညာကိုပင် မြင်တွေ့ခွင့်ပေးမည်၊ ငါ၏လက်တို့ဖြင့် လုပ်ဆောင်ပြီးဖြစ်သော အရာကို ရှုမြင်ခွင့်နှင့် ငါ့အမှု၏ အံ့သြဖွယ်ဖြစ်ခြင်းကို ရိပ်ခနဲမြင်ခွင့်ပင် ပေးမည်ဖြစ်သည်။ ထိုအချိန် ရောက်လာသည့်အခါ၊ ငါ၏စီမံခန့်ခွဲမှု အစီအစဉ် တစ်ခုလုံး၏ အသေးစိတ် အစီအစဉ်များကို သင်တို့၏ မျက်စိရှေ့တွင် လုံးဝ ထုတ်ဖော်ပြလိမ့်မည်။ စကြဝဠာ လောကတစ်လျှောက်လုံးနှင့် နေ့စဉ်နေ့တိုင်းတွင်၊ ငါ၏အံ့သြဖွယ်လုပ်ရပ်များ၏ အစိတ်အပိုင်းများ သိသာထင်ရှားပြီး၊ ငါ၏စီမံခန့်ခွဲမှု အစီအစဉ် ပြီးမြောက်နိုင်ဖို့အလို့ငှာ အားလုံးက အစေခံမှုကို ပေးကြ၏။ ဤအရာကို လုံးဝ ထုတ်ဖော်ပြပြီးသည့်အချိန်တွင်၊ ငါသည် အစေခံမှုလုပ်ဆောင်ဖို့ မည်သည့် လူစားမျိုးများအား စီစဉ်ထားပြီးဖြစ်သည်၊ ငါ၏အလိုကို ဖြည့်ဆည်းရန် မည်သည့် လူစားမျိုးကို ငါစီစဉ်ပြီးဖြစ်သည်၊ စာတန်ကို အသုံးချခြင်းမှတစ်ဆင့် မည်သည့်အရာ ငါ စွမ်းဆောင်ရရှိပြီးဖြစ်သည်၊ ငါသည် မိမိဘာသာ မည်သည့်အရာ ပြီးမြောက်ပြီးဖြစ်သည်၊ မည်သည့် လူစားမျိုးများက ငိုကြွေးနေရသည်၊ မည်သည့် လူအမျိုးအစားတို့က အံသွားခဲကြိတ်နေကြသည်၊ မည်သည့် လူအမျိုးအစားတို့က ပျက်စီးခြင်းကို ခံစားရမည်ဆိုသည်နှင့် မည်သည့် လူအမျိုးအစားတို့က ထာဝရပြစ်ဒဏ်ကို ခံရမည်ဆိုသည်တို့ကို သင်တို့တွေ့ရလိမ့်မည်။ "ပျက်စီးခြင်း"အားဖြင့်၊ ငါသည် ကန့်နှင့်လောင်သော မီးအိုင်ထဲသို့ ပစ်ချခံရကာ လုံးဝလောင်ကျွမ်းသွားမည့် သူများကို ရည်ညွှန်းနေခြင်းဖြစ်သည်။ "ထာဝရပြစ်ဒဏ်" အားဖြင့်၊ ငါသည် ထာဝရကာလပတ်လုံး ဆင်းရဲဒုက္ခခံရန် အနက်ဆုံးသောတွင်းထဲသို့ ပစ်ချခြင်းခံရမည့် သူများကို ရည်ညွှန်းနေခြင်း

ဖြစ်သည်။ ထို့ကြောင့် ပျက်စီးခြင်းနှင့် ထာဝရပြစ်ဒဏ်ကို တူညီသည့်အရာအဖြစ် တလွဲမထင်နှင့်။ ဆန့်ကျင်ဘက်အနေဖြင့်၊ ထိုနှစ်ခုသည် အလွန်ကွဲပြားခြားနားသည်။ ယနေ့ ငါ့နာမကို ချန်ထားသည့် အစေခံသူများသည် ထာဝရပြစ်ဒဏ်ကို ခံရလိမ့်မည်ဖြစ်ပြီး၊ ငါ့နာမနှင့် မသက်ဆိုင်သော သူများသည် ပျက်စီးခြင်းကို ခံစားရလိမ့်မည်။ ဤသည်မှာ ထာဝရပြစ်ဒဏ်ခံစားရသည့် သူများသည် ငါ၏တရားစီရင်ခြင်းနောက်တွင် ငါ့ကို ထာဝရ ချီးမွမ်းမှု ပေးကြလိမ့်မည်ဟု ငါပြောရသည့် အကြောင်းရင်း ဖြစ်သည်။ သို့သော် ထိုလူတို့သည် ငါ၏ပြစ်တင်ဆုံးမခြင်းမှ ဘယ်သောအခါမျှ ဖယ်ရှားခံရလိမ့်မည်မဟုတ်သကဲ့သို့၊ ငါ၏ အုပ်စိုးမှုကို အစဉ် လက်ခံကြလိမ့်မည်။ ဤသည်မှာ အနက်ဆုံးသောတွင်းသည် လူတို့ကို ပြစ်တင်ဆုံးမဖို့ ငါ အသုံးပြုသည့် လက်ဖြစ်သည်ဟု ငါ ပြောရသည့်အကြောင်းရင်း ဖြစ်သည်။ အားလုံးသည် ငါ့လက်များ၌ရှိသည်ဟုလည်း ငါပြောသည်။ “အနက်ဆုံးသောတွင်း”သည် စာတန်၏စွမ်းအားကို ရည်ညွှန်းသည်ဟု ငါ ပြောပြီးသော်လည်း၊ ယင်းသည် လူတို့ကို ပြစ်တင်ဆုံးမရန် အသုံးပြုသည့် ငါ၏လက်များ၌လည်း ရှိသည်။ ထို့ကြောင့်၊ အားလုံးသည် ငါ၏လက်များ၌ရှိကာ ဆန့်ကျင်ကွဲလွဲမှု မရှိပေ။ ငါ၏နှုတ်ကပတ်တော်များသည် တာဝန်မဲ့ မဟုတ်ပေ။ ယင်းတို့သည် အားလုံး မှန်ကန်ပြီး ရှေ့နောက်ညီညွတ်သည်။ ယင်းတို့သည် ထွင်လုံး သို့မဟုတ် အဓိပ္ပာယ်မရှိသည် မဟုတ်သကဲ့သို့ အယောက်တိုင်းသည် ငါ၏နှုတ်ကပတ်တော်များကို ယုံကြည်သင့်၏။ အနာဂတ်တွင်၊ သင်တို့သည် ဤအရာကြောင့် ဆင်းရဲဒုက္ခခံစားကြရလိမ့်မည်။ ငါ၏နှုတ်ကပတ်တော်များကြောင့်၊ များစွာသောလူတို့သည် ဖော်ရွေမှုကင်းမဲ့သွားသည် သို့မဟုတ် ၎င်းတို့ စိတ်ကုန်သွားကြသည်၊ သို့မဟုတ် စိတ်ပျက်လာကြသည်၊ သို့မဟုတ် ခါးခါးသီးသီး ဟစ်အော်ကြသည် သို့မဟုတ် ငိုကြွေးလာကြလေသည်။ တုံ့ပြန်မှုမျိုးစုံ ရှိလိမ့်မည်။ တစ်နေ့တွင်၊ ငါမုန်းတီးသည့် လူများအားလုံး စွန့်ခွာသွားချိန်တွင်၊ ငါ၏ ကြီးမြတ်သောအမှု ပြီးမြောက်လိမ့်မည်။ အနာဂတ်တွင်၊ သားဦးများကြောင့် လူများစွာ လဲပြိုကြလိမ့်မည်ဖြစ်ပြီး၊ အဆုံးတွင်၊ ၎င်းတို့အားလုံး တဖြည်းဖြည်း ထွက်ခွာသွားကြလိမ့်မည်။ တစ်နည်းအားဖြင့်၊ ငါ၏အိမ်သည် တဖြည်းဖြည်း သန့်ရှင်းလာလိမ့်မည်ဖြစ်ပြီး၊ မကောင်းဆိုးဝါး မျိုးစုံတို့သည် တိတ်ဆိတ်စွာ၊ ကျိုးနွံစွာဖြင့် စွန့်ခွာရင်း၊ မကျေနပ်သည့် စကားတစ်ခွန်းမျှမဆိုဘဲ၊ ငါ၏အပါးမှ ဖြည်းညင်းစွာ ဆုတ်ခွာကြလိမ့်မည်။ ထို့နောက်တွင်၊ ငါ၏သားဦးများအားလုံးသည် ထုတ်ဖော်ပြခြင်း ခံရလိမ့်မည်ဖြစ်ပြီး၊ ငါ့အမှု၏ နောက်တစ်ဆင့်ကို ငါစတင်မည်။ ထိုအခါမှသာ သားဦးများသည် ငါနှင့်အတူ ရှင်ဘုရင်များ ဖြစ်ကြလိမ့်မည်ဖြစ်ပြီး၊ စကြဝဠာတစ်ခုလုံးကို အုပ်စိုးကြလိမ့်မည်။ ဤသည်တို့မှာ ငါ့အမှု၏ အဆင့်များဖြစ်ပြီး၊ ယင်းတို့သည် ငါ၏စီမံခန့်ခွဲမှု အစီအစဉ်၏

အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုကို ပုံဖော်လေသည်။ ဤအရာကို လျစ်လျူရှုမသွားနှင့်။ သို့မဟုတ်ပါက သင်သည် အမှားတစ်ခု ပြုမိနေလိမ့်မည်။

သင်တို့ထံ ငါ၏နှုတ်ကပတ်တော်များကို ထုတ်ဖော်ပြချိန်သည် ငါ၏အမှုကို ငါစတင်သည့်အချိန်ဖြစ်၏။ ငါ့နှုတ်ကပတ်တော်များ၏ တစ်လုံးမျှသည် မပြည့်စုံဘဲ ကျန်ရစ်ခဲ့လိမ့်မည်မဟုတ်။ ငါ့အဖို့ တစ်ရက်တာသည် နှစ်တစ်ထောင်ကဲ့သို့လည်းကောင်း၊ နှစ်တစ်ထောင်မှာ တစ်ရက်တာကဲ့သို့လည်းကောင်းဖြစ်၏။ ယင်းကို သင်တို့ မည်သို့မြင်သနည်း။ ငါသည် စကြဝဠာလောကကို ထိန်းချုပ်ကာ အရာခပ်သိမ်းကို ပြီးမြောက်သောကြောင့်၊ အချိန်နှင့်သက်ဆိုင်သည့် သင်တို့၏ အယူအဆသည် ငါ၏ အယူအဆနှင့် အလွန်ခြားနား၏။ ငါ၏အမှုသည် တစ်ရက်ပြီးတစ်ရက်၊ တစ်လှမ်းပြီးတစ်လှမ်းနှင့်၊ တစ်ဆင့်ပြီးတစ်ဆင့် ပြီးမြောက်သည်။ ထို့အပြင်၊ ငါ့အမှု၏ ရှေ့သို့တက်ခြင်းသည် တစ်စက္ကန့်မျှပင် မရပ်တန့်ပေ- အခိုက်အတန့်တိုင်းတွင်၊ ယင်းသည် စဉ်ဆက်မပြတ် လုပ်ဆောင်ပြီးစီးလျက်ရှိသည်။ ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက၊ ငါ၏နှုတ်ကပတ်တော်များသည် လုံးဝ နှောင့်ယှက်ခံရဖူးခြင်း မရှိပေ။ ငါသည် ဤနေ့ထိ ငါ၏ မိန့်မြွက်ချက်များကို ဆက်လက် ပြောဆိုပြီး ဖွင့်ပြပြီး ဖြစ်သည်။ ဤအရာသည် အနာဂတ်ထဲထိ မပြောင်းမလဲ ရှိနေလိမ့်မည် ဖြစ်သည်။ သို့ရာတွင်၊ ငါ၏အချိန်ကို သေချာစွာ စီစဉ်ထားပြီး၊ စနစ်ကျကျ အလွန် သေဝပ်လှသည်။ ငါလုပ်ဆောင်ရန် လိုအပ်သည့်အချိန်တွင် ငါလုပ်ဆောင်ရန် လိုအပ်သည့်အရာကို ငါလုပ်ဆောင်မည်ဖြစ်သကဲ့သို့ (ငါနှင့်အတူ၊ အားလုံးသည် လွတ်မြောက်ကြလိမ့်မည်။ အားလုံး လွတ်လပ်ကြလိမ့်မည်)၊ ငါ့အမှု၏ အဆင့်များနှင့် ပတ်သက်၍ အနည်းငယ်မျှ နှောင့်ယှက်မခံရပေ။ ငါ၏အိမ်တွင် အယောက်တိုင်းကို ငါစီစဉ်နိုင်သည်။ ကမ္ဘာကြီးထဲရှိ အယောက်တိုင်းကို ငါစီစဉ်နိုင်၏- သို့သော်၊ ငါ၏ဝိညာဉ်သည် အမှုပြုနေသောကြောင့်၊ ငါသည် လုံးဝ အလုပ်မများပေ။ ငါသည် အတုမဲ့ ဘုရားသခင် ကိုယ်တိုင်ဖြစ်သည့်အတွက်၊ ငါ့ဝိညာဉ်သည် နေရာတိုင်းကို ဖြည့်ပြီး၊ စကြဝဠာ လောကတစ်ခုလုံးသည် ငါ၏လက်များတွင် ရှိ၏။ ထို့ကြောင့်၊ ငါသည် အနန္တတန်ခိုးရှင် ဖြစ်သည်၊ ငါသည် ဉာဏ်ပညာရှိပြီး ငါ၏ဘုန်းအသရေသည် စကြဝဠာ၏ နေရာတိုင်းအား ဖြည့်သည်ကို တစ်ဦးတစ်ယောက်က မြင်နိုင်သည်။

## အခန်း ၁၀၈

ငါ၏အတွင်းတွင်၊ အားလုံး ငြိမ်သက်ခြင်းချမ်းသာကို ရှာတွေ့နိုင်ပြီး၊ လွတ်လပ်မှုကို အားလုံး ရရှိနိုင်ပေသည်။ ငါ၏ ဝိညာဉ်သည် ငါ၏ပြင်ပတွင်ရှိသောသူများနှင့်အတူ မရှိသောကြောင့် ၎င်းတို့သည် လွတ်လပ်မှုကို မရရှိနိုင်သကဲ့သို့၊ ပျော်ရွှင်မှုကိုလည်း မရရှိနိုင်ပေ။ ထိုသို့သော လူများကို ဝိညာဉ်မဲ့သေဆုံးနေသူများဟု ခေါ် ပြီး၊ ငါ၏ အတွင်းတွင် ရှိကြသောသူများကိုမူ "ဝိညာဉ် ပိုင်ဆိုင်သည့် အသက်ရှင်သောသူများ" ဟု ငါခေါ်သည်။ ၎င်းတို့သည် ငါနှင့်သက်ဆိုင်ကြပြီး၊ ငါ၏ပလ္လင်သို့ ပြန်လာကြဖို့ သေချာပေသည်။ နတ်ဆိုးကို အစေခံမှုပေးသောသူများနှင့် နတ်ဆိုးနှင့် သက်ဆိုင်သော သူများသည် ဝိညာဉ်မဲ့ လူသေများ ဖြစ်ကြပြီး၊ ၎င်းတို့အားလုံး ရုပ်သိမ်းခံရမည်ဖြစ်ကာ ဘာမှမရှိခြင်း ဖြစ်စေရမည်ဖြစ်သည်။ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ နက်နဲခြင်းတစ်ခု ဖြစ်ပြီး၊ လူသားမျိုးနွယ် ဉာဏ်မမှီနိုင်သော ငါ၏စီမံခန့်ခွဲမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ သို့သော် တစ်ချိန်တည်းတွင် ငါသည် ဤအရာကို အယောက်တိုင်းထံ လူသိရှင်ကြား ဖြစ်စေပြီးဖြစ်သည်။ ငါနှင့် သက်ဆိုင်ခြင်း မရှိသူများသည် ငါ့ကို ဆန့်ကျင်ကြပေသည်။ ငါနှင့် သက်ဆိုင်သော သူများမှာ ငါနှင့် သဟဇာတဖြစ်သောသူများ ဖြစ်သည်။ ဤသည်မှာ လုံးဝ ငြင်း၍မရနိုင်သည့်အရာဖြစ်ပြီး စာတန်နှင့်သက်ဆိုင်သည့် ငါ၏ တရားစီရင်ခြင်း နောက်ကွယ်က အခြေခံသဘောတရား ဖြစ်သည်။ ၎င်းတို့အနေဖြင့် ငါ၏ ဖြောင့်မတ်ခြင်းနှင့် တရားမျှတမှုကို မြင်နိုင်ကြဖို့အလို့ငှာ၊ ဤအခြေခံ သဘောတရားကို လူတိုင်းအား သိစေသင့်ပေသည်။ စာတန်ထံမှ လာသော သူအားလုံးသည် တရားစီရင်ခံရမည်၊ မီးရှို့သတ် ခံရမည်ဖြစ်ပြီး ပြာအဖြစ်သို့ ပြောင်းလဲ သွားရလိမ့်မည်။ ဤသည်မှာလည်း ငါ၏ အမျက်ဒေါသ ဖြစ်ပြီး၊ ဤအရာမှ ငါ၏ စိတ်သဘောထားသည် တိုး၍ ပေါ်လွင်ပေသည်။ ယခုမှစ၍ ငါ၏ စိတ်သဘောထားကို ပွင့်လင်းစွာ ကြေညာမည်။ ယင်းကို လူမျိုးအားလုံးနှင့် တိုင်းနိုင်ငံအားလုံးထံ၊ ဘာသာတရား အားလုံးထံ၊ ဂိုဏ်းဂဏများအားလုံးနှင့် လူ့အလွှာအားလုံးမှ လူများထံသို့ တဖြည်းဖြည်း ထုတ်ဖော်ပြမည်ဖြစ်သည်။ မည်သည့်အရာကိုမျှ ကွယ်ဝှက်ထားမည်မဟုတ်။ အားလုံးကို ထုတ်ဖော်ပြ လိမ့်မည်။ (သားဦးများအနေဖြင့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို မချိုးဖောက်ကြဖို့အလို့ငှာ၊ ပြီးလျှင် လူမျိုးအားလုံးနှင့် တိုင်းနိုင်ငံ အားလုံးကို တရားစီရင်ဖို့ ငါ၏ ထုတ်ဖော်ထားသော စိတ်သဘောထားကို အသုံးပြုကြဖို့ရန်အလို့ငှာ၊) ဤအရာကို ငါ လုပ်ဆောင်ရမည်မှာ ငါ၏ စိတ်သဘောထားနှင့် ငါ၏ လုပ်ဆောင်ချက်များ နောက်ကွယ်က အခြေခံသဘောတရားသည် လူသားမျိုးနွယ်အတွက် အကွယ်ဝှက်ဆုံးသော နက်နဲမှုများ ဖြစ်သောကြောင့်ဖြစ်သည်။ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ် ဖြစ်ပြီး၊ ဤအရာများသည် ငါ၏ အမှု၏ အဆင့်များ

ဖြစ်ကြသည်။ ယင်းကို မည်သူမျှ ပေါ့ပေါ့တန်တန် မပြောင်းလဲရ။ ငါသည် ငါ၏လူ့သဘာဝအတွင်းတွင် ငါ၏ဘုရားသဘာဝ နှင့်ဆိုင်သည့် ပြည့်စုံသော စိတ်သဘောထားကို အသက်ရှင် နေထိုင်နှင့်ပြီး ဖြစ်သည်၊ ထို့ကြောင့် ငါ၏ လူ့သဘာဝကို ပုန်ကန်ပြစ်မှားဖို့ မည်သူ့ကိုမျှ ငါ ခွင့်မပြုပေ။ (ငါအသက်ရှင် နေထိုင်သည့် အရာတိုင်းသည် ဘုရားနှင့်ဆိုင်သည့် စိတ်သဘောထား ဖြစ်၏။ ဤသည်မှာ ငါသည် ပုံမှန် လူ့သဘာဝကို ကျော်လွန်ပြီး ဖြစ်သည့် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်ဟု ယခင်က ငါ ပြောရသည့် အကြောင်းရင်း ဖြစ်သည်။) ငါ့ကို ပုန်ကန်ပြစ်မှားသူ မည်သူ့ကိုမျှ ငါသည် သေချာပေါက် ခွင့်လွှတ်လိမ့်မည် မဟုတ်သကဲ့သို့ သူ့ကို ထာဝရ ပျက်စီးစေမည်။ သတိရလော့။ ဤသည်မှာ ငါ ဆုံးဖြတ်ပြီးသော အရာဖြစ်၏။ တစ်နည်းအားဖြင့်၊ ဤသည်မှာ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ မရှိမဖြစ် အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ ဤအရာကို လူတိုင်း မြင်တွေ့သင့်သည်- ငါဖြစ်သည်ဟူသော လူပုဂ္ဂိုလ်ကား ဘုရားသခင်ဖြစ်ပြီး၊ ထိုမျှသာမက၊ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ ဤအရာသည် ယခုတွင် ရှင်းလင်းသင့်ပေသည်။ ငါသည် မည်သည့်အရာကိုမျှ သတိလက်လွတ် မပြောပေ။ သင့်အနေဖြင့် စုံလင်သော သိနားလည်မှုတစ်ခု ရရှိပြီးဖြစ်သည်အထိ ငါသည် အရာရာကို ရှင်းလင်းစွာ မိန့်မြွက်ပြီး ထောက်ပြ၏။

အခြေအနေသည် အလွန် တင်းမာနေသည်။ ငါ၏ အိမ်တွင်သာမက၊ ငါ၏ အိမ်အပြင်ဖက်တွင် သာ၍ပင် သင်တို့သည် ငါ၏ နာမကို သက်သေခံဖို့၊ ငါ့ကို အသက်ရှင်နေထိုင်ဖို့နှင့် အခြေအနေတိုင်းတွင် ငါ့ကို သက်သေခံရန် ငါတောင်းဆိုသည်။ ဤသည်တို့မှာ အဆုံးသတ်အချိန်ကာလများ ဖြစ်သောကြောင့်၊ အရာရာသည် ယခု အဆင်သင့်ဖြစ်သကဲ့သို့၊ အရာရာသည် ယင်း၏ မူလသွင်ပြင်ကို ထိန်းသိမ်းထားကာ၊ ဤအရာထဲမှ မည်သည့်အရာမျှ တစ်ချိန်ချိန်တွင် ပြောင်းလဲလိမ့်မည်မဟုတ်ပေ။ စွန့်ပစ်သင့်သည့် အရာများကို စွန့်ပစ်ရမည်ဖြစ်ပြီး၊ သိမ်းဆည်းရမည့်အရာများကို သိမ်းဆည်းရမည်။ အတင်းအဓမ္မ ဖက်တွယ်ဖို့ သို့မဟုတ် တွန်းဖယ်ဖို့ မကြိုးစားနှင့်။ ငါ၏ စီမံခန့်ခွဲမှုကို နှောင့်ယှက်ဖို့ သို့မဟုတ် ငါ၏ အစီအစဉ်ကို ဖျက်ဆီးဖို့ မကြိုးပမ်းနှင့်။ လူသားတစ်ဦး ရှုထောင့်မှ၊ ငါသည် လူသားမျိုးနွယ်အပေါ် အမြဲ ချစ်ခင်ပြီး သနားကြင်နာ သော်လည်း၊ ငါ၏ ရှုထောင့်မှ၊ ငါသည် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သောကြောင့် ငါ၏ စိတ်သဘောထားသည် ငါ၏အမှုနှင့်ဆိုင်သည့် အဆင့်များနှင့်အညီ ခွဲခြားခံရပေသည်။ ငါသည် အတုမဲ့ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်၏။ ငါသည် ပြောင်းလဲ၍မရသကဲ့သို့ အစဉ်ပြောင်းလဲ၍လည်း နေပေသည်။ ဤကား မည်သူမျှ နားလည်သဘောမပေါက်နိုင်သည့်

အရာတစ်ခုဖြစ်သည်။ ထိုအရာနှင့်ပတ်သက်၍ သင်တို့ကို ငါပြောပြီး၊ ရှင်းပြသည့်အခါမှသာ ထိုအရာနှင့်ဆိုင်သည့် ရှင်းလင်းသော သိနားလည်မှုကို သင်တို့ ရကြလိမ့်မည်ဖြစ်ပြီး သဘောပေါက် နိုင်ကြလိမ့်မည်။ ငါ၏ သားများအဖို့ ငါသည် ချစ်ခင်တတ်သည်၊ သနားကရုဏာ ရှိသည်၊ ဖြောင့်မတ်ပြီး အပြစ်ပေးသော်လည်း ဝေဖန်တိကပြုသောသူ မဟုတ်ပေ (ပြီးလျှင် ငါသည် သားဦးများကို မဖျက်ဆီးဟု ယင်းအားဖြင့် ငါ ဆိုလိုပေသည်။)။ ငါ၏ သားများမှအပ လူတို့အဖို့၊ ခေတ်များ၏ အပြောင်းအလဲပေါ် မူတည်လျက် ငါသည် အချိန်မရွေး ပြောင်းလဲ၏။ ငါသည် ချစ်ခင်နိုင်သည်၊ သနားကရုဏာ ရှိနိုင်သည်၊ ဖြောင့်မတ်နိုင်သည်၊ ဘုန်းအာနုဘော်တော် ဖြစ်နိုင်သည်၊ ဝေဖန်တိကပြုနိုင်သည်၊ အမျက်ဒေါသပြည့်နိုင်သည်၊ ကျိန်ဆဲ နိုင်သည်၊ လောင်ကျွမ်းနိုင်ပြီး၊ နောက်ဆုံးတွင် ၎င်းတို့၏ ဇာတိပကတိကို ဖျက်ဆီးနိုင်ပေသည်။ ဖျက်ဆီးခံရသူတို့သည် ၎င်းတို့၏ စိတ်ဓါတ်နှင့် ဝိညာဉ်များနှင့် အတူ ပျက်စီးကြလိမ့်မည်။ သို့ရာတွင် အစေခံမှုကို ပေးသောသူတို့အတွက်၊ ၎င်းတို့၏ စိတ်ဓါတ်နှင့် ဝိညာဉ်တို့သာ ထိန်းသိမ်းခံရလိမ့်မည်။ (ပြီးလျှင် ဤအရာကို ငါလက်တွေ့လုပ်ဆောင်ပုံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များနှင့် စပ်လျဉ်း၍၊ သင်တို့ နားလည်နိုင်ဖို့အလို့ငှာ ငါသည် သင်တို့ကို နောက်ပိုင်းတွင် ပြောပြမည်။) သို့ရာတွင် ၎င်းတို့သည် ငါ၏ လူများအောက်တွင်ရှိပြီး ငါ၏လူတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိကြသောကြောင့်၊ မည်သည့်အခါမျှ ၎င်းတို့ လွတ်လပ်မှုရှိမည် မဟုတ်သကဲ့သို့၊ မည်သည့်အခါမျှ လွတ်မြောက်ကြလိမ့်မည် မဟုတ်ပေ။ အစေခံသူများကို ငါအလွန်မုန်းတီးရသည့် အကြောင်းရင်းမှာ ၎င်းတို့ အားလုံးသည် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များ ဖြစ်ပြီး အစေခံသူများမဟုတ်သည့် သူတို့သည်လည်း အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များ ဖြစ်ကြပေသည်။ တစ်နည်းအားဖြင့် သားဦးများမဟုတ်သော လူအားလုံးသည် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များ ဖြစ်ကြသည်။ ပျက်စီးခြင်း၌ ရှိသောသူများသည် ငါ့အား ထာဝရချီးမွမ်းမှု ပေးကြသည်ဟု ငါပြောသောအခါ၊ ၎င်းတို့သည် ငါ့ကို ထာဝရ အစေခံမှု ပေးကြမည်ဟု ဆိုလိုပေသည်။ ဤသည်မှာ ပြောင်းလဲ၍မရပေ။ ထိုလူများသည် အစဉ်အမြဲ ကျွန်များ၊ ကျွဲနွားတိရစ္ဆာန်များနှင့် မြင်းများ ဖြစ်ကြလိမ့်မည်။ ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များဖြစ်ပြီး ငါ၏ စိတ်သဘောထား မရှိကြသောကြောင့်၊ ၎င်းတို့ကို အချိန်မရွေး ငါသတ်ဖြတ်နိုင်ပြီး ငါဆန္ဒရှိသလို အုပ်စိုးနိုင်သည်။ ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ သားမြေးစဉ်ဆက်များ ဖြစ်သောကြောင့်လည်း၊ ယင်း၏ စိတ်သဘောထား ၎င်းတို့ ရှိကြပေသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် သားရဲများ၏ စိတ်သဘောထား ရှိကြ၏။ ဤသည်မှာ လုံးဝ မှန်ကန်ပြီး ထာဝရ ပြောင်းလဲခြင်း မရှိပေ။

ဤသည်မှာ ငါ့အားဖြင့် လုံး၀ ခွဲခန့်မှတ်သားထားပြီး ဖြစ်သောကြောင့်ဖြစ်သည်။ မည်သူမျှ ထိုအရာကို မပြောင်းလဲနိုင်ပေ။ (ဤစည်းမျဉ်းကို ဆန့်ကျင် လုပ်ဆောင်ဖို့ မည်သူ့ကိုမျှ ငါခွင့်မပြုဟု ငါဆိုလိုပေသည်။) သင် ကြိုးစားကြည့်ပါက၊ သင့်ကို ငါ အဆုံးစီရင်မည်။

ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်နှင့် ငါ၏အမှုတို့ မည်သည့်အဆင့်သို့ ရောက်ရှိပြီးဖြစ်သည်ကို တွေ့မြင်ဖို့ရန် ငါ ထုတ်ဖော်ပြပြီးဖြစ်သည့် နက်နဲမှုများကို သင် ကြည့်သင့်၏။ ငါ၏ လက်များဖြင့် မည်သည့်အရာ ငါလုပ်ဆောင်သည်ကို ကြည့်လော့၊ ပြီးလျှင် မည်သည့်လူများအပေါ် ငါ၏ တရားစီရင်ခြင်းနှင့် အမျက်ဒေါသတို့ ကျရောက်သည်ကို ကြည့်လော့။ ဤသည်မှာ ငါ၏ ဖြောင့်မတ်ခြင်း ဖြစ်၏။ ငါသည် ငါဖော်ထုတ်ပြီးဖြစ်သည့် နက်နဲရာများနှင့်အညီ ငါ၏ အမှုကို ခင်းကျင်းကာ ငါ၏ အစီအစဉ်ကို စီမံ၏။ ဤအရာကို မည်သူမျှ မပြောင်းလဲနိုင်။ ယင်းသည် ငါ၏စိတ်ဆန္ဒအတိုင်း အဆင့်ဆင့် လုပ်ဆောင်ရမည်။ နက်နဲရာများသည် ငါ၏အမှု လည်ပတ်ရာ လမ်းကြောင်းဖြစ်ပြီး ၎င်းတို့သည် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်ထဲက အဆင့်များကို ညွှန်ပြသည့် လက္ခဏာရပ်များ ဖြစ်သည်။ နက်နဲမှုသည် မှားယွင်းပါက၊ လမ်းကြောင်းသည်လည်း မှားယွင်းသောကြောင့် မည်သူမျှ နက်နဲမှုများကို ဖြည့်ခြင်း သို့မဟုတ် ငါ၏ နက်နဲမှုများမှ နုတ်ခြင်း မပြုရ။ ငါသည် သင်တို့ကို အဘယ်ကြောင့် ငါ၏ နက်နဲမှုများကို ထုတ်ဖော်ပြနေသနည်း။ အကြောင်းရင်းမှာ အဘယ်နည်း။ သင်တို့အထဲတွင် မည်သူ ရှင်းလင်းစွာ ပြောနိုင်သနည်း။ ထို့အပြင် နက်နဲမှုများသည် လမ်းကြောင်းဖြစ်သည်ဟု ငါဆိုပြီးဖြစ်သည်၊ သို့ဆိုလျှင် ဤလမ်းကြောင်းသည် မည်သည့်အရာကို ရည်ညွှန်းသနည်း။ ယင်းသည် အသွေးအသားမှသည် ခန္ဓာကိုယ်ထဲသို့ သင် ဖြတ်သန်းသည့် ဖြစ်စဉ်ဖြစ်ပြီး ဤသည်မှာ အရေးကြီးသောအဆင့် ဖြစ်သည်။ ငါ၏ နက်နဲမှုများကို ငါထုတ်ဖော်ပြီးသည့်အခါ၊ လူတို့၏ အယူအဆများ တဖြည်းဖြည်း ဖယ်ရှားခြင်းခံရပြီး၊ ၎င်းတို့၏ အတွေးများ တဖြည်းဖြည်း အားနည်းလာလေသည်။ ဤသည်မှာ ဝိညာဉ်ရေးရာ နယ်ပယ်ထဲသို့ ဝင်ရောက်ခြင်းဖြစ်စဉ် ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ငါ၏ အမှုသည် အဆင့်များဖြင့် ဖြစ်ပျက်ပြီး မရေမရာမဖြစ်ဟု ငါဆိုပေသည်။ ဤသည်မှာ စစ်မှန်မှုဖြစ်ပြီး ဤသည်မှာ ငါ၏ အမှုပြုသော နည်းလမ်းဖြစ်သည်။ ဤအရာကို မည်သူမျှ မပြောင်းလဲနိုင်သကဲ့သို့၊ အခြားမည်သူမျှ မရရှိနိုင်ပေ။ အကြောင်းမူကား ငါသည် အတုမဲ့ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သောကြောင့်တည်း။ ငါ၏ အမှုသည် ငါ့ကိုယ်တိုင်အားဖြင့် ပြီးပြည့်စုံ၏။ စကြဝဠာလောကတစ်ခုလုံးကို ငါတစ်ဦးတည်း ထိန်းချုပ်ပြီး၊ ငါတစ်ဦးတည်းက စီမံခန့်ခွဲသည်။ မည်သူသည် ငါ့ကို နားမထောင်ဘဲ နေဝံ့သနည်း။ (ဇာတိအဖြစ်တော်ဖြစ်သည့် ငါဖြစ်၏ ဆိုသည်မှာ ဘုရားသခင်

ကိုယ်တိုင်ဖြစ်သောကြောင့်၊ “ငါတစ်ဦးတည်း” ဆိုခြင်းဖြင့် ဘုရားသခင် ကိုယ်တိုင်ကို ငါဆိုလိုပေသည်- ထို့ကြောင့် သင်၏ ကိုယ်ပိုင် အယူအဆများကို အလွန်တင်းကျပ်စွာ ဆုပ်ကိုင်မထားနှင့်။) မည်သူသည် ငါ့ကို ဆန့်ကျင်ဝံ့သနည်း။ ၎င်းတို့သည် ပြင်းထန်စွာ အပြစ်ပေး ခံရလိမ့်မည်။ သင်တို့သည် အဆင်းနီသောနဂါးကြီး၏ အကျိုးဆက်ကို မြင်ကြပြီးဖြစ်သည်။ ယင်းမှာ ၎င်း၏ နိဂုံးဖြစ်သော်လည်း၊ ယင်းသည် ရှောင်လွှဲ၍မရခြင်းတစ်ခုလည်း ဖြစ်ပေသည်။ အဆင်းနီသော နဂါးကြီး အရှက်ရဖို့အလို့ငှာ အမှုကို ငါကိုယ်တိုင်လုပ်ဆောင်ရမည်။ ယင်းသည် မည်သည့်အခါမျှ တစ်ဖန် ထွက်ပေါ်မလာနိုင်သကဲ့သို့ ထာဝရကာလပတ်လုံး ဖျက်ဆီးခြင်း ခံရလိမ့်မည်။ ယခုတွင် ငါသည် နက်နဲမှုများကို ထုတ်ဖော်ဖို့ စတင်လျက်ရှိသည်။ (သတိရလော့။ ထုတ်ဖော်ပြခံရသည့် နက်နဲမှု အများစုမှာ မကြာခဏ သင်တို့ ဖွင့်ဟသော်လည်း၊ မည်သူမျှ နားမလည်သည့်အရာများ ဖြစ်သည်။) မပြီးဆုံးသေးဟု လူတို့မြင်သည့် အရာအားလုံးသည် ငါ၏မျက်စိတွင် ပြည့်စုံနှင့်ပြီး ဖြစ်ကာ အစပြုရုံသာရှိနေသည်ဟု ငါမြင်သောအရာများသည် လူတို့အဖို့ ပြည့်စုံနှင့်ပြီးဖြစ်သကဲ့သို့ ထင်ရသည်ဟု ငါ ပြောပြီးဖြစ်သည်။ ဤသည်မှာ ဝိရောဓိသဘော ဖြစ်သလော။ မဖြစ်ပါ။ လူတို့သည် မိမိတို့၏ ကိုယ်ပိုင် အယူအဆများနှင့် အတွေးများရှိသောကြောင့် ထိုနည်းဖြင့် တွေးထင်ကြသည်။ ငါစီစဉ်သော အရာများသည် ငါ၏နှုတ်ကပတ်တော်များမှတစ်ဆင့် ပြည့်စုံပေသည် (၎င်းတို့ဖြစ်တည်ရန် ငါပြောသောအခါ ၎င်းတို့ ဖြစ်တည်ပြီး ၎င်းတို့ ပြည့်စုံရန် ငါပြောသည့်အခါ ၎င်းတို့ ပြည့်စုံကြလေသည်)။ သို့ရာတွင် ငါပြောပြီးသောအရာများသည် ပြည့်စုံပြီးဖြစ်သည်ဟု ငါ့အဖို့ မထင်ရပေ။ ဤသည်မှာ ငါလုပ်ဆောင်သော အရာများနှင့်ပတ်သက်၍ အချိန်အကန့်အသတ် ရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤအရာများသည် လူတို့၏ ဇာတိအမြင်များ၌ (၎င်းတို့၏ အချိန်နှင့်ပတ်သက်သည့် အယူအဆ ခြားနားမှုများကြောင့်) ပြည့်စုံနှင့်ပြီး ဖြစ်သော်လည်း၊ ယင်းတို့ကို မပြည့်စုံသော အရာများကဲ့သို့ ငါမြင်၏။ ယနေ့ခေတ်တွင် လူအများစုသည် ငါ ထုတ်ဖော်ပြသည့် နက်နဲမှုများကြောင့်၊ ငါ့ကို သံသယရှိကြသည်။ စစ်မှန်မှု အစပြုခြင်းကြောင့်၊ ပြီးလျှင် ငါ၏ ရည်ရွယ်ချက်များသည် လူတို့၏ အယူအဆများနှင့် မကိုက်ညီသောကြောင့်၊ ၎င်းတို့သည် ငါ့ကို ခုခံတတ်ကြပြီး ငါ့ကို ငြင်းပယ်ကြလေသည်။ ဤသည်မှာ စာတန်က သူ၏ ကိုယ်ပိုင် အကြံအစည်များ၌ ကိုယ်တိုင်ပိတ်မိနေခြင်းဖြစ်သည်။ (၎င်းတို့သည် ကောင်းချီးမင်္ဂလာများ ရလိုကြသော်လည်း၊ ဘုရားသခင်သည် ၎င်းတို့၏ ကိုယ်ပိုင် အယူအဆများနှင့် ထိုမျှအတိုင်းအတာထိ ကိုက်ညီမှုမရှိမည်ကို ၎င်းတို့ မမျှော်လင့်ခဲ့ကြပေ၊ ထို့ကြောင့် ၎င်းတို့ နောက်ဆုတ်ကြလေသည်။) ဤသည်မှာ ငါ့အမှု၏ သက်ရောက်မှု

တစ်ခုလည်း ဖြစ်သည်။ လူအားလုံး ငါ့ကို ချီးမွမ်းသင့်သည်၊ ငါ့ကို ဩဘာပေးသင့်ပြီး ငါ့ကို ဘုန်းအသရေ ပေးသင့်ပေသည်။ အရာရာသည် ငါ၏ လက်ထဲတွင် လုံးဝရှိပြီး အရာရာသည် ငါ၏စီရင်မှု အတွင်းတွင် လုံးဝရှိပေသည်။ ငါ၏ တောင်ဆီသို့ လူအားလုံး စီးဆင်းလာကြသောအခါ၊ ပြီးလျှင် သားဦးများသည် အောင်နိုင်လျက် ပြန်လာကြသောအခါတွင်၊ ယင်းသည် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အဆုံးသတ်အချိန် ဖြစ်လိမ့်မည်။ ယင်းသည် ငါ၏အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်အတွက် ပြီးပြည့်စုံခြင်း အခိုက်အတန့် ဖြစ်လိမ့်မည်။ အရာအားလုံးကို ငါကိုယ်တိုင် စီစဉ်၏။ ဤအရာကို ငါ အကြိမ်ကြိမ် ပြောနှင့်ပြီးဖြစ်သည်။ သင်တို့သည် သင်တို့၏ အယူအဆများ အတွင်းတွင် အသက်ရှင်ကြသေးသည့်အတွက်၊ သင်တို့အနေဖြင့် ငါ၏ အစီအစဉ်ကို နှောင့်ယှက်မည့် မည်သည့်အမှားများကိုမျှ ဤနေရာတွင် မပြုဖို့ရန်အလို့ငှာ ငါသည် ဤအရာကို အကြိမ်ကြိမ် အလေးထားရပေမည်။ သင်တို့သည် လတ်တလောတွင် ခန္ဓာသွေးသားနှင့် ရှိဆဲဖြစ်သောကြောင့် (သင်တို့သည် ငါနှင့် သက်ဆိုင်ကြသော်လည်း၊ ခန္ဓာဖြင့် အသက်ရှင်ဆဲ ဖြစ်သည်။) လူတို့သည် ငါ့ကို မကူညီနိုင်သကဲ့သို့ ငါ၏ စီမံခန့်ခွဲမှုတွင်လည်း မပါဝင်နိုင်ကြချေ။ ထိုသို့ဖြစ်သဖြင့်၊ အသွေးနှင့်အသားဖြစ်သော သူတို့သည် ငါ၏ အမွေဥစ္စာကို မရရှိနိုင်ဟု ငါပြောရပေသည်။ ဤသည်မှာ သင်တို့ကို ဝိညာဉ်ရေးရာနယ်ပယ်ထဲသို့ ဝင်ရောက်စေသည့် အဓိကအကြောင်းရင်းလည်း ဖြစ်ပေသည်။

ကမ္ဘာလောကတွင်၊ မြေငလျင်များသည် ကပ်ဘေး၏ အစအဦး ဖြစ်သည်။ ပထမဦးစွာ ငါသည် ကမ္ဘာလောကကို- ဆိုလိုသည်မှာ ကမ္ဘာမြေကြီးကို- ပြောင်းလဲစေပြီး၊ ထို့နောက်တွင် ကပ်ရောဂါများ နှင့် ငတ်မွတ်ခေါင်းပါးမှုများ လာသည်။ ဤသည်မှာ ငါ၏ အစီအစဉ်ဖြစ်ပြီး ဤအရာများမှာ ငါ၏ ခြေလှမ်းများ ဖြစ်ကာ၊ ငါ၏စီမံခန့်ခွဲမှု အစီအစဉ်ကို ပြည့်စုံစေဖို့ရန်အလို့ငှာ ငါ့အား အစေခံစေဖို့ အရာရာကို ငါ စည်းရုံးမည်။ ဤအကြောင်းကြောင့်၊ စကြဝဠာလောကတစ်ခုလုံးသည် ငါ၏ တိုက်ရိုက် စွက်ဖက်မှုပင် မရှိဘဲ၊ ဖျက်ဆီးခြင်းခံရလိမ့်မည်။ ပထမအကြိမ် ငါ လူ့ဇာတိခံယူပြီး ကားတိုင်တွင် သံမှိုရိုက်ခြင်း ခံရသည့်အချိန်တွင်၊ ကမ္ဘာမြေကြီးသည် အလွန်တရာ တုန်လှုပ်ခဲ့ပြီး၊ ကမ္ဘာကုန်သည့်အခါတွင် အလားတူ ဖြစ်လိမ့်မည်။ ငါသည် လူ့ဇာတိမှ ဝိညာဉ်ရေးရာ နယ်ပယ်ထဲသို့ ဝင်ရောက်သည့် တကယ့်အခိုက်အတန့်တွင် မြေငလျင်များ စတင်လိမ့်မည်။ ဤအကြောင်းကြောင့် သားဦးများသည် ကပ်ဘေးများမှ ဆင်းရဲဒုက္ခ လုံးဝခံစားရလိမ့်မည် မဟုတ်၊ သားဦးမဟုတ်သော သူများမှာမူ ကပ်ဘေးများအလယ် ဆင်းရဲဒုက္ခ ခံစားဖို့ ချန်ရစ်ခြင်းခံရလိမ့်မည်။ ထို့ကြောင့် လူသားရှုထောင့်မှ အယောက်တိုင်းသည် သားဦးများ

ဖြစ်ဖို့ လိုလားလျက်ရှိပေသည်။ လူတို့၏ စိတ်ထင့်ခြင်းများတွင်၊ ဤသည်မှာ ကောင်းချီးမင်္ဂလာများ ခံစားရန်မဟုတ်ပဲ၊ ဆင်းရဲဒုက္ခကို လွတ်မြောက်ဖို့ ဖြစ်သည်။ ဤသည်မှာ အဆင်းနီသော နဂါးကြီး၏ အကြံအစည်ဖြစ်သည်။ သို့ရာတွင် ငါသည် မည်သည့်အခါမျှ သူ့ကို လွတ်မြောက်ခွင့် ပေးမည်မဟုတ်။ ငါသည် ၎င်းကို ၎င်း၏ ကိုယ်ပိုင် အကြံအစည်များဖြင့် ထာဝရ အလှည့်စားခံရဖို့ ငါ၏ တရားစီရင်ခြင်းကို ထာဝရ လက်ခံဖို့နှင့် ငါ၏ ကျွမ်းလောင်စေခြင်းကို ထာဝရခံရဖို့ဖြစ်စေရင်း၊ ငါ၏ ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်းကို ၎င်းအား ခံစားစေပြီးနောက် မတ်တပ်ရပ်ကာ ငါ့အား အစေခံစေမည်။ (ဤအရာက ငါ၏ သားများနှင့် ငါ၏ လူတို့ကို စုံလင်စေခြင်းအား ရည်ညွှန်းသည်။) ဤသည်မှာ အစေခံသူတို့ကို ငါ့အား ချီးမွမ်းစေခြင်း၏ စစ်မှန်သော အဓိပ္ပါယ် ဖြစ်သည်။ (ဆိုလိုသည်မှာ ငါ၏ ကြီးမြတ်သော တန်ခိုးကို ထုတ်ဖော်ဖို့ ၎င်းတို့ကို အသုံးပြုခြင်းဖြစ်သည်။)။ ငါသည် အဆင်းနီသော နဂါးကြီးအား ငါ၏ နိုင်ငံတော်အတွင်း ခိုးဝင်ခွင့်ပြုလိမ့်မည် မဟုတ်သကဲ့သို့၊ ငါ့ကို ချီးမွမ်းပိုင်ခွင့် ပေးမည်မဟုတ်။ (အဘယ်ကြောင့်ဆိုသော် ၎င်းသည် မထိုက်တန်ပေ။ ဘယ်သောအခါမျှ ထိုက်တန်လိမ့်မည်မဟုတ်။) ငါသည် အဆင်းနီသော နဂါးကြီးအား ငါ့ကို ထာဝရ အစေခံစေရန်သာ လုပ်ဆောင်မည်။ ငါသည် ၎င်းကို ငါ၏ ရှေ့မှောက်တွင် ပျပ်ဝပ်ခွင့်သာပြုမည်။ (ဖျက်ဆီးခံရသောသူတို့သည် ထာဝရပြစ်ဒဏ်ခံရသော အဖြစ်တွင် ရှိသောသူတို့ထက် သာ၍ ကောင်းပေသည်။ ဖျက်ဆီးခြင်းသည် ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်း၏ ယာယီပုံစံတစ်ခုသာ ဖြစ်သော်လည်း၊ ထာဝရ ပြစ်ဒဏ်ခံရသော အဖြစ်၌ရှိသည့် လူတို့သည် ပြင်းထန်သော အပြစ်ပေးမှုများကို ထာဝရခံကြရလိမ့်မည် ဖြစ်သည်။ ဤအကြောင်းကြောင့် "ပျပ်ဝပ်သည်" ဟူသည့် စကားကို ငါအသုံးပြုပေသည်။ ဤလူတို့သည် ငါ၏ အိမ်ထဲသို့ ခိုးဝင်ပြီး ငါ၏ ကျေးဇူးတော်များစွာကို မွေ့လျော်ခံစားကြကာ၊ ငါနှင့်သက်ဆိုင်သည့် အသိပညာတစ်ချို့ကို ပိုင်ဆိုင်ကြသောကြောင့်၊ ငါသည် ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်းများကို အသုံးပြုရပေသည်။ ငါ၏ အိမ်အပြင်တွင် ရှိကြသူတို့အတွက်မူ၊ မသိနားမလည်သော သူသည် ဆင်းရဲဒုက္ခခံစားရလိမ့်မည် မဟုတ်ဟု သင် ပြောနိုင်သည်။) လူတို့၏ အယူအဆများတွင်၊ ဖျက်ဆီးခံရသော လူများသည် ထာဝရ ပြစ်ဒဏ်ခံရသော အဖြစ်၌ ရှိသူများထက် ပိုဆိုးသည်ဟု ထင်ကြသော်လည်း၊ ဆန့်ကျင်ဘက်အနေဖြင့် ထာဝရ ပြစ်ဒဏ်ခံရသော အဖြစ်၌ရှိသူများသည် အစဉ်ထာဝရ ပြင်းပြင်းထန်ထန် အပြစ်ပေးခံရမည်ဖြစ်ပြီး ဖျက်ဆီးခံရသူတို့မှာ ဘာမျှမရှိခြင်း အဖြစ်သို့ ထာဝရ ပြန်သွားရကြလိမ့်မည်။

# အခန်း ၁၀၉

ငါသည် နေ့စဉ် မိန့်မြွက်ချက်များကို ပြုနေ၏၊ စကားပြောနေပြီး ငါ၏ ကြီးမားသည့် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကို ထုတ်ဖော်ပြနေသည်။ ဤအရာအားလုံးသည် ငါ့ဝိညာဉ်၏ အလုပ်အဖြစ် ပါဝင်သည်။ လူတို့၏အမြင်များတွင်၊ ငါသည် လူသားတစ်ဦးသာ ဖြစ်သည်၊ သို့သော် ငါ၏ဖြစ်ခြင်းအားလုံးအပြင် ငါ၏ကြီးမားသော တန်ခိုးတို့ကို ငါထုတ်ဖော်ပြသည်မှာ အတိအကျ ဤလူသားထဲ၌ ဖြစ်သည်။

လူတို့သည် ငါ ဖြစ်သော လူသားကို မသိကျိုးကျွံပြုကြပြီး၊ ငါ၏ လုပ်ရပ်များကို လျစ်လျူရှုကြသောကြောင့်၊ ဤအရာများကို လူသားများက လုပ်ဆောင်သည်ဟု ၎င်းတို့ ယူဆကြသည်။ သို့သော် ငါပြုသောအရာကို လူ့လောကက ပြီးမြောက်နိုင်စွမ်း ရှိသည်၊ မရှိသည်ကို တွေးတောဖို့ အဘယ့်ကြောင့် သင် မနားလေသနည်း။ လူတို့သည် ဤအတိုင်းအတာထိ ငါ့ကို မသိကြပေ။ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များကို နားမလည်ကြသကဲ့သို့၊ ငါ၏ လုပ်ဆောင်ချက်များကို သဘောမပေါက်ကြပေ။ ဆိုးယုတ်၊ ဖောက်ပြန်ပျက်စီးသော လူသားတို့။ ငါသည် သင်တို့အား ဘယ်အချိန်၌ ဝါးမြိုရအံ့နည်း။ ငါသည် သင့်အား ဘယ်အချိန်၌ ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ မြုပ်နှံရအံ့နည်း။ ငါသည် သင်တို့၏ အုပ်စုမှ ကြိမ်ဖန်များလှစွာ မောင်းထုတ်ခံရပြီးဖြစ်သည်၊ လူတို့ကို ငါ့ကို ကြိမ်ဖန်များစွာ စော်ကားပြီးဖြစ်သည်၊ လှောင်ပြောင်သရော်ကြပြီးဖြစ်ကာ ငါ့ကို အသေရေဖျက်ကြပြီးဖြစ်သကဲ့သို့၊ လူတို့သည် ငါ့အား ကြိမ်ဖန်များစွာ ပွင့်ပွင့်လင်းလင်း ဝေဖန်ကာ အာခံကြပြီးဖြစ်သည်။ မျက်စိကန်းသော လူသားတို့။ သင်တို့သည် ငါ့၏လက်ဖဝါးထဲက လက်တစ်ဆုပ်စာ ရွှံ့မြေသက်သက်ဖြစ်သည်ကို သင်တို့မသိသလော။ သင်တို့သည် ငါ၏ဖန်ဆင်းခြင်း အရာများသာ ဖြစ်သည်ကို သင်တို့မသိသလော။ ယခုတွင် ငါ၏အမျက်ဒေါသကို လွှတ်ထားလျက်ရှိပြီး၊ အဘယ်သူမျှ ထိုအမျက်ဒေါသကို မခုခံနိုင်ကြ။ လူတို့သည် ညှာတာမှုအတွက် ထပ်တလဲလဲ တောင်းခံရုံသာ တတ်နိုင်ကြသည်။ သို့သော်လည်း ငါ၏အမှုသည် ဤအဆင့်အထိ တိုးတက်ပြီးသည်နှင့်အမျှ၊ အဘယ်သူမျှ ထိုအရာကို မပြောင်းလဲနိုင်။ ဖန်ဆင်းခံရပြီးဖြစ်သူများသည် ရွှံ့အဖြစ်သို့ ပြန်သွားရမည်။ ယင်းမှာ ငါသည် မတရားသောကြောင့်မဟုတ်ဘဲ၊ သင်တို့သည် အလွန် ဖောက်ပြန်ပျက်စီးကာ ရိုင်းစိုင်းကြသောကြောင့်ဖြစ်ပြီး၊ ယင်းမှာ သင်တို့သည် စာတန်၏ ဖမ်းဆီးခြင်းကိုခံရပြီး၊ သူ၏ တန်ဆာပလာများ ဖြစ်လာကြသောကြောင့် ဖြစ်သည်။ ငါသည် သန့်ရှင်းသော ဘုရားသခင်

ကိုယ်တိုင်ဖြစ်၏။ ငါသည် ညစ်နွမ်းမခံနိုင်သကဲ့သို့ မသန့်ရှင်းသော ဗိမာန်တော်ကို ငါ မပိုင်ဆိုင်နိုင်။ ယခုမှစ၍၊ ငါ၏ပြင်းထန်သည့် အမျက်သည်းခြင်းသည် (အမျက်ဒေါသထက် ပိုမိုပြင်းထန်သည်) တိုင်းနိုင်ငံများနှင့် လူမျိုးအပေါင်းတို့အပေါ် စတင် သွန်းလောင်းလိမ့်မည်ဖြစ်ပြီး၊ ငါ့ထံမှလာသော်လည်း ငါ့အားမသိသော လူဖျင်းအားလုံးကို စတင်၍ ပြစ်တင်ဆုံးမလိမ့်မည်။ ငါသည် လူသားများကို ငါ လွှန်လွှန်ကဲကဲ မုန်းတီးပြီး၊ ငါသည် နောက်ထပ် သနားညှာတာခြင်း ရှိလိမ့်မည် မဟုတ်။ ထို့ထက်၊ ငါ၏ကျိန်ခြင်း အားလုံးကို ၎င်းတို့အပေါ်သို့ သွန်ဆင်းလာစေမည်။ သနားစုံမက်ခြင်းနှင့် ချစ်ခြင်းမေတ္တာ လုံးဝ ရှိတော့မည်မဟုတ်၊ အရာရာသည် ဘာမျှမရှိခြင်းအဖြစ်သို့ မီးရှို့ဖျက်ဆီးခံရလိမ့်မည်ဖြစ်ပြီး၊ ငါ၏ လူများသည် ငါ၏အိမ်တော်၌ ငါ့အား ချီးမွမ်းကြဖို့အလို့ငှာ၊ ငါ့ကို ဂုဏ်ကျေးဇူးတော် ချီးမွမ်းကြဖို့အလို့ငှာနှင့် ငါ့အတွက် အစဉ်ထာဝရ သြဘာပေးကြဖို့အလို့ငှာ ငါ၏ နိုင်ငံတစ်ခုတည်းသာ ကျန်ရှိနေလိမ့်မည် (ဤသည်မှာ ငါ့လူများ၏ လုပ်ငန်းဆောင်တာဖြစ်သည်)။ ငါ၏ လက်သည် ငါ၏ အိမ်တော် အတွင်း၊ အပြင်နှစ်ခုလုံးတွင်ရှိသော သူတို့အား စတင် တရားဝင်ပြစ်တင်ဆုံးမလိမ့်မည်။ မည်သည့် မကောင်းမှုပြုသူမျှက ငါ၏ လက်တွင်းနှင့် တရားစီရင်ခြင်းတို့မှ လွတ်မြောက်နိုင်လိမ့်မည်မဟုတ်။ အယောက်တိုင်းသည် ဤချောက်ချားဖွယ် အတွေ့အကြုံကို ကြုံရမည်ဖြစ်ပြီး ငါ့ကို ကိုးကွယ်ကြလိမ့်မည်။ ဤသည်မှာ ငါ၏ ဘုန်းအာနုဘော်ဖြစ်သည့်အပြင်၊ မကောင်းမှုပြုသူများထံ ငါ ကြေညာသည့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်တစ်ခု ဖြစ်သည်။ အဘယ်သူမျှ အခြားတစ်ဦးကိုမျှ မကယ်တင်နိုင်။ လူတို့သည် မိမိတို့ကိုယ်ကိုယ်သာ စောင့်ရှောက်နိုင်ကြလိမ့်မည်၊ သို့သော် ၎င်းတို့ မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ငါ၏ ပြစ်တင်ဆုံးမခြင်းလက်ကို ၎င်းတို့ လွတ်မြောက်နိုင်ကြလိမ့်မည်မဟုတ်။ ဤတွင် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များက ပြင်းထန်သည်ဟု ပြောကြရသည့် အကြောင်းရင်း ထုတ်ဖော်ပြခံရပေသည်။ ဤသည်မှာ လူအားလုံးက မိမိတို့၏ ကိုယ်ပိုင် မျက်လုံးများဖြင့် မြင်နိုင်သည့် အမှန်တရားတစ်ခုဖြစ်သည်။

ငါ အမျက်စတင်ထွက်လာသည့်အချိန်၌၊ မကောင်းဆိုးဝါးများ အကြီး၊ အငယ် အားလုံးသည် ငါ၏လက်က ၎င်းတို့အား သေသည်အထိ ဒဏ်ခတ်မည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊ ဝရုန်းသုန်းကား ထွက်ပြေးကြလိမ့်မည်- သို့သော် အဘယ်သူမျှ ငါ၏လက်မှ မလွတ်နိုင်။ ငါသည် နိုက်စက်ခြင်း ကရိယာအားလုံးကို ငါ၏ လက်တွင် စွဲကိုင်ထား၏။ ငါ၏လက်သည် အရာရာကို ထိန်းချုပ်သည်၊ အားလုံးသည် ငါ၏ လက်တွင်းတွင် ရှိပြီး အဘယ်သူမျှ ချိုးဖောက်လွတ်မြောက်နိုင်ခြင်း မရှိ။ ဤအရာသည် ငါ၏ ဉာဏ်ပညာဖြစ်သည်။ ငါသည်

လူသားနယ်ပယ်သို့ ရောက်လာချိန်၌၊ လူသားများအလယ် ငါ၏ အမှု အစပြုခြင်းအတွက် အခြေခံအုတ်မြစ်ကို ချခင်းရင်း၊ ကြိုတင်ပြင်ဆင်သော အလုပ်မျိုးစုံကို ပြီးစီးနှင့်ခဲ့ပြီးဖြစ်သည် (ဤသည်မှာ ငါသည် ဉာဏ်ပညာရှိသော ဘုရားသခင် ဖြစ်ပြီး လုပ်ဆောင်သင့်သည့်အရာနှင့် မလုပ်ဆောင်သင့်သည့်အရာတို့ကို မှန်ကန်စွာ ငါ ကိုင်တွယ်ဖြေရှင်း သောကြောင့် ဖြစ်သည်)။ အရာရာကို ကောင်းမွန်စွာ စီစဉ်ထားပြီးနောက်တွင်၊ ငါသည် လူ့ဇာတိခံယူခဲ့ပြီး လူသားနယ်ပယ်သို့ လာခဲ့သည်။ သို့သော် မည်သူမျှ ငါ့အား သတိမထားမိခဲ့ကြ။ ငါ အသိဉာဏ်ပွင့်လင်းစေပြီးဖြစ်သည့် သူများမှအပ၊ မနာခံသော သားများအားလုံးသည် ငါ့အား ဖီဆန်ကြသည်၊ ငါ့အား အရှက်ရစေကြပြီး၊ ငါ့အား တမင် အဖက်မလုပ်ကြချေ။ သို့သော် အဆုံး၌၊ ငါသည် ၎င်းတို့အား လိမ္မာလာစေကာ ကျိုးနွံနာခံလာစေမည် ဖြစ်သည်။ လူသားများအဖို့ ငါသည် အလွန်များစွာ လုပ်ဆောင်နေခြင်းမရှိဟု ထင်ကောင်းထင်နိုင်သော်လည်း၊ ငါ၏ ကြီးမြတ်သော အမှုသည် ပြီးစီးနှင့်ပြီးဖြစ်သည်။ (လူအားလုံးသည် ငါ ဖြစ်သော လူသားကို စကားဖြင့်ဖြစ်စေ၊ စိတ်နှလုံးဖြင့်ဖြစ်စေ လုံးဝ နာခံကြ၏။ ဤသည်မှာ နမိတ်လက္ခဏာတစ်ခုဖြစ်သည်။) ယနေ့တွင်၊ ငါသည် ပေါ်ထွက်ပြီး ငါ့အား ဖီဆန်သည့် ဆိုးယုတ်သော ဝိညာဉ်မျိုးစုံကို ပြစ်တင်ဆုံးမသည်။ ၎င်းတို့ မည်မျှ အချိန်ကြာမြင့်စွာ ငါ့နောက်လိုက်ကြပြီးဖြစ်သည်ကို ပဓာနမထားဘဲ၊ ၎င်းတို့သည် ငါ၏ထံပါးကို စွန့်ခွာကြရမည်။ ငါ့အား ဆန့်ကျင်သောသူ တစ်ဦးတစ်လေကိုမျှ ငါအလိုမရှိ (၎င်းတို့သည် ဝိညာဉ်ရေးရာ သိနားလည်မှု ကင်းမဲ့သူများ၊ ဆိုးယုတ်သော ဝိညာဉ်များ၏ ယာယီ ဝင်ပူးခြင်းခံရပြီးသူများနှင့် ငါ့အား မသိသောသူများဖြစ်သည်)။ ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်ကိုမျှ ငါအလိုမရှိ။ အားလုံးသည် ဖယ်ရှားခံရလိမ့်မည်ဖြစ်ပြီး ပျက်ဆီးခြင်း၏ သားများ ဖြစ်လာကြလိမ့်မည်။ ယနေ့ ငါ့အတွက် အစေခံမှု လုပ်ဆောင်ပြီးနောက်တွင်၊ ၎င်းတို့အားလုံး စွန့်ခွာကြရမည်။ ငါ၏ အိမ်တော်၌ ယောင်ပေပေမလုပ်ကြနှင့်။ သင်တို့၏ အတောမသတ်သော အရှက်မဲ့သည့် ကပ်ပါးရပ်ပါးလုပ်ခြင်းကို ရပ်လော့။ စာတန်နှင့်သက်ဆိုင်သော သူများအားလုံးသည် နတ်ဆိုး၏ သားများ ဖြစ်ကြပြီး၊ ထာဝရ ပျက်စီးကြရလိမ့်မည်။ ငါ့အမှု၏ အရှိန်အဟုန်သည် နောက်ထပ် နှောင့်ယှက်မှုများ မရှိဘဲ သာ၍ ကြန့်ကြာမှု လျော့နည်းလာဖို့အလို့ငှာ၊ ငါ့ကို အာခံသူအားလုံးသည် ငါ့ထံပါးမှ တိတ်တဆိတ် ထွက်ခွာသွားကြလိမ့်မည်။ မည်သည့် အတားအဆီးများ သို့မဟုတ် အနှောင့်အယှက်များမျှ မရှိဘဲ၊ အရာခပ်သိမ်းသည် ငါ၏ အမိန့်အရ လုပ်ဆောင်ပြီး ဖြစ်လိမ့်မည်။ အားလုံးသည် ငါ၏အကြည့်ရှေ့တွင် လဲကျကြလိမ့်မည်ဖြစ်ပြီး၊ ငါ၏ မီးရှို့ပြာချခြင်း၌ ဖျက်ဆီးခြင်းခံရလိမ့်မည်။ ဤအရာက ငါ၏

အနန္တတန်ခိုးနှင့် ငါ၏ စုံလင်သော ဉာဏ်ပညာကို (ငါ၏ သားဦးများတွင် ငါ လုပ်ဆောင်ခဲ့သည့်အရာကို) ပြသ၏။ ယင်းက ငါ၏ အမည်နာမကို သာ၍ ကြီးမားသော ဘုန်းအသရေ တိုးစေလိမ့်မည်ဖြစ်ပြီး ငါ့ထံ သာ၍ ကြီးမားသော ဘုန်းအသရေကို တိုးစေလိမ့်မည်။ ငါ လုပ်ဆောင်သည့်အရာနှင့် ငါ၏ အသံနေအသံထားမှ၊ ငါသည် ငါ၏ အိမ်တော်ထဲက ငါ၏အမှုအားလုံးကို ပြီးစီးပြီးဖြစ်သကဲ့သို့၊ ငါသည် တပါးအမျိုးသား တိုင်းနိုင်ငံများဆီသို့ စတင်လှည့်ပြီးဖြစ်သည်ကို သင်တို့အားလုံး တွေ့မြင်နိုင်ပေသည်။ ငါသည် ထိုနေရာတွင် ငါ၏အမှုကို စတင်နေပြီး၊ ငါ့အမှု၏ နောက်တစ်ဆင့်ကို ဆောင်ရွက်နေပြီ ဖြစ်သည်။

ငါ၏နှုတ်ကပတ်တော် အများစုသည် သင်တို့၏ အယူအဆများနှင့် မကိုက်ညီပေ- သို့သော် ငါ၏ သားများ၊ ထွက်ခွာမသွားကြနှင့်။ လူသားများ၏ အယူအဆများနှင့် မကိုက်ညီသည်မှာ ယင်းတို့သည် ငါ၏ မိန့်မြွက်ချက်များမဟုတ်ဟု မဆိုလိုပေ။ ယင်းတို့ကို ငါ ဧကန်အမှန် မိန့်မြွက်ခဲ့သည်ကို သက်သေပြသည်မှာ ဤအရာ အတိအကျ ဖြစ်ပေသည်။ အကယ်၍ ငါ၏ နှုတ်ကပတ်တော်များသည် လူသား၏ အယူအဆများနှင့် ကိုက်ညီခဲ့မည်ဆိုပါက၊ ယင်းသည် နတ်ဆိုးများ၏ အလုပ် ဖြစ်ပေမည်။ ထို့ကြောင့်၊ သင်သည် ငါ၏နှုတ်ကပတ်တော်များထဲသို့ ပို၍ အားစိုက်ထုတ်ရမည်၊ ငါလုပ်ဆောင်သည့်အရာကို လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ငါချစ်သည့် အရာကို ချစ်ရမည်။ ဤနောက်ဆုံးခေတ်သည် ဘေးဒုက္ခအားလုံး တစ်ဖန် ဖြစ်ပေါ်သည့် ခေတ်လည်းဖြစ်သည်၊ ထို့အပြင် ငါ၏ စိတ်နေသဘောထားအားလုံးကို ငါ ထုတ်ဖော်ပြနေသည့် ခေတ် ဖြစ်သည်။ ငါ၏ သန့်ရှင်းသော တံပိုးများအားလုံး စတင်မှုတ်သည့်အချိန်တွင်၊ လူတို့ အမှန်တကယ် ကြောက်ရွံ့ကြလိမ့်မည်။ ထို့အချိန်တွင်၊ အဘယ်သူမျှ မကောင်းမှု ပြုဝံ့ကြလိမ့်မည်မဟုတ်ဘဲ၊ ယင်းအစား ငါ၏ ဉာဏ်ပညာနှင့် ငါ၏ အနန္တတန်ခိုးအား အသိအမှတ်ပြုလျက်၊ ငါ၏ ရှေ့မှောက်၌ မိမိတို့ကိုယ်ကိုယ် ပျပ်ဝပ်ကြလိမ့်မည်။ နောက်ဆုံးတွင်တော့၊ ငါသည် အမြော်အမြင်ရှိသော ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်။ အဘယ်သူသည် ငါ့ကို ခုခံချေပနိုင်သနည်း။ ထို့ပြင် အဘယ်သူသည် ငါ့အား ဆန့်ကျင် ပေါ်ထွက်ဝံ့သနည်း။ အဘယ်သူသည် ငါ၏ ဉာဏ်ပညာကို ဝန်မခံဝံ့သနည်း။ အဘယ်သူသည် ငါ၏ အနန္တတန်ခိုးအားမသိဘဲ နေဝံ့သနည်း။ ငါ၏ ဝိညာဉ်သည် နေရာအားလုံး၌ ကြီးမားသော အမှုကို လုပ်ဆောင်နေချိန်တွင်၊ အယောက်တိုင်းသည် ငါ၏ အနန္တတန်ခိုးကို သိကြ၏၊ သို့သော် ငါ၏ ရည်မှန်းချက်ပန်းတိုင်သည် မရောက်ရှိသေးပေ။ ငါ့ အမျက်ဒေါသ၏ အကျိုးဆက်အနေဖြင့်၊ ငါသည် လူတို့အား ငါ၏အနန္တတန်ခိုး၊ ငါ၏ ဉာဏ်ပညာနှင့် ငါ၏ ဇာတိအဖြစ်တော်၏ ဘုန်းအသရေကို တွေ့မြင်စေချင်သည်။ (ဤအရာအားလုံးသည်

သားဦးများ၌ သိသာထင်ရှား၏။ ဤသည်မှာ လုံး၀ မှန်ကန်ပေသည်။ ၎င်းတို့မှလွဲ၍၊
အဘယ်သူမျှ ငါ့ ဇာတိအဖြစ်တော်၏ တစ်စိတ်တစ်ပိုင်း မဖြစ်နိုင်။ ဤအရာကို ငါ ခန့်ခွဲထားပြီး
ဖြစ်သည်။) ငါ၏ အိမ်တော်တွင်၊ လူတို့ နားမလည်နိုင်သော အဆုံးမဲ့ နက်နဲမှုများရှိသည်။
ငါစကားပြောသည့်အခါ၊ လူတို့က ငါသည် အလွန် အကြင်နာကင်းမဲ့သည်ဟု ဆိုကြသည်။
၎င်းတို့က အလွန်များလှစွာသော လူတို့သည် ငါ့အား အတိုင်းအတာတစ်ခုထိ ချစ်နှင့်ကြပြီဟု
ဆိုကြ၏။ သို့ဆိုလျှင် ထိုသူတို့သည် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များ
ဖြစ်သည်ဟု အဘယ်ကြောင့် ငါထောက်ပြရသနည်း။ ထို့အပြင်၊ အဘယ့်ကြောင့် ငါသည်
၎င်းတို့အား တစ်ယောက်ပြီး တစ်ယောက် စွန့်ပစ်လိမ့်မည်နည်း။ ငါ၏ အိမ်တော်၌
သာ၍များသော လူရှိဖို့က သာ၍ကောင်းသည် မဟုတ်လော။ သို့သော်၊ ငါသည် ဤပုံစံဖြင့်
ဆက်လက်ပြုမူ၏။ ငါကြိုတင်ပြဋ္ဌာန်းထားသည့် အရေအတွက်ထက် တစ်ဦး၍ မရသကဲ့သို့
တစ်ဦးလျော့၍လည်း မရပေ။ (ဤသည်မှာ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည်။
ယင်းကို မည်သည့်လူသားကမျှ ပြောင်းလဲ၍မရနိုင်သည်သာမက၊ ငါသည် စာတန်အား
အလျော့ပေးရမည်မဟုတ်သောကြောင့်၊ ငါကိုယ်တိုင်ပင်လျှင် ယင်းကို မပြောင်းလဲနိုင်ပေ။
ဤအရာသည် ငါ၏ ဉာဏ်ပညာနှင့် ဘုန်းအာနုဘော်ကို သိသာစေရန် လုံလောက်ပေသည်။
ငါသည် တစ်ပါးတည်းသော ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်။ ငါ၏ရှေ့၌ လူတို့
ဦးညွှတ်ကြ၏။ ငါသည် လူသားများ ရှေ့၌ အလျော့မပေးပေ။) ဤသည်မှာ စာတန်
အရှက်အရစေဆုံးသော အချက် အတိအကျ ဖြစ်သည်။ ငါရွေးချယ်ပြီးသော လူအားလုံးသည်
နှိမ့်ချကြသည်၊ ကျိုးနွံကြသည်၊ နာခံကြပြီး ရိုးသားကြသကဲ့သို့၊ ငါ့ကို နှိမ့်ချခြင်းနှင့်
မထင်ပေါ်ခြင်းဖြင့် အစေခံနိုင်ကြသည်။ (စာတန်သည် ငါ့အားအရှက်ရစေရန်
ဤအမှန်တရားကို အသုံးပြုဖို့ ဆန္ဒရှိခဲ့သော်လည်း၊ စာတန်ကို ငါ ပြန် အနိုင်ယူသည်။)
ဤလူများတွင်၊ ငါ၏ စိတ်နေသဘောထားကို မြင်တွေ့နိုင်သည်။ ငါသည် စစ်ပွဲ၌
အောင်မြင်ပြီးနောက် ပြန်လာသည့်အချိန်တွင်၊ ငါ၏သားဦးများအား ငါ၏နိုင်ငံ၌
ဘုရင်များအဖြစ် ငါ ဘိသိက်ပေးမည်ဖြစ်ပြီး၊ ထိုနောက်မှသာ ၎င်းတို့သည် ငါနှင့်အတူ
ရှင်ဘုရင်များအဖြစ် စိုးစံကြလိမ့်မည်ဖြစ်သောကြောင့် ငါသည် စတင် အနားယူရလိမ့်မည်။
ငါ၏သားဦးများသည် ငါ့အား ကိုယ်စားပြုကြသကဲ့သို့ ငါ့ကို ဖော်ပြကြသည်။ ၎င်းတို့၏
နှိမ့်ချပြီး မထင်ပေါ်သော အစေခံခြင်း၌ ၎င်းတို့သည် ငါ့ကို ကျိုးနွံနာခံကြသည်။ ၎င်းတို့၏
ရိုးသားခြင်းဖြင့်၊ ငါ၏နှုတ်ကပတ်တော်များကို ၎င်းတို့ လိုက်နာဆောင်ရွက်ကြသည်။ ၎င်းတို့၏
ရိုးသားခြင်းဖြင့် ငါပြောသည့်အရာကို ၎င်းတို့ပြောကြ၏၊ ၎င်းတို့၏ နှိမ့်ချခြင်းဖြင့် ငါ၏
အမည်နာမထံ ဘုန်းအသရေကို ၎င်းတို့ ဆောင်ကြဉ်းကြသည် (မိုက်ရိုင်းမှုဖြစ်စေ

ရက်စက်ကြမ်းကြုတ်ခြင်းဖြစ်စေ မရှိဘဲ၊ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ဖြင့် ဖြစ်သည်)။ ငါ၏သားဦးများ။ စကြဝဠာလောကကို တရားစီရင်ဖို့ အချိန်ကျလေပြီ။ သင်တို့ကို ကောင်းချီး ငါအပ်နှင်းသည်၊ သင်တို့အား ဩဇာအာဏာ ငါပေးသကဲ့သို့၊ သင်တို့အား ကောင်းချီးမင်္ဂလာများနှင့်ဆိုင်သော ဝေစုတစ်စုဖြင့် ငါဆုချသည်။ အရာရာ ပြီးမြောက်နှင့်ပြီဖြစ်သကဲ့သို့ သင်တို့သည် အားလုံးကို ထိန်းချုပ်ထားကာ စီစဉ်ထားပေသည်၊ အကြောင်းမှာ ငါသည် သင်တို့၏ ဖခင်ဖြစ်၏၊ ငါသည် သင်တို့၏ ခိုင်ခံ့သော မျှော်စင်ဖြစ်၏၊ ငါသည် သင်တို့၏ အကွယ်အကာနှင့် သင်တို့၏ အထောက်အပံ့ ဖြစ်ပေသည်။ ထို့အပြင်၊ ငါသည် သင်တို့၏ အနန္တတန်ခိုးရှင်တစ်ပါး ဖြစ်သည်။ ငါသည် သင်တို့၏ အရာခပ်သိမ်း ဖြစ်သည်။ အရာရာသည် ငါ၏လက်များ၌ ရှိပြီး အရာရာသည် သင်တို့၏ လက်များ၌လည်း ရှိသည်။ ဤသည်မှာ ယနေ့သာ ပါဝင်သည်မဟုတ်ဘဲ၊ ယမန်နေ့လည်းပါဝင်သကဲ့သို့ မနက်ဖြန်ပင် ပါဝင်၏။ ဤသည်မှာ အောင်ပွဲခံထိုက်သည် မဟုတ်လော။ ဤသည်မှာ သင်တို့၏ဩဘာပေးခြင်းနှင့် ထိုက်တန်သည် မဟုတ်လော။ သင်တို့အားလုံး၊ ငါ့ထံမှ သင်တို့နှင့်ထိုက်တန်သော ဝေစုကို လက်ခံကြလော့။ ငါ ပိုင်ဆိုင်သမျှအားလုံးသည် သင်၏အပိုင်ဖြစ်ပြီး ငါ၏ ကြွယ်ဝချမ်းသာမှုများသည် သင်တို့အပေါ်၌ ရှိသောကြောင့်၊ ငါသည် မိမိကိုယ်ကိုယ်အတွက် တစိုးတစိမျှ ချန်မထားဘဲ ငါ၏ အရာရာတိုင်းကို သင်တို့အား ငါပေး၏။ ဤသည်မှာ သင်တို့အား ဖန်ဆင်းပြီးသည့်နောက် "အလွန်ကောင်းသည်" ဟု ငါဆိုရသည့်အကြောင်းရင်း ဖြစ်သည်။

ယနေ့ သင်လုပ်ဆောင်သည့်အရာ၊ တွေးတောသည့်အရာနှင့် ပြောဆိုသည့်အရာကို အဘယ်သူ ညွှန်ကြားသည်ကို သင်တို့သိသလော။ သင်တို့၏ လုပ်ရပ်များနောက်ကွယ်က ရည်ရွယ်ချက်မှာ အဘယ်နည်း။ သင်တို့အား ငါမေးသည်- သိုးသငယ်၏ မင်္ဂလာဆောင်ပွဲခံခြင်းသို့ သင်တို့ အဘယ်သို့ တက်ရောက်သနည်း။ ယနေ့တွင်လော။ သို့မဟုတ် အနာဂတ်တွင်လော။ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲခံခြင်းဆိုသည်မှာ အဘယ်နည်း။ သင်တို့မသိကြ၊ သိသလော။ ကောင်းပြီ၊ သို့ဆိုလျှင် သင်တို့အတွက် ထိုအရာကို ငါရှင်းပြမည်- ငါသည် လူသားနယ်ပယ်သို့ လာခဲ့ချိန်၌၊ ယနေ့ ငါ ဖြစ်သော လူသားကို အစေခံရန် လူမျိုးစုံ၊ ကိစ္စရပ်မျိုးစုံနှင့် အမှုအရာမျိုးစုံတို့ကို ငါ စီစဉ်ထားခဲ့ပြီး ဖြစ်သည်။ ယခုတွင် အရာရာ ပြီးစီးသောကြောင့်၊ ငါသည် အစေခံသူများကို ဘေးသို့ ပစ်ထားလျက်ရှိသည်။ ဤအရာသည် မင်္ဂလာဆောင်ပွဲခံခြင်းနှင့် အဘယ်ပတ်သက်မှု ရှိသနည်း။ ဤလူတို့သည် ငါ့အဖို့ အစေခံမှု ပေးကြသည့်အခါ- ဆိုလိုသည်မှာ ငါသည် သိုးသငယ်ဖြစ်စေခြင်းခံရချိန်တွင်- ငါသည် မင်္ဂလာဆောင်ပွဲခံခြင်း၏ အရသာကို ခံစားရသည်။ တစ်နည်းအားဖြင့်၊ ငါခံစားရပြီးသမျှသော

နာကျင်မှုအားလုံး၊ ငါ လုပ်ဆောင်ပြီးသမျှသော အရာအားလုံး၊ ငါပြောပြီးသမျှသော အရာရာ၊ ငါ ကြုံပြီးဖြစ်သည့် အယောက်တိုင်းနှင့် ငါ၏ တစ်သက်တာတွင် ငါ လုပ်ဆောင်ပြီးဖြစ်သည့် အရာရာတိုင်းသည် မင်္ဂလာဆောင်ပွဲခံခြင်းအဖြစ် ပါဝင်ပြီး ဖြစ်သည်။ ငါ ဖြစ်သော လူသားသည် ဘိသိက်ပေးခံခဲ့ရပြီးနောက်၊ သင်တို့သည် ငါ့နောက်သို့ စတင်လိုက်ခဲ့ကြ၏ ( ပြီးလျှင် ဤအချိန်တွင် ငါသည် သိုးသငယ် ဖြစ်လာခဲ့သည်)၊ ထို့ကြောင့်၊ ငါ၏ ဦးဆောင်မှုအောက်၌၊ သင်တို့သည် နာကျင်မှုနှင့် ဘေးဒုက္ခမျိုးစုံတို့ကို တွေ့ကြုံပြီး ဖြစ်သကဲ့သို့၊ လောက၏ စွန့်ပစ်ခြင်းနှင့် မကောင်းပြောခြင်းတို့ကို ခံရပြီးဖြစ်သည်၊ မိသားစု၏ စွန့်ပစ်ခြင်းကိုခံရပြီးဖြစ်သကဲ့သို့၊ ငါ၏ ကောင်းချီးမင်္ဂလာများအောက်တွင် အသက်ရှင်ကြရပြီး ဖြစ်သည်။ ဤအရာအားလုံးသည် သိုးသငယ်၏ မင်္ဂလာဆောင်ပွဲခံခြင်း အစိတ်အပိုင်းများ ဖြစ်သည်။ လုပ်ဆောင်ခြင်းအဖြစ်သို့ သင်တို့အား ငါ ဆိုက်ရောက်စေသည့်အရာအားလုံးမှာ သင်တို့ကို ရယူခြင်း ရည်ရွယ်ချက်အတွက် ဖြစ်သောကြောင့်၊ ငါသည် "မင်္ဂဆောင်ပွဲခံခြင်း" ကို အသုံးပြုပေသည်။ သို့သော်၊ ဤအရာသည် ပွဲခံခြင်း၏ အစိတ်အပိုင်းသာ ဖြစ်သည်။ အနာဂတ်တွင်- သို့မဟုတ် ယနေ့ဟူ၍လည်း ဆိုနိုင်သည်- သင်တို့ မွေ့လျော်သော အရာတိုင်း၊ သင်တို့ ရရှိသောအရာအားလုံးနှင့် ငါနှင့်အတူ သင်တို့ ဝေမျှခံစားသည့် မင်းတို့၏ တန်ခိုးအာဏာအားလုံးသည် ပွဲခံခြင်း၏ အစိတ်အပိုင်း ဖြစ်သည်။ ငါ၏ချစ်ခြင်းမေတ္တာသည် ငါကိုချစ်သော သူအပေါင်းထံသို့ ရောက်လာသည်။ ငါချစ်သော သူတို့သည် ထာဝရ ကျန်ရှိနေလိမ့်မည်၊ ဘယ်သောအခါမျှ ဖယ်ရှားခံရလိမ့်မည်မဟုတ်သကဲ့သို့၊ အစဉ်ထာဝရ ငါ၏ ချစ်ခြင်းမေတ္တာအတွင်း၌ ရှိလိမ့်မည်။ ယင်းသည် ထာဝရဖြစ်၏။

## အခန်း ၁၁၀

အရာရာ ထုတ်ဖော်ပြခံရချိန် ယင်းသည် ငါ အနားယူမည့်အချိန် ဖြစ်လိမ့်မည်၊ ထို့အပြင် အရာရာ စနစ်တကျဖြစ်မည့် အချိန်လည်းဖြစ်လိမ့်မည်။ ငါသည် ငါ၏အမှုတော်ကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်၏၊ ငါသည် အရာရာကို ကိုယ်တိုင် စီစဉ်ညွှန်ကြားကာ စီစဉ်၏။ ငါသည် ဇိအုန်မှ ထွက်သောအချိန်နှင့် ငါ ပြန်သောအချိန်၊ ပြီးလျှင် ငါ၏ သားဦးတို့သည် ငါ့အားဖြင့် စုံလင်စေခြင်းခံရပြီးသည့် အချိန်တွင်၊ ငါ၏ ကြီးမြတ်သော အမှုတော်ကို ငါ ပြီးစီးလိမ့်မည်။ လူတို့၏ အယူအဆများ၌ လုပ်ဆောင်ထားသောအရာ တစ်စုံတစ်ခုသည် မြင်၍ရနိုင်ရမည်ဖြစ်သကဲ့သို့ ထိတွေ့နိုင်ရမည်ဟူ၍ ဖြစ်၏၊ သို့သော် ယင်းကို ငါ မြင်ပုံမှာ အရာရာတိုင်းသည် ငါစီစဉ်သည့်အခိုက်အတန့်တွင် ပြီးပြည့်စုံလေသည်။ ဇိအုန်သည်

ငါ၏ဘုံဗိမာန်ဖြစ်ပြီး၊ ယင်းသည် ငါ၏ ခရီးပန်းတိုင်လည်း ဖြစ်၏။ ငါ၏ အနန္တတန်ခိုးကို ငါထုတ်ဖော်ပြသည်မှာ ထိုနေရာ၌ဖြစ်ပြီး၊ ငါနှင့် ငါ၏သားဦးများသည် မိသားစုတစ်စုကဲ့သို့ ငါတို့၏ ပျော်ရွှင်ခြင်းကို ဝေမျှခံစားလိမ့်မည်မှာလည်း ထိုနေရာတွင် ဖြစ်သည်။ ငါသည် ၎င်းတို့နှင့်အတူ ထာဝရကာလပတ်လုံး အသက်ရှင်မည်မှာ ထိုနေရာတွင် ဖြစ်သည်။ ထိုလှပသော နေရာ ဇိအုန်သည် လူတို့ တောင့်တသော နေရာဖြစ်၏။ မရေမတွက်နိုင်သော လူတို့သည် ဇိအုန်အဖို့ ခေတ်ကာလများတစ်လျှောက် ဆန္ဒပြင်းပြကြပြီးဖြစ်သော်လည်း၊ အစအဦးမှ တစ်ဦးတစ်ယောက်မျှ ဇိအုန်ထဲသို့ မဝင်ရောက်ကြသေးပေ။ (လွန်လေပြီးသော ခေတ်များမှ သန့်ရှင်းသူများနှင့် ပရောဖက်များပင်လျှင် ဇိအုန်ထဲသို့ တစ်ဦးတစ်ယောက်မျှ ဝင်ရောက်ဖူးခြင်းမရှိ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါသည် ငါ၏ သားဦးများကို နောက်ဆုံးသောကာလ၌ ရွေးချယ်နေခြင်းကြောင့် ဖြစ်ပြီး၊ ၎င်းတို့အားလုံးသည် ဤအချိန်အတောအတွင်း၌ မွေးဖွားလာကြခြင်း ဖြစ်သည်၊ ဤအရာမှတစ်ဆင့် ငါ ပြောဆိုသော ငါ၏ သနားကရုဏာနှင့် ငါ၏ ကျေးဇူးတော်တို့ ပို၍ ထင်ရှားပေါ်လွင် လာ၏)။ ယခု၌ သားဦး ဖြစ်နေသူ လူတစ်ဦးတစ်ယောက်တိုင်းသည် ငါနှင့်အတူ ဇိအုန်သို့ ဝင်ရောက်ကာ၊ ထိုကောင်းချီးမင်္ဂလာအား မွေ့လျော်ခံစားရလိမ့်မည်။ ၎င်းတို့သည် ငါ၏ အရည်အချင်းနှင့် ငါ၏ ဘုန်းအသရေရှိသော ပုံရိပ်တို့ကို ပိုင်ဆိုင်သောကြောင့်နှင့် ၎င်းတို့သည် ငါ့အတွက် သက်သေခံနိုင်ကြသကဲ့သို့၊ ငါ့အား ဘုန်းထင်ရှားစေကာ၊ ငါ့ကို အသက်ရှင်နေထိုင်နိုင်ကြသောကြောင့် ငါသည် ငါ၏ သားဦးများကို အတိုင်းအတာ တစ်ခုအထိ မြှင့်တင်ပေးလျက်ရှိ၏၊ ထို့အပြင် ၎င်းတို့သည် စာတန်အား အနိုင်ယူနိုင်ပြီး၊ အဆင်းနီသော နဂါးကြီးအား အရှက်ရစေနိုင်စွမ်း ရှိကြသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါ၏ သားဦးတို့သည် စင်ကြယ်သော သတို့သမီးများ ဖြစ်သောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ငါ ချစ်သောသူများဖြစ်ပြီး၊ ငါ ရွေးချယ်ပြီးဖြစ်ကာ မျက်နှာသာ ပေးထားသောသူများ ဖြစ်သည်။ ၎င်းတို့ကို ငါ ချီးမြှောက်ရသောအကြောင်းရင်းမှာ၊ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင်နေရာတွင် ရပ်တည်နိုင်ကြပြီး၊ ငါ့ကို နှိမ့်ချစွာနှင့် မထင်ပေါ်ခြင်းဖြင့် အစေခံနိုင်ကြသကဲ့သို့၊ ငါ့အတွက် အားကောင်းသော သက်သေခံနိုင်ကြ၏။ ငါသည် ငါ၏ အားအင်အားလုံးကို ငါ၏ သားဦးများ အပေါ်တွင် သုံးစွဲထားပြီးဖြစ်ကာ၊ အမျိုးမျိုးသော လူများ၊ ဖြစ်ရပ်များနှင့် အမှုအရာများအားလုံးကို ၎င်းတို့၏ အစေခံခြင်းအတွက် သေချာစွာ စီစဉ်ထားပြီးဖြစ်သည်။ အဆုံး၌ကား ငါသည် ငါ၏ ပြည့်ဝသော ဘုန်းအသရေကို ငါ၏ သားဦးများမှတစ်ဆင့် အယောက်တိုင်းအား တွေ့မြင်စေလိမ့်မည်ဖြစ်ပြီး၊ ငါ၏ သားဦးများကြောင့် အယောက်တိုင်းကို ငါ့အား အပြည့်အဝ လက်ခံယုံကြည် စေလိမ့်မည် ဖြစ်သည်။ ငါသည် မည်သည့်

မကောင်းဆိုးဝါးကိုမျှ အတင်းအကျပ် ပြုမည်မဟုတ်သကဲ့သို့၊ ငါ့ထံ၌ သက်သေများရှိကာ၊ ငါ၏ လက်များထဲ၌ သြဇာအာဏာ ရှိသည့်အတွက် ၎င်းတို့၏ ထကြွသောင်းကျန်းခြင်း သို့မဟုတ် မဆင်မခြင်ပြုခြင်းများကိုလည်း ငါသည် မစိုးရိမ်ပေ။ စာတန်ကဲ့သို့သောလူတို့ ယခု နားထောင်ကြလော့။ ငါ မိန့်မြွက်သော စကားတိုင်းနှင့် ငါ ပြုသော အရာရာ၏ နောက်ကွယ်က ရည်ရွယ်ချက်သည် ငါ၏ သားဦးများအား စုံလင်စေရန် ဖြစ်သည်။ ထို့ကြောင့် သင်သည် ငါ၏ အမိန့်များကို အလေးဂရုပြုရမည်ဖြစ်ပြီး၊ ငါ၏ သားဦးများကို နာခံရမည်။ ထိုသို့မဟုတ်လျှင် ငါ၏အကြောင်းကို သင့်အား ပြမည်၊ ချက်ချင်း ထာဝရပြစ်ဒဏ်ခံရသော အဖြစ်ကို သင့်အား ခံစားစေရင်း၊ ငါသည် သင့်ကို ကိုင်တွယ်ဖြေရှင်းမည်။ ငါ၏ သားဦးများသည် ငါ၏ ပလ္လင်ကို မြှောက်ကိုင်ခြင်းငှာ ထိုက်တန်သည့် တစ်ဦးတည်းသောသူများ ဖြစ်ကြသောကြောင့်၊ ငါစီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို စတင် ဆောင်ရွက်နှင့်ပြီး ဖြစ်ကြသည်။ ငါသည် ၎င်းတို့ကို ဘိသိက်ပေးနှင့်ပြီးဖြစ်သည်။ ငါ၏ သားဦးများကို မကျိုးနွံမနာခံသော သူ မှန်သမျှသည် သေချာပေါက် အသုံးမကျကြသကဲ့သို့၊ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်အား ကမောက်ကမဖြစ်စေရန် အဆင်းနီသော နဂါးကြီးအားဖြင့် စေလွှတ်ခြင်းခံရပြီး ဖြစ်သည်မှာ သေချာပေသည်။ ထိုသို့သော လူလိမ်လူညစ်သည် ငါ၏ အိမ်တော်မှ ချက်ချင်း နှင်ထုတ်ခံရလိမ့်မည်။ ငါသည် ထိုသို့သောအရာက ငါ့အတွက် အစေခံခြင်းပြုဖို့ မလိုချင်ပေ။ ၎င်းတို့သည် ထာဝရ ပျက်စီးခြင်းကို ရင်ဆိုင်ရလိမ့်မည်- ပြီးလျှင် တကယ့်မကြာမီအချိန်တွင်၊ နှောင့်နှေးခြင်းမရှိဘဲ ရင်ဆိုင်ရလိမ့်မည်။ ငါ၏ အစေခံမှုတွင်ရှိသောသူတို့သည် ငါ၏ထောက်ခံမှုကို ရရှိထားနှင့်ပြီးဖြစ်ရမည်။ ၎င်းတို့သည် ၎င်းတို့ ပေးရမည့် အဖိုးအခနှင့် ပတ်သက်၍ စိုးရိမ်ခြင်းမရှိဘဲ နာခံမှု ရှိရမည်။ အကယ်၍ ၎င်းတို့သည် ပုန်ကန်တတ်ကြပါက၊ ၎င်းတို့သည် ငါ့အဖို့ အစေခံမှုပေးခြင်းငှာ မထိုက်တန်ကြချေ။ ငါသည် ထိုသို့သော သတ္တဝါများကို မလိုအပ်ပေ။ ၎င်းတို့ မြန်မြန်လုပ်ကာ ဤနေရာမှ ထွက်သွားသင့်ပေသည်။ ငါသည် ၎င်းတို့အား လုံးဝ မလိုချင်ပေ။ ဤအရာနှင့်ပတ်သက်၍ ယခု သင်တို့ ရှင်းရှင်းလင်းလင်း ဖြစ်ရမည်။ ငါ့အတွက် အစေခံမှု ပြုသောသူတို့သည် ကောင်းမွန်စွာ လုပ်ဆောင်ရမည်ဖြစ်ပြီး၊ မည်သည့်ပြဿနာမျှ မဖြစ်စေရ။ အကယ်၍ သင်သည် မျှော်လင့်ချက်မရှိဟု ခံစားရပြီး ပြဿနာများ စတင်ဖြစ်ပွားစေပါက၊ ငါသည် တုံ့ဆိုင်းခြင်းမရှိဘဲ ချက်ချင်း လက်စသတ်မည်။ ငါ၏ အစေခံမှု၌ရှိသော သင်တို့သည် ယင်းကို ရှင်းလင်းကြပါသလော။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့် ဖြစ်၏။

ငါ့အတွက် သက်သေခံခြင်းသည် ငါ့ သားဦးများ၏ တာဝန် ဖြစ်သည်၊ ထို့ကြောင့် ငါ့အတွက် တစ်ခုတစ်လေကို ပြုလုပ်ပေးရန် သင်တို့ကို ငါ မတောင်းဆိုပေ။ သင်တို့သည် သင်တို့၏

တာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်ကြပြီး၊ ငါ၏ သင်တို့အပေါ် ငါအပ်နှင်းထားသော ကောင်းချီးမင်္ဂလာများကို မွေ့လျော် ခံစားကြသရွေ့ ငါ စိတ်ကျေနပ်လိမ့်မည်။ စကြဝဠာတစ်ခွင်လုံးနှင့် ကမ္ဘာမြေ၏ အဆုံးစွန်များတစ်လျှောက် ငါ ခရီးသွားခဲ့ချိန်တွင်၊ ငါသည် ငါ၏ သားဦးများကို ရွေးချယ်ခဲ့ပြီး၊ ၎င်းတို့ကို စုံလင်စေခဲ့၏။ ဤသည်မှာ ကမ္ဘာလောကကို မဖန်ဆင်းမီ ငါ ပြီးစီးခဲ့သောအရာတစ်ခု ဖြစ်သည်။ လူသားမျိုးနွယ်ထဲမှ တစ်ဦးတစ်ယောက်မျှ ဤအရာကြောင်းကို မသိသော်လည်း၊ ငါ၏ အမှုတော်ကို တိတ်တဆိတ် စွမ်းဆောင်ရရှိပြီးဖြစ်သည်။ ဤအချက်သည် လူသား၏ အယူအဆများနှင့်မှု မကိုက်ညီချေ။ သို့ရာတွင် အချက်အလက်တို့သည် အချက်အလက်များသာ ဖြစ်ပြီး၊ မည်သူမျှ ယင်းတို့ကို မပြောင်းလဲနိုင်ချေ။ မကောင်းဆိုးဝါး အကြီးအငယ် နှစ်ခုလုံးတို့သည် ၎င်းတို့၏ အယောင်ဆောင်မှုများမှတစ်ဆင့် ၎င်းတို့၏ သွင်ပြင်အစစ်အမှန်တို့ကို ထုတ်ဖော် ပြပြီးဖြစ်ကာ၊ ၎င်းတို့သည် ငါ၏ ပြစ်တင်ဆုံးမခြင်းကို အမျိုးမျိုးသော အတိုင်းအတာများဖြင့် ခံကြရပြီးဖြစ်သည်။ ငါ၏ အမှုတော်အဖို့ အဆင့်များရှိပြီး၊ ငါ၏ နှုတ်ကပတ်တော်များ၌ ဉာဏ်ပညာရှိ၏။ ငါ လုပ်ရပ်များနှင့် စကားများမှ၊ သင်တို့သည် တစ်ခုတစ်လေကို မြင်ကြပြီလော။ ငါသည် အမှုအရာများကို လုပ်ဆောင်နေကာ ပြောနေခြင်းသက်သက်လော။ ငါ၏ နှုတ်ကပတ်တော်တို့သည် ပြင်းထန်ရုံမျှ ပြင်းထန်သလော၊ တရားစီရင်ရုံမျှဖြစ်သလော သို့မဟုတ် နှစ်သိမ့်ပေးနေခြင်းမျှလော။ ယင်းသည် အလွန် လွယ်သယောင် ပြုထားသော်လည်း၊ လူသားမျိုးနွယ်အတွက် ဤအရာကို တွေ့မြင်ခြင်းသည် လုံးဝ မရိုးရှင်းပေ။ ငါ၏ နှုတ်ကပတ်တော်များထဲ၌ ဉာဏ်ပညာ၊ တရားစီရင်မှု၊ ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်နှင့် နှစ်သိမ့်ခြင်းတို့ ရှိသည်သာမက၊ ထို့ထက်ပို၍ ယင်းတို့သည် ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်း ပါရှိပေသည်။ ငါ့ နှုတ်ကပတ်တော်များ တစ်ခုစီတိုင်းသည် လူသားမျိုးနွယ်က ထုတ်ဖော် မပြနိုင်သည့် နက်နဲမှုတစ်ခု ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များသည် လုံးဝ နားလည်၍မရနိုင်သကဲ့သို့ နက်နဲမှုများအား ထုတ်ဖော် ပြထားပြီး ဖြစ်သော်လည်း၊ လူသားမျိုးနွယ်၏ အရည်အချင်းများပေါ် အခြေခံ၍၊ ယင်းတို့သည် ၎င်းတို့၏ စိတ်ကူးစိတ်သန်းနှင့် သိနားလည်မှုအတိုင်းအတာ အပြင်ဘက်၌ ရှိနေဆဲဖြစ်သည်။ ငါ့အတွက် နားလည်ရန် အရိုးရှင်းဆုံးသော စကားသည် လူတို့အတွက် နားလည်ရန် အခက်ခဲဆုံးသောအရာ ဖြစ်၏၊ ထို့ကြောင့် ငါနှင့် ၎င်းတို့ကြားက ခြားနားမှုသည် ကောင်းကင်နှင့် မြေကြီးကြား ခြားနားမှုကဲ့သို့ ဖြစ်သည်။ ဤသည်မှာ ငါသည် ငါ့သားဦးများ၏ ပုံသဏ္ဌာန်များကို လုံးဝ ပြောင်းလဲချင်ကာ ၎င်းတို့အား ခန္ဓာကိုယ်အတွင်းသို့ အပြည့်အဝ ဝင်ရောက်စေချင်သည့် အကြောင်းရင်း ဖြစ်သည်။ အနာဂတ်၌ ၎င်းတို့သည် ဇာတိပကတိမှ

ကိုယ်အတွင်းသို့ ဝင်ရောက်လိမ့်မည်သာမက၊ ၎င်းတို့၏ ပုံသဏ္ဍာန်များကို ကိုယ်အတွင်း၌ရှိစဉ် အမျိုးမျိုးသော အတိုင်းအတာတို့ဖြင့် ပြောင်းလဲကြလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ငါ၏ အစီအစဉ် ဖြစ်၏။ ယင်းသည် လူသားတို့ မလုပ်နိုင်သော အရာတစ်ခု ဖြစ်သည်။ ၎င်းတို့သည် ယင်းကို လုံးဝ မလုပ်ဆောင်နိုင်ချေ။ ထို့ကြောင့် ငါသည် ဤအရာကို သင်တို့အား အသေးစိတ် ရှင်းပြခဲ့လျှင်ပင်၊ သင်တို့ နားလည်ဦးမည်မဟုတ်။ သင်တို့သည် သဘာဝလွန် အသိစိတ်တစ်ခုထဲသို့သာ ဝင်ရောက်နိုင်ကြပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါသည် ပညာဉာဏ်ရှိသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သောကြောင့် ဖြစ်သည်။

သင်တို့သည် နက်နဲမှုများကို မြင်သောအခါ၊ သင်တို့အားလုံး တူညီသော နည်းလမ်းဖြင့် တုံ့ပြန်ကြ၏။ ရင်ထဲတွင် သင်တို့သည် ဤနက်နဲမှုများကို လက်မခံကြသော်လည်း သို့မဟုတ် အသိအမှတ်မပြုကြသော်လည်း၊ ယင်းတို့ကို စကားဖြင့် သင်တို့ အသိအမှတ်ပြုကြ၏။ ဤကဲ့သို့သော လူမျိုးများသည် အလှည့်ဖြားဆုံးသော သူများဖြစ်ပြီး၊ နက်နဲမှုများကို ငါထုတ်ဖော်ပြသော အချိန်တွင်၊ ၎င်းတို့ကို တစ်ဦးချင်း ငါသုတ်သင်ဖယ်ရှင်းကာ စွန့်ပစ်လိမ့်မည် ဖြစ်သည်။ သို့သော် ငါ ပြုသမျှအရာရာသည် အဆင့်များဖြင့် ဖြစ်၏။ ငါသည် အမှုအရာများကို အလောတကြီး မပြုသကဲ့သို့ ကြောင်းကျိုးမမြင်ဘဲ ကောက်ချက်ချခြင်းလည်း မပြုပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါသည် ဘုရားသဘာဝ စိတ်သဘောထားကို ပိုင်ဆိုင်သောကြောင့် ဖြစ်သည်။ လူတို့သည် လတ်တလော ငါ လုပ်ဆောင်နေသည့်အရာနှင့်ဆိုင်သည့် သို့မဟုတ် ငါ၏ နောက်တစ်ဆင့်တွင် မည်သည့်အရာ ငါ လုပ်ဆောင်လိမ့်မည်ဆိုသည်နှင့်ဆိုင်သော ရှင်းလင်းသည့် အမြင်တစ်ခုကို လုံးဝ မရရှိနိုင်ချေ။ အဆင့်တစ်ဆင့်၏ နှုတ်ကပတ်တော်များကို ငါ ပြောဆိုသည့်အချိန်တွင်သာ၊ ငါ အမှုပြုသည့် နည်းလမ်းသည် ငါနှင့်အတူ ရွေ့ဆက်လေသည်။ အရာရာတိုင်း ငါ၏ နှုတ်ကပတ်တော်များအတွင်း၌ ဖြစ်ပျက်ပြီး၊ အရာရာတိုင်းကို ငါ၏ နှုတ်ကပတ်တော်များအတွင်း၌ ထုတ်ဖော်ပြထား၏၊ ထို့ကြောင့် မည်သူမျှ စိတ်မရှုပ်ခြင်း မဖြစ်သင့်ပေ။ ငါ့အား အစေခံခြင်းကို ပေးခြင်းသည် လုံလောက်၏။ ခေတ်ကာလများမတိုင်မီ၊ ငါသည် သဘော်သဖန်းပင်အကြောင်း ပရောဖက်ပြုချက် တစ်ခု ပြုလုပ်ခဲ့သည်၊ သို့သော် ခေတ်ကာလများတစ်လျှောက်၌၊ မည်သူမျှ သဘော်သဖန်းပင်တစ်ပင်အား မမြင်ခဲ့သကဲ့သို့၊ မည်သူမျှ ယင်းကို မရှင်းပြနိုင်ခဲ့ချေ၊ ပြီးလျှင် ဤစကားများအား အစောပိုင်း ချီးမွမ်းခြင်းများတွင် ဖော်ပြထားခဲ့ပြီးဖြစ်သော်လည်း၊ ယင်းတို့၏ အဓိပ္ပာယ်အစစ်အမှန်ကို မည်သူမျှ မသိခဲ့ကြပေ။ ဤစကားများက လူတို့ကို “ကပ်ဘေးကြီး” ဟူသော စကားရပ်ကဲ့သို့ စိတ်ရှုပ်ထွေးစေခဲ့ပြီး၊ ဤအရာက ငါသည် လူသားမျိုးနွယ်ထံ လုံးဝ မဖွင့်ဟခဲ့သော

နက်နဲမှုတစ်ခုကို ဖြစ်ပေါ်စေသည်။ သဘော်သဖန်းပင်သည် ကောင်းသော သီးပင်တစ်မျိုး ဖြစ်နိုင်သည် သို့တည်းမဟုတ် နောက်ထပ် တစ်ဆင့်တက်လျက်၊ ယင်းသည် သန့်ရှင်းသူများအား ရည်ညွှန်းခြင်း ဖြစ်ကောင်းဖြစ်မည်ဟု လူတို့ တွေးထင်ခဲ့ကြသည်- သို့သော် ယင်းတို့သည် ဤနှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်အစစ်အမှန်မှ အလွန် ဝေးကွာဆဲ ဖြစ်ခဲ့သည်။ ငါသည် နောက်ဆုံးသောကာလတွင် ငါ၏ စာစောင်ကို ဖွင့်သည့်အခါ၊ ယင်းကို သင်တို့အား ပြောပြမည်။ (“စာစောင်”သည် ငါ ပြောဆိုပြီးဖြစ်သော နှုတ်ကပတ်တော်များအားလုံး- နောက်ဆုံးသောကာလထဲက ငါ၏ နှုတ်ကပတ်တော်များကို ရည်ညွှန်းသည်။ ယင်းသည် ထိုအရာအားလုံး ပါရှိ၏)။ “သဘော်သဖန်းပင်”သည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို- ယင်းတို့ တစ်ခုချင်းစီကို ရည်ညွှန်း၏။ သို့သော် ဤသည်မှာ ဆိုလိုသည့်အရာ၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည်။ သဘော်သဖန်းပင်၏ အစို့အညှောက် ထွက်ခြင်းသည် လူ့ဇာတိ၌ အမှုပြုရန်နှင့် စကားပြောရန် ငါ၏ စတင်ခြင်းကို ရည်ညွှန်းသော်လည်း၊ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များအား သိရှိစေခြင်း မရှိခဲ့သေးချေ။ (ပြီးလျှင် ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် ငါ၏နာမအဖို့ သက်သေ မပေါက်ဖွားခဲ့သေးသကဲ့သို့၊ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို မည်သူမျှ မသိခဲ့ကြသောကြောင့် ဖြစ်သည်။) ငါ၏ နာမအား သက်သေခံကာ ပျံ့နှံ့သည့်အချိန်တွင်၊ ယင်းကို လူအပေါင်းတို့က ချီးမွမ်းကြချိန်နှင့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များက ရလဒ်များ စွမ်းဆောင်ရရှိချိန်၊ ယင်းသည် သဘော်သဖန်းပင်က အသီးသီးသော အချိန် ဖြစ်လိမ့်မည်။ ဤသည်မှာ အဘယ်အရာမျှ ချန်လှပ်မထားသည့် ပြည့်ဝသော ရှင်းပြချက် ဖြစ်သည်။ ဤတွင် အားလုံး ထုတ်ဖော်ပြထားပေသည်။ (ငါ၏ ယခင်က နှုတ်ကပတ်တော်များ၌၊ ငါ့အနေဖြင့် အပြည့်အဝ မထုတ်ဖော်ရသေးသည့် အစိတ်အပိုင်းတစ်ခု ရှိခဲ့သောကြောင့် ငါသည် ဤအရာကို ပြောရခြင်းဖြစ်သည်။ ထို့ကြောင့် သင်တို့သည် စိတ်ရှည်စွာ စောင့်ဆိုင်းကာ ရှာဖွေဖို့ လိုအပ်ခဲ့ပေသည်။)

သားဦးများကို ငါစုံလင်စေသည့်အချိန်၌၊ ငါသည် ငါ၏ ပြည့်ဝသော ဘုန်းအသရေနှင့် ငါ၏ အလုံးစုံပေါ်ထွန်းခြင်းအား စကြဝဠာလောကထံ ထုတ်ဖော်ပြလိမ့်မည်။ ဤအရာကို ခန္ဓာဖြင့် လုပ်ဆောင်လိမ့်မည်ဖြစ်ပြီး၊ ယင်းသည် ငါ၏ ကိုယ်ပိုင် ဇာတိအဖြစ်တော်ဖြင့် လူအားလုံးအထက်တွင် ဖြစ်လိမ့်မည်။ ယင်းသည် ငါ၏ ဇိအုန်တောင်နှင့် ငါ၏ ဘုန်းအသရေဖြင့် ဖြစ်လိမ့်မည်ဖြစ်ပြီး၊ အထူးသဖြင့်၊ ယင်းသည် ချီးမွမ်းခြင်းများ ပွက်ပွက်ညံသံ အလယ်တွင် လုပ်ဆောင်လိမ့်မည်။ ထို့ပြင် ငါ၏ ရန်သူတို့သည် အနက်ဆုံးသော တွင်းနှင့် ကန့်နှင့် ရောနှောသော မီးအိုင်ထဲသို့ ဆင်းသက်ကြရင်း၊ ငါ၏ပတ်လည်တွင်

ဆုတ်ခွာကြလိမ့်မည်။ ယနေ့ လူတို့ စိတ်ကူးကြည့်နိုင်သည်မှာ အကန့်အသတ် ရှိပြီး၊ ငါ၏ မူလ ရည်ရွယ်ချက်နှင့် မကိုက်ညီပေ။ ဤသည်မှာ ငါသည် နေ့စဉ် စကားပြောသည့်အခါ၊ လူတို့၏ အယူအဆများနှင့် အတွေးများကို ငါ ပစ်မှတ်ထားရသည့် အကြောင်းရင်း ဖြစ်သည်။ ငါ ပြောသောအရာသည် သင်တို့အဖို့ လုံးဝကိုက်ညီမည့် နေ့ရက်တစ်ရက် (ခန္ဓာထဲသို့ ဝင်ရောက်ခြင်း နေ့ရက်) ရှိလာလိမ့်မည်ဖြစ်ပြီး၊ သင်တို့သည် မည်သည့် ခုခံခြင်းမျှ ရှိလိမ့်မည် မဟုတ်ပေ။ ထိုအချိန်၌ သင်တို့သည် သင်တို့၏ အတွေးများ ရှိတော့မည် မဟုတ်သကဲ့သို့၊ ထိုအခါ ငါသည် မိန့်မြွက်ချက်များ ပြုလုပ်ခြင်းကို ရပ်တန့်လိမ့်မည်။ သင်တို့သည် သင်တို့၏ ကိုယ်ပိုင်အတွေး ရှိတော့မည်မဟုတ်သည်နှင့်အမျှ၊ ငါသည် သင်တို့အား တိုက်ရိုက် အသိဉာဏ်သာ ပွင့်လင်းစေလိမ့်မည်- ဤသည်မှာ သားဦးများ ခံစားမည့် ကောင်းချီးမင်္ဂလာ ဖြစ်ပြီး၊ ယင်းသည် ၎င်းတို့အနေဖြင့် ငါနှင့်အတူ ရှင်ဘုရင်များကဲ့သို့ အုပ်စိုးသောအချိန်၌ ဖြစ်ပျက်လိမ့်မည်။ လူသားများသည် ၎င်းတို့ စိတ်မကူးနိုင်သော အရာများတွင် မယုံကြည်ကြသကဲ့သို့၊ ယုံကြည်သော သူအချို့ ရှိလျှင်ပင်၊ ယင်းသည် ငါ၏ အထူး အသိဉာဏ်ပွင့်လင်းစေခြင်းကြောင့်သာ ထိုသို့ လုပ်ဆောင်ခြင်း ဖြစ်သည်။ ထိုသို့မဟုတ်ပါက အဘယ်သူမျှ ယုံကြည်မည် မဟုတ်သကဲ့သို့၊ ဤသည်မှာ တွေ့ကြုံရမည့်အရာတစ်ခု ဖြစ်သည်။ (ဤအဆင့်အား ဖြတ်သန်းခြင်းမရှိဘဲနှင့်၊ ငါ၏ ကြီးစွာသောတန်ခိုးသည် ထုတ်ဖော်ပြခံရလိမ့်မည် မဟုတ်သကဲ့သို့၊ ဤအရာက ငါ့ နှုတ်ကပတ်တော်များ၏ မိန့်မြွက်ချက်မျှမှတစ်ဆင့် ငါသည် လူတို့၏ အယူအဆများကို ဖယ်ရှားသည်ဟု ဆိုလိုပေသည်။ ဤအမှုတော်ကို အခြား အဘယ်သူမျှ မလုပ်နိုင်သကဲ့သို့၊ ငါ့အား အဘယ်သူမျှ အစားမထိုးနိုင်ချေ။ ငါသည် ယင်းကို ပြီးစီးစေနိုင်သည့် တစ်ဦးတည်းသောသူ ဖြစ်သည်။ သို့သော် ဤသည်မှာ အကြွင်းမဲ့မဟုတ်။ ငါသည် ဤအမှုတော်ကို လူသားမျိုးနွယ်မှတစ်ဆင့် လုပ်ဆောင်ရမည် ဖြစ်သည်)။ လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို ကြားပြီးသည့်နောက်တွင် ခွန်အားတက်ကြွ လာကြသည်၊ သို့သော် အဆုံး၌ ၎င်းတို့အားလုံး ဆုတ်ခွာသွားကြသည်။ ၎င်းတို့သည် ထိုသို့ မလုပ်ဆောင်ဘဲ မနေနိုင်ဖြစ်ကြရသည်။ သို့ရာတွင် လူတို့ သဘောမပေါက်နိုင်သည့် နက်နဲမှုများ ရှိ၏။ မည်သည့်အရာ ဖြစ်ပျက်လိမ့်မည်ကို မည်သူမျှ စိတ်မကူးနိုင်သကဲ့သို့၊ ငါ ထုတ်ဖော်ပြသည်များထဲ၌ ငါသည် သင်တို့အား ဤအရာကို မြင်ခွင့်ပေးမည်ဖြစ်၏။ ယင်းမှတစ်ဆင့် ငါ၏ ဤစကားများ၏ စစ်မှန်သော အဓိပ္ပာယ်သည် သိသာထင်ရှားလိမ့်မည်- “ငါ၏ အသုံးပြုခြင်းအတွက် မသင့်တော်သော သူအားလုံးတို့ကို ငါသည် အမြစ်ဖြတ်မည်။” ငါ၏ သားဦးများသည် ငါ၏ ရန်သူများ ရှိသကဲ့သို့ မျိုးစုံသော သရုပ်သကန်များ ရှိကြကြလေသည်။ ယင်းတို့အားလုံးကို သင်တို့ထံ တစ်ခုပြီးတစ်ခု

ထုတ်ဖော် ပြလိမ့်မည် ဖြစ်သည်။ အောက်မေ့သတိရလော့။ သားဦးတို့မှလွဲ၍ မည်သူမဆိုသည် နတ်ဆိုးတို့၏ လုပ်ဆောင်မှု ရှိကြသည်။ ၎င်းတို့အားလုံးသည် စာတန်၏ လက်ပါးစေများ ဖြစ်ကြ၏။ (၎င်းတို့သည် များမကြာမီ တစ်ဦးချင်း ထုတ်ဖော်ပြ ခံရလိမ့်မည် ဖြစ်သည်၊ သို့သော်လည်း အဆုံးထိတိုင် အစေခံမှု လုပ်ဆောင်ရန် လိုအပ်သောသူအချို့ ရှိသကဲ့သို့၊ အချိန်ကာလတစ်ခုကြာသာ အစေခံမှု လုပ်ဆောင်ရန် လိုအပ်သည့် အခြားသူများ ရှိကြသည်)။ ငါ၏ နှုတ်ကပတ်တော်များ၏ လုပ်ဆောင်မှုအောက်၌၊ အားလုံးသည် ၎င်းတို့၏ အစစ်အမှန် ပုံသဏ္ဌာန်များကို ပြသကြလိမ့်မည်။

တိုင်းနိုင်ငံတိုင်း၊ နေရာတိုင်းနှင့် ဂိုဏ်းဂဏတိုင်းတို့သည် ငါ့နာမတော်၏ ပေါ်ကြွယ်ဝခြင်းကို မွေ့လျော်ကြ၏။ အကြောင်းမူကား ကပ်ဘေးသည် လတ်တလောတွင် အစပျိုးနေပြီး၊ ငါ၏ လက်အတွင်း၌ ရှိနေကာ၊ ငါသည် ယင်းကို တဖြည်းဖြည်း အများအပြား ကျရောက်စေဖို့ ပြင်ဆင် နေသောကြောင့်၊ အယောက်တိုင်းသည် စစ်မှန်သောလမ်းခရီးကို အဆောတလျင် ရှာဖွေနေကြပေသည်၊ ယင်းသည် ထိုသို့လုပ်ဆောင်ခြင်း၏ အဖိုးအခက အရာရာတိုင်းကို စွန့်လွှတ်ဖို့ဖြစ်လျှင်ပင် ရှာဖွေရမည့်အရာဖြစ်သည်။ အရာခပ်သိမ်း၌ ငါသည် ငါ၏ ကိုယ်ပိုင်အချိန် ရှိသည်။ ငါ ပြောသည့်အချိန်တိုင်း ယင်းသည် ပြီးစီးလိမ့်မည်၊ မိနစ်နှင့် စက္ကန့်ပင်မဆိုင်း ပြီးစီးလိမ့်မည် ဖြစ်သည်။ မည်သူမျှ ယင်းကို မဟန့်တားနိုင် သို့မဟုတ် မရပ်တန့်နိုင်ပေ။ အကယ်စင်စစ် အဆင်းနီသော နဂါးကြီးသည် ငါ၏ နှိမ်နင်းသော ရန်သူဖြစ်၏။ ၎င်းသည် ငါ့အတွက် အစေခံသူတစ်ဦး ဖြစ်ပြီး၊ ၎င်းသည် ခုခံခြင်း အလျှင်းမရှိဘဲ ငါ ပြောသည့်အရာ မည်သည့်အရာကိုမဆို လုပ်ဆောင်၏။ ၎င်းသည် အမှန်တကယ် ငါ၏ ဝန်တင်တိရစ္ဆာန် ဖြစ်သည်။ ငါ၏ အမှုတော် ပြီးစီးပြီးသည့် အချိန်တွင်၊ ငါသည် ၎င်းအား အနက်ဆုံးသောတွင်းနှင့် ကန့်နှင့် ရောနှောသော မီးအိုင်ထဲသို့ (ဖျက်ဆီးခြင်း ခံရသောသူများအား ငါရည်ညွှန်း၏) ပစ်ချလိမ့်မည်။ ဖျက်ဆီးခံရသော သူတို့သည် သေခြင်းကို မြည်းစမ်းရုံမျှ မြည်းစမ်းကြလိမ့်မည်သာမက၊ ၎င်းတို့သည် ငါ့အား ညှဉ်းပန်းနှိပ်စက်ခြင်းများအတွက် ပြင်းထန်စွာ အပြစ်ပေးခြင်းလည်း ခံရလိမ့်မည် ဖြစ်သည်။ ဤသည်မှာ အစေခံသူများမှတစ်ဆင့် ငါ လုပ်ဆောင်မည့် အမှုတော် ဖြစ်၏၊ ငါသည် အဆင်းနီသော နဂါးကြီး၏ သားမြေးစဉ်ဆက်တို့ကို အလျှင်း ပျက်သုန်း စေရင်း၊ စာတန်အား မိမိကိုယ်ကိုယ် သတ်ဖြတ်စေကာ မိမိကိုယ်ကိုယ် ဖျက်ဆီးစေမည်ဖြစ်သည်။ ဤသည်မှာ ငါ့အမှုတော် တစ်စိတ်တစ်ပိုင်း ဖြစ်၏။ ထို့နောက်တွင် ငါသည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများဘက်သို့ ဦးလှည့်မည်ဖြစ်သည်။ ဤသည်တို့သည် ငါ့အမှုတော်၏ အဆင့်များ ဖြစ်ကြ၏။

# အခန်း ၁၁၁

တိုင်းနိုင်ငံအားလုံးတို့သည် သင့်ကြောင့် ကောင်းချီးမင်္ဂလာ ခံစားရလိမ့်မည်၊ လူမျိုးအပေါင်းသည် သင့်ကြောင့် ငါ့အား ထောမနာပြုကာ ချီးမွမ်းကြလိမ့်မည်။ ငါ၏ နိုင်ငံတော်သည် စည်ပင်ကာ ဖွံ့ဖြိုးတိုးတက်ပြီး၊ ထာဝရ ဆက်လက်တည်ရှိနေလိမ့်မည်။ မည်သူကိုမျှ ယင်းအား နင်းခြေခွင့်ပြုမည် မဟုတ်သကဲ့သို့၊ ငါနှင့် လိုက်လျောညီညွတ်မှု မရှိသော မည်သည့်အရာကိုမျှ တည်ရှိခွင့်ပြုလိမ့်မည်မဟုတ်၊ အကြောင်းမူကား ငါသည် မည်သည့် ပုန်ကန်ပြစ်မှားခြင်းကိုမျှ သည်းမခံသည့် ဘုန်းအာနုဘော်ဖြစ်သော ဘုရားသခင် ကိုယ်တိုင်ဖြစ်ခြင်းကြောင့်ဖြစ်သည်။ ငါသည် အဘယ်သူကိုမျှ ငါ့အား ဝေဖန်ခွင့်မပြုသကဲ့သို့၊ အဘယ်သူကိုမျှ ငါနှင့် သဟဇာတ မဖြစ်ရန် ခွင့်မပြုပေ။ ဤအရာသည် ငါ၏ စိတ်နေသဘောထားနှင့် ငါ၏ ဘုန်းအာနုဘော်ကို ပြသဖို့ရန် လုံလောက်သည်။ တစ်ဦးတစ်လေသည် ငါ့အား အာခံသည့်အခါ၊ ငါသည် ၎င်းအား ငါ၏ ကိုယ်ပိုင်အချိန်၌ အပြစ်ပေးမည်။ တစ်ဦးတစ်လေအား ငါ အပြစ်ပေးသည်ကို အဘယ့်ကြောင့် မည်သူမျှ မမြင်ကြရသေးသနည်း။ အကြောင်းမူကား ငါ၏ အချိန်သည် ရောက်မလာသေးသကဲ့သို့ ငါ၏လက်သည် အမှန်တကယ် အရေးယူဆောင်ရွက်ခြင်း မရှိသေးသောကြောင့်သာ ဖြစ်၏။ ကပ်ဘေးကြီးများ သွန်ဆင်းပြီးဖြစ်သော်လည်း၊ ဤသည်မှာ ကပ်ဘေးတို့က ဖြစ်ပေါ်စေသည့်အရာအကြောင်းကို ပြောဆိုခြင်းသာ ပါရှိခြင်းဖြစ်စဉ်တွင်၊ ကြီးမားသော ကပ်ဘေးတို့၏ လက်တွေ့အရှိတရားသည် လူသားတစ်ဦးတစ်လေအပေါ်ကိုမျှ မကျရောက်သေးပေ။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များမှ တစ်ခုတစ်လေကို လုံး၀ သဘောပေါက်ကြပြီလော။ ယနေ့တွင်၊ ငါသည် ကြီးမားသော ကပ်ဘေးတို့၏ လက်တွေ့အရှိတရားကို စတင်လွှင့်ထုတ်မည်ဖြစ်သည်။ ဤအရာနောက်တွင်၊ ငါ့အား ခုခံသောသူ မည်သူမဆိုသည် ငါ၏ လက်ဖြင့် ဒဏ်ခတ်ခံရလိမ့်မည်။ အတိတ်ကာလ၌၊ ငါ လုပ်ဆောင်ပြီးသမျှမှာ လူအနည်းငယ်ကို ဖော်ထုတ်ဖို့ ဖြစ်သည်။ မည်သည့် ကြီးမားသော ကပ်ဘေးမျှ မရောက်ရှိသေးချေ။ ယနေ့သည် အတိတ်ကာလနှင့် ကွဲပြားခြားနား၏။ ကြီးမားသော ကပ်ဘေးများက ဖြစ်ပေါ်စေသည့် အရာအကြောင်း အားလုံးကို သင်တို့အား ငါ ပြောပြပြီးဖြစ်သည့်အတွက်၊ ငါသည် ကြီးမားသော ကပ်ဘေးများ၏ လက်တွေ့အရှိတရားကို သတ်မှတ်ထားသည့် အချိန်တွင် လူသိရှင်ကြား ငါ ကြေညာမည်။ ဤအရာမတိုင်မီ၊ ကြီးမားသော ကပ်ဘေးအားဖြင့် မည်သူမျှ မထိခိုက်သေးပေ၊ ထို့ကြောင့် လူအများစုသည် (ယင်းမှာ အဆင်းနီသော နဂါးကြီး၏ သားများ ဖြစ်သည်) မဆင်မခြင်နှင့် ထင်ရာမြင်ရာ

ဆက်လက် ပြုမူကြလေပြီ။ လက်တွေ့အရှိတရား ရောက်ရှိလာသော အချိန်၌၊ ဤကံဆိုးသော သတ္တဝါများသည် လုံးဝ လက်ခံယုံကြည်လာကြလိမ့်မည် ဖြစ်သည်။ သို့မဟုတ်ပါက၊ အယောက်တိုင်းသည် ငါနှင့် သက်ဆိုင်၍ မသေချာမရေရာ ဖြစ်ကြမည်ဖြစ်ပြီး၊ ငါနှင့်ပတ်သက်၍ မည်သူမျှ ရှင်းရှင်းလင်းလင်း ဖြစ်ကြမည် မဟုတ်ပေ။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်သည်။ ဤအရာမှ၊ ငါ၏ အမှုပြုသည့် နည်းလမ်း (လူမျိုးအပေါင်းတို့ထဲ၌ ငါ၏အမှုပြုခြင်း နည်းလမ်းကို ရည်ညွှန်းနေခြင်း)သည် စတင်ပြောင်းလဲပြီဖြစ်သည်ကို မြင်နိုင်၏၊ ငါသည် အဆင်းနီသော နဂါးကြီး၏ သားမြေးစဉ်ဆက်များမှတစ်ဆင့် ငါ၏ အမျက်ဒေါသ၊ ငါ၏ တရားစီရင်ခြင်းနှင့် ငါ၏ ကျိန်ဆိုခြင်းတို့ကို ပြသလျက်ရှိပြီး၊ ငါ၏ လက်သည် ငါ့အား ခုခံသောသူအားလုံးကို စတင် ပြစ်တင်ဆုံးမပြီ ဖြစ်သည်။ ငါသည် သားဦးများမှတစ်ဆင့် ငါ၏ သနားကရုဏာနှင့် ငါ၏ ချစ်ခြင်းမေတ္တာကို ပြသနေ၏။ ထို့ထက်သာ၍ပင်၊ သားဦးများမှတစ်ဆင့်၊ ငါသည် မည်သည့် ပုန်ကန်ပြစ်မှားမှုမျှ သည်းမခံသည့် ငါ၏သန့်ရှင်းသော စိတ်သဘောထားကို ပြသလျက်ရှိ၏။ ငါသည် ငါ၏ ဩဇာအာဏာကို ပြသလျက်ရှိပြီး ငါ၏ ဇာတိအဖြစ်တော်ကို ပြသနေသည်။ အစေခံသူများသည် ငါ့အား အစေခံမှု ပေးရန် နေသားတကျရှိပြီဖြစ်ပြီး၊ ငါ၏ သားဦးများကို ပို၍ပို၍ သိထားကြပြီ ဖြစ်သည်။ အစေခံသူများအနေဖြင့် ငါ့အား ကြောက်ရွံ့ခြင်းနှင့် တုန်လှုပ်ခြင်းတို့ဖြင့် အစေခံမှု ပေးကြဖို့အလို့ငှာ၊ ငါ့ကို ခုခံသော သူတို့အား ဒဏ်ခတ်ခြင်းအားဖြင့် ငါသည် အစေခံသူတို့အား ငါ၏ မညှာတာသောလက်ကို မြင်ခွင့်ပေး၏။ ထို့အပြင်၊ ငါသည် ငါ၏ သားဦးများအား အသက်တာ၌ ၎င်းတို့ ကြီးထွားကြဖို့အလို့ငှာ၊ ၎င်းတို့အား ငါ၏ ဩဇာအာဏာကို မြင်ခွင့်ပေးကာ ငါ့အား ပို၍ ကောင်းစွာနားလည်ခွင့်ပေး၏။ (စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၊ ပရောဖက်ပြုချက်နှင့် လူမျိုးအားလုံးတို့အပေါ် တရားစီရင်မှု အပါအဝင်) ပြီးခဲ့သည့် ကာလ၌ ငါ ပြောဆိုခဲ့သော နှုတ်ကပတ်တော်များသည် အစီအစဉ်တကျဖြင့် စတင် ပြည့်စုံနေပြီဖြစ်သည်။ ဆိုလိုသည်မှာ လူတို့သည် ၎င်းတို့၏ မျက်စိများရှေ့တွင် ငါ၏ နှုတ်ကပတ်တော်များ ပြည့်မြောက်သည်ကို မြင်ကြရမည်၊ ငါ၏ နှုတ်ကပတ်တော်များထဲမှ တစ်ခုမျှ အကျိုးမဲ့မဟုတ်ဘဲ၊ ထိုနှုတ်ကပတ်တော် တစ်ခုစီတိုင်း လက်တွေ့ကျသည်ကို ၎င်းတို့ မြင်ကြရလိမ့်မည်။ ငါ၏နှုတ်ကပတ်တော်များ မပြည့်စုံမီ၌၊ ယင်းတို့ မပြည့်စုံသေးသောကြောင့် လူများစွာ စွန့်ခွာကြလိမ့်မည်။ ဤသည်မှာ ငါ၏ အမှုပြုသည့် နည်းလမ်း ဖြစ်သည်- ယင်းသည် ငါ့သံလှုံတံ၏ လုပ်ငန်းဆောင်တာ ဖြစ်သည်သာမက၊ သာ၍ပင် ငါ့နှုတ်ကပတ်တော်များ၏ ဉာဏ်ပညာ ဖြစ်၏။ ဤအရာများမှ၊ ငါ၏အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းနှင့် အဆင်းနီသော နဂါးကြီးအတွက် ငါ၏ မုန်းတီးခြင်းကို

မြင်နိုင်သည်။ (ဤအရာကို ငါ၏ အမှုအား ငါစတင်ပြီးနောက်တွင်သာ မြင်တွေ့ရနိုင်၏။ ယခုတွင် အချို့သောသူတို့သည် ထုတ်ဖော်ခြင်း ခံရ၏- ယင်းသည် ငါ၏ ပြစ်တင်ဆုံးမခြင်း၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်သော်လည်း၊ ကြီးမားသော ကပ်ဘေးများတွင် မပါဝင်နိုင်ပေ။ ဤအရာကို နားလည်ရန် မခက်ခဲချေ။ ထို့ကြောင့် ယခုမှစ၍ ငါ၏အမှုပြုခြင်း နည်းလမ်းသည် လူတို့အတွက် နားလည်ရန် သာ၍ပင် ခက်ခဲလိမ့်မည်ကို မြင်နိုင်၏။ အချိန်ကျရောက်သည့်အခါ သင်တို့အနေဖြင့် ဤအရာကြောင့် အားမနည်းကြဖို့အလို့ငှာ ယနေ့တွင် ငါက သင်တို့အား ပြောပြနေခြင်းဖြစ်သည်။ ရှေးခေတ်အချိန်ကာလများကတည်းက လူတို့ မမြင်ဖူးသည့် အရာများနှင့် လူတို့အား ၎င်းတို့၏ စိတ်ခံစားချက်များနှင့် ၎င်းတို့၏ မိမိတို့ကိုယ်ကိုယ် မှန်သည်ဟု မှတ်ယူခြင်းတို့အား ဘေးဖယ်ထားဖို့ ခက်ခဲစေမည့် အရာများ ဖြစ်ပျက်လိမ့်မည်ဖြစ်သောကြောင့်၊ ဤသည်မှာ သင်တို့အား ငါ အပ်နှံနေသောအရာ ဖြစ်သည်)။ ငါသည် အဆင်းနီသောနဂါးကြီးအား အပြစ်ပေးရန် မတူကွဲပြားသော နည်းလမ်းများကို အသုံးပြုရသည့် အကြောင်းရင်းမှာ ၎င်းသည် ငါ၏ရန်သူနှင့် ငါ၏ရန်ဘက် ဖြစ်သောကြောင့် ဖြစ်၏။ ၎င်း၏ သားမြေးစဉ်ဆက်များအားလုံးကို ငါသည် ဖျက်ဆီးပစ်ရမည်- ထိုအခါမှသာ ငါ၏ စိတ်နှလုံးမှ အမုန်းကို ငါ ဖယ်ရှားနိုင်မည်ဖြစ်ပြီး၊ ထိုအခါမှသာ ငါသည် အဆင်းနီသော နဂါးကြီးအား ကောင်းစွာ အရှက်ရစေနိုင်ပေသည်။ ဤအရာသည်သာ အဆင်းနီသော နဂါးကြီးအား လုံးဝ ဖျက်ဆီးခြင်းဖြစ်ပြီး ၎င်းအား ကန့်နှင့်ရောသော မီးအိုင်အတွင်းသို့၊ အနက်ဆုံးသော တွင်းထဲသို့ ပစ်ချခြင်းဖြစ်၏။

ငါသည် ငါ၏ သားဦးများကို တိုင်းနိုင်ငံအားလုံးကို အုပ်စိုးခြင်းနှင့် ကောင်းချီးမင်္ဂလာများ မွေ့လျော်ခံစားခြင်းတို့၌ ငါနှင့်အတူတကွ စိုးစံခွင့်ပေးကာ ငါ့ကို ပူးပေါင်းစေသည်မှာ ယမန်နေ့တွင်သာ မဟုတ်ခဲ့ပေ။ ငါသည် ယနေ့တွင်လည်း ထိုသို့ လုပ်ဆောင်ပြီး သာ၍ အရေးကြီးသည်မှာ မနက်ဖြန်တွင်လည်း ထိုသို့ လုပ်ဆောင်လိမ့်မည် ဖြစ်သည်။ ငါသည် ငါ၏ အမှုကို အောင်မြင်စွာ ပြီးမြောက်ပြီး ဖြစ်သည်- ငါသည် ထိုသို့ တစ်လျှောက်လုံး ပြောလာနေပြီးဖြစ်ကာ ဖန်ဆင်းခြင်း အစ၏ အချိန်မှ ငါသည် ထိုသို့ စတင်ပြောဆိုခဲ့သည်ဟုလည်း ဆိုနိုင်၏၊ သို့သော် လူသားတို့သည် ငါ ပြောနေသည့်အရာကို နားမလည်ကြချေ။ ဖန်ဆင်းခြင်း အချိန်မှသည် ယခုထိတိုင်၊ ငါသည် ကိုယ်တိုင်ကိုယ်ကျ အမှုမပြုသေးပေ။ တစ်နည်းအားဖြင့်၊ ငါ၏ ဝိညာဉ်သည် စကားပြောပြီး အမှုပြုရန် လူသားအပေါ် မည်သည့်အခါတွင်မျှ မသက်ဆင်းသေးချေ။ သို့သော် ယနေ့သည် အတိတ်ကာလနှင့် ကွဲပြား၏၊ ငါ၏ ဝိညာဉ်သည် စကြဝဠာလောကရှိ နေရာတိုင်းတွင် ကိုယ်တိုင်ကိုယ်ကျ အမှုပြုနေ၏။ နောက်ဆုံးသောကာလတွင် ငါနှင့်အတူ အာဏာဖြင့် စိုးစံမည့်

လူတစ်စုကို ငါ ရယူလိုသည်၊ ပထမဦးစွာ ငါသည် ငါ၏ တစ်စိတ်တစ်ဝမ်းတည်းရှိသူ၊ ငါ၏ ဝန်ထုပ်ဝန်ပိုးကို အရေးထားကောင်း ထားနိုင်သည့် လူတစ်ဦးကို ရရှိသည်။ ထို့နောက်တွင်၊ ငါ၏ ဝိညာဉ်သည် စကြဝဠာလောကဆီသို့ ငါ၏အသံကို ဖော်ပြရန်၊ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ထုတ်ပြန်ရန်နှင့် ငါ၏ နက်နဲမှုများကို ထုတ်ဖော်ပြရန် သူ့အပေါ်သို့ လုံးဝ ဆင်းသက်လိမ့်မည် ဖြစ်သည်။ ငါ၏ ဝိညာဉ်သည် သူ့အား ကိုယ်တိုင်ကိုယ်ကျ စုံလင်စေလိမ့်မည်။ ငါ၏ ဝိညာဉ်သည် သူ့အား ကိုယ်တိုင်ကိုယ်ကျ ဆုံးမပဲ့ပြင်လိမ့်မည်။ သူသည် သာမန်လူ့သဘာဝတွင် အသက်ရှင်သောကြောင့်၊ မည်သူမျှ ရှင်းလင်းစွာ မမြင်နိုင်ပေ။ ငါ၏ သားဦးတို့သည် ကိုယ်ခန္ဓာထဲသို့ ဝင်ရောက်သောအချိန်၌၊ ယခု ငါ လုပ်ဆောင်သောအရာသည် လက်တွေ့အရှိတရား ဟုတ်မဟုတ်ဆိုသည်မှာ လုံးဝ ရှင်းလင်းသွားလိမ့်မည် ဖြစ်၏။ ဟုတ်ပေ၏၊ လူသားအမြင်အရ၊ လူသား အမြင်တွင်၊ လူသား အယူအဆများတွင်၊ မည်သူမျှ မယုံကြည်သကဲ့သို့ မည်သူမျှ မနာခံနိုင်ကြပေ။ သို့သော် ယင်းမှာ လူတို့နှင့်သက်ဆိုင်၍ ငါ၏ သည်းခံခြင်း ဖြစ်သည်။ လက်တွေ့အရှိတရားသည် ရောက်မလာသေးသောကြောင့်၊ လူတို့သည် မယုံကြည်နိုင်ကြ သို့မဟုတ် နားမလည်နိုင်ကြချေ။ ၎င်းတို့၏ လူသားအယူအဆများအလယ်တွင် ငါ၏ နှုတ်ကပတ်တော်များကို ယုံကြည်မည့်သူတစ်ဦးတစ်လေမျှ လုံးဝ မရှိဖူးချေ။ လူတို့အားလုံးသည် ဤကဲ့သို့ ဖြစ်ကြ၏- ၎င်းတို့သည် ငါ၏ သွေးသားကိုယ်တိုင် ပြောဆိုခြင်းကိုသာ သို့မဟုတ် ငါ့ဝိညာဉ်၏ အသံကိုသာ တစ်ခုမဟုတ်တစ်ခုကို ယုံကြည်ကြ၏။ ဤသည်မှာ လူတို့၌ ကိုင်တွယ်ဖြေရှင်းဖို့ အခက်ခဲဆုံးသောအရာ ဖြစ်သည်။ ၎င်းတို့သည် တစ်စုံတစ်ခု ဖြစ်ပျက်သည်ကို ၎င်းတို့၏ ကိုယ်ပိုင်မျက်လုံးများဖြင့် မမြင်တွေ့ရသေးပါက၊ အဘယ်သူမျှ ၎င်းတို့၏ ကိုယ်ပိုင် အယူအဆများကို မစွန့်လွှတ်နိုင်ကြသကဲ့သို့၊ ငါ ပြောသော အရာကို အဘယ်သူမျှ မယုံကြည်နိုင်ကြချေ။ ယင်းမှာ ထိုမနာခံသော သားများကို အပြစ်ပေးရန် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ငါအသုံးပြုရသည့် အကြောင်းရင်း ဖြစ်သည်။

ယခင်က ထိုသို့သော အရာများကို ငါ ပြောပြီးဖြစ်သည်- ငါသည် အဦးဆုံးနှင့် နောက်ဆုံးသောသူ ဖြစ်ကာ၊ ငါသည် အစအဦးမှသည် အဆုံးထိ အရာရာကို ကွပ်ကဲသောသူ ဖြစ်သည်။ နောက်ဆုံးသောကာလ၌၊ ငါသည် အောင်နိုင်သော သားယောကျ်ား တစ်သိန်းလေးသောင်းလေးထောင်ကို ရရှိလိမ့်မည်။ သင်တို့သည် "အောင်နိုင်သောသားယောကျ်ား" ဟူသည့် ဤစကားရပ်အား အချို့သော တိုက်ရိုက် သိနားလည်မှု ရှိကြသော်လည်း၊ တစ်သိန်းလေးသောင်းလေးထောင်ဟူသည့် ကိန်းဂဏန်းနှင့် ပတ်သက်၍ မရှင်းမလင်း ဖြစ်ကြသည်။ လူသားအယူအဆများ၌၊ ကိန်းဂဏန်းတစ်ခုသည်

လူအရေအတွက်တစ်ခု သို့မဟုတ် အမှုအရာ အရေအတွက်တစ်ခုကို ရည်ညွှန်းရပေမည်။ "အောင်နိုင်သော သားယောက်ျားများ" – "အောင်နိုင်သော သားယောက်ျား ၁၄၄၀၀၀-ကို အထူးပြုသည့် "၁၄၄၀၀၀" နှင့်စပ်လျဉ်း၍၊ လူတို့သည် အောင်နိုင်သော သားယောက်ျားများ ၁၄၄၀၀၀ ရှိသည်ဟု တွေးထင်ကြ၏။ ထို့အပြင်၊ အချို့သော လူတို့က ဤကိန်းဂဏန်းနှင့် ဆိုင်သည့် အမှန်တရားအတွင်းတွင် သင်္ကေတ အဓိပ္ပာယ်အချို့ရှိသည်ဟု ထင်ကြပြီး၊ ၎င်းတို့သည် ၁၄၀၀၀၀ နှင့် ၄၀၀၀ကို သီးခြား အစိတ်အပိုင်းများအဖြစ် ယူကြသည်။ သို့သော် ဤအနက်ပြန်မှုနှစ်ခုလုံးသည် မှားယွင်း၏။ ဤအရာက တကယ့် ကိန်းဂဏန်းတစ်ခုကို မရည်ညွှန်းသကဲ့သို့၊ သင်္ကေတ အဓိပ္ပာယ်အချို့ကိုလည်း သာ၍ပင် မရည်ညွှန်းပေ။ လူသားမျိုးနွယ်အလယ်တွင်၊ ဤအရာကို ထိုးထွင်းသိနိုင်သောသူတစ်ဦးမျှ မရှိ- လွန်ခဲ့သော မျိုးဆက်များမှ လူအားလုံးက ယင်းအား သင်္ကေတ အဓိပ္ပာယ်တစ်ခုကို ရည်ညွှန်းခြင်း ဖြစ်ကောင်းဖြစ်မည်ဟု တွေးထင်ခဲ့ကြသည်။ ၁၄၄၀၀၀ ဟူသည့် ကိန်းဂဏန်းသည် အောင်နိုင်သော သားယောက်ျားများနှင့် ဆက်စပ်၏။ ထိုသို့ဖြင့်၊ ၁၄၄၀၀၀ သည် နောက်ဆုံးသောကာလ၌ စိုးစံမည့်၊ ငါ ချစ်မြတ်နိုးသည့် လူစုကို ရည်ညွှန်းပေသည်။ ဆိုလိုသည်မှာ၊ ၁၄၄၀၀၀ ကို ဇိအုန်မှ လာခဲ့ပြီး ဇိအုန်သို့ ပြန်သွားမည့် လူစုအဖြစ် အနက်ပြန်သင့်ပေသည်။ အောင်နိုင်သော သားယောက်ျား ၁၄၄၀၀၀နှင့်သက်ဆိုင်သည့် ပြည့်စုံသော ရှင်းပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်- ၎င်းတို့သည် ဇိအုန်မှ ကမ္ဘာလောကသို့ လာခဲ့ပြီး၊ စာတန်၏ ဖောက်ပြန်ပျက်စီးခြင်းခံခဲ့ရသည့် လူများ ဖြစ်ပြီး၊ ယင်းမှာ နောက်ဆုံး၌ ငါ၏ ပြန်လည်ရယူခြင်းခံရပြီး၊ ငါနှင့်အတူ ဇိအုန်သို့ ပြန်ကြမည့် ၎င်းတို့ ဖြစ်ကြ၏။ တစ်ဦးတစ်ယောက်သည် ငါ၏ နှုတ်ကပတ်တော်များမှ ငါ့အမှု၏ အဆင့်များကို မြင်နိုင်၏၊ ဆိုလိုသည်မှာ သင်တို့အနေဖြင့် ကိုယ်အတွင်းသို့ဝင်ရောက်မည့်အချိန်သည် အလွန်အလှမ်းဝေးခြင်းမရှိပေ။ ယင်းမှာ ဤသွင်ပြင်လက္ခဏာကို သင်တို့အား ထပ်သလဲလဲ ရှင်းပြပြီး၊ ယင်းနှင့်ပတ်သက်၍ သင်တို့ကို သတိပေးရသည့် အကြောင်းရင်း ဖြစ်သည်။ သင်တို့သည် ရှင်းလင်းစွာ မြင်လိမ့်မည်ဖြစ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များမှ လက်တွေ့လုပ်ဆောင်ရမည့် နည်းလမ်းကို ရှာတွေ့လိမ့်မည်။ ငါ၏ နှုတ်ကပတ်တော်များမှ ငါ့အမှု၏ အရှိန်အဟုန်ကို သင်တို့ ရှာတွေ့လိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုအရှိန်အဟုန်ကို ရှာတွေ့ရန်၊ ယင်းကို ငါ ထုတ်ဖော်ပြသော နက်နဲမှုများမှ သင်တို့ သိမြင်ရမည် (အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသော ဝိညာဉ်၏ အလုပ်ကို မည်သူမျှမမြင်နိုင်သကဲ့သို့ မည်သူမျှ ထိုးထွင်းမသိမြင်နိုင်ပေ)။ ယင်းမှာ နောက်ဆုံးသောကာလ၌ နက်နဲမှုများကို ငါထုတ်ဖော်ပြရသည့် အကြောင်းရင်း ဖြစ်သည်။

ငါ၏ အိမ်တွင်၊ ငါနှင့် မကိုက်ညီသောအရာ မည်သည့်အရာမျှ ရှိလိမ့်မည်မဟုတ်သကဲ့သို့၊ ယခုမှစ၍ ငါသည် နည်းနည်းချင်း စတင် နုတ်ပယ်ကာ သန့်စင်မည် ဖြစ်သည်။ လူတို့အလယ်တွင်၊ ဤအမှုကို မည်သူမျှ ဝင်ရောက်မစွက်ဖက်နိုင်သကဲ့သို့၊ မည်သူမျှ မလုပ်ဆောင်နိုင်ချေ။ ဤအရာက နောက်ဆုံးသောကာလတွင် လူကိုယ်တိုင် ငါ အမှုပြုနေသည့် အကြောင်းရင်းကို ထုတ်ဖော်ပြသည်။ ပြီးလျှင် ဤသည်မှာ သင်တို့သည် မိမိတို့ကိုယ်ကိုယ် မွေ့လျော်ရန်သာ လိုအပ်ပြီး၊ အနည်းငယ်မျှ အားထုတ်ရန် မလိုအပ်ဟု ကြိမ်ဖန်များစွာ ငါ ပြောပြီးဖြစ်သည့် အကြောင်းရင်း ဖြစ်သည်။ ငါ၏ တန်ခိုးအား ထုတ်ဖော်ပြသည်မှာ၊ ငါ၏ ဖြောင့်မတ်ခြင်းနှင့် ဘုန်းအာနုဘော်အား ထုတ်ဖော်ပြသည်မှာ၊ ပြီးလျှင် လူတို့ မဖော်ထုတ်နိုင်သော နက်နဲမှုများအားလုံးကို (လူတို့သည် ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်နှင့်ဆိုင်သည့် အသိပညာ တစ်ခုတစ်လေ သို့မဟုတ် ငါ့အမှု၏ အဆင့်များနှင့်ဆိုင်သည့် သိနားလည်မှု တစ်ခုတစ်လေ မရှိထားသောကြောင့်၊ ယင်းတို့ကို နက်နဲမှုများဟု ခေါ်ဆိုခြင်းဖြစ်သည်) ထုတ်ဖော်ပြသည်မှာ ဤအရာမှတစ်ဆင့် ဖြစ်သည်။ နောက်ဆုံးသော ကာလတွင် ငါ ရယူမည့်အရာနှင့် ငါ လုပ်ဆောင်မည့်အရာတို့သည် နက်နဲမှုများ ဖြစ်သည်။ ကမ္ဘာလောကကို ငါဖန်ဆင်းခဲ့သည့် အချိန်မတိုင်မီတွင်၊ ယနေ့ ငါ ပြုသောအရာကို ငါ မည်သည့်အခါတွင်မျှ မလုပ်ဆောင်ခဲ့သကဲ့သို့၊ ငါသည် လူတို့အား ငါ၏ ဘုန်းအသရေဖြင့်ပြည့်စုံသော မျက်နှာ သို့မဟုတ် ငါ့၏ ဇာတိအဖြစ်တော်၏ အစိတ်အပိုင်းတစ်ခုတစ်လေကို မည်သည့်အခါတွင်မျှ မပြသခဲ့ပေ။ ငါ၏ ဝိညာဉ်သည် အချို့သောလူတို့အပေါ်တွင်သာ အမှုပြုခဲ့၏။

(ဖန်ဆင်းခြင်းအချိန်ကတည်းက၊ မည်သူမျှ ငါ့ကို မထင်ရှားစေနိုင်သေးသကဲ့သို့၊ မည်သူမျှ ငါ့ကို မဖော်ပြနိုင်ခဲ့သောကြောင့်၊ ငါသည် လူတို့အား ငါ၏ ဇာတိအဖြစ်တော်ကို လုံးဝ မြင်တွေ့ခွင့် မပေးဖူးသကဲ့သို့၊ ငါ၏ ဝိညာဉ်သည် အချို့သော လူတို့အပေါ်တွင် အမှုပြုပြီးဖြစ်၏)။ ယနေ့မှသာ ငါ၏ ဘုန်းအသရေဖြင့်ပြည့်စုံသော ပုံသဏ္ဌာန်နှင့် ငါ၏ ဇာတိအဖြစ်တော်ကို လူတို့ထံ ငါထုတ်ဖော်ပြပြီးဖြစ်ကာ၊ ယခုမှသာ ၎င်းတို့သည် ဤအရာတို့ကို မြင်တွေ့ရခြင်း ဖြစ်သည်။ သို့သော် ယနေ့ သင်တို့ တွေ့မြင်ရသောအရာသည် မပြည့်စုံသေးသကဲ့သို့၊ ယင်းမှာ သင်တို့အား ငါ မြင်စေလိုသောအရာ မဟုတ်သေးပေ။ သင်တို့အား ငါမြင်စေလိုသောအရာမှာ ခန္ဓာကိုယ်ထဲတွင်သာရှိပြီး၊ ယခု ဤအခြေအနေကို မည်သူမျှ မပြည့်မီသေးချေ။ တစ်နည်းအားဖြင့်၊ ခန္ဓာကိုယ်ထဲသို့ မဝင်ရောက်မီတွင်၊ ငါ၏ ဇာတိအဖြစ်တော်ကို အဘယ်သူမျှ မမြင်တွေ့နိုင်ပေ။ ထို့ကြောင့်၊ ငါသည် ငါ၏ ဇာတိအဖြစ်တော်ကို စကြဝဠာလောကထံသို့ ဇိအုန်တောင်ပေါ်တွင် ထုတ်ဖော်ပြမည်ဟု ပြောခြင်း ဖြစ်သည်။ ဇိအုန်တောင်ထဲသို့ ဝင်ရောက်ခြင်းသည် ငါ၏ စီမံကိန်း နောက်ဆုံးအပိုင်းဖြစ်သည်ကို ဤအရာမှ မြင်တွေ့နိုင်၏။

ဇိအုန်တောင်ထဲသို့ ဝင်ရောက်သောအချိန်၌၊ ငါ၏ နိုင်ငံတော်သည် အောင်မြင်စွာ တည်ဆောက်ပြီးဖြစ်လိမ့်မည်။ တနည်းအားဖြင့်၊ ငါ၏ ဇာတိအဖြစ်တော်သည် နိုင်ငံတော်ဖြစ်သည်။ သားဦးများအနေဖြင့် ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သောအချိန်သည် နိုင်ငံတော် ဖြစ်ပေါ်မည့်အချိန် အတိအကျ ဖြစ်သည်၊ ယင်းမှာ သားဦးများ ဇိအုန်တောင်ထဲသို့ ဝင်ရောက်ခြင်းနှင့်ဆိုင်သည့် ကိစ္စရပ်ကို ငါ ထပ်သလဲလဲ ပြောရသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ ယခင်က မည်သူမျှ သဘောမပေါက်ဖူးသော ငါ့ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံး၏ ဗဟိုချက် ဖြစ်သည်။

ငါ၏ အမှုပြုခြင်း နည်းလမ်းကို ငါပြောင်းလဲလိုက်သည်နှင့်တစ်ပြိုင်နက် လူသားအတွေးဖြင့် လက်လှမ်းမမီနိုင်သောအရာများ ပို၍ပင် ရှိလိမ့်မည်၊ ထို့ကြောင့် ဤကိစ္စနှင့်စပ်လျဉ်း၍ ဂရုပြုလော့။ လူသားအတွေးက လက်လှမ်းမမီသည့်အရာများ ရှိသော်လည်း၊ ဤသည်မှာ ငါ ပြောသောအရာ မှားယွင်းသည်ဟု မဆိုလိုပေ။ ယင်းမှာ လူတို့အနေဖြင့် ဆင်းရဲဒုက္ခခံရန် ပို၍ပင် လိုအပ်သည်သာ ဖြစ်ပြီး၊ လူတို့အနေဖြင့် ငါနှင့်အတူ ပူးပေါင်းဆောင်ရွက်ဖို့ရန် ပို၍ပင် လိုအပ်ခြင်းဖြစ်သည်။ အကြောင်းမဲ့သက်သက် အကျင့်မပျက်နှင့် ပြီးလျှင် သင်၏ ကိုယ်ပိုင် အယူအဆများ နောက်သို့သာ မလိုက်နှင့်။ အကြောင်းမှာ ငါ့အား အစေခံမှု ပေးသော သူအများစုသည် ဤသွင်ပြင်လက္ခဏာတွင် လဲကျတတ်ကြသည့်အတွက် ဖြစ်သည်။ ငါသည် လူသားသဘာဝကို ဖော်ထုတ်ရန်နှင့် လူသားအယူအဆများကို ထုတ်ဖော်ပြရန် ငါ၏ နှုတ်ကပတ်တော်များကို အသုံးပြုလျက်ရှိသည်။ (သို့သော် ငါ့အား အစေခံမှု ပေးသူများသည် ၎င်းတို့၏အယူအဆများကို ငါမပြောင်းလဲပေးသောကြောင့်၊ လဲကျ၍သာ နေကြ၏။ ငါ၏သားဦးများဖြစ်သော သူများ၏ အယူအဆများကိုမူ ငါသည် ပြောင်းလဲပေးပြီး၊ ဤအရာမှတစ်ဆင့် ၎င်းတို့၏ အတွေးအခေါ်ကို ဖယ်ရှားပေးလေသည်။) ထို့ကြောင့် အဆုံးတွင်၊ ငါ ထုတ်ဖော်ပြပြီးဖြစ်သော နက်နဲမှုများကြောင့်၊ ငါ၏ သားဦးများအားလုံးသည် စုံလင်စေခြင်း ခံရကြလိမ့်မည်။

## အခန်း ၁၁၂

“နှုတ်ကပတ်တော်များနှင့် လက်တွေ့အရှိတရားတို့သည် အတူတကွ ရှေ့ဆက်ကြ၏” ဟူသည်မှာ ငါ၏ ဖြောင့်မတ်သော စိတ်နေသဘောထား တစ်စိတ်တစ်ဒေသ ဖြစ်၏။ ဤနှုတ်ကပတ်တော်များမှ၊ ငါသည် ငါ၏စိတ်နေသဘောထားကို အယောက်တိုင်းအား အလုံးစုံ

သေချာ မြင်တွေ့ခွင့်ပေးမည်။ လူတို့က ဤအရာသည် စွမ်းဆောင်မရရှိနိုင်ဟု ထင်ကြသော်လည်း၊ ငါ့အဖို့ ယင်းသည် လွယ်ကူပြီး နှစ်လိုဖွယ်ဖြစ်ကာ၊ မည်သည့် အားစိုက်ထုတ်မှုမျှ မလိုအပ်ပေ။ ငါ၏နှုတ်မှ ငါ၏ နှုတ်ကပတ်တော်များ ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက်၊ ချက်ချင်း အယောက်တိုင်း မြင်နိုင်သည့် အမှန်တရားတစ်ခု ရှိလေသည်။ ဤသည်မှာ ငါ၏စိတ်သဘောထား ဖြစ်သည်။ ငါသည် အမှုအရာ တစ်ခုခုကို ပြောဆိုပြီးဖြစ်သည့်အတွက်၊ ထိုအရာများ ဧကန်မုချ ပြီးမြောက်လိမ့်မည်။ သို့မဟုတ်ပါက၊ ငါသည် စကားပြောမည်မဟုတ်။ လူသား အယူအဆများ၌၊ “ကယ်တင်ခြင်း” ဟူသည့် စကားလုံးသည် လူအားလုံးအတွက် ပြောဆိုထားခြင်းဖြစ်သည်၊ သို့သော် ဤအရာသည် ငါ၏ ရည်ရွယ်ချက်နှင့် မကိုက်ညီချေ။ အတိတ်တွင်၊ “မသိနားမလည်သောသူတို့နှင့် စိတ်အားထက်သန်စွာ ရှာဖွေသော သူတို့ကို ငါသည် အစဉ် ကယ်တင်သည်” ဟု ငါပြောခဲ့၏၊ ဤတွင် “ကယ်တင်သည်” ဟူသော စကားလုံးသည် ငါ့အား အစေခံမှု ပေးသူတို့နှင့်ပတ်သက်၍ ပြောဆိုထားခဲ့ခြင်းဖြစ်ကာ၊ ယင်းမှာ ထိုသို့သော အစေခံသူများကို ငါသည် အထူးဆက်ဆံမှုပေးမည်ဟု ဆိုလိုပေသည်။ တစ်နည်းအားဖြင့်၊ ငါသည် ထိုလူတို့အတွက် ပြစ်ဒဏ်လျှော့ပေါ့ပေးမည် ဖြစ်သည်။ သို့ရာတွင်၊ မရိုးဖြောင့်သကဲ့သို့ လှည့်ဖြားတတ်သော ထိုအစေခံသူတို့သည် ဖျက်ဆီးခြင်းခံရသည့်အရာများ ထဲ၌ ပါဝင်ပေမည်၊ ဆိုလိုသည်မှာ ငါသည် ၎င်းတို့အား ပြင်းထန်သော အပြစ်ပေးခြင်း ခံရစေမည် ဖြစ်သည်။ (၎င်းတို့သည် ဖျက်ဆီးခြင်းခံရမည့် အရာများထဲတွင် ရှိသော်လည်း၊ ဖျက်ဆီးခြင်းခံရသောသူတို့နှင့် ၎င်းတို့သည် များစွာကွာခြား၏။ ၎င်းတို့သည် ထာဝရ ပြင်းထန်သော အပြစ်ဒဏ်ကို ရရှိကြလိမ့်မည်ဖြစ်ပြီး၊ ထိုလူတို့ ရရှိမည့် အပြစ်ဒဏ်သည် စာတန်နတ်ဆိုး၏ အပြစ်ဒဏ် ဖြစ်သည်။ ဤသည်မှာ ထိုသူတို့သည် အဆင်းနီသောနဂါးကြီး၏ သားစဉ်မြေးဆက်များ ဖြစ်သည်ဟု ငါ ပြောခဲ့ချိန်တွင် ငါ ရည်ရွယ်သည့်အရာ၏ စစ်မှန်သော အဓိပ္ပာယ်လည်း ဖြစ်သည်။) သို့သော် ငါ၏ သားဦးများနှင့် ပတ်သက်၍ ဤစကားမျိုးများကို ငါအသုံးမပြုချေ။ ၎င်းတို့နှင့် ပတ်သက်၍၊ ငါသည် ငါ၏သားဦးများကို ပြန်ရမည်ဖြစ်ပြီး၊ ၎င်းတို့သည် ဇိအုန်သို့ နောက်တစ်ဖန် ပြန်သွားလိမ့်မည်ဟု ငါဆိုသည်။ ထို့ကြောင့် ငါ၏သားဦးများသည် ငါ၏ကြိုတင်ပြဋ္ဌာန်းထားကာ ရွေးချယ်ထားသော သူများ ဖြစ်သည်ဟု ငါ အမြဲ ဆိုပြီးဖြစ်၏။ ငါ၏သားဦးများသည် နဂိုမူလက ငါနှင့် သက်ဆိုင်ခဲ့ကြပြီး၊ ၎င်းတို့သည် ငါ့ထံမှ လာခဲ့သည်၊ ထို့ကြောင့် ၎င်းတို့သည် ဤနေရာ ငါ့ထံသို့ ပြန်လာကြရမည်။ သားများနှင့် လူတို့အား သားဦးတို့နှင့် နှိုင်းယှဉ်သည့်အခါ- ဤသည်မှာ အမှန်တကယ် ကောင်းကင်နှင့် မြေကြီး ကွာခြားမှု ဖြစ်သည်။ သားများနှင့် လူတို့သည် အစေခံသူတို့ထက် များစွာ

ကောင်းမွန်သော်လည်း၊ ၎င်းတို့သည် ငါနှင့်သက်ဆိုင်သောသူများ လုံးဝ မဟုတ်ပေ။ သားများနှင့် လူတို့အား လူသားမျိုးနွယ်ထဲမှ ထပ်လောင်း ရွေးချယ်ထားခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ ထို့ကြောင့် ငါ၏အားအင်ကို သားဦးများအပေါ်၌ အမြဲ အာရုံစိုက်ခြင်းဖြစ်ပြီး၊ ထို့နောက်တွင် ငါသည် သားဦးများအား ဤသားများနှင့် လူတို့ကို စုံလင်စေလိမ့်မည်။ ဤသည်တို့မှာ ငါ၏ အနာဂတ် အမှု အဆင့်များ ဖြစ်သည်။ ယခုတွင် သင်တို့အား ပြောပြခြင်းသည် အသုံးမဝင်ပေ၊ ထို့ကြောင့် ငါသည် ယင်းကို သားများနှင့် လူတို့ထံ ရံဖန်ရံခါမျှသာ ဖော်ပြထားပြီးဖြစ်သော်လည်း၊ သားဦးများထံသို့သာ ငါသည် ဤကိစ္စရပ်များကို ထပ်သလဲလဲ ပြောဆိုကာ ထပ်သလဲလဲ ဖော်ပြထားပြီးဖြစ်သည်။ ဤသည်မှာ ငါ စကားပြောကာ အမှုပြုသည့် နည်းလမ်း ဖြစ်သည်။ အဘယ်သူမျှ ဤအရာကို မပြောင်းလဲနိုင်- ငါ တစ်ဦးတည်းသာ အရာရာနှင့်ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

နေ့စဉ်၊ ငါသည် သင်တို့၏ အယူအဆများကို ခုခံတွန်းလှန်နေရပြီး၊ တစ်နေ့ပြီးတစ်နေ့ ငါသည် သင်တို့တစ်ဦးချင်းစီကို စိတ်ဖြာလေ့လာနေသည်။ ငါက အတိုင်းအတာတစ်ခုအထိ စကားပြောဆိုပြီးချိန်တွင်၊ သင်တို့သည် ဒုံးရင်းအခြေအနေသို့ ပြန်ရောက်ကာ၊ ငါ၏လူ့သဘာဝကို ငါ၏ ဘုရားသဘောသဘာဝမှ တစ်ဖန် ခွဲခြားကြ၏။ ဤအချိန်တွင်၊ လူတို့ ထုတ်ဖော်ပြခံရမည့် အချိန်သည် ရောက်လာလေပြီ- လူတို့က ငါသည် လူ့ဇာတိ၌ အသက်ရှင်ဆဲဖြစ်ပြီး၊ ဘုရားသခင်ကိုယ်တိုင် လုံးဝ မဟုတ်၊ ငါသည် လူသားဖြစ်ဆဲဖြစ်ပြီး ဘုရားသခင်သည် ဘုရားသခင်သာ ဖြစ်ဆဲဖြစ်ကာ၊ ဘုရားသခင်သည် ငါဖြစ်သည့် ဇာတိအဖြစ်တော်နှင့် မည်သည့် ပတ်သက်မှုမျှမရှိဟု တွေးထင်ကြသည်။ ဤလူသားမျိုးနွယ် အကျင့်ပျက် လိုက်လေခြင်း။ ငါသည် ယခင်က အလွန်များလှစွာသော နှုတ်ကပတ်တော်များကို ပြောဆိုပြီးဖြစ်သော်လည်း၊ သင်တို့သည် ယင်းတို့အား မတည်ရှိခဲ့သည့်အလား အချိန်ကြာမြင့်စွာက သဘောထားပြီးဖြစ်ကာ ဤအရာက ငါ၏ အရိုးများထဲထိ စွဲသည့် မုန်းတီးမှုဖြင့် ငါ့ကို ပြည့်စေသည်။ အမှန်တကယ် ဤအရာက ငါ့ကို သင့်အပေါ် စက်ဆုပ်ရွံရှာစေ၏။ အဘယ်သူသည် ပြီးပြည့်စုံသော ဘုရားသခင်ကိုယ်တိုင် ဖြစ်သည့်၊ လူ့သဘာဝနှင့် ပြည့်စုံသော ဘုရားသဘောသဘာဝ နှစ်ခုလုံးရှိသည့် ငါ့ကို သာမန်ကာလျှံကာ ပုန်ကန်ပြစ်မှားဝံ့သနည်း။ အဘယ်သူသည် ၎င်းတို့၏ အတွေးများဖြင့် ငါ့အား ခုခံဝံ့သနည်း။ ငါ၏ကြီးမားလှသော ဘေးဒဏ်သည် စတင် ကျရောက်သည့်နောက်တွင်၊ ငါသည် ၎င်းတို့အား တစ်ဦးတစ်လေကိုမျှ အလွတ်မပေးဘဲ ထို့ထက် ၎င်းတို့အားလုံးကို ပြင်းပြင်းထန်ထန် အပြစ်ပေးလျက် တစ်ယောက်ပြီးတစ်ယောက် အပြစ်ပေးမည်။ ငါ၏ ဝိညာဉ်သည် လူကိုယ်တိုင် အမှုပြု၏၊ ဤသည်မှာ ငါသည် ဘုရားသခင် ကိုယ်တိုင် မဟုတ်ဟု မဆိုလိုပေ။

ဆန့်ကျင်ဘက်အားဖြင့်၊ ယင်းမှာ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင် ကိုယ်တိုင်ဖြစ်သည်ဟု သာ၍ပင် ဆိုလိုပေသည်။ လူတို့သည် ငါ့အား မသိကြ- ၎င်းတို့အားလုံးသည် ငါ့အား ခုခံကြပြီး၊ ငါ၏ နှုတ်ကပတ်တော်များမှ ငါ၏ အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်းကို မရှုမြင်ကြဘဲ၊ ယင်းအစား ၎င်းတို့သည် ငါ့အား ဆန့်ကျင်နိုင်ပြီး ငါနှင့်ပတ်သက်၍ အပြစ်ရှာဖို့ တစ်စုံတစ်ရာကို ငါ၏ နှုတ်ကပတ်တော်များထဲတွင် ရှာတွေ့ရန် ကြိုးစားကြသည်။ ငါသည် ငါ၏သားဦးများနှင့်အတူ ဇိအုန်၌ ထွက်ပေါ်လာသည့်တစ်နေ့တွင်၊ ငါသည် ဤကံဆိုးသည့် သတ္တဝါများကို စတင် ကိုင်တွယ်ဖြေရှင်းမည်။ ဤကာလတွင်၊ ငါသည် ဤအမှုကို အဓိက လုပ်ဆောင်နေသည်။ ငါသည် အတိုင်းအတာတစ်ခုထိ ပြောဆိုပြီးချိန်တွင်၊ အစေခံသူ အမြောက်အများသည် နောက်ဆုတ်ကြပြီးဖြစ်လိမ့်မည်ဖြစ်သကဲ့သို့၊ သားဦးတို့သည်လည်း အခက်အခဲမျိုးစုံကို ခံစားကြရပြီး ဖြစ်လိမ့်မည်။ အမှု၏ ဤအဆင့်နှစ်ဆင့် တိုးတက်မှုနှင့်အတူ၊ ငါ၏အမှုသည် အဆုံးသတ်တစ်ခုသို့ ရောက်လာလိမ့်မည်။ တစ်ချိန်တည်းတွင်၊ ငါသည် ငါ၏သားဦးများကို ဇိအုန်သို့ ပြန်ခေါ်ဆောင်လိမ့်မည်။ ဤသည်တို့မှာ ငါ့အမှု၏ အဆင့်များ ဖြစ်သည်။

ငါ၏သားဦးများသည် ငါ့နိုင်ငံတော်၏ မရှိမဖြစ် အစိတ်အပိုင်း ဖြစ်သည်၊ ယင်းမှ ငါ၏ ဇာတိအဖြစ်သည် အမှန်တွင် နိုင်ငံတော် ဖြစ်သည်ကို မြင်တွေ့နိုင်သည်- ငါ၏ နိုင်ငံတော်သည် အဦးအစသည် ငါ၏ သားဦးများ မွေးဖွားခြင်းနောက် လိုက်လာပေသည်။ တစ်နည်းအားဖြင့် ငါ၏နိုင်ငံတော်သည် ကမ္ဘာလောက၏ ဖန်ဆင်းခြင်း အချိန်ကတည်းက တည်ရှိပြီးဖြစ်ကာ၊ ငါ၏သားဦးများကို ရယူဖို့သည် (ဆိုလိုသည်မှာ ငါ၏သားဦးများကို ပြန်ရရန်သည်) ငါ၏နိုင်ငံတော်ကို နဂိုအတိုင်း ပြန်ဖြစ်လာစေရန် ဖြစ်သည်။ ဤအရာမှ၊ သားဦးများသည် အထူး အရေးပါမှုရှိသည်ကို သင်တို့ မြင်တွေ့နိုင်၏။ နိုင်ငံတော် ဖြစ်တည်လာလိမ့်မည်မှာ ငါ၏ သားဦးများ တည်ရှိသည်နှင့် တစ်ပြိုင်နက်ဖြစ်သည်၊ တန်ခိုးအာဏာဖြင့် စိုးစံခြင်းနှင့်ဆိုင်သော လက်တွေ့အရှိတရား ဖြစ်လာလိမ့်မည်၊ အသစ်သော အသက် ထွက်ပေါ်လာလိမ့်မည်ဖြစ်ပြီး၊ ခေတ်ဟောင်းတစ်ခုလုံးသည် အလုံးစုံ အဆုံးသတ်နိုင်ပေသည်။ ဤသည်မှာ မလွဲသော ဦးတည်ရာ ဖြစ်သည်။ သားဦးများသည် ဤအနေအထားတွင် ရှိကြသောကြောင့်၊ ၎င်းတို့သည် ကမ္ဘာကြီး၏ပျက်စီးခြင်း၊ စာတန်၏ ပျက်စီးခြင်းနှင့် အစေခံသူတို့၏ သရုပ်မှန်ကို ဖော်ထုတ်ပြခြင်းနှင့် အဆင်းနီသော နဂါးကြီးသည် သားစဉ်မြေးဆက်များ ရှိမည်မဟုတ်သကဲ့သို့၊ ကန့်နှင့်ရောသော မီးအိုင်ထဲသို့ ဆင်းသက်ရလိမ့်မည်ဆိုသည့် အမှန်တရားကို အမှတ်အသားပြုပေသည်- ထို့ကြောင့် အာဏာကို ကိုင်စွဲထားသောသူများနှင့် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များဖြစ်သူ အားလုံးသည် ပိတ်ဆို့တားဆီးခြင်း၊

ခုခံခြင်းနှင့် ဖျက်ဆီးခြင်းတို့တွင် အကြိမ်ကြိမ် ပါဝင်လုပ်ဆောင်ကြသည်။ ထိုအတောအတွင်းတွင်၊ ငါသည် ငါ၏ သားဦးများကို အဖန်တလဲလဲ ချီးမြှောက်သည်၊ သက်သေခံပြီး ထုတ်ဖော်ပြ၏။ အကြောင်းမှာ ငါ့ထံမှလာသော သူများသည်သာ ငါ့အတွက် သက်သေခံရန် သင့်လျော်ပေသည်။ ၎င်းတို့သည်သာ ငါကို အသက်ရှင်နေထိုင်ရန် အရည်အချင်းပြည့်မီပြီး၊ ၎င်းတို့သာ ငါ့အတွက် တိုက်ပွဲတွင် တိုက်ခိုက်ပြီး လှပသော အောင်ပွဲကို ရရှိဖို့ အကြောင်းရင်း ရှိကြသည်။ ငါမှလွဲ၍ ရှိသောသူတို့သည် ငါ့လက်ထဲက ရွှံ့စေးအနည်းငယ်မျှထက် မပိုချေ- ၎င်းတို့ အယောက်တိုင်းသည် ဖန်ဆင်းခံအရာများဖြစ်၏။ သားများနှင့် လူတို့သည် ဖန်ဆင်းခြင်း သတ္တဝါများထဲမှ ရွေးချယ်ထားသည့် သာ၍ ကောင်းမွန်သော သူများထက် ဘာမျှ မပိုချေ၊ သို့သော် ၎င်းတို့သည် ငါနှင့် မသက်ဆိုင်ကြ။ ထို့ကြောင့်၊ သားဦးများနှင့် သားများကြားတွင် ကြီးမားသည့် ကွာခြားမှုရှိသည်။ သားများသည် သားဦးများနှင့် နှိုင်းယှဉ်ရန် လုံးဝ အရည်အချင်းမပြည့်မီချေ- ၎င်းတို့သည် သားဦးများ၏ အုပ်ချုပ်ခြင်းနှင့် စိုးမိုးခြင်းကို ခံရ၏။ ယခုတွင် သင်တို့သည် ဤအရာနှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားသင့်ပေသည်။ ငါ ပြောဆိုထားပြီးသော စကားလုံးတိုင်းသည် မှန်ကန်ပြီး မည်သို့မျှ မမှားနိုင်ပေ။ ဤအရာအားလုံးသည် ငါ၏ ဇာတိအဖြစ်တော် ဖော်ပြချက် တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ ယင်းသည် ငါ၏ မိန့်မြွက်ချက်ဖြစ်သည်။

ငါသည် အနှစ်မဲ့သော စကားများကို မပြောဆိုသကဲ့သို့ ငါသည် အမှားများ မပြုလုပ်ဟု ငါ ဆိုလေပြီ။ ဤသည်မှာ ငါ၏ ဘုန်းအာနုဘော်အား ပြသရန် လုံလောက်သည်။ သို့သော်လည်း လူတို့သည် အကောင်းနှင့် အဆိုးကို မခွဲခြားနိုင်ကြသကဲ့သို့၊ ၎င်းတို့ လုံးလုံးလျားလျား လက်ခံယုံကြည်လာကြသည်မှာ ၎င်းတို့အပေါ် ငါ၏ ပြစ်တင်ဆုံးမခြင်း ကျရောက်သောအချိန်တွင်သာ ဖြစ်သည်။ သို့မဟုတ်ပါက၊ ၎င်းတို့သည် ဆက်လက်ပုန်ကန်ကာ ခေါင်းမာကြလေသည်။ ဤသည်မှာ လူသားမျိုးနွယ်အားလုံးကို ပြန်လည်တိုက်ခိုက်ဖို့ရန် ပြစ်တင်ဆုံးမခြင်းကို ငါ အသုံးပြုရသည့် အကြောင်းရင်း ဖြစ်၏။ လူသားအယူအဆများ၌၊ ဘုရားသခင် ကိုယ်တိုင်သာ ရှိသည့်အတွက်၊ အဘယ်ကြောင့် ငါ့ထံမှလာသော သားဦးများ အလွန်များရသနည်း။ ဤသို့ ငါပြောနိုင်၏- ငါ၏ ကိုယ်ပိုင် အရေးကိစ္စများနှင့်သက်ဆိုင်၍၊ ငါသည် ယင်းတို့ကို ငါ ပြောလိုသည့် မည်သည့်နည်းလမ်းဖြင့်မဆို ပြောဆိုသည်။ လူသားသည် ငါ့အား မည်သည့်အရာ လုပ်ဆောင်နိုင်စွမ်း ရှိသနည်း။ ဤကဲ့သို့လည်း ငါ ပြောနိုင်သည်- သားဦးများနှင့် ငါသည် ပုံသဏ္ဌာန်တစ်ခုတည်းနှင့် မသက်ဆိုင်သော်လည်း၊ ငါတို့သည် ဝိညာဉ်တစ်ခုတည်းနှင့် သက်ဆိုင်ကြ၏။ ထို့ကြောင့် ၎င်းတို့အားလုံးသည် ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်ကြသည်နှင့်အမျှ ငါနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နိုင်ကြသည်။

ငါတို့သည် ပုံသဏ္ဍာန်တစ်ခုတည်းနှင့် မသက်ဆိုင်ကြသည့် အကြောင်းရင်းမှာ လူအားလုံးတို့သည် ငါ့ဇာတိအဖြစ်တော်၏ အစိတ်အပိုင်းတိုင်းအား အံ့မခန်း ရှင်းလင်းမှုဖြင့် မြင်တွေ့နိုင်ကြဖို့အလို့ငှာ ဖြစ်သည်။ ဤသည်မှာ ငါသည် ငါ၏ သားဦးတို့အား တိုင်းနိုင်ငံအားလုံးနှင့် လူအားလုံးအပေါ် ငါနှင့်အတူ ဩဇာအာဏာ စွဲကိုင်ခွင့်ပေးရသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ အဆုံးသတ် သဘောထား ဖြစ်သည် (ငါ ပြောသော ဤ "အဆုံးသတ် သဘောထား" ဟူသည်မှာ ငါ၏လေသံသည် သိမ်မွေ့ပြီး၊ ငါသည် သားများနှင့် လူတို့အား စတင် စကားပြောဆိုပြီးဖြစ်သည်ကို ဆိုလိုသည်)။ လူအများစုသည် ဤလက္ခဏာသွင်ပြင်နှင့်စပ်လျဉ်း၍ သံသယများ ရှိကြ၏၊ သို့သော်လည်း ၎င်းတို့အတွက် အလွန် များလှစွာသော သံသယဖြင့် မိမိတို့ကိုယ်ကိုယ် ပြည့်စေဖို့ မလိုအပ်ပေ။ ငါသည် လူတို့အား ပုန်ကွယ်စရာ နေရာမရှိဘဲ အရှက်ရစေရန်အလို့ငှာ လူအားလုံး၏ အယူအဆများကို တစ်ခုပြီးတစ်ခု ငါ ဖော်ထုတ်လိမ့်မည်။ ငါသည် စကြဝဠာအနှံ့နှင့် ကမ္ဘာမြေ၏ အစွန်းနေရာများထိ ခရီးသွားကာ စကြဝဠာ၏ အခြေအနေတစ်ခုလုံးကို လေ့လာ၏။ ငါသည် လူအမျိုးအစားတိုင်းကို ဆန်းစစ်၏- ငါ၏ လက်မှ လွတ်မြောက်နိုင်သောသူ တစ်ဦးမျှ မရှိ။ ငါသည် အမှုအရာ အမျိုးအစားတိုင်းတွင် ပါဝင်ပြီး၊ ငါကိုယ်တိုင်ကိုယ်ကျ မကိုင်တွယ်သောအရာ မည်သည့်အရာမျှ မရှိ။ အဘယ်သူသည် ငါ၏ အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်းကို ငြင်းပယ် ဝံ့သနည်း။ အဘယ်သူသည် ငါနှင့်ပတ်သက်၍ လုံးလုံးလျားလျား လက်ခံယုံကြည်ခြင်း မရှိဝံ့သနည်း။ အဘယ်သူသည် ငါ၏ရှေ့၌ လုံးဝ မိမိတို့ကိုယ်ကိုယ် မဝပ်စင်းဘဲ နေဝံ့သနည်း။ ငါ၏ သားဦးများကြောင့် ကောင်းကင်အားလုံး ပြောင်းလဲလိမ့်မည် ဖြစ်ပြီး၊ ထို့ထက်ပို၍ပင် ငါနှင့် ငါ၏ သားဦးများကြောင့် ကမ္ဘာမြေတစ်ခုလုံး ပြင်းပြင်းထန်ထန် တုန်ခါလိမ့်မည်။ လူအားလုံးတို့သည် ငါ၏ ဇာတိအဖြစ်တော်ရှေ့တွင် ဒူးထောက်ကြရမည်ဖြစ်ပြီး၊ အရာရာအားလုံးသည်- အနည်းငယ်မျှ မှားယွင်းမှုမရှိဘဲ- ငါ့လက်များ၏ ထိန်းချုပ်မှုအတွင်းသို့ ကေန်မုချ ရောက်လာကြရမည်။ အယောက်တိုင်းသည် လုံးလုံးလျားလျား ယုံကြည်လက်ခံကြရမည် ဖြစ်ကာ၊ အရာဝတ္ထုတစ်ခုစီတိုင်းသည် ငါ၏ အိမ်သို့ ရောက်လာရမည်ဖြစ်ပြီး ငါ့အား အစေခံခြင်းကို ပေးကြရမည်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ နောက်ဆုံးအပိုင်းဖြစ်သည်။ ယခုမှစ၍၊ မတူကွဲပြားသောလူတို့ကို ပစ်မှတ်ထားသည့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များနှင့်ဆိုင်သည့် အမျိုးမျိုးသော အချက်အားလုံးသည် ရလဒ်များ စတင် ဖြစ်ပေါ်စေလိမ့်မည် (အဘယ်ကြောင့်ဆိုသော် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို

အပြည့်အဝ လူသိရှင်ကြား ဖြစ်စေကာ၊ လူအမျိုးမျိုးတိုင်းနှင့် အမှုအရာတစ်ခုစီတိုင်းအတွက် သင့်လျော်သော အစီအစဉ်များအား ပြုလုပ်ထားပြီးဖြစ်သောကြောင့် ဖြစ်သည်။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကြောင့် လူအားလုံးတို့သည် ၎င်းတို့၏ သင့်လျော်သော နေရာတွင် ရှိကြရမည်ဖြစ်ပြီး၊ လူအမျိုးမျိုးတိုင်း၏ စစ်မှန်သော စရိုက်များ ဖော်ထုတ်ခြင်း ခံရပေမည်)။ ယင်းမှာ စစ်မှန်သော၊ တကယ့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ ရောက်ရှိခြင်း ဖြစ်လိမ့်မည်။

ယခုတွင် ငါ့အမှု၏ အဆင့်များနှင့်အညီ၊ ငါသည် ငါ ပြောလိုသည့်အရာကို ပြောဆိုပြီး၊ အယောက်တိုင်းသည် ငါ၏ နှုတ်ကပတ်တော်များကို အလေးအနက်ထားရမည် ဖြစ်သည်။ ခေတ်များတစ်လျှောက်လုံး၌၊ သန့်ရှင်းသောသူတိုင်းသည် "ယေရုရှလင်မြို့သစ်"ကို ပြောဆိုပြီးဖြစ်ကာ ယင်းကို အယောက်တိုင်း သိကြသော်လည်း၊ ဤစကားရပ်၏ စစ်မှန်သော အဓိပ္ပါယ်ကို မည်သူမျှ နားမလည်ချေ။ ယနေ့၏အမှုသည် ဤအဆင့်သို့ တိုးတက်ပြီဖြစ်သည်နှင့်အမျှ၊ ယင်းတို့ သင်တို့ နားလည်နိုင်ကြဖို့အလို့ငှာ ငါသည် ဤစကားရပ်၏ စစ်မှန်သော အဓိပ္ပါယ်ကို ထုတ်ဖော်ပြမည် ဖြစ်သည်။ သို့သော် ငါ၏ ထုတ်ဖော်ပြခြင်းတွင် အကန့်အသတ်တစ်ခု ရှိ၏- ယင်းကို ငါ မည်သို့ ရှင်းပြသည်ဖြစ်စေ၊ ပြီးလျှင် ယင်းကို ငါမည်သို့ ရှင်းလင်းစွာ ပြောသည်ဖြစ်စေ၊ မည်သည့် လူသားမျှ ဤဝေါဟာရ၏ လက်တွေ့အရှိတရားကို မခြုံငုံနိုင်သောကြောင့် သင်တို့ မည်သည့်အခါတွင်မျှ လုံးဝ နားမလည်နိုင်ကြပေ။ အတိတ်ကာလ၌ ယေရုရှလင်သည် ကမ္ဘာပေါ် ရှိ ငါ၏ နေထိုင်ရာနေရာကို ရည်ညွှန်းခဲ့သည်၊ ဆိုလိုသည်မှာ၊ ငါ လမ်းလျှောက်ကာ လှုပ်ရှားသည့် နေရာဖြစ်သည်။ သို့သော် "အသစ်" ဟူသော စကားလုံးသည် ဤစကားရပ်ကို ပြောင်းလဲစေပြီး၊ ယင်းသည် ယခုတွင် ဖြစ်လေ့ရှိသည့်အရာနှင့် လုံးဝ မတူပေ။ လူတို့သည် ယင်းကို အနည်းငယ်မျှ သဘောမပေါက်နိုင်ပေ။ လူအချို့က ယင်းသည် ငါ၏ နိုင်ငံတော်ကို ရည်ညွှန်းသည်ဟု ထင်ကြသည်။ လူအချို့က ယင်းမှာ ငါ ဖြစ်သော ဇာတိအဖြစ်တော်ဖြစ်သည်ဟု ထင်ကြသည်။ အချို့က ယင်းမှာ အသစ်သော ကောင်းကင်နှင့် မြေကြီးဟု ထင်ကြ၏၊ ပြီးလျှင် အချို့သော လူတို့သည် ယင်းမှာ ဤကမ္ဘာလောကကို ငါ ဖျက်ဆီးသည့်နောက် ဖြစ်လာသော လောကအသစ်ဟု ထင်ကြသည်။ လူတစ်ဦး၏ စိတ်သည် အလွန့်အလွန် ရှုပ်ထွေးကာ ထူးကဲဆန်းစုံသည့် စိတ်ကူးစိတ်သန်း ရှိနိုင်စွမ်းရှိကြလျှင်ပင်၊ ယင်းနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှ ၎င်းတို့ သဘောမပေါက်နိုင်ကြသေးချေ။ ခေတ်များ တစ်လျှောက်လုံး၌၊ လူတို့သည် ဤ စကားရပ်၏ အဓိပ္ပါယ်အစစ်အမှန်ကို သိဖို့ရန် သို့မဟုတ် မြင်ဖို့ရန် မျှော်လင့်နေကြပြီးဖြစ်သည်၊ သို့သော်၊ ၎င်းတို့သည် ၎င်းတို့၏ ဆန္ဒများအား

မဖြည့်ဆည်းနိုင်ကြလေပြီ- ၎င်းတို့ အားလုံးသည် ၎င်းတို့၏ ပြင်းပြသောဆန္ဒများကို နောက်ချန်ထားရင်း၊ စိတ်ပျက်အားလျော့ကြပြီးဖြစ်ကာ သေဆုံးကြပြီးဖြစ်သည်။ ငါ၏ အချိန်သည် ရောက်မလာခဲ့သေး သောကြောင့်၊ ငါသည် မည်သူ့ကိုမျှ အလွန်တကူ မပြောပြနိုင်ခဲ့ပေ။ ငါ၏ အမှုသည် ဤအဆင့်ထိ ပြီးစီးပြီဖြစ်သည့်အတွက်၊ ငါသည် သင်တို့အား အရာရာကို ပြောပြမည်။ ယေရုရှလင်မြို့သစ်သည် ဤအရာလေးခုကို ခြုံငုံသည်- ငါ၏ အမျက်ဒေါသ၊ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၊ ငါ၏ နိုင်ငံတော်နှင့် ငါ၏ သားဦးများအပေါ်တွင် ငါအပ်နှင်းသော အဆုံးမဲ့ ကောင်းချီးမင်္ဂလာများ ဖြစ်ကြသည်။ "အသစ်" ဟူသော စကားရပ်ကို ငါသုံးရသည့်အကြောင်းရင်းမှာ ဤအစိတ်အပိုင်းလေးခုတို့သည် ကွယ်ဝှက်ထားသောကြောင့် ဖြစ်သည်။ ငါ၏ အမျက်ဒေါသကို မည်သူမျှ မသိကြသောကြောင့်၊ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို မည်သူမျှ မသိကြသောကြောင့်၊ ငါ၏ နိုင်ငံတော်ကို မည်သူမျှ မမြင်သေးသကဲ့သို့ ငါ၏ ကောင်းချီးမင်္ဂလာများကို မည်သူမျှ မွေ့လျော်ခံစားခြင်း မရှိကြသေးသောကြောင့်၊ "အသစ်" ဟူသည်မှာ ကွယ်ဝှက်ထားသော အရာကို ရည်ညွှန်း၏။ ယေရုရှလင်မြို့သစ်သည် ကမ္ဘာမြေသို့ ဆင်းသက်ပြီးဖြစ်သော်လည်း၊ ယေရုရှလင်မြို့သစ်၏ လက်တွေ့အရှိတရားကို မည်သူမျှ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခြင်းမရှိကြသေးသောကြောင့်၊ ငါ ပြောဆိုပြီးသောအရာကို မည်သူမျှ အပြည့်အဝ နားမလည်နိုင်ပေ။ ယင်းနှင့်သက်ဆိုင်၍ မည်မျှ ပြည့်ဝစွာ ငါ ပြောဆိုသည်ဖြစ်စေ၊ လူတို့သည် အပြည့်အဝ နားလည်ကြလိမ့်မည် မဟုတ်။ အကယ်၍ တစ်စုံတစ်ဦးက နားလည်လျှင်ပင်၊ ဤနားလည်ခြင်းသည် ၎င်းတို့၏ စကားလုံးများ၊ ၎င်းတို့၏ စိတ်နှင့် ၎င်းတို့၏ အယူအဆများသာ ဖြစ်သည်။ ဤသည်မှာ မလွဲသော ဦးတည်ရာဖြစ်၏။ ဤသည်မှာ တစ်ခုတည်းသော ရှေ့ဆက်လမ်းဖြစ်ပြီး မည်သူမျှ ယင်းမှ မိမိတို့ကိုယ်ကိုယ် မလွတ်မြောက်စေနိုင်ပေ။

# အခန်း ၁၁၃

ငါ၏ ဉာဏ်ပညာသည် ငါ လုပ်ဆောင်သည့် လုပ်ရပ်တိုင်းတွင်ရှိသော်လည်း လူသားသည် အခြေခံအားဖြင့် ဤဉာဏ်ပညာကို နားလည်နိုင်စွမ်း မရှိပေ။ လူသားသည် အခြေခံအားဖြင့် ဤအစွမ်းအစ ကင်းမဲ့သည်နှင့်အမျှ၊ ငါ၏လုပ်ရပ်များနှင့် နှုတ်ကပတ်တော်များကိုသာ မြင်နိုင်သည်၊ ငါ၏ဘုန်းအသရေ သို့မဟုတ် ငါ့ ဇာတိအဖြစ်တော်၏ ပေါ်ထွန်းခြင်းကို မမြင်နိုင်ပေ။ ထို့ကြောင့် လူသားအပေါ် ငါ၏ ပြောင်းလဲမှုများဖြစ်စေခြင်းမရှိဘဲနှင့်၊ လူသားသည် ငါ၏ ဉာဏ်ပညာနှင့် ငါ၏အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းကို မြင်နိုင်ဖို့အလို့ငှာ၊

ငါ့သားဦးများနှင့် ငါသည် ဇီအုန်သို့ပြန်သွားကာ ပုံသဏ္ဍာန် ပြောင်းလဲလိမ့်မည်ဖြစ်သည်။ ယခု လူသားမြင်ရသော ငါ၏ဉာဏ်ပညာနှင့် အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်းတို့သည် ငါ့ဘုန်းအသရေ၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုမျှဖြစ်သည်- ဖော်ပြရန်ပင် မထိုက်တန်ပေ။ ဤအရာမှ ငါ၏ဉာဏ်ပညာနှင့် ဘုန်းအသရေတို့သည် အဆုံးမရှိသကဲ့သို့- တိုင်းတာ၍ မရနိုင်လောက်အောင် နက်ရှိုင်းသကဲ့သို့- လူသား၏ ဉာဏ်သည် အခြေခံအားဖြင့် ယင်းကို မစဉ်းစားနိုင်ပေ သို့မဟုတ် နားမလည်နိုင်ပေ။ နိုင်ငံတော်ကို တည်ဆောက်ခြင်းသည် သားဦးတို့၏တာဝန်ဖြစ်ပြီး ဤသည်မှာ ငါ၏အလုပ်လည်း ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းသည် ငါ့စီမံခန့်ခွဲမှုအစီအစဉ်၏ ကိစ္စတစ်ခုဖြစ်သည်။ နိုင်ငံတော်ကို တည်ဆောက်ခြင်းသည် အသင်းတော်ကို တည်ဆောက်ခြင်းနှင့် မတူပေ။ ငါနှင့် ငါ့သားဦးများသည် ငါ၏ ဇာတိအဖြစ်တော်နှင့် နိုင်ငံတော်ဖြစ်သည့်အတွက်၊ ငါ့သားဦးများနှင့် ငါသည် ဇီအုန်တောင်သို့ ဝင်ရောက်သောအခါ၊ နိုင်ငံတော်တည်ဆောက်ခြင်းကို စွမ်းဆောင်ရရှိပြီးဖြစ်လိမ့်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် နိုင်ငံတော်ကို တည်ဆောက်ခြင်းသည် အမှုထဲက အဆင့်တစ်ခု- ဝိညာဉ်လောကထဲသို့ ဝင်ရောက်ခြင်း အဆင့်တစ်ခု ဖြစ်သည်။ (သို့သော် လောကကြီးကို ဖန်ဆင်းခြင်းကတည်းက ငါလုပ်ဆောင်ပြီးသမျှ အားလုံးသည် ဤအဆင့်အတွက် ဖြစ်လေပြီ။ ယင်းသည် အဆင့်တစ်ဆင့်ဟု ငါဆိုသော်လည်း အမှန်တွင် အဆင့်တစ်ဆင့် လုံးဝမဟုတ်ပေ။) ထို့ကြောင့် ငါသည် ဤအဆင့်ကိုအစေခံခြင်းတွင် အစေခံသူအားလုံးကို အသုံးပြုပြီး၊ နောက်ပိုင်းတွင် နောက်ဆုံးသောကာလအတွင်း၌ လူများစွာတို့သည် လက်လျှော့ကြလိမ့်မည်။ ၎င်းတို့အားလုံးသည် သားဦးများကို အစေခံမှုများ ပေးကြလေသည်။ ဤအစေခံသူများကို ကြင်နာမှုပေးသူ မည်သူမဆိုသည် ငါ၏ ကျိန်စာများအားဖြင့် သေဆုံးကြလိမ့်မည်။ (အစေခံသူများအားလုံးသည် အဆင်းနီသောနဂါးကြီး၏ အကြံအစည်များကို ကိုယ်စားပြုကြပြီး အားလုံးသည် စာတန်၏လက်ပါးစေများ ဖြစ်ကြသည်၊ ထို့ကြောင့် ၎င်းတို့ကို ကြင်နာမှုပေးသူတို့သည် အဆင်းနီသောနဂါးကြီး၏ ကြံရာပါများဖြစ်ကြပြီး စာတန်နှင့် သက်ဆိုင်ကြပေသည်။) ငါချစ်သောသူအားလုံးကို ငါချစ်မြတ်နိုးပြီး ငါ၏ကျိန်စာများနှင့် ပူလောင်မှု၏ ပစ်မှတ်များအားလုံးကို ငါသည် စက်ဆုပ်ရွံရှာ၏။ သင်တို့သည်လည်း ဤအရာကို လုပ်ဆောင်နိုင်ကြသလော။ ငါ့ကိုဆန့်ကျင်သောသူ မည်သူ့ကိုမဆို ငါသည် သေချာပေါက် ခွင့်လွှတ်လိမ့်မည် မဟုတ်သကဲ့သို့ ၎င်းတို့ကို ချမ်းသာပေးလိမ့်မည်မဟုတ်။ လုပ်ဆောင်ချက်အသီးသီးကို လုပ်ဆောင်ရာတွင်၊ ငါ့ကိုအစေခံရန် အရေအတွက် များပြားလှသော အစေခံသူများအတွက် ငါသည် စီစဉ်၏။ ထို့ကြောင့် သမိုင်းတစ်လျှောက်လုံးတွင် ပရောဖက်များနှင့် တမန်တော်များ အားလုံးက အစေခံမှု

ပြုကြပြီးဖြစ်သည်မှာ ယနေ့၏အဆင့်အတွက် ဖြစ်ကာ၊ ၎င်းတို့သည် ငါ၏စိတ်နှလုံးနှင့် ညီညွတ်ခြင်းမရှိကြသကဲ့သို့ ငါ့ထံမှ မဟုတ်ကြပေ။ (၎င်းတို့အများစုသည် ငါ့ကို သစ္စာစောင့်သိကြသော်လည်း၊ မည်သူမျှ ငါနှင့် မသက်ဆိုင်ကြချေ။ ထို့ကြောင့် ၎င်းတို့၏ အလုပ်များနေခြင်းသည် ငါ့အတွက် ဤနောက်ဆုံးသော အဆင့်၏ အခြေခံအုတ်မြစ်ကို ပြုလုပ်ရန်ဖြစ်သော်လည်း၊ ၎င်းတို့ ကိုယ်တိုင်နှင့် ပတ်သက်သရွေ့ ၎င်းတို့၏ အားထုတ်မှုအားလုံးသည် အချည်းနှီး ဖြစ်လေသည်။) သို့ဖြစ်သောကြောင့် နောက်ဆုံးသောကာလအတွင်းတွင် လက်လျှော့ကြသော လူ အရေအတွက် သာ၍ပင် များပြားလိမ့်မည်။ (“များပြားလှသောအရေအတွက်” ဟု ငါပြောရသည့်အကြောင်းရင်းမှာ ငါ၏စီမံခန့်ခွဲမှုအစီအစဉ်သည် ယင်း၏အဆုံးသို့ ရောက်ရှိပြီးဖြစ်သည်၊ ငါ၏နိုင်ငံတော် တည်ဆောက်ခြင်းသည် အောင်မြင်ပြီးဖြစ်သကဲ့သို့ သားဦးများသည် ပလ္လင်ပေါ်တွင် ထိုင်ကြပြီဖြစ်သောကြောင့် ဖြစ်သည်။) ယင်းမှာ သားဦးများ၏ ပေါ်ထွန်းခြင်းကြောင့်သာ ဖြစ်သည်။ သားဦးများ ပေါ်ထွန်းပြီးဖြစ်သောကြောင့်၊ အဆင်းနီသောနဂါးကြီးသည် လမ်းကြောင်း အားလုံးကို ထိခိုက်နစ်နာစေဖို့နှင့် အားအင်ကုန်ခမ်းစေဖို့ ဖြည်နိုင်သမျှ နည်းလမ်းတိုင်းကို ကြိုးစားလေသည်။ ၎င်းသည် ငါ့အတွက် အစေခံမှုပြုရန် လာကြသည့်၊ လက်တလောအချိန်ကာလတွင် ၎င်းတို့၏စရိုက်မှန်များကို ပြသပြီးဖြစ်သကဲ့သို့ ငါ၏စီမံခန့်ခွဲမှုကို ဟန့်တားနှောင့်ယှက်ရန် ကြိုးစားကြပြီး ဖြစ်သည့် ဆိုးညစ်သော ဝိညာဉ်မျိုးစုံကို စေလွှတ်လေသည်။ ဤအရာများကို ပကတိမျက်စိဖြင့် မမြင်နိုင်ပေ။ ယင်းတို့သည် ဝိညာဉ်လောကနှင့်ဆိုင်သည့် အရာအားလုံးဖြစ်သည်။ ထို့ကြောင့် လူတို့သည် နောက်ဆုတ်သော လူ မြောက်မြားစွာ ရှိလိမ့်မည်ကို မယုံကြည်ကြပေ၊ သို့သော် ငါ လုပ်ဆောင်သည့် အရာကို ငါသိသည်၊ ငါ၏စီမံခန့်ခွဲမှုကို ငါနားလည်၏။ ဤသည်မှာ လူသားကို ကြားဝင်စွက်ဖက်ခွင့် မပြုဖို့ အကြောင်းရင်းဖြစ်သည်။ (ဆိုးယုတ်သော ဝိညာဉ်ဆိုး အမျိုးအစားတိုင်းသည် ၎င်းတို့၏ စရိုက်မှန်များကို ထုတ်ဖော်ပြကြမည့် နေ့တစ်နေ့ ရောက်လာလိမ့်မည်ဖြစ်ကာ၊ လူသားအားလုံး စစ်မှန်ရိုးသားစွာ လက်ခံယုံကြည်ကြလိမ့်မည်။)

ငါသည် ငါ၏သားဦးများကို ချစ်သော်လည်း၊ အဆင်းနီးသော နဂါးကြီး၏ သားစဉ်မြေးဆက်များဖြစ်ကြပြီး ငါ့ကို ကြီးမားသော စစ်မှန်ရိုးသားမှုဖြင့် ချစ်မြတ်နိုးကြသူများကို ငါလုံးဝ မချစ်ပေ။ အမှန်တွင် ၎င်းတို့ကို ငါသာ၍ပင် စက်ဆုပ်ရွံရှာသည်။ (ဤလူတို့သည် ငါ၏လူများ မဟုတ်ကြသကဲ့သို့၊ ၎င်းတို့သည် စေတနာကောင်းများကို ပြကြပြီး နှစ်သက်ဖွယ်သော စကားများကို ပြောကြသော်လည်း၊ ဤသည်မှာ အဆင်းနီသောနဂါးကြီး၏ အကြံအစည်တစ်ခုသာ ဖြစ်သည်၊ ထို့ကြောင့် ငါသည်

၎င်းတို့ကို ငါ၏ရိုးတွင်းခြင်ဆီများထိတိုင် မုန်း၏။) ဤသည်မှာ ငါ၏စိတ်သဘောထား ဖြစ်ပြီး၊ ဤသည်မှာ ငါ့ဖြောင့်မတ်ခြင်း အလုံးစုံဖြစ်သည်။ လူသားသည် ယင်းကို လုံးဝ နားလည်၍မရနိုင်ပေ။ အဘယ့်ကြောင့် ငါ၏ဖြောင့်မတ်ခြင်း အလုံးစုံကို ဤနေရာတွင် ထုတ်ဖော်ပြထားသနည်း။ ဤအရာမှ၊ တစ်ဦးတစ်ယောက်သည် မည်သည့် ပုန်ကန်ပြစ်မှားမှုကိုမျှ သည်းမခံသော ငါ၏သန့်ရှင်းသည့် စိတ်သဘောထားကို သိမြင်နိုင်ပေသည်။ ငါသည် ငါ၏သားဦးများကို ချစ်မြတ်နိုးနိုင်သကဲ့သို့ ငါ့သားဦးများ မဟုတ်သော သူများကို (၎င်းတို့သည် သစ္စာစောင့်သိသူများ ဖြစ်ကြလျှင်ပင်) စက်ဆုပ်ရွံရှာနိုင်သည်။ ဤသည်မှာ ငါ၏ စိတ်သဘောထားဖြစ်သည်။ သင်တို့ မမြင်နိုင်သလော။ လူတို့၏အယူအဆများတွင်၊ ငါသည် အစဉ်အမြဲ သနားကရုဏာနှင့်ပြည့်စုံသော ဘုရားသခင် ဖြစ်ပြီး၊ ငါ့ကိုချစ်သောသူ အားလုံးတို့ကို ငါ ချစ်သည်။ ဤအနက်ပြန်ခြင်းသည် ငါ့ကို ဆန့်ကျင်ပြစ်မှားခြင်း ဖြစ်သည်မဟုတ်လော။ ငါသည် တိရစ္ဆာန်များနှင့် သားရဲများကို ချစ်နိုင်သလော။ ငါသည် စာတန်ကို ငါ့သားဦးအဖြစ် သဘောထားပြီး မွေ့လျော်နိုင်သလော။ အဓိပ္ပာယ်မရှိပေ။ ငါ့အမှုကို ငါ၏သားဦးများအပေါ် ငါ ဆောင်ရွက်ပြီး၊ ငါ့သားဦးများမှ လွဲ၍၊ ငါသည် ချစ်မြတ်နိုးရန် အခြား မည်သည့်အရာမျှမရှိပေ။ (သားများနှင့်လူများသည် ဖြည့်စွက်ချက်တစ်ခု ဖြစ်သော်လည်း အရေးမကြီးကြပေ။) လူတို့က ငါသည် အသုံးမဝင်သောအလုပ်များစွာကို လုပ်ဆောင်ခဲ့သည်ဟု ပြောလေ့ရှိသော်လည်း၊ ငါ့အမြင်တွင် ယင်းအမှုသည် အမှန်တွင် တန်ဖိုးအရှိဆုံးနှင့် အဓိပ္ပာယ်အရှိဆုံး ဖြစ်သည်။ (ဤအရာက လူ့ဇာတိခံယူခြင်း နှစ်ရပ်အတောအတွင်း လုပ်ဆောင်ခဲ့သည့် အမှုကို လုံးဝ ရည်ညွှန်းပေသည်။ ငါ၏ တန်ခိုးကို ထုတ်ဖော်ပြလိုသောကြောင့် ငါသည် ငါ၏ အမှုကို ပြည့်စုံစေဖို့ လူ့ဇာတိဖြစ်လာရပေမည်။) ငါ့ဝိညာဉ်တော်သည် ကိုယ်တိုင်ကိုယ်ကျ အမှုပြုရန် ကြွလာသည်ဟု ငါပြောရသည့် အကြောင်းရင်းမှာ ငါ့အမှုသည် လူ့ဇာတိ၌ ပြည့်စုံသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ငါ၏သားဦးများနှင့် ငါသည် ငြိမ်သက်ခြင်းချမ်းသာထဲသို့ စတင်ဝင်ရောက်ပေသည်။ လူ့ဇာတိ၌ စာတန်နှင့် စစ်ဖြစ်ခြင်းသည် ဝိညာဉ်လောက၌ စာတန်နှင့်စစ်ဖြစ်ခြင်းထက် သာ၍ပြင်းထန်၏။ ယင်းကို လူအားလုံးက မြင်နိုင်သည်၊ ထို့ကြောင့် စာတန်၏ သားစဉ်မြေးဆက်များကပင်လျှင် ငါ့အတွက် နှစ်သက်ဖွယ်သော သက်သေကို ခံနိုင်ကြပြီး၊ ထွက်ခွာရန် လိုလားခြင်း မရှိကြချေ။ ဤသည်မှာ ဇာတိပကတိ၌ ငါ၏အမှုပြုခြင်း ကိုယ်၌ထဲက အဓိပ္ပာယ်ဖြစ်သည်။ ယင်းသည် အဓိကအားဖြင့် နတ်ဆိုး၏ သားစဉ်မြေးဆက်များအား နတ်ဆိုးကိုယ်တိုင်ကို ဂုဏ်သရေ ညှိုးစေရန်အလို့ငှာ ဖြစ်သည်။ ဤသည်မှာ နတ်ဆိုးစာတန်အပေါ် ဆိုက်ရောက်စေသည့် အားအကောင်းဆုံးသော

အရှက်ရစေခြင်းဖြစ်သည်၊ အလွန်အားကောင်းသည်မှာ ၎င်းသည် ၎င်း၏ အရှက်ရခြင်းကို ကွယ်ဝှက်ရန် နေရာမရှိဖြစ်ကာ သနားကရုဏာအတွက် ငါ၏ ရှေ့မှောက်တွင် ထပ်တလဲလဲ တောင်းပန်လေသည်။ ငါသည် အနိုင်ရလေပြီ၊ ငါသည် အရာရာတိုင်းအပေါ် အောင်နိုင်လေပြီ။ ငါသည် ငါ့သားဦးများနှင့်အတူ မိသားစု ချမ်းမြေ့ပျော်ရွှင်မှုကို မွေ့လျော်ခံစားရန်နှင့် ကောင်းကင်နိုင်ငံတော်၏ ကြီးမားသော စားတော်ပွဲ၌ အစဉ်ထာဝရ ပါဝင်ရန် တတိယကောင်းကင်ကို ငါ ထိုးဖောက်ကျော်လွှားကာ ဇီအုန်တောင်သို့ ရောက်ရှိပြီး ဖြစ်သည်။

သားဦးများအတွက်၊ ငါသည် အဖိုးအခတိုင်းကို ပေးပြီးဖြစ်ကာ ငါ၏ အားထုတ်မှုဖြင့် နာကျင်မှုအားလုံးကို ဆောင်ယူပြီး ဖြစ်သည်။ (ငါလုပ်ဆောင်ခဲ့သမျှအားလုံး၊ ငါပြောပြီးသမျှအားလုံး၊ ဆိုးယုတ်သော ဝိညာဉ်အမျိုးအစားတိုင်းကို ငါ ရိုပ်စားမိသည့်အချက်နှင့် အစေခံသူ အမျိုးအစားတိုင်းအား ငါ မောင်းထုတ်ပြီးဖြစ်သည့်အချက်တို့ကို လူသားက တကယ်ကို မသိပေ- ယင်းသည် သားဦးများအတွက်သာ ဖြစ်လေပြီဖြစ်သည်။) သို့သော် ငါ့အမှုများစွာအတွင်းတွင် ငါ၏ စီစဉ်မှုသည် စနစ်တကျ ဖြစ်ပေသည်။ အမှုကို ကျိုးကြောင်းမမြင်ဘဲ သေချာပေါက် လုပ်ဆောင်မထားပေ။ ငါ၏ နေ့စဉ် နှုတ်ကပတ်တော်များတွင်၊ သင်တို့သည် ငါ့အမှု၏ နည်းစနစ်နှင့် ယင်း၏ အဆင့်များကို မြင်နိုင်သင့်သည်။ ငါ၏နေ့စဉ် လုပ်ရပ်များတွင်၊ သင်တို့သည် ငါ၏ဉာဏ်ပညာနှင့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ငါ၏အခြေခံသဘောတရားများကို မြင်နိုင်သင့်ပေသည်။ ငါပြောပြီးသည့်အတိုင်း စာတန်သည် ငါ၏စီမံခန့်ခွဲမှုကို ကြားဝင်နှောက်ယှက်ခြင်းနှင့်ဆိုင်သည့် ရည်ရွယ်ချက်အတွက် ငါ့အတွက် အစေခံမှုကို လုပ်ဆောင်သောသူတို့ကို စေလွှတ်ပြီးဖြစ်သည်။ ဤအစေခံသူတို့သည် တောပင်များဖြစ်ကြသော်လည်း၊ “ဂျုံစပါး” ဆိုသည့် စကားက သားဦးများကို မရည်ညွှန်းဘဲ၊ သားဦးများမဟုတ်သည့် သားများနှင့် လူများအားလုံးကို ရည်ညွှန်းပေသည်။ “ဂျုံစပါးသည် ဂျုံစပါး အမြဲ ဖြစ်လိမ့်မည်။ တောပင်သည်လည်း အမြဲ တောပင် ဖြစ်လိမ့်မည်။” ဤအရာက စာတန်နှင့်သက်ဆိုင်သည့် သူများ၏ သဘာဝသည် ဘယ်သောအခါမျှ မပြောင်းလဲနိုင်သည်ကို ဆိုလိုပေသည်။ ထို့ကြောင့် တိုတိုပြောရလျှင် ၎င်းတို့သည် စာတန် ဆက်ဖြစ်နေကြသည်။ ငါသည် ကမ္ဘာလောက၏ ဖန်ဆင်းခြင်းမတိုင်မီတွင် ဤလူများအထဲသို့ ငါ၏အရည်အသွေးကို ထည့်သွင်းခဲ့သောကြောင့်၊ “ဂျုံစပါး” သည် သားများနှင့်လူများကို ဆိုလိုသည်။ လူသား၏ သဘာဝသည် ပြောင်းလဲခြင်းမရှိဟု ငါ ပြောဆိုနှင့်ပြီးဖြစ်ကာ ယင်းမှာ ဂျုံစပါးသည် အမြဲဂျုံစပါးလိမ့်မည့် အကြောင်းရင်း ဖြစ်သည်။ သို့ဆိုလျှင် သားဦးများကား အဘယ်သို့နည်း။ သားဦးများသည် ငါ့ထံမှ လာကြသည်။ ၎င်းတို့ကို ငါ မဖန်ဆင်းခဲ့ပေ၊ ထို့ကြောင့် ၎င်းတို့ကို

ဂျုံစပါးဟု ခေါ်၍မရနိုင်ပေ။ (အဘယ့်ကြောင့်ဆိုသော် ဂျုံစပါးဟု ဖော်ပြခြင်း တစ်ခုတစ်လေသည် "မျိုးကြဲရန်" ဟူသည့် စကားလုံးများနှင့် အမြဲဆက်နွယ်ပြီး "မျိုးကြဲရန်" ဟူသည်မှာ "ဖန်ဆင်းရန်" ဟု အဓိပ္ပာယ်ရပေသည်။ တောပင်များအားလုံးကို အစေခံသူများအဖြစ် ပြုမူရန် စာတန်က တိတ်တဆိတ် မျိုးကြဲထားခြင်း ဖြစ်သည်။) သားဦးများသည် ငါ၏ ဇာတိအဖြစ်တော်၏ ပြည့်စုံပြီး အလှျံပယ်ဖြစ်သော သရုပ်သကန်ဖြစ်သည်ဟုသာ ပြော၍ရနိုင်ပေသည်။ ယင်းတို့ကို ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များက ကိုယ်စားပြုသင့်ပေသည်။ ဤအရာက ငါ၏ကြွလာခြင်းသည် သူခိုးတစ်ဦးကဲ့သို့ ဖြစ်သည်ဟူသောအချက်နှင့် သက်ဆိုင်ပြီးပြီး ငါသည် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များကို ခိုးယူဖို့ရန် ကြွလာပြီးဖြစ်သည်။ (အဘယ့်ကြောင့်ဆိုသော် ဤရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များသည် မူလက ငါနှင့် သက်ဆိုင်ခဲ့ပြီး၊ ငါသည် ယင်းတို့ကို ငါ့အိမ်သို့ ပြန်ယူဆောင်သွား လိုသောကြောင့်ဖြစ်သည်။) ငါ့သားဦးများနှင့်ငါသည် ဇိအုန်သို့ အတူတကွ ပြန်သွားချိန်တွင်၊ ဤရွှေ၊ ငွေနှင့် ဤအဖိုးတန်ကျောက်များကို ငါသည် ခိုးယူပြီး ဖြစ်ပေလိမ့်မည်။ ဤအချိန်အတောအတွင်းတွင်၊ စာတန်၏ ပိတ်ပင်ခြင်းများနှင့် အနှောင့်အယှက်ခြင်းများ ရှိလိမ့်မည်။ ထို့ကြောင့် ငါသည် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များကို ယူဆောင်ပြီး စာတန်နှင့် အဆုံးအဖြတ်ပေးသော တိုက်ပွဲကိုစတင်မည်။ (ဤတွင် ငါသည် ပုံပြင်တစ်ပုဒ်ကို သေချာပေါက် ပြောနေခြင်းမဟုတ်။ ဤသည်မှာ ဝိညာဉ်လောကထဲက ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ထို့ကြောင့် လူတို့သည် ယင်းနှင့်ပတ်သက်၍ အတော်အတန် မရှင်းမလင်း ဖြစ်ကြပြီး၊ ယင်းကို ပုံပြင်တစ်ပုဒ်ကဲ့သို့သာ ကြားနိုင်ကြသည်။ သို့သော် ငါ၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်က မည်သည့်အရာဖြစ်သည်ကို ငါ၏ နှုတ်ကပတ်တော်များမှ မြင်ဖို့ရန်မှာ သင်တို့၏အမှုအရာ ဖြစ်ပြီး၊ ယင်းကို ရယ်စရာတစ်ခုကဲ့သို့ သင်တို့ လုံး၀ သဘောမထားသင့်ပေ။ သို့မဟုတ်ပါက၊ ငါ့ဝိညာဉ်သည် လူသားအားလုံးထံမှ ထွက်ခွာသွားလိမ့်မည်။) ယနေ့တွင်၊ ဤတိုက်ပွဲသည် လုံး၀ ပြီးဆုံးသွားပြီဖြစ်ပြီး၊ (ငါနှင့် သက်ဆိုင်သည့် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များကို သယ်ဆောင်လျက်) ငါသည် ငါ၏ သားဦးများကို ဇိအုန်တောင်သို့ ငါ့အတူ ပြန်လည်ခေါ်ဆောင်သွားမည်။ ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များ ရှားပါးခြင်းကြောင့်၊ ပြီးလျှင် ယင်းတို့၏ အဖိုးထိုက်တန်ခြင်းကြောင့်၊ စာတန်သည် ယင်းတို့ကို ဆွဲလုဖို့ ဖြစ်နိုင်သမျှ နည်းလမ်းတိုင်းဖြင့် ကြိုးစားလေသည်၊ သို့သော် ငါ့ထံမှဖြစ်သောအရာသည် ငါ့ထံသို့ ပြန်လာရမည်ဟု အဖန်တလဲလဲ ငါ ဆိုသည်၊ ယင်း၏ အဓိပ္ပာယ်ကို အထက်တွင် ဖော်ပြထားပေသည်။ သားဦးများသည် ငါ့ထံမှလာပြီး၊ ငါနှင့်သက်ဆိုင်သည်ဟု ငါ၏ ပြောဆိုခြင်းသည် စာတန်ထံ ကြေညာချက်တစ်ခု ဖြစ်သည်။

မည်သူမျှ ဤအရာကို နားမလည်သကဲ့သို့ ယင်းသည် ဝိညာဉ်လောကနှင့်ဆိုင်သည့် အဖြစ်အပျက်တစ်ခု လုံးဝ ဖြစ်သည်။ ထို့ကြောင့် သားဦးများသည် ငါနှင့်သက်ဆိုင်သည်ဟု အဘယ့်ကြောင့် ငါထပ်တလဲလဲ အလေးပေးပြောရသည်ကို လူသားက နားမလည်ပေ။ ယနေ့တွင် သင် နားလည်သင့်သည်။ ငါ၏ နှုတ်ကပတ်တော်များသည် ရည်ရွယ်ချက်နှင့် ဉာဏ်ပညာ ရှိသည်ဟု ငါဆိုပြီးဖြစ်သော်လည်း၊ သင်တို့သည် ဤအရာကို အပြင်ပန်းသာ နားလည်ကြပေသည်- လူတစ်ဦးကမျှ ဤအရာကို စိတ်ဝိညာဉ်ဖြင့် ရှင်းလင်းစွာ မမြင်နိုင်ပေ။

ငါသည် တိုး၍ တိုး၍ ပြောဆိုပြီး၊ ငါ သာ၍ပြောလေ ငါ့နှုတ်ကပတ်တော်များ သာ၍ ခက်ထန်လာလေ ဖြစ်သည်။ ယင်းသည် အတိုင်းအတာတစ်ခုထိ ရောက်ရှိချိန်တွင်၊ ငါသည် လူတို့ကို အတိုင်းအတာတစ်ခုထိ အမှုပြုရန်၊ လူတို့အား စိတ်နှလုံးထဲနှင့် စကားအားဖြင့်သာ လက်ခံယုံကြည်စေခြင်း မဟုတ်ဘဲ၊ ယင်းထက် ပို၍ ၎င်းတို့အား သေမလား ရှင်မလားဖြစ်စေရန် ငါ၏ နှုတ်ကပတ်တော်များကို အသုံးပြု၏။ ဤသည်မှာ ငါ့အမှု၏ နည်းစနစ်နှင့် ငါ့အမှုက ယင်း၏ အဆင့်များဖြင့် ရှေ့ဆက်ပုံ ဖြစ်သည်။ ထိုသို့ ဖြစ်ရပေမည်။ ထိုမှသာ (နောက်ဆုံးတွင် သားဦးများကို စုံလင်စေဖို့ ၎င်းတို့အား ဇာတိပကတိကို ချိုးဖျက်လွတ်မြောက်ပြီး ဝိညာဉ်လောကထဲသို့ ဝင်ရောက်ခွင့်ပေးရန် ငါ၏နှုတ်ကပတ်တော်များကို အသုံးပြုရင်း) ယင်းသည် စာတန်ကို အရှက်ရစေနိုင်ပြီး၊ သားဦးများကို စုံလင်စေနိုင်ပေသည်။ လူသားသည် ငါ့ နှုတ်ကပတ်တော်များ၏ နည်းစနစ်နှင့် သဘောသွားကို နားမလည်ပေ။ ငါ၏ ရှင်းပြချက်မှ အချို့သော ထိုးထွင်းသိမြင်မှုသည် သင်တို့အားလုံးထံသို့ လာသင့်ပြီး၊ သင်တို့အားလုံးသည် သင်တို့ လုပ်ဆောင်ရမည့် အလုပ်ကို ပြီးစီးဖို့ ငါ၏ နှုတ်ကပတ်တော်များကို လိုက်လျှောက်သင့်ကြပေသည်။ ဤသည်မှာ သင်တို့အား ငါ အပ်နှင်းပြီးသော အရာ ဖြစ်သည်။ ဤအရာကို အပြင်လောကမှသာမက သာ၍ အရေးကြီးသည်မှာ ဝိညာဉ်လောကမှလည်း သင်တို့သိရမည်။

# အခန်း ၁၁၄

ငါသည် စကြဝဠာလောကကို ဖန်ဆင်းခဲ့သည်။ ငါသည် တောင်များ၊ မြစ်များနှင့် အရာခပ်သိမ်းကို ပြုလုပ်ခဲ့သည်။ ငါသည် စကြဝဠာနှင့် ကမ္ဘာမြေ၏အစွန်းများကို ပုံဖော်ခဲ့သည်။ ငါသည် ငါ၏ သားများနှင့် ငါ၏ လူတို့ကို ဦးဆောင်ခဲ့သည်။ ငါသည် အရာခပ်သိမ်းနှင့် ကိစ္စရပ်များအားလုံးကို ကွပ်ကဲအုပ်ချုပ်ခဲ့သည်။ ယခုတွင် ငါသည် ငါ၏

သားဦးများအား ငါ နေထိုင်ရာ နေရာသို့ ပြန်သွားရန်၊ ငါ၏ ဇိအုန်တောင်သို့ ပြန်ခေါ်ဆောင်သွားမည်ဖြစ်ပြီး၊ ဤသည်မှာ ငါ၏အမှုတွင် နောက်ဆုံးအဆင့် ဖြစ်လိမ့်မည်။ ငါ လုပ်ဆောင်ပြီးသမျှ အရာအားလုံးသည် (ဖန်ဆင်းခြင်း အချိန်မှ ယခုထိတိုင် လုပ်ဆောင်ခဲ့သည့် အရာရာတိုင်းသည်) ငါ့အမှု၏ ယနေ့အဆင့်အတွက်ဖြစ်ပြီး၊ ထို့ထက်ပင် သာ၍ ယင်းသည် မနက်ဖြန်၏ အုပ်စိုးမှု၊ မနက်ဖြန်၏ နိုင်ငံတော်အတွက် ဖြစ်သကဲ့သို့၊ ငါနှင့် ငါ၏ သားဦးတို့ ထာဝရ မွေ့လျော်မှုရှိရန်အတွက် ဖြစ်သည်။ ဤသည်မှာ အရာခပ်သိမ်းကို ဖန်ဆင်းရာ၌ ငါ၏ ရည်မှန်းချက် ပန်းတိုင် ဖြစ်ကာ၊ ယင်းသည် ဖန်ဆင်းခြင်းမှတစ်ဆင့် နောက်ဆုံးတွင် ငါ စွမ်းဆောင်ရရှိမည့်အရာ ဖြစ်သည်။ ငါ ပြောဆိုကာ လုပ်ဆောင်သည့်အရာအဖို့ ရည်ရွယ်ချက်နှင့် အစီအစဉ်ရှိ၏။ မည်သည့်အရာကိုမျှ ဖြစ်ကတတ်ဆန်း လုပ်ဆောင်ခြင်း မဟုတ်။ ငါနှင့်အတူ အရာခပ်သိမ်းသည် လွတ်လပ်မှုနှင့် လွတ်မြောက်မှု ဖြစ်သည်ဟု ငါက ဆိုသော်လည်း၊ မည်သို့ပင်ဆိုစေ ငါ လုပ်ဆောင်သမျှ အရာရာသည် မူအရဖြစ်၏၊ ငါ လုပ်ဆောင်သမျှ အရာခပ်သိမ်းသည် ငါ၏ ဉာဏ်ပညာနှင့် စိတ်သဘောထားတို့အပေါ် အခြေခံသည်။ သင်တို့သည် ဤအရာနှင့်ပတ်သက်၍ ထိုးထွင်းသိမြင်မှု တစ်ခုတစ်လေ ရှိကြသလော။ ဖန်ဆင်းခြင်းအချိန်မှ ယနေ့တိုင်၊ ငါ၏ သားဦးများမှအပ၊ မည်သူမျှ ငါ့ကို သိရှိမလာသေးသကဲ့သို့၊ ငါ၏ စစ်မှန်သောမျက်နှာကို မည်သူမျှ မမြင်တွေ့ကြသေးပေ။ ငါ၏ သားဦးများအတွက် ငါ ပြုသော ခွင်းချက်မှာ ၎င်းတို့သည် အခြေခံအားဖြင့် ငါ့ဇာတိအဖြစ်တော်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြသောကြောင့် ဖြစ်သည်။

ငါသည် ကမ္ဘာလောကအား ဖန်ဆင်းခဲ့ချိန်တွင်၊ ငါ၏ သတ်မှတ်ချက်များနှင့်အညီ လူသားအား အဆင့်အတန်းသတ်မှတ်ထားသည့် အမျိုးအစားလေးမျိုးအဖြစ်သို့ ခွဲခြားခဲ့သည်၊ ယင်းတို့မှာ- ငါ၏ သားများ၊ ငါ၏ လူများ၊ အစေခံခြင်းကို ပေးသူများနှင့် ဖျက်ဆီးခံရမည့်သူများ ဖြစ်ကြသည်။ ငါ၏ သားဦးများသည် အဘယ့်ကြောင့် ဤစာရင်းထဲ၌ ပါဝင်ခြင်းမရှိသနည်း။ အကြောင်းမူကား ငါ၏ သားဦးများသည် ဖန်ဆင်းခံသတ္တဝါများ မဟုတ်သောကြောင့်ဖြစ်သည်၊ ၎င်းတို့သည် ငါ့ထံမှ လာပြီး၊ လူသားမျိုးနွယ်နှင့် မသက်ဆိုင်ပေ။ ငါသည် လူ့ဇာတိမခံယူမီ၌၊ ငါ၏ သားဦးများအတွက် အစီအစဉ်များ ပြုလုပ်ခဲ့၏။ ၎င်းတို့အနေဖြင့် မည်သည့် အိမ်ထောင်စုတွင် မွေးဖွားမည်၊ ပြီးလျှင် ၎င်းတို့အတွက် အစေခံမှုလုပ်ဆောင်ရန် အဘယ်သူရှိမည်- ဤအရာအားလုံးကို ငါစီစဉ်ထားခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့ထဲမှ အဘယ်သူသည် မည်သည့်အချိန်တွင် ငါ၏ ပြန်လည်ရယူခြင်းခံရမည်ဆိုသည်ကိုလည်း ငါစီစဉ်ထားခဲ့သည်။ အဆုံးတွင်၊ ငါတို့သည် ဇိအုန်သို့ အတူတကွ ပြန်သွားကြလိမ့်မည် ဖြစ်သည်။ ဤအရာအားလုံးကို ဖန်ဆင်းခြင်းမတိုင်မီတွင် စီစဉ်ထားခဲ့ခြင်းဖြစ်သည်၊ ထို့ကြောင့်

မည်သည့်လူသားမျှ ထိုအရာကို မသိသကဲ့သို့၊ ယင်းတို့သည် ဇိအုန်၏ ကိစ္စရေးရာများ ဖြစ်သောကြောင့် မည်သည့်စာအုပ်တွင်မျှ ရေးမှတ်ထားခြင်းလည်း မရှိပေ။ ထို့အပြင်၊ ငါ လူ့ဇာတိခံယူခဲ့ချိန်၌၊ ငါသည် လူသားအား ဤစွမ်းရည်ကို မပေးခဲ့ပေ။ ထို့ကြောင့် ထိုအရာများကို မည်သူမျှ မသိခဲ့ကြချေ။ ဇိအုန်သို့ သင် ပြန်သွားချိန်တွင်၊ သင်တို့သည် ယခင်က မည်သည့်အရာကဲ့သို့ ဖြစ်ခဲ့ကြသည်၊ ယခုတွင် မည်သည့်အရာကဲ့သို့ ဖြစ်သည်ဆိုသည်နှင့် ဤဘဝတွင် အဘယ်အရာကို သင်တို့ လုပ်ဆောင်ပြီးဖြစ်သည်ဆိုသည်တို့ကို သင်တို့ သိကြလိမ့်မည်။ ယခု သင်တို့အား ငါသည် ဤအရာများကို ရိုးရှင်းစွာဖြင့် နည်းနည်းချင်း ပြောနေခြင်းသာ ဖြစ်သည်၊ သို့မဟုတ်လျှင် သင်တို့အနေဖြင့် မည်မျှ အားထုတ်သည်ဖြစ်စေ နားလည်မည် မဟုတ်သကဲ့သို့၊ ငါ၏ စီမံခန့်ခွဲမှုကို သင်တို့ နှောင့်ယှက်မိမည် ဖြစ်သည်။ ယနေ့တွင် ငါသည် ဇာတိပကတိအရ ငါ၏သားဦးအများစုမှ ခွဲထွက်နေသော်လည်း၊ ငါတို့သည် ဝိညာဉ်တစ်ခုတည်းနှင့် သက်ဆိုင်ကြ၏၊ ငါတို့၏ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်သည် ကွဲပြားကောင်းကွဲပြားနိုင်သော်လည်း၊ ငါတို့သည် အစအဦးမှ အဆုံးတိုင်အောင် တစ်ခုတည်းသော ဝိညာဉ် ဖြစ်သည်။ သို့ရာတွင်၊ စာတန်၏ သားစဉ်မြေးဆက်များသည် ဤအရာအား အမြတ်ထုတ်ရန် အခွင့်အရေးတစ်ရပ်အဖြစ် အသုံးမပြုရ။ သင်သည် သင့်ကိုယ်သင် မည်မျှ ပုံဖျက်ထားသည်ဖြစ်စေ၊ ယင်းသည် အပေါ်ယံ ဖြစ်နေဆဲဖြစ်ပြီး ငါသည် လက်ခံမည် မဟုတ်။ ထို့ကြောင့် အပေါ်ယံနှင့်ပတ်သက်၍ အာရုံစိုက်ကာ၊ ငါ့အား အပြင်ပန်းအားဖြင့် တုပရန် ကြိုးစားသော သူတို့သည် စာတန်ဖြစ်ရန် တစ်ရာရာခိုင်နှုန်း သေချာသည်ကို ဤအရာမှ မြင်နိုင်ပေသည်။ ၎င်းတို့၏ ဝိညာဉ်သည် ကွဲပြားခြားနားကာ ၎င်းတို့သည် ငါ၏ ချစ်လှစွာသောသူများ မဟုတ်ကြသောကြောင့်၊၎င်းတို့သည် ငါ့ကို မည်မျှ အတုခိုးသည်ဖြစ်စေ၊ ငါနှင့် ဆင်တူခြင်း မရှိပေ။ ထို့အပြင်၊ ငါ၏ သားဦးများသည် အခြေခံအားဖြင့် ငါနှင့်အတူ ဝိညာဉ်တစ်ခုတည်းနှင့်သက်ဆိုင်ကြသောကြောင့်၊ ၎င်းတို့အနေဖြင့် ငါ့အား အတုမခိုးလျှင်ပင်၊ ၎င်းတို့သည် ငါ့ကဲ့သို့ အလားတူနည်းလမ်းဖြင့် ပြောဆိုကာ ပြုမူကြပြီး၊ ၎င်းတို့အားလုံးသည် ရိုးသားကြသည်၊ ဖြူစင်ကြပြီး ပွင့်လင်းကြသည် ( ထိုလူတို့သည် လောကထဲတွင် ၎င်းတို့၏ နည်းပါးသော အတွေ့အကြုံကြောင့် ဉာဏ်ပညာအရာ၌ ချို့တဲ့နေကြ၏၊ ထို့ကြောင့် ဉာဏ်ပညာ ချို့တဲ့ခြင်းသည် ငါ့သားဦးများထဲရှိ အပြစ်အနာအဆာတစ်ခု မဟုတ်။ ၎င်းတို့သည် ကိုယ်ခန္ဓာသို့ ပြန်သွားချိန်၌ အားလုံးသည် မှန်ကန်သွားလိမ့်မည်)။ ထို့ကြောင့် ငါသည် ၎င်းတို့ကို မည်မျှ ကိုင်တွယ်ဖြေရှင်းသည်ဖြစ်စေ၊ လူအများစုက ၎င်းတို့၏ သဘာဝဟောင်းကို ပြောင်းလဲခြင်း မရှိသေးသည်မှာ အထက်ဖော်ပြပါ အကြောင်းရင်းကြောင့် ဖြစ်၏။ သို့သော် ငါ၏ သားဦးများသည် ၎င်းတို့အား ငါ

ကိုင်တွယ်ဖြေရှင်းခြင်းမရှိဘဲ၊ ၎င်းတို့သည် ငါ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီကြ၏။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ဝိညာဉ်တစ်ခုတည်းနှင့် သက်ဆိုင်ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ငါ့အတွက် လုံးလုံးလျားလျား အသုံးခံဖို့ရန် လိုလားမှုကို ၎င်းတို့၏ စိတ်ဝိညာဉ်ထဲ၌ ခံစားမိကြ၏။ ထို့ကြောင့် ငါ၏ သားဦးများမှလွဲ၍၊ ငါ၏ အလိုကို အမှန်တကယ်နှင့် စစ်မှန်စွာ အရေးထားသောသူ မည်သူမျှမရှိပေ။ ၎င်းတို့သည် ငါ့အတွက် အစေခံမှု လုပ်ဆောင်ဖို့ လိုလားနေကြသည်မှာ ငါသည် စာတန်အား အနိုင်ယူပြီးနောက်တွင်သာ ဖြစ်သည်။

ငါ၏ ဉာဏ်ပညာနှင့် ငါ၏ သားဦးများသည် အားလုံးအပေါ်တွင် ရပ်တည်ပြီး၊ အားလုံးအပေါ်တွင် လွှမ်းမိုးကာ၊ မည်သည့်အရာ သို့မဟုတ် မည်သည့်လူ သို့မဟုတ် မည်သည့်ကိစ္စကမျှ မတားဆီးဝံ့ပေ။ ထို့အပြင်၊ ယင်းတို့အပေါ် လွှမ်းမိုးနိုင်သည့် မည်သည့်လူသား၊ မည်သည့်ကိစ္စ သို့မဟုတ် မည်သည့်အမှုအရာမျှ မရှိသကဲ့သို့၊ ထိုအစား အားလုံးသည် ငါ၏ ဇာတိအဖြစ်တော်ရှေ့၌ နာခံမှုရှိစွာ ကျိုးနွံနာခံကြသည်။ ဤသည်မှာ တစ်ဦးတစ်ယောက်၏ တကယ့်မျက်လုံးများရှေ့တွင် ဖြစ်ပေါ်သော အမှန်တရားတစ်ခု ဖြစ်ပြီး၊ ငါ စွမ်းဆောင်ရရှိပြီးဖြစ်သည့် အမှန်တရားတစ်ခု ဖြစ်သည်။ မနာခံမှုတွင် ရှိမြဲရှိသည့် မည်သူမဆို၊ (မနာခံသော သူတို့သည် စာတန်အား ရည်ညွှန်းဆဲဖြစ်ပြီး၊ စာတန်၏ သိမ်းပိုက်ခံရသော သူတို့သည် သေချာပေါက် စာတန်သာဖြစ်သည်) ငါသည် အနာဂတ် ပြဿနာမရှိဖို့အလို့ငှာ ၎င်းတို့အား အမြစ်ပါမကျန် မုချ ဖျက်ဆီးလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် ငါ၏ ပြစ်တင်ဆုံးမခြင်းမှ ချက်ချင်း သေဆုံးကြရလိမ့်မည်။ ဤစာတန်အမျိုးအစားများသည် ငါ့အား အစေခံခြင်းကို ပေးရန် လိုလားနေခြင်း မရှိသောသူများဖြစ်သည်။ ဤအရာများသည် ဖန်ဆင်းခြင်းကတည်းက ငါ့အား ခေါင်းမာသည့် ဆန့်ကျင်မှုဖြင့် ႋ အစဉ်အမြဲ ရပ်တည်ကြပြီးဖြစ်ကာ၊ ယနေ့တွင် ၎င်းတို့သည် ငါ့အား မနာခံခြင်းတွင် ရှိမြဲရှိကြသည် (ယင်းသည် စိတ်ဝိညာဉ်နှင့်ဆိုင်သော ကိစ္စသက်သက်ဖြစ်သောကြောင့်၊ လူတို့သည် ဤအရာကို မမြင်နိုင်ကြချေ။ ဤလူစားမျိုးသည် ဤစာတန်အမျိုးအစားကို ကိုယ်စားပြုသည်)။ ငါသည် အခြားအရာရာတိုင်း အဆင်သင့် မဖြစ်မီတွင် ၎င်းတို့အား ပြင်းထန်သော အပြစ်ဒဏ်ပေးခြင်းနှင့်ဆိုင်သည့် ဆုံးမပဲ့ပြင်ခြင်းကို ထာဝရ ရရှိစေလျက်၊ ၎င်းတို့ကို ဦးဆုံး ဖျက်ဆီးမည်ဖြစ်သည်။ (ဤနေရာတွင် "ဖျက်ဆီးသည်"ဟူသည်မှာ “၎င်းတို့ကို မတည်ရှိစေတော့ရန်” ဟု အဆိုလိုဘဲ၊ ယင်းအစား ၎င်းတို့ ခံစားရမည့် ရက်စက်ခြင်းအတိုင်းအတာကို ရည်ညွှန်းသည်။ ဤနေရာ၌ "ဖျက်ဆီးသည်" ဟူသောစကားလုံးသည် ဖျက်ဆီးခံရမည့်သူတို့အတွက် အသုံးပြုသော

"ဖျက်ဆီးသည်" ဟူသည့် စကားလုံးနှင့် ကွဲပြား၏)။ ၎င်းတို့သည် ကမ္ဘာအဆက်ဆက် အဆုံးမရှိ ဝိုကြွေးကာ အံကြိတ်ကြလိမ့်မည်။ လူသား၏ စိတ်ကူးစိတ်သန်းသည် ထိုမြင်ကွင်းကို လုံးဝ မှန်းကြည့်နိုင်စွမ်း မရှိပေ။ လူသားမျိုးနွယ်၏ သေမျိုးဖြစ်သော အတွေးအခေါ် ဖြင့်၊ ၎င်းတို့သည် ဝိညာဉ်ရေးရာ အမှုအရာများကို စိတ်ကူးကြံစည်၍ မရနိုင်ပေ။ ထို့ကြောင့် သင်တို့သည် ဇိအုန်သို့ ပြန်သွားပြီးနောက်မှသာ နားလည်ကြမည့် အရာများ သာ၍ ရှိပေသည်။

ငါ၏အနာဂတ်အိမ်တွင်၊ ငါ၏ သားဦးများနှင့် ငါမှလွဲ၍ မည်သူမျှ ရှိလိမ့်မည် မဟုတ်သကဲ့သို့၊ အားလုံးသည် ၎င်းတို့၏ နဂိုမူလ အခြေအနေသို့ ပြန်လည်ရောက်ရှိလိမ့်မည်ဖြစ်ကာ အားလုံးသည် မိမိ၏ အမျိုးအစားနှင့်အညီ ရွေးထုတ်ခံရလိမ့်မည် ဖြစ်သည့်အတွက်၊ ထိုအချိန်တွင်သာ ငါ၏ရည်မှန်းချက် ရောက်ရှိလိမ့်မည် ဖြစ်ပြီး၊ ငါ၏အစီအစဉ်သည် ပြည့်ဝသော အကျိုးဖြစ်ထွန်းခြင်းသို့ ရောက်လိမ့်မည်။ ငါ၏သားဦးများသည် ငါနှင့် သက်ဆိုင်လိမ့်မည်ဖြစ်ပြီး၊ ငါ၏သားများနှင့် လူတို့သည် ဖန်ဆင်းခံ သတ္တဝါများထဲတွင် ပါဝင်ပြီး၊ အစေခံသူများနှင့် ဖျက်ဆီးခြင်းခံရသူများသည် စာတန်နှင့် သက်ဆိုင်သည်။ ကမ္ဘာလောကအား တရားစီရင်ပြီးနောက်တွင်၊ ငါနှင့် ငါ၏ သားဦးများသည် ဘုရားဖြစ်ခြင်း အသက်တာကို နောက်တစ်ဖန် စတင်မည် ဖြစ်ပြီး၊ ၎င်းတို့သည် ငါ့အား ဘယ်သောအခါမျှ စွန့်ခွာမည်မဟုတ်သကဲ့သို့ ငါနှင့်အတူ အစဉ်အမြဲ ရှိလိမ့်မည်။ လူသား၏ စိတ်ဖြင့် နားလည်နိုင်သော နက်နဲမှုများအားလုံးကို သင်တို့ထံ ဖြည်းဖြည်းချင်း ထုတ်ဖော်ပြလိမ့်မည်။ သမိုင်းကြောင်းတစ်လျှောက်၌၊ ငါ့အဖို့ မိမိတို့ကိုယ်ကိုယ် အပြည့်အဝ ဆက်ကပ်လျက်၊ ငါ့ကြောင့် မာတုရဖြစ်ပြီးကြသည့် မရေမတွက်နိုင်သော လူတို့ ရှိကြပြီး ဖြစ်သော်လည်း၊ လူတို့သည် နောက်ဆုံးတွင်တော့ ဖန်ဆင်းခံသတ္တဝါများ ဖြစ်ကာ ၎င်းတို့အနေဖြင့် မည်မျှ ကောင်းမွန်သည်ဖြစ်စေ၊ ၎င်းတို့အား ဘုရားသခင်အဖြစ် သတ်မှတ်၍မရနိုင်ပေ။ ဤသည်မှာ မလွဲသော ဖြစ်ရပ်များနှင့်သက်ဆိုင်သော လမ်းကြောင်းတစ်ခုဖြစ်ပြီး ယင်းကို မည်သူမျှက ပြောင်းလဲ၍ မရနိုင်ပေ။

အမှန်တွင်တော့၊ အရာခပ်သိမ်းကို ဖန်ဆင်းသူမှာ ဘုရားသခင်ဖြစ်စဉ်တွင်၊ လူတို့သည် ဖန်ဆင်းခံသတ္တဝါများ ဖြစ်ကြ၏၊ နောက်ဆုံးတွင်တော့ စာတန်သည် ငါ၏ ဖျက်ဆီးခြင်း ပစ်မှတ်နှင့် ငါ၏ မုန်းတီးသော ရန်သူဖြစ်သည်- ဤသည်မှာ "တောတောင်နှင့် မြစ်များ ပြောင်းလဲကာ အသွင်ပြောင်းသော်လည်း၊ တစ်ဦးတစ်ယောက်၏ သဘာဝသည် ပြောင်းလဲမည်မဟုတ်" ဟူသည့် စကားများ၏ အမှန်ကန်ဆုံးသော အဓိပ္ပါယ်ဖြစ်သည်။ ဤအခြေအနေနှင့် ဤအဆင့်တွင် ရှိဖို့မှာ ငါနှင့် ငါ၏သားဦးများ ငြိမ်သက်ခြင်း ချမ်းသာထဲသို့

ဝင်ရောက်မည့် နိမိတ်တစ်ခု ဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာလောကထဲတွင် ငါ၏ အမှုသည် လုံးလုံးလျားလျား ပြီးစီးကာ ငါ့အမှု၏ နောက်အဆင့်သည် ယင်းကို ပြည့်စုံစေဖို့ ခန္ဓာသို့ ငါပြန်သွားသည်ကို လိုအပ်လိမ့်မည် ဖြစ်သောကြောင့် ဖြစ်သည်။ ဤသည်တို့မှာ အချိန်ကြာမြင့်စွာကတည်းက ငါ စီစဉ်ခဲ့သည့် ငါ့အမှု၏ အဆင့်များ ဖြစ်၏။ ဤအချက်ကို ရှင်းလင်းစွာ မြင်ရမည်၊ သို့မဟုတ်လျှင် လူအများစုသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်မိလိမ့်မည်။

# အခန်း ၁၁၅

သင့်ကြောင့်၊ ငါ၏စိတ်နှလုံးသည် အလွန်ဝမ်းမြောက်လိမ့်မည်။ သင့်ကြောင့်၊ ငါ၏ လက်သည် ပျော်ရွှင်ခြင်းဖြင့် ကခုန်လိမ့်မည်ဖြစ်ပြီး၊ ဖန်ဆင်းခြင်း အချိန်ကာလမတိုင်မီက သင်သည် ငါထံမှ လာခဲ့သောကြောင့်၊ ငါသည် သင့်ကို အဆုံးမရှိသော ကောင်းချီးများ ပေးမည်။ ယနေ့တွင် သင်သည် လောက သို့မဟုတ် ကမ္ဘာမြေနှင့် သက်ဆိုင်ခြင်းမရှိဘဲ၊ ငါနှင့် သက်ဆိုင်သည့်အတွက်၊ ငါ့ထံပါးသို့ သင် ပြန်လာရမည်။ ငါသည် သင့် ကို ထာဝရ ချစ်မည်၊ ငါသည် သင့် ကို ထာဝရ ကောင်းချီးပေးမည်ဖြစ်ပြီး၊ ငါသည် သင့်ကို ထာဝရ ကာကွယ်ပေးမည်။ ငါ့ထံမှ လာသောသူများသာ ငါ၏ အလိုကို သိကြပြီး၊ ၎င်းတို့သာ ငါ၏ဝန်ထုပ်ဝန်ပိုးကို စာနာထောက်ထားမှုပြကြလိမ့်မည်ဖြစ်ကာ ငါ လုပ်ချင်သောအရာကို ၎င်းတို့သာ လုပ်ဆောင်ကြလိမ့်မည်။ ယနေ့တွင်၊ အရာရာ ပြီးမြောက်ပြီး ဖြစ်သည်။ ငါ၏စိတ်နှလုံးသည် မကြာမီ ငါ ချစ်မြတ်နိုးသော သားများက ငါနှင့်အတူ ပြန်လည် ပေါင်းစည်းဖို့နှင့် ငါ၏ ဇာတိအဖြစ်တော်သည် ဇိအုန်သို့ မကြာမီ လုံးဝ ပြန်သွားဖို့ရန်အတွက် တမ်းတရင်း၊ မီးစက်ကဲ့သို့ ဖြစ်၏။ သင်သည် ဤအရာနှင့်သက်ဆိုင်၍ အသိပညာအချို့ရှိ၏။ ငါတို့သည် စိတ်နှလုံးအားဖြင့် အချင်းချင်းနောက် မကြာခဏ မလိုက်နိုင်ကြသော်လည်း၊ ငါတို့သည် တစ်ဦးနှင့် တစ်ဦး စိတ်နှလုံးအားဖြင့် မကြာခဏ အတူပါရှိပြီး ဇာတိပကတိဖြင့် တွေ့ဆုံနိုင်ကြသည်။ အဖနှင့် သားများသည် ထာဝရ ခွဲခွာ၍ မရပေ။ ၎င်းတို့သည် အတွင်းကျကျ ဆက်စပ်ကြသည်။ ဇိအုန်တောင်သို့ ပြန်သောနေ့မတိုင်မီအထိ အဘယ်သူမျှ ငါ့ထံပါးမှ သင့်ကို ခေါ်ဆောင်သွား၍ မရနိုင်ပေ။ ငါ့ထံမှ လာသော သားဦးအားလုံးကို ငါ ချစ်မြတ်နိုးပြီး ငါ့ကို ဆန့်ကျင်သော ရန်သူအားလုံးကို ငါ မုန်းတီးသည်။ ငါ ချစ်မြတ်နိုးသော သူများကို ဇိအုန်သို့ ငါပြန်လည်ခေါ်ဆောင်သွားမည် ဖြစ်ပြီး ငါ မုန်းတီးသောသူများကို မရဏာနိုင်ငံ၊ ငရဲထဲသို့ ပစ်ချမည်ဖြစ်သည်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ အားလုံး၏ အဓိက

အခြေခံသဘောတရား ဖြစ်သည်။ ငါ့သားဦးများ ပြောသည့် သို့မဟုတ် လုပ်ဆောင်သည့် အရာတိုင်းသည် ငါ့ဝိညာဉ်၏ ဖော်ပြချက်တစ်ခု ဖြစ်သည်။ အယောက်တိုင်းသည် ငါ၏ သားဦးများကို သက်သေခံကြရမည်မှာ ဤအရာနှင့် သက်ဆိုင်သည့် ရှင်းလင်းသော သိနားလည်ခြင်းဖြင့် ဖြစ်သည်။ ဤသည်မှာ ငါ့အမှု၏ နောက်တစ်ဆင့် ဖြစ်ပြီး၊ တစ်ဦးတစ်ယောက်က ခုခံပါက၊ ငါ၏ သားဦးများကို ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းစေမည်။ ယခုအချိန်သည် ယခင်နှင့် ကွာခြားပေသည်။ ငါ ချစ်မြတ်နိုးသောသူများသည် တရားစီရင်ခြင်း စကားတစ်ခွန်း ပြောဆိုပါက၊ ငါသည် ငါ၏သားဦးများကို ဩဇာအာဏာပေးအပ်နှင့်ပြီး ဖြစ်သောကြောင့် စာတန်သည် မရဏာနိုင်ငံတွင် ချက်ချင်းသေဆုံးသွား၏။ ဆိုလိုသည်မှာ ယခုအချိန်မှ စ၍ ငါ၏သားဦးများနှင့် ငါ့အတွက် အတူတကွ အုပ်စိုးရန် အချိန်ဖြစ်သည်။ (ဤသည်မှာ ကိုယ်ခန္ဓာဖြင့် အတူတကွ အုပ်စိုးခြင်းနှင့် အနည်းငယ် ကွာခြားသည့် ဇာတိပကတိ၏ အဆင့်တွင် ရှိပေသည်)။ အတွေးဖြင့် မနာခံသောသူ မည်သူမဆိုသည် ငါ၏ ဖြစ်ခြင်းဖြစ်သည့် ဇာတိအဖြစ်တော်ကို ခုခံသောသူများကဲ့သို့ပင် တူညီသော ကံကြမ္မာကို ခံစားကြရလိမ့်မည် ဖြစ်သည်။ ငါတို့သည် ကိုယ်တစ်ကိုယ်တည်းမှ ဖြစ်ကာ ဘယ်သောအခါမျှ ခွဲခြား၍ မရနိုင်သည့်အတွက်၊ ငါဆက်ဆံခံရသကဲ့သို့ ငါ့သားဦးများ ဆက်ဆံခံကြရသင့်ပေသည်။ အတိတ်တွင် ငါ့အတွက် သက်သေခံခဲ့ကြသည်နှင့်အညီ၊ ယနေ့တွင် ငါ၏သားဦးများအတွက် ထိုနည်းတူ သက်သေခံသင့်ပေသည်။ ဤသည်မှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များထဲမှ တစ်ခုဖြစ်သည်။ အယောက်တိုင်း ထကာ သက်သေခံကြရမည်။

ငါ၏နိုင်ငံသည် ကမ္ဘာ၏ အစွန်းနေရာများထိ ကျယ်ပြန့်ပြီး၊ ငါ၏သားဦးများသည် ကမ္ဘာ၏ အစွန်းများထိ ငါနှင့်အတူ ခရီးသွားကြသည်။ သင်၏ ဇာတိပကတိ အဟန့်အတားများကြောင့်၊ ငါ ပြောဆိုပြီးဖြစ်သော်လည်း သင်တို့ နားမလည်သော နှုတ်ကပတ်တော်များစွာ ရှိ၏၊ ထို့ကြောင့် အမှုအများစုကို ဇိအုန်သို့ ပြန်သွားပြီးနောက်တွင် ပြီးစီးရမည် ဖြစ်သည်။ ဤပြန်သွားခြင်းသည် အလှမ်းမဝေးသည်ကို ငါ၏နှုတ်ကပတ်တော်များမှ မြင်နိုင်၏- အမှန်တွင်၊ အခိုက်အတန့်သည် ရောက်လုနီးပါး ဖြစ်သည်။ ယင်းမှာ ငါသည် ဇိအုန်အကြောင်းနှင့် ဇိအုန်ရှိ ကိစ္စများကို စဉ်ဆက်မပြတ် ပြောဆိုနေသည့် အကြောင်းရင်း ဖြစ်သည်။ ငါ့နှုတ်ကပတ်တော်များ၏ ရည်ရွယ်ချက်မှာ မည်သည့်အရာဖြစ်သည်ကို သင်တို့ သိကြသလော။ ငါ၏ စိတ်နှလုံးထဲတွင် မည်သည့် အရာရှိသည်ကို သင်တို့ သိကြသလော။ ငါ၏စိတ်နှလုံးသည် မကြာမီ ဇိအုန်သို့ ပြန်သွားရန်၊ ခေတ်ဟောင်းကို အလုံးစုံ အဆုံးသတ်ရန်၊ ကမ္ဘာမြေပေါ် ရှိ ငါတို့၏ ဘဝကို အဆုံးသတ်ရန်၊ (အဘယ်ကြောင့်ဆိုသော် ငါသည်

လောကီလူများ၊ ကိစ္စများနှင့် အမှုအရာများကို စက်ဆုပ်ပြီး၊ ဇာတိပကတိထဲရှိ ဘဝကို သာ၍ပင် မုန်းတီးကာ ဇာတိပကတိ၏ အဟန့်အတားများက ကြီးမားသောကြောင့်ဖြစ်သည်။ အရာရာတိုင်း ကြီးပွားမည်မှာ ဇိအုန်သို့ ပြန်ရောက်သောအခါမှသာလျှင် ဖြစ်သည်)နှင့် နိုင်ငံတော်ရှိ ငါတို့၏ အသက်တာကို ပြန်လည်ရရှိရန်တို့ကို တောင့်တနေသည်။ ငါ၏ ပထမအကြိမ် လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်မှာ ငါ၏ ဒုတိယ လူ့ဇာတိခံယူခြင်းအတွက် အုတ်မြစ်ချရန် ဖြစ်သည်။ ဤသည်မှာ ခရီးနှင်ရမည့် လမ်းကြောင်းဖြစ်သည်။ သင်တို့သည် ငါ၏ကိုယ်ခန္ဓာထဲသို့ နောက်ဆုံး အဆင့်အတွင်းတွင် ပြန်လာနိုင်ဖို့အလို့ငှာ၊ ငါ့ကိုယ်ငါ စာတန်မာရ်နတ်ထံ လုံးဝပုံအပ်လိုက်ခြင်းဖြင့်သာ သင်တို့ကို ရွေးနုတ်နိုင်မည်ဖြစ်သည်။ (ငါ၏ပထမအကြိမ် လူ့ဇာတိခံယူခြင်းအတွက် မဟုတ်ပါက၊ ငါသည် ဘုန်းထင်ရှားခြင်းရှိပြီးဖြစ်မည်မဟုတ်သကဲ့သို့ ငါသည် အပြစ်ဖြေရာယဇ်ကို ပြန်လည်ယူဆောင်နိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် သင်တို့သည် လောကထဲသို့ အပြစ်သားများအဖြစ် ရောက်လာကြပြီး ဖြစ်ပေမည်)။ ငါသည် အနန္တဉာဏ်ပညာရှိသောကြောင့်၊ သင်တို့ကို ဇိအုန်မှ ငါ ဦးဆောင်လမ်းပြသည်ဆိုသည့်အချက်မှာ ငါသည် သင်တို့ကို ဇိအုန်သို့ ဧကန် ပြန်လည်ခေါ်ဆောင်သွားမည်ဟု ဆိုလိုပေသည်။ ငါ၏ကြီးမြတ်သော အမှုသည် အချိန်ကြာမြင့်စွာက ပြီးမြောက်ခဲ့သောကြောင့်၊ လမ်းကို ပိတ်ပင်ရန် စာတန်၏ ကြိုးပမ်းမှုများသည် အောင်မြင်မည် မဟုတ်ပေ။ ငါ၏သားဦးများသည် ငါနှင့် ထပ်တူ ဖြစ်သည်- ၎င်းတို့သည် သန့်ရှင်းကြပြီး အပြစ်ဆိုစရာမရှိကြပေ၊ ထို့ကြောင့် ငါသည် ဇိအုန်သို့ ငါ၏သားဦးများနှင့်အတူ ပြန်သွားလိမ့်ဦးမည်ဖြစ်ပြီး၊ ငါတို့ မည်သည့်အခါတွင်မျှ ဝေးကွာကြလိမ့်မည် မဟုတ်ပေ။

ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံးကို သင်တို့ထံ တဖြည်းဖြည်း ထုတ်ဖော်ပြလျက် ရှိသည်။ ငါသည် ငါ၏အမှုကို တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပေါင်းတို့အလယ် စတင်ပြီး ဖြစ်သည်။ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးအပါင်းတို့အလယ် ငါ၏အမှုကို ဆောင်ရွက်ခြင်းသည် ဇိအုန်သို့ ပြန်သွားပြီးနောက်တွင်သာ လုပ်ဆောင်ရမည့် တစ်စုံတစ်ရာ ဖြစ်သောကြောင့်၊ ဤအရာက ဇိအုန်သို့ ငါ၏ ပြန်သွားခြင်းသည် အလွန်အလှမ်းမဝေးသည်ကို သက်သေပြဖို့ လုံလောက်ပေသည်။ ငါ၏ အရှိန်အဟုန်သည် တိုး၍ မြန်လာနေသည်။ (ဇိအုန်သို့ ငါပြန်သွားခြင်း နေ့ရက် နီးကပ်လာနေသောကြောင့်၊ ငါ မပြန်မီတွင် ကမ္ဘာပေါ် ရှိ ငါ၏အမှုကို ငါ အပြီးသတ်ချင်သည်)။ ငါသည် ငါ၏အမှုနှင့်ပတ်သက်၍ ယခင်ထက် သာ၍ အလုပ်များလာနေသော်လည်း၊ ကမ္ဘာပေါ်တွင် ငါ့အတွက် လုပ်ဆောင်ရမည့်အလုပ်

နည်းသထက်နည်းလာနေ၏- လုံး၀ မရှိသလောက် ဖြစ်သည်။ (ငါ၏ အလုပ်များမှုသည် ဝိညာဉ်တော်၏အမှုကို ဦးတည်သည်၊ ယင်းကို လူသားက ပကတိမျက်စိဖြင့် မမြင်နိုင်ဘဲ ငါ၏ နှုတ်ကပတ်တော်များမှသာ ကောက်နုတ်နိုင်သည်။ ငါ၏ အလုပ်များခြင်းသည် ဇာတိပကတိ၌ အလုပ်များသကဲ့သို့ မဟုတ်ဘဲ၊ ငါ အလုပ်များစွာနှင့်သက်ဆိုင်သည့် ငါ၏ စီစဉ်ထားခြင်းကို ရည်ညွှန်းပေသည်)။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ငါ ပြောပြီးသည့်အတိုင်း၊ ကမ္ဘာမြေပေါ် ရှိ ငါ၏အမှုသည် အကုန်အစင် ပြီးစီးနှင့်ပြီဖြစ်ကာ၊ ကျန်သော ငါ၏အမှုသည် ငါ ဇိအုန်သို့ ပြန်သည်အထိ စောင့်ဆိုင်းရမည်ဖြစ်သည် ( အမှုပြုဖို့ ဇိအုန်သို့ ငါ ပြန်သွားရမည့် အကြောင်းရင်းမှာ အနာဂတ်အမှုသည် ဇာတိပကတိဖြင့် ပြီးမြောက်၍မရနိုင်သောကြောင့် ဖြစ်ပြီး၊ အကယ်၍ ဤအမှုကို ဇာတိပကတိဖြင့် လုပ်ဆောင်ခဲ့မည်ဆိုပါက၊ ယင်းသည် ငါ၏နာမကို ဂုဏ်သရေညှိုးစေမည် ဖြစ်သည်)။ ငါ၏ရန်သူများကို ငါ အနိုင်ယူပြီး၊ ဇိအုန်သို့ ပြန်သောအခါတွင်၊ ဘ၀သည် ခေတ်များမတိုင်မီ ဘ၀ထက် ပိုမိုလှပကာ အေးချမ်းလိမ့်မည်ဖြစ်သည် (ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါသည် လောကကို လုံး၀ အောင်နိုင်ပြီးဖြစ်သောကြောင့်ဖြစ်ပြီး၊ ငါ၏ ပထမနှင့် ဒုတိယ လူ့ဇာတိခံယူခြင်းများကြောင့်၊ ငါသည် လုံ၀ ဘုန်းထင်ရှားပြီးဖြစ်သည်။ ငါ၏ ပထမလူ့ဇာတိခံယူခြင်းတွင်၊ ငါသည် တစ်စိတ်တစ်ပိုင်းသာ ဘုန်းထင်ရှားခဲ့သော်လည်း၊ ငါ၏ ဒုတိယ လူ့ဇာတိခံယူခြင်းတွင်၊ ငါ၏ ဇာတိအဖြစ်တော်သည် လုံး၀ ဘုန်းထင်ရှား၏၊ ထို့ကြောင့် စာတန်အတွက် အမြတ်ထုတ်ရန် အခွင့်အရေးများ ဆက်မရှိတော့ပေ။ ထို့ကြောင့် ဇိအုန်ရှိ အနာဂတ်အသက်တာသည် ပို၍ပင် လှပကာ အေးချမ်းလိမ့်မည်ဖြစ်သည်)။ ငါ၏ ဇာတိအဖြစ်တော်သည် အဆင်းနီသော နဂါးကြီးကို အရှက်ရစေရန်အလို့ငှာ၊ ငါသည် လောကနှင့် စာတန် အရှေ့တွင် ပို၍ပင် တင့်တယ်ခမ်းနားစွာ ပေါ်ထွန်းလိမ့်မည်။ ဤသည်မှာ ငါ့ဉာဏ်ပညာအားလုံး၏ အဓိက အချက်ဖြစ်သည်။ အပြင်ပန်းအရာများအား ငါ သာ၍ပြောလေလေ၊ သင်တို့ သာ၍နားလည်နိုင်လေလေဖြစ်သည်။ လူသားတို့ မမြင်နိုင်သော ဇိအုန်၏အမှုအရာများကို ငါသာ၍ပြောလေလေ ဤအရာများက သာ၍ အနှစ်သာရမဲ့သည်ဟု သင်တို့ တွေးလေလေဖြစ်လိမ့်မည်ဖြစ်ပြီး၊ ယင်းတို့ကို စိတ်ကူးကြည့်ရန် သင်တို့အတွက် သာ၍ခက်ခဲလေလေ ဖြစ်လိမ့်မည်။ ငါသည် နတ်သမီးပုံပြင်များပြောနေသည်ဟု သင်တို့ ထင်ကြလိမ့်မည်။ သို့သော် သင်တို့သည် ဂရုစိုက်ကြည့်ရမည်။ ငါ့ နှုတ်တွင် အနှစ်သာရမဲ့သော စကားများ မရှိပေ။ ငါ့နှုတ်မှလာသော စကားများသည် ယုံကြည်စိတ်ချရ၏။ ယင်းသည် သင်တို့၏ တွေးပုံတွေးနည်းဖြင့် နားလည်ဖို့ ခက်ခဲသော်လည်း ဤသည်မှာ လုံး၀ မှန်ကန်သည်။ (ဇာတိပကတိ၏ ကန့်သတ်မှုများကြောင့် လူသားများသည် ငါ ပြောသောအရာကို လုံး၀နှင့်

စေ့စေ့စပ်စပ် နားမလည်နိုင်ကြသကဲ့သို့ ငါ ပြောပြီးသည့် အရာများစွာကို ငါသည် လုံးဝ မထုတ်ဖော်ပြရသေးပေ။ သို့သော်၊ ဇိအုန်သို့ ငါတို့ ပြန်ကြသောအခါတွင်၊ ငါသည် ရှင်းပြရန် လိုအပ်မည် မဟုတ်။ သင်တို့ အလိုအလျောက် နားလည်ကြလိမ့်မည်)။ ဤအရာကို ပေါ့ပေါ့တန်တန် သဘောမထားရ။

လူသား ဇာတိပကတိနှင့် အယူအဆတို့သည် ကန့်သတ်ချက်များရှိသော်လည်း၊ ငါသည် သင်တို့၏ သွေးသား တွေးခေါ်မှုကို တိုးတက်စေချင်ဆဲဖြစ်သကဲ့သို့ သင်တို့၏ အယူအဆများကို ထုတ်ဖော်ပြခဲ့သော နက်နဲမှုများမှ တဆင့် ပြန်တွန်းလှန်ချင်ဆဲ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါသည် ကြိမ်ဖန်များစွာ ပြောထားပြီးသည့်အတိုင်း ဤသည်မှာ ငါ့အမှု၏ အဆင့်တစ်ဆင့် ဖြစ်သောကြောင့်ဖြစ်သည် (ပြီးလျှင် ဇိအုန်ထဲသို့ ဝင်ရောက်ခြင်းမတိုင်မီ ဤအမှု ရပ်တန့်သွားလိမ့်မည် မဟုတ်ပေ)။ လူတိုင်း၏စိတ်ထဲတွင် “ဇိအုန်တောင်”တစ်ခု ရှိပြီး ယင်းသည် အယောက်တိုင်းအတွက် ကွဲပြားခြားနား၏။ ငါသည် ဇိအုန်တောင်ကို ဖော်ပြမြဲဖော်ပြသည့်အတွက်၊ ယင်းနှင့်သက်ဆိုင်၍ သင်တို့ အနည်းငယ် သိနိုင်ကြဖို့အလို့ငှာ၊ သင်တို့အား ယင်းနှင့်ပတ်သက်သည့် ယေဘုယျ သတင်းအချက်အလက်အချို့ကို ငါ ပေးမည်။ ဇိအုန်တောင်ပေါ်တွင်ရှိဖို့ဆိုသည်မှာ ဝိညာဉ်နယ်ပယ်သို့ ပြန်သွားဖို့ ဖြစ်သည်။ ယင်းသည် ဝိညာဉ်လောကကို ရည်ညွှန်းသော်လည်း၊ လူသားတို့ မမြင်နိုင်၊ မထိတွေ့နိုင်သော နေရာမဟုတ်ပေ။ ဤအရာက ရုပ်ခန္ဓာနှင့် သက်ဆိုင်သည်။ ယင်းသည် လုံးဝမမြင်နိုင် သို့မဟုတ် လက်ဆုပ်လက်ကိုင်မပြနိုင်သည် မဟုတ်ပေ။ ရုပ်ခန္ဓာပေါ်ထွန်းသောအခါ၊ ယင်းသည် အသွင်အပြင်နှင့် ပုံသဏ္ဌာန်ရှိသော်လည်း၊ ရုပ်ခန္ဓာမပေါ်ထွန်းသောအခါ ယင်းမှာ အသွင်အပြင်နှင့် ပုံသဏ္ဌာန်မရှိပေ။ ဇိအုန်တောင်ပေါ်တွင်၊ အစားအစာ၊ အဝတ်အစားများ၊ နေ့စဉ်လိုအပ်ချက်များ၊ သို့မဟုတ် နားခိုစရာနှင့်ပတ်သက်၍ ပူပန်မှုများရှိလိမ့်မည် မဟုတ်သကဲ့သို့၊ အိမ်ထောင်ပြုခြင်း သို့မဟုတ် မိသားစုလည်း ရှိမည်မဟုတ်ပေ။ ပြီးလျှင် လိင်အမျိုးအစားခွဲခြားမှု ရှိလိမ့်မည် မဟုတ်သကဲ့သို့ (ဇိအုန်တောင်ပေါ်တွင်ရှိသော သူအားလုံးသည် ခန္ဓာတစ်ခုတည်းဖြင့် ငါ၏ ဇာတိအဖြစ်တော် ဖြစ်ကြ၏၊ ထို့ကြောင့် အိမ်ထောင်ပြုခြင်း၊ မိသားစု သို့မဟုတ် လိင်အမျိုးအစား ခွဲခြားမှု ရှိလိမ့်မည် မဟုတ်ပေ)၊ ငါ၏ ဇာတိအဖြစ်တော် ပြောဆိုသော အရာရာတိုင်းကို စွမ်းဆောင်ရရှိလိမ့်မည်။ လူတို့သည် သတိမထားကြသည့်အချိန်တွင်၊ ငါ၏ ဇာတိအဖြစ်တော်သည် ၎င်းတို့အလယ် ပေါ်ထွန်းလိမ့်မည်ဖြစ်ပြီး၊ လူတို့ အာရုံစိုက်မနေသည့်အချိန်တွင်၊ ငါ၏ ဇာတိအဖြစ်တော် ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။ (ဤသည်မှာ အသွေးအသားရှိသည့် လူတို့ မပြီးမြောက်နိုင်သည့် အရာတစ်ခု ဖြစ်သည်၊

ထို့ကြောင့် သင်တို့အတွက် ယခု စိတ်ကူးဖို့ ခက်ခဲပေသည်)။ အနာဂတ်တွင်၊ နေတစ်စင်း၊ လတစ်စင်း၊ သဘာဝတရား ကောင်းကင်နှင့် မြေကြီးတို့ ရှိလိမ့်ဦးမည် ဖြစ်သော်လည်း၊ ငါ၏ ဇာတိအဖြစ်တော်သည် ဇီအုန်တွင် ရှိလိမ့်မည်ဖြစ်သောကြောင့်၊ နေ၏ ချစ်ချစ်တောက်အပူ ရှိလိမ့်မည်မဟုတ်၊ နေ့အချိန် ရှိလိမ့်မည်မဟုတ်သကဲ့သို့ သဘာဝဘေးအန္တရာယ်များမှ ဆင်းရဲဒုက္ခခံစားရခြင်း ရှိလိမ့်မည် မဟုတ်ပေ။ "ဘုရားသခင်သည် ငါတို့ကို အလင်းပေးလိမ့်မည်ဖြစ်သောကြောင့်၊ ငါတို့သည် ဆီမီးအလင်းရောင် သို့မဟုတ် နေရောင်ကို လိုအပ်လိမ့်မည် မဟုတ်" ဟု ငါပြောခဲ့ချိန်တွင်၊ ငါသည် ဇီအုန်တွင်ရှိခြင်းအကြောင်းကို ပြောဆိုနေခဲ့ခြင်း ဖြစ်သည်။ လူသားများ၏ အယူအဆများအရ၊ စကြဝဠာထဲက အရာရာတိုင်းသည် ဖယ်ရှားသုတ်သင်ခံရမည်ဖြစ်ပြီး၊ လူအားလုံးသည် ငါ၏အလင်းထဲတွင် အသက်ရှင်ကြရပေမည်။ ဤသည်မှာ "ဘုရားသခင်သည် ငါတို့ကို အလင်းပေးလိမ့်မည်ဖြစ်သောကြောင့်၊ ငါတို့သည် ဆီမီးအလင်းရောင် သို့မဟုတ် နေရောင်ကို လိုအပ်လိမ့်မည် မဟုတ်" ဟူသည့်အရာ၏ စစ်မှန်သော အဓိပ္ပါယ်ဖြစ်သည်ဟု ၎င်းတို့ ထင်ကြသည်၊ သို့သော် အမှန်တွင်၊ ဤသည်မှာ အဓိပ္ပါယ်ကောက်လွဲခြင်း ဖြစ်သည်။ "လတိုင်း ထိုအသက်အပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကို သီးတတ်၏" ဟု ငါဆိုသောအခါ၊ ဇီအုန်ထဲက ကိစ္စရပ်များကို ငါ ရည်ညွှန်းနေခဲ့ခြင်း ဖြစ်သည်။ ဤစာကြောင်းသည် ဇီအုန်ထဲက အသက်တာ၏ အခြေအနေများကို အလုံးစုံ ကိုယ်စားပြု၏။ ဇီအုန်တွင်၊ အချိန်သည် အကန့်အသတ်ရှိလိမ့်မည်မဟုတ်သကဲ့သို့၊ ပထဝီမြေနှင့် နေရာ၏ အကန့်အသတ်များလည်း ရှိလိမ့်မည်မဟုတ်ပေ။ ယင်းမှာ "လတိုင်း"ဟု ငါ ဆိုရသည့် အကြောင်းရင်း ဖြစ်သည်။ "အသီးတစ်ဆယ့်နှစ်မျိုး"သည် ယနေ့ လူတို့ အသက်ရှင်နေထိုင်နေကြသည့် အပြုအမူများကို ကိုယ်စားမပြုပေ။ ထို့ထက်၊ ယင်းသည် ဇီအုန်ရှိ လွတ်လပ်မှုနှင့်သက်ဆိုင်သော အသက်တာကို ရည်ညွှန်းပေသည်။ ဤစကားများသည် ဇီအုန်ထဲက ဘဝ၏ ယေဘုယျ ကောက်ချက်ချခြင်းတစ်ခု ဖြစ်သည်။ ဇီအုန်ထက ဘဝသည် ကြွယ်ဝကာ အမျိုးအစားစုံလင်လိမ့်မည်ဖြစ်သည်ကို ဤအရာမှ တွေ့နိုင်သည် (အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် "ဆယ့်နှစ်မျိုး" ဆိုသည်မှာ ပြည့်ဝခြင်းကို ရည်ညွှန်းသည်)။ ယင်းသည် ပူဆွေးမှုနှင့် မျက်ရည်များ၊ မရှိသည့် အသက်တာတစ်ခု ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ခြင်းများ လိမ့်မည်မဟုတ်ပေ၊ ထို့ကြောင့် အားလုံးကို လွတ်မြောက်စေကာ လွတ်လပ်စေမည်ဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် အရာရာတိုင်းသည် ငါ၏ ဇာတိအဖြစ်တော်အတွင်းတွင် တည်ရှိနေသောကြောင့်၊ မည်သည့်လူကမျှ ခွဲခြားမရနိုင်သောကြောင့်ဖြစ်ပြီး၊ အရာရာတိုင်းသည် လှပခြင်းနှင့် ထာဝစဉ်

သစ်လွင်မှု မြင်ကွင်းတစ်ခု ဖြစ်ပေလိမ့်မည်။ ယင်းသည် အရာရာတိုင်း အသင့်ဖြစ်သော အချိန်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ငါတို့၏ ဇိအုန်သို့ ပြန်လာခြင်းနောက် ငါတို့၏ဘဝအစ ဖြစ်လိမ့်မည်။

ကမ္ဘာပေါ် ရှိ ငါ၏အမှုသည် အကုန်အစင် ပြီးစီးပြီဖြစ်သော်လည်း ငါ၏သားဦးများအနေဖြင့် ကမ္ဘာပေါ်တွင် အလုပ်လုပ်ဖို့ ငါ လိုအပ်ဆဲဖြစ်သည်၊ ထို့ကြောင့် ဇိအုန်သို့ ငါ မပြန်နိုင်သေးပေ။ ငါသည် ဇိအုန်သို့ တစ်ဦးတည် မပြန်နိုင်ပေ။ ကမ္ဘာမြေပေါ် ရှိ ၎င်းတို့၏ အလုပ် ပြီးစီးပြီးနောက်တွင် ငါ၏ သားဦးများနှင့်အတူတကွ ငါသည် ဇိအုန်သို့ ပြန်သွားလိမ့်မည်ဖြစ်သည်။ ထိုသို့ဖြင့်၊ ငါတို့သည် ဘုန်းအသရေကို အတူတကွ ရယူနေကြသည်ဟု တရားသဖြင့် ပြောနိုင်ပေသည်။ ဤသည်မှာ ငါ့ ဇာတိအဖြစ်တော်၏ ပြီးပြည့်စုံသော သရုပ်သကန် ဖြစ်သည်။ (ငါ၏ သားဦးများသည် ထင်ရှားပေါ်လွင်စေခြင်း မခံရသေးသောကြောင့်၊ ကမ္ဘာမြေပေါ် ရှိ ငါ၏သားဦးများ၏အလုပ်သည် မပြီးစီးသေးဟု ငါဆိုသည်။ ဤအမှုကို သစ္စာစောင့်သိကာ ရိုးသားသော အစေခံသူများက လုပ်ဆောင်ရဦးမည်ဖြစ်သည်)။

## အခန်း ၁၁၆

ငါ၏ နှုတ်ကပတ်တော်များထဲတွင်၊ လူတို့ကို ကြောက်ရွံ့စေသည့်အရာများစွာ ရှိသည်။ ငါ၏ နှုတ်ကပတ်တော်များထဲမှ များစွာတို့သည် လူများကို စိုးရိမ်ပူပန်မှုဖြင့် တုန်လှုပ်စေပြီး၊ ငါ၏ နှုတ်ကပတ်တော်များထဲမှ များစွာတို့သည် လူတို့ကို ဆင်းရဲဒုက္ခခံစေကာ မျှော်လင့်ချက် ဆုံးရှုံးစေပြီး လူတို့၏ ပျက်စီးခြင်းကို သာ၍ပင် ဖြစ်စေလေသည်။ မည်သူမျှ ငါ့နှုတ်ကပတ်တော်များ၏ အလျှို့ဝှက်ဖြစ်ခြင်းကို နားမလည်နိုင်ပေ သို့မဟုတ် ယင်းကို ရှင်းလင်းစွာ သဘောမပေါက်နိုင်ပေ။ သင်တို့သည် အရေးကိစ္စများ၏ ယေဘုယျ အခြေအနေကို သိသော်လည်း တိကျသည့် အမှန်တရားများ၏ စစ်မှန်သော အရိပ်အကဲကို မရှင်းမလင်း ဖြစ်နေဆဲဖြစ်သည်မှာ ငါ၏နှုတ်ကပတ်တော်များကို သင်တို့အား တစ်ကြောင်းချင်းစီ ငါပြောပြကာ ယင်းတို့ကို သင်တို့ထံ ထုတ်ဖော်ပြချိန်တွင်သာ ဖြစ်ပေသည်။ ထို့ကြောင့် ငါ့နှုတ်ကပတ်တော်များအားလုံးကို ထုတ်ဖော်ပြရန်၊ ထိုသို့ဖြင့် သင်တို့အား သာ၍ ကြီးမားသော သိနားလည်မှုကို ရရှိခွင့်ပေးရန် အမှန်တရားများကို ငါ အသုံးပြုမည်။ ငါ၏ စကား ပြောပုံဆိုပုံကို စဉ်းစားရာတွင်၊ ငါသည် ငါ၏ နှုတ်ကပတ်တော်များဖြင့်သာ

စကားပြောနေခြင်းမဟုတ်ဘဲ၊ ထိုထက်ပို၍ပင် ငါသည် ငါ၏နှုတ်ကပတ်တော်များဖြင့် ဆောင်ရွက်နေပေသည်- ဤသည်မှာ “နှုတ်ကပတ်တော်များနှင့် ပြီးမြောက်အောင်မြင်မှုများ တစ်ပြိုင်နက် ဖြစ်ပေါ်ခြင်း” ၏ စစ်မှန်သော အဓိပ္ပာယ် ဖြစ်သည်။ အကြောင်းမှာ ငါနှင့်ပတ်သက်၍ အရာရာသည် လွတ်လပ်ပြီး၊ အရာရာသည် လွတ်မြောက်ခြင်းခံရကာ၊ ဤအခြေခံ အုတ်မြစ်ပေါ်၌၊ ငါပြုသောအရာ အားလုံးသည် ဉာဏ်ပညာဖြင့် ပြည့်ပေသည်။ ငါသည် သတိမမူဘဲ စကားမပြောသကဲ့သို့၊ သတိမမူဘဲ မပြုမူပေ။ (ငါ၏လူ့သဘာဝသည် ငါကိုယ်တိုင်၏ ခွဲခြား၍မရသော အစိတ်အပိုင်း ဖြစ်သောကြောင့်၊ လူ့သဘာဝဖြင့်ဖြစ်စေ၊ ဘုရားသဘောသဘာဝဖြင့်ဖြစ်စေ၊ ငါသည် ဉာဏ်ပညာဖြင့် စကားပြောဆိုကာ ပြုမူသည်။) သို့သော် ငါစကားပြောသော အချိန်တွင်၊ အဘယ်သူမျှ ငါ့စကား၏ သဘောသွားကို အာရုံမစိုက်ကြချေ။ ငါပြုမူသောအချိန်တွင်၊ အဘယ်သူမျှ ငါ့အမူ၏ နည်းစနစ်ကို အာရုံမစိုက်ချေ။ ဤသည်မှာ လူသား၏ အားနည်းချက်ဖြစ်သည်။ ငါသည် ငါ၏ သားဦးများအပေါ်တွင်သာမက၊ လူသားအားလုံးအပေါ် ငါ၏ တန်ခိုးကို ထုတ်ဖော်ပြမည်၊ သို့သော် ထို့ထက်ပို၍ပင် ငါသည် တိုင်းနိုင်ငံအားလုံးအတွင်းနှင့် လူအပေါင်းတို့အလယ်တွင် ငါ၏ တန်ခိုးကို ထုတ်ဖော်ပြမည်။ ထိုသို့ လုပ်ဆောင်ခြင်းသည်သာ စာတန်ကို အရှက်ရစေသည့် အားကောင်းသော သက်သေခံချက်ဖြစ်သည်။ ငါသည် ရူးမိုက်စွာ မပြုမူပေ။ သားဦးများအတွက် ငါ၏သက်သေသည် မှားယွင်းမှုတစ်ခု ဖြစ်သည်ဟု လူအများစုက ထင်ကြ၏။ ၎င်းတို့က ငါ့အပြင် အခြားသော ဘုရားများစွာ ရှိသည်၊ ငါသည် အဓိပ္ပာယ်မဲ့စွာ ပြုမူသည်၊ ငါသည် မိမိကိုယ်ကိုယ် အဆင့်အတန်းကျစေသည် ပြောကြသည်။ ဤတွင် လူသား၏ဖောက်ပြန်ပျက်စီးခြင်းသည် ပို၍ပင် ဖော်ထုတ်ခံရသည်။ သားဦးများအတွက် သက်သေခံခြင်းတွင် ငါ အမှားပြုလုပ်မိနိုင်မည်လော။ ငါမှားသည်ဟု သင်တို့ပြောသည်၊ သို့ဆိုလျှင် သင်တို့ သက်သေခံနိုင်သလော။ အကယ်၍ ယင်းသည် ငါ၏ ချီးမြှောက်ခြင်း၊ ငါ၏သက်သေခံချက်ကြောင့်သာ မဟုတ်ပါက၊ သင်တို့သည် ငါ၏သားကို သင်တို့၏ အောက်သို့ တွန်းကြဆဲ ဖြစ်မည်၊ သူ့ကို အေးစက်စက်နိုင်သည့် ဥပက္ခာပြုခြင်းဖြင့် ဆက်ဆံနေဆဲ ဖြစ်မည်ဖြစ်ကာ၊ သူ့ကို သင်တို့၏ အစေခံကဲ့သို့ ဆက်ဆံနေဆဲ ဖြစ်ပေမည်။ အသင် လူယုတ်မာအုပ်စုတို့။ ငါသည် အပြန်အလှန်အားဖြင့် သင်တို့အသီးသီးကို ရှင်းထုတ်မည်။ မည်သူမျှ သက်ညှာခံရမည်မဟုတ်။ ငါ့ကိုပြောလော့၊ ပုံမှန် လူ့သဘာဝ ပိုင်ဆိုင်သော လူတစ်ဦးနှင့် သဟဇာတ မဖြစ်နိုင်သော ၎င်းတို့သည် မည်သည့်အရာ အမျိုးအစားများ ဖြစ်ကြသနည်း။ ၎င်းတို့သည် လူယုတ်မာများဖြစ်ကြသည်မှာ ယုံမှားဖွယ်ရာမရှိပေ။ ငါသည် ၎င်းတို့အား သည်းမခံနိုင်ပေ။ အကယ်၍ သင်တို့၏ သက်သေခံချက်ကို ငါစောင့်ခဲ့ပါက၊

ငါ၏အမှုသည် နှောင့်နှေးနှင့်ပြီး ဖြစ်လိမ့်မည်။ အသင် လူယုတ်မာအုပ်စုတို့။ သင်တို့သည် တကယ်ကို လူ့သဘာဝ လုံးဝ မရှိကြပေ။ ငါ့အတွက် အစေခံမှုပြုရန် သင်တို့ကို ငါအလိုမရှိ။ ယခုချက်ချင်း ဤနေရာမှ ထွက်သွားလော့။ သင်တို့သည် ငါ၏သားကို အချိန်ကြာမြင့်စွာ နိုင်ထက်စီးနင်းပြုကြလေပြီ။ ငါသည် သင့်ကို အနှစ်အဖြစ်သို့ ငါနင်းခြေမည်။ သင်သည် တစ်ဖန် ရိုင်းစိုင်းဝံ့ပါက မည်သည့်အရာ ဖြစ်ပျက်သည်ကို ကြည့်ပါလေ။ သင်သည် တစ်ဖန် ငါ့အား အရှက်ရစေဝံ့ပါက၊ မည်သည့်အရာ ဖြစ်ပျက်သည်ကို ကြည့်ပါလေ။ ငါ၏ ကြီးမြတ်သော အမှုကို ငါ ပြီးမြောက်နှင့်ပြီးဖြစ်သည်။ ငါသည် နောက်ပြန်လှည့်ကာ ဤသားရဲအုပ်ကို ရှင်းထုတ်ပစ်သင့်ပေသည်။

(ငါချစ်သော သူများနှင့် ပတ်သက်သရွေ့) အားလုံးသည် ငါ၏လက်များ၌ ပြီးမြောက်သကဲ့သို့၊ (ငါမုန်းတီးသော ထိုသားရဲများ၊ ငါစက်ဆုပ်ရွံရှာသော လူများ၊ ကိစ္စရပ်များနှင့် အမှုအရာများနှင့် ပတ်သက်သရွေ့) အားလုံးကိုလည်း ငါ၏လက်များဖြင့် ဖျက်ဆီးပေသည်။ ငါ လုပ်ဆောင်မည့် အရာအားလုံးကို ငါ၏သားဦးများအား ငါ မြင်တွေ့ခွင့်ပေး၍၊ ၎င်းတို့အား စေ့စေ့စပ်စပ် နားလည်ခွင့်ပေးပြီး၊ ယင်း၌ ငါသည် ဇိအုန်တောင်မှ ထွက်လာကတည်းက ငါလုပ်ဆောင်ပြီးသမျှအားလုံးကို တွေ့မြင်ခွင့်ပေး၏။ နောက်ပိုင်းတွင်၊ ငါတို့သည် ဇိအုန်တောင်ထဲသို့ အတူတကွ ဝင်ရောက်ကြလိမ့်မည်၊ ခေတ်များမတိုင်မီ ငါတို့ ရှိခဲ့ကြသည့် နေရာထဲသို့ ဝင်ရောက်ကြလိမ့်မည် ဖြစ်ပြီး၊ ငါတို့၏အသက်တာများကို အသစ်တစ်ဖန် အသက်ရှင်ကြလိမ့်မည် ဖြစ်သည်။ ထိုအချိန်မှစ၍၊ လောကနှင့် ဤလူယုတ်မာအုပ်စုနှင့် နောက်ထပ် မည်သည့်အဆက်အသွယ်မျှ ရှိလိမ့်မည်မဟုတ်ဘဲ၊ ပြီးပြည့်စုံသော လွတ်လပ်မှု ရှိလိမ့်မည်။ အားလုံးသည် ပိတ်ဆီးထားခြင်းမရှိသကဲ့သို့၊ အဟန့်အတား ရှိလိမ့်မည် မဟုတ်။ အဘယ်သူသည် ငါ၏သားဦးများထဲမှ တစ်ဦးတစ်ယောက်ကို ခုခံဝံ့သနည်း။ အဘယ်သူသည် ငါ၏သားဦးများကို ဆက်လက် ဆန့်ကျင်ဝံ့သနည်း။ ငါသည် ၎င်းတို့ကို အလွယ်တကူ သက်ညှာလိမ့်မည် မဟုတ်။ သင်သည် အတိတ်၌ ငါ့ကို မည်သို့ ရိုသေလေးမြတ်ခဲ့သည်ဖြစ်စေ၊ ယင်းမှာ ယနေ့ ငါ၏သားဦးများကို သင် ရိုသေလေးမြတ်ရမည့်ပုံ ဖြစ်သည်။ ငါ၏ရှေ့၌တစ်မျိုး၊ ငါ၏ကွယ်ရာ၌တစ်မျိုး မဖြစ်နှင့်။ လူအသီးသီး အဘယ်သို့ရှိသည်ကို ရှင်းလင်းပြတ်သားမှုဖြင့် ငါမြင်သည်။ ငါတို့သည် တစ်ကိုယ်တည်း ဖြစ်သည့်အတွက်၊ ငါ၏သားကို သစ္စာမစောင့်သိခြင်းသည် ငါ့ကို သားသမီးဝတ်မပြုခြင်းဖြစ်သည်၊ ယင်းသည် သိသာသော အချက်တစ်ချက် ဖြစ်ပေသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် ငါ့ကို ကောင်းသော်လည်း ငါ၏ သားဦးများအပေါ် ခြားနားသော သဘောထား ကိုင်စွဲပါက၊ ၎င်းတို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာအား ခွဲကြသောကြောင့် ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ သဘာဝ

သားစဉ်မြေးဆက်တစ်ဦးဖြစ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။ ဤအပြစ်ကို မည်သည့်အခါတွင်မျှ ခွင့်လွှတ်၍မရနိုင်။ သင်တို့အသီးသီးသည် ဤအရာကို မြင်ရမည်။ ငါ့ကို သက်သေခံရန်မှာ သင်တို့၏တာဝန်ဖြစ်ပြီး၊ ထို့ထက်ပို၍ ငါ၏သားဦးများကို သက်သေခံရန်မှာ သင်တို့၏ ဝတ္တရားဖြစ်သည်။ သင်တို့ထဲမှ မည်သူမျှ သင်တို့၏တာဝန်များကို အချောင်မခိုရ-နှောင့်ယှက်သောသူ မည်သူကိုမဆို၊ ငါ ချက်ချင်း ရှင်းထုတ်မည်။ မိမိကိုယ်ကိုယ် တစ်ခုတစ်လေ ထူးခြားသည်ဟု မထင်လေနှင့်။ သင့်အား ယခု ငါပြော၏- ထိုသို့ အဖြစ်ဆုံးသောသူ မည်သူမဆို၊ ၎င်းတို့သည် ငါ၏ အတင်းကျပ်ဆုံးသော အပြစ်ပေးခြင်း ပစ်မှတ် ဖြစ်လိမ့်မည်။ ထိုသို့ အဖြစ်ဆုံးသောသူ မည်သူမဆိုသည်၊ အနည်းဆုံးသော မျှော်လင့်ချက်ရှိပြီး၊ ထာဝရ အပြစ်ဒဏ်ခံရသော အဖြစ်၏ သားတစ်ဦး အဖြစ်ဆုံး ဖြစ်ပေသည်။ ငါသည် သင့်ကို အစဉ်အမြဲ ပြစ်တင်ဆုံးမမည်။

ငါ၏အမှုတော်အားလုံးကို ငါ၏ဝိညာဉ်တော်က ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ပြီး၊ ငါသည် စာတန်၏ အတန်းအစား တစ်ဦးတစ်လေကိုမျှ ဝင်ရောက်စွက်ဖက် ခွင့်မပြုပေ။ ဤသည်မှာ ငါ၏ အစီအစဉ်များကို နှောင့်ယှက်ခြင်းမှ ရှောင်ရှားရန် ဖြစ်သည်။ အဆုံး၌ လူကြီးများရော ကလေးများပါ နှစ်ဦးလုံးကို ငါသည် ထစေကာ ငါနှင့် ငါ၏သားဦးများကို ချီးမွမ်းခွင့်ပေးမည်၊ ငါ၏အံ့သြဖွယ် လုပ်ဆောင်ချက်များကို ချီးမွမ်းခွင့်ပေးပြီး၊ ငါ့ဇာတိအဖြစ်တော်၏ သရုပ်သကန်ကို ချီးမွမ်းခွင့်ပေးမည်။ ငါသည် တောင်တန်းများ၊ မြစ်များနှင့် အရာအားလုံးကို တုန်ခါစေလျက်၊ ချီးမွမ်းခြင်းအသံကို စကြဝဠာ တစ်ခုလုံးနှင့် ကမ္ဘာမြေ အစွန်းများထိ ပဲ့တင်ထပ်စေမည်ဖြစ်ပြီး၊ စာတန်ကို လုံးလုံးလျားလျား ငါအရှက်ရစေမည်။ ငါသည် ညစ်ညမ်းပြီး ဆိုးယုတ်သော ကမ္ဘာလောကတစ်ခုလုံးကို ဖျက်ဆီးပြီး၊ သန့်ရှင်းကာ မညစ်ညမ်းသော လောကသစ်တစ်ခုကို တည်ဆောက်ရန် ငါ၏ သက်သေခံချက်ကို အသုံးပြုမည်။ (နေ၊ လ၊ ကြယ်များနှင့် အာကာသ ဗိမာန်များသည် အနာဂတ်တွင် ပြောင်းလဲမည် မဟုတ်ဟုဆိုရာ၌၊ ကမ္ဘာလောကဟောင်းသည် တည်ရှိဆဲဖြစ်သည်ဟု ငါမဆိုလိုဘဲ၊ ကမ္ဘာလောက တစ်ခုလုံး ဖျက်ဆီးခံရလိမ့်မည်ဖြစ်ပြီး ကမ္ဘာလောကဟောင်းသည် အစားထိုးခြင်းခံရလိမ့်မည်ဟု ဆိုလိုပေသည်။ စကြဝဠာကို အစားထိုးဖို့ ငါ မဆိုလိုပေ။) ထိုနောက်မှသာ ငါ၏ အလိုနှင့်ညီသော လောကဖြစ်လိမ့်မည်။ ယင်းအတွင်းတွင်၊ ယနေ့တွင်ရှိသည့် ဖိနှိပ်မှုမျိုး ရှိလိမ့်မည်မဟုတ်သကဲ့သို့၊ လူများ အချင်းချင်း အမြတ်ထုတ်ခြင်းနှင့်ဆိုင်သည့် လတ်တလော ဖြစ်စဉ် ရှိလိမ့်မည် မဟုတ်ပေ။ ထို့ထက်၊ ဇာတိပကတိအတွင်းတွင် တရားမျှတမှုနှင့် သင့်မြတ်မှု ရှိလိမ့်မည်။ (တရားမျှတမှုနှင့် သင့်မြတ်မှုတို့ ရှိလိမ့်မည်ဟု ငါပြောသော်လည်း၊ ယင်းသည် ဇာတိပကတိ အတွင်း၌

ဖြစ်လိမ့်မည်။ ယင်းသည် ကောင်းကင်နှင့် မြေကြီးကွာခြားသကဲ့သို့- ငါ၏ နိုင်ငံတော်နှင့် အလွန်ကွာခြားလိမ့်မည်။ နှစ်ခုကို နှိုင်းယှဉ်စရာ တကယ်ကို နည်းလမ်းမရှိပေ- အဆုံး၌၊ လူ့လောကသည် လူ့လောကဖြစ်ပြီး၊ ဝိညာဉ်လောကသည် ဝိညာဉ်လောကဖြစ်သည်။) ထိုအချိန်၌၊ ငါ၏သားဦးများနှင့် ငါသည် ထိုသို့သော ကမ္ဘာလောကတစ်ခုအပေါ် တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးလိမ့်မည် (စာတန်ကို ငါသည် လုံးဝ ရှင်းထုတ်ပြီး ဖြစ်လိမ့်မည် ဖြစ်သောကြောင့်၊ ဤလောကထဲတွင် စာတန်ထံမှ နှောင့်ယှက်ခြင်း ရှိလိမ့်မည်မဟုတ်။) သို့သော်၊ ငါတို့၏ အသက်တာများသည် နိုင်ငံတော်၏ အသက်တာများ ဖြစ်ဆဲရှိလိမ့်မည်၊ ယင်းကို မည်သူမျှ မငြင်းနိုင်ပေ။ ခေတ်ကာလများတစ်လျှောက်လုံးတွင် ငါ၏သားဦးကဲ့သို့ ပြုမူရန် မည်သူမျှ မရှိသေးသောကြောင့်၊ ခေတ်ကာလများ တစ်လျှောက်တွင်၊ (မည်မျှသစ္စာစောင့်သိသည်ဖြစ်စေ) ဤကဲ့သို့ အသက်တာမျိုးကို တွေ့ကြုံပြီးသူ လူသားတစ်ဦးတစ်လေမျှ လုံးဝ မရှိဖူးပေ၊ ပြီးလျှင် နောက်ပိုင်းတွင် ၎င်းတို့သည် ငါ့အတွက် အစေခံမှု ပေးကြလိမ့်ဦးမည် ဖြစ်သည်။ ဤအစေခံသူများသည် သစ္စာစောင့်သိသော်လည်း၊ ၎င်းတို့သည် နောက်ဆုံးတွင် ငါ အနိုင်ယူပြီးဖြစ်သည့် စာတန်၏ သားစဉ်မြေးဆက်များ ဖြစ်ကြလေသည်၊ ထို့ကြောင့် ခန္ဓာသေဆုံးပြီးသည့်နောက်တွင်၊ ၎င်းတို့သည် ငါ့အတွက် အစေခံမှု ပြုရန် လူ့လောကထဲသို့ မွေးဖွားလာကြဆဲဖြစ်သည်။ ဤသည်မှာ "သားများသည် နောက်ဆုံးတွင် သားများဖြစ်ကြပြီး၊ အစေခံသူတို့သည် နောက်ဆုံးတွင် စာတန်၏ သားစဉ်မြေးဆက်များသာ ဖြစ်ကြသည်" ဟူသောစကား၏ စစ်မှန်သောအဓိပ္ပာယ် ဖြစ်သည်။ ခေတ်ကာလများတစ်လျှောက်တွင်၊ ယနေ့၏ သားဦးများအတွက် အစေခံမှုပြုရန် လူမည်မျှရှိသည်ကို မသိရပေ။ အစေခံသူများထဲမှ မည်သူမျှ ထွက်မပြေးနိုင်သကဲ့သို့၊ ငါသည် ၎င်းတို့အား ထာဝရ ငါ့အတွက် အစေခံမှု ပြုစေမည်။ ၎င်းတို့၏ သဘာဝကို ထည့်သွင်းစဉ်းစားခြင်းဖြင့်၊ ၎င်းတို့အားလုံးသည် စာတန်၏ သားသမီးများ ဖြစ်ကြပြီး၊ ၎င်းတို့အားလုံးက ငါ့ကို ခုခံကြသည်၊ ပြီးလျှင် ၎င်းတို့သည် ငါ့အတွက် အစေခံမှု ပြုကြသော်လည်း၊ ၎င်းတို့ အတင်းအကျပ်ပြုခံရခြင်းဖြစ်ပြီး၊ ၎င်းတို့ထဲမှ မည်သူမျှ ရွေးချယ်စရာတစ်ခုတစ်လေ မရှိပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် အရာရာကို ငါ၏လက်ဖြင့် ထိန်းချုပ်ထားသောကြောင့် ဖြစ်ပြီး၊ ငါအသုံးပြုသော အစေခံသူတို့သည် အဆုံးထိတိုင် ငါ့အတွက် အစေခံမှု ပြုကြရမည်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် စိတ်ဝိညာဉ် တစ်ခုတည်းနှင့် သက်ဆိုင်ကြသောကြောင့်၊ ခေတ်ကာလများ၏ ပရောဖက်များနှင့် တမန်တော်များကဲ့သို့ အလားတူ သဘာဝရှိသည့် လူများစွာ ယနေ့တွင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ငါ့အတွက် အလုပ်များကြသည့် သစ္စာစောင့်သိသော အစေခံသူများစွာ ရှိနေဆဲ

ဖြစ်သော်လည်း၊ အဆုံး၌ (နှစ်ခြောက်ထောင်ကြာ၊ ၎င်းတို့သည် ငါ့အတွက် စဉ်ဆက်မပြတ် အစေခံမှု ပြုနေကြပြီးဖြစ်သည်၊ ထို့ကြောင့် ဤလူတို့သည် အစေခံသူများအလယ်တွင် ပါဝင်ပေသည်)၊ ငါ ပြင်ဆင်ပြီးဖြစ်သည့်အရာသည် ၎င်းတို့အတွက် မဟုတ်သောကြောင့်၊ ခေတ်ကာလများတစ်လျှောက်လုံးက မျှော်လင့်ပြီးသောအရာကို မည်သူမျှ မကြိုးပမ်းမရရှိနိုင်ချေ။

ငါ၏အရာရာသည် မျက်စိရှေ့မှောက်တွင် ပြီးမြောက်နှင့်ပြီးဖြစ်သည်။ ငါသည် ငါ၏သားဦးများကို ငါ၏အိမ်သို့ ငါပြန်လာစေမည်ဖြစ်ပြီး၊ ပြန်လည်ပေါင်းစည်းဖို့ ငါ၏ထံပါးသို့ ပြန်လာစေမည်။ ငါသည် ထူးထူးကဲကဲ အောင်မြင်ကာ အောင်နိုင်လျက် ပြန်လာပြီးဖြစ်ကာ၊ ဘုန်းအသရေကို အပြည့်အဝ ရရှိပြီးဖြစ်သည်၊ ငါသည် သင်တို့ကို ပြန်ခေါ်ဆောင်ရန် ကြွလာပေသည်။ အတိတ်ကာလတွင်၊ လူအချို့က "ပညာသတိရှိသော သတို့သမီးငါးယောက်၊ မိုက်သော သတို့သမီးငါးယောက်"ကို ကြိုတင်ခန့်မှန်း ခဲ့ကြသည်။ ဤခန့်မှန်းချက်သည် မတိကျသော်လည်း၊ လုံးဝ မှားယွင်းသည်လည်း မဟုတ်ပေ- ထို့ကြောင့် သင်တို့ကို ရှင်းပြချက်အချို့ ငါ ပေးကောင်းပေးနိုင်သည်။ "ပညာသတိရှိသော သတို့သမီးငါးယောက်နှင့် မိုက်သော သတို့သမီးငါးယောက်" တို့သည် အတူတကွ လူအရေအတွက်ကို ကိုယ်စားမပြုသကဲ့သို့ လူအမျိုးအစားတစ်ခုကိုလည်း ကိုယ်စားမပြုပေ။ "ပညာသတိရှိသော သတို့သမီးငါးယောက်" သည် လူအရေအတွက်တစ်ခုကို ရည်ညွှန်းပြီး "မိုက်သော သတို့သမီးငါးယောက်" သည် လူတစ်မျိုးတစ်စားကို ကိုယ်စားပြုသည်၊ သို့သော် မည်သည့်အရာကမျှ သားဦးများကို မရည်ညွှန်းပေ။ ယင်းထက် ၎င်းတို့သည် ဖန်ဆင်းခြင်းကို ကိုယ်စားပြုပေသည်။ ဤသည်မှာ ၎င်းတို့အား နောက်ဆုံးသောကာလ၌ ဆီကို ပြင်ဆင်ရန် စေခိုင်းထားခြင်း ဖြစ်သည်။ (ဖန်ဆင်းခြင်းသည် ငါ၏ အရည်အသွေးကို မပိုင်ဆိုင်ပေ။ အကယ်၍ ၎င်းတို့သည် ပညာသတိရှိသော သူများဖြစ်လိုလျှင်၊ ဆီကို ပြင်ဆင်ရန် လိုအပ်သည်၊ ထိုသို့ဖြင့် ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များဖြင့် ပြင်ဆင်ထားရန် လိုအပ်ပေသည်။) "ပညာသတိရှိသော သတို့သမီး ငါးယောက်" သည် ငါဖန်ဆင်းခဲ့သော လူသားများထဲမှ ငါ၏သားများနှင့် ငါ၏လူများကို ကိုယ်စားပြုသည်။ ၎င်းတို့ကို "သတို့သမီးများ" ဟု ခေါ်ဆိုခံရသည်မှာ ကမ္ဘာမြေပေါ်တွင် မွေးဖွားခြင်း ဖြစ်သော်လည်း၊ ၎င်းတို့ကို ငါ ရယူထားသောကြောင့် ဖြစ်သည်။ ၎င်းတို့ကို သန့်ရှင်းသည်ဟု ဆိုနိုင်သည်၊ ထို့ကြောင့် ၎င်းတို့ကို "သတို့သမီးများ" ဟု ခေါ် ခြင်းဖြစ်သည်။ အထက်တွင် ဆိုခဲ့ပြီးဖြစ်သော "ငါးယောက်" သည် ငါခွဲခန့်မှတ်သားထားပြီးဖြစ်သော ငါ၏သားများနှင့် ငါ၏လူများ၏ အရေအတွက်ကို ကိုယ်စားပြုသည်။ "မိုက်သော သတို့သမီး ငါးယောက်" သည် အစေခံသူများကို ရည်ညွှန်းသည်၊

အကြောင်းမှာ ၎င်းတို့သည် ပြင်ပအရာများကိုသာ လိုက်စားရင်း၊ အသက်ကို စိုးစဉ်းမျှ အရေးထားမှု မရှိဘဲလျက်၊ ငါ့အတွက် အစေခံမှု ပြုကြသကဲ့သို့ (၎င်းတို့သည် ငါ၏ အရည်အသွေးမရှိသောကြောင့်၊ ၎င်းတို့ မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ ယင်းသည် အပြင်ပန်းအရာ တစ်ခုဖြစ်၏)၊ ၎င်းတို့သည် ငါ၏တတ်စွမ်းသော ကူညီမစသူများ မဖြစ်နိုင်ကြသည့်အတွက်၊ ထို့ကြောင့် ၎င်းတို့ကို "မိုက်သော သတို့သမီးများ" ဟုခေါ်ပေသည်။ အထက်တွင်ဖော်ပြပြီးဖြစ်သော "ငါးယောက်" သည် စာတန်ကို ကိုယ်စားပြုပြီး၊ ၎င်းတို့ကို "သတို့သမီးများ" ဟု ခေါ်ရသည့်အချက်မှာ ၎င်းတို့သည် ငါ၏သိမ်းပိုက်ခြင်းကို ခံရပြီးဖြစ်ကာ ငါ့အတွက် အစေခံမှုပြုနိုင်ကြသည်ဟု ဆိုလိုပေသည်-သို့သော် ထိုသို့သော လူများသည် သန့်ရှင်းခြင်းမရှိ၊ ထို့ကြောင့် ၎င်းတို့ကို အစေခံသူများဟု ခေါ်ပေသည်။

# အခန်း ၁၁၇

ခပ်သိမ်းသော နက်နဲမှုများ သည် သင့်ထံမှ လာပြီး၊ ခပ်သိမ်းသော ကောင်းချီးမင်္ဂလာများသည် သင့်အားဖြင့် ထုတ်ဖော်ပြခြင်း ခံရသောကြောင့်၊ သင်သည် စာစောင်ကို ဖွင့်သောသူဖြစ်ပြီး၊ သင်သည် ချိပ်တံဆိပ်ခုနှစ်ချက်ကို ချိုးဖျက်သောသူဖြစ်သည်။ သင်သည် ငါ၏ဇာတိအဖြစ်တော်ဖြစ်သောကြောင့်၊ ငါသည် သင့်ကို ထာဝရကာလ ချစ်ဖို့ သေချာပြီး လူအားလုံးကို သင့်အား ကိုးကွယ်စေရန် သေချာသည်။ သင်သည် ငါ၏ အလျှံအပယ်ဖြစ်ပြီး ပြည့်စုံသော သရုပ်သကန်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ ငါ့ခန္ဓာကိုယ်၏ မရှိမဖြစ်သော အစိတ်အပိုင်း ဖြစ်သည်။ ထို့ကြောင့်၊ ငါသည် အထူးသက်သေခံချက် ပေးရမည်။ ငါ၏ ဇာတိအဖြစ်တော်အတွင်း၌ရှိသောသူမှအပ အခြား အဘယ်သူသည် ငါ၏စိတ်နှလုံးနှင့် ညီညွတ်သနည်း။ သင့်အတွက် သက်သေခံသူမှာ သင်ကိုယ်တိုင် မဟုတ်ဘဲ သင့်အတွက် သက်သေခံသည်မှာ ငါ၏ ဝိညာဉ် ဖြစ်ပြီး၊ ဤအရာသည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များနှင့် သက်ဆိုင်သောကြောင့်၊ သင့်ကို ဖီဆန်ဝံ့သော အဘယ်သူကိုမဆို ငါသည် သေချာပေါက် ခွင့်လွှတ်လိမ့်မည် မဟုတ်။ သင်ပြောသမျှအားလုံးကို ငါသည် သေချာပေါက် ပြီးမြောက်စေလိမ့်မည် ဖြစ်ပြီး၊ သင်တွေးသမျှအားလုံးကို ငါသည် ဧကန်မုချ လက်ခံမည်။ အကယ်၍ တစ်စုံတစ်ဦးသည် သင့်ကို သစ္စာမစောင့်သိပါက၊ ၎င်းတို့သည် ငါ့ကို ပွင့်လင်းစွာ ခုခံနေခြင်းဖြစ်ပြီး၊ ငါသည် ၎င်းတို့ကို သေချာပေါက် ခွင့်လွှတ်မည်မဟုတ်။ ငါ၏သားကို ခုခံသော သူတို့အားလုံးကို ငါသည် ပြင်းထန်စွာ ပြစ်တင်ဆုံးမမည်ဖြစ်ပြီး၊ သင်နှင့် သဟဇာတ ဖြစ်သောသူတို့ကို ငါသည် ကောင်းချီးပေးမည်။ ဤသည်မှာ သင့်အပေါ် ငါအပ်နှင်းသည့်

ဩဇာအာဏာ ဖြစ်သည်။ အတိတ်တွင် ပြောဆိုခဲ့သည့်အရာတွင်- သားဦးတို့အပေါ် ထားရှိခဲ့သော တောင်းဆိုချက်များနှင့် စံနှုတ်းများတွင်-သင်သည် စံပြ ဖြစ်သည်။ ဆိုလိုသည်မှာ၊ သင်ဖြစ်သည့်အတိုင်း သားဦးများကိုလည်း ဖြစ်ဖို့ ငါ တောင်းဆိုမည်ဖြစ်သည်။ ဤသည်မှာ လူသားတို့ လုပ်နိုင်သောအရာ တစ်စုံတစ်ခုမဟုတ်ဘဲ၊ ထို့ထက် ယင်းသည် ငါ၏ ဝိညာဉ်ကိုယ်တိုင် လုပ်ဆောင်သောအရာဖြစ်သည်။ အကယ်၍ သင့်အတွက် သက်သေခံသည်မှာ လူသားများဖြစ်သည်ဟု တစ်ဦးတစ်ယောက်က ယုံကြည်ပါက ထိုသတ္တဝါသည် စာတန်၏ အမျိုးနှင့် ငါ၏ ရန်သူဖြစ်သည်မှာ ယုံမှားဖွယ်မရှိပေ။ ထို့ကြောင့် သက်သေခံခြင်းသည် ပြည့်စုံခိုင်လုံကာ၊ ထာဝရမပြောင်းလဲသကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော် အတည်ပြုသော အရာဖြစ်သည်။ အဘယ်သူမျှ ယင်းကို ပေါ့တန်စွာ ပြောင်းလဲ၍မရနိုင်သကဲ့သို့ ပြောင်းလဲသူ မည်သူမဆိုကို ငါသည် ခွင့်လွှတ်မည်မဟုတ်။ လူသားများသည် ငါ့အတွက် သက်သေမခံနိုင်ကြသည့်အတွက်၊ ငါကိုယ်တိုင် ငါ၏ဇာတိအဖြစ်တော်အတွက် သက်သေခံပြီး၊ လူတို့သည် ငါ၏ အမှုကို ဝင်ရောက်မစွက်ဖက်ရ။ ဤသည်တို့မှာ ပြင်းထန်သော တရားစီရင်း နှုတ်ကပတ်တော်များဖြစ်ပြီး၊ လူအယောက်စီတိုင်း ယင်းတို့ကို ဂရုပြုရမည်။

ငါပြောသောအရာတွင် သင်တို့သည် အသေးစိတ်အချက်တိုင်းကို ထည့်သွင်းစဉ်းစားပြီး မှတ်သားထားသင့်သည်။ ငါ၏ စကားများကို သာမန်ကာလျှံကာ သဘောမထားဘဲ ဂရုတစိုက်နားထောင်လော့။ သားဦးများသည် ငါ၏ဇာတိအဖြစ်တော်နှင့် ငါ့နိုင်ငံ၏ မရှိမဖြစ်သော အစိတ်အပိုင်းဖြစ်သည်ဟု ငါသည် အဘယ့်ကြောင့် ပြောသနည်း။ ခေတ်အားလုံးမတိုင်မီတွင်၊ ငါတို့သည် အတူတကွ အသက်ရှင်ခဲ့ပြီး အဘယ်သောအခါမျှ မကွဲကွာခဲ့ကြပေ။ စာတန်၏ နှောင့်ယှက်ခြင်းများကြောင့်၊ ပထမအကြိမ် လူ့ဇာတိကိုခံယူခဲ့ပြီးနောက်တွင်၊ ငါသည် ဇိအုန်တောင်သို့ ပြန်လာခဲ့သည်။ ဤအရာမှစတင်၍၊ ငါတို့အားလုံးသည် လောကထဲသို့ ဝင်ရောက်လာခဲ့ကြပြီး၊ နောက်ဆုံးသော ကာလ၌ ငါအောင်မြင်မှုရရှိပြီးနောက်တွင်- ဆိုလိုသည်မှာ စာတန် ဖောက်ပြန်ပျက်စီးစေခဲ့သည့် ဇာတိပကတိမှ သင်တို့ကို ငါ ပြန်လည်ရယူပြီးနောက်တွင်- ငါ၏ဇာတိအဖြစ်တော်သည် မည်သည့်အခါတွင်မျှ မကွဲကွာဖို့၊ ပြန်လည်ပေါင်းစည်းရန်အလို့ငှာ ငါသည် သင်တို့ကို ဇိအုန်တောင်သို့ ပြန်လည် ခေါ်ဆောင်လိမ့်မည်။ ယင်းနောက်တွင် ငါသည် တစ်ဖန် လူ့ဇာတိခံယူလိမ့်မည်မဟုတ်သကဲ့သို့၊ သင်တို့သည် ငါ၏ခန္ဓာကိုယ်မှ ဇကန်အမှန် ထွက်လာကြလိမ့်မည် မဟုတ်။ ဆိုလိုသည်မှာ၊ ထို့နောက်တွင်၊ အရာရာသည် ယခု စေ့စပ်သေချာစွာ ပြီးစီးသွားပြီဖြစ်သည့်အတွက်၊ ငါသည် ကမ္ဘာလောကကို တစ်ဖန်

ဖန်ဆင်းလိမ့်မည် မဟုတ်ဘဲ၊ ဇီအုန်တောင်ရှိ ငါ၏ သားဦးတို့နှင့် မခွဲမခွာ ထာဝရ ရှိနေလိမ့်မည်ဖြစ်ကာ ငါသည် ခေတ်ဟောင်း တစ်ခုလုံးကို အဆုံးသတ်တော့မည်ဖြစ်သည်။ ငါ၏ဇာတိအဖြစ်တော်သည် ဇီအုန်တောင်တွင် တည်ရှိသည့်အတွက်၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်၏ အသက်ရှိသည်မှာ ဇီအုန်တွင်သာ ဖြစ်သည်။ ဤအရာမှလွဲ၍ တည်ရှိသည့် ကောင်းကင်သစ်များ သို့မဟုတ် မြေကြီးသစ်များ နောက်ထပ် ရှိလိမ့်မည်မဟုတ်။ ငါ၏ဇာတိအဖြစ်တော်သည် ဇီအုန်တောင်တစ်ခုလုံးကို ဖြည့်သောကြောင့်၊ ငါသည် ကောင်းကင်သစ်ဖြစ်ပြီး၊ ငါသည် မြေကြီးသစ်လည်း ဖြစ်သည်။ ငါ၏သားဦးတို့သည် ကောင်းကင်သစ် ဖြစ်ကြသည်၊ ငါ၏သားဦးတို့သည် မြေကြီးသစ် ဖြစ်ကြသည်ဟုလည်း ပြောကောင်းပြောနိုင်သည်။ ငါ၏ သားဦးတို့နှင့် ငါသည် ခွဲခြားမရနိုင်သည့် ခန္ဓာတစ်ခုတည်းနှင့် သက်ဆိုင်၏။ ငါ့အကြောင်းပြောဆိုခြင်းသည် သားဦးများ သေချာပေါက်ပါဝင်ပြီး၊ ငါတို့အား ခွဲခွာရန် ကြိုးစားသောမည်သူကိုမဆို ငါသည် ဧကန်မုချ ခွင့်လွှတ်လိမ့်မည်မဟုတ်။ ငါ၏ပလ္လင်ရှေ့သို့ တိုင်းနိုင်ငံအားလုံးနှင့် လူအားလုံးတို့ကို ငါ ပြန်လာစေသည့်ချိန်တွင်၊ စာတန်အားလုံးတို့သည် လုံးလုံးလျားလျား အရှက်ရလိမ့်မည်ဖြစ်ပြီး၊ ဆိုးယုတ်သော မကောင်းဆိုးဝါးများသည် ငါ့ထံမှ အဝေးသို့ နောက်ဆုတ်သွားကြလိမ့်မည်ဖြစ်သည်။ တိုင်းနိုင်ငံအားလုံးနှင့် လူအားလုံးတို့ကို ငါအုပ်ချုပ်နေလိမ့်မည်ဖြစ်သည့်အတွက်၊ စကြဝဠာလောကတစ်ခုလုံးအပေါ် ငါသည် တန်ခိုးအာဏာ ကိုင်စွဲနေလိမ့်မည်ဖြစ်ကာ၊ စာတန်များအားလုံးသည် အကုန်အစင် မွှေနှောက်ဖျက်ဆီးခြင်းခံရလိမ့်မည်၊ လုံးဝ ရှုံးနိမ့်လိမ့်မည်ဖြစ်ပြီး ငါ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်များ၏ အပြစ်ပေးခြင်းကို ရရှိနေလိမ့်မည် ဖြစ်သည့်အတွက်၊ ဖြောင့်မတ်ခြင်းသည် လူအပေါင်းတို့အလယ် (ဆိုလိုသည်မှာ ငါ့သားများနှင့် လူများအလယ်) တည်ရှိလိမ့်မည်မှာ သေချာပြီး၊ တိုင်းနိုင်ငံအားလုံးအလယ်တွင် စာတန်၏ နှောင့်ယှက်မှုများ ရှိလိမ့်မည်မဟုတ်သည်မှာ သေချာ၏။

ငါသည် လူအပေါင်းတို့အလယ် အမှုဖြင့် ရှေ့ဆက်နေသော်လည်း၊ ၎င်းတို့သည် ငါ့ဝိညာဉ်၏ အသိဉာဏ်ပွင့်လင်းစေခြင်းသာရှိပြီး၊ ငါ၏ နက်နဲမှုများကို ဖွင့်ဟဖို့ရန် အရည်အချင်း ပြည့်မီသောသူတစ်ယောက်မျှ သူတို့အလယ်တွင် မရှိ၊ ငါ့ကို ဖော်ပြရန် မည်သူမျှ အရည်အချင်း မပြည့်မီပေ။ ငါ့ထံမှ လာသော သူသာလျှင် ငါ၏အမှုကို လုပ်ဆောင်ရန် အရည်အချင်းပြည့်မီ၏- ကျန်သောသူများအတွက်မူ၊ ငါသည် ၎င်းတို့အား ယာယီသာ အသုံးပြု၏။ ငါ့အထဲ၌ ရှိသမျှအရာရာတိုသင်းသည် အဖိုးတန်သည့်အတွက်၊ ငါ၏ ဝိညာဉ်သည် လူသားတစ်ဦးအပေါ် ထင်ရာမြင်ရာ ဆင်းသက်လိမ့်မည် မဟုတ်။ ငါ၏ဝိညာဉ်အတွက် တစ်စုံတစ်ဦးအပေါ် ဆင်းသက်ဖို့နှင့် ငါ၏ဝိညာဉ်အတွက် တစ်စုံတစ်ဦးအပေါ်

အလုပ်လုပ်ဖို့ဆိုသည်မှာ လုံးဝ ခြားနားသောအရာများ ဖြစ်သည်။ ငါ၏ဝိညာဉ်သည် ငါ၏အပြင်ဘက်တွင်ရှိသော လူများအပေါ်တွင် အလုပ်လုပ်သော်လည်း၊ ငါ၏ဝိညာဉ်သည် ငါ့ထံမှ လာသော သူအပေါ်တွင် ဆင်းသက်သည်။ ဤသည်မှာ လုံးဝ ဆက်စပ်မှုမရှိသော အကြောင်းအရာနှစ်ခုဖြစ်သည်။ အကြောင်းမှာ ငါ့ထံမှလာသော လူသည် သန့်ရှင်းသော်လည်း ငါ၏အပြင်ဘက်တွင်ရှိသော ၎င်းတို မည်မျှ ကောင်းမွန်နိုင်သည်ဖြစ်စေ၊ သန့်ရှင်းခြင်း မရှိကြပေ။ ငါ၏ ဝိညာဉ်သည် သေးငယ်သည့် အကြောင်းပြချက်တစ်ခုတစ်လေအတွက် တစ်စုံတစ်ဦးအပေါ် ဆင်းသက်လိမ့်မည်မဟုတ်။ လူတို့ မစိုးရိမ်သင့်ပေ။ ငါသည် အမှားများကိုမပြုသကဲ့သို့ ငါသည် ငါ လုပ်ဆောင်သည့်အရာနှင့်ပတ်သက်၍ တစ်ရာရာခိုင်နှုန်း သေချာသည်။ ငါသည် သူ့အတွက် သက်သေခံပြီးဖြစ်သည်နှင့်အမျှ၊ သူ့ကို ဧကန်မုချ ကာကွယ်လည်း ကာကွယ်ပေးမည်။ ထိုသူသည် ငါ့ထံမှ တကယ်ကို လာပြီး၊ ငါ၏ဇာတိအဖြစ်တော်အဖို့ မရှိမဖြစ် ဖြစ်သည်။ ထို့ကြောင့် လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင်အယူအဆများကို ဘေးဖယ်ကာ၊ စာတန်ပေးသော မည်သည့် စိတ်ကူးများကိုမဆို စွန့်ပစ်ဖို့၊ ငါ၏ မိန့်မြွက်ချက်တိုင်းကို မှန်ကန်သည်ဟု ယုံကြည်ကာ၊ ၎င်းတို့၏ စိတ်များထဲ၌ သံသယများအဖို့ အလျှော့မပေးရန် ငါမျှော်လင့်သည်။ ဤသည်မှာ လူသားမျိုးနွယ်အဖို့ ငါ၏ တာဝန်ပေးစေခိုင်းချက်၊ လူသားမျိုးနွယ်အဖို့ ငါ၏ တိုက်တွန်းချက်ဖြစ်သည်။ ဤအရာများကို အယောက်တိုင်း လိုက်နာရမည်၊ ယင်းတို့ကို အယောက်တိုင်း စစ်မှန်ရိုးသာစွာ နာခံရမည်ဖြစ်ပြီး၊ ငါပြောသောအရာကို စံနှုန်းအဖြစ် အယောက်တိုင်း ခံယူရမည် ဖြစ်သည်။

ငါသည် ငါ၏ အမှုကို တိုင်းနိုင်ငံအားလုံးနှင့့် လူအပေါင်းတို့အလယ် စတင်သည်သာမက၊ စကြဝဠာလောကထဲက နေရာတိုင်း၌လည်း ငါ၏ အမှုကို စတင်ပြီး၊ ဤအရာက ဇိအုံသို့ ငါပြန်လာမည့် နေ့ရက်သည် အလှမ်းမဝေးသည်ကို သာ၍ပင်ပြသည် (အဘယ့်ကြောင့်ဆိုသော် ငါ၏ အမှုကို လူအားလုံးအလယ်နှင့် စကြဝဠာအနှံ့ စတင်အမှုမပြုနိုင်မီ ဇိအုံသို့ပြန်ဖို့ရန် ငါ့အတွက် လိုအပ်သောကြောင့်ဖြစ်သည်)။ ငါအမှု၏ အဆင့်များနှင့် ငါ အမှုပြုသည့် နည်းလမ်းများကို သဘောပေါက်နိုင်သောသူ တစ်ဦးတစ်လေ ရှိသလော။ ငါသည် နိုင်ငံခြားသားများနှင့် စိတ်နှလုံးအားဖြင့် တွေ့ဆုံမည်ဟု ငါဆိုသည့်အကြောင်းရင်းမှာ၊ ဤအရာသည် အခြေခံအားဖြင့် ဇာတိပကတိဖြင့် လုပ်ဆောင်၍ မရနိုင်သောကြောင့်ဖြစ်ပြီး၊ ငါသည် ဒုတိယအကြိမ် အန္တရာယ်များကို အရဲစွန့်ရန် လိုလားနေခြင်း မရှိသောကြောင့် ဖြစ်သည်။ ဤသည်တို့မှာ နိုင်ငံခြားသားများနှင့် စိတ်နှလုံးအားဖြင့် မိတ်သဟာယဖွဲ့ခြင်းအတွက် အကြောင်းရင်းများဖြစ်သည်။ ဤအရာသည် စစ်မှန်သော ဝိညာဉ်လောကတွင် ရှိရမည်ဖြစ်ပြီး၊ ဇာတိပကတိ၌ အသက်ရှင်နေသည့် သူများ

စိတ်ကူးသကဲ့သို့က အချို့သော မရေရာသည့် ဝိညာဉ်လောကမဟုတ်ပေ။ ငါသည် မတူကွဲပြားသော ခေတ်တစ်ခုအတွင်းတွင် စကားပြောနေလိမ့်မည်ဖြစ်သည်နှင့်အမျှ၊ ထိုအချိန်တွင် ငါပြောသောအရာသည် ငါ ပြောဆိုသည်နည်းလမ်းဖြင့် ကွဲပြားရုံမျှ ကွဲပြားလိမ့်မည်။ ထို့ကြောင့် ငါသည် လူသားမျိုးနွယ်အား ငါ စကားပြောသည့် နည်းလမ်းကို သတိပြုဖို့ရန် ထပ်ကာထပ်ကာ၊ သတိပေးနေခြင်းဖြစ်ပြီး၊ ငါပြောသော အရာ၌ လူတို့ မဖွင့်ဟနိုင်သော နက်နဲမှုများရှိသည်ဟုလည်း လူတို့ကို ငါသတိပေးနေခြင်းဖြစ်သည်။ သို့သော် ဤအရာများကို အဘယ့်ကြောင့် ငါပြောသည်ကို မည်သူမျှ နားမလည်ကြသကဲ့သို့၊ ယနေ့ ငါသည် သင်တို့ကို ဤအရာ ပြောသည့်အခါမှသာ သင်တို့ အနည်းငယ် နားလည်နိုင်ကြသော်လည်း အပြည့်အဝ မဟုတ်သေးပေ။ ငါ၏အမှု၌ ဤအဆင့်နောက်တွင်၊ ငါသည် သင်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် အကြောင်းကြားမည်။ (ငါသည် ဤအရာမှတစ်ဆင့် အချို့သော လူတို့ကို ဖယ်ရှင်းသုတ်သင်ချင်သေး၏၊ ထို့ကြောင့် ငါသည် ယခု မည်သည့်အရာကိုမျှ ပြောလိမ့်မည်မဟုတ်။) ဤသည်မှာ ငါ့အမှုရှိ နောက်အဆင့်၏ နည်းစနစ်ဖြစ်သည်။ ငါသည် ဉာဏ်ပညာရှိသော ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်ကို အယောက်တိုင်း ဂရုပြုသင့်ပြီး၊ ရှင်းလင်းစွာ မြင်သင့်သည်။

အောက်ခြေမှတ်စုများ-

က။ မူရင်းစာသား၌ “စိတ်ကူးသကဲ့သို့” ဟူသည့် စကားရပ်မပါရှိပါ။

## အခန်း ၁၁၈

ငါ့သားအတွက် ထ၍သက်သေခံသည့်သူ မည်သူမဆို ငါသည် ၎င်းတို့အပေါ် ကျေးဇူးတော် အပ်နှင်းမည်။ ငါ့သားအတွက် ထ၍ သက်သေခံခြင်းမပြုဘဲ၊ ထိုအစား ခုခံကာ ၎င်းတို့၏ ကိုယ်ပိုင် အကဲဖြတ်မှုများ ပြုလုပ်ဖို့ လူသားအယူအဆများကို အသုံးပြုသူ မည်သူမဆို၊ ၎င်းတို့ကို ငါဖျက်စီးမည်။ အားလုံး ရှင်းလင်းစွာ တွေ့မြင်ရမည်။ ငါ့သားအတွက် သက်သေခံခြင်းသည် ငါ့အတွက် ရိုသေလေးမြတ်ခြင်း အပြုအမူတစ်ခုဖြစ်ပြီး၊ ယင်းက ငါ့အလိုကို ဖြည့်ဆည်းသည်။ သားတော်ကို အနိုင်ကျင့်ကာ ဖိနှိပ်နေစဉ်တွင် ခမည်းတော်ကိုသာ မရိုသေနှင့်။ ထိုသို့ လုပ်ဆောင်သူတို့သည် အဆင်းနီသောနဂါးကြီး၏ သားစဉ်မြေးဆက်များဖြစ်သည်။ ဤကဲ့သို့သော အကောင်ယုတ်များကို ငါ့သားအတွက် သက်သေခံဖို့ ငါမလိုအပ်ပေ။ ၎င်းတို့ကို အနက်ဆုံးသောတွင်းထဲတွင် ငါဖျက်စီးပစ်မည်။ ငါ၏

သားကို အစေခံမှုပေးဖို့ သစ္စာစောင့်သိပြီး ရိုးသားသော အစေခံသူများကို ငါအလိုရှိသည်။ ကျန်သောသူများအတွက်မူ၊ ၎င်းတို့ကို ငါမလိုအပ်ပေ။ ဤသည်မှာ ငါ၏ ဖြောင့်မတ်သော စိတ်သဘောထားဖြစ်ပြီး၊ ယင်းက ငါသည် သန့်ရှင်းကာ အပြစ်အနာအဆာ မရှိသော ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်ကို ပြသရန် အသုံးတော်ခံ၏။ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပုန်ကန်ပြစ်မှားသော မည်သူကိုမျှ ငါခွင့်လွှတ်လိမ့်မည် မဟုတ်။ မိသားစုထဲတွင်ဖြစ်စေ ကမ္ဘာလောကတွင်ဖြစ်စေ အတိတ်က သင့်ကို အာခံခဲ့သူ သို့မဟုတ် သင့်ကို နှိပ်စက်ညှဉ်းပန်းခဲ့သူ မည်သူမဆို၊ ငါသည် ၎င်းတို့ကို တစ်ဦးပြီးတစ်ဦး ပြစ်တင်ဆုံးမမည်ဖြစ်ပြီး၊ ငါ၌ အသွေးအသားနှင့် သက်ဆိုင်သည့် မည်သည့်အစိတ်အပိုင်းမျှ မရှိသည့်အတွက်၊ မည်သူကိုမျှ အလွတ်ပေးမည် မဟုတ်။ ယနေ့ သင့်အတွက် သက်သေခံခြင်းက ထိုအစေခံသူများသည် ငါ့အတွက် အစေခံမှု ပေးခြင်းအား ပြီးစီးပြီးဖြစ်သည်ကို ပြသ၏၊ ထို့ကြောင့် မည်သည့် သိက္ခာစောင့်စည်းမှု သို့မဟုတ် ကြောင့်ကြခြင်းမျှ မရှိနှင့်။ အဆုံးတွင်တော့၊ ၎င်းတို့သည် သင်၏ အစေခံသူများဖြစ်ပြီး၊ အားလုံးပြီးဆုံးသောအခါ သင်သည် ကောင်းကင်ဘုံနှင့် သက်ဆိုင်ကာ၊ ငါ့ကိုယ်ခန္ဓာသည် သင်မရှိ၍ မဖြစ်သည့်အတွက် အဆုံးတွင် သင်သည် ငါ့ကိုယ်ခန္ဓာဆီသို့ ပြန်လာလိမ့်မည်။ သင်သည် ဘုရားသခင်ကိုယ်တိုင်ဖြစ်ပြီး၊ သင့်ကို အာခံရန် သို့မဟုတ် သင့်ကို ပုန်ကန်ပြစ်မှားရန် မည်သူကိုမျှ သင် သည်းခံမည် မဟုတ်သည့်အတွက်၊ အတိတ်ကာလက သင့်အား အာခံကာ သင့်နှင့် သဟဇာတ မဖြစ်သောသူများသည် (ဤသည်မှာ အခြားသူများ မမြင်နိုင်သည့် အရာတစ်ခုဖြစ်သည်၊ ယင်းကို သင်၏ စိတ်နှလုံးတွင်သာ သင် သိသည်) ၎င်းတို့၏ မူလ အသွင်သဏ္ဌာန် ထုတ်ဖော်ပြီးဖြစ်ကာ ပြိုလဲကြပြီးဖြစ်သည်။ ယင်းကို အပြင်မှ မမြင်နိုင်သော်လည်း၊ ငါ၏ ဝိညာဉ်သည် သင့်အတွင်းတွင် ရှိ၏။ ဤသည်မှာ သံသယ ရှိစရာမလိုပေ။ ငါ၏ သံလှံတံသည် ငါ့ကို အာခံသူအားလုံးအား ဒဏ်ခတ်မည်စိုး၍၊ ယင်းကို လူအားလုံး ယုံကြည်ရမည်။ ငါသည် သင့်အတွက် သက်သေခံသည့်အတွက်၊ သင်သည် ဧကန်မုချ သြဇာအာဏာရှိပြီး၊ သင် ပြောသမျှတိုင်းသည် ငါ၏ ဖော်ပြချက်ဖြစ်ကာ သင့်ပြုသမျှတိုင်းသည် ငါ၏သရုပ်သကန်ဖြစ်၏။ အကြောင်းမှာ သင်သည် ငါချစ်သောသူ ဖြစ်ကာ ငါ၏ ဇာတိအဖြစ်တော်က မရှိ၍မဖြစ်သော အစိတ်အပိုင်းတစ်ခု ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်၏ လှုပ်ရပ်တိုင်း၊ သင်ဝတ်ဆင်သည့်အရာ၊ သင်အသုံးပြုသည့်အရာနှင့် သင် အသက်ရှင်သောနေရာ- ယင်းတို့သည်လည်း ဧကန်မုချ ငါ၏ လုပ်ဆောင်ချက်များ ဖြစ်သည်။ မည်သူမျှ သင့်ကို ဆန့်ကျင်သည့်အရာ တစ်စုံတစ်ခု ရှာတွေ့ရန် မကြိုးစားရ သို့မဟုတ် သင့်ကို အပြစ်မဖို့ရ။ တစ်ဦးတစ်ယောက်က ဤအရာကို

လုပ်ဆောင်ပါက၊ ၎င်းတို့ကို ငါခွင့်လွှတ်မည် မဟုတ်ပေ။

ဆိုးညစ်သောအစေခံများကို ငါ့အိမ်မှ ငါနှင်ထုတ်မည်ဖြစ်ပြီး၊ သစ္စာစောင့်သိသော အစေခံများကို ငါ့အိမ်အတွင်း၌ ငါ၏သားဦးများအတွက် သက်သေခံစေမည်။ ဤသည်မှာ ငါ့ အစီအစဉ်ဖြစ်ပြီး၊ ဤသည်မှာ ငါအမှုပြုသည့် နည်းလမ်း ဖြစ်သည်။ ဆိုးညစ်သော အစေခံများက ငါ့သားအတွက် သက်သေခံသောအခါ လူသေများ၏ အနံ့ ရှိကာ ဤသည်မှာ ငါ့အတွက် စက်ဆုပ်စရာ ဖြစ်သည်။ သစ္စာစောင့်သိသော အစေခံများက ငါ့သားအတွက် သက်သေခံသောအခါ ယင်းသည် လေးနက်ပြီး စစ်မှန်ရိုးသားကာ ငါ့အဖို့ လက်ခံနိုင်စရာ ဖြစ်သည်။ ထို့ကြောင့် ငါ့သားအတွက် သက်သေခံရန် လိုလားခြင်းမရှိသည့် မည်သူမဆို၊ ဤနေရာမှ ယခု ထွက်သွားလော့။ ထိုသို့လုပ်ဆောင်ရန် သင့်ကို ငါအတင်းအကျပ် ပြုမည်မဟုတ်- သင့်ကု ငါ ထွက်ခွာဖို့ တောင်းဆိုပါက၊ သင် ထွက်သွားရမည်။ သင့်အတွက် အကျိုးဆက်များက မည်သည့်အရာဖြစ်သည်ဆိုသည်နှင့် မည်သည့်အရာက သင့်ကို စောင့်ကြိုနေသည်ကို ကြည့်လော့။ ဤအရာကို အစေခံမှုပေးသူများက အခြား တစ်ဦးတစ်လေထက် ပို၍နားလည်ကြသည်။ ငါ၏ တရားစီရင်ခြင်း၊ ငါ့အမျက်ဒေါသ၊ ငါ၏ ကျိန်ခြင်းများ၊ ငါ၏လောင်ကျွမ်းနေပြီး ပြင်းထန်သော အမျက်သည်းခြင်းသည် ငါ့ကိုဖီဆန်သူ မည်သူမဆိုအပေါ် အချိန်မရွေး ကျရောက်မည်။ ငါ့လက်သည် မည်သူ့ကိုမျှ သနားညှာမှု မပြ။ အစေခံမှု ပေးသူတစ်ဦးသည် ယခင်က မည်မျှ သစ္စာစောင့်သိသည်ဖြစ်စေ၊ ယနေ့တွင် ၎င်းတို့သည် ငါ့သားကို ဖီဆန်ပါက၊ ငါသည် ၎င်းတို့ကို ချက်ချင်း ဖျက်စီးပစ်မည်ဖြစ်ပြီး၊ ၎င်းတို့အား ငါ့ရှေ့တွင် နေခွင့်ပေးမည် မဟုတ်။ ဤအရာမှ ငါ၏ သနားကြင်နာမှု ကင်းမဲ့သော လက်ကို တွေ့မြင်နိုင်သည်။ လူတို့သည် ငါ့ကို မသိကြသောကြောင့်၊ ပြီးလျှင် ၎င်းတို့၏သဘာဝသည် ငါ့ကို အာခံကြသောကြောင့်၊ ငါ့ကို သစ္စာစောင့်သိသော သူတို့သည်ပင် ၎င်းတို့၏ ကိုယ်ပိုင် ပျော်ရွှင်မှုအတွက်သာ ငါ့ကို သစ္စာစောင့်သိကြလေသည်။ ၎င်းတို့အား ဆိုးလေအောင် ထိခိုက်သည့် တစ်စုံတစ်ရာ ဖြစ်ပျက်ပါက၊ ၎င်းတို့၏ စိတ်နှလုံးများ ချက်ချင်း ပြောင်းလဲကာ ငါ့ထံပါးမှ ဆုတ်ခွါချင်ကြသည်။ ဤသည်ကား စာတန်၏ သဘာဝဖြစ်သည်။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် သစ္စာစောင့်သိသည်ဟု ယုံကြည်ရင်း ခေါင်းမမာရ။ ထိုအရာတွင် ၎င်းတို့အတွက် မည်သည့်အရာမျှ မရှိပါက၊ ဤသားရဲအုပ်သည် ငါ့အား တကယ်ကို သစ္စာစောင့်သိနိုင်စွမ်း မရှိပေ။ ငါ၏ စီမံခန့်အုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ငါမထုတ်ပြန်ခဲ့ပါက၊ အချိန်ကြာမြင့်စွာက သင်တို့ ရပ်တည်ချက် ပြင်ဆင်ပြောင်းလဲပြီး ဖြစ်သည်။ ယခုတွင် သင်တို့အားလုံးသည် ငါ့ကို အစေခံမှုပေးရန် လိုလားခြင်း မရှိသော်လည်း၊ ငါ၏ လက်ဖြင့်ဒဏ်ခတ်ခံရရန် လိုလားခြင်း မရှိဘဲလျက်၊ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး

ကျားထက်ဆိုး အဖြစ်မျိုးတွင် ရှိကြပေသည်။ ငါ့ကို အာခံသူ မည်သူမဆိုအပေါ်သို့ အချိန်မရွေး ကြီးမားသော ကပ်ဘေးများ ကျရောက်လိမ့်မည်ဟု ငါမထုတ်ပြန်ခဲ့ပါက၊ သင်တို့သည် အချိန်ကြာမြင့်စွာက ရပ်တည်ချက် ပြောင်းလဲပြီး ဖြစ်ပေမည်။ လူတို့ ကျင့်သုံးသည့် မာယာများကို ငါ မသိလေသလော။ လူအများစုသည် ယခုတွင် မျှော်လင့်ခြင်း အနည်းငယ် သိုထားကြသော်လည်း၊ ထိုမျှော်လင့်ခြင်းက စိတ်ပျက်မှုသို့ ပြောင်းလဲသွားသည့်အခါ ၎င်းတို့ နောက်ထပ် မည်သို့မျှ ရှေ့ဆက်ရန် လိုလားခြင်းမရှိ ဖြစ်လာကြပြီး နောက်လှည့်ရန် တောင်းဆိုသည်။ ငါသည် မည်သူကိုမျှ ၎င်းတို့၏ အလိုဆန္ဒကို ဆန့်ကျင်လျက် ဤနေရာတွင် ထိန်းသိမ်းထားခြင်းမရှိဘဲ သင့်အတွက် အကျိုးဆက်များက မည်သည့်အရာများ ဖြစ်လိမ့်မည်ကို ဂရုတစိုက် တွေးတောသည်ဟု ယခင်က ငါ ပြောဆိုပြီး ဖြစ်သည်။ သင့်အား ခြိမ်းခြောက်နေသည်မှာ ငါမဟုတ်။ ဤသည်မှာ အမှန်တရားများနှင့် ပတ်သက်ပေသည်။ လူ့သဘာဝကို ငါမှလွဲ၍ မည်သူမျှ နားမလည်နိုင်ပေ။ လူအားလုံးက ၎င်းတို့၏ သစ္စာစောင့်သိမှုမှာ မစင်ကြယ်သည်ကို မသိဘဲလျက်၊ ၎င်းတို့သည် ငါ့ကို သစ္စာစောင့်သိကြသည်ဟု တွေးထင်ကြသည်။ ဤမစင်ကြယ်မှုများသည် အဆင်းနီသော နဂါးကြီး၏ အကြံအစည်များ ဖြစ်သည့်အတွက် လူတို့အား ဖျက်ဆီးလိမ့်မည်။ ယင်းကို အချိန်ကြာမြင့်စွာက ငါ ဖွင့်ချခဲ့ပေသည်။ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင် ဖြစ်သည်၊ ထို့ကြောင့် အလွန်ရိုးရှင်းသောအရာ တစ်စုံတစ်ခုကို ငါမနားမလည်ဘဲ အဘယ်သို့ ရှိနိုင်မည်နည်း။ သင့်၏ ရည်ရွယ်ချက်များကို တွေ့မြင်ဖို့ သင်၏ အသွေးအသားထဲသို့ ငါ ထိုးဖောက်နိုင်သည်။ လူ့သဘာဝကို နားလည်ရန်မှာ ငါ့အတွက် မခက်ပေ။ သို့သော် လူတို့သည် မိမိတို့၏ ရည်ရွယ်ချက်များကို မိမိတို့ကိုယ်တိုင်မှလွဲ၍ မည်သူမျှ မသိဟု ယုံကြည်လျက် မိမိတို့ကိုကိုယ် လိမ္မာပါးနပ်သည်ဟု ထင်ကြသည်။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီး၊ အရာခပ်သိမ်းတို့ အတွင်း၌ တည်ရှိသည်ကို ၎င်းတို့ မသိသလော။

ငါ့သားကို တကယ့်အဆုံးအထိ ငါချစ်မည်ဖြစ်ပြီး အဆင်းနီသောနဂါးကြီးနှင့် စာတန်ကို ကာလအစဉ်အဆက် ငါမုန်းတီးမည်။ ငါ့ကို ဖီဆန်သူ အားလုံးအပေါ်တွင် ငါ၏ ပြစ်တင်ဆုံးမခြင်း ကျရောက်လိမ့်မည်ဖြစ်ပြီး၊ ရန်သူ တဦးမျှ လွတ်မည် မဟုတ်။ ယခင်က ငါသည်၊ "ဇီအုန်တွင် ကြီးမားသောကျောက်တစ်ခုကို ငါချထားသည်။ ယုံကြည်သူများအဖို့၊ ဤကျောက်သည် ၎င်းတို့၏ တည်ဆောက်မှု အုတ်မြစ်ဖြစ်သည်။ မယုံကြည်သူများအဖို့၊ ဤသည်မှာ ထိမိ၍ လဲစရာ ကျောက်ဖြစ်သည်။ နတ်ဆိုး၏ သားများအဖို့၊ ဤသည်မှာ ၎င်းတို့အား သေသည့်အထိ ဖိချေသည့် ကျောက်ဖြစ်သည်" ဟုပြောခဲ့၏။ ဤစကားများကို ယခင်က ငါပြောဆိုပြီးဖြစ်သည်သာမက၊ ယင်းတို့ကို လူများစွာက

ပရောဖက်ပြုထားပြီးဖြစ်ကာ လူများစွာတို့သည် ဤခေတ်တွင် ဤနှုတ်ကပတ်တော်ကျမ်းပိုဒ်ကို ဖတ်ရှုပြီးဖြစ်သည်။ ထို့အပြင် လူအချို့သည် ဤစကားများကို ရှင်းပြဖို့ ကြိုးစားကြသော်လည်း၊ မည်သူမျှ ဤနက်နဲမှုကို ယခင်က မဖြေရှင်းဖူးကြသေးပေ၊ အဘယ်ကြောင့်ဆိုသော် ဤအမှုသည် နောက်ဆုံးသော ကာလ၏ လတ်တလော အချိန်အတွင်းတွင်သာ လုပ်ဆောင်ထားသောကြောင့် ဖြစ်သည်။ ထိုကြောင့်၊ လူအချို့က ဤစကားများကို ရှင်းပြရန် ကြိုးစားကြပြီးဖြစ်သော်လည်း၊ ၎င်းတို့၏ ရှင်းပြချက်များသည် အတွေးမှားများသာ ဖြစ်သည်။ ယနေ့တွင်၊ ငါ့သားဦးများအတွက် ငါ၏ သက်သေခံခြင်း လေးနက်မှုနှင့် ထိုသို့ လုပ်ဆောင်ရာတွင် ငါ၏ရည်ရွယ်ချက်ကို သင်တို့ သိနိုင်ကြဖို့အလို့ငှာ ဆိုလိုရင်းအဓိပ္ပါယ် တစ်ခုလုံးကို သင်တို့ထံ ငါ ထုတ်ဖော်ပြပြီး ဖြစ်သည်။ ငါသည် ဇိအုန်တွင် ကြီးမားသောကျောက်တစ်ခုကို ချထားပြီး ဤကျောက်သည် ငါ၏ သားဦးများ သက်သေခံခြင်းကို ရည်ညွှန်းပေသည်။ “ကြီးမားသော” ဟူသည့် စကားလုံးသည် ဤသက်သေခံခြင်းကို အလွန်ကြီးမားသော အတိုင်းအတာတစ်ခုတွင် သက်သေခံသည်ဟု မဆိုလိုဘဲ၊ ထို့ထက် ငါ့သားဦးများအတွက် သက်သေခံရာတွင် အလွန်များလှစွာသော အစေခံသူများ နောက်ဆုတ်သွားကြလိမ့်မည် ဖြစ်သည်။ ဤနေရာတွင်၊ “မယုံကြည်သူများ” ဟူသည်မှာ ငါ့သားကို သက်သေခံကြသောကြောင့် နောက်ဆုတ်သွားကြသူများကို ရည်ညွှန်းသည်။ ထိုကြောင့်၊ ကျောက်သည် ဤလူစားမျိုးအတွက် ထိမိ၍ လဲစရာ ကျောက်တစ်ခု ဖြစ်သည်။ ဤလူစားမျိုးသည် ငါ၏ လက်ဖြင့် ဒဏ်ခတ်ခံရလိမ့်မည်ဖြစ်သောကြောင့် ယင်းသည် ကျောက်ဖြစ်သည်ဟု ငါ ဆိုရပေသည်၊ ထို့ကြောင့် “လူတို့ ထိမိ၍ လဲစရာ ကျောက်” ဟု ဆိုသည်မှာ လဲကျခြင်း သို့မဟုတ် အားနည်းလာခြင်းနှင့် ပတ်သက်၍ ပြောထားခြင်းမဟုတ်ဘဲ၊ ငါ့လက်ဖြင့် ဒဏ်ခတ်ခံရခြင်းနှင့် ပတ်သက်၍ ပြောထားခြင်းဖြစ်သည်။ “ယုံကြည်သူများအဖို့ ဤကျောက်သည် ၎င်းတို့၏ တည်ဆောက်မှု အုတ်မြစ်ဖြစ်သည်”ဟူသည့်စကားတွင် “ယုံကြည်သူများ” ဟူသည်မှာ သစ္စာစောင့်သိသော အစေခံသူများကို ရည်ညွှန်းပြီး၊ “၎င်းတို့၏ တည်ဆောက်မှုအုတ်မြစ်” ဟူသည်မှာ ၎င်းတို့အနေဖြင့် ငါ့ကို သစ္စာစောင့်သိသော အစေခံမှုပေးပြီးနောက်တွင် ၎င်းတို့ရရှိမည့် ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာများကို ရည်ညွှန်းသည်။ သားဦးများကို သက်သေခံပြီးဖြစ်သည်ဆိုသည်မှာ အိုဟောင်းသောခေတ် တစ်ခုလုံး မကြာမီ ကုန်လွန်မည့်အကြောင်းကို ညွှန်ပြပေသည်။ ဆိုလိုသည်မှာ၊ ယင်းသည် စာတန်၏ နိုင်ငံ ပျက်ဆီးခြင်း သင်္ကေတလက္ခဏာ ဖြစ်သည်။ ထို့ကြောင့် တပါးအမျိုးသားတို့အတွက် ယင်းသည် ၎င်းတို့အား သေဆုံးသည်အထိ ဖိချေသည့် ကျောက်ဖြစ်၏။ ထိုကြောင့်

တိုင်းနိုင်ငံအားလုံးကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခြင်းသည် ကမ္ဘာလောကတစ်ခုလုံး၏ ပြီးပြည့်စုံသော အသစ်ပြုပြင်ခြင်းကို ရည်ညွှန်းသည်။ ဟောင်းသောအရာ ကုန်လွန်လိမ့်မည်ဖြစ်ပြီး အသစ်သောအရာ တည်ဆောက်ခြင်း ထူထောင်လိမ့်မည်- ဤသည်မှာ "အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲခြင်း"၏ မှန်ကန်သော အဓိပ္ပါယ်ဖြစ်သည်။ သင်တို့ နားလည်ကြသလော။ ဤနောက်ဆုံးအဆင့်တွင် ငါ ပြုသော အမှုသည် စကားအနည်းငယ်မျှဖြင့် အကျဉ်းချုပ်နိုင်သည်။ ဤသည်မှာ ငါ၏ အံ့ဘွယ် လုပ်ဆောင်ချက် ဖြစ်ပြီး သင်တို့သည် ငါ၏နှုတ်ကပတ်တော်များအတွင်း ငါ့အလိုကို သဘောပေါက်သင့်ကြပေသည်။

# အခန်း ၁၁၉

သင်တို့အားလုံးသည် ငါ၏ ရည်ရွယ်ချက်များကို သဘောပေါက်သင့်ပြီး၊ သင်တို့အားလုံးသည် ငါ၏ စိတ်နေစိတ်ထားကို နားလည်သင့်သည်။ ယခုအချိန်သည် ဇိအုန်သို့ ပြန်ရန် ပြင်ဆင်ဖို့ အချိန်ဖြစ်၏။ ဤအရာမှ လွဲ၍ အခြားအရာများကို ငါ လျစ်လျူရှု၏။ များမကြာမီ တစ်နေ့တွင် သင်တို့နှင့် ငါ ပြန်လည်ပေါင်းစည်းဖို့နှင့် ဇိအုန်၌ သင်တို့နှင့်အတူ မိနစ်တိုင်း စက္ကန့်တိုင်း ကုန်လွန်ဖို့သာ ငါ မျှော်လင့်သည်။ ငါသည် ကမ္ဘာလောကကို စက်ဆုပ်သည်၊ ငါသည် ဇာတိပကတိကို စက်ဆုပ်ပြီး၊ ကမ္ဘာပေါ် ရှိ လူသားတိုင်းအား ငါသည် ပို၍ပင် ရွံရှာ၏။ ၎င်းတို့အားလုံးသည် လူသားသဘာဝ အနည်းငယ်မျှပင် မရှိကြသည့်၊ မကောင်းဆိုးဝါးများကဲ့သို့ ဖြစ်ကြသောကြောင့်၊ ငါသည် ၎င်းတို့အား မြင်တွေ့ရန် လိုလားခြင်းမရှိပေ။ ငါသည် ကမ္ဘာပေါ်တွင် နေထိုင်ရန် လိုလားခြင်း မရှိ။ ငါသည် သတ္တဝါအားလုံးကို ရွံရှာကာ၏၊ ငါသည် အသွေးအသားရှိသမျှ အားလုံးတို့ကို ရွံရှာ၏။ ကမ္ဘာမြေတစ်ခုလုံးသည် အလောင်းကောင်တို့၏အနံ့ ဟောင်၏။ အလောင်းကောင် အနံ့ဆိုးအားလုံးကို ကမ္ဘာပေါ်မှ ဖယ်ရှားကာ ကမ္ဘာမြေတစ်ခုလုံးကို ငါ့အား ချီးမွမ်းခြင်းဖြင့် ပြည့်စေရန်၊ ငါသည် ဇိအုန်သို့ ချက်ချင်း ပြန်လိုသည်။ ငါသည် ဇိအုန်သို့ ပြန်ရမည်၊ ငါသည် ဇာတိပကတိနှင့် ကမ္ဘာလောကမှ ထွက်ပြေးလွတ်မြောက်ရမည်ဖြစ်ပြီး၊ မည်သူမျှ ငါ၏ လမ်းတွင် မတားဆီးရ။ လူသားကို သတ်ဖြတ်သော ငါ၏ လက်သည် စိတ်ခံစားချက် မရှိချေ။ ယခုမှစ၍ အသင်းတော် တည်ဆောက်ခြင်းအကြောင်းကို မည်သူမျှ မပြောနိုင်ပေ။ တစ်ဦးတစ်လေက ပြောပါက၊ ၎င်းတို့ကို ငါ ခွင့်လွှတ်လိမ့်မည်မဟုတ်။ (ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ယခုသည် ငါ၏ သားဦးများအတွက် သက်သေခံရန် အချိန်နှင့်

နိုင်ငံတော်အား တည်ဆောက်ရန်အချိန် ဖြစ်သောကြောင့် ဖြစ်သည်။ အသင်းတော် တည်ဆောက်ခြင်းအကြောင်းကို ပြောသောသူ မည်သူမဆိုသည် နိုင်ငံတော် တည်ဆောက်ခြင်းအား ဖြိုဖျက်နေခြင်းဖြစ်ကာ၊ ငါ၏ စီမံခန့်ခွဲမှုကို နှောင့်ယှက်နေခြင်း ဖြစ်သည်။) အားလုံးသည် အဆင်သင့်ဖြစ်၏၊ အားလုံးကို ပြင်ဆင်ထား၏။ ကျန်ရှိသည့် တစ်ခုတည်းသောအရာမှာ သားဦးများ ချီးမြှောက်ခံရရန်နှင့် သက်သေခံခြင်းခံရရန် ဖြစ်သည်။ ထိုအရာ ဖြစ်ပျက်သည့်အခါ၊ ငါသည် တစ်ခဏမျှ နှောင့်နှေးခြင်းမရှိဘဲနှင့် ပုံသဏ္ဍာန်ကို စဉ်းစားခြင်းမရှိဘဲ၊ သင်တို့၏ စိတ်များတွင် နေ့နေ့ညည ထိန်းသိမ်းထားသည့် နေရာ- ဇိအုန်သို့ ချက်ချင်း ငါ ပြန်မည်။ လက်တလော ကမ္ဘာလောကသည် ချောမွေ့ကာ တည်ငြိမ်လျက် မည်သို့ ဆက်လက်တည်သည်ကိုသာ မကြည့်နှင့်။ ဤအမှုအားလုံးသည် ဇိအုန်သို့ ပြန်ခြင်းနှင့်ဆိုင်သော အမှု ဖြစ်သည်၊ ထို့ကြောင့် ဤအရာများကို ယခု အလေးဂရုမပြုနှင့်။ ဇိအုန်သို့ ပြန်သောနေ့ ရောက်လာသည့်အခါ အားလုံး ပြီးပြည့်စုံလိမ့်မည်။ ဇိအုန်သို့ အဆောတလျင် အဘယ်သူ မပြန်ချင်သနည်း။ အဖနှင့် သားများအတွက် အဆောတလျင် ပြန်လည်ပေါင်းစည်းဖို့ အဘယ်သူ ဆန္ဒမရှိသနည်း။ လောကီသာယာမှုများသည် မည်မျှ မွေ့လျော်ဖွယ် ဖြစ်သော်လည်း၊ ယင်းတို့သည် ငါတို့၏ ဇာတိပကတိကို မထိန်းချုပ်နိုင်ပေ။ ငါတို့သည် ဇာတိပကတိကို ကျော်လွန်ကာ ဇိအုန်သို့ အတူတကွ ပြန်ကြမည် ဖြစ်သည်။ အဘယ်သူသည် ဤအရာကို တားဆီးဝံ့သနည်း။ အဘယ်သူသည် အတားအဆီးများကို ထားရှိဝံ့သနည်း။ ၎င်းတို့အား ငါသည် သေချာပေါက် ခွင့်လွှတ်မည်မဟုတ်။ ငါသည် ခလုတ်တံသင်း အားလုံးတို့ကို ဖယ်ရှားပစ်မည် ဖြစ်၏။ (ဤသည်မှာ ငါသည် ဇိအုန်သို့ ချက်ချင်း မပြန်နိုင်ဟု ငါဆိုရသည့် အကြောင်းရင်း ဖြစ်သည်။ ငါသည် ဤသန့်စင်ခြင်းအလုပ်ကို လုပ်ဆောင်လျက်ရှိနေပြီး၊ ငါ၏ သားဦးများအတွက် တစ်ပြိုင်နက် သက်သေခံနေသည်။ ဤအလုပ်နှစ်ခုသည် တစ်ချိန်တည်းတွင် တိုးတက်လျက်ရှိ၏။ သန့်စင်ခြင်းအလုပ် ပြီးစီးသွားချိန်တွင်၊ သားဦးများကို ငါ ထုတ်ဖော်ပြမည့် အချိန် ဖြစ်လိမ့်မည်။ “ခလုတ်တံသင်းများ”မှာ ကြီးမားသော အစေခံသူ အရေအတွက် ဖြစ်သည်၊ ယင်းမှာ ဤအလုပ်နှစ်ခုသည် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်သည်ဟု ငါ ဆိုရသည့် အကြောင်းရင်း ဖြစ်သည်။) ငါသည် ငါ၏ သားဦးများကို စကြဝဠာ အနှံ့နှင့် ကမ္ဘာမြေ၏ အစွန်းနေရာများ၊ တောင်များ၊ မြစ်များနှင့် အရာခပ်သိမ်းအနှံ့ ငါနှင့်အတူ လျှောက်လှမ်းစေမည်ဖြစ်သည်။ အဘယ်သူသည် ဤအရာကို ဟန့်တားဝံ့သနည်း။ အဘယ်သူသည် ဤအရာကို တားဆီးဝံ့သနည်း။ ငါ၏ လက်သည် မည်သည့်လူသားကိုမျှ အလွယ်တကူ အလွတ်ပေးသည်မဟုတ်။ ငါ၏ သားဦးများမှလွဲ၍ ငါသည် အားလုံးကို ဒေါသူပုန်ထပြီး အားလုံးကို ကျိန်ဆဲ၏။ နယ်မြေအားလုံးတွင်၊ ငါ၏ ကောင်းချီးမင်္ဂလာများကို

လက်ခံရရှိသည့် သေမျိုးတစ်ဦးမျှ မရှိချေ။ အားလုံးသည် ငါ၏ကျိန်ခြင်းကို ကြုံရ၏။ ကမ္ဘာလောက၏ ဖန်ဆင်းခြင်းကတည်းက၊ ငါသည် မည်သူကိုမျှ ကောင်းချီးမပေးလေပြီ။ ငါသည် ကောင်းချီးမင်္ဂလာများကို ပေးပြီးသည့်အချိန်တွင်ပင်၊ ငါသည် စာတန်ကို အလွန်အမင်း မုန်းတီးသည့်အတွက် ယင်းတို့သည် စကားလုံးများမျှသာဖြစ်ပြီး၊ လက်တွေ့အရှိတရား မဟုတ်ပေ။ ငါသည် စာတန်အား လုံး၀ ကောင်းချီးပေးလိမ့်မည်မဟုတ်၊ အပြစ်သာ ပေးမည်ဖြစ်သည်။ စာတန်အား ငါသည် လုံးလုံးလျားလျား အနိုင်ယူပြီး၊ ပြီးပြည့်စုံသော အောင်မြင်မှုသည် ငါ့အတွက် ဖြစ်သည့်နောက်၊ အဆုံးတွင်သာ၊ ငါသည် သစ္စာစောင့်သိသော အစေခံသူများအား ရုပ်ဝတ္ထုဆိုင်ရာ ကောင်းချီးမင်္ဂလာများကို ပေးလိမ့်မည်ဖြစ်ပြီး၊ ငါ၏ အမှုအားလုံး ပြီးမြောက်ပြီး ဖြစ်လိမ့်မည်ဖြစ်သည့်အတွက်၊ ငါ့အား ချီးမွမ်းရာတွင် ဝမ်းမြောက်မှုကို ၎င်းတို့အား ရယူခွင့်ပေးမည်။

ဧကန်အမှန်၊ ငါ၏ အချိန်သည် အလှမ်းမဝေးလှပေ။ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်သည် သင်၏ မျက်စိများရှေ့တွင် ပြည့်စုံခြင်းသို့ ရောက်လုနေပြီဖြစ်သည်။ (ယင်းသည် ဧကန်အမှန် သင်တို့၏ မျက်စိများရှေ့တွင် ရှိ၏။ ယင်းသည် အချို့သော နမိတ်ပြခြင်း မဟုတ်။ ဤအရာကို ငါ၏ စိတ်နေစိတ်ထားမှ သင် မြင်နိုင်၏။) ငါ၏ သားဦးများကို ဇိအုန်သို့ ငါသည် ချက်ချင်း အိမ်သို့ခေါ်သွားမည် ဖြစ်သည်။ အချို့က၊ “ယင်းသည် သားဦးများအတွက်သာ ဖြစ်သည်နှင့်အမျှ၊ အဘယ်ကြောင့် အနှစ်ခြောက်ထောင် အချိန်ယူရသနည်း။ ပြီးလျှင် အဘယ့်ကြောင့် အလွန်များလှသော လူများ အဖန်ဆင်းခံခဲ့ရသနည်း” ဟူ၍ ပြောကြလိမ့်မည်။ ငါ၏ အရာရာတိုင်းသည် အဖိုးတန်သည်ဟု ယခင်က ငါ ပြောပြီးဖြစ်သည်။ ငါ၏ သားဦးများသည် အဘယ်သို့ ပို၍ပင် အဖိုးမတန်နိုင်မည်နည်း။ ငါသည် အားလုံးကို ငါ့အား အစေခံဖို့ရန် ဆော်သြစည်းရုံးမည်ဖြစ်သည်၊ ထို့အပြင် လူတိုင်းက စကြဝဠာလောက တစ်ခုလုံး၌ ငါတို့လက်များထဲတွင် မရှိသောအရာ တစ်ခုမျှမရှိ၊ ငါတို့၏ အစေခံခြင်းထဲတွင် မရှိသည့် လူတစ်ဦးမျှ မရှိသကဲ့သို့၊ ငါတို့၏ အောင်မြင်မှုအတွက် မဟုတ်သည့် အရာတစ်ခုမျှမရှိသည်ကို မြင်နိုင်ကြဖို့အလို့ငှာ၊ ငါသည် ငါ၏ တန်ခိုးကို ထုတ်ဖော်ပြမည်။ ငါသည် အရာရာတိုင်းကို စွမ်းဆောင်ရရှိလိမ့်မည်။ ငါ့အတွက်၊ အချိန်နှင့်သက်ဆိုင်သည့် အယူအဆမရှိ။ ငါသည် အစီအစဉ်နှင့် ငါ၏ အမှုကို အနှစ်ခြောက်ထောင်အတွင်း ပြီးပြည့်စုံစေရန် ရည်ရွယ်သော်လည်း၊ ငါ့အဖို့ အားလုံးသည် လွတ်မြောက်ကာ လွတ်လပ်လေသည်။

အကယ်၍ အနှစ်ခြောက်ထောင်ထက် လျော့နည်းလျှင်ပင်၊ ငါ၏ အမြင်၌၊

အချိန်ကျရောက်ပြီဖြစ်သရွေ့ အဘယ်သူသည် ဆန့်ကျင်ခြင်းစကားတစ်ခွန်းကို မြွက်ဆိုဝံ့မည်နည်း။ အဘယ်သူသည် ထရပ်ကာ သဘောရှိ ဝေဖန်ဝံ့မည်နည်း။ ငါ၏ အမှုကို ငါကိုယ်တိုင် ပြု၏။ ငါ၏ အချိန်ကို ငါကိုယ်တိုင် စီစဉ်၏။ မည်သည့်လူ၊ မည်သည့်ကိစ္စနှင့် မည်သည့်အမှုအရာကမျှ တစ်ဇွတ်ထိုး မလုပ်ဆောင်ဝံ့ချေ။ ငါသည် အားလုံးကို ငါ့နောက်သို့ လိုက်စေမည်။ ငါ့အတွက် အမှန် သို့မဟုတ် အမှား မရှိ။ အကယ်၍ တစ်စုံတစ်ရာ မှန်ကန်သည်ဟု ငါ ပြောပါက၊ ယင်းသည် ဧကန်မုချ မှန်ကန်၏။ အကယ်၍ တစ်စုံတစ်ရာ မှားယွင်းသည်ဟု ငါ ပြောပါက ယင်းသည် ထိုသို့လည်း ဖြစ်သည်။ သင်တို့သည် လူသားအယူအဆများဖြင့် ငါ့ကို အမြဲ မတိုင်းတာရ။ သားဦးများနှင့် ငါသည် အတူတကွ ကောင်းချီးပေးခံရသည်ဟု ငါ ဆိုသည်- အဘယ်သူသည် ကျိုးနွံနာခံရန် ငြင်းဆိုဝံ့သနည်း။ ငါသည် သင့်အား ချက်ချင်း ဖျက်ဆီးလိမ့်မည်။ သင်သည် ကျိုးနွံနာခံရန် ငြင်းဆို၏။ သင်သည် ပုန်ကန်တတ်၏။ ငါသည် လူသားမျိုးနွယ် တစ်ဦးတစ်လေအတွက် တကယ်ကို သနားကရုဏာမရှိသကဲ့သို့၊ ငါ၏ အမုန်းသည် ယင်း၏ အကန့်အသတ်သို့ ရောက်ရှိနှင့်ပြီး ဖြစ်သည်။ ငါ့သည် တကယ်ကို မည်သို့မျှ နောက်ထပ် သည်းမခံနိုင်တော့ပေ။ ငါနှင့် သက်ဆိုင်သရွေ့ စကြဝဠာလောကတစ်ခုလုံးသည် ချက်ချင်း မျိုးဖြုတ်ခံရမည် ဖြစ်သည်- ထိုအခါမှသာ ငါ၏ ကြီးမြတ်သော အမှု ပြည့်စုံလိမ့်မည် ဖြစ်သည်။ ထိုအခါမှသာ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ် ပြီးစီးလိမ့်မည်။ ထိုအခါမှသာ ငါ၏ စိတ်နှလုံးထဲက အမုန်းတရားသည် လွင့်ပြယ်လိမ့်မည်ဖြစ်သည်။ ယခုတွင်၊ ငါ၏ သားဦးများအား သက်သေခံခြင်းအကြောင်းကိုသာ ငါ ဂရုစိုက်၏၊ အခြားသော အရေးကိစ္စများကို ငါ ဘေးဖယ်ထားမည်။ ပထမဦးဆုံး အရေးကြီးသည့် အရာများကို ငါ လုပ်ဆောင်မည်၊ ထို့နောက် သာမည အရာများကို ငါ လုပ်ဆောင်မည်။ ဤသည်တို့မှာ မည်သူမျှ မချိုးဖောက်သင့်သည့် ငါ့ အမှု၏ အဆင့်များ ဖြစ်သည်။ အားလုံးသည် ငါ၏ ကျိန်ခြင်း ပစ်မှတ်များ ဖြစ်လာကြမည်စိုး၍၊ ငါ ပြောသည့်အတိုင်း လုပ်ဆောင်ရမည်။

ယခု ငါ၏ အမှုသည် ပြီးမြောက်သောကြောင့်၊ ငါသည် အနားယူနိုင်၏။ ယခုမှစ၍၊ ငါသည် နောက်ထပ် အလုပ်လုပ်တော့မည်မဟုတ်ဘဲ၊ ငါ၏ သားဦးများသည် ငါဖြစ်သောကြောင့်၊ ငါ လုပ်ဆောင်ချင်သည့် အရာအားလုံးကို လုပ်ဆောင်ဖို့ ငါ၏ သားဦးများအား အမိန့်ပေးမည်။ ငါ၏ သားဦးများသည် ငါ၏ ဇာတိအဖြစ်တော် ဖြစ်သည်။ ဤသည်မှာ အနည်းငယ်မျှ မမှားယွင်းပေ။ ဝေဖန်မှုများ ပြုလုပ်ရန် အယူအဆများကို အသုံးမပြုနှင့်။ ငါတို့သည် တစ်ဦးတည်းပင် ဖြစ်သောကြောင့်၊ သားဦးများကို မြင်ခြင်းသည် ငါ့အား မြင်ခြင်းဖြစ်သည်။ ငါတို့အား ခွဲသောသူ မည်သူမဆိုသည် ထိုသို့ဖြင့် ငါ့အား ဆန့်ကျင်နေခြင်း ဖြစ်ပြီး၊ ငါသည်

၎င်းတို့ကို ခွင့်လွှတ်လိမ့်မည် မဟုတ်။ ငါ၏ နှုတ်ကပတ်တော်များ၌၊ လူသားအဖို့ နားလည်၍မရနိုင်သော နက်နဲမှုများ ရှိသည်။ ငါ ချစ်သော သူတို့သာ ငါ့ကို ဖော်ပြနိုင်ပြီး၊ အခြားမည်သူမျှ မဖော်ပြနိုင်။ ဤအရာကို ငါက သတ်မှတ်ထားခြင်းဖြစ်ပြီး၊ မည်သူမျှ ယင်းကို မပြောင်းလဲနိုင်။ ငါ၏ နှုတ်ကပတ်တော်များသည် ကြွယ်ဝ၏၊ ပြည့်စုံကာ နားမလည်နိုင်စရာ ဖြစ်သည်။ အားလုံးသည် ငါ၏ နှုတ်ကပတ်တော်များအပေါ် ကြီးစွာသော အားထုတ်မှု သုံးသင့်သည်၊ ယင်းတို့ကို မကြာခဏ တွေးဆသင့်ပြီး၊ စကားလုံးတစ်လုံး သို့မဟုတ် စာကြောင်းတစ်ကြောင်းကိုမျှ မချန်သင့်ပေ- သို့မဟုတ်ပါက၊ လူတို့သည် မှားယွင်းမှုအောက်တွင် အလုပ်လုပ်ကြလိမ့်မည်ဖြစ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များသည် နားလည်မှုလွဲခံရလိမ့်မည်။ ငါ၏ စိတ်သဘောထားသည် ပုန်ကန်ပြစ်မှားမှုကို သည်းမခံဟု ငါ ပြောပြီးဖြစ်သည်၊ ဆိုလိုသည်မှာ ငါ၏ သက်သေခံ သားဦးတို့ကို ဆန့်ကျင်၍မရပေ။ ငါ၏ သားဦးများသည် ငါ့စိတ်သဘောထား၏ သွင်ပြင်လက္ခဏာတိုင်းကို ကိုယ်စားပြု၏၊ ထို့ကြောင့် အလေးအမြတ်ထားသောတံပိုး အသံမြည်သောအချိန်သည် သားဦးများကို ငါ စတင်သက်သေခံသောအချိန် ဖြစ်ပြီး၊ ထိုသို့ဖြင့် နောင်တွင် အလေးအမြတ်ထားသောတံပိုးသည် လူထုထံ ငါ၏ စိတ်သဘောထားအား ဖြည်းညင်းသော ကြေညာခြင်း ဖြစ်လိမ့်မည်။ တစ်နည်းဆိုရသော်၊ ငါ၏ သားဦးများအား ထုတ်ဖော်သောအချိန်သည် ငါ၏ စိတ်နေသဘောထားအား ထုတ်ဖော်သော အချိန် ဖြစ်သည်။ ဤအရာကို အဘယ်သူ နားလည်နိုင်သနည်း။ ငါ ထုတ်ဖော်ပြီးဖြစ်သည့် နက်နဲမှုများအတွင်းတွင်ပင် လူတို့ မရှင်းနိုင်သည့် နက်နဲမှုများ ကျန်ရှိသည်ဟု ငါ ဆိုသည်။ သင်တို့ထဲမှ အဘယ်သူသည် ဤစကားများ၏ စစ်မှန်သော အဓိပ္ပါယ်ကို သဘောပေါက်ရန် အမှန်တကယ် ကြိုးစားလေပြီနည်း။ ငါ၏ စိတ်သဘောထားသည် သင်တို့ စိတ်ကူးပြီးသည့်အတိုင်း လူတစ်ဦး၏ ပင်ကိုစရိုက် ဖြစ်သလော။ ထိုသို့ တွေးဖို့ဆိုသည်မှာ ကြီးလေးသည့် အမှားတစ်ခု ဖြစ်၏။ ယနေ့တွင် ငါ၏ သားဦးများကို တွေ့သောသူ မည်သူမဆိုသည် ကောင်းချီးမင်္ဂလာခံရသော သူတစ်ဦး ဖြစ်ပြီး၊ ငါ၏ စိတ်နေသဘောထားကို ၎င်းတို့ မြင်ပေသည်- ဤသည်မှာ အကြွင်းမဲ့ မှန်ကန်သည်။ ငါ၏ သားဦးများသည် ငါ၏ အရာအားလုံးကို ကိုယ်စားပြု၏။ ၎င်းတို့သည် သေချာပေါက် ငါ၏ဇာတိအဖြစ်တော် ဖြစ်သည်။ ဤအရာကို မည်သူမျှ သံသယမရှိနိုင်စကောင်း။ နာခံသောသူတို့သည် ကျေးဇူးတော်ဖြင့် ကောင်းချီးပေးခြင်းခံရပြီး၊ ပုန်ကန်သောသူတို့သည် ကျိန်ဆိုခြင်း ခံရ၏။ ဤသည်မှာ ငါ ကွပ်ကဲသော အရာဖြစ်ပြီး၊ မည်သည့်လူမျှ ယင်းကို မပြောင်းလဲနိုင်။

# အခန်း ၁၂၀

ဇိအုန်။ ဝမ်းမြောက်လော့။ ဇိအုန်။ ရွှင်လန်းစွာ သီချင်းဆိုလော့။ ငါသည် အောင်ခြင်းဖြင့် ပြန်လာပြီ၊ ငါသည် အောင်မြင်လျက် ပြန်လာပြီ။ လူအပေါင်းတို့။ အစဉ်အလိုက် အလျင်အမြန် စီတန်းကြလော့။ ဖန်ဆင်းခြင်း အရာခပ်သိမ်းတို့၊ ငါ၏ ဇာတိအဖြစ်သည် စကြဝဠာ တစ်ခုလုံးကို မျက်နှာမူပြီး၊ ကမ္ဘာမြေကြီး၏ အရှေ့အရပ်၌ ပေါ်ထွန်းသည့်အတွက် ယခု လာ၍ရပ်နားကြလော့။ မည်သူသည် ကိုးကွယ်ခြင်းဖြင့် ဒူးမထောက်ဝံ့သနည်း။ ငါ့ကို စစ်မှန်သော ဘုရားသခင်ဟု အဘယ်သူ မခေါ် ဝံ့သနည်း။ မည်သူသည် ကြောက်ရွံ့မှုဖြင့် မော်မကြည့်ဘဲနေဝံ့သနည်း။ မည်သူသည် မချီးမွမ်းဘဲ နေဝံ့သနည်း။ မည်သူသည် ဝမ်းမြောက်ပျော်ရွှင်ခြင်းမရှိဘဲ နေဝံ့သနည်း။ ငါ၏ လူတို့သည် ငါ၏ အသံကို ကြားကြလိမ့်မည်ဖြစ်ပြီး၊ ငါ၏ သားများသည် ငါ၏ နိုင်ငံတော်အတွင်း ရှင်သန်ကြလိမ့်မည်။ တောင်များ၊ မြစ်များနှင့် အရာခပ်သိမ်းသည် အဆုံးမဲ့ ဩဘာပေးကာ၊ မရပ်မနား ခုန်ပေါက်ကြလိမ့်မည်။ ဤအချိန်တွင် မည်သူမျှ နောက်ပြန်ဆုတ်ဝံ့ကြမည် မဟုတ်သကဲ့သို့၊ မည်သူမျှ ထ၍ ခုခံခြင်းပြုဝံ့ကြမည် မဟုတ်ပေ။ ဤသည်မှာ ငါ၏ အံ့ဩဖွယ် လုပ်ဆောင်ချက် ဖြစ်ပြီး၊ ထို့ထက်ပို၍ ငါ၏ ကြီးမားသော တန်ခိုးအာဏာ ဖြစ်သည်။ ငါသည် အရာခပ်သိမ်းအား ၎င်း၏ စိတ်နှလုံးထဲတွင် ငါ့ကို ကြောက်ရွံ့စေမည်ဖြစ်ကာ၊ ဤမျှမက ခပ်သိမ်းသော အရာတို့ကို ငါ့အား ချီးမွမ်းစေမည်။ ဤသည်မှာ ငါ၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်၏ အဆုံးစွန်ရည်မှန်းချက် ဖြစ်ပြီး၊ ငါ ချမှတ်ထားသည့်အရာ ဖြစ်သည်။ လူတစ်ဦးတစ်ယောက် ဖြစ်စေ၊ အရာဝတ္ထုတစ်ခုဖြစ်စေ၊ အဖြစ်အပျက် တစ်ခုဖြစ်စေ၊ ငါ့အား ထ၍ မခုခံဝံ့၊ မဆန့်ကျင်ဝံ့ပေ။ ငါ၏ လူအားလုံးသည် (တစ်နည်းအားဖြင့်၊ နောက်ပိုင်းတွင် ငါ ဖန်ဆင်းမည့် ကမ္ဘာလောကဖြစ်သည့်) ငါ၏ တောင်သို့ စီးဆင်းကြလိမ့်မည် ဖြစ်ပြီး၊ ငါသည် ဘုန်းအာနုဘော်နှင့် တရားစီရင်ခြင်း ရှိကာ ဩဇာအာဏာ ရှိသောကြောင့် ၎င်းတို့သည် ငါ့ရှေ့တွင် ကျိုးနွံ့နာခံကြလိမ့်မည်။ (ဤသည်မှာ ငါ့အနေဖြင့် ကိုယ်ခန္ဓာထဲ၌ ရှိသောအချိန်ကို ရည်ညွှန်းခြင်း ဖြစ်၏။ ငါသည် ဇာတိပကတိ၌လည်း ဩဇာအာဏာ ရှိ၏၊ သို့သော် အချိန်နှင့် နေရာ၏ ကန့်သတ်ချက်များကို ဇာတိပကတိ၌ ကျော်လွှန်နိုင်ခြင်း မရှိသောကြောင့်၊ ငါသည် ပြည့်စုံသော ဘုန်းအသရေကို ရရှိထားပြီဟု မဆိုနိုင်ချေ။ ငါသည် ဇာတိပကတိ၌ သားဦးများကို ရရှိသော်လည်း၊ ဘုန်းအသရေကို ငါရရှိထားပြီဟု မဆိုနိုင်ပေ။ ဇိအုန်သို့ ငါ ပြန်ကြွပြီး၊ ငါ၏ ပုံပန်းကို ပြောင်းလဲသည့်အခါမှသာ၊ ငါသည် ဩဇာအာဏာ ရှိသည်- ဆိုလိုသည်မှာ ဘုန်းအသရေကို ငါရပြီဟု ဆိုကောင်းဆိုနိုင်ပေသည်။) ငါ့အတွက် မည်သည့်အရာမျှ

ခက်ခဲလိမ့်မည်မဟုတ်။ ငါ၏ နှုတ်မှ နှုတ်ကပတ်တော်များအားဖြင့် အရာခပ်သိမ်း ဖျက်ဆီးခြင်း ခံရလိမ့်မည်ဖြစ်ပြီး၊ ငါ၏ နှုတ်မှ နှုတ်ကပတ်တော်များ အားဖြင့် အရာခပ်သိမ်း ဖြစ်တည်လာကာ၊ စုံလင်စေခြင်း ခံရကြလိမ့်မည်။ ယင်းမှာ ငါ၏ ကြီးမြတ်သော တန်ခိုးနှင့် ငါ၏ ဩဇာအာဏာ ဖြစ်သည်။ ငါသည် တန်ခိုးနှင့် ပြည့်ဝပြီး၊ ဩဇာအာဏာဖြင့် ပြည့်နှက်ခြင်းကြောင့်၊ မည်သူမျှ ငါ့ကို မတားဆီးဝံ့ချေ။ ငါသည် အရာရာအပေါ် အောင်နိုင်နှင့်ပြီး ဖြစ်ကာ၊ အဓမ္မလူအပေါင်းတို့ အားလုံးအပေါ် အောင်မြင်ခြင်း ရရှိနှင့်ပြီးဖြစ်သည်။ ဇိအုန်သို့ ငါနှင့်အတူ ပြန်ရန် ငါ၏ သားဦးများကို ငါသည် ခေါ်ဆောင်လာလျက်ရှိ၏။ ငါသည် ဇိအုန်သို့ တစ်ကိုယ်တည်း ပြန်နေခြင်းမဟုတ်။ ထို့ကြောင့် အားလုံးသည် ငါ၏ သားဦးများကို မြင်ကြမည်ဖြစ်ပြီး၊ ထို့ကြောင့် ငါ့အား ကြောက်ရွံ့သည့် စိတ်နှလုံးတစ်ခု ဖြစ်ပေါ်ကြလိမ့်မည်။ ဤသည်မှာ သားဦးများကို ရရှိခြင်းအတွက် ငါ၏ ရည်မှန်းချက် ဖြစ်ပြီး၊ ဤသည်မှာ ကမ္ဘာလောကကြီး ဖန်ဆင်းခြင်းအချိန်ကတည်းက ငါ၏ အစီအစဉ် ဖြစ်ခဲ့ပေသည်။

အရာခပ်သိမ်းတို့ အဆင်သင့်ရှိသည့်အချိန်သည် ငါ့အနေဖြင့် ဇိအုန်သို့ ပြန်မည့် နေ့ရက်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ လူအပေါင်းတို့က ဤနေ့ရက်ကို အထိမ်းအမှတ်အဖြစ် ကျင်းပကြလိမ့်မည်။ ဇိအုန်သို့ ငါ ပြန်သည့်အခါ၊ မြေကြီးပေါ် ရှိ အရာခပ်သိမ်းသည် တိတ်ဆိတ်နေကြလိမ့်မည် ဖြစ်ပြီး ကမ္ဘာမြေပေါ် ရှိ အရာခပ်သိမ်း ငြိမ်းချမ်း နေကြလိမ့်မည် ဖြစ်သည်။ ဇိအုန်သို့ ငါ ပြန်သည့်အခါ၊ အရာခပ်သိမ်းတို့သည် ၎င်းတို့၏ မူရင်း သွင်ပြင် ပြန်ဆောင်ကြလိမ့်မည်။ ထိုအခါတွင် ငါသည် ဇိအုန်၌ ငါ၏ အမှုကို စတင်လုပ်ဆောင်မည်။ ငါသည် မတရားသော သူတို့ကို အပြစ်ပေး၍၊ တရားသောသူတို့ကို ဆုလာဘ်ပေးမည် ဖြစ်ပြီး၊ ငါ၏ ဖြောင့်မတ်ခြင်းတရားကို တည်စေကာ၊ တရားစီရင်ခြင်းကို ငါ ဆောင်ရွက်မည်။ အရာရာကို ပြီးမြောက်အောင်မြင်စေရန် ငါ၏ နှုတ်ကပတ်တော်များကို ငါအသုံးပြုမည်ဖြစ်ပြီး၊ အယောက်တိုင်းနှင့် အရာခပ်သိမ်းတို့အား ငါ၏ ပြစ်တင်ဆုံးမတတ်သော လက်နှင့် တွေ့ကြုံစေကာ၊ လူအပေါင်းတို့အား ငါ၏ ပြည့်ဝသော ဘုန်းအသရေ၊ ငါ၏ ပြည့်ဝသော ဉာဏ်ပညာနှင့် ငါ၏ ပြည့်ဝသော ကြွယ်ဝလျှံပယ်ခြင်းကို ငါမြင်စေမည်။ အရာခပ်သိမ်းသည် ငါ့အထဲ၌ ပြီးမြောက်ကြသည့်အတွက် မည်သူမျှ တရားစီရင်ခြင်း၌ ပုန်ကန်ဝံ့မည် မဟုတ်သကဲ့သို့၊ ခပ်သိမ်းသောအရာတို့သည် ငါနှင့်အတူ ထင်ရှားကြသည့်အတွက် ဤတွင် လူအယောက်တိုင်းသည် ငါ၏ ပြည့်ဝသော ဂုဏ်အသရေကို မြင်ရလိမ့်မည် ဖြစ်ကာ၊ ငါ၏ ပြည့်ဝသော အောင်မြင်ခြင်းကို မြည်းစမ်း ကြရလိမ့်မည်။ ဤအရာမှ ငါ၏ ကြီးမြတ်သော တန်ခိုးနှင့် ငါ၏ ဩဇာအာဏာတို့ကို မြင်ရဖို့ ဖြစ်နိုင်သည်။ ငါ့အား မည်သူမျှ

ပုန်ကန်ပြစ်မှားဝံ့လိမ့်မည် မဟုတ်သကဲ့သို့၊ ငါ့အား မည်သူမျှ တားဆီးဝံ့လိမ့်မည် မဟုတ်။ ငါ့အထဲတွင် အရာခပ်သိမ်း ဖွင့်ဟခြင်း ခံရလိမ့်မည်။ မည်သူသည် တစ်စုံတစ်ရာကို ကွယ်ဝှက်ဝံ့လိမ့်မည်နည်း။ ငါသည် ထိုသူအား သက်ညှာမည် မဟုတ်သည်မှာ သေချာ၏။ ထိုသို့သော လူယုတ်များသည် ငါ၏ ပြင်းထန်သော အပြစ်ပေးခြင်းကို ခံရကြမည် ဖြစ်ပြီး၊ ထိုသို့သော လူဖျင်းသည် ငါ၏ မြင်ကွင်းမှ ဖယ်ရှားခြင်းကို ခံရမည်။ ငါသည် စိတ်ခံစားချက် မရှိဘဲ၊ ဘုန်းအာနုဘော်ရှိပြီး၊ ပုန်ကန်ပြစ်မှား၍ မရနိုင်သော ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည့်အတွက်၊ ၎င်းတို့ကို သက်ညှာခြင်း အနည်းငယ်မျှ မရှိသကဲ့သို့၊ ၎င်းတို့၏ ခံစားချက်များအပေါ် လုံးဝ ညှာတာခြင်း မရှိဘဲ၊ ၎င်းတို့အား သံလှံတံဖြင့် အုပ်စိုးမည် ဖြစ်ပြီး ၎င်းတို့အား တရားစီရင်ရန်အတွက် ငါ၏ ဩဇာအာဏာကို အသုံးပြုမည်။ ငါ၏ လှံတံသည် ငါ့အား ပုန်ကန်ပြစ်မှားသောသူ အားလုံးကို အဆုံးစီရင်မည် ဖြစ်သည့်အတွက်၊ ၎င်းတို့အနေဖြင့် "အကြောင်းတရား သို့မဟုတ် အကြောင်းရင်း မရှိဘဲ" ငါ၏အဆုံးစီရင်ခြင်းနှင့် အမြစ်ဖြတ်သုတ်သင်မှုကို ခံလာရမည် စိုးရ၍ အားလုံးသည် ဤအရာကို နားလည်ကာ မြင်သင့်၏။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ၎င်းတို့ သိ မသိဆိုသည်ကို ငါ ဂရုမစိုက်။ ငါ၏ ဇာတိအဖြစ်သည် မည်သူ၏ ပုန်ကန်ပြစ်မှားမှုကိုမျှ သည်းမခံနိုင်သည်နှင့်အမျှ ယင်းသည် ငါ့အဖို့ အရေးပါလိမ့်မည်မဟုတ်ပေ။ ဤသည်မှာ ငါသည် ခြင်္သေ့တစ်ကောင် ဖြစ်သည်ဟု ဆိုကြသည့် အကြောင်းအရင်း ဖြစ်သည်၊ ငါ ထိသော မည်သူ့ကိုမဆို၊ ငါ အဆုံးစီရင်သည်။ ယင်းကြောင့် ငါသည် သနားကရုဏာ ပြည့်စုံပြီး မေတ္တာကျေးဇူးတော်ရှိသော ဘုရားသခင် ဖြစ်သည်ဟု ပြောဆိုခြင်းသည် ယခု ငါ့အား ပြစ်မှားစော်ကားခြင်းဖြစ်သည်ဟု ဆိုရသည့်အကြောင်းရင်း ဖြစ်သည်။ အနှစ်သာရအားဖြင့် ငါသည် သိုးသငယ် တစ်ကောင် မဟုတ်၊ ခြင်္သေ့တစ်ကောင် ဖြစ်သည်။ ငါ့အား မည်သူမျှ ပုန်ကန်ပြစ်မှားခြင်း မပြုဝံ့ပေ။ ငါ့ကို ပုန်ကန်ပြစ်မှားသောသူ မည်သူ့ကိုမဆို ငါသည် သက်ညှာခြင်း မရှိဘဲ သေခြင်းဖြင့် ချက်ချင်း အပြစ်ပေးမည်။ ဤအရာသည် ငါ၏ စိတ်သဘောထားကို ပြသရန် လုံလောက်၏။ ထို့ကြောင့် နောက်ဆုံးသော ခေတ်၌ မြောက်များစွာသော လူအုပ်ကြီးတစ်စု စွန့်ခွာလိမ့်မည် ဖြစ်ပြီး၊ ဤသည်မှာ လူတို့အတွက် ခံနိုင်ရန် ခက်ခဲလိမ့်မည် ဖြစ်သော်လည်း၊ ငါ့အတွက်မူ ငါသည် စိုးရိမ်သောကကင်းပြီး ပျော်ရွှင်ကာ၊ ဤအရာကို ခက်ခဲသော အလုပ်တစ်ခုအဖြစ် ငါလုံးဝ မမြင်ပေ။ ယင်းမှာ ငါ၏ စိတ်သဘောထား ဖြစ်သည်။

လူအပေါင်းတို့သည် ငါနှင့်သက်ဆိုင်သော အရာအားလုံးကို နာခံရန် ကျိုးနွံသော စိတ်နှလုံးတစ်ခု ရှိကြလိမ့်မည်ဟု ငါ မျှော်လင့်သည်။ ၎င်းတို့၌ ရှိပါက၊ ငါသည် လူသားမျိုးနွယ်အား ကြီးမားစွာ ဇေန်မုချ ကောင်းချီး ပေးမည်၊ အကြောင်းမူကား၊

ငါပြောပြီးသည့်အတိုင်း၊ ငါနှင့် သဟဇာတဖြစ်သော သူများသည် ကာကွယ်စောင့်ရှောက်ခြင်းကို ခံရမည် ဖြစ်သော်လည်း၊ ငါ့အား ရန်လိုသောသူများသည် ကျိန်ခြင်းကို ခံရကြလိမ့်မည် ဖြစ်သည်။ ဤအရာကို ငါသည် စီမံထားပြီးဖြစ်ကာ၊ မည်သူကမျှ မပြောင်းလဲနိုင်ပေ။ ငါ ချမှတ်ထားသော အရာများသည် ငါ အောင်မြင်ထားသော အရာများ ဖြစ်ကြပြီး၊ ထိုအရာတို့အား ဆန့်ကျင်သော မည်သူမဆို ချက်ချင်း ပြစ်တင်ဆုံးမခြင်းခံရလိမ့်မည်။ ဇိအုန်တွင် ငါ လိုအပ်သော အရာမှန်သမျှနှင့် ငါ အလိုရှိသော အရာမှန်သမျှ ငါ၌ရှိ၏။ ဇိအုန်တွင် ကမ္ဘာလောက၏ အရိပ်အယောင် တစ်ခုမျှ မရှိသကဲ့သို့၊ လောကနှင့် နှိုင်းယှဉ်ပါက ၎င်းသည် ကြွယ်ဝပြီး ကြီးကျယ်ခမ်းနားသော နန်းတော်တစ်ခု ဖြစ်၏၊ သို့သော်လည်း မည်သူမျှ ထိုနန်းတော်ထဲသို့ ဝင်ရောက်ဖူးခြင်း မရှိသေးသောကြောင့်၊ လူ၏ စိတ်ကူးထဲတွင် ထိုနန်းတော်သည် အလျှင်း တည်ရှိခြင်း မရှိပေ။ ဇိအုန်၌ အသက်တာသည် ကမ္ဘာမြေပေါ်က အသက်တာနှင့် မတူချေ။ ကမ္ဘာမြေပေါ်တွင် အသက်တာ ဟူသည်မှာ စားခြင်း၊ အဝတ်အစားများ ဝတ်ဆင်ခြင်း၊ ကစားခြင်းနှင့် အပျော်အပါး ရှာခြင်း ဖြစ်သော်လည်း၊ ဇိအုန်တွင်မူ ယင်းမှာ အလွန်အမင်း ကွဲပြားပေသည်။ ယင်းသည် စကြဝဠာ၏ နေရာတစ်ခုလုံးကို အစဉ်အမြဲ ဖြည့်နေသော်လည်း၊ အမြဲ တညီတညွတ်တည်း ပူးပေါင်းလျက်၊ အဖနှင့်သားများ၏ ဝမ်းမြောက်မှုဖြင့် လွှမ်းခြုံသော အသက်တာတစ်ခု ဖြစ်သည်။ ယခု ထိုအရာသည် ဤအထိ ဖြစ်လာပြီ ဖြစ်သည့်အတွက် ဇိအုန် တည်ရှိသည့်နေရာကို သင်တို့အား ငါ ပြောပြမည်။ ဇိအုန်သည် ငါ နေထိုင်သော နေရာ ဖြစ်သည်၊ ယင်းသည် ငါ့ဇာတိအဖြစ်၏ တည်နေရာ ဖြစ်သည်။ ထို့ကြောင့် ဇိအုန်သည် သန့်ရှင်းသော နေရာတစ်ခု ဖြစ်ရမည် ဖြစ်ပြီး၊ ကမ္ဘာမြေကြီးနှင့် အလှမ်းဝေးရမည် ဖြစ်သည်။ ထို့ကြောင့် ငါသည် မြေကြီး၏ လူများ၊ အမှုအရာများနှင့် ကိစ္စရပ်များကို စက်ဆုပ်ရွံရှာပြီး၊ ကမ္ဘာမြေနှင့်ဆိုင်သော အပျော်အပါးတို့သည် မည်မျှပင် နှစ်သက်ပျော်မွေ့ဖွယ် ဖြစ်စေကာမူ ဇိအုန်က အသက်တာနှင့် နှိုင်းယှဉ်၍ မရနိုင်သောကြောင့်၊ ငါသည် ဇာတိပကတိ၏ စားခြင်း၊ သောက်ခြင်း၊ ကစားခြင်းနှင့် အပျော်အပါး ရှာခြင်းတို့ကို မုန်းတီးသည်ဟု ပြောခြင်း ဖြစ်သည်။ ယင်းသည် ကောင်းကင်နှင့် မြေကြီးကြား ကွာခြားမှု ဖြစ်ပြီး၊ ထိုအရာနှစ်ခုတို့အား နှိုင်းယှဉ်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ ကမ္ဘာမြေကြီးပေါ်တွင် လူသား မဖြေရှင်းနိုင်သော ပဟေဠိများစွာ ရှိနေသည့် အကြောင်းရင်းမှာ လူတို့သည် ဇိအုန်အကြောင်း မည်သည့် အရာကိုမျှ မကြားဖူးခြင်းကြောင့် ဖြစ်၏။ ကောင်းပြီ၊ ဇိအုန်သည် မည်သည့်နေရာ၌ အတိအကျ ရှိသနည်း။ ယင်းသည် လူတို့ စိတ်ကူးသကဲ့သို့ အခြားဂြိုဟ်တွင် ရှိသလော။ မဟုတ်ပေ။ ယင်းမှာ လူသားတို့၏ စိတ်ထဲက စိတ်ကူးမျှသာ ဖြစ်သည်။ ငါ ဆိုခဲ့သည့် တတိယ ကောင်းကင်မှာ နိမိတ်လက္ခဏာပြသော

အဓိပ္ပာယ် တစ်ခု ရှိသကဲ့သို့ လူသားက သတ်မှတ်ထားသည်၊ သို့သော် ၎င်းတို့၏ အယူအဆများထဲတွင် လူတို့နားလည်သည့် အရာမှာ ငါ၏ အဓိပ္ပာယ်နှင့် အတိအကျ ဆန့်ကျင်ပေသည်။ ဤနေရာ၌ ပြောထားသည့် တတိယကောင်းကင်သည် အနည်းငယ်မျှ အလိမ်အညာမဟုတ်ပေ။ ထို့ကြောင့် ငါသည် နေ၊ လ၊ ကြယ်များနှင့် အာကာသ ဗိမာန်များကို ဖျက်ဆီးမည် မဟုတ်သကဲ့သို့ ကောင်းကင်နှင့် မြေကြီးကို သုတ်သင်ဖယ်ရှင်းမည် မဟုတ်ဟု ဆိုခြင်း ဖြစ်သည်။ ငါသည် ငါ၏ ကျိန်းဝပ်သော နေရာကို ဖျက်ဆီး နိုင်မည်လော။ ငါသည် ဇိအုန်တောင်ကို သုတ်သင်ဖယ်ရှင်း ပစ်နိုင်မည်လော။ ဤသည်မှာ ရယ်ဖွယ်ရာ ဖြစ်သည် မဟုတ်လော။ တတိယကောင်းကင်သည် ငါ၏ ကျိန်းဝပ်သောနေရာ ဖြစ်သည်၊ ယင်းသည် ဇိအုန်တောင် ဖြစ်ပြီး၊ ဤအရာမှာ အကြွင်းမဲ့ ဖြစ်၏။ (ထိုအရာ အကြွင်းမဲ့ ဖြစ်သည်ဟု အဘယ်ကြောင့် ငါ ပြောသနည်း။ အဘယ်ကြောင့်ဆိုသော် ငါ ယခု ပြောသောအရာကို လူသားက လုံးဝ နားမလည်နိုင် သောကြောင့် ဖြစ်သည်။ သူသည် ထိုအရာကို ကြားရုံသာ ကြားနိုင်သည်။ လူသားအတွေးအခေါ်၏ အတိုင်းအတာသည် ယင်းကို လုံးဝ မခြုံငုံနိုင်ပေ၊ ထို့ကြောင့် လူတို့အနေဖြင့် ယင်းအား စိတ်ကူးယဉ်တစ်ခုအဖြစ် မှတ်ယူမည်စိုး၍၊ ယခု ငါသည် ဇိအုန်အကြောင်း ပြောတော့မည် မဟုတ်။)

ဇိအုန်သို့ ငါ ပြန်ပြီးသည့်နောက်တွင် ကမ္ဘာမြေပေါ်၌ ရှိသောသူများသည် ယခင်ကကဲ့သို့ ငါ့ကို ဆက်လက် ချီးမွမ်းကြလိမ့်မည်။ သစ္စာရှိသော ထိုအစေခံသူများသည် ငါ့အား အစေခံဖို့ရန် ခါတိုင်းကဲ့သို့ပင် စောင့်ဆိုင်းကြမည် ဖြစ်သော်လည်း၊ ၎င်းတို့၏ အလုပ်တာဝန်သည် ဆုံးခန်းသို့ ရောက်လာလိမ့်မည်။ ၎င်းတို့ အကောင်းဆုံး လုပ်နိုင်သည်မှာ ကမ္ဘာမြေပေါ်၌ ငါရှိနေခြင်းနှင့်ဆိုင်သော အခြေအနေများကို စဉ်းစားချင့်ချိန်ရန် ဖြစ်သည်။ ထိုအချိန်၌ ငါသည် ဘေးဒုက္ခ ခံစားရမည့် သူများအပေါ်သို့ ဘေးဒဏ်ကို စတင် ကျရောက်စေမည် ဖြစ်၏၊ သို့သော် ငါသည် ဖြောင့်မတ်သော ဘုရားသခင် ဖြစ်သည်ကို အယောက်တိုင်းက ယုံကြည်ကြ၏။ ငါသည် သစ္စာရှိသော အစေခံသူများကို မုချ အပြစ်ပေးမည် မဟုတ်ဘဲ၊ ငါ၏ ကျေးဇူးတော်ကို ၎င်းတို့ရရှိခွင့်ကိုသာ ပေးမည်။ အကြောင်းမူကား၊ ငါသည် ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်းနှင့် ပြည့်စုံသော ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်ကို ထုတ်ဖော်ပြလျက်၊ ဒုစရိုက်မှုပြုသူ အားလုံးကို ငါအပြစ်ပေးမည်ဖြစ်သကဲ့သို့ ကောင်းသော လုပ်ဆောင်ချက်များကို ဆောင်ရွက် သူတို့သည် ငါ ပေးအပ်သော ရုပ်ဝတ္ထုဆိုင်ရာ မွေ့လျော်မှုကို ရရှိကြလိမ့်မည်ဟု ငါ ဆိုထားပြီးဖြစ်သောကြောင့် ဖြစ်သည်။ ဇိအုန်သို့ ငါ ပြန်သည့်အခါ၊ ငါသည် ကမ္ဘာလောကရှိ တိုင်းနိုင်ငံတစ်ခုစီသို့ စတင် ဦးလှည့်မည်၊ ငါသည် ဣသရေလအမျိုးသားတို့အား ကယ်တင်ခြင်းသို့ ဆောင်ကြဉ်းမည် ဖြစ်ပြီး အဲဂုတ္တုလူတို့အား ပြစ်တင်ဆုံးမမည်။ ဤသည်မှာ

ငါ၏ အမှု နောက်တစ်ဆင့် ဖြစ်သည်။ ထိုအခါငါ၏ အမှုသည် ပစ္စုပ္ပန်ကာလရှိ အမှုနှင့် တူညီလိမ့်မည် မဟုတ်ပေ။ ယင်းသည် ဇာတိပကတိ အနေဖြင့် လုပ်ဆောင်ချက် ဖြစ်လိမ့်မည် မဟုတ်ဘဲ၊ ဇာတိပကတိကို လုံးဝ ကျော်လွန်လိမ့်မည်- ပြီးလျှင် ငါပြောဆိုပြီး ဖြစ်သည့်အတိုင်း ထိုအရာကို လုပ်ဆောင်ပြီးလိမ့်မည် ဖြစ်သကဲ့သို့၊ ငါ အမိန့်ပေးပြီး ဖြစ်သည့်အတိုင်း ထိုအရာ တည်လိမ့်မည်။ ပြောထားသည့် မည်သည့်အရာမဆို၊ ငါ၏ နှုတ်မှ ပြောဆိုသရွေ့ ယင်းသည် လက်တွေ့၌ ချက်ချင်း ပြည့်စုံလိမ့်မည်။ ဤသည်မှာ ငါပြောဆိုနေသော ငါ့နှုတ်ကပတ်တော်၏ စစ်မှန်သော အဓိပ္ပာယ်နှင့် ငါ၏ နှုတ်ကပတ်တော် ကိုယ်၌က သြဇာအာဏာ ဖြစ်သည့်အတွက် ၎င်း၏ ပြည့်စုံခြင်းသည် တစ်ချိန်တည်းတွင် ဖြစ်ပေါ်လျက်ရှိခြင်း ဖြစ်၏။ ကမ္ဘာမြေကြီးပေါ် ရှိ လူတို့အနေဖြင့် ဟိုဟိုသည်သည် ရမ်းသန်း၍ နားလည်သဘောပေါက်ခြင်း မဖြစ်စေရန် အလို့ငှာ၊ ၎င်းတို့ကို သဲလွန်စ အနည်းငယ် ပေးဖို့ နည်းလမ်းတစ်ခုအဖြစ် ငါသည် ယေဘုယျ အကြောင်းအရာ အချို့ကို ယခု ပြောဆိုနေခြင်း ဖြစ်သည်။ အချိန် ကျသည့်အခါ၊ အရာရာကို ငါ စီစဉ်မည်ဖြစ်ပြီး ငါ၏ လက်ဖြင့် ဒဏ်ခတ်ခံရမည်စိုးသဖြင့် မည်သူမျှ တဇွတ်ထိုး မပြုမူသင့်ပေ။ လူသားတို့၏ စိတ်ကူးများထဲတွင် ငါ ပြောဆိုသမျှအားလုံးသည် မသဲကွဲချေ၊ အဘယ်ကြောင့်ဆိုသော် မည်သို့ပင်ဖြစ်စေ လူသား၏ တွေးခေါ် ပုံမှာ အကန့်အသတ်ရှိသကဲ့သို့၊ မြေကြီးသည် ကောင်းကင်မှ အလှမ်းဝေးသကဲ့သို့ လူသား၏ အတွေးသည် ငါ ပြောဆိုထားသော အရာမှ အလှမ်းကွာဝေးပေသည်။ ထို့ကြောင့် မည်သူမျှ ဤအရာကို သဘောမပေါက်နိုင်ပေ။ တစ်ခုတည်းသော လုပ်ဆောင်ရမည့်အရာမှာ ငါ ပြောသော အရာနှင့် ကိုက်ညီရန် ဖြစ်၏၊ ဤသည်မှာ အမှုအရာများ၏ ရှောင်လွှဲ၍ မရသော လမ်းကြောင်းဖြစ်သည်။ "နောက်ဆုံးသော ကာလတွင်၊ သားရဲသည် ငါ၏ လူတို့အား နှိပ်စက်ညှဉ်းပန်းရန် ထွက်ပေါ်လာလိမ့်မည်ဖြစ်ပြီး၊ သေခြင်းကို ကြောက်ရွံ့သော သူတို့သည် သားရဲ၏ ချီဆောင်သွားခြင်းကို ခံရဖို့ရန် တံဆိပ်ဖြင့် အမှတ်အသား ပြုခံကြရမည်။ ငါ့အား မြင်ဖူးသောသူများသည် သားရဲ၏ သတ်ဖြတ်ခြင်းကို ခံရလိမ့်မည်။" ဟု ငါဆိုပြီး ဖြစ်သည်။ ဤ နှုတ်ကပတ်တော်များထဲက "သားရဲ" ဟူသည်မှာ လူသားမျိုးနွယ်ကို လိမ်လည်လှည့်ဖြားသူ၊ စာတန်ကို ရည်ညွှန်းခြင်း ဖြစ်သည်မှာ သေချာသည်။ ဆိုလိုသည်မှာ၊ ဇိအုန်သို့ ငါ ပြန်သည့်အခါ၊ အစေခံသူ အုပ်စုကြီးတစ်စုသည် နုတ်ထွက်ကြလိမ့်မည် ဖြစ်သည်၊ ဆိုလိုသည်မှာ ၎င်းတို့သည် သားရဲ၏ ချီဆောင်သွားခြင်းကို ခံကြရလိမ့်မည်။ ဤသတ္တဝါများ အားလုံးသည် ငါ၏ ထာဝရ ပြစ်တင်ဆုံးမခြင်းကို ခံရရန် အနက်ဆုံးသော တွင်းထဲသို့ သွားကြလိမ့်မည် ဖြစ်သည်။ "ငါ့အား မြင်ဖူးသောသူများ" ဆိုသည်မှာ ငါ၏သိမ်းပိုက်ခြင်းကို ခံရပြီးဖြစ်သည့် သစ္စာရှိသော အစေခံသူများကို ရည်ညွှန်းသည်။ "ငါ့အား မြင်ဖူးပြီးခြင်း" ဟူသည်မှာ ငါ၏ သိမ်းပိုက်ခြင်းကို

၎င်းတို့ ခံရပြီးခြင်းကို ရည်ညွှန်းသည်။ "သားရဲ၏ သတ်ဖြတ်ခြင်းကို ခံရခြင်း" ဆိုသည်မှာ ငါ၏ သိမ်းပိုက်ခြင်းကို ခံရပြီးနောက်၊ စာတန်သည် ငါ့အား ထ၍ ခုခံရန် မဝံ့ရဲခြင်းကို ရည်ညွှန်း၏။ တစ်နည်းအားဖြင့်၊ စာတန်သည် ဤအစေခံသူများအပေါ် မည်သည့် အလုပ်ကိုမျှ ဆောင်ရွက်ဝံ့မည် မဟုတ်ပေ။ ထို့ကြောင့် ဤလူတို့၏ ဝိညာဉ်များသည် ကယ်တင်ခံရပြီး ဖြစ်လိမ့်မည်။ ငါ့အပေါ် ၎င်းတို့၏ သစ္စာစောင့် သိနိုင်စွမ်းကြောင့် ဤအရာကို ပြောရခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သစ္စာရှိသော ဤအစေခံသူများသည် ငါ၏ ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာကို လက်ခံ ရရှိနိုင်ကြလိမ့်မည်။ ထို့ကြောင့် ၎င်းတို့၏ ဝိညာဉ်များသည် ကယ်တင်ခံရပြီးဖြစ်လိမ့်မည်ဟု ငါ ပြောခြင်း ဖြစ်သည်။ (ဤအရာသည် လူသား၏ အယူအဆတစ်ခုသာ ဖြစ်သော၊ တတိယ ကောင်းကင်သို့ တက်ခြင်းကို ရည်ညွှန်းခြင်း မဟုတ်ပေ။) သို့သော်လည်း ထိုဆိုးယုတ်သော အစေခံသူများသည် စာတန်၏ ထပ်မံ ချည်နှောင်ခြင်းကို ခံရမည်ဖြစ်ပြီး၊ ထို့နောက် အနက်ဆုံးသော တွင်းထဲသို့ ပစ်ချခြင်းကို ခံရကြလိမ့်မည်။ ဤသည်မှာ ၎င်းတို့အား ငါ၏ အပြစ်ပေးခြင်း ဖြစ်၏၊ ဤသည်မှာ ၎င်းတို့၏ ဒဏ်ခတ်ခံရခြင်း ဖြစ်ပြီး၊ ၎င်းတို့၏ အပြစ်များအတွက် ဆုလာဘ်ဖြစ်သည်။

ငါ့အမှု၏ အရှိန်မြင့်လာသည်နှင့်အမျှ၊ ကမ္ဘာမြေပေါ်က ငါ၏ အချိန်သည် တဖြည်းဖြည်း လျော့နည်းလာသည်။ ဇိအုန်သို့ ငါ ပြန်ရမည့်နေ့ရက်သည် ပို၍ နီးကပ်လာသည်။ ကမ္ဘာမြေပေါ် ရှိ ငါ၏ အမှု အဆုံးသို့ ရောက်ရှိလာသည့် အချိန်တွင်၊ ဇိအုန်သို့ ငါပြန်ရမည့် အချိန် ဖြစ်လိမ့်မည်။ ငါသည် ကမ္ဘာမြေကြီးပေါ်တွင် အသက်ရှင်နေထိုင်ရန် လုံးဝဆန္ဒမရှိသော်လည်း၊ ငါ၏ စီမံခန့်ခွဲမှု၊ ငါ၏ အစီအစဉ်အဖို့အလို့ငှါ ဒုက္ခဆင်းရဲ အားလုံးကို ငါ ကြံ့ကြံ့ခံခဲ့သည်။ ယနေ့တွင် အချိန်ကျနှင့်လေပြီ။ ငါ၏ ခြေလှမ်းကို ငါ အရှိန်မြှင့်မည် ဖြစ်ပြီး၊ မည်သူမျှ ငါ့အား လိုက်မမီနိုင်လိမ့်မည် မဟုတ်။ လူသားသည် ထိုအရာကို နားလည်နိုင်သည် ဖြစ်စေ နားမလည်နိုင်သည် ဖြစ်စေ၊ လူသားအနေဖြင့် သဘောမပေါက်နိုင်သော်လည်း၊ ကမ္ဘာမြေ ပေါ်တွင်ရှိသည့် သင်တို့ သိရှိရမည့် အရာအားလုံးကို သင်တို့အား ငါ အသေးစိတ် ပြောပြမည်။ ထို့ကြောင့် ငါသည် အချိန်နှင့် နေရာကို ကျော်လွန်သော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ဟုဆိုခြင်း ဖြစ်၏။ သားဦးများကို ရရှိခြင်းနှင့် ထိုသို့ဖြင့် စာတန်ကို အောင်နိုင်ခြင်းနှင့်ဆိုင်သော ငါ၏ရည်ရွယ်ချက်အတွက် မဟုတ်ခဲ့ပါက၊ ငါသည် ဇိအုန်သို့ ပြန်နှင့်ပြီး ဖြစ်လိမ့်မည်။ သို့မဟုတ်ပါက ငါသည် လူသားမျိုးနွယ်ကို တကယ် လုံးဝ ဖန်ဆင်းခဲ့လိမ့်မည် မဟုတ်။ လူ့လောကကို ငါ စက်ဆုပ်ရွံရှာပြီး၊ ငါနှင့် ဝေးကွာသော လူတို့ကို ငါ စက်ဆုပ်ရွံရှာသည်မှာ လူသားမျိုးနွယ်တစ်ခုလုံးအား တစ်ချက်တည်း ဖျက်ဆီးပစ်ရန် စဉ်းစားမိသည်အထိ ဖြစ်၏။ သို့သော်လည်း ငါ၏အမှုသည် အစီအစဉ်နှင့် ဖွဲ့စည်းပုံ၊

အချိုးအစား တကျရှိခြင်းနှင့် အစွန်းမရောက်ခြင်း သဘောရှိကာ၊ ဖြစ်ကတတ်ဆန်း မဟုတ်ပေ။ ငါ လုပ်သမျှသည် စာတန်အား အနိုင်ယူရန် ရည်ရွယ်ခြင်း ဖြစ်ပြီး၊ ထိုမျှမက ငါသည် ငါ၏ သားဦးများနှင့် ဖြစ်နိုင်သရွေ့ အမြန်ဆုံး အတူတကွ ရှိနိုင်စေရန် ရည်ရွယ်ခြင်းသာ ဖြစ်သည်။ ဤသည်မှာ ငါ၏ ရည်မှန်းချက် ဖြစ်၏။

# အပိုင်း နှစ် စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ (၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် မှ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁ ရက် အထိ)

## နိဒါန်း

“စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ” သည် ဘုရားသခင် ကိုယ်တော်တိုင်၏ ကိုယ်ပိုင်လက္ခဏာ၌ ခရစ်တော်မှ ဖော်ပြခဲ့သည့် မိန့်မြွက်ချက်များ၏ ဒုတိယအပိုင်းဖြစ်သည်။ ၎င်းတို့သည် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်မှ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁ ရက်အထိ ကာလတွင် အကျုံးဝင်ပြီး စုစုပေါင်း လေးဆယ့်ခုနစ်ခန်း ပါဝင်သည်။ ဤမိန့်မြွက်ချက်များရှိ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ နည်းဟန်၊ ပါဝင်သည့် အကြောင်းအရာနှင့် ရှုထောင့်တို့သည် “အစအဦး၌ ခရစ်တော်၏ မိန့်မြွက်ချက်များ” နှင့် လုံးလုံး မတူညီပါ။ “အစအဦး၌ ခရစ်တော်၏ မိန့်မြွက်ချက်များ” သည် လူများ၏ အပြင်ပန်း အပြုအမူနှင့် သူတို့၏ ရိုးစင်းသော ဝိညာဉ်ရေးရာ အသက်တာများကို ဖော်ထုတ်ပြီး လမ်းပြသည်။ အဆုံးတွင် ယင်းသည် “အစေခံသူတို့၏ စမ်းသပ်ခံရခြင်း” နှင့် နိဂုံးချုပ်သည်။ သို့သော် “စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ” ကမူ လူတို့၏ ကိုယ်ပိုင်လက္ခဏာကို အစေခံသူများအဖြစ် ကောက်ချက်ချခြင်းနှင့် ၎င်းတို့၏

အသက်တာများကို ဘုရားသခင်၏ လူများအဖြစ် စတင်ခြင်းနှင့် ဖွင့်လှစ်သည်။ ယင်းက လူတို့ကို ဘုရားသခင်၏အလုပ်၏ ဒုတိယ အထွတ်အထိပ်ထဲသို့ လမ်းပြပို့ဆောင်ပေးပြီး ထိုလမ်းကြောင်း တစ်လျှောက်တွင် သူတို့သည် မီးအိုင်၏ စမ်းသပ်မှု၊ သေခြင်း၏ စမ်းသပ်မှုနှင့် ဘုရားသခင်အား ချစ်သည့်အချိန်တို့ကို တွေ့ကြုံရသည်။ ဤအဆင့်အချို့သည် ဘုရားသခင်၏ ရှေ့မှောက်တွင် လူသား၏ အကျည်းတန်မှုနှင့် လူသား၏ သရုပ်အမှန်ကို ပြည့်ဝစွာ ဖော်ထုတ်သည်။ အဆုံးတွင် ဘုရားသခင်သည် လူသားနှင့် သူခွဲခွာသည့် အခန်းတစ်ခန်းနှင့် အဆုံးသတ်ထားသည်၊ ထိုသို့အားဖြင့် ပထမ လူ့စုအပေါ် ဘုရားသခင်၏ ဤလူ့ဇာတိခံယူခြင်းမှ သိမ်းပိုက်ခြင်း၏ အဆင့်အားလုံးသည်လည်း နိဂုံးချုပ်သွားသည်။

“စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ” ထဲတွင် ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်များကို ဝိညာဉ်တော်၏ ရှုထောင့်မှ ဖော်ပြသည်။ သူ ပြောကြားသော နည်းဟန်ကို ဖန်ဆင်းခံ လူသားမျိုးနွယ်မှ မရရှိနိုင်ပေ။ ထို့အပြင် သူ့နှုတ်ကပတ်တော်များ၏ ဝေါဟာရနှင့် ဟန်ပန်သည် လှပ၍ စိတ်ထိခိုက်စေကာ လူသား၏ မည်သည့်စာပေပုံစံကမျှ ယင်းတို့၏နေရာကို အစားထိုးနိုင်မည် မဟုတ်ချေ။ လူသားအား သူဖော်ထုတ်သော နှုတ်ကပတ်တော်များမှာ တိကျပြီး ၎င်းတို့ကို မည်သည့်ဒဿနအမြင်နှင့်မျှ မငြင်းဆန်သာပါ၊ ပြီးလျှင် ၎င်းတို့သည် လူများအားလုံးကို ကျိုးနွံနာခံစေသည်။ လူသားအား ဘုရားသခင် တရားစီရင်သော နှုတ်ကပတ်တော်များသည် အသွားထက်သော ဓားတစ်လက်အလား လူတို့၏ စိတ်ဝိညာဉ်များ၏ နက်ရှိုင်းရာများထိ တဲ့ထိုး နာကျင်စေပြီး နက်နက်ရှိုင်းရှိုင်း ထိခိုက်သဖြင့် သူတို့ကို ပုန်းကွယ်ရန် နေရာမရှိဘဲ ဖြစ်သွားစေသည်။ လူတို့အား သူ နှစ်သိမ့်ပေးသော နှုတ်ကပတ်တော်များသည် သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့ ရှိပြီး ၎င်းတို့မှာ ချစ်ခင်ကြင်နာသော မိခင်တစ်ဦး၏ ထွေးပွေ့မှုကဲ့သို့ နွေးထွေးကာ ၎င်းတို့သည် လူတို့ကို ယခင်က တစ်ခါမျှ မခံစားဖူးသည့် လုံခြုံမှုကို ခံစားစေသည်။ ဤမိန့်မြွက်ချက်များ၏ အကြီးမြတ်ဆုံးသော ထူးခြားသော လက္ခဏာ တစ်ရပ်မှာ ဤအဆင့်အတောအတွင်းတွင် ဘုရားသခင်သည် ယေဟောဝါ သို့မဟုတ် ယေရှုခရစ်တော်၏ ကိုယ်ပိုင်လက္ခဏာကို အသုံးပြု၍ မပြောဆိုသကဲ့သို့၊ နောက်ဆုံးသောကာလရှိ ခရစ်တော်၏ ကိုယ်ပိုင်လက္ခဏာကိုလည်း မသုံးပါ။ ထိုအစား သူသည် ဖန်ဆင်းရှင်ဟူသည့်- သူ၏ပင်ကို ကိုယ်ပိုင်လက္ခဏာကို အသုံးပြုလျက်- ကိုယ်တော့်နောက်လိုက်သော သူအားလုံးနှင့် ကိုယ်တော့်နောက်မလိုက်ရသေးသော သူများအားလုံးကို သွန်သင်ကာ ပြောဆို၏။ ဘုရားသခင်သည် လူသားမျိုးနွယ်အပေါင်းကို မိန့်ကြားသည်မှာ ကမ္ဘာကြီးကို ဖန်ဆင်းခြင်းပြီးကတည်းက၊ ဤအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သည်ဟုပြောလျှင်

မှန်ကောင်း မှန်နိုင်ပါသည်။ ဘုရားသခင်သည် ဖန်ဆင်းခံလူသားမျိုးနွယ်ကို ထိုကဲ့သို့ အသေးစိတ်ကျကျနှင့် အလွန်စနစ်ကျစွာ ယခင်က တစ်ခါမျှပင် မပြောဆိုခဲ့ဖူးပေ။ ဤသည်မှာ သူသည် လူသားမျိုးနွယ် အပေါင်းသို့ ပထမဦးဆုံးအကြိမ် များစွာပြောဆိုခြင်းနှင့် အလွန်ကြာရှည်စွာ ပြောဆိုခြင်းလည်း ဖြစ်သည်မှာ မှန်ပေသည်။ ယင်းသည် လုံးလုံး မကြုံစဖူးသောအရာ ဖြစ်သည်။ ထို့ထက်ပိုသည်မှာ ဤမိန့်မြွက်ချက်များသည် လူသားမျိုးနွယ်အကြားတွင် ဘုရားသခင် ဖော်ပြခဲ့သည့် ပထမဆုံးသော စာသားများပင် ဖြစ်သည်၊ ထိုအထဲတွင် သူသည် လူသားများကို ဖော်ထုတ်ပြီး လမ်းပြလျက်၊ တရားစီရင်ကာ ၎င်းတို့ကို ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့ပြီး ၎င်းတို့သည် ဘုရားသခင်က လူများကို သူ၏ခြေလှမ်းများ၊ သူလျှောက်လှမ်းသည့်နေရာ၊ ဘုရားသခင်၏ စိတ်သဘောထား၊ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်း၊ ဘုရားသခင်၏အတွေးများနှင့် လူသားမျိုးနွယ်အတွက် သူ၏ပူပန်မှုတို့အား သိစေခဲ့သည့် ပထမဆုံး မိန့်မြွက်ချက်များလည်း ဖြစ်သည်။ ဤအရာများသည် ဖန်ဆင်းခြင်းကတည်းက ဘုရားသခင်သည် လူသားမျိုးနွယ်ကို တတိယကောင်းကင်မှ ပြောဆိုသည့် ပထမဆုံးသော မိန့်မြွက်ချက်များ ဖြစ်သည်ဟု ဆိုနိုင်ပြီး ဘုရားသခင်သည် နှုတ်ကပတ်တော်များ အလယ်တွင် လူသားမျိုးနွယ်ထံသို့ သူ့နှလုံးသား၏အသံ ပေါ်လာရန်နှင့် ၎င်းကို ဖော်ပြရန် သူ၏ ပင်ကို ကိုယ်ပိုင်လက္ခဏာကို အသုံးပြုခဲ့သော ပထမဆုံးအကြိမ်လည်း ဖြစ်ပေသည်။

ဤမိန့်မြွက်ချက်များသည် နက်နဲသိမ်မွေ့ပြီး ဉာဏ်မမီနိုင်အောင် ဖြစ်သည်။ ၎င်းတို့ကို နားလည်ရန် မလွယ်ကူသကဲ့သို့၊ ဘုရားသခင် နှုတ်ကပတ်တော်များ၏ ဇာစ်မြစ်များနှင့် ရည်ရွယ်ချက်များကို နားလည်ရန်လည်း မဖြစ်နိုင်ချေ။ ထို့ကြောင့် ခရစ်တော်သည် မိန့်မြွက်ချက်အများစုကို ရှင်းလင်းပြတ်သားစေရန်အလို့ငှာ လူသားအတွက် နားလည်သဘောပေါက်ရ လွယ်ကူစေသည့် ဘာသာစကားကို အသုံးပြုပြီး အခန်းတစ်ခုချင်းစီ၏နောက်တွင် ရှင်းပြချက်တစ်ခုကို ထည့်ထားခြင်း ဖြစ်သည်။ ယင်းသည် မိန့်မြွက်ချက်များကိုယ်တိုင်နှင့် ပေါင်းထားကာ၊ လူတိုင်းအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားလည်ရန်နှင့် သိကျွမ်းရန် သာ၍ လွယ်ကူသွားစေသည်။ ဤနှုတ်ကပတ်တော်များကို “စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ” ၏ နောက်ဆက်တွဲအဖြစ် ကျွန်ုပ်တို့ပြုလုပ်ထားသည်။ ယင်းတို့အထဲတွင် ခရစ်တော်သည် နားလည်ရ အလွယ်ကူဆုံးသော စကားအသုံးအနှုန်းကို အသုံးပြုပြီး ရှင်းပြချက်များ ပေးထားသည်။ ဤနှစ်ခု ပေါင်းစပ်မှုသည် ဘုရားသခင်၏ သဘောသဘာဝနှင့် လူ့သဘာဝထဲက ဘုရားသခင်တို့၏ ပြီးပြည့်စုံလင်သော ပေါင်းစပ်ခြင်း ဖြစ်သည်။ နောက်ဆက်တွဲထဲ၌

ဘုရားသခင်သည် တတိယလူ၏ ရှုထောင့်မှ ပြောဆိုသော်ငြားလည်း၊ ဤနှုတ်ကပတ်တော်များကို ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ မြွက်ဆိုခဲ့ခြင်း ဖြစ်သည်ကို မည်သူကမျှ မငြင်းဆိုနိုင်ချေ၊ အကြောင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သည့်လူသားကမျှ ရှင်းလင်းစွာ မရှင်းပြနိုင်သောကြောင့်ဖြစ်သည်၊ ဘုရားသခင် ကိုယ်တော်တိုင်သာလျှင် သူ၏ မိန့်မြွက်ချက်များ၏ ဇာစ်မြစ်များနှင့်ရည်ရွယ်ချက်များကို ရှင်းပြနိုင်ပေသည်။ ထို့ကြောင့် ဘုရားသခင်သည် နည်းလမ်းများစွာကို အသုံးပြု၍ ပြောဆိုသော်ငြားလည်း၊ သူ့အလုပ်၏ ရည်ရွယ်ချက်များမှာ မည်သည့်အခါမျှ ပြောင်းလဲခြင်း မရှိသလို၊ သူ့အစီအစဉ်၏ ရည်မှန်းချက်သည်လည်း ဘယ်သောအခါမျှ ပြောင်းလဲခြင်းမရှိပေ။

"စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ"သည် ဘုရားသခင် လူသားနှင့် ခွဲခွာသော အခန်းတစ်ခန်းဖြင့် အဆုံးသတ်သော်ငြားလည်း၊ တကယ်တမ်းတွင်မူ ယင်းသည် လူသားအကြားရှိ ဘုရားသခင်၏ သိမ်းပိုက်ခြင်းနှင့် ကယ်တင်ခြင်းအလုပ်၊ ပြီးလျှင် သူ၏ လူတို့အား စုံလင်စေခြင်းအမှုတို့အား တရားဝင် ဖွင့်လှစ်လိုက်သောအချိန် ဖြစ်သည်။ ထို့ကြောင့် "စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ" ကို နောက်ဆုံးသောကာလရှိ ဘုရားသခင်၏အမှု၏ ဗျာဒိတ်တော်အဖြစ် မှတ်ယူရန် သာ၍ သင့်တော်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအချက်ပြီးမှသာလျှင် လူ့ဇာတိခံယူသော လူသားသည် ခရစ်တော်၏ ကိုယ်ပိုင်လက္ခဏာကို အသုံးပြုပြီး ပြောဆိုလုပ်ကိုင်ခြင်းငှာ၊ တရားဝင် စတင်ကာ အသင်းတော်များအကြားတွင် လျှောက်လှမ်း၍ အသက်ပေးအပ်ခြင်း၊ သူ၏ လူများအားလုံးကို ရေလောင်းပေးခြင်းနှင့် ထိန်းကျောင်းပေးခြင်းတို့ကို ပြုလုပ်ပြီး၊ ထိုအကြောင်းကြောင့် "အသင်းတော်များတွင် ခရစ်တော်လျှောက်သွားစဉ် သူ၏နှုတ်ကပတ်တော်များ" ထဲရှိ များစွာသော မိန့်မြွက်ချက်များ ထွက်ပေါ်လာလေသည်။

# အခန်း ၁

ငါ၏ နှုတ်ကပတ်တော်များကို မြင်ပြီးသောသူတို့သည် ၎င်းတို့ကို အမှန်တကယ် လက်ခံကြသလော။ သင်တို့သည် ငါ့ကို အမှန်တကယ် သိကြသလော။ နာခံရန် သင်တို့ အမှန်တကယ် လေ့လာသင်ယူကြပြီးပြီလော။ သင်တို့သည် ငါ့အတွက် စစ်မှန်ရိုးသားစွာ မိမိတို့ကိုယ်ကို အသုံးခံကြသလော။ အဆင်းနီသော နဂါးကြီးကို ရင်ဆိုင်ရာတွင် သင်တို့သည် ငါ့အတွက် အားကောင်းပြီး အလျှော့မပေးသော သက်သေကို အမှန်တကယ် ခံကြပြီးပြီလော။

သင်တို့၏ ဆက်ကပ်မှုသည် အဆင်းနီသော နဂါးကြီးကို အမှန်တကယ် အရှက်ရစေသလော။ ငါ၏ နှုတ်ကပတ်တော်များ၏ စမ်းသပ်မှုမှတစ်ဆင့်သာ အသင်းတော်ကို သန့်စင်စေခြင်းနှင့် ငါ့ကို စစ်မှန်ရိုးသားစွာ ချစ်သောသူတို့ကို ရွေးချယ်ခြင်းတည်းဟူသော ငါ၏ ရည်မှန်းချက်ကို ငါရရှိနိုင်ပေသည်။ ငါသည် ဤနည်းဖြင့် အမှုမပြုခဲ့ပါက၊ မည်သူမဆို ငါ့ကို သိရှိနိုင်မည်လော။ ငါ၏ ဘုန်းအာနုဘော်တော်၊ ငါ၏အမျက်ဒေါသနှင့် ငါ၏ဉာဏ်ပညာတို့ကို ငါ၏ နှုတ်ကပတ်တော်များမှတစ်ဆင့် မည်သူက သိရှိလာနိုင်မည်နည်း။ ငါ၏ အမှုကို စတင်ခဲ့ပြီးဖြစ်သည့်အတွက်၊ ယင်းကို ငါ ဧကန်မုချ အပြီးသတ်မည်ဖြစ်သည်၊ သို့သော်လည်း၊ လူသားတို့၏ နှလုံးသားများကို ၎င်းတို့၏ နက်ရှိုင်းသော နေရာများအထိ စူးစမ်းလေ့လာသူမှာ ငါ ဖြစ်နေဆဲ ဖြစ်သည်။ အမှန်ကို ပြောရမည်ဆိုပါက၊ လူသားတို့အလယ်တွင် ငါ့ကို အပြည့်အဝ သိရှိသောသူ တစ်ဦးမျှမရှိပေ၊ ထို့ကြောင့် ငါသည် လူသားအားလုံးကို လမ်းပြဖို့၊ ၎င်းတို့အားလုံးကို အသစ်သော ခေတ်ကာလတစ်ခုထဲသို့ ဦးဆောင်ဖို့ နှုတ်ကပတ်တော်များကို အသုံးပြု၏။ အဆုံးတွင်၊ ငါ့ကို စစ်မှန်ရိုးသားစွာ ချစ်သောသူတို့ကို ကျိုးနွံနာခံခြင်းဖြင့် ငါ၏ နိုင်ငံတော်ဆီသို့ ပြန်လာကြဖို့၊ ငါ၏ ပလ္လင်ရှေ့တွင် အသက်ရှင်ဖို့ ဖြစ်စေရင်း၊ ငါ၏ အမှုကို ပြီးမြောက်ဖို့ နှုတ်ကပတ်တော်များကို ငါ အသုံးပြုမည်ဖြစ်သည်။ ယခုအခြေအနေသည် တစ်ချိန်ကဖြစ်ခဲ့သကဲ့သို့ မဟုတ်သကဲ့သို့၊ ငါ၏ အမှုသည် အသစ်သော စမှတ်တစ်ခုသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ထိုသို့ဖြစ်နေသဖြင့်၊ အသစ်သော ချဉ်းကပ်နည်းတစ်ခု ရှိလိမ့်မည်- ငါ၏ နှုတ်ကပတ်တော်ကို မြင်ပြီး ယင်းကို ၎င်းတို့၏ တကယ့်အသက်ကဲ့သို့ လက်ခံသောသူအားလုံးသည် ငါ၏ နိုင်ငံတော်ထဲက လူများဖြစ်ကြပြီး၊ ငါ၏ နိုင်ငံတော်ထဲတွင် ရှိနေသဖြင့်၊ ၎င်းတို့သည် ငါ၏ နိုင်ငံတော်သားများ ဖြစ်ကြပေသည်။ ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များ၏ လမ်းပြမှုကို လက်ခံကြသောကြောင့်၊ ၎င်းတို့သည် ငါ၏ လူများအဖြစ် ရည်ညွှန်းခံရသော်လည်း၊ ဤအမည်နာမသည် ငါ၏ "သားများ" ဟု ခေါ်ဝေါ် ခံရခြင်းလောက် အရေးမကြီးမဟုတ်ပေ။ ဘုရားသခင်၏လူများအဖြစ်သို့ ဖန်တီးခြင်းခံရပြီးနောက်၊ အားလုံးသည် ငါ၏နိုင်ငံတော်ထဲတွင် အဆုံးစွန်သော ဆက်ကပ်မှုဖြင့် အစေခံရမည်ဖြစ်ပြီး ငါ၏ နိုင်ငံတော်ထဲတွင် ၎င်းတို့၏ တာဝန်များကို ဖြည့်ဆည်းရမည်ဖြစ်သည်။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပုန်ကန်ပြစ်မှားသောသူ မည်သူမဆို ငါ၏အပြစ်ပေးခြင်းကို ရရှိရပေမည်။ ဤသည်မှာ အားလုံးအဖို့ ငါ၏ အကြံပေးချက် ဖြစ်သည်။

အသစ်သော ချဉ်းကပ်နည်းကို ယခု ထည့်သွင်းပြီးဖြစ်ကာ၊ အတိတ်ကို တစ်ဖန် ဖော်ပြရန် မလိုအပ်ပေ။ သို့သော်၊ ယခင်က ငါ ပြောပြီးသည့်အတိုင်း- ငါသည် ငါပြောသောအရာအပေါ်

ခိုင်ခိုင်မာမာရပ်တည်ပြီး၊ ငါ ခိုင်ခိုင်မာမာ ရပ်တည်သောအရာကို ငါ အမြဲစုံလင်စေကာ၊ ဤအရာကို မည်သူမျှ မပြောင်းလဲနိုင်ပေ- ယင်းမှာ အကြွင်းမဲ့ ဖြစ်သည်။ အတိတ်က ငါပြောဆိုပြီးသည့် နှုတ်ကပတ်တော်များဖြစ်စေ၊ အနာဂတ်တွင် ငါပြောဆိုမည့် နှုတ်ကပတ်တော်များ ဖြစ်စေ ၎င်းတို့အားလုံးကို တစ်ခုပြီးတစ်ခု ငါ တကယ်ဖြစ်လာစေမည်ဖြစ်ပြီး ၎င်းတို့အားလုံး တကယ်ဖြစ်လာသည်ကို လူသားမျိုးနွယ်အားလုံးကို မြင်ခွင့်ပေးမည်။ ဤသည်မှာ ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏ အမှုနောက်ကွယ်က အခြေခံသဘောတရား ဖြစ်သည်။ အသင်းတော် တည်ဆောက်ခြင်းကို စွမ်းဆောင်ရရှိနှင့်ပြီးပြီဖြစ်သည့်အတွက်၊ ယခုအချိန်သည် အသင်းတော် တည်ဆောက်ခြင်းခေတ် မဟုတ်တော့ဘဲ၊ ယင်းထက် နိုင်ငံတော်ကို အောင်မြင်စွာ တည်ဆောက်သည့်ခေတ် ဖြစ်သည်။ သို့သော် သင်တို့သည် ကမ္ဘာမြေပေါ် ရှိကြသေးသည့်အတွက်၊ ကမ္ဘာမြေပေါ်က လူတို့၏စည်းဝေးခြင်းများကို “အသင်းတော်” အဖြစ် သိမြဲသိထားကြလိမ့်မည်။ သို့သော်ငြားလည်း၊ အသင်းတော်၏ အနှစ်သာရသည် တစ်ချိန်ကရှိခဲ့သည်နှင့် မတူပေ- ယင်းသည် အောင်မြင်စွာ တည်ဆောက်ပြီးသည့် အသင်းတော်တစ်ပါး ဖြစ်၏။ ထို့ကြောင့် ငါ၏နိုင်ငံတော်သည် ကမ္ဘာမြေပေါ်သို့ ဆင်းသက်နှင့်ပြီဟု ငါပြောပေသည်။ ငါ၏နှုတ်ကပတ်တော်များ၏ အရင်းအမြစ်ကို မည်သူမျှ သဘောမပေါက်နိုင်သကဲ့သို့၊ ယင်းတို့ကို ပြောဆိုရာတွင် ငါ၏ ရည်ရွယ်ချက်ကိုလည်း ၎င်းတို့ မသိရှိကြပေ။ ယနေ့ ငါ ပြောဆိုသည့်နည်းလမ်းမှ၊ ထုတ်ဖော်ဖွင့်ပြမှုတစ်ခုကို သင်တို့ တွေ့ကြုံရလိမ့်မည်။ အချို့သည် ကျယ်လောင်ကာ ခါးသီးသော ငိုကြွေးမှုဖြင့် အော်ဟစ်ကောင်း အော်ဟစ်နိုင်သည်။ အချို့သည် ဤသည်မှာ ငါ ပြောဆိုသည်နည်းလမ်းဖြစ်သည်ဟူ၍ စိုးရွံ့မှု ခံစားကောင်း ခံစားနိုင်သည်- အချို့သည် ငါ၏လှုပ်ရှားမှု တစ်ခုစီတိုင်းကို စောင့်ကြည့်သည်နှင့်အမျှ ၎င်းတို့၏ ရှေးရိုးစွဲအမြင်များကို ဖက်တွယ်ကောင်း ဖက်တွယ်နိုင်သည်။ အချို့သည် ထိုအချိန်က ၎င်းတို့၏ မကျေနပ်ချက်များကို ဖော်ပြခဲ့ခြင်း သို့မဟုတ် ငါ့ကို ခုခံခဲ့ခြင်းအတွက် နောင်တရကောင်းရနိုင်သည်။ အချို့သည် ငါ၏ နာမမှ ဘယ်သောအခါမျှ ဘေးသို့သွေလွဲခြင်း မရှိခဲ့သည့်အတွက် ၎င်းတို့ ပြန်လည်နိုးထကြသည်ကို တိတ်တဆိတ် ဝမ်းမြောက်ကောင်း ဝမ်းမြောက်နိုင်သည်။ ငါသည် ငါ၏ ဖော်ပြသည့်ပုံစံကို ပြောင်းလဲပြီးဖြစ်သော်လည်း၊ ကာလကြာမြင့်စွာက ၎င်းတို့ သေလုမျောပါးဖြစ်၍ စိတ်အားငယ်ကာ စိတ်ဓါတ်ကျသည်အထိ ငါ၏ နှုတ်ကပတ်တော်များ၏ “ညှဉ်းဆဲခံ” ခဲ့ရ၍၊ ငါပြောဆိုသော နှုတ်ကပတ်တော်များကို အရေးထားချင်စိတ်မရှိတော့သည့် သူအချို့ ရှိကောင်းရှိနိုင်သည်၊ သို့မဟုတ် ဘယ်သောအခါမျှ ညည်းတွားခြင်းမရှိ၊ ဘယ်သောအခါမျှ

သံသယထားခြင်းမရှိဘဲ၊ အတိုင်းအတာတစ်ခုထိ ဆက်ကပ်မှုဖြင့် ငါ့ကို အစေခံပြီးသဖြင့်၊ ယနေ့တွင် လွတ်မြောက်မှု ရရှိလောက်အောင် ကံကောင်းပြီး ၎င်းတို့၏ စိတ်လုံးများတွင် ငါ့အပေါ် စကားများဖြင့် ဖော်ပြမရသည့် ကျေးဇူးတင်ရှိမှုတစ်ခု ခံစားရသည့် အခြားသောသူများ ရှိကောင်းရှိနိုင်ပေသည်။ အထက်က အခြေအနေများအားလုံးသည် အတိုင်းအတာ အမျိုးမျိုးဖြင့် လူသားတိုင်းနှင့် သက်ဆိုင်ပေသည်။ သို့သော် အတိတ်သည် အတိတ်ဖြစ်သကဲ့သို့၊ လက်ရှိအချိန်သည် ဤတွင် ရောက်နှင့်ပြီးဖြစ်သည်အတွက်၊ ယမန်နေ့ကို တသသ တောင့်တဖို့ သို့မဟုတ် အနာဂတ်ကို တွေးတောဖို့ မလိုအပ်ပေ။ လူသားဖြစ်သည့်အတွက်၊ လက်တွေ့အရှိတရားကို ဆန့်ကျင်ပြီး၊ ငါ၏ လမ်းပြမှုအတိုင်း အမှုအရာများကို မလုပ်ဆောင်သောသူ မည်သူမဆို ကောင်းမွန်သော အဆုံးသတ်သို့ ရောက်လာလိမ့်မည် မဟုတ်ဘဲ၊ မိမိတို့ကိုယ်ကိုယ်အပေါ် ဒုက္ခသာ ယူဆောင်မိကြလိမ့်မည်။ စကြဝဠာတွင် ဖြစ်ပေါ်သော အရာရာတိုင်းတွင်၊ ငါ အဆုံးအဖြတ်မပေးသောအရာ တစ်ခုမျှ မရှိချေ။ ငါ့လက်ထဲတွင်မရှိသည့်အရာ တစ်စုံတစ်ရာ ရှိသလော။ ငါပြောသည့်အရာအတိုင်းသည် ဆောင်ရွက်ပြီးကြပြီး၊ လူသားများထဲမှ မည်သူသည် ငါ၏ စိတ်ကို ပြောင်းလဲစေနိုင်သနည်း။ ယင်းသည် ကမ္ဘာမြေပေါ် ငါ ပြုသောပဋိညာဉ် ဖြစ်နိုင်မည်လော။ မည်သည့်အရာမျှ ငါ၏ အစီအစဉ်ကို ရှေ့ဆက်သွားရာမှ မတားဆီးနိုင်ပေ။ ငါသည် ငါ၏အမှုအပြင် ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်တွင် အစဉ် ပါရှိ၏။ လူသားများထဲမှ မည်သူသည် ဝင်စွက်ဖက်နိုင်သနည်း။ ဤအစီအစဉ်များကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ခဲ့သူမှာ ငါ ဖြစ်သည် မဟုတ်လော။ ယနေ့ ဤနယ်ပယ်ထဲသို့ ဝင်ရောက်ခြင်းသည် ငါ၏ အစီအစဉ် သို့မဟုတ် ငါ ကြိုမြင်ပြီးဖြစ်သည့်အရာ၏ အပြင်သို့ မသွေဖည်ပေ။ ထိုအရာအားလုံးကို ငါသည် ကာလကြာမြင့်စွာက ချမှတ်ထားခဲ့ပေသည်။ သင်တို့ထဲမှ မည်သူသည် ငါ၏ အစီအစဉ်၏ ဤအဆင့်ကို နားလည်သဘောပေါက်နိုင်သနည်း။ ငါ၏ လူတို့သည် ငါ၏ အသံကို သေချာစွာ နားထောင်ကြလိမ့်မည်ဖြစ်ပြီး၊ ငါ့ကို စစ်မှန်ရိုးသားစွာ ချစ်ကြသူများထဲမှ အယောက်တိုင်းသည် ငါ၏ ပလ္လင်ရှေ့သို့ အသေအချာ ပြန်လာကြလိမ့်မည်။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

# အခန်း ၂

အသစ်သော ချည်းကပ်မှုနှင့်ဆိုင်သည့် လုပ်ငန်းနောက်၊ ငါ၏အမှုထဲ၌ ခြေလှမ်းသစ်များ

ရှိလိမ့်မည်။ နိုင်ငံတော်ထဲ၌ ရှိသကဲ့သို့ ငါသည် လမ်းခရီး၏ ခြေလှမ်းတိုင်းကို ဦးဆောင်ရင်း၊ အနုစိတ်ဆုံး အသေးစိတ်ထိ အတိအကျလုပ်ကာ၊ လူ့ရည်ရွယ်ချက်များနှင့် မည်သည့်ရောနှောမှုမျှ လုံးဝမရှိဘဲ အမှုအရာများကို ငါ၏ ဘုရားသဘောသဘာဝ မှတဆင့် တိုက်ရိုက်လုပ်ဆောင်မည်။ အောက်ပါအကြောင်းအရာက အမှန်တကယ် လက်တွေ့လုပ်ဆောင်ခြင်း၏ နည်းလမ်းများကို အကြမ်းဖျင်းဖော်ပြပေသည်- အခက်အခဲများနှင့် စစ်ဆေးခြင်းမှတဆင့် ၎င်းတို့သည် "လူမျိုး" ဟူသည့် ဂုဏ်ပုဒ်ကို ရရှိခြင်းဖြစ်သကဲ့သို့၊ ၎င်းတို့သည် ငါ့နိုင်ငံတော်၏ လူမျိုးဖြစ်သည်နှင့်အညီ ယခင်မျိုးဆက်များအတွက် ငါ့အမှု၏ နည်းစနစ်များထက် ပိုမိုမြင့်မားသောအရာများဖြစ်သည့် တင်းကျပ်သော ပြဋ္ဌာန်းချက်များဖြင့် ၎င်းတို့ကို ငါချုပ်ကိုင်မည်။ ယင်းမှာ နှုတ်ကပတ်တော်များ၏ စစ်မှန်မှုဖြစ်သည်သာမက၊ ပို၍ပင်အရေးကြီးသည်မှာ ယင်းက လက်တွေ့လုပ်ဆောင်ခြင်း၏ စစ်မှန်မှုဖြစ်ပြီး ဤအရာကို ဦးစွာအရယူရမည်ဖြစ်သည်။ စကားလုံးများနှင့် လုပ်ဆောင်ချက်များအားလုံးတွင်၊ ၎င်းတို့သည် နိုင်ငံတော်၏ လူမျိုးနှင့်ဆိုင်သော သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကို မီကြရမည်ဖြစ်ပြီး ငါ၏နာမကို အရှက်ရစေခြင်းမှ ရှောင်ရှားရန် ပြစ်မှုကျူးလွန်သူ မည်သူမဆို ချက်ချင်း ဖယ်ရှားခြင်းခံရမည်ဖြစ်သည်။ သို့သော်လည်း ရှင်းလင်းစွာ မမြင်နိုင်သည့် အသိဉာဏ်မဲ့သောသူများနှင့် နားလည်သဘောပေါက်နိုင်ခြင်းမရှိသူများမှာ ခြွင်းချက်ဖြစ်သည်။ ငါ၏ နိုင်ငံတော်ကို တည်ဆောက်ရာတွင်၊ ငါပြောသော နှုတ်ကပတ်တော်များကို စားသောက်ဖို့၊ ငါ၏ ဉာဏ်ပညာကို နားလည်ဖို့နှင့် ငါ၏အမှုမှတဆင့် ထောက်ခံဖို့ အာရုံစိုက်လော့။ ငါ၏ဥစ္စာမဟုတ်သော စာတစ်အုပ်၏ စကားလုံးများကို အလေးထားသောသူ မည်သူမဆိုသည် ငါ၏ လုံးဝမလိုလားခြင်းကို ခံရသည် ၊ ဤသည်မှာ ငါ့ကို ဗီဆန်သော ပြည့်တန်ဆာတစ်ဦးဖြစ်သည်။ တမန်တော်တစ်ဦး ဖြစ်သည့်အားလျော်စွာ၊ တစ်ဦးတစ်ယောက်သည် အိမ်၌ ကြာမြင့်စွာ မနေရ။ ဤအမှုကို မပြုနိုင်လျှင်၊ ငါသည် သူ့ကို စွန့်ပစ်ပြီး အသုံးပြုတော့မည်မဟုတ်။ ငါသည် သူ့ကို အတင်းအကျပ် မလုပ်ပေ။ တမာန်တော်များသည် အိမ်တွင် အချိန်ကြာကြာ မနေသည့်အတွက်၊ အသင်းတော်၌ ကြာမြင့်သည့် အချိန်ကာလကို ကုန်လွန်စေခြင်းအားဖြင့် ၎င်းတို့ တည်ဆောက် ခံကြရခြင်းဖြစ်သည်။ အသင်းတော်များ၏ စုဝေးခြင်း နှစ်ခုတိုင်းတွင်၊ တမန်တော်များ အနည်းဆုံး တစ်ကြိမ်ပါဝင်ကြရမည်။ ထို့ကြောင့် လုပ်ဖော်ကိုင်ဖက်များ၏ စုဝေးခြင်းများ ပုံမှန်ဖြစ်လာရပေမည် (လုပ်ဖော်ကိုင်ဖက်များ၏ စုဝေးခြင်းများတွင် ပါဝင်သည်မှာ တမန်တော်အားလုံး စုဝေးခြင်းများ၊ အသင်းတော်ခေါင်းဆောင်အားလုံးစုဝေးခြင်းများနှင့်

ရှင်းလင်းသည့် ထိုးထွင်းသိမြင်နိုင်စွမ်းရှိသူ သန့်ရှင်းသူများ အတွက် စုဝေးခြင်းများအားလုံး ဖြစ်ကြသည်)။ အနည်းဆုံး သင်တို့ထဲမှ အချို့သည် အစည်းအဝေးအသီးသီးကို တက်ရောက်ရမည်ဖြစ်ပြီး တမန်တော်များအနေဖြင့် အသင်းတော်များအပေါ် စောင့်ကြည့်ခြင်းကိုသာ အာရုံစိုက်ကြရမည်။ ယခင် သန့်ရှင်းသူတို့အပေါ် ပြဋ္ဌာန်း ထားခဲ့သည့် သတ်မှတ်ချက်များသည် ပိုမိုနက်နဲသိမ်မွေ့လာပေပြီ။ ငါ၏နာမကို ငါသက်သေမခံမီ ပြစ်မှုကျူးလွန်မိသောသူတို့အတွက်၊ ၎င်းတို့၏ ငါ့ကိုဆည်းကပ်မှုကြောင့်၊ ငါ့အားဖြင့် အစမ်းသပ်ခံပြီးသည်နှင့်တစ်ပြိုင်နက် ငါသည် ၎င်းတို့ကို အသုံးပြုလေဦးမည်။ သို့သော်၊ ငါ၏ သက်သေခံချက်ပြီးနောက်၊ ပြစ်မှုတစ်ခု တဖန်ကျူးလွန်သောသူတို့နှင့် ကဏ္ဍသစ်တစ်ရပ် စတင်ဖို့ စိတ်ပိုင်းဖြတ်ထားသူတို့အတွက်၊ ထိုသို့သော သူတို့သည် အသင်းတော်တွင်း၌ ကျန်ရှိ၍သာနေကြသည်။ သို့ဖြစ်စေကာမူ၊ ၎င်းတို့သည် အမှုမဲ့အမှတ်မဲ့နှင့် အကြောင်းမဲ့ ရှိမနေရဘဲ ယင်းအစား အခြားသူများထက် ပိုမိုကန့်သတ်ချုပ်ခြယ်ခြင်းခံရမည်။ ငါ၏အသံကို မြွက်ဆိုပြီးသည့်နောက် မိမိတို့၏ လမ်းစဉ်များကို မပြုပြင်ကြသော သူတို့အဘို့၊ ငါ၏ဝိညာဉ်သည် ၎င်းတို့ကို ချက်ချင်း စွန့်ခွာမည်ဖြစ်ပြီး အသင်းတော်အနေဖြင့် ငါ၏တရားစီရင်ခြင်းကို ဆောင်ရွက်ပိုင်ခွင့်ရှိလိမ့်မည်ဖြစ်ကာ ၎င်းတို့ကို အသင်းတော်မှ ထွက်ခွာစေပါလိမ့်မည်။ ဤသည်မှာ အကြွင်းမဲ့ဖြစ်ပြီး အပိုထည့်သွင်းစဉ်းစားဖို့ရန် အကြောင်းမရှိနိုင်။ စမ်းသပ်မှု၌ တစ်ဦးတစ်ယောက် ပြိုလဲလျှင်၊ တစ်နည်းအားဖြင့်၊ ၎င်းသည် စွန့်ခွာလျှင်၊ ငါ့ကိုစမ်းသပ်ခြင်းနှင့် အသင်းတော်ထဲ စာတန်ကို မိုက်မိုက်မဲမဲ ဝင်ရောက်ခွင့်ပေးခြင်းအား ရှောင်ရှားဖို့ရန်အလို့ငှာ ယင်းပုဂ္ဂိုလ်ကို အဘယ်သူမျှ အရေးမစိုက်သင့်ပေ။ ဤသည်မှာ ၎င်းနှင့်ဆိုင်သော ငါ၏တရားစီရင်ခြင်းဖြစ်သည်။ အပြစ်အနာအဆာရှိသူတစ်ဦးမျှသာ မဟုတ်၊ မတရားမှုပြုသောသူနှင့် ၎င်းတို့၏ စိတ်ခံစားမှုများအပေါ် အခြေပြုကာ ပြုမူသောသူ မည်သူမဆိုသည်လည်း ငါ၏လူတို့အလယ်တွင် ရေတွက်ခြင်းခံကြရလိမ့်မည်မဟုတ်။ တမာန်တော်များ၏ နောက်ထပ် တာဝန်ဝတ္တရားမှာ ဧဝံဂေလိတရားအား ဖြန့်ဝေခြင်းကို အာရုံစိုက်ရန်ဖြစ်သည်။ ဟုတ်ပေ၏၊ သန့်ရှင်းသူတို့သည်လည်း ဤအလုပ်ကို လုပ်ဆောင်နိုင်ကြ၏၊ သို့သော် ၎င်းတို့သည် ထိုသို့လုပ်ဆောင်ရာတွင် အမြော်အမြင်ရှိကြရမည်ဖြစ်ပြီး ပြဿနာလှုံ့ဆော်ခြင်းမှ ရှောင်ကြဉ်ကြရမည်။ အထက်ပါအရာတို့သည် လက်တွေ့လုပ်ဆောင်ခြင်း၏ လက်ရှိနည်းလမ်းများဖြစ်သည်။ ထို့ပြင်၊ သတိပေးချက်အနေဖြင့်၊ ငါ့နှုတ်ကပတ်တော်များ၏ စစ်မှန်မှုထဲသို့ အားလုံးဝင်ရောက်နိုင်စေဖို့အလို့ငှာ သင်၏ တရားဒေသနာများကို ပိုမိုနက်နဲသိမ်မွေ့စေရန် လုပ်ဆောင်ခြင်းကို သင်အာရုံစိုက်ရမည်။ ငါ၏

နှုတ်ကပတ်တော်များကို သင်သည် နီးကပ်စွာ လိုက်လျှောက်ရမည်ဖြစ်ပြီး လူအားလုံးက ရှင်းရှင်းလင်းလင်းနှင့် ပြတ်ပြတ်သားသား နားလည်သဘောပေါက်နိုင်ဖို့အလို့ငှာ လုပ်ဆောင်ရမည်။ ဤသည်မှာ အရေးကြီးဆုံးဖြစ်သည်။ ငါ၏လူတို့အလယ်တွင်၊ သစ္စာပျက်ခြင်းအတွေးများ ထားသိုသောသူသည် ထုတ်ပယ်ခံရမည်ဖြစ်ပြီး ၎င်းတို့သည် ငါ၏နာမကိုစော်ကားမှု မဖြစ်စေဖို့ ငါ၏အိမ်တွင် ကြာကြာနေထိုင်ခွင့် ရမည်မဟုတ်။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

# အခန်း ၃

သင်တို့သည် ငါ၏လူများဟု ခေါ်ဝေါ်သမုတ်ခြင်း ခံရကတည်းက၊ အမှုအရာတို့သည် ဖြစ်မြဲအတိုင်း မဟုတ်တော့ပေ။ ငါ့ဝိညာဉ်၏ မိန့်မြွက်ချက်များကို သင်တို့သည် အရေးစိုက်ကာ နာခံသင့်ကြပြီး၊ ငါ၏အမှုနောက် နီးကပ်စွာ လိုက်သင့်ပေသည်။ ငါတို့သည် ပင်ကိုအားဖြင့် တစ်ဦးတည်းဖြစ်ကာ သဘာဝအားဖြင့် ခြားနားခြင်းမရှိသည့်အတွက်၊ သင်တို့သည် ငါ၏ ဝိညာဉ်နှင့် လူ့ဇာတိကို ခွဲ၍မရနိုင်ပေ။ ဝိညာဉ်နှင့် ဇာတိအဖြစ်တော်တို့ကို ပိုင်းခြားပြီး ဇာတိအဖြစ်တော် သို့မဟုတ် ဝိညာဉ် တစ်ပါးပါးကို အာရုံစိုက်သောသူ မည်သူမဆိုသည် ဆုံးရှုံးခြင်းကို ခံစားရမည် ဖြစ်ပြီး မည်သည့်ရွေးချယ်စရာမျှမရှိဘဲ၊ မိမိတို့၏ ကိုယ်ပိုင်ခါးသောခွက်မှသာ သောက်သုံးနိုင်လိမ့်မည်ဖြစ်သည်။ ဝိညာဉ်နှင့် ဇာတိအဖြစ်တော်တို့ကို ခွဲခြားမရနိုင်သည့် အရာတစ်ခုလုံးအဖြစ် ရှုမြင်နိုင်သူတို့သည်သာ ငါ့အပေါ် လုံလောက်သော အသိပညာ ရှိကြပေသည်။ ၎င်းတို့အတွင်းရှိ အသက်သည် ညင်သာသော ပြောင်းလဲမှုကို ကြုံရလိမ့်မည်။ ငါ့အမှု၏ နောက်အဆင့်သည် ချောချောမွေ့မွေ့နှင့် အဆီးအတားမရှိ ရှေ့ဆက်နိုင်ရန်အလို့ငှာ၊ ငါ၏ အိမ်တော်ထဲ ရှိသူတို့ကို စမ်းသပ်ရန် နှုတ်ကပတ်တော်များ၏ စစ်ဆေးမှုကို ငါ အသုံးပြုပြီး ငါ့နောက်သို့ လိုက်သောသူတို့ကို စမ်းသပ်ရန် အမှု၏ နည်းစနစ်များကို အသုံးပြု၏။ ဤအခြေအနေများအောက်တွင်၊ ၎င်းတို့အားလုံး မျှော်လင့်ချက်ဆုံးရှုံးသည်ဟု ဆိုကောင်းဆိုနိုင်သည်။ လူတို့အနေဖြင့်၊ နေရာ တစ်ခုလုံး ပြောင်းလဲပြီးဖြစ်သည့်အလား၊ မိမိတို့၏ အခြေအနေများ အပျက်သဘောမဆောင်သကဲ့သို့ မတုန်မလှုပ်မဖြစ်သူ ၎င်းတို့ထဲ၌ မည်သူမျှ မရှိပေ။ လူအချို့သည် ကောင်းကင်နှင့် မြေကြီးကို ကြိမ်းမောင်းကြသည်၊ အချို့က မျှော်လင့်ချက် ပျက်သုဉ်းလျက် မိမိကိုယ်ကိုယ် စိတ်အားတင်းကာ၊ ငါ၏ နှုတ်ကပတ်တော်များ၏ စစ်ဆေးမှုကို လက်ခံကြ၏၊ အချို့က

မွေးကင်းစကလေးတစ်ဦး၏ အချိန်မတန်ဘဲ သေဆုံးသဖြင့် စိတ်ကယောက်ကယက်ဖြစ်ကြသည့်အလား၊ မျက်လုံးများက မျက်ရည်များနှင့် ပြည့်လျက်၊ မိုးကောင်းကင်သို့ ကြည့်ပြီး လေးလေးပင်ပင် သက်ပြင်းချ ကြလေသည်၊ အချို့မှာ ထိုသို့အသက်ရှင်ရာတွင် အရှက်ရစရာရှိသည်ဟုပင် ခံစားရပြီး၊ ၎င်းတို့အား မကြာမီ အဝေးသို့ ခေါ်ဆောင်သွားဖို့ ဘုရားသခင်ကို ဆုတောင်းကြ၏၊ အချို့သည် အပြင်းအထန် နာမကျန်းဖြစ်ကာ ၎င်းတို့၏ အသိစိတ်များ မရကြသေးသည့်အလား၊ မှင်တက်တွေဝေမှုဖြင့် တစ်နေ့လုံး အချိန်ကုန်ဆုံးကြလေသည်၊ အချို့က ညည်းညူပြီးနောက် တိတ်တဆိတ် ထွက်သွားကြသည်၊ ပြီးလျှင် အချို့မှာ အတော်အတန် အပျက်သဘော ဆောင်မြဲ ဆောင်ကြသော်လည်း၊ ငါ့ကို ၎င်းတို့၏ ကိုယ်ပိုင်နေရာမှ ချီးမွမ်းကြဆဲ ဖြစ်သည်။ ယနေ့တွင်၊ အားလုံး ထုတ်ဖော်ပြခံရသည့်အခါ၊ အတိတ်ကာလနှင့်သက်ဆိုင်၍ ငါ နောက်ထပ်ပြောဆိုဖို့ မလိုအပ်ပေ၊ သာ၍အရေးကြီးသည်မှာ သင်တို့ လုပ်ဆောင်သမျှအားလုံးသည် ငါလက်ခံနိုင်ပြီး၊ သင်တို့ ပြောသမျှ အားလုံးသည် ငါ၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်းတို့၏ ရလဒ်ဖြစ်ဖို့အလို့ငှာ၊ သင်တို့ အသက်ရှင်နေထိုင်သောအရာသည် နောက်ဆုံးတွင် ငါ၏ ပုံသဏ္ဌာန်နှင့် ငါ၏ သရုပ်သကန် လုံးလုံးလျားလျား ဖြစ်နိုင်ဖို့အလို့ငှာ၊ ယနေ့ သင်တို့ကို ငါပေးသော တာဝန်ကျရာနေရာမှ သင်တို့သည် အဆုံးစွန် သစ္စာစောင့်သိနိုင်စွမ်း ရှိသင့်ကြသေး၏။

ငါ့နှုတ်ကပတ်တော်များကို အချိန်မရွေး သို့မဟုတ် နေရာမရွေး ထုတ်ပြန်ကာ ဖော်ပြထားပြီး၊ ထို့ကြောင့် သင်တို့သည်လည်း ငါ့ရှေ့မှောက်တွင် မိမိတို့ကိုယ်ကိုယ် အချိန်တိုင်း သိရှိသင့်ပေသည်။ အကြောင်းမှာ ယနေ့သည် အမှန်စင်စစ် ယခင် ဖြစ်ခဲ့သည့်အရာနှင့် မတူသကဲ့သို့၊ သင်သည် သင် ဆန္ဒရှိသည့် မည်သည့်အရာကိုမဆို မပြီးမြောက်နိုင်တော့ပေ။ ယင်းအစား၊ သင်သည် ငါ့နှုတ်ကပတ်တော်၏ လမ်းညွှန်မှုအောက်၌ သင်၏ခန္ဓာကိုယ်အား ချုပ်နှိမ်နိုင်စွမ်းရှိရမည်၊ ငါ၏နှုတ်ကပတ်တော်များကို သင်၏ အဓိကပံ့ပိုးမှုအဖြစ် အသုံးပြုရမည်ဖြစ်ပြီး မဆင်မခြင် မပြုမူရပေ။ အသင်းတော်အတွက် စစ်မှန်သော လက်တွေ့လုပ်ဆောင်ခြင်းဆီသို့ သွားသော လမ်းကြောင်းအားလုံးကို ငါ၏ နှုတ်ကပတ်တော်များ ထဲတွင် တွေ့ရှိနိုင်၏။ ငါ၏နှုတ်ကပတ်တော်များအတိုင်း မပြုမူသော သူတို့သည် ငါ့ဝိညာဉ်ကို တိုက်ရိုက် ပုန်ကန်ပြစ်မှားပြီး၊ ငါသည် ၎င်းတို့ကို ဖျက်ဆီးမည်။ အမှုအရာတို့သည် ယနေ့ကဲ့သို့သော အခြေအနေတစ်ခုထိ ရောက်လာပြီးဖြစ်သည့်အတွက်၊ အတိတ်က သင်၏ လုပ်ဆောင်ချက်များနှင့် လုပ်ရပ်များနှင့်ပတ်သက်၍ သင်သည် အလွန် စိတ်ထိခိုက်ခံစားပြီး ဝမ်းပန်းတနည်းဖြစ်ရန် မလိုအပ်ပေ။ ငါ၏ သဘောထားကြီးခြင်းသည် ပင်လယ်များနှင့် မိုးကောင်းကင်ကဲ့သို့ အကန့်အသတ်မဲ့ဖြစ်သည်- လူသား၏

တတ်စွမ်းနိုင်မှုများနှင့် ငါနှင့်သက်ဆိုင်သော အသိပညာတို့ကို ငါသည် အဘယ်သို့ ကောင်းစွာ အကျွမ်းဝင်ခြင်း မရှိနိုင်မည်နည်း။ လူတို့ထဲတွင် အဘယ်သူသည် ငါ့လက်ထဲ၌ မရှိသနည်း။ သင်၏ ဝိညာဉ်ရင့်ကျက်မှု မည်မျှ ကြီးမြတ်သည်ကို ငါဘာမျှမသိ၊ ဤအရာနှင့် သက်ဆိုင်၍ ငါသည် လုံးဝ သိနားလည်ခြင်းမရှိဟု သင်ထင်သလော။ ယင်းမှာ မဖြစ်နိုင်ပေ။ ထို့ကြောင့်၊ လူအားလုံးသည် ၎င်းတို့၏ စိတ်ပျက်လက်ပျက် အဖြစ်ဆုံးအချိန်၊ ၎င်းတို့ နောက်ထပ် မစောင့်ဆိုင်းနိုင်တော့ဘဲ အသစ်စတင်ဖို့ ဆန္ဒရှိသောအချိန်၊ အဘယ်အရာ ဖြစ်ပျက်နေသည်ကို ငါ့အား ၎င်းတို့ မေးမြန်းလိုသောအချိန်၊ အချို့သည် အပျော်အပါးလိုက်စားခြင်း၌ မွေ့လျော်ကြပြီး ယင်းက အချို့ကို ပုန်ကန်ဖို့ ဖြစ်စေသည့်အချိန်၊ အချို့တို့သည် သစ္စာစောင့်သိသော အစေခံမှုကို လုပ်ဆောင်ခြင်း မရှိသေးသည့်အချိန်တွင်၊ ငါသည် တရားစီရင်ခြင်းခေတ်၏ ဒုတိယပိုင်းဖြစ်သည့်- ငါ၏လူတို့ကို သန့်စင်စေခြင်းနှင့် တရားစီရင်ခြင်းအား စတင်ပေသည်။ ဤသည်မှာ ငါသည် သင်တို့ကို ငါ့အဖို့ နှစ်သက်ဖွယ်ဖြစ်သည့်သက်သေကို ခံခွင့် ပေးသည်သာမက၊ ထို့ထက်ပို၍ ငါ့လူမျိုး၏နေရာမှ ငါ့အတွက် တိုက်ပွဲတွင် နှစ်သက်ဖွယ်ဖြစ်သော အောင်ပွဲကို ရယူခွင့်ပေးရင်း၊ ငါသည် ငါ၏လူတို့ကို တရားဝင် စတင် လေ့ကျင့်သင်ကြားပေးသည် ဟုလည်း ဆိုရပေမည်။

အချိန်တိုင်းတွင်၊ ငါ၏လူတို့သည် ငါ့အိမ်၏တံခါးကို ငါ့အတွက် စောင့်ကြပ်ရင်း၊ စာတန်၏ စဉ်းလဲသည့် အကြံအစည်များကို သတိထားသင့်ပေသည်။ ၎င်းတို့အနေဖြင့် စာတန်၏ ထောင်ချောက်ထဲသို့ ကျဆင်းခြင်းကို ရှောင်လွှဲဖို့ရန်အလို့ငှာ၊ အချင်းချင်း အားပေးကာ အချင်းချင်းအတွက် ထောက်ပံ့ ပေးနိုင်သင့်ကြ၏၊ စာတန်၏ ထောင်ချောက်ထဲသို့ ကျဆင်းချိန်တွင် နောင်တရဖို့ရန် အလွန် နောက်ကျသွားလိမ့်မည် ဖြစ်သည်။ ငါသည် အဘယ်ကြောင့် သင်တို့ကို ထိုသို့ အရေးတကြီး လေ့ကျင့် ပေးနေသနည်း။ ဝိညာဉ်ရေးရာလောက၏ အချက်အလက်များကို သင်တို့အား အဘယ်ကြောင့် ငါပြောပြသနည်း။ အဘယ်ကြောင့် ငါသည် သင်တို့ကို အထပ်ထပ် အခါခါ သတိပေးပြီး တိုက်တွန်းသနည်း။ ဤအရာကို သင်တို့ တွေးကြည့်ဖူးကြသလော။ သင်တို့၏ တွေးဆခြင်းသည် ရှင်းလင်းပြတ်သားမှု ရှိဖူးသလော။ ထို့ကြောင့်၊ သင်တို့သည် အတိတ်၏ အခြေခံအုတ်မြစ်အပေါ် တည်ဆောက်ခြင်းအားဖြင့် အတွေ့အကြုံ ရင့်ကျက်စေနိုင်ရမည် သာမက၊ ထို့ထက်ပို၍ ငါ၏နှုတ်ကပတ်တော် အသီးသီးကို သင်၏ စိတ်ဝိညာဉ်များ အတွင်း၌ အမြစ်တွယ်စေကာ ပွင့်လန်းစေခွင့်ပေးရင်းနှင့်၊ သာ၍အရေးကြီးသည်မှာ ပိုမိုအသီးသီး ခွင့်ပေးရင်း၊ ယနေ့ နှုတ်ကပတ်တော်များ၏ လမ်းညွှန်မှုအောက်တွင် သင်တို့အတွင်းရှိ မစင်ကြယ်မှုများကို ထုတ်ပစ်နိုင်ရမည်ဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော်

ငါတောင်းဆိုသောအရာသည် တောက်ပပြီး စိမ်းလန်းစိုပြည် သန်စွမ်းသည့် ပန်းများမဟုတ်ဘဲ၊ အလှူ့ပယ် အသီး၊ ယင်း၏ ရင့်မှည့်မှု ဆုံးရှုံးမသွားသော အသီးဖြစ်သောကြောင့် ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ်ကို သင်တို့ နားလည်ကြသလော။ ဖန်လုံအိမ်အတွင်းရှိ ပန်းတို့သည် ကြယ်များကဲ့သို့ မရေမတွက်နိုင်အောင် များပြားပြီး သဘောကျနှစ်သက်သော လူစုလူဝေးအားလုံးကို ဆွဲဆောင်သော်လည်း၊ ၎င်းတို့ ညှိုးနွမ်းသည်နှင့် တစ်ပြိုင်နက် စာတန်၏ လှည့်ဖြားတတ်သော အကြံအစည်များကဲ့သို့ စုတ်ဖွာလာကြပြီး ၎င်းတို့ကို အဘယ်သူမျှ စိတ်ဝင်စားခြင်း မရှိကြချေ။ သို့သော်၊ ငါ့ကို သက်သေခံကြသူများ ဖြစ်သည့် လေများအတိုက်ခံရပြီး နေလောင်ဒဏ်ခံခဲ့ကြရသူ အားလုံးသည်၊ ၎င်းတို့ကို ထိုသို့ဖြစ်ဖို့ ငါ တောင်းဆိုသည့်အတွက်၊ ဖူးပွင့်ဝေဆာမှုဖြင့် မလှပကြသော်လည်း၊ ထိုပန်းပွင့်များ ခြောက်သွေ့ညှိုးနွမ်းပြီးသည်နှင့် တစ်ပြိုင်နက် အသီးသီး ကြလိမ့်မည် ဖြစ်သည်။ ဤနှုတ်ကပတ်တော်များကို ငါပြောဆိုသောအခါ သင်တို့ မည်မျှ နားလည်ကြသနည်း။ ပန်းပွင့်များသည် ညှိုးနွမ်းပြီး အသီးသီးသည်နှင့် တစ်ပြိုင်နက်၊ ပြီးလျှင် ဤအသီးအားလုံးက ငါ၏ ပျော်မွေ့ခြင်းအတွက် ထောက်ပံ့ပေးနိုင်သည်နှင့်တစ်ပြိုင်နက်၊ ငါသည် ကမ္ဘာမြေပေါ်က ငါ၏ အမှုအားလုံးကို အဆုံးသတ်မည်ဖြစ်ပြီး ငါ၏ဉာဏ်ပညာ ပုံပေါ်လာခြင်းကို ငါသည် စတင်မွေ့လျော်မည်ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

# အခန်း ၄

ငါ့အားအစေခံသည့် ငါ၏ လူအားလုံးသည် အတိတ်ကို ပြန်လည်စဉ်းစားသင့်ကြ၏- ငါ့ကို သင်တို့၏ ချစ်ခြင်းသည် မစင်ကြယ်ခြင်းနှင့် စွန်းထင်းခဲ့သလော။ ငါ့ကို သင်တို့၏ သစ္စာစောင့်သိခြင်းသည် စင်ကြယ်၍ စိတ်နှလုံးအကြွင်းမဲ့ ရှိခဲ့သလော။ ငါ့ကို သင်တို့သိကျွမ်းခြင်းသည် မှန်ကန်ပါ၏လော။ သင်တို့၏ နှလုံးသားများထဲတွင် ငါသည် နေရာမည်မျှ ယူထားသနည်း။ ငါသည် သင်တို့၏ စိတ်နှလုံးများထဲ၌ လုံးလုံးလျားလျား ဖြည့်ထားသလော။ ငါ၏ နှုတ်ကပတ်တော်များသည် သင်တို့၏ အထဲတွင် မည်မျှ အထမြောက်ခဲ့သနည်း။ ငါ့ကို လူနုံလူအဟု မမှတ်ယူနှင့်။ ဤအရာတို့သည် ငါ့အတွက် လုံးဝပင် ရှင်းလင်းလျက် ရှိသည်။ ယနေ့၊ ငါ့ကယ်တင်ခြင်း၏ အသံကို ထုတ်ဆောင်မြွက်ဆိုသည်နှင့်အညီ ငါ့ကို သင်တို့၏ ချစ်ခြင်း၌ တိုးပွားမှု

တစ်စုံတစ်ရာရှိခဲ့သလော။ ငါ့ကို သင်တို့၏ သစ္စာစောင့်သိခြင်း တစ်စိတ်တစ်ဒေသသည် သန့်စင် လာပြီလော။ သင်တို့ ငါ့ကို သိကျွမ်းခြင်းသည် နက်ရှိုင်းသွားပြီလော။ အတိတ်က ဆက်ကပ်ခဲ့သော ချီးမွမ်းခြင်းသည် ယနေ့ သင်တို့၏ အသိပညာအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ချ ပေးခဲ့သလော။ သင်တို့ မည်မျှသည် ငါ့ဝိညာဉ်တော်၏ နေရာယူခြင်း ခံထားသနည်း။ သင်တို့၏ အတွင်းတွင် ငါ့ပုံရိပ်သည် နေရာမည်မျှ ယူထားသနည်း။ ငါ၏ မိန့်မြွက်ချက်များသည် သင်တို့ကို နာကျင်စွာ ထိုးနှက်ခဲ့သလော။ သင်တို့၏ အရှက်တရားကို ဖုံးကွယ်ထားရန် နေရာမရှိဟု အမှန်တကယ် ခံစားရသလော။ သင်တို့သည် ငါ၏ လူများဖြစ်ရန် အရည်အချင်းမပြည့်မီဟု အမှန်တကယ် ခံစားရသလော။ အကယ်၍ သင်တို့သည် အထက်က မေးခွန်းများကို လုံးလုံးပင် သတိမမူမိဘဲ ရှိနေမည်ဆိုပါက၊ ယင်းမှာ သင်တို့သည် နောက်ကျိသော ရေတွင် ငါးမျှားနေခြင်းဖြစ်ကြောင်း၊ သင်သည် အဖြည့်ခံ လူတစ်ဦး အနေနှင့်သာ ထိုနေရာ၌ ရောက်ရှိနေရခြင်းဖြစ်ကြောင်း ညွှန်ပြနေကာ၊ ငါကြိုတင်ပြဋ္ဌာန်းထားသော အချိန်တွင် သင်သည် ဧကန်မုချပင် သုတ်သင်ပယ်ရှင်း ခံရလိမ့်မည်ဖြစ်ပြီး အနက်ဆုံးသောတွင်းထဲသို့ ဒုတိယ အကြိမ်အဖြစ် ပစ်ချခြင်း ခံရလိမ့်မည် ဖြစ်သည်။ ဤအရာများမှာ ငါ၏ သတိပေး နှုတ်ကပတ်တော်များဖြစ်ပြီး ၎င်းတို့ကို ပေါ့တန်စွာ ခံယူသော မည်သူမဆို ငါ့တရားစီရင်ခြင်း၏ ထိုးနှက်ခြင်းကို ခံရလိမ့်မည်ဖြစ်ကာ၊ ချိန်းဆိုထားသော အချိန်တွင် ဘေးဒုက္ခနှင့် ကြုံရလိမ့်မည်။ ဤသို့ မဟုတ်သလော။ ဤအရာကို ရှင်းလင်းဖော်ပြရန် သာဓကများ ပေးရန်လိုသေးသလော။ သင်တို့အတွက် စံနမူနာတစ်ခု ပေးရန်အလို့ငှာ သာ၍ရှင်းရှင်းလင်းလင်း ငါပြောရမည်လော။ ဖန်ဆင်းခြင်း၏ အချိန်မှစ၍ ယနေ့ထိတိုင် များစွာသော လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို မနာခံခဲ့ကြသောကြောင့်၊ ငါ၏ နာလန်ထူခြင်း ရေစီးကြောင်းထဲမှ သုတ်သင်ပယ်ရှင်းခြင်းနှင့် နှင်ထုတ်ခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်၊ အဆုံးတွင် ထိုလူတို့၏ ခန္ဓာကိုယ်များသည် ပျက်စီးသွားကာ ၎င်းတို့၏ ဝိညာဉ်များမှာလည်း မရဏာနိုင်ငံထဲသို့ ပစ်ချခြင်းခံရပြီး ယနေ့တွင်ပင် ၎င်းတို့သည် ကြီးလေးသော အပြစ်ဒဏ်ကို ခံစားနေရဆဲ ဖြစ်သည်။ များစွာသော လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို လိုက်နာခဲ့ကြသော်လည်း၊ ၎င်းတို့သည် ငါ၏ ဉာဏ်ပွင့်စေခြင်းနှင့် အလင်းပေးခြင်းတို့အား လွန်ဆန်ခဲ့ကြလေပြီ၊ ထို့ကြောင့် စာတန်၏ အုပ်စိုးမှုအောက်သို့ ကျဆင်းကာ ငါ့ကို ဆန့်ကျင်သူများထဲမှ တစ်ယောက် ဖြစ်လာလျက် ငါ၏ ဘေးသို့ကန်ထုတ်ခြင်းကို ခံခဲ့ကြသည်။ (ယနေ့တွင် ငါ့ကို တိုက်ရိုက် ဆန့်ကျင်သော သူများသည် ငါ့နှုတ်ကပတ်တော်များ၏ အပေါ်ယံ သဘောတရားများကိုသာ နာခံကြပြီး ငါ့နှုတ်ကပတ်တော်များ၏ အနှစ်သာရကို မနာခံကြပေ။) ယမန်နေ့က ငါပြောခဲ့သော

နှုတ်ကပတ်တော်များကို နားထောင်ရုံမျှ ရှိသောလူများ၊ အတိတ်၏ “အသုံးမဝင်သော အရာများ” ကို ကိုင်စွဲထားပြီး မျက်မှောက်နေ့ရက်၏ “အသီးအနှံ” ကို တန်ဖိုးမထားသော လူများ များစွာရှိသည်။ ဤလူများသည် စာတန်၏ ဖမ်းမိခြင်းကို ခံရရုံသာမကဘဲ၊ ထာဝရ အပြစ်သားများ ဖြစ်လာကြပြီး ငါ၏ ရန်သူများ ဖြစ်လာကြကာ ၎င်းတို့သည် ငါ့ကို တိုက်ရိုက် ဆန့်ကျင်လေသည်။ ထိုကဲ့သို့သော လူများသည် ငါ့အမျက်ဒေါသ၏ အထွတ်အထိပ်၌ ငါ့တရားစီရင်ခြင်း၏ အပြုခံအရာများ ဖြစ်ကြပြီး၊ ယနေ့တွင် ၎င်းတို့သည် မျက်စိကန်းလျက် ရှိကြသေးကာ မိုက်မှောင်သော အကျဉ်းတိုက်များထဲတွင် ရှိကြသေးသည် (တစ်နည်းဆိုရလျှင် ထိုကဲ့သို့သော လူများသည် စာတန်၏ ထိန်းချုပ်ခြင်း ခံရသည့် ပုပ်ပျက်လျက်၊ တွေဝေထိုင်းမှိုင်းလျက် ရှိသော အလောင်းကောင်များ ဖြစ်ကြသည်၊ ၎င်းတို့၏ မျက်လုံးများသည် ငါ၏ ဖုံးကာထားခြင်းကို ခံထားရသောကြောင့် ၎င်းတို့မှာ မျက်စိကန်းသောသူများ ဖြစ်ကြသည်ဟု ငါပြောသည်)။ သင်တို့သည် ထိုအရာမှ သင်ယူနိုင်ရန်အလို့ငှာ၊ သင်တို့ မှီငြမ်းနိုင်ရန်အတွက် သာဓကတစ်ခု ပေးပါက ကောင်းပေလိမ့်မည်-

ပေါလုအကြောင်း ပြောရာတွင်၊ သင်တို့သည် သူ၏ သမိုင်းကြောင်းကို တွေးတောမည်ဖြစ်ပြီး သူ၏ အချို့သော အဖြစ်အပျက်များသည် တိကျမှန်ကန်မှု မရှိဘဲ၊ အရှိတရားနှင့် ကင်းကွာနေသည်။ ပေါလုသည် ငယ်စဉ်ကတည်းကပင် သူ့မိဘများ၏ သွန်သင်ခြင်းကို ခံခဲ့ရပြီး ငါ၏အသက်ကို လက်ခံရရှိခဲ့ကာ ငါကြိုတင်ခွဲခန့်မှတ်သားထားခြင်း၏ အကျိုးဆက်အနေဖြင့် သူသည် ငါတောင်းဆိုသော အရည်အသွေးနှင့် ပြည့်စုံခဲ့သည်။ အသက် ၁၉ နှစ်တွင် သူသည် အသက်နှင့် ပတ်သက်သည့် စာအုပ်အမျိုးမျိုးကို ဖတ်ရှုခဲ့သည်၊ ထို့ကြောင့် ပေါလုသည် သူ၏ အရည်အသွေးကြောင့်၊ ငါ၏ဉာဏ်ပွင့်စေခြင်းနှင့် အလင်းပေးခြင်း တို့ကြောင့် ဝိညာဉ်ရေးရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် အချို့သော ထိုးထွင်းအမြင်များကို ပြောဆိုနိုင်ပုံ သာမကဘဲ၊ ငါ၏ ရည်ရွယ်ချက်များကို နားလည် သဘောပေါက်နိုင်ပုံတို့ကို ငါအသေးစိတ်ရှင်းပြရန် မလိုတော့။ မှန်ပေ၏၊ ဤအရာတွင် ပြင်ပအကြောင်းရင်းများနှင့် အတွင်း အကြောင်းရင်းများတို့ ပေါင်းစပ်ထားခြင်းကို မချန်လှပ်ထားပေ။ မည်သို့ပင်ဆိုစေ ပေါလု၏ တစ်ခုသော အပြစ်အနာအဆာမှာ သူ၏ စွမ်းရည်များကြောင့် သူသည် မကြာခဏပင် ရှုန်းရှုန်းဝေအောင် ပြောဆိုပြီး လေလုံးထွားတတ်ခြင်းပင် ဖြစ်သည်။ အကျိုးဆက်အနေနှင့် တစ်စိတ်တစ်ပိုင်းသည် ကောင်းကင်တမန်မင်းကို တိုက်ရိုက် ကိုယ်စားပြုသော သူ၏ မနာခံမှုကြောင့် ငါသည် ပထမအကြိမ် လူ့ဇာတိကို ခံယူခဲ့သောအခါ၊ သူသည် ငါ့ကို အာခံရန် အစွမ်းကုန် လုပ်ဆောင်ခဲ့လေသည်။ သူသည် ငါ၏ နှုတ်ကပတ်တော်များကို မသိကျွမ်းသော

သူများထဲမှ တစ်ယောက်ဖြစ်ပြီး သူ၏ နှလုံးသားထဲမှ ငါ၏ နေရာသည် ပျောက်ကွယ်သွားခဲ့နှင့်ပြီး ဖြစ်သည်။ ထိုကဲ့သို့သော လူများသည် ငါ၏ ဘုရားသဘောသဘာဝကို တိုက်ရိုက်ပင် ဆန့်ကျင်ကြပြီး ငါ၏ ထိုးနှက်ခြင်းကို ခံကြရကာ နောက်ဆုံးပိတ်တွင်မှ ၎င်းတို့၏ အပြစ်များကို ဝန်ချကြပြီး ဦးညွှတ်ကြသည်။ ထို့ကြောင့် ငါသည် သူ၏ အားသာချက်များကို အသုံးချပြီးသည့် နောက်တွင်— တစ်နည်းဆိုရလျှင် သူသည် ငါ့အတွက် အချိန်အတိုင်းအတာ တစ်ခုအထိ လုပ်ဆောင်ပြီးသွားသည့် နောက်တွင်— သူသည် နောက်ထပ်တစ်ဖန် သူ၏ လမ်းဟောင်းများ အတွင်းသို့ ကျရောက်သွားပြီး သူသည် ငါ၏ နှုတ်ကပတ်တော်များကို တိုက်ရိုက် မနာခံခဲ့ခြင်း မရှိသော်ငြားလည်း၊ သူသည် ငါ၏ အတွင်းလမ်းပြခြင်းနှင့် ဉာဏ်ပွင့်စေခြင်းကို မနာခံခဲ့ပေ၊ ထို့ကြောင့်အတိတ်တွင် သူလုပ်ဆောင်ခဲ့သော အရာအားလုံးသည် အချည်းနှီး ဖြစ်သွားခဲ့သည်၊ တစ်နည်းဆိုရလျှင် သူပြောဆိုသော ဘုန်းကြီးသော ပန်းဦးရစ်သရဖူသည် အချည်းနှီး စကားများ၊ သူ့ကိုယ်ပိုင် စိတ်ကူးစိတ်သန်း၏ ရလဒ်တစ်ခု ဖြစ်လာခဲ့သည်၊ အကြောင်းမှာ ယနေ့တိုင်ပင် သူသည် ငါ၏ချုပ်နှောင်ခြင်းများတွင် ငါ၏ တရားစီရင်ခြင်းကို ခံနေရဆဲ ဖြစ်သောကြောင့် ဖြစ်သည်။

အထက်သာဓကမှ (ငါ၏ လူ့ဇာတိကိုယ်ကို ဆန့်ကျင်ရုံတင်မကဘဲ၊ သာ၍ အရေးကြီးသည်မှာ ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏ ဘုရားသဘောသဘာဝဟု ဆိုနိုင်သည့် ငါ၏ ဝိညာဉ်တော်ကို ဆန့်ကျင်ခြင်းအားဖြင့်) ငါ့ကို ဆန့်ကျင်သော မည်သူမဆို ၎င်းတို့၏ ဇာတိပကတိတွင် ငါ၏ တရားစီရင်ခြင်းကို ရရှိသည်ကို မြင်တွေ့နိုင်သည်။ ငါ၏ဝိညာဉ်တော်သည် သင့်ကို စွန့်ခွာသောအခါ၊ သင်သည် အကျဘက်သို့ ထိုးဆင်းသွားပြီး မရဏာနိုင်ငံတိုင်အောင် တိုက်ရိုက်ပင် ကျဆင်းသွားလေသည်။ ထို့အပြင် သင်၏ ဇာတိခန္ဓာမှာ ကမ္ဘာမြေကြီးပေါ်၌ ရှိနေသော်ငြားလည်း၊ သင်သည် စိတ်ရောဂါ ခံစားနေရသော လူတစ်ယောက်ကဲ့သို့ ဖြစ်နေသည်- သင်၏ ဆင်ခြင်တုံတရား ပျောက်ဆုံးသွားပြီး သင်သည် မိမိကိုယ်မိမိ အလောင်းကောင်အလား ရုတ်ခြည်းပင် ခံစားရသည့်အတွက် သင်၏ ဇာတိခန္ဓာကို နှောင့်နှေးခြင်း မရှိဘဲ၊ အဆုံးသတ်ပေးရန် ငါ့အား တောင်းပန်လေသည်။ ဝိညာဉ်နှင့် ပြည့်စုံသော သင်တို့အများစုသည် ဤအခြေအနေများနှင့် ပတ်သက်၍ လေးနက်သော နားလည်သဘောပေါက်မှု ရှိကြပြီး၊ ဤအတွက် ငါသည် တိုး၍ အသေးစိတ် ရှင်းပြရန် မလိုအပ်။ အတိတ်၌ ငါသည် သာမန် လူ့သဘောသဘာဝအတွင်း အလုပ်လုပ်ခဲ့သောအခါ၊ လူအများစုသည် မိမိတို့ကိုယ်မိမိ ငါ၏ အမျက်ဒေါသ၊ ဘုန်းအာနုဘော်တို့နှင့် တိုက်ဆိုင်စစ်ဆေးနှင့်ခဲ့ကြပြီး ငါ၏ ဉာဏ်ပညာနှင့် စိတ်သဘောထားတို့ကို အနည်းငယ်မျှ သိရှိခဲ့ကြပြီး ဖြစ်သည်။ ယနေ့တွင် ငါသည် ဘုရားသဘောသဘာဝထဲတွင် တိုက်ရိုက်

ပြောဆိုလုပ်ဆောင်ပြီး ငါ၏ အမျက်ဒေါသနှင့် တရားစီရင်မှုကို မိမိတို့၏ ပကတိ မျက်လုံးများနှင့် တွေ့မြင်ကြရမည့် လူအချို့ရှိသေးသည်၊ ထို့အပြင် တရားစီရင်ခြင်း ခေတ်ကာလ၏ ဒုတိယအပိုင်း၏ အဓိကအလုပ်သည် ငါ၏ လူများအားလုံး ဇာတိပကတိထဲရှိ ငါ၏ လုပ်ဆောင်ချက်များကို တိုက်ရိုက်သိလာအောင် ပြုရန်နှင့် သင်တို့အားလုံးသည် ငါ၏ စိတ်သဘောထားကို တိုက်ရိုက် မြင်တွေ့အောင် ပြုရန် ဖြစ်သည်။ သို့သော် ငါသည် လူ့ဇာတိထဲ၌ ရှိသောကြောင့် ငါသည် သင်တို့၏ အားနည်းချက်များကို ထောက်ထားသည်။ ငါမျှော်လင့်သော အရာမှာ သင်တို့သည် သင်တို့၏ စိတ်ဝိညာဉ်၊ ဝိညာဉ်နှင့် ခန္ဓာတို့ကို ကစားစရာများကဲ့သို့ သဘောမထားကြရန်နှင့် ၎င်းတို့ကို စာတန်ထံသို့ မဆင်မခြင် ဆက်ကပ်ခြင်း မပြုရန်ပင်ဖြစ်သည်။ သင်တို့တွင် ရှိသမျှသော အရာများကို တန်ဖိုးထားခြင်းသည် သာ၍ကောင်းပြီး ထိုကဲ့သို့သော အရာများသည် သင်တို့၏ ကံကြမ္မာနှင့် ဆက်စပ်နေသည့်အတွက် ထိုအရာတို့ကို ဆော့ကစားခြင်းတစ်ခုကဲ့သို့ သဘောမထားခြင်းသည် သာ၍ကောင်းသည်။ သင်တို့သည် ငါ့နှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ်ကို နားလည်ခြင်းငှာ ဧကန်အမှန် တတ်စွမ်းနိုင်သလော။ ငါ၏ စစ်မှန်သော ခံစားချက်များကို အရေးထားခြင်းငှာ ဧကန်အမှန်ပင် တတ်စွမ်းနိုင်သလော။

သင်တို့သည် ကမ္ဘာမြေကြီးပေါ်တွင် ကောင်းကင်ဘုံရှိ ကောင်းချီးမင်္ဂလာများနှင့် ဆင်တူသော ငါ၏ ကောင်းချီးမင်္ဂလာများကို ခံစားရန် လိုလားသလော။ ငါ့ကို နားလည်ခြင်း၊ ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ့ကို သိကျွမ်းခြင်းအား မွေ့လျော်ခြင်းတို့ကို သင်တို့ အသက်တာထဲရှိ အဖိုးအထိုက်ဆုံးနှင့် အဓိပ္ပာယ် အရှိဆုံးသော အရာများအဖြစ် တန်ဖိုးထားခြင်းငှာ လိုလားသလော။ သင်တို့သည် မိမိတို့၏ တက်လမ်းများအတွက် တွေးတောခြင်းမရှိဘဲနှင့် ငါ့အား လုံးလုံးလျားလျား ကျိုးနွံနာခံနိုင်ခြင်းငှာ ဧကန်အမှန်ပင် တတ်နိုင်သလော။ သင်တို့သည် သိုးတစ်ကောင်ကဲ့သို့ ကွပ်မျက်ခြင်းကို ခံရန်နှင့် ငါ၏ ဦးဆောင်ခြင်းကို ခံရန် မိမိတို့ကိုယ်မိမိတို့ ဧကန်အမှန် ခွင့်ပြုနိုင်သလော။ ထိုကဲ့သို့သော အရာများကို စွမ်းဆောင်ရရှိခြင်းငှာ တတ်စွမ်းနိုင်သောသူ သင်တို့အထဲတွင် တစ်စုံတစ်ဦးမျှ ရှိသလော။ ငါ၏ လက်ခံခြင်းကို ခံရသောသူများနှင့် ငါ၏ ကတိတော်များကို လက်ခံရရှိသောသူများသည် ငါ၏ ကောင်းချီးမင်္ဂလာများကို ရသောသူများ ဖြစ်နိုင်သလော။ ဤနှုတ်ကပတ်တော်များမှ သင်တို့သည် တစ်စုံတစ်ရာကို သဘောပေါက် နားလည်ပြီးပြီလော။ အကယ်၍ ငါသည် သင်တို့ကို စမ်းသပ်ပါက၊ သင်တို့သည် ငါပြုသမျှ အမှန်တကယ် ခံနိုင်ကြမည်လော၊ ထို့အပြင် ဤစမ်းသပ်မှုများ၏ အလယ်တွင် ငါ၏ ရည်ရွယ်ချက်များကို ရှာဖွေနိုင်ပြီး ငါ၏ နှလုံးသားကို သိမှတ်နားလည်နိုင်ကြမည်လော။ စိတ်ကိုထိမိစေသော စကားများစွာကို သင်ပြောနိုင်ခြင်းငှာ

သို့မဟုတ် စိတ်လှုပ်ရှားဖွယ် အဖြစ်အပျက်များစွာကို ပြောဆိုနိုင်ခြင်းငှာ ငါဆန္ဒမရှိ၊ ယင်းအစား သင်သည် ငါ့အား ကောင်းမွန်စွာ သက်သေခံနိုင်ရန်နှင့် လက်တွေ့အရှိတရားထဲသို့ အပြည့်အဝနှင့် နက်ရှိုင်းစွာ ဝင်ရောက်နိုင်ရန်သာ ငါတောင်းဆိုသည်။ အကယ်၍ ငါသည် တိုက်ရိုက် မပြောဆိုခဲ့ပါက၊ သင့်ပတ်လည်တွင် ရှိသည့် အရာခပ်သိမ်းတို့ကို ကျော်ခိုင်းကာ ငါ၏ အသုံးကိုခံရရန် မိမိကိုယ်မိမိ ခွင့်ပြု နိုင်မည်လော။ ဤအရာမှာ ငါတောင်းဆိုသော လက်တွေ့အရှိတရားပင် မဟုတ်သလော။ ငါ၏ နှုတ်ကပတ်တော်များထဲရှိ အနက်အဓိပ္ပာယ်ကို မည်သူသည် နားလည်သဘောပေါက်ခြင်းငှာ တတ်စွမ်းနိုင်သနည်း။ သို့သော် သင်တို့သည် ဒွိဟစိတ်များနှင့် ဝန်လေးပင်ပန်းမနေကြတော့ရန်၊ သင်တို့၏ ဝင်ရောက်မှုတွင် လက်ဦးမှု ရယူကြရန်နှင့် ငါ့နှုတ်ကပတ်တော်များ၏ အနှစ်သာရများကို နားလည်သဘောပေါက်ရန် ငါတောင်းဆိုသည်။ ဤအရာသည် ငါ၏ နှုတ်ကပတ်တော်များကို နားလည်မှုလွဲခြင်းမှနှင့် ငါ၏ ဆိုလိုရင်းကို မသဲကွဲခြင်းတို့ကြောင့် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်မိခြင်းမှ တားဆီးပေးလိမ့်မည်။ ငါ၏ နှုတ်ကပတ်တော်များထဲရှိ သင်တို့အတွက် ငါ၏ ရည်ရွယ်ချက်များကို သင်တို့ နားလည်သဘောပေါက်ရန် ငါမျှော်လင့်သည်။ သင်တို့၏ ကိုယ်ပိုင် တက်လမ်းများကို စဉ်းစားခြင်း မပြုတော့ဘဲ၊ အရာအားလုံး၌ ဘုရားသခင်၏ စီစဉ်ညွှန်ကြားခြင်းများကိုနာခံရန်အလို့ငှာ ငါ၏ ရှေ့မှောက်တွင် သင်စိတ်ပိုင်းဖြတ်ခဲ့သည့်အတိုင်း လုပ်ဆောင်လော့။ ငါ၏ အိမ်ထောင်စုအတွင်း ရပ်တည်သော သူအားလုံးသည် ၎င်းတို့တတ်နိုင်သမျှ လုပ်ဆောင်သင့်သည်၊ ကမ္ဘာမြေကြီးပေါ် ရှိ ငါ့အမှု၏ နောက်ဆုံးသော အပိုင်းကဏ္ဍထံ သင်သည် မိမိ၏ အကောင်းဆုံးကို ဆက်ကပ်သင့်သည်။ ထိုကဲ့သို့သော အရာများကို လက်တွေ့လုပ်ဆောင်ရန် သင်သည် ဧကန်အမှန်ပင် လိုလားသလော။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

# အခန်း ၅

ငါ့ဝိညာဉ်၏ အသံသည် ငါ၏ စိတ်သဘောထားတစ်ခုလုံး၏ ဖော်ပြချက်တစ်ခု ဖြစ်သည်။ သင်တို့ နားလည်သလော။ ဤအချက်ကို မရှင်းလင်းခြင်းသည် ငါ့ကို တိုက်ရိုက် ဆန့်ကျင်သည့်သဘော သက်ရောက်ပေမည်။ ဤတွင်ရှိသော အရေးပါမှုကို သင်တို့ စစ်မှန်စွာ သိမြင်ပြီးပြီလော။ ငါသည် သင်တို့အပေါ်သို့ မည်မျှအားထုတ်မှု၊ မည်မျှ အားအင်

အသုံးပြုသည်ကို သင်တို့ အမှန်တကယ် သိပါသလော။ ငါ့ရှေ့မှောက်တွင် သင်တို့လုပ်ခဲ့သောအရာနှင့် သင်တို့ မည်သို့ ပြုမူပြီးဖြစ်သည်ကို အမှန်တကယ် ဖော်ထုတ်ဝံ့ပါသလော။ ငါ့ရှေ့တွင် သင်တို့ကိုယ်သင်တို့ ငါ၏လူများဟု ခေါ်ဆိုဝံ့သလော- သင်တို့သည် အသိစိတ်ရှိဖို့ မဆိုထားနှင့်၊ အရှက်တရားပင် မရှိပေ။ သင်တို့ကဲ့သို့သော လူများသည် ငါ၏အိမ်မှ အနှေးနှင့်အမြန် နှင်ထုတ်ခံရပေလိမ့်မည်။ သင်သည် ငါ့အတွက် သက်သေခံ ရပ်တည်ပြီးဖြစ်သည်ဟု ယူဆရင်း ငါ့အား သင် မလှည့်ဖြားနှင့်။ ဤသည်မှာ လူ့သဘာဝက လုပ်ဆောင်နိုင်စွမ်း ရှိသော အရာတစ်ခုလော။ သင့်ရည်ရွယ်ချက်များနှင့် သင့်ရည်မှန်းချက်များမှ မည်သည့်အရာမျှ မကျန်ရှိခဲ့ပါက၊ သင်သည် အချိန်ကြာမြင့်စွာကပင် ကွဲပြားသော လမ်းတစ်ခုသို့ ထွက်သွားပြီး ဖြစ်ပေမည်။ လူသား၏ နှလုံးသားက မည်မျှ ထိန်းထားနိုင်သည်ကို ငါမသိဟု သင်ထင်သလော။ ဤအချိန်မှစ၍ အရာရာ၌ လက်တွေ့လုပ်ဆောင်ခြင်းနှင့် သက်ဆိုင်သည့် လက်တွေ့အရှိတရားထဲသို့ သင် ဝင်ရောက်ရမည်။ အတိတ်တွင် သင် လုပ်ဆောင်ခဲ့သကဲ့သို့ ရောက်တတ်ရာရာ ပြောနေရုံမျှက၊ သင့်ကို အဆင်ပြေ စေတော့မည်မဟုတ်ပေ။ အတိတ်တွင်၊ သင်တို့ အများစုသည် ငါ့အမိုးအောက်တွင် ကပ်ရပ်နေနိုင်ခဲ့ကြသည်။ ယနေ့ ခိုင်မာစွာ သင်ရပ်တည်နိုင်သည့် အချက်မှာ ငါ့နှုတ်ကပတ်တော်များ၏ ပြင်းထန်မှုကြောင့် လုံးဝဖြစ်၏။ ငါသည် အလျဉ်းသင့်သလို ရည်ရွယ်ချက်မရှိဘဲ၊ ပြောနေသည်ဟု သင်ထင်သလော။ မဖြစ်နိုင်ပေ။ အရာအားအလုံးကို ငါသည် အမြင့်မှ အောက်သို့ ငုံ့ကြည့်ပြီး အရာအားလုံးအပေါ်သို့ အမြင့်မှ အုပ်စိုးမှုကို ငါ ကျင့်သုံး၏။ ထိုနည်းတူ၊ ငါ၏ ကယ်တင်ခြင်းကို ကမ္ဘာမြေပေါ်သို့ ငါ နေရာချထားပြီးဖြစ်သည်။ လူသားများ၏ လှုပ်ရှားမှုတိုင်းနှင့် ၎င်းတို့ ပြောဆိုပြီး လုပ်ဆောင်သည့် အရာတိုင်းကို ငါ၏လျှို့ဝှက်သော နေရာမှ ငါ စောင့်ကြည့်နေခြင်း မရှိသည့် အခိုက်အတန့်ဟူ၍ လုံးဝမရှိပေ။ ငါ့အဖို့ လူသားများသည် ခန့်မှန်းရလွယ်သောသူများ ဖြစ်သည်- ငါသည် ၎င်းတို့ တစ်ဦးစီနှင့် အားလုံးကို မြင်ကာ သိ၏။ လျှို့ဝှက်သော နေရာသည် ငါ၏ဘုံဗိမာန်ဖြစ်ပြီး၊ ကောင်းကင် အမိုးတစ်ခုလုံးသည် ငါ လဲလျောင်းရာ အိပ်ယာဖြစ်သည်။ ငါသည် ဘုန်းအာနုဘော်၊ ဖြောင့်မတ်ခြင်းနှင့် တရားစီရင်ခြင်းတို့ဖြင့် ပြည့်လျှံလျက် ရှိသည့်အတွက်၊ စာတန်၏ အင်အားစုများသည် ငါ့ထံသို့မရောက်နိုင်။ ပြောမပြတတ်လောက်အောင် ဖြစ်သော နက်နဲမှုသည် ငါ့နှုတ်ကပတ်တော်များ၌ ရှိ၏။ ငါစကား ပြောနေသောအခါတွင်၊ သင်တို့၏ စိတ်ဝိညာဉ်သည် ထုံထိုင်းတွေဝေသည့် အခြေအနေတစ်ခုထဲသို့ ကျရောက်ပြီး ဖြစ်သောကြောင့်၊ သင်တို့သည် စိတ်ရှုပ်ထွေးမှုဖြင့် လွှမ်းလျက် ရေထဲသို့ ပစ်ချခံလိုက်ရသည့် ကြက်ငှက်များကဲ့သို့ ဖြစ်သွားကြသည်၊ သို့မဟုတ် မည်သည့်အရာကိုမျှ သိပုံမရဘဲ၊ ယခုပင်

ထိတ်လန့်ဖွယ် တခုကို ကြုံလိုက်ရသည့် ကလေးငယ်များကဲ့သို့ ဖြစ်သွားကြလေသည်။ လျှို့ဝှက်သော နေရာသည် ငါ့ဘုံဗိမာန်ဟု အဘယ်ကြောင့် ငါဆိုသနည်း။ ငါ့နှုတ်ကပတ်တော်များ၏ ပိုမိုနက်နဲသော အဓိပ္ပာယ်ကို သင်သိသလော။ လူသားများထဲတွင် မည်သူသည် ငါ့ကို သိနိုင်သနည်း။ မိမိတို့ကိုယ်တိုင်၏ မိခင်နှင့် ဖခင်ကို သိသကဲ့သို့ ငါ့အား မည်သူ သိနိုင်စွမ်းရှိသနည်း။ ငါ့ဘုံဗိမာန်ထဲတွင် အနားယူရင်း၊ ငါ သေချာစွာ လေ့လာ၏- ကမ္ဘာမြေပေါ် ရှိ လူများအားလုံးသည် ၎င်းတို့၏ကံကြမ္မာနှင့် ၎င်းတို့၏အနာဂတ် အတွက်သာ၊ “ကမ္ဘာလှည့် ခရီးသွားခြင်း” နှင့် သွားလိုက် ပြန်လိုက် ပြေးလွှားရင်း ပျားပန်းခပ်မျှ လှုပ်ရှားနေကြသည်။ သို့သော် တစ်ဦးတစ်ယောက်ကမျှ ငါ့နိုင်ငံတော် တည်ဆောက်ခြင်းအတွက် ချန်ထားဖို့ အားအင် မရှိကြပေ၊ အသက်ရှူဖို့ သုံးသည့် အားထုတ်မှုမျှပင် မရှိချေ။ ငါသည် လူသားများကို ဖန်ဆင်းခဲ့ပြီး ၎င်းတို့ကို အတိဒုက္ခမှ ကြိမ်ဖန်များစွာ ငါကယ်ဆယ်ပြီးဖြစ်သည်၊ သို့သော် ဤလူသားများ အားလုံးသည် ကျေးဇူးကန်းသူများ ဖြစ်ကြသည်- ယင်းတို့အထဲတွင် တစ်ဦးတစ်ယောက်ကမျှ ငါ၏ ကယ်တင်ခြင်း ဖြစ်စဉ်အားလုံးကို မရေတွက်နိုင်ပေ။ ကမ္ဘာလောကကို ဖန်ဆင်းခြင်းမှ လက်ရှိနေ့ရက်အထိ နှစ်ပေါင်းများစွာ- ရာစုနှစ်ပေါင်းများလှစွာ- ရှိပြီးဖြစ်သည်။ ငါသည် အံ့ဖွယ်နိမိတ်လက္ခဏာများစွာကို ပြုပြီးဖြစ်ကာ ငါ၏ဉာဏ်ပညာကို အကြိမ်များစွာ ထင်ရှားစေပြီးဖြစ်သည်။ သို့သော် လူတို့သည် စိတ်ဝေဒနာသည်တစ်ဦးကဲ့သို့ စိတ်မနှံ့ဖြစ်ကာ ထုံထိုင်းသကဲ့သို့၊ ငါ၏အရေးကိစ္စများကို အရေးစိုက်ခြင်းငှာ ရည်ရွယ်ချက် အနည်းငယ်မျှမရှိဘဲ၊ တစ်ခါတစ်ရံတွင်ပင် သစ်တောထဲတွင် ယမ်းခါနေသည့် သားရဲရိုင်းများကဲ့သို့ ဖြစ်ကြလေသည်။ ကြိမ်ဖန်များစွာ၊ ငါသည် လူသားများကို သေမိန့်ပေးပြီးဖြစ်ကာ ၎င်းတို့ကို သေစေရန် စီရင်ချက်ချခဲ့သော်လည်း၊ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ်သည် မည်သူအားဖြင့်မျှ မပြောင်းလဲနိုင်ပေ။ ထို့ကြောင့်၊ ငါ၏ လက်ထဲတွင် လူသားများသည် မိမိတို့ ဖက်တွယ်သည့် ဟောင်းသောအရာများကို ဆက်လက် ထုတ်ဖော်ပြကြလေသည်။ ငါ၏ အမှုအဆင့်ဆင့်ကြောင့် ဆုတ်ယုတ်သည့်၊ အကျင့်ပျက်သည့်၊ ညစ်ညူးပြီး ယုတ်ညံ့သော မိသားစုကြီး တစ်ခုထဲတွင် မွေးဖွားခဲ့ကြသည့် သင်တို့ကို ငါ တစ်ဖန် ကယ်ဆယ်ပြီးဖြစ်သည်။

ငါစီစဉ်ထားသော အမှုသည် တစ်ခဏပင် မရပ်နားဘဲ၊ ရှေ့သို့သာ အပူတပြင်း ရှေ့ဆက်မြဲရှေ့ဆက်နေသည်။ နိုင်ငံတော်ခေတ်ထဲသို့ ရွှေ့ပြောင်းပြီးနောက်၊ ပြီးလျှင် သင်တို့ကို ငါ၏လူများအဖြစ် ငါ့နိုင်ငံတော်ထဲသို့ သယ်ဆောင် သွားပြီးနောက်၊ ငါ၌ သင်တို့အပေါ် အခြား တောင်းဆိုမှုများ ရှိပေမည်။ ဆိုလိုသည်မှာ၊ ဤခေတ်ကို ငါအုပ်ချုပ်မည့် ဖွဲ့စည်းပုံ

အခြေခံဥပဒေကို သင့်ရှေ့တွင် ငါစတင်ပြဋ္ဌာန်းမည်။

သင်တို့သည် ငါ၏လူများဟု ခေါ်ဆိုခံကြရသည့်အတွက်၊ သင်တို့အနေဖြင့် ငါ့နာမကို ဘုန်းထင်ရှားစေနိုင်သင့်ပေသည်။ ဆိုလိုသည်မှာ စမ်းသပ်မှုအလယ်တွင် သက်သေခံရပ်တည်ခြင်း ဖြစ်သည်။ လူတစ်ဦးသည် ငါ့အား မြှောက်ထိုးပင့်ကော် လုပ်ဖို့နှင့် ငါ့ထံမှ သမ္မာတရားကို ဖုံးကွယ်ထားရန် ကြိုးပမ်းပါက သို့မဟုတ် ငါ့နောက်ကွယ်တွင် သိက္ခာမဲ့သော ဆက်ဆံရေးများတွင် ပါဝင်ပတ်သက်ပါက၊ ထိုသို့သော လူများသည် ခြွင်းချက်မရှိ မောင်းထုတ်ခံရမည် ဖြစ်ကာ ၎င်းတို့အား ငါကိုင်တွယ်ဖြေရှင်းသည်ကို စောင့်ဆိုင်းရန် ငါ့အိမ်မှ မောင်းထုတ်ခံရမည်၊ ပြီးလျှင် ဖယ်ရှားခံရလိမ့်မည်။ အတိတ်တွင် ငါ့အပေါ် သစ္စာမရှိသကဲ့သို့ သားသမီးတို့၏ ချစ်ခင်မှုမရှိသူ၊ ပြီးလျှင် ယနေ့တွင် ငါ့အား ပွင့်ပွင့်လင်းလင်း ဝေဖန်ရန် တစ်ဖန် ထကြွ သူတို့သည်လည်း ငါ့အိမ်မှ မောင်းထုတ်ခံရလိမ့်မည်။ ငါ၏လူများဖြစ်သော သူတို့သည် ငါ၏ဝန်ထုပ်များကို စဉ်ဆက်မပြတ် စာနာထောက်ထားမှု ပြရမည်ဖြစ်သည့်အပြင် ငါ၏နှုတ်ကပတ်တော်များကို သိရှိဖို့ ကြိုးစားရမည်ဖြစ်သည်။ ဤသို့သော လူများကိုသာ ငါသည် ဉာဏ်ပွင့်လင်းစေမည် ဖြစ်ပြီး၊ ၎င်းတို့သည် ပြစ်တင်ဆုံးမမှုကို မည်သည့်အခါတွင်မျှ မရင်ဆိုင်ရဘဲ၊ ငါ၏လမ်းပြမှုနှင့် ဉာဏ်ပွင့်လင်းစေခြင်း အောက်တွင် ဧကန်မုချ အသက်ရှင်ကြလိမ့်မည်။ ငါ၏ဝန်ထုပ်များကို စာနာထောက်ထားမှု မပြနိုင်ဘဲလျက်၊ မိမိတို့ကိုယ်တိုင်၏ အနာဂတ်များအတွက် စီစဉ်ခြင်းအပေါ် အာရုံစိုက်သူများ- ဆိုလိုသည်မှာ၊ ၎င်းတို့၏ လုပ်ဆောင်ချက်များကို ငါ၏ စိတ်နှလုံးကို ကျေနပ်စေရန် ရည်ရွယ်ခြင်း မရှိဘဲ၊ ယင်းထက် ပေးစာကမ်းစာများကို ရှာဖွေသူများ- ၎င်းတို့သည့် မွေးဖွားခဲ့သည့်အချိန်မှ ငါ၏ဝန်ထုပ်များအပေါ် စာနာထောက်ထားမှု ပြဖို့ဆိုသည်မှာ မည်သည့်အရာ ဆိုသည်ကို ဘာမျှမသိရှိကြလေသောကြောင့်၊ ဤသူတောင်းစားကဲ့သို့သော သတ္တဝါများကို အသုံးပြုဖို့ ငါ လုံးဝ ငြင်းပယ်လေသည်။ ၎င်းတို့သည် ပုံမှန်အသိစိတ်မဲ့သော လူများဖြစ်သည်။ ထိုသို့သောလူများသည် ဦးနှောက် "အာဟာရချို့တဲ့မှု" ကို ခံစားရပြီး "အာဟာရ" တချို့အတွက် အိမ်ပြန်ရန်လိုအပ်သူများ ဖြစ်သည်။ ထိုသို့သော လူများကို ငါမသုံးပေ။ ငါ၏လူများအလယ်၊ အဆုံးတွင် ငါ့ကိုသိကျွမ်းခြင်းသည် အစာစားခြင်းကဲ့သို့ ကျွမ်းကျင်သောလက်ဖြင့် သင် သက်သောင့်သက်သာ လုပ်လေ့ ရှိသော အရာတစ်ခုကဲ့သို့ တရင်းတနှီး ဖြစ်လာဖို့အလို့ငှာ အယောက်တိုင်းသည် တစ်ခဏပင် လုံးဝ မေ့လျော့ခြင်း မရှိသောအရာတစ်ခုဖြစ်သည့် စားခြင်း၊ ဝတ်ခြင်းနှင့် အိပ်ခြင်းကဲ့သို့ ငါ့အား သိကျွမ်းခြင်းကို အဆုံးထိ ကျေပွန်ရမည့် တာဝန်ဝတ္တရားတစ်ခုအဖြစ် အလေးထားရန် လိုအပ် ပေလိမ့်မည်။ ငါပြောဆိုသော

နှုတ်ကပတ်တော်များ အတွက်မူ၊ တစ်ခုစီတိုင်းကို အဆုံးစွန် ယုံကြည်မှုနှင့် ခံယူရမည်ဖြစ်ပြီး၊ အပြည့်အဝ စွဲမှတ်ရမည်။ ဝတ်ကျေတန်းကျေ တစ်ဝက်တစ်ပျက် ဆောင်ရွက်ခြင်း ရှိ၍ မဖြစ်ပေ။ ငါ၏နှုတ်ကပတ်တော်များကို အာရုံမစိုက်သောသူ မည်သူမဆိုသည် ငါ့အား တိုက်ရိုက်ခုခံနေခြင်းအဖြစ် မှတ်ယူခံ ရလိမ့်မည်။ ငါ့နှုတ်ကပတ်တော်များကို စားသုံးခြင်း မပြုသောသူ မည်သူမဆို သို့မဟုတ် ယင်းတို့ကို သိရှိရန် မကြိုးစားသောသူ မည်သူမဆိုသည် ငါ့ကို အာရုံစိုက်နေခြင်း မရှိသကဲ့သို့ မှတ်ယူခံရမည်ဖြစ်ပြီး ငါ၏အိမ်တံခါးပြင်ပသို့ တိုက်ရိုက် ဖယ်ရှားခံရလိမ်မည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ယခင်က ငါပြောခဲ့သည့်အတိုင်း၊ ငါအလိုရှိသည်မှာ အရေအတွက်များပြားသော လူများမဟုတ်ဘဲ၊ ထူးကဲသာလွန်မှု ဖြစ်သည်။ လူတစ်ရာတွင် ငါ့နှုတ်ကပတ်တော်များမှတစ်ဆင့် ငါ့ကို သိနိုင်သူ တစ်ဦးသာရှိပါက၊ ဤသူတစ်ဦးတည်းကို အသိဉာဏ် ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်းတို့အပေါ် အာရုံစိုက်ဖို့ အခြားသူအားလုံးကို ငါ လိုလိုလားလား စွန့်ပယ်မည် ဖြစ်သည်။ ဤအရာမှ အရေအတွက်များခြင်း တစ်ခုတည်းက ငါ့ကို ထင်ရှားစေနိုင်ပြီး ငါ့အားဖြင့် အသက်ရှင် နေထိုင်နိုင်သည်ဆိုသည်မှာ သေချာပေါက် မမှန်ကန်သည်ကို သင်တို့ တွေ့နိုင်ပေသည်။ ငါအလိုရှိသည်မှာ (အစေ့အနှံများ မပြည့်ဝသည့်တိုင်) ဂျုံစပါးဖြစ်ပြီး (အစေ့အနှံများမှာ အထင်ကြီးစဖွယ် ပြည့်ဝချိန်တွင်ပင်) တောပင်များ မဟုတ်ပေ။ ရှာဖွေခြင်းကို အရေးမထားဘဲ၊ ယင်းအစား လျှော့ရဲသည့် ပုံစံဖြင့် ပြုမူသူများအနေနှင့်မူ၊ မိမိတို့ သဘောအလျောက် ထွက်ခွာသွားသင့်သည်။ ၎င်းတို့သည် ငါ့နာမကို ဆက်လက် ဂုဏ်အသရေပျက်စေမည်စိုး၍၊ ၎င်းတို့ကို ငါနောက်ထပ် မမြင်လိုပေ။ ငါ၏လူများကို ငါတောင်းဆိုသည့်အရာနှင့် စပ်လျဉ်း၍၊ ဤပြဋ္ဌာန်းချက်များတွင် ယခု ငါရပ်ထားမည် ဖြစ်ပြီး၊ အခြေအနေများ ပြောင်းလဲပုံပေါ် မူတည်ပြီး နောက်ထပ် အရေးယူမှုများ ပြုလုပ်ရန် စောင့်ဆိုင်းမည်ဖြစ်သည်။

လွန်ခဲ့သည့် နေ့ရက်များတွင်၊ လူအများစုက ငါသည် ဉာဏ်ပညာနှင့်သက်ဆိုင်သည့် ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်၊ လူသားများ၏ စိတ်နှလုံးထဲထိ နက်နက်ရှိုင်းရှိုင်း မြင်သည့် တကယ့် ဘုရားသခင်ဖြစ်သည်ဟု ထင်ခဲ့ကြသည်။ သို့သော် ဤသည်မှာ အပေါ်ယံအပြောသာ ဖြစ်သည်။ လူသားများသည် ငါ့အား အမှန်တကယ် သိရှိခဲ့ကြပြီးဖြစ်ပါက၊ အလျင်အမြန် ကောက်ချက်များ ချဝံ့မည်မဟုတ်ဘဲ၊ ယင်းအစား ငါ့နှုတ်ကပတ်တော်များမှတစ်ဆင့် ငါ့အားသိရန် ကြိုးစားမြဲကြိုးစားနေကြပေမည်။ ငါ၏ လုပ်ဆောင်ချက်များကို ၎င်းတို့ အမှန်တကယ် တွေ့မြင်သည့် အဆင့်သို့ ရောက်ရှိခဲ့ပြီးသည့်အခါမှသာ ငါ့ကို အမြော်အမြင် ရှိပြီး အံ့ဖွယ်ဖြစ်သောသူဟု ခေါ်ဆိုဖို့ ထိုက်တန်ကြပေမည်။ ငါနှင့်သက်ဆိုင်သည့် သင်တို့၏ အသိပညာသည် မလေးနက်လှပေ။ ခေတ်ကာလများ တစ်လျှောက်လုံးတွင်၊

များစွာသောလူတို့သည် ငါ့အား နှစ်ပေါင်းများစွာ အစေခံကြပြီး ဖြစ်ကာ ငါ၏ လုပ်ဆောင်ချက်များကို မြင်ကြပြီးနောက်၊ ငါနှင့်သက်ဆိုင်၍ တစ်စုံတစ်ရာကို စစ်မှန်စွာ သိရှိလာကြသည်။ ဤအကြောင်းကြောင့်၊ ၎င်းတို့သည် ငါ့ခြေရာများကို ရှာဖွေရန် ခက်ခဲလှသောကြောင့် ငါ့အား ဆန့်ကျင်ရန် ရည်ရွယ်ချက် အနည်းငယ်မျှ သိုထားဝံ့ခြင်းမရှိဘဲ၊ ငါ့အပေါ် ကျိုးနွံနာခံသည့် စိတ်နှလုံးတစ်ခု အမြဲ ရှိလေ့ရှိခဲ့ကြသည်။ ဤလူများ အလယ်တွင် ငါ၏ လမ်းပြမှုကင်းမဲ့ပါက၊ ၎င်းတို့သည် အလောတကြီး လုပ်ဆောင်ဝံ့ကြမည်မဟုတ်ပေ။ ထို့ကြောင့်၊ နှစ်ပေါင်းများစွာ အတွေ့အကြုံကို ရှင်သန်ဖြတ်သန်းပြီးသည့် နောက်တွင်၊ ၎င်းတို့သည် ငါ့ကို အမြော်အမြင်ရှိသူ၊ အံ့ဖွယ်ဖြစ်ပြီး တိုင်ပင်ဘက်အဖြစ်၊ ငါ့နှုတ်ကပတ်တော်များသည် အသွားနှစ်ဘက်ပါသော ဓားကဲ့သို့ဖြစ်သည်၊ ငါ၏ လုပ်ဆောင်ချက်တို့သည် ကြီးမြတ်ပြီး အလွန်အံ့အားသင့်ဖွယ်ဖြစ်ကာ အံ့သြဖွယ်ဖြစ်သည်၊ ငါသည် ဘုန်းအာနုဘော်ဖြင့် ခြုံလွှမ်းထားသည်၊ ငါ၏ ဉာဏ်ပညာသည် မိုးမျက်နှာကြက်နှင့် အခြား ထိုးထွင်းသိမြင်မှုတို့ထက် မြင့်မားသည်ဟု ခေါ်ဆိုရင်း၊ ငါနှင့် ပတ်သက်သည့် အသိပညာ အစိတ်အပိုင်းတစ်ခုကို နောက်ဆုံးတွင် ခြုံငုံ၍ ကောက်ချက်ချ ခဲ့ကြလေသည်။ သို့သော် ယနေ့တွင် ငါနှင့်ပတ်သက်သည့် သင်တို့၏ အသိပညာသည် ၎င်းတို့ခင်းထားသော အုတ်မြစ်အပေါ် အခြေပြုရုံမျှ ပြုထားလေသည်၊ ထို့ကြောင့် သင်တို့ အများစုသည်- ကြက်တူရွေးများကဲ့သို့- ၎င်းတို့ပြောဆိုခဲ့သော နှုတ်ကပတ်တော်များကို ရေရွတ်နေခြင်းသာ ဖြစ်သည်။ သင်တို့ကို ပြစ်တင်ဆုံးမမှု များလှစွာ ငါ သက်ညှာခဲ့သည်မှာ သင်တို့ ငါ့ကိုသိရှိပုံသည် မလေးနက်လှသကဲ့သို့၊ သင်တို့၏ "ပညာရေး" သည် ညံ့ဖျင်းလှသည်ကို ငါထည့်သွင်း စဉ်းစားသောကြောင့်သာ ဖြစ်သည်။ သို့သော်ငြားလည်း၊ သင်တို့အများစုသည် သင်တို့ကိုယ်သင်တို့ မသိကြသေးပေ၊ သို့မဟုတ် သင်တို့၏ လုပ်ဆောင်မှုများတွင် ငါ၏အလိုကို ဖြည့်ဆည်းဖို့ ဆန္ဒပြင်းပြနှင့်ကြပြီးဖြစ်ကာ၊ ဤအကြောင်းကြောင့်၊ တရားစီရင်ခြင်းမှ လွတ်ကင်းကြပြီး ဖြစ်သည်ဟု တွေးထင်ကြလေသည်၊ သို့မဟုတ် လူ့ဇာတိခံယူပြီးနောက်၊ ငါသည် လူသားမျိုးနွယ်၏ လုပ်ရပ်များကို လုံးဝ မသိတော့ဘဲ၊ ဤအကြောင်းကြောင့် သင်တို့ ပြစ်တင်ဆုံးမမှုမှလည်း လွတ်ကင်းခဲ့သည်ဟု တွေးထင်ကြသည်၊ သို့မဟုတ် သင်တို့ ယုံကြည်သော ဘုရားသခင်သည် စကြဝဠာ၏ ကျယ်ပြန့်သော နေရာများတွင် မတည်ရှိဟု တွေးထင်ကြပြီး၊ ထို့ကြောင့် ဘုရားသခင်ကို ယုံကြည်ခြင်းအား အလဟဿဖြစ်မည့် အချိန်ကို အပျင်းပြေကုန်လွန်စေခြင်း နည်းလမ်း တစ်ခုအဖြစ် အသုံးပြုရင်း၊ ဘုရားသခင်အား သိကျွမ်းခြင်းကို ဖြည့်ဆည်းရမည့် တာဝန်အဖြစ် သင်တို့၏ နှလုံးသားထဲတွင် သိမ်းထားရမည့် အရာတစ်ခုအစား သင်တို့၏ အားလပ်ချိန်တွင် လုပ်ဆောင်ရမည့် ငြီးငွေ့ဖွယ်ကောင်းသော

အလုပ်တစ်ခုအဖြစ် ချောင်ထိုးထားကြသည်။ သင်တို့၏ အရည်အချင်းများ၊ ဆင်ခြင်တုံတရားနှင့် ထိုးထွင်းအမြင်များ ကင်းမဲ့မှုကို ငါမသနားခဲ့ပါက၊ သင်တို့အားလုံးသည် တည်ရှိခြင်းမှ ဖယ်ရှားခံရလျက်၊ ငါ၏ ပြစ်တင်ဆုံးမမှု အလယ်တွင် သေဆုံးကြမည်ဖြစ်သည်။ သို့သော်၊ ကမ္ဘာမြေကြီးပေါ်တွင် ငါ၏ အမှု ပြီးစီးသည်အထိ လူသားမျိုးနွယ်အပေါ် ငါ ဆက်လက်၍သက်ညှာဦးမည်။ ဤသည်မှာ သင်တို့အားလုံး သိရမည့်အရာဖြစ်ပြီး၊ သင်တို့ အားလုံးသည် အကောင်း နှင့် အဆိုးတို့ကို မရှင်းမလင်း ဖြစ်ခြင်းကို ရပ်တန့်ရမည် ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

# အခန်း ၆

လူများအားလုံးသည် ငါ၏ မျက်မှောက်၌ ငါ့အား စိတ်ကျေနပ်စေနိုင်ရန်အလို့ငှာ ဝိညာဉ်တော် အရေးကိစ္စများကို ထိုးထွင်းသိမြင်လော့၊ ငါ၏နှုတ်ကပတ်တော်များကို အာရုံစိုက်လော့၊ ပြီးလျှင် ငါ၏ဝိညာဉ်တော်နှင့် ငါ၏ဖြစ်ခြင်း၊ ငါ၏နှုတ်ကပတ်တော်နှင့် ငါ၏ဖြစ်ခြင်းတို့ကို ခွဲခြမ်း၍ မရနိုင်သည့် တစ်လုံးတစ်ဝတည်းအဖြစ် အမှန်တကယ် သဘောထားနိုင်စွမ်းရှိလော့၊ လူသားအလယ် ချို့မြိန်မှု နှင့် ခါးသီးမှုတို့ကို မြည်းစမ်းရင်း၊ ငါသည် ခြေချစရာ အားလုံးအပေါ် ခြေချပြီးဖြစ်သည်၊ ကျယ်ပြောသော စကြဝဠာတစ်ခွင်လုံးကို ငါသည် ကြည့်ခဲ့၊ ပြီးလျှင် လူတို့အကြား ငါလျှောက်ခဲ့ပြီးဖြစ်သော်လည်း၊ လူသားသည် ငါ့ကို မည်သည့်အခါမျှ အမှန်တကယ် မသိကျွမ်းခဲ့ပေ၊ ငါ၏ လှည့်လည်သွားလာခြင်းများ အတောအတွင်းတွင် မည်သည့်အခါမျှ ငါ့ကို အလေးထားခြင်းလည်း မရှိခဲ့ပေ။ ငါသည် တိတ်ဆိတ်နေခဲ့ပြီး သဘာဝလွန်သော လုပ်ဆောင်ချက်များကို မည်သည့်အခါမျှ မဆောင်ရွက်ခဲ့သောကြောင့်၊ မည်သူတစ်ဦးကမျှ ငါ့ကို အမှန် တွေ့မြင်ဖူးခြင်း မရှိချေ။ မျက်မှောက်ကာလသည် ယခင်ကကဲ့သို့ မဟုတ်ပေ။ ဖန်ဆင်းခြင်း အချိန်ကတည်းက မည်သည့်အခါမျှ မမြင်ဖူးသည့် အမှုအရာများကို ငါပြုမည်၊ ခေတ်ကာလများ တစ်လျှောက်တွင် လုံးဝမကြားဖူးသော နှုတ်ကပတ်တော်များကို ငါပြောကြားမည်၊ အဘယ်ကြောင့်ဆိုသော် လူများအားလုံးသည် ငါ့ကို ဇာတိပကတိ၌ သိကျွမ်းလာစေရန် ငါတောင်းဆိုသောကြောင့်ဖြစ်သည်။ ဤသည်တို့မှာ ငါ၏စီမံခန့်ခွဲမှု၏ အဆင့်များဖြစ်ကြသည်၊ သို့သော် လူတို့သည် ရေးရေးမျှပင် မသိကြပေ။ ငါသည် ထိုအရာများကို ထင်ထင်ရှားရှား ပြောဆိုသော်လည်း၊ လူများသည် သူ၏စိတ်ထဲတွင် ရှုပ်ထွေးလျက်ပင် ရှိသေးသည်။ ထိုအရာတို့ကို ၎င်းတို့အား ရှင်းလင်းပြောဆိုရန်

ခက်ခဲလေသည်။ ဤသည်မှာ လူသား၏ နိမ့်ကျမှု မဟုတ်သလော။ ယင်းမှာ ငါကုစားလိုသောအရာ အတိအကျပင် မဟုတ်သလော။ နှစ်များစွာကြာအောင် ငါသည် လူသား၌ မည်သည့်အရာမျှ လုပ်ဆောင်ခြင်း မရှိခဲ့၊ နှစ်များစွာကြာအောင် ငါ၏လူ့ဇာတိနှင့် တိုက်ရိုက် ထိတွေ့မှုရှိသော်ငြားလည်း၊ ငါ၏ ဘုရားသဘောသဘာဝမှ တိုက်ရိုက် ထုတ်ပြန်သော အသံကို မည်သူတစ်ဦးမျှ မကြားဖူးကြပေ။ ထိုအကြောင်းကြောင့် ဤအရာက ခေတ်ကာလတစ်လျှောက် ငါ့ကို လူများ၏ ချစ်ခြင်းအား ထိခိုက်ခြင်း မရှိသော်ငြားလည်း၊ ငါနှင့် သက်ဆိုင်သည့် အသိပညာကိုမူ မလွဲမရှောင်သာ ချို့တဲ့ကြလေသည်။ သို့သော် လက်ရှိအချိန်တွင် နားလည်ရခက်ခဲပြီး အတိုင်းအတာမရှိသော အံ့ဩဖွယ်ကောင်းသည့် အမှုကို သင်တို့၌ ငါ လုပ်ဆောင်ပြီးသကဲ့သို့၊ များစွာသော နှုတ်ကပတ်တော်များကိုလည်း ငါ ပြောကြားပြီးဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့သော အခြေအနေများအောက်တွင်ပင်၊ ငါ၏ မျက်မှောက်၌ ငါ့ကို တိုက်ရိုက် ခုခံသောသူများစွာ ရှိနေဆဲဖြစ်လေသည်။ ယခု သင့်ကို သာဓကအနည်းငယ် ငါပေးမည်။

ငါ၏အလိုကို နားလည်ဖို့နှင့် အသက်၏ ခံစားမှုတစ်ခုကို ရရှိဖို့ ကြိုးစားလျက်၊ နေ့စဉ် သင်သည် မရေရာသော ဘုရားသခင်ထံ ဆုတောင်းသည်။ သို့သော်လည်း ငါ၏နှုတ်ကပတ်တော်များကို ရင်ဆိုင် ရသည့်အခါ၊ သင်သည် ယင်းတို့ကို ကွဲပြားစွာ ရှုမြင်သည်။ သင်သည် ငါ၏နှုတ်ကပတ်တော်များနှင့် ဝိညာဉ်တော်တို့ကို တစ်လုံးတစ်ဝတည်း အဖြစ် သဘောထားသော်လည်း၊ ငါ၏ ဇာတိအဖြစ်တော်သည် ထိုကဲ့သို့သော နှုတ်ကပတ်တော်များကို မြွက်ဆိုခြင်းငှာ အခြေခံအားဖြင့် မတတ်စွမ်းနိုင်ဟုလည်းကောင်း၊ ယင်းတို့သည် ငါ၏ဝိညာဉ်တော်အားဖြင့် ညွှန်ကြားခြင်း ခံရသည်ဟုလည်းကောင်း ယုံကြည်လျက်၊ ငါ၏ ဖြစ်ခြင်းကို ဘေးသို့ ကန်ထုတ်လေသည်။ ထိုကဲ့သို့သော အခြေအနေ၌ သင်၏ အသိပညာသည် အဘယ်နည်း။ သင်သည် ငါ၏ နှုတ်ကပတ်တော်များကို အတိုင်းအတာ တစ်ခုအထိ ယုံကြည်သော်လည်း၊ ငါ့ကိုယ်ငါ ယူတင်ဝတ်ဆောင်သော လူ့ဇာတိနှင့် ပတ်သက်၍ ပြင်းထန်မှု အမျိုးမျိုးရှိသည့် အယူအဆများ သင်၌ရှိလေသည်။ ယင်းကို သင်သည် နေ့စဉ် လေ့လာလျက် အချိန်ကုန်ဆုံးပြီး၊ “အဘယ်ကြောင့် ကိုယ်တော်သည် အမှုအရာများကို ထိုနည်းလမ်းဖြင့် လုပ်ဆောင်သနည်း။ ယင်းတို့သည် ဘုရားသခင်ထံတော်မှ လာခြင်း အမှန်တကယ် ဖြစ်နိုင်သလော။ မဖြစ်နိုင်။ သူသည် ကျွန်ုပ်နှင့် သိပ်မကွာခြားပေ။ သူသည် သာမန်ဖြစ်၍ ရိုးရိုးတန်းတန်း ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။” ဟု ပြောဆိုသည်။ ထိုကဲ့သို့သော အခြေအနေများကို မည်သို့ ရှင်းပြနိုင်မည်နည်း။

သင်တို့အထဲတွင် အဘယ်သူသည် အထက်တွင် ဖော်ပြသွားသည့်အရာများကို မပိုင်ဆိုင်သနည်း။ ထိုကဲ့သို့သောအရာများကို မပိုင်ဆိုင်သော သူများ ရှိသလော။ ယင်းတို့သည် သင်မည်သည့်အခါမျှ လက်လွှတ်ဖို့ မလိုလားဘဲ၊ ပုဂ္ဂလပိုင်ဆိုင်မှု၏ အပိုင်းအစများကဲ့သို့ ဆုပ်ကိုင်ထားသော အရာများ ဖြစ်ပုံရပေသည်။ သင်သည် စိတ်ခံစားချက်အရ လှုံ့လပြုခြင်းကို အားထုတ်ရန် သာ၍နည်းပါးလေသည်၊ ယင်းအစား ငါကိုယ်တိုင် ယင်းကို လုပ်ဆောင်ရန် သင်စောင့်ဆိုင်းလေသည်။ ကေန်အမှန်ဆိုရလျှင်၊ ရှာဖွေခြင်း မရှိသော သူတစ်ဦးမျှ ငါ့ကို အလွယ်တကူ သိကျွမ်းလာခြင်း မရှိပေ။ ဤသည်တို့သည် သင်တို့အား ငါသွန်သင်သည့် ပေါ့တန်သော နှုတ်ကပတ်တော်များ မဟုတ်ချေ။ အကြောင်းမှာ သင်တို့ကိုးကားနိုင်ရန်အတွက် နောက်ထပ် ရှုထောင့်မှနေ၍ နောက်ထပ် သာဓကတစ်ခုကို သင့်အား ငါပေးနိုင်သောကြောင့် ဖြစ်သည်။

ပေတရုနှင့် ပတ်သက်၍ ဖော်ပြသည့်အခါ၊ လူများက သူနှင့် ပတ်သက်၍ အဆုံးမရှိသော အကောင်းပြောစရာများ ရှိကြသည်။ ၎င်းတို့သည် ဘုရားသခင်ကို သူစွန့်လွှတ်ခဲ့သည့် အကြိမ်သုံးကြိမ်၊ စာတန်ကို အစေခံခြင်းအားဖြင့် ဘုရားသခင်အား မည်သို့ စမ်းသပ်သည်နှင့် အဆုံး၌ ဘုရားသခင်အတွက် ဇောက်ထိုး အနေအထားနှင့် မည်သို့ ကားစင်တင်ခံရသည် အစရှိသည်တို့ကို ချက်ချင်း ပြန်သတိရကြလေသည်။ ယခုအခါ ပေတရုသည် ငါနှင့် သူ၏ နောက်ဆုံးနိဂုံး မည်သည့်အရာဖြစ်သည်တို့ကို မည်ကဲ့သို့ သိလာပုံကို သင်တို့အား ဖော်ပြခြင်းအပေါ် ငါ အာရုံစိုက်မည်။ ပေတရုသည် အရည်အချင်းကောင်းရှိသော်လည်း၊ သူ၏အခြေအနေများသည် ပေါလု၏ အခြေအနေများကဲ့သို့ မဟုတ်ချေ။ ပေတရု၏ မိဘများသည် ငါ့ကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်၊ ထိုမိဘများသည် စာတန်၏ ပိုင်ဆိုင်ခြင်းခံ ထားရသော မကောင်းဆိုးဝါးများ ဖြစ်ပြီး၊ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် ပေတရုအား ဘုရားသခင်နှင့် ပတ်သက်၍ တစ်စုံတစ်ခုမျှ မသွန်သင်ပေးခဲ့ကြပေ။ ပေတရုသည် ထက်မြက်သည်၊ ပါရမီရှိပြီး ငယ်စဉ်ဘဝကတည်းက သူ့မိဘများ၏ အလွန်ချစ်ခြင်းကို ခံခဲ့ရသူဖြစ်သည်။ သို့သော်လည်း အရွယ်ရောက်သူအဖြစ်၊ သူသည် ငါနှင့် သက်ဆိုင်သည့် အသိပညာကို ရှာဖွေလိုက်စားရာတွင် မည်သည့်အခါမျှ မရပ်တန့်ခဲ့သောကြောင့် သူ့မိဘများ၏ ရန်သူ ဖြစ်လာခဲ့ကာ၊ နောက်ပိုင်းတွင် သူ့မိဘများကို ကျောခိုင်းခဲ့ပေသည်။ ဤသို့ဖြစ်ရခြင်းမှာ အခြားအရာ အားလုံးထက် ပေတရုသည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့မှာ အနန္တတန်ခိုးရှင်၏ လက်တော်ထဲ၌ရှိပြီး အပြုသဘောဆောင်သော အရာခပ်သိမ်းမှာ စာတန်၏ စီမံခြင်း မပါဘဲ၊ ဘုရားသခင်ထံမှလာပြီး ကိုယ်တော်ကပင် တိုက်ရိုက်ထုတ်ပေးသည်ဟု ယုံကြည်ခဲ့သောကြောင့် ဖြစ်သည်။ ပေတရု၏ မိဘများ၏ ဆန့်ကျင် ကွဲပြားခြားနားချက်က

သူ့အား ငါ၏ မေတ္တာကျေးဇူးတော်နှင့် သနားကရုဏာတို့နှင့် သက်ဆိုင်သည့် ပို၍ ကြီးမားသော အသိကို ပေးခဲ့သည်၊ ထိုသို့ဖြင့် ငါ့အား ရှာဖွေရန် သူ၏လိုအင်ဆန္ဒသည် သာ၍ တိုးမြင့်လာခဲ့သည်။ သူသည် ငါ၏နှုတ်ကပတ်တော်များအား စားသောက်ခြင်းကိုသာ အာရုံစိုက်ခဲ့ရုံမျှမကသည့်အပြင် ငါ၏အလိုကို နားလည်ခြင်းကိုပါ အာရုံစိုက်ခဲ့ပြီး၊ သူ၏ စိတ်နှလုံးထဲတွင် ယခင်ထက်ပို၍ နိုးကြားခဲ့ပေသည်။ အကျိုးဆက်အနေဖြင့် သူသည် သူ၏စိတ်ဓာတ်၌ အမြဲတစေ အသိတရားရှိပြီး၊ သူလုပ်သမျှတွင် ငါ၏စိတ်တော်နှင့် တွေ့စေခဲ့သည်။ သူသည် ကျရှုံးမှု၌ ပိတ်မိလာခြင်းကို လွန်စွာကြောက်ရွံ့လျက်၊ သူ့ကိုယ်သူ အားပေးရန် အတိတ်မှ လူများ၏ ရှုံးနိမ့်မှုများကို မပြတ် အာရုံစိုက်ခြင်းအား ထိန်းသိမ်းခဲ့သည်။ ထို့ကြောင့် ခေတ်ကာလများ တစ်လျှောက်တွင် ဘုရားသခင်ကို ချစ်ခဲ့ကြသောလူများအားလုံး၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာကို စိတ်ထဲစွဲမှတ်ခြင်းကိုလည်း သူ အာရုံစိုက်ထားခဲ့သည်။ ဤနည်းဖြင့်- အပျက်သဘောဆောင်သည့် လက္ခဏာသွင်ပြင်များတွင်သာ မဟုတ်ဘဲ၊ သာ၍ များစွာ အရေးကြီးစွာပင် အပြုသဘောဆောင်သော လက္ခဏာသွင်ပြင်များ၌ပါ- ပေတရုသည် ငါ၏မျက်မှောက်တော်ထဲတွင် ငါ့ကို အသိကျွမ်းဆုံး ဖြစ်လာသည်အထိ သူသည် လျင်မြန်စွာ သာ၍ ကြီးထွားရင့်ကျက်လာပေသည်။ ထို့နောက် ပေတရုသည် သူ့တွင် ရှိသမျှသော အရာအားလုံးကို ငါ၏လက်ထဲသို့ မည်သို့ထည့်ထားနိုင်သည်၊ သူသည် စားခြင်း၊ ဝတ်ဆင်ခြင်း၊ အိပ်စက်ခြင်း၊ သို့မဟုတ် အဘယ်အရပ်တွင် နေထိုင်သည်တို့အပေါ် ဆုံးဖြတ်ချက်များ ချခြင်းကိုပင် သူမည်သို့စွန့်လွှတ်ခဲ့ပြီး၊ ထိုအစား အရာခပ်သိမ်းတွင် ငါ့ကို ဖြည့်ဆည်းခြင်းကို အခြေခံလျက် ငါ၏ ကြွယ်ဝမှုများကို မွေ့လျော်ခံစားခဲ့သည်တို့ကို စိတ်ကူးကြည့်ဖို့ မခက်ခဲပေ။ ငါသည် သူ့ကို မရေမတွက်နိုင်သော စမ်းသပ်မှုများ- အလိုအလျောက်အားဖြင့် သူ့ကိုသေလုမျောပါး ဖြစ်စေခဲ့သည့် စမ်းသပ်မှုများ- ခံစားစေခဲ့သော်လည်း ရာနှင့်ချီသော ထိုစမ်းသပ်မှုများ၏ အလယ်တွင် သူသည် ငါ့အား ယုံကြည်ခြင်းကို တစ်ကြိမ်မျှပင် ပျောက်ဆုံးသွားခြင်း မရှိခဲ့၊ သို့မဟုတ် ငါ့အား စိတ်ပျက်ခဲ့ခြင်း မရှိခဲ့ချေ။ ငါသည် သူ့အား စွန့်ပစ်ခဲ့ပြီးဖြစ်သည်ဟု ပြောခဲ့သည့်အချိန်တွင်ပင်၊ သူသည် စိတ်ပျက်အားလျော့ခြင်း မရှိခဲ့ဘဲ၊ လက်တွေ့ကျသော နည်းလမ်းတစ်ခုနှင့် အတိတ်မှ လက်တွေ့လုပ်ဆောင်ခြင်း အခြေခံသဘောတရားများနှင့်အညီ ငါ့ကို ဆက်ချစ်ခဲ့သည်။ သူသည် ငါ့ကို ချစ်ခဲ့သော်ငြားလည်း၊ ငါသည် သူ့ကို ချီးကျူးမည် မဟုတ်ကြောင်း၊ အဆုံးတွင် သူ့အား စာတန်၏ လက်ထဲသို့ ပစ်ချလိမ့်မည်ဖြစ်ကြောင်းတို့ကို ငါသူ့အား ပြောခဲ့သည်။ သို့သော် သူ၏ဇာတိခန္ဓာပေါ် ကျရောက်ခဲ့ခြင်း မဟုတ်ဘဲ၊ နှုတ်ကပတ်တော်များ အားဖြင့် စမ်းသပ်မှုသာဖြစ်သည့် ထိုကဲ့သို့သော စမ်းသပ်မှုများ အလယ်တွင် သူသည် ငါ့ထံ

ဆုတောင်းဆဲဖြစ်ပြီး၊ "အိုး ဘုရားသခင်၊ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့အလယ်တွင် အနန္တတန်ခိုးရှင် ဖြစ်သော ကိုယ်တော်၏ လက်တော်ထဲ၌ မရှိသော လူသားတစ်ယောက်တစ်လေ၊ ဖန်ဆင်းခံသတ္တဝါတစ်ကောင်တစ်လေ၊ သို့မဟုတ် အမှုအရာ တစ်ခုတစ်လေ ရှိလေသလော။ ကိုယ်တော်သည် အကျွန်ုပ်အား သနားကရုဏာ ရှိသောအခါ၊ အကျွန်ုပ်၏ စိတ်နှလုံးသည် ကိုယ်တော်၏ သနားကရုဏာဖြင့် ကြီးစွာရွှင်လန်း ဝမ်းမြောက်ပါ၏၊ ကိုယ်တော်သည် အကျွန်ုပ်အား တရားစီရင်သောအခါ၊ အကျွန်ုပ်သည် မထိုက်တန်နိုင်သော်ငြားလည်း၊ ကိုယ်တော်သည် ဩဇာအာဏာ၊ ဉာဏ်ပညာတို့နှင့် ပြည့်ဝတော်မူသောကြောင့် ကိုယ်တော့် ဆောင်ရွက်ချက်များ၏ ဉာဏ်မမီနိုင်သောနက်နဲမှုကို သာ၍ကြီးမားသော ခံစားမှုတစ်ခု ရရှိပါ၏။ အကျွန်ုပ်၏ဇာတိခန္ဓာသည် ဆင်းရဲဒုက္ခ ခံစားရသော်ငြားလည်း၊ အကျွန်ုပ်၏ဝိညာဉ်သည် သက်သာရာရပါ၏။ ကိုယ်တော်၏ ဉာဏ်ပညာနှင့် လုပ်ဆောင်ချက်များကို အကျွန်ုပ်သည် မည်သို့လျှင် မချီးမွမ်းဘဲနှင့် နေနိုင်ပါမည်နည်း။ ကိုယ်တော့်ကို သိကျွမ်းလာပြီးနောက်တွင် သေရမည်ဆိုလျှင်ပင်၊ ကျွန်ုပ်သည် အဘယ်သို့များ အလွန်ဝမ်းမြောက်စွာနှင့် ပျော်ရွှင်စွာ မသေဘဲ နေနိုင်မည်နည်း။ အနန္တတန်ခိုးရှင်ကိုယ်တော်၊ အကျွန်ုပ်အား ကိုယ်တော့်ကို တွေ့မြင်ခွင့်ပေးရန် အမှန်တကယ်ပင် အလိုမရှိသလော။ ကိုယ်တော်၏ တရားစီရင်ခြင်းကို လက်ခံရရှိခြင်းငှာ အကျွန်ုပ်သည် အမှန်တကယ်ပင် မထိုက်တန်သလော။ အကျွန်ုပ်၏အထဲတွင် ကိုယ်တော် မမြင်တွေ့လိုသော အရာတစ်စုံတစ်ခု ရှိနေခြင်းများ ဖြစ်နိုင်သလော။" ဟုပြောခဲ့သည်။ ထိုကဲ့သို့သော စမ်းသပ်မှုများ အတောအတွင်းတွင် ပေတရုသည် ငါ၏အလိုကို တိကျမှန်ကန်စွာ နားမလည်နိုင်ခဲ့သော်လည်း၊ သူသည် (လူသားမျိုးနွယ်သည် ငါ၏ဘုန်းအာနုဘော်နှင့် အမျက်ဒေါသကို မြင်တွေ့စေရန်အလို့ငှာ ငါ၏တရားစီရင်မှုကို သူ ရရှိခဲ့သော်ငြားလည်း၊) ငါ့အားဖြင့် အသုံးပြုခြင်းခံရသည်ကို မြတ်နိုးပြီး ဂုဏ်ယူခဲ့ကြောင်းနှင့် သူသည် ဤစမ်းသပ်မှုများအားဖြင့် စိတ်သောကမရောက်ခဲ့ကြောင်းတို့မှာ သိသာထင်ရှားပေသည်။ ငါ၏ရှေ့မှောက်၌ သူ၏သစ္စာစောင့်သိမှုကြောင့်၊ ပြီးလျှင် သူ့အတွက် ငါ၏ ကောင်းချီးမင်္ဂလာများကြောင့် သူသည် လူသားတို့အတွက် နှစ်ထောင်ပေါင်းများစွာကြာအောင် စံနမူနာတစ်ဦးနှင့် စံပြတစ်ဦး ဖြစ်ခဲ့သည်။ ဤသည်မှာ သင်တို့အတုယူသင့်သောအရာ အတိအကျပင်ဖြစ်သည် မဟုတ်လော။ ယခုအချိန်၌ ငါသည် အဘယ်ကြောင့် ပေတရု၏အကြောင်းကို ထိုမျှရှည်လျားစွာ ပြောခဲ့သည်ကို သင်တို့သည် အချိန်ကြာ သေချာစွာ စဉ်းစားကြလော့။ ဤအရာများသည် သင်တို့ပြုမူသည့် အခြေခံသဘောတရားများ ဖြစ်သင့်သည်။

ငါ့အား သိကျွမ်းသော လူများမှာ နည်းပါးသော်ငြားလည်း၊ လူများသည် ချို့တဲ့လွန်းပြီး ၎င်းတို့အား ငါတောင်းဆိုသော အဆင့်ကို ကြိုးပမ်းရရှိရန် ၎င်းတို့အတွက် ခဲယဉ်းသောကြောင့်၊ ငါသည် လူသားအပေါ်သို့ ငါ၏အမျက်ဒေါသကို မထုတ်လွှတ်ပေ။ ထို့ကြောင့် ငါသည် လူသားတို့အပေါ် နှစ်ထောင်ပေါင်းများစွာပင် သည်းခံနေခဲ့သည်မှာ မျက်မှောက်ကာလ ထိတိုင်ပင် ဖြစ်တော့သည်၊ သို့သော်လည်း ငါ၏သည်းခံမှုကြောင့် သင်တို့သည် မိမိတို့ကိုယ်ကိုယ် သက်ညှာမနေကြဖို့ ငါမျှော်လင့်သည်။ ပေတရုမှတစ်ဆင့် သင်သည် ငါ့အား သိကျွမ်းလာပြီး ငါ့ကိုရှာဖွေကြသင့်သည်။ ပေတရု၏ ရဲရင့်သော စွမ်းဆောင်မှု အားလုံးမှတစ်ဆင့် သင်သည် ယခင်က မကြုံစဖူးသကဲ့သို့ ဉာဏ်အလင်းရရှိသင့်သည်၊ ထိုသို့ဖြင့် ယခင်က လူသားက တစ်ခါမျှ မရောက်ရှိဖူးသည့် လောကတို့ကို ရောက်ရှိသင့်ပေသည်။ အာကာသနှင့် မိုးမျက်နှာကြက်အနှံ့အပြားတွင်၊ ကောင်းကင်နှင့် မြေကြီး၌ ရှိကြကုန်သော အရာများ အားလုံးအကြား၊ ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံမှ အရာခပ်သိမ်းတို့သည် ငါ့အမှု၏ နောက်ဆုံးသော အဆင့်အတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှု အလုံးစုံကို ပေးလေသည်။ သင်တို့သည် စာတန်၏အင်အားစုများ၏ အမိန့်ပေးသည်ကို ခံရလျက်၊ ဘေးစည်းမှ ပွဲကြည့်ပရိသတ်များ အဖြစ်သာ မဖြစ်လိုသည်မှာ သေချာသည် မဟုတ်လော။ စာတန်သည် နောက်ဆုံးသော သေခြင်း၏ မချိတင်ကဲဝေဒနာကို ခံစားချိန်တွင် သွားများကြိတ်လျက်၊ ခြေသည်းလက်သည်းများကို ကုပ်ထားလျက်နှင့် လူများ၏ စိတ်နှလုံးများရှိ ငါနှင့်ပတ်သက်သည့် အသိပညာကို ဝါးမြိုလျက် အစဉ်အမြဲရှိနေသည်။ သင်တို့သည် ယခုအချိန်၌ ၎င်း၏စဉ်းလဲသော အကြံအစည်များ၏ အန္တရာယ်ပြုခြင်းခံရရန် အလိုရှိကြသလော။ ငါ့အမှုသည် နောက်ဆုံးတွင် ပြီးဆုံးသောအချိန်၌ သင်တို့သည် မိမိတို့၏ အသက်ကို ဖျက်ဆီးပစ်ရန် အလိုရှိကြသလော။ ငါ၏သည်းခံခြင်းကို နောက်ထပ်တစ်ကြိမ် ပြဖို့ သင်တို့သည် ငါ့အား စောင့်နေကြသလော။ ငါနှင့် သက်ဆိုင်သည့် အသိပညာကို ရှာဖွေခြင်းသည် အခရာကျသည်၊ သို့သော်လည်း လက်တွေ့လုပ်ဆောင်မှုကို အာရုံစိုက်ခြင်းမှာ မရှိမဖြစ်ပေ။ ငါ၏နှုတ်ကပတ်တော်များကို သင်တို့အား တိုက်ရိုက် ထုတ်ဖော်ပြနေပြီး၊ သင်တို့သည် ငါ၏လမ်းပြမှုနောက်ကို လိုက်လျှောက်နိုင်ကာ၊ သင်တို့ကိုယ်တိုင်အတွက် အစီအစဉ်များ သို့မဟုတ် ရည်မှန်းချက်များ နောက်ထပ် မရှိတော့ဖို့ ငါမျှော်လင့်သည်။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

## အခန်း ၇

အနောက်အရပ်မှ ဌာနခွဲအားလုံး ငါ၏အသံကို နားထောင်သင့်သည်-

အတိတ်တွင်၊ သင်တို့သည် ငါ့ကို သစ္စာရှိကြပြီလော။ သင်တို့သည် ငါ၏ထူးကဲသော ဩဝါဒနှုတ်ကပတ်တော်များကို နားထောင်ပြီးကြပြီလော။ သင်တို့၏ မျှော်လင့်ချက်များသည် လက်တွေ့ကျပြီး၊ မရေမရာနှင့် မသေမချာမဖြစ်ဘဲ ရှိသလော။ လူသားမျိုးနွယ်၏သစ္စာစောင့်သိမှု၊ လူသားမျိုးနွယ်၏ ချစ်ခြင်းမေတ္တာ၊ လူသားမျိုးနွယ်၏ယုံကြည်ခြင်း- ငါ့ထံမှ လာသောအရာမှလွဲ၍ မည်သည့်အရာမျှ မရှိ၊ ငါ အပ်နှင်းထားသော အရာမှလွဲ၍ မည်သည့်အရာမျှ မရှိ။ ငါ၏လူတို့၊ သင်တို့သည် ငါ၏နှုတ်ကပတ်တော်များကို နားထောင်သည့်အခါ၊ ငါ၏အလိုကို သင်တို့နားလည်သလော။ ငါ၏ စိတ်နှလုံးကို သင်တို့ မြင်သလော။ အတိတ်တွင်၊ သင်တို့သည် အစေခံမှု လမ်းကြောင်းပေါ်တွင် ရှိစဉ်၊ အတက်အကျများ၊ တိုးတက်မှုနှင့် ဆုတ်ဆိုင်းမှုများ၊ ပြီးလျှင် သင်တို့ လဲကျကာ ငါ့ကို သစ္စာပင်ဖောက်မည့် အန္တရာယ်ရှိသည့်အချိန်များကို သင်တို့ တွေ့ကြုံခဲ့ရသည့်အချက်ရှိသော်လည်း၊ ငါသည် အချိန်တိုင်း သင်တို့အား အစဉ် ကယ်တင်နေခဲ့သည်ကို သင်တို့ သိခဲ့သလော။ ငါသည် အချိန်တိုင်း သင်တို့အား ခေါ်ကာ ကယ်တင်ရန် ငါ၏အသံကို စဉ်ဆက်မပြတ် မိန့်မြွက်နေခဲ့သည်ကို သင်တို့သိခဲ့သလော။ ကြိမ်ဖန်များစွာ၊ သင်တို့သည် စာတန်၏ပိုက်ကွန်ထဲသို့ ကျဆင်းကြပြီး ဖြစ်သည်။ ကြိမ်ဖန်များစွာ သင်တို့သည် လူသားမျိုးနွယ်၏ ကျော့ကွင်းများတွင် ငြိတွယ်မိပြီး ဖြစ်သည်။ ကြိမ်ဖန်များစွာ သင်တို့သည် မိမိတို့ကိုယ်ကိုယ် လက်မလွှတ်နိုင်ကြသကဲ့သို့၊ အချင်းချင်း အဆုံးမရှိသော ယှဉ်ပြိုင်မှုထဲသို့ ပျက်စီးယိုယွင်းသွားကြပြီး ဖြစ်သည်။ ကြိမ်ဖန်များစွာ၊ သင်တို့၏ခန္ဓာများသည် ငါ့အိမ်တွင်ရှိပြီးဖြစ်သော်လည်း သင်တို့၏ စိတ်နှလုံးများကို မည်သည့်နေရာတွင်မျှ ရှာဖွေမရခဲ့ပေ။ သို့သော်၊ ကြိမ်ဖန်များစွာ ငါသည် သင်တို့ကို ထောက်ကန်ပေးရန် ငါ၏ ကယ်တင်ခြင်းလက်ကို သင်တို့ထံ ငါ လှမ်းလိုက်ပြီး ဖြစ်ကာ၊ ကြိမ်ဖန်များစွာ ငါသည် သင်တို့အလယ် သနားကရုဏာ တစိုးတစိတို့ကို ကျစေပြီး ဖြစ်သည်။ ကြိမ်ဖန်များစွာ ငါသည် ဆင်းရဲဒုက္ခခံပြီးနောက် သင်တို့၏ ဝေဒနာခံရခြင်း မြင်ကွင်းကို ခံနိုင်ရည် မရှိလေပြီ။ ကြိမ်ဖန်များစွာ...သင်တို့ ဤအရာကို သိကြသလော။

သို့ရာတွင်၊ ယနေ့တွင်၊ ငါ၏ ထိန်းသိမ်းမှုတွင် သင်တို့သည် အဆုံး၌ အခက်အခဲအားလုံးကို အောင်မြင်ကျော်လွှားပြီးဖြစ်ကာ၊ ငါသည် သင်တို့နှင့်အတူ ဝမ်းမြောက်၏၊ ဤသည်မှာ ငါ၏ဉာဏ်ပညာ ပုံပေါ်လာခြင်း ဖြစ်သည်။ သို့သော်လည်း၊ ဤအရာကို ကောင်းစွာ အမှတ်ရလော့။ သင်တို့ ကိုယ်၌က သန်မာနေစဉ်တွင် အဘယ်သူ လဲကျလေပြီနည်း။

မည်သူသည် အားနည်းခြင်း အခိုက်အတန့် မရှိဖူးဘဲ၊ သန်စွမ်းလေပြီနည်း။ လူသားများအလယ်တွင်၊ ငါ့ထံမှမလာသော ကောင်းချီးမင်္ဂလာတစ်ခုတစ်လေကို မွေ့လျော်ခံစားခဲ့ဖူးသနည်း။ ငါ့ထံမှ မလာခဲ့သော ကံအကြောင်းမလှသည့် ဖြစ်ရပ်တစ်ခုတစ်လေကို အဘယ်သူ တွေ့ကြုံလေပြီနည်း။ ငါ့ကို ချစ်သောသူအားလုံးသည် ကောင်းချီးပေးခြင်းကိုသာ ရရှိကြသည်များ ဖြစ်နိုင်မည်လော။ ယောဘသည် ငါ့ကို မချစ်နိုင်ဘဲ၊ ထိုအစား ငါ့အားခုခံရန် ရွေးချယ်ခဲ့သောကြောင့် သူ့အပေါ် ကံအကြောင်းမလှသည့် ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်များ ဖြစ်နိုင်မည်လော။ ပေါလုသည် ငါ့အား စစ်မှန်စွာ ချစ်နိုင်ခဲ့သောကြောင့်၊ သူသည် ငါ့မျက်မှောက်တွင် သစ္စာစောင့်သိမှုဖြင့် ငါ့အား အစေခံနိုင်ခဲ့သည်များ ဖြစ်နိုင်မည်လော။ သင်တို့သည် ငါ၏သက်သေခံချက်ကို မြဲမြံစွာ ကိုင်စွဲကောင်းကိုင်စွဲထားနိုင်သော်လည်း သင်တို့ထဲတွင် မိမိ၏ သက်သေခံချက်က ရွှေစင်ကဲ့သို့ မစင်ကြယ်မှုများဖြင့် ရောနှောမထားသော သူတစ်ဦးတစ်လေ ရှိနိုင်သလော။ လူသားများသည် စစ်မှန်သော သစ္စာစောင့်သိနိုင်စွမ်း ရှိသလော။ အဘယ်ကြောင့်ဆိုသော် ငါသည် မည်သည့်အခါကမျှ မည်သူ့ထံမျှ များစွာ မတောင်းဆိုခဲ့ဖူးသောကြောင့်၊ သင်တို့၏သက်သေခံချက်သည် ငါ့ကို ပျော်ရွှင်ခြင်း ဆောင်ကြဉ်းသည်မှာ သင်တို့၏ “သစ္စာစောင့်သိမှု” နှင့် မကွဲလွဲပေ။ ငါ့အစီအစဉ်၏ နောက်ကွယ်က မူလရည်ရွယ်ချက်အရ၊ သင်တို့အားလုံးသည် “ချွတ်ယွင်းသော ကုန်ပစ္စည်းများ” ဖြစ်ကြပေမည်- စံနှုန်းမီကြမည်မဟုတ်ပေ။ ဤသည်မှာ “သနားကရုဏာ တစိုးတစိများကို ကျစေခြင်း”နှင့် ပတ်သက်၍ သင်တို့ကို ငါ ပြောခဲ့သည့် အရာနှင့်သက်ဆိုင်သည့် ဥပမာတစ်ခု ဖြစ်သည် မဟုတ်လော။ သင်တို့မြင်သည့်အရာမှာ ငါ၏ ကယ်တင်ခြင်းလော။

သင်တို့ အားလုံးသည် ပြန်တွေးကာ မှတ်မိသင့်ကြ၏- ငါ၏အိမ်သို့ ပြန်သွားပြီးကတည်းက၊ သင်တို့ထဲမှ တစ်ဦးတစ်လေသည် သင်တို့၏ အကျိုးအမြတ် သို့မဟုတ် ဆုံးရှုံးခြင်းကို မည်သို့မျှ ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ၊ ငါ့အား ပေတရုသိခဲ့သည့်နည်းဖြင့် သိလာကြသလော။ သင်တို့သည် သမ္မာကျမ်းစာ၏ အပေါ်ယံ အပိုင်းများကို နားလည်ပြီးသော်လည်း၊ ယင်း၏အနှစ်သာရကို သင်တို့ ခံယူပြီးပြီလော။ ထိုသို့ဖြင့်၊ သင်တို့သည် မိမိတို့ကိုယ်ကိုယ် လက်လွှတ်ရန် ငြင်းပယ်ရင်း၊ သင်၏ “အရင်းအနှီး” ကို ကိုင်စွဲထားဆဲဖြစ်၏။ ငါသည် မိန့်မြွက်ချက်တစ်ခု ပြုလုပ်သည့်အခါ၊ သင်တို့ကို မျက်နှာချင်းဆိုင် ငါ စကားပြောဆိုသည့်အခါ၊ ငါ ဖွင့်ဟသည့် အသက်၏ နှုတ်ကပတ်တော်များကို လက်ခံရန် သင်တို့ထဲတွင် မည်သူသည် ပိတ်ထားသော စာလိပ်ကို ချထားဖူးသနည်း။ သင်တို့သည် ငါ၏နှုတ်ကပတ်တော်များကို လုံးဝ အလေးမထားကြသကဲ့သို့၊ ယင်းတို့ကို ချစ်ခင်မြတ်နိုးခြင်းလည်း မရှိကြပေ။ ထို့ထက်၊

သင်တို့သည် သင်တို့၏ ကိုယ်ပိုင် အနေအထားကို ထိန်းသိမ်းရန်အလို့ငှာ၊ သင်တို့၏ရန်သူများကို ပစ်ခတ်ရန် ယင်းတို့ကို စက်သေနတ်ကဲ့သို့ အသုံးပြု၏။ သင်တို့သည် ငါ့အား သိရှိရန်အလို့ငှာ အတိုင်းအတာ အနည်းငယ်မျှ ငါ၏တရားစီရင်ခြင်းကို လက်ခံရန် မကြိုးပမ်းကြချေ။ သင်တို့ အယောက်တိုင်းသည် အခြား တစ်စုံတစ်ဦးအား လက်နက်ဖြင့် ချိန်ရွယ်ထားကြ၏။ သင်တို့အားလုံးသည် "ကိုယ်ကျိုးမငဲ့ကြ" သကဲ့သို့၊ အခြေအနေတိုင်းတွင် သင်တို့သည် "အခြားသူများအတွက် စဉ်းစားပေးကြ၏"။ ဤသည်မှာ ယမန်နေ့က သင်တို့ပြုလုပ်နေခဲ့သည့်အရာ အတိအကျ မဟုတ်လော။ ယနေ့တွင်ကော။ သင်တို့၏ "သစ္စာစောင့်သိမှု"သည် အမှတ်အနည်းငယ်ဖြင့် မြင့်တက်သွားပြီးဖြစ်ကာ၊ သင်တို့အားလုံးသည် အနည်းငယ် သာ၍ အတွေ့အကြုံရင့်ကြပြီး၊ အနည်းငယ်သာ၍ ရင့်ကျက်ကြပေသည်။ ဤအရာကြောင့်၊ ငါနှင့်သက်ဆိုင်သည့် သင်၏ "ကြောက်ရွံ့မှု" သည် အတော်အတန် တိုးပွားပြီးဖြစ်ကာ မည်သူမျှ "ပေါ့ပေါ့တန်တန် မပြုမူကြပေ။" သင်တို့သည် အဘယ်ကြောင့် အစဉ်အမြဲ မတုန်မလှုပ်သော အခြေအနေတွင် ရှိကြသနည်း။ သင်တို့၌ အပြုသဘောဆောင်သည့် လက္ခဏာသွင်ပြင်များ မည်သည့်နေရာတွင်မျှ လုံးဝ မတွေ့ရသည်မှာ အဘယ်ကြောင့်နည်း။ အို၊ ငါ၏လူတို့။ အတိတ်ကာလ ပြီးဆုံးသည်မှာ ကြာလေပြီ။ ယင်းကို သင်တို့ မည်သို့မျှ တွယ်ဖက်ခြင်း မပြုရတော့ပေ။ မနေ့က မြဲမြဲစွာ ရပ်တည်ပြီးနောက်တွင်၊ ယနေ့ သင်သည် ငါ့ကို သင်၏ စစ်မှန်သည့် သစ္စာစောင့်သိမှုကို ပေးသင့်၏။ ထို့အပြင် မနက်ဖြန်တွင် သင်သည် ငါ့အတွက် ကောင်းမွန်သော သက်သေခံချက် ပြုသင့်ပြီး၊ သင်သည် အနာဂတ်တွင် ငါ၏ကောင်းချီးမင်္ဂလာကို အမွေဆက်ခံလိမ့်မည်။ ဤသည်မှာ သင်တို့ နားလည်သင့်သည့်အရာ ဖြစ်သည်။

ငါသည် သင်တို့၏ရှေ့မှောက်တွင် ရှိမနေသော်လည်း၊ ငါ့ဝိညာဉ်သည် သင်တို့အပေါ် ကေန်မုချ ကျေးဇူးတော် ပေးအပ်လိမ့်မည်။ သင်တို့သည် ငါ၏ကောင်းချီးမင်္ဂလာများကို တန်ဖိုးထားပြီး၊ ယင်းတို့အပေါ် အမှီပြုလျက် သင်တို့ကိုယ်သင်တို့ သိနိုင်လိမ့်မည်ဟု ငါမျှော်လင့်၏။ ယင်းတို့ကို သင်တို့၏ အရင်းအနှီးအဖြစ် သဘောမထားနှင့်။ ထို့ထက်၊ ငါ၏ နှုတ်ကပတ်တော်များကို သင်တို့တွင် ချို့တဲ့သည့် အရာအား ဖြည့်ဆည်းရန် အသုံးပြုသင့်ပြီး၊ ဤအရာမှ သင်တို့၏ အပြုသဘောဆောင်သော အရိပ်လက္ခဏာများကို ရရှိသင့်ပေသည်။ ဤသည်မှာ သင်တို့ကို ငါ ထားရစ်သည့် မှာကြားချက်ဖြစ်၏။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

# အခန်း ၈

ငါ၏ဗျာဒိတ်များသည် အထွတ်အထိပ်သို့ ရောက်သော အချိန်နှင့် ငါ၏တရားစီရင်ခြင်း အဆုံးသတ် ရောက်လာသည့်အချိန်သည် ငါ၏လူအားလုံးကို ထုတ်ဖော်ပြကာ စုံလင်စေသည့်အချိန် ဖြစ်လိမ့်မည်။ ငါ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီပြီး ငါ၏အသုံးပြုခြင်းအတွက် သင့်တော်သူများကို မရပ်မနား ရှာဖွေရာတွင် ငါသည် စကြဝဠာ၏ နေရာအနှံ့သို့ ခရီးသွား၏။ မည်သူသည် ထရပ်ကာ ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်နိုင်မည်နည်း။ ငါ့အပေါ် လူသား၏ ချစ်ခြင်းမေတ္တာသည် မပြောပလောက်သကဲ့သို့၊ ငါ၌ ၎င်းတို့၏ ယုံကြည်မှုသည်လည်း သနားဖွယ်ကောင်းလောက်အောင် သေးငယ်၏။ ငါ့နှုတ်ကပတ်တော်များ၏ အပြင်းဆုံးဒဏ်ကို လူသား၏ အားနည်းချက်များအပေါ် ငါ ဦးမတည်စေခဲ့ပါက၊ ၎င်းတို့သည် အရာခပ်သိမ်းကို သိနိုင်စွမ်းရှိပြီး လောကီရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အားလုံး သိရှိသည့်အလား လူတတ်လုပ်ပြီး၊ အရည်မရ အဖတ်မရ လူအထင်ကြီးစရာ သဘောတရားများကို စိတ်ကူးရလျက်၊ ဝါကြွားကာ ချဲ့ကားပြောဆိုကြမည် ဖြစ်သည်။ အတိတ်တွင် ငါ့ကို "သစ္စာစောင့်သိ" ခဲ့သူများနှင့် ယနေ့ ငါ၏ရှေ့မှောက်၌ "ခိုင်ခိုင်မာမာရပ်တည်" ကြသူများထဲမှ မည်သူသည် ဝါကြွားစွာ ပြောဆိုဝံ့သေးသနည်း။ ၎င်းတို့၏ ကိုယ်ပိုင် အလားအလာများအတွက် မည်သူသည် တိတ်တဆိတ် ကျေနပ်နှစ်သိမ့်ခြင်း မရှိသနည်း။ ငါသည် လူတို့ကို တိုက်ရိုက် မဖော်ထုတ်ခဲ့ချိန်တွင်၊ ၎င်းတို့သည် ပုန်းကွယ်စရာ နေရာမရှိသကဲ့သို့ အရှက်အားဖြင့် အလွန်အမင်း စိတ်ဆင်းရဲခဲ့ရ၏။ ငါသည် အခြားပုံစံ တစ်ခုဖြင့် စကားပြောဆိုခဲ့ပါက၊ ယင်းသည် မည်မျှသာ၍ ဆိုးမည်နည်း။ လူတို့သည် ၎င်းတို့အား မည်သည့်အရာကမျှ ကုသပေးနိုင်မည် မဟုတ်သည်ကို ယုံကြည်လျက်၊ သာ၍ပင် ကြီးမားသည့် ကျေးဇူးတင်ရှိခြင်း အသိစိတ်တစ်ခု ရှိကြမည် ဖြစ်ပြီး၊ မိမိတို့၏ မတုန်မလှုပ်မှု၏ တင်းတင်းကျပ်ကျပ် ချည်နှောင်ခြင်းကို အားလုံး ခံရကြပေမည်။ လူတို့သည် မျှော်လင့်ချက် ကင်းမဲ့သည့်အခါ၊ နိုင်ငံတော်အား ဂုဏ်ပြုခြင်းသည် တရားဝင် ထွက်ပေါ်လာသည်၊ ယင်းမှာ လူတို့က၊ "ခုနစ်ဆ ပြင်းထန်သော ဝိညာဉ်တော် စတင် အလုပ်လုပ်သည့်အချိန်ကာလ" ဟု ဆိုကြပြီးဖြစ်သကဲ့သို့ ဖြစ်သည်။ တစ်နည်းအားဖြင့် ဤသည်မှာ ကမ္ဘာမြေပေါ်တွင် နိုင်ငံတော် အသက်တာ တရားဝင် စတင်သည့်အချိန် ဖြစ်သည်။ ယင်းမှာ (စိတ်ပိုင်းဆိုင်ရာ "စီမံပြုပြင်ခြင်း" တစ်ခုတစ်လေမျှ မရှိဘဲ) တိုက်ရိုက် ဆောင်ရွက်ရန် ငါ၏ ဘုရား သဘောသဘာဝ ပေါ်ထွက်လာချိန် ဖြစ်၏။ လူအားလုံးသည် သတိပြန်လည်လာသည့်အလား သို့မဟုတ် အိပ်မက်တစ်ခုမှ

အနှိုးခံရသည့်အလား မအားမလပ် ပြေးလွှား သွားနေကြပြီး၊ နိုးကြားလာရာတွင် မိမိတို့ကိုယ်ကိုယ် ထိုသို့သော အခြေအနေတွင် တွေ့လိုက်ရသည်ကို အံ့အားသင့်သွားကြသည်။ အတိတ်တွင် ငါသည် အသင်းတော် တည်ဆောက်ခြင်း အကြောင်းများစွာ ပြောခဲ့၏။ နက်နဲမှုများစွာ ငါ ထုတ်ဖော် ပြခဲ့သော်လည်း၊ အမှုက ယင်း၏ အထွတ်အထိပ်သို့ ရောက်ရှိချိန်တွင် ရုတ်တရက် အဆုံးသတ်တစ်ခုသို့ ရောက်လာခဲ့၏။ သို့သော် နိုင်ငံတော်ကို တည်ဆောက်ခြင်းမှာ ကွဲပြားခြားနားပေသည်။ ဝိညာဉ်လောကထဲက စစ်ပွဲသည် ယင်း၏နောက်ဆုံးအဆင့်သို့ ရောက်သည့်အချိန်တွင်သာ၊ ငါသည် ကမ္ဘာမြေပေါ်တွင် ငါ၏ အမှုကို အသစ်စတင်၏။ ယင်းမှာ ငါ၏ အမှုတော်အသစ်ကို ငါ တရားဝင် စတင်ပြီး မြှင့်တင်သည်မှာ လူသားအားလုံး နောက်ဆုတ်ခါနီး အချိန်တွင်သာ ဖြစ်သည်ဟု ဆိုရပေမည်။ နိုင်ငံတော် တည်ဆောက်ခြင်းနှင့် အသင်းတော် တည်ဆောက်ခြင်းတို့ကြား ခြားနားချက်မှာ အသင်းတော် တည်ဆောက်ခြင်းတွင်၊ ငါသည် ဘုရား၏သဘောသဘာဝက ထိန်းချုပ်ထားသော လူ့သဘာဝ တစ်ခုမှတစ်ဆင့် အမှုပြုခဲ့၏။ ငါသည် ၎င်းတို့၏အကျည်းတန်သော အတ္တများကို တိုက်ရိုက်ထုတ်ဖော်ပြပြီး ၎င်းတို့၏အနှစ်သာရကို ဖော်ထုတ်ရင်း၊ လူသား၏ သဘာဝဟောင်းကို တိုက်ရိုက် ကိုင်တွယ်ဖြေရှင်းခဲ့၏။ အကျိုးဆက်အနေဖြင့် ဤအခြေခံ အကြောင်းရင်းပေါ်တွင် ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် သိရှိလာခဲ့ကြပြီး၊ ထို့ကြောင့် ၎င်းတို့၏ စိတ်နှလုံးများနှင့် ၎င်းတို့၏ စကားများဖြင့် လက်ခံယုံကြည်ခဲ့ကြသည်။ နိုင်ငံတော်ကို တည်ဆောက်ခြင်းတွင်၊ ငါသည် ငါ၏ဘုရားသဘာဝမှတစ်တင့် တိုက်ရိုက်ဆောင်ရွက်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် ၎င်းတို့၏ အသိပညာ အခြေခံအုတ်မြစ်ပေါ်တွင် ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို လူအားလုံးအား သိခွင့်ပေးပြီး၊ နောက်ဆုံးတွင် လူ့ဇာတိခံ ခန္ဓာအဖြစ် ငါနှင့်သက်ဆိုင်သည့် အသိပညာကို ၎င်းတို့အား ရရှိခွင့် ပေးလေသည်။ ဤအကြောင်းကြောင့် လူသားမျိုးနွယ် တစ်ရပ်လုံး၏ မရေရာသော ဘုရားသခင်ကို လိုက်စားရှာဖွေခြင်းအား အဆုံးသတ်ကာ၊ ထိုသို့ဖြင့် ၎င်းတို့၏ စိတ်နှလုံးများတွင် ကောင်းကင်ဘုံရှိ ဘုရားသခင်အတွက် နေရာတစ်ခု ထိန်းသိမ်းထားခြင်းကို ၎င်းတို့ ရပ်တန့်လေသည်။ ဆိုလိုသည်မှာ လူ့ဇာတိခံ ခန္ဓာဖြစ်နေစဉ် ငါ၏လုပ်ဆောင်ချက်များကို လူသားမျိုးနွယ်အား ငါသိခွင့်ပေးကာ၊ ထိုသို့ဖြင့် ကမ္ဘာမြေပေါ်၌ ငါ၏အချိန်ကာလကို အဆုံးသတ်မည် ဖြစ်သည်။

နိုင်ငံတော် တည်ဆောက်ခြင်းသည် ဝိညာဉ်လောကကို တိုက်ရိုက် ရည်ရွယ်ပေသည်။ ဆိုလိုသည်မှာ၊ ဝိညာဉ်လောက၏တိုက်ပွဲ အခြေအနေသည် ငါ၏လူအားလုံးအလယ်တွင်

တိုက်ရိုက် ပေါ်လွင်စေပြီး၊ ဤအရာက အသင်းတော်အတွင်းတွင် သာမက နိုင်ငံတော်ခေတ်တွင်လည်း လူတိုင်းသည် စဉ်ဆက်မပြတ် စစ်ပွဲတွင် သာ၍ ရှိကြသည်ဟု ပြသရန် လုံလောက်ပေသည်။ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်များ ဖြစ်လင့်ကစား၊ ဝိညာဉ်လောကသည် တိုက်ရိုက် ထုတ်ဖော်ပြခံရပြီး၊ ၎င်းတို့သည် ဝိညာဉ်လောက၏ အသက်တာနှင့် ထိတွေ့လာကြရသည်။ ထို့ကြောင့် သင်တို့သည် စတင် သစ္စာရှိကြသောအခါတွင်၊ ငါ့အမှု၏ နောက်တစ်ပိုင်းအတွက် သင်တို့ ကောင်းမွန်စွာ ပြင်ဆင်ရမည်။ သင်တို့၏စိတ်နှလုံး တစ်ခုလုံးကို လွှဲအပ်သင့်၏။ ထိုအခါမှသာ သင်တို့သည် ငါ၏ စိတ်နှလုံးကို ကျေနပ်စေနိုင်ပေသည်။ ယခင်က အသင်းတော်ထဲတွင် မည်သည့် အရာ ဖြစ်ပျက်ခဲ့သည်ကို ငါ လုံးဝ အရေးမစိုက်ပေ။ ယနေ့ နိုင်ငံတော်၌ ဖြစ်၏။ ငါ၏အစီအစဉ်တွင်၊ စာတန်သည် တစ်လျှောက်လုံး ခြေလှမ်းအသီးသီး နောက်ကွယ်တွင် ချောင်းမြောင်းနေခဲ့ပြီး၊ ငါ့ဉာဏ်ပညာ၏ အဖြည့်ခံအဖြစ်၊ ငါ၏မူလအစီအစဉ်ကို နှောင့်ယှက်ရန် နည်းလမ်းများနှင့် နည်းစနစ်များ ရှာဖွေရန် အမြဲ ကြိုးစားနေပြီး ဖြစ်သည်။ သို့ရာတွင် ငါသည် ၎င်း၏ လှည့်ဖြားတတ်သော အစီအစဉ်များကို မလွန်ဆန်နိုင် ဖြစ်မည်လော။ ကောင်းကင်နှင့် မြေကြီးပေါ် ရှိ အရာရာတိုင်းသည် ငါ့ကို အစေခံ၏။ စာတန်၏ လှည့်ဖြားတတ်သော အကြံအစည်များသည် တစ်ခုတစ်လေ ကွဲပြားခြားနားနိုင်မည်လော။ ဤသည်မှာ ငါ၏ ဉာဏ်ပညာ ဆုံသည့်နေရာ အတိအကျ ဖြစ်သည်။ ယင်းမှာ ငါ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အံ့ဖွယ်ဖြစ်သည့်အရာ အတိအကျ ဖြစ်ပြီး၊ ယင်းသည် ငါ၏စီမံခန့်ခွဲမှု အစီအစဉ် တစ်ရပ်လုံးအတွက် လည်ပတ်မှု၏ အခြေခံသဘောတရား ဖြစ်သည်။ နိုင်ငံတော် တည်ဆောက်ခြင်း ခေတ်အတွင်းတွင်၊ ငါသည် စာတန်၏ လှည့်ဖြားတတ်သည့် အကြံအစည်များကို မရှောင်ရှားသေးဘဲ၊ ငါ ပြုရမည့်အမှုကို ဆက်လက် လုပ်ဆောင်၏။ စကြဝဠာနှင့် အရာခပ်သိမ်း အလယ်တွင်၊ ငါသည် စာတန်၏ လုပ်ဆောင်ချက်များကို ငါ၏အဖြည့်ခံအဖြစ် ရွေးချယ်ပြီးဖြစ်သည်။ ဤသည်မှာ ငါ၏ဉာဏ်ပညာ၏ သရုပ်သကန် တစ်ခု ဖြစ်သည် မဟုတ်လော။ ဤသည်မှာ ငါ၏ အမှုနှင့် ပတ်သက်သည့် အံ့သြဖွယ်ဖြစ်သည့် အရာ အတိအကျ မဟုတ်လော။ နိုင်ငံတော်ခေတ်ထဲသို့ ဝင်ရောက်ခြင်း အခါသမယတွင်၊ ကောင်းကင်နှင့် မြေကြီးပေါ် ရှိ အရာခပ်သိမ်းတို့သည် လုံးဝ အသွင်ပြောင်းလဲသွားပြီး၊ ၎င်းတို့သည် အောင်ပွဲခံကာ ဝမ်းမြောက်ကြ၏။ သင်တို့သည် တစ်ခုတစ်လေ ကွဲပြားခြားနားပါသလော။ မည်သူ၏ စိတ်နှလုံးထဲတွင် ပျားရည်၏ ချိုမြိန်မှု မရှိသနည်း။ မည်သူသည် ဝမ်းမြောက်မှုအတွက် ပြည့်လျှမ်း မနေပါသနည်း။ မည်သူသည် ဝမ်းသာပီတိဖြင့် မကခုန်သနည်း။ မည်သူသည် ချီးမွမ်းစကား မပြောဆိုသနည်း။

အထက်တွင် ငါပြောဆိုကာ ဆွေးနွေးပြီးသည့် အရာအားလုံး၏ ရည်မှန်းချက်များနှင့် ဇာစ်မြစ်ကို သင်တို့ သဘောပေါက်ကြသလော။ သို့မဟုတ် သဘောမပေါက်ဘူးလော။ ဤအရာကို ငါမမေးခဲ့ပါက၊ ငါသည် တောင်စဉ်ရေမရ ပြောနေခြင်းမျှသာ ဖြစ်သည်ဟု လူအများစုက ယုံကြည်မည် ဖြစ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များ၏ အရင်းအမြစ်ကို နားလည် သဘောပေါက်နိုင်မည် မဟုတ်ပေ။ ငါ၏ နှုတ်ကပတ်တော်များကို သင်တို့ သေချာစွာ တွေးဆပါက၊ ၎င်းတို့၏ အရေးပါမှုကို သင်တို့ သိကြလိမ့်မည်။ သင်သည် ၎င်းတို့ကို သေချာစွာ အဓိပ္ပာယ်ကောက်မှ ကောင်းပေလိမ့်မည်- ငါ၏ နှုတ်ကပတ်တော်များထဲမှ မည်သည့်အရာသည် သင့်အဖို့ အကျိုးမရှိသနည်း။ မည်သည်က သင်၏ အသက်တာ ကြီးထွားစေဖို့ မရည်ရွယ်သနည်း။ မည်သည်က ဝိညာဉ်လောက၏ လက်တွေ့အရှိတရားနှင့် သက်ဆိုင်၍ မပြောဆိုသနည်း။ လူအများစုက ငါ၏နှုတ်ကပတ်တော်များတွင် ယုတ္တိယုတ္တာမရှိလိုက်သည်မှာ ၎င်းတို့သည် ရှင်းပြချက်နှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် ကင်းမဲ့သည်ဟု ယုံကြည်ကြသည်။ ငါ၏နှုတ်ကပတ်တော်များသည် အမှန်တကယ် အလွန် စိတ်ကူးသက်သက်ဖြစ်ပြီး နားမလည်နိုင်စရာ ဖြစ်သလော။ သင်တို့သည် ငါ၏နှုတ်ကပတ်တော်များကို အမှန်တကယ် ကျိုးနွံနာခံကြသလော။ ငါ၏နှုတ်ကပတ်တော်များကို သင်တို့ အမှန်တကယ် လက်ခံကြသလော။ ယင်းတို့ကို ကစားစရာများကဲ့သို့ သင်တို့ သဘောထားကြသည် မဟုတ်လော။ ယင်းတို့ကို သင်၏အကျည်းတန်သော အသွင်သဏ္ဌာန်ကို ဖုံးကွယ်ရန် အဝတ်အထည်ကဲ့သို့ သင်အသုံးပြုသည် မဟုတ်လော။ ဤကျယ်ပြောသော လောကတွင်၊ မည်သူသည် ငါ၏ ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးခြင်းကို ခံရဖူးသနည်း။ ငါ့ဝိညာဉ်၏ နှုတ်ကပတ်တော်များကို မည်သူသည် ကိုယ်တိုင်ကိုယ်ကျ ကြားဖူးသနည်း။ များစွာသော လူတို့သည် အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ရှာဖွေကြ၏။ လူများစွာတို့သည် အခက်အခဲအလယ်တွင် ဆုတောင်းကြ၏။ များစွာသော သူတို့သည် ဆာလောင်ကာ အေး၍၊ မျှော်လင့်ခြင်းဖြင့် စောင့်ကြည့်သကဲ့သို့၊ များစွာတို့သည် စာတန်၏ချည်နှောင်ခြင်း ခံရ၏။ သို့ရာတွင် များစွာသော သူတို့သည် အဘယ်သို့ လှည့်ရမည်ကို မသိကြ၊ များစွာသောသူတို့သည် ၎င်းတို့၏ ပျော်ရွှင်မှုအလယ်တွင် ငါ့ကို သစ္စာဖောက်ကြ၏၊ များစွာတို့သည် ကျေးဇူးကန်းကြပြီး၊ များစွာတို့သည် စာတန်၏ လှည့်ဖြားတတ်သော အကြံအစည်များကို သစ္စာစောင့် သိကြ၏။ သင်တို့ထဲမှ မည်သူသည် ယောဘဖြစ်သနည်း။ မည်သူသည် ပေတရုဖြစ်သနည်း။ ငါသည် အဘယ်ကြောင့် ယောဘကို အဖန်ဖန် ပြောဆိုခဲ့သနည်း။ ငါသည် အဘယ့်ကြောင့် ပေတရုကို ကြိမ်ဖန်များစွာ ရည်ညွှန်းပြီးဖြစ်သနည်း။ သင်တို့အတွက် ငါ၏မျှော်လင့်ချက်များ မည်သည့်အရာ ဖြစ်သည်ကို

သင်တို့ သေချာအောင် လေ့လာစိစစ်ဖူးပါသလော။ ထိုသို့သောအရာများကို တွေးဆရာတွင် သင်တို့ အချိန် ပိုကုန်ဆုံးသင့်ပေသည်။

ပေတရုသည် ငါ့ကို နှစ်ပေါင်းများစွာ သစ္စာရှိခဲ့သော်လည်း၊ သူသည် မည်သည့်အခါမျှ မညည်းညူခဲ့သကဲ့သို့ မည်သည့် မကျေမနပ် ဖြစ်ခြင်းမျှလည်း မရှိခဲ့ပေ။ ယောဘသည်ပင် သူနှင့်တန်းတူ မဟုတ်ခဲ့သကဲ့သို့၊ ခေတ်ကာလများတစ်လျှောက်တွင်၊ သန့်ရှင်းသူ အားလုံးသည် ပေတရုကို မမီကြလေပြီ။ သူသည် ငါ့ကိုသိရန် ကြိုးစားခဲ့သည်သာမက၊ စာတန်သည် ၎င်း၏လှည့်ဖြားတတ်သော အကြံအစည်များ ထုတ်ပြန်နေချိန်အတောအတွင်းတွင်လည်း ပေတရုက ငါ့ကို သိလာခဲ့၏။ ဤအရာက ပေတရုအား ငါ၏စိတ်နှလုံးနှင့် အမြဲ ကိုက်ညီလျက် နှစ်များစွာကြာ ငါ့ကို အစေခံဖို့ဖြစ်စေခဲ့ပြီး ဤအကြောင်းရင်းကြောင့်၊ သူသည် စာတန်၏ အသုံးချခြင်းကို မည်သည့်အခါမျှ မခံခဲ့ရပေ။ ပေတရုသည် ယောဘ၏ယုံကြည်ခြင်းမှ သင်ခန်းစာများ ယူခဲ့သည်၊ သို့ရာတွင် ယောဘ၏ အားနည်းချက်များကိုလည်း ရှင်းလင်းစွာ သိမြင်ခဲ့၏။ ယောဘသည် ကြီးမြတ်သော ယုံကြည်ခြင်း ရှိခဲ့ပြီးဖြစ်သော်လည်း၊ သူသည် ဝိညာဉ်လောကထဲက ကိစ္စရပ်များနှင့်သက်ဆိုင်သည့် အသိပညာ ကင်းမဲ့ခဲ့သည်၊ ထို့ကြောင့် သူသည် လက်တွေ့အရှိတရားနှင့် မကိုက်ညီသည့် စကားများစွာ ပြောဆိုခဲ့သည်။ ဤအရာက သူ၏အသိပညာသည် မလေးနက်သကဲ့သို့၊ စုံလင်နိုင်စွမ်း မရှိသည်ကို ပြပေသည်။ ထို့ကြောင့် ပေတရုသည် စိတ်ဝိညာဉ်နှင့်ဆိုင်သည့် အသိစိတ်တစ်ခု ရရှိခြင်းအပေါ် အမြဲ အာရုံစိုက်ခဲ့ပြီး ဝိညာဉ်လောက၏ လှုပ်ရှားမှုအင်အားကို လေ့လာခြင်းအား အမြဲ အာရုံစိုက်ခဲ့သည်။ အကျိုးဆက်အနေဖြင့်၊ သူသည် ငါ၏အလိုဆန္ဒများထဲမှ တစ်စုံတစ်ရာကို သေချာအောင် လေ့လာစိစစ်နိုင်ခဲ့သည်သာမက၊ စာတန်၏ လှည့်ဖြားတတ်သည့် အကြံအစည်များနှင့်ဆိုင်သည့် အသိပညာ အနည်းငယ်ကိုလည်း ရှိခဲ့လေသည်။ ဤအရာကြောင့် ငါနှင့်သက်ဆိုင်သည့် သူ၏အသိပညာသည် ခေတ်ကာလများ တစ်လျှောက် အခြားမည်သူမဆိုထက် သာ၍ တိုး၍ကြီးမားခဲ့ပေသည်။

ပေတရု၏အတွေ့အကြုံမှ၊ လူသားများသည် ငါ့ကိုသိလိုပါက၊ ၎င်းတို့သည် ၎င်းတို့၏ စိတ်ဝိညာဉ်များအတွင်းတွင် ဂရုတစိုက် စဉ်းစားဆင်ခြင်ခြင်းအပေါ် အာရုံစိုက်ရမည်ဖြစ်သည်ကို မြင်ရန် မခက်ခဲပေ။ ငါ့ကို အပြင်ပန်းအားဖြင့် အတိုင်းအတာ တစ်ခုထိ သင် “ဆက်ကပ်” ဖို့ ငါမတောင်းဆိုပေ။ ဤသည်မှာ သာမညပူပန်ရခြင်းအကြောင်း ဖြစ်သည်။ သင်သည် ငါ့ကိုမသိလျှင်၊ သင်ပြောဆိုသည့် ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် သစ္စာစောင့်သိခြင်း အားလုံးသည် စိတ်၏လှည့်စားမှုများသာ ဖြစ်၏။ ၎င်းတို့သည်

အရည်မရအဖတ်မရ ဖြစ်ပြီး၊ သင်သည် ငါ့ရှေ့မှောက်တွင် ကြီးမားသည့် ဝါကြွားမှုများ ပြုလုပ်သော်လည်း၊ မိမိကိုယ်မိမိ မသိသည့်သူ တစ်ဦးဖြစ်လာရန် သေချာ၏။ ထိုသို့ဖြင့်သင်သည် စာတန်၏ ဖမ်းမိခြင်းကို တစ်ဖန် ခံရလိမ့်မည် ဖြစ်ပြီး၊ သင့်ကိုယ်သင် လွတ်မြောက်စေနိုင်မည်မဟုတ်ပေ။ သင်သည် ပျက်စီးခြင်း၏သားတစ်ဦးနှင့် ဖျက်ဆီးခြင်းခံရမည့်အရာတစ်ခု ဖြစ်လာလိမ့်မည်။ သို့ရာတွင် သင်သည် ငါ၏နှုတ်ကပတ်တော်များ အပေါ် အေးစက်စက်နိုင်ကာ ဂရုမစိုက်ပါက၊ သင်သည် ငါ့ကို ဧကန် ဆန့်ကျင်ပေသည်။ ဤသည်မှာ အမှန်တရား ဖြစ်ပြီး၊ ငါ၏ပြစ်တင်ဆုံးမခြင်း ခံရပြီးဖြစ်သည့် များစွာသော ဝိညာဉ် အမျိုးမျိုးကို သင်သည် ဝိညာဉ်လောက ဂိတ်တံခါးမှတစ်ဆင့် ကြည့်လျှင် ကောင်းပေမည်။ ၎င်းတို့ထဲမှ မည်သူသည် ငါ၏နှုတ်ကပတ်တော်များနှင့် ရင်ဆိုင်ရလျက်၊ မလှုပ်မရှား ရှိခဲ့ကြသနည်း၊ ဂရုမစိုက်သကဲ့သို့ လက်မခံဘဲ ရှိခဲ့ကြသနည်း။ ၎င်းတို့အနက် မည်သူသည် ငါ၏နှုတ်ကပတ်တော်များနှင့်ပတ်သက်၍ အဆိုးမမြင်ဘဲ ရှိသနည်း။ ၎င်းတို့အနက် မည်သူသည် ငါ၏နှုတ်ကပတ်တော်များနှင့်ပတ်သက်၍ အပြစ်ရှာရန် မကြိုးစားခဲ့သနည်း။ ၎င်းတို့အနက် မည်သူသည် မိမိတို့ကိုယ်ကိုယ် "ကာကွယ်ရန်" ငါ၏နှုတ်ကပတ်တော်များကို "ခုခံသည့် လက်နက်များ" အဖြစ် အသုံးမပြုခဲ့သနည်း။ ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အကြောင်းအရာများကို ငါ့အား သိရှိရန် နည်းလမ်း တစ်ခုအဖြစ် အသုံးမပြုခဲ့ကြဘဲ၊ ကစားစရာများအဖြစ်သာ သုံးခဲ့ကြသည်။ ဤတွင် ၎င်းတို့သည် ငါ့ကို တိုက်ရိုက် ဆန့်ကျင်နေကြသည် မဟုတ်လော။ ငါ၏နှုတ်ကပတ်တော်များသည် မည်သူများ ဖြစ်သနည်း။ ငါ၏ဝိညာဉ်သည် မည်သူ ဖြစ်သနည်း။ ငါသည် သင်တို့အား ထိုသို့သောမေးခွန်းများကို အကြိမ်များစွာ မေးပြီးဖြစ်သော်လည်း၊ ယင်းတို့နှင့် ပတ်သက်သည့် သာ၍ မြင့်မားပြီး ရှင်းလင်းသော ထိုးထွင်းသိမြင်မှု တစ်ခုတစ်လေ သင်တို့ ရရှိဖူးပါသလော။ ယင်းတို့ကို သင်တို့ အမှန်တကယ် တွေ့ကြုံဖူးပါသလော။ ငါသည် သင်တို့ကို တစ်ဖန် သတိပေး၏- ငါ၏နှုတ်ကပတ်တော်များကို သင်တို့ မသိရှိပါက၊ ယင်းတို့ကို လက်မခံသကဲ့သို့၊ လက်တွေ့မလုပ်ဆောင်ကြပါက၊ သင်တို့သည် ငါ၏ပြစ်တင် ဆုံးမခြင်းကို ခံရမည့်အရာများ မလွဲမသွေ ဖြစ်လာကြလိမ့်မည်။ သင်သည် ဧကန်မုချ စာတန်၏ သားကောင် ဖြစ်လာလိမ့်မည်။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်

## အခန်း ၉

သင်သည် ငါ့အိမ်ထောင်ရှိ လူများထဲမှ တစ်ဦးဖြစ်သည့်အတွက်၊ ပြီးလျှင် ငါ၏နိုင်ငံတော်၌ သင်သည် သစ္စာစောင့်သိသည့်အတွက်၊ သင်လုပ်ဆောင်သမျှ အားလုံးတွင် သင်သည် ငါ၏ သတ်မှတ်ချက်များနှင့်ဆိုင်သည့် စံနှုန်းများကို လိုက်နာစောင့်ထိန်းရမည်။ သင့်ကို လွင့်မျောနေသော တိမ်တစ်ခုထက် ဘာမျှမပိုရန် ငါ တောင်းဆိုသည်မဟုတ်ဘဲ၊ ဝင်းလက်တောက်ပသော နှင်းပွင့်ဖြစ်ရန်နှင့် ယင်း၏အနှစ်သာရကို ပိုင်ဆိုင်ရန်၊ ထို့ထက်ပို၍ပင် ယင်း၏တန်ဖိုးကို ပိုင်ဆိုင်ရန်သာ တောင်းဆိုသည်။ ငါသည် သန့်ရှင်းသောမြေမှ လာခဲ့သောကြောင့်၊ သန့်ရှင်းသောမြေမှ မဟုတ်ဘဲ ရွှံ့နွံထဲမှ လာသည့်အတွက်၊ အမည်သာရှိပြီး အနှစ်သာရမရှိသည့် ကြာပဒုမ္မာကဲ့သို့ မဟုတ်။ အသစ်သော ကောင်းကင်သည် ကမ္ဘာမြေကြီးပေါ်သို့ ဆင်းသက်လာပြီး အသစ်သော ကမ္ဘာမြေသည် မိုးကောင်းကင်တစ်လွှားတွင် ပျံ့နှံ့လေသော အချိန်သည်လည်း လူသားများအလယ် ငါသည် တရားဝင်အမှုပြုသော အချိန် ဖြစ်သည်။ လူသားမျိုးနွယ်ထဲတွင် မည်သူသည် ငါ့ကို သိကျွမ်းသနည်း။ မည်သူသည် ငါ၏ဆိုက်ရောက်ခြင်း အခိုက်အတန့်ကို ရှုမြင်ခဲ့သနည်း။ ငါသည် အမည်သာ ရှိသည် မဟုတ်သည့်အပြင်၊ အနှစ်သာရလည်း ပိုင်ဆိုင်သည်ကို မည်သူ တွေ့မြင်ပြီးဖြစ်သနည်း။ ငါသည် ဖြူသောတိမ်များကို ငါ့လက်ဖြင့် ဖယ်ရှားပြီး မိုးကောင်းကင်များကို သေချာစွာ လေ့လာသည်။ အာကာသဟင်းလင်းပြင်တွင် ငါ၏ လက်ဖြင့် မစီစဉ်သောအရာ ဘာမျှမရှိသကဲ့သို့၊ ယင်း၏အောက်တွင် ငါ၏တန်ခိုးကြီးမားသော လုပ်ငန်းကို ပြီးမြောက်ခြင်းအပေါ် မိမိ၏သေးငယ်သော လုံ့လဖြင့် မပံ့ပိုးသည့် လူသားတစ်ယောက်မျှမရှိ။ ငါသည် အမြဲလက်တွေ့ကျသော ဘုရားသခင် ဖြစ်သည့်အတွက်၊ ပြီးလျှင် ငါသည် လူသားများကို ဖန်ဆင်းခဲ့ပြီး ၎င်းတို့သည် ကောင်းစွာသိသော အနန္တတန်ခိုးရှင် ဖြစ်သောကြောင့် ငါသည် ကမ္ဘာမြေကြီးပေါ် ရှိ လူများကို ကြီးလေးသော တောင်းဆိုမှုများ မပြုပေ။ ခပ်သိမ်းသောလူတို့သည် အနန္တတန်ခိုးရှင်၏ မျက်စိရှေ့တွင် ရှိကြသည်။ ကမ္ဘာမြေကြီး၏ အဝေးလံဆုံး အရပ်များတွင် ရှိသည့် လူများသည်ပင် ငါ့ဝိညာဉ်၏ စိစစ်ခြင်းကို အဘယ်သို့ ရှောင်ရှားနိုင်မည်နည်း။ လူတို့သည် ငါ၏ဝိညာဉ်ကို ‘သိကျွမ်း’ ကြသော်ငြားလည်း၊ ၎င်းတို့သည် ငါ့ဝိညာဉ်ကို ပုန်ကန်ပြစ်မှားဆဲဖြစ်သည်။ ငါ၏နှုတ်ကပတ်တော်များသည် လူခပ်သိမ်းတို့၏ အကျည်းတန်သော မျက်နှာအပြင် ၎င်းတို့၏ အတွင်းကျကျ အတွေးများကို ဖွင့်ချပြကာ ကမ္ဘာမြေပေါ် ရှိ အရာအားလုံးကို ငါ၏စိစစ်ခြင်းအလယ်၌ လဲကျကြစေသည်။ သို့သော်၊ လဲကျကြသော်ငြားလည်း ၎င်းတို့၏ နှလုံးသားများသည် ငါ့ထံမှ အဝေးသို့ လမ်းလွဲမသွားဝံ့ပေ။ ဖန်ဆင်းခြင်း အရာဝတ္ထုများအလယ်တွင်၊ မည်သူသည် ငါ၏ လုပ်ဆောင်ချက်များ၏ အကျိုးဆက်အနေဖြင့်

ငါ့ကို မချစ်လာဘဲ ရှိသနည်း။ မည်သူသည် ငါ့နှုတ်ကပတ်တော်များ၏ အကျိုးဆက်အနေဖြင့် ငါ့ကို မတမ်းတဘဲ ရှိသနည်း။ ငါ၏ချစ်ခြင်းမေတ္တာ၏ အကျိုးဆက်အနေဖြင့် မည်သူ့ထံတွင် သံယောဇဉ်တွယ်သည့် ခံစားချက်များ မပေါက်ဖွားသနည်း။ လူသားများသည် ငါတောင်းဆိုသည့် အခြေအနေသို့ မရောက်ရှိနိုင်လေသည်မှာ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကြောင့်သာ ဖြစ်သည်။ စာတန်က သောင်းကျန်းပြီး လွန်လွန်ကဲကဲ အာဏာရှင်ဆန်သည့် ဤခေတ်ကာလ- သို့မဟုတ် လူသားများသည် ၎င်းတို့၏ ကိုယ်ခန္ဓာတစ်ခုလုံး အညစ်အကြေးဖြင့် ဖုံးသွားသည်အထိ စာတန်၏ အလွန် နင်းခြေခြင်းခံရသော အချိန်- ယနေ့ကို မဆိုထားနှင့်၊ ငါသတ်မှတ်ထား တောင်းဆိုသည့် အနိမ့်ဆုံးသော စံနှုန်းများသည်ပင် လူသားထဲ၌ ဒွိဟများ ဖြစ်ပေါ်စေသည်။ လူသားများ၏ အကျင့်ပျက်ခြင်း အကျိုးဆက်အနေဖြင့် ငါ့နှလုံးသားကို အရေးစိုက်ရန် လူသားများ၏ပျက်ကွက်ခြင်းသည် မည်သည့်အချိန်တွင် ငါ့အား ပူဆွေးသောက မဖြစ်စေလေပြီနည်း။ ယင်းမှာ ငါသည် စာတန်အား သနား၍ ဖြစ်နိုင်မည်လော။ ယင်းမှာ ငါသည် ငါ၏ချစ်ခြင်းမေတ္တာ၌ အမှားပြုမိသောကြောင့် ဖြစ်နိုင်မည်လော။ လူတို့ ငါ့ကို မနာခံကြသောအခါတွင်၊ ငါ၏နှလုံးသားသည် တိတ်တဆိတ် ငိုကြွေး၏၊ ၎င်းတို့ ငါ့ကို ဆန့်ကျင်ကြသောအခါ၊ ငါသည် ၎င်းတို့ကို ပြစ်တင်ဆုံးမ၏၊ ၎င်းတို့သည် ငါ့အားဖြင့် ကယ်တင်ခြင်းခံရပြီး သေရာမှ ရှင်ပြန်ထမြောက်သောအခါ၊ ငါသည် ၎င်းတို့ကို အဆုံးစွန်သော ဂရုစိုက်ခြင်းဖြင့် အာဟာရဖြစ်စေသည်။ ၎င်းတို့ ငါ့ကို ကျိုးနွံနာခံကြသောအခါ၊ ငါ၏နှလုံးသားသည် သက်သာစွာ အနားယူပြီး ငါသည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့၌ ကြီးစွာသော ပြောင်းလဲခြင်းများကို ချက်ချင်း သတိပြုမိ၏၊ လူသားများက ငါ့ကို ချီးမွမ်းကြသောအခါ၊ ငါသည် အဘယ်သို့ မမွေ့လျော်ဘဲနေနိုင်မည်နည်း။ ၎င်းတို့သည် ငါ့ကို သက်သေခံကြပြီး၊ ငါ၏ ရယူခြင်းခံကြရသောအခါ၊ ငါသည် အဘယ်သို့ ဘုန်းမထင်ရှားဘဲ နေနိုင်မည်နည်း။ လူသားတို့ ပြုမူကာ ဆောင်ရွက်သမျှ မည်သည့်အရာမဆို ငါ၏ အုပ်စိုးခြင်းနှင့် ထောက်ပံ့ပေးခြင်း မခံရသည်များ ဖြစ်နိုင်မည်လော။ ငါသည် လမ်းညွှန်မှု မပေးသောအခါတွင်၊ လူတို့သည် ထုံထိုင်းကာ ငြိမ်သွားကြသည်။ ထို့အပြင် ငါ၏ နောက်ကွယ်တွင် ၎င်းတို့သည် ထို 'ချီးကျူးထိုက်သော' ယုတ်ညံ့သည့် အပေးအယူများကို ဆောင်ရွက်ကြသည်။ ငါ့ကိုယ်ငါ ယူတင်ဝတ်ဆင် ထားသော လူ့ဇာတိသည် သင်၏လုပ်ရပ်များ၊ သင်၏ အပြုအမူနှင့် သင်၏ စကားများနှင့် ပတ်သက်၍ မည်သည့်အရာကိုမျှမသိဟု သင်ထင်သလော။ နှစ်ပေါင်းများစွာ ငါသည် လေဒဏ်နှင့် မိုးဒဏ်ကို ကြံ့ကြံ့ခံပြီးဖြစ်သည်၊ ထို့ကြောင့် လူ့လောကကြီး၏ ခါးသီးမှုကိုလည်း ငါတွေ့ကြုံခံစားပြီး ဖြစ်သည်။ သို့သော် သာ၍ စေ့စေ့စပ်စပ်

ဆင်ခြင်ကြည့်သောအခါ၊ မည်သည့် ချိုမြိန်မှုကမျှ ဇာတိပကတိရှိသည့် လူသားကို ငါ့အပေါ် စိမ်းကားစေဖို့၊ စိတ်ပျက်စေဖို့ သို့မဟုတ် အထင်အမြင်သေးစေဖို့ ဖြစ်စေနိုင်ရန်မဆိုထားနှင့်၊ မည်မျှသော မည်သည့် ဆင်းရဲဒုက္ခ ပမာဏကမျှ ဇာတိပကတိရှိသည့် လူသားမျိုးနွယ်ကို ငါ့အထဲတွင် မျှော်လင့်ချက် မဆုံးရှုံးစေနိုင်ပေ။ ငါ့အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာသည် ဆင်းရဲဒုက္ခ ကင်းမဲ့ခြင်း သို့မဟုတ် ချိုမြိန်မှု မရှိခြင်းဖြင့် အမှန်တကယ် ကန့်သတ်ထားပါသလော။

ယနေ့တွင်၊ ငါသည် လူ့ဇာတိ၌ နေထိုင်ပြီး၊ ငါလုပ်ဆောင်ရမည့် အမှုကို တရားဝင်စတင် ဆောင်ရွက်ပြီး ဖြစ်သည်။ လူသားများသည် ငါ့ဝိညာဉ်တော်၏အသံကို ကြောက်ရွံ့ကြသော်ငြားလည်း၊ ၎င်းတို့သည် ငါ့ဝိညာဉ်တော်၏အနှစ်သာရကို ဆန့်ကျင်ကြ၏။ ငါ၏နှုတ်ကပတ်တော်များ ထဲတွင် လူ့ဇာတိနှင့်ဆိုင်သည့် ငါ့ကို သိကျွမ်းရန် လူသားမျိုးနွယ်အတွက် မည်မျှခက်ခဲသည်ဆိုသည်နှင့် ပတ်သက်၍၊ ငါ အသေးစိတ် ဖော်ပြရှင်းလင်းရန် မလိုအပ်ပေ။ ယခင်က ငါပြောပြီးသည့် အတိုင်း၊ ငါသည် ငါ၏သတ်မှတ်ချက်များ၌ အတင်းတောင်းဆိုခြင်း မဟုတ်သကဲ့သို့၊ ငါနှင့်ပတ်သက်သည့် ပြည့်ဝသော အသိပညာကို စွမ်းဆောင်ရရှိရန် သင်တို့အတွက် မလိုအပ်ပေ (အကြောင်းမှာ လူသားများသည် ချို့တဲ့နေကြသောကြောင့် ဖြစ်သည်။ ဤသည်မှာ ပင်ကိုအခြေအနေ တစ်ခုဖြစ်ပြီး၊ ရရှိသော အခြေအနေက ယင်းကို အစားမထိုးနိုင်ပေ)။ လူ့ဇာတိ ပုံသဏ္ဌာန်ဖြင့် ငါ လုပ်ဆောင်ကာ ပြောဆိုခဲ့သော အရာအားလုံးကိုသာ သင်တို့ သိရန် လိုအပ်သည်။ ငါ၏သတ်မှတ်ချက်များသည် အတင်းတောင်းဆိုနေခြင်း မဟုတ်သည့်အတွက် သင်တို့အားလုံးအနေဖြင့် ဤလုပ်ဆောင်ချက်များနှင့် နှုတ်ကပတ်တော်များကို သိရှိလာပြီး အောင်မြင်စွာရယူခြင်းကို စွမ်းဆောင်ရရှိလာရန်မှာ ငါ၏မျှော်လင့်ချက်ပင် ဖြစ်သည်။ သင်တို့သည် ဤညစ်ညူးသော လောကကြီးထဲရှိ မိမိတို့၏မစင်ကြယ်မှုများကို မိမိတို့ကိုယ်ကိုယ် ဖယ်ရှားရမည်၊ ဤခေတ်နောက်ကျသော "ဧကရာဇ်မင်းများ၏ အမျိုးအနွယ်" ထဲတွင် တိုးတက်မှု ပြုလုပ်ရန် သင်တို့ ကြိုးပမ်းရမည်ဖြစ်ပြီး၊ သင်သည် မိမိတို့ကိုယ်ကိုယ် မည်သည့် လျှော့ပေါ့ခြင်းမျှ လုံးဝ မရှိစေရ။ သင်သည် မိမိတို့ကိုယ်ကိုယ်နှင့်ပတ်သက်၍ စိုးစဉ်းမျှ မသက်ညှာသင့်ကြပေ။ တစ်နေ့အတွင်း ငါမိန့်မြွက်ခဲ့သော အရာကို သိရန်အလို့ငှာ သင်သည် ကြီးစွာသော အချိန်နှင့် လုံ့လကို စိုက်ထုတ်ရန် လိုအပ်မည်ဖြစ်ပြီး၊ ငါပြောဆိုခဲ့သော စာတစ်ကြောင်းတည်း မှပင် အသိပညာကို တွေ့ကြုံပြီး၊ ရရှိဖို့ တစ်သက်တာလုံး အချိန်ယူရပေမည်။ ငါပြောဆိုသော နှုတ်ကပတ်တော်များသည် မရေမရာ မဖြစ်သကဲ့သို့ စိတ်ကူးသက်သက်လည်း မဟုတ်ပေ။ ယင်းတို့သည် အနှစ်မဲ့သော စကားမဟုတ်။ များစွာသော

လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို ရရှိရန် မျှော်လင့်ကြသော်လည်း၊ ငါသည် ၎င်းတို့ကို အလေးဂရုပြုခြင်းမရှိ။ များစွာသောလူတို့သည် ငါ၏ကြွယ်ဝခြင်းကို ဆာငတ်ကြသော်လည်း၊ ငါသည် ၎င်းတို့ကို တစ်စိုးတစ်စိမျှပင် မပေး။ များစွာသော လူတို့သည် ငါ၏မျက်နှာကို မြင်တွေ့ရန် ဆန္ဒရှိကြသော်လည်း၊ ငါသည် ယင်းကို အစဉ် ကွယ်ဝှက်ထား၏။ များစွာသောလူတို့သည် ငါ၏အသံကို စူးစိုက်စွာ နားထောင်ကြသော်လည်း၊ ၎င်းတို့၏ "တမ်းတခြင်း" ဖြင့် စိတ်ထိခိုက်ခြင်း မရှိဘဲ၊ ငါသည် ငါ၏မျက်လုံးကို မှိတ်ကာ ငါ၏ဦးခေါင်းကို နောက်ဘက်သို့ တိမ်း၏၊ များစွာသော လူတို့သည် ငါ့အသံ၏မြည်သံကို ကြောက်ရွံ့ကြသော်လည်း၊ ငါ၏ နှုတ်ကပတ်တော်များသည် အမြဲ ထိုးစစ်ဆင်နေ၏၊ များစွာသော လူတို့သည် ငါ၏မျက်နှာကို မြင်တွေ့ခြင်းဖြင့် ကြောက်လန့်ကြသော်လည်း၊ ငါသည် ၎င်းတို့ကို ဒဏ်ခတ်ရန် ထိုသို့ တမင်တကာ ပေါ်လာ၏။ လူသားများသည် ငါ၏မျက်နှာကို မည်သည့်အခါမျှ အမှန်တကယ် မမြင်ဖူးသကဲ့သို့၊ ငါ၏အသံကိုလည်း မည်သည့်အခါမျှ အမှန်တကယ် မကြားဖူးကြချေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ငါ့ကို အမှန်တကယ် မသိကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ငါ့အားဖြင့် ဒဏ်ခတ်ခြင်း ခံကြရမည် ဖြစ်သော်လည်း၊ ၎င်းတို့သည် ငါ့ကို စွန့်ခွာကြမည် ဖြစ်သော်လည်း၊ ပြီးလျှင် ၎င်းတို့သည် ငါ၏လက်ဖြင့် ပြစ်တင်ဆုံးမခြင်းကို ခံကြရမည် ဖြစ်သော်လည်း၊ ၎င်းတို့ လုပ်ဆောင်သမျှအားလုံးသည် ငါကိုယ်တိုင်၏ နှလုံးသားနှင့် အမှန်တကယ် ညီညွတ်ခြင်း ရှိသည်၊ မရှိသည်ကို ၎င်းတို့ မသိကြသေးသကဲ့သို့၊ ငါ၏နှလုံးသားကို မည်သူ့အား အတိအကျ ထုတ်ဖော်ပြသည်ကို ၎င်းတို့ မသိနားမလည်ဖြစ်ကြသေး၏။ ကမ္ဘာလောက၏ ဖန်ဆင်းခြင်းကတည်းက၊ မည်သူကမျှ ငါ့ကို အမှန်တကယ် မသိဖူးကြပေ၊ သို့မဟုတ် ငါ့ကို အမှန်တကယ် မမြင်ဖူးကြပေ၊ ပြီးလျှင် ငါသည် ယနေ့တွင် လူ့ဇာတိခံယူပြီးဖြစ်သော်လည်း၊ သင်တို့သည် ငါ့ကို မသိကြဆဲ ဖြစ်သည်။ ဤသည်မှာ အမှန်တရားတစ်ခု မဟုတ်လော။ လူ့ဇာတိ၌ ငါ၏လုပ်ဆောင်ချက်များနှင့် စိတ်သဘောထားတို့၏ အနည်းငယ်မျှကိုပင် သင်မြင်ဖူးပါသလော။

ကောင်းကင်ဘုံသည် ငါကျောခင်းရာ အရပ်ဖြစ်ပြီး ကောင်းကင်ဘုံ၏ အောက်အရပ်သည် ငါအနားယူရာ အရပ် ဖြစ်သည်။ ငါ၌ ကျိန်းဝပ်ရန် တစ်နေရာရာရှိပြီး ငါ၏ တန်ခိုးများကို ငါ ပြသသည့်အချိန်အတွက်လည်း အချိန်ကာလတစ်ခု ရှိ၏။ အကယ်၍ ငါသည် ကမ္ဘာမြေကြီးပေါ်တွင် မရှိခဲ့ပါက၊ အကယ်၍ ငါသည် လူ့ဇာတိအတွင်း ငါ့ကိုယ်ငါ ဖုံးကွယ်ထားခြင်း မရှိခဲ့ပါက၊ ပြီးလျှင် ငါသည် မနှိမ့်ချသကဲ့သို့ ကွယ်ဝှက်၍ မနေခဲ့ပါက ကောင်းကင်နှင့် ကမ္ဘာမြေကြီးသည် ကြာမြင့်စွာကတည်းက ပြောင်းလဲနှင့်ပြီး ဖြစ်မည်

မဟုတ်လော။ ငါ၏လူများဖြစ်ကြသော သင်တို့သည် ငါ၏အသုံးပြုခြင်းကို ခံရနိုင်ပြီးဖြစ်မည် မဟုတ်လော။ သို့သော်လည်း ငါ၏လုပ်ဆောင်ချက်များအဖို့ ဉာဏ်ပညာရှိပြီး၊ ငါသည် လူသားများ၏ လှည့်ဖြားတတ်ခြင်းကို အပြည့်အဝ သိသော်လည်း၊ ၎င်းတို့၏ စံနမူနာနောက် ငါ မလိုက်လျှောက်ဘဲ၊ ယင်းအစား ၎င်းကို အလဲအလှယ် အနေဖြင့် တစ်စုံတစ်ရာ ငါပေး၏။ ဝိညာဉ်လောကရှိ ငါ၏ ဉာဏ်ပညာသည် မကုန်ခမ်းနိုင်သကဲ့သို့၊ လူ့ဇာတိတွင်ရှိသော ငါ၏ဉာဏ်ပညာသည် ထာဝရတည်တံ့၏။ ဤသည်မှာ ငါ၏လုပ်ဆောင်ချက်များကို ပေါ်လွင်သည့် တကယ့် အခိုက်အတန့် ဖြစ်သည် မဟုတ်လော။ ငါသည် လူသားကို နိုင်ငံတော်ခေတ်ထဲဖြစ်သည့် ယနေ့ထက်ထိတိုင် ကြိမ်ဖန်များစွာ ခွင့်လွှတ်ပေးကာ ချမ်းသာပေးပြီး ဖြစ်သည်။ ငါသည် ငါ၏အချိန်ကို အမှန်တကယ် အနည်းငယ်မျှ ကြာကြာ ရွှေ့ဆိုင်းထားနိုင်မည်လော။ ငါသည် အထိမခံသော လူသားများအပေါ် အတော်အတန် သာ၍သနားကရုဏာ ရှိပြီးဖြစ်သော်လည်း၊ ငါ၏အမှု ပြီးစီးသွားသည်နှင့်တစ်ပြိုင်နက်၊ ငါသည် အမှုဟောင်းကို လုပ်ဆောင်ခြင်းဖြင့် မိမိကိုယ်ကိုယ် ဒုက္ခ ရောက်စေနိုင်ဦးမည်လော။ စာတန်အား ငါ့ကို စွပ်စွဲဖို့ တမင်တကာ ငါ ခွင့်ပြုမည်လော။ လူသားများအနေဖြင့် ငါ့နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားနှင့် ယင်းတို့၏ မူရင်း အနက်အဓိပ္ပာယ်ကို လက်ခံရန်မှလွဲ၍ မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မလိုအပ်ပေသည်။ သင်တို့သည် အလွန် သေးနုပ်ပြီး အလွန်ထုံထိုင်း လာကြပြီး ဖြစ်သည့်အတွက်၊ ငါ၏နှုတ်ကပတ်တော်များသည် ရိုးစင်းသော်လည်း၊ အနှစ်သာရအားဖြင့် ၎င်းတို့သည် ခက်ခဲရှုပ်ထွေးလေသည်။ ငါသည် ငါ၏နက်နဲမှုများကို တိုက်ရိုက် ထုတ်ဖော်ပြပြီး လူ့ဇာတိ၌ ငါ၏ အလိုကို ပေါ်လွင်စေသောအခါ၊ သင်တို့သည် အာရုံမစိုက်ကြ။ သင်တို့သည် အသံများကို နားထောင်ကြသော်လည်း ယင်းတို့၏ အနက်အဓိပ္ပာယ်ကို နားမလည်ကြ။ ငါသည် ဝမ်းနည်းခြင်းဖြင့် မွှန်ထူသွားသည်။ ငါသည် လူ့ဇာတိ၌ ရှိသော်ငြားလည်း၊ လူ့ဇာတိ၏ အမှုတော်နှင့်ဆိုင်သည့်အမှုကို မလုပ်ဆောင်နိုင်ပေ။

အဘယ်သူသည် ငါ၏နှုတ်ကပတ်တော်များနှင့် လုပ်ရပ်များမှ လူ့ဇာတိ၌ ငါ၏လုပ်ဆောင်ချက်များကို သိရှိလာပြီးပြီနည်း။ ငါသည် ငါ၏နက်နဲမှုများကို အရေးအသားဖြင့် ထုတ်ဖော်ပြသောအခါ သို့မဟုတ် ယင်းတို့ကို အသံထွက်၍ ပြောဆိုသောအခါ၊ လူအားလုံးသည် ကြက်သေသေသွားကြ၏။ ၎င်းတို့သည် ၎င်းတို့၏မျက်လုံးများကို တိတ်ဆိတ်စွာ မိုတ်ထားလိုက်ကြသည်။ ငါပြောဆိုသော အရာသည် လူသားများအဖို့ အဘယ်ကြောင့် နားမလည်နိုင်ဖြစ်ရသနည်း။ ငါ၏နှုတ်ကပတ်တော်များသည် ၎င်းတို့အဖို့ အဘယ်ကြောင့် အလွန် ဉာဏ်မမီနိုင်ဖြစ်ရသနည်း။ ၎င်းတို့သည် ငါ၏လုပ်ဆောင်ချက်များကို အဘယ်ကြောင့် အလွန် မသိမြင်ရသနည်း။ မည်သူသည်

ငါ့ကိုမြင်တွေ့နိုင်ပြီး မည်သည့်အခါမျှ မမေ့လျော့နိုင်သနည်း။ ၎င်းတို့ထဲမှ မည်သူသည် ငါ၏အသံကိုကြားပြီး ယင်းအသံအား ၎င်းတို့ကို လွန်သွားခွင့် မပြုနိုင်သနည်း။ မည်သူသည် ငါ၏အလိုကို သိရှိနိုင်ပြီး ငါ၏နှလုံးသားကို အားရကျေနပ်စေနိုင်သနည်း။ ငါသည် လူတို့အလယ်တွင် နေထိုင်ကာ လှုပ်ရှား၏။ ၎င်းတို့၏ဘဝများကို ကြုံတွေ့ခံစားရန် ငါ လာပြီးဖြစ်သည်- ပြီးလျှင် လူသားမျိုးနွယ်အတွက် ခပ်သိမ်းသောအရာတို့ကို ငါ ဖန်ဆင်းပြီးသည့်နောက်တွင် ထိုအရာတို့သည် ကောင်းပေသည်ဟု ငါ ခံစားခဲ့ရသော်ငြားလည်း၊ လူသားတို့အလယ်ရှိ အသက်တာမှ ငါသည် ဝမ်းမြောက်မှု မခံယူသကဲ့သို့၊ ၎င်းတို့အလယ်က မည်သည့် ပျော်ရွှင်မှုမဆိုအားဖြင့် ငါသည် ဝမ်းမြောက်ဝမ်းသာ မဖြစ်ပေ။ ငါသည် ၎င်းတို့ကို မစက်ဆုပ်သကဲ့သို့ မငြင်းပယ်ပေ၊ သို့သော် ၎င်းတို့အပေါ် သံယောဇဉ်တွယ်ခြင်းလည်း မရှိပေ- လူသားများသည် ငါ့ကို မသိကြသည့်အတွက်၊ အမှောင်ထဲတွင် ငါ၏မျက်နှာကို ရှာတွေ့ရန် ၎င်းတို့ အခက်တွေ့ကြသည်။ ပွက်လောရိုက်သံများ အလယ်တွင် ၎င်းတို့သည် ငါ၏အသံကိုကြားခြင်းငှာ ခက်ခဲကြပြီး၊ ငါပြောသည့်အရာကို မသိမြင်နိုင်ကြချေ။ ထို့ကြောင့် အပေါ်ယံအားဖြင့် သင်တို့ လုပ်ဆောင်သမျှ အားလုံးသည် ငါ့ကို ကျိုးနွံနာခံခြင်းတွင် ရှိသော်လည်း၊ သင်တို့၏ နှလုံးသားများထဲ၌မူ သင်တို့သည် ငါ့ကို မနာခံကြဆဲ ဖြစ်သည်။ ဤသည်မှာ လူသားမျိုးနွယ်တစ်ရပ်လုံး၏ သဘာဝဟောင်းနှင့် တူသောအရာဖြစ်သည်ဟု ပြော၍ရနိုင်သည်။ မည်သူသည် ခြွင်းချက်ဖြစ်သနည်း။ မည်သူသည် ငါ၏ပြစ်တင်စီရင်ခြင်း ခံရသူတစ်ဦး မဟုတ်သနည်း။ သို့သော် မည်သူသည် ငါ၏သည်းခံခြင်း အောက်တွင် အသက်မရှင်သနည်း။ အကယ်၍ လူသားမျိုးနွယ် အားလုံးသည် ငါ၏ အမျက်ဒေါသဖြင့် ဖျက်ဆီးခြင်း ခံခဲ့ရမည်ဆိုပါက၊ ကောင်းကင်နှင့် မြေကြီးကို ငါဖန်ဆင်းခြင်း၏ အရေးပါမှုမှာ မည်သည့်အရာ ဖြစ်မည်နည်း။ ငါသည် တစ်ချိန်က များစွာသော လူတို့ကို သတိပေးခဲ့သည်၊ များစွာသော လူတို့ကို တိုက်တွန်းခဲ့ပြီး များစွာသော လူတို့ကို ပွင့်ပွင့်လင်းလင်း တရားစီရင်ခဲ့သည်- ဤသည်မှာ လူသားမျိုးနွယ်ကို တိုက်ရိုက်ဖျက်ဆီးခြင်းထက် များစွာ သာ၍ကောင်းသည် မဟုတ်လော။ ငါ၏ရည်မှန်းချက်မှာ လူတို့ကို သေခြင်းသို့ ပို့ရန် မဟုတ်ဘဲ၊ ငါ၏တရားစီရင်ခြင်း အလယ်တွင် ငါ၏လုပ်ဆောင်ချက်များ အားလုံးကို ၎င်းတို့အား သိစေဖို့ ဖြစ်သည်။ သင်တို့သည် အနက်ဆုံးသော တွင်းမှ တက်လာကြသောအခါ- ဆိုလိုသည်မှာ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ငါ၏တရားစီရင်ခြင်းမှ လွတ်မြောက်စေကြသောအခါ- သင်တို့၏ ကိုယ်ရေးကိုယ်တာ ထည့်သွင်းစဉ်းစားမှုများနှင့် အစီအစဉ်များအားလုံး ပျောက်ကွယ်သွားကြလိမ့်မည်ဖြစ်ပြီး အယောက်တိုင်းသည် ငါ့ကို စိတ်ကျေနပ်စေရန် ဆန္ဒပြင်းပြကြလိမ့်မည်။ ဤတွင် ငါသည် ငါ၏ရည်မှန်းချက်ကို စွမ်းဆောင်ရရှိပြီး ဖြစ်လိမ့်မည်

မဟုတ်လော။

၁၉၉၂ ခုနှစ်၊ မတ်လ ၁ ရက်

# အခန်း ၁၀

နိုင်ငံတော်ခေတ်သည် စင်စစ်မူကား အတိတ်က အချိန်ကာလများနှင့် ကွဲပြားခြားနားသည်။ ယင်းသည် လူတို့၏လုပ်ဆောင်ပုံနှင့် မသက်ဆိုင်ပေ၊ ယင်းအစား ငါသည် လူတို့က စိတ်မကူးနိုင်သကဲ့သို့ လုပ်ဆောင်၍လည်း မရနိုင်သော ငါ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် ကမ္ဘာမြေကြီးပေါ်သို့ ကြွဆင်းလာခဲ့ပြီဖြစ်သည်။ လောကကမ္ဘာကြီးကို ဖန်ဆင်းခြင်းကတည်းက အမှုသည် အသင်းတော်တည်ဆောက်ခြင်းသာ အမြဲဖြစ်နေခဲ့သည်၊ သို့သော်လည်း မည်သူကမျှ နိုင်ငံတော်တည်ဆောက်ခြင်းအကြောင်းကို မည်သည့်အခါမျှ မကြားကြ။ ဤအကြောင်းကို ငါသည် ငါကိုယ်တိုင်၏နှုတ်ဖြင့် ပြောဆိုသော်လည်း ၎င်း၏အနှစ်သာရကို သိသောသူ တစ်ဦးတစ်ယောက်ရှိသလော။ ငါသည် တစ်ချိန်က လူ့လောကသို့ ကြွဆင်းလာခဲ့ပြီး လူတို့၏ ဆင်းရဲဒုက္ခကို တွေ့ကြုံခံစား၍ လေ့လာခဲ့သော်လည်း ငါ့လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းခြင်း မရှိဘဲ ယင်းသို့လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ခြင်းကို စတင်သောအခါ ငါခံယူထားသော ဇာတိပကတိသည် အမှုတော်ကို တရားဝင် စတင်ထမ်းဆောင်သည်။ ဆိုလိုသည်မှာ နိုင်ငံတော်၏ ရှင်ဘုရင်သည် အချုပ်အခြာအာဏာကို တရားဝင်စွဲကိုင်ခြင်းဖြစ်သည်။ လူ့လောကထဲသို့ နိုင်ငံတော်၏ ဆင်းသက်မှုသည် စာသားဆိုလိုရင်း အဓိပ္ပာယ်အတိုင်း သရုပ်သကန်ပြခြင်းသက်သက် ဖြစ်ရန်ဝေးစွ၊ ယင်းသည် စစ်မှန်သော အကြောင်းအရာတစ်ခုဖြစ်ကြောင်း ဤအရာမှ ထင်ရှားမြင်သာသည်၊ ဤသည်မှာ “လက်တွေ့လုပ်ဆောင်ခြင်းနှင့်ဆိုင်သော စစ်မှန်ခြင်း” အဓိပ္ပာယ်၏ လက္ခဏာတစ်ရပ် ဖြစ်သည်။ လူတို့သည် ငါ့လုပ်ဆောင်မှုများမှ တစ်ခုကိုမျှ မမြင်ဖူး၊ ငါ့ဖွင့်ဆိုချက်များမှ တစ်ခုကိုမျှလည်း မကြားဖူးပေ။ ထိုသူတို့သည် ငါ၏လုပ်ဆောင်မှုများကို မြင်တွေ့ခဲ့သည်ဆိုလျှင်ပင် အဘယ်အရာကို တွေ့ရှိခဲ့လိမ့်မည်နည်း။ သူတို့သည် ငါပြောဆိုသည်ကို ကြားခဲ့ပါက အဘယ်အရာကို သူတို့နားလည်ခဲ့လိမ့်မည်နည်း။ လောကကမ္ဘာကြီးတစ်လျှောက် လူတိုင်းသည် ငါ၏ ကရုဏာနှင့်ချစ်ခြင်းမေတ္တာအတွင်း၌ ရှိကြသော်လည်း လူသားမျိုးနွယ်အားလုံးသည် ငါ၏ တရားစီရင်မှု အောက်တွင်လည်း

ရှိကြကာ၊ ထိုနည်းတူစွာပင် ငါ၏စမ်းသပ်မှုများကိုလည်း ခံစားကြရသည်။ လူအားလုံးသည် အတိုင်းအတာတစ်ခုအထိ ဖောက်ပြန်ပျက်စီးခဲ့သည့် အချိန်တွင်ပင် ငါသည် လူသားမျိုးနွယ်ကို သနားကြင်နာ၍ ချစ်ခင်ခဲ့သည်၊ လူသားများ အားလုံးသည် ငါ့ပလ္လင်၏ရှေ့မှောက်တွင် နှိမ့်ချခြင်းဖြင့် ရှိကျိုးခဲ့ချိန်တွင်ပင် ငါသည် ၎င်းတို့အတွက် ပြစ်တင်ဆုံးမချက်ကို ချပေးခဲ့၏။ သို့သော်လည်း ငါပေးပို့ထားသော ဆင်းရဲဒုက္ခနှင့် စစ်ဆေးခြင်း၏အလယ်တွင်မရှိသော လူတစ်ဦးတစ်ယောက် ရှိလေသလော။ များပြားလှသောလူတို့သည် အမှောင်ထုထဲ စမ်းတဝါးဝါးနှင့် အလင်းကို ရှာနေကြပြီး၊ များပြားလှသောလူတို့သည် သူတို့ခံရသော စမ်းသပ်မှုများ၌ ခါးသီးစွာ ရုန်းကန်နေကြသည်။ ယောဘ၌ ယုံကြည်ခြင်းရှိခဲ့၏၊ သို့သော်ငြားလည်း သူသည် သူ့အတွက် လွတ်မြောက်ရာလမ်းကို ရှာဖွေနေခဲ့သည် မဟုတ်လော။ ငါ၏လူများသည် စမ်းသပ်မှုများတွင် မြဲမြံစွာ ရပ်တည်နိုင်ကြသော်ငြားလည်း ထိုအရာကို ကျယ်လောင်စွာ ထုတ်ပြောခြင်းမရှိဘဲ မိမိ၏နှလုံးသားထဲတွင် ယုံကြည်ခြင်းရှိသူ တစ်စုံတစ်ယောက် ရှိသလော။ ယင်းအစား လူတို့သည် ၎င်းတို့၏နှလုံးသားထဲ၌ သံသယရှိနေစဉ်တွင် ၎င်းတို့၏ယုံကြည်ခြင်းကို နှုတ်မှထုတ်ဖော်ပြောသည် မဟုတ်လော။ စမ်းသပ်မှု၌ ခိုင်မြဲစွာ ရပ်တည်ခဲ့သောလူများ သို့မဟုတ် စမ်းသပ်ခံနေရစဉ် စစ်မှန်စွာနာခံသော လူများမရှိပေ။ ဤလောကကြီးကို ကြည့်ရှုခြင်းမှရှောင်ရန် ငါ၏မျက်နှာကို ငါမဖုံးကွယ်ခဲ့ပါက၊ လူသားမျိုးနွယ်စု တစ်ရပ်လုံးသည် ငါ၏တောက်လောင်သော စူးစိုက်ကြည့်ခြင်းအောက်တွင် ပြိုလဲကျပေလိမ့်မည်၊ အကြောင်းမှာ ငါသည် လူသားမျိုးနွယ်အား ဘာတစ်ခုမျှ မတောင်းဆိုသောကြောင့်ဖြစ်၏။

မိုးချုန်းသံခုနစ်ချက် မြည်ဟီးသည့် အချိန်လည်းဖြစ်သည့် နိုင်ငံတော်ကိုအလေးပြုသံ မြည်ဟီးလေသောအခါ ဤအသံသည် ကောင်းကင်နှင့်မြေကြီးကို ပြင်းစွာတုန်လှုပ်စေပြီး အမြင့်ဆုံးသော ကောင်းကင်ဘုံကို လှုပ်ခါကာ လူတိုင်း၏ အသည်းညှာကို တုန်ခါစေသည်။ နိုင်ငံတော်အတွက် နိုင်ငံတော်သီချင်းသည် အဆင်းနီသောနဂါးကြီး၏ တိုင်းနိုင်ငံထဲတွင် တခမ်းတနား ထွက်ပေါ်လာပြီး၊ ငါသည် ထိုတိုင်းနိုင်ငံကို ဖျက်ဆီးခဲ့ပြီးနောက် ငါ၏နိုင်ငံတော်ကို တည်ထောင်ခဲ့ပြီးဖြစ်ကြောင်းကို သက်သေပြသည်။ သာ၍ အရေးကြီးသည်မှာ ငါ၏နိုင်ငံတော်သည် ကမ္ဘာမြေကြီးပေါ်၌ တည်ထောင်ထားခြင်း ဖြစ်သည်။ ဤအခိုက်အတန့်တွင် ငါ၏သားများ၊ ငါ၏လူများကို ထိန်းကျောင်းစေခြင်းငှာ ငါ၏ကောင်းကင်တမန်များကို ကမ္ဘာလောကကြီး၏ တိုင်းနိုင်ငံတိုင်းဆီသို့ ငါသည် စတင်၍ စေလွှတ်နေသည်၊ ဤသည်မှာ ငါ့အမှုနောက်တစ်ဆင့်၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက်လည်း ဖြစ်သည်။ သို့သော်လည်း ငါသည်ကား အဆင်းနီသောနဂါးကြီး

ခွေလျက် လဲလျောင်းနေရာအရပ်သို့ ကိုယ်တိုင်ကိုယ်ကျသွား၍ တိုက်ပွဲဆင်နွှဲ၏။ လူသားမျိုးနွယ်အားလုံးသည် ဇာတိပကတိ၌ရှိနေသောငါ့ကို သိလာသောအခါနှင့် ဇာတိပကတိ၌ပြုသော ငါ၏လုပ်ဆောင်ချက်များကို မြင်တွေ့လာနိုင်သောအခါ အဆင်းနီသောနဂါးကြီး၏ သားရဲတွင်းသည် ပြာအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကာ ခြေရာလက်ရာ မကျန်ဘဲ ပျောက်ကွယ်သွားလိမ့်မည်။ ငါ့နိုင်ငံတော်၏ လူများအနေဖြင့် သင်တို့သည် အဆင်းနီသောနဂါးကြီးကို သင်တို့၏ အရိုးထဲမှပင် စက်ဆုပ်ရွံရှာကြသောကြောင့် သင်တို့သည် ငါ၏နှလုံးသားကို သင်တို့၏လုပ်ရပ်များဖြင့် ကျေနပ်စေရမည်ဖြစ်ပြီး ဤနည်းလမ်းအားဖြင့် နဂါးအား အရှက်ရစေရမည်။ အဆင်းနီသော နဂါးကြီးသည် မုန်းဖွယ်ကောင်းသည်ဟု သင်တို့သည် အမှန်တကယ် ခံစားရသလော။ ၎င်းမှာ နိုင်ငံတော်၏ရှင်ဘုရင်၏ ရန်သူဖြစ်သည်ဟု သင်တို့သည် အမှန်တကယ် ခံစားရသလော။ သင်တို့သည် ငါ့အတွက် ပြောင်မြောက်သော သက်သေခံချက် ပေးနိုင်သည်ဟု အမှန်တကယ် ယုံကြည်ချက် ရှိသလော။ အဆင်းနီသော နဂါးကြီးကို အနိုင်ယူနိုင်သည်ဟု သင်တို့၌ အမှန်တကယ် မိမိကိုယ်ကိုယ်ယုံကြည်ချက် ရှိသလော။ ဤသည်မှာ သင်တို့အား ငါတောင်းဆိုသော အရာပင်ဖြစ်သည်။ ငါလိုအပ်သမျှမှာ သင်တို့သည် ဤအဆင့်ကို ရောက်ရှိရန် ဖြစ်သည်၊ သင်တို့သည် ဤအရာကို လုပ်ဆောင်နိုင်မည်လော။ ဤအရာကို သင်တို့သည် စွမ်းဆောင်ရရှိနိုင်သည်ဟု သင်တို့၌ ယုံကြည်ချက် ရှိသလော။ လူတို့ လုပ်ဆောင်နိုင်စွမ်းရှိသည်မှာ အတိအကျအားဖြင့် အဘယ်အရာနည်း။ ငါကိုယ်တိုင် ယင်းအရာကို လုပ်ဆောင်လျှင် ပိုကောင်းသည် မဟုတ်လော။ အဘယ်ကြောင့် ငါသည် တိုက်ပွဲဖြစ်ပွားသော အရပ်သို့ ကိုယ်တိုင်ကိုယ်ကျ ဆင်းကြွလာသည်ဟု ငါပြောသနည်း။ ငါလိုချင်သောအရာမှာ သင်တို့၏ယုံကြည်ခြင်း ဖြစ်သည်၊ သင်တို့၏ လုပ်ဆောင်ခြင်းများ မဟုတ်။ လူတို့သည် ငါ၏နှုတ်ကပတ်တော်များကို တိုက်ရိုက်နည်းလမ်းဖြင့် လက်ခံရန် မစွမ်းနိုင်ကြဘဲ ယင်းအစား မျက်စောင်းထိုး၍သာ ကြည့်ရှုနိုင်ကြသည်။ ဤသည်က သင်တို့အား ရည်မှန်းချက်ပန်းတိုင်ကို ရရှိရန် အထောက်အကူပြုခဲ့ပြီလော။ ဤနည်းအားဖြင့် သင်တို့သည် ငါ့ကို သိကျွမ်းလာခဲ့ကြလေသလော။ အမှန်အတိုင်း ပြောရပါလျှင် ကမ္ဘာမြေကြီးပေါ် ရှိ လူသားတို့တွင် မည်သူတစ်ဦးကမျှ ငါ၏မျက်နှာကို တည့်တည့်မကြည့်နိုင်ကြ၊ မည်သူတစ်ဦးကမျှ ငါ့နှုတ်ကပတ်တော်၏ သန့်စင်၍ စစ်မှန်သော အဓိပ္ပာယ်ကို လက်ခံမရရှိနိုင်ကြ။ ထို့ကြောင့် ငါသည် ငါ၏ရည်မှန်းချက်ပန်းတိုင်များကို ရရှိရန်နှင့် လူတို့၏ နှလုံးသားများထဲတွင် ငါကိုယ်တော်တိုင်၏ စစ်မှန်သောပုံရိပ် မြဲမြံစေရန် ယခင်တစ်ခါမျှ မကြုံစဖူးသည့် စီမံကိန်းကို ကမ္ဘာမြေကြီးပေါ်၌ စတင်လုပ်ဆောင် ပြီးဖြစ်သည်၊

ဤနည်းလမ်းအားဖြင့် လူတို့အပေါ် အယူအဆတို့ ပြောင်းလဲသည့် ခေတ်ကာလကို အဆုံးသတ်စေမည် ဖြစ်သည်။

ယနေ့တွင် ငါသည် အဆင်းနီသောနဂါးကြီး၏ တိုင်းနိုင်ငံအပေါ်သို့ ဆင်းကြွလာနေသည်သာမကဘဲ၊ အမြင့်ဆုံးသော ကောင်းကင်ဘုံ တစ်ခုလုံး တုန်ခါစေလျက်၊ စကြဝဠာတစ်ခုလုံးကို မျက်နှာချင်းဆိုင်ရန်လည်း လှည့်နေ၏။ ငါ၏တရားစီရင်မှုကို မခံရသော အရပ်တစ်ခုတစ်လေမျှ ရှိလေသလော။ ငါသွန်းချလိုက်သော ဘေးဒုက္ခများအောက်တွင် မတည်ရှိသော အရပ်တစ်ခုတစ်လေမျှ ရှိလေသလော။ ငါသွားလေရာရာ အရပ်တိုင်းတွင် ငါသည် အမျိုးမျိုးသော “ဘေးအန္တရာယ်၏ မျိုးစေ့များ” ကို ကြဲချခဲ့သည်။ ဤသည်မှာ ငါအလုပ်လုပ်သော နည်းလမ်းများထဲမှ တစ်ခုဖြစ်ပြီး လူသားကို ကယ်တင်ရန်အတွက် လုပ်ဆောင်မှုတစ်ခု ဖြစ်ကြောင်း သံသယဖြစ်စရာ မရှိသည့်အပြင် ငါမှ သူ့အား ကမ်းလှမ်းသည့် အရာမှာ ချစ်ခြင်းမေတ္တာ တစ်မျိုးပင် ဖြစ်နေသေးသည်။ ငါ့ကို ပို၍ပင် များပြားသောလူတို့ သိလာစေခွင့်၊ မြင်တွေ့နိုင်စေခွင့်ပြုပြီး ဤနည်းအားဖြင့် သူတို့သည် နှစ်ပေါင်းများစွာ မတွေ့မြင်နိုင်ခဲ့သော်လည်း ယခုတွင် စစ်မှန်သော ဘုရားသခင်ကို ချစ်ကြောက်လာစေရန် ငါပြုလိုသည်။ အဘယ်အကြောင်းကြောင့် ငါသည် လောကကြီးကို ဖန်ဆင်းခဲ့သနည်း။ လူသားမျိုးနွယ်သည် ဖောက်ပြန်ပျက်စီးလာပြီးနောက် အဘယ်အကြောင်းကြောင့် ငါသည် သူတို့ကို လုံးလုံးလျားလျား မသုတ်သင်ခဲ့သနည်း။ အဘယ်အကြောင်းကြောင့် လူသားမျိုးနွယ်စု တစ်ရပ်လုံးသည် ဘေးဒဏ်များအကြားတွင် နေရသနည်း။ ငါသည် လူ့ဇာတိခန္ဓာကို ယူတင်ဝတ်ဆောင်ထားခဲ့သည့် ရည်ရွယ်ချက်ကား အဘယ်နည်း။ ငါ၏အမှုကို ငါထမ်းဆောင်နေသောအခါ လူသားမျိုးနွယ်သည် ခါးသီးခြင်းအရသာကိုသာမက ချိုမြိန်ခြင်းအရသာကိုလည်း သိခဲ့ကြရသည်။ လောကကမ္ဘာကြီးပေါ် ရှိ လူများအားလုံးအနက် မည်သူသည် ငါ၏ကျေးဇူးတော်အတွင်း၌ မနေထိုင်ကြသနည်း။ အကယ်၍ လူတို့ကို ငါသည် ရုပ်ပိုင်းဆိုင်ရာကောင်းချီးများကို မအပ်နှင်းခဲ့ပါက မည်သူသည် လောကကြီးထဲတွင် အလျှံပယ် ခံစားနိုင်ခဲ့လိမ့်မည်နည်း။ ငါ၏လူများအဖြစ် သင်တို့အား နေရာယူရန် အခွင့်ပေးခြင်းမှာ ကောင်းချီးတစ်ခုများ ဖြစ်နိုင်သလော။ သင်တို့သည် ငါ၏လူများမဟုတ်ဘဲ အစေခံများသာ ဖြစ်ခဲ့သည်ဆိုပါလျှင် သင်တို့သည် ငါ၏ကောင်းချီးများအတွင်းတွင် တည်ရှိနေမည် မဟုတ်လော။ ငါ့နှုတ်ကပတ်တော်များ၏ မူလအစကို သင်တို့ထဲက မည်သူတစ်ဦးကမျှ နားလည်သဘောပေါက်ခြင်းငှာ မတတ်စွမ်းနိုင်ကြ။ လူသားမျိုးနွယ်သည် ၎င်းတို့အပေါ် ငါအပ်နှင်းခဲ့သော အမည်နာမများကို တန်ဖိုးထားရန်ဝေးစွ၊ ၎င်းတို့အထဲမှ များစွာတို့သည်

"အစေခံသူများ" ဟူသော ဂုဏ်ပုဒ်ကြောင့် သူတို့၏ နှလုံးသားများထဲ၌ မကျေမချမ်းစိတ် သိုထားကြပြီး၊ များစွာတို့သည် "ငါ၏လူများ" ဟူသော ဂုဏ်ပုဒ်ကြောင့် ၎င်းတို့၏ နှလုံးသားများထဲ၌ ငါ့အတွက် ချစ်ခြင်းမေတ္တာကို ပေါက်ဖွားစေကြသည်။ ငါ့အားလှည့်ဖြားရန် မည်သူမျှ မကြိုးစားသင့်ပေ၊ ငါ၏မျက်လုံးများသည် အရာအားလုံးကို မြင်တွေ့သည်။ သင်တို့အထဲမှ မည်သူသည် လိုလားစွာနှင့် လက်ခံသနည်း၊ သင်တို့အထဲမှ မည်သူသည် နာခံခြင်းအပြည့်အဝ ရှိသနည်း။ အကယ်၍ နိုင်ငံတော်အား အလေးပြုသံ မြည်ဟီးခြင်း မရှိခဲ့ပါက သင်တို့သည် အဆုံးတိုင်အောင် နာခံခြင်းငှာ တကယ်ပင် တတ်စွမ်းနိုင်မည်လော။ လူတို့သည် အဘယ်အရာကို လုပ်နိုင်စွမ်းသည်၊ တွေးနိုင်စွမ်းသည်၊ ၎င်းတို့သည် အဘယ်ထိတိုင်အောင် သွားနိုင်သည်၊ ဤအရာအားလုံးတို့ကို ရှေးကတည်းကပင် ငါ ခွဲခန့်မှတ်သားထားခဲ့၏။

လူအများစုတို့သည် ငါ၏မျက်နှာတော်ကို ထောက်ရှုကာ ငါ၏ မီးရှို့ခြင်းကို လက်ခံကြသည်။ လူအများစုတို့သည် ငါ၏အားပေးတိုက်တွန်းချက်ကြောင့် လှုံ့ဆော်ခြင်းခံရကာ ရှာဖွေခြင်းတွင် ရှေ့ဆက်တိုးရန် မိမိတို့ကိုယ်မိမိ နှိုးဆော်ကြသည်။ စာတန်၏ အင်အားစုများသည် ငါ၏လူများကို တိုက်ခိုက်သောအခါ ငါသည် ၎င်းတို့ကို ဆီးတားရန် ထိုနေရာ၌ ရှိ၏၊ စာတန်၏ လှည့်ကွက်များသည် ငါ့လူများ၏ အသက်တာများတွင် ကြီးမားသောပျက်စီးမှုကို ဖြစ်စေသောအခါ ငါသည် ၎င်းကို နောက်တစ်ဖန် လုံးဝမလာနိုင်တော့စေရန် ဖရိုဖရဲဖြင့် ထွက်ပြေးသွားစေသည်။ ကမ္ဘာမြေကြီးပေါ်တွင် နတ်ဆိုး အမျိုးမျိုးတို့သည် နားခိုရန်နေရာကို အစဉ်ရှာဖွေ ချောင်းမြောင်းလျက် ရှိကြပြီး စားနိုင်သော လူသေအလောင်းများကို အတောမသတ် ရှာဖွေနေကြသည်။ ငါ၏လူများတို့၊ သင်တို့သည် ငါ၏ဂရုစိုက်မှုနှင့် ကာကွယ်မှုအောက်တွင် ရှိနေရပေမည်။ မည်သည့်အခါမျှ အသောက်အစား အပျော်အပါး၌ မွေ့လျော်သော အသက်တာ၌ အသက်မရှင်ကြနှင့်။ မည်သည့်အခါမျှ အဆင်အခြင်မဲ့စွာ မပြုမူကြနှင့်။ ယင်းအစား သင်၏သစ္စာစောင့်သိခြင်းကို ငါ၏အိမ်တော်တွင် ပေးလှူလော့၊ သင်၏သစ္စာစောင့်သိခြင်းနှင့်သာလျှင် သင်သည် မာရ်နတ်၏ ကောက်ကျစ်မှုကို တန်ပြန်တွန်းလှန်နိုင်မည် ဖြစ်သည်။ မည်သည့် အခြေအနေမျိုးတွင်မျှ သင်သည် အတိတ်ကကဲ့သို့ ငါ၏မျက်မှောက်တွင်တစ်မျိုး ငါ၏နောက်ကွယ်တွင်တစ်မျိုး လုပ်ဆောင်ခြင်းမျိုး မပြုမူရ၊ ထိုသို့လုပ်ဆောင်ပါက သင့်ကို ရွေးနုတ်၍မရ ဖြစ်နေနှင့်ပြီးဖြစ်သည်။ ငါသည် ဤကဲ့သို့သော နှုတ်ကပတ်တော်များကို လုံလောက်သည်ထက် ပိုလျှံစွာပင် မိန့်မြွက်ဆိုခဲ့ပြီး မဟုတ်သလော။ တိတိကျကျ ဆိုပါက လူ၏သဘာဝအဟောင်းသည် ပြုပြင်၍ မရသောကြောင့် ငါသည် ကြိမ်ဖန်တလဲလဲ သူ့ကို

သတိပေးနေခဲ့ရခြင်း ဖြစ်သည်။ ငြိမ်းငွေ့မသွားလေနှင့်။ ငါပြောသမျှမှာ သင်တို့၏ကံကြမ္မာ သေချာရေရာမှု ရှိစေရန်အတွက် ဖြစ်သည်။ ဆိုးရွားရှ် ညစ်ညူးသော အရပ်မှာ စာတန်လိုအပ်သည့်အရာ အတိအကျ ဖြစ်သည်။ သင်တို့သည် ကန့်သတ်ချက်ကို ကျိုးနွံနာခံရန် ငြင်းဆန်လျက်၊ မျှော်လင့်ချက်ကင်းမဲ့စွာနှင့် ရွေးနုတ်၍မရနိုင်အောင်ဖြစ်လေလေ ဖြစ်ပြီး၊ ဖောက်ပြန်ပျက်စီးလေလေ၊ မသန့်ရှင်းသော ထိုဝိညာဉ်များသည် ထိုးဖောက်ဝင်ရောက်ရန် ၎င်းတို့ရနိုင်သော မည်သည့်အခွင့်အရေးကိုမဆို အသုံးချလေလေပင် ဖြစ်မည်။ သင်တို့သည် ဤအခြေအနေအထိ ရောက်ပြီဆိုပါက သင်တို့၏သစ္စာစောင့်သိမှုသည် စစ်မှန်ခြင်း လုံးဝမရှိသည့် အကျိုးမရှိသော အမျှင်မပြတ်ပြောသော စကားသက်သက်မျှသာ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ မသန့်ရှင်းသော ဝိညာဉ်များသည် သင်တို့၏ သန္နိဋ္ဌာန်ကို ဝါးမျိုကာ ငါ၏အမှုကို နှောင့်ယှက်ရေးအတွက် အသုံးပြုရန် ၎င်းသန္နိဋ္ဌာန်ကို မနာခံခြင်းနှင့် စာတန်၏လှည့်ကွက်များ အသွင်သို့ ပြောင်းလဲပစ်လိမ့်မည်။ ထိုအခါ သင်သည် အချိန်မရွေး ငါ၏ရိုက်နှက်ခြင်းကို ခံရနိုင်သည်။ ဤအခြေအနေ၏ လေးနက်မှုကို မည်သူမျှ နားမလည်ကြ၊ လူအားလုံးသည် သူတို့ကြားသော အရာကို ဂရုမစိုက်ဘဲသာနေကြပြီး စိုးစဉ်းမျှပင် သတိမမူကြ။ အတိတ်တွင် ပြုခဲ့ပြီးသောအရာကို ငါသည် မှတ်မိသည်မဟုတ်။ ငါသည် နောက်ထပ်တစ်ဖန် "မေ့ပျောက်ခြင်း" ဖြင့် သင့်ကို သက်ညှာပေးရန် သင်စောင့်မျှော်နေဆဲလော။ လူသားမျိုးနွယ်သည် ငါ့ကို ဆန့်ကျင်ခဲ့သော်လည်း ငါသည် သူတို့အပေါ် အာဃာတထားမည် မဟုတ်၊ အကြောင်းမှာ လူတို့၏ ဝိညာဉ်ရင့်ကျက်မှုသည် အလွန်ပင် သေးနုပ်လွန်းလှသောကြောင့် ငါသည် သူတို့ထံမှ လွန်ကဲစွာ ကြီးမားသော တောင်းဆိုမှုများကို မပြုခဲ့ပေ။ ငါတောင်းဆိုသမျှမှာ ၎င်းတို့သည် အသောက်အစား အပျော်အပါး၌ မွေ့လျော်ခြင်း မပြုရန်နှင့် ကန့်သတ်ချက်ကို ကျိုးနွံနာခံရန်သာ ဖြစ်သည်။ ဤသတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုကို ဖြည့်စွမ်းရန် သင်တို့၌ တတ်နိုင်စွမ်းရှိသည် မဟုတ်လော။ လူအများစုသည် သူတို့မျက်စိအရသာခံနိုင်ရန်အတွက် သာ၍ပင်များသော နက်နဲဆန်းကြယ်မှုများကို ငါထုတ်ဖော်ရန် ငါ့ကို စောင့်မျှော်နေကြသည်။ သို့သော်လည်း သင်သည် ကောင်းကင်ဘုံ၏ နက်နဲဆန်းကြယ်မှုများအားလုံးကို နားလည်လာခဲ့သည်ဆိုလျှင်ပင် သင်သည် ထိုအသိပညာနှင့် အဘယ်အရာကို ပြုနိုင်မည်နည်း။ ယင်းသည် ငါ့အတွက် သင်၏ချစ်ခြင်းကို တိုးစေနိုင်မည်လော။ ယင်းသည် ငါ့အတွက် သင်၏ချစ်ခြင်းကို နှိုးဆွပေးလိမ့်မည်လော။ ငါသည် လူတို့ကို အထင်သေးခြင်းမရှိသကဲ့သို့ ငါသည် သူ့ကို ပေါ့တန်စွာနှင့် စီရင်ချက်ချသည်လည်း မဟုတ်။ အကယ်၍ ဤသည်တို့သည် လူတို့၏ အခြေအနေအမှန်များ မဟုတ်ခဲ့ပါလျှင် ငါသည် ၎င်းတို့ကို ဤအမည်နာမများနှင့်

ပေါ့ပေါ့တန်တန် မည်သည့်အခါမျှ သရဖူဆောင်း ပေးလိမ့်မည်မဟုတ်။ အတိတ်ကို ပြန်၍တွေးတောကြည့်လော့- ငါသည် သင်တို့ကို အကြိမ်မည်မျှ အသရေဖျက်ခဲ့သနည်း။ ငါသည် သင်တို့ကို အကြိမ်မည်မျှ အထင်သေးခဲ့သနည်း။ သင်တို့၏ အခြေအနေအမှန်များကို မစဉ်းစားဘဲ သင်တို့ကို အကြိမ်မည်မျှ ကြည့်မြင်ခဲ့သနည်း။ ငါ၏ မိန့်မြွက်ချက်တို့သည် သင်တို့၏နှလုံးသားများကို အပြည့်အဝရရှိရန် အကြိမ်မည်မျှ ပျက်ကွက်ခဲ့သနည်း။ သင်တို့၏အတွင်း ခံစားချက် လွန်စွာ ဖြစ်ပေါ်စေခြင်းမရှိဘဲ ငါ အကြိမ်မည်မျှ ပြောဆိုခဲ့သနည်း။ ငါသည် အဆုံးမရှိသောတွင်းထဲသို့ ရိုက်ချမည်ကို လွန်စွာကြောက်ရွံ့လျက်၊ သင်တို့အထဲမှ မည်သူသည် ငါ၏နှုတ်ကပတ်တော်များကို ကြောက်ရွံ့ တုန်လှုပ်ခြင်းမရှိဘဲ ဖတ်ခဲ့ဖူးသနည်း။ မည်သူသည် ငါ၏နှုတ်ကပတ်တော်များ၏ စမ်းသပ်မှုကို မခံရပ်သနည်း။ ငါ၏နှုတ်ကပတ်တော်များတွင် ဩဇာအာဏာ ရှိသည်၊ သို့သော်လည်း ဤအရာသည် လူတို့အပေါ် သာမန်ကာလျှံကာ တရားစီရင်မှု ချမှတ်ရန်မဟုတ်၊ ယင်းအစား ၎င်းတို့၏ အခြေအနေ အမှန်များကို သတိချပ်ပြီး ငါ၏နှုတ်ကပတ်တော်များ၏ ပင်ကိုမူရင်းအဓိပ္ပာယ်ကို ငါသည် လူတို့အား အစဉ်တစိုက် ထင်ရှားပြသသည်။ ဧကန်အမှန်တွင် ငါ၏နှုတ်ကပတ်တော်များတွင် ငါ၏အနန္တဖြစ်သောခွန်အားကို သိနိုင်စွမ်းသောသူ တစ်စုံတစ်ယောက် ရှိသလော။ ငါ၏နှုတ်ကပတ်တော်များကို ပြုလုပ်ထားသည့် အသန့်စင်ဆုံးသော ရွှေစင်ကို လက်ခံနိုင်သောသူ တစ်စုံတစ်ယောက် ရှိသလော။ ငါသည် နှုတ်ကပတ်တော်များ မည်မျှကို ပြောကြားခဲ့ပြီးသနည်း။ ၎င်းတို့ကို မည်သူမဆို တန်ဖိုးထားခဲ့ဖူးသလော။

၁၉၉၂ ခုနှစ်၊ မတ်လ ၃ ရက်

# ကောင်းကင်နိုင်ငံတော်သီချင်း

လူထုအပေါင်းတို့သည် ငါ့ကို ဩဘာပေးကြ၏။ လူထုအပေါင်းတို့သည် ငါ့ကို ချီးမွမ်းကြ၏။ နှုတ်ခပ်သိမ်းတို့သည် တစ်ဆူတည်းသော စစ်မှန်သည့် ဘုရားသခင်ကို အမည်မှည့် ခေါ်ကြ၏၊ လူခပ်သိမ်းတို့သည် ငါ၏ ဆောင်ရွက်ချက်တို့ကို မော်ကြည့်ကြ၏။ နိုင်ငံတော်သည် လူ့လောကပေါ်သို့ ဆင်းသက်၏၊ ငါ၏ ဇာတိအဖြစ်တော်သည် ကြွယ်ဝကာ အလျှံပယ်ဖြစ်၏။ အဘယ်သူသည် ဤအရာ၌ ဝမ်းမမြောက်ဘဲ ရှိမည်နည်း။ အဘယ်သူသည် ဝမ်းမြောက်ခြင်းအတွက် မကခုန်ဘဲနေမည်နည်း။ အို…ဇိအုန်၊ ငါ့ကို ချီးကျူးဂုဏ်ပြုရန်

သင်၏အောင်လံကို လွှင့်ထူလော့။ ငါ၏ သန့်ရှင်းသောနာမကို ဖြန့်ကြက်ရန် သင်၏ အောင်ပွဲခံသီချင်းကို သီဆိုလော့။ မြေကြီးစွန်းတိုင်အောင်ရှိ ဖန်ဆင်းခြင်းအပေါင်းတို့။ သင်တို့သည် ငါ့အတွက် ပူဇော်သက္ကာများ ဖြစ်စေခြင်း ခံရနိုင်ဖို့အလို့ငှာ မိမိကိုယ်ကိုယ် အလျင်အမြန် သန့်စင်ကြလော့။ အထက်ကောင်းကင်က ကြယ်တာရာတို့။ မိုးမျက်နှာကြက်၌ ငါ၏ အားကြီးသောတန်ခိုးကို ပြသရန် သင်တို့၏အရပ်များသို့ အလျင်အမြန် ပြန်ကြလော့။ ငါသည် ငါ့အတွက်မိမိတို့၏ အသင်္ချေချစ်ခြင်းနှင့် ချစ်ကြောက်ရိုသေခြင်းကို သီချင်းဖြင့် သွန်းလောင်းသော မြေကြီးပေါ် ရှိ လူတို့၏ အသံများကို နားစိုက်ထောင်၏။ ဤနေ့ရက်တွင် ခပ်သိမ်းသော ဖန်ဆင်းခြင်း ပြန်လည် အသက်ဝင်လာချိန်တွင်၊ လူ့လောကထဲသို့ ငါဆင်းကြွလာ၏။ ဤအချိန်၌ ဤအဆင့်တွင်ပင် ပန်းများအပေါင်းတို့သည် ဖြုန်းခနဲ ဝေဝေဆာဆာ ပွင့်လန်းကြသည်၊ ငှက်များအပေါင်းတို့ သံပြိုင်သီချင်းဆိုကြသည်၊ အရာခပ်သိမ်းတို့သည် ဝမ်းမြောက်မှုဖြင့် တုန်လှုပ်ကြ၏။ ကောင်းကင်နိုင်ငံတော်၏ ဂုဏ်ပြုခြင်း အသံတွင်၊ စာတန်၏နိုင်ငံတော် ပြိုလဲ၏၊ ကောင်းကင်နိုင်ငံတော်သီချင်း၏ မြည်ဟည်းသံတွင် နောက်တစ်ဖန် လုံးဝ မပေါ်ထွန်းတော့ရန် အမြစ်ဖြုတ်ချေမှုန်းခံရ၏။

ကမ္ဘာပေါ်က မည်သူသည် ထ၍ဆန့်ကျင်ဝံ့သနည်း။ မြေကြီးပေါ်သို့ ငါဆင်းသက်သည်နှင့်အမျှ၊ ငါသည် လောင်ကျွမ်းခြင်းကို ဆောင်ကြဉ်း၏၊ အမျက်ဒေါသကို ဆောင်ကြဉ်း၏၊ ကပ်ဘေးမျိုးစုံကို ဆောင်ကြဉ်း၏။ လောကီနိုင်ငံတို့သည် ယခုတွင် ငါ၏ နိုင်ငံတော်ဖြစ်လေပြီ။ ကောင်းကင်ထက်တွင် တိမ်များလူးလိမ့်ပြီး တလိပ်လိပ်ထကြ၏။ ကောင်းကင်အောက်တွင် အိုင်များနှင့်မြစ်များ တစ်ဟုန်ထိုးစီးကာ၊ စိတ်လှုပ်ရှားစေသော တေးသွားတစ်ပုဒ်ကို ရွှင်ရွှင်မြူးမြူး ထုတ်ဆိုကြ၏။ နားနေသည့်တိရစ္ဆာန်များက ၎င်းတို့၏ သားရဲတွင်းများမှ ထွက်လာကြကာ လူမျိုးအပေါင်းတို့သည် အိပ်စက်ခြင်းမှ ငါ့ကြောင့် နိုးထကြ၏။ နောက်ဆုံးတွင် များလှစွာသောလူမျိုးတို့ စောင့်စားခဲ့သည့်နေ့ရက် ရောက်လာပေပြီ။ သူတို့သည် ငါ့အား အသာယာဆုံး သီချင်းများ ပူဇော်ကြ၏။

ဤနှစ်သက်ဖွယ်သောအချိန်၊ ဤပျော်စရာကောင်းသော အချိန်တွင်၊

အထက်ကောင်းကင်နှင့် အောက်မြေကြီး၊ နေရာတိုင်း၌ ချီးမွမ်းခြင်း ထွက်ပေါ်လာသည်။ အဘယ်သူသည် ဤအရာ၌ စိတ်မလှုပ်ရှားဘဲနေမည်နည်း။

အဘယ်သူ၏ စိတ်နှလုံးသည် ဤအရာ၌ မပေါ့ပါးဘဲ နေမည်နည်း။ အဘယ်သူသည် ဤမြင်ကွင်းတွင် မငိုကြွေးဘဲ နေမည်နည်း။

ကောင်းကင်သည် ရှေးက ကောင်းကင် မဟုတ်၊ ယခု နိုင်ငံတော်၏ကောင်းကင်ဖြစ်၏။

မြေကြီးသည် ယခင်မြေကြီး မဟုတ်၊ ယခု သန့်ရှင်းသောမြေ ဖြစ်၏။

မိုးသည်းထန်စွာ ရွာပြီးနောက်တွင်၊ ညစ်ညမ်းသော ကမ္ဘာဟောင်းသည် လုံးဝ အသစ်ပြုလုပ်ခြင်း ခံရ၏။

တောင်များ ပြောင်းလဲနေသည်...ရေများ ပြောင်းလဲနေသည်...

လူတို့သည်လည်း ပြောင်းလဲနေသည်...အရာခပ်သိမ်း ပြောင်းလဲနေသည်...

အို အသင် ဆိတ်ငြိမ်သောတောင်တို့၊ ငါ့အတွက် ထကာ ကခုန်ကြလော့။

အို အသင် ငြိမ်သက်သော ရေတို့၊ လွတ်လပ်စွာ ဆက်လက်စီးဆင်းကြလော့။

အသင် အိပ်မက်မက်နေသော လူသားတို့၊ မိမိကိုယ်ကိုယ် နိုးထစေ၍ လိုက်ကြလော့။

ငါရောက်လာပြီ...ငါသည် ရှင်ဘုရင်ဖြစ်၏...

လူသားမျိုးနွယ် တစ်ရပ်လုံးသည် ၎င်းတို့မျက်လုံးများဖြင့် ငါ၏မျက်နှာကို မြင်ကြလိမ့်မည်။ ၎င်းတို့နားများဖြင့် ငါ၏ အသံကြားကြလိမ့်မည်။

နိုင်ငံတော် အသက်တာကို ၎င်းတို့ကိုယ်တိုင်အတွက် အသက်ရှင်ကြလိမ့်မည်...

ချိုသာပေစွ...နှစ်သက်ဖွယ်ဖြစ်ပေတကား...

မေ့မရနိုင်...မေ့လျော့ဖို့ မဖြစ်နိုင်...

ငါ၏ အမျက်ဒေါသ လောင်ကျွမ်းမှုတွင် အဆင်းနီသော နဂါးကြီး ရုန်းကန်၏။

ငါ၏ဘုန်းအာနုဘော်ဖြစ်သော တရားစီရင်ခြင်းတွင် နတ်ဆိုးတို့သည် ၎င်းတို့၏ သဏ္ဍာန်အစစ်တို့ကို ပြကြ၏။

ငါ၏ ပြင်းထန်သော နှုတ်ကပတ်တော်တို့တွင် လူအားလုံး အလွန် အရှက်ရကြပြီး မိမိတို့ကိုယ်ကိုယ် ကွယ်ဝှက်ရန် နေရာမရှိကြပေ။

၎င်းတို့သည် ငါ့ကို လှောင်ပြောင်ပြီး ပြက်ရယ်ပြုခဲ့ကြပုံ၊ အတိတ်ကို ပြန်သတိရကြ၏။

၎င်းတို့ မိမိကိုယ်ကိုယ် မကြွားဝါသည့်အချိန် လုံးဝ မရှိခဲ့၊ ငါ့ကို အာမခံသည့်အချိန် လုံးဝ မရှိခဲ့ပေ။

ယနေ့ အဘယ်သူ မငိုကြွေးသနည်း။ အဘယ်သူ နောင်တမရသနည်း။

စကြဝဠာလောကတစ်ခုလုံး ငိုကြွေးခြင်းဖြင့် ပြည့်၏။...

ဝမ်းမြောက်ခြင်း အသံများဖြင့် ပြည့်၏...ရယ်သံများဖြင့် ပြည့်၏...

နှိုင်းမရသော ဝမ်းမြောက်မှု...နှိုင်းယှဉ်စရာမရှိသည့် ဝမ်းမြောက်မှု...

မိုးလေး တပေါက်ပေါက်ကျနေသည်...တဖျပ်ဖျပ် ရစ်ဝဲကျနေသည့် ထူးသော နှင်းပွင့်များ...

လူတို့အထဲတွင် ဝမ်းနည်းခြင်းနှင့် ဝမ်းမြောက်ခြင်း ရောနေလျက်...အချို့ရယ်နေကြသည်...

အချို့ရှိုက်ငိုနေကြသည်...ပြီးလျှင် အချို့သြဘာပေးနေကြသည်...

အယောက်တိုင်း မေ့လျော့နေကြသည့်အလား... ဤသည်မှာ မိုးနှင့် တိမ်တိုက်များ ဖုံးသည့် နွေဦးလား၊

ပန်းများ ပွင့်လန်းနေသော နွေလား၊ ကြွယ်ဝသည့် ရိတ်သိမ်းခြင်းများရှိသည့် ဆောင်းဦးလား၊

သို့မဟုတ် နှင်းခဲနှင့် ရေခဲတမျှ အေးစက်သည့် ဆောင်းတစ်ခုလား၊ မည်သူမျှမသိ...

ကောင်းကင်တွင် တိမ်များလွင့်မျောနေကြသည်၊ မြေကြီးတွင် သမုဒ္ဒရာများ အနည်ထကြ၏။

သားတို့သည် ၎င်းတို့၏ လက်များ ဝှေ့ယမ်းပြကြ၏...လူတို့ ကခုန်ခြင်းဖြင့် ၎င်းတို့၏ခြေထောက်များကို လှုပ်ကြ၏...

ကောင်းကင်တမန်တို့ အလုပ်လုပ်နေကြ၏...ကောင်းကင်တမန်တို့ ထိန်းကျောင်းနေကြ၏...

မြေကြီးပေါ် ရှိ လူတို့သည် ပျားပန်းခပ်မျှ လှုပ်ရှားနေကြပြီး၊ မြေကြီးပေါ် ရှိ အရာခပ်သိမ်း ပွားများကြ၏။

## **အခန်း ၁၁**

လူသားမျိုးနွယ်ထဲက လူတိုင်းသည် ငါ့ဝိညာဉ်တော်၏ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးခံရခြင်းကို လက်ခံသင့်သည်၊ ၎င်းတို့၏ စကားလုံးတိုင်းနှင့် လုပ်ဆောင်ချက်တိုင်းကို အသေအချာ စစ်ဆေးသင့်သည်၊ ထို့ပြင် ငါ၏အံ့သြဖွယ်ရာ ဆောင်ရွက်ချက်များကို ကြည့်ရှုသင့်သည်။ ကမ္ဘာမြေပေါ် နိုင်ငံတော်ရောက်ရှိလာချိန်၌ သင်တို့ မည်သို့ခံစားရသနည်း။ ငါ့သားများနှင့် လူတို့ ငါ့ပလ္လင်ဆီသို့ တသီတတန်းလာကြသောအခါ၊ ငါသည် ဖြူသောပလ္လင်ကြီး ရှေ့မှောက်တွင် တရားစီရင်ခြင်းကို တရားဝင် စတင်သည်။ ဆိုလိုသည်မှာ ငါသည် ကမ္ဘာမြေပေါ်၌ ငါ၏အမှုကို ကိုယ်တိုင်စတင်သည့်အခါနှင့် တရားစီရင်ခြင်းခေတ် အဆုံးသတ်ချိန်နီးသည့် အခါတို့တွင် ငါသည် ငါ၏နှုတ်ကပတ်တော်များကို စကြဝဠာတစ်ခွင်လုံးသို့ စတင်ညွှန်ကြားပြီး ငါ့ဝိညာဉ်တော်၏အသံကို စကြဝဠာတစ်ခွင်လုံးသို့ ထုတ်လွှတ်သည်။ မြေကြီးသည် ညစ်ညမ်းခြင်းနှင့် လူမှုကျင့်ဝတ် မစောင့်ထိန်းခြင်းတို့ မရှိတော့ဘဲ၊ သန့်ရှင်းသော နိုင်ငံတော် ဖြစ်စေရန်အလို့ငှာ၊ ငါသည် ကောင်းကင်ဘုံနှင့် ကမ္ဘာမြေပေါ် ရှိ လူခပ်သိမ်းနှင့် အရာခပ်သိမ်းတို့ကို ငါ၏ နှုတ်ကပတ်တော်တို့အားဖြင့် ဆေးကြောသန့်စင်မည်။ အရာခပ်သိမ်းတို့သည် ငါ၏အသုံးပြုမှုအတွက် ကြိုတင်စီမံထားခြင်း ခံရရန်အလို့ငှာ၊ ၎င်းတို့သည် မြေကြီးနှင့်ဆိုင်သော အသက်သွေးကြော မရှိတော့စေရန် အလို့ငှာနှင့် မြေကြီး၏ အနံ့အရသာနှင့် မစွန်းထင်းတော့စေရန်အလို့ငှာ ငါသည် အရာခပ်သိမ်းကို အသစ်ဖြစ်စေမည်။ မြေကြီးပေါ်တွင် လူသားသည် ငါ့နှုတ်ကပတ်တော်များ၏ ရည်မှန်းချက် နှင့် ဇာစ်မြစ်များကို စမ်းတဝါးဝါးရှာလျက် ငါ့ဆောင်ရွက်ချက်များကို စောင့်ကြည့်ခဲ့ပြီးဖြစ်သော်လည်း၊ မည်သူကမျှ ငါ့နှုတ်ကပတ်တော်များ၏ ဇာစ်မြစ်များကို အမှန်တကယ် မသိခဲ့ဖူးကြသည့်အပြင် မည်သူကမျှ ငါ၏ဆောင်ရွက်ချက်များတွင် အံ့သြဖွယ်ကောင်းခြင်းကို အမှန်တကယ် မမြင်ခဲ့ဖူးကြပေ။ ငါသည် ကိုယ်တိုင်ကိုယ်ကျ လူသားအကြား၌ လာ၍ ငါ၏နှုတ်ကပတ်တော်များကို ပြောဆိုသည့်အခါ၊ လူသားသည် ၎င်းတို့၏ အတွေးများထဲ၌ "ငါ" ယူထားသည့်နေရာကို ဖယ်ရှားလျက်၊ ထိုအစား ၎င်းတို့၏ အသိဉာဏ်ထဲတွင် လက်တွေ့ကျသော ဘုရားသခင်အတွက် နေရာဖန်တီးကာ ငါ့အကြောင်း အနည်းငယ်သော အသိပညာ ရှိကြသည်မှာ ယနေ့မှသာဖြစ်သည်။ လူသားတွင် အယူအဆများရှိကာ သိလိုစိတ်နှင့် ပြည့်နှက်နေ၏။ ဘုရားသခင်ကို မမြင်တွေ့လိုသူ မည်သူရှိမည်နည်း။ ဘုရားသခင်နှင့် ကြုံတွေ့ရန် ဆန္ဒမရှိသူ မည်သူရှိမည်နည်း။ သို့တိုင် လူသား၏ စိတ်နှလုံးထဲတွင် သေချာသောနေရာ ယူထားသည့် တစ်ခုတည်းသော အရာမှာ မရေမရာနှင့် စိတ်ကူးသက်သက်ဟု လူသားကခံစားရသည့် ဘုရားပင်ဖြစ်၏။ သူတို့အား ငါရိုးရှင်းစွာမပြောလျှင် မည်သူက ဤသည်ကို သဘောပေါက်မည်နည်း။ ငါအမှန်ပင် တည်ရှိကြောင်းကို သေချာမှုနှင့်

သံသယအရိပ်အမြွက်ပင် မရှိဘဲ၊ မည်သူက အမှန်တကယ် ယုံကြည်မည်နည်း။ လူသား၏ စိတ်နှလုံးထဲက "ငါ" နှင့် လက်တွေ့အရှိတရားထဲက "ငါ" တို့အကြားတွင် အလွန်အမင်းကွာခြားမှုရှိပြီး ၎င်းတို့နှစ်ခုအကြား၌ နှိုင်းယှဉ်ချက်များကို မည်သူကမျှ ဖော်ပြနိုင်စွမ်း မရှိပေ။ ငါသည် လူ့ဇာတိမခံယူခဲ့ပါက လူသားသည် ငါ့ကို မည်သည့်အခါမျှ သိမည်မဟုတ်ဘဲ၊ ငါ့အား သူသိလာခဲ့သော်မှ၊ ထိုကဲ့သို့သော အသိသည် အယူအဆတစ်ခုမျှသာ ဖြစ်နေဦးမည် မဟုတ်လော။ ငါသည် အဆက်မပြတ် စီးဆင်းနေသည့် လူတို့အကြား နေ့စဉ်နေ့တိုင်း လျှောက်လှမ်းပြီး လူတစ်ဦးစီ၏အတွင်း၌ ငါသည် နေ့စဉ်နေ့တိုင်း အလုပ်လုပ်၏။ လူသားက ငါ့ကို အမှန်စင်စစ် တွေ့မြင်သည့်အခါ၌၊ သူသည် ငါ၏ နှုတ်ကပတ်တော်များထဲ၌ ငါ့ကိုသိနိုင်မည်ဖြစ်ပြီး ငါပြောဆိုသည့် နည်းလမ်းအပြင် ငါ၏ရည်ရွယ်ချက်များအား နားလည်လိမ့်မည်ဖြစ်သည်။

နိုင်ငံတော်သည် ကမ္ဘာမြေပေါ်တွင် တရားဝင် ရောက်ရှိသည့်အခါ၊ အရာခပ်သိမ်းထဲမှ မည်သည့်အရာသည် တိတ်ဆိတ်လျက်မနေသနည်း။ လူခပ်သိမ်းထဲမှ မည်သူသည် မကြောက်ရွံ့ဘဲနေသနည်း။ ငါသည် စကြဝဠာ လောကတစ်ခွင် နေရာအနှံ့ လျှောက်လှမ်းပြီး အရာခပ်သိမ်းသည် ငါ၏ ကိုယ်တိုင်ကိုယ်ကျ စီမံခြင်းကို ခံရ၏။ ဤအချိန်တွင် ငါ၏ ဆောင်ရွက်ချက်များက အံ့ဩဖွယ်ကောင်းသည်ကို မည်သူမသိဘဲ နေသနည်း။ ငါ၏လက်များသည် အရာခပ်သိမ်းကို ထောက်မထား သော်လည်း၊ ငါသည် အရာခပ်သိမ်း၏ အထက်တွင်လည်း ရှိ၏။ ယနေ့ ငါ၏လူ့ဇာတိခံယူခြင်းနှင့် လူသားအကြား ငါကိုယ်တိုင်ရှိနေခြင်းသည် ငါ၏နှိမ့်ချခြင်းနှင့် ဖုံးကွယ်နေခြင်း၏ စစ်မှန်သောအဓိပ္ပာယ် မဟုတ်ပေဘူးလော။ အပြင်ပန်းတွင် များစွာသော လူတို့သည် ငါ့အား ကောင်းသည်ဟု ချီးမွမ်းလျက် လှသည်ဟု ချီးကျူးကြသော်လည်း၊ မည်သူသည် ငါ့အား အမှန်တကယ် သိသနည်း။ ယနေ့ သင်တို့ ငါ့အား သိသလောဟု အဘယ်ကြောင့် မေးရသနည်း။ ငါ၏ရည်မှန်းချက်မှာ အဆင်းနီသောနဂါးကြီးကို အရှက်ရစေရန် မဟုတ်သလော။ ငါသည် လူသားကို ငါ့အားချီးမွမ်းရန် အတင်းအကျပ်မပြုလိုသော်လည်း၊ သူ့ကို ငါ့အားသိအောင် ဆောင်ရွက်လိုသည်၊ ထိုသို့အားဖြင့် သူသည် ငါ့ကို ချစ်လာပြီး သို့ဖြစ်၍ ငါ့ကို ချီးမွမ်းလာလိမ့်မည်။ ထိုကဲ့သို့သော ချီးမွမ်းခြင်းသည် လျော်ကန်ထိုက်တန်၍ အချည်းနှီးပြောဆိုခြင်း မဟုတ်ပေ။ ဤသို့သော ချီးမွမ်းခြင်းသည်သာ ငါ၏ပလ္လင်သို့ရောက်နိုင်၍ မိုးကောင်းကင်ထက်သို့ တက်နိုင်မည်ဖြစ်သည်။ လူသားသည် စာတန်၏ သွေးဆောင်ခြင်းနှင့် ဖောက်ပြန်ဖျက်ဆီးခြင်း ခံရသောကြောင့်၊ သူသည် အယူအဆများနှင့် စဉ်းစားဉာဏ်တို့၏ လွှမ်းမိုးခြင်း ခံရသောကြောင့်၊ ငါသည်

လူသားမျိုးနွယ်တစ်ရပ်လုံးကို ကိုယ်တိုင် သိမ်းပိုက်ရန်၊ လူသား၏ အယူအဆများ အားလုံးကို ဖော်ထုတ်ရန်နှင့် လူသား၏ စဉ်းစားဉာဏ်ကို အစိတ်စိတ်အမွှာမွှာ ဖျက်ဆီးပစ်ရန်အလို့ငှာ လူ့ဇာတိခံယူခဲ့ပြီးဖြစ်၏။ ရလဒ်အနေဖြင့် လူသားသည် ငါ၏ရှေ့မှောက်တွင် ဝင့်ကြွားထုတ်ပြခြင်း မပြုတော့ဘဲ၊ သူ၏ကိုယ်ပိုင်အယူအဆများကို အသုံးပြု၍ ငါ့အား အစေခံခြင်းလည်း မပြုတော့ပေ၊ ထို့ကြောင့် လူသား၏ အယူအဆများထဲက "ငါ" ကို လုံးဝ ပပျောက်စေသည်။ နိုင်ငံတော် တည်သည့်အခါ၊ ငါပြုသည့် ပထမဆုံးသောအရာမှာ အမှု၏ဤအဆင့်ကို စတင်ခြင်းဖြစ်ပြီး ငါ၏ လူတို့အကြား၌လည်း ငါထိုသို့ပြု၏။ အဆင်းနီသောနဂါးကြီး၏ နိုင်ငံတွင် မွေးဖွားသော ငါ၏လူတို့အနေဖြင့် အကယ်စင်စစ် သင်တို့၏အတွင်း၌ အဆင်းနီသောနဂါးကြီး၏ အဆိပ် အနည်းငယ်မျှပင် မရှိသည်သာမက တစ်စိတ်တစ်ပိုင်းမျှလည်း မရှိပေ။ ထို့ကြောင့် ငါ့အမှု၏ ဤအဆင့်သည် အဓိကအားဖြင့် သင်တို့အပေါ် ဗဟိုပြုထားခြင်းဖြစ်ပြီး၊ ဤသည်မှာ တရုတ်နိုင်ငံတွင် ငါလူ့ဇာတိခံယူခြင်း၏ အရေးပါမှုလက္ခဏာ တစ်ခုဖြစ်သည်။ လူအများစုသည် ငါပြောသည့် နှုတ်ကပတ်တော်များ၏ တစ်စွန်းတစ်စကိုမျှပင် နားလည်နိုင်ခြင်းမရှိဘဲ၊ သူတို့ နားလည်လျှင်ပင် သူတို့၏နားလည်ခြင်းသည် ဝိုးတိုးဝါးတားနှင့် မရှင်းမလင်းဖြစ်၏။ ဤသည်မှာ ငါ စကားပြောဆိုသည့်နည်းလမ်း၏ အလှည့်အပြောင်း တစ်ခု ဖြစ်၏။ လူအားလုံးသည် ငါ၏နှုတ်ကပတ်တော်များကို ဖတ်၍ ၎င်းတို့၏ အဓိပ္ပာယ်ကို နားလည်နိုင်ပါက၊ လူသားထဲမှ မည်သူသည် ကယ်တင်ခြင်း ခံရပြီး မရဏနိုင်ငံသို့ ပစ်ချမခံရဘဲ နေနိုင်မည်နည်း။ လူသားသည် ငါ့ကိုသိ၍ နာခံသည့်အချိန်သည် ငါနားသည့်အချိန် ဖြစ်မည်ဖြစ်ပြီး ယင်းသည်လူသားက ငါ့နှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်ကို နားလည်နိုင်သည့် အချိန်ပင်ဖြစ်လိမ့်မည်။ ယနေ့ ငါ့အကြောင်း သင်၏ သိခြင်းကို မဆိုထားဘဲ၊ သင်တို့၏ ဝိညာဉ်ရင့်ကျက်မှုသည် သေးငယ်လွန်းလျက်၊ ယင်းမှာ သနားစဖွယ်ကောင်းလောက်အောင်ပင် သေးငယ်ပြီး ချီးမြှောက်ရန်ပင် မထိုက်တန်ချေ။

ငါ၏သားတို့နှင့် လူတို့ကို အလုပ်အကျွေးပြုရန် ကောင်းကင်တမန်များကို စတင်စေလွှတ်လိုက်ပြီဟု ငါပြောသော်လည်း၊ ငါ့နှုတ်ကပတ်တော်တို့၏ အဓိပ္ပာယ်ကို မည်သူမျှ နားမလည်နိုင်ကြပေ။ လူသားအကြား ငါကိုယ်တိုင်လာသည့်အခါ၊ ကောင်းကင်တမန်တို့သည် လုပ်ကျွေးခြင်းအမှုကို တစ်ပြိုင်နက် စတင်ကြကာ၊ ကောင်းကင်တမန်တို့၏ အလုပ်အကျွေးပြုခြင်း အတောအတွင်း သားတို့နှင့် လူတို့အားလုံးသည် စမ်းသပ်မှုများနှင့် လုပ်ကျွေးခြင်းတို့ကို ရရှိရုံသာမက၊ ရူပါရုံများအမျိုးမျိုး ဖြစ်ပေါ်ခြင်းကိုလည်း ၎င်းတို့ကိုယ်တိုင်၏မျက်လုံးဖြင့် ရှုမြင်နိုင်ကြ၏။ ငါသည် ဘုရားသဘောသဘာဝထဲမှ

တိုက်ရိုက်အမှုပြုသဖြင့် အရာခပ်သိမ်းသည် အသစ်တစ်ဖန်စတင်ခြင်းထဲသို့ ဝင်ရောက်ကြကာ၊ ဤဘုရားသဘောသဘာဝက တိုက်ရိုက်အမှုပြုသဖြင့် ၎င်းကို လူ့သဘောသဘာဝက စိုးစဉ်းမျှပင် ကန့်သတ်ထားခြင်းမရှိဘဲ၊ လူသားအတွက်မှာမူ သဘာဝလွန်အခြေအနေများ၌ လွတ်လပ်စွာ အလုပ်လုပ်နေပုံရသည်။ သို့သော်လည်း ငါ့အတွက်မူကား ယင်းမှာ လုံးလုံးလျားလျား ပုံမှန်ဖြစ်၏ (လူသားက သူသည် ဘုရားသဘောသဘာဝကို မည်သည့်အခါမျှ တိုက်ရိုက်မကြုံတွေ့ဖူးသေးသဖြင့် ယင်းကို သဘာဝလွန် ဖြစ်သည်ဟု ယုံကြည်၏။) ၎င်းသည် လူသား၏ အယူအဆများနှင့်ဆိုင်သည့် စရိုက်လက္ခဏာတစ်ခုမျှပင် မရှိသည့်အပြင်၊ လူသား၏ အတွေးအခေါ်များနှင့်လည်း စွန်းထင်းခြင်း မရှိပေ။ လူအားလုံးတို့သည် လမ်းကြောင်းမှန်ပေါ်သို့ ရောက်သည့်အခါမှသာ ဤအရာကို သူတို့ မြင်ကြလိမ့်မည်။ ယခုသည် အစဖြစ်သောကြောင့်၊ သူ၏ဝင်ရောက်မှုနှင့် ပတ်သက်ပါက လူသားတွင် ချို့ယွင်းချက် များစွာရှိကာ၊ အားနည်းချက်များနှင့် နားလည်ရန် ခက်ခဲခြင်းတို့ကို ရှောင်ရှားနိုင်ခဲ့ပေသည်။ ယနေ့ ငါသည် သင်တို့အား ဤအဆင့်အထိ လမ်းပြခဲ့ပြီးဖြစ်သဖြင့် ငါသည် သင့်လျော်သော အစီအမံများကို ပြုလုပ်ထားပြီး ငါ၏ ကိုယ်ပိုင် ရည်မှန်းချက်များ ရှိ၏။ ငါသည် သင်တို့အား ၎င်းတို့အကြောင်း ယနေ့ပြောပြရမည်ဆိုလျှင် သင်တို့သည် ၎င်းတို့ကို အမှန်တကယ် သိနိုင်ပါမည်လော။ ငါသည် လူ့စိတ်၏ အတွေးများနှင့် လူ့စိတ်နှလုံး၏ ဆန္ဒများကို ကောင်းစွာ သိကျွမ်းသည်- မိမိတို့ကိုယ်တိုင်အတွက် ထွက်ပေါက်ကို တစ်ခါမျှမရှာဖူးသူ မည်သူရှိသနည်း။ မိမိတို့ကိုယ်တိုင်၏ အလားအလာများအကြောင်း မစဉ်းစားခဲ့ဖူးသူ မည်သူရှိသနည်း။ သို့ရာတွင် လူသားသည် ကြွယ်ဝ၍ ထူးချွန်သော အသိဉာဏ်နှင့်ဆိုင်သည့် လက္ခဏာ ရှိသော်လည်း၊ ခေတ်ကာလများ၏နောက် ပစ္စုပ္ပန်သည် ဤသို့ ဖြစ်လာလိမ့်မည်ဟု မည်သူက ခန့်မှန်းနိုင်ခဲ့သနည်း။ ဤသည်မှာ သင်ကိုယ်တိုင်၏ ပုဂ္ဂလဓိဋ္ဌာန်ကျသော ကြိုးပမ်းမှုများ၏ အသီးအပွင့် အမှန်ပင်ဖြစ်သလော။ ဤသည်မှာ သင်၏ မမောမပန်းနိုင်သော လုံ့လဝီရိယအတွက် အဖိုးအခပင်လော။ ဤသည်မှာ သင့်စိတ်ကူးဖြင့် မှန်းဆကြည့်သော လှပသည့် ပြကွက်ပေလော။ ငါသည် လူသားမျိုးနွယ် တစ်ရပ်လုံးကို လမ်းမပြခဲ့ပါက၊ ငါ၏အစီအမံများမှ မိမိတို့ကိုယ်ကိုယ် ခွဲထွက်ကာ အခြားထွက်ပေါက်ရှာနိုင်မည့်သူ မည်သူရှိသနည်း။ လူသားကို ယနေ့မျက်မှောက်သို့ ခေါ်လာသည့်အရာမှာ လူသား၏ စိတ်ကူးစိတ်သန်းများနှင့် စိတ်ဆန္ဒများပေလော။ များစွာသော လူတို့သည် ၎င်းတို့၏လိုအင်ဆန္ဒများ ပြည့်ဝခြင်းမရှိဘဲ၊ သူတို့ဘဝ တစ်လျှောက်လုံး အသက်ရှင်ကြ၏။ ဤသည်မှာ အမှန်တကယ်ပင် ၎င်းတို့၏ အတွေးအခေါ်ထဲရှိ အမှားတစ်ခုကြောင့်ပေလော။ များစွာသော လူတို့၏ ဘဝများသည် မျှော်လင့်မထားသော ပျော်ရွှင်ကျေနပ်မှုတို့နှင့်

ပြည့်နှက်လျက် ရှိသည်။ ဤသည်မှာ အမှန်တကယ်ပင် သူတို့က အလွန်နည်းပါးစွာ မျှော်လင့်ထားကြ၍လော။ လူသားမျိုးနွယ်တစ်ရပ်လုံးထဲမှ အနန္တတန်ခိုးရှင်၏ မျက်လုံးထဲ၌ ဂရုစိုက်မခံရသူဟူ၍ မည်သူရှိသနည်း။ အနန္တတန်ခိုးရှင်၏ ကြိုတင်ပြဋ္ဌာန်းထားခြင်း အလယ်၌ မနေထိုင်သူ မည်သူရှိသနည်း။ လူသား၏ အသက်ရှင်ခြင်းနှင့် သေခြင်းသည် သူကိုယ်တိုင်၏ ရွေးချယ်ချက်ဖြင့် ဖြစ်ပျက်သလော။ လူသားသည် သူကိုယ်တိုင်၏ ကံကြမ္မာကို ထိန်းချုပ်ထား သလော။ များစွာသောလူတို့သည် သေခြင်းတရားကို အော်ခေါ်ကြ သော်လည်း၊ ၎င်းသည် သူတို့ထံမှ ဝေးကွာနေ၏။ များစွာသောလူတို့သည် ဘဝတွင် ကြံ့ခိုင်၍ သေခြင်းတရားကို ကြောက်ရွံ့သောသူများ ဖြစ်လိုကြသော်လည်း၊ ၎င်းတို့အား သေခြင်းတရား၏ အသူတစ်ရာ နက်သောချောက်ထဲသို့ ထိုးဆင်းနေရင်း ၎င်းတို့၏သေဆုံးခြင်း နေ့ရက်သည် ၎င်းတို့သတိမထားမိခင် ချဉ်းကပ်လာနေ၏။ များစွာသောလူတို့သည် ကောင်းကင်သို့ ကြည့်၍ လေးလေးပင်ပင် သက်ပြင်းချကြ၏။ များစွာသောလူတို့သည် သည်းထန်စွာငိုကြွေး၍ အော်မြည်ရှိုက်ငိုကြ၏။ များစွာသောလူတို့သည် စမ်းသပ်မှုများအကြား လဲပြိုကြပြီး များစွာသောလူတို့သည် စုံစမ်းသွေးဆောင်ခြင်း၏ အကျဉ်းသားများ ဖြစ်သွားကြ၏။ ငါ့အား ရှင်းလင်းစွာ မြင်ခွင့်ပြုရန် ငါသည် ကိုယ်တိုင်ပေါ်ထွန်းလာခြင်း မရှိသော်လည်း၊ များစွာသောလူတို့သည် ၎င်းတို့ကို ငါဒဏ်ခတ်မည် ဟုလည်းကောင်း၊ ၎င်းတို့ကို ငါအဆုံးစီရင်မည် ဟုလည်းကောင်း လွန်စွာကြောက်ရွံ့လျက် ငါ့၏မျက်နှာကိုမြင်ရန် ကြောက်ကြ၏။ လူသားသည် ငါ့ကို အမှန်တကယ် သိသလော၊ သို့မဟုတ် မသိသလော။ မည်သူမျှ သေချာပေါက် မပြောနိုင်ပေ။ ဤသည်မှာ မမှန်ကန်ပေဘူးလား။ သင်တို့သည် ငါ့ကိုရော ငါ၏ပြစ်တင်ဆုံးမမှုကိုပါ ကြောက်ရွံ့ကြသော်လည်း၊ သင်တို့သည် မတ်တတ်ရပ်၍ ငါ့ကို ပြောင်ပြောင်တင်းတင်းပင် ဆန့်ကျင်ကာ ငါ့အပေါ် တရားစီရင်၏။ ဤသည်မှာ မမှန်ကန်သလော။ လူသားသည် ငါ့ကို လုံးဝမသိခဲ့ဖူးခြင်းမှာ သူသည် မည်သည့်အခါမျှ ငါ၏မျက်နှာကို မမြင်ခဲ့ဖူး သို့မဟုတ် ငါ့အသံကို မကြားခဲ့ဖူးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ငါသည် လူသား၏နှလုံးသားထဲ၌ပင် ရှိသော်လည်း၊ ၎င်း၏နှလုံးသားတွင် ငါသည် ဝိုးတဝါးနှင့် မထင်မရှား မဖြစ်သောသူ တစ်စုံတစ်ဦး ရှိသလော။ ၎င်း၏နှလုံးသားထဲတွင် ငါ ပကတိ ရှင်းလင်းနေသောသူ တစ်စုံတစ်ဦး ရှိသလော။ ငါ၏လူဖြစ်သောသူတို့က ငါ့ကို ဝိုးတိုးဝါးတားနှင့် နားလည်ရန်ခက်ခဲသည်ဟု မြင်မှာကိုလည်း ငါအလိုမရှိသဖြင့် ငါသည် ဤကြီးမြတ်သော အမှုတော်ကို စတင်ခြင်းဖြစ်၏။

ငါသည် လူသားအကြား တိတ်တဆိတ်လာ၍ ညင်ညင်သာသာ ထွက်ခွာ၏။ ငါ့ကို တစ်စုံတစ်ဦးက တွေ့မြင်ဖူးသလော။ နေမင်းသည် ယင်း၏ တောက်လောင်နေသော

မီးလျှံများကြောင့် ငါ့ကို မြင်နိုင်သလော။ လမင်းသည် ၎င်း၏ ထွန်းပြောင်နေသော ကြည်လင်မှုကြောင့် ငါ့ကို မြင်နိုင်သလော။ နက္ခတ်တာရာများသည် ကောင်းကင်ထက်က ၎င်းတို့၏နေရာကြောင့် ငါ့ကိုမြင်နိုင်သလော။ ငါလာသည့်အခါ လူသားက မသိသည့်အပြင် အရာခပ်သိမ်းတို့သည်လည်း ဆက်လက်၍ မသိနားမလည်ကြဘဲ၊ ငါထွက်ခွာသည့်အခါတွင်လည်း လူသားသည် သတိမမူမိဘဲ ရှိနေကြဆဲဖြစ်သည်။ ငါ့အတွက် မည်သူက သက်သေခံပေးနိုင်သနည်း။ ယင်းမှာ ကမ္ဘာမြေပေါ်က လူတို့၏ ချီးမွမ်းခြင်းပင် ဖြစ်နိုင်သလော။ သဘာဝပတ်ဝန်းကျင်ထဲတွင် ပွင့်လန်းနေသည့် နှင်းပန်းတွေများ ဖြစ်နိုင်သလော။ မိုးကောင်းကင်ထက်တွင် ပျံနေကြသော ငှက်များလော။ တောင်များထက်တွင် ဟိန်းဟောက်နေသော ခြင်္သေ့များလော။ ငါ့ကို မည်သူမျှ အပြည့်အဝ မျက်မြင်မတွေ့နိုင်ပါတကား။ ငါပြုမည့်အမှုကို မည်သူမျှ မပြုလုပ်နိုင်ပါတကား။ သူတို့သည် ဤအမှုကို ပြုခဲ့လျှင်ပင် ယင်း၌ မည်သည့်သက်ရောက်မှု ရှိမည်နည်း။ ငါသည် နေ့စဉ် များစွာသောလူတို့၏ လုပ်ဆောင်မှုတိုင်းကို စောင့်ကြည့်၍၊ ငါသည် နေ့စဉ် များစွာသော လူတို့၏ နှလုံးသားနှင့် စိတ်တို့ကို ရှာဖွေစစ်ကြော၏။ မည်သူကမျှ ငါ၏တရားစီရင်မှုမှ မည်သည့်အခါမျှ လွတ်မြောက်ခဲ့ခြင်း မရှိသည့်အပြင် မည်သူကမျှ ငါ့တရားစီရင်ခြင်း၏ လက်တွေ့အရှိတရားမှ မည်သည့်အခါမျှ မိမိတို့ကိုယ်ကိုယ် ထုတ်ပယ်ခဲ့ခြင်း မရှိပေ။ ငါသည် မိုးကောင်းကင်အထက်တွင် မတ်တတ်ရပ်လျက် အဝေးသို့ကြည့်၏- မရေတွက်နိုင်အောင် များပြားသောလူတို့သည် ငါ၏ဒဏ်ခတ်ခြင်းကို ခံရသော်လည်း၊ အလားတူစွာပင် မရေတွက်နိုင်သော လူတို့သည်လည်း ငါ၏ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့ အလယ်၌ နေထိုင်ကြ၏။ သင်တို့သည်လည်း ထိုကဲ့သို့သော အခြေအနေများတွင် နေထိုင်ကြသည် မဟုတ်လော။

၁၉၉၂ ခုနှစ်၊ မတ်လ ၅ ရက်

# အခန်း ၁၂

ငါ၏ နှုတ်ကပတ်တော်များကို ငါ စတင်မိန့်မြွက်သည့် အခိုက်အတန့် အတိအကျလည်းဖြစ်သည့် အရှေ့အရပ်မှ လျှပ်ပြက်ခြင်းပေါ်ထွက်ချိန်- လျှပ်ပြက်ခြင်း ပေါ်ထွက်သည့်အခါတွင်၊ အမြင့်ဆုံးကောင်းကင်ဘုံတစ်ခုလုံး ထွန်းလင်းသွားပြီး ခပ်သိမ်းသော ကြယ်များတွင် အသွင်ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လေသည်။ လူသားမျိုးနွယ် တစ်ရပ်လုံးသည်

ရွေးထုတ်ခံရပြီး ဖြစ်သည့်အလား ဖြစ်သည်။ အရှေ့အရပ်မှ ဤအလင်းရောင်ခြည်မျှင်တန်း၏ တောက်ပမှုအောက်တွင် လူသားမျိုးနွယ် အားလုံးသည် ၎င်းတို့၏ မူလသဏ္ဍာန်ဖြင့် ထုတ်ဖော်ပြခံကြရသည်၊ ၎င်းတို့၏ မျက်လုံးများ ပြာသွားကြသည်၊ မည်သည့်အရာ လုပ်ဆောင်ရမည်ကို မရေရာဖြစ်ကြပြီး၊ ၎င်းတို့၏ အကျည်းတန်သော ရုပ်များကို မည်သို့ ဖုံးကွယ်ရမည်ကို သာ၍ မသေချာမရေရာ ဖြစ်ကြသေး၏။ ၎င်းတို့သည် ငါ၏အလင်းမှ ထွက်ပြေးပြီး တောင်ပေါ်ဂူများတွင် ခိုလှုံကြကုန်သော တိရစ္ဆာန်များကဲ့သို့ ဖြစ်ကြသည်- သို့သော်လည်း ၎င်းတို့ထဲမှ တစ်ဦးမျှ ငါ၏ အလင်းရောင်အတွင်းမှ မှေးမှိန်ပျောက်ကွယ်မသွားနိုင်ပေ။ လူသားအားလုံးသည် အလွန် အံ့အားသင့်ကြသည်၊ အားလုံး စောင့်ဆိုင်းနေကြသည်၊ အားလုံး စောင့်ကြည့်နေကြသည်၊ ငါ၏ အလင်း ပေါ်ထွန်းခြင်းနှင့်အတူ အားလုံးသည် ၎င်းတို့ မွေးဖွားခဲ့သော နေ့ရက်၌ ဝမ်းမြောက်ကြပြီး၊ ထိုနည်းတူ အားလုံးသည် ၎င်းတို့ မွေးဖွားခဲ့သော နေ့ရက်အား ကျိန်ဆဲကြလေသည်။ ကွဲလွဲလျက်နေသော စိတ်ခံစားချက်များကို ရှင်းလင်းစွာပြောဆိုရန် မဖြစ်နိုင်ပေ။ မိမိကိုယ်ကိုယ် အပြစ်ပေးသော မျက်ရည်များက မြစ်များကို ဖြစ်ပေါ်စေပြီး ရိုက်ပုတ်သော ရေစီးဖြင့် သယ်ဆောင်သွားခြင်း ခံရကာ၊ တစ်ခဏချင်း အစအနမရှိဘဲ ပျောက်ကွယ်သွားလေသည်။ လူသားမျိုးနွယ်အား နောက်တစ်ဖန် နှိုးဆော်ရင်း၊ နောက်ထပ်အစပြုခြင်းအသစ်ကို လူသားမျိုးနွယ်အား ပေးရင်း၊ ငါ၏ နေ့ရက်သည် နောက်တစ်ဖန် လူသားမျိုးနွယ်အပေါ် အပူတပြင်း နီးကပ်လာသည်။ ငါ၏နှလုံးသည် ခုန်လျက်ရှိပြီး ငါ၏ နှလုံးခုန်သံ စည်းချက်များနောက်လိုက်ရင်း၊ တောင်များသည် ဝမ်းမြောက်ခြင်းဖြင့် ခုန်ပေါက်ကြပြီး၊ ရေတို့သည် ဝမ်းမြောက်ခြင်းဖြင့် ကခုန်ကြကာ လှိုင်းလုံးများသည် ကျောက်ဆောင်အတိပြီးသော ကျောက်တန်းများကို ရိုက်ခတ်ကြလေသည်။ ငါ၏ စိတ်နှလုံးထဲ၌ ရှိသော အရာကို ဖော်ပြရန် ခက်ခဲလှသည်။ ငါသည် မသန့်ရှင်းသော အရာအားလုံးကို ငါ၏ အကြည့်အောက်တွင် ပြာမှုန့်များအဖြစ်သို့ လောင်ကျွမ်းသွားစေချင်မိသည်။ ငြင်းဆန်သောသူအားလုံးကို နောက်ထပ် မည်သည့်အခါမျှ တဝဲလည်လည် မတည်ရှိတော့ရန်၊ ငါ၏မြင်ကွင်းမှ ကွယ်ပျောက်သွားစေချင်သည်။ ငါသည် အဆင်းနီသော နဂါးကြီး နေထိုင်ရာနေရာတွင် အသစ်သော အစပြုခြင်းတစ်ခုကို ဖြစ်စေပြီးသည် သာမက၊ စကြဝဠာတွင် အသစ်သော အမှုကိုလည်း စတင်ပြီး ဖြစ်သည်။ ငါသည် အောင်မြင်မှုကို ရရှိနှင့်ပြီးဖြစ်သောကြောင့်၊ ငါသည် အောင်မြင်လျက် ပြန်ကြွလာပြီးဖြစ်သောကြောင့်၊ မကြာမီ၊ ကမ္ဘာမြေ၏ တိုင်းနိုင်ငံများသည် ငါ၏ နိုင်ငံတော် ဖြစ်လာကြလိမ့်မည်၊ မကြာမီ ငါ၏ နိုင်ငံတော်ကြောင့် ကမ္ဘာမြေ၏ တိုင်းနိုင်ငံများ ထာဝရ တည်ရှိမှု ရပ်စဲလိမ့်မည်။ မြေကြီးပေါ်တွင် ငါ၏ အမှုကို ဖျောက်ဖျက်ပစ်ရန် မျှော်လင့်ချက်ဖြင့်

ငါ၏ အစီအစဉ်ကို နှောင့်ယှက်ရန် အဆင်းနီသော နဂါးကြီးသည် ကြံစည်၍ရနိုင်သမျှ နည်းလမ်းများ ကုန်ခန်းသွားပြီ ဖြစ်သည်၊ သို့သော် ငါသည် ၎င်း၏ လိမ်လည်လှည့်ဖြားသော ပရိယာယ်အားဖြင့် တိုး၍ စိတ်ပျက်အားလျော့နိုင်သလော။ ၎င်း၏ ခြိမ်းခြောက်မှုများအားဖြင့် ငါသည် စိတ်ချယုံကြည်မှု ဆုံးရှုံးခြင်းဖြင့် အထိတ်တလန့် ဖြစ်နိုင်သလော။ ငါ၏ လက်ဖဝါးတွင် ငါ ဆုပ်ကိုင်ထားခြင်း မရှိသော သတ္တဝါတစ်ဦးမျှ ကောင်းကင် သို့မဟုတ် မြေကြီးပေါ်တွင် မရှိဖူးပေ။ ငါ့အား အဖြည့်ခံတစ်ခုအဖြစ် အစေခံသည့် ဤတန်ဆာပလာဖြစ်သော အဆင်းနီသော နဂါးကြီးနှင့် ပတ်သက်၍ ဤသည်မှာ မည်မျှပို၍ မှန်ကန်သနည်း။ ၎င်းသည်လည်း ငါ၏လက်ဖြင့် ကြိုးကိုင်ခြယ်လှယ်ခံရမည့် အရာတစ်ခု ဖြစ်သည်မဟုတ်လော။

လူ့လောကထဲတွင် ငါ၏လူ့ဇာတိခံခြင်းအတောအတွင်းတွင်၊ လူသားမျိုးနွယ်သည် ငါ၏လမ်းပြမှုအောက်တွင်၊ ဤနေ့ရက်ထိ အမှတ်တမဲ့ ရောက်ရှိလာပြီးဖြစ်ကာ ငါ့ကို အမှတ်တမဲ့ သိလာကြပြီးဖြစ်သည်။ သို့သော် ရှေ့တွင်ရှိသည့်လမ်းကြောင်းကို မည်သို့ လျှောက်လှမ်းရမည် နှင့်စပ်လျဉ်း၍မူ မည်သူမျှ အရိပ်အမြွက် မရှိ၊ မည်သူမျှ မသိကြပေ- ပြီးလျှင် ထိုလမ်းကြောင်းက ၎င်းတို့ကို မည်သည့်ဦးတည်ရာသို့ ခေါ်ဆောင်သွားမည်နှင့်ပတ်သက်၍ မည်သူမျှ သဲလွန်စတစ်ခုတစ်လေ သာ၍ မရှိကြသေးချေ။ ၎င်းတို့အပေါ် ဂရုစိုက်နေသည့် အနန္တတန်ခိုးရှင်နှင့် အတူသာ မည်သူမဆိုသည် ထိုလမ်းကြောင်းကို အဆုံးတိုင် လျှောက်လှမ်းနိုင်လိမ့်မည် ဖြစ်သည်။ အရှေ့အရပ်မှ လျှပ်ပြက်ခြင်းအားဖြင့် လမ်းပြခံရလျက်သာ၊ မည်သူမဆိုသည် ငါ၏နိုင်ငံတော်သို့ ဆိုက်ရောက်စေသည့် တံခါးခုံကို ဖြတ်သန်းနိုင်မည် ဖြစ်သည်။ လူသားများအကြားတွင်၊ ငါ၏မျက်နှာကို တွေ့မြင်ဖူးသောသူ၊ အရှေ့အရပ်မှ လျှပ်ပြက်ခြင်းကို တွေ့မြင်ဖူးသော သူတစ်ဦး မည်သည့်အခါကမျှ မရှိဖူးပေ။ ငါ၏ပလ္လင်မှ မိန့်မြွက်ချက်များကို ကြားဖူးသောသူ မည်မျှ သာ၍ မရှိလေပြီနည်း။ အမှန်တွင် ရှေးခေတ်အချိန်ကာလများမှ၊ လူသားတစ်ဦးမျှ ငါ၏ ဇာတိအဖြစ်တော်နှင့် တိုက်ရိုက် ထိတွေ့ဆက်သွယ်မလာဖူးပေ။ ယနေ့တွင်သာ၊ ကမ္ဘာလောကထဲသို့ ယခု ငါ ကြွလာပြီးဖြစ်သောကြောင့်၊ လူသားတို့သည် ငါ့အား တွေ့မြင်ရန် အခွင့်အရေးတစ်ခု အမှန် ရှိလာကြပေသည်။ သို့သော် ယခုတွင်ပင်လျှင် လူတို့သည် ငါ၏ မျက်နှာကိုသာ ကြည့်ရုံမျှသာ ကြည်ညိုကြပြီး၊ ငါ၏ အသံကို ကြားရုံသာ ကြားကြသော်လည်း ငါဆိုလိုသောအရာကို နားလည်ခြင်း မရှိကြသည်နှင့်အမျှ၊ လူတို့သည် ငါ့အား မသိကြသေးပေ။ လူသားအားလုံးမှာ ဤကဲ့သို့ ဖြစ်ကြသည်။ ငါ၏လူများထဲမှ တစ်ဦးဖြစ်လျက်၊ သင်တို့သည် ငါ၏မျက်နှာကို တွေ့မြင်ရသည့်အခါ၊ သင်တို့သည် ကြီးမားသော ဂုဏ်ယူမှုကို

မခံစားရသလော။ ပြီးလျှင် သင်တို့သည် ငါ့အား မသိကြသောကြောင့် ဆိုးရွားသည့် အရှက်ရခြင်းကို မခံစားရသလော။ ငါသည် လူ့ဇာတိခံယူခဲ့ပြီး လူ့လောကထဲသို့ ကြွလာပြီးဖြစ်သည့်အတွက်၊ ငါသည် လူသားများအလယ် လျှောက်လှမ်းပြီး လူသားများအလယ် အသက်ရှင်လေသည်။ ငါ၏ ရည်မှန်းချက်မှာ လူသားများက ငါ၏ လူ့ဇာတိကို ကြည်ညိုကြစေဖို့မျှသာ မဟုတ်ချေ။ ပို၍ အရေးကြီးသည်မှာ၊ ယင်းသည် လူသားမျိုးနွယ်အား ငါ့ကို သိကျွမ်းနိုင်စေဖို့ ဖြစ်သည်။ ထို့အပြင် ငါသည် ငါ၏ လူ့ဇာတိခံ ခန္ဓာမှတစ်ဆင့်၊ လူသားမျိုးနွယ်အား ၎င်းတို့၏ အပြစ်များကို စီရင်ချက်ချမည်။ ငါသည် ငါ၏ လူ့ဇာတိခံ ခန္ဓာမှတစ်ဆင့် အဆင်းနီသော နဂါးကြီးကို နှိမ်နင်းကာ ၎င်း၏ သားရဲတွင်းကို အမြစ်ဖြတ်ချေမှုန်းမည်။

ကမ္ဘာမြေတွင် မှီတင်းနေထိုင်ကြသော လူသားများသည် ကြယ်များလောက် များပြားကြသော်လည်း၊ ငါသည် ၎င်းတို့အားလုံးကို ရှင်းရှင်းလင်းလင်း ကောင်းစွာ သိ၏။ ပြီးလျှင် ငါ့ကို “ချစ်သော” လူသားများသည် ပင်လယ် သဲပွင့်များလောက် မရေမတွက်နိုင်လောက်အောင် များပြားကြ သော်လည်း၊ အနည်းငယ်သာလျှင် ငါ၏ ရွေးချယ်ခြင်းကို ခံကြရသည်- ငါ့ကို “ချစ်သော” သူများမှအပ တောက်ပသော အလင်းကို လိုက်စားအားထုတ်သောသူများသာ ငါ၏ ရွေးချယ်ခြင်းကို ခံကြရသည်။ ငါသည် လူသားတို့အား ပိုလွန်ခန့်မှန်းခြင်း မရှိသကဲ့သို့၊ ၎င်းတို့အား လျှော့တွက်ခြင်းလည်း မရှိပေ။ ယင်းထက် ငါသည် လူသားအား ၎င်း၏ ပင်ကိုအရည်အချင်းများနှင့်အညီ တောင်းဆိုမှုများ ပြုလုပ်ပြီး၊ ထို့ကြောင့် လူတို့ကို ရွေးချယ်ခြင်းနှင့်ဆိုင်သည့် ငါ၏ ရည်မှန်းချက်ကို ငါ ရရှိနိုင်ဖို့အလို့ငှာ၊ ငါလိုအပ်သည်မှာ ငါ့အား စိတ်ရင်းအမှန်ဖြင့် ရှာဖွေသော လူစားမျိုး ဖြစ်သည်။ တောင်များပေါ်တွင် တောရဲသားကောင်များ မရေမတွက်နိုင်အောင် ရှိကြသော်လည်း၊ ၎င်းတို့အားလုံးသည် ငါ့ရှေ့တွင် သိုးများကဲ့သို့ ယဉ်ပါးကြ၏။ လှိုင်းလုံးများအောက်တွင် ဉာဏ်မမီနိုင်သည့် နက်နဲမှုများ တည်ရှိသော်လည်း၊ ၎င်းတို့သည် မြေမျက်နှာပြင်ပေါ်က အရာခပ်သိမ်းကဲ့သို့ ရှင်းလင်းစွာ ငါ့ထံ မိမိတို့ကိုယ်ကိုယ် ပြသကြလေသည်။ အထက် အမြင့်ဆုံးသော ကောင်းကင်ဘုံတွင်ရှိသည်မှာ လူတို့ မည်သည့်အခါမျှ လက်လှမ်းမမီနိုင်သည့် နယ်ပယ်များ ဖြစ်သော်လည်း၊ ငါသည် ထိုဝင်ခွင့်မရနိုင်သော နယ်ပယ်များထဲသို့ လွတ်လပ်စွာ လျှောက်လှမ်းသွားသည်။ လူသည် အလင်းထဲတွင် ငါ့ကို လုံးဝ မမှတ်မိဘဲ၊ အမှောင်လောကထဲတွင်သာ ငါ့ကို မြင်ဖူးလေသည်။ သင်တို့သည် ယနေ့တွင် အလားတူ အခြေအနေတွင် အတိအကျ ရှိကြသည် မဟုတ်လော။ ငါ၏ အမှုကို လုပ်ဆောင်ရန် လူ့ဇာတိကို ငါ တရားဝင် ယူတင်ဝတ်ဆင်ခဲ့သည်မှာ

အဆင်းနီသော နဂါးကြီး၏ ဆူပူသောင်းကျန်းခြင်း အထွတ်အထိပ်အချိန်တွင် ဖြစ်သည်။ အဆင်းနီသော နဂါးကြီးသည် ၎င်း၏ စစ်မှန်သော သဏ္ဌာန်ကို ပထမဦးဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့အချိန်တွင်၊ ငါသည် ငါ၏ နာမကို သက်သေခံခဲ့၏။ ငါသည် လူသားများ၏ လမ်းမများပေါ် လျှောက်လှမ်းသွားချိန်တွင်၊ မည်သည့် သတ္တဝါ၊ မည်သည့် လူတစ်ဦးကမျှ အိပ်မရခြင်းအဖြစ်သို့ လန့်ဖျပ်သွားခဲ့ခြင်းမရှိပေ၊ ထို့ကြောင့် ငါသည် လူ့လောကထဲတွင် လူ့ဇာတိခံယူလာခဲ့သည့်အခါတွင်၊ ယင်းကို မည်သူမျှ မသိခဲ့ပေသည်။ သို့သော်လည်း ငါ၏ လူ့ဇာတိခံ ခန္ဓာဖြင့်၊ ငါ၏အမှုကို ငါစတင်ဆောင်ရွက်ခဲ့ချိန်တွင်၊ လူသားမျိုးနွယ်သည် ငါ၏ ထစ်ချုန်းသော အသံအားဖြင့် မိမိတို့၏ အိပ်မက်များမှ နိုးထကာ လန့်ဖျပ်သွားကြပြီး၊ ဤအခိုက်အတန့်မှစ၍၊ ၎င်းတို့သည် ငါ၏ လမ်းပြမှုအောက်တွင် ၎င်းတို့၏ အသက်တာများကို စတင်ခဲ့ကြလေသည်။ ငါ၏ လူများအလယ်တွင်၊ ငါသည် နောက်တစ်ဖန် အသစ်သော အမှုကို စတင်ပြီးဖြစ်သည်။ မြေကြီးပေါ် ရှိ ငါ၏ အမှု မပြီးဆုံးသေးသည်ကို ပြောထားခြင်းက ငါပြောခဲ့သော ငါ၏ လူများသည် ငါ့ စိတ်နှလုံးထဲတွင် ငါ လိုအပ်သောသူများ မဟုတ်သည်ကို ပြသဖို့ လုံလောက်ပေသည်၊ သို့သော် မည်သို့ပင်ဆိုစေ၊ ၎င်းတို့ထဲမှ အချို့ကို ငါ ရွေးချယ်ဆဲဖြစ်သည်။ ငါသည် ငါ၏ လူတို့ကို လူ့ဇာတိခံ ဘုရားသခင်အား သိရှိနိုင်စေရုံသာမက၊ ၎င်းတို့ကို သန့်ရှင်းလည်း သန့်ရှင်းစေလျက်ရှိသည်ကို ဤအရာမှ ထင်ရှား မြင်သာပေသည်။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ ပြင်းထန်မှုကြောင့်၊ လူပေါင်းမြောက်မြားစွာတို့သည် ငါ၏ သုတ်သင်ဖယ်ရှင်းခြင်းကို ခံရမည့် အန္တရာယ်တွင် ရှိနေဆဲဖြစ်သည်။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ကိုင်တွယ်ဖြေရှင်းရန်၊ သင်တို့၏ ကိုယ်ပိုင်ခန္ဓာကိုယ်ကို ချိုးနှိမ်ရန် တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်မှု မရှိပါက- သင်တို့ ဤအရာကို မလုပ်ဆောင်ပါက၊ ပေါလုသည် ငါ၏လက်မှ ပြစ်တင်ဆုံးမခြင်းကို တိုက်ရိုက် ရရှိသကဲ့သို့၊ ယင်းမှ လွတ်မြောက်ရာ လမ်းမရှိခဲ့သည့်အတိုင်းပင်၊ သင်တို့သည် ငါ စက်ဆုပ်ရွံ့ရှာပြီး ငြင်းပယ်သော အရာတစ်ခု၊ ငရဲထဲသို့ ပစ်ချခြင်းကို ခံရမည့်အရာတစ်ခု ဧကန်မုချဖြစ်လာလိမ့်မည်။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များမှ တစ်စုံတစ်ရာကို ထုတ်ယူပြီးပြီလော။ ငါသည် အလုံးစုံ သန့်ရှင်းပြီး အပြစ်ဆိုစရာ မရှိသည့်၊ ဘုရားသခင်ကိုယ်တိုင် ဖြစ်သောကြောင့်၊ ယခင်ကကဲ့သို့၊ အသင်းတော်အား ဆေးကြောသန့်စင်ရန်၊ ငါလိုအပ်သော လူတို့အား ဆက်၍စင်ကြယ်စေရန်မှာ ငါ၏ ရည်ရွယ်ချက် ဖြစ်သည်။ ငါသည် ငါ၏ဗိမာန်တော်ကို သက်တံရောင်များဖြင့် ပြိုးပြိုးပြက်ပြက် တောက်ပစေမည်သာမက၊ အတွင်းနှင့် အပြင် လိုက်ဖက်ညီလျက်၊ အစက်အပြောက်လည်းမရှိဘဲ သန့်စင်ရှင်းစေမည်။ ငါ၏ မျက်မှောက်တွင်၊ သင်တို့

အားလုံးသည် အတိတ်က မည်သည့်အရာ သင်တို့ လုပ်ဆောင်မိပြီးဖြစ်သည်ကို ပြန်တွေးသင့်ပြီး ယနေ့တွင် ငါ၏ စိတ်နှလုံးထဲ၌ ငါ့အား စုံလင်သော စိတ်ကျေနပ်ခြင်းကိုပေးရန် သင်တို့ စိတ်ပိုင်းဖြတ်နိုင်ခြင်း ရှိမရှိ ဆိုသည်ကို ဆုံးဖြတ်သင့်သည်။

လူသည် ငါ၏လူ့ဇာတိဖြင့် ငါ့အား သိရှိမှုမသိကြချေ။ ယင်းထက် ပို၍၊ သူသည် သွေးသားခန္ဓာထဲတွင် နေထိုင်သော မိမိကိုယ်တိုင်၏ ဇာတိကို နားမလည်နိုင်သေးပေ။ နှစ်ပေါင်းများစွာကြာ၊ လူသားများသည် ငါ့ကို ပြင်ပ ဧည့်သည့်အဖြစ် ငါ့ကို ဆက်ဆံလျက်၊ လှည့်စားနေကြပြီးဖြစ်သည်။ အကြိမ်ပေါင်းများစွာ၊ ၎င်းတို့သည် ငါ့အား “၎င်းတို့၏ အိမ်တံခါးများ” အပြင်ဘက်တွင် ပိတ်ထားကြပြီးဖြစ်သည်။ အကြိမ်ပေါင်းများစွာ ၎င်းတို့သည် ငါ့ ရှေ့တွင် ရပ်လျက် ငါ့အား အရေးမစိုက်ကြလေပြီ။ အကြိမ်ပေါင်းများစွာ ၎င်းတို့သည် အခြားလူများ အလယ်တွင် ငါ့အား ပစ်ပယ်ကြပြီးဖြစ်သည်။ အကြိမ်ပေါင်းများစွာ ၎င်းတို့သည် နတ်ဆိုး၏ ရှေ့တွင် ငါ့အား ငြင်းပယ်ကြပြီးဖြစ်ကာ၊ အကြိမ်ပေါင်းများစွာ ၎င်းတို့သည် ၎င်းတို့၏ ငြင်းခုံတတ်သော နှုတ်များဖြင့် ငါ့အား တိုက်ခိုက်ကြပြီး ဖြစ်ပေသည်။ သို့တိုင် ငါသည် လူသား၏ အားနည်းချက်ကို မှတ်သားခြင်း မရှိသကဲ့သို့၊ ငါသည် သူ၏ နာခံမှု မရှိခြင်းအတွက် သွားတစ်ချောင်းအတွက် သွားတစ်ချောင်း တောင်းဆိုခြင်းလည်း မရှိပေ။ ငါ လုပ်ဆောင်ပြီးသမျှ အားလုံးမှာ ငါ့ကို သူ သိရှိလာနိုင်ဖို့အလို့ငှာ၊ သူ၏ ကုသ၍မရသော အနာရောဂါများ ပျောက်ကင်းစေဖို့ရန် သူ၏ နာမကျန်းဖြစ်ခြင်းများအပေါ် ဆေးလိမ်းပေးခြင်းဖြစ်ပြီး၊ ထိုသို့ဖြင့် သူ့အား တစ်ဖန်ပြန်လည် ပကတိကျန်းမာစေခြင်း ဖြစ်သည်။ ငါ လုပ်ဆောင်ပြီးသမျှအားလုံးသည် လူသားမျိုးနွယ်၏ ရှင်သန်ခြင်းအတွက်၊ လူသားမျိုးနွယ်အား အသက်ရှင်စဉ် အခွင့်အရေးတစ်ခု ပေးခြင်းအတွက် မဟုတ်လေပြီလော။ ငါသည် လူ့လောကထဲသို့ အကြိမ်များစွာ ကြွလာခဲ့သော်လည်း၊ ငါသည် လောကထဲသို့ ငါ၏ကိုယ်ပိုင် ဇာတိအဖြစ်တော်ဖြင့် လာခဲ့ပြီး ဖြစ်သောကြောင့်၊ လူသားတို့သည် ငါ့အား မည်သည့် အလေးထားမှုမျှ မပေးကြပေ။ ယင်းအစား၊ အသီးသီးသည် သင့်တော်သည်ဟု မိမိထင်သည့်အတိုင်း ပြုမူကြပြီး မိမိကိုယ်တိုင်အတွက် ထွက်ပေါက် တစ်ခုကို ရှာဖွေခဲ့ကြသည်။ ကောင်းကင်အောက်ရှိ လမ်း တစ်လမ်းစီတိုင်းသည် ငါ၏လက်မှ ထွက်ပေါ်လာသည်ကို ၎င်းတို့ မသိကြပေ။ ကောင်းကင်အောက်ရှိ အမှုအရာတစ်ခုစီတိုင်းသည် ငါ၏ စီမံမှုခံရသည်ကို ၎င်းတို့ မသိကြပေ။ သင်တို့ထဲမှ မည်သူသည် မိမိတို့၏စိတ်နှလုံးထဲ၌ မကျေနပ်ချက်ကို သိုထားဝံ့သနည်း။ သင်တို့ထဲမှ မည်သူသည် ပေါ့ပေါ့တန်တန် ကောက်ချက်ချဝံ့သနည်း။ ငါသည် လူသားမျိုးနွယ်အလယ်တွင် ငါ၏အမှုကို တိတ်ဆိတ်စွာ လုပ်ဆောင်မြဲသာ လုပ်ဆောင်ပြီး ဖြစ်သည်- ထိုမျှသာဖြစ်၏။ ငါ၏လူ့ဇာတိခံယူခြင်း

အတောအတွင်းတွင် ငါသည် လူ၏ အားနည်းချက်နှင့်ပတ်သက်၍ မစာနာခဲ့ဖူးပါက၊ လူသားမျိုးနွယ်အားလုံးသည် ငါ၏လူ့ဇာတိခံယူခြင်း တစ်ခုတည်းကြောင့် အလွန်အမင်း ကြောက်ရွံ့ကြမည်ဖြစ်ကာ အကျိုးဆက်အနေဖြင့် မရဏနိုင်ငံထဲသို့ ကျဆင်းသွားကြပေမည်။ လူသားမျိုးနွယ်က ကပ်ဘေးမှ လွတ်မြောက်သည်မှာ၊ ငါ၏ ပြစ်တင်ဆုံးမခြင်းမှ ကယ်လွှတ်မှုကို ကြုံရပြီး၊ ဤနည်းဖြင့် ယနေ့သို့ ရောက်ရှိသည်မှာ ငါသည် မိမိကိုယ်ကိုယ် နှိမ့်ချပြီး မိမိကိုယ်ကိုယ် ကွယ်ဝှက်သောကြောင့်သာ ဖြစ်သည်။ ယနေ့သို့ရောက်ရန် မည်မျှ ခက်ခဲသည်ကို ဂရုပြုလျက်၊ သင်တို့သည် ရောက်လာရန် ရှိသေးသည့် မနက်ဖြန်ကို သာ၍ပင် ချစ်ခင်မြတ်နိုးသင့်သည် မဟုတ်လော။

၁၉၉၂ ခုနှစ်၊ မတ်လ ၈ ရက်

# အခန်း ၁၃

ငါ၏ နှုတ်ကပတ်တော်များနှင့် မိန့်မြွက်ချက်များအတွင်းတွင် ငါ၏ရည်ရွယ်ချက်များစွာ ကွယ်ဝှက်ထား၏၊ သို့သော် လူတို့သည် ဤအရာများထဲမှ မည်သည့်အရာကိုမျှ မသိရှိသကဲ့သို့ နားမလည်ပေ။ ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များကို အပြင်ပန်းမှ လက်ခံမြဲ လက်ခံကြပြီး ယင်းတို့ကို အပြင်ပန်းမှ လိုက်လျှောက်နေကြကာ ငါ၏ နှုတ်ကပတ်တော်များအတွင်းမှ ငါ၏ စိတ်နှလုံးကို နားမလည်နိုင်ကြပေ သို့မဟုတ် အလိုကို အလိုလို မသိနိုင်ကြပေ။ ငါ၏နှုတ်ကပတ်တော်များကို ငါသည် ရှင်းလင်းစေသော်လည်း၊ ယင်းတို့ကို နားလည်သောသူ အဘယ်သူ ရှိသနည်း။ ငါသည် ဇိအုန်မှ လူသားမျိုးနွယ်ထဲသို့ ကြွလာခဲ့သည်။ ငါသည် သာမန်လူ့သဘာဝနှင့် လူသား အရေပြားဖြင့် မိမိဘာသာ ယူတင်ဝတ်ဆင်ပြီးဖြစ်သောကြောင့်၊ လူတို့သည် ငါ၏ သွင်ပြင်ကို အပြင်ပန်းမှာ သိရုံမျှသိလာကြသည်- သို့သော် ၎င်းတို့သည် ငါ့အထဲတွင် တည်သော အသက်ကို မသိကြသကဲ့သို့၊ ဝိညာဉ်တော်၏ ဘုရားသခင်ကိုလည်း သတိမပြုမိကြဘဲ၊ ဇာတိခန္ဓာရှိသော လူသားကိုသာ ကြ၏။ စစ်မှန်သော ဘုရားသခင် ကိုယ်တိုင်သည် သူ့ကို သိရှိရန် သင်၏ ကြိုးစားခြင်းနှင့် ထိုက်တန်နိုင်မည်လော။ စစ်မှန်သော ဘုရားသခင် ကိုယ်တိုင်သည် သူ့ကို "စိတ်ဖြာလေ့လာ ဆန်းစစ်"ရန် သင်၏ အားထုတ်မှုနှင့် မထိုက်တန်သည်များ ဖြစ်နိုင်မည်လော။ ငါသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ဖောက်ပြန်ပျက်စီးမှုကို စက်ဆုပ်ရွံရှာ သော်လည်း ၎င်းတို့၏အားနည်းချက်အတွက် သနားကရုဏာ ခံစားရ၏။ ငါသည် လူသားမျိုးနွယ် တစ်ရပ်လုံး၏ သဘာဝ အဟောင်းကိုလည်း

ကိုင်တွယ်ဖြေရှင်းနေ၏။ တရုတ်ပြည်ရှိ ငါ၏လူများအနက်တစ်ဦးဖြစ်သည်နှင့်အမျှ၊ သင်သည်လည်း လူသားမျိုးနွယ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည် မဟုတ်လော။ ငါ၏လူများအားလုံးထဲနှင့် ငါ၏သားများအားလုံးထဲတွင်၊ ဆိုလိုသည်မှာ၊ လူသားမျိုးနွယ် တစ်ရပ်လုံးမှ ငါရွေးချယ်ပြီးဖြစ်သည့် သူများထဲတွင်၊ သင်သည် အနိမ့်ဆုံး အုပ်စုနှင့် သက်ဆိုင်သည်။ ဤအကြောင်းရင်းကြောင့် ငါသည် သင့်အပေါ် အားအင်အများဆုံး၊ အကြီးမားဆုံးသော အားထုတ်မှုကို အသုံးပြုပြီးဖြစ်သည်။ ယနေ့ သင်တို့ မွေ့လျော်ခံစားရသည့် မင်္ဂလာရှိသော အသက်တာကို သင်တို့ မြတ်နိုးခြင်း မရှိကြသေးသလော။ ငါ့ကို ဆန့်ကျင်ပုန်ကန်ရန်နှင့် သင်၏ကိုယ်ပိုင်အစီအမံများကို စီစဉ်ရန် သင်၏နှလုံးသားကို မာကျောစေနေဆဲဖြစ်သလော။ ငါ၏မပြတ်သော သနားခြင်းနှင့် ချစ်ခြင်းမေတ္တာကြောင့်သာ မဟုတ်ခဲ့ပါက၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် အချိန်ကြာမြင့်စွာက စာတန်၏ ဖမ်းဆီးခြင်းကို ခံရပြီးဖြစ်ကာ “နှစ်လိုဖွယ်ကောင်းသော အလုတ်များ” အဖြစ်သို့ ပြောင်းလဲပြီး ဖြစ်ပေမည်။ ယနေ့တွင်၊ လူအားလုံးထဲတွင်၊ ငါ့အတွက် စစ်မှန်စွာ အသုံးခံပြီး၊ ငါ့ကို စစ်မှန်စွာ ချစ်သောသူများသည် လက်တစ်ဘက်ရှိ လက်ချောင်းများဖြင့် ရေတွက်ရလောက်အောင် ရှားပါးဆဲဖြစ်သည်။ ယနေ့တွင်၊ “ငါ၏လူများ” ဟူသည့် အမည်နာမသည် သင်၏ကိုယ်ပိုင်ပစ္စည်း ဖြစ်နိုင်မည်လော။ သင်၏အသိတရားသည် ရေခဲကဲ့သို့ အမှန်တကယ် တိုး၍ အေးစက်လေပြီလော။ သင်သည် ငါလိုအပ်သည့် လူများဖြစ်လာရန် အမှန်တကယ် ထိုက်တန်သလော။ အတိတ်ကို ပြန်တွေးကာ၊ ယနေ့ကို တဖန်ကြည့်လော့- သင်တို့ထဲမှ မည်သူသည် ငါ၏နှလုံးသားကို ကျေနပ်စေပြီနည်း။ သင်တို့ထဲမှ မည်သူသည် ငါ၏ရည်ရွယ်ချက်များအတွက် စစ်မှန်သော ဂရုစိုက်မှုပြလေပြီနည်း။ ငါသည် သင်တို့ကို မလှုံ့ဆော်ခဲ့ပါက၊ သင်တို့သည် နိုးထပြီးဖြစ်ကြလိမ့်ဦးမည် မဟုတ်ဘဲ၊ အေးခဲသည့်အလား၊ ပြီးလျှင် တစ်ဖန် ဆောင်းခိုမှုတွင် ရှိသည့်အလား ဖြစ်မြဲဖြစ်နေပေမည်။

တလိပ်လိပ်ထနေသော လှိုင်းများအလယ်တွင်၊ လူသားသည် ငါ၏အမျက်ဒေါသကို တွေ့ရ၏။ လူးလွန့်နေသော တိမ်နက် တစ်ထွေးကြီးတွင် လူသားတို့သည် မှင်တက်မိကာ ကြောက်လန့်သွားကြပြီး၊ မိုးခြိမ်းသံနှင့် မိုးတို့က ၎င်းတို့အား ဖယ်ရှားသွားမည်ကို ကြောက်ရွံ့သည့်အလား မည်သည့်နေရာသို့ ထွက်ပြေးရမှန်းမသိကြချေ။ ထို့နောက်တွင်၊ ဝေ့လည်နေသည့် နှင်းမုန်တိုင်း လွင့်မျောဖြတ်ကျော်သွားပြီးနောက်၊ ၎င်းတို့သည် သဘာဝ၏လှပသောရှုခင်းတွင် သာယာကြည်နူးကြသည်နှင့်အမျှ ၎င်းတို့၏ စိတ်နေစိတ်ထားသည် တိုး၍ အေးဆေးကာ ပေါ့ပါးလာ၏။ သို့သော်၊ ထိုသို့သောအချိန်များတွင်၊ ၎င်းတို့အနက် မည်သူသည် လူသားမျိုးနွယ်အတွက် ငါထားရှိသည့်

အတိုင်းမသိမေတ္တာကို တွေ့ကြုံခံစားဖူးသနည်း။ ၎င်းတို့၏ စိတ်နှလုံးများတွင် ငါ၏ ပုံသဏ္ဍာန်သာရှိသော်လည်း ငါ့ဝိညာဉ်၏အနှစ်သာရကား မရှိပေ- လူသားသည် ငါ့အား ပွင့်လင်းစွာ အာခံနေသည် မဟုတ်လော။ မုန်တိုင်း တိုက်ခတ်သွားပြီးနောက်တွင်၊ လူသားမျိုးနွယ် အားလုံးသည် အသစ်ပြုပြင်ခံရသည့်အလား၊ အတိဒုက္ခများမှတစ်ဆင့် စစ်ဆေးခြင်းခံရပြီးနောက် ၎င်းတို့သည် အလင်းနှင့်အသက်တို့ကို ပြန်လည်ရရှိသည့်အလား ဖြစ်၏။ ငါ ရိုက်နှက်သည့် ထိုးနှက်ချက်များကို ကြံ့ကြံ့ခံပြီးနောက် သင်တို့သည်လည်း ယနေ့ထိ ရောက်ရှိလာရန် ကောင်းမွန်သည့်ကံကြမ္မာ ရှိခဲ့ကြသည် မဟုတ်လော။ သို့သော် ယနေ့ကုန်ဆုံးပြီး မနက်ဖြန်ရောက်လာသည့်အခါ၊ သင်တို့သည် ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းမှုနောက်လိုက်လာသည့် သန့်စင်မှုကို ထိန်းသိမ်းထားနိုင်မည်လော။ သင်၏စစ်ဆေးမှုနောက်လိုက်လာသည့် ဆည်းကပ်မှုကို သင်တို့ ထိန်းသိမ်းထားနိုင်မည်လော။ သင်တို့သည် ယနေ့၏ နာခံမှုကို ထိန်းသိမ်းထားနိုင်မည်လော။ သင်၏ဆည်းကပ်မှုသည် တည်ကြည်ကာ မပြောင်းလဲဘဲ ရှိနေနိုင်သလော။ ဤသည်မှာ လူသား၏ ဖြည့်ဆည်းနိုင်စွမ်းထက် ကျော်လွန်သည့် တောင်းဆိုမှုတစ်ရပ်လော။ ငါသည် နေ့စဉ် လူသားမျိုးနွယ်အလယ် အသက်ရှင်ကာ ၎င်းတို့အလယ်တွင် လူသားမျိုးနွယ်နှင့်အတူ ဆောင်ရွက်သော်လည်း၊ ဤသည်ကို မည်သူကမျှ သတိပြုမိခြင်း မရှိဖူးပေ။ ငါ့ဝိညာဉ်၏လမ်းပြမှုကြောင့်သာ မဟုတ်ခဲ့ပါက၊ လူသားမျိုးနွယ် တစ်ရပ်လုံးအနက် မည်သူသည် မျက်မှောက်ခေတ်တွင် တည်ရှိဆဲဖြစ်မည်လော။ ငါသည် လူသားတို့ကို အဖော်ပြုလျက် အသက်ရှင်ကာ ဆောင်ရွက်သည်ဟု ငါပြောသောအခါ၊ ငါသည် ချဲ့ကား၍ပြောနေခြင်း ဖြစ်သလော။ အတိတ်တွင်၊ ငါက၊ "ငါသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ပြီး၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို လမ်းပြခဲ့ကာ၊ လူသားတစ်ရပ်လုံးကို ကွပ်ကဲအုပ်ချုပ်ခဲ့သည်" ဟု ပြောခဲ့၏။ ဤသည်မှာ ထိုသို့ အမှန်တကယ် ဖြစ်သည် မဟုတ်လော။ ဤအရာများနှင့်သက်ဆိုင်သည့် သင်၏အတွေ့အကြုံသည် မလုံလောက်သည်များ ဖြစ်နိုင်သလော။ "အစေခံသူ" ဟူသည့် စကားရပ်မျှသည် သင်တို့၏ အသက်တာများတစ်ခုလုံးကို စိတ်ဖြာရှင်းလင်းရန် ယူဆောင်သွားပေမည်။ တကယ့်အတွေ့အကြုံ မရှိဘဲနှင့်၊ လူသားတစ်ဦးသည် ငါ့အား မည်သည့်အခါမျှ သိလာလိမ့်မည်မဟုတ်- ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များမှတစ်ဆင့် ငါ့အား မည်သည့်အခါမျှ သိလာနိုင်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ယနေ့တွင် ငါသည် သင်တို့အလယ်သို့ ကိုယ်တိုင်ကိုယ်ကျ ရောက်လာပြီးဖြစ်သည်- ဤသည်မှာ သင်တို့၏ သိနားလည်ခြင်းအဖို့ သာ၍ အကျိုးဖြစ်လိမ့်မည် မဟုတ်လော။

ငါ၏လူ့ဇာတိခံယူခြင်းသည်လည်း သင့်တို့အတွက် ကယ်တင်ခြင်း မဟုတ်သလော။ ငါသည် ငါ၏ ကိုယ်ပိုင် ဇာတိအဖြစ်နောဖြင့် လူသားမျိုးနွယ်ထဲသို့ မဆင်းသက်လာခဲ့ပါက လူသားမျိုးနွယ်တစ်ရပ်လုံးသည် အချိန်ကြာမြင့်စွာက အယူအဆများဖြင့် စိမ့်ဝင်ပျံ့နှံ့ပြီး ဖြစ်ပေမည်။ ဆိုလိုသည်မှာ သင်ယုံကြည်သည့်အရာမှာ စာတန်၏ ပုံရိပ်မျှဖြစ်ပြီး၊ ဘုရားသခင် ကိုယ်တိုင်နှင့် မည်သို့မျှ မပတ်သက်သည့်အတွက်၊ စာတန်၏ ပိုင်ဆိုင်မှုများ ဖြစ်လာမည် ဖြစ်သည်။ ဤသည်မှာ ငါ၏ကယ်တင်ခြင်း မဟုတ်လော။

စာတန်သည် ငါ၏ရှေ့မှောက်လာသည့်အခါ ငါသည် ၎င်း၏ ရိုင်းစိုင်းသည့် ရက်စက်ကြမ်းကြုတ်မှုကို မတွန့်ဆုတ်သကဲ့သို့၊ ၎င်း၏ အကျည်းတန်မှုကြောင့် ငါသည် ကြောက်လန့်ခြင်းလည်း မရှိပေ- ငါသည် ၎င်းအား သက်သက် မသိကျိုးကျွန်ပြုသည်။ စာတန်သည် ငါ့ကို သွေးဆောင်သည့်အခါ၊ ငါသည် ၎င်းအား အရှက်နှင့် အရှက်ကွဲခြင်းတို့ဖြင့် အမြီးကုပ်သွားစေလျက်၊ ၎င်း၏ လှည့်ကွက်ကို ငါ ရိပ်စားမိသည်။ စာတန်သည် ငါနှင့်တိုက်ခိုက်ပြီး၊ ငါ၏ ရွေးချယ်ခြင်း ခံရသောလူတို့ကို လုယူသွားရန် ကြိုးစားသည့်အခါ ငါသည် ငါ၏ဇာတိပကတိဖြင့် ၎င်းကို စစ်ပွဲဆင်နွှဲသည်။ ပြီးလျှင် ငါ၏လူတို့သည် အလွယ်တကူ လဲပြိုခြင်းမရှိနိုင်ဖို့အလို့ငှာ သို့မဟုတ် ပျောက်ဆုံးခြင်းမရှိနိုင်ဖို့အလို့ငှာ ငါသည် ငါ၏ဇာတိပကတိဖြင့် ငါ၏လူတို့အား ထောက်မကာ ထိန်းကျောင်းပေးပြီး၊ လမ်းခရီးတစ်လျှောက် ၎င်းတို့အား ဦးဆောင်၏။ ထို့နောက် စာတန်သည် ရှုံးနိမ့်မှုဖြင့် စစ်ပြန်သည့်အခါ၊ ငါ၏လူတို့၌ ငါသည် ဘုန်းထင်ရှားပြီး ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ငါ၏လူတို့သည် ငါ့အဖို့ လှပပြီး ထူးကဲသော သက်သေကို ခံကြပြီးဖြစ်လိမ့်မည်။ ထို့ကြောင့် ငါသည် ငါ၏စီမံခန့်ခွဲမှုအစီအစဉ်တွင် အဖြည့်ခံများကို ယူဆောင်မည်ဖြစ်ပြီး၊ ၎င်းတို့အား အနက်ဆုံးသောတွင်းထဲသို့ အပြီးအပြတ် ပစ်ချလိုက်မည်။ ဤသည်မှာ ငါ၏အစီအစဉ်ဖြစ်၏။ ဤသည်မှာ ငါ၏အမှုဖြစ်၏။ သင်တို့၏ အသက်တာများတွင် သင်သည် ထိုသို့သောအခြေအနေနှင့် ကြုံမည့်နေ့ရက် ရောက်လာနိုင်သည်- သင်သည် မိမိကိုယ်ကိုယ် စာတန်၏ဖမ်းဆီးမှုခံရန် လိုလိုလားလား ခွင့်ပြုမည်လော၊ သို့မဟုတ် သင်သည် ငါ့အား သင့်ကို ရယူခွင့်ပြုမည်လော။ ဤသည်မှာ သင်ကိုယ်တိုင်၏ ကံကြမ္မာဖြစ်ပြီး ယင်းကို သေချာစွာ သင် စဉ်းစားရမည်။

နိုင်ငံတော်ထဲက အသက်တာသည် လူတို့နှင့် ဘုရားသခင်ကိုယ်တိုင်၏ အသက်တာဖြစ်သည်။ လူသားမျိုးနွယ်တစ်ရပ်လုံးသည် ငါ၏ စောင့်ရှောက်မှုနှင့် ကွယ်ကာမှုအောက်တွင်ရှိပြီး၊ အားလုံးသည် အဆင်းနီသောနဂါးကြီး နှင့် သေသည့်တိုင်အောင် တိုက်ပွဲဝင်နေကြ၏။

ဤနောက်ဆုံးတိုက်ပွဲကို အနိုင်ရရှိရန်၊ အဆင်းနီသောနဂါးကြီးကို အဆုံးသတ်ရန်၊ လူအားလုံးတို့သည် ၎င်းတို့၏ဖြစ်တည်ခြင်း တစ်ရပ်လုံးအား ငါ၏နိုင်ငံတော်တွင် ငါ့ကို ပူဇော်သင့်ကြသည်။ ဤနေရာတွင် ပြောသည့် "နိုင်ငံတော်" သည် ဘုရားသဘောသဘာဝ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် အသက်ရှင်သည့် အသက်တာတစ်ခုကို ရည်ညွှန်းသည်။ ယင်းတွင် ၎င်းတို့၏ အသက်တာများသည် ကမ္ဘာမြေပေါ်တွင် ရှိဆဲဖြစ်သော်လည်း ကောင်းကင်ဘုံတွင်- တတိယကောင်းကင်တွင် အသက်တာနှင့်ဆိုင်သည့် စစ်မှန်သော အကောင်အထည်ဖော်ခြင်းတစ်ခုတွင်- ရှိသည့်အလား ဖြစ်ဖို့အလို့ငှာ၊ ငါသည် ငါ၏ လေ့ကျင့်ပေးခြင်းကို တိုက်ရိုက်လက်ခံသည့် လူသားမျိုးနွယ် တစ်ရပ်လုံးကို ထိန်းကျောင်းပေးသည်။ ငါသည် ငါ၏ လူ့ဇာတိ၌ရှိသော်လည်း၊ လူ့ဇာတိ၏ ကန့်သတ်ချက်များကို မခံစားရပေ။ ငါသည် လူသားအလယ်သို့ ၎င်း၏ဆုတောင်းချက်များကို နားထောင်ရန် ကြိမ်ဖန်များစွာ လာပြီးဖြစ်ကာ၊ ငါသည် လူသားတို့အကြား လျှောက်လှမ်းရင်း၊ ၎င်းတို့၏ ချီးမွမ်းမှုများကို ကြိမ်ဖန်များစွာ မွေ့လျော်ပြီး ဖြစ်သည်။ လူသားတို့သည် ငါ၏ တည်ရှိခြင်းကို မည်သည့်အခါကမျှ မသိကြဖူးသော်လည်း၊ ငါသည် ဤနည်းဖြင့် ငါ၏အမှုကို လုပ်ဆောင်ဆဲ ဖြစ်သည်။ ငါကျိန်းဝပ်ရာ အရပ်တွင်၊ ယင်းသည် ငါ ကွယ်ဝှက်သည့် နေရာဖြစ်သည်- မည်သို့ပင်ဆိုစေ၊ ငါ၏ ကျိန်းဝပ်ရာအရပ်တွင်၊ ငါသည် ငါ၏ရန်သူအားလုံးကို အနိုင်ယူပြီး ဖြစ်သည်။ ငါကျိန်းဝပ်ရာအရပ်၌၊ ငါသည် ကမ္ဘာမြေပေါ် အသက်ရှင်ခြင်းနှင့်ဆိုင်သည့် စစ်မှန်သောအတွေ့အကြုံကို ရရှိပြီးဖြစ်သည်။ ငါကျိန်းဝပ်ရာအရပ်၌၊ ငါသည် လူသား၏စကားတိုင်းနှင့် လုပ်ရပ်တိုင်းကို လေ့လာနေပြီး၊ လူသားမျိုးနွယ် တစ်ရပ်လုံးအား စောင့်ရှောက်နေကာ ဦးစီးဦးရွက်ပြုနေ၏။ လူသားမျိုးနွယ်သည် ငါ၏ရည်ရွယ်ချက်များအတွက် စာနာမှုခံစားနိုင်ကာ၊ ထိုသို့ဖြင့် ငါ့ စိတ်နှလုံးကို ကျေနပ်စေပြီး၊ ငါ့အား ပျော်ရွှင်မှုပေးပါက၊ ငါသည် လူသားမျိုးနွယ်တစ်ရပ်လုံးအား ဧကန်မုချ ကောင်းချီးပေးမည်။ ဤသည်မှာ လူသားမျိုးနွယ်အတွက် ငါရည်ရွယ်သောအရာဖြစ်သည် မဟုတ်လော။

လူသားမျိုးနွယ်သည် သတိမေ့မြောနေသည်နှင့်အမျှ၊ ငါ့မိုးခြိမ်းသံ၏ တအုန်းအုန်းမြည်သံများကသာ ၎င်းတို့၏ အိပ်မက်များမှ ၎င်းတို့ကို နိုးထစေ၏။ ၎င်းတို့သည် ၎င်းတို့၏မျက်လုံးများကို ဖွင့်သောအခါ ဤအေးသော ထွန်းလင်းဝင်းပခြင်း၏ ရုတ်ခြည်း ပြင်းစွာ တိုးဝှေ့မှုများက ၎င်းတို့၏ မျက်လုံးများစွာကို နာကျင်စေသည်မှာ၊ ၎င်းတို့သည် ၎င်းတို့၏ ဦးတည်ချက်အာရုံ ပျောက်ဆုံးကာ မည်သည့်နေရာမှ ၎င်းတို့လာကြပြီး မည်သည့်နေရာသို့ သွားနေသည်ကို မသိကြပေ။ လူအများစုသည် လေဆာကဲ့သို့သော

ရောင်ခြည်များ၏ ထိမှန်ခြင်းခံရကာ လေပြင်းမုန်တိုင်းအောက်တွင် အပုံလိုက် လဲပြိုကြ၏၊ ၎င်းတို့၏ခန္ဓာကိုယ်များသည် ပန်းထွက်နေသည့် ပြင်းထန်သော ရေစီးများအားဖြင့် မည်သည့်အရိပ်အယောင်မျှ နောက်ချန်မထားဘဲ မျောပါသွားလေသည်။ အလင်းတွင်၊ အသက်ရှင်ကျန်ရစ်သူများသည် နောက်ဆုံး၌ ငါ၏မျက်နှာကို ရှင်းလင်းစွာမြင်နိုင်ကြပြီး၊ ထိုအခါမှသာ ငါက ၎င်းတို့၏ခန္ဓာအပေါ် ငါ၏ပြစ်တင်ဆုံးမမှုနှင့် ကျိန်ဆိုမှုတို့ကို တဖန်ကျရောက်စေမည်စိုး၍ လွန်စွာကြောက်ရွံ့ရင်း၊ ငါ၏မျက်နှာအား တိုက်ရိုက်မကြည့်ဝံ့တော့သည်အထိ ငါ၏ပြင်ပ သွင်ပြင်နှင့်သင်ဆိုင်သည့် တစ်စုံတစ်ရာကို ၎င်းတို့ သိလာကြသည်။ အလွန်များစွာသော လူတို့သည် ခါးသီးစွာ အော်ဟစ်ကာ ငိုကြွေးကြသည်။ အလွန်များစွာသောသူတို့သည် မျှော်လင့်ချက် ကုန်ဆုံးသွားကြသည်။ အလွန်များစွာသောသူတို့သည် ၎င်းတို့၏သွေးဖြင့် မြစ်များ ဖြစ်စေကြသည်။ အလွန်များစွာသောသူတို့သည် ဦးတည်ရာမဲ့ ဟိုဟို သည်သည် လွင့်မျောရင်း၊ အလောင်းကောင်များ ဖြစ်လာကြသည်။ များစွာသော လူတို့သည် အလင်း၌ မိမိတို့၏ ကိုယ်ပိုင်နေရာကို ရှာတွေ့လျက် ရုတ်တရက် စိတ်နှလုံးပူဆွေးခြင်း၏ စိတ်ထိခိုက်ခံစားမှုကို ခံစားရပြီး ၎င်းတို့၏ မပျော်ရွှင်ရသည့် ရှည်ကြာသော နှစ်များအတွက် မျက်ရည်ကျကြသည်။ အလွန်များစွာသော လူတို့သည် အလင်း၏အတင်းအကြပ် ခိုင်းစေခြင်းခံရလျက်၊ ၎င်းတို့၏ မသန့်ရှင်းခြင်းကို ဝန်ခံကာ မိမိတို့ကိုယ်ကိုယ် ပြောင်းလဲရန် ဆုံးဖြတ်ကြသည်။ အလွန်များစွာသော လူတို့သည် မျက်စိကန်းသွားကြလျက်၊ အသက်ရှင်ခြင်းနှင့်ဆိုင်သည့် ဝမ်းမြောက်မှုကို ဆုံးရှုံးနှင့်ပြီးဖြစ်ကာ အကျိုးဆက်အနေဖြင့် အလင်းကို သတိပြုလိုစိတ် မရှိဖြစ်ကာ၊ ထို့ကြောင့် ၎င်းတို့၏ အဆုံးသတ်ကို စောင့်ဆိုင်းရင်း၊ ဆက်လက် ရပ်တန့်ကြသည်။ များစွာသော လူတို့သည် ဘဝ၏ ရွက်များကို မြှင့်တင်နေကြကာ၊ အလင်း၏လမ်းပြမှုအောက်၌ ၎င်းတို့၏ မနက်ဖြန်ကို စိတ်အားထက်သန်စွာ မျှော်လင့်စောင့်စားနေကြသည်။...ယနေ့တွင်၊ လူသားမျိုးနွယ်အလယ်တွင် မည်သူသည် ဤအခြေအနေတွင် မတည်ရှိသနည်း။ မည်သူသည် ငါ၏အလင်းအတွင်းတွင် မတည်ရှိသနည်း။ သင်သည် သန်မာလျှင်ပင်၊ သို့မဟုတ် သင်သည် အားနည်းကောင်း အားနည်းနိုင်သော်လည်း၊ ငါ၏အလင်း ရောက်လာခြင်းကို သင်မည်သို့ ရှောင်ရှားနိုင်မည်နည်း။

၁၉၉၂ ခုနှစ်၊ မတ်လ ၁၀ ရက်

# အခန်း ၁၄

ခေတ်ကာလများတစ်လျှောက်တွင်၊ မည်သည့်လူသားမျှ နိုင်ငံတော်ထဲသို့ မဝင်ရောက်သေးပေ၊ ထို့ကြောင့် မည်သူမျှ နိုင်ငံတော်ခေတ်၏ ကျေးဇူးတော်ကို မမွေ့လျော်ရသေးသကဲ့သို့၊ နိုင်ငံတော်၏ ရှင်ဘုရင်ကိုလည်း မမြင်ရသေးချေ။ ငါ့ဝိညာဉ်တော်၏ အလင်းပေးမှုအောက်တွင် လူအများအပြားသည် နိုင်ငံတော်၏အလှကို ပရောဖက်ပြုကြပြီးဖြစ်သည်ဆိုသည့်အချက် ရှိသော်လည်း၊ ၎င်းတို့သည် နိုင်ငံတော်၏ အပြင်ဘက်ကိုသာ သိပြီး၊ ယင်း၏ မူလအဓိပ္ပာယ်ကို မသိပေ။ ယနေ့တွင် နိုင်ငံတော်သည် ကမ္ဘာမြေပေါ်တွင် တရားဝင် တည်ရှိခြင်းအဖြစ်သို့ ရောက်လာသည်နှင့်အမျှ၊ လူသားမျိုးနွယ်အများစုသည် နိုင်ငံတော်ခေတ်အတွင်းတွင် မည်သည့်အရာ အတိအကျကို ပြီးမြောက်ရမည် သို့မဟုတ် အဆုံးသတ်တွင် မည်သည့် နယ်ပယ်ထဲသို့ လူတို့ ဆောင်ယူခြင်းခံရမည်တို့ကို မသိကြသေးချေ။ ဤအရာနှင့်ပတ်သက်၍ အယောက်တိုင်းသည် ရှုပ်ထွေးသည့်အခြေအနေတစ်ခုတွင် ရှိသည်ကို ငါစိုးရိမ်မိ၏။ နိုင်ငံတော်၏ ပြီးပြည့်စုံသည့် အကောင်အထည်ဖော်ခြင်း နေ့ရက်သည် အပြည့်အဝ မရောက်လာသေးသောကြောင့်၊ လူသားအားလုံးသည် စိတ်ရှုပ်ထွေးကာ ယင်းကို ရှင်းလင်းစွာ နားမလည်နိုင်ကြပေ။ ဘုရားသဘောသဘာဝ၌ ငါ၏အမှုတော်သည် နိုင်ငံတော်ခေတ်နှင့်အတူ တရားဝင်စတင်ပြီး၊ ငါ၏ စိတ်သဘောထားက မိမိဘာသာ လူသားမျိုးနွယ်ထံ အဆင့်ဆင့် သိသာထင်ရှားဖို့ စတင်နေသည်မှာ ဤနိုင်ငံတော်ခေတ်၏ တရားဝင်အစပြုခြင်းဖြင့် ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသော တံပိုးခရာသည် အားလုံးထံသို့ ကြေညာလျက် တရားဝင် စတင်မြည်ဟီးသည်မှာ ဤအခိုက်အတန့်တွင်ပင်လျှင် ဖြစ်သည်။ ငါသည် ငါ၏တန်ခိုးအာဏာကို တရားဝင် ရယူပြီး နိုင်ငံတော်တွင် ရှင်ဘုရင်အဖြစ် အုပ်စိုးသည့်အခါ၊ ငါ၏ လူအပေါင်းတို့သည် အချိန်ကြာလာသည်နှင့်အမျှ၊ ငါ့အားဖြင့် စုံလင်စေခြင်း ခံရကြလိမ့်မည်။ လောက၏ တိုင်းနိုင်ငံအားလုံး နှောင့်ယှက်ခံရသည့်အချိန်၊ ယင်းသည် ငါ၏နိုင်ငံတော်ကို တည်ထောင်ပြီး ပုံသွင်းသည့်အချိန် အတိအကျဖြစ်သည့်အပြင်၊ ငါသည် အသွင်ပြောင်းလဲကာ စကြဝဠာတစ်ခွင်လုံးကို လှည့်ကာ မျက်နှာမူသည့်အချိန်လည်း ဖြစ်သည်။ ထိုအချိန်တွင် လူအားလုံးသည် ငါ၏ဘုန်းကြီးသော မျက်နှာကိုမြင်ကြလိမ့်မည် ဖြစ်ပြီး၊ ငါ၏စစ်မှန်သော မျက်နှာကို မျက်မြင်တွေ့ကြလိမ့်မည်။ ကမ္ဘာလောကကို ဖန်ဆင်းခြင်းကတည်းက၊ လူတို့ကို စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းမှသည် ၎င်းတို့ ယနေ့ ဖောက်ပြန်ပျက်စီးကြသည့် အတိုင်းအတာအထိ၊ ၎င်းတို့၏ ရှုထောင့်အမြင်မှ၊ ငါသည် သာ၍ ကွယ်ဝှက်သည်ထက် ကွယ်ဝှက်လာခဲ့ပြီး တိုး၍ နားလည်မရနိုင်ဖြစ်လာပြီးသည်မှာ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးမှုကြောင့် ဖြစ်ခဲ့ပေသည်။ လူသားမျိုးနွယ်သည် ငါ၏စစ်မှန်သောမျက်နှာကို မည်သည့်အခါကမျှ မမြင်ဖူးသကဲ့သို့၊ မည်သည့်အခါမျှ ငါနှင့် တိုက်ရိုက် မဆက်ဆံဖူးပေ။

တစ်ဆင့်စကားနှင့် ဒဏ္ဍာရီဖြင့်သာ လူသား၏စိတ်ကူးတွင် “ငါ” တစ်ဦး ရှိနေခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ငါသည် ၎င်းတို့ နှစ်ပေါင်းများစွာ သိုထားကြပြီးဖြစ်သည့် “ငါ့” ၏ အခြေအနေကို ပြောင်းလဲနိုင်ဖို့အလို့ငှာ၊ လူတို့၏ စိတ်များထဲက “ငါ” ကို ကိုင်တွယ်ရန် ငါသည် လူသား၏ စိတ်ကူးစိတ်သန်းနှင့်- ဆိုလိုသည်မှာ လူသား၏ အယူအဆများနှင့်- ကိုက်ညီရ၏။ ဤသည်မှာ ငါ့အမှု၏ အခြေခံသဘောတရား ဖြစ်သည်။ မည်သည့်လူသားတစ်ဦးကမျှ ဤအရာကို အပြည့်အဝ မသိနိုင်လေပြီ။ လူသားတို့သည် ငါ့ထံ မိမိတို့ကိုယ်ကိုယ် ဝပ်စင်းကြပြီးဖြစ်ကာ ငါ့ကို ကိုးကွယ်ရန် ငါ့ရှေ့မှောက်သို့ လာကြပြီးဖြစ်သော်လည်း၊ ၎င်းတို့၏ စိတ်နှလုံးများတွင် ငါ၏ ပုံသဏ္ဌာန်ကို ထိန်းသိမ်းထားခြင်းမရှိဘဲ၊ ငါ၏ ပုံသဏ္ဌာန်ထက် အခြားပုံသဏ္ဌာန်တစ်ခုကို ထိန်းသိမ်း ထားကြသည့်အတွက်၊ ငါသည် ထိုသို့သော လူသား လုပ်ရပ်များကို မွေ့လျော်ခြင်း မရှိပေ။ ထို့ကြောင့် ၎င်းတို့သည် ငါ၏ စိတ်သဘောထားနှင့်ဆိုင်သည့် သိနားလည်မှု ကင်းမဲ့သောကြောင့်၊ လူတို့သည် ငါ၏ စစ်မှန်သော မျက်နှာကို လုံးဝ မမှတ်မိပေ။ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် ငါ့အား ခုခံပြီးဖြစ်သည် သို့မဟုတ် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်ကြပြီးဖြစ်သည်ဟု ယုံကြည်ကြချိန်တွင်၊ ငါသည် မသိကျိုးကျွန်ပြုနေဆဲဖြစ်သည်- ထို့ကြောင့် ၎င်းတို့၏ မှတ်ဉာဏ်များတွင်၊ ငါသည် လူတို့ကို ပြစ်တင်ဆုံးနေသည်ထက် ၎င်းတို့အပေါ် သနားကရုဏာပြသသည့် ဘုရားသခင်တစ်ပါး သို့မဟုတ် ငါသည် အပြောနှင့်အလုပ်မညီသည့် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ ဤသည်တို့မှာ လူသား အတွေးမှ ပေါက်ဖွားသည့် စိတ်ကူးစိတ်သန်းများသာ ဖြစ်ပြီး၊ ယင်းတို့သည် အမှန်တရားများနှင့် မကိုက်ညီပေ။

ငါသည် တစ်ရက်ပြီးတစ်ရက် စကြဝဠာအပေါ် စောင့်ကြည့် လေ့လာလျက် ရပ်နေပြီး၊ လူ့ဘဝကို တွေ့ကြုံခံစားရင်းနှင့် လူသားမျိုးနွယ်၏ လုပ်ဆောင်ချက်တိုင်းကို သေချာစွာ လေ့လာရင်း၊ ငါကျိန်းဝပ်ရာအရပ်၌ ငါ့ကိုယ်ငါ နှိမ့်ချစွာ ကွယ်ဝှက်၏။ မည်သူမျှ မိမိတို့ကိုယ်ကိုယ် ငါ့ထံ အမှန်တကယ် မပူဇော်ဖူးပေ။ မည်သူမျှ တစ်ကြိမ်တစ်ခါမျှ သမ္မာတရားကို မလိုက်စားဖူးပေ။ မည်သူမျှ ငါ့အပေါ် တာဝန်မကျေပွန်ဖူးပေ၊ သို့မဟုတ် ငါ၏ ရှေ့တွင် သန္နိဋ္ဌာန်များ ချပြီးနောက် ၎င်းတို့၏တာဝန်အဖို့ မထိန်းသိမ်းဖူးပေ။ မည်သူမျှ ငါ့ကို ၎င်း၏အထဲတွင် ကျိန်းဝပ်ခွင့်မပြုဖူးသကဲ့သို့၊ လူတို့က ၎င်းတို့၏ အသက်များကို တန်ဖိုးထားမည်ကဲ့သို့ ငါ့ကို တန်ဖိုးမထားဖူးကြချေ။ လက်တွေ့ကျသော စစ်မှန်မှုဖြင့် မည်သူမျှ ငါ၏ဘုရား သဘောသဘာဝ ဖြစ်သည့်အရာအားလုံးကို တွေ့မြင်ဖူးခြင်း မရှိပေ။ မည်သူမျှ လက်တွေ့ကျသော ဘုရားသခင်ကိုယ်တော်တိုင်နှင့် ထိတွေ့ဆက်ဆံရန် လိုလားခြင်း မရှိဖူးပေ။

ရေတို့သည် လူသားတို့အား အကောင်လိုက် မျိုချသည့်အခါ၊ ငါသည် ၎င်းတို့အား ထိုရေသေများမှကယ်တင်ပြီး အသစ်တစ်ဖန် အသက်ရှင်ရန် အခွင့်အရေးတစ်ရပ်ပေး၏။ လူတို့သည် အသက်ရှင်ရန် ၎င်းတို့၏ ယုံကြည်စိတ်ချမှု ပျောက်ဆုံးသည့်အခါ၊ ၎င်းတို့၏ ဖြစ်တည်မှုအတွက် အခြေခံအုတ်မြစ် တစ်ခုအဖြစ် ငါ့ကို ၎င်းတို့ အသုံးပြု နိုင်ကြစေဖို့အလို့ငှာ၊ ရှေ့ဆက်သွားဖို့ သတ္တိကို ၎င်းတို့အား ပေးလျက်၊ ငါသည် ၎င်းတို့ကို သေခြင်းချောက်ကမ်းပါးစွန်းမှ ဆွဲတင်လေသည်။ လူတို့သည် ငါ့ကို မနာခံကြသောအခါ၊ ငါသည် ၎င်းတို့အား ၎င်းတို့၏ မနာခံမှုအတွင်းမှ ငါ့ကိုသိစေ၏။ လူသားမျိုးနွယ်၏ သဘာဝဟောင်းအရနှင့် ငါ၏ သနားကရုဏာအရ၊ လူသားများကို သေခြင်းသို့ ပို့ခြင်းထက်၊ ငါသည် ၎င်းတို့အား နောင်တရကာ အသစ်စခွင့်ပြု၏။ ၎င်းတို့ ငတ်မွတ်ခေါင်းပါးခြင်း ဒုက္ခခံရသည့်အခါ၊ ၎င်းတို့ ခန္ဓာကိုယ်များ၌ ထွက်သက်တစ်ခု ကျန်သေးသော်လည်း၊ ငါသည် ၎င်းတို့အား စာတန်၏လှည့်ဖြားမှု သားကောင်အဖြစ် မကျရောက်စေဖို့ တားဆီးရင်း၊ ၎င်းတို့အား သေခြင်းမှ ဆွဲလု၏။ လူတို့သည် ငါ၏လက်များကို အကြိမ်များစွာ မြင်ကြပြီးဖြစ်သည်၊ ၎င်းတို့သည် ငါ၏ကြင်နာသောမျက်နှာထားနှင့် ပြုံးနေသောမျက်နှာတို့ အကြိမ်များစွာ မျက်မြင်တွေ့ကြပြီး ဖြစ်ကာ၊ ၎င်းတို့သည် ငါ၏ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ကို အကြိမ်များစွာ တွေ့မြင်ကြပြီး ဖြစ်သည်။ လူသားများသည် ငါ့ကို မည်သည့်အခါကမျှ မသိဖူးကြသော်လည်း၊ ငါသည် တမင်တကာ ဆွပေးရန်အတွက် ၎င်းတို့၏အားနည်းချက်ကို မလွတ်တမ်း အသုံးမချပေ။ လူသားမျိုးနွယ်၏ အခက်အခဲများကို တွေ့ကြုံခံစားရခြင်းက ငါ့အား လူသား၏ အားနည်းချက်နှင့် ပတ်သက်၍ စာနာနိုင်စေပြီးဖြစ်သည်။ ငါသည် ပြစ်တင်ဆုံးမခြင်း အတိုင်းအတာ အမျိုးမျိုးကို စီရင်သည်မှာ လူတို့၏ မနာခံမှုနှင့် ကျေးဇူးကန်းခြင်းတို့ကို တုန့်ပြန်သည့်အနေဖြင့်သာ ဖြစ်ပေသည်။

ငါသည် လူတို့ အလုပ်များချိန်တွင် ငါ့ကိုယ်ငါ ဖုံးကွယ်ထားပြီး ၎င်းတို့ အားလပ်သည့်အချိန်တွင် ငါ့ကိုယ်ငါ ထုတ်ဖော်ပြ၏။ လူတို့သည် ငါ့အား အရာခပ်သိမ်း သိရှိမည်ဟု ထင်မှတ်ကြသည်။ ၎င်းတို့က ငါ့ကို အသနားခံခြင်းအားလုံးအား လိုက်လျောသည့် ဘုရားသခင် ကိုယ်တော်တိုင်အဖြစ် မှတ်ယူကြ၏။ ထို့ကြောင့် အများစုသည် ငါ့ကို သိကျွမ်းဖို့ စိတ်ဆန္ဒ တစ်ခုတစ်လေကြောင့် မဟုတ်ဘဲ၊ ဘုရားသခင်၏အကူအညီကို ရှာဖွေရန်သာ ငါ့ရှေ့မှောက်လာကြသည်။ ဖျားနာမှု၏ မချိတင်ကဲ အခြေအနေတွင်ရှိချိန်၊ လူတို့သည် ငါ၏အကူအညီကို အရေးတကြီး အသနားခံကြ၏။ ဒုက္ခရောက်သည့်အချိန်များတွင်၊ ၎င်းတို့သည် ၎င်းတို့၏ ဆင်းရဲဒုက္ခကို ပိုမိုကောင်းမွန်စွာဖယ်ရှားနိုင်ရန် ၎င်းတို့ ကိုယ်စွမ်းရှိသမျှဖြင့် ၎င်းတို့၏အခက်အခဲများကို ငါ့ထံ ရင်ဖွင့်ကြ၏။ သို့ရာတွင်

ကိုယ်စိတ်ချမ်းသာခြင်း အခြေအနေတစ်ခုတွင်ရှိစဉ်၊ လူသားတစ်ဦးကမျှ ငါ့ကို ချစ်လည်းမချစ်နိုင်လေပြီ။ ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်း အချိန်ကာလများတွင် ၎င်းတို့၏ ဝမ်းမြောက်ခြင်းကို ငါ ပါဝင်ခံစားနိုင်ရန်အလို့ငှာ လူတစ်ဦးကမျှ လက်ကမ်းမပေးလေပြီ။ ၎င်းတို့၏မိသားစုလေးများသည် ပျော်ရွှင်ပြီး အဆင်ပြေချိန်တွင်၊ လူတို့သည် ငါ့အား အချိန်ကြာမြင့်စွာကတည်းက ဘေးဖယ်ထားကြပြီးဖြစ်သည် သို့မဟုတ် ၎င်းတို့သည် မိမိတို့ မိသားစုများ၏ မင်္ဂလာရှိသော ပျော်ရွှင်မှုကို မွေ့လျော်နိုင်ကြဖို့ အလို့ငှာ၊ ငါ့အား ဝင်ရောက်ခြင်းမှ တားမြစ်လျက် ငါ့ကို တံခါး ပိတ်ထားကြပြီးဖြစ်သည်။ လူ့စိတ်သည် ကျဉ်းမြောင်းလွန်းလှ၏။ ငါကဲ့သို့ ချစ်ခင်တတ်သည့်၊ သနားကရုဏာနှင့်ပြည့်စုံပြီး ချဉ်းကပ်၍ရနိုင်သည့် ဘုရားသခင်တစ်ပါးကို ထိန်းချုပ်ဖို့အထိပင် ကျဉ်းမြောင်း လွန်းလှ၏။ ၎င်းတို့၏ ပျော်ရွှင်စရာ ရယ်မောသည့် အချိန်ကာလများတွင် ငါသည် လူသားများ၏ ငြင်းပယ်ခြင်းကို အကြိမ်များလှစွာ ခံရပြီးဖြစ်သည်။ ၎င်းတို့ ခလုတ်တိုက်စဉ်တွင် ငါသည် အထောက်အကူအဖြစ် အကြိမ်များစွာ လူသားတို့၏ မှီထားခြင်းခံရပြီးဖြစ်သည်။ နာမကျန်းမှု ခံစားနေရသော လူတို့အားဖြင့် ငါသည် ဆရာဝန်အခန်းကဏ္ဍအဖြစ်သို့ အကြိမ်များစွာ အတင်းအကျပ် ပြုစေခြင်း ခံရပြီးဖြစ်သည်။ လူသားများ ရက်စက်လိုက်လေစွ။ ၎င်းတို့သည် လုံးဝ ယုတ္တိမတန်သကဲ့သို့ အကျင့်ပျက်ကြ၏။ လူသားတို့ အပြည့်အစုံရှိထားသင့်သည်ဟုဆိုသော ခံစားမှုများကိုပင် ၎င်းတို့၌ မမြင်ရပေ။ ၎င်းတို့သည် လူ့သဘာဝ အရိပ်အယောင် တစ်ခုတစ်လေမျှ လုံးဝ ကင်းမဲ့လုနီးပါးဖြစ်၏။ အတိတ်ကို တွေးဆကာ ပစ္စုပ္ပန်နှင့် နှိုင်းယှဉ်လော့။ သင်တို့အတွင်း၌ ပြောင်းလဲမှု တစ်ခုတစ်လေ ဖြစ်ပေါ်နေပါသလော။ သင်၏ အတိတ်မှ အချို့သောအရာများကို သင် ဖယ်ရှားပြီးပြီလော။ သို့မဟုတ် ယင်းအတိတ်ကို အစားမထိုးရသေး သလော။

ငါသည် လူ့လောက၏ အတက်အကျတို့ကို တွေ့ကြုံရင်း၊ တောတောင် အပိုင်းအခြားများနှင့် မြစ်ချိုင့်ဝှမ်းများကို ဖြတ်ကျော်ပြီး ဖြစ်သည်။ ၎င်းတို့အလယ် ငါသည် သွားလာပြီးဖြစ်ကာ၊ ၎င်းတို့အလယ် နှစ်ပေါင်းများစွာ ငါ အသက်ရှင်ပြီးဖြစ်သည်၊ သို့သော် လူသားမျိုးနွယ်၏ စိတ်သဘောထားသည် အနည်းငယ် ပြောင်းလဲပြီး ဖြစ်ပုံရလေသည်။ ပြီးလျှင် ယင်းမှာ လူတို့၏ သဘာဝဟောင်းသည် ၎င်းတို့အထဲတွင် အမြစ်တွယ်ကာ အညှောက်ပေါက် ပြီးသည့်အလား ဖြစ်၏။ ၎င်းတို့သည် ထိုသဘာဝဟောင်းကို လုံးဝ မပြောင်းလဲနိုင်ကြချေ။ ၎င်းတို့သည် ယင်း၏ မူလအခြေခံ အုတ်မြစ်အပေါ်တွင် ယင်းကို အတော်အတန် တိုးတက်စေရုံမျှ တိုးတက်စေကြလေသည်။ လူတို့ဆိုသည့်အတိုင်း၊ အနှစ်သာရသည် မပြောင်းလဲသေးဘဲ၊ ပုံသဏ္ဌာန်က များစွာ ပြောင်းလဲပြီးဖြစ်သည်။ လူအားလုံးသည် အခက်အခဲမှ

လှည့်ဖြားလွတ်မြောက်ကာ ငါ၏ အသိအမှတ်ပြုခြင်း ရရှိနိုင်ကြဖို့အလို့ငှာ ငါ့ကို လှည့်စားရန်နှင့် ဖမ်းစားခံရစေရန် ကြိုးစားနေကြပုံရလေသည်။ ငါသည် လူသား လိမ်လည်လှည့်စားမှုကို သဘောမကျသကဲ့သို့ အာရုံလည်း မစိုက်ပေ။ ဒေါသူပုန်ထခြင်းထက်၊ ငါသည် ဥပေက္ခာ သဘောထားကို ခံယူ၏။ ငါသည် လူသားမျိုးနွယ်အား လူးသာလွင့်သာဖြစ်သည့် အတိုင်းအတာတစ်ခုခုကို ပေးရန်နှင့် ထို့နောက် လူသားအားလုံးကို အတူတကွ ကိုင်တွယ်ဖြေရှင်းရန် စီစဉ်သည်။ လူသားအားလုံးသည် မိမိတို့ကိုယ်ကိုယ် မချစ်သကဲ့သို့ မိမိတို့ကိုယ်ကိုယ် လုံးဝ ချစ်ခင်မြတ်နိုးခြင်း မရှိသည့် အသုံးမကျသော အကောင်ယုတ်များ ဖြစ်သည်နှင့်အမျှ၊ ၎င်းတို့သည် နောက်တစ်ဖန် သနားကရုဏာပြဖို့နှင့် ချစ်ဖို့ပင် ငါ့ကို အဘယ်ကြောင့် လိုအပ်မည်နည်း။ ခြွင်းချက်မရှိ လူသားများသည် မိမိတို့ကိုယ်ကိုယ် မသိကြသကဲ့သို့၊ ၎င်းတို့ မည်မျှ အဖိုးတန်သည်ကိုပင် မသိကြချေ။ ၎င်းတို့သည် ချိန်တွယ်ခံရဖို့ မိမိတို့ကိုယ်ကိုယ် ချိန်ခွင်ပေါ် တင်သင့်ကြသည်။ လူသားများသည် ငါ့ကို အလေးဂရု မပြုကြချေ၊ ထို့ကြောင့် ငါသည်လည်း ၎င်းတို့ကို အလေးအနက် သဘောမထားပေ။ ၎င်းတို့သည် ငါ့ကို လုံးဝ ဂရုမစိုက်ကြ၊ ထို့ကြောင့် ငါသည်လည်း ၎င်းတို့နှင့်ပတ်သက်၍ မည်သို့မျှ သာ၍ အလုပ်ကြိုးစားရန် မလိုပေ။ ဤသည်မှာ လောကနှစ်ရပ်လုံးအတွက် အကောင်းဆုံး ဖြစ်သည် မဟုတ်လော။ ဤအရာက ငါ၏လူများဖြစ်သည့် အသင်တို့ကို သရုပ်ဖော်သည် မဟုတ်လော။ သင်တို့ထဲမှ မည်သူသည် ငါ့ရှေ့မှောက်၌ သန္နိဋ္ဌာန်များချပြီး၊ နောက်ပိုင်းတွင် ယင်းတို့ကို မစွန့်ပစ်လေပြီနည်း။ အဘယ်သူသည် အမှုအရာများအပေါ် မကြာခဏ စိတ်ပိုင်းဖြတ်ခြင်းအစား၊ ငါ့ရှေ့မှောက်တွင် ရေရှည် သန္နိဋ္ဌာန်များ ချမှတ်ဖူးသနည်း။ လူသားများသည် သက်သောင့်သက်သာ ရှိနေချိန်များတွင် ငါ့ရှေ့မှောက်၌ သန္နိဋ္ဌာန်များ အမြဲချမှတ်ပြီးနောက်၊ ဒုက္ခရောက်ချိန်များတွင် ယင်းတို့အားလုံးကို အရေးမပါဟု သဘောထားလိုက်ကြသည်။ ထို့နောက် နောက်ပိုင်းတွင် ၎င်းတို့သည် ၎င်းတို့၏ သန္နိဋ္ဌာန်ကို ပြန်ကောက်ယူကာ ငါ့ရှေ့မှောက်တွင် ထားကြ၏။ လူသားမျိုးနွယ်က အမှိုက်ပုံမှ ကောက်ယူလေပြီးဖြစ်သည့် ဤဖြုတ်စဖျင်းတောင်းကို သာမန်ကာလျှံကာ လက်ခံမည့်အထိပင် ငါသည် အလွန်မလေးစားဖွယ် ဖြစ်ပါသလော။ လူသားအနည်းငယ်က ၎င်းတို့၏ သန္နိဋ္ဌာန်များကို မြဲမြံစွာ စွဲကိုင်ကြ၏၊ အနည်းငယ်က ဖြူစင်ကြကာ အနည်းငယ်သည် ငါ့ကို ယဇ်ပူဇော်ရာတွင် ၎င်းတို့အဖို့ တန်ဖိုးအရှိဆုံးသောအရာများကို ပူဇော်ကြ၏။ သင်တို့အားလုံးသည် တူညီကြသည် မဟုတ်လော။ နိုင်ငံတော်ရှိ ငါ၏ လူများထဲမှ အဖွဲ့ဝင်များအနေဖြင့် သင်တို့သည် သင်တို့၏တာဝန်များကို မထိန်းသိမ်းနိုင်ကြပါက၊ သင်တို့သည် ငါ၏ စက်ဆုပ်ရွံရှာခြင်းနှင့်

ငြင်းပယ်ခြင်းကို ခံကြရလိမ့်မည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၁၂ ရက်

# အခန်း ၁၅

လူသားများအားလုံးသည် မိမိကိုယ်ကိုယ် သိသော အသိပညာမရှိသည့် သတ္တဝါများ ဖြစ်ကြပြီး ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် မသိရှိနိုင်ကြချေ။ သို့သော် အခြားသူများ လုပ်ဆောင်သမျှနှင့် ပြောဆိုပြီးသမျှတိုင်းသည် ၎င်းတို့ ရှေ့တည့်တည့်တွင် ၎င်းတို့၏ “စစ်ဆေးခြင်း” ကို ဦးစွာ ခံရပြီး မလုပ်ဆောင်မီ ၎င်းတို့၏ လက်ခံမှုကို ရရှိသည့်အလား၊ အခြားအယောက်တိုင်းကို ၎င်းတို့ ကောင်းစွာ သိကြလေသည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် အခြား အယောက်တိုင်းကို ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေများထိ အပြည့်အဝ အကဲဖြတ်ပြီးသည့်အလားပင် ဖြစ်လေသည်။ လူသားများသည် ဤကဲ့သို့သာ ဖြစ်ကြသည်။ ၎င်းတို့သည် ယနေ့တွင် နိုင်ငံတော်ခေတ်ထဲသို့ ဝင်ရောက်ပြီး ဖြစ်သော်လည်း၊ ၎င်းတို့၏ သဘာဝသည် မပြောင်းမလဲ ရှိနေသည်။ ၎င်းတို့သည် ငါ၏ ရှေ့မှောက်တွင် ငါလုပ်ဆောင်သည့်အရာကို လုပ်ဆောင်ကြဆဲဖြစ်ပြီး၊ ငါ့နောက်ကွယ်တွင်မူ ၎င်းတို့သည် ၎င်းတို့၏တစ်မူထူးသော ကိုယ်ပိုင် “စီးပွားရေးလုပ်ငန်း” ကို စတင် ဆောင်ရွက်ကြလေသည်။ သို့သော် နောက်ပိုင်းတွင်၊ ငါ၏ရှေ့မှောက်သို့ ၎င်းတို့ လာကြချိန်တွင်၊ ၎င်းတို့သည် သိသိသာသာ တည်ငြိမ်အေးဆေးကာ အကြောက်အလန့် မရှိဘဲလျက်၊ စိတ်ချုပ်ထိန်းထားသော မျက်နှာများနှင့် တည်ငြိမ်သော သွေးခုန်နှုန်းဖြင့်၊ လုံးဝ မတူကွဲပြားသော လူများကဲ့သို့ ဖြစ်ကြသည်။ ဤသည်မှာ လူသားများအား အလွန် စက်ဆုပ်ရွံရှာဖွယ် ဖြစ်စေသောအရာ အတိအကျ မဟုတ်လော။ များလှစွာသော လူတို့သည် လုံးဝ မတူကွဲပြားသော မျက်နှာနှစ်ခုကို ဆင်မြန်းထားကြသည်- တစ်ခုမှာ ငါ၏ရှေ့တွင် ရှိစဉ်ဖြစ်ပြီး၊ နောက်တစ်ခုမှာ ငါ၏နောက်ကွယ်တွင် ရှိသည့်အခါ ဖြစ်သည်။ ၎င်းတို့ထဲမှ များလှစွာသောသူတို့သည် ငါ၏ရှေ့တွင် ရှိသည့်အခါ၊ မွေးကင်းစ သိုးသငယ်များကဲ့သို့ ပြုမူကြသော်လည်း၊ ငါ၏နောက်ကွယ်တွင် ရှိသည့်အခါ၊ ၎င်းတို့သည် ကြမ်းကြုတ်သော ကျားများအဖြစ်သို့ ပြောင်းလဲသွားကြပြီး၊ ထို့နောက်တွင် တောင်ကုန်းများ တစ်ဝိုက်တွင် ပျော်ရွှင်မြူးထူးစွာ လူးလာပျံသန်းနေသော ငှက်ငယ်များကဲ့သို့ ပြုမူကြလေသည်။ လွန်စွာ များလှသောသူတို့သည် ငါ၏မျက်နှာစေ့စေ့ကြည့်ပြီး ရည်ရွယ်ချက်နှင့် သန္နိဋ္ဌာန်တို့ကို ပြသကြသည်။

အလွန်များစွာသော သူတို့သည် ငါ၏နှုတ်ကပတ်တော်များကို ဆာငတ်မှုနှင့် တောင့်တခြင်းတို့ဖြင့် ရှာဖွေရင်း ငါ၏ ရှေ့မှောက်သို့ လာကြသော်လည်း၊ ငါ၏နောက်ကွယ်တွင် ငါ၏ မိန့်မြွက်ချက်များက ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ခဲ့သည့်အလား၊ ယင်းတို့ကို တိုး၍ ငြီးငွေ့ကာ စွန့်ပယ်ကြလေသည်။ ကြိမ်ဖန်များစွာ၊ ငါ့ရန်သူအားဖြင့် လူသားမျိုးနွယ် ဖောက်ပြန်ပျက်စီးသည်ကို မြင်နေရသည့်အခါ၊ ငါသည် လူသား၌ ငါ၏မျှော်လင့်ချက်များ ထားရှိခြင်းကို လက်လျှော့လိုက်ပြီဖြစ်သည်။ ကြိမ်ဖန်များစွာ၊ ခွင့်လွှတ်ခြင်းကို မျက်ရည်စက်လက်ဖြင့် ရှာဖွေရင်း၊ ငါ၏ ရှေ့သို့ ၎င်းတို့လာကြသည့်ကို မြင်ရသည့်အခါ၊ မည်သို့ပင်ဆိုစေ ငါသည် ၎င်းတို့၏ မိမိကိုယ်ကိုယ် လေးစားမှု ကင်းမဲ့ခြင်းနှင့် ခေါင်းမာသည့် ပြုပြင်မရခြင်းတို့ကြောင့် ၎င်းတို့၏စိတ်နှလုံးများ စစ်မှန်ပြီး ၎င်းတို့၏ ရည်ရွယ်ချက်များ စစ်မှန်သောအခါတွင်ပင်၊ ၎င်းတို့၏ လုပ်ရပ်များကို ငါသည် အမျက်ဒေါသဖြင့် လျစ်လျူရှုပြီးဖြစ်သည်။ ကြိမ်ဖန်များစွာ၊ ငါ၏ ရှေ့မှောက်၌ ရှိချိန်တွင် ငါ၏ ထွေးပိုက်မှု၏ နွေးထွေးမှုကို မြည်းစမ်းရင်း၊ ငါ၏ ထွေးပိုက်မှုတွင် ရှိပုံရသည့် လူတို့သည် ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရလောက်အောင် စိတ်ချယုံကြည်မှုရှိသည်ကို ငါ မြင်ပြီးဖြစ်သည်။ ကြိမ်ဖန်များစွာ၊ ငါရွေးချယ်ထားသော လူများ၏ အပြစ်ကင်းခြင်း၊ ဖျတ်လတ်တက်ကြွခြင်းနှင့် ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်းတို့ကို မျက်မြင် တွေ့ရလျက်၊ ဤအရာများကြောင့် ငါသည် ကြီးစွာ မပျော်ရွှင်နိုင်ရမည်နည်း။ လူသားများသည် "ကောင်းချီးမင်္ဂလာများ" နှင့် "ဆင်းရဲဒုက္ခ" နှစ်ခုလုံးက မည်သည့်အရာကို အတိအကျ ဆိုလိုသည်ကို နားမလည်ကြသည့်အတွက်၊ ၎င်းတို့သည် ငါ၏လက်များ၌ရှိ ၎င်းတို့၏ ရှေးမဆွက ခွဲခန့်မှတ်သားထားသည့် ကောင်းချီးမင်္ဂလာများအား မည်ကဲ့သို့ မွေ့လျော်ရမည်ကို မသိကြချေ။ ဤအကြောင်းရင်းကြောင့်၊ လူသားများသည် ငါ့ကို စိတ်ရင်းအတိုင်း ရှာဖွေခြင်းမှ အလှမ်းဝေးပေသည်။ အကယ်၍ မနက်ဖြန်သာ မရှိခဲ့ပါက၊ ငါ၏ရှေ့မှောက်တွင် ရပ်နေသော သင်တို့ထဲမှ မည်သူသည် လေသယ်ဆောင်သွားသော နှင်းပွင့်ကဲ့သို့ ဖြူစင်ကာ ကျောက်စိမ်းကဲ့သို့ ပြစ်မျိုးမဲ့မထင်ဖြစ်မည်နည်း။ ငါ့အား သင်တို့၏ ချစ်ခြင်းသည် အရသာရှိသော အစာတစ်ခု၊ အထက်တန်းကျသော ဝတ်စုံတစ်စုံ၊ သို့မဟုတ် များပြားလှသော လစာများနှင့် မြင့်မားသော ရာထူးတို့ဖြင့် လဲလှယ်၍ရသည့် အရာတစ်ခုသာ ဖြစ်နိုင်မည်လော။ ယင်းကို အခြားသူများက သင့်အတွက် ထားရှိသော ချစ်ခြင်းမေတ္တာဖြင့် အလဲအလှယ်ပြု၍ ရနိုင်သလော။ စမ်းသပ်မှုများကို ကြုံရခြင်းသည် ငါ့အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာကို စွန့်လွှတ်ခြင်း အဖြစ်သို့ လူတို့ကို အမှန်တကယ် လှုံ့ဆော်ပေးနိုင်မည်လော။ ဆင်းရဲဒုက္ခနှင့် အတိဒုက္ခများသည် ၎င်းတို့အား ငါ၏ အစီအစဉ်များနှင့် ပတ်သက်၍

စောဒကတက်စေလိမ့်မည်လော။ ငါ့နှုတ်ထဲရှိ ထက်မြသော ဓားကို မည်သူမျှ အမှန်တကယ် နားမလည်ဖူးကြချေ။ ၎င်းတို့သည် ထိုအရာ ဖြစ်ပေါ်စေသည့်အရာကို အမှန်တကယ် သဘောပေါက်ခြင်း မရှိဘဲ ယင်း၏ အပေါ်ယံအဓိပ္ပာယ်ကိုသာ သိကြလေသည်။ အကယ်၍ လူသားများသည် ငါ့ဓား၏ ထက်မြမှုကို စစ်မှန်စွာ မြင်တွေ့နိုင်ခဲ့ကြမည် ဆိုပါက၊ ၎င်းတို့သည် ကြွက်များကဲ့သို့ ၎င်းတို့၏ တွင်းများထဲသို့ သုတ်သုတ်ပျာပျာ ပြေးသွားကြမည် ဖြစ်သည်။ ၎င်းတို့၏ ထုံထိုင်းမှုကြောင့်၊ လူသားများသည် ငါ့နှုတ်ကပတ်တော်များ၏ စစ်မှန်သည့် အဓိပ္ပာယ်နှင့်ဆိုင်သည့် မည်သည့်အရာကိုမျှ နားလည်ခြင်း မရှိကြပေ၊ ထို့ကြောင့် ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များက မည်မျှ ရှိန်လောက်စရာ ကောင်းသည် သို့မဟုတ် ယင်းတို့က လူသား သဘာဝအား မည်မျှ ထုတ်ဖော်ပြပြီး၊ ထိုနှုတ်ကပတ်တော်များအားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ဖောက်ပြန်ပျက်စီးမှု မည်မျှပင် တရားစီရင်ခံရပြီး ဖြစ်သည်ကို ၎င်းတို့ ဘာမျှမသိချေ။ ဤအကြောင်းရင်းကြောင့်၊ ငါပြောသည့်အရာနှင့်ပတ်သက်၍ ၎င်းတို့၏ မနှုးမနပ် စိတ်ကူးများ၏ အကျိုးဆက်အနေဖြင့်၊ လူအများစုသည် ဟက်ဟက်ပက်ပက် မရှိသော သဘောထားတစ်ခုကို ခံယူကြပြီးဖြစ်သည်။

နိုင်ငံတော်အတွင်းတွင်၊ မိန့်မြွက်ချက်များကို ငါ၏ နှုတ်မှ ထုတ်ပြန်သည်သာမက၊ ငါ၏ခြေသည်လည်း မြေတစ်ပြင်လုံးအနှံ့ ဟိတ်ဟန်ရှိစွာ နင်းလျှောက်လေသည်။ ဤနည်းဖြင့် ကောင်းကင်ဘုံသာ ပြောင်းလဲနေဖို့မဟုတ်ဘဲ၊ ကမ္ဘာမြေကြီးသည်လည်း အသွင်အပြောင်းလဲမှု ဖြစ်စဉ်ထဲတွင် ရှိနေကာ နောက်ပိုင်းတွင် အသစ်ပြုပြင်ခံရရန်အလို့ငှာ၊ ငါသည် မသန့်ရှင်းသကဲ့သို့၊ ညစ်ညမ်းသော နေရာများ အားလုံးအပေါ် အောင်နိုင်ပြီးဖြစ်သည်။ အာကာသ အတွင်းတွင်၊ အရာရာသည် ကောင်းကင်ဘုံများထက် သာလွန်သော ကောင်းကင်ဘုံတစ်ခု၌ ယခုတည်ရှိသည့်အလား၊ စာတန်၏ ကိုယ်ထိလက်ရောက် စော်ကားခြင်း မခံရသကဲ့သို့၊ ပြင်ပရန်သူများ၏ တိုက်ခိုက်ခြင်းများနှင့် ကင်းရှင်းလျက်၊ လူသား၏ စိတ်ကူးစိတ်သန်း ထဲတွင် စိတ်ကူးထားသည့်အတိုင်း၊ စိတ်အာရုံများကို ဘဝင်ခိုက်စေပြီး လူတို့၏ စိတ်ဝိညာဉ်များကို တက်ကြွစေသည့် ကြည်နူးအားရဖွယ် သွင်ပြင်လက္ခဏာတစ်ခု ဆောင်လျက် ငါ့ဘုန်း၏ တောက်ပမှု၌ အသစ်ကဲ့သို့ ထွန်းလင်းကြလေသည်။ စကြဝဠာ၏ အမြင့်ဆုံး အပိုင်းအကန့်များတွင်၊ အသချေဖြစ်သော ကြယ်များသည် မှောင်မိုက်ချိန်များတွင် နက္ခတ်တာရာနှင့်ဆိုင်သော နယ်မြေများ တစ်လျှောက်တွင် ၎င်းတို့၏ အလင်းရောင်ကို ဖြာကျစေလျက်၊ ငါ၏အမိန့်ဖြင့် ၎င်းတို့၏ သတ်မှတ်ထားသော နေရာများကို ယူကြလေသည်။ မည်သည့်ဖြစ်တည်မှု တစ်ခုတစ်လေကမျှ ထိန်းကျောင်းရခက်သည့် အတွေးများ မသိုထားဝံ့ကြပေ၊ ထို့ကြောင့်

ငါ၏စီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမိန့်များ၏ အနှစ်သာရနှင့်အညီ၊ စကြဝဠာ တစ်ခုလုံးသည် ကောင်းမွန်စွာ ထိန်းညှိခံရပြီး၊ ပြည့်စုံသည့် စနစ်ကျမှုတွင် ရှိလေသည်။

မည်သည့်နှောင့်ယှက်မှုမျှ မပေါ်ပေါက်ဖူးသကဲ့သို့၊ အာကာသသည် ပြိုကွဲမခံရဖူးပေ။ ငါသည် ကြယ်များအထက်တွင် ခုန်ပျံကျော်လွှားမှုများကို ဆောင်ရွက်ပြီး၊ နေသည် ၎င်း၏ ရောင်ခြည်တန်းများကို ပစ်လွှတ်လေသောအခါတွင်၊ ငါ၏လက်များမှ လွင့်မျောကျလာသော ငှန်း၏ အမွေးအတောင်များတမျှ ကြီးမားသော ရောမ ဆီးနှင်းပွင့်များ အပြိုက်ပြိုက်တို့ကို စေလွှတ်ရင်း၊ ငါသည် နေရောင်ခြည်တန်းများ၏ အနွေးဓာတ်ကို ပိတ်ကွယ်စေသည်။ သို့သော် ငါစိတ်ပြောင်းသွားသည့်အခါတွင်၊ ထိုနှင်းအားလုံးသည် မြစ်တစ်စင်းထဲသို့ အရည်ပျော်သွားပြီး တစ်ခဏချင်းအတွင်း မိုးကောင်းကင်အောက် နေရာအနှံ့အပြား၌ နွေဦးရာသီ ပေါ်ပေါက်လာပြီး မြစိမ်းရောင်သည် ကမ္ဘာမြေပေါ် ရှိ ရှုခင်းတစ်ခုလုံးကို အသွင်ပြောင်း လိုက်လေပြီ။ ငါသည် မိုးမျက်နှာကြက် အထက်၌ လှည့်လည် သွားလာလျက် ရှိပြီး၊ ချက်ချင်း ကမ္ဘာမြေကြီးသည် ငါ၏ ပုံသဏ္ဍာန်ကြောင့် ပိန်းပိတ်အောင် မည်းနက်သော အမှောင်ထုဖြင့် ပိတ်ဖုံးသွားသည်။ သတိပေးချက် မရှိဘဲနှင့်၊ “ည” သည် ရောက်ရှိပြီး ဖြစ်ကာ၊ ကမ္ဘာလောကတစ်လျှောက်တွင် တိုး၍ အလွန် မည်းမှောင်သည်မှာ မိမိမျက်နှာရှေ့က မိမိလက်ကို မြင်၍မရနိုင်ပေ။ အလင်း ကွယ်ပျောက်သည်နှင့်တစ်ပြိုင်နက်၊ လူသားများသည် အချင်းချင်း ဖျက်ဆီးသောင်းကျန်းခြင်း၊ တစ်ယောက်ထံမှ တစ်ယောက် အလစ်သုတ်ခြင်းနှင့် အဓမ္မလုယူခြင်းတို့ကို စတင်ရန် ဤခိုက်အတန့်ကို မလွတ်တမ်းအသုံးချလေသည်။ ကမ္ဘာမြေ၏ တိုင်းနိုင်ငံများသည် ပရမ်းပတာ မညီမညွတ်ဖြစ်မှုထဲသို့ ကျဆင်းသွားကာ ၎င်းတို့အားလုံး ရွေးနုတ်ခြင်းမခံရနိုင်တော့သည်အထိ၊ နောက်ကျိသော ဆူပူမှု အခြေအနေတစ်ခုထဲသို့ ဝင်ရောက်သွားသည်။ လူတို့သည် မချိတင်ကဲ ဒုက္ခဆင်းရဲထဲတွင် ရုန်းကန်ရသည်၊ လူ့လောကသို့ အလင်း နောက်တစ်ကြိမ် ရုတ်တရက် ကြွဆင်းပြီး ထိုသို့ဖြင့် အမှောင်ထု၏နေ့ရက်များ အဆုံးသတ်သွားကာ တစ်ချိန်က တည်ရှိခဲ့သော အသက်ပါခြင်းကို နဂိုအတိုင်း ပြန်ဖြစ်စေဖို့ကို တမ်းတရင်း၊ ၎င်းတို့၏ နာကျင်မှုအလယ်တွင် ညည်းတွားကာ မြည်တမ်းကြပြီး၊ ၎င်းတို့၏ ဒုက္ခဝေဒနာထဲတွင် သနားစဖွယ် ငိုကြွေးမြည်တမ်းခြင်းကို ပြုကြလေသည်။ သို့သော် ငါသည် ကမ္ဘာလောက၏ မှားယွင်းမှုများအတွက် ၎င်းတို့အပေါ် နောက်တစ်ဖန် သနားခြင်းမရှိဖို့၊ ငါ၏အင်္ကျီလက်စများကို ပုတ်ခါလျက် လူသားအား ငါစွန့်ပစ်ပြီးသည်မှာ ကြာလှပြီဖြစ်သည်။ ကမ္ဘာမြေတစ်ခုလုံး၏ လူများကို ငါသည် အချိန်ကြာမြင့်စွာက ရွံ့ရှာမုန်းတီးကာ ငြင်းပယ်ပြီး ဖြစ်သည်၊ ထိုနေရာက အခြေအနေများကို ငါ လျစ်လျူရှုပြီးဖြစ်သည်၊ လူသားမျိုးနွယ်၏ လှုပ်ရှားမှုနှင့် အမူအရာတိုင်းမှ ငါ၏မျက်နှာအား လွှဲဖယ်ကာ၊ ယင်း၏ မရင့်ကျက်မှုနှင့် အပြစ်ကင်းခြင်း၌

အားရကျေနပ်ခြင်း မရှိလေပြီ။ ဤအသစ်သော လောကကြီးသည် မည်သည့်အခါတွင်မျှ တစ်ဖန် မနှစ်မြှုပ်ဘဲ၊ အဆောတလျင် ပြန်လည် မွေးဖွားနိုင်ဖို့အလို့ငှာ၊ ငါသည် လောကကြီးအား အသစ်ပြုပြင်ရန် အခြားသော အစီအစဉ် တစ်ခုနှင့်ပတ်သက်၍ စတင်ပြီးဖြစ်သည်။ လူသားမျိုးနွယ်၏ အလယ်တွင်၊ အလွန်များသည့် မျက်စိနောက်ဖွယ် အခြေအနေများသည် ၎င်းတို့ကို တည့်မတ်ပေးရန် ငါ့အား စောင့်ဆိုင်းနေကြသည်၊ ဖြစ်ပျက်ခြင်းမှ ကိုယ်တိုင်ကိုယ်ကျ တားဆီးဖို့ အလွန်များသော အမှားများစွာ ငါ့အတွက် ရှိနေသည်၊ ငါ့အတွက် လှဲကျင်းရန် အလွန်များသော ဖုန်မှုန့်များစွာ ရှိပြီး၊ ငါ့အတွက် ဖွင့်ဟရန် အလွန်များသော နက်နဲမှုများစွာ ရှိလေသည်။ လူသားမျိုးနွယ် အပေါင်းတို့သည် ငါ့အား စောင့်ဆိုင်းနေကြပြီး ငါ၏ကြွလာခြင်းကို တောင့်တနေကြသည်။

ကမ္ဘာမြေကြီးပေါ်တွင်၊ ငါသည် လူသားများ၏ နှလုံးသားများထဲ၌ နေထိုင်သည့် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ ကောင်းကင်ဘုံတွင်၊ ငါသည် ဖန်ဆင်းခြင်းခပ်သိမ်း၏ အရှင်သခင် ဖြစ်သည်။ ငါသည် တောင်များကို တက်ပြီးဖြစ်ကာ မြစ်များကို ဖြတ်ကူးပြီးဖြစ်သည်၊ ပြီးလျှင် လူသားမျိုးနွယ်၏ အလယ်တွင် ငါသည် တရွေ့ရွေ့ ဝင်ထွက် သွားလာပြီးဖြစ်သည်။ မည်သူသည် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်ကို ပေါ်ပေါ်ထင်ထင် ဆန့်ကျင်ဝံ့သနည်း။ မည်သူသည် အနန္တတန်ခိုးရှင်၏ အချုပ်အခြာ အာဏာကို ချိုးဖောက်လွန်မြောက်ဝံ့သနည်း။ ငါသည် ကောင်းကင်ဘုံ၌ ရှိသည်ဟု မည်သူသည် သံသယ စိုးစဉ်းမျှမရှိဘဲ အခိုင်အမာ ဆိုဝံ့သနည်း။ ထို့အပြင် ငါသည် ကမ္ဘာမြေကြီးပေါ်၌ ရှိသည်ဟု မငြင်းနိုင်ဘဲ၊ မည်သူသည် အခိုင်အမာ ဆိုဝံ့သနည်း။ ငါကျိန်းဝပ်ရာ အရပ်များကို အသေးစိတ်အချက်အလက်တိုင်းဖြင့် ပြောဆိုနိုင်စွမ်းရှိသူ လူသားမျိုးနွယ် အားလုံးထဲတွင် တစ်ဦးမျှ မရှိ။ ယင်းမှာ ငါသည် ကောင်းကင်ဘုံ၌ ရှိသည့်အချိန်တိုင်းတွင် သဘာဝလွန် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ပြီး၊ ကမ္ဘာမြေကြီးပေါ်၌ ရှိသည့်အချိန်တိုင်းတွင် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်၍များ ဖြစ်နိုင်မည်လော။ ငါသည် လက်တွေ့ကျသော ဘုရားသခင်ကိုယ်တော်တိုင် ဟုတ်မဟုတ်ဆိုသည်ကို ငါ၏ ဖန်ဆင်းခြင်းအားလုံး၏ အုပ်စိုးရှင် ဖြစ်ခြင်း သို့မဟုတ် လူ့လောက၏ ဆင်းရဲဒုက္ခများကို ငါသည် တွေ့ကြုံခံစားသည် ဆိုသည့် အချက်အားဖြင့် သေချာပေါက် သတ်မှတ်၍ မရနိုင်သည်မှာ ဖြစ်နိုင်သလော။ ယင်းမှာ မှန်ကန်ခဲ့ပါက၊ လူသားတို့သည် မျှော်လင့်စရာအားလုံး မရှိတော့သည်အထိ မသိနားမလည်ဖြစ်ကြမည် မဟုတ်လော။ ငါသည် ကောင်းကင်ဘုံ၌ ရှိသော်လည်း၊ ကမ္ဘာမြေကြီး ပေါ်၌လည်း ရှိသည်။ ငါသည် အသင်္ချေသော ဖန်ဆင်းခြင်းအရာများ အကြားတွင် ရှိသကဲ့သို့

လူစုလူဝေးများအလယ်တွင်လည်း ငါရှိသည်။ လူသားများသည် နေ့တိုင်း ငါ့ကို ထိတွေ့နိုင်သည်။ ထို့အပြင် ၎င်းတို့သည် နေ့တိုင်း ငါ့ကို မြင်တွေ့နိုင်သည်။ လူသားမျိုးနွယ်နှင့်ပတ်သက်သရွေ့ ငါသည် တစ်ခါတစ်ရံတွင် ပုန်းကွယ်ကာ တစ်ခါတစ်ရံတွင် မြင်သာသည်ဟု ထင်ရသည်။ ငါသည် အမှန်တကယ် တည်ရှိသည်ဟု ထင်ရသော်လည်း ငါသည် တည်လည်းမတည်ရှိဟု ထင်ရသည်။ ငါ့အထဲ၌ လူသားမျိုးနွယ်တို့အဖို့ ဉာဏ်မမီနိုင်သော နက်နဲမှုများ တည်ရှိသည်။ ယင်းမှာ လူသားအားလုံးသည် ငါ့အထဲ၌ သာ၍ပင် များသော နက်နဲမှုများကို ရှာဖွေတွေ့ရှိရန်အလို့ငှာ အဏုကြည့်မှန်ပြောင်းမှ တစ်ဆင့် ငါ့အား စေ့စေ့ကြည့်ရှုနေသည့်အလား ဖြစ်သည်၊ ထိုသို့အားဖြင့် ၎င်းတို့၏ နှလုံးသားများထဲ၌ ရှိသော အနေရခက်သော ခံစားချက်ကို ပပျောက်စေရန် မျှော်လင့်နေကြသည်။ သို့သော် ၎င်းတို့သည် ဓာတ်မှန်များကို အသုံးပြုမည်ဆိုလျှင်ပင်၊ လူသားမျိုးနွယ်သည် ငါ၏ထိန်းသိမ်းထားသော လျှို့ဝှက်ချက်များထဲမှ တစ်ခုတစ်လေကို မည်သို့ ထုတ်ဖော်နိုင်မည်နည်း။

ငါ့အမှုတော်၏ အကျိုးဆက်အနေဖြင့်၊ ငါ၏လူများသည် ငါနှင့်အတူ ဘုန်းထင်ရှားသည့် တကယ့်အခိုက်အတန့်တွင်၊ အဆင်းနီသော နဂါးကြီး၏ သားရဲတွင်းသည် ဖော်ထုတ်ခံရလိမ့်မည်၊ ရွှံ့နွံများနှင့် အညစ်အကြေးများ အားလုံး သန့်စင်အောင် လှည်းကျင်းခံရလိမ့်မည် ဖြစ်ပြီး၊ မရေမတွက်နိုင်သည့် နှစ်များတစ်လျှောက် စုပုံလာခဲ့သော ညစ်ညမ်းသည့်ရေသည် နောက်ထပ် မတည်ရှိတော့ရန်၊ ငါ၏ လောင်ကျွမ်းနေသော မီးများထဲ၌ ခမ်းခြောက်သွားလိမ့်မည်။ ထို့နောက်ချက်ချင်း၊ အဆင်းနီသော နဂါးကြီးသည် ကန့်နှင့်ရောနှောသော မီးအိုင်ထဲတွင် ပျက်စီးဆုံးရှုံးလိမ့်မည်။ သင်တို့သည် နဂါး၏ လုယူသွားခြင်း မခံရစေခြင်းငှာ ငါ၏ချစ်ခင်သော စောင့်ရှောက်မှု အောက်တွင် ဆက်လက်ရှိနေရန် စစ်မှန်စွာ လိုလားနေကြပါသလော။ သင်တို့သည် ၎င်း၏ လှည့်ဖြားတတ်သော ပရိယာယ်များကို အမှန်တကယ် မုန်းတီးသလော။ မည်သူသည် ငါ့အတွက် မြဲမြံသော သက်သေကိုခံနိုင်သနည်း။ ငါ၏အမည်နာမအတွက်၊ ငါ၏ဝိညာဉ်အတွက်၊ ပြီးလျှင် ငါ၏စီမံခန့်ခွဲမှုအစီအစဉ် တစ်ရပ်လုံးအတွက် မည်သူသည် ၎င်းတို့၏ အစွမ်းအစအားလုံးကို ဆက်ကပ်မှု ပြု်နိုင်သနည်း။ ယနေ့တွင် နိုင်ငံတော်သည် လူ့လောက၌ ရှိနေချိန်သည် လူသားမျိုးနွယ်အလယ် လူကိုယ်တိုင် ငါကြွလာသော အချိန်ဖြစ်သည်။ ထိုသို့ မဟုတ်ခဲ့ပါက၊ မည်သည့် စိုးရိမ်ပူပန်ခြင်းမျှမရှိဘဲ၊ ငါ့ကိုယ်စား စစ်မြေပြင်ထဲသို့ အရဲစွန့် သွားနိုင်မည့်သူ တစ်ဦးတစ်လေ ရှိသလော။ နိုင်ငံတော်သည် ရုပ်လုံးပေါ် နိုင်ဖို့အလို့ငှာ၊ ငါ၏စိတ်နှလုံးသည် ရောင့်ရဲနိုင်ရန်အလို့ငှာ၊ ထို့အပြင် ငါ၏နေ့ရက်သည် ရောက်လာနိုင်ရန်အလို့ငှာ၊ ဖန်ဆင်းခြင်း၏ အသင်္ချေသော အရာများသည်

ပြန်လည်မွေးဖွားပြီး အလျှံပယ် တိုးပွားသည့်အချိန် ရောက်လာနိုင်ရန်အလို့ငှာ၊ လူသားများသည် ၎င်းတို့၏ ဒုက္ခပင်လယ်ပြင်မှ ကယ်ဆယ်ခြင်း ခံရနိုင်ရန်အလို့ငှာ၊ မနက်ဖြန် ရောက်လာနိုင်ရန်အလို့ငှာ၊ ယင်းသည် အံ့သြဖွယ်ဖြစ်ပြီး ဖွံ့ဖြိုးဝေဆာလာကာ ရှင်သန်နိုင်ရန် အလို့ငှာ၊ အနာဂတ်၏ ပျော်ရွှင်မှုသည် ပြည့်စုံလာနိုင်ရန်အလို့ငှာ၊ လူသားမျိုးနွယ် အားလုံးသည် ငါ့အတွက် မိမိတို့ကိုယ်ကိုယ် အနစ်နာခံခြင်း၌ မည်သည့်အရာကိုမျှ ချန်ထားခြင်း မရှိဘဲ၊ ၎င်းတို့၏ အစွမ်းရှိသမျှဖြင့် ကြိုးပမ်း နေကြလေသည်။ ဤသည်မှာ အောင်မြင်မှုသည် ငါ့ပိုင်ဆိုင်မှု ဖြစ်နှင့်သည်ဆိုသည့် လက္ခဏာတစ်ရပ် မဟုတ်လော။ ယင်းမှာ ငါ့အစီအစဉ် ပြီးပြည့်စုံခြင်း အမှတ်အသားတစ်ခုဖြစ်သည် မဟုတ်လော။

နောက်ဆုံးသောကာလ၌ လူတို့ သာ၍ တည်ရှိလေလေ၊ ကမ္ဘာလောက၏ အနှစ်မဲ့မှုကို ၎င်းတို့ သာ၍ ခံစားရလေလေ ဖြစ်ပြီး၊ ဘဝရှင်သန်ခြင်းအတွက် သတ္တိ သာ၍ နည်းလေလေ ဖြစ်လိမ့်မည်။ ဤအကြောင်းရင်းကြောင့်၊ မရေမတွက်နိုင်သော လူတို့သည် စိတ်ပျက်ခြင်း၌ သေဆုံးကြပြီး ဖြစ်သည်၊ မရေမတွက်နိုင်သော အခြားသူများသည် ၎င်းတို့၏ ရှာဖွေခြင်း၌ စိတ်ပျက်ကြပြီးဖြစ်ကာ၊ မရေမတွက်နိုင်သော အခြားသူများသည် စာတန်၏ လက်များဖြင့် ကြိုးကိုင်ခြယ်လှယ်ခြင်း ခံရရန် မိမိတို့ကိုယ်ကိုယ် ဒုက္ခခံစေကြလေသည်။ ငါသည် အလွန်များစွာသော လူတို့ကို ကယ်ဆယ်ပြီးဖြစ်ကာ၊ ၎င်းတို့ထဲမှ အလွန်များစွာသောသူတို့ကို ထောက်မပြီးဖြစ်သည်၊ ထို့ကြောင့် မကြာခဏ လူသားများသည် အလင်းကို ဆုံးရှုံးကြပြီးချိန်တွင်၊ ၎င်းတို့သည် အလင်းအတွင်းတွင် ငါ့ကို သိရှိပြီး ပျော်ရွှင်မှုအလယ် ငါ့ကို မွေ့လျော်ကြဖို့အလို့ငှာ ငါသည် ၎င်းတို့အား အလင်းနေရာတစ်ခုထဲသို့ ပြန်လည် ရွှေ့ထားပြီးဖြစ်သည်။ ငါ့အလင်း ကြွလာခြင်းကြောင့်၊ ငါသည် လူသားမျိုးနွယ်အတွက် ချစ်မြတ်နိုးရသည့် ဘုရားသခင်- လူသားမျိုးနွယ်က ချစ်ခင်သော တွယ်တာမှုဖြင့် ဖက်တွယ်သော ဘုရားသခင် ဖြစ်သည့်အတွက်၊ ငါ၏နိုင်ငံတော်အထဲတွင် နေထိုင်ကြသော လူတို့၏ နှလုံးသားများထဲတွင် ကြည်ညိုခြင်း ကြီးထွားလာပြီး၊ ငါ့ပုံသဏ္ဌာန်နှင့်ဆိုင်သည့် စွဲမြဲသော ထင်မြင်ချက် တစ်ခုဖြင့် ပြည့်သွားကြလေသည်။ သို့သော် အားလုံးကို ထည့်သွင်း စဉ်းစားပြီးသည့်အချိန်တွင်၊ ဤသည်မှာ ဝိညာဉ်တော်၏ လုပ်ဆောင်မှုလော သို့မဟုတ် ဇာတိပကတိ၏ ဆောင်ရွက်ချက်လော ဆိုသည်ကို နားလည်သည့်သူ တစ်ယောက်မျှ မရှိပေ။ ဤအရာတစ်ခုကို အသေးစိတ် တွေ့ကြုံရန်ပင် တစ်သက်တာလုံး လူတို့ အချိန်ယူရပေလိမ့်မည်။ လူသားများသည် ၎င်းတို့ နှလုံးသားများ၏ အတွင်းအကျကျတွင် ငါ့အား မည်သည့်အခါတွင်မျှ မစက်ဆုပ်ဖူးပေ။ ထို့ထက် ၎င်းတို့သည် ၎င်းတို့၏ စိတ်ဝိညာဉ်များ၏ နက်ရှိုင်းရာအရပ်များတွင် ငါ့ကို ဖက်တွယ်ထားကြသည်။ ငါ၏

ဉာဏ်ပညာသည် ၎င်းတို့၏ကြည်ညိုခြင်းကို တိုးမြင့်စေသည်၊ ငါလုပ်ဆောင်သော အံ့ဩဖွယ်အရာများသည် ၎င်းတို့၏ မျက်စိများအတွက် ပသာဒဖြစ်ဖွယ်ရာ ဖြစ်ပြီး ငါ၏ နှုတ်ကပတ်တော်များသည် ၎င်းတို့၏စိတ်များကို တုန်လှုပ်အံ့ဩစေသည်၊ သို့သော် ၎င်းတို့သည် ယင်းအရာများကို အလွန်အမင်း မြတ်နိုးလေသည်။ ငါ၏လက်တွေ့အရှိတရားသည် လူသားကို ဘာပြောရမှန်းမသိ ဖြစ်စေသည်၊ ကြက်သေသေစေကာ ဦးနှောက်ခြောက်စေသည်၊ သို့သော် ၎င်းတို့သည် ယင်းကို လက်ခံရန် လိုလားမနေကြချေ။ ဤသည်မှာ ၎င်းတို့ အမှန်တကယ် ဖြစ်ကြသည့်အတိုင်း လူသားများနှင့်ဆိုင်သည့် အကဲဖြတ်မှုများ အတိအကျ ဖြစ်သည် မဟုတ်လော။

၁၉၉၂ ခုနှစ်၊ မတ်လ ၁၃ ရက်

# အခန်း ၁၆

လူသားကို ငါပြောချင်သည့် အရာများစွာရှိပြီး၊ သူ့ကို ငါပြောရမည့် အရာများ များစွာရှိသည်။ သို့သော်လည်း လူသား၏ လက်ခံနိုင်သော စွမ်းရည်သည် အလွန်ပင် နည်းပါးလွန်းလှသည်။ လူသားသည် ငါ၏ နှုတ်ကပတ်တော်ကို ငါသတ်မှတ်ထားသော အရာအတိုင်း ပြည့်ပြည့်ဝဝ သဘောမပေါက်နိုင်သကဲ့သို့ ရှုထောင့် တစ်ခုတည်းကိုသာ နားလည်ပြီး ကျန်အရာများကိုမူ မသိနားမလည်ကြ။ သို့သော် လူသား၏ အစွမ်းအစမဲ့ခြင်းကြောင့် သူ့ကိုမသတ်သကဲ့သို့ လူသား၏ အားနည်းမှုကြောင့် ငါ စိတ်မထိခိုက်ပေ။ ငါ၏အလိုကို လူသားသည် နားမလည်သော်လည်း၊ ငါသည် ငါ၏အလုပ်ကိုသာ လုပ်ပြီး၊ ငါအမြဲ ပြောခဲ့သည့်အတိုင်းပင် ငါ ပြောဆိုသည်။ အချိန်တန်သည့်အခါ လူသားတို့သည် ၎င်းတို့၏ နက်ရှိုင်းသော နှလုံးသားထဲ၌ ငါ့ကို သိရှိကြလိမ့်မည်ဖြစ်ပြီး၊ သူတို့၏ အတွေးများထဲ၌လည်း ငါ့ကို သတိရကြလိမ့်မည်။ ဤကမ္ဘာမြေကြီးမှ ငါထွက်ခွာသွားသည့် အချိန်သည် လူသား၏ နှလုံးသားပလ္လင်၌ ငါနန်းတက်သောအချိန် ဖြစ်လိမ့်မည်။ ဆိုလိုသည်မှာ ယင်းမှာ လူသားအားလုံး ငါ့ကို သိကျွမ်းသော အချိန်၌ ဖြစ်လိမ့်မည်။ ထိုနည်းတူစွာပင် ငါ၏သားများနှင့် ငါ့လူများသည် ကမ္ဘာမြေကြီးကို အုပ်ချုပ်သောအချိန်၌ ဖြစ်လိမ့်မည်။ ငါ့ကိုသိသော သူတို့သည် ငါ့နိုင်ငံတော်၌ အမိုတကဲ အသေအချာ ဖြစ်လာကြပြီး၊ ငါ့နိုင်ငံတော်ထဲ၌ သူတို့သာ အုပ်ချုပ်ရန်နှင့် တန်ခိုးအာဏာကို စွဲကိုင်ဖို့ရန် အရည်အချင်း ရှိကြလိမ့်မည်။ ငါ့ကိုသိသော သူအားလုံးတို့သည် ငါ၏ ဖြစ်ခြင်းကို ပိုင်ဆိုင်ကြပြီး၊ လူသားအားလုံးတို့ကြား၌ ငါ့အတိုင်း အသက်ရှင်

နေထိုင်နိုင်ကြသည်။ ငါ့ကို လူသားတို့ မည်သည့် အတိုင်းအတာထိ သိရှိသည်ဆိုခြင်းနှင့် ပတ်သက်၍ ငါဂရုမပြုပေ- ငါ၏အမှုကို မည်သူ တစ်ဦးတစ်ယောက်မျှ မည်သည့်နည်းနှင့်မျှ ဟန့်တား မထားနိုင်ပေ။ ထို့အပြင် လူသားသည် ငါ့အတွက် အထောက်အကူ ပြုနိုင်ခြင်း၊ လုပ်ဆောင်ပေးနိုင်ခြင်း မရှိချေ။ လူသားသည် ငါ၏အလင်းထဲ၌ ငါ၏လမ်းပြမှုနောက်သာ လိုက်နိုင်ပြီး၊ အလင်းထဲ၌ ငါ၏အလိုကို ရှာဖွေနိုင်သည်။ ယနေ့ လူတို့သည် အရည်အချင်းများ ရှိကြပြီး သူတို့သည် ငါ၏ ရှေ့မှောက်၌ ဝင့်ဝင့်ကြွားကြွား လျှောက်လှမ်းနိုင်သော သူများဖြစ်ကြောင်း၊ သူတို့သည် ရှက်ကြောက်ခြင်း မရှိဘဲ ငါနှင့်အတူ ရယ်မော၊ ပြက်လုံးများကိုပြောပြီး၊ ငါ့အား တန်းတူဆက်ဆံ နိုင်ကြကြောင်းကို ယုံကြည်ကြသည်။ လူသားသည် ငါ့ကို မသိရှိသေးပေ။ ငါနှင့်သူတို့သည် အနှစ်သာရအားဖြင့် တူညီပြီး၊ နှစ်ဦးစလုံး အသွေး၊ အသားနှင့်ဖြစ်ကြပြီး၊ နှစ်ဦးစလုံး လူ့လောကထဲ၌ နေထိုင်ကြသည်ဟု ယုံကြည်နေသေးသည်။ ငါ့အပေါ်၌ထားသော သူ၏ရိုသေလေးမြတ်မှုသည် အလွန်အမင်း နည်းပါးလှသည်၊ သူသည် ငါ့ရှေ့မှောက်၌ ရှိသောအခါ၊ ငါ့ကို ရိုသေလေးမြတ်သော်လည်း၊ ဝိညာဉ်တော်၏ ရှေ့မှောက်၌ ငါ့ကိုအစေခံခြင်းငှာ မတတ်စွမ်းနိုင်ပေ။ လူသားအတွက် ဝိညာဉ်တော်သည် ရှိမနေသကဲ့သို့ပင် ဖြစ်သည်။ ရလဒ်အနေဖြင့် လူသားတစ်ဦးတစ်ယောက်မျှ ဝိညာဉ်တော်ကို သိရှိခဲ့ကြခြင်း မရှိပေ၊ ငါ၏ လူ့ဇာတိခံယူခြင်းတွင် လူများသည် အသွေးအသားနှင့် ကိုယ်ခန္ဓာကိုသာ မြင်တွေ့ကြပြီး ဘုရားသခင်၏ ဝိညာဉ်တော်ကို သတိပြုမိခြင်း မရှိကြချေ။ ထိုသို့သော နည်းလမ်းအားဖြင့် ငါ၏အလိုသည် အမှန်တကယ် ပြည့်စုံနိုင်မည်လော။ လူတို့သည် ငါ့ကို လှည့်စားရာ၌ ကျွမ်းကျင်ကြ၏။ ငါ့ကို လှည့်စားဖို့ရန်အတွက် စာတန်၏ အထူးသင်ကြားခြင်းကို ခံခဲ့ရသော သူများသဖွယ် ထင်ရသည်။ သို့သော် ငါသည် စာတန်ကြောင့် စိတ်ညစ်ရခြင်း မရှိ။ မြေကြီးပေါ်၌ ငါ၏ နိုင်ငံတော် တည်ထောင်နိုင်ရန်အလို့ငှာ၊ ငါသည် လူသားမျိုးနွယ် တစ်ရပ်လုံးကို သိမ်းပိုက်ဖို့ရန်နှင့် လူသားမျိုးနွယ် အားလုံးအား ဖောက်ပြန်ပျက်စီးစေသူကို အနိုင်ယူဖို့ရန်အတွက် ငါ့ဉာဏ်ပညာကို အသုံးပြုဦးမည် ဖြစ်သည်။

လူသားများကြား ကြယ်များ၏ အရွယ်အစား သို့မဟုတ် အာကာသ၏ အရွယ်အစားကို သေချာအောင် လေ့လာစိစစ်ရန် ကြိုးစားခဲ့သောသူများ ရှိကြသည်။ သို့သော်လည်း သူတို့၏ သုတေသနသည် အောင်မြင်ဖြစ်ထွန်းကြောင်း သက်သေ မပြခဲ့ကြချေ၊ ထို့အပြင် တုန်လှုပ်ချောက်ချားလျက် ဦးခေါင်းငုံ့ပြီး ကြိတ်မှိတ် အရှုံးပေးရုံသာ တတ်နိုင်ကြသည်။ လူသားများ အားလုံးအလယ်တွင် ကြည့်ရှုပြီး လူသား၏ အင်အားကို သူ၏ကျရှုံးမှုများထဲတွင် လေ့လာရာ၌၊ ငါ့ကို လုံးလုံးလျားလျား ယုံကြည်သောသူ တစ်ယောက်မျှ မတွေ့ပေ။

ငါ့စကားကိုနာခံပြီး ငါ့ထံသို့ ကျိုးနွံ့အပ်နှံသောသူ တစ်ယောက်မျှ မတွေ့ပေ။ လူသား၏ ရည်မှန်းချက်များသည် အထိန်းအကွပ် မဲ့လိုက်လေခြင်းပါတကား။ နက်နဲရာအရပ် တစ်ခုလုံးသည် မှုန်ဝါးနေသောအခါ လူသားများကြားထဲ၌ ငါသည် လောကကြီး၏ ခါးသီးမှုကို စတင်မြည်းစမ်းမိသည်။ ငါ့ဝိညာဉ်သည် ကမ္ဘာတစ်ခွင် လှည့်လည်ပြီး လူသားများအားလုံး၏ နှလုံးသားများကို ကြည့်ရှုသည်။ သို့တိုင် ငါသည် ငါ၏ခံယူထားသော လူ့ဇာတိထဲ၌ လူသားမျိုးနွယ်ကိုလည်း သိမ်းပိုက်အောင်နိုင်၏။ လူသားသည် မျက်စိကန်းနေသောကြောင့် ငါ့ကိုမမြင်တွေ့ပေ။ လူသားသည် ထုံထိုင်းလာသောကြောင့် ငါ့ကိုမသိရှိပေ။ လူသားသည် မနာခံသောကြောင့် ငါ့ကိုဆန့်ကျင်၏။ လူသားသည် ငါ၏သိမ်းပိုက်ခြင်းကို ခံခဲ့ရသောကြောင့်၊ ငါ၏ရှေ့မှောက်တွင် ဦးညွှတ်ရန် လာ၏။ ငါသည် လူသား၏ချစ်ခြင်းမေတ္တာနှင့် ပင်ကိုအားဖြင့် ထိုက်တန်သောကြောင့်၊ လူသားသည် ငါ့ကိုချစ်လာသည်။ လူသားသည် ငါ့အတွက် အသက်ရှင်နေထိုင်ပြီး ငါ့ကို သိသာထင်ရှားစေသည်၊ အဘယ်ကြောင့်ဆိုသော် ငါ၏တန်ခိုးနှင့် ဉာဏ်ပညာသည် လူသားကို ငါ့စိတ်နှင့် ကိုက်ညီစေသောကြောင့် ဖြစ်သည်။ လူသား၏ နှလုံးထဲ၌ ငါ့အတွက် နေရာရှိသော်လည်း၊ သူ၏ စိတ်ဝိညာဉ်ထဲ၌ နေထိုင်သော လူသားထံမှ ချစ်ခြင်းမေတ္တာကို တစ်ခါမျှပင် ငါမရရှိခဲ့ဖူးပေ။ အရာအားလုံးထက် လူသား ချစ်မြတ်နိုးသော အရာများ လူသား၏ စိတ်ဝိညာဉ်ထဲ၌ အကယ်ပင် ရှိနေသည်။ သို့သော် ငါသည် ထိုအရာများထဲတွင်မပါပေ။ ထို့ကြောင့် လူသား၏ ချစ်ခြင်းမေတ္တာသည် ဆပ်ပြာပူဖောင်း ကဲ့သို့ပင် ဖြစ်သည်။ ထိုပူဖောင်းများသည် လေတိုက်သောအခါ၊ ပေါက်၍သွားပြီး နောက်တစ်ဖန် တွေ့မြင်ရခြင်း မရှိတော့ပေ။ ငါသည် လူသားအပေါ်၌ ထားသော ငါ၏ သဘောထားကို တစ်သမတ်တည်း မပြောင်းမလဲ ထားခဲ့သည်။ လူသားမျိုးနွယ်ထဲက တစ်စုံတစ်ဦးသည် ထိုကဲ့သို့ လုပ်ဆောင် နိုင်ခဲ့သလော။ လူသား၏ မျက်စိထဲ၌ ငါသည် အကောင်အထည်မရှိ၍ လေကဲ့သို့ မြင်မရပေ၊ ထိုအကြောင်းကြောင့် လူသားအများစုသည် အဆုံးအစမဲ့သော ကောင်းကင်၊ သို့မဟုတ် တလိပ်လိပ် လှိမ့်နေသော ပင်လယ်၊ သို့မဟုတ် တည်ငြိမ်သော ရေကန်၊ သို့မဟုတ် အဓိပ္ပာယ်ကင်းမဲ့သော ကျမ်းဟောင်းတရားများနှင့် သြဝါဒများ အပေါ်တွင်သာ အာရုံစိုက်လျက် ရှိကြသည်။ လူသားမျိုးနွယ်၏ အနှစ်သာရကို သိသောသူ တစ်စုံတစ်ယောက်မျှမရှိ၊ ငါ့အထဲ၌ရှိသော နက်နဲရာများကို ပြောနိုင်သည့်သူ သာ၍ပင် မရှိပေ၊ ထို့ကြောင့် လူသားကို ငါတောင်းဆိုသည်ဟု သူစိတ်ကူးသည့် အမြင့်မားဆုံးသောအဆင့်အတန်း ရရှိဖို့ရန် ငါမတောင်းဆိုပေ။

ငါ၏နှုတ်ကပတ်တော်များအလယ်၌ တောင်များ ပြိုလဲ၏၊ မြစ်ရေများ နောက်ပြန်စီးဆင်း၏၊ လူသားသည် ကျိုးနွံ့နှိမ့်ချသူ ဖြစ်လာပြီး၊ ကန်ရေများသည် ရပ်တန့်ခြင်း မရှိဘဲ

စတင်စီးဆင်းလာသည်။ လှိုင်းထနေသော ပင်လယ်များသည် ဒေါသတကြီးဖြင့် မိုးကောင်းကင်ဆီသို့ တလိပ်လိပ် တက်နေသော်လည်း၊ ငါ၏ နှုတ်ကပတ်တော်များအကြား ထိုပင်လယ်များသည် ရေကန်၏ မျက်နှာပြင်ကဲ့သို့ ငြိမ်သက်သွားကြသည်။ ငါ့လက်ကို အနည်းငယ်မျှ ဝှေ့ယမ်းလိုက်သည်နှင့် ပြင်းထန်သည့် လေပြင်းသည် ချက်ခြင်း ကွယ်ပျောက်သွားပြီး ငါ့ထံမှ ထွက်ခွာသွားကြသည်၊ လူ့လောကသည်လည်း ချက်ခြင်းပင် ပြန်လည်၍ တည်ငြိမ်အေးချမ်း သွားခဲ့သည်။ သို့သော် ငါသည် ငါ၏အမျက်ကို ထုတ်လွှတ်သောအခါ၊ တောင်တို့သည် ချက်ခြင်း အစိတ်စိတ် အမွှာမွှာကွဲကြ၏၊ မြေကြီးတို့သည် အပြင်းအထန် လှုပ်ရှား၏၊ ရေတို့သည် ချက်ခြင်း ခန်းခြောက်ပြီး လူသားသည် ဘေးဒုက္ခကို ချက်ခြင်း ခံစားရသည်။ ငါ၏ဒေါသအမျက်ကြောင့် လူသား၏ ဟစ်ကြွေးသံကို ငါဂရုမစိုက်၊ သူ၏ ဟစ်ကြွေးနေမကို တုံ့ပြန်၍ အကူအညီ မပေးပေ။ အဘယ်ကြောင့်ဆိုသော် ငါ၏ဒေါသအမျက်ထွက်နေ၍ဖြစ်သည်။ ငါသည် ကောင်းကင်ဘဝ၏ အလယ်၌ရှိစဉ်အခါ၊ ငါ့မျက်မှောက်၌ ကြယ်တို့သည် တုန်လှုပ် ချောက်ချားခြင်း ဘယ်သောအခါမျှ မရှိခဲ့ကြ။ ထိုအစား ကြယ်တို့သည် ငါ့အတွက် သူတို့၏ အလုပ်ကို အစွမ်းကုန် လုပ်ဆောင်ကြသည်၊ ထို့ကြောင့် သူတို့သည် ငါ့အတွက် ကြီးမားသော ဘုန်းတော်ကို ဖြစ်ပေါ်စေကြရန်၊ ငါသည် သူတို့၏ အပေါ်သို့ အလင်းကို သာ၍အပ်နှင်းကာ ပိုမို တောက်ပစွာဖြင့် ထွန်းလင်းစေသည်။ ကောင်းကင် ထွန်းလင်းလေလေ၊ မြေကြီးသည် မှောင်မိုက်အတိ ဖြစ်လေလေ ဖြစ်သည်။ ငါ၏အစီအစဉ်များသည် သင့်မြတ်လျော်ကန်ခြင်း မရှိသော အရာများအဖြစ် လူများစွာ စောဒကတက်ခဲ့ကြပြီး၊ ငါ့ကိုသစ္စာဖောက်ရန်နှင့် မှောင်မိုက်သည့်အခြေအနေကို ပြောင်းလဲရန်အတွက် မိမိတို့၏နိုင်ငံကို တည်ထောင်ရန် စွန့်ခွာသွားခဲ့ကြသည်။ သို့သော် မိမိတို့၏ ဆုံးဖြတ်ချက်အားဖြင့် ထိုအရာကို မည်သူအထမြောက်ခဲ့သနည်း။ မိမိတို့၏ ဖြေရှင်းချက်များ၌ မည်သူ အောင်မြင်ခဲ့သနည်း။ ငါ၏လက်အားဖြင့် စီရင်ပြုပြင်ထားသော အရာကို မည်သူပြောင်းလဲနိုင်သနည်း။ မြေကြီးပေါ်တွင် လူသားသည် လေထဲ၌ လန်းဆန်းသော ရုတ်ခြည်းခံစားမှုကို ရရန် မြေတစ်ပြင်လုံးသို့ နွေဦးရာသီ ပျံ့နှံ့လာသည့်အခါ၊ ငါသည် ကမ္ဘာကြီးထဲသို့ အလင်းကို လျှို့ဝှက်စွာနှင့် တိုးညှင်းစွာ စေလွှတ်ခဲ့သည်။ သို့သော် လူသားသည် မြေပြင်တစ်ခုလုံး မြူမှိုင်းနေသည်ကိုသာ မြင်တွေ့ရရန်နှင့် လူအားလုံးနှင့် အရာခပ်သိမ်းတို့သည် မရေရာ၊ မပီပြင်ဝိုးတဝါး ဖြစ်လျက်ရှိရန် ထိုအချိန် အတိအကျ၌ လူသား၏ မျက်စိကို ငါကာဆီးထားသည်။ လူတို့သည် မိမိတို့ဘာသာ သက်ပြင်းချ၍ "အလင်းသည် အဘယ့်ကြောင့် ခဏတာလေးသာ တည်ရပါသနည်း။ ဘုရားသခင်သည် လူသားအား အဘယ့်ကြောင့် မြူမှိုင်းနှင့် ဝိုးတိုးဝါးတားဖြစ်မှုကိုသာ ပေးပါသနည်း။" ဟု တွေးရုံသာ ရှိသည်။ လူသားတို့၏

စိတ်ပျက်ခြင်း အလယ်၌ မြူမှိုင်းသည် ချက်ခြင်းလွင့်ပြယ်သွားသော်လည်း၊ မှုန်ဝါးဝါးအလင်းကို လူသားတို့ စူးစမ်းမိကြသောအခါ၌၊ ငါသည် လူသားတို့အပေါ်သို့ မိုးများဒလဟော ကျဆင်းလာစေပြီး လူသားတို့ အိပ်ပျော်နေစဉ်တွင်၊ သူတို့၏ နားစည်များသည် မိုးသက်မုန်တိုင်းကြောင့် ကွဲပျက်သွားကြသည်။ တုန်လှုပ်ချောက်ချားခြင်း၏ ဖမ်းစားခံရပြီး လူသားတို့သည် ခိုနားရန် အချိန်မရကြတော့ဘဲ၊ ရုတ်တရက် သည်းထန်စွာရွာသော မိုး၏ ဝါးမျိုခြင်း ခံရကြတော့သည်။ တစ်ခဏအတွင်း ကောင်းကင် အောက်တွင်ရှိသော အရာအားလုံးသည် ငါ၏ အမျက်ဒေါသများ အလယ်၌ သန့်စင်အောင် ဆေးကြောခံရကြသည်။ လူတို့သည် မိုးသည်းထန်စွာရွာသော ဘေးဒုက္ခဆိုက်ရောက်ခြင်းနှင့် ပတ်သက်၍ ညည်းညူခြင်း မရှိတော့ဘဲ လူသားတို့အထဲ၌ ရှိသေ လေးမြတ်ခြင်းများ ဖြစ်ပေါ်လာသည်။ ရုတ်တရက် ပြင်းထန်စွာ ရွာသွန်းသော မိုးကြောင့် အလွန်များပြားသော လူအများစုသည် ကောင်းကင်မှ ကျဆင်းလာသော မိုးရေအားဖြင့် ရေနစ် သေဆုံးကြကာ ရေထဲတွင် လူသေအလောင်းများ ဖြစ်သွားကြသည်။ ငါသည် မြေကြီးတစ်ပြင်လုံးကို ကြည့်၍ လူများစွာသည် နိုးထနေခြင်း၊ နောင်တရနေခြင်း၊ လှေငယ်များထဲ၌ ရေအရင်းအမြစ်များကို ရှာဖွေနေခြင်း၊ ငါ၏ခွင့်လွှတ်မှုကို တောင်းခံရန် ငါ့အား ပျပ်ဝပ်နေကြခြင်း၊ အလင်းကို မြင်တွေ့ရခြင်း၊ ငါ၏ မျက်နှာကို မြင်တွေ့ရခြင်း၊ အသက်ရှင်ဖို့ရန် ရဲစွမ်းသတ္တိ ရှိကြခြင်းအပြင် ကမ္ဘာကြီးတစ်ခုလုံး ပြောင်းလဲသည်ကို ငါတွေ့ရ၏။ ဤပြင်းထန်သော မိုးရွာခြင်း၏ နောက်၌ အရာအားလုံးသည် ငါ့စိတ်ထဲ၌ ၎င်းတို့ ဖြစ်ခဲ့သည့်အတိုင်း ပြန်ဖြစ်လာခဲ့ပြီး မနာခံခြင်း မရှိကြတော့ပေ။ များမကြာမီတွင် မြေကြီးတစ်ပြင်လုံးသည် ရယ်မောသံများနှင့် ပြည့်နေပြီး မြေကြီး၏ နေရာအရပ်ရပ်တို့၌ ချီးမွမ်းခြင်း သွင်ပြင်အခြေအနေတစ်ခု ရှိနေပြီး ငါ၏ ဘုန်းတော်မရှိသော နေရာတစ်ခုမျှမရှိပေ။ ငါ၏ဉာဏ်ပညာသည် မြေတစ်ပြင်လုံးနှင့် စကြဝဠာ တစ်ဝှမ်းလုံးတွင် တည်ရှိနေသည်။ အရာအားလုံးအကြားတွင် ငါ၏ဉာဏ်ပညာ အသီးအပွင့်တို့ တည်ရှိနေပြီး လူအားလုံးတို့၏ အကြားတွင် ငါ့ဉာဏ်ပညာ၏ အပြောင်မြောက်ဆုံးသော အရာများ ပေါက်ပွားကြသည်။ အရာခပ်သိမ်းသည် ငါ၏ နိုင်ငံတော်ထဲ၌ ရှိနေသော အရာအားလုံးကဲ့သို့ ဖြစ်ကြပြီး၊ လူအားလုံးသည် ငါ၏စားကျက်၌ရှိသော သိုးများကဲ့သို့ ငါ၏ ကောင်းကင်အောက်၌ ငြိမ်းချမ်းစွာ နေထိုင်ကြသည်။ ငါသည် လူသားအားလုံး အပေါ်၌ ရွေ့လျားပြီး နေရာအားလုံးကို စောင့်ကြည့်နေသည်။ မည်သည့်အရာမှ ဟောင်းနွမ်းသော ပုံမပေါက်၊ မည်သူတစ်ဦးတစ်ယောက်မျှ အရင်လို မဟုတ်ကြတော့ပေ။ ငါသည် ပလ္လင်ထက်၌ အနားယူပြီး စကြဝဠာတစ်ဝှမ်းလုံးကို ကျောခင်းလျက် ရှိပြီး ငါသည် လုံးလုံးလျားလျား စိတ်ကျေနပ်နေသည်၊ အကြောင်းမှာ အရာအားလုံးသည် မိမိတို့၏ သန့်ရှင်းခြင်းကို

ပြန်လည်ရရှိခဲ့ကြကာ ငါသည် ဇိအုန်အထဲတွင် တဖန် ငြိမ်သက်စွာ နေထိုင်နိုင်ပြီး မြေကြီးပေါ်၌ရှိသော လူတို့သည် ငါ၏ လမ်းပြမှုအောက်၌ ငြိမ်းချမ်းစွာ နေထိုင်နိုင်၍ ကျေနပ်ရောင့်ရဲမှုနှင့် အသက်ရှင်နိုင် ကြသောကြောင့်ပင် ဖြစ်သည်။ လူသားအားလုံးသည် ငါ၏လက်ထဲရှိ အရာအားလုံးကို စီမံနေကြသည်၊ လူသားအားလုံးသည် သူတို့၌ အရင်ကရှိခဲ့သော အသိဉာဏ်နှင့် မူလပုံပန်း သဏ္ဌာန်ကို ပြန်လည်ရရှိခဲ့ကြသည်။ သူတို့သည် မြေမှုန့်အားဖြင့် ဖုံးအုပ်ခြင်း မခံရတော့ဘဲ၊ ငါ၏ နိုင်ငံတော်ထဲ၌ သူတို့သည် ကျောက်စိမ်းကဲ့သို့ သန့်ရှင်းကြပေသည်၊ တစ်ယောက်စီတို့၏ မျက်နှာသည် လူသား၏နှလုံးသားထဲ၌ ရှိနေသော သန့်ရှင်းသောသူ၏ မျက်နှာ ရှိကြသည်။ အကြောင်းမှာ ငါ၏ နိုင်ငံတော်သည် လူသားတို့၏အကြား၌ တည်ထောင်ခဲ့ပြီး ဖြစ်သောကြောင့် ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၁၄ ရက်

# အခန်း ၁၇

ငါ၏မိန့်မြွက်ချက်များသည် မိုးချုန်းသံကဲ့သို့ ဦးတည်ရာအားလုံးနှင့် ကမ္ဘာမြေတစ်ခွင်လုံးပေါ် ထွန်းလင်းစေလျက် မြည်ဟီးကာ၊ မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်းအလယ်တွင် လူသားမျိုးနွယ်သည် ဒဏ်ခတ်ခြင်း ခံရ၏။ မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်းအလယ်တွင် မည်သည့်လူသားကမျှ ခိုင်မာစွာ ရပ်တည်နိုင်ခြင်း မရှိဖူးပေ။ လူသားအများစုသည် ငါ့အလင်း၏ ရောက်လာခြင်း၌ ၎င်းတို့၏ အသိစိတ်များ လွတ်သွားသည်အထိ ကြောက်လန့်တကြား ဖြစ်ကြပြီး အဘယ်အရာလုပ်ဆောင်ရမည်ကို မသိကြ။ မှေးမှိန်သော မှုန်ဝါးဝါး အလင်းရောင်သည် အရှေ့အရပ်တွင် စတင်ပေါ်ထွက်လာသောအခါ များစွာသော လူတို့သည် ဤမှိန်သော တောက်ပမှုအားဖြင့် တို့ထိခံရလျက်၊ တစ်ပြိုင်နက် ၎င်းတို့၏ အတွေးမှားများမှ နိုးထသွားကြသည်။ သို့သော်လည်း ငါ၏အလင်းသည် ကမ္ဘာမြေကြီးပေါ်သို့ သက်ဆင်းသည့် နေ့ရက် ရောက်ရှိလာပြီဖြစ်သည်ကို မည်သူမျှ သဘောမပေါက်ဖူးကြချေ။ လူသားအများစုသည် အလင်း၏ ရုတ်ခြည်းပေါ်ထွန်းမှုကြောင့် ကြက်သေသေသွားကြပြီး၊ အချို့သည် သိလိုစိတ်ပြင်းပြသော စိတ်ဝင်စားမှုအကြည့်ဖြင့်၊ အလင်း၏ လှုပ်ရှားမှုများနှင့် ယင်း၏ ချဉ်းကပ်မှု လမ်းကြောင်းကို လေ့လာစောင့်ကြည့်ကြသော်လည်း၊ အချို့တို့သည် အလင်း၏ အရင်းအမြစ်ကို သာ၍ရှင်းလင်းစွာ နားလည်နိုင်ရန်အလို့ငှာ အလင်းကို မျက်နှာမူလျက် အသင့်အနေအထား၌ ရပ်နေကြသည်။ ဤသို့ဖြစ်စေကာမူ၊

ယနေ့၏အလင်းသည် အဘယ်မျှ အဖိုးတန်သည်ကို တစ်ဦးတစ်လေက သိရှိဖူးပါသလော။ တစ်ဦးတစ်လေသည် ယနေ့ အလင်း၏ တစ်မူထူးခြားမှုကို သတိပြုမိဖူးပါသလော။ လူသားအများစုတို့သည် စိတ်ရှုပ်ထွေးရုံမျှသာ ရှိကြသည်။ ၎င်းတို့သည် အလင်းကြောင့် မျက်လုံးများ ထိခိုက်အနာတရဖြစ်ကြပြီး ရွှံ့ထဲသို့ ပစ်ချခြင်းကို ခံရကြသည်။ ဤဝိုးတဝါး အလင်းအောက်တွင်၊ စေ့စေ့စပ်စပ် စစ်ဆေးပါက ကမ္ဘာမြေကြီးကို ကစဉ့်ကလျားဖြစ်ခြင်းက လွှမ်းခြုံပြီး၊ အလွန့်အလွန် ညှိုးငယ်ခြင်းဖြင့် တစ်ဦးတစ်ယောက်ကို ထိုးနှက်သည့် မခံမရပ်နိုင်လောက်အောင် ဆိုးရွားသော မြင်ကွင်းတစ်ခု ဖြစ်သည်ဟု ပြောနိုင်ပေသည်။ ဤအရာမှ လူတစ်ဦး နားလည်ရသည့်အရာမှာ အလင်းက အားအပြင်းဆုံး ဖြစ်သည့်အချိန်တွင် ကမ္ဘာမြေကြီး၏ အခြေအနေသည် လူသားမျိုးနွယ်ကို ငါ၏ရှေ့မှောက်တွင် ရပ်တည်ရန် ခွင့်ပေးနိုင်မှု လျော့နည်းလိမ့်မည်ဟူ၍ ဖြစ်သည်။ လူသားမျိုးနွယ်သည် အလင်း၏ ထွန်းလင်းဝင်းပမှုတွင် တည်ရှိ၏၊ တစ်ဖန် လူသားမျိုးနွယ်အားလုံးသည် အလင်း၏ ကယ်တင်ခြင်း၌ တည်ရှိကြသော်လည်း ထိုအလင်း၏ စိတ်ထိခိုက်စေခြင်းထဲ၌လည်း တည်ရှိလေသည်- အလင်း၏ သေစေလောက်သော ထိုးနှက်မှုများ၏ အလယ်၌ မရှိသောသူ တစ်ဦးတစ်လေရှိသလော။ အလင်း၏ တောက်လောင်မှုမှ လွတ်မြောက်နိုင်သောသူ တစ်ဦးတစ်လေ ရှိသလော။ ကမ္ဘာမြေပေါ် ရှိ လူသားမျိုးနွယ် အားလုံးသည် ဤအကြောင်းကြောင့် ငါ၏ တို့ထိခြင်းကို ခံကြရဖို့အလို့ငှာ၊ ငါသည် ငါ့ဝိညာဉ်တော်၏ မျိုးစေ့များကို ငါ၏လက်များဖြင့် ဖြန့်ကြဲရင်း စကြဝဠာတစ်ခွင်လုံးကို လျှောက်လှမ်းပြီး ဖြစ်သည်။ ကောင်းကင်ဘုံ၏ အမြင့်ဆုံးသော အထွတ်မှ၊ ငါသည် ကမ္ဘာမြေပေါ်က ဖန်ဆင်းခံ သတ္တဝါများ၏ အဆီအငေါ်မတည့်သကဲ့သို့ ဆန်းပြားသော ဖြစ်ရပ်များကို ကြည့်ရှုလျက် ကမ္ဘာမြေတစ်ခွင်လုံးအပေါ် ငုံ့ကြည့်၏။ သမုဒ္ဒရာ၏ မျက်နှာပြင်သည် မြေငလျင်တစ်ခု၏ လှုပ်ခတ်ခြင်းကို ခံစားနေပုံရ၏၊ ပင်လယ်ငှက်များသည် မျိုချရန် ငါးများကို ရှာလျက် ဟိုဟိုသည်သည် ပျံသန်းကြ၏။ ထိုအတောအတွင်းတွင်၊ ပင်လယ်ကြမ်းပြင်သည် မသိခြင်း၌ ရှိနေဆဲဖြစ်ပြီး မျက်နှာပြင် အခြေအနေများသည် အသိတရား ဝင်လာအောင် လုံးဝ လှုံ့ဆော်ပေးနိုင်ခြင်း မရှိပေ၊ အဘယ်ကြောင့်ဆိုသော် သမုဒ္ဒရာ၏ ကြမ်းပြင်သည် တတိယ ကောင်းကင်ဘုံလောက် တည်ငြိမ်အေးချမ်းသောကြောင့် ဖြစ်သည်- ဤတွင် သက်ရှိသတ္တဝါ ကြီးငယ်တို့သည် သဟဇာတ ဖြစ်လျက် အတူယှဉ်တွဲ နေထိုင်ကြပြီး "နှုတ်နှင့်လျှာ ပဋိပက္ခဖြစ်ခြင်းများ" ၌ တစ်ကြိမ်တစ်ခါမျှ ပါဝင်ပတ်သက်ခြင်း မရှိပေ။ အသခ်ျေများလှသည့် ထူးခြားဆန်းကြယ်ပြီး တစ်မျိုးတစ်ဘာသာဖြစ်သော်လည်း နှစ်သက်ဖွယ်ကောင်းသော ဖြစ်စဉ်များအလယ်တွင်၊ ငါ့ကို စိတ်ကျေနပ်စေရန် လူသားမျိုးနွယ်အတွက် အခက်အခဲဆုံး

ဖြစ်သည်။ လူသားကို ငါပေးထားပြီးသော အရိုက်အရာသည် အလွန် မြင့်မားလှပြီး၊ ထိုသို့ဖြင့် သူ၏ရည်မှန်းချက်မှာ အလွန် ကြီးမားလှကာ သူ၏အမြင်တွင် မနာခံခြင်း အတိုင်းအတာတစ်ခု အမြဲ ရှိလေသည်။ လူသားနှင့်ဆိုင်သည့် ငါ၏ဆုံးမပဲ့ပြင်မှု၌၊ သူနှင့်ဆိုင်သည့် ငါ၏တရားစီရင်ခြင်း အတွင်းတွင်၊ အပတ်တကုတ် လုပ်ရသောအရာ များစွာ၊ အကျိုးပြုတတ်သောအရာ များစွာရှိပြီးဖြစ်သော်လည်း၊ ဤအရာများထဲမှ လူသားမျိုးနွယ်သည် စိုးစဉ်းမျှ မသိနားမလည်ကြ။ ငါသည် မည်သည့်လူသားကိုမျှ ကြမ်းတမ်းစွာ လုံးဝမဆက်ဆံဖူးပေ။ လူသားမျိုးနွယ်သည် မနာခံခဲ့ပြီးချိန်တွင် ငါသည် သင့်လျော်သော အဆုံးအမများကိုသာ စီမံပြီးဖြစ်ကာ၊ သူ အားနည်းသောအခါ၌ သင့်လျော်သော အကူအညီကိုသာ ပေးလေပြီ။ သို့သော်လည်း လူသားမျိုးနွယ်သည် ငါ့ကို အဖက်မလုပ်ဘဲ နေကြသည့်အပြင်၊ ငါ့ကို ပုန်ကန်ဖို့ စာတန်၏ လှည့်ဖြားတတ်သော ပရိယာယ်များကို အသုံးပြုကြသောအခါတွင်၊ ၎င်းတို့သည် အခြားသူများကို နိုင်ထက်စီးနင်း ပြုလျက် ကမ္ဘာမြေကြီး၏ မျက်နှာပြင်ပေါ်တွင် ခမ်းနားထည်ဝါစွာ ထောင်ထောင် ထောင်ထောင်နှင့် လျှောက်သွား၍ မရနိုင်တော့စေရန် အလို့ငှာ၊ ငါ၏ရှေ့မှောက်တွင် ၎င်းတို့၏ ကျွမ်းကျင်မှုများကို ခမ်းနားထည်ဝါစွာ နောက်ထပ် ပြသခွင့် မရှိဘဲ နေစေရစ်လျက်၊ ငါသည် လူသားမျိုးနွယ်ကို ချက်ချင်းပင် အမျိုးဖြုတ်မည်ဖြစ်သည်။

ကမ္ဘာမြေကြီးပေါ်တွင် ငါသည် ငါ၏အမှုကို အလုံးစုံ ဖွင့်ဟလျက် ငါ၏သြဇာအာဏာကို စွဲကိုင်သည်။ ငါ့အမှု၌ ရှိသမျှအားလုံးသည် ကမ္ဘာမြေကြီး၏ မျက်နှာပြင်ပေါ် ထင်ဟပ်နေသည်။ ကမ္ဘာမြေကြီးပေါ်၌ လူသားမျိုးနွယ်သည် ကောင်းကင်ဘုံရှိ ငါ၏လှုပ်ရှားမှုများကို မည်သည့်အခါတွင်မျှ သဘောမပေါက်နိုင်ကြသကဲ့သို့၊ ငါ့ဝိညာဉ်တော်၏ နယ်ပယ်များနှင့် လမ်းကြောင်းများကို ပြည့်စုံစေ့စပ်စွာ မတွေးဆနိုင်ကြဖူးပေ။ လူသားများ အများစုသည် ဝိညာဉ်၏ တကယ့် အခြေအနေကို နားမလည်နိုင်ဘဲ၊ ဝိညာဉ်ပြင်ပ၌ တည်ရှိသည့် အသေးအဖွဲ အချက်အလက်များကိုသာ သဘောပေါက်ကြသည်။ လူသားမျိုးနွယ်အား ငါပြုသော တောင်းဆိုမှုများသည် ကောင်းကင်ဘုံ၌ရှိသော မရေရာသည့် ငါကိုယ်တိုင်က ထုတ်ပြန်သည်မဟုတ်၊ သို့မဟုတ် ကမ္ဘာမြေကြီးပေါ်၌ရှိသည့် မမှန်းဆနိုင်သော ငါကိုယ်တိုင်မှလည်း မဟုတ်ပေ။ ကမ္ဘာမြေကြီးပေါ် ရှိ လူသား၏ ဝိညာဉ်ရင့်ကျက်မှုနှင့်အညီ ငါသည် သင့်တင့်လျောက်ပတ်သော တောင်းဆိုမှုများကို ပြုသည်။ ငါသည် မည်သည့်အခါမျှ လုံးဝ အခက်အခဲ မဖြစ်စေဖူးသကဲ့သို့၊ ငါ၏ ပျော်ရွှင်မှုအတွက်နှင့် “မိမိ၏သွေးကို ညှစ်ထုတ်ခြင်း” ငှာ မည်သူကိုမျှ ငါမတောင်းဆိုဖူးပေ- ငါ၏တောင်းဆိုချက်များသည် ထိုသို့သော အခြေအနေများအထိသာ ကန့်သတ်ထားနိုင်မည်လော။ ကမ္ဘာမြေကြီးပေါ် ရှိ

ဖန်ဆင်းခံသတ္တဝါ အသင်္ချေထဲတွင်၊ မည်သည့်အရာသည် ငါ၏နှုတ်၌ရှိသော နှုတ်ကပတ်တော်များ၏ စိတ်သဘောထားများကို မကျိုးနွံမနာခံသနည်း။ ဤဖန်ဆင်းခံသတ္တဝါများထဲမှ မည်သူသည် ငါ့ရှေ့မှောက်သို့ ရောက်လာလျက် ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏လောင်သော မီးတို့ဖြင့် လုံးလုံးပြာချခြင်းကို မခံရသနည်း။ ဤဖန်ဆင်းခံသတ္တဝါများထဲမှ မည်သူသည် ငါ၏ရှေ့မှောက်၌ ပလွှားသော ပီတိအဟုန်နှင့် ဝံ့ဝံ့ကြွားကြွား လျှောက်ဝံ့သနည်း။ ဤဖန်ဆင်းခံသတ္တဝါများထဲမှ မည်သူသည် ငါ့ရှေ့မှောက်တွင် ပျပ်ဝပ်ခြင်း မရှိသနည်း။ ငါသည် ဖန်ဆင်းခြင်းအပေါ် ဆိတ်ဆိတ်နေခြင်းကို ချမှတ်သော ဘုရားသခင်လော။ ဖန်ဆင်းခြင်းထဲက အသင်္ချေလှသောအရာများထဲမှ ငါ၏ရည်ရွယ်ချက်ကို ဖြည့်ဆည်းသော သူများကို ငါရွေးချယ်သည်။ လူသားမျိုးနွယ်၏ အသင်္ချေလှသော လူသားများထဲမှ၊ ငါ၏နှလုံးသားကို ဂရုစိုက်သော သူများကို ငါရွေးချယ်သည်။ ငါသည် ကြယ်များအားလုံးထဲမှ အကောင်းဆုံးကို ရွေးချယ်သည်၊ ထိုသို့ဖြင့် ငါ၏နိုင်ငံတော်သို့ မှေးမှိန်သော ဖျော့တော့တော့ အလင်းကို ထည့်လိုက်သည်။ ငါ၏ရန်ကို နေရာအနှံ့ ပျံ့နှံ့စေရင်း၊ ကမ္ဘာမြေပေါ် ငါ လျှောက်လှမ်းသွားပြီး၊ နေရာတိုင်းတွင် ငါ၏ပုံသဏ္ဌာန်ကို ငါ နောက်ချန်ထားရစ်သည်။ နေရာအသီးသီးသည် ငါ့အသံ၏ မြည်သံဖြင့် ပဲ့တင်ထပ်နေသည်။ လူသားမျိုးနွယ်အားလုံးသည် အတိတ်ကို အောက်မေ့ သတိရနေကြသည့်အတွက်၊ နေရာတကာရှိ လူတို့သည် ယမန်နေ့၏ လှပသောမြင်ကွင်းများအပေါ် မခွဲနိုင်မခွာရက် ဖြစ်ကြလေသည်။

လူသားမျိုးနွယ်အပေါင်းတို့သည် ငါ၏မျက်နှာကို တွေ့မြင်ရန် တောင့်တကြသော်လည်း၊ ငါသည် လူကိုယ်တိုင် ကမ္ဘာမြေကြီးပေါ်သို့ ဆင်းသက်လာသောအခါ၊ ၎င်းတို့အားလုံးသည် ငါ၏ကြွလာခြင်းကို မကြိုက်ကြသကဲ့သို့၊ ငါသည် ကောင်းကင်ဘုံရှိ လူသား၏ရန်သူ ဖြစ်ခဲ့လေသည့်အလား ၎င်းတို့အားလုံးသည် အလင်းရောက်ရှိခြင်းကို မောင်းထုတ်ကြသည်။ လူသားသည် သူ၏မျက်လုံးများထဲ၌ ခုခံကာကွယ်သော အလင်းရောင်ဖြင့် ငါ့ကိုဆီးကြိုကြသည်၊ ပြီးလျှင် ငါသည် သူ့အတွက် အခြားသော အစီအစဉ်များ ရှိမည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊ စဉ်ဆက်မပြတ် သတိရှိမြဲရှိနေကြလေသည်။ လူသားများသည် ငါ့ကို မရင်းနှီးသော မိတ်ဆွေအဖြစ် မှတ်ယူကြသောကြောင့်၊ ငါသည် ၎င်းတို့ကို လက်လွတ်စပယ် သတ်ပစ်ခြင်းငှာ အကြံ သိုထားသည့်အလား ခံစားကြသည်။ လူသား၏ အမြင်တွင်၊ ငါသည် သေစေနိုင်လောက်သော ရန်ဘက်တစ်ဦး ဖြစ်သည်။ ဘေးဒုက္ခအလယ်တွင် ငါ၏နွေးထွေးမှုကို မြည်းစမ်းကြရပြီး ဖြစ်သော်ငြားလည်း၊ မည်သို့ပင်ဆိုစေ လူသားသည် ငါ၏ချစ်ခြင်းမေတ္တာကို သတိမမူဘဲရှိနေပြီး ငါ့ကို တိုက်ခိုက်ခြင်းအားဖြင့် ရှောင်ခြင်းနှင့် အာခံဖီဆန်ခြင်းတို့အပေါ် အထုံဝါသနာပါဆဲ ဖြစ်သည်။

လူသားကို အရေးယူစိမ့်သောငှာ သူ၏ အခြေအနေကို အခွင့်ကောင်းယူရန် ဝေးစွ၊ ငါသည် လူသားကို ပွေ့ဖက်ခြင်း၏ နွေးထွေးမှုထဲ၌ ပွေ့ပိုက်ထားသည်၊ သူ၏နှုတ်ကို ချိုမြိန်ခြင်းဖြင့် ဖြည့်ပေးပြီး၊ သူ၏ဝမ်းဗိုက်ထဲသို့ လိုအပ်သောအစာကို ထားရှိပေး၏။ သို့သော်လည်း ငါ၏ဒေါသနှင့်ပြည့်သော အမျက်သည် တောင်များနှင့် မြစ်များကို လှုပ်ခါသောအခါ၊ လူသား၏ သူရဲဘောကြောင်မှုကြောင့် ငါသည် ဤအမျိုးမျိုးသော စောင်မမှုများကို သူ့အပေါ် အပ်နှင်းတော့မည် မဟုတ်ပေ။ ဤအချိန်တွင်၊ ငါသည် သက်ရှိအရာအားလုံးကို နောင်တရရန် အခွင့်ကို ငြင်းပယ်လျက် အမျက်ဒေါသ တိုးမည်ဖြစ်ပြီး၊ လူသားအတွက် ငါ၏ မျှော်လင့်ချက် အားလုံးကို စွန့်လွှတ်ရင်း၊ သူ လုံးလုံးလျားလျား ထိုက်တန်သော ဒဏ်ခတ်ခြင်းကို ငါစီရင်မည်။ ဤအချိန်တွင်၊ ဒေါသဖြင့် ပြင်းထန်သော သမုဒ္ဒရာလှိုင်းလုံးများကဲ့သို့၊ ထောင်သောင်းမျှသော တောင်များ ပြိုကျသကဲ့သို့၊ မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်းသည် ပြိုးပြက်ကာ မြည်ဟိန်း၏။ သူ၏ ပုန်ကန်ခြင်းအတွက်၊ လူသားသည် မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်းအားဖြင့် ထိုးလှဲခံရပြီး အခြားသော ဖန်ဆင်းခံ သတ္တဝါများသည် မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်း၏ ပေါက်ကွဲမှုများ၌ သုတ်သင်ပယ်ရှင်းခြင်း ခံကြရသည်၊ ပြီးလျှင် စကြဝဠာတစ်ခုလုံးသည် ပရမ်းပတာအဖြစ်သို့ ရုတ်ခြည်းဆင်းသက်သွားပြီး ဖန်ဆင်းခြင်းသည် မူလဘူတ ဇီဝအသက်ကို ပြန်လည်ရယူခြင်းငှာ မတတ်စွမ်းနိုင်။ လူသားမျိုးနွယ် အသင်္ချေ တစ်ပြုံတစ်ခေါင်းသည် မိုးချုန်းသံ၏ မြည်ဟိန်းခြင်းကို မလွတ်မြောက်နိုင်ကြပေ။ လျှပ်ပြက်ခြင်း၏ ပြိုးပြက်မှုများအလယ်၌ လူသားများသည် တောင်များမှ သွယ်ဖြာဆင်းကျလာသည့် ပြင်းထန်သည့် ရေစီးများအားဖြင့် ဖယ်ရှားခံရရန် မြန်ဆန်သော ရေစီးထဲသို့ တစ်အုပ်ပြီးတစ်အုပ် ပြိုလဲကျကုန်သည်။ ရုတ်ခနဲ "လူသားများ"၏ လောကသည် လူသား၏ "ပန်းတိုင်" နှင့်ဆိုင်သော နေရာထဲသို့ အကျုံးဝင်သွားသည်။ အလောင်းကောင်များသည် သမုဒ္ဒရာ၏ မျက်နှာပြင်ပေါ်တွင် ဟိုဟိုသည်သည် မျောနေကြ၏။ လူသားသည် ငါ့ဝိညာဉ်တော်၏ အနှစ်သာရကို ဆန့်ကျင်ပြစ်မှားပြီးဖြစ်ကာ သူ၏ပုန်ကန်မှုသည် ငါ့ကို ပုန်ကန်ပြစ်မှားပြီးဖြစ်သည့်အတွက်၊ လူသားမျိုးနွယ်အပေါင်းတို့သည် ငါ၏အမျက်ဒေါသကြောင့် ငါနှင့်ဝေးရာ သွားကြသည်။ သို့သော် ရေကင်းမဲ့သော အရပ်များတွင်၊ အခြားလူသားတို့သည် ရယ်မောခြင်းနှင့် သီဆိုခြင်းတို့အလယ်၌ ၎င်းတို့ကို ငါပေးသနားပြီးဖြစ်သည့် ကတိတော်များကို ပျော်မွေ့ကြဆဲဖြစ်သည်။

လူအပေါင်းတို့ တိတ်ဆိတ်သွားချိန်တွင်၊ ငါသည် ၎င်းတို့၏ မျက်စိများရှေ့တွင် ဖျော့တော့တော့ အလင်းတစ်ခုကို ထုတ်လွှတ်သည်။ ထို့နောက် ချက်ချင်း၊ လူသားများသည် စိတ်ရှင်းလာကြပြီး မျက်လုံး တောက်လာကြကာ ဆိတ်ဆိတ်နေမြဲနေဖို့ လိုလားခြင်း မရှိကြတော့ချေ။ ထို့ကြောင့်

ဝိညာဉ်ရေးရာ ခံစားချက်သည် ၎င်းတို့၏ နှလုံးသားများထဲ၌ ရုတ်တရက် နှိုးဆွသွားသည်။ ဤအရာ ဖြစ်ပျက်သည်နှင့်အမျှ၊ လူသားမျိုးနွယ်အပေါင်းတို့သည် ရှင်ပြန်ထမြောက်ကြလေသည်။ ၎င်းတို့၏ ပြောမထားသည့် နာကြည်းချက်များကို ဘေးဖယ်ထားလျက်၊ လူသားအားလုံးသည် ငါကြွေးကြော်သော နှုတ်ကပတ်တော်များမှတစ်ဆင့် နောက်ထပ် ရှင်သန်ခြင်းအခွင့် ရရှိခဲ့ကြလျက်၊ ငါ့ရှေ့မှောက်သို့ လာကြသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူသားအားလုံးသည် ကမ္ဘာမြေကြီး၏ မျက်နှာပြင်ပေါ်တွင် နေထိုင်ရန် ဆန္ဒရှိကြသောကြောင့် ဖြစ်သည်။ သို့သော် ၎င်းတို့ထဲမှ မည်သူသည် ငါ့အတွက် အသက်ရှင်ခြင်းငှာ ရည်ရွယ်ချက် ရှိကြဖူးသနည်း။ ငါ၏ ပျော်မွေ့ခြင်းအတွက် သူပေးသည့် သူကိုယ်တိုင်ထဲက ခမ်းနားသော အရာများကို ၎င်းတို့ထဲမှ မည်သူက ဖော်ထုတ်ဖူးသနည်း။ ၎င်းတို့ထဲမှ မည်သူက ငါ၏ စွဲမက်ဖွယ် သင်းရနံ့ကို သတိပြုမိဖူးသနည်း။ လူသားများအားလုံးသည် ရိုင်းပျပြီး ယဉ်ကျေးဖွယ်ရာမရှိသော အရာများ ဖြစ်သည်။ အပြင်ပန်းတွင် ၎င်းတို့သည် အမြင်များကို ဖမ်းစားပုံရသော်လည်း၊ လူ့စိတ်နှလုံး၏ နက်ရှိုင်းသော နေရာများတွင် ငါနှင့်သက်ဆိုင်သည့် မည်သည့် အရိပ်လက္ခဏာမျှ လုံးဝ မရှိဖူးသောကြောင့်၊ ၎င်းတို့၏ အနှစ်သာရသည် ငါ့ကို စစ်မှန်ရိုးသားစွာ ချစ်ဖို့ မဟုတ်ပေ၊ လူသားသည် အလွန် ချို့တဲ့နေသည်- သူ့ကို ငါနှင့် နှိုင်းယှဉ်ခြင်းသည် ကောင်းကင်နှင့် ကမ္ဘာမြေကြီးကြားလောက် ကြီးမားသည့် ကွာဟချက်ကို ထုတ်ဖော်ပြပုံရပေသည်။ ထိုသို့ဖြစ်လျက်ပင်၊ ငါသည် လူသား၏ အားနည်းပြီး ခုခံနိုင်စွမ်းမရှိသော နေရာများကို မတိုက်ခိုက်သကဲ့သို့၊ သူ၏ ချို့တဲ့ခြင်းများကြောင့် သူ့ကို ပြက်ရယ်လည်း မပြုပေ။ ငါ၏ လက်များသည် ကမ္ဘာမြေကြီးပေါ်၌ နှစ်များထောင်ချီ အမှုပြုပြီးဖြစ်ကာ ထိုအချိန် အတောအတွင်းတွင် ငါ၏မျက်လုံးများသည် လူသားမျိုးနွယ်အားလုံးအပေါ် စောင့်ကြည့်မြဲ စောင့်ကြည့်ပြီးဖြစ်သည်။ သို့သော် ငါသည် ကစားစရာ တစ်ခုအလား ကစားရန် လူသားတစ်ဦးတစ်ယောက်၏ အသက်ကို မည်သည့်အခါကမျှ သာမန်ကာလျှံကာ မရုပ်သိမ်းဖူးပေ။ ငါသည် လူသားခံယူပြီး ဖြစ်သည့် နာကျင်မှုများကို လေ့လာစောင့်ကြည့်ပြီး သူပေးဆပ်ပြီးဖြစ်သော အဖိုးအခကို နားလည်သည်။ သူသည် ငါ့ရှေ့၌ ရပ်သည်နှင့်အမျှ၊ ငါသည် လူသားကို ပြစ်တင်ဆုံးမရန်အလို့ငှာ သူ့ကို အံ့အားသင့်စေရန် ဆန္ဒမရှိသကဲ့သို့၊ သူ့အပေါ် မနှစ်မြို့ဖွယ်သော အရာများကို အပ်နှင်းရန်လည်း ဆန္ဒမရှိပေ။ ထိုအစား၊ ငါသည် ဤတစ်ချိန်လုံးတွင် လူသားကို ထောက်ပံ့ရုံ ထောက်ပံ့ပေးပြီးဖြစ်ကာ သူ့ကို ပေးထားပြီးဖြစ်သည်။ ထို့ကြောင့် လူသား မွေ့လျော်ခံစားသော အရာအားလုံးသည် ငါ၏ကျေးဇူးတော် ဖြစ်သည်၊ ယင်းသည် ငါ၏ လက်မှလာသည့် ကြွယ်ဝခြင်းသာ ဖြစ်သည်။

ငါသည် ကမ္ဘာမြေကြီးပေါ်၌ ရှိသောကြောင့်၊ လူသားသည် ဆာလောင်မွတ်သိပ်ခြင်း၏ ညှဉ်းပန်းမှု ဒဏ်များကို မည်သည့်အခါမျှ မခံစားဖူးချေ။ ယင်းထက် ငါသည် လူသားအား သူ မွေ့လျော်ဖို့ ငါ၏လက်များထဲမှ အမှုအရာများကို လက်ခံခွင့်ပြုပြီး လူသားမျိုးနွယ်ကို ငါ၏ကောင်းချီးမင်္ဂလာများအတွင်း၌ နေထိုင်ရန် ခွင့်ပြုပေးသည်။ လူသားမျိုးနွယ်အပေါင်းတို့သည် ငါ၏ပြစ်တင်ဆုံးမမှု အောက်၌ အသက်ရှင်ကြသည် မဟုတ်လော။ တောင်များ၏ နက်ရှိုင်းရာများ၌ အလျှံပယ်ရှိပြီး ရေထုထဲတွင် မွေ့လျော်စရာ အမှုအရာများ တစ်ပုံတစ်ခေါင်းရှိသကဲ့သို့ပင်၊ ယနေ့ ငါ၏နှုတ်ကပတ်တော်များ အတွင်း၌ အသက်ရှင်နေကြသည့် လူတို့သည် အရသာခံစားနိုင်ပြီး မြည်းစမ်းဖို့ အစားအစာ သာ၍ပင် ရှိကြသည် မဟုတ်လော။ ငါသည် ကမ္ဘာမြေပေါ်တွင် ရှိပြီး လူသားမျိုးနွယ်သည် ငါ၏ ကောင်းချီးမင်္ဂလာများကို ကမ္ဘာမြေပေါ်၌ ခံစားကြရသည်။ ငါ၏ အမှု ပြီးစီးသည့် အချိန်လည်း ဖြစ်သည့် ကမ္ဘာမြေကြီးကို ငါနောက်ချန် ထားရစ်ချိန်တွင်၊ လူသားမျိုးနွယ်သည် ၎င်းတို့၏ အားနည်းခြင်းကြောင့်၊ ငါ၏အလိုလိုက်ခံရခြင်းကို ရရှိကြတော့မည် မဟုတ်ပေ။

၁၉၉၂ ခုနှစ်၊ မတ်လ ၁၆ ရက်

# အခန်း ၁၈

လျှပ်ပြက်ခြင်း၏ ပြိုးပြိုးပြက်ပြက် အလင်းရောင်၌ တိရစ္ဆာန်တိုင်းသည် ၎င်းတို့၏စစ်မှန်သောအသွင်အတိုင်း ဖော်ထုတ်ခြင်းခံရ၏။ ထိုနည်းတူပင် ငါ့အလင်း၏ အလင်းပေးခြင်းကိုခံရသော လူသားသည်လည်း တစ်ချိန်တစ်ခါက သူပိုင်ဆိုင်ခဲ့ဖူးသော မွန်မြတ်သန့်စင်မှုကို ပြန်လည်ရရှိခဲ့ပြီးဖြစ်၏။ အို၊ ဖောက်ပြန်ပျက်စီးသော လောကဟောင်း။ အဆုံး၌ ၎င်းသည် ညစ်ညူးသော ရေအတွင်းသို့ ဇောက်ထိုးကျ၍ မျက်နှာပြင်အောက်သို့ နစ်မြုပ်သွားကာ ရွံ့အတွင်း ပျော်ဝင်သွားခဲ့လေပြီ။ အို၊ ငါ၏ဖန်ဆင်းရာ၊ လူသားမျိုးနွယ်ပေါင်းတို့။ အဆုံးတွင် ၎င်းတို့သည် အလင်း၌ နောက်တစ်ဖန် အသက်ပြန်ရှင်လာ၍ အသက်ရှင်သန်ရေးအတွက် အခြေခံအုတ်မြစ်ကို ရှာတွေ့ကာ ရွံ့ထဲ၌ ရုန်းကန်နေရခြင်း မရှိကြတော့ပေ။ အို၊ ငါ၏လက်အတွင်း ငါကိုင်ထားသော မြောက်မြားလှသည့် ဖန်ဆင်းခြင်းအရာတို့။ ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များအားဖြင့် အသစ်ပြုပြင်ခြင်းကို မခံရဘဲ မည်သို့နေနိုင်မည်နည်း။ အလင်းထဲ၌ ၎င်းတို့၏ လုပ်ငန်းများကို အကောင်အထည်မဖော်ဘဲ မည်သို့နေနိုင်မည်နည်း။ မြေကြီးသည် သုသာန်တစပြင်ပမာ

ငြိမ်သက်လျက် တိတ်ဆိတ်နေခြင်း မရှိတော့ပေ၊ ကောင်းကင်သည် တိတ်ဆိတ်ခြောက်ကပ်လျက် ဝမ်းနည်းနေခြင်း မရှိတော့ပေ။ ကောင်းကင်နှင့် မြေကြီးသည် ဟင်းလင်းပြင်ဖြင့် ခွဲခြားခံထားရခြင်းမရှိတော့ဘဲ တစ်ခုတည်းအဖြစ် ပေါင်းစည်းထားကာ မည်သည့်အခါမျှ တစ်ဖန်အခွဲခံရတော့မည် မဟုတ်ပေ။ ဝမ်းမြောက်ဖွယ်ရာ ဤအခါသမယ၊ ပီတိဖြစ်ဖွယ်ရာ ဤအခါသမယတွင် ငါ၏ဖြောင့်မတ်ခြင်းနှင့် ငါ၏သန့်ရှင်းခြင်းသည် စကြဝဠာတစ်ခွင်လုံး ပြန့်သွားခဲ့ပြီ၊ ထို့ပြင် လူသားမျိုးနွယ် တစ်ရပ်လုံးသည် ၎င်းတို့ကို မရပ်မနား ထောမနာပြုကြ၏။ ကောင်းကင်မြို့များသည် ဝမ်းမြောက်မှုဖြင့် ရယ်မောနေကြကာ မြေကြီး၏ နိုင်ငံတော်သည် ဝမ်းမြောက်မှုဖြင့် ကလျက်နေ၏။ ဤအချိန်တွင် မဝမ်းမြောက်နေသောသူ မည်သူရှိသနည်း၊ ထို့အပြင် ဤအချိန်၌ မငိုကြွေးနေသောသူ မည်သူရှိသနည်း။ ကမ္ဘာဦးအနေအထားတွင် ရှိနေသည့် မြေကြီးသည် ကောင်းကင်နှင့် သက်ဆိုင်ကာ ကောင်းကင်သည် မြေကြီးနှင့် ပေါင်းစည်းထား၏။ လူသားသည် ကောင်းကင်နှင့် မြေကြီးကို ပေါင်းစည်းထားသော ကြိုးဖြစ်၍ လူသား၏ မွန်မြတ်သန့်စင်မှုကြောင့်၊ လူသား၏ အသစ်ပြုပြင်မှုကြောင့် ကောင်းကင်သည် မြေကြီးမှ ကွယ်ဝှက်နေခြင်း မရှိတော့သကဲ့သို့ မြေကြီးသည်လည်း ကောင်းကင်အပေါ် နှုတ်ဆိတ်နေခြင်း မရှိတော့ပေ။ လူသားမျိုးနွယ်၏ မျက်နှာများသည် အားရကျေနပ်ခြင်း အပြုံးများဖြင့် ဖုံးလွှမ်းနေပြီး ၎င်းတို့၏ နှလုံးသားထဲတွင် အကန့်အသတ်မရှိသော ချိုမြိန်မှုတစ်ရပ်ကို ဝှက်ထား၏။ လူသားအချင်းချင်း ခိုက်ရန်မဖြစ်ကြသကဲ့သို့ ထ၍လည်း မသတ်ကြပေ။ ငါ၏အလင်းထဲတွင် အခြားသူများနှင့် ငြိမ်းချမ်းစွာ မနေသူများ ရှိသလော။ ငါ၏နေ့ရက်၌ ငါ၏နာမကို အရှက်ရစေသူများ ရှိသလော။ လူသားအားလုံးသည် ရိုသေလေးမြတ်သော အကြည့်ဖြင့် ငါ့ကို ဇေးစိုက်ကြည့်ကြပြီး ၎င်းတို့၏နှလုံးသားများထဲ၌ ငါ့ကို လျှို့ဝှက်စွာ အော်ခေါ်ကြ၏။ ငါသည် လူသားမျိုးနွယ်၏ လုပ်ဆောင်ချက်တိုင်းကို ရှာဖွေခဲ့ပြီးဖြစ်၏- သန့်စင်ခြင်းခံရပြီးသော လူသားတို့အကြားတွင် ငါ့ကို မနာခံသူ တစ်ဦးမျှ မရှိ၊ ငါ့အပေါ် တရားစီရင်ချက် ချမှတ်သူ တစ်ဦးမျှ မရှိပေ။ လူသားမျိုးနွယ်အားလုံးသည် ငါ၏စိတ်သဘောထားဖြင့် ပြည့်ဝနေ၏။ လူတိုင်းသည် ငါ့ကို သိကျွမ်းလာနေကြ၍ ငါ့ထံသို့ သာ၍တိုးဝင်ချဉ်းကပ်လာကြကာ ငါ့အား ချစ်ခင်စုံမက်နေကြ၏။ ငါသည် လူသား၏ဝိညာဉ်၌ ခိုင်မြဲစွာ ရပ်တည်နေပြီး လူသား၏မျက်လုံးများထဲတွင် အမြင့်ဆုံးသော အထွတ်အထိပ်သို့ ချီးမြှောက်ခြင်း ခံရကာ လူသား၏သွေးကြောများထဲရှိ သွေးထဲတွင် စီးဆင်းနေ၏။ လူသား၏နှလုံးသားထဲရှိ ဝမ်းမြောက်ခြင်းပီတိသည် မြေမျက်နှာပြင်ရှိ နေရာတိုင်းတွင် ပြည့်နှက်နေ၏။ လေသည် အေးမြလတ်ဆတ်လျက်ရှိ၏။ သိပ်သည်းသော မြူတို့သည် မြေပြင်ကို ဖုံးလွှမ်းနေခြင်း မရှိတော့ဘဲ နေသည်

တောက်ပခံ့ညားစွာ ထွန်းလင်းနေ၏။

ငါသည် ခပ်သိမ်းသောအရာတို့၏ ရှင်ဘုရင်ဖြစ်၍ ခပ်သိမ်းသော အရာတို့ကို ငါအုပ်စိုးသည့် နေရာဖြစ်သော ငါ၏နိုင်ငံတော်အပေါ်သို့ ယခု ကြည့်လော့။ ဖန်ဆင်းခြင်း၏ အစအဦးမှ လက်ရှိနေ့အထိ ငါ့သားတို့သည် ငါ၏လမ်းပြခြင်းအားဖြင့် ဘဝ၏အခက်အခဲများစွာ၊ လောက၏မတရားမှုများစွာ၊ လူ့လောက၏ လောကဓံတရားများစွာတို့နှင့် ကြုံခဲ့ရသော်လည်း ၎င်းတို့သည် ယခု ငါ၏အလင်းထဲ၌ နေထိုင်ကြ၏။ ယမန်နေ့က မတရားမှုများကြောင့် မငိုကြွေးသောသူ မည်သူရှိသနည်း။ ယနေ့သို့ရောက်ရန်အလို့ငှာ တောင့်ခံခဲ့ရသော အခက်အခဲများကြောင့် မျက်ရည်မကျသူ မည်သူရှိသနည်း။ ထို့အပြင် ငါ့အား ၎င်းတို့ကိုယ်ကို ဆက်ကပ်ရန် ဤအခါသမယကို အသုံးမပြုသူ မည်သူရှိသနည်း။
၎င်းတို့၏နှလုံးသားများအတွင်း လှိုင်းတံပိုးထနေသော စိတ်ထက်သန်ပြင်းပြမှုကို ဖော်ပြရန် ဤအခွင့်အရေးကို အသုံးမချသူ မည်သူရှိသနည်း။ ယခုအချိန်၌ ၎င်းတို့ကြုံတွေ့ခဲ့ရသည်ကို ထုတ်ဖော်မပြောသူ မည်သူရှိသနည်း။ ယခုအချိန်၌ လူသားအားလုံးသည် ၎င်းတို့၏ အကောင်းဆုံးအစိတ်အပိုင်းကို ငါ့အား ဆက်ကပ်လျက်ရှိ၏။ ယမန်နေ့က မိုက်မဲမှုများကြောင့် နောင်တဖြင့် အလွန်စိတ်ဆင်းရဲနေရသူ ဘယ်နှစ်ဦးရှိသနည်း။ ယမန်နေ့က လိုက်စားမှုများအတွက် မိမိကိုယ်ကို စက်ဆုပ်ရွံရှာနေသူ ဘယ်နှစ်ဦးရှိသနည်း။ လူသားအားလုံးသည် ၎င်းတို့ကိုယ်ကို သိကျွမ်းလာခဲ့ကြပြီဖြစ်သည်။ ၎င်းတို့အားလုံးသည် စာတန်၏ လုပ်ဆောင်ချက်များနှင့် ငါ၏အံ့သြဖွယ်ကောင်းခြင်းတို့ကို တွေ့ခဲ့ကြပြီးဖြစ်ကာ ၎င်းတို့၏နှလုံးသားများအတွင်း၌ ငါ့အတွက် နေရာတစ်နေရာ ယခုရှိနေပြီဖြစ်သည်။ လူသားတို့အကြား၌ ငါသည် မနှစ်မြို့ခြင်းကိုသော်လည်းကောင်း၊ ငြင်းပယ်ခြင်းကိုသော်လည်းကောင်း ကြုံရတော့မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ငါ၏ကြီးမြတ်သောအမှုသည် အထမြောက်ခဲ့ပြီးဖြစ်၍ နှောင့်ယှက်ခြင်းကို မခံရတော့သောကြောင့်ဖြစ်သည်။ ယနေ့ ငါ့နိုင်ငံတော်၏သားများအကြားတွင် မိမိတို့ကိုယ်တိုင်၏ အရေးကိစ္စများအတွက် မစဉ်းစားရသေးသူ ရှိသလော။ ငါ၏အမှုလုပ်ဆောင်သည့် နည်းလမ်းများကြောင့် စဉ်းစားသုံးသပ်ခြင်း သာ၍မရှိသူ တစ်စုံတစ်ဦး ရှိသလော။ ငါ့အတွက် ၎င်းတို့ကိုယ်ကို ရိုးသားစွာ ဆက်ကပ်ခဲ့ပြီးသူ တစ်စုံတစ်ဦး ရှိသလော။ သင်တို့၏နှလုံးသားများအတွင်းရှိ မသန့်စင်သည့်အရာများက လျော့နည်းသွားသလော။ သို့မဟုတ် တိုးလာသလော။ သင်တို့၏နှလုံးသားများအထဲရှိ မသန့်စင်သော အရာများသည် လျော့နည်းသွားခြင်းလည်းမရှိ၊ တိုးလာခြင်းလည်းမရှိပါက ထိုကဲ့သို့သောသူများကို ငါသည် ဧကန်မုချပင် လွှင့်ပစ်မည်။ ငါလိုချင်သည်မှာ

ငါ့ကိုဆန့်ကျင်သော မသန့်ရှင်းသည့် နတ်ဆိုးများမဟုတ်၊ ငါ၏စိတ်နှလုံးနှင့် ညီညွတ်သည့် သန့်ရှင်းသောလူများဖြစ်၏။ လူသားမျိုးနွယ်အပေါ် ငါ၏တောင်းဆိုမှုများသည် မမြင့်မားသော်လည်း လူနှလုံးသားများ၏ အတွင်းလောကသည် လွန်စွာရှုပ်ထွေးလွန်းသဖြင့် လူသားမျိုးနွယ်သည် ငါ၏အလိုဆန္ဒနှင့် ကိုက်ညီအောင် မဆိုင်းမတွ လုပ်နိုင်ခြင်း၊ သို့မဟုတ် ငါ၏အလိုဆန္ဒများကို ချက်ချင်း ဖြည့်ဆည်းနိုင်ခြင်း မရှိပေ။ လူသားအများစုသည် နောက်ဆုံးအောင်ပန်းသရဖူကို ရယူနိုင်ရန် မျှော်လင့်ချက်များဖြင့် တိတ်တဆိတ် ကြိုးပမ်းအားထုတ်နေကြ၏။ လူအများစုသည် စာတန်၏ ဒုတိယအကြိမ် ဖမ်းဆီးခံရမည်ကို အလွန်အမင်း ကြောက်ရွံ့ကြသဖြင့် တဒင်္ဂမျှပင် ခိုကတ်ရန် မဝံ့ရဲကြဘဲ ၎င်းတို့၏အားမာန်ရှိသမျှဖြင့် ကြိုးစားနေကြ၏။ ၎င်းတို့သည် ငါ့အပေါ် မကျေနပ်ချက်များ မသိုထားဝံ့ကြတော့ဘဲ ငါ့၏ရှေ့မှောက်တွင် ၎င်းတို့၏ သစ္စာစောင့်သိမှုကို တသမတ်တည်း ပြသကြ၏။ များစွာသောလူတို့က ပြောဆိုသော လှိုက်လှဲနွေးထွေးသည့် စကားများ၊ များစွာသောလူတို့ ပြောပြသည့် ဒုက္ခခံရမှုအကြားရှိ နာကျင်ဖွယ်ရာ အတွေ့အကြုံများအကြောင်း အဖြစ်အပျက်များကို ငါကြားခဲ့ဖူးပြီ။ အဆိုးရွားဆုံး အခြေအနေများတွင် လူများစွာတို့သည် ငါ့အပေါ် ၎င်းတို့၏သစ္စာစောင့်သိမှုအား မပျက်မကွက် ဆက်ကပ်ကြသည်ကို ငါတွေ့ခဲ့ဖူးပြီ၊ ထို့အပြင် လူများစွာတို့သည် ခက်ခဲကြမ်းတမ်းသော လမ်းကြောင်းတွင် လျှောက်လှမ်းရင်း ထွက်မြောက်ရာလမ်းအား ရှာနေကြသည်ကိုလည်း ငါကြည့်ခဲ့ဖူးပြီ။ ထိုအခြေအနေများတွင် ထိုသူတို့သည် မည်သည့်အခါမျှ ညည်းညူခဲ့ခြင်းမရှိပေ။ အလင်းကို ရှာမတွေ့နိုင်၍ အနည်းငယ်စိတ်ဓာတ်ကျလာသည့်အခါတွင်ပင် ၎င်းတို့သည် တစ်ကြိမ်တစ်ခါမျှ ညည်းညူခဲ့ခြင်း မရှိပေ။ သို့သော်လည်း များစွာသောလူတို့သည် ကောင်းကင်အား ဆဲရေးတိုင်းထွာ၍ မြေကြီးအား ယိုးစွပ်ကာ၊ ၎င်းတို့နှလုံးသား၏ နက်ရှိုင်းသော နေရာများမှ ကျိန်ဆဲမှုများအား ဖွင့်ချပြသည်ကိုလည်း ငါကြားခဲ့ဖူးပြီ။ ထို့အပြင် များစွာသောလူတို့သည် ၎င်းတို့၏စိတ်သောကအကြား ၎င်းတို့ကိုယ်ကို အညစ်အကြေးနှင့် ဖုံးလွှမ်းစေရန် အမှိုက်သရိုက်ကဲ့သို့ အမှိုက်ပုံးအတွင်း ပစ်လိုက်ကာ စိတ်လွတ်ကိုယ်လွတ် စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်ကိုလည်း ငါတွေ့ခဲ့ဖူးပြီ။ ဂုဏ်အဆင့်အတန်း ပြောင်းသွားသည့်အတွက် မျက်နှာထားများလည်း ပြောင်းသွားရာမှ မိတ်ဆွေများသည် မိတ်ဆွေမဟုတ်တော့ဘဲ ရန်သူများဖြစ်သွားကြရန်အလို့ငှာ အချင်းချင်း နှုတ်လျှာများဖြင့် တိုက်ခိုက်ကြလျက် လူသားအချင်းချင်းအကြား မိမိတို့၏ဆက်ဆံရေးများကို ပျက်ယွင်းစေကြကာ များစွာသောလူတို့သည် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားကြသည်ကိုလည်း ငါကြားခဲ့ဖူးပြီ။

လူသားတို့၏ လောကနေရာအနှံ့တွင် ငြိမ်သက်အေးချမ်းမှုကို အစိတ်စိတ်အမြွာမြွာ ကွဲစေသည့် ပွက်လောညံသော ဆူညံမှုဖြင့် ပြည့်နေသည်အထိ လူအများစုသည် ငါ၏နှုတ်ကပတ်တော်တို့ကို စက်သေနတ်မှ ကျည်ဆန်များကဲ့သို့ သတိမမူမိသောသူများအပေါ် ပစ်ခတ်လျက် အသုံးပြုကြ၏။ ကံကောင်းထောက်မသဖြင့် ဤနေ့ရက်သည် ယခုရောက်လာလေပြီ။ သို့မဟုတ်ပါက ဤစက်သေနတ်၏ မရပ်မနား တရစပ်ပစ်ခတ်ခြင်းကြောင့် လူမည်မျှသေဆုံးလိမ့်မည်ကို မည်သူမျှ မသိနိုင်ပေ။

ငါ၏နှုတ်ကပတ်တော်တို့ကို ထုတ်ပြန်ပြီးနောက်တွင် ငါ၏နိုင်ငံတော်သည် လူသားမျိုးနွယ်အားလုံး၏ အခြေအနေများကို အမီလိုက်ကာ မြေကြီးပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ဆင်းသက်လာ၏။ လူသားသည် စိုးရိမ်ဖွယ်ရာအတွေးများကို သိုထားခြင်း၊ သို့မဟုတ် အခြားသူများကို "အာရုံစိုက်ခြင်း"၊ သို့မဟုတ် အခြားသူများကိုယ်စား "စဉ်းစားခြင်း" တို့ မပြုတော့ပေ။ ထို့ကြောင့် မြေကြီးပေါ်၌ အငြင်းပွားဖွယ်ရာ ငြင်းခုံမှုများ မဖြစ်တော့သည့်အပြင် ငါ၏နှုတ်ကပတ်တော်တို့ကို ထုတ်ပြန်ပြီးနောက် ခေတ်သစ်၏ အမျိုးမျိုးသော "လက်နက်များ" သည်လည်း ရုပ်သိမ်းခြင်း ခံရ၏။ လူသားသည် လူသားနှင့် ငြိမ်းချမ်းရေး တစ်ဖန်ပြန်ရ၏၊ လူသား၏နှလုံးသားသည် သဟဇာတဖြစ်မှု စိတ်ဓာတ်ကို တစ်ဖန်ပြန်၍ ထွန်းဖြာ၏၊ ထို့ပြင် မည်သူမျှ တိတ်တခိုး တိုက်ခိုက်မှုကို ကာကွယ်မနေတော့ပေ။ လူသားမျိုးနွယ်အားလုံးသည် ပုံမှန်အနေအထားသို့ ပြန်ရောက်ကာ အသစ်သော အသက်တာတစ်ရပ်ကို စတင်ခဲ့ပြီဖြစ်သည်။ ပတ်ဝန်းကျင်အသစ်များတွင် နေထိုင်ရင်း၊ လောကအသစ်စက်စက်အတွင်း ဝင်ရောက်ခဲ့သည့်အလား ခံစားကြလျက်၊ လူတော်တော်များများသည် ၎င်းတို့အနီးအနားကို ကြည့်ကြ၏။ ထို့အပြင် ဤအတွက်ကြောင့် ၎င်းတို့သည် ၎င်းတို့၏လက်ရှိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိရန် ချက်ချင်းမပြောင်းလဲကြနိုင်ပေ၊ သို့မဟုတ် လမ်းကြောင်းမှန်ပေါ်သို့ ချက်ချင်းမရောက်နိုင်ကြပေ။ ထို့ကြောင့် လူသားမျိုးနွယ်၏အမြင်တွင်မူ ဤသည်မှာ "စိတ်ဝိညာဉ်ကား စေတနာရှိငြားသော်လည်း၊ ကိုယ်မူကား အားနည်းသည်" ဟူသော ကိစ္စတစ်ရပ်ဖြစ်၏။ ငါသည် လူသားကဲ့သို့ ဘေးဒုက္ခ၏ခါးသီးမှုကို ကိုယ်တိုင်မြည်းစမ်းခဲ့ဖူးခြင်း မရှိသော်လည်း လူသား၏ အားနည်းချက်များအကြောင်း အလုံးစုံသိ၏။ ငါသည် လူသား၏လိုအပ်ချက်များကို အတွင်းကျကျသိကာ သူ၏အားနည်းချက်များအပေါ် ငါ၏နားလည်မှုသည် စုံလင်၏။ ဤအကြောင်းရင်းကြောင့် ငါသည် လူသား၏ ချို့ယွင်းချက်များအပေါ် လှောင်ပြောင်ခြင်း မပြုပေ။ လူသားမျိုးနွယ်သည် လှည့်လည်သွားလာနေသော မိဘမဲ့များ ဖြစ်မနေကြတော့ဘဲ ထိုအစား နေစရာအိမ်ရှိသည့်

ကလေးငယ်များဖြစ်လာကြစေရန်၊ လူတိုင်း လမ်းကြောင်းမှန်ပေါ်သို့ ရောက်စေရေးအတွက် ပိုမိုကောင်းမွန်စွာ ထောက်ကူပေးရန် လူသား၏ မဖြောင့်မတ်ခြင်းအပေါ် မူတည်၍ သင့်တော်သည့် "ပညာ" ပမာဏကို ပေးခြင်းသာ ငါပြု၏။ မည်သို့ပင်ဖြစ်စေကာမူ ငါ၏လုပ်ဆောင်ချက်များကို အခြေခံသဘောတရားများက ထိန်းချုပ်ထား၏။ ငါ၌ရှိသော သုခချမ်းသာကို ခံစားရန် လူသားတို့အနေဖြင့် လိုလိုလားလား မရှိပါက ငါသည် ၎င်းတို့၏အလိုဆန္ဒများကို လိုက်လျောလျက် ၎င်းတို့အား အနက်ဆုံးတွင်းထဲသို့ ပို့ရုံသာရှိ၏။ ယခုအချိန်တွင် မည်သူမျှ မိမိတို့၏နှလုံးသားထဲ၌ မကျေနပ်ချက်များကို မသိုထားသင့်တော့ဘဲ အားလုံးသည် ငါပြုလုပ်ထားသော အစီအစဉ်များတွင် ငါ၏ဖြောင့်မတ်ခြင်းကို တွေ့မြင်နိုင်ကြသင့်သည်။ ငါသည် လူသားမျိုးနွယ်ကို ငါ့အား အတင်းအကျပ် မချစ်ခိုင်းသကဲ့သို့ ငါ့ကိုချစ်သည့်အတွက် လူတစ်စုံတစ်ဦးကို ရိုက်နှက်ခြင်းလည်း ငါမပြုပေ။ ငါ၌ လုံးဝလွတ်လပ်ခြင်း၊ လုံးဝလွတ်ငြိမ်းခြင်း ရှိ၏။ လူသား၏ကံကြမ္မာသည် ငါ၏လက်ထဲ၌ တည်နေသော်လည်း ငါသည် လူသားအား ငါ၏ထိန်းချုပ်မှုကို မခံရသည့် လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ကို ပေးထားခဲ့ပြီးဖြစ်၏။ ဤနည်းအားဖြင့် လူသားတို့သည် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကြောင့် "ဒုက္ခ" ရောက်သွားစေမည့် နည်းလမ်းများကို ကြံစည်ဖန်တီးကြခြင်း မပြုဘဲ၊ ထိုအစား ငါ၏သဘောထားကြီးမှုအပေါ် အားထားလျက် "လွတ်ငြိမ်းမှု" ကို ရကြလိမ့်မည်။ ထို့ကြောင့် များစွာသောလူတို့သည် ငါနှင့်ချုပ်ကိုင်ခံနေရမည့်အစား ၎င်းတို့၏လွတ်မြောက်ခြင်းအတွင်း၌ ၎င်းတို့ကိုယ်တိုင်၏ ထွက်မြောက်ရာလမ်းကို ရှာကြ၏။

ငါသည် လူသားတို့ကို မဖြေရှင်းနိုင်သော ပြဿနာများဖြင့် မည်သည့်အခါမျှ ဝန်မပိစေဘဲ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အခက်အခဲသို့ မည်သည့်အခါကမျှ မကျရောက်စေဘဲ ရက်ရောသောလက်ဖြင့် အစဉ်ဆက်ဆံခဲ့၏။ ဤသို့ပင်ဖြစ်သည် မဟုတ်သလော။ များလှစွာသော လူတို့သည် ငါ့ကို မချစ်သော်လည်း ငါသည် ဤသို့သော စိတ်သဘောထားအပေါ် စိတ်တိုမည့်အစား လူသားတို့ကို လွတ်လပ်မှုပေးထားခဲ့ကာ ခါးသီးသော ဒုက္ခပင်လယ်တွင် ဟိုဟိုသည်သည် ကူးခတ်ခွင့်ပြုသည်အထိ ၎င်းတို့ကို လူးသာလွန့်သာရှိနေခွင့် ပြုခဲ့၏။ အဘယ်ကြောင့်ဆိုသော် လူသားသည် ဂုဏ်သရေညှိုးစေသည့် အိုးတစ်လုံးဖြစ်သောကြောင့်တည်း- သူသည် ငါ၏လက်ထဲတွင် ငါကိုင်ထားသည့် ကောင်းချီးမင်္ဂလာကို မြင်သော်လည်း ၎င်း၌မွေ့လျော်လိုခြင်းမရှိဘဲ၊ ထိုအစား စာတန်၏လက်ထဲမှ အန္တရာယ်ဆိုးကို နုတ်ယူလို၏။ ဤနည်းအားဖြင့် သူ့ကိုယ်သူ စာတန်၏ "အာဟာရ" အဖြစ် စုပ်ယူခံရကိန်း ဆိုက်စေ၏။ ငါ၏အလင်းကို မိမိတို့၏မျက်လုံးများဖြင့်

မြင်ဖူးကြသူအချို့ရှိသည်မှာ အမှန်ပင်ဖြစ်သောကြောင့် ၎င်းတို့သည် လက်ရှိအချိန်၌ ပိတ်ဖုံးနေသော မြူခိုးများအကြားတွင် နေထိုင်နေကြသော်လည်း၊ ထိုမြူခိုးများကြောင့် အလင်းအပေါ်ယုံကြည်မှု ပျောက်ဆုံးသွားခြင်း မရှိဘဲ၊ အတားအဆီးများ ပြန့်ကျဲနေသော လမ်းကြောင်းတစ်လျှောက် မြူခိုးများကြား၌ ဆက်လက်၍ စမ်းတဝါးဝါး ရှာဖွေကြ၏။ လူသားသည် ငါ့အား ဆန့်ကျင်ပုန်ကန်သည့်အခါ ငါသည် ငါ၏အမျက်ဒေါသကို သူ့အပေါ်သို့ ပစ်ပေါက်သဖြင့် လူသားသည် သူ၏မနာခံမှုကြောင့် ပျက်စီးရ၏။ သူသည် ငါ့ကိုနာခံသည့်အခါ ငါသည် သူ့ထံမှကွယ်ဝှက်နေ၍၊ ဤနည်းအားဖြင့် ငါ့အား ကပ်ချွဲရန် ကြိုးစားသည့် ချစ်ခြင်းမေတ္တာမဟုတ်ဘဲ ငါ့အား ပျော်ရွှင်စေမည့် ချစ်ခြင်းမေတ္တာကို သူ့နှလုံးသား၏ နက်ရှိုင်းသောနေရာတွင် ဖြစ်ပေါ်စေ၏။ လူသားက ငါ့ကို စူးစမ်းရှာဖွေသောအခါ သူ၏စစ်မှန်သော ယုံကြည်ခြင်းကို ထုတ်ဖော်ရန် ငါသည် အကြိမ်ပေါင်းများစွာ ငါ၏မျက်လုံးများကို မှိတ်လျက် ဆိတ်ဆိတ်ငြိမ်နေခဲ့သည်။ သို့သော် လူသားသည် ငါ့ကို မည်သည့်အခါကမျှ ရိုးသားစွာ မချစ်ခဲ့ဖူးသောကြောင့် ငါစကားမပြောသည့်အခါ လူသား၏ယုံကြည်ခြင်းသည် တစ်ခဏအတွင်း ပြောင်းလဲသွားကာ သူ၏ "ကုန်ပစ္စည်းအတုများ" ကိုသာ ငါမြင်၏။ ငါသည် ငါ့ကိုယ်ငါ ထုတ်ဖော်ပြသည့်အခါမှသာ လူအားလုံးသည် အားပါးတရ ဟန်ဆောင်၍ "ယုံကြည်မှု" ကို ပြကြ၏။ သို့သော် ငါသည် ငါ၏လျှို့ဝှက်နေရာတွင် ကွယ်ဝှက်နေသည့်အခါ ၎င်းတို့သည် ငါ့အား စော်ကားမိမည်ကို စိုးရိမ်သည့်အလား အားနည်းသွားကြကာ သတ္တိနည်းသွားကြ၏။ ငါ၏မျက်နှာကို မမြင်နိုင်ကြ၍ ငါ့အား "လေးလေးနက်နက် တွေးခေါ်တွက်ချက်" ကြကာ၊ ဤနည်းအားဖြင့် အမှန်တရားဖြစ်သည့် ငါ၏တည်ရှိခြင်းကို ငြင်းပယ်ကြသော လူအချို့ပင် ရှိကြ၏။ လူများစွာတို့သည် ဤအနေအထားတွင် ရှိမြဲရှိနေကြသည်။ လူများစွာတို့၌ ဤစိတ်နေစိတ်ထားရှိကြ၏။ ယင်းက မိမိတို့အထဲ၌ရှိသော အကျည်းတန်သည့်အရာကို ဖုံးကွယ်ရန် လူသားအားလုံး၏ နှစ်သက်မက်မောခြင်းမျှသာ ဖြစ်သည်။ ဤအချက်ကြောင့် ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ ချို့ယွင်းချက်များကို ထောက်ပြရန် ဝန်လေးနေကြကာ ငါ့နှုတ်ကပတ်တော်များ၏ သမ္မာတရားကိုလည်း အံကိုကြိတ်လျက် မျက်နှာကို ဖုံးထား၍သာ ဝန်ခံကြလေ၏။

၁၉၉၂ ခုနှစ်၊ မတ်လ ၁၇ ရက်

# အခန်း ၁၉

ငါ၏ နှုတ်ကပတ်တော်များအား ၎င်းတို့၏ ရှင်သန်မှုအတွက် အခြေခံ အဖြစ် ခံယူခြင်း- ဤသည်မှာ လူသားမျိုးနွယ်၏ ဝတ္တရားဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များ အစိတ်အပိုင်း တစ်ခုစီတိုင်းတွင် လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင် ဝေစုကို တည်ဆောက်ရမည်။ ထိုသို့မလုပ်ဆောင်ခြင်းသည် မိမိတို့၏ ကိုယ်ပိုင်ပျက်စီးခြင်းကို ရှာဖွေနေခြင်းနှင့် အထင်သေးခြင်းကို ကမ်းလင့်ခြင်း ဖြစ်ပေလိမ့်မည်။ လူသားမျိုးနွယ်သည် ငါ့အား သိကျွမ်းခြင်းမရှိပေ၊ ဤအရာကြောင့် အလဲအလှယ်ဖြင့် ပူဇော်ဖို့ မိမိတို့၏ ကိုယ်ပိုင် အသက်တာများအား ဆောင်ယူခြင်း အစား၊ ၎င်းတို့ လုပ်ဆောင်သမျှမှာ ၎င်းတို့၏ လက်များတွင် အမှိုက်ဖြင့် ငါ၏ရှေ့တွင် စီတန်းလှည့်လည်ကာ၊ ထိုသို့ဖြင့် ငါ့ကို စိတ်ကျေနပ်မှုပေးဖို့ ကြိုးစားနေကြခြင်း ဖြစ်သည်။ သို့သော် အမှုအရာများ၏ လက်ရှိအခြေအနေများကို စိတ်ကျေနပ်ဖို့ဝေးလျက်၊ ငါသည် လူသားမျိုးနွယ်အပေါ် တောင်းဆိုချက်များ ဆက်လက် ပြုလုပ်လေသည်။ ငါသည် လူတို့၏ ကူညီထောက်ပံ့မှုများကို နှစ်သက်သော်လည်း၊ ၎င်းတို့၏ တောင်းဆိုချက်များကို မုန်းသည်။ လူသားအားလုံးသည် လောဘနှင့် ပြည့်သည့် နှလုံးသားများ ရှိကြသည်။ ယင်းသည် လူသား၏ နှလုံးသားကို နတ်ဆိုးက ထိန်းချုပ်ထားသည့်အလားဖြစ်ပြီး၊ မည်သူမျှ ချိုးဖောက် မလွတ်မြောက်နိုင်သကဲ့သို့ မိမိတို့၏ နှလုံးသားကို ငါ့ထံ မဆက်ကပ်နိုင်ကြပေ။ ငါစကားပြောသောအခါ၊ လူတို့သည် ငါ၏ အသံကို မမှိတ်မသုန် အာရုံစိုက်မှုဖြင့် နားထောင်ကြသည်။ ငါ နှုတ်ဆိတ်သောအခါတွင်၊ ၎င်းတို့သည် မိမိတို့၏ကိုယ်ပိုင် "လုပ်ငန်းများ" အား တစ်ဖန်စတင်ကြပြီး ငါ၏ နှုတ်ကပတ်တော်များက ၎င်းတို့ "လုပ်ငန်းများ" ၏ အဖြည့်သက်သက် ဖြစ်သည့်အလား ၎င်းတို့သည် ငါ၏ နှုတ်ကပတ်များအား ဂရုပြုမှုကို လုံးဝရပ်တန့်လိုက်ကြသည်။ ငါသည် လူသားမျိုးနွယ်နှင့်ပတ်သက်၍ မည်သည့်အခါမျှ မပေါ့လျော့ခဲ့ဘဲ၊ လူသားမျိုးနွယ်အပေါ် ငါသည် စိတ်ရှည်ကာ သည်းလည်းခံပြီးဖြစ်သည်။ ထိုသို့ဖြင့် ငါ၏ သက်ညှာမှု အကျိုးဆက်အနေဖြင့်၊ လူသားများအားလုံးသည် မိမိတို့ကိုယ်ကိုယ် ပိုလွန် ခန့်မှန်းကြပြီး၊ မိမိကိုယ်ကိုယ် သိခြင်းနှင့် မိမိကိုယ်ကိုယ် ဆင်ခြင်သုံးသပ်ခြင်းဌာ မတတ်စွမ်းနိုင်ကြချေ။ ၎င်းတို့သည် ငါ့ကို လှည့်ဖြားရန်သာ ငါ၏ သည်းခံမှုအား အခွင့်ကောင်းယူ ကြသည်။ ၎င်းတို့အထဲမှ တစ်ဦးတစ်ယောက်ကမျှ ငါ့အား စိတ်ရင်းမှန်ဖြင့် ဂရုမစိုက်ဖူးကြသကဲ့သို့၊ တစ်ဦးတစ်ယောက်ကမျှ ငါ့အား ၎င်းတို့၏နှလုံးသားက ချစ်မြတ်နိုးရသော အရာအဖြစ် အမှန်တကယ် တန်ဖိုး မထားဖူးကြချေ။ ၎င်းတို့ ပေးနိုင်သည့် လုပ်စရာ မရှိသော အခိုက်အတန့်များ ရှိသည့်အခါမှသာ၊ ငါ့အား ၎င်းတို့၏ ဝတ်ကျေတမ်းကျေ အလေးထားမှု ပေးကြလေသည်။ လူသားမျိုးနွယ်အပေါ် ငါ စိုက်ထုတ်ပြီးဖြစ်သည့် အားထုတ်မှုသည်

အတိုင်းအတာကို ကျော်လွန်နိုင်ပြီးဖြစ်သည်။ ထို့အပြင် ငါသည် လူသားအပေါ် မကြုံစဖူးသော နည်းလမ်းများဖြင့် အမှုပြုပြီး ဖြစ်ကာ၊ ဤအရာအပြင် ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်းထဲမှ ၎င်းတို့အနေဖြင့် အသိပညာအချို့ ရရှိပြီး ပြောင်းလဲမှုအချို့ ကြုံရဖို့အလို့ငှာ၊ ငါသည် ၎င်းတို့အား နောက်ထပ်ဝန်ထုပ်များကို ပေးထားပြီးဖြစ်သည်။ ငါသည် လူတို့အား “သုံးစွဲသူများ” မျှသာ ဖြစ်ရန် မတောင်းဆိုပေ။ ၎င်းတို့အား စာတန်ကို အနိုင်ယူသည့် “ထုတ်လုပ်သူများ” ဖြစ်ရန်လည်း ငါတောင်းဆိုသည်။ ငါသည် လူသားမျိုးနွယ်အား တစ်ခုတစ်လေကို လုပ်ဆောင်ရန် မတောင်းဆိုကောင်း မတောင်းဆိုနိုင်သော်ငြားလည်း၊ မည်သို့ပင် ဆိုစေကာမူ ငါပြုသောအရာ၌ ရည်ရွယ်ချက်များ ရှိသည့်အပြင် ငါ၏ လုပ်ရပ်များအတွက် အခြေခံအကြောင်းရင်း တစ်ခုရှိသည့် အတွက်၊ ငါသည် ငါ ပြုလုပ်သော တောင်းဆိုမှုများအတွက် စံနှုန်းများ ရှိလေသည်။ လူတို့ စိတ်ကူးသကဲ့သို့၊ ငါသည် ဖြစ်ကတတ်ဆန်း လျှောက်လုပ်နေခြင်း မဟုတ်သကဲ့သို့၊ ကောင်းကင်၊ မြေကြီးနှင့် မြောက်မြားလှစွာသော ဖန်ဆင်းခြင်း အရာများကို ငါဆန္ဒရှိသည့် မည်သည့်ပုံစံကိုမဆို ပုံသွင်းခဲ့ခြင်း လည်းမဟုတ်ပေ။ ငါ၏ အမှုတွင်၊ လူသားများသည် တစ်စုံတစ်ရာကို မြင်သင့်ပြီး၊ တစ်စုံတစ်ရာကို ရရှိသင့်သည်။ ၎င်းတို့သည် ၎င်းတို့၏ ငယ်ရွယ်နုပျိုမှု အထွတ်အထိပ် ရောက်ချိန်ကို မဖြုန်းတီးသင့်ပေ၊ သို့မဟုတ် ၎င်းတို့၏ ကိုယ်ပိုင် အသက်တာများကို ဂရုမစိုက်ဘဲ ဖုန်တက်ခွင့် ပေးထားသည့် အဝတ်များပမာ သဘောမထားသင့်ပေ။ ယင်းထက် ၎င်းတို့သည် ငါ့ကြောင့် စာတန်ထံသို့ မလှည့်ပြန်နိုင်သည်အထိ၊ ပြီးလျှင် ငါ့ကြောင့် စာတန်အား တိုက်ခိုက်မှုများ အစပြုသည်အထိ၊ မိမိတို့၏ ကိုယ်ပိုင်ပျော်ရွှင်မှုအတွက် ထောက်ပံ့ရန် ငါ၏ ကြွယ်ဝမှုမှ ယူဆောင်လျက်၊ မိမိတို့ကိုယ်ကိုယ် တင်းကျပ်စွာ စောင့်ကြပ်သင့်ကြပေသည်။ လူသားမျိုးနွယ်နှင့်ဆိုင်သည့် ငါ၏ တောင်းဆိုချက်များသည် အလွန်ရိုးရှင်းသည် မဟုတ်လော။

အရှေ့အရပ်တွင် အလင်းရောင် ခပ်ရေးရေးမျှ စပေါ်လာသည့်အခါ၊ စကြာဝဠာအတွင်းရှိ လူအားလုံးသည် ယင်းကို အနည်းငယ် သာ၍ အာရုံစိုက်ကြလေသည်။ ငိုက်မြည်းခြင်းတွင် နစ်မြုပ်မနေတော့ဘဲလျက်၊ လူသားများသည် ဤအရှေ့အရပ်မှ အလင်းရောင်၏ ရင်းမြစ်ကို လေ့လာရန် ထွက်သွားကြသည်။ ၎င်းတို့၏ တတ်စွမ်းနိုင်မှု နည်းပါးသောကြောင့်၊ မည်သူကမျှ အလင်းရောင် ပေါ်လာသောနေရာဌာနကို မတွေ့မြင် နိုင်ကြသေးပေ။ စကြာဝဠာအတွင်းရှိ အရာခပ်သိမ်းသည် အပြည့်အဝ ထွန်းလင်းခံရပြီးချိန်တွင်၊ လူတို့သည် အိပ်စက်ခြင်းနှင့် အိပ်မက်တို့မှ နိုးထကြပြီး၊ ထိုအခါမှသာ ငါ၏နေ့ရက်သည် ၎င်းတို့အပေါ် တဖြည်းဖြည်း ရောက်ရှိလာပြီးဖြစ်သည်ကို သဘောပေါက်ကြလေသည်။ လူသားမျိုးနွယ် အားလုံးသည် အလင်းရောင် ရောက်လာခြင်းကြောင့် ချီးကျူးဂုဏ်ပြုကြပြီး၊ ထို့ကြောင့် နှစ်နှစ်ခြိုက်ခြိုက်

အိပ်ပျော်ခြင်း မရှိကြတော့ပေ၊ သို့မဟုတ် မိန်းမောခြင်း၌ မရှိကြတော့ပေ။ ငါ့အလင်း၏ ထွန်းလင်းမှု အောက်တွင် လူသားမျိုးနွယ်အားလုံးသည် စိတ်နှင့် အမြင်အာရုံတို့ ရှင်းလင်းလာကြပြီး၊ ရုတ်တရက် အသက်ရှင်ခြင်းနှင့်ဆိုင်သည့် ဝမ်းမြောက်မှုကို သတိပြုမိလာလေသည်။ ပိတ်ဖုံးနေသည့် မြူခိုး၏ ခြုံလွှမ်းမှုအောက်တွင်၊ ငါသည် ကမ္ဘာလောကတစ်ဝန်းလုံးကို ကြည့်ရှုစစ်ဆေးသည်။ တိရစ္ဆာန်များအားလုံး အနားယူနေကြ၏။ မှိန်သော မှုန်ဝါးဝါး အလင်းရောင် ရောက်ရှိလာခြင်းကြောင့်၊ အရာရာတိုင်းသည် အသစ်သော အသက်တစ်ခု ချဉ်းကပ် လာနေသည်ကို သတိပြုမိလာကြပြီး ဖြစ်သည်။ ဤအကြောင်းကြောင့်၊ တိရစ္ဆာန်များ အားလုံးသည်လည်း အစာကို ရှာဖွေရင်း၊ ၎င်းတို့၏ တွင်းများမှ တွားသွားလျက် ထွက်လာ နေကြလေသည်။ ဟုတ်ပေ၏၊ အပင်များသည်လည်း ခြွင်းချက် မရှိပေ၊ အလင်းရောင်၏ ထွန်းလင်းဝင်းပခြင်းတွင် ၎င်းတို့၏ စိမ်းသောအရွက်များသည် ကမ္ဘာမြေပေါ်၌ ငါရှိနေစဉ် ငါ့အတွက် ၎င်းတို့၏ ကဏ္ဍကို လုပ်ဆောင်ဖို့ စောင့်ဆိုင်းရင်း၊ အရောင်စိုသော တောက်ပြောင်မှုတစ်ခုဖြင့် ရွှန်းစိုကြလေသည်။ လူသားများ အားလုံးသည် အလင်းရောင် ရောက်လာခြင်းကို ဆန္ဒပြုကြသော်ငြားလည်း၊ ၎င်းတို့သည် အလင်း၏ ပေါ်ထွန်းမှုကို ကြောက်ရွံ့ကြသည်၊ မိမိတို့၏ ကိုယ်ပိုင် အကျည်းတန်မှုကို ဖုံးကွယ်ထား၍ မရနိုင်တော့မည်ကို အလွန်အမင်း စိုးရိမ်ကြလေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူသားများသည် လုံးလုံးလျားလျား ဗလာကျင်းလျက်ရှိကြပြီး ၎င်းတို့ကို ဖုံးကွယ်ရန် မည်သည့်အရာမျှ မရှိကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့်၊ အလင်းရောင်၏ ရောက်လာခြင်း အကျိုးဆက်တစ်ခုအနေဖြင့် လူများစွာသည် အထိတ်တလန့်ဖြစ်သွားကြပြီး ယင်း၏ ပေါ်ထွန်းခြင်းကြောင့် တုန်လှုပ်သည့် အခြေအနေတစ်ခုတွင် ရှိကြလေသည်။ ထို့ကြောင့် အလင်းရောင်အား မြင်သည်နှင့်၊ များစွာသော လူတို့သည် ၎င်းတို့ ကိုယ်တိုင်၏ မသန့်ရှင်းခြင်းကို စက်ဆုပ်ရွံရှာရင်း၊ အကန့်အသတ်မဲ့ နောင်တဖြင့် ပြည့်ကြသော်လည်း၊ အမှန်တရားများကို ပြောင်းလဲရန် စွမ်းအားမဲ့ကြသည်၊ ငါစီရင်ချက်ချမှတ်သည်ကို စောင့်နေရုံမှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်နိုင်ကြချေ။ ထို့ကြောင့် အမှောင်ထဲတွင် ဆင်းရဲဒုက္ခအားဖြင့် စစ်ဆေးခံရလျက်၊ များလှစွာသော လူတို့သည် အလင်းရောင်အား မြင်သည်နှင့်၊ ယင်း၏ နက်နဲသိမ်မွေ့သော အဓိပ္ပာယ်အားဖြင့် ရုတ်တရက် အံ့အားသင့်သွားကြကာ၊ ထိုအချိန်မှစ၍ အလင်းရောင်အား တစ်ဖန် ဆုံးရှုံးရမည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊ ယင်းကို ၎င်းတို့၏ ရင်ခွင်များသို့ နီးနီးကပ်ကပ် ပွေ့ဖက်ထားကြလေသည်။ ထို့ကြောင့် လူများစွာတို့သည် အလင်းရောင်၏ ရုတ်ခြည်း ပေါ်ထွက်လာမှုအားဖြင့် ကစဉ့်ကလျား ဖြစ်ရမည့်အစား၊ ၎င်းတို့သည်

နှစ်ကာလများကြာ မျက်စိကန်းကြပြီး ဖြစ်သောကြောင့်၊ အလင်းရောင် ရောက်ရှိလာသည်ကို သတိမပြုမိသည်သာမက၊ ယင်းအားဖြင့် ဝမ်းမြောက်ခြင်းလည်း မရှိကြသောကြောင့်၊ ဆောင်ရွက်ဆဲဖြစ်သည့် နေ့စဉ်အလုပ်ကိုသာ ရိုးရှင်းစွာ လုပ်ဆောင်ကြလေသည်။ လူသားများ၏ နှလုံးသားများထဲတွင် ငါသည် မမြင့်မားသကဲ့သို့၊ နိမ့်ကျလည်း မနိမ့်ကျပေ။ ၎င်းတို့၏ သဘောထားအယူအဆတွင် ငါ တည်ရှိသည်၊ မတည်ရှိသည်မှာ မထူးခြားပေ။ ယင်းသည် ငါမတည်ရှိပါက၊ လူတို့၏ အသက်တာများ သာ၍ အထီးကျန်သွားမည် မဟုတ်သည့်အလား ဖြစ်သကဲ့သို့၊ အကယ်၍ ငါတည်ရှိပါကလည်း၊ ၎င်းတို့၏ အသက်တာများ မည်သို့မျှ သာ၍ ဝမ်းမြောက်ဖွယ်ဖြစ်လာမည် မဟုတ်သည့်အလားပင် ဖြစ်သည်။ လူသားများသည် ငါ့ကို အမြတ်တနိုး မထားကြသောကြောင့်၊ ၎င်းတို့ကို ငါပေးသည့် ပျော်ရွှင်မှုများသည် နည်းပါး၏။ သို့သော် လူသားမျိုးနွယ်သည် ငါ့အား ကြည်ညိုလေးစားမှုကိုပင် တစ်စက်မျှသာ ပေးသည်နှင့် တစ်ပြိုင်နက်၊ ငါသည်လည်း ၎င်းတို့အပေါ် ခံယူသော ငါ၏သဘောထားတွင် ပြောင်းလဲမှုတစ်ခု ပြုလုပ်မည်ဖြစ်သည်။ ဤအကြောင်းကြောင့် လူသားများသည် ဤနိယာမကို သဘောပေါက်နိုင်သည့်အခါမှသာ၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ငါ့အား ဆက်ကပ်အပ်နှံပြီး ငါ၏လက်၌ ကိုင်ထားသော အရာများကို တောင်းဆိုရလောက်အောင် အခွင့်သာပေလိမ့်မည်။ ငါ့အတွက် ၎င်းတို့၏ ချစ်ခြင်းသည် ဧကန်မုချ ၎င်းတို့၏ ကိုယ်ပိုင် အကျိုးများအဖို့ လုံးဝဥဿုံ လုပ်ဆောင်ရခြင်း ဖြစ်သည် မဟုတ်လော။ ငါ၌ ထားရှိသော ၎င်းတို့၏ ယုံကြည်ခြင်းသည် ဧကန်မုချ ၎င်းတို့ကို ငါပေးသော အရာများအဖို့သာ လုံးဝဥဿုံ လုပ်ဆောင်ခြင်းဖြစ်သည် မဟုတ်လော။ ငါ၏ အလင်းရောင်ကို ၎င်းတို့ မမြင်ရပါက၊ လူသားများသည် ငါ့အား ၎င်းတို့၏ ယုံကြည်ခြင်းအားဖြင့် ရိုးသားစစ်မှန်စွာ မချစ်နိုင်သည်များ ဖြစ်နိုင်မည်လော။ ၎င်းတို့၏ အစွမ်းအစနှင့် အားမာန်သည် ဧကန်မုချ ယနေ့၏ အခြေအနေများဖြင့် အမှန်တကယ် ကန့်သတ်ခံရသည် မဟုတ်လော။ လူသားမျိုးနွယ်သည် ငါ့အား ချစ်ရန်အလို့ငှာ သတ္တိလိုနေသည်များ ဖြစ်နိုင်မည်လော။

ငါ၏ တည်ရှိမှုခြင်း အကျိုးဆက်အနေဖြင့်၊ မြောက်မြားလှစွာသော ဖန်ဆင်းခြင်းအရာများသည် ၎င်းတို့ နေထိုင်သည့် နေရာများတွင် နာခံမှုရှိသော ကျိုးနွံမှုကို ပြုကြပြီး၊ ငါ၏ ဆုံးမပဲ့ပြင်ခြင်း မရှိခိုက်၊ လိင်ကိစ္စတွင် ကိုယ်ကျင့်သိက္ခာမဲ့သည့် စိတ်လွတ်လက်လွတ် ဖြစ်ခြင်းတွင် မမွေ့လျော်ကြချေ။ ထို့ကြောင့် တောင်များသည် ကုန်းမြေပေါ် ရှိ တိုင်းနိုင်ငံများကြား နယ်နိမိတ်များ ဖြစ်လာကြသည်၊ ရေများသည် မတူညီသည့် ကုန်းမြေများထဲက လူတို့အားခွဲခြားထားရန် အတားအဆီးများဖြစ်လာကြပြီး၊ လေသည်လည်း ကမ္ဘာမြေအထက်

ကောင်းကင်တွင် လူတစ်ဦးမှ တစ်ဦးဆီသို့ စီးဆင်းသည့်အရာ ဖြစ်လာသည်။ လူသားမျိုးနွယ်သည်သာ ငါ့အလို၏သတ်မှတ်ချက်များကို အမှန်တကယ် နာခံနိုင်စွမ်း မရှိချေ။ ဤသည်မှာ ဖန်ဆင်းခြင်း အားလုံးထဲတွင် လူတစ်မျိုးတည်းသာ နာခံခြင်းမရှိသည့် အတန်းအစားနှင့် သက်ဆိုင်သည်ဟု ငါပြောရခြင်း အကြောင်းအရင်း ဖြစ်သည်။ လူသားမျိုးနွယ်သည် မည်သည့်အခါတွင်မျှ ငါ့အား အမှန်တကယ် ကျိုးနွံနာခံခြင်း မရှိဖူးသကဲ့သို့၊ ဤအကြောင်းကြောင့် ငါသည် လူသားများကို တစ်ချိန်လုံး တင်းကျပ်သည့် ဆုံးမပဲ့ပြင်ခြင်း အောက်တွင် ထားရခြင်းဖြစ်သည်။ အကယ်၍ လူသားမျိုးနွယ် အလယ်၌ ငါ၏ ဘုန်းအသရေသည် စကြဝဠာတစ်ခွင်လုံးသို့ တိုးချဲ့သည်မှာ ဖြစ်လာသင့်ပါက၊ ငါသည် ငါ၏ ဘုန်းအသရေအားလုံးကို ကေန်မုချ ယူဆောင်ကာ လူသားမျိုးနွယ်၏ ရှေ့တွင် ထင်ရှားစေမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ညစ်ညူးခြင်း၌ လူသားများသည် ငါ၏ဘုန်းအသရေကို မျှော်ကြည့်ရန် မသင့်တော်သောကြောင့် ဖြစ်သည်၊ နှစ်ပေါင်း ထောင်ချီကြာ ငါသည် မည်သည့်အခါတွင်မျှ ဖွင့်ဟလာဖူးခြင်း မရှိဘဲ၊ ယင်းအစား ကွယ်ဝှက်မြဲ ကွယ်ဝှက်နေခဲ့သည့်အတွက် ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ငါ၏ဘုန်းအသရေသည် ၎င်းတို့၏ ရှေ့တွင် မည်သည့်အခါကမျှ မထင်ရှားဖူးသကဲ့သို့၊ ၎င်းတို့သည် အပြစ်၏ တွင်းနက်ကြီးထဲ အမြဲ ကျဆင်းကြပြီး ဖြစ်သည်။ ငါသည် လူသားမျိုးနွယ်ကို ၎င်းတို့၏ မဖြောင့်မတ်မှုများ အတွက် ခွင့်လွှတ်ပေးပြီး ဖြစ်သော်လည်း၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် မည်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက် ရမည်ကို မသိကြသကဲ့သို့၊ ယင်းအစား ၎င်းတို့ကို ထိခိုက်ခွင့်ပေးလျက်၊ မိမိတို့ကိုယ်ကိုယ် အပြစ်ကို အမြဲ လိုလိုလားလား လက်ခံရစ် နေစေကြလေသည်။ ဤသည်မှာ လူသားမျိုးနွယ်၏ မိမိကိုယ်ကိုယ် လေးစားမှုနှင့် မိမိကိုယ်ကိုယ် ချစ်ခြင်းတို့ ကင်းမဲ့ခြင်းကို ပြသည် မဟုတ်လော။ လူသားမျိုးနွယ်အလယ်တွင်၊ တစ်ဦးတစ်လေသည် အမှန်တကယ် ချစ်နိုင်ပါသလော။ လူသားမျိုးနွယ်၏ ဆက်ကပ် အပ်နှံခြင်းသည် အောင်စမည်မျှ လေးသနည်း။ လူတို့၏ စစ်မှန်မှုဟုခေါ်သော အရာထဲတွင် မသမာသည့်ပစ္စည်းများ ရောထားသည် မဟုတ်လော။ ၎င်းတို့၏ ဆက်ကပ်အပ်နှံခြင်းသည် လုံး၀ ရောကောသောကော ဖြစ်သည် မဟုတ်လော။ ငါလိုအပ်သည့် အရာမှာ ၎င်းတို့၏ မမှိတ်မသုန်သော ချစ်ခြင်း ဖြစ်၏။ လူသားများသည် ငါ့ကို မသိကျွမ်းကြသကဲ့သို့၊ သူသည် ငါ့အား သိကျွမ်းရန် ကြိုးစားကောင်း ကြိုးစားနိုင်သော်လည်း၊ ငါ့ကို ၎င်းတို့၏ စစ်မှန်ပြီး လေးနက်သော နှလုံးသားကို ပေးလိမ့်မည် မဟုတ်ပေ။ လူသားများထံမှ ၎င်းတို့ မပေးလိုသော အရာကို ငါ အတင်းမတောင်းဆို။ အကယ်၍ ၎င်းတို့သည် ငါ့အား ၎င်းတို့၏ ဆက်ကပ်အပ်နှံခြင်းကို ပေးမည်ဆိုပါက၊ ငါသည် မဆိုင်းမတွ လက်ခံမည်။ သို့သော် ၎င်းတို့က

ငါ့အား မယုံကြည်သကဲ့သို့ မိမိတို့ကိုယ်ကိုယ်၏ မြူမှုန်လေးကိုမျှပင် ငါ့အား ပူဇော်ရန် ငြင်းပယ်မည်ဆိုပါက၊ ထိုကိစ္စနှင့်ပတ်သက်၍ တိုး၍ စိတ်ဆိုးသည်ထက်၊ ငါသည် ၎င်းတို့ကို အခြားနည်းလမ်းအချို့ဖြင့် နှင်ထုတ်မည်ဖြစ်ပြီး၊ ၎င်းတို့အတွက် သင့်တော်သည့် ခရီးပန်းတိုင်တစ်ခုကို စီစဉ်မည်ဖြစ်သည်။ ကောင်းကင် တစ်လျှောက် မြည်ဟည်းနေသည့် မိုးကြိုးသည် လူသားများကို ပစ်ချလိမ့်မည်။ မြင့်မားသော တောင်များသည် ယင်းတို့ ပြိုလဲသည်နှင့်အမျှ လူသားများကို မြှုပ်နှံလိမ့်မည်။ ဆာလောင်မှုဖြင့် ရိုင်းစိုင်းသော သားရဲများသည် ၎င်းတို့ကို ဝါးမြိုကြလိမ့်မည်။ ပြီးလျှင် သမုဒ္ဒရာများသည်လည်း တစ်ဟုန်ထိုး စီးဆင်းလျက်၊ ၎င်းတို့၏ဦးခေါင်းများပေါ် ဖုံးအုပ်သွားလေသည်။ လူသားမျိုးနွယ်သည် ညီအစ်ကိုချင်းသတ်ဖြတ်သည့် ပဋိပက္ခ၌ ပါဝင်ပတ်သက်သည်နှင့်အမျှ၊ လူသားများအားလုံးသည် ၎င်းတို့အလယ်မှ ပေါ်ထွက်လာနေသည့် ဘေးဒုက္ခများထဲ၌ ၎င်းတို့ကိုယ်တိုင်၏ ပျက်စီးခြင်းကို ရှာဖွေကြလိမ့်မည်။

နိုင်ငံတော်သည် လူသားမျိုးနွယ် အလယ်တွင် တိုးချဲ့လျက်ရှိသည်၊ ယင်းသည် လူသားမျိုးနွယ်၏ အလယ်တွင် ဖွံ့စည်းလျက် ရှိပြီး၊ လူသားမျိုးနွယ်၏ အလယ်တွင် မားမားမတ်မတ်ရပ်လျက် ရှိသည်။ ငါ၏ နိုင်ငံတော်ကို ဖျက်ဆီးနိုင်သည့် အင်အားစု မရှိပေ။ ယနေ့၏ နိုင်ငံတော်ထဲ ရှိနေကြသော ငါ၏လူများထဲတွင် သင်တို့ထဲမှ မည်သူသည် လူသားများထဲက လူသားများ မဟုတ်ကြသနည်း။ သင်တို့ထဲမှ မည်သူသည် လူသားအခြေအနေ၏ ပြင်ပတွင် တည်ရှိသနည်း။ ငါ၏ အသစ်သော စမှတ်ကို လူထုထံ ကြေညာလိုက်သည့်အခါတွင်၊ လူသားမျိုးနွယ်သည် မည်ကဲ့သို့ တုံ့ပြန်မည်နည်း။ လူသားမျိုးနွယ်၏ အခြေအနေကို သင်တို့၏ ကိုယ်ပိုင်မျက်စိများဖြင့် သင်တို့ တွေ့မြင်ပြီး ဖြစ်သည်။ ဤလောကထဲတွင် အစဉ်ထာဝရ ကြံ့ကြံ့ခံမည်ဟူသော မျှော်လင့်ချက်များကို သင်သည် ကေန်မုချ သိုထားဆဲ မဟုတ်လော။ ယခုတွင် ငါ့လူများ၏ အလယ်၌ ငါသည် အနှံ့အပြား လျှောက်လှမ်းနေပြီး၊ ၎င်းတို့အလယ်တွင် ငါနေသည်။ ယနေ့တွင် ငါ့အတွက် စစ်မှန်သည့် ချစ်ခြင်းမေတ္တာ သယ်ဆောင်သူများ- ထိုသို့သောသူများသည် မင်္ဂလာရှိကြ၏၊ ငါ့ကို ကျိုးနွံနာခံကြသည့် သူများသည် မင်္ဂလာရှိကြ၏၊ ၎င်းတို့သည် ငါ၏နိုင်ငံတော်တွင် ကေန် နေကြရလိမ့်မည်။ ငါ့အား သိကျွမ်းသော သူများသည် မင်္ဂလာရှိကြ၏၊ ၎င်းတို့သည် ငါ၏ နိုင်ငံတော်တွင် တန်ခိုးကို ကေန်မုချ ကိုင်စွဲကြရလိမ့်မည်။ ငါ့အား ရှာဖွေသော သူတို့သည် မင်္ဂလာရှိကြ၏၊ ထိုသူတို့သည် စာတန်၏ ချည်နှောင်ခြင်းများမှ ကေန်မုချ လွတ်မြောက်လိမ့်မည် ဖြစ်ပြီး၊ ငါ၏ ကောင်းချီးမင်္ဂလာများကို ခံစားကြလိမ့်မည်။ မိမိတို့ကိုယ်ကိုယ် ပစ်ပယ်နိုင်သော သူတို့သည် မင်္ဂလာရှိကြ၏၊ ထိုသူတို့သည် ငါ၏

ပိုင်ဆိုင်မှုထဲသို့ ဧကန်ဝင်ကြ ရလိမ့်မည်ဖြစ်ပြီး၊ ငါ့နိုင်ငံတော်၏ ကြွယ်ဝမှုကို အမွေခံကြရလိမ့်မည်။ ငါ့အတွက် ဟိုဟိုသည်သည် အလုပ်ရှုပ်ကြသော သူတို့အား ငါအောက်မေ့မည်၊ ငါ့အတွက် အသုံးခံမှုများပြုသောသူတို့ကို ဝမ်းမြောက်စွာ ငါထွေးပိုက်မည်၊ ပြီးလျှင် ငါ့ထံ ပူဇော်မှုများ ပြုကြသော သူတို့အား ငါသည် ပျော်ရွှင်မှုများ ပေးသနားမည်။ ငါ၏ နှုတ်ကပတ်တော်များထဲတွင် မွေ့လျော်မှု ရှာတွေ့သော သူများကို ငါကောင်းချီးပေးမည်။ ထိုသူတို့သည် ငါ့နိုင်ငံတော်ရှိ ခေါင်တိုင်အား ထောက်ထားသည့် မဏ္ဍိုင်များ ဧကန်ဖြစ်ကြလိမ့်မည်၊ ထိုသူတို့သည် ငါ၏ အိမ်တော်ထဲ၌ အတိုင်းအဆမဲ့သော ကြွယ်ဝမှုကို ရကြလိမ့်မည် ဖြစ်ပြီး၊ မည်သူမျှ ၎င်းတို့နှင့် နှိုင်းယှဉ်၍ မရနိုင်ကြ။ သင်တို့အား ပေးပြီးသော ကောင်းချီးမင်္ဂလာများကို သင်တို့ လက်ခံဖူးသလော။ သင်တို့အတွက် ပြုထားခဲ့သော ကတိများကို သင်တို့ ရှာကြဖူးသလော။ ငါ့အလင်း၏ လမ်းပြပို့ဆောင်မှုအောက်တွင် သင်တို့သည် အမှောင် အင်အားများ၏ လည်ညှစ်ခြင်းကို ဧကန် ထိုးဖောက်ကျော်လွှားနိုင်လိမ့်မည်။ သင်တို့အား လမ်းပြနေသော အလင်းကို အမှောင်ထု၏ အလယ်တွင် သင်တို့ ဧကန်မုချ ဆုံးရှုံးလိမ့်မည် မဟုတ်။ သင်သည် ဖန်ဆင်းခြင်းအားလုံး၏ အရှင်သခင် ဧကန်မုချ ဖြစ်လိမ့်မည်။ သင်သည် စာတန်၏ ရှေ့မှောက်တွင် အောင်မြင်သောသူတစ်ဦး ဧကန်မုချ ဖြစ်လိမ့်မည်။ အဆင်းနီသော နဂါးကြီး၏ နိုင်ငံကျရှုံးချိန်တွင် သင်သည် ငါ၏ အောင်မြင်မှုကို သက်သေခံရန် မြောက်မြားလှစွာသော လူအုပ်ကြီး၏ အလယ်တွင် ရပ်ရလိမ့်မည်။ သင်တို့သည် သိနိမ်ပြည်တွင် တည်ကြည်လျက် မယိမ်းယိုင်ဘဲ ဧကန် ရှိကြလိမ့်မည်။ သင်တို့ သည်းခံရသည့် ဆင်းရဲဒုက္ခများမှတစ်ဆင့်၊ သင်တို့သည် ငါ၏ ကောင်းချီးမင်္ဂလာများကို အမွေခံကြရလိမ့်မည် ဖြစ်ပြီး၊ စကြဝဠာ တစ်ခွင်လုံးတစ်လျှောက် ငါ၏ ဘုန်းအသရေကို ဧကန်မုချ တောက်ပစေကြလိမ့်မည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၁၉ ရက်

# အခန်း ၂၀

ငါ့အိမ်ထောင်၏ ချမ်းသာကြွယ်ဝမှုများသည် မရေမတွက်နိုင်အောင် ဖြစ်ပြီး ဉာဏ်မမီနိုင်လောက်အောင် ဖြစ်သည်၊ သို့သော်လည်း လူသည် ယင်းတို့ကို ပျော်မွေ့ခံစားရန် ငါ့ထံသို့ မည်သည့်အခါမျှ မလာဖူးပေ။ လူသားသည် မိမိဘာသာ တစ်ကိုယ်တည်း မွေ့လျော်ခံစားနိုင်စွမ်းမရှိသကဲ့သို့၊ မိမိ၏ အားထုတ်မှုများ အသုံးပြုလျက် မိမိကိုယ်ကိုယ်လည်း

ကာကွယ်နိုင်စွမ်း မရှိပေ။ ထိုအစား သူသည် အခြားသူများ၌ သူ၏ယုံကြည်ကိုးစားမှုကို အမြဲ ထားရှိပြီးဖြစ်သည်။ ငါကြည့်ရှုသည့် သူများ အားလုံးထဲတွင်၊ ငါ့အား တမင်တကာနှင့် တိုက်ရိုက်ရှာဖွေသူ တစ်ယောက်မျှမရှိ။ ၎င်းတို့အားလုံးသည် အခြားသူများ၏ တိုက်တွန်းမှုဖြင့်၊ လူအများစုနောက် လိုက်ရင်း၊ ငါ၏ ရှေ့မှောက်သို့ ရောက်လာကြခြင်း ဖြစ်ပြီး၊ ၎င်းတို့သည် အဖိုးအခပေးရန် သို့မဟုတ် ၎င်းတို့၏ အသက်တာ များကို ကြွယ်ဝစေရန် အချိန်ကို အသုံးပြုဖို့ လိုလားခြင်း မရှိကြချေ။ ထို့ကြောင့် လူအလယ်တွင် မည်သူမျှ လက်တွေ့အရှိတရားထဲတွင် အသက်မရှင်ဖူးကြသကဲ့သို့၊ လူအားလုံးသည် အဓိပ္ပာယ်မရှိသော အသက်တာများကို အသက်ရှင်ကြလေသည်။ လူသား၏ ကြာမြင့်စွာ အခြေခိုင်ခဲ့သည့် နည်းလမ်းများနှင့် ဓလေ့ထုံးတမ်းများကြောင့်၊ လူအားလုံး၏ ခန္ဓာကိုယ်များသည် မြေကြီးနှင့်ဆိုင်သော မြေဆီလွှာ၏ အနံ့ဖြင့် ယှက်သန်းလေသည်။ အကျိုးဆက်အနေဖြင့်၊ လူသည် လောကကြီး၏ ဆိတ်သုဉ်းမှုကို မခံစားတတ်တော့ဘဲ တိုး၍ ထုံထိုင်းပြီးဖြစ်ကာ၊ ထိုအစား သူသည် ဤအေးခဲသော ကမ္ဘာလောကထဲတွင် မိမိကိုယ်ကိုယ် ပျော်မွေ့ခံစားခြင်း အလုပ်ဖြင့် မိမိဘာသာ အလုပ်များလေသည်။ လူ၏ အသက်တာသည် နွေးထွေးမှု စိုးစဉ်းမျှ မရှိသကဲ့သို့၊ လူ့သဘာဝ သို့မဟုတ် အလင်း၏ အရိပ်အယောင် တစ်ခုမျှ မရှိပေ- သို့သော် သူသည် မည်သည့်အရာကိုမျှ စွမ်းဆောင်ရရှိခြင်းမရှိဘဲ၊ အလောတကြီး လုပ်သည့် တန်ဖိုး ကင်းမဲ့သော တစ်သက်တာကို နေထိုင်ရင်း ယခင်ထက် မိမိကိုယ်ကိုယ် အလိုလိုက်ထားပြီး ဖြစ်သည်။

မျက်စိတစ်မှိတ်အတွင်းတွင်၊ သေခြင်းနေ့ရက် နီးကပ်လာပြီး၊ လူသည် ခါးသီးသော သေခြင်းဖြင့် သေဆုံးသွားသည်။ ဤလောကတွင် သူသည် မည်သည့်အရာကိုမျှ လုံးဝ မပြီးမြောက်သေးပေ သို့မဟုတ် မည်သည့်အရာကိုမျှ မရရှိဖူးပေ- သူသည် အလျင်စလိုဖြင့် ဤနေရာသို့ ရောက်ရှိကာ အလျင်စလို ထွက်ခွာသွားသည်။ ငါ၏ အမြင်တွင်ရှိသည့် သူများထဲမှ မည်သူမျှ မည်သည့်အရာကိုမျှ ယူဆောင်မလာဖူးပေ သို့မဟုတ် မည်သည့်အရာကိုမျှ ယူငင်မသွားဖူးပေ၊ ထို့ကြောင့် လောကကြီးက မတရားဟု လူက ခံစားရသည်။ သို့သော် မည်သူကမျှ အလျင်စလို ထွက်သွားရန် လိုလားမနေကြချေ။ ၎င်းတို့သည် ၎င်းတို့ လမ်းလွှဲ သွားသည့် အချိန်တွင်၊ နောက်တစ်ဖန် ထာဝရအသက်၏ လမ်းခရီးကို ၎င်းတို့အား ရှုမြင်ခွင့်ပေးရင်း၊ ကောင်းကင်ဘုံမှ ငါ၏ကတိတော်သည် လူသားအလယ် ရုတ်တရက် ရောက်လာမည့် နေ့ရက်ကို စောင့်ဆိုင်းရုံမျှစောင့်ဆိုင်းကြလေသည်။ ထို့ကြောင့် ငါသည် သူ့အဖို့ ငါ၏ကတိတော်ကို ငါ အမှန်တကယ် တည်ပြီးခြင်း ရှိ မရှိဆိုသည်ကို မြင်ဖို့ရန် လူသည် ငါ၏ လုပ်ဆောင်ချက်နှင့် လုပ်ရပ်တိုင်းအပေါ် စိတ်စွဲလမ်းလေသည်။ သူသည် ဒုက္ခအလယ်၌ သို့မဟုတ် လွန်ကဲသော နာကျင်မှု၌ရှိချိန်တွင် သို့မဟုတ် စမ်းသပ်မှုများက ဝန်းရံဖိစီးခံရပြီး

လဲကျတော့မည့်အချိန်တွင်၊ သူသည် သူ၏ ဒုက္ခများမှ စောစော လွတ်မြောက်ပြီး၊ နောက်ထပ် အကောင်းဆုံးသော နေရာတစ်ခုသို့ ပြောင်းရွှေ့ရန်အလို့ငှာ လူသည် သူဖွားမြင်ရာနေ့ကို ကျိန်ဆဲလေသည်။ သို့သော် စမ်းသပ်မှုများ ကျော်လွန်သွားသောအခါတွင်၊ လူသည် ဝမ်းမြောက်ခြင်းဖြင့် ပြည့်လေသည်။ သူသည် ကမ္ဘာမြေပေါ်၌ သူ၏ ဖွားမြင်ရာနေ့ကို ကျင်းပပြီး သူ၏ ဖွားမြင်ရာနေ့ကို ကောင်းချီးပေးရန် ငါ့ကို တောင်းဆိုလေသည်။ ဤအချိန်တွင် လူသည် သေခြင်းတရားက ဒုတိယအကြိမ် သူ့အပေါ် ကျရောက်လာမည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊ အတိတ်ကာလ၏ ကျိန်ဆိုမှုများကို ပြောဆိုခြင်း မရှိတော့ပေ။ ငါ၏လက်များသည် ကမ္ဘာလောကကို ချီမသောအခါ လူများသည် ဝမ်းမြောက်ခြင်းဖြင့် ကခုန်ကြသည်၊ ၎င်းတို့သည် ဝမ်းမနည်းကြတော့ဘဲ၊ ငါ့အပေါ် ၎င်းတို့အားလုံး မှီခိုအားထားကြလေသည်။ ငါ၏မျက်နှာကို ငါ့လက်များနှင့် ဖုံးကွယ်ကာ၊ လူတို့ကို မြေကြီးအောက်သို့ ဖိနှိပ်သောအခါတွင်၊ ၎င်းတို့သည် ချက်ချင်း အသက်ရှူကျပ် သွားကြပြီး၊ ရှင်သန်ရန် အနိုင်နိုင် ဖြစ်ကြလေသည်။ ၎င်းတို့အား ငါဖျက်ဆီးမည်ကို ကြောက်လှန့်ကြလျက်၊ ငါ ဘုန်းထင်ရှားမည့် နေရက်ကို ရှုမြင်ရန် ၎င်းတို့ ဆန္ဒ ရှိကြသည့်အတွက်၊ ၎င်းတို့ အားလုံးသည် ငါ့ထံ ဟစ်အော်ကြလေသည်။ လူသားသည် ငါ၏ နေ့ရက်ကို သူ၏ တည်ရှိခြင်းနှင့်ဆိုင်သည့် အရင်းအနှီးအဖြစ် သဘောထားပြီး၊ လူသားမျိုးနွယ်အနေဖြင့် ယနေ့ထိ ရှင်သန်နိုင်ကြပြီးဖြစ်သည်မှာ ငါ၏ ဘုန်းအသရေ ရောက်ရှိမည့်နေရက်ကို လူတို့ တောင့်တကြသောကြောင့်သာ ဖြစ်သည်။ နောက်ဆုံးသော ကာလအတွင်း မွေးဖွားလာသော သူများသည် ငါ၏ ဘုန်းအသရေ အားလုံးကို ရှုမြင်ရလောက်အောင် အခွင့်သာသော သူများဖြစ်သည် ဆိုခြင်းမှာ ငါ၏နှုတ်ဖြင့် ထုတ်ပြန်ကြေညာသည့် ကောင်းချီးမင်္ဂလာဖြစ်ပေသည်။

ခေတ်ကာလများ တစ်လျှောက်တွင်၊ များစွာသောသူတို့သည် ဤလောကမှ စိတ်ပျက်မှုနှင့် မလိုလားခြင်းဖြင့် ထွက်ခွာသွားကြပြီးဖြစ်ကာ၊ များစွာသောသူတို့သည် မျှော်လင့်ချက်နှင့် ယုံကြည်ခြင်းတို့ဖြင့် ဝင်လာကြပြီးဖြစ်သည်။ ငါသည် များစွာသောသူတို့ လာကြဖို့ စီမံပြီးဖြစ်ကာ များစွာသောသူတို့ကို အဝေးပို့လိုက်ပြီးဖြစ်သည်။ မရေမတွက်နိုင်သော လူများသည် ငါ၏ လက်များမှတစ်ဆင့် ဖြတ်သန်းသွားကြပြီးဖြစ်သည်။ ဝိညာဉ်များစွာတို့ သည် မရဏာနိုင်ငံထဲသို့ ပစ်ချခြင်း ခံကြရပြီးဖြစ်သည်၊ များစွာ သောသူတို့သည် ဇာတိပကတိထဲတွင် အသက်ရှင်ကြပြီးဖြစ်ကာ များစွာသောသူတို့သည် ကမ္ဘာမြေပေါ်တွင် သေဆုံးကြပြီး၊ ပြန်လည်မွေးဖွားကြပြီး ဖြစ်သည်။ သို့သော် ၎င်းတို့အထဲမှ မည်သူကမျှ ယနေ့ နိုင်ငံတော်၏ ကောင်းချီးမင်္ဂလာများကို ပျော်မွေ့ခံစားရန် မည်သည့်အခါမျှ အခွင့်အရေး မရရှိကြဖူးပေ။

စာတန်၏ အင်အားစုများ၏ ပြင်းထန်သော တိုက်ခိုက်မှုသည် သူ့ကို ငါ၏ ချမ်းသာကြွယ်ဝမှုများ အားလုံးအား မွေ့လျော်မခံစားနိုင်ဖို့ ကျန်ရစ်စေပြီး ဖြစ်သည့်အတွက်၊ ငါသည် လူကို များစွာ ပေးထားပြီးဖြစ်သော်လည်း၊ သူသည် အနည်းငယ်မျှသာ ရရှိပြီးဖြစ်သည်။ သူသည် မျှော်ကြည့်ရန် ကောင်းမွန်သော အခွင့်အလမ်းသာ ရှိခဲ့သော်လည်း၊ မည်သည့်အခါမျှ ယင်းတို့ကို အပြည့်အဝ မမွေ့လျော် မခံစားနိုင်ဖူးပေ။ လူသည် ကောင်းကင်ဘုံ၏ ကြွယ်ဝ ချမ်းသာမှုများကို ရရှိရန်အလို့ငှာ သူ၏ ခန္ဓာထဲရှိ ဘဏ္ဍာတိုက်ကို မည်သည့်အခါကမျှ ရှာဖွေတွေ့ရှိခြင်း မရှိဖူးပေ၊ ထို့ကြောင့် သူ့အပေါ် ငါအပ်နှင်းထားပြီးဖြစ်သော ကောင်းချီးမင်္ဂလာများကို သူဆုံးရှုံးရလေပြီ။ လူ၏ စိတ်ဝိညာဉ်သည် ငါ၏ဝိညာဉ်တော်နှင့် သူ့ကို ဆက်သွယ်ပေးသော တကယ့် အစွမ်းအစ ဖြစ်သည် မဟုတ်လော။ အဘယ့်ကြောင့် လူသည် ငါ့အား သူ၏ဝိညာဉ်ဖြင့် မည်သည့်အခါမျှ ထိတွေ့ဆက်ဆံခြင်း မရှိရသနည်း။ အဘယ့်ကြောင့် သူသည် ငါ့ထံသို့ ဇာတိပကတိဖြင့် တိုးဝင်ချဉ်းကပ်သော်လည်း၊ ဝိညာဉ်ဖြင့် ထိုသို့လုပ်ဆောင်နိုင် စွမ်း မရှိရသနည်း။ ငါ၏ စစ်မှန်သော မျက်နှာသည် ဇာတိပကတိနှင့်ဆိုင်သည့် မျက်နှာတစ်ခုလော။ လူသည် အဘယ့်ကြောင့် ငါ၏ အနှစ်သာရကို မသိရှိသနည်း။ လူ၏ စိတ်ဝိညာဉ်ထဲတွင် ငါ၏ အရိပ်လက္ခဏာ တစ်ခုတစ်လေမျှ အမှန်တကယ် မရှိဖူးပါသလော။ လူ၏ စိတ်ဝိညာဉ်မှ ငါသည် လုံးဝ ပျောက်ကွယ်သွားပြီလော။ အကယ်၍ လူသည် ဝိညာဉ်လောကထဲသို့ ဝင်ရောက်ခြင်း မရှိပါက၊ ငါ၏ ရည်ရွယ်ချက်များကို မည်သို့ သဘောပေါက်နိုင်မည်နည်း။ လူ၏ အမြင်တွင်၊ ဝိညာဉ်လောကကို တိုက်ရိုက် ထွင်းဖောက်နိုင်သော အရာ ရှိသလော။ ငါသည် လူသားကို ငါ၏ ဝိညာဉ်တော်ဖြင့် ကြိမ်ဖန်များစွာ ခေါ်ဆိုပြီးဖြစ်သော်လည်း၊ လူသားက ငါ့ကို အဝေးမှ လှေ့လာလျက်၊ သူ့ကို အခြားလောကထဲသို့ ငါ ဦးဆောင်ခေါ်သွားမည်ကို အလွန်ကြောက်ရွံ့မှုဖြင့်၊ ငါ့အားဖြင့် စိတ်အနှောင့်အယှက် ဖြစ်သည့်အလား ပြုမူလေသည်။ ကြိမ်ဖန်များစွာ ငါသည် လူ၏ စိတ်ဝိညာဉ်ထဲတွင် မေးမြန်းခဲ့သော်ငြားလည်း၊ ငါသည် သူ၏ အိမ်အထဲသို့ ဝင်ရောက်၍ သူ၏ ပိုင်ဆိုင်မှုများ အားလုံးကို သူ့ထံမှ ယူဆောင်သွားရန် အခွင့်အရေးအား မလွတ်တမ်း အသုံးချမည်ကို အကြီးအကျယ် ကြောက်ရွံ့လျက်၊ လုံးဝ သတိမမူဘဲရှိလေသည်။ ထို့ကြောင့် သူသည် အေးစက်ကာ တင်းတင်းကျပ်ကျပ် ပိတ်ထားသော တံခါးကိုသာ ငါ့အား ရင်ဆိုင်စေခဲ့လျက်၊ ငါ့ကို အပြင်တွင် ပိတ်ထားလေသည်။ ကြိမ်ဖန်များစွာ လူသည် လဲကျပြီးဖြစ်ကာ ငါသည် သူ့ကို ကယ်တင်ပြီးဖြစ်ကာ၊ သို့သော် နိုးထပြီးနောက်တွင် သူသည် ငါ့ကို ချက်ချင်း စွန့်ခွာသွားပြီး၊ ငါ၏ ချစ်ခြင်းမေတ္တာဖြင့် တို့ထိခံရခြင်းမရှိဘဲ၊ ငါ့ကို သတိထားသော အကြည့်ဖြင့် ကြည့်လေသည်။ ငါသည် လူ၏နှလုံးသားကို မည်သည့်အခါမျှ

မနွေးထွေးစေဖူးပေ။ လူသည် ခံစားချက်ကင်းမဲ့သည့်၊ သွေးအေးသတ္တဝါ ဖြစ်သည်။ သူသည် ငါ၏ ထွေးပွေ့မှုအားဖြင့် နွေးထွေးရသော်လည်း၊ ယင်းဖြင့် အလွန်အမင်း တို့ထိခံရခြင်း မရှိဖူးပေ။ လူသည် တောင်ပေါ်လူရိုင်း တစ်ဦးကဲ့သို့ ဖြစ်သည်။ လူသားမျိုးနွယ်နှင့်ဆိုင်သည့် ငါ၏ ချစ်မြတ်နိုးမှု အားလုံးကို သူ မည်သည့်အခါတွင်မျှ တန်ဖိုးမထားဖူးပေ။ သူသည် သားရဲအရိုင်းအစိုင်းများ၏ ခြိမ်းခြောက်မှုကို ကြံ့ကြံ့ခံနေရသည့် တောင်များထဲတွင် နေထိုင်ရန် သာ၍ နှစ်သက်လျက် ငါ့ထံ ချဉ်းကပ်ရန် လိုလားခြင်းမရှိပေ- သို့တိုင် သူသည် ငါ၌ ခိုလှုံဖို့ လိုလားနေခြင်းမရှိသေး။ ငါသည် မည်သည့် လူကိုမျှ အတင်းအကျပ်မပြု။ ငါ၏ အမှုကို ငါ လုပ်ဆောင်ရုံမျှ လုပ်ဆောင်သည်။ လူသားသည် ကမ္ဘာမြေပေါ်က ကြွယ်ဝချမ်းသာမှု အားလုံးကို မွေ့လျော်ခံစားဖို့နှင့် ပင်လယ်၏ ဝါးမျိုခြင်း ခံရမည့်ဘေးကို ချန်ထားခဲ့နိုင်ရန်အလို့ငှာ၊ အားကြီးသော သမုဒ္ဒရာ၏ အလယ်မှ လူသည် ငါ့ဘက်သို့ ကူးခတ်သည့်နေ့ရက် ရောက်လာလိမ့်မည်။

ငါ၏နှုတ်ကပတ်တော်များ ပြီးပြည့်စုံသည်နှင့်အမျှ၊ နိုင်ငံတော်သည် ကမ္ဘာမြေပေါ်တွင် တဖြည်းဖြည်း ပုံဖော်လာသကဲ့သို့၊ လူသည် ပုံမှန်အခြေအနေသို့ တဖြည်းဖြည်း ပြန်ရောက်သွားသည်၊ ထို့ကြောင့် ငါ၏စိတ်နှလုံးထဲက နိုင်ငံတော်ကို ကမ္ဘာမြေပေါ်တွင် တည်လေသည်။ နိုင်ငံတော်ထဲတွင် ဘုရားသခင်၏ လူများအားလုံးသည် ပုံမှန်လူ၏ အသက်တာကို ပြန်လည်ရရှိကြသည်။ အလွန်အေးသော ဆောင်းရာသီသည် ကုန်ဆုံးသွားပြီး၊ နွေဦးရာသီက တစ်နှစ်ပတ်လုံး ကြာသည့် နွေဦးမြို့တော်များနှင့်ဆိုင်သော လောကတစ်ခုဖြင့် အစားထိုး လိုက်သည်။ လူတို့သည် မှုန်မှိုင်းနေသော၊ စိတ်ပျက်ဖွယ်ကောင်းသည့် လူ့လောကကို ရင်မဆိုင်ရတော့ဘဲ၊ လူ့လောက၏ အေးသော အအေးဓာတ်ကို ကြံ့ကြံ့မခံရတော့ပေ။ လူတို့သည် တစ်ဦးနှင့်တစ်ဦး မတိုက်ခိုက်ကြပေ၊ နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မတိုက်ကြ၊ အစုလိုက်အပြုံလိုက်လူသတ်ခြင်းနှင့် အစုလိုက်အပြုံလိုက် လူသတ်ခြင်းမှ သွေးချောင်းစီးခြင်းလည်း မရှိတော့ပေ။ မြေတစ်ပြင်လုံးသည် ပျော်ရွှင်မှုနှင့်ပြည့်နေပြီး၊ နေရာတိုင်းတွင် လူများအကြား၌ နွေးထွေးမှုများနှင့် ပြည့်လျှံနေသည်။ ငါသည် ကမ္ဘာမြေအနှံ့ သွားသည်၊ ငါသည် ငါ့ပလ္လင်ထက်မှ မွေ့လျော်ခံစားပြီး၊ ကြယ်များအလယ်တွင် ငါ နေထိုင်သည်။ ကောင်းကင်တမန်များသည် ငါ့ကို အသစ်သောသီချင်းများနှင့် အသစ်သောအကများကို ပူဇော်ကြသည်။ ၎င်းတို့၏ ထိခိုက်လွယ်ခြင်းသည် ၎င်းတို့၏ မျက်နှာများတွင် မျက်ရည်များ မယိုစီးစေတော့ပေ။ ငါ၏ ရှေ့မှောက်တွင် ကောင်းကင်တမန်များ၏ ငိုကြွေးသံကို ငါမကြားရတော့သကဲ့သို့၊ မည်သူကမျှ ငါ့ထံသို့ ဆင်းရဲဒုက္ခနှင့်သက်ဆိုင်၍ မညည်းတွားတော့ပေ။ ယနေ့တွင် သင်တို့အားလုံးသည်

ငါ့ရှေ့မှောက်တွင် အသက်ရှင်ကြသည်။ မနက်ဖြန်တွင် သင်တို့အားလုံးသည် ငါ၏ နိုင်ငံတော်ထဲတွင် တည်ရှိကြလိမ့်မည်။ ဤသည်မှာ လူသားအပေါ် ငါအပ်နှင်းသည့် အကြီးမြတ်ဆုံးသော ကောင်းချီးမင်္ဂလာ ဖြစ်သည် မဟုတ်လော။ ယနေ့ သင်တို့ပေးသော အဖိုးအခကြောင့်၊ သင်တို့သည် အနာဂတ်၏ ကောင်းချီးမင်္ဂလာများကို အမွေခံရလိမ့်မည်ဖြစ်ပြီး၊ ငါ၏ဘုန်းအသရေအလယ်တွင် အသက်ရှင်ကြရလိမ့်မည်။ သင်တို့သည် ငါ့ဝိညာဉ်တော်၏ အနှစ်သာရဖြင့် ထိတွေ့ဆက်ဆံရန် ဆန္ဒမရှိသေးသလော။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် သတ်ဖြတ်ရန် ဆန္ဒရှိသေးသလော။ လူတို့သည် ကတိများက ပေါ်ပင်ဖြစ်သော်လည်း ယင်းတို့နောက်ကိုလိုက်ရန် လိုလားကြသည်၊ သို့သော် မနက်ဖြန်နေ့၏ ကတိများမှာမူ ထာဝရကာလကြာ တည်တံ့မည်ဖြစ်သော်လည်း၊ ယင်းတို့ကို လက်ခံရန် မည်သူမျှ ဆန္ဒမရှိကြချေ။ လူသားဖို့ မြင်၍ရသည့်အရာများသည် ငါ အမြစ်ဖြတ်ချေမှုန်းမည့် အရာများ ဖြစ်ပြီး၊ လူသားဖို့ စမ်းသပ်ထိတွေ့၍ မရသောအရာများသည် ငါပြီးမြောက်မည့်အရာများ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်နှင့် လူကြားက ကွဲပြားခြားနားချက် ဖြစ်သည်။

လူသည် ငါ့နေ့ရက် မည်သည့်အချိန် ရောက်လာလိမ့်မည်ကို ရေတွက်ပြီးဖြစ်သော်လည်း၊ ရက်စွဲအတိအကျကို မည်သူမျှ မသိကြဖူးပေ၊ ထို့ကြောင့် လူသည် မိန်းမောခြင်းအလယ်၌သာ အသက်ရှင်နိုင်သည်။ လူ၏ တောင့်တမှုများသည် အကန့်အသတ်မဲ့သော ကောင်းကင်များအနှံ့ ပဲ့တင်ထပ်ပြီးနောက်တွင် ပျောက်ကွယ် သွားသောကြောင့်၊ လူသည် ထပ်ခါတလဲလဲ မျှော်လင့်ချက် ပျောက်ဆုံးပြီးဖြစ်သည်၊ သူသည် သူ၏ လက်ရှိအခြေအနေများဆီသို့ ကျဆင်းလာပြီးဖြစ်သည်။ ငါ၏ မိန့်မြွက်ချက်များ၏ ရည်မှန်းချက်မှာ လူအား ရက်စွဲများကို လိုက်စားစေရန် မဟုတ်သကဲ့သို့၊ သူ၏ စိတ်ပျက်ခြင်း အကျိုးဆက်အနေဖြင့် သူ၏ ကိုယ်ပိုင် ပျက်စီးခြင်းဆီသို့ တွန်းပို့ရန်လည်း မဟုတ်ပေ။ ငါ၏ ကတိတော်ကို လူသား လက်ခံစေရန် ငါဆန္ဒရှိပြီး၊ ကမ္ဘာလောကတစ်ဝှမ်းလုံးမှ လူများအားလုံးအား ငါ့ကတိတော်၏ ဝေစုတစ်စုကို ရကြစေရန်အတွက် ငါဆန္ဒရှိသည်။ ငါလိုချင်သော အရာမှာ အသက်နှင့် ပြည့်ဝသော ရှင်သန်နေသည့် သတ္တဝါများဖြစ်သည်၊ သေခြင်းတရားထဲတွင် နစ်မြုပ်ကြပြီးဖြစ်သည့် အလောင်းကောင်များ မဟုတ်ပေ။ နိုင်ငံတော်၏ စားပွဲ၌ ငါသည် လဲလျောင်းသည့်အတွက်၊ ကမ္ဘာမြေကြီးပေါ် ရှိ လူအားလုံးကို ငါ၏ စစ်ဆေးခြင်းအား လက်ခံရရှိရန် ငါကွပ်ကဲမည်။ ငါ၏ ရှေ့မှောက်တွင် မသန့်ရှင်းသော မည်သည့်အရာမဆို၏ တည်ရှိခြင်းကို ငါ ခွင့်မပြု။ ငါ့အမှုတော်၌ လူ၏ မည်သည့် တားဆီးနှောင့်ယှက်မှုကိုမျှ ငါသည် သည်းညည်းမခံ။ ငါ့အမှုတော်၌ တားဆီးနှောင့်ယှက်သော သူအားလုံးသည် မြေအောက် အကျဉ်းခန်းများထဲသို့

ပစ်ချခြင်းခံကြရပြီး၊ ၎င်းတို့ လွတ်လာသည့် နောက်တွင်၊ ၎င်းတို့သည် ကမ္ဘာမြေကြီး၏ ချစ်ချစ်တောက်ပူနေသော မီးလျှံများကို လက်ခံရရှိရင်း၊ ဘေးဒုက္ခများ၏ ဝိုင်းရံဖိစီးခြင်းခံရဆဲ ဖြစ်သည်။ ငါသည် လူ့ဇာတိ၌ ရှိချိန်တွင်၊ ငါ၏လူ့ဇာတိဖြင့် ငါ၏ အမှုတော်ကို ငြင်းခုံသောသူ မည်သူကိုမဆိုသည် ငါ၏ စက်ဆုပ်ခြင်း ခံရလိမ့်မည်။ ငါသည် ကမ္ဘာမြေပေါ်တွင် ဆွေမျိုးသားချင်း မရှိဟု လူအားလုံးကို ကြိမ်ဖန်များစွာ ငါသတိပေးပြီးဖြစ်သကဲ့သို့၊ ငါ့ကို တန်းတူအဖြစ် မှတ်ယူသော မည်သူမဆိုနှင့်၊ ငါနှင့်အတူ အတိတ်အချိန်ကာလများနှင့်ပတ်သက်၍ စားမြုံ့ပြန်နိုင်ဖို့အလို့ငှာ ငါ့အား ၎င်းတို့ထံ ဆွဲခေါ်သော မည်သူမဆို ဖျက်ဆီးခြင်းခံရလိမ့်မည်။ ဤသည်မှာ ငါမိန့်ကြားသော အရာဖြစ်သည်။ ထိုသို့သော ကိစ္စရပ်များတွင် ငါသည် လူသားအပေါ် စိုးစဉ်းမျှ သက်ညှာခြင်း မရှိ။ ငါ၏အမှု၌ တားဆီးနှောင့်ယှက်ပြီး၊ ငါ့ကို သြဝါဒပေးသော သူအားလုံးတို့သည် ငါ၏ ပြစ်တင် ဆုံးမခြင်းကို ခံရပြီး၊ မည်သည့်အခါမျှ ငါ၏ ခွင့်လွှတ်ခြင်းကို ခံရလိမ့်မည်မဟုတ်။ အကယ်၍ ငါသည် ထင်ထင်ရှားရှား မပြောဆိုပါက၊ လူသည် မည်သည့်အခါမျှ အသိတရား ဝင်လာလိမ့်မည်မဟုတ်သကဲ့သို့၊ ငါ၏ ပြစ်တင်ဆုံးမခြင်း အထဲသို့ အမှတ်တမဲ့ ကျရောက်သွားလိမ့်မည် ဖြစ်သည်- အကြောင်းမှာ လူသည် ငါ့ကို ငါ၏လူ့ဇာတိဖြင့် မသိသောကြောင့် ဖြစ်ပေသည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၂၀ ရက်

# အခန်း ၂၁

လူသားသည် ငါ့အလင်း၏ အလယ်တွင် လဲကျပြီး၊ ငါ၏ ကယ်တင်ခြင်းကြောင့် မြဲမြံစွာ ရပ်တည်၏။ ကယ်တင်ခြင်းကို စကြဝဠာ တစ်ခွင်လုံးသို့ ငါယူဆောင်လာသောအခါ၊ လူသားသည် ငါ၏ပြန်လည် ပြုပြင်ခြင်း၏ စီးဆင်းခြင်းအလယ်တွင် ဝင်ရောက်နိုင်မည့် နည်းလမ်းများကို ရှာတွေ့ရန် ကြိုးစားသည်၊ သို့သော် များစွာသောသူတို့သည် ဤပြန်လည် ပြုပြင်ခြင်း၏ ပြင်းထန်သောရေစီးအားဖြင့် အရိပ်အယောင် စိုးစဉ်းမျှ မကျန်ဘဲ မျောပါသွားကြ၏။ တစ်ဟုန်ထိုး စီးဆင်းသော ရေများအားဖြင့် နစ်မြုပ်သွားကြလျက် ဝါးမျိုခြင်းခံရသူများစွာ ရှိသည်။ ပြီးလျှင် တစ်ဟုန်ထိုး စီးဆင်းမှုအလယ်တွင် မြဲမြံစွာရပ်တည်သောသူ၊ ၎င်းတို့၏ ဦးတည်ရာ အသိစိတ် မည်သည့်အခါတွင်မျှ မဆုံးရှုံးဖူးသူ၊ ပြီးလျှင် ထိုသို့ဖြင့် ယနေ့ထိတိုင် ဤသို့ တစ်ဟုန်ထိုး စီးဆင်းမှုနောက်သို့ လိုက်ကြသော

သူများလည်း များစွာရှိသည်။ ငါသည် လူနှင့်အတူ ခြေလှမ်းညီညီ ချီတက်သည်၊ သို့သော် လူသားသည် ငါ့ကို လုံးဝ မသိဖူးသေးပေ။ သူသည် ငါ အပြင်ပန်းတွင် ဝတ်ဆင်ထားသော အဝတ်အစားများကိုသာ သိသော်လည်း၊ ငါ၏အတွင်းရှိ ကြွယ်ဝမှုများကို မသိနားမလည်ပေ။ ငါသည် လူသားကို ထောက်ပံ့ပြီး နေ့စဉ် သူ့ကို ပေးသော်လည်း၊ သူသည် အစစ်အမှန် လက်ခံနိုင်စွမ်းမရှိပေ၊ ငါပေးသော ကြွယ်ဝခြင်းများအားလုံးကို လက်မခံနိုင်ပေ။ လူသား၏ ဖောက်ပြန်ပျက်စီးခြင်းနှင့်ဆိုင်သည့် မည်သည့်အရာမျှ ငါ၏ သတိပြုမိခြင်းမှ လွတ်မြောက်ခြင်း မရှိပေ။ ငါ့အဖို့ သူ၏ အတွင်းကမ္ဘာသည် ရေပြင်ပေါ်က တောက်ပသော လကဲ့သို့ ရှင်းလင်းပေသည်။ ငါသည် လူကို ပေါ့ပေါ့ဆဆ ပုံစံဖြင့် မဆက်ဆံသကဲ့သို့၊ သူနှင့်ပတ်သက်၍ ဟန်ဆောင်လုပ်ခြင်းလည်း မရှိပေ။ ယင်းမှာ လူသားသည် မိမိကိုယ်ကိုယ်အတွက် တာဝန်မယူနိုင်ခြင်းသာ ဖြစ်သည်၊ ထို့ကြောင့် လူသားမျိုးနွယ် တစ်ရပ်လုံးသည် အစဉ် အကျင့်ပျက်ပြားပြီးဖြစ်ကာ၊ ယနေ့တွင်ပင် ထိုသို့သော အကျင့်ပျက်ပြားမှုမှ မိမိကိုယ်ကိုယ် ရုန်းထွက်နိုင်စွမ်းမရှိဘဲ ဖြစ်နေသည်။ ညံ့ဖျင်းသည့်၊ သနားစဖွယ် လူသားမျိုးနွယ်ပါတကား။ လူသားသည် ငါ့ကို ချစ်သော်လည်း၊ ငါ့ဝိညာဉ်တော်၏ ရည်ရွယ်ချက်များကို မလိုက်နာနိုင်သည်မှာ အဘယ်ကြောင့်နည်း။ ငါသည် ငါ့ကိုယ်ငါ လူသားမျိုးနွယ်ထံ အမှန်တကယ် ထုတ်ဖော်မပြလေပြီလော။ လူသားမျိုးနွယ်သည် အမှန်တကယ် ငါ၏မျက်နှာကို တစ်ခါမျှ မမြင်ဖူးသလော။ ငါသည် လူသားမျိုးနွယ်အပေါ် အလွန်နည်းပါးသော သနားကရုဏာကို ပြသခဲ့သောကြောင့် ဖြစ်နိုင်မည်လော။ အို၊ လူသားမျိုးနွယ် အားလုံးထဲမှ ပုန်ကန်သူများ။ ၎င်းတို့သည် ငါ၏ခြေအောက်တွင် ဖျက်ဆီးခြင်းခံရမည်။ ၎င်းတို့သည် ငါ၏ပြစ်တင်ဆုံးမမှု အလယ်တွင် ပျောက်ကွယ်ရမည်ဖြစ်ပြီး၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် ၎င်းတို့၏ အကျည်းတန်သော မျက်နှာကို သိကြဖို့အလို့ငှာ၊ ၎င်းတို့သည် ငါ၏ ကြီးမြတ်သော လုပ်ငန်းကြီး ပြီးစီးသွားသည့် နေ့ရက်တွင် လူသားမျိုးနွယ်အလယ်မှ နှင်ထုတ်ခြင်း ခံရမည်။ လူသားသည် ငါ၏မျက်နှာကို တွေ့ရခဲ့သည့်အချက် သို့မဟုတ် ငါ၏အသံကို ကြားရခဲ့သည့်အချက်မှာ လောကကြီး တစ်ခုလုံးသည် နောက်ကျိလွန်းပြီး၊ ယင်း၏ ပွက်ပွက်ညံသံသည် အလွန် ကြီးလှသောကြောင့်ဖြစ်သည်၊ ထို့ကြောင့် လူသားသည် ငါ၏ မျက်နှာကို ဖွေရှာရန်နှင့် ငါ၏ စိတ်နှလုံးကို နားလည်ဖို့ ကြိုးစားရန် အလွန် ပျင်းရိသည်။ ဤသည်မှာ လူသား၏ ဖောက်ပြန်ပျက်စီးခြင်း၏ အကြောင်းတရား ဖြစ်သည် မဟုတ်ပေလော။ ဤသည်မှာ လူသားသည် လိုအပ်ရသည့်အကြောင်းရင်း ဖြစ်သည် မဟုတ်လော။ လူသားမျိုးနွယ် တစ်ရပ်လုံးသည် ငါ၏ ထောက်ပံ့ပေးမှု အလယ်တွင် အစဉ် ရှိကြပြီးဖြစ်သည်။ ထိုသို့သာ မဟုတ်ခဲ့ပါက၊ ငါသည် သနားကရုဏာနှင့် မပြည့်ဝခဲ့ပါက၊

မည်သူသည် ယနေ့အထိ ရှင်သန်ပြီးဖြစ်မည်နည်း။ ငါ၌ရှိသော ကြွယ်ဝမှုသည် အနိုင်းမဲ့ဖြစ်သည်၊ သို့သော် ကပ်ဘေးအားလုံးကိုလည်း ငါ၏လက်များထဲတွင် ထိန်းသိမ်းထားသည်- ပြီးလျှင် မည်သူသည် ၎င်းတို့ စိတ်ရှိချိန်တိုင်းတွင် ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်သနည်း။ လူသား၏ ဆုတောင်းခြင်းများ သို့မဟုတ် ၎င်း၏ နှလုံးသားထဲက ငိုကြွေးမှုသည် ၎င်းကို ထိုသို့ လုပ်ဆောင်ခွင့်ပြုသလော။ လူသားသည် မည်သည့်အခါမျှ ငါ့ထံ အမှန်တကယ် ဆုမတောင်းဖူးပေ၊ ထို့ကြောင့် လူသားမျိုးနွယ်အပေါင်းတို့ထဲတွင် မည်သူမျှ ၎င်းတို့၏ ဘဝတစ်ခုလုံးကို စစ်မှန်သောအလင်း၏အလယ်၌ အသက်မရှင်ဖူးပေ။ လူတို့သည် ကြိုကြား ကြိုကြား မှိတ်တုတ်မှိတ်တုတ် ပေါ်ထွန်းသည့် အလင်းတွင်သာ အသက်ရှင်ကြသည်။ ယနေ့ လူသားမျိုးနွယ်၏ ချို့တဲ့ခြင်းဆီသို့ ဆိုက်ရောက်စေပြီးဖြစ်သည်မှာ ဤအရာ ဖြစ်ပေသည်။

အယောက်တိုင်းသည် ငါ့ထံမှ တစ်စုံတစ်ခု ရရှိရန်အလို့ငှာ ငါ့အတွက် အစွမ်းကုန် လုပ်ဆောင်ရန် လိုလားနေလျက်၊ မစောင့်နိုင်အောင်ဖြစ်ကြသည်၊ ထို့ကြောင့် လူ၏ စိတ်သဘောနှင့် လျော်ညီစွာ၊ ငါသည် သူ၏အထဲ၌ စစ်မှန်သည့် ချစ်ခြင်းကို စေ့ဆော်ပေးရန် သူ့ကို ကတိများပေးခဲ့သည်။ လူသားကို ခွန်အားပေးသည်မှာ သူ၏ စစ်မှန်သော ချစ်ခြင်းမေတ္တာ အမှန်တကယ် ဖြစ်သလော။ ကောင်းကင်ဘုံရှိ ငါ၏ ဝိညာဉ်တော်ကို တို့ထိပြီးဖြစ်သည်မှာ လူသား၏ ငါ့ကို သစ္စာစောင့်သိခြင်းလော။ ကောင်းကင်ဘုံသည် လူ၏ လုပ်ရပ်များအားဖြင့် မည်သည့်အခါမျှ စိုးစဉ်းမျှ အကျိုးသက်ရောက်ခြင်း မရှိဖူးပေ၊ ပြီးလျှင် လူသားနှင့်ဆိုင်သည့် ငါ၏ ဆက်ဆံမှုသည် သူ၏ လုပ်ရပ်တိုင်းအပေါ် အခြေခံခဲ့မည်ဆိုပါလျှင်၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် ငါ၏ ပြစ်တင်ဆုံးမမှု အလယ်တွင် အသက်ရှင်ကြပေမည်။ ၎င်းတို့၏ ပါးပြင်များပေါ် မျက်ရည်များ စီးနေကြသည့် များစွာသော လူတို့ကို ငါမြင်ပြီးပြီဖြစ်ကာ၊ ငါ၏ကြွယ်ဝမှုများအတွက် အလဲအလှယ်အနေဖြင့် ၎င်းတို့၏ နှလုံးသားများကို ပူဇော်ကြသည့် များစွာသော လူတို့ကိုလည်း ငါမြင်ရပြီးဖြစ်သည်။ ထိုသို့သော “ဘာသာတရား ကိုင်းရှိုင်းမှု” ရှိသော်ငြားလည်း၊ လူသားသည် ငါ၏ ရှေ့မှောက်တွင် မိမိကိုယ်ကိုယ် ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်ရန် လိုလားခြင်း လုံးဝ မရှိဖူးသည့်အတွက်၊ လူသား၏ ရုတ်ခြည်းဖြစ်သည့် ပြင်းပြသောဆန္ဒများ၏ အကျိုးဆက်အနေဖြင့် ငါသည် သူ့အား ဘယ်သောအခါမျှ ငါ၏အလုံးစုံကို အခမဲ့ မပေးဖူးပေ။ ငါသည် လူအားလုံး၏ မျက်နှာဖုံးများကို ဆွဲနုတ်ပစ်ခဲ့ပြီး ဤမျက်နှာဖုံးများကို မီးအိုင်ထဲသို့ ပစ်ချပြီးဖြစ်သည်၊ အကျိုးဆက်အနေနှင့် လူသား၏ သစ္စာစောင့်သိမှုနှင့် အသနားခံမှုဟု ဆိုသော အရာများသည် ငါ၏ရှေ့တွင် မည်သည့်အခါမျှ မမြဲမြံဖူးပေ။ လူသားသည် မိုးကောင်းကင်ရှိ တိမ်တိုက်တစ်ခုနှင့် တူသည်။ လေတဟူးဟူး

တိုက်ခတ်သောအခါ၊ သူသည် ယင်း၏ အင်အား ကြီးမားမှုကို ကြောက်ရွံ့သောကြောင့်၊ သူ၏ မနာခံမှုအတွက် ဒဏ်ခတ်ခံရမည်ကို သူသည် အလွန်အမင်း ကြောက်ရွံ့လျက် ယင်းနောက်သို့ ကမန်းကတန်း လွင့်မျောသွားသည်။ ဤသည်မှာ လူသား၏ အကျည်းတန်သော မျက်နှာဖြစ်သည် မဟုတ်လော။ ဤသည်မှာ လူသား၏ နာခံမှုဟု ခေါ်သော အရာဖြစ်သည် မဟုတ်လော။ ဤသည်မှာ လူသား၏ "စစ်မှန်သော ခံစားချက်" နှင့် အတုအယောင် စေတနာ ဖြစ်သည် မဟုတ်ပေလော။ များစွာသော လူတို့သည် ငါ၏ နှုတ်မှ ထုတ်ပြန်သော မိန့်မြွက်ချက်များအားလုံးအားဖြင့် လက်ခံယုံကြည်ရန် ငြင်းဆိုကြပြီး၊ များစွာသောသူတို့သည် ငါ၏ အကဲဖြတ်မှုကို လက်မခံကြပေ၊ ထို့ကြောင့် ၎င်းတို့၏ စကားများနှင့် လုပ်ရပ်များသည် ၎င်းတို့၏ ပုန်ကန်တတ်သော ရည်ရွယ်ချက်များကို ပြပေ၏။ ငါပြောသည့်အရာသည် လူသား၏ သဘာဝဟောင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည် မဟုတ်လော။ ငါသည် လူသားကို "သဘာဝ၏ နိယာမများ" နှင့်အညီ သင့်လျော်သော အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ပေးပြီးပြီ မဟုတ်လော။ လူသားသည် ငါ့ကို အမှန်တကယ် မနာခံပေ။ အကယ်၍ သူသည် ငါ့ကို အမှန်တကယ် ရှာဖွေခဲ့ပါက၊ ငါသည် များစွာပြောရန် လိုမည်မဟုတ်။ လူသားသည် အသုံးမကျသော အမှိုက် ဖြစ်ပြီး၊ သူ့ကို ရှေ့သို့ အတင်းအကျပ် ရွေ့စေရန် ငါသည် ငါ၏ ပြစ်တင်ဆုံးမခြင်းကို အသုံးပြုရပေမည်။ ငါသည် ထိုသို့ မလုပ်ဆောင်ခဲ့ပါက- သူ့ကို ငါပေးသော ကတိများသည် သူ၏ မွေ့လျော်ခံစားခြင်းအတွက် လုံလောက်သော်ငြားလည်း- သူ၏ နှလုံးသားသည် တို့ထိခံရနိုင်မည်လော။ လူသားသည် နာကျင်စရာ ရုန်းကန်မှုအလယ်တွင် နှစ်ပေါင်းများစွာ အမြဲနေထိုင်ပြီးဖြစ်သည်။ သူသည် စိတ်ပျက်ခြင်းထဲတွင် အစဉ်အမြဲ နေထိုင်ပြီးဖြစ်သည်ဟု ဆိုနိုင်သည်။ အကျိုးဆက်အနေဖြင့်၊ သူသည် မျှော်လင့်ချက်ကုန်လျက် ကျန်ရစ်ပြီးဖြစ်ကာ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်ပြီးဖြစ်သည်၊ ထို့ကြောင့် သူသည် သူ့ကို ငါပေးသော ကြွယ်ဝခြင်းများကို ဝမ်းမြောက်စွာ လက်မခံပေ။ ယနေ့တွင်ပင် ဝိညာဉ်၏ချိုမြိန်မှုအားလုံးကို ငါ့ထံမှ မည်သူမျှ လက်မခံနိုင်ကြပေ။ လူတို့သည် နွမ်းပါးလျက်သာ ရှိနေနိုင်ပြီး၊ နောက်ဆုံးသော နေ့ရက်ကို စောင့်စားကြလေသည်။

များစွာသော လူတို့သည် ငါ့အား အမှန်တကယ် ချစ်ရန် ဆန္ဒရှိကြသည်၊ သို့သော် ၎င်းတို့၏ နှလုံးသားများမှာ ၎င်းတို့ ကိုယ်ပိုင်မဟုတ်သောကြောင့်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် မထိန်းချုပ်နိုင်ကြချေ။ များစွာသော လူတို့သည် ငါပေးသော စမ်းသပ်မှုများကို တွေ့ကြုံကြသည်နှင့်အမျှ ငါ့ကို အမှန်တကယ် ချစ်ကြသည်၊ သို့သော်ငြားလည်း ၎င်းတို့သည် ငါ အမှန်တကယ် တည်ရှိသည်ကို သဘောပေါက်နိုင်စွမ်း မရှိကြသကဲ့သို့၊ ငါ့ကို အနှစ်မဲ့ခြင်းဖြင့် ချစ်ရုံမျှ ချစ်ကြကာ၊ ငါ၏ တကယ့် တည်ရှိခြင်းကြောင့် မဟုတ်ပေ။ များစွာသော လူတို့သည်

ငါ၏ရှေ့တွင် သူတို့၏ နှလုံးသားများကို ချခင်းထားပြီး၊ ထို့နောက်တွင် ၎င်းတို့၏ စိတ်နှလုံးများကို အာရုံမစိုက်ကြချေ။ ထို့ကြောင့် ၎င်းတို့၏ နှလုံးသားများသည် အခွင့်အရေးရသည့် အချိန်တိုင်း စာတန်၏ ဆတ်ခနဲ လုယူသွားခြင်းကို ခံကြရပြီး၊ ထို့နောက်တွင် ၎င်းတို့သည် ငါ့ကို စွန့်ခွာသွားကြလေသည်။ များစွာသော လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို ထောက်ပံ့ပေးသောအခါ ငါ့ကို အမှန်တကယ် ချစ်ကြသည်၊ သို့သော်ငြားလည်း ၎င်းတို့၏ စိတ်ဝိညာဉ်များထဲတွင် ငါ၏ နှုတ်ကပတ်တော်များကို ချစ်မြတ်နိုးခြင်းမရှိ၊ ထိုအစား ထိုနှုတ်ကပတ်တော်များကို အများပြည်သူပိုင်သည့် ပစ္စည်းကဲ့သို့ သာမန်ကာလျှံကာမျှသာ အသုံးပြုကြပြီး ၎င်းတို့ ဆန္ဒရှိသည့်အခါတိုင်း ယင်းတို့ကို လာသည့်နေရာသို့ ပြန်ပစ်ပေးနေကြသည်။ လူသားသည် နာကျင်မှုအလယ်၌ ငါ့ကိုရှာပြီး၊ စမ်းသပ်မှုများအလယ်တွင် ငါ့ထံမှ အကူအညီရဖို့ကို မျှော်လင့်လေသည်။ ငြိမ်းချမ်းသော အချိန်များ အတောအတွင်းတွင်၊ သူသည် ငါ့ကို မွေ့လျော်ခံစားသည်၊ ဘေးအန္တရာယ် ကျရောက်ချိန်တွင် ငါ့ကို ငြင်းပယ်သည်၊ သူ အလုပ်များချိန်တွင် ငါ့ကို မေ့လျော့ပြီး၊ သူ အလုပ်မရှိသောအခါ၌ ငါ့အတွက် ဟန်ဆောင်လုပ်ပြလေသည်- သို့သော်ငြားလည်း မည်သူမျှ ၎င်းတို့၏ တစ်သက်တာလုံးတစ်လျှောက် ငါ့ကို လုံးဝ မချစ်ဖူးပေ။ လူသားသည် ငါ့ရှေ့တွင် စိတ်အားထက်သန်ရန် ငါအလိုရှိသည်။ ငါကို တစ်စုံတစ်ခု ပေးရန် သူ့ကို ငါမတောင်းဆိုဘဲ၊ ငါ့ကို မြှောက်ထိုးပင့်ကော် လုပ်မည့်အစား၊ လူအားလုံးသည် ငါ့ကို အလေးအနက် မှတ်ယူကြရန်နှင့်၊ လူသား၏ စစ်မှန်ရိုးသားမှုကို ပြန်ဆောင်ကြဉ်းဖို့ ငါ့ကို ခွင့်ပြုရန်သာ ငါ တောင်းဆိုသည်။ ငါ၏ အသိဉာဏ်ပွင့်လင်းစေခြင်း၊ အလင်းပေးခြင်းနှင့် ငါ၏အားထုတ်မှုများ၏ တန်ဖိုးသည် လူအားလုံးကို စိမ့်ဝင်ပျံ့နှံ့ဝင်သည်၊ သို့သော် လူသား၏ လုပ်ရပ်တိုင်း၏ စစ်မှန်သော အချက်သည်လည်း ငါနှင့်ဆိုင်သည့် ၎င်းတို့၏ လှည့်ဖြားမှုနည်းတူ၊ လူအားလုံးတို့ကို စိမ့်ဝင်ပျံ့နှံ့လေသည်။ ယင်းမှာ လူသား၏ လှည့်ဖြားမှု၏ ပါဝင်သောအရာများသည် အမိဝမ်းကတည်းက သူနှင့်အတူ ရှိပြီးဖြစ်သည့်အလား၊ သူသည် ဤလိမ့်လည်လှည့်စားမှု နှင့်ဆိုင်သည့် အထူး ကျွမ်းကျင်မှုများကို မွေးကတည်းက ပိုင်ဆိုင်ပြီး သည့်အလား ဖြစ်သည်။ ထို့အပြင် သူသည် မည်သည့်အခါမျှ သူ၏လျှို့ဝှက်ချက်ကို မလှစ်ဟပြဖူးပေ။ မည်သူမျှ ဤလှည့်ဖြားသော အတတ်များ၏ ရင်းမြစ်ကို မရိပ်စားမိဖူးပေ။ အကျိုးဆက်အနေဖြင့်၊ လူသားသည် နားမလည်လိုက်ဘဲနှင့် လှည့်ဖြားမှုအလယ်တွင် နေထိုင်ပြီး၊ ယင်းမှာ သူသည် မိမိကိုယ်ကိုယ် ခွင့်လွှတ်သည့်အလား၊ ယင်းမှာ ငါ့အပေါ် သူ၏ တမင်တကာ လှည့်ဖြားမှုအစား ဘုရားသခင်၏ စီစဉ်မှုများ ဖြစ်သည့်အလား ဖြစ်သည်။ ဤသည်မှာ ငါ့အပေါ် လူသား၏လှည့်ဖြားမှု၏ တကယ့်ရင်းမြစ် ဖြစ်သည် မဟုတ်လော။

ဤသည်မှာ သူ၏ ကောက်ကျစ်စဉ်းလဲသော အကြံအစည် ဖြစ်သည် မဟုတ်ပေလော။ ငါသည် လူသား၏ အနှစ်သာရကို အချိန်ကြာမြင့်စွာက သဘောပေါက်ခဲ့သည့်အတွက်၊ မည်သည့်အခါမျှ ငါသည် လူသား၏ မြှောက်လုံးများနှင့် ယုံအောင် လှည့်စားပြောဆိုမှုကြောင့် စိတ်မရှုပ်ထွေးဖူးပေ။ သူ၏အသွေးထဲတွင် မသန့်စင်မှု မည်မျှရှိသည်ကို မည်သူသိနိုင်မည်နည်း၊ ပြီးလျှင် သူ၏ခြင်ဆီထဲတွင် စာတန်၏ အဆိပ် မည်မျှရှိသည်ကို မည်သူသိနိုင်မည်နည်း။ လူသားသည် ကုန်လွန်သွားသည့် နေ့ရက်အသီးသီးနှင့်အတူ ထိုအရာကို သာ၍ ကျင့်သားရလာခဲ့သည်မှာ၊ သူသည် စာတန် လုပ်ဆောင်သည့် ဘေးအန္တရာယ်ကို မခံစားရသကဲ့သို့၊ ထို့ကြောင့် "ကောင်းမွန်စွာ တည်ရှိခြင်း အတတ်ပညာတစ်ခု" ကို ရှာဖွေခြင်းတွင် စိတ်ဝင်စားမှု မရှိသည်အထိ ဖြစ်ပေသည်။

လူသားသည် ငါနှင့် ဝေးကွာသောအခါနှင့် ငါ့ကို သူ စစ်ဆေးသောအခါတွင်၊ ငါသည် သူ့ထံမှ ငါ့ကိုယ်ငါ တိမ်များကြားတွင် ကွယ်ဝှက်ထား၏။ အကျိုးဆက်အနေဖြင့်၊ သူသည် ငါ၏ မည်သည့် အရိပ်အယောင်စိုးစဉ်းကိုမျှ ရှာမတွေ့နိုင်သကဲ့သို့၊ ဆိုးယုတ်သောသူတို့ တောင်းဆိုသမျှ လုပ်ဆောင်ရင်း၊ ၎င်းတို့ကို အကြောင်းပြု၍သာ အသက်ရှင်ရလေသည်။ လူသားသည် ငါနှင့် နီးကပ်သောအခါ၊ ငါသည် သူ့ထံ ပေါ်လာပြီး ငါ၏မျက်နှာကို သူ့ထံမှ ဝှက်မထားပေ။ ဤအချိန်တွင် လူသားသည် ငါ၏ ကြင်နာသော မျက်နှာကို မြင်ရလေသည်။ သူသည် ရုတ်တရက် သူ၏ အသိတရားများ ဝင်လာပြီး၊ ် နားမလည်လိုက်သော်ငြားလည်း၊ သူ၏အထဲတွင် ငါ့ကို ချစ်ခြင်းသည် မွေးဖွားလာ၏။ သူ၏ နှလုံးသားထဲတွင်၊ သူသည် ရုတ်တရက် နှိုင်းယှဉ်၍ မရသော ချိုမြိန်ခြင်းတစ်ခုကို ခံစားရပြီး၊ အဘယ်သို့ စကြဝဠာ၌ ငါ၏တည်ရှိမှုကို သူမသိနိုင်ခဲ့သည်ကို စဉ်းစားမိသည်။ ထို့ကြောင့် လူသည် ငါ၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်းအပြင်၊ ငါ၏ အဖိုးတန်မှုနှင့် သက်ဆိုင်သော သာ၍ ကြီးမားသည့် အသိတရားတစ်ခုကို ရလေသည်။ အကျိုးဆက်အနေဖြင့်၊ သူသည် ငါ့ကို မည်သည့် အခါမျှ တစ်ဖန် မစွန့်ခွာရန် ဆန္ဒရှိလေသည်၊ သူသည် ငါ့ကို သူ့ရှင်သန်မှု၏ အလင်းအဖြစ်မြင်ကာ၊ ငါသည် သူ့အား စွန့်ခွာမည်ကို အလွန်အမင်း ကြောက်ရွံ့လျက် ငါ့ကို တင်းကျပ်စွာ ဖက်ထားလေသည်။ ငါသည် လူသား၏ စိတ်အားထက်သန်မှုဖြင့် တို့ထိခံရခြင်းမရှိဘဲ၊ သူ၏ ချစ်ခြင်းကြောင့် သူ့အပေါ် သနားကရုဏာရှိပေသည်။ ဤအချိန်တွင်၊ လူသားသည် ငါ၏ စမ်းသပ်မှုများ အလယ်တွင် ချက်ချင်း အသက်ရှင်လေသည်။ ငါ၏ မျက်နှာသည် သူ၏ နှလုံးသားမှ ပျောက်ကွယ်သွားပြီး၊ သူ့ဘဝက အနှစ်မဲ့သည်ဟု သူ ချက်ချင်း ခံစားရကာ လွတ်မြောက်ရန် တွေးတောလေသည်။ ဤအခိုက်အတန့်တွင်၊ လူ၏ နှလုံးသားသည် ဖွင့်ချခံရလေသည်။ ငါ၏ စိတ်သဘောထားကြောင့် သူသည် ငါ့ကို ဖက်ယမ်းခြင်းမရှိဘဲ၊ ငါ၏

ချစ်ခြင်းကြောင့် သူ့ကို ကွယ်ကာပေးရန် ငါ့ကို တောင်းဆိုလေသည်။ သို့သော်ငြားလည်း ငါ၏ချစ်ခြင်းသည် လူသားကို ပြန်ထိခိုက်လေသောအခါ၊ သူသည် သူ၏ စိတ်ကို ချက်ချင်း ပြောင်းလေသည်။ သူသည် ငါ၏ သနားကရုဏာနှင့်ပြည့်သော မျက်နှာကို နောက်တစ်ဖန် မျှော်ကြည့်လိုခြင်း မရှိဘဲလျက်၊ ငါနှင့်ထားသော ပဋိညာဉ်ကို ဆုတ်ဖြဲပြီး ငါ၏ တရားစီရင်မှုမှ ခွဲထွက်လေသည်၊ ဤသို့လျှင် သူသည် ငါ့အပေါ် သူ၏ အမြင်ကို ပြောင်းလဲလိုက်ပြီး၊ ငါသည် လူသားအား မည်သည့်အခါမျှ မကယ်တင်ဖူးလေပြီဟု ပြောသည်။ စစ်မှန်သော ချစ်ခြင်းသည် သနားကရုဏာမှလွဲ၍ မည်သည့်အရာမှ အမှန်တကယ် မပါဝင်သလော။ လူသားသည် ငါ၏ ထွန်းတောက်သော အလင်းအောက်တွင် နေထိုင်မှသာ ငါ့ကို ချစ်သလော။ သူသည် ယမန်နေ့ကို ပြန်ကြည့်သော်လည်း၊ ယနေ့တွင် အသက်ရှင်၏- ဤသည်မှာ လူသား၏ အခြေအနေ ဖြစ်သည် မဟုတ်လော။ သင်တို့သည် မနက်ဖြန်တွင် အမှန်ကတယ် ဤကဲ့သို့ ဖြစ်လိမ့်ဦးမည်လော။ ငါလိုချင်သည်မှာ လူသားက အပေါ်ယံအရာများဖြင့် ငါ့ကို စိတ်ကျေနပ်စေသည့် နှလုံးသားတစ်ခု မဟုတ်ဘဲ၊ ၎င်း၏ တကယ့် နက်ရှိုင်းသော နေရာများ၌ ငါ့ကို တမ်းတသော နှလုံးသားတစ်ခု ရှိဖို့ရန်အတွက် ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၂၁ ရက်

# အခန်း ၂၂

လူသည် အလင်းအလယ်တွင် နေထိုင်သော်ငြားလည်း၊ သူသည် အလင်း၏ အဖိုးတန်မှုကို မသိချေ။ သူသည် အလင်း၏ အနှစ်သာရနှင့် အလင်း၏ အရင်းအမြစ်၊ ထို့အပြင် အလင်းက မည်သူနှင့် သက်ဆိုင်သည် ဆိုသည်တို့ကို မသိနားမလည်ချေ။ ငါသည် လူသားအလယ် အလင်းကို အပ်နှင်းသောအခါ၊ ငါသည် လူသားအလယ်ရှိ အခြေအနေများကို ချက်ချင်း စစ်ဆေးသည်- အလင်းကြောင့် လူအပေါင်းတို့သည် ပြောင်းလဲနေကြပြီး၊ ကြီးထွားနေကြကာ၊ အမှောင်ထုကို စွန့်ခွာကြပြီးဖြစ်သည်။ ငါသည် စကြဝဠာ၏ နေရာတိုင်းကို မျှော်ကြည့်ကာ၊ တောင်များကို မြူဖြင့် လွှမ်းခြုံထားကြောင်း၊ ရေများသည် အအေးဓာတ်ဖြင့် အေးခဲပြီး ဖြစ်ကြောင်းနှင့် အလင်း၏ ရောက်လာခြင်းကြောင့် လူများသည် သာ၍ အဖိုးတန်သောအရာ တစ်စုံတစ်ခုကို ရှာဖွေတွေ့ရှိနိုင်ရန်အလို့ငှာ အရှေ့အရပ်ကို ကြည့်ကြကြောင်းကို ငါမြင်၏- သို့သော် လူသည် မြူခိုးများအတွင်းတွင် ရှင်းလင်းသော ဦးတည်ချက်တစ်ခုအား သိမြင်နိုင်စွမ်း မရှိဘဲ နေလေသည်။ လောကကြီးတစ်ခုလုံးသည် မြူ၏ ခြုံလွှမ်းခြင်းကို ခံထားရသောကြောင့်၊

တိမ်များအလယ်မှ ငါကြည့်လေသောအခါ ငါ၏တည်ရှိမှုကို ရှာဖွေတွေ့ရှိသည့် လူသားတစ်ဦး မည်သည့်အခါမျှ မရှိပေ။ လူသည် ကမ္ဘာမြေကြီးပေါ်တွင် တစ်စုံတစ်ရာကို ရှာဖွေလျက်ရှိသည်။ သူသည် လိုက်ရှာနေဟန်ရှိသည်။ သူသည် ငါ၏ရောက်လာမှုကို စောင့်မျှော်ရန် ရည်ရွယ်နေဟန်ရှိသည်- သို့သော်ငြားလည်း သူသည် ငါ၏နေ့ရက်ကို မသိသကဲ့သို့၊ အရှေ့အရပ်ရှိ ခပ်မှိန်မှိန်အလင်းကိုသာ မကြာခဏ ကြည့်ရုံမျှသာ တတ်နိုင်သည်။ လူအပေါင်းတို့ အလယ်တွင်၊ ငါကိုယ်တိုင်၏ စိတ်နှလုံးနှင့် ဧကန်အမှန် ညီညွတ်သောသူများကို ငါသည် ဖွေရှာ၏။ လူအပေါင်းတို့အလယ်တွင် ငါသည် လျှောက်လှမ်းသွားပြီး၊ လူအပေါင်းတို့အလယ်တွင် နေထိုင်၏၊ သို့သော် ကမ္ဘာမြေပေါ် ရှိ လူသားသည် ဘေးကင်းလုံခြုံလျက် ရှိသည်၊ ထို့ကြောင့် ငါကိုယ်တိုင်၏ စိတ်နှလုံးနှင့် ဧကန်အမှန် ညီညွတ်သောသူ တစ်ယောက်မျှ မရှိပေ။ လူများသည် ငါ၏ အလိုကို မည်ကဲ့သို့ အလေးထားရမည်ကို မသိချေ၊ ၎င်းတို့သည် ငါ၏ လုပ်ဆောင်ချက်များကို မမြင်နိုင်ကြသကဲ့သို့ အလင်း၏အလယ်တွင် လှုပ်ရှားနိုင်ခြင်း မရှိဘဲ အလင်း၏ ထွန်းတောက်ခြင်းကိုလည်း မခံနိုင်ကြချေ။ လူသားသည် ငါ၏နှုတ်ကပတ်တော်များကို အစဉ် တန်ဖိုး ထားသော်ငြားလည်း၊ သူသည် စာတန်၏ လှည့်ဖြားသော အကြံအစည်များကို ရိပ်စားမိနိုင်စွမ်း မရှိချေ။ လူသား၏ ဝိညာဉ်ရင့်ကျက်မှုက အလွန် သေးနုပ်သောကြောင့်၊ သူသည် သူ၏စိတ်နှလုံး ဆန္ဒရှိသည့်အတိုင်း မလုပ်ဆောင်နိုင်ချေ။ လူသားသည် ငါ့ကို စိတ်ရင်းအမှန်နှင့် မည်သည့်အခါမျှ မချစ်ဖူးပေ။ ငါသည် သူ့ကို ချီးမြှောက်သောအခါ၊ သူသည် မိမိကိုယ်ကိုယ် မထိုက်တန်ဟု ခံစားရသည်၊ သို့သော် ဤအရာသည် သူ့အား ငါ့ကို ကျေနပ်စေရန် ကြိုးစားခြင်းငှာ မပြုပေ။ ငါသည် သူ့ကို ပေးထားပြီးဖြစ်သည့် "ရာထူးနေရာ" ကိုသာ သူ၏လက်ထဲတွင် ကိုင်ထားရုံမျှ ကိုင်ထားပြီး၊ ယင်းကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးရုံမျှ စစ်ဆေးလေသည်။ ငါ၏ ချစ်ခင်နှစ်လိုဖွယ် ကောင်းခြင်းကို ခံစားနိုင်ခြင်း မရှိဘဲလျက်၊ ယင်းအစား သူသည် သူ့ရာထူးနေရာ၏ ကောင်းချီးများကို လောဘတကြီး ဝါးမျိုခြင်းကိုသာ မဆုတ်မနစ်ပြုလျက်ရှိသည်။ ဤသည်မှာ လူသား၏ ချို့တဲ့ခြင်း မဟုတ်ပေလော။ တောင်များ ရွေ့လျားသောအခါ၊ ယင်းတို့သည် သင်၏ရာထူးနေရာအတွက် ကွေ့ရှောင်သွားခြင်းကို ပြုနိုင်မည်လော။ ရေများသည် စီးဆင်းသောအခါ၊ ၎င်းတို့သည် လူ၏ ရာထူးနေရာရှေ့တွင် ရပ်တန့်နိုင်မည်လော။ လူ၏ရာထူးနေရာအားဖြင့် ကောင်းကင်နှင့် မြေကြီးသည် ပြောင်းပြန် ဖြစ်နိုင်မည်လော။ ငါသည် တစ်ချိန်က လူသားအပေါ် အထပ်ထပ် သနားကရုဏာရှိခဲ့သည်- သို့သော်ငြားလည်း မည်သူမျှ ဤအရာကို မြတ်နိုးခြင်း သို့မဟုတ် တန်ဖိုးထားခြင်း မရှိပေ။ ၎င်းတို့သည် ယင်းကို ပုံပြင်တစ်ပုဒ်မျှကဲ့သို့ နားထောင်သည် သို့မဟုတ် ဝတ္ထုတစ်ပုဒ်ကဲ့သို့

ဖတ်ရှုလေသည်။ ငါ၏နှုတ်ကပတ်တော်များသည် လူသား၏နှလုံးသားကို အမှန်တကယ် မထိတွေ့လေသလော။ ငါ၏ မိန့်မြွက်ချက်များသည် အမှန်တကယ် အကျိုးသက်ရောက်မှု မရှိလေသလော။ မည်သူကမျှ ငါ၏တည်ရှိမှုကို မယုံကြည်ခြင်း ဖြစ်နိုင်မည်လော။ လူသားသည် မိမိကိုယ်ကိုယ် မချစ်ပေ။ ထိုအစား သူသည် ငါ့ကို တိုက်ခိုက်ရန် စာတန်နှင့် ပူးပေါင်းပြီး၊ ငါ့ကို အစေခံဖို့ စာတန်ကို "အဖိုးတန်အရာ" အဖြစ် အသုံးပြုသည်။ ငါသည် စာတန်၏ လှည့်ဖြားသော အကြံအစည်များ အားလုံးကို ထိုးထွင်းသိမြင်မည် ဖြစ်ပြီး ကမ္ဘာမြေ၏ လူတို့ကို စာတန်၏ တည်ရှိခြင်းကြောင်း ငါ့ကို မဆန့်ကျင်ကြဖို့အလို့ငှာ စာတန်၏ လှည့်ဖြားခြင်းများကို လက်ခံနေခြင်းမှ တားဆီးမည်။

နိုင်ငံတော်ထဲတွင်၊ ငါသည် ရှင်ဘုရင်ဖြစ်၏- သို့သော် ငါ့ကို ၎င်း၏ ရှင်ဘုရင်အဖြစ် ဆက်ဆံရမည့်အစား၊ လူသားသည် ငါ့ကို "ကောင်းကင်ဘုံမှ သက်ဆင်းလေပြီးသော ကယ်တင်ရှင်" အဖြစ် ဆက်ဆံ၏။ အကျိုးဆက်အနေဖြင့်၊ သူ့အား လှူဖွယ်များကို ပေးကမ်းရန် ငါ့ကို သူတောင့်တပြီး၊ ငါနှင့်ပတ်သက်သည့် အသိပညာကို မလိုက်စားချေ။ ထို့ကြောင့် များစွာသောလူတို့သည် ငါ၏ရှေ့တွင် သူတောင်းစားများကဲ့သို့ အသနားခံကြလေပြီ။ အလွန် များစွာသောသူတို့သည် ၎င်းတို့၏ "အိတ်များ" ကို ငါ့ထံဖွင့်ကြပြီး ရှင်သန်ဖို့ရန် ၎င်းတို့အား အစားအစာပေးဖို့ ငါ့ကို အနူးအညွတ် တောင်းပန်ကြသည်။ အလွန်များစွာသောသူတို့သည် ငါ့ကို အငမ်းမရစားပြီး သူတို့၏ဗိုက်များကို ဖြည့်နိုင်ရန် ဆန္ဒရှိလျက်၊ ဆာလောင်နေသော ဝံပုလွေများအလား ၎င်းတို့၏ လောဘကြီးသော မျက်လုံးများဖြင့် ငါ့ကို စူးစိုက်ကြည့်ကြလေပြီ။ အလွန် များစွာသောသူတို့သည် ငါ၏ သက်ညှာခြင်းအတွက် ဆုတောင်းကြရင်း သို့မဟုတ် ငါ၏ပြစ်တင်ဆုံးမမှုကို လက်ခံခြင်းငှာ လိုလားလျက်၊ ၎င်းတို့၏ လွန်ကျူးခြင်းအပြစ်များကြောင့် ၎င်းတို့၏ဦးခေါင်းများကို တိတ်တဆိတ် ငုံ့ထားကြပြီး ရှက်ရွံ့မှုကို ခံစားကြရလေသည်။ ငါ၏ မိန့်မြွက်ချက်များကို ငါ ထုတ်ပြန်သည့်အခါတွင်၊ လူသား၏ အမျိုးမျိုးသော မိုက်မဲမှုများသည် ယုတ္တိမရှိဟု ထင်ရပြီး၊ အလင်းအတွင်းတွင် သူ၏စစ်မှန်သော ပုံသဏ္ဌာန်သည် ထုတ်ဖော်ပြခံရလေသည်။ ပြီးလျှင် တောက်ပသော အလင်းထဲတွင် လူသားသည် မိမိကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ပေ။ ထို့ကြောင့် သူသည် ငါ၏ရှေ့တွင် ဦးညွတ်ရန်နှင့် သူ၏အပြစ်များကို ဝန်ခံရန် အလျင်အမြန်ပြုလေသည်။ လူ၏ "ရိုးသားခြင်း" ကြောင့်၊ ငါသည် သူ့ကို နောက်တစ်ဖန် ကယ်တင်ခြင်း၏ မြင်းရထားထိပ်ဖျားသို့ ဆွဲခေါ်သည်၊ ထို့ကြောင့် သူသည် ငါ့ကို ကျေးဇူးတင်ပြီး၊ ချစ်ခင်သောအကြည့်ဖြင့် ငါ့ကို ကြည့်လေသည်။ သို့သော်ငြားလည်း သူသည် ငါ၌ခိုလှုံရန် လိုလားခြင်း မရှိမဲ့ဖြစ်ပြီး၊ သူ၏ နှလုံးသားကို ငါ့အား အပြည့်အဝ မပေးလေပြီ။ သူသည် ငါနှင့်သက်ဆိုင်၍

ဝါကြွားရုံမျှဝါကြွားသော်လည်း၊ သူ၏စိတ်ကို ငါ့ထံ မလှည့်သည့်အတွက်၊ သူသည် ငါ့ကို အမှန်တကယ် မချစ်ပေ။ သူ၏ ခန္ဓာကိုယ်သည် ငါ၏ရှေ့တွင် ရှိသော်ငြားလည်း၊ သူ၏ စိတ်နှလုံးက ငါ၏နောက်တွင် ရှိသည်။ လူသား၏ စည်းမျဉ်းများနှင့်ဆိုင်သော သိနားလည်မှုသည် အလွန် ညံ့ဖျင်းလှပြီး ငါ၏ရှေ့မှောက်သို့လာရန် သူသည် စိတ်ဝင်စားမှု မရှိသောကြောင့်၊ သူ၏ခေါင်းမာသော လျစ်လျူရှုခြင်းအလယ်မှ ငါ့ထံသို့ လှည့်လာနိုင်ဖို့အလို့ငှာ၊ ငါသည် သူ့ကို သင့်လျော်သော အထောက်အကူ ပေးသည်။ ဤသည်မှာ လူသားထံသို့ ငါပေးသော သနားကရုဏာ အတိအကျ ဖြစ်ပြီး၊ လူသားကို ကယ်တင်ရန် ငါကြိုးပမ်းသော နည်းစနစ် ဖြစ်သည်။

စကြဝဠာတစ်လျှောက်လုံးရှိ လူများသည် ငါ၏နေ့ရက်ရောက်ရှိခြင်းကို ဂုဏ်ပြုကြပြီး၊ ကောင်းကင်တမန်များသည် ငါ၏ လူအပေါင်းတို့ အလယ်တွင် လျှောက်လှမ်းသွားကြသည်။ စာတန်သည် ဒုက္ခဖြစ်စေသောအခါ၊ ကောင်းကင်တမန်များသည် ကောင်းကင်ဘုံရှိ ၎င်းတို့၏ အစေခံမှုကြောင့် ငါ၏လူများကို အမြဲ ကူညီကြသည်။ ၎င်းတို့သည် လူသား၏ အားနည်းချက်ကြောင့် နတ်ဆိုး၏ လှည့်ဖြားခြင်းကို မခံရသော်လည်း၊ အမှောင် အင်အားစုများ၏ အပြင်းအထန် တိုက်ခိုက်မှုကြောင့်၊ မြူကို ဖြတ်သန်းလျက် လူသား၏အသက်တာကို တွေ့ကြုံရန် သာ၍ပင် ကြိုးပမ်းကြ၏။ ငါ၏လူအပေါင်းတို့သည် ငါ၏နာမအောက်တွင် ကျိုးနွံနာခံကြပြီး၊ မည်သည့်အခါမျှ ငါ့ကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ရန် မည်သူမျှ မထကြွချေ။ ကောင်းကင်တမန်များ၏ အားထုတ်မှုများကြောင့်၊ လူသားသည် ငါ၏နာမကို လက်ခံပြီး အားလုံးသည် ငါ့အမှု၏ တသီတတန်းအလယ်တွင် ရှိကြသည်။ ကမ္ဘာလောကသည် ပြိုလဲနေပေပြီ။ ဗာဗုလုန်သည် တုံ့ဆိုင်းခြင်းတွင် ရှိ၏။ အို ဘာသာရေး လောက။ အဘယ်သို့ ယင်းသည် ကမ္ဘာမြေကြီးပေါ် ရှိ ငါ၏သြဇာအာဏာအားဖြင့် ဖျက်ဆီးခြင်း မခံရဘဲနေနိုင်မည်နည်း။ မည်သူသည် ငါ့ကို မနာခံကာ ဆန့်ကျင်ဝံ့သေးသနည်း။ ကျမ်းပြုဆရာများလော။ ဘာသာရေး အရာရှိတိုင်းလော။ ကမ္ဘာမြေကြီးပေါ်က အုပ်ချုပ်သူများနှင့် အာဏာပိုင်များလော။ ကောင်းကင်တမန်များလော။ မည်သူသည် ငါ့ခန္ဓာကိုယ်၏ စုံလင်ခြင်းနှင့် ပြည့်ဝခြင်းကို ဂုဏ်မပြုသနည်း။ လူအပေါင်းတို့အလယ်တွင်၊ မည်သူသည် မရပ်မနား ငါ၏ ချီးမွမ်းခြင်းများကို မသီဆိုသနည်း၊ မည်သူသည် အစဉ်မပျော်ရွှင်သနည်း။ ငါသည် အဆင်းနီသော နဂါးကြီး၏ သားရဲတွင်းနှင့်ဆိုင်သည့် နယ်မြေတွင် နေထိုင်သော်လည်း၊ ၎င်း၏ လူအားလုံးသည် ၎င်းတို့ စတင် စက်ဆုပ်နှင့်ကြပြီးဖြစ်သည့်အတွက်၊ ဤအရာက ငါ့ကို ကြောက်ရွံ့ခြင်းဖြင့် မတုန်လှုပ်စေပေ သို့မဟုတ် ထွက်ပြေးမသွားစေပေ။ မည်သည့်အခါမျှ မည်သည့်အရာမျှက နဂါးအတွက် မိမိ၏

“တာဝန်” ကို နဂါး၏ရှေ့တွင် မလုပ်ဆောင်ဖူးပေ။ ထိုအစား အရာခပ်သိမ်းသည် ၎င်းတို့ သင့်တော်သည်ဟု မြင်သည့်အတိုင်း ပြုမူကြပြီး၊ အသီးသီးက လုပ်ချင်ရာ လုပ်ကြလေသည်။ ကမ္ဘာမြေကြီးပေါ် ရှိ နိုင်ငံများသည် အဘယ်သို့ မပျက်စီးနိုင်မည်နည်း။ ကမ္ဘာမြေကြီးပေါ် ရှိ နိုင်ငံများသည် အဘယ်သို့ မပြိုလဲဘဲနေနိုင်မည်နည်း။ အဘယ်သို့ ငါ၏လူများသည် သြဘာမပေးဘဲ နေနိုင်မည်နည်း။ အဘယ်သို့ ၎င်းတို့သည် ဝမ်းမြောက်ခြင်းဖြင့် မသီဆိုနိုင်ကြမည်နည်း။ ဤသည်မှာ လူသား၏အလုပ်လော။ ယင်းသည် လူသားလက်များ၏ လုပ်ဆောင်ချက်လော။ ငါသည် လူသားအား ၎င်း၏ တည်ရှိခြင်း ရင်းမြစ်ကို ပေးခဲ့ပြီး၊ သူ့ကို ရုပ်ဝတ္ထုပစ္စည်းများဖြင့် ထောက်ပံ့ပေးခဲ့သည်၊ သို့သော် သူသည် သူ၏လတ်တလော အခြေအနေများနှင့်ပတ်သက်၍ မကျေမနပ် ဖြစ်ကာ ငါ၏နိုင်ငံတော်ထဲသို့ ဝင်ရောက်ရန် တောင်းဆိုသည်။ သို့သော် အဖိုးအခတစ်ခု ပေးဆပ်ခြင်း မရှိဘဲနှင့်၊ သူ၏ ကိုယ်ကျိုးမငဲ့သော ဆည်းကပ်ခြင်းကို ဆက်သရန် ဆန္ဒမရှိဘဲနှင့်၊ အဘယ်သို့ သူသည် ငါ၏နိုင်ငံတော်ထဲသို့ အလွန်လွယ်ကူစွာ ဝင်ရောက်နိုင်မည်နည်း။ ကမ္ဘာမြေကြီးပေါ် ရှိ ငါ၏နိုင်ငံတော်သည် ဘုန်းအသရေဖြင့် ပြည့်ဝနိုင်ဖို့အလို့ငှာ၊ ငါသည် လူသားထံမှ တစ်စုံတစ်ရာကို အတင်းတောင်းဆိုမည့်အစား၊ သူနှင့်ဆိုင်သည့် သတ်မှတ်ချက်များ ပြုလုပ်သည်။ လူသားသည် မျက်မှောက်ခေတ်ထဲသို့ ငါ၏လမ်းပြခြင်းကို ခံရပြီးဖြစ်သည်၊ သူသည် ဤအခြေအနေ၌ တည်ရှိပြီး၊ သူသည် ငါ့အလင်း၏ လမ်းပြမှုအလယ်တွင် အသက်ရှင်၏။ အကယ်၍ ယင်းသည် ထိုသို့မဖြစ်ခဲ့ပါက၊ ကမ္ဘာမြေကြီးပေါ် ရှိ လူများထဲမှ မည်သူသည် ၎င်းတို့၏ အလားအလာများကို သိရှိမည်နည်း။ မည်သူသည် ငါ၏အလိုကို နားလည်မည်နည်း။ ငါသည် လူသားနှင့်ဆိုင်သည့် သတ်မှတ်ချက်များကို ငါ၏ထောက်ပံ့မှုများအား ဖြည့်စွက်သည်။ ဤသည်မှာ သဘာဝ နိယာမများနှင့် ကိုက်ညီသည် မဟုတ်လော။

ယမန်နေ့တွင်၊ သင်တို့သည် မိုးနှင့်လေ၏ အလယ်တွင် နေထိုင်ခဲ့ကြသည်။ ယနေ့တွင် သင်တို့သည် ငါ၏ နိုင်ငံတော်ထဲသို့ ဝင်ရောက်ကြပြီးဖြစ်ကာ ယင်း၏လူများ ဖြစ်လာကြပြီးဖြစ်သည်။ ပြီးလျှင် မနက်ဖြန်တွင်၊ သင်တို့သည် ငါ၏ ကောင်းချီးမင်္ဂလာများကို မွေ့လျော်ခံစားကြလိမ့်မည်။ မည်သူသည် ထိုသို့သောအရာများကို စိတ်ကူးဖူးသနည်း။ သင်တို့၏ အသက်တာတွင် ဒုက္ခနှင့် အခက်အခဲတို့ကို မည်မျှတွေ့ကြုံရလိမ့်မည်နည်း- သင်တို့ သိကြသလော။ မိုးနှင့်လေထဲတွင် ငါသည် ရှေ့တိုးပြီး၊ လူသားအလယ်တွင် တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးပြီးဖြစ်ကာ၊ မျက်မှောက်ခေတ်သို့ အချိန်မီ ရောက်လာပြီဖြစ်သည်။ ဤအရာများသည် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အဆင့်များ ဖြစ်သည် မဟုတ်လော။ မည်သူသည် ငါ၏အစီအစဉ်သို့ ဖြည့်စွက်ဖူးသနည်း။ မည်သူသည် ငါ့အစီအစဉ်၏ အဆင့်များမှ ရုတ်တရက်

ထွက်ပြေးလွန်မြောက်နိုင်သနည်း။ ငါသည် သန်းပေါင်းရာနှင့်ချီသော လူများ၏ နှလုံးသားများထဲတွင် အသက်ရှင်သည်၊ ငါသည် သန်းပေါင်း ရာနှင့်ချီသော လူများအလယ်တွင် ရှင်ဘုရင်ဖြစ်ပြီး၊ သန်းပေါင်းရာနှင့်ချီသော လူများ၏ ငြင်းပယ်ခြင်းနှင့် ကဲ့ရဲ့ရှုတ်ချခြင်းကို ငါခံရပြီးဖြစ်သည်။ ငါ၏ပုံရိပ်သည် လူ၏ စိတ်နှလုံးအတွင်းတွင် အမှန်တကယ် မရှိပေ။ လူသားသည် ငါ၏နှုတ်ကပတ်တော်များထဲ၌ ငါ၏ ကျက်သရေရှိသော မျက်နှာထားကို ရေးရေးသာ သိမြင်သော်လည်း၊ သူ့အတွေးများ၏ ဝင်ရောက်စွက်ဖက်ခြင်းကြောင့် သူသည် သူကိုယ်တိုင်၏ ခံစားချက်များကို မယုံကြည်ပေ။ သူ၏နှလုံးသားထဲတွင် မရေမရာသော ငါသာ ရှိသည်၊ သို့သော် ယင်းသည် ထိုနေရာတွင် ကြာရှည်စွာ ရှိမနေပေ။ ထို့ကြောင့် သူ၏ ငါ့ကို ချစ်ခြင်းသည်လည်း ထိုသို့ ဖြစ်သည်။ လူအသီးသီးသည် မိမိ၏ ကိုယ်ပိုင် ပင်ကိုစရိုက်အတိုင်း ငါ့ကို ချစ်ခဲ့ကြသည့်အလား၊ မှုန်ဝါးဝါးလရောင် အောက်တွင် သူ၏ချစ်ခြင်းသည် မြင်ကွင်းမှ ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်သည့်အလား၊ ငါ၏ ရှေ့မှောက်တွင် သူ၏ချစ်ခြင်းသည် ကြိုကြားကြိုကြား ပေါ်လာသည်။ ယနေ့တွင် လူသားသည် ကျန်ရှိပြီး ရှင်သန်ရန် အခွင့်အလမ်းကောင်း ရှိပြီးဖြစ်သည်မှာ ငါ၏ ချစ်ခြင်းကြောင့်သာ ဖြစ်သည်။ ထိုသို့ မဟုတ်ခဲ့ပါက၊ လူသားထဲမှ မည်သူသည် ၎င်းတို့၏ ပိန်ချုံးချည့်နဲ့သော ခန္ဓာကိုယ်၏ အကျိုးဆက်အနေဖြင့် လေဆာရောင်ခြည်၏ ပိုင်းဖြတ်ခြင်းကို မခံရမည်နည်း။ လူသားသည် မိမိကိုယ်ကိုယ် မသိသေးပေ။ သူသည် ငါ၏ရှေ့မှောက်တွင် ဟိတ်ဟန်ထုတ်ပြပြီး၊ ငါ၏နောက်ကွယ်တွင် လေလုံးထွားလေသည်၊ သို့သော် မည်သူမျှ ငါ၏ ရှေ့မှောက်တွင် ငါ့ကို မဆန့်ကျင်ဝံ့ချေ။ သို့ရာတွင်၊ လူသည် ငါပြောဆိုသော ဆန့်ကျင်ခြင်း၏ အဓိပ္ပာယ်ကို မသိပေ။ ထိုအစား သူသည် ငါ့ကို လှည့်စားရန် ဆက်ကြိုးစားနေပြီး၊ မိမိကိုယ်ကိုယ် ဆက်လက် ချီးမြှောက်နေသည်- ဤတွင်၊ သူသည် ငါ့ကို ပွင့်လင်းစွာ ဆန့်ကျင်သည် မဟုတ်လော။ လူသား၏ အားနည်းချက်ကို ငါသည်းခံသည်၊ သို့သော် လူသားတို့ ဘယ်သူမပြုမိမိမှုဖြစ်သော ဆန့်ကျင်ခြင်းများကို ငါသည် စိုးစဉ်းမျှ မသက်ညှာပေ။ သူသည် ယင်း၏ အဓိပ္ပာယ်ကို သိသော်ငြားလည်း၊ ဤအဓိပ္ပာယ်နှင့်အညီ ပြုမူရန် သူသည် လိုလားမနေသကဲ့သို့ ငါ့ကို လှည့်ဖြားရင်း၊ သူ၏ နှစ်သက်မှုများအတိုင်း ပြုရုံမျှပြုလေသည်။ ငါသည် ငါ၏ စိတ်သဘောထားကို ငါ၏နှုတ်ကပတ်တော်များ၌ တစ်ချိန်လုံး ပေါ်လွင်စေသည်၊ သို့သော် လူသားသည် ရှုံးနိမ့်ခြင်းကို လက်မခံပေ- တစ်ချိန်တည်းတွင် သူသည် သူ၏ စိတ်သဘောထားကို ထုတ်ဖော်ပြသည်။ ငါ၏ တရားစီရင်မှု အလယ်တွင် လူသားသည် လုံးဝ လက်ခံယုံကြည်လိမ့်မည်ဖြစ်ပြီး၊ ငါ၏ ပြစ်တင်ဆုံးမမှု အလယ်တွင် နောက်ဆုံး၌ သူသည် ငါ၏ပုံသဏ္ဍာန်နှင့်အညီ အသက်ရှင်လိမ့်မည် ဖြစ်ကာ၊ ကမ္ဘာမြေကြီးအပေါ်တွင် ငါ၏ပြယုဂ်

ဖြစ်လာပေလိမ့်မည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၂၂ ရက်

# အခန်း ၂၃

ငါ၏အသံသည် မြည်ဟည်းသည်နှင့်အမျှ၊ ငါ၏ မျက်လုံးများသည် မီးကို ရှေ့သို့ ပစ်လွှတ်သည်နှင့်အမျှ၊ ငါသည် ကမ္ဘာမြေတစ်ပြင်လုံးကို ကြည့်ရှုနေ၏၊ ငါသည် စကြဝဠာ တစ်ခွင်လုံးကို စောင့်ကြည့်နေ၏။ လူသားမျိုးနွယ်အပေါင်းတို့သည် ငါ့ထံလှည့်၍ ငေးမောကြည့်ရှုလျက်၊ ငါ၏ အမျက်ဒေါသကို ရပ်တန့်ပေးပါရန် ငါ့ကို တိုးလျှိုး တောင်းပန်နေကြရင်းနှင့် နောက်တစ်ဖန် ငါ့ကို ပုန်ကန်ခြင်း မပြုတော့ဟု ကျိန်ဆိုနေကြရင်း၊ ငါ့ထံ ဆုတောင်းနေကြ၏၊ သို့သော် ဤအရာသည် အတိတ်မဟုတ်တော့။ ယခု ဖြစ်ပေသည်။ မည်သူသည် ငါ၏အလိုတော်ကို လှည့်ပြန်စေနိုင်သနည်း။ လူတို့၏ စိတ်နှလုံးများထဲရှိ ဆုတောင်းချက်များ မဟုတ်သကဲ့သို့၊ ၎င်းတို့၏နှုတ်များရှိ စကားလုံးများ မဟုတ်သည်မှာ သေချာသည် မဟုတ်လော။ ငါ့ကြောင့်သာ မဟုတ်ပါက၊ အဘယ်သူသည် လက်ရှိကာလအထိ ရှင်သန်နိုင်ပြီး ဖြစ်မည်နည်း။ အဘယ်သူသည် ငါ၏နှုတ်က နှုတ်ကပတ်တော်များအားဖြင့်မှလွဲ၍ ရှင်သန်သနည်း။ မည်သူသည် ငါ၏အကြည့်ဖြင့် ကြီးကြပ်မခံရသနည်း။ ကမ္ဘာမြေတစ်ပြင်လုံးတွင် ငါ၏အသစ်သောအမှုကို ငါဆောင်ရွက်ပြီး၊ မည်သူသည် ယင်းမှ လွတ်မြောက်ရန် တတ်နိုင်ဖူးသနည်း။ တောင်များသည် ၎င်းတို့၏ အမြင့်အားဖြင့် ယင်းကို ရှောင်တိမ်းနိုင်သလော။ ရေများသည် ၎င်းတို့၏ များစွာသော ကြီးမားကျယ်ပြောခြင်းအားဖြင့် ယင်းကို ရှောင်နိုင်သလော။ ငါ၏အစီအစဉ်တွင် ငါသည် မည်သည့်အရာကိုမျှ ပေါ့ပေါ့တန်တန် လက်မလွှတ်ဖူးပေ၊ ထို့ကြောင့် ငါ့လက်များ၏ ဆုပ်ကိုင်မှုကို တိမ်းရှောင်ပြီးဖြစ်သည့် လူတစ်ဦးတစ်လေ သို့မဟုတ် အမှုအရာ တစ်ခုတစ်လေမျှ မရှိစဖူး။ ယနေ့တွင် ငါ၏သန့်ရှင်းသောနာမတော်သည် လူသားမျိုးနွယ် အနှံ့အပြားတွင် ချီးမွမ်းထောမနာပြုခြင်း ခံရသည်၊ တစ်နည်းအားဖြင့်၊ လူသားမျိုးနွယ်အနှံ့အပြားတွင် ငါ့ကို ဆန့်ကျင် ကန့်ကွက်သော စကားလုံးများ ထကြွလာပြီး၊ ကမ္ဘာမြေကြီးပေါ် ငါ၏ ဖြစ်တည်ခြင်းနှင့်ပတ်သက်သည့် ဒဏ္ဍာရီများသည် လူသားမျိုးနွယ် အနှံ့အပြားတွင် ထူပြောလေသည်။ ငါ့ကို ပက်ပက်စက်စက် ပြောဆိုခြင်းများအား ငါ သည်းခံဖို့ မဆိုထားနှင့်၊ ငါကို လူတို့၏ ဝေဖန်အကဲဖြတ်ခြင်းအား ငါသည် သည်းမခံသကဲ့သို့၊ ငါ၏

ခန္ဓာကိုယ်အား ၎င်းတို့ ခွဲခြမ်းနေကြခြင်းကိုလည်း ငါ သည်းမခံပေ။ သူသည် ငါ့ကို မည်သည့်အခါမျှ အမှန်တကယ် မသိဖူးသောကြောင့်၊ လူသားသည် ငါ၏ဝိညာဉ်တော်ကို မြတ်နိုးရန် သို့မဟုတ် ငါ၏နှုတ်ကပတ်တော်များကို တန်ဖိုးမထားနိုင်ဘဲ၊ ငါ့ကို အမြဲ ခုခံကာ လှည့်ဖြားခဲ့သည်။ သူ၏ အပြုအမူနှင့် လုပ်ရပ်တိုင်းအတွက်၊ ပြီးလျှင် ငါ့အပေါ် ထားရှိသော သူ၏ သဘောထားအတွက်၊ ငါသည် လူသားကို သူနှင့် ထိုက်တန်သည့် "ဆုလာဘ်" ကို ပေးသည်။ ထို့ကြောင့် လူသားအားလုံးသည် ၎င်းတို့၏ ဆုလာဘ်များကို ရရန် ရည်ရွယ်ခြင်းဖြင့် ဆောင်ရွက်ကြပြီး၊ တစ်ဦးတစ်ယောက်ကမျှ ကိုယ်ကျိုးစွန့်မှု ပါဝင်သော မည်သည့်အလုပ်ကိုမျှ မလုပ်ဖူးပေ။ လူသားများသည် ကိုယ်ကျိုးမငဲ့သော ဆက်ကပ်ခြင်းကို ပေးရန် လိုလားခြင်းမရှိဘဲ၊ ယင်းအစား အခမဲ့ရနိုင်သော ဆုလာဘ်များ၌ ကျေနပ်နှစ်သိမ့်ကြသည်။ ပေတရုသည် ငါ၏ရှေ့မှောက်တွင် မိမိကိုယ်ကိုယ် ဆက်ကပ်ခဲ့သော်လည်း၊ ယင်းသည် မနက်ဖြန်၏ ဆုလာဘ်အတွက် မဟုတ်ခဲ့ဘဲ၊ ယနေ့၏ အသိပညာအတွက် ဖြစ်ခဲ့သည်။ လူသားမျိုးနွယ်သည် မည်သည့်အခါမျှ ငါနှင့် စစ်မှန်စွာ ဆက်သွယ်ပြောဆိုခြင်း မရှိဖူးဘဲ၊ အပေါ်ယံ ပုံစံတစ်ခုဖြင့် ငါ့ကို အကြိမ်ကြိမ် ဆက်ဆံပြီးဖြစ်ကာ၊ ထိုသို့ဖြင့် သက်သောင့်သက်သာဖြင့် ငါ၏ လက်ခံခြင်းကိုရရန် တွေးနေကြသည်။ ငါသည် လူသား၏ နှလုံးသားထဲသို့ နက်ရှိုင်းစွာ စစ်ဆေးပြီးဖြစ်သည်၊ ထို့ကြောင့် ငါသည် "များစွာသော ကြွယ်ဝခြင်းများ၏ မိုင်းတွင်းတစ်ခု" ကို ၎င်း၏ အတွင်းကျကျ နေရာများ၌ တူးဖော်ရရှိပြီးဖြစ်သည်၊ ယင်းထဲမှ တစ်စုံတစ်ရာကို လူသားကိုယ်တိုင်ပင် မသိသေးဘဲ၊ ငါကအသစ်တဖန် ရှာဖွေတွေ့ရှိပြီး ဖြစ်သည်။ ထို့ကြောင့် "ရုပ်ပိုင်းဆိုင်ရာ အထောက်ထား" ကို တွေ့ကြပြီးသည့်အခါမှသာ၊ လူသားများသည် ၎င်းတို့၏ သူတော်ကောင်း ဟိတ်ဟန်ထုတ်သော မိမိကိုယ်ကို သေးသိမ်စေခြင်းအား ရပ်တန့်ကြပြီး၊ လက်ဖဝါးများကို ဖြန့်ထားလျက်၊ မိမိတို့၏ မသန့်ရှင်းသော အခြေအနေကို ဝန်ခံကြလေသည်။ လူသားများအလယ်တွင်၊ လူသားမျိုးနွယ် အပေါင်းတို့၏ ပျော်ရွှင်မှုအတွက် "ထုတ်ယူ" ခံရရန် ငါ့ကို စောင့်ဆိုင်းနေသည့် သစ်လွင်သည့်အရာ သာ၍များစွာရှိသည်။ လူသား၏ မစွမ်းနိုင်မှုကြောင့် ငါ၏အမှုကို ရပ်တန့်စေဖို့ဝေးစွ၊ ငါသည် သူ့ကို ငါ၏နဂိုမူလ အစီအစဉ်နှင့်အညီ ပြုပြင်သည်။ လူသားသည် သစ်သီးပင် တစ်ပင်နှင့် တူ၏၊ အကိုင်းအခက်ချိုင်ခြင်း မရှိဘဲနှင့်၊ အပင်သည် အသီးသီးနိုင်မည်မဟုတ်သကဲ့သို့၊ အဆုံး၌ အားလုံး မြင်ရသည်မှာ မြေပေါ်သို့ ကြွေနေသည့် အသီးမရှိဘဲနှင့်၊ ညှိုးခြောက်သော အကိုင်းအခက်များနှင့် သစ်ရွက်ကြွေများသာ ဖြစ်ပေသည်။

ငါ့နိုင်ငံတော်၏ "အတွင်းခန်း"ကို နေ့စဉ်နှင့်အမျှ ငါတန်ဆာဆင်သည်နှင့်အမျှ၊ မည်သူမျှ ငါ၏အလုပ်ကို နှောင့်ယှက်ရန် ငါ၏ "အလုပ်ခန်း" ထဲသို့ ရုတ်တရက် မဝင်လာဖူးပေ။

လူအပေါင်းတို့သည် "ထုတ်ပယ်ခြင်းခံရမှု"နှင့် "၎င်းတို့၏ ရာထူးဆုံးရှုံးမှု" တို့ဖြစ်ကာ၊ ထိုသို့ဖြင့် ၎င်းတို့၏ အသက်တာများတွင် လမ်းဆုံးဖြစ်သော စာတန်နေရာယူပြီးဖြစ်ကာ ၎င်းတို့ပင် ထိုးကျသွားနိုင်သည့်နေရာဖြစ်သည့် "ကန္တာရ"ထဲသို့ ရောက်မည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊ ငါနှင့်ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့ အစွမ်းကုန် လုပ်ဆောင်နေကြ၏။ လူသား၏ အကြောက်တရားများကြောင့်၊ ငါသည် သူ့ကို နေ့တိုင်း နှစ်သိမ့်ပေးသည်၊ သူ့အား နေ့ရက်တိုင်းကို ချစ်ရန် တို့ထိပြီး၊ ထို့အပြင် သူ၏ နေ့စဉ်အသက်တာထဲတွင် သူ့ကို လမ်းညွှန်ချက် ပေး၏။ ယင်းမှာ လူသားများအားလုံးသည် ယခုလေးတင် မွေးဖွားပြီးဖြစ်သော ကလေးများဖြစ်ကြသည့်အလား ဖြစ်သည်။ နို့ရည်ဖြင့် ထောက်ပံ့ပေးခြင်း မရှိပါက၊ နောက်ထပ် မမြင်ရတော့ဖို့ ဤကမ္ဘာမြေကို အဆောတလျင် စွန့်ခွာသွားကြလိမ့်မည် ဖြစ်သည်။ လူသားမျိုးနွယ်၏ အသနားခံခြင်းများ အလယ်တွင်၊ ငါသည် လူသားတို့၏ လောကထဲသို့ ကြွလာပြီး၊ လူသားမျိုးနွယ်သည် ကောင်းကင်ဘုံသို့ ၎င်းတို့၏ ဆုတောင်းချက်များကို ဟစ်အော်ကြသည့် "အခန်း" တစ်ခန်းထဲတွင် အလုံပိတ်ထားခြင်း မခံရတော့ဘဲ၊ မဆိုင်မတွ အလင်းလောကတစ်ခုတွင် နေထိုင်ကြရလေသည်။ ငါ့ကို တွေ့သည်နှင့်တစ်ပြိုင်နက်၊ လူသားများသည် ၎င်းတို့ထဲသို့ အစားအစာများကို ချပေးပါမည့်အကြောင်း တောင်းခံရန် ၎င်းတို့၏ ပါးစပ်များကို ငါ၏ရှေ့မှောက်တွင် ဖွင့်ထားကြရင်း၊ ၎င်းတို့၏ စိတ်နှလုံးများ၌ သိုထားကြသော "မကျေနပ်ချက်များ"ကို ထပ်တလဲလဲ ညည်းညူကြသည်။ သို့သော် နောက်ပိုင်းတွင်၊ ၎င်းတို့၏ ကြောက်ရွံ့မှုများ ပြေပျောက်သွားပြီး တည်ငြိမ်အေးဆေးမှုကို ပြန်လည်ရရှိလျက်၊ ၎င်းတို့သည် ငါ့ထံမှ မည်သည့်အရာကိုမျှ မတောင်းလျှောက်တော့ဘဲ၊ နှစ်ခြိုက်စွာ အိပ်မောကျသွားကြသည်၊ သို့မဟုတ်ပါက၊ ငါ၏ တည်ရှိမှုကို ငြင်းပယ်လျက် ထိုသူတို့သည် မိမိတို့၏ ကိုယ်ပိုင် အရေးကိစ္စများကို လုပ်ဆောင်ရန် ထွက်သွား ကြလေသည်။ လူသားမျိုးနွယ်၏ "စွန့်ပစ်ခြင်း"တွင် လူသားများသည် "ခံစားချက်" ကင်းမဲ့လျက် ငါ့အပေါ် ၎င်းတို့၏ "မျက်နှာမလိုက်သော တရားမျှတမှု"ကို မည်သို့ ဆောင်ရွက်ကြသည်မှာ ရှင်းလင်းစွာ သိသာထင်ရှားပေသည်။ ထို့ကြောင့် လူကို သူ၏နှစ်လိုဖွယ်မကောင်းသော ရှုထောင့်၌ မြင်ရလျက်၊ ငါသည် တိတ်ဆိတ်စွာ ထွက်ခွာပြီး၊ တစ်ဖန် သူ၏ထက်သန်သော အသနားခံမှု၌ အလွယ်တကူ ဆင်းကြွလာတော့မည် မဟုတ်။ သူ မသိလိုက်ဘဲနှင့်၊ လူသား၏ ဒုက္ခများသည် တစ်နေ့တခြား ကြီးထွားလာသည်၊ ထို့ကြောင့် သူ၏ ကြိုးပမ်း အားထုတ်မှုအလယ်တွင် ငါ၏ တည်ရှိမှုကို ရုတ်တရက် သူ ရှာဖွေ တွေ့ရှိသွားသောအခါ၊ ငြင်းဆန်မှုကို လက်မခံဘဲ သူသည် ငါ၏အင်္ကျီကော်လာကို ဆွဲကိုင်ကာ သူ၏ အိမ်ထဲသို့ ငါ့ကို ဧည့်သည်အဖြစ် ခရီးဦးကြိုပြု၍ နေရာချပေးလေသည်။ သို့သော် သူသည် ငါသုံးဆောင်ဖို့ရာ ငွေကုန်ကြေးကျများသော

အစားအသောက်ကို စီစဉ်ပေးကောင်း စီစဉ် ပေးနိုင်သော်လည်း၊ သူသည် ငါ့ကို တစ်ကြိမ်တစ်ခါမျှ မိမိနှင့် စပ်ဆိုင်သော သူအဖြစ် မယူမှတ်ဖူးဘဲ၊ ထိုအစား ငါ့ထံမှ အနည်းငယ်မျှသော အကူအညီကို ရရှိခြင်းအလို့ငှာ ငါ့အား ဧည့်သည်တစ်ယောက်အဖြစ် ဆက်ဆံနေပေသည်။ ထို့ကြောင့် ဤအချိန်တွင် လူသားသည် ငါ၏ "လက်မှတ်"ကို ရယူနိုင်ရန် မျှော်လင့်လျက် သူ၏ ဝမ်းနည်းဖွယ် အခြေအနေကို ငါ၏ရှေ့မှောက်တွင် မပြောမဆို တင်ပြပြီး၊ သူ၏စီးပွားရေးလုပ်ငန်းအတွက် ချေးငွေ လိုအပ်နေသော သူတစ်ယောက်ကဲ့သို့၊ သူသည် ငါ့ကို သူ၏အစွမ်းရှိသမျှဖြင့် "တော့တော့ဆိုင်ဆိုင်ရှင်း" လေသည်။ သူ၏ ဟန်ပန်အမူအရာနှင့် ခြေဟန်လက်ဟန်တိုင်းတွင်၊ ငါသည် လူသား၏ရည်ရွယ်ချက်နှင့်ဆိုင်သည့် တဒင်္ဂ အရိပ်အယောင်ကို သဘောပေါက်မိသည်။ သူ၏အမြင်တွင် ငါသည် လူတစ်ဦး၏ မျက်နှာအမူအရာ၌ ဝှက်ထားသော သို့မဟုတ် သူ၏ စကားများနောက်ကွယ်တွင် လျှို့ထားသော အဓိပ္ပာယ်ကို မည်သို့ဖတ်ရမည် သို့မဟုတ် လူတစ်ဦး၏ နှလုံးသားအတွင်းနက်နက်ထဲသို့ မည်သို့ စစ်ဆေးရမည်ကို မသိသည့်အလား ဖြစ်သည်။ ထို့ကြောင့် လူသားသည် သူ ရှိဖူးသော ကြုံဆုံမှုတိုင်းထဲက အတွေ့အကြုံတိုင်းကို အမှားအယွင်း သို့မဟုတ် ထိန်ချန်ထားခြင်းတို့ မရှိဘဲ ငါ့ကို ရင်ဖွင့်ပြီး၊ ထို့နောက်တွင် ငါ၏ရှေ့မှောက်၌ သူ၏ တောင်းဆိုမှုများကို စီစဉ်တင်ပြလေသည်။ ငါသည် လူသား၏ အပြုအမူတိုင်းနှင့် လုပ်ရပ်တိုင်းကို စက်ဆုပ်ကာ မုန်းတီး၏။ လူသားမျိုးနွယ်သည် ငါ့ကို တမင်တကာပင် ရန်မူနေပြီး၊ ငါ၏ အမျက်ဒေါသကို တမင်သက်သက် နှိုးဆွနေသည့်အလား၊ လူသားမျိုးနွယ် အလယ်တွင်၊ ငါနှစ်သက်သောအလုပ်ကို လုပ်ဆောင်ပြီးသောသူ တစ်ဦးမျှ မရှိဖူးပေ။ ငါ၏မျက်စိရှေ့တွင် မိမိတို့ကိုယ်တိုင်၏ အလိုကို လိုက်နေကြလျက်၊ ၎င်းတို့အားလုံးသည် ငါ၏ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် စီတန်းလှည့်လည်ကြသည်။ လူသားမျိုးနွယ်ထဲတွင် ငါ့အတွက် အသက်ရှင်သူ တစ်ဦးတစ်ယောက်မျှမရှိသကဲ့သို့၊ အကျိုးဆက်အနေဖြင့်၊ လူသားမျိုးနွယ်ကို အနှစ်သာရမဲ့သည့် ဟင်းလင်းပြင်တွင် အသက်ရှင်စေရင်း၊ လူသားမျိုးနွယ် တစ်ရပ်လုံး၏ တည်ရှိမှုသည် အဓိပ္ပာယ်ရော တန်ဖိုးပါ မရှိပေ။ သို့တိုင် လူသားမျိုးနွယ်သည် နိုးထရန် ငြင်းဆန်ဆဲဖြစ်သော်လည်း၊ ယင်း၏ အနတ္တ၌ မရမကလုပ်ဆောင်ရင်း၊ ငါ့ကို ဆက်လက် ပုန်ကန်ကြလေသည်။

၎င်းတို့ ဖြတ်သန်းပြီးဖြစ်သည့် စမ်းသပ်မှုများ အားလုံးတွင် လူသားများသည် ငါ့ကို မည်သည့်အခါတွင်မျှ မကျေနပ်စေဖူးပေ။ ၎င်းတို့၏ ရက်စက်သော ဒုစရိုက်ကြောင့်၊ လူသားမျိုးနွယ်သည် ငါ၏ နာမအဖို့ သက်သေခံရန် မရည်ရွယ်ကြပေ။ ထို့ထက် ၎င်းတို့သည် အာဟာရအတွက် ငါ့ကို မှီခိုနေစဉ်တွင် "အခြားလမ်းသို့ ပြေးလေသည်"။ လူသား၏

နှလုံးသားသည် ငါ့ထံသို့ လုံးလုံးလျားလျား မလှည့်ပေ၊ ထို့ကြောင့် စာတန်သည် သူ့ကို ဒဏ်ရာဗရပွနှင့်ဖြစ်သွားကာ သူ၏ခန္ဓာကိုယ်သည် အညစ်အကြေးနှင့် ဖုံးလွှမ်းနေသည်အထိ ဖျက်ဆီးလေတော့သည်။ သို့သော် လူသားသည် သူ၏မျက်နှာက မည်မျှစက်ဆုပ်ဖွယ်ကောင်းကြောင်းကို သဘောမပေါက်သေးချေ၊ တစ်လျှောက်လုံး သူသည် ငါ၏နောက်ကွယ်တွင် စာတန်ကို ရိုသေကိုင်းရှိုင်းမြဲ ကိုင်းရှိုင်းနေခဲ့သည်။ ဤအကြောင်းရင်းကြောင့် သူသည် မိမိကိုယ်ကိုယ် မည်သည့်အခါမျှ မလွတ်မြောက်စေနိုင်ဖို့အလို့ငှာ ငါသည် လူသားကို အနက်ဆုံးသောတွင်းထဲသို့ အမျက်ဒေါသဖြင့် ပစ်ချလိုက်သည်။ သို့တိုင် သူ၏ သနားစဖွယ် ငိုကြွေးမြည်တမ်းခြင်း အလယ်တွင်၊ လူသားသည် သူ၏စိတ်ကို ပြုပြင်ပြောင်းလဲရန် ငြင်းဆိုဆဲ ဖြစ်သည်၊ ငါ့ကို အဆုံးတိုင်အောင် ဆန့်ကျင်ရန် ရည်ရွယ်ဆဲ ဖြစ်ကာ ထိုသို့ဖြင့် ငါ၏ အမျက်ဒေါသကို တမင်နှိုးဆွရန် တမင် မျှော်လင့်နေလေသည်။ သူလုပ်ဆောင်ပြီးဖြစ်သောအရာကြောင့်၊ ငါသည် သူ့ကို အပြစ်သားဖြစ်သော သူအနေနှင့် ဆက်ဆံကာ ငါ့ထွေးပွေ့ခြင်း၏ နွေးထွေးမှုကို သူ့အား ပိတ်ပင်သည်။ အစကတည်းမှ၊ ကောင်းကင်တမန်များသည် ပြောင်းလဲခြင်း သို့မဟုတ် ရပ်တန့်ခြင်းမရှိဘဲ ငါ့ကို အစေခံကာ နာခံကြပြီးဖြစ်သော်လည်း၊ လူသားသည် ငါ့ထံမှ မလာဘဲ စာတန်ထံမှ ပေါက်ဖွားခဲ့သည့်အလား အမြဲ တိကျသည့် ဆန့်ကျင်ဘက်ကို လုပ်ဆောင်ပြီးဖြစ်သည်။ ကောင်းကင်တမန်များ အားလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာနေရာများ၌ ငါ့အား ၎င်းတို့၏ အဆုံးစွန်သော ဆည်းကပ်မှုကို ပေးကြသည်။ ၎င်းတို့သည် စာတန်၏အင်အားစုများအားဖြင့် ယိမ်းယိုင်ခြင်း မရှိကြသကဲ့သို့၊ ၎င်းတို့၏ တာဝန်ကိုသာ ဖြည့်ဆည်းကြလေသည်။ ကောင်းကင်တမန်များ၏ နို့တိုက်ကျွေးခြင်းနှင့် အာဟာရ ဖြည့်တင်းပေးခြင်းကို ခံရလျက်၊ ငါ၏သားများနှင့် ငါ၏လူ အမြောက်အများတို့သည် တိုး၍ သန်မာကာ ကျန်းမာကြသည်၊ ၎င်းတို့အထဲမှ တစ်ဦးမျှ အားနည်းခြင်း သို့မဟုတ် ချည့်နဲ့ခြင်းမရှိပေ။ ဤသည်မှာ ငါ၏ လုပ်ဆောင်မှု၊ ငါ၏ အံ့ဖွယ်အမှု ဖြစ်သည်။ အမြောက် တစ်တွဲပြီးတစ်တွဲ ပစ်ခတ်သည်နှင့်အမျှ၊ ငါ့နိုင်ငံတော်၏ တည်ထောင်မှုကို ဖွင့်လှစ်လေသည်၊ ကောင်းကင်တမန်များသည် ၎င်းတို့၏ နှလုံးသားများက မသန့်စင်မှုနှင့် ရုပ်တုဆင်းတုများဖြင့် ကင်းစင်ပြီး၊ ငါ၏စစ်ဆေးမှုကို မရှောင်ရှား ကြသောကြောင့်၊ စည်းဝါးကျကျ ယှဉ်တွဲလျှောက်လှမ်းလျက် ငါ၏ စစ်ဆေးမှုကို ကျိုးနွံနာခံရန် ငါ၏စင်မြင့်ရှေ့သို့ လာကြလေသည်။

တဝေါဝေါ တိုက်ခတ်နေသော လေပြင်းတွင်၊ ၎င်းတို့ ဆန္ဒရှိသည်အတိုင်း ငါ့ကို မခေါ်ဆိုနိုင်တော့ဖို့အလို့ငှာ လူသားမျိုးနွယ်ကို မွန်းကျပ်စေလျက်၊ ကောင်းကင်သည်

တစ်ခဏချင်းတွင် အောက်သို့ ဖိချလာသည်။ မသိလိုက်ဘဲနှင့်၊ လူသားမျိုးနွယ်အပေါင်းတို့သည် ပြိုလဲသွားကြပြီး ဖြစ်သည်။ သစ်ပင်များသည် လေထဲတွင် ရှေ့နောက်ယိမ်းထိုးနေကြသည်၊ ရုံဖန်ရုံခါ သစ်ကိုင်းတို့ ကျိုးကျသံ ကြားရပြီး၊ ညှိုးခြောက်သော သစ်ရွက်များ အားလုံး လွင့်ပါသွားကြသည်။ ကမ္ဘာမြေကြီးသည် ရုတ်ခြည်း ညို့မှိုင်းကာ လူသူဆိတ်သုဉ်းသကဲ့သို့ ခံစားရပြီး၊ လူတို့သည် ၎င်းတို့ကို အချိန်မရွေး ထိုးနှက်လာနိုင်သည့် ဆောင်းဦးရာသီ နောက်ပါလာသော ဘေးအန္တရာယ် အတွက် အသင့်ပြင်ထားလျက်၊ မိမိတို့ကိုယ်ကိုယ် တင်းကျပ်စွာ ပွေ့ဖက်ထားကြသည်။ ၎င်းတို့၏ ပူဆွေးမှုကို တစ်စုံတစ်ယောက်ထံ အော်ဟစ်နေသည့်အလား၊ တောင်ကုန်းများပေါ်က ငှက်များသည် ဟိုဟိုသည်သည် ပျံသန်းနေကြသည်။ တောတောင်လိုဏ်ဂူများထဲတွင်၊ ခြင်္သေ့များက လူတို့ကို အသံဖြင့် ခြောက်လှန့်လျက်၊ ၎င်းတို့၏ ရိုးတွင်းခြင်ဆီကို အေးခဲစေပြီး ၎င်းတို့၏ ကြက်သီးမွေးညှင်း ထလောက်အောင် ထိတ်လန့်စေရင်း၊ ဟိန်းဟောက်နေကြပြီး၊ ယင်းမှာ မကောင်းသော ခံစားချက်တစ်ခု၊ လူသားမျိုးနွယ်၏ အဆုံးသတ် နိမိတ်ဆိုးတစ်ခု ရှိသည့်အလား ဖြစ်သည်။ ၎င်းတို့ကို ရှင်းထုတ်ပစ်ရာတွင် ငါ၏ဝမ်းမြောက်မှုကို စောင့်စားရန် လိုလားခြင်းမရှိဘဲ၊ လူသားများ အားလုံးသည် ကောင်းကင်ဘုံရှိ အချုပ်အခြာအာဏာရှင်ထံ တိတ်ဆိတ်စွာ ဆုတောင်းကြသည်။ သို့သော်လည်း ချောင်းငယ်လေး တစ်ခုတွင် စီးဆင်းနေသော ရေ၏ဆူညံသံသည် လေပြင်းတစ်ခုကို အဘယ်သို့ ပိတ်ဆို့နိုင်မည်နည်း။ ယင်းသည် လူတို့၏ တိုင်တည်သံများကြောင့် အဘယ်သို့ ရုတ်တရက် ရပ်တန့်နိုင်မည်နည်း။ မိုးချုန်းသံ၏ အလယ်ဗဟိုက မာန်ဟုန်ပြင်းပြမှုသည် လူသား၏ အသည်းငယ် တတ်ခြင်းအတွက် အဘယ်သို့ ငြိမ်သက်နိုင်မည်နည်း။ လူသားသည် လေထဲတွင် ရှေ့နောက်ယိမ်းထိုးနေသည်။ သူသည် မိမိကိုယ်ကိုယ် မိုးရေမှ ပုန်းခိုရန် ဟိုဟိုသည်သည် ပြေးလွှားနေ၏။ ပြီးလျှင် ငါသည် လူသား၏ ရင်ဘတ်ကို တစ်ချိန်လုံး ချိန်ရွယ်ထားသော သေနတ်တစ်လက်၏ ပြောင်းဝ ဖြစ်သည့်အလား၊ ပြီးလျှင် တစ်ဖန် သူသည် ငါ၏ ရန်သူဖြစ်သော်လည်း၊ ငါ၏ မိတ်ဆွေဖြစ်သည့်အလား၊ ၎င်းတို့၏ ခန္ဓာကိုယ်များအပေါ်တွင် ငါသည် ငါ၏လက်အား တင်ထားမည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊ ငါ၏အမျက်ဒေါသအလယ်၌ လူသားများသည် တုန်လှုပ်ချောက်ချားကြ၏။ လူသားသည် သူ့အတွက် ငါ၏ ငါ၏စစ်မှန်သော ရည်ရွယ်ချက်များကို မည်သည့်အခါမျှ မရှာဖွေ မတွေ့ရှိစဖူး၊ ငါ၏ စစ်မှန်သော ရည်မှန်းချက်များကို မည်သည့်အခါမျှ နားမလည်ဖူးပေ၊ ထို့ကြောင့် သတိမမူမိဘဲနှင့် သူသည် ငါ့ကို ပုန်ကန်ပြစ်မှားသည်။ သတိမမူမိဘဲနှင့် သူသည် ငါ့ကို ဆန့်ကျင်သည်၊ သို့သော် မရည်ရွယ်ပါဘဲနှင့်၊ သူသည် ငါ၏ချစ်ခြင်းကိုလည်း မြင်တွေ့ပြီး ဖြစ်သည်။ ငါ၏ အမျက်ဒေါသအလယ်တွင် ငါ၏မျက်နှာကို

မြင်တွေ့ဖို့ လူသားအတွက် ခက်ခဲ၏။ ငါသည် ငါ့အမျက်ဒေါသ၏ တိမ်မည်းများတွင် ကွယ်ဝှက်နေသည်။ ပြီးလျှင် ငါသည် လူသားထံ ငါ၏ သနားကရုဏာကို စေလွှတ်ရင်း၊ မိုးချုန်းသံများအလယ် စကြဝဠာတစ်ဝှမ်းလုံးအပေါ်၌ ရပ်နေသည်။ လူသားသည် ငါ့ကို မသိသောကြောင့်၊ ငါ၏ရည်ရွယ်ချက်ကို နားမလည်နိုင်ခြင်းအတွက် သူ့ကို ငါ ပြစ်တင်ဆုံးမခြင်း မရှိပေ။ လူသားတို့၏ အမြင်တွင်၊ ငါသည် တစ်ခါတစ်ရံ ငါ၏အမျက်ဒေါသကို ဖွင့်ချသည်၊ ငါ၏ အပြုံးကိုလည်း တစ်ခါတစ်ရံ ငါ ပြသည်၊ သို့သော် ငါ့ကို သူ မြင်သည့် အချိန်တွင်ပင်၊ သူသည် အလွန် ထုံထိုင်းပြီး စိတ်ခံစားချက် တိုး၍ ကင်းမဲ့ပြီး ဖြစ်သည့်အတွက်၊ လူသားသည် မည်သည့်အခါမျှ ငါ၏ စိတ်သဘောထား တစ်ခုလုံးကို အမှန်တကယ် မမြင်ဖူးသကဲ့သို့၊ တံပိုးခရာ၏ ချိုသာငြိမ့်ညောင်းသော အသံကို မကြားနိုင်သေးချေ။ ယင်းမှာ ငါ၏ပုံရိပ်သည် လူ၏မှတ်ဉာဏ်များထဲတွင် တည်ရှိပြီး၊ ငါ၏ ပုံသဏ္ဌာန်သည် သူ၏အတွေးများထဲတွင် တည်ရှိသည့်အလား ဖြစ်သည်။ သို့ရာတွင် လူသား၏ဦးနှောက်မှာ အလွန် ချွတ်ခြုံကျသောကြောင့်၊ လူသားမျိုးနွယ်၏ မျက်မှောက်ခေတ်အထိ တိုးတက်မှုမှတစ်ဆင့်၊ ငါ့ကို အမှန်တကယ် တွေ့ရှိပြီးသော လူတစ်ဦးမျှ လုံးဝ မရှိဖူးပေ။ လူသားက ငါနှင့်သက်ဆိုင်၍ “ခွဲခြမ်းလေ့လာပြီးသမျှ” အရာအားလုံးတွင် သူ၏ သိပ္ပံပညာသည် အလွန် ချို့ငဲ့စွာ တိုးတက်သောကြောင့်၊ သူ၏သိပ္ပံဆိုင်ရာ သုတေသနပြုချက်သည် မည်သည့်ရလဒ်များမှ မထွက်ရှိသေးချေ။ ထို့ကြောင့် မျက်မှောက်တွင် သူ၏ ခြေကုပ်ကို လူသားမျိုးနွယ်၏ ထိန်းသိမ်းမှုသည်ပင် ကြီးမားသည့် အကြောင်းမလှမှုအလယ်တွင် မခန့်မှန်းနိုင်သော နှစ်သိမ့်ရာတစ်ခု ဖြစ်နှင့်လေသည့်အတွက်၊ “ငါ၏ပုံရိပ်” နှင့်သက်ဆိုင်သည့် အကြောင်းအရာသည် ဖြည့်မည့်သူ မည်သူမျှမရှိဘဲ၊ ကမ္ဘာ့စံချိန် ချိုးမည့်သူ မည်သူမျှ မရှိဘဲ၊ အမြဲ လုံးဝ ဗလာဖြစ်နေပေသည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၂၃ ရက်

# အခန်း ၂၄

ငါ၏ပြစ်တင်ဆုံးမမှုသည် လူအားလုံးအပေါ်သို့ ကျရောက်သော်လည်း ယင်းသည် လူအားလုံးမှ ဝေးကွာလျက်လည်း ရှိနေပေသည်။ လူတိုင်း၏ဘဝတစ်ခုလုံးသည် ငါ့အပေါ် ချစ်ခြင်းမေတ္တာနှင့် မုန်းတီးမှုတို့ဖြင့် ပြည့်နေပြီး၊ မည်သူမျှ ငါ့အား မသိရှိဖူးပေ— ထို့ကြောင့် ငါ့အပေါ် လူသား၏သဘောထားသည် ပြောင်းလဲနေပြီး၊ ပုံမှန်ဖြစ်နိုင်စွမ်းမရှိပေ။ သို့ရာတွင်

ငါသည် လူသားကို အစဉ် စောင့်ရှောက်ကာ ကွယ်ကာပြီးဖြစ်သကဲ့သို့ သူသည် ငါ၏လုပ်ဆောင်ချက်အားလုံးကို မြင်နိုင်စွမ်းမရှိသကဲ့သို့ ငါ၏ စိတ်အားထက်သန်သော ရည်ရွယ်ချက်များကို နားလည်နိုင်စွမ်းမရှိသည်မှာ သူ၏ နုံအမှုကြောင့်သာ ဖြစ်သည်။ တိုင်းနိုင်ငံအားလုံးအလယ်တွင် ငါသည် ဦးဆောင်လမ်းပြနေသူဖြစ်ပြီး၊ လူမျိုးအပေါင်းတို့အလယ်တွင် အမြင့်ဆုံးသောသူ ဖြစ်သည်။ ယင်းမှာ လူသားသည် ငါ့ကို မသိခြင်း သက်သက် ဖြစ်၏။ ငါသည် နှစ်ပေါင်းများစွာကြာ လူသားအလယ်တွင် အသက်ရှင်ပြီးဖြစ်ကာ လူ့လောကတွင် ဘဝကို တွေ့ကြုံခံစားပြီးဖြစ်သည်၊ သို့ရာတွင် သူသည် ငါ့ကို အစဉ် မသိကျိုးကျွန်ပြုပြီးဖြစ်ကာ ငါ့အား ကမ္ဘာ့အပြင်ဘက် အာကာသမှ သတ္တဝါတစ်ဦးကဲ့သို့ ဆက်ဆံလေပြီ။ အကျိုးဆက်အနေဖြင့်၊ စိတ်သဘောထားနှင့် ဘာသာစကားတို့၌ ကွာခြားမှုများကြောင့်၊ လူတို့သည် ငါ့ကို လမ်းထဲက သူစိမ်းတစ်ဦးကဲ့သို့ ဆက်ဆံကြ၏။ ငါ၏အဝတ်အစားသည်လည်း ထူးခြားလွန်းနေပုံရ၏။ ယင်း၏ အကျိုးဆက်အနေဖြင့် လူသားသည် ငါ့ထံ ချဉ်းကပ်ရန် မိမိကိုယ်ကိုယ် ယုံကြည်မှုကင်းမဲ့လေသည်။ ထိုအခါမှသာ လူသားအလယ် ဘဝ၏ ခြောက်သွေ့ခြင်းကို ငါခံစားရပြီး၊ ထိုအခါမှသာ လူ့လောက၏ မတရားမှုကို ခံစားရ၏။ ငါသည် ဖြတ်သန်းသွားလာသူများအကြား ၎င်းတို့၏ မျက်နှာများအားလုံးကို စောင့်ကြည့်လေ့လာရင်း လျှောက်လှမ်းသည်။ ယင်းမှာ ၎င်းတို့သည် ၎င်းတို့၏မျက်နှာများကို ညှိုးငယ်ခြင်းဖြင့်ပြည့်စေသော နာမကျန်းမှုတစ်ခုအလယ်တွင် အသက်ရှင်နေကြသည့်အလားဖြစ်ပြီး၊ ၎င်းတို့၏ လွတ်ငြိမ်းမှုကို တားဆီးသည့် ပြစ်တင်ဆုံးမမှုအလယ်တွင်လည်း အသက်ရှင်နေကြသည့်အလား ဖြစ်သည်။ လူသားသည် မိမိကိုယ်ကိုယ် ချုပ်နှောင်ကာ ဣန္ဒြေရှိပြလေသည်။ လူအများစုသည် ၎င်းတို့အား ငါ ချီးကျူးစေရန်အလို့ငှာ ငါ့ရှေ့မှောက်တွင် ယုံမှားစေသော အသွင်တစ်ခုကို ဖန်တီးကြပြီး၊ လူအများစုသည် ငါ၏အကူအညီကို ၎င်းတို့ ရရှိဖို့အလို့ငှာ ငါ့ရှေ့မှောက်တွင် မိမိတို့ကိုယ်ကိုယ် တမင်သက်သက် သနားကရုဏာသက်ဖွယ်ဖြစ်ပုံ ပေါ်စေကြလေသည်။ ငါ့ကွယ်ရာတွင် လူအားလုံးသည် ငါ့ကို မြှောက်ထိုးပင့်ကော် လုပ်ကြပြီး၊ မနာခံကြပေ။ ငါမမှန်ပေဘူးလော။ ဤသည်မှာ လူသား၏ ရှင်သန်ရေး ဗျူဟာ မဟုတ်လော။ မည်သူသည် ၎င်းတို့၏အသက်တာများ၌ ငါ့ကို အသက်ရှင်နေထိုင်ကြဖူးသနည်း။ မည်သူသည် ငါ့အား အခြားသူများအလယ်တွင် ချီးမြှောက်ဖူးသနည်း။ မည်သူသည် ဝိညာဉ်တော်ရှေ့၌ ချည်နှောင်ခံရဖူးသနည်း။ မည်သူသည် စာတန်၏ရှေ့မှောက်တွင် ငါ့အဖို့ ၎င်းတို့၏ သက်သေခံခြင်း၌ မြဲမြံစွာရပ်တည်ဖူးသနည်း။ မည်သူသည် ငါ့အပေါ် ၎င်းတို့ရှိသည့်

“သစ္စာရှိခြင်း” တွင် မှန်ကန်မှု ဖြည့်စွက်ဖူးသနည်း။ မည်သူသည် ငါ့ကြောင့် အဆင်းနီသောနဂါးကြီး၏ မောင်းထုတ်ခြင်း ခံရဖူးသနည်း။ လူတို့သည် စာတန်နှင့် ပူးပေါင်းကြပြီးဖြစ်ကာ ယခု နွံထဲတွင် ၎င်းနှင့်အတူ သာယာနေကြလေသည်။ ၎င်းတို့သည် ငါ့ကိုအာခံရာတွင် ကျွမ်းကျင်သူများဖြစ်ကြ၏၊ ၎င်းတို့သည် ငါ့ကိုဆန့်ကျင်ခြင်းအား တီထွင်ဖန်တီးသူများဖြစ်ကြကာ၊ ၎င်းတို့သည် ငါနှင့် ဆက်ဆံခြင်းနှင့်ဆိုင်သည့် ၎င်းတို့၏ ဝတ်ကျေတမ်းကျေ နည်းလမ်းများတွင် အဆင့်မြင့် ကျောင်းသားများ ဖြစ်ကြ၏။ သူကိုယ်တိုင်၏ကံကြမ္မာအတွက် လူသားသည် ကမ္ဘာမြေပေါ်တွင် ဟိုဟို သည်သည် ရှာဖွေပြီး၊ ငါသည် သူ့ကို လက်ယပ်ခေါ်သည့်အခါ သူသည် ငါ၏အဖိုးတန်မှုကို မသိနိုင်ဘဲရှိနေပြီး၊ အခြားသူများအပေါ် “ဝန်ထုပ်ဝန်ပိုး”တစ်ခု ဖြစ်ရန် လိုလားခြင်းမရှိဘဲလျက်၊ မိမိအပေါ် မိမိ၏အားထားမှုတွင် ဆက်လက် “ယုံကြည်ခြင်း” ရှိလေ၏။ လူသား၏ “ပြင်းပြသောဆန္ဒများ”သည် အဖိုးတန်သော်လည်း မည်သူမျှ၏ ပြင်းပြသော ဆန္ဒများကမျှ မည်သည့်အခါမျှ အမှတ်ပြည့်မရရှိဖူးပေ - ၎င်းတို့အားလုံးသည် ငါ့ရှေ့မှောက်တွင် အသံမထွက်ဘဲ ပြိုလဲရင်း၊ တစ်စစီ ပဲ့ကြွေကြလေသည်။

ငါသည် နေ့ရက်စဉ်တိုင်း စကားပြောပြီး၊ နေ့စဉ် အသစ်သောအရာများကို ငါပြု၏။ လူသားသည် ၎င်း၏ အလုံးစုံသောခွန်အားကို အသုံးမပြုပါက သူသည် ငါ၏အသံကိုကြားရန် အခက်အခဲရှိလိမ့်မည်ဖြစ်ကာ ငါ၏မျက်နှာကို မြင်ရန် အခက်တွေ့လိမ့်မည်။ ချစ်မြတ်နိုးသူသည် အလွန့်အလွန် အဆင်ပြေကောင်းပြေနိုင်ပြီး၊ သူ၏စကားသည် အဆုံးစွန် နူးညံ့သိမ်မွေ့မှု ရှိနိုင်သော်လည်း၊ လူသားသည် သူ၏ ကျက်သရေရှိသော မျက်နှာကို အလွယ်တကူ ရှုမြင်နိုင်စွမ်းမရှိသကဲ့သို့၊ သူ၏အသံကို ကြားနိုင်စွမ်းမရှိပေ။ ခေတ်ကာလများ တစ်လျှောက်လုံးတွင်၊ မည်သူမျှ ငါ၏မျက်နှာကို အလွယ်တကူ ရှုမြင်ဖူးခြင်း မရှိပေ။ ငါသည် တစ်ချိန်က ပေတရုအား စကားပြောခဲ့ပြီး၊ ပေါလုထံ “ပေါ်ထွန်း”ခဲ့သော်လည်း- ဣသရေလအမျိုးတို့မှလွဲ၍- အခြားမည်သူမျှ ငါ၏မျက်နှာကို အမှန်တကယ် မမြင်ဖူးပေ။ ယနေ့တွင်၊ လူသားနှင့်အတူအသက်ရှင်ရန် ငါသည် ကိုယ်တိုင်ကိုယ်ကျ လူသားအလယ် ကြွလာပြီး ဖြစ်သည်။ ဤသည်မှာ သင့်အဖို့ ရှားပါးကာ အဖိုးတန်ပုံမရသည်များ ဖြစ်နိုင်မည်လော။ သင်၏အချိန်ကို အကောင်းဆုံးအသုံးချလိုသောဆန္ဒ သင် မရှိသလော။ ယင်းကို သင့်အား ဤနည်းဖြင့် လွန်သွားစေခွင့်ပြုလိုသလော။ လူတို့၏စိတ်များတွင် အချိန်၏ နာရီလက်တံများသည် ရုတ်တရက် ရပ်တန့် သွားနိုင်မည်လော။ သို့မဟုတ် အချိန်သည် နောက်ပြန်သွားနိုင်သလော။ သို့မဟုတ် လူသားသည် တဖန် ပြန်၍ ငယ်ရွယ်သွားနိုင်မည်လော။ ယနေ့၏ ကောင်းချီးခံစားရသော အသက်သာသည် အစဉ် တဖန်လာနိုင်မည်လော။ ငါသည်

လူသားအား သူ၏ “ဖြုန်းတီးမှု” အတွက် သင့်တော်သည့် “ဆုလာဘ်” မပေးပေ။ ငါသည် အခြားအရာအားလုံးမှ ခွဲထွက်လျက်၊ ငါ၏အမှုကို လက်မလျှော့တမ်း လုပ်ဆောင်ပြီး၊ လူသားသည် အလုပ်များနေသောကြောင့်ဖြစ်စေ၊ သူ၏ငိုသံများကြောင့်ဖြစ်စေ၊ အချိန်၏စီးဆင်းမှုကို ငါ မရပ်တန့်ပေ။ နှစ်ထောင်ပေါင်းအချို့ကြာ၊ မည်သူမျှ ငါ၏ခွန်အားကို မခွဲဝေနိုင်သေးသကဲ့သို့၊ ငါ၏ မူလအစီအစဉ်ကို ကမောက်ကမ မဖြစ်စေနိုင်သေးချေ။ ငါသည် အာကာသကို ကျော်လွန်ပြီး ခေတ်များကို ဖြတ်သန်းကာ၊ အရာခပ်သိမ်း၏ အထက်နှင့် အရာခပ်သိမ်းအလယ်တွင်ပါ ငါ့အစီအစဉ်တစ်ရပ်လုံး၏ ဗဟိုချက်ကို စတင်မည်။ ၎င်းတို့သည် မိမိတို့၏နှုတ်များကိုဖွင့်ကာ ဤအရာများအတွက် ဆုတောင်းခဲ့ကြသော်လည်း၊ ပြီးလျှင် ၎င်းတို့သည် မိမိတို့၏ လက်များကို ဆန့်ထုတ်ကာ အခြားအရာအားလုံးကို မေ့လျော့လျက် ဤအရာများကို ငါ့ထံမှ တောင်းဆိုကြသော်လည်း၊ လူတစ်ဦးတစ်ယောက်မျှ ငါ့ထံမှ အထူးဆက်ဆံမှု သို့မဟုတ် ငါ၏ လက်များမှ “ဆုလာဘ်များ”ကို မရရှိနိုင်သေးပေ။ ဤလူများထဲမှ တစ်ဦးတစ်ယောက်မျှသည် ငါ့ကို တစ်ကြိမ်တစ်ခါမျှ တို့ထိမခံရစေဖူးသကဲ့သို့၊ ၎င်းတို့အားလုံးသည် ငါ၏ “အသနားအကြင်နာကင်းမဲ့သော” အသံ၏ ပြန်လည်တွန်းခြင်းကို ခံကြရပြီးဖြစ်သည်။ လူအများစုက ၎င်းတို့သည် “ငယ်ရွယ်လွန်းသည်” ဟု ယုံကြည်ကြဆဲဖြစ်သည်၊ ထို့ကြောင့် ကြီးမားသော သနားကရုဏာပြရန်၊ ၎င်းတို့အပေါ် ဒုတိယအကြိမ် မေတ္တာကရုဏာတရားကြီးမားရန် ငါ့ကို စောင့်ဆိုင်းကြပြီး၊ ငါသည် ၎င်းတို့အား အနောက်တံခါးမှ ဖြတ်သန်းဝင်လာခွင့်ပေးရန် တောင်းဆိုကြ၏။ သို့ရာတွင် ငါသည် ငါ၏အစီအစဉ်နှင့်ပတ်သက်၍ မည်သို့ သာမန်ကာလျှံကာ စွက်ဖက်နိုင်မည်နည်း။ လူသားသည် ကမ္ဘာမြေကြီးပေါ်တွင် နောက်ထပ်နှစ်အနည်းငယ် ပို၍ အသက်ရှင်နိုင်ဖို့အလို့ငှာ၊ သူ၏ပျို့ရွယ်မှုအတွက် ငါသည် ကမ္ဘာမြေ လည်ပတ်မှုကို ရပ်တန့်နိုင်မည်လော။ လူသား၏ဦးနှောက်သည် အလွန်ရှုပ်ထွေးသော်လည်း၊ ၎င်းတွင် ကင်းမဲ့နေသည့် အရာများလည်း ရှိပုံရ၏။ အကျိုးဆက်အနေဖြင့်၊ လူ၏ စိတ်တွင် ငါ၏အမှုကို တမင်တကာ နှောင့်ယှက်ရန် “အံ့ဖွယ် နည်းလမ်းများ” မကြာခဏ ထွက်ပေါ်လေသည်။

ငါသည် လူသား၏အပြစ်များကို ခွင့်လွှတ်ပြီးဖြစ်ကာ သူ၏အားနည်းချက်ကြောင့် သူ့ကို အထူးမျက်နှာသာပေးပြီးသည်မှာ အကြိမ်များစွာ ရှိသော်လည်း၊ သူ၏ မသိနားမလည်မှုကြောင့် သူ့အား သင့်တော်သော ဆက်ဆံမှု ငါ ပေးပြီးသည်မှာလည်း အကြိမ်များစွာ ရှိပေသည်။ ယင်းမှာ လူသားသည်- ဖုန်မှုန့်များဖြင့် ဖုံးလွှမ်းလျက်၊ သူ၏အဝတ်အစားများ စုတ်ပြဲလျက်၊ ပေါင်းပင်များ ပေါက်ရောက်မှုကဲ့သို့ သူ၏ဆံပင်သည် သူ၏ဦးခေါင်းအား ဖုံးအုပ်ထားရင်း၊ သူ့မျက်နှာသည် အညစ်အကြေးဖြင့် ခဲနေလျက်၊ သူ၏ခြေများသည် အကြမ်းထည်၊

ကိုယ်တိုင်လုပ်ဖိနပ်များ စီးထားလျက်၊ သူ၏လက်များသည် လင်းယုန်ငှက်အသေ၏ လက်သည်းများကဲ့သို့ သူ၏နံဘေးများတွင် ချိန့်စွာ တွဲလွဲကျလျက်- သူ၏ လက်ရှိအခြေအနေသို့ နစ်မြုပ်ပြီးသည်အထိ၊ ငါ၏ကြင်နာမှုကို မည်သို့အသိအမှတ်ပြုရမှန်း သူ မသိခြင်းသာဖြစ်၏။ ငါသည် ငါ၏မျက်လုံးများကို ဖွင့်ကာ ကြည့်သည့်အခါ၊ ယင်းမှာ လူသားသည် အနက်ဆုံးသောတွင်းထဲမှ ယခုပင်တက်ပြီးလေသည့်အလား ဖြစ်သည်။ ငါသည် ဒေါသမထွက်ဘဲ မနေနိုင်ပေ- ငါသည် လူသားအပေါ် အစဉ် သည်းခံလေပြီ၊ သို့ရာတွင် ငါသည် နတ်ဆိုးအား ငါ၏ သန့်ရှင်းသော နိုင်ငံမှ သဘောရှိ သွားလာရန် မည်သို့ခွင့်ပြုနိုင်မည်နည်း။ သူတောင်းစားတစ်ဦးအား ငါ၏အိမ်ထောင်စုတွင် အခမဲ့စားရန် ငါမည်သို့ ခွင့်ပြုနိုင်မည်နည်း။ မသန့်ရှင်းသော မကောင်းဆိုးဝါးတစ်ကောင်အား ငါ့အိမ်ထောင်စု၏ ဧည့်သည်အဖြစ် ရှိနေခြင်းကို ငါမည်သို့ သည်းခံနိုင်မည်နည်း။ လူသားသည် အစဉ် "မိမိကိုယ်ကိုယ်နှင့်ပတ်သက်၍ စည်းကမ်းကြီး" ပြီးဖြစ်ကာ "အခြားသူများအပေါ် သက်ညှာ"ပြီးဖြစ်သော်လည်း၊ သူသည် ငါ့အပေါ် အနည်းငယ်မျှ လုံးဝ မယဉ်ကျေးဖူးပေ။ အဘယ်ကြောင့်ဆိုသော် ငါသည် ကောင်းကင်ဘုံရှိ ဘုရားသခင်ဖြစ်သောကြောင့်၊ သူသည် ငါ့ကို ကွဲပြားစွာ ဆက်ဆံကာ ငါ့အတွက် ချစ်ခြင်းမေတ္တာအနည်းငယ်မျှ လုံးဝ မရှိဖူးသောကြောင့်ဖြစ်သည်။ ယင်းမှာ လူသား၏မျက်လုံးများသည် အထူးသဖြင့် လျင်သည့်အလား ဖြစ်၏- သူသည် ငါ့ကို ပက်ပင်းကြုံသည်နှင့်တစ်ပြိုင်နက်၊ သူ၏မျက်နှာပေါ် ရှိ အသွင်သည် ချက်ချင်း ပြောင်းလဲသွားကာ သူ၏ စိမ်းကားသည့်၊ မထုံတက်သေးမျက်နှာတွင် နောက်ထပ် အမူအရာအနည်းငယ် ဖြည့်လိုက်၏။ ငါသည် ငါ့အပေါ် လူသား၏ သဘောထားကြောင့် သူ့အပေါ် သင့်တော်သည့် အရေးယူမှုများ ချမှတ်ခြင်းမရှိသော်လည်း စကြဝဠာများ၏ အထက်မှ မိုးကောင်းကင်များကို မော့ကြည့်ရုံမျှမော့ကြည့်ပြီး၊ ထိုမှ ကမ္ဘာမြေကြီးပေါ်တွင် ငါ၏အမှုကို ဆောင်ရွက်၏။ လူသား၏မှတ်ဉာဏ်များတွင်၊ ငါသည် မည်သည့်လူကိုမျှ မည်သည့်အခါမျှ ကြင်နာမှု မပြခဲ့သော်လည်း၊ မည်သူ့ကိုမျှ တစ်ကြိမ်တစ်ခါမျှ နှိပ်စက်ဖူးခြင်းလည်းမရှိပေ။ လူသားသည် သူ၏နှလုံးသားတွင် ငါ့အတွက် "ထိုင်ခုံလွတ်" မချန်ထားသောကြောင့်၊ ငါသည် သတိမထားတော့ဘဲ သူ၏အတွင်း၌ နေထိုင်သည့်အခါ၊ သူသည် ငါ့အား မပြောမဆို အတင်းနှင်ထုတ်ပြီး၊ ထို့နောက် သူသည် ချိုတဲ့လွန်းပြီး၊ ငါ၏ပျော်ရွှင်မှုအတွက် သူ့ကိုယ်သူ ထောက်ပံ့ပေးနိုင်စွမ်းမရှိဟု ပြောလျက်၊ ဆင်ခြေများ ဖန်တီးရန် ချိုသာသောစကားနှင့် မြှောက်ပင့်ခြင်းတို့ကို အသုံးပြု၏။ သူစကားပြောသည်နှင့်အမျှ၊ လူသားအလယ် အချိန်မရွေး ဘေးဒုက္ခကျရောက်မည့်အလား သူ၏မျက်နှာသည် မကြာခဏ "တိမ်မည်းများ"ဖြင့် ဖုံးလာ၏။

သို့ရာတွင် သူသည် ပါဝင်သည့် အန္တရာယ်များကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ငါ့ကို ထွက်ခွာရန် တောင်းဆိုဆဲဖြစ်သည်။ ငါသည် ငါ၏နှုတ်ကပတ်တော်များနှင့် ငါ၏ထွေးပိုက်ခြင်း၏ နွေးထွေးမှုတို့ကို လူသားအား ပေးသော်လည်း၊ သူသည်အကြားအင်္ဂါရှိပုံမရပေ။ ထို့ကြောင့် သူသည် ငါ၏အသံကို စိုးစဉ်းမျှ အာရုံမစိုက်ပေ၊ ယင်းအစား သူသည် အလျင်အမြန် ထွက်ခွာသည်နှင့်အမျှ သူ၏ဦးခေါင်းကို ဆုပ်ကိုင်နေ၏။ ငါသည် အနည်းငယ်စိတ်ပျက်သော်လည်း ဒေါသလည်း အနည်းငယ်ထွက်လျက်၊ လူသားထံမှ ထွက်ခွာ၏။ ထိုအတောအတွင်းတွင်၊ လူသားသည် လေပြင်းမုန်တိုင်းကြီးများနှင့် ကြီးမားသော ရေလှိုင်းများ၏ အပြင်းအထန် တိုက်ခိုက်ခြင်းအလယ်တွင် ချက်ချင်းပျောက်ကွယ်သွား၏။ များမကြာမီတွင်၊ သူသည် ငါ့အား အော်ခေါ်သည်၊ သို့သော် လေနှင့်လှိုင်းတို့၏ ရွေ့လျားမှုကို သူသည် မည်သို့ သက်ရောက်မှုရှိနိုင်မည်နည်း။ တဖြည်းဖြည်းနှင့်၊ သူ့ကို မည်သည့်နေရာတွင်မျှ ရှာမတွေ့နိုင်သည်အထိ လူသား၏အရိပ်အယောင်အားလုံး ပျောက်ဆုံးသွား၏။

ခေတ်ကာလများမတိုင်မီတွင်၊ ငါသည် စကြဝဠာတို့အထက်မှ မြေတစ်ပြင်လုံးကို ကြည့်ရှုကြသည်။ ငါသည် ကြီးစွာသောလုပ်ငန်းတာဝန်တစ်ခုကို ကမ္ဘာမြေပေါ်တွင် ငါစီစဉ်ခဲ့၏ - ငါ၏စိတ်နှလုံးနှင့်ညီညွတ်သော လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းနှင့်၊ ငါ၏တန်ခိုးကို ကောင်းကင်၌ ပြည့်စေလျက် ငါ၏ ဉာဏ်အမြော်အမြင်ကို စကြဝဠာတစ်ခုလုံးသို့ ပျံ့နှံ့ခွင့်ပေးရင်း၊ ကောင်းကင်ဘုံ၌ရှိသည့် နိုင်ငံကဲ့သို့ မြေကြီးပေါ်တွင် နိုင်ငံတစ်ခုကို တည်ထောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့တွင်၊ နှစ်ထောင်ပေါင်းများစွာကြာပြီးနောက်၊ ငါသည် ငါ၏အစီအစဉ်ကို ဆက်လက်လုပ်ဆောင်၏။ သို့ရာတွင် ကမ္ဘာမြေကြီးပေါ်တွင် ငါ၏အစီအစဉ် သို့မဟုတ် စီမံခန့်ခွဲမှုကို မည်သူမျှ မသိသကဲ့သို့၊ ၎င်းတို့သည် မြေကြီးပေါ် ရှိ ငါ၏နိုင်ငံကို သာ၍ပင် မမြင်ကြချေ။ ထို့ကြောင့် လူသားသည် အရိပ်များနောက်သို့လိုက်ပြီး၊ ကောင်းကင်ရှိ ငါ၏ကောင်းချီးမင်္ဂလာများအတွက် “မဖွင့်ဟသော အဖိုးအခ”တစ်ခုကို ပေးလိုလျက်၊ ငါ့အားလှည့်စားရန် ငါ့ရှေ့မှောက်သို့ လာ၏။ အကျိုးဆက်အနေနှင့် သူသည် ငါ၏အမျက်ဒေါသကို ဆွပြီး ငါသည် သူ့အပေါ် တရားစီရင်ခြင်း ဆောင်ကြဉ်းသော်လည်း၊ သူသည် မနိုးထသေးချေ။ ယင်းမှာ သူသည် သူ၏ကိုယ်ပိုင် တက်လမ်းများမှလွဲ၍ အခြား မည်သည့်အရာမျှ၏နောက်သို့ မလိုက်စားသည်နှင့်အမျှ၊ သူသည် မြေပေါ်၌ရှိသည့်အရာကို လုံးဝ မသိနားမလည်ဘဲ၊ မြေအောက်တွင် အလုပ်လုပ်နေသည့်အလားဖြစ်၏။ လူအပေါင်းတို့အလယ်တွင်၊ ငါ၏ ထွန်းလင်းနေသည့် အလင်းအောက်၌ အသက်ရှင်သူ တစ်ဦးတစ်လေကိုမျှ ငါ လုံးဝ မတွေ့ဖူးပေ။ ၎င်းတို့သည် အမှောင်လောကတွင် အသက်ရှင်ကြပြီး၊ မှုန်မှိုင်းမှုအလယ် အသက်ရှင်ခြင်းကို ကျင့်သားရလာကြပုံရ၏။ အလင်း

ရောက်လာသည့်အခါ ၎င်းတို့သည် အဝေးတွင် နေကြပြီး၊ ယင်းမှာ အလင်းသည် ၎င်းတို့၏အလုပ်ကို နှောင့်ယှက်ပြီးသည့်အလား ဖြစ်၏။ ရလဒ်နေဖြင့်၊ အလင်းသည် ၎င်းတို့၏ငြိမ်သက်ခြင်းအား အစိတ်စိတ်အမြွာမြွာခွဲကာ ၎င်းတို့အား နှစ်ခြိုက်စွာ အိပ်မရစေပြီးလေသည့်အလား ၎င်းတို့သည် အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်ပုံရကြ၏။ အကျိုးဆက်အနေဖြင့်၊ လူသားသည် အလင်းကို မောင်းနှင်ထုတ်ရန် သူ၏ခွန်အားရှိသမျှကို လှုံ့ဆော်၏။ အလင်းသည်လည်း အသိမဲ့နေပုံရပြီး၊ ထို့ကြောင့် လူသားအား ၎င်း၏အိပ်စက်ခြင်းမှ နှိုးကာ၊ လူသား နိုးထသည့်အခါ သူသည် ဒေါသဖြင့် မှုန်ထူလျက်၊ သူ၏မျက်လုံးများကို ပိတ်လေ၏။ သူသည် ငါ့ကို အနည်းငယ် သဘောမတွေ့သော်လည်း၊ ငါ၏နှလုံးသားတွင် ငါသည် အခြေအနေ၏ အဓိကအချက်များကို သိ၏။ လူတို့အားလုံးကို ငါ၏အလင်းအလယ်တွင် အသက်ရှင်စေလျက်၊ ငါသည် အလင်းအား တဖြည်းဖြည်း သာ၍ပြင်းစေသည်မှာ၊ များမကြာမီ ၎င်းတို့သည် အလင်းနှင့် တွေ့ဆုံရာတွင် ကျွမ်းကျင်လာကြသည့်အပြင်၊ အားလုံးသည် အလင်းအား တန်ဖိုးထားကြ၏။ ဤအချိန်တွင်၊ ငါ၏နိုင်ငံသည် လူသားအလယ် ကြွလာပြီးဖြစ်သည်၊ လူအားလုံးသည် ဝမ်းမြောက်ခြင်းဖြင့် ကခုန်ကာ ချီးကျူးဂုဏ်ပြုကြသည်၊ ကမ္ဘာမြေကြီးသည် ဂုဏ်ယူဝင့်ကြွားခြင်းဖြင့် ရုတ်တရက်ပြည့်သွားပြီး၊ အလင်းရောက်လာခြင်း အားဖြင့် နှစ်ထောင်ပေါင်းအချို့ကြာ တိတ်ဆိတ်မှုသည် ပြိုကွဲသွား၏။...

၁၉၉၂ ခုနှစ်၊ မတ်လ ၂၆ ရက်

# အခန်း ၂၅

အချိန်သည် ကုန်လွန်ကာ မျက်စိတစ်မှိတ်အတွင်း မျက်မှောက်ခေတ် ရောက်ရှိလာပေပြီ။ ငါ့ဝိညာဉ်၏လမ်းပြမှုအောက်တွင်၊ လူအားလုံးသည် ငါ၏အလင်းအလယ် အသက်ရှင်ကြပြီး၊ မည်သူမျှ အတိတ်ကို မစဉ်းစားတော့ပေ၊ သို့မဟုတ် ယမန်နေ့ကို အာရုံစိုက်မှု တစ်စုံတစ်ရာမျှ မပြုကြတော့ပေ။ အဘယ်သူသည် မျက်မှောက်ခေတ်တွင် အသက်ရှင်ကာ မတည်ရှိဖူးသေးသနည်း။ အဘယ်သူသည် နိုင်ငံတော်တွင် အံ့သြဖွယ်ကောင်းသော ရက်များနှင့် လများကို မကုန်လွန်ရသေးသနည်း။ နေအောက်တွင် အဘယ်သူ အသက်မရှင်ရသေးသနည်း။ နိုင်ငံတော်သည် လူသားအလယ် ဆင်းသက်ပြီးဖြစ်သော်လည်း၊ ယင်း၏နွေးထွေးမှုကို မည်သူမျှ အမှန်တကယ် မတွေ့ကြုံရသေးပေ။ လူသားသည် ယင်း၏အနှစ်သာရကို နားလည်ခြင်းမရှိဘဲ၊

ယင်းကို အပြင်ပန်းမှသာ ကြည့်လေသည်။ ငါ၏နိုင်ငံတော်
ဖွံ့စည်းသည့်အချိန်အတောအတွင်းတွင်၊ ယင်းကြောင့် အဘယ်သူသည် ဝမ်းမြောက်ခြင်း
မရှိဘဲနေသနည်း။ မြေကြီးပေါ် ရှိ နိုင်ငံများသည် အမှန်တကယ် လွတ်မြောက်နိုင်သလော။
အဆင်းနီသောနဂါးကြီးသည် ၎င်း၏ကောက်ကျစ်မှုကြောင့် အမှန်တကယ်
လွတ်မြောက်နိုင်သလော။ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို စကြဝဠာတစ်ခွင်လုံး
ကြေညာထား၏၊ ၎င်းတို့သည် လူအားလုံးအလယ် ငါ၏သြဇာအာဏာကို ပြဋ္ဌာန်းပြီး၊
စကြဝဠာအနှံ့ သက်ရောက်လာလေသည်။ မည်သို့ပင် ဖြစ်စေကာမူ လူသားသည် ဤအရာကို
အမှန်တကယ် လုံးဝ မသိလေပြီ။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို စကြဝဠာသို့
ထုတ်ဖော်ပြချိန်တွင်၊ ယင်းမှာ ကမ္ဘာမြေပေါ်၌ ငါ၏အမှု ပြည့်စုံတော့မည့် အချိန်လည်းဖြစ်၏။
ငါသည် လူသားအားလုံးအကြား အုပ်စိုးပြီး အာဏာကိုင်စွဲသောအခါနှင့် ငါ့ကို
တစ်ဆူတည်းသော ဘုရားသခင် ကိုယ်တော်တိုင်အဖြစ် သိမှတ်သော အချိန်တွင်၊
ငါ၏နိုင်ငံတော်သည် မြေကြီးဆီသို့ အပြည့်အဝ ဆင်းသက်လိမ့်မည်။ ယနေ့တွင် လူအားလုံး၌
လမ်းကြောင်းသစ်ပေါ်တွင် အသစ်သော အစပြုခြင်း ရှိကြသည်။ ၎င်းတို့သည် ဘဝသစ်ကို
စတင်ကြပြီဖြစ်သော်လည်း၊ ကောင်းကင်နှင့်အလားတူသော မြေကြီးပေါ်က အသက်တာကို
မည်သူမျှ အမှန်တကယ် တွေ့ကြုံဖူးခြင်းမရှိပေ။ သင်တို့သည် ငါ၏အလင်းအလယ်တွင်
အမှန်တကယ် အသက်ရှင်ကြသလော။ ငါ၏ နှုတ်ကပတ်တော်များအကြားတွင် အမှန်တကယ်
အသက်ရှင်ကြသလော။ မည်သူသည် ၎င်းတို့ကိုယ်တိုင်၏ မျှော်လင့်ချက်များကို
မတွေးတောသနည်း။ မိမိတို့ကိုယ်တိုင်၏ ကံကြမ္မာကြောင့် မည်သူသည် စိတ်သောက
မရောက်သနည်း။ ဒုက္ခပင်လယ်အလယ်တွင် မည်သူသည် မရုန်းကန်ဘဲ နေသနည်း။
မည်သူသည် မိမိတို့ကိုယ်ကိုယ် လွတ်မြောက်စေရန် ဆန္ဒမရှိသနည်း။ ကောင်းကင်နိုင်ငံ၏
ကောင်းချီးမင်္ဂလာများသည် မြေကြီးပေါ်၌ လူသား၏ အလုပ်ကြိုးစားမှုအတွက်
အလဲအလှယ်အနေဖြင့် ပေးထားခြင်းဖြစ်သလော။ လူသား၏ စိတ်ဆန္ဒများအားလုံးသည် သူ
ဆန္ဒရှိသည်အတိုင်း ဖြည့်ဆည်း၍ရနိုင်မည်လော။ ငါသည် တစ်ချိန်က နိုင်ငံတော်၏
လှပသောမြင်ကွင်းကို လူသားရှေ့မှောက်တွင် တင်ဆက်ခဲ့သော်လည်း၊ သူသည် ယင်းကို
တပ်မက်သောမျက်လုံးများဖြင့် ငေးစိုက်ခြင်းသာ ပြုခဲ့ကာ ယင်းအထဲသို့ ဝင်ရောက်ရန်
အမှန်တကယ် ဆန္ဒပြင်းပြခဲ့သူ မည်သူမျှ မရှိခဲ့ပေ။ တစ်ချိန်က ငါသည် လူသားထံ
မြေကြီးပေါ် ရှိ စစ်မှန်သောအခြေအနေများကို "အစီရင်ခံခဲ့" သော်လည်း၊ သူသည်
နားထောင်သည်ထက် မပိုခဲ့သကဲ့သို့၊ ငါ၏နှုတ်မှ လာခဲ့သည့် နှုတ်ကပတ်တော်များကို
သူ၏နှလုံးသားဖြင့် ရင်မဆိုင်ခဲ့ပေ။ တစ်ချိန်က ငါသည် လူသားအား ကောင်းကင်ဘုံက

အခြေအနေများကို ပြောပြခဲ့သော်လည်း၊ သူသည် ငါ၏နှုတ်ကပတ်တော်များကို နှစ်သက်ဖွယ်ကောင်းသော ပုံပြင်များကဲ့သို့ သဘောထားခဲ့ကာ၊ ငါ့နှုတ်က ဖော်ပြခဲ့သည့်အရာကို အမှန်တကယ် လက်မခံခဲ့ကြချေ။ ယနေ့တွင် နိုင်ငံတော်၏မြင်ကွင်းများသည် လူသားအလယ် ထုတ်ပြထားသော်လည်း၊ တစ်စုံတစ်ဦးသည် ယင်းကို ရှာဖွေရာတွင် "တောင်ထိပ်နှင့်တောင်ကြား ဖြတ်ကျော်" ဖူးသလော။ ငါ၏ တိုက်တွန်းမှုမပါဘဲ၊ လူသားသည် သူ၏အိပ်မက်များမှ နိုးထခဲ့လိမ့်ဦးမည် မဟုတ်ပေ။ သူသည် ကမ္ဘာမြေကြီးပေါ်က သူ၏ အသက်တာကို အမှန်တကယ် အလွန် နှစ်သက်ကြည်နူးနေသလော။ သူ၏ စိတ်နှလုံးတွင် မြင့်မားသော စံနှုန်းများ အမှန်တကယ် မရှိသလော။

ငါ၏လူများအဖြစ် ငါခွဲခန့်မှတ်သားထားသူများသည် မိမိတို့ကိုယ်ကိုယ် ငါ့အားဆက်ကပ်နိုင်ကြပြီး၊ ငါနှင့် သဟဇာတဖြစ်စွာ အသက်ရှင်နိုင်ကြသည်။ ၎င်းတို့သည် ငါ၏အမြင်တွင် တန်ဖိုးရှိကြပြီး၊ ငါ၏နိုင်ငံတော်တွင် ငါ့အတွက် ချစ်ခြင်းမေတ္တာဖြင့် ထွန်းလင်းကြ၏။ ယနေ့လူတို့၏အကြားတွင် ထိုသို့သော သတ်မှတ်ချက်များကို မည်သူဖြည့်ဆည်းသနည်း။ ငါ၏သတ်မှတ်ချက်များအရ အဆင့်မီနိုင်သူ မည်သူရှိသနည်း။ ငါ၏သတ်မှတ်ချက်များသည် လူသားအတွက် အမှန်တကယ် အခက်အခဲများ ဖြစ်စေသလော။ ငါသည် တမင်တကာ သူ့ကို အမှားများ ပြုလုပ်စေသလော။ ငါသည် လူအားလုံးအပေါ် သက်ညှာပြီး ၎င်းတို့ကို ဦးစားပေးဆက်ဆံ၏။ သို့ရာတွင် ဤသည်မှာ တရုတ်နိုင်ငံရှိ ငါ၏လူများအပေါ်သာ ဖြစ်၏။ ယင်းမှာ ငါသည် သင်တို့ကို အထင်သေး၍ မဟုတ်သကဲ့သို့ သင်တို့ကို မသင်္ကာ၍လည်း မဟုတ်ဘဲ၊ ငါသည် သင်တို့အပေါ် လက်တွေ့ကျပြီး စစ်မှန်သောကြောင့် ဖြစ်သည်။ လူတို့သည် ၎င်းတို့၏အသက်တာများတွင် ၎င်းတို့၏ မိသားစုများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပိုမိုကျယ်ပြန့်သောလောကနှင့် စပ်လျဉ်း၍ဖြစ်စေ ဆုတ်ဆိုင်းမှုများကို မလွဲမသွေ ကြုံကြရသည်။ သို့ရာတွင် မည်သူ၏အခက်အခဲကို ၎င်းတို့ကိုယ်တိုင်၏လက်များဖြင့် စီစဉ်ဖူးသနည်း။ လူသားသည် ငါ့ကို သိနိုင်စွမ်းမရှိပေ။ သူသည် ငါ၏ အပြင်ပန်း သွင်ပြင်နှင့်ဆိုင်သည့် သိနားလည်မှုအချို့ရှိသော်လည်း၊ ငါ၏အနှစ်သာရနှင့်ပတ်သက်၍ မသိနားမလည် ဖြစ်လေသည်။ သူသည် သူစားသည့် အစာ၏ ပါဝင်ပစ္စည်းများကို မသိပေ။ မည်သူသည် ငါ၏နှလုံးသားကို သေချာစွာ သိမြင်နိုင်သနည်း။ မည်သူသည် ငါ၏ မျက်မှောက်တွင် ငါ၏အလိုကို အမှန်တကယ် နားလည်နိုင်သနည်း။ ငါသည် ကမ္ဘာမြေပေါ်သို့ ကြွဆင်းလာချိန်တွင်၊ ကမ္ဘာမြေသည် အမှောင်ထုဖြင့် ဖုံးအုပ်နေပြီး လူသားသည် "အိပ်မောကျ" နေ၏။ ငါသည် နေရာအားလုံးအကြား လျှောက်လှမ်းပြီး၊ ငါတွေ့မြင်သမျှအရာအားလုံးမှာ စုတ်ပြတ်နေပြီး မကြည့်ရက်နိုင်စရာ ဖြစ်သည်။ ယင်းမှာ

လူသားသည် မွေ့ပျော်ရန်သာ လိုလားလျက်ရှိပြီး "ပြင်ပလောကမှ အမှုအရာများ" ကို ဂရုပြုရန် ဆန္ဒမရှိသည့်အလား ဖြစ်၏။ လူအားလုံးမသိဘဲ၊ ငါသည် ကမ္ဘာမြေတစ်ခုလုံးကို ဆန်းစစ်လေ့လာ၏၊ သို့ရာတွင် အသက်နှင့်ပြည့်ဝသော နေရာတစ်ခုကိုမျှ ငါမတွေ့ပေ။ ချက်ချင်းပင် ငါသည် အလင်းနှင့်အပူတို့ကို ထွန်းလင်းစေပြီး၊ တတိယကောင်းကင်မှ ကမ္ဘာမြေပေါ်သို့ ကြည့်၏။ အလင်းသည် မြေကြီးပေါ်သို့ကျကာ အပူသည် ယင်းအပေါ် ပျံ့နှံ့သော်လည်း၊ အလင်းနှင့် အပူတို့သာ ဝမ်းမြောက်နေပုံရ၏။ ၎င်းတို့သည် ကိုယ်စိတ်ချမ်းသာမှုတွင် အကြိုက်တွေ့နေသည့် လူသားအထဲတွင် မည်သည့်အရာကိုမျှ နှိုးဆော်ခြင်းမရှိပေ။ ဤသည်ကိုမြင်ရလျက်၊ ငါသည် လူသားအကြားတွင် ငါအသင့်ပြင်ထားသော "လုံတံ" ကို ချက်ချင်း အပ်နှင်း၏။ လုံတံ ကျသည်နှင့်အမျှ၊ အလင်းနှင့်အပူတို့သည် တဖြည်းဖြည်း လွင့်ပြယ်သွားကာ ကမ္ဘာမြေကြီးသည် ချက်ချင်း တိတ်ဆိတ် ခြောက်ကပ်သွား၍ မှောင်မဲသွား၏— ပြီးလျှင် အမှောင်ထုကြောင့် လူသားသည် ဆက်လက်ပျော်ပါးရန် အခွင့်အရေးကို လက်မလွှတ်တမ်းအသုံးချ၏။ လူသားသည် ငါ၏ လုံတံရောက်လာခြင်းနှင့် သက်ဆိုင်သည့်အသိ ရေးရေးရှိသော်လည်း၊ သူသည် မတုံ့ပြန်ဘဲ၊ ၎င်း၏ "မြေကြီးပေါ် ရှိ ကောင်းချီးမင်္ဂလာများ" ကို ဆက်လက် မွေ့လျော်လေ၏။ ၎င်းနောက်၊ ငါ၏နှုတ်သည် လူသားအားလုံးနှင့်ဆိုင်သည့် ပြစ်တင်ဆုံးမခြင်းကို ကြေညာပြီး စကြဝဠာတစ်လျှောက်လုံးရှိ လူတို့သည် ကားတိုင်တွင် ဇောက်ထိုး သံမှိုရိုက်နှက်ခံရကြ၏။ ငါ၏ပြစ်တင်ဆုံးမခြင်း လာသည့်အခါတွင်၊ လူသားသည် တောင်များပြိုကျခြင်းနှင့် မြေကြီး ပြိုကွဲနေခြင်း၏ ဆူညံသံအားဖြင့် တုန်လှုပ်လေ၏၊ ယင်းနောက်တွင် သူသည် လန့်နိုးသွားသည်။ တုန်လှုပ်ကာ ကြောက်ရွံ့လျက်၊ သူသည် ထွက်ပြေးလိုစိတ် ရှိသော်လည်း၊ လွန်စွာနောက်ကျသွားပေသည်။ ငါ၏ပြစ်တင်ဆုံးမမှု ကျရောက်သည်နှင့်အမျှ၊ ငါ၏နိုင်ငံတော်သည် မြေကြီးပေါ်သို့ဆင်းသက်ကာ နိုင်ငံအားလုံးသည် သဲလွန်စမကျန်ဘဲ ပျောက်ကွယ်သွားရင်းနှင့် မည်သည့်အရာမျှ ချန်မထားဘဲ၊ အစိတ်စိတ်အမြွှာမြွှာ ချေမှုန်းခံရလေသည်။

နေ့စဉ် ငါသည် စကြဝဠာ၏ မျက်နှာပြင်ပေါ် ကြည့်ပြီး၊ နေ့စဉ် ငါသည် လူသားအကြား ငါ၏အမှုအသစ်ကို လုပ်ဆောင်၏။ သို့ရာတွင် လူအားလုံးသည် မိမိတို့၏ အလုပ်တွင် နစ်မြုပ်နေကြပြီး၊ မည်သူမျှ ငါ့အမှု၏ အင်အားများကို အာရုံမစိုက်ကြချေ၊ သို့မဟုတ် မိမိတို့ကိုယ်ကိုယ် ကျော်လွန်၍ အမှုအရာများ၏ အခြေအနေကို သတိမထားကြချေ။ ယင်းမှာ လူတို့သည် ၎င်းတို့ကိုယ်တိုင် ပြုလုပ်ထားသည့် ကောင်းကင်အသစ်နှင့် မြေကြီးအသစ်တွင် အသက်ရှင် ကြပြီး၊ အခြားမည်သူမျှ အနှောင့်အယှက်ပေးသည်ကို မလိုချင်သည့်အလား

ဖြစ်၏။ ၎င်းတို့အားလုံးသည် ပျော်ပါးသည့်အလုပ်နှင့် ၎င်းတို့၏ "ကာယလေ့ကျင့်ခန်းများ" ကို လုပ်ဆောင်သည်နှင့်အမျှ မိမိတို့ကိုယ်ကိုယ် သဘောကျခြင်းတို့ကို အာရုံစိုက်လျက် ရှိကြသည်။ လူသား၏ နှလုံးသား၌ ငါ့အတွက် နေရာ အမှန်တကယ် လုံး၀ မရှိသလော။ ငါသည် လူသား၏နှလုံးသားကို အုပ်စိုးသူ အမှန်တကယ် ဖြစ်နိုင်စွမ်းမရှိသလော။ လူသား၏ဝိညာဉ်သည် သူ့အား အမှန်တကယ် ထားရစ်လေပြီလော။ ငါ၏နှုတ်မှ နှုတ်ကပတ်တော်များကို မည်သူသည် သေချာစွာ တွေးဆဖူးသနည်း။ ငါ့နှလုံးသား၏ဆန္ဒကို မည်သူသည် သိမြင်ဖူးသနည်း။ လူသား၏နှလုံးသားကို အခြားအရာအချို့က အမှန်တကယ် သိမ်းပိုက်လေပြီလော။ ငါသည် လူသားထံ ဟစ်အော်ခေါ်သည့် ကြိမ်ဖန်များစွာ ရှိပြီးဖြစ်သော်လည်း၊ မည်သူမဆို ကရုဏာသက်ဖူးသလော။ မည်သူမဆို လူ့သဘာဝ၌ အသက်ရှင်ဖူးသလော။ လူသားသည် ဇာတိပကတိ၌ အသက်ရှင်ကောင်း ရှင်နိုင်သော်လည်း၊ ၎င်း၌ လူ့သဘာဝမရှိပေ။ ၎င်းသည် တိရစ္ဆာန်တိုင်းပြည်တွင် မွေးဖွားခဲ့သလော။ သို့မဟုတ် ၎င်းသည် ကောင်းကင်ဘုံတွင် မွေးဖွားခဲ့ပြီး ဘုရား၏သဘောသဘာဝ ရှိသလော။ ငါသည် လူသားနှင့်ဆိုင်သည့် သတ်မှတ်ချက်များ ပြုလုပ်သော်လည်း၊ သူသည် ငါ၏နှုတ်ကပတ်တော်များကို နားမလည်သည့်အလား၊ ငါသည် သူနှင့် တခြားစီဖြစ်သည့် ချဉ်းကပ်၍မရသော ကြောက်မက်ဖွယ် ရောမသတ္တဝါအလား ဖြစ်၏။ ငါသည် လူသားကြောင့် စိတ်ပျက်ခဲ့ရသည်မှာ ကြိမ်ဖန်များစွာ ရှိပြီဖြစ်၏၊ ငါသည် သူ၏ညံ့ဖျင်းသော ဆောင်ရွက်မှုကြောင့် ဒေါသ အမျက်ထွက်ခဲ့ရသည်မှာ ကြိမ်ဖန်များစွာ ရှိပြီဖြစ်ပြီး၊ ငါသည် သူ၏ အားနည်းမှုအားကြောင့် စိတ်ထိခိုက်ခဲ့ရသည်မှာ ကြိမ်ဖန်များစွာ ရှိပြီဖြစ်၏။ လူသား၏နှလုံးသားတွင် ငါသည် အဘယ်ကြောင့် ဝိညာဉ်ပိုင်းဆိုင်ရာ ခံစားချက်ကို မနှိုးဆော်နိုင်သနည်း။ လူသား၏နှလုံးသားတွင် ငါသည် အဘယ်ကြောင့် ချစ်ခြင်းမေတ္တာကို မလှုံ့ဆော်နိုင်သနည်း။ လူသားသည် ငါ့အား အဘယ်ကြောင့် သူ၏အသည်းကျော်အဖြစ် ဆက်ဆံရန် လိုလိုလားလား မရှိသနည်း။ လူသား၏နှလုံးသားသည် သူ၏ကိုယ်ပိုင်နှလုံးသား မဟုတ်သလော။ သူ၏ စိတ်ဝိညာဉ်တွင် အခြားအရာတစ်စုံတစ်ရာက ဝင်ရောက် နေထိုင်လေပြီလော။ လူသားသည် အဘယ်ကြောင့် မရပ်မနား ငိုကြွေးမြည်တမ်းသနည်း။ သူသည် အဘယ်ကြောင့် စိတ်မချမ်းမြေ့သနည်း။ သူသည် ဝမ်းနည်းသည့်အခါတွင်၊ ငါ၏တည်ရှိမှုကို အဘယ်ကြောင့် လျစ်လျူရှုသနည်း။ ငါသည် သူ့ကို စိတ်အနှောင့်အယှက်ပေးမိ၍ ဖြစ်နိုင်သလော။ ငါသည် သူ့အား တမင်တကာ စွန့်ပစ်ထားမိ၍ ဖြစ်နိုင်သလော။

ငါ၏အမြင်တွင်၊ လူသားသည် အရာခပ်သိမ်းကို အုပ်စိုးသူဖြစ်သည်။ ငါသည် သူ့ကို-

တောင်တန်းများပေါ် ရှိ မြက်ခင်း၊ သစ်တောများအကြားရှိ တိရစ္ဆာန်များနှင့် ရေထဲက ငါးများ- ကမ္ဘာမြေကြီးပေါ်က အရာခပ်သိမ်းကို စီမံခန့်ခွဲခွင့်ပေးလျက်၊ ပေးခဲ့သည့် ဩဇာအာဏာ ပမာဏမှာ မသေးပေ။ သို့ရာတွင် ဤအရာကြောင့် ပျော်ရွှင်ရမည့်အစား လူသားသည် စိုးရိမ်ပူပန်မှုဖြင့် ဝိုင်းရံဖိစီးခြင်းကို ခံရသည်။ သူ၏အသက်တာ တစ်ခုလုံးသည် မချိတင်ကဲ ဝေဒနာခံရသည့် အသက်တာနှင့် ဟိုဟိုသည်သည် အလုပ်ရှုပ်သည့်၊ အနှစ်မဲ့ခြင်းကို အပျော်ဆင့်သည့် အသက်တာတစ်ခု ဖြစ်သည်။ သူ၏ အသက်တာတစ်ခုလုံး၌ အသစ်သော တီထွင်မှုများနှင့် ဖန်တီးမှုများ မရှိချေ။ ဤအနှစ်သာရမရှိသော အသက်တာမှ မည်သူမျှ မိမိတို့ကိုယ်ကိုယ် မလွတ်မြောက်စေနိုင်၊ အဓိပ္ပာယ်ရှိသော အသက်တာတစ်ခုကို မည်သူမျှ ရှာဖွေတွေ့ရှိဖူးခြင်း မရှိသကဲ့သို့၊ စစ်မှန်သောအသက်တာကို မည်သူမျှ တွေ့ကြုံဖူးခြင်းမရှိပေ။ ယနေ့ လူအားလုံးသည် ငါ၏တောက်ပသော အလင်းအောက်တွင် အသက်ရှင်ကြသော်လည်း၊ ကောင်းကင်ဘုံရှိ အသက်တာနှင့်သက်ဆိုင်သည့် မည်သည့်အရာကိုမျှ ၎င်းတို့ မသိကြချေ။ အကယ်၍ ငါသည် လူသားအပေါ် ကရုဏာစိတ်မရှိသကဲ့သို့၊ လူသားမျိုးနွယ်ကို မကယ်တင်ပါက၊ လူအားလုံးသည် အချည်းနှီး ရောက်လာကြခဲ့ပြီဖြစ်သည်၊ ကမ္ဘာပေါ် ရှိ ၎င်းတို့၏ အသက်တာများသည် အဓိပ္ပာယ်မရှိသကဲ့သို့၊ ၎င်းတို့သည် ဂုဏ်ယူစရာဘာမျှမရှိဘဲ အချည်းနှီး ထွက်ခွာသွားကြလိမ့်မည် ဖြစ်၏။ ဘာသာတရားတိုင်း၊ လူမှုအဖွဲ့အစည်း ကဏ္ဍတိုင်း၊ တိုင်းနိုင်ငံတိုင်းနှင့် ဂိုဏ်းဂဏတိုင်း၏ လူအားလုံးသည် ကမ္ဘာမြေကြီးပေါ်က အနှစ်မဲ့ခြင်းကို သိကြပြီး ၎င်းတို့အားလုံးသည် ငါ့ကိုရှာဖွေကြကာ ငါ၏ပြန်လာခြင်းကို စောင့်ဆိုင်းကြသည်- သို့ရာတွင် ငါ ကြွရောက်ချိန်တွင်၊ မည်သူသည် ငါ့ကိုသိနိုင်စွမ်း ရှိသနည်း။ ငါသည် အရာခပ်သိမ်းကို ပြုလုပ်ခဲ့သည်၊ လူသားမျိုးနွယ်ကို ငါဖန်ဆင်းခဲ့ပြီး၊ ယနေ့တွင် ငါသည် လူသားအလယ် ဆင်းသက်ခဲ့လေပြီ။ သို့သော် လူသားသည် ငါ့ကို တုံ့ပြန်ထိုးနှက်တိုက်ခိုက်ပြီး ငါ့အပေါ် လက်စားချေ၏။ လူသားအပေါ် ငါပြုသောအမှုသည် သူ့အဖို့ အကျိုးမရှိသလော။ ငါသည် လူသားကို အမှန်တကယ် စိတ်ကျေနပ်စေနိုင်စွမ်း မရှိသလော။ လူသားသည် ငါ့ကို အဘယ်ကြောင့် ငြင်းပယ်သနည်း။ လူသားသည် ငါ့အပေါ် အဘယ်ကြောင့် အေးစက်စက်နိုင်ကာ ဂရုမစိုက်သနည်း။ ကမ္ဘာမြေကြီးသည် အဘယ်ကြောင့် လူသေ အလောင်းများဖြင့် ဖုံးလွှမ်းထားသနည်း။ ဤသည်မှာ လူသားအတွက် ငါ ဖန်တီးခဲ့သည့် ကမ္ဘာလောက၏ အခြေအနေ အမှန်ပင်လော။ ငါသည် လူသားအား နှိုင်းယှဉ်၍မရသော ကြွယ်ဝချမ်းသာမှုများ ပေးထားသော်လည်း၊ အပြန်အလှန်အားဖြင့် သူသည် ငါ့အား ဘာမျှမရှိသော လက်နှစ်ဘက် ပေးသည်မှာ အဘယ်ကြောင့်နည်း။ လူသားသည် အဘယ်ကြောင့် ငါ့အား အမှန်တကယ် မချစ်သနည်း။ သူသည် အဘယ်ကြောင့်

မည်သည့်အခါမျှ ငါ့ရှေ့မှောက် မလာသနည်း။ ငါ၏နှုတ်ကပတ်တော်များသည် အမှန်တကယ် အချည်းနှီး ဖြစ်ပြီလော။ ငါ၏ နှုတ်ကပတ်တော်များသည် ရေမှုအပူကဲ့သို့ ပျောက်ကွယ်သွားပြီလော။ လူသားသည် ငါနှင့်ပူးပေါင်းဆောင်ရွက်ရန် အဘယ်ကြောင့် လိုလိုလားလား မရှိသနည်း။ ငါ၏နေ့ရက်ရောက်ရှိခြင်းသည် လူသား၏သေဆုံးခြင်း အခိုက်အတန့် အမှန်တကယ်ပင် ဖြစ်သလော။ ငါ၏နိုင်ငံတော်ကို ဖွဲ့စည်းသည့်အချိန်တွင် ငါသည် လူသားကို အမှန်တကယ် ဖျက်ဆီးနိုင်မည်လော။ ငါ၏စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုလုံး ကာလအတွင်းတွင် ငါ၏ရည်ရွယ်ချက်များကို အဘယ်ကြောင့် မည်သူမျှ သဘောပေါက်ဖူးခြင်း မရှိသနည်း။ ငါ၏နှုတ်မှ မိန့်မြွက်ချက်များကို ချစ်မြတ်နိုးမည့်အစား လူသားသည် ယင်းတို့ကို အဘယ်ကြောင့် စက်ဆုပ်ရွံရှာကာ ငြင်းပယ်သနည်း။ ငါသည် မည်သူ့ကိုမျှ ပြစ်တင်ရှုတ်ချခြင်း မရှိဘဲ၊ လူအားလုံးကို တည်ငြိမ်မှုဆီသို့ ပြန်လာစေပြီး မိမိကိုယ်ကိုယ် ပြန်လည်သုံးသပ်ခြင်းအမှုကို ပြုစေရုံမျှ ပြုသည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၂၇ ရက်

# လူမျိုးအပေါင်းတို့၊ ဝမ်းမြောက်ကြလော့။

ငါ၏ အလင်းတွင်၊ လူတို့သည် အလင်းကို တစ်ဖန် မြင်ကြ၏။ ငါ၏ နှုတ်ကပတ်တော်ထဲတွင်၊ လူတို့သည် ၎င်းတို့ မွေ့လျော်သည့် အရာများကို ရှာတွေ့ကြ၏။ ငါသည် အရှေ့အရပ်မှ လာ၏၊ အရှေ့အရပ်မှ ငါ နှုတ်ခွန်းဆက်သည်။ ငါ၏ ဘုန်းအသရေ ထွန်းတောက်သည့်အခါ၊ တိုင်းနိုင်ငံအားလုံးသည် ထွန်းလင်းကြ၏၊ အားလုံး အလင်းသို့ ဆောင်ယူခြင်းခံရကြ၏၊ အမှောင်ထဲတွင် တစ်ခုမျှ မကျန်ရှိပေ။ နိုင်ငံတော်ထဲတွင်၊ ဘုရားသခင်နှင့်အတူ ဘုရားသခင်၏လူတို့ အသက်ရှင်ကြသော အသက်တာသည် အတိုင်းထက်အလွန် ပျော်ရွှင်ဖွယ်ဖြစ်သည်။ ရေထုသည် လူတို့၏ မင်္ဂလာရှိသော အသက်တာများ၌ ဝမ်းမြောက်ခြင်းဖြင့် ကခုန်ကြသည်၊ တောင်များသည် ငါ၏ အလျှံပယ်ရှိခြင်းကို လူတို့နှင့်အတူ မွေ့လျော်ကြ၏။ လူအားလုံးသည် ငါ၏ နိုင်ငံတော်ထဲတွင် ကြိုးပမ်းနေကြသည်၊ ကြိုးစားလုပ်ဆောင်နေကြသည်၊ ၎င်းတို့၏ သစ္စာစောင့်သိခြင်းကို ပြသနေကြသည်။ နိုင်ငံတော်ထဲတွင်၊ ပုန်ကန်ခြင်း မရှိတော့ပေ၊ ခုခံခြင်း မရှိတော့ပေ။ ကောင်းကင်နှင့် မြေကြီးတို့သည် အချင်းချင်း မှီခိုကြသည်၊ လူသားနှင့် ငါသည် ဘဝ၏ ချိုမြိန်သော ကြီးစွာဝမ်းမြောက်ခြင်းများ တစ်လျှောက်၊ တစ်ဦးကိုတစ်ဦး အားထားလျက် နက်ရှိုင်းသော

ခံစားချက်ဖြင့် ချဉ်းကပ်ကြ၏။...ဤအချိန်တွင်၊ ငါသည် ကောင်းကင်ဘုံ၌ ငါ၏ အသက်တာကို စနစ်တကျ စတင်သည်။ စာတန်၏ နှောင့်ယှက်မှု မရှိတော့သကဲ့သို့ လူတို့သည် ချမ်းသာထဲသို့ ဝင်စားကြ၏။ စကြဝဠာတစ်လျှောက်လုံးတွင်၊ ငါ၏ အရွေးချယ်ခံ လူတို့သည် ငါ၏ ဘုန်းအသရေအတွင်း၌ အသက်ရှင်ကြပြီး၊ လူတို့အလယ် အသက်ရှင်နေသည့် လူများကဲ့သို့မဟုတ်ဘဲ၊ ဘုရားသခင်နှင့်အတူ အသက်ရှင်သည့် လူများကဲ့သို့ တုနှိုင်းမမှီ ကောင်းကြီးခံစားရကြသည်။ လူသားမျိုးနွယ်အားလုံးသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို ဖြတ်သန်းကြရပြီးဖြစ်ကာ ဘဝ၏ ခါးသီးမှုနှင့် ချိုမြိန်မှု အနည်အနှစ်ကို သောက်သုံးကြရပြီးဖြစ်သည်။ ယခုတွင်၊ ငါ၏ အလင်းတွင် အသက်ရှင်ရင်း၊ အဘယ်သို့ မဝမ်းမြောက်ဘဲ နေနိုင်မည်နည်း။ ဤနှစ်သက်ဖွယ်သော အခိုက်အတန့်ကို အဘယ်သို့ ပေါ့ပေါ့တန်တန် စွန့်လွှတ်ပြီး တစ်စတစ်စ လက်လွှတ် ဆုံးရှုံးနိုင်မည်နည်း။ အသင် လူတို့။ သင်တို့ စိတ်နှလုံးများထဲတွင် ငါ့အတွက် သီချင်းသီဆိုပြီး ဝမ်းမြောက်မှုဖြင့် ကခုန်ကြလော့။ သင်တို့၏ စစ်မှန်သော စိတ်နှလုံးများကို ချီမကာ ငါ့ထံ ပူဇော်ကြလော့။ သင်တို့၏ စည်များကို တီးကြပြီး ငါ့အတွက် ဝမ်းမြောက်စွာ တီးခတ်ကြလော့။ ငါသည် ငါ၏ ဝမ်းမြောက်ပျော်ရွှင်ခြင်းကို စကြဝဠာတစ်လျှောက် ဖြာထွက်စေ၏။ ငါ၏ အသရေတင့်တယ်သော မျက်နှာကို လူတို့အား ငါထုတ်ဖော်ပြ၏။ ငါသည် ကျယ်သောအသံဖြင့် ဟစ်ကြွေးမည်။ စကြဝဠာကို ငါ ကျော်လွန်မည်။ ငါသည် လူတို့အလယ် စိုးစံနှင့်ပြီ။ ငါသည် လူတို့၏ ချီးမြှောက်ခြင်းခံရ၏။ အထက်ကောင်းကင်ပြာ၌ ငါသည် တဖြည်းဖြည်းသွားပြီး လူတို့သည် ငါနှင့်အတူ လျှောက်လှမ်းသွားကြသည်။ လူတို့အလယ် ငါ လျှောက်လှမ်းကာ ငါ၏ လူတို့သည် ငါ့ကို ဝန်းရံကြသည်။ လူတို့၏ စိတ်နှလုံးများ ဝမ်းမြောက်ကြ၏၊ ၎င်းတို့၏ သီချင်းများက အမြင့်ဆုံးကောင်းကင်ဘုံကို အက်ကွဲသွားစေရင်း စကြဝဠာကို လှုပ်ခါကြ၏။ စကြဝဠာသည် မြူဖြင့် မပိတ်ဖုံးတော့ပေ။ ရွှံ့နွံများ မရှိတော့ပေ၊ အညစ်အကြေး စုဝေးမှု မရှိတော့ပေ။ စကြဝဠာ၏ သန့်ရှင်းသူများတို့။ သင်တို့သည် ငါ၏စစ်ဆေးမှုအောက်တွင် သင်တို့၏ စစ်မှန်သော မျက်နှာထားကို ပြကြ၏။ သင်တို့သည် အညစ်အကြေးဖြင့် ဖုံးလွှမ်းသော လူများမဟုတ်ဘဲ၊ ကျောက်စိမ်းကဲ့သို့ သန့်စင်သော သန့်ရှင်းသူများဖြစ်၏၊ သင်တို့အားလုံးသည် ငါ၏နှစ်သက်မြတ်နိုးရသူများ ဖြစ်ကြ၏၊ သင်တို့သည် ငါ၏ ပျော်ရွှင်ဝမ်းမြောက်မှု ဖြစ်ကြ၏။ အရာခပ်သိမ်းသည် အသက်ပြန်ရှင်လာကြ၏။ သန့်ရှင်းသူများအားလုံးသည် ငါ၏ နွေးထွေးသော ထွေးပွေ့မှုထဲ ဝင်ရောက်ရင်း၊ ငိုကြွေးခြင်းမရှိတော့၊ စိုးရိမ်ပူပန်ခြင်းမရှိတော့ဘဲ၊ မိမိတို့ကိုယ်ကိုယ် ငါ့ထံ ဆက်ကပ်ရင်း၊ ငါ၏ အိမ်သို့ ပြန်လာကြရင်း ကောင်းကင်ဘုံတွင် ငါ့ကို အစေခံရန် ပြန်လာကြ၏၊ ပြီးလျှင် ၎င်းတို့၏

ဇာတိမြေတွင် ငါ့ကို စဉ်ဆက်မပြတ် ချစ်ခင်ကြလိမ့်မည်။ ထာဝရကာလပတ်လုံး ဘယ်သောအခါမျှ ပြောင်းလဲခြင်းမရှိပေ။ ဝမ်းနည်းပူဆွေးမှုသည် အဘယ်မှာနည်း။ မျက်ရည်များသည် အဘယ်မှာနည်း။ ဇာတိပကတိသည် အဘယ်မှာနည်း။ ကမ္ဘာမြေကြီး ကုန်လွန်သွားသော်လည်း ကောင်းကင်သည် ထာဝရဖြစ်၏။ လူအပေါင်းတို့ထံ ငါ ပေါ်ထွန်းပြီး လူအပေါင်းတို့သည် ငါ့ကို ချီးမွမ်းကြ၏။ ဤအသက်တာ၊ ဤအလှတရား၊ ရှေးအတီတေ အချိန်ကာလမှ အဆုံးသတ်ကာလအထိ၊ ပြောင်းလဲမည်မဟုတ်။ ဤသည်မှာ နိုင်ငံတော် အသက်တာဖြစ်သည်။

# အခန်း ၂၆

ငါ၏ အိမ်ထဲတွင် မည်သူနေထိုင်ခဲ့သနည်း။ ငါ့အတွက် မည်သူသည် ရပ်တည်ပေးခဲ့သနည်း။ ငါ့ကိုယ်စား မည်သူသည် ဝေဒနာခံစားပေးခဲ့သနည်း။ ငါ့ရှေ့တွင် မည်သူသည် သူ၏ကတိစကားဆိုခဲ့သနည်း။ ယနေ့ထိတိုင် ငါ့နောက်သို့ လိုက်လာခဲ့သော်လည်း၊ စိတ်မပါ မဖြစ်လာသေးသည်မှာ မည်သူနည်း။ အဘယ်ကြောင့် လူသား အားလုံးသည် စိမ်းကားပြီး စာနာစိတ် ကင်းမဲ့ရသနည်း။ အဘယ့်ကြောင့် လူသားမျိုးနွယ်သည် ငါ့ကို စွန့်ခွာခဲ့ရသနည်း။ အဘယ့်ကြောင့် လူသားမျိုးနွယ်သည် ငါ့ကို စိတ်ကုန်လာရသနည်း။ အဘယ်ကြောင့် လူ့လောကကြီးတွင် နွေးထွေးမှု မရှိရသနည်း။ ဇိအုန်၌ ရှိစဉ်အခါ၊ ကောင်းကင်ဘုံ၌ရှိသည့် နွေးထွေးမှုကို ငါမြည်းစမ်းခဲ့ရပြီး၊ ဇိအုန်၌ ရှိစဉ်အခါ၊ ကောင်းကင်ဘုံ၌ရှိသည့် ကောင်းချီးကို ငါပျော်မွေ့ခံစားခဲ့ရသည်။ တစ်ဖန် ငါသည် လူသားမျိုးနွယ်၏အလယ်၌ နေထိုင်ခဲ့သည်၊ ငါသည် လူ့လောက၏ခါးသီးမှုကို မြည်းစမ်းခဲ့ရပြီး၊ လူများအကြားတွင် တည်ရှိနေသော ကွဲပြားခြားနားသည့် အခြေအနေများ အားလုံးကို ငါသည် ငါကိုယ်တိုင်၏မျက်စိများနှင့် တွေ့မြင်ခဲ့ပြီး ဖြစ်သည်။ မမျှော်လင့်ဘဲ လူသားသည် ငါ၏ပြောင်းလဲသကဲ့သို့ ပြောင်းလဲခဲ့ပြီး၊ ဤနည်းလမ်းအားဖြင့်သာလျှင် သူသည် ပစ္စုပ္ပန်နေ့ရက်သို့ ရောက်လာသည်။ လူသားသည် ငါ့အတွက် မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်ရန် ငါမတောင်းဆိုသကဲ့သို့၊ ငါ့အတွက် တိုးတက်များပြားလာစေရန် သူ့ပြုဖို့လည်း ငါမတောင်းဆိုပေ။ ငါ့အစီအစဉ်အတိုင်း လုပ်ဆောင်နိုင်ရန်သာ သူ့ကို ငါအလိုရှိပြီး၊ ငါ့ကို မနာခံခြင်းလည်းမရှိ၊ ငါ့အတွက် အရှက်ရစေမည့်အရာလည်း မဖြစ်လာဘဲ ငါ့အတွက် ထူးကဲစွာ သက်သေခံရန် ငါအလိုရှိသည်။ လူများအကြားတွင် ငါ့အတွက် ကောင်းမွန်သောသက်သေကို ခံခဲ့ပြီး ငါ၏နာမကို ဘုန်းကြီးစေသောသူတို့ ရှိခဲ့ပေသည်၊ သို့သော်လည်း လူသား၏ လက်တွေ့လုပ်ဆောင်မှုများ နှင့်

အပြုအမူများသည် ငါ၏နှလုံးကို မည်သို့ ကျေနပ်စေနိုင်လိမ့်မည်နည်း။ သူသည် ငါ၏နှလုံးသားနှင့် ကိုက်ညီနိုင်ရန် သို့မဟုတ် ငါ၏အလိုကို ဖြည့်ဆည်းနိုင်ရန် မည်သို့ ဖြစ်နိုင်မည်နည်း။ ကမ္ဘာမြေကြီးပေါ် ရှိ တောင်တန်းများနှင့် ရေများ၊ ကမ္ဘာမြေကြီးပေါ် ရှိ ပန်းမန်များ၊ မြက်ပင်များနှင့် သစ်ပင်များ၊ အားလုံးတို့သည် ငါ၏လက်ရာကို ပြပြီး၊ အားလုံးတို့သည် ငါ့နာမအတွက် တည်ရှိနေကြသည်။ သို့သော် အဘယ်ကြောင့် လူသားသည် ငါတောင်းဆိုသော စံနှုန်းကို မမီနိုင်ကြသနည်း။ ဤသည်မှာ သူ၏ကမ်းကုန်သော နိမ့်ကျမှုကြောင့်များလော။ ဤသည်မှာ သူ့ကို ငါချီးမြှောက်ခြင်းကြောင့်များလော။ ဤသည်မှာ ငါသည် သူ့အပေါ် လွန်စွာ ရက်စက်ခြင်းကြောင့်များလော။ အဘယ်ကြောင့် လူသားသည် ငါ၏တောင်းဆိုချက်များကို အမြဲပင် ကြောက်ရွံ့နေသနည်း။ ယနေ့ခေတ်တွင် နိုင်ငံတော်ထဲရှိ လူအမြောက်အမြားအကြားတွင်၊ အဘယ်ကြောင့် သင်တို့သည် ငါ၏အသံကိုသာ နားထောင်လိုကြပြီး ငါ၏မျက်နှာတော်ကိုမြင်ရန် ဆန္ဒ မရှိကြသနည်း။ သင်တို့သည် အဘယ်ကြောင့် ငါ၏နှုတ်ကပတ်တော်များနှင့် ငါ၏ဝိညာဉ်တော်ကို ဆက်စပ်ခြင်းမရှိဘဲ၊ ငါ၏နှုတ်ကပတ်တော်များကိုသာ ကြည့်ကြသနည်း။ သင်တို့သည် အဘယ်ကြောင့် ငါ့ကို အထက်ကောင်းကင်ဘုံနှင့် ကမ္ဘာမြေကြီးဟူ၍ ဤသို့ ခွဲထားချင်ကြသနည်း။ ဤသည်မှာ ငါသည် ကမ္ဘာမြေကြီးပေါ်၌ ရှိစဉ်၊ ကောင်းကင်ဘုံရှိငါနှင့် မတူခြင်းကြောင့်များပင်လော။ ဤသည်မှာ ငါသည် ကောင်းကင်ဘုံ၌ရှိစဉ်၊ ကမ္ဘာမြေကြီးသို့ မဆင်းကြွနိုင်ခြင်းကြောင့်လော။ ဤသည်မှာ ငါသည် ကမ္ဘာမြေကြီးပေါ်၌ ရှိစဉ်၊ ကောင်းကင်ဘုံသို့ ချီဆောင်ခြင်း မခံထိုက်သောကြောင့်လော။ ယင်းမှာ ငါသည် ကမ္ဘာမြေကြီးပေါ်၌ ရှိစဉ်၊ နိမ့်ကျသည့် ဖန်ဆင်းခံတစ်ဦးဖြစ်သည့်အလား၊ ငါသည် ကောင်းကင်ဘုံ၌ရှိစဉ်တွင်မူ ချီးမြှောက်ခံရသူတစ်ဦး ဖြစ်သည့်အလား၊ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေကြီးအကြားတွင် တံတားထိုး၍မရနိုင်သော ချောက်ကြီးတည်ရှိနေသည့်အလားပင် ဖြစ်သည်။ သို့သော် လူ့လောကတွင်မူ ၎င်းတို့သည် ဤအရာများ၏ မူလရင်းမြစ်ကို ဘာမျှသိကြသည့်ပုံ မပေါ်သော်လည်း၊ ငါ၏ နှုတ်ကပတ်တော်များသည် အသံသာထွက်ပြီး အဓိပ္ပာယ်မရှိသည့်အလား၊ ငါနှင့် အစဉ် ဆန့်ကျင်နေခဲ့ကြသည်။ လူသားမျိုးနွယ်အားလုံးသည် ငါ၏နှုတ်ကပတ်တော်များတွင် လုံ့လစိုက်ထုတ်ကြသည်၊ ငါ၏အပြင်ပန်းသဏ္ဌာန်ကို သူတို့ကိုယ်တိုင် စုံစမ်းစစ်ဆေးခြင်းများ လုပ်ဆောင်ကြ၏၊ သို့သော်လည်း ၎င်းတို့အားလုံး မအောင်မြင်ကြပေ၊ သူတို့၏လုံ့လစိုက်ထုတ်မှုများသည် အကျိုး မခံစားရဘဲ၊ ယင်းအစား ၎င်းတို့သည် ငါ့နှုတ်ကပတ်တော်များ၏ ဒဏ်ခတ်ခြင်းကို ခံကြရပြီး နောက်တစ်ဖန် ပြန်၍ထရန် မဝံ့ရဲကြပေ။

လူသားမျိုးနွယ်၏ ယုံကြည်ခြင်းကို ငါသည် စစ်ကြောသောအခါ၊ မည်သူတစ်ဦးကမျှ

စစ်မှန်သောသက်သေကို မခံကြ၊ မည်သူတစ်ဦးတစ်ယောက်ကမျှ တတ်နိုင်သမျှ ဆက်ကပ်ရန် မစွမ်းနိုင်ကြပေ၊ ယင်းအစား သူ၏နှလုံးသားကို ငါသည် အဓမ္မလုယူသွားလေမည့်အလားပင်၊ လူသားသည် ဆက်လက် ပုန်း၍နေပြီး၊ ငါကို ရင်ဖွင့်ရန် ငြင်းဆန်လျက်ရှိသည်။ ယောဘပင် စမ်းသပ်မှုအောက်တွင် မည်သည့်အခါမျှ အမှန်တကယ် မြဲမြဲစွာ မရပ်တည်ခဲ့သကဲ့သို့၊ ဒုက္ခဝေဒနာ ခံစားရချိန်၌လည်း သူသည် ချိုမြိန်ခြင်းရနံ့ မသင်းနိုင်ခဲ့ပေ။ လူတို့အားလုံးသည် နွေဦးရာသီ၏ နွေးထွေးမှုအောက်တွင် စိမ်းလန်းစိုပြည်မှု အရိပ်အရောင် အနည်းငယ်ကို ထုတ်ဖော်ပြကြသည်၊ ၎င်းတို့သည် ဆောင်းရာသီ၏ အေးသော လေပြင်းများအောက်တွင် ဘယ်သောအခါမှ စိမ်းစို၍ မနေခဲ့ပေ။ လူသားသည် သူ၏ အရိုးပေါ်အရေတင်ကာ ကြုံလှီနေသော ဝိညာဉ်ရင့်ကျက်မှုဖြင့် ငါ၏ရည်ရွယ်ချက်ကို မဖြည့်ဆည်းနိုင်။ လူသားမျိုးနွယ် အားလုံးထဲတွင် အခြားသူများအတွက် စံနမူနာအနေနှင့် အစေခံနိုင်သောသူ တစ်ဦးတစ်ယောက်မျှ မရှိ၊ အဘယ်ကြောင့်ဆိုသော် လူများအားလုံးမှ တစ်ယောက်နှင့်တစ်ယောက်ကို ခွဲခြားသိမြင်ရန် မဆိုစလောက်မျှသာ ရှိသောကြောင့်၊ အခြေခံအားဖြင့် အတူတူပင် ဖြစ်ကြ၍ တစ်ယောက်နှင့်တစ်ယောက် ကွဲပြားခြားနားခြင်း မရှိသောကြောင့် ဖြစ်သည်။ ဤအကြောင်းရင်းကြောင့်၊ လူသားတို့သည် ယနေ့တွင်ပင် ငါ၏အမှုများကို အပြည့်အဝ သိနိုင်စွမ်း မရှိကြသေးပေ။ ငါ၏ပြစ်တင်ဆုံးမခြင်းသည် လူသားမျိုးနွယ်အားလုံးအပေါ်သို့ ကျရောက် လာသောအခါမှသာလျှင်၊ မိမိတို့ကိုယ်မိမိ မသိလိုက်ဘဲနှင့် ငါ၏အမှုများကို သတိပြုမိလာကြကာ၊ ငါ၏ လုပ်ဆောင်ချက်များမပါဘဲ သို့မဟုတ် မည်သူ့ကိုမျှ အတင်းအကျပ် မစေခိုင်းရဘဲနှင့်၊ လူသားသည် ငါ့ကို သိကျွမ်းလာကြလိမ့်မည် ဖြစ်ပြီး၊ ထိုသို့အားဖြင့် ငါ၏အမှုများကို မျက်မြင်တွေ့ လာကြမည်ဖြစ်သည်။ ဤသည်မှာ ငါ၏အစီအစဉ် ဖြစ်၏၊ ယင်းမှာ ငါထင်ရှားစေသော ငါ့အမှုများ၏ လက္ခဏာရပ်တစ်ခု ဖြစ်ကာ၊ ယင်းသည် လူသားသိသင့်သောအရာ ဖြစ်သည်။ နိုင်ငံတော်တွင် ဖန်ဆင်းခြင်းနှင့်သက်ဆိုင်သည့် အသရေများလှသော အရာများသည် စတင်နိုးထလာကြပြီး၊ ၎င်းတို့၏ အသက်စွမ်းအားကို ပြန်လည်ရရှိကြသည်။ ကမ္ဘာမြေကြီး၏ အခြေအနေပြောင်းလဲခြင်းများကြောင့်၊ ကုန်းမြေတစ်ခုနှင့် နောက်တစ်ခုကြားရှိ နယ်နိမိတ်များသည်လည်း စတင် ရွေ့လျားလာကြသည်။ ကုန်းမြေသည် ကုန်းမြေမှ ပိုင်းခြားသွားပြီး၊ ကုန်းမြေနှင့် ကုန်းမြေသည် ပေါင်းစည်းသောအခါ၊ ယင်းမှာ ငါသည် တိုင်းနိုင်ငံများကို တစ်စစီဖြစ်အောင် ချေမှုန်းပစ်မည့် အချိန်လည်းဖြစ်သည်ဟု ယခင်က ငါသည် ပရောဖက်ပြုခဲ့ဖူးသည်။ ဤအချိန်တွင် ငါသည် ဖန်ဆင်းခံ လောကတစ်ခုလုံးကို အသစ်ပြုပြင်ပြီး စကြဝဠာတစ်ခုလုံးကို ပြန်လည် ပိုင်းကန့်မည် ဖြစ်သည်၊ ထိုသို့ဖြင့်

စကြဝဠာကို အစီအစဉ်တကျ ဖြစ်စေမည် ဖြစ်ပြီး၊ ဟောင်းသောအရာကို ပြောင်းလဲကာ အသစ်ဖြစ်စေမည်။ ဤသည်မှာ ငါ၏အစီအစဉ် ဖြစ်ပြီး ဤအရာများမှာ ငါ၏အမှုများပင် ဖြစ်သည်။ ကမ္ဘာကြီး၏ တိုင်းနိုင်ငံများနှင့် လူမျိုးအားလုံးသည် ငါ၏ပလ္လင်ရှေ့မှောက်သို့ ပြန်လာသောအခါ၊ လူ့လောကသည် ငါ၏ကျေးဇူးကြောင့် တုနှိုင်းမဲ့သော ကြွယ်ဝမှုနှင့် ပြည့်လျှံနေစေရန် ငါသည် ကောင်းကင်ဘုံ၏ ကြွယ်ဝမှုအားလုံးကို ယူငင်လျက် ယင်းအရာများကို လူ့လောကအပေါ်သို့ အပ်နှင်းပေးမည်။ သို့သော်လည်း လောကဟောင်း ဆက်လက် တည်ရှိနေသရွေ့ ငါ၏ဒေါသကို ၎င်း၏တိုင်းနိုင်ငံများအပေါ်သို့ ငါစေလွှတ်မည်ဖြစ်ပြီး၊ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို စကြဝဠာတစ်လျှောက်တွင် ပွင့်လင်းစွာ ထုတ်ပြန် ကြေညာမည် ဖြစ်ကာ၊ ၎င်းတို့ကို ချိုးဖောက်သည့် မည်သူမဆို ပြစ်တင်ဆုံးမခြင်း ခံရမည်ဖြစ်သည်။

ငါသည် ပြောကြားရန် စကြဝဠာဆီသို့ ငါ၏မျက်နှာကို လှည့်လေသောအခါ၊ လူသားမျိုးနွယ်အားလုံးသည် ငါ၏အသံကို ကြားပြီးနောက် စကြဝဠာတစ်လျှောက်တွင် ငါပြုထားသည့်အမှုအားလုံးကို မြင်လေသည်။ ငါ၏အလိုကို ဆန့်ကျင်သောသူတို့သည်၊ ဆိုလိုသည်မှာ ငါ့ကို လူသား၏လုပ်ဆောင်ချက်များဖြင့် ဆန့်ကျင်သောသူများသည်၊ ငါ၏ပြစ်တင်ဆုံးမမှု ခံရလိမ့်မည် ဖြစ်သည်။ ငါသည် ကောင်းကင်တစ်ခွင်ရှိ မြောက်မြားလှစွာသော ကြယ်များကို ယူငင်လျက် ၎င်းတို့ကို အသစ်ပြုလုပ်မည် ဖြစ်ပြီး၊ ငါ့ကျေးဇူးကြောင့် နေနှင့်လသည်လည်း အသစ်ပြုလုပ်ခြင်း ခံရလိမ့်မည် ဖြစ်ပြီး၊ မိုးကောင်းကင်သည် ယခင်ကဲ့သို့ ရှိတော့မည်မဟုတ်ဘဲ၊ ကမ္ဘာမြေကြီးပေါ်ရှိ အသချေမျှားလှသော အရာများသည် အသစ်ပြုလုပ်ခြင်းကို ခံရလိမ့်မည်။ ငါ၏နှုတ်ကပတ်တော်များအားဖြင့် ခပ်သိမ်းသောအရာတို့သည် ပြီးပြည့်စုံသွားကြလိမ့်မည်။ ကမ္ဘာမြေကြီးပေါ်ရှိ တိုင်းနိုင်ငံများသည် ထာဝရ ပျောက်ကွယ်သွားပြီး အားလုံးသည် ငါ့ကို ဝတ်ပြုကိုးကွယ်သော နိုင်ငံတော်တစ်ခု ဖြစ်လာကာ၊ ကမ္ဘာမြေကြီး၏ တိုင်းနိုင်ငံများ အားလုံးသည် ဖျက်ဆီးခံရ၍ မတည်ရှိတော့စေရန်၊ စကြဝဠာအတွင်းရှိ တိုင်းနိုင်ငံများစွာတို့သည် အသစ်တဖန် ပိုင်းကန့်ခံရလိမ့်မည် ဖြစ်ပြီး၊ ငါ၏နိုင်ငံတော်ဖြင့် အစားထိုးခြင်း ခံရပေလိမ့်မည်။ စကြဝဠာအတွင်းရှိ လူသားများတွင် မာရ်နတ်နှင့် ဆိုင်သောသူ အားလုံးတို့သည် ရှင်းလင်းသုတ်သင်ခြင်းကို ခံရလိမ့်မည် ဖြစ်ပြီး၊ စာတန်ကို ဝတ်ပြုကိုးကွယ်သောသူ အားလုံးတို့သည် ငါ၏လောင်မြိုက်သောမီးဖြင့် ချိုးနှိမ်ခြင်းကို ခံရလိမ့်မည်။ ဆိုလိုသည်မှာ ယခုတွင် စမ်းချောင်း အတွင်း၌ရှိသော သူများမှလွဲ၍၊ ကျန်သောသူ အားလုံးတို့သည် ပြာအဖြစ်သို့ ပြောင်းလဲခြင်း ခံရလိမ့်မည်။ လူများစွာတို့ကို

ငါပြစ်တင်ဆုံးမသောအခါ၊ ဘာသာရေးလောက၌ ရှိသော သူတို့သည် အမျိုးမျိုးသော အတိုင်းအတာအထိ ငါ၏နိုင်ငံတော်သို့ ပြန်လာကြမည် ဖြစ်ပြီး ငါ့အမှုများ၏ သိမ်းပိုက်ခြင်းကို ခံကြရလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် သန့်ရှင်းသောသူ ဖြူသောမိုးတိမ်ကိုစီးလျက် ပေါ်ထွန်းလာခြင်းကို မြင်ခဲ့ပြီးဖြစ်လိမ့်မည် ဖြစ်သောကြောင့်ပင်တည်း။ လူအားလုံးသည် မိမိတို့၏ တူရာအမျိုးအစားအလိုက် သီးခြားခွဲထားခံရမည် ဖြစ်ပြီး၊ သူတို့၏ လုပ်ဆောင်ချက်များအလိုက် ပြစ်တင်ဆုံးမခြင်းများကို ခံကြရမည်။ ငါနှင့်ဆန့်ကျင်၍ ရပ်တည်ခဲ့ကြသော သူများအားလုံးတို့သည် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည် ဖြစ်သည်။ ကမ္ဘာမြေကြီးပေါ် ရှိ ၎င်းတို့၏အပြုအမူများတွင် ငါနှင့်ဆက်နွှယ်မှု မရှိသည့်သူများကမူ၊ ၎င်းတို့ စွမ်းဆောင်ခဲ့ပြီးဖြစ်သည့်ပုံကြောင့် ကမ္ဘာမြေကြီးပေါ်၌ ငါ၏သားများနှင့် ငါ့လူများ၏ အုပ်စိုးမှုအောက်တွင် ဆက်လက် ရှိနေကြလိမ့်မည်။ ငါသည် လူအသင်္ချေထံသို့နှင့် တိုင်းနိုင်ငံအသင်္ချေထံသို့ ငါ့ကိုယ်ငါ ထုတ်ဖော်ပြမည် ဖြစ်ပြီး၊ ငါ၏ကြီးမြတ်သောအမှုတော် ပြည့်စုံသွားခြင်းကို ကြွေးကြော်လျက် လူသားမျိုးနွယ်အားလုံး သူတို့ကိုယ်တိုင်၏မျက်စိများနှင့် မြင်နိုင်ကြစေရန်အလို့ငှာ ကမ္ဘာမြေကြီးအပေါ်တွင် ငါကိုယ်တော်တိုင်၏အသံနှင့် အသံပြုမည်။

ငါ၏အသံသည် ပိုမိုနက်လာသည်နှင့်အမျှ၊ ငါသည် စကြဝဠာ၏ အခြေအနေကိုလည်း အကဲခတ် ကြည့်ရှုသည်။ ငါ၏နှုတ်ကပတ်တော်များအားဖြင့် ဖန်ဆင်းခံလောကရှိ အသင်္ချေ များလှသောအရာများသည် အသစ်ပြုလုပ်ခြင်းကို ခံရမည်။ ကောင်းကင်သည် ပြောင်းလဲပြီး၊ ကမ္ဘာမြေကြီးသည်လည်း ပြောင်းလဲသည်။ လူသားသည် ၎င်း၏ မူလပုံစံအတိုင်း ဖော်ထုတ်ခံရပြီး၊ လူတစ်ဦးချင်းစီသည် ၎င်းတို့၏ အမျိုးအစားအလိုက် ဖြည်းဖြည်းချင်း သီးခြားခွဲထုတ်ခံရကာ သတိမပြုမိဘဲ၊ ၎င်းတို့မိသားစုများ၏ ရင်ခွင်အတွင်းသို့ ပြန်လည် ရောက်ရှိသွားကြသည်။ ယင်းသည် ငါ့အား ကြီးစွာ ကျေနပ်စေမည်။ ငါသည် အနှောင့်အယှက်မှ ကင်းလွတ်ပြီး၊ ငါ၏ ကြီးမြတ်သောအမှုသည် မသိမသာ ပြီးမြောက်ကာ၊ ဖန်ဆင်းခံ လောက၏ အသင်္ချေများလှသောအရာများသည် ပြောင်းလဲခြင်း ခံကြရသည်။ ဤကမ္ဘာလောကကြီးကို ငါဖန်ဆင်းခဲ့သောအခါ၊ ပုံသဏ္ဌာန်ရှိသောအရာအားလုံးကို ၎င်းတို့၏အမျိုးအစားနှင့် အတူထားလျက်၊ အရာခပ်သိမ်းတို့ကို အမျိုးအစားအလိုက် ငါသည် ပုံသွင်းခဲ့သည်။ ငါ့စီမံခန့်ခွဲမှုအစီအစဉ်၏နိဂုံး နီးကပ်လာသည်နှင့်အမျှ၊ ငါသည် ဖန်ဆင်းခံလောက၏ ယခင်အခြေအနေကို ပြန်လည်ဖြစ်ပေါ်စေမည်၊ အရာခပ်သိမ်းသည် ငါ့အစီအစဉ်၏ အလယ်သို့ ပြန်လာကြစေရန်၊ အရာခပ်သိမ်းကို သာလွန်ထူးကဲစွာ ပြောင်းလဲလျက်၊ ငါသည် အရာခပ်သိမ်းကို ယင်းတို့၏ မူလ အခြေအနေအတိုင်း ပြန်လည်ဖြစ်ပေါ်စေမည်။

အချိန်ကျလေပြီ။ ငါ၏အစီအစဉ်၏ နောက်ဆုံးအဆင့်သည် ပြီးမြောက် အောင်မြင်လုနီးပြီ ဖြစ်သည်။ အို၊ ညစ်ညမ်းသော လောကဟောင်း။ သင်သည် ငါ့နှုတ်ကပတ်တော်များအောက်တွင် ဧကန်အမှန်ပင် ကျဆင်းလိမ့်မည်။ ငါ၏အစီအစဉ်အားဖြင့် သင်သည် ဗလာနတ္ထိ အဖြစ်သို့ ဧကန်အမှန်ပင် ရောက်သွားမည် ဖြစ်သည်။ အို၊ ဖန်ဆင်းခံလောက၏ အသင်္ချေများလှသောအရာများတို့။ သင်တို့အားလုံးသည် ငါ့နှုတ်ကပတ်တော်များအတွင်းတွင် အသစ်သောအသက်ကို ရကြလိမ့်မည်၊ သင်တို့၏ အချုပ်အခြာ အာဏာပိုင်သောသခင် သင်တို့ ရလိမ့်မည်။ အို၊ သန့်စင်၍ အပြစ်အနာအဆာမဲ့သော လောကသစ်ကြီး။ သင်သည် ငါ့ဘုန်းတော်အတွင်းတွင် ဧကန်အမှန်ပင် နိုးထလိမ့်မည်။ အို၊ ဇိအုန်တောင်။ တိတ်ဆိတ်၍မနေတော့နှင့်။ ငါသည် အောင်မြင်ခြင်းနှင့် ပြန်ကြွလာပြီ။ ဖန်ဆင်းခံများ၏အလယ်မှ၊ ကမ္ဘာမြေကြီးတစ်ခုလုံးကို ငါသည် စေ့စေ့စပ်စပ် ကြည့်ရှု၏။ ကမ္ဘာမြေကြီးပေါ်တွင် လူသားမျိုးနွယ်သည် အသစ်သော အသက်ကို စတင်ခဲ့ပြီး၊ မျှော်လင့်ခြင်းအသစ်ကို ရရှိခဲ့လေပြီ။ အို၊ ငါ၏လူများတို့။ သင်တို့သည် ငါ၏ အလင်းရောင်အတွင်း၌ မည်သို့ ပြန်လည်မရှင်သန်နိုင်ရသနည်း။ သင်တို့သည် ငါ၏လမ်းပြပို့ဆောင်မှု အောက်၌ ရွှင်လန်းခြင်းဖြင့် မကခုန်ဘဲ အဘယ်သို့နေနိုင်သနည်း။ ကုန်းမြေတို့သည် ဂုဏ်ယူဝင့်ကြွားခြင်းဖြင့် အော်ဟစ်ကြ၏၊ ရေတို့သည် အားရရွှင်လန်းသော ရယ်မောခြင်းနှင့် ရုန့်ကြမ်း ကျယ်လောင်နေကြပါတကား။ အို၊ ရှင်ပြန်ထမြောက်သော ဣသရေလ။ သင်သည် ငါ၏ ကြိုတင် ခွဲခန့်မှတ်သားခြင်းများကြောင့် ဂုဏ်မယူဘဲ အဘယ်သို့ နေနိုင်ရသနည်း။ မည်သူသည် ငိုကြွေးခဲ့ပြီးသနည်း။ မည်သူသည် ငိုကြွေးမြည်တမ်းခဲ့သနည်း။ ဟောင်းနွမ်းသော ဣသရေလပြည်သည် မတည်ရှိတော့ဘဲ၊ ယနေ့ကာလ၏ ဣသရေလပြည်သည် ထမြောက်လေပြီ၊ လောကကြီးတွင် ၎င်းသည် မားမားမတ်မတ်နှင့် မြင့်မြင့်မားမားရှိကာ လူသားမျိုးနွယ်အားလုံးတို့၏ နှလုံးသားများထဲတွင် တည်လျက်ရှိသည်။ ယနေ့ကာလ၏ ဣသရေလပြည်သည် ငါ၏လူများမှတစ်ဆင့် ဖြစ်တည်ရာရင်းမြစ်ကို ဧကန်အမှန်ပင် ရရှိလိမ့်မည်။ အို၊ မုန်းတီးဖွယ် အဲဂုတ္တု။ သင်သည် ငါ့အား ဆန့်ကျင်၍နေသေးသလော။ သင်သည် ငါ၏သနားကရုဏာကို အခွင့်ကောင်းယူလျက် ငါ၏ပြစ်တင်ဆုံးမခြင်းမှ လွတ်မြောက်ရန် မည်သို့ ကြိုးစားနိုင်သနည်း။ သင်သည် ငါ၏ပြစ်တင်ဆုံးမခြင်း အတွင်း၌ မည်သို့ ရှိမနေနိုင်သနည်း။ ငါချစ်သောသူ အားလုံးသည် ဧကန်အမှန် ထာဝစဉ် အသက်ရှင်ကြလိမ့်မည် ဖြစ်ပြီး၊ ငါ့အား ဆန့်ကျင်သောသူတို့မူကား ဧကန်အမှန်ပင် ငါ၏ ပြစ်တင်ဆုံးမခြင်းကို ထာဝစဉ်ခံကြရပေလိမ့်မည်။ အကြောင်းမူကား ငါသည် အပြစ်ရှိသည်ဟု

ယုံလွယ်သော ဘုရားသခင်ဖြစ်ပြီး ငါသည် လူအားလုံးကို သူတို့ပြုခဲ့သော အရာများအတွက် ပေါ့တန်စွာ ချမ်းသာပေးလိမ့်မည် မဟုတ်။ ငါသည် ကမ္ဘာမြေကြီးတစ်ခုလုံးကို စောင့်ကြည့်မည်ဖြစ်ပြီး၊ လောကကြီး၏ အရှေ့အရပ်တွင် ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်၊ အမျက်တော်၊ ပြစ်တင်ဆုံးမခြင်းတို့နှင့် ပေါ်လာလျက်၊ လူသားမျိုးနွယ် အသင်္ချေထံသို့ ငါ့ကိုယ်ငါ ထုတ်ဖော်ပြမည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၂၉ ရက်

# အခန်း ၂၇

လူသား၏ အပြုအမူသည် မည်သည့်အခါမျှ ငါ၏စိတ်နှလုံးကို မတို့ထိဖူးသကဲ့သို့ ယင်းက အဖိုးထိုက်သော အရာအဖြစ် ငါ့ကို အံ့အားမသင့်စေဖူးပေ။ လူသား၏ အမြင်တွင် ငါသည် အမြဲ သူ့အပေါ် တင်းကျပ်ပြီး၊ သူ့အပေါ် ဩဇာအာဏာကို အစဉ်အမြဲ ကျင့်သုံးသည်။ လူသား၏ လုပ်ရပ်များ အားလုံး၌၊ ငါ့အတွက် လုပ်ဆောင်ထားသော အရာ တစ်ခုတစ်လေ မရှိသလောက်ဖြစ်သည်၊ ငါ၏ မျက်လုံးရှေ့၌ ခိုင်မာစွာ ရပ်တည်သောအရာ တစ်ခုတစ်လေ မရှိသလောက်ဖြစ်သည်။ နောက်ဆုံးတွင်၊ လူသားနှင့် သက်ဆိုင်သော အရာရာတိုင်းသည် ငါ၏ ရှေ့မှောက်တွင် တီးတိုးပြောဆိုခြင်းမရှိဘဲ ပြိုလဲကြသည်။ ထို့နောက်မှသာ ငါသည် အယောက်တိုင်းကို ၎င်းတို့ကိုယ်တိုင်၏ ရှုံးနိမ့်မှုမှတစ်ဆင့် ငါ့ကိုသိစေရင်း ငါ၏ လုပ်ရပ်များကို သိသာထင်ရှားစေသည်။ လူသား၏ သဘာဝမှာ မပြောင်းမလဲ ရှိနေသည်။ ၎င်းတို့၏ နှလုံးသားများထဲ၌ရှိသော အရာသည် ငါ၏ အလိုနှင့် အညီ မဟုတ်- ယင်းသည် ငါလိုအပ်သော အရာမဟုတ်။ ငါအစက်ဆုပ်ဆုံးသော အရာမှာ လူသား၏ ခေါင်းမာခြင်းနှင့် ပြုပြင်မရခြင်းတို့ဖြစ်သည်၊ သို့သော် လူသားမျိုးနွယ်ကို ငါ့အား မသိရှိမြဲမသိရှိဖို့၊ ငါ့ကို ခပ်တန်းတန်း ဆက်ဆံမြဲဆက်ဆံဖို့နှင့် ငါ၏ရှေ့မှောက်၌ ငါ့အလိုတော်နှင့်အညီ လုံးဝ မဆောင်ရွက်ဘဲ၊ ထို့ထက် ငါ၏ နောက်ကွယ်တွင် ငါ့ကို ဆန့်ကျင်စေရန် ဆွပေးသော အင်အားစုမှာ အဘယ်အရာနည်း။ ဤသည်မှာ ၎င်းတို့၏ သစ္စာစောင့်သိခြင်းလော။ ဤသည်မှာ ငါ့အတွက် ၎င်းတို့၏ ချစ်ခြင်း မေတ္တာလော။ အဘယ်ကြောင့် ၎င်းတို့သည် နောင်တရပြီး၊ တစ်ဖန် မမွေးဖွား နိုင်ကြသနည်း။ အဘယ်ကြောင့် လူတို့သည် ရွှံ့နှင့် ကင်းလွတ်ရာ နေရာအစား ရွှံ့ညွှန်တွင် အစဉ်ထာဝရ အသက်ရှင်ရန် လိုလား နေကြသနည်း။ ငါသည် ၎င်းတို့ကို နှိပ်စက်ပြီးဖြစ်သောကြောင့် ဖြစ်နိုင်မည်လော။ ငါသည် ၎င်းတို့ကို မှားယွင်းသော

လမ်းကြောင်းဖြင့် လမ်းညွှန်ပြပြီးသောကြောင့် ဖြစ်နိုင်မည်လော။ ငါသည် ၎င်းတို့ကို ငရဲသို့ ဦးဆောင်နေ၍များ ဖြစ်နိုင်မည်လော။ အယောက်တိုင်းသည် "ငရဲ" တွင် နေထိုင်ရန် လိုလားနေကြသည်။ ၎င်းတို့အထဲက အရာရာတိုင်းသည် ငရဲမှ လာသည့်အတွက်၊ အလင်းရောက်လာသောအခါ၊ ၎င်းတို့၏ မျက်လုံးများသည် ချက်ချင်း ကန်းသွားကြသည်။ သို့သော် လူတို့သည် ဤအရာကို မသိနားမလည်ကြသကဲ့သို့၊ "ငရဲနှင့်ဆိုင်သော ဤကောင်းချီးမင်္ဂလာများ" ကိုသာ ပျော်မွေ့ကြလေသည်။ ၎င်းတို့သည် ထိုကောင်းချီးမင်္ဂလာများကို ရတနာများကဲ့သို့ ဖက်ပင်ဖက်ယမ်းထားကြသည်၊ ၎င်းတို့၏ "ဖြစ်တည်ခြင်း၏ အရင်းအမြစ်" မရှိဘဲ ဖြစ်သွားစေလျက်၊ ငါသည် ဤရတနာများအား လုယူသွားမည်ကို ထိတ်လန့်ကြလေသည်။ ၎င်းတို့သည် "မိမိတို့ကိုယ်ကိုယ် ဒုက္ခရောက်စေ" ရန် လိုလားခြင်း မရှိဘဲ၊ ထိုအစား "ကမ္ဘာမြေကြီးပေါ်၌ ပျော်ရွှင်ခြင်း" ကို ၎င်းတို့ မွေ့လျော်ခံစားနိုင်ဖို့အလို့ငှာ မိသားစုအတွင်းတွင် စိတ်သဘောထား ဖြစ်ခြင်းကို ထိန်းသိမ်းရန်သာ လိုလားနေကြသည့်အတွက်၊ လူတို့သည် ငါ့ကို ကြောက်ရွံ့ကြသည်၊ ယင်းမှာ ငါသည် ကမ္ဘာမြေသို့ ကြွလာချိန်တွင် ၎င်းတို့က ငါထံ တိုးဝင်ချဉ်းကပ်ရန် မုန်းတီးလျက် ငါနှင့်ဝေးရာတွင် နေကြသည့်အကြောင်းရင်း ဖြစ်သည်။ သို့သော် လူသား၏မိသားစုကို ဖျက်ဆီးခြင်းသည် ဤနေရာ၌ ငါ လုပ်ဆောင်ရမည့် အရာအတိအကျ ဖြစ်သည့်အတွက်၊ လူသားမျိုးနွယ်ကို ၎င်းတို့ သဘောရှိလုပ်ဆောင်ရန် ငါခွင့်မပြုနိုင်ပေ။ ငါရောက်လာသည့် အခိုက်အတန့်မှစ၍၊ ငြိမ်သက်ခြင်းသည် ၎င်းတို့၏ အိမ်များမှ ပျောက်သွားလိမ့်မည်။ ငါသည် လူသား၏ မိသားစုကို မဆိုထားနှင့် တိုင်းနိုင်ငံအားလုံးကိုပင် မုန့်မုန့်ညက်ညက် ကြေအောင် ချေမှုန်းရန် ရည်ရွယ်ပေသည်။ မည်သူသည် ငါ၏လက်ထဲမှ လွတ်မြောက်နိုင်သနည်း။ ကောင်းချီးမင်္ဂလာများကို လက်ခံရရှိသော သူများသည် ၎င်းတို့၏ မလိုလားခြင်းကို အကြောင်းပြု၍ လွတ်မြောက်နိုင်သည်မှာ ဖြစ်နိုင်သလော။ ပြစ်တင်ဆုံးမခြင်းကို ခံစားရသော သူများသည် ၎င်းတို့၏ ကြောက်ရွံ့ခြင်းကို အကြောင်းပြု၍ ငါ၏ စာနာခြင်းကို ရယူနိုင်သည်မှာ ဖြစ်နိုင်ဖူးသလော။ ငါ၏ နှုတ်ကပတ်တော်များ အားလုံးတွင် လူတို့သည် ငါ၏ အလိုနှင့် ငါ၏ လုပ်ရပ်များကို တွေ့မြင်ကြပြီးဖြစ်သော်လည်း၊ မည်သူသည် ၎င်းတို့ ကိုယ်ပိုင် အတွေးများ၏ အယှက်အတင်များကို ချိုးဖောက်လွန်မြောက် နိုင်ဖူးသနည်း။ မည်သူသည် ငါ၏ နှုတ်ကပတ်တော်အတွင်း သို့မဟုတ် ပြင်ပမှ ထွက်ပေါက် တစ်ခုကို ရှာတွေ့နိုင်ဖူးသနည်း။

လူသားသည် ငါ၏နွေးထွေးမှုကို တွေ့ကြုံခံစားပြီးဖြစ်သည်၊ လူသားသည် စိတ်အားထက်သန်စွာ ငါ့ကို အစေခံပြီးဖြစ်ကာ ငါ၏ မျက်မှောက်တွင် ငါ့အတွက် အရာရာကို လုပ်ဆောင်လျက်၊ ငါ၏ ရှေ့မှောက်တွင် စိတ်အားထက်သန်စွာ ငါ့ကို ကျိုးနွံနာခံပြီးဖြစ်သည်။

သို့သော်လည်း ဤသည်မှာ ယနေ့ လူတို့ မစွမ်းဆောင် မရရှိနိုင်သည့်အရာ ဖြစ်သည်။ ၎င်းတို့သည် ဆာလောင်နေသော ဝံပုလွေတစ်ကောင်၏ ဆတ်ခနဲဆွဲယူခြင်းခံရပြီးဖြစ်သည့်အလား၊ ၎င်းတို့၏ စိတ်ဝိညာဉ်အတွင်း၌ ငိုကြွေးရုံသာ တတ်နိုင်ပြီး၊ ငါ့ထံ မရပ်မနား ဟစ်အော်ရင်း ကူကယ်ရာမဲ့စွာ ငါ့ကို ကြည့်ရုံသာ တတ်နိုင်သည်။ သို့သော် အဆုံးတွင် ၎င်းတို့သည် ၎င်းတို့၏ အကျပ်အတည်းမှ မလွတ်မြောက်နိုင်ကြချေ။ အတိတ်က လူတို့သည် ငါ၏ မျက်မှောက်၌ ငါ၏ ကြင်နာခြင်းကို ၎င်းတို့၏ ချစ်ခင်တွယ်တာမှုဖြင့် ပြန်ပေးဆပ်ရန် ကောင်းကင်နှင့် မြေကြီးကို တိုင်တည်ကျိန်ဆိုလျက် ငါ၏ မျက်မှောက်တွင် ကတိများ မည်သို့ ပြုခဲ့ကြသည်ကို ငါပြန်တွေးမိ၏။ ၎င်းတို့သည် ငါ၏ ရှေ့မှောက်တွင် ဝမ်းနည်းပက်လက် ငိုကြွေးခဲ့ကြပြီး ၎င်းတို့၏ ငိုကြွေးသံသည် ကြေကွဲဖွယ်၊ ခံရခက်လှသည်။ ၎င်းတို့၏ စိတ်ဆုံးဖြတ်မှုကြောင့်၊ ငါသည် လူတို့ကို မကြာခဏ အကူအညီပေး၏။ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်၊ လူတို့သည် မေ့ပျောက်ဖို့ခက်သည့် ၎င်းတို့၏ ချစ်စဖွယ် ဟန်ပန်ဖြင့်၊ ငါ့ကို ကျိုးနွံနာခံရန် ငါ၏ ရှေ့မှောက်သို့ လာကြပြီးဖြစ်သည်။ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ၎င်းတို့သည် ၎င်းတို့၏ သစ္စာစောင့်သိမှုတွင် ယိမ်းယိုင်ခြင်း မရှိဘဲလျက်၊ ၎င်းတို့၏ နှစ်လိုဖွယ်ကောင်းသည့် စိတ်အား ထက်သန်မှုဖြင့် ငါ့ကို ၎င်းတို့ ချစ်ကြပြီးဖြစ်သည်။ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ၎င်းတို့သည် ၎င်းတို့၏ တကယ့် အသက်များကို စွန့်လွှတ်သည့် အတိုင်းအတာအထိ ငါ့ကိုချစ်ကြပြီး ဖြစ်သည်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ်ထက် ပို၍ ငါ့ကို ချစ်ကြပြီး ဖြစ်သည်- ပြီးလျှင် ၎င်းတို့၏ စစ်မှန်ရိုးသားမှုကို တွေ့မြင်ရင်း၊ ငါသည် ၎င်းတို့၏ ချစ်ခြင်းမေတ္တာကို လက်ခံပြီးဖြစ်သည်။ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် လူတို့သည် ငါ့အတွက် သေခြင်းတရားနှင့် ရင်ဆိုင်ရာတွင် ဂရုမစိုက်ဘဲ၊ မိမိတို့ကိုယ်ကိုယ် ငါ့မျက်မှောက်၌ ပူဇော်ကြပြီးဖြစ်ပြီး ငါသည် ၎င်းတို့၏ ပူပန်သောကကို လျော့ပါးပြေပျောက်စေပြီးဖြစ်ကာ ၎င်းတို့၏ မျက်နှာရိပ် မျက်နှာကဲများကို သေချာစွာ ဆင်ခြင်သုံးသပ်ပြီး ဖြစ်သည်။ ငါသည် ၎င်းတို့ကို ချစ်ခင်မြတ်နိုးရသည့် ရတနာများအဖြစ် ချစ်ပြီးသည့် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ရှိပြီးဖြစ်သကဲ့သို့၊ ၎င်းတို့ကို ငါကိုယ်တိုင်၏ ရန်သူများအဖြစ် ငါမုန်းတီးပြီးသော အချိန်များလည်း မရေမတွက်နိုင်အောင် ရှိပြီးဖြစ်သည်။ မည်သို့ပင်ဆိုစေ ငါ့စိတ်ထဲတွင် ရှိနေသည့်အရာကို လူသားက သဘောမပေါက်နိုင်မြဲ ရှိနေသည်။ လူတို့ ဝမ်းနည်းသောအခါ၊ ၎င်းတို့ကို နှစ်သိမ့်ပေးရန် ငါလာသည်၊ ပြီးလျှင် ၎င်းတို့ အားနည်းသောအခါ၊ ၎င်းတို့ကို ရှေ့ဆက် ကူညီဖေးမရန် ငါလာသည်။ ၎င်းတို့ လမ်းပျောက်သောအခါ၊ ငါသည် ၎င်းတို့ကို လမ်းညွှန်မှုပေးသည်။ ၎င်းတို့ ငိုကြွေးသောအခါ၊ ငါသည် ၎င်းတို့၏ မျက်ရည်များကို

သုတ်ပေး၏။ သို့သော်ငြားလည်း ငါဝမ်းနည်းသောအခါတွင်၊ မည်သူသည် ၎င်းတို့၏ စိတ်နှလုံးဖြင့် ငါ့ကို နှစ်သိမ့်ပေးနိုင်သနည်း။ ငါသည် အလွန်အမင်း စိတ်ပူပန်သောအခါ၊ မည်သူသည် ငါ၏ ခံစားချက်များကို ထောက်ထားပေးသနည်း။ ငါသည် ဝမ်းနည်းပူဆွေးသောအခါ၊ မည်သူသည် ငါ့နှလုံးသားထဲက ဒဏ်ရာများကို ကုသပေးနိုင်သနည်း။ ငါသည် တစ်စုံတစ်ယောက်ကို လိုအပ်သောအခါ၊ မည်သူသည် ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒပြုသနည်း။ ငါ့အပေါ် လူတို့၏ ယခင်က သဘောထားသည် ယခု ပျောက်ဆုံးကာ မည်သည့်အခါမျှ ပြန်မရနိုင်တော့သည်များ ဖြစ်နိုင်သလော။ အဘယ်ကြောင့် ၎င်းတို့၏ မှတ်ဉာဏ်များထဲတွင် ထိုသဘောထားနှင့်ဆိုင်သည့် မည်သည့်အရာမျှ မကျန်ရှိရသနည်း။ ဤအရာအားလုံးကို လူတို့ မေ့လျော့ပြီးဖြစ်သည်မှာ အဘယ်သို့ ဖြစ်သနည်း။ ဤသည်မှာ ၎င်း၏ ရန်သူအားဖြင့် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့်သာ ဖြစ်သည် မဟုတ်လော။

ငါ့ကို ချီးမွမ်းရာ၌ ကောင်းကင်တမန်များသည် တေးဂီတကို တီးခတ်လေသောအခါ၊ ဤအရာက လူသားအတွက် ငါ၏ စာနာခြင်းကို မလှုံ့ဆော်ဘဲ မနေနိုင်ပေ။ ချက်ချင်း ငါ၏ နှလုံးသားသည် ဝမ်းနည်းခြင်းဖြင့် ပြည့်သွားပြီး၊ ဤစိတ်မချမ်းမြေ့စရာ စိတ်ခံစားချက်မှ ငါ့ကိုယ်ငါ ဖယ်ရှားပစ်ရန် မဖြစ်နိုင်ချေ။ လူသားနှင့် ခွဲခွာခဲ့ရပြီးနောက် ပြန်လည် ပေါင်းစည်းခြင်းနှင့်ဆိုင်သည့် ဝမ်းမြောက်ခြင်းနှင့် ပူဆွေးခြင်းများတွင် ငါတို့သည် ခံစားချက်များကို ဖလှယ်ရန် မတတ်နိုင်ကြပေ။ အထက် ကောင်းကင်နှင့် အောက်မြေကြီး အပေါ်တွင် ကွဲကွာရလျက်၊ လူသားနှင့် ငါ တွေ့ဆုံနိုင်သည့်အချိန်များ ရှားပါး၏။ ယခင် ခံစားချက်များကို တသလွမ်းဆွတ်ခြင်းမှ မည်သူ ချိုးဖောက်လွန်မြောက်နိုင်သနည်း။ အတိတ်ကို ပြန်လည် စားမြုံ့ပြန်ခြင်းအား မည်သူသည် ရပ်တန့်နိုင်သနည်း။ မည်သူသည် အတိတ်ခံစားချက်များ၏ ဆက်လက် ဖြစ်ပေါ်ခြင်းကို မမျှော်လင့်ဘဲ နေမည်နည်း။ မည်သူသည် ငါ၏ ပြန်လာခြင်းကို မအောက်မေ့ဘဲ ရှိမည်နည်း။ လူသားနှင့် ငါ၏ ပြန်လည်ပေါင်းစည်းခြင်းကို မည်သူသည် မတောင့်တဘဲနေမည်နည်း။ ငါ၏ စိတ်နှလုံးသည် အလွန်အမင်း သောကရောက်လျက်ရှိပြီး၊ လူသား၏ စိတ်ဝိညာဉ်သည် အလွန်အမင်း စိုးရိမ်ပူပန်လျက်ရှိသည်။ စိတ်ဝိညာဉ်ဖြင့် ထပ်တူထပ်မျှ ဖြစ်သော်လည်း၊ ငါတို့သည် မကြာခဏ အတူတကွ မရှိနိုင်ကြသကဲ့သို့၊ မကြာခဏ အချင်းချင်း မတွေ့နိုင်ကြပေ။ ထို့ကြောင့် လူသားသည် ငါ့ကို အစဉ် တမ်းတပြီးဖြစ်သည့်အတွက် လူသားမျိုးနွယ် အားလုံး၏ အသက်တာသည် ပူဆွေးသောကဖြင့် တင်းကျမ်းပြည့်နှက်နေပြီး အသက်ပါမှု ကင်းမဲ့နေသည်။ ယင်းမှာ လူသားများသည် ကောင်းကင်ဘုံမှ တိုက်ချခံလိုက်ရသော အရာဝတ္ထုများ

ဖြစ်သည့်အလား ဖြစ်သည်။ ၎င်းတို့သည် ငါ့ကို မြေပြင်ပေါ်မှ စူးစိုက်မော်ကြည့်လျက်၊ ကမ္ဘာမြေကြီးပေါ်တွင် ငါ၏ အမည်ကို ဟစ်အော်ကြသည်- သို့သော် ၎င်းတို့သည် ငမ်းငမ်းတက် ဆာလောင်နေသော ဝံပုလွေ၏ ပါးစပ်မှ အဘယ်သို့ လွတ်မြောက်နိုင်မည်နည်း။ ၎င်းတို့သည် ထိုဝံပုလွေ၏ ခြိမ်းခြောက်ခြင်းများနှင့် ဖြားယောင်းသွေးဆောင်မှုများမှ အဘယ်သို့ မိမိတို့ကိုယ်ကိုယ် လွတ်ကင်းစေနိုင်မည်နည်း။ ငါ့အစီအစဉ်နှင့် ဆိုင်သည့် လုပ်ထုံးလုပ်နည်းများကို နာခံခြင်းကြောင့် လူသားများသည် မိမိတို့ကိုယ်ကိုယ် အဘယ်သို့ မဆက်ကပ်ဘဲ နေနိုင်မည်နည်း။ ၎င်းတို့ ကျယ်လောင်စွာ တောင်းပန် တိုးလျှိုးသောအခါ၊ ငါသည် ၎င်းတို့ထံမှ ငါ၏မျက်နှာကို လွှဲလိုက်သည်၊ ငါသည် ဆက်မကြည့်ရက်တော့ပေ၊ သို့သော် ငါသည် ၎င်းတို့၏ မျက်ရည်ပြည့်လျှမ်းသော ငိုကြွေးမှုများကို အဘယ်သို့ မကြားနိုင်ရမည်နည်း။ လူ့လောက၏ မတရားမှုများကို ငါပြင်မည်။ ငါ၏ လူများကို တစ်ဖန် ဘေးပြုခြင်းမှ စာတန်ကို တားမြစ်လျက်၊ ရန်သူများကို ၎င်းတို့စိတ်ကြိုက် တစ်ဖန် လုပ်ဆောင်နေခြင်းမှ တားမြစ်လျက်၊ လောကတစ်လျှောက် ငါ၏ အမှုကို ငါကိုယ်တိုင်၏ လက်များဖြင့် ငါဆောင်ရွက်မည်။ ငါ၏ ရန်သူများ အားလုံးကို မြေပေါ်သို့ လဲကျစေလျက်၊ ပြီးလျှင် ၎င်းတို့၏ ပြစ်မှုများကို ငါ့ရှေ့မှောက် ဝန်ခံလာစေရင်း၊ ငါသည် ကမ္ဘာမြေကြီးပေါ်၌ ရှင်ဘုရင် ဖြစ်လာမည်ဖြစ်ပြီး ငါ၏ပလ္လင်ကို ထိုနေရာသို့ ရွှေ့မည်။ ငါ၏ ဝမ်းနည်းမှုထဲတွင် အမျက်ဒေါသသည် ရောထွေးစပ်ယှက်နေသည်၊ ငါသည် မည်သူ့ကိုမျှ ချမ်းသာမပေးဘဲ၊ ပြီးလျှင် ငါ့ရန်သူများ၏ နှလုံးသားများထဲသို့ ထိတ်လန့်ကြောက်ရွံ့ခြင်းကို စွဲစေလျက်၊ စကြဝဠာတစ်ခုလုံးကို ပြားချပ်သွားအောင် ငါနင်းခြေမည်။ ငါသည် ကမ္ဘာမြေတစ်ခုလုံးကို အပျက်အစီးများအဖြစ်သို့ ယုတ်လျော့စေမည် ဖြစ်ပြီး၊ ထိုအချိန်မှစ၍ ၎င်းတို့သည် လူသားမျိုးနွယ်ကို နောက်ထပ် ဖောက်ပြန်မပျက်စီးစေနိုင်ဖို့အလို့ငှာ၊ ငါ၏ ရန်သူများကို ထိုအပျက်အစီးများအထဲသို့ လဲကျစေမည်။ ငါ၏ အစီအစဉ်သည် သတ်မှတ်ထားပြီး ဖြစ်သည်၊ မည်သူမျှ၊ ၎င်းတို့ မည်သူမည်ဝါ ဖြစ်ပါစေ၊ ထိုအစီအစဉ်ကို မပြောင်းလဲရ။ စကြဝဠာအထက်တွင် ငါသည် ဘုန်းအာနုဘော်နှင့် ပြည့်စုံသော ခမ်းနားထည်ဝါမှုဖြင့် လှည့်လည် သွားလာသည်နှင့်အမျှ၊ လူသားမျိုးနွယ် အပေါင်းတို့သည် အသစ်ပြုပြင်ခြင်း ခံရလိမ့်မည် ဖြစ်ပြီး အရာရာတိုင်း ပြန်လည်နိုးထကြလိမ့်မည်။ လူသားသည် နောက်ထပ် ငိုကြွေးတော့မည် မဟုတ်၊ အကူအညီအတွက် ငါ့ထံ နောက်ထပ် အော်ဟစ်တော့မည် မဟုတ်။ ထို့နောက် ငါ၏ နှလုံးသားသည် ရွှင်လန်းလိမ့်မည် ဖြစ်ပြီး၊ လူတို့သည် အောင်ပွဲခံခြင်းဖြင့် ငါ့ထံသို့ ပြန်လာကြလိမ့်မည်။ ထိပ်ဆုံးမှ အောက်ခြေအထိ၊ စကြဝဠာ တစ်ခုလုံးသည် ဂုဏ်ယူဝင့်ကြွားခြင်းဖြင့် လှုပ်ရှားကြလိမ့်မည်...

ယနေ့ လောကကြီး၏ တိုင်းနိုင်ငံများအလယ်တွင်၊ ငါသည် ငါစတင်ပြီးဖြစ်သည့် အမှုကို ပြီးမြောက်ရန် လုပ်ဆောင်နေသည်။ ငါ၏ အစီအစဉ်အတွင်းရှိ အမှုအားလုံးကို လုပ်ဆောင်ရင်း၊ ငါသည် လူသားမျိုးနွယ်၏ အလယ်တွင် လှုပ်ရှားသွားလာပြီး၊ လူသားမျိုးနွယ် အပေါင်းတို့သည် ငါ၏ အလိုတော်နှင့်အညီ လောကကြီး၏ အမျိုးမျိုးသော တိုင်းနိုင်ငံများကို ဖြိုခွဲနေကြသည်။ နေ့ရက်အချိန် အမှန်ပင် နီးကပ်လာနေပြီး ကောင်းကင်တမန်များသည် ၎င်းတို့၏ တံပိုးခရာများကို မှုတ်နေကြပြီ ဖြစ်သည့်အတွက်၊ ကမ္ဘာမြေကြီးပေါ် ရှိ လူတို့သည် မိမိတို့၏ အာရုံကို မိမိတို့ကိုယ်တိုင်၏ ခရီးဆုံးပန်းတိုင်ပေါ် စူးစိုက်ထားကြလေသည်။ အချိန်ဆွဲခြင်းများ နောက်ထပ်ရှိလိမ့်မည် မဟုတ်တော့သကဲ့သို့၊ ဖန်ဆင်းခြင်း အရာအားလုံးသည် ထို့နောက် ချက်ချင်း ဂုဏ်ယူဝင့်ကြွားခြင်းဖြင့် စတင် ကခုန်ကြလိမ့်မည်။ မည်သူသည် ၎င်းတို့သဘောရှိ ငါ၏ နေ့ရက်ကို ရှည်စေနိုင်သနည်း။ ကမ္ဘာမြေသားလော။ သို့မဟုတ် မိုးကောင်းကင်ရှိ ကြယ်များလော။ သို့တည်းမဟုတ် ကောင်းကင်တမန်များလော။ ဣသရေလလူများ၏ ကယ်တင်ခြင်းကို စတင်ရန် ငါသည် မိန့်မြွက်ချက်တစ်ခုကို ပြုသောအခါ၊ ငါ၏ နေ့ရက်သည် လူသားမျိုးနွယ် အားလုံးအပေါ်သို့ ဖိနှိပ်လေသည်။ လူသားတိုင်းသည် ဣသရေလ၏ ပြန်လာခြင်းကို ကြောက်ရွံ့ကြ၏။ ဣသရေလ ပြန်လာသောအခါ၊ ယင်းသည် ငါ့ဘုန်းအသရေ၏ နေ့ရက်ဖြစ်လိမ့်မည် ဖြစ်ပြီး၊ ထိုနည်းတူ အရာခပ်သိမ်းတို့ ပြောင်းလဲပြီး အသစ်ပြုပြင်ခြင်းကို ခံလာရသော နေ့ရက်လည်းဖြစ်လိမ့်မည်။ ဖြောင့်မတ်သော တရားစီရင်ခြင်းသည် စကြဝဠာတစ်ခွင်လုံးသို့ ကျရောက်အံ့ဆဲဆဲ ချဉ်းကပ် လာသည်နှင့်အမျှ၊ လူ့လောကထဲ၌ ဖြောင့်မတ်ခြင်းသည် မရှိစဖူးသောကြောင့်၊ လူသားအားလုံးသည် တိုး၍ တွန့်ဆုတ်ကာ ကြောက်ရွံ့နေကြသည်။ ဖြောင့်မတ်ခြင်း၏နေ ထွက်ပေါ်လာသောအခါ အရှေ့အရပ်သည် ထွန်းလင်းလိမ့်မည် ဖြစ်ပြီး၊ ထို့နောက်တွင် အပြန်အလှန်အားဖြင့် အယောက်တိုင်းထံ ရောက်ရှိရင်း၊ စကြဝဠာ တစ်ခွင်လုံးသို့ အလင်းပေးလိမ့်မည်။ အကယ်၍ လူသားသည် ငါ၏ ဖြောင့်မတ်ခြင်းကို အမှန်တကယ် ဆောင်ရွက်နိုင်ပါက၊ အဘယ်အရာ ကြောက်စရာရှိသနည်း။ ငါ၏ လူများအားလုံးသည် ငါ၏နေ့ရက် ရောက်ရှိလာခြင်းကို စောင့်ဆိုင်းနေကြသည်၊ ၎င်းတို့အားလုံးသည် ငါ့နေ့ရက်၏ ရောက်လာခြင်းကို တောင့်တကြသည်။ လူသားမျိုးနွယ် အားလုံးအပေါ်သို့ အပြစ်ဒဏ်ကို ယူဆောင်လာရန်နှင့် ဖြောင့်မတ်ခြင်း၏နေအဖြစ် ငါ၏ အခန်းကဏ္ဍဖြင့် လူသားမျိုးနွယ်၏ ခရီးပန်းတိုင်ကို စီစဉ်ပေးရန် ၎င်းတို့သည် ငါ့ကို စောင့်မျှော်နေကြသည်။ ငါ၏နိုင်ငံတော်သည် စကြဝဠာတစ်ခွင်လုံး အထက်တွင် ရုပ်လုံးပေါ်လာနေပြီး ငါ၏ ပလ္လင်သည် သန်းရာပေါင်းများစွာသော လူတို့၏ နှလုံးသားများထဲ၌ ဩဇာ လွှမ်းမိုး၏။

ကောင်းကင်တမန်များ၏ အကူအညီဖြင့်၊ ငါ၏ ကြီးမြတ်သော ပြီးမြောက်အောင်မြင်ခြင်းသည် မကြာမီတွင် အကျိုးဖြစ်ထွန်းခြင်းသို့ ရောက်လိမ့်မည်။ ငါ၏ သားများနှင့် ငါ၏ လူများအားလုံးတို့သည် ငါ့အား ၎င်းတို့နှင့်အတူ ပြန်ပေါင်းစည်းဖို့ မည်သည့်အခါတွင်မျှ တစ်ဖန် မကွဲကွာအောင်တော့ဖို့ရန် တောင့်တရင်း၊ ငါ၏ ပြန်လာခြင်းကို စိတ်အားထက်သန်စွာ စောင့်မျှော် ကြလေသည်။ ငါ၏ ၎င်းတို့နှင့် အတူရှိခြင်းကြောင့် ငါ့နိုင်ငံတော်၏ များစွာသော လူထုသည် ရွှင်လန်းဝမ်းမြောက်သော အောင်ပွဲခံခြင်းဖြင့် အချင်းချင်းဆီသို့ အဘယ်သို့ မပြေးကြဘဲ နေနိုင်မည်နည်း။ ဤသည်မှာ မည်သည့် အဖိုးအခမှ ပေးရန် မလိုအပ်သော ပြန်လည်ပေါင်းစည်းခြင်းတစ်ခု ဖြစ်နိုင်သလော။ လူသားအားလုံးတို့၏ မျက်လုံးများထဲတွင် ငါသည် ဂုဏ်အသရေ ရှိသည်၊ အားလုံးတို့၏ စကားများတွင် ငါသည် ကြွေးကြော်ခြင်း ခံရသည်။ ထို့အပြင် ငါပြန်လာသည့်အခါ၊ ရန်သူ၏ အင်အားစု အားလုံးကို ငါသိမ်းပိုက်မည်။ အချိန်ကျရောက်လာလေပြီ။ ငါ၏အမှုတော်ကို ငါသည် စတင်ဆောင်ရွက်စေမည်၊ ငါသည် လူသားတို့အလယ် ရှင်ဘုရင်အဖြစ် စိုးစံမည်။ ငါသည် ပြန်လာမည့်ဆဲဆဲ ရှိ၏။ ပြီးလျှင် ငါသည် ထွက်ခွာတော့မတတ် ဖြစ်သည်။ ဤသည်မှာ အယောက်တိုင်း မျှော်လင့်နေသော အရာဖြစ်သည်၊ ၎င်းတို့ လိုလားသော အရာဖြစ်သည်။ ငါသည် လူသားမျိုးနွယ် တစ်ရပ်လုံးအား ငါ၏ နေ့ရက် ဆိုက်ရောက်ခြင်းကို ရှုမြင်စေမည်ဖြစ်ပြီး၊ ၎င်းတို့အားလုံးသည် ငါ၏နေ့ရက် ရောက်လာခြင်းကို ဝမ်းမြောက်ခြင်းဖြင့် ကြိုဆိုကြလိမ့်မည်။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၂ ရက်

# အခန်း ၂၈

ငါသည် ဇိအုန်မှ လာခဲ့ချိန်တွင်၊ အရာခပ်သိမ်းသည် ငါ့ကိုစောင့်ကြိုခဲ့ကြပြီး ငါသည် ဇိအုန်သို့ပြန်သွားခဲ့ချိန်တွင်၊ လူသားအားလုံး ငါ့ကိုနှုတ်ဆက်ကြ၏။ ငါလာခဲ့ ပြန်ခဲ့သည်နှင့်အမျှ၊ ငါ၏ခြေလှမ်းများသည် ငါ့ကိုရန်လိုခဲ့သည့် အရာများအားဖြင့် မည်သည့်အခါမျှ မတားဆီးခံခဲ့ရပေ၊ ထို့ကြောင့် ငါ၏အမှုသည် ချောမွေ့စွာ တိုးတက်ခဲ့၏။ ယနေ့တွင် သတ္တဝါများအားလုံးအလယ် ငါလာသောအခါ၊ ငါနောက်တစ်ကြိမ် ထွက်ခွာပြီး ထိုသို့ဖြင့် ထောက်ပံ့မှုအတွက် ၎င်းတို့ မှီခိုကြသည့်အရာကို ဆုံးရှုံးလိမ့်မည်ကို အလွန်အမင်း စိုးရိမ်လျက်၊ အရာခပ်သိမ်းသည် ငါ့အား ဆိတ်ငြိမ်မှုဖြင့် နှုတ်ခွန်းဆက်ကြ၏။ အရာခပ်သိမ်းသည် ငါ၏လမ်းပြမှုနောက် လိုက်ကြပြီး ငါ၏လက်ဖြင့် ညွှန်ပြသည့် ဦးတည်ရာသို့

အားလုံးကြည့်ရှုကြ၏။ ငါ့နှုတ်မှ စကားများသည် သတ္တဝါအများအပြားကို စုံလင်စေပြီးဖြစ်ကာ ငြင်းဆန်သောသူ အများအပြားကို ပြစ်တင်ဆုံးမပြီးဖြစ်သည်။ ထို့ကြောင့် လူသားအားလုံးသည် ငါ၏စကားများ အပေါ် စေ့စေ့ကြည့်ရှုပြီး၊ ငါ့နှုတ်မှ မိန့်မြွက်ချက်များကို သေချာစွာ နားထောင်ကြကာ၊ ဤအခွင့်ကောင်း လွတ်သွားမည်ကို အကြီးအကျယ် စိုးရိမ်နေကြသည်။ ငါ၏အမှုကို ပို၍လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာနှင့် ကမ္ဘာမြေပေါ် ကျေနပ်ဖွယ်ရာ အခြေအနေများ ပို၍ဆောလျင်စွာ ပေါ်ပေါက်လာပြီး ကမ္ဘာမြေပေါ် ရှိ ပျက်စီးခြောက်ကပ်ခြင်း မြင်ကွင်းများကို ကုစားနိုင်ရန်အလို့ငှာ၊ ငါသည် ဆက်လက် စကားပြောခဲ့သည်မှာ ဤအကြောင်းရင်းကြောင့် ဖြစ်သည်။ ငါကောင်းကင်ထက်သို့ ကြည့်ချိန်၊ ယင်းသည် လူသားကို မျက်နှာမူရန် ငါ နောက် တစ်ဖန်ပြန်လှည့်သည့် အချိန် ဖြစ်သည်။ မြေတစ်ပြင်လုံးသည် ရုတ်ချည်း အသက်ပါခြင်းဖြင့် ပြည့်သွားသည်၊ ဖုန်မှုန့်များက လေထဲတွင် မရှိတော့သကဲ့သို့ နုန်းများက မြေပြင်ကို မဖုံးလွှမ်းတော့ပေ။ ငါ၏မျက်လုံးများသည် မြေတစ်ပြင်လုံး၏ လူတို့ကို ငါ့အား ကြည်ညိုလေးစားစေကာ ငါ့အထဲတွင် ခိုလှုံစေရင်း၊ ချက်ချင်း တောက်ပသွားသည်။ ယနေ့ လောက၏ လူတို့အလယ်- ငါ၏အိမ်ထောင်စုတွင် ရှိသောသူအားလုံး အပါအဝင်- မည်သူသည် ငါ၌ အမှန်တကယ် ခိုလှုံသနည်း။ ငါပေးဆပ်ပြီးဖြစ်သည့် အဖိုးအခအတွက် မည်သူသည် သူ၏နှလုံးသားကို အပြန်အလှန်အားဖြင့် ပေးသနည်း။ ငါ့အိမ်ထောင်စုအတွင်းတွင် မည်သူသည် ငြိမ်းချမ်းစွာ နေထိုင်ဖူးသနည်း။ မည်သူသည် ငါ၏ရှေ့တွင် အမှန်တကယ် မိမိတို့ကိုယ်ကိုယ် ဆက်ကပ်ဖူးသနည်း။ ငါသည် လူသားအပေါ် သတ်မှတ်ချက်များ ပြုလုပ်သောအခါ၊ သူသည် သူ၏ "သိုလှောင်ရုံလေး" ကို ချက်ချင်းပိတ်လိုက်၏။ ငါသည် လူသားကို ပေးသောအခါ၊ သူသည် ငါ၏ ကြွယ်ဝမှုများကို ခိုးကြောင်ခိုးဝှက်ယူရန် သူ၏ပါးစပ်ကို အလျင်အမြန်ဖွင့်ပြီး ငါသည် သူ့ကို ပြန်၍ဒဏ်ခတ်မည်ကို အလွန်အမင်း စိုးရိမ်လျက်၊ သူ၏စိတ်နှလုံးထဲတွင် မကြာခဏ တုန်လှုပ်၏။ ထို့ကြောင့် လူသား၏ နှုတ်သည် တစ်ဝက်ဟလျက် တစ်ဝက်ပိတ်နေပြီး၊ သူသည် ငါပေးသည့် ကြွယ်ဝမှုများကို အမှန်တကယ် မွေ့လျော်ခံစားနိုင်စွမ်း မရှိချေ။ ငါသည် လူသားကို အလွယ်တကူ မရှုတ်ချသော်လည်း၊ သူသည် ငါ့လက်ကို အမြဲဆွဲကာ သူ့အပေါ် သနားကရုဏာ ပေးအပ်ရန် ငါ့ကို အမြဲတောင်းဆို၏။ လူသားသည် ငါ့ကို အနူးအညွတ်တောင်းပန်သည့်အခါမှသာ၊ ငါသည် သူ့အပေါ် နောက်ထပ်တစ်ကြိမ် "သနားကရုဏာ" ပေးပြီး၊ ငါ့နှုတ်၏ အကြမ်းတမ်းဆုံး စကားများကို သူထံ ပေးသည်မှာ သူသည် ချက်ချင်း အရှက်ရကာ ငါ၏ "သနားကရုဏာ" ကို တိုက်ရိုက် ရရှိနိုင်စွမ်း မရှိဘဲ၊ ယင်းအစား အခြားသူများအား သူ့ထံ လက်ဆင့်ကမ်း ပေးစေလေသည်။

ငါ၏နှုတ်ကပတ်တော်များ အားလုံးကို အကုန်အစင် သူ သဘောပေါက် ပြီးသည့်အခါ၊ လူသား၏ ဝိညာဉ်ရင့်ကျက်မှုသည် ငါ၏ဆန္ဒများနှင့်ညီမျှပြီး သူ၏တောင်းပန်ချက်များသည် အကျိုးဖြစ်ထွန်းကာ အချည်းအနှီး သို့မဟုတ် အလဟဿ မဖြစ်ပေ။ ငါသည် လူသားမျိုးနွယ်၏ ဟန်ဆောင်ခြင်းမဟုတ်သည့်၊ စစ်မှန်သော တောင်းပန်ချက်များကို ကောင်းချီးပေး၏။

ငါသည် ခေတ်များတစ်လျှောက်လုံးတွင် အမှုများကို လုပ်ဆောင်နေကာ ပြောဆိုနေပြီး ဖြစ်သည်၊ သို့သော် ယနေ့ ငါ ပြောဆိုသည်နှင့်အမျှ လူသားသည် ထိုသို့သော မိန့်မြွက်ချက်များကို လုံးဝ မကြားဖူးသကဲ့သို့၊ သူသည် ငါ၏ဘုန်းအာနုဘော်နှင့် တရားစီရင်ခြင်းတို့ကို မမြည်းစမ်းဖူးပေ။ အတိတ်ကမ္ဘာလောက၏ လူအချို့သည် ငါနှင့်ဆိုင်သည့် ဒဏ္ဍာရီများ ကြားကြပြီးဖြစ်သော်လည်း၊ မည်သူမျှ ငါ၏ချမ်းသာကြွယ်ဝမှု အတိုင်းအတာကို အမှန်တကယ် မသိရှိဖူးပေ။ ယနေ့လူများသည် ငါ့နှုတ်မှစကားများကို ကြားသော်လည်း၊ ငါ့နှုတ်တွင် နက်နဲသောအရာများ မည်မျှရှိသည်ကို မသိနားမလည်ကြဆဲဖြစ်ကာ၊ ထိုသို့ဖြင့် ငါ၏ နှုတ်ကို ပေါကြွယ်ဝခြင်း တစ်ခုအဖြစ် ယူဆကြသည်။ လူအားလုံးသည် ငါ့နှုတ်မှ တစ်စုံတစ်ခု ရရှိရန် ဆန္ဒရှိကြသည်။ ယင်းသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များဖြစ်စေ၊ ကောင်းကင်ဘုံ၏ နက်နဲမှုများဖြစ်စေ သို့မဟုတ် ဝိညာဉ်လောက၏ အင်အားများဖြစ်စေ သို့မဟုတ် လူသားမျိုးနွယ်၏ ခရီးပန်းတိုင်ဖြစ်စေ၊ လူအားလုံးသည် ထိုသို့သော အရာများကို ရရှိရန် ဆန္ဒရှိကြသည်။ ထို့ကြောင့် ငါသည် လူတို့ကို အတူတကွ စုရုံးပြီး ၎င်းတို့ကို “ပုံပြင်များ” ပြောပြရမည် ဆိုပါက၊ ငါ၏လမ်းခရီးကို ကြားနာရန် ၎င်းတို့၏ “လူမမာအိပ်ရာများ” မှ ချက်ချင်း ထကြပေမည်။ လူသားအတွင်းတွင် ချို့တဲ့မှုများလွန်းလှ၏၊ သူသည် “အာဟာရ ဖြည့်ဆည်းမှုများ”သာ လိုအပ်သည်မဟုတ်ဘဲ၊ ထိုထက်ပို၍ “စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု” နှင့် “ဝိညာဉ်ရေးရာထောက်ပံ့မှု”တို့ လိုအပ်လေသည်။ ဤသည်မှာ လူအပေါင်းတို့တွင် ကင်းမဲ့နေသည့်အရာ ဖြစ်သည်။ ဤသည်မှာ လူသားအားလုံး၏ “အနာရောဂါ” ဖြစ်သည်။ သာ၍ ကောင်းမွန်သော သက်ရောက်မှုများ စွမ်းဆောင်ရရှိရန်အလို့ငှာ၊ ၎င်းတို့အားလုံး ပြန်လည်ကျန်းမာလာနိုင်ပြီး ငါ၏ကုသမှုကြောင့် ပုံမှန်အခြေအနေသို့ ပြန်ရောက်နိုင်ကြဖို့အလို့ငှာ၊ ငါသည် လူသား၏ အနာရောဂါအတွက် ကုထုံးတစ်ခုကို ပေးသည်။ သင်တို့သည် အဆင်းနီသောနဂါးကြီးကို အမှန်တကယ် မုန်းတီးသလော။ သင်တို့သည် အမှန်တကယ်၊ ရိုးသားစစ်မှန်စွာ ယင်းကို မုန်းတီးသလော။ ငါသည် ကြိမ်ဖန်များစွာ သင်တို့ကို အဘယ်ကြောင့် မေးလေပြီနည်း။ ငါသည် အဘယ်ကြောင့် ဤမေးခွန်းကို သင်တို့အား အဖန်ဖန် မေးမြဲမေးနေရသနည်း။ သင်တို့၏ နှလုံးသားထဲတွင်

အဆင်းနီသောနဂါးကြီး၏ မည်သည့်ပုံရိပ် ရှိသနည်း။ ယင်းကို အမှန်တကယ် ဖယ်ရှားပြီးပြီလော။ ၎င်းကို သင်တို့၏ဖခင်အဖြစ် သင်တို့ အမှန်ပင် မမှတ်ယူပေဘူးလော။ ငါ၏မေးခွန်းများထဲက ငါ၏ရည်ရွယ်ချက်ကို လူအပေါင်းတို့ သိမြင်သင့်သည်။ ယင်းမှာ လူတို့၏ ဒေါသကို ဆွပေးရန်မဟုတ်သကဲ့သို့၊ လူသားတို့အလယ် ပုန်ကန်မှုကို လှုံ့ဆော်ရန် မဟုတ်၊ လူသားသည် မိမိ၏ ကိုယ်ပိုင် ထွက်ပေါက်ကို ရှာတွေ့နိုင်ရန် မဟုတ်ဘဲ၊ လူအားလုံးကို အဆင်းနီသောနဂါးကြီး၏ ကျေးကျွန်ဘဝမှ မိမိတို့ကိုယ်ကိုယ် လွတ်မြောက်စေခွင့်ပေးရန် ဖြစ်သည်။ သို့သော် မည်သူမျှ မပူပန်သင့်ပေ။ အားလုံးသည် ငါ၏စကားများဖြင့် ပြီးမြောက်ရလိမ့်မည်။ မည်သည့်လူသားမျှ မပါဝင်နိုင်သကဲ့သို့ ငါ ဆောင်ရွက်မည့် အမှုကို မည်သည့်လူသားမျှ မလုပ်ဆောင်နိုင်။ ငါသည် နယ်မြေအားလုံး၏ လေထုကို သန့်စင်စေမည်ဖြစ်ပြီး ကမ္ဘာမြေပေါ်တွင် နတ်ဆိုးတို့ကို အရိပ်အယောင် အားလုံးကို အမြစ်ဖြုတ်မည်။ ငါသည် စတင်နှင့်ပြီဖြစ်ကာ၊ အဆင်းနီသောနဂါးကြီး၏ နေထိုင်ရာနေရာတွင် ပြစ်တင်ဆုံးမခြင်းနှင့်ဆိုင်သည့် ငါ့အမှု၏ ပထမအဆင့်ကို စတင်မည်။ ထို့ကြောင့် ငါသည် နယ်မြေအားလုံးကို ကြည့်ရှုသည့်အတွက်၊ စကြဝဠာတစ်ခုလုံးအပေါ်သို့ ငါ၏ ပြစ်တင်ဆုံးမခြင်း ကျရောက်ပြီးဖြစ်ကာ အဆင်းနီသောနဂါးကြီးနှင့် ညစ်ညူးသော ဝိညာဉ်မျိုးစုံတို့သည် ငါ၏ ပြစ်တင်ဆုံးမမှုမှ လွတ်မြောက်နိုင်စွမ်း မရှိသည်ကို တွေ့နိုင်ပေသည်။ မြေကြီးပေါ်တွင် ငါ၏အမှု ပြီးစီးသည့်အခါ၊ ဆိုလိုသည်မှာ တရားစီရင်ရာကာလ အဆုံးသတ်သည့်အခါတွင်၊ ငါသည် အဆင်းနီသောနဂါးကြီးကို တရားဝင် ပြစ်တင်ဆုံးမမည်။ ငါ၏လူတို့သည် အဆင်းနီသောနဂါးကြီးအပေါ် ငါ၏ဖြောင့်မတ်သည့် ပြစ်တင်ဆုံးမမှုကို တွေ့ကြရလိမ့်မည်၊ ငါ၏ဖြောင့်မတ်မှုကြောင့် ချီးမွမ်းခြင်းကို ဧကန်မုချ သွန်းလောင်းကြလိမ့်မည် ဖြစ်ပြီး၊ ငါ၏ဖြောင့်မတ်ခြင်းကြောင့် ငါ၏ သန့်ရှင်းသော နာမကို ဧကန်မုချ အစဉ်ချီးကျူးထောမနာ ပြုကြလိမ့်မည်။ ထို့ကြောင့် သင်တို့သည် သင်တို့၏တာဝန်ကို တရားဝင် ထမ်းဆောင်ကြလိမ့်မည် ဖြစ်ပြီး၊ နယ်မြေတစ်လျှောက်လုံးတွင် ငါ့ကို ကာလအစဉ်အဆက် တရားဝင် ချီးမွမ်းကြလိမ့်မည်။

တရားစီရင်ခြင်း ကာလသည် ယင်း၏ အထွတ်အထိပ်သို့ ရောက်သောအခါ၊ ငါ၏အမှုကို အဆုံးသတ်ဖို့ ငါအလျင်အမြန် ဆောင်ရွက်မည် မဟုတ်ဘဲ၊ ယင်းထဲသို့ ပြစ်တင်ဆုံးမခြင်း ကာလ၏ သက်သေအထောက်အထားကို ပေါင်းစပ်လိမ့်မည်ဖြစ်ပြီး၊ ဤသက်သေအထောက်အထားကို ငါ၏လူအပေါင်းတို့အား တွေ့မြင်ခွင့်ပေးမည်။ ဤအရာတွင် သာ၍ကြီးမားသော အကျိုးအမြတ် ဖြစ်ထွန်းလိမ့်မည်။ ဤသက်သေအထောက်အထားသည် အဆင်းနီသောနဂါးကြီးအား ငါ၏ ပြစ်တင်ဆုံးမသည့် နည်းလမ်းဖြစ်ပြီး၊ ငါ၏လူများသည်

ငါ၏စိတ်သဘောထားကို ပို၍ သိကြစေဖို့အလို့ငှာ၊ ၎င်းတို့၏ကိုယ်ပိုင် မျက်စိများဖြင့် ယင်းကို ငါရှုမြင်စေမည်။ ငါ၏ လူများက ငါ့ကို မွေ့လျော်ကြချိန်သည် အဆင်းနီသောနဂါးကြီး ပြစ်တင်ဆုံးမခံရသည့်အချိန် ဖြစ်သည်။ အဆင်းနီသောနဂါးကြီး၏လူများကို ထကြွစေပြီး ၎င်းကို တော်လှန်စေခြင်းသည် ငါ၏အစီအစဉ်ဖြစ်ပြီး၊ ဤသည်မှာ ငါ၏လူများကို ငါစုံလင်စေသည့်နည်းစနစ်ဖြစ်ကာ ငါ၏ လူအားလုံးအတွက် ယင်းသည် အသက်တာ၌ ကြီးထွားဖို့ ကြီးမားသော အခွင့်အရေးတစ်ခု ဖြစ်သည်။ တောက်ပသည့်လရောင် ထွက်ပေါ်သောအခါ၊ ဆိတ်ငြိမ်သောညသည် ချက်ချင်း ပြိုကွဲသွား၏။ လသည် စုတ်ပြတ်နေသော်လည်း၊ လူသားသည် ကောင်းမွန်သည့် စိတ်ဝိညာဉ်၌ ရှိနေပြီး၊ လရောင်အားဖြင့် လှပသော မြင်ကွင်းကို ချီးမွမ်းလျက်၊ လရောင်အောက်တွင် ငြိမ်းချမ်းစွာ ထိုင်နေ၏။ လူသားသည် သူ၏ခံစားချက်များကို မဖော်ပြနိုင်ပေ။ ယင်းမှာ သူသည် အတိတ်သို့ ပြန်ပြောင်းစဉ်းစားရန် ဆန္ဒရှိသည့်အလား၊ အနာဂတ်သို့ ရှေးရှုကြည့်လိုသည့်အလား၊ ပစ္စုပ္ပန်ကာလကို သူ မွေ့လျော်နေသည့်အလား ဖြစ်၏။ သူ၏မျက်နှာပေါ်တွင် အပြုံးတစ်ခုပေါ်လာပြီး သာယာသည့် လေများကြားတွင် လတ်ဆတ်သည့် ရနံ့တစ်ခု စိမ့်ဝင်ပျံ့နှံ့သွား၏၊ နူးညံ့သော လေပြေလေညင်းတစ်ခု စတင်တိုက်ခတ်လာသည်နှင့်အညီ၊ ့ လူသားသည် မွှေးထုံကြိုင်လှိုင်သော မွှေးရနံ့ကို သတိပြုမိပြီး ထိုရနံ့အားဖြင့် ယစ်မူးကာ၊ မိမိကိုယ်ကိုယ် မနိုးကြွစေနိုင်သည့်ပုံ ရလေသည်။ ဤသည်မှာ လူသားများအလယ် ကိုယ်တိုင်ကိုယ်ကျ ငါ ကြွလာသည့် အချိန်ကာလစင်စစ်ဖြစ်ပြီး လူသားသည် ဤမွှေးထုံကြိုင်လှိုင်သော ရနံ့နှင့်ဆိုင်သည့် အရှိန်မြှင့်သော ခံစားမှုအာရုံတစ်ခု ရှိကာ၊ ထိုသို့ဖြင့် လူသားအားလုံးသည် ဤအမွှေးနံ့အလယ်တွင် နေထိုင်ကြလေသည်။ ငါသည် လူသားနှင့် ပြေလည်ပြီး လူသားသည် ငါနှင့် သဟဇာတဖြစ်ခြင်းဖြင့် အသက်ရှင်သည်၊ ငါနှင့် စပ်လျဉ်း၍ သူသည် သွေဖီခြင်းမရှိတော့ပေ၊ ငါသည် လူသား၏ ချွတ်ယွင်းချက်များကို မပြုပြင်တော့ပေ၊ လူသား၏မျက်နှာပေါ်တွင် သောကရောက်နေသည့်အသွင် မရှိတော့သကဲ့သို့၊ သေခြင်းသည် လူသားတစ်ရပ်လုံး အပေါ် ခြိမ်းခြောက်ခြင်း မရှိတော့ပေ။ ယနေ့တွင် ငါသည် လူသားနှင့် ဘေးချင်းယှဉ်လျက် ရှေ့သို့သွားရင်း၊ ပြစ်တင်ဆုံးမခြင်းကာလထဲသို့ လူသားနှင့်အတူ တက်လှမ်းသည်။ ငါသည် ငါ၏အမှုကို လုပ်ဆောင်လျက်ရှိ၏၊ ဆိုလိုသည်မှာ ငါသည် ငါ၏လှံတံကို လူသားများအလယ် ရိုက်ချပြီး ယင်းသည် လူသားအထဲက ပုန်ကန်တတ်သောအရာပေါ်သို့ ကျရောက်၏။ လူသား၏ အမြင်တွင်၊ ငါ၏လှံတံသည် အထူးတန်ခိုးများ ရှိပုံရလေသည်။ ယင်းသည် ငါ့ရန်သူဖြစ်သော သူအားလုံးအပေါ်သို့ ကျရောက်လာပြီး ၎င်းတို့ကို အလွယ်တကူ ချမ်းသာမပေးပေ။ ငါ့ကို

ဆန့်ကျင်သူအားလုံးအလယ်တွင်၊ လုံတံသည် ၎င်း၏ ရှိရင်းစွဲ လုပ်ငန်းဆောင်တာကို ထမ်းဆောင်သည်။ ငါ့လက်ထဲတွင် ရှိသူအားလုံးသည် ငါ၏ရည်ရွယ်ချက်နှင့်အညီ ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ကြပြီး၊ ငါ၏ဆန္ဒများကို ၎င်းတို့ လုံးဝ ဖီဆန်ဖူးခြင်းမရှိ၊ သို့မဟုတ် ၎င်းတို့၏အနှစ်သာရကို မည်သည့်အခါမျှ ပြောင်းလဲဖူးခြင်း မရှိကြချေ။ အကျိုးဆက်အနေဖြင့် ရေများသည် ဟုန်းဟုန်းမြည်ကြလိမ့်မည်၊ တောင်များ ပြိုလဲကြလိမ့်မည်၊ မြစ်ကြီးများ ပြိုကွဲကြလိမ့်မည်၊ လူသားသည် အစဉ် ပြောင်းလဲသွားလိမ့်မည်၊ နေသည် တိုး၍ မှိန်သွားလိမ့်မည်၊ လသည် မှောင်သွားမည်၊ လူသားသည် အေးချမ်းမှုဖြင့် အသက်ရှင်ခြင်း နေ့ရက်များ နောက်ထပ် ရှိတော့မည်မဟုတ်၊ မြေပေါ်တွင် ငြိမ်သက်အေးချမ်းသည့်အချိန်များ ရှိတော့မည် မဟုတ်၊ ကောင်းကင်တို့သည် တစ်ဖန် မည်သည့်အခါမျှ တည်ကြည်ကာ ဆိတ်ငြိမ်လိမ့်မည် မဟုတ်သကဲ့သို့ အစွန့်ရှည်စွာ တည်တံ့တော့မည် မဟုတ်ပေ။ အရာခပ်သိမ်းသည် အသစ်ပြုပြင်ခံရလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့၏ မူလအသွင်ကို ပြန်ရကြလိမ့်မည်။ ကမ္ဘာမြေပေါ် ရှိ အိမ်ထောင်စုအပေါင်းသည် တစ်ကွဲတစ်ပြားစီဖြစ်လိမ့်မည်ဖြစ်ပြီး၊ မြေကြီးပေါ် ရှိ တိုင်းနိုင်ငံအားလုံး အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲလိမ့်မည်။ ခင်ပွန်းနှင့် ဇနီးသည်တို့အကြား ပြန်လည်ပေါင်းစည်းသည့် နေ့ရက်များ ကုန်ဆုံးလိမ့်မည်၊ အမိနှင့်သားတို့ တစ်ဖန်ပြန်တွေ့တော့မည်မဟုတ်၊ အဖနှင့်သမီးတို့ မည်သည့်အခါမျှ တစ်ဖန်ပြန်ဆုံတော့မည် မဟုတ်ပေ။ မြေကြီးပေါ်ရှိဖူးသော အရာအားလုံးကို ငါ ချေမှုန်းမည်။ ငါသည် ခံစားချက် မရှိသည့်အတွက်၊ လူများကို ၎င်းတို့၏ ခံစားချက်များအား ထုတ်လွှတ်ခွင့် ငါမပေးသကဲ့သို့၊ လွန်ကဲသောအတိုင်းအတာ တစ်ခုအထိ လူတို့၏ စိတ်ခံစားချက်များကို ငါ တိုး၍ မုန်းတီးမိပြီဖြစ်သည်။ ငါသည် ဘေးဖယ်ခံခဲ့ရကာ ထိုသို့ဖြင့် ၎င်းတို့၏အမြင်ထဲတွင် ငါသည် "အခြားသူ" ဖြစ်သွားခဲ့သည်မှာ လူသားတို့အကြားက ခံစားချက်များကြောင့် ဖြစ်သည်။ ငါ့သည် မေ့လျော့ခြင်းခံရပြီးဖြစ်သည်မှာ လူသားတို့အကြားရှိ ခံစားချက်များကြောင့် ဖြစ်သည်။ သူ၏ "အသိစိတ်"ကို ရယူရန် အခွင့်ကောင်းကို မလွှတ်တမ်းအသုံးချသည်မှာ လူသား၏ ခံစားချက်များကြောင့် ဖြစ်သည်။ သူသည် ငါ၏ပြစ်တင်ဆုံးမမှုကို အစဉ်ငြီးငွေ့သည်မှာ လူသား၏ ခံစားချက်များကြောင့် ဖြစ်သည်။ ငါ့ကို မျှတမှုမရှိသကဲ့သို့ မတရားဟု ဆိုကာ ငါ၏အမှုအရာများကို ကိုင်တွယ်ရာတွင် လူသား၏ ခံစားချက်များကို ငါ အလေးဂရုမပြုဟု သူဆိုသည်မှာ လူသား၏ ခံစားချက်များကြောင့် ဖြစ်ပေသည်။ ငါသည် မြေကြီးပေါ်တွင် ဆွေမျိုးသားချင်းများလည်း ရှိပါသလော။ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံးအတွက်၊ အစားအစာ သို့မဟုတ် အိပ်စက်ခြင်းကို မစဉ်းစားဘဲ နေ့ရောညပါ ငါကဲ့သို့ မည်သူ အလုပ်လုပ်ဖူးသနည်း။

လူသားသည် ဘုရားသခင်နှင့် အဘယ်သို့ နှိုင်းယှဉ်၍ရနိုင်မည်နည်း။ လူသားသည် ဘုရားသခင်နှင့် အဘယ်သို့ သဟဇာတ ဖြစ်နိုင်မည်နည်း။ ဖန်ဆင်းသော ဘုရားသခင်သည် ဖန်ဆင်းခံရသော လူသားနှင့် အဘယ်သို့ အမျိုးအစား တူနိုင်မည်နည်း။ ငါသည် မြေကြီးပေါ်တွင် လူသားနှင့်အတူတကွ မည်သို့ အစဉ်နေပြီး ဆောင်ရွက်နိုင်မည်နည်း။ ငါ၏ စိတ်နှလုံးအတွက် အဘယ်သူ ပူပန်နိုင်သနည်း။ လူသား၏ ဆုတောင်းချက်များလော။ တစ်ချိန်က ငါသည် လူသားနှင့်ပူးပေါင်းကာ သူနှင့်အတူ လျှောက်လှမ်းရန် သဘောတူခဲ့သည်- ဟုတ်ပေသည်၊ ယနေ့တိုင် လူသားသည် ငါ၏စောင့်ရှောက်မှုနှင့် ကွယ်ကာမှုအောက်တွင် အသက်ရှင်ပြီးဖြစ်သည်၊ သို့သော် လူသားသည် ငါ၏စောင့်ရှောက်မှုမှ မိမိကိုယ်ကိုယ် ခွဲထွက်နိုင်မည့်နေ့ ရောက်လာလိမ့်ဦးမည်လော။ လူသားသည် ငါ၏ စိတ်နှလုံးအတွက် ပူပန်မှုဖြင့် မိမိကိုယ်ကိုယ် မည်သည့်အခါတွင်မျှ ဝန်မလေးစေဖူးသော်လည်း၊ မည်သူသည် အလင်းမရှိဘဲ နယ်မြေတစ်ခုတွင် အသက်ရှင်မြဲ ရှင်နိုင်မည်နည်း။ လူသားသည် ယနေ့ထိတိုင် အသက်ရှင်ပြီး ဖြစ်သည်မှာ ငါ၏ ကောင်းကြီးမင်္ဂလာများကြောင့်သာ ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၄ ရက်

# အခန်း ၂၉

အရာခပ်သိမ်း ပြန်လည်ထမြောက်သည့်နေ့တွင် ငါသည် လူသားတို့အကြားလာ၍၊ သူနှင့်အတူ နှစ်သက်ပျော်ရွှင်ဖွယ် နေ့ညများကို ငါ ကုန်လွန်စေခဲ့ပြီ ဖြစ်သည်။ ဤအခိုက်အတန့်မှသာ လူသားသည် ငါ၏ ချဉ်းကပ်၍ရနိုင်ခြင်းကို အနည်းငယ် သတိပြုမိပြီး သူနှင့်ငါ မကြာခဏ အပြန်အလှန် ပိုမိုပေါင်းသင်းဆက်ဆံလာသည်နှင့်အမျှ၊ သူသည် ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်းအချို့ကို မြင်လျက်၊ ရလဒ်အနေဖြင့် သူသည် ငါ့အကြောင်း အသိပညာတချို့ ရရှိ၏။ လူတို့အားလုံးအကြား၊ ငါသည် ငါ၏ဦးခေါင်းကိုမော့၍ ကြည့်ပြီး၊ သူတို့အားလုံး ငါ့ကိုမြင်၏။ သို့ရာတွင် ကမ္ဘာမြေကြီးပေါ်သို့ ဘေးအန္တရာယ် ကျရောက်သည့်အခါ၊ သူတို့သည် ချက်ချင်းပင် စိုးရိမ်ကြောင့်ကြလာ၍၊ ငါ၏ပုံရိပ်သည် သူတို့၏နှလုံးသားများမှ ပျောက်ကွယ်သွား၏။ ဘေးအန္တရာယ် ရောက်ရှိလာမှုကြောင့် ကြောက်စိတ်မွှန်လျက်၊ သူတို့သည် ငါ၏တိုက်တွန်းချက်များကို ဂရုမစိုက်ပေ။ ငါသည် လူသားတို့အကြား နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သော်လည်း၊ သူသည် အမြဲပင် သတိမမူမိဘဲ ရှိနေခဲ့ပြီး ငါ့ကို မည်သည့်အခါမျှ မသိခဲ့ဖူးပေ။ ယနေ့ ငါကိုယ်တိုင်၏နှုတ်ဖြင့် ဤအရာကို သူ့အား ငါပြောပြီး၊ လူတို့အားလုံးကို

ငါ့ထံမှ တစ်စုံတစ်ခု ရရှိရန် ငါ့ရှေ့မှောက်သို့ လာစေသော်လည်း၊ သူတို့သည် ငါနှင့်ဝေးရာတွင် နေလျက်ရှိသေးသဖြင့် ငါ့ကို မသိကြပေ။ စကြဝဠာအနှံ့နှင့် ကမ္ဘာမြေစွန်းများသို့ ငါ၏ခြေလှမ်းများ နင်းလျှောက်သည့်အခါ၊ လူသားသည် သူ့ကိုယ်သူ စတင်၍ ဆင်ခြင်မည်ဖြစ်ကာ၊ လူတို့အားလုံးသည် ငါ့ထံသို့လာ၍ ငါ့ရှေ့တွင် ပျပ်ဝပ်လျက် ငါ့ကို ဝတ်ပြုကြလိမ့်မည်။ ဤသည်မှာ ငါ၏ဘုန်းတော် ထင်ရှားသည့်နေ့၊ ငါတစ်ဖန် ပြန်လာသောနေ့ဖြစ်ပြီး ငါထွက်ခွာသည့်နေ့လည်း ဖြစ်လိမ့်မည်။ ယခုတွင်မူ ငါသည် လူသားမျိုးနွယ်ခပ်သိမ်းအကြား ငါ၏အမှုကို စတင်ပြီးဖြစ်သည်၊ စကြဝဠာတစ်ခွင်လုံး၌ ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ ဇာတ်သိမ်းပိုင်းကို တရားဝင် စတင်ပြီးဖြစ်သည်။ ယခုအချိန်မှစ၍ သတိမထားမိသူ မည်သူမဆို ကရုဏာကင်းမဲ့သော မည်သူမဆို ကရုဏာကင်းမဲ့သော ပြစ်တင်ဆုံးမမှုအကြား ကျရောက်စေခြင်း ခံရဖွယ်ရှိပြီး ဤသည်မှာ မည်သည့်အချိန်၌မဆို ဖြစ်လာနိုင်ဖွယ်ရှိ၏။ ဤသည်မှာ ငါသည် သနားကြင်နာမှု ကင်းမဲ့၍မဟုတ်ပေ။ ထို့ထက် ယင်းက ငါ့စီမံခန့်ခွဲမှုအစီအစဉ်၏ အဆင့်တစ်ဆင့် ဖြစ်၏။ အရာခပ်သိမ်းသည် ငါ့အစီအစဉ်၏ အဆင့်များအတိုင်း ရှေ့ဆက်ရမည်ဖြစ်ကာ၊ မည်သူကမျှ ဤအရာကို မပြောင်းလဲနိုင်ပါ။ ငါသည် ငါ၏အမှုကို တရားဝင်စတင်သည့်အခါ လူတို့အားလုံးသည် ငါလှုပ်ရှားသည်အတိုင်း လှုပ်ရှားသဖြင့်၊ စကြဝဠာတစ်လျှောက်လုံးရှိ လူတို့သည် ငါနှင့်ထပ်တူ ခြေလှမ်းလှမ်းရာ၌ အချိန်ကုန်လွန်ကြသည်အထိ ဖြစ်၏၊ စကြဝဠာ တစ်လျှောက်လုံး၌ "ကြီးစွာဝမ်းမြောက်ခြင်း" ရှိကာ၊ လူသားသည် ရှေ့သို့တက်လှမ်းရန် ငါ၏ စေ့ဆော်ခြင်းကို ခံရ၏။ အကျိုးသက်ရောက်မှု အနေဖြင့်၊ အဆင်းနီသောနဂါးကြီး ကိုယ်တိုင်သည် ငါ့အားဖြင့် သွေးရူးသွေးတန်း ဖြစ်ကာ စိတ်မှန်ထူသွား၍၊ ၎င်းသည် ငါ၏အမှုကို အစေခံကာ၊ ဆန္ဒမရှိလင့်ကစား၊ ၎င်း၏ ကိုယ်ပိုင်ဆန္ဒများ နောက်သို့ မလိုက်နိုင်ဘဲ၊ ငါ၏ထိန်းချုပ်မှုကို နာခံရန်မှလွဲ၍ အခြားရွေးချယ်စရာ ဘာမျှမရှိတော့ပေ။ ငါ၏အစီအစဉ်အားလုံးတွင်၊ အဆင်းနီသော နဂါးကြီးသည် ငါ၏အဖြည့်ခံ၊ ငါ၏ရန်သူနှင့် ငါ၏အစေခံကျွန်လည်း ဖြစ်၏။ သို့ဖြစ်၍ ငါသည် ၎င်းအပေါ် ငါ၏ "သတ်မှတ်ချက်များ" ကို မည်သည့်အခါမျှ လျှော့ပေးခြင်း မရှိပေ။ ထို့ကြောင့် ငါ၏ လူ့ဇာတိခံယူခြင်းအမှု၏ နောက်ဆုံးအဆင့်သည် ၎င်း၏အိမ်ထောင်စု အတွင်းတွင် အပြီးသတ်ခဲ့၏။ ဤနည်းအားဖြင့် အဆင်းနီသောနဂါးကြီးသည် ငါ့အတွက် ကောင်းမွန်စွာ အစေခံခြင်းကို သာ၍ လုပ်ဆောင်နိုင်ကာ၊ ဤသို့အားဖြင့် ငါသည် သူ့အားသိမ်းပိုက်၍ ငါ၏အစီအစဉ်ကို အဆုံးသတ်မည်။ ငါသည် အမှုဆောင်စဉ် ကောင်းကင်တမန် အားလုံးသည် ငါနှင့်အတူ အဆုံးအဖြတ်ပေးသည့် တိုက်ပွဲကို စတင် လုပ်ဆောင်၍ နောက်ဆုံးအဆင့်တွင် ငါ၏ဆန္ဒများကို ဖြည့်ဆည်းရန် ဆုံးဖြတ်၏၊ သို့မှသာ ကမ္ဘာမြေကြီးပေါ် ရှိလူတို့

ငါ့ရှေ့မှောက်တွင် ကောင်းကင်တမန်တို့ကဲ့သို့ အရှုံးပေးပြီး ငါ့ကို ဆန့်ကျင်လိုသည့်ဆန္ဒ မရှိသည့်အပြင်၊ ငါ့ကို ပုန်ကန်သည့်အရာ တစ်ခုမျှမလုပ်ဘဲ နေမည်ဖြစ်သည်။ ဤသည်တို့မှာ စကြဝဠာတစ်ခွင်လုံး၌ ငါ့အမှု၏ ရွေ့လျားနေသော အင်အားများ ဖြစ်ကြ၏။

လူသားတို့ကြား ငါရောက်လာခြင်း၏ ရည်ရွယ်ချက်နှင့် အရေးပါမှုတို့မှာ လူသားမျိုးနွယ်ကို ကယ်တင်ရန်၊ လူသားမျိုးနွယ် အားလုံးကို ငါ၏အိမ်ထောင်စုသို့ ပြန်လည် ခေါ်ဆောင်လာရန်၊ ကောင်းကင်နှင့်မြေကြီးကို ပြန်လည် ပေါင်းစပ်ပေးရန်နှင့် ကောင်းကင်နှင့်မြေကြီးအကြား "အချက်ပြချက်များ" ကို လူသားမှ ပေးပို့စေရန် ဖြစ်သည်၊ အကြောင်းမှာ လူသား၏ ရှိရင်းစွဲ အလုပ်တာဝန်ပင် ဖြစ်သည်။ လူသားမျိုးနွယ်ကို ငါဖန်ဆင်းခဲ့သည့်အချိန်၌ လူသားမျိုးနွယ်အတွက် အရာခပ်သိမ်းကို အဆင်သင့်ရှိရန် ငါလုပ်ဆောင်ခဲ့ပြီးဖြစ်ကာ၊ ထို့နောက်တွင် ငါ၏သတ်မှတ်ချက်များအတိုင်း သူ့ကိုငါပေးခဲ့သည့် ကြွယ်ဝချမ်းသာမှုများကို လူသားမျိုးနွယ်အား လက်ခံခွင့်ကို ငါပေး၏။ ထို့ကြောင့် လူသားမျိုးနွယ်အားလုံးက ယနေ့ကို ရောက်ရှိလာခဲ့သည်မှာ ငါ၏လမ်းပြမှုအောက်၌ ဖြစ်သည်ဟု ငါဆို၏။ ထို့ပြင် ဤသည်မှာ ငါ၏အစီအစဉ်ချည်းသာဖြစ်၏။ လူသားမျိုးနွယ်အားလုံးအကြား၌၊ မရေမတွက် နိုင်သော လူများစွာတို့သည် ငါ့ချစ်ခြင်းမေတ္တာ၏ ကွယ်ကာမှုအောက်တွင် တည်ရှိကြကာ၊ မရေမတွက်နိုင်သော လူတို့သည် ငါ၏မုန်းတီးမှု၏ ပြစ်တင်ဆုံးမမှုအောက်တွင် နေကြ၏။ လူတို့အားလုံး ငါ့ထံ ဆုတောင်းကြသော်လည်း၊ သူတို့သည် သူတို့၏လက်ရှိအခြေအနေများကို ပြောင်းလဲနိုင်စွမ်း မရှိကြသေးပေ။ သူတို့သည် မျှော်လင့်ချက် ဆုံးရှုံးသွားသည်နှင့် သည်အတိုင်းခွင့်ပြုရန်သာ တတ်နိုင်ပြီး ငါ့အား မနာခံခြင်းကို ရပ်စဲလိုက်ရ၏၊ အကြောင်းမှာ ဤသည်မှာ လူသား လုပ်ဆောင်နိုင်သမျှ အားလုံးပင် ဖြစ်လေသည်။ လူသား၏ဘဝ အခြေအနေနှင့် ပတ်သက်၍မူ၊ လူသားသည် စစ်မှန်သောဘဝကို ရှာမတွေ့သေးပေ၊ သူသည် ကမ္ဘာမြေကြီး၏ မတရားမှု၊ အနိဋ္ဌာရုံမြင်ကွင်းနှင့် စိတ်မချမ်းမြေ့ဖွယ်ရာ အခြေအနေများကို မရိပ်စားမိသေးပေ— ထို့ကြောင့် ဘေးအန္တရာယ် ကျရောက်ခြင်းသာ မရှိခဲ့လျှင်၊ လူအများစုက အမိသဘာဝတရားကို လက်ခံယုံကြည်နေကြဦးမည် ဖြစ်ကာ၊ "ဘဝ" ၏ အရသာများတွင် မိမိကိုယ်ကိုယ် အာရုံနစ်မြုပ်နေကြဦးမည် ဖြစ်သည်။ ဤသည်မှာ ကမ္ဘာကြီး၏ လက်တွေ့အရှိတရား မဟုတ်ပေလော။ ဤသည်မှာ လူသားထံ ငါထုတ်ပြောသည့် ကယ်တင်ခြင်း၏အသံ မဟုတ်ပေလော။ လူသားမျိုးနွယ် အကြား၌ မည်သူမျှ ငါ့ကို စစ်မှန်စွာ မချစ်ခဲ့သည်မှာ အဘယ်ကြောင့်နည်း။ လူသားသည် ပြစ်တင်ဆုံးမမှုနှင့် စစ်ဆေးမှုတို့ အလယ်၌သာ ငါ့ကိုချစ်သော်လည်း၊ ငါ၏ကွယ်ကာမှုအောက်၌ရှိစဉ်တွင် မည်သူမျှ ငါ့ကို မချစ်သည်မှာ အဘယ်ကြောင့်နည်း။ ငါသည် လူသားမျိုးနွယ်အပေါ် ကြိမ်ဖန်များစွာ

ငါ၏ပြစ်တင်ဆုံးမမှုကို ပေးပြီးခဲ့ပြီဖြစ်သည်။ သူတို့သည် ၎င်းကိုကြည့်သော်လည်း၊ လျစ်လျူရှုလိုက်ပြီး ယခုအချိန်တွင် ၎င်းကို လေ့လာခြင်းနှင့် စဉ်းစားဆင်ခြင်ခြင်း မပြုလုပ်ကြသောကြောင့်၊ လူသားအပေါ် ကျရောက်သည့် အရာအားလုံးသည် ကရုဏာကင်းမဲ့သည့် တရားစီရင်ခြင်းသာ ဖြစ်၏။ ဤသည်မှာ ငါ၏ အမှုပြုခြင်း နည်းလမ်းများအနက် တစ်ရပ်သာ ဖြစ်သော်လည်း၊ ယင်းက လူသားကို ပြောင်းလဲစေရန်နှင့် ငါ့အား ချစ်စေရန်အတွက် ဖြစ်၏။

ငါသည် နိုင်ငံတော်ထဲတွင် အုပ်စိုးသည်သာမက၊ စကြဝဠာ တစ်ခွင်လုံးတွင်လည်း ငါအုပ်စိုး၏။ ငါသည် နိုင်ငံတော်၏ ရှင်ဘုရင်ရော စကြဝဠာ၏အကြီးအကဲပါ ဖြစ်၏။ ဤအချိန်မှစ၍ ငါသည် ရွေးချယ်ခြင်း မခံရသောသူ အားလုံးကို စုဝေးစေ၍ ငါ၏အမှုကို တစ်ပါးအမျိုးသားများ ကြားတွင် အစပြုမည် ဖြစ်ပြီး ငါ့အမှု၏ နောက်အဆင့်ကို အောင်မြင်စွာ စတင်နိုင်ရန်အတွက် ငါသည် စကြဝဠာတစ်ခွင်လုံးသို့ ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို ကြေညာမည်။ ငါသည် တစ်ပါးအမျိုးသားများကြား၌ ငါ့အမှုကို ပျံ့နှံ့စေရန် ပြစ်တင်ဆုံးမခြင်းကို အသုံးပြုမည်၊ ဆိုလိုသည်မှာ ငါသည် တစ်ပါးအမျိုးသားများ အားလုံးအပေါ် အင်အားသုံးမည်။ ပင်ကိုအားဖြင့် ဤအမှုကို ရွေးကောက်ခံရသူတို့ ကြားက ငါ့အမှုကဲ့သို့ တစ်ချိန်တည်းတွင် လုပ်ဆောင်မည်။ ငါ၏လူတို့သည် ကမ္ဘာမြေကြီးပေါ်၌ အုပ်စိုး၍ အာဏာစွဲကိုင်သည့်အခါ၊ ယင်းမှာ ကမ္ဘာမြေကြီးပေါ် ရှိ လူတို့အားလုံး သိမ်းပိုက်ခံရသည့်အချိန် ဖြစ်သည်သာမက၊ ယင်းက ငါအနားယူသည့်အချိန်လည်း ဖြစ်လိမ့်မည်— ထို့နောက်မှသာ ငါသည် သိမ်းပိုက်ခံရသူတို့ထံ ပေါ်ထွန်းလာမည်။ ငါသည် သန့်ရှင်းသော နိုင်ငံတော်သို့ ပေါ်ထွန်းလာပြီး ညစ်ညူးသောနိုင်ငံမှ ငါ့ကိုယ်ငါ ကွယ်ဝှက်ထား၏။ သိမ်းပိုက်ခံရသူအားလုံးနှင့် ငါ့ရှေ့မှောက်တွင် နာခံလာသောသူ အားလုံးတို့သည် ငါ၏မျက်နှာကို သူတို့ကိုယ်တိုင်၏ မျက်လုံးများဖြင့် မြင်နိုင်ကြကာ ငါ၏အသံကို သူတို့ကိုယ်တိုင်၏ နားများဖြင့် ကြားနိုင်ကြ၏။ ဤသည်မှာ နောက်ဆုံးသောကာလအတွင်း မွေးဖွားသူများ၏ ကောင်းချီးမင်္ဂလာ ဖြစ်၏၊ ဤသည်မှာ ငါမှ ကြိုတင်ပြဋ္ဌာန်းထားသော ကောင်းချီးမင်္ဂလာ ဖြစ်ပြီး ဤသည်ကို မည်သည့်လူသားကမျှ ပြောင်းလဲ၍ မရပေ။ ယနေ့ခေတ်တွင် ငါသည် အနာဂတ်၏ အမှုအတွက်အလို့ငှာ ဤနည်းအားဖြင့် အလုပ်လုပ်၏။ ငါ၏အမှုအားလုံးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်လျက်ရှိ၍၊ ဤအရာအားလုံးတွင် ခေါ်ဆိုချက်နှင့် တုံ့ပြန်ချက်တစ်ခု ရှိ၏- မည်သည့်အဆင့်မျှမဆို ရုတ်တရက် ရပ်တန့်သွားခြင်း လုံးဝ မရှိသည့်အပြင် မည်သည့်အဆင့်ကိုမျှ အခြားအဆင့်မှ သီးခြား အကောင်အထည်ဖော်ခြင်း လုံးဝမရှိပေ။

ဤသည်မှာ မမှန်ကန်သလော။ အတိတ်ကအမှုသည် ယနေ့အမှု၏ အခြေခံအုတ်မြစ် မဟုတ်ပေသလော။ အတိတ်က နှုတ်ကပတ်တော်များသည် ယနေ့ နှုတ်ကပတ်တော်များ၏ ရှေ့ပြေး မဟုတ်ပေသလော။ အတိတ်က ခြေလှမ်းများသည် ယနေ့ခြေလှမ်းများ၏ အစပြုရာ မဟုတ်သလော။ ငါသည် စာစောင်ကို တရားဝင် ဖွင့်လိုက်သည့်အခါ၊ ယင်းသည် စကြဝဠာတစ်ခွင်လုံးရှိ လူတို့ ပြစ်တင်ဆုံးမခြင်း ခံရသည့်အချိန်၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ လူတို့ စမ်းသပ်မှုများခံရသည့် အချိန်ဖြစ်ပြီး ငါ့အမှု၏ အထွတ်အထိပ်ပင် ဖြစ်သည်။ လူတို့အားလုံးသည် အလင်းမဲ့နိုင်ငံ၌ နေကြပြီး လူတို့အားလုံးသည် သူတို့ပတ်ဝန်းကျင်က ဖြစ်ပေါ်စေသည့် ခြိမ်းခြောက်မှုများ ကြား၌ နေကြ၏။ တစ်နည်းအားဖြင့်ဆိုလျှင် ယင်းမှာ လူသားအနေဖြင့် ဖန်ဆင်းခြင်းခေတ်မှ မျက်မှောက်နေ့ရက်အထိ မည်သည့်အခါမျှ မတွေ့ကြုံခဲ့ဖူးသည့် ဘဝဖြစ်ပြီး ခေတ်ကာလများတစ်လျှောက် မည်သူကမျှ ဤသို့သောဘဝမျိုးကို "မခံစား" ခဲ့ဖူးပါချေ၊ ထို့ကြောင့် ယခင်က တစ်ခါမျှ မလုပ်ဆောင်ခဲ့ဖူးသော အမှုကို ငါလုပ်ဆောင်ပြီးပြီဟု ငါပြော၏။ ဤသည်မှာ အခြေအနေအမှန်ဖြစ်ပြီး၊ ဤသည်မှာ အတွင်းကျကျအဓိပ္ပာယ် ဖြစ်၏။ ငါ၏နေ့ရက်သည် လူသားမျိုးနွယ်နှင့် နီးကပ်လာသောကြောင့်၊ ယင်းက ဝေးကွာပုံမရဘဲ လူသား၏ မျက်စိရှေ့တည့်တည့်တွင် ရှိသည်ဖြစ်၍ ရလဒ်အနေဖြင့် မည်သူသည် မကြောက်ရွံ့ဘဲ နေနိုင်မည်နည်း။ မည်သူသည် ဤသည်ကို ဝမ်းသာကြည်နူးခြင်း မရှိဘဲ နေနိုင်မည်နည်း။ ညစ်ညူးသော ဗာဗုလုန်မြို့သည် အဆုံးတွင် ၎င်း၏နိဂုံးသို့ ရောက်လာခဲ့၏။ လူသားသည် အသစ်စက်စက် ကမ္ဘာနှင့် နောက်တစ်ဖန် တွေ့ပြီးဖြစ်ကာ ကောင်းကင်နှင့် မြေကြီးသည် ပြောင်းလဲ၍ အသစ်ပြုလုပ်ထားပြီး ဖြစ်၏။

ငါသည် တိုင်းနိုင်ငံများအားလုံးနှင့် လူမျိုးအပေါင်းထံသို့ ပေါ်ထွန်းလာသည့်အခါ၊ ကောင်းကင်တွင် တိမ်ဖြူများ အလိပ်လိပ်ထ၍ ငါ့ကို လွှမ်းခြုံထား၏။ ထိုနည်းတူပင် ကမ္ဘာမြေကြီးပေါ် ရှိ ငှက်များသည် ကမ္ဘာမြေကြီးပေါ်က ဝန်းကျင်အခြေအနေကို မီးမောင်းထိုးပြခြင်းဖြင့် ဝမ်းမြောက်လျက် ငါ့အား တေးဆိုကပြကြ၏၊ ထို့ကြောင့် ကမ္ဘာမြေကြီးပေါ် ရှိ အရာခပ်သိမ်းကို အသက်ဝင်လာစေလျက် "အောက်သို့ ဖြည်းဖြည်းချင်း အနည်ထိုင်" မနေတော့ဘဲ၊ တက်ကြွသည့် အခြေအနေထဲ၌သာ အသက်ရှင်ကြ၏။ ငါသည် တိမ်များကြားတွင် ရှိနေသည့်အခါ၊ လူသားသည် ငါ၏မျက်နှာနှင့် ငါ၏မျက်လုံးများကို ရေးရေးမျှသာ မြင်ကြပြီး၊ ဤအချိန်တွင် သူသည် အနည်းငယ် ကြောက်ရွံ့၏။ အတိတ်တွင် သူသည် ဒဏ္ဍာရီများထဲ၌ ငါ့အကြောင်း သမိုင်းမှတ်တမ်းများကို ကြားခဲ့ဖူးကာ၊ ရလဒ်အနေဖြင့် သူသည် ငါ့အပေါ် ယုံတစ်ဝက်၊ မယုံတစ်ဝက်သာ ဖြစ်နေ၏။ ငါမည်သည့်နေရာတွင် ရှိသည်

သို့မဟုတ် ငါ၏မျက်နှာ မည်မျှကြီးမားသည်ကိုပင် သူမသိ— ယင်းက ပင်လယ်တမျှ ကျယ်ဝန်းသလော သို့တည်းမဟုတ် စိမ်းလန်းသော ကျက်စားရာများကဲ့သို့ အကန့်အသတ် မဲ့သလော။ ဤအရာများကို မည်သူမျှ မသိပေ။ လူသားသည် ငါ၏မျက်နှာကို ယနေ့ တိမ်တိုက်ထဲ၌ မြင်သည့်အခါမှသာ ဒဏ္ဍာရီထဲမှ ငါသည် အမှန်တကယ် ရှိသည်ဟု ခံစားရသဖြင့် သူသည် ငါ့အပေါ် အနည်းငယ်ပို၍ အကောင်းမြင်လာကြပြီး ငါ၏ လုပ်ဆောင်ချက်များကြောင့်သာ ငါ့အပေါ် သူ၏ မြတ်နိုးလေးစားမှုမှာ အနည်းငယ် ပို၍ ကြီးမားလာ၏။ သို့သော် လူသားသည် ငါ့ကို မသိသေးဘဲ၊ တိမ်တိုက်ထဲတွင် ငါ၏တစ်စိတ်တစ်ပိုင်းကိုသာ မြင်၏။ ထို့နောက်တွင် ငါသည် ငါ၏လက်များကို ဆန့်တန်းလျက် လူသားကို ပြ၏။ လူသားသည် အံ့ဩကာ သူ၏ပါးစပ်ကို လက်များဖြင့် အုပ်ထားလျက်၊ ငါ့လက်ဖြင့် အရိုက်ခံရမည်ကို အလွန်အမင်းကြောက်ရွံ့သဖြင့် သူ၏မြတ်နိုးလေးစားမှုတွင် ကြောက်ရွံ့ရိုသေမှု အနည်းငယ် ထပ်ဖြည့်၏။ သူဂရုမပြုသည့်အခါ၊ ငါ၏ရိုက်နှက်ခြင်း ခံရမည်ကို အလွန်အမင်း ကြောက်ရွံ့သဖြင့် လူသားသည် ငါ၏လှုပ်ရှားမှုတိုင်းကို မျက်ခြေမပြတ် စောင့်ကြည့်၏— သို့ရာတွင် လူသား၏ စောင့်ကြည့်ခံရခြင်းကြောင့် ငါသည် ကန့်သတ်ချုပ်ချယ်ခြင်း မခံရဘဲ ငါသည် ငါ့လက်များဖြင့် အမှုကို ဆက်လက် ဆောင်ရွက်၏။ ငါ၏ လုပ်ဆောင်ချက်များ အားလုံး၌သာ လူသားသည် ငါ့ကို အနည်းငယ် မျက်နှာသာ ပေးကာ၊ သို့ဖြစ်၍ ငါနှင့်ပေါင်းသင်းဆက်ဆံရန် ငါ့ရှေ့မှောက်သို့ တဖြည်းဖြည်း ရောက်လာကြ၏။ လူသားအား ငါ၏အလုံးစုံကို ထုတ်ဖော်သည့်အခါ၊ လူသားသည် ငါ၏မျက်နှာကိုမြင်ပြီး၊ ထိုအချိန်မှစ၍ ငါသည် လူသားထံမှ ငါ့ကိုယ်ငါ ကွယ်ဝှက်ခြင်း သို့မဟုတ် ဖုံးကာခြင်း ပြုတော့မည် မဟုတ်ပေ။ စကြဝဠာတစ်ခွင်လုံးတွင် ငါသည် လူတို့အားလုံးထံ လူသိရှင်ကြား ပေါ်ထွန်းလာမည်ဖြစ်၍၊ အသွေးအသားနှင့် လူအားလုံးသည် ငါ၏လုပ်ဆောင်ချက်များ အားလုံးကို မြင်ကြလိမ့်မည်။ ဝိညာဉ်ပကတိ ဖြစ်သောသူအားလုံးသည် ငါ၏အိမ်ထောင်စုတွင် ငြိမ်းချမ်းစွာ မုချနေထိုင်ပြီး ငါနှင့်အတူ အံ့ဩဖွယ် ကောင်းချီးမင်္ဂလာများကို အသေအချာ ခံစားရလိမ့်မည်။ ငါအလွန်ချစ်ခင်သူ အားလုံးသည် ပြစ်တင်ဆုံးမခြင်းမှ ကင်းလွတ်မည်မှာ သေချာပြီး စိတ်ဝိညာဉ်၏ နာကျင်မှုနှင့် ဇာတိအသွေးအသား၏ ဝေဒနာတို့ကို မလွဲကေန် ရှောင်ရှားမည် ဖြစ်သည်။ ငါသည် လူမျိုးများအားလုံးထံ လူသိရှင်ကြား ပေါ်ထွန်းလာပြီး အုပ်စိုးကာ အာဏာစွဲကိုင်လိမ့်မည်၊ သို့မှသာ အလောင်းကောင်များ၏ အပုပ်နံ့က စကြဝဠာကို ပျံ့နှံ့မသွားမည်ဖြစ်သည်။ ထို့အစား ငါ၏ လတ်ဆတ်သော မွှေးရနံ့သည် ကမ္ဘာတစ်ဝှမ်းလုံးသို့ ပျံ့နှံ့သွားလိမ့်မည်။ ငါ၏နေ့ရက်သည် နီးလာနေပြီဖြစ်သောကြောင့်၊ လူသားသည် နိုးထလာ၏၊ ကမ္ဘာမြေကြီးပေါ် ရှိ အရာခပ်သိမ်းတို့သည် စနစ်တကျရှိလျက်ရှိပြီး၊ ကမ္ဘာမြေကြီး၏

ဆက်လက်ရှင်သန်ခြင်း နေ့ရက်များ ရှိတော့မည် မဟုတ်၊ ငါရောက်လာပြီ ဖြစ်သောကြောင့်တည်း။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၆ ရက်

# အခန်း ၃၀

လူသားအလယ်တွင်၊ ငါသည် လူသား၏ မနာခံမှုနှင့် အားနည်းချက်များကို တစ်ချိန်က အကျဉ်းချုပ်ခဲ့ပြီး ဤအကြောင်းကြောင့် လူသား အားနည်းချက်ကို ငါနားလည်ခဲ့သကဲ့သို့ သူ၏မနာခံမှုကို သိရှိခဲ့သည်။ လူသားအလယ် မရောက်ရှိမီတွင်၊ ငါသည် လူသား၏ ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်းများကို အချိန်ကြာမြင့်စွာကတည်းက နားလည်လာခဲ့ပြီးဖြစ်သည်- ဤအရာကြောင့်၊ လူမလုပ်နိုင်သောအရာကို ငါလုပ်နိုင်စွမ်းရှိပြီး မပြောနိုင်သောအရာကို ပြောနိုင်စွမ်းရှိကာ၊ ထိုသို့ အလွယ်အကူ ငါ လုပ်ဆောင်သည်။ ဤသည်မှာ ငါနှင့် လူကြားက ကွာခြားမှုမဟုတ်လော။ ဤသည်မှာ ရှင်းလင်းပြတ်သားသည့် ခြားနားချက်တစ်ခု ဖြစ်သည် မဟုတ်လော။ ငါ၏ အမှုကို အသွေးနှင့် အသားရှိသည့် လူတို့က စွမ်းဆောင်ရရှိနိုင်သည်များ ဖြစ်နိုင်မည်လော။ ငါသည် ဖန်ဆင်းခံ သတ္တဝါတို့နှင့် တစ်မျိုးတစ်စားတည်း ဖြစ်သည်မှာ ဖြစ်နိုင်မည်လော။ ငါ့ကို လူတို့က တူညီသည့် အမျိုးအစားအဖြစ် အဆင့်သတ်မှတ်ထားကြပြီး- ဤသည်မှာ ၎င်းတို့သည် ငါ့ကို မသိကြသောကြောင့် ဖြစ်သည်မဟုတ်လော။ လူသားအလယ်တွင် အလွန်မြင့်မားရမည့်အစား အဘယ်ကြောင့် ငါသည် မိမိကိုယ်ကိုယ် နှိမ့်ချရမည်နည်း။ အဘယ်ကြောင့် လူသားမျိုးနွယ်သည် ငါ့ကို ပစ်ပယ်မြဲ ပစ်ပယ်နေကြသနည်း၊ လူသားမျိုးနွယ်သည် အဘယ်ကြောင့် ငါ့နာမကို ကြွေးကြော်နိုင်စွမ်း မရှိရသနည်း။ ငါ၏ စိတ်နှလုံးတွင် ကြီးမားသည့် ဝမ်းနည်းမှုရှိသော်လည်း လူတို့သည် အဘယ်သို့ သိနိုင်ကြမည်နည်း။ ၎င်းတို့က အဘယ်သို့ မြင်နိုင်မည်နည်း။ ၎င်းတို့၏အသက်တာများထဲတွင် ငါနှင့်ပတ်သက်သောအရာကို အဆုံးစွန် အရေးပါမှုရှိသည့် အရာအဖြစ် ဘယ်သောအခါမျှ သဘောမထားခြင်းက လူတို့ကို ခုပင် အိပ်ဆေးသောက်ပြီးကြသည့်အလား တွေဝေပြီး ရှုပ်ထွေးစေပြီးဖြစ်သည်။ ၎င်းတို့ကို ငါ ဟစ်ခေါ်သောအခါ၊ ၎င်းတို့သည် ဆက်လက်အိပ်မက်မက်လျက်သာ ရှိကြပြီး၊ ထို့ကြောင့် အဘယ်သူမျှ ငါ၏လုပ်ဆောင်ချက်များကို မသိဖူးကြပေ။ ယနေ့တွင်၊ လူအများစုသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျကြဆဲဖြစ်သည်။ နိုင်ငံတော်သီချင်း မြည်သောအခါမှသာ၊

၎င်းတို့သည် ၎င်းတို့၏ အိပ်ငိုက်သောမျက်လုံးများ ဖွင့်ကြပြီး ၎င်းတို့ စိတ်နှလုံးများထဲ၌ မှိုင်တွေမှုအနည်းငယ် ခံစားကြရသည်။ လူသားမျိုးနွယ်အလယ် ငါ၏ လုံတံရိုက်ခတ်သောအခါ၊ ၎င်းတို့၏ ကံကြမ္မာသည် ပင်လယ်ထဲက သဲလုံးမျှလောက် တန်ဖိုးမရှိသည့်အလား၊ ၎င်းတို့သည် အာရုံစိုက်မှုအနည်းငယ်မျှသာ ပေးနေကြဆဲဖြစ်သည်။ ၎င်းတို့အများစုသည် သတိပြုမှုအချို့ ရှိကြသော်လည်း- ငါ၏စိတ်နှလုံးကို နားလည်ရန် ၎င်းတို့ ဂရုမိစိုက်ကြသည့်အတွက်- ငါ၏ခြေလှမ်းများက အဘယ်မျှဝေးဝေး လှမ်းလာပြီးဖြစ်သည်ကို ၎င်းတို့ မသိရှိကြသေးပေ၊ ထို့ကြောင့် စာတန်၏ ကျေးကျွန်ဘဝမှ မိမိတို့ကိုယ်ကိုယ် လုံးဝ မလွတ်မြောက်စေနိုင်ကြသေးပေ။ ငါသည် အရာခပ်သိမ်းတို့အထက်တွင် လှုပ်ရှားပြီး၊ အရာခပ်သိမ်းတို့အလယ်တွင် ငါအသက်ရှင်၏၊ တစ်ချိန်တည်းတွင်၊ ခပ်သိမ်းသောလူတို့၏ စိတ်နှလုံးများထဲတွင် အရေးပါသောနေရာကို ငါယူထား၏။ ဤအကြောင်းကြောင့်၊ လူတို့သည် ငါ့ကို သာမန်ထက်လွန်ကဲသောသူ သို့မဟုတ်ပါကနားလည်၍မရနိုင်သောသူဖြစ်သည်ဟု ယုံကြည်ကြရင်း၊ ငါ့အပေါ် ကွဲပြားခြားနားသကဲ့သို့ ကြည့်ကြသည်- အကျိုးဆက်အနေဖြင့် ၎င်းတို့၏ ငါ့ကို ယုံကြည်အားကိုးစားမှုသည် နေ့စဉ် အားကောင်းလာ၏။ ငါသည် စကြဝဠာထဲက ခပ်သိမ်းသော လူတို့နှင့် အမှုအရာတို့ကို စူးစမ်းလေ့လာရင်း တတိယကောင်းကင်၌ တစ်ချိန်က လဲလျောင်းခဲ့သည်။ ငါအိပ်စက်သောအခါ၊ လူတို့သည် ငါ၏ အနားယူခြင်းအား အနှောင့်အယှက်ပေးမိမည်ကို နက်နက်ရှိုင်းရှိုင်း စိုးရွံ့ရင်း ဆိတ်ငြိမ်ကျသွားကြသည်။ ငါနိုးထသောအခါ၊ ငါ့အား အသေအချာ ဝမ်းမြောက်မှု ဆောင်ကြဉ်းသည့် အလုပ်ကို လုပ်ဆောင်နေကြသည့်အလား၊ ၎င်းတို့ ချက်ချင်း တိုး၍ သက်ဝင်လှုပ်ရှားလာကြလေသည်။ ဤသည်မှာ ကမ္ဘာမြေပေါ် ရှိ လူတို့၏ ငါ့အပေါ်ထားသည့် သဘောထားဖြစ်သည် မဟုတ်လော။ ယနေ့၏ လူတို့အလယ်တွင် အဘယ်သူသည် ကောင်းကင်နှင့် မြေကြီးပေါ် ရှိ ငါ့ကို တစ်ဦးတည်းအဖြစ် မြင်သနည်း။ အဘယ်သူသည် ကောင်းကင်ဘုံရှိငါ့ကို အထွတ်အမြတ်မထားဘဲနေသည်း။ အဘယ်သူသည် မြေကြီးပေါ် ရှိ ငါ့ကို အထင်အမြင်မသေးဘဲနေသနည်း။ လူသည် အဘယ်ကြောင့် ငါ့ကို အစဉ်အမြဲခွဲသနည်း။ အဘယ်ကြောင့် လူသည် ငါ့အပေါ် မတူညီသည့် သဘောထားနှစ်ခု အမြဲရှိသနည်း။ ကမ္ဘာပေါ် ရှိ လူ့ဇာတိခံ ဘုရားသခင်သည် ကောင်းကင်ဘုံရှိ အားလုံးကို အမိန့်ပေးသော ဘုရားသခင်ဖြစ်သည် မဟုတ်လော။ ကောင်းကင်ဘုံရှိ ငါသည် ယခု ကမ္ဘာမြေပေါ်တွင် ရှိသည် မဟုတ်သလော။ လူတို့သည် အဘယ်ကြောင့် ငါ့ကို တွေ့မြင်ကြသော်လည်း မသိကြသနည်း။ အဘယ်ကြောင့် ကောင်းကင်နှင့် မြေကြီးကြားတွင် ထိုသို့သော ကြီးမားသည့်အကွာအဝေး ရှိသနည်း။ ဤအရာတို့ကို လူသားက ပိုမိုနက်ရှိုင်းစွာ ဆန်းစစ်ထိုက်သည် မဟုတ်လော။

ငါ၏အမှုကို ငါလုပ်ဆောင်သည့်အချိန်နှင့် ငါ၏ မိန့်မြွက်ချက်များကို ငါ ပြုလုပ်သည့်အချိန်အတွင်းတွင်၊ လူတို့သည် ၎င်းတို့၏ အနံ့ခံအာရုံမှာ ငါ့ထက် ပိုမိုထက်မြက်သည့်အလား၊ ပြင်းပြသည့်အနံ့ကို ၎င်းတို့ ပိုမိုနှစ်သက်ကြသည့်အလား၊ ပြီးလျှင် လူသားလိုအပ်သောအရာကို ငါ မသိသည့်အလား ယင်းကို "အနံ့အရသာ" ဖြည့်ဖို့ အမြဲ ဆန္ဒရှိကြ၏၊ ဤအကြောင်းကြောင့် ငါ၏အမှုကို "ဖြည့်စွက်ချက်" အနေဖြင့် ငါသည် လူကို "ဒုက္ခပေး" ပေးရပေမည်။ ငါသည် လူတို့၏ အပြုသဘောဆောင်မှုကို တမင်သက်သက် လျော့စေသည်မဟုတ်ဘဲ၊ ငါ့ကိုသိခြင်း၏ အခြေခံအုတ်မြစ်ပေါ် အခြေပြု၍ မိမိတို့ကိုယ်ကိုယ် သန့်စင်စေရန် ၎င်းတို့ကို ငါတောင်းဆိုသည်။ ၎င်းတို့သည် အလွန် ချို့တဲ့လွန်းကြသောကြောင့်၊ ငါ့အား အလိုကို ဖြည့်ဆည်းရန်အလို့ငှာ ၎င်းတို့၏ ချို့တဲ့ခြင်းကို ထေမိရန် ၎င်းတို့ ပိုမိုအားထုတ်မှုပြုဖို့ ငါအကြံပေးသည်။ တစ်ချိန်က၊ လူတို့သည် ၎င်းတို့၏ အယူအဆများဖြင့် ငါ့ကိုသိရှိခဲ့ကြ၏၊ သို့သော် ဤအရာကို ၎င်းတို့ လုံးဝ မသိခဲ့ကြပေ၊ ထို့ကြောင့် ၎င်းတို့၏ ချစ်ခင်မြတ်နိုးမှုသည် သဲကို ရွှေကဲ့သို့ သဘောထားခြင်းနှင့် တူခဲ့ပေသည်။ ငါသည် ၎င်းတို့ကို အသိပေးခဲ့ချိန်တွင်၊ ဤအရာ၏ အစိတ်အပိုင်းကို ၎င်းတို့ ဘေးချိတ်၍သာ ထားခဲ့ကြသည်။ သို့သော်၊ ရွှေ ငွေအရာတို့နှင့်တူ ကုန်ဆုံးသွားသော အစိတ်အပိုင်းကို ပြန်လည်အစားထိုးမည့်အစား၊ ၎င်းတို့၏ လက်များထဲတွင် ကျန်ရှိသည့် အစိတ်အပိုင်းကို ၎င်းတို့ ဆက်လက်မွေ့လျော်ကြ၏- အကျိုးဆက်အနေဖြင့်၊ ငါ၏ရှေ့မှောက်တွင် ၎င်းတို့သည် အမြဲ နှိမ့်ချကြပြီး သည်းခံတတ်ကြသည်။ ၎င်းတို့သည် အယူအဆများစွာ ရှိကြသည့်အတွက်၊ ငါနှင့် သဟဇာတဖြစ်နိုင်စွမ်း မရှိကြချေ။ ထို့ကြောင့် အားလုံးသည် ငါနှင့်အတူ အသက်ရှင်နိုင်ပြီး၊ နောက်ထပ် ငါ့ထံမှ မခွဲခွာတော့စေဖို့အလို့ငှာ၊ ငါသည် လူ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို သိမ်းယူပြီး အဝေးသို့ ပစ်လိုက်ဖို့ရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ လူသည် ငါ့အလိုကို နားမလည်ရသည်မှာ ငါ၏အမှုကြောင့်ဖြစ်သည်။ အချို့က ငါသည် ငါ၏အမှုကို ဒုတိယအကြိမ်မြောက် အဆုံးသတ်ပြီး ၎င်းတို့ကို ငရဲထဲသို့ ပစ်ချမည်ဟု ယုံကြည်ကြသည်။ အချို့က ငါသည် အသစ်သော စကားပြောဆိုနည်းတစ်ခုကို ခံယူလိမ့်မည်ဟု ယုံကြည်ကြပြီး ၎င်းတို့အများစုသည် ကြောက်ရွံ့မှုနှင့်အတူ တုန်လှုပ်ကြသည်။ ၎င်းတို့က ငါသည် ငါ၏အမှု အပြီးသတ်ပြီး ၎င်းတို့ကို သွားစရာမရှိဘဲဖြစ်လျက် ချန်ထားရစ်မည်ကို အလွန်အမင်း ကြောက်ရွံ့ကြပြီး၊ နောက်တစ်ကြိမ် ၎င်းတို့ကို ငါစွန့်ပစ်သွားမည်ကို အကြီးအကျယ် စိုးရွံ့ကြသည်။ လူတို့သည် ငါ၏အမှုသစ်ကို တိုင်းတာဖို့ရန် အယူအဆဟောင်းများကို အမြဲအသုံးပြုကြ၏။ လူတို့သည် ငါ၏အမှုပြုသော နည်းစနစ်ကို လုံးဝ သဘောမပေါက်ခဲ့ကြသေးဟု ငါဆိုခဲ့သည်- ဤတစ်ကြိမ်တွင် ၎င်းတို့သည်

အစွမ်းပြနိုင်ကြမည်လော။ လူတို့၏ အယူအဆဟောင်းများသည် ငါ၏အမှုကို နှောင့်ယှက်သော လက်နက်များ ဖြစ်သည်မဟုတ်လော။ ငါသည် လူတို့ကို စကားပြောသောအခါ၊ ငါ၏အကြည့်ကို ၎င်းတို့ အမြဲရှောင်တတ်ကြပြီး ၎င်းတို့အပေါ် ငါ၏အကြည့်များ သက်ရောက်မည်ကို နက်နက်ရှိုင်းရှိုင်း ကြောက်ရွံ့ကြ၏။ ထို့ကြောင့်၊ ၎င်းတို့သည် ငါ့ထံမှ စစ်ဆေးခြင်းကို လက်ခံနေကြသည့်အလား၊ ၎င်းတို့၏ ဦးခေါင်းများကို အောက်စိုက်ထားကြ၏- ဤသည်မှာ ၎င်းတို့၏ အယူအဆများက ဖြစ်စေသည် မဟုတ်လော။ ယနေ့အထိ ငါသည် မိမိကိုယ်ကိုယ် နှိမ့်ချပြီဖြစ်သော်လည်း အဘယ်သူမျှ အစဉ်သတိမပြုမိသေးသည်မှာ အဘယ်ကြောင့်နည်း။ ငါသည် လူသားအတွက် ပျပ်ဝပ်ရမည်လော။ ငါသည် ကောင်းကင်မှ မြေကြီးသို့ လာခဲ့ပြီး၊ မြင့်သောအရပ်မှ ဆိတ်ကွယ်ရာအရပ်တစ်ခုသို့ ငါဆင်းသက်ခဲ့ကာ၊ လူသားအလယ် လာခဲ့ပြီး ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို သူ့ထံ ထုတ်ဖော်ပြခဲ့၏။ ငါ့နှုတ်ကပတ်တော်များသည် စစ်မှန်ပြီး လေးနက်ကြသည်၊ စိတ်ရှည်ပြီး ကြင်နာမှုရှိသည်- သို့သော် အဘယ်သူသည် ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို မြင်တွေ့ဖူးသနည်း။ ငါသည် လူသားအဖို့ ကွယ်ဝှက်ထားဆဲဖြစ်သလော။ အဘယ်ကြောင့် လူနှင့်တွေ့ဆုံရန် ငါ့အတွက် အလွန်ခက်ခဲရသနည်း။ ယင်းမှာ လူတို့သည် ၎င်းတို့အလုပ်၌ အလွန်မအားမလပ် ဖြစ်ကြသောကြောင့်လော။ ယင်းမှာ ငါသည် ငါ၏တာဝန်ကို လျစ်လျူရှုနေပြီး လူအားလုံးသည် အောင်မြင်မှုကို လိုက်စားခြင်းအပေါ် အာရုံစိုက်ကြသောကြောင့်လော။

လူတို့၏ စိတ်များတွင်၊ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး၊ အလွယ်တကူ ထိတွေ့၍မရသော်လည်း၊ လူသားက လူသားဖြစ်ပြီး၊ အလွယ်တကူ အကျင့်ပျက်မလာသင့်ပေ- သို့သော် လူတို့၏ လုပ်ဆောင်ချက်များကို ငါ၏ရှေ့မှောက်သို့ ယူဆောင်၍ မရနိုင်သေးပေ။ ငါ၏သတ်မှတ်ချက်များ အလွန်မြင့်မားသည်များ ဖြစ်နိုင်မည်လော။ လူသည် အလွန်အားနည်းသည်များ ဖြစ်နိုင်မည်လော။ လူတို့သည် ငါတောင်းဆိုသော စံနှုန်းများကို အဘယ်ကြောင့် အဝေးမှ အမြဲ ကြည့်ရှုကြသနည်း။ ယင်းတို့ကို လူသားက အမှန်တကယ် ကြိုးပမ်းရရှိနိုင်သလော။ ငါ၏သတ်မှတ်ချက်များကို လူတို့၏ "ဖွဲ့စည်းပုံအခြေခံဥပဒေ"အပေါ် ခြေပြု၍ တွက်ချက်ထားခြင်းဖြစ်ပြီး၊ ထို့ကြောင့် လူ၏ဝိညာဉ်ရင့်ကျက်မှုကို ဘယ်သောအခါမျှ မကျော်လွန်လေပြီ- သို့သော် ထိုသို့ဖြစ်လျက်ပင်၊ လူတို့သည် ငါတောင်းဆိုသော စံနှုန်းများကို မစွမ်းဆောင်နိုင်မြဲရှိနေသည်။ ငါသည် လူသားအလယ် ကြိမ်ဖန်များစွာ မရေမတွက်နိုင်အောင် အစွန့်ပစ်ခံရပြီးဖြစ်သည်၊ ၎င်းတို့အဖို့ ငါ၏ခန္ဓာသည် ဆူးများနှင့် စက်ဆုပ်ဖွယ်အရာများဖြင့် ဖုံးလွှမ်းခဲ့သည့်အလား၊ လူတို့သည် လှောင်ပြောင်သရော်သော မျက်လုံးများဖြင့် ကြိမ်ဖန်များစွာ

မရေတွက်နိုင်အောင် ငါ့ကိုကြည့်ကြလေပြီ။ ထို့ကြောင့် လူတို့သည် ငါ့ကိုစက်ဆုပ်ကြပြီး ငါသည် တန်ဖိုးမရှိဟု ၎င်းတို့ ယုံကြည်ကြ၏။ ဤနည်းဖြင့်၊ ငါသည် လူ၏ တုံ့ပြန်လူးလာ တွန်းဖယ်ခြင်းခံရသည်။ ကြိမ်ဖန်များစွာ မရေတွက်နိုင်အောင် လူတို့သည် နည်းပါးသော တန်ဖိုးဖြင့် ငါ့ကို အိမ်သို့ ဆောင်ကြပြီးဖြစ်သကဲ့သို့ ကြိမ်ဖန်များစွာ မရေတွက်နိုင်အောင် မြင့်မားသော ဈေးနှုန်းဖြင့် ငါ့ကို ၎င်းတို့ ရောင်းချကြပြီး ဖြစ်ကာ၊ ယနေ့တွင် ငါရှိနေသည့်အခြေအနေထဲ၌ ငါသည် မိမိကိုယ်ကိုယ် ရှာတွေ့ရခြင်းမှာ ဤအရာကြောင့် ဖြစ်သည်။ ယင်းမှာ လူတို့သည် ငါ့အတွက် အကြံအစည်များကို လုပ်ဇာတ်ခင်းနေကြဆဲဖြစ်သည့်အလားဖြစ်၏။ လူသားသည် ဘယ်သောအခါမျှ ငါ့ကို ချစ်ခင်မြတ်နိုးခြင်း မရှိဖူးသည့်အတွက်၊ ၎င်းတို့အများစုသည် ဒေါ်လာသန်းရာပေါင်းများစွာ အကျိုးအမြတ်တစ်ခုအတွက် ငါ့ကို ရောင်းချချင်နေကြဆဲဖြစ်၏။ ယင်းမှာ ငါသည် လူတို့ကြားက ကြားလူတစ်ဦး သို့မဟုတ် ၎င်းတို့အလယ် အချင်းချင်း တိုက်ခိုက်ရာတွင် အသုံးပြုသည့် နျူကလီးယားလက်နက်တစ်ခု၊ သို့မဟုတ် ၎င်းတို့အလယ် လက်မှတ်ရေးထိုးထားသည့် စာချုပ်တစ်ခုဖြစ်လာသည့်အလားဖြစ်သည်- အကျိုးဆက်အနေဖြင့်၊ ငါသည် အချုပ်အားဖြင့်၊ လူ့စိတ်နှလုံး၌ လုံး၀ တန်ဖိုးကင်းမဲ့သွားကာ မရှိမဖြစ် အိမ်သုံးပစ္စည်းတစ်ခုဖြစ်သည်။ သို့သော် ဤအရာကြောင့် ငါသည် လူသားကို မရှုတ်ချ။ ငါသည် လူကို ကယ်တင်ရုံသာကယ်တင်ပြီး၊ လူသားအပေါ် အစဉ်အမြဲ သနားကရုဏာနှင့် ပြည့်စုံသည်မှလွဲ၍ မည်သည့်အရာမျှ ငါလုပ်ဆောင်ခြင်းမရှိပေ။

ငါသည် ငရဲနှင့် အထူးတလည် သဘောတူညီမှုတစ်ခု လုပ်ဆောင်နေသည့်အလား၊ပြီးလျှင် ငါသည် လူတို့ကို ရောင်းစားရာတွင် အထူးပြုထားသော ဌာနအမျိုးအစားအချို့ ဖြစ်သည့်အလား၊ ငါသည် လူတို့ကို ကလိန်ကျခြင်း၌ ကျွမ်းကျင်သူဖြစ်ကာ ၎င်းတို့ကို ငါ၏လက်များတွင် ရှိသည်နှင့် တစ်ပြိုင်နက် မြင့်မားသော ဈေးနှုန်းဖြင့်ရောင်းချလိမ့်မည်ဖြစ်သည့်အလား၊ လူတို့ကို ငရဲသို့ ပစ်ချသောအခါ ငါ စိတ်အေးသက်သာ ခံစားရလိမ့်မည်ဟု လူတို့ ယုံကြည်ကြသည်။ ယင်းကို လူတို့၏ နှုတ်များက မပြောကြသော်လည်း ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဤသည်မှာ ၎င်းတို့ ယုံကြည်သောအရာ ဖြစ်သည်။ ၎င်းတို့အားလုံးသည် ငါ့ကိုချစ်ကြသော်လည်း ထိုသို့ တိတ်တဆိတ် လုပ်ဆောင်ကြ၏။ ၎င်းတို့ထံမှ ဤအနည်းငယ်မျှသော ချစ်ခြင်းမေတ္တာအတွက် အပြန်အလှန်အားဖြင့် ငါသည် ထိုသို့ကြီးမားသော အဖိုးအခပေးကာ အလွန်များစွာ အသုံးခံလေပြီလော။ လူတို့သည် လူလိမ်များဖြစ်ကြပြီး ငါသည် အလိမ်ခံရသူ၏ အခန်းကဏ္ဍတွင် အစဉ်အမြဲ ကပြရ၏။ ယင်းမှာ ငါသည် အလွန် မာယာကင်းမဲ့သည့်အလား

ဖြစ်သည်- ဤအားနည်းချက်ကို ၎င်းတို့ မြင်သည်နှင့်တစ်ပြိုင်နက် ငါ့ကို လိမ်မြဲလိမ်နေကြ၏။ ငါ၏နှုတ်မှ နှုတ်ကပတ်တော်များသည် လူတို့ကို သေခြင်းသို့ပို့ရန် သို့မဟုတ် ၎င်းတို့အပေါ် ကြုံရာကျပန်း တံဆိပ်ကပ်ဖို့ရန် မရည်ရွယ်ပေ- ယင်းတို့သည် လူသား၏ လက်တွေ့အရှိတရားဖြစ်သည်။ ငါ၏နှုတ်ကပတ်တော်များထဲမှ အချို့မှာ “လွန်ကောင်းလွန်” ပေမည်၊ လူ၏ ဘာသာစကားများ၌ ငါသည် မ“ကျွမ်းကျင်” သကဲ့သို့ ငါပြောသောအရာ များစွာသည် လူတို့၏ တောင်းဆိုချက်များကို ကျေနပ်စေနိုင်စွမ်းမရှိသောကြောင့်၊ ယင်းကိစ္စတွင် ငါသည် လူတို့၏ ခွင့်လွှတ်မှုကို “တောင်းခံ” ရုံ တောင်းခံနိုင်ပေသည်။ ငါ၏ နှုတ်ကပတ်တော်များထဲမှ အချို့သည် လူတို့၏ စိတ်နှလုံးကို ထိုးဖောက်ကောင်း ထိုးဖောက်ပေမည်၊ ထို့ကြောင့် ငါသည် ၎င်းတို့သည်းခံဖို့ရန် “တောင်းပန်” ရုံသာ တတ်နိုင်သည်။ ငါသည် ရှင်းသန်ခြင်းအတွက် အတွေးအခေါ်တွင် ကျွမ်းကျင်မှုမရှိသကဲ့သို့ ငါစကားပြောဆိုသည့် နည်းလမ်းနှင့်ပတ်သက်၍ ဇီဇာမကြောင်သောကြောင့်၊ ငါ၏နှုတ်ကပတ်တော်များထဲမှ များစွာသည် လူတို့ထဲ၌ စိတ်အနှောင့်အယှက် ဖြစ်ပေါ်ကောင်းဖြစ်ပေါ်စေနိုင်သည်။ ငါ၏နှုတ်ကပတ်တော်များထဲမှ အချို့သည် လူတို့၏ နာမကျန်းဖြစ်ခြင်း အရင်းအမြစ်ကို ပြောကောင်းပြောမည်ဖြစ်ပြီး၊ ၎င်းတို့ ရောဂါကို ဖော်ထုတ်ကောင်း ဖော်ထုတ်ပေမည်။ ထို့ကြောင့် ငါသည် သင့်ကို နာကျင်စေလိုသည့် ရည်ရွယ်ချက်မရှိသကဲ့သို့၊ ဤဆေးသည် ဘေးထွက်ဆိုးကျိုးများ မရှိသည့်အတွက်၊ သင့်အတွက် ငါပြင်ဆင်ထားသော ဆေးအချို့ကို သုံးဆောင်ခြင်းငှာ ငါအကြံပေးသည်။ ငါ၏နှုတ်ကပတ်တော်များထဲမှ အချို့သည် “လက်တွေ့ကျ”ပုံ ရကောင်းရမည်မဟုတ်သော်လည်း၊ ထိတ်လန့်မသွားဖို့ရန် လူတို့ကို ငါ “တောင်းပန်”၏- ငါသည် ခြေနှင့်လက် “မြန်ဆန်သွက်လက်ခြင်း” မရှိ၊ ထို့ကြောင့် ငါ၏နှုတ်ကပတ်တော်များကို ဆောင်ရွက်ဖို့ ရှိပါသေး၏။ လူတို့သည် ငါ့အပေါ် “သည်းခံ”ဖို့ရန် ငါတောင်းဆို၏။ ဤနှုတ်ကပတ်တော်များသည် လူသားအဖို့ အထောက်အကူ ဖြစ်သလော။ ငါ့နှုတ်ကပတ်တော်များ အစဉ်အမြဲ အချည်းနှီးမဖြစ်ဖို့ရန်အလို့ငှာ၊ လူတို့သည် ဤနှုတ်ကပတ်တော်များမှ တစ်စုံတစ်ရာကို ရရှိနိုင်ကြလိမ့်မည်ဟု ငါမျှော်လင့်သည်။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၉ ရက်

# အခန်း ၃၁

လူတို့၏ စိတ်နှလုံးများထဲတွင် ငါသည် ဘယ်သောအခါမျှ နေရာတစ်ခု မရှိဖူးပေ။ ငါသည် လူတို့ကို အမှန်တကယ် ရှာဖွေသောအခါ၊ ငါလုပ်သမျှသည် ၎င်းတို့ကို ကျေနပ်စေဖို့ရန် ကြိုးပမ်းမှုတစ်ခု ဖြစ်သည့်အလား၊ ၎င်းတို့၏ မျက်စိများကို ဖျစ်ညှစ်ပိတ်ကာ ငါ၏ လုပ်ရပ်များကို မသိကျိုးကျွန်ပြုကြလေသည်၊ ယင်း၏ အကျိုးဆက်တစ်ခုအနေဖြင့်၊ ၎င်းတို့သည် ငါ၏လုပ်ရပ်များကို အစဉ်အမြဲ စက်ဆုပ်ကြ၏။ ယင်းမှာ ငါသည် မိမိကိုကိုယ်ကိုယ် သိခြင်းတစ်ခုတစ်လေမျှ မရှိသည့်အလား၊ ငါသည် လူသား၏ရှေ့မှောက်တွင် မိမိကိုယ်ကိုယ် အမြဲကြွားလုံးထုတ်နေပြီး ထိုသို့ဖြင့် “တည်ကြည်ပြီး ဖြောင့်မတ်သော” ၎င်းတို့ကို ဒေါသထွက်နေစေသည့်အလား ဖြစ်သည်။ သို့သော် ငါသည် ထိုသို့သော ဆိုးရွားသည့် အခြေအနေများအောက်တွင်ပင် သည်းခံပြီး ငါ၏အမှုကို ဆက်လုပ်ခဲ့သည်။ ထို့ကြောင့် ငါသည် လူသား အတွေ့အကြုံ၏ ချို၊ ချဉ်၊ ခါးပြီး စူးရှသော အရသာများကို မြည်းစမ်းပြီးဖြစ်ကာ၊ ငါသည် လေ၌လာကာ မိုးနှင့်အတူ သွားသည်ဟု ငါ ဆိုရပေသည်။ ငါသည် မိသားစု နှိပ်စက်ညှဉ်းပန်းခံရခြင်းများကို တွေ့ကြုံပြီးဖြစ်သကဲ့သို့၊ ဘဝ၏ အတက်အကျများကို တွေ့ကြုံပြီးဖြစ်ကာ ခန္ဓာမှ ခွဲခွာခြင်း၏ နာကျင်မှုကို ကြုံတွေ့ပြီးဖြစ်သည်ဟု ပြောခြင်းဖြစ်သည်။ သို့သော် ကမ္ဘာမြေသို့ ငါလာခဲ့ချိန်တွင်၊ ၎င်းတို့အတွက် ငါခံစားခဲ့ရပြီးဖြစ်သည့် ဆင်းရဲဒုက္ခများကြောင့် ငါ့ကို ကြိုဆိုမည့်အစား၊ လူတို့သည် ငါ၏ ကောင်းမွန်သော ရည်ရွယ်ချက်များကို “ယဉ်ယဉ်ကျေးကျေး” ငြင်းဆိုခဲ့ကြသည်။ ဤအရာအားဖြင့် ငါသည် မနာကျင်ဘဲ အဘယ်သို့ နေနိုင်မည်နည်း။ ငါသည် စိတ်မထိခိုက်ဘဲ အဘယ်သို့ နေနိုင်မည်နည်း။ အရာအားလုံး ဤသို့အဆုံးသတ်ဖို့ရန်သာ ငါသည် ဇာတိပကတိဖြစ်လာခဲ့ခြင်း ဖြစ်နိုင်မည်လော။ အဘယ့်ကြောင့် လူသားသည် ငါ့ကို မချစ်သနည်း။ အဘယ့်ကြောင့် ငါ၏ချစ်ခြင်းမေတ္တာသည် လူသား၏ အမုန်းတရားနှင့် ဆပ်ပေးခံရပြီနည်း။ ငါသည် ဤနည်းဖြင့် ဆင်းရဲဒုက္ခခံစားသင့်သည်များ ဖြစ်နိုင်မည်လော။ ကမ္ဘာမြေပေါ်က ငါ၏ ဆင်းရဲဒုက္ခကြောင့် လူတို့သည် ကိုယ်ချင်းစာ မျက်ရည်များ စီးဆင်းခဲ့ကြပြီး ငါ၏ ကံအကြောင်းမလှသည့် ဖြစ်ရပ်နှင့်သက်ဆိုင်သည့် မတရားမှုကို ကြိမ်းမောင်းကြလေပြီ။ သို့သော် အဘယ်သူသည် ငါ၏ စိတ်နှလုံးကို အမှန်တကယ် သိရှိဖူးသနည်း။ အဘယ်သူသည် ငါ၏ ခံစားချက်များကို သိမြင်နိုင်သနည်း။ တစ်ချိန်က လူသားသည် ငါ့အပေါ် လေးနက်သော ချစ်ခင်ခြင်းတစ်ခု ရှိခဲ့ပြီး၊ တစ်ချိန်က ၎င်း၏ အိပ်မက်များထဲတွင် ငါ့ကို မကြာခဏ တောင့်တခဲ့ပေသည်- သို့သော် မြေကြီးပေါ်က လူတို့အနေဖြင့် ကောင်းကင်ဘုံက ငါ၏အလိုကို အဘယ်သို့ နားလည်နိုင်မည်နည်း။ လူတို့သည် တစ်ချိန်က ငါ၏ ဝမ်းနည်းမှု ခံစားချက်များကို သိမြင်ခဲ့ကြသော်လည်း၊ အဘယ်သူသည်

ဒုက္ခဝေဒနာ ခံစားဖက်တစ်ဦးအနေဖြင့် ငါ၏ ဝေဒနာများကို ကိုယ်ချင်းစာတရားထားရှိဖူးသနည်း။ ကမ္ဘာမြေပေါ်က လူတို့၏ အသိစိတ်သည် ငါ၏ဝမ်းနည်းသော နှလုံးသားကို တို့ထိပြီး၊ ပြောင်းလဲစေနိုင်သည်များ ဖြစ်နိုင်မည်လော။ ကမ္ဘာမြေပေါ်က လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများအတွင်းရှိ ပြောမထွက်နိုင်အောင် ဆိုးရွားသော ဆင်းရဲဒုက္ခအကြောင်းကို ငါ့အား မပြောနိုင်ကြသလော။ စိတ်ဝိညာဉ်များနှင့် ဝိညာဉ်တော်တို့သည် အချင်းချင်း မှီခိုကြသော်လည်း၊ ဇာတိပကတိ၏ အတားအဆီးများကြောင့်၊ လူတို့၏ ဦးနှောက်များသည် “ထိန်းချုပ်မှု ဆုံးရှုံးသွားပြီ” ဖြစ်သည်။ တစ်ချိန်က လူတို့ကို ငါ၏ ရှေ့မှောက်သို့ လာကြရန် ငါအသိပေးခဲ့သည်၊ သို့သော် ငါ၏ ဆင့်ခေါ်မှုများက လူတို့အား ငါတောင်းဆိုသောအရာများကို မဖြည့်ဆည်းစေခဲ့ပေ။ ၎င်းတို့သည် ပြောမထွက်နိုင်အောင် ဆိုးရွားသော ဆင်းရဲဒုက္ခကို ထမ်းနေရသည့်အလား၊ ၎င်းတို့ကို တားဆီးနေသည့်အရာ တစ်စုံတစ်ခု ရှိသည့်အလား၊ မျက်လုံးများက မျက်ရည်များဖြင့် ပြည့်လျှက်၊ ကောင်းကင်သို့ မော့ကြည့်ရုံမျှ မော့ကြည့်ကြ၏။ ထို့ကြောင့် ၎င်းတို့သည် ငါ့ကို အသနားခံတောင်းလျှောက်ရာတွင် ၎င်းတို့၏လက်များကို ယှက်ကာ ကောင်းကင်အောက်တွင် ဦးညွှတ်ကြလေသည်။ ငါသည် သနားကရုဏာနှင့် ပြည့်စုံသောကြောင့်၊ ငါ၏ ကောင်းချီးမင်္ဂလာများကို လူတို့အလယ် ငါနှင်းအပ်ပြီး၊ မျက်စိတစ်မှိတ်အတွင်းတွင်၊ လူသားအလယ် ငါ၏ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်ခြင်းအခိုက်အတန့် ရောက်ရှိလေသည်— သို့တိုင် လူသားသည် ကောင်းကင်ဘုံထံ သူ၏ ကျိန်ဆိုခြင်းကို အချိန်ကြာမြင့်စွာကတည်းက မေ့လျော့ပြီး ဖြစ်သည်။ ဤသည်မှာ လူသား၏ တကယ့် မနာခံမှု ဖြစ်သည် မဟုတ်လော။ အဘယ့်ကြောင့် လူသားသည် “အတိတ်မေ့ရောဂါ” အမြဲ ခံစားရသနည်း။ ငါသည် သူ့ကို ဓားဖြင့် ထိုးလေပြီလော။ ငါသည် သူ၏ ခန္ဓာကိုယ်ကို ဒဏ်ခတ်လေပြီလော။ ငါသည် ငါ၏ နှလုံးသားတွင်းက ခံစားချက်များကို လူသားအား ပြောပြ၏။ အဘယ်ကြောင့် သူသည် ငါ့ကို အမြဲရှောင်ရှားသနည်း။ လူတို့၏ မှတ်ဉာဏ်များတွင်၊ ၎င်းတို့သည် တစ်စုံတစ်ရာ ပျောက်ဆုံးပြီး ယင်းကို မည်သည့်နေရာတွင်မှ ရှာမတွေ့သည့်အလားဖြစ်သည်သာမက၊ ၎င်းတို့၏ မှတ်ဉာဏ်များက တိကျမှန်ကန်မှုမရှိသည့်အလားလည်း ဖြစ်လေသည်။ ထို့ကြောင့် လူတို့သည် မေ့လျော့ခြင်းကို ၎င်းတို့၏ ဘဝများ၌ အမြဲခံစားကြရပြီး၊ လူသားမျိုးနွယ်အားလုံး၏ ဘဝနေ့ရက်များက ဖရိုဖရဲဖြစ်ကြလေသည်။ သို့သော်လည်း ဤအရာကို ဖြေရှင်းရန် မည်သည့်အရာကိုမျှ မည်သူမျှ မလုပ်ဆောင်ကြပေ။ လူတို့သည် အချင်းချင်း နင်းခြေကာ သတ်ဖြတ်ကြသည်ကလွဲ၍ ဘာမျှမလုပ်ကြပေ၊ ယင်းက ယနေ့တွင် ဒုက္ခရောက်စေသော ကျရှုံးမှုအခြေအနေသို့ ဆိုက်ရောက်စေပြီးဖြစ်ကာ စကြဝဠာထဲက အရာရာတိုင်းကို

ညစ်ပတ်ပေရေသော ရေနှင့် ရွှံ့နွံထဲသို့ ကယ်တင်ခြင်းအခွင့်မရှိဘဲ ပြိုလဲစေပြီးဖြစ်သည်။

လူတို့အားလုံးအလယ် ငါ ရောက်ရှိခဲ့ချိန်၊ ယင်းသည် လူတို့ ငါ့ကို သစ္စာရှိလာကြသော တကယ့်အခိုက်အတန့်ဖြစ်သည်။ ဤအချိန်တွင် အဆင်းနီသော နဂါးကြီးသည်လည်း ၎င်း၏သတ်ဖြတ်တော့မည့်လက်များကို လူတို့အပေါ် စတင်တင်ခဲ့သည်။ ငါသည် "ဖိတ်ကြားချက်"ကို လက်ခံပြီး၊ လူသားမျိုးနွယ်က ငါ့ကို ပေးထားသည့် "ဖိတ်ကြားစာ" ကို ကိုင်ဆောင်ရင်း၊ လူသားအလယ်က "ဂုဏ်ပြုထမင်းစားပွဲ စားပွဲခုံတစ်ခု၌ ငါထိုင်"ရန် လာခဲ့သည်။ ငါသည် ခမ်းနားထည်ဝါသော အဝတ်အစားများဖြင့် မိမိကိုယ်ကိုယ် မဆင်မြန်းထားဘဲ လူနှင့်အတူ စားပွဲ၌ထိုင်ရန် ငါ၏ "သက်သေခံကတ်ပြား"ကိုသာ ယူဆောင်ခဲ့သည့်အတွက်၊ လူတို့သည် ငါ့ကို တွေ့သောအခါ အလေးဂရုမပြုခဲ့ကြပေ။ ငါ၏ မျက်နှာတွင် စျေးကြီးသည့် မိတ်ကပ်များမရှိ၊ ငါ၏ ဦးခေါင်းတွင် ဦးရစ်သရဖူမရှိခဲ့သကဲ့သို့၊ ငါ၏ ခြေများပေါ်တွင် ငါသည် အိမ်တွင်းလုပ် သာမန် ဖိနပ်တစ်ရံသာ စီးထားခဲ့သည်။ လူတို့အား စိတ်အပျက်စေဆုံးသောအရာမှာ ငါ၏ နှုတ်တွင် နှုတ်ခမ်းနီ မရှိခြင်းဖြစ်သည်။ ထို့အပြင် ငါသည် ယဉ်ကျေးသောစကားများကို မပြောခဲ့သကဲ့သို့၊ ငါ၏ လျှာသည်လည်း လိမ္မာကျွမ်းကျင်သော စာရေး၏ကညစ်မဟုတ်ခဲ့ပေ။ ယင်းအစား ငါ၏နှုတ်ကပတ်တော်များ အသီးသီးက လူ၏ အတွင်းကျကျ နှလုံးသားကို ထိုးဖောက်၏၊ ယင်းက ငါ့နှုတ်နှင့်သက်ဆိုင်သည့် လူတို့၏ "အလေးထားသော" ထင်မြင်ချက်ကို အတော်အတန် ဖြည့်စွက်ပေးခဲ့သည်။ အထက်တွင်ဆိုခဲ့ပြီးသော သွင်ပြင်မှာ ငါ့အား "အထူးဆက်ဆံရေး" ပေးဖို့ လူတို့အတွက် လုံလောက်ခဲ့ပြီး၊ ထို့ကြောင့် ၎င်းတို့သည် ငါ့အား လောကနှင့်သက်ဆိုင်သည့် အသိပညာနှင့် ဉာဏ်အမြော်အမြင်မရှိသော ကျေးလက်ဒေသမှ ရိုးအသော တောသားလူနုံတစ်ဦးကဲ့သို့ ဆက်ဆံခဲ့ကြ၏။ သို့တိုင် အယောက်တိုင်းက "ငွေကြေးလက်ဆောင်များ"ကို လွှဲပြောင်းပေးခဲ့ကြချိန်တွင်၊ လူတို့သည် ငါ့ကို ဂုဏ်သရေရှိသူအဖြစ် သဘောမထားခဲ့ကြသေးသော်လည်း၊ ၎င်းတို့၏ ဖိနပ်ခွာများကို တရွတ်တိုက်ဆွဲရင်းနှင့် စိတ်တိုလျက်၊ ရိုလေလေးစားမှု တစ်ခုတစ်လေမျှမရှိဘဲ ငါ၏ရှေ့သို့ လာရုံမျှ လာခဲ့ကြ၏။ ငါ၏လက်ကို လှမ်းလိုက်ချိန်တွင်၊ ၎င်းတို့ ချက်ချင်း အလွန်အံ့အားသင့်ကြကာ ဒူးထောက်ခဲ့ကြပြီး ကြီးသောအသံများကို ဟစ်အော်ကြ၏။ ငါ၏ "ငွေကြေးလက်ဆောင်များ"အားလုံးကို ၎င်းတို့ စုသိမ်းခဲ့ကြ၏။ ပမာဏများပြားသောကြောင့် ၎င်းတို့သည် ချက်ချင်း ငါ့ကို သန်းကြွယ်သူဌေးတစ်ဦး ထင်ခဲ့ကြပြီး၊ ငါ၏ ကိုယ်ခန္ဓာမှ ဟောင်းနွမ်းစုတ်ပြတ်သော အဝတ်အစားများကို ငါ၏သဘောတူညီချက်မပါဘဲ ဆုတ်ဖြဲခဲ့ကြပြီး ယင်းတို့ကို သစ်လွင်သော အဝတ်အစားများဖြင့် အစားထိုးခဲ့ကြ၏- သို့တိုင်

ဤအရာက ငါ့ကို မပျော်ရွှင်စေခဲ့ပေ။ ငါသည် ထိုသို့သော လွယ်ကူချောမွေ့သော ဘဝကို နေသားမကျခဲ့သကဲ့သို့၊ ဤ"ပထမတန်းစား" ဆက်ဆံရေးကို ငါစက်ဆုပ်ခဲ့သောကြောင့်၊ ငါသည် သန့်ရှင်းသော အိမ်မှ မွေးဖွားခဲ့သောကြောင့်နှင့် ငါသည် "ဆင်းရဲမွဲတေမှု"ထဲ၌ မွေးဖွားခဲ့သောကြောင့် ငါသည် လိုလေသေးမရှိပြုစုခံခဲ့ရသည့် ဇိမ်ခံဘဝမျိုးကို နေသားမကျခဲ့ဟု ဆိုနိုင်သည်။ ငါသည် လူတို့အနေဖြင့် ငါ၏ စိတ်နှလုံးထဲက ခံစားချက်များကို နားလည်နိုင်မည်၊ ငါ၏နှုတ်မှ နာလိုခံခက်သော သမ္မာတရားများကို လက်ခံနိုင်ဖို့အလို့ငှာ ဆင်းရဲဒုက္ခအနည်းငယ်ကို သည်းခံနိုင်မည်ကိုသာ ငါ ဆန္ဒရှိသည်။ ငါသည် သဘောတရားအကြောင်း ဘယ်သောအခါမျှ မပြောနိုင်ဖူးသကဲ့သို့ လူတို့နှင့် ပါဝင်ပတ်သက်ဖို့အလို့ငှာ၊ လူမှုအဖွဲ့အစည်းတွင် လူသားမျိုးနွယ်၏ လျှို့ဝှက်သော ပြုမူနေထိုင်နည်းများကို အသုံးပြုနိုင်စွမ်းမရှိသောကြောင့်နှင့် လူတို့၏ မျက်နှာထား သို့မဟုတ် ၎င်းတို့၏ စိတ်သဘောအတိုင်း ငါ၏ နှုတ်ကပတ်တော်များကို အံဝင်ခွင်ကျဖြစ်အောင် စီမံပေးနိုင်စွမ်းမရှိသောကြောင့်၊ လူတို့သည် ငါ့ကို အမြဲ ရွံရှာစက်ဆုပ်ကြလေပြီ၊ ငါ့ကို အပြန်အလှန်ဆက်ဆံခြင်းငှာ မထိုက်တန်ဟု ယုံကြည်ကြပြီးဖြစ်ကာ ငါသည် မထောက်ညာတတ်သော လျှာရှိပြီး လူတို့ကို အစဉ်အမြဲ နာကျင်စေသည်ဟု ဆိုကြပေပြီ။ သို့တိုင် ငါသည် ရွေးချယ်စရာမရှိ။ ငါသည် လူတို့ စကားပြောသည့် နည်းလမ်းများကို ကျွမ်းကျင်ပိုင်နိုင်ပြီး ၎င်းတို့၏ မျက်နှာရိပ်မျက်နှာကဲနှင့် လိုက်လျောညီထွေဖြစ်သည်အတိုင်း စကားပြောရန်အလို့ငှာ၊ လူ၏ စိတ်သဘောကို တစ်ချိန်က ငါ "လေ့လာခဲ့၏"၊ လူ၏ ရှင်သန်းခြင်းအတွက် အတွေးအခေါ်ကို တစ်ချိန်က ငါ "အတုယူခဲ့" ပြီး လူသား၏ဘာသာစကားကို လေ့လာသင်ယူရန် "ဘာသာစကားကောလိပ်" သို့ တစ်ချိန်က ငါသွားရောက်ခဲ့၏- သို့သော် ငါသည် များစွာအားထုတ်မှုပြုပြီး၊ "ကျွမ်းကျင်သူ" အများအပြားထံသို့ လည်ပတ်ခဲ့သော်လည်း၊ အားလုံးက အချည်းနှီးဖြစ်လာခဲ့လေသည်။ ငါ၏ အထဲတွင် လူ့သဘာဝတစ်ခုတစ်လေမျှ လုံးဝ မရှိဖူးပေ။ ဤနှစ်များအားလုံးကြာ၊ ငါ၏ အားထုတ်မှုများသည် အနည်းငယ်မျှ အကျိုးတရား လုံးဝ မဖြစ်ထွန်းဖူးသကဲ့သို့၊ ငါသည် လူသား၏ဘာသာစကား၌ စွမ်းရည်အနည်းငယ်မျှ လုံးဝမရှိဖူးပေ။ ထို့ကြောင့်၊ လူသား၏ စကားများဖြစ်သည့် "ကြိုးစားလုပ်ဆောင်ခြင်းက အောင်မြင်သည်" ဟူသည့်မှာ ငါ့ထံမှ "တန်ပြန်သက်ရောက်" ခဲ့ပြီး၊ အကျိုးဆက်အနေဖြင့် ဤစကားများသည် ကမ္ဘာပေါ်တွင် အဆုံးသတ်ခြင်းသို့ ရောက်လာကြရ၏။ လူတို့ သတိထားမိခြင်းမရှိဘဲ ထိုသို့သော စကားလုံးများမှာ ရပ်တည်မရနိုင်သည်ကို အတည်ပြုနိုင်ရန် လုံလောက်စွာ စစ်ဆေးရင်း၊ ကောင်းကင်ဘုံမှ ဘုရားသခင်အားဖြင့် ဤဆောင်ပုဒ်ကို ကောင်းကင်ဘုံမှ ဘုရားသခင်က

သဘောမကျလေပြီ။ ထို့ကြောင့် ငါသည် လူသားကို တောင်းပန်၏၊ သို့သော် လုပ်ဆောင်စရာ ဘာမျှမရှိပေ- အဘယ်သူသည် ငါ့အား အလွန် "မိုက်မဲ" စေခဲ့သနည်း။ ငါသည် လူသား၏ ဘာသာစကားကို သင်ယူနိုင်စွမ်းမရှိ၊ ရှင်သန်ခြင်းအတွက် အတွေးအခေါ်များတွင် ကျွမ်းကျင်လာနိုင်စွမ်းမရှိ၊ လူတို့နှင့်အတူ ရင်းရင်းနှီးနှီးဆက်ဆံနိုင်စွမ်း မရှိပေ။ ငါသည် လူတို့ကို သည်းခံခြင်းရှိဖို့၊ ၎င်းတို့ စိတ်နှလုံးများအတွင်းရှိ အမျက်ဒေါသများကို ချုပ်ထိန်းထားဖို့၊ ငါ့ကြောင့် မိမိတို့ကိုယ်ကိုယ် မနာကျင်စေကြဖို့ရန်သာ ငါအကြံပြုသည်။ အဘယ်သူသည် ငါတို့ကို အချင်းချင်း အပြန်အလှန်ဆက်ဆံစေခဲ့သနည်း။ အဘယ်သူသည် ဤအခိုက်အတန့်တွင် ငါတို့ကို တွေ့ဆုံစေခဲ့သနည်း။ အဘယ်သူသည် ငါတို့ကို တူညီသော စံများကို မျှဝေခံစားစေခဲ့သနည်း။

ငါ၏ စိတ်သဘောထားသည် ငါ၏နှုတ်ကပတ်တော်များအားလုံးတစ်လျှောက် စိမ့်ဝင်ပျံ့နှံ့သော်လည်း၊ လူတို့သည် ငါ့နှုတ်ကပတ်တော်ထဲ၌ ယင်းကို သဘောပေါက်နိုင်စွမ်းမရှိကြပေ။ ၎င်းတို့သည် ငါပြောသည့်အရာကို ချစ်တီးခေါင်းသန်းရှာရုံမျှလုပ်ကြသည်- ယင်းမှာ အဘယ် အသုံးဝင်မှုရှိသနည်း။ ငါနှင့် ပတ်သက်၍ ၎င်းတို့၏ အယူအဆများက ၎င်းတို့ကို စုံလင်စေနိုင်သလော။ ကမ္ဘာမြေပေါ် ရှိ အမှုအရာများက ငါ၏အလိုကို ပြီးမြောက်စေနိုင်မည်လော။ ငါ၏နှုတ်ကပတ်တော်များအား အဘယ်သို့ပြောရမည်ကို လူတို့ကို ငါသွန်သင်ရန် ကြိုးစားမြဲ ကြိုးစားနေခဲ့သော်လည်း၊ လူသားသည် အာစေးထည့်ထားခံခဲ့ရသည့်အလားဖြစ်ပြီး၊ သူသည် ငါ့ဆန္ဒရှိမည့်အတိုင်း ငါ၏နှုတ်ကပတ်တော်များကို အဘယ်သို့ပြောဆိုရမည်ကို လုံးဝ မသင်ယူနိုင်ခဲ့ပေ။ ငါသည် နှုတ်ချင်းတေ့ သွန်သင်ခဲ့ပါသော်လည်း၊ သူသည် လုံးဝ မသင်ယူနိုင်ဖူးချေ။ ဤနောက်တွင်မှ၊ အသစ်အဆန်းတစ်ခုကို ငါရှာဖွေတွေ့ရှိခဲ့၏၊ ကမ္ဘာမြေပေါ် ရှိ လူတို့သည် ကောင်းကင်ဘုံ၏ စကားများကို အဘယ်သို့ ပြောဆိုနိုင်မည်နည်း။ ဤအရာက သဘာဝတရား၏ နိယာမများကို ချိုးဖောက်သည် မဟုတ်လော။ သို့သော် ငါ့အပေါ် လူတို့၏ စိတ်အားထက်သန်မှုနှင့် စပ်စုခြင်းတို့ကြောင့်၊ ငါသည် လူသားအပေါ် အမှု၏ နောက်ထပ် အစိတ်အပိုင်းတစ်ခုကို စတင်လုပ်ဆောင်ခဲ့၏။ ငါသည် လူသားအား သူ၏ ချို့တဲ့ခြင်းများကြောင့် ဘယ်သောအခါမျှ အရှက်မရစေဖူးပေ၊ သို့သော် ယင်းအစား ၎င်း၏ လိုအပ်သည့်အရာနှင့်အညီ လူသားကို ငါထောက်ပံ့သည်။ ဤအရာကြောင့်သာလျှင်၊ လူတို့သည် ငါနှင့်သက်ဆိုင်သည့် အတော်အတန် ကောင်းသော ထင်မြင်ချက်တစ်ခု ရှိကြခြင်းဖြစ်ပြီး၊ ငါ့ ကြွယ်ဝမှုများ၏ နောက်ထပ် အစိတ်အပိုင်းတစ်ရပ်ကို ၎င်းတို့ပျော်မွေ့နိုင်ကြဖို့အလို့ငှာ၊ ငါသည် ၎င်းတို့ကို နောက်တဖန် အတူတကွ စုစည်းရန် ဤအခွင့်အရေးကို အသုံးပြု၏။ ဤအခိုက်အတန့်တွင်၊ လူတို့သည်

မိုးကောင်းကင်တွင် နီတျာတျာ တိမ်တိုက်များတစ်ဝိုက် လွင့်မျောရင်း ပျော်ရွှင်ခြင်း၊ ရွှင်လန်းခြင်းများနှင့် ရယ်မောခြင်းတို့ထဲ နောက်တစ်ဖန် နစ်မြုပ်ကြပြန်လေသည်။ ငါသည် လူသား၏စိတ်နှလုံးကို ဖွင့်ပြီး၊ သူသည် ချက်ချင်း တက်ကြွမှုအသစ်ရှိကာ၊ ပျားရည်၏ ချိုမြိန်သောအရသာကို မြည်းစမ်းပြီးသည့်အတွက် ငါ့ထံမှ နောက်ထပ် ကွယ်ဝှက်ရန် လိုလားခြင်းမရှိသောကြောင့်- ငါသည် မှိုက်သရိုက် စုသိမ်းသောနေရာ သို့မဟုတ် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲသည့် ရုံတစ်ခုဖြစ်သွားသည့်အလား- ၎င်း၏ တိုလီမိုလီအားလုံးကို ဖလှယ်ရန် ထုတ်ယူလာလေသည်။ ဤအကြောင်းကြောင့်၊ တင်ထားပြီးသော "ကြော်ငြာများ" ကို မြင်ပြီးနောက်တွင်၊ လူတို့သည် ငါ့ရှေ့မှောက်သို့ လာကြပြီး၊ စိတ်အားထက်သန်စွာ ပါဝင်ကြလေသည်။ ၎င်းတို့အနေဖြင့် "အမှတ်တရများ" အနည်းငယ် ရနိုင်သည်ဟု ထင်ရသည့်အတွက်၊ ငါစီစဉ်ထားသည့် ဖြစ်ရပ်များတွင် ပါဝင်ကြရန်အလို့ငှာ ၎င်းတို့အားလုံး ငါ့အား "စာများ" ပို့ကြလေသည်။ ဤအခိုက်အတန့်တွင်၊ ၎င်းတို့သည် ဤလှုပ်ရှားမှုများတွင် ပါဝင်သည့် "အရင်းအနှီး" သည် မကြီးသောကြောင့်၊ ဆုံးရှုံးမှုများနှင့်သက်ဆိုင်၍ ကြောက်ရွံ့မနေကြသကဲ့သို့၊ ထို့ကြောင့် ၎င်းတို့သည် စွန့်စွန့်စားစား ပါဝင်ဝံ့ကြလေသည်။ ပါဝင်ဆင်နွှဲရာမှ မည်သည့် အမှတ်တရမျှ ရရှိဖို့မရှိခဲ့ပါက၊ လူတို့သည် ပွဲခင်းကို စွန့်ခွာပြီး၊ ၎င်းတို့၏ ငွေကို ပြန်တောင်းဆိုကြမည်ဖြစ်ကာ၊ ၎င်းတို့အပေါ် ငါတင်ရှိသော "အတိုး" ကိုလည်း တွက်ချက်ကြမည်ဖြစ်သည်။ လူတို့၏ ယုံကြည်ခြင်းက အကြိမ်များစွာ ချက်ချင်း တိုးပွားခဲ့သည်မှာ "ချမ်းသာကြွယ်ဝမှု၏ အတော်အသင့်အဆင့်"ကို ရောက်ရှိရင်းနှင့် "အကြီးတန်း အရာရှိ"သည် အလုပ်ကို စီမံရန် ကိုယ်တိုင်ကိုယ်ကျ "ကျေးလက်ဒေသသို့ သွားရောက်ခြင်း"ဖြင့် "ခေတ်နှင့် အမီလိုက်ခြင်း"ကို စွမ်းဆောင်ရရှိရင်း ယနေ့ လူနေမှု အဆင့်အတန်းများသည် တိုးတက်ပြီးဖြစ်သောကြောင့် ဖြစ်သည်- ၎င်းတို့၏ "ဖွံ့စည်းပုံအခြေခံ ဥပဒေ"သည် ပို၍ ပို၍ ကောင်းမွန်လာခြင်းကြောင့်၊ ၎င်းတို့သည် ငါ့ကို လေးစားမှုဖြင့် ကြည်ညိုကြပြီး ငါ၏ ယုံကြည်မှုကို ရရှိရန်အလို့ငှာ ငါနှင့် ထိတွေ့ဆက်ဆံရန် လိုလားနေကြပေသည်။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်

# အခန်း ၃၂

လူတို့သည် ငါနှင့်အတူ စုဝေးကြသောအခါ၊ ငါ့စိတ်နှလုံးသည် ဝမ်းမြောက်ခြင်းနှင့် ပြည့်၏။

ချက်ချင်း၊ လူတို့သည် ငါနှင့်အတူ စုဝေးနိုင်ကြပြီး၊ ငါ့ကို မနာခံသော ရန်သူများ မဟုတ်ဘဲ ငါနှင့်သဟဇာတဖြစ်သော မိတ်ဆွေများဖြစ်ကြဖို့ရန် ငါ၏လက်ထဲရှိ ကောင်းကြီးမင်္ဂလာများကို လူသားအလယ် ငါနှင်းအပ်လေသည်။ ထို့ကြောင့်၊ ငါသည် လူသားကို အူလိုက် သည်းလိုက်ပုံစံဖြင့်လည်း ဆက်ဆံသည်။ ငါ၏ အမှုတွင်၊ လူသည် အဆင့်မြင့် အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအဖြစ် အမြင်ခံရသည်၊ ထို့ကြောင့် သူသည် အစဉ်အမြဲ ငါ့အမှု၏ ရည်မှန်းချက်ဖြစ်သည့်အတွက် ငါသည် သူ့ကို ပိုမို အာရုံစိုက်ပေသည်။ ၎င်းတို့၏ စိတ်နှလုံးများသည် ငါ့အပေါ် ကြည်ညိုကြစေဖို့အလို့ငှာ၊ ငါသည် လူတို့၏ စိတ်နှလုံးများထဲ၌ ငါ၏ နေရာကို ထူထောင်ပြီးဖြစ်သည်- သို့တိုင် ဤအရာကို အဘယ်ကြောင့် ငါလုပ်ဆောင်သည်ကို ၎င်းတို့ လုံးဝ မသိနားမလည် ရှိနေကြဆဲဖြစ်ပြီး၊ စောင့်ဆိုင်းသည်မှလွဲ၍ ဘာမျှမလုပ်ဆောင်ကြပေ။ လူတို့၏ စိတ်နှလုံးများတွင် ငါထူထောင်ခဲ့သည့် နေရာတစ်ခုရှိသော်လည်း၊ ထိုနေရာတွင် ငါနေထိုင်ဖို့ ၎င်းတို့ မလိုအပ်ကြပေ။ ယင်းအစား၊ ၎င်းတို့၏ စိတ်နှလုံးများထဲ၌ “သန့်ရှင်းသူ” ရုတ်တရက်ရောက်ရှိလာဖို့ ၎င်းတို့ စောင့်ဆိုင်းနေကြ၏။ ငါ၏ ကိုယ်ပိုင်လက္ခဏာသည် အလွန် “နိမ့်ကျ”သောကြောင့်၊ ငါသည် လူတို့၏ တောင်းဆိုချက်များနှင့် မကိုက်သကဲ့သို့၊ ထို့ကြောင့် ငါသည် ၎င်းတို့၏ မောင်းထုတ်ခြင်းခံရ၏။ ၎င်းတို့ လိုချင်သောအရာသည် မြင့်မားကာ ကြီးမားသည့် “ငါ” ဖြစ်သော်လည်း ငါလာခဲ့ချိန်တွင် ငါသည် ဤနည်းလမ်းဖြင့် လူသားထံ မပေါ်ထွန်းခဲ့သောကြောင့်၊ ၎င်းတို့၏ စိတ်နှလုံးများထဲ၌ တစ်ဦးတစ်ယောက်ကို စောင့်ဆိုင်းရင်း အဝေးကို ၎င်းတို့ မျှော်ကြည့်မြဲမျှော်ကြည့်နေခဲ့ကြသည်။ လူတို့ ရှေ့သို့ ငါလာခဲ့ချိန်တွင်၊ လူထုများရှေ့မှောက်တွင် ငါ့ကို ၎င်းတို့က ငြင်းပယ်ခဲ့ကြသည်။ လူ၏ “ကိုင်တွယ်ဖြေရှင်း” ခံရဖို့ စောင့်ဆိုင်းရင်း၊ ဤမပြည့်စုံသော “ရလဒ်” ဖြစ်သည့် ငါနှင့်ပတ်သက်၍ လူတို့သည် မည်သည့်အရာ လုပ်ဆောင်ခြင်းဖြင့် အဆုံးသတ်မည်ကို မြင်တွေ့ရန် စောင့်ကြည့်ရင်း၊ ငါသည် တစ်ဘက်တွင်သာ ရပ်နိုင်ခဲ့သည်။ လူတို့၏ အမာရွတ်များကို ငါမကြည့်ဘဲ အမာရွတ်မရှိသော အပိုင်းကိုသာကြည့်ပြီး၊ ဤအရာမှ ငါသည် ကျေနပ်အားရခြင်းကို ရရှိ၏။ လူတို့၏ အမြင်များတွင်၊ ငါသည် ကောင်းကင်မှ သက်ဆင်းသော “ကြယ်လေး” တစ်စင်းသာဖြစ်သည်။ ငါသည် ကောင်းကင်တွင် အရေးမပါဆုံးမျှသာ ဖြစ်ကာ၊ ကမ္ဘာမြေပေါ်သို့ ယနေ့ ငါ၏ရောက်ရှိခြင်းသည် ဘုရားသခင်၏ တာဝန်ပေးထားခြင်း ဖြစ်သည်။ အကျိုးဆက်အနေဖြင့် လူတို့သည် ဘုရားသခင် နှင့် ငါ့ကို တစ်ခုတည်းအဖြစ် ပေါင်းစည်းမိမည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊ ၎င်းတို့သည် “ငါ” နှင့် “ဘုရားသခင်” ဟူသော စကားလုံးများ၏ သာ၍ များသော အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ ရကြလေသည်။ ငါ၏ ပုံသဏ္ဍာန်သည်

ဘုရားသခင်၏ သွင်ပြင်နှင့် မည်သည့်အရာမျှ မသက်ဆိုင်သောကြောင့်၊ လူအားလုံးက ငါသည် ဘုရားသခင်၏ မိသားစုမှ မဟုတ်သည့် အစေခံတစ်ဦးဖြစ်သည်ဟု ယုံကြည်ကြပြီး၊ ဤအရာသည် ဘုရားသခင်၏ ပုံသဏ္ဌာန်မဟုတ်ပါဟု ဆိုကြ၏။ ဘုရားသခင်ကို မြင်ဖူးသော လူများ ရှိကောင်းရှိနိုင်ပါ၏၊ သို့သော် ကမ္ဘာမြေကြီးအပေါ်၌ ငါ၏ထိုးထွင်း သိမြင်မှု ချို့တဲ့ခြင်းကြောင့်၊ ဘုရားသခင်သည် ငါ့ထံ ဘယ်သောအခါမျှ မပေါ်ထွန်းခဲ့ပြီ။ ငါသည် "ယုံကြည်မှု" နည်းပါးလွန်းသောကြောင့်၊ လူတို့က ငါ့အား အရေးမပါသူအဖြစ် မြင်ကောင်းမြင်နိုင်၏။ တစ်စုံတစ်ဦးသည် အမှန်တကယ် ဘုရားသခင်ဖြစ်လျှင်၊ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သည့်အတွက် လူ၏ဘာသာစကားကို စင်စစ် ကျွမ်းကျင်လိမ့်မည်ဖြစ်သည်ဟု လူတို့ စိတ်ကူးကြသည်။ သို့သော် အချက်အလက်များမှာ အတိအကျ ဆန့်ကျင်ပေသည်- လူ၏ ဘာသာစကား၌ ငါ ကျွမ်းကျင်မှုမရှိသည်သာမက၊ ၎င်း၏ "ချို့တဲ့မှုများအတွက်" ငါသည် "ထောက်ပံ့" ၍ပင် မပေးနိုင်သည့် အချိန်များရှိပေသည်။ အကျိုးဆက်အနေဖြင့် လူတို့ "တောင်းဆို" သကဲ့သို့ ငါသည် ဆောင်ရွက်ခြင်းမရှိဘဲ၊ ၎င်းတို့ "ချို့တဲ့သည့်" အရာနှင့်အညီ ငါသည် ပစ္စည်းများကို ပြင်ဆင်၍ လုပ်ဆောင်ရုံသာလုပ်ဆောင်သည့်အတွက်၊ ငါသည် "အပြစ်ရှိ" သည်ဟု အနည်းငယ် ခံစားရပေသည်။ လူသားကို ငါ ပြုသည့် တောင်းဆိုမှုများသည် လုံး၀ မကြီးမားသော်လည်း၊ လူတို့သည် ထိုသို့မယုံကြည်ကြပေ။ ထို့ကြောင့် ၎င်းတို့၏ "နှိမ့်ချခြင်း" သည် ၎င်းတို့၏ လှုပ်ရှားမှုတိုင်း၌ ထုတ်ဖော်ပြသခံရ၏။ ၎င်းတို့သည် တောတောင်များအတွင်းရှိ နက်ရှိုင်းသည့် ရှေးဟောင်းသစ်တောများတွင် ငါလှည့်လည်သွားလာမည်ကို ကြောက်လန့်လျက်၊ ငါလမ်းပျောက်မည်ကို အကြီးအကျယ် စိုးရွံ့လျက်၊ ငါ့အတွက် လမ်းကို ဦးဆောင်ရင်း ငါရှေ့တွင် အစဉ်အမြဲ လျှောက်လှေ့လျှောက်ထရှိကြပေသည်။ အကျိုးဆက်အနေဖြင့် လူတို့သည် မြေအောက်အကျဉ်းတိုက်ထဲသို့ ငါလျှောက်မည်ကို အလွန်အမင်း ကြောက်ရွံ့လျက် ငါ့ကို အစဉ်အမြဲ ရှေ့သို့ ဦးဆောင်ကြပြီးဖြစ်သည်။ ငါ့အတွက် ၎င်းတို့၏ အားထုတ်မှုများက ၎င်းတို့ကို နေ့နေ့ ညည အိပ်ရေးပျက်စေပြီး ဆံပင်ပင်ဖြူစေသည့် အတိုင်းအတာထိ၊ ၎င်းတို့သည် အစားအသောက် သို့မဟုတ် အိပ်စက်ခြင်းအတွက် စဉ်းစားတွေးတောခြင်းမရှိဘဲ ငါ့အတွက် "အားသွန်ခွန်စိုက် အလုပ်လုပ်" ကြပြီဖြစ်သည့်အတွက်၊ ငါသည် လူတို့၏ ယုံကြည်ချက်အပေါ် အတော်အတန် "အလေးထားသည့် ထင်မြင်ချက်"တစ်ခု ရှိသည်- ဤသည်မှာ ၎င်းတို့၏ ယုံကြည်ခြင်းသည် စကြဝဠာကို "ကျော်လွန်" ပြီးဖြစ်ကာ၊ ခေတ်ကာလတစ်လျှောက် တမန်တော်များနှင့် ပရောဖက်များထက် "သာလွန်ထူးကဲ"ပြီးဖြစ်သည်ကို ပြသရန် လုံလောက်ပေသည်။

ငါသည် လူတို့၏ ကြီးမားသည့် ကျွမ်းကျင်မှုကြောင့် ဝမ်းသာအားရဖြစ်ခြင်းဖြင့် လက်ခုပ်တီးခြင်းမရှိသကဲ့သို့ ၎င်းတို့၏ အားနည်းချက်များကြောင့် ၎င်းတို့အပေါ် အေးစက်စွာ ငါမကြည့်ပေ။ ငါ့လက်များအတွင်း ရှိသောအရာကိုသာ ငါသည် လုပ်ဆောင်ရုံမျှလုပ်ဆောင်သည်။ ငါသည် မည်သူကိုမျှ အထူးဆက်ဆံခြင်းမပြုဘဲ၊ ငါ၏ အစီအစဉ်များအတိုင်း တကယ်ကို ငါလုပ်ဆောင်သည်။ သို့တိုင် လူတို့သည် ငါ့အလိုကို သတိလက်လွတ်ဖြစ်ကြပြီး၊ ၎င်းတို့အပေါ် ငါအပ်နှင်းခဲ့သော ကြွယ်ဝမှုများက ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းမရှိသည့်အလား၊ တောင်းဆိုမှုက ထောက်ပံ့မှုထက် ပိုလွန်သည့်အလား၊ ငါ့ထံမှ အမှုအရာများအတွက် ဆုတောင်းမြဲ ဆုတောင်းနေကြ၏။ သို့သော် ယနေ့ခေတ်တွင်၊ "ကုန်စျေးနှုန်းတက်ခြင်း" ကို လူအားလုံး ခံစားကြရပြီး- အကျိုးဆက်အနေဖြင့်၊ ၎င်းတို့ မွေ့လျော်ဖို့ ငါပေးပြီးသောအရာများဖြင့် ၎င်းတို့လက်များသည် ပြည့်လျှက်ရှိပေသည်။ ငါ့ကို ၎င်းတို့ တိုး၍ ငြီးငွေ့ကြသည်မှာ ဤအရာကြောင့်ဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့၏ ဘဝများက ပရမ်းပတာဖြစ်ခြင်းများနှင့် ပြည့်ကာ၊ ၎င်းတို့သည် ၎င်းတို့ စားသင့်သည့်အရာ၊ မစားသင့်သည့်အရာတို့ကို မသိနားမလည်ဘဲ ရှိကြလေသည်။ အချို့သောသူတို့သည် ၎င်းတို့ မွေ့လျော်ဖို့ရန် ငါပေးပြီးသည့်အရာတို့ကို သေချာစွာ စောင့်ကြည့်ရင်း၊ ၎င်းတို့ကို ဖမ်းဆုပ်၍ပင် ထားကြပေသည်။ လူတို့သည် အစာခေါင်းပါးခြင်းမှ ဒုက္ခဝေဒနာခံစားရလေ့ရှိကာ ယနေ့၏ ဤပျော်မွေ့ဖွယ်ရာများကို ရရှိရန် ၎င်းတို့အတွက် မလွယ်ကူသောကြောင့်၊ ၎င်းတို့အားလုံးသည် "အတောမသတ် ကျေးဇူးတင်ရှိ" ကြပြီး၊ ငါ့အပေါ် ၎င်းတို့၏ သဘောထားတွင် ပြောင်းလဲမှုအချို့ ရှိပေပြီ။ ၎င်းတို့သည် ငါ၏ရှေ့တွင် ငိုကြွေးမြဲ ငိုကြွေးကြ၏၊ ၎င်းတို့ကို များစွာ ငါပေးပြီးသောကြောင့်၊ ၎င်းတို့သည် ငါ၏လက်ကို ယူကာ "ကျေးဇူးတင်ရှိခြင်း၏ အသံများ" ကို ပြုမြဲပြုကြလေသည်။ ငါသည် စကြဝဠာများအထက်တွင် လှုပ်ရှားပြီး၊ ငါလမ်းလျှောက်သည်နှင့်အညီ စကြဝဠာ တစ်ခွင်လုံး၏ လူတို့ကို ငါလေ့လာသည်။ ကမ္ဘာမြေပေါ် ရှိ လူအုပ်များအလယ်တွင်၊ ငါ၏ အမှုနှင့် သင့်လျော်သောသူ သို့မဟုတ် ငါ့ကို အမှန်တကယ် ချစ်သောသူ တစ်ဦးမျှ ဘယ်သောအခါမျှ မရှိဖူးပေ။ ထို့ကြောင့် ဤအခိုက်အတန့်တွင် ငါသည် စိတ်ပျက်လက်ပျက် သက်ပြင်းချမိပြီး၊ လူတို့သည် "ပိုက်ကွန် တစ်ခု၌ ၎င်းတို့အားလုံးကို ငါဖမ်းလိမ့်မည်ကို အလွန်အမင်း ကြောက်ရွံ့ရင်း၊ နောက်ထပ် စုဝေးခြင်းမပြုဖို့ရန် ချက်ချင်း လူစုခွဲကြလေသည်။" ငါသည် ၎င်းတို့အတွင်း၌ အမှုပြုရန် သင့်တော်သူများကို ရွေးချယ်ရင်း၊ ဤပျံ့နှံ့နေသော လူတို့အလယ်တွင် ငါသည်- လျောက်ပတ်သောအမှု- ငါ၏ အမှုကို လုပ်ဆောင်ရန် လူသားအလယ် ကြွလာဖို့ ဤ အခွင့်အလမ်းကို ငါအသုံးပြု၏။ လူတို့သည် မည်သည့်အခါမျှ

မလွတ်မြောက်နိုင်ကြဖို့အလို့ငှာ၊ ငါသည် ငါ၏ ပြစ်တင်ဆုံးမမှုအလယ်တွင် လူတို့ကို "ထိန်းသိမ်းရန်" ဆန္ဒမရှိပေ။ ငါလုပ်ရမည့် အမှုကို ရိုးရှင်းစွာ ငါလုပ်ဆောင်၏။ ငါသည် လူသား၏ "အကူအညီ" ကို တောင်းခံရန် ငါလာလေပြီ။ ငါ၏ စီမံခန့်ခွဲမှုသည် လူသား၏ ဆောင်ရွက်ချက်များ ကင်းမဲ့သောကြောင့်၊ ငါ၏အမှုကို အောင်မြင်စွာ ပြည့်စုံစေရန် မဖြစ်နိုင်ပေ၊ ယင်းက ငါ၏အမှုကို ထိရောက်စွာ ရှေ့ဆက်ခြင်းမှ တားဆီးထားသည်။ လူတို့သည် ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် စိတ်ဆုံးဖြတ်မှု ရှိလိမ့်မည်ဟုသာ ငါမျှော်လင့်၏။ ငါ့ကို ကောင်းမွန်သော အစားအသောက် ချက်ပြုတ်ဖို့ရန် သို့မဟုတ် ငါ၏ခေါင်းချဖို့ရာ သင့်လျော်သောနေရာကို စီစဉ်ဖို့၊ သို့မဟုတ် ငါ့အတွက် လုပသည့်အဝတ်အစားများ ပြုလုပ်ပေးဖို့ရန် ၎င်းတို့ကို ငါသည် မတောင်းဆို- ဤအရာများကို ငါသည် နည်းနည်းလေးမျှ အလေးထားခြင်းမရှိ။ လူတို့သည် ငါ့အလိုကို နားလည်နိုင်ပြီး ငါနှင့်အတူ လက်တွဲလျက် ရှေ့ဆက်သောအခါ၊ ငါ့စိတ်နှလုံး၌ ငါသည် စိတ်ကျေနပ်လိမ့်မည်။

မြေကြီးပေါ်တွင် အဘယ်သူသည် ၎င်းတို့၏ စိတ်နှလုံးဖြင့် ငါ့ကို လက်ခံရရှိဖူးသနည်း။ ၎င်းတို့၏ စိတ်နှလုံးဖြင့် အဘယ်သူသည် ငါ့ကို ချစ်ဖူးသနည်း။ လူတို့၏ ချစ်ခြင်းမေတ္တာသည် အမြဲလျော့လျက်ရှိ၏။ ၎င်းတို့၏ ချစ်ခြင်းမေတ္တာ အဘယ်ကြောင့် မခမ်းခြောက်နိုင်သကဲ့သို့ မရောနှောဘဲ မဖြစ်နိုင်သည်ကို "ငါပင် မသိပေ"။ ထို့ကြောင့် လူသား၏အတွင်း၌ "နက်နဲမှုများစွာ"လည်း ပါရှိနေ၏။ အဖန်ဆင်းခံ သတ္တဝါများအလယ်တွင်၊ လူသားသည် "အံ့ဖွယ်" ဖြစ်ပြီး "နားလည်မရနိုင်သော" သူအဖြစ် အမြင်ခံရ၏၊ ထို့ကြောင့် ၎င်းသည် ငါနှင့် အဆင့်အတန်း တူညီသည့်အလား၊ ငါ၏ရှေ့မှောက်တွင် ၎င်းသည် "အရည်အချင်းများ" ရှိပေသည်- သို့သော် ၎င်းသည် ၎င်း၏ ဤ "အဆင့်အတန်း" နှင့် ပတ်သက်၍ ဘာမျှ အထူးအဆန်း မြင်တွေ့ခြင်းမရှိ။ ဤအရာတွင် လူကို ဤအနေအထား၌ ရပ်တည်စေပြီး ယင်းကို ပျော်မွေ့ခွင့် ငါမပေးခြင်း မဟုတ်ဘဲ၊ ရည်မွန်မှု အသိစိတ်တစ်ခု ရှိဖို့ရန်၊ ၎င်းတို့အနေဖြင့် မိမိတို့ကိုယ်ကိုယ် အလွန်အထင်မကြီးဖို့ရန်အတွက် ငါဆန္ဒရှိခြင်းဖြစ်သည်။ ဘုရားသခင်နှင့်လူတို့ကြား မပြောနှင့်၊ ကောင်းကင်နှင့် မြေကြီးကြားတွင်ပင် အကွာအဝေးတစ်ခု ရှိပေသည်။ ဘုရားသခင်နှင့် လူသားကြားက အကွာအဝေးသည် ပို၍ကြီးမားသည် မဟုတ်လော။ မြေကြီးပေါ်တွင်၊ လူနှင့် ငါသည် "တစ်လှေတည်းစီး" ပြီး၊ "အတူတူ မုန်တိုင်းကို ကြံ့ကြံ့ခံ" ကြသည်။ ငါ၏ ကိုယ်ပိုင်လက္ခဏာသည် လူ့လောက၏ ဆင်းရဲဒုက္ခကို ကြုံတွေ့ရခြင်းမှ ငါ့ကို မကင်းလွတ်စေသကဲ့သို့၊ ယနေ့ ငါသည် ဤအခြေအနေထဲသို့ ကျဆင်းခဲ့ရသည်မှာ ဤအရာကြောင့် ဖြစ်သည်။ ကမ္ဘာမြေပေါ်တွင် ငြိမ်းချမ်းစွာ နေထိုင်ဖို့ နေရာတစ်ခု ငါ မရှိဖူးပေ၊ ယင်းမှာ လူတို့က၊ "လူသားသည် ခေါင်းချရန်

နေရာ လုံးဝမရှိ” ဟု ပြောဆိုရသည့် အကြောင်းရင်းဖြစ်သည်။ အကျိုးဆက်အနေဖြင့် လူတို့သည် ငါ့အတွက် သနားကရုဏာ မျက်ရည်များလည်း ငိုကြွေးကြပြီး ငါ့အတွက် “ကယ်ဆယ်ရေး ရန်ပုံငွေ” အတွက် ယွမ်များအနည်းငယ်ကို ငါ့အတွက် ဖယ်ထားကြ၏။ ဤအရာကြောင့်သာလျှင်၊ ငါသည် နားစရာနေရာတစ်ခုရှိပေသည်။ လူတို့၏ “အကူအညီ” ကြောင့်မဟုတ်ခဲ့လျှင်၊ မည်သည့်နေရာ၌ ငါအဆုံးသတ်မည်ကို အဘယ်သူ သိအံ့နည်း။

ငါ၏အမှုပြီးဆုံးသည့်အခါ၊ လူသားထံမှ ဤ “သက်သာခွင့်ငွေ” ကို ငါရှာဖွေတော့မည်မဟုတ်၊ ယင်းအစား ငါ၏ ရှိရင်းစွဲ လုပ်ငန်းဆောင်တာကို ငါဆောင်ရွက်မည်ဖြစ်ပြီး၊ ၎င်းတို့၏ ပျော်မွေ့ခြင်းအတွက် “ငါ့အိမ်၏ ဥစ္စာများ” အားလုံးကို လူတို့ထံ ငါ ပစ်ချမည်။ ယနေ့တွင် အယောက်တိုင်း ငါ၏ စမ်းသပ်မှုများအလယ်တွင် စစ်ဆေးခံကြရ၏။ လူသားအပေါ် ငါ၏လက် တရားဝင်ရောက်ရှိသောအခါတွင်၊ လူတို့သည် ငါ့ကို လေးစားသော မျက်လုံးများဖြင့် ကြည်ညိုကြလိမ့်မည် မဟုတ်တော့ဘဲ၊ ငါ့ကို အမုန်းတရားနှင့် ဆက်ဆံကြလိမ့်မည်ဖြစ်ပြီး၊ ဤအခိုက်အတန့်တွင် နမူနာအဖြစ် အသုံးတော်ခံရန် ၎င်းတို့၏ နှလုံးသားများသည် ငါ၏ ဖောက်ထုတ်ခြင်းကို ချက်ချင်းခံရလိမ့်မည်။ ငါသည် လူ့နှလုံးသားကို “အဏုကြည့်ကိရိယာ” အောက်တွင် စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေး၏- ငါ့အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာမရှိပေ။ နှစ်များစွာကြာ၊ လူတို့သည် ငါ့ကို လှည့်ဖြားပြီး အရူးလုပ်နေကြပေပြီ- လက်စသတ်တော့၊ နှလုံး၏ လက်ဝဲအပေါ်ထက်ခန်းမရော နှလုံးလက်ျာ အောက်ခန်းမ နှစ်ခုလုံးတွင်ပါ ငါ့အပေါ် မုန်းတီးမှုအဆိပ်များ ပါရှိနေသည်။ သို့ဖြစ်၍ ငါသည် ၎င်းတို့အပေါ် ထိုသို့ သဘောထားသည်မှာ အံ့သြစရာမရှိပေ။ သို့တိုင် ဤအရာကို ၎င်းတို့ လုံးဝ မသိနားမလည်ဘဲ ရှိနေကြပြီး၊ ယင်းကို ၎င်းတို့ သိပင်မသိမှတ်ကြပေ။ ငါ၏ စုံစမ်းစစ်ဆေးမှုရလဒ်များကို ၎င်းတို့အား ငါပြသောအခါ၊ ၎င်းတို့ မနိုးထကြသေးချေ။ ယင်းမှာ ၎င်းတို့စိတ်များတွင် ဤအရာများသည် အတိတ်က အကြောင်းကိစ္စများသာဖြစ်ပြီး၊ ယနေ့တွင် တဖန်ပြန်လည်ပြောဆိုဖို့ မသင့်သည့်အလား ဖြစ်သည်။ ထို့ကြောင့် လူတို့သည် “ဓါတ်ခွဲခန်း ရလဒ်များ” အပေါ် ဥပေက္ခာဖြင့်သာ ကြည့်ရှုကြ၏။ ၎င်းတို့သည် ကွန်ပြူတာပုံနှိပ်မှုစာရွက်ကို ပြန်ပေးကြပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားကြသည်။ ထို့အပြင်၊ ၎င်းတို့သည် “ဤအရာများသည် အရေးမကြီးပါ၊ ယင်းတို့သည် ကျွန်ုပ်၏ ကျန်းမာရေးအပေါ် မည်သည့် အကျိုးသက်ရောက်ခြင်းမရှိပါ” ဟူသကဲ့သို့သော အရာများကို ပြောဆိုကြ၏။ ၎င်းတို့သည် အထင်သေးခြင်း အပြုံလေးတစ်ချက်ကို ပေးကြပြီး၊ ထို့နောက် ငါသည် အလွန် အရိုးခံမဖြစ်သင့်၊ ငါသည် ဝတ်ကျေတန်းကျေဖြစ်သင့်သည်ဟူ၍ စောင်းပါး ရိပ်ခြည်ပြောနေသည့်အလား၊ ၎င်းတို့၏ မျက်လုံးများတွင် ခြိမ်းခြောက်မှုအနည်းငယ်ပါဝင်သည့် အကြည့်တစ်ချက်ရှိလေသည်။ ယင်းမှာ ၎င်းတို့၏

အတွင်း လှို့ဝှက်ချက်များနှင့်ဆိုင်သည့် ငါ၏ထုတ်ဖော်ပြသခြင်းက လူသား၏ "ဥပဒေများ" ကို ချိုးဖောက်ပြီးသည့်အလား ဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့သည် ငါ့အပေါ် ပို၍ မုန်းတီးလာကြလေသည်။ ထို့နောက်မှသာ လူတို့ မုန်းတီးခြင်း၏ အရင်းအမြစ်ကို ငါတွေ့မြင်ရ၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါစောင့်ကြည့်သည့်အချိန်တွင်၊ ၎င်းတို့၏ သွေးများက စီးဆင်းနေပြီး၊ ၎င်းတို့ ခန္ဓာကိုယ်များထဲရှိ သွေးလွှတ်ကြောများကို ဖြတ်သန်းပြီးနောက်တွင် ယင်းသည် နှလုံးသို့ဝင်ရောက်ကာ၊ ဤအချိန်တွင်မှ ငါသည် အသစ်သော "ရှာဖွေတွေ့ရှိမှု"ကို ရရှိသောကြောင့်ဖြစ်ပေသည်။ သို့တိုင် လူတို့သည် ဤအရာနှင့်သက်ဆိုင်၍ မည်သည့်အရာကိုမျှ မတွေးကြချေ။ ၎င်းတို့သည် လုံးဝ သတိမမူသကဲ့သို့၊ ၎င်းတို့ ရရှိသောအရာ သို့မဟုတ် ဆုံးရှုံးသောအရာကို တွေးတောခြင်းမရှိကြချေ၊ ယင်းမှာ ၎င်းတို့၏ "ကိုယ်ကျိုးမငဲ့သော" ဆည်းကပ်မှု စိတ်ဓာတ်ကို ပြသရန် လုံလောက်ပေသည်။ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ ကျန်းမာရေးအခြေအနေကို ထည့်သွင်းစဉ်းစားခြင်းမပြုသကဲ့သို့ ငါ့အတွက် "အပြေးအလွှာ" လုပ်ဆောင်ကြ၏။ ဤသည်မှာလည်း ၎င်းတို့၏ "သစ္စာရှိမှု" ဖြစ်ပြီး၊ ၎င်းတို့နှင့် ပတ်သက်၍ "ချီးကျူးထိုက်သော" အရာဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် ဤအရာအားဖြင့် ပျော်ရွှင်နိုင်ကြဖို့အလို့ငှာ၊ "ချီးမွမ်းခြင်း" စာတစ်စောင်ကို ၎င်းတို့ထံ နောက်ထပ်တစ်ကြိမ် ငါ ပို့၏။ သို့သော် ဤ"စာ"ကို ၎င်းတို့ ဖတ်ရှုသောအခါ၊ ၎င်းတို့ လုပ်ဆောင်သမျှအားလုံး ငါ၏ အသံတိတ်စာစောင်အားဖြင့် ငြင်းပယ်ခံရပြီးဖြစ်သည့်အတွက် ၎င်းတို့သည် ချက်ချင်း အနည်းငယ် ဒေါသဖြစ်ကြလေသည်။ ငါသည် လူတို့ကို ၎င်းတို့ ပြုမူသည်နှင့်အညီ အစဉ်အမြဲ ညွှန်ကြားပြီးဖြစ်သည်၊ သို့တိုင် ၎င်းတို့သည် ငါ၏ စကားများကို စက်ဆုပ်ရွံရှာပုံရကြ၏၊ ထို့ကြောင့် ငါ၏နှုတ်ကို ဖွင့်လျှင်ဖွင့်ချင်း၊ ၎င်းတို့သည် ၎င်းတို့၏ မျက်လုံးများကို ဖျစ်ညှစ်ပိတ်လိုက်ကြပြီး၊ ၎င်းတို့၏ လက်များကို နားများပေါ် အုပ်ထားလိုက်ကြလေသည်။ ငါ၏ ချစ်ခြင်းမေတ္တာကြောင့် ၎င်းတို့သည် ငါ့အပေါ် လေးစားမှုနှင့် မကြည်ညိုကြဘဲ၊ ၎င်းတို့၏ ပိုင်ဆိုင်မှုထဲက ကုန်ပစ္စည်းများကို ဖော်ထုတ်ရင်း၊ ၎င်းတို့၏ ချို့တဲ့မှုများကို ငါထောက်ပြသည့်အတွက် ၎င်းတို့သည် ငါ့ကို ယခင်ထက် သာ၍ မုန်းကြပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းတွင် ဆုံးရှုံးမှုများ ခံစားကြရပြီးဖြစ်ကာ ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းသည် ပျောက်ကွယ်သွားပြီဖြစ်သည်။ ထိုသို့ဖြင့်၊ ငါ့အတွက် ၎င်းတို့၏မုန်းတီးခြင်းသည် ထို့ကြောင့် တိုးပွားလာပေသည်။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်

# အခန်း ၃၃

ကမ္ဘာပေါ် ရှိ ငါ၏ဘုန်းအသရေသည် မိုးမျက်နှာကြက်ကို ပြည့်စေဖို့အလို့ငှာ၊ ငါ၏သန့်ရှင်းသော နာမကို ချီးမွမ်း ထောမနာပြုခဲ့ကြသူများ၊ မမောနိုင်မပန်းနိုင် အလုပ်လုပ်ခဲ့ကြသူများ ငါ၏အိမ်၌ တစ်ချိန်က ရှိခဲ့ပေသည်။ ဤအရာကြောင့် ငါသည် အလွန့်အလွန် ဝမ်းသာကာ၊ ငါ၏နှလုံးသားသည် ကျေနပ်အားရခြင်းဖြင့် ပြည့်ခဲ့သော်လည်း- မည်သူသည် ညနှင့်နေ့တွင် အိပ်စက်ခြင်းကို စွန့်လွှတ်ရင်း ငါ၏ကိုယ်စား အလုပ်လုပ်နိုင်မည်နည်း။ ငါ၏ရှေ့ရှိ လူသား၏ စိတ်ဓာတ်ကြံ့ခိုင်မှုက ငါ့ကို သာယာမှုပေးသော်လည်း၊ သူ၏ ပုန်ကန်ခြင်းက ငါ၏ ဒေါသအမျက်ကို နှိုးဆွပြီး၊ လူသားသည် အဘယ်သောအခါမှ သူ၏ တာဝန်ကို လိုက်နာနိုင်ခြင်း မရှိသောကြောင့် သူ့အတွက် ငါ၏ ဝမ်းနည်းခြင်းသည် တိုး၍ ကြီးထွားလာသည်။ လူတို့သည် အဘယ့်ကြောင့် ငါ့ထံ မိမိတို့ကိုယ်ကိုယ် ဆက်ကပ်နိုင်စွမ်းမရှိသနည်း။ ၎င်းတို့သည် အဘယ့်ကြောင့် ငါနှင့် အစဉ်အမြဲ အပေးအယူပြုလုပ်ရန် ကြိုးစားကြသနည်း။ ငါသည် ကုန်သွယ်ရေးဌာန၏ အထွေထွေ စီမံခန့်ခွဲရေးမှူး ဖြစ်သလော။ လူတို့က ငါ့ကို တောင်းဆိုသည့်အရာအား ငါသည် စိတ်ပါလက်ပါဖြင့် ဖြည့်ဆည်းပေးသော်လည်း၊ လူသားကို ငါတောင်းဆိုသည့်အရာမှာ အဘယ်ကြောင့် ဘာမျှဖြစ်မလာရသနည်း။ ငါသည် စီးပွားရေး နည်းလမ်းများတွင် မကျွမ်းကျင်ဘဲ၊ လူသားသည် ကျွမ်းကျင်သောကြောင့် ဖြစ်နိုင်မည်လော။ လူတို့သည် နှုတ်ချိုခြင်းနှင့် မြှောက်ပင့်ခြင်းတို့ဖြင့် ငါ့ကို အမြဲ လှည့်ဖြားကြသနည်း။ လူတို့သည် ပြန်လည် ဝင်ရောက်ဖိုလမ်းကို တောင်းဆိုရင်း၊ အဘယ့်ကြောင့် အစဉ်အမြဲ “လက်ဆောင်များ” ယူဆောင်လာကြသနည်း။ ဤသည်မှာ လူသားကို လုပ်ဆောင်ရန် ငါ သွန်သင်ပြီးသော အရာလော။ လူတို့သည် အဘယ့်ကြောင့် ထိုသို့သော အရာများကို လျှင်မြန်စွာနှင့် လွယ်ကူစွာ ပြုကြသနည်း။ လူတို့သည် အဘယ့်ကြောင့် ငါ့ကို အစဉ်အမြဲ လှည့်ဖြားဖို့ရန် တက်ကြွကြသနည်း။ ငါသည် လူသားအလယ်တွင် ရှိသောအချိန်၌ လူတို့သည် ငါ့ကို အဖန်းခံသတ္တဝါတစ်ဦးအနေဖြင့် ကြည်ညိုကြ၏။ ငါသည် တတိယကောင်းကင်၌ ရှိသောအချိန်တွင်၊ ၎င်းတို့သည် ငါ့ကို အရာခပ်သိမ်းအပေါ် အုပ်စိုးမှု ကိုင်စွဲသော အနန္တတန်ခိုးရှင်အဖြစ် သဘောထားကြသည်။ ငါသည် မိုးမျက်နှာကြက်တွင် ရှိသောအချိန်၌ ၎င်းတို့က ငါ့ကို အရာခပ်သိမ်းအား ပြည့်စေသော ဝိညာဉ်အဖြစ် မြင်ကြသည်။ အချုပ်အားဖြင့်၊ လူတို့၏ နှလုံးသားများထဲ၌ ငါ့အတွက် သင့်တော်သော နေရာမရှိပေ။ ယင်းမှာ ငါသည် ဖိတ်ကြားခြင်းမခံရသော ဧည့်သည်တစ်ဦးဖြစ်သည့်အလား ဖြစ်သည်၊ လူတို့သည် ငါ့ကို

စက်ဆုပ်ရွံ့ရှာပြီး၊ ထို့ကြောင့် ငါသည် လက်မှတ်ကို ထုတ်ကာ၊ ငါ၏ ထိုင်ခုံကို ဝင်ထိုင်ချိန်တွင်၊ ၎င်းတို့သည် ငါ့ကို မောင်းထုတ်ပြီး ဤနေရာတွင် ငါ့အတွက် ထိုင်ရန်နေရာမရှိသကဲ့သို့ ငါသည် နေရာမှားသို့ ရောက်လာပြီဟုပြောကြ၏၊ ထို့ကြောင့် ငါသည် ဒေါသထွက်လျက် ထွက်သွားဖို့ရန်မှတပါး၊ ရွေးချယ်စရာမရှိပေ။ လူတို့သည် အလွန် သဘောထား သေးသိမ်သည့်အတွက်၊ ၎င်းတို့၏ သဘောထားကြီးခြင်းသည် အလွန်နည်းပါးသည့်အတွက်၊ နောက်ထပ် လူသားနှင့် ပါဝင်မပတ်သက်ရန် ငါ စိတ်ဆုံးဖြတ်၏။ ငါသည် သူတို့နှင့်အတူ တစ်စားပွဲတည်း ထိုင်ကာ စားသောက်တော့မည် မဟုတ်၊ ငါသည် သူတို့နှင့်အတူ ကမ္ဘာပေါ်တွင် နောက်ထပ် အချိန်ကုန်ဆုံးလိမ့်မည် မဟုတ်။ သို့သော် ငါစကားပြောသည့်အချိန်တွင်၊ လူတို့သည် အလွန်အံ့အားသင့်သွားကြ၏။။ ငါထွက်ခွာသွားမည်ကို ၎င်းတို့သည် ကြောက်ရွံ့ကြပြီး၊ ထို့ကြောင့် ၎င်းတို့သည် ငါ့အား ဆွဲမြဲဆွဲထားကြသည်။ ၎င်းတို့၏ ဟန်ဆောင်မှုများကို မြင်ရသောအခါ၊ ငါ၏ နှလုံးသားထဲ၌ ဝမ်းနည်းပူဆွေးခြင်းနှင့် အထီးကျန်ဖြစ်ခြင်းတို့အား ချက်ခြင်း ငါခံစားရသည်။ ငါသည် သူတို့အားထားခဲ့မည်ကို လူတို့သည် ကြောက်ရွံ့ကြသောကြောင့် ငါသည် သူတို့နှင့် လမ်းများခွဲသွားသည့်အချိန်တွင် ငိုကြွေးသံသည် ချက်ချင်း နယ်မြေကို ပြည့်လျှံသွားပြီး၊ လူတို့၏ မျက်နှာများသည် မျက်ရည်တို့ဖြင့် ဖုံးသွားကြသည်။ ငါသည် ၎င်းတို့၏ မျက်ရည်များကို သုတ်ကာ၊ ၎င်းတို့ကို နောက်တစ်ကြိမ် ပြန်လည် ချီမပြီး၊ ၎င်းတို့သည် ငါ့ကို ငေးကြည့်ကြသည်၊ ၎င်းတို့၏ အသနားခံနေသော မျက်လုံးများက ငါ့ကို ထွက်မသွားရန် တောင်းပန်နေပြီး၊ သူတို့၏ "စစ်မှန်ရိုးသားမှုကြောင့်" ငါသည် ၎င်းတို့နှင့်အတူ ရှိ၏။ သို့သော် ငါ၏ နှလုံးသားအတွင်းရှိ နာကျင်မှုကို အဘယ်သူ နားလည်နိုင်သနည်း။ ပြောဆို၍မရနိုင်သည့် ငါ၏ အမှုအရာများကို မည်သူ အရေးထားသနည်း။ လူတို့၏ အမြင်များတွင်၊ ငါသည် စိတ်ခံစားချက်များ မရှိသည့်အလား ဖြစ်ပြီး၊ ထို့ကြောင့် ငါတို့သည် မတူညီသော မိသားစုနှစ်ခုမှ အစဉ်အမြဲ ဖြစ်ကြပြီးဖြစ်သည်။ ငါ၏ နှလုံးသားအတွင်းရှိ ဝမ်းနည်းခြင်း ခံစားချက်ကို ၎င်းတို့ မည်သို့ မြင်နိုင်မည်နည်း။ လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင်သာယာမှုများကိုသာ တပ်မက်ကြပြီး၊ လက်ရှိအချိန်ထိတိုင် လူတို့သည် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ ရည်ရွယ်ချက်ကို မသိနားမလည်ကြရှိနေကြသေးသောကြောင့် ငါ၏ အလိုကို ၎င်းတို့ အရေးမထားကြချေ။ ထို့ကြောင့်၊ ယနေ့တွင် ၎င်းတို့သည် တိတ်ဆိတ်သော တောင်းပန်မှုများကို ပြုလုပ်နေကြဆဲဖြစ်သည်- ဤအရာသည် အဘယ်အကျိုးကျေးဇူး ရှိသနည်း။

ငါသည် လူသားအလယ် အသက်ရှင်သောအခါ၊ လူတို့၏ နှလုံးသားများ၌ သေချာသော နေရာတစ်ခုကို ထိန်းသိမ်းထားသည်။ ငါသည် လူ့ဇာတိ၌ ပေါ်ထွန်းပြီးဖြစ်ကာ၊ လူတို့သည်

လူ့ဇာတိဟောင်းတွင် အသက်ရှင်ကြသောကြောင့်၊ ၎င်းတို့သည် ငါ့ကို လူ့ဇာတိဖြင့် အမြဲ ဆက်ဆံကြသည်။ လူတို့သည် ဇာတိပကတိကိုသာ ပိုင်ဆိုင်ပြီး နောက်ထပ်ဖြည့်စရာမရှိသောကြောင့်၊ ၎င်းတို့သည် "၎င်းတို့ရှိသမျှအားလုံး" ကို ငါ့အားပေးကြပြီး ဖြစ်သည်။ သို့သော်၊ ၎င်းတို့သည် မည်သည့်အရာမျှ မသိပေ။ ၎င်းတို့သည် "၎င်းတို့၏ ဆည်းကပ်ခြင်း"ကို ငါ့ရှေ့တွင် ပေးရုံမျှပေးကြသည်။ ငါရိုတ်သိမ်းသည်မှာ သုံးမရသော အမှိုက်ဖြစ်သည်- သို့သော် လူများသည် ထိုသို့ မထင်ကြချေ။ ငါ၏ အမှုအရာတို့အဖို့ ၎င်းတို့ ပေးသော "လက်ဆောင်များ"ကို ငါနှိုင်းယှဉ်သောအခါ၊ လူတို့သည် ငါ၏ အဖိုးထိုက်တန်ခြင်းကို ချက်ချင်း မှတ်မိကြပြီး၊ ထို့နောက်မှသာ ၎င်းတို့သည် ငါ၏ အတိုင်းအဆမဲ့ခြင်းကို မြင်ကြလေသည်။ ငါသည် ၎င်းတို့၏ ချီးမွမ်းမှုကြောင့် ဂုဏ်ယူဝင့်ကြွားခြင်း မခံစားရဘဲ လူတို့သည် ငါ့ကို ပြည့်ဝစွာ သိစေရန်အလို့ငှာ၊ လူသားထံ ငါဆက်လက်ပေါ်ထွန်းသည်။ ငါ၏ အလုံးစုံကို ၎င်းတို့အား ငါပြသသောအခါ၊၎င်းတို့သည် ငါ၏ ရှေ့တွင် ဆားတိုင်ကဲ့သို့ မလှုပ်မယှက် ရပ်လျက်၊ ငါ့အား ပြူးကျယ်သော မျက်လုံးများဖြင့် မော့ကြည့်ကြသည်။ ငါသည် ၎င်းတို့၏ အူကြောင်ကြောင်နိုင်ခြင်းကို ရှုမြင်ရသည့်အချိန်တွင်၊ ငါသည် မိမိကိုယ်ကိုယ် ရယ်မောနေခြင်းမှ မရပ်တန့်နိုင်ပေ။ ၎င်းတို့သည် ငါ့ထံမှ အမှုအရာများကို တောင်းလျှောက်ဖို့ရန် လက်လှမ်းသောကြောင့်၊ ငါသည် သူတို့အား ငါ့လက်ထဲရှိ အမှုအရာများကို ပေးလိုက်ပြီး၊ ယင်းတို့ကို မွေးကင်းစကလေးကဲ့သို့ တဒင်္ဂသာကြာသည့် ၎င်းတို့ ပါဝင်ပတ်သက်သည့် လှုပ်ရှားမှုတစ်ခုကဲ့သို့ ချစ်ခင်မြတ်နိုးရင်း၊ ၎င်းတို့သည် ယင်းတို့ကို ရင်တွင် ပိုက်ထားကြသည်။ ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်ကို ငါသည် ပြောင်းလဲသောအခါ ၎င်းတို့သည် "ကလေး" ကို ချက်ချင်း တစ်ဖက်သို့ ပစ်လိုက်ပြီး၊ ၎င်းတို့၏ လက်များဖြင့် ၎င်းတို့၏ ဦးခေါင်းများကို ကိုင်ကာ ပြေးသွားကြသည်။ လူတို့၏ အမြင်များတွင်၊ ငါသည် အချိန် သို့မဟုတ် နေရာကို ပဓာနမထားဘဲ ပါရှိနေသည့် အထောက်အပံ့ ဖြစ်သည်။ ယင်းမှာ ငါသည် အခေါ် ခံရလျှင် ခံရချင်း လာသော စားပွဲထိုးတစ်ဦးဖြစ်သည့်အလား ဖြစ်သည်။ ထို့ကြောင့်၊ ငါသည် ရုတ်တရက် ဖြစ်ပွားသည့် ကပ်ဘေးကို တိုက်ခိုက်ဖို့ အကန့်အသတ်မဲ့ တန်ခိုးကို ပိုင်ဆိုင်သည့်အလား၊ လူတို့သည် ငါ့ကို အစဉ်အမြဲ "ကြည်ညိုကြ" ပြီး၊ ထို့ကြောင့် ၎င်းတို့၌ အုပ်စိုးသူရှိသည်ကို အရာခပ်သိမ်းက မြင်နိုင်နိုင်ဖို့အလို့ငှာ၊ မည်သူမျှ ၎င်းတို့ကို မလှည့်စားဝံ့ကြဖို့အလို့ငှာ၊ ၎င်းတို့သည် မြေပြင်အနှံ့ ခရီးတွင် ငါ့အား ဦးဆောင်သွားရင်း၊ ငါ၏ လက်ကို အမြဲ စွဲကိုင်ထားကြပြီး ဖြစ်သည်။ ၎င်းတို့သည် လိမ်လည်လှည့်စားမှုမှတစ်ဆင့် အကျိုးအမြတ်ရရှိရန် ဆန္ဒရှိလျက်၊ "၎င်းတို့၏ ပင်လယ်ကမ်းစပ်နေရာများတွင် အချိန်ဖြုန်းနေ"သည့်အတွက်၊ "ကျား၏ ခံညားထည်ဝါမှုကို

အသွင်ဆောင်သော မြေခွေး”နှင့်ဆိုင်သည့် လူတို့၏ လှည့်စားမှုကို ငါသည် ကြာမြင့်စွာကတည်းက ရိပ်စားမိပြီးဖြစ်သည်။ ငါသည် ၎င်းတို့၏ မသိမသာ စိမ့်ဝင်ကူးစက်ပျံ့နှံ့တတ်သည့် မလိုမုန်းထားသော အကြံအစည်တို့ကို ကြာမြင့်စွာကတည်းက ရိပ်စားမိပြီးဖြစ်သကဲ့သို့၊ ငါသည် ငါတို့၏ ဆက်ဆံရေးကို မထိခိုက်စေလိုခြင်းကြောင့်သာ ဖြစ်သည်။ ငါသည် အချည်းနှီး ပြဿနာမရှာပေ- ယင်းတွင် မည်သည့်တန်ဖိုး သို့မဟုတ် အရေးပါမှုမျှ မရှိ။ လူတို့၏ အားနည်းချက်များကိုအကြောင်းပြု၍ ငါလုပ်ရမည့်အလုပ်ကို ငါလုပ်ရုံမျှလုပ်သည်။ ထိုသို့မဟုတ်လျှင် ငါသည် ၎င်းတို့အား ပြာမှုန့်များအဖြစ်သို့ ပြောင်းလဲမည်ဖြစ်ပြီး၊ ၎င်းတို့အား နောက်ထပ်တည်ရှိစေတော့မည် မဟုတ်။ သို့ရာတွင် ငါ ပြုသောအမှုသည် အဓိပ္ပာယ်ရှိသောကြောင့် ငါသည် လူသားကို ပေါ့ပေါ့တန်တန် ပြစ်တင်ဆုံးမခြင်းမပြုပေ။ လူတို့သည် ၎င်းတို့၏ ခန္ဓာကို အစဉ်အမြဲ ဇက်ပုံပေးကြသည်မှာ ဤအကြောင်းရင်းကြောင့် ဖြစ်သည်။ ၎င်းတို့သည် ငါ၏ အလိုကို မလိုက်နာကြဘဲ၊ ငါ၏တရားစီရင်ရာ ပလ္လင်ရှေ့တွင် ငါ့ကို အမြဲ နားပူနားဆာ လုပ်ကြသည်။ လူတို့သည် အလွန်ရဲတင်းကြ၏။ “နှိပ်စက်ညှဉ်းပန်းသည့် ကိရိယာများအားလုံး”က ၎င်းတို့ကို ခြိမ်းခြောက်သည့်အခါ၊ ၎င်းတို့သည် အနည်းငယ်မျှ မတုန်လှုပ်ပေ။ ဖြစ်ရပ်မှန်များမတိုင်မီတွင်၊ ၎င်းတို့သည် မည်သည့် အဖြစ်မှန်များကိုမျှ ထောက်ပံ့ပေးလာနိုင်စွမ်းမရှိမြဲ ဖြစ်နေကြပြီး၊ ငါ့ကို ခေါင်းမာစွာ ခံခုသည်မှလွဲ၍ မည်သည့်အရာကိုမျှ မလုပ်ဆောင်ကြချေ။ ညစ်ညူးသည့်အရာအားလုံးကို ဖော်ထုတ်ရန် ငါတောင်းဆိုသောအခါ ၎င်းတို့သည် လက်ဗလာနှစ်ဖက်ကိုသာ ပြဆဲရှိသည်- ဤအရာကို အခြားသူများက “စံနမူနာ” အဖြစ် အဘယ်သို့ မသုံးဘဲ နေနိုင်မည်နည်း။ လူသားတို့ “နှစ်လိုဖွယ်” ဖြစ်ကြသည်မှာ ၎င်းတို့၏ “ယုံကြည်ခြင်း” အလွန် ကြီးမားသောကြောင့် ဖြစ်ပေသည်။

ငါသည် စကြဝဠာအနှံ့ ငါ၏ အမှုကို စတင်ပြီးဖြစ်သည်။ စကြဝဠာရှိ လူတို့သည် ရုတ်တရက် နိုးထကြပြီး ငါ၏အမှုဖြစ်သည့် ဗဟိုချက်ကို လှည့်ပတ်ရွေ့လျားကြပြီး၊ ငါသည် ၎င်းတို့အတွင်း၌ “ခရီးနှင်” သောအခါ အားလုံးသည် စာတန်၏ ကျေးကျွန်ဘဝမှ လွတ်မြောက်ပြီး၊ စာတန်၏ ဖိစီးခြင်း အလယ်၌ ညှဉ်းဆဲခြင်းကို မခံရပေ။ ငါ၏ နေ့ရက် ရောက်ရှိခြင်းကြောင့်၊ လူတို့သည် ပျော်ရွှင်ခြင်းဖြင့် ပြည့်ကြသည်၊ ၎င်းတို့၏ စိတ်နှလုံးများအတွင်းရှိ ဝမ်းနည်းခြင်း ပျောက်ကွယ်သွားသည်၊ မိုးကောင်းကင်က ဝမ်းနည်းမှုတိမ်တိုက်တို့သည် လေထုထဲတွင် အောက်စီဂျင် အဖြစ်သို့ ပြောင်းလဲကာ လွင့်မျောသွားပြီး၊ ဤအခိုက်အတန့်တွင် ငါသည် လူနှင့်အတူတကွ ရှိခြင်း၏ ပျော်ရွှင်ခြင်းကို မွေ့လျော်ခံစား၏။ လူသား၏ လုပ်ရပ်များသည် ငါအရသာခံဖို့ တစ်စုံတစ်ခုကို ငါ့အားပေးပြီး၊

ထို့ကြောင့် ငါသည် စိတ်ထိခိုက်ခြင်း မရှိတော့ပေ။ ပြီးလျှင် ငါ၏ နေ့ရက်
ရောက်ရှိခြင်းနှင့်အတူပါရှိလျက် ကမ္ဘာမြေပေါ်က အမှုအရာတို့သည် ၎င်းတို့၏ ဖြစ်တည်ခြင်း
အရင်းအမြစ်ကို ပြန်လည်ရရှိပြီး၊ ငါသည် အရာခပ်သိမ်းကို အသက်ဖြင့် ထွန်းလင်းစေပြီး၊
ထို့ကြောင့် ၎င်းတို့ကို တိတ်တဆိတ်လည်း ပျောက်ကွယ်သွားစေသည့်အတွက် ၎င်းတို့သည်
ငါ့ကို မိမိတို့ဖြစ်တည်ခြင်း၏ အခြေခံအဖြစ် သဘောထားကြသည်။ ထို့ကြောင့် ထို့ကြောင့်
အရာခပ်သိမ်းသည် ငါ၏ နှုတ်မှ အမိန့်များကို စောင့်ဆိုင်းကြပြီး၊ ငါ လုပ်ဆောင်ကာ
ပြောဆိုသော အရာအားဖြင့် ကျေနပ်အားရကြလေသည်။ အရာခပ်သိမ်းအလယ်တွင်၊ ငါသည်
အမြင့်ဆုံးသောအရှင်ဖြစ်၏- သို့တိုင် ငါသည် လူများအလယ်တွင်လည်း အသက်ရှင်ပြီး၊
လူသား၏ လုပ်ဆောင်ချက်များအား ကောင်းကင်နှင့် မြေကြီးကို ငါ၏ဖန်ဆင်းခြင်းနှင့်ဆိုင်သည့်
သရုပ်သကန်များအဖြစ် ငါအသုံးပြုသည်။ လူတို့သည် ငါ၏ ရှေ့တွင် ကြီးမားသော
ချီးမွမ်းခြင်းကို ပြုသောအခါ ငါသည် အရာခပ်သိမ်းအလယ်တွင် ချီးမြှောက်ခြင်းခံရ၏၊
ထို့ကြောင့် ကမ္ဘာမြေပေါ် ရှိ ပန်းများသည် ပူပြင်းသော နေရောင်အောက်၌ ပိုမိုလှပစွာ
ဖြစ်ထွန်းကြသည်၊ မြက်ပင်တို့သည် ပိုမို စိမ်းလန်းလာကြပြီး၊ ကောင်းကင်ရှိ
တိမ်တို့သည်လည်း ပိုမို အပြာရောင်သန်းပုံရကြလေသည်။ ငါ၏ အသံကြောင့်၊ လူတို့သည်
ဟိုဟိုသည်သည် ပြေးကြသည်၊ ယနေ့တွင် ငါ၏ နိုင်ငံတော်ထဲက လူတို့၏ မျက်နှာများသည်
ဝမ်းမြောက်ခြင်းဖြင့်ပြည့်ပြီး၊ ၎င်းတို့၏ အသက်တာသည် ကြီးထွားလေသည်။ ငါသည်
ငါရွေးချယ်ထားသော လူအားလုံး အလယ်တွင် အမှုပြုပြီး၊ ငါသည် ငါ၏ ကိုယ်ပိုင်အမှုကို
ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်သောကြောင့်၊ ငါ၏ အမှုကို လူသား၏ စိတ်ကူးများနှင့် ငါ
စွန်းထင်းခွင့်မပေးပေ။ ငါ အမှုပြုသောအခါ ကောင်းကင်၊ ကမ္ဘာမြေကြီးနှင့် ၎င်းတို့အထဲရှိ
အရာရာတို့သည် ပြောင်းလဲကာ အသစ်ပြုပြင်ခြင်းခံရပြီး၊ ငါ၏ အမှုကို
ငါပြီးစီးသည့်အချိန်တွင်၊ လူသည် လုံး၀ အသစ်ပြုပြင်ခြင်းခံရ၏၊ ပျော်ရွှင်ခြင်းအသံကို
ကမ္ဘာမြေအနှံ့ ကြား၍ရနိုင်သည့်အတွက်၊ သူသည် ငါတောင်းဆိုသည့်အရာကြောင့်
စိတ်သောကဖြင့် အသက်မရှင်တော့သကဲ့သို့၊ ငါသည် သူ့ထံ ငါ ပေးသော
ကောင်းချီးမင်္ဂလာများကို လူသားအလယ် အပ်နှင်းဖို့ ဤအခွင့်အရေးကို အသုံးချ၏။ ငါသည်
နိုင်ငံတော်၏ ရှင်ဘုရင်ဖြစ်သောအခါ လူတို့သည် ငါ့ကို ကြောက်ရွံ့ကြသော်လည်း၊ ငါသည်
လူအလယ် ရှင်ဘုရင် ဖြစ်ပြီး လူသားအလယ် အသက်ရှင်သောအခါ၊ ငါနှင့်ပတ်သက်သည့်
၎င်းတို့၏ အယူအဆများသည် ဖယ်ရှားရန် ခက်ခဲသကဲ့သို့ အလွန် နက်ရှိုင်းစွာ စွဲခိုင်သည်အထိ
အလွန်ဆိုးရွားလှသည့်အတွက်၊ လူတို့သည် ငါ၌ ဝမ်းမြောက်ခြင်း ရှာမတွေ့ကြချေ။
လူသား၏သရုပ်သကန်ကြောင့်၊ ငါသည် သင့်လျော်သော ငါ၏အမှုကို ပြုပြီး၊ ငါသည်

ကောင်းကင်တွင် မြင့်စွာ ပေါ်ထွက်ပြီး ငါ၏ အမျက်ဒေါသကို လူသားအပေါ် ထုတ်လွှတ်လိုက်သောအခါ၊ ငါ့အပေါ် လူသား၏ အမျိုးမျိုးသော ထင်မြင်ယူဆချက်တို့သည် ပြာမှုန့်များအဖြစ်သို့ ချက်ချင်း ပြောင်းလဲသွားသည်။ ငါ့အပေါ် ၎င်းတို့၏ အယူအဆအချို့ကို ထပ်ပြောဆိုရန် ၎င်းတို့ကို ငါတောင်းဆိုသော်လည်း၊ ၎င်းတို့တွင် ဘာမျှ မရှိသည့်အလား၊ ပြီးလျှင် ၎င်းတို့သည် နှိမ့်ချကြသည့်အလား ဆွံ့အသွားကြသည်။ ကမ္ဘာလောကကို ငါဖန်ဆင်းခဲ့ချိန်မှစ၍ ယနေ့ထိ ငါသည် လူတို့၏ အယူအဆများ၌ အမြဲ အသက်ရှင်ပြီးဖြစ်သည့်အတွက်၊ ငါသည် လူတို့၏ အယူအဆများတွင် သာ၍ အသက်ရှင်လေလေ၊ ၎င်းတို့သည် ငါ့ကို သာ၍ ချစ်လာလေလေဖြစ်ပြီး၊ လူတို့၏ အယူအဆများ၏ အပြင်တွင် ငါသာ၍ အသက်ရှင်လေလေ၊ ငါ့ကို သာ၍ ၎င်းတို့ ရှောင်ရှားကာ ငါနှင့်ပတ်သက်၍ အယူအဆများ သာ၍ ရှိကြလေလေ ဖြစ်သည်။ ငါသည် ယနေ့တွင် လူသားအလယ် လာသောအချိန်တွင်၊ လူတို့၏ အယူအဆများအားလုံးကို ငါပပျောက်စေသောကြောင့် လူတို့သည် တကယ်ကို ငြင်းပယ်ကြလေသည်- သို့သော် ငါသည် ၎င်းတို့၏ အယူအဆများကို ကိုင်တွယ်ဖြေရှင်းရန် သင့်တော်သော နည်းစနစ်များ ရှိသည်။ လူတို့သည် မစိုးရိမ်သင့် သို့မဟုတ် စိတ်သောကမရောက်သင့်ပေ။ ငါသည် လူအားလုံးအား ငါ့ကိုချစ်စေရင်းနှင့် ကောင်းကင်ဘုံတွင် ငါ၏ ကောင်းချီးမင်္ဂလာများကို မွေ့လျော်ခံစားခွင့် ပေးလျက် လူသားမျိုးနွယ်အားလုံးကို ငါ၏ ကိုယ်ပိုင် နည်းစနစ်များဖြင့် ကယ်တင်မည်ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်

# အခန်း ၃၄

တစ်ခါက ငါသည် လူသားကို ငါ၏အိမ်သို့ ဧည့်သည်တစ်ဦးအဖြစ် ဖိတ်ခေါ် ခဲ့သော်လည်း- သူ့ကိုဧည့်သည်အဖြစ် ဖိတ်ခြင်းထက် ငါသည် သူ့ကို လူသတ်ကွင်းထဲသို့ ခေါ်ဆောင်ဘိသည့်အလား- သူသည် ငါ၏ခေါ် ခြင်းများကြောင့် ဟိုဟိုသည်သည် ပြေးလေသည်။ ထိုသို့ဖြင့် လူသားသည် ငါ့ကို အမြဲရှောင်ဖယ်ပြီး၊ သူသည် ငါ့ကို အစဉ် သတိထားသည့်အတွက်၊ ငါ၏အိမ်သည် ဟင်းလင်းဖြစ်ကျန်ရစ်လေသည်။ ဤအရာသည် ငါ၏အမှု တစ်စိတ်တစ်ပိုင်းကို ဆောင်ရွက်ခြင်းငှာ မည်သည့်နည်းလမ်းမျှ မရှိဘဲဖြစ်စေရစ်သည်၊ ဆိုလိုသည်မှာ လူသားသည် ဤစားသောက်ပွဲကို မွေ့လျော်ရန်

လိုလားနေခြင်းမရှိသောကြောင့် ငါသည် သူ့အတွက် ပြင်ဆင်ခဲ့ပြီးသော စားသောက်ပွဲကို ရုတ်သိမ်းသကဲ့သို့ဖြစ်သောကြောင့်၊ ငါသည် သူ့ကို မွေ့လျော်ရန် အတင်းမတိုက်တွန်းခဲ့ပေ။ သို့သော် လူသားသည် မိမိကိုယ်ကိုယ် ဆာလောင်မှုဖြင့် ဝိုင်းရံဖိစီးခံရသည်ကို ရုတ်တရက် သိရှိသွား၏၊ ထို့ကြောင့် သူသည် ငါ၏တံခါးကို လာခေါက်လျက် ငါ့ကို အကူအညီတောင်းလျက်ရှိရာ- သူ့ကို ထိုသို့သော သေရေးရှင်ရေးတမျှဖြစ်သော အကြပ်အတည်း၌ တွေ့ရသောအခါ ငါသည် အဘယ်သို့ သူ့ကို မကယ်တင်ဘဲရှိနိုင်မည်နည်း။ ထိုသို့ဖြင့်၊ ငါသည် လူသားအတွက် စားသောက်ပွဲတစ်ခုကို သူမွေ့လျော်ရန်ခံစားနိုင်ဖို့အလို့ငှာ တဖန်ပြင်ဆင်လေသည်၊ ထိုအခါမှသာ ငါသည် အဘယ်မျှနှစ်လိုဖွယ်ဖြစ်သည်ကို သူခံစားရပြီး၊ ထိုသို့ဖြင့် သူသည် သူသည် ငါ့ကို အမှီပြုလာလေသည်။ သူ့အပေါ် ငါ၏သဘောထားကြောင့် သူသည် "သံသယများ မရှိဘဲ" ငါ့ကို တဖြည်းဖြည်း ချစ်လာကာ၊ ငါသည် သူ့ကို "မီးသင်္ဂြိုလ်ရာမြေ"သို့ ပို့လိမ့်မည်ဟု သူသည် သံသယမရှိတော့ပေ။ အကြောင်းမှာ ဤအရာသည် ငါ၏ အလိုမဟုတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်၊ ငါ၏နှလုံးသားကို တွေ့မြင်ပြီးမှသာ လူသားသည် ငါ့အပေါ် အမှန်တကယ် အမှီပြုလေသည်၊ ယင်းက သူသည် အဘယ်မျှ "သတိရှိသည်"ကို ပြသ၏။ သို့တိုင် ငါသည် လူသားကို သူ၏ လှည့်ဖြားမှုကြောင့် သတိရှိသည်မဟုတ်ဘဲ၊ ထို့ထက် ငါသည် ငါ၏ နွေးထွေးသော ပွေ့ဖက်မှုဖြင့် လူတို့၏နှလုံးသားများကို တို့ထိသည်။ ဤသည်မှာ လက်ရှိအချိန်တွင် ငါ လုပ်ဆောင်နေသည့် အရာ မဟုတ်လော။ ဤသည်မှာ လက်ရှိအဆင့်တွင် လူတို့၌ ပေါ်လွင်ထင်ရှားသည့် အရာမဟုတ်လော။ ၎င်းတို့သည် အဘယ်ကြောင့် ထိုသို့သော အရာတို့ကို လုပ်ဆောင်နိုင်စွမ်း ရှိကြသနည်း။ ၎င်းတို့သည် အဘယ်ကြောင့် ထိုသို့သော ခံယူချက်တစ်ခု ပိုင်ဆိုင်ထားကြသနည်း။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ငါ့ကို အမှန်တကယ် သိကြသောကြောင့်လော။ ယင်းမှာ ငါ့အတွက် အကန့်အသတ်မဲ့ ချစ်ခြင်းမေတ္တာ အမှန်တကယ် ရှိသောကြောင့်လော။ ငါသည် မည်သူကိုမျှ ငါ့ကိုချစ်ရန် အတင်းအကျပ် မပြုဘဲ၊ ၎င်းတို့၏ကိုယ်ပိုင်ရွေးချယ်မှု ပြုရန် လွတ်လပ်ခွင့်မျှသာ ပေးသည်။ ဤတွင် ငါသည် ဝင်ရောက်မစွက်ဖက်သကဲ့သို့ ၎င်းတို့၏ ကံကြမ္မာနှင့်ပတ်သက်သည့် ရွေးချယ်မှုများကို ပြုလုပ်ရန် ၎င်းတို့ကို မကူညီပေ။ လူတို့သည် ငါ့ရှေ့တွင် ၎င်းတို့၏ သန္နိဋ္ဌာန်ကို ချမှတ်ကြသည်၊ ၎င်းတို့သည် ယင်းကို ငါစစ်ဆေးရန် ငါ့ရှေ့သို့ ယူဆောင်ကြပြီးဖြစ်ကာ၊ "လူ၏ သန္နိဋ္ဌာန်" ပါရှိသော အိတ်ကို ငါ ဆွဲဖွင့်လိုက်သောအခါ၊ အတွင်းတွင် အမှုအရာတို့ကို တွေ့ရသည်၊ ယင်းတို့သည် ရောပုံထားသော်လည်း၊ အတော်အတန် "ရက်ရောသော"အရာများ ဖြစ်ပေသည်။ လူတို့သည် ၎င်းတို့၏ "သန္နိဋ္ဌာန်"ကို ငါ ဆွဲနုတ်လိုက်မည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊

ငါ့ကို မျက်လုံး အပြူးသားနှင့် ကြည့်ကြသည်။ သို့သော် လူ၏ အားနည်းချက်ကြောင့်၊ တကယ့်အစတွင် ငါသည် တရားစီရင်ခြင်း မပြုသကဲ့သို့၊ ထိုအစား ငါသည် အိတ်ကိုပိတ်ကာ ငါလုပ်ရမည့် အမှုကို ဆက်လက်၍ လုပ်ဆောင်သည်။ သို့သော် လူသားသည် ငါ၏အမှု နောက်ပိုင်းတွင် ငါ၏လမ်းပြမှုထဲသို့ မဝင်ရောက်ကြဘဲ သူ၏သန္တိဋ္ဌာန်ကို ငါချီးမွမ်းပြီးခြင်း ရှိမရှိဆိုသည်ကို ဆက်လက် စိတ်ဝင်စားလေသည်။ ငါသည် များလှစွာသော အမှုတို့ကို လုပ်ဆောင်ပြီးဖြစ်ကာ များလှစွာသော နှုတ်ကပတ်တော်များကို ပြောဆိုပြီး ဖြစ်သည်။ သို့သော် ယနေ့ထိ လူသားသည် ငါ၏ အလိုကို နားလည်နိုင်စွမ်း မရှိနေသေးသကဲ့သို့၊ ထိုသို့ဖြင့် သူ၏ စိတ်ရှုပ်ထွေးစေသော လုပ်ရပ်တိုင်းသည် ငါ၏ခေါင်းကို ချာချာလည်နေစေရစ်ပေသည်။ သူသည် အဘယ်ကြောင့် ငါ၏အလိုကို အစဉ် နားလည်နိုင်စွမ်း မရှိသကဲ့သို့ အမှုအရာများကို သဘောရှိ မဆင်မခြင် လုပ်ဆောင်ရသနည်း။ သူ၏ ဦးနှောက်သည် ထိတ်လန့်ခြင်း ခံစားရလေပြီလော။ ငါ ပြောဆိုသော နှုတ်ကပတ်တော်တို့ကို သူ နားမလည်သည်များ ဖြစ်နိုင်မည်လော။ သူ၏မျက်စိသည် ရှေ့တည့်တည့် ကြည့်လျက် သူ အစဉ် ပြုမူသော်လည်း၊ လမ်းဖောက်ခြင်းနှင့် အနာဂတ်လူတို့အတွက် စံပြဖြစ်နိုင်စွမ်း မရှိသည်မှာ အဘယ်ကြောင့်နည်း။ ပေတရု မတိုင်မီတွင် စံပြ ဖြစ်တည်သောသူ တစ်ဦးတစ်လေ ရှိခဲ့သလော။ ပေတရု ရှင်သန်ခဲ့သည်မှာ ငါ၏ လမ်းပြပို့ဆောင်မှုအောက်တွင် ဖြစ်သည် မဟုတ်လော။ ယနေ့လူတို့သည် အဘယ်ကြောင့် ဤအရာကို မတတ်စွမ်းနိုင်ကြသနည်း။ လိုက်လျှောက်ရန် စံပြတစ်ခုရှိပြီးနောက်တွင်၊ အဘယ်ကြောင့် ငါ၏အလိုကို ၎င်းတို့ မကျေနပ်စေနိုင်သေးသနည်း။ ဤအရာက လူသားသည် ငါ့ကို ယုံကြည်ကိုးစားခြင်း မရှိသေးသည်ကို ပြသပြီး၊ ယင်းမှာ ယနေ့၏ စိတ်မချမ်းမြေ့ဖွယ် အခြေအနေဆီသို့ ဆိုက်ရောက်စေပြီးဖြစ်သည့်အရာ ဖြစ်သည်။

ငါသည် ကောင်းကင်၌ ပျံသန်းလျက်ရှိသော ငှက်ငယ်များကို စောင့်ကြည့်ရာတွင် သာယာကြည်နူး၏။ သူတို့သည် ငါ့ရှေ့၌ ၎င်းတို့၏ သန္တိဋ္ဌာန် မချမှတ်ထားသော်လည်း၊ ငါ့ကို ‘ပေး’ရန် စကားများမရှိသော်လည်း၊ ၎င်းတို့ကို ငါပေးအပ်ထားသော ကမ္ဘာတွင် ပျော်ရွှင်မှုကို ၎င်းတို့ ရှာတွေ့ကြလေသည်။ သို့သော် လူသားသည် ဤအရာကို မတတ်စွမ်းနိုင်သကဲ့သို့၊ သူ၏မျက်နှာသည် ညှိုးမှိုင်ခြင်း အပြည့်ဖြစ်သည်- ယင်းမှာ ငါသည်သူ့ကို မပေးနိုင်သော အကြွေးတင်သည်များ ဖြစ်နိုင်မည်လော။ အဘယ်ကြောင့် သူ၏ မျက်နှာသည် မျက်ရည် အစဉ်စီးဆင်းသနည်း။ တောင်ကုန်းတို့၌ ပွင့်လန်းဝေဆာနေသော နှင်းပန်းများကို ငါသဘောကျ၏။ ပန်းများနှင့် မြက်ပင်တို့သည် တောင်စောင်းအနှံ့ ပေါက်ရောက်နေသော်လည်း၊ နှင်းပန်းများသည် နွေဦးရာသီ မရောက်မီ မြေကြီးပေါ်တွင် ငါ၏

ဘုန်းအသရေကို ဂုဏ်ရောင်ထွန်းပြောင်မှု ဖြည့်ပေးကြသည်- လူသားသည် ထိုသို့သော အရာများကို စွမ်းဆောင်နိုင်သလော။ သူသည် ငါပြန်မလာမီ ကမ္ဘာမြေပေါ်တွင် ငါ့ကို သက်သေခံနိုင်မည်လော။ အဆင်းနီသော နဂါးကြီး၏ နိုင်ငံတွင် ငါ၏နာမအတွက် သူသည် မိမိကိုယ်ကိုယ် ဆက်ကပ်နိုင်မည်လော။ ယင်းမှာ ငါ၏မိန့်မြွက်ချက်များသည် လူသားအပေါ် သတ်မှတ်ချက်ဖြင့် ယုက်သန်းသည့်အလားဖြစ်သည်- ဤသတ်မှတ်ချက်တို့၏ အကျိုးဆက်အနေနှင့် သူသည် ငါ့ကို စက်ဆုပ်လေသည်။ သူ၏ခန္ဓာသည် အလွန်အားနည်းပြီး အခြေခံအားဖြင့် သူသည် ငါတောင်းဆိုသောအရာကို ကြိုးပမ်းရရှိနိုင်စွမ်း မရှိသောကြောင့် ငါ၏နှုတ်ကပတ်တော်တို့ကို သူကြောက်ရွံ့သည်။ ငါ၏နှုတ်ကို ဖွင့်သောအခါ၊ ကမ္ဘာမြေပေါ်က လူတို့သည် အငတ်ဘေးကို လွတ်မြောက်ဖို့ ကြိုးစားနေကြသည့်အလား၊ အရပ်လေးမျက်နှာသို့ ထွက်ပြေးနေကြသည်ကို ငါ မြင်ရသည်။ ငါ၏မျက်နှာကို ဖုံးကွယ်သောအခါ၊ ငါ့ကိုယ်ကို လှည့်သောအခါ လူတို့သည် ချက်ချင်း ထိတ်ထိတ်ပျာပျာ ဖြစ်ကြသွားသည်။ ၎င်းတို့သည် ငါ၏ထွက်ခွာခြင်းကို ကြောက်ရွံကြသောကြောင့် မည်သည့်အရာ လုပ်ရမည် မသိဖြစ်ကြသည်။ ၎င်းတို့၏အယူအဆများတွင် ငါထွက်ခွာမည့် နေ့ရက်သည် ကောင်းကင်မှ ဘေးဒုက္ခ သက်ဆင်းမည့်နေ့ရက်၊ ၎င်းတို့၏ အပြစ်ပေးခံရခြင်း စတင်သောနေ့ရက် ဖြစ်ပေမည်။ သို့သော် ငါလုပ်ဆောင်သည့်အရာမှာ လူသား၏အယူအဆများနှင့် အတိအကျ ဆန့်ကျင်ဘက် ဖြစ်လေသည်။ ငါသည် လူသား၏အယူအဆတိုင်း ဘယ်သောအခါမျှ မဆောင်ရွက်ဖူးသကဲ့သို့၊ သူ၏ အယူအဆတို့ကို ငါနှင့် လိုက်လျောညီထွေဖြစ်ရန် ဘယ်သောအခါမှ ခွင့်မပြုဖူးပေ။ ငါ ဆောင်ရွက်သော အချိန်သည် လူတို့ ဖွင့်ချခံရသောအချိန် အတိအကျ ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ငါ၏ဆောင်ရွက်ချက်တို့ကို လူသား အယူအဆများဖြင့် တိုင်းတာ၍ မရပေ။ ဖန်ဆင်းခြင်းအချိန်မှစ၍ ယနေ့ထိတိုင်၊ အဘယ်သူမျှ "တိုက်အသစ်"ကို ငါလုပ်ဆောင်သော အရာတို့တွင် ရှာဖွေတွေ့ရှိဖူးခြင်းမရှိပေ။ ငါအရေးယူဆောင်ရွက်သည့် နိယာမများကို မည်သူမျှ သဘောမပေါက်ဖူးကြသကဲ့သို့၊ အဘယ်သူမျှ ထွက်မြောက်ရာလမ်းသစ်ကို မဖွင့်ဖူးကြချေ။ ထို့ကြောင့် ယနေ့ လူတို့သည် လမ်းမှန်ထဲသို့ ဝင်ရောက်နိုင်စွမ်း မရှိမဲ့ ဖြစ်နေသည်- ဤသည်မှာ ၎င်းတို့ ချို့တဲ့သောအရာ အတိအကျ ဖြစ်ပြီး၊ ဤသည်မှာ ၎င်းတို့ ဝင်ရောက်သင့်သည့်အရာ ဖြစ်သည်။ ဖန်ဆင်းခြင်း အချိန်မှစ၍ ယနေ့ထိတိုင်၊ ငါသည် ထိုသို့သော လုပ်ငန်းတစ်ခုကို ယခင်က လုံးဝ စတင်ဖူးပေ။ နောက်ဆုံးသောကာလတွင် ငါသည် အချို့သော အပိုင်းအစအသစ်တို့ကိုမျှ ငါ၏ အမှုဆီသို့ ဖြည့်လေပြီ ဖြစ်သည်။ သို့သော် ထိုသို့သော သိသာသည့် အခြေအနေများအောက်တွင်ပင်၊ လူတို့သည် ငါ၏အလိုကို သဘောပေါက်နိုင်စွမ်း မရှိသေးပေ- ဤသည်မှာ ၎င်းတို့ ကင်းမဲ့သည့် အရာ အတိအကျ ဖြစ်သည် မဟုတ်လော။

ငါသည် အမှုအသစ်ထဲသို့ ဝင်ရောက်ပြီးနောက်၊ ငါသည် လူသားနှင့်သက်ဆိုင်သည့် အသစ်သော သတ်မှတ်ချက်များ ရှိသည်။ လူသားအတွက်၊ ယင်းမှာ အတိတ်က သတ်မှတ်ချက်များသည် သက်ရောက်မှု မရှိပြီးလေသည့်အလားဖြစ်ပြီး၊ ယင်းမှာ ထိုအရာတို့ကို သူ မေ့လျော့သည့် အကြောင်းရင်း ဖြစ်သည်။ ငါ အမှုပြုသည့် နည်းလမ်းသစ်မှာ အဘယ်အရာဖြစ်သနည်း။ ငါသည် လူသားကို အဘယ်အရာ တောင်းဆိုသနည်း။ လူတို့သည် အတိတ်တွင် ၎င်းတို့လုပ်ဆောင်ခဲ့သည့်အရာသည် ငါ၏အလိုနှင့်အညီ ဖြစ်ခဲ့ခြင်း ရှိမရှိဆိုသည်နှင့်၊ ၎င်းတို့၏ လုပ်ရပ်များသည် ငါတောင်းဆိုသည့် ဘောင်များအတွင်း ရှိခဲ့ခြင်း ရှိမရှိ ဆိုသည်တို့ကို ၎င်းတို့ကိုယ်တိုင် တိုင်းတာနိုင်ကြသည်။ ငါသည် အရာရာကို တစ်ခုချင်းစီ စစ်ဆေးရန် မလိုအပ်ပေ။ ၎င်းတို့သည် ၎င်းတို့၏ ဝိညာဉ်ရင့်ကျက်မှုကို သဘောပေါက်မှုရှိကြပြီး၊ ထို့ကြောင့် ၎င်းတို့၏စိတ်များ၌ ၎င်းတို့မည်ရွေ့မည်မျှ ဆောင်ရွက်နိုင်သည်ကို ရှင်းရှင်းလင်းလင်း ဖြစ်ကြပြီး၊ ၎င်းတို့ကို ပြည့်စုံရှင်းလင်းစွာ ပြောပြရန် ငါ့အတွက် မလိုအပ်ပေ။ ငါ ပြောဆိုသောအခါ၊ အချို့သောလူတို့သည် ခလုတ်တိုက်မိကောင်း တိုက်မိကြလိမ့်မည်။ ထို့ကြောင့် အကျိုးဆက်အနေဖြင့် အားနည်းလာခြင်းမှ လူတို့ကို တားဆီးရန် ငါသည် ငါ့နှုတ်ကပတ်တော်များ၏ ဤအပိုင်းကို ပြောဆိုခြင်းအား ရှောင်ရှားပြီး ဖြစ်သည်။ ဤသည်မှာ လူသား၏ လိုက်စားမှုအတွက် သာ၍ အကျိုးရှိသည် မဟုတ်လော။ ယင်းမှာ လူ၏ တိုးတက်မှုအဖို့ ပို၍ ကြီးမားသော အကျိုးကျေးဇူး ဖြစ်သည် မဟုတ်သလော။ အဘယ်သူသည် ၎င်းတို့၏ အတိတ်ကို မေ့ပြီး ရှေ့သို့ ကြိုးပမ်းရန် ဆန္ဒမရှိသနည်း။ ငါ၏ "စာနာထောက်ထားမှုမရှိခြင်း" ကြောင့် လူတို့သည် ငါ ပြောဆိုသည့် နည်းလမ်းသည် အသစ်သော နယ်ပယ်တစ်ခုထဲသို့ ဝင်ရောက်နှင့်ပြီးဖြစ်သည်ကို နားလည်မှုရှိ မရှိ ငါမသိနားမလည်ပေ။ ထို့အပြင်၊ ငါ၏အမှုသည် ငါ့ကို အလွန် "အလုပ်များ" စေသောကြောင့်၊ လူတို့သည် ငါ ပြောဆိုသော သဘောသွားကို နားလည်ခြင်း ရှိမရှိ ဆိုသည်ကို မေးမြန်းရန် ငါသည် အချိန်မရှိလေပြီ။ ထို့ကြောင့် လူတို့သည် ငါ့အပေါ် ပို၍နားလည်မှုရှိရန်သာ ငါတောင်းဆိုသည်။ ငါ၏အမှုသည် ငါ့ကို အလွန် "အလုပ်များ"စေသောကြောင့်၊ ငါသည် လူတို့ကို ညွှန်ကြားရန် ငါ့အမှု၏ အခြေစိုက်စခန်းများကို ကိုယ်တိုင်ကိုယ်ကျ မလည်ပတ်နိုင်ပေ။ ထို့ကြောင့် ငါသည် ၎င်းတို့နှင့်ပတ်သက်၍ "အနည်းငယ်သော သိနားလည်မှု" ရှိလေသည်။ အချုပ်အားဖြင့်၊ အခြားမည်သည့်အရာကိုမျှ ပဓာနမထားဘဲ၊ ငါသည် လူကို အသစ်သော အစနှင့် အသစ်သော နည်းစနစ်တစ်ခုထဲသို့ တရားဝင် ဝင်ရောက်ရန် စတင် ဦးဆောင်နေပြီး ဖြစ်သည်။ ငါ၏ မိန့်မြွက်ချက် အားလုံးတွင်၊ လူတို့သည် ငါ ပြောသည့်အရာတွင် ရယစရာကောင်းခြင်း၊ ဟာသနှင့် အထူးသဖြင့် လှောင်ပြောင်မှု

လေသံခပ်ပြင်းပြင်းကို မြင်ကြပြီးဖြစ်သည်။ ဤသို့လျှင် ငါကိုယ်တိုင်နှင့် လူသားကြားက စိတ်သဘောထား ညီညွတ်ခြင်းသည် လူတို့၏မျက်နှာများပေါ် ထူထပ်သော တိမ်တိုက်များ ဖုံးအုပ်စေလျက် အမှတ်တမဲ့ နှောင့်ယှက်ခံရလေသည်။ သို့သော် ငါသည် ဤအရာအားဖြင့် ဘောင်ခတ်မခံရဘဲ၊ ငါ ပြောဆိုကာ လုပ်ဆောင်သမျှအားလုံးသည် ငါ့အစီအစဉ်၏ လိုအပ်သော အစိတ်အပိုင်းတစ်ခု ဖြစ်သည့်အတွက်၊ ငါသည် ငါ့အမှုကို ဆက်၍ဆောင်ရွက်သည်။ ငါ၏နှုတ်မှ ပြောဆိုထားသည့် အရာအားလုံးသည် လူကို ကူညီပြီး ငါ လုပ်ဆောင်သည့် မည်သည့်အရာမျှ အရေးမပါသောအရာ မရှိပေ။ ငါ လုပ်ဆောင်သမျှအားလုံးသည် လူအားလုံးကို တည်ဆောက်ပေးသည်။ ငါသည် လွတ်ပေးထားပြီး၊ စကားပြောမြဲပြောနေသည်မှာ လူသည် ချို့တဲ့နေသောကြောင့် ဖြစ်သည်။ အချို့သော လူတို့သည် ၎င်းတို့နှင့်သက်ဆိုင်သည့် အသစ်သော သတ်မှတ်ချက်များ ပြုလုပ်ဖို့ ငါ့ကို အသည်းအသန် စောင့်ဆိုင်းနေကြသည်။ ထိုသို့ဖြစ်ပါက၊ ငါသည် ၎င်းတို့၏ လိုအပ်ချက်တို့ကို ဖြည့်ဆည်း၏။ သို့သော် သင်တို့ကို ငါသတိပေးရမည့်အရာ တစ်ခုရှိသည်- ငါ စကားပြောဆိုသောအခါ လူတို့သည် ထိုးထွင်းသိမြင်မှု သာ၍ ရရှမည်ဟု ငါမျှော်လင့်သည်။ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များမှ သာ၍ ရရှိပြီး၊ ထိုသို့ဖြင့် ငါ၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းဖို့အလို့ငှာ၊ ၎င်းတို့ သာ၍ မြော်မြင်တတ်ဖို့ ငါမျှော်လင့်သည်။ ယခင်က၊ အသင်းတော်များတွင် လူတို့၏ အာရုံစိုက်ရာသည် ကိုင်တွယ်ဖြေရှင်းခံရခြင်းနှင့် ချိုးဖဲ့ခံရခြင်းတို့အပေါ် ဖြစ်ခဲ့သည်။ ငါ၏နှုတ်ကပတ်တော်တို့ကို စားသောက်ခြင်းသည် ယင်းတို့၏ ရည်မှန်းချက်များနှင့် အရင်းအမြစ်ကို သိနားလည်မှု အခြေခံအုတ်မြစ်အပေါ် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်- သို့သော် ယနေ့သည် အတိတ်ကနှင့် မတူသကဲ့သို့၊ လူတို့သည် ငါ့မိန့်မြွက်ချက်များ၏ အရင်းအမြစ်ကို လုံး၀ သဘောပေါက်နိုင်စွမ်း မရှိကြချေ၊ ထိုသို့ဖြင့် ၎င်းတို့သည် ၎င်းတို့၏အားထုတ်မှု အားလုံးကို ငါ၏နှုတ်ကပတ်တော်အား စားသောက်ခြင်း၌သာ အသုံးပြုကြပြီးသည့်အတွက်၊ ငါ၏ ကိုင်တွယ်ဖြေရှင်းခံရခြင်းနှင့် ချိုးဖဲ့ခြင်းခံရရန် အခွင့်အရေးမရှိကြပေ။ သို့သော် ဤအခြေအနေများအောက်တွင်ပင် ၎င်းတို့သည် ငါ၏ တောင်းဆိုချက်တို့ကို ဖြည့်ဆည်းနိုင်စွမ်း မရှိကြပေ၊ ထို့ကြောင့် ငါသည် ၎င်းတို့နှင့် သက်ဆိုင်၍ အသစ်သော တောင်းဆိုချက်များ ပြု၏- ၎င်းတို့အနေဖြင့် ငါနှင့်အတူ စမ်းသပ်ခြင်းများထဲသို့ ဝင်ရောက်ရန်၊ ပြစ်တင်ဆုံးမခြင်းထဲသို့ ၎င်းတို့ ဝင်ရောက်ရန် ငါတောင်းဆိုသည်။ သို့တိုင် သင့်ကို ငါတစ်ခု သတိပေးပါရစေ- ဤသည်မှာ လူကို သေခြင်းသို့ ပို့နေခြင်းမဟုတ်ဘဲ၊ ထို့ထက် လက်ရှိ အဆင့်တွင် ငါ၏ နှုတ်ကပတ်တော်များသည် လူသားအဖို့ အလွန်နားမလည်နိုင်စရာဖြစ်ပြီး လူသားသည် ငါနှင့်အတူ

ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းမရှိသည့်အတွက်၊ ဤသည်မှာ ငါ့အမှုက လိုအပ်သောအရာ ဖြစ်သည်- လုပ်ဆောင်ရမည့်အရာ မည်သည့်အရာမျှမရှိပါတကား။ ငါသည် လူသားကို အသစ်သော နည်းစနစ်ထဲသို့သာ ဝင်ရောက်စေနိုင်သည်။ အခြားလုပ်ဆောင်ရန် အဘယ်အရာရှိသနည်း။ လူသား၏ ချို့ယွင်းချက်များကြောင့်၊ ငါသည်လည်း လူဝင်ရောက်သည့် ရေစီးကြောင်းထဲသို့ ဝင်ရောက်ရမည်ဖြစ်သည်- လူတို့ကို စုံလင်စေရန် ဆင့်ခေါ် ခံခဲ့ရသည်၊ မဟုတ်လော။ ဤအစီအစဉ်ကို ဖန်တီးရန် ငါ ဆင့်ခေါ် ခံခဲ့ရသည်၊ မဟုတ်လော။ အခြားသော သတ်မှတ်ချက်မှာ မခက်ခဲသော်လည်း၊ ယင်းသည် ပထမအဖို့ ဆင့်ပွားမဟုတ်ပေ။ နောက်ဆုံးသောကာလ၏ လူစုထဲက ငါ၏အမှုသည် မကြုံစဖူးသော လုပ်ငန်းတစ်ခု ဖြစ်ပြီး၊ ထို့ကြောင့်၊ ငါ၏ဘုန်းအသရေသည် စကြဝဠာကို ပြည့်နိုင်ဖို့အလို့ငှာ၊ လူအားလုံးသည် ငါ့အတွက် နောက်ဆုံးသော ဆင်းရဲဒုက္ခကို ခံစားကြရမည်။ သင်တို့သည် ငါ၏ အလိုကို နားလည်ကြသလော။ ဤသည်မှာ လူသားနှင့်သက်ဆိုင်သည့် ငါပြုသော နောက်ဆုံးသတ်မှတ်ချက်ဖြစ်သည်၊ ဆိုလိုသည်မှာ လူအားလုံးသည် အဆင်းနီသောနဂါးကြီးရှေ့တွင် အားကောင်းသည့်၊ ထူးကဲသော သက်သေကို ခံနိုင်ကြရန်၊ ၎င်းတို့သည် နောက်ဆုံးသော အကြိမ် မိမိတို့ကိုယ်ကိုယ် ငါ့အတွက် ပူဇော်နိုင်ပြီး၊ နောက်ဆုံးအကြိမ် ငါ၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ငါမျှော်လင့်သည်။ သင်တို့သည် ဤအရာကို အမှန်တကယ် လုပ်ဆောင်နိုင်ကြသလော။ အတိတ်တွင် သင်တို့သည် ငါ၏စိတ်နှလုံးကို ကျေနပ်စေနိုင်စွမ်း မရှိခဲ့ကြချေ- နောက်ဆုံးအကြိမ်တွင် သင်တို့သည် ဤပုံစံကို ချိုးဖျက်နိုင်ကြမည်လော။ ငါသည် လူတို့ကို ဆင်ခြင်သုံးသပ်ရန် အခွင့်အရေး ပေးသည်။ ငါ့ကို နောက်ဆုံး အဖြေတစ်ခု မပေးမီ ၎င်းတို့အား သေချာစွာ တွေးဆခွင့်ပေးသည်- ဤသို့ လုပ်ဆောင်ရန် မှားယွင်းသလော။ ငါသည် လူ၏တုံ့ပြန်ချက်ကို စောင့်ဆိုင်းသည်၊ သူ၏ "ပြန်စာ" ကို ငါစောင့်ဆိုင်း၏- သင်တို့သည် ငါ၏သတ်မှတ်ချက်များကို ဖြည့်ဆည်းရန် ယုံကြည်ခြင်းရှိကြသလော။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်

# အခန်း ၃၅

လူတို့ကို ငါနှင့်အတူ တစ်ခုတည်းသော ရေစီးကြောင်းတွင် အသက်ရှင်ခွင့်ပေးရင်း၊ ငါသည် လူသားမျိုးနွယ်အလယ် ငါ၏ အမှုကို စတင် ဆောင်ရွက်နေသည်။ လူတို့သည် ငါ၏ စီမံခန့်ခွဲမှု

အစီအစဉ် တစ်လျှောက်လုံး စီမံခန့်ခွဲရသည့် အရာဖြစ်သည့်အတွက်၊ ငါ၏ အမှုကို ငါ ပြီးစီးသည့်အချိန်တွင် ငါသည် လူသားမျိုးနွယ်အလယ်တွင် ရှိလိမ့်ဦးမည်ဖြစ်ပြီး၊ ၎င်းတို့သည် အရာခပ်သိမ်း၏ အရှင်သခင်များဖြစ်လာရန်မှာ ငါ၏ဆန္ဒဖြစ်ပေသည်။ ဤအကြောင်းရင်းကြောင့်၊ ငါသည် လူသားမျိုးနွယ်အလယ်တွင် ဆက်လက် လျှောက်လှမ်း၏။ လူသားမျိုးနွယ်နှင့် ငါသည် လတ်တလောခေတ်ထဲသို့ ဝင်ရောက်သည်နှင့်အမျှ၊ ငါ့အမှု၏ အချိန်သည် မြန်ဆန်လာပြီဖြစ်သောကြောင့် ငါသည် အတော်အတန် စိတ်သက်သာရာရ၏။ လူသားများသည် အဘယ်သို့ အမီလိုက်နိုင်မည်နည်း။ ထုံထိုင်းပြီး ဉာဏ်ထိုင်းသောသူများအပေါ် ငါသည် များစွာသော အမှုကို လုပ်ဆောင်ပြီးဖြစ်သော်လည်း ၎င်းတို့သည် ငါ့ကို ချစ်ခင်မြတ်နိုးခြင်း မရှိကြသောကြောင့် မည်သည့်အရာမျှ မရရှိသလောက် ဖြစ်သည်။ ငါသည် လူအားလုံးအလယ်တွင် နေထိုင်ပြီးဖြစ်ကာ မြေကြီးအထက်နှင့် အောက်နှစ်ခုလုံးတွင် ၎င်းတို့ ရှိနိုင်သည့်နေရာတိုင်းတွင် ၎င်းတို့၏ လှုပ်ရှားမှုတိုင်းကို ငါ စောင့်ကြည့်လေ့လာပြီးဖြစ်၏။ "ငါ့ကိုခုခံခြင်း" သည် လူသား၏ အလုပ်ဖြစ်ခဲ့သည့်အလား၊ ဤအလုပ်ကို မလုပ်ဆောင်ခြင်းက ၎င်းတို့အား အခြေမဲ့အနေမဲ့ မိဘမဲ့များ ဖြစ်လာစေမည့်အလား၊ "လူသားများ" အဖြစ် အမျိုးအစား သတ်မှတ်ခံထားရသူ အားလုံးသည် ငါ့ကိုခုခံနေကြသည်။ သို့သော်၊ ငါသည် ၎င်းတို့၏ လုပ်ရပ်များနှင့် အပြုအမူတို့အရ၊ ထင်ရာမြင်ရာ မစီရင်ပေ။ ထို့ထက်၊ ငါသည် ၎င်းတို့၏ ဝိညာဉ်ရင့်ကျက်မှုနှင့်အညီ ငါသည် မစကာ ထောက်ပံ့ပေးသည်။ လူသားများသည် ငါ၏စီမံခန့်ခွဲမှု အစီအစဉ် တစ်ရပ်လုံး၏ အဓိက ဇာတ်ဆောင်များဖြစ်ကြသောကြောင့် ၎င်းတို့သည် စိတ်ပါလက်ပါနှင့် မိမိတို့ အစွမ်းရှိသမျှဖြင့် ကပြနိုင်ဖို့အလို့ငှာနှင့် ငါစီစဉ်ညွှန်ကြားနေသော ဤပြဇာတ်သည် ခြိမ့်ခြိမ့်သဲမျှ အောင်မြင်မှုတစ်ခု ဖြစ်ဖို့အလို့ငှာ "လူသား" ဟူသည့် အခန်းကဏ္ဍတွင် သရုပ်ဆောင်ကြပြီးဖြစ်သူများကို သာ၍ လမ်းပြမှု ငါ ပေး၏။ ဤအရာသည် လူသားမျိုးနွယ်ထံ ငါ၏ မေတ္တာရပ်ခံချက်ဖြစ်သည်။ ငါသည် လူသားမျိုးနွယ်အတွက် ဆုမတောင်းခဲ့ပါက၊ ၎င်းတို့သည် မိမိတို့၏အခန်းကဏ္ဍကို ကပြနိုင်မည်လော။ သို့ဆိုလျှင် ငါသည် လူများက ငါ့အား တောင်းဆိုသောအရာကို ပြီးမြောက်နိုင်သော်လည်း ၎င်းတို့ကို ငါတောင်းဆိုသော အရာအား ၎င်းတို့ မပြီးမြောက်နိုင်ကြသည့် ကိစ္စရပ် ဖြစ်မည် မဟုတ်လော။ ငါသည် လူသားမျိုးနွယ်ကို ဖိနှိပ်ဖို့ ငါ၏ခွန်အားကို အသုံးမပြုဟု ဆိုနိုင်သည်။ ထိုအစား၊ ဤသည်မှာ ၎င်းတို့ကို စိတ်ထက်သန်မှုနှင့် စစ်မှန်ရိုးသားမှုဖြင့် ငါ အနူးအညွတ် တောင်းပန်သော ငါ၏ နောက်ဆုံးတောင်းဆိုချက် ဖြစ်သည်။ ငါတောင်းဆိုသောအရာကို ၎င်းတို့ အမှန်တကယ် လုပ်ဆောင်နိုင်သလော။ ငါသည် လူတို့ကို နှစ်ပေါင်းများစွာ ပေးနေပြီးဖြစ်သော်လည်း၊

အပြန်အလှန်အားဖြင့် မည်သည့်အရာမျှ မရရှိလေပြီ။ အဘယ်သူသည် ငါ့အား တစ်ခုတစ်လေကို ပေးဖူးသနည်း။ ငါ၏အသွေး၊ ချွေးနှင့် ငါ့မျက်ရည်များသည် တောင်တန်း မြူခိုးကဲ့သို့ ဖြစ်လေသလော။ ငါသည် လူတို့ကို အကြိမ်ပေါင်းများစွာ "ကာကွယ်ဆေးများ" ပေးပြီးဖြစ်ကာ သူတို့နှင့်သက်ဆိုင်သည့် ငါ၏သတ်မှတ်ချက်များသည် အမှားမခံသည်ကို ငါပြောပြပြီးဖြစ်သည်။ သို့ဆိုလျှင် အဘယ်ကြောင့် လူတို့သည် ငါ့ကို စဉ်ဆက်မပြတ် ရှောင်ရှားကြသနည်း။ ယင်းမှာ ငါသည် ၎င်းတို့ အဖမ်းခံရလျှင်ခံရချင်း သတ်ပစ်မည့် ကြက်ကလေးများကဲ့သို့ ၎င်းတို့ကို သဘောထားလိမ့်မည် ဖြစ်သောကြောင့်လော။ ငါသည် အမှန်တကယ် လူမဆန်သကဲ့သို့ ရက်စက်သောသူ ဖြစ်သလော။ လူသားများသည် ငါ့ကို ၎င်းတို့၏အယူအဆဖြင့် အမြဲ တိုင်းတာကြသည်။ ငါသည် ၎င်းတို့ အယူဆအများတွင် ဖြစ်သည့်အတိုင်း ကောင်းကင်ဘုံ၌ရှိသော ငါနှင့် တူညီသလော။ ငါသည် လူတို့၏ အယူအဆများကို ငါ၏ ပျော်ရွှင်ခြင်းအတွက် ရည်မှန်းချက်များအဖြစ် မမှတ်ယူပေ။ ထို့ထက်၊ ငါသည် ၎င်းတို့၏ နှလုံးသားများကို တန်ဖိုးထားရမည့် အရာများအဖြစ် ငါမြင်သည်။ သို့သော် ၎င်းတို့အရ ငါသည် အသိစိတ်မရှိသောကြောင့် ၎င်းတို့၏ အသိစိတ်များနှင့် ပတ်သက်၍ ငါ အတော်အတန် စိတ်ကုန်ရသည်။ ထို့ကြောင့် ၎င်းတို့၏ အသိစိတ်များနှင့်ပတ်သက်၍ ငါသည် နောက်ထပ် ထင်မြင်ချက်အချို့ရှိလေသည်။ သို့သော်၊ ၎င်းတို့၏အသိစိတ်များကို တိုက်ရိုက်ဝေဖန်ဖို့ ငါ ငြင်းသည်။ ထို့ထက်၊ ငါသည် ၎င်းတို့ကို စိတ်ရှည်စွာနှင့် စနစ်တကျ ဆက်လက်လမ်းပြပေးသည်။ အမှန်တွင်တော့၊ လူသားများသည် အားနည်းကြပြီး၊ မည်သည့် အလုပ်ကိုမျှ မလုပ်ဆောင်နိုင်ကြချေ။

ယနေ့တွင်၊ ငါသည် လူသားမျိုးနွယ်နှင့်အတူ မွေ့လျော်သည့် အကန့်သတ်မရှိသော ပြစ်တင်ဆုံးမခြင်း နယ်ပယ်ထဲသို့ တရားဝင် ခြေလှမ်းလှမ်း၏။ ငါ၏ လက်ဖြင့်၊ ငါသည် အမိန့်ကိုလည်း ထုတ်ပြန်ပြီး၊ ငါ၏ ကွပ်ကဲမှုအောက်တွင် လူသားမျိုးနွယ်သည် လိမ္မာကြ၏။ အဘယ်သူမျှ ငါ့ကိုမဆန့်ကျင်ဝံ့ကြ။ ဤသည်မှာ ၎င်းတို့၏ "အလုပ်"ဖြစ်သည့်အတွက်၊ ငါ တာဝန်ပေးသည့် အလုပ်ကို ထမ်းဆောင်ရင်း၊ အားလုံးသည် ငါ၏လမ်းပြမှုအောက်၌ ရှိကြ၏။ ကောင်းကင်နှင့် ကောင်းကင်အောက်အရပ်၌ရှိသည့် အရာခပ်သိမ်းအလယ်တွင်၊ အဘယ်သူသည် ငါ့အစီအစဉ်များကို ကျိုးနွံနာခံခြင်း မရှိသနည်း။ အဘယ်သူသည် ငါ၏လက်တွင်မရှိသနည်း။ ငါ၏နှုတ်ကပတ်တော်များနှင့် ငါ၏အမှုအတွက် အဘယ်သူသည် ချီးမွမ်းခြင်းနှင့် ထောမနာပြုခြင်းကို မမြွတ်ဆိုသနည်း။ လူသားတို့သည် ငါ၏လုပ်ဆောင်ချက်များနှင့် ငါ၏ လုပ်ရပ်များကို ကြည်ညိုလေးစားသောကြောင့်၊ ငါ၏လှုပ်ရှားမှုတိုင်းကြောင့်၊ ၎င်းတို့သည် ငါ့အမှု၏ ရေစီးကြောင်းထဲသို့ မိမိတို့ကိုယ်ကိုယ်

ထဲထဲဝင်ဝင် ပါဝင်ကြသည်။ အဘယ်သူသည် မိမိတို့ကိုယ်ကိုယ် လွတ်မြောက်စေနိုင်သနည်း။ အဘယ်သူသည် ငါစီစဉ်ပြီးသော အလုပ်မှ လွတ်ကင်းနိုင်သနည်း။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်အားဖြင့်၊ လူသားတို့သည် မဖြစ်မနေ နေကြရသည်။ ထိုအရာမရှိဘဲနှင့်၊ ၎င်းတို့အားလုံးသည် "ရှေ့တန်း"မှ တိတ်တဆိတ် နောက်ဆုတ်ပြီး "တပ်ပြေးများ" ဖြစ်လာကြပေမည်။ အဘယ်သူသည် သေခြင်းကို မကြောက်ရွံ့သနည်း။ လူတို့သည် မိမိတို့၏ အသက်များကို အန္တရာယ်ဖြစ်စေနိုင်ကြလော။ ငါသည် အချိန်ကြာမြင့်စွာက လူသားသဘာဝကို မခွဲခြင်းမချန် သိနားလည်မှုတစ်ခု ရရှိခဲ့သောကြောင့် ငါသည် မည်သူကိုမျှ အတင်းအကျပ်မပြုပေ။ ထိုသို့ဖြင့်၊ လူတို့ ယခင်က လုံးဝ မလုပ်ဆောင်ဖူးသော စီမံကိန်းများကို ငါသည် အမြဲ တာဝန်ယူ ဆောင်ရွက်နေခဲ့သည်။ အဘယ်သူမျှ ငါ၏အမှုကို မဆောင်ရွက်နိုင်သောကြောင့်၊ ငါသည် စာတန်နှင့် သေရေးရှင်ရေး ထိုးကြိတ်သတ်ပုတ်ခြင်းတစ်ခုတွင် ပါဝင်ဆင်နွှဲဖို့ လူကိုယ်တိုင် စစ်မြေပြင်သို့ ခြေချပြီးဖြစ်သည်။ ယခုခေတ်တွင်၊ စာတန်သည် အဆုံးစွန် သောင်းကျန်းနေသည်။ အဘယ်ကြောင့် ငါသည် ငါ့အမှု၏ အာရုံစိုက်ရာကို ကြွားရန်နှင့် ငါ့တန်ခိုးကို ထုတ်ဖော်ပြရန် ဤအခွင့်အရေးကို မယူရသနည်း။ ယခင်က ငါပြောပြီးသည့်အတိုင်း ငါသည် စာတန်၏ ဥပါယ်တံမျဉ်ကို ငါ၏အဖြည့်ခံအဖြစ် အသုံးပြုသည်။ ဤသည်မှာ အကောင်းဆုံး အခွင့်အရေး မဟုတ်လော။ ငါသည် ငါ့ပန်းတိုင်ကို စွမ်းဆောင်ရရှိပြီးဖြစ်သောကြောင့်၊ ယခုမှသာ စိတ်ကျေနပ်သော အပြုံးကို ထုတ်ဖော်သည်။ ငါသည် ပြေးလွှားလုပ်ဆောင်ကာ လူသားများကို "အကူအညီ" တောင်းတော့မည်မဟုတ်။ ငါသည် အလုပ်ရှုပ်နေခြင်းကို ရပ်တန့်ပြီဖြစ်ပြီး၊ အခြေမဲ့အနေမဲ့တစ်ဦး၏ ဘဝကို အသက်မရှိတော့ပေ။ ယခုမှစ၍ ငါသည် ငြိမ်းချမ်းစွာနေထိုင်မည်။ ငါ၏နေ့ရက် ကျရောက်ပြီဖြစ်သည့်အတွက်၊ လူသားများသည်လည်း ထိုနည်းတူ ဘေးကင်းကာ လုံခြုံလိမ့်မည်ဖြစ်သည်။ ကမ္ဘာမြေပေါ်၌၊ ငါသည် လူသား၏ အလုပ်များသော ဘဝ၊ မတရားမှုများစွာ ဖြစ်ပွားပြီးပုံရသည့် ဘဝတစ်ခုကို နေထိုင်ပြီး ဖြစ်သည်။ လူသားများ၏အမြင်တွင်၊ ငါသည် ၎င်းတို့၏ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်းများအပြင်၊ ၎င်းတို့၏ အခက်အခဲများကို ဝေမျှခံစားပြီးဖြစ်သည်။ လူသားများကဲ့သို့၊ ငါသည်လည်း ကမ္ဘာမြေပေါ်နှင့် ကောင်းကင်အောက်တွင် အသက်ရှင်နေထိုင်ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ငါ့ကို ဖန်ဆင်းခံသတ္တဝါတစ်ဦးအဖြစ် အမြဲ မြင်ကြလေပြီ။ လူသားများသည် ကောင်းကင်ဘုံ၌ရှိသော ငါအဖြစ် ငါ့ကို မမြင်ကြသေးသောကြောင့်၊ ၎င်းတို့သည် ငါ့ကိုယ်စား အားထုတ်မှုများစွာ လုံးဝ အသုံးမပြုကြလေပြီ။ သို့သော်၊ ယနေ့ အခြေအနေကို ထောက်ဆသော်၊ လူတို့သည် ငါက

၎င်းတို့ကံကြမ္မာ၏ ဆရာသခင်ဖြစ်ပြီး၊ မိုးတိမ်များမှ ဟောပြောသော ဟောသူဖြစ်သည်ကို ဝန်ခံဖို့မှလွဲ၍ ရွေးချယ်စရာ မရှိကြပေ။ ထို့ကြောင့်၊ လူသားများသည် ငါ၏ ရှေ့မှောက်တွင် ကိုးကွယ်ခြင်းဖြင့် ၎င်းတို့၏ ဦးခေါင်းများကို မြေကြီးနှင့် ထိထားကြပြီးဖြစ်သည်။ ဤသည်မှာ ငါ၏ အောင်ပွဲခံ ပြန်လာခြင်း၏ သက်သေဖြစ်သည် မဟုတ်လော။ ဤသည်မှာ ရန်လိုသော အင်အားစုများအပေါ် ငါ၏အောင်ပွဲနှင့်သက်ဆိုင်သည့် ပြသမှုတစ်ခု ဖြစ်သည် မဟုတ်လော။ လူအားလုံးက ကမ္ဘာမြေကြီးသည် အဆုံးသို့ ရောက်လာနေသည်၊ လူသားမျိုးနွယ်သည် ကြီးမားသော သန့်စင်ခြင်းကို ကြုံရလိမ့်မည်ဟူသော စိတ်ထင့်ခြင်းများ ရှိကြပြီး ဖြစ်သည်။ သို့သော် အမှန်တွင် ၎င်းတို့အား ငါတောင်းဆိုသောအရာကို သတိရှိရှိ ၎င်းတို့ မလုပ်ဆောင်နိုင်ကြချေ၊ ထို့ကြောင့် ငါ၏ပြစ်တင်ဆုံးမခြင်းအောက်တွင် ငိုကြွေးရုံမှတစ်ပါး ၎င်းတို့ ရွေးချယ်စရာမရှိချေ။ အဘယ်အရာ တတ်နိုင်မည်နည်း။ လူသားများအား မနာခံရန် အဘယ်သူ ပြောခဲ့သနည်း။ အဘယ်သူသည် ၎င်းတို့အား နောက်ဆုံးခေတ်ထဲသို့ ဝင်ရောက်ဖို့ ပြောခဲ့သနည်း။ အဘယ်ကြောင့် ၎င်းတို့သည် နောက်ဆုံးသောကာလတွင် လူ့လောကထဲသို့ မွေးဖွားခဲ့ကြသနည်း။ အမှုအရာတစ်ခုစီတိုင်းကို ငါ ကိုယ်တိုင်ကိုယ်ကျ စီမံကာ စီစဉ်ထားခြင်း ဖြစ်သည်။ အဘယ်သူ စောဒကတက်နိုင်သနည်း။

ကမ္ဘာလောက၏ ဖန်ဆင်းခြင်းကတည်းက၊ ငါသည် လူသားမျိုးနွယ်ကို ၎င်းတို့၏ လောကီ တည်ရှိခြင်းတွင် အဖော်ပြုမြဲပြုရင်း၊ ၎င်းတို့အလယ် လှည့်လည်သွားလာပြီး ဖြစ်သည်။ သို့သော်၊ လူတစ်ဦးကိုမျှ ငါမရွေးချယ်ခဲ့ဖူးပေ။ အားလုံးသည် ငါ၏ အသံတိတ်စာအားဖြင့် ခါးခါးသီးသီး ငြင်းပယ်ခြင်း ခံခဲ့ကြရသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် အတိတ်က လူတို့သည် ငါ့ကို သီးသန့် အစေမခံခဲ့သောကြောင့်၊ အပြန်အလှန်အားဖြင့် ငါသည် ၎င်းတို့ကို သီးသန့် မချစ်ခဲ့ပေ။ ၎င်းတို့သည် စာတန်၏ "လက်ဆောင်များ"ကို ယူပြီးနောက် လှည့်ကာ ယင်းတို့ကို ငါ့အား ပေးခဲ့ကြသည်။ ဤသည်မှာ ငါ့ကို အသရေဖျက်ခြင်း မဟုတ်လော။ ပြီးလျှင် ၎င်းတို့၏ ပူဇော်မှုများကို ၎င်းတို့ ပြုလုပ်ကြသည်နှင့်အမျှ၊ ငါသည် ငါ၏စက်ဆုပ်ရွံရှာမှုကို မထုတ်ဖော်ပြခဲ့ပေ။ ထို့ထက်၊ ဤ"လက်ဆောင်များ"ကို ငါ၏စီမံခန့်ခွဲခြင်း၏ ကုန်ကြမ်းများအဖို့ ဖြည့်စွက်ခြင်းအားဖြင့်၊ ငါသည် ၎င်းတို့၏ အကြံအစည်ကို ငါ ကိုယ်တိုင်၏ အသုံးခံအဖြစ်သို့ ပြောင်းလဲခဲ့သည်။ နောက်ပိုင်းတွင် ၎င်းတို့သည် စက်ဖြင့် စီမံပြုပြင်ခံခဲ့ရပြီးသည်နှင့်တစ်ပြိုင်နက်၊ ငါသည် အတွင်းရှိ အဖျင်းကို မီးရှို့မည်။ လတ်တလောခေတ်တွင်၊ လူသားများသည် ငါ့ကို "လက်ဆောင်များ"စွာ မပေးကြသေးသော်လည်း၊ ငါသည် ဤအတွက် ၎င်းတို့ကို အပြစ်မတင်ပေ။ ဤလူတို့သည် အမြဲ ခိုကိုးရာမဲ့ဖြစ်ပြီး၊ လက်ချည်းသက်သက် ဖြစ်ကြသည်။ ထို့ကြောင့်၊ ၎င်းတို့

အခြေအနေ၏ လက်တွေ့အရှိတရားကို လေ့လာပြီးနောက်တွင်၊ လူ့လောကကို ငါရောက်လာခဲ့ကတည်းက၊ ငါသည် ၎င်းတို့ကို ယုတ္တိမတန်သော တောင်းဆိုချက်များ တစ်ခုတစ်လေကို လုံးဝ မတောင်းဆိုဖူးပေ။ ထို့ထက်၊ ၎င်းတို့အား "ကုန်ကြမ်းပစ္စည်းများ" ပေးပြီးနောက်တွင်၊ ဤသည်မှာ လူသားများ စွမ်းဆောင်ရရှိနိုင်သည့် အတိုင်းအတာ ဖြစ်သည့်အတွက်၊ ငါသည် ငါအလိုရှိသော "အချောသတ် ထုတ်ကုန်" ကို ရှာဖွေပြီးဖြစ်သည်။ သင့်လျော်သော တောင်းဆိုခြင်း မပြုမီ၊ ငါသည် လူသားတစ်ဦးကဲ့သို့ အသက်ရှင်ဖို့ဆိုသည်မှာ မည်သည့်အရာဆိုလိုသည်ကို သင်ယူလေ့လာရင်း၊ အခက်အခဲဖြင့် နှစ်ပေါင်းများစွာ ကုန်ဆုံးခဲ့သည်။ လူ့ဘဝကို ငါတွေ့ကြုံခဲ့ခြင်း မရှိပါက၊ လူတို့ ဆွေးနွေးဖို့ အခက်တွေ့ကြသည့် ကိစ္စရပ်များကို အဘယ်သို့ ငါ နားလည်နိုင်မည်နည်း။ သို့သော်၊ လူသားများသည် ထိုသို့ မမြင်ကြပေ။ ၎င်းတို့က ငါသည် အရာခပ်သိမ်းတတ်စွမ်းနိုင်သည့်၊ သဘာဝလွန် ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်ဟုပြောကြသည်။ ဤသည် သမိုင်းတလျှောက် လူသားများအားလုံး သိုထားကြပြီးဖြစ်သည့်၊ ယနေ့တွင်ပင် ၎င်းတို့ သိုထားကြသည့် အယူအဆများ အတိအကျ ဖြစ်သည် မဟုတ်လော။ ကမ္ဘာမြေပေါ်တွင် ငါ့ကို အမှန်တကယ်နှင့် အပြည့်အဝ သိရှိနိုင်သောသူ မည်သူမျှမရှိဟု ငါ ဆိုခဲ့သည်။ ဤမှတ်ချက်သည် ယင်း၏ ဂယက်ရိုက်ခတ်မှုများ ရှိ၏။ ယင်းသည် အနှစ်မဲ့ စကားမျှ မဟုတ်ပေ။ ဤအရာကို ငါကိုယ်တိုင် တွေ့ကြုံပြီးဖြစ်ကာ လေ့လာပြီးဖြစ်သည်၊ ထို့ကြောင့် အသေးစိတ်များနှင့်သက်ဆိုင်သည့် သိနားလည်မှုတစ်ခု ငါ ရှိ၏။ ငါသည် လူ့လောကသို့ ကြွဆင်းမလာခဲ့ပါက၊ အဘယ်သူသည် ငါ့ကို သိခွင့်ရမည်နည်း။ အဘယ်သူသည် ငါ၏ နှုတ်ကပတ်တော်များကို လူကိုယ်တိုင် နားထောင်နိုင်မည်နည်း။ အဘယ်သူသည် ငါ၏ပုံသဏ္ဌာန်ကို ၎င်းတို့အလယ် မြင်နိုင်မည်နည်း။ ခေတ်များတစ်လျှောက်လုံးတွင်၊ ငါသည် မိုးတိမ်များထဲ၌ အမြဲ ကွယ်ဝှက်နေခဲ့သည်။ အစောပိုင်းတွင်၊ ငါသည် ကြိုတင်ဟောကိန်းတစ်ခု ပြုခဲ့၏- "၎င်းတို့အတွက် စံနမူနာအဖြစ် အသုံးတော်ခံဖို့ နောက်ဆုံးသောကာလတွင် ငါသည် လူ့လောကသို့ ကြွဆင်းလာလိမ့်မည်" ဟူ၍ ဖြစ်သည်။ ဤသည်မှာ ယခုခေတ်လူတို့သာ ၎င်းတို့၏ အမြင်များကို ကျယ်ပြန့်စေနိုင်ခြင်းနှင့်ဆိုင်သည့် ကောင်းမွန်သည့် အခွင့်အလမ်း ရှိကြသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ ၎င်းတို့အပေါ် ငါ အပ်နှင်းသော ကြင်နာမှုဖြစ်သည် မဟုတ်လော။ ၎င်းတို့သည် ငါ၏ ကျေးဇူးတော်ကို အမှန်တကယ် လုံးဝ နားမလည်နိုင်မည်လော။ အဘယ်ကြောင့် လူသားများသည် အလွန် ထုံထိုင်းကာ ဉာဏ်ထိုင်းကြသနည်း။ ဤမျှထိ ၎င်းတို့ ရောက်ရှိကြလေပြီ။ ၎င်းတို့သည် အဘယ်ကြောင့် မနိုးထကြသေးသနည်း။ ငါသည် ဤလောကတွင် နှစ်ပေါင်းများစွာ ရှိပြီးဖြစ်သော်လည်း၊ အဘယ်သူသည် ငါ့ကိုသိသနည်း။

ငါသည် လူတို့ကို ပြစ်တင်ဆုံးမသည်မှာ အံ့ဩစရာမရှိပေ။ ယင်းမှာ ၎င်းတို့သည် ငါ၏ ဩဇာအာဏာကို ကျင့်သုံးခံရမည့်သူများ ဖြစ်ပုံရကြသည်။ ယင်းမှာ ၎င်းတို့သည် အားလုံး "ရှောင်တိမ်း" ကြမည့် ငါပစ်လျက်ရှိသော ငါ၏သေနတ်ထဲက ကျည်ဆန်များဖြစ်ပုံရကြသည်။ လူတိုသည် ထိုသို့ စိတ်ကူးတတ်ကြ၏။ ငါသည် လူသားများကို အမြဲ လေးစားပြီးဖြစ်သည်။ ငါသည် မည်သည့်အခါတွင်မျှ ၎င်းတို့ကို ထင်ရာမြင်ရာ အမြတ်မထုတ်ဖူးပေ သို့မဟုတ် ကျွန်များကဲ့သို့ ၎င်းတို့ကို မရောင်းဝယ်ဖူးပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါသည် ၎င်းတို့ကို မစွန့်ခွာနိုင်သကဲ့သို့၊ ၎င်းတို့သည် ငါ့ကို မစွန့်ခွာနိုင်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ ငါတို့အကြားတွင် သေအတူ ရှင်မကွာ နှောင်းကြိုးတစ်ခု ဖြစ်ပေါ် ခဲ့သည်။ ငါသည် လူသားမျိုးနွယ်ကို အမြဲ ချစ်မြတ်နိုးလေပြီ။ လူသားမျိုးနွယ်သည် ငါ့ကို မည်သည့်အခါတွင်မျှ မချစ်မြတ်နိုးဖူးသော်လည်း၊ ၎င်းတို့သည် ငါ့ကို အမြဲ အားကိုတကြီး မျှော်လင့်ကြပြီးဖြစ်သည်။ ယင်းမှာ ၎င်းတို့အပေါ် အားထုတ်မှုများ ငါ ဆက်လက်အသုံးပြုရသည့် အကြောင်းရင်း ဖြစ်သည်။ ၎င်းတို့သည် ကမ္ဘာမြေပေါ်က ငါ့စီမံခန့်ခွဲမှု၏ "အရင်းအနှီး" ဖြစ်သောကြောင့်၊ ငါသည် သူတို့ကို ငါ၏ကိုယ်ပိုင်ရတနာကဲ့သို့ ချစ်၏။ ထို့ကြောင့် ငါသည် ၎င်းတို့ကို သေချာပေါက် ဖယ်ရှင်းသုတ်သင်မည်မဟုတ်။ လူသားများအပေါ် ငါ၏အလိုသည် ဘယ်သောခါမျှ ပြောင်းလဲမည်မဟုတ်။ ငါ၏ကတိသစ္စာကို ၎င်းတို့ အမှန်တကယ် ယုံကြည်အားကိုးနိုင်သလော။ ငါ့အတွက် ၎င်းတို့သည် ငါ့ကို အဘယ်သို့ ကျေနပ်စေနိုင်မည်နည်း။ ဤသည်မှာ လူသားမျိုးနွယ်အားလုံးအတွက် ချမှတ်ပြီးဖြစ်သည့် အလုပ်တာဝန်ဖြစ်သည်။ ယင်းသည် ၎င်းတို့ကို ငါ တာဝန်ပေးထားပြီးဖြစ်သည့် "အိမ်စာ" ဖြစ်သည်။ ယင်းကို ပြီးစီးဖို့ ၎င်းတို့အားလုံး အလုပ်ကြိုးစားကြလိမ့်မည်မှာ ငါ၏ မျှော်လင့်ချက် ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်

# အခန်း ၃၆

အရာရာတိုင်းကို ငါ၏လက်ဖြင့် စီစဉ်ထားခြင်း ဖြစ်သည်။ မည်သူသည် ၎င်းတို့ နှစ်သက်သည့်အတိုင်း ပြုဝံ့သနည်း။ မည်သူသည် ထိုအရာကို အလွယ်တကူ ပြောင်းလဲနိုင်သနည်း။ လူတို့သည် ဖုန်မှုန့်များ ရွေ့လျားသကဲ့သို့ ရွေ့လျားရင်း၊ လေထဲတွင် လွင့်မျောနေကြသည်၊ ဦးခေါင်းမှ ခြေဖျားအထိ ရွံ့ရှာဖွယ်ဖြစ်စေလျက် ၎င်းတို့၏မျက်နှာများ

မဲညစ်လေသည်။ ငါသည် လေးလံသော နှလုံးသားဖြင့် တိမ်များကြားမှ စောင့်ကြည့်၏- တစ်ချိန်က တက်ကြွမှုအပြည့်ရှိခဲ့သည့် လူသားသည် ဤကဲ့သို့ အဘယ်ကြောင့် ဖြစ်လာလေပြီနည်း။ ပြီးလျှင် သူသည် အဘယ်ကြောင့် ဤအရာကို မသိသနည်း၊ အဘယ်ကြောင့် ဤအရာကို မခံစားနိုင်သနည်း။ အဘယ်ကြောင့် သူသည် "ဖြစ်ကတတ်ဆန်းနေ"ကာ အညစ်အကြေးဖြင့် မိမိကိုယ်ကိုယ် ဖုံးလွှမ်းခွင့်ပြုသနည်း။ ယင်းမှာ သူ့၏ မိမိကိုယ်ကိုယ်အတွက် ချစ်ခြင်းမေတ္တာနှင့် လေးစားမှု ကင်းမဲ့ခြင်း ဖြစ်သည်။ လူသားသည် ငါတောင်းဆိုသည့်အရာကို အဘယ်အကြောင့် အစဉ်အမြဲ ရှောင်ရှားသနည်း။ ငါသည် သူ့အပေါ် အမှန်တကယ် ရက်စက်ကာ လူမဆန်သလော။ ငါသည် အမှန်တကယ် အာဏာပြလွန်းကာ ယုတ္တိမတန်သလော။ သို့ဖြစ်လျှင် လူတို့သည် ငါ့ကို အဘယ်ကြောင့် စိန်းစိန်းဝါးဝါး အကြည့်များဖြင့် အမြဲကြည့်သနည်း။ ၎င်းတို့သည် အဘယ်ကြောင့် ငါ့ကို အမြဲ မုန်းကြသနည်း။ ငါသည် ၎င်းတို့အား လမ်းဆုံးသို့ ခေါ်ဆောင်ပြီလော။ လူသားသည် ရန်သူတစ်ဦးကို စောင့်ကြည့်နေသည့်အလား၊ မျက်လုံးနှစ်ခုလုံးက ငါ့အပေါ် စူးစိုက်ကြည့်လျက်၊ ၎င်း၏လည်ပင်း ပတ်လည်ရှိ ထမ်းပိုးကို လက်နှစ်ဘက်ဖြင့် ဖမ်းဆုပ်သည်မှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်သည့်အတွက်၊ လူသည် ငါ၏ပြစ်တင်ဆုံးမခြင်း၌ မည်သည့်အရာကိုမျှ လုံးဝ ရှာတွေ့ရှိဖူးခြင်း မရှိပေ— ပြီးလျှင် ဤအချိန်တွင်သာ သူမည်မျှ ပိန်ချုံးချည့်နဲ့နေသည်ကို ငါသတိထားမိ၏။ စမ်းသပ်မှုများအလယ် မည်သူမျှ ခိုင်မြဲစွာ မရပ်တည်ကြလေပြီဟု ငါပြောသည်မှာ ဤအရာကြောင့် ဖြစ်ပေသည်။ လူသား၏ ဝိညာဉ်ရင့်ကျက်မှုသည် အတိအကျအားဖြင့် ထိုသို့ဖြစ်သည် မဟုတ်လော။ သူ၏ "အတိုင်းအတာများ"အတွက် ကိန်းဂဏန်းများကို ငါသည် သူ့အား ပြောပြရန် လိုအပ်သလော။ လူသား၏ "အရပ်အမြင့်" သည် မြေကြီးတစ်လျှောက် လူးလွန့်နေသည့် တီကောင်လေး တစ်ကောင်၏ အရပ်ထက် သာ၍ မမြင့်သကဲ့သို့၊ သူ၏ "ရင်ဘတ်"သည် မြွေတစ်ကောင်၏ ရင်ဘတ်အကျယ်သာ ရှိသည်။ ဤတွင် ငါသည် လူသားအား သိမ်ငယ်စေခြင်း မဟုတ်ပေ— ဤသည်တို့မှာ သူ၏ ဝိညာဉ်ရင့်ကျက်မှုနှင့်ဆိုင်သည့် တိကျသော ကိန်းဂဏန်းများ ဖြစ်သည် မဟုတ်လော။ ငါသည် လူသားအား သိက္ခာချလေပြီလော။ လူသားသည် မြူးတူး ဆော့ကစားနေသော ကလေးငယ်တစ်ဦးကဲ့သို့ ဖြစ်၏။ တိရစ္ဆာန်များနှင့် သူဆော့ကစားသည့် အချိန်များပင် ရှိ၏၊ သို့သော် သူသည် ပျော်ရွှင်နေမြဲဖြစ်သည်။ ပြီးလျှင် သူသည် သောက သို့မဟုတ် စိုးရိမ်မှုမရှိဘဲ၊ ဘဝတစ်ခုကို ရှင်သန်ရင်း ကြောင်တစ်ကောင်ကဲ့သို့ ဖြစ်လေသည်။ ငါသည် မြေကြီးပေါ် ရှိ လူတို့၏လွန်ကဲသော ဘဝနေထိုင်မှု ပုံစံများနှင့်သက်ဆိုင်၍ အကြီးအကျယ် စိတ်ကုန်သည်မှာ ဝိညာဉ်တော်၏ စိုးမိုးခြယ်လှယ်မှုကြောင့် သို့မဟုတ်

ကောင်းကင်ဘုံရှိ ဘုရားသခင်၏ အခန်းကဏ္ဍကြောင့် ဖြစ်ကောင်း ဖြစ်နိုင်သည်။ ကပ်ပါးပိုးတစ်ကောင်၏ ဘဝကဲ့သို့သော- လူသား၏ဘဝကြောင့် "လူ့ဘဝ" ဟူသော စကားလုံးများကို ငါ၏ "စိတ်ဝင်စားမှု" သည် အတော်အတန် တိုးပွားလာပြီး၊ ထို့ကြောင့် ငါသည် လူ့ဘဝအပေါ် အနည်းငယ် သာ၍ "ရိုသေလေးစား" လာပြီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူသားသည်သာ အဓိပ္ပာယ်ရှိသောဘဝတစ်ခုကို ဖန်တီးနိုင်စွမ်း ရှိပုံရပြီး၊ ငါမူကား ဤအရာကို လုပ်ဆောင်နိုင်စွမ်း မရှိသည့်ပုံပေါ်မည် ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ငါသည် လူသားအလယ် အခက်အခဲကို မကြုံတွေ့နိုင်သကဲ့သို့ မလေ့လာနိုင်သည့်အတွက်၊ ငါသည် "တောင်များ" ဆီသို့ ဆုတ်ခွာရုံသာ ဆုတ်ခွာနိုင်ပေသည်။ သို့ရာတွင် လူသားသည် ငါ့အား အတင်းအကျပ် ပြုစေ၏- ငါသည် ရွေးချယ်စရာ မရှိပေ။ ငါသည် လူသားနှင့်အတူ အတွေ့အကြုံများကို ပေါင်းရုံးလျက်နှင့် သူနှင့်အတူ လူ့ဘဝကို ကြုံရလျက်၊ လူ၏အစီအစဉ်များကို နာခံရုံသာနာခံနိုင်ပေသည်။ ကောင်းကင်ဘုံတွင်၊ ငါသည် တစ်မြို့လုံးကို တစ်ကြိမ် လှည့်လည်ခဲ့ပြီး၊ ကောင်းကင်ဘုံ အောက်တွင်၊ ငါသည် နိုင်ငံအားလုံးကို တစ်ကြိမ် လှည့်လည် သွားလာခဲ့သည်။ သို့သော် ငါ့ကို မည်သူမျှ ရှာမတွေ့ဖူးပေ။ ၎င်းတို့၏ ငါ၏ဟိုဟိုသည်သည် လှုပ်ရှားခြင်း အသံကို ကြားရုံမျှ ကြားကြသည်။ လူတို့၏ အမြင်တွင်၊ ငါသည် သဲလွန်စ သို့မဟုတ် အရိပ်အယောင် မရှိဘဲ သွားလာသည်။ ယင်းမှာ ငါသည် ၎င်းတို့၏နှလုံးသားများထဲက မမြင်နိုင်သော ရုပ်တုဆင်းတု တစ်ခု ဖြစ်လာပြီးဖြစ်သည့်အလား ဖြစ်၏၊ သို့ရာတွင် လူတို့သည် ထိုသို့ မယုံကြည်ကြချေ။ ဤအရာအားလုံးသည် လူသား၏နှုတ်က ဝန်ခံသည့်အချက်များ မဟုတ်သည်မှာ ဖြစ်နိုင်မည်လော။ ဤအချိန်တွင် ၎င်းတို့ ပြစ်တင်ဆုံးမခြင်းခံရသင့်သည်ဟု အဘယ်သူ မသိမှတ်သနည်း။ ခိုင်မာသည့် အထောက်အထားရှေ့တွင် လူတို့သည် ၎င်းတို့၏ ဦးခေါင်းများကို မော့နိုင်ကြသေးသလော။

ငါသည် လူသားအလယ်တွင် "စီးပွားရေး သဘောတူညီမှု" တစ်ခု လုပ်ဆောင်နေသည်၊ ငါသည် သူ၏မစင်ကြယ်မှုနှင့် မဖြောင့်မတ်မှု အားလုံးကို ဖယ်ရှားပြီး၊ ထိုသို့ဖြင့် ငါ၏စိတ်နှလုံးနှင့် ညီညွတ်နိုင်ဖို့အလို့ငှာ သူ့အား "ပြုပြင်" ၏။ သို့သော် လူသားသည် ယခုပင်ဖမ်းမိသော ငါးတစ်ကောင်ကဲ့သို့ အမြဲ ဟိုခုန်သည်ခုန် ပြုနေသည့်အတွက်၊ အမှု၏ ဤအဆင့်အဖို့ သူ၏ ပူးပေါင်းလုပ်ဆောင်မှုသည် မရှိမဖြစ် လိုအပ်ပေသည်။ ထို့ကြောင့် မတော်တဆ ဖြစ်မှုများကို တားဆီးရန်၊ ငါသည် ဖမ်းမိခဲ့ပြီးသော "ငါးများ" အားလုံးကို သတ်လိုက်သည်၊ ယင်းနောက်တွင် ငါးတို့သည် နာခံတတ်လာကြပြီး၊ အနည်းငယ်မျှ ညည်းညူခြင်း မရှိခဲ့ပေ။ ငါသည် လူသားကို လိုအပ်သည့်အခါတွင်၊ သူသည် အမြဲ ပုန်းကွယ်လေသည်။ ယင်းမှာ သူသည်

အံ့အားသင့်ဖွယ်ရာ မြင်ကွင်းများကို လုံးဝ မမြင်ဖူးသည့်အလား၊ ကျေးလက်ဒေသတွင် မွေးဖွားခဲ့ပြီး မြို့ကြီးပြကြီး ကိစ္စရပ်များနှင့်သက်ဆိုင်၍ ဘာမျှ မသိသည့်အလားဖြစ်၏။ လူသားက ချို့တဲ့နေသည့် အစိတ်အပိုင်းများတွင် ငါသည် ငါ၏ဉာဏ်ပညာကို ဖြည့်စွက်ပြီး၊ သူ့အား ငါ့ကိုသိစေသည်။ လူသားသည် ဆင်းရဲနုံချာလွန်းသောကြောင့်၊ ငါသည် လူသားအလယ် ကိုယ်တိုင်ကိုယ်ကျ ကြွလာကာ သူ၏အမြင်ကို ပွင့်စေလျက်၊ သူ့အား "ဥစ္စာဓနဆီသို့ သွားရာ လမ်းကြောင်း"ကို ပေးသည်။ ဤတွင် ငါသည် သူ့အားကယ်တင်နေခြင်း မဟုတ်လော။ ဤသည်မှာ လူသားအတွက် ငါ၏သနားကရုဏာ မဟုတ်သလော။ ချစ်ခြင်းမေတ္တာဟူသည် အကြွင်းမဲ့ ပေးဆပ်ခြင်းလော။ သို့ဆိုလျှင် မုန်းတီးမှုသည် ပြစ်တင်ဆုံးမခြင်း ဖြစ်သလော။ ငါသည် လူသားအား မတူညီသော ရှုထောင့်များမှ ရှင်းပြပြီးဖြစ်၏၊ သို့သော် သူသည် ဤအရာကို စကားလုံးများနှင့် အယူဝါဒများအဖြစ်သာ သဘောထားလေသည်။ ယင်းမှာ ငါ၏မိန့်မြွက်ချက်များသည် လူသား၏လက်များထဲတွင် အကြွေး လျှော်ပစ်ခြင်းအနေဖြင့် ရောင်းချခံရသည့် ချွတ်ယွင်းသော ကုန်ပစ္စည်းများအလား ဖြစ်၏။ ထို့ကြောင့် တောင်ပေါ်ကျေးရွာကို ဝါးမျိုရန် ကြီးမားသော မုန်တိုင်းတစ်ခု လာနေသည်ဟု လူတို့အား ငါပြောသည့်အခါ၊ ယင်းနှင့်သက်ဆိုင်၍ မည်သည့်အရာကိုမျှ မည်သူမျှ မစဉ်းစားကြပေ၊ ၎င်းတို့အနက် အနည်းငယ်သာ ၎င်းတို့၏ စိတ်နှလုံးများက သံသယများ ရှိလျက်၊ ၎င်းတို့၏ အိမ်များကို ပြောင်းရွှေ့ကြ၏။ ကျန်သူများသည် ဂရုမစိုက်သည့်အလား၊ ငါသည် ကောင်းကင်မှ ပျံလွှားငှက် တစ်ကောင် ဖြစ်သည့်အလား၊ မလှုပ်ရှားကြပေ- ၎င်းတို့သည် ငါပြောသည့်အရာနှင့်သက်ဆိုင်၍ မည်သည့်အရာကိုမျှ နားမလည်ကြချေ။ တောင်များပြိုလဲကာ မြေကြီး အစိတ်စိတ်အမြွှာမြွှာ ကွဲသည့်အခါမှသာ၊ လူတို့သည် ငါ၏စကားများကို စဉ်းစားကြ၏၊ ထိုအခါမှသာ ၎င်းတို့သည် ၎င်းတို့၏ အိပ်မက်များမှ နိုးထကြလေသည်၊ သို့သော် အချိန်ကား ကျရောက်နှင့်ပြီးဖြစ်သည်၊ ၎င်းတို့သည် ကြီးမားသော ရေလွှမ်းမိုးမှု၏ ဝါးမျိုခြင်းကို ခံရကြသည်၊ ၎င်းတို့၏ အလောင်းကောင်များသည် ရေမျက်နှာပြင်ပေါ်တွင် ပေါလောပေါ်နေကြ၏။ လောကထဲက ကံဆိုးမိုးမှောင်ကျခြင်းကို မြင်ရသည့်အခါ၊ ငါသည် လူသား၏ ကံဆိုးခြင်းအတွက် သက်ပြင်းတစ်ချက် ချလိုက်မိ၏။ လူသား၏ ကံကြမ္မာအတွက် ငါသည် အချိန်များစွာ သုံးစွဲခဲ့ပြီး ကြီးမားသည့် အဖိုးအခ တစ်ခု ပေးခဲ့၏။ လူတို့၏စိတ်များတွင်၊ ငါသည် မျက်ရည်ပြွန်များ မရှိ- သို့သော် ဤ မျက်ရည်ပြွန်များ မရှိသည့် "လူထူးလူဆန်း" ဖြစ်သော ငါသည် လူသားအတွက် မျက်ရည်များစွာ ငိုကြွေးပြီးဖြစ်သည်။ သို့ရာတွင် ဤအရာနှင့်သက်ဆိုင်၍ လူသားသည် မည်သည့်အရာကိုမျှ မသိရှိပေ၊ သူသည် ငါမရှိသည့်အလား မြေကြီးထဲတွင် သူ၏လက်များ၌ ကစားစရာများဖြင့်

ကစားရုံမျှကစားလေသည်။ ထို့ကြောင့် ယနေ့၏ အခြေအနေများတွင်၊ လူတို့သည် ထုံထိုင်းကာ ဉာဏ်ထိုင်းနေမြဲ ဖြစ်လေသည်။ ၎င်းတို့သည် ဂူတစ်ခုထဲတွင် လဲလျောင်းနေဆဲရှိသည်အလား၊ မြေအောက်ခန်းများတွင် "အေးခဲ" နေကြဆဲရှိကြ၏။ လူသား၏ လုပ်ရပ်များကို မြင်ရသည့်အခါ ငါ၏တစ်ခုတည်းသော ရွေးချယ်မှုမှာ ထွက်ခွာရန် ပေတည်း...

လူတို့၏အမြင်တွင်၊ ငါသည် လူသားအတွက် ကောင်းမွန်သည့် အရာများစွာကို လုပ်ဆောင်ပြီးဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့သည် ငါ့အား လက်ရှိခေတ်ကာလအတွက် အတုယူရန် စံနမူနာထားထိုက်သူအဖြစ် ကြည်ညိုကြလေသည်။ သို့ရာတွင် ၎င်းတို့သည် ငါ့အား လူသား၏ကံကြမ္မာကို အုပ်စိုးသူနှင့် အရာခပ်သိမ်း၏ ဖန်ဆင်းရှင် အဖြစ် မည်သည့်အခါကမျှ မမှတ်ယူလေပြီ။ ယင်းမှာ ၎င်းတို့သည် ငါ့ကို နားမလည်သည့်အလား ဖြစ်၏။ လူတို့သည် တစ်ချိန်က "သိနားလည်ခြင်း ကြာရှည်တည်တံ့ပါစေ။" ဟု အော်ဟစ်ခဲ့ကြသော်လည်း၊ လူတို့ကို ငါ့ကို ချစ်ရန် ဆန္ဒမရှိသည်ကို ပြသရင်း၊ မည်သူမျှ "နားလည်ခြင်း" ဟူသည့် စကားလုံးကို စိစစ်ခြင်းဖြင့် အချိန်များစွာ မကုန်ဆုံးကြလေပြီ။ ယနေ့၏ အချိန်ကာလများတွင်၊ လူတို့သည် ငါ့ကို လုံးဝ တန်ဖိုးမထားကြပေ၊ ၎င်းတို့၏ စိတ်နှလုံးများတွင် ငါသည် နေရာမရှိပေ။ လာမည့် ဆင်းရဲဒုက္ခခံရာ နေ့ရက်များတွင် ၎င်းတို့သည် ငါ့အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာကို ပြသနိုင်ကြမည်လော။ လူသား၏ဖြောင့်မတ်ခြင်းသည် ပုံသဏ္ဌာန်မရှိသည့် အရာတစ်ခု၊ မြင်၍မရ သို့မဟုတ် ထိ၍မရနိုင်သည့် အရာတစ်ခု ဖြစ်မြဲဖြစ်နေ၏။ လူသားခန္ဓာတွင်၊ နှလုံးသားသည် တန်ဖိုးအရှိဆုံးသောအရာ ဖြစ်သည့်အတွက်၊ ငါလိုချင်သည်မှာ လူသား၏နှလုံးသားဖြစ်၏။ ငါ၏လုပ်ဆောင်ချက်များသည် လူသား၏နှလုံးသားဖြင့် ပြန်လည် ပေးဆပ်ရန် မသင့်တော်သလော။ လူတို့သည် ငါ့အား ၎င်းတို့၏ နှလုံးသားများကို အဘယ်ကြောင့် မပေးကြသနည်း။ ယင်းတို့ကို လက်လွှတ်ရန် လိုလားခြင်းမရှိဘဲ၊ လူတို့သည် ယင်းတို့ကို အဘယ်ကြောင့် အမြဲ ၎င်းတို့၏ ရင်ဝယ်ထွေးပိုက်ကြသနည်း။ လူသား၏နှလုံးသားသည် လူတို့၏ဘဝများ တစ်လျှောက် ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းတို့ကို သေချာစေနိုင်သလော။ ငါသည် လူတို့ကို တောင်းဆိုမှုများ ပြုသည့်အခါ၊ ၎င်းတို့သည် မြေပေါ်မှ မြေမှုန့်လက်တစ်ဆုပ်စာ ဆုပ်ကိုင်ကာ ငါ့ကို အဘယ်ကြောင့် အမြဲ ပစ်ပေါက်ကြသနည်း။ ဤသည်မှာ လူသား၏ ပါးနပ်သည့် အကြံအစည်လော။ ယင်းမှာ ၎င်းတို့ ရက်စက်သွားကာ သတ်ဖြတ်သည့်နေရာ ဖြစ်သည့် ၎င်းတို့၏ အိမ်သို့ ပြန်သွားစေဖို့၊ သွားစရာနေရာမရှိသော ဖြတ်သွားဖြတ်လာသူတစ်ဦးအား သွေးဆောင်ဖြားယောင်းရင်း လှည့်စားဖို့ ကြိုးစားနေကြသည့်အလား ဖြစ်သည်။ လူတို့သည် ထိုသို့သောအရာများကို ငါ့အားလည်း လုပ်ဆောင်လိုကြပြီးဖြစ်သည်။ ယင်းမှာ ၎င်းတို့သည်

မျက်တောင် တစ်ချက်မျှ မခတ်ဘဲ လူတစ်ဦးအား သတ်မည့် ပါးကွက်သား တစ်ဦးအလား၊ လူတို့ကို သတ်ရန်မှာ ပင်ကိုစရိုက်သဖွယ် အကျင့်ပါနေသည့် နတ်ဆိုးတို့၏ မင်းအလား ဖြစ်ကြလေသည်။ သို့ရာတွင် လူတို့သည် ထိုသို့သော နည်းလမ်းများကို အသုံးပြုရန် ဆန္ဒရှိနေဆဲ ဖြစ်လျက်၊ ယခု ငါ၏ ရှေ့မှောက်သို့ လာကြ၏— သို့ရာတွင် ၎င်းတို့သည် ၎င်းတို့၏ အစီအစဉ်များ ရှိကာ ငါသည် ငါ၏ တန်ပြန်ရေး အစီအမံများ ရှိ၏။ လူတို့သည် ငါ့ကို မချစ်ကြသော်လည်း၊ ဤအချိန်တွင် ငါသည် ငါ၏တန်ပြန်ရေး အစီအမံများကို လူသိရှင်ကြား မည်သို့ မပြုလုပ်နိုင်ရမည်နည်း။ လူသားကို ကိုင်တွယ်ရာတွင် ငါသည် အလွန့်အလွန်၊ အတိုင်းမသိ ကျွမ်းကျင်မှု ရှိ၏။ သူ၏ အစိတ်အပိုင်းတိုင်းကို ကိုယ်တိုင်ကိုယ်ကျ ငါ ကိုင်တွယ်ပြီး ကိုယ်တိုင်ကိုယ်ကျ ငါ ပြုပြင်သည်။ နောက်ဆုံးတွင် ငါသည် လူသားအား သူချစ်ခင်သည့်အရာမှ ခွဲခွာရန် နာကျင်မှုကို သည်းခံစေမည်ဖြစ်ပြီး ငါ၏အစီအစဉ်များကို သူ့အား ကျိုးနွံနာခံစေမည်ဖြစ်ကာ၊ ထိုအချိန်တွင် လူတို့သည် မကျေမနပ် ဖြစ်စရာ မည်သည့်အရာ ရှိကြလိမ့်မည်နည်း။ ငါ လုပ်ဆောင်သမျှအားလုံးသည် လူသားအတွက် မဟုတ်လော။ ကုန်လွန်ပြီးသောအချိန်များတွင်၊ ငါသည် ငါ့အမှု၏အဆင့်များကို လူသားအား မည်သည့်အခါကမျှ မပြောခဲ့ပေ— သို့သော် ယနေ့တွင်၊ အတိတ်ကာလနှင့်မတူသည့် အချိန်ကာလ တစ်ခုတွင်၊ ငါ၏ အမှုနှင့်ဆိုင်သည့် အကြောင်းအရာသည် မတူကွဲပြားသောကြောင့်၊ ဤအရာ၏ အကျိုးဆက်အနေဖြင့် ၎င်းတို့ကို လဲပြိုခြင်းမှ ကာကွယ်တားဆီးရန် ငါသည် လူတို့အား ငါ၏အမှုကို ကြိုတင်ပြောပြထားပြီး ဖြစ်သည်။ ဤသည်မှာ လူသားထဲသို့ ငါ ထိုးသွင်းခဲ့သော ကာကွယ်ဆေး ဖြစ်သည် မဟုတ်သလော။ မည်သည့် အကြောင်းရင်းကြောင့်ဖြစ်စေ၊ လူတို့သည် ငါ၏နှုတ်ကပတ်တော်များကို မည်သည့်အခါကမျှ အလေးအနက် မစဉ်းစားဖူးကြပေ။ ယင်းမှာ ၎င်းတို့၏ ဝမ်းဗိုက်များတွင် ဆာလောင်မှုရှိကာ ၎င်းတို့ စားသည့်အရာနှင့်ပတ်သက်၍ ဇီဇာမကြောင်ကြသည့်အလား ဖြစ်၏၊ ယင်းက ၎င်းတို့၏ အစာအိမ်များကို အားနည်းစေပြီးဖြစ်သည်။ သို့သော် လူတို့သည် ၎င်းတို့၏ "ကျန်းမာရေး ကောင်းမွန်သော ကြံ့ခိုင်မှုအခြေအနေ" ကို အရင်းအနှီး အဖြစ် သဘောထားကာ၊ "ဆရာဝန်၏" အဆုံးအမများကို လုံးဝ အာရုံမစိုက်ကြပေ။ ၎င်းတို့၏ အတိုက်အခံ လုပ်ခြင်းကို မြင်သည့်အခါ၊ ငါသည် လူသားအတွက် ပူပန်မိခဲ့သည်ကို မိမိကိုယ်ကိုယ် တွေ့ရသည်။ လူတို့သည် ရင့်ကျက်မှု မရှိသကဲ့သို့၊ လူ့ဘဝကို မကြုံတွေ့ရသေးသောကြောင့်၊ ၎င်းတို့သည် ကြောက်ရွံ့မှု မရှိကြပေ။ ၎င်းတို့၏ စိတ်နှလုံးများတွင် "လူ့ဘဝ" ဟူသည့် စကားလုံးများ မရှိပေ၊ ၎င်းတို့သည် ယင်းစကားလုံးများကို အလေးမထားကြသကဲ့သို့၊ ငါသည် တောင်စဉ်ရေမရ ပြောနေသည့်

အဘွားအိုတစ်ဦး ဖြစ်သွားသည့်အလား၊ ငါ၏စကားများကို ငြီးငွေ့ရုံမျှ ငြီးငွေ့ကြလေသည်။ အချုပ်အားဖြင့်၊ မည်သို့ပင်ဖြစ်စေ ငါသည် လူသားကို သေခြင်းနယ်မြေထဲသို့ ပို့ရန်ဆန္ဒ မရှိသည့်အတွက်၊ လူတို့သည် ငါ၏နှလုံးသားကို နားလည်နိုင်မည်ဟု ငါမျှော်လင့်၏။ ဤအခိုက်အတန့်တွင် ငါ၏စိတ်အခြေအနေ မည်သည့်အရာဖြစ်သည်ကို လူသားက နားလည်နိုင်ပြီး ဤအချိန်အတိအကျတွင် ငါထမ်းရွက်သည့် ဝန်ထုပ်ကို ထောက်ထားနိုင်မည်ဟု ငါမျှော်လင့်၏။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်

# အခန်း ၃၇

ခေတ်ကာလတစ်လျှောက် ငါလုပ်ဆောင်ခဲ့သည့် အမှုအားလုံးတွင် ထိုအမှု၏ အဆင့်တိုင်း၌ ငါ၏သင့်လျော်သည့် လုပ်ဆောင်မှုနည်းလမ်းတို့ပါဝင်သည်။ ဤအကြောင်းကြောင့် ငါချစ်မြတ်နိုးရသည့် လူတို့သည် ငါအသုံးပြုရန်အတွက် ပို၍ စင်ကြယ်လာကြပြီး၊ ပို၍သင့်တော်လာစေခြင်း ခံခဲ့ရသည်။ သို့ရာတွင် "မကောင်းသည့်အချက်" မှာ ဤအကြောင်းကြောင့်ပင် ငါ၏ လုပ်ဆောင်မှုနည်းလမ်းများ များပြားလာသည်နှင့်အမျှ၊ လူအရေအတွက် လျော့နည်းလာပြီး၊ ဤသည်က လူတို့အား နက်နက်ရှိုင်းရှိုင်း စဉ်းစားတွေးတောမှုတွင် နစ်မြုပ်သွားစေခဲ့သည်။ ယနေ့၏ ဤအမှုသည် ထိုကဲ့သို့ပင်ဖြစ်နေဆဲဖြစ်ပြီး လူအများစုသည် စဉ်းစားတွေးတောမှုတွင် တစ်ဖန် ပြန်လည်ပါဝင်နေခဲ့သည်မှာ မှန်ပေသည်။ ထိုသို့ဖြင့် ငါ၏နည်းလမ်းများ ပြောင်းလဲမှုကြောင့် နောက်ဆုတ်ရမည့် လူအချို့ရှိသေးသည်။ ၎င်းကို ဤနည်းဖြင့် ဖော်ပြနိုင်လိမ့်မည်- ဤအရာသည် ငါကြိုတင်ခွဲခန့် မှတ်သားခဲ့သောအရာ ဖြစ်သော်လည်း ငါ လုပ်ဆောင်ခဲ့သည့်အရာ မဟုတ်ပေ။ ဖန်ဆင်းခြင်းအချိန်ကာလမှစ၍ များစွာသောလူတို့သည် ကျရှုံးခဲ့ကြပြီး၊ ငါ၏လုပ်ဆောင်မှုနည်းလမ်းတို့ကြောင့် များစွာသောလူတို့သည် လမ်းပျောက်ခဲ့ကြသည်။ သို့သော် လူတို့ မည်သည့်အရာ လုပ်ဆောင်သည်ကို ငါဂရုမစိုက်ပေ- ငါသည် မကြင်နာတတ် သို့မဟုတ် ငါသည် အလွန်ရက်စက်သည်ဟု ၎င်းတို့ခံစားရခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ၎င်းတို့၏ နားလည်မှု မှန်ကန်သည်ဖြစ်စေ မမှန်ကန်သည်ဖြစ်စေ၊ ရှင်းပြချက်ပေးခြင်းကို ငါရှောင်ကြဉ်သည်။ လူတိုင်းနှံ့စပ်စွာနားလည်မှုရှိစေရန်နှင့် ၎င်းတို့ အဘယ်ကြောင့် ဆင်းရဲဒုက္ခခံရသည်ကို

နားမလည်ခြင်းကို ဆီးတားရန် ဤဆွေးနွေးမှု၏ အဓိကအချက်ကို ငါတို့ ဦးစွာ ဝေမျှကြစို့။ ငါသည် လူတို့အား ဆွံ့အသူတစ်ဦးကဲ့သို့ တိတ်ဆိတ်စွာ ဒုက္ခခံစားရန် ပြုစေမည်မဟုတ်။ ထိုအစား လူတို့သည် ငါ့အား မကျေမနပ်ဖြင့် ညည်းညူခြင်းမရှိစေရန်အတွက် အရာအားလုံးအား ငါသည်ရှင်းလင်းစွာ ဖော်ပြမည်။ တစ်နေ့တွင် ငါသည် လူအားလုံးအား ၎င်းတို့၏ပြစ်တင်ဆုံးမခြင်းကြား၌ စစ်မှန်သည့်ချီးမွမ်းခြင်းတို့ကို မြွက်ဆိုစေမည်။ ဤနည်းလမ်းမှာ သင်တို့ လက်ခံနိုင်ဖွယ် ရှိသလော။ ယင်းသည် လူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသလော။

ပြစ်တင်ဆုံးမခြင်းကာလ၏ အစပျိုးချိန်တွင် လူတို့သည် ငါ့အား ထိခိုက်စော်ကားမှု မပြုလုပ်ကြစေရန်အတွက် ဤ"ကာလ"၏ နောက်ကွယ်ရှိ ယေဘုယျအဓိပ္ပာယ်အား လူတို့ကို ငါဦးစွာပထမ ပြောပြမည်။ အတိအကျပြောရသော် မည်သူမျှ မပြောင်းလဲရသည့် ငါ၏အမှုအတွက်စီစဉ်မှုများကို ငါပြုလုပ်မည်ဖြစ်ပြီး ၎င်းတို့အားပြောင်းလဲသည့် မည်သူ့ကိုမဆို ငါသည် လုံးဝ ပေါ့ပေါ့တန်တန် သက်ညှာမည်မဟုတ်ပေ- ငါသည် ၎င်းတို့အား ပြစ်ဒဏ်ချမှတ်မည်။ ဤအချက်ကို သင်မှတ်မိမည်လော။ ဤအရာအားလုံးသည် "ကာကွယ်ဆေးများ" ဖြစ်သည်။ နည်းလမ်းသစ်များတွင် လူအားလုံးသည် ပထမဦးဆုံးရရှိမည့် ရည်မှန်းချက် ပန်းတိုင်မှာ ၎င်းတို့ကိုယ်တိုင်၏ အခြေအနေမှန်တို့ကို သိနားလည်ခြင်းတစ်ရပ် ရရှိရန်ဖြစ်ကြောင်း နားလည်သဘောပေါက်ရမည်။ မိမိကိုယ်မိမိ နားလည်မှုအချို့ မရရှိမီတွင် အသင်းတော်၌ မည်သူ့ကိုမျှ မဆင်မခြင် စကားပြောဆိုခွင့်ပြုမည်မဟုတ်ဘဲ၊ ဤစည်းကမ်းကို ချိုးဖောက်သူအား ငါသည် ဧကန်အမှန် ပြစ်တင်ဆုံးမမည်။ ဤနေ့မှစ၍ အသင်းတော်တို့တွင် တမန်တော်အားလုံးကို စာရင်းပြုစုထားမည်ဖြစ်ပြီး အနည်းငယ်သာ အကျိုးဖြစ်ထွန်းမည့် ဟိုဟိုသည်သည် သွားလာခြင်းကို တားမြစ်မည်။ ၎င်းတို့အားလုံးသည် ၎င်းတို့၏တာဝန်တို့ကို ဖြည့်ဆည်းနေပုံပေါ် ခဲ့သော်လည်း အမှန်တကယ်တွင် ၎င်းတို့သည် ငါ့အား လှည့်စားနေခဲ့သည်။ မည်သို့ဖြစ်ခဲ့ပါစေ၊ ယနေ့တွင် ထိုအရာအားလုံးသည် အတိတ်ကာလတွင်ရှိပြီး၊ ၎င်းတို့ကို ပြန်လည်ပြောဆိုခြင်း မပြုရပေ။ လူအားလုံးတို့သည် ၎င်းတို့၏ "ရာထူးများ"မှ ဆင်းလာပြီး၊ ကိုယ့်ကိုယ်ကိုယ် သိနိုင်ရန်၊ ဤအချိန်မှစ၍ "တမန်တော်" ဟူသည့် ဝေါဟာရကို ဖျက်သိမ်းပြီး မည်သည့်အခါမျှ ပြန်လည်မသုံးနှုန်းရပေ။ ဤအချက်သည် အမှန်ပင် ၎င်းတို့၏ ကယ်တင်ခြင်းအတွက် ဖြစ်သည်။ "ရာထူး" တစ်ခုသည် သရဖူတစ်ခုမဟုတ်ပေ။ အမည်တပ်ခေါ်ခြင်းတစ်ခုသာ ဖြစ်သည်။ ငါဆိုလိုသည်ကို နားလည်သလော။ အသင်းတော်တို့ကို ဦးဆောင်သောသူတို့သည် ၎င်းတို့၏ ကိုယ်ပိုင်အသင်းတော်များအတွင်း အသင်းတော်အသက်တာ၌ အသက်ရှင်နေဆဲဖြစ်သော်လည်း သို့ရာတွင် ဤအရာသည်

တင်းကျပ်သော စည်းမျဉ်းမဟုတ်သည်မှာ အမှန်ပင်ဖြစ်သည်။ လိုအပ်သည့်အခါတွင် ထိုသူတို့သည် အခြားတမန်တော်ဟောင်းများနှင့် ညှိနှိုင်း၍ အသင်းတော်များသို့ လာရောက်လည်ပတ်နိုင်သည်။ ၎င်းတို့၏အသင်းသားတစ်ဦးမျှ အသင်းတော်အသက်တာဖြင့် အမှန်တကယ် အသက်ရှင်နေထိုင်ခြင်းမရှိလျှင် အသင်းတော်တို့၏ မိတ်သဟာယဖွဲ့မှုကို တိုးမြှင့်ရန်မှာ အရေးပါဆုံးသောအရာမှာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သင်တို့အားလုံး မိမိကိုယ်ကိုယ်သိခြင်းနှင့် အဆင်းနီသောနဂါးကြီးအား ဆန့်ကျင်ရာတွင် စည်းလုံးကြရမည်ဟု ငါအလေးအနက် ပြောရပေမည်။ ဤအရာသည် ငါ၏အလိုတော်ဖြစ်သည်။ လူတို့မည်မျှပြောဆိုသည်မှာ အရေးမကြီးပေ၊ ယင်းအစား ငါ၏လူအားလုံးတို့သည် တစ်လုံးတစ်ဝတည်း စုဝေးနိုင်ရန်မှာ အရေးကြီးဆုံးဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းအရာသည် စစ်မှန်စွာသက်သေခံရန်အတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သောကြောင့် ဖြစ်သည်။ အတိတ်ကာလတွင် လူတို့အားလုံးသည် မိမိတို့ကိုယ်မိမိတို့ သိနားလည်လာကြလိမ့်မည်ဟု ဆိုခဲ့ကြသည်၊ သို့သော် ငါသည် မရေမတွက်နိုင်သည့် စကားတို့ကို မိန့်မြွက်ခဲ့ပြီး၊ သင်တို့သည် သင်တို့ကိုယ်သင်တို့ မည်မျှနားလည်လာခဲ့သနည်း။ လူတစ်ဦး၏ရာထူး မြင့်လေလေ၊ ၎င်းကိုယ်၎င်း ဘေးဖယ်ထားရန် ခက်ခဲလေလေ ဖြစ်သည့်အပြင် ၎င်းတို့၏ မျှော်လင့်ချက်များ ကြီးလေလေဖြစ်ပြီး၊ ပြစ်တင်ဆုံးမခံနေရချိန်တွင် ဒုက္ခခံရလေလေ ဖြစ်သည်။ ဤသည်မှာ လူသားမျိုးနွယ်အတွက် ငါ၏ကယ်တင်ခြင်း ဖြစ်သည်။ သင်တို့နားလည်သလော။ ဤအရာကို အပေါ်ယံသက်သက် မခံယူလေနှင့်၊ ထိုသို့ခံယူခြင်းသည် အလွန်ပေါ့တန်ခြင်းဖြစ်ပြီး၊ ယင်း၌ တန်ဖိုးမရှိပေ။ ဤနောက်ကွယ်ရှိ ဂယက်အနက်အဓိပ္ပာယ်များကို သင် နားလည်သလော။ အသင်းတော်မှ လူတို့သည် ၎င်းတို့ကိုယ်ကိုယ် အမှန်တကယ်နားလည်နိုင်စွမ်းရှိလျှင် ဤလူအမျိုးအစားများသည် ငါ့အား အမှန်တကယ် ချစ်ကြောင်းကို ဖော်ပြသည်။ ဆိုလိုသည်မှာ သင်သည် ထိုလူများနှင့်အတူ မုန့်ကို မဖဲ့လျှင် ၎င်းတို့၏ ဒုက္ခဆင်းရဲများကို သင်နားလည်မည်မဟုတ် ဟူ၍ဖြစ်သည်။ ဤ ဆိုစကားတို့ကို သင်မည်သို့ အဓိပ္ပာယ်ကောက်သနည်း။ အဆုံးတွင် ငါသည် လူအားလုံးအား ၎င်းတို့ပြစ်တင်ဆုံးမ ခံနေရစဉ် မိမိကိုယ်ကိုယ် နားလည်စေမည် ဖြစ်ပြီး၊ ၎င်းတို့ ဆုံးမခံနေရချိန်တွင် ၎င်းတို့အား သီချင်းဆို၍ ရယ်မောစေမည်။ သင်တို့သည် ငါ့အားကျေနပ်စေရန်အတွက် အမှန်တကယ် ယုံကြည်ခြင်းရှိမည်လော။ ဤသို့ဆိုလျှင် သင်တို့ လက်တွေ့လုပ်ဆောင်ရာတွင် မည်သည့်အရာကို လုပ်ဆောင်သင့်သနည်း။ ယခုအချိန်မှစ၍ အသင်းတော်တစ်ခုစီ၏ အမှုကိစ္စများအား ထိုအသင်းတော်တွင်ရှိသော သင့်လျော်သည့်လူမှ ကိုင်တွယ်လိမ့်မည်ဖြစ်ပြီး၊ တမန်တော်များသည် အသင်းတော်၏ အသက်တာ၌သာ

အသက်ရှင်နေထိုင်လိမ့်မည်။ ဤအရာအား "အသက်တာအား ကြုံတွေ့ခံစားခြင်း" ဟု ခေါ်ဆိုသည်။ သင်တို့ နားလည်ပါသလော။

ပြစ်တင်ဆုံးမခြင်းသည် လူသားမျိုးနွယ်အပေါ်သို့ တရားဝင် မကျရောက်မီတွင် လူတို့အားလုံးသည် အဆုံး၌ ငါ့အား ကျေနပ်မှုပေးစေရန်အတွက် ငါသည် လူတို့အပေါ်တွင် "ကြိုဆိုနှုတ်ဆက်ခြင်းအမှု" ကို ပထမဦးဆုံးပြုလုပ်မည်။ နောက်ဆုတ်မည့်သူများသည်ပင်လျှင် မထွက်ခွာမီတွင် ဒုက္ခခံစားရမည်ဖြစ်ပြီး ၎င်းတို့၏ သက်သေခံခြင်းကို ပြီးဆုံးအောင် ပြုလုပ်ရမည်။ ဤသို့မဟုတ်လျှင် ငါသည် ထိုသူတို့အား ပေါ့ပေါ့တန်တန် သက်ညှာမည်မဟုတ်။ ဤအချက်သည် လူတို့၏ ထိခိုက်စော်ကားမှုအပေါ် ငါ၏သည်းမခံသည့် စိတ်သဘောထားနှင့် ငါပြောသည့်အရာကို ပြီးမြောက်စေသည့် ငါ၏စိတ်သဘောထားကိုလည်းပဲ ပြသသည်။ ဤသို့ဖြစ်သဖြင့် "ငါပြောသည့်အရာကို ငါအမှန်တကယ် ဆိုလိုသည်၊ ငါ ပြောဆိုသည့်အရာကို ပြုလုပ်ရမည်ဖြစ်ပြီး၊ ငါပြုလုပ်သည့်အရာသည် ထာဝရတည်ရှိရမည်။" ဟူသည့် ငါ၏ ကတိတို့ကို ပြည့်စုံစေပြီး ဖြစ်လိမ့်မည်။ ဤနှုတ်ကပတ်တော်တို့သည် ငါ၏ နှုတ်မှ ထွက်သည့်အခါတွင် ငါ၏ဝိညာဉ်တော်သည်လည်း သူ၏အမှုကို စတင်လုပ်ဆောင်သည်။ မည်သူသည် မိမိတို့၏လက်များတွင်ကိုင်ထားသည့် "အရုပ်"နှင့် တမင်ကစားဝံ့သနည်း။ လူတိုင်းသည် ငါ၏ပြစ်တင်ဆုံးမခြင်းအား ရိုကျိုးစွာနှင့် နာခံခြင်းရှိစွာ လက်ခံရမည်ဖြစ်သည်။ မည်သူသည် ထိုအရာမှ လွတ်မြောက်နိုင်သနည်း။ ငါ့အပြင် အခြားလမ်းကြောင်း ရှိနိုင်သလော။ ယနေ့ငါသည် သင့်အား ကမ္ဘာပေါ်တွင် ရှိခွင့်ပေးထားပြီး သင်သည် ဝမ်းမြောက်သည်။ မနက်ဖြန်တွင် ငါသည် သင့်အား ကောင်းကင်ဘုံ အတွင်းသို့ ခွင့်ပြုမည်ဖြစ်ပြီး သင်သည် ချီးမွမ်းလိမ့်မည်။ နောက်တစ်နေ့တွင် ငါသည် သင့်အား သင်ပြစ်တင်ဆုံးမခြင်း ခံရမည်နေရာဖြစ်သည့် မြေကြီးအောက် ထည့်မည်ဖြစ်သည်။ ဤအရာတို့သည် ငါ့အမှု၏လိုအပ်ချက်များ မဟုတ်လော။ မည်သူသည် ငါ၏လိုအပ်ချက်များအတွက် ဆင်းရဲခြင်းကို မခံစားကာ ကောင်းချီးများ မရရှိသနည်း။ သင်တို့သည် ခြွင်းချက်များ ဖြစ်နိုင်သလော။ ကမ္ဘာမြေပေါ်တွင်ရှိသည့် ငါ၏လူများအဖြစ် သင်တို့သည် ငါ၏လိုအပ်ချက်များနှင့် ငါ၏အလိုတော်အတွက် ဘာလုပ်သင့်သနည်း။ သင့်နှလုံးသားတွင် ငါ့အား မုန်းတီးစက်ဆုပ်လျက်ရှိစဉ် သင်သည် ငါ၏ သန့်ရှင်းသောနာမကို နှုတ်ဖြင့် ချီးမွမ်းခြင်းများ ဖြစ်နေနိုင်သလော။ ငါ့အတွက် အလုပ်လုပ်ခြင်း၊ ငါ၏ နှလုံးသားကို ကျေနပ်စေခြင်းအပြင် သင်တို့ကိုယ်သင်တို့ နားလည်ခြင်းနှင့် အဆင်းနီသောနဂါးကြီးအား ဆန့်ကျင်ပုန်ကန်ခြင်းတို့သည် လွယ်ကူသည့်တာဝန်များ မဟုတ်ဘဲ ဤသို့ပြုလုပ်ရန် သင်သည်

အဖိုးအခကို ပေးရမည်။ "အဖိုးအခ" ဟု ငါပြောသည့်အခါတွင် ငါမည်သည့်အရာကို ဆိုလိုသည်ဟု သင်တို့ နားလည်သနည်း။ ငါသည် ဤအရာကို ယခုဆွေးနွေးမည် မဟုတ်သကဲ့သို့ လူတို့အား အဖြေများ တိုက်ရိုက်ပေးမည် မဟုတ်ပေ။ ထိုအစား ငါသည် ၎င်းတို့အား ဤအချက်ကို ၎င်းတို့ကိုယ်တိုင် စဉ်းစားတွေးတောစေပြီးနောက် ငါ၏မေးခွန်းတို့ကို ထိုသူတို့၏ လုပ်ဆောင်မှုများနှင့် အပြုအမူများအားဖြင့် ဖြေဆိုစေသည်။ သင်တို့ ဤအရာကို ပြုနိုင်သလော။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်

# အခန်း ၃၈

လူသားမျိုးနွယ်၏ အတွေ့အကြုံတစ်လျှောက်လုံးတွင် ငါ၏ သဏ္ဍာန်မပါရှိခဲ့သည်သာမက၊ ငါ့နှုတ်ကပတ်တော်၏ ခေါင်းဆောင်မှုလည်း မရှိခဲ့ပေ။ ထို့ကြောင့် ငါသည် လူကို အစဉ် ခပ်ဝေးဝေး ရှောင်ရှားခဲ့ပြီးနောက်၊ ၎င်းတို့ထံမှ ထွက်ခွာခဲ့သည်။ လူသားမျိုးနွယ်၏ မနာခံမှုကို ငါ စက်ဆုပ်ရွံရှာ၏။ အဘယ်ကြောင့်ဆိုသည်ကို ငါမသိ။ အစအဦးကတည်းက လူသားကို ငါမုန်းတီးခဲ့ပုံရ၏၊ သို့တိုင် ၎င်းတို့အတွက် နက်ရှိုင်းသည့် ကိုယ်ချင်းစာတရားကို ငါခံစားရသည်။ သို့ဖြစ်၍ ငါသည် လူသားကို ချစ်သလို၊ မုန်းလည်း မုန်းသောကြောင့်၊ လူသားသည် နှလုံးသား နှစ်ခုနှင့် ငါ့ကို ကြည့်လေသည်။ ၎င်းတို့ထဲတွင် အဘယ်သူသည် ငါ၏ချစ်ခြင်းမေတ္တာကို အမှန်တကယ် နားလည်သဘောပေါက်ကြောင်း ပြသနည်း။ အဘယ်သူက ငါ၏ အမုန်းကို နားလည်နိုင်သနည်း။ ငါ၏ မျက်စိတွင် လူသားသည် သေသောအရာ၊ အသက် ကင်းမဲ့သောအရာဖြစ်ပြီး၊ ၎င်းတို့သည် အရာခပ်သိမ်းတို့အလယ်တွင် ရပ်နေသော ရုပ်တုများကဲ့သို့ဖြစ်ကြသည်။ တစ်ခါတစ်ရံ လူသား၏ မနာခံမှုက ၎င်းတို့အဖို့ ငါ၏ အမျက်ဒေါသကို ဆွလှေ့ရှိသည်။ လူသားတို့အလယ်၌ ငါနေထိုင်ခဲ့သောအချိန်တွင် ငါရုတ်တရက်ရောက်လာသောအခါ ၎င်းတို့က နွမ်းလျလျသာ ပြုံးပြကြသည်၊ အဘယ်ကြောင့်ဆိုသော် ငါသည် ကမ္ဘာမြေပေါ်တွင် လူသားနှင့် ကစားနေခဲ့ဘိသည့်အလား၊ ၎င်းတို့သည် ငါ့ကို အစဉ်အမြဲ သတိရှိရှိ "ရှာဖွေ" နေကြသောကြောင့်ဖြစ်သည်။ ၎င်းတို့သည် ငါ့ကို ဘယ်သောအခါမျှ အလေးအနက်မထားကြ၊ ထို့ကြောင့် ငါ့အပေါ်ထားရှိသော ၎င်းတို့၏ သဘောထားကြောင့် ငါသည် လူသားမျိုးနွယ်၏ "အလုပ်ဌာန" မှ "အငြိမ်းစားယူ" ရန်မှတစ်ပါး အခြားရွေးချယ်စရာမရှိပေ။ သို့ဖြစ်စေကာမူ ငါသည် "အငြိမ်းစားယူ" သော်လည်း ငါ၏

"ပင်စင်" မှာ တစ်ပဲနိမ့်ပြုပင် လျော့နည်းနေခြင်းမရှိရဟု ငါကြေညာလို၏။ လူသားမျိုးနွယ်၏ ကိုယ်စားလှယ်လုပ်ငန်း၌ ငါ၏ ဝါရင့်ခြင်းကြောင့်၊ ၎င်းတို့ထံမှ ငါ ရရန်ရှိသည့် ငွေပေးချေမှုကို ငါ ဆက်လက် တောင်းဆိုသည်။ လူသားသည် ငါ့ကို ချန်ရစ်ပြီဖြစ်သော်လည်း၊ ငါ၏ ဖမ်းဆုပ်ခြင်းမှ ၎င်းတို့ အဘယ်သို့ လွတ်မြောက်နိုင်မည်နည်း။ ၎င်းတို့၏ ဇာတိအလိုဆန္ဒများ၌ လွတ်လွတ်လပ်လပ် မွေ့လျော်ခွင့်ပြုလျက် ၎င်းတို့အပေါ် ငါ၏ချုပ်ကိုင်ခြင်းကို အတိုင်းအတာတစ်ခုအထိ တစ်ကြိမ်က ငါဖြေလျှော့ပေးခဲ့၏၊ ဤအရာကြောင့်သာလျှင် ၎င်းတို့သည် ထိန်းမနိုင်သိမ်းမရသည့် ဟန်ပန်နှင့် ပြုမူဝံ့ကြခြင်းဖြစ်ပြီး အထိန်းအကွပ်မဲ့သွားဝံ့ကြခြင်းဖြစ်သည်၊ ဤအချက်မှ ၎င်းတို့သည် ငါ့ကို အမှန်တကယ် မချစ်ကြသည်ကို မြင်နိုင်ပေသည်၊ အကြောင်းမှာ ၎င်းတို့အားလုံးသည် ဇာတိပကတိ၌ အသက်ရှင်နေကြသောကြောင့်ဖြစ်သည်။ စစ်မှန်သော ချစ်ခြင်းမေတ္တာကို ဇာတိပကတိနှင့် ဝယ်ယူရခြင်း ဖြစ်နိုင်သလော။ လူသားကို ငါတောင်းဆိုသောအရာသည် ဇာတိပကတိ၏ "ချစ်ခြင်းမေတ္တာ" မျှသာ ဖြစ်နိုင်သလော။ ဤအရာသည်သာ အမှန်ဖြစ်ခဲ့လျှင်၊ လူသားသည် အဘယ်တန်ဖိုး ရှိလိမ့်မည်နည်း။ ၎င်းတို့အားလုံးသည် သုံးမရသော အမှိုက်များပေတည်း။ ငါ၏ အောင့်ခံသည့် "သဘာဝလွန်တန်ခိုး" ကြောင့်သာမဟုတ်ခဲ့လျှင်၊ လူသားကို ဟိုးအရင်ကတည်းက ငါချန်ရစ်ခဲ့ပြီးဖြစ်လိမ့်မည်၊ အဘယ်ကြောင့် စိတ်အနှောင့်အယှက်ပင်လျှင်အဖြစ်ခံကာ ၎င်းတို့နှင့်အတူနေထိုင်ပြီး ၎င်းတို့၏ "အနိုင်ကျင့်ခြင်း" လက်ခံရသနည်း။ သို့ဖြစ်စေကာမူ ငါသည်းခံ၏။ ငါသည် လူသားလုပ်ဆောင်နေသော အလုပ်၏ အကြောင်းရင်းကို စူးစမ်းဖော်ထုတ်လိုသည်။ ကမ္ဘာမြေပေါ် ရှိ ငါ၏အမှုပြီးဆုံးသည်နှင့် အရာခပ်သိမ်းတို့၏ "သခင်" ကို တရားစီရင်ရန် မြင့်သောအရပ် မိုးကောင်းကင်ထဲသို့ ငါတက်ကြွမည်။ ငါသည် လူသားကို အလွန် စက်ဆုပ်ရွံ့ရှာနှင့်ပြီးဖြစ်သည့်အတွက် ဤသည်မှာ ငါ၏ အဓိက အမှုဖြစ်သည်။ အဘယ်သူသည် သူ၏ရန်သူကို မမုန်းတီးဘဲနေလိမ့်မည်နည်း။ အဘယ်သူသည် သူ၏ရန်သူကို မျိုးမဖြုတ်ဘဲနေလိမ့်မည်နည်း။ ကောင်းကင်တွင် စာတန်သည် ငါ၏ ရန်ဘက်ဖြစ်ပြီး၊ မြေကြီးပေါ်တွင် လူသည် ငါ၏ ရန်သူဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးပေါင်းစည်းခြင်းကြောင့်၊ ၎င်းတို့၏ မျိုးဆက်ကိုးဆက်သည် ဆက်နွယ်မှုအားဖြင့် အပြစ်ရှိသည်ဟု သတ်မှတ်သင့်ပြီး၊ အဘယ်သူမျှ လွတ်ငြိမ်းချမ်းသာခွင့်မရှိ။ အဘယ်သူသည် ငါ့ကို ခုခံတွန်းလှန်ရန် ၎င်းတို့ကို ပြောခဲ့သနည်း။ အဘယ်သူသည် ငါ့ကို မနာခံရန် ၎င်းတို့ကို ပြောခဲ့သနည်း။ အဘယ်ကြောင့် လူသားသည် ၎င်းတို့၏ ဗီဇဟောင်းမှ လွတ်အောင် ရုန်းထွက်ဖို့ မဖြစ်နိုင်သနည်း။ အဘယ်ကြောင့် ၎င်းတို့၏ ဇာတိပကတိသည် ၎င်းတို့ အတွင်း၌

အမြဲတိုးပွားနေရသနည်း။ ဤအရာအားလုံးသည် လူသားအပေါ် ငါ၏ တရားစီရင်ခြင်း သက်သေအထောက်အထားဖြစ်၏။ အဘယ်သူသည် ဖြစ်ရပ်မှန်များကို အရှုံးမပေးဝံ့သနည်း။ ငါ၏တရားစီရင်ခြင်းက စိတ်ခံစားချက်များဖြင့် လွှမ်းမိုးထားသည်ဟု အဘယ်သူပြောဝံ့သနည်း။ ငါသည် လူသားနှင့်မတူ ကွဲပြားခြားနားပြီး၊ လူသားမျိုးနွယ်ထဲမှ လူတစ်ဦးမဟုတ်သည့်အတွက်ကြောင့် သူ့ထံမှ ခွဲထွက်၏။

ငါလုပ်သမျှအရာသည် အကြောင်းပြချက်တစ်ခုအတွက်ဖြစ်သည်၊ လူသားသည် ငါ့အား "သမ္မာတရား" ကို "ထုတ်ဖော်ပြ" သောအခါ၊ လူသားမျိုးနွယ်၏ အပြစ်ရှိခြင်းသည် ငါ၏ပြစ်တင်ဆုံးမခြင်းနှင့် ထိုက်တန်ရန် လုံလောက်သောကြောင့် ငါသည် "ကွပ်မျက်ရာကွင်း" ဆီ ၎င်းတို့ကို လိုက်ပို့၏။ ထို့ကြောင့် ငါသည် လူကို ဆင်ကန်းတောတိုးပြစ်တင် ဆုံးမခြင်းမပြု၊ ယင်းအစား ၎င်းတို့အပေါ် ငါ၏ပြစ်တင်ဆုံးမခြင်းသည် ၎င်းတို့ အပြစ်များ၏ အမှန်တရားနှင့် အစဉ်အမြဲ ကိုက်ညီမှုရှိသည်။ သို့မဟုတ်လျှင် ၎င်းတို့၏ ပုန်ကန်မှုကြောင့် လူသားမျိုးနွယ်သည် ဘယ်သောအခါမျှ ငါ့ရှေ့မှောက် ဦးညွှတ်ပြီး ၎င်းတို့၏ အပြစ်များကို ဝန်ခံကြလိမ့်မည်မဟုတ်။ လက်ရှိအခြေအနေကြောင့် လူအားလုံးသည် ၎င်းတို့၏ ဦးခေါင်းများကို အင်တင်တင်ဖြင့် ညွှတ်ကြ၏၊ သို့သော် ၎င်းတို့၏ စိတ်နှလုံးများ လက်ခံယုံကြည်ခြင်းမရှိဖြစ်နေဆဲဖြစ်သည်။ သောက်ဖို့ "ဗေရီယမ်" ကို လူတို့ကို ငါပေး၏၊ ထို့ကြောင့် ၎င်းတို့အတွင်းက ၎င်းတို့၏ အင်္ဂါများသည် "မှန်ဘီလူး" ရှေ့ ရှင်းရှင်းလင်းလင်း ပေါ်လာကြပြီး၊ လူသား၏ ဝမ်းဗိုက်အတွင်းရှိ အညစ်အကြေးများနှင့် မစင်ကြယ်မှုများမှာ အမြစ်မပြတ်ဘဲ ရှိနေဆဲဖြစ်သည်။ ၎င်းတို့၏ သွေးပြန်ကြောများတစ်လျှောက် အညစ်အကြေး အမျိုးမျိုးစီးဆင်းနေပြီး၊ ယင်းကြောင့် ၎င်းတို့အတွင်းရှိ အဆိပ်မှာ ကြီးထွားပေသည်။ လူသားအနေဖြင့်၊ ဤသို့ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ပြီးဖြစ်သောကြောင့်၊ ယင်းကို ကျင့်သားရသွား မခဲ့ကြပြီး အထူးအဆန်းအဖြစ် မမြင်ကြတော့ချေ။ အကျိုး ဆက်အနေဖြင့်၊ ၎င်းတို့အတွင်းရှိ ရောဂါပိုးများမှာ ရင့်ကြပြီး၊ ၎င်းတို့၏ သဘောသဘာဝဖြစ်လာကာ ယင်းတို့လွှမ်းမိုးမှုအောက်တွင် လူတိုင်း အသက်ရှင်ကြလေသည်။ ဤသည်မှာ လူတို့သည် နေရာအနှံ့ပြေးလွှားနေသည့် မြင်းရိုင်းများကဲ့သို့ ဖြစ်ရသည့်အကြောင်းရင်းဖြစ်သည်။ သို့သော် ဤအရာကို ၎င်းတို့ ဘယ်သောအခါမျှ အပြည့်အဝ ဝန်မခံဘဲ၊ ၎င်းတို့ "လက်ခံယုံကြည်သည်" ကို ပြသဖို့ ၎င်းတို့ဦးခေါင်းများကို ညိတ်ပြရုံသာ ညိတ်ပြကြလေသည်။ အမှန်တရားမှာ လူသားတသည် ငါ၏နှုတ်ကပတ်တော်ကို စိတ်နှလုံးဖြင့် မခံယူကြခြင်းဖြစ်သည်။ အကယ်၍ ငါ၏နှုတ်ကပတ်တော်ကို ဖြေဆေးအဖြစ် ၎င်းတို့ယူခဲ့ကြလျှင်၊ "ဆရာဝန်၏ ညွှန်ကြားချက်များ" ကို လိုက်နာကြမည်ဖြစ်ပြီး၊ ထိုဖြေဆေးကို ၎င်းတို့၏ အတွင်းရှိ ရောဂါကို ကုသဖို့

ခွင့်ပြုကြမည်ဖြစ်သည်။ သို့သော် ငါ့အမြင်ကို ပြောရလျှင် ၎င်းတို့ပြုမူကြသည့်နည်းလမ်းက ဤဆန္ဒကို မဖြည့်ဆည်းပေးနိုင်ပေ၊ ထို့ကြောင့် ငါသည် "မတတ်သာ၍ လက်ခံရုံသာ" တတ်နိုင်ပြီး၊ ၎င်းတို့နားထောင်သည်ဖြစ်စေ၊ နားမထောင်သည်ဖြစ်စေ ၎င်းတို့ကို ဆက်လက်စကားပြောရပေသည်။ ငါ၏ တာဝန်ကိုသာ ငါလုပ်ဆောင်နေသည်။ လူသားသည် ငါ၏ကောင်းကြီးများကို မွေ့လျော်ဖို့ ဆန္ဒရှိမနေဘဲ၊ ငရဲ၏ ညှဥ်းဆဲမှုကို ဖြတ်သန်းလိမ့်မည်၊ ထို့ကြောင့် ငါသည် ၎င်းတို့၏ တောင်းဆိုမှုကို လိုက်လျောရန်ထက်ပို၍ ဘာမျှမလုပ်ဆောင်နိုင်။ သို့သော် ငါ၏ နာမနှင့် ဝိညာဉ်သည် ငရဲထဲတွင် အရှက်မရစေဖို့အလို့ငှာ၊ ငါသည် ပထမဦးစွာ ၎င်းတို့ကို ဆုံးမပြီး နောက်တွင်မှ ၎င်းတို့၏ ဆန္ဒများကို "နာခံ" မည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် "စိတ်နှလုံးအကြွင်းမဲ့ ပျော်ရွှင်ခြင်း" ကို တွေ့ကြုံခံစားနိုင်စေဖို့ ယင်းကို လုပ်ဆောင်မည်ဖြစ်သည်။ လူသားအနေဖြင့် ဘယ်အချိန်တွင်မဆို သို့မဟုတ် ဘယ်နေရာတွင်မဆို ငါ၏ကိုယ်ပိုင်အလံအောက်တွင် ငါ့ကို အရှက်ရစေဖို့ ခွင့်ပြုရန် ငါလိုလားခြင်းမရှိ၊ ယင်းကြောင့် ၎င်းတို့ကို အထပ်ထပ် အခါခါ ဆုံးမရခြင်းဖြစ်သည်။ ငါပြောသော ခက်ထန်သည့်စကားများ၏ ကန့်သတ်ထားခြင်းမရှိဘဲ၊ ယနေ့တွင် လူသားသည် အဘယ်သို့ ငါ့ရှေ့မှောက်၌ ရပ်နေနိုင်သေးဦးမည်နည်း။ ငါအဝေးသို့ သွားမည်ကို ကြောက်ရွံ့သောကြောင့်သာလျှင် လူတို့သည် အပြစ်မှ ရှောင်ကြဉ်ကြသည်မဟုတ်လော။ ပြစ်တင်ဆုံးမခြင်းကို ကြောက်ရွံ့သောကြောင့်သာလျှင် ၎င်းတို့ ညည်းညူခြင်းမပြုကြသည်မှာ မှန်သည်မဟုတ်လော။ အဘယ်သူ၏ ဆန္ဒသည် ငါ၏ အကြံအစည်ဘို့လို့ငှာသာ ဖြစ်သနည်း။ လူအားလုံးက ငါသည် "ဉာဏ်၏ အရည်အသွေး" ကင်းမဲ့သော ဘုရားသဘာဝဖြစ်သည်ဟု ထင်ကြ၏၊ သို့သော်လည်း ငါသည် လူသားသဘာဝထဲရှိ အရာရာတိုင်းကို ရိပ်စားမိနိုင်သည်ကို အဘယ်သူ နားလည်နိုင်သနည်း။ ယင်းမှာ လူတို့က၊ "အပ်နှင့်ထွင်းရမည်ကို အဘယ်ကြောင့် ပုဆိန်နှင့်ပေါက်သနည်း" ဟု ပြောသကဲ့သို့ အတိအကျဖြစ်သည်။ လူသား ငါ့ကို "ချစ်သည်" မှာ ငါ့အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာသည် မွေးရာပါဖြစ်သောကြောင့်မဟုတ်ဘဲ ပြစ်တင်ဆုံးမမှုကို ၎င်းတို့ ကြောက်ရွံ့ကြသောကြောင့် ဖြစ်၏။ လူတို့အကြား အဘယ်သူသည် ငါ့ကို ချစ်လျက် မွေးဖွားခဲ့သနည်း။ ငါသည် ၎င်းတို့၏ ကိုယ်ပိုင် နှလုံးသားဖြစ်ခဲ့ဘိကဲ့သို့ အဘယ်သူ ငါ့ကို ဆက်ဆံသနည်း။ ထို့ကြောင့် လူ့လောကအတွက် ဤအရာကို ဆိုရိုးတစ်ခုဖြင့် ငါအကျဉ်းချုပ်၏- လူများအကြား ငါ့ကို ချစ်သောသူ တစ်ဦးမျှမရှိ။

ငါသည် ကမ္ဘာမြေပေါ်က ငါ၏အမှုကို အဆုံးသတ်လိုသည်နှင့်အညီ၊ လူသားအနေဖြင့် အကန့်အသတ်မဲ့ သမုဒ္ဒရာထဲသို့ ကျသည်အထိ ငါနှင့် ဝေးရာသို့ အပစ်ခံရမည်စိုး၍ ငါ့အမှု၏ အရှိန်အဟုန်ကို ငါ လျှင်မြန်စေသည်။ ယင်းမှာ ငါသည် အမှုအရာတို့၏ စစ်မှန်မကို ၎င်းတို့အား

ကြိုတင်ပြောခဲ့ပြီးသည့်အတွက် ၎င်းတို့ အနည်းငယ် သတိချပ်လျက်ရှိကြခြင်းဖြစ်သည်။ ဤအတွက်မဟုတ်လျှင် ပြင်းထန်သော လေနှင့် လှိုင်းတံပိုးများနှင့် ရင်ဆိုင်တွေ့ခံရဖို့ရှိသည့်အခါ၊ အဘယ်သူသည် ရွက်များကို မြှင့်တင်မည်နည်း။ လူအားလုံးသည် သတိဝီရိယရှိခြင်းအလုပ်ကို လုပ်နေကြ၏။ ယင်းမှာ ငါသည် ၎င်းတို့၏ မျက်လုံးများ၌ "ဓားပြ" တစ်ဦး ဖြသွားလာ ဘိသကဲ့သို့ ဖြစ်သည်။ ၎င်းတို့ အိမ်ထဲက ဥစ္စာရှိသမျှအား ၎င်းတို့ထံမှ ငါယူမည်ကို ကြောက်ကြပြီး၊ ထို့ကြောင့် ၎င်းတို့၏ "တံခါးများ" ကို စုစည်းနိုင်သမျှ ခွန်အားအလုံးစုံဖြင့် ၎င်းတို့အားလုံး တွန်းထားကြပြီး၊ ရုတ်တရက် ငါချိုးဖျက်ဝင်လိမ့်မည်ကို သေမတတ်ကြောက်ကြလေသည်။ သူရဲဘောကြောင်သည့် ကြွက်များကဲ့သို့ ၎င်းတို့ ပြုမူကြသည်ကို ငါမြင်သောအခါ၊ တိတ်တဆိတ် ငါစွန့်ခွာသည်။ လူသား၏ စိတ်ကူးထဲတွင်၊ "ကမ္ဘာပျက်ကိန်း" တစ်ခု လောကသို့ လာနေပုံရပြီး၊ ၎င်းတို့အားလုံး ရုတ်တရက် ပြင်းထန်စွာ ကြောက်လန့်တကြားဖြစ်ကာ ဖရိုဖရဲ ထွက်ပြေးကြလေသည်။ ထို့နောက်တွင်မှ သရဲတစ္ဆေများ ကမ္ဘာမြေကြီးပေါ် လှည့်လည်နေကြခြင်းကို ငါမြင်ရခြင်းဖြစ်သည်။ ငါသည် မရယ်ဘဲမနေနိုင်၊ ငါ၏ရယ်မောခြင်းအသံကြားတွင် လူသည် အံ့အားသင့်ကာ အထိတ်တလန့်ဖြစ်လေသည်။ ထို့နောက်တွင် ငါသည် အမှန်တရားကို နားလည်သဘောပေါက်ခဲ့ပြီး ငါ၏ အပြုံးကို ပြန်ထိန်းကာ ကမ္ဘာမြေကို နောက်ထပ် ကြည့်ရှုစစ်ဆေးခြင်းမပြုတော့ဘဲ ယင်းအစား၊ ငါ၏ မူလအစီအစဉ်သို့ ပြန်လာခဲ့သည်။ ၎င်းတို့သည် အကြွင်းအကျန်များထက် ဘာမျှမပိုသောကြောင့်၊ ငါသည် လူသားကို ငါ၏ သုတေသနအတွက် နမူနာအဖြစ် အသုံးခံသော စံပုံစံတစ်ခုအဖြစ် နောက်ထပ်အလေးထားမည်မဟုတ်တော့။ ၎င်းတို့ကို ငါစွန့်ပစ်သည်နှင့်တပြိုင်နက်၊ ၎င်းတို့သည် မည်သည့်အသုံးမျှမဝင်ကြတော့ဘဲ၊ စွန့်ပစ်ပစ္စည်းအစအနများ ဖြစ်ကြလေသည်။ ဤအချိန်တွင် ၎င်းတို့ကို ငါချေဖျက်ပြီး မီးထဲသို့ ပစ်ချမည်။ လူသား၏စိတ်ထဲတွင်၊ ငါ၏ တရားစီရင်ခြင်း၊ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့၌ ငါ၏သနားကရုဏာနှင့် မေတ္တာ ပါရှိလေ၏။ သို့သော် ၎င်းတို့၏ အမှားများကို ငါလျစ်လျူရှုခဲ့သည်မှာ ကြာပြီဖြစ်ပြီး၊ ငါ၏သနားကရုဏာနှင့် မေတ္တာကို ပြန်ရုပ်သိမ်းခဲ့သည်မှာ ကြာပြီဖြစ်၍ ယင်းမှာ ၎င်းတို့ ယခုအခြေအနေတွင် ရှိနေရသည့်အကြောင်းရင်းဖြစ်သည်ကို ၎င်းတို့ မသိကြပေ၊ အဘယ်သူမျှ ငါ့ကို မသိနိုင်သကဲ့သို့ အဘယ်သူမျှ ငါ့နှုတ်ကပတ်တော်များကို နားမလည်နိုင် သို့မဟုတ် ငါ့မျက်နှာကို မမြင်နိုင်ကြသလို၊ ငါ၏အလိုကို သဘောမပေါက်နိုင်ကြ။ ဤသည်မှာ လူသား၏ လက်ရှိအခြေအနေ မဟုတ်လော။ သို့ဖြစ်လျှင် ငါသည် ကရုဏာနှင့် မေတ္တာရှိသည်ဟု တစ်စုံတစ်ယောက်က အဘယ်ကြောင့် ဆိုနိုင်သနည်း။ ၎င်းတို့၏ အားနည်းချက်များကို

ငါဂရုမစိုက်၊ ၎င်းတို့၏ ချွတ်ယွင်းချက်များကို ငါထည့်သွင်းစဉ်းစားခြင်းမပြုပေ။ ဤသည်မှာ ငါ၏ကရုဏာနှင့် မေတ္တာဖြစ်နေဆဲလော။ ၎င်းတို့အတွက် ငါ၏ချစ်ခြင်းမေတ္တာဖြစ်နေဆဲလော။ အစဉ်အလာဘိုးအလို့ငှာ ငါသည် ငါ၏စကားပြောဆိုချက်ကို စစ်ထုတ်သည်ဟု လူတို့အားလုံးယုံကြည်ကြ၏၊ ထို့ကြောင့် ငါပြောသော နှုတ်ကပတ်တော်များကို ၎င်းတို့ မယုံကြည်ကြချေ။ "ဤသည်မှာ ကွဲပြားခြားနားသောခေတ်ဖြစ်သည့်အတွက်၊ ငါ၏ ကရုဏာနှင့် မေတ္တာတို့ ယခု မပါရှိ၊ သို့တိုင် ငါသည် ပြောသည့်အတိုင်း လုပ်တတ်သည့် ဘုရားသခင် အစဉ်ဖြစ်သည်" ဟူသည်ကို အဘယ်သူ နားလည်သဘောပေါက်သနည်း။ ငါသည် လူသားမျိုးနွယ်အလယ်တွင် ရှိပြီး၊ လူတို့၏စိတ်များတွင် ငါ့ကို အမြင့်ဆုံးသောသူအဖြစ် ၎င်းတို့ မြင်ကြ၏၊ ထို့ကြောင့် လူသားက ငါသည် ငါ၏ဉာဏ်ပညာမှတဆင့် စကားပြောဆိုသည်ကို နှစ်သက်သည်ဟု ယုံလေသည်။ ထို့ကြောင့် လူသားသည် ငါ၏နှုတ်ကပတ်တော်မကို သံသယဖြင့် အစဉ်အမြဲ မြင်ကြလေသည်။ သို့သော် ငါ၏ စကားပြောဆိုချက်နောက်ကွယ်က စည်းမျဉ်းများကို အဘယ်သူ နားလည်နိုင်သနည်း။ အဘယ်သူသည် ငါ့နှုတ်ကပတ်တော်များ၏ ဇစ်မြစ်များကို သဘောပေါက်နိုင်သနည်း။ အဘယ်သူသည် ငါအမှန်တကယ် ပြီးမြောက်လိုသောအရာကို နားလည်သဘောပေါက်နိုင်သနည်း။ ငါ့စီမံခန့်ခွဲမှုအစီအစဉ်၏ အဆုံးသတ်နှင့် သက်ဆိုင်၍ အသေးစိတ် အဘယ်သူနားလည်နိုင်သနည်း။ အဘယ်သူသည် ငါ့အဘို့ လူယုံဖြစ်လာနိုင်သနည်း။ အရာခပ်သိမ်းအနက် ငါ အတိအကျ လုပ်ဆောင်နေသည့်အရာကို ငါမှလွဲ၍ အဘယ်သူ နားလည်သဘောပေါက်နိုင်သနည်း။ ပြီးလျှင် ငါ၏ အဆုံးစွန် ရည်ရွယ်ချက်ကို အဘယ်သူ သိနိုင်သနည်း။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်

# အခန်း ၃၉

ငါသည် ငါ့လက်ဖြင့်ဖန်ဆင်းခဲ့သော အရာအားလုံးကို အကဲခတ်ကြည့်ရှုလျက် စကြဝဠာများ၏အထက်တွင် နေ့စဉ် လှုပ်ရှား၏။ ကောင်းကင်၏ အထက်သည် ငါ၏အနားယူရာအရပ်ဖြစ်၍ အောက်သည် ငါလှုပ်ရှားသော နယ်မြေဖြစ်၏။ ရှိရှိသမျှ အရာခပ်သိမ်းတို့အား သဘာဝ၏ဖြစ်စဉ်ကို လိုက်နာစေပြီးလျှင် သဘာဝ၏ စေခိုင်းမှုအား နာခံစေရန် အရာခပ်သိမ်းတို့အထဲမှ အားလုံးကို ငါအုပ်စိုးသည်၊ အရာခပ်သိမ်းတို့အထဲမှ အားလုံးကို ငါအမိန့်ပေးသည်။ ငါသည် မနာခံသူများကို ရွံရှာမုန်းတီးပြီး ငါ့ကိုဆန့်ကျင်၍

ၡင်းတို့၏ အမျိုးအစားနှင့် အံမဝင်ခွင်မကျသူများကို စက်ဆုပ်သဖြင့် ငါသည်အရာရာတိုင်းကို ငါ၏အစီအမံများထံ ခုခံမှုကင်းစွာဖြင့် ကျိုးနွံနာခံစေမည်ဖြစ်ကာ စကြဝဠာအတွင်းနှင့် အထက်ရှိ အရာအားလုံးကို စနစ်တကျရှိစေရန် ငါပြုအံ့။ ထင်ရာမြင်ရာ ငါ့ကို မည်သူခုခံဝံ့သေးသနည်း။ ငါ့လက်၏ အစီအမံများကို မည်သူမနာခံဘဲ နေဝံ့သနည်း။ လူသားသည် ငါ့ကိုပုန်ကန်ခြင်း၌ "စိတ်ဝင်စားမှု" တစ်စုံတစ်ရာ အဘယ်သို့ ရှိနိုင်မည်နည်း။ ငါသည် လူတို့ကို ၎င်းတို့၏ "ဘိုးဘေးများ" ရှေ့မှောက်သို့ ခေါ်ဆောင်မည်ဖြစ်ပြီး ၎င်းတို့ဘိုးဘေးများအား ၎င်းတို့ကို ၎င်းတို့၏မိသားစုများထံသို့ ပြန်လည်ပို့ဆောင်စေမည်ဖြစ်ပြီး ၎င်းတို့အား ၎င်းတို့၏ဘိုးဘေးများကို ဆန့်ကျင်ပုန်ကန်၍ ငါ့ထံပါးသို့ ပြန်လာခွင့်ပြုလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ငါ၏အစီအစဉ်ဖြစ်၏။ ၎င်းတို့၏ဘိုးဘေးများက ၎င်းတို့ကို ၎င်းတို့၏ မိသားစုများထံသို့ အောင်မြင်စွာ ပြန်လည်လမ်းညွှန်မှုပေးနိုင်စေရန်နှင့် အနှောင့်အယှက်ပေးလွန်းလှသော ၎င်းတို့အတွက် ငါဆက်လက်၍ "စိုးရိမ်ပူပန်ခြင်း" ဖြစ်စရာ မလိုအပ်တော့ရန် လူသားမျိုးနွယ်အားလုံးတို့အတွက် ကိန်းဂဏန်းများကို သတ်မှတ်ပေးပြီး လူအမျိုးအစား တစ်ခုစီတိုင်းအပေါ်တွင် ခြားနားသော အမှတ်အသားများ ပြုလုပ်ကာ ယနေ့တွင် ငါ၏ဝိညာဉ်တော်သည် မြေတစ်ပြင်လုံးလှုပ်ရှားသည်။ ဤအကြောင်းကြောင့် ငါသည် ဝါယမစိုက်မှုကိုလည်း ခွဲဝေပြီး အားထုတ်မှုများကို ဝေခြမ်းသည်။ ဤသည်မှာ ငါ့အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး မည်သည့်လူသားကမျှ မနှောင့်ယှက်နိုင်ပေ။ ငါ့ရှေ့မှောက်ရှိအရာခပ်သိမ်း၏ အစီအစဉ်တကျ ကျိုးနွံနာခံခြင်းကို ဖြစ်ပေါ်စေလျက် အရာခပ်သိမ်းကို စီမံခန့်ခွဲဖို့ရန် အားလုံးထဲမှ သင့်လျော်သော ကိုယ်စားလှယ်များကို ငါရွေးချယ်အံ့။ ငါသည် ကောင်းကင်အထက်တွင် မကြာခဏ လှည့်လည်သွားလာပြီး ကောင်းကင်အောက်တွင်လည်း မကြာမကြာ လမ်းလျှောက်သည်။ လူများသွားလိုက်လာလိုက် ပြုကြသော ကမ္ဘာကြီးကို စောင့်ကြည့်လျက် မြေကြီးပေါ်တွင် သိပ်သည်းစွာထူထပ်နေသော လူသားမျိုးနွယ်ကို အကဲခတ်ကာ ဤဂြိုဟ်ပေါ်တွင် သက်ရှင်နေထိုင်ကြသော ငှက်များနှင့် သားရဲများကို ကြည့်ရှုရင်း ငါသည် ငါ၏နှလုံးသားထဲတွင် စိတ်လှုပ်ရှားမှု မခံစားရဘဲ မနေနိုင်ပေ။ အကြောင်းမှာ ဖန်ဆင်းခြင်းကာလတွင် ငါသည်အရာခပ်သိမ်းကို ပြုလုပ်ခဲ့ပြီး အရာရာတိုင်း၏ အလုံးစုံသည် ၎င်း၏တာဝန်ကို ၎င်း၏ကိုယ်ပိုင်နေရာ၌ ငါ၏စီစဉ်မှုများအောက်တွင် လုပ်ဆောင်ကြ၏။ ငါသည် အထက်အမြင့်ဆီမှ ရယ်မောလိုက်ပြီး ငါ၏ရယ်မောသံကို ကောင်းကင်အောက်မှ အရာအားလုံးက ကြားရသောအခါ ၎င်းတို့သည် ချက်ချင်းပင် စိတ်ဓါတ်နိုးကြွလာကြသည်၊ အကြောင်းမှာ ထိုအခိုက်အတန့်တွင်

ငါ၏လုပ်ငန်းကြီးသည် ပြီးပြည့်စုံသွား၍ ဖြစ်၏။ လူသားကို အရာခပ်သိမ်းတို့အကြားတွင် ငါ့ကို ကိုယ်စားပြုစေလျက် ငါသည် လူသား၏အထဲတွင် ကောင်းကင်၏ ဉာဏ်ပညာကို ထည့်သွင်းသည်။ အကြောင်းမှာ ငါသည်လူသားကို ငါ့ကိုယ်စားလှယ်ဖြစ်ရန် ဖန်ဆင်းထားခဲ့သည်ဖြစ်ပြီး ငါ့ကိုဆန့်ကျင်ရန်မဟုတ်ဘဲ သူ၏နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာထဲမှ ငါ့ကို ချီးမွမ်းရန်ဖြစ်သည်။ ဤရိုးစင်းသော နှုတ်ကပတ်တော်များကို မည်သူက ရရှိခြင်းငှာ တတ်နိုင်သနည်း။ လူသားသည် သူ့စိတ်နှလုံးကို အဘယ်ကြောင့် သူကိုယ်တိုင်အတွက် အမြဲတမ်းထိန်းသိမ်းထားသနည်း။ သူ့စိတ်နှလုံးသည် ငါ့အတွက်မဟုတ်သလော။ ငါသည် လူသား၏ပစ္စည်းများကို အကြွင်းမဲ့ တောင်းသည်မဟုတ်ဘဲ သူသည် ငါနှင့် အမြဲသက်ဆိုင်ခဲ့ရန်သာ တောင်းခြင်းဖြစ်၏။ ငါနှင့်သက်ဆိုင်သည့် အရာများကို ငါသည် သူတစ်ပါးကို မည်ကဲ့သို့ သာမန်ကာလျှံကာ ပေးပစ်လိုက်နိုင်မည်နည်း။ ငါပြုလုပ်ပြီးသော "အဝတ်အစား" ကို အခြားသူတစ်ဦးအား မည်ကဲ့သို့ ငါပေးဝတ်နိုင်မည်နည်း။ လူတို့၏အမြင်တွင် ငါသည် စိတ်ဝေဒနာခံစားနေရလျက် စိတ်မနှံ့သူဖြစ်ပြီး၊ လူတို့၏ မည်သည့်ဓလေ့များကိုမှ နားမလည်သူတစ်ဦးအလား မြင်နေကြ၏၊ ငါသည် အရူးအနှမ်းတစ်ဦးပမာ ဖြစ်နေသည်။ ထိုသို့ဖြစ်နေသဖြင့် လူတို့သည် ငါ့ကို အနုံအအတစ်ဦးကဲ့သို့ အမြဲ ကြည့်မြင်ကြသော်လည်း ၎င်းတို့သည် ငါ့ကို ဘယ်သောအခါမျှ စစ်မှန်စွာ မချစ်ကြပေ။ လူသားလုပ်ဆောင်သမျှ အားလုံးသည် ငါ့ကို တမင်သက်သက် အရူးလုပ်ရန် ဖြစ်သဖြင့် ငါသည် လူသားမျိုးနွယ်အားလုံးကို အမျက်ဒေါသ ပေါက်ကွဲလျက် အမြစ်ဖြတ်သုတ်သင်သည်။ ငါဖန်ဆင်းခဲ့သမျှ အရာအားလုံးတို့အထဲတွင် လူသားမျိုးနွယ်သည်သာလျှင် ငါ့ကို လှည့်စားရန် နည်းလမ်းများပေါ်လာရန် အမြဲတမ်း ကြိုးစားနေပြီး ဤအကြောင်းကြောင့်သာ လူသားသည် အရာခပ်သိမ်းကို "အုပ်စိုးသူ" ဖြစ်သည်ဟု ငါပြောဆိုခြင်းဖြစ်၏။

ယနေ့တွင် ငါသည် လူအားလုံးကို "မီးဖိုကြီး" ထဲသို့ စစ်ဆေးခြင်းခံဖို့ရာ ပစ်ထည့်၏။ ငါသည် အမြင့်တွင် မတ်တပ်ရပ်လျက် လူတို့ မီးထဲတွင် လောင်မြိုက်နေသည်ကို အနီးကပ်ကြည့်ရှုနေရာ လူတို့သည် မီးတောက်၏ အတင်းအကျပ်ပြုမှုကိုခံရင်း အမှန်တရားများကို ဖော်ထုတ်လာကြ၏။ ယင်းသည် ငါအမှုပြုသည့် နည်းများထဲမှ တစ်ခုဖြစ်၏။ အကယ်၍ ထိုသို့မဟုတ်ခဲ့လျှင် လူတို့သည် ၎င်းတို့ကိုယ်၎င်းတို့ "နှိမ့်ချ"ကြပါသည်ဟု ထုတ်ဖော်ပြောခဲ့ကြလိမ့်မည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်၏ အတွေ့အကြုံများကို ပြောထုတ်ဖို့ရန် ၎င်းတို့၏ ပါးစပ်များကို ပထမဦးဆုံးဖွင့်မည့်သူ မည်သူမျှ ဖြစ်ချင်ကြမည်မဟုတ်ဘဲ အားလုံးသည် တစ်ဦးကိုတစ်ဦး ကြည့်ကြလိမ့်မည်ဖြစ်သည်။

ဤသည်မှာ ငါ့ဉာဏ်ပညာ၏ ပုံပေါ်လာခြင်း အတိအကျဖြစ်ပေသည်။ အကြောင်းမှာ ယနေ့ကာလ၏ ကိစ္စရပ်များကို ခေတ်များမတိုင်မီကတည်းက ငါသည် ကြိုတင်ခွဲခန့် မှတ်သားခဲ့သောကြောင့် ဖြစ်၏။ သို့ဖြစ်၍ လူတို့သည် ကြိုးတစ်ချောင်းဖြင့် ထိုနေရာသို့ ခေါ်ဆောင်သွားခြင်း ခံရဘိသည့်အလား၊ ထုံသွားကြသည့်အလား မီးဖိုကြီးထဲသို့ အမှတ်တမဲ့ ဝင်ရောက်ကြသည်။ မီးလျှံ၏ အပြင်းအထန်တိုက်ခိုက်မှုမှ မည်သူမျှ မလွတ်မြောက်နိုင်ကြဘဲ ၎င်းတို့သည် အချင်းချင်း "တိုက်ခိုက်"ပြီး "အပြေးအလွှား ရှင်မြူး"ကာ မိမိတို့ကိုယ်တိုင်၏ မီးဖိုကြီးထဲကံကြမ္မာနှင့်ပတ်သက်၍ သောကရောက်နေကြဆဲရှိလျက် ၎င်းတို့သည် မီးရှို့သတ်ခံရလိမ့်မည်ကို လွန်စွာကြောက်ရွံ့နေကြ၏။ ငါသည်မီးကို လောင်စာထည့်သောအခါ ယင်းသည် ချက်ချင်းကြီးထွားလာကာ မိုးကောင်းကင်ထက်သို့ လိပ်တက်သွားပြီး မီးလျှံများသည် မကြာခဏပင် ငါ့ဝတ်ရုံများကို လာကပ်စွဲလျက် ၎င်းတို့ကို မီးဖိုထဲသို့ ဆွဲသွင်းသွားရန် ကြိုးစားနေသည့်အလားဖြစ်၏။ လူတို့သည် ငါ့ကို မျက်လုံးအဝိုင်းသား ကြည့်ရှုကြသည်။ ငါသည် မီးဖိုထဲကမီးထဲသို့ ချက်ချင်းလိုက်သွားရာ ထိုအခိုက်တွင် မီးတောက်များ ကြီးထွားလာပြီး လူများအော်ဟစ်လေ၏။ ငါသည် မီးတောက်ပြင်းပြင်းအလယ်တွင် လှည့်လည်သွားလာသည်။ မီးလျှံများ အများအပြားရှိသော်လည်း ငါ့ကို အန္တရာယ်ပြုဖို့ ရည်ရွယ်ချက်မရှိကြ၊ ထို့နောက် ငါသည် ငါ့ခန္ဓာကိုယ်ပေါ် ရှိ ဝတ်ရုံများကို မီးလျှံများဆီသို့ တစ်ဖန် လွှဲပြောင်းပေးလိုက်သည်၊ သို့သော် ၎င်းတို့သည် ငါထံမှ ဝေးဝေးနေကြ၏။ ထိုအခါကျမှသာ လူတို့သည် မီးလျှံများ၏ အလင်းရောင်ဖြင့် ငါ့မျက်နှာအစစ်အမှန်ကို ရှင်းလင်းစွာ မြင်တွေ့ကြရသည်။ ၎င်းတို့သည် မီးဖို၏ မီးဟပ်နေသည့်အတွက်၊ ငါ့မျက်နှာကြောင့် ၎င်းတို့သည် အရပ်မျက်နှာအားလုံးသို့ ထွက်ပြေးသွားကြ၏၊ ထို့နောက် မီးဖိုသည် ချက်ချင်း စတင် "ဆူပွက်" လာလေသည်။ မီးလျှံထဲရှိနေသူအားလုံးသည် မီးထဲတွင် စစ်ဆေးခံရသူ လူသားကို မြင်ကြ၏။ ကိုယ်တော်၏ကိုယ်ခန္ဓာပေါ် ရှိ အဝတ်အစားများမှာ သာမန်ဖြစ်ကြသော်လည်း အဆုံးစွန် လှပနေလေသည်၊ ကိုယ်တော်၏ ခြေပေါ် ရှိ ဖိနပ်များမှာ မထူးခြားသော်လည်း ၎င်းတို့သည် ကြီးစွာ မနာလိုမှု ဖြစ်စေကြ၏၊ မီးလျှံပမာ ရွှန်းစိုတောက်ပမှုတစ်ခုသည် ကိုယ်တော့်မျက်နှာမှ ဖြာထွက်သည်၊ ကိုယ်တော်၏မျက်လုံးများမှာ တလက်လက်တောက်ပပြီး၊ ကိုယ်တော်၏မျက်လုံးများထဲမှ အလင်းရောင်ကြောင့် လူတို့သည် ကိုယ်တော့်မျက်နှာအစစ်အမှန်ကို ရှင်းလင်းစွာမြင်တွေ့နိုင်ပုံရလေသည်။ လူများသည် အံ့သြမိန်းမောလျက် ငေးကြည့်နေကြပြီး ကိုယ်တော့်ကိုယ်ခန္ဓာပေါ်တွင် အဝတ်အထည်အဖြူတစ်ခု ရှိပြီး သိုးမွေးပမာဖြူသည့် ကိုယ်တော်၏ဆံပင်သည်

ကိုယ်တော်၏ပုခုံးသို့ ဖားလျားကျနေကြသည်ကို မြင်တွေ့ကြသည်။ ထင်ရှားစွာပင် ကိုယ်တော်၏ရင်ဘတ်ကို သိုင်းထားလျက်ရှိသည့် ရွှေစလွယ်တစ်ကုံးသည် အားကြီးသော အလင်းရောင်ဖြင့် ထွန်းတောက်နေချိန်တွင် ကိုယ်တော်၏ခြေအထက်မှ ဖိနပ်များသည် သာ၍ပင် အထင်ကြီးလောက်၏။ ထို့အပြင် လူသား စီးသောဖိနပ်များသည် မီးအလယ်တွင် ဆက်ရှိနေသဖြင့် လူတို့သည် ၎င်းတို့ကို အံ့သြဖွယ်အဖြစ် ယုံကြည်ကြလေသည်။ အခိုက်အတန့်မျှ ရုတ်တရက်နာကျင်မှုများ ဖြစ်သည့်အခါများ၌သာလျှင် လူတို့သည် လူသား၏ပါးစပ်ကို မြင်ကြ၏။ ၎င်းတို့သည် မီး၏စစ်ဆေးခြင်းအလယ်တွင် ရှိနေကြသော်လည်း ၎င်းတို့အနေဖြင့် လူသား၏ နှုတ်မှ မည်သည့်နှုတ်ကပတ်တော်ကိုမျှ နားမလည်ကြချေ။ ထို့ကြောင့် ဤအခိုက်အတန့်တွင် ၎င်းတို့သည် လူသား၏ နှစ်လိုဖွယ်အသံကို နောက်ထပ်မကြားရတော့ဘဲ ကိုယ်တော်၏ခံတွင်းထဲတွင်ရှိသည့် ထက်မြက်သော ဓားရှည်တစ်လက်ကို မြင်တွေ့ရကြပြီး၊ ကိုယ်တော်သည် နောက်ထပ်ဘာမှ မိန့်မြွက်ခြင်း မပြုတော့သော်လည်း ကိုယ်တော်၏ဓားရှည်သည် လူသားကို ထိခိုက်နာကျင်စေသည်။ မီးတောက်မီးလျှံများ ဝန်းရံခြင်းခံရသဖြင့် လူတို့သည် နာကျင်မှုကို ခံရပ်ကြရ၏။ ၎င်းတို့၏ သိချင်ဇောကြောင့် ၎င်းတို့သည် လူသား၏ အံ့မခန်းဖွယ် ပေါ်ထွန်းခြင်းအပေါ် ဆက်လက်၍ ကြည့်ရှုကြပြီး ကိုယ်တော်၏လက်တွင်ရှိနေသော ကြယ်ခုနစ်လုံး ပျောက်ကွယ်သွားသည်ကို ဤခဏအခိုက်အတန့်တွင်ပင် ၎င်းတို့ တွေ့ရှိလိုက်ကြရသည်။ လူသားသည် မြေကြီးပေါ်တွင်မဟုတ်ဘဲ မီးဖိုထဲ၌ ရှိနေသဖြင့် ကိုယ်တော့်လက်မှ ကြယ်ခုနစ်လုံးသည် သိမ်းယူခံလိုက်ရ၏၊ အကြောင်းမှာ ၎င်းတို့သည် တင်စားမှုတစ်ခုသာ ဖြစ်သောကြောင့်တည်း။ ဤအခိုက်အတန့်တွင် ၄င်းတို့ကို ဖော်ပြခြင်းမရှိတော့ဘဲ လူသား၏ အစိတ်အပိုင်း အမျိုးမျိုးထံ ခွဲဝေသတ်မှတ်ခြင်း ခံကြရသည်။ လူတို့၏ မှတ်ဉာဏ်များထဲတွင် ကြယ်ခုနစ်လုံးရှိနေခြင်းက မသက်မသာဖြစ်စေ၏။ ယနေ့တွင် ငါသည် လူတို့အတွက် အမှုအရာများကို ခက်ခဲအောင် မပြုတော့ပေ၊ ငါသည် ကြယ်ခုနစ်လုံးကို လူသားထံမှ ယူလိုက်ပြီး လူသား၏ အစိတ်အပိုင်းအားလုံးကို တစ်လုံးတစ်ဝတည်း ပေါင်းစပ်လိုက်၏။ ဤအခိုက်အတန့်၌သာလျှင် လူသည် ငါ၏သွင်ပြင် တစ်ခုလုံးကို မြင်တွေ့ရခြင်းဖြစ်သည်။ လူတို့သည် ငါ၏ဝိညာဉ်တော်ကို ငါ့ဇာတိပကတိမှ ဘယ်သောအခါ၌မျှ သီးခြားခွဲလိမ့်မည် မဟုတ်တော့ချေ၊ အကြောင်းမှာ ငါသည် မြေကြီးပေါ်မှ အမြင့်သို့ တက်ရောက်သွားခဲ့ပြီး ဖြစ်သောကြောင့်ဖြစ်သည်။ လူတို့သည် ငါ့မျက်နှာအစစ်အမှန်ကို မြင်တွေ့ပြီးဖြစ်ရာ ၎င်းတို့သည် ငါ့ကို တစ်ပိုင်းတစ်စစီ စိတ်ပိုင်းခြင်းမပြုကြတော့ဘဲ ငါသည်လည်း လူ၏ သားပုပ်လေလွင့်ပြောခြင်းကို

မခံရပ်ရတော့ချေ။ ငါသည်လူနှင့်ယှဉ်လျက် မီးဖိုကြီးထဲသို့ ဝင်ခဲ့သဖြင့် လူသည်ငါ့ကို အားကိုးဆဲဖြစ်ပြီး ငါ၏တည်ရှိခြင်းကို သူ၏သိစိတ်ထဲတွင် ခံစားရ၏။ ဤသို့ဖြင့် ရွှေအတိဖြစ်သော အရာအားလုံးသည် လောင်မြိုက်နေသောမီး၏အလယ်တွင် တဖြည်းဖြည်းချင်း ငါနှင့်အတူ စုရုံးလာကြပြီး၊ ယင်းသည် အရာတစ်ခုစီတိုင်း အမျိုးအစားအလိုက် အမျိုးအစားသတ်မှတ်ခံရသည့် အခိုက်အတန့် အတိအကျဖြစ်၏။ ငါသည် "သတ္တု" အမျိုးအစားတစ်ခုစီကို အမျိုးခွဲ၍ ၎င်းတို့အားလုံးကို ၎င်းတို့၏မိသားစုများဆီသို့ ပြန်လာစေပြီး၊ ယခုမှသာလျှင် အရာခပ်သိမ်းတို့သည် ပြန်လည်ရှင်သန်သက်ဝင်ဖို့ စတင်လာလေတော့သည်။

ဤသို့ဖြစ်ရသည်မှာ လူသားသည် အလွန်စွန်းထင်းနေသောကြောင့် ငါသည်သူ့ကို လောင်ကျွမ်းခြင်းခံရရန် မီးဖိုကြီးထဲသို့ ပစ်ချလိုက်ခြင်းကြောင့်ဖြစ်၏။ သို့သော် သူသည် မီးတောက်မီးလျှံများအားဖြင့် ချေမှုန်းသုတ်သင်ခံရခြင်းမရှိဘဲ ငါသည်သူ့ကို နှစ်သက်နိုင်စိမ့်သောငှာ သန့်စင်ခြင်းခံရလေသည်။ အကြောင်းမှာ ငါအလိုရှိသည့်အရာမှာ ညစ်ပေ၍ စွန်းထင်းနေသော အရာများမဟုတ်ဘဲ အညစ်အကြေးကင်းစင်သည့် ရွှေစင်အတိဖြင့် ပြီးသောအရာ ဖြစ်သောကြောင့်ပင်ဖြစ်၏။ လူတို့သည် ငါ၏စိတ်နေစိတ်ထားကို နားမလည်ကြ၊ ထို့ကြောင့် ၎င်းတို့သည် "ခွဲစိတ်စားပွဲ"ပေါ် မတက်မီတွင် စိုးရိမ်မှုဖြင့် ပြည့်နေလျက်ရှိကြသည်မှာ ၎င်းတို့ကို ခွဲစိတ်လေ့လာပြီးလျှင် ခွဲစိတ်စားပွဲပေါ် ၎င်းတို့လဲလျောင်းနေကြစဉ် ငါသည် ၎င်းတို့ကို မဆိုင်းမတွ သတ်ဖြတ်ပစ်လိုက်မည့်အလား ဖြစ်၏။ ငါသည် လူတို့၏စိတ်နေစိတ်ထားကို သိရှိနားလည်သဖြင့် ငါသည် လူသားမျိုးနွယ်ဝင်တစ်ဦးကဲ့သို့ ဖြစ်၏။ ငါ၌ လူ၏ "ကံမကောင်းခြင်း" အတွက် ကြီးမားသောကရုဏာ ရှိပြီး၊ လူသည် အဘယ်ကြောင့် "ဖျားနာ" ရပါကြောင်းကို ငါမသိပေ။ အကယ်၍ သူသည်ကျန်းမာပြီး မသန်စွမ်းမှု ကင်းခဲ့သည်ဆိုလျှင် အဖိုးအခပေးရရန်နှင့် ခွဲစိတ်စားပွဲပေါ်တွင် အချိန်ကုန်ဖို့ရန် အဘယ်လိုအပ်မည်နည်း။ သို့ရာတွင် ဖြစ်ရပ်မှန်ကို ပြန်ရုပ်သိမ်း၍ မရချေ။ မည်သူသည် လူသားကို "အစားအစာသန့်ရှင်းမှု" ကို ဂရုမပြုရန် ပြောခဲ့သနည်း။ ကျန်းမာနေဖို့ အရေးဂရုမစိုက်ရန် သူ့ကို မည်သူက ပြောခဲ့သနည်း။ ယနေ့တွင် ငါ၌ အခြားမည်သည့်နည်းလမ်းများ ရှိသေးသနည်း။ လူကို ငါ၏ ကရုဏာပြသဖို့ရန် ငါသည် သူနှင့်အတူ "ခွဲစိတ်ခန်း" ထဲသို့ ဝင်ရောက်သည်၊ ပြီးလျှင် လူကိုချစ်ရန် ငါ့ကို မည်သူက ပြောခဲ့သနည်း။ ထို့ကြောင့် "ခွဲစိတ်ဆရာဝန်သုံးဓား" ကို ငါကိုယ်တိုင် ကောက်ကိုင်လိုက်ပြီး နောက်ဆက်တွဲရလဒ် တစ်စုံတစ်ရာကို ကာကွယ်ရန် လူကိုစတင်၍ "ခွဲစိတ်"တော့သည်။ လူသားအပေါ် ငါ၏သစ္စာရှိမှုကြောင့် လူတို့သည် ငါ့ကို ကျေးဇူးတင်ကြောင်း ပြသဖို့ရန်

နာကျင်မှုဝေဒနာကြားမှ မျက်ရည်များ ယိုစီးခဲ့ကြသည်။ ငါသည် သစ္စာစောင့်သိမှုကို တန်ဖိုးထားပြီး ငါသည် ငါ့ "မိတ်ဆွေများ" ဒုက္ခရောက်နေချိန်တွင် ကူညီလိမ့်မည်ဟု လူတို့ယုံကြည်ကြပြီး၊ လူတို့သည် ငါ၏ကြင်နာမှုအတွက် ပို၍ပင် ကျေးဇူးတင်ကြကာ နာမကျန်းဖြစ်မှု ပျောက်ကင်းသွားသောအခါ ငါ့ကို "လက်ဆောင်များ" ပို့ပေးမည်ဟု ပြောကြ၏။ သို့သော်လည်း ငါသည် ထိုကဲ့သို့သော ဖော်ပြချက်များအပေါ် အာရုံမထားဘဲ၊ ၎င်းအစား လူကို ခွဲစိတ်ကုသရေးအပေါ်၌ အာရုံထား၏။ လူ၏ ရုပ်ပိုင်းဆိုင်ရာ အားနည်းချက်ကြောင့် ဓား၏သက်ရောက်မှုအောက်တွင် လူသည်မျက်လုံးများကို တင်းကျပ်စွာ မှိတ်ထားပြီး ခွဲစိတ်စားပွဲထက်ဝယ် ကြောက်လန့်လျက် လဲလျောင်းနေ၏။ သို့သော် ငါသည် ဂရုစိုက်ခြင်းမပြုဘဲ လုပ်လက်စအမှုကိုသာ ဆက်လက်ဆောင်ရွက်သည်။ ခွဲစိတ်ခြင်းပြီးဆုံးသောအခါ လူတို့သည် "ကျားခံတွင်း" မှ လွတ်မြောက်လာခဲ့ပြီး၊ ငါသည်၎င်းတို့ကို ကြွယ်ဝသော အာဟာရများဖြင့် အားဖြည့်ပေးလေ၏။ ၎င်းတို့အနေဖြင့် မသိကြသော်လည်း အာဟာရတို့သည် ၎င်းတို့အထဲတွင် တဖြည်းဖြည်း တိုးပွားလာလေသည်။ ထိုအခါ ငါသည် ၎င်းတို့ကို ပြုံးပြသည်။ ဤတွင် ၎င်းတို့သည် ၎င်းတို့၏ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အခါ၌ ငါ့မျက်နှာအစစ်အမှန်ကိုသာ ဖူးမြင်နိုင်ကြလေသည်။ ထို့ကြောင့် ၎င်းတို့သည် ငါ့ကို ပို၍ချစ်ခင်ကြပြီး ၎င်းတို့၏ ဖခင်အဖြစ် ငါ့ကို မှတ်ယူကြသည်။ ထို့ကြောင့် ဤသည်မှာ ကောင်းကင်နှင့် မြေကြီးအကြား ဆက်နွယ်မှုဖြစ်သည် မဟုတ်လော။

၁၉၉၂ ခုနှစ်၊ မေလ ၄ ရက်

## အခန်း ၄၀

ငါသည် ကောင်းကင်ဘုံကို ဖြိုချတော့မည်ကဲ့သို့ လူသားများသည် ငါ၏ လှုပ်ရှားမှုတိုင်း အပေါ် အစွဲအလမ်းကြီးကြပြီး ငါ၏ လုပ်ဆောင်ချက်များကို သူတို့ လုံးဝနားမလည်နိုင်သကဲ့သို့ ငါ၏ လုပ်ဆောင်ချက်များကို သူတို့ အစဉ်အမြဲစိတ်ရှုပ်ထွေးနေကြသည်။ ထို့ကြောင့် ကောင်းကင်ဘုံကို စော်ကားရာရောက်မည်၊ "သေမျိုးတို့၏ ကမ္ဘာ" အတွင်း ပစ်ချခံရမည်ကို အလွန်အမင်း ကြောက်ရွံ့ကြသဖြင့် သူတို့ပြုလုပ်သမျှအားလုံးတို့တွင် ငါ့ထံမှ အရိပ်နိမိတ်များကိုယူကြသည်။ လူသားများကို ဆန့်ကျင်၍အသုံးပြုနိုင်သည့် မည်သည့်အရာကိုမှ ငါ ရှာဖွေရန် မကြိုးစားပေ၊ သို့မဟုတ် ၎င်းတို့၏ အားနည်းချက်များကို ငါ့အလုပ်၏ ပစ်မှတ်အဖြစ်ထားသည်။ ယခုအချိန်တွင် ၎င်းတို့သည် လွန်စွာပျော်ရွှင်နေကြပြီး

ငါ့ကို အားကိုးလာကြသည်။ ငါသည် လူသားကို ပေးသောအခါ လူတို့သည် ၎င်းတို့၏ဘဝများကိုချစ်သကဲ့သို့ ငါ့ကို ချစ်ကြသည်။ သို့သော် ၎င်းတို့ထံမှ အရာဝတ္ထုများ ငါ တောင်းဆိုသောအခါတွင်မူ ၎င်းတို့ ငါ့ကိုရှောင်ဖယ်ကြသည်။ ဤသည်မှာ အဘယ့်ကြောင့်နည်း။ လူ့လောက၏ "တရားမျှတခြင်းနှင့် သင့်တင့်ခြင်း" ကိုပင် ၎င်းတို့ လက်တွေ့ကျကျ မကျင့်သုံးနိုင်ကြသလော။ ငါသည် အဘယ့်ကြောင့် လူသားများထံမှ ထိုသို့သောတောင်းဆိုမှုများကို အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်သနည်း။ ငါ့တွင် မည်သည့်အရာမှ မရှိဆိုသည်မှာ အမှန်ပင်လော။ လူတို့သည် ငါ့ကို သူဖုန်းစားတစ်ယောက်ကဲ့သို့ ဆက်ဆံကြသည်။ ၎င်းတို့ထံမှ ငါ အရာဝတ္ထုများ တောင်းဆိုသောအခါ ၎င်းတို့သည် "အကြွင်းအကျန်များ" ကို ငါ "မွေ့လျော်ရန်" ငါ့ရှေ့တွင် ကိုင်မြှောက်ပြပြီး ငါ့ကို အထူးတလည်ဂရုစိုက်နေကြသည်ဟုပင် ၎င်းတို့ပြောဆိုကြသည်။ ၎င်းတို့၏ အကျည်းတန်သော မျက်နှာများနှင့် တစ်မူထူးခြားမှုများကို ကြည့်ပြီး လူသားထံမှ နောက်တစ်ကြိမ် ငါ ထွက်ခွါပြန်သည်။ ယင်းကဲ့သို့သော အခြေအနေများတွင် လူတို့သည် နားမလည်ကြသေးဘဲ ငါ ငြင်းပယ်ခဲ့သောအရာများကို နောက်ထပ်တစ်ကြိမ် ပြန်ယူကာ ငါပြန်လာမည်ကို စောင့်မျှော် နေကြသည်။ ငါသည် လူသားများအတွက် အချိန်အတော်အကြာ ပေးခဲ့ပြီး ကြီးမားသော အဖိုးအခကို ပေးခဲ့သည်။ သို့သော် ယခုအချိန်တွင် မသိရသော အကြောင်းပြချက်တစ်ခုကြောင့် လူတို့၏ အသိစိတ်များသည် ၎င်းတို့၏ မူလ အလုပ်ကိုပင် အစဉ် လုပ်ဆောင်နိုင်စွမ်း မရှိဖြစ်နေသည်။ ထို့ကြောင့် ငါသည် အနာဂတ်မျိုးဆက်များအတွက် ရည်ညွှန်းစာတမ်း အဖြစ် အသုံးပြုရန် "လျှို့ဝှက်ဆန်းကြယ်သော နှုတ်ကပတ်တော်များ" တွင် ၎င်းတို့၏ ထပ်တလဲလဲဖြစ်ပေါ်သော သံသယများကို စာရင်းပြုစုထားသည်။ အဘယ့်ကြောင့်ဆိုသော် ဤအရာများသည် လူတို့၏ "အလုပ်ကြိုးစားမှု" မှ ရရှိလာသော "သိပ္ပံနည်းကျ သုတေသနရှာဖွေတွေ့ရှိချက်များ" ဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းတို့ကို ဘယ်ပုံဘယ်နည်းဖြင့် ငါသည် သာမန်ကာလျှံကာ ပယ်ဖျက်ပစ်နိုင်မည်နည်း။ ဤသည်မှာ လူသားများ၏ကောင်းမွန်သော ရည်ရွယ်ချက်များကို "စိတ်ပျက်စေရခြင်း" မဟုတ်သလော။ အဘယ်ကြောင့်ဆိုသော် အဆုံးတွင် ငါ၌ အကောင်းအဆိုးခွဲခြားနိုင်သည့် စိတ်ထား ရှိသည့်အတွက် ငါသည် လူသားနှင့်အတူ လိမ်လည်ခြင်းနှင့် သူတစ်ပါးကို ဒုက္ခပေးသော အပြုအမူများတွင် ပါဝင်ခြင်းမရှိပေ။ ငါ၏ လုပ်ဆောင်ချက်များ ထိုသို့ပင်မဟုတ်လော။ ဤသည်မှာ လူသားများပြောဆိုခဲ့သော "တရားမျှတခြင်းနှင့် သင့်တင့်ခြင်း" မဟုတ်ပေလော။ လူသားအကြားတွင် ငါသည် ယခုပစ္စုပ္ပန်တိုင်အောင် မရပ်မနား အလုပ်လုပ်ခဲ့သည်။ ယနေ့ကဲ့သို့ အချိန်မျိုးများ ကျရောက်လာသောအခါ လူတို့သည် ငါ့ကို နားမလည်ကြသေးပေ။ ၎င်းတို့သည်

ငါ့ကို သူစိမ်းတစ်ယောက်ကဲ့သို့ ဆက်ဆံနေဆဲပင် ဖြစ်သည်။ ထို့အပြင် ၎င်းတို့ကို "လမ်းဆုံး" သို့ ခေါ်ဆောင်လာခဲ့သောကြောင့် ငါ့ကို တိုး၍ပင်မုန်းလာကြသည်။ ယခုအချိန်တွင် ၎င်းတို့နှလုံးသားထဲမှ ချစ်ခြင်းမေတ္တာသည် ခြေရာလက်ရာပင် မကျန်အောင် ပျောက်ဆုံးနေခဲ့သည်မှာ အချိန်ကာလ ကြာလှပေပြီ။ ငါသည် ပုံကြီးချဲ့နေခြင်းမဟုတ်။ လူသားများကို အထင်သေးနေခြင်းလည်း သာ၍မဟုတ်။ ငါသည် လူသားကို အဆုံးမရှိသောကာလအထိ ချစ်နိုင်သည်။ ထို့အပြင် အဆုံးမရှိသော ကာလအထိလည်း မုန်းတီးနိုင်သည်။ ငါသည်ဇွဲလုံ့လရှိသောကြောင့် ဤအချက်သည် ဘယ်သောအခါမှ ပြောင်းလဲမည်မဟုတ်ပေ။ သို့သော် လူသားသည် ဤဇွဲလုံ့လကို မပိုင်ဆိုင်သည့်အတွက် သူသည် ငါ့အပေါ် စိတ်သဘောထား အမြဲပြောင်းလဲနေသည်။ ငါ ပါးစပ်ဖွင့်သောအခါ၊ သူသည် အမြဲတမ်း ငါ့ကို အနည်းငယ် အာရုံစိုက်မှုသာပေးပြီး ငါ ပါးစပ် ပိတ်လိုက်၍ မည်သည့်မျှ ပြောဆိုခြင်းမရှိသည့်အခါတွင် သူသည် ကြီးမားသော ကမ္ဘာလောကကြီး၏ လှိုင်းလုံးများအကြားတွင် မကြာမီ ပျောက်ဆုံးသွားသည်။ ထို့ကြောင့် ဤအရာကို ငါသည် နောက်ထပ် ဆောင်ပုဒ်တစ်ခုအဖြစ် အကျဉ်းချုံးမည်။ လူတို့သည် ဇွဲလုံ့လ မရှိကြသောကြောင့် ၎င်းတို့သည် ငါ၏ နှလုံးသားကို ဖြည့်ဆည်းမစွမ်း ဖြစ်ကြသည်။

လူသားများ စိတ်ကူးယဉ်နေစဉ်အတွင်းတွင် ငါသည် ကမ္ဘာ့နိုင်ငံများကို သွားရောက်လည်ပတ်ကာ ငါ၏ လက်မှ "သေဆုံးခြင်း ရုံနံ့" ကို လူသားအကြားတွင် ပက်ဖြန်းနေသည်။ လူတို့အားလုံးသည် အသက်ပါမှုကို ချန်ရစ်ပြီး လူ့ဘဝ၏ နောက်ထပ် အဆင့်တစ်ခုကို ဝင်ရောက်ကြသည်။ လူသားမျိုးနွယ်များအနက် သက်ရှိသတ္တဝါများ တစ်စုံတစ်ရာကို မြင်တွေ့နိုင်တော့မည်မဟုတ်ပေ။ အလောင်းကောင်များ နေရာတိုင်းတွင်ပြန့်ကျဲနေသည်။ အသက်ပါမှုဖြင့် ပြည့်နေသော အရာများသည်လည်း ခြေရာလက်ရာမကျန် ရုတ်တရက် ပျောက်ကွယ်သွားပြီး အလောင်းကောင်များ၏ မွန်းကြပ်လှသော အနံ့များသည် တိုင်းပြည်အတွင်း စိမ့်ဝင်ပျံ့နှံ့နေသည်။ အသက်ရှင်သန်လျက် လာသူများအတွက် နေထိုင်စရာပေးရန်အတွက်နှင့် စံနမူနာတိုင်းပြည်တစ်ခုတွင် လူတို့အားလုံး နေထိုင်စေရေးအတွက် အလုပ်၏ နောက်တစ်ဆင့်ကို စတင်နေသည်ဖြစ်သောကြောင့် ငါသည် ရုတ်တရက် မျက်နှာကို ဖုံးအုပ်ပြီး လူသားထံမှ ထွက်ခွာသည်။ လူသားအတွက် ငါ ပြင်ဆင်ပေးထားသော ဤနယ်မြေသည် ဝမ်းနည်းပူဆွေးခြင်း သို့မဟုတ် သက်ပြင်းချသံများ ကင်းသော ကောင်းချီးခံစားရာမြေ ဖြစ်သည်။ တောင်ကြားစိမ့်စမ်းမှ ပန်းထွက်လာသော ရေများသည် သန့်ရှင်း၍ အောက်ခြေထိ မြင်နိုင်လောက်အောင် ကြည်လင်နေသည်။ ၎င်းသည် ရပ်နားခြင်းမရှိ၊ ဘယ်သောအခါမှ ခမ်းခြောက်သွားခြင်း မရှိဘဲ စီးဆင်းနေသည်။ လူတို့သည်

ဘုရားသခင်နှင့် သဟဇာတဖြစ်စွာ နေထိုင်နေသည်။ ငှက်များ တေးသီကျူးနေပြီး နူးညံ့သော လေပြေနှင့် နွေးထွေးသော နေတို့အကြားတွင် ကောင်းကင်ဘုံနှင့် ကမ္ဘာမြေကြီး နှစ်ခုစလုံး ငြိမ်းချမ်းစွာတည်ရှိနေသည်။ ယနေ့ ဤနေရာတွင် လူတို့အားလုံး၏ အလောင်းကောင်များသည် ဖရိုဖရဲဖြင့်လဲလျောင်းနေသည်။ လူတို့မသိရှိဘဲ ငါ၏ လက်မှ ကပ်ရောဂါများ ထုတ်လွှတ်လိုက်ပြီး လူ့ခန္ဓာကိုယ်များသည်ဦးခေါင်းမှ ခြေချောင်းတိုင်အောင် လူ့ဇာတိ အထောက်အထားမချန်ဘဲ ယိုယွင်းပျက်စီးပေမည်။ ထို့နောက် လူသားနှင့် ဝေးရာကို ငါထွက်ခွာမည်။ ငါ၏ စီမံခန့်ခွဲမှုတစ်ခုလုံး၏နောက်ဆုံးအဆင့်သည် အဆုံးသတ်ပြီဖြစ်သည့် အတွက် ငါသည် နောက်တစ်ကြိမ် လူသားနှင့် ဘယ်သောအခါမျှ စုစုရုံးရုံးနေလိမ့်မည် မဟုတ်၊ လူတို့အကြား နောက်ထပ် ဘယ်သောအခါမျှ လာလိမ့်မည် မဟုတ်၊ ထို့အပြင် ငါသည် လူသားမျိုးနွယ်ကို နောက်ထပ် ဖန်ဆင်းလိမ့်မည်မဟုတ်၊ လူသားကိုလည်း ဂရုစိုက်မှုများ နောက်ထပ်ပေးလိမ့်မည် မဟုတ်ပေ။ ငါ၏ ပါးစပ်မှနှုတ်ကပတ်တော်များကို အဓိပ္ပါယ် ကောက်ယူပြီးနောက် လူတို့အားလုံးသည် မသေလိုသည့်အတွက် မျှော်လင့်ချက်များ ပျောက်ဆုံးကြသည်။ သို့သော် "အသက်ရှင်ပြန်ထမြောက်ရန်" အတွက် မည်သူ "မသေဆုံး" သနည်း။ လူတို့ကို အသက်ရှင်သန်ရန်ပြုလုပ်သည့် တန်ခိုး ငါ့တွင် မရှိဟု လူတို့ကိုပြောသည့်အခါ ၎င်းတို့သည် နာကျင်စွာဖြင့် ရှတ်တရက်ငိုကြွေးကြသည်။ ငါသည် ဧကန်အမှန်ပင် ဖန်ဆင်းရှင်တစ်ဦးဖြစ်သော်လည်း လူတို့ကို သေဆုံးစေနိုင်သော တန်ခိုးသာ ငါ့တွင်ရှိပြီး ၎င်းတို့ ပြန်လည်ရှင်သန်နိုင်ရန်အတွက် ပြုလုပ်နိုင်စွမ်း မရှိပေ။ ဤအကြောင်းတွင် ငါ လူသားကို တောင်းပန်သည်။ ထို့ကြောင့် "ငါသည် မပေးဆပ်နိုင်သော အကြွေးသူ့အပေါ်တွင် တင်မိသည်" ဟု ငါ သူ့ကို ကြိုတင်၍ပြောခဲ့သည်။ သို့သော် သူသည် ငါ ယဉ်ကျေးနေခဲ့ခြင်းသာဖြစ်သည် ဟု တွေးခဲ့သည်။ အမှန်တရားဖြစ်ပေါ်လာမှုနှင့်အတူ ငါသည် ယနေ့တွင် ဤအရာကို ပြောနေဆဲပင်ဖြစ်သည်။ ငါ စကားပြောသည့်အခါတွင် ဤအချက်အလက်များကို ငါ ထုတ်ပြောမည်မဟုတ်ပေ။ ၎င်းတို့၏ စိတ်ကူးများထဲတွင် ငါပြောဆိုသည့်နည်း အများအပြားရှိကြောင်း ယုံကြည်နေကြပြီး ထိုသူတို့သည် အခြား တစ်စုံတစ်ခုအတွက် မျှော်လင့်နေစဉ် ငါပြောလိုက်သော စကားလုံးများကို အမြဲတမ်း ဆုပ်ကိုင်ထားကြသည်။ ဤအရာများသည် လူသား၏ မှားယွင်းသော ကြံရွယ်ချက်များ မဟုတ်လော။ လူသားသည် ငါ့အပေါ်တွင် စစ်မှန်စွာ ချစ်ခင်ခြင်းမရှိ သည်ကို ဤအခြေအနေများတွင် ငါ "ရဲဝံ့စွာ" ပြောဆိုဝံ့သည်။ လူသားများကို သူတို့၏ အကောင်းဆုံးစံနမူနာ တိုင်းပြည်သို့ ငါသည် ခေါ်ဆောင်သွားလိမ့်မည် မဟုတ်သည့်အတွက် ငါသည် အသိတရားကိုကျော၊ခိုင်းကာ အချက်အလက်များကို မမှန်မကန်ဖြစ်စေရန်

ပြောင်းလဲခြင်းပြုမည်မဟုတ်၊ နောက်ဆုံးတွင် ငါ၏ အလုပ်ပြီးဆုံးသွားသောအခါ ၎င်းတို့ကို သေဆုံးခြင်းတိုင်းပြည်ဆီသို့ ဦးဆောင်သွားတော့မည်။ ထို့ကြောင့် လူတို့သည် ငါ့အကြောင်း မည်သည်းညှုသင့်။ ဤသည်မှာ လူတို့ ငါ့ကို "ချစ်ခင်" သည့်အတွက်ကြောင့် မဟုတ်လော။ ကောင်းချီးများအတွက် ၎င်းတို့၏တောင့်တမှု ပြင်းပြ လွန်းသည့်အတွက်ကြောင့် မဟုတ်လော။ ကောင်းချီးများကို လူတို့မှ ရှာဖွေခြင်းမပြုလုပ်ချင်ခဲ့ပါက ဘယ်ပုံဘယ်နည်းဖြင့် ယခုကဲ့သို့ "ကံဆိုးမှုမျိုး" ရှိနိုင်ပါမည်နည်း။ လူသားများ၏ ငါ့အပေါ် "သစ္စာခံယူမှု" ကြောင့်နှင့်၊ ပြန်လည် အကူအညီ အထောက်အပံ့ပြုလုပ်ခြင်းမရှိခဲ့သော်လည်း အလုပ်ကြိုးစားကြကာ ငါ၏ နောက်ကိုနှစ်ပေါင်းများစွာ လိုက်ခဲ့ကြသည့် အတွက် "လျှို့ဝှက်အခန်း" ထဲတွင် ဖြစ်ပွါးနေသည့် အကြောင်းအရာအနည်းငယ်ကို ငါ သူတို့အား ထုတ်ဖော်ပြောပြခဲ့သည်မှာ- ယနေ့တွင် ငါ၏ အလုပ်သည်အဆင့် တစ်ခုကို မရောက်ရှိသေးဘဲ လူတို့သည်လည်း မီးတွင်းနက် အတွင်းသို့ ပစ်ချမခံရသေးသဖြင့် ဖြစ်နိုင်သည်နှင့်တစ်ပြိုင်နက် ထွက်ခွါကြရန် ငါသည် ထိုသူတို့အား အကြံဉာဏ်ပေးခဲ့သည်။ ကျန်ရှိ မည့်သူအားလုံးသည် ကံဆိုးမှုကို ခံစားတွေ့ကြုံဖွယ်ရာရှိပြီး အဆုံး၌ အနည်းငယ်ကံကောင်းနိုင်သော်လည်း သေဆုံးခြင်းကို ရှောင်ကြဉ်နိုင်စွမ်း ရှိဦးမည်မဟုတ်ပေ။ ထိုသူတို့အတွက် "ချမ်းသာကြွယ်ဝမှုများဆီသို့ တံခါး" ကို ငါကျယ်ကျယ်ဖွင့်ပေးခဲ့သည်။ ထွက်ခွါသွားရန် လိုလိုလားလား ရှိသူ မည်သူမဆိုသည် ဖြစ်နိုင်သည်နှင့်တစ်ပြိုင်နက် ခရီးစတင်သင့်သည်။ ဝေဖန်အပြစ်တင်ခြင်း ရောက်ရှိလာသည်အထိ စောင့်ဆိုင်းနေပါက နောက်ကျလွန်းလိမ့်မည်။ ဤ နှုတ်ကပတ်တော်များသည် ပြက်ရယ်ပြုနေခြင်းမဟုတ်ပေ။ ၎င်းတို့သည် စစ်မှန်သော အချက်များပင်ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များသည် ကောင်းသော စိတ်ဓာတ်ဖြင့် လူသားကိုပြောဆိုသော စကားများ ဖြစ်သည်။ ယခုအချိန် သင်မသွားလျှင် မည်သည့်အချိန် သွားမည်နည်း၊ ငါ၏ နှုတ်ကပတ်တော်များကို လူတို့ ယုံကြည်နိုင်စွမ်း အမှန်စင်စစ်ရှိသလော။

လူသားများ၏ ကံကြမ္မာကို ငါ ဘယ်သောအခါမှ သိပ်မစဉ်းစားခဲ့ပေ။ လူတို့၏ အချုပ်အနှောင်မခံဘဲ ငါ၏ ကိုယ်ပိုင်ဆန္ဒကိုသာ ငါ လိုက်နာသည်။ ထိုသူတို့၏ ကြောက်ရွံ့မှုများကြောင့် ငါ၏လက်ကို မည်သို့ ရုပ်လိုက်နိုင်မည်နည်း။ ငါ၏စီမံခန့်ခွဲမှု အစီအစဉ် တစ်လျှောက်လုံးတွင် လူသားအတွက် အခြားအပိုစီစဉ်မှုများ ဘယ်သောအခါမျှ ပြုလုပ်ခဲ့ဖူးခြင်းမရှိပေ။ ငါ၏ မူလအစီအစဉ် အတိုင်းသာ ပြုမူဆောင်ရွက်သည်။ အတိတ်တွင် လူတို့သည် ငါအတွက် မိမိကိုယ်ကိုယ် "ပူဇော်ဆက်ကပ်" ကြပြီး ငါသည် ထိုသူတို့အတွက် အအေးမဟုတ်၊ အပူမဟုတ်ခဲ့ပေ။ ယနေ့တွင် ထိုသူတို့ မိမိကိုယ်ကိုယ် ငါ့အတွက် "စွန့်လွှတ်" ကြပြီး ငါသည် ထိုသူတို့အတွက် အအေးမဟုတ်၊ အပူမဟုတ် ဆက်ရှိနေသည်။ လူတို့သည်

၎င်းတို့၏ ဘ၀များကို ငါ့အတွက် စွန့်လွှတ်ကြသောကြောင့် ငါ့ကိုယ်ငါ မေ့ခြင်း၊ ကြီးမားသောပျော်ရွှင်ခြင်းများမဖြစ်သော်လည်း ငါ၏အစီအစဉ်အရ ထိုသူတို့ကို ကွပ်မျက်သည့်နေရာသို့ ပို့ဆောင်ခြင်းကိုဆက်လက်ပြုသည်။ အပြစ်ဝန်ခံနေသည့်အချိန်တွင် ထိုသူတို့၏သဘာထားကို ငါသည် ဂရုမပြုပေ။ ငါ၏ အေးစက်အေးခဲနေသော နှလုံးသားကို လူသား၏ နှလုံးသားများသည် အဘယ်သို့ ထိခိုက်နိုင်မည်နည်း။ ငါသည် လူသားမျိုးနွယ်များအနက် စိတ်ခံစားလွယ်သော သတ္တဝါများထဲမှ တစ်ယောက်ဖြစ်နေသလော။ ငါသည် စိတ်ခံစားမှုမဲ့သည် ဟု လူတို့ကို ကြိမ်ဖန်များစွာ သတိပေးခဲ့သော်လည်း ၎င်းတို့သည် ပြုံးရုံသာပြုံးကာ ငါသည် ယဉ်ကျေးနေခြင်းသာ ဖြစ်သည် ဟု ယုံကြည်ကြသည်။ "ငါသည် လူသားကမ္ဘာ၏ လောကအမြင်များကို သိနားလည်ခြင်းမရှိ" ဟု ငါပြောခဲ့သော်လည်း လူတို့သည် ထိုကဲ့သို့ ဘယ်သောအခါမျှ တွေးထင်မှုမရှိဘဲ ငါပြောသည့်နည်းများ အလွန်များပြားသည်ဟု ပြောဆိုခဲ့ကြသည်။ လူသား၏ဤ စိတ်ကူးစိတ်သန်း၏ ဤကဲ့သို့ အကန့်အသတ်များကြောင့် မည်သို့သော အသံအနေအထားမျိုး၊ မည်သည့်နည်းများဖြင့် လူတို့ကို ပြောဆိုရမည်ကို ငါမသိပေ။ ထို့ကြောင့်ရွေးချယ်စရာ အခြားမရှိဘဲ ငါသည် ထိုသူတို့အား ပြောနေသော လေသံအတိုင်း တဲ့တိုးပြောဆိုရုံသာ ပြောဆိုနိုင်သည်။ အခြား ငါဘာလုပ်နိုင်သနည်း။ လူများ ပြောဆိုသောနည်းများ များပြားသည်။ "ငါသည် စိတ်ခံစားမှုကို အလေးထားခြင်းမရှိဘဲ ဖြောင့်မတ်ခြင်းကို ကျင့်သုံးသည်" ဟု ၎င်းတို့ပြောဆိုကြသည်။ ဤသည်မှာ ထိုသူတို့ နှစ်ပေါင်းများစွာ ကြွေးကြော်ထားသော ဆောင်ပုဒ် အမျိုးအစားတစ်မျိုးဖြစ်သည်။ သို့သော် ထိုသူတို့သည် ၎င်းတို့၏ စကားလုံးများအရ ပြုမူနေထိုင်ရန် မစွမ်းကြပေ။ သူတို့၏ စကားလုံးများသည် အနှစ်သာရကင်းမဲ့သည်။ ထို့ကြောင့် လူသားများသည် "၎င်းတို့၏ပြောစကားများနှင့် လုပ်ရပ်များတပြိုင်တည်းဖြစ်စေရန်" အရည်အချင်းမရှိဟု ငါဆိုသည်။ ငါဆိုသည်။ ထိုသူတို့၏ နှလုံးသားများထဲတွင် ယခုလို ပြုမူနေထိုင်ခြင်းသည် ငါ့ကို အတုယူနေခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ သို့သော် ၎င်းတို့၏ အတုယူနေခြင်းကို ငါသည် ယခုတိုင် စိတ်ဝင်စားခြင်း မရှိပေ။ ထိုအရာကို ငါသည် ငြီးငွေ့ ရိုးအီနေသည်။ လူတို့သည် ၎င်းတို့ကို ကျွေးမွေးသောသူကို အဘယ့်ကြောင့် အမြဲတမ်း ဆန့်ကျင်ကြသနည်း။ ငါသည် လူသားကို ပေးခဲ့သည်မှာ အလွန် နည်းပါးနေသလော။ ငါ၏ နောက်ကွယ်တွင် လူတို့သည် အဘယ့်ကြောင့် စာတန်ကို တိတ်တဆိတ် ကိုးကွယ်ကြ သနည်း။ ငါ့အတွက် ၎င်းတို့ အလုပ်လုပ်ကြပြီး ၎င်းတို့အား ငါပေးသော အခကြေးငွေ လစာသည် ၎င်းတို့နေထိုင်စရိတ်အတွက် လောက်ငခြင်းမရှိသောကြောင့် လုပ်အားခ နှစ်ဆရရန်အလို့ငှါ အလုပ်ချိန်ပြင်ပတွင် အခြားအလုပ်တစ်ခု ရှာဖွေခြင်းကဲ့သို့ပင်ဖြစ်သည်။ လူတို့၏

အသုံးစရိတ်ကုန်ကျငွေသည် အလွန်များပြားသောကြောင့် ပြည့်စုံလုံလောက်ရန် မည်သို့ လုပ်ဆောင်ရမည်ကို သိရှိပုံပေါ်ခြင်းမရှိပေ။ ယင်းသည် ဤသို့သာ အကယ်စင်စစ်ဖြစ်နေပါက ငါ၏ "အလုပ်ရုံ" မှ ထွက်ခွါရန် တောင်းဆိုမိမည်။ လွန်ခဲ့သော အချိန်ကာလ အတော်ကြာက ငါ့အတွက် အလုပ်လုပ်ခြင်းတွင် အထူးခံစားခွင့်ပါလိမ့်မည်မဟုတ်ဟု ငါရှင်းပြခဲ့သည်။ ခြွင်းချက်မရှိ "အလုပ်ကြိုးကြိုးစားစားလုပ်လေလေ များများရလေလေဖြစ်မည်၊ အလုပ်နည်းနည်း လုပ်လေလေ နည်းနည်းရလေလေဖြစ်မည်၊ အလုပ်မလုပ်လျှင် မည်သည့်အရာမှရရှိမည်မဟုတ်" ဟူသော စနစ်ကို ကျင့်သုံးကာ ငါသည် လူတို့ကို တရားမျှတစွာနှင့် သင့်တင့်လျောက်ပတ်စွာ ဆက်ဆံသည်။ ငါပြောဆိုသောအခါတွင် မည်သည့်အရာမျှ ထိန်းချုပ်ပြောဆိုခြင်းမရှိပေ။ မည်သူမဆို ငါ၏ "အလုပ်ရုံစည်းမျဉ်းများ" တင်းကြပ်လွန်းသည်ဟု ယုံကြည်ပါက ထိုသူတို့ ချက်ချင်း ထွက်သွားသင့်သည်။ ၎င်းတို့အတွက် "ခရီးစရိတ်" ငါပေးလိုက်မည်။ ထိုကဲ့သို့သော လူများအပေါ်ငါ၏ ကိုင်တွယ်ပုံသည် "သက်ညှာ" သည်။ ထိုသူတို့ကို ငါ အတင်းအကျပ် မနေခိုင်းပေ။ မရေမတွက်နိုင်သော ဤလူပေါင်းများစွာအနက် ငါနှင့်စိတ်ညီညွတ်သော "အလုပ်သမား" တစ်ယောက်ကို ရှာဖွေနိုင်ခြင်း မရှိပေဘူးလော။ လူတို့ ငါ့ကို အထင်မသေးသင့်ပေ။ လူတို့ ငါကို လိုက်နာခြင်းမရှိဘဲ အခြားတစ်နေရာတွင် "အလုပ်အကိုင်" ရှာဖွေလိုနေသေးပါက ထိုသူတို့ကို ငါသည် အတင်းအကျပ် လုပ်စေမည်မဟုတ်ပေ။ ငါသည် ယင်းကို ဝမ်းမြောက်ဝမ်းသာ လက်ခံသွားမည်။ ငါ့အတွက် ရွေးချယ်စရာမရှိပေ။ ယင်းမှာ ငါ့တွင် "စည်းမျဉ်းစည်းကမ်းများ" အရမ်းများပြားနေခြင်းကြောင့် မဟုတ်လော။

၁၉၉၂ ခုနှစ်၊ မေလ ၈ ရက်

# အခန်း ၄၁

တစ်ချိန်က ငါသည် လူသားတို့အလယ်တွင် ကြီးမားသော ကြိုးပမ်းအားထုတ်မှုတစ်ခု ဆောင်ရွက်ခဲ့သော်လည်း၊ ၎င်းတို့ သတိမပြုမိခဲ့ကြပေ၊ ထို့ကြောင့် ယင်းကို ၎င်းတို့ထံ တစ်ဆင့်ချင်းစီ ထုတ်ဖော်ပြရန် ငါ၏နှုတ်ကပတ်တော်ကို ငါအသုံးပြုခဲ့ရသည်။ သို့တိုင် လူသားသည် ငါ၏နှုတ်ကပတ်တော်များကို နားမလည်နိုင်သေးသကဲ့သို့၊ ငါ့အစီအစဉ်၏ ရည်ရွယ်ချက်ကို မသိနားမလည်ရှိမြဲရှိလေသည်။ ထို့ကြောင့် ၎င်း၏ ချို့တဲ့မှုများနှင့် အားနည်းချက်များကြောင့်၊ လူသားများသည် ငါ၏ စီမံခန့်ခွဲမှုကို နှောင့်ယှက်ရန် အမှုအရာများ

လုပ်ဆောင်ခဲ့ကြပြီး၊ ဤအရာက လူသားမျိုးနွယ်အနေဖြင့် ၎င်းတို့၏ သားကောင်များဖြစ်လာဖို့ရန်အလို့ငှာ၊ မသန့်ရှင်းသော ဝိညာဉ်မျိုးစုံအား ဝင်ရောက်ဖို့ အခွင့်အရေး ပေးခဲ့ပြီး၊ လုံးလုံးလျားလျား ညစ်ညူးသွားခဲ့သည်အထိ” ဤမသန့်ရှင်းသော ဝိညာဉ်များ၏ ညှဉ်းဆဲခြင်းခံခဲ့ရလေသည်။ ထိုအခါမှသာ လူသား၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်တို့ကို ရှင်းလင်းစွာ ငါမြင်ခဲ့ရသည်။ တိမ်များအတွင်းမှ ငါသည် သက်ပြင်းချခဲ့သည်- လူသားသည် အဘယ့်ကြောင့် မိမိတို့ကိုယ်ကိုယ်အတွက် အမြဲ ဆောင်ရွက်သနည်း။ ငါ၏ပြစ်တင်ဆုံးမမှုများသည် ၎င်းတို့ကို စုံလင်စေရန် မရည်ရွယ်သလော။ ငါသည် ၎င်းတို့၏ အပြုသဘောဆောင်သော သဘောထားကို တမင်တကာ တိုက်ခိုက်နေသလော။ လူသား၏ဘာသာစကားသည် အလွန်လှပပြီး နူးညံ့သိမ်မွေ့သော်လည်း၊ သူ၏ လုပ်ရပ်များမှာမူ လုံးဝ ကစဉ့်ကလျား ဖြစ်လေသည်။ လူသားအပေါ် ငါပြုသော သတ်မှတ်ချက်များသည် အဘယ့်ကြောင့် အမြဲ အချည်းနှီးဖြစ်လာရသနည်း။ ငါသည် ခွေးတစ်ကောင်ကို သစ်ပင်တစ်ပင်ပေါ် တက်ဖို့ရန် တောင်းဆိုနေ၍များ ဖြစ်နိုင်မည်လော။ ငါသည် ဘာမျှမဟုတ်သည့်အရာကို ရေးကြီးခွင်ကျယ် လုပ်နေခြင်းဖြစ်သလော။ ငါ၏စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံး တစ်လျှောက်တွင်၊ ငါသည် “စမ်းသပ်လုပ်ဆောင်ချက်နှင့်ဆိုင်သော ဇာတ်ကွက်” မျိုးစုံကို ထွင်ပြီးဖြစ်သည်။ သို့သော်ငြားလည်း ယင်း၏ မကောင်းသော အခြေအနေနှင့် နှစ်ပေါင်းများစွာ ယင်း၏ နေရောင်ခြည်ကင်းမဲ့မှုတို့ကြောင့်၊ မြေပြင်အခြေအနေသည် စဉ်ဆက်မပြတ် ပြောင်းလဲနေသည်၊ ယင်းက နယ်မြေတစ်ခုတွင် “ယိုယွင်းမှု” တစ်ခုသို့ ဆိုက်ရောက်စေသည်။ ထို့ကြောင့် ငါ၏မှတ်ဉာဏ်အတွင်းတွင် ငါသည် မရေမတွက်နိုင်သည့် ထိုသို့သော နယ်မြေ၏ မြေကွက်များကို စွန့်ပစ်ပြီး ဖြစ်သည်။ ယခုတွင်ပင် နယ်မြေ၏ အများအပြားသည် ဆက်၍ ပြောင်းလဲလေသည်။ အကယ်၍ တစ်နေ့နေ့တွင် နယ်မြေသည် အခြားသော ပုံစံအဖြစ်သို့ အမှန်တကယ် ပြောင်းလဲသွားပါက၊ ငါသည် ယင်းကို မဆိုင်းမတွ ဘေးဖယ်ထားလိုက်မည် ဖြစ်သည်- ဤသည်မှာ လတ်တလော အဆင့်ထဲက ငါ၏ အမှု အတိအကျ ဖြစ်သည် မဟုတ်လော။ သို့သော် လူသားမျိုးနွယ်သည် ဤအရာကို စိုးစဉ်းမျှ မသိချေ။ ၎င်းတို့သည် ငါ၏ “လမ်းပြမှု”အောက်တွင် “ပြစ်တင်ဆုံးမခြင်း” ခံရုံမျှခံကြရသည်။ ယင်းသည် အဘယ်အကျိုးရှိသနည်း။ ငါသည် လူကို ပြစ်တင်ဆုံးမဖို့ရန် အထူးတလည် ရည်ရွယ်၍ ကြွလာသော ဘုရားသခင်တစ်ပါး ဖြစ်နိုင်မည်လော။ အထက် ကောင်းကင်ဘုံ၌ ငါသည် လူများအလယ် ကြွလာသည့်အခါ၊ ငါချစ်သောသူအားလုံးသည် ငါနှင့် နီးစပ်နိုင်ကြဖို့အလို့ငှာ ငါသည် ၎င်းတို့နှင့်အတူ တစ်ပေါင်းတစ်စည်းတည်း ဖြစ်လာမည်ဟု တစ်ခါက ငါစီစဉ်ခဲ့သည်။ သို့သော် ယခုတွင် ယနေ့ ဤအဆင့်သို့ ရောက်ရှိပြီးဖြစ်လျက်၊

လူသားသည် ငါနှင့် အဆက်အသွယ် မရှိရုံသာမက၊ ယင်းအစား ငါ၏ ပြစ်တင်ဆုံးမမှုကြောင့် ငါ့ကို ခပ်တန်းတန်း ဆက်ဆံလေသည်။ သူ၏ ရှောင်ဖယ်မှုကြောင့် ငါမငိုကြွေးပေ။ ယင်းနှင့် ပတ်သက်၍ မည်သည့်အရာ လုပ်ဆောင်နိုင်မည်နည်း။ လူသားများသည် တီးခတ်လျက် ရှိသည့် မည်သည့်သံစဉ်ကိုမဆို လိုက်ဆိုသည့် ဖျော်ဖြေသူများသာ ဖြစ်သည်။ ငါသည် လူသားများအား ငါ့လက်မှ လျှောကျသွားခွင့်ပေးသည့် ငါ၏ အစွမ်းအစတွင် ယုံကြည်စိတ်ချမှုရှိပြီး၊ ၎င်းတို့ကို “အခြားအပိုင်းများ” မှ ငါ၏ “အလုပ်ရုံ” သို့ ပြန်ဆောင်ကြဉ်းဖို့ ငါ၏ အစွမ်းအစတွင် သာ၍ ယုံကြည်စိတ်ချမှု ရှိသည်။ ဤအဆင့်တွင် လူသားသည် မည်သည့် နာကျည်းချက် ရှိဖို့ ဖြစ်နိုင်မည်နည်း။ ပြီးလျှင် လူသားသည် ငါ့ကို မည်သည့်အရာ လုပ်ဆောင်နိုင်ဖို့ ဖြစ်နိုင်မည်နည်း။ လူသားများသည် တံတိုင်း ထိပ်ဖျားတွင် ပေါက်နေသည့် မြက်ပင်ကဲ့သို့ ဖြစ်ကြသည် မဟုတ်လော။ သို့သော်၊ ငါသည် ဤအပြစ်အနာအဆာအတွက် လူသားများကို ထိခိုက်နစ်နာစေခြင်း မရှိဘဲ၊ ထို့ထက် ၎င်းတို့ကို ငါ၏အာဟာရများ ပေး၏။ မည်သူက လူသားများကို အလွန် အားနည်းပြီး တန်ခိုးအာဏာ ကင်းမဲ့စေခဲ့သနည်း။ မည်သူက ၎င်းတို့ကို အလွန် အာဟာရ ချို့တဲ့စေခဲ့သနည်း။ ငါသည် လူသားများ၏ အေးစက်သော စိတ်နှလုံးများကို ငါ၏နွေးထွေးသော ထွေးပွေ့ခြင်းဖြင့် အသွင်ပြောင်းသည်- အခြားမည်သူက ထိုသို့သော အရာတစ်ခုကို လုပ်ဆောင်နိုင်သနည်း။ အဘယ့်ကြောင့် ငါသည် ထိုသို့သော အမှုကို လူသားအလယ် ဆောင်ရွက်လေပြီနည်း။ လူသားသည် ငါ၏စိတ်နှလုံးကို အမှန်တကယ် နားလည်နိုင်သလော။

ငါရွေးချယ်ပြီးဖြစ်သော သူအားလုံးအလယ်တွင်၊ ငါသည် “စီးပွားရေးလုပ်ငန်း” တစ်ခု၌ ပါဝင်ပတ်သက်ပြီးဖြစ်သည်၊ ထို့ကြောင့် ငါ၏အိမ်တွင် မဆုံးနိုင်သော အလျဉ်တစ်ခုဖြင့် လူတို့ အမြဲ ဝင်ထွက်သွားလာ လေသည်။ ၎င်းတို့သည် ငါနှင့် စီးပွားရေး ဆွေးနွေးနေသည့်အလား ငါ၏နေရာ၌ အမျိုးမျိုးသော လုပ်ရိုးလုပ်စဉ်များကို ၎င်းတို့အားလုံး လုပ်ဆောင်ကြသည်၊ ယင်းက ငါ၏ အမှုကို အလွန့်အလွန် အလုပ်များစေသည်၊ တစ်ခါတစ်ရံ အလွန်များလှသည်မှာ အသေးအဖွဲ ကိစ္စများအတွက် ဆူဆူညံညံ ငြင်းခုံခြင်းများကို ကိုင်တွယ်ဖြေရှင်းရန် ငါအခွင့်အရေး မရှိပေ။ ငါ၏ ဝန်ထုပ်များကို မတိုးစေဖို့ လူတို့ကို ငါ တိုက်တွန်းသည်။ ၎င်းတို့သည် စဉ်ဆက်မပြတ် ငါ့အပေါ် မှီခိုနေမည့်အစား ၎င်းတို့၏ ကိုယ်ပိုင်လမ်းကြောင်းကို ၎င်းတို့ အစီအစဉ်ဆွဲသင့်ပေသည်။ ၎င်းတို့သည် ငါ၏အိမ်တွင် အမြဲ ကလေးသူငယ်များ ဖြစ်၍မရပေ။ ယင်းတွင် မည်သည့် အကျိုးကျေးဇူး ရှိမည်နည်း။ ငါ လုပ်ဆောင်သည်မှာ အရေးကြီးသော လုပ်ငန်း ဖြစ်သည်။ ငါသည် အချို့သော “ရပ်ကွက်မုန့်ဆိုင်” သို့မဟုတ် အချို့သော အခြား “အချိန်မရွေးဝယ်ယူနိုင်သော ကုန်မျိုးစုံဆိုင်” ငယ်လေးကို ဖွင့်သည်

မဟုတ်ပေ။ လူအားလုံးသည် ငါကို တမင်တကာ ဟာသလုပ်ကြသည့်အလား၊ ကစားဖို့ မတင်းတိမ်နိုင်သည့် အာသီသရှိသော ဆိုးသော ကလေးများ ဖြစ်ကြသည့်အလား၊ လေးနက်သည့် ကိစ္စရပ်များကို မည်သည့်အခါတွင်မျှ စဉ်းစားခြင်း မရှိဘဲ၊ ထိုသို့ဖြင့် များစွာသောသူတို့အား ၎င်းတို့ကို ငါတာဝန်ပေးပြီးဖြစ်သည့် “အိမ်စာ” ကို မပြီးစီးနိုင်ဖြစ်စေလျက်၊ ငါ၏ စိတ်နေစိတ်ထားကို နားမလည်နိုင်ကြချေ။ ဤကဲ့သို့သော လူများသည် ၎င်းတို့ “ဆရာ” ၏ ရှေ့တွင် ၎င်းတို့၏ မျက်နှာကိုပြဖို့ မည်သို့ မျက်နှာပြောင်တိုက် အတင့်ရဲနိုင်မည်နည်း။ ၎င်းတို့ လုပ်ဆောင်နေသင့်သည့်အရာကို အဘယ်ကြောင့် ၎င်းတို့ လုံးဝ အာရုံမစိုက်ကြသနည်း။ လူသား၏ စိတ်နှလုံးသည် မည်သို့သော အရာဝတ္ထု ဖြစ်သနည်း။ ဤနေ့ထိတိုင် ဤအရာနှင့်ပတ်သက်၍ ငါသည် မရှင်းလင်းဘဲ ရှိနေသည်။ လူသား၏ စိတ်နှလုံးသည် အဘယ့်ကြောင့် မရပ်မနား ပြောင်းလဲရသနည်း။ ယင်းမှာ ဇွန်လထဲက နေ့တစ်နေ့ကဲ့သို့ ဖြစ်သည်- ယခု နေ ချစ်ချစ်တောက်ပူလိုက်၊ ယခု တိမ်များ ထူထပ်လိုက်နှင့်၊ ယခု ကြမ်းတမ်းသောလေက တဟူးဟူး တိုက်ခတ်လိုက် ဖြစ်လေသည်။ ထို့ကြောင့် လူသားသည် အတွေ့အကြုံမှ အဘယ်ကြောင့် မသင်ယူနိုင်သနည်း။ ငါပြောပြီးသည့်အရာမှာ ချဲ့ကား ပြောဆိုခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ လူသားများသည် မိုးရာသီအတွင်းတွင် ထီးတစ်လက်ဆောင်ဖို့ပင် မသိချေ၊ ထိုသို့ဖြင့် ၎င်းတို့၏ မသိနားမလည်မှုကြောင့်၊ ငါသည် ၎င်းတို့ကို တမင်တကာ ကျီစယ်နေပြီး၊ ၎င်းတို့သည် ကောင်းကင်မှမိုး၏ ထိုးနှက်ခြင်းကို အမြဲခံကြရသည့်အလား၊ ၎င်းတို့သည် ရုတ်တရက် သည်းထန်စွာ ရွာသောမိုးများအားဖြင့် မရေတွက်နိုင်အောင် ရွှဲရွှဲစိုကြရပြီးဖြစ်သည်။ သို့မဟုတ် ယင်းမှာ ငါသည် မည်သည့်အရာ လုပ်ဆောင်ရမည်ကို လုံးဝ မသိဘဲလျက်၊ လူသားများကို သတိလစ်ဟင်းစေပြီး အာရုံပျက်စေကာ၊ ထိုသို့ဖြင့် အမြဲ နမော်နမဲ့ဖြစ်စေရင်း၊ ငါသည် အလွန် “ရက်စက်” သောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။ မည်သည့်လူကမျှ ငါ့အမှု၏ ရည်မှန်းချက် သို့မဟုတ် အရေးပါမှုကို တစ်ကြိမ်တစ်ခါမျှ အမှန်တကယ် နားမလည်ဖူးပေ။ ဤသို့ဖြစ်သောကြောင့် ၎င်းတို့အားလုံးသည် မိမိတို့ကိုယ်ကိုယ် နှောင့်ယှက်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း နှင့်ဆိုင်သည့် ဤအမှုကို လုပ်ဆောင်နေကြပေသည်။ ငါသည် လူကို ပြစ်တင်ဆုံးမဖို့ အမှန်တကယ် စီစဉ်ထားပါသလော။ အဘယ့်ကြောင့် လူသားများသည် မိမိတို့ကိုယ်ကိုယ် ဒုက္ခရောက်စေကြသနည်း။ အဘယ်ကြောင့် ၎င်းတို့သည် ကျော့ကွင်းများထဲသို့ အမြဲ လှမ်းဝင်သွားကြသနည်း။ အဘယ့်ကြောင့် ၎င်းတို့သည် ငါနှင့် မညှိနှိုင်းဘဲ၊ ထိုအစား မိမိတို့ကိုယ်တိုင်အတွက် အလုပ်ဖြစ်မည့် နည်းလမ်းများကို ရှာဖွေကြသနည်း။ လူသားကို ငါ ပေးသောအရာ အားလုံးသည် မလုံလောက်၍များ ဖြစ်နိုင်မည်လော။

ငါသည် ငါ၏ "ပွဲဦးထွက် အမှု" ကို လူမျိုးနွယ်အားလုံး အလယ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး၊ ငါ၏ ထုတ်ပြန်ကြေငြာခြင်းသည် လူသားများထဲတွင် ကြီးမားသော ကြည်ညိုလေးစားမှုကို နှိုးဆော်သောကြောင့်၊ ၎င်းတို့ အားလုံးသည် ယင်းကို အသေးစိတ်နှင့် သေချာစွာ လေ့လာကြကာ၊ ဤအာရုံစိုက်လေ့လာမှုမှတစ်ဆင့်၊ ၎င်းတို့ များစွာရရှိကြပြီးဖြစ်သည်။ ငါ ရေးသားထားသည့် အမှုသည် အံ့ဖွယ်ဖြစ်ကာ၊ အလွန် ရှုပ်ထွေးသည့် ဝတ္ထုတစ်ပုဒ်ဟု ထင်ရသည်။ ယင်းသည် စိတ်ကူးယဉ် စကားပြေကဗျာ တစ်ပုဒ်ဟု ထင်ရသည်။ နိုင်ငံရေး အစီအစဉ်တစ်ခုနှင့်ဆိုင်သည့် ဆွေးနွေးမှု တစ်ခုဟု ထင်ရသည်။ စီးပွားရေး အမြော်အမြင် သုတပေါင်းချုပ်တစ်ခုဟု ထင်ရသည်။ ငါ၏ ရေးသားထားသော အမှုသည် အလွန် ကြွယ်ဝသည်နှင့်အမျှ၊ ယင်းနှင့်ပတ်သက်၍ မတူကွဲပြားသော ထင်မြင်ချက်များစွာရှိပြီး၊ မည်သူမျှ ငါ၏ ဤအမှုကို ပေါင်းရုံးသည့် နိဒါန်းတစ်ခုကို မပေးနိုင်ကြချေ။ လူသားများသည် "ပြောင်မြောက်သော" အသိပညာနှင့် ပါရမီ ရှိကောင်းရှိနိုင်သော်လည်း၊ ငါ၏ ဤအမှုသည် ပိုင်နိုင်ပြီး ပါရမီရှိသော သူအားလုံးကို ခေါင်းခြောက်စေရန် လုံလောက်ပေသည်။ ၎င်းတို့က "သွေးစီးချင် စီးမည်၊ မျက်ရည်ကျချင် ကျမည်၊ သို့သော် မိမိ၏ ဦးခေါင်း မညွှတ်စေရ" ဟု ပြောကြစဉ်တွင်ပင်၊ ၎င်းတို့သည် ငါ၏ ရေးသားထားသော အမှုရှေ့မှောက်တွင် ၎င်းတို့၏ အရှုံးပေးခြင်းကို ဖော်ပြရန် ၎င်းတို့၏ ဦးခေါင်းများကို မရည်ရွယ်ဘဲ ညွှတ်ထားကြသည်။ သူ၏ အတွေ့အကြုံ သင်ခန်းစာများမှ၊ လူသားသည် ငါ၏ ရေးသားထားသော အမှုကို ကောင်းကင်မှ ကျသည့် ကောင်းကင်နှင့်ဆိုင်သော စာအုပ်တစ်အုပ် ဖြစ်သည့်အလား ပေါင်းရုံးလိုက်ပြီးဖြစ်သည်။ သို့သော် ငါသည် လူသားအား အလွန် အကဲမဆတ်လွန်းရန် တိုက်တွန်းသည်။ ငါ၏အမြင်တွင် ငါပြောပြီးသမျှသောအရာသည် အလွန်သာမန်သာ ဖြစ်လေသည်။ သို့သော် ငါ၏ အမှုပါရှိသည့် ဘဝစွယ်စုံကျမ်းထဲတွင်၊ လူတို့သည် အသက်မွေးမှု နည်းလမ်းနှင့်ဆိုင်သည့် တစ်စုံတစ်ရာ ရှာတွေ့နိုင်လိမ့်မည်ဟု ငါမျှော်လင့်သည်။ လူသား၏ ခရီးပန်းတိုင်တွင်၊ ၎င်းတို့သည် ဘဝ၏အဓိပ္ပာယ်ကို ရှာဖွေကောင်း ရှာဖွေနိုင်သည်။ ကောင်းကင်ဘုံ၏ လျှို့ဝှက်ချက်များတွင်၊ ၎င်းတို့သည် ငါ၏အလိုကို ရှာဖွေကောင်း ရှာဖွေနိုင်သည်။ ပြီးလျှင် လူသားမျိုးနွယ်၏ လမ်းကြောင်းတွင် ၎င်းတို့သည် ရှင်သန်ခြင်း အတတ်ပညာကို ရှာဖွေကောင်း ရှာဖွေနိုင်သည်။ ဤသို့ဖြင့် အမှုအရာများ သာ၍ ကောင်းမည် မဟုတ်လော။ ငါသည် လူသားကို အတင်းအကျပ်မပြုပေ။ တစ်စုံတစ်ဦးသည် ငါ၏ ရေးသားထားသော အမှုကို စိတ်မဝင်စားပါက၊ ငါသည် ၎င်းတို့ကို ငါ့စာအုပ်နှင့်ပတ်သက်၍ "ပြန်အမ်းငွေ" အပြင် "ဝန်ဆောင်မှုကြေး" တစ်ခုကို ပေးမည်။ ငါသည် မည်သူကိုမျှ အတင်းအကျပ် မပြု။ ဤစာအုပ်၏ စာရေးသူအနေဖြင့်၊ ငါ၏တစ်ခုတည်းသာ

မျှော်လင့်ချက်မှာ စာဖတ်သူများက ငါ၏အမှုကို နှစ်သက်ရန်ဖြစ်သည်၊ သို့သော်ငြားလည်း လူတို့၏ နှစ်သက်မှုများက အမြဲ ကွဲပြားခြားနားပေသည်။ ထို့ကြောင့် ငါသည် လူသားများအား ဂုဏ်သိက္ခာကို ထည့်သွင်းစဉ်းစားခြင်းအား လက်မလွှတ်နိုင်သောကြောင့်မျှဖြင့် ၎င်းတို့၏ အနာဂတ်အလားအလာများကို အပေးအယူမလုပ်ရန် တိုက်တွန်းသည်။ ၎င်းတို့ ထိုသို့ လုပ်ဆောင်ခဲ့ကြမည် ဆိုပါက၊ ငါကဲ့သို့သော ကြင်နာတတ်သည့် သူသည် ထိုသို့သော ကြီးမားသည့် အရှက်ရခြင်းကို မည်သို့ ခံနိုင်မည်နည်း။ အကယ်၍ သင်တို့သည် ငါ၏အမှုကို နှစ်သက်သည့် စာဖတ်သူများ ဖြစ်ပါက၊ ငါ၏ အရေးအသားကို သာ၍ကောင်းစွာ တိုးတက်စေဖို့ သင်တို့၏ အဖိုးတန်သော အကြံပြုချက်များကို ငါ့အား လက်ဆင့်ကမ်းပေးလိမ့်မည်ဟု ငါမျှော်လင့်သည်၊ ထိုသို့ဖြင့် လူသား၏ အမှားများမှတစ်ဆင့် ငါ့အရေးအသားများ၏ အကြောင်းအရာ တိုးတက်ပေမည်။ ဤအရာက စာရေးသူနှင့် စာဖတ်သူနှစ်ဦးလုံးကို အကျိုးပြုမည် မဟုတ်လော။ ထိုသို့ ငါ ပြောဆိုခြင်းက မှန်ကန်ခြင်း ရှိမရှိဆိုသည်ကို ငါ မသိသကဲ့သို့၊ ဤနည်းဖြင့် ငါသည် ငါ၏အရေးအသား စွမ်းရည်ကို တိုးတက်ကောင်း တိုးတက်စေနိုင်ပေမည် သို့မဟုတ် ငါတို့ကြားက ခင်မင်မှုကို အားကောင်းစေပေမည်။ ခြုံပြောရလျှင် ငါ၏ နှုတ်ကပတ်တော်သည် မိသားစုနှင့် အိမ်တိုင်းထံ တစ်ဆင့် ပေးပို့ခံရနိုင်ဖို့အလို့ငှာနှင့်၊ ကမ္ဘာမြေပေါ် ရှိ လူအားလုံးသည် ငါ၏ နှုတ်ကပတ်တော်များအတွင်းတွင် အသက်ရှင်နိုင်ကြဖို့အလို့ငှာ၊ လူအားလုံးသည် ယင်းကို နှောင့်ယှက်ခြင်းမရှိဘဲ ငါ၏ အမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ငါမျှော်လင့်သည်။ ဤသည်မှာ ငါ၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်သည်။ ငါ၏ နှုတ်ကပတ်များထဲက ဘဝနှင့်ပတ်သက်သည့် အခန်းကို ဖတ်ရှုခြင်းအားဖြင့်၊ အားလုံးသည် ဘဝနှင့်ပတ်သက်သည့် နီတိများဖြစ်စေ သို့မဟုတ် လူ့လောကထဲ ကျရောက်သည့် အမှားများနှင့်ဆိုင်သော အသိပညာဖြစ်စေ သို့မဟုတ် လူသားအပေါ် ငါတောင်းဆိုသည့်အရာ အဘယ်အရာဖြစ်သည်ဖြစ်စေ သို့မဟုတ် ယနေ့ နိုင်ငံတော်၏ လူတို့နှင့်ဆိုင်သော "လျှို့ဝှက်ချက်များ" ဖြစ်စေ တစ်စုံတစ်ရာ ရရှိနိုင်ကြမည်ဟု ငါမျှော်လင့်သည်။ သို့သော်လည်း ငါသည် လူသားများအား "ယနေ့ လူတို့၏ မကောင်းသတင်းများကို တစ်ချက် ဖတ်ကြည့်ရန် တိုက်တွန်းသည်။ ဤအရာသည် အားလုံးအဖို့ အကျိုးရှိပေမည်။ နောက်ဆုံးသော လျှို့ဝှက်ချက်များကို မကြာခဏ ဖတ်ရန်လည်း နစ်နာစရာဖြစ်မည်မဟုတ်၊ ယင်းသည် လူတို့၏ အသက်တာများအတွက် သာ၍ပင် အကျိုးရှိပေမည်။ တစ်ဖန် ရေပန်းစားသော အကြောင်းအရာများ ကဏ္ဍကို မကြာခဏ ဖတ်လော့- ဤအရာသည် လူတို့၏အသက်တာများအတွက် သာ၍ပင် အကျိုးရှိမည် မဟုတ်လော။ ငါသည်

မှန်ကန်သောဆေးကို သာ၍ ကောင်းစွာ ညွှန်ကြားပေးနိုင်ရန်နှင့် အဆုံးတွင် လူသားမျိုးနွယ်၏ ရောဂါအားလုံးကို အမြစ်ဖြတ်နိုင်ဖို့အလို့ငှာ၊ အကျိုးသက်ရောက်မှု တစ်ခုတစ်လေ ရှိသည်မရှိသည်ကို ကြည့်ရင်း၊ ငါ၏ အကြံကို ရယူခြင်းနှင့် ထို့နောက် ယင်းကို သင်ဖတ်ပြီးသည့်နောက်တွင် မည်သို့ခံစားရသည်ကို ငါ့အား ပြန်ပြောပြခြင်းဖြင့် အကျိုးမယုတ်နိုင်ပေ။ ငါ၏အကြံပေးချက်များနှင့်သက်ဆိုင်၍ သင် မည်သို့ တွေးထင်သည်ကို ငါမသိ၊ သို့သော် သင်တို့သည် ယင်းတို့ကို သင်တို့၏ ကိုးကားချက်အတွက် အချက်အလက်ကုန်ကြမ်းများအဖြစ် သဘောထားကြလိမ့်မည်ဟု ငါမျှော်လင့်သည်။ ယင်းသည် အဘယ်သို့ဖြစ်မည်နည်း။

၁၉၉၂ ခုနှစ်၊ မေလ ၁၂ ရက်

# အခန်း ၄၂

အမှုသစ်စလျှင်စချင်း လူအပေါင်းတို့သည် ဝင်ရောက်မှု အသစ်တစ်ခုကို ရကြပြီး ငါနှင့်အတူ လက်ချင်းချိတ်လျက် ရှေ့ဆက်ကြမည် ဖြစ်သည်။ ငါတို့သည် နိုင်ငံတော်၏ ကြီးမားသောလမ်းမကြီးပေါ် အတူတကွ လျှောက်လှမ်းကြကာ လူသားနှင့်ငါ့အကြားတွင် နက်ရှိုင်းသောရင်းနှီးကျွမ်းဝင်မှု ရှိလေမည်။ လူသားအပေါ် ငါ၏ခံစားချက်များကို ပြရန်နှင့် ငါ၏သဘောထားကို ဖော်ပြရန် ငါသည် လူသားကို အမြဲစကားပြောနေခဲ့သည်။ သို့သော်လည်း ဤနှုတ်ကပတ်တော်ထဲမှ အချို့တို့သည် လူတို့ကို နာကျင်စေနိုင်လင့်ကစား အချို့တို့မှာ ၎င်းတို့အတွက် ကြီးစွာအထောက်အကူ ဖြစ်စေနိုင်သောကြောင့် ငါ၏နှုတ်မှထွက်သော နှုတ်ကပတ်တော်တို့ကို ပို၍မကြာမကြာ နားထောင်ကြရန် လူတို့အား ငါအကြံပြု၏။ ငါ၏မိန့်မြွက်ချက်များမှာ အထူးရည်မွန်ခြင်း မရှိကောင်းမရှိနိုင်သော်လည်း ၎င်းတို့အားလုံးမှာ ငါ၏စိတ်နှလုံးထဲမှ အရင်းခံ ထွက်ပေါ်လာသော နှုတ်ကပတ်တော်များဖြစ်သည်။ လူသားမျိုးနွယ်သည် ငါ၏မိတ်ဆွေဖြစ်ခြင်းကြောင့် ငါသည် ငါ၏အမှုကို လူသားအကြားတွင် ဆက်၍ လုပ်ဆောင်နေခဲ့ခြင်းဖြစ်ပြီး လူသားသည်လည်း ငါ၏အမှုအား အနှောင့်အယှက်ပေးမိမည်ကို လွန်စွာစိုးရိမ်လျက် ငါနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် သူ၏အစွမ်းကုန် လုပ်ဆောင်၏။ ဤအခိုက်အတန့်တွင် ငါသည် လူတစ်စုကို ရခဲ့ပြီးသောကြောင့် ငါ၏စိတ်နှလုံးသည် ကြီးစွာသော ဝမ်းမြောက်ခြင်းနှင့် ပြည့်လျက်ရှိပြီး ငါ၏ "လုပ်ငန်း" သည် ဆုတ်လျော့ကျဆင်းခြင်း မရှိတော့ပေ၊ ၎င်းမှာ အဓိပ္ပာယ်မရှိသော

စကားလုံးများ မဟုတ်တော့ပေ၊ ထို့ပြင် ငါ၏ "အထူးထုတ်ကုန်ဈေးကွက်" မှာ နှေးကွေးလေးလံစွာ လည်ပတ်နေခြင်း မဟုတ်တော့ပေ။ စင်စစ်အားဖြင့် လူတို့သည် အသိတရားရှိကြပေသည်- ၎င်းတို့အားလုံးသည် ငါ၏နာမနှင့် ငါ၏ဘုန်းအသရေအတွက် "၎င်းတို့ကိုယ်ကို ဆက်ကပ်" လိုကြသည်၊ ထို့အပြင် ဤနည်းဖြင့်သာ ငါ၏ "အထူးစတိုးဆိုင်" သည် "ကုန်ပစ္စည်း" အသစ်အချို့ကို ရရှိလာခြင်းဖြစ်ပြီး၊ ထိုသို့အားဖြင့် ဝိညာဉ်ရေးရာ နယ်ပယ်တွင် များစွာသော "ဖောက်သည်များ" သည် ငါ၏ "ကုန်ပစ္စည်းများ" ကို ဝယ်ယူရန် လာကြသည်။ ဤအခိုက်အတန့်မှစ၍သာ ငါသည် ဘုန်းအသရေကို အမှန်ရပြီး၊ ထိုအချိန်တွင်သာ ငါ၏နှုတ်မှပြောသော နှုတ်ကပတ်တော်များမှာ အချည်းနှီး မဟုတ်တော့ခြင်း ဖြစ်သည်။ ငါသည် အောင်ပန်းဆွတ်ခဲ့ကာ အောင်မြင်မှုဖြင့် ပြန်လာခဲ့၍၊ လူအပေါင်းတို့သည် ငါ့ကို ချီးကျူးဂုဏ်ပြုကြလေမည်။ ငါ့အပေါ် ၎င်း၏လေးစားမှုကို ပြရန်၊ ၎င်းသည် ငါ၏ခြေအောက်၌ အညံ့ခံကြောင်းကို ပြရန်၊ ဤအခိုက်အတန့်တွင် အဆင်းနီသော နဂါးကြီးသည်လည်း "ချီးကျူးဂုဏ်ပြုရန်" လာပြီး၊ ဤတွင် ငါသည် ဘုန်းပွင့်လိမ့်မည်။ ဖန်ဆင်းခြင်းအချိန်မှစ၍ ယနေ့တိုင်အောင် ငါသည် အောင်မြင်သော တိုက်ပွဲများစွာကို တိုက်ခဲ့ပြီးဖြစ်၍ ချီးမွမ်းဖွယ်ကောင်းသော အမှုအရာများစွာကို ပြုခဲ့ပြီးဖြစ်သည်။ လူများစွာတို့သည် တစ်ချိန်က ငါ့ကို ချီးကျူးဂုဏ်ပြုကြပြီး ငါ့ကို ချီးမွမ်းကြ၍ ငါ့အတွက် ကခုန်ခဲ့ကြသည်။ ဤအရာများမှာ အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းပြီး မမေ့လျော့နိုင်သော မြင်ကွင်းများ ဖြစ်သော်လည်း၊ ငါသည် ငါ၏အပြုံးကို မည်သည့်အခါမျှ မပြခဲ့ပေ၊ အဘယ်ကြောင့်ဆိုသော် ငါသည် လူသားကို မသိမ်းပိုက်ရသေးခြင်းကြောင့်ဖြစ်ပြီး ဖန်ဆင်းခြင်းနှင့်ဆင်တူသော အမှု၏တစ်စိတ်တစ်ပိုင်းကို ပြုနေခဲ့ခြင်းမျှသာ ဖြစ်သောကြောင့်ပေတည်း။ ယနေ့သည် အတိတ်နှင့် မတူညီပေ။ ငါသည် ပလ္လင်ပေါ်မှနေ၍ ပြုံးနေ၏၊ ငါသည် လူတို့ကို သိမ်းပိုက်ပြီးဖြစ်၍ လူအပေါင်းသည် ငါ့ရှေ့တွင် ပျပ်ဝပ်၍ ကိုးကွယ်ကြသည်။ ယနေ့ကာလမှ လူများသည် အတိတ်က လူများမဟုတ်ပေ။ ငါ၏အမှုသည်လည်း မည်သို့လျှင် ပစ္စုပ္ပန်အတွက်မဟုတ်ဘဲ နေမည်နည်း။ ၎င်းမှာ မည်သို့လျှင် ငါ၏ဘုန်းအသရေအတွက် မဟုတ်ဘဲနေမည်နည်း။ ပို၍တောက်ပသော မနက်ဖြန်အဖို့အလို့ငှာ၊ ငါ၏ဘုန်းအသရေအလုံးစုံသည် ဖန်ဆင်းခံရသော လူသား၌ "တည်" နေစေရန်၊ ငါသည် ငါ၏အမှုအားလုံးကို လူသားအား ကြိမ်ဖန်များစွာ ရှင်းလင်းပြမည်။ ငါသည် ဤအရာကို ငါ့အမှု၏ အခြေခံသဘောတရားအဖြစ် မှတ်ယူမည်။ ငါနှင့်ပူးပေါင်းဆောင်ရွက် လိုသူတို့၊ ပိုများသော ငါ၏ဘုန်းအသရေသည် မိုးမျက်နှာကြက်ကို ပြည့်သွားစေရန် ထ၍ ကြိုးစားလုပ်ဆောင်ကြလော့။ ယခုအချိန်မှာ ကြီးမားသော အစီအစဉ်များကို လုပ်ဆောင်ရန်

အချိန်ဖြစ်သည်။ ငါ့ချစ်ခြင်းမေတ္တာ၏ စောင့်ရှောက်မှုနှင့် ကာကွယ်မှုအောက်၌ ရှိသောသူအပေါင်းတို့သည် ငါနှင့်အတူ ဤနေရာတွင် ၎င်းတို့၏ စွမ်းရည်များကို အသုံးပြုရန် အခွင့်အရေးရကြသည်ဖြစ်၍၊ အမှုအရာအားလုံးကို ငါ၏အမှုအတွက် "လည်စေရန်" ငါကိုင်တွယ်ထိန်းသိမ်းမည်။ ကောင်းကင်တွင် ပျံသန်းနေသော ငှက်များမှာ ကောင်းကင်ပေါ်မှ ငါ၏ဘုန်းအသရေဖြစ်သည်၊ မြေကြီးပေါ်မှ ပင်လယ်များမှာ မြေကြီးပေါ်တွင် ငါ၏လုပ်ဆောင်ချက်များဖြစ်သည်၊ အရာခပ်သိမ်း၏ သခင်မှာ အရာခပ်သိမ်းအကြားရှိ ငါ၏သရုပ်သကန်ဖြစ်သည်၊ ထို့ပြင် အရာခပ်သိမ်းတို့ကို ပွားများစေ၍ ရှင်သန်ဖွံ့ဖြိုးစေကာ အသက်ဖြင့် တောက်ပစေလျက် မြေကြီးပေါ်၌ ရှိရှိသမျှတို့ကို ငါ၏စီမံခန့်ခွဲမှုအတွက် အရင်းအဖြစ် ငါအသုံးပြု၏။

ကမ္ဘာမြေကြီးပေါ်မှ ငါ၏အမှုသည် နောက်ဆုံးသောခေတ်တွင် လုံးဝအဆုံးသတ်လိမ့်မည်ဟု ဖန်ဆင်းခြင်းအချိန်တွင် ငါဆုံးဖြတ်ထားနှင့်ပြီး ဖြစ်သည်။ ငါ၏အမှုအဆုံးသတ်သောအချိန်မှာ ငါ၏လုပ်ဆောင်ချက်အားလုံးကို မိုးမျက်နှာကြက်တွင် ထင်ရှားစေမည့် အချိန်ပင်ဖြစ်သည်။ ငါ၏လုပ်ရပ်များကို ကမ္ဘာမြေကြီးပေါ် ရှိ လူများအသိအမှတ်ပြုစေရန် ငါပြုမည်၊ ထို့ပြင် ၎င်းတို့ကို ကမ္ဘာမြေတစ်ဝှမ်းရှိ အလျှော့ပေးကြရမည့် လူအပေါင်းတို့က အသိအမှတ်ပြုကြစေရန် ငါသည် "တရားပလ္လင်" ရှေ့တွင် ငါ၏လုပ်ဆောင်ချက်များကို သက်သေပြမည်။ ထို့ကြောင့် ဤနောက်ပိုင်းတွင် ငါသည် အတိတ်က ခေတ်ကာလများ၌ မည်သည့်အခါမျှ လုပ်ဆောင်ခဲ့ဖူးခြင်း မရှိသော လုပ်ငန်းတစ်ခုကို စတင်လုပ်ဆောင်မည်။ ငါ၏ဉာဏ်ပညာ၊ အံ့သြဖွယ်ကောင်းခြင်းနှင့် ဉာဏ်မမီအောင် နက်နဲခြင်းတို့သည် လူ့အဖွဲ့အစည်း၏ နယ်ပယ်အားလုံးတွင် အသိအမှတ်ပြုခံရပြီး သက်သေထင်ရှားစေရန် ယနေ့မှစတင်ကာ ငါ၏လုပ်ဆောင်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစေမည်။ အထူးသဖြင့် ငါ၏လုပ်ရပ်များကို "တရားသူကြီးများ" က တရားစီရင်ကြပြီး "ရှေ့နေများ" က "ခုခံချေပ" ကြသည်အထိ ကမ္ဘာမြေကြီးကို အစိုးရသောအဖွဲ့အားလုံးက ငါ၏လုပ်ဆောင်ချက်များကို အသိအမှတ်ပြုလာကြရမည်၊ ဤသို့ဖြင့် ငါ၏လုပ်ရပ်များသည် အသိအမှတ်ပြုခြင်းကို ခံကြရမည်ဖြစ်ပြီး လူအပေါင်းတို့ ခေါင်းငုံ့ အလျှော့ပေးရန်အကြောင်း ဖြစ်စေမည်။ ဤအချိန်မှစတင်၍ ငါ၏လုပ်ဆောင်ချက်များကို လူ့အဖွဲ့အစည်း၏ နယ်ပယ်အားလုံးက အသိအမှတ်ပြုကြမည်ဖြစ်ပြီး၊ ဤအခိုက်အတန့်သည် ကမ္ဘာမြေကြီးပေါ်၌ ဘုန်းအသရေအလုံးစုံကို ငါရသော အခိုက်အတန့်ဖြစ်လိမ့်မည်။ ထိုအချိန်တွင် ငါသည် လူသားထံ ပေါ်ထွန်းလာမည်ဖြစ်ပြီး ပုန်းကွယ်နေတော့မည် မဟုတ်ပေ။ လက်ရှိတွင် ငါ၏ လုပ်ဆောင်ချက်များသည် ၎င်းတို့၏ အထွတ်အထိပ်သို့ မရောက်သေးပေ။ ငါ၏အမှုသည်

ရှေ့သို့တိုးတက်နေပြီး၊ ထိုအမှုသည် အထွတ်အထိပ်သို့ ရောက်သွားသောအခါ အဆုံးသတ်သွားမည်ဖြစ်သည်။ ငါသည် တိုင်းနိုင်ငံအပေါင်းရှိ လူတို့ကို လုံးလုံးသိမ်းပိုက်မည်၊ ကြမ်းကြုတ်ရက်စက်သော သားရဲများကို ငါ့ရှေ့တွင် သိုးသငယ်များကဲ့သို့ ယဉ်ပါးစေရန် ငါပြုမည်ဖြစ်ပြီး အဆင်းနီသောနဂါးကြီးအား ကမ္ဘာမြေကြီးပေါ် ရှိ လူများကဲ့သို့ ငါ့ရှေ့တွင် အရှုံးပေးစေရန် ငါပြုမည်။ ငါသည် ကောင်းကင်ဘုံရှိ ငါ၏ရန်သူအပေါင်းကို အနိုင်ယူမည်ဖြစ်ပြီး၊ ကမ္ဘာမြေကြီးပေါ် ရှိ ငါ၏ရန်ဘက်အပေါင်းတို့ကို သိမ်းပိုက်ခြင်းကို ခံရစေရန် ငါပြုမည်။ ဤသည်မှာ ငါ၏အစီအစဉ်ဖြစ်ပြီး ငါ့လုပ်ဆောင်ချက်များ၏ အံ့သြဖွယ်ကောင်းခြင်းဖြစ်သည်။ လူသားသည် သဘာဝတရား၏ လွှမ်းမိုးမှုအောက်၊ ငါ၏လမ်းညွှန်မှုအောက်၌သာ အသက်ရှင်နိုင်သည်၊ သူသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်များကို မချမှတ်နိုင်ပေ။ ငါ၏လက်မှ မည်သူလွတ်မြောက်နိုင်သနည်း။ ငါသည် သဘာဝတရားအားလုံးကို အတန်းအစားအမျိုးမျိုး ခွဲဝေသတ်မှတ်ထား၍ ၎င်းကို နိယာမများအတွင်း တည်ရှိနေစေ၏၊ ဤအရာကြောင့်သာလျှင် ကမ္ဘာမြေကြီးပေါ်တွင် နွေဦးရာသီ၏ အနွေးဓာတ်နှင့် ဆောင်းဦးရာသီ၏ အအေးဓာတ်ကဲ့သို့သော နိယာမများ ရှိနေခြင်းဖြစ်သည်။ ကမ္ဘာမြေကြီးပေါ် ရှိ ပန်းများသည် ဆောင်းရာသီ၌ ညှိုးနွမ်းပြီး နွေရာသီ၌ ဖူးပွင့်ရသည့်အကြောင်းရင်းမှာ ငါ့လက်၏ အံ့သြဖွယ်ကောင်းခြင်းကြောင့် ဖြစ်သည်၊ ငန်းများသည် ဆောင်းရာသီ၌ တောင်အရပ်သို့ ပျံသန်းကြသည့်အကြောင်းရင်းမှာ ငါသည် အပူချိန်ကို ချိန်ညှိခြင်းကြောင့်ဖြစ်ပြီး၊ ပင်လယ်များ မြည်ဟည်းရသည့် အကြောင်းရင်းမှာ ရေမျက်နှာပြင်ပေါ်တွင်ရှိသော အရာများကို ငါနစ်မြုပ်စေလိုခြင်းကြောင့်ဖြစ်သည်။ မည်သည့်အရာသည် ငါ၏စီစဉ်ခြင်းကို မခံရသနည်း။ ဤအခိုက်အတန့်မှစ၍ ငါ၏နှုတ်ကပတ်တော်များသည် လူသား၏ "သဘာဝဘောဂဗေဒ" ကို လုံးလုံးလျားလျား နှိမ်နင်းပစ်မည်ဖြစ်ပြီး၊ လူတို့သည် "သဘာဝနိယာမများ" တည်ရှိခြင်းကြောင့် ငါရှိနေခြင်းကို ဖျက်ဆီးကြတော့မည် မဟုတ်ပေ။ အရာခပ်သိမ်းကို အုပ်စိုးသောအရှင်၏ တည်ရှိခြင်းကို မည်သူသည် နောက်ထပ် ငြင်းဆန်လိမ့်မည်နည်း။ ကောင်းကင်ဘုံတွင် ငါသည် ဦးခေါင်းဖြစ်၏၊ အရာခပ်သိမ်းအလယ်၌ ငါသည် အရှင်ဖြစ်ပြီး လူအားလုံးအလယ်တွင် ငါသည် အထင်ရှားဆုံးဖြစ်သည်။ မည်သူသည် ဤအရာကို "ဆေးရောင်" ဖြင့် ပေါ့ပေါ့တန်တန် သုတ်လိမ်းဝံ့သနည်း။ မုသားများသည် သမ္မာတရား၏တည်ရှိခြင်းကို နှောင့်ယှက်နိုင်သလော။ အဖိုးတန်သော ဤအခွင့်အခါတွင် ငါသည် လူသား၏ ဝင်ရောက်စွက်ဖက်ခြင်းကို မခံတော့ဘဲ စက်ယန္တရားများကို ဆက်၍ "လည်ပတ်" နေစေကာ ငါ၏လက်ထဲ၌ရှိသော အမှုကို နောက်ထပ်တစ်ကြိမ် စတင်မည်ဖြစ်သည်။

ငါ၏နှုတ်ကပတ်တော်များထဲသို့ အမျိုးမျိုးသော "ဟင်းခတ်အမွှေးအကြိုင်များ" ကို ငါထည့်သွင်းထားပြီးဖြစ်၏၊ ဤအကြောင်းကြောင့် ငါသည် လူသား၏ အကြီးတန်းစားဖိုမှူးများထဲမှ တစ်ဦးဖြစ်သည့်အလား ထင်ရပေမည်။ လူတို့သည် မိမိတို့၏အစားအစာအား မည်သို့ဟင်းခတ်ရမည်ကို မသိကြသော်လည်း၊ ၎င်းတို့သည် ထိုအရသာကို ခံတွင်းတွေ့ကြသည်၊ ၎င်းတို့သည် "ပန်းကန်" ကို ကိုင်လျက် ငါပြင်ဆင်ထားသော "ဟင်းလျာများ" ကို အရသာခံကြသည်။ အဘယ်ကြောင့်မှန်း ငါမသိသော်လည်း လူတို့သည် ငါကိုယ်တိုင်ပြင်ဆင်သော ဟင်းလျာများကို အမြဲပို၍စားလိုကြသည်။ ၎င်းတို့သည် ငါ့ကို အလွန်အမင်း အထင်ကြီးနေကြဘိသကဲ့သို့၊ အရသာရှိရန် ထည့်စားသောအရာ အားလုံးအနက် ငါ့ကို အမြင့်ဆုံးအဖြစ် မြင်ကြပြီး အခြားလူများကို လုံးဝ အလေးမထားဘိသကဲ့သို့ ဖြစ်သည်။ ငါ့ထံ၌ မိမိကိုယ်ကို လေစားမှု ရှိလွန်းခြင်းကြောင့် ငါ၏ကိုယ်ပိုင် အကြောင်းရင်းများအတွက်နှင့် အခြားသူများ၏ "သံထမင်းပန်းကန်လုံး" ရိုက်ခွဲရန် ငါအလိုမရှိပေ။ ထို့ကြောင့် ငါသည် "မီးဖိုချောင်" မှ နောက်ပြန်ဆုတ်ရန် အခွင့်အရေးယူပြီး အခြားသူများအား ၎င်းတို့ကိုယ်ကို ထင်ရှားကျော်ကြားအောင် လုပ်ခွင့်ပေး၏။ ဤနည်းအားဖြင့်သာ ငါ၏စိတ်နှလုံးသည် တည်ကြည်ခိုင်မာမည် ဖြစ်သည်၊ လူတို့အား ငါ့ကို လေးစားပြီး အခြားသူများကို အထင်သေးစေရန် ငါမပြုလိုပေ၊ ထိုသို့ပြုလျှင် တရားလိမ့်မည် မဟုတ်ချေ။ လူတို့၏စိတ်နှလုံးထဲတွင် ရာထူးဂုဏ်သိမ်ရှိခြင်း၏ တန်ဖိုးမှာအဘယ်နည်း။ ငါသည် အမှန်တကယ်ပင် အလွန်ရိုင်းစိုင်းပြီး အကျိုးသင့်အကြောင်းသင့် မရှိသလော။ ငါသည် ရာထူးဂုဏ်သိမ်ကို တောင်းဆိုရန် အမှန်တကယ် လိုလားနေသလော။ လိုလားနေသည်ဆိုလျှင် ငါသည် အဘယ်ကြောင့် ဤမျှကြီးမားသော လုပ်ငန်းတစ်ခုကို စတင်လုပ်ဆောင်သနည်း။ ငါသည် အခြားသူများကို ဆန့်ကျင်၍ ကျော်ကြားမှုနှင့် ချမ်းသာမှုအတွက် ကြိုးစားလိုခြင်း မရှိပေ၊ ထို့ပြင် ငါသည် လောကီဆိုင်ရာ ကျော်ကြားမှုနှင့် ချမ်းသာမှုတို့ကို စက်ဆုပ်ရွံရှာ၏၊ ဤအရာမှာ ငါလိုက်စားသော အရာမဟုတ်ချေ။ ငါသည် လူသားကို စံနမူနာထားထိုက်သူအဖြစ် မမြင်ပေ၊ ငါသည် ရန်ဖြစ်ခြင်း၊ သို့မဟုတ် လုယူခြင်းတို့ မပြုဘဲ ငါ၏ "အတတ်ပညာ" ကို အမှီပြု၍ အသက်မွေးကာ မလျော်ကန်သော လုပ်ရပ်များကိုလည်း မကျူးလွန်ပေ။ ထို့ကြောင့် မြေကြီးအနှံ့ ငါလျှောက်သွားသောအခါ ငါသည် အရင်ဦးစွာ လုပ်ဆောင်ပြီး "ငါ့လက်ရာအတွက် အခကြေးငွေ" ကို နောက်မှ တောင်းသည်၊ ဤအရာသည်သာ လူသားပြောဆိုသော တရားမျှတခြင်းနှင့် ဆင်ခြင်တုံတရားရှိခြင်း ဖြစ်၏။ ဤတွင် ချဲ့ကားပြောဆိုခြင်း မရှိသကဲ့သို့ လျှော့ချပြောဆိုထားခြင်းလည်း စိုးစဉ်းမျှ မရှိပေ၊ ငါသည် အဖြစ်မှန်များ၏

အဓိပ္ပာယ်မှန်နှင့်အညီ ပြောခြင်းဖြစ်သည်။ ငါသည် တရားမျှတပြီး ဆင်ခြင်တုံတရားရှိသောသူများကို ရှာလျက် လူသားအလယ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်သော်လည်း မည်သည့်အသီးအပွင့်မျှ မဖြစ်ထွန်းခဲ့ပေ။ ထို့အပြင် လူတို့သည် စျေးဆစ်ရသည်ကို နှစ်သက်ကြသဖြင့် စျေးနှုန်းမှာ များလွန်းလျှင် များလွန်း၊ မများလွန်းလျှင်လည်း နည်းလွန်းလှ၏၊ ထို့ကြောင့် ငါသည် "ငါ့ခေါင်းပေါ်ကျလာသော" ငါ၏လက်ထဲရှိအမှုကို ဆက်၍ လုပ်ဆောင်နေဆဲဖြစ်သည်။ လူသားသည် မိမိ၏တာဝန်ကို အဘယ်ကြောင့် မလိုက်နာကြောင်း၊ ထို့ပြင် သူ၏ဝိညာဉ်အသက်တာမှာ မည်မျှထူးကဲပုံအား အဘယ်ကြောင့် သူမသိကြောင်းကို ယနေ့တိုင် ငါမသိသေးချေ။ လူတို့သည် ၎င်းတို့၏ ဝိညာဉ်အသက်တာမှာ ဂရမ်အချို့ သို့မဟုတ် လီယန်ဂ အချို့အလေးချိန်ရှိကြောင်းကိုပင်လျှင် မသိကြပေ။ ထို့ကြောင့် ၎င်းတို့သည် ငါ့ကို ဆက်၍ နှုတ်ချိုသွေးကြသည်။ ငါ၏အမှုအားလုံးမှာ အချည်းနှီးဖြစ်နေခဲ့ဘိသည့်အလား၊ ငါ၏ နှုတ်ကပတ်တော်များမှာ ရောမတောင်များ၌ ပဲ့တင်ထပ်သံ တစ်သံကဲ့သို့သာ ဖြစ်နေဘိသည့်အလား ငါ၏နှုတ်ကပတ်တော်များနှင့် မိန့်မြွက်ချက်များ၏ အရင်းအမြစ်များကို မည်သူကမျှ သတိပြုမိခဲ့ဖူးခြင်းမရှိပေ။ ထို့ကြောင့် ငါသည် တတိယဆောင်ပုဒ်ကို အကျဉ်းရုံးရန် အခြေခံအုတ်မြစ်အဖြစ် ဤအရာကို အသုံးပြုသည်- "လူတို့သည် ငါ့ကို မမြင်ကြခြင်းကြောင့် ငါ့ကို မသိကြ။" ယင်းမှာ ငါ၏နှုတ်ကပတ်တော်များကို စားပြီးနောက် လူတို့သည် အစာကြေလွယ်ရန် ဆေးအချို့ကို သောက်ဘိသကဲ့သို့ဖြစ်ပြီး ဆေး၏ဘေးထွက်ဆိုးကျိုးများသည် အလွန်ပြင်းထန်သောကြောင့် ၎င်းတို့သည် မှတ်ဉာဏ်ဆုံးရှုံးခြင်းကို ခံစားကြရ၏၊ ထို့ကြောင့် ငါ၏နှုတ်ကပတ်တော်များမှာ လူသားမျိုးနွယ်၏ အမေ့လျော့ခံအရာ ဖြစ်လာပြီး ငါရှိသောနေရာသည် ၎င်းတို့မေ့လျော့သည့် ချောင်ကျသော အရပ် ဖြစ်လာသည်။ ဤအရာကြောင့် ငါသက်ပြင်းချ၏။ ငါသည် အမှုမြောက်မြားစွာကို ပြုခဲ့ပြီးဖြစ်သော်လည်း လူတို့အထဲတွင် သက်သေအထောက်အထား မရှိခြင်းမှာ အဘယ်ကြောင့်နည်း။ ငါသည် လုံလောက်စွာ လုံ့လစိုက်ထုတ်ခြင်း မရှိခဲ့သလော။ သို့မဟုတ် ငါသည် လူသားလိုအပ်သောအရာများကို နားလည်သဘောပေါက်ထားခြင်း မရှိသောကြောင့်လော။ ဤကိစ္စနှင့်ပတ်သက်၍ ငါလုပ်နိုင်သောအရာ ဘာမျှမရှိတော့ပေ၊ ထို့ပြင် ငါရွေးချယ်စရာမှာ ငါ၏စီမံခန့်ခွဲမှုအမိန့်များကို အသုံးပြုကာ လူအပေါင်းတို့ကို သိမ်းပိုက်ရန်သာ ရှိတော့သည်။ ငါသည် ချစ်ခင်ကြင်နာတတ်သော မိခင်တစ်ဦးဖြစ်တော့မည် မဟုတ်ဘဲ ခက်ထန်သော ဖခင်တစ်ဦးအနေဖြင့် လူသားမျိုးနွယ်အပေါင်းကို ကိုင်တွယ်ပေတော့မည်။

၁၉၉၂ ခုနှစ်၊ မေလ ၁၅ ရက်

အောက်ခြေမှတ်စု(များ)-

က။ “လီယန်” ဆိုသည်မှာ တရုတ်အလေးချိန် အတိုင်းအတာတစ်ခု ဖြစ်သည်၊ တစ်လီယန်သည် ဂရမ် ၅၀ နှင့်ညီ၏။

# အခန်း ၄၃

ငါ့နှုတ်ကပတ်တော်များ၌ လူတို့ “ကြီးစွာသော စိတ်ဝင်စားမှု” ရှိရခြင်းမှာ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကြောင့်သာ ဖြစ်ကောင်းဖြစ်လိမ့်မည်။ သူတို့သည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ အုပ်စိုးခြင်း မခံခဲ့ရပါက၊ သူတို့အားလုံးသည် နှောင့်ယှက်ခံလိုက်ရသည့် ကျားများကဲ့သို့ ဟိန်းဟောက်နေကြပေလိမ့်မည်။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များအားဖြင့် ငါ၏ချုပ်ထိန်းခြင်းကို လိုက်နာရပြီး ကမ္ဘာမြေကို ဖုံးလွှမ်းထားသော လူသားမျိုးနွယ်တို့ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေသည်ကို ငါကြည့်ရှုလျက် ငါသည် နေ့စဉ် တိမ်များအကြား လှည့်လည်သွားလာ၏။ ဤနည်းအားဖြင့် လူသားမျိုးနွယ်ကို စနစ်တကျဖြစ်အောင် ထိန်းသိမ်းထားပြီး ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ငါဆက်လက်၍ တည်တံ့စေသည်။ ဤအချိန်မှစ၍ ကမ္ဘာပေါ်၌ရှိသောသူတို့သည် ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကြောင့် ပြစ်တင်ဆုံးမခြင်း အမျိုးမျိုးကို ရရှိကြပြီး၊ ဤပြစ်တင်ဆုံးမခြင်းက သူတို့အပေါ်သို့ ဆင်းသက်လာသောအခါ၊ လူသားအားလုံးသည် ကျယ်လောင်စွာ ပွက်လောရိုက်သွားကြပြီး အရပ်ရပ်သို့ ထွက်ပြေးကြသည်။ ဤတစ်ခဏတွင် ကမ္ဘာမြေရှိ တိုင်းပြည်များသည် ချက်ချင်းပျက်စီးကြသည်၊ တိုင်းနိုင်ငံများကြားရှိ နယ်နိမိတ်များ နောက်ထပ်မရှိတော့ပေ၊ နေရာတစ်နေရာနှင့် တစ်နေရာ ပိုင်းခြားထားခြင်း မရှိတော့သည့်အပြင်၊ လူတို့ကြား၌ ကင်းကွာမှု နောက်ထပ် မရှိတော့ပေ။ လူတို့သည် နောက်ထပ် ရန်ပွဲမရှိတော့ဘဲ၊ တစ်ဦးနှင့်တစ်ဦး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ရန် ငါသည် လူတို့ကြားတွင် “အတွေးအမြင်စနစ်ဆိုင်ရာအလုပ်” ကို စတင် လုပ်ဆောင်သည့်အပြင်၊ ငါသည် လူသားမျိုးနွယ်၏ အလယ်တွင် ပေါင်းကူးတံတားများကို ဆောက်လုပ်ပေးပြီး

ဆက်နွယ်မှုများကို တည်ထောင် ပေးသည်နှင့်အမျှ လူတို့က စည်းလုံးလာသည်။ ကမ္ဘာပေါ် ရှိ အရာအားလုံး ငါ့အာဏာအောက်တွင် ပျပ်ဝပ်ကြစေရန်အလို့ငှာ ငါသည် အမြင့်ဆုံးကောင်းကင်ဘုံကို ငါ့လုပ်ဆောင်ချက်များ၏ သရုပ်သကန်များနှင့် ဖြည့်ဆည်းပြီး ကမ္ဘာမြေပေါ် ရှိ အရာအားလုံးကို ငါ၏ဘုန်းတန်ခိုးအောက်၌ ဝပ်စင်းကျရောက်စေမည်၊ ထိုသို့အားဖြင့် "ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှု" အတွက် ငါ၏အစီအစဉ်ကို အကောင်ထည်ဖော်ကာ ငါ၏ ဤဆန္ဒတစ်ခုကို အသီးအပွင့် ဖြစ်ထွန်းစေမည်ဖြစ်ပြီး၊ သို့ဖြစ်၍ လူသားတို့သည် ကမ္ဘာမြေမျက်နှာပြင်ပေါ်တွင် "ခြေဦးတည့်ရာသွားခြင်း" နောက်ထပ် မရှိတော့ဘဲ၊ သင့်လျော်သောပန်းတိုင်ကို နှောင့်နှေးကြန့်ကြာမှု မရှိဘဲ ရှာတွေ့ကြမည်ဖြစ်သည်။ ငါသည် လူသားမျိုးအတွက် နည်းလမ်းမျိုးစုံ စဉ်းစားပေးပြီး ၎င်းကိုပြုလုပ်ရခြင်းမှာ ခပ်သိမ်းသော လူသားမျိုးနွယ် အနေဖြင့် ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်း နယ်မြေထဲတွင် မကြာမီ နေထိုင်လာစေရန်၊ သူတို့၏အသက်တာ နေ့ရက်များက နောက်ထပ် ဝမ်းနည်းဖွယ်နှင့် ထိတ်လန့်အားငယ်ဖွယ် မကောင်းတော့စေရန်နှင့် ငါ၏အစီအစဉ်သည် ကမ္ဘာမြေပေါ်တွင် အချည်းနှီးဖြစ်မလာစေရန် အလို့ငှာဖြစ်သည်။ လူသည် ကမ္ဘာမြေပေါ်တွင် တည်ရှိသောကြောင့်၊ ငါသည် ငါ၏နိုင်ငံကို ထိုနေရာတွင် တည်ဆောက်မည်၊ အကြောင်းမှာ ငါ့ဘုန်းအသရေ၏ သရုပ်သကန်အစိတ်ပိုင်းတစ်ခုသည် ကမ္ဘာမြေပေါ်တွင် ရှိသောကြောင့်ဖြစ်သည်။ အထက်ကောင်းကင်တွင် ငါသည် ငါ၏မြို့ကို မှန်ကန်စွာတည်ပြီး အထက်အောက် အရာအားလုံးကိုလည်း အသစ်ဖြစ်စေမည်။ ကမ္ဘာပေါ် ရှိ အရာခပ်သိမ်းသည် ကောင်းကင်ပေါ် ရှိ အရာခပ်သိမ်းနှင့် တစ်စုတစ်စည်းတည်း ဖြစ်လာရန်အလို့ငှာ ငါသည် ကောင်းကင်အထက်အောက်၌ တည်ရှိသော အရာအားလုံးကို တစ်စုတစ်စည်းတည်း ဖြစ်စေမည်။ ဤသည်မှာ ငါ၏အစီအစဉ်ဖြစ်ပြီး ယင်းမှာ နောက်ဆုံးခေတ်တွင် ငါပြီးမြောက်စေမည့် အရာဖြစ်သည်။ ငါ့အလုပ်၏ ဤကဏ္ဍကို မည်သူမျှ ဝင်မစွက်ဖက်စေနှင့်လော့။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများကြား၌ ငါ့အလုပ်ကို ကျယ်ပြန့်စေခြင်းသည် ကမ္ဘာပေါ်၌ ငါ့အလုပ်၏ နောက်ဆုံးပိုင်းဖြစ်သည်။ မည်သူကမျှ ငါလုပ်ဆောင်မည့်အလုပ်ကို ဉာဏ်မီနိုင်ခြင်း မရှိပေ၊ ဤအတွက်ကြောင့် လူတို့သည် အတော်ပင် စိတ်ရှုပ်ထွေးကြသည်။ ထို့ပြင် ငါသည် ကမ္ဘာပေါ်၌ ငါ့အလုပ်ဖြင့် အလုပ်ရှုပ်လျက် မအားလပ်သောကြောင့်၊ လူတို့သည် "ပြက်တီးပြက်ချော်လုပ်ရန်" အခွင့်အရေးယူကြသည်။ သူတို့ကို လွန်စွာ ထိန်းမနိုင်သိမ်းမရဖြစ်ခြင်းမှ ကာကွယ်ရန် ငါသည် သူတို့အား မီးအိုင်၏ ဆုံးမပဲ့ပြင်ခြင်းကို ကြံ့ကြံ့ခံနိုင်ရန်အတွက် ငါ၏ ပြစ်တင်ဆုံးမခြင်း အောက်တွင် ဦးစွာ နေရာချထားသည်။ ဤသည်မှာ ငါ့အလုပ်၏ အဆင့်တစ်ခုဖြစ်ပြီး ငါသည် ငါ့အလုပ်၏

ဤအဆင့်ကို ပြီးမြောက်စေရန် မီးအိုင်၏ခွန်အားကို အသုံးချမည်။ ထိုသို့မဟုတ်ပါက ငါ့အလုပ်ကို လုပ်ဆောင်ရန် ဖြစ်နိုင်မည်မဟုတ်ပေ။ ငါသည် စကြဝဠာတစ်ခွင်လုံးရှိ လူသတ္တဝါတို့ကို ငါ့ပလ္လင်ရှေ့မှောက်တွင် ကျိုးနွံနာခံစေကာ၊ ငါ၏ တရားစီရင်မှုအရ သူတို့ကို မတူညီသော အမျိုးအစားများအဖြစ် ခွဲခြားလျက်၊ သူတို့ကို ဤအမျိုးအစားများအရ သတ်မှတ်ပြီး၊ ထို့ထက်မက သူတို့ကို သူတို့၏မိသားစုများအဖြစ် မျိုးတူစုမည်၊ ထိုသို့အားဖြင့် လူသား တစ်ရပ်လုံးတို့သည် ငါ့အား မနာခံခြင်းကို ရပ်တန့်မည်ဖြစ်ပြီး၊ ထို့အစား ငါအမည်ပေးထားသော အမျိုးအစားများအရ သေသပ်ပြီး စနစ်တကျ ဖြစ်သော အစီအမံထဲသို့ ကျရောက်လိမ့်မည်ဖြစ်သည်- မည်သူမျှ ကြံ့ရာကျပန်း ပြောင်းရွှေ့ခြင်း မရှိစေနှင့်လော့။ ငါသည် စကြဝဠာတစ်ခွင်၌ အသစ်သောအမှုကို ဖြစ်ပေါ်စေပြီးဖြစ်သည်။ စကြဝဠာတစ်ခွင်၌ လူသားတစ်ရပ်လုံးသည် ငါ၏ ရုတ်တရက် ပေါ်ထွန်းခြင်းကြောင့် မိန်းမောဆွံ့အကြပြီး ငါ၏ မြင်သာစွာ ပေါ်ထွန်းခြင်းကြောင့် ၎င်းတို့သည် သိနားလည်မှု အသစ်များစွာကို တွေ့ကြုံခံစားရလေသည်။ ယနေ့အချိန်တွင် ယင်းမှာ တကယ့်ကို မမှန်ကန်သလော။

ငါသည် တိုင်းနိုင်ငံများနှင့် လူမျိုးအားလုံးအကြားတွင် ငါ၏ပထမခြေလှမ်းကို လှမ်းခဲ့ပြီး ငါ့အလုပ်၏ ပထမအပိုင်းကို အစပြုခဲ့ပြီး ဖြစ်သည်။ ငါသည် အသစ်တစ်ဖန် အစပြုရန် ငါ၏ အကြံအစည်ကို ဖျက်မည်မဟုတ်- တစ်ပါးအမျိုးသားတိုင်းနိုင်ငံများ အကြားရှိ အလုပ် အစီအစဉ်သည် ကောင်းကင်ဘုံရှိ ငါ့အလုပ်၏ လုပ်ငန်းစဉ်များ အပေါ် အခြေခံထားသည်။ လူသားများအားလုံးက ငါ၏ အမှုအရာနှင့် လုပ်ဆောင်မှုတိုင်းကို မျှော်ကြည့်ရန် မိမိတို့၏ မျက်လုံးများကို မော့ကြည့်ကြသည့်အခါ၌၊ ယင်းသည် ငါက ကမ္ဘာပေါ် မြူဆိုင်းစေမည့် အချိန်ဖြစ်သည်။ လူတို့၏မျက်လုံးများသည် ချက်ချင်းပင် ဝေဝါးပြီး၊ သူတို့သည် သဲကန္တာရထဲက သိုးကဲ့သို့ မည်သည့်ဦးတည်ချက်မျှ မရှာနိုင်သည့်အပြင်၊ လေပြင်းမုန်တိုင်း တဝေါဝေါစတင်တိုက်ခတ်သောအခါ၊ သူတို့၏ ငိုကြွေးသံများကို တိုက်ခတ်သောလေက ဖုံးလွှမ်းသွားသည်။ လေလှိုင်းများ၏ အလယ်တွင် လူသားသဏ္ဌာန်များကို ရေးရေးလေး တွေ့မြင်နိုင်သည်၊ သို့သော် လူသားတို့၏ အသံကို မကြားရနိုင်ဘဲ၊ လူတို့သည် သူတို့၏အသံကုန် အော်ဟစ်နေကြသော်လည်း၊ အားထုတ်မှုက အလဟဿပင်ဖြစ်သည်။ ဤအချိန်တွင် လူသားမျိုးနွယ်သည် မိုးကောင်းကင်မှ ကယ်တင်ရှင်တစ်ပါး ရုတ်ချည်းကျလာပြီး အတိုင်းအဆမဲ့သော ကန္တာရထဲမှနေ၍ သူတို့ကို ဦးဆောင်လမ်းပြလိမ့်မည်ဟု မျှော်လင့်လျက် ကျယ်လောင်စွာ ငိုကြွေးမြည်တမ်းကြသည်။ သို့သော်လည်း သူတို့၏ ယုံကြည်ခြင်းက မည်မျှပင် ကြီးမားစေကာမူ ကယ်တင်ရှင်သည် မလှုပ်ရှားဘဲ ရှိနေသောကြောင့်၊ လူသား၏ မျှော်လင့်ခြင်းတို့သည် ပြိုကွဲလွင့်စင်ကုန်သည်-

ထွန်းညှိထားသော ယုံကြည်ခြင်းမီးသည် ကန္တာရမှလာသော လေပြင်းမုန်တိုင်း၏ ငြိမ်းသတ်ခြင်းကို ခံရပြီး လူသားသည် လူသူမနေထိုင်သော ကျတ်တီးမြေအရပ်တွင် ဝမ်းလျားမှောက် လဲလျောင်းကာ၊ တောက်ပသော မီးတုတ်ကို နောင်ဘယ်သောအခါမှ မထွန်းညှိနိုင်တော့ဘဲ သတိလစ် မေ့မြောသွားသည်။...ထိုအခြေအနေကို အခွင့်ကောင်းယူလျက် ငါသည် လူ၏မျက်စိရှေ့တွင် အိုအေစစ်တစ်ခုကို ဖြစ်ပေါ်စေသည်။ သို့သော် လူ၏စိတ်သည် အလွန်တရာ ဝမ်းသာကောင်း ဝမ်းသာနေစဉ်တွင်၊ သူ၏ခန္ဓာကိုယ်သည် တုံ့ပြန်ဖို့ အလွန်ချည့်နဲ့ကာ၊ အားနည်းပြီး ခြေလက်တို့ ပျော့ခွေကုန်ကြသည်။ ထို့ပြင် သူသည် အိုအေစစ်ထဲတွင် နှစ်သက်ဖွယ်ကောင်းသော သစ်သီးများကို တွေ့ရသော်လည်း၊ ယင်းတို့ကို ခူးဆွတ်ဖို့အားအင် မရှိပေ၊ အဘယ်ကြောင့်ဆိုသော် လူ၏ “အတွင်း၌ရှိသော အင်အားများ” က လုံးလုံးလျားလျား ခြေကုန်လက်ပန်းကျသွားပြီ ဖြစ်သည်။ ငါသည် လူသားက လိုအပ်သောအရာများကို ယူ၍ သူ့ကို ပေးအပ်သော်လည်း၊ သူလုပ်သည့်အရာဆို၍ စိတ်ကြည်လင်ဖွယ် အလျှင်းကင်းမဲ့သော မျက်နှာနှင့် တဒင်္ဂအပြုံးတစ်ခုကို လျှပ်တပြက်ပြုံးပြခြင်းသာ ဖြစ်သည်- လူသားမျိုးနွယ်၏ ခွန်အားဟူသမျှ တစိုးတစိမျှမကျန်ဘဲ တိုက်ခတ်နေသော လေနှင့်အတူ လွင့်ပါးပျောက်ကွယ်သွားတော့သည်။ ဤအကြောင်းကြောင့် လူ၏မျက်နှာမှာ လုံး၀ ခံစားမှုကင်းမဲ့ပြီး မိမိ၏ ကလေးငယ်ကို ကြည့်ရှုစောင့်ရှောက်နေသည့် မိခင်တစ်ဦးကဲ့သို့သော သူ၏ နူးညံ့သိမ်မွေ့သော စေတနာမေတ္တာပါ၀င်သည့် လူသား၏ နီရဲနေသော မျက်လုံးများမှ ကြင်နာမှုရောင်ခြည် တစ်ခုတည်းသာလျှင် ဖြာထွက်ပေသည်။ မကြာခဏပင် လူ၏ ခြောက်သွေ့ကွဲအက်နေသော နှုတ်ခမ်းသည် စကားပြောတော့မည့်အလား လှုပ်ရှားသော်လည်း၊ ထိုသို့ပြုရန် အားအင်မရှိပေ။ ငါသည် လူကို ရေအနည်းငယ် ပေးသော်လည်း၊ သူသည် ခေါင်းခါလျက်သာနေ၏။ ဤကဲ့သို့ အပြောင်းအလဲမြန်ပြီး တပ်အပ်ပြောရန်ခက်သော အမူအရာများမှ လူသည် မိမိကိုယ်တိုင်ထဲ၌ မျှော်လင့်ချက်ဟူသမျှ ပျောက်ဆုံးနှင့်ပြီးဖြစ်ကာ၊ ငါ့ကို အသနားခံသော အကြည့်ဖြင့်သာ ကြည့်မြဲကြည့်လျက် တစ်စုံတစ်ခုကို တောင်းခံနေသကဲ့သို့ ဖြစ်သည်။ သို့သော် လူသားမျိုးနွယ်၏ ထုံးတမ်းများနှင့် ဓလေ့စရိုက်များကို မသိနားမလည်သဖြင့်၊ ငါသည် လူသားတို့၏ မျက်နှာအမူအရာများနှင့် အပြုအမူများကြောင့် စိတ်ရှုပ်ထွေးလေသည်။ လူသားဖြစ်တည်မှု၏ နေ့ရက်များသည် အဆုံးသို့ မြန်မြန်ဆန်ဆန် နီးကပ်လာနေကြောင်းကို ဤအခိုက်အတန့်၌သာလျှင် ရုတ်တရက် ငါသိလိုက်ရပြီး သူ့အပေါ် ကရုဏာသက်သော အကြည့်နှင့် ငါကြည့်၏။ ဤအခိုက်အတန့်၌သာလျှင် လူသည် သူ၏ဆန္ဒအားလုံး ပြည့်ဝသွားသည့်အလား ငါ့အား ခေါင်းညိတ်ပြလျက် ဝမ်းမြောက်သောအပြုံးကို ပြလေသည်။ လူသားတို့သည်

ဝမ်းမနည်းကြတော့ချေ။ ကမ္ဘာပေါ်တွင် လူတို့သည် ဘဝ၏ အဓိပ္ပာယ်မဲ့ခြင်းကို နောက်ထပ် မညည်းညူကြတော့ဘဲ၊ "အသက်" နှင့်ပတ်သက်သော အရာခပ်သိမ်းကို ရပ်တန်းကရပ်ကြသည်။ ထိုအချိန်မှစ၍ ကမ္ဘာပေါ်တွင် သက်ပြင်းချသံများ ရှိတော့မည်မဟုတ်ဘဲ၊ လူသားမျိုးနွယ် အသက်ရှင်သော နေ့ရက်များသည် ဝမ်းမြောက် ပျော်ရွှင်ခြင်းနှင့် ပြည့်လိမ့်မည်။...

ငါ၏အလုပ်ကို လူသားတို့ အမြဲတစေ ဝင်မစွက်စေဖို့အတွက် ငါကိုယ်တော်တိုင်၏အလုပ်ကို မလုပ်ဆောင်မီ လူ၏အရေးကိစ္စများကို ငါ အသေအချာ ရှင်းထုတ်ပစ်မည်။ ငါ့အတွက်မူ လူသားတို့၏ အရေးကိစ္စများက အဓိကအချက် မဟုတ်၊ လူသားမျိုးနွယ်၏ အရေးကိစ္စများသည် အရေးမပါချေ။ လူသားသည် စိတ်ဓာတ် လွန်စွာ သေးသိမ်သောကြောင့် လူသားတို့သည် ပုရွက်ဆိတ်တစ်ကောင်ကိုပင် သနားကရုဏာ မပြသလိုသည် သို့မဟုတ် ပုရွက်ဆိတ်များမှာ လူသားမျိုးနွယ်၏ ရန်သူများဖြစ်သည်ဟုပင် ထင်ရကာ၊ လူသားတို့အကြားတွင် အမြဲတမ်း သဘောထားကွဲလွဲခြင်း ရှိတတ်သည်။ လူတို့၏ သဘောထားကွဲလွဲမှုကို ကြားရလျက် ငါသည် နောက်တစ်ကြိမ် စွန့်ခွာကာ သူတို့၏ ဇာတ်လမ်းများကို နောက်ထပ်အရေးမစိုက်တော့ပေ။ လူသားတို့၏ အမြင်တွင်မူ ငါသည် "ဒေသခံများ" ထဲမှ "မိသားစု အငြင်းပွားမှုများ" ကို ဖြေရှင်းရာ၌ အထူးပြုသော "ဒေသခံကော်မတီဝင်" တစ်ဦးပင် ဖြစ်ချေသည်။ လူတို့သည် ငါ့ရှေ့မှောက်သို့လာသောအခါ၊ သူတို့သည် အစဉ်သဖြင့် ကိုယ်ပိုင်အကြောင်းပြချက်များနှင့် ရောက်လာကြပြီး နိုင်ထက်စီးနင်းကျသော စိတ်အားထက်သန်မှုနှင့် သူတို့၏ကိုယ်ပိုင် "ထူးကဲသော အတွေ့အကြုံများ" ကို ပြန်လည်ရေတွက်ရင်း၊ ပြောရင်းဆိုရင်းနှင့် သူတို့၏ကိုယ်ပိုင် ရှင်းလင်းချက်ကို ထပ်ဖြည့်ကြသည်။ ငါသည် လူသားတို့၏ ထူးခြားလှသော ကိုယ်နှုတ်အမူအရာကို ကြည့်သည်- သူတို့၏ မျက်နှာသည် မြေမှုန့်နှင့် ပေကျံနေပြီး၊ ထိုမြေမှုန့်မှာ "တသွင်သွင်စီးနေသော" ချွေးအောက်တွင် ချွေးနှင့် ချက်ချင်းရောနှော သွားသောကြောင့် မိမိ၏ "လွတ်လပ်ခြင်း" ကို ဆုံးရှုံးသွားသည့် မြေမှုန့်ဖြစ်ကာ၊ ထိုသို့ဖြင့် လူသားတို့၏ မျက်နှာသည် ခြေရာများကို ရံဖန်ရံခါ တွေ့မြင်ရနိုင်သော ကမ်းခြေသောင်ယံ၏ သဲထူထပ်သော မျက်နှာပြင်ကဲ့သို့ တိုး၍ပင် "ကြွယ်ဝ" လာသည်။ သူတို့၏ဆံပင်သည် သေဆုံးပြီးသော တစ္ဆေများ၏ ဆံပင်နှင့်တူကာ အရောင်စိုခြင်း ကင်းမဲ့လျက် အလုံးတစ်ခုထဲသို့ စိုက်ဝင်နေသည့် ကောက်ရိုးမျှင်များကဲ့သို့ တည့်တည့်ထောင်မတ်နေကြသည်။ သူ၏ဆံပင်တို့ ဒေါသဖြင့် ထောင်ထသွားရလောက်အောင် သူ၏အမျက်ဒေါသက အလွန် ကြီးသောကြောင့် သူ၏မျက်နှာသည် ချွေးတို့ "ပွက်ထ" နေသည့်ပမာ "အငွေ့" ကို တစ်ချက်တစ်ချက်

ထုတ်လွှတ်သည်။ လူသားကို အနီးကပ် စေ့စေ့ကြည့်ရှုလျှင်၊ သူ၏မျက်နှာသည် ချစ်ချစ်တောက်ပူသော နေမင်းကဲ့သို့ "မီးတောက်များ" နှင့် ဖုံးလွှမ်းနေသည်ကို ငါမြင်ရကာ၊ ထို့အတွက်ကြောင့်ပင် ထိုမျက်နှာမှ အငွေ့ပူများ ထနေခြင်းဖြစ်ပြီး၊ သူကိုယ်တိုင်က ဤသည်ကို အရေးမစိုက်သော်လည်း၊ သူ၏ဒေါသက သူ့မျက်နှာအား လောင်ကျွမ်း ဖျက်ဆီးမည်ကို ငါသည် အကယ်ပင်စိုးရိမ်၏။ ဤအခြေအနေတွင် ငါသည် လူကို သူ၏ဒေါသအား အနည်းငယ်မျှ လျှော့ရန် တိုက်တွန်းသည်၊ ဤအရာက အဘယ်ကောင်းကျိုး ပြုသနည်း။ အဘယ်ကြောင့် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ရမည်နည်း။ ဒေါသကြောင့် ဤ "ကမ္ဘာလုံး" ၏ မျက်နှာပြင်ပေါ် ရှိ ကောက်ရိုးတံများက နေ၏ မီးတောက်များကြောင့် လောင်ကျွမ်းကုန်သလောက် ဖြစ်သွားသည်။ ဤကဲ့သို့သော အခြေအနေများတွင် "လမင်း" သည်ပင်လျှင် အနီရောင် ပြောင်းသွားသည်။ လူ၏ဒေါသကို အလွန်အကျွံမဖြစ်စေရန် သူ့အား ငါတိုက်တွန်း၏၊ သူ၏ ကျန်းမာရေးကို ကာကွယ်ပေးရန် အရေးကြီးသည်။ သို့သော်လည်း လူသည် ငါ၏ အကြံပေးချက်ကို နားမထောင်ဘဲ၊ ထို့ထက် သူက ငါ့ကို "စွဲချက်တင် တိုင်တန်းခြင်းများ" ကို ဆက်ပြုလေသည်။ ဤအရာ၌ အဘယ်အသုံးဝင်မှု ရှိသနည်း။ ငါ၏ဆုလာဘ်သည် လူ့အနေဖြင့် ခံစားမွေ့လျော်ရန် မလောက်ငခြင်းကြောင့်လော။ သို့တည်းမဟုတ် သူသည် ငါပေးသောအရာကို ငြင်းပယ်ခြင်းကြောင့်လော။ ရုတ်တရက် ဒေါသမထိန်းနိုင်သဖြင့်၊ ငါသည် စားပွဲကို မှောက်လှန်ချလိုက်သောကြောင့်၊ လူသည် သူ၏ဇာတ်လမ်းမှ စိတ်လှုပ်ရှားဖွယ် ဇာတ်ဝင်ခန်းများကို မပြောပြရဲတော့ပေ။ ငါသည် သူ့ကို ရက်အနည်းငယ်မျှ တမင် စောင့်ခိုင်းထားရန် "ထိန်းသိမ်းရေးစခန်း" သို့ ခေါ်ဆောင်သွားမည်ကို သူကကြောက်ရွံ့ပြီး၊ လစ်ထွက်သွားဖို့ ငါဒေါသူပုန်ထခြင်းကို အခွင့်အကောင်း ယူလေသည်။ ထိုသို့မဟုတ်ပါက လူသည် ထိုကဲ့သို့ အရာများကို ရုပ်သိမ်းလိုမည် မဟုတ်ဘဲ၊ သူ၏ကိုယ်ပိုင် အလေးထားစရာများကို အလျဉ်မပြတ် ဆက်ပြောနေမည်ဖြစ်သည်။ ထိုအသံကပင် ငါ့ကို နားမခံသာဖြစ်စေသည်။ လူသားတို့၏ အတွင်းစိတ်နှလုံးများသည် အဘယ်ကြောင့် အလွန်ရှုပ်ထွေးနေသနည်း။ ယင်းမှာ လူ၏အထဲ၌ အလွန်များပြားသော "အစိတ်အပိုင်းလေးများ" ကို ငါတပ်ဆင် ထားသောကြောင့် ဖြစ်နိုင်သလော။ သူသည် ငါ့ရှေ့မှောက်တွင် အဘယ့်ကြောင့် အမြဲတမ်း ဟန်ဆောင်ပြရသနည်း။ ငါသည် "အရပ်သားဆိုင်ရာ အငြင်းပွားမှုများ" အား ဖြေရှင်းခြင်းအတွက် "အတိုင်ပင်ခံပုဂ္ဂိုလ်" မဟုတ်သည်မှာ အသေအချာပင် မဟုတ်လော။ ငါသည် လူကို ငါ့ထံသို့လာရန် ပြောခဲ့သလော။ ငါသည် စီရင်စု ရာဇဝတ်တရားသူကြီး မဟုတ်သည်မှာ အသေအချာပင် မဟုတ်လော။ လူတို့၏ အရေးကိစ္စများကို အဘယ့်ကြောင့် ငါ့ရှေ့မှောက်၌ အမြဲ တင်ပြကြသနည်း။ ငါ၌လုပ်စရာ

အလုပ်မြောက်မြားစွာ ရှိသည့်အတွက်၊ လူသည် သင့်တင့်လျောက်ပတ်သကဲ့သို့ မိမိကိုယ်ကိုယ် တာဝန်ယူ ထိန်းချုပ်ကာ၊ ငါ့ကို မနှောင့်ယှက်ဖို့ ထောက်ထားဆင်ခြင်ကြမည်ဟု ငါမျှော်လင့်သည်။

၁၉၉၂ ခုနှစ်၊ မေလ ၁၈ ရက်

# အခန်း ၄၄

လူတို့သည် ငါ၏အမှုကို အဖြည့်တစ်ခုအဖြစ် သဘောထားကြသည်၊ ၎င်းတို့သည် ၎င်းအတွက် အစားအစာ သို့မဟုတ် အိပ်စက်ခြင်းကို မစွန့်လွှတ်ကြသဖြင့် ငါ၌ ရွေးချယ်စရာ မရှိဘဲ လူအား ငါ့အပေါ်ထားသည့် သူ၏သဘောထားအတိုင်း ထိုက်တန်သော တောင်းဆိုချက်များကို တောင်းခြင်းဖြစ်သည်။ ငါသည် တစ်ကြိမ်တစ်ခါက လူသားကို မြောက်မြားစွာသော ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာများစွာကို ပေးခဲ့သော်လည်း ဤအရာများကို ဆတ်ခနဲဆွဲယူပြီးနောက် သူသည် ချက်ချင်း ထွက်ခွာသွားခဲ့ကြောင်းကို ငါမှတ်မိသည်။ ၎င်းမှာ ငါသည် မရည်ရွယ်ဘဲ ၎င်းတို့ကို သူ့အား ပေးနေသကဲ့သို့ ဖြစ်ခဲ့သည်။ ထို့ကြောင့် လူသားသည် သူ၏ကိုယ်ပိုင် အယူအဆများအကြားတွင် ငါ့ကို အမြဲချစ်ခဲ့ခြင်းဖြစ်သည်။ လူသားသည် ငါ့ကို စစ်မှန်စွာ ချစ်ရန် ငါအလိုရှိသည်၊ သို့သော်လည်း ယနေ့တွင် လူတို့သည် အချိန်ဖြုန်းနေကြပြီး ၎င်းတို့၏စစ်မှန်သောချစ်ခြင်းမေတ္တာကို ငါ့အား မပေးနိုင်ကြပေ။ ၎င်းတို့၏စိတ်ကူးထဲတွင် ၎င်းတို့က အကယ်၍ ၎င်းတို့၏စစ်မှန်သောချစ်ခြင်းမေတ္တာကို ငါ့အား ပေးပါက ၎င်းတို့၌ မည်သည့်အရာမျှ ကျန်မည်မဟုတ်ဟု ယုံကြည်ကြသည်။ ငါကန့်ကွက်သောအခါ ၎င်းတို့၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်ကြသည်၊ သို့သော်လည်း ၎င်းတို့သည် ၎င်းတို့၏စစ်မှန်သောချစ်ခြင်းမေတ္တာကို ငါ့အား မပေးလိုဘဲ ဆက်လက်ရှိနေကြသည်။ ၎င်းတို့သည် တစ်စုံတစ်ခုကို စောင့်ဆိုင်းနေသကဲ့သို့ပင် ဖြစ်သဖြင့် ၎င်းတို့သည် ရှေ့သို့ကြိုကြည့်ကြပြီး အမှန်တကယ် ဖြစ်နေသည့်အရာကို မည်သည့်အခါမျှ ငါ့အား မပြောကြပေ။ စတေးကာကပ်ခွာတစ်ခုသည် ၎င်းတို့၏ပါးစပ်များ၌ ကပ်နေသည့်အလား ဖြစ်သဖြင့် ၎င်းတို့သည် မည်သည့်အခါမျှ ပွင့်ပွင့်လင်းလင်း မပြောပေ။ လူသားရှေ့တွင် ငါသည် အနိုင်ရရန် နည်းကုန်လမ်းကုန်လုပ်သော အရင်းရှင်တစ်ဦး ဖြစ်သွားခဲ့ပုံရသည်။ လူတို့သည် ငါ့ကို အမြဲ ကြောက်ကြသည်၊ ငါ့ကို မြင်ပါက ၎င်းတို့သည် သဲလွန်စတစ်ခုပင် မချန်ဘဲ ချက်ချင်း ပျောက်ကွယ်ကြသည်၊ ၎င်းတို့၏အခြေအနေများနှင့်ပတ်သက်၍ ၎င်းတို့အား

ငါမေးမည့်အရာကို ကြောက်လန့်ကြသည်။ လူတို့သည် ၎င်းတို့၏ "တစ်ရှာတည်းသားများ" ကို စိတ်ရင်းအတိုင်း ချစ်နိုင်စွမ်း ရှိကြသော်လည်း ဝိညာဉ်၌ ဖြောင့်မှန်သော ငါ့ကို အဘယ်ကြောင့် မချစ်နိုင်ကြသည့် အကြောင်းရင်းကို ငါမသိပေ။ ဤအရာကြောင့် ငါသက်ပြင်းချရသည်၊ လူတို့သည် လူ့လောကကြီးထဲတွင် ၎င်းတို့၏ချစ်ခြင်းမေတ္တာကို အဘယ်ကြောင့် အမြဲတမ်းလွှတ်ထုတ်ကြသနည်း။ ငါသည် အဘယ်ကြောင့် လူသား၏ချစ်ခြင်းမေတ္တာကို မမြည်းစမ်းနိုင်သနည်း။ ၎င်းမှာ ငါသည် လူသားမျိုးနွယ်ထဲမှ တစ်ဦး မဟုတ်ခြင်းကြောင့် ဖြစ်သလော။ လူတို့သည် ငါ့ကို တောင်များပေါ်မှ လူရိုင်းတစ်ဦးအဖြစ် အမြဲ သဘောထားကြသည်။ သာမန်လူတစ်ဦး၌ ရှိသောအရာများ ငါ၌ မရှိသကဲ့သို့ ဖြစ်သောကြောင့် ငါ့ရှေ့တွင် လူတို့သည် မြင့်မားသော လူ့ကျင့်ဝတ် သဘောလက္ခဏာတစ်ခုကို အမြဲ ပြစားကြသည်။ ၎င်းတို့သည် ငါ့ကို ပြစ်တင်ရန် ၎င်းတို့ရှေ့သို့ မကြာခဏ ငါ့ကို တရွတ်တိုက်ဆွဲသွားကြပြီး ကျောင်းမတက်ရသေးသော အရွယ် ကလေးတစ်ဦးကဲ့သို့ ငါ့ကို ဆူကြသည်၊ အဘယ်ကြောင့်ဆိုသော် လူတို့၏မှတ်ဉာဏ်များထဲတွင် ငါသည် ဆင်ခြင်တုံတရားနှင့် ပညာမဲ့သောသူ တစ်စုံတစ်ဦး ဖြစ်ခြင်းကြောင့် ၎င်းတို့သည် ငါ့ရှေ့တွင် ပညာသင်ကြားပေးသူ၏ ကဏ္ဍတွင် အမြဲ သရုပ်ဆောင်ကြသည်။ ငါသည် လူတို့ကို ၎င်းတို့၏ အားနည်းချက်များကြောင့် ပြစ်တင်ဆုံးမခြင်း မပြုဘဲ ၎င်းတို့ကို သင့်လျော်သော အကူအညီပေးပြီး "အကျိုးအမြတ်ရှိသော အထောက်အကူ" ကို ၎င်းတို့အား ပုံမှန် ရရှိစေသည်။ လူသားသည် ကြီးမားသောကပ်ဘေးအကြားတွင် အမြဲနေထိုင်ခဲ့ပြီး လွတ်မြောက်ရန် ခက်ခဲ၍ ဤဘေးဒုက္ခအကြား၌ သူသည် ငါ့ကို အမြဲတမ်း အော်ခေါ်ခဲ့သောကြောင့် ငါသည် အချိန်မှန်မှန် "ဆန်စပါးဂျုံစသည့် အထောက်အပံ့များ" ကို သူ၏လက်ထဲ ပေးပို့၍ ခေတ်သစ် မိသားစုကြီးထဲတွင် လူအပေါင်းကို အသက်ရှင်ခွင့်ပေးပြီး မိသားစုကြီး၏နွေးထွေးမှုကို တွေ့ကြုံခံစားစေခြင်းဖြစ်သည်။ လူသားအကြားရှိ အမှုကို ငါလေ့လာသောအခါ လူသား၏ များစွာသောချွတ်ယွင်းချက်များကို ငါရှာဖွေတွေ့ရှိပြီး ရလဒ်အဖြစ် လူသားကို ငါအကူအညီပေးခြင်းဖြစ်သည်။ ဤအချိန်၌ပင်လျှင် လူသားအကြားတွင် ထူးခြားသောဆင်းရဲခြင်း ရှိနေဆဲဖြစ်သောကြောင့် ငါသည် "နွမ်းပါးသောနေရာများ" အပေါ် သင့်လျော်သောစောင့်ရှောက်မှုကို ပေးအပ်ခဲ့ပြီးဖြစ်၍ ၎င်းတို့ကို ဆင်းရဲတွင်းထဲမှ မတင်ပေးခဲ့သည်။ ဤသည်မှာ ငါအမှုပြုသောနည်းလမ်းဖြစ်ပြီး လူအပေါင်းတို့ကို ၎င်းတို့တတ်နိုင်သ၍ ငါ၏ကျေးဇူးတော်ကို ခံစားခွင့်ပေးသည်။

ကမ္ဘာမြေကြီးပေါ် ရှိလူတို့သည် ပြစ်တင်ဆုံးမခြင်းကို မရည်ရွယ်ဘဲ ခံစားကြရသဖြင့် ငါသည် ငါ၏ကြီးသောလက်ကို ဖွင့်၍ ၎င်းတို့အား ငါ့ဘက်သို့ ဆွဲခေါ်ကာ ကမ္ဘာမြေကြီးပေါ်၌

ငါ၏ကျေးဇူးတော်ကို မွေ့လျော်ခံစားရန် ကောင်းသောအခွင့်အလမ်းကို ပေးလျက်နေသည်။ ကမ္ဘာမြေကြီးပေါ်၌ မည်သည့်အရာသည် အနှစ်သာရမကင်းမဲ့၍ တန်ဖိုးမရှိသနည်း။ လူ့လောကထဲမှ နေရာအားလုံး၌ ငါ လျှောက်လှမ်းသည်၊ ထို့အပြင် နာမည်ကြီးသော သမိုင်းဝင်အဆောက်အအုံ မြောက်မြားစွာနှင့် သာယာသော သဘာဝရှုခင်း ရှိသော်လည်း ငါသွားသမျှ နေရာတိုင်း၌ အသက်ဝင်တက်ကြွမှု ကင်းမဲ့နေခဲ့သည်မှာ ကြာလှပြီဖြစ်သည်။ ထိုအချိန်မှသာ ငါသည် ကမ္ဘာမြေကြီးပေါ်တွင် မှောင်ရိပ်သန်းပြီး စိတ်ဆင်းရဲဖွယ်ဖြစ်ကြောင်း သတိပြုမိသည်၊ ကမ္ဘာမြေကြီးပေါ်တွင် အသက် ပျောက်ကွယ်ခဲ့သည်မှာ ကြာလှပြီဖြစ်သည်၊ သေခြင်းတရား၏ အနံ့အသက်သာ ရှိသောကြောင့် ဤကပ်ဘေးသင့်သော ပြည်မှ အမြန် ထွက်ခွာကြရန် လူသားကို ငါအမြဲ ခေါ်နေခြင်းဖြစ်သည်။ ငါမြင်သောအရာအားလုံးမှာ ပြန်လည်အမှတ်ရစေသော အနှစ်သာရ ကင်းမဲ့ခြင်းပင် ဖြစ်သည်။ ငါသည် အခွင့်အရေးကို အသုံးပြုကာ ငါ၏လက်ထဲမှ အသက်ကို ငါရွေးချယ်ခဲ့သောသူများထံ ပစ်ပေးလေသည်၊ ချက်ချင်းဆိုသလိုပင် ထိုပြည်၌ စိမ်းလန်းသောမြေကွက်တစ်ကွက် ရှိလေသည်။ လူတို့သည် ကမ္ဘာမြေကြီးပေါ်မှ တက်ကြွဖွယ် အမှုအရာများကို မွေ့လျော်လိုကြသော်လည်း ငါသည် ဤအရာ၌ ပျော်ရွှင်မှုကို မတွေ့ပေ၊ လူတို့သည် ကမ္ဘာမြေကြီးပေါ်မှ အရာများကို အမြဲမြတ်နိုးကြပြီး ၎င်းတို့၏ အနှစ်သာရကင်းမဲ့ခြင်းကို မည်သည့်အခါမျှ မမြင်ကြသောကြောင့် ယနေ့ ဤနေရာသို့ ရောက်ပြီးသော်လည်း ကမ္ဘာမြေကြီးပေါ်တွင် အဘယ်ကြောင့် အသက် မတည်ရှိကြောင်းကို ၎င်းတို့ နားမလည်ကြပေ။ ယနေ့ စကြဝဠာအတွင်း ငါ လျှောက်လှမ်းစဉ် လူတို့သည် ငါရှိသောနေရာ၏ ကျေးဇူးတော်ကို မွေ့လျော်ခံစားနိုင်ကြပြီး ၎င်းတို့သည် ဤအရာကို အရင်းအဖြစ် သဘောထားကြ၍ အသက်၏အရင်းအမြစ်ကို မည်သည့်အခါမျှ လေ့လာလိုက်စားခြင်းမရှိကြချေ။ ၎င်းတို့အားလုံးသည် အရင်းအဖြစ် ငါပေးသောအရာကို အသုံးပြုကြသော်လည်း တက်ကြွမှု၏ မူရင်းအလုပ်ကို မည်သူမျှ ကြိုးစား၍ လုပ်ဆောင်ခြင်းမရှိပေ။ ၎င်းတို့သည် သဘာဝအရင်းအမြစ်များကို မည်ကဲ့သို့ အသုံးပြုရမည် သို့မဟုတ် ကြီးထွားစေရမည်ကို မသိကြသဖြင့် ၎င်းတို့သည် ခိုကိုးရာမဲ့ဖြစ်ကြသည်။ ငါသည် လူသားအကြားတွင် နေထိုင်သည်၊ လူသားအကြားတွင် အသက်ရှင်သော်လည်း ယနေ့တွင် လူသားသည် ငါ့ကို မသိသေးပေ။ ငါသည် အိမ်နှင့်အလွန်ဝေးလျက်နေသည့် ရလဒ်တစ်ခုအဖြစ် လူတို့သည် ငါ့ကို အကူအညီများစွာ ပေးခဲ့ပြီးသော်လည်း ငါသည် လူသားနှင့် မှန်ကန်သောခင်မင်ရင်းနှီးမှုကို မတည်ဆောက်ရသေးသကဲ့သို့ ဖြစ်သောကြောင့် ငါသည် လူ့လောက၏ မတရားမှုကို ခံစားနေရဆဲဖြစ်သည်၊ ငါ၏အမြင်တွင် လူသားမျိုးနွယ်သည် နောက်ဆုံးတွင် အနှစ်သာရ

ကင်းမဲ့ပြီး လူသားအကြားတွင် တန်ဖိုးတစ်စုံတစ်ရာရှိသော ရတနာဟူ၍ မရှိပေ။ လူ့ဘဝအပေါ် လူတို့၏အမြင် မည်ကဲ့သို့ ရှိကြောင်းကို ငါမသိသော်လည်း အချုပ်အားဖြင့် ငါ၏အမြင်မှာ "အနှစ်သာရကင်းမဲ့သည်" ဟူသော စကားလုံးမှ ခွဲထုတ်၍မရပေ။ ဤအရာကြောင့် လူတို့သည် ငါ့ကို မကောင်း မထင်ကြမည့်အကြောင်း ငါ မျှော်လင့်သည်၊ ငါသည် ထိုကဲ့သို့ပင် ဖြစ်သည်၊ ငါသည် တဲ့တိုးပြောတတ်သည်၊ ငါသည် ကြိုးစား၍ ယဉ်ကျေးသိမ်မွေ့ရန် မနေပေ။ သို့သော်လည်း ငါစဉ်းစားသောအရာတို့ကို ဂရုတစိုက် အာရုံပြုကြရန် လူတို့ကို ငါအကြံပေးသည်၊ အဘယ်ကြောင့်ဆိုသော် ငါ၏နှုတ်ကပတ်တော်များမှာ နောက်ဆုံးတွင် ၎င်းတို့အတွက် အကူအညီ ဖြစ်သောကြောင့်ပေတည်း။ "အနှစ်သာရကင်းမဲ့ခြင်း" အပေါ် လူတို့၏နားလည်မှုမှာ မည်သို့ဖြစ်ကြောင်းကို ငါမသိပေ။ ငါ၏မျှော်လင့်ချက်မှာ ၎င်းတို့သည် ဤအမှုတွင် အနည်းငယ် ကြိုးပမ်းအားထုတ်ကြမည်ဟူ၍ ဖြစ်သည်။ လူ့ဘဝကို အမှန်တကယ် တွေ့ကြုံခံစားပါက ၎င်းတို့ အကျိုးရှိမည်ဖြစ်ပြီး လူ့ဘဝထဲတွင် တန်ဖိုးရှိသော "တွင်းထွက်ပစ္စည်းများ" တစ်စုံတစ်ရာကို ၎င်းတို့ ရှာဖွေနိုင်ခြင်း ရှိမရှိ မြင်ကြမည်ဖြစ်သည်။ ငါသည် လူတို့၏အပြုသဘောဆောင်ခြင်းကို လျှော့နည်းစေရန် ကြိုးစားနေသည်မဟုတ်ပေ၊ ငါသည် ၎င်းတို့အား ငါ၏နှုတ်ကပတ်တော်များ၌ အသိပညာ အချို့ရစေလိုခြင်းသာဖြစ်သည်။ ငါသည် လူသားများ၏ အရေးကိစ္စများအလို့ငှာ အမြဲအပူတပြင်း ဖြစ်နေသော်လည်း ယနေ့ ဤနေရာသို့ ရောက်ပြီးလျှင်လည်း လူတို့သည် ကျေးဇူးတင်စကား တစ်ခွန်းကို မပြောရသေးချေ၊ ၎င်းတို့မှာ အလွန်အလုပ်ရှုပ်နေသကဲ့သို့ ဖြစ်ကြ၍ ဤအရာကို မေ့လျော့ခဲ့ပြီးဖြစ်သည်။ ယနေ့ပင်လျှင် လူတို့သည် တစ်နေ့ကုန် ဟိုဟိုသည်သည်အပူတပြင်းလုပ်ဆောင်ခြင်းဖြင့် မည်သည့်အကျိုးကို ရရှိခဲ့ပြီးကြောင်းကို ငါမသိသေးပေ။ ယနေ့တိုင်အောင် ငါသည် လူတို့၏စိတ်နှလုံးထဲ၌ နေရာတစ်ခု မရှိသေးသဖြင့် နောက်ထပ်တဖန် အတွေးနက်ရလေသည်။ ငါသည် "လူတို့၌ ငါ့ကို စစ်မှန်စွာ ချစ်သောစိတ်နှလုံးတစ်ခု အဘယ်ကြောင့်မရှိကြောင်း" သုတေသနပြုသည့်အမှုကို စတင်စီစဉ်နေပြီဖြစ်သည်၊ ငါသည် လူသားကို "ခွဲစိတ်စားပွဲ" ပေါ်သို့ မတင်ကာ၊ သူ၏ "စိတ်နှလုံး" ကို ခွဲစိတ်လေ့လာပြီး ငါ့ကို စစ်မှန်စွာချစ်ရန်အတွက် သူ၏စိတ်နှလုံးထဲတွင် မည်သည့်အရာက လမ်းကြောင်း ပိတ်ဆို့နေကြောင်းနှင့် ဟန့်တားနေကြောင်းကို ကြည့်မည်။ "ခွဲစိတ်ဓား" ၏သက်ရောက်မှုအောက်တွင် လူတို့သည် ၎င်းတို့၏မျက်လုံးများကို ဖျစ်ညှစ်၍မှိတ်ကာ ငါစတင်ရန် စောင့်ဆိုင်းနေကြသည်၊ အဘယ်ကြောင့်ဆိုသော် ဤအချိန်တွင် ၎င်းတို့သည် လုံးလုံးလျားလျား အလျှော့ပေးခဲ့ပြီးသောကြောင့် ဖြစ်သည်၊ ၎င်းတို့၏စိတ်နှလုံးများထဲတွင် ရောနှောထားသော အခြားအရာများစွာကို ငါရှာတွေ့သည်။

၎င်းတို့၏စိတ်နှလုံးများထဲတွင် ဤအရာများထဲမှ အဓိကအရာမှာ လူတို့၏ကိုယ်ပိုင် အမှုအရာများပင် ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ခန္ဓာကိုယ်အပြင်ဘက်တွင် အနည်းငယ်သော အရာများသာ ရှိကောင်းရှိနိုင်သော်လည်း ၎င်းတို့၏ခန္ဓာကိုယ်အတွင်းမှ အရာများမှာ မရေမတွက်နိုင်လောက်အောင်ပင်ဖြစ်သည်။ လူသား၏စိတ်နှလုံးမှာ လူတို့ လိုအပ်သမျှ ဥစ္စာနေမျိုးဖြင့် ပြည့်လျက်ရှိသည့် သိုလှောင်ရန် သေတ္တာပုံးကြီးတစ်ပုံးကဲ့သို့ ဖြစ်သည်။ ထိုအခါမှသာ လူတို့သည် အဘယ်ကြောင့် ငါ့ကို မည်သည့်အခါမျှ တစ်စုံတစ်ရာ အလေးမထားသည့် အကြောင်းကို ငါအမှန်တကယ် နားလည်လာသည်၊ ၎င်းမှာ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မိမိကိုယ်ကို ကြီးစွာရပ်တည်နိုင်သောကြောင့်ဖြစ်သည်၊ ၎င်းတို့သည် ငါ၏အကူအညီကို ယူရန် အဘယ်လိုအပ်ချက် ရှိဦးမည်နည်း။ ထို့ကြောင့်ငါသည် လူသားထံမှ ထွက်ခွာခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် လူတို့သည် ငါ၏အကူအညီကို မလိုအပ်ကြခြင်းကြောင့်ဖြစ်သည်၊ ငါသည် အဘယ်ကြောင့် ရဲရင့်သောမျက်နှာတစ်ခုကို တင်းထားပြီး ၎င်းတို့ကို ငါ့အား မုန်းစေရန်ပြုရမည်နည်း။

မည်သူသည် အဘယ်ကြောင့်ဖြစ်ကြောင်းကို သိမည်နည်း၊ သို့သော်လည်း ငါသည် လူသားအကြားတွင် စကားပြောရန် အမြဲလိုလိုလားလားရှိခဲ့သည်၊ ၎င်းမှာ ငါသည် မပြုဘဲမနေနိုင်သကဲ့သို့ဖြစ်သည်။ ဤအကြောင်းကြောင့် လူတို့သည် ငါ့ကို တန်ဖိုးမရှိဟု မြင်ကြပြီး ငါ့ကို တန်ဖိုးမရှိသည့် အရာတစ်စုံတစ်ခုအဖြစ် အမြဲသဘောထားကြသည်၊ ၎င်းတို့သည် ငါ့ကို ရိုသေလေးစားရမည့် အရာတစ်စုံတစ်ခုအဖြစ် သဘောမထားကြပေ။ ၎င်းတို့သည် ငါ့ကို မမြတ်နိုးကြသည့်အပြင် ငါ့ကို အိမ်သို့ အချိန်မရွေး တရွတ်တိုက်ဆွဲလာကြပြီး ငါ့ကို တဖန် အပြင်သို့ လွှင်ပစ်လေသည်၊ လူရှေ့သူရှေ့တွင် ငါ့ကို “ဖော်ထုတ်” ကြလေသည်။ လူသား၏ယုတ်ညံ့သော အပြုအမူကြောင့် ငါ၌အဆုံးစွန်သော စက်ဆုပ်ရွံရှာမှု ရှိသဖြင့် လူသား၌ သြတ္တပ္ပစိတ်မရှိကြောင်းကို ရိုးစင်းစွာ ငါဆိုခြင်းဖြစ်သည်။ သို့သော်လည်း လူတို့သည် ခေါင်းမာကြသည်၊ ၎င်းတို့သည် ၎င်းတို့၏ “ဓားများနှင့် လှံများ” ကို ယူပြီး ငါနှင့် တိုက်ပွဲဆင်နွဲကာ ငါ၏နှုတ်ကပတ်တော်များသည် လက်တွေ့အနေအထားများနှင့် ကွဲပြားခြားနားကြောင်း ဆိုကြသည်၊ ငါသည် ၎င်းတို့ကို သားပုပ်လေလွင့်ပြောကြသည်၊ သို့သော်လည်း ငါသည် ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်သော အပြုအမူ၏ ရလဒ်ကြောင့် ၎င်းတို့အပေါ် ပုံအောရှ် အပြစ်ဒဏ်ပေးခြင်း မပြုပေ။ ငါသည် လူတို့ကို စည်းရုံးနိုင်ရန်၊ ၎င်းတို့အား ၎င်းကိုယ်ကိုယ် အရှက်ရစေရန် ငါ၏သမ္မာတရားများကို အသုံးပြုရုံမျှသာဖြစ်သည်၊ ယင်းနောက်တွင် ၎င်းတို့သည် တိတ်ဆိတ်စွာ နောက်ဆုတ်ကြလေသည်။ ငါသည် လူသားနှင့် ယှဉ်ပြိုင်ခြင်း မပြုပေ၊ အဘယ်ကြောင့်ဆိုသော်

ထိုအရာ၌ အကျိုးကျေးဇူး မရှိခြင်းကြောင့် ဖြစ်သည်။ ငါသည် ငါ၏တာဝန်ကို လိုက်နာပြီး
လူသားသည်လည်း သူ၏တာဝန်ကို လိုက်နာနိုင်ပြီး ငါ့ကို မဆန့်ကျင်မည့်အကြောင်း
ငါမျှော်လင့်သည်။ ဤကဲ့သို့ ငြိမ်းချမ်းစွာ သင့်မြတ်နေသည်မှာ ပို၍မကောင်းသလော။
ငါတို့၏ဆက်ဆံရေးကို အဘယ်ကြောင့် ထိခိုက်စေမည်နည်း။ ငါတို့သည်
ဤနှစ်ကာလများတစ်လျှောက် သင့်မြတ်ခဲ့ကြသည်၊ ငါတို့နှစ်ဦးအတွက် ပြဿနာဖြစ်စေရန်
အဘယ်ကြောင့်လိုအပ်မည်နည်း။ ၎င်းမှာ ငါတို့၏ဂုဏ်သတင်းတစ်ခုစီအတွက် အကျိုးမဲ့မည်
မဟုတ်သလော။ ငါတို့၏ဆက်ဆံရေးမှာ နှစ်ကာလကြာရှည်သော
"သက်တမ်းရင့်သောခင်မင်ရင်းနှီးမှု"၊ "သက်တမ်းရင့်သောအကျွမ်းဝင်မှု" တစ်ခုဖြစ်သည်၊
မပြေမလည်မှုများကြောင့် ခွဲခွာရန် အဘယ်လိုအပ်ချက် ရှိဦးမည်နည်း။ ဤအရာ၌
အကျိုးအမြတ် ရှိသလော။ လူတို့သည် အကျိုးသက်ရောက်မှုကို အာရုံပြုရန်၊ ၎င်းတို့အတွက်
မည်သည့်အရာမှာ ကောင်းကြောင်းကို ၎င်းတို့ သိကြရန် ငါမျှော်လင့်သည်။ ယနေ့
လူသားအပေါ် ငါ၏သဘောထားမှာ လူသား၏ တစ်သက်တာ ဆွေးနွေးမှုအတွက်
လုံလောက်ပေသည်၊ လူတို့သည် ငါ၏ကြင်နာစိတ်ကို အဘယ်ကြောင့် အသိအမှတ်ပြုရန်
အမြဲပျက်ကွက်ကြသနည်း။ ၎င်းမှာ ၎င်းတို့၌ ဖော်ပြသည့်တန်ခိုးများ ကင်းမဲ့ခြင်းကြောင့်
ဖြစ်သလော။ ၎င်းတို့၌ လုံလောက်သော ဝေါဟာရ မရှိသလော။ ၎င်းတို့သည် အဘယ်ကြောင့်
အမြဲ ဘာပြောရမှန်းမသိ ဖြစ်နေကြသနည်း။ ငါသည် ငါ့ကိုယ်ငါ မည်သို့ ပြုမူနေထိုင်ပုံကို
မည်သူ မသိနားမလည်သနည်း။ လူတို့သည် ငါ၏လုပ်ဆောင်မှုများကို အပြည့်အဝ သိကြသည်။
၎င်းတို့သည် အခြားသူများအပေါ် အမြဲအခွင့်ကောင်းယူလိုခြင်းသာ ဖြစ်သောကြောင့်
၎င်းတို့၏စိတ်ဝင်စားမှုများကို မည်သည့်အခါမျှ ဘေးဖယ်ထားရန်
လိုလိုလားလားမရှိကြခြင်းဖြစ်သည်၊ အကယ်၍ နှုတ်ကပတ်တော်တစ်လုံးသည်
၎င်းတို့၏စိတ်ဝင်စားမှုများကို ထိတွေ့သည့်အခါ ၎င်းတို့သည် အသာစီးရပြီးသည့်အချိန်အထိ
လျှော့ရန် ငြင်းဆိုကြသည်၊ ထိုအရာ၌ မည်သည့် အဓိပ္ပာယ်ရှိသနည်း။ ၎င်းကို မည်မျှ
ပေးနိုင်သည်ကို ယှဉ်ပြိုင်မည့်အစား လူတို့သည် ၎င်းတို့ မည်မျှ ရနိုင်သည့်အပေါ်
ယှဉ်ပြိုင်ကြသည်။ ၎င်းတို့၏အဆင့်အတန်းတွင် ပျော်ရွှင်မှု မရှိသော်လည်း ၎င်းကို
အလွန်မြတ်နိုးကြပြီး ၎င်းကို တန်ဖိုးမဖြတ်နိုင်သောရတနာတစ်ပါးအဖြစ်ပင်
သဘောထားကြသည်၊ ထို့ကြောင့် ၎င်းတို့သည် အဆင့်အတန်း ကောင်းချီးမင်္ဂလာများကို
လက်လွှတ်မည့်အစား ငါ၏ပြစ်တင်ဆုံးမခြင်းကို ပို၍ခံလိုကြသည်။ လူတို့သည်
၎င်းတို့ကိုယ်ကိုယ် အလွန်အထင်ကြီးကြသောကြောင့် ၎င်းတို့ကိုယ်ကိုယ် မည်သည့်အခါမျှ
ဘေးဖယ်ထားရန် အလိုမရှိကြပေ။ လူသားအပေါ် ငါ၏သုံးသပ်မှုတွင် အသေးအမွှား

အမှားအချို့ရှိကောင်းရှိနိုင်သည်၊ သို့မဟုတ် ၎င်းမှာ ကွက်တိ ကိုက်ညီနိုင်သည်၊ သို့သော်လည်း အတိုချုပ်အားဖြင့်ဆိုပါက ငါ၏မျှော်လင့်ချက်မှာ လူတို့သည် ဤအရာကို သတိပေးချက်တစ်ခုအဖြစ် သဘောထားရန် ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ မေလ ၂၁ ရက်

# အခန်း ၄၅

ငါသည် တစ်ကြိမ်တစ်ခါက ငါ၏အိမ်၌ ပြိုင်ဘက်ကင်းသောကြွယ်ဝမှုများ ရှိ၍ ၎င်းမှပျော်ရွှင်မှုကို ရရှိစေရန် အိမ်အတွင်း ထိုသို့ တန်ဆာဆင်စေရေးအတွက် ထားရှိရန် ကုန်စည်ကောင်းများကို ငါရွေးချယ်ခဲ့၏။ သို့သော်လည်း ငါ့အပေါ် လူသား၏သဘောထားနှင့် လူတို့၏ကြံရွယ်ချက်များကြောင့် ငါ၌ ရွေးချယ်စရာ မရှိဘဲ ဤအမှုကို ဘေးချိတ်ကာ အခြားအမှုကို ပြုရန်အကြောင်း ဖြစ်ခဲ့သည်။ ငါသည် ငါ၏အမှုပြီးမြောက်စေရန် လူ၏ ကြံရွယ်ချက်များကို အသုံးပြုမည်၊ ငါ့ကို အစေခံရန် အရာခပ်သိမ်းကို ငါကိုယ်တွယ်ပြီး ရလဒ်တစ်ခုအဖြစ် ငါ၏အိမ်မှာ စိတ်ပျက်စရာနှင့် အထီးကျန်ခြင်း မရှိတော့စေရန် ငါပြုမည်။ ငါသည် တစ်ကြိမ်တစ်ခါက လူတို့အကြားတွင် စောင့်ကြည့်ခဲ့သည်၊ ဇာတိပကတိနှင့် အသွေး၌ ဖြစ်တည်သမျှမှာ မိန်းမောဖွယ်ဖြစ်ခဲ့သည်၊ ငါတည်ရှိခြင်း၏ ကောင်းချီးမင်္ဂလာကို ခံစားခဲ့ရသည့် အရာတစ်စုံတစ်ခုမျှ မရှိခဲ့ပေ။ လူတို့သည် ကောင်းချီးမင်္ဂလာများအကြား၌ အသက်ရှင်သော်လည်း ၎င်းတို့သည် ကောင်းချီးမင်္ဂလာ မည်မျှခံစားကြရကြောင်းကို မသိကြပေ။ အကယ်၍ လူသားမျိုးနွယ်အပေါ် ငါ၏ကောင်းချီးမင်္ဂလာများသည် ယနေ့တိုင်အောင် မတည်ရှိခဲ့ပါက လူသားမျိုးနွယ်ထဲမှ မည်သူသည် ပျက်စီးခြင်းမရှိဘဲ လက်ရှိအချိန်အထိ အသက်ရှင်နိုင်ခဲ့မည်နည်း။ လူသားအသက်ရှင်ခြင်းမှာ ငါ၏ကောင်းချီးမင်္ဂလာ ဖြစ်ပြီး၊ သူသည် ငါ၏ကောင်းချီးမင်္ဂလာများအကြား၌ အသက်ရှင်ကြောင်း ဆိုလိုသည်၊ အဘယ်ကြောင့်ဆိုသော် သူ၌ မူလက မည်သည့်အရာမျှ မရှိ၊ ကောင်းကင်ဘုံနှင့် မြေကြီးအကြားတွင် အသက်ရှင်ရန် မူလက အရင်းမရှိသောကြောင့် ဖြစ်သည်၊ ယနေ့ ငါသည် လူကို ဆက်လက်၍ ကူညီပြီး ဤအရာကြောင့်သာလျှင် လူသားသည် ငါ့ရှေ့တွင် အမှန်တကယ် ရပ်နိုင်ခြင်းဖြစ်၍ သေခြင်းမှ လွတ်မြောက်သည်မှာ ကံအကြောင်းလှခြင်းဖြစ်သည်။ လူတို့သည် လူသား၏တည်ရှိခြင်း၏ လျှို့ဝှက်ချက်များကို ပေါင်းရုံးသုံးသပ်ခဲ့ပြီးသော်လည်း ဤအရာမှာ ငါ၏ကောင်းချီးမင်္ဂလာဖြစ်ကြောင်းကို မည်သူမျှ

တစ်ကြိမ်တစ်ခါပင်လျှင် သတိမူမိခဲ့ဖူးခြင်း မရှိပေ။ ရလဒ်အနေဖြင့် လူအပေါင်းသည် ကမ္ဘာလောကကြီးအတွင်း မတရားမှုကို ကျိန်ဆဲကြသည်၊ ၎င်းတို့အားလုံးသည် ၎င်းတို့၏ အသက်တာများထဲ၌ မပျော်ရွှင်မှုကြောင့် ငါ့အကြောင်းကို ညည်းတွားကြသည်။ ငါ၏ကောင်းချီးမင်္ဂလာများကြောင့်သာ မဟုတ်ခဲ့ပါက ယနေ့ကို မည်သူ မြင်ခဲ့လိမ့်မည်နည်း။ လူတို့သည် သက်သောင့်သက်သာရှိမှုအလယ်တွင် အသက်မရှင်နိုင်ကြသဖြင့် ၎င်းတို့အားလုံးသည် ငါ့အကြောင်းကို ညည်းတွားကြသည်။ အကယ်၍ လူသား၏အသက်တာသည် တောက်ပပြီး အပူအပင်မရှိခဲ့ပါက၊ အကယ်၍ နွေးထွေးသော "နွေဦးလေပြင်း" ကို လူသား၏စိတ်နှလုံးထဲသို့ စေလွှတ်ပြီး သူ၏တစ်ကိုယ်လုံး၌ လွန်ကဲသောသာယာမှုကို ဖြစ်စေ၍ သူ့ကို အနည်းငယ်မျှ နာကျင်မှု မရှိစေပါက လူသားအကြားတွင် မည်သူသည် ညည်းတွား၍ သေလိမ့်မည်နည်း။ လူတို့၌ အလွန်မြောက်မြားစွာသော ကလိမ်ကကျစ်အကြံအစည်များ ရှိကြပြီး ယင်းအကြံအစည်များမှာ တစ်စုံတစ်ဦး၏ဦးခေါင်းကို အမှန်တကယ် ချာချာလည်စေလောက်သဖြင့် ငါသည် လူသား၏အကြွင်းမဲ့ရိုးသားမှုကို ရရန် အလွန်အခက်ကြုံရသည်။ သို့သော်လည်း ၎င်းတို့အား ငါကန့်ကွက်သည့်အခါ ၎င်းတို့သည် ငါ့ကို ဥပေက္ခာပြုကြသည်၊ ငါ့ကို အရေးမစိုက်ကြပေ၊ အဘယ်ကြောင့်ဆိုသော် ငါ၏ကန့်ကွက်ချက်များမှာ ၎င်းတို့၏စိတ်ဝိညာဉ်များကို တို့ထိခဲ့ပြီး ဦးခေါင်းမှခြေချောင်းအထိ စိတ်ဓာတ်ကိုမြှင့်တင်နိုင်စွမ်း မရှိစေခြင်းကြောင့် ဖြစ်သည်၊ ထို့အပြင် ငါသည် ၎င်းတို့ကို "နှိပ်စက်" ရသည်ကို အမြဲနှစ်ခြိုက်သောကြောင့် လူတို့သည် ငါ၏တည်ရှိမှုကို စက်ဆုပ်ကြသည်။ ငါ၏နှုတ်ကပတ်တော်များကြောင့် လူတို့သည် သီဆိုကခုန်ကြသည်၊ ငါ၏နှုတ်ကပတ်တော်များကြောင့် ၎င်းတို့သည် နှုတ်ဆိတ်၍ ခေါင်းငုံ့ကြပြီး ငါ၏နှုတ်ကပတ်တော်များကြောင့် ၎င်းတို့သည် ဖြုန်းခနဲငိုကြွေးကြသည်။ ငါ၏နှုတ်ကပတ်တော်များ၌ လူတို့သည် မျှော်လင့်ချက်ပျက်ပြားကြသည်၊ ငါ၏နှုတ်ကပတ်တော်များ၌ ၎င်းတို့သည် ဆက်လက်ရှင်သန်ရန်အတွက် အလင်းကို ရကြသည်၊ ငါ၏နှုတ်ကပတ်တော်များကြောင့် ၎င်းတို့သည် လူးလှိမ့်ကြသည်၊ နေ့ညမပြတ် အိပ်ရေးပျက်ကြပြီး၊ ငါ၏နှုတ်ကပတ်တော်များကြောင့် ၎င်းတို့သည် ဟိုဟိုသည်သည် အပြေးအလွှားသွားကြသည်။ ငါ၏နှုတ်ကပတ်တော်များသည် လူတို့ကို မရဏာနိုင်ငံထဲသို့ ထိုးဆင်းစေပြီးနောက် ၎င်းတို့ကို ပြစ်တင်ဆုံးမခြင်းထဲသို့ ထိုးဆင်းစေသည်၊ သို့သော်လည်း လူတို့သည် ယင်းကိုသတိမပြုမိဘဲ ငါ၏ကောင်းချီးမင်္ဂလာများကိုလည်း ခံစားကြသည်။ ဤအရာကို လူသား ရယူနိုင်သလော။ ၎င်းသည် လူတို့၏ မမောနိုင်မပန်းနိုင်သော ကြိုးပမ်းအားထုတ်မှုများကို တုံ့ပြန်သည့်အနေဖြင့် လာနိုင်သလော။

ငါ၏နှုတ်ကပတ်တော်များ၏ စီစဉ်ညွှန်ကြားခြင်းများမှ အဘယ်သူ လွတ်မြောက်နိုင်သနည်း။ ဤအကြောင်းကြောင့် လူ၏အားနည်းချက်များကြောင့် ငါသည် လူသားမျိုးနွယ်အပေါ် ငါ၏နှုတ်ကပတ်တော်များကို ပေးအပ်ကာ၊ ငါ၏နှုတ်ကပတ်တော်များကြောင့် လူသား၏ပျော့ကွက်များကို အားဖြစ်စေခြင်းဖြစ်၍ လူသားမျိုးနွယ်၏အသက်တာတွင် ပြိုင်ဘက်ကင်းသောကြွယ်ဝမှုများကို ယူဆောင်လာခြင်းဖြစ်သည်။

ငါသည် လူတို့၏ စကားလုံးများနှင့် ပြုမူပုံများကို မကြာခဏ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးသည်။ ၎င်းတို့၏အပြုအမူနှင့် မျက်နှာအမူအရာများတွင် ငါသည် များစွာသော "နက်နဲမှုများ" ကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။ လူတို့၏ အခြားသူများနှင့် အပြန်အလှန်တုံ့ပြန်မှုများတွင် "လျှို့ဝှက်နည်းနာများ" ကို လက်တွေ့ကျကျ အသားပေးထားခြင်းကြောင့် ငါသည် လူတို့နှင့် ထိတွေ့ဆက်ဆံသောအခါ ငါရသောအရာမှာ "လူအချင်းချင်း အပြန်အလှန်တုံ့ပြန်ခြင်း၏ လျှို့ဝှက်နည်းနာများ" ဖြစ်သည်၊ ၎င်းမှာ လူသားသည် ငါ့ကို မချစ်ကြောင်းကို ပြသခြင်းဖြစ်သည်။ ငါသည် လူသားကို သူ၏အားနည်းချက်များကြောင့် မကြာခဏ အပြစ်ဖော်ဆိုးမသော်လည်း ငါသည် သူ၏ယုံကြည်မှုကို ရနိုင်စွမ်းမရှိသေးချေ။ လူသားသည် ငါ့အား သူ့ကို သတ်ဖြတ်ခွင့်ပေးရန် လိုလိုလားလားမရှိပေ၊ အဘယ်ကြောင့်ဆိုသော် လူသား၏ "လူအချင်းချင်း အပြန်အလှန်တုံ့ပြန်ခြင်း၏ လျှို့ဝှက်နည်းနာများ" ထဲတွင် လူသားသည် ဆိုးရွားသောဘေးဒုက္ခတစ်ခုကို ခံစားခဲ့ဖူးကြောင်း မည်သည့်အခါမျှ ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိသောကြောင့် ဖြစ်သည်၊ သူသည် ကံအကြောင်းမလှသည့် အချိန်ကာလများအတွင်း အနှောင့်အယှက် အနည်းငယ်ကိုသာ ခံစားခဲ့ဖူးခြင်းဖြစ်သည်။ ငါ၏နှုတ်ကပတ်တော်များကြောင့် လူတို့သည် အော်ဟစ်ကြပြီး ၎င်းတို့၏တောင်းပန်မှုများတွင် ငါ၏အကြင်နာမဲ့ခြင်းနှင့်ပတ်သက်၍ မကျေနပ်ချက်များ အမြဲလိုလို ပါဝင်သည်။ ၎င်းတို့အားလုံးသည် လူသားအပေါ် ငါ၏စစ်မှန်သော "ချစ်ခြင်းမေတ္တာ" ကို ရှာဖွေနေကဲ့သို့ ဖြစ်သည်၊ သို့သော် ၎င်းတို့သည် ငါ၏ချစ်ခြင်းမေတ္တာကို ငါ၏ခက်ထန်သောနှုတ်ကပတ်တော်များထဲတွင် အဘယ်သို့ ရှာတွေ့နိုင်မည်နည်း။ ရလဒ်အနေဖြင့် ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များကြောင့် အမြဲတစေ မျှော်လင့်ချက် ပျောက်ဆုံးကြသည်။ ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များကို ဖတ်လျှင်ဖတ်ချင်း "သေမင်းတမန်" ကို ရှုမြင်ရသကဲ့သို့ ဖြစ်သောကြောင့်ကြောက်ရွံ့ခြင်းဖြင့် တုန်လှုပ်ကြသည်။ ဤအရာသည် ငါ့ကို စိတ်မချမ်းမြေ့စေ၏၊ သေခြင်းတရားအလယ်၌ အသက်ရှင်သော ဇာတိပကတိလူတို့သည် အဘယ်ကြောင့် သေခြင်းတရားကို အမြဲ ကြောက်ရွံ့ကြသနည်း။

လူသားနှင့် သေခြင်းတရားမှာ နာကြည်းသောရန်သူများ ဖြစ်ကြသလော။ သေခြင်းတရားကို ကြောက်ရွံ့ခြင်းသည် အဘယ်ကြောင့် လူတို့ကို သောက အမြဲဖြစ်စေသနည်း။ ၎င်းတို့အသက်တာများ၏ "ထူးခြားသော" အတွေ့အကြုံများတစ်လျှောက်တွင် ၎င်းတို့သည် သေခြင်း အနည်းငယ်ကိုသာ တွေ့ကြုံကြရသလော။ ၎င်းတို့ပြောသောအရာတွင် လူတို့သည် ငါ့အကြောင်းကို အဘယ်ကြောင့် အမြဲ ညည်းတွားကြသနည်း။ ထို့ကြောင့် လူတို့သည် ငါ့အပေါ် အနည်းငယ်မျှသာ နာခံကြသဖြင့် ၎င်းတို့သည် ငါ့ကို အစဉ်မုန်းတီးကြသည်ဟူ၍ လူ့ဘဝအတွက် စတုတ္ထမြောက် ဆောင်ပုဒ်ကို ငါအကျဉ်းချုပ်သည်။ လူသား၏အမုန်းကြောင့် ငါမကြာခဏ စွန့်ခွာခြင်းဖြစ်သည်။ ငါသည် အဘယ်ကြောင့် ငါ့ကိုယ်ငါ ဤအမုန်းခံစေရမည်နည်း။ ငါသည် လူတို့အထဲတွင် စက်ဆုပ်ခြင်းကို အဘယ်ကြောင့် အမြဲတစေ ဆွပေးရမည်နည်း။ လူတို့သည် ငါ၏တည်ရှိမှုကို ဝမ်းမြောက်ဝမ်းသာစွာ လက်မခံသည့်အတွက် ငါသည် ရဲရင့်သောမျက်နှာထားဖြင့် လူသား၏အိမ်ထဲတွင် အဘယ်ကြောင့် နေရမည်နည်း။ ငါ၏ "အထုပ်အပိုး" ကို ယူကာ လူသားကို စွန့်ခွာရန်မှအပ ငါ၌ ရွေးချယ်စရာမရှိပေ။ သို့သော်လည်း လူတို့သည် ငါ့ကို သွားခွင့်ပေးရန် ခံနိုင်ရည်မရှိကြပေ၊ ငါစွန့်ခွာမည်ကို ၎င်းတို့ မည်သည့်အခါမျှ အလိုမရှိကြပေ၊ ငါထွက်သွားမည်ကို လွန်စွာစိုးရိမ်ကြပြီး ၎င်းတို့ အသက်ရှင်ရန် မှီခိုသောအရာ ဆုံးရှုံးရမည်ကိုလည်း လွန်စွာစိုးရိမ်ကြ၍ ၎င်းတို့သည် မြည်တမ်း၍ တရှိုက်ရှိုက်ငိုကြွေးကြသည်။ ၎င်းတို့၏အနူးအညွတ်တောင်းပန်သော အကြည့်ကို ကြည့်ပြီး ငါ၏စိတ်နှလုံး ပျော့ပျောင်းလာသည်။ လောကပင်လယ်များ၏အလယ်တွင် မည်သူသည် ငါ့ကို ချစ်နိုင်စွမ်းရှိသနည်း။ လူသားသည် ညစ်ညမ်းသောရေဖြင့် ဖုံးအုပ်ခြင်းနှင့် ပင်လယ်စွမ်းအား၏ လွှမ်းခြုံထားခြင်းကို ခံရသည်။ ငါသည် လူသား၏မနာခံခြင်းကို စက်ဆုပ်သော်လည်း လူသည် အဆုံးတွင် သားကောင်တစ်ကောင် ဖြစ်နေသေးခြင်းကြောင့် ငါသည် လူသားမျိုးနွယ်အားလုံး၏ ကံအကြောင်းမလှခြင်းအတွက်လည်း သနားကရုဏာသက်မိသည်။ ငါသည် လူသားကို သူအားနည်းပြီး အစွမ်းတန်ခိုး မရှိသောအချိန်တွင် အဘယ်သို့ ရေထဲ ပစ်ချနိုင်မည်နည်း။ သူ အောက်ရောက်နေသောအခါ ငါသည် သူ့ကို ခြေဖြင့်ကန်ရလောက်အောင်ပင် အလွန် ရက်စက်သလော။ ငါ၏စိတ်နှလုံးသည် အလွန်အကြင်နာမဲ့သလော။ လူသားမျိုးနွယ်အပေါ် ငါ၏သဘောထားကြောင့် လူသားသည် ငါနှင့်အတူ ဤခေတ်ကာလထဲသို့ ဝင်ရောက်ရခြင်း ဖြစ်သည်၊ ဤအရာကြောင့် သူသည် ငါနှင့်အတူတကွ ထူးခြားသော ဤနေ့ရက်များနှင့် ညတာများကို ကျော်ဖြတ်ခဲ့ပြီးခြင်းဖြစ်သည်။ ယနေ့တွင် လူတို့သည် ၎င်းတို့၏အသက်တာများထဲ၌ တက်ကြွမှု ရှိပြီး ၎င်းတို့သည် ကမ္ဘာမြေကြီးအစွန်းများအထိ

ခြေဦးတည့်ရာလျှောက်သွားကာ အသုံးကြီးသော သားများ မဟုတ်တော့ခြင်းကြောင့် ၎င်းတို့သည် ဝမ်းမြောက်ခြင်းဖြင့် မချိတင်ကဲဝေဒနာကို ခံကြရသည်၊ ၎င်းတို့၌ ငါ၏ချစ်ခင်မှုအကြောင်း သာ၍ကြီးသောအသိတစ်ခု ရှိကြပြီး ၎င်းတို့သည် ငါ့ကို ကြီးစွာသောအားမာန်ဖြင့် ချစ်ကြသည်။

လူသားနှင့်အတူ နေထိုင်သော ငါ၏နေ့ရက်များတွင် လူတို့သည် ငါ့ကို အမှီပြုကြပြီး ငါသည် အရာခပ်သိမ်း၌ လူသားအပေါ် ထောက်ထားညှာတာပြီး သူ့အပေါ် ငါ၏ပြုစုစောင့်ရှောက်ခြင်းမှာ စေ့စပ်သေချာသောကြောင့် လူတို့သည် ငါ၏နွေးထွေးသော ပွေ့ဖက်မှုတွင် အစဉ် အသက်ရှင်ကြသည်၊ တိုက်ခတ်သောလေ၊ သည်းထန်သောမိုး သို့မဟုတ် တောက်လောင်သောနေ တစ်စုံတစ်ရာကိုမျှ သည်းခံရခြင်း မရှိပေ၊ လူတို့သည် ပျော်ရွှင်မှုအကြားတွင် အသက်ရှင်ကြပြီး ငါ့ကို ချစ်တတ်သောမိခင်တစ်ဦးအဖြစ် သဘောထားကြသည်။ လူတို့သည် ဖန်လုံအိမ်တစ်လုံးထဲမှ ပန်းများကဲ့သို့ ဖြစ်ကြပြီး "သဘာဝဘေးအန္တရာယ်များ" ၏ အပြင်းအထန်တိုက်ခိုက်မှုကို ကြံ့ကြံ့ခိုင်နိုင်စွမ်း လုံးလုံးလျားလျား မရှိဘဲ တစ်ခါမျှ မြဲမြံစွာ ရပ်တည်နိုင်စွမ်းမရှိကြပေ။ ထို့ကြောင့် ငါသည် ၎င်းတို့ကို တဝေါဝေါတိုက်သော စမ်းသပ်မှု ပင်လယ်များအကြားတွင် နေစေသည်၊ ထို့ကြောင့် ၎င်းတို့သည် "တုန်လှုပ်ယိမ်းယိုင်မှု" မစဲဘဲ မနေနိုင်ကြပေ၊ ၎င်းတိုထံ၌ ခုခံနိုင်စွမ်း မရှိလုနီးပါးဖြစ်သည်၊ ထို့အပြင် ၎င်းတို့၏ဝိညာဉ်အသက်တာသည် အလွန်ချို့တဲ့ပြီး ၎င်းတို့၏ခန္ဓာကိုယ်များမှာ အလွန်အားနည်းခြင်းကြောင့် ဝန်ထုပ်ဝန်ပိုးတစ်ခုကို ငါခံစားရသည်။ ဤအကြောင်းကြောင့် လူတို့သည် နုနယ်လွန်းပြီး တဝေါဝေါတိုက်သော လေပြင်းများနှင့် ပူလောင်သောနေကို ဒဏ်ခံနိုင်စွမ်းမရှိသောကြောင့် ၎င်းတို့သည် သတိမပြုမိဘဲ ငါ၏စမ်းသပ်မှုများကို ခံကြရသည်။ ဤအရာမှာ ပစ္စုပ္ပန်မှ ငါ၏အမှုပင် ဖြစ်သည်မဟုတ်လော။ ငါ၏စမ်းသပ်မှုများကို ရင်ဆိုင်ရသည့်အခါ လူတို့သည် အဘယ်ကြောင့် အမြဲတစေ ရုတ်တရက် မျက်ရည်ကျကြသနည်း။ ငါသည် ၎င်းတို့အပေါ် မတရားမှုတစ်ခုကို ပြုနေသလော။ ငါသည် ၎င်းတို့ကို တမင်တကာ သတ်ဖြတ်နေသလော။ လူတို့၏ နှစ်လိုဖွယ်ကောင်းသော အခြေအနေသည် သေဆုံးပြီး အဘယ်ကြောင့် မည်သည့်အခါမျှ ရှင်ပြန်ထမြောက်ခြင်း မရှိသနည်း။ လူတို့သည် မည်သည့်အခါမျှ ၎င်းတို့ ဘာသာ အသက်ရှင်နိုင်စွမ်းမရှိဘဲ၊ ငါ၏လက်ဖြင့် ၎င်းတို့ကို ဦးဆောင်ရန် အစဉ် အခွင့်ပေးပြီး အခြားသူတစ်စုံတစ်ဦး၏ ယူငင်ခြင်းခံရမည်ကို လွန်စွာစိုးရိမ်ကြခြင်းကြောင့် ၎င်းတို့သည် ငါ့ကို အစဉ်ဆုပ်ကိုင်ထားကြပြီး အလွှတ်မပေးကြပေ။ ၎င်းတို့၏ဘဝတစ်ခုလုံးကို ငါလမ်းပြသည်မဟုတ်သလော။ ဝရုန်းသုန်းကားဖြစ်သော ၎င်းတို့၏အသက်တာများအတွင်း

၎င်းတို့ တောင်ထိပ်နှင့် တောင်ကြားကို ဖြတ်ကျော်စဥ် မြောက်မြားစွာသော ပြောင်းဆန်ခြင်းကို တွေ့ကြုံခဲ့ရပြီးဖြစ်သည်၊ ဤအရာသည် ငါ၏လက်မှ လာခဲ့သည် မဟုတ်လော။ လူတို့သည် ငါ၏စိတ်နှလုံးကို အဘယ်ကြောင့် မည်သည့်အခါမျှ နားလည်နိုင်စွမ်း မရှိကြသနည်း။ ငါ၏ကောင်းသောရည်ရွယ်ချက်များကို ၎င်းတို အဘယ်ကြောင့် အမြဲနားလည်မှုလွဲကြသနည်း။ ငါ၏အမှုသည် ကမ္ဘာမြေကြီးပေါ်တွင် အဘယ်ကြောင့် အောင်မြင်စွာ စတင်နိုင်ခြင်း မရှိသနည်း။ လူသား၏အားနည်ခြင်းကြောင့် ငါသည် လူသားကို အမြဲရှောင်ဖယ်ခဲ့ပြီး ထိုအရာသည် ငါ့ကို ဝမ်းနည်းမှုဖြင့် ပြည့်စေသည်၊ ငါ့အမှု၏ နောက်တစ်ဆင့်ကို လူသားထဲ၌ အဘယ်ကြောင့် လုပ်ဆောင်နိုင်ခြင်း မရှိသနည်း။ ထို့ကြောင့် ငါသည် သူ့ကို ဂရုတစိုက် လေ့လာချိန်ဆပြီး နှုတ်ဆိတ်သွားသည်၊ ငါသည် လူသား၏ချွတ်ယွင်းချက်များဖြင့် အစဥ်ဘောင်ခတ်ခံရသနည်း။ ငါ၏အမှု၌ ပိတ်ဆို့မှုများ အဘယ်ကြောင့် အစဥ်ရှိသနည်း။ လူသား၏သဘောထားသည် အစဥ်ပြောင်းလဲနေ၏၊ သူသည် မည်သည့်အခါမျှ ပုံမှန်မဟုတ်ပေ၊ သူသည် ငါ့ကို အကြီးအကျယ် မုန်းတီး၏၊ သို့မဟုတ် ငါ့ကို အဆုံးစွန် ချစ်၏။ ထို့ကြောင့် အဖြေအပြည့်အစုံကို လူထဲ၌ ယနေ့ ငါ မတွေ့သေးခြင်းဖြစ်သည်။ ပုံမှန်ဖြစ်သော ငါ ဘုရားသခင်ကိုယ်တော်တိုင်သည် လူသားထံမှ ယင်းကဲ့သို့ ညှဥ်းပန်းမှုဒဏ်ကို မခံနိုင်ပေ။ လူတို့သည် စိတ်ပိုင်းဆိုင်ရာ အစဥ်ပုံမှန်မဟုတ်ခြင်းကြောင့် ငါသည် လူသားကို အနည်းငယ်ကြောက်ရွံ့သည်ဟု ထင်ရပုံပေါက်သည်၊ ထို့ကြောင့် သူ၏လှုပ်ရှားမှု တစ်ခုချင်းစီကို စောင့်ကြည့်ခြင်းသည် ငါ့အား သူ၏ပုံမှန်မဟုတ်ခြင်းကို တွေးမိစေသည်။ ငါသည် လူသားထဲရှိ နက်နဲမှုကို အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့သည်၊ အမှန်အားဖြင့် သူ၏နောက်ကွယ်၌ ကြိုးကိုင်သူတစ်ဦး ရှိနေသည်၊ ရလဒ်အနေဖြင့် လူတို့သည် တရားမျှတကြောင်းပြနိုင်သောအရာ တစ်စုံတစ်ခုကို ပြုပြီးသည့်အလား အမြဲတစေ ရဲဝံ့ပြီး ယုံကြည်မှုအပြည့်ရှိနေသည်၊ ထို့ကြောင့် လူတို့သည် အရွယ်ရောက်သူတစ်ဦးအဖြစ် အမြဲဟန်ဆောင်ကြပြီး "ကလေးငယ်" အား ကပ်ချွဲကြသည်။ လူ၏မပိမရိဟန်ဆောင်မှုကို ကြည့်ပြီး ငါသည် ဒေါသမထွက်လာဘဲမနေနိုင်ပေ၊ လူတို့သည် အဘယ်ကြောင့် မိမိတို့ကိုယ်ကိုယ် အလွန် ကြင်နာခြင်းနှင့် လေးစားမှု မရှိကြသနည်း။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် အဘယ်ကြောင့် မသိကြသနည်း။ ငါ၏နှုတ်ကပတ်တော်များ ဆိတ်သုဥ်းခဲ့ပြီလော။ ငါ၏နှုတ်ကပတ်တော်များမှာ လူသား၏ရန်သူလော။ လူတို့သည် ငါ၏နှုတ်ကပတ်တော်များကို ဖတ်သည့်အခါ ငါ့အပေါ် အဘယ်ကြောင့် မကျေမချမ်းဖြစ်လာကြသနည်း။ လူတို့သည် ငါ၏နှုတ်ကပတ်တော်များတွင် ၎င်းတို့၏ကိုယ်ပိုင် အတွေးများကို အဘယ်ကြောင့် အမြဲထည့်သွင်းကြသနည်း။ ငါသည် လူသားအပေါ် အလွန်

မလျော်ကန်သလော။ လူအပေါင်းသည် ဤအရာအကြောင်း၊ ငါ၏နှုတ်ကပတ်တော်များအတွင်း ပါဝင်သောအရာများအကြောင်းကို အလေးအနက် ဆင်ခြင်သင့်သည်။

၁၉၉၂ ခုနှစ်၊ မေလ ၂၄ ရက်

# အခန်း ၄၆

လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို ၎င်းတို့၏ ဖြစ်တည်မှု၏ အခြေခံ ဖြစ်စေရာ၌ မည်မျှ ကောင်းစွာ လုပ်ဆောင်နေကြသည်ကို ငါ မသိ။ ငါသည် လူ၏ ကံကြမ္မာအတွက် အမြဲ စိုးရိမ်လျက်ရှိသော်လည်း လူတို့သည် ဤအရာ နှင့်သက်ဆိုင်၍ မည်သည့် အသိစိတ်မျှ မရှိပုံရကြလေသည်- အကျိုးဆက်အနေဖြင့်၊ ၎င်းတို့သည် ငါ၏ လုပ်ဆောင်ချက်များကို မည်သည့်အခါမျှ အလေးဂရုမပြုဖူးသကဲ့သို့၊ လူသားအပေါ် ငါ၏ သဘောထားကြောင့် မည်သည့်အခါတွင်မျှ ကြည်ညိုခြင်း တစ်ခုတစ်လေ မဖြစ်ပေါ်ဖူးပေ။ ၎င်းတို့သည် ငါ၏ စိတ်နှလုံး ကျေနပ်စေရန် အချိန်ကြာမြင့်စွာက စိတ်ခံစားချက်ကို ခါချခဲ့ကြပြီးသည့်အလား ဖြစ်သည်။ ထိုသို့သော အခြေအနေများကို ရင်ဆိုင်ရလျက်၊ ငါသည် နောက်ထပ်တဖန် နှုတ်ဆိတ်ရလေ၏။ ငါ၏ နှုတ်ကပတ်တော်များသည် လူတို့၏ အရေးထားမှု၊ တိုး၍ ဝင်ရောက်မှုနှင့် အဘယ်ကြောင့် မထိုက်တန်ရသနည်း။ ယင်းမှာ ငါသည် “လက်တွေ့အရှိတရား”မရှိသကဲ့သို့ ငါသည် လူတို့အား ဆန့်ကျင်လျက် အသုံးပြုနိုင်သည့် အရာတစ်စုံတစ်ခုကို ရှာရန် ကြိုးစားနေသောကြောင့် ဖြစ်သလော။ လူတို့သည် အဘယ်ကြောင့် ငါ့အား “အထူး ဆက်ဆံမှု” အမြဲ ပေးသနည်း။ ငါသည် မိမိ၏ ကိုယ်ပိုင် အထူးလူနာဆောင်ထဲတွင်ရှိသည့် လူမမာတစ်ဦး ဖြစ်သလော။ အမှုအရာများသည် ၎င်းတို့ ယနေ့ ရှိကြသည့် အဆင့်သို့ ရောက်ရှိပြီးချိန်တွင်၊ လူတို့သည် အဘယ်ကြောင့် ငါ့အား တမူထူးခြားစွာ ကြည့်ကြဆဲ ဖြစ်သနည်း။ လူသားအပေါ် ငါ၏ သဘောထား၌ အမှားတစ်ခု ရှိသလော။ ယနေ့တွင်၊ ငါသည် စကြဝဠာများ၏ အထက်တွင် အမှုသစ်ကို စတင်လေပြီ။ ငါသည် ကမ္ဘာမြေကြီးပေါ် ရှိ လူတို့အား အသစ်သော အစပြုခြင်း တစ်ခုကို ပေးပြီးဖြစ်သကဲ့သို့၊ ငါ၏ အိမ်မှ ၎င်းတို့အားလုံး ထွက်သွားရန် ငါ စေခိုင်းပြီး ဖြစ်သည်။ လူတို့သည် အမြဲတစေ မိမိတို့ကိုယ်ကိုယ် အလိုလိုက်ရန် နှစ်သက်ကြသောကြောင့်၊ ငါသည် ၎င်းတို့အား မိမိတို့ကိုယ်ကိုယ် သိကြရန် နှင့် ငါ၏ အမှုကို အမြဲ မနှောင့်ယှက်ကြရန် အကြံပြုသည်။ ငါ ဖွင့်ထားပြီးသော “ဧည့်ရိပ်သာ” ထဲတွင် လူတို့သည် ငါ့ကို အမြဲ

ပြဿနာရှာပြီး စိတ်ပျက်စေသောကြောင့်၊ လူသားထက် ငါ၏ စက်ဆုပ်မှုကို မည်သည့်အရာကမျှ မလှုံ့ဆော်ပေးပေ။ ၎င်းတို့၏ အပြုအမူသည် ငါ့အပေါ် အရှက်ရစေပြီး ငါသည် မည်သည့်အခါမျှ "ငါ၏ ဦးခေါင်းကို မော့နိုင်ခြင်း" မရှိဖူးပေ။ ထို့ကြောင့် ငါ၏ အိမ်မှ ၎င်းတို့ ဖြစ်နိုင်သမျှ မြန်မြန် ထွက်သွားကြရန် နှင့် ငါ၏ အစာကို အခမဲ့ စားခြင်းအား ရပ်တန့်ရန် တောင်းဆိုလျက်၊ ၎င်းတို့ကို ငါ အေးအေးဆေးဆေး စကားပြော၏။ အကယ်၍ ၎င်းတို့ ဆက်နေရန် ဆန္ဒရှိပါက၊ ၎င်းတို့သည် ဒုက္ခဆင်းရဲကို ကြုံရမည်ဖြစ်ပြီး၊ ငါ၏ ပြစ်တင်ဆုံးမခြင်းကို သည်းခံရမည် ဖြစ်သည်။ ၎င်းတို့၏ စိတ်များထဲတွင် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ငါသည် အလျှင်း မသိသကဲ့သို့ နားမလည်ပေ၊ ထို့ကြောင့် ၎င်းတို့သည် လဲကျမည့် လက္ခဏာ တစ်ခုတစ်လေမျှ မရှိဘဲ အရေအတွက် ဖြည့်ရန် လူသားအဖြစ် ဟန်ဆောင်ရုံမျှဟန်ဆောင်နေရင်း၊ ငါ့ ရှေ့တွင် ရဲရဲဝံ့ဝံ့ အမြဲရပ်ကြလေပြီ။ လူတို့အား ငါ တောင်းဆိုမှုများပြုသည့်အခါ ၎င်းတို့ အံ့အားသင့်ကြသည်- နှစ်ပေါင်းများစွာ စိတ်ထားကောင်းပြီး ကြင်နာပြီးဖြစ်သည့် ဘုရားသခင်သည် သနားကြင်နာမဲ့ပြီး တရားနည်းလမ်းမကျသည့် ထိုသို့သော နှုတ်ကပတ်တော်များကို ဆိုနိုင်မည်ဟု ၎င်းတို့ မည်သည့်အခါကမျှ မတွေးခဲ့ဖူးကြချေ၊ ထို့ကြောင့် ၎င်းတို့ မှင်တက်ကြလေသည်။ ထိုသို့သော အချိန်များတွင် လူတို့သည် ညည်းတွားခြင်း အလုပ်ကို တစ်ဖန် စတင်ကြပြီးဖြစ်သောကြောင့်၊ ၎င်းတို့၏ စိတ်နှလုံးများထဲရှိ ငါ့အား မုန်းတီးခြင်းသည် နောက်တဖန် ကြီးထွားလာပြီးဖြစ်သည်ကို ငါ မြင်ရသည်။ ၎င်းတို့သည် ကမ္ဘာမြေကြီးကို အမြဲ ကြိမ်းမောင်းကြပြီး၊ ကောင်းကင်ကို ကျိန်ဆဲကြသည်။ သို့သော် ငါသည် ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ချစ်ခြင်း အလွန် ကြီးမားသောကြောင့် ၎င်းတို့၏ စကားများတွင် မိမိတို့ကိုယ်ကိုယ် ကျိန်ဆဲသည့် မည်သည့်အရာကိုမျှ ငါ ရှာမတွေ့ပေ။ ထို့ကြောင့် ငါသည် လူ့ဘဝ၏ အဓိပ္ပာယ်ကို ပေါင်းရုံးသုံးသပ်၏။ လူတို့သည် မိမိတို့ကိုယ်ကိုယ် အလွန် ချစ်ကြသောကြောင့်၊ ၎င်းတို့၏ ဘဝများတစ်ခုလုံးသည် အလွန် မချိတင်ကဲ ဝေဒနာဖြစ်ပြီး အနှစ်သာရမဲ့ကာ၊ ၎င်းတို့သည် ငါ့အား မုန်းတီးခြင်းကြောင့် မိမိတို့ကိုယ်တိုင်၏ ခေါင်းပေါ်သို့ ပျက်စီးခြင်း ဆောင်ကြဉ်းကြလေသည်။

လူသား၏ စကားများထဲတွင် ငါ့အတွက် မဖွင့်ဟသေးသော "ချစ်ခြင်း" ရှိသော်လည်း ဤစကားများကို စစ်ဆေးခြင်းအတွက် "ဓာတ်ခွဲခန်း" ထဲသို့ ငါ ယူသွားပြီး၊ အဏုကြည့်ကိရိယာအောက်တွင် လေ့လာသည့်အခါ၊ ၎င်းတို့အတွင် ပါရှိသမျှအားလုံးသည် အကြွင်းမဲ့ ရှင်းလင်းပြတ်သားမှုဖြင့် ထုတ်ဖော်ပြခံရလေသည်။ ဤအခိုက်အတန့်တွင်၊ ငါသည် ၎င်းတို့အား စစ်မှန်ရိုးသားစွာ ယုံကြည်လက်ခံစေဖို့အလို့ငှာ၊ ၎င်းတို့အား ၎င်းတို့၏

"ဆေးမှတ်တမ်းများ" ကို ကြည့်စေရန် လူသားအလယ် နောက်တစ်ကြိမ် ကြွလာသည်။ လူတို့သည် ယင်းတို့ကို မြင်သည့်အခါ၊ ၎င်းတို့၏ မျက်နှာများသည် ဝမ်းနည်းခြင်းဖြင့် ပြည့်ကြသည်၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် နောင်တရကြပြီး ၎င်းတို့သည် အလွန် စိုးရိမ်ကြောင့်ကြကြသည်မှာ ငါ့ကို ပျော်ရွှင်စေဖို့အလို့ငှာ ၎င်းတို့၏ ဆိုးယုတ်သောလမ်းများကို ချက်ချင်း စွန့်လွှတ်ပြီး၊ မှန်သောလမ်းကြောင်းဆီသို့ ပြန်လာကြရန် တရှုရှု ဖြစ်နေကြသည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်ကို မြင်သည့်အခါ၊ ငါသည် အလွန့်အလွန် ကျေနပ်နှစ်သိမ့်၏။ ငါသည် ဝမ်းမြောက်ခြင်းဖြင့် မွှန်ထူသွားသည်- "ကမ္ဘာမြေကြီးပေါ်တွင်၊ လူသားကလွဲ၍ မည်သူသည် ငါ နှင့်အတူ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်းနှင့် အခက်အခဲတို့ကို မျှဝေခံစားနိုင်သနည်း။ လူသားသည် တစ်ဦးတည်းသောသူ ဖြစ်သည် မဟုတ်လော။" သို့သော် ငါ ထွက်သွားသည့်အခါ၊ လူတို့သည် ၎င်းတို့၏ ဆေးမှတ်တမ်းများကို ဆုတ်ဖြဲကြပြီး၊ ဟန်ပါပါ ထွက်မသွားမီ ကြမ်းပြင်ပေါ် ပစ်ချလိုက်ကြသည်။ ထိုအချိန်ကတည်းက နေ့ရက်များထဲတွင်၊ လူတို့၏ လုပ်ရပ်များထဲတွင် ငါ၏ စိတ်နှလုံး၌ညီညွတ်သော အရာ အနည်းငယ်သာ ငါ မြင်ရလေပြီ။ သို့သော်လည်း ငါ့ ရှေ့က ၎င်းတို့၏ ဆုံးဖြတ်ချက်များသည် တော်တော် စုပုံလာပြီးဖြစ်ကာ၊ ၎င်းတို့ထဲတွင် ငါ၏ ပျော်ရွှင်မှုအတွက် စံပြုနိုင်သော အရာမည်သည့်အရာမျှ မရှိသည့်အတွက်၊ ၎င်းတို့၏ ဆုံးဖြတ်ချက်များပေါ် ကြည့်ခြင်းဖြင့် ငါ စက်ဆုပ်ရွံရှာ၏။ ယင်းတို့သည် လွန်စွာ စွန်းထင်းနေကြသည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်အတွက် ငါ၏ လျစ်လျူရှုခြင်းကို မြင်ရသည့်အခါ၊ လူတို့သည် တိုး၍ အေးစက်သွားကြသည်။ နောက်ပိုင်းတွင်၊ လူသား၏ စိတ်နှလုံးသည် ငါ့ ရှေ့တွင် မည်သည့်အခါမျှ ချီးကျူးခြင်းကို မခံရဖူးသကဲ့သို့ ငါ၏ ငြင်းပယ်ခြင်းကိုသာ အစဉ် တွေ့ကြုံရပြီးဖြစ်သောကြောင့်၊ ၎င်းတို့သည် ရံဖန်ရံခါမျှသာ "လျှောက်လွှာ" တစ်ခုကို တင်ကြသည်- လူတို့၏ ဘဝများတွင် ဝိညာဉ်ရေးရာ ပံ့ပိုးမှုတစ်ခုတစ်လေ မရရှိတော့သောကြောင့် ၎င်းတို့၏ စိတ်အားထက်သန်မှု ပျောက်ကွယ်သကဲ့သို့၊ ရာသီဥတုမှာ "ချစ်ချစ်တောက် ပူပြင်းသည်" ဟု ငါနောက်ထပ် မခံစားရတော့ပေ။ ယနေ့ အခြေအနေ ရောက်ရှိလာခြင်းနှင့်အတူ သေမလား ရှင်မလား ဖြစ်သည့်အထိ ၎င်းတို့သည် ငါ၏ "ညှဉ်းဆဲခြင်း" ကို အလွန်ခံကြရသည့် အတိုင်းအတာထိ လူတို့သည် ၎င်းတို့၏ ဘဝများတစ်လျှောက်လုံး များစွာ ဆင်းရဲဒုက္ခခံစားရလေသည်။ ရလဒ်တစ်ခုအနေဖြင့်၊ ၎င်းတို့၏ မျက်နှာများတွင် အလင်းရောင် မှေးမှိန်သွားပြီး ၎င်းတို့အားလုံး "အရွယ်ရောက်" ကြပြီးဖြစ်သည့်အတွက်၊ "ဖျတ်လတ်တက်ကြွမှု" ပျောက်ဆုံးကြလေသည်။ လူတို့သည် ပြစ်တင်ဆုံးမခြင်းအတောအတွင်း စစ်ဆေးခံရသည့်အခါ ၎င်းတို့၏ သနားစဖွယ် အခြေအနေအား မြင်ရသည်ကို ငါ မခံနိုင်ပေ- သို့သော် လူသားမျိုးနွယ်၏

အလွန်စိတ်ပျက်စရာကောင်းသော ရှုံးနိမ့်မှုကို မည်သူ အဖတ်ဆယ်နိုင်သနည်း။ မည်သူသည် လူသားကို အလွန်စိတ်ပျက်စရာကောင်းသော လူ့ဘဝထဲမှ ကယ်တင်နိုင်သနည်း။ လူတို့သည် ဒုက္ခပင်လယ်ထဲ၏ အသူတစ်ရာနက်သော ချောက်မှ မိမိတို့ကိုယ်ကိုယ် အဘယ်ကြောင့် လုံးဝ မလွတ်မြောက်စေနိုင်ကြလေပြီနည်း။ ငါသည် လူတို့အား တမင်တကာ ထောင်ဖမ်းထားသလော။ လူတို့သည် ငါ၏ စိတ်နေစိတ်ထားကို မည်သည့်အခါမျှ နားမလည်ဖူးကြပေ၊ ထို့ကြောင့် ကောင်းကင်နှင့် မြေကြီးပေါ် ရှိ အရာခပ်သိမ်းထဲတွင် မည်သည့်အရာမျှ ငါ၏ စိတ်နှလုံးကို သတိမမူမိဖူးသကဲ့သို့ မည်သည့်အရာမျှ ငါ့ကို အမှန်တကယ် မချစ်ဟု စကြဝဠာထံ ငါ မြည်တမ်းရ၏။ ယနေ့တွင်ပင်၊ လူတို့သည် ငါ့အား အဘယ်ကြောင့် ချစ်နိုင်စွမ်းမရှိကြသည်ကို ငါ မသိသေးပေ။ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးများကို ငါ့အား ပေးနိုင်သည်၊ ၎င်းတို့၏ ကံကြမ္မာကို ငါ့အတွက် စွန့်လွှတ်အနစ်နာခံနိုင်ကြသော်လည်း ၎င်းတို့၏ ချစ်ခြင်းကို ငါ့အား အဘယ်ကြောင့် မပေးနိုင်ကြသနည်း။ ငါ တောင်းသော အရာကို ၎င်းတို့ မပိုင်ဆိုင်ကြသလော။ လူတို့သည် ငါမှတစ်ပါး အရာရာကို ချစ်နိုင်ကြသည်- ထို့ကြောင့် ၎င်းတို့သည် ငါ့အား အဘယ်ကြောင့် မချစ်နိုင်ကြသနည်း။ ၎င်းတို့၏ချစ်ခြင်းကို အဘယ်ကြောင့် အမြဲ ကွယ်ဝှက်ထားကြသနည်း။ ၎င်းတို့သည် ငါ့ ရှေ့တွင် ယနေ့တိုင်အောင် ရပ်ကြပြီးဖြစ်သည်နှင့်အမျှ၊ ၎င်းတို့၏ ချစ်ခြင်းကို အဘယ်ကြောင့် ငါ လုံးဝ မမြင်ဖူးသနည်း။ ဤသည်မှာ ၎င်းတို့ မရှိသော အရာတစ်စုံတစ်ခု ဖြစ်သလော။ ငါသည် လူတို့အတွက် အမှုအရာများကို ခက်ခဲအောင် တမင်တကာ ပြုလုပ်နေသလော။ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် သိက္ခာစောင့်စည်းမှုများ ရှိကြသေးသလော။ ၎င်းတို့သည် မှားယွင်းသော လူကို ချစ်မိပြီး၊ မိမိတို့ကိုယ်ကိုယ် မကုစားနိုင်မည်ကို စိုးရွံ့နေကြသလော။ လူတို့အထဲတွင် မရေမတွက်နိုင်သည့် နားမလည်နိုင်သော နက်နဲမှုများ ရှိ၏၊ ထို့ကြောင့် ငါသည် လူသားရှေ့တွင် အမြဲ "တွန့်ဆုတ်ကာ စိုးရွံ့" နေရသည်။

ယနေ့တွင်၊ နိုင်ငံတော်၏ ဂိတ်တံခါးဆီသို့ ချီတက်ခြင်း အချိန်၌ လူအပေါင်းသည် တစ်ဟုန်ထိုးသွားနေကြသည်- သို့သော် ၎င်းတို့ ဂိတ်တံခါးရှေ့ ရောက်သည့်အခါ၊ ငါသည် ဂိတ်တံခါးကို ပိတ်လိုက်သည်၊ လူတို့အား ငါ အဝင်မခံသကဲ့သို့၊ ၎င်းတို့၏ ဝင်ခွင့် လက်မှတ်များကို ပြရန် ငါတောင်းဆိုသည်။ ထိုသို့သော တစ်မူထူးသည့် လှုပ်ရှားမှုသည် လူတို့၏ မျှော်လင့်ချက်များနှင့် လုံးဝ ဆန့်ကျင်ပြီး၊ ၎င်းတို့အားလုံး အလွန် အံ့သြသင့်ကြသည်။ အမြဲ ကျယ်စွာ ဖွင့်ထားသော- ဂိတ်တံခါးသည် အဘယ်ကြောင့် ယနေ့တွင် ရုတ်ခြည်း တင်းတင်း ပိတ်ထားလေပြီနည်း။ လူတို့သည် ၎င်းတို့၏

ခြေကိုဆောင့်ကာ ဟိုဟိုသည်သည် လျှောက်လှမ်းကြသည်။ ၎င်းတို့သည် တိုးဝှေ့ဝင်နိုင်ကြမည်ဟု စိတ်ကူးကြသော်လည်း ၎င်းတို့၏ ဝင်ခွင့် လက်မှတ်အတုများကို ငါ့အား ကမ်းပေးသောအခါ၊ ငါသည် ၎င်းတို့ကို မီးအိုင်ထဲသို့ ချက်ချင်း ပစ်ချပြီး၊ ၎င်းတို့၏ "အပတ်တကုတ်လုပ်ရသော အားထုတ်မှုများကို" မီးလျှံများထဲတွင် မြင်ရသည့်အခါ၊ ၎င်းတို့ မျှော်လင့်ချက် ပျောက်ဆုံးကြလေသည်။ ၎င်းတို့သည် ငိုကြွေးရင်း၊ နိုင်ငံတော်အတွင်းက လုပသော မြင်ကွင်းများကို ကြည့်ရသော်လည်း မဝင်ရောက်နိုင်ကြဘဲ၊ ၎င်းတို့၏ ဦးခေါင်းများကို ဆုပ်ကိုင်ထားကြသည်။ သို့သော် ၎င်းတို့၏ သနားစရာ အခြေအနေကြောင့် ၎င်းတို့အား ငါ ဝင်ခွင့်မပြုပေ- မည်သူသည် ငါ၏ အစီအစဉ်ကို ၎င်းတို့ သဘောရှိ ကမောက်ကမ ဖြစ်စေနိုင်သနည်း။ အနာဂတ် ကောင်းချီးမင်္ဂလာများကို လူတို့၏ စိတ်အားထက်သန်မှုအတွက် အတုံ့အလှည့်ပေးခြင်း ဖြစ်သလော။ လူသား ဖြစ်တည်မှု အဓိပ္ပာယ်သည် စိတ်ရှိသည့်အတိုင်း ငါ၏ နိုင်ငံတော်ထဲသို့ ဝင်ရောက်ခြင်း၌ တည်သလော။ ငါသည် အလွန် အရေးမပါသောသူ ဖြစ်သလော။ ငါ၏ ပြင်းထန်သော နှုတ်ကပတ်တော်များကြောင့်သာ မဟုတ်ခဲ့ပါက၊ လူတို့သည် အချိန်ကြာမြင့်စွာက နိုင်ငံတော်ထဲသို့ ဝင်ရောက်ကြပြီးဖြစ်မည် မဟုတ်လော။ ထို့ကြောင့် လူတို့သည် ငါ၏ ဖြစ်တည်ခြင်းက ၎င်းတို့အား ဖြစ်စေသည့် ဒုက္ခအားလုံးအတွက် ငါ့အား အစဉ် မုန်းတီးကြသည်။ အကယ်၍ ငါ မတည်ရှိခဲ့ပါက၊ ၎င်းတို့သည် မျက်မှောက်ကာလအတွင်းတွင်၊ နိုင်ငံတော်၏ ကောင်းချီးမင်္ဂလာများကို ခံစားနိုင်ကြမည်မဟုတ်ပေ- သို့ဆိုလျှင် ဤဆင်းရဲဒုက္ခကို သည်းခံရန် အဘယ်လိုအပ်မှု ရှိမည်နည်း။ ထို့ကြောင့် လူတို့အား ၎င်းတို့ ထွက်သွားကြလျှင် ပို၍ ကောင်းမည်၊ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်အတွက် ထွက်ပေါက်တစ်ခု ရှာရန် လက်ရှိအချိန်တွင် အမှုအရာများ ကောင်းစွာ ဖြစ်ပျက်နေပုံကို ကောင်းစွာ အသုံးပြုသင့်သည်ဟု ငါ ပြောပြသည်။ ၎င်းတို့ ငယ်ရွယ်ဆဲရှိစဉ် ကျွမ်းကျင်မှု အချို့တို့ကို သင်ယူရန် လက်ရှိအချိန်ကို ၎င်းတို့ ကောင်းစွာ အသုံးပြုသင့်သည်။ အကယ်၍ ၎င်းတို့ အသုံးမပြုပါက၊ အနာဂတ်တွင် အလွန် နောက်ကျသွားလိမ့်မည်။ ငါ၏ အိမ်တွင်၊ မည်သူမျှ ကောင်းချီးမင်္ဂလာများကို ရရှိဖူးခြင်း မရှိပေ။ "ဆင်းရဲခြင်း" ထဲတွင် စွဲမြဲ မနေကြရန်၊ မြန်မြန် လုပ်ကာ ထွက်သွားကြဖို့ လူတို့အား ငါ ပြော၏။ အနာဂတ်တွင် နောင်တများအတွက် အလွန် နောက်ကျပေလိမ့်မည်။ မိမိကိုယ်ကိုယ် အလွန် မညှာမတာ မပြုနှင့်။ အဘယ်ကြောင့် မိမိကိုယ်ကိုယ်အတွက် အမှုအရာများကို ခက်ခဲစေသနည်း။ သို့သော် လူတို့သည် ကောင်းချီးမင်္ဂလာများကို မရရှိနိုင်ကြသည့်အခါ၊ ငါနှင့်ပတ်သက်၍ မည်သူမျှ စောဒကတက်၍မရနိုင်သည်ကိုလည်း ၎င်းတို့ကို ငါ ပြောပြ၏။ လူသားအပေါ် ငါ၏

နှုတ်ကပတ်တော်များကို ဖြုန်းတီးရန် ငါအချိန် မရှိပေ။ ဤအရာသည် လူတို့၏ စိတ်များထဲတွင် ကျန်ရှိဖို့ ယင်းကို ၎င်းတို့ မမေ့လျော့ဖို့ ငါ မျှော်လင့်သည်- ဤ နှုတ်ကပတ်တော်များသည် ငါ ပေးသည့် ကသိကအောင့်နိုင်သော သမ္မာတရား ဖြစ်သည်။ ငါသည် အချိန်ကြာမြင့်စွာက လူသား၌ ယုံကြည်ခြင်း ပျောက်ဆုံးပြီးဖြစ်ကာ၊ ၎င်းတို့သည် ရည်မှန်းချက် ကင်းမဲ့ကြသည့်အတွက်၊ အချိန်ကြာမြင့်စွာကတည်းက ငါသည် လူတို့၌ မျှော်လင့်ချက် ပျောက်ဆုံးပြီးဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင်ကို ချစ်သော စိတ်နှလုံးတစ်ခုကို ငါ့အား မည်သည့်အခါမျှ မပေးနိုင်ဖူးကြသကဲ့သို့၊ ထိုအစား ငါ့အား ၎င်းတို့၏ ကြံရွယ်ချက်များကို အမြဲ ပေးကြသည်။ ငါသည် လူသားထံ များစွာ ပြောဆိုပြီးဖြစ်ကာ၊ လူတို့သည် ငါ၏ အကြံဉာဏ်ကို ယနေ့တွင် မသိကျိုးကျွန်ပြုကြဆဲဖြစ်သည့်အတွက်၊ အနာဂတ်တွင် ငါ၏ စိတ်နှလုံးအား နားလည်မှုလွဲခြင်းမှ ၎င်းတို့ကို တားဆီးရန် ၎င်းတို့အား ငါ၏ အမြင်ကို ငါပြောပြ၏။ နောင်လာမည့် ကာလများတွင် ၎င်းတို့ ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ ၎င်းတို့၏ ကိစ္စ ဖြစ်သည်။ ဤအရာပေါ်၌ ငါ ထိန်းချုပ်ခြင်း မရှိ။ ၎င်းတို့သည် ရှင်သန်မှုဆီသို့ ၎င်းတို့၏ ကိုယ်ပိုင် လမ်းကြောင်းကို ရှာတွေ့မည်ဟု ငါ မျှော်လင့်သည်။ ဤအရာ၌ ငါ အစွမ်းမဲ့ပေသည်။ လူသားသည် ငါ့ကို အမှန်တကယ် မချစ်ကြသည့်အတွက်၊ ငါတို့ သက်သက် လမ်းခွဲလိုက်ကြသည်။ အနာဂတ်တွင်၊ ငါတို့ အကြား၌ စကားတခွန်းတလေမျှ ရှိတော့မည် မဟုတ်၊ ငါတို့ ပြောရမည့်အရာ တစ်ခုတစ်လေမျှ ရှိတော့မည် မဟုတ်၊ အချင်းချင်း ငါတို့ အနှောင့်အယှက် ပေးလိမ့်မည်မဟုတ်၊ ငါတို့သည် ကိုယ့်လမ်းကို ကိုယ်သွားကြလိမ့်မည်၊ လူတို့သည် ငါ့အား လာ၍ မရှာစေရ၊ ငါသည် လူသား၏ "အကူအညီ"ကို နောက်ထပ် မည်သည့်အခါမျှ တောင်းမည် မဟုတ်ပေ။ ဤသည်မှာ ငါတို့ အကြား၌ ရှိသောအရာ တစ်စုံတစ်ခု ဖြစ်ပြီး အနာဂတ်တွင် အရေးကိစ္စ တစ်ခုတစ်လေ ရှိခြင်းကို တားဆီးရန် မရေမရာလုပ်ခြင်းမရှိဘဲ ငါတို့ ပြောဆိုပြီး ဖြစ်သည်။ ဤအရာသည် အမှုအရာများကို ပို၍ မလွယ်ကူစေသလော။ ငါတို့ အသီးသီးသည် ကိုယ့်လမ်းကိုယ် သွားကြပြီး၊ အချင်းချင်း ပတ်သက်စရာ မည်သည့်အရာမျှ မရှိပေ- ယင်း၌ မည်သည့်အရာ မှားယွင်းသနည်း။ လူတို့သည် ဤအရာကို အနည်းငယ် စဉ်းစားဆင်ခြင်ကြမည်ဟု ငါ မျှော်လင့်သည်။

၁၉၉၂ ခုနှစ်၊ မေလ ၂၈ ရက်

# အခန်း ၄၇

လူတို့၏အသက်တာကို ရင့်ကျက်စေရန်နှင့်၊ လူတို့နှင့် ငါသည် တူညီသည့်ရည်မှန်းချက်တစ်ခုရှိကာ အကျိုးရလဒ်များ ရရှိနိုင်စေဖို့အလို့ငှာ၊ ငါသည် ၎င်းတို့အား ငါ၏ နှုတ်ကပတ်တော်မှ အာဟာရနှင့် ထောက်ပံ့မှုတို့ကို ရရှိခွင့်နှင့် ငါ၏ကြွယ်ဝမှုအားလုံးကို လက်ခံရရှိခွင့် ပေးလျက် ၎င်းတို့အား ကင်းလွတ်ခွင့် အစဉ် ပေးတော်မူခဲ့သည်။ အရှက်ရစေဖို့အကြောင်းကို လူတို့အား ငါ မည်သည့်အခါမျှ မပေးခဲ့သော်လည်း၊ လူတို့သည် ငါ၏ခံစားချက်များကို ဘယ်သောအခါမျှ မထောက်ထားခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် လူတို့သည် စာနာစိတ်ကင်းမဲ့ပြီး ငါမှလွဲ၍ အရာအားလုံးအပေါ် "စက်ဆုပ်ရွံရှာ"သောကြောင့် ဖြစ်သည်။ ၎င်းတို့၏ အားနည်းချက်များကြောင့် ငါသည် ၎င်းတို့ကို အလွန်စာနာမိသည်၊ ဤအကြောင်းကြောင့် ကမ္ဘာမြေကြီးပေါ်တွင် ၎င်းတို့ရှိစဉ်အချိန် ၎င်းတို့ကျေနပ်တင်းတိမ်သည်အထိ ကမ္ဘာမြေ၏ကြွယ်ဝမှုအားလုံးကို ၎င်းတို့ခံစားနိုင်စေခြင်းငှာ ငါသည် ၎င်းတို့အတွက် အနည်းငယ်ထက်ပို၍ ကြိုးစားအားထုတ်ခဲ့သည်။ ငါသည် လူတို့ကို မတရား ဆက်ဆံခြင်းမပြုသကဲ့သို့ ၎င်းတို့ ငါ့နောက်သို့ နှစ်များစွာ လိုက်ခဲ့ကြသည်ကို ထောက်ထားသောအားဖြင့် ထိုသူတို့အတွက် ငါ၏နှလုံးသားသည် နူးညံ့ပျော့ပြောင်းသွားခဲ့သည်။ ယင်းမှာ ငါ၏အမှုတော်ကို ထိုသူတို့အပေါ်တွင် လုပ်ဆောင်ခြင်းကို ငါမခံနိုင်သည့်အလား ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို ချစ်သည်နည်းတူ ငါ့ကိုချစ်ကြသော ဤပိန်လှီသည့် လူများကို ငါတွေ့မြင်ရသောအခါ ငါ၏ စိတ်နှလုံးထဲတွင် နားလည်ရခက်သည့် နာကျင်မှုခံစားချက်တစ်ခု အမြဲရှိနေသည်။ သို့သော် ဤအတွက်ကြောင့် အဘယ်သူသည် အစဉ်အလာကို ချိုးဖောက်နိုင်သနည်း။ ဤအတွက်ကြောင့် အဘယ်သူသည် မိမိကိုယ်မိမိ အနှောင့်အယှက်ဖြစ်စေမည်နည်း။ မည်သို့ပင်ဆိုစေ၊ ၎င်းတို့ အစွမ်းကုန်ပျော်မွေ့ရန်အတွက် ငါ၏ ရက်ရောမှု အားလုံးကို လူတို့အား အပ်နှင်းခဲ့ပြီး၊ ဤကိစ္စတွင် လူတို့ကို ငါမတရားမပြုခဲ့ပေ။ ဤအကြောင်းကြောင့် လူသားမျိုးနွယ်သည် ငါ၏သနားကရုဏာနှင့်ပြည့်စုံပြီး စေတနာရှိသောမျက်နှာကို တွေ့မြင်ရဆဲဖြစ်သည်။ ငါသည် အစဉ်သည်းခံခဲ့ကာ အစဉ်စောင့်ဆိုင်းလျက်ရှိခဲ့သည်။ လူတို့သည် ၎င်းတို့ အတော်အတန်ပျော်မြူးပြီး ငြီးငွေ့လာကြသည့်အချိန်တွင် ငါသည် ၎င်းတို့တောင်းဆိုမှုများကို စတင်ဖြည့်ဆည်းပေးမည်ဖြစ်ပြီး လူတို့အား ၎င်းတို့၏ နှစ်သာရမဲ့သောဘဝများမှ လွတ်မြောက်ခွင့်ပေးပြီး၊ ငါသည် မည်သည့်အခါမျှ လူသားမျိုးနွယ်နှင့် တစ်ဖန် အဆက်အဆံပြုတော့မည်မဟုတ်။ ကမ္ဘာမြေပေါ်တွင် လူတို့ကို ဝါးမျိုရန် ငါသည် ပင်လယ်ရေကို အသုံးပြုခဲ့၏၊ အစာခေါင်းပါးခြင်းဖြင့် ၎င်းတို့ကို ထိန်းချုပ်ခဲ့၏၊ အင်းဆက်ပိုးမွှားတို့၏ကပ်ဘေးဖြင့် ၎င်းတို့ကို ခြိမ်းခြောက်ခဲ့ပြီး၊ ၎င်းတို့ကို "ရေလောင်း" ဖို့

သည်းထန်သော မိုးရေတို့ကို ငါအသုံးပြုခဲ့သည်၊ သို့သော် ၎င်းတို့သည် ဘဝ၏အနှစ်မဲ့ခြင်းကို မည်သည့်အခါမျှ မခံစားခဲ့ဖူးပေ။ ယခုတွင်ပင် လူတို့သည် ကမ္ဘာမြေပေါ်တွင် အသက်ရှင်နေထိုင်ခြင်း၏ အဓိပ္ပာယ်ကို နားမလည်ကြသေးပေ။ ငါ့မျက်မှောက်၌ အသက်ရှင်ခြင်းသည် လူ့ဘဝ၏ အလေးနက်ဆုံးအဓိပ္ပာယ်များ ဖြစ်နိုင်သလော။ ငါ့ထဲ၌ အသက်ရှင်ခြင်းသည် လူတစ်ဦးကို ဘေးအန္တရာယ်၏ခြိမ်းခြောက်မှုမှ လွတ်မြောက်စေသလော။ ကမ္ဘာမြေပေါ်တွင် အသွေးအသားခန္ဓာမည်မျှသည် မိမိ၏ပျော်မွေ့ခြင်း လွတ်လပ်မှုထဲတွင် အသက်ရှင်ခဲ့ပြီးနည်း။ ဇာတိပကတိထဲ၌ အသက်ရှင်ခြင်း၏ အနှစ်သာရကင်းမဲ့မှုမှ မည်သူလွတ်မြောက်ခဲ့ပြီးနည်း။ ယခု ယင်းကို မည်သူသတိပြုနိုင်သနည်း။ လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သည့်အချိန်မှစ၍ ကမ္ဘာမြေပေါ်တွင် အဓိပ္ပာယ်အရှိဆုံးသောဘဝ၌ မည်သူမျှ အသက်မရှင်နိုင်ခဲ့၊ ထို့ကြောင့် လူသားမျိုးနွယ်သည် လုံးဝအဓိပ္ပာယ်မဲ့သောဘဝ၌ အမြဲ အချိန်ဖြုန်းခဲ့သည်။ မည်သူမျှ ဤအကျပ်အတည်းမှ လွတ်မြောက်ရန် လိုလိုလားလားမရှိဘဲ၊ မည်သူမျှ ဤအနှစ်သာရမဲ့သော စိတ်ပင်ပန်းငြီးငွေ့ဖွယ်ဘဝကို ရှောင်ရှားရန် မလိုလားပေ။ လူတို့၏အတွေ့အကြုံတွင် ၎င်းတို့သည် ငါ၌မွေ့လျော်ခြင်းမှ အကျိုးအမြတ်ရကြသော်လည်း၊ ဇာတိပကတိ၌ အသက်ရှင်သောသူ မည်သူမျှ လူ့လောက၏ ထုံးတမ်းဓလေ့များမှ မလွတ်မြောက်ခဲ့ကြပေ။ ယင်းအစား ၎င်းတို့သည် အမှုအရာများကို အစဉ်ဖြစ်ခွင့်ပြုပြီး၊ ကိုယ့်ကိုကိုယ် ဆက်လက်၍ လှည့်စားခဲ့ကြသည်။

လူသားမျိုးနွယ်၏ရှင်သန်မှုကို ငါအပြည့်အဝ အဆုံးသတ်ပြီးချိန်တွင် ကမ္ဘာမြေပေါ်တွင် ကမ္ဘာမြေကြီး၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ကြံ့ကြံ့ခံရန် မည်သူမျှ ကျန်ရှိလိမ့်မည် မဟုတ်ပေ၊ ထိုအခါမှသာ ငါ၏ကြီးမြတ်သောအမှု လုံးလုံးလျားလျား ပြီးမြောက်ပြီဟု ဆိုနိုင်ပေမည်။ ငါ လူ့ဇာတိခံယူထားချိန် နောက်ဆုံးသောကာလတွင် ငါပြီးမြောက်လိုသောအမှုမှာ ဇာတိပကတိ၌ အသက်ရှင်ခြင်း၏ အနှစ်သာရမဲ့ခြင်းကို လူတို့အား နားလည်သဘောပေါက်စေရန် ဖြစ်ပြီး၊ ငါသည် အသွေးအသားခန္ဓာကို ကွယ်ပျောက်စေရန် ဤအခွင့်ကောင်းကို အသုံးချမည်ဖြစ်သည်။ ထိုအချိန်မှစ၍ ကမ္ဘာမြေကြီးပေါ်တွင် မည်သည့်လူသားမျှ ရှိလိမ့်မည်မဟုတ်၊ ကမ္ဘာမြေ၏ အနှစ်သာရမဲ့ခြင်းအကြောင်းကို မည်သူမျှထပ်မံ ငိုကြွေးလိမ့်မည်မဟုတ်၊ ဇာတိပကတိ၏ အခက်အခဲများအကြောင်းကို မည်သူမျှနောက်တစ်ဖန် ပြောဆိုလိမ့်မည် မဟုတ်၊ ငါသည် တရားမျှတမှုမရှိဟု မည်သူမျှ မည်သည့်အခါမျှ နောက်တစ်ဖန် ညည်းညူလိမ့်မည် မဟုတ်ဘဲ လူအားလုံးနှင့် အရာခပ်သိမ်းတို့သည် ချမ်းသာထဲသို့ ဝင်ရကြလိမ့်မည်။ ထို့နောက်တွင် မြေကြီးပေါ်တွင်

လူတို့သည် ဟိုဟိုသည်သည် အပြေးအလွှားသွားကြကာ မဟုတ်ကာ အစဉ်မအားမလတ်ဖြစ်တော့မည် မဟုတ်သကဲ့သို့ ထိုသူတို့သည် ဟိုရှာသည်ရှာ ဖြစ်တော့မည်လည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် လူတို့သည် ၎င်းတို့ကိုယ်တိုင်အတွက် သင့်လျော်သော ခရီးပန်းတိုင်တစ်ခုကို ၎င်းတို့ တွေ့ရှိကြပြီးဖြစ်လိမ့်မည် ဖြစ်သောကြောင့်ဖြစ်သည်။ ထိုအချိန်တွင် ၎င်းတို့အားလုံး၏မျက်နှာများပေါ်တွင် အပြုံးများကို ထွက်ပေါ်လာကြလိမ့်မည်။ ထို့နောက် ငါသည် လူတို့ထံမှ မည်သည့်အရာကိုမျှ ထပ်မံတောင်းဆိုတော့မည် မဟုတ်သကဲ့သို့ ၎င်းတို့နှင့် နောက်ထပ် အငြင်းပွားတော့မည်လည်း မဟုတ်ပေ၊ ငါတို့အကြားတွင် နောက်ထပ် ငြိမ်းချမ်းရေးသဘောတူညီချက် ရှိတော့မည်မဟုတ်။ ငါသည် ကမ္ဘာမြေကြီးပေါ်တွင် ရှိနေပြီး၊ လူတို့သည်လည်း ကမ္ဘာမြေကြီးပေါ်တွင် အသက်ရှင်နေထိုင်ကြသည်၊ ငါသည် ထိုသူတို့နှင့်အတူ အသက်ရှင်လျက်နေထိုင်၏။ ၎င်းတို့အားလုံးသည် ငါ့မျက်မှောက်တော်၏မွေ့လျော်မှုကို ခံစားကြရသောကြောင့် ထိုသူတို့သည် အကြောင်းပြချက်မရှိဘဲ စွန့်ခွာရန် ဆန္ဒမရှိကြ၊ ယင်းအစား ငါ့အနည်းငယ်မျှ ပို၍ကြာကြာနေသည်ကို ၎င်းတို့က လိုလားကြလိမ့်မည်။ ကူညီမစရန် လက်ညှိုးတစ်ချောင်းကို ချီမခြင်းမရှိဘဲ ကမ္ဘာမြေပေါ် ရှိ အနိဌာရုံမြင်ကွင်းများကို ငါ အဘယ်သို့ မြင်တွေ့ရန် ခံရပ်နိုင်သနည်း။ ငါသည် ကမ္ဘာမြေကြီးနှင့် မသက်ဆိုင်ပေ၊ ငါသည် ယနေ့အထိ ဤကမ္ဘာမြေပေါ်တွင် ဆက်လက်ရှိနေရန် မိမိကိုယ်ကိုတွန်းအားပေးခဲ့ခြင်းမှာ စိတ်ရှည်သည်းခံမှုအားဖြင့် ဖြစ်သည်။ လူတို့၏အဆုံးမရှိသော အသနားခံခြင်းများကြောင့်သာမဟုတ်လျှင် ငါသည် ကြာမြင့်စွာသောအချိန်ကတည်းက စွန့်ခွာခဲ့ပြီးဖြစ်မည်။ ယခုခေတ်တွင် လူတို့သည် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နိုင်ကြပြီး ၎င်းတို့သည် ရင့်ကျက်ကြပြီဖြစ်ပြီး ၎င်းတို့ကိုကျွေးမွေးရန် ငါ့ကို မလိုအပ်ကြသောကြောင့် ငါ၏ အကူအညီကို မလိုအပ်ကြပေ။ ထို့ကြောင့် ငါသည် လူသားမျိုးနွယ်နှင့်အတူ "အောင်ပွဲခံအခမ်းအနား" ကျင်းပရန် စီစဉ်နေသည်၊ ထို့နောက်တွင် ဤအရာကို ၎င်းတို့သတိမပြုမိခြင်း မရှိရန်အလို့ငှာ ငါသည် ၎င်းတို့ကို နှုတ်ဆက်ခွဲခွာမည်။ ဟုတ်ပေ၏၊ မသင့်မမြတ်ခွဲခွာခြင်းသည် ကောင်းသည့်အရာတစ်ခု ဖြစ်လိမ့်မည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် ငါတို့ကြားတွင် အမျက်သိုခြင်း မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ငါတို့ကြားက ခင်မင်ရင်းနှီးမှုက ထာဝရတည်တံ့လိမ့်မည်ဖြစ်သည်။ ငါတို့လမ်းခွဲပြီးနောက် လူတို့အနေဖြင့် ငါ၏ "အမွေဥစ္စာ" ကို ဆက်လက်ထမ်းရွက်နိုင်ကြလိမ့်မည်ဖြစ်ပြီး၊ ငါ၏အသက်တာတစ်လျှောက်တွင် ငါပေးခဲ့သော သွန်သင်ချက်များကို မေ့လျော့ခြင်းရှိလိမ့်မည်မဟုတ်ဟု ငါမျှော်လင့်သည်။ ငါ၏နာမကို အသရေပျက်စေမည့်

မည်သည့်အရာကိုမျှ မလုပ်ဆောင်ကြရန်နှင့် ငါ၏နှုတ်ကပတ်တော်ကို သတိရှိကြရန် ငါမျှော်လင့်၏။ ငါစွန့်ခွာပြီးနောက်တွင် လူတို့သည် ငါ့ကို စိတ်ကျေနပ်မှုပေးရန် အကောင်းဆုံးကြိုးစားမည်ဟု ငါမျှော်လင့်သည်။ လူတို့သည် ငါ၏နှုတ်ကပတ်တော်ကို ၎င်းတို့အသက်တာများ၏ အခြေခံအုတ်မြစ်တစ်ခုအဖြစ် အသုံးပြုကြပြီး၊ ငါ၏မျှော်လင့်ချက်များပြည့်မီအောင် အသက်ရှင်ရန် ပျက်ကွက်မည်မဟုတ်ဟု ငါမျှော်လင့်၏။ အကြောင်းမူကား ငါ၏စိတ်နှလုံးသည် လူတို့အပေါ် အမြဲစိုးရိမ်ပူပန်မှုရှိပြီး၊ ငါသည် ၎င်းတို့အပေါ် အမြဲသံယောဇဉ်ရှိခဲ့သောကြောင့် ဖြစ်သည်။ တစ်ချိန်က လူသားမျိုးနွယ်နှင့် ငါသည် အတူတကွစုဝေးခဲ့ပြီး၊ ကောင်းကင်ဘုံ၌ရှိသည့် ကောင်းချီးမင်္ဂလာများကိုပင် မြေကြီးပေါ်တွင် ခံစားခဲ့ကြရ၏။ ငါသည် လူတို့နှင့်အတူ အသက်ရှင်ပြီး ၎င်းတို့နှင့်အတူ နေထိုင်ခဲ့သည်၊ လူတို့က ငါ့ကို အမြဲချစ်ခဲ့ပြီး၊ ငါသည် သူတို့ကို အမြဲချစ်ခဲ့၏။ ငါတို့သည် အချင်းချင်း ရင်းနှီးမှုရှိခဲ့ကြသည်။ လူတို့နှင့်အတူရှိခဲ့သည့် ငါ၏အချိန်ကို ပြန်အမှတ်ရသောအခါ၊ ငါတို့၏နေ့ရက်များ ရယ်မောခြင်းနှင့် ဝမ်းမြောက်ခြင်းများ ပြည့်နေခဲ့သည်ကို ငါပြန်သတိရမိပြီး၊ စကားများမှုများလည်း ရှိခဲ့သည်။ မည်သို့ပင်ဆိုစေ၊ ငါတို့ကြားက ချစ်ခြင်းမေတ္တာသည် ဤအခြေခံအကြောင်းအရင်းအပေါ် တည်ခဲ့ပြီး ငါတို့အချင်းချင်း ဆက်ဆံရေးမှာ မည်သည့်အခါမျှ ပြတ်တောက်ခဲ့ခြင်း မရှိပေ။ ငါတို့ထိတွေ့မှုရှိခဲ့သည့် နှစ်များစွာအတွင်း၊ လူတို့သည် ငါ့အပေါ်တွင် နက်ရှိုင်းသည့်ထင်မြင်ချက်တစ်ခုကို ချန်ရစ်ခဲ့ပြီး၊ လူတို့ပျော်မွေ့ဖို့ ကြီးမားသောအရာများစွာကိုလည်း ငါပေးခဲ့ကာ၊ ၎င်းတို့အတွက် လူတို့သည် အမြဲပင် နှစ်ပြန် ကျေးဇူးတင်ရှိခဲ့ပေသည်။ ယခုတွင် ငါတို့၏ တွေ့ဆုံပွဲများသည် ယခင်ကကဲ့သို့ မည်သည့်အခါမျှ တူညီတော့မည် မဟုတ်ပေ၊ အဘယ်သူသည် ငါတို့၏ ဤခွဲခွာခြင်းအခိုက်အတန့်မှ ထွက်ပြေးနိုင်သနည်း။ လူတို့သည် ငါ့အပေါ်တွင် လေးနက်သည့်ချစ်ခင်မှုရှိပြီး၊ ငါသည် ၎င်းတို့အပေါ်တွင် အဆုံးမဲ့ ချစ်ခြင်းမေတ္တာရှိ၏၊ သို့သော် ယင်းနှင့်ပတ်သက်၍ မည်သည့်အရာ ပြုလုပ်နိုင်မည်နည်း။ အဘယ်သူသည် ကောင်းကင်ဘုံ၌ရှိသော ဖခမည်းတော်၏ သတ်မှတ်ချက်များကို ချိုးဖောက်ဝံ့သနည်း။ ငါ့အမှု၏ အစိတ်အပိုင်းနောက်တစ်ခုကို ငါပြည့်စုံစေမည့်နေရာဖြစ်သည့် ငါ၏နေအိမ်တော်သို့ ငါပြန်မည်။ ပြန်လည်ဆုံတွေ့ဖို့ အခွင့်အလမ်းတစ်ခု ငါတို့ ရကောင်းရပါလိမ့်မည်။ လူတို့အနေဖြင့် ပူဆွေးသောကကို လွန်စွာမခံစားဘဲ ကမ္ဘာမြေပေါ်တွင် ငါ့ကို စိတ်ကျေနပ်မှုပေးလိမ့်မည်ဟု ငါမျှော်လင့်သည်။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ဝိညာဉ်တော်သည် ၎င်းတို့အပေါ် မကြာခဏ ကျေးဇူးတော်ကို အပ်နှင်းလိမ့်မည်။

နောက်ဆုံးသောကာလတွင် ငါ၏စိတ်နှင့် တစ်ညီတစ်ညွတ်တည်းဖြစ်သော လူတစ်စုကို ဖန်တီးမည်ဟု ငါသည် ဖန်ဆင်းခြင်းအချိန်က ပရောဖက်ပြုခဲ့ပြီးဖြစ်သည်။ နောက်ဆုံးသောကာလတွင် ကမ္ဘာမြေပေါ်၌ စံတစ်ခုကို ဆောက်တည်ပြီးနောက် ငါ၏နေအိမ်တော်သို့ ပြန်မည်ဟု ငါကြိုတင်ပြောခဲ့ပြီးဖြစ်သည်။ လူတို့အားလုံးက ငါ့ကို စိတ်ကျေနပ်မှုပေးပြီးနောက်တွင် သူတို့ထံမှ ငါ၏တောင်းဆိုချက်များကို သူတို့ဖြည့်စွမ်းပြီး ဖြစ်လိမ့်မည် ဖြစ်ကာ ငါသည် ၎င်းတို့ထံမှ အဘယ်အရာကိုမျှ လိုအပ်တော့မည် မဟုတ်။ ယင်းအစား လူတို့နှင့် ငါသည် ငါတို့၏အတိတ်ကာလနေ့ရက်များက ဇာတ်ကြောင်းများကို ဖလှယ်ကြမည်ဖြစ်ပြီး၊ ယင်းနောက်တွင် လမ်းခွဲကြလိမ့်မည်။ ငါသည် ဤအမှုကို စတင်လုပ်ဆောင်ပြီဖြစ်ပြီး၊ လူတို့ ငါ့ကို နားလည်မှု မလွဲစေရန်အလို့ငှာ သို့မဟုတ် ငါ့ကို ရက်စက်ကြမ်းကြုတ်သည် သို့မဟုတ် အကြင်နာကင်းမဲ့သည်ဟု မထင်စေဖို့ရန်အလို့ငှာ ၎င်းတို့အား မိမိကိုယ်ကိုယ် စိတ်ဓာတ်ရေးရာအရ ပြင်ဆင်ရန်နှင့် ငါ၏ရည်ရွယ်ချက်များကို နားလည်ရန် ခွင့်ပြုခဲ့သည်။ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် အကြင်နာကင်းမဲ့ခြင်းသည် ငါ၏ရည်ရွယ်ချက်မဟုတ်ပေ။ လူတို့သည် ငါ့ကိုချစ်လျက်ပင် သင့်လျော်သောကျိန်းဝပ်ရာအရပ်ကို ငါရရှိစေဖို့ ငြင်းဆန်သလော။ ၎င်းတို့သည် ငါ့ကိုယ်စား ကောင်းကင်ဘုံ၌ရှိသောခမည်းတော်ထံ အသနားခံဖို့ မလိုလားဘဲရှိနေသလော။ လူတို့သည် ငါနှင့်အတူ ကိုယ်ချင်းစာမျက်ရည်များ မကျခဲ့သလော။ ငါတို့၊ ဖခမည်းတော်နှင့် သားတော်တို့၏ စောလျင်သော ပြန်လည်ဆုံစည်းမှုတစ်ခုကို ဖြစ်မြောက်စေရာတွင် လူတို့သည် မကူညီခဲ့သလော။ သို့ဆိုလျှင် အဘယ်ကြောင့် ထိုသူတို့သည် ယခု လိုလိုလားလား မရှိသနည်း။ ကမ္ဘာမြေပေါ်က ငါ၏အမှုတော်သည် ပြည့်စုံပြီဖြစ်ပြီး၊ လူတို့နှင့်ငါ လမ်းခွဲပြီးနောက်တွင် ၎င်းတို့ကို ငါဆက်လက်ကူညီဦးမည်၊ ယင်းသည် မကောင်းသလော။ ငါ၏အမှုတွင် ပိုမိုကောင်းမွန်သော ရလဒ်များရရှိဖို့ရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးရှိဖို့ရန်အတွက် ငါတို့သည် နာကျင်သော်လည်း လမ်းခွဲရပေမည်။ ငါတို့၏ မျက်ရည်များကို တိတ်ဆိတ်စွာ ကျစေလော့။ လူသားမျိုးနွယ်ကို ငါသည် အပြစ်တင်တော့မည် မဟုတ်။ အတိတ်ကာလတွင် လူတို့၏အသည်းနှလုံးကိုပင် စူးစေပြီး၊ ၎င်းတို့အား ဝမ်းနည်းခြင်း မျက်ရည်များ စီးဆင်းစေသည့် အရာများစွာကို ငါပြောခဲ့သည်။ ယင်းအတွက် ငါသည် ဤနေရာတွင် လူတို့ကို တောင်းပန်ပြီး၊ သူတို့၏ ခွင့်လွှတ်ခြင်းကို တောင်းဆို၏။ ဤအရာအားလုံးသည် ၎င်းတို့ကောင်းဖို့အတွက်သာ ဖြစ်သောကြောင့် ငါ့ကို မမုန်းတီးကြရန် ၎င်းတို့ကို ငါတောင်းဆို၏။ ထို့ကြောင့် လူတို့သည် ငါ့နှလုံးသားကို နားလည်လိမ့်မည်ဟု ငါမျှော်လင့်သည်။ ယခင်အချိန်များတွင် ငါတို့ အငြင်းပွားမှုများရှိခဲ့၏၊ သို့သော်

ပြန်တွေးတောကြည့်ရာတွင် ငါတို့နှစ်ဦးနှစ်ဖက်လုံး အကျိုးခံစားခဲ့ကြရသည်။ ဤအငြင်းပွားမှုများကြောင့် ဘုရားသခင်နှင့် လူသားမျိုးနွယ်သည် ခင်မင်ရင်းနှီးမှု တံတားတစ်ခုကို တည်ဆောက်ခဲ့ပေသည်။ ယင်းမှာ ငါတို့၏ ပူပေါင်းလုပ်ဆောင်သော အားထုတ်မှုများ၏ အသီးအပွင့်ပင် မဟုတ်လော။ ဤအရာကို ငါတို့အားလုံး မွေ့လျော်သင့်သည်။ ငါ၏ယခင်က "အမှားများ" ကို ခွင့်လွှတ်ဖို့ လူတို့ကို ငါတောင်းဆို၏။ ၎င်းတို့၏ ပြစ်မှားလွန်ကျူးခြင်းများကိုလည်း ငါမေ့ပျောက်လိုက်လိမ့်မည်။ အနာဂတ်တွင် ၎င်းတို့က ငါ့ကို ချစ်ခြင်းမေတ္တာ ပြန်ပေးနိုင်သရွေ့ ယင်းသည် ကောင်းကင်ဘုံ၌ရှိသော ငါ၏ဝိညာဉ်တော်ကို နှစ်သိမ့်မှု ပေးလိမ့်မည်ဖြစ်သည်။ ဤအရာနှင့်စပ်လျဉ်း၍ လူတို့၏ ဆုံးဖြတ်ချက်မှာ အဘယ်အရာဖြစ်သည်- ငါ၏ နောက်ဆုံးတောင်းဆိုချက်အား လူတို့က ဖြည့်ဆည်းပေးရန် လိုလိုလားလား ရှိ၊ မရှိကို ငါမသိပေ။ လူတို့ဆီမှ အခြားမည်သည့်အရာကိုမျှ ငါတောင်းဆိုနေခြင်းမဟုတ်၊ ၎င်းတို့က ငါ့ကို ချစ်သည် ဆိုရုံမျှသာဖြစ်သည်။ ယင်းသည် လုံလောက်ပေ၏။ ဤအရာကို ရနိုင်သလော။ ငါတို့ကြားတွင်ဖြစ်ပျက်ခဲ့သော မနှစ်မြို့ဖွယ်သောအရာ အားလုံးတို့သည် အတိတ်တွင် ကျန်ရစ်စေလော့၊ ငါတို့ကြားတွင် ချစ်ခြင်းမေတ္တာ အစဉ်အမြဲ ရှိစေလော့။ ငါသည် လူတို့ကို ချစ်ခြင်းမေတ္တာများစွာ ပေးခဲ့ပြီးဖြစ်သကဲ့သို့ ၎င်းတို့သည် ငါ့ကိုချစ်ရန် ကြီးမားလှသည့် အဖိုးအခတစ်ခုကို ပေးခဲ့ပြီးဖြစ်၏။ ထို့ကြောင့် ငါတို့၏ ချစ်ခြင်းမေတ္တာသည် လူ့လောကတစ်ခုလုံးဆီသို့ ရောက်ရှိသွားပြီး၊ ထာဝရ လက်ဆင့်ကမ်းဖို့အလို့ငှာ လူတို့သည် ငါတို့ကြားတွင် စစ်မှန်ပြီး ဖြူစင်သောချစ်ခြင်းမေတ္တာကို တန်ဖိုးထားမည်ဟု ငါမျှော်လင့်၏။ ငါတို့ပြန်ဆုံချိန်တွင်၊ ငါတို့၏ချစ်ခြင်းမေတ္တာသည် ထာဝရဆက်လက်တည်ရှိပြီး လူအားလုံးက ချီးကျူးထောမနာပြုကာ ဖြန့်ဝေကြရန်အလို့ငှာ ငါတို့သည် ချစ်ခြင်းမေတ္တာ၌ ဆက်လက်၍ ချိတ်ဆက်လျက်ရှိကြစို့။ ဤအရာက ငါ့ကို စိတ်ကျေနပ်စေမည်ဖြစ်ပြီး၊ ငါ၏အပြုံးမျက်နှာကို လူတို့အား ငါပြမည်။ လူတို့သည် ငါ၏တိုက်တွန်းနှိုးဆော်ချက်များကို မှတ်မိကြလိမ့်မည်ဟု ငါမျှော်လင့်သည်။

၁၉၉၂ ခုနှစ်၊ ဇွန်လ ၁ ရက်

# နောက်ဆက်တွဲ- စကြဝဠာ တစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သော နက်နဲမှုများကို အနက်ဖွင့်ဆိုချက် （အခန်းအချို့၏ အနက်ဖွင့်ဆိုချက်များ)

## အခန်း ၁

ဘုရားသခင်က "မည်သူမျှ ငါ၏နှုတ်ကပတ်တော်များ၏ အရင်းအမြစ်ကို သဘောမပေါက်နိုင်ကြသကဲ့သို့ ၎င်းတို့ကို ပြောဆိုရာတွင် ငါ၏ရည်ရွယ်ချက်ကို မသိကြ။" ဟု ဆိုထားပြီးသကဲ့သို့ပင်၊ ဘုရားဝိညာဉ်တော်၏ လမ်းပြမှုကြောင့်သာ မဟုတ်ပါက၊ ပြီးလျှင် သူ၏မိန့်မြွက်ချက်များ၏ ပေါ်ထွန်းမှုကြောင့်သာ မဟုတ်ပါက၊ လူအပေါင်းတို့သည် သူ၏ပြစ်တင်ဆုံးမမှုအောက်တွင် ပျက်စီးဆုံးရှုံးကြမည် ဖြစ်သည်။ ဘုရားသခင်သည် လူအပေါင်းတို့ကို စစ်ဆေးရန် ထိုမျှကြာမြင့်သည့် အချိန်တစ်ခုကို အဘယ့်ကြောင့် ယူခဲ့ပါသနည်း။ ငါးလပတ်လုံး ကြာသလော။ ဤသည်မှာ ငါတို့ မိတ်သဟာယ၏ ဗဟိုဖြစ်သည့်အပြင် ဘုရားသခင်၏ ဉာဏ်ပညာထဲက အဓိကအချက်တစ်ချက် အတိအကျ ဖြစ်သည်။ အောက်ပါအတိုင်း ငါတို့ ယူဆနိုင်သည်- လူသားကို စမ်းသပ်ခံစေခြင်း နှင့်ဆိုင်သော ဤအချိန်ကာလမရှိဘဲနှင့်၊ ပြီးလျှင် ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်ကို ဘုရားသခင်က ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အဝေးသို့ကန်ထုတ်ခြင်း မရှိဘဲနှင့်၊ အကယ်၍ အသင်းတော်၏ တည်ဆောက်ခြင်းသည် ယနေ့ထိ ဆက်လက် ဖြစ်ခဲ့ပြီးဖြစ်ပါက၊ ရလဒ်သည် မည်သည့်အရာ ဖြစ်ပြီးလေမည်နည်း။ ထို့ကြောင့် ဘုရားသခင်သည် ဤလအချို့၏ အမှုနှင့်ဆိုင်သည့် လိုချင်သည့် အကျိုးတရားကို တိုက်ရိုက်ညွှန်ပြလျက်၊ တကယ့် ပထမဦးဆုံး စာကြောင်းတွင် ဆိုလိုရင်းကို သူ တန်းပြောလေသည်- သူသည် သွေးထွက်အောင် မှန်ပေသည်။ ဤအရာက ဤလအချို့ကြာသည့် ကာလအတောအတွင်း ဘုရားသခင်၏ လုပ်ဆောင်ချက်များ၏ ဉာဏ်ပညာကို ပြသရန် လုံလောက်ပေသည်- ယင်းတို့က အယောက်တိုင်းအား စမ်းသပ်မှုမှတစ်ဆင့် စစ်မှန်ရိုးသားမှုဖြင့် မည်သို့ ကျိုးနွံနာခံပြီး မည်သို့ မိမိတို့ကိုယ်ကိုယ် အသုံးခံရမည် ဆိုသည့်အပြင်၊ နာကျင်သော စစ်ဆေးခြင်းမှတစ်ဆင့်

ဘုရားသခင်ကို ပို၍ကောင်းစွာ မည်သို့ သိရှိလာရမည်ဆိုသည်တို့ကို သင်ယူနိုင်စေပြီး ဖြစ်သည်။ သာ၍ ကြီးမားသည့် စိတ်ပျက်မှုကို လူတို့ တွေ့ကြုံရလေ၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် သာ၍ကောင်းစွာ သိလာလေလေ ဖြစ်သည်။ အမှန်ပြောရမည်ဆိုပါက၊ ဆင်းရဲဒုက္ခဖြင့် အတိပြီးသော စစ်ဆေးခြင်းကို ၎င်းတို့ ရင်ဆိုင်ရလေလေ၊ ဘုရားသခင်အတွက် အစေခံသူတစ်ဦး ဖြစ်ခြင်းငှာပင် ၎င်းတို့ မထိုက်တန်သကဲ့သို့ အစေခံမှု ပေးရန်မှာ ဘုရားသခင်၏ ချီးမြှောက်ခြင်းဖြစ်သည်ကို သတိပြုမိသည့် အခြေအနေအထိ၊ ၎င်းတို့၏ ကိုယ်ပိုင် ဖောက်ပြန်ပျက်စီးခြင်းကို ၎င်းတို့ သာ၍ သိရှိလာလေ ဖြစ်သည်။ ထို့ကြောင့် ဤရလဒ်ကို စွမ်းဆောင်ရရှိ ပြီးနောက်တွင်၊ လူသားသည် မိမိကိုယ်ကိုယ်၏ အစိတ်အပိုင်းတိုင်းကို အသုံးခံပြီးသည့်အချိန်တွင်၊ ဘုရားသခင်သည် မည်သည့်အရာကိုမျှ ဖုံးကွယ်ခြင်း မရှိဘဲ၊ သနားခြင်းကရုဏာ အသံများကို တိုက်ရိုက် ဖွင့်ဟလေသည်။ ဤလအနည်းငယ်ကြာပြီးနောက် ဘုရားသခင်၏ အမှုပြုခြင်း နည်းစနစ်သည် ယနေ့ကို ယင်း၏ အစပြုခြင်းအဖြစ် ခံယူသည်ကို အလွယ်တကူ တွေ့နိုင်ပေသည်။ သူသည် အယောက်တိုင်း မြင်ဖို့အတွက် ဤအရာကို ပေါ်လွင်စေပြီး ဖြစ်သည်။ အတိတ်တွင် ဘုရားသခင်က "ဘုရားသခင်၏လူများဟု အခေါ်ခံရသည့် အခွင့်ကို ရရန် မလွယ်ကူပေ။" ဟု မကြာခဏ ဆိုခဲ့သောကြောင့်၊ အစေခံများဟု ရည်ညွှန်းခံရသော လူများ၌ ဤနှုတ်ကပတ်တော်များကို သူ ထောက်ခံပြီးဖြစ်သည်၊ ယင်းမှာ ဘုရားသခင်ကို သေချာပေါက် စိတ်ချယုံကြည်၍ ရနိုင်သည်ကို ပြသရန် လုံလောက်ပေသည်။ ဘုရားသခင် ပြောသည့် မည်သည့်အရာမဆို ခြားနားသည့် အဆင့်များဖြင့် အမှန်တကယ် ဖြစ်လာလိမ့်မည်ဖြစ်ပြီး ယင်းသည် မည်သည့်နည်းနှင့်မျှ အနှစ်မဲ့သော စကား မဟုတ်ပေ။

လူအားလုံးသည် စိတ်အနှောင့်အယှက် ဖြစ်သည့်အခြေအနေထိ ပူဆွေးမှုနှင့် ဝမ်းနည်းမှုတို့ဖြင့် ပြည့်သည့်အခါတွင်၊ ဘုရားသခင်ထံမှ ဤကဲ့သို့သော နှုတ်ကပတ်တော်များသည် ၎င်းတို့၏ မျှော်လင့်ချက်မဲ့ခြင်းအလယ်တွင် ၎င်းတို့အားလုံးကို နိုးထစေလျက်၊ အရှိက်ထိလေသည်။ လူတို့၏ စိတ်များမှ နောက်ထပ် သံသယ တစ်ခုတစ်လေကို ဖယ်ရှားပစ်ရန်အလို့ငှာ၊ ဘုရားသခင်သည် အောက်ပါအတိုင်း ဖြည့်စွက်ခဲ့သည်- "၎င်းတို့သည် ငါ၏ လူများအဖြစ် ရည်ညွှန်းခံရသော်လည်း၊ ဤအမည်နာမသည် ငါ၏ "သားများ" ဟု ခေါ်ဝေါ် ခံရခြင်းလောက် အရေးမကြီးမဟုတ်ပေ"။ ဤအရာက ဘုရားသခင်သည်သာ သူ၏ ကိုယ်ပိုင်သြဇာအာဏာကို ကာကွယ်နိုင်သည်ကို ပြသရန် လုံလောက်ပြီး၊ လူတို့သည် ဤအရာကို ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက်၊ အမှုပြုခြင်း နည်းစနစ် ဖြစ်ဖို့နေနေသာသာ ယင်းမှာ အမှန်တရားတစ်ခု ဖြစ်သည်ဟု ၎င်းတို့ ပို၍ ခိုင်မာစွာပင် ယုံကြည်ကြပေလိမ့်မည်။

နောက်တစ်ဆင့်ကို သွားရမည်ဆိုပါက၊ လူတို့၏ ရူပါရုံများသည် မကြည်မလင် ဖြစ်မြဲမဖြစ်နိုင်ဖို့အလို့ငှာ၊ သူ၏ နည်းလမ်းအသစ်တွင် အယောက်တိုင်း၏ ကိုယ်ပိုင်လက္ခဏာများကို ရှင်းရှင်းလင်းလင်း ဖြစ်သွားစေလေသည်။ ဤအရာက ဘုရားသခင်၏ ဉာဏ်ပညာကို ပြသရန် လုံလောက်ပြီး၊ ယင်းက ဘုရားသခင်သည် လူတို့၏ စိတ်နှလုံးထဲသို့ မြင်နိုင်သည်ကို သာ၍ ကောင်းစွာ လူတို့အား သိရှိနိုင်စေသည်။ ၎င်းတို့၏ အတွေးများနှင့် လုပ်ရပ်များတွင် လူတို့သည် ဘုရားသခင်က ကြိုးဆွဲလျက် ရုပ်သေးရုပ်များကဲ့သို့ ဖြစ်ကြပြီး၊ ဤသည်မှာ ဇေကန်မုချ သေချာပေသည်။

အစအဦးသို့ ပြန်သွားပါက၊ အစက ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အရာသည် သူ့အမှု၏ပထမအဆင့်၊ “အသင်းတော်ကို သန့်စင်ခြင်း” နှင့်ဆိုင်သည့် အဆင့်သည် ပြီးဆုံးနှင့်ပြီးဖြစ်သည်ကို တိုက်ရိုက် ညွှန်ပြရန် ဖြစ်သည်။ “ယခု အခြေအနေတို့သည် တစ်ချိန်က ဖြစ်ခဲ့သကဲ့သို့ မဟုတ်၊ ပြီးလျှင် ငါ၏ အမှုသည် စမှတ်အသစ်သို့ ဝင်ရောက်ပြီးဖြစ်သည်။” ဤထွက်ဆိုချက်မှ၊ ဘုရားသခင်၏အမှုသည် စမှတ်အသစ်တစ်ခုသို့ ဝင်ရောက်ပြီးဖြစ်သည်၊ ယင်းနောက်တွင် ချက်ချင်း၊ သူသည် သူ့အမှု၏ နောက်တစ်ဆင့်အတွက် စီမံချက်များကို ငါတို့ထံ ညွှန်ပြပြီးဖြစ်သည်ကို မြင်နိုင်သည်- “ယခုအချိန်သည် အသင်းတော် တည်ဆောက်ခြင်းခေတ် မဟုတ်တော့ဘဲ၊ ယင်းထက် နိုင်ငံတော်ကို အောင်မြင်စွာ တည်ဆောက်သည့်ခေတ် ဖြစ်သည့်” အတွက်၊ အသင်းတော်ကို တည်ဆောက်ခြင်း ပြီးဆုံးသည်နှင့်တစ်ပြိုင်နက်၊ နိုင်ငံတော်ခေတ်၏ အသက်တာ စတင်လိမ့်မည်။ ထို့အပြင် လူတို့သည် ကမ္ဘာမြေပေါ်၌ ရှိကြဆဲဖြစ်သည်နှင့်အမျှ၊ ၎င်းတို့၏ စုဝေးခြင်းများကို အသင်းတော်ဟု ဆက်လက်၍ ရည်ညွှန်းခံရမည် ဖြစ်ပြီး၊ ဤနည်းဖြင့် အယောက်တိုင်း စိတ်ကူးပြီးသကဲ့သို့ လက်တွေ့မကျသော “နိုင်ငံတော်”၏ ဖြစ်ထွန်းမှုအား ရှောင်ရှားမည် ဖြစ်သည်ကို သူက ဖော်ပြပြီး ဖြစ်သည်။ ဆက်လက်၍ ရူပါရုံများနှင့်ဆိုင်သည့် ကိစ္စရပ်များနှင့်ပတ်သက်သည့် မိတ်သဟာယ လာသည်။

ယခုသည် နိုင်ငံတော် တည်ဆောက်ခြင်းခေတ် ဖြစ်ပြီး အသင်းတော် တည်ဆောက်ခြင်းခေတ်၏ အဆုံးသတ်ဖြစ်သော်လည်း၊ စုဝေးခြင်း အားလုံးကို အဘယ်ကြောင့် အသင်းတော်ဟု ခေါ်ရသေးသနည်း။ အသင်းတော်သည် နိုင်ငံတော်အဖို့ ရှေ့ပြေးဖြစ်သည်ဟု အတိတ်တွင် ဆိုထားပြီးဖြစ်ကာ အသင်းတော် မရှိဘဲနှင့် နိုင်ငံတော်နှင့်သက်ဆိုင်၍ စကားပြောဆိုခြင်း မရှိနိုင်ပေ။ နိုင်ငံတော်ခေတ်၏ အစသည် လူ့ဇာတိ၌ ဘုရားသခင်၏ အမှုတော် အစဖြစ်ပြီး၊ လူ့ဇာတိခံ ဘုရားသခင်က

နိုင်ငံတော်ခေတ်ကို ဖွင့်လှစ်လေသည်။ သူ ယူဆောင်သော အရာမှာ နိုင်ငံတော်ခေတ် ဖြစ်ပြီး၊ နိုင်ငံတော်၏ တရားဝင် သက်ဆင်းခြင်း မဟုတ်ပေ။ ဤသည်မှာ စိတ်ကူးကြည့်ရန် မခက်ပေ။ ဘုရားသခင်၏ လူများအားဖြင့် ငါ ဆိုလိုသည့်အရာမှာ နိုင်ငံတော်ခေတ်၏ လူများ ဖြစ်ကြပြီး၊ နိုင်ငံတော်ကိုယ်၌၏ လူများ မဟုတ်ပေ။ ယင်းမှာ ကမ္ဘာမြေပေါ် ရှိ စုဝေးခြင်းများကို အသင်းတော်အဖြစ် ဆက်၍ ရည်ညွှန်းခံရသင့်သည်ဟု ပြောဖို့ အဓိပ္ပာယ်ရှိမည့် အကြောင်းရင်း ဖြစ်သည်။ အတိတ်တွင် သူသည် သူ၏ သာမန်လူ့သဘာဝအတွင်းတွင် ပြုမှုလုပ်ဆောင်ခဲ့သော်လည်း၊ ဘုရားသခင်ကိုယ်တော်တိုင်အဖြစ် မျက်မြင်အတွေ့မခံခဲ့သေးပေ၊ ထို့ကြောင့် နိုင်ငံတော်ခေတ်သည် လူများအလယ် အစမပြုခဲ့သေးချေ။ ဆိုလိုသည်မှာ၊ ငါ ပြောပြီးသည့်အတိုင်း၊ ငါ၏ ဝိညာဉ်သည် ငါ၏လူ့ဇာတိခံ ခန္ဓာတွင် အမှုပြုဖို့ တရားဝင်မစတင်သေးပေ။ ယခုတွင် ဘုရားသခင် ကိုယ်တိုင် မျက်မြင်အတွေ့ခံပြီး ဖြစ်သောကြောင့်၊ နိုင်ငံတော်သည် လူသားများ အလယ်တွင် အမှန်တကယ် ဖြစ်ပေါ်လာပေသည်။ ဤအရာက ငါသည် ဘုရားသဘောသဘာဝအတွင်း၌ အမှုစတင်ပြုမည် ဖြစ်သောကြောင့်၊ ငါ၏ဘုရားသဘောသဘာဝထဲရှိ ငါပြောသည့် နှုတ်ကပတ်တော်များနှင့် ငါပြုသည့် လုပ်ဆောင်ချက်များကို နားလည်နိုင်သည့် ထိုလူများသားများကို နိုင်ငံတော်ခေတ်နှင့်သက်ဆိုင်သည့် ငါ၏လူများဟု သိလာကြလိမ့်မည် ဖြစ်သည်ကို ဖော်ပြသည်။ “ဘုရားသခင်၏လူများ” ဖြစ်လာသည်မှာ ဤအရာမှဖြစ်သည်။ ဤအဆင့်တွင် ပြုမှုကာ ပြောဆိုသည်မှာ အဓိကအားဖြင့် ငါ၏ဘုရားသဘောသဘာဝဖြစ်သည်။ လူသားသည် ငါ၏အစီအစဉ်အား တကယ်ကို ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်သကဲ့သို့ နှောင့်ယှက်ခြင်းလည်း မပြုနိုင်ပေ။ ဘုရားသခင်သည် သူ၏ စကားပြောဆိုခြင်းတွင် အဆင့်တစ်ခုခုသို့ ရောက်ရှိပြီးဖြစ်သည်နှင့် တစ်ပြိုင်နက်၊ သူ၏နာမသည် သက်သေခံခြင်းခံရကာ ဤအခြေအနေမှ လူသားမျိုးနွယ်နှင့်ဆိုင်သော သူ၏စမ်းသပ်မှု စတင်လိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ အမှုထဲက ဉာဏ်ပညာ၏ အထွတ် ဖြစ်သည်။ ယင်းက နောက်တစ်ဆင့်၏ အစအပြင် နောက်ဆုံးအဆင့်၏ အဆုံးသတ်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ခုကို ချခင်းကာ အရင်းအမြစ်များကို ချမှတ်လေသည်။ ဤသည်မှာ လူသားများအနေဖြင့် မည်သူမျှ ကြိုတင်မျှော်မှန်းထားပြီး မဖြစ်နိုင်မည့် အရာတစ်ခု ဖြစ်သည်။ ယင်းမှာ တရားစီရင်ခြင်းခေတ်၏ ပထမနှင့် ဒုတိယ အစိတ်အပိုင်းများ၏ ဆုံမှတ်ဖြစ်သည်။ လူသားကို လအနည်းငယ် ငါ စစ်ဆေးခြင်း မရှိဘဲနှင့်၊ ငါ၏ဘုရားသဘောသဘာဝသည် အမှုပြုနိုင်ခဲ့မည် မဟုတ်ပေ။ ထိုစစ်ဆေးခြင်း လအချို့သည် ငါ့အမှု၏ နောက်အဆင့်အတွက် လမ်းဖွင့်ပေးသည်။ အမှုနှင့်ဆိုင်သည့် ဤ လအနည်းငယ်

ရပ်နားခြင်းသည် အမှု၏ နောက်ထပ်အဆင့်က သာ၍ နက်နဲမည့် လက္ခဏာတစ်ခု ဖြစ်သည်။ အကယ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တစ်ဦးတစ်ယောက်က အမှန်တကယ် နားလည်ပါက၊ ဘုရားသခင်သည် သူ၏ အမှု နောက်တစ်ဆင့်ကို စတင်ရန် ဤလအချို့ကြာသည့် ကာလကို အသုံးပြုနေပြီး၊ ထိုသို့ဖြင့် သာ၍ပင် ကောင်းမွန်သော ရလဒ်များ စွမ်းဆောင်ရရှိနိုင်စေသည်ကို သဘောပေါက်နိုင်ပေသည်။ လူသားမျိုးနွယ်၏ တားဆီးပိတ်ပင်ခြင်းက ဆင်းရဲဒုက္ခမှုတစ်ဆင့် ဤလအနည်းငယ် စစ်ဆေးခြင်းမှုတစ်ဆင့် ငါ့အမှု၏ နောက်တစ်ဆင့်အဖို့ အတားအဆီးတစ်ခု ဖန်တီးပြီးဖြစ်သောကြောင့်၊ နှစ်ဦးနှစ်ဖက်သည် အကျိုးရှိပြီး ကုံလုံသော အကျိုးကို ရရှိပြီး ဖြစ်သည်။ ယခုတွင်သာ၊ ဤအရာ၏ အကျိုးဆက်အနေဖြင့်၊ လူသားသည် ငါ၏ ရည်ညွှန်းခြင်း နည်းလမ်းကို စတင်တန်ဖိုးထားပေသည်။ ထို့ကြောင့် သူ၏ ကလောင်တံ အလှည့်ဖြင့် ဘုရားသခင်သည် လူတို့အား "အစေခံများ" ဟု ခေါ်တော့မည် မဟုတ်ဘဲ၊ ထို့ထက် "ဘုရားသခင်၏လူများ" အဖြစ် ခေါ်မည်ဟု ပြောခဲ့ချိန်တွင်၊ ၎င်းတို့အားလုံးသည် ဝမ်းမြောက်ခြင်းဖြင့် မွှန်ထူသွားကြလေ၏။ ဤသည်မှာ လူသား၏ ပျော့ကွက်ဖြစ်ခဲ့သည်။ ဘုရားသခင် လုပ်ဆောင်ခဲ့သည်နှင့်အမျှ ပြောဆိုခဲ့သည်မှာ လူ၏ ဤအဓိကအားနည်းချက်ကို ထိန်းသိမ်းရန် အတိအကျဖြစ်ခဲ့ပေသည်။

လူသားမျိုးနွယ်အားလုံးကို နောက်ထပ် သိမ်းသွင်းပြီး ၎င်းတို့၏ စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်မှုကို ရယူရန်အလို့ငှာ၊ ပြီးလျှင် လူအချို့၏ ဆည်းကပ်မှုက မစင်ကြယ်မှုများဖြင့် ရောနေသည်ကို ထောက်ပြရန် ဘုရားသခင်သည် လူသား၏ မတူကွဲပြားသော အကျည်းတန်မှု မျိုးစုံကို သတိထားမိစေခြင်းနှင့်ဆိုင်သည့် နောက်ထပ်အဆင့်ကို လုပ်ဆောင်ခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့်၊ "ငါ့ကို ချစ်ရာတွင် မည်မျှသည် စစ်မှန်ရိုးသား ကြသနည်း။ မည်သူသည် မိမိတို့၏ ကိုယ်ပိုင်အနာဂတ်အတွက် ထည့်သွင်းစဉ်းစားခြင်းဖြင့် ဆောင်ရွက်ခြင်း မရှိသနည်း။ မည်သူသည် မိမိတို့၏ စမ်းသပ်မှုအတွင်းတွင် မည်သည့်အခါမျှ မညည်းညူဖူးသနည်း။" ဟူသော သူ၏နှုတ်ကပတ်တော်များကို ပြည့်စုံစေပြီး ဖြစ်သည်။ ဤကဲ့သို့သော နှုတ်ကပတ်တော်များမှ၊ အယောက်တိုင်းသည် ၎င်းတို့ကိုယ်တိုင်၏ မနာခံခြင်း၊ သစ္စာမစောင့်သိခြင်းနှင့် သားသမီးဝတ် ကင်းမဲ့သည့် ဆည်းကပ်မှုတို့ကို သတိပြုမိနိုင်ကြပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏ မေတ္တာကျေးဇူးတော်နှင့် ချစ်ခြင်းမေတ္တာတို့သည် လမ်းတစ်လျှောက်လုံး သူ့ကို ရှာဖွေသူအားလုံး နောက်လိုက်လာသည်ကို မြင်ကြလေသည်။ ဤအရာကို အောက်ပါစကားများမှ မြင်နိုင်သည်- "အချို့သည် နောက်ဆုတ်တော့မည့်ဆဲဆဲတွင် ရှိချိန်၊ ငါ၏ စကားပြောဆိုပုံကို ပြောင်းလဲရန် မျှော်လင့်နေရင်း အားလုံး မျှော်လင့်ချက် ဆုံးရှုံးကြချိန်၊ ထိုအချိန်တွင် ငါ့ကို စစ်မှန်ရိုးသားစွာ ချစ်ကြသူအားလုံးကို ငါ၏ နိုင်ငံတော်သို့

ငါ၏ ပလ္လင်ရှေ့သို့ ဆောင်ကြဉ်းရင်း ကယ်တင်ခြင်းအသံကို ငါဖွင့်ဟသည်။" ဤနေရာတွင် "ငါ့ကို စစ်မှန်ရိုးသားစွာ ချစ်သောသူများ" ဟူသော စကားရပ်နှင့် "မည်မျှသည် စစ်မှန်ရိုးသားစွာ ချစ်ကြသနည်း" ဟူသည့် အဖြေမတောင်းသော မေးခွန်းတို့သည် အချင်းချင်း ကွဲလွဲဆန့်ကျင်ခြင်း မရှိချေ။ ယင်းတို့က ဤဆက်စပ် အကြောင်းအရာထဲက "စစ်မှန်ရိုးသားမှု" သည် မစင်ကြယ်မှုများ မည်သို့ပါရှိသည်ကို သရုပ်ဖော်ပေသည်။ ယင်းမှာ ဘုရားသခင်သည် မည်သည့်အရာကိုမျှ မသိသည်မဟုတ်။ ယင်းထက် ဘုရားသခင်သည် လူသားများ၏ အတွင်းကျကျ စိတ်နှလုံးများကို မြင်နိုင်သောကြောင့်၊ အယောက်တိုင်းကို ဘုရားသခင်ထံ ၎င်းတို့၏ အကြွေးတင်ရှိခြင်းအား သာ၍ နက်ရှိုင်းစွာ ခံစားစေပြီး မိမိတို့ကိုယ်ကိုယ် သာ၍ ပြင်းထန်စွာ ပြစ်တင်စေဖို့အပြင် ၎င်းတို့၏ စိတ်နှလုံးများထဲက မကျေနပ်ချက်များသည် စာတန်ထံမှ လုံးလုံးလျားလျား လာသည်ဆိုသည့်အချက်ကို သတိပြုမိစေဖို့ ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်ကို ရည်ရွယ်သည့် ထေ့လုံးတစ်ခု ဖြစ်သော "စစ်မှန်ရိုးသားမှု" ဆိုသကဲ့သို့သော စကားလုံးများကို ဘုရားသခင် အသုံးပြုရခြင်း အတိအကျပင် ဖြစ်သည်။ အယောက်တိုင်းက "အကြိမ်များစွာ ကျွန်ုပ်သည် ကောင်းကင်ဘုံနှင့် မြေကြီးကို ကြိမ်းမောင်းပြီး ဖြစ်ကာ၊ အကြိမ်များစွာ ကျွန်ုပ် ထွက်ခွာလိုခဲ့သော်လည်း၊ ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ကျွန်ုပ် ကြောက်ရွံ့သောကြောင့်၊ ဘုရားသခင်က ကျွန်ုပ်ကို ကိုင်တွယ်ဖြေရှင်းသည်ကို စောင့်ဆိုင်းရင်း၊ အမှုအရာများက မျှော်လင့်ချက် အမှန်တကယ်မဲ့သွားခဲ့ပါက၊ ကျွန်ုပ်အတွက် တဖြည်းဖြည်း နောက်ဆုတ်ဖို့ အချိန်ရှိဦးမည်ဟု တွေးရင်း၊ ယင်းတို့ကို လွှန်မြောက်ရုံလွှန်မြောက်ဖို့နှင့် လူအုပ်ကို လိုက်လျောဖို့ ကိစ္စရပ်များကို တစ်နည်းတစ်ဖုံ ကျွန်ုပ် ကိုင်တွယ်ဖြေရှင်းမည်။ သို့သော် ယခုတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏ အစဉ်ချစ်ခင်၍ သစ္စာရှိသောလူများဟု ခေါ်ဆိုနေသည်။ ဘုရားသခင်သည် လူသားတို့၏ အတွင်းကျကျ စိတ်နှလုံးများကို မြင်သော ဘုရားသခင် အမှန်တကယ် ဟုတ်နိုင်ပါသလား။" ဟု တစ်ကိုယ်တည်း တွေးရင်း၊ "ဆည်းကပ်ခြင်း" ဟူသည့် ဝေါဟာရတစ်ခုကို ၎င်းတို့ မြင်သည့်အခါ အံ့အားသင့်သွားကြလေသည်။ ဘုရားသခင်သည် အယောက်တိုင်းက အတွင်းကျိတ် သံသယရှိကြသော်လည်း၊ အပြင်ပန်းအားဖြင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ဖော်ပြနေကြသည့် အခြေအနေတစ်ခုမှသည် ၎င်းတို့က စိတ်နှလုံးဖြင့်၊ စကားဖြင့်၊ ပြီးလျှင် အမြင်အားဖြင့် လက်ခံယုံကြည်ကြသည့် အခြေအနေတစ်ခုသို့ ကူးပြောင်းဖို့ ဖြစ်စေရင်း၊ လူအမျိုးအစား အမျိုးမျိုး၏ စိတ်ဓာတ်ရေးရာ အခြေအနေများကို တကယ့်အဆုံးတွင်မှ ဘုရားသခင်က သတိပြုမိစေခဲ့သည်မှာ ဤနားလည်မှုလွဲခြင်းမျိုးကို ရှောင်ရှားဖို့ ဖြစ်ပေသည်။ ဤနည်းဖြင့် လူသားက အနည်းငယ်

သာ၍ ကြောက်ရွံ့တတ်သည့်၊ အနည်းငယ် သာ၍ ကြည်ညိုတတ်သည့်အပြင်၊ ဘုရားသခင်နှင့် ပတ်သက်သည့် သာ၍ ကောင်းမွန်သော သိနားလည်မှု ရရှိပြီး ဖြစ်သည့် ဖြစ်ရိုးဖြစ်စဉ် အကျိုးဆက်တစ်ခုအနေဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သက်ဆိုင်သည့် လူသား၏ ထင်မြင်ချက်သည် ပို၍ နက်သည်ထက်နက်လာလေသည်။ နောက်ဆုံးတွင် လူသား၏ စိုးရိမ်မှုများကို သက်သာစေဖို့ ဘုရားသခင်က၊ “သို့သော် အတိတ်သည် အတိတ်ဖြစ်သကဲ့သို့၊ လက်ရှိအချိန်သည် ဤတွင် ရောက်နှင့်ပြီး ဖြစ်သည့်အတွက်၊ ယမန်နေ့ကို တသသ တောင့်တဖို့ သို့မဟုတ် အနာဂတ်ကို တွေးတောဖို့ မလိုအပ်ပေ။” ဟု ဆိုခဲ့သည်။ ဤသို့ တင်းမာသည့်၊ သဟဇာတဖြစ်သော်လည်း တိုတိုနှင့်လိုရင်းရောက်သော ပြောပုံဆိုပုံသည် သူ၏ နှုတ်ကပတ်တော်များကို ဖတ်ရှုသူအားလုံးအား ဘုရားသခင်၏ ဉာဏ်ပညာနှင့် လုပ်ဆောင်ချက်များကို ၎င်းတို့ မြင်သည်အထိ၊ “ဘုရားသခင်၏ လူများ” နှင့်ဆိုင်သည့် အမည်နာမကို ၎င်းတို့ ရရှိကြသည်အထိ၊ ၎င်းတို့၏ စိတ်နှလုံးများထဲက သံသယ တိမ်တိုက်များကို ဖယ်ရှားပြီးနောက် ၎င်းတို့၏ စိတ်ဓာတ်ရေးရာ အခြေအနေများ၏ ပြောင်းလဲနေသည့် ပုံစံများမှ မိမိတို့ကိုယ်ကိုယ် သိရှိလာကြသည်အထိ၊ အတိတ်၏ စိတ်ပျက်ခြင်းအလယ်မှ နောက်တစ်ကြိမ် အလင်းရောင်ကို မြင်တွေ့စေရင်း၊ ပို၍ပင် ကြီးမားသော သက်ရောက်မှုတစ်ခု ရှိလေသည်။ ဤအခြေအနေများသည် ဝမ်းနည်းခြင်းနှင့် ပူးဆွေးခြင်း၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကို ဖြစ်ပေါ်စေလျက် တစ်ပြန်တစ်လှည့် အတက်အကျ ဖြစ်လေသည်။ ဤအခန်းတွင် ဘုရားသခင်သည် လူတို့၏ အကြမ်းဖော်ပြချက်တစ်ခုကို အလွန် အသက်ပါပြီး အသေးစိတ်ကျကျ ကွက်ကွက်ကွင်းကွင်း အသေးစိတ်ချပြပြီးသည်မှာ ယင်းသည် စုံလင်ခြင်းအဆင့်ကို ရောက်ရှိပြီး ဖြစ်သည်။ ယင်းမှာ လူသားက စွမ်းဆောင်မရရှိနိုင်သည့် အရာတစ်ခု၊ လူသား စိတ်နှလုံး၏ အနက်ရှိုင်းဆုံးသော နေရာက လျှို့ဝှက်ချက်များကို အမှန်တကယ် ဖော်ထုတ်သည့် အရာတစ်ခု ဖြစ်သည်။ ဤသည်မှာ လူသားက လုပ်ဆောင်နိုင်စွမ်းရှိသည့် အရာတစ်ခု ဖြစ်နိုင်မည်လော။

ဤအရာကို ကပ်လျက် လိုက်လာပြီး ပို၍ပင် အရေးကြီးသည်မှာ ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို လူသားထံ တိုက်ရိုက် ဖော်ပြသည့်အပြင်၊ အရေးအကြီးဆုံးသော အပိုင်းဖြစ်သည့် အောက်ပါ စာပိုဒ် ဖြစ်သည်- “လူသားဖြစ်သည့်အတွက်၊ လက်တွေ့အရှိတရားကို ဆန့်ကျင်ပြီး၊ ငါ၏ လမ်းပြမှုအတိုင်း အမှုအရာများကို မလုပ်ဆောင်သောသူ မည်သူမဆို ကောင်းမွန်သော အဆုံးသတ်သို့ ရောက်လာလိမ့်မည် မဟုတ်ဘဲ၊ မိမိတို့ကိုယ်ကိုယ်အပေါ် ဒုက္ခသာ ယူဆောင်မိကြလိမ့်မည်။ စကြဝဠာတွင် ဖြစ်ပေါ်သော အရာရာတိုင်းတွင်၊ ငါ အဆုံးအဖြတ် မပေးသောအရာ တစ်ခုမျှ

မရှိချေ။” ဤသည်မှာ ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်သည် မဟုတ်လော။ ဤအရာက ဤစီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ကို ချိုးဖောက်သူများနှင့်ဆိုင်သည့် ဥပမာများ အလွန် များပြားသည်ကို ပြသရန် လုံလောက်ပေသည်။ အထက်ပါအချက်ကို အခြေခံ၍၊ ဘုရားသခင်သည် အယောက်တိုင်းအား ၎င်းတို့၏ ကိုယ်ပိုင်ကံကြမ္မာကို မဆင်ခြင်ကြရန် ဆက်လက် တိုက်တွန်းလေသည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ စီစဉ်ညွှန်ကြားခြင်းကို ရှောင်ရှားရန် ဆန္ဒရှိခဲ့ပါက၊ အကျိုးဆက်များသည် စိတ်ကူး၍မရနိုင်အောင် ကြောက်မက်ဖွယ်ဖြစ်လိမ့်မည် ဖြစ်သည်။ ထို့နောက် ဤအရာက ဤနှုတ်ကပတ်တော်များထဲ၌ အသိဉာဏ် ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်းကို တွေ့ကြုံခံစားပြီးသောသူ အားလုံးအား ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်ကို ပို၍ ကောင်းမွန်စွာ နားလည်နိုင်စေသည့်အပြင် သူ၏ ဘုန်းအာနုဘော်ကို ပြစ်မှား၍ မရကြောင်းကို နားလည်နိုင်စေပြီး၊ ထိုသို့ဖြင့် သဘာဝ၏ စိမ်းစိုရှင်သန်တက်ကြွမှုကို ဆက်လက် ဖြည့်ဆည်းရင်း၊ လေနှင့် ဆီးနှင်းခဲတို့၏ ဒဏ်ကိုခံရလျက်၊ ခါးသီးသော အအေးဒဏ်၏ ခြိမ်းခြောက်မှုကို အံတုရပ်တည်သည့် ထင်းရှူးပင်တစ်ပင်ကဲ့သို့ စိမ်းလန်းစိုပြေလျက်၊ ပို၍ အတွေ့အကြုံရင့်လာပြီး တည်ကြည် လာလေသည်။ ဤစာပိုဒ်ကို ကြုံရလျက် လူအများစုသည် ဝင်္က ပါ အမျိုးအစားတစ်ခုခုထဲသို့ လှည့်လည်သွားခဲ့ရပြီးဖြစ်သည့်အလား စိတ်ရှုပ်ထွေး သွားကြလေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားနှုတ်ကပတ်တော်များ၏ ပါဝင်သောအကြောင်းအရာသည် အတော်လျင်မြန်စွာ ပြောင်းလဲသောကြောင့် ဖြစ်ပြီး၊ ထို့ကြောင့် လူဆယ်ဦးတွင် ကိုးဦးသည် ၎င်းတို့၏ ကိုယ်ပိုင် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများကို နားလည်ရန် ကြိုးပမ်းကြချိန်တွင် ဝင်္က ပါ တစ်ခုထဲသို့ ဝင်ရောက်ကြလေသည်။ အမှုသည် အနာဂတ်တွင် ပို၍ ချောမွေ့စွာ လုပ်ဆောင်နိုင်ဖို့အလို့ငှာ၊ လူသားအားလုံး၏ စိတ်နှလုံးများထဲက သံသယများကို ဖယ်ရှားနိုင်ဖို့အလို့ငှာနှင့် ဘုရားသခင်၏ သစ္စာရှိခြင်း၌ ၎င်းတို့၏ ယုံကြည်မှုတွင် အားလုံး နောက်ထပ် ခြေတစ်လှမ်း သွားနိုင်ကြဖို့အလို့ငှာ၊ သူသည် ထိုစာပုဒ်၏ အဆုံးတွင်- “ငါ့ကို စစ်မှန်ရိုးသားစွာ ချစ်ကြသူများထဲမှ အယောက်တိုင်းသည် ငါ၏ ပလ္လင်ရှေ့သို့ အသေအချာ ပြန်လာကြလိမ့်မည်” ဟူ၍ အသားပေးဖော်ပြလေသည်။ ထို့ကြောင့် သူ၏အမှုကို လအချို့ ကြုံတွေ့ပြီးဖြစ်သောလူများ၏ စိတ်များသည် တစ်မုဟုတ်ချင်း ၎င်းတို့၏ စိုးရိမ်ကြောင့်ကြမှု အစိတ်အပိုင်းအချို့ သက်သာသွားကြလေသည်။ ထို့အပြင်၊ လေထုထဲ၌ ဆိုင်းငံ့နေခဲ့ပြီးဖြစ်သည့် ၎င်းတို့စိတ်နှလုံးများသည် လေးလံသည့် ကျောက်တုံးတစ်တုံး မြေပြင်ပေါ်သို့ ပြုတ်ကျသွားခဲ့ပြီး ဖြစ်သည့်အလား ၎င်းတို့ တစ်ချိန်က

ဖြစ်ခဲ့သည့်အခြေအနေသို့ ပြန်ရောက်သွားကြသည်။ ၎င်းတို့သည် ၎င်းတို့၏ ကံကြမ္မာကို ဆင်ခြင်တွေးတောစရာ မလိုတော့ပေ။ ထို့အပြင် ဘုရားသခင်သည် အချည်းနှီးသော နှုတ်ကပတ်တော်များကို ပြောလိမ့်မည် မဟုတ်တော့ဟု ၎င်းတို့ ယုံကြည်ကြလေသည်။ လူသားတို့သည် မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူကြသောကြောင့်၊ ၎င်းတို့သည် ဘုရားသခင်အပေါ် အဆုံးစွန်သော ဆည်းကပ်မှု ပြသသည်ဟု မယုံကြည်သောသူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ဤသည်မှာ ဘုရားသခင်က "စစ်မှန်ရိုးသားစွာ" ဟူသော စကားလုံးကို တမင်တကာ အသားပေးရသည့် အကြောင်းရင်း ဖြစ်သည်- ယင်းမှာ ပို၍ ကောင်းမွန်သော ရလဒ်တစ်ခုကို ရရှိရန် ဖြစ်သည်။ ဤသည်မှာ သူ၏အမှုထဲက နောက်တစ်ဆင့်အတွက် လမ်းခင်းပေးရန် နှင့် အုတ်မြစ်ချရန် ဖြစ်သည်။

# အခန်း ၃

ယနေ့သည် ကျေးဇူးတော်ခေတ်မဟုတ်တော့သကဲ့သို့၊ ကရုဏာတော်ခေတ်လည်း မဟုတ်တော့ဘဲ၊ ဘုရားသခင်၏ လူတို့ ထုတ်ဖော်ခံရသော နိုင်ငံတော်ခေတ်၊ ဘုရားသခင်က ဘုရားသဘော သဘာဝမှတဆင့် အမှုအရာများကို တိုက်ရိုက် လုပ်ဆောင်သော ခေတ်ဖြစ်သည်။ ထို့ကြောင့် ဘုရားနှုတ်ကပတ်တော်များ၏ ဤအခန်းတွင် ဘုရားသခင်သည် သူ့နှုတ်ကပတ်တော်များကို လက်ခံသူအားလုံးအား ဝိညာဉ်ရေးရာလောကထဲသို့ ဦးဆောင်လမ်းပြလေသည်။ အဖွင့်စာပိုဒ်တွင် သူသည် ဤပြင်ဆင်မှုများကို ကြိုတင်ပြုလုပ်ပြီး အကယ်၍ တစ်ဦးတစ်ယောက်သည် ဘုရားနှုတ်ကပတ်တော်၏ အသိပညာကို ပိုင်ဆိုင်လျှင်၊ ၎င်းသည် ဖရဲသီးကိုရဖို့ နွယ်ပင်အတိုင်း လိုက်မည် ဖြစ်ပြီး ဘုရားသခင်က သူ၏လူတို့အထဲတွင် စွမ်းဆောင်ရရှိရန် ဆန္ဒရှိသည့်အရာကို တိုက်ရိုက် သဘောပေါက်လိမ့်မည် ဖြစ်သည်။ ယခင်က လူတို့သည် "အစေခံများ" ဟူသော အမည်ကို ကျင့်သုံးခြင်းအားဖြင့် စမ်းသပ်ခံခဲ့ကြရပြီး၊ ၎င်းတို့သည် စမ်းသပ်မှုကို ခံရပြီးသည့်နောက်၊ ယနေ့တွင် ၎င်းတို့၏ လေ့ကျင့်မှု တရားဝင် စတင်ပေသည်။ ထို့အပြင် လူတို့သည် အတိတ်ကာလ နှုတ်ကပတ်တော်များ၏ အခြေခံအုတ်မြစ်ကို အခြေပြု၍ ဘုရားသခင်၏ အမှုတော်နှင့်ဆိုင်သည့် ပို၍ ကြီးမြတ်သော အသိပညာတစ်ခု ရှိရမည် ဖြစ်ပြီး၊ နှုတ်ကပတ်တော်နှင့် ဇာတိအဖြစ်တော်၊ ဝိညာဉ်တော်နှင့် ဇာတိအဖြစ်တော်တို့ကို- တစ်ခုတည်းသော နှုတ်၊ တစ်ခုတည်းသော စိတ်နှလုံး၊ တစ်ခုတည်းသော လုပ်ဆောင်ချက်နှင့် တစ်ခုတည်းသော အရင်းအမြစ်ဖြစ်သည့်- ခွဲခြားမရနိုင်သည့် အရာတစ်ခုလုံး အဖြစ် ကြည့်ကြရမည်။ ဤသတ်မှတ်ချက်သည်

ဖန်ဆင်းခြင်းကတည်းက ဘုရားသခင်က လူနှင့်သက်ဆိုင်၍ ပြုလုပ်ပြီးဖြစ်သည့် အမြင့်မားဆုံး သတ်မှတ်ချက် ဖြစ်သည်။ ဤအရာမှ ဘုရားသခင်က သူ၏လူတို့အပေါ် သူ၏ အားထုတ်မှု တစ်စိတ်တစ်ပိုင်းကို သုံးစွဲရန် ဆန္ဒရှိကြောင်း၊ ၎င်းတို့ထဲ၌ နိမိတ်လက္ခဏာနှင့် အံ့ဖွယ်သောအရာအချို့ကို ပြသဖို့ သူ ဆန္ဒရှိကြောင်း၊ ပို၍ အရေးကြီးသည်မှာ၊ ဘုရားသခင်၏ အမှုတော်နှင့် နှုတ်ကပတ်တော်များ အလုံးစုံအား လူအားလုံး လိုက်နာစေဖို့ ဆန္ဒရှိကြောင်းကို တွေ့မြင်နိုင်ပေသည်။ တစ်ဖက်တွင် ဘုရားသခင်ကိုယ်တော်တိုင်သည် သူ၏သက်သေခံချက်ကို ထိန်းသိမ်းထားပြီး၊ အခြားတစ်ဖက်တွင် သူ၏လူများအပေါ် သတ်မှတ်ချက်များကို သူပြုလုပ်ပြီးဖြစ်ကာ ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို လူထုထံသို့ တိုက်ရိုက် ထုတ်ပြန်ပြီးဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ငါ၏လူများဟု ခေါ်ဝေါ်သမုတ်ခြင်း ခံရကတည်းက၊ အမှုအရာတို့သည် ဖြစ်မြဲအတိုင်း မဟုတ်တော့ပေ။ ငါ့ဝိညာဉ်၏ မိန့်မြွက်ချက်များကို သင်တို့သည် အရေးစိုက်ကာ နာခံသင့်ကြပြီး၊ ငါ၏အမှုနောက် နီးကပ်စွာ လိုက်သင့်ပေသည်။ ငါတို့သည် ပင်ကိုအားဖြင့် တစ်ဦးတည်းဖြစ်ကာ သဘာဝအားဖြင့် ခြားနားခြင်း မရှိသည့်အတွက်၊ သင်တို့သည် ငါ၏ ဝိညာဉ်နှင့် လူ့ဇာတိကို ခွဲ၍မရနိုင်ပေ။ ဤအရာ၌ လူတို့ကို လူ့ဇာတိခံ ဘုရားသခင်အား လျစ်လျူရှုခြင်းမှ တားဆီးဖို့ရန်၊ "ငါတို့သည် ပင်ကိုအားဖြင့် တစ်ဦးတည်းဖြစ်ကာ သဘာဝအားဖြင့် ခြားနားခြင်း မရှိသည့်အတွက်၊" ဆိုသည့် စကားများအပေါ် အလေးပေးမှုတစ်ခု တစ်ဖန် ရှိလေ၏။ အဘယ့်ကြောင့်ဆိုသော် ထိုသို့သော လျစ်လျူရှုခြင်းသည် လူ၏ အားနည်းချက် ဖြစ်ပြီး ဤအရာကို ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များတွင် နောက်တစ်ကြိမ် စာရင်းမှတ်ထားလေသည်။ ဆက်လက်၍ ဘုရားသခင်က "ဆုံးရှုံးခြင်းကို ခံစားရမည် ဖြစ်ပြီး....မိမိတို့၏ ကိုယ်ပိုင် ခါးသောခွက်မှသာ သောက်သုံးနိုင်လိမ့်မည် ဖြစ်သည်။" ဟု ဆိုခြင်းအားဖြင့် မည်သည့်အရာမျှ ကွယ်ဝှက်ခြင်း မရှိဘဲ၊ ဘုရားသခင်၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်များကို ပုန်ကန်ပြစ်မှားခြင်း၏ အကျိုးဆက်များအား လူတို့ထံ ဘုရားသခင်က အသိပေးလေသည်။ လူသည် အားနည်းသောကြောင့်၊ ဤနှုတ်ကပတ်တော်များကို ကြားပြီးနောက်တွင် "ခါးသောခွက်" သည် လူတို့ကို ခေတ္တခဏ တွေးဆစေဖို့ လုံလောက်သည့်အတွက် သူ၏ စိတ်နှလုံးထဲ၌ ဘုရားသခင်ကို ပို၍ သတိထားမလာဘဲ မနေနိုင်ပေ။ လူတို့သည် ဘုရားသခင် ပြောဆိုသော ဤ "ခါးသောခွက်" နှင့်သက်ဆိုင်၍- နှုတ်ကပတ်တော်များအားဖြင့် တရားစီရင်ခံရခြင်း သို့မဟုတ် နိုင်ငံတော်မှ နှင်ထုတ်ခံရခြင်း၊ သို့မဟုတ် အချိန်ကာလတစ်ခုကြာ အဆက်အသွယ် ဖြတ်ခံရခြင်း သို့မဟုတ် စာတန်က တစ်ဦးတစ်ယောက်၏ အသွေးအသားကို ဖောက်ပြန်ပျက်စီးစေပြီး ဝိညာဉ်ဆိုးများ၏

ဝင်ပူးခံရခြင်း၊ သို့မဟုတ် ဘုရားသခင်၏ ဝိညာဉ်တော်၏ စွန့်ပစ်ခံရခြင်း သို့မဟုတ် မရဏာနိုင်ငံသို့ မိမိ၏ခန္ဓာ အဆုံးသတ်ခံရပြီး နှင်ထုတ်ခံရခြင်း ဟူသည့်- အနက်ဖွင့်ဆိုချက်များစွာ ရှိကြလေသည်။ ဤအနက်ပြန်မှုများသည် လူတို့၏ အတွေးဖြင့် စွမ်းဆောင်ရရှိနိုင်သည့်အရာ ဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့၏ စိတ်ကူးများထဲတွင်၊ လူတို့သည် ယင်းတို့ထက် လွန်၍ သွားနိုင်စွမ်း မရှိကြချေ။ သို့သော် ဘုရားသခင်၏ အကြံအစည်သည် လူ၏ ထိုအကြံအစည်များနှင့် မတူချေ။ ဆိုလိုသည်မှာ "ခါးသောခွက်" သည် အထက်ပါအရာများထဲမှ မည်သည့်အရာကိုမျှ ရည်ညွှန်းခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏ ကိုင်တွယ်ဖြေရှင်းခြင်းကို ရရှိပြီးနောက် ဘုရားသခင်နှင့် ပတ်သက်သည့် လူတို့၏ အသိပညာ အတိုင်းအတာကို ရည်ညွှန်းခြင်း ဖြစ်သည်။ ဤအရာကို သာ၍ရှင်းလင်းစွာ ပြောရလျှင်၊ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် သူ၏ နှုတ်ကပတ်တော်များကို ထင်ရာမြင်ရာ ခွဲခြားသောအခါ၊ သို့မဟုတ် နှုတ်ကပတ်တော်များနှင့် ဇာတိအဖြစ်တော် သို့မဟုတ် ဝိညာဉ်တော်နှင့် မိမိကိုယ်ကိုယ် ယူတင်ဝတ်ဆင်သော လူ့ဇာတိတို့ကို ခွဲခြားသောအခါ၊ ဤလူသည် ဘုရားသခင်ကို သူ၏နှုတ်ကပတ်တော်များထဲ၌ သိနိုင်စွမ်း မရှိသည်သာမက၊ ဘုရားသခင်ကို ၎င်းတို့ အနည်းငယ် သံသယ ဖြစ်နေပါက၊ ၎င်းတို့သည် အချိန်တိုင်းတွင် မျက်ကန်း ဖြစ်လာကြလိမ့်မည် ဖြစ်သည်။ ယင်းမှာ လူတို့တွေးထင်သကဲ့သို့ ၎င်းတို့ တိုက်ရိုက် အဆက်ဖြတ်ခံရခြင်း မဟုတ်။ ထို့ထက် ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုထဲသို့ ၎င်းတို့ တဖြည်းဖြည်း ကျရောက်ကြခြင်း ဖြစ်သည်- ဆိုလိုသည်မှာ ၎င်းတို့သည် ကြီးမားသောကပ်ဘေးများထဲသို့ သက်ဆင်းကြခြင်း ဖြစ်ပြီး ၎င်းတို့သည် ဝိညာဉ်ဆိုးများ ဝင်ပူးခြင်းခံရပြီးဖြစ်သည့်အလား၊ ပြီးလျှင် ၎င်းတို့ သွားသည့်နေရာတိုင်း၌ အရာဝတ္ထုများကို တိုက်မိရင်း ဦးခေါင်းမပါသည့် ယင်ကောင်တစ်ကောင် ဖြစ်သည့်အလား မည်သူမျှ ၎င်းတို့နှင့် သဟဇာတ မဖြစ်နိုင်ပေ။ ဤသို့ဖြစ်သော်ငြားလည်း ၎င်းတို့သည် စွန့်ခွာနိုင်စွမ်း မရှိကြသေးပေ။ ၎င်းတို့ စိတ်နှလုံးများထဲ၌ ပြောမထွက်နိုင်အောင်ဆိုးရွားသော ဒုက္ခဝေဒနာ ရှိသည့်အလား၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် အမှုအရာတို့သည် ဖော်မပြနိုင်လောက်အောင် ခက်ခဲသော်လည်း- ၎င်းတို့၏ နှုတ်များကို ဖွင့်မဟနိုင်သကဲ့သို့၊ ဘုရားသခင်ကို မခံစားနိုင်ကြဘဲ၊ မိန်းမောခြင်း၌ တစ်နေ့လုံး အချိန်ကုန်လွန်စေကြလေသည်။ ယင်းမှာ ၎င်းတို့သည် ပျော်မွေ့မှု မရှိသော်ငြား၊ အသင်းတော်ကို မစွန့်ခွာဝံ့စေဖို့အလို့ငှာ ဤသို့သော အခြေအနေများ အောက်တွင် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များက ၎င်းတို့ကို ခြိမ်းခြောက်ခြင်း ဖြစ်ပေသည်- ဤသည်မှာ "အတွင်း၊ အပြင် တိုက်ခိုက်ခြင်း" ဟု ခေါ်သောအရာ ဖြစ်ပြီး လူတို့အတွက် သည်းခံဖို့ရာ အလွန်အမင်း ခက်ခဲသောအရာ ဖြစ်သည်။ ဤနေရာ၌

ပြောဆိုပြီးသောအရာသည် လူတို့၏ အယူအဆများနှင့် ကွဲပြားခြားနားပြီး- ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ထိုအခြေအနေများ အောက်တွင် ၎င်းတို့သည် ဘုရားသခင်ကို ရှာဖွေဖို့ သိနေကြဆဲဖြစ်သောကြောင့် ဖြစ်သည်၊ ပြီးလျှင် ဤအရာသည် ဘုရားသခင်က ၎င်းတို့ကို ကျောခိုင်းသောအချိန်တွင် ဖြစ်ပျက်ပြီး၊ ပို၍အရေးကြီးသောအရာမှာ မယုံကြည်သူတစ်ဦးကဲ့သို့ပင် ၎င်းတို့သည် ဘုရားသခင်ကို လုံးဝ ခံစားနိုင်စွမ်း မရှိကြပေ။ ဘုရားသခင်သည် ထိုသို့သောလူတို့ကို တိုက်ရိုက် မကယ်တင်ပေ။ ၎င်းတို့၏ ခါးသောခွက် အလွတ် ဖြစ်သွားသည့်အချိန်သည် ၎င်းတို့၏ နောက်ဆုံးသောနေ့ရက် ဆိုက်ရောက်ပြီဖြစ်သည့် အချိန်ဖြစ်သည်။ သို့သော် ဤအခိုက်အတန့်တွင် ၎င်းတို့သည် အနည်းငယ်မျှသာ ပိုမိုပျော်မွေ့ရန် ဆန္ဒရှိရင်း ဘုရားသခင်၏အလိုတော်ကို ရှာဖွေဆဲ ဖြစ်သော်လည်း- အထူးသီးသန့် အခြေအနေများမရှိပါက၊ ဤအချိန်သည် အတိတ်နှင့် ကွဲပြားခြားနားပေသည်။

ဤအရာနောက်တွင်၊ ဘုရားသခင်သည် အပြုသဘောဆောင်သော ရှုထောင့်များကိုလည်း အားလုံးထံ ရှင်းပြသည်၊ ထို့ကြောင့်- ယခင်က အစေခံများ၌ အသက်မရှိဟု ဘုရားသခင် ဆိုခဲ့သော်လည်း၊ ယနေ့တွင် ဘုရားသခင်သည် “အတွင်း၌ ပါရှိသော အသက်” နှင့်သက်ဆိုင်၍ ရုတ်တရက် ပြောဆိုသည့်အတွက်- ၎င်းတို့သည် နောက်ထပ်တစ်ကြိမ် အသက်ကို ရရှိကြလေသည်။ အသက်အကြောင်း ပြောဆိုခြင်းဖြင့်သာ လူတို့သည် ၎င်းတို့အတွင်း၌ ဘုရားသခင်၏ အသက် ရှိနိုင်သေးသည်ကို သိရှိကြသည်။ ဤနည်းဖြင့် ၎င်းတို့၏ ဘုရားသခင်ကို ချစ်ခြင်းသည် နှစ်တိုးအချို့ဖြင့် တိုးပွားပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာတော်တို့နှင့်ပတ်သက်သည့် ပိုမိုကြီးမားသော အသိပညာကို ၎င်းတို့ရရှိကြပေသည်။ ထို့ကြောင့် ဤနှုတ်ကပတ်တော်များကို ရှုမြင်ပြီးနောက်တွင်၊ လူအားလုံးသည် ၎င်းတို့၏ ယခင်အမှားများကို နောင်တရကြပြီး နောင်တမျက်ရည်များ တိတ်တဆိတ် စီးဆင်းကြလေသည်။ အများစုကလည်း ဘုရားသခင်ကို ကျေနပ်စေမည်ဟု ၎င်းတို့၏ စိတ်များတွင် တိတ်တဆိတ် စိတ်ပိုင်းဖြတ်ထားကြ၏။ တစ်ခါတစ်ရံတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူတို့အတွက် လက်ခံရန် ခဲယဉ်းစေလျက်၊ လူတို့၏အတွင်းကျကျ စိတ်နှလုံးကို ထိုးဖောက်ပြီး လူတို့အတွက် အေးအေးချမ်းချမ်းနေဖို့ ခက်ခဲစေလေသည်။ တစ်ခါတစ်ရံ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် စစ်မှန်ပြီး လေးနက်ကာ လူတို့၏ စိတ်နှလုံးများကို နွေးထွေးစေသည်မှာ ၎င်းတို့ကို လူတို့ ဖတ်ရှုပြီးနောက်တွင်၊ သိုးသငယ်တစ်ကောင်က နှစ်များစွာ ပျောက်ဆုံးပြီးနောက် ၎င်း၏မိခင်ကို ပြန်တွေ့ရသည့် အချိန်ကဲ့သို့ ဖြစ်လေသည်။ ၎င်းတို့ မျက်လုံးများတွင် မျက်ရည်များ ပြည့်နေသည်၊ ၎င်းတို့သည် စိတ်ခံစားချက်များဖြင့် မွှန်ထူသွားကြကာ ရှိုက်ငိုမှုများဖြင့်

ဖိစီးလျက် ဘုရားသခင်ကို ၎င်းတို့၏ သစ္စာစောင့်သိခြင်းအား ပြသဖို့ရန်အတွက် ၎င်းတို့၏ စိတ်နှလုံးများ၌ နှစ်များစွာ ရှိပြီးဖြစ်သော ဖော်မပြနိုင်သည့် နာကျင်မှုဝေဒနာမှ လွတ်မြောက်ရင်း၊ ဘုရားသခင်၏ ထွေးပွေ့မှုထဲသို့ မိမိကိုယ်ကိုယ် ပစ်ဝင်ရန် တရှူရှူ ဖြစ်နေကြလေသည်။ လပေါင်းအချို့စမ်းသပ်မှု ခံရခြင်းကြောင့်၊ ၎င်းတို့သည် ယခုလေးတင် စိတ်ဒဏ်ရာ ခံစားရကြပြီးဖြစ်သည့်အလား၊ နှစ်ပေါင်းများစွာ အိပ်ရာထက် လဲလျောင်းနေခဲ့ရသည့် လူမမာတစ်ဦးကဲ့သို့၊ အနည်းငယ် စိတ်ထိခိုက်မှု လွန်ကဲလာကြပြီးဖြစ်သည်။ ဘုရားသခင့် နှုတ်ကပတ်တော်များ၌ ၎င်းတို့၏ ယုံကြည်ခြင်းကို တစ်ပြားသား မလျော့စေရန်၊ ဘုရားသခင်သည် အောက်ပါအတိုင်း အကြိမ်များစွာ အလေးပေးခဲ့သည်- "ငါ့အမှု၏ နောက်အဆင့်သည် ချောချောမွေ့မွေ့နှင့် အဆီးအတားမရှိ ရှေ့ဆက်နိုင်ရန်အလို့ငှာ၊ ငါ၏ အိမ်တော်ထဲ ရှိသူတို့အားလုံးကို စမ်းသပ်ရန် နှုတ်ကပတ်တော်များ၏ စစ်ဆေးမှုကို ငါ အသုံးပြု၏။" ဤနေရာတွင်၊ ဘုရားသခင်က "ငါ့အိမ်၌ ရှိသောသူတို့အားလုံးကို စမ်းသပ်ရန်၊" ဟု ဆိုခဲ့သည်။ သေချာဖတ်ရှုခြင်းက လူတို့သည် အစေခံသူများကဲ့သို့ ပြုမူသောအခါ၊ ၎င်းတို့သည် ဘုရားသခင်၏ အိမ်တော်တွင်းရှိ လူများဖြစ်နေဆဲ ဖြစ်သည်ကို ပြောနေပေသည်။ ထို့အပြင် ဤနှုတ်ကပတ်တော်များက လူတို့ကို ၎င်းတို့၏ စိတ်နှလုံးများထဲ၌ စိတ်သက်သာမှု အတိုင်းအတာ တစ်ခုအထိ ဆောင်ကြဉ်းပေးရင်း၊ "ဘုရားသခင်၏ လူများ" ဟူသော အမည်နာမအပေါ် ဘုရားသခင်၏ မှန်ကန်မှုကို အလေးပေး ဖော်ပြပေသည်။ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးသည့်နောက် သို့မဟုတ် "ဘုရားသခင်၏လူများ" ဟူသော အမည်နာမသည် ထုတ်ဖော်ခံရဖို့ လိုသေးသည့်အချိန်တွင် အဘယ်ကြောင့် ဘုရားသခင်သည် လူတို့ထဲက သရုပ်သကန်များစွာကို ထပ်တလဲလဲ ထောက်ပြခဲ့သနည်း။ ယင်းမှာ ဘုရားသခင်သည် လူ၏ စိတ်နှလုံးထဲသို့ နက်ရှိုင်းစွာ ကြည့်ရှုတတ်သည့် ဘုရားဖြစ်သည်ကို ဖော်ပြဖို့အတွက်သာ ဖြစ်သလော။ ဤသည်မှာ အကြောင်းပြချက်၏ အစိတ်အပိုင်းမျှသာ ဖြစ်ပြီး- ဤနေရာတွင် ယင်းသည် သာမည အရေးပါမှုသာ ဖြစ်သည်။ ဘုရားသခင်သည် လူအားလုံးကို လုံးဝ ယုံကြည်လက်ခံစေရန် သို့မဟုတ် လူတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ ၎င်းတို့၏ မိမိတို့၏ကိုယ်ပိုင် ချို့ယွင်းချက်များကို သိရှိပြီး၊ အသက်တာနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ယခင် မိမိတို့၏ကိုယ်ပိုင် ဟာကွက်များကို သိရှိရန်အလို့ငှာနှင့်၊ ပို၍ အရေးကြီးသည်မှာ အမှု၏ နောက်အဆင့်အတွက် အခြေခံအုတ်မြစ်ကို ချရန်အလို့ငှာ ထိုသို့လုပ်ဆောင်ခြင်း ဖြစ်ပေသည်။ လူတို့သည် မိမိတို့ကိုယ်ကိုယ် သိရှိခြင်း အခြေခံအုတ်မြစ်ပေါ် အခြေပြု၍သာ ဘုရားသခင်ကို သိရှိရန်နှင့်

ဘုရားသခင်ကို အတုယူခြင်းအား လိုက်စားရန် ကြိုးပမ်းနိုင်ပေသည်။
ဤနှုတ်ကပတ်တော်များကြောင့် လူတို့သည် အပျက်သဘောဆောင်ပြီး မတုန်မလှုပ် အဖြစ်မှ အပြုသဘောဆောင်ပြီး အခြေအနေ ဖန်တီးလုပ်ဆောင်သော အဖြစ်သို့ ပြောင်းလဲသွားကြပြီး ဤအရာက ဘုရားသခင်၏ အမှု၏ ဒုတိယအပိုင်းကို အခြေကျနိုင်စေသည်။ ယင်းမှာ အခြေခံအုတ်မြစ်အဖြစ် အမှု၏ ဤအဆင့်နှင့်အတူ၊ ဘုရားသခင်၏ အမှု၏ ဒုတိယပိုင်းသည် အားထုတ်မှု အနည်းငယ်မျှသာ လိုအပ်လျက် လွယ်ကူသော ကိစ္စရပ်တစ်ခု ဖြစ်လာသည်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများအတွင်းရှိ ဝမ်းနည်းမှုကို ထုတ်ပယ်ပစ်ကာ အပြုသဘောဆောင်ပြီး အခြေအနေဖန်တီး ယူလာကြသောအခါတွင်၊ ဘုရားသခင်သည် မိမိလူတို့နှင့်ဆိုင်သည့် အခြားသတ်မှတ်ချက်များကို ပြုလုပ်ရန် ဤအခွင့်အရေးကို အသုံးပြုလေသည်- “ငါ့နှုတ်ကပတ်တော်များကို အချိန်မရွေး သို့မဟုတ် နေရာမရွေး ထုတ်ပြန်ကာ ဖော်ပြထားပြီး၊ ထို့ကြောင့် သင်တို့သည်လည်း ငါ့ရှေ့မှောက်တွင် မိမိတို့ကိုယ်ကိုယ် အချိန်တိုင်း သိရှိသင့်ပေသည်။ အကြောင်းမှာ ယနေ့သည် အမှန်စင်စစ် ယခင် ဖြစ်ခဲ့သည့်အရာနှင့် မတူသကဲ့သို့၊ သင်သည် သင် ဆန္ဒရှိသည့် မည်သည့်အရာကိုမဆို မပြီးမြောက်နိုင်တော့ပေ။ ယင်းအစား သင်သည် ငါ့နှုတ်ကပတ်တော်၏ လမ်းညွှန်မှုအောက်၌ သင်၏ခန္ဓာကိုယ်အား ချိုးနှိမ်နိုင်စွမ်း ရှိရမည်၊ ငါ၏နှုတ်ကပတ်တော်များကို သင်၏ အဓိက ပံ့ပိုးမှုအဖြစ် အသုံးပြုရမည် ဖြစ်ပြီး မဆင်မခြင် မပြုမူရပေ။” ဤအရာ၌၊ ဘုရားသခင်က “ငါ့နှုတ်ကပတ်တော်များ” ကို အဓိက အလေးပေးထား၏၊ အတိတ်ကာလတွင်လည်း၊ သူသည် “ငါ၏နှုတ်ကပတ်တော်များ” ကို အကြိမ်ပေါင်းများစွာ ရည်ညွှန်းခဲ့ပြီး၊ ထို့ကြောင့် လူအသီးသီးက ဤအရာကို အာရုံမစိုက်ဘဲ မနေနိုင်ကြပေ။ ထို့ကြောင့်၊ ဘုရားသခင်၏ အမှု နောက်တစ်ဆင့်၏ ဗဟိုချက်ကို ညွှန်ပြထားပေသည်။ လူအားလုံးသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို အာရုံစိုက်ရမည် ဖြစ်ပြီး အခြားမည်သည့် ချစ်မြတ်နိုးသောအရာမျှ ရှိ၍မရပေ။ အားလုံးက ဘုရားသခင်၏နှုတ်တော်မှ ပြောဆိုသော စကားများကို ချစ်ခင်မြတ်နိုးရမည် ဖြစ်ပြီး ယင်းတို့ကို ပေါ့ပေါ့တန်တန် သဘောမထားရ။ ထို့ကြောင့် လူတစ်ဦးက ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရွတ်ပြီး လူများစွာက အာမင်ဟုဆိုကာ နာခံကြမည့်အခါတွင်၊ အသင်းတော်ထဲက ယခင် အခြေအနေများ အဆုံးသတ်လိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မသိရှိခဲ့ကြသော်လည်း၊ မိမိတို့ကိုယ်ကိုယ် ကာကွယ်ဖို့ရန် အသုံးပြုသည့် လက်နက်တစ်ခုအဖြစ် သဘောထားခဲ့ကြ၏။ ဤအရာကို ပြောင်းပြန် လှန်ဖို့ရန်၊ ဘုရားသခင်သည် ကမ္ဘာမြေပေါ်တွင် လူနှင့်သက်ဆိုင်၍ သစ်လွင်ပြီး ပိုမိုမြင့်မားသည့်

တောင်းဆိုချက်များကို ပြုလေသည်။ ဘုရားသခင်၏ မြင့်မားသော စံချိန်စံညွှန်းများနှင့် တင်းကြပ်သော သတ်မှတ်ချက်များကို မြင်တွေ့ပြီးနောက် အပျက်သဘောဆောင်လာပြီး မတုန်မလှုပ်ဖြစ်ခြင်းမှ လူတို့ကို တားဆီးဖို့ရန်၊ ဘုရားသခင်က- "အမှုအရာတို့သည် ယနေ့ကဲ့သို့သော အခြေအနေတစ်ခုထိ ရောက်လာပြီး ဖြစ်သည့်အတွက်၊ အတိတ်က သင်တို့၏ လုပ်ဆောင်ချက်များနှင့် လုပ်ရပ်များနှင့်ပတ်သက်၍ သင်တို့သည် အလွန် စိတ်ထိခိုက်ခံစားပြီး ဝမ်းပန်းတနည်းဖြစ်ရန် မလိုအပ်ပေ။ ငါ၏ သဘောထားကြီးခြင်းသည် ပင်လယ်များနှင့် မိုးကောင်းကင်ကဲ့သို့ အကန့်အသတ် မဲ့ဖြစ်သည်- လူသား၏ တတ်စွမ်းနိုင်မှုများနှင့် ငါနှင့်သက်ဆိုင်သော အသိပညာတို့ကို ငါသည် အဘယ်သို့ ကောင်းစွာ အကျွမ်းဝင်ခြင်း မရှိနိုင်မည်နည်း။" ဟုဆိုရင်း အကြိမ်ပေါင်းများစွာ လူတို့ကို အားပေးခဲ့သည်။ ဘုရားသခင်သည် လူတို့၏ စိတ်နှလုံးများအတွင်းရှိ အားနည်းချက်များကို ဖမ်းကိုင်ခြင်းအားဖြင့် စကားပြောသည့်အတွက်၊ ဤလေးနက်ပြီး စစ်မှန်သော နှုတ်ကပတ်တော်များက၊ လူတို့၏ စိတ်များကို ရုတ်တရက် ဖွင့်ဟပေးပြီး ၎င်းတို့ကို စိတ်ပျက်ခြင်းမှ ဘုရားသခင်ကို ချစ်ခြင်းသို့၊ အပြုသဘောဆောင်ပြီး အခြေအနေကို ဖန်တီးလုပ်ဆောင်သော အဖြစ်သို့ ချက်ချင်း ခေါ်ဆောင်သွားလေသည်။ ယင်းကို သတိပြုမိခြင်းမရှိဘဲ၊ လူတို့သည် ၎င်းတို့၏ အတိတ်က လုပ်ရပ်များကြောင့် ဘုရားသခင်၏ ရှေ့မှောက်တွင် အမြဲ ရှက်ကြောက်ခြင်း ခံစားကြရပြီး နောင်တကို အဖန်ဖန် ဖော်ပြကြလေသည်။ ထို့ကြောင့် လူတို့က ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြင်းထန်ပြီး ငြီးငွေ့ဖွယ်ကောင်း သည်ဟု မခံစားရဘဲ ခက်ထန်ပြီး နူးညံ့ကာ ရှင်းလင်းပြတ်သားပြီး အသက်ပါသည်ဟု ခံစားစေရန်အလို့ငှာ ဘုရားသခင်သည် ဤနှုတ်ကပတ်တော်များကို အထူးသဖြင့် လွယ်လွယ်ကူကူနှင့် ပုံမှန် ထုတ်ဖော်ပြလေသည်။

ဖန်ဆင်းခြင်းမှ ယနေ့ထိတိုင်၊ ဘုရားသခင်သည် လူသားအတွက် အရာခပ်သိမ်းကို ဝိညာဉ်လောကမှ တိတ်တဆိတ် စီစဉ်ပေးထားပြီးဖြစ်ကာ လူသားထံ ဝိညာဉ်ရေးရာလောက၏အမှန်တရားကို မည်သည့်အခါမျှ ဖော်မပြခဲ့ပေ။ သို့သော် ယနေ့တွင် ဘုရားသခင်သည် ယင်းအတွင်းရှိ သဲကြီးမဲကြီး ဆက်လက် ဖြစ်ပွားနေသော စစ်ပွဲနှင့်ဆိုင်သည့် ခြုံငုံသုံးသပ်ချက်တစ်ခုကို ရုတ်တရက် ပေးလေသည်၊ ယင်းက လူတို့အား အကြံအိုက်သွားစေသည်။ ဘုရားသခင်သည် နက်နဲပြီး နားလည်၍ မရနိုင်ဟူသော ၎င်းတို့၏ အသိစိတ်ကို နက်သည်ထက် နက်လာစေပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ အရင်းအမြစ်ကို ရှာတွေ့ဖို့ ၎င်းတို့အတွက် ပို၍ပင် ခက်ခဲစေလေသည်။ ယင်းမှာ ဝိညာဉ်လောက၏ စစ်ပွဲဖြစ်နေသော အခြေအနေက လူအားလုံးကို စိတ်ဝိညာဉ်ထဲသို့ ခေါ်ဆောင်သည်ဟု ဆိုနိုင်ပေသည်။ ဤသည်မှာ အနာဂတ် အမှု၏ ပထမဦးဆုံး

အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပြီး၊ လူတို့အား ဝိညာဉ်ရေးရာ လောကထဲသို့ ဝင်ရောက်နိုင်စေသည့် သဲလွန်စ ဖြစ်သည်။ ဤအရာမှ ဘုရားသခင်၏ အမှု၏ နောက်အဆင့်သည် ဝိညာဉ်ကို အဓိက ပစ်မှတ်ထားကြောင်း တွေ့မြင်နိုင်ပြီး၊ ယင်း၏ အဓိက ရည်မှန်းချက်မှာ လူ့ဇာတိအတွင်းရှိ ဘုရားဝိညာဉ်တော်၏ အံ့ဖွယ်လုပ်ဆောင်မှုများနှင့် သက်ဆိုင်သည့် သာ၍ ကြီးမြတ်သော အသိပညာကို လူအားလုံးအား ပေးရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်ကို သစ္စာစောင့်သိသူအားလုံးကို စာတန်၏မိုက်မဲမှု၊ သဘာဝနှင့်ပတ်သက်သည့် သာ၍ ကြီးမြတ်သော အသိပညာကို ပေးရန်ဖြစ်သည်။ ၎င်းတို့သည် ဝိညာဉ်လောကထဲ၌ မမွေးဖွားခဲ့သော်လည်း၊ စာတန်ကို ရှုမြင်ရပြီးဖြစ်သည့်အလား ၎င်းတို့ ခံစားရပြီး၊ ၎င်းတို့ ဤခံစားချက်ရှိသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည် ချက်ခြင်း အခြား စကားပြောခြင်းနည်းလမ်းကို ပြောင်းလဲလေသည်- ပြီးလျှင် လူတို့သည် ဤစဉ်းစားတွေးခေါ်မှု နည်းလမ်းကို ရရှိပြီးဖြစ်သည်နှင့်တစ်ပြိုင်နက် ဘုရားသခင်က၊ “ငါသည် အဘယ်ကြောင့် သင်တို့ကို ထိုသို့ အရေးတကြီး လေ့ကျင့် ပေးနေသနည်း။ ဝိညာဉ်ရေးရာ လောက၏ အချက်အလက်များကို သင်တို့အား အဘယ်ကြောင့် ငါပြောပြသနည်း။ အဘယ်ကြောင့် ငါသည် သင်တို့ကို အထပ်ထပ် အခါခါ သတိပေးပြီး တိုက်တွန်းသနည်း။” ဟု မေးလေသည်။ ဆက်လက်၍- လူတို့၏ စိတ်များတွင် မေးခွန်းပေါင်းများစွာ ဖြစ်ပေါ်စေသော မေးခွန်းတသီတတန်းများ တစ်ခုလုံး ဖြစ်သည့်- ဘုရားသခင်သည် ဤလေသံဖြင့် အဘယ်ကြောင့် စကားပြောသနည်း။ အသင်းတော် တည်ဆောက်ခြင်း ကာလအတွင်းတွင် ဝိညာဉ်ရေးရာ လောက အကြောင်းကိစ္စများကို သူသည် အဘယ်ကြောင့် ပြောဆိုပြီး လူတို့နှင့်ဆိုင်သည့် သူ၏တောင်းဆိုချက်များအကြောင်းကို မပြောရသနည်း။ အဘယ်ကြောင့် ဘုရားသခင်သည် နက်နဲသော အရာများကို ထုတ်ဖော်ပြခြင်းအားဖြင့် လူတို့၏ အယူအဆများကို မထိုးနှက်ရသနည်း။ အနည်းငယ်ပို၍ အတွေးနယ်ချဲ့ခြင်း သက်သက်အားဖြင့်၊ ဘုရားသခင်၏ အမှု၏ အဆင့်များနှင့်ဆိုင်သော အသိပညာအနည်းငယ်ကို လူတို့ ဆည်းပူးကြပြီး၊ ထိုသို့ဖြင့် အနာဂတ်တွင် စုံစမ်းသွေးဆောင်ခြင်းများနှင့် ၎င်းတို့ကြုံတွေ့ရသောအခါ၊ ၎င်းတို့ထဲတွင် စာတန်အပေါ် စစ်မှန်သော စက်ဆုပ်ခြင်း အသိစိတ်တစ်ခု ပေါက်ဖွားလေသည်။ ပြီးလျှင် အနာဂတ်တွင် စမ်းသပ်မှုများနှင့် ၎င်းတို့ ကြုံရသောအခါတွင်ပင် ၎င်းတို့သည် ဘုရားသခင်ကို သိနိုင်ကြဆဲဖြစ်ပြီး စာတန်ကို သာ၍ လေးလေးနက်နက် ရွံ့ရှာမုန်းတီးနိုင်ဆဲဖြစ်ကာ၊ ထိုသို့ဖြင့် စာတန်ကို ကျိန်ဆဲနိုင်ကြဆဲ ဖြစ်လေသည်။

အဆုံးတွင် လူသားထံ ဘုရားသခင်၏အလိုကို လုံးဝ ထုတ်ဖော်ပြထားသည်-

"ငါ၏နှုတ်ကပတ်တော် အသီးသီးကို သင်၏ စိတ်ဝိညာဉ်များ အတွင်း၌ အမြစ်တွယ်စေကာ ပွင့်လန်းစေပြီး၊ အကျိုးဖြစ်ထွန်းစေခွင့်ပေးရင်းနှင့်၊ သာ၍အရေးကြီးသည်မှာ ပိုမိုအသီးသီး ခွင့်ပေးရင်း...ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ငါတောင်းဆိုသောအရာသည် တောက်ပပြီး စိမ်းလန်းစိုပြည် သန်စွမ်းသည့် ပန်းများမဟုတ်ဘဲ၊ အလျှံပယ် အသီး၊ ယင်း၏ ရင့်မှည့်မှု ဆုံးရှုံးမသွားသော အသီးဖြစ်သောကြောင့် ဖြစ်သည်"။ သူ၏လူတို့နှင့်ဆိုင်သည့် ဘုရားသခင်၏ ထပ်ခါတလဲလဲ တောင်းဆိုမှုများအနက်၊ အားလုံးထဲတွင် ဤသည်မှာ အပြည့်စုံဆုံးသော အရာဖြစ်ပြီး၊ အဓိကအချက်ဖြစ်ကာ လွယ်ကူရှင်းလင်းသော ပုံစံဖြင့် တင်ပြပေးထားပေသည်။ ငါသည် လူ့သဘာဝထဲ၌ အမှုပြုခြင်းမှ ပြည့်ဝသော ဘုရားသဘောသဘာဝထဲ၌ အမှုပြုခြင်းသို့ ကူးပြောင်းပြီး ဖြစ်သည်။ ထို့ကြောင့် အတိတ်ကာလတွင် ငါ၏ ရိုးစင်းသော ပြောစကားများထဲ၌၊ မည်သည့် နောက်ထပ် ဖြေရှင်းချက်မျှ ဖြည့်စွက်ရန် ငါ့အတွက် မလိုအပ်ခဲ့သကဲ့သို့၊ လူအများစုသည် ငါ့နှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်နိုင်ခဲ့ကြ၏။ ရလဒ်မှာ ထိုအချိန်က လိုအပ်သမျှအရာအားလုံးမှာ လူတို့အတွက် ငါ၏နှုတ်ကပတ်တော်ကို သိရှိရန်ဖြစ်ပြီး လက်တွေ့အရှိတရားကို ပြောဆိုနိုင်စွမ်းရှိရန် ဖြစ်သည်။ သို့သော် ဤအဆင့်သည် အလွန်အမင်း ကွဲပြားခြားနား၏။ ငါ၏ ဘုရားသဘောသဘာဝက လုံးဝလွှဲပြောင်းယူပြီးဖြစ်ကာ လူ့သဘာဝကို ပါဝင်ဆောင်ရွက်ဖို့ရန်အတွက် နေရာမပေးတော့ပေ။ ထို့ကြောင့် ငါ၏လူတို့အလယ်မှ လူများအနေဖြင့် ငါ၏နှုတ်ကပတ်တော်များ၏ စစ်မှန်သောအဓိပ္ပာယ်ကို နားလည်ရန် ဆန္ဒရှိလျှင်၊ ၎င်းတို့သည် အဆုံးစွန်သော အခက်အခဲရှိကြလေသည်။ ငါ၏ မိန့်မြွက်ချက်များ မှတစ်ဆင့်သာ၊ ၎င်းတို့သည် အသိဉာဏ်ပွင့်လင်းခြင်းနှင့် အလင်းပေးခြင်းကို ရရှိနိုင်ကြပြီး၊ ဤလမ်းကြောင်းမှတစ်ဆင့် မဟုတ်ပါက၊ ငါ့နှုတ်ကပတ်တော်များ၏ ရည်မှန်းချက်ကို နားလည်သဘောပေါက်ခြင်း နှင့်ဆိုင်သည့် မည်သည့်အတွေးများမဆိုသည် အချည်းနှီး စိတ်ကူးယဉ်မှုများသာ ဖြစ်ကြ၏။ လူအားလုံးသည် ငါ၏မိန့်မြွက်ချက်များကို လက်ခံပြီးနောက် ငါနှင့်သက်ဆိုင်သော သာ၍ ကြီးမြတ်သည့် အသိပညာကို ရှိကြသောအချိန်သည် ငါ၏လူတို့က ငါ့ကို ထုတ်ဖော်အသက်ရှင်သောအချိန်ဖြစ်၏၊ ယင်းသည် လူ့ဇာတိ၌ ငါ၏အမှု ပြီးစီးသောအချိန်ဖြစ်ပြီး၊ ငါ၏ ဘုရားသဘောသဘာဝသည် လူ့ဇာတိ၌ လုံးဝ အသက်ရှင်နေထိုင်သောအချိန် ဖြစ်သည်။ ဤအခိုက်အတန့်တွင်၊ လူအားလုံးသည် လူ့ဇာတိထဲရှိ ငါ့ကို သိရှိကြလိမ့်မည်ဖြစ်ပြီး၊ လူ့ဇာတိ၌ ဘုရားသခင်ပေါ်ထွန်းသည်ဟု အမှန်တကယ် ပြောနိုင်ကြမည်ဖြစ်ကာ၊ ဤသည်မှာ အကျိုးအမြတ် ဖြစ်ပေလိမ့်မည်။ ဤသည်မှာ ဘုရားသခင်က အသင်းတော် တည်ဆောက်ခြင်းကို ငြီးငွေ့သွားပြီဆိုသည့်

နောက်ထပ် သက်သေအထောက်အထား ဖြစ်ပြီး- ယင်းမှာ- “ဖန်လုံအိမ်အတွင်းရှိ ပန်းတို့သည် ကြယ်များကဲ့သို့ မရေမတွက်နိုင်အောင် များပြားပြီး သဘောကျနှစ်သက်သော လူစုလူဝေးအားလုံးကို ဆွဲဆောင်သော်လည်း၊ ၎င်းတို့ ညှိုးနွမ်းသည်နှင့် တစ်ပြိုင်နက် စာတန်၏ လှည့်ဖြားတတ်သော အကြံအစည်များကဲ့သို့ ဆိုးရွားစွာ စုတ်ပြတ်လာကြပြီး ၎င်းတို့ကို အဘယ်သူမျှ စိတ်ဝင်စားခြင်း မရှိကြချေ။” ဟူ၍ ဖြစ်သည်။ ဘုရားသခင်သည် အသင်းတော် တည်ဆောက်ခြင်း အချိန်ကာလ အတောအတွင်းတွင် ကိုယ်တိုင်ကိုယ်ကျ အမှုပြုခဲ့သော်လည်း၊ သူသည် အမြဲသစ်လွင်ပြီး ဘယ်သောအခါမျှ မအိုဟောင်းသော ဘုရားသခင် ဖြစ်သောကြောင့်၊ အတိတ်၏ ကိစ္စရပ်များအတွက် တသလွမ်းဆွတ်မှု မရှိပေ။ အတိတ်ကို လူတို့ ပြန်လည်တွေးတောခြင်းအား တားဆီးရန်၊ သူက “စာတန်၏ လှည့်ဖြားတတ်သော အကြံအစည်များကဲ့သို့ ဆိုးရွားစွာ စုတ်ပြတ်ကြသည်။” ဟူသော စကားလုံးများကို အသုံးပြုခဲ့သည်၊ ယင်းက ဘုရားသခင်သည် အယူဝါဒကို လိုက်နာခြင်း မရှိကြောင်း ပြသပေသည်။ လူအချို့က ဘုရားသခင်၏အလိုကို အဓိပ္ပာယ် ကောက်လွဲကြပြီး၊ ယင်းမှာ ဘုရားသခင် ကိုယ်တော်တိုင် လုပ်ဆောင်သောအမှု ဖြစ်သည့်အတွက် အဘယ်ကြောင့် သူက “ပန်းတို့ ညှိုးနွမ်းသည်နှင့် တစ်ပြိုင်နက် ၎င်းတို့ကို အဘယ်သူမျှ စိတ်ဝင်စားခြင်း မရှိကြချေ။” ဟု ဆိုခဲ့ရသနည်းဟူ၍ မေးကောင်းမေးနိုင်သည်။ ဤနှုတ်ကပတ်တော်များက လူတို့ကို ထုတ်ဖော်ပြချက် တစ်ခု ပေး၏။ အရေးကြီးဆုံးသောအရာမှာ ယင်းတို့က လူအားလုံးအား သစ်လွင်ပြီး မှန်ကန်သည့် စမှတ် တစ်ခုကို ရှိခွင့်ပေးခြင်း ဖြစ်သည်။ ထို့နောက်တွင်မှ ဘုရားသခင်၏အလိုကို ၎င်းတို့ ကျေနပ်စေနိုင်ကြမည် ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားသခင်၏ လူတို့သည် အတင်းအကျပ် မလုပ်ရဘဲ၊ စစ်မှန်ပြီး ၎င်းတို့၏ စိတ်နှလုံးများမှလာသော ချီးမွမ်းမှုကို ဘုရားသခင်အား ပေးနိုင်ကြလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်၏ ဗဟိုချက်နေရာ၌ ရှိသော အရာဖြစ်သည်။ ဆိုလိုသည်မှာ ယင်းသည်- မရေရာသောဘုရားကို ၎င်းတို့ ငြင်းပယ်ပြီး၊ ယနေ့နှင့်သက်ဆိုင်သကဲ့သို့ ယမန်နေ့နှင့်သက်ဆိုင်သူလည်း ဖြစ်ပြီး၊ ထို့ထက်ပို၍ မနက်ဖြန်နှင့် ဆိုင်သောသူ၊ ကမ္ဘာအဆက်ဆက် အမှန်တကယ် စင်စစ် တည်ရှိသော ဘုရားသခင်ကို သိကြစေဘို့အလို့ငှာ- ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းနှင့်ဆိုင်သည့် အရေးပါမှုကို လူအားလုံးအား သိခွင့်ပေးခြင်း- လူ့ဇာတိ၌ ဘုရားသခင်၏ လုပ်ဆောင်ချက်များဟု ဆိုရမည်ဖြစ်သည့် ဘုရားသခင် လူ့ဇာတိခံယူသည်ကို ၎င်းတို့အား လက်တွေ့ကျကျ သိရှိခွင့် ပေးခြင်းတည်းဟူသော- ဤအနှစ် ၆၀၀၀ စီမံခန့်ခွဲမှုအစီအစဉ် ပုံပေါ်လာခြင်း ဖြစ်ပေသည်။ ထို့နောက်တွင်မှ ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဘုရားသခင် ဝင်ရောက်ပေလိမ့်မည်။

# အခန်း ၄

လူအပေါင်းတို့ကို အာရုံမစိုက်ခြင်းနှင့်၊ အပျက်သဘောဆောင်ခြင်းမှ အပြုသဘောဆောင်ခြင်းဆီသို့ ကူးပြောင်းမှုပြီးနောက် စိတ်ထိန်းမနိုင်သိမ်းမရ ဖြစ်ခြင်းတို့မှ တားဆီးရန်၊ ဘုရားသခင်၏မိန့်မြွက်ချက် နောက်ဆုံးအခန်းတွင်၊ ဘုရားသခင်သည် သူ၏လူတို့အပေါ် သူ၏အမြင့်ဆုံး သတ်မှတ်ချက်များကို ပြောဆိုပြီးသည်နှင့်တစ်ပြိုင်နက်- သူ၏စီမံခန့်ခွဲမှုအစီအစဉ်၏ ဤအဆင့်၌ သူ၏အလိုကို လူတို့အား ဘုရားသခင် ပြောပြီးသည်နှင့်တစ်ပြိုင်နက်- သူသည် သူ၏နှုတ်ကပတ်တော်များကို ချင့်ချိန်တွေးဆရန်၊ အဆုံးတွင် ဘုရားသခင်၏အလိုကို ဖြည့်ဆည်းဖို့ ၎င်းတို့ စိတ်ပိုင်းဖြတ်ရာတွင် ကူညီပေးရန် ၎င်းတို့ကို အခွင့်အရေးပေးလေသည်။ လူတို့၏အခြေအနေများသည် အပြုသဘောဆောင်သည့်အခါ ဘုရားသခင်သည် ၎င်းတို့အား ပြဿနာ၏ အခြားတစ်ဖက်နှင့်ပတ်သက်၍ မေးခွန်းများကို ချက်ချင်း စတင်မေးသည်။ သူသည် လူတို့ သဘောပေါက်ရန် ခက်ခဲသော မေးခွန်းများကို တသီတတန်း မေးသည်- “ငါ့ကို သင်တို့၏ ချစ်ခြင်းသည် မစင်ကြယ်ခြင်းနှင့် စွန်းထင်းခဲ့သလော။ ငါ့ကို သင်တို့၏ သစ္စာ စောင့်သိခြင်းသည် စင်ကြယ်ပြီး စိတ်ပါလက်ပါ ရှိခဲ့သလော။ ငါနှင့်သက်ဆိုင်သည့် သင်တို့၏ အသိပညာသည် မှန်ကန်ခဲ့ပါသလော။ သင်တို့၏ နှလုံးသားများထဲတွင် ငါသည် နေရာမည်မျှ ယူထားခဲ့သနည်း။” အစရှိသည့်တို့ ဖြစ်သည်။ ဤစာပုဒ်၏ ပထမပိုင်းတွင် အပြစ်ဖော်ဆိုးမချက် နှစ်ချက်မှလွဲ၍၊ ကျန်သည့်အရာမှာ မေးခွန်းများတစ်ခုလုံး ပါရှိပေသည်။ အထူးသဖြင့်- “ငါ၏ မိန့်မြွက်ချက်များသည် သင်တို့အတွင်းက ရည်ရွယ်သည့်ပစ်မှတ်ကို ထိပြီလော” ဟူသည့် မေးခွန်းမှာ အလွန်သင့်တင့်လျောက်ပတ်ပေသည်။ ယင်းသည် လူတို့အား “ငါသည် ဘုရားသခင်ကို ငါ၏ချစ်ခြင်း၌ အမှန်တကယ် သစ္စာစောင့်သိသလော” ဟူ၍ မိမိတို့ကိုယ်ကိုယ် ၎င်းတို့ကိုယ်ကိုယ် မရည်ရွယ်ဘဲ မေးစေရင်း၊ လူတို့၏စိတ်နှလုံးအတွင်းနက်နက်နေရာများက အလျှို့ဝှက်ဆုံးသော အရာများကို အမှန်တကယ် ထိမှန်လေသည်။ ၎င်းတို့၏စိတ်နှလုံးများထဲ၌ လူတို့သည် ၎င်းတို့၏အတိတ် အစေခံခြင်းထဲက အတွေ့အကြုံများကို မရည်ရွယ်ဘဲ မှတ်မိကြသည်- ၎င်းတို့သည် မိမိကိုယ်ကိုယ်ခွင့်လွှတ်ခြင်း၊ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူခြင်း၊ ကိုယ့်ဘာသာ ကြီးကျယ်ခြင်း၊ မိမိကိုယ်ကိုယ်ကျေနပ်ခြင်း၊ မိမိဘာသာ ကျေနပ်အားရခြင်းနှင့် မာနတို့၏ ဝါးမျိုခြင်းကို ခံခဲ့ရသည်။ ၎င်းတို့သည် ပိုက်ကွန်တစ်ခုထဲ၌ အမိခံရသော ငါးကြီးတစ်ကောင်ကဲ့သို့ ဖြစ်ခဲ့ကြသည်- ဤပိုက်ကွန်ထဲသို့ ကျရောက်သွားပြီးနောက် မိမိတို့ကိုယ်ကိုယ် လွတ်မြောက်စေရန် ၎င်းတို့အတွက်

မလွယ်ကူခဲ့ပေ။ ထို့အပြင် ၎င်းတို့သည် မကြာခဏ ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ကြသည်၊ ၎င်းတို့သည် ဘုရားသခင်၏သာမန်လူ့သဘာဝကို မကြာခဏ လှည့်ဖြားခဲ့ကြပြီး ၎င်းတို့ပြုခဲ့သမျှအားလုံး၌ မိမိတို့ကိုယ်ကိုယ် ရှေ့တန်းတင်ခဲ့ကြသည်။ "အစေခံသူများ"ဟု အခေါ်မခံရမီတွင်၊ ၎င်းတို့သည် အားအင်နှင့်ပြည့်လျက်ရှိသော အသစ်ဖွားမြင်သည့် ကျားပေါက်တစ်ကောင်ကဲ့သို့ ဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် ၎င်းတို့၏အာရုံစိုက်မှုကို အသက်တာအပေါ် အတော်အတန် စူးစိုက်ခဲ့သော်လည်း၊ တစ်ခါတစ်ရံ ၎င်းတို့သည် ဟန်ဆောင်လုပ်ပြရုံသာ လုပ်ပြခဲ့ကြခြင်း ဖြစ်သည်။ ကျွန်များကဲ့သို့ ၎င်းတို့သည် ဘုရားသခင်အပေါ် ဝတ်ကျေတမ်းကျေ ပြုမူခဲ့ကြသည်။ အစေခံသူများအဖြစ် ဖော်ထုတ်ခြင်းကို ခံရသောအချိန်အတောအတွင်းတွင်၊ ၎င်းတို့ အပျက်သဘောဆောင်ခဲ့ကြသည်၊ နောက်ကျကျန်ခဲ့ကြသည်၊ ဝမ်းနည်းမှုဖြင့် ပြည့်ခဲ့ကြသည်၊ ဘုရားသခင်နှင့်ပတ်သက်၍ စောဒကတက်ခဲ့ကြသည်၊ စိတ်ပျက်လက်ပျက်ဖြစ်ခြင်းဖြင့် ၎င်းတို့၏ခေါင်းကို ငုံ့ထားခဲ့ကြသည်၊ အစရှိသည်တို့ ဖြစ်ခဲ့ကြ၏။ ၎င်းတို့ ကိုယ်တိုင်၏ အံ့သြဖွယ်ကောင်းသည့်၊ စိတ်ထိခိုက်ဖွယ်ရာ အဖြစ်အပျက်များ၏ အဆင့်အသီးသီးသည် ၎င်းတို့၏စိတ်များထဲ၌ စွဲကျန်လေ၏။ ၎င်းတို့အတွက် အိပ်စက်ရန်ပင် ခက်ခဲလာပြီး ၎င်းတို့သည် နေ့အချိန်တွင် မိန်းမောခြင်းဖြင့် အချိန်ကုန်ဆုံးကြသည်။ ၎င်းတို့သည် ဘုရားသခင်၏ ဒုတိယအကြိမ် သုတ်သင်ဖယ်ရှင်းခြင်းကို ခံကြရပြီးဖြစ်ပုံရကြသည်၊ လွတ်မြောက်နိုင်စွမ်းမရှိဘဲ မရဏာနိုင်ငံထဲသို့ ကျရောက်ပြီးဖြစ်ပုံရကြသည်။ ဘုရားသခင်သည် ပထမစာပိုဒ်တွင် ခက်ခဲသော မေးခွန်းအနည်းငယ်ကို ထုတ်သည်ထက် မည်သည့်အရာမျှ မလုပ်ဆောင်ခဲ့သော်လည်း၊ သေချာစွာဖတ်ပါက၊ ၎င်းတို့သည် ဘုရားသခင်၏ ရည်မှန်းချက်မှာ မေးမြန်းခြင်းအတွက် ဤမေးခွန်းများကို မေးခြင်းထက် ပိုသည်ကို ပြသ၏။ ယင်းတို့ထဲတွင် အဓိပ္ပာယ်နှင့် ပို၍နက်ရှိုင်းသော အဆင့်တစ်ခု၊ ပို၍အသေးစိတ် ရှင်းပြရမည့် အရာတစ်ခု ပါဝင်ပေသည်။

ဘုရားသခင်က အဆုံးတွင်တော့ ယနေ့သည် ယနေ့ဖြစ်ပြီး၊ ယမန်နေ့သည် ကျော်လွန်နှင့်ပြီဖြစ်သည့်အတွက်၊ အတိတ်ကို လွမ်းဆွတ်ခြင်းမှာ ဆင်ခြေမရှိဟု ဆိုခဲ့သော်လည်း၊ ဤနေရာတွင် ပထမဝါကျ၌ သူသည် လူတို့ကို မေးခွန်းများမေးပြီး ၎င်းတို့အား အတိတ်ကို အဘယ်ကြောင့် ပြန်တွေးစေသနည်း။ ယင်းနှင့်ပတ်သက်၍ စဉ်းစားကြည့်လော့- ဘုရားသခင်က လူတို့အား အတိတ်ကို မလွမ်းဆွတ်ကြရန် တောင်းဆိုသော်လည်း အတိတ်ကို ပြန်တွေးရန်လည်း အဘယ်ကြောင့် တောင်းဆိုသနည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်များ၌ အမှားတစ်ခု ရှိနိုင်မည်လော။ ဤနှုတ်ကပတ်တော်များ၏ အရင်းအမြစ်သည် မှားနိုင်မည်လော။

ပင်ကိုအားဖြင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော်များကို အာရုံမစိုက်သောသူများသည် ထိုသို့သော နက်နဲသည့် မေးခွန်းများကို မေးကြမည်မဟုတ်ပေ။ သို့သော် အချိန်အခိုက်အတန့်တစ်ခုအတွက်၊ ဤအရာကို ပြောဆိုရန် မလိုပေ။ ပထမဦးစွာ၊ အထက်က- "အဘယ်ကြောင့်" ဟူသည့်- ပထမဆုံး မေးခွန်းကို ငါ ရှင်းပြပါရစေ။ ဟုတ်ပေ၏၊ ဘုရားသခင်သည် အနှစ်မဲ့သော စကားများ မပြောဆိုသည်ကို အယောက်တိုင်း သိကြသည်။ အကယ်၍ စကားများသည် ဘုရားသခင်၏နှုတ်မှ မြွက်ဆိုထားခြင်းဖြစ်ပါက၊ ယင်းတို့အဖို့ ရည်မှန်းချက်တစ်ခုနှင့် အရေးပါမှုတစ်ခုရှိပေသည်- ဤအရာက မေးခွန်း၏ အချက်အချာကို ထည့်သွင်းစဉ်းစားသည်။ လူတို့၏ အကြီးမားဆုံး အားနည်းချက်မှာ ၎င်းတို့၏ ဆိုးယုတ်သော နည်းလမ်းများကို ပြောင်းလဲရန် ၎င်းတို့၏ မတတ်စွမ်းနိုင်မှုနှင့် ၎င်းတို့ သဘာဝဟောင်း၏ တင်းမာခြင်းတို့ ဖြစ်သည်။ လူအပေါင်းအား မိမိတို့ကိုယ်ကိုယ် ပို၍စေ့စေ့စပ်စပ်နှင့် လက်တွေ့ကျကျ သိခွင့်ပေးရန်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ်နှင့် ပတ်သက်၍ သာ၍ နက်ရှိုင်းစွာ သုံးသပ်နိုင်ကြဖို့အလို့ငှာ ဘုရားသခင်သည် ၎င်းတို့အား ပထမဦးစွာ အတိတ်ကို ပြန်တွေးစေပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်တစ်လုံးမျှ အနှစ်သာရမမဲ့သကဲ့သို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော် အားလုံးသည် မတူကွဲပြားသော လူများ၌ မတူကွဲပြားသော အတိုင်းအတာများအထိ ပြည့်စုံသည်ကို သိလာစေသည်။ အတိတ်တွင်၊ လူတို့ကို ဘုရားသခင် ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းသည် ၎င်းတို့အား ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာ အနည်းငယ် ပေးခဲ့ပြီး ဘုရားသခင်အပေါ် ၎င်းတို့၏ စစ်မှန်ရိုးသားမှုကို အနည်းငယ်ပို၍ အူလှိုက်သည်းလှိုက်ဖြစ်စေခဲ့သည်။ "ဘုရားသခင်" ဟူသော စကားလုံးသည် လူတို့နှင့် ၎င်းတို့၏စိတ်နှလုံးများ၏ ၀.၁ ရာခိုင်နှုန်းသာ နေရာယူသည်။ ဤမျှ စွမ်းဆောင်ရရှိခြင်းက ဘုရားသခင်သည် ကြီးမားသော ကယ်တင်ခြင်း အတိုင်းအတာတစ်ခုအား ဆောင်ရွက်ပြီးဖြစ်သည်ကို ပြသသည်။ ဤလူစု၌- အဆင်းနီသောနဂါးကြီး၏ အမြတ်ထုတ်ခြင်းကို ခံရပြီး စာတန်၏ ပိုင်ဆိုင်ခြင်းကို ခံရသော အုပ်စုတစ်စု၌- ဤမျှ ဘုရားသခင်၏ အောင်မြင်မှုမှာ ၎င်းတို့သည် ၎င်းတို့ သဘောရှိ မလုပ်ဆောင်ဝံ့ကြခြင်း ဖြစ်သည်ဟု ဆိုပါက တရားနည်းလမ်းကျပေသည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် စာတန်၏ ပိုင်ဆိုင်ခြင်းကို ခံရပြီးဖြစ်သော သူတို့ စိတ်နှလုံးများ၏ တစ်ရာရာခိုင်နှုန်းကို နေရာယူရန် မဖြစ်နိုင်သောကြောင့် ဖြစ်သည်။

နောက်ထပ်အဆင့်အတွင်းတွင် ဘုရားသခင်နှင့်သက်ဆိုင်သည့် လူတို့၏အသိပညာကို တိုးပွားစေရန် ဘုရားသခင်သည် အတိတ်က အစေခံသူများ၏ အခြေအနေများကို ယနေ့ ဘုရားသခင်၏လူတို့၏ အခြေအနေများနှင့် နှိုင်းယှဉ်သည်၊ ထိုသို့ဖြင့် လူတို့အား သာ၍

အရှက်ရစေသည့် သိသာထင်ရှားသော ခြားနားချက်တစ်ခုကို ဖန်တီးလေသည်။ ဘုရားသခင်က၊ "သင်တို့၏ အရှက်တရားကို ကွယ်ဝှက်စရာ နေရာမရှိ" ဟု ပြောခဲ့သကဲ့သို့သာ ဖြစ်သည်။

ထို့ကြောင့်၊ ဘုရားသခင်သည် ၎င်းတို့ကို မေးမြန်းခြင်းအတွက် မေးခွန်းများကို မေးရုံမျှမေးခြင်း မဟုတ်ဟု အဘယ်ကြောင့် ငါပြောခဲ့သနည်း။ အစမှ အဆုံးထိ သေချာ ဖတ်ရှုခြင်းက ဘုရားသခင် ထုတ်ခဲ့သော မေးခွန်းများကို စေ့စေ့စပ်စပ် ရှင်းပြမထားသော်လည်း၊ ထိုမေးခွန်းအားလုံးသည် ဘုရားသခင်အပေါ် လူတို့၏ သစ္စာစောင့်သိမှုနှင့် ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာ အတိုင်းအတာကို ရည်ညွှန်းသည်ကို ပြသပေသည်။ တစ်နည်းအားဖြင့်၊ ၎င်းတို့သည် လူတို့၏ သနားဖွယ်ဖြစ်ပြီး၊ ၎င်းတို့အတွက် ဖွင့်ဟပြောဆိုရန် ခက်ခဲသော အခြေအနေမှန်များကို ရည်ညွှန်းခြင်းဖြစ်ပေသည်။ ဤအရာမှ လူတို့၏ ဝိညာဉ်ရင့်ကျက်မှုသည် အလွန်နုံချာကြောင်း၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် ၎င်းတို့၏ အသိပညာမှာ အလွန်အပေါ်ယံဆန်ပြီး၊ သူ့အပေါ် ၎င်းတို့၏သစ္စာစောင့်သိခြင်းသည် အလွန် စွန်းထင်းကာ မစင်ကြယ်ကြောင်းကို မြင်နိုင်သည်။ ဘုရားသခင်ပြောခဲ့သည့်အတိုင်း၊ လူအားလုံးနီးပါးသည် ညစ်ပတ်သောရေထဲတွင် ငါးများကြပြီး၊ ထိုနေရာ၌ အရေအတွက် ဖြည့်ရန်သာ ရှိနေကြပေသည်။ ဘုရားသခင်က၊ "ငါ၏ လူများဖြစ်ရန် သင်တို့သည် အရည်အချင်းမပြည့်မီသည်ကို သင်တို့ အမှန်တကယ် ယုံကြည်ကြသလော" ဟု ဆိုသောအခါ၊ ဤနှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်အစစ်အမှန်မှာ လူအားလုံးထဲတွင် မည်သူမျှ ဘုရားသခင်၏လူများဖြစ်ရန် မသင့်တော်ခြင်း ဖြစ်သည်။ သို့သော် ပို၍ ကြီးမားသော အကျိုးတရားတစ်ခုကို စွမ်းဆောင်ရရှိရန်အလို့ငှာ၊ ဘုရားသခင်သည် မေးခွန်းများ မေးမြန်းခြင်း နည်းစနစ်ကို အသုံးပြု၏။ ဤနည်းစနစ်သည် ၎င်းတို့၏ စိတ်နှလုံးများကို ထိုးဖောက်သည့် အဆင့်ထိတိုင် လူတို့အား ရက်စက်စွာ တိုက်ခိုက်သော၊ ခုတ်ထစ်ပြီး သတ်ဖြတ်သော အတိတ်က နှုတ်ကပတ်တော်များထက် များစွာ ပို၍ ထိရောက်မှုရှိလေသည်။ ဘုရားသခင်က၊ "သင်တို့သည် ငါ့အပေါ် သစ္စာမစောင့်သိခြင်း မရှိသကဲ့သို့၊ သင်တို့၏ သစ္စာစောင့်သိခြင်းသည် စွန်းထင်းသည်၊ ငါသည် သင်တို့စိတ်နှလုံးများတွင် အကြွင်းမဲ့သော နေရာတစ်ခု မရှိ .... သင်တို့ထဲမှ မည်သူမျှသည် ငါ၏လူများ ဖြစ်ရန် မပြည့်စုံသည့်အတွက်၊ ငါသည် သင်တို့အား မိမိတို့ကိုယ်ကိုယ်မှ ပုန်းကွယ်စရာ နေရာမရှိ ဖြစ်စေရစ်မည်" ဟူသကဲ့သို့သော ငြီးငွေ့ဖွယ်ဖြစ်ပြီး၊ ပေါ့ပြက်သောအရာ တစ်စုံတစ်ခုကို တိုက်ရိုက်ပြောခဲ့ပြီးဖြစ်သည် ဆိုပါစို့။ သင်တို့သည် ဤအရာနှစ်ခုကို နှိုင်းယှဉ်ကောင်း နှိုင်းယှဉ်မည်ဖြစ်ပြီး၊ ၎င်းတို့၏ ပါဝင်သည့် အကြောင်းအရာမှာ တူညီသော်လည်း အသီးသီး၏ သဘောသွားမှာ ကွဲပြားသည်။

မေးခွန်းများကို အသုံးပြုခြင်းသည် များစွာပို၍ ထိရောက်သည်။ ထို့ကြောင့်၊ ဉာဏ်ပညာရှိသော ဘုရားသခင်သည် ပထမ သဘောသွားကို အသုံးပြုသည်၊ ယင်းက သူ စကားပြောသည့် ပညာသားပါမှုကို ပြသပေသည်။ ဤအရာကို လူသားက စွမ်းဆောင်မရရှိနိုင်သောကြောင့်၊ ဘုရားသခင်က၊ "လူတို့သည် ငါအသုံးပြုသည့် အသုံးအဆောင်များသာဖြစ်သည်။ ယင်းတို့ကြားက တစ်ခုတည်းသော ကွာခြားချက်မှာ အချို့သည် အောက်တန်းကျပြီး အချို့သည် အဖိုးတန်ခြင်း ဖြစ်သည်" ဟု ဆိုခဲ့သည်မှာ အံ့ဩစရာမရှိပေ။

လူတို့ ဆက်လက် ဖတ်ရှုသည်နှင့်အမျှ၊ ဘုရားသခင်သည် လူတို့အပေါ် လုံးဝ အလျှော့မပေးသည့်အတွက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူတို့အား တစ်ချက်မျှ အသက်ရှူခွင့် ပေးရုံသာပေးလျက်၊ တရစပ်စုပြုံလာလေသည်။ လူတို့သည် အဆုံးစွန် နောင်တရကြသည့်အခါ၊ ဘုရားသခင်က ၎င်းတို့အား နောက်ထပ်တစ်ဖန် သတိပေးသည်- "အကယ်၍ သင်တို့သည် အထက်က မေးခွန်းများကို လုံးဝ သတိမမူမိပါက၊ ဤအရာက သင်သည် နောက်သော ရေတွင် ငါးမျှားနေကြောင်း၊ သင်သည် အရေအတွက်များ ဖြည့်ဖို့သာ ရှိနေခြင်း ဖြစ်ကြောင်းနှင့် ငါ စီမံထားသော အချိန်တွင် သင်သည် ဧကန်မုချ သုတ်သင်ပယ်ရှင်း ခံရလိမ့်မည်ဖြစ်ပြီး၊ အနက်ဆုံးသောတွင်းထဲသို့ ဒုတိယအကြိမ် ပစ်ချခြင်း ခံရလိမ့်မည် ဖြစ်ကြောင်းကို ပြသပေသည်။ ဤသည်တို့မှာ ငါ၏ သတိပေးစကားများဖြစ်ပြီး ယင်းတို့ကို ပေါ့တန်စွာ သဘောထားသောသူ မည်သူမဆို ငါ၏တရားစီရင်ခြင်းအားဖြင့် ထိုးနှက်ခံရလိမ့်မည်ဖြစ်ပြီး၊ ချိန်းချက်သော အချိန်တွင်၊ ဘေးဒုက္ခနှင့် တွေ့ကြုံရလိမ့်မည်" ဟူ၍ ဖြစ်သည်။ ထိုသို့သော နှုတ်ကပတ်တော်များကို ဖတ်ခြင်းဖြင့် လူတို့သည် အနက်ဆုံးသောတွင်းထဲသို့ ၎င်းတို့ ပစ်ချခံခဲ့ရသည့်အချိန်ကို မတွေးဘဲမနေနိုင်ကြချေ- ရုတ်တရက် ဖြစ်ပွားသည့် ကပ်ဘေးအားဖြင့် ခြိမ်းခြောက်ခံရလျက်၊ ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ အုပ်စိုးခြင်းကို ခံရလျက်၊ ၎င်းတို့၏ အဆုံးသတ်သည် ၎င်းတို့ကို စောင့်ဆိုင်းနေရင်း၊ အချိန်ကြာမြင့်စွာ စိတ်သောကခံစားရလျက်၊ ဝမ်းနည်းညိုးငယ်လျက်၊ နေမထိထိုင်မသာ ဖြစ်လျက်၊ ၎င်းတို့၏ စိတ်နှလုံးများအတွင်းက ညိုးငယ်ခြင်းကို မည်သူ့ကိုမျှ ပြောမပြနိုင်ဘဲဖြစ်လျက်- ဤအရာနှင့် နှိုင်းယှဉ်ပါက၊ ၎င်းတို့သည် ၎င်းတို့၏ ဇာတိပကတိကို နုတ်ပယ်ခံရခြင်းသည် ပို၍ပင်ကောင်းသည်ဟု ခံစားရသည်.... ၎င်းတို့၏ အတွေးက ဤအဆင့်ထိ ရောက်ရှိသည်နှင့်အမျှ၊ ၎င်းတို့သည် စိတ်သောက မခံစားရဘဲ မနေနိုင်ကြပေ။ အတိတ်တွင် ၎င်းတို့ မည်ကဲ့သို့ ဖြစ်ခဲ့သည်၊ ယနေ့ မည်ကဲ့သို့ဖြစ်ပြီး မနက်ဖြန် မည်ကဲ့သို့ ဖြစ်လိမ့်မည်ကို စဉ်းစားခြင်းဖြင့်၊ ၎င်းတို့၏ စိတ်နှလုံးများထဲက ဝမ်းနည်းခြင်း ကြီးထွားလာသည်၊ ၎င်းတို့သည် မရည်ရွယ်ဘဲ

စတင်တုန်ယင်လာကြပြီး၊ ထိုသို့ဖြင့် ၎င်းတို့သည် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပို၍ ကြောက်ရွံ့လာကြသည်။ "ဘုရားသခင်၏ လူများ" ဟူသော ဝေါဟာရသည် စကားပြောသည့် နည်းလမ်းတစ်ခုသာ ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ၎င်းတို့ တွေးမိလာကြသည်နှင့်အမျှ ၎င်းတို့၏စိတ်နှလုံးထဲက ပျော်ရွှင်ခြင်းသည် သောကဖိစီးမှုအဖြစ် ချက်ချင်းပြောင်းလဲသွား၏။ ဘုရားသခင်သည် ၎င်းတို့ကို ထိုးနှက်ရန် ၎င်းတို့၏ သေလောက်သော အားနည်းချက်ကို အသုံးပြုပြီး ဤအခြေအနေ၌ သူသည် လူတို့၏ ထိတ်လန့်တုန်လှုပ်ခြင်းကို စဉ်ဆက်မပြတ် ဆွပေးရင်းနှင့်၊ ဘုရားသခင်၏လုပ်ဆောင်ချက်များမှာ နားလည်၍မရနိုင်ကြောင်း၊ ဘုရားသခင်သည် လက်လှမ်းမီ၍မရနိုင်ကြောင်း၊ ဘုရားသခင်သည် သန့်ရှင်းပြီး ဖြူစင်ကာ ၎င်းတို့သည် ဘုရားသခင်၏လူများဖြစ်ရန် မသင့်တော်ကြောင်း ၎င်းတို့၏အသိကို တိုးပွားစေရင်း၊ သူ့အမှု၏ နောက်အဆင့်ကို စတင်နေပေသည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် နောက်ကျမကျန်ရစ်ဝံ့ဘဲလျက်၊ မိမိတို့ကိုယ်ကိုယ် တိုးတက်စေရန် ၎င်းတို့၏ အားထုတ်မှုများကို ဆတက်ထမ်းပိုး ပြုလုပ်ကြလေသည်။

ဆက်လက်၍၊ လူတို့ကို သင်ခန်းစာတစ်ခု သွန်သင်ပေးရန်နှင့် ၎င်းတို့အား မိမိတို့ကိုယ်ကိုယ် သိရှိစေရန်၊ ဘုရားသခင်ကို ကြည်ညိုစေရန်နှင့် ကြောက်ရွံ့စေရန်၊ ဘုရားသခင်သည် သူ၏အစီအစဉ်အသစ်ကို စတင်လေ၏၊ "ဖန်ဆင်းခြင်း အချိန်မှစ၍ ယနေ့ထိတိုင်၊ များစွာသော လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို မနာခံကြလေပြီ၊ ထို့ကြောင့် ၎င်းတို့သည် ငါ၏ နာလန်ထူခြင်း ရေစီးကြောင်းမှ နှင်ထုတ်ခြင်းနှင့် သုတ်သင်ပယ်ရှင်းခြင်း ခံကြရပြီး ဖြစ်သည်။ နောက်ဆုံးတွင် ၎င်းတို့၏ ခန္ဓာကိုယ်များသည် ပျက်စီးသွားကာ ၎င်းတို့၏ ဝိညာဉ်များသည် မရဏာနိုင်ငံထဲသို့ ပစ်ချခြင်းခံရပြီး ယနေ့တွင်ပင် ၎င်းတို့သည် ကြီးလေးသော အပြစ်ဒဏ်ကို ခံစားကြရဆဲ ဖြစ်သည်။ များစွာသော လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို လိုက်လျှောက်ကြပြီးဖြစ်သော်လည်း၊ ၎င်းတို့သည် ငါ၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်းတို့.....ပြီးလျှင် အချို့တို့အား လွှန်ဆန်ကြပြီ .. ။" ဤသည်တို့မှာ စစ်မှန်သော ဥပမာများ ဖြစ်သည်။ ဤနှုတ်ကပတ်တော်များ၌၊ ဘုရားသခင်သည် သူ၏လူအပေါင်းတို့အား ခေတ်ကာလများတစ်လျှောက် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သိရှိစေဖို့ စစ်မှန်သော သတိပေးချက်တစ်ခုကို ၎င်းတို့အား ပေးသည်သာမက၊ ဝိညာဉ်လောက၌ ဖြစ်ပျက်နေသောအရာ၏ တစ်စိတ်တစ်ဒေသနှင့်သက်ဆိုင်သည့် သွယ်ဝိုက်သော ဖော်ပြချက်တစ်ခုကိုလည်း ပေးလေသည်။ ဤအရာက လူတို့အား ဘုရားသခင်အပေါ် ၎င်းတို့၏ မနာခံခြင်းမှ ကောင်းသောအရာတစ်ခုမျှ မလာနိုင်သည်ကို သိရှိစေသည်။

၎င်းတို့သည် ထာဝရ အရှက်တရား၏အမှတ်အသားတစ်ခု ဖြစ်လာကြလိမ့်မည် ဖြစ်ပြီး၊ စာတန်၏ ပြယုဂ်နှင့် စာတန်၏ မူပွားတစ်ခု ဖြစ်လာကြလိမ့်မည်။
ဤနှုတ်ကပတ်တော်များသည် လူတို့အား စိုးရိမ်ထိတ်လန့်စေရစ်ပြီး၊ ဘာလုပ်ရ၊ ဘာပြောရမှန်းမသိ ဖြစ်စေရစ်သည့်အတွက်၊ ဘုရားသခင်၏စိတ်နှလုံးထဲတွင်၊ ဤအဓိပ္ပာယ်၏ သွင်ပြင်လက္ခဏာမှာ သာမည အရေးပါခြင်းဖြစ်သည်။ ဤအရာ၏ အပြုသဘောဆောင်သောဘက်မှာ လူတို့သည် ကြောက်ရွံ့ခြင်းဖြင့် တုန်လှုပ်ကြသည်နှင့်အမျှ၊ ၎င်းတို့သည် ဝိညာဉ်လောက၏ အသေးစိတ်အချက်အလက် အချို့တို့ကိုလည်း ရရှိကြ၏- သို့သော် အချို့တို့သာ ရရှိခဲ့ကြသည်၊ ထို့ကြောင့် ငါသည် ရှင်းပြချက် အနည်းငယ်ကို ငါပေးရမည်။ ဝိညာဉ်လောက၏ ဂိတ်တံခါးပေါက်မှ၊ ဝိညာဉ်မျိုးစုံ ရှိသည်ကို မြင်နိုင်သည်။ သို့သော်၊ အချို့တို့သည် မရဏနိုင်ငံတွင် ရှိကြသည်၊ အချို့သည် ငရဲ၌ ရှိကြသည်၊ အချို့သည် မီးအိုင်ထဲ၌ ရှိကြပြီး အချို့တို့သည် အနက်ဆုံးသောတွင်းထဲ၌ ရှိကြသည်။ ဤနေရာတွင် ငါ ဖြည့်စွက်ရန် တစ်စုံတစ်ခု ရှိ၏။ အပေါ်ယံအားဖြင့်၊ ဤဝိညာဉ်များကို နေရာအလိုက် ခွဲခြားနိုင်သည်။ သို့သော် အတိအကျ ပြောရမည်ဆိုပါက၊ အချို့တို့သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းဖြင့် တိုက်ရိုက် ကိုင်တွယ်ဖြေရှင်းခြင်း ခံရပြီး၊ အချို့သည် ဘုရားသခင် အသုံးပြုသည့် စာတန်၏ ကျေးကျွန်ဘဝတွင် ရှိကြသည်။ ပို၍ တိတိကျကျဆိုပါက၊ ၎င်းတို့၏ ပြစ်တင်ဆုံးမခြင်းသည် ၎င်းတို့၏ အခြေအနေများ၏ ဆိုးရွားမှုနှင့်အညီ ကွဲပြားလေ၏။ ဤနေရာတွင်၊ ငါ အနည်းငယ်ပို၍ ရှင်းပြပါရစေ။ ဘုရားသခင်၏ လက်ဖြင့် တိုက်ရိုက်ပြစ်တင်ဆုံးမခြင်း ခံရသောသူများသည် ကမ္ဘာမြေကြီးပေါ်၌ ဝိညာဉ်မရှိကြပေ၊ ယင်းမှာ ၎င်းတို့သည် အသစ်တစ်ဖန်မွေးဖွားခြင်းငှာ အခွင့်အရေး မရှိဟု ဆိုလိုပေသည်။ စာတန်၏ စိုးမိုးမှုအောက်၌ ရှိသော ဝိညာဉ်များသည်- ဘုရားသခင်က “ငါ၏ ရန်သူများဖြစ်လာကြ” သည်ဟု ပြောချိန်တွင် သူ ပြောဆိုသည့် ရန်သူများသည်- လောကီအရာများနှင့် စပ်ဆိုင်ကြသည်။ ကမ္ဘာမြေကြီးပေါ်က အမျိုးမျိုးသော နတ်ဆိုးများသည် ဘုရားသခင်၏ ရန်သူများ၊ စာတန်၏ အစေခံများသာ ဖြစ်ကြပြီး တည်ရှိခြင်းအတွက် ၎င်းတို့၏ အကြောင်းရင်းမှာ အစေခံမှုပေးရန်၊ ၎င်းတို့သည် ဘုရားသခင်၏လုပ်ဆောင်ချက်များအဖို့ အဖြည့်ခံများ ဖြစ်နိုင်ကြဖို့အလို့ငှာ အစေခံမှုပေးရန် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်က၊ “ဤလူများသည် စာတန်၏ ဖမ်းဆီးခြင်းကို ခံရပြီးဖြစ်ရုံသာမက၊ ထာဝရအပြစ်သားများ ဖြစ်လာကြကာ ငါ၏ ရန်သူများ ဖြစ်လာကြပြီးဖြစ်သကဲ့သို့ ၎င်းတို့သည် ငါ့ကို တိုက်ရိုက် ဆန့်ကျင်ကြသည်” ဟု ဆိုခြင်းဖြစ်သည်။ ဆက်လက်၍ ဘုရားသခင်က လူတို့အား ဤကဲ့သို့ ဝိညာဉ်မျိုးအတွက် မည်သည့် အဆုံးသတ်မျိုးရှိသည်ကို ပြောပြသည်- “ထိုသို့သော

လူများသည် ငါ့အမျက်ဒေါသ၏ အထွတ်အထိပ်၌ ငါ့တရားစီရင်ခြင်း၏ အပြေခံအရာများ ဖြစ်ကြသည်” ဟူ၍ ဖြစ်သည်။ ဘုရားသခင်သည် ၎င်းတို့၏ လက်ရှိအခြေအနေများကိုလည်း “ယနေ့တွင် ၎င်းတို့သည် ကျိုးကြောင်းမမြင်ဘဲ ရှိကြဆဲ၊ မိုက်မှောင်သော အကျဉ်းတိုက်များထဲတွင် ရှိကြဆဲဖြစ်သည်” ဟူ၍ ရှင်းပြလေ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ မှန်ကန်မှုကို လူတို့အား ပြသရန်၊ သူ၏ သတိပေးချက်က လူတို့အပေါ် ပို၍နက်ရှိုင်းသော ထင်မြင်ချက်တစ်ခုကို ချန်ရစ်ဖို့အလို့ငှာ၊ ဘုရားသခင်သည် စစ်မှန်သော ဥပမာတစ်ခုကို သက်သေအဖြစ် (သူ ပြောသော ပေါလု၏ ကိစ္စရပ်) အသုံးပြု၏။ ပေါလုနှင့်ပတ်သက်၍ ပြောဆိုထားသည့်အရာကို ပုံပြင်တစ်ပုဒ်အဖြစ် သဘောထားခြင်းမှ လူတို့ကို တားဆီးဖို့နှင့် ၎င်းတို့အား မိမိတို့ကိုယ်ကိုယ် ပွဲကြည့်ပရိသတ်များအဖြစ် တွေးထင်ခြင်းမှ တားဆီးရန်- ထို့အပြင် ဘုရားသခင်ထံမှ ၎င်းတို့ သင်ယူလေ့လာခဲ့သည့် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက ဖြစ်ပျက်ခဲ့သော အရာများနှင့်သက်ဆိုင်၍ ဝါကြွားခြင်းမှ ၎င်းတို့ကို တားဆီးရန်- ဘုရားသခင်သည် ပေါလု၏ဘဝတစ်လျှောက်လုံးက သူ၏အတွေ့အကြုံများအပေါ် အာရုံမစိုက်ပေ။ ထိုအစား၊ ဘုရားသခင်သည် ပေါလုအတွက် အကျိုးဆက်များနှင့် မည်သည့် အဆုံးသတ်မျိုး သူ တွေ့ကြုံခဲ့သည်၊ ဘုရားသခင်ကို ပေါလု ဆန့်ကျင်ခဲ့သည့် အကြောင်းရင်းနှင့် ပေါလုက သူ လုပ်ဆောင်ခဲ့သည့် နည်းလမ်းကို မည်သို့ အဆုံးသတ်ခဲ့သည်ဆိုသည်တို့အပေါ် အာရုံစိုက်လေသည်။ ဘုရားသခင် အာရုံစိုက်သောအရာမှာ ပေါလု၏ လိုချင်တောင့်တသော မျှော်လင့်ချက်များကို နောက်ဆုံးတွင် ဘုရားသခင် မည်သို့ ငြင်းပယ်ခဲ့သည်ဆိုသည်နှင့် ဝိညာဉ်ရေးရာ နယ်ပယ်ထဲက ပေါလု၏အခြေအနေကို တိုက်ရိုက် ဖွင့်ချခြင်းတို့အပေါ် အလေးပေးနေခြင်း ဖြစ်သည်- “ပေါလုသည် ဘုရားသခင်၏ တိုက်ရိုက် ပြစ်တင်ဆုံးမခြင်းကို ခံရသည်။” လူတို့သည် ထုံထိုင်းကြပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် မည်သည့်အရာကိုမျှ သဘောပေါက်နိုင်စွမ်း မရှိကြသောကြောင့်၊ ဘုရားသခင်သည် ရှင်းပြချက်တစ်ခု(မိန့်မြွက်ချက်၏ နောက်တစ်ပိုင်း)ကို ဖြည့်ကာ မတူကွဲပြားသော သွင်ပြင်လက္ခဏာတစ်ခုနှင့် ဆက်နွှယ်သည့် ကိစ္စရပ်တစ်ခုအကြောင်းကို စတင် ပြောဆိုလေသည်။ “ငါ့ကို ဆန့်ကျင်သောသူ မည်သူမဆို (ငါ၏ အသွေးအသား ဇာတိကို ဆန့်ကျင်ခြင်း သာမက၊ သာ၍ အရေးကြီးသည်မှာ ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏ ဝိညာဉ်ကို- ဆိုလိုသည်မှာ၊ ငါ၏ ဘုရားသဘာဝကို- ဆန့်ကျင်ခြင်း)၊ ၎င်းတို့၏ ဇာတိပကတိတွင် ငါ၏ တရားစီရင်ခြင်းကို လက်ခံရရှိကြသည်။” အပေါ်ယံအားဖြင့် ပြောရမည်ဆိုပါက၊ ဤနှုတ်ကပတ်တော်များသည် အထက်က နှုတ်ကပတ်တော်များနှင့် ဆက်နွှယ်ပုံမရသကဲ့သို့၊

နှစ်ခုကြားတွင် အပြန်အလှန်ဆက်နွယ်မှု တစ်ခုတစ်လေမျှ မရှိပုံရသော်လည်း အထိတ်တလန့် မဖြစ်နှင့်- ဘုရားသခင်သည် သူ၏ကိုယ်ပိုင် ရည်မှန်းချက်များ ရှိ၏။ "အထက်ပါ ဥပမာက သက်သေပြသည်မှာ" ဟူသည့် ရိုးရှင်းသောနှုတ်ကပတ်တော်များသည် ဆက်နွယ်ပုံမရသော ကိစ္စရပ်များနှစ်ခုကို ကိုယ်အင်္ဂါဆိုင်ရာ ပေါင်းစပ်ထားခြင်းဖြစ်သည်- ဤသည်မှာ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ အရိုးခံဖြစ်ခြင်း ဖြစ်သည်။ ထို့ကြောင့်၊ လူတို့သည် ပေါလု၏ ဖြစ်စဉ်မှတစ်ဆင့် အသိဉာဏ်ပွင့်လင်းစေခြင်းခံရကြပြီး ယခင်နှင့် နောက်လာသည့် စာကြားက ဆက်နွယ်မှုကြောင့် ပေါလုပေးသည့် သင်ခန်းစာမှတစ်ဆင့်၊ ၎င်းတို့သည် ဘုရားသခင်ကို သိရှိခြင်းအား သာ၍ပင် လေ့လာလိုက်စားကြသည်၊ ယင်းမှာ ဤနှုတ်ကပတ်တော်များကို ပြောဆိုရာတွင် ဘုရားသခင် စွမ်းဆောင်ရရှိရန် ဆန္ဒရှိသည့် အကျိုးတရား ဖြစ်သည်။ ဆက်လက်၍ ဘုရားသခင်သည် အသက်ထဲသို့ လူတို့၏ ဝင်ရောက်ခြင်းအတွက် အကူအညီနှင့် အသိဉာဏ်ပွင့်လင်းစေခြင်းတို့ကို ပေးသည့် နှုတ်ကပတ်တော်အချို့ကို ပြောဆိုလေ၏။ ငါ့အတွက် ဤအရာကို ပြောဆိုရန် လိုအပ်ပေ- ဤအရာတို့သည် နားလည်ရန်လွယ်ကူသည်ဟု သင် ခံစားရလိမ့်မည်။ သို့သော်လည်း ငါ ရှင်းပြရမည့် အရာမှာ ဘုရားသခင်က၊ "ငါသည် သာမန် လူ့သဘာဝဖြင့် အလုပ်လုပ်ခဲ့ချိန်တွင်၊ လူအများစုသည် မိမိတို့ကိုယ်ကိုယ် ငါ၏ အမျက်ဒေါသနှင့် ဘုန်းအာနုဘော်တို့နှင့် ယှဉ်၍ တိုင်းတာနှင့်ခဲ့ကြပြီးဖြစ်ကာ၊ ငါ၏ ဉာဏ်ပညာနှင့် စိတ်သဘောထားတို့ကို အနည်းငယ် သိရှိခဲ့နှင့်ကြပေသည်။ ယနေ့တွင်၊ ငါသည် ဘုရားသဘာဝဖြင့် တိုက်ရိုက် စကားပြောကာ ဆောင်ရွက်ပြီး၊ ငါ၏ အမျက်ဒေါသနှင့် တရားစီရင်ခြင်းကို မိမိတို့ ကိုယ်တိုင်၏ မျက်လုံးများဖြင့် တွေ့မြင်ကြလိမ့်မည့် လူအချို့ရှိသေးသည်။ ထို့အပြင် တရားစီရင်ခြင်း ခေတ်၏ ဒုတိယအပိုင်းနှင့်သက်ဆိုင်သည့် အဓိကအလုပ်မှာ ငါ၏ လူများအားလုံးအား ဇာတိပကတိထဲက ငါ၏ လုပ်ဆောင်ချက်များကို တိုက်ရိုက် သိရှိစေဖို့နှင့် သင်တို့အားလုံးအား ငါ၏ စိတ်သဘောထားကို တိုက်ရိုက် ရှုမြင်စေရန် ဖြစ်သည်" ဟူ၍ ပြောသောအချိန် ဖြစ်သည်။ ဤနှုတ်ကပတ်တော် အနည်းငယ်သည် သာမန်လူ့သဘာဝ၌ ဘုရားသခင်၏အမှုကို နိဂုံးချုပ်ပြီး ဘုရားသဘာဝတွင် ဆောင်ရွက်သည့် တရားစီရင်ခြင်းခေတ်နှင့်ဆိုင်သော ဘုရားသခင်၏အမှု ဒုတိယအပိုင်းကို တရားဝင် စတင်ကာ၊ လူတစ်စု၏ အဆုံးသတ်ကို ဟောကိန်းထုတ်လေသည်။ ဤအခြေအနေတွင်၊ လူတို့သည် ဘုရားသခင်၏ လူများ ဖြစ်လာခဲ့ကြချိန်တွင် ဤအရာမှာ တရားစီရင်ခြင်းခေတ်၏ ဒုတိယအပိုင်း ဖြစ်သည်ဟု ဘုရားသခင်က လူတို့ကို မပြောပြခဲ့သည်ကို ရှင်းပြအပ်ပေသည်။ ထိုအစား၊ သူက လူတို့အား ဘုရားသခင်၏ အလို၊ ဤကာလအတွင်း ဘုရားသခင် စွမ်းဆောင်ရရှိရန် ဆန္ဒရှိသည့် ရည်မှန်းချက်များနှင့်

ကမ္ဘာမြေကြီးပေါ်က ဘုရားသခင့်အမှု၏နောက်ဆုံးအဆင့်ကို ပြောပြပြီးသည့်နောက်တွင်၊ ဤသည်မှာ တရားစီရင်ခြင်းခေတ်၏ ဒုတိယအပိုင်း ဖြစ်သည်ဟုသာ ရှင်းပြလေသည်။ ဤအရာ၌ ဘုရားသခင်၏ဉာဏ်ပညာလည်း ရှိသည်ကို ပြောရန်မလိုအပ်ပေ။ လူတို့သည် ၎င်းတို့၏ နေမကောင်းစဉ်အိပ်သည့် အိပ်ရာများမှ ယခုပင် နိုးထလာကြချိန်တွင်၊ ၎င်းတို့ အရေးစိုက်သည့် တစ်ခုတည်းသောအရာမှာ ၎င်းတို့ သေမည် မသေမည်၊ သို့မဟုတ် ၎င်းတို့၏ နာမကျန်းဖြစ်ခြင်းအား ၎င်းတို့ ကိုယ်ခန္ဓာမှ ထုတ်ပစ်၍နိုင်ခြင်း ရှိမရှိ ဖြစ်သည်။ ၎င်းတို့သည် ကိုယ်အလေးချိန် တက်မည် မတက်မည်၊ သို့မဟုတ် သင့်လျော်သော အဝတ်အထည်များကို ဝတ်ဆင်မည် မဝတ်ဆင်မည်ကို အလေးဂရုမပြုကြပေ။ ထို့ကြောင့် ဘုရားသခင်က သူ၏သတ်မှတ်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ပြောဆိုကာ၊ ယနေ့၏ လတ်တလော ခေတ်ကာလမှာ မည်သည့်အရာဖြစ်သည်ဆိုသည်ကို ပြောပြသည်မှာ လူတို့က ၎င်းတို့သည် ဘုရားသခင်၏လူများထဲမှ တစ်ဦးဖြစ်သည်ကို လုံးလုံးလျားလျား ယုံကြည့်သည့်အခါမှသာ ဖြစ်သည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် လူတို့သည် ၎င်းတို့ နလန်ထပြီးနောက် ရက်အနည်းငယ်တွင်သာ ဘုရားသခင်၏ စီမံခန့်ခွဲမှု အဆင့်များအပေါ် အာရုံစိုက်ရန် အားအင်ရှိကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤသည်မှာ ၎င်းတို့အား ပြောပြရန် အသင့်တော်ဆုံးအချိန်ဖြစ်၏။ လူတို့ နားလည်ပြီးနောက်မှသာ ၎င်းတို့ စတင်စိစစ်ကြသည်- ဤသည်မှာ တရားစီရင်ခြင်း ခေတ်၏ ဒုတိယအပိုင်းဖြစ်သည်အတွက်၊ ဘုရားသခင်၏ သတ်မှတ်ချက်များသည် ပို၍တင်းကျပ်လာပြီးဖြစ်ကာ၊ ငါသည် ဘုရားသခင်၏ လူများထဲမှ တစ်ဦး ဖြစ်လာပြီး ဖြစ်သည်။ ထိုသို့ စိစစ်ခြင်းမှာ မှန်ကန်ပြီး၊ ဤစိစစ်ခြင်းနည်းလမ်းကို လူသားက ကြိုးပမ်းရရှိနိုင်ပေသည်။ ယင်းမှာ ဘုရားသခင်က ဤစကားပြောခြင်း နည်းလမ်းကို အသုံးပြုသည့် အကြောင်းရင်း ဖြစ်သည်။

လူတို့ အနည်းငယ် နားလည်သည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည် စကားပြောရရန် ဝိညာဉ်လောကထဲသို့ နောက်ထပ်တစ်ကြိမ် ဝင်ရောက်သောကြောင့်၊ ၎င်းတို့သည် ချောင်းမြောင်းတိုက်ခိုက်ခြင်းထဲသို့ နောက်ထပ်တဖန် ကျရောက်ကြသည်။ ဤမေးခွန်းများ တသီတတန်းအတွင်းတွင်၊ အယောက်တိုင်းသည် ဘုရားသခင်၏အလိုက မည်သည့်နေရာ၌ တည်သည်ကို မသိကြဘဲ၊ ဘုရားသခင်၏ မေးခွန်းများထဲမှ မည်သည့်အရာကို ဖြေရမှန်း မသိကြသည့်အပြင် ဘုရားသခင်၏ မေးခွန်းများကို ဖြေကြားရန် မည်သည့် ဘာသာစကားကို အသုံးပြုရမှန်း မသိဘဲ၊ စိတ်ရှုပ်ထွေးလျက်၊ ပြင်းပြင်းထန်ထန် စဉ်းစားကြလေသည်။ ငိုရမှန်းမသိ ရယ်ရမှန်းမသိ ဟိုယောင်ယောင် သည်ယောင်ယောင် ဖြစ်လေသည်။ လူတို့အဖို့၊ ဤနှုတ်ကပတ်တော်များသည် အလွန် နက်နဲသိမ်မွေ့သော နက်နဲမှုများ ပါဝင်မည့်အလား

ထင်ရသည်- သို့သော် အဖြစ်မှန်များမှာ အတိအကျ ဆန့်ကျင်ဘက်ဖြစ်သည်။ ဤနေရာတွင် သင့်အတွက် ရှင်းပြချက်အနည်းငယ်ကိုလည်း ငါ ဖြည့်ကောင်း ဖြည့်နိုင်သည်- ယင်းသည် သင်၏ဦးနှောက်ကို အနားပေးလိမ့်မည်ဖြစ်ပြီး၊ ဤသည်မှာ ရိုးရှင်းသောအရာတစ်ခု ဖြစ်ကာ ယင်းနှင့်ပတ်သက်၍ တွေးစရာမလိုဟု သင် ခံစားရလိမ့်မည်။ အမှန်တွင်၊ နှုတ်ကပတ်တော်များစွာ ရှိသော်လည်း ယင်းတို့သည် ဘုရားသခင် စွဲကိုင်သည့် ရည်မှန်းချက်တစ်ခုတည်းသာ ပါရှိကြသည်- ဤမေးခွန်းများမှတစ်ဆင့် လူတို့၏သစ္စာစောင့်သိမှုကို ရရှိခြင်းဖြစ်သည်။ သို့သော် ဤအရာကို တိုက်ရိုက် ပြောရန် မသင့်လျော်ပေ၊ ထို့ကြောင့် ဘုရားသခင်သည် နောက်ထပ်တစ်ကြိမ် မေးခွန်းများကို အသုံးပြုလေသည်။ သို့သော်လည်း သူ ပြောဆိုသည့် လေသံမှာ အထူးသဖြင့် နူးညံ့ပြီး အစအဦးနှင့် များစွာ မတူပေ။ ၎င်းတို့သည် ဘုရားသခင်၏ မေးမြန်းခြင်းကို ခံရလျက်ရှိကြသော်လည်း၊ ဤခြားနားချက်မျိုးသည် လူတို့ထံ စိတ်သက်သာမှု အတိုင်းအတာတစ်ခုကို ဆောင်ကြဉ်းပေးလေသည်။ သင်သည် မေးခွန်းအသီးသီးကိုလည်း တစ်ခုပြီး တစ်ခု သင် အဓိပ္ပာယ်ကောက်ကောင်း ကောက်နိုင်သည်။ ဤအရာများကို အတိတ်တွင် မကြာခဏ ရည်ညွှန်းခဲ့သည် မဟုတ်လော။ ဤရိုးရှင်းသည့် မေးခွန်းအနည်းငယ်တွင်၊ ထူးကဲဆန်းစုံသော ပါဝင်သည့်အကြောင်းအရာ ရှိသေးလည်း။ အချို့မှာ လူတို့၏ စိတ်နေစိတ်ထားနှင့်ဆိုင်သော ဖော်ပြချက်တစ်ခု ဖြစ်သည်- "သင်တို့သည် ကောင်းကင်ဘုံက အသက်တာနှင့်ဆင်သော မြေကြီးပေါ် ရှိ အသက်တာတစ်ခုကို မွေ့လျော်ရန် လိုလားနေကြသလော။" အချို့မှာ ဘုရားသခင်ရှေ့ လူတို့၏ "စစ်သူရဲ သစ္စာ" ဖြစ်သည်- "သင်တို့သည် သိုးတစ်ကောင်ကဲ့သို့ ငါ့အားဖြင့် သေခြင်းသို့ အပို့ခံရန်နှင့် ငါ၏ ဦးဆောင်ခြင်းကို ခံရန် မိမိတို့ကိုယ်ကိုယ် အမှန်တကယ် ခွင့်ပြုနိုင်သလော။" ထို့အပြင် ယင်းတို့ထဲမှ အချို့မှာ လူသားနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များ ဖြစ်သည်- "အကယ်၍ ငါသည် တိုက်ရိုက် စကားမပြောခဲ့ပါက၊ သင့် အနီးအနားရှိ အရာရာကို သင် စွန့်လွှတ်ကာ ငါ၏ အသုံးပြုခြင်း ခံရရန် မိမိကိုယ်မိမိ ခွင့်ပြုနိုင်မည်လော။ ဤအရာမှာ ငါတောင်းဆိုသော လက်တွေ့အရှိတရား မဟုတ်လော။..." ယင်းတို့သည် လူသားအတွက် ဘုရားသခင်၏ တိုက်တွန်းချက်များနှင့် စိတ်ချရန်အာမခံချက်များလည်း ပါဝင်သည်- "သို့သော် သင်တို့သည် သံသယများဖြင့် ဖိစီးခံတော့ရန်၊ သင်တို့၏ ဝင်ရောက်မှုတွင် အခြေအနေကို ဖန်တီးယူရန်နှင့် ငါ့နှုတ်ကပတ်တော်များ၏ အနှစ်သာရများကို သဘောပေါက်ရန် ငါတောင်းဆိုသည်။ ဤအရာသည် ငါ၏ နှုတ်ကပတ်တော်များကို နားလည်မှုလွဲခြင်းနှင့် ငါ၏ ဆိုလိုရင်းကို မသဲကွဲခြင်းနှင့် ထိုသို့ဖြင့် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်မိခြင်းမှ သင်တို့ကို တားဆီးလိမ့်မည်။" နောက်ဆုံးတွင်၊ ဘုရားသခင်က လူသားအတွက် သူ၏

မျှော်လင့်ချက်များအကြောင်းကို ပြောပြ၏၊ “ငါ၏ နှုတ်ကပတ်တော်များထဲက သင်တို့အတွက် ငါ၏ ရည်ရွယ်ချက်များကို သင်တို့ သဘောပေါက်ရန် ငါမျှော်လင့်သည်။ သင်တို့၏ ကိုယ်ပိုင် တက်လမ်းများကို နောက်ထပ် မစဉ်းစားတော့ဘဲ အရာခပ်သိမ်း၌ ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုများကို ကျိုးနွံနာခံရန် ငါ၏ ရှေ့မှောက်တွင် သင်စိတ်ပိုင်းဖြတ်ခဲ့သည့်အတိုင်း ဆောင်ရွက်လော့။” နောက်ဆုံးမေးခွန်းသည် နက်နဲသော အဓိပ္ပာယ်ရှိသည်။ ယင်းမှာ အတွေးကို လှုံ့ဆော်ပေးသည်၊ လူတို့၏စိတ်နှလုံးတွင် စွဲမှတ်စေပြီး နားရွက်နှင့် နီးသည့် ခေါင်းလောင်းတစ်လုံးကဲ့သို့ မရပ်မနား မြည်နေရင်း၊ မေ့လျော့ရန် ခက်ခဲပေသည်…

အထက်ပါအရာများမှာ ကိုးကားချက်အဖြစ် သင် အသုံးပြုရန်အတွက် ရှင်းပြခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တော် အနည်းငယ်ဖြစ်သည်။

# အခန်း ၅

ဘုရားသခင်သည် လူသားတို့အား ၎င်းတို့အတွက် ရှင်းပြရန်ခက်ခဲသည့် တောင်းဆိုမှုများကို ပြသည့်အခါနှင့် သူ၏ နှုတ်ကပတ်တော်တို့သည် လူသား၏ စိတ်နှလုံးထဲသို့ တိုက်ရိုက် ထိမှန်ပြီး လူတို့သည် ၎င်းတို့၏ စစ်မှန်ရိုးသားသော နှလုံးသားများကို သူ့အတွက် မေ့လျော့ဖို့ ဆက်ကပ်သည့်အခါတွင်၊ ဘုရားသခင်သည် ၎င်းတို့အား တွေးဆရန်၊ သန္နိဋ္ဌာန်ချရန်နှင့် လက်တွေ့လုပ်ဆောင်ခြင်း အတွက် လမ်းကြောင်း တစ်ခုရှာရန် အခွင့်အရေး ပေးလေသည်။ ဤနည်းဖြင့် သူ၏ လူများ ဖြစ်ကြသူအားလုံးတို့သည် စိတ်ပိုင်းဖြတ်ချက်ဖြင့် ကျစ်ကျစ်ဆုပ်ထားသော လက်သီးတို့ဖြင့်၊ ၎င်းတို့၏ ဖြစ်တည်မှု တစ်ခုလုံးကို ဘုရားသခင်ထံ နောက်တစ်ကြိမ် ဆက်ကပ်ကြလိမ့်မည်။ အချို့တို့သည် အလုပ်ကြိုးစားဖို့ မိမိတို့ကိုယ်ကိုယ် ဆော်ဩစည်းရုံးရန် ပြင်ဆင်သည်နှင့်အမျှ၊ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်ကို ဘုန်းအသရေ ဆောင်ကြဉ်းဖို့ရန်နှင့် ယင်း၏ အဆုံးသတ်သို့ အလျင်အမြန် ဆောင်ရွက်ဖို့အလို့ငှာ ၎င်းတို့၏ အစွမ်းအစ အနည်းငယ်ကို ဆက်ကပ် မြှုပ်နှံရင်း၊ အစီအစဉ်တစ်ခု ရေးဆွဲကာ နေ့စဉ် အချိန်ဇယားတစ်ခုကို ချမှတ်ကောင်း ချမှတ်ကြပေမည်။ လူတို့သည် ၎င်းတို့၏ ဝေယျာဝစ္စများကို လုပ်ကြသည်နှင့်အမျှ၊ ၎င်းတို့ စကားပြောကာ အလုပ် လုပ်ကြသည်နှင့်အမျှ၊ ဤအရာများကို ၎င်းတို့၏စိတ်များတွင် သေချာ စွဲကိုင်ထားလျက် ဤစိတ်နေစိတ်ထားကို သိုထားကြချိန်တွင်ပင်၊ ဘုရားသခင်သည် စကားပြောဆိုရန် တစ်ဖန် စတင်လေသည်- “ငါ့ဝိညာဉ်၏ အသံသည် ငါ၏ စိတ်သဘောထားတစ်ခုလုံး၏

ဖော်ပြချက်တစ်ခု ဖြစ်သည်။ သင်တို့ နားလည်သလော။" လူသားများသည် သာ၍ စိတ်ပိုင်းဖြတ်ထားလေလေ ဘုရားသခင်၏ အလိုကို သဘောပေါက်ရန် ၎င်းတို့ သာ၍ အသည်းအသန် တမ်းတလေဖြစ်ပြီး၊ ဘုရားသခင်က ၎င်းတို့ကို တောင်းဆိုမှုများ ပြုလုပ်ရန်အတွက် သာ၍ လေးလေးနက်နက် တမ်းတကြလိမ့်မည် ဖြစ်သည်။ ဤအကြောင်းကြောင့် ဘုရားသခင်သည် အသင့်ပြင်ဆင်ခြင်းဖြင့် ကြာမြင့်စွာ ထိန်းသိမ်းထားသည့် သူ၏ နှုတ်ကပတ်တော်များကို လူတို့၏ဖြစ်တည်မှု၏ အတွင်းကျကျ နေရာများသို့ ပေးရန် ဤအခွင့်အရေးကို ကောင်းစွာ အသုံးချလျက်၊ လူတို့အား ၎င်းတို့လိုချင်သည့်အရာကို ပေးလိမ့်မည်။ ဤနှုတ်ကပတ်တော်များသည် အနည်းငယ် ပြင်းထန်ပုံရသော်လည်း၊ သို့မဟုတ် ခပ်ပြတ်ပြတ် ဖြစ်ပုံရသော်လည်း၊ လူသားမျိုးနွယ်အဖို့ ယင်းတို့သည် နှိုင်းယှဉ်၍ မရနိုင်လောက်အောင် ချိုသာသည်ဟု ထင်ရသည်။ ရုတ်တရက် ၎င်းတို့သည် ကောင်းကင်ဘုံ၌ ရှိခဲ့ကြသည့်အလား သို့မဟုတ် အခြားနယ်ပယ်သို့- စိတ်ကူးစိတ်သန်း၏ သုခဘုံသဖွယ် ဖြစ်သည့်- ပြင်ပကမ္ဘာ၏ အရေးကိစ္စများက လူသားမျိုးနွယ်အပေါ် ထိခိုက်ခြင်း မရှိတော့သည့် နေရာတစ်ခုသို့ ပို့ဆောင်ခံခဲ့ရပြီး ဖြစ်သည့်အလား၊ ၎င်းတို့၏ စိတ်နှလုံးများသည် ဝမ်းမြောက်မှုဖြင့် ပိုမို သွက်လက်လှုပ်ရှား လာကြလေသည်။ အတိတ်တွင် လုပ်ဆောင်ခြင်း အလေ့အကျင့်တွင် ရှိခဲ့ကြသည်နှင့်အမျှ၊ လူတို့သည် အပြင်ပန်းမှ ပြောဆိုပြီး အပြင်ပန်းမှ ပြုမူကြလိမ့်မည်ဖြစ်သောကြောင့်၊ မှန်ကန်သော အရင်းအမြစ်ကို မချခင်းနိုင်မည့် နောက်ဆုံး ဖြစ်လာနိုင်ဖွယ် အခြေအနေကို ရှောင်တိမ်းရန်အလို့ငှာ၊ လူတို့က ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ဆန္ဒရှိသည့်အရာကို စွမ်းဆောင်ရရှိသည်နှင့် တစ်ပြိုင်နက်၊ ထို့အပြင် ၎င်းတို့သည် ပြင်းပြသော စိတ်အားထက်သန်မှုဖြင့် အလုပ်သို့သွားရန် ပြင်ဆင်ကြသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည် သူ၏ စကားပြောပုံကို ၎င်းတို့၏ စိတ်နေစိတ်ထားနှင့် လိုက်ဖက်အောင် ပြင်ဆင်ဆဲဖြစ်ပြီး၊ အကျဉ်းနည်းဖြင့် မချုပ်တည်းဘဲ ၎င်းတို့၏ စိတ်နှလုံးများအတွင်းတွင် ၎င်းတို့ ကိုင်စွဲထားကြသည့် စိတ်ဇောဟုန်နှင့် ဘာသာရေးဆိုင်ရာ ဟိတ်ဟန်များအားလုံးကို ငြင်းဆိုဆဲ ဖြစ်သည်။ ဘုရားသခင်က၊ "ဤတွင်ရှိသော အရေးပါမှုကို သင်တို့ စစ်မှန်စွာ သိမြင်ပြီးပြီလော" ဟု ပြောပြီးသည်နှင့်အမျှ၊ လူသားများသည် တစ်စုံတစ်ရာနှင့် ပတ်သက်၍ ၎င်းတို့၏ စိတ်ဆုံးဖြတ်ချက်ကို မချမီဖြစ်စေ ချပြီးနောက်ဖြစ်စေ၊ ၎င်းတို့သည် ဘုရားသခင်၏ လုပ်ဆောင်ချက်များ သို့မဟုတ် သူ၏ နှုတ်ကပတ်တော်များ၌ ဘုရားသခင်ကို သိကျွမ်းခြင်း အပေါ် အလွန် အလေးထားခြင်း မရှိကြဘဲ၊ ယင်းထက် "ဘုရားသခင် အတွက် ငါ ဘာလုပ်ပေးနိုင်သနည်း။ ယင်းသည် အဓိက ပြဿနာဖြစ်သည်။" ဟူသော မေးခွန်းကို

တွေးဆမြဲ တွေးဆနေကြလေသည်။ ဤသည်မှာ ဘုရားသခင်က၊ "ငါ့ရှေ့တွင် သင်တို့ကိုယ်သင်တို့ ငါ၏လူများဟု ခေါ်ဆိုဝံ့သလော- သင်တို့သည် အသိစိတ်ရှိဖို့ မဆိုထားနှင့်၊ အရှက်တရားပင် မရှိပေ။" ဟုပြောရသည့် အကြောင်းရင်း ဖြစ်သည်။ ဤစကားများကို ဘုရားသခင် ပြောပြီးသည်နှင့် တစ်ပြိုင်နက် လူတို့သည် ချက်ချင်း ၎င်းတို့ အသိတရား ဝင်လာကြပြီး ဘုရားသခင်၏ အမျက်ဒေါသကို ဒုတိယအကြိမ် ဆွမိမည်ကို အလွန်အမင်း ကြောက်ရွံ့လျက်၊ ဓာတ်လိုက်ခြင်း တစ်ခုကို ခံလိုက်ရသည့်အလား၊ ၎င်းတို့၏လက်များကို ရင်ဘတ်များ၏ လုံခြုံရာဆီသို့ အမြန် ရုတ်လိုက်ကြသည်။ ဤအရာအပြင် ဘုရားသခင်က "သင်တို့ကဲ့သို့သော လူများသည် ငါ၏အိမ်မှ အနေးနှင့်အမြန် နှင်ထုတ်ခံရပေလိမ့်မည်။ သင်သည် ငါ့အတွက် သက်သေခံ ရပ်တည်ပြီးဖြစ်သည်ဟု ယူဆရင်း ငါ့အား သင် မလှည့်ဖြားနှင့်။" ဟုလည်း ပြောဆိုပြီး ဖြစ်သည်။ ဤသို့သောစကားများကို ကြားသည့်အခါ၊ လူတို့သည် ခြင်္သေ့တစ်ကောင်ကို မြင်တွေ့ခဲ့ရပြီးဖြစ်သည့်အလား ပို၍ပင် ကြောက်ရွံ့သွားကြသည်။ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ အပြည့်အဝ ကောင်းစွာ သိကြသည်။ ၎င်းတို့သည် ခြင်္သေ့ အစားခံရဖို့ ဆန္ဒမရှိကြသကဲ့သို့၊ အခြားတစ်ဘက်တွင် အဘယ်သို့ ရုန်းထွက်လွတ်မြောက်ရမည်ကို မသိကြချေ။ ဤအခိုက်အတန့်တွင် လူသားစိတ်နှလုံးထဲရှိ အစီအစဉ်သည် သဲလွန်စ တစ်ခုမျှမရှိဘဲ အကြွင်းမဲ့နှင့် လုံးဝ ပျောက်ကွယ်သွားလေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတစ်ဆင့်၊ ငါသည် လူသားမျိုးနွယ်၏ အရှက်ရခြင်း သွင်ပြင်လက္ခဏာ တစ်ခုစီတိုင်းကို မြင်နိုင်သည့်အလား ခံစားရသည်။ ကောလိပ်ဝင်ခွင့်စာမေးပွဲ မအောင်သော စာမေးပွဲဖြေသူ တစ်ဦးကဲ့သို့ ခေါင်းငိုက်စိုက်ကျပြီး မလုံမလဲပြုမူပြောဆိုပုံဖြင့် ၂၀၀၀ ခုနှစ် ခေတ်မီအတွေးအခေါ် လေးခုနှင့်အတူ ထိုသို့သော မြင့်မြတ်သည့် စံများ၊ ပျော်ရွှင်စရာ မိသားစု၊ တောက်ပသည့် အနာဂတ် စသည်တို့ဖြင့် သိပ္ပံ စိတ်ကူးယဉ် ရုပ်ရှင်ဇာတ်ကားတစ်ကားထဲက စိတ်ကူးယဉ်ပြကွက်တစ်ခုကို ဖန်တီးရင်း၊ အားလုံးသည် အနှစ်မဲ့သည့် ပြောဆိုမှုမျှအဖြစ်သို့ အသွင်ပြောင်းလဲသွားကြသည်။ ဤသည်မှာ လူတို့အား ၎င်းတို့၏ မတုန်မလှုပ် ဖြစ်ခြင်းအလယ် ဘုရားသခင်က ၎င်းတို့အတွက် သတ်မှတ်ပေးထားသော နေရာတွင် ရပ်တည်စေရင်း မတုန်မလှုပ်မှုကို တက်ကြွသည့်အရာများနှင့် လဲလှယ်ရန် ဖြစ်သည်။ အထူး အရေးကြီးသည်မှာ လူသားများသည် ဤအမည်နာမ ဆုံးရှုံးရမည်ကို အလွန်အမင်း စိုးရွံ့ကြသည့်အချက်ဖြစ်သည်။ ထိုသို့ဖြင့် ၎င်းတို့သည် တစ်စုံတစ်ဦးက ၎င်းတို့ထံမှ ဆွဲလုရန် ကြိုးစားမည်ကို အလွန်အမင်း စိုးရွံ့လျက်၊ မိမိတို့၏ ကိုယ်ပိုင် ရာထူးတံဆိပ်များကို သေရေးရှင်ရေး ဖြစ်သည့်အလား ဖက်တွယ်ထားကြလေသည်။ လူသားမျိုးနွယ်

ဤစိတ်နေစိတ်ထားတွင် ရှိကြသည့်အခါ၊ ဘုရားသခင်သည် လူတို့ မတုန်မလှုပ် ဖြစ်လာမည်ကို မစိုးရိမ်ပေ၊ ထို့ကြောင့် သူ၏ တရားစီရင်ခြင်း နှုတ်ကပတ်တော်များကို စစ်ကြောမှု နှုတ်ကပတ်တော်များ အဖြစ်သို့ သင့်တော်သလို ပြောင်းလဲလိုက်သည်။ ဘုရားသခင်သည် ၎င်းတို့ အသက်ရှူမှုများရာမှ ပုံမှန် ပြန်ဖြစ်စေရန် အခွင့်ပေးသည်သာမက၊ ယခင်က ရှိပြီးဖြစ်သော ရည်မှန်းချက်များကိုလည်း ယခု ယူဆောင်ခွင့်ပေးကာ အနာဂတ် ရည်ညွှန်းချက်အတွက် ယင်းတို့ကို ရွေးဖယ်ခွင့်ပေးလေသည်- မသင့်လျော်သည့် မည်သည့်အရာမဆို ပြုပြင်မွမ်းမံခံရနိုင်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏အမှုကို မစတင်ရသေးသောကြောင့် ဖြစ်သည်- ဤသည်မှာ ကြီးမားသည့် ကံဆိုးခြင်း အလယ် ကံကောင်းခြင်း အပိုင်းအစတစ်ခု ဖြစ်သည်- ထို့အပြင် ၎င်းတို့ကို သူ မရှုတ်ချပေ။ ထို့ကြောင့် ငါ၏ ကိုးကွယ်ဆည်းကပ်မှု အလုံးစုံကို သူ့အား ဆက်လက် ပေးအပ်ပါရစေ။

ဆက်လက်၍၊ သင်၏ ကြောက်ရွံ့မှုကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဘေးဖယ်မထားရ။ ဘုရားသခင်သည် အသစ်သော တောင်းဆိုမှုများ ရှိသည်၊ မရှိသည်ကို တစ်ချက်ကြည့်လော့။ သင်သည် “ဤအချိန်မှစ၍ အရာရာ၌ လက်တွေ့လုပ်ဆောင်ခြင်းနှင့် သက်ဆိုင်သည့် လက်တွေ့အရှိတရားထဲသို့ သင် ဝင်ရောက်ရမည်။ အတိတ်တွင် သင် လုပ်ဆောင်ခဲ့သကဲ့သို့ ရောက်တတ်ရာရာ ပြောနေရုံမျှက သင့်ကို အဆင်ပြေစေတော့မည် မဟုတ်ပေ။” ဟူကဲ့သို့သော တောင်းဆိုမှု တစ်ခုကို ရှာဖွေတွေ့ရှိမည်မှာ သေချာသလောက်ဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်၏ ဉာဏ်ပညာ သိသာထင်ရှားဆဲ ဖြစ်သည်။ ဘုရားသခင်သည် သူ၏ကိုယ်ပိုင် သက်သေများကို အမြဲအကာအကွယ်ပေးပြီး အတိတ် နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားသည် ယင်း၏ နိဂုံးသို့ ရောက်ရှိပြီး ဖြစ်သည့်အချိန်တွင်၊ မည်သူမျှ “လက်တွေ့လုပ်ဆောင်မှု၏ လက်တွေ့အရှိတရား”နှင့်ဆိုင်သည့် အသိပညာကို နားမလည်နိုင်ပေ။ ဤသည်မှာ ဘုရားသခင် ပြောခဲ့သည့်၊ “ငါသည် အမှုကို ငါကိုယ်တိုင် လက်ခံဆောင်ရွက်သည်။” ဟူသော အရာ၏ အမှန်တရားကို သက်သေပြရန် လုံလောက်ပေသည်။ ယင်းသည် ဘုရားသဘောသဘာဝ ထဲက အမှု၏ စစ်မှန်သောအဓိပ္ပာယ်နှင့် ပတ်သက်ပြီး၊ လူသားမျိုးနွယ်က အသစ်သော စမှတ်သို့ ရောက်ရှိပြီးနောက် မည်သို့ပင်ဆိုစေ ဘုရားနှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ်ကို နားလည်သဘောပေါက်နိုင်စွမ်း မရှိကြသေးသည့် အကြောင်းရင်းနှင့်လည်း ပတ်သက်ပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် အတိတ်တွင် လူအများစုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲက လက်တွေ့အရှိတရားကို ဆုပ်ကိုင်ခဲ့ကြပြီး၊ ယနေ့တွင်မူ ၎င်းတို့သည်

ဤနုတ်ကပတ်တော်များ၏ အပေါ်ယံ သွင်ပြင်လက္ခဏာများကိုသာ သိနားလည်သော်လည်း၊ ၎င်းတို့၏ အနှစ်သာရကို သိနားလည်ခြင်းမရှိဘဲ၊ လက်တွေ့လုပ်ဆောင်မှု၏ လက်တွေ့အရှိတရားနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှု ရေးရေးမျှ မရှိကြသောကြောင့် ဖြစ်သည်။ သာ၍ပင် အရေးကြီးသည်မှာ၊ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ယနေ့ နိုင်ငံတော်ကို တည်ဆောက်ခြင်းတွင် မည်သူမျှက ဘုရားသခင်၏ တိုက်တွန်း ပြောကြားချက်ကို ဝင်ရောက်စွက်ဖက်ခွင့်မရှိဘဲ၊ စက်ရုပ်လူသားများကဲ့သို့ နာခံရုံသာ နာခံရသောကြောင့် ဖြစ်သည်။ ဤအရာကို ကောင်းစွာ အမှတ်ရလော့။ ဘုရားသခင်က အတိတ်ကို စတင် ဆွေးနွေးသည့် အခါတိုင်းတွင်၊ သူသည် ယနေ့၏ တကယ့် အခြေအနေနှင့်ပတ်သက်၍ စတင် ပြောဆိုလေ့ရှိသည်။ ဤသည်မှာ အရင်ဖြစ်သည့်အရာနှင့် နောက်ဖြစ်သည့်အရာကြား သိသာထင်ရှားသော ခြားနားချက်ကို ဖြစ်စေသည့် ပြောဆိုပုံဖြစ်ပြီး ဤအကြောင်းရင်းသည် လက်ရှိအချိန်နှင့် အတိတ်ကို လူတို့အား ယှဉ်တွဲခိုင်းနှိုင်းစေနိုင်ရင်းနှင့် ဤနည်းဖြင့် ထိုအရာနှစ်ခုကို ရှုပ်ထွေးခြင်းအား ရှောင်ရှားစေနိုင်လျက် ပို၍ ကောင်းမွန်သော အကျိုးတရားများကိုပင် စွမ်းဆောင်ရရှိနိုင်သည့်အတွက် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ဉာဏ်ပညာ ရှုထောင့်တစ်ခုဖြစ်ပြီး ယင်း၏ရည်ရွယ်ချက်မှာ အမှု၏အကျိုးတရားများကို ကြိုးပမ်းရရှိဖို့ ဖြစ်သည်။ ဤအရာနောက်တွင် လူသားမျိုးနွယ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နေ့စဉ် စားသောက်ဖို့ မည်သည့်အခါတွင်မျှ မမေ့လျော့ဖို့ရန်အလို့ငှာနှင့်၊ သာ၍ အရေးကြီးသည်မှာ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် သိရှိပြီး ဤအရာကို နေ့စဉ် ၎င်းတို့ သင်ယူရမည့် သင်ခန်းစာအဖြစ် မှတ်ယူကြဖို့အလို့ငှာ၊ ဘုရားသခင်သည် လူသားမျိုးနွယ်၏ အကျည်းတန်မှုကို နောက်တစ်ဖန် ထုတ်ဖော်ပြလေသည်။

ဤစကားများကို ပြောပြီးသည့်နောက်တွင်၊ ဘုရားသခင်သည် သူ၏ မူလ ရည်ရွယ်ချက် ဖြစ်ခဲ့သည့် အကျိုးများကို စွမ်းဆောင်ရရှိပြီးဖြစ်သည်။ ထို့ကြောင့် စာတန်၏ အလုပ်သည် လူသားမျိုးနွယ်နှင့် မည်သို့မျှ မပတ်သက်သောကြောင့်- ဤအရာနှင့် သက်ဆိုင်၍ လူသားမျိုးနွယ်သည် စိုးစဉ်းမျှ မသိနားမလည်ကြသောကြောင့်၊ လူသားမျိုးနွယ်က သူ့ကို နားလည်ပြီးခြင်း ရှိ မရှိဆိုသည်ကို နောက်ထပ် မည်သို့မျှ အလေးဂရုမပြုဘဲ၊ သူသည် ဤအရာကို စာကြောင်း အနည်းငယ်ဖြင့် ဖြတ်လိုက်သည်။ ယခုတွင် ဝိညာဉ်လောကကို စွန့်ခွာရင်း၊ ဘုရားသခင်က လူသားမျိုးနွယ်နှင့်ဆိုင်သည့် သူ၏တောင်းဆိုမှုများအား မည်သို့ ပြုလုပ်သည်ကို နောက်ထပ် ကြည့်ရှုလော့- "ငါ့ဘုံဗိမာန်ထဲတွင် အနားယူရင်း၊ ငါ သေချာစွာ လေ့လာ၍- ကမ္ဘာမြေပေါ် ရှိ လူများအားလုံးသည် ၎င်းတို့၏ကံကြမ္မာနှင့် ၎င်းတို့၏အနာဂတ်

အတွက်သာ၊ “ကမ္ဘာလှည့် ခရီးသွားခြင်း” နှင့် သွားလိုက် ပြန်လိုက် ပြေးလွှားရင်း ပျားပန်းခပ်မျှ လှုပ်ရှားနေကြသည်။ သို့သော် တစ်ဦးတစ်ယောက်ကမျှ ငါ့နိုင်ငံတော် တည်ဆောက်ခြင်းအတွက် ချန်ထားဖို့ အားအင် မရှိကြပေ၊ အသက်ရှူဖို့ သုံးသည့် အားထုတ်မှုမျှပင် မရှိချေ။” လူသားများနှင့် အာလာပသလ္လာပ ပြောပြီးနောက်တွင်၊ ဘုရားသခင်သည် ၎င်းတို့အား အလေးဂရုမပြုဘဲ နေသေးသော်လည်း၊ ဝိညာဉ်တော်၏ ရှုထောင့်မှ ဆက်လက် စကားပြောကာ ဤစကားများမှတစ်ဆင့် လူသားမျိုးနွယ်၏ အသက်တာ ယေဘုယျ အခြေအနေများကို အလုံးစုံ ထုတ်ဖော်ပြလေသည်။ “ကမ္ဘာလှည့် ခရီးသွားခြင်း” နှင့် “သွားလိုက် ပြန်လိုက်ပြေးလွှားရင်း” ဆိုသည်တို့မှ လူ့အသက်သည် တင်းတိမ်ရောင့်ရဲမှု လုံးဝ ကင်းမဲ့သည်ကို ရှင်းရှင်းလင်းလင်း မြင်ရပေသည်။ ဘုရားသခင်၏ အရာခပ်သိမ်း တတ်စွမ်းနိုင်သော ကယ်တင်ခြင်းအတွက်သာ မဟုတ်ခဲ့ပါက၊ ပြီးလျှင် အထူးသဖြင့် မှေးမှိန်နေသည့် တရုတ်ပြည်၏အင်ပါယာအမျိုးအနွယ် မိသားစုကြီး တစ်ခုထဲတွင် မွေးဖွားသူများအတွက် မဟုတ်ခဲ့ပါက၊ လူတို့သည် တစ်သက်တာလုံး သာ၍ပင် အချည်းနှီး အသက်ရှင်လေ့ ရှိကြမည်ဖြစ်ပြီး၊ ၎င်းတို့သည် ကမ္ဘာလောကထဲသို့ ရောက်လာသည်ထက် မရဏာနိုင်ငံ သို့မဟုတ် ငရဲထဲသို့ ကျဆင်းခြင်းက ပို၍ကောင်းပေသည်။ အဆင်းနီသော နဂါးကြီး၏ စိုးမိုးမှုအောက်တွင် ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် သတိမထားမိဘဲ၊ ဘုရားသခင်ကို ပုန်ကန်ပြစ်မှားမိကြပြီး၊ ထို့ကြောင့် ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုအောက်သို့ သဘာဝအလျောက်နှင့် အမှုမဲ့အမှတ်မဲ့ ကျရောက်သွားကြသည်။ ဤအကြောင်းကြောင့် ဘုရားသခင်သည် လူသားများအနေဖြင့် ဤအရာမှ သူ၏ ကယ်တင်ခြင်း ကျေးဇူးတော်အဖို့ အဖြည့်ခံတစ်ခု ဖန်တီးရင်း မိမိတို့ကိုယ်ကိုယ် သာ၍ ရှင်းလင်းစွာ သိရှိနိုင်ကြဖို့အလို့ငှာ၊ “ကယ်မခြင်း” နှင့် “ကျေးဇူးကန်းသူများ” တို့ကို ယူဆောင်ပြီး အချင်းချင်း ခြားနားစေလေသည်။ ဤအရာသည် ပို၍ ထိရောက်သော ရလဒ်တစ်ခုကိုပင် မဖြစ်စေသည် မဟုတ်လော။ ဟုတ်ပေ၏၊ လူတို့သည် ဘုရားသခင်၏ မိန့်မြွက်ချက်များ၏ အကြောင်းအရာမှ အပြစ်တင်မှု အရိပ်လက္ခဏာ တစ်ခု၊ ကယ်တင်ခြင်းနှင့် အသနားခံခြင်း အရိပ်လက္ခဏာ တစ်ခုနှင့် ဝမ်းနည်းခြင်း အရိပ်အမြွက် အနည်းငယ်တို့ကို ကောက်ချက် ချနိုင်သည်ကို ငါသည် အလွန် တိကျပြတ်သားစွာ ပြောစရာ မလိုအပ်ပေ။ ဤနှုတ်ကပတ်တော်တို့ကို ဖတ်ရင်းဖြင့်၊ လူတို့သည် သတိမမူမိဘဲ စိတ်သောက စတင် ခံစားကြပြီး၊ မျက်ရည်မဆည်နိုင်ဖြစ်ပေသည်....။ သို့သော် ဘုရားသခင်သည် ဝမ်းနည်းဖွယ် ခံစားချက် အနည်းငယ်ကြောင့် ချုပ်ထိန်းလိမ့်မည် မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ် တစ်ရပ်လုံး၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့် သူ၏လူများကို ဆုံးမပဲ့ပြင်ခြင်းနှင့် ၎င်းတို့ကို တောင်းဆိုမှုများ ပြုရာတွင် သူ၏ အမှုကို စွန့်လိမ့်မည်

မဟုတ်ပေ။ ဤအရာကြောင့် သူ၏ အကြောင်းအရာသည် ယနေ့ကဲ့သို့သော အခြေအနေများကို ချက်ချင်း ကိုင်တွယ်သည့်အပြင်၊ သူ၏အစီအစဉ် ဆက်လက် တိုးတက်ဖို့အလို့ငှာ သူ၏စီမံအုပ်ချုပ်ရေး အမိန့်များနှင့်ဆိုင်သည့် ဘုန်းအာနုဘော်ကို လူသားမျိုးနွယ်ထံ သူ ကြေညာ၏။ ဤသည်မှာ ဘုရားသခင်သည် လုံးလုံး ထိုက်သင့်သည့် အမြန်နှုန်းဖြင့် ဤအရာနောက်လိုက်ရင်းနှင့် အချိန်ရှိခိုက် လုံ့လစိုက်ရင်း၊ ဤအရေးပါသောအဆင့်တွင် အချိန်ကာလများအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု- လူသားတို့အနေဖြင့် ဘုရားသခင်၏အလိုကို နားမလည်နိုင်မီတွင် အပိုဒ်ငယ်တိုင်းကို သေချာအာရုံစိုက်လျက် ဖတ်ရှုရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို- ပြဋ္ဌာန်းသည့် အကြောင်းရင်း ဖြစ်သည်။ ယခု ဤအရာကို့ နောက်ထပ် ဆွေးနွေးရန် မလိုအပ်ပေ။ လူတို့သည် ပိုမို အာရုံစိုက်စွာ ဖတ်ရှုရမည်သာ ဖြစ်သည်။

ယနေ့တွင် သင်တို့- ဤနေရာတွင် ရှိသော ဤလူစု- သည်သာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှန်တကယ် မြင်နိုင်သောသူများ ဖြစ်ကြ၏။ သို့တိုင် ဘုရားသခင်ကို သိကျွမ်းရာတွင်၊ ယနေ့လူတို့သည် အတိတ်ကာလများရှိ မည်သည့် လူတစ်ဦးတစ်ယောက်မဆို၏ နောက်တွင် ဝေးဝေး ကျန်ရစ်ပြီး ဖြစ်သည်။ ဤအရာက ဤနှစ်ထောင်များအချို့အတောအတွင်း စာတန်က လူတို့၌ အားထုတ်မှု မည်မျှ ရင်းနှီးမြှုပ်နှံပြီးဖြစ်သည်ဆိုသည့်အပြင်၊ လူသားမျိုးနွယ်အား ၎င်းက ဖောက်ပြန်ပျက်စီးစေပြီးဖြစ်သည့် အတိုင်းအတာကို- ဘုရားသခင်က နှုတ်ကပတ်တော်များစွာ ပြောဆိုပြီးသော်ငြားလည်း၊ လူသားမျိုးနွယ်သည် သူ့ကို နားမလည်သကဲ့သို့ သိလည်းမသိဘဲ၊ ထိုအစား ထကြွပြီး သူ့ကို လူသိရှင်ကြား ဆန့်ကျင်ဝံ့သည်အထိ အလွန်ကြီးမားသည့် အတိုင်းအတာ တစ်ခုကို- လုံလောက်စွာ ရှင်းလင်းသွားစေသည်။ ထို့ကြောင့် ဘုရားသခင်သည် ၎င်းတို့က အသိစိတ်ကင်းမဲ့ပြီး ထုံအသည်နှင့်အမျှ၊ ယနေ့လူတို့ကို လက်တွေ့ကျသည့် ရည်ညွှန်းချက်များ ပေးဖို့ ယနေ့လူတို့အတွက် နှိုင်းယှဉ်ချက်များအဖြစ် အတိတ်ကာလများမှ လူတို့အား မကြာခဏ စံပြုလေသည်။ လူသားတို့သည် ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာ မရှိကြသောကြောင့်၊ ပြီးလျှင် ၎င်းတို့သည် သူ၌ စစ်မှန်သော ယုံကြည်ခြင်း မရှိသောကြောင့်၊ ဘုရားသခင်သည် လူသားမျိုးနွယ်အား အရည်အချင်းများနှင့် ဆင်ခြင်တုံတရား ကင်းမဲ့နေဖို့ စီရင်ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် သူသည် လူတို့အား သည်းခံခြင်းကို အဖန်ဖန် ပြသပြီးဖြစ်ကာ ကယ်တင်ခြင်းကို အဖန်အဖန် ပေးပြီး ဖြစ်သည်။ ဝိညာဉ်နယ်ပယ်တွင် ဤပုံသဏ္ဌာန်အတိုင် စစ်ပွဲ ဖြစ်ပွားနေသည်။ လူသားမျိုးနွယ်ကို အတိုင်းအတာ တစ်ခုအထိ ဖောက်ပြန်ပျက်စီးစေရန်၊ လောကကို ဆိုးညစ်ကာ ဆိုးယုတ်စေပြီး၊

ထိုသို့ဖြင့် လူတို့အား ၎င်းနှင့်အတူ ရှိ၍နှံ့ထဲသို့ တရွတ်တိုက်ဆွဲပြီး ဘုရားသခင်၏အစီအစဉ်ကို ဖျက်ဆီးရန်မှာ စာတန်၏ အချည်းနှီးသော မျှော်လင့်ချက် ဖြစ်သည်။ သို့သော်၊ ဘုရားသခင်၏ အစီအစဉ်မှာ လူသားမျိုးနွယ်အားလုံးကို ဘုရားသခင်အား သိသောလူများ အဖြစ်သို့ ပြုလုပ်ရန် မဟုတ်ဘဲ၊ ထို့ထက် ကျန်သည့်အရာများကို စွန့်ပစ်ပစ္စည်းများ၊ အမှိုက်ပုံသို့ ပစ်လိုက်ရန် ချွတ်ယွင်းသော ပစ္စည်းများအဖြစ် စွန့်ပစ်ရင်း၊ တစ်ခုလုံးကို ကိုယ်စားပြုဖို့ တစ်စိတ်တစ်ပိုင်းကို ရွေးချယ်ရန် ဖြစ်သည်။ ထို့ကြောင့် စာတန်၏ ရှုထောင့်အမြင်တွင် အနည်းငယ်သော လူတစ်ဦးစီ၏ ပိုင်ဆိုင်မှုများကို ယူဆောင်ခြင်းသည် ဘုရားသခင်၏ အစီအစဉ်ကို ဖျက်ဆီးရန် ထူးကဲသော အခွင့်အရေးဟု ထင်ရသော်လည်း၊ စာတန်ကဲ့သို့သော ငအတစ်ဦးက ဘုရားသခင်၏ ရည်ရွယ်ချက်နှင့်သက်ဆိုင်၍ မည်သည့်အရာကို သိနိုင်မည်နည်း။ ဤသည်မှာ အချိန်ကြာမြင့်စွာက ဘုရားသခင်က၊ “ဤကမ္ဘာလောကကို ကြည့်ရှုခြင်းကို ရှောင်ရှားဖို့ ငါ၏မျက်နှာကို ငါ ဖုံးကာလေပြီ” ဟု ပြောခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဤအရာနှင့်ပတ်သက်၍ ငါတို့ အနည်းငယ် သိကြပြီး၊ လူသားများ တစ်ခုတစ်လေ လုပ်ဆောင်နိုင်စွမ်း ရှိဖို့ ဘုရားသခင် မတောင်းဆိုပေ။ ထို့ထက် သူက သူ လုပ်ဆောင်သည့်အရာသည် အံ့ဖွယ်ဖြစ်ပြီး နားလည်သဘောပေါက်၍ မရနိုင်သည်ကို ၎င်းတို့အား သတိပြုမိစေချင်ပြီး၊ သူ့ကို ၎င်းတို့၏ စိတ်နှလုံးများတွင် ကြည်ညိုစေချင်သည်။ လူသားများ စိတ်ကူးကြသကဲ့သို့၊ ဘုရားသခင်သည် အခြေအနေများကို အရေးမထားဘဲ၊ ၎င်းတို့ကို ပြစ်တင်ဆုံးမခဲ့မည်ဆိုပါက၊ ကမ္ဘာလောက တစ်ခုလုံးသည် အချိန်ကြာမြင့်စွာကတည်းက ပျက်စီးဆုံးရှုံးပြီး ဖြစ်ပေမည်။ ဤသည်မှာ စာတန်၏ ထောင်ချောက်ထဲသို့ တည့်တည့်ကျဆင်းခြင်း သဘောသက်ရောက်မည် မဟုတ်လော။ ထို့ကြောင့် ဘုရားသခင်သည် သူ့စိတ်နှလုံးတွင်ရှိသော အကျိုးတရားများကို ကြိုးပမ်းရရှိဖို့ သူ၏ နှုတ်ကပတ်တော်များကို အသုံးပြုရုံမျှ အသုံးပြုသော်လည်း၊ အမှန်တရားများ ပေါ်ထွန်းခဲ့ပေသည်။ ဤသည်မှာ “သင်တို့၏ အရည်အချင်းများ၊ ဆင်ခြင်တုံတရားနှင့် ထိုးထွင်းအမြင်များ ကင်းမဲ့မှုကို ငါမသနားခဲ့ပါက၊ သင်တို့အားလုံးသည် တည်ရှိခြင်းမှ ဖယ်ရှားခံရလျက်၊ ငါ၏ ပြစ်တင်ဆုံးမမှု အလယ်တွင် သေဆုံးကြမည် ဖြစ်သည်။ သို့သော်၊ ကမ္ဘာမြေကြီးပေါ်တွင် ငါ၏ အမှု ပြီးစီးသည်အထိ လူသားမျိုးနွယ်အပေါ် ငါ ဆက်လက်၍သက်ညှာဦးမည်။” ဟူသည် သူ၏ နှုတ်ကပတ်တော်များ၏ ဖြစ်ရပ်တစ်ခု ဖြစ်သည် မဟုတ်လော။

# အခန်း ၆

လူတို့သည် ဘုရားသခင်၏ မိန့်မြွက်ချက်များကို ဖတ်ရှုချိန်တွင် ကြက်သေသေသွားကြပြီး၊ ဘုရားသခင်သည် ဝိညာဉ်လောကတွင် ကြီးမားသော လုပ်ဆောင်ချက်တစ်ခု၊ လူသား မတတ်စွမ်းနိုင်သကဲ့သို့ ဘုရားသခင်ကိုယ်တိုင်က ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ပြီးမြောက်ရမည့် အရာတစ်ခုကို ဆောင်ရွက်ပြီး ဖြစ်သည်ဟု ၎င်းတို့ တွေးကြလေသည်။ ထို့ကြောင့် ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ် သည်းခံခြင်းနှင့်ဆိုင်သည့် နှုတ်ကပတ်တော်များ နောက်တစ်ကြိမ် ပြောဆိုလေသည်။ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဝိရောဓိ ဖြစ်သွားကြသည်- "ဘုရားသခင်သည် သနားကရုဏာနှင့် မေတ္တာကျေးဇူးတော် ရှိသည့် ဘုရားသခင်တစ်ပါး မဟုတ်ပါ။ သူသည် လူသားကို ဒဏ်သာခတ်သည့် ဘုရားသခင် တစ်ပါး ဖြစ်သည်။ သူသည် ကျွန်ုပ်တို့အပေါ် အဘယ်ကြောင့် သည်းခံနေသနည်း။ ဘုရားသခင်သည် နောက်တစ်ဖန် နည်းစနစ် ပြောင်းလဲပြီး ဖြစ်နိုင်မည်လော။" ဤအယူအဆ၊ ဤအတွေးများသည် ၎င်းတို့၏စိတ်နှလုံးများထဲသို့ ဝင်ရောက်သည့်အချိန်တွင် ၎င်းတို့သည် အစွမ်းကုန် ယင်းကို ဆန့်ကျင်ရုန်းကန်ကြသည်။ သို့သော်ငြားလည်း ဘုရားသခင်၏အမှုသည် အချိန်ကာလတစ်ချို့ကြာ ရှေ့ဆက်သည့်နောက်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်ထဲတွင် ကြီးမားသော အလုပ်ကို လုပ်ဆောင်ပြီး၊ အယောက်တိုင်းသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာကို စတင် ထမ်းဆောင်ကြသည်၊ ဘုရားသခင် ပြောဆိုကာ လုပ်ဆောင်သည့်အရာ၌ မည်သည့် အပြစ်အနာအဆာကိုမျှ မည်သူမျှ မတွေ့မြင်ကြသည့်အတွက်၊ လူသားအားလုံးသည် ဘုရားသခင်၏ နည်းစနစ်ထဲသို့ ဝင်ရောက်ကြလေသည်။ ဘုရားသခင်၏ နောက်အဆင့်က မည်သည့်အရာ အတိအကျ ဖြစ်မည် ဆိုသည်အတွက်မူ၊ မည်သူမျှ အရိပ်အမြွက် ရေးရေးမျှ မသိကြချေ။ ဘုရားသခင်က၊ "ကောင်းကင်အောက်ရှိသူအားလုံးတွင် မည်သူသည် ငါ၏ လက်တွင် မရှိသနည်း။ ငါ၏လမ်းပြမှုနောက်လိုက်၍ မည်သူ မပြုမူသနည်း။" ဟု ပြောဆိုပြီးသည့်အတိုင်း ဖြစ်သည်။ သို့သော် ငါသည် သင်တို့ကို အကြံဉာဏ်အချို့ပေး၏- သင်တို့အဖို့ မရှင်းလင်းသော ကိစ္စရပ်များတွင် သင်တို့ထဲမှ မည်သူမျှ မည်သည့်အရာကိုမျှ မပြောဆိုရ သို့မဟုတ် မလုပ်ဆောင်ရ။ သင်၏ စိတ်အားထက်သန်မှုကို လျှော့စေဖို့ ဤအရာကို ငါ ပြောသည် မဟုတ်ဘဲ၊ သင်၏ လုပ်ရပ်များတွင် ဘုရားသခင်၏လမ်းပြမှုနောက် သင့်ကို လိုက်ခွင့်ပေးရန် ဖြစ်သည်။ "အပြစ်အနာအဆာများ" အကြောင်း ငါ၏ ဖော်ပြပြောဆိုခြင်းအတွက် သင်သည် မည်သည့်အကြောင်းနှင့်မျှ စိတ်မပျက်

အားမလျော့သင့်ပေ သို့မဟုတ် သံသယဝင် မလာသင့်ပေ။ ငါ၏ရည်မှန်းချက်မှာ အဓိကအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်များကို အာရုံစိုက်ဖို့ သင်တို့ကို သတိပေးရန် ဖြစ်သည်။ လူတို့သည် "လူများအားလုံးသည် ငါ၏ မျက်မှောက်၌ ငါ့အား စိတ်ကျေနပ်စေနိုင်ရန်အလို့ငှာ ဝိညာဉ်တော် အရေးကိစ္စများကို ထိုးထွင်းသိမြင်လော့၊ ငါ၏နှုတ်ကပတ်တော်များကို အာရုံစိုက်လော့၊ ပြီးလျှင် ငါ၏ဝိညာဉ်တော်နှင့် ငါ၏ဖြစ်ခြင်း၊ ငါ၏နှုတ်ကပတ်တော်နှင့် ငါ၏ဖြစ်ခြင်းတို့ကို ခွဲခြမ်း၍ မရနိုင်သည့် တစ်လုံးတစ်ဝတည်းအဖြစ် အမှန်တကယ် သဘောထားနိုင်စွမ်းရှိလော့၊" ဟု ဆိုသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုသောအခါတွင်၊ တစ်ဖန် ကြက်သေသေသွားကြသည်။ ယမန်နေ့တွင် ၎င်းတို့သည် သတိပေးခြင်း နှုတ်ကပတ်တော်များ၊ ဘုရားသခင်၏ သည်းခံခြင်းနှင့်ဆိုင်သည့် နှုတ်ကပတ်တော်များကို ဖတ်ရှုနေခဲ့ကြသည်- သို့သော် ယနေ့တွင် ဘုရားသခင်သည် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို ရုတ်တရက် ပြောဆိုနေလေသည်။ မည်သည့်အရာ ဖြစ်နေပါသနည်း။ ဘုရားသခင်သည် သူ စကားပြောသည့် နည်းစနစ်ကို အဘယ်ကြောင့် ပြောင်းလဲမြဲ ပြောင်းလဲနေပါသနည်း။ ဤအရာအားလုံးကို အဘယ်ကြောင့် ခွဲခြမ်း၍ မရနိုင်သော အရာတစ်ခုတည်းအဖြစ် သဘောထား ရမည်နည်း။ ယင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လက်တွေ့မကျသောကြောင့် ဖြစ်နိုင်သလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သာ၍ သေချာစွာ ဖတ်ရှုပြီးသည့်နောက်တွင်၊ ဘုရားသခင်၏ လူ့ဇာတိနှင့် ဝိညာဉ်တို့ကို ခွဲခြားခံရသည့်အချိန်တွင်၊ လူ့ဇာတိသည် သွေးသားဆိုင်ရာ ပင်ကိုအရည်အချင်းများဖြင့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု- လမ်းလျှောက်နေသော အလောင်းကောင်ဟု လူတို့ ရည်ညွှန်းကြသည့်အရာ- ဖြစ်လာသည်ကို တွေ့ရပေသည်။ လူ့ဇာတိခံ ဇာတိခန္ဓာသည် ဝိညာဉ်တော်မှ လာပေသည်။ သူသည် ဝိညာဉ်တော်၏ ပြယုဂ်၊ နှုတ်ကပတ်တော် လူ့ဇာတိခံယူခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်ကိုယ်တော်တိုင် လူ့ဇာတိ၌ အသက်ရှင်ပေသည်။ ယင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်ကို သူ၏ ဖြစ်တည်ခြင်းမှ ခွဲခြားခြင်းနှင့် ဆိုင်သည့် တည်ကြည်လေးနက်မှု ဖြစ်သည်။ အကျိုးဆက်အနေဖြင့်၊ သူ့ကို "လူသား" ဟုခေါ်သော်လည်း၊ သူသည် လူသားမျိုးနွယ်နှင့် မသက်ဆိုင်ပေ။ သူသည် လူသား၏ ပင်ကို အရည်အချင်းများ မရှိပေ။ သူသည် ဘုရားသခင်က ကိုယ်တိုင် ယူတင်ဝတ်ဆင်သော ဖြစ်တည်မှု၊ ဘုရားသခင် လက်ခံသော ဖြစ်တည်မှု ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဘုရားသခင်၏ဝိညာဉ်တော်ကို သရုပ်ထင်စေပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လူ့ဇာတိ၌ တိုက်ရိုက် ထုတ်ဖော်ပြထားသည်- ထို့အပြင် ယင်းက ဘုရားသခင်သည် လူ့ဇာတိ၌

အသက်ရှင်ပြီး၊ ပို၍ လက်တွေ့ကျသော ဘုရားသခင် ဖြစ်သည်ကို ပြသပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏ တည်ရှိခြင်းကို သက်သေပြပြီး၊ ဘုရားသခင်အပေါ် လူသား၏ ပုန်ကန်ခြင်းခေတ်ကို အဆုံးသတ်စေလေသည်။ ဘုရားသခင်ကို သိကျွမ်းခြင်း လမ်းကြောင်းကို လူတို့အား ပြောပြပြီးသည့်နောက်၊ ဘုရားသခင်သည် ကိစ္စရပ်၏ အခြားတစ်ဖက်ကို လှည့်ရင်း အကြောင်းအရာကို နောက်တစ်ဖန် ပြောင်းလဲလေသည်။

"လူသားအလယ် ချိုမြိန်မှု နှင့် ခါးသီးမှုတို့ကို မြည်းစမ်းရင်း၊ ငါသည် ခြေချစရာ အားလုံးအပေါ် ခြေချပြီးဖြစ်သည်၊ ကျယ်ပြောသော စကြဝဠာ တစ်ခွင်လုံးကို ငါသည် ကြည့်ခဲ့၊ ပြီးလျှင် လူတို့အကြား ငါ လျှောက်ခဲ့ပြီးဖြစ်သည်။" ရိုးရှင်းသော်လည်း၊ ဤနှုတ်ကပတ်တော်များကို လူသားမျိုးနွယ်က အလွယ်တကူ နားမလည်ပေ။ အကြောင်းအရာ ပြောင်းလဲပြီးဖြစ်သော်လည်း၊ အနှစ်သာရအားဖြင့် ယင်းမှာ တူညီဆဲ ဖြစ်သည်- ယင်းက လူတို့ကို လူ့ဇာတိခံ ဘုရားသခင်ကို သိစေနိုင်ဆဲ ဖြစ်သည်။ ဘုရားသခင်က လူသားအလယ် ချိုမြိန်မှု နှင့် ခါးသီးမှုတို့ကို မြည်းစမ်းပြီး ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုသနည်း။ လူတို့အကြား ငါလျှောက်ခဲ့ပြီး ဖြစ်သည်ဟု အဘယ်ကြောင့် သူဆိုသနည်း။ ဘုရားသခင်သည် ဝိညာဉ်ဖြစ်ပြီး၊ သူသည် လူ့ဇာတိခံ ဖြစ်တည်မှုလည်း ဖြစ်သည်။ လူ့ဇာတိခံ ဖြစ်တည်မှု၏ အကန့်အသတ်များဖြင့် နှောင်ဖွဲ့ခြင်း မခံရသော ဝိညာဉ်တော်သည် ခြေချစရာ အားလုံးအပေါ် ခြေချနိုင်ပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်က စကြဝဠာတစ်ခွင်လုံးကို ပြည့်စေကြောင်း၊ ကမ္ဘာမြေကြီးကို ဝင်ရိုးစွန်းတစ်ခုမှ တစ်ခုသို့ လွှမ်းခြုံကြောင်း၊ ဘုရားသခင်၏ လက်တော်က မစီစဉ်ထားသော အရာတစ်ခုမျှ မရှိကြောင်းနှင့် ဘုရားသခင်၏ ခြေရာကို တွေ့နိုင်သည့်နေရာ မည်သည့်နေရာမျှ မရှိကြောင်းကို ပြသလျက်၊ ဝိညာဉ်တော်က ကျယ်ပြောသော စကြဝဠာတစ်ခွင်လုံးကို ကြည့်နိုင်ပေသည်။ ဝိညာဉ်တော်သည် လူ့ဇာတိခံလာပြီးဖြစ်ကာ လူသားအဖြစ် မွေးဖွားပြီးဖြစ်သော်လည်း၊ ဝိညာဉ်တော်၏ တည်ရှိခြင်းက လူသား လိုအပ်ချက်များ အားလုံးကို မငြင်းဆိုပေ။ ပုံမှန်ကဲ့သို့ ဘုရားသခင်၏ ဖြစ်တည်ခြင်းက အစာစားသည်၊ မိမိကိုယ်ကိုယ် ဝတ်ဆင်သည်၊ အိပ်စက်ပြီး နေထိုင်ကာ ပုံမှန်အနေဖြင့် လူတို့ လုပ်ဆောင်သင့်သည့်အရာကို လုပ်ဆောင်လေသည်။ သို့သော် သူ၏ အတွင်းအနှစ်သာရ ကွဲပြားသောကြောင့်၊ သူသည် ပြောဆိုထားသည့် "လူသား"နှင့် မတူပေ။ သူသည် လူသားမျိုးနွယ် အလယ်တွင် ဒုက္ခဆင်းရဲ ခံရသော်လည်း၊ ဤဆင်းရဲဒုက္ခကြောင့် သူသည် ဝိညာဉ်တော်ကို မစွန့်ပစ်ပေ။ သူသည် ကောင်းချီးခံစား ရသော်လည်း၊ ဤကောင်းချီးမင်္ဂလာကြောင့် ဝိညာဉ်တော်ကို သူ မမေ့လျော့ပေ။ ဝိညာဉ်တော်နှင့် ဖြစ်တည်မှုတို့သည် တိတ်တဆိတ် အတိုင်အဖောက်ညီစွာဖြင့် အမှု ပြုကြသည်။

ဖြစ်တည်မှုသည် ဝိညာဉ်တော်၏ ပြယုဂ် ဖြစ်သည့်အတွက်၊ သူသည် ဝိညာဉ်တော်၊ ပုံသဏ္ဌာန်ရှိသည့် ဝိညာဉ်တော်မှ လာသည့်အတွက်၊ ဝိညာဉ်တော်နှင့် ဖြစ်တည်မှုတို့ကို ခွဲ၍ မရနိုင်သကဲ့သို့၊ ၎င်းတို့သည် မည်သည့်အခါမျှ အခွဲမခံရဖူးပေ။ ထို့ကြောင့် လူ့ဇာတိ၌ရှိသည့် ဝိညာဉ်တော်အတွက် ထူးကဲ သာလွန်ခြင်းမှာ မဖြစ်နိုင်ပေ။ ဆိုလိုသည်မှာ ဝိညာဉ်တော်သည် သဘာဝလွန် အမှုအရာများကို ပြုနိုင်စွမ်းမရှိပေ၊ ယင်းမှာ ဝိညာဉ်တော်သည် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်မှ ထွက်ခွာ၍ မရနိုင်ဟု ဆိုရပေမည်။ အကယ်၍ သူ အသွေးအသား ခန္ဓာကိုယ်မှ ထွက်ခွာခဲ့ပါက၊ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် အဓိပ္ပာယ် အားလုံး ဆုံးရှုံးပေမည်။ ဝိညာဉ်တော်ကို ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်၌ အပြည့်အဝ ထုတ်ဖော်ပြသည့်အခါမှသာ၊ လူသားသည် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တိုင်ကို သိရှိနိုင်ပြီး၊ ထိုအခါမှသာ ဘုရားသခင်၏အလိုကို စွမ်းဆောင် ရရှိပေလိမ့်မည်။ လူသားထံ ဝိညာဉ်တော်နှင့် လူ့ဇာတိကို သီးခြား မိတ်ဆက် ပြီးသည့်နောက်တွင်သာ၊ ဘုရားသခင်သည် လူသား၏ မျက်ကန်းဖြစ်ခြင်းနှင့် မနာခံမှုကို ထောက်ပြပေသည်- "လူသားသည် ငါ့ကို မည်သည့်အခါမျှ အမှန်တကယ် မသိကျွမ်းခဲ့ပေ၊ ငါ၏ လှည့်လည်သွားလာခြင်းများ အတောအတွင်းတွင် မည်သည့်အခါမျှ ငါ့ကို အလေးထားခြင်းလည်း မရှိခဲ့ပေ။" တစ်ဖက်တွင်၊ ဘုရားသခင်က သူသည် လူတို့မြင်စေရန် သဘာဝလွန် ဖြစ်သည့်အရာ မည်သည့်အရာကိုမျှ လုံးဝ လုပ်ဆောင်ခြင်းမရှိဘဲ၊ လောကကြီး အသွေးအသား ခန္ဓာကိုယ်ထဲတွင် တိတ်တဆိတ် သူ ကွယ်ဝှက်သည်ကို ပြောနေခြင်း ဖြစ်သည်။ အခြားတစ်ဖက်တွင်၊ လူသားက သူ့ကို မသိဟု သူ ညည်းညူသည်။ ဤတွင် ရှေ့နောက်မညီခြင်း မရှိပေ။ အမှန်တွင် အသေးစိတ်ရှုထောင့်မှ၊ ဘုရားသခင်သည် သူ၏ရည်မှန်းချက်များကို ဤနှစ်ဖက်မှ စွမ်းဆောင်ရရှိသည်ကို မြင်ရန် မခက်ပေ။ အကယ်၍ ဘုရားသခင်သည် သဘာဝလွန် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြသခဲ့မည်ဆိုပါက၊ သူသည် ကြီးမားသောအမှုကို လက်ခံဆောင်ရွက်ဖို့ မလိုအပ်ပေ။ သူ၏ ကိုယ်ပိုင်နှုတ်ဖြင့်၊ သူသည် လူတို့ကို သေခြင်းသို့ သက်သက် ကျိန်ဆဲမည် ဖြစ်ပြီး၊ ၎င်းတို့ ချက်ချင်း သေဆုံးမည် ဖြစ်ကာ၊ ထိုသို့ဖြင့် လူအားလုံးသည် လက်ခံယုံကြည်ကြမည် ဖြစ်သည်- သို့သော် ဤအရာက လူ့ဇာတိ ခံယူခြင်း၌ ဘုရားသခင်၏ ရည်မှန်းချက်ကို စွမ်းဆောင်မရရှိပေ။ အကယ်၍ ဘုရားသခင်သည် ထိုသို့ အမှန်တကယ် ဆောင်ရွက်ခဲ့မည်ဆိုပါက၊ လူတို့သည် သူ၏ တည်ရှိခြင်းကို မည်သည့်အခါမျှ သတိရှိရှိ လက်ခံယုံကြည်နိုင်ကြမည် မဟုတ်ပေ၊ ၎င်းတို့သည် စစ်မှန်သော ယုံကြည်ခြင်း ရှိနိုင်စွမ်း မရှိကြသည့်အပြင်၊ နတ်ဆိုးကို ဘုရားသခင်နှင့် မှားကြမည် ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ၊ လူတို့သည် ဘုရားသခင်၏စိတ်သဘောထားကို မည်သည့်အခါမျှ သိရှိနိုင်ကြမည် မဟုတ်-

ပြီးလျှင် ဤသည်မှာ ဘုရားသခင်၏ လူ့ဇာတိ၌ ဖြစ်တည်ခြင်း၏ အရေးပါမှုနှင့်ဆိုင်သော ရှုထောင့်တစ်ခု ဖြစ်သည် မဟုတ်လော။ အကယ်၍ လူတို့သည် ဘုရားသခင်ကို သိနိုင်စွမ်း မရှိခဲ့ကြပါက၊ ထိုမရေရာသည့် ဘုရားသခင်၊ ထိုသဘာဝလွန် ဘုရားသခင်သည် လူသားအလယ် မည်သည့်အခါတွင်မျှ ဩဇာလွှမ်းမိုးမည် မဟုတ်ပေ။ ဤအရာတွင်၊ လူတို့သည် ၎င်းတို့၏ အယူအဆများကို စိတ်စွဲမည် မဟုတ်လော။ သာ၍ ရှင်းလင်းစွာ ပြောရမည်ဆိုပါက၊ ဩဇာလွှမ်းမိုးသည်မှာ စာတန်၊ နတ်ဆိုး ဖြစ်မည် မဟုတ်လော။ “တန်ခိုးအာဏာကို ငါပြန်ယူသည်ဟု အဘယ်ကြောင့် ငါဆိုသနည်း။ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုများစွာ ရှိသည်ဟု အဘယ်ကြောင့် ငါဆိုသနည်း။” ဘုရားသခင် လူ့ဇာတိခံယူသည့် အခိုက်အတန့်သည် တန်ခိုးအာဏာကို သူပြန်ယူသော အခိုက်အတန့် ဖြစ်ပြီး၊ ယင်းသည် သူ၏ ဘုရားသဘောသဘာဝက ဆောင်ရွက်ဖို့ တိုက်ရိုက်ထွက်ပေါ်သည့် အချိန်ကာလလည်း ဖြစ်သည်။ လူအားလုံးသည် လက်တွေ့ကျသော ဘုရားသခင်ကို တဖြည်းဖြည်း သိလာကြပြီး၊ ထိုသို့ဖြင့် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ သာ၍ နက်ရှိုင်းသော နေရာတစ်ခုကို ဘုရားသခင်အား ပေးလျက်၊ ၎င်းတို့၏ စိတ်နှလုံးများထဲက စာတန်၏နေရာကို လုံးဝ ဖျောက်ပစ် လိုက်ကြလေသည်။ အတိတ်ကာလတွင်၊ လူတို့သည် ၎င်းတို့၏ စိတ်များထဲက ဘုရားသခင်ကို မြင်၍ မရနိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင် ပြ၍မရသည့် ဘုရားသခင် တစ်ပါးအဖြစ်၊ စာတန်၏ ပုံရိပ်ဖြင့် မြင်ခဲ့ကြသော်လည်း၊ ဤဘုရားသခင်သည် တည်ရှိသည်သာမက၊ နိမိတ်လက္ခဏာနှင့် အံ့ဩဖွယ်ရာမျိုးစုံကို ဆောင်ရွက်နိုင်စွမ်း ရှိပြီး နတ်ဆိုးစွဲသောသူများ၏ အကျည်းတန်သော မျက်နှာများကဲ့သို့သော နက်နဲမှုများစွာကို ထုတ်ဖော်ပြနိုင်စွမ်းလည်း ရှိသည်ဟု ၎င်းတို့ ယုံကြည်ခဲ့ကြသည်။ ဤအရာက လူတို့၏ စိတ်များထဲက ဘုရားသခင်သည် ဘုရားသခင်၏ ပုံရိပ် မဟုတ်ဘဲ၊ ဘုရားသခင်မှလွဲ၍ အခြားတစ်စုံတစ်ခု၏ ပုံရိပ်ဖြစ်သည်ကို လုံလောက်စွာ သက်သေပြပေသည်။ ဘုရားသခင်က သူသည် လူတို့၏ စိတ်နှလုံး ၀.၁ ရာခိုင်နှုန်းကို နေရာယူရန် ဆန္ဒရှိသည်ဟု ပြောဆိုပြီးဖြစ်သည်။ ဤသည်မှာ လူသားကို သူတောင်းဆိုသော တကယ့် အမြင့်ဆုံးစံနှုန်းဖြစ်သည်။ ယင်းတို့၏ အပေါ်ယံ၌ ရှိသည့်အရာကို ကျော်လွန်၍၊ ဤနှုတ်ကပတ်တော်များအဖို့ လက်တွေ့ကျသည့်ဖက် တစ်ခုလည်း ရှိလေသည်။ အကယ်၍ ယင်းကို ထိုသို့ မရှင်းပြခဲ့ပါက၊ လူတို့က ဘုရားသခင်က ၎င်းတို့ကို သိနားလည်မှု အလွန် နည်းပါးသည့်အလား၊ ၎င်းတို့နှင့်ဆိုင်သည့် ဘုရားသခင်၏ တောင်းဆိုချက်များက အလွန် နိမ့်ကျသည်ဟု တွေးထင်ကြပေမည်။ ဤသည်မှာ လူ၏ စိတ်နေစိတ်ထား ဖြစ်သည် မဟုတ်လော။

ယခင် ဖော်ပြထားခဲ့သည့်အရာနှင့် အောက်ပါ ပေတရု၏ ဥပမာတို့ကို ပေါင်းစပ်ခြင်းအားဖြင့်၊

ပေတရုသည် မရေရာသော ဘုရားသခင်ကို ကျော်ခိုင်းနိုင်ခဲ့ပြီး လက်တွေ့ကျသော ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာကို လိုက်စားနိုင်ခဲ့သည့်အတွက်၊ သူသည် အခြား မည်သူမဆိုထက် ဘုရားသခင်ကို အမှန်တကယ် သာ၍ ကောင်းစွာ သိရှိခဲ့သည်ကို တွေ့ရလိမ့်မည်။ သူ၏မိဘများသည် ဘုရားသခင်ကို ဆန့်ကျင်ခဲ့သော နတ်ဆိုးများ ဖြစ်ကြောင်းကို အဘယ်ကြောင့် အထူးဖော်ပြချက် ပြုလုပ်ရသနည်း။ ယင်းက ပေတရုသည် ဘုရားသခင်ကို သူ၏စိတ်နှလုံးထဲ၌ လိုက်စားနေခဲ့ခြင်း မရှိသည်ကို သက်သေပြပေသည်။ သူ၏မိဘများသည် မရေရာသော ဘုရားသခင်၏ ကိုယ်စားပြုချက် ဖြစ်ခဲ့သည်။ ဤသည်မှာ ၎င်းတို့ကို ဘုရားသခင် ဖော်ပြရခြင်း၏ အဓိကအချက် ဖြစ်သည်။ ဤအချက်ကို လူအများစုက များစွာ အာရုံမစိုက်ကြချေ။ ထို့အစား ၎င်းတို့သည် ပေတရု၏ ဆုတောင်းချက်များအပေါ် အာရုံစိုက်ကြသည်။ လူအချို့တွင်၊ ပေတရု၏ ဆုတောင်းချက်များသည် ၎င်းတို့၏ နှုတ်ခမ်းများပေါ် အစဉ်ရှိကြသည်၊ ၎င်းတို့၏ စိတ်များတွင် စဉ်ဆက်မပြတ် ရှိကြသော်လည်း၊ မရေရာသော ဘုရားသခင်ကို ပေတရု၏ အသိပညာနှင့် မည်သည့်အခါမျှ ၎င်းတို့ မနှိုင်းယှဉ်ကြည့်ကြပေ။ ပေတရုသည် အဘယ်ကြောင့် သူ၏ မိဘများကို ကျော်ခိုင်းပြီး ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာကို ရှာဖွေခဲ့ပါသနည်း။ ပေတရုသည် အဘယ်ကြောင့် ကျရှုံးခဲ့ကြပြီးဖြစ်သူတို့၏ သင်ခန်းစာများဖြင့် မိမိကိုယ်ကိုယ် စေ့ဆော်ခဲ့ပါသနည်း။ အဘယ်ကြောင့် သူသည် ခေတ်ကာလများ တစ်လျှောက် ဘုရားသခင်ကို ချစ်ခဲ့ပြီးသူအားလုံး၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကို လက်သင့်ခံခဲ့သနည်း။ ပေတရုက အပြုသဘောဆောင်သော အရာခပ်သိမ်းမှာ စာတန်၏ စီမံခြင်း မပါဘဲ၊ ဘုရားသခင်ထံမှလာပြီး ကိုယ်တော်ကပင် တိုက်ရိုက် ထုတ်ပေးသည်ကို သိရှိလာခဲ့သည်။ ဤအရာက သူသိခဲ့သော ဘုရားသခင်သည် သဘာဝလွန် ဘုရားသခင် မဟုတ်ဘဲ၊ လက်တွေ့ကျသော ဘုရားသခင် ဖြစ်သည်ကို ပြသပေသည်။ ပေတရုက ခေတ်ကာလများတစ်လျှောက် ဘုရားသခင်ကို ချစ်ခဲ့ပြီးသူ အားလုံး၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကို လက်သင့်ခံခြင်း အပေါ် အာရုံစိုက်ခဲ့သည်ဟု အဘယ်ကြောင့် ဆိုထားသနည်း။ ဤအရာမှ ခေတ်ကာလများတစ်လျှောက် လူတို့၏ ကျရှုံးခြင်းသည် ၎င်းတို့သည် ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာကိုသာ ရှိခဲ့ကြသော်လည်း၊ လက်တွေ့ကျသော ဘုရားသခင်ကို သိနိုင်စွမ်းမရှိခဲ့ကြသောကြောင့်၊ အဓိက ဖြစ်သည်ကို တွေ့နိုင်ပေသည်။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့၏ယုံကြည်ခြင်းသည် မရေမရာ ဖြစ်မြဲဖြစ်လေသည်။ ဘုရားသခင်က ယောဘသည် ဘုရားသခင်ကို သိခဲ့သည်ဟု ပြောဆိုခြင်းမရှိဘဲ၊ ယောဘ၏ ယုံကြည်ခြင်းကို တစ်သီတစ်တန်း ဖော်ပြသနည်း၊ ပြီးလျှင် အဘယ်ကြောင့် ဘုရားသခင်က

ယောဘသည် ပေတရုနှင့် တန်းတူ မဟုတ်ခဲ့ဟု ဆိုပါသနည်း။ ယောဘ၏ စကားများက- "သတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဖူးပါပြီ။ ယခုမူကား၊ ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏။"- ဆိုသည်တို့က သူသည် ယုံကြည်ခြင်းကိုသာ ပိုင်ဆိုင်ခဲ့ပြီး၊ အသိပညာ မရှိခဲ့သည်ကို ပြသပေသည်။ "ပေတရု၏ မိဘများ၏ ဆန့်ကျင် ကွဲပြားခြားနားချက်က သူ့အား ငါ၏ မေတ္တာကျေးဇူးတော်နှင့် သနားကရုဏာတို့နှင့် သက်ဆိုင်သည့် ပို၍ ကြီးမားသော အသိကို ပေးခဲ့သည်၊" ဟူသော စကားများက လူအများစု၏ မေးခွန်း တစ်လျှော့ကြီးကို မကြာခဏ လှုံ့ဆော်လေသည်- ပေတရုသည် ဘုရားသခင်ကို သိရှိဖို့ အဘယ်ကြောင့် ခြားနားသိသာစေခြင်း တစ်ခု လိုအပ်ခဲ့ပါသနည်း။ သူသည် ဘုရားသခင်ကို အဘယ်ကြောင့် တိုက်ရိုက် သိရှိနိုင်စွမ်း မရှိခဲ့သနည်း။ သူသည် ဘုရားသခင်၏ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့ကိုသာ သိပြီး၊ အခြားမည်သည့်အရာကိုမျှ အဘယ်ကြောင့် ဘုရားသခင် မပြောဆိုခဲ့သနည်း။ မရေရာသောဘုရားသခင်၏ မစစ်မှန်မှုကို သတိပြုပြီးသည့်နောက်တွင်သာ လက်တွေ့ကျသောဘုရားသခင်နှင့် ပတ်သက်သည့် အသိပညာကို ရှာဖွေရန်သာ ဖြစ်နိုင်ပေသည်။ ဤနှုတ်ကပတ်တော်များ၏ ရည်မှန်းချက်မှာ လူတို့အား ၎င်းတို့၏စိတ်နှလုံးထဲက မရေရာသော ဘုရားသခင်ကို ထုတ်ပစ်စေဖို့ ဖြစ်သည်။ အကယ်၍ ဖန်ဆင်းခြင်း အချိန်ကာလမှသည် ယနေ့ထိ၊ လူတို့သည် ဘုရားသခင်၏ စစ်မှန်သောမျက်နှာကို အမြဲသိရှိခဲ့ပြီး ဖြစ်ပါက၊ လူသား၏ ဘုံစကားပုံ- "လူတစ်ဦးသည် တောင်တစ်တောင်ကို မဖြတ်ကျော်သေးသရွေ့ ညီညာသော မြေပြင်ကို သတိပြုမိမည် မဟုတ်။"- ဟူသည့်အရာက ဤနှုတ်ကပတ်တော်များကို ဆိုရာ၌ ဘုရားသခင်၏ဆိုလိုရင်းကို ဖော်ပြသည့်အတွက်၊ ၎င်းတို့သည် စာတန်၏ လုပ်ဆောင်ချက်များကို ထိုးထွင်းသိမြင်နိုင်စွမ်း ရှိကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လူတို့အား သူပေးခဲ့သည့် ဥပမာ၏ မှန်ကန်ခြင်းနှင့်သက်ဆိုင်သည့် ပို၍နက်ရှိုင်းသော သိနားလည်မှု တစ်ခုကို ပေးရန် ဆန္ဒရှိသောကြောင့်၊ ပေတရု အသက်ရှင်ခဲ့သော ခေတ်သည် ကျေးဇူးတော်ခေတ် ဖြစ်သည်ကို သက်သေပြရင်း၊ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့ကို ဘုရားသခင်က တမင်တကာ အလေးပေးခြင်း ဖြစ်သည်။ အခြားရှုထောင့်မှ၊ ဤအရာက ဘုရားသခင်၏ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့ကို ပို၍ပင် သိသိသာသာ ဆန့်ကျင် ကွဲလဲစေလျက်၊ လူသားကို အန္တရာယ်ပြုပြီး ဖောက်ပြန်ပျက်စီးစေသည်ကလွဲ၍ မည်သည့်အရာကိုမျှ မလုပ်ဆောင်သည့် နတ်ဆိုး၏ အကျည်းတန်သော မျက်နှာထားကို ပို၍ပင် ထုတ်ဖော်ပြလေသည်။

ဘုရားသခင်သည် ပေတရု၏ စမ်းသပ်မှုများနှင့်ပတ်သက်သည့် ဖြစ်ရပ်မှန်များကိုလည်း အကြိမ်းဖျင်း ဖော်ပြသကဲ့သို့ ဘုရားသခင်သည် သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့ကို

ပိုင်ဆိုင်သည်သာမက၊ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ကိုလည်း ပိုင်ဆိုင်ပြီး၊ ငြိမ်သက်ခြင်းဖြင့် အသက်ရှင်သူများသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ အလယ် သေချာပေါက် အသက်မရှင်ကြသည်ကို နောက်ထပ် ညွှန်ပြရင်း၊ ၎င်းတို့၏ တကယ့် အခြေအနေများကို ဖော်ပြလေသည်။ ပေတရု၏ စမ်းသပ်မှုများနောက် သူ၏အတွေ့အကြုံများ အကြောင်းကို လူများအား ပြောပြခြင်းသည် “ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလော။” ဟူသည့် ယောဘ၏ စကားများ၏မှန်ကန်ခြင်းနှင့်ဆိုင်သည့် သာ၍ပင် ကြီးမားသော သက်သေ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်နှင့် ပတ်သက်သည့် ပေတရု၏ အသိပညာသည် အတိတ်ခေတ်ကာလများ၏ လူတို့ စွမ်းဆောင်မရရှိဖူးသည့် နယ်ပယ်များ၊ မကြုံစဖူးသော နယ်ပယ်များကို ဧကန်အမှန် ကြိုးပမ်းရရှိခဲ့ပြီးဖြစ်သည်ကို ဖော်ပြထားပေသည်။ ယင်းမှာ ခေတ်ကာလများတစ်လျှောက် ဘုရားသခင်ကို ချစ်ခဲ့ကြပြီးသူများအားလုံး၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းတို့ကို သူ၏ လက်သင့်ခံခြင်းနှင့် အတိတ်က ကျရှုံးခဲ့ပြီးဖြစ်သည့် လူများ၏ သင်ခန်းစာများကို အသုံးပြုလျက် မိမိကိုယ်ကိုယ် သူ၏ ခွန်အားပေးခြင်းတို့၏ အသီးအပွင့်လည်း ဖြစ်ခဲ့ပေသည်။ ဤအကြောင်းရင်းကြောင့်၊ ဘုရားသခင်နှင့် ပတ်သက်သည့် စစ်မှန်သော အသိပညာကို ကြိုးပမ်းရရှိသူ အားလုံးကို “အသီးအပွင့်” ဟု ခေါ်ဆိုပြီး၊ ယင်းတွင် ပေတရု ပါဝင်လေသည်။ ဘုရားသခင်ထံ ပေတရု၏ ဆုတောင်းချက်များသည် သူ၏စမ်းသပ်မှုများ အတွင်း ဘုရားသခင်နှင့်ပတ်သက်သည့် သူ၏ စစ်မှန်သော အသိပညာကို ပြသပေသည်။ သို့သော် ပွဲဖျက်သည်မှာ သူသည် ဘုရားသခင်၏အလိုကို အပြည့်အဝ သဘောပေါက်နိုင်စွမ်း မရှိခဲ့ခြင်း ဖြစ်သည်၊ ယင်းမှာ သူနှင့်ပတ်သက်သည့် ပေတရု၏ အသိပညာအပေါ် အခြေခံ၍ ဘုရားသခင်က “လူ့စိတ်နှလုံး၏ ဝ.၁ ရာခိုင်နှုန်းကို နေရာယူရန်”သာ တောင်းဆိုခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်ကို အသိဆုံးသောလူ၊ ပေတရုပင်လျှင် ဘုရားသခင်၏အလိုကို မှန်ကန်စွာ သဘောပေါက်နိုင်စွမ်း မရှိခြင်းက ၎င်းတို့သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း အလွန် ခံရပြီးဖြစ်သည့်အတွက် လူသားသည် ဘုရားသခင်ကို သိကျွမ်းရန် စွမ်းရည်ကင်းမဲ့သည်ကို ပြသပေသည်။ ဤအရာက လူအားလုံးအား လူသား၏အနှစ်သာရကို သိရှိခွင့်ပေးလေသည်။ ဤကြိုတင်သတ်မှတ်ချက် နှစ်ခုသည်- ဘုရားသခင်ကို သိကျွမ်းခြင်းအတွက် လူတို့၏ စွမ်းရည် ကင်းမဲ့ခြင်းနှင့် စာတန်အားဖြင့် ၎င်းတို့၏ လုံးလုံး စိမ့်ဝင်ပျံ့နှံ့ ခံရခြင်းတို့သည်- ဘုရားသခင်၏ ကြီးမားသော တန်ခိုးအတွက် အဖြည့်ခံတစ်ခု ဖြစ်လေသည်၊ ဘုရားသခင်သည် နှုတ်ကပတ်တော်များဖြင့်သာ အမှုပြုသည့်အတွက်၊ သူသည် မည်သည့်လုပ်ငန်းကိုမျှ လက်ခံဆောင်ရွက်ခြင်း

မရှိသောကြောင့်၊ လူတို့၏ စိတ်နှလုံးများထဲ၌ တိကျသော နေရာတစ်ခုကို ယူရခြင်းဖြစ်သည်။ သို့သော် လူတို့သည် အဘယ်ကြောင့် ဘုရားသခင်၏ အလိုကို ကျေနပ်စေဖို့ ထို ၀.၁ ရာခိုင်နှုန်းအား စွမ်းဆောင်ရရှိရန်သာ လိုအပ်ပါသနည်း။ ဤအရာကို ဘုရားသခင်က လူသားထဲတွင် ဤစွမ်းရည်ကို မဖန်ဆင်းခဲ့ခြင်းအားဖြင့် ရှင်းပြ၍ ရနိုင်ပေသည်။ အကယ်၍ ဤစွမ်းရည် ကင်းမဲ့လျက်ဖြင့်၊ လူသားသည် ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာ ၁၀၀ ရာခိုင်နှုန်း ရောက်ရှိခဲ့မည်ဆိုပါက၊ ဘုရားသခင်၏လှုပ်ရှားမှုတိုင်းသည် ၎င်းတို့အဖို့ ရှင်းရှင်းကြီး သွားပေမည်- ပြီးလျှင် လူသား၏ရှိရင်းစွဲသဘာဝကို ထည့်သွင်းစဉ်းစားပါက၊ လူတို့သည် ဘုရားသခင်ကို ချက်ချင်းပင် ပုန်ကန်ပေမည်၊ ၎င်းတို့သည် ထရပ်ကာ ဘုရားသခင်ကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ကြပေမည်၊ ယင်းမှာ စာတန် ကျဆုံးခဲ့ပုံ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ၎င်းတို့ကို လုံးလုံးလျားလျား စိတ်ဖြာလေ့လာနှင့်ပြီးဖြစ်ကာ ၎င်းတို့၏ သွေးထဲ၌ ရေ အတိအကျ မည်မျှရှိသည်အထိပင်၊ ၎င်းတို့နှင့် ပတ်သက်သည့် အရာတိုင်းကို ရှင်းလင်းပြတ်သားမှုဖြင့် သိရှိသည်ဆိုသည့် တကယ့် အကြောင်းရင်းကြောင့်၊ လူတို့ကို ဘုရားသခင် လုံး၀ အထင်မသေးပေ။ သို့ဆိုလျှင် သူ့အဖို့ လူသားမျိုးနွယ်၏ သဘာဝသည် မည်မျှသာ၍ပင် သိသာထင်ရှားသနည်း။ ဘုရားသခင်သည် မည်သည့်အခါမျှ အမှားများ မပြုလုပ်သကဲ့သို့၊ သူသည် သူ၏မိန့်မြွက်ချက်များနှင့်ဆိုင်သည့် နှုတ်ကပတ်တော်များကို အဆုံးစွန် တိကျမှုဖြင့် ရွေးချယ်လေသည်။ ဤအကြောင်းကြောင့် ပေတရုက ဘုရားသခင်၏အလိုနှင့်ပတ်သက်သည့် မှန်ကန်သော သဘောပေါက်မှု မရှိခြင်းနှင့် သူ၏ ဘုရားသခင်နှင့်ပတ်သက်သည့် အကြီးမားဆုံးသော အသိပညာ ရှိခြင်းတို့ကြားတွင် ဆန့်ကျင် ကွဲလွဲခြင်း မရှိပေ။ ထို့အပြင် ထိုအရာနှစ်ခုသည် လုံး၀ ဆက်စပ်မှု မရှိပေ။ ယင်းမှာ ဘုရားသခင်က သူ့ကို ဥပမာတစ်ခု အဖြစ် ဖော်ပြရသည်မှာ ပေတရုအပေါ် လူတို့၏အာရုံကို စိုက်စေရန်အလို့ငှာ မဟုတ်ခဲ့ပေ။ ယောဘကဲ့သို့သော သူတစ်ဦးသည် ဘုရားသခင်ကို မသိနိုင်ဘဲ၊ ပေတရုက သိနိုင်ခဲ့သည်မှာ အဘယ်ကြောင့်နည်း။ လူသားသည် ဤအရာကို ကြိုးပမ်းရရှိနိုင်စွမ်းရှိသည်ဟု ဘုရားသခင်က ပြောသော်လည်း ယင်းမှာ သူ၏ ကြီးမြတ်သော တန်ခိုးကြောင့် ဖြစ်သည်ဟု အဘယ်ကြောင့် ပြောရသေးသနည်း။ လူတို့သည် ပင်ကိုအားဖြင့် တကယ် တော်ကြသည်လော။ ဤသည်မှာ လူတို့အတွက် သိရှိရန် မလွယ်ကူပေ။ အကယ်၍ ငါသည် ယင်းကို မပြောဆိုပါက၊ မည်သူမျှ ဤအရာ၏ အတွင်းပိုင်း အရေးပါမှုကို နားလည်မည် မဟုတ်။ ဤနှုတ်ကပတ်တော်များ၏ ရည်မှန်းချက်မှာ ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ရန် ယုံကြည်ခြင်း ရှိနိုင်ကြဖို့အလို့ငှာ၊ ထိုးထွင်းသိမြင်မှု တစ်ခုကို လူတို့အား ပေးရန် ဖြစ်သည်။ ထိုအခါမှသာ ဘုရားသခင်သည် လူနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်

အမှုပြုနိုင်ပေသည်။ ယင်းမှာ ဝိညာဉ်လောကထဲ တကယ့် အခြေအနေဖြစ်ပြီး၊ ယင်းသည် လူသားအဖို့ လုံးဝ နားလည်သဘောပေါက်နိုင်စရာ မဟုတ်ပေ။ လူတို့၏ စိတ်နှလုံးများထဲက စာတန်၏ နေရာကို ဖယ်ရှားခြင်းနှင့် ယင်းနေရာကို ဘုရားသခင်အား ပေးခြင်း-ဤသည်မှာ စာတန်၏ အပြင်းအထန် တိုက်ခိုက်ခြင်းကို တွန်းလှန်ရန် ဆိုလိုသည့်အရာ ဖြစ်ပြီး၊ ထိုသို့ဖြင့်သာ ခရစ်တော်သည် ကမ္ဘာမြေပေါ်သို့ ဆင်းသက်ပြီးဖြစ်သည်ဟု ဆိုနိုင်သည်၊ ထိုသို့ဖြင့်သာ ကမ္ဘာမြေပေါ် ရှိ တိုင်းပြည်များသည် ခရစ်တော်၏နိုင်ငံတော် ဖြစ်လာပြီးဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဤအချိန်တွင်၊ နှစ်ထောင်ပေါင်းအချို့ကြာ ပေတရု၏ စံပြနှင့် စံနမူနာတစ်ခု ဖြစ်ခြင်းကို ဖော်ပြခြင်းက သူသည် စံပြနှင့် စံနမူနာတစ်ဦး ဖြစ်ခဲ့သည်ဟု ပြောရုံမျှပြောဖို့ မဟုတ်ပေ။ ဤစကားများသည် ဝိညာဉ်လောက၌ ဆင်နွှဲသည့် တိုက်ပွဲ၏ ထင်ဟပ်မှု တစ်ခု ဖြစ်သည်။ စာတန်သည် လူသားကို မျိုခြင်းငှာ အချည်းနှီးသော မျှော်လင့်ချက်ဖြင့် ဤတစ်ချိန်လုံး လူသား၌ အလုပ် လုပ်နေခဲ့ပြီးဖြစ်ကာ၊ ထိုသို့ဖြင့် ဘုရားသခင်က ကမ္ဘာမြေကြီးကို ဖျက်ဆီးရန်နှင့် သူ၏သက်သေများကို ဆုံးရှုံးရန်အကြောင်း ဖြစ်စေခဲ့သည်။ သို့သော် ဘုရားသခင်က၊ "ငါသည် လူ့စိတ်နှလုံး အတွင်း၌ အသေးငယ်ဆုံးသော နေရာကို ရယူနိုင်ရန်အလို့ငှာ၊ စံပြတစ်ခုကို ဦးစွာ ဖန်ဆင်းမည်။ ဤအဆင့်တွင် လူသားမျိုးနွယ်သည် ငါ့ကို ကျေနပ်စေခြင်း မရှိသကဲ့သို့၊ အပြည့်အဝ သိကြခြင်းလည်း မရှိပေ။ သို့သော်လည်း ငါ၏ကြီးမားသော တန်ခိုးကြောင့်၊ လူသားများသည် ငါ့ကို အပြည့်အဝ ကျိုးနွံနာခံ လာနိုင်ကြလိမ့်မည်ဖြစ်ပြီး၊ ငါ့ကို ဆန့်ကျင် ပုန်ကန်မှု ရပ်စဲကြလိမ့်မည် ဖြစ်ကာ၊ ငါသည် စာတန်ကို နှိမ်နင်းဖို့ ဤဥပမာကို အသုံးပြုမည် ဖြစ်သည်။ ဆိုလိုသည်မှာ၊ ငါသည် ငါ နေရာယူသည့် လူသား စိတ်နှလုံး၏ ၀.၁ ရာခိုင်နှုန်းကို လူသားမျိုးနွယ်အပေါ် စာတန်က စွဲကိုင်ရှိနေပြီးဖြစ်သည့် အင်အားစု အားလုံးကို ဖိနှိပ်ဖို့ အသုံးပြုမည်" ဟု ဆိုပြီးဖြစ်သည်။ ထို့ကြောင့် ယနေ့တွင် ပေတရုက လူသားမျိုးနွယ် အားလုံးအတွက် အတုယူဖို့နှင့် လက်တွေ့လုပ်ဆောင်ဖို့ ပုံစံတစ်ခု အဖြစ် အသုံးတော်ခံနိုင်ဖို့အလို့ငှာ ဘုရားသခင်သည် ပေတရုကို ဥပမာတစ်ခု အဖြစ် ဖော်ပြပေသည်။ အဖွင့်စာပုဒ်နှင့်အတူ ပေါင်းစပ်ခြင်းဖြင့်၊ ဤအရာက ဝိညာဉ်လောကထဲက အခြေအနေနှင့်ပတ်သက်၍ ဘုရားသခင် ပြောဆိုခဲ့သည့်အရာ၏ မှန်ကန်မှုကို ဖော်ပြပေသည်- "မျက်မှောက်ကာလသည် ယခင်ကကဲ့သို့ မဟုတ်ပေ။ ဖန်ဆင်းခြင်း အချိန်ကတည်းက မည်သည့်အခါမျှ မမြင်ဖူးသည့် အမှုအရာများကို ငါပြုမည်၊ ခေတ်ကာလများ တစ်လျှောက်တွင် လုံးဝမကြားဖူးသော နှုတ်ကပတ်တော်များကို ငါပြောကြားမည်၊ အဘယ်ကြောင့်ဆိုသော် လူများအားလုံးသည် ငါ့ကို ဇာတိပကတိ၌

သိက္ခာမဲ့လာစေရန် ငါတောင်းဆိုသောကြောင့်ဖြစ်သည်။" ဤအရာမှ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်များအပေါ် အရေးယူဆောင်ရွက်ဖို့ ယနေ့ စတင်ပြီးဖြစ်သည်မှာ သိသာထင်ရှားပေသည်။ လူတို့သည် အပြင်ပန်းတွင် ဖြစ်ပျက်နေသည့်အရာကိုသာ မြင်နိုင်သည်၊ ဝိညာဉ်လောကထဲ၌ မည်သည့်အရာ အမှန်တကယ် ဖြစ်ပျက်နေသည်ကို ၎င်းတို့ မမြင်နိုင်ပေ၊ ထို့ကြောင့် ဘုရားသခင်က၊ "ဤသည်တို့မှာ ငါ၏စီမံခန့်ခွဲမှု၏ အဆင့်များဖြစ်ကြသည်၊ သို့သော် လူတို့သည် ရေးရေးမျှပင် မသိကြပေ။ ငါသည် ထိုအရာများကို ထင်ထင်ရှားရှား ပြောဆိုသော်လည်း၊ လူများသည် သူ၏စိတ်ထဲတွင် ရှုပ်ထွေးလျက်ပင် ရှိသေးသည်။ ထိုအရာတို့ကို ၎င်းတို့အား ရှင်းလင်းပြောဆိုရန် ခက်ခဲလေသည်။ ဤသည်မှာ လူသား၏ နိမ့်ကျမှု မဟုတ်သလော။" ဟု တိုက်ရိုက် ပြောဆိုပေသည်။ ဤနှုတ်ကပတ်တော်များ အတွင်းတွင် နှုတ်ကပတ်တော်များ ရှိ၏- ယင်းတို့က အထက်တွင် ဖော်ပြထားသည့်အတိုင်းပင်၊ ဝိညာဉ်လောကတွင် တိုက်ပွဲတစ်ခု ဖြစ်လျက်ရှိသည်ကို ရှင်းပြလေသည်။

ပေတရု၏ ဖြစ်ရပ်နှင့်ဆိုင်သည့် သူ၏ အကျဉ်းဖော်ပြချက် နောက်တွင် ဘုရားသခင်၏ အလိုကို လုံးဝ စွမ်းဆောင်ရရှိလေသည်၊ ထို့ကြောင့် ဘုရားသခင်သည် ပေတရု၏ ကိစ္စရပ်နှင့် စပ်လျဉ်း၍ လူသားကို အောက်ပါ တောင်းဆိုချက် ပြုလုပ်လေသည်- "အာကာသနှင့် မိုးမျက်နှာကြက်အနှံ့အပြားတွင်၊ ကောင်းကင်နှင့် မြေကြီး၌ ရှိကြကုန်သော အရာများ အားလုံးအကြား၊ ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံမှ အရာခပ်သိမ်းတို့သည် ငါ့အမှု၏ နောက်ဆုံးသော အဆင့်အတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှု အလုံးစုံကို ပေးလေသည်။ သင်တို့သည် စာတန်၏အင်အားစုများ၏ အမိန့်ပေးသည်ကို ခံရလျက်၊ ဘေးစည်းမှ ပွဲကြည့်ပရိသတ်များ အဖြစ်သာ မဖြစ်လိုသည်မှာ သေချာသည် မဟုတ်လော။" လူတို့သည် ပေတရု၏ အသိပညာအကြောင်း ဖတ်ရှုပြီးသည့်နောက်တွင် နက်နက်နဲနဲ အသိဉာဏ်ပွင့်လင်းစေခြင်း ခံရပြီး၊ ပို၍ပင် ထိရောက်စေဖို့အလို့ငှာ၊ ဘုရားသခင်သည် လူတို့ကို ၎င်းတို့၏ အပျော်လွန်ကြူးခြင်း၊ အထိန်းအကွပ်မဲ့ခြင်းနှင့် ဘုရားသခင်နှင့် ပတ်သက်သည့် အသိပညာ ကင်းမဲ့ခြင်းတို့ကို ပြသလေသည်။ ထို့အပြင်၊ သူသည် လူသားမျိုးနွယ်ကို- နောက်တစ်ဖန်နှင့် သာ၍ ကြီးမားသော တိကျမှုဖြင့်- ဝိညာဉ်လောကထဲက တိုက်ပွဲ၌ အမှန်တကယ် ဖြစ်ပျက်နေသည့်အရာနှင့်သက်ဆိုင်၍ ပြောပြလေသည်။ ထိုသို့ဖြင့်သာ လူတို့သည် စာတန်၏ ခေါ်ဆောင်သွားခြင်းခံရခြင်းကို သာ၍ သတိဝီရိယ ရှိကြလေသည်။ ထို့အပြင် ယင်းက လူတို့သည် ဤအကြိမ်လဲကျပါက၊ ဤအကြိမ် ၎င်းတို့ ဖြစ်ခဲ့သကဲ့သို့ ဘုရားသခင်၏ ကယ်တင်ခြင်းခံခဲ့ရလိမ့်မည် မဟုတ်သည်ကို ရှင်းလင်းသွားစေသည်။

အတူတကွ စဉ်းစားကြည့်ပါက၊ ဤသတိပေးချက်များက ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် လူသားမျိုးနွယ်၏ ထင်မြင်ချက်ကို နက်ရှိုင်းသည်ထက် နက်ရှိုင်းစေသည်၊ လူသားမျိုးနွယ်ကို ကယ်တင်ရာတွင် ဘုရားသခင်၏ ရည်မှန်းချက်ကို အမှန်တကယ် ကြိုးပမ်းရရှိနိုင်ဖို့အလို့ငှာ၊ ယင်းတို့က လူတို့အား ဘုရားသခင်၏ သနားကရုဏာကို သာ၍ တန်ဖိုးထားစေပြီး၊ ဘုရားသခင်၏ သတိပေးခြင်း စကားများကို သာ၍ ချစ်မြတ်နိုးစေလေသည်။

## ပေတရု၏ အသက်တာနှင့်ပတ်သက်၍

ပေတရုသည် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ စံနမူနာ၊ အားလုံးကသိသည့် အထင်ကရတစ်ဦး ဖြစ်ခဲ့သည်။ အလွန် သာမညောင်ညဖြစ်သည့် လူတစ်ဦးသည် အဘယ်ကြောင့် ဘုရားသခင်အားဖြင့် ပုံသက်သေတစ်ဦးအဖြစ် ချီးမြှောက်ခံရပြီး မျိုးဆက်အဆက်ဆက်၏ အမွှမ်းတင်ခြင်း ခံခဲ့ရသနည်း။ ဤအရာသည် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ၊ ဘုရားသခင်ကိုချစ်ဖို့ သန္နိဋ္ဌာန်ဟူသော သူ၏ဖော်ပြချက်မှ ခွဲခြား၍မရနိုင်သည်မှာ ပြောစရာမလိုပေ။ ဘုရားသခင်အတွက် ပေတရု၏ ချစ်ခြင်းစိတ်နှလုံးကို မည်သို့ပြသသည်နှင့် သူ၏ ဘဝအတွေ့အကြုံများက အမှန်တကယ် မည်သို့ဖြစ်သည် ဆိုသည်နှင့်ပတ်သက်၍၊ ငါတို့အနေဖြင့် အချိန်ကာလ၏ အလေ့အထများကို တစ်ဖန်ကြည့်ဖို့ရန် ကျေးဇူးတော်ခေတ်ကို ပြန်သွားပြီး ထိုခေတ်၏ ပေတရုကို လေ့လာရမည်ဖြစ်သည်။

ပေတရုသည် သာမန် ယုဒလူမျိုး လယ်လုပ်သည့် အိမ်ထောင်စုတစ်စုထဲတွင် မွေးဖွားခဲ့၏။ သူ၏မိဘများက တစ်မိသားစုလုံးကို လယ်လုပ်ခြင်းဖြင့် ထောက်ပံ့ခဲ့ကြပြီး၊ သူသည် ညီအစ်ကိုမောင်နှမ လေးဦးရှိပြီး သားသမီးများထဲတွင် အကြီးဆုံးဖြစ်ခဲ့သည်။ ဤသည်မှာ ငါတို့ဇာတ်လမ်း၏ အဓိကအပိုင်း မဟုတ်သည်မှာ မှန်ပေ၏။ ပေတရုသည် ငါတို့၏ အဓိကဇာတ်ကောင်ဖြစ်သည်။ ပေတရုသည် အသက်ငါးနှစ်အရွယ် ရှိသည့်အချိန်တွင် သူ၏မိဘများက သူ့ကို စာဖတ်ခြင်းကို စတင်သင်ကြား ပေးခဲ့ကြသည်။ ထိုအချိန်က ယုဒလူမျိုးများသည် အတော်အတန် စာပေကျွမ်းဂန် နှံ့စပ်ကြပြီး စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုကဲ့သို့သော နယ်ပယ်များတွင် အထူးတလည် ခေတ်ရှေ့ပြေးခဲ့ကြသည်။ ၎င်းတို့ လူမှုပတ်ဝန်းကျင်၏ အကျိုးဆက်အနေဖြင့် ပေတရု၏

မိဘနှစ်ပါးလုံးသည် အဆင့်မြင့်ပညာရေးကို ရရှိခဲ့ကြသည်။ ကျေးလက်ဒေသမှ ဖြစ်သော်ငြားလည်း ၎င်းတို့သည် ပညာကောင်းစွာတတ်မြောက်ခဲ့ကြပြီး ယနေ့ခေတ်၏ ပုံမှန်အဆင့်ရှိသော တက္ကသိုလ်ကျောင်းသားများနှင့် နှိုင်းယှဉ်၍ ရနိုင်ပေသည်။ ပေတရုသည် ထိုသို့သော အသာစီးရသည့် လူမှုရေး အခြေအနေများထဲတွင် မွေးဖွားခဲ့ရသဖြင့် ကောင်းချီးခံစားရသည်မှာ သိသိသာသာပင်ဖြစ်သည်။ သူသည် ကျွမ်းကျင်ပြီး အကင်းပါးကာ၊ စိတ်ကူးသစ်များကို မဆိုင်းမတွ လက်သင့်ခံတတ်သည်။ သူ၏ ပညာသင်ကြားမှုများကို စတင်ပြီးသည့်နောက် စသင်ချိန်များအတွင်း၌ သူသည် အကြောင်းအရာများကို အလွန်လွယ်ကူစွာ သဘောပေါက်နားလည်ခဲ့သည်။ ထိုသို့ ထက်မြက်သော သားတစ်ဦးရှိသည့်အတွက် သူ၏မိဘများက ဂုဏ်ယူခဲ့ကြပြီး သူသည် ထင်ရှားကျော်ကြားမှုရအောင် လုပ်ဆောင်နိုင်ပြီး လူမှုအဖွဲ့အစည်းတွင် တရားဝင် ရာထူးတစ်မျိုးမျိုးကို ရယူနိုင်လိမ့်မည်ဟု မျှော်လင့်ရင်း သူ့ကို ပညာသင်ကြားခွင့်ပေးဖို့ တတ်နိုင်သမျှ အားထုတ်ခဲ့ကြသည်။ ပေတရုသည် မသိလိုက်ဘဲနှင့် ဘုရားသခင်ကို စိတ်ဝင်စားလာခဲ့သည်၊ အကျိုးဆက်အနေဖြင့် သူ အထက်တန်းကျောင်း ရောက်သည့်အချိန် ဆယ့်လေးနှစ်အရွယ်တွင် အထူးသဖြင့် ရှေးခေတ်ဂရိသမိုင်းထဲက စိတ်ကူးယဉ်လူများနှင့် ဖန်တီးထားသည့် ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ သူလေ့လာသင်ယူနေသည့် ရှေးဟောင်းဂရိယဉ်ကျေးမှုနှင့်ဆိုင်သော သင်ရိုးညွှန်းတမ်းကို စိတ်ကုန်လာခဲ့တော့သည်။ ထိုအချိန်မှစ၍ သူ၏ လူငယ်ဘဝ၏ အထွတ်အထိပ်ချိန်ဝင်ရောက်ရုံရှိသည့် ပေတရုသည် လူ့ဘဝနှင့် ပိုမိုကျယ်ပြန့်သော ကမ္ဘာလောက အကြောင်းကို ပို၍ရှာတွေ့ဖို့ စတင်ကြိုးစားခဲ့သည်။ လူအားလုံးသည် မိမိကိုယ်ကိုယ် လှည့်စားသည့် အခြေအနေတစ်ရပ်၌ အသက်ရှင်နေခဲ့ကြကြောင်း၊ သူတို့သည် ချမ်းသာကြွယ်ဝမှုနှင့် အသိအမှတ် ပြုခံရခြင်းတို့အတွက် ၎င်းတို့၏ ရုန်းကန်မှုတွင် မိမိတို့၏ ကိုယ်ပိုင်ဘဝများကို ပျက်စီးစေရင်း အဓိပ္ပါယ်မဲ့သော အသက်တာများ၌ အသက်ရှင်နေခဲ့ကြကြောင်းကို သူ ရှင်းရှင်းလင်းလင်း တွေ့မြင်ခဲ့သောကြောင့် သူ၏မိဘများ၏ ကြိုးပမ်းမှုများကို ပြန်ကျေးဇူးဆပ်ဖို့ရန် သူ၏ အသိစိတ်က မလှုံ့ဆော်ခဲ့ပေ။ သူ၏ ထိုးထွင်းသိမြင်မှုမှာ သူနေထိုင်သည့် လူမှုပတ်ဝန်းကျင်နှင့် အဓိကအားဖြင့် ပတ်သက်ခဲ့သည်။ လူတို့သည် အသိပညာ ပိုရှိလေ၊ ၎င်းတို့၏ လူလူချင်း ဆက်ဆံရေးများနှင့် အတွင်းပိုင်းလောကများက ပို၍ရှုပ်ထွေးလေဖြစ်သောကြောင့် ၎င်းတို့သည် ဟာတာတာဖြစ်ခြင်း၌ အသက်ရှင်လေဖြစ်ကြသည်။ ဤအခြေအနေများတွင်၊ ပေတရုသည် ဘာသာရေး ပုဂ္ဂိုလ်များထံ အများဆုံးအနေဖြင့် အလည်အပတ်များကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရင်း သူ၏ အားလပ်ချိန်ကို အသုံးပြုခဲ့သည်။ သူ၏ စိတ်နှလုံးထဲတွင်၊

ဘာသာတရားသည် လူ့လောကထဲရှိ ပြောပြ၍မရနိုင်သော အရာအားလုံးအတွက် အကြောင်းရင်း ဖြစ်ကောင်းဖြစ်နိုင်သည်ဟူသော မရေရာသည့် ခံစားချက် ရှိခဲ့ပုံရလေသည်၊ ထို့ကြောင့် သူသည် ဝတ်ပြုအစည်းအဝေးများတက်ရောက်ဖို့ အနီးအနားက တရားဇရပ်တစ်ခုသို့ မကြာခဏသွားခဲ့၏။ သူ၏မိဘများက ဤအရာကို မသိခဲ့ကြချေ၊ ပြီးလျှင် မကြာမီတွင် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး ပညာအရည်အသွေး အမြဲကောင်းမွန်ခဲ့သူ ပေတရုသည် ကျောင်းသွားရသည်ကို စတင်မုန်းတီးလာခဲ့သည်။ သူ့မိဘများ၏ ကြီးကြပ်မှုအောက်တွင် အထက်တန်းကျောင်းကို ပြီးရုံမျှပြီးခဲ့သည်။ သူသည် အသိပညာပင်လယ်မှ ကမ်းစပ်သို့ ကူးခပ်ရင်း အသက်ပြင်းပြင်း ရှူရှိုက်ခဲ့သည်။ ထိုအချိန်မှစ၍ သူ့ကို မည်သူမျှ ပညာမပေးတော့ချေ သို့မဟုတ် သူ့ကို မချုပ်ချယ်တော့ချေ။

ကျောင်းပြီးဆုံးပြီးနောက်၊ သူသည် စာအုပ်မျိုးစုံ စတင်ဖတ်ရှုခဲ့သော်လည်း အသက် တစ်ဆယ့်ခုနစ်နှစ်အရွယ်တွင် သူ၌ ပိုမိုကျယ်ပြန့်သည့် လောကကြီးနှင့် သက်ဆိုင်သော အတွေ့အကြုံများစွာ မရှိခဲ့သေးပေ။ သူသည် ကျောင်းမှဘွဲ့ရပြီးနောက်တွင် စာအုပ်များ ဖတ်ရှုဖို့နှင့် ဘာသာရေး ဝတ်ပြုအစီအစဉ်များကို တက်ရောက်ဖို့ တတ်နိုင်သရွေ့ အချိန်များများပေးရင်း လယ်ယာလုပ်ကိုင်ခြင်းဖြင့် မိမိကိုယ်ကိုယ် ထောက်ပံ့ခဲ့သည်။ သူ့အတွက် မြင့်မားသည့် မျှော်လင့်ချက်များ ထားရှိခဲ့ကြသည့် သူ၏မိဘများသည် ၎င်းတို့၏ "နှံ့နာမှုမရှိသောသား" အတွက် ကောင်းကင်ဘုံကို မကြာခဏ ကျိန်ဆဲခဲ့ကြသော်လည်း ဤအရာပင်လျှင် ဖြောင့်မတ်ခြင်းအတွက် သူ၏ဆာငတ်မှုနှင့် ဆာလောင်မှုကို မတားဆီးနိုင်ခဲ့ချေ။ ပေတရုသည် သူ၏အတွေ့အကြုံများတွင် အနှောင့်အယှက်များကို နည်းနည်းနောနော ခံစားခဲ့ရသည်မဟုတ်ဘဲ၊ သူ၌ ပြင်းပြသော နှလုံးသားတစ်ခုရှိပြီး မိုးရွာပြီးစ မြက်ပင်အလား သူကြီးထွားခဲ့သည်။ မကြာမီတွင် သူသည် ဘာသာရေးလောကထဲက ဝါရင့်ပုဂ္ဂိုလ်အချို့ကို ကြုံရသည်အထိ "ကံကောင်းထောက်မ" ခဲ့ပြီး၊ သူ၏တောင့်တမှုက အလွန်အားကောင်းသောကြောင့် သူသည် ၎င်းတို့ကြားတွင် သူ၏ အချိန်အားလုံးနီးပါး ကုန်ဆုံးနေခဲ့သည့်တိုင်အောင် ၎င်းတို့နှင့် ပို၍ပင်မကြာခဏ စတင်၍ ပေါင်းသင်းလာခဲ့သည်။ သူသည် ကျေနပ်အားရစရာ ပျော်ရွှင်မှု၌ နစ်မြှုပ်နေခိုက်တွင်၊ ဤလူအများစုက နှုတ်ဖြင့်သာယုံကြည်ကြပြီး မိမိတို့၏ စိတ်နှလုံးများအား မိမိတို့ ယုံကြည်မှုအတွက် မပေးထားခဲ့ကြသည်ကို ရုတ်တရက်နားလည်လိုက်သည်။ စိတ်ဝိညာဉ်ဖြောင့်မတ်ပြီး ဖြူစင်သူ ပေတရုသည် ထိုသို့သော ထိုးနှက်မှုကို အဘယ်သို့ သည်းခံနိုင်မည်နည်း။ သူပေါင်းသင်းသည့် လူအားလုံးနီးပါးမှာ လူသားအဝတ်အစားဖြင့် သားရဲများ၊ ၎င်းတို့သည် လူသားမျက်နှာထားဖြင့် တိရစ္ဆာန်များ ဖြစ်ခဲ့ကြသည်ကို သူနားလည်ခဲ့သည်။ ထိုအချိန်တွင် ပေတရုသည်

အလွန်ရိုးစင်းခဲ့သောကြောင့် ဖြစ်ရပ်အချို့တွင် သူသည် ၎င်းတို့ကို စိတ်ရင်းအတိုင်း အသနားခံခဲ့သည်။ သို့သော် ဤဉာဏ်များပြီး ကောက်ကျစ်သော ဘာသာရေးပုဂ္ဂိုလ်များသည် ဤဖော်ကြီးသော လူငယ်၏ တိုးလျှိုးတောင်းပန်ခြင်းကို အဘယ်သို့ နားထောင်နိုင်မည်နည်း။ လူ့ဘဝ၏ အမှန်တကယ်အနှစ်သာရမဲ့ခြင်းကို ပေတရုခံစားခဲ့ရသည်မှာ ဤအချိန်တွင် ဖြစ်ခဲ့သည်- ဘဝဇာတ်ခုံပေါ် ပထမဆုံးသော ခြေလှမ်းတွင် သူ ကျရှုံးခဲ့လေပြီ။...တစ်နှစ်ကြာပြီးနောက် သူသည် တရားဇရပ်မှ ရွှေ့ပြောင်းခဲ့ပြီး အမှီအခိုကင်းစွာ စတင်အသက်ရှင်ခဲ့သည်။

ဤအနှောင့်အယှက်က အသက် ၁၈ နှစ်အရွယ် ပေတရုကို များစွာသာ၍ ရင့်ကျက်စေပြီး အတွေ့အကြုံများစေခဲ့သည်။ သူ၏ ငယ်ရွယ်သော နုံအမှုနှင့်ဆိုင်သည့် မည်သည့်အရိပ်အယောင်မျှ မရှိတော့ချေ။ ထိုလူငယ်၏ အပြစ်ကင်းစင်ခြင်းနှင့် ဟန်ဆောင်မှုကင်းခြင်းတို့ကို သူခံစားခဲ့ရသည့် အနှောင့်အယှက်က စာနာစိတ်ကင်းစွာ ငြိမ်းသတ်ခဲ့လေပြီဖြစ်ကာ သူသည် တံငါသည်တစ်ဦးအဖြစ် ဘဝတစ်ခုကို စတင်ခဲ့သည်။ ထို့နောက်တွင် လူတို့သည် သူ၏လှေပေါ်တွင် တရားဟောပြောသည့်သူ့အား နားထောင်နေခဲ့ကြသည်ကို တွေ့ရလေသည်။ သူသည် ငါးဖမ်းခြင်းဖြင့် အသက်မွေးမှုပြုသည်နှင့်အမျှ သူသွားသည့်နေရာတိုင်းတွင် သတင်းစကား ဖြန့်ဝေခဲ့ပြီး၊ သူဟောသည့်အရာက သာမန်လူတို့၏ စိတ်နှလုံးကို ထိမိခဲ့ပြီး ၎င်းတို့အားလုံးသည် သူ၏ရိုးသားမှုအားဖြင့် လွန်စွာ တို့ထိခြင်းခံခဲ့ကြရသောကြောင့် သူ ဟောပြောခဲ့သောသူအားလုံးကိုသည် သူ၏တရားဒေသနာများက အာရုံဖမ်းစားခဲ့လေသည်။ အခြားသူတို့ကို စိတ်ရင်းအတိုင်း ဆက်ဆံဖို့၊ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့၏ အချုပ်အခြာအာဏာပိုင်သူကို ပန်ကြားဖို့နှင့် ကိစ္စရပ်များအားလုံး၌ မိမိတို့၏ စိတ်နှလုံးထဲတွင် မိမိတို့ချစ်သော ဘုရားသခင်ကို ကျေနပ်စေရင်း၊ မိမိတို့၏ အသိစိတ်များကို လျစ်လျူမရှုသည့်အပြင် ရှက်ဖွယ်အမှုအရာများကို မလုပ်ဆောင်ဖို့ လူတို့ကို သူ မကြာခဏ သွန်သင်ခဲ့သည်။... သူ၏ တရားဒေသနာများကို နားထောင်ပြီးနောက် လူတို့သည် မကြာခဏ လွန်စွာ တို့ထိခြင်းခံခဲ့ကြရသည်။ သူ့အားဖြင့် ၎င်းတို့အားလုံး လှုံ့ဆော်ခံခဲ့ကြရပြီး မျက်ရည်များကျသည်အထိ မကြာခဏ စိတ်ထိခိုက်ခဲ့ကြရသည်။ ထိုအချိန်၌ အားလုံးခိုကိုးရာမဲ့ဖြစ်ပြီး ထိုအချိန်က လူမှုအဖွဲ့အစည်း မည်သို့ဖြစ်သည်ကို ထောက်ဆလျှင် သဘာဝအလျောက် အရေအတွက် အလွန်နည်းပါးသည့် သူ၏နောက်လိုက်အားလုံးက အလွန်လေးစားသည်ကို ခံခဲ့ရသည်။ ပေတရုသည် ထိုအချိန်က လူမှုအဖွဲ့အစည်း၏ ဘာသာရေးလူစုများ၏ နှိပ်စက်ညှဥ်းပန်းခြင်းကိုလည်း ခံခဲ့ရသည်။ ဤအရာအားလုံးက

သူ့အနေဖြင့် နှစ်နှစ်ကြာ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းပြီး တစ်ကိုယ်ရေ တစ်ကာယဘဝကို အသက်ရှင်နေခဲ့ရသည်အထိ အကျိုးသက်ရောက်စေခဲ့သည်။ အံ့မခန်း အတွေ့အကြုံများရှိသည့် ဤနှစ်နှစ်အတောအတွင်း၌ သူသည် ထိုးထွင်းသိမြင်မှုများစွာ ရရှိခဲ့ပြီး ယခင်က သူမသိခဲ့သည့် အမှုအရာများအကြောင်းကို များစွာ သင်ယူခဲ့ရသည်မှာ သူသည် သူ၏ ၁၄ နှစ်အရွယ် နဂိုပုံစံနှင့်ယှဉ်ပါက မမှတ်မိနိုင်လောက်အောင် ဖြစ်လာခဲ့ပြီး၊ ယခုလက်ရှိ သူ၏ပုံစံနှင့် တူညီသည့်အရာ ဘာမျှမရှိသည့်ပုံပေါက်လေသည်။
ဤနှစ်နှစ်တာကာလတစ်လျှောက်တွင် သူသည် လူပေါင်းစုံကို ကြုံတွေ့ခဲ့ရပြီး လူမှုအဖွဲ့အစည်းအကြောင်း အမှန်တရားမျိုးစုံကို သိမြင်ခဲ့ရသည်၊ ယင်း၏ရလဒ်အနေဖြင့် သူသည် ဘာသာရေးလောကမှ ဓလေ့ထုံးတမ်းမျိုးစုံကို သူ့ထံမှ တဖြည်းဖြည်း စတင်ဖယ်ရှားခဲ့သည်။ သူသည် ထိုအချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်၌ တိုးတက်မှုများအားဖြင့်လည်း လေးလေးနက်နက် အကျိုးသက်ရောက်မှုရှိခဲ့လေ၏။ ထိုအချိန်တွင် ယေရှုသည် နှစ်ပေါင်းများစွာ အလုပ်လုပ်လာနေခဲ့ပြီး ဖြစ်သောကြောင့် ပေတရုသည် ယေရှုကို မတွေ့ဆုံရသေးသော်လည်း သူ၏အလုပ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်အားဖြင့်လည်း လွှမ်းမိုးခြင်းခံခဲ့ရလေသည်။ ဤအကြောင်းကြောင့် ပေတရုသည် သူ တရားဟောနေသည့်အချိန်တွင် ယခင်သန့်ရှင်းသူမျိုးဆက်တို့ လုံးဝမရရှိခဲ့ကြသည့် အရာများစွာကို ရရှိခဲ့သည်။ ထိုအချိန်တွင် သူသည် ယေရှုကို မဆိုစလောက် သိခဲ့သော်လည်း သူ့ကို မျက်နှာချင်းဆိုင်တွေ့ဆုံဖို့ အခွင့်အရေး လုံးဝမရရှိခဲ့သေးသည်မှာ အမှန်ပင်ဖြစ်သည်။ သူအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်မှ မွေးဖွားခဲ့သည့် ကောင်းကင်ဘုံမှလာသော ထိုပုဂ္ဂိုလ်ကို မြင်ရဖို့ မျှော်လင့်တောင့်တရုံသာ ရှိခဲ့လေသည်။

တစ်ညနေခင်း နေဝင်ရီတရောတွင် ပေတရုသည် (ထိုအချိန်က ဂါလိလဲပင်လယ်ဟု သိခဲ့ကြသည့် ကမ်းစပ်အနီးတွင်) သူ၏ လှေပေါ်မှနေ၍ ငါးဖမ်းနေခဲ့၏။ သူ၏ လက်ထဲတွင် ငါးမျှားတံတစ်ခု ရှိခဲ့ပြီး သူ၏စိတ်တွင် အခြားအရာများ ရှိခဲ့သည်။ ဝင်နေသည့်နေက ကျယ်ပြန့်သော သွေးသမုဒ္ဒရာတစ်ခုနှင့်တူသည့် ရေမျက်နှာပြင်ကို အလင်းရောင်ပေးခဲ့သည်။ အလင်းရောင်က ပေတရု၏ ငယ်ရွယ်သော်လည်း အေးဆေးတည်ငြိမ်သည့် မျက်နှာအပေါ် ရောင်ပြန်ဟပ်ခဲ့သည်။ သူသည် အတွေးနက်နေပုံရ၏။ ထိုအခိုက်အတန့်တွင် လေပြေလေညှင်းက လှုပ်ခတ်သွားပြီး သူသည် ရုတ်တရက် သူ့ဘဝ၏ အထီးကျန်မှုကို ခံစားမိလိုက်ပြီး ယင်းက ချက်ချင်းပင် သူ့ကို စိတ်ဓာတ်ကျဖွယ် ခံစားချက်တစ်ခု ပေးလေသည်။ သမုဒ္ဒရာ လှိုင်းများက အလင်းရောင်တွင် တလက်လက်တောက်ပနေသည်နှင့်အမျှ သူ၌

ငါးဖမ်းလိုစိတ်မရှိသည်မှာ ရှင်းနေသည်။ သူအတွေးထဲ နစ်မျောနေစဉ်တွင်၊ သူ့နောက်မှ တစ်စုံတစ်ဦးက "ယုဒအမျိုး ရှိမုန်ဗာယောန၊ သင်၏ နေ့ရက်များက အထီးကျန်ပေ၏။ ငါ့နောက်သို့ သင် လိုက်မည်လော" ဟု မေးသည်ကို သူ ရုတ်တရက် ကြားလိုက်ရသည်။ ပေတရုသည် လန့်ဖျပ်သွားလျက်၊ သူကိုင်နေခဲ့သည့် ငါးမျှားတံကို မဆိုင်းမတွ ပစ်ချလိုက်ရာ ယင်းက ပင်လယ်ကြမ်းပြင်သို့ ချက်ချင်း နစ်မြုပ်သွားလေသည်။ ပေတရုသည် ကမန်းကတန်း လှည့်ကြည့်လိုက်ရာ သူ၏လှေပေါ် မတ်တပ်ရပ်နေသည့် လူတစ်ဦးကို မြင်ရသည်။ ပေတရုသည် သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်- ထိုလူ၏ ဆံပင်များက သူ၏ပခုံးပေါ် ဖားလျားကျလျက် နေရောင်တွင် အနည်းငယ် ရွှေဝါရောင်သန်းနေသည်၊ သူက မီးခိုးရောင်အဝတ်အစား ဝတ်ဆင်ထားကာ အရပ်အမောင်းက အနေတော်ဖြစ်ပြီး ယုဒလူမျိုးတစ်ဦးကဲ့သို့ ခေါင်းဆုံးခြေဆုံး ဝတ်ဆင်ထားလေသည်။ မှေးမှိန်နေသည့် အလင်းရောင်တွင် ထိုလူ၏ မီးခိုးရောင်အဝတ်အစားက အနည်းငယ် အနက်ရောင်သဖွယ်မြင်ရကာ သူ၏မျက်နှာက အနည်းငယ် တောက်ပနေသယောင် ထင်ရသည်။ ပေတရုသည် ကြိမ်ဖန်များစွာ ယေရှုကိုဆုံတွေ့ရဖို့ ကြိုးစားခဲ့သော်လည်း လုံးဝ မအောင်မြင်ခဲ့ပေ။ ထိုအခိုက်အတန့်တွင် ပေတရုက ဤလူသည် သူ့နှလုံးသားထဲ၌ရှိသော သန့်ရှင်းသူပင်ဖြစ်ရမည်ဟု သူ့စိတ်ဝိညာဉ်ထဲတွင် နက်ရှိုင်းစွာ ယုံကြည်ခဲ့ပြီး၊ ထို့ကြောင့် ငါးဖမ်းလှေထဲတွင် သူသည် ကိုယ်ကိုပျပ်ဝပ်ပြီးလျှင် "ကိုယ်တော်သည် ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို ဟောပြောဖို့ ကြွလာသည့်သခင် ဖြစ်နိုင်မည်လော။ ကိုယ်တော်၏ အတွေ့အကြုံများကို ကျွန်ုပ်ကြားရပြီးဖြစ်သော်လည်း ကိုယ်တော့်ကို ကျွန်ုပ် လုံးဝမမြင်ဖူးပါ။ ကိုယ်တော့်နောက်သို့ ကျွန်ုပ်လိုက်ချင်ခဲ့သော်လည်း ကိုယ်တော့်ကို ကျွန်ုပ် ရှာမတွေ့နိုင်ခဲ့ပါ" ဟု ပြောခဲ့သည်။ ထိုအချိန်တွင် ယေရှုသည် လှေဝမ်းထဲသို့ ပြောင်းရွှေ့ကာ ငြိမ်သက်စွာထိုင်နေခဲ့ပြီးဖြစ်သည်။ သူက "ထ၍ ငါ့အနားတွင် ထိုင်လော့" ဟု ပြောလေသည်။ "ငါ့အား အမှန်တကယ်ချစ်သောသူတို့ကို ရှာဖွေဖို့ ငါလာ၏။ ငါသည် အထူးသဖြင့် ကောင်းကင်နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဖြန့်ဝေဖို့ရန် ကြွလာပြီ၊ ထို့ပြင် ငါနှင့် စိတ်တညီတညွတ်တည်းဖြစ်သည့် လူတို့ကို ရှာဖွေဖို့ တိုင်းနိုင်ငံများတစ်လျှောက် ငါခရီးသွားမည် ဖြစ်သည်။ သင် ဆန္ဒရှိသလော။" ပေတရုက- "ကောင်းကင်ဘုံအဖ စေလွှတ်သောသူနောက် ကျွန်ုပ် လိုက်ရမည်။ သန့်ရှင်းသောဝိညာဉ်တော် ရွေးချယ်သောသူကို ကျွန်ုပ်အသိအမှတ်ပြုရပါမည်။ ကောင်းကင်ဘုံ အဖကို ကျွန်ုပ်ချစ်သည်နှင့်အညီ ကိုယ်တော့်နောက်လိုက်ဖို့ ကျွန်ုပ် အဘယ်သို့ မလိုလားဘဲ နေနိုင်မည်နည်း" ဟု ပြန်ဖြေခဲ့သည်။ ပေတရု၏ စကားများက ဘာသာရေးအယူအဆများဖြင့် ထူပြောသော်လည်း၊ ယေရှုသည်

ပြုံးလိုက်ပြီး ကျေနပ်မှုဖြင့် ခေါင်းညိတ်လိုက်သည်။ ထိုအခိုက်တွင် ပေတရုအတွက် ဖခင်ကဲ့သို့သော ချစ်ခြင်းမေတ္တာခံစားချက်က သူ့အထဲတွင် ကြီးထွားခဲ့လေသည်။

ပေတရုသည် ယေရှုနောက် နှစ်အတန်ကြာ လိုက်ခဲ့ပြီး အခြားလူများ၌ မရှိသည့်အရာ များစွာကို ယေရှုအထဲတွင် တွေ့မြင်ခဲ့သည်။ တစ်နှစ်ကြာ သူ့နောက်လိုက်ပြီးနောက်တွင် ပေတရုသည် တပည့်တော်ဆယ့်နှစ်ပါးအနက်မှ ယေရှု၏ ရွေးချယ်ခြင်းခံခဲ့ရသည်။ (ဤအရာကို ယေရှု အသံထွက်၍ မပြောခဲ့သကဲ့သို့ အခြားသူတို့ကလည်း ယင်းကို လုံးဝ သတိမမူမိခဲ့ကြသည်မှာ အမှန်ပင်။) ပေတရုသည် အသက်တာတွင် မိမိကိုယ်ကိုယ် ယေရှုလုပ်ဆောင်ခဲ့သမျှ အရာတိုင်းနှင့် တိုင်းတာခဲ့သည်။ တကယ်ကို အထူးသဖြင့် ယေရှု ဟောကြားခဲ့သည့် သတင်းစကားများက သူ၏ စိတ်နှလုံးထဲ၌ စွဲထင်ခဲ့သည်။ သူသည် ယေရှုထံ လုံးလုံးလျားလျား ဆက်ကပ်ပြီး သစ္စာရှိခဲ့ကာ၊ ယေရှုအပေါ် မကျေနပ်ချက် တစ်ခုတစ်လေကိုမျှ လုံးဝ သူမပြောခဲ့ပါပေ။ အကျိုးဆက်အနေဖြင့် သူသည် ယေရှု သွားခဲ့သည့်နေရာတိုင်းတွင် ယေရှု၏ သစ္စာရှိသောအဖော် ဖြစ်လာခဲ့သည်။ ပေတရုသည် ယေရှု၏ သွန်သင်ချက်များ၊ သူ၏ နူးညံ့သောစကားများ၊ သူစားခဲ့သည့်အစာ၊ သူ၏အဝတ်၊ သူ၏အကွယ်အကာနှင့် သူ မည်သို့ခရီးသွားခဲ့သည်ဟူသည်တို့ကို လေ့လာခဲ့သည်။ မည်သည့်အပိုင်းတွင်မဆို ယေရှုကို သူအတုယူခဲ့သည်။ သူသည် ယေရှု၏ ပုံစံကို အပြောနှင့် အလုပ်နှစ်ခုလုံးတွင် လိုက်လျှောက်ရင်း ဘယ်သောအခါမျှ မိမိကိုယ်ကိုယ် ဖြောင့်မတ်သည်ဟု မထင်မှတ်ဘဲ၊ ခေတ်နောက်ကျသော အရာအားလုံးကို စွန့်ပစ်ခဲ့သည်။ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့သည် အနန္တတန်ခိုးရှင်၏ လက်ထဲတွင်ရှိသည်ဆိုသည်နှင့် ဤအကြောင်းကြောင့် သူ၌ တစ်ကိုယ်ရေ ရွေးချယ်မှုမရှိသည်ကို ပေတရု ခံစားခဲ့ရသည်မှာ ထိုအချိန်၌ပင်ဖြစ်သည်။ ပေတရုသည် ယေရှု၏ ဖြစ်ခြင်းအရာအားလုံးကို စိတ်တွင်စွဲမှတ်ခဲ့ပြီး ယင်းကို စံနမူနာတစ်ခုအနေဖြင့် အသုံးပြုခဲ့သည်။ ယေရှုသည် သူလုပ်ဆောင်ခဲ့သည့်အရာ၌ မိမိကိုယ်ကိုယ် ဖြောင့်မတ်သည်ဟု သဘောမထားကြောင်း သူ၏အသက်တာက ပြသလေသည်။ မိမိကိုယ်ကိုယ် လေလုံးထွားမည့်အစား၊ သူသည် လူတို့ကို ချစ်ခြင်းမေတ္တာဖြင့် တို့ထိခဲ့လေသည်။ အမှုအရာအမျိုးမျိုးတို့က ယေရှု၏ ဖြစ်ခြင်းကို ပြသပြီး ဤအကြောင်းကြောင့် ပေတရုသည် ယေရှုနှင့်ပတ်သက်၍ အရာရာကို အတုယူခဲ့လေသည်။ ပေတရု၏ အတွေ့အကြုံများက ယေရှု၏ ချစ်ဖွယ်ကောင်းခြင်းအပေါ် တိုးပွားနေသောအသိကို သူ့အား ပေးခဲ့ပြီး၊ သူက “ကျွန်ုပ်သည် အနန္တတန်ခိုးရှင်ကို စကြဝဠာတစ်ခွင် ရှာဖွေပြီးဖြစ်၍ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့၏ အံ့သြဖွယ်ရာများကို ကျွန်ုပ် မြင်ပြီးဖြစ်သောကြောင့် အနန္တတန်ခိုးရှင်၏ ချစ်ဖွယ်ကောင်းခြင်းအပေါ် နက်နဲသော

အသိတစ်ခုကို ရရှိခဲ့လေပြီ။ သို့သော် ကျွန်ုပ်သည် မိမိ၏ကိုယ်ပိုင်စိတ်နှလုံးထဲတွင် စစ်မှန်သော ချစ်ခြင်းမေတ္တာ ဘယ်သောအခါမျှ မရှိခဲ့သကဲ့သို့၊ အနန္တတန်ခိုးရှင်၏ ချစ်ဖွယ်ကောင်းခြင်းကို ကျွန်ုပ်၏ ကိုယ်ပိုင်မျက်စိဖြင့် ဘယ်သောအခါမျှ မမြင်ဖူးခဲ့ပေ။ ယနေ့ အနန္တတန်ခိုးရှင်၏ အမြင်တွင် ကျွန်ုပ်သည် သူ၏ မျက်နှာသာပေးခြင်းဖြင့် အကြည့်ခံရလေပြီဖြစ်ကာ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းခြင်းကို နောက်ဆုံးတွင် ငါခံစားရလေပြီ။ လူသားများကို သူ့အား ချစ်စေသည်မှာ ဘုရားသခင်၏ အရာခပ်သိမ်းကို ဖန်ဆင်းခြင်းသာ မဟုတ်သည်ကို နောက်ဆုံးတွင် ကျွန်ုပ်တွေ့ရှိလေပြီ။ ကျွန်ုပ်၏ နေ့စဉ်အသက်တာတွင် သူ၏ အကန့်အသတ်မဲ့ ချစ်ဖွယ်ကောင်းခြင်းကို ကျွန်ုပ်တွေ့ရှိပြီ။ ယခုချိန် မြင်နိုင်သည့်အရာ၌သာ ကန့်သတ်ဖို့ရာ အဘယ်သို့ ဖြစ်နိုင်မည်နည်း” ဟူ၍ စသည်ကဲ့သို့သော အရာများကို ပြောလေသည်။ အချိန်ကုန်လွန်သည်နှင့်အမျှ နှစ်သက်ဖွယ်ကောင်းသည့် အရာများစွာက ပေတရုအထဲ၌လည်း ပေါ်ထွက်လာခဲ့သည်။ သူသည် ယေရှုကို အလွန်နာခံတတ်လာခဲ့ပြီး အနှောင့်အယှက် အနည်းငယ်ကိုလည်း သူ အတော်အတန် ခံခဲ့ရသည်မှာ အမှန်ပင်ဖြစ်၏။ ယေရှုက သူ့ကို နေရာအမျိုးမျိုးတွင် တရားဟောဖို့ ခေါ်သွားသည့်အခါ ပေတရုသည် မိမိကိုယ်ကိုယ် အမြဲနှိမ့်ချခဲ့ပြီး ယေရှု၏ တရားဒေသနာများကို နားထောင်ခဲ့သည်။ သူသည် ယေရှုနောက်လိုက်သည့် သူ၏ နှစ်ကာလများကြောင့် ဘယ်သောအခါမျှ မာနထောင်လွှားမလာခဲ့ပေ။ ယေရှုက သူကြွလာခဲ့သည့်အကြောင်းရင်းမှာ သူ၏အမှုကို ပြီးစီးနိုင်ဖို့အလို့ငှာ ကားစင်တင်အသတ်ခံရဖို့ရန် ဖြစ်သည်ကို ပြောပြီးနောက်တွင် ပေတရုသည် သူ၏ စိတ်နှလုံးထဲတွင် မချိတင်ကဲဝေဒနာကို မကြာခဏ ခံစားခဲ့ရပြီး တစ်ကိုယ်တည်း တိတ်ဆိတ်စွာ ငိုကြွေးတတ်ခဲ့သည်။ သို့ပါလျက် နောက်ဆုံးတွင် ထို “ကံအကြောင်းမလှသော” နေ့ရက် ရောက်ရှိခဲ့သည်။ ယေရှု အဖမ်းခံရပြီးနောက်တွင် ပေတရုသည် သူ၏ ငါးဖမ်းလှေထဲတွင် တစ်ကိုယ်တည်း ငိုကြွေးခဲ့ပြီး ဤအရာအတွက် ဆုတောင်းချက်များစွာ တောင်းခဲ့သည်။ သို့သော် သူ၏စိတ်နှလုံးထဲတွင် ဤသည်မှာ ခမည်းတော်ဘုရား၏ အလိုဖြစ်ပြီး ယင်းကို မည်သူမျှ ပြောင်းလဲမရနိုင်သည်ကို သူသိခဲ့သည်။ သူသည် သူ၏ ချစ်ခြင်းမေတ္တာကြောင့်သာ ဆက်လက်၍ မချိတင်ကဲ ဝေဒနာခံစားရပြီး မျက်လုံးများက မျက်ရည်များနှင့် ပြည့်ဝခဲ့သည်။ ဤသည်မှာ လူသား၏ အားနည်းချက်တစ်ခု ဖြစ်သည်မှာ မှန်ပေ၏။ ထို့ကြောင့် ယေရှုသည် ကားတိုင်ထက် သံမှိုရိုက်နှက်ခံရမည်ကို သိရသည့်အခါ ယေရှုကို သူက “ကိုယ်တော် စွန့်ခွာပြီးနောက် ကျွန်ုပ်တို့အလယ်တွင်ရှိဖို့နှင့် ကျွန်ုပ်တို့ကို ဂရုစိုက်ဖို့ ကိုယ်တော်ပြန်ကြွလာမည်လော။ ကိုယ်တော့်ကို ကျွန်ုပ်တို့ မြင်တွေ့နိုင်ဦးမည်လော” ဟု မေးခဲ့သည်။ ဤစကားများက အလွန်ရိုးစင်းပြီး လူသား၏ အယူအဆများနှင့်

ပြည့်နေခဲ့သော်လည်း ပေတရု၏ ဆင်းရဲဒုက္ခ ခါးသီးမှုကို ယေရှုသိခဲ့သည်၊ ထို့ကြောင့် သူ၏ချစ်ခြင်းမေတ္တာအားဖြင့် ပေတရု၏ အားနည်းချက်ကို သူထောက်ထားခဲ့သည်- "ပေတရု၊ ငါ သင့်ကိုချစ်လေပြီ။ ယင်းကို သင်သိသလော။ သင်ပြောသည့်အရာ၏ နောက်ကွယ်တွင် အသိဉာဏ်မရှိသော်လည်း ငါ၏ ရှင်ပြန်ထမြောက်ခြင်းနောက်တွင် ငါသည် ရက်ပေါင်း ၄၀ ကြာ လူတို့ထံပေါ်ထွန်းမည်ကို ခမည်းတော်က ကတိပေးပြီးဖြစ်၏။ ငါ၏ ဝိညာဉ်တော်က သင်တို့ အားလုံးအပေါ် ကျေးဇူးတော် မကြာခဏ ပေးသနားမည်ကို သင်မယုံကြည်သလော။" ပေတရုသည် ဤအရာအားဖြင့် အတော်အတန် နှစ်သိမ့်မှုခံစားခဲ့ရသော်လည်း တစ်စုံတစ်ခုလိုနေသည်ဟု သူ ခံစားရဆဲဖြစ်သည်၊ ထို့ကြောင့် ယေရှုသည် ရှင်ပြန်ထမြောက်ပြီးနောက်တွင် သူ့ထံ ပထမဆုံးအကြိမ် မြင်သာအောင် ပေါ်လာခဲ့သည်။ သို့သော်လည်း ပေတရုကို သူ၏အယူအဆများအား ဆက်လက် ဖက်တွယ်ခြင်းမှ တားဆီးဖို့အလို့ငှာ ယေရှုသည် သူ့အတွက် ပေတရုပြင်ဆင်ထားခဲ့သည့် အလျှံပယ်ဖြစ်သော အစာကို ငြင်းဆိုပြီး မျက်စိတစ်မှိတ်တွင် ပျောက်ကွယ်သွားခဲ့သည်။ ထိုအခိုက်အတန့်မှစ၍၊ ပေတရုသည် နောက်ဆုံးတွင် သခင်ယေရှုအပေါ် သာ၍နက်ရှိုင်းသော သိနားလည်မှုတစ်ခု ရရှိခဲ့ပြီး သူ့ကို သာ၍ပင် ချစ်ခဲ့သည်။ ယေရှုသည် သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက်တွင် ပေတရုထံ မကြာခဏ ပေါ်လာခဲ့သည်။ ရက်ပေါင်းလေးဆယ်ပြည့်ပြီး ကောင်းကင်သို့ တက်ကြွသွားပြီးနောက် သူသည် နောက်ထပ်သုံးကြိမ် ပေတရုထံ ပေါ်လာခဲ့သည်။ ပေါ်ထွန်းခြင်းတိုင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ပြည့်စုံတော့မည့်အချိန်နှင့် အသစ်သောအမှု အစပြုတော့မည့်အချိန် အတိအကျတွင် ဖြစ်ခဲ့ပေသည်။

ပေတရုသည် သူ၏ ဘဝတစ်လျှောက်တွင် အသက်မွေးမှုအတွက် ငါးဖမ်းခဲ့သော်လည်း ယင်းထက်ပို၍ပင် ဟောပြောဖို့ အသက်ရှင်ခဲ့၏။ သူ၏ နောက်ပိုင်းနှစ်ကာလများတွင် သူသည် ရှင်ပေတရုဩဝါဒစာပထမနှင့် ဒုတိယစာစောင်များကိုသာမက ထိုအချိန်က ဖိလဒေလဖိအသင်းတော်ဆီသို့ ပေးစာအချို့ ရေးသားခဲ့သည်။ ဤခေတ်ကာလ လူတို့သည် သူ့အားဖြင့် အကြီးအကျယ် တို့ထိခြင်းခံခဲ့ကြရသည်။ မိမိ၏ကိုယ်ပိုင် အထောက်အထားစာများကို အသုံးပြုလျက် လူတို့ကို ဩဝါဒပေးမည့်အစား သူသည် ၎င်းတို့အား သင့်တော်သော အသက်တာထောက်ပံ့မှုကို ပေးခဲ့သည်။ သူသည် ယေရှုမထွက်ခွာမီက သူ၏ သွန်သင်ချက်များကို လုံးဝမမေ့လျော့ခဲ့သည့်အပြင် ၎င်းတို့အားဖြင့် သူ၏ ဘဝတစ်လျှောက်လုံး စိတ်ဓာတ်တက်ကြွခဲ့ပေသည်။ ယေရှုနောက်လိုက်နေစဉ်တွင် သခင့်၏ ချစ်ခြင်းမေတ္တာကို သူ၏သေခြင်းဖြင့် ပြန်ပေးဆပ်ဖို့ရန်နှင့် အရာခပ်သိမ်း၌

ယေရှု၏စံနမူနာကို လိုက်လျှောက်ရန် သူသန္နိဋ္ဌာန်ပြုခဲ့သည်။ ဤအရာကို ယေရှုက သဘောတူခဲ့သောကြောင့် ပေတရု အသက် ၅၃ နှစ်အရွယ်တွင် (ယေရှုထွက်ခွာပြီးနောက် နှစ် ၂၀ ကျော်၌) သူ၏ ပြင်းပြသောဆန္ဒကို ကူညီဖြည့်ဆည်းပေးဖို့ သူ့ထံ ယေရှုပေါ်လာခဲ့သည်။ ယင်းနောက် ခုနှစ်နှစ်အကြာတွင် ပေတရုသည် မိမိကိုယ်ကိုယ်သိရှိရန်အတွက် မိမိ၏အသက်တာကို ကုန်ဆုံးစေခဲ့သည်။ တစ်နေ့တွင် ဤ ခုနှစ်နှစ်အဆုံး၌ သူသည် ဇောက်ထိုးမိုးမျှော် ကားစင်တင်ခံခဲ့ရကာ၊ ထိုသို့ဖြင့် သူ၏ အံ့မခန်းသော ဘဝကို အဆုံးသတ်ခဲ့သည်။

# အခန်း ၈

ဘုရားသခင်သည် ဝိညာဉ်တော်၏ ရှုထောင့်မှ စကားပြောဆိုသည့်အခါ၊ သူ၏လေသံသည် လူသားမျိုးနွယ်အားလုံးကို ဦးတည်၏။ ဘုရားသခင်သည် လူသား၏ ရှုထောင့်မှ စကားပြောဆိုသည့်အခါ၊ သူ၏လေသံသည် သူ၏ဝိညာဉ်တော်၏ လမ်းပြမှုနောက် လိုက်သူအားလုံးကို ဦးတည်ထားခြင်း ဖြစ်၏။ ဘုရားသခင်သည် တတိယပုဂ္ဂိုလ်၏ရှုထောင့်မှ (လေ့လာသူ တစ်ဦးဟု လူတို့ရည်ညွှန်းသည့်အရာမှ) စကားပြောဆိုသည့်အခါ၊ လူတို့သည် သူ့အား အစီရင်ခံသူတစ်ဦး အဖြစ်မြင်စေရန်အလို့ငှာ၊ သူသည် လူတို့အား သူ၏နှုတ်ကပတ်တော်များ တိုက်ရိုက်ပြသပြီး၊ ယင်းမှာ ၎င်းတို့အဖို့ သူ၏ နှုတ်မှ လူသားများ မသိသကဲ့သို့ လူသားများ နားမလည်နိုင်သည့် အကန့်အသတ်မဲ့ အရာများ ထွက်လာသည်ဟု ထင်ရပေသည်။ ဤသို့ မဟုတ်ပေဘူးလော။ ဘုရားသခင်သည် ဝိညာဉ်တော်၏ ရှုထောင့်မှ စကားပြောဆိုသည့်အခါ၊ လူသားမျိုးနွယ်အားလုံးသည် အံ့အားသင့်သွားရ၏။ “ငါ့အပေါ် လူသား၏ချစ်ခြင်းမေတ္တာသည် မပြေပလောက်သကဲ့သို့ ငါ၌ ၎င်းတို့၏ယုံကြည်မှုသည်လည်း သနားဖွယ်ကောင်းလောက်အောင် သေးငယ်၏။ ငါ့နှုတ်ကပတ်တော်များ၏ သက်ရောက်မှုကို လူသား၏ အားနည်းချက်များအပေါ် ငါ မဦးတည်စေခဲ့ပါက၊ ၎င်းတို့သည် အရာခပ်သိမ်းကို သိနိုင်စွမ်းရှိပြီး လောကီရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အားလုံးသိရှိသည့်အလား လူတတ်လုပ်လျက် စကားကြီးစကားကျယ် လူအထင်ကြီးစရာ သဘောတရားများကို စိတ်ကူးရလျက်၊ ဝါကြွားကာ ချဲ့ကားပြောဆိုကြမည် ဖြစ်သည်။” ဤနှုတ်ကပတ်တော်များသည် လူသားမျိုးနွယ်အား ၎င်းတို့ အမှန်ဖြစ်သည်အတိုင်းနှင့် လူသားများ၏နှလုံးသားများ၌ ဘုရားသခင်ရှိသည့် နေရာကို ထုတ်ဖော်ပြသည်သာမက၊ လူသားမျိုးနွယ်၏ ဘဝတစ်ခုလုံးကိုလည်း ဖွင့်ချလေသည်။ လူအသီးသီးက ၎င်းတို့သည်

သာမန်ထက်ထူးကဲသည်ဟု ယုံကြည်ကြသော်လည်း၊ "ဘုရားသခင်" ကဲ့သို့သော စကားတစ်လုံးရှိသည်ကိုပင် မသိချေ။ ထို့ကြောင့် ၎င်းတို့သည် စကားကြီးကစားကျယ် လူအထင်ကြီးစရာ သဘောတရားများကို စိတ်ကူးရကြ၏။ သို့ရာတွင် ဤသို့ "စကားကြီးကစားကျယ် လူအထင်ကြီးစရာ သဘောတရားများကို စိတ်ကူးရခြင်း" သည် လူများနားလည်သည့်သဘောဖြင့် "စကားပြောနေခြင်း" မဟုတ်ပေ။ ယင်းထက်၊ လူသားများသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည်ကို ဆိုလိုပေသည်။ ၎င်းတို့ လုပ်ဆောင်သမျှတိုင်း၊ ၎င်းတို့ လုပ်ဆောင်သည့် လုပ်ရပ်တိုင်းသည် ဘုရားသခင်နှင့် ဖီလာဖြစ်ပြီး တိုက်ရိုက် ဆန့်ကျင်ကာ ၎င်းတို့ လုပ်ရပ်များ၏ တကယ့် အနှစ်သာရသည် စာတန်ထံမှလာပြီး၊ ဘုရားသခင်အား ဆန့်ကျင်လျက်ရှိကာ၊ ဘုရားသခင်၏ အလိုနှင့် ဆန့်ကျင်လျက် အမိုအခိုကင်းခြင်းကို ရရှိရန် ရည်ရွယ်သည်။ ထို့ကြောင့် ဘုရားသခင်က လူသားအားလုံးသည် စကားကြီးစကားကျယ် လူအထင်ကြီးစရာ သဘောတရားများကို စိတ်ကူးရကြသည်ဟု ပြောခြင်း ဖြစ်၏။ သူ၏ နှုတ်ကပတ်တော်များ၏ သက်ရောက်မှုက လူသား၏အားနည်းချက်များကို ဦးတည်ထားသည်ဟု ဘုရားသခင်က အဘယ်ကြောင့် ပြောသနည်း။ ယင်းမှာ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်၏ ရည်ရွယ်ချက်နှင့်အညီ၊ သူသည် လူတို့၏ စိတ်နှလုံးအတွင်းထဲတွင် နက်နက်ရှိုင်းရှိုင်း ကွယ်ဝှက်ထားသည့် အရာများကို ထုတ်ဖော်မပြပါက၊ မည်သူမျှ ကျိုးနွံနာခံမည်မဟုတ်ပေ။ ထိုသို့ဖြစ်သဖြင့်၊ လူတို့သည် မိမိတို့ကိုယ်ကိုယ် သိနားလည်ကြမည်မဟုတ်သကဲ့သို့၊ ဘုရားသခင်ကို ကြည်ညိုမည် မဟုတ်သောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့်၊ အကယ်၍ လူတို့၏ ရည်ရွယ်ချက်များကို မဖွင့်ချပါက၊ ၎င်းတို့သည် မည်သည့်အရာကိုမဆို လုပ်ဝံ့ကြလိမ့်မည် ဖြစ်သည်- ကောင်းကင်ဘုံ သို့မဟုတ် ဘုရားသခင်ကိုပင်လျှင် တိုက်ရိုက် ကျိန်ချင်ကျိန်ကြလိမ့်မည်။ ဤသည်တို့မှာ လူသားမျိုးနွယ်၏အားနည်းချက်များ ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်က "ငါ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီပြီး ငါ၏အသုံးပြုခြင်းအတွက် သင့်တော်သူများကို မရပ်မနားရှာဖွေရာတွင် ငါသည် စကြဝဠာ၏ နေရာအနှံ့သို့ ခရီးသွား၏" ဟု ပြောခြင်းဖြစ်သည်။ နိုင်ငံတော်အား ဂုဏ်ပြုခြင်း တရားဝင်ထွက်ပေါ်လာခြင်းနှင့်ပတ်သက်၍ နောက်ပိုင်း ပြောဆိုထားသည့်အရာနှင့် ပေါင်းစပ်လျက်၊ ဤပြောဆိုချက်က ဘုရားသခင်၏ဝိညာဉ်သည် ကမ္ဘာမြေကြီးပေါ် ရှိ အမှုအသစ်တွင် ပါဝင်ပတ်သက်နေသည်ကို သိသာထင်ရှားစေ၏။ ယင်းမှာ လူသားများက ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ မျက်လုံးများဖြင့် ယင်းကို မမြင်နိုင်ကြခြင်းသာ ဖြစ်သည်။ ဝိညာဉ်တော်သည် ကမ္ဘာမြေကြီးပေါ်တွင် အမှုအသစ်ကို လုပ်ဆောင်နေသည်ဟု ဆိုသည့်အတွက်၊ စကြဝဠာ

လောကတစ်ခုလုံးသည်လည်း အလွန်အရေးပါသော အပြောင်းအလဲနှင့် ကြုံရ၏- ဘုရားသခင်၏ သားများနှင့် ဘုရားသခင်၏လူများသည် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း သက်သေခံချက်ကို စတင်လက်ခံကြသည်၊ သို့သော် ထို့ထက်ပို၍၊ ဘာသာတရားတိုင်းနှင့် ဂိုဏ်းဂဏတိုင်း၊ လူ့အလွှာတိုင်းနှင့် နေရာတိုင်းသည်လည်း အမျိုးမျိုးသော အတိုင်းအတာအထိ ယင်းကို လက်ခံကြလေသည်။ ထိုအရာမှာ ဝိညာဉ်လောကရှိ စကြဝဠာလောက၏ ကြီးမားသော လှုပ်ရှားမှု တစ်ရပ်ဖြစ်၏။ ယင်းသည် ဘာသာရေးလောကတစ်ခုလုံးကို ၎င်း၏ ဗဟိုချက်အထိ တုန်လှုပ်သွားစေသည်၊ ယင်းမှာ ယခင်က ဖော်ပြခဲ့သည့် “မြေငလျင်လှုပ်ခြင်း”က ရည်ညွှန်းသည့်အရာ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ဆက်လက်၍၊ ကောင်းကင်တမန်တို့သည် ၎င်းတို့၏ အလုပ်ကို တရားဝင် စတင်ကြပြီး၊ ဣသရေလလူမျိုးတို့သည် ၎င်းတို့၏ ဇာတိမြေသို့ ပြန်သွားကြကာ၊ မည်သည့်အခါမျှ တစ်ဖန် လှည့်လည်မသွားလာကြသကဲ့သို့၊ ပါဝင်သည့်သူအားလုံးသည် ထိန်းကျောင်းပေးခြင်းကို လက်ခံကြလေသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ အဲဂုတ္တုသားများသည် ငါ၏ကယ်တင်ခြင်း နယ်ပယ်အတိုင်းအတာမှ စတင် ခွဲထွက်ကြ၏။ ဆိုလိုသည်မှာ၊ ၎င်းတို့သည် ငါ၏ပြစ်တင်ဆုံးမခြင်းကို လက်ခံကြလေသည် (သို့သော် ယင်းမှာ တရားဝင် မစတင်သေးပေ)။ ထို့ကြောင့် ကမ္ဘာလောကသည် ဤကြီးမားသည့် အပြောင်းအလဲများကို တစ်ပြိုင်နက် ကြုံရသည့်အချိန်၊ ယင်းသည် နိုင်ငံတော်ကို ဂုဏ်ပြုခြင်း တရားဝင် ထွက်ပေါ်လာသည့်အချိန်၊ “ခုနစ်ဆပြင်းထန်သော ဝိညာဉ်တော်က စတင် အမှုပြုသည့်အချိန်” ဟု လူတို့ခေါ်ဆိုထားသည့် အချိန်ကာလတစ်ခုလည်း ဖြစ်၏။ ဘုရားသခင်က ကယ်ဆယ်ရေးအမှု လုပ်ဆောင်သည့် အကြိမ်တိုင်း၊ ဤအဆင့်များတွင် (သို့မဟုတ် ဤအကူးအပြောင်းကာလများတွင်) သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မည်သူမျှ မသိနိုင်ပေ။ ထို့ကြောင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည့် “လူတို့ မျှော်လင့်ချက် ကင်းမဲ့သည့်အခါ”မှာ မှန်ပုံရ၏။ ထို့အပြင်၊ ဤအကူးအပြောင်း အဆင့်များ အသီးသီးအတွင်းတွင်၊ လူသားများ မျှော်လင့်ချက် ဆုံးရှုံးသည့်အခါ၊ သို့မဟုတ် ဤသည်မှာ မှားယွင်းသော ရေစီးကြောင်းဖြစ်သည်ဟု ၎င်းတို့ခံစားရသည့်အခါတွင်၊ ဘုရားသခင်သည် အသစ်တစ်ဖန် စတင်ပြီး၊ သူ့အမှု၏နောက်တစ်ဆင့်ကို ဆောင်ရွက်၏။ ဖန်းဆင်းခြင်းအချိန်မှသည် ယခုအထိတိုင်၊ ဘုရားသခင်သည် ထိုသို့သော ပုံစံဖြင့် သူ၏ အမှုကို ဆယ်ယူကာ သူ၏အမှု နည်းစနစ်များကို ပြောင်းလဲသည်။ လူအများစုသည် ခြားနားသည့် အတိုင်းအတာဖြင့် ဤအမှု၏ရှုထောင့်အချို့ကို သဘောပေါက်နိုင်သော်လည်း၊ မည်သို့ပင်ဆိုစေ ၎င်းတို့သည် အဆုံးတွင် အလွန် နုနယ်သည့် ဝိညာဉ်ရင့်ကျက်မှုရှိကြသည့်အတွက်၊ ပြင်းထန်သောရေစီးဖြင့်

မျောပါ သွားကြ၏။ ၎င်းတို့သည် ဘုရားသခင်၏အမှု အဆင့်များကို သဘောမပေါက်နိုင်ကြပေ၊ ထို့ကြောင့် ၎င်းတို့ ဖယ်ရှားခံရ၏။ သို့ရာတွင် ဤသည်မှာလည်း လူတို့ကို ဘုရားသခင် သန့်စင်စေသည့်ပုံ ဖြစ်ပြီး၊ ဤသည်မှာ လူသားမျိုးနွယ်၏ ခေတ်နောက်ကျသည့် အယူအဆများနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ တရားစီရင်ခြင်းဖြစ်၏။ လူတို့သည် အခြေခံအုတ်မြစ် ရှိလေလေ၊ ၎င်းတို့အတွက် ဘေးဖယ်ထားရန်ခက်သည့် ဘုရားသခင်နှင့် သက်ဆိုင်သော ၎င်းတို့၏ ဘာသာရေး အယူအဆများ ကြီးမားလေလေ ဖြစ်၏။ ၎င်းတို့သည် ဟောင်းသော အရာများကို အမြဲဖက်တွယ်ကြပြီး၊ အသစ်သောအလင်းကို လက်ခံရန် ၎င်းတို့အတွက် ခက်ခဲ၏။ အခြားတစ်ဘက်တွင်၊ အကယ်၍ လူတစ်ဦးသည် ရပ်တည်နေပါက၊ ၎င်းသည် အခြေခံအုတ်မြစ်အချို့ ရှိရမည်ဖြစ်၏၊ သို့သော် လူအများစုသည် ၎င်းတို့၏အယူအဆဟောင်းများကို လက်လွှတ်ရာတွင် ပြဿနာရှိနေဆဲ ဖြစ်သည်။ ဤသည်မှာ ထင်ရှားသည့် အချက်တစ်ခုဖြစ်သော၊ ယနေ့၏ လူ့ဇာတိခံ ဘုရားသခင်နှင့်ပတ်သက်သည့် ၎င်းတို့၏ အယူအဆများနှင့်သက်ဆိုင်၍ အထူးသဖြင့် မှန်ကန်လေသည်။

ယနေ့၏ နှုတ်ကပတ်တော်များတွင်၊ ဘုရားသခင်သည် ရူပါရုံများအကြောင်း များစွာပြောဆိုပြီး၊ အသေးစိတ်ဖော်ပြစရာ မလိုအပ်ပေ။ အသင်းတော် တည်ဆောက်ခြင်းသည် နိုင်ငံတော် တည်ဆောက်ခြင်းအတွက် အခြေခံအုတ်မြစ်ကို မည်သို့ချသည်နှင့်ပတ်သက်၍ ဘုရားသခင်က အဓိကပြောဆို၏။ သာ၍ အတိအကျပြောရလျှင်၊ အသင်းတော် တည်ဆောက်နေခဲ့စဉ်တွင် အဓိက ရည်မှန်းချက်မှာ လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင်မျက်လုံးများဖြင့် လူ့ဇာတိခံ ဘုရားသခင်ကို မသိရှိကြသေးသော်လည်း၊ ၎င်းတို့၏ စိတ်နှလုံးရော စကား၌ပါ၊ လူတို့အား ယုံကြည်လက်ခံစေရန် ဖြစ်သည်။ ထိုအဆင့်တွင် လူ့ဇာတိခံ ဘုရားသခင်သည် လူတစ်ဦးနှင့် ခွဲခြား၍မရသောကြောင့်၊ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးများတွင် ယုံကြည်ခြင်းကို သိုထားကြသော်လည်း၊ လူ့ဇာတိခံ ဘုရားသခင်ကို မသိရှိခဲ့ကြချေ။ နိုင်ငံတော်ခေတ်တွင်၊ အားလုံးသည် ၎င်းတို့၏စိတ်နှလုံးများ၊ ၎င်းတို့၏အပြောအဆိုနှင့် ၎င်းတို့၏ မျက်လုံးများရှိ ခံယူချက်ကို ပြသကြရမည်ဖြစ်၏။ ဤသည်မှာ အားလုံးက ၎င်းတို့၏စိတ်နှလုံးများ၊ ၎င်းတို့၏ အပြောအဆိုနှင့် ၎င်းတို့၏မျက်လုံး များဖြင့် ခံယူချက်ကို ပြသရန်အတွက်၊ လူ့ဇာတိ၌ ရှင်သန်နေသည့် ဘုရားသခင်အား ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ မျက်လုံးများဖြင့် ၎င်းတို့အား သိခွင့်ပေးရမည်ဆိုသည်ကို ပြသဖို့ လုံလောက်ပေသည်။ ယင်းသည် မလုပ်မနေလုပ်ရသည့် အခြေအနေအောက်တွင် မဟုတ်သကဲ့သို့၊ သာမန်ကာလျှံကာ ယုံကြည်မှုမျှဖြင့် မဟုတ်ဘဲ၊ ၎င်းတို့၏စိတ်နှလုံးနှင့် နှုတ်များဖြင့် ခံယူချက်မှလာသည့် အသိပညာဖြင့် ဖြစ်သည်။ ထို့ကြောင့်၊ ဆောက်လုပ်ခြင်း၏ ဤအဆင့်တွင်၊ တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်း မရှိပေ။ ယင်းအစား၊

လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ နည်းလမ်းအားဖြင့် အသိဉာဏ်ပွင့်လင်းခြင်းဆီသို့ ခေါ်ဆောင်သွားခံရလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့အနေဖြင့် လူ့ဇာတိခံ ဘုရားသခင်ကို မသိစိတ်၏ စေ့ဆော်မှုအရ သိရှိလာနိုင်ကြဖို့အလို့ငှာ၊ ဤအရာမှတစ်ဆင့် ၎င်းတို့သည် လိုက်စားကာ စူးစမ်းစစ်ဆေးကောင်း စစ်ဆေးနိုင်ကြပေသည်။ ထို့ကြောင့် ဘုရားသခင်အဖို့၊ အမှု၏ဤအဆင့်သည် များစွာ သာ၍လွယ်ကူ၏၊ အကြောင်းမှာ ယင်းသည် အလိုအလျောက် ဖြစ်ခွင့်ပေးပြီး လူသားမျိုးနွယ်နှင့် ဆန့်ကျင်ခြင်းမပြုသောကြောင့် ဖြစ်သည်။ အဆုံးတွင်၊ ယင်းသည် လူသားများအား ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာသို့ ဆိုက်ရောက်စေလိမ့်မည်ဖြစ်သည်၊ ထို့ကြောင့် မစိုးရိမ်နှင့်၊ သို့မဟုတ် သောကမရောက်နှင့်။ ဘုရားသခင်က "ဝိညာဉ်လောက၏တိုက်ပွဲ အခြေအနေသည် ငါ၏လူအားလုံးအလယ်တွင် တိုက်ရိုက် ပေါ်လွင်စေပြီ။" ဟု ပြောသည့်အခါတွင်၊ လူတို့သည် လမ်းကြောင်းမှန်ပေါ် စတင်ပြီး ဘုရားသခင်ကို စတင်သိကျွမ်းသည့်အခါ၊ လူအသီးသီးသည် အတွင်းတွင် စာတန်၏သွေးဆောင်ခြင်း ခံရသည်သာမက၊ အသင်းတော်ကိုယ်၌တွင်လည်း စာတန်၏သွေးဆောင်မှု ခံရနိုင်သည်ကို ဘုရားသခင် ဆိုလိုပေသည်။ သို့ရာတွင်၊ ဤသည်မှာ အယောက်တိုင်း လျှောက်ရမည့် လမ်းကြောင်းတစ်ခု ဖြစ်သည်၊ ထို့ကြောင့် မည်သူမျှ အထိတ်တလန့်ဖြစ်ရန် မလိုပေ။ စာတန်၏သွေးဆောင်မှုသည် ပုံစံအမျိုးမျိုးဖြင့် လာကောင်းလာနိုင်၏။ တစ်စုံတစ်ဦးသည် ဘုရားသခင် ပြောဆိုသည့်အရာကို လျစ်လျူရှုကောင်း လျစ်လျူရှုနိုင်သည်၊ သို့မဟုတ် ပစ်ပယ်ကောင်း ပစ်ပယ်နိုင်သည်၊ ပြီးလျှင် အခြားသူများ၏ အပြုသဘောဆောင်ခြင်းကို လျော့သွားစေရန် အပျက်သဘောဆောင်သည့် အရာများ ပြောကောင်း ပြောနိုင်သည်။ သို့ရာတွင်၊ ထိုသို့သော လူတစ်ဦးသည် အခြားသူများအား ၎င်းတို့ဘက်သို့ စည်းရုံးနိုင်လေ့ရှိလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ပိုင်းခြားသိမြင်ရန် ခက်ခဲ၏။ ဤအရာအတွက် အဓိကအကြောင်းရင်းမှာ- ထိုသို့သော လူတစ်ဦးသည် အစည်းအဝေးများ တက်ရာတွင် တက်ကြွကောင်း တက်ကြွနိုင်ဆဲဖြစ်သော်လည်း ရှုပါရုံများနှင့်ပတ်သက်၍ ၎င်းတို့ မရှင်းမလင်း ဖြစ်ကြလေသည်။ အသင်းတော်သည် ၎င်းတို့ကို သတိမထားပါက၊ ၎င်းတို့၏ အပျက်သဘောဆောင်ခြင်းအားဖြင့် အသင်းတော်တစ်ခုလုံး တိမ်းယိုင်သွားပြီး ဘုရားသခင်အား စိတ်မပါ့တပါ တုန့်ပြန်စေကာ၊ ထိုသို့ဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အာရုံမစိုက်ခြင်းဖြစ်သွားနိုင်၏- ဤသည်မှာ စာတန်၏ သွေးဆောင်မှုထဲသို့ တည့်တည့် ကျဆင်းသွားခြင်းကို ဆိုလိုပေမည်။ ထိုသို့သော လူတစ်ဦးသည် ဘုရားသခင်ကို တိုက်ရိုက်ပုန်ကန်ချင်မှပုန်ကန်မည် ဖြစ်သော်လည်း၊ ဘုရားသခင်၏

နှုတ်ကပတ်တော်များကို ၎င်းတို့ နားလည်သဘောပေါက်နိုင်ခြင်း မရှိသကဲ့သို့ ဘုရားသခင်ကို မသိကြသောကြောင့်၊ ၎င်းတို့သည် ညည်းညူသည်အထိ သို့မဟုတ် မကျေမချမ်းမှုဖြင့်ပြည့်သည့် စိတ်နှလုံးတစ်ခု ရှိသည်အထိ ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ ၎င်းတို့က ဘုရားသခင်သည် ၎င်းတို့အား စွန့်ပစ်ပြီးဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့သည် အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်း ရရှိနိုင်စွမ်းမရှိကြဟု ပြောကောင်း ပြောမည်။ ၎င်းတို့သည် စွန့်ခွာရန် ဆန္ဒရှိကောင်း ရှိနိုင်သော်လည်း၊ အနည်းငယ် စိုးရွံ့ကြပြီး၊ ဘုရားသခင်၏အမှုသည် ဘုရားသခင်ထံမှ မလာဘဲ၊ ယင်းအစား နတ်ဆိုးများ၏အမှု ဖြစ်သည်ဟု ၎င်းတို့ ပြောကောင်း ပြောနိုင်ပေသည်။

ဘုရားသခင်သည် အဘယ်ကြောင့် ပေတရုကို မကြာခဏ ဖော်ပြသနည်း။ ပြီးလျှင် ယောဘသည်ပင်လျှင် ပေတရုနှင့် တန်းတူဖြစ်ခြင်းငှာ နီးစပ်မလာခဲ့ဟု သူအဘယ်ကြောင့်ပြောသနည်း။ ထိုသို့ပြောခြင်းသည် လူတို့အား ပေတရု၏ လုပ်ဆောင်ချက်များကို အာရုံစိုက်စေသည်သာမက၊ အကြီးမားဆုံးသော ယုံကြည်ခြင်း ရှိခဲ့သူ - ယောဘ၏ ပုံသက်သေသည်ပင် အဆင်ပြေမည် မဟုတ်ကဲ့သို့၊ ၎င်းတို့၏စိတ်နှလုံးများရှိ ပုံသက်သေအားလုံးကိုလည်း ဘေးဖယ်ထားစေပြီး ဖြစ်သည်။ ဤနည်းဖြင့်သာ လူတို့သည် ပေတရုအားအတုယူရန် အရာရာတိုင်းကို ဘေးဖယ်ထားနိုင်ပြီး၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်နှင့်သက်ဆိုင်သည့် ၎င်းတို့၏ အသိပညာတွင် အဆင့်တစ်ခု တိုးတက်သော သာ၍ကောင်းမွန်သည့် ရလဒ်တစ်ခုကို စွမ်းဆောင်ရရှိနိုင်ပေသည်။ ဘုရားသခင်အား သိရှိရန် ပေတရု လျှောက်ခဲ့သည့် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းကို ဘုရားသခင်က လူတို့အား ပြသပြီး၊ ထိုသို့ လုပ်ဆောင်ခြင်း၏ ရည်မှန်းချက်မှာ လူတို့အား ရည်ညွှန်းရန်အချက်တစ်ခု ပေးရန်ဖြစ်၏။ ထို့နောက် ဘုရားသခင်က “သင်သည် ငါ၏နှုတ်ကပတ်တော်များအပေါ် အေးစက်စက်နိုင်ကာ ဂရုမစိုက်ပါက၊ သင်သည် ငါ့ကို ဧကန် ဆန့်ကျင်ပေသည်။ ဤသည်မှာ အမှန်တရားဖြစ်၏” ဟု ပြောချိန်တွင်၊ ဘုရားသခင်သည် စာတန်က လူသားများကို သွေးဆောင်မည့် နည်းလမ်းများအနက် နည်းလမ်းတစ်ခုကို ဆက်လက် ကြိုတင်ပြောဆိုပေသည်။ ဤနှုတ်ကပတ်တော်များတွင်၊ စာတန်က အသုံးပြုရန် ကြိုးစားမည့် ပါးနပ်သော အကြံအစည်များကို ဘုရားသခင်က ကြိုတင်ပြောဆိုသည်။ ယင်းတို့သည် သတိပေးချက်တစ်ခုအဖြစ် ရပ်တည်ပေသည်။
ဘုရားသခင်၏နှုတ်ကပတ်တော်များကို အယောက်တိုင်းက ဂရုမစိုက်နိုင်မည်မှာ မဖြစ်နိုင်သော်လည်း၊ မည်သို့ပင်ဖြစ်စေကာမူ၊ လူအချို့သည် ဤသွေးဆောင်မှုအားဖြင့် အမိခံရကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် အဆုံးတွင် ဘုရားသခင်က

"ငါ၏နှုတ်ကပတ်တော်များကို သင်တို့မသိရှိပါက၊ ယင်းတို့ကို လက်မခံသကဲ့သို့၊ လက်တွေ့မလုပ်ဆောင်ကြပါက၊ သင်တို့သည် ငါ၏ပြစ်တင် ဆုံးမခြင်းကို ခံရမည့်အရာများ မလွဲမသွေ ဖြစ်လာကြလိမ့်မည်။ သင်တို့သည် ဧကန်မုချ စာတန်၏ သားကောင်များ ဖြစ်လာလိမ့်မည်" ဟု အလေးထားမှုဖြင့် ထပ်လောင်းပြောဆိုပေသည်။ ဤသည်မှာ လူသားမျိုးနွယ်အား ဘုရားသခင်၏ အကြံပြုချက်ဖြစ်သည်- သို့သော် အဆုံးတွင် ဘုရားသခင် ကြိုတင်ပြောကြားခဲ့သည့်အတိုင်း၊ လူတစ်စုသည် စာတန်၏သားကောင် မလွဲမသွေ ဖြစ်ကြလိမ့်မည်ဖြစ်သည်။

## အခန်း ၉

လူတို့၏ စိတ်ကူးစိတ်သန်းထဲတွင် ဘုရားသခင်သည် ဘုရားသခင် ဖြစ်ပြီး လူသားများသည် လူသားများ ဖြစ်သည်။ ဘုရားသခင်သည် လူသားတို့၏ ဘာသာစကားကို မပြောဆိုသကဲ့သို့၊ လူသားတို့သည်လည်း ဘုရားသခင်၏ ဘာသာစကားကို ပြောဆိုနိုင်ခြင်း မရှိ။ ဘုရားသခင်အဖို့၊ သူနှင့်သက်ဆိုင်သည့် လူသား၏ တောင်းဆိုချက်များကို ဖြည့်ဆည်းခြင်းသည်- ဖြည်းဖြည်းနှင့်မှန်မှန်ဖြင့်- အလွယ်လေး ဖြစ်သော်လည်း၊ လူသားမျိုးနွယ်နှင့်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များမှာမူ၊ လူသားများအဖို့ ကြိုးပမ်းမရရှိနိုင်သကဲ့သို့၊ မတွေးဝံ့သောအရာများ ဖြစ်သည်။ သို့ရာတွင် အမှန်တရားမှာ အတိအကျ ဆန့်ကျင်ဘက် ဖြစ်သည်။ ဘုရားသခင်သည် လူသားများ၏ "၀.၁ ရာခိုင်နှုန်း" ကိုသာ တောင်းဆိုသည်။ ဤသည်မှာ လူတို့အဖို့ အံ့အားသင့်ဖွယ် ဖြစ်သည်သာမက၊ ၎င်းတို့ အားလုံးသည် ပင်လယ်၌ ရှိကြသည့်အလား၊ ၎င်းတို့ကိုလည်း အလွန်များစွာ စိတ်ရှုပ်ထွေးသွားစေလေသည်။ လူတို့သည် ဘုရားသခင်၏အလိုတော်နှင့် သက်ဆိုင်သည့် အနည်းငယ်သော အသိပညာ ရရှိပြီးကြသည်မှာ ဘုရားသခင်၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် ကျေးဇူးတော်ကြောင့်သာလျှင် ဖြစ်သည်။ သို့သော်လည်း မတ်လ ၁ ရက်နေ့တွင်၊ လူအားလုံးတို့သည် နောက်တစ်ဖန် စိတ်ရှုပ်ထွေးသွားပြီး၊ ပြင်းပြင်းထန်ထန် စဉ်းစားကြလေသည်။ ဘုရားသခင်သည် သူ၏ လူများကို လွင့်မျောနေသော တိမ်များအဖြစ် မဟုတ်ဘဲ၊ ဝင်းလက်တောက်ပသော နှင်းပွင့်များဖြစ်ဖို့ တောင်းဆိုလေသည်။ သို့ဆိုလျှင် ဤ"နှင်းပွင့်"သည် အဘယ်အရာကို ရည်ညွှန်းသနည်း။ ပြီးလျှင် "လွင့်မျောနေသော တိမ်များ" ဆိုသည်မှာ အဘယ်အရာကို ညွှန်ပြသနည်း။ ဤအချိန်တွင်၊ ဘုရားသခင်သည် ဤစကားလုံးများ၏ သာ၍ နက်ရှိုင်းသော အဓိပ္ပာယ်နှင့် ပတ်သက်၍ မည်သည့်အရာကိုမျှ တမင်တကာ ထုတ်ဖော်ပြခြင်း မရှိချေ။

ဤအရာက လူတို့ကို ရုတ်တရက် စတင် မရေမရာဖြစ်သွားစေပြီး၊ ထိုသို့ဖြင့် အသိပညာကို ၎င်းတို့ ရှာဖွေသည်နှင့်အမျှ ၎င်းတို့၏ ယုံကြည်ခြင်းသည် တိုးပွားလေသည်- ဤသည်မှာ ဘုရားသခင်၏ လူတို့နှင့်သက်ဆိုင်၍ ပြုလုပ်ထားသည့် တိကျသော တောင်းဆိုချက်တစ်ခုဖြစ်ပြီး အခြားမည်သည့်အရာမျှ မဟုတ်သည့်အတွက် ဖြစ်သည်။ ထို့ကြောင့် လူအားလုံးသည် ဤဉာဏ်မမီနိုင်သော နှုတ်ကပတ်တော်များကို တွေးဆရင်း အမှတ်တမဲ့ သာ၍ အချိန် ကုန်ဆုံးနေမိကြသည်ကို မိမိတို့ကိုယ်ကိုယ် ကြုံကြရလေသည်။ အကျိုးဆက်အနေဖြင့်၊ လူတို့၏ ဦးနှောက်များထဲတွင် အမျိုးမျိုးသော အကြံများ ပေါ်ပေါက်လာကြကာ ၎င်းတို့၏ မျက်လုံးများရှေ့တွင် လွင့်မျောနေသော ဆီးနှင်းပွင့်များ လျှပ်တစ်ပြက် ပေါ်လာပြီး မိုးကောင်းကင်တွင် လွင့်မျောနေသော တိမ်များသည် ၎င်းတို့၏ စိတ်များထဲတွင် ချက်ချင်း ထွက်ပေါ်လာကြသည်။ ဘုရားသခင်သည် သူ၏လူများကို နှင်းပွင့်ကဲ့သို့ ဖြစ်ရန်နှင့် လွင့်မျောနေသော တိမ်များကဲ့သို့ မဖြစ်ရန် အဘယ်ကြောင့် တောင်းဆိုသနည်း။ ဤနေရာ၌ စစ်မှန်သော အဓိပ္ပာယ်မှာ အဘယ်အရာနည်း။ ဤစကားလုံးများသည် အတိအကျ အားဖြင့် အဘယ်အရာကို ရည်ညွှန်းသနည်း။ “နှင်းပွင့်”သည် သဘာဝကို လှပစေရုံသာမက စိုက်ပျိုးမွေးမြူရေးမြေအတွက်လည်း ကောင်းမွန်ပေသည်။ ယင်းသည် ဗက်တီးရီးယားပိုးများကို သတ်ခြင်းအတွက် ကောင်းမွန်သည်။ ဆီးနှင်းများ သည်းထန်စွာ ကျပြီးသည့်နောက်တွင် ဗက်တီးရီးယားပိုးများ အားလုံးသည် ဝင်းလက်တောက်ပနေသည့် နှင်းပွင့်များ၏ ဖုံးလွှမ်းခြင်းကို ခံရပြီး နေရာတစ်ခုလုံးသည် အသက်နှင့် ချက်ချင်း ပြည့်လျှမ်းသွားလေသည်။ ထိုနည်းတူ ဘုရားသခင်၏ လူများသည် လူ့ဇာတိခံ ဘုရားသခင်ကို သိကျွမ်းရမည်သာမက၊ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း အမှန်တရားအပေါ် မိမိတို့ကိုယ်ကိုယ် ထိန်းသိမ်းကြပ်မတ် ရမည် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့်၊ ၎င်းတို့သည် သာမန် လူ့သဘာဝကို အသက်ရှင်နေထိုင်ကြလိမ့်မည် ဖြစ်သည်။ ဤသည်မှာ နှင်းပွင့်က သဘာဝကို လှပစေပုံ ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားသခင်၏ လူများ၏ ရင့်ကျက်ခြင်းသည် ကမ္ဘာမြေကြီးပေါ် ရှိ နိုင်ငံတော် တစ်ခုလုံးသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် ပြည့်ရန်၊ ဘုရားသခင်၏ ထွန်းလင်းဝင်းပခြင်းဖြင့် ထွန်းလင်းကာ ဘုရားသခင်၏ ဘုန်းတော်နှင့်အတူ လင်းလက်ဖို့အလို့ငှာ၊ ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်၏ နိုင်ငံတော်ကို တည်ထောင်ရင်းနှင့် ဘုရားသခင်၏ သန့်ရှင်းသော နာမတော်ကို ဖြန့်ဝေရင်းနှင့် ဘုန်းထင်ရှားစေရင်း အဆင်းနီသော နဂါးကြီးကို အဆုံးသတ်စေမည် ဖြစ်သည်။ နေရာတိုင်းတွင် ငြိမ်သက်ခြင်းနှင့် ရောင့်ရဲခြင်း၊ ပျော်ရွှင်ခြင်းနှင့် စိတ်ချမ်းသာခြင်း မြင်ကွင်းများ ရှိလိမ့်မည် ဖြစ်ပြီး၊ အဆက်မပြတ် အသစ်ပြုပြင်သော အလှတရား ရှိလိမ့်မည်။ လတ်တလော

တည်ရှိသည့် အမျိုးမျိုးသော ကပ်ဆိုးများသည်- မဖြောင့်မတ်မှု၊ ကောက်ကျစ်မှုနှင့် လှည့်ဖြားမှု၊ ဆိုးယုတ်သော စိတ်ဆန္ဒများ အစရှိသကဲ့သို့သော ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထားများသည်- အားလုံး အမြစ်ဖြတ်ခံရလိမ့်မည် ဖြစ်ပြီး၊ ထိုသို့ဖြင့် ကောင်းကင်နှင့် ကမ္ဘာမြေကြီး နှစ်ခုလုံးသည် အသစ်ပြုပြင်ခြင်း ခံရလိမ့်မည်။ ဤသည်မှာ “ဆီးနှင်းများ သည်းထန်စွာ ကျပြီးသည့်နောက်တွင်” ဆိုသည့်အရာ၏ စစ်မှန်သော အနက်အဓိပ္ပာယ် ဖြစ်သည်။ လွင့်မျောနေသော တိမ်များကဲ့သို့ ဖြစ်ကြသူများသည် ဘုရားသခင် ဖော်ပြသည့် လူအုပ်နောက် လိုက်ကြသည့် လူစားမျိုးများနှင့် ဆင်တူသည်။ အကယ်၍ စာတန်ထံမှ စုံစမ်းနှောင့်ယှက်ခြင်းများစွာ ရှိပါက သို့မဟုတ် ဘုရားသခင်ထံမှ စမ်းသပ်မှုများစွာ ရှိပါက၊ ၎င်းတို့သည် ချက်ချင်း အဝေးသို့ လွင့်မျောသွားပြီး မတည်ရှိကြတော့ချေ။ ၎င်းတို့၏ အနှစ်သာရများပင်လျှင် ကြာမြင့်စွာကတည်းက ပျောက်ကွယ်သွားပြီးဖြစ်လျက်၊ ကြွင်းကျန်ရစ်မည် မဟုတ်ပေ။ အကယ်၍ လူတို့သည် လွင့်မျောနေသော တိမ်များကဲ့သို့ ဖြစ်ပါက၊ ထိုသို့သော လူများသည် အချိန်မရွေး သို့မဟုတ် နေရာမရွေး ဆတ်ခနဲ ဖမ်းသွားခြင်းခံရနိုင်သည့် အန္တရာယ် ရှိသည့်အတွက်၊ ၎င်းတို့သည် ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ကို အသက်ရှင် နေထိုင်နိုင်စွမ်း မရှိကြသည်သာမက၊ ဘုရားသခင်၏ နာမတော်အပေါ်သို့ပင် အရှက်ရစေကြလေသည်။ ၎င်းတို့သည် စာတန်ဝါးမျိုသော အစားအစာ ဖြစ်ကြသည်- ပြီးလျှင် စာတန်က ၎င်းတို့ကို ဖမ်းဆီးသွားချိန်တွင်၊ ၎င်းတို့သည် ဘုရားသခင်ကို သစ္စာဖောက်လိမ့်မည် ဖြစ်ပြီး၊ စာတန်ကို အစေခံကြပေလိမ့်မည်။ ဤအရာသည် ဘုရားသခင်၏ နာမတော်အပေါ် သိသာထင်ရှားစွာ အရှက်ရစေပြီး၊ အားလုံးထဲမှ ဘုရားသခင် မကျေမချမ်း အဖြစ်ဆုံးသော အရာဖြစ်သည်။ ထိုသို့သောလူများသည် ဘုရားသခင်၏ ရန်သူများဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ပုံမှန်လူတို့၏ အနှစ်သာရ မရှိသကဲ့သို့၊ လက်တွေ့ကျသည့် မည်သည့်တန်ဖိုးမျှလည်း မရှိပေ။ ဘုရားသခင်သည် သူ၏ လူတို့အပေါ် ထိုသို့သော သတ်မှတ်ချက်များ ပြုသည်မှာ ဤအရာကြောင့် ဖြစ်သည်။ သို့သော် ဤနှုတ်ကပတ်တော်များနှင့် သက်ဆိုင်သည့် တစ်စုံတစ်ရာကို နားလည်ပြီးနောက်တွင်၊ ဘုရားသခင် နှုတ်ကပတ်တော်များ၏ အကြောင်းအရာသည် ဘုရားသခင် ကိုယ်တော်တိုင်ထံ လှည့်သွားပြီး၊ ယင်းသည် လူတို့ကို ခဲယဉ်းသော အနေအထားတစ်ခုသို့ ဆိုက်ရောက် စေသည့်အတွက်၊ လူတို့သည် ဆက်လက်၍ အဘယ်အရာ လုပ်ဆောင်ရမည်ကို မသိဘဲ ရှိကြသည်- “ငါသည် သန့်ရှင်းသောမြေမှ လာခဲ့သောကြောင့်၊ သန့်ရှင်းသောမြေမှ မဟုတ်ဘဲ ရွှံ့နွံထဲမှ လာသည့်အတွက်၊ အမည်သာရှိပြီး အနှစ်သာရ မရှိသည့် ကြာပဒုမ္မာကဲ့သို့ မဟုတ်။” သူ၏ လူများနှင့်သက်ဆိုင်သည့် သူ၏ သတ်မှတ်ချက်များကို ပြောဆိုပြီးသည့်နောက်တွင်၊

ဘုရားသခင်သည် အဘယ်ကြောင့် သူကိုယ်တိုင်၏ မွေးဖွားခြင်းကို ဖော်ပြသနည်း။ ထိုနှစ်ခုကြားတွင် ဆက်နွယ်မှုတစ်ခု ရှိခြင်းများ ဖြစ်နိုင်မည်လော။ စင်စစ်အားဖြင့် ၎င်းတို့ကြားတွင် ပင်ကိုဆက်နွယ်မှုတစ်ခု ရှိသည်။ သို့မဟုတ်ပါက၊ ဘုရားသခင်သည် ယင်းကို လူတို့အား ပြောမည်မဟုတ်။ အရွက်စိမ်းများအကြား၌ ကြာပဒုမ္မာသည် လေပြေလေညင်းဖြင့် ရှေ့နောက်ယိမ်းထိုး၏။ ယင်းမှာ မျက်စိပသာဒ ဖြစ်စရာဖြစ်ပြီး၊ အလွန် ချစ်ခင်မြတ်နိုးခြင်း ခံရသည်။ လူတို့သည် ယင်းအား တကယ်ကို ချစ်၍မဝနိုင်အောင် ဖြစ်ကြပြီး ကြာပန်းပွင့်ကို ခူးပြီး အနီးကပ် ကြည့်ရှုဖို့ ရေထဲသို့ ဆင်းကူးရန် တရွရွဖြစ်နေကြသည်။ သို့သော် ဘုရားသခင်က ကြာပဒုမ္မာသည် ရွှံ့နွံထဲမှ လာကာ အမည်တစ်ခုသာရှိပြီး အနှစ်သာရ မရှိဟု ပြောဆိုသည်။ ဘုရားသခင်သည် ကြာပဒုမ္မာများကို အရေးမထား ပုံရပြီး၊ သူသည် ယင်းတို့ကို စက်ဆုပ်ရွံရှာခြင်း အချို့ရှိသည်ကို သူ၏ နှုတ်ကပတ်တော်များက သိသာထင်ရှားစေသည်။ ခေတ်ကာလများ တစ်လျှောက်တွင်၊ များစွာသောသူတို့သည် ကြာပဒုမ္မာများက အညစ်အကြေး စွန်းထင်းခြင်းမရှိဘဲ ထွက်ပေါ်လာသောကြောင့်၊ ယင်းတို့ကို အလျှံပယ် ချီးမွမ်းကြပြီး၊ ကြာပန်းများသည် တုနှိုင်းမမီသကဲ့သို့ ဖော်မပြနိုင်လောက်အောင် အံ့သြဖွယ်ကောင်းသည်ဟု စောင်းပါးရိပ်ခြည် ပြောခဲ့ကြပုံပင် ရလေသည်။ သို့သော် ဘုရားသခင်၏ အမြင်တွင်၊ ကြာပဒုမ္မာများသည် သုံးမရပေ- ယင်းသည် ဘုရားသခင်နှင့် လူသားတို့အကြား ကွဲပြားခြားနားမှု အတိအကျ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်နှင့် လူသားများကြားက ခြားနားမှုသည် မိုးကောင်းကင်၏ အထွတ်နှင့် ကမ္ဘာမြေကြီး၏ တကယ့် အခြေခံအုတ်မြစ်ကြား ကွာဝေးမှုလောက် ကြီးမားကျယ်ပြန့်သည်ကို မြင်နိုင်ပေသည်။ ကြာပဒုမ္မာသည် ရွှံ့နွံမှ လာသောကြောင့်၊ ယင်းလိုအပ်သော အာဟာရဓာတ်များ အားလုံးသည်လည်း ထိုနေရာမှ လာပေသည်။ ကြာပဒုမ္မာသည် ၎င်းကိုယ်၎င်း တကယ်ကို ရုပ်ဖျက်နိုင်ပြီး၊ ထိုသို့ဖြင့် မျက်စိအရသာခံစရာတစ်ခု ပေးလေသည်။ များစွာသောလူတို့သည် ကြာပဒုမ္မာ၏ အပြင်ပန်းအလှကိုသာ မြင်ကြသော်လည်း အတွင်းက ဖုံးကွယ်ထားသည့် အသက်တာသည် ညစ်ညမ်းပြီး၊ မစင်ကြယ်သည်ကို မည်သူမျှ မမြင်ပေ။ ထို့ကြောင့်၊ ဘုရားသခင်က ယင်းသည် အမည်တစ်ခုသာ ရှိပြီး အနှစ်သာရ မရှိဟု ပြောဆိုခြင်း ဖြစ်သည်- ယင်းသည် လုံးဝ မှန်ကန်ကာ စစ်မှန်သည်။ ဤသည်မှာ ယနေ့ ဘုရားသခင်၏ လူများ တူကြသည့်အရာ အတိအကျ ဖြစ်သည်မဟုတ်လော။ ဘုရားသခင်ထံ ၎င်းတို့၏ ကျိုးနွံနာခံခြင်းနှင့် ယုံကြည်ခြင်းသည် အပေါ်ယံသာ ဖြစ်၏။ ဘုရားသခင်၏ ရှေ့မှောက်တွင်၊ ဘုရားသခင်ကို ၎င်းတို့နှင့်ပတ်သက်၍ စိတ်ကျေနပ်စေဖို့အလို့ငှာ၊ ၎င်းတို့သည် မျက်နှာလို မျက်နှာရလုပ်ကြပြီး မိမိတို့ကိုယ်ကိုယ် ပြစားဝင့်ဝါကြသည်။ သို့သော်လည်း အတွင်း၌မူ ၎င်းတို့သည် ဖောက်ပြန်ပျက်စီးသော

ဆိုးယုတ်သည့် စိတ်သဘောထားနှင့် ပြည့်သိပ်နေကြပြီး ၎င်းတို့၏ ဝမ်းဗိုက်များသည် မစင်ကြယ်မှုများနှင့် ပြည့်နှက်နေကြသည်။ ဤသည်မှာ ဘုရားသခင်က လူသားများထံ ဘုရားသခင်အား ၎င်းတို့၏ သစ္စာစောင့်သိခြင်းသည် မစင်ကြယ်မှုများနှင့် စွန်းထင်းခြင်း ရှိ မရှိ သို့မဟုတ် ယင်းသည် ဖြူစင်ပြီး စိတ်နှလုံးအကြွင်းမဲ့ဖြစ်ခြင်း ရှိ မရှိဆိုသည်ကို မေးမြန်းရင်း မေးခွန်းများ ထုတ်ရသည့်အကြောင်းရင်း ဖြစ်သည်။ ၎င်းတို့သည် အစေခံသူများ ဖြစ်ခဲ့ချိန်တွင်၊ များစွာသော လူတို့သည် ဘုရားသခင်ကို နှုတ်ဖြင့် ချီးမွမ်းခဲ့သော်လည်း၊ ၎င်းတို့၏ နှလုံးသားများထဲ၌ သူ့ကို ကျိန်ဆဲခဲ့ကြသည်။ ၎င်းတို့၏ စကားများဖြင့် ၎င်းတို့သည် ဘုရားသခင်ကို ကျိုးနွံနာခံခဲ့ကြသော်လည်း၊ ၎င်းတို့၏ စိတ်နှလုံးများထဲ၌ သူ့ကို မနာခံခဲ့ကြချေ။ ၎င်းတို့၏ နှုတ်များသည် အပျက်သဘောဆောင်သော စကားများကို မြွက်ဆိုခဲ့ကြပြီး ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင်ကို ဆန့်ကျင်ခြင်းအား သိုထားခဲ့ကြသည်။ မိမိတို့၏ လုပ်ရပ်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသူများပင် ရှိခဲ့သည်- ၎င်းတို့သည် လုံးဝ အကျင့်ပျက်ကာ၊ အဆင်းနီသော နဂါးကြီး၏ စစ်မှန်သော မျက်နှာ၏ ကွက်ကွက်ကွင်းကွင်းဖြစ်ကာ အသက်ပါသော မျက်နှာထားတစ်ခုကို ပေးလျက် ဆဲရေးတိုင်းထွာသော စကားများကို ၎င်းတို့၏ နှုတ်များဖြင့် ပစ်လွှတ်ခဲ့ကြပြီး၊ ၎င်းတို့၏ လက်များဖြင့် လက်ဟန်ခြေဟန်ဖြင့် ပြောဆိုခဲ့ကြသည်။ ထိုသို့သော လူများသည် အဆင်းနီသော နဂါးကြီး၏ သားပေါက်များဟု ခေါ်ဆိုခံရခြင်းကို အမှန်တကယ် ခံထိုက်ကြပေသည်။ သို့သော်လည်း ယနေ့တွင် ၎င်းတို့သည် သစ္စာရှိသော အစေခံသူများ၏ နေရာ၌ ရပ်ကြပြီး၊ ဘုရားသခင်၏ သစ္စာရှိသော လူများဖြစ်ကြသည့်အလား ပြုမူကြလေသည်- အရှက်မဲ့လိုက်လေစွ။ သို့သော် ဤသည်မှာ အံ့သြစရာ မရှိပါပေ။ ၎င်းတို့သည် ရွှံ့နွံမှ လာခဲ့ကြသောကြောင့်၊ မိမိတို့၏ စရိုက်အမှန်ကို မပြသဘဲ မနေနိုင်ကြချေ။ ဘုရားသခင်သည် သန့်ရှင်းပြီး၊ ဖြူစင်ကာ စစ်မှန်ပြီး အမှန်တကယ် ဖြစ်သောကြောင့်၊ သူ၏လူ့ဇာတိသည် ဝိညာဉ်တော်မှ လာသည်။ ဤသည်မှာ တိကျသေချာပြီး မငြင်းနိုင်ပေ။ ဘုရားသခင် ကိုယ်တော်တိုင်အတွက် သက်သေခံနိုင်သည်သာမက၊ ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ခြင်းအဖို့ မိမိကိုယ်ကိုယ်လည်း လုံးဝ ဆက်ကပ်နိုင်လေသည်။ ဤအရာများက ဘုရားသခင်၏ အနှစ်သာရ၏ တစ်ဖက်ကို ကိုယ်စားပြုသည်။ လူ့ဇာတိသည် ဝိညာဉ်တော်ထံမှ ပုံသဏ္ဍာန်တစ်ခုဖြင့် လာသည်ဆိုခြင်းမှာ ဝိညာဉ်တော်က မိမိကိုယ်မိမိ ယူတင်ဝတ်ဆင်သည့် လူ့ဇာတိသည် လူသားများ၏ ဇာတိခန္ဓာနှင့် အခြေခံအားဖြင့် ကွဲပြားခြားနားသည်ဟု ဆိုလိုပြီး ဤကွဲပြားခြားနားချက်သည် ၎င်းတို့၏ ဝိညာဉ်တော်ထဲတွင် အဓိကအားဖြင့် တည်ရှိလေသည်။ “ပုံရိပ်တစ်ခုနှင့် ဝိညာဉ်တော်” က ရည်ညွှန်းသည့်အရာမှာ သာမန်လူ့သဘာဝဖြင့်

ဖုံးကာခံထားရခြင်း၏ အကျိုးဆက်အနေဖြင့်၊ ဘုရားသဘောသဘာဝသည် အတွင်းမှ ပုံမှန် အမူပြုနိုင်ပုံကို ဖြစ်သည်။ ဤသည်မှာ စိုးစဉ်းမျှ သဘာဝလွန်ခြင်း မရှိဘဲ၊ လူ့သဘာဝ၏ ကန့်သတ်ခံထားရခြင်းလည်း မရှိပေ။ "ဝိညာဉ်တော်၏ ပုံရိပ်" သည် ပြီးပြည့်စုံသော ဘုရားသဘောသဘာဝကို ရည်ညွှန်းပြီး လူ့သဘာဝ၏ ကန့်သတ်ခံထားရခြင်း မရှိပေ။ ထိုသို့ဖြင့် ဘုရားသခင်၏ ပင်ကိုစိတ်သဘောထားနှင့် စစ်မှန်သော ပုံသဏ္ဌာန်တို့ကို လူ့ဇာတိခံ ခန္ဓာထဲတွင် လုံးဝ အသက်ရှင်နေထိုင်နိုင်လေသည်၊ ယင်းသည် ပုံမှန်ဖြစ်ပြီး မူမှန်သည်သာမက၊ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ကိုလည်း ပိုင်ဆိုင်လေသည်။ ပထမ လူ့ဇာတိခံ ခန္ဓာသည် လူတို့ စိတ်ကူးကြံစည်၍ ရသည့် ဘုရားသခင်ကိုသာ ပြနိုင်ခဲ့သည်။ ဆိုလိုသည်မှာ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကိုသာ ဆောင်ရွက်နိုင်ခဲ့ပြီး ပရောဖက်ပြုချက်များကိုသာ ပြောဆိုနိုင်ခဲ့သည်။ ထို့ကြောင့် သူသည် ဘုရားသခင်၏ လက်တွေ့အရှိတရားကို လုံးဝ အသက်ရှင်မနေထိုင်ခဲ့သောကြောင့်၊ ပုံသဏ္ဌာန်တစ်ခုဖြင့် ဝိညာဉ်တော်၏ ပြယုဂ်လည်း မဟုတ်ခဲ့ပေ။ သူသည် ဘုရားသဘောသဘာဝ၏ တိုက်ရိုက် ပေါ်ထွန်းခြင်းသာ ဖြစ်ခဲ့သည်။ ထို့အပြင် သူသည် သာမန်လူ့သဘာဝကို ကျော်လွန်ခဲ့သောကြောင့်၊ သူသည် ပြီးပြည့်စုံသော လက်တွေ့ကျသည့် ဘုရားသခင် ကိုယ်တိုင်ဟု ခေါ်ဆိုခြင်းကို မခံခဲ့ရဘဲ၊ သူနှင့်ပတ်သက်၍ ကောင်းကင်ဘုံရှိ မရေရာသော ဘုရားသခင်နှင့်ဆိုင်သည့် အနည်းငယ်သာ ရှိခဲ့သည်။ သူသည် လူတို့၏ အယူအဆများ၏ ဘုရားသခင် ဖြစ်ခဲ့သည်။ ဤသည်မှာ လူ့ဇာတိခံ ခန္ဓာနှစ်ခုအကြားက ပဓာနကျသော ကွဲပြားခြားနားချက် ဖြစ်သည်။

စကြဝဠာထဲရှိ အမြင့်မားဆုံးသော အဆင့်မှ၊ ဘုရားသခင်သည် လူသားမျိုးနွယ်၏ လှုပ်ရှားမှုတိုင်းနှင့် လူတို့ ပြောဆိုကာ လုပ်ဆောင်သည့် အရာအားလုံးကို စောင့်ကြည့်နေသည်။ သူသည် ၎င်းတို့၏ အတွင်းကျကျ အတွေးအားလုံးကိုပင် မည်သည့်အခါတွင်မျှ မျက်စိလျှမ်းခြင်းမရှိဘဲ၊ အကွင်းမဲ့ ကြည်လင်ပြတ်သားခြင်းဖြင့် လေ့လာသည်။ ထိုသို့ဖြင့် သူ၏ နှုတ်ကပတ်တော်များသည် လူတို့၏ အတွေးတိုင်းကို ထိုးနှက်လျက်၊ ၎င်းတို့ကို အကြီးအကျယ် စိတ်ထိခိုက်နာကျင်စေကာ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် မလွဲတမ်း အကဲဖြတ်နိုင်ပြီး အမှားကင်းသည်။ "လူတို့သည် ငါ၏ဝိညာဉ်ကို 'သိကျွမ်း' ကြသော်ငြားလည်း၊ ၎င်းတို့သည် ငါ့ဝိညာဉ်တော်ကို ပုန်ကန်ပြစ်မှားဆဲ ဖြစ်သည်။ ငါ၏နှုတ်ကပတ်တော်များသည် လူခပ်သိမ်းတို့၏ အကျည်းတန်သော မျက်နှာအပြင် ၎င်းတို့၏ အတွင်းကျကျ အတွေးများကို ဖွင့်ချပြကာ ကမ္ဘာမြေပေါ် ရှိ အရာအားလုံးကို ငါ၏စီစစ်ခြင်းအလယ်၌ လဲကျကြစေသည်။" ဤအရာမှ လူသားမျိုးနွယ်နှင့် သက်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များသည် အလွန် အားထုတ်မှု မလိုအပ်သော်လည်း၊ လူတို့သည်

ဘုရားဝိညာဉ်တော်၏ စိစစ်ခြင်းကို ကြံ့ကြံ့မခံနိုင်ကြဆဲဖြစ်သည်မှာ သိသာထင်ရှားပေသည်။ “သို့သော်၊ လဲကျကြသော်ငြားလည်း ၎င်းတို့၏ နှလုံးသားများသည် ငါ့ထံမှ အဝေးသို့ လမ်းလွဲမသွားဝံ့ပေ။ ဖန်ဆင်းခြင်း အရာဝတ္ထုများ အလယ်တွင်၊ မည်သူသည် ငါ၏ လုပ်ဆောင်ချက်များ၏ အကျိုးဆက်အနေဖြင့် ငါ့ကို မချစ်လာဘဲ ရှိသနည်း။” ဤသည်မှာ ဘုရားသခင်၏ ပြည့်ဝသော ဉာဏ်ပညာနှင့် အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းကို သာ၍ပင် ညွှန်ပြသောအရာ ဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏လူတို့သည် အစေခံသူများ၏ အနေအထားတွင် ရှိခဲ့ကြချိန် တွေးခဲ့ကြသည့် အရာရာတိုင်းကို ထုတ်ဖော်ပြလေသည်- ကျရှုံးခြင်း၌ အဆုံးသတ်ခဲ့သော “အရောင်းအဝယ်” ပြီးနောက်တွင်၊ ၎င်းတို့၏ ဦးခေါင်းများထဲက “အထောင်အသောင်းများ” သို့မဟုတ် “သန်းပေါင်းများ” သည် ဘာမျှဖြစ်မလာခဲ့ချေ။ သို့သော် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကြောင့်၊ ပြီးလျှင် ဘုရားသခင်၏ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ကြောင့်- ၎င်းတို့သည် ဝမ်းနည်းမှုဖြင့် မိမိတို့၏ ဦးခေါင်းများကို ငိုက်စိုက်ချထားသော်လည်း- အပျက်သဘောဆောင်သည့် ပုံသေအတွေးအခေါ်တစ်ခုဖြင့် ဘုရားသခင်ကို အစေခံခဲ့ကြဆဲ ဖြစ်သည်၊ ပြီးလျှင် အတိတ်က ၎င်းတို့၏ လက်တွေ့လုပ်ဆောင်မှု အားလုံးသည် အနှစ်မဲ့သော စကားသာ ဖြစ်လာပြီး၊ လုံးဝ မေ့လျော့ခံရလေသည်။ ထိုအစား ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ဖြေဖျော်ရန်၊ အချိန်ကို ကုန်လွန်ဖို့ သို့မဟုတ် အချိန်ဖြုန်းရန် ၎င်းတို့နှင့် အခြားအယောက်တိုင်းကို ပျော်ရွှင်စေသည့် အမှုအရာများကို သဘောရှိ လုပ်ဆောင်ခဲ့ကြသည်…။ ဤသည်မှာ လူသားများအလယ် အမှန်တကယ် ဖြစ်နေခဲ့သောအရာ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် လူသားမျိုးနွယ်ထံ ဖွင့်ဟပြီး၊ “မည်သူသည် ငါ့နှုတ်ကပတ်တော်များ၏ အကျိုးဆက်အနေဖြင့် ငါ့ကို မတမ်းတဘဲ ရှိသနည်း။ ငါ၏ချစ်ခြင်းမေတ္တာ၏ အကျိုးဆက်အနေဖြင့် မည်သူ့ထံတွင် သံယောဇဉ်တွယ်သည့် ခံစားချက်များ မပေါက်ဖွားသနည်း။” ဟု ပြောဆိုသည်။ ရိုးသားစွာပြောရလျှင်၊ လူသားအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံရန် လိုလားနေကြပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုရန် နှစ်သက်ခြင်းမရှိသောသူ ၎င်းတို့အထဲတွင် မည်သူမျှ မရှိပေ။ ယင်းမှာ ၎င်းတို့သည် မိမိတို့၏ သဘာဝများအားဖြင့် ဟန့်တားခြင်း ခံရသည့်အတွက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့မလုပ်ဆောင်နိုင်ခြင်းသာ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက်တွင်၊ များစွာသောလူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ ဝေးကွာ မနေနိုင်ကြသကဲ့သို့ ၎င်းတို့၏ ဘုရားသခင်အား ချစ်ခြင်းသည် ၎င်းတို့၏ အတွင်းတွင် ပြည့်လျှံလာသည်။

ထို့ကြောင့် ဘုရားသခင်သည် နောက်တစ်ဖန် စာတန်ကို ကျိန်ဆိုပြီး နောက်တစ်ကြိမ် ၎င်း၏ အကျည်းတန်သော မျက်နှာကို ဖော်ထုတ်လေသည်။ "စာတန်က သောင်းကျန်းပြီး လွန်လွန်ကဲကဲ အာဏာရှင်ဆန်သည့် ဤခေတ်ကာလ" သည် ဘုရားသခင်က ကမ္ဘာမြေကြီးပေါ်၌ သူ၏တရားဝင်ဖြစ်သည့် ကြီးမြတ်သော အမှုကို စတင်သည့် တကယ့်ခေတ်လည်း ဖြစ်သည်။ ထို့နောက် သူသည် ကမ္ဘာလောကကို အမြစ်ဖြတ်သုတ်သင်ခြင်း အမှုကို စတင်သည်။ တစ်နည်းအားဖြင့်၊ စာတန်သည် သောင်းကျန်းလေလေ၊ ဘုရားသခင်၏ နေ့ရက် စောစော ရောက်ရှိလေ ဖြစ်လိမ့်မည်။ ထို့ကြောင့် ဘုရားသခင်သည် စာတန်၏ ကိလေသာလွန်ကျူးခြင်းကို သာ၍ ပြောလေလေ၊ ကမ္ဘာလောကကို ဘုရားသခင် အမြစ်ဖြတ်သုတ်သင်မည့် နေ့ရက်သည် နီးကပ်လာလေ ဖြစ်လိမ့်မည်။ ယင်းမှာ စာတန်ထံသို့ ဘုရားသခင်၏ ကြေညာချက် ဖြစ်သည်။

အဘယ်ကြောင့် ဘုရားသခင်က၊ "ထို့အပြင်၊ ငါ၏ နောက်ကွယ်တွင် ၎င်းတို့သည် ထို 'ချီးကျူးထိုက်သော' ယုတ်ညံ့သည့် အပေးအယူများကို ဆောင်ရွက်ကြသည်။ ငါ့ကိုယ်ငါ ယူတင်ဝတ်ဆင်ထားသော လူ့ဇာတိသည် သင်၏လုပ်ရပ်များ၊ သင်၏ အပြုအမူနှင့် သင်၏ စကားများနှင့် ပတ်သက်၍ မည်သည့်အရာကိုမျှ မသိဟု သင်ထင်သလော။" ဟု ထပ်တလဲလဲ ပြောဆိုခဲ့သနည်း။ သူသည် ထိုကဲ့သို့သော နှုတ်ကပတ်တော်များကို တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သာ ပြောခဲ့သည်မဟုတ်။ ယင်းမှာ အဘယ်ကြောင့်နည်း။ လူတို့သည် ဘုရားသခင်အားဖြင့် နှစ်သိမ့်ခံရပြီး၊ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ဝမ်းနည်းမှုကို သတိပြုမိသည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် ရှေ့ဆက် ရုန်းကန်လှုပ်ရှားကြသည်နှင့်အမျှ အတိတ်ကို မေ့ရန် ၎င်းတို့အတွက် လွယ်ကူလာလေသည်။ သို့သော် ဘုရားသခင်သည် လူသားများအပေါ် စိုးစဉ်းမျှ မသက်ညှာပေ။ သူသည် ၎င်းတို့၏ အတွေးများကို ဆက်လက် ပစ်မှတ်ထားလေသည်။ ထို့ကြောင့် သူသည် လူတို့ကို မိမိတို့ကိုယ်ကိုယ် သိကြရန်၊ ကာမရာဂလွန်ကျူးမှုကို ရပ်ကြရန်၊ ထို "ချီးကျူးထိုက်သော" ယုတ်ညံ့သည့် အပေးအယူများကို မဆောင်ရွက်ကြတော့ရန် နှင့် လူ့ဇာတိ၌ ဘုရားသခင်ကို နောက်တစ်ဖန် လုံးဝ မလှည့်ဖြားကြရန် အဖန်ဖန် ပြောလေသည်။ လူတို့၏ သဘာဝများ မပြောင်းလဲကြသော်ငြားလည်း၊ ၎င်းတို့ကို အကြိမ်အနည်းငယ် သတိပေးခြင်းတွင် အကျိုးရှိပေသည်။ ဤအရာနောက်တွင်၊ ဘုရားသခင်သည် လူသားများ၏စိတ်နှလုံးများထဲရှိ နက်နဲမှုများကို ထုတ်ဖော်ပြရန် လူသား၏ရှုထောင့်မှ စကားပြောဆိုလေသည်- "နှစ်ပေါင်းများစွာ ငါသည် လေဒဏ်နှင့် မိုးဒဏ်ကို ကြံ့ကြံ့ခံပြီးဖြစ်သည်၊ ထို့ကြောင့် လူ့လောကကြီး၏ ခါးသီးမှုကိုလည်း ငါ တွေ့ကြုံခံစားပြီးဖြစ်သည်။ သို့သော် သာ၍

စေ့စေ့စပ်စပ် ဆင်ခြင်ကြည့်သောအခါ၊ မည်သည့် ချို့မြိန်မှုကမျှ ဇာတိပကတိရှိသည့် လူသားကို ငါ့အပေါ် စိမ်းကားစေဖို့၊ စိတ်ပျက်စေဖို့၊ သို့မဟုတ် အထင်အမြင်သေးစေဖို့ ဖြစ်စေနိုင်ရန်မဆိုထားနှင့်၊ မည်မျှသော မည်သည့် ဆင်းရဲဒုက္ခ ပမာဏကမျှ ဇာတိကပတိရှိသည့် လူသားမျိုးနွယ်ကို ငါ့အထဲတွင် မျှော်လင့်ချက် မဆုံးရှုံးစေနိုင်ပေ။ ငါ့အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာသည် ဆင်းရဲဒုက္ခ ကင်းမဲ့ခြင်း သို့မဟုတ် ချို့မြိန်မှု မရှိခြင်းဖြင့် အမှန်တကယ် ကန့်သတ်ထားပါသလော။” “နေအောက်၌ ရှိသမျှသော အရာတို့သည် အချည်းနှီးဖြစ်ကြ၏။”- ဤနှုတ်ကပတ်တော်များ၌ စင်စစ် အတွင်းကျသော အနက်အဓိပ္ပာယ် ရှိပေသည်။ ထို့ကြောင့် ဘုရားသခင်က အဘယ်အရာကမျှ လူသားများအား သူ၌ထားရှိသော မျှော်လင့်ချက်ကို ဆုံးရှုံးမသွားစေနိုင် သို့မဟုတ် သူ့အပေါ် မစိမ်းကားစေနိုင်ဟု ပြောနေခြင်း ဖြစ်သည်။ အကယ်၍ လူတို့သည် ဘုရားသခင်ကို မချစ်ပါက၊ ၎င်းတို့သည်လည်း သေဆုံးသွားနိုင်သည်။ အကယ်၍ ၎င်းတို့သည် ဘုရားသခင်ကို မချစ်ပါက၊ ၎င်းတို့၏ ပျော်ရွှင်ခြင်းသည် အချည်းနှီးဖြစ်ပြီး ၎င်းတို့ မွေ့လျော်ခံစားသည့် ပျော်ရွှင်ခြင်းသည့် အနှစ်မဲ့ကာ၊ ၎င်းတို့၏ အပြစ်များ တိုးခြင်း ဖြစ်ပေသည်။ လူတစ်ဦးတစ်ယောက်ကမျှ ဘုရားသခင်ကို အမှန်တကယ် မချစ်သောကြောင့်၊ ဘုရားသခင်က၊ “ငါ့အတွက် ၎င်းတို့၏ ချစ်ခြင်း မေတ္တာသည် ဆင်းရဲဒုက္ခကင်းမဲ့ခြင်း သို့မဟုတ် ချို့မြိန်မှု မရှိခြင်းဖြင့် အမှန်တကယ် ကန့်သတ်ထားပါသလော။” ဟု ဆိုပေသည်။ လူသားမျိုးနွယ်၏ လောကထဲတွင်၊ ဆင်းရဲဒုက္ခ သို့မဟုတ် ချို့မြိန်ခြင်း မရှိဘဲနှင့် တစ်ဦးတစ်လေသည် မည်သို့ တည်ရှိနိုင်မည်နည်း။ မကြာခဏပင်၊ ဘုရားသခင်သည်၊ “လူသားများသည် ငါ့ကို အမှန်တကယ် မသိကြသည့်အတွက်၊ လူသားတစ်ဦးတစ်ယောက်ကမျှ ငါ၏ မျက်နှာကို အမှန်တကယ် မတွေ့ဖူးပေ သို့မဟုတ် ငါ၏ အသံကို အမှန်တကယ် မကြားဖူးကြချေ။” ဟု ပြောဆိုသည်။ လူသားများက သူ့ကို အမှန်တကယ် မသိကြဟု ဘုရားသခင်က ပြောဆိုသော်လည်း၊ အဘယ်ကြောင့် သူသည် လူသားများအား သူ့ကို သိကျွမ်းရန် တောင်းဆိုရသနည်း။ ဤသည်မှာ ရှေ့နောက်စကားမညီခြင်း မဟုတ်သလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ တစ်ခုစီတိုင်းသည် တိကျသေချာသော ရည်မှန်းချက် ရှိသည်။ လူသားများသည် တိုး၍ ထုံထိုင်းကြပြီးဖြစ်သောကြောင့် ဘုရားသခင်သည် လူသားများ၏ နှလုံးသားများ အသီးသီး၏ ၀.၁ ရာခိုင်နှုန်းကို နောက်ဆုံးတွင် ပိုင်ဆိုင်ရန်အလို့ငှာ လူသားများမှတစ်ဆင့် သူ၏ အမှု ၁၀၀ ရာခိုင်နှုန်းကို လုပ်ဆောင်ခြင်းနှင့်ဆိုင်သည့် အခြေခံသဘောတရားကို အသုံးပြုလေသည်။ ယင်းမှာ ဘုရား သခင် အမှုပြုသည့် နည်းစနစ် ဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏ ရည်မှန်းချက်များကို ရရှိရန်အလို့ငှာ ထိုသို့ လုပ်ဆောင်ရမည် ဖြစ်သည်။ ဤသည်မှာလည်း

ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲက ဉာဏ်ပညာ အတိအကျ ဖြစ်သည်။ ဤအရာကို သင်တို့ သဘောပေါက်ပြီလော။

ဘုရားသခင်က "ငါသည် ငါ၏နက်နဲမှုများကို တိုက်ရိုက် ထုတ်ဖော်ပြပြီး လူ့ဇာတိ၌ ငါ၏ အလိုကို ပေါ်လွင်စေသောအခါ၊ သင်တို့သည် အာရုံမစိုက်ကြ။ သင်တို့သည် အသံများကို နားထောင်ကြသော်လည်း၊ ယင်းတို့၏ အနက်အဓိပ္ပာယ်ကို နားမလည်ကြ။ ငါသည် ဝမ်းနည်းခြင်းဖြင့် မှုန်ထူသွားသည်။ ငါသည် လူ့ဇာတိ၌ ရှိသော်ငြားလည်း၊ လူ့ဇာတိ၏ အမှုတော်နှင့်ဆိုင်သည့်အမှုကို မလုပ်ဆောင်နိုင်ပေ။" ဟု ပြောဆိုလေသည်။ တစ်ဖက်တွင် ဤနှုတ်ကပတ်တော်များသည် လူတို့ကို ၎င်းတို့၏ ထုံထိုင်းမှုကြောင့်၊ ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ရန် လက်ဦးမှုကို ရယူစေသည်။ အခြားတစ်ဖက်တွင်၊ ဘုရားသခင်သည် လူ့ဇာတိ၌ ရှိသည့် သူ၏ ဘုရားသဘောသဘာဝ၏ စစ်မှန်သော မျက်နှာကို ထုတ်ဖော်ပြသည်။ လူသားများသည် ဝိညာဉ်ရင့်ကျက်မှု အလွန်နုနယ်သောကြောင့်၊ လူ့ဇာတိ၌ ဘုရားသခင် ရှိသည့် အချိန်အတောအတွင်း ဘုရားသဘောသဘာဝ၏ ဖွင့်ပြချက်များသည် ၎င်းတို့၏ လက်သင့်ခံနိုင်စွမ်းနှင့်အညီသာ လာပေသည်။ အမှု၏ ဤအဆင့် အတောအတွင်းတွင်၊ လူအများစုသည် ယင်းကို အပြည့်အဝ လက်သင့်ခံနိုင်စွမ်း မရှိဘဲ နေကြဆဲ ဖြစ်သည်၊ ယင်းက ၎င်းတို့ မည်မျှ သဘောပေါက်လက်ခံလွယ်ခြင်း မရှိကြသည်ကို လုံလုံလောက်လောက် ပြသပေသည်။ ထို့ကြောင့် ဤအမှုအတောအတွင်းတွင်၊ ဘုရားသဘောသဘာဝသည် ၎င်း၏ မူလလုပ်ငန်းဆောင်တာအားလုံးကို မဆောင်ရွက်ပေ။ ယင်းက ထိုလုပ်ငန်းဆောင်တာ၏ သေးငယ်သော အစိတ်အပိုင်း တစ်ခုကိုသာ ထမ်းဆောင်သည်။ ဤအရာက အနာဂတ် အမှုတွင် ဘုရားသဘောသဘာဝအား လူသားမျိုးနွယ်၏ နာလန်ထလာမှု အခြေအနေနှင့်အညီ တဖြည်းဖြည်း ထုတ်ဖော်ပြလိမ့်မည် ဖြစ်သည်ကို ပြသသည်။ သို့သော် ဘုရားသဘောသဘာဝသည် တဖြည်းဖြည်း မကြီးထွားပေ။ ထို့ထက် ယင်းသည် လူ့ဇာတိခံ ဘုရားသခင်က အနှစ်သာရအားဖြင့် ပိုင်ဆိုင်သည့်အရာဖြစ်ပြီး လူသားများ၏ ဝိညာဉ်ရင့်ကျက်မှုနှင့် မတူပေ။

ဘုရားသခင်၏ လူသားများကို ဖန်ဆင်းခြင်းတွင် ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်တစ်ခု ရှိ၏၊ ယင်းမှာ ဘုရားသခင်က "အကယ်၍ လူသားမျိုးနွယ်အားလုံးသည် ငါ၏ အမျက်ဒေါသဖြင့် ဖျက်ဆီးခြင်း ခံခဲ့ရမည်ဆိုပါက၊ ကောင်းကင်နှင့် မြေကြီးကို ငါဖန်ဆင်းခြင်း၏ အရေးပါမှုမှာ မည်သည့်အရာ ဖြစ်မည်နည်း။" ဟု ပြောခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ လူသားများ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရသည့်နောက်တွင်၊ ဘုရားသခင်သည် သူ၏ မွေ့လျော်မှုအတွက်

ၵင်းတို့ထဲမှ တစ်စိတ်တစ်ဒေသကို ရယူရန် စီစဉ်ခဲ့သည်။ သူ၏ ရည်ရွယ်ချက်သည် လူသားအားလုံး ဖျက်ဆီးခြင်း ခံရဖို့ မဟုတ်သကဲ့သို့ ၎င်းတို့သည် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို အနည်းငယ်မျှ ချိုးဖောက်ခြင်းဖြင့် သုတ်သင်ချေမှုန်းခံရဖို့လည်း မဟုတ်ပေ။ ယင်းမှာ ဘုရားသခင်၏ အလိုတော် မဟုတ်ပေ။ ဘုရားသခင် ပြောဆိုခဲ့သကဲ့သို့ ယင်းသည် အဓိပ္ပာယ်မဲ့ပေမည်။ ဘုရားသခင်၏ ဉာဏ်ပညာ ပေါ်လွင်သည်မှာ ဤ "အဓိပ္ပာယ်မရှိမှု" အတိအကျကြောင့်သာ ဖြစ်သည်။ နောက်ဆုံးတွင် သူ့ကို အမှန်တကယ် ချစ်သောသူများကို ရွေးချယ်ရင်း လူအားလုံးကို ပြစ်တင်ဆုံးမရန်၊ တရားစီရင်ရန်နှင့် ထိုးနှက်ရန်အလို့ငှာ များစွာသော နည်းလမ်းဖြင့် စကားပြောဆိုခြင်းနှင့် အမှုပြုခြင်းတို့တွင် သာ၍ ကြီးမားသော အရေးပါမှုပင် ရှိသည် မဟုတ်လော။ ဘုရားသခင်၏ လုပ်ဆောင်ချက်များ ထုတ်ဖော်ပြခံရသောကြောင့်၊ လူသားများကို ဖန်ဆင်းခြင်းက သာ၍ပင် အရေးပါလာသည်မှာ ဤနည်းဟန်ဖြင့် အတိအကျ ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော် အများစုသည် ၎င်းတို့ကို လွင့်မျောသွားစေရုံသက်သက် ပြောဆိုထားခြင်း ဖြစ်သည်။ ဤသည်မှာ ရည်မှန်းချက်တစ်ခုကို စွမ်းဆောင်ရရှိရန်အလို့ငှာ ဖြစ်ပြီး၊ ဤအရာသည် သူ၏ နှုတ်ကပတ်တော် တစ်စိတ်တစ်ပိုင်းနှင့်ဆိုင်သည့် လက်တွေ့အရှိတရား အတိအကျ ဖြစ်ပေသည်။

# ဖြည့်စွက်ချက်- အခန်း ၁

သင်တို့လုပ်ဆောင်ဖို့ ငါတောင်းဆိုသည့်အရာသည် ငါပြောဆိုသည့် မရေရာသကဲ့သို့ အနှစ်မဲ့သည့် သဘောတရား မဟုတ်သကဲ့သို့ လူဦးနှောက်ဖြင့် စဉ်းစား၍မရနိုင်သည်လည်းမဟုတ်၊ သို့မဟုတ် လူ၏ ဇာတိခန္ဓာဖြင့် စွမ်းဆောင်၍ မရရှိနိုင်သည်လည်း မဟုတ်ပေ။ ငါ့အိမ်တော် အတွင်းတွင် မည်သူသည် ပြီးပြည့်စုံသော သစ္စာစောင့်သိနိုင်စွမ်းရှိသနည်း။ ငါ့နိုင်ငံတော်အတွင်းတွင် မည်သူသည် တတ်နိုင်သမျှ အစွမ်းကုန် ပူဇော်ဆက်ကပ်နိုင်သနည်း။ ငါ၏အလိုတော်နှင့် ဆိုင်သည့် ထုတ်ဖော်ပြခြင်းအတွက် မဟုတ်ပါက၊ ငါ့စိတ်နှလုံးကို ကျေနပ်စေရန် သင်တို့သည် မိမိတို့ကိုယ်ကိုယ် အမှန်တကယ် တောင်းဆိုကြမည်လော။ ငါ့စိတ်နှလုံးကို မည်သူမျှ နားမလည်ဖူးကြသကဲ့သို့ ငါ၏ အလိုတော်ကို မည်သူမျှ မသိမြင်ဖူးပေ။ ငါ့မျက်နှာကို မည်သူက မြင်ဖူးသနည်း သို့မဟုတ် ငါ့အသံကို မည်သူ ကြားဖူးသနည်း။ ပေတရုလော။ ပေါလုလော။ ယောဟန်လော။ ယာကုပ်လော။ မည်သူသည် ငါ့အားဖြင့် ယူတင်ဝတ်ဆင်ခြင်း

ခံရဖူးသနည်း သို့မဟုတ် ငါပိုင်ဆိုင်ခြင်းကို မည်သူခံရဖူးသနည်း သို့မဟုတ် ငါ၏ အသုံးပြုခြင်းကို မည်သူ ခံရဖူးသနည်း။ ပထမအကြိမ် ငါလူ့ဇာတိခံယူသည်မှာ ဘုရား၏ သဘောသဘာဝ အတွင်းတွင် ဖြစ်ပျက်ခဲ့သော်လည်း၊ ငါသည် ပုံသဏ္ဌာန်တစ်ခုဖြင့် လူ့ဇာတိမခံယူခဲ့ရသောကြောင့်၊ ငါ့ကိုယ်ငါ ယူတင်ဝတ်ဆင်ခဲ့သည့် လူ့ဇာတိသည် လူသား၏ဆင်းရဲဒုက္ခကို မသိခဲ့ပေ၊ ထို့ကြောင့် လူ့ဇာတိသည် ငါ့အလိုတော်ကို ပြည့်ဝစွာ လုပ်ဆောင်ခဲ့သည်ဟု ဆို၍မရနိုင်ပေ။ သာမန်လူ့သဘာဝရှိသည့် လူတစ်ဦးဖြင့် ငါ၏ ဘုရားသဘောသဘာဝက အဟန့်အတား သို့မဟုတ် တားဆီးပိတ်ပင်မှုမရှိဘဲ၊ ငါလုပ်မည့်အရာကို လုပ်ပြီး ငါ ပြောမည့်အရာကို ပြောဆိုနိုင်သည့်အခါမှသာ၊ ငါ၏အလိုကို လူ့ဇာတိ၌ လုပ်ဆောင်သည်ဟု ဆို၍ ရနိုင်ပေသည်။ ငါ၏ ပုံမှန်လူ့သဘာဝက ငါ၏ဘုရားသဘောသဘာဝကို ကွယ်ကာ ပေးနိုင်သောကြောင့်၊ ထိုသို့ဖြင့် နှိမ့်ချခြင်းနှင့် ကွယ်ဝှက်ခြင်းတို့ဆိုင်သည့် ငါ၏ရည်မှန်းချက်ကို စွမ်းဆောင်ရရှိပေသည်။ လူ့ဇာတိ၌ အမှု၏ အဆင့်အတွင်းတွင် ဘုရားသဘောသဘာဝသည် တိုက်ရိုက် ဆောင်ရွက်သော်လည်း၊ ထိုသို့သော လုပ်ရပ်များကို လူတို့ မြင်တွေ့ဖို့ မလွယ်ကူပေ၊ ယင်းမှာ သာမန်လူ့သဘာဝ၏ ဘဝနှင့် ဆောင်ရွက်ချက်များကြောင့်မျှသာ ဖြစ်သည်။ ဤလူ့ဇာတိခံယူခြင်းသည် ပထမလူ့ဇာတိခံယူခြင်းကဲ့သို့ ရက်ပေါင်းလေးဆယ် အစာမရှောင်နိုင်သော်လည်း၊ ပုံမှန်အလုပ်လုပ်ကာ စကားပြောနိုင်သည်။ သူသည် နက်နဲသောအရာများကို ထုတ်ဖော်ပြသော်လည်း အလွန်ပုံမှန် ဖြစ်သည်။ ယင်းမှာ လူတို့ထင်သကဲ့သို့ မဟုတ်ပေ- သူ၏အသံသည် မိုးချုန်းသံကဲ့သို့ မဟုတ်ပေ၊ သူ၏မျက်နှာသည် အလင်းဖြင့် မတောက်ပသကဲ့သို့၊ သူလမ်းလျှောက်သည့်အခါ ကောင်းကင်သည် မတုန်လှုပ်ပေ။ ထိုသို့ဖြစ်ပျက်ခဲ့ပါက၊ ဤတွင် ငါ၏ဉာဏ်ပညာထဲမှ မည်သည့်အရာမျှ ရှိမည်မဟုတ်သကဲ့သို့၊ စာတန်ကို အရှက်ရစေကာ အနိုင်ယူဖို့ ဖြစ်နိုင်မည် မဟုတ်ပေ။

သာမန်လူ့သဘာဝ၏ အကာအရံနောက်တွင် ငါ၏ဘုရားသဘောသဘာဝကို ငါ ပြသသည့်အခါတွင်၊ ငါသည် အပြည့်ဝဆုံး ဘုန်းထင်ရှားသည်၊ ငါ၏ကြီးမားသောအမှု ပြီးမြောက်ပြီး၊ မည်သည့်အရာကမျှ မည်သည့်အခက်အခဲမျှ မပါရှိပေ။ ဤသည်မှာ ငါ၏လူ့ဇာတိခံယူခြင်း၏ ရည်မှန်းချက်သည် အဓိကအားဖြင့် လူ့ဇာတိ၌ ငါ၏ဘုရားသဘောသဘာဝ၏ လုပ်ဆောင်ချက်များကို ငါ့ကိုယုံကြည်သောသူများအား ရှုမြင်ခွင့်ပေးရန်နှင့် လက်တွေ့ကျသော ဘုရားသခင်ကိုယ်တော်တိုင်ကို တွေ့မြင်ခွင့်ပေးရန် ဖြစ်ကာ၊ ထိုသို့ဖြင့် မြင်၍မရသကဲ့သို့ လက်ဆုပ်လက်ကိုင်ပြ၍ရသည့် ဘုရားသခင်က နေရာယူထားသော လူတို့၏ စိတ်နှလုံးများအတွင်းရှိ နေရာကို ပပျောက်စေရန် ဖြစ်သည်။

ပြည့်ဝသော ဘုရားသဘောသဘာဝ၏ အနှစ်သာရကို ပိုင်ဆိုင်စဉ်တွင်၊ ငါသည် ပုံမှန်လူတစ်ဦးကဲ့သို့ စားသောကြောင့်၊ မိမိကိုယ်ကိုယ် ဝတ်ဆင်သောကြောင့်၊ အိပ်စက်ကာ နေထိုင်ပြီး ပြုမူသောကြောင့်၊ ပုံမှန်လူတစ်ဦးကဲ့သို့ စကားပြောကာ ရယ်မောပြီး၊ ပုံမှန်လူတစ်ဦး၏ လိုအပ်ချက်များ ရှိသောကြောင့်၊ ငါသည် "လက်တွေ့ကျသောဘုရားသခင်" ဟု ခေါ်ဆိုခြင်းခံရ၏။ ဤသည်မှာ စိတ်ကူးသက်သက် မဟုတ်သကဲ့သို့၊ နားလည်ရန် လွယ်ကူသည်။ ယင်း၌ ငါ့အမှုတော်၏အချက်အချာသည် မည်သည့်အပိုင်း၌ တည်ရှိသည်ဆိုသည်နှင့် ငါ၏ အာရုံစိုက်ရာသည် အမှုတော်၏ မည်သည့်အဆင့်တွင်ရှိသည်ကို တွေ့မြင်နိုင်သည်။ ငါ၏ လူ့ဇာတိခံယူခြင်း၏ အဓိက ရည်မှန်းချက်မှာ သာမန်လူ့သဘာဝမှတစ်ဆင့် ဘုရားသဘောသဘာဝကို ထုတ်ဖော်ပြရန် ဖြစ်သည်။ ငါ့အမှုတော်၏ဗဟိုသည် တရားစီရင်ခြင်းခေတ်၏ ဒုတိယအပိုင်းတွင် ရှိသည်ကို မြင်တွေ့ရန် မခက်ပေ။

ငါ၌ မည်သည့်အခါတွင်မျှ လူ့အသက် မရှိဖူးသကဲ့သို့၊ လူသားမျိုးနွယ်၏ အရိပ်လက္ခဏာတစ်ခုမျှ မရှိဖူးပေ။ လူသားအသက်သည် ငါ့အထဲတွင် နေရာတစ်ခု မည်သည့်အခါတွင်မျှ မတည်ဖူးသကဲ့သို့၊ ငါ၏ဘုရားသဘောသဘာဝနှင့်ဆိုင်သည့် ထုတ်ဖော်ပြမှုကို မည်သည့်အခါတွင်မျှ မဖုံးဖိဖူးချေ။ ထို့ကြောင့် ကောင်းကင်ဘုံရှိ ငါ၏အသံနှင့် ငါ့ဝိညာဉ်တော်၏အလိုကို ပို၍ဖော်ပြလေလေ၊ စာတန်သည် ပို၍ အရှက်ရနိုင်လေလေဖြစ်ပြီး၊ ထို့ကြောင့် သာမန်လူ့သဘာဝအတွင်း၌ ငါ၏အလိုကို လုပ်ဆောင်ရန် ပို၍ လွယ်ကူလာလေလေ ဖြစ်သည်။ ဤအရာတစ်ခုတည်းက စာတန်ကို အနိုင်ယူပြီးဖြစ်သည်။ စာတန်သည် လုံးလုံး အရှက်ရနှင့်ပြီး ဖြစ်သည်။ ငါသည် ကွယ်ဝှက်သော်လည်း၊ ဤအရာက ငါ၏ ဘုရားသဘောသဘာဝနှင့်ဆိုင်သည့် မိန့်မြွက်ချက်များနှင့် ဆောင်ရွက်ချက်များကို မဟန့်တားပေ- ဤအရာက ငါသည် အောင်နိုင်ပြီးဖြစ်သကဲ့သို့ ပြီးပြည့်စုံစွာ ဘုန်းထင်ရှားပြီးဖြစ်သည်ကို ပြသရန် လုံလောက်ပေသည်။ လူ့ဇာတိ၌ ငါ၏အမှုသည် အတားအဆီးမရှိသောကြောင့်၊ ပြီးလျှင် ယခုတွင် လက်တွေ့ကျသော ဘုရားသခင်သည် လူတို့၏ နှလုံးသားများ၌ နေရာတစ်ခုရှိပြီးဖြစ်ကာ ၎င်းတို့၏ နှလုံးသားများတွင် အမြစ်တွယ်ထားပြီးဖြစ်သောကြောင့်၊ ငါသည် စာတန်ကို အနိုင်ယူပြီး ဖြစ်သည်ကို ယင်းက အပြည့်အဝ သက်သေပြပေသည်။ ပြီးလျှင် စာတန်သည် လူသားအလယ်တွင် နောက်ထပ် မည်သည့်အရာကိုမျှ လုပ်ဆောင်နိုင်စွမ်း မရှိသောကြောင့်၊ ပြီးလျှင် လူ၏ ဇာတိပကတိတွင် စာတန်၏အရည်အချင်းကို သွတ်သွင်းရန် ခက်ခဲသောကြောင့်၊ ငါ၏အလိုသည် အတားအဆီးမရှိဘဲ ရှေ့ဆက်သည်။ ငါ့အမှုတော်၏ ပါဝင်သည့်အကြောင်းအရာမှာ

အဓိကအားဖြင့် လူအားလုံးအား ငါ၏ အံ့သြဖွယ်ဖြစ်သော လုပ်ဆောင်ချက်များကို ရှုမြင်စေဖို့နှင့် ငါ၏စစ်မှန်သောမျက်နှာကို မြင်တွေ့စေရန် ဖြစ်သည်။ ငါသည် လက်လှမ်းမမီနိုင်သည် မဟုတ်၊ ငါသည် မိုးကောင်းကင်ထက် မြင့်မားနေသည် မဟုတ်သကဲ့သို့၊ ငါသည် ပုံသဏ္ဌာန်မဲ့ကာ ပုံဖမ်းမရသည်လည်း မဟုတ်ပေ။ ငါသည် လေကဲ့သို့ မြင်၍မရသည် မဟုတ်သကဲ့သို့၊ အလွယ်တကူ လွင့်သွားသည့် လွင့်မျောနေသော တိမ်တစ်ခုကဲ့သို့လည်း မဟုတ်ပေ။ ထိုအစား လူသားအလယ် ငါ အသက်ရှင်ပြီး ချိုမြိန်မှု၊ အချဉ်၊ အခါးနှင့် အစပ်တို့ကို လူသားအလယ် တွေ့ကြုံသော်လည်း၊ ငါ၏ ဇာတိခန္ဓာသည် လူသား၏ခန္ဓာနှင့် အခြေခံအားဖြင့် မတူပေ။ လူအများစုက ငါနှင့် ထိတွေ့ဆက်ဆံခြင်းတွင် အခက်အခဲရှိကြသော်လည်း၊ အများစုကလည်း ငါနှင့် ထိတွေ့ဆက်ဆံရန် တမ်းတကြသည်။ ယင်းမှာ လူ့ဇာတိခံ ဘုရားသခင်အတွင်းတွင် ကြီးမားပြီး နားလည်၍မရသော နက်နဲမှုများရှိသည့်အလား ဖြစ်သည်။ ဘုရားသဘောသဘာဝ၏ တိုက်ရိုက် ထုတ်ဖော်ပြခြင်းကြောင့်၊ ပြီးလျှင် လူသား၏ သွင်ပြင်နှင့်ဆိုင်သော အကာအရံကြောင့်၊ လူများက ငါသည် သနားကရုဏာနှင့်ပြည့်စုံပြီး ချစ်ခင်သည့် ဘုရားသခင်ဖြစ်သည်ဟု ယုံကြည်သော်လည်း၊ ငါ၏ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ကို ကြောက်ရွံ့လျက်၊ ငါ့ကို လေးစားသမှုဖြင့် ခပ်ဝေးဝေးမှ နေကြသည်။ ထို့ကြောင့် ၎င်းတို့၏ စိတ်နှလုံးများတွင် ၎င်းတို့သည် စိတ်အားထက်သန်မှုဖြင့် ငါနှင့်စကားပြောရန် ဆန္ဒရှိကြသော်လည်း၊ ၎င်းတို့ဆန္ဒရှိသည်အတိုင်း ၎င်းတို့ မလုပ်ဆောင်နိုင်ကြပေ- ၎င်းတို့နှလုံးသားများက ဆန္ဒရှိသည့်အရာကို လုပ်ဆောင်ဖို့ ၎င်းတို့မှာ ခွန်အား မရှိပေ။ ယင်းမှာ ဤအခြေအနေများရှိ အယောက်တိုင်း၏ အနေအထားများ ဖြစ်သည်- လူများသည် ဤသို့ ပို၍ဖြစ်လေလေ၊ ငါ့စိတ်သဘောထား၏ လက္ခဏာသွင်ပြင် အမျိုးမျိုးနှင့်ဆိုင်သည့် ထုတ်ဖော်ခြင်း၏ သက်သေသည် သာ၍ ကြီးမားလေလေဖြစ်ပြီး၊ ထိုသို့ဖြင့် လူတို့ ဘုရားသခင်အားသိခြင်း၏ ရည်မှန်းချက်ကို စွမ်းဆောင်ရရှိလေသည်။ သို့သော် ဤသည်မှာ သာမည ဖြစ်သည်။ အဓိကအချက်မှာ လူတို့အား ငါ၏လူ့ဇာတိ၏ လုပ်ဆောင်မှုများမှ အံ့သြဖွယ်ကောင်းသော ငါ၏ လုပ်ဆောင်ချက်များကို သိစေခြင်း၊ ဘုရားသခင်၏ အနှစ်သာရကို ၎င်းတို့အား သိရှိစေခြင်း ဖြစ်သည်။ လူတို့ထင်သကဲ့သို့ ငါသည် ပုံမှန်မဟုတ်သကဲ့သို့ သဘာဝထက်လွန်ကဲသောသူ မဟုတ်ပေ။ ထို့ထက် ငါသည် အရာခပ်သိမ်း၌ ပုံမှန်ဖြစ်သည့် လက်တွေ့ကျသောဘုရားသခင် ဖြစ်သည်။ လူတို့၏ အယူအဆများအတွင်းရှိ ငါ၏နေရာ ပပျောက်ပြီး ၎င်းတို့သည် လက်တွေ့အရှိတရား၌ ငါ့ကို သိရှိလာကြသည်။ ထိုအခါမှသာ လူများ၏စိတ်များ၌ ငါ၏စစ်မှန်သော နေရာကို ငါရယူပေသည်။

လူအပေါင်းတို့ရှေ့တွင်၊ ငါသည် လူတို့က ချစ်ခင်မြတ်နိုးသည့် သဘာဝထက်လွန်ကဲသော မည်သည့်အရာကိုမျှ လုံးဝ မလုပ်ဆောင်ဖူးဘဲ၊ အလွန့်အလွန် သာမန်ဖြစ်ကာ ပုံမှန်ဖြစ်ပေသည်။ ငါ၏လူ့ဇာတိခံ ခန္ဓာ၌ ဘုရားသခင်၏အရိပ်အယောင် တစ်ခုတစ်လေ ရှိသောအရာကို လူတို့အား တမင်တကာ တွေ့မြင်ခွင့်မပေးပေ။ သို့သော် ငါ့နှုတ်ကပတ်တော်များကြောင့်၊ လူတို့သည် လုံးဝ သိမ်းပိုက်ခံရပြီး ငါ၏သက်သေခံချက်ကို ကျိုးနွံနာခံကြသည်။ ထိုသို့ဖြင့်သာ ဒွိဟမရှိဘဲနှင့် ဘုရားသခင် ဧကန်အမှန် တည်ရှိသည်ဟု အပြည့်အဝ ယုံကြည်ခြင်း၏ အခြေခံအုတ်မြစ်အပေါ် အခြေခံ၍ လူ့ဇာတိ၌ရှိသည့် ငါ့ကို လူများ သိရှိလာကြသည်။ ဤနည်းဖြင့် ငါနှင့်ပတ်သက်သည့် လူတို့၏ အသိပညာသည် သာ၍ စစ်မှန်လာသည်၊ သာ၍ ရှင်းလင်းလာပြီး၊ ၎င်းတို့၏ ကောင်းမွန်သည့် အပြုအမူ၏ စွန်းထင်းခြင်းကို လုံးဝ မခံရပေ။ ဘုရားသဘောသဘာဝသည်သာ ဘုရားသခင်၏ စစ်မှန်သော မျက်နှာနှင့် ဘုရားသခင်၏ ပင်ကိုအရည်အသွေးဖြစ်သည့်အတွက်၊ အားလုံးသည် ငါ၏ဘုရားသဘောသဘာဝက တိုက်ရိုက်လုပ်ဆောင်ခြင်း၊ ငါ၏ ဘုရားသဘောသဘာဝနှင့်ပတ်သက်သည့် သာ၍ ကြီးမားသော အသိပညာကို လူတို့အား ပေးခြင်း၏ ရလဒ်ဖြစ်သည်။ ဤအရာကို လူတို့ မြင်သင့်သည်။ ငါလိုချင်သည့်အရာများမှာ ဘုရားသဘောသဘာဝ၌ရှိသည့် နှုတ်ကပတ်တော်များ၊ လုပ်ဆောင်ချက်များနှင့် လုပ်ရပ်များဖြစ်သည်- လူ့သဘာဝ၌ရှိသည့် စကားများနှင့် လုပ်ရပ်များကို ငါဂရုမစိုက်ပေ။ ငါ့ရည်မှန်းချက်မှာ ဘုရားသဘောသဘာဝဖြင့် အသက်ရှင်ရန်နှင့် ဆောင်ရွက်ရန် ဖြစ်သည်- ငါသည် လူ့သဘာဝ၌ အမြစ်တွယ်ကာ အညှောက်ထွက်ရန် ဆန္ဒမရှိသကဲ့သို့ လူ့သဘာဝ၌ နေထိုင်ရန် ဆန္ဒမရှိပေ။ ငါပြောနေသည့်အရာကို သင်တို့နားလည်သလော။ ငါသည် လူ့သဘာဝ၌ ဧည့်သည်ဖြစ်သော်လည်း၊ ဤအရာကို ငါ မလိုချင်ပေ။ ငါသည် ပြီးပြည့်စုံသည့် ဘုရားသဘောသဘာဝ၌ ဆောင်ရွက်ပြီး၊ ဤနည်းဖြင့်သာ လူများသည် ငါ၏စစ်မှန်သောမျက်နှာကို သာ၍ကောင်းမွန်စွာ နားလည်နိုင်ပေသည်။

## အခန်း ၁၀

အသင်းတော်အား တည်ဆောက်သည့် ကာလအတောအတွင်း ဘုရားသခင်သည် နိုင်ငံတော်အား တည်ဆောက်ခြင်းအကြောင်းကို ဖော်ပြပြောဆိုခြင်း မရှိသလောက် ဖြစ်သည်။ သူ စတင် ပြောဆိုသည့် အချိန်တွင်ပင်လျှင်၊ သူသည် အချိန်ကာလ၏ အသုံးအနှုန်းဖြင့် ထိုသို့ ပြောဆိုခဲ့သည်။ နိုင်ငံတော်ခေတ် ရောက်ရှိခဲ့ပြီးသည် နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည်

အသင်းတော် တည်ဆောက်ခြင်းအချိန်၏ အချို့သော နည်းစနစ်များနှင့် အလေးထားစရာများကို ရုတ်တရက် ပယ်ဖျက်လိုက်ပြီး၊ ယင်းတို့နှင့်ပတ်သက်၍၊ စကားတစ်လုံးမျှပင် လုံးဝတစ်ဖန် မမိန့်မြွက်ချေ။ ဤသည်မှာ အမြဲ သစ်လွင်ပြီး မည်သည့်အခါမျှ ဟောင်းနွမ်းခြင်း မရှိသော "ဘုရားသခင် ကိုယ်တော်တိုင်" ၏ အခြေခံကျသည့် အဓိပ္ပာယ် အတိအကျဖြစ်သည်။ အတိတ်ကာလတွင် လုပ်ဆောင်ပြီးစီးပြီး ဖြစ်နိုင်သည့် အရာများ သည်လည်း၊ နောက်ဆုံးတွင်တော့၊ ပြီးဆုံးသွားသော ခေတ်တစ်ခေတ်၏ အစိတ်အပိုင်းဖြစ်လေသည်၊ ထို့ကြောင့် ဘုရားသခင်သည် ထိုသို့သော ကုန်လွန်ခဲ့သည့် အဖြစ်အပျက်များကို ခရစ်တော် မတိုင်မီ အချိန်ကာလက ဖြစ်ပျက်လျက်ရှိပြီးဖြစ်သကဲ့သို့ အတန်းအစားခွဲလေသည်၊ မျက်မှောက်ခေတ်ကိုမူ ခရစ်တော်ပြီးနောက် အချိန်ကာလအဖြစ် သိရှိကြလေသည်။ ဤအရာမှ အသင်းတော်အား တည်ဆောက်ခြင်းသည် နိုင်ငံတော်အား တည်ဆောက်ခြင်းအတွက် မရှိမဖြစ် ရှိထားရမည့် လိုအပ်ချက်တစ်ခု ဖြစ်ခဲ့သည်ကို တွေ့မြင်နိုင်သည်။ ယင်းသည် ဘုရားသခင်အတွက် နိုင်ငံတော်ထဲတွင် သူ၏ အချုပ်အခြာ တန်ခိုးအာဏာ စွဲကိုင်ဖို့ အခြေခံအုတ်မြစ် ချပေးခဲ့သည်။ အသင်းတော်အား တည်ဆောက်ခြင်းသည် ယနေ့၏ အမြင်ရှုထောင့် အကျဉ်းချုပ်တစ်ခု ဖြစ်သည်။ ကမ္ဘာမြေပေါ် ရှိ ဘုရားသခင်၏ အမှုသည် အဓိကအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ခြင်းဖြစ်သည့် ဤအစိတ်အပိုင်းကို ဗဟိုပြုလေသည်။ အသင်းတော် တည်ဆောက်ခြင်းကို သူ အပြီးမသတ်မီတွင်၊ ဘုရားသခင်သည် လုပ်ဆောင်ရမည့် သူ၏ အမှုအားလုံးအတွက် ပြင်ဆင်မှုများ ပြုလုပ်နှင့်ခဲ့ပြီးဖြစ်ကာ အချိန်ကျသောအခါ သူသည် သူ၏ အမှုကို တရားဝင် စတင်လေသည်။ ဤသည်မှာ ဘုရားသခင်က၊ "နိုင်ငံတော်ခေတ်သည် စင်စစ်မှုကား အတိတ်က အချိန်ကာလများနှင့် ကွဲပြားခြားနားသည်။ ယင်းသည် လူတို့၏လုပ်ဆောင်ပုံနှင့် မသက်ဆိုင်ပေ၊ ထို့ထက် ငါသည် လူတို့က စိတ်မကူးနိုင်သကဲ့သို့ လုပ်ဆောင်၍လည်း မရနိုင်သော ငါ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် ကမ္ဘာမြေကြီးပေါ်သို့ ကြွဆင်းလာခဲ့ပြီဖြစ်သည်။" ဟု ပြောခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဧကန်အမှန်၊ ဤအမှုကို ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရမည် ဖြစ်သည်- မည်သည့် လူသားကမျှ ထိုသို့သော အမှုကို တတ်နိုင်စွမ်း မရှိပေ။ ၎င်းတို့သည် ယင်းအဖို့ အဆင့်မမီခြင်းသာ ဖြစ်သည်။ ဘုရားသခင်မှလွဲ၍ လူသားမျိုးနွယ်အလယ်တွင် မည်သူသည် ထိုသို့သော ကြီးမြတ်သည့်အမှုကို ဆောင်ရွက်နိုင်မည်နည်း။ အခြား မည်သူသည် လူသားမျိုးနွယ် တစ်ရပ်လုံးကို သေလုမြောပါးဖြစ်သည်ထိ "ညှဉ်းဆဲ" နိုင်စွမ်း ရှိသနည်း။ လူသားတို့သည် ထိုသို့သော အမှုကို စီစဉ်ဖို့ ဖြစ်နိုင်မည်လော။ သူက၊ "ငါ၏အမှုကို

ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် ကမ္ဘာမြေကြီးပေါ်သို့ ကြွဆင်းလာခဲ့ပြီ ဖြစ်သည်။”ဟု အဘယ်ကြောင့် ပြောသနည်း။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အာကာသတစ်ခုလုံးမှ အမှန်တကယ် ပျောက်ကွယ်သွားပြီး ဖြစ်နိုင်မည်လော။ “ငါသည် ငါ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် ကမ္ဘာမြေကြီးပေါ်သို့ ကြွဆင်းလာခဲ့ပြီ ဖြစ်သည်။” ဟူသည့် စာကြောင်းသည် ဘုရားသခင်၏ ဝိညာဉ်တော်သည် အမှုကို လုပ်ဆောင်ရန် ဇာတိပကတိတွင် လူ့ဇာတိခံယူသည်ဟူသည့် အချက်နှင့် ဘုရားသခင်၏ ဝိညာဉ်သည် လူသားမျိုးနွယ်မှတစ်ဆင့် ရှင်းလင်းပြတ်သားစွာ အမှုပြုလျက်ရှိသည်ဆိုသည့် အချက်နှစ်ခုလုံးကို ရည်ညွှန်းပေသည်။ သူ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခြင်းအားဖြင့် သူသည် များစွာသော လူတို့ကို ဘုရားသခင် ကိုယ်တော်တိုင်အား ၎င်းတို့၏ ပကတိမျက်လုံးများဖြင့် တွေ့မြင်ခွင့်ကို ပေးသည်။ ၎င်းတို့၏ ကိုယ်ပိုင် စိတ်ဝိညာဉ်များထဲတွင် သူ့ကို သေချာစွာ ရှာဖွေရန် ၎င်းတို့အတွက် မလိုအပ်ပေ။ ထို့အပြင် သူသည် လူသား၏ ဇာတိပကတိနှင့် ဘုရားသခင်၏ ဇာတိပကတိတို့ကြားတွင် ပဓာနကျသော ခြားနားချက်တစ်ခု ရှိသည်ကို ၎င်းတို့သား ပြသရင်း၊ လူသားအားလုံးကို ဝိညာဉ်တော်၏ လုပ်ဆောင်ချက်များအား ၎င်းတို့၏ ကိုယ်ပိုင်မျက်လုံးများဖြင့် တွေ့မြင်ခွင့်ပေးလေသည်။ တစ်ချိန်တည်းတွင်၊ အာကာသတစ်ခုလုံးအနှံ့ စကြဝဠာ လောကကြီး တစ်လျှောက်တွင်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် အမှုပြုနေ၏။ ဘုရားသခင်၏ နာမတော်ကို လက်ခံပြီးသည့်နောက် အသိဉာဏ်ပွင့်လင်းခြင်းခံရသော ဘုရားသခင်၏ လူအားလုံးတို့သည် ဘုရားသခင်၏ ဝိညာဉ်တော် မည်သို့ အမှုပြုသည်ကို တွေ့မြင်ကြပြီး၊ ထိုသို့ဖြင့် လူ့ဇာတိခံ ဘုရားသခင်နှင့် သာ၍ပင် အကျွမ်းဝင်လာကြလေသည်။ ထိုသို့ဖြင့် ဘုရားသခင်၏ ဘုရားသဘောသဘာဝက တိုက်ရိုက်အမှုပြုမှသာ- ဆိုလိုသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် တားဆီးနှောင့်ယှက်ခံရခြင်း စိုးစဉ်းမျှ မရှိဘဲ၊ အမှုပြုနိုင်သည့်အခါမှသာ- လူသားမျိုးနွယ်သည် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်နှင့် အကျွမ်းဝင် လာနိုင်ပေသည်။ ဤသည်မှာ နိုင်ငံတော် တည်ဆောက်ခြင်း၏အနှစ်သာရ ဖြစ်သည်။

ဘုရားသခင်သည် အကြိမ်မည်မျှ ဇာတိခန္ဓာ၌ လူ့ဇာတိ ခံယူပြီးပြီနည်း။ အကြိမ်ရေအချို့ ဖြစ်နိုင်မည်လော။ အဘယ်ကြောင့် ဘုရားသခင်သည် ကြိမ်ဖန်များစွာ၊ “ငါသည် တစ်ချိန်က လူ့လောကသို့ ကြွဆင်းလာခဲ့ပြီး လူတို့၏ ဆင်းရဲဒုက္ခကို တွေ့ကြုံခံစား၍ လေ့လာခဲ့သော်လည်း၊ ငါ့လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းခြင်း မရှိဘဲ၊ ယင်းသို့လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။”ဟု မှတ်ချက်ပေးလေပြီနည်း။ ယင်းမှာ ဘုရားသခင်သည် အကြိမ်ရေအချို့ လူ့ဇာတိ ခံယူပြီးဖြစ်သော်လည်း၊ လူသားမျိုးနွယ်က တစ်ကြိမ်တစ်ခါမျှ လုံးဝ

မသိရှိဖူးခြင်း ဖြစ်သလော။ ယင်းမှာ ဤပြောဆိုချက်က ဆိုလိုသည့်အရာ မဟုတ်ပေ။ ဘုရားသခင် ပထမအကြိမ် လူ့ဇာတိခံယူခဲ့ချိန်တွင်၊ သူ၏ ရည်မှန်းချက်မှာ လူသားများက သူ့ကို သိရှိကြဖို့ အမှန်တကယ် မဟုတ်ခဲ့ပေ။ ထို့ထက် သူသည် သူ၏အမှုကို ဆောင်ရွက်ခဲ့ပြီး၊ ထို့နောက် မည်သူမျှ သတိမထားမိလိုက်ဘဲနှင့်၊ သို့မဟုတ် သူ့အား သိရှိရန် အခွင့်အရေး တစ်ခုပင် မရှိဘဲ သူ ပျောက်ကွယ်သွားခဲ့သည်။ သူသည် လူတို့အား သူ့ကို အပြည့်အဝ သိရန် အခွင့်မပေးခဲ့သကဲ့သို့၊ လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်လည်း လုံးဝ မရှိခဲ့ချေ။ ထို့သို့ဖြင့် သူသည် အပြည့်အဝ လူ့ဇာတိခံယူပြီးဖြစ်သည်ဟု ဆို၍ မရနိုင်ပေ။ ပထမအကြိမ် လူ့ဇာတိခံယူခြင်းတွင်၊ သူသည် ယင်းအလုပ်ကို ဆောင်ရွက်ရန် အပြစ်နှင့်ပြည့်သော သဘာဝနှင့် ကင်းလွတ်သည့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အသုံးပြုရုံမျှ အသုံးပြုခဲ့သည်။ ထိုအရာ ပြီးစီးသည့်နောက်တွင်၊ နောက်ထပ် ဖော်ပြရန် မလိုအပ်ခဲ့ပေ။ ခေတ်ကာလများ တစ်လျှောက် ဘုရားသခင်၏ အသုံးပြုခြင်း ခံရသော လူများအတွက်မူ၊ ထိုသို့သော အဖြစ်အပျက်များကို “လူ့ဇာတိခံယူခြင်း”ဟု သာ၍ပင် မခေါ်ဆိုထိုက်ချေ။ ယနေ့ သာမန် လူ့သဘာဝတစ်ခု၏ အကာတစ်ခုအောက်၌ရှိပြီး၊ အတွင်း ပြီးပြည့်စုံသော ဘုရားသဘောသဘာဝရှိကာ၊ မိမိ၏ ရည်မှန်းချက်က လူသားမျိုးနွယ်ကို သူ့အား သိရှိခွင့်ပေးဖို့ဖြစ်သည့် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်ကိုသာ “လူ့ဇာတိခံယူခြင်း”ဟု အပြည့်အဝ ခေါ်ဆိုနိုင်ပေသည်။ ဤလောကထဲသို့ ဘုရားသခင်၏ ပထမအကြိမ် လည်ပတ်ခြင်း၏ ရည်ရွယ်ချက်မှာ ယနေ့ လူ့ဇာတိခံယူခြင်းဟု ခေါ်ဆိုသောအရာ၏ ရည်ရွယ်ချက်၏ ကဏ္ဍတစ်ရပ် ဖြစ်သည်- သို့သော် ဤအလည်အပတ်သည် လူ့ဇာတိခံယူခြင်းဟု ယခု သိရသည့်အရာ၏ ပြည့်ဝသော အဓိပ္ပာယ် လုံးဝ မပါဝင်ပေ။ ဤသည်မှာ ဘုရားသခင်က “ငါ့လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းခြင်း မရှိဘဲ။”ဟု ပြောခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များက ပြောသည့်အတိုင်း၊ “လူသားများ၏ဆင်းရဲဒုက္ခကို တွေ့ကြုံခံစားခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း” ဆိုသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် လူ့ဇာတိခံယူခြင်း နှစ်ခုကို ရည်ညွှန်းပေသည်။ ဤအကြောင်းကြောင့်၊ ဘုရားသခင်က၊ “နိုင်ငံတော်တည်ဆောက်ခြင်းကို စတင်သောအခါ၊ ငါခံယူထားသော ဇာတိပကတိသည် ငါ၏ အမှုတော်ကို တရားဝင် စတင်ထမ်းဆောင်သည်။ ဆိုလိုသည်မှာ နိုင်ငံတော်၏ ရှင်ဘုရင်သည် သူ၏အချုပ်အခြာအာဏာကို တရားဝင်စွဲကိုင်ခြင်းဖြစ်သည်။” ဟု ပြောခဲ့သည်။ အသင်းတော် တည်ဆောက်ခြင်းသည် ဘုရားသခင်၏ အမည်နာမအဖို့ သက်သေခံချက် တစ်ခု ဖြစ်သော်ငြားလည်း၊ အမှုသည် တရားဝင် စတင်ခဲ့သေးပေ။ ယနေ့တွင်သာ ယင်းကို နိုင်ငံတော်

တည်ဆောက်ခြင်းအဖြစ် ပြောဆိုနိုင်သည်။ ယခင်က လုပ်ဆောင်ခဲ့သော အရာအားလုံးသည် နမူနာတစ်ခုသာ ဖြစ်ခဲ့သည်။ ယင်းသည် စစ်မှန်သော အရာ မဟုတ်ပေ။ နိုင်ငံတော်သည် စတင်ခဲ့ပြီးဖြစ်သည်ဟု ပြောထားခဲ့သော်လည်း၊ ယင်းအထဲတွင် မည်သည့် အမှုကိုမျှ မလုပ်ဆောင်ရသေးချေ။ ယနေ့တွင်သာ ဘုရားသခင်၏ ဘုရားသဘော သဘာဝအတွင်းတွင် ယင်းအမှုသည် ယခု လုပ်ဆောင်လျက်ရှိပြီး၊ ဘုရားသခင်သည် သူ၏ အမှုကို တရားဝင် စတင်ပြီး ဖြစ်သောကြောင့်၊ လူသားမျိုးနွယ်သည် နောက်ဆုံးတွင် နိုင်ငံတော်ထဲသို့ ဝင်ရောက်ပြီး ဖြစ်သည်။ ထို့ကြောင့်၊ "လူ့လောကထဲသို့ နိုင်ငံတော်၏ ဆင်းသက်မှုသည် စာသားဆိုလိုရင်း အဓိပ္ပာယ်အတိုင်း သရုပ်သကန်ပြခြင်းသက်သက် ဖြစ်ရန်ဝေးစွ၊ ယင်းသည် စစ်မှန်သော အကြောင်းအရာတစ်ခုသည်၊ ဤသည်မှာ "လက်တွေ့လုပ်ဆောင်ခြင်းနှင့်ဆိုင်သော စစ်မှန်ခြင်း" အဓိပ္ပာယ်၏ လက္ခဏာတစ်ရပ် ဖြစ်သည်။" ဤကောက်နုတ်ချက်သည် အထက်က ရှင်းလင်းဖော်ပြခြင်း၏ လျော်ကန်သော အကျဉ်းချုပ်တစ်ခု ဖြစ်သည်။ ဤဖော်ပြချက်ကို ထောက်ပံ့ပေးပြီးသည့်နောက်၊ ဘုရားသခင်သည် လူတို့ကို အစဉ်တစိုက် အလုပ်ရှုပ်သော အခြေအနေတစ်ခုတွင် ချန်ထားရစ်လျက်၊ လူသားမျိုးနွယ်၏ ယေဘုယျ အခြေအနေ၏ ထူးခြားသောလက္ခဏာကို ဖော်ပြရန် ဆက်လက် လုပ်ဆောင်လေသည်။

"လောကကမ္ဘာကြီးတစ်လျှောက် လူတိုင်းသည် ငါ၏ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်အတွင်း၌ ရှိကြသော်လည်း၊ လူသားမျိုးနွယ် အားလုံးသည် ငါ၏ တရားစီရင်မှု အောက်တွင်လည်း ရှိကြကာ၊ ထိုနည်းတူစွာပင် ငါ၏စမ်းသပ်မှုများကိုလည်း ခံစားကြရသည်။" ဘုရားသခင်က စီစဉ်ထားသည်နှင့်အမျှ၊ လူသားအသက်တာသည် အချို့သော အခြေခံသဘောတရားများနှင့် စည်းမျဉ်းများအတိုင်း ထိန်းချုပ်ခံရပြီး၊ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်- ပျော်ရွှင်ခြင်း၏ အချိန်များ၊ စိတ်ပျက်ခြင်း အခိုက်အတန့်များအပြင် ကြွကြွခံရမည့် အခက်အခဲများ မှတစ်ဆင့် စစ်ဆေးခြင်း၏ အချိန်များ ရှိပေလိမ့်မည်။ ထို့ကြောင့် မည်သူမျှ ပျော်ရွှင်ခြင်း သက်သက်ရှိသော အသက်တာတစ်ခု သို့မဟုတ် ဆင်းရဲဒုက္ခ သက်သက်ရှိသော အသက်တာတစ်ခုကို ရှင်သန်ရလိမ့်မည် မဟုတ်ပေ။ အသက်တာတိုင်းသည် ယင်း၏ အတက်အကျတို့ ရှိကြလိမ့်မည်။ လူသားမျိုးနွယ်အားလုံး အနှံ့အပြား၌ ဘုရားသခင်၏ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့သာ ပေါ်လွင်သည် မဟုတ်ဘဲ၊ သူ၏ တရားစီရင်ခြင်းနှင့် သူ၏ စိတ်နေသဘောထား တစ်ရပ်လုံးသည်လည်း ပေါ်လွင်၏။ ယင်းမှာ လူသားအားလုံးသည် ဘုရားသခင်၏ စမ်းသပ်မှုများအလယ် ရှင်သန်ကြသည်ဟု ပြောနိုင်သည် မဟုတ်သလော။ ဤအပြောကျယ်သော လောကကြီး တစ်လျှောက်တွင်၊ လူသားများအားလုံးသည် မိမိတို့ကိုယ်တိုင်အတွက် ထွက်ပေါက်တစ်ခုကို

ရှာဖွေခြင်းဖြင့် အလုပ်များနေကြသည်။ ၎င်းတို့သည် မည်သည့်အခန်းကဏ္ဍကို ၎င်းတို့ လုပ်ဆောင်သည်ကို မသေချာကြသကဲ့သို့ အချို့သည် ၎င်းတို့၏ ကံကြမ္မာအတွက် မိမိတို့၏အသက်တာများကို ထိခိုက်နစ်နာစေကြသည် သို့မဟုတ် အဆုံးခံကြလေသည်။ ယောဘပင်လျှင် စည်းမျဉ်းနှင့် လွတ်ကင်းခြင်း မရှိပေ— သူသည်လည်း ဘုရားသခင်၏ စမ်းသပ်မှုကို ကြုံကြုံခံခဲ့ရသော်လည်း၊ မည်သို့ပင်ဆိုစေ သူသည် မိမိကိုယ်တိုင်အတွက် ထွက်ပေါက်တစ်ခု ရှာဖွေခဲ့ပေသည်။ ့ မည်သူမျှ ဘုရားသခင်၏ စမ်းသပ်မှုများတစ်လျှောက် ခိုင်မာစွာ မရပ်တည်နိုင်ဖူးပေ။ လူသား လောဘနှင့် သဘာဝကြောင့် မည်သူမျှ မိမိတို့၏ လက်ရှိ အခြေအနေနှင့်ပတ်သက်၍ အပြည့်အဝ စိတ်ကျေနပ်ခြင်း မရှိကြသကဲ့သို့ မည်သူမျှ စမ်းသပ်မှုများတစ်လျှောက် ခိုင်မာစွာ မရပ်တည်နိုင်ပေ။ အယောက်တိုင်းသည် ဘုရားသခင်၏ တရားစီရင်မှုအောက်တွင် ပြိုလဲကြရသည်။ အကယ်၍ ဘုရားသခင်သည် လူသားနှင့် ပတ်သက်၍ အလေးအနက်ထားခဲ့မည်ဆိုပါက၊ အကယ်၍ သူသည် လူတို့နှင့်ဆိုင်သည့် ထိုသို့သော အမှားမခံသည့် တောင်းဆိုချက်များကို ကိုင်စွဲထားဆဲ ဖြစ်ခဲ့မည်ဆိုပါက၊ ယင်းမှာ သူက၊ “လူသားမျိုးနွယ်စု တစ်ရပ်လုံးသည် ငါ၏တောက်လောင်သော စူးစိုက်ကြည့်ခြင်းအောက်တွင် ပြိုလဲကျပေလိမ့်မည်၊” ဟူ၍ ပြောခဲ့သည့် အတိုင်းသာ ဖြစ်ပေလိမ့်မည်။

နိုင်ငံတော်အား တည်ဆောက်ခြင်းသည် တရားဝင်စတင်ပြီး ဖြစ်သည် ဆိုသည့်အချက်ရှိသော်ငြားလည်း၊ နိုင်ငံတော်အား ဂုဏ်ပြုခြင်းသည် တရားဝင် ထွက်ပေါ်ရန် လိုသေး၏။ ယခုတွင် ယင်းသည် ဖြစ်လာမည့် အရာနှင့်ဆိုင်သည့် ပရောဖက်ပြုချက် တစ်ခုသာ ဖြစ်သည်။ လူအားလုံးသည် စုံလင်စေခြင်းခံရပြီး ကမ္ဘာမြေ၏ တိုင်းနိုင်ငံအားလုံး ခရစ်တော်၏ နိုင်ငံများဖြစ်လာသောအခါ၊ ယင်းသည် မိုးချုန်းသံ ခုနှစ်ချက် မြည်ဟီးချိန် ဖြစ်လိမ့်မည်။ မျက်မှောက်ခေတ်သည် ယင်းအဆင့်ဆီသို့ ခြေလှမ်းတစ်ခု ဖြစ်သည်။ ထိုနေ့ရက်ဆီသို့ ညွှန်ကြားချက်တစ်ခုကို စေလွှတ်လိုက်ပြီး ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အစီအစဉ်ဖြစ်ပြီး၊ မဝေးသည့် အနာဂတ်တွင် ယင်းသည် အကောင်အထည်ဖော်ခြင်း ခံရလိမ့်မည်။ သို့ရာတွင်၊ ဘုရားသခင်သည် သူမိန့်မြွက်ပြီးသော အရာအားလုံးကို ပြီးမြောက်ပြီး ဖြစ်သည်။ ထို့ကြောင့်၊ ကမ္ဘာမြေ၏ တိုင်းနိုင်ငံများသည် မြင့်မားသော ရေလှိုင်းများ နီးလာသည်နှင့်အညီ တုန်ခါနေသည့် သဲဖြင့်လုပ်ထားသော ရဲတိုက်များသာ ဖြစ်ကြသည်မှာ ရှင်းပေသည်။ နောက်ဆုံးသောနေ့ရက်သည် ကျရောက်အံ့ဆဲဆဲရှိပြီး အဆင်းနီသော နဂါးကြီးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အောက်တွင် လဲပြိုကျလိမ့်မည်။ သူ၏ အစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်ထားသည်ကို သေချာစေရန် ကောင်းကင်ဘုံ၏

ကောင်းကင်တမန်များသည် ဘုရားသခင်ကို စိတ်ကျေနပ်စေရန် ၎င်းတို့ အစွမ်းကုန် လုပ်ဆောင်ရင်း၊ ကမ္ဘာပေါ်သို့ သက်ဆင်းလာကြလေသည်။ လူ့ဇာတိခံ ဘုရားသခင် ကိုယ်တော်တိုင်သည် ရန်သူနှင့် စစ်ဆင်နွှဲရန် စစ်မြေပြင်သို့ တပ်ဖြန့်ထားပြီးဖြစ်၏။ လူ့ဇာတိခံယူခြင်း ပေါ်လာသည့် နေရာတိုင်းသည် ရန်သူ မျိုးဖြုတ်ခံရသည့် နေရာတစ်ခုမှ ဖြစ်သည်။ တရုတ်ပြည်သည် ဦးစွာပထမ အမြစ်ဖြုတ်ချေမှုန်းခံရမည် ဖြစ်သည်။ ယင်းသည် ဘုရားသခင်၏ လက်ဖြင့် သုံးမရအောင် ဖျက်ဆီးခြင်းခံရလိမ့်မည်။ ဘုရားသခင်သည် တရုတ်ပြည်အား လုံးဝ သနားညှာတာမည် မဟုတ်။ အဆင်းနီသော နဂါးကြီး၏ အဆင့်ဆင့် ပြိုလဲမှုသက်သေကို လူတို့၏ ဆက်လက်ရင့်ကျက်လာမှု၌ တွေ့မြင်နိုင်သည်။ ဤသည်မှာ မည်သူမဆိုအဖို့ သိသာကာ မြင်တွေ့နိုင်ပေသည်။ လူတို့၏ ရင့်ကျက်မှုသည် ရန်သူ၏ ကျဆုံးခြင်း လက္ခဏာဖြစ်သည်။ ဤသည်က "တိုက်ပွဲဆင်နွှဲသည်" ဟူသည်မှာ အဘယ်အရာကို ဆိုလိုကြောင်း ရှင်းပြချက် အနည်းငယ် ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ဘုရားသခင်သည် အဆင်းနီသော နဂါးကြီး၏ အကျည်းတန်မှု ဖြစ်သည့် လူသားများ၏ စိတ်နှလုံးများထဲက အယူအဆများက ကိုင်စွဲသည့် အဆင့်အတန်းကို ပျက်ပြယ်စေရန်၊ ဘုရားသခင်အတွက် လှပသော သက်သေများ ခံကြရန် အချိန် အတော်များများတွင် လူတို့ကို သတိပေးပြီးဖြစ်သည်။ ဘုရားသခင်သည် လူသား၏ ယုံကြည်ခြင်းကို သက်ဝင်လှုပ်ရှားစေရန် ထိုသို့သော သတိပေးချက်များကို အသုံးပြုပြီး၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် သူ၏ အမှု၌ အောင်မြင်မှုများကို စွမ်းဆောင်ရရှိသည်။ ဤသည်မှာ ဘုရားသခင်က၊ "လူတို့ လုပ်ဆောင်နိုင်စွမ်းရှိသည်မှာ အတိအကျအားဖြင့် အဘယ်အရာနည်း။ ငါကိုယ်တိုင် ယင်းအရာကို လုပ်ဆောင်လျှင် ပိုကောင်းသည် မဟုတ်လော။"ဟု ပြောပြီးသည့် အကြောင်းရင်း ဖြစ်သည်။ လူသားအားလုံးသည် ဤကဲ့သို့ ဖြစ်ကြပေသည်။ ၎င်းတို့သည် မတတ်စွမ်းနိုင်သည်သာမက၊ အလွယ်တကူလည်း စိတ်ဓာတ်ကျကာ စိတ်ပျက်တတ်ကြသည်။ ဤအကြောင်းကြောင့်၊ ၎င်းတို့သည် ဘုရားသခင်ကို မသိနိုင်ကြပေ။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ ယုံကြည်ခြင်းကို နိုးထစေရုံသာမက၊ သူသည် လူတို့ကို လျှို့ဝှက်စွာနှင့် စဉ်ဆက်မပြတ် ခွန်အားဖြင့်လည်း ပြည့်လျှမ်းနေစေသည်။

ဆက်လက်၍၊ ဘုရားသခင်သည် စကြဝဠာတစ်ခွင်လုံးကို စတင် စကားပြောသည်။ ဘုရားသခင်သည် သူ၏အမှုတော်အသစ်ကို တရုတ်ပြည်တွင် စတင်ပြီးဖြစ်သည်သာမက စကြဝဠာ အနှံ့အပြားတွင်လည်း သူသည် ယနေ့၏ အသစ်သောအမှုကို စတင်လုပ်ဆောင်ပြီးဖြစ်သည်။ အမှု၏ ဤအဆင့်တွင် ဘုရားသခင်သည် သူ့အား သစ္စာဖောက်ပြီးသော လူသားများအားလုံး သူ၏ပလ္လင်ရှေ့မှောက်တွင် ကျိုးနွံနာခံဖို့ တစ်ဖန်

လာကြဖို့အလို့ငှာ သူ၏ လုပ်ဆောင်ချက်များကို ကမ္ဘာလောက တစ်လျှောက် ထုတ်ဖော်ပြရန် ဆန္ဒရှိသောကြောင့်၊ ဘုရားသခင်၏ တရားစီရင်မှုသည် ဘုရားသခင်၏ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့ ပါရှိဆဲ ဖြစ်လိမ့်မည်။ ဘုရားသခင်သည် လူသားတို့အနေဖြင့် ဘုရားသခင်၏ ရှေ့မှောက်၌ရှိဖို့ ပြန်လည်တစ်လိမ့်လိမ့် ဝင်လာနိုင်ဖို့အလို့ငှာ ဘုရားသခင်ကို ဖွေရှာဖို့ ၎င်းတို့အား လှုံ့ဆော်ရင်း၊ လူသားများကို အထိတ်တလန့်ဖြစ်စေရန်၊ ကမ္ဘာလောကတစ်လျှောက် လတ်တလော အဖြစ်အပျက်များကို အခွင့်အလမ်းများအဖြစ် အသုံးပြုလေသည်။ ထို့ကြောင့်၊ ဘုရားသခင်က၊ "ဤသည်မှာ ငါအလုပ်လုပ်သော နည်းလမ်းများထဲမှ တစ်ခုဖြစ်ပြီး လူသားကို ကယ်တင်ရန်အတွက် လုပ်ဆောင်မှုတစ်ခု ဖြစ်ကြောင်း သံသယဖြစ်စရာ မရှိသည့်အပြင် ငါမှ သူ့အား ကမ်းလှမ်းသည့် အရာမှာ ချစ်ခြင်းမေတ္တာ တစ်မျိုးပင် ဖြစ်နေသေးသည်။" ဟု ပြောပေသည်။ ဤတွင် ဘုရားသခင်သည် စူးရှပြီး သူမတူဖြစ်သကဲ့သို့ သက်သောင့်သက်သာဖြစ်သော တိကျမှန်ကန်မှုနှင့် လူသား၏ စစ်မှန်သော သဘာဝကို ဖော်ထုတ်သည်။ ဤအရာသည် လူတို့ကို ရှက်ကြောက်ခြင်းဖြင့် ၎င်းတို့၏မျက်နှာများအား ဝှက်ထားရစ်စေပြီး လုံးဝ အရှက်ရစေလေသည်။ ဘုရားသခင် စကားပြောသည့် အချိန်တိုင်းတွင် လူတို့အနေဖြင့် စိတ်အေးသက်သာဖြစ်နေစဉ်တွင်၊ မိမိတို့ကိုယ်ကိုယ် သိရှိဖို့ မေ့လျော့မသွားစေရန်နှင့် မိမိတို့ကိုယ်ကိုယ် သိခြင်းအား အလုပ်ပေါင်း တစ်ခုဖြစ်သည်ဟု မတွေးထင်ကြဖို့အလို့ငှာ၊ သူသည် လူသားများ၏ ရှက်ဖွယ်ကောင်းသော ဆောင်ရွက်ချက်၏ အချို့သောကဏ္ဍကို တစ်နည်းနည်းဖြင့် အမြဲ ထောက်ပြနိုင်လေသည်။ လူသား၏ သဘာဝအရ၊ ဘုရားသခင်သည် ၎င်းတို့၏ အပြစ်အနာအဆာများကို ထောက်ပြခြင်းအား အခိုက်အတန့်မျှကြာ ရပ်တန့်ခဲ့မည်ဆိုပါက၊ ၎င်းတို့သည် အကျင့်ပျက်ကာ မာနထောင်လွှားဖွယ် ရှိလေသည်။ ဤသည်မှာ ဘုရားသခင်က၊ "လူသားမျိုးနွယ်သည် ၎င်းတို့အပေါ် ငါအပ်နှင်းခဲ့သော အမည်နာမများကို တန်ဖိုးထားရန်ဝေးစွ၊ ၎င်းတို့အထဲမှ များစွာတို့သည် 'အစေခံသူများ' ဟူသော ဂုဏ်ပုဒ်ကြောင့်၊ သူတို့၏ နှလုံးသားများထဲ၌ မကျေမချမ်းစိတ် သိုထားကြပြီး၊ များစွာတို့သည် 'ငါ၏လူများ' ဟူသော ဂုဏ်ပုဒ်ကြောင့် ၎င်းတို့၏ နှလုံးသားများထဲ၌ ငါ့အတွက် ချစ်ခြင်းမေတ္တာကို ပေါက်ဖွားစေကြသည်။ ငါ့အားလှည့်ဖြားရန် မည်သူမျှ မကြိုးစားသင့်ပေ၊ ငါ၏မျက်လုံးများသည် အရာအားလုံးကို မြင်တွေ့သည်။" ဟု ယနေ့ တစ်ဖန် ပြောရသည့် အကြောင်းရင်း ဖြစ်သည်။ လူသားများသည် ဤပြောဆိုချက်ကို ဖတ်ရှုရသည်နှင့်တစ်ပြိုင်နက် ၎င်းတို့သည် ချက်ချင်း စိတ်မသက်မသာ ခံစားရသည်။ ၎င်းတို့၏ အတိတ်က လုပ်ရပ်များသည် အလွန့်အလွန် မရင့်ကျက်လွန်းခဲ့သည်ကို ခံစားကြရသည်- ဘုရားသခင်အား

ပုန်ကန်ပြစ်မှားသော မရိုးသားသည့်လုပ်ရပ်မျိုးသာ ဖြစ်သည်။ ၎င်းတို့သည် လတ်တလောတွင် ဘုရားသခင်ကို စိတ်ကျေနပ်စေချင်ခဲ့ကြသည်၊ သို့သော် ၎င်းတို့သည် အလွန်တရာမှ စိတ်ကျေနပ်စေလိုကြသော်လည်း၊ ထိုသို့ လုပ်ဆောင်ဖို့ အစွမ်းကင်းမဲ့ကြပြီး၊ ၎င်းတို့ မည်သည့်အရာ လုပ်ဆောင်သင့်သည်ကို မသိကြချေ။ မရည်ရွယ်ပါဘဲနှင့်၊ ၎င်းတို့သည် အသစ်ပြုပြင်သော စိတ်ပိုင်းဖြတ်မှုဖြင့် ပြည့်လျှမ်းသွားကြသည်။ ဤသည်မှာ တစ်ယောက်သောသူသည် စိတ်အေးသက်သာဖြစ်လာပြီးသည့်နောက် ဤစကားလုံးများအား ဖတ်ရှုခြင်း၏ အကျိုးသက်ရောက်မှု ဖြစ်သည်။

တစ်ဖက်တွင်၊ ဘုရားသခင်က စာတန်သည် အဆိုးစွန် မိုက်မဲသည်ဟု ပြောစဉ်၊ အခြားတစ်ဖက်တွင် သူသည် လူသားအများစုက ဝေမျှကြသည့် အိုဟောင်းသော သဘာဝသည် ပြောင်းလဲခြင်း မရှိဟု ထောက်ပြလေသည်။ ဤအရာမှ စာတန်၏ လုပ်ရပ်များသည် လူသားမျိုးနွယ်များမှတစ်ဆင့် သိသာထင်ရှားသည်မှာ ရှင်းပေသည်။ ထို့ကြောင့် ဘုရားသခင်သည် လူသားများအား စာတန်၏ ဝါးမြိုခြင်းကို ခံရမည်စိုး၍ အကျင့်မပျက်ရန် မကြာခဏ သတိပေးလေသည်။ ဤသည်မှာ အချို့သော လူသားများက ပုန်ကန်ကြလိမ့်မည်ဆိုသည့် ပရောဖက်ပြုချက်များသာ မဟုတ်ပေ။ ထို့အပြင် ယင်းမှာ အတိတ်ကို အလျင်အမြန် ဘေးဖယ်ထားပြီး မျက်မှောက်ခေတ်ကို ဖွေရှာကြရန် လူအပေါင်းတို့ကို သတိပေးဖို့ မြည်နေသော သတိပေး ခေါင်းလောင်းသံတစ်ခု ဖြစ်သည်။ မည်သူမျှ မကောင်းဆိုးဝါးများ၏ ဝင်ပူးခြင်းခံရရန် ဆန္ဒမရှိကြပေ၊ သို့မဟုတ် နတ်ဆိုးများ၏ အနိုင်ယူမှု ခံရရန် ဆန္ဒမရှိကြပေ၊ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ၎င်းတို့အဖို့ သာ၍ပင် သတိပေးချက်နှင့် တိုက်တွန်းဆုံးမချက် ဖြစ်လေသည်။ သို့သော်လည်း၊ လူအများစုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားလုံးမှန်သမျှကို လွန်စွာ အရေးကြီး၍ လေးနက်စွာ သဘောထားသင့်သည်ဟု မှတ်ယူရင်း၊ အလွန်ပင် ဆန့်ကျင်ဖက် တစ်ဖက်စွန်းသို့ သဘောထားပြောင်းသွားကြသည့်အခါ၊ ဘုရားသခင်က၊ "လူအများစုသည် သူတို့မျက်စိအရသာခံနိုင်ရန်အတွက် သာ၍ပင်များသော နက်နဲဆန်းကြယ်မှုများကို ငါထုတ်ဖော်ရန် ငါ့ကို စောင့်မျှော်နေကြသည်။ သို့သော်လည်း သင်သည် ကောင်းကင်ဘုံ၏ နက်နဲဆန်းကြယ်မှုများအားလုံးကို နားလည်လာခဲ့သည်ဆိုလျှင်ပင် သင်သည် ထိုအသိပညာနှင့် အဘယ်အရာကို ပြုနိုင်မည်နည်း။ ယင်းသည် ငါ့အတွက် သင်၏ချစ်ခြင်းကို တိုးစေနိုင်မည်လော။ ယင်းသည် ငါ့အတွက် သင်၏ချစ်ခြင်းကို နှိုးဆွ ပေးလိမ့်မည်လော။" ဟူ၍ တစ်ပြန်တစ်လှည့် ပြောလေသည်။ ဤအရာမှ၊ လူသားများသည် ဘုရားသခင်ကို သိရန်နှင့် ဘုရားသခင်ကို ချစ်ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသုံးမပြုဘဲ ထို့ထက် ၎င်းတို့၏

"ဘဏ္ဍာသိုက်ငယ်" နှင့်ဆိုင်သည့် သိုလှောင်ရုံများကို တိုးလာစေရန်သာ အသုံးပြုကြသည်မှာ ထင်ရှားမြင်သာပေသည်။ ထို့ကြောင့် လူသားမျိုးနွယ်၏ အစွန်းရောက်ဝါဒကို ဖော်ပြရန် လူသားများ၏ ဘုရားသခင်အား ချစ်ခြင်းက လုံးဝ မဖြူစင်သည်ကို ထင်ဟပ်စေသည့် "၎င်းတို့၏ မျက်စိအရသာခံရန်" ဟူသည့် စကားစုကို အသုံးပြုပေသည်။ အကယ်၍ ဘုရားသခင်သည် နက်နဲမှုများကို မဖွင့်ဟခဲ့ပါက၊ လူသားများသည် သူ၏ နှုတ်ကပတ်တော်များအပေါ် သိပ်အလေးထားကြလိမ့်မည် မဟုတ်ဘဲ၊ ထို့ထက် ယင်းတို့ကို မြင်းကျောပေါ်တွင် ဒုန်းစိုင်း၍ စီးနေစဉ် ပန်းများအား နှစ်လိုစွာ ရှုစားသည့်အလား ရိပ်ခနဲအကြည့်တစ်ချက်၊ ဖျတ်ခနဲ ကြည့်ခြင်းတစ်ခုသာ ပေးပေမည်။ ၎င်းတို့သည် ဘုရားသခင်၏ မိန့်မြွက်ချက်များကို အမှန်တကယ် ဆင်ခြင်သုံးသပ်ရန် အချိန်ယူကြလိမ့်မည် မဟုတ်၊ သို့မဟုတ် အချိန်ယူစဉ်းစားကြလိမ့်မည် မဟုတ်ပေ။ လူအများစုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမှန်တကယ် ချစ်ခင်မြတ်နိုးခြင်း မရှိကြချေ။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ရန် ကြိုးစားပမ်းစား မလုပ်ဆောင်ကြပေ။ ထိုအစား ၎င်းတို့သည် ထိုနှုတ်ကပတ်တော်များကို ဝတ်ကျေတမ်းကျေ ဝေ့ကာသော့၍ ဖတ်ကြသည်။ အဘယ်ကြောင့် ဘုရားသခင်သည် အတိတ်အချိန်ကာလများက သူလုပ်ဆောင်ခဲ့သည်ထက် ကွဲပြားခြားနားသော နည်းလမ်းတစ်ခုဖြင့် ယခုတွင် ပြောဆိုရသနည်း။ အဘယ်ကြောင့် သူ၏ နှုတ်ကပတ်တော်များအားလုံးသည် အလွန် နားမလည်နိုင်စရာ ဖြစ်သနည်း။ အချို့သော ဥပမာများမှာ "ငါသည် ၎င်းတို့ကို ဤအမည်နာမများနှင့် ပေါ့ပေါ့တန်တန် မည်သည့်အခါမျှ သရဖူဆောင်း ပေးလိမ့်မည်မဟုတ်။" ဆိုသည့်အရာထဲက "သရဖူဆောင်းသည်" ဆိုသည့် စကား၊ "ငါ၏နှုတ်ကပတ်တော်များကို ပြုလုပ်ထားသည့် အသန့်စင်ဆုံးသော ရွှေစင်ကို လက်ခံနိုင်သောသူ တစ်စုံတစ်ယောက် ရှိသလော။" ဆိုသည့်အထဲက "အသန့်စင်ဆုံးသော ရွှေစင်" ဆိုသည့် စကား၊ ဘုရားသခင်၏ ယခင်က ဖော်ပြချက်ဖြစ်သည့် "စာတန်၏ မည်သည့် ခြယ်လှယ်ခံရခြင်းကိုမျှ ဖြတ်သန်း၍ မသွားဘဲ၊" အထဲမှ "ခြယ်လှယ်ခံရခြင်း" ဆိုသည့် စကားနှင့် အခြား ထိုသို့သော စကားစုများ ဖြစ်ကြသည်။ ဘုရားသခင်က အဘယ်ကြောင့် ဤနည်းဖြင့် စကားပြောဆိုသည်ကို လူသားတို့ နားမလည်ကြပေ။ သူသည် အဘယ်ကြောင့် ထိုသို့ အပြောင်အပြက်၊ ရယ်မောဖွယ်ရာ ဖြစ်ပြီး၊ စိတ်ဆွပေးသော နည်းဟန်နှင့် စကားပြောဆိုသည်ကို ၎င်းတို့ သဘောမပေါက်နိုင်ကြချေ။ ယင်းမှာ ဘုရားသခင်၏ စကားနှင့်ဆိုင်သည့် ရည်ရွယ်ချက် သရုပ်သကန်များ အတိအကျ ဖြစ်သည်။ အစအဦးကတည်းမှစ၍၊ လူသားများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမြဲ နားလည်သဘောပေါက်နိုင်စွမ်း မရှိကြသကဲ့သို့၊ သူ၏ မိန့်မြွက်ချက်များသည် ဧကန်အမှန်

အတော် လေးနက်ပြီး ပြင်းထန်သည့်အလား ထင်ရပေသည်။ ဟာသဉာဉ် အနည်းငယ်မျှ ပေါင်းထည့်ပေးခြင်းဖြင့်— ပြက်လုံးအနည်းငယ်ကို ဟိုဟိုသည်သည် ပေါင်းထည့် ပေးခြင်းဖြင့်— သူသည် သူ၏နှုတ်ကပတ်တော်ဖြင့် စိတ်လက် ပေါ့ပါးစေနိုင်ပြီး လူသားများအား ၎င်းတို့၏ ကြွက်သားများကို အတော်အတန် ပြေလျော့ခွင့် ပေးနိုင်လေသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်သည် လူသားတိုင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်အား တွေးဆဖို့ ဆွဲဆောင်ရင်း၊ သာ၍ပင် ကြီးမားသော အကျိုးသက်ရောက်မှုကို စွမ်းဆောင်ရရှိနိုင်လေသည်။

## အခန်း ၁၁

လူသား၏ ပကတိမျက်လုံးတွင် ဤကာလအတွင်း ဘုရားသခင်၏ မိန့်မြွက်ချက်များတွင် အပြောင်းအလဲ ရှိပုံမရပေ။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် လူတို့သည် ဘုရားသခင် စကားပြောဆိုရာတွင် အသုံးပြုသည့် နိယာမများကို သဘောပေါက်နိုင်စွမ်း မရှိကြသကဲ့သို့၊ သူ၏နှုတ်ကပတ်တော်များ၏ ဆက်စပ်အကြောင်းအရာကို နားမလည်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက်တွင်၊ ဤနှုတ်ကပတ်တော်များ၌ အသစ်သော နက်နဲမှု တစ်ခုတစ်လေရှိဖို့ လူတို့ မယုံကြည်ကြချေ။ ထို့ကြောင့် ၎င်းတို့သည် သာမန်ထက် ထူးကဲစွာ လန်းဆန်းသော ဘဝများကို နေထိုင်နိုင်စွမ်း မရှိကြသကဲ့သို့၊ ယင်းအစား မတိုးတက်ဘဲ၊ အသက်မပါသော ဘဝများကို အသက်ရှင်ကြ၏။ သို့သော် ဘုရားသခင်၏ မိန့်မြွက်ချက်များတွင် အဓိပ္ပာယ် သာ၍လေးနက်သည့် အဆင့်တစ်ခု၊ လူသားအဖို့ နားလည်၍ မရနိုင်သကဲ့သို့ လက်လှမ်းမမီနိုင်သော အရာတစ်ခု ရှိသည်ကို ငါတို့ မြင်ရသည်။ ယနေ့တွင် လူသားအတွက် ဘုရားသခင်၏ ထိုသို့သော နှုတ်ကပတ်တော်များကို ဖတ်ရလောက်အောင် ကံကောင်းဖို့ဆိုသည်မှာ ကောင်းချီးမင်္ဂလာ အားလုံးအနက် အကြီးမြတ်ဆုံး ဖြစ်၏။ ဤနှုတ်ကပတ်တော်များကို မည်သူမျှ မဖတ်ရှုခဲ့ပါက၊ လူသားသည် မိမိကိုယ်ကိုယ် မသိဘဲလျက်၊ အစဉ်အမြဲ မာနထောင်လွှားမည်၊ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူကာ အားနည်းချက်များ မည်မျှရှိသည်ကို သိကိုသိမည် မဟုတ်ပေ။ ဘုရားသခင်၏ နက်နဲသည့် နားလည်၍မရနိုင်သော နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက်တွင် လူတို့သည် ယင်းတို့ကို တိတ်တဆိတ် သဘောကျကာ ၎င်းတို့၏စိတ်နှလုံးများတွင် မုသားဖြင့် မစွန်းထင်းသည့် စစ်မှန်သည့် ခံယူချက် ရှိလေသည်။ ၎င်းတို့၏ စိတ်နှလုံးများသည် ပစ္စည်းအတုများ မဟုတ်ဘဲ၊ စစ်မှန်သည့် ပစ္စည်း ဖြစ်လာသည်။ ဤသည်မှာ လူတို့၏နှလုံးသားများတွင် အမှန်တကယ်

ဖြစ်ပျက်သည့်အရာ ဖြစ်၏။ အယောက်တိုင်းသည် ၎င်းတို့၏စိတ်နှလုံးတွင် ကိုယ်ပိုင်ဇာတ်လမ်း ရှိ၏။ ယင်းမှာ ၎င်းတို့က မိမိတို့ကိုယ်ကိုယ်၊ “ဤအရာကို ဘုရားသခင် ကိုယ်တော်တိုင်က ပြောခဲ့သည်မှာ အဖြစ်နိုင်ဆုံး ဖြစ်သည်— ဘုရားသခင် မဟုတ်ပါက၊ အခြားမည်သူသည် ထိုသို့သော နှုတ်ကပတ်တော်များကို မိန့်မြွက်နိုင်မည်နည်း။ ငါသည် ယင်းတို့ကို အဘယ်ကြောင့် မပြောနိုင်သနည်း။ ထိုသို့သောအမှုကို ငါ အဘယ်ကြောင့် လုပ်ဆောင်နိုင်စွမ်း မရှိသနည်း။ ဘုရားသခင်ပြောသော လူ့ဇာတိခံ ဘုရားသခင်သည် အမှန်တကယ် စစ်မှန်ကာ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ပုံရ၏။ ငါနောက်ထပ် သံသယ မဖြစ်တော့ပါ။ သို့မဟုတ်ပါက ဘုရားသခင်၏လက် ရောက်လာသည့်အခါတွင်၊ နောင်တရရန် အလွန် နောက်ကျသွားကောင်း ကျသွားနိုင်လိမ့်မည်...” ဟု ပြောနေကြသည့်အလား ဖြစ်သည်။ ဤသည်မှာ လူအများစုက ၎င်းတို့၏စိတ်နှလုံးတွင် တွေးထင်သည့်အရာဖြစ်သည်။ ဘုရားသခင် စတင်ပြောဆိုသည့်အချိန်မှ ယနေ့အထိ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ ပံ့ပိုးမှုမရှိဘဲနှင့် လူအားလုံးသည် လျော့ပါးပျောက်ကွယ်သွားပြီး ဖြစ်မည်ဟု ပြော၍ရပေသည်။ ဤအမှုအားလုံးကို ဘုရားသခင်ကိုယ်တိုင် လုပ်ဆောင်ထားခြင်း ဖြစ်ပြီး လူသားက လုပ်ဆောင်ခြင်း မဟုတ်ဟု အဘယ်ကြောင့် ပြောထားသနည်း။ အသင်းတော်၏ အသက်တာကို ပံ့ပိုးရန် ဘုရားသခင်သည် နှုတ်ကပတ်တော်များကို အသုံးမပြုခဲ့ပါက၊ အယောက်တိုင်းသည် သဲလွန်စ မရှိဘဲ ပျောက်သွားပေမည်။ ဤသည်မှာ ဘုရားသခင်၏ တန်ခိုး ဖြစ်သည် မဟုတ်လော။ ဤသည်မှာ အမှန်တကယ် လူသား၏ အပြောကောင်းခြင်းလော။ ဤသည်မှာ လူသား၏ တစ်မူထူးခြားသော ပါရမီများ ဖြစ်သလော။ လုံးဝမဟုတ်ပေ။ စိတ်ဖြာလေ့လာခြင်း မရှိဘဲနှင့်၊ ၎င်းတို့၏သွေးကြောများ တစ်လျှောက် မည်သည့်သွေးအမျိုးအစား စီးဆင်းနေသည်ကို မည်သူမျှ သိမည် မဟုတ်၊ ၎င်းတို့ နှလုံးမည်မျှရှိသည် သို့မဟုတ် ဦးနှောက် မည်မျှရှိသည်ကို သိမည် မဟုတ်သကဲ့သို့၊ ဘုရားသခင်ကို ၎င်းတို့သိသည်ဟု ၎င်းတို့အားလုံး ထင်ကြပေမည်။ ၎င်းတို့၏အသိပညာ အတွင်းတွင် ဆန့်ကျင်မှု ရှိနေဆဲ ဖြစ်သည်ကို ၎င်းတို့မသိကြသလော။ ဘုရားသခင်က၊ “လူသားမျိုးနွယ်ထဲက လူတိုင်းသည် ငါ့ဝိညာဉ်တော်၏ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးခံရခြင်းကို လက်ခံသင့်သည်၊ ၎င်းတို့၏ စကားလုံးတိုင်းနှင့် လုပ်ဆောင်ချက်တိုင်းကို အသေအချာ စစ်ဆေးသင့်သည်၊ ထို့ပြင် ငါ၏အံ့သြဖွယ်ရာ ဆောင်ရွက်ချက်များကို ကြည့်ရှုသင့်သည်။” ဟု ဘုရားသခင် ပြောသည်မှာ အံ့သြစရာ သိပ်မရှိပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ရောက်ရာပေါက်ရာ မဟုတ်သကဲ့သို့၊ အခြေခံအကြောင်းရင်း ကင်းမဲ့ခြင်း မရှိသည်ကို ဤအရာမှ မြင်နိုင်ပေသည်။ ဘုရားသခင်သည်

မည်သည့်လူကိုမျှ မမျှမတ မဆက်ဆံဖူးပေ။ ယောဘပင်လျှင် သူ၏ ယုံကြည်ခြင်းအားလုံးဖြင့် သက်ညှာမခံခဲ့ရပေ— သူသည်လည်း စိတ်ဖြာလေ့လာခြင်း ခံခဲ့ရပြီး၊ သူ၏အရှက်ရခြင်းမှ ပုန်းကွယ်စရာ နေရာမရှိဘဲ ဖြစ်သွားခဲ့ရသည်။ ယနေ့ လူတို့နှင့်သက်ဆိုင်၍မူ ဆိုဖွယ်ရာ ဘာမျှမရှိတော့ပေ။ ထို့ကြောင့် ထို့နောက်တွင် ဘုရားသခင်က၊ "ကမ္ဘာမြေပေါ် နိုင်ငံတော်ရောက်ရှိလာချိန်၌ သင်တို့ မည်သို့ခံစားရသနည်း။" ဟု ချက်ချင်း မေးမြန်းပေသည်။ ဘုရားသခင်၏ မေးခွန်းသည် အနည်းငယ်သာ အရေးကြီးသော်လည်း၊ ယင်းက လူတို့ကို စိတ်ရှုပ်သွားစေ၏- "ကျွန်ုပ်တို့ အဘယ်အရာ ခံစားရသနည်း။ နိုင်ငံတော် မည်သည့်အချိန်တွင် ရောက်ရှိလာမည်ကို ကျွန်ုပ်တို့ မသိသေးပေ၊ ထို့ကြောင့် ခံစားချက်များအကြောင်းကို ကျွန်ုပ်တို့ မည်သို့ ပြောနိုင်မည်နည်း။ ထို့အပြင် ကျွန်ုပ်တို့ ဘာမျှမသိပါ။ တစ်စုံတစ်ခုကို ခံစားရမည်ဆိုပါက၊ 'အလွန်အံ့အားသင့်ခြင်း' မှလွဲ၍ အခြား မည်သည့်အရာမျှ ဖြစ်မည်မဟုတ်။" အမှန်တွင် ဤမေးခွန်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ ရည်မှန်းချက် မဟုတ်ပေ။ အားလုံးထက်ပို၍ "ငါ့သားများနှင့် လူတို့ ငါ့ပလ္လင်ဆီသို့ တသီတတန်းလာကြသောအခါ၊ ငါသည် ဖြူသောပလ္လင်ကြီး ရှေ့မှောက်တွင် တရားစီရင်ခြင်းကို တရားဝင် စတင်သည်။" ဟူသည့် ဤဝါကျ တစ်ကြောင်းသည် ဝိညာဉ်လောက တစ်ခုလုံး၏ တိုးတက်မှုများကို အကျဉ်းချုပ်ထားခြင်း ဖြစ်၏။ ဤကာလအတွင်း ဘုရားသခင်သည် ဝိညာဉ်လောက၌ မည်သည့်အရာ လုပ်ဆောင်လိုသည်ကို မည်သူမျှ မသိသကဲ့သို့၊ ဘုရားသခင်က ဤနှုတ်ကပတ်တော်များကို မိန့်မြွက်သည့် နောက်တွင်သာ လူတို့၌ အနည်းငယ်မျှ နိုးထမှု တစ်ခု ရှိခြင်း ဖြစ်သည်။ ဘုရားသခင်၏အမှု၌ မတူကွဲပြားသည့်အဆင့်များ ရှိသောကြောင့်၊ စကြဝဠာ တစ်လျှောက်လုံးရှိ ဘုရားသခင်၏အမှုသည်လည်း ကွဲပြား၏။ ဤအချိန်ကာလ အတွင်းတွင်၊ ဘုရားသခင်သည် ဘုရားသခင်၏သားများနှင့် လူတို့ကို အဓိကအားဖြင့် ကယ်တင်၏။ ဆိုလိုသည်မှာ ကောင်းကင်တမန်တို့၏ ထိန်းကျောင်း ပေးခြင်းအားဖြင့် ဘုရားသခင်၏သားများနှင့် ဘုရားသခင်၏ လူတို့သည် ကိုင်တွယ်ဖြေရှင်းခံရခြင်းနှင့် ချိုးဖျက်ခံရခြင်းတို့ကို စတင် လက်ခံကြ၏၊ ၎င်းတို့သည် ၎င်းတို့၏အတွေးများနှင့် အယူအဆများကို ပပျောက်စေဖို့နှင့် ဤလောကကြီး၏ မည်သည့် အရိပ်လက္ခဏာကိုမဆို နှုတ်ဆက်စကားဆိုဖို့ တရားဝင် စတင်ကြလေသည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်ပြောထားသည့် "ဖြူသောပလ္လင်ကြီး ရှေ့မှောက်တွင် တရားစီရင်ခြင်း" သည် တရားဝင် စတင်လေသည်။ ယင်းသည် ဘုရားသခင်၏ တရားစီရင်ခြင်း ဖြစ်သောကြောင့်၊ ဘုရားသခင်သည် သူ၏အသံကို မိန့်မြွက်ရမည်— ပြီးလျှင် ပါဝင်သည့်အကြောင်းအရာ ကွဲပြားသော်လည်း၊ ရည်မှန်းချက်မှာ အမြဲ တူညီ၏။ ယနေ့တွင်

ဘုရားသခင် စကားပြောဆိုသည့် အသံနေအသံထားမှ အကဲဖြတ်ရာတွင်၊ သူ၏နှုတ်ကပတ်တော်များသည် လူစုတစ်စုစုကို ရည်ရွယ်ပုံရသည်။ အမှန်တွင်၊ ဤနှုတ်ကပတ်တော်များသည် အရာအားလုံးထက်ပို၍ လူသားမျိုးနွယ်၏ သဘာဝကို ညွှန်းဆိုခြင်း ဖြစ်သည်။ ယင်းတို့သည် လူသား၏ ကျောရိုးနာဗ်ကြောကို တိုက်ရိုက်ဖြတ်တောက်၏၊ ယင်းတို့သည် လူသား၏ ခံစားချက်များကို အလွတ်မပေးသကဲ့သို့ မည်သည့်အရာကိုမျှ ချန်ထားခြင်း မရှိဘဲ၊ မည်သည့်အရာကိုမျှ ဖြတ်သန်းခွင့်မပြုဘဲလျက်၊ ယင်းတို့သည် သူ၏အနှစ်သာရ တစ်ခုလုံးကို ထုတ်ဖော်ပြ၏။ ယနေ့မှစ၍ ဘုရားသခင်သည် လူသား၏စစ်မှန်သောမျက်နှာကို တရားဝင် ထုတ်ဖော်ပြ၏၊ ထို့ကြောင့် “ငါ၏နှုတ်ကပတ်တော်များကို စကြဝဠာတစ်ခွင်လုံးသို့ စတင်ညွှန်ကြား၏။” နောက်ဆုံးတွင် စွမ်းဆောင်ရရှိလိုက်သည့် အကျိုးတရားမှာ ဤအရာ ဖြစ်သည်- “မြေကြီးသည် ညစ်ညမ်းခြင်းနှင့် လူမှုကျင့်ဝတ် မစောင့်ထိန်းခြင်းတို့ မရှိတော့ဘဲ၊ သန့်ရှင်းသော နိုင်ငံတော် ဖြစ်စေရန်အလို့ငှာ၊ ငါသည် ကောင်းကင်ဘုံနှင့် ကမ္ဘာမြေပေါ် ရှိ လူခပ်သိမ်းနှင့် အရာခပ်သိမ်းတို့ကို ငါ၏ နှုတ်ကပတ်တော်တို့အားဖြင့် ဆေးကြောသန့်စင်မည်။” ဤနှုတ်ကပတ်တော်များသည် နိုင်ငံတော်၏ အနာဂတ်ကို တင်ပြ၏၊ ယင်းသည် ဘုရားသခင်က၊ “အရာအားလုံးသည် ကောင်းမွန်သော အသီးအပွင့် ဖြစ်သည်၊ အားလုံးသည်လုံ့လဝီရိယရှိသော လယ်လုပ်သူများ ဖြစ်ကြ၏။” ဟု ပြောခဲ့သည့်အတိုင်းသာ၊ ခရစ်တော်၏ နိုင်ငံတော် လုံးဝ ဖြစ်လေသည်။ ပင်ကို အားဖြင့်၊ ဤအရာသည် စကြဝဠာအနှံ့ ဖြစ်ပေါ်လိမ့်မည် ဖြစ်ပြီး တရုတ်နိုင်ငံထိသာ ကန့်သတ်ထားလိမ့်မည် မဟုတ်ပေ။

လူတို့က ၎င်းတို့၏ အယူအဆများတွင် ဘုရားသခင်နှင့် ပတ်သက်သည့် အသိပညာ အနည်းငယ် ရှိကြသည်မှာ ဘုရားသခင်က စတင် စကားပြောကာ ဆောင်ရွက်သည့် အချိန်တွင်သာ ဖြစ်သည်။ အစအဦး၌ ဤအသိပညာသည် ၎င်းတို့၏ အယူအဆများတွင်သာ တည်ရှိသော်လည်း အချိန်ကြာ လာသည်နှင့်အမျှ လူတို့၏အတွေးများသည် တိုး၍ အချည်းအနှီး ဖြစ်လာပြီး၊ လူသား အသုံးပြုရန်အတွက် မသင့်တော်ပေ။ ထို့ကြောင့် ၎င်းတို့သည် “၎င်းတို့၏ အသိဉာဏ်ထဲတွင် လက်တွေ့ကျသော ဘုရားသခင်အတွက် နေရာဖန်တီး”သည့် အတိုင်းအတာအထိ ဘုရားသခင် ပြောသမျှအားလုံးကို ၎င်းတို့ ယုံကြည်လာကြ၏။ လူတို့သည် လက်တွေ့ကျသော ဘုရားသခင်အတွက် နေရာတစ်နေရာ ရှိသည်မှာ ၎င်းတို့၏အသိစိတ်တွင်သာ ဖြစ်သည်။ သို့သော် အမှန်တွင် ၎င်းတို့သည် ဘုရားသခင်ကို မသိကြသကဲ့သို့၊ အချည်းနှီးသော စကားများမှလွဲ၍ မည်သည့်အရာကိုမျှ မပြောကြချေ။ သို့သော် အတိတ်နှင့်ယှဉ်ကြည့်ပါက၊ ၎င်းတို့သည် လက်တွေ့ကျသော

ဘုရားသခင် ကိုယ်တိုင်နှင့် ကြီးမားသည့် ကွဲပြားခြားနားမှု ရှိဆဲဖြစ်သော်လည်း၊ ကြီးမားသော တိုးတက်မှု ၎င်းတို့ ဖြစ်စေကြပြီး ဖြစ်သည်။ ဘုရားသခင်က "ငါသည် အဆက်မပြတ် စီးဆင်းနေသည့် လူတို့အကြား နေ့စဉ်နေ့တိုင်း လျှောက်လှမ်းပြီး လူတစ်ဦးစီ၏အတွင်း၌ ငါသည် နေ့စဉ်နေ့တိုင်း အလုပ်လုပ်၏။" ဟု အဘယ်ကြောင့် အမြဲ ပြောသနည်း။ ဘုရားသခင်က ထိုသို့သောအရာများကို ပြောလေလေ၊ လူတို့သည် ယင်းတို့ကို ယနေ့၏ လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်၏ လုပ်ဆောင်ချက်များနှင့် နှိုင်းယှဉ်နိုင်လေလေ ဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့သည် လက်တွေ့အရှိတရားတွင် လက်တွေ့ကျသော ဘုရားသခင်ကို သာ၍ ကောင်းစွာ သိနိုင်ကြပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူ့ဇာတိ၏ရှုထောင့်မှ ပြောဆိုထားပြီး လူသားမျိုးနွယ်၏ ဘာသာစကားကို အသုံးပြုလျက် မိန့်မြွက်ထားသောကြောင့်၊ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရုပ်ဝတ္ထုပစ္စည်းများနှင့် ယှဉ်၍ တိုင်းတာခြင်းအားဖြင့် နားလည်နိုင်ကြပြီး၊ ထိုသို့ဖြင့် ပိုမိုကြီးမားသော အကျိုးတရားကို စွမ်းဆောင်ရရှိလေသည်။ ထို့အပြင် ဘုရားသခင်သည် လူတို့၏ နှလုံးသားများထဲက "ငါ" နှင့် လက်တွေ့အရှိတရားထဲက "ငါ" တို့၏ ပုံရိပ်နှင့်သက်ဆိုင်၍ အဖန်ဖန် ပြောဆိုလေသည်၊ ယင်းက လူတို့အား ၎င်းတို့၏နှလုံးသားထဲက ဘုရားသခင်၏ ပုံရိပ်ကို ထုတ်ပယ်ရန် သာ၍ လိုလိုလားလား ရှိစေပြီး၊ ထိုသို့ဖြင့် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်ကို သိရှိဖို့နှင့် ထိတွေ့ဆက်ဆံရန် လိုလိုလားလား ရှိစေသည်။ ဤသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ ဉာဏ်ပညာ ဖြစ်သည်။ ဘုရားသခင်က ထိုသို့သောအရာများကို ပြောလေလေ၊ ဘုရားသခင်နှင့် ပတ်သက်သည့် လူတို့၏ အသိပညာအဖို့ သာ၍ အကျိုးရှိလေလေ ဖြစ်ပြီး၊ ထို့ကြောင့် ဘုရားသခင်က၊ "ငါသည် လူ့ဇာတိမခံယူခဲ့ပါက လူသားသည် ငါ့ကို မည်သည့်အခါမျှ သိမည် မဟုတ်ဘဲ၊ ငါ့အား သူသိလာခဲ့သော်မှ၊ ထိုကဲ့သို့သော အသိသည် အယူအဆ တစ်ခုမျှသာ ဖြစ်နေဦးမည် မဟုတ်လော။" ဟုပြောခြင်း ဖြစ်သည်။ အမှန်တွင် လူတို့သည် ၎င်းတို့၏အယူအဆများအတိုင်း ဘုရားသခင်ကို သိရန် လိုအပ်ခဲ့ပါက၊ ယင်းသည် ၎င်းတို့အတွက် လွယ်ကူပေမည်။ ၎င်းတို့သည် သက်သောင့်သက်သာ ရှိကာ ပျော်ရွှင်ကြမည် ဖြစ်ပြီး၊ ထို့ကြောင့် ဘုရားသခင်သည် အစဉ်အမြဲ မရေမရာ ဖြစ်ကာ လူတို့၏နှလုံးသားများတွင် လက်တွေ့ကျမည် မဟုတ်ချေ၊ ယင်းက ဘုရားသခင် မဟုတ်ဘဲ စာတန်က စကြဝဠာ တစ်ခုလုံးအပေါ် အုပ်စိုးမှု ကိုင်စွဲသည်ကို သက်သေပြပေမည်။ ထို့ကြောင့် "ငါ၏တန်ခိုးအာဏာကို ငါ ပြန်လည် ရုပ်သိမ်းပြီးဖြစ်သည်။" ဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အစဉ်အမြဲ အချည်းနှီး ဖြစ်ပေမည်။

ဘုရား၏သဘောသဘာဝက တိုက်ရိုက် ဆောင်ရွက်ရန် စတင်ချိန်တွင်၊ ယင်းသည် နိုင်ငံတော်သည် လူသား၏လောကသို့ တရားဝင် ဆင်းသက်သည့် အချိန်လည်း ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ ပြောဆိုထားသည်မှာ လူသားအလယ်မှ နိုင်ငံတော်ကို ပုံဖော်သည်ဟူ၍ မဟုတ်ဘဲ၊ လူသားအလယ် နိုင်ငံတော် ဆင်းသက်သည်ဟူ၍ ဖြစ်သည်— ထို့ကြောင့် ယနေ့ ပြောဆိုထားသည့်အရာမှာ နိုင်ငံတော် တည်ဆောက်ခြင်း ဖြစ်ပြီး၊ ယင်းက မည်သို့ ပုံဖော်သည်ဆိုသည့်အရာ မဟုတ်ပေ။ ဘုရားသခင်သည် "အရာခပ်သိမ်း တိတ်ဆိတ်သွားကြ၏" ဟု အဘယ်ကြောင့် အမြဲပြောသနည်း။ အရာခပ်သိမ်း ရပ်တန့်ကာ မလှုပ်မယှက်ဖြစ်သွား၍များ ဖြစ်နိုင်မည်လော။ ကြီးမားသောတောင်တန်းများ အမှန်တကယ် တိတ်ဆိတ်သွား၍များ ဖြစ်နိုင်မည်လော။ သို့ဆိုလျှင် လူတို့သည် ဤအရာနှင့်သက်ဆိုင်၍ မည်သည့်ခံစားချက်မျှ မရှိကြသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော် မှားယွင်းနေသောကြောင့်များ ဖြစ်နိုင်မည်လော။ သို့မဟုတ် ဘုရားသခင်သည် ချဲ့ကား၍များ ပြောနေသလော။ ဘုရားသခင် လုပ်ဆောင်သည့် အရာရာတိုင်းကို သေချာသော ပတ်ဝန်းကျင် တစ်ခုအတွင်း ဆောင်ရွက်ထားခြင်း ဖြစ်သည်၊ မည်သူမျှ ယင်းကို မသိကြပေ သို့မဟုတ် ၎င်းတို့၏ ကိုယ်ပိုင်မျက်လုံးများဖြင့် သိမြင်နိုင်စွမ်း မရှိကြသကဲ့သို့၊ လူတို့ လုပ်ဆောင်နိုင်သမျှ အားလုံးမှာ ဘုရားသခင် စကားပြောသည်ကို နားထောင်ရန် ဖြစ်သည်။ ဘုရားသခင် ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဘုန်းအာနုဘော်ကြောင့်၊ ဘုရားသခင် ရောက်ရှိလာသည့်အခါတွင်၊ ကောင်းကင်နှင့်မြေကြီးပေါ်တွင် ကြီးမားသော အပြောင်းအလဲ တစ်ခု ဖြစ်ပြီးသည့်အလား ဖြစ်လေသည်။ ပြီးလျှင် ဘုရားသခင်အဖို့၊ ဤအခိုက်အတန့်ကို အားလုံးက စောင့်ကြည့်နေပုံရလေသည်။ ယနေ့တွင် အမှန်တရားများ ရောက်မလာကြသေးပေ။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ တိုက်ရိုက် အနက်အဓိပ္ပာယ်၏ တစ်စိတ်တစ်ဒေသမှ အနည်းငယ် သင်ယူကြပြီးရုံမျှ ရှိလေသည်။ စစ်မှန်သောအဓိပ္ပာယ်သည် ၎င်းတို့၏အယူအဆများကို ၎င်းတို့ကိုယ်တိုင် ထုတ်ပယ်သည့်အချိန်ကို စောင့်ဆိုင်းနေ၏။ ထိုအခါမှသာ လူ့ဇာတိခံ ဘုရားသခင် မြေကြီးပေါ်နှင့် ကောင်းကင်တို့တွင် ယနေ့ မည်သည့်အရာ လုပ်ဆောင်နေသည်ကို ၎င်းတို့ သိလာကြလိမ့်မည်။ တရုတ်နိုင်ငံရှိ ဘုရားသခင်၏လူတို့တွင် အဆင်းနီသော နဂါးကြီး၏ အဆိပ်သာ ရှိသည် မဟုတ်ပေ။ ၎င်းတို့အထဲ၌ အဆင်းနီသော နဂါးကြီး၏ သဘာဝကိုလည်း သာ၍ အလျှံအပယ်နှင့် သာ၍ ရှင်းလင်းစွာ ထုတ်ဖော်ပြပေသည်။ သို့ရာတွင် ဘုရားသခင်သည် အဆင်းနီသော နဂါးကြီး၏ အဆိပ်အကြောင်းကို အနည်းငယ် ဖော်ပြရုံမျှ ဖော်ပြလျက်၊ ဤအရာကို တိုက်ရိုက် မပြောပေ။ ဤနည်းဖြင့် သူသည် လူသား၏ အမာရွတ်များကို တိုက်ရိုက် မဖော်ထုတ်ပေ၊ ယင်းသည်

လူသား၏တိုးတက်မှုအတွက် ပိုမို အကျိုးရှိ၏။ အဆင်းနီသောနဂါးကြီး၏ သားပေါက်များသည် အခြားသူများ ရှေ့မှောက်တွင် အဆင်းနီသောနဂါးကြီး၏ သားစဉ်မြေးဆက်များဟု အခေါ် ခံရရန် မနှစ်သက်ကြပေ။ ယင်းမှာ "အဆင်းနီသောနဂါးကြီး" ဟူသော စကားလုံးများက ၎င်းတို့ကို အရှက်ရစေသည့်အလား ဖြစ်၏။ ၎င်းတို့ထဲမှ မည်သူမျှသည် ဤစကားလုံးများကို ပြောဆိုရန် လိုလားနေခြင်း မရှိကြသောကြောင့်၊ ဘုရားသခင်က၊ "ငါ့အမှု၏ ဤအဆင့်သည် အဓိကအားဖြင့် သင်တို့အပေါ် ဗဟိုပြုထားခြင်းဖြစ်ပြီး၊ ဤသည်မှာ တရုတ်နိုင်ငံတွင် ငါလူ့ဇာတိခံယူခြင်း၏ အရေးပါမှုလက္ခဏာ တစ်ခုဖြစ်သည်။" ဟုသာ ဆိုခြင်းဖြစ်၏။ သာ၍တိကျစွာ ဆိုရလျှင်၊ ဘုရားသခင်သည် အဆင်းနီသော နဂါးကြီး၏သားပေါက်များ၏ သမားရိုးကျ ကိုယ်စားလှယ်များကို သိမ်းပိုက်ရန် အဓိက ကြွလာပြီးဖြစ်၏၊ ယင်းသည် တရုတ်နိုင်ငံတွင် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ အရေးပါမှု ဖြစ်လေသည်။

"လူသားအကြား ငါကိုယ်တိုင်လာသည့်အခါ၊ ကောင်းကင်တမန်တို့သည် လုပ်ကျွေးခြင်းအမှုကို တစ်ပြိုင်နက် စတင်ကြ၏။" အမှန်အားဖြင့်၊ ကောင်းကင်တမန်တို့သည် လူအားလုံးအလယ် ၎င်းတို့၏အလုပ်ကို စတင်သည့်အချိန်တွင်သာ ဘုရားသခင်၏ဝိညာဉ်တော်သည် လူ့လောကသို့ ကြွရောက်လာသည်ဟု တိုက်ရိုက် အနက်အဓိပ္ပာယ်ယူထားခြင်း မဟုတ်ပေ။ ထိုအစား အမှု၏ ဤအစိတ်အပိုင်း နှစ်ခု- ဘုရားသဘောသဘာဝ၏ အမှုနှင့် ကောင်းကင်တမန်တို့အား ထိန်းကျောင်းခြင်း အမှု- တို့ကို တစ်ပြိုင်နက် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဆက်လက်၍၊ ဘုရားသခင်သည် ကောင်းကင်တမန်တို့ကို ထိန်းကျောင်းခြင်း အကြောင်းကို အနည်းငယ် ပြောဆိုလေသည်။ သူက "သားတို့နှင့် လူတို့အားလုံးသည် စမ်းသပ်မှုများနှင့် ထိန်းကျောင်းခြင်းတို့ကို ရရှိရုံသာမက၊ ရူပါရုံများ အမျိုးမျိုး ဖြစ်ပေါ် ခြင်းကိုလည်း ၎င်းတို့ ကိုယ်တိုင်၏မျက်လုံးဖြင့် ရှုမြင်နိုင်ကြ၏။" ဟုပြောသည့်အခါ၊ လူအများစုသည် "ရူပါရုံများ" ဟူသည့် စကားလုံးနှင့်ပတ်သက်၍ အလျှံပယ် ဖြစ်သော စိတ်ကူးစိတ်သန်းများ ရှိကြလေသည်။ ရူပါရုံများမှာ လူတို့၏စိတ်ကူးများထဲက သဘာဝလွန် အဖြစ်အပျက်များကို ရည်ညွှန်းခြင်း ဖြစ်သည်။ သို့ရာတွင် အမှု၏ ပါဝင်သည့်အကြောင်းအရာမှာ လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်နှင့်သက်ဆိုင်သည့် အသိပညာအဖြစ် ဆက်လက် တည်ရှိနေမြဲဖြစ်သည်။ ရူပါရုံများသည် ကောင်းကင်တမန်များ အလုပ်လုပ်သည့် နည်းလမ်းဖြစ်၏။ ယင်းတို့သည် လူတို့အား ကောင်းကင်တမန်များ၏ တည်ရှိခြင်းကို သိမြင်ခွင့်ပေးလျက်၊ ခံစားချက်များ သို့မဟုတ် အိပ်မက်များကို ပေးနိုင်သည်။ သို့ရာတွင် လူတို့အဖို့ ကောင်းကင်တမန်များသည် မြင်၍မရနိုင်မြဲ ဖြစ်နေသည်။ ဘုရားသခင်၏ သားများနှင့် ဘုရားသခင်၏လူတို့အကြား ၎င်းတို့

အလုပ်လုပ်သည့် နည်းစနစ်သည် ၎င်းတို့ကို တိုက်ရိုက် အသိဉာဏ်ပွင့်လင်းစေရန်နှင့် အလင်းပေးရန် ဖြစ်ပြီး၊ ယင်းတို့အပြင် ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ချိုးဖျက်ခြင်းတို့ ဖြစ်သည်။ ၎င်းတို့သည် တရားဒေသနာများ ပေးခဲ၏။ ပင်ကိုအားဖြင့်၊ လူတို့အကြား ဆက်သွယ်ပြောဆိုခြင်းသည် ခြွင်းချက်ဖြစ်သည်- ဤသည်မှာ တရုတ်ပြည် ပြင်ပတွင် ဖြစ်ပျက်နေသည့်အရာ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များတွင် ပါဝင်သည်မှာ လူသားမျိုးနွယ် အားလုံး၏ နေထိုင်မှု အခြေအနေများနှင့်ဆိုင်သည့် ထုတ်ဖော်ပြချက် ဖြစ်၏— ပင်ကိုအားဖြင့်၊ ဤသည်မှာ အဆင်းနီသောနဂါးကြီး၏ သားပေါက်များကို အဓိက ဦးတည်ထားခြင်း ဖြစ်သည်။ လူသားမျိုးနွယ်အားလုံး၏ အခြေအနေ အမျိုးမျိုးထဲမှ၊ ဘုရားသခင်သည် စံနမူနာအဖြစ် အသုံးတော်ခံဖို့ ကိုယ်စားလှယ်များ ဖြစ်သူတို့ကို ရွေးချယ်၏။ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူတို့အား ကိုယ်လုံးတီး ချွတ်စေကာ၊ ၎င်းတို့သည် အရှက်တရား သို့မဟုတ်ပါက ထိန်လင်းနေသောအလင်းမှ ကွယ်ဝှက်ရန် အချိန်မရှိခဲ့ခြင်းလည်းဖြစ်နိုင်ပြီး၊ ၎င်းတို့ထွင်ထားသည့် နည်းစနစ်များဖြင့် ပြန်လည် အနိုင်ယူခံလိုက်ရသည်။ လူသား၏ အပြုအမူ များစွာတို့သည် ဘုရားသခင်က ရှေးကာလများမှ ယနေ့တိုင် ရေးဆွဲခဲ့ပြီး ယနေ့မှ မနက်ဖြန်ခါအထိ သူ ရေးဆွဲမည့် လိုသည်ထက်ပိုသော ပုံရိပ်များ ဖြစ်ကြသည်။ သူရေးဆွဲသမျှအရာ အားလုံးမှာ လူသား၏အကျည်းတန်မှု ဖြစ်၏- အချို့သည် ၎င်းတို့၏ မျက်လုံးများမှ အမြင်အာရုံ ဆုံးရှုံးခြင်းအတွက် ဝမ်းနည်းပူဆွေးနေပုံရလျက်၊ အမှောင်ထဲတွင် ငိုကြွေးကြ၏၊ အချို့မှာ ရယ်မောကြသည်၊ အချို့မှာ ကြီးမားသောလှိုင်းများ၏ ပုတ်ခတ်ခြင်းကို ခံရ၏၊ အချို့မှာ လှိုင်းထနေသည့် တောင်ပေါ်လမ်းများအပေါ် လျှောက်လှမ်းကြသည်၊ အချို့မှာ ကြောက်ရွံ့မှုဖြင့် တုန်ယင်လျက် လေးကြိုး မြည်သံကြောင့် ထိတ်လန့်သွားသည့် ငှက်တစ်ကောင်ကဲ့သို့၊ တောင်များထဲရှိ တောရိုင်းတိရစ္ဆာန်များ၏ အစားခံရမည်ကို လွန်စွာ ကြောက်ရွံ့ရင်း ကျယ်ပြန့်သော တောကြီးမျက်မည်း အလယ် ရှာဖွေနေကြသည်။ ဘုရားသခင်၏လက်ထဲတွင် ဤများစွာသော အကျည်းတန်သည့် ဟန်ပန်များသည် စိတ်ထိခိုက်စရာ ဖြစ်လာသည်၊ အသက်ပါသည့် ဇာတ်လမ်းဇာတ်ကွက် တစ်ပုဒ် ဖြစ်လာသည်၊ ယင်းတို့ အများစုသည် ကြည့်ရှုဖို့ အလွန် ကြောက်မက်ဖွယ် ကောင်းလှ၏ သို့မဟုတ်ပါက လူတို့အား ကြက်သီးမွေးညင်း ထစေပြီး၊ စိတ်ရှုပ်ထွေးစေကာ ကမောက်ကမ ဖြစ်သွားစေလောက်ပေသည်။ ဘုရားသခင်၏ အမြင်တွင်၊ လူသား၌ ထင်ရှားသမျှအရာ အားလုံးမှာ အကျည်းတန်မှုသာ ဖြစ်ပြီး၊ ယင်းမှာ သနားကြင်နာစိတ်ကို ဖြစ်ပေါ်စေနိုင်သော်လည်း၊ အကျည်းတန်ဆဲ ဖြစ်၏။ လူသား၏ ဘုရားသခင်နှင့် ကွဲပြားခြင်း၏ တည်ရာမှာ လူသား၏အားနည်းချက်က သူတစ်ပါးအပေါ်

ကြင်နာစိတ်ပြတတ်မှုတွင် ရှိနေခြင်း ဖြစ်၏။ သို့သော် ဘုရားသခင်သည် လူသားအဖို့ အမြဲ တူညီပေသည်၊ ဆိုလိုသည်မှာ ဘုရားသခင်သည် တူညီသော သဘောထား အမြဲရှိပြီး ဖြစ်သည်။ မိမိစိတ်တွင် မိမိကလေးများကို အမြဲ ရှေ့တန်းတင်ထားသည့် အတွေ့အကြုံ ရှိသည့် မိခင်တစ်ဦးကဲ့သို့ သူသည် လူတို့ စိတ်ကူးသည့်အတိုင်း အမြဲကြင်နာနေသည် မဟုတ်ပေ။ လက်တွေ့အရှိတရားတွင်၊ ဘုရားသခင်သည် အဆင်းနီသောနဂါးကြီးကို သိမ်းပိုက်ရန် နည်းစနစ်များ အခင်းအကျင်း တစ်ခုကို အသုံးမပြုလိုခဲ့ပါက၊ သူသည် မိမိကိုယ်ကိုယ် လူသား၏ ကန့်သတ်ချက်များအား ခံစေခွင့်ပေးလျက်၊ ထိုသို့သော အရှက်ရခြင်းမျိုးကို အရှုံးပေးမည် မဟုတ်ပေ။ ဘုရားသခင်၏ စိတ်သဘောထားအရ၊ လူတို့ ပြုသမျှနှင့် ပြောဆိုသမျှအားလုံးသည် ဘုရားသခင်၏ အမျက်ဒေါသကို ဆွပေးပြီး၊ ၎င်းတို့သည် ပြစ်တင်ဆုံးမခြင်း ခံသင့်ပေသည်။ ဘုရားသခင်၏ အမြင်တွင်၊ ၎င်းတို့အနက် တစ်ဦးမျှ စံနှုန်း မမီသကဲ့သို့၊ ၎င်းတို့အားလုံးသည် ဘုရားသခင်၏ ဒဏ်ခတ်ခံရမည့် သူများ ဖြစ်ကြသည်။ တရုတ်နိုင်ငံသည် အဆင်းနီသော နဂါးကြီး၏ နိုင်ငံဖြစ်ကာ လူ့ဇာတိခံ ဘုရားသခင် နေထိုင်သော နိုင်ငံဖြစ်သည်ဆိုသည့်အချက်အပြင်၊ တရုတ်နိုင်ငံထဲက ဘုရားသခင်၏အမှု၏ အခြေခံသဘောတရားများကြောင့်၊ ထို့အပြင် အဆင်းနီသော နဂါးကြီး၏ သဘောသဘာဝကြောင့်ဆိုသည်ကိုပါ ထပ်ပေါင်းလျက်၊ ဘုရားသခင်သည် သူ၏ဒေါသကို မျိုသိပ်ရမည်ဖြစ်ပြီး၊ အဆင်းနီသော နဂါးကြီး၏ သားပေါက်အားလုံးကို သိမ်းပိုက်ရမည် ဖြစ်၏။ သို့ရာတွင် သူသည် အဆင်းနီသောနဂါးကြီး၏ သားပေါက်များကို အမြဲ စက်ဆုပ်ရွံရှာပေမည်- ဆိုလိုသည်မှာ သူသည် အဆင်းနီသောနဂါးကြီးထံမှလာသည့် အရာအားလုံးကို အမြဲ စက်ဆုပ်ရွံရှာလိမ့်မည် ဖြစ်ကာ- ဤအရာသည် မည်သည့်အခါမျှ ပြောင်းလဲလိမ့်မည် မဟုတ်ပေ။

ဘုရားသခင်၏ လုပ်ရပ်များထဲမှ မည်သည့်အရာကိုမျှ မည်သူမျှက သတိမမူမိဖူးကြသကဲ့သို့၊ သူ၏လုပ်ရပ်များကို မည်သည့်အရာမျှကလည်း မကြည့်ညိုဖူးကြချေ။ ဥပမာအားဖြင့်၊ ဘုရားသခင်သည် ဇိအုန်သို့ ပြန်လာခဲ့ချိန်တွင်၊ ဤအရာကို မည်သူသိသနည်း။ ထို့ကြောင့်၊ "ငါသည် လူသားအကြား တိတ်တဆိတ်လာ၍ ညင်ညင်သာသာ ထွက်ခွာ၏။ ငါ့ကို တစ်စုံတစ်ဦးက တွေ့မြင်ဖူးသလော။" ဆိုသကဲ့သို့သော နှုတ်ကပတ်တော်များက လူသားသည် ဝိညာဉ်လောက၌ ဖြစ်ပျက်နေသည်များကို လက်ခံရန် စွမ်းရည်များ ဧကန်အမှန် ကင်းမဲ့သည်ကို ပြသပေသည်။ အတိတ်တွင် ဘုရားသခင်က ဇိအုန်သို့ သူ ပြန်လာချိန်တွင် "နေမင်းသည် တောက်လောင်၏၊ လမင်းသည် ထွန်းတောက်နေ၏။" ဟု ပြောခဲ့သည်။ လူတို့သည် ဘုရားသခင် ဇိအုန်သို့ ပြန်လာခြင်းဖြင့် စိတ်နှစ်မြှုပ်ဆဲ ဖြစ်သောကြောင့်— ၎င်းတို့သည်

ယင်းကို လက်မလွှတ် ရသေးသောကြောင့်— ဘုရားသခင်က “နေမင်းသည် တောက်လောင်၏၊ လမင်းသည် ထွန်းတောက်နေ၏။” ဟူသော နှုတ်ကပတ်တော်များကို လူတို့၏ အယူအဆများနှင့် ကိုက်ညီဖို့ တိုက်ရိုက် မိန့်မြွက်ပေသည်။ အကျိုးဆက်အနေဖြင့်၊ လူတို့၏အယူအဆများက ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ တိုက်ခိုက်ခြင်းခံရသောအခါတွင်၊ ၎င်းတို့သည် ဘုရားသခင်၏လုပ်ဆောင်ချက်များသည် အလွန် အံ့သြဖွယ်ကောင်းသည်ကို ရှုမြင်ကြရပြီး၊ သူ၏နှုတ်ကပတ်တော်များက အားလုံးအဖို့ နက်နဲသည်၊ နားမလည်နိုင်အောင်ဖြစ်ကာ အဓိပ္ပာယ် ဖော်မရနိုင်သည်ကို မြင်ကြ၏။ ထို့ကြောင့် ၎င်းတို့သည် ဤကိစ္စကို လုံးဝ ဘေးဖယ်ထားလိုက်ကြကာ၊ ဘုရားသခင်က ဇိအုန်သို့ ပြန်သွားနှင့်ပြီး ဖြစ်သည့်အလား၊ ၎င်းတို့၏ စိတ်ဝိညာဉ်များတွင် ရှင်းလင်းမှု အနည်းငယ် ခံစားရကြ၏၊ ထို့ကြောင့် လူတို့သည် ဤကိစ္စရပ်ကို အလွန် အာရုံမစိုက်ကြပေ။ ထိုအချိန်မှစ၍၊ ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို တစ်စိတ်တစ်သဘောတည်း လက်ခံကြပြီး၊ ဘုရားသခင် ဇိအုန်သို့ ပြန်သွားပြီးနောက် ကြီးစွာသော ကပ်ဘေးကျရောက်မည်ကို မစိုးရိမ်မပူပန်ကြတော့ပေ။ ထိုအခါမှသာ ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် ၎င်းတို့၏ အာရုံစိုက်မှုအလုံးစုံကို ထားရှိလျက်၊ ၎င်းတို့ကို အခြားမည်သည့်အရာကိုမျှ စဉ်းစားလိုစိတ်မရှိဘဲ ဖြစ်သွားစေလျက်၊ လူတို့အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံရန် လွယ်ကူပေသည်။

# ဖြည့်စွက်ချက်- အခန်း ၂

လူတို့သည် လက်တွေ့ကျသော ဘုရားသခင်ကို ရှုမြင်ကြသည့်အခါ၊ ၎င်းတို့၏ ဘဝများကို ဘုရားသခင် ကိုယ်တော်တိုင်နှင့်အတူ ကိုယ်တိုင်ကိုယ်ကျ အသက်ရှင်ကြသည့်အခါ၊ ဘုရားသခင် ကိုယ်တော်တိုင်နှင့်အတူ ဘေးချင်းယှဉ်လျက် လျှောက်လှမ်းကာ နေထိုင်ကြသည့်အခါတွင်၊ ၎င်းတို့စိတ်နှလုံးများ၌ နှစ်ပေါင်းများစွာကြာ ရှိပြီးဖြစ်သည့် သိချင်စိတ်ပြင်းပြခြင်းကို ဘေးဖယ်ထားကြသည်။ ယခင်ကပြောဆိုထားသော ဘုရားသခင်နှင့် ပတ်သက်သော အသိပညာမှာ ပထမအဆင့်သာဖြစ်သည်။ လူတို့သည် ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာ ရှိကြသော်လည်း၊ ၎င်းတို့၏စိတ်နှလုံးထဲတွင် မစဲသော သံသယများစွာ ကျန်ရှိလေသည်- ဘုရားသခင်သည် မည်သည့်နေရာမှ လာသနည်း။ ဘုရားသခင်သည် အစာစားသလော။ ဘုရားသခင်သည် သာမန်လူတို့နှင့် အလွန့်အလွန် ကွာခြားသလော။ ဘုရားသခင်အတွက် လူအားလုံးကို ကိုင်တွယ်ဖြေရှင်းခြင်းသည်

ကလေးကစားစရာတမျှ လွယ်ကူသည့်အရာတစ်ခု ဖြစ်သည်။ ဘုရားသခင်၏ နှုတ်မှ ပြောဆိုသောအရာအားလုံးသည် ကောင်းကင်ဘုံ၏ နက်နဲမှုများ ဖြစ်သလော။ သူ ပြောဆိုသမျှ အားလုံးသည် ဖန်ဆင်းခံသက်ရှိအားလုံး ပြောဆိုသည့်အရာများထက် သာ၍မြင့်မားသလော။ ဘုရားသခင်၏ မျက်လုံးများမှ အလင်း ထွန်းလင်းသလော။ အစရှိသည်ဖြင့်.... ဤအရာအားလုံးသည် လူတို့၏ အယူအဆများက စွမ်းဆောင်နိုင်သည့်အရာများ ဖြစ်သည်။ ဤအရာများသည် အခြားအရာအားလုံးထက်အရင် သင်တို့ နားလည်သင့်ပြီး ဝင်ရောက်သင့်သည့်အရာများ ဖြစ်သည်။ လူတို့၏ အယူအဆများတွင် လူ့ဇာတိခံ ဘုရားသခင်သည် မရေရာသော ဘုရားသခင်တစ်ပါး ဖြစ်နေဆဲဖြစ်သည်။ လက်တွေ့ကျသော အသိပညာမှတစ်ဆင့်မဟုတ်ပါက၊ လူတို့သည် ငါ့ကို မည်သည့်အခါတွင်မျှ နားလည်နိုင်မည် မဟုတ်သကဲ့သို့၊ ၎င်းတို့၏ အတွေ့အကြုံများတွင် ငါ၏လုပ်ဆောင်ချက်များကို မည်သည့်အခါတွင်မျှ ရှုမြင်နိုင်မည် မဟုတ်ပေ။ လူတို့သည် ငါ၏ အလိုတော်ကို "သဘောမပေါက်နိုင်" ကြသည်မှာ ငါသည် လူ့ဇာတိခယူခဲ့သောကြောင့်သာ ဖြစ်သည်။ အကယ်၍ ငါသည် လူဇာတိမခံယူခဲ့သကဲ့သို့ ကောင်းကင်ဘုံ၌၊ ဝိညာဉ်လောက၌ ရှိနေဆဲဖြစ်ခဲ့မည်ဆိုပါက၊ လူတို့သည် ငါ့ကို "သိရှိ" ကြပေမည်။ ၎င်းတို့သည် ငါ့ကို ဦးညွှတ်ကာ ကိုးကွယ်ကြမည်ဖြစ်ပြီး၊ ၎င်းတို့၏ အတွေ့အကြုံများမှတစ်ဆင့် ငါနှင့်ပတ်သက်သည့် ၎င်းတို့၏ "အသိပညာ" အကြောင်း ပြောဆိုကြပေမည်- သို့သော် ထိုကဲ့သို့သော အသိပညာ၏အသုံးဝင်မှုသည် မည်သည့်အရာ ဖြစ်မည်နည်း။ ရည်ညွှန်းချက်တစ်ခုအနေဖြင့် ၎င်း၏တန်ဖိုးသည် မည်သည့်အရာ ဖြစ်မည်နည်း။ လူတို့၏ အယူအဆများမှ လာသော အသိပညာသည် စစ်မှန်နိုင်မည်လော။ လူတို့၏ဦးနှောက်များ၏ အသိပညာကို ငါ မလိုချင်ပေ- လက်တွေ့ကျသော အသိပညာကို ငါ လိုချင်သည်။

ငါ၏ အလိုကို သင်တို့အလယ် အချိန်ပြည့် ထုတ်ဖော်ပြထားပြီး၊ ငါ၏အလင်းပေးခြင်းနှင့် အသိဉာဏ်ပွင့်လင်းစေခြင်းတို့သည် အချိန်တိုင်း ရှိ၏။ ငါသည် ငါ၏ ဘုရားသဘောသဘာဝ၌ တိုက်ရိုက် ဆောင်ရွက်သည့်အခါတွင်၊ ယင်းသည် ဦးနှောက်မှ စိမ့်ထွက်လာသည် မဟုတ်သကဲ့သို့၊ "ဟင်းခတ်အမွှေးအကြိုင်" ထည့်စရာမလိုပေ- ယင်းသည် ဘုရားသဘောသဘာဝ၏ တိုက်ရိုက် ဆောင်ရွက်ချက် တစ်ခု ဖြစ်သည်။ လူတို့သည် မည်သည့်အရာကို တတ်စွမ်းနိုင်သနည်း။ ဖန်ဆင်းခြင်းအချိန်မှ ယနေ့အထိတိုင် အရာရာတိုင်းကို ငါက ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ပြီးဖြစ်သည် မဟုတ်လော။ အတိတ်တွင် ခုနှစ်ဆပြင်းထန်သော ဝိညာဉ်တော်အကြောင်း ငါ ပြောဆိုခဲ့သော်လည်း၊ မည်သူမျှက သူ၏ အနှစ်သာရကို နားမလည်နိုင်ခဲ့ပေ- ယင်းကို ၎င်းတို့ သတိပြုမိကြသည့် အချိန်တွင်ပင်၊

ပြီးပြည့်စုံသည့် သိနားလည်မှု ရှိနိုင်စွမ်း မရှိခဲ့ကြချေ။ ဤအမှုကို လူတို့က သဘာဝလွန်ဖြစ်ရပ်မဟုတ်ဘဲ ပုံမှန်ဖြစ်ဖို့ ယုံကြည်ကြသည့် အခြေအနေများ၌ ဆောင်ရွက်ထားခြင်း ဖြစ်သောကြောင့်၊ ငါသည် ဘုရားသဘောသဘာဝက အုပ်စိုးထားသည့် လူ့သဘာဝ၌ အမှုပြုသည့်အခါတွင်၊ ယင်းကို သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်အဖြစ် ရည်ညွှန်းပေသည်။ ငါသည် ဘုရားသဘောသဘာဝ၌ တိုက်ရိုက် အမှုပြုသည့်အချိန်တွင်၊ ငါသည် လူတို့၏အယူအဆများအားဖြင့် ကန့်သတ်ထားခြင်း မခံရသောကြောင့်၊ ပြီးလျှင် ၎င်းတို့၏ အယူအဆများ၌ တည်ရှိသည်နှင့်အမျှ "သဘာဝလွန်ဖြစ်ရပ်" ၏ ကန့်သတ်ချက်များကို ငါမခံရသောကြောင့်၊ ဤအမှုသည် ချက်ချင်း သက်ရောက်မှုတစ်ခု ရှိ၏။ ယင်းသည် ကိစ္စရပ်၏ဗဟိုအချက်အချာသို့ ရောက်ပြီး၊ ဆိုလိုရင်းကို တည့်တည့်ထိမိသည်။ အကျိုးဆက်အနေဖြင့်၊ အမှု၏ ဤအဆင့်သည် သာ၍ ဖြူစင်သည်။ ယင်းသည် နှစ်ဆ ပိုမြန်သည်နှင့်အမျှ၊ လူတို့၏ သိနားလည်ခြင်းသည် အရှိန်မြှင့်လာပြီး၊ ငါ၏ နှုတ်ကပတ်တော်များသည် လူအားလုံးအား အမှီလိုက်ဖို့ အပူတပြင်း ဖြစ်စေလျက်၊ တိုးပွားကြလေသည်။ အကျိုးသက်ရောက်မှု ကွဲပြားသောကြောင့်၊ ငါ့အမှုတော်၏ နည်းလမ်းများ၊ သဘာဝနှင့် ပါဝင်သည့် အကြောင်းအရာတို့ မတူညီသောကြောင့်- ထို့အပြင် ငါသည် လူဇာတိ၌ အမှုပြုရန် တရားဝင်စတင်ပြီဖြစ်သောကြောင့်၊ အထက်ကအမြင်၌ အမှုတော်၏ ဤအဆင့်ကို "ခုနှစ်ဆပြင်းထန်သော ဝိညာဉ်၏ အမှု" အဖြစ် ရည်ညွှန်းထားခြင်း ဖြစ်သည်။ ယင်းသည် စိတ်ကူးသက်သက်ဖြစ်သော အရာတစ်ခု မဟုတ်ပေ။ သင်တို့၌ ငါအမှုပြုခြင်း နည်းလမ်း၌ တိုးတက်မှုများ နောက်နှင့် နိုင်ငံတော် ရောက်ရှိခြင်းနောက်တွင်၊ ခုနှစ်ဆ ပြင်းထန်သော ဝိညာဉ်သည် စတင်အမှုပြုပြီး၊ ဤအမှုသည် စဉ်ဆက်မပြတ် သာ၍ နက်ရှိုင်းလာပြီး ပိုမိုပြင်းထန်လာလေသည်။ လူအပေါင်းတို့က ဘုရားသခင်ကို ရှုမြင်ကြပြီး ဘုရားသခင်၏ ဝိညာဉ်တော်သည် လူသားအလယ် ရှိသည်ကို ၎င်းတို့အားလုံး မြင်တွေ့ကြချိန်တွင်၊ ငါ၏ လူ့ဇာတိခံခြင်းနှင့်ဆိုင်သည့် ပြည့်ဝသော အရေးပါမှုက သိသာထင်ရှားပေသည်။ အကျဉ်းချုပ်စရာမလိုပေ- ဤအရာကို လူတို့က အလိုအလျောက် သိကြသည်။

ငါ အမှုပြုသည့် နည်းစနစ်များ၊ ငါ့အမှု၏ အဆင့်များ၊ ယနေ့ ငါ့နှုတ်ကပတ်တော်များ၏ သဘောသွား စသည်တို့ကို- အချက်များစွာကို ထည့်သွင်း စဉ်းစားလျက်၊ ယခု ငါ့နှုတ်မှ လာသည့်အရာသည်သာ "ဝိညာဉ်တော် ခုနစ်ပါး၏ မိန့်မြွက်ချက်များ" အစစ်အမှန် ဖြစ်သည်။ အတိတ်တွင်ပါ ငါ စကားပြောဆိုခဲ့သော်လည်း၊ ယင်းမှာ အသင်းတော်တည်ဆောက်ခြင်း အဆင့်အတောအတွင်း ဖြစ်ခဲ့ပေသည်။ ယင်းမှာ ဝတ္ထုစာအုပ်တစ်အုပ်ထဲက နိဒါန်းနှင့်

မာတိကာများကဲ့သို့ ဖြစ်သည်- ယင်းသည် အနှစ်သာရမရှိခဲ့ပေ။ ယနေ့၏ မိန့်မြွက်ချက်များကိုသာ ယင်းတို့၏ စစ်မှန်သော အနှစ်သာရအရ ဝိညာဉ်တော် ခုနစ်ပါး၏ မိန့်မြွက်ချက်များဟု ခေါ်ဆိုနိုင်သည်။ "ဝိညာဉ်တော် ခုနှစ်ပါး၏ မိန့်မြွက်ချက်များ" သည် ပလ္လင်တော်မှလာသည့် မိန့်မြွက်ချက်များကို ရည်ညွှန်းသည်၊ ယင်းမှာ ထိုအရာတို့ကို ဘုရားသဘောသဘာဝ၌ တိုက်ရိုက် မိန့်မြွက်ထားသည်ဟု ဆိုရပေမည်။ ငါ၏ မိန့်မြွက်ချက်များသည် ကောင်းကင်ဘုံ၏ နက်နဲမှုများကို ဖော်ထုတ်ပြခြင်းအဖြစ်သို့ ပြောင်းလဲသည့် အခိုက်အတန့်သည် ငါက ဘုရားသဘောသဘာဝ၌ တိုက်ရိုက်မိန့်မြွက်သည့် အခိုက်အတန့်ဖြစ်ခဲ့သည်။ တစ်နည်းအားဖြင့်၊ လူ့သဘာဝ၏ ကန့်သတ်ချုပ်ချယ်မှုမခံရဘဲနှင့်၊ ငါသည် ဝိညာဉ်လောက၏ နက်နဲမှုများနှင့် အခြေအနေအားလုံးကို တိုက်ရိုက် ထုတ်ဖော်ပြသည်။ ငါသည် ယခင်က လူ့သဘာဝ၏ ကန့်သတ်မှုများ မခံခဲ့ရဟု အဘယ်ကြောင့် ငါ ပြောသနည်း။ ဤအရာသည် ရှင်းပြချက်လိုအပ်၏။ လူတို့၏ အမြင်များတွင်၊ ကောင်းကင်ဘုံ၏ နက်နဲမှုများကို မည်သူမျှ ထုတ်ဖော်ပြနိုင်စွမ်းမရှိပေ။ ဘုရားသခင် ကိုယ်တိုင်အတွက် မဟုတ်ပါက၊ ကမ္ဘာမြေပေါ် ရှိ မည်သူမျှက ဤနက်နဲမှုများကို သိနိုင်မည် မဟုတ်။ ထို့ကြောင့်၊ ငါသည် လူတို့၏ အယူအဆများကို ကိုင်တွယ်ပြီး အတိတ်တွင် မည်သည့် နက်နဲမှုများကိုမျှ ငါ မထုတ်ဖော်ပြခဲ့သည့် အကြောင်းရင်းမှာ ငါသည် လူသားမျိုးနွယ်၏ ကန့်သတ်ချက်များကို ခံခဲ့ရသောကြောင့် ဖြစ်သည်ဟု ငါပြောပေသည်။ သို့သော် သာ၍ တိကျစွာဆိုရပါက၊ ဤသို့ မဟုတ်ပေ။ ငါ၏အမှုတော် ကွဲပြားသည်နှင့်အမျှ၊ ငါ့နှုတ်ကပတ်တော်များ၏ ပါဝင်သည့်အကြောင်းအရာများ ကွဲပြားသည်၊ ထို့ကြောင့် ဘုရားသဘောသဘာဝ၌ ငါ၏အမှုတော်ကို ငါ စတင် ထမ်းဆောင်ခဲ့ချိန်တွင်၊ နက်နဲမှုများကို ငါ ထုတ်ဖော်ပြခဲ့သည်။ အတိတ်တွင် လူအားလုံးက ပုံမှန်အဖြစ် မြင်ခဲ့ကြသည့် အခြေအနေများ၌ ငါ အမှုပြုခဲ့ရပြီး၊ ငါပြောဆိုခဲ့သော နှုတ်ကပတ်တော်များကို လူတို့၏ အယူအဆများဖြင့် စွမ်းဆောင် ရရှိနိုင်စွမ်း ရှိခဲ့ကြသည်။ နက်နဲမှုများကို ငါ စတင် ထုတ်ဖော်ပြခဲ့ချိန်တွင်၊ ဤအရာများထဲမှ တစ်ခုကိုမျှ လူတို့၏ အယူအဆများက ကြိုးပမ်းမရရှိနိုင်ပေ- ယင်းတို့သည် လူတို့၏ အတွေးနှင့် မတူခဲ့ပေ။ ထို့ကြောင့် ငါသည် ဘုရားသဘောသဘာဝ၌ စကားပြောဆိုခြင်းသို့ တရားဝင် စတင်ပြောင်းလဲခဲ့ပြီး ဤသည်တို့မှာ အမှန်တွင် ဝိညာဉ်တော် ခုနစ်ပါး၏ မိန့်မြွက်ချက်များ ဖြစ်ခဲ့ပေသည်။ အတိတ်ကာလ၏ နှုတ်ကပတ်တော်တို့သည် ပလ္လင်မှ မိန့်မြွက်ချက်များ ဖြစ်ခဲ့သော်လည်း၊ ယင်းတို့ကို လူတို့ ကြိုးပမ်း ရရှိနိုင်ခဲ့သည့်အရာအပေါ် အခြေပြု၍ ပြောဆိုထားခဲ့ခြင်း ဖြစ်သည်၊ ထို့ကြောင့် ယင်းတို့ကို ဘုရားသဘောသဘာဝ၌ တိုက်ရိုက် မိန့်မြွက်ထားခဲ့ခြင်းမဟုတ်ပေ- အကျိုးဆက်အနေဖြင့်၊

ယင်းတို့သည် အမှန်တွင် ဝိညာဉ်တော် ခုနစ်ပါး၏ မိန့်မြွက်ချက်များ မဟုတ်ပေ။

## အခန်း ၁၂

လူအားလုံးက အလေးဂရုပြုသည့်အချိန်၊ အရာခပ်သိမ်း အသစ်ပြုပြင်ခံရပြီး အားသစ်လောင်းခံရသည့်အချိန်၊ လူတိုင်း စိတ်စနိုးစနောင့်မဖြစ်ဘဲ ဘုရားသခင်အား ကျိုးနွံနာခံသည့်အချိန်နှင့် ဘုရားသခင်၏ ဝန်ထုပ်နှင့်ဆိုင်သည့် လေးလံသော တာဝန်ကို ထမ်းရန် လိုလားနေသည့်အချိန်- ဤသည်မှာ အရှေ့အရပ်မှစ၍ အနောက်အရပ်ထိ အားလုံးကို အလင်းပေးရင်း၊ ဤအလင်း၏ ရောက်ရှိခြင်းဖြင့် ကမ္ဘာမြေတစ်ခုလုံးကို တုန်လှုပ်စေလျက်၊ အရှေ့အရပ်မှ လျှပ်ပြက်ခြင်း ထွက်ပေါ်လာသည့် အချိန်ဖြစ်သည်။ ပြီးလျှင် ဤအဆင့်တွင် ဘုရားသခင်သည် အသက်သစ်တစ်ခုကို တစ်ဖန် စတင်လေသည်။ ယင်းမှာ ဤအခိုက်အတန့်တွင် ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးမှ လူတို့အား "ငါ၏ နှုတ်ကပတ်တော်များကို ငါ စတင်မိန့်မြွက်သည့် အခိုက်အတန့် အတိအကျလည်းဖြစ်သည့် အရှေ့အရပ်မှ လျှပ်ပြက်ခြင်း ပေါ်ထွက်ချိန်- လျှပ်ပြက်ခြင်း ပေါ်ထွက်သည့်အခါတွင်၊ အမြင့်ဆုံး ကောင်းကင်ဘုံ တစ်ခုလုံး ထွန်းလင်းသွားပြီး ခပ်သိမ်းသော ကြယ်များတွင် အသွင်ပြောင်းလဲမှု တစ်ခုဖြစ်ပေါ်လေသည်။" ဟု ကြေညာလျက်၊ ကမ္ဘာမြေပေါ်တွင် အမှုသစ်ကို စတင်သည်ဟု ဆိုရပေမည်။ သို့ဆိုလျှင် အရှေ့အရပ်မှ လျှပ်ပြက်ခြင်း ထွက်ပေါ်လာသော အချိန်သည် မည်သည့်အချိန် ဖြစ်သနည်း။ ကောင်းကင် မှောင်မည်းလာပြီး၊ ကမ္ဘာမြေကြီး တိုး၍ မှေးမှိန်လာသောအချိန်သည် ဘုရားသခင်က လောကကြီးမှ သူ၏ မျက်နှာကို ကွယ်ဝှက်သည့်အချိန် ဖြစ်ပြီး၊ ယင်းသည် ကောင်းကင်အောက်ရှိ အရာခပ်သိမ်းသည် အင်အားပြင်းထန်သော မုန်တိုင်းကြီးတစ်ခု၏ ပတ်ချာဝိုင်းခြင်းကို ခံရတော့မည့်အချိန် ဖြစ်ပေသည်။ သို့သော် ဤအချိန်တွင်ပင်၊ လူအပေါင်းတို့သည် မိုးခြိမ်းသံကို ကြောက်ရွံ့လျက်၊ လျှပ်ပြက်ခြင်း၏ တောက်ပမှုကို ကြောက်လန့်လျက်၊ ထိတ်ထိတ်ပျာပျာဖြစ်သွားကြပြီး၊ အကြီးအကျယ် ရေလွှမ်းမိုးခြင်း၏ အပြင်းအထန် တိုက်ခိုက်မှုကို ပို၍ပင် ကြောက်လန့်တကြား ဖြစ်ကြသည်မှာ ၎င်းတို့အထဲမှ အများစုသည် ၎င်းတို့၏ မျက်လုံးများကို ပိတ်ကာ ဘုရားသခင်က သူ၏အမျက်ဒေါသကို လွှတ်ပြီး ၎င်းတို့အား ဒဏ်ခတ်ဖို့ စောင့်ဆိုင်းကြလေသည်။ ပြီးလျှင် အခြေအနေအမျိုးမျိုး ဖြစ်လာသည်နှင့်အမျှ၊ အရှေ့အရပ်မှ လျှပ်ပြက်ခြင်းသည် ချက်ချင်း ထွက်ပေါ်လာလေသည်။ ဤသည်မှာ ကမ္ဘာလောက၏ အရှေ့အရပ်၌ ဘုရားသခင်ကိုယ်တော်တိုင်အဖို့ သက်သေခံချက်

စတင်သည့်အချိန်မှသည် သူ အမှုပြုဖို့ စတင်သည့်အချိန်အထိ၊ ဘုရားသဘောသဘာဝသည် ကမ္ဘာမြေကြီးအနှံ့ အချုပ်အခြာအာဏာကို စွဲကိုင်သောအချိန်အထိ- ဤသည်မှာ စကြဝဠာ တစ်ခုလုံးအပေါ် အမြဲ အလင်းရောင်ပေးပြီးဖြစ်သည့် အရှေ့အရပ်မှ လျှပ်ပြက်ခြင်း၏ တောက်ပသော ရောင်ခြည်မျှင်တန်း ဖြစ်သည်ဟု ဆိုလိုပေသည်။ ကမ္ဘာမြေ၏ နိုင်ငံများသည် ခရစ်တော်၏ နိုင်ငံတော် ဖြစ်လာသော အချိန်သည် စကြဝဠာတစ်ခုလုံး အလင်းပေးခြင်းခံရသော အချိန်ဖြစ်သည်။ ယခုအချိန်သည် အရှေ့အရပ်မှ လျှပ်ပြက်ခြင်း ထွက်ပေါ် ခြင်း အချိန်ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်သည် စတင် အမှုပြုသည့်အပြင်၊ ဘုရားသဘောသဘာဝဖြင့် တိုက်ရိုက် စကားပြောလေသည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်၌ စတင်စကားပြောသည့် အချိန်သည် အရှေ့အရပ်မှ လျှပ်ပြက်ခြင်း ထွက်ပေါ်သော အချိန်ဖြစ်သည်ဟု ဆို၍ ရကောင်းရနိုင်ပေသည်။ ပို၍ အတိအကျဆိုသော်၊ ပလ္လင်မှ အသက်ရေ စီးဆင်းသည့်အခါသည်- ပလ္လင်တော်မှ မိန့်မြွက်ချက်များ စတင်သည့်အခါသည်- ဝိညာဉ်ခုနစ်ပါး၏ မိန့်မြွက်ချက်များ တရားဝင် စတင်သောအချိန် အတိအကျဖြစ်သည်။ ဤအချိန်တွင် အရှေ့အရပ်မှ လျှပ်ပြက်ခြင်းသည် စတင်ထွက်ပေါ်လာပြီး ကြာမြင့်သည့်ကာလကြောင့်၊ အလင်းပေးခြင်း ပမာဏလည်း ကွဲပြားပြီး ယင်း၏ ထွန်းလင်းမှု နယ်ပယ်သည်လည်း အကန့်အသတ်တစ်ခု ရှိလေသည်။ သို့သော် ဘုရားသခင်၏အမှုတော် လှုပ်ရှားမှုဖြင့်၊ သူ၏ အစီအစဉ်ထဲက အပြောင်းအလဲများဖြင့်- ဘုရားသခင်၏ သားများနှင့် လူများအပေါ် ရှိ အမှုတော်ထဲက ကွဲပြားမှုများဖြင့်- လျှပ်ပြက်ခြင်းသည် ယင်း၏ရှိရင်းစွဲ လုပ်ငန်းဆောင်တာကို တိုး၍ ဆောင်ရွက်သည်မှာ စကြဝဠာ တစ်လျှောက်လုံး အလင်းပေးခံရကာ အသုံးမကျသော အရာများ သို့မဟုတ် အဖျင်းများ ကျန်ရှိမနေပေ။ ဤသည်မှာ ဘုရားသခင်၏ အနှစ် ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ် ပုံပေါ်လာခြင်း ဖြစ်ပြီး၊ ဘုရားသခင် မွေ့လျော်သည့် တကယ့် အသီးအပွင့်ပင် ဖြစ်သည်။ “ကြယ်များ” ဆိုသည်မှာ ကောင်းကင်က ကြယ်များကို ရည်ညွှန်းခြင်း မဟုတ်ဘဲ၊ ဘုရားသခင်အတွက် အလုပ်လုပ်သော ဘုရားသခင်၏ သားများနှင့် လူများအားလုံးကို ရည်ညွှန်းခြင်း ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်၏ နိုင်ငံတော်ထဲတွင် ဘုရားသခင်အား သက်သေခံကြပြီး ဘုရားသခင်၏ နိုင်ငံတော်ထဲတွင် ဘုရားသခင်အား ကိုယ်စားပြုကြသောကြောင့်၊ ပြီးလျှင် ၎င်းတို့သည် ဖန်ဆင်းခံသတ္တဝါများ ဖြစ်ကြသောကြောင့်၊ ၎င်းတို့အား “ကြယ်များ” ဟု ခေါ် ခြင်းဖြစ်သည်။ “အသွင်ပြောင်းလဲရန်” ဆိုသည်မှာ ကိုယ်ပိုင်လက္ခဏာနှင့် အဆင့်အတန်း၌ အသွင်ပြောင်းလဲခြင်းများကို ရည်ညွှန်းခြင်း ဖြစ်သည်- လူတို့သည် ကမ္ဘာမြေကြီးပေါ်မှ လူများမှ နိုင်ငံတော်သားများအဖြစ် ပြောင်းလဲသွားကြသည့်အပြင်၊ ဘုရားသခင်သည်

ငင်းတို့နှင့်အတူရှိပြီး ငင်းတို့ထဲတွင် ဘုရားသခင်၏ ဘုန်းအသရေသည် ငင်းတို့နှင့်အတူ ရှိလေသည်။ အကျိုးဆက်အနေဖြင့် ငင်းတို့သည် ဘုရားသခင်၏ကိုယ်စား အချုပ်အခြာအာဏာ တန်ခိုးကို စွဲကိုင်ကြပြီး နောက်ဆုံးတွင် ငင်းတို့အား ဘုရားသခင်၏ အသုံးပြုခြင်း သင့်တော်စေရင်းနှင့် ဘုရားသခင်၏ စိတ်နှလုံးနှင့်အညီ ဖြစ်စေလျက်၊ ငင်းတို့အထဲက အဆိပ်အတောက်နှင့် အညစ်အကြေးများသည် ဘုရားသခင်၏ အမှုအားဖြင့် သန့်စင်ခြင်းကို ခံရလေသည်- ဤသည်မှာ ဤနှုတ်ကပတ်တော်၏ အဓိပ္ပာယ်နှင့် ဆိုင်သည့် ရှုထောင့်တစ်ခု ဖြစ်သည်။ ဘုရားသခင်ထံမှ အလင်းရောင်ခြည်မျှင်တန်းသည် မြေတစ်ပြင်လုံးအား အလင်း ပေးသည့်အခါ၊ ကောင်းကင်နှင့် မြေကြီးပေါ် ရှိ ခပ်သိမ်းသောအရာတို့သည် အတိုင်းအတာများ အမျိုးမျိုးအထိ ပြောင်းလဲကြလိမ့်မည် ဖြစ်ပြီး ကောင်းကင်ရှိ ကြယ်တို့သည်လည်း ပြောင်းလဲကြလိမ့်မည်၊ နေနှင့် လတို့သည် အသစ်တဖန် ပြုပြင်ခံရလိမ့်မည် ဖြစ်ပြီး ကမ္ဘာမြေပေါ် ရှိ လူတို့သည် နောက်ပိုင်းတွင် အသစ်တဖန် ပြုပြင်ခြင်း ခံကြရလိမ့်မည်- ယင်းမှာ ကောင်းကင်နှင့် မြေကြီးအကြား ဘုရားသခင်၏ အမှုဖြစ်ပြီး၊ အံ့အားသင့်စရာ မရှိပေ။

ဘုရားသခင်က လူတို့ကို- ဤသည်မှာ အလိုအလျောက် ရွေးချယ်ခံရသူများကို ရည်ညွှန်းခြင်း မဟုတ်- ကယ်တင်သည့်အခါ၊ ယင်းမှာ လူတို့ကို ဘုရားသခင် သန့်စင်စေပြီး တရားစီရင်သော အချိန်ပင်ဖြစ်ပြီး၊ အားလုံးသည် အသည်းအသန် ငိုကြွေးကြသည် သို့မဟုတ် ငင်းတို့၏ အိပ်ရာများပေါ် လဲကျကြသည်၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့် ဒဏ်ခတ်ခံရပြီး သေခြင်း ငရဲထဲသို့ ထိုးဆင်းကြလေသည်။ ဘုရားသခင်၏ မိန့်မြွက်ချက်များကြောင့်သာ လူတို့သည် မိမိတို့ကိုယ်ကိုယ် စတင်သိရှိလာကြသည်။ အမှုအရာများက ထိုသို့မဟုတ်ခဲ့ပါက၊ ငင်းတို့၏ မျက်လုံးများသည် ဖားပြုပ်တစ်ကောင်၏ မျက်လုံးများကဲ့သို့- အပေါ်သို့ ကြည့်လျက်၊ မည်သူမျှ လက်ခံယုံကြည်ခြင်း မရှိ၊ ငင်းတို့အထဲမှ မည်သူမျှက မိမိတို့ကိုယ်ကိုယ် သိရှိခြင်းမရှိဘဲ၊ ငင်းတို့ စတုန်မည်မျှ လေးကြသည်ကို မသိနားမလည်ဘဲ- ဖြစ်ကြလေသည်။ လူတို့သည် ကြီးမားသည့် အတိုင်းအတာတစ်ခုအထိ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း အမှန်တကယ် ခံကြရပေသည်။ ယင်းအား ကြည့်ပြီးသည့်နောက် လူသားအား သူ၏ ကိုယ်ပိုင် စစ်မှန်သော မျက်နှာဖြင့် ယင်းကို နှိုင်းယှဉ်စေလျက်၊ လူသား၏ အကျည်းတန်သော မျက်နှာသည် ထိုသို့ ကွက်ကွက်ကွင်းကွင်း အသေးစိတ်ကျကျ ဖော်ပြခံရသည်မှာ ဘုရားသခင်၏ အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်းကြောင့် အတိအကျ ဖြစ်ပေသည်။ လူအပေါင်းက ငင်းတို့၏ အကျည်းတန်သော မျက်နှာများ သို့မဟုတ် အတွင်းကျကျ အတွေးများနှင့်ဆိုင်သည့် ဘုရားသခင်၏ အသိပညာကို မဆိုထားနှင့်၊ ငင်းတို့၏

ဦးခေါင်းထဲ၌ ဦးနှောက်ဆဲလ်များ မည်မျှရှိသည်ကိုပင် ဘုရားသခင်က လုံးလုံး ရှင်းလင်းပြတ်သားမှုဖြင့် သိရှိပုံရသည်ဟု သိထားကြလေသည်။ "လူသားမျိုးနွယ် တစ်ရပ်လုံးသည် ရွေးထုတ်ခံရပြီး ဖြစ်သည့်အလား ဖြစ်သည်။ အရှေ့အရပ်မှ ဤအလင်းရောင်ခြည်မျှင်တန်း၏ တောက်ပမှုအောက်တွင် လူသားမျိုးနွယ် အားလုံးသည် ၎င်းတို့၏ မူလသဏ္ဍာန်ဖြင့် ထုတ်ဖော်ပြခံကြရသည်၊ ၎င်းတို့၏ မျက်လုံးများ ပြာသွားကြသည်၊ မည်သည့်အရာ လုပ်ဆောင်ရမည်ကို မရေရာဖြစ်ကြသည်။" ဟူသော နှုတ်ကပတ်တော်များတွင်၊ ဘုရားသခင်၏အမှု ပြီးဆုံးသည့်အချိန် တစ်နေ့တွင်၊ လူသားမျိုးနွယ်အပေါင်းတို့သည် ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံကြရလိမ့်မည် ဖြစ်သည်ကို မြင်နိုင်ပေသည်။ မည်သူမျှ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်။ ဘုရားသခင်သည် လူသားမျိုးနွယ် အားလုံးထဲမှ လူတို့ကို ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်ကိုမျှ ကျော်မသွားဘဲ၊ တစ်ယောက်ပြီးတစ်ယောက် ကိုင်တွယ်လိမ့်မည် ဖြစ်ပြီး ထိုသို့ဖြင့်သာ ဘုရားသခင်၏စိတ်နှလုံး ကျေနပ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်က၊ "၎င်းတို့သည် ငါ၏အလင်းမှ ထွက်ပြေးပြီး တောင်ပေါ် ဂူများတွင် ခိုလှုံကြကုန်သော တိရစ္ဆာန်များကဲ့သို့ ဖြစ်ကြသည်- သို့သော်လည်း ၎င်းတို့ထဲမှ တစ်ဦးမျှ ငါ၏ အလင်းရောင်အတွင်းမှ မှေးမှိန်ပျောက်ကွယ်မသွားနိုင်ပေ။" ဟု ဆိုခြင်းဖြစ်သည်။ လူများသည် အရေးမပါသကဲ့သို့ နိမ့်ကျသော တိရစ္ဆာန်များ ဖြစ်ကြသည်။ စာတန်၏ လက်ထဲတွင် အသက်ရှင်လျက်၊ ယင်းမှာ ၎င်းတို့သည် တောင်များအတွင်း ရှေးဟောင်းတောနက်များထဲ၌ ခိုလှုံကြရပြီး ဖြစ်သည့်အလားဖြစ်သည်- သို့သော် မည်သည့်အရာမျှ ဘုရားသခင်၏ မီးလျှံများဖြင့် မီးရှို့ဖျက်ဆီးခြင်းကို မလွတ်မြောက်နိုင်သောကြောင့်၊ စာတန်၏ အင်အားစုများ၏ "အကာအကွယ်" အောက်၌ ရှိနေစဉ်တွင်ပင် ၎င်းတို့သည် ဘုရားသခင်၏ မေ့လျော့ခြင်းကို အဘယ်သို့ ခံရနိုင်မည်နည်း။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ ရောက်လာခြင်းကို လက်ခံကြသည့်အခါတွင်၊ လူအပေါင်းတို့၏ ထူးခြားဆန်းကြယ်သော ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ဆန်းပြားသော အခြေအနေများသည် ဘုရားသခင်၏ ကလောင်တံအားဖြင့် သရုပ်ဖော်ပြခံရလေသည်။ ဘုရားသခင်သည် လူ၏ လိုအပ်ချက်များနှင့် စိတ်နေသဘောထားတို့နှင့် သင့်လျော်သည့်အတိုင်း စကားပြော၏။ ထို့ကြောင့်၊ လူတို့အဖို့၊ ဘုရားသခင်သည် စိတ်ပညာတွင် "နောကျေသည်ဟု ထင်ရသည်။ ယင်းမှာ ဘုရားသခင်သည် စိတ်ပညာရှင်တစ်ဦး ဖြစ်သည့်အလား ဖြစ်သော်လည်း၊ ခန္ဓာကိုယ်အတွင်းပိုင်းကု ဆေးပညာရှင်တစ်ဦး ဖြစ်သည့်အလားလည်း ဖြစ်သည်၊ သူသည် "ရှုပ်ထွေး" သော လူသားနှင့်သက်ဆိုင်သည့် ထိုသို့သော သိနားလည်မှုတစ်ခု ရှိသည်မှာ မဆန်းပေ။ လူတို့သည်

ထိုသို့ ပို၍ စဉ်းစားလေ၊ ဘုရားသခင်၏ အဖိုးတန်မှုနှင့်ဆိုင်သည့် ၎င်းတို့၏ အသိစိတ် ပို၍ ကြီးမားလေဖြစ်ပြီး၊ ဘုရားသခင်သည် နက်နဲသိမ်မွေ့ကာ နားလည်၍မရနိုင်ဟု ၎င်းတို့ သာ၍ ခံစားရလေဖြစ်သည်။ ယင်းမှာ လူနှင့် ဘုရားသခင်အကြားတွင် ကူးဖြတ်၍ မရသော အာကာသ နယ်နိမိတ်တစ်ခု ရှိသည့်အလားဖြစ်သော်လည်း၊ နှစ်ဦးတို့သည် အခြားတစ်ဦးကို စောင့်ကြည့်သည်ထက် သာ၍ မလုပ်ဆောင်နိုင်ဘဲ၊ တစ်ယောက်ကို တစ်ယောက် ချူမြစ်၏က တစ်ဖက်ကမ်းမှ ကြည့်နေကြသည့်အလားလည်း ဖြစ်ပေသည်။ ဤသည်မှာ ကမ္ဘာမြေပေါ်က လူတို့သည် ဘုရားသခင်အား ၎င်းတို့၏ မျက်လုံးများဖြင့်သာ ကြည့်ကြသည်ဟု ဆိုရပေမည်။ ၎င်းတို့သည် သူ့ကို အနီးကပ် လေ့လာရန် အခွင့်အရေး မည်သည့်အခါကမျှ မရှိဖူးကြသကဲ့သို့၊ သူ့အပေါ် ၎င်းတို့၌ ရှိသမျှအားလုံးမှာ သံယောဇဉ် ခံစားချက်တစ်ခုသာ ဖြစ်သည်။ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင်သည် ချစ်မြတ်နိုးဖွယ်ဖြစ်သည်ဟူသည့် အသိစိတ်တစ်ခု အမြဲရှိသော်လည်း၊ ဘုရားသခင်သည် အလွန် "သနားအကြင်နာမဲ့ပြီး စာနာစိတ်မရှိ" သောကြောင့်၊ ၎င်းတို့သည် သူ၏ရှေ့မှောက်တွင် ၎င်းတို့၏ စိတ်နှလုံးများထဲက မချိတင်ကဲဝေဒနာကို ပြောဆိုရန် အခွင့်အရေး လုံးဝ မရှိဖူးကြချေ။ ၎င်းတို့သည် ခင်ပွန်းသည်၏ ရိုးဖြောင့်ခြင်းကြောင့် မိမိ၏ စစ်မှန်သော ခံစားချက်များကို ထုတ်ပြောရန် မည်သည့်အခါကမျှ အခွင့်အရေး မရဖူးသော၊ မိမိ၏ခင်ပွန်းရှေ့၌ ရှိသည့် ငယ်ရွယ်လှပသော ဇနီးသည်တစ်ဦးကဲ့သို့ ဖြစ်သည်။ လူတို့သည် မိမိကိုယ်ကိုယ် အထင်အမြင်သေးတတ်ကြသော ကံဆိုးသူများ ဖြစ်ကြပြီး၊ ၎င်းတို့၏ နုနယ်ခြင်းကြောင့်၊ ၎င်းတို့၌ မိမိကိုယ်ကိုယ် လေးစားမှု ကင်းမဲ့ခြင်းကြောင့်၊ လူသားနှင့်ဆိုင်သည့် ငါ၏ မုန်းတီးခြင်းသည် မရည်ရွယ်ဘဲ တိုးပွားကာ၊ အတော်အတန် သာ၍ ပြင်းထန်လာပြီး ငါ၏ စိတ်နှလုံးထဲက အမျက်သည်းခြင်း ပွင့်ထွက်လာသည်။ ငါ၏စိတ်တွင် ငါသည် စိတ်ဒဏ်ရာတစ်ခု ခံစားနေရပြီး ဖြစ်သည့်အလား ဖြစ်သည်။ ငါသည် အချိန်ကြာမြင့်စွာကတည်းက လူသား၌ မျှော်လင့်ချက် ဆုံးရှုံးပြီးဖြစ်သော်လည်း၊ "လူသားမျိုးနွယ်အား နောက်တစ်ဖန် နှိုးဆော်ရင်း၊ နောက်ထပ် အစပြုခြင်းအသစ်ကို လူသားမျိုးနွယ်အား ပေးရင်း၊ ငါ၏ နေ့ရက်သည် နောက်တစ်ဖန် လူသားမျိုးနွယ်အပေါ် အပူတပြင်း နီးကပ်လာသည်" ဖြစ်သောကြောင့်၊ ငါသည် လူသားမျိုးနွယ်အပေါင်းကို သိမ်းပိုက်ရန်၊ အဆင်းနီသော နဂါးကြီးအား ဖမ်းဆီးကာ အနိုင်ယူရန် သတ္တိကို နောက်တစ်ကြိမ်ထပ်၍ မွေးယူသည်။ ဘုရားသခင်၏ မူလရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်- တရုတ်နိုင်ငံ၌ အဆင်းနီသော နဂါးကြီး၏ သားပေါက်ကို သိမ်းပိုက်ရန်သာ ဖြစ်သည်။ ဤအရာကိုသာ အဆင်းနီသော နဂါးကြီး၏ ရှုံးနိမ့်ခြင်း၊ အဆင်းနီသော နဂါးကြီးအား နှိမ်နင်းခြင်းဟု ယူဆနိုင်သည်။ ဤအရာသည်သာ

ဘုရားသခင်သည် ရှင်ဘုရင်အဖြစ် ကမ္ဘာမြေအနှံ့ စိုးစံသည်ကို သက်သေပြရန်၊ ဘုရားသခင်၏ ကြီးမြတ်သော စီမံကိန်း ပြီးမြောက်ခြင်း၊ ဘုရားသခင်သည် ကမ္ဘာမြေပေါ်တွင် အသစ်သော စတင်ခြင်း တစ်ခုရှိပြီး ကမ္ဘာမြေပေါ်တွင် ဘုန်းထင်ရှားသည်ကို သက်သေပြရန် လုံလောက်ပေမည်။ နောက်ဆုံး၊ လှပသည့် မြင်ကွင်းကြောင့်၊ ဘုရားသခင်သည် သူ၏ စိတ်နှလုံးထဲတွင် စိတ်ထက်သန်ပြင်းပြမှုကို မဖော်ပြဘဲ မနေနိုင်အောင် ဖြစ်လေသည်- "ငါ၏နှလုံးသည် ခုန်လျက်ရှိပြီး ငါ၏ နှလုံးခုန်သံ စည်းချက်များ နောက်လိုက်ရင်း၊ တောင်များသည် ဝမ်းမြောက်ခြင်းဖြင့် ခုန်ပေါက်ကြပြီး၊ ရေတို့သည် ဝမ်းမြောက်ခြင်းဖြင့် ကခုန်ကြကာ လှိုင်းလုံးများသည် ကျောက်ဆောင်အတိပြီးသော ကျောက်တန်းများကို ရိုက်ခတ်ကြလေသည်။ ငါ၏ စိတ်နှလုံးထဲ၌ ရှိသော အရာကို ဖော်ပြရန် ခက်ခဲလှသည်။" ဤအရာမှ၊ ဘုရားသခင် စီစဉ်ခဲ့သောအရာကို ဘုရားသခင် ပြီးမြောက် အောင်မြင်စေနှင့်ပြီ ဖြစ်သည်ကို တွေ့နိုင်သည်။ ယင်းကို ဘုရားသခင်က ကြိုတင်စီရင်ထားခြင်းဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်က လူတို့အား တွေ့ကြုံစေကာ ရှုမြင်စေသည့်အရာ အတိအကျ ဖြစ်ပေသည်။ နိုင်ငံတော်၏ ရှေ့ရေးမှာ လှပပေသည်။ နိုင်ငံတော်၏ ရှင်ဘုရင်သည် ဦးခေါင်းမှ ခြေအထိ အသွေး၊ အသား အရိပ်အယောင် တစ်ခုမျှ မရှိဘဲ၊ ဘုရားသဘာဝ အစိတ်အပိုင်းများဖြင့် လုံးဝ ဖွဲ့စည်းထားသည့် အောင်နိုင်သူ ဖြစ်ပေသည်။ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် လူသား၏ အတွေးအခေါ်များဖြင့် လုံးလုံး စွန်းထင်းခြင်း မရှိဘဲ၊ သန့်ရှင်းမြင့်မြတ်သော ဘုန်းအသရေဖြင့် တောက်ပလေသည်။ သူ၏တစ်ကိုယ်လုံးသည် ထိပ်မှ အောက်ခြေထိ၊ ဖြောင့်မတ်ခြင်းနှင့် ကောင်းကင်ဘုံ၏ ရောင်ဝါလက္ခဏာဖြင့် ပြည့်လျှမ်းကာ ဆွဲဆောင်သော ရနံ့တစ်မျိုး ထွက်ပေသည်။ ရှောလမုန်သီချင်းထဲက ချစ်မြတ်နိုးသူကဲ့သို့၊ သူသည် သန့်ရှင်းသူအားလုံးထက် သာ၍ လှပသေးသည်၊ ရှေးသန့်ရှင်းသူများထက် ပို၍မြင့်မားလေသည်။ သူသည် လူအပေါင်းတို့အလယ် စံပြဖြစ်ပြီး လူသားအဖို့ မယှဉ်သာပေ။ လူတို့သည် သူ့ကို တိုက်ရိုက် မော်ကြည့်ရန် မသင့်တော်ပေ။ မည်သူမျှ ဘုရားသခင်၏ ကျက်သရေရှိသော မျက်နှာ၊ ဘုရားသခင်၏ သွင်ပြင်၊ သို့မဟုတ် ဘုရားသခင်၏ ပုံသဏ္ဌာန်ကို ကြိုးပမ်းမရရှိနိုင်ပေ။ မည်သူမျှ ယင်းတို့နှင့် ယှဉ်ပြိုင်နိုင်ခြင်း မရှိသကဲ့သို့၊ မည်သူမျှ ယင်းတို့ကို ၎င်းတို့၏ နှုတ်များဖြင့် အလွယ်တကူ မချီးမွမ်းနိုင်ကြပေ။

ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အဆုံးမရှိပေ- စမ်းချောင်းတစ်ခုမှ ပန်းထွက်သော ရေကဲ့သို့၊ ၎င်းတို့သည် မည်သည့်အခါမျှ ခန်းခြောက်မသွားပေ၊ ထို့ကြောင့် ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်၏ နက်နဲမှုများကို မည်သူမျှ နားမလည်နိုင်ပေ။ သို့သော် ဘုရားသခင်အဖို့၊ ထိုသို့သော နက်နဲမှုများသည် အဆုံးမဲ့ဖြစ်သည်။ မတူညီသော နည်းလမ်းများနှင့်

ဘာသာစကားများကို အသုံးပြုလျက်၊ ဘုရားသခင်သည် စကြဝဠာ တစ်ခုလုံးနှင့်ဆိုင်သည့် သူ၏အသစ်ပြုပြင်ခြင်းနှင့် အသွင်ပြောင်းလဲခြင်းကို အကြိမ်များစွာ ပြောဆိုပြီးသည်၊ အကြိမ် အသီးသီးသည် ပြီးခဲ့သည့်အကြိမ်ထက် ပို၍ နက်နဲသည်- “ငါသည် မသန့်ရှင်းသော အရာအားလုံးကို ငါ၏ အကြည့်အောက်တွင် ပြာမှုန့်များအဖြစ်သို့ လောင်ကျွမ်းသွားစေချင်မိသည်။ ငြင်းဆန်သောသူ အားလုံးကို နောက်ထပ် မည်သည့်အခါမျှ တဝဲလည်လည် မတည်ရှိတော့ရန်၊ ငါ၏မြင်ကွင်းမှ ကွယ်ပျောက်သွားစေချင်သည်။” ဘုရားသခင်သည် အဘယ်ကြောင့် ထိုသို့သောအရာများကို ထပ်တလဲလဲ ပြောသနည်း။ လူတို့က ယင်းတို့ကို ငြီးငွေ့လာမည်ကို သူမစိုးရိမ်သလော။ လူတို့သည် ဘုရားသခင်ကို ဤနည်းဖြင့် သိရှိရန် ဆန္ဒရှိလျက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအလယ်တွင် စမ်းတဝါးဝါးသွားရုံမျှ သွားကြသော်လည်း၊ မိမိတို့ကိုယ်ကိုယ် ဆန်းစစ်ရန် မည်သည့်အခါမျှ သတိမရကြချေ။ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်မှ လူသား၏ မနာခံမှုကို သိရှိနိုင်ကြပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏ ရှေ့မှောက်တွင် ၎င်းတို့၏ မနာခံမှုကို အမြစ်ဖြတ်သုတ်သင်နိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် ၎င်းတို့အား သတိပေးဖို့၊ ၎င်းတို့အားလုံးကို မိမိတို့ကိုယ်ကိုယ် သိရှိစေဖို့ ဤနည်းလမ်းကို အသုံးပြုသည်။ ဘုရားသခင်သည် “ရွေးထုတ်” ဖို့ ဆန္ဒရှိသည်ကို ကြည့်လျက်၊ လူများ၏ စိတ်နေစိတ်ထားသည် တစ်ပြိုင်နက် စိုးရိမ်ကြောင့်ကြလာပြီး ၎င်းတို့၏ ကြွက်သားများသည်လည်း လှုပ်ရှားမှု ရပ်တန့်သွားပုံ ရလေသည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ပြစ်တင်ဝေဖန်ရန် ဘုရားသခင်ရှေ့သို့ ချက်ချင်း ပြန်လာကြသောကြောင့်၊ ဘုရားသခင်ကို သိလာကြသည်။ ဤအရာနောက်ပိုင်းတွင်- ၎င်းတို့သည် ၎င်းတို့၏ စိတ်များကို ပိုင်းဖြတ်ပြီးသည့်နောက်တွင်- ဘုရားသခင်သည် အဆင်းနီသော နဂါးကြီး၏ အနှစ်သာရကို ၎င်းတို့အား ပြသရန် အခွင့်အရေး အသုံးပြုလေသည်။ ထို့ကြောင့် လူတို့သည် ဝိညာဉ်ရေးရာ လောကနှင့် တိုက်ရိုက် ထိတွေ့ကြပြီး၊ ၎င်းတို့၏ စိတ်ဆုံးဖြတ်ချက်က ဆောင်ရွက်သည့် ကဏ္ဍကြောင့်၊ ၎င်းတို့၏ စိတ်များသည်လည်း အခန်းကဏ္ဍတစ်ခုကို ဆောင်ရွက်ဖို့ စတင်လေသည်၊ ယင်းက လူနှင့် ဘုရားသခင်အကြားရှိ ရပ်တည်ချက်ကို တိုးမြှင့်စေသည်- ယင်းသည် လူ့ဇာတိ၌ ဘုရားသခင်၏ အမှုတော်အဖို့ သာ၍ ကြီးမားသော အကျိုးရှိလေသည်။ ဤနည်းဖြင့်၊ လူတို့သည် ကုန်လွန်သွားသော အချိန်များကို ပြန်ကြည့်ရန် စိတ်ထားတစ်ခု မရည်ရွယ်ဘဲ ပိုင်ဆိုင်ကြလေသည်။ အတိတ်တွင် လူတို့သည် နှစ်ပေါင်းများစွာ မရေရာသော ဘုရားသခင်ကို ယုံကြည်ခဲ့ကြသည်။ နှစ်များစွာ ၎င်းတို့သည် ကြီးကြီးမားမား မွေ့လျော်နိုင်စွမ်းမရှိဘဲ၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် မည်သည့်အခါမျှ မလွတ်မြောက်ခဲ့ကြသကဲ့သို့၊ ဘုရားသခင်ကို ၎င်းတို့

ယုံကြည်ခဲ့ကြသော်လည်း၊ ၎င်းတို့၏ ဘဝများတွင် စနစ်ကျမှု မရှိခဲ့ပေ။ ယင်းမှာ ယုံကြည်မှု ရှိမလာမီအချိန်က ဖြစ်ခဲ့သကဲ့သို့ အတူတူဖြစ်ပုံရသည်- ၎င်းတို့၏ ဘဝများသည် အနှစ်မဲ့ပြီး မျှော်လင့်ချက်မဲ့သည်ဟု ခံစားခဲ့ရဆဲဖြစ်ပြီး၊ ယင်းအချိန်က ၎င်းတို့၏ ယုံကြည်မှုသည် မယုံကြည်မှုထက် သာ၍ ကောင်းမွန်ခြင်းမရှိဘဲ၊ အရှုပ်အယှက် တစ်မျိုးကဲ့သို့ ဖြစ်ပုံရခဲ့သည်။ ၎င်းတို့သည် ယနေ့၏ လက်တွေ့ကျသော ဘုရားသခင် ကိုယ်တိုင်ကို ရှုမြင်ကြပြီးဖြစ်သည့်အတွက်၊ ယင်းမှာ ကောင်းကင်နှင့် မြေကြီး အသစ်တဖန်ပြုပြင်ခြင်း ခံရပြီးဖြစ်သည့်အလား ဖြစ်သည်။ ၎င်းတို့၏ ဘဝများသည် တောက်ပရွှန်းစိုလာကြပြီးဖြစ်သည်၊ ၎င်းတို့သည် မျှော်လင့်ချက်မမဲ့ကြတော့သကဲ့သို့၊ လက်တွေ့ကျသော ဘုရားသခင်၏ ရောက်ရှိခြင်းကြောင့်၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် တည်ကြည်ခိုင်မာမှုနှင့် ၎င်းတို့၏ စိတ်ဝိညာဉ်များ အတွင်း၌ ငြိမ်သက်ခြင်းကို ခံစားကြရသည်။ ၎င်းတို့သည် ၎င်းတို့ လုပ်သမျှအားလုံးတွင် လေနောက်လိုက်ခြင်းနှင့် အရိပ်များကို ဖမ်းဆုပ်ခြင်း မပြုကြတော့ပေ။ ၎င်းတို့၏ လိုက်စားမှုသည် မရေမရာ မဖြစ်တော့သကဲ့သို့၊ ၎င်းတို့သည် ယက်ကန်ယက်ကန် မဖြစ်ကြတော့ပေ။ ယနေ့ ဘဝသည် ပို၍ပင် လှပပြီး၊ လူတို့သည် မမျှော်လင့်ထားဘဲ နိုင်ငံတော်ထဲသို့ ဝင်ရောက်ကြပြီးဖြစ်ကာ ဘုရားသခင်၏ လူများဖြစ်လာကြပြီး ထို့နောက်ပိုင်းတွင်...။ ၎င်းတို့၏ စိတ်နှလုံးများထဲတွင်၊ ဤအရာကို လူတို့ ပို၍ စဉ်းစားလေ၊ ချိုမြိန်မှု သာ၍ ကြီးမားလေ ဖြစ်သည်။ ဤအရာကို ၎င်းတို့ ပို၍ စဉ်းစားလေ၊ ၎င်းတို့ ပို၍ ပျော်ရွှင်လေ ဖြစ်ပြီး ၎င်းတို့သည် ဘုရားသခင်ကို ချစ်မြတ်နိုးရန် လှုံ့ဆော်ခံရလေ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ နားမလည်လိုက်ဘဲနှင့်၊ ဘုရားသခင်နှင့် လူအကြားရှိ ခင်မင်ရင်းနှီးမှုသည် တိုးမြှင့်သွားလေသည်။ လူတို့သည် ဘုရားသခင်ကို ပို၍ ချစ်ကြပြီး ဘုရားသခင်ကို သာ၍ သိကြသကဲ့သို့၊ လူသားထဲက ဘုရားသခင်၏ အမှုသည် တိုး၍ လွယ်ကူလာကာ ယင်းသည် လူတို့အား ဖိအားပေးခြင်း သို့မဟုတ် အတင်းအကျပ် လုပ်ခိုင်းခြင်း မရှိတော့ဘဲ၊ သဘာဝ ဖြစ်စဉ်ကို လိုက်ကာ လူသည် သူ၏ ကိုယ်ပိုင်၊ တစ်မူထူးခြားသော လုပ်ငန်းဆောင်တာကို ဆောင်ရွက်လေသည်- ဤနည်းဖြင့်သာ၊ လူတို့သည် ဘုရားသခင်အား တဖြည်းဖြည်း သိလာနိုင်လိမ့်မည် ဖြစ်သည်။ ဤအရာသည်သာ ဘုရားသခင်၏ ဉာဏ်ပညာ ဖြစ်သည်- ယင်းသည် အားထုတ်မှု အနည်းငယ်မျှ မလိုအပ်သကဲ့သို့၊ ယင်းကို လူ၏ သဘောသဘာဝနှင့် သင့်လျော်သကဲ့သို့ အကျိုးသက်ရောက်စေခြင်း ဖြစ်သည်။ ထို့ကြောင့် ဤ အခါသမယတွင် ဘုရားသခင်က၊ "လူ့လောကထဲတွင် ငါ၏လူ့ဇာတိခံခြင်း အတောအတွင်းတွင်၊ လူသားမျိုးနွယ်သည် ငါ၏လမ်းပြမှုအောက်တွင်၊ ဤနေ့ရက်ထိ အမှတ်တမဲ့ ရောက်ရှိလာပြီးဖြစ်ကာ ငါ့ကို အမှတ်တမဲ့ သိလာကြပြီးဖြစ်သည်။ သို့သော်

ရှေ့တွင်ရှိသည့်လမ်းကြောင်းကို မည်သို့ လျှောက်လှမ်းရမည် နှင့်စပ်လျဉ်း၍မူ မည်သူမျှ အရိပ်အမြွက် နားမလည်ကြ၊ မည်သူမျှ မသိကြပေ- ပြီးလျှင် ထိုလမ်းကြောင်းက ၎င်းတို့ကို မည်သည့်ဦးတည်ရာသို့ ခေါ်ဆောင်သွားမည်နှင့်ပတ်သက်၍ မည်သူမျှ သဲလွန်စတစ်ခုတစ်လေ သာ၍ မရှိကြသေးချေ။ ၎င်းတို့အပေါ် ဂရုစိုက်နေသည့် အနန္တတန်ခိုးရှင်နှင့် အတူသာ မည်သူမဆိုသည် ထိုလမ်းကြောင်းကို အဆုံးတိုင် လျှောက်လှမ်းနိုင်လိမ့်မည် ဖြစ်သည်။ အရှေ့အရပ်မှ လျှပ်ပြက်ခြင်းအားဖြင့် လမ်းပြခံရလျက်သာ၊ မည်သူမဆိုသည် ငါ၏နိုင်ငံတော်သို့ ဆိုက်ရောက်စေသည့် တံခါးခုံကို ဖြတ်သန်းနိုင်မည် ဖြစ်သည်။" ဟု ဆိုခြင်း ဖြစ်သည်။ ဤသည်မှာ အထက်တွင် လူ၏စိတ်နှလုံးထဲ၌ ငါဖော်ပြခဲ့သော အရာ၏ အကျဉ်းချုပ် တစ်ခု အတိအကျ ဖြစ်သည် မဟုတ်လော။ ဤနေရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ လျှို့ဝှက်ချက် တည်ရှိသည်။ လူက သူ၏ စိတ်နှလုံးထဲ၌ တွေးသည့်အရာမှာ ဘုရားသခင်က သူ၏နှုတ်မှ ပြောသောအရာ အတိအကျဖြစ်ပြီး၊ သူ၏နှုတ်မှ ပြောသော အရာသည် လူသားက တမ်းတသည့်အရာအတွက် အတိအကျ ဖြစ်ပေသည်။ ဤသည်မှာ ဘုရားသခင်က လူ၏ စိတ်နှလုံးကို မြင်သာအောင် ပြရာတွင် အကျွမ်းကျင်ဆုံးသောအရာ အတိအကျ ဖြစ်သည်။ ထိုသို့မဟုတ်ပါက အားလုံးတို့သည် အဘယ်သို့ စစ်မှန်ရိုးသားစွာ လက်ခံယုံကြည်နိုင်ကြမည်နည်း။ ဤသည်မှာ အဆင်းနီသော နဂါးကြီးအား သိမ်းပိုက်ခြင်းအားဖြင့် ဘုရားသခင် ရယူလိုသည့် အကျိုးတရား ဖြစ်သည် မဟုတ်လော။

အမှန်တွင်၊ ဘုရားသခင်၏ ရည်ရွယ်ချက်သည် ယင်းတို့၏ အပေါ်ယံ အဓိပ္ပာယ်များကို ညွှန်ပြဖို့ မဟုတ်သည့် များစွာသော နှုတ်ကပတ်တော်များ ရှိလေသည်။ သူ၏ များစွာသော နှုတ်ကပတ်တော်များထဲတွင် ဘုရားသခင်သည် လူတို့၏ အယူအဆများကို တမင်တကာ ပြောင်းလဲပေးရန်နှင့် ၎င်းတို့၏ အာရုံကို ပြောင်းပေးရန်သာ ရည်ရွယ်ပေသည်။ ဘုရားသခင်သည် ဤနှုတ်ကပတ်တော်များတွင် အရေးပါမှု တစ်ခုတစ်လေကို တွဲဖက်ထားခြင်း မရှိပေ၊ ထို့ကြောင့် နှုတ်ကပတ်တော် များစွာတို့သည် ရှင်းပြရန် မထိုက်တန်ပေ။ လူသားသည် ယနေ့ ၎င်းတို့ ရှိကြပြီးဖြစ်သည့် အတိုင်းအတာအထိ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ သိမ်းပိုက်ခြင်းခံရပြီးဖြစ်ချိန်တွင်၊ လူတို့၏ ခွန်အားသည် တိကျသော အဆင့်တစ်ခုသို့ ရောက်ရှိ၍၊ ထို့ကြောင့် ဘုရားသခင်သည် နောက်ပိုင်းတွင် သတိပေးသည့် နှုတ်ကပတ်တော်များကို ပို၍ မိန့်မြွက်လေသည်- ဘုရားသခင်၏ လူများထံ အခြေခံဥပဒေကို သူထုတ်ပြန်သည်- "ကမ္ဘာမြေတွင် မှီတင်းနေထိုင်ကြသော လူသားများသည် ကြယ်များလောက် များပြားကြသော်လည်း၊ ငါသည် ၎င်းတို့အားလုံးကို ရှင်းရှင်းလင်းလင်း

ကောင်းစွာ သိ၏။ ပြီးလျှင် ငါ့ကို 'ချစ်သော' လူသားများသည် ပင်လယ် သဲပွင့်များလောက် မရေမတွက်နိုင်လောက်အောင် များပြားကြသော်လည်း၊ အနည်းငယ်သာလျှင် ငါ၏ ရွေးချယ်ခြင်းကို ခံကြရသည်- ငါ့ကို 'ချစ်သော' သူများမှအပ တောက်ပသော အလင်းကို လိုက်စားအားထုတ်သော သူများသာ ငါ၏ ရွေးချယ်ခြင်းကို ခံကြရသည်။" စင်စစ် ဘုရားသခင်ကို ချစ်သည်ဟု ပြောသောသူများစွာ ရှိကြသော်လည်း၊ မိမိတို့၏ စိတ်နှလုံးများထဲတွင် သူ့ကို ချစ်သောသူ အနည်းငယ်သာ ရှိသည်။ ဤအရာကို မျက်လုံးများ ပိတ်လျက်ဖြင့်ပင် ရှင်းရှင်းလင်းလင်း သိမြင်နိုင်သည်ဟု ထင်ရပေမည်။ ဤသည်မှာ ဘုရားသခင်အား ယုံကြည်သောသူတို့၏ လောကတစ်ခုလုံး အမှန်တကယ် ဖြစ်သည့်ပုံ ဖြစ်သည်။ ဤတွင် ယခုအခါ ဘုရားသခင်သည် "လူတို့အား ရွေးထုတ်ခြင်း" အမှုဖက်သို့ လှည့်သွားပြီ ဖြစ်သည်ကို ကျွန်ုပ်တို့မြင်ရပြီး၊ ယင်းက ဘုရားသခင် လိုချင်သောအရာကို ပြသပြီး ဘုရားသခင်အား ကျေနပ်စေသည်မှာ ယနေ့၏ အသင်းတော် မဟုတ်ဘဲ၊ ရွေးထုတ်ခြင်းပြီးနောက် နိုင်ငံတော် ဖြစ်ပေသည်။ ဤအခိုက်အတန့်တွင် သူသည် "အန္တရာယ်ရှိသော ကုန်ပစ္စည်းများ" အားလုံးကို နောက်ထပ် သတိပေးချက်တစ်ခု ပေးလေသည်။ ဘုရားသခင် မဆောင်ရွက်ပါက၊ ဘုရားသခင် စတင် ဆောင်ရွက်သည်နှင့်တစ်ပြိုင်နက်၊ ဤလူတို့သည် နိုင်ငံတော်မှ ပယ်ဖျက်ခံရကြပေမည်။ ဘုရားသခင်သည် အမှုအရာများကို မည်သည့်အခါမျှ ဝတ်ကျေတမ်းကျေ လုပ်ဆောင်ခြင်း မရှိပေ။ သူသည် "တစ်သည် တစ်ဖြစ်ပြီး နှစ်သည် နှစ်ဖြစ်သည်။" ဟူသော အခြေခံသဘောတရားနှင့်အညီ အမြဲ လုပ်ဆောင်ပြီး၊ သူ မကြည့်ရှုလိုသော သူများ ရှိပါက၊ အနာဂတ်တွင် ၎င်းတို့ ပြဿနာ ဖြစ်စေသည်ကို ရပ်တန့်ရန် ၎င်းတို့အား ဖယ်ရှားပစ်ဖို့ ဖြစ်နိုင်သမျှအရာရာကို သူ လုပ်ဆောင်လေသည်။ ဤအရာကို "အမှိုက်သရိုက် ထုတ်ခြင်းနှင့် စေ့စေ့စပ်စပ် သန့်စင်ခြင်း" ဟု ခေါ်သည်။ ဘုရားသခင်သည် လူသားထံ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ကြေငြာသည့် တကယ့် အခိုက်အတန့်သည် သူ၏ အံ့သြဖွယ် လုပ်ဆောင်ချက်များနှင့် သူ၏ အတွင်း၌ ရှိသမျှကို သူပြသော အချိန်ဖြစ်သည်၊ ထို့ကြောင့် နောက်ပိုင်းတွင် သူက၊ "တောင်များပေါ်တွင် တောရဲသားကောင်များ မရေမတွက်နိုင်အောင် ရှိကြသော်လည်း၊ ၎င်းတို့ အားလုံးသည် ငါ့ရှေ့တွင် သိုးများကဲ့သို့ ယဉ်ပါးကြ၏။ လှိုင်းလုံးများ အောက်တွင် ဉာဏ်မမီနိုင်သည့် နက်နဲမှုများ တည်ရှိသော်လည်း၊ ၎င်းတို့သည် မြေမျက်နှာပြင်ပေါ်က အရာခပ်သိမ်းကဲ့သို့ ရှင်းလင်းစွာ ငါ့ထံ မိမိတို့ကိုယ်ကိုယ် ပြသကြလေသည်။ အထက် အမြင့်ဆုံးသော ကောင်းကင်ဘုံတွင် ရှိသည်မှာ လူတို့ မည်သည့်အခါမျှ လက်လှမ်း မမီနိုင်သည့် နယ်ပယ်များ ဖြစ်သော်လည်း၊ ငါသည်

ထိုဝင်ခွင့်မရနိုင်သော နယ်ပယ်များထဲသို့ လွတ်လပ်စွာ လျှောက်လှမ်းသွားသည်။” ဟု ပြောခြင်း ဖြစ်သည်။ ဘုရားသခင်၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်- လူ၏ စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက် လှည့်ဖြားတတ်ပြီး၊ လူတို့၏ အလွန့်အလွန် များပြားသော အယူအဆများတမျှ အဆုံးမရှိ လျှို့ဝှက်နက်နဲပုံရသော်လည်း၊ ဘုရားသခင်သည် လူ၏ စစ်မှန်သော အခြေအနေများကို ခရေစေ့တွင်းကျ သိရှိလေသည်။ ခပ်သိမ်းသော အရာများထဲတွင်၊ လူသည် တောရိုင်း သားရဲတစ်ကောင်ထက် ပို၍ ရက်စက်ကာ ကြမ်းကြုတ်သော တိရစ္ဆာန်တစ်ကောင် ဖြစ်သော်လည်း၊ ဘုရားသခင်သည် လူအား မည်သူမျှ ထကြွကာ ခုခံရန် မဝံ့ရဲသည့် အဆင့်အထိ သိမ်းပိုက်ပြီး ဖြစ်သည်။ အမှန်တွင် ဘုရားသခင် ရည်ရွယ်သည်နှင့်အမျှ၊ ၎င်းတို့၏ စိတ်နှလုံးများထဲ၌ လူတို့ တွေးသောအရာသည် ခပ်သိမ်းသော အရာများထဲမှ အရာအားလုံးထက် ပို၍ ရှုပ်ထွေးသည်။ ယင်းသည် နားလည်၍မရနိုင်သော်လည်း၊ ဘုရားသခင်သည် လူ၏ စိတ်နှလုံးကို အလေးထားခြင်းမရှိပေ။ သူသည် ယင်းအား သူ၏ မျက်စိရှေ့က သေးငယ်သော ပိုးကောင် တစ်ကောင်ကဲ့သို့ သဘောထားရုံမျှထားသည်။ သူ၏ နှုတ်မှ နှုတ်ကပတ်တော်တစ်လုံးဖြင့် ယင်းကို သူသိမ်းပိုက်သည်။ သူအလိုရှိသည့် အချိန်တိုင်းတွင်၊ ယင်းကို သူဒဏ်ခတ်သည်။ သူ၏လက် အနည်းငယ်မျှ လှုပ်ရုံဖြင့် ယင်းအား သူ ပြစ်တင်ဆုံးမသည်။ ယင်းကို သဘောရှိ သူ ရှုတ်ချလေသည်။

ယနေ့တွင် လူအပေါင်းတို့သည် အမှောင်အတွင်းတွင် တည်ရှိကြသော်လည်း၊ ၎င်းတို့သည် ဘုရားသခင်ကို တွေ့မြင်ခြင်းအားဖြင့် အလင်း၏ အနှစ်သာရကို နောက်ဆုံးတွင် သိရှိလာကြလေသည်။ ကမ္ဘာအနှံ့အပြားတွင်၊ အနက်ရောင် အိုးကြီးတစ်လုံးသည် မြေကြီးပေါ်တွင် မှောက်ထားသကဲ့သို့ ဖြစ်ပြီး၊ မည်သူမျှ အသက်တစ်ချက် မရှူနိုင်ကြပေ။ ၎င်းတို့ အားလုံးသည် အခြေအနေကို ပြောင်းပြန်လှန်ပစ်လိုကြသော်လည်း မည်သူမျှ ထိုအနက်ရောင်အိုးကို တစ်ကြိမ်တစ်ခါမျှ ပင့်မဖူးခြင်း မရှိပေ။ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းကြောင့်သာ လူတို့၏ အမြင်များ ရုတ်တရက် ပွင့်သွားပြီး၊ ၎င်းတို့သည် လက်တွေ့ကျသော ဘုရားသခင်ကို ရှုမြင်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ၎င်းတို့အား မေးခွန်း မေးသော လေသံဖြင့် မေးမြန်းလေသည်- “လူသည် အလင်းထဲတွင် ငါ့ကို လုံးဝ မမှတ်မိဘဲ၊ အမှောင်လောကထဲတွင်သာ ငါ့ကို မြင်ဖူးလေသည်။ သင်တို့သည် ယနေ့တွင် အလားတူ အခြေအနေတွင် အတိအကျ ရှိကြသည် မဟုတ်လော။ ငါ၏ အမှုကို လုပ်ဆောင်ရန် လူ့ဇာတိကို ငါ တရားဝင် ယူတင်ဝတ်ဆင်ခဲ့သည်မှာ အဆင်းနီသော နဂါးကြီး၏ ဆူပူသောင်းကျန်းခြင်း အထွတ်အထိပ်အချိန်တွင် ဖြစ်သည်။” ဘုရားသခင်သည် ဝိညာဉ်ရေးရာ လောက၏ တကယ့်အခြေအနေများကို ကွယ်ဝှက်ထားခြင်း မရှိသကဲ့သို့၊ လူ၏စိတ်နှလုံး၏

တကယ့်အခြေအနေကို ကွယ်ဝှက်ထားခြင်း မရှိပေ၊ ထို့ကြောင့် သူသည် လူတို့အား ထပ်တလဲလဲ သတိပေးသည်- “ငါသည် ငါ၏ လူတို့ကို လူ့ဇာတိခံ ဘုရားသခင်အား သိရှိနိုင်စေရုံသာမက၊ ၎င်းတို့ကို သန့်ရှင်းလည်း သန့်ရှင်းစေလျက် ရှိသည်။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ ပြင်းထန်မှုကြောင့်၊ လူပေါင်းမြောက်မြားစွာတို့သည် ငါ၏ သုတ်သင်ဖယ်ရှင်းခြင်းကို ခံရမည့် အန္တရာယ်တွင် ရှိနေဆဲဖြစ်သည်။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ကိုင်တွယ်ဖြေရှင်းရန်၊ သင်တို့၏ ကိုယ်ပိုင်ခန္ဓာကိုယ်ကို ချိုးနှိမ်ရန် တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်မှု မရှိပါက- သင်တို့ ဤအရာကို မလုပ်ဆောင်ပါက၊ ပေါလုသည် ငါ၏လက်မှ ပြစ်တင်ဆုံးမခြင်းကို ရရှိသကဲ့သို့၊ ယင်းမှ လွတ်မြောက်ရာ လမ်းမရှိခဲ့သည့်အတိုင်းပင်၊ သင်တို့သည် ငါ စက်ဆုပ်ရွံရှာပြီး ငြင်းပယ်သော အရာတစ်ခု၊ ငရဲထဲသို့ ပစ်ချခြင်းကို ခံရမည့်အရာတစ်ခု ဧကန်မုချ ဖြစ်လာလိမ့်မည်။” ဘုရားသခင်သည် ထိုသို့ နောက်ထပ် ပြောသည်နှင့်အမျှ၊ ထိုအခါတွင်သာ လူတို့သည် ၎င်းတို့၏ ခြေလှမ်းများကို ပို၍ သတိထားကြပြီး၊ ၎င်းတို့သည် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပို၍ ကြောက်ရွံ့လာကြသည်။ ထိုအခါမှသာ ဘုရားသခင်၏ သြဇာအာဏာသည် အကျိုးသက်ရောက်နိုင်ပြီး သူ၏ ဘုန်းအာနုဘော်သည် ပေါ်လွင်ထင်ရှား နိုင်ပေသည်။ ဤတွင် ဘုရားသခင်၏ အလိုကို လူတို့ နားလည်ကြဖို့အလို့ငှာ၊ ပေါလုကို နောက်ထပ်တစ်ကြိမ် ဖော်ပြထားသည်။ ၎င်းတို့သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းကို ခံရသောသူများ မဖြစ်ရဘဲ၊ ဘုရားသခင်၏ အလိုကို အလေးဂရုပြုသောသူများ ဖြစ်ရပေမည်။ ဤအရာသည်သာ လူတို့အား ၎င်းတို့၏ ကြောက်ရွံ့မှု အလယ်တွင် ဘုရားသခင်အား အကြွင်းမဲ့ ကျေနပ်စေရန်အလို့ငှာ ဘုရားသခင်၏ရှေ့၌ ၎င်းတို့၏ အတိတ် စိတ်ဆုံးဖြတ်ချက်နှင့်ဆိုင်သည့် မတတ်စွမ်းနိုင်မှုကို ပြန်လည်တွေးတောကြည့်စေနိုင်သည်၊ ယင်းက ၎င်းတို့အား ပို၍ပင် ကြီးမားသော နောင်တနှင့်၊ လက်တွေ့ကျသော ဘုရားသခင်နှင့်သက်ဆိုင်သည့် ပို၍များသော အသိပညာကို ပေးလေသည်။ ထိုသို့ဖြင့်၊ ထိုအခါမှသာ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ နှင့်ပတ်သက်၍ သံသယများ မရှိနိုင်ကြပေ။

“လူသည် ငါ၏လူ့ဇာတိဖြင့် ငါ့အား သိရုံမျှမသိကြချေ။ ယင်းထက် ပို၍၊ သူသည် သွေးသားခန္ဓာထဲတွင် နေထိုင်သော မိမိကိုယ်တိုင်၏ ဇာတိကို နားမလည်နိုင်သေးပေ။ နှစ်ပေါင်းများစွာကြာ၊ လူသားများသည် ငါ့ကို ပြင်ပ ဧည့်သည့်အဖြစ် ဆက်ဆံလျက်၊ လှည့်စားနေကြပြီးဖြစ်သည်။ အကြိမ်ပေါင်းများစွာ....။” ဤ”အကြိမ်ပေါင်းများစွာ”သည် လူတို့အား ပြစ်တင်ဆုံးမခြင်းနှင့်သက်ဆိုင်သည့်တကယ့် ဥပမာများကို ပြသလျက်၊ ဘုရားသခင်အား လူ၏ ဆန့်ကျင်ဘက်ပြုခြင်းနှင့်ဆိုင်သည့် လက်တွေ့အရှိတရားများကို

စာရင်းပြုစုလေသည်။ ဤသည်မှာ အပြစ်၏ သက်သေဖြစ်ပြီး၊ ယင်းကို မည်သူမျှ တစ်ဖန် ချေပနိုင်ခြင်း မရှိပေ။ လူအပေါင်းသည် ဘုရားသခင်အား ၎င်းတို့ ဆန္ဒရှိသည့်အတိုင်း အသုံးပြုနိုင်သည့် မရှိမဖြစ် လိုအပ်သော အိမ်အသုံးအဆောင်အချို့ဖြစ်သည့်အလား၊ နေ့စဉ်သုံး ပစ္စည်းအချို့ကဲ့သို့ အသုံးပြုကြသည်။ မည်သူမျှ ဘုရားသခင်ကို ချစ်မြတ်နိုးခြင်း မရှိ။ တစ်ဦးတစ်လေက ဘုရားသခင်ကို ကျိုးနွံနာခံရန် ရည်ရွယ်ဖို့ မဆိုထားနှင့်၊ ဘုရားသခင်၏ လုပခြင်း ဖြစ်စေ၊ ဘုရားသခင်၏ ကျက်သရေရှိသော မျက်နှာကိုဖြစ်စေ သိရှိရန် မည်သူမျှ မကြိုးစားဖူးကြချေ။ မည်သူမျှက ဘုရားသခင်ကို ၎င်းတို့၏ စိတ်နှလုံးထဲက ချစ်ခင်ရသောအရာ တစ်စုံတစ်ခုအဖြစ် တစ်ကြိမ်တစ်ခါမျှ မကြည်ညိုဖူးကြချေ။ ၎င်းတို့ အားလုံးသည် သူ့ကို ၎င်းတို့ လိုအပ်သည့် အချိန်တွင် ဆွဲခေါ် ပြီး၊ ၎င်းတို့ မလိုအပ်သည့် အချိန်တွင် သူ့ကို တစ်ဖက်သို့ ပစ်ထားပြီး လျစ်လျူရှုကြလေသည်။ယင်းမှာ ဘုရားသခင်သည် လူသားအဖို့ သဘောရှိ ကြိုးကိုင်ခြယ်လှယ်နိုင်ကာ သူဆန္ဒရှိသည့်အတိုင်း သို့မဟုတ် တောင့်တသည့်အတိုင်း တောင်းဆိုချက်များ ပြုနိုင်သည့် ရုပ်သေးရုပ် တစ်ရုပ် ဖြစ်သည့်အလားဖြစ်သည်။ သို့သော် ဘုရားသခင်က "ငါ၏လူ့ဇာတိခံယူခြင်း အတောအတွင်းတွင် ငါသည် လူ၏ အားနည်းချက်နှင့်ပတ်သက်၍ မစာနာခဲ့ဖူးပါက၊ လူသားမျိုးနွယ် အားလုံးသည် ငါ၏လူ့ဇာတိခံယူခြင်း တစ်ခုတည်းကြောင့်၊ အလွန်အမင်း ကြောက်ရွံ့ကြမည်ဖြစ်ကာ အကျိုးဆက်အနေဖြင့် မရဏနိုင်ငံထဲသို့ ကျဆင်းသွားကြပေမည်။" ဟု ဆိုသည်၊ ယင်းက ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် မည်မျှ ကြီးမြတ်သည်ကိုသာ ပြသပေသည်။ သူသည် လူသားမျိုးနွယ် အပေါင်းတို့အား ဝိညာဉ်ရေးရာ လောကမှ ဖျက်ဆီးခြင်းအစား၊ လူသားမျိုးနွယ်ကို လူ့ဇာတိဖြင့် သိမ်းပိုက်ရန် ကြွလာပြီးဖြစ်သည်။ ထို့ကြောင့် နှုတ်ကပတ်တော်သည် လူ့ဇာတိ ခံယူသည့်အချိန်တွင်၊ မည်သူမျှ မသိခဲ့ကြပေ။ အကယ်၍ ဘုရားသခင်သည် လူ၏ အားနည်းချည့်နဲ့ခြင်းကို ဂရုမစိုက်ပါက၊ သူ လူ့ဇာတိ ခံယူခဲ့သည့်အချိန်တွင် ကောင်းကင်နှင့် မြေကြီးသည် ဖောက်ထိုးမိုးမျှော် ဖြစ်ခဲ့ပါက၊ လူအပေါင်းတို့သည် အမြစ်ဖြုတ်သုတ်သင်ခြင်း ခံကြရပြီး ဖြစ်ပေမည်။ အသစ်ကို နှစ်သက်ပြီး အဟောင်းကို မုန်းသည်မှာ လူတို့၏ သဘောသဘာဝထဲ၌ ရှိသကဲ့သို့၊ အမှုအရာများ အဆင်ပြေနေသည့်အခါတွင် ဆိုးဝါးသေ အချိန်များကို မကြာခဏ မေ့လျော့တတ်ကြပြီး ၎င်းတို့ထဲမှ မည်သူမျှက ၎င်းတို့ မည်မျှကောင်းချီးမင်္ဂလာ ခံစားခဲ့ရသည်ကို မသိကြသောကြောင့်၊ ဘုရားသခင်သည် ယနေ့ မည်မျှ အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရထားသည်ကို တန်ဖိုးထားရမည်ဟု ၎င်းတို့အား ထပ်သလဲလဲ သတိပေးလေသည်။ မနက်ဖြန်အတွက်၊ ၎င်းတို့သည် ယနေ့ကို ပို၍ပင် တန်ဖိုးထားကြရမည်

ဖြစ်ပြီး၊ တိရစ္ဆာန် တစ်ကောင်ကဲ့သို့ သခင်ကို မမှတ်မိဘဲလျက် အမြင့်ကို တက်ပြီး ၎င်းတို့ အသက်ရှင်သည့် ကောင်းချီးမင်္ဂလာများအား မသိနားမလည်မဖြစ်ရ။ ထို့ကြောင့်၊ လူတို့သည် လိမ္မာလာကြသည်၊ မဝါကြွားကြတော့ပေ သို့မဟုတ် မာနမထောင်လွှား ကြတော့သကဲ့သို့၊ ယင်းမှာ လူ၏ သဘောသဘာဝက ကောင်းသည် မဟုတ်ဘဲ၊ ဘုရားသခင်၏ သနားကရုဏာနှင့် ချစ်ခြင်းမေတ္တာသည် လူသားအပေါ် ရောက်လာပြီးဖြစ်သောကြောင့် ဖြစ်သည်ကို ၎င်းတို့ သိလာကြသည်။ ၎င်းတို့အားလုံးသည် ပြစ်တင်ဆုံးမခြင်းကို ကြောက်ရွံ့ကြသောကြောင့်၊ နောက်ထပ် မည်သည့် အရာကိုမျှ မလုပ်ဆောင်ဝံ့ကြချေ။

အောက်ခြေမှတ်စု(များ)-

က။ "ချူမြစ်" ဆိုသည်မှာ ဆန့်ကျင်ဘက် တန်ခိုးအာဏာများကြားက နယ်နိမိတ်ကို တင်စားသောအားဖြင့် ရည်ညွှန်းထားခြင်း ဖြစ်သည်။

# အခန်း ၁၃

ဘုရားသခင်သည် အဆင်းနီသောနဂါးကြီး၏ သားစဉ်မြေးဆက်အားလုံးကို စက်ဆုပ်ပြီး၊ သူသည် အဆင်းနီသော နဂါးကြီးကိုယ်တိုင်ကို သာ၍ပင် မုန်းတီး၏။ ဤသည်မှာ ဘုရားသခင်၏နှလုံးသားအတွင်းရှိ အမျက်ဒေါသ ၏ အရင်းအမြစ်ဖြစ်သည်။ ဘုရားသခင်သည် အဆင်းနီသောနဂါးကြီးနှင့် သက်ဆိုင်သည့် အရာအားလုံးကို မီးရှို့ဖျက်ဆီးရန် ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ ပစ်ချရန် ဆန္ဒရှိပုံရလေသည်။ ဘုရားသခင်သည် သူ၏လက်ကိုဆန့်ကာ အဆင်းနီသော နဂါးကြီးကို ကိုယ်တိုင်ကိုယ်ကျ ချေမှုန်းချင်ပုံရသည့် အချိန်များပင် ရှိ၏- ယင်းကသာ သူ၏နှလုံးသားရှိ ရွံရှာခြင်းကို ဖျောက်ဖျက်နိုင်မည်ဖြစ်သည်။ အဆင်းနီသောနဂါးကြီး၏ အိမ်တွင်ရှိသူ တစ်ဦးစီတိုင်းသည် လူ့သဘာဝမရှိသည့် သားရဲတစ်ကောင် ဖြစ်ပြီး၊ ဤသည်မှာ ဘုရားသခင်က အောက်ပါအတိုင်း ပြောဆိုဖို့ သူ၏ ဒေါသကို ခိုင်မာစွာ ဖိနှိမ်ထားခြင်း ဖြစ်သည်- "ငါ၏လူများအားလုံးထဲနှင့် ငါ၏သားများအားလုံးထဲတွင်၊ ဆိုလိုသည်မှာ၊ လူသားမျိုးနွယ် တစ်ရပ်လုံးမှ ငါရွေးချယ်ပြီးဖြစ်သည့် သူများထဲတွင်၊ သင်သည် အနိမ့်ဆုံး အုပ်စုနှင့် သက်ဆိုင်သည်။" ဘုရားသခင်သည် အဆင်းနီသောနဂါးကြီးနှင့် ၎င်းကိုယ်တိုင်၏နိုင်ငံတွင်

အဆုံးအဖြတ်ပေးသော တိုက်ပွဲကို စတင်ပြီးဖြစ်ကာ သူ၏အစီအစဉ် အကောင်အထည်ပေါ်သည့်အခါ သူသည် ၎င်းကို ဖျက်ဆီးမည်ဖြစ်ပြီး၊ လူသားမျိုးနွယ်အား ဖောက်ပြန်ပျက်စီးစေခွင့်ပေးတော့မည်မဟုတ်၊ သို့မဟုတ် ၎င်းတို့၏ဝိညာဉ်များအား ဖျက်ဆီးခွင့်ပေးတော့မည် မဟုတ်ပေ။ နေ့စဉ်၊ ဘုရားသခင်သည် အိပ်ပျော်လျက်ရှိသည့် သူ၏လူတို့အား ကယ်တင်ရန် အော်ခေါ်သည်၊ သို့သော် ၎င်းတို့အားလုံးသည် အိပ်ဆေးများ သောက်ထားပြီးသည့်အလား တွေဝေသော အခြေအနေတွင် ရှိနေကြ၏။ ဘုရားသခင်သည် ၎င်းတို့အား တစ်ခဏကြာပင် မနှိုးပါက၊ ၎င်းတို့သည် လုံးဝ သတိမမူမိဘဲ ၎င်းတို့၏ အိပ်ပျော်သည့် အခြေအနေသို့ ပြန်သွားကြလိမ့်မည်။ သူ၏ လူအားလုံးတို့သည် သုံးပုံနှစ်ပုံ အကြောသေနေပုံရကြ၏။ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏လိုအပ်ချက်များ သို့မဟုတ် ၎င်းတို့ ကိုယ်တိုင်၏ချို့တဲ့မှုများကို မသိကြသည်သာမက၊ မည်သည့်အရာကို ဝတ်ဆင်ရမည် သို့မဟုတ် မည်သည့်အရာကို စားရမည်ကိုပင် မသိကြပေ။ ဤသည်မှာ အဆင်းနီသောနဂါးကြီးသည် လူတို့အား ဖောက်ပြန်ပျက်စီးစေရန် ကြီးမားသော အားထုတ်မှုကို ပြုလုပ်ပြီးဖြစ်သည်ကို ပြသရန် လုံလောက်သည်။ ၎င်း၏ အကျည်းတန်မှုသည် တရုတ်နိုင်ငံ၏ ဒေသတိုင်းတစ်လျှောက်လုံး တိုးချဲ့ပြီး၊ ၎င်းသည် လူတို့အား တုန်လှုပ်စေသည်မှာ ဤယိုယွင်းသည့်၊ ရိုင်းပျသော နိုင်ငံတွင် မည်သို့မျှ ကြာကြာ မနေလိုကြတော့ပေ။ ဘုရားသခင် အမုန်းတီးဆုံး အရာမှာ အဆင်းနီသောနဂါးကြီး၏ အနှစ်သာရဖြစ်သည်၊ ယင်းမှာ သူသည် သူ၏အမျက်ဒေါသဖြင့် နေ့စဉ် လူတို့အား သတိပေးပြီး၊ ၎င်းတို့သည် သူ၏အမျက်ဒေါသနှင့်ပြည့်သော မျက်လုံးအောက်တွင် နေ့စဉ် အသက်ရှင်ကြရ၏။ ထိုသို့ဖြစ်လျက်ပင်၊ လူအများစုသည် ဘုရားသခင်ကို ရှာဖွေရန် မသိကြသေးချေ။ ထိုအစား၊ ၎င်းတို့သည် စောင့်ကြည့်ရင်း၊ ခွံ့ကျွေးခံရရန် စောင့်ဆိုင်းရင်း ထိုနေရာတွင် ထိုင်နေကြသည်။ ၎င်းတို့သည် သေသည်အထိ ငတ်မွတ်နေခဲ့ကြသော်လည်း၊ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်၏အစာကို ရှာရန် လိုလားနေခြင်း မရှိကြဆဲ ဖြစ်သည်။ လူသား၏အသိစိတ်သည် အချိန်ကြာမြင့်စွာက စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရပြီး၊ အနှစ်သာရတွင် အကြင်နာမဲ့ခြင်း အနှစ်သာရသို့ ပြောင်းလဲပြီးဖြစ်သည်။ ဘုရားသခင်က၊ “ငါသည် သင်တို့ကို မလှုံ့ဆော်ခဲ့ပါက၊ သင်တို့သည် နိုးထပြီးဖြစ်ကြလိမ့်ဦးမည် မဟုတ်ဘဲ၊ အေးခဲသည့်အလား၊ ပြီးလျှင် တစ်ဖန် ဆောင်းခိုမှုတွင် ရှိသည့်အလား ဖြစ်မြဲဖြစ်နေပေမည်” ဟုပြောသည်မှာ အံ့သြဖွယ်ရာမဟုတ်ပေ။ ယင်းမှာ လူတို့သည် အစားအစာ သို့မဟုတ် သောက်စရာမလိုအပ်ဘဲ ဆောင်းရာသီကို ကျော်ဖြတ်နေသည့် ဆောင်းခိုသော တိရစ္ဆာန်များဖြစ်သည့်အလား ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ လူတို့၏ လတ်တလော

အခြေအနေ အတိအကျ ဖြစ်သည်။ ဤအကြောင်းရင်းကြောင့်သာ၊ ဘုရားသခင်သည် လူတို့အား အလင်းတွင် လူ့ဇာတိခံ ဘုရားသခင် ကိုယ်တိုင်ကိုသာ သိကြရန် တောင်းဆိုခြင်း ဖြစ်သည်။ သူက လူတို့အနေဖြင့် များစွာပြောင်းလဲရန် မတောင်းဆိုသကဲ့သို့၊ ၎င်းတို့၏ဘဝတွင် ကြီးမားသော ကြီးထွားမှုရှိရန်လည်း မတောင်းဆိုပေ။ ယင်းသည် မသန့်ရှင်းသည့်၊ ညစ်ပတ်ပေရေသော အဆင်းနီသောနဂါးကြီးအား အနိုင်ယူပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏ ကြီးမားသော တန်ခိုးကို သာ၍ပင် ထင်ရှားစေရန် လုံလောက်ပေမည်။

လူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကို ဖတ်သောအခါ ၎င်းတို့သည် ယင်းတို့၏ တိုက်ရိုက်အဓိပ္ပာယ်ကိုသာ နားလည်ကြပြီး၊ ယင်းတို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ အရေးပါမှုကို နားလည်နိုင်စွမ်းမရှိကြပေ။ "တလိပ်လိပ်ထနေသောလှိုင်းများ" ဟူသည့် စကားလုံးများမျှသည် သူရဲကောင်းတိုင်းနှင့် ဗိုလ်စွဲသူတိုင်းကို အကြွအိုက်စေခဲ့သည်။ ဘုရားသခင်၏ အမျက်ဒေါသကို ပြသသည့်အခါ သူ၏နှုတ်ကပတ်တော်များ၊ လုပ်ရပ်များနှင့် စိတ်သဘောထားတို့သည် တလိပ်လိပ်ထနေသော လှိုင်းများ ဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် လူသားမျိုးနွယ်အားလုံးကို တရားစီရင်သည့်အခါ ဤသည်မှာ သူ၏အမျက်ဒေါသနှင့်ဆိုင်သည့် ထုတ်ဖော်ပြချက်တစ်ခု ဖြစ်သည် မဟုတ်လော။ ဤသည်မှာ တလိပ်လိပ်ထနေသော ထိုလှိုင်းများ စတင်သက်ရောက်မှုရှိသည့် အချိန် ဖြစ်သည် မဟုတ်လော။ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့်၊ လူသားထဲမှ မည်သူသည် ထိုသို့သော တလိပ်လိပ်ထနေသည့် လှိုင်းများအလယ်၌ အသက်မရှင်သနည်း။ တစ်နည်းအားဖြင့်၊ ဘုရားသခင်၏ အမျက်ဒေါသအလယ်၌ အဘယ်သူ အသက်မရှင်သနည်း။ ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ် ကပ်ဘေးများ ကျရောက်စေဖို့ ဆန္ဒရှိသည့်အခါ၊ ယင်းသည် လူတို့က "လူးလွန့်နေသော တိမ်နက် တစ်ထွေးကြီး"ကို တွေ့ကြသည့်အချိန် မဟုတ်လော။ အဘယ်ပုဂ္ဂိုလ်သည် ကပ်ဘေးမှ ထွက်မပြေးဘဲ နေသနည်း။ ဘုရားသခင်၏ အမျက်ဒေါသသည် သည်းထန်သောမိုးကဲ့သို့ သွန်းလောင်းချပြီး လေပြင်းကဲ့သို့ လူတို့ကို တိုက်ခတ်သည်။ လူအားလုံးသည် ဝေ့လည်နေသော နှင်းမုန်တိုင်းနှင့် ကြုံတွေ့ခဲ့ရသည့် အလား ဘုရားသခင်၏ နှုတ်ကပတ်တော်မှတစ်ဆင့် သန့်စင်ခြင်းခံရ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူသားမျိုးနွယ်အတွက် နားလည်ရန် အခက်ဆုံး ဖြစ်သည်။ သူ၏နှုတ်ကပတ်တော်များမှတစ်ဆင့်၊ သူသည် ကမ္ဘာလောကကို ဖန်ဆင်းခဲ့ကာ၊ သူ၏နှုတ်ကပတ်တော်မှတစ်ဆင့် သူသည် လူသားမျိုးနွယ်အားလုံးကို ဦးဆောင်ပြီး သန့်စင်၏။ အဆုံးတွင်၊ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များမှတစ်ဆင့် စကြဝဠာတစ်ခုလုံးအား သန့်စင်ခြင်းသို့ ပြန်လည်ရောက်ရှိစေမည်ဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်

တည်ရှိခြင်းသည် အနှစ်သာရမမဲ့သည်ကို သူပြောသည့်အရာတိုင်းတွင် တွေ့မြင်နိုင်ပြီး၊ မည်သို့ ရှင်သန်ရမည်ဆိုသည့် အရိပ်အမြွက်ကို လူတို့ သဘောပေါက်သည်မှာ သူ၏ နှုတ်ကပတ်တော်တွင်သာ ဖြစ်သည်။ သူ၏နှုတ်ကပတ်တော်များတွင် အသက်အတွက် ထောက်ပံ့မှုပါရှိသည့်အတွက်၊ လူအားလုံးသည် သူ၏နှုတ်ကပတ်တော်များကို တန်ဖိုးထားကြ၏။ လူတို့သည် သူ၏နှုတ်ကပတ်တော်များအပေါ် အာရုံစိုက်လေလေ၊ ဘုရားသခင်သည် လူတို့ကို မေးခွန်းများ- ၎င်းတို့အား ဝေခွဲမရဖြစ်စေကာ ဖြေရန် အခွင့်အရေးတစ်ခုမျှမရှိဘဲ ဖြစ်စေရစ်သည့် မေးခွန်းများ- သာ၍ ပေးလေလေ ဖြစ်သည်။ သူ၏ကျန်ရှိသော နှုတ်ကပတ်တော်များကို မဆိုထားနှင့်၊ ဘုရားသခင်၏ ဆက်တိုက်မေးခွန်းများသက်သက်သည်ပင် လူတို့အား အတော်ကြာ တွေးဆစေလောက်ပေသည်။ ဘုရားသခင်၌ အားလုံးသည် အမှန်တကယ် ပြည့်ဝပြီး အလျှံပယ်ဖြစ်ကာ ချို့တဲ့နေသည့်အရာ မည်သည့်အရာမျှ မရှိပေ။ သို့ရာတွင် လူတို့သည် ထိုအရာကို များစွာ မမွေ့လျော်နိုင်ကြပေ။ ၎င်းတို့သည် ကြက်အရေခွံကို မြင်သော်လည်း အသားကို မစားနိုင်သူကဲ့သို့၊ သူ၏နှုတ်ကပတ်တော်များ၏ အပေါ်ယံကိုသာ သိကြ၏။ ဤသည်မှာ လူတို့သည် အခွင့်အလမ်း နည်းပါးကြသည်မှာ ၎င်းတို့သည် ဘုရားသခင်အား မမွေ့လျော်နိုင်ကြဟု ဆိုလိုပေသည်။ လူအသီးသီးသည် ၎င်းတို့၏အယူအဆများအလယ်တွင် ဘုရားသခင်နှင့်သက်ဆိုင်သည့် ၎င်းတို့၏ ကိုယ်ပိုင် ပုံရိပ်ရှိကြသည်၊ ယင်းသည် မရေရာသော ဘုရားသခင်မှာ မည်သည့်အရာဖြစ်သည် သို့မဟုတ် စာတန်၏ ပုံရိပ်မှာ မည်သည့်အရာဖြစ်သည်ကို မည်သူမျှ မသိကြသည့် အကြောင်းရင်း ဖြစ်သော်။ ထို့ကြောင့်၊ ဘုရားသခင်က၊ "သင်ယုံကြည်သည့်အရာမှာ စာတန်၏ ပုံရိပ်မျှဖြစ်ပြီး၊ ဘုရားသခင် ကိုယ်တိုင်နှင့် မည်သို့မျှ မပတ်သက်" ဟု ပြောသည့်အခါ၊ အားလုံး ကြက်သေသေသွားကြသည်။ ၎င်းတို့သည် နှစ်ပေါင်းများစွာကြာ ယုံကြည်ခြင်း ရှိကြပြီးဖြစ်သော်လည်း၊ ၎င်းတို့ယုံကြည်ခဲ့သည်မှာ ဘုရားသခင်ကိုယ်တိုင် မဟုတ်ဘဲ၊ စာတန်ဖြစ်သည်ကို မသိခဲ့ကြချေ။ ၎င်းတို့သည် အတွင်းတွင် ရုတ်တရက်ဖြစ်သော ဟာတာတာဖြစ်ခြင်းကို ခံစားရသော်လည်း မည်သည့်အရာ ပြောရမှန်း မသိခဲ့ကြပေ။ ထို့နောက် ၎င်းတို့သည် တစ်ဖန် တိုး၍ စတင် ဇဝေဇဝါ ဖြစ်ကြ၏။ ဤပုံစံဖြင့် အလုပ်လုပ်ခြင်းအားဖြင့်သာ လူတို့သည် အသစ်သောအလင်းကို ပိုမိုကောင်းမွန်စွာ လက်ခံနိုင်ကြပြီး၊ ထိုသို့ဖြင့် ဟောင်းသောအရာများကို ငြင်းဆိုနိုင်ကြ၏။ ထိုအရာတို့သည် မည်မျှ ကောင်းမွန်ပုံရသည်ဖြစ်စေ၊ အလုပ်ဖြစ်လိမ့်မည်မဟုတ်။ လူတို့အတွက် လက်တွေ့ကျသော ဘုရားသခင်ကိုယ်တိုင်ကို နားလည်ရန်မှာ သာ၍ အကျိုးရှိပေသည်။

ဤအရာက ၎င်းတို့အား ၎င်းတို့၏ နှလုံးသားများတွင် အယူအဆများက စွဲကိုင်ထားသော အဆင့်အတန်းကို ဖယ်ရှားစေနိုင်ကာ၊ ဘုရားသခင်တစ်ဦးတည်း ကိုယ်တိုင်ကိုသာ ၎င်းတို့ကို နေရာယူခွင့်ပေးနိုင်စေသည်။ ဤနည်းလမ်းသည်သာ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုကို စွမ်းဆောင်ရရှိနိုင်သည်၊ ယင်းက လူတို့အား ၎င်းတို့၏ ခန္ဓာမျက်လုံးများဖြင့် လက်တွေ့ကျသော ဘုရားသခင်ကိုယ်တိုင်ကို သိနိုင်စေသည်။

ဘုရားသခင်သည် လူတို့အား ဝိညာဉ်လောက၏ အခြေအနေများကို ကြိမ်ဖန်များစွာ ပြောပြပြီးဖြစ်သည်- "စာတန်သည် ငါ၏ရှေ့မှောက်လာသည့်အခါ ငါသည် ၎င်း၏ ရိုင်းစိုင်းသည့် ရက်စက်ကြမ်းကြုတ်မှုကို မတွန့်ဆုတ်သကဲ့သို့၊ ၎င်း၏ အကျည်းတန်မှုကြောင့် ငါသည် ကြောက်လန့်ခြင်းလည်း မရှိပေ- ငါသည် ၎င်းအား သက်သက် မသိကျိုးကျွန်ပြုသည်။" ဤအရာမှ လူသားတို့ နားလည်ပြီးလေသည်မှာ လက်တွေ့အရှိတရား၏ အခြေအနေသာဖြစ်၏။ ဝိညာဉ်လောက၏ အမှန်တရားကို ၎င်းတို့မသိပေ။ ဘုရားသခင်သည် လူ့ဇာတိခံယူပြီးဖြစ်သောကြောင့်၊ စာတန်သည် ဘုရားသခင်အား ထိုသို့တိုက်ခိုက်ရန် မျှော်လင့်ရင်း၊ အမျိုးမျိုးသော စွပ်စွဲမှုမျိုးကို အသုံးပြုပြီး ဖြစ်သည်။ သို့ရာတွင်၊ ဘုရားသခင်သည် နောက်မဆုတ်ပေ။ သူသည် လူတို့အား သူ၏လူ့ဇာတိခံ ခန္ဓာမှတစ်ဆင့် သူ့ကို သိခွင့်ပေးရင်း၊ လူသားမျိုးနွယ်အလယ် တကယ်ကို စကားပြောကာ အမှုပြုလေသည်။ စာတန်သည် ဤအရာတွင် အမျက်သည်းခြင်းဖြင့် မျက်လုံးနီပြီး၊ ဘုရားသခင်၏လူတို့အား အပျက်သဘောဆောင်စေဖို့ နောက်ဆုတ်စေရန်နှင့် ၎င်းတို့၏ လမ်းပင်ပျောက်စေရန် ကြီးစွာသော အားထုတ်မှုပြု၏။ သို့ရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ သက်ရောက်မှုကြောင့် စာတန်သည် လုံးဝ ရှုံးနိမ့်ပြီးဖြစ်သည်၊ ယင်းသည် ၎င်း၏ ရက်စက်ကြမ်းကြုတ်မှုကို တိုးစေ၏။ ထို့ကြောင့် ဘုရားသခင်သည် အယောက်တိုင်းအား "သင်တို့၏ အသက်တာများတွင် သင်သည် ထိုသို့သောအခြေအနေနှင့် ကြုံမည့်နေ့ရက် ရောက်လာနိုင်သည်- သင်သည် မိမိကိုယ်ကိုယ် စာတန်၏ဖမ်းဆီးမှုခံရန် လိုလိုလားလား ခွင့်ပြုမည်လော၊ သို့မဟုတ် သင်သည် ငါ့အား သင့်ကို ရယူခွင့်ပြုမည်လော"ဟု သတိပေးခြင်း ဖြစ်သည်။ လူတို့သည် ဝိညာဉ် လောက၌ မည်သည့်အရာ ဖြစ်ပျက်သည်ကို မသိသော်လည်း၊ ဘုရားသခင်ထံမှ ထိုသို့သောစကားများကို ၎င်းတို့ ကြားလျှင်ကြားချင်း၊ ၎င်းတို့သည် သတိထားလာကြကာ စိုးရွံ့လာကြသည်။ ဤအရာက ဘုရားသခင်၏ ဘုန်းအသရေကို ပြသရန် လုံလောက်လျက် စာတန်၏ တိုက်ခိုက်မှုများကို ပြန်လည် ရိုက်ခတ်၏။ အချိန်ကြာမြင့်စွာက အမှု၏ အသစ်သော နည်းစနစ်တစ်ခုထဲသို့ ဝင်ရောက်ပြီးဖြစ်သော်လည်း၊ လူတို့သည် နိုင်ငံတော်ထဲက ဘဝနှင့်ပတ်သက်၍ မရှင်းမလင်း ဖြစ်နေကြဆဲ ဖြစ်ပြီး၊ ထိုအရာကို ၎င်းတို့

နားလည်ကြလျှင်ပင်၊ ရှင်းလင်းပြသားမှု ကင်းမဲ့လေသည်။ ထို့ကြောင့်၊ လူတို့အပေါ် သတိပေးချက်တစ်ရပ် ထုတ်ပြန်ပြီးနောက်တွင်၊ ဘုရားသခင်သည် ၎င်းတို့ထံ နိုင်ငံတော်ထဲက ဘဝ၏အနှစ်သာရကို မိတ်ဆက်ခဲ့၏- "နိုင်ငံတော်ထဲက အသက်တာသည် လူတို့နှင့် ဘုရားသခင်ကိုယ်တိုင်၏ အသက်တာဖြစ်သည်။" ဘုရားသခင် ကိုယ်တိုင်သည် လူ့ဇာတိခံယူပြီးဖြစ်သောကြောင့်၊ တတိယ ကောင်းကင်ဘုံ၏ဘဝသည် ကမ္ဘာမြေပေါ်တွင် အကောင်အထည်ပေါ် ပြီး ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အစီအစဉ်မျှ မဟုတ်ပေ- ဘုရားသခင်သည် ယင်းကို ဖြစ်လာစေပြီး ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ၊ လူတို့သည် ဘုရားသခင်ကိုယ်တိုင်အား သာ၍ ကောင်းစွာ သိလာကြသောကြောင့် ဘုရားသခင်သည် ကောင်းကင်ဘုံရှိ မရေရာသည့် ဘုရားသခင်သာ ဖြစ်သည်ဆိုသည်ထက်၊ ဘုရားသခင်သည် ကမ္ဘာမြေပေါ်တွင် ရှိသည်ဟု စစ်မှန်စွာ ခံစားကြရသည့်အတွက်၊ ကောင်းကင်ဘုံ၏ ဘဝကို ၎င်းတို့ သာ၍မြည်းစမ်းလာနိုင်ကြ၏။ ထို့ကြောင့် ကမ္ဘာမြေပေါ် ရှိဘဝသည် ကောင်းကင်ဘုံရှိ ဘဝကဲ့သို့ ဖြစ်၏။ လက်တွေ့အရှိတရားမှာ လူ့ဇာတိခံ ဘုရားသခင်သည် လူ့လောက၏ ခါးသီးမှုကို မြည်းစမ်းပြီး၊ သူသည် ထိုသို့ လုပ်ဆောင်နိုင်လေလေ၊ ယင်းက သူသည် လက်တွေ့ကျသော ဘုရားသခင်ကိုယ်တိုင်ဖြစ်သည်ကို သာ၍သက်သေပြလေလေ ဖြစ်၏။ ဤသည်မှာ သူက- "ငါကျိန်းဝပ်ရာ အရပ်တွင်၊ ယင်းသည် ငါ ကွယ်ဝှက်သည့် နေရာဖြစ်သည်- မည်သို့ပင်ဆိုစေ၊ ငါ၏ ကျိန်းဝပ်ရာအရပ်တွင်၊ ငါသည် ငါ၏ရန်သူအားလုံးကို အနိုင်ယူပြီး ဖြစ်သည်။ ငါကျိန်းဝပ်ရာအရပ်၌၊ ငါသည် ကမ္ဘာမြေပေါ် အသက်ရှင်ခြင်းနှင့်ဆိုင်သည့် စစ်မှန်သောအတွေ့အကြုံကို ရရှိပြီးဖြစ်သည်။ ငါကျိန်းဝပ်ရာအရပ်၌၊ ငါသည် လူသား၏စကားတိုင်းနှင့် လုပ်ရပ်တိုင်းကို လေ့လာနေပြီး၊ လူသားမျိုးနွယ် တစ်ရပ်လုံးအား စောင့်ရှောက်နေကာ ဦးစီးဦးရွက်ပြုနေ၏"ဟု ပြောရသည့် အကြောင်းရင်း ဖြစ်သည်။ ဤစကားများက ယနေ့၏ ဘုရားသခင်သည် လက်တွေ့ကျသည်ဆိုသည့် အချက်၏ လုံလောက်သော သက်သေ ဖြစ်သည်။ ဇာတိပကတိအတွင်း အမှန်တကယ် အသက်ရှင်ခြင်း၊ ဇာတိပကတိအတွင်း လူ့ဘဝကို အမှန်တကယ် တွေ့ကြုံခံစားခြင်း၊ ဇာတိပကတိအတွင်း လူသားမျိုးနွယ်အားလုံးကို အမှန်တကယ် သိနားလည်ခြင်း၊ ဇာတိပကတိအတွင်း လူသားမျိုးနွယ်ကို အမှန်တကယ် သိမ်းပိုက်ခြင်း၊ ဇာတိပကတိအတွင်း အဆင်းနီသောနဂါးကြီးနှင့် အဆုံးအဖြတ် ပေးသော တိုက်ပွဲဆင်နွှဲခြင်းနှင့် ဘုရားသခင်၏အမှုအားလုံးကို ဇာတိပကတိအတွင်း လုပ်ဆောင်ခြင်း- ဤသည်မှာ လက်တွေ့ကျသော ဘုရားသခင်ကိုယ်တိုင်၏ တကယ့် တည်ရှိခြင်း ဖြစ်သည် မဟုတ်သလော။ သို့ရာတွင် ဘုရားသခင် ပြောဆိုသည့် ဤသာမန်စကားများတွင် သတင်းစကားကို မြင်ကြသည့်

လူများ အလွန်ရှိခဲ့ပေသည်။ ၎င်းတို့သည် ယင်းတို့ကို ဝေ့ကာသော့၍ ဖတ်ရုံမျှဖတ်ပြီး၊ ဘုရားသခင့် နှုတ်ကပတ်တော်များ၏ အဖိုးတန်မှု သို့မဟုတ် ရှားပါးမှုကို မခံစားကြရပေ။

ဘုရားသခင်၏နှုတ်ကပတ်တော်များသည် အကူးအပြောင်း လွန်စွာ ကောင်းမွန်၏— "လူသားမျိုးနွယ်သည် သတိမေ့မြောနေသည်နှင့်အမျှ" ဟူသောစကားရပ်သည် ဘုရားသခင်ကိုယ်တိုင်၏ ဖော်ပြချက်ကို ယူဆောင်ပြီး၊ ယင်းကို လူသားမျိုးနွယ်အားလုံး၏ အခြေအနေနှင့်ဆိုင်သော ဖော်ပြချက်အဖြစ်သို့ ပြောင်းလဲစေ၏။ ဤနေရာတွင် "အေးသော ထွန်းလင်းဝင်းပခြင်း၏ ရုတ်ခြည်း ပြင်းစွာ တိုးဝှေ့မှုများ"ဆိုသည်မှာ အရှေ့အရပ်မှ လျှပ်ပြက်ခြင်းကို ကိုယ်စား မပြုပေ။ ထို့ထက်၊ ယင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ဆိုလိုသည်မှာ၊ သူ၏ အမှုလုပ်ဆောင်ခြင်း နည်းစနစ်အသစ်ကို ဆိုလိုသည်။ ထို့ကြောင့် ဤအရာတွင် လူသား အင်အားမျိုးစုံကို တွေ့မြင်နိုင်သည်- အသစ်သောနည်းစနစ်ထဲသို့ ဝင်ရောက်ပြီးနောက်တွင်၊ လူအပေါင်းတို့သည် ၎င်းတို့၏ ဦးတည်ချက်အာရုံ ပျောက်ဆုံးကာ၊ ၎င်းတို့ မည်သည့်နေရာမှလာလေပြီကို မသိသကဲ့သို့၊ မည်သည့်နေရာသို့သွားနေသည်ကိုလည်း မသိကြပေ။ "လူအများစုသည် လေဆာကဲ့သို့သော ရောင်ခြည်များ၏ ထိမှန်ခြင်းခံရ၏" ဆိုသည်မှာ အသစ်သောနည်းစနစ်တွင် သုတ်သင်ဖယ်ရှားခံရသူများကို ရည်ညွှန်းပေသည်။ ၎င်းတို့သည် စမ်းသပ်မှုများကို ခံနိုင်ရည်မရှိသူများ သို့မဟုတ် ဆင်းရဲဒုက္ခ၏ စစ်ဆေးခြင်းကို မခံနိုင်သောကြောင့် အနက်ဆုံးသော တွင်းထဲသို့ နောက်တဖန် ပစ်ချခြင်းခံရသူများ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူသားမျိုးနွယ်အား လူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို တွေ့သည့်အခါ ကြောက်ရွံ့ပုံရပြီး၊ ၎င်းတို့သည် ၎င်းတို့၏ နှလုံးသားများအား ချိန်ရွယ်ထားသည့် စက်သေနတ်တစ်ခုကို မြင်ရပြီးဖြစ်သည့်အလား မည်သည့် အရာကိုမျှ မပြောဝံ့ကြပေ။ သို့ရာတွင် ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များတွင် ကောင်းသည့်အရာများ ရှိသည်ဟုလည်း ထင်ကြ၏။ ၎င်းတို့၏နှလုံးသားများတွင် ကြီးမားသည့် သဘောကွဲလွဲမှုရှိပြီး၊ ၎င်းတို့ လုပ်ဆောင်သင့်သည့်အရာကို မှကိုယ်ကိုယ် စိတ်တင်းကြပြီး၊ ဘုရားသခင်သည် ၎င်းတို့အား စွန့်ပစ်မည်ကို ကြောက်ရွံ့သည့်အတွက်၊ သူ၏နှုတ်ကပတ်တော်များကို သာ၍ နက်ရှိုင်းစွာ နှိုက်နှိုက်ချွတ်ချွတ် ကြိုးစားရှာဖွေကြသည်။ ဘုရားသခင်က၊ "လူသားမျိုးနွယ်အလယ်တွင် မည်သူသည် ဤအခြေအနေတွင် မတည်ရှိသနည်း။ မည်သူသည် ငါ၏အလင်းအတွင်းတွင် မတည်ရှိသနည်း။ သင်သည် သန်မာလျှင်ပင်၊ သို့မဟုတ် သင်သည် အားနည်းကောင်း အားနည်းနိုင်သော်လည်း၊ ငါ၏အလင်း ရောက်လာခြင်းကို သင်မည်သို့ ရှောင်ရှားနိုင်မည်နည်း" ဟု ပြောခဲ့သကဲ့သို့သာ ဖြစ်သည်။ ဘုရားသခင်သည် တစ်စုံတစ်ဦးအား အသုံးပြုပါက၊ ၎င်းတို့

အားနည်းလျှင်ပင် ဘုရားသခင်သည် ၎င်းတို့အား သူ၏ပြစ်တင် ဆုံးမခြင်းဖြင့် အလင်းပေးလိမ့်ဦးမည်ဖြစ်ကာ အသိဉာဏ်ပွင့်လင်းစေလိမ့်ဦးမည် ဖြစ်သည်။ ထို့ကြောင့်၊ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို ဖတ်လေလေ၊ သူ့အား သာ၍ နားလည်လေလေဖြစ်သည်၊ သူ့ကို သာ၍ရိုသေလေးမြတ်လေလေဖြစ်ကာ မဆင်မခြင် မလုပ်ဝံ့လေလေဖြစ်၏။ ထိုလူတို့သည် ယနေ့၎င်းတို့ ရှိကြသည့်နေရာသို့ ရောက်လာကြသည်မှာ ဘုရားသခင်၏ ကြီးမားသော တန်ခိုးကြောင့်သာ လုံးဝဖြစ်၏။ လူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ကြသည်မှာ သူ့နှုတ်ကပတ်တော်များ၏ သြဇာအာဏာကြောင့် ဖြစ်သည်- ဆိုလိုသည်မှာ၊ ယင်းသည် သူ၏နှုတ်ကပတ်တော်များရှိ ဝိညာဉ်တော်၏ ရလဒ်တစ်ခုဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ စစ်မှန်သော မျက်နှာကို ထုတ်ဖော်ပြသည်နှင့်အမျှ၊ သူ့အတွက် ၎င်းတို့၏ လေးစားခန့်ညားခြင်း တိုး၍ ကြီးမားလေလေဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့သည် သူ၏တည်ရှိခြင်း၏ လက်တွေ့အရှိတရားနှင့်သက်ဆိုင်၍ သာ၍ သေချာလေလေဖြစ်၏။ ဤသည်မှာ ဘုရားသခင်အား သိနားလည်ဆီသို့ လူသားမျိုးနွယ်၏ လမ်းကြောင်းပေါ် ရှိ မီးပြတိုက်တစ်ခု၊ ၎င်းတို့အား သူ ပေးပြီးဖြစ်သည့် လမ်းကြောင်းတစ်ခု ဖြစ်သည်။ ထိုအရာနှင့်ပတ်သက်၍ သေချာစွာ စဉ်းစားလော့။ ဤသည်မှာ ထိုသို့မဟုတ်လော။

အထက်တွင် ပြောထားသည့်အရာသည် လူသားမျိုးနွယ် ရှေ့က သူ၏ လမ်းခရီးကို အလင်းပေးသည့် မီးပြတိုက် ဖြစ်သည် မဟုတ်လော။

## အခန်း ၁၄

လူသားသည် မည်သည့်အခါမျှ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ မည်သည့်အရာကိုမျှ နားလည်သဘောမပေါက်ဖူးပေ။ ထိုအစား ၎င်းတို့သည် ဘုရား နှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ်ကို နားလည်ခြင်း မရှိဘဲ၊ ဘုရားနှုတ်ကပတ်တော်များကို အပေါ်ယံမျှ "တန်ဖိုးထား" ကြ၏။ ထို့ကြောင့် လူအများစုသည် ဘုရားသခင်၏ မိန့်မြွက်ချက်များကို နှစ်သက်သော်လည်း၊ ၎င်းတို့သည် ယင်းတို့ကို အမှန်တကယ် ချစ်ခင်မြတ်နိုးခြင်းမရှိကြဟု ဘုရားသခင်က ထောက်ပြ၏။ ဤအရာအတွက် အကြောင်းရင်းမှာ ဘုရားသခင်၏ အမြင်တွင် သူ၏ နှုတ်ကပတ်တော်များက ရတနာများဖြစ်သော်လည်း၊ လူတို့သည် ယင်းတို့၏စစ်မှန်သော ချိုမြိန်မှုကို မမြည်းစမ်းကြရသေးသောကြောင့် ဖြစ်သည်။ ထို့သို့ဖြင့် ၎င်းတို့သည်

"ဆီးသီးများအကြောင်း စဉ်းစား၍ ရေငတ်ဖြေခြင်း" ကိုသာ ပြုလုပ်နိုင်ကြကာ၊ ဤနည်းဖြင့် ၎င်းတို့၏လောဘကြီးသော နှလုံးသားများကို သက်သာစေကြရ၏။

ဘုရားသခင်၏ဝိညာဉ်တော်သည် လူသားအားလုံးအလယ်တွင် အမှုပြုသည်သာမက၊ ဘုရားနှုတ်ကပတ်တော်မှ အသိဉာဏ်ပွင့်လင်းခြင်းလည်း ၎င်းတို့ အမှန် ရရှိကြပေသည်။ ယင်းမှာ လူတို့သည် ယင်း၏အနှစ်သာရကို အမှန်တကယ် နားလည်နိုင်ရန် သတိမမူလွန်းခြင်းသာ ဖြစ်သည်။ လူတို့၏စိတ်များတွင်၊ ယခုသည် နိုင်ငံတော် အပြည့်အဝ အကောင်အထည်ဖော်နေချိန် ဖြစ်သော်လည်း၊ တကယ်တမ်းတွင် ဤသည်မှာ မမှန်ကန်ပေ။ ဘုရားသခင် ပရောဖက်ပြုသည့်အရာမှာ သူ ပြီးမြောက်ပြီးဖြစ်သည့်အရာ ဖြစ်သော်လည်း၊ တကယ့်နိုင်ငံတော် ကမ္ဘာမြေပေါ်သို့ အပြည့်အဝ မရောက်ရှိသေးပေ။ ထိုအစား၊ လူသားမျိုးနွယ် ပြောင်းလဲသည်နှင့်အမျှ၊ အမှု တိုးတက်သည်နှင့်အမျှ၊ ပြီးလျှင် လျှပ်ပြက်ခြင်းက အရှေ့အရပ်မှ ထွက်လာသည်နှင့်အမျှ-ဆိုလိုသည်မှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော် နက်သည်ထက်နက်လာသည်နှင့်အမျှ- နိုင်ငံတော်သည် ကမ္ဘာမြေပေါ်တွင် တဖြည်းဖြည်း ဖြစ်တည်လိမ့်မည်၊ ဤကမ္ဘာလောကပေါ်တွင် တဖြည်းဖြည်း ဖြစ်သော်လည်း၊ လုံးဝ ဆင်းသက်လိမ့်မည်။ နိုင်ငံတော် ရောက်လာခြင်း ဖြစ်စဉ်သည် ကမ္ဘာမြေပေါ် ရှိ ဘုရားအမှုတော်၏ ဖြစ်စဉ်လည်း ဖြစ်သည်။ ထိုအတောအတွင်းတွင်၊ စကြဝဠာတစ်လျှောက်လုံး ဘုရားသခင်သည် သမိုင်းတစ်လျှောက် နှစ်ကာလများ အားလုံး၌ မလုပ်ဆောင်ရသေးသည့် အမှုတော်တစ်ခုကို- ကမ္ဘာမြေကို အလုံးစုံ ပြန်လည်ဖွဲ့စည်းဖို့ကို- စတင် ပြီး ဖြစ်သည်။ ဥပမာအားဖြင့် အစ္စရေးနိုင်ငံရှိ အပြောင်းအလဲများ၊ အမေရိကန် ပြည်ထောင်စုရှိ အာဏာသိမ်းမှု၊ အီဂျစ်ပြည်ရှိ အပြောင်းအလဲများ၊ ဆိုဗီယက်ပြည်ထောင်စုရှိ အပြောင်းအလဲများနှင့် တရုတ်အစိုးရကို ဖြုတ်ချခြင်းတို့ အပါအဝင် စကြဝဠာတစ်လျှောက်တွင် ကြီးမားသော အပြောင်းအလဲများ ဖြစ်ရန် ဟန်ပြင်လျက်ရှိ၏။ စကြဝဠာတစ်ခုလုံး နေသားတကျဖြစ်သွားကာ ပုံမှန်အနေအထား ပြန်ရောက်သွားသည်နှင့် တစ်ပြိုင်နက်၊ ကမ္ဘာမြေကြီးပေါ်က ဘုရားသခင်၏အမှုတော် ပြီးဆုံးသွားလိမ့်မည်။ ယင်းသည် နိုင်ငံတော်သည် ကမ္ဘာမြေပေါ် နိုင်ငံတော် တည်လာမည့်အချိန် ဖြစ်သည်။ ဤသည်မှာ "လောက၏ တိုင်းနိုင်ငံအားလုံး နှောင့်ယှက်ခံရသည့်အချိန်၊ ယင်းသည် ငါ၏နိုင်ငံတော်ကို တည်ထောင်ပြီး ပုံသွင်းသည့်အချိန် အတိအကျ ဖြစ်သည့်အပြင်၊ ငါသည် အသွင်ပြောင်းလဲကာ စကြဝဠာတစ်ခွင်လုံးကို လှည့်ကာ မျက်နှာမူသည့်အချိန်လည်း ဖြစ်သည်" ဟူသော နှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်၏။ ဘုရားသခင်သည် လူသားမျိုးနွယ်ထံမှ မည်သည့်အရာကိုမျှ ကွယ်ဝှက် မထားပေ။ သူသည် လူတို့အား သူ၏ကြွယ်ဝမှု အားလုံးနှင့်

သက်ဆိုင်၍ အလျဉ်မပြတ် ပြောပြထားပြီးဖြစ်သည်- သို့သော် ၎င်းတို့သည် သူ မည်သည့်အရာဆိုလိုသည်ကို သဘောမပေါက်နိုင်ကြသကဲ့သို့ သူ၏နှုတ်ကပတ်တော်များကို လူနုံလူအများကဲ့သို့သာ လက်ခံကြ၏။ အမှုတော်၏ဤအဆင့်တွင်၊ လူသားသည် ဘုရားသခင်၏ နားလည်၍ မရနိုင်ခြင်းကို သင်ယူကြပြီးဖြစ်ကာ၊ ထို့အပြင် သူ့ကို သိနားလည်ခြင်း အလုပ်၏ ခက်ခဲမှုကို ယခု နားလည်နိုင်ကြလေသည်။ ဤအကြောင်းရင်းကြောင့်၊ ဤနေ့ရက်များတွင် ဘုရားသခင်ကို ယုံကြည်ခြင်းသည် လုပ်ဆောင်ရန် အခက်ခဲဆုံးအရာ ဖြစ်သည်၊ ဝက်တစ်ကောင်အား သီချင်းဆိုရန် သင်ကြားပေးခြင်းနှင့် တူသည်ဟု ခံစားကြရပြီဖြစ်သည်။ ၎င်းတို့သည် ထောင်ချောက်တွင် ညပ်နေသော ကြွက်များကဲ့သို့သာ၊ လုံးဝ ကူကယ်ရာမဲ့ကြလေသည်။ အကယ်စင်စစ် လူတစ်ဦးသည် တန်ခိုးအာဏာ မည်မျှ ရှိသည်ဖြစ်စေ၊ သို့မဟုတ် လူတစ်ဦး၏ ကျွမ်းကျင်မှုသည် မည်မျှပြောင်မြောက်သည်ဖြစ်စေ၊ သို့မဟုတ် လူတစ်ဦးသည် အကန့်အသတ်မဲ့ လုပ်နိုင်စွမ်းများ သိထားသည်ဖြစ်စေ မသိထားသည်ဖြစ်စေ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပတ်သက်လာသည့်အခါ၊ ထိုသို့သောအရာတို့သည် အချည်းနှီးဖြစ်ကြလေသည်။ ယင်းမှာ ဘုရားသခင်၏ အမြင်တွင် လူသားမျိုးနွယ်သည် မီးလောင်သွားသည့် စက္ကူ ပြာပုံတစ်ခုအလားသာ ဖြစ်၏-အသုံးဝင်မှု တစ်ခုတစ်လေရှိဖို့ မဆိုထားနှင့်၊ တန်ဖိုး တစ်ခုတစ်လေ လုံးဝကင်းမဲ့လေသည်။ ဤသည်မှာ “၎င်းတို့၏ ရှုထောင့်အမြင်မှ၊ ငါသည် သာ၍ ကွယ်ဝှက်သည်ထက် ကွယ်ဝှက်လာခဲ့ပြီး တိုး၍ နားလည်မရနိုင်ဖြစ်လာပြီးသည်” ဟူသော နှုတ်ကပတ်တော်တို့၏ စစ်မှန်သောအဓိပ္ပာယ်နှင့်ဆိုင်သည့် စုံလင်သော သရုပ်ဖော်ချက်တစ်ခု ဖြစ်၏။ ဤအရာမှ ဘုရားသခင်၏ အမှုတော်သည် သဘာဝ တိုးတက်မှုတစ်ခုနောက်လိုက်ပြီး၊ လူသား၏ အာရုံခံအင်္ဂါများက သိမှတ်နိုင်သည့်အရာအတိုင်း ဆောင်ရွက်ထားခြင်း ဖြစ်သည်မှာ သိသာပေသည်။ လူသား၏သဘာဝသည် ခိုင်မာကာ တုန်လှုပ်ခြင်း မရှိသည့်အခါ၊ ဘုရားသခင် မိန့်မြွက်သည့် နှုတ်ကပတ်တော်များသည် ၎င်းတို့၏ အယူအဆများနှင့် လုံးဝကိုက်ညီပြီး၊ ဤအယူအဆများက အနည်းငယ်မျှ ကွဲပြားမှု တစ်ခုတစ်လေမရှိဘဲ ဘုရားသခင်နှင့် တစ်ခုတည်း ဖြစ်ပုံရလေသည်။ ဤအရာက လူတို့အား “ဘုရားသခင်၏စစ်မှန်မှု” အပေါ် အတော်အတန် သိစေသော်လည်း၊ ဤသည်မှာ သူ၏ အဓိကရည်မှန်းချက် မဟုတ်ပေ။ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်တွင် သူ၏စစ်မှန်သောအမှုကို တရားဝင် မစတင်မီ လူတို့အား နေသားတကျ ရှိခွင့်ပေးနေပေသည်။ ထို့ကြောင့် လူသားအတွက် အလွန် မရှင်းမလင်းဖြစ်နေသည့် ဤအစပြုခြင်း ဖြစ်စဉ်တွင်၊ ၎င်းတို့သည် ၎င်းတို့၏ ယခင်

ထင်မြင်ယူဆချက်များ မမှန်ကန်ကြောင်းနှင့် ဘုရားသခင်နှင့် လူသားမျိုးနွယ်တို့သည် ကောင်းကင်နှင့် မြေကြီးလောက် ကွဲပြားကြပြီး လုံးဝမတူကြကြောင်းကို သဘောပေါက်နေကြပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူသား၏အယူအဆများအရ အကဲဖြတ်၍ မရနိုင်တော့သောကြောင့်၊ လူသားသည် ဘုရားသခင်ကို အမြင်သစ်ဖြင့် ချက်ချင်း စတင် ကြည့်လေသည်။ အကျိုးဆက်အနေဖြင့်၊ လက်တွေ့ကျသော ဘုရားသခင်သည် မမြင်နိုင်သကဲ့သို့ မတွေ့ထိနိုင်သော ဘုရားသခင်တမျှ ချဉ်းကပ်မရနိုင်ခဲ့သည့်အလား၊ ပြီးလျှင် လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိပကတိသည် သူ၏ အနှစ်သာရကင်းမဲ့သည့်၊ ပြင်ပအကာတစ်ခုမျှ ဖြစ်သည့်အလား၊ ၎င်းတို့သည် ဘုရားသခင်အား အံ့အားသင့်မှုဖြင့် ငေးစိုက်ကြည့်ကြ၏။ သူသည် ဝိညာဉ်တော်၏ လူ့ဇာတိခံယူခြင်းတစ်ရပ် ဖြစ်သော်လည်း၊ သူသည် အချိန်မရွေး ဝိညာဉ်တော်သဏ္ဌာန်သို့ ပြောင်းလဲနိုင်ပြီး၊ လွင့်မျောသွားနိုင်သည်။ ထို့ကြောင့် လူတို့သည် အတော်အတန် သတိထားသည့် ပုံသေအတွေးအခေါ်တစ်ခု ဖြစ်ပေါ်ကြပြီး ဖြစ်သည်။ ဘုရားသခင်ကို ဖော်ပြပြောဆိုရာတွင်၊ ၎င်းတို့သည် သူသည် တိမ်များနှင့် မြူတို့အပေါ် စီးနိုင်သည်၊ ရေပေါ်တွင် လမ်းလျှောက်နိုင်ပြီး၊ လူသားများအလယ် ရုတ်တရက် ပေါ်ထွက်လာကာ ပျောက်ကွယ်သွားနိုင်သည်ဟု အခိုင်အမာဆိုလျက် သူ့ကို နဂိုထက် ပိုစိတ်ဝင်စားဖွယ်ကောင်းအောင် ၎င်းတို့၏ အယူအဆများဖြင့် ပြောင်းလဲမွမ်းမံကြလေသည်။ အခြားသူအချို့သည် သာ၍ပင် သရုပ်ဖော်သော ရှင်းပြချက်များ ရှိကြသည်။ ၎င်းတို့၏ မသိနားမလည်မှုနှင့် ထိုးထွင်းသိမြင်နိုင်မှု ကင်းမဲ့ခြင်းတို့ကြောင့် ဘုရားသခင်က “၎င်းတို့သည် ငါ့အား ခုခံပြီးဖြစ်သည် သို့မဟုတ် ငါ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်ကြပြီးဖြစ်သည်ဟု ယုံကြည်ကြချိန်တွင်၊ ငါသည် မသိကျိုးကျွန်ပြုနေဆဲဖြစ်သည်” ဟု ပြောခဲ့သည်။

ဘုရားသခင်သည် လူသားမျိုးနွယ်၏ အကျည်းတန်သော မျက်နှာနှင့် ၎င်းတို့၏ အတွင်းကမ္ဘာကို အနည်းငယ်မျှ လုံးဝ လွဲချော်ခြင်းမရှိဘဲ၊ စွဲမြဲသော မှန်ကန်တိကျမှုဖြင့် ထုတ်ဖော်ပြလေသည်။ သူသည် မည်သည့်အမှားအယွင်းကိုမျှ မည်သို့မျှ မပြုလုပ်ဟုပင် ဆိုနိုင်၏။ ဤသည်မှာ လူတို့အား လုံးဝ လက်ခံယုံကြည်စေသည့် သက်သေဖြစ်၏။ ဘုရားသခင်၏ အမှုနောက်ကွယ်ရှိ အခြေခံသဘောတရားကြောင့်၊ သူ၏နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက် အများအပြားတို့သည် ဖျောက်ဖျက်ဖို့ မဖြစ်နိုင်သည့် ထင်မြင်ချက်တစ်ရပ်ကို ချန်ရစ်ပြီး၊ ထို့ကြောင့် လူတို့သည် သူ့အထဲ၌ သာ၍တန်ဖိုးရှိသော အရာများကို ၎င်းတို့ ရှာဖွေတွေ့ရှိပြီးဖြစ်သည့်အလား

သူနှင့်သက်ဆိုင်သည့် သာ၍ပင် လေးနက်သော သိနားလည်မှုတစ်ခု ရရှိပုံရကြလေသည်။ “၎င်းတို့၏ မှတ်ဉာဏ်များတွင်၊ ငါသည် လူတို့ကို ပြစ်တင်ဆုံးနေသည်ထက် ၎င်းတို့အပေါ် သနားကရုဏာပြသသည့် ဘုရားသခင်တစ်ပါး သို့မဟုတ် ငါသည် အပြောနှင့်အလုပ်မညီသည့် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ ဤသည်တို့မှာ လူသား အတွေးမှ ပေါက်ဖွားသည့် စိတ်ကူးစိတ်သန်းများသာ ဖြစ်ပြီး၊ ယင်းတို့သည် အမှန်တရားများနှင့် မကိုက်ညီပေ။” လူသားမျိုးနွယ်သည် ဘုရားသခင်၏ စစ်မှန်သော မျက်နှာကို မည်သည့်အခါကမျှ အရေးကြီးသည်ဟု အလေးမထားခဲ့သော်လည်း၊ ၎င်းတို့သည် “သူ့စိတ်သဘောထား၏အပြင်ဘက်” ကိုမူ ခရေစေ့တွင်းကျ သိရှိကြလေသည်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ဆောင်ရွက်မှုများတွင် ဟာကွက်များကို အစဉ် ရှာနေကြ၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူတို့သည် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို အထင်သေးရုံမျှသေးလျက်၊ အပျက်သဘောဆောင်သော အရာများကို အာရုံစိုက်ဖို့နှင့် အပြုသဘောဆောင်သော အရာများကို ဥပေက္ခာပြုရန် အမြဲ လိုလားနေကြသောကြောင့် ဖြစ်သည်။ ဘုရားသခင်က သူသည် နှိမ့်ချစွာ သူ့ကိုယ်သူ သူ၏ကျိန်းဝပ်ရာအရပ်တွင် ကွယ်ဝှက်ထားသည်ဟု ဆိုလေလေ၊ သူ့အပေါ် လူသားမျိုးနွယ် ပြုသော တောင်းဆိုချက်များ သာ၍ မြင့်မားလေလေဖြစ်၏။ ၎င်းတို့က “လူ့ဇာတိခံ ဘုရားသခင်သည် လူသားမျိုးနွယ်၏ လုပ်ဆောင်ချက်တိုင်းကို လေ့လာစောင့်ကြည့်နေပြီး၊ လူ့ဘဝကို တွေ့ကြုံခံစားနေပါက၊ ဘုရားသခင်သည် အချိန်အများစုတွင် ကျွန်ုပ်တို့၏ အခြေအနေမှန်ကို မသိသည်မှာ အဘယ်ကြောင့်နည်း။ ဤအရာက ဘုရားသခင်သည် အမှန်တကယ် ကွယ်ဝှက်ထားသည်ဟု ဆိုလိုသလော” ဟု ဆိုကြ၏။ ဘုရားသခင်သည် လူသား နှလုံးသားထဲသို့ နက်နက်နဲနဲ စစ်ဆေးသော်ငြားလည်း၊ သူသည် မရေရာခြင်းလည်း မရှိသကဲ့သို့ သဘာဝလွန်ခြင်းလည်းမရှိဘဲ လူသားမျိုးနွယ်၏ အခြေအနေ အမှန်များအတိုင်း အမှုပြုဆဲဖြစ်သည်။ လူသားမျိုးနွယ်အား ၎င်းတို့၏ စိတ်သဘောထားဟောင်းကို လုံးဝ ဖယ်ရှားရန်အလို့ငှာ ဘုရားသခင်သည် လူတို့၏ စစ်မှန်သောသဘာဝကို ဖော်ထုတ်ရင်းနှင့် ၎င်းတို့၏ မနာခံမှုအပေါ် တရားစီရင်ခြင်းကို ချမှတ်ရင်း၊ တစ်ခဏတွင် အယောက်တိုင်းကို ကိုင်တွယ်ဖြေရှင်းမည်ဟု သူပြောရင်းနှင့် နောက်တစ်ခဏတွင် သူသည် လူတစ်စုကို ကယ်တင်မည်ဟု ကြေညာရင်း၊ လူသားများအပေါ် သတ်မှတ်ချက်များ ထားရှိရင်း သို့မဟုတ် ၎င်းတို့ကို သတိပေးရင်း၊ ပြီးလျှင် ၎င်းတို့၏ ကလီစာများကို စိတ်ဖြာလေ့လာခြင်းနှင့် ကုသမှုကို ပေးခြင်းတို့ကို အလှည့်ကျ ပြုလုပ်ရင်း၊ ရှုထောင့်အမျိုးမျိုးမှ စကားပြောဆိုရန် အစွမ်းကုန် လုပ်ဆောင်လေသည်။ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏

လမ်းပြမှုအောက်တွင် လူသားများသည် ကမ္ဘာမြေ၏ အရပ်လေးမျက်နှာသို့ ခရီးသွားခဲ့ပြီးဖြစ်ကာ၊ ပန်းတစ်ပွင့်စီသည် အလှပဆုံးဖြစ်ရန် ယှဉ်ပြိုင်သော အလှံ့ပယ်ဖြစ်သည့် ဥယျာဉ်တစ်ခုထဲသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည့်အလား ဖြစ်၏။ ဘုရားသခင်သည် သံဓာတ်ပါသည့်မည်သည့်အရာမဆို ယင်းထံသို့ ဆွဲငင်သည့် သံလိုက်တစ်ခုဖြစ်ခဲ့သည့်အလား၊ ဘုရားသခင် မည်သည့်အရာ ပြောသည်ဖြစ်စေ လူသားမျိုးနွယ်သည် သူ၏ နှုတ်ကပတ်တော်ထဲသို့ ဝင်ရောက်ကြလိမ့်မည်ဖြစ်သည်။ “လူသားများသည် ငါ့ကို အလေးဂရု မပြုကြချေ၊ ထို့ကြောင့် ငါသည်လည်း ၎င်းတို့ကို အလေးအနက် သဘောမထားပေ။ ၎င်းတို့သည် ငါ့ကို လုံးဝ ဂရုမစိုက်ကြ၊ ထို့ကြောင့် ငါသည်လည်း ၎င်းတို့နှင့် ပတ်သက်၍ မည်သို့မျှ သာ၍ အလုပ်ကြိုးစားရန် မလိုပေ။ ဤသည်မှာ လောကနှစ်ရပ်လုံးအတွက် အကောင်းဆုံး ဖြစ်သည် မဟုတ်လော” ဟူသော နှုတ်ကပတ်တော်တို့ကို ဖတ်သည့်အခါ၊ ဘုရားသခင်၏ လူအားလုံးသည် အနက်ဆုံးသောတွင်းထဲသို့ တစ်ဖန် ရိုက်သွင်း ခံရပုံရကြသည် သို့မဟုတ် ၎င်းတို့အား လုံးဝ တုန်လှုပ်စေရစ်လျက်၊ ၎င်းတို့၏ အရှိုက်ကို နောက်တစ်ဖန် ထိုးနှက်ခံခဲ့ရပုံ ရကြလေသည်။ ထို့ကြောင့် ၎င်းတို့သည် နည်းစနစ်ထဲသို့ တစ်ဖန် ဝင်ရောက်ကြသည်။ ၎င်းတို့သည် “နိုင်ငံတော်ရှိ ငါ၏ လူများထဲမှ အဖွဲ့ဝင်များအနေဖြင့် သင်တို့သည် သင်တို့၏တာဝန်များကို မထိန်းသိမ်းနိုင်ကြပါက၊ သင်တို့သည် ငါ၏ စက်ဆုပ်ရွံရှာခြင်းနှင့် ငြင်းပယ်ခြင်းကို ခံကြရလိမ့်မည်” ဟူသော နှုတ်ကပတ်တော်များနှင့်စပ်လျဉ်း၍ အထူးသဖြင့် မရှင်းမလင်း ဖြစ်ကြသည်။ လူအများစုသည်၊ “ကျွန်ုပ်သည် အနက်ဆုံးသောတွင်းထဲမှ တွယ်တက်ထွက်လာဖို့ အလွန်ခဲယဉ်းခဲ့ရသည်၊ ထို့ကြောင့် ယင်းအထဲသို့ တစ်ဖန် ပြန်ကျမည်ဆိုပါက၊ ကျွန်ုပ် မျှော်လင့်ချက် လုံးဝရှိမည် မဟုတ်ပါ။ ကျွန်ုပ်သည် လူ့လောက၌ မည်သည့်အရာမျှ မရရှိသကဲ့သို့၊ ကျွန်ုပ်၏ဘဝတွင် အခက်အခဲမျိုးစုံနှင့် ဒုက္ခမျိုးစုံကြုံရလေပြီ။ အထူးသဖြင့် ယုံကြည်ခြင်းထဲသို့ ရောက်လာကတည်းက၊ ကျွန်ုပ်သည် ချစ်သောသူများ၏ စွန့်ပစ်ခြင်း၊ ကျွန်ုပ် မိသားစု၏ နှိပ်စက်ခြင်းနှင့် လူ့အဖွဲ့အစည်းထဲက အခြားသူများ၏ အသရေဖျက်ခြင်းတို့ကို ခံစားရပြီးဖြစ်ကာ ကျွန်ုပ်သည် လောက၏ပျော်ရွှင်ခြင်း တစ်ခုတစ်လေကို မမွေ့လျော်ရလေပြီ။ ကျွန်ုပ်သည် အနက်ဆုံးသောတွင်းထဲ တစ်ဖန် ပြန်ကျမည်ဆိုပါက၊ ကျွန်ုပ်၏ဘဝသည် သာ၍ပင် အချည်းအနှီး အသက်ရှင်ပြီး ဖြစ်မည် မဟုတ်လော။” (ဤအကြောင်းကို လူတစ်ဦးက သာ၍ တွေးလေလေ၊ ၎င်းတို့ သာ၍ ဝမ်းနည်းလေလေ ဖြစ်၏။) “ကျွန်ုပ်၏မျှော်လင့်ခြင်း အားလုံးကို ဘုရားသခင်၏ လက်ထဲသို့ အပ်နှံပြီးဖြစ်၏။ ဘုရားသခင်သည် ကျွန်ုပ်ကို စွန့်ပစ်ပါက၊ ကျွန်ုပ်သည်လည်း ယခု သေဆုံးသွားလျှင် ကောင်းလိမ့်မည်…။ ကိုင်း၊

အရာခပ်သိမ်းကို ဘုရားသခင် ခွဲခန့်မှတ်သားထားခဲ့သည်၊ ထို့ကြောင့် ယခု ကျွန်ုပ်သည် ဘုရားသခင်ကို ချစ်ရန်သာ ကြိုးစားနိုင်သည်။ အခြားအရာ အားလုံးသည် အဓိကမဟုတ်ပေ။ ဤအရာကို ကျွန်ုပ်၏ကံကြမ္မာအဖြစ် မည်သူ ပြုလုပ်ခဲ့သနည်း” ဟု စဉ်းစားရင်း အလွန်နာကျင်ခံစားကြရသည်မှာ မျက်ရည်မဆည်နိုင်ကြပေ။ လူတို့သည် ဤကဲ့သို့ သာ၍ စဉ်းစားလေလေ၊ ၎င်းတို့သည် ဘုရားသခင်၏စံနှုန်းများနှင့် သူ၏ နှုတ်ကပတ်တော်များ၏ ရည်မှန်းချက်နှင့် သာ၍ နီးစပ်လေလေဖြစ်၏။ ဤပုံစံဖြင့် သူ့နှုတ်ကပတ်တော်များ၏ ရည်မှန်းချက်ကို စွမ်းဆောင်ရရှိလေသည်။ လူသားများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မြင်ပြီးနောက်တွင်၊ ၎င်းတို့အားလုံးသည် အတွင်းပိုင်း အတွေးအမြင် သဘောတရားဆိုင်ရာ ရုန်းကန်မှုတစ်ရပ် တွေ့ကြုံကြရသည်။ ၎င်းတို့၏ တစ်ခုတည်းသော ရွေးချယ်စရာမှာ ကံကြမ္မာက ချမှတ်သည့်အရာကို ကျိုးနွံနာခံရန်သာဖြစ်ပြီး၊ ဤနည်းဖြင့် ဘုရားသခင်၏ ရည်မှန်းချက်ကို စွမ်းဆောင်ရရှိလေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ သာ၍ ကြမ်းတမ်းလေလေ၊ အကျိုးဆက်အနေဖြင့် လူသားများ၏ အတွင်းကမ္ဘာ သာ၍ ရှုပ်ထွေးလေလေ ဖြစ်၏။ ဤသည်မှာ ဒဏ်ရာတစ်ခုကို ထိတွေ့ခြင်းကဲ့သို့သာ ဖြစ်၏။ ယင်းသည် သာ၍ ပြင်းထန်စွာ ထိတွေ့ခံရလေလေ၊ လူတို့သည် သေမလား ရှင်မလား ဖြစ်ကြကာ အသက်ရှင်ဖို့ စိတ်ချယုံကြည်မှုပင် ပျောက်ဆုံးနိုင်သည်အထိ သာ၍ နာကျင်လေလေဖြစ်ဖြစ်သည်။ ထိုသို့ဖြင့် လူသားများသည် ဆင်းရဲဒုက္ခ အခံရဆုံးဖြစ်ပြီး မျှော်လင့်ချက်ကင်းမဲ့မှု၏ အလွန်ပြင်းထန်သော အခြေအနေထဲတွင် ရှိကြသည့်အခါမှသာ ၎င်းတို့သည် ၎င်းတို့၏ စစ်မှန်သောနှလုံးသားကို ဘုရားသခင်ထံ လွှဲအပ်နိုင်ကြသည်။ လူသား၏သဘာဝမှာ မျှော်လင့်ချက် အနည်းငယ်မျှ ကျန်ရှိနေလျှင်ပင်၊ ၎င်းတို့သည် အကူအညီအတွက် ဘုရားသခင်ထံ သွားကြလိမ့်မည် မဟုတ်ဘဲ၊ ထိုအစား သဘာဝအလျောက် အသက်ရှင်ရန် ကိုယ်ထူကိုယ်ထ နည်းစနစ်များကို ခံယူကြလိမ့်မည် ဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူသားမျိုးနွယ်၏ သဘာဝသည် မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူသောသဘာဝဖြစ်ပြီး၊ အခြားသူတိုင်းအပေါ် အထင်သေးလေ့ရှိကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်က “ကိုယ်စိတ်ချမ်းသာခြင်း အခြေအနေ တစ်ခုတွင်ရှိစဉ်၊ လူသားတစ်ဦးကမျှ ငါ့ကို ချစ်လည်းမချစ်နိုင်လေပြီ။ ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်း အချိန်ကာလများတွင် ၎င်းတို့၏ ဝမ်းမြောက်ခြင်းကို ငါ ပါဝင်ခံစားနိုင်ရန်အလို့ငှာ လူတစ်ဦးကမျှ လက်ကမ်းမပေးလေပြီ” ဟု ပြောခဲ့ပေသည်။ ဤသည်မှာ ဧကန်အမှန် စိတ်ပျက်စရာကောင်းပေ၏။ ဘုရားသခင်သည် လူသားမျိုးနွယ်အား ဖန်ဆင်းခဲ့သော်လည်း၊ လူ့လောကသို့ သူလာသောအခါ၊ လူတို့သည် သူ့ကို ခုခံပြီး၊ သူသည် ကမ္ဘာလောကတစ်လျှောက်

လျှောက်သွားနေသော မိဘမဲ့တစ်ဦးဦးသာ ဖြစ်ခဲ့သည့်အလား သို့မဟုတ် နိုင်ငံမဲ့သော လောကီလူသားတစ်ဦးကဲ့သို့ ဖြစ်ခဲ့သည့်အလား၊ ၎င်းတို့၏နယ်မြေမှ မောင်းထုတ်ဖို့ ကြိုးစားကြ၏။ မည်သူမျှ ဘုရားသခင်ကို အလေးမထားကြ၊ မည်သူမျှ သူ့ကို အမှန်တကယ် မချစ်ကြသကဲ့သို့၊ သူ၏ကြွလာခြင်းကို မည်သူမျှ မကြိုဆိုဖူးကြချေ။ ထိုသို့ပြုမည့်အစား ဘုရားသခင်၏ ကြွလာခြင်းကို မြင်သည့်အခါ၊ ရုတ်တရက်ဖြစ်သော မုန်တိုင်းလာနေသည့်အလား သို့မဟုတ် ၎င်းတို့မိသားစု၏ ပျော်ရွှင်မှုကို ဘုရားသခင်က ယူဆောင်သွားမည့်အလား၊ ပြီးလျှင် ဘုရားသခင်သည် လူသားများကို မည်သည့်အခါမျှ ကောင်းချီးမပေးခဲ့ဖူးဘဲ၊ ထိုအစား ၎င်းတို့အပေါ် ကံမကောင်း အကြောင်းမလှသည့် ဖြစ်ရပ်သာ ဆောင်ကြဉ်း ပေးဖူးသည့်အလား၊ ၎င်းတို့၏ ဝမ်းမြောက်နေသော မျက်နှာများသည် မျက်စိတစ်မှိတ်အတွင်း မှုန်မှိုင်းသွားကြ၏။ ထို့ကြောင့် လူသားများ၏ စိတ်များတွင် ဘုရားသခင်သည် ကောင်းကျိုးပြုသောအရာ တစ်ရပ် မဟုတ်ဘဲ၊ ထို့ထက် ၎င်းတို့အား အစဉ် ကျိန်ဆဲသူတစ်ဦး ဖြစ်၏။ ဤအရာကြောင့် လူတို့သည် သူ့ကို အလေးဂရုမပြုကြချေ သို့မဟုတ် သူ့ကို မကြိုဆိုကြချေ။ ၎င်းတို့သည် သူ့အပေါ် အစဉ် အေးစက်စက် နိုင်ကြပြီး၊ ဤသည်မှာ အမြဲ မှန်ကန်ပြီးဖြစ်သည်။ လူသားများသည် ၎င်းတို့၏နှလုံးသားများ၌ ဤအရာများကို သိုထားကြသောကြောင့်၊ ဘုရားသခင်က၊ လူသားမျိုးနွယ်သည် ယုတ္တိမတန်သကဲ့သို့ အကျင့်ပျက်ကြပြီး၊ လူသားတို့ အပြည့်အစုံ ရှိထားသင့်သည်ဟုဆိုသော ခံစားမှုများကိုပင် ၎င်းတို့၌ မမြင်ရ ဟု ဘုရားသခင် ပြောခြင်းဖြစ်၏။ လူသားများသည် ဘုရားသခင်၏ ခံစားချက်များအတွက် မည်သည့် စာနာထောက်ထားမှုမျှ မပြဘဲ၊ ယင်းအစား ဘုရားသခင်နှင့် ဆက်ဆံရန် “ဖြောင့်မတ်ခြင်း” ဟုဆိုသည့်အရာကို အသုံးပြု၏။ ၎င်းတို့သည် နှစ်များစွာ ဤသို့ ဖြစ်ကြပြီးဖြစ်ကာ၊ ဤအကြောင်းရင်းကြောင့် ၎င်းတို့၏ စိတ်သဘောထားများ မပြောင်းလဲကြသေးဟု ဘုရားသခင် ပြောလေပြီ။ ၎င်းတို့သည် လက်တစ်ဆုပ်စာ အမွေးအတောင်များထက် မပိုသော အနှစ်သာရရှိသည်ကို ဤအရာက ပြသပေသည်။ ယင်းမှာ လူသားများသည် မိမိတို့ကိုယ်ကိုယ် တန်ဖိုးမထားကြသောကြောင့် အသုံးမကျသော ကံဆိုးသူများဟု ဆိုနိုင်ပေသည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ်ပင် မချစ်ဘဲ၊ ထိုအစား မိမိတို့ကိုယ်ကိုယ် နင်းခြေကြပါက၊ ဤသည်မှာ ၎င်းတို့၏ အသုံးမကျမှုကို ပြသည် မဟုတ်လော။ လူသားမျိုးနွယ်သည် မိမိကိုယ်ကိုယ် လှည့်စားကာ ကျူးလွန်ခြင်းခံရရန် မိမိကိုယ်ကိုယ် အခြားသူများထံ လိုလိုလားလား ပေးသော အကျင့်ပျက် အမျိုးသမီးတစ်ဦးကဲ့သို့ ဖြစ်၏။ ထိုသို့ဖြစ်လျက်ပင် လူတို့သည် ၎င်းတို့ မည်မျှပင်နိမ့်ကျသည်ကို သတိမပြုမိဆဲ ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ်

သူတစ်ပါး၏ ထိန်းချုပ်မှုအောက်တွင် ထားလျက်၊ အခြားသူများအတွက် အလုပ်လုပ်ခြင်း၊ သို့မဟုတ် အခြားသူများနှင့် ပြောဆိုခြင်းတွင် ပျော်မွေ့ကြသည်။ ဤသည်မှာ လူသားမျိုးနွယ်၏ ညစ်ညူးမှု အတိအကျ ဖြစ်သည် မဟုတ်လော။ ငါသည် လူသားမျိုးနွယ်အလယ် ဘဝတစ်ခုကို တွေ့ကြုံရခြင်း မရှိသေးသကဲ့သို့၊ လူ့ဘဝကို အမှန်တကယ် မတွေ့ကြုံရသေးသော်လည်း၊ ငါသည် လူသား ပြုလုပ်သည့် လှုပ်ရှားမှုတိုင်း၊ လုပ်ရပ်တိုင်း၊ စကားလုံးတိုင်း၊ ရည်ရွယ်လုပ်ဆောင်ချက်တိုင်းနှင့်ဆိုင်သော အလွန်ရှင်းလင်းသည့် သိနားလည်မှုကို ရရှိကြပြီး ဖြစ်သည်။ ငါသည် လူသားများအား ၎င်းတို့၏ ကိုယ်ပိုင် လျှို့ဝှက်ကြံစည်မှုကို ထုတ်ဖော်မပြမဝံ့တော့သည်အထိ သို့မဟုတ် ၎င်းတို့၏ တပ်မက်ခြင်းကို အလျှော့မပေးဝံ့တော့သည်အထိ ၎င်းတို့၏ အနက်ရှိုင်းဆုံးသော အရှက်ကိုပင် ငါဖော်ထုတ်နိုင်၏။ ၎င်း၏အခွံထဲသို့ ပြန်ဝင်သွားသော ပက်ကျိများကဲ့သို့၊ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ အကျည်းတန်သော အခြေအနေများကို မဖော်ထုတ်ဝံ့တော့ပေ။ လူသားများသည် မိမိတို့ကိုယ်ကိုယ် မသိကြသောကြောင့်၊ ၎င်းတို့၏ အကြီးမားဆုံးအပြစ်အနာအဆာမှာ ၎င်းတို့၏ အကျည်းတန်သော မျက်နှာများကို ကြွားဝါရင်း၊ အခြားသူများရှေ့တွင် ၎င်းတို့၏ ဆွဲဆောင်မှုများကို ထုတ်ပြဖို့ လိုလားမှုတစ်ခု ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် စက်ဆုပ်အရွံရှာဆုံးသော အရာတစ်ခုဖြစ်၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူတို့အကြား ဆက်နွယ်မှုများသည် မူမမှန်သကဲ့သို့၊ ၎င်းတို့နှင့် ဘုရားသခင်ကြားတွင် ပုံမှန်ဆက်ဆံရေး ရှိဖို့မဆိုထားနှင့်၊ လူတို့ကြားတွင်ပင် ပုံမှန်အချင်းချင်း ဆက်ဆံရေးများ မရှိပေ။ ဘုရားသခင်သည် များစွာပြောဆိုပြီးဖြစ်ကာ၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့်၊ သူ၏ အဓိက ရည်မှန်းချက်မှာ လူတို့သည် ၎င်းတို့၏ နှလုံးသားထဲတွင် နေရယူထားပြီးဖြစ်သည့် ရုပ်တုဆင်းတု အားလုံးကို မိမိတို့ကိုယ်ကိုယ် ဖယ်ရှားနိုင်ကြဖို့အလို့ငှာ၊ လူတို့၏ နှလုံးသားထဲတွင် နေရာတစ်ခုယူဖို့ ဖြစ်လေပြီ။ ထို့နောက်ချက်ချင်း၊ ဘုရားသခင်သည် လူသားမျိုးနွယ်အားလုံးအပေါ် တန်ခိုးအာဏာ ကိုင်စွဲနိုင်ပြီး ကမ္ဘာမြေပေါ် သူ၏ တည်ရှိခြင်း ရည်ရွယ်ချက်ကို စွမ်းဆောင်ရရှိနိုင်ပေသည်။

# အခန်း ၁၅

ဘုရားသခင်နှင့် လူတို့ကြားက အကြီးမားဆုံးသော ကွာခြားမှုမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် မည်သည့်အရာကိုမျှ ဖုံးကွယ်မထားဘဲ ဝိညာဉ်၏ အလယ်ဗဟိုကို အစဉ်အမြဲ တည့်တည့်ပြောခြင်းဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်၏

စိတ်သဘောထားနှင့်ဆိုင်သော ဤရှုထောင့်ကို ယနေ့၏ ပထမဆုံး ဝါကျတွင် တွေ့မြင်နိုင်ပေသည်။ ယင်းသည် လူသား၏ စရိုက်မှန်များကို ချက်ချင်း ဖော်ထုတ်ပြီး ဘုရားသခင်၏ စိတ်သဘောထားကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြလေသည်။ ယင်းသည် ရလဒ်များ ရရှိဖို့ ဘုရားနှုတ်ကပတ်တော်များ၏ စွမ်းရည်နှင့်ဆိုင်သော ရှုထောင့်အချို့၏ အရင်းအမြစ်ဖြစ်သည်။ သို့သော်၊ ဤအရာကို လူတို့ သဘောမပေါက်နိုင်ကြချေ။ ၎င်းတို့သည် ဘုရားသခင်ကို “စိတ်ဖြာလေ့လာဆွေးနွေးခြင်း” မရှိဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတဆင့် မိမိတို့ကိုယ်ကိုယ် အမြဲ သိရုံမျှ သိလာကြလေသည်။ ယင်းမှာ ဘုရားသခင်ကို ၎င်းတို့ စော်ကားမိမည် သို့မဟုတ် ၎င်းတို့၏ “သတိထားမှု”ကြောင့် ဘုရားသခင်က ၎င်းတို့ကို သတ်မည်ကို ကြောက်လန့်ကြသည့်အလား ဖြစ်သည်။ အမှန်တွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူအများစု စားသောက်ကြသည့်အခါ၊ ၎င်းတို့သည် အပြုသဘောဆောင်သည့် ရှုထောင့်မှမဟုတ်ဘဲ၊ အပျက်သဘောဆောင်သည့် ရှုထောင့်တစ်ခုမှ ထိုသို့ လုပ်ဆောင်ကြခြင်း ဖြစ်၏။ ယခုတွင် လူတို့သည် ဘုရားနှုတ်ကပတ်တော်များ၏ လမ်းပြမှုအောက်တွင် “နှိမ့်ချခြင်းနှင့် ကျိုးနွံနာခံခြင်းတို့အပေါ် စတင်အာရုံစိုက်”ကြလေပြီဟု ဆိုနိုင်ပေသည်။ ဤအရာမှ၊ လူတို့သည် နောက်ထပ် အစွန်းရောက်မှုဖြစ်သည့်- သူ၏နှုတ်ကပတ်တော်များကို အာရုံမစိုက်ခြင်းမှသည် ယင်းတို့ကို လွန်လွန်ကဲကဲ အာရုံစိုက်ခြင်းဆီသို့ စတင်သွားကြပြီဖြစ်သည်မှာ သိသာပေသည်။ သို့သော်၊ လူတစ်ဦးတစ်ယောက်မျှ အပြုသဘောဆောင်သော ရှုထောင့်မှ မဝင်ရောက်ဖူးသကဲ့သို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူသားများအား အာရုံစိုက်စေရာတွင် ဘုရားသခင်၏ ရည်မှန်းချက်ကို မည်သူမျှ တစ်ကြိမ်တစ်ခါမျှ အမှန်တကယ် သဘောမပေါက်ဖူးကြပေ။ အသင်းတော်ထဲတွင် ရှိသည့် လူအားလုံး၏ တကယ့် အခြေအနေများကို တိတိကျကျနှင့် အမှားအယွင်းမရှိဘဲ ကိုယ်တိုင်ကိုယ်ကျ နားလည်နိုင်ဖို့အလို့ငှာ အသင်းတော်၏ အသက်တာကို သူတွေ့ကြုံရန် မလိုအပ်ဟု ဘုရားသခင် ပြောသည့်အရာမှ ထိုအရာကို သိရပေသည်။ ၎င်းတို့သည် အသစ်သော နည်းလမ်းတစ်ခုထဲသို့ ဝင်ရောက်မှုကို ယခုပင်ကြိုးပမ်းရရှိသောကြောင့်၊ လူတို့သည် မိမိတို့၏ အပျက်သဘောဆောင်သော အရာများကို မိမိတို့ထံမှ အပြည့်အဝ မဖယ်ရှားရသေးပေ။ အလောင်းကောင်များ၏ အနံ့က အသင်းတော်တစ်လျှောက် လေနှင့်ပါလာဆဲ ဖြစ်သည်။ ယင်းမှာ လူတို့သည် ဆေးဝါးကို ယခုပင် မှီဝဲပြီး ကြက်သေသေနေကြဆဲ ဖြစ်သည့်အလား၊ ၎င်းတို့ သတိ အပြည့်အဝ ပြန်မလည်လာကြသေးသည့်အလား ဖြစ်သည်။ ယင်းမှာ ၎င်းတို့သည် ထိတ်လန့်မှုအလယ်တွင် ရှိဆဲဖြစ်လျက် မိမိတို့ကိုယ်ကိုယ် မလွန်ဆန်နိုင်သဖြင့် သေခြင်းဖြင့် ခြိမ်းခြောက်ခံကြရဆဲ

ဖြစ်သည့်အလား ဖြစ်သည်။ "လူသားများအားလုံးသည် မိမိကိုယ်ကိုယ် သိက္ခာမဲ့ခြင်းမရှိသော အဖန်ဆင်းခံသတ္တဝါများ ဖြစ်ကြ၏။" ဤထုတ်ပြန်ချက်ကို ပြောဆိုထားပုံသည် အသင်းတော် တည်ဆောက်ခြင်းအပေါ် အခြေခံဆဲ ဖြစ်သည်။ အသင်းတော်ထဲက လူအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အာရုံစိုက်ကြသည်ဆိုသည့် အချက်ရှိသော်လည်း၊ ၎င်းတို့၏ သဘာဝများသည် ခွဲခြားမရအောင် နက်နက်ရှိုင်းရှိုင်း အရိုးစွဲနေဆဲ ဖြစ်သည်။ ဤသည်ကြောင့် လူတို့သည် ၎င်းတို့၏ မာနအလယ်တွင် သူ၏နှုတ်ကပတ်တော်များအားဖြင့် ရိုက်နှက်ခံရခြင်းကို ၎င်းတို့ လက်ခံကောင်းလက်ခံကြမည်ဟု ယခင်အဆင့်တွင် လူတို့ကို တရားစီရင်ဖို့ ထိုနည်းအတိုင်း ဘုရားသခင် ပြောဆိုခဲ့ခြင်း ဖြစ်သည်။ လူတို့သည် အနက်ဆုံးသော တွင်းထဲတွင် ငါးလကြာ စစ်ဆေးခြင်းကို ကြုံခဲ့ရသော်လည်း၊ ၎င်းတို့၏ တကယ့်အခြေအနေမှာ ဘုရားသခင်ကို မသိက္ခာမဲ့ခြင်း အခြေအနေ ဖြစ်နေဆဲ ဖြစ်သည်။ ၎င်းတို့သည် အကျင့်ပျက်ကြဆဲဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင်ကို အနည်းငယ် သာ၍သာ သတိရှိလာကြပေပြီ။ ဤအဆင့်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သိက္ခာမဲ့ခြင်း လမ်းကြောင်းပေါ် လူတို့ လျှောက်လှမ်းသည့် ပထမဦးဆုံး မှန်ကန်သည့် အဆင့်ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားနှုတ်ကပတ်တော်များ၏ အနှစ်သာရနှင့် ဆက်နွယ်ရာတွင်၊ အမှု၏ ယခင်အစိတ်အပိုင်းက ယနေ့အတွက် လမ်းခင်းပေးသည် ဆိုသည်နှင့် ယခုအချိန်တွင်သာ အရာခပ်သိမ်း ပုံမှန်ပြန်ဖြစ်သည် ဆိုသည်တို့ကို မြင်ရန် မခက်ပေ။ လူတို့၏ သေစေနိုင်သော အားနည်းချက်မှာ ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို ရရှိဖို့နှင့် စဉ်ဆက်မပြတ် ကန့်သတ်ချုပ်ချယ်မှုကို ရှောင်ရှားဖို့အလို့ငှာ ဘုရားသခင်၏ ဝိညာဉ်ကို ကိုယ်တော်၏ ဇာတိပကတိကိုယ်မှ ခွဲခြားတတ်လေ့ရှိခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က လူသားများကို "ပျော်ရွှင်မြူးထူးစွာ လူးလာပျံသန်းသည့်" ငှက်ငယ်လေးများကဲ့သို့ ဖော်ပြသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ လူသားမျိုးနွယ်အားလုံး၏ တကယ့်အခြေအနေဖြစ်သည်။ ယင်းမှာ လူအားလုံးကို ပြိုလဲဖို့ အလွယ်ကူဆုံးဖြစ်စေသည့် အရာဖြစ်ပြီး မိမိတို့၏ လမ်းခရီး ပျောက်ဆုံးဖို့ အဖြစ်နိုင်ဆုံးသော နေရာ ဖြစ်သည်။ လူသားမျိုးနွယ်ကြားတွင် စာတန်၏ အလုပ်မှာ ဤအလုပ်ထက် ဘာမျှမပိုသည်မှာ ဤအရာတွင် သိသာလေသည်။ ယင်းကို စာတန်က လူတို့အထဲတွင် လုပ်ဆောင်လေလေ၊ ၎င်းတို့နှင့်သက်ဆိုင်သော ဘုရားသခင်၏ သတ်မှတ်ချက်များ တင်းကျပ်လေလေ ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်များကို လူတို့ အာရုံစိုက်ကြရန် ဘုရားသခင် တောင်းဆိုသော်လည်း၊ စာတန်က ပျက်ပြားစေဖို့ ကြိုးစားလုပ်ဆောင်၏။ သို့သော်၊ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို သာ၍ အာရုံစိုက်ရန် လူတို့ကို အစဉ်အမြဲ သတိပေးပြီးဖြစ်သည်။ ဤသည်မှာ ဝိညာဉ်ရေးရာ

လောကထဲတွင် ဖြစ်ပွားနေသည့် စစ်ပွဲ၏ အထွတ်အထိပ်ဖြစ်သည်။ ယင်းကို ဤနည်းဖြင့် ပြော၍ရသည်- လူသား၏အထဲတွင် ဘုရားသခင် လုပ်ဆောင်လိုသည့်အရာသည် စာတန် ဖျက်စီးလိုသည့်အရာ အတိအကျဖြစ်ပြီး၊ စာတန် ဖျက်စီးလိုသည့်အရာသည် လုံးဝ မကွယ်မဝှက်ဘဲ လူသားမှတဆင့် ထုတ်ဖော်ပြထားသည်။ လူတို့အထဲတွင် ဘုရားသခင် လုပ်ဆောင်သည့် အရာနှင့်ဆိုင်သော ရှင်းလင်းသည့် ဥပမာများ ရှိ၏- ၎င်းတို့၏ အခြေအနေများ ကောင်းသထက် ကောင်းလာကြသည်။ လူသားမျိုးနွယ်ထဲ၌ စာတန်၏ ဖျက်ဆီးခြင်း၏ ရှင်းလင်းသော ကိုယ်စားပြုချက်များလည်း ရှိ၏- ၎င်းတို့သည် အကျင့်စာရိတ္တပျက်ပြားသထက် ပျက်ပြားလာကြပြီး ၎င်းတို့၏ အခြေအနေများက သာ၍ နိမ့်ကျစွာ ကျဆင်းနေလေသည်။ ၎င်းတို့၏ အခြေအနေများ ကြောက်မက်ဖွယ် အလုံအလောက် ဖြစ်လာသည်နှင့် တစ်ပြိုင်နက်၊ ၎င်းတို့သည် စာတန်၏ ဖမ်းဆီးခြင်းခံရဖွယ် ရှိလေသည်။ ဤသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲတွင် ပါရှိသည့်အတိုင်း အသင်းတော်၏ တကယ့် အခြေအနေဖြစ်ပြီး၊ ဝိညာဉ်ရေးရာလောက၏ တကယ့်အခြေအနေလည်း ဖြစ်၏။ ယင်းသည် ဝိညာဉ်ရေးရာလောက၏ အင်အားများ ထင်ဟပ်မှုတစ်ခု ဖြစ်သည်။ လူတို့သည် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ဖို့ ယုံကြည်စိတ်ချမှု မရှိကြပါက၊ ၎င်းတို့၌ စာတန်၏ ဖမ်းဆီးခံရမည့် အန္တရာယ် ရှိနေ၏။ ဤသည်မှာ အမှန်တရားဖြစ်သည်။ တစ်စုံတစ်ဦးသည် ဘုရားသခင် နေရာယူဖို့အတွက် မိမိတို့၏ နှလုံးသားကို အပြည့်အဝ အမှန်တကယ် ဆက်ကပ်နိုင်ပါက၊ ယင်းမှာ ဘုရားသခင်က၊ "ငါ၏ ရှေ့မှောက်၌ ရှိချိန်တွင် နွေးထွေးမှုကို မြည်းစမ်းရင်း ငါ၏ ထွေးပွေ့မှုတွင် ရှိပုံရသည့်သူ" ဟု ပြောပြီးသည့်အတိုင်း ဖြစ်သည်။ ဤအရာက လူသားမျိုးနွယ်နှင့် သက်ဆိုင်သော ဘုရားသခင်၏ သတ်မှတ်ချက်များက မမြင့်မားသည်ကို ပြလေသည်။ ၎င်းတို့ ထပြီး သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်ဖို့ရန်သာ သူ လိုအပ်ပေသည်။ ဤသည်မှာ လွယ်ကူပြီး ပျော်စရာကောင်းသည့် အရာတစ်ခု မဟုတ်လော။ ဤသည်မှာ သူရဲကောင်းတိုင်းနှင့် ကြီးမြတ်သောလူသားတိုင်းကို ဝေခွဲမရဖြစ်စေသည့် အရာတစ်ခုလော။ ယင်းမှာ စစ်ဦးစီးများကို စစ်မြေပြင်မှ ဆွဲထုတ်ပြီး သိုးမွေးထိုးစေသည့်အလား ဖြစ်သည်- ဤ "သူရဲကောင်းများ"သည် အခက်အခဲများဖြင့် မလှုပ်ရှားနိုင်အောင် ဖြစ်ကြပြီး မည်သည့်အရာ လုပ်ဆောင်ရမည်ကို ၎င်းတို့ မသိကြချေ။

လူသားမျိုးနွယ်နှင့်သက်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များအနက် အကြီးမားဆုံးမှာ မည်သည့်အပိုင်းပင်ဖြစ်ပါစေ၊ ယင်းသည် လူသားမျိုးနွယ်အပေါ် စာတန်၏ တိုက်ခိုက်မှု အပြင်းထန်ဆုံး ဖြစ်မည့် အပိုင်းဖြစ်ပြီး၊ ထို့သို့ဖြစ်သဖြင့် လူအားလုံး၏

အခြေအနေများသည်လည်း လျော်ညီစွာ ထုတ်ဖော်ပြခံရလေသည်။ “ငါ၏ရှေ့မှောက်တွင် ရပ်နေသော သင်တို့အထဲမှ မည်သူသည် လေသယ်ဆောင်သွားသော မိုးပွင့်ကဲ့သို့ ဖြူစင်ကာ ကျောက်စိမ်းကဲ့သို့ ပြစ်မျိုးမဲ့မထင်ဖြစ်လိမ့်မည်နည်း။” လူအားလုံးသည် ဘုရားသခင်ကို လှည့်ဖြားကာ သူ့ထံမှ အမှုအရာများကို ကွယ်ဝှက်ကြဆဲ ဖြစ်သည်။ ၎င်းတို့ ကိုယ်တိုင်၏ အထူးအကြံအစည်များကို ၎င်းတို့ ဆောင်ရွက်နေကြဆဲဖြစ်သည်။ ၎င်းတို့သည် မိမိတို့၏ စိတ်နှလုံးများကို ဘုရားသခင်အား စိတ်ကျေနပ်စေဖို့ သူ၏ လက်ထဲတွင် လုံးလုံးလျားလျား မထားကြရသေးသော်လည်း၊ စိတ်ပါဝင်စားနေခြင်းအားဖြင့် သူ၏ ဆုလာဘ်များကို ရရှိရန် ဆန္ဒရှိကြလေသည်။ အရသာရှိသော အစာကို လူတို့ စားကြသည့်အခါ၊ ၎င်းတို့သည် ဘုရားသခင်ကို ဘေးဖယ်ထားကာ၊ ထိုနေရာတွင် ရပ်လျက်သားထားခဲ့ကာ၊ “ကိုင်တွယ်” ခံရဖို့ စောင့်ဆိုင်းနေစေကြလေသည်။ လူတို့သည် လှပသည့် အဝတ်အစားများ ရှိကြသည့်အခါ၊ မိမိတို့ကိုယ်တိုင်၏ အလှကို ကြည်နူးရင်း မှန်ရှေ့တွင် ရပ်ကြပြီး၊ ၎င်းတို့၏ စိတ်နှလုံးနက်ရှိုင်းသော နေရာတွင် ဘုရားသခင်ကို စိတ်ကျေနပ်အောင် မပြုကြချေ။ ၎င်းတို့ အဆင့်အတန်း ရှိကြသည့်အခါ၊ ဇိမ်ခံပစ္စည်းများနှင့် ပြည့်စုံသော ပျော်မွေ့ဖွယ်ရာများ ရှိကြသည့်အခါ၊ ၎င်းတို့၏ အဆင့်အတန်း ထိပ်ဖျားတွင် ထိုင်ကြပြီး ယင်းကို စတင်မွေ့လျော်ကြ၏၊ သို့သော် ဘုရားသခင်၏ ချီးမြှောက်ခြင်း ရလဒ်တစ်ခုအနေဖြင့် မိမိတို့ကိုယ်ကိုယ် မနှိမ့်ချကြချေ။ ယင်းအစား၊ ၎င်းတို့သည် မိမိတို့၏ ကြီးကျယ်သော စကားများကို ပြောဆိုရင်း မိမိတို့၏ မြင့်သောနေရာများတွင် ရပ်ကာ ဘုရားသခင်ရှိနေခြင်းကို အာရုံမစိုက်ကြသည်သာမက သူ၏ အဖိုးတန်မှုကို သိရှိဖို့ မကြိုးစားကြချေ။ လူတို့သည် မိမိတို့၏ စိတ်နှလုံးများထဲတွင် ကိုးကွယ်ရာရုပ်တုတစ်ခု ရှိကြသည့်အခါ၊ သို့မဟုတ် ၎င်းတို့၏ စိတ်နှလုံးများကို အခြားတစ်စုံတစ်ဦးက သိမ်းပိုက်ထားသည့်အခါ၊ ယင်းမှာ ဘုရားသခင်သည် ၎င်းတို့၏ စိတ်နှလုံးများထဲတွင် သူစိမ်းတစ်ဦးသာ ဖြစ်သည့်အလား ဘုရားသခင်၏ ရှိနေခြင်းကို ၎င်းတို့ ငြင်းပယ်နှင့်ကြပြီးဖြစ်သည်ဟု ဆိုလိုပေသည်။ ၎င်းတို့အတွက် အခြားသူများ၏ ချစ်ခြင်းမေတ္တာကို ဘုရားသခင် ခိုးယူမည်ကို ၎င်းတို့ ကြောက်လန့်ကြပြီး ထို့နောက် ၎င်းတို့ အထီးကျန် ခံစားရမည်ကို ကြောက်လန့်ကြလေသည်။ ဘုရားသခင်၏ နဂိုမူလ ရည်ရွယ်ချက်မှာ ကမ္ဘာမြေပေါ် ရှိ မည်သည့်အရာကမျှ လူတို့ကို သူ့အား လျစ်လျူမရှုစေသင့်ကြောင်း ဖြစ်ပြီး၊ လူတို့ကြားတွင် ချစ်ခြင်းမေတ္တာ ရှိနိုင်သော်လည်း ဘုရားသခင်ကို ဤ “ချစ်ခြင်းမေတ္တာ”မှ နှင်ထုတ်၍ မရနိုင်ပေ။ လောကနှင့်ဆိုင်သော အရာများသည်- မမြင်ရသကဲ့သို့ ထိ၍မရနိုင်သည့် လူတို့ကြားက ခံစားချက်များပင်လျှင်- အချည်းနှီးဖြစ်သည်။ ဘုရားသခင်၏ တည်ရှိခြင်းမရှိဘဲနှင့်၊

အဖန်ဆင်းခံသတ္တဝါများအားလုံးသည် နတ္တိအဖြစ်သို့ ပြန်ရောက်လိမ့်မည်။ ကမ္ဘာမြေပေါ်တွင်၊ လူအားလုံးသည် မိမိတို့ ချစ်သည့်အရာများ ရှိကြသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ ချစ်သည့်အရာအဖြစ် မည်သူမျှ သဘောမထားကြဖူးပေ။ ဤအရာက သူ၏ နှုတ်ကပတ်တော်များကို လူတို့ နားလည်သည့် အတိုင်းအတာကို သတ်မှတ်ပေးလေသည်။ သူ၏ နှုတ်ကပတ်တော်များသည် ပြင်းထန်သော်လည်း၊ လူတို့သည် ထိုနှုတ်ကပတ်တော်များကို အစစ်အမှန် အာရုံမစိုက်ကြသည့်အတွက် ထိုနှုတ်ကပတ်တော်များအားဖြင့် မည်သူမျှ အနာတရမဖြစ်ပေ။ ယင်းထက်၊ ထိုနှုတ်ကပတ်တော်များကို ပန်းတစ်ပွင့်ကို လေ့လာကောင်း လေ့လာမည့် အလား ၎င်းတို့ လေ့လာကြသည်။ ၎င်းတို့သည် သူ၏ နှုတ်ကပတ်တော်များကို မိမိတို့ဘာသာ မြည်းစမ်းနိုင်သည့် သစ်သီးကဲ့သို့ သဘောမထားကြပေ၊ ထို့ကြောင့် ဘုရားနှုတ်ကပတ်တော်များ၏ အနှစ်သာရကို ၎င်းတို့ မသိကြချေ။ "အကယ်၍သာ လူသားများသည် ငါ့ဓား၏ အသွားထက်မှုကို စစ်မှန်စွာ မြင်တွေ့နိုင်မည် ဆိုပါက၊ သူတို့သည် ကြွက်များကဲ့သို့ပင် သူတို့၏ တွင်းများထဲသို့ သုတ်သုတ်ပျာပျာ ပြေးသွားကြမည်သာ ဖြစ်သည်။" ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက်တွင်၊ ပုံမှန် လူတစ်ဦး၏ အခြေအနေတွင်ရှိသူတစ်ဦးသည် အရှက်တရားပြည့်လျက် ကြက်သေသေသွားလိမ့်မည်ဖြစ်ပြီး၊ အခြားသူများကို မျက်နှာချင်းဆိုင်နိုင်မည် မဟုတ်။ သို့သော်၊ ယနေ့ခေတ်တွင်၊ လူတို့သည် ဆန့်ကျင်ဘက် အတိအကျ ဖြစ်ကြ၏- ၎င်းတို့သည် အခြားသူများကို ထိုးနှိက်တိုက်ခိုက်ဖို့ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်နက်တစ်ခုအဖြစ် အသုံးပြုကြလေသည်။ ၎င်းတို့သည် ဧကန်အမှန် အရှက်မသိကြချေ။

ဘုရားသခင်၏ မိန့်မြွက်ချက်များဖြင့်၊ ဤဖြစ်တည်မှု အခြေအနေထဲသို့ ငါတို့ ခေါ်ဆောင်ခံရပြီးဖြစ်သည်- "နိုင်ငံတော်အတွင်းတွင် ငါ၏နှုတ်မှ မိန့်မြွက်ချက်များ ထုတ်ပြန်သည်သာမက၊ ငါ၏ခြေသည်လည်း မြေကြီးပေါ်တွင် နေရာအနှံ့ တခမ်းတနားနှင့် နင်းလျှောက်လေသည်။" ဘုရားသခင်နှင့် စာတန်ကြား စစ်ပွဲတွင်၊ လမ်းခရီး၏ အဆင့်တိုင်းကို ဘုရားသခင် အနိုင်ရနေ၏။ သူသည် သူ၏အမှုကို စကြဝဠာတစ်ခွင်လုံး အကြီးအကျယ် တိုးချဲ့နေပြီး၊ နေရာတကာတွင် သူ၏ခြေရာများနှင့် သူ၏အောင်မြင်ခြင်း လက္ခဏာများရှိသည်ဟု ဆိုနိုင်ပေသည်။ စာတန်သည် သူ၏ အကြံအစည်များတွင် နိုင်ငံများကို ဖြိုခွဲခြင်းဖြင့် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ဖျက်စီးဖို့ မျှော်လင့်သော်လည်း၊ ဘုရားသခင်သည်- ပပျောက်သွားစေဖို့မဟုတ်ဘဲ- စကြဝဠာတစ်ခုလုံးကို ပြန်လည်ဖွဲ့စည်းဖို့ ဤဖြိုခွဲခြင်းကို အခွင့်ကောင်းယူလိုက်ပြီ ဖြစ်သည်။ ဘုရားသခင်သည် အသစ်သောအရာ တစ်ခုခုကို နေ့စဉ်

လုပ်ဆောင်သော်လည်း လူတို့ သတိမထားမိကြပေ။ ဝိညာဉ်ရေးရာ လောက၏ အင်အားများကို ၎င်းတို့ အာရုံမစိုက်ကြသောကြောင့် ဘုရားသခင်၏ အသစ်သော အမှုကို မမြင်နိုင်ကြချေ။ “အာကာသအတွင်းတွင် အရာခပ်သိမ်းသည် ကောင်းကင်ဘုံများထက် သာလွန်သော ကောင်းကင်ဘုံ၌ ယခုတည်ရှိနေသည့်အလား၊ စာတန်၏ ကိုယ်ထိလက်ရောက် စော်ကားခြင်း မခံရဘဲ ပြင်ပရန်သူများ၏ တိုက်ခိုက်ခြင်းများနှင့် ကင်းရှင်းလျက်၊ လူသား၏ စိတ်ကူးထဲတွင် လက်ခံယုံကြည်ထားသည့်အတိုင်း အသိစိတ်များကို ဖမ်းစားပြီး လူတို့၏ စိတ်ဝိညာဉ်များကို တက်ကြွစေသည့် နှလုံးနွေးထွေးဖွယ် အသွင်သဏ္ဌာန်ကို ဆောင်လျက် ငါ့ဘုန်း၏ တောက်ပမှုထဲ၌ အသစ်ကဲ့သို့ ထွန်းလင်းလာကြလေသည်။” ဤအရာက ကမ္ဘာမြေပေါ် ရှိ ခရစ်တော်နိုင်ငံ၏ ဝမ်းမြောက်ဖွယ် မြင်ကွင်းကို ကြိုတင်ဟောကိန်းထုတ်ပြီး၊ တတိယ ကောင်းကင်ဘုံ၏ အခြေအနေကိုလည်း လူသားမျိုးနွယ်အား မိတ်ဆက်ပေးလေသည်- စာတန်၏ အင်အားစုများ၏ တိုက်ခိုက်မှုတစ်ခုမျှ မရှိဘဲ၊ ဘုရားသခင်နှင့် သက်ဆိုင်သည့် သန့်ရှင်းသော အရာများသာ ထိုနေရာတွင် တည်ရှိ၏။ သို့သော် အရေးကြီးဆုံးသောအရာမှာ ဘုရားသခင် ကိုယ်တိုင်၏ ကမ္ဘာမြေပေါ်ကအမှု၏ အခြေအနေများကို လူတို့အား မြင်တွေ့ခွင့်ပေးခြင်း ဖြစ်သည်- ကောင်းကင်သည် ကောင်းကင်သစ်တစ်ခု ဖြစ်ပြီး၊ ယင်းနောက် ကမ္ဘာမြေသည်လည်းပဲ အသစ်ပြုပြင်ထားလေသည်။ ဤသည်မှာ ဘုရားသခင်ကိုယ်တိုင်၏ လမ်းပြမှုအောက်၌ရှိသည့် အသက်တာဖြစ်သောကြောင့်၊ လူအားလုံးသည် အတိုင်းမသိ ပျော်ရွှင်ကြလေသည်။ ၎င်းတို့၏ အသိထဲတွင်၊ စာတန်သည် လူသားမျိုးနွယ်၏ “အကျဉ်းသား” ဖြစ်ပြီး ယင်းတည်ရှိခြင်းကြောင့် ၎င်းတို့ လုံးဝ မကြောက်ပေ၊ သို့မဟုတ် မစိုးရိမ်ပေ။ ဘုရားသဘာဝမှ တိုက်ရိုက် ညွှန်ကြားခြင်းနှင့် လမ်းပြမှုကြောင့်၊ စာတန်၏ အကြံအစည်အားလုံးသည် အချည်းနှီးဖြစ်သွားပြီး ဤအရာသည်ပင် စာတန်သည် ဘုရားသခင်၏ အမှုအားဖြင့် ပျက်ပြုန်းသွားလျက် မတည်ရှိတော့သည်ကို သက်သေပြရန် လုံလောက်ပေသည်။ ထို့ကြောင့် “... ကောင်းကင်များ အလွန် ကောင်းကင်တစ်ခုတွင် တည်ရှိသည်” ဟု ပြောရခြင်း ဖြစ်သည်။ ဘုရားသခင်က၊ “မည်သည့်နှောင့်ယှက်မှုမျှ လုံးဝ မပေါ်ပေါက်ဖူးသကဲ့သို့၊ အာကာသ၏ စည်းလုံးမှုသည်လည်း ပြိုကွဲဖူးခြင်း လုံးဝမရှိပေ” ဟု ပြောသည့်အချိန်တွင်၊ သူသည် ဝိညာဉ်ရေးရာ လောက၏ အခြေအနေကို ရည်ညွှန်းနေခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က စာတန်အား အောင်ပွဲကြေငြာကြောင်း သက်သေဖြစ်ပြီး၊ ဘုရားသခင်၏ နောက်ဆုံး အောင်ပွဲ၏လက္ခဏာ ဖြစ်သည်။ မည်သူမျှ ဘုရားသခင်၏စိတ်ကို မပြောင်းလဲနိုင်သကဲ့သို့ မည်သူမျှ မသိနိုင်ပေ။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီး ၎င်းတို့ကို လေးနက်မှုဖြင့်

ဆန်းစစ်ကြပြီးဖြစ်သော်လည်း၊ ထိုနှုတ်ကပတ်တော်များ၏ အနှစ်သာရကို ၎င်းတို့ မဖော်ပြနိုင်မဲ့ ဖြစ်ကြလေသည်။ ဥပမာအားဖြင့်၊ ဘုရားသခင်က၊ "ငါသည် ကြယ်များအထက်တွင် ခုန်ပျံကျော်လွှားမှုများကို လုပ်ဆောင်ပြီး၊ နေသည် ၎င်း၏ရောင်ခြည်တန်းများကို ပစ်လွှတ်လေသောအခါ ငါ၏လက်များထဲမှ ရွေ့မျောကျလာသော ငန်း၏ အမွေးအတောင်များတမျှပင် ကြီးမားသည့် ဆီးနှင်းပွင့်များ အပြိုက်ပြိုက်ကို စေလွှတ်ရင်း ငါသည် နေရောင်ခြည်၏ အနွေးဓာတ်ကို ပိတ်ကွယ်စေသည်။ သို့သော် ငါစိတ်ပြောင်းသွားသည့် အခါတွင်မူ နှင်းအားလုံးသည် မြစ်တစ်စင်းထဲသို့ အရည်ပျော်သွားပြီး တစ်ခဏအတွင်းမှာပင် မိုးကောင်းကင်အောက် နေရာအနှံ့အပြား၌ နွေဦးရာသီသည် ပေါ်ပေါက်လာပြီး မြစိမ်းရောင်သည် ကမ္ဘာမြေကြီးပေါ် ရှိ ရှုခင်းတစ်ခုလုံးကို အသွင်ပြောင်းလိုက်သည်" ဟု ဆိုလေသည်။ ဤနှုတ်ကပတ်တော်များကို မိမိတို့၏ စိတ်များထဲတွင် လူတို့ စိတ်ကူးပုံဖော်နိုင်ကြသော်လည်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ဤမျှ မရိုးရှင်းပေ။ ကောင်းကင်အောက် အယောက်တိုင်းသည် ကြက်သေသေကြချိန်တွင်၊ ဘုရားသခင်သည် ကယ်တင်ခြင်း အသံကို မိန့်မြွက်၏၊ ထိုသို့ဖြင့် လူတို့၏ စိတ်နှလုံးများကို နိုးထစေလေသည်။ သို့သော်၊ ၎င်းတို့အပေါ် ဘေးဒုက္ခမျိုးစုံ ကျရောက်သောကြောင့်၊ လောက၏ စိတ်ပျက်ဖွယ်ကောင်းခြင်းကို ၎င်းတို့ ခံစားကြရသည်၊ ထို့ကြောင့် ၎င်းတို့အားလုံး သေခြင်းကို ရှာဖွေကြပြီး အလွန်အေးသည့်၊ ရေခဲတမျှအေးသည့် ဂူများထဲတွင် ရှိကြလေ၏။ ကြီးမားသည့် နှင်းမုန်တိုင်းများ၏ အအေးဓာတ်ဖြင့် ၎င်းတို့ အေးခဲကြသည်မှာ ကမ္ဘာမြေပေါ်တွင် အနွေးဓာတ် ကင်းမဲ့သည့်အတွက် ၎င်းတို့ မရှင်သန်နိုင်ကြသည်အထိ ဖြစ်သည်။ လူတို့ အချင်းချင်း သာ၍ရက်စက်စွာ သတ်ဖြတ်နေကြသည်မှာ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့် ဖြစ်၏။ ပြီးလျှင် အသင်းတော်ထဲတွင်၊ လူအများစုသည် အဆင်းနီသော နဂါးကြီး၏ တစ်ကျိုက်တည်း မျိုချခြင်းခံရကြလိမ့်မည်။ စမ်းသပ်မှုအားလုံး လွန်သွားသည့်နောက်တွင်၊ စာတန်၏ နှောင့်ယှက်မှုများ ဖယ်ရှားခံရလိမ့်မည်။ ထိုသို့ဖြင့် လောကတစ်ခုလုံးသည်၊ ပြောင်းလဲခြင်းအလယ်တွင်၊ နွေဦးရာသီက စိမ့်ဝင်ပျံ့နှံ့လိမ့်မည်၊ အနွေးဓာတ်က ကမ္ဘာမြေကို လွှမ်းခြုံလိမ့်မည်ဖြစ်ပြီး လောကသည် အားအင်အပြည့် ဖြစ်လိမ့်မည်။ ဤသည်တို့မှာ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံး၏ အဆင့်များအားလုံး ဖြစ်သည်။ ဘုရားသခင် ပြောဆိုသည့် "ည" မှာ ညအချိန်အတွင်း ဖြစ်ပျက်မည့် စာတန်၏ ရူးသွပ်မှု အထွတ်အထိပ်ရောက်သည့်အချိန်ကို ရည်ညွှန်းပေသည်။ ယင်းမှာ ယခုတွင်ပင် ဖြစ်ပျက်နေသည့်အရာ မဟုတ်လော။ ဘုရားသခင်၏ အလင်းအောက်တွင် လူအားလုံး အသက်ရှင်ကျန်ကြသော်လည်း၊ ညအမှောင်၏ ဆင်းရဲပင်ပန်းမှုဒဏ်ကို

ခံစားနေကြရလေသည်။ စာတန်၏ ချည်နှောင်မှုများမှ ၎င်းတို့ မလွတ်မြောက်နိုင်ပါက၊ အမှောင်ညအလယ်တွင် ထာဝရ အသက်ရှင်ကြရလိမ့်မည် ဖြစ်သည်။ ကမ္ဘာမြေပေါ်က နိုင်ငံများကို ကြည့်လော့- ဘုရားသခင်၏အမျက်၏ အဆင့်များကြောင့်၊ ကမ္ဘာမြေပေါ်က နိုင်ငံများသည် "ဟိုဟိုသည်သည်ပြေးနေကြ"ပြီး အသီးသီးက "မိမိကိုယ်တိုင်၏ သင့်တော်သည့် ခရီးပန်းတိုင်ကို ရှာဖွေနေကြသည်။" ဘုရားသခင်၏နေ့ရက် ရောက်မလာသေးသောကြောင့်၊ ကမ္ဘာမြေပေါ်က အရာအားလုံးသည် ရှုပ်ထွေးသော ဆူပူမှု အခြေအနေတစ်ခုထဲတွင် ရှိမြဲရှိကြလေသည်။ စကြဝဠာတစ်ခုလုံးထံ သူ ပွင့်ပွင့်လင်းလင်း ပေါ်ထွန်းသည့်အခါ၊ သူ၏ ဘုန်းအသရေသည် ဇိအုန်တောင်ကို ပြည့်လျှမ်းလိမ့်မည်ဖြစ်ပြီး အရာခပ်သိမ်းသည် သူ၏ လက်များဖြင့် စီစဉ်ခံရမည်ဖြစ်သကဲ့သို့ စနစ်တကျဖြစ်ကာ သေသေသပ်သပ် ရှိလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ယနေ့ကို မိန့်ဆိုသည်သာမက၊ မနက်ဖြန်ကိုလည်း ဟောကိန်းထုတ်လေသည်။ ယနေ့သည် မနက်ဖြန်၏ အခြေခံအုတ်မြစ်ဖြစ်၏၊ ထို့ကြောင့် ယနေ့ အခြေအနေအရ ဘုရားသခင်၏ မိန့်မြွက်ချက်များကို အဘယ်သူမျှ အပြည့်အဝ နားမလည်နိုင်ပေ။ သူ၏ နှုတ်ကပတ်တော်များ အပြည့်အဝ ပြည့်စုံသည့်နောက်တွင်မှ လူသားများသည် ၎င်းတို့ကို အလုံးစုံ နားလည်နိုင်ကြလိမ့်မည်။

ဘုရားသခင်၏ ဝိညာဉ်သည် စကြဝဠာထဲက နေရာလပ်အားလုံးကို ဖြည့်၏၊ သို့သော် လူအားလုံးအတွင်းတွင်လည်း သူ အမှုပြုလေသည်။ ထိုသို့ဖြစ်သဖြင့်၊ လူတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင်၏ ပုံပန်းက နေရာတိုင်းတွင် ရှိပြီး နေရာတကာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် ပါရှိသည့်အလား ဖြစ်သည်။ အမှန်စင်စစ်၊ ဘုရားသခင်၏ လူ့ဇာတိ၌ ပေါ်ထွန်းခြင်း ရည်ရွယ်ချက်မှာ စာတန်၏ ဤစံပြဖြစ်သူများကို သိမ်းပိုက်ဖို့ဖြစ်ပြီး၊ နောက်ဆုံးတွင် ၎င်းတို့ကို ရရှိဖို့ ဖြစ်သည်။ သို့သော် ဇာတိပကတိ၌ အမှုပြုစဉ်တွင်၊ ဤလူတို့ကို ပြောင်းလဲစေဖို့ ဝိညာဉ်တော်သည်လည်း ဇာတိပကတိနှင့် ပူးပေါင်းလုပ်ဆောင်နေလေသည်။ ဘုရားသခင်၏ လုပ်ရပ်များ လောကတစ်ခွင်အနှံ့ တိုးချဲ့ထားပြီး သူ၏ ဝိညာဉ်တော်က စကြဝဠာတစ်ခွင်လုံးကို လွှမ်းခြုံသည်ဟု ပြောနိုင်သော်လည်း၊ သူ၏အမှုတော်၏ အဆင့်များကြောင့် ကောင်းသည့်အရာ လုပ်ဆောင်သူတို့သည် ဆုလာဘ်မချီးမြှင့်ခံရသေးစဉ်၊ မကောင်းမှုပြုသူတို့သည် အပြစ်ဒဏ်ပေးမခံရသေးပေ။ ထို့ကြောင့်၊ သူ၏ လုပ်ဆောင်ချက်များသည် ကမ္ဘာမြေ၏ လူအားလုံး၏ ချီးမွမ်းခြင်းကို မခံရသေးပေ။ သူသည် အရာခပ်သိမ်း အထက်နှင့် အတွင်း နှစ်ခုလုံးတွင် ရှိ၏။ ထို့အပြင်၊ သူသည် လူတို့ကြားတွင် ရှိသည်။ ဤသည်မှာ ဘုရားသခင် အမှန်တကယ် တည်ရှိသည်ကို ပြသဖို့ လုံလောက်ပေသည်။ သူသည် လူသားများအားလုံးထံ

ပွင့်ပွင့်လင်းလင်း မပေါ်ထွန်းသေးသောကြောင့်၊ ၎င်းတို့သည် “လူသားမျိုးနွယ်နှင့် ပတ်သက်သရွေ့၌ ငါသည် အမှန်တကယ် တည်ရှိသည်ဟု ထင်ရသော်လည်း ငါသည် ဖြစ်တည်ခြင်း မရှိဟုလည်း ထင်ရသည်” ကဲ့သို့သော ထင်ယောင်မှားမှုများ ဖြစ်ပေါ်ကြလေသည်။ ယခု ဘုရားသခင်ကို ယုံကြည်သူများထဲတွင်၊ ဘုရားသခင် အမှန်တကယ် တည်ရှိသည်ဟု မည်သူမျှ လုံးဝ တစ်ရာရာခိုင်နှုန်း မသေချာကြချေ။ ၎င်းတို့ အားလုံးသည် သုံးပိုင်းက သံသယရှိကြပြီး နှစ်ပိုင်းက ယုံကြည်မှုရှိကြလေသည်။ ဤသည်မှာ ယခု လူသားမျိုးနွယ်၏ အခြေအနေ ဖြစ်သည်။ ယနေ့ခေတ် လူများသည် အားလုံး အောက်ပါအခြေအနေတွင် ရှိကြ၏- ဘုရားသခင်တစ်ပါး ရှိသည်ကို ၎င်းတို့ ယုံကြည်ကြသော်လည်း သူ့ကို မမြင်ဖူးကြ၊ သို့မဟုတ် ဘုရားသခင်တစ်ပါးရှိသည်ကို မယုံကြည်ကြသော်လည်း လူသားမျိုးနွယ် မဖြေရှင်းနိုင်သည့် အခက်အခဲများစွာ ရှိလေသည်။ ကြည့်ရသည်မှာ ၎င်းတို့ကို ငြိတွယ်နေသည့် ၎င်းတို့ မလွတ်မြောက်နိုင်သည့် အရာတစ်စုံတစ်ခု အမြဲ ရှိပုံရ၏။ ဘုရားသခင်ကို ၎င်းတို့ ယုံကြည်ကြသော်လည်း၊ မရေရာမှု အနည်းငယ် သူတို့ အမြဲခံစားရပုံပေါ်လေသည်။ သို့သော်၊ ၎င်းတို့ မယုံကြည်ပါက၊ သူတကယ်တည်ရှိပါက အခွင့်အရေး ဆုံးရှုံးကြရမည်ကို ၎င်းတို့ စိုးရွံ့ကြလေသည်။ ဤသည်မှာ ၎င်းတို့ စိတ်နှစ်ခွဖြစ်ခြင်း ဖြစ်သည်။

“ငါ၏အမည်နာမအတွက်၊ ငါ၏ဝိညာဉ်အတွက်နှင့်၊ ငါ၏စီမံခန့်ခွဲမှုအစီအစဉ် တစ်ရပ်လုံးအတွက် မည်သူသည် မိမိ၏ ခွန်အားအလုံးစုံကို ဆက်ကပ်ရန် တတ်စွမ်းနိုင်သနည်း။” ဘုရားသခင်က၊ “နိုင်ငံတော်သည် လူသားတို့၏ လောကကြီးထဲ၌ ရှိနေသော ယနေ့သည် လူသားမျိုးနွယ်ကြား လူပုဂ္ဂိုလ်အဖြစ် ငါကြွလာသော အချိန်ဖြစ်သည်။ ထိုသို့ မဟုတ်ပါက၊ ငါ့ကိုယ်စား စစ်မြေပြင်သို့ စိုးရိမ်ပူပင်ခြင်းတစ်ခုတစ်လေမျှမရှိဘဲ ရဲဝင့်စွာ သွားမည့်သူ ရှိပါ၏လော” ဟုလည်း ဆိုလေသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ ရည်မှန်းချက်မှာ ဤသို့ဖြစ်၏- လူ့ဇာတိ၌ ရှိသည့် ဘုရားသခင်က ဘုရားသဘာဝနှင့်ဆိုင်သည့် သူ၏အမှုကို တိုက်ရိုက် လုပ်ဆောင်ခြင်းကြောင့် မဟုတ်ပါက၊ သို့မဟုတ် သူသည် လူ့ဇာတိမခံဘဲ ယင်းအစား အမှုတော်ဆောင်များမှတဆင့် အမှုပြုခဲ့ပါက၊ ဘုရားသခင်သည် အဆင်းနီသော နဂါးကြီးကို ဘယ်သောအခါမျှ သိမ်းပိုက်နိုင်မည် မဟုတ်သကဲ့သို့ လူသားများကြားတွင် ရှင်ဘုရင်ကဲ့သို့ အုပ်စိုးနိုင်လိမ့်မည်လည်း မဟုတ်ပေ။ လူသားမျိုးနွယ်သည် ဘုရားသခင် ကိုယ်တိုင်ကို စစ်မှန်မှု၌ သိနိုင်လိမ့်မည်မဟုတ်၊ ထို့ကြောင့် ဤသည်မှာ စာတန်၏ အုပ်စိုးခြင်း ဖြစ်လိမ့်ဦးမည်ဖြစ်သည်။ ထို့ကြောင့်၊ ဤအမှု အဆင့်ကို ဘုရားသခင်သည် လူ့ဇာတိခံ ကိုယ်ခန္ဓာမှတဆင့် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရမည်။ ဇာတိပကတိ ပြောင်းလဲပါက၊

မတူညီသော ဇာတိပကတိ၏ အရေးပါမှုနှင့် အနှစ်သာရတို့သည် တူညီမည်မဟုတ်သောကြောင့် အစီအစဉ်၏ ဤအဆင့်သည် ဘယ်သောအခါမျှ ပြီးဆုံးနိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် အရင်းအမြစ်ကို ဆုပ်ကိုင်ထားသောကြောင့် ဤနှုတ်ကပတ်တော်များ၏ တိုက်ရိုက် အဓိပ္ပါယ်ကိုသာ လူတို့ သဘောပေါက်နိုင်သည်။ ဘုရားသခင်က၊ "သို့သော် အားလုံး ပြောဆိုလုပ်ဆောင်ပြီးသည့်အချိန်တွင် ဤလုပ်ဆောင်မှုသည် ဝိညာဉ်တော်၏ လုပ်ဆောင်မှုလော၊ သို့မဟုတ် ဇာတိပကတိ၏ ဆောင်ရွက်ချက်လော ဆိုသည်ကို နားလည်သည့်သူ တစ်ယောက်မျှ မရှိပေ။ ဤအရာ တစ်ခုတည်းကို အသေးစိတ် တွေ့ကြုံဖို့ပင် တစ်သက်တာလုံး လူတို့ အချိန်ယူရပေလိမ့်မည်" ဟု ဆိုသည်။ လူတို့သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို နှစ်ပေါင်းများစွာ ခံရပြီးဖြစ်ကာ ဝိညာဉ်ရေးရာ ကိစ္စများနှင့် သက်ဆိုင်သော မိမိတို့၏ အသိကို အချိန်ကြာမြင့်စွာက ၎င်းတို့ ဆုံးရှုံးခဲ့ကြ၏။ ဤအကြောင်းရင်းကြောင့်၊ ဘုရားနှုတ်ကပတ်တော်များ၏ ဝါကျတစ်ခုသည်ပင် လူတို့အတွက် မျက်စိစားပွဲထိုင်စရာ တစ်ခုကဲ့သို့ ဖြစ်လေသည်။ ဝိညာဉ်တော်နှင့် စိတ်ဝိညာဉ်တို့ကြား ဝေးကွာမှုကြောင့်၊ ဘုရားသခင်ကို ယုံကြည်သူအားလုံးသည် သူ့ကို တမ်းတသည့် ခံစားချက်တစ်ခုကို ခံစားကြရပြီး၊ ၎င်းတို့အားလုံးသည် သူနှင့် သာ၍နီးလာဖို့ရန်နှင့် မိမိတို့၏ အတွင်းကျဆုံး ခံစားချက်များကို လွတ်လပ်စွာ ပြောဆိုဖို့ရန် လိုလားနေကြပေသည်။ သို့သော်၊ ၎င်းတို့သည် သူနှင့် အဆက်အသွယ် မလုပ်ဝံ့ကြသကဲ့သို့၊ ယင်းအစား တအံ့တသြဖြစ်ကျန်ရစ်ရုံသာ ရှိကြလေသည်။ ဤသည်မှာ ဝိညာဉ်တော် ပိုင်ဆိုင်သည့် ဆွဲဆောင်မှုတန်ခိုး ဖြစ်သည်။ ဘုရားသခင်သည် လူတို့အတွက် ချစ်ရမည့် ဘုရားသခင် ဖြစ်ပြီး သူ့အထဲတွင် ၎င်းတို့ ချစ်ဖို့ရန်အတွက် မရေမတွက်နိုင်သော အရာများရှိသောကြောင့်၊ အယောက်တိုင်း သူ့ကို ချစ်ပြီး အယောက်တိုင်းက သူ့ကို စိတ်ချယုံကြည်ရန် ဆန္ဒရှိကြသည်။ အမှန်တွင်၊ အယောက်တိုင်းသည် မိမိတို့ နှလုံးသားများထဲတွင် သူ့အတွက် ချစ်ခြင်းမေတ္တာ သိုထားကြ၏- စာတန်၏ နှောင့်ယှက်မှုများက ထုံသော၊ နုံအသော၊ သနားစဖွယ် လူတို့ကို ဘုရားသခင်အား သိကျွမ်းခြင်းမှ တားဆီးထားခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် သူ့အတွက် လူသားများရှိကြသည့် စစ်မှန်သော ခံစားချက်များအကြောင်းကို ဘုရားသခင် ပြောဆိုရခြင်း ဖြစ်သည်- "လူသားများသည် မိမိတို့၏အတွင်းအကျဆုံး နှလုံးသားနေရာများထဲတွင် ငါ့အား ဘယ်သောအခါကမျှ စက်ဆုပ်ခြင်း မရှိခဲ့၊ ယင်းထက် ၎င်းတို့ စိတ်ဝိညာဉ်များ၏ နက်ရှိုင်းရာအရပ်များထဲတွင် ၎င်းတို့သည် ငါ့အား ဖက်တွယ်ထားသည်.... ငါ၏လက်တွေ့အရှိတရားသည် လူသားကို ကြောင်အမ်းအမ်းနှင့် ကြက်သေသေစေကာ ဦးနှောက်ခြောက်စေသော်လည်း ထိုအရာကို လက်သင့်ခံရန် ၎င်းတို့ လိုလားနေကြပေသည်။"

ဤသည်မှာ ဘုရားသခင်ကို ယုံကြည်သူတို့၏ စိတ်နှလုံးသားများ နက်ရှိုင်းရာထဲက တကယ့် အခြေအနေဖြစ်သည်။ ဘုရားသခင်ကို လူတို့ အမှန်တကယ် သိရှိကြသည့်အခါ၊ သူ့အပေါ် ၎င်းတို့၏ သဘောထားသည် အလိုအလျောက် ပြောင်းလဲပြီး ၎င်းတို့ စိတ်ဝိညာဉ်များ၏ လုပ်ဆောင်ချက်ကြောင့် ၎င်းတို့၏ စိတ်နှလုံး အတွင်းနက်ရှိုင်းရာနေရာများမှ ချီးမွမ်းခြင်းကို မြွက်ဆိုနိုင်ကြလေသည်။ ဘုရားသခင်သည် လူအားလုံး၏ စိတ်ဝိညာဉ် နက်ရှိုင်းရာနေရာများတွင် ရှိ၏၊ သို့သော် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကြောင့်၊ လူတို့သည် ဘုရားသခင်ကို စာတန်နှင့် ရောထွေးမိကြသည်။ ယနေ့ ဘုရားသခင်၏ အမှုသည် ဤတကယ့်ပြဿနာဖြင့် စတင်ပြီး၊ ယင်းသည် ဝိညာဉ်ရေးရာ လောကထဲတွင် အစမှ အဆုံးအထိ တိုက်ပွဲ၏ အာရုံစိုက်ရာ ဖြစ်နေလေသည်။

# အခန်း ၁၆

လူများ၏အမြင်တွင် ဘုရားသခင်သည် ကြီးမြတ်လွန်းသည်၊ ကြွယ်ဝလွန်းသည်၊ အံ့သြဖွယ်ကောင်းလွန်းသည်၊ နက်နဲခက်ခဲလွန်းသည်၊ လူတို့၏ မျက်စိများထဲတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် မြင့်မားရာသို့တက်ပြီး၊ လောကကြီး၏ ထူးကဲသော အပြောင်းအပြောက်ဆုံး လက်ရာအဖြစ် ပေါ်ထွက်လာသည်။ သို့သော်ငြားလည်း လူတို့တွင် အားနည်းချက် များစွာရှိပြီး၊ ၎င်းတို့၏ စိတ်များမှာလည်း အလွန်ပင် ရိုးစင်းလွန်းလှသောကြောင့်၊ ထို့အပြင် ၎င်းတို့၏ လက်ခံနိုင်သည့် စွမ်းရည်များမှာ အလွန်ပင် နည်းပါးလှသည့် အတွက်ကြောင့်၊ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်များအား မည်ကဲ့သို့ပင် ရှင်းလင်းစွာ ပြောကြားသော်ငြားလည်း၊ ထိုသူတို့သည် စိတ်ရောဂါအား ခံစားနေရသည့်အလား ထိုင်နေလျက်၊ မရွေ့မလျားရှိနေကြသည်။ ၎င်းတို့ ဆာသောချိန်တွင်၊ ၎င်းတို့သည် စားရမည်ကို နားမလည်ကြ၊ ၎င်းတို့ ရေဆာချိန်တွင်၊ ရေသောက်ရမည်ကို ၎င်းတို့နားမလည်ကြ။ ဖော်ပြ၍ မရနိုင်သော ဆင်းရဲဒုက္ခသည် ၎င်းတို့ ဝိညာဉ်များ၏ နက်ရှိုင်းရာ အထဲတွင် ရှိနေသည့်အလား၊ ၎င်းတို့သည် စူးစူးဝါးဝါး အော်ဟစ်မြဲ အော်ဟစ်လျက်ပင် ရှိကြ၏၊ သို့သော်လည်း၊ ၎င်းတို့သည် ထိုအကြောင်းအား ပြောဆိုရန် မတတ်စွမ်း နိုင်ကြ။ ဘုရားသခင်သည် လူသားမျိုးနွယ်အား ဖန်ဆင်းခဲ့သော အခါ၌၊ သူ၏ ရည်ရွယ်ချက်မှာ လူသားသည် ပုံမှန် လူ့သဘာဝထဲတွင် အသက်ရှင်နေထိုင်ပြီး ၎င်းတို့၏ ပင်ကိုယ်အသိဉာဏ်နှင့် ညီထွေစွာ ဘုရားသခင်၏ နှုတ်ကပတ်တော်များအား လက်ခံကြရန်ဖြစ်သည်။ သို့သော်လည်း အစအဦး၌ လူသားသည် စာတန်၏ သွေးဆောင်

ဖြားယောင်းမှုအား မလွန်ဆန်နိုင်သည့် အတွက်ကြောင့်၊ ယနေ့တွင် သူသည် သူ့ကိုယ်သူ လွတ်မြောက်စေရန် မတတ်စွမ်းနိုင်ဘဲ ရှိနေပြီး၊ နှစ်ထောင်ချီ စာတန်ဆောင်ရွက်ခဲ့သည့် စဉ်းလဲကောက်ကျစ်သော အကြံအစည်များအား သိမှတ်ခြင်းငှာ မစွမ်းနိုင်သေးဘဲ ရှိကြသည်၊ ထို့ပြင် လူသားတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များအား ပြည့်စုံစွာ သိကျွမ်းရန်အတွက် ဉာဏ်စွမ်းများ ကင်းမဲ့သည်၊ ဤအရာများ အားလုံးက ယခုလက်ရှိ အခြေအနေသို့ ရောက်ရှိစေခဲ့ခြင်း ဖြစ်သည်။ ယနေ့ အခြေအနေများအရ၊ လူတို့သည် စာတန်၏ သွေးဆောင်ဖြားယောင်းမှု အန္တရာယ်ထဲ နေကြရတုန်းပင် ဖြစ်၏၊ ထို့ကြောင့် ဘုရားသခင် နှုတ်ကပတ်တော်များအား မှန်ကန်စွာ နားလည်ရန် မတတ်စွမ်းနိုင်ဘဲ ရှိနေသည်။ ပုံမှန်လူတို့၏ စိတ်နေသဘောထားများတွင် ကောက်ကျစ်စဉ်းလဲမှု သို့မဟုတ် လှည့်ဖြားမှုတို့ မရှိပေ၊ လူတို့သည် အချင်းချင်း တစ်ယောက် နှင့် တစ်ယောက် ပုံမှန်ဆက်ဆံရေး ရှိကြသည်၊ သူတို့သည် တစ်ဦးတည်း မရပ်တည်၊ သူတို့၏ အသက်တာများသည်လည်း သာမန်မျှသာ မဟုတ်သကဲ့သို့ ယိုယွင်းပျက်စီးမှုလည်း မရှိ။ ထိုနည်းတူစွာ ဘုရားသခင်သည် အားလုံးတို့အကြားတွင် ချီးမြှောက်ခံရသည်၊ သူ၏ နှုတ်ကပတ်တော်များသည်လည်း လူသားအလယ်တွင် စိမ့်ဝင်ပျံ့နှံ့သည်၊ ဘုရားသခင်၏ ကာကွယ်မှုနှင့် စောင့်ရှောက်မှု အောက်တွင် လူများသည် အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် သဟဇာတဖြစ်လျက် နေထိုင်ကြသည်၊ စာတန်၏ နှောင့်ယှက်မှု မပါဘဲနှင့် ကမ္ဘာမြေကြီးသည်လည်း စည်းလုံးညီညွတ်မှုနှင့် ပြည့်လျှမ်းနေကာ၊ လူသားအလယ်တွင် ဘုရားသခင်၏ ဘုန်းတော်သည် အရေးကြီးဆုံး အရာအဖြစ် ရှိ၏။ ထိုကဲ့သို့သော လူများ သည် ကောင်းကင်တမန်များကဲ့သို့ ဖြစ်၏၊ ဖြူစင်သည်၊ အားမာန်ပြည့် လျက်ရှိသည်၊ ဘုရားသခင် အကြောင်းကို မည်သည့်အခါမျှ ညည်းညူ ပြောဆိုခြင်းမရှိဘဲ၊ ၎င်းတို့၏ လုံ့လအားလုံးကို ကမ္ဘာမြေကြီးပေါ်မှ ဘုရားသခင်၏ ဘုန်းတော်တစ်ခုတည်း အတွက်သာ ဆက်ကပ်အပ်နှံထားကြသည်။ ယခုမူ မိုက်မှောင်ည၏ အချိန်ဖြစ်သည်၊ အားလုံးသည် စမ်းတဝါးဝါး ဖြစ်နေကြပြီး ရှာဖွေနေကြသည်၊ ပိန်းပိတ်နေသော မိုက်မှောင်ညသည် ၎င်းတို့ကို ကြက်သီးမွေးညင်း ထစေပြီး၊ ၎င်းတို့သည် ဖိမ့်ဖိမ့်မတုန်ဘဲ မနေနိုင်ကြပေ။ အသေအချာ နားထောင်ကြည့်ပါက၊ အနောက်မြောက်လေ၏ တစ်ဝှေ့ပြီး တစ်ဝှေ့ တဟူးဟူး တိုက်ခတ်သံသည် လူသား၏ ဝမ်းနည်းစွာ ရှိုက်ကြီးတငင် ငိုသံနှင့် တွဲဖက်နေပုံရပေသည်။ လူများသည် ၎င်းတို့၏ ကံကြမ္မာအတွက် ဝမ်းနည်းကာ ငိုကြွေးကြသည်။ အဘယ့်ကြောင့် သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ် တော်များကို ဖတ်သော်ငြားလည်း ထိုအရာများကို နားလည်ခြင်းငှာ မတတ်စွမ်းနိုင်ရသနည်း။ ယင်းမှာ ၎င်းတို့၏ ဘဝများသည် မျှော်လင့်ချက်ကင်းမဲ့မှု၏ နှုတ်ခမ်းဝသို့ ရောက်နေသည့်အလား၊

၎င်းတို့အပေါ်တွင် သေခြင်းတရား ကျရောက်တော့မည့်အလား၊ ၎င်းတို့၏ နောက်ဆုံးရက်သည် ၎င်းတို့၏ မျက်စိရှေ့တွင် ရောက်နေသည့် အလားပင် ဖြစ်တော့သည်။ ထိုကဲ့သို့ စိတ်ပျက်ဖွယ်ကောင်းသော အခြေအနေများသည် ကျိုးပဲ့လွယ်သော ကောင်းကင်တမန်များမှ ဘုရားသခင်ထံသို့ ဟစ်ခေါ် တောင်းလျှောက်ပြီး ဝမ်းနည်းစွာ ငိုကြွေးမှုများ တစ်ခု နောက်တစ်ခု ဆင့်၍ ၎င်းတို့၏ ဆင်းရဲဒုက္ခကို ပြောပြသော အခိုက်အတန့် ဖြစ်သည်။ ယင်းအချက်ကြောင့်ပင် ဘုရားသခင်၏သားများနှင့် လူများအကြားတွင် အလုပ်လုပ်သော ကောင်းကင်တမန်များသည် နောက်တစ်ဖန် မည်သည့်အခါမျှ လူ့အပေါ်သို့ ဆင်းသက်လာမည် မဟုတ်ချေ။ ဤအရာမှာ ၎င်းတို့သည် ဇာတိပကတိ အထဲ၌ ရှိနေစဉ်အတွင်း စာတန်၏ ကြိုးကိုင်စီစဉ်မှုထဲ ပိတ်မိပြီး ၎င်းတို့ကိုယ်၎င်းတို့ လွတ်မြောက်စေရန် မတတ်နိုင်ကြပေ။ သည့်အတွက်ကြောင့် ၎င်းတို့သည် လူသား မမြင်နိုင်သော ဝိညာဉ်လောကတွင်သာ အလုပ်လုပ်ကြသည်။ ထို့ကြောင့်ပင် ဘုရားသခင်မှ "လူသား၏ နှလုံးသား ပလ္လင်၌ ငါနန်းတက်ချိန်သည် ငါ၏သားများနှင့်လူတို့ ဤကမ္ဘာမြေကြီးကို အုပ်စိုးချိန်ဖြစ်လိမ့်မည်" ဟူ၍ ပြောသည့်အခါ၊ သူသည် ကမ္ဘာပေါ်၌ ကောင်းကင်တမန်များက ကောင်းကင်ဘုံမှ ဘုရားသခင်အား အစေခံခြင်း ကောင်းချီးအား ပျော်မွေ့ခံစားသည့် အချိန်ကို ညွှန်းဆိုနေခြင်းဖြစ်သည်။ လူသားသည် ကောင်းကင်တမန်တို့၏ ဝိညာဉ်များ၏ ဖော်ပြချက် ဖြစ်သဖြင့်၊ လူသားအတွက် ကမ္ဘာပေါ်၌ ရှိနေခြင်းသည် ကောင်းကင်ဘုံ၌ ရှိနေခြင်းနှင့် အတူတူပင် ဖြစ်သည်၊ လူသားအနေဖြင့် ကမ္ဘာပေါ်၌ ဘုရားသခင်အား အစေခံခြင်းသည် ကောင်းကင်တမန်များမှ ကောင်းကင်ဘုံမှ ဘုရားသခင်အား တိုက်ရိုက်အစေခံခြင်းနှင့် အတူတူပင် ဖြစ်သည်၊ ထို့ကြောင့်ပင် ကမ္ဘာပေါ် ရှိ သူ၏နေ့ရက်များတွင် လူသားသည် တတိယကောင်းကင်ဘုံ၏ ကောင်းချီးများကို ပျော်မွေ့ခံစားရသည်ဟု ဘုရားသခင်မှ ပြောခြင်းဖြစ်သည်။ ဤအရာသည် ယင်းနှုတ်ကပတ်တော်များထဲ၌ အမှန်တကယ် ပြောထားသော အရာဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်များထဲတွင် ကွယ်ဝှက်ထားသော အနက်အဓိပ္ပာယ်များ များစွာရှိသည်။ "အချိန်တန်သည့်အခါ လူသားတို့သည် ၎င်းတို့၏ နက်ရှိုင်းသော နှလုံးသားထဲ၌ ငါ့ကို သိရှိကြလိမ့်မည်ဖြစ်ပြီး၊ သူတို့၏ အတွေးများထဲ၌လည်း ငါ့ကို သတိရကြလိမ့်မည်။" ဆိုသည်မှာ လူသား၏ဝိညာဉ်အား တိုက်ရိုက် ရည်စူးထားချက် ဖြစ်သည်။ ကောင်းကင်တမန်များ၏ အားနည်းချက်ကြောင့်၊ သူတို့သည် အရာရာတိုင်း၌ ဘုရားသခင်အား အမြဲ မှီခိုကြပြီး၊ ဘုရားသခင်အား အမြဲပင် တွယ်တာကာ ကြည်ညိုလေးမြတ်ခဲ့ကြသည်။ သို့သော် ပြားလည်း စာတန်၏ နှောင့်ယှက်မှုကြောင့် ၎င်းတို့သည် မည်သို့မျှမတတ်နိုင်၊ ၎င်းတို့ကိုယ်၎င်းတို့ မထိန်းချုပ် နိုင်ကြပေ၊ ဘုရားသခင်အား ချစ်လိုသော်လည်း သူ့အား

၎င်းတို့၏ စိတ်နှလုံးအကြွင်းမဲ့နှင့် ချစ်ရန် မတတ်စွမ်း နိုင်ကြ၊ ထို့ကြောင့် ၎င်းတို့သည် နာကျင်မှုဝေဒနာအား ခံစားကြရသည်။ ဘုရားသခင်၏ အလုပ်သည် အတိုင်း အတာတစ်ခုအထိ ရောက်သည့်အခါမှသာ ဤသနားစဖွယ် ကောင်းကင်တမန်များ၏ ဘုရားသခင်အား စစ်မှန်စွာ ချစ်လိုသော လိုအင်ဆန္ဒသည် ပြည့်စုံလာပေလိမ့်မည်၊ ထို့ကြောင့်ပင် ဘုရားသခင်သည် ယင်း နှုတ်ကပတ်တော်များအား ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ကောင်းကင်တမန်များ၏ သဘာဝမှာ ဘုရားသခင်အား ချစ်ခြင်း၊ မြတ်နိုးခြင်းနှင့် နာခံခြင်းတို့ ဖြစ်သည်၊ သို့သော်ငြားလည်း ၎င်းတို့သည် ယင်းအရာများအား ဤကမ္ဘာပေါ်တွင် အထမြောက်နိုင်စေရန် မတတ်စွမ်းနိုင်ကြဘဲ၊ လက်ရှိချိန်အထိ သည်းခံရုံမှလွဲ၍ ရွေးချယ်စရာ မရှိခဲ့ကြ။ ယနေ့ လောကကြီးအား သင်တို့ ကြည့်နိုင်သည်၊ လူအားလုံး၏ စိတ်နှလုံးများထဲတွင် ဘုရားသခင် တစ်ပါးရှိသည်၊ သို့သော် ၎င်းတို့၏ စိတ်နှလုံးများရှိဘုရားသခင်သည် စစ်မှန်သော ဘုရားသခင် သို့မဟုတ် ဘုရားအတုအယောင် ဖြစ်သည်ကို ခွဲခြားရန်မတတ်စွမ်းနိုင်ကြ၊ ထို့အပြင် ၎င်းတို့သည် ၎င်းတို့၏ ဤဘုရားသခင်အား ချစ်ကြသော်လည်း၊ ဘုရားသခင်အား စစ်မှန်စွာ ချစ်ဖို့ရန်မှု မတတ်စွမ်းနိုင်ကြ၊ ယင်းအရာသည် ၎င်းတို့မှာ ၎င်းတို့မိမိကိုယ်ကိုယ် ထိန်းချုပ်နိုင်ခြင်း မရှိကြောင်းကို ဆိုလိုသည်။ ဘုရားသခင်မှ ထုတ်ဖော်ခဲ့သည့် လူသား၏အကျည်းတန်သော မျက်နှာသည် ဝိညာဉ်နယ်ပယ်၌ စာတန်၏ မျက်နှာအစစ်ပင်ဖြစ်သည်။ လူသားသည် နဂိုမူလက အပြစ်ကင်းစင်ပြီး အပြစ်နှင့် ကင်းလွတ်သည်၊ ထို့ကြောင့် လူသား၏ ဖောက်ပြန်ပျက်စီးကာ အကျည်းတန်သော အမူအကျင့်များသည် ဝိညာဉ် နယ်ပယ်၌ စာတန်၏ လုပ်ဆောင်ချက်များဖြစ်ပြီး၊ ဝိညာဉ်နယ်ပယ် တိုးတက်မှုများ အကြောင်း၏ စိတ်ချရသော မှတ်တမ်းဖြစ်သည်။ "ယနေ့ လူတို့သည် အရည်အချင်းများ ရှိကြပြီး သူတို့သည် ငါ၏ ရှေ့မှောက်၌ ဝင့်ဝင့်ကြွားကြွား လျှောက်လှမ်းနိုင်သော သူများဖြစ်ကြောင်း၊ သူတို့သည် ရှက်ကြောက်ခြင်း မရှိဘဲ ငါနှင့်အတူ ရယ်မော၊ ပြက်လုံးများကိုပြောပြီး၊ ငါ့အား တန်းတူဆက်ဆံ နိုင်ကြကြောင်းကို ယုံကြည်ကြသည်။ လူသားသည် ငါ့ကို မသိရှိသေးပေ။ ငါနှင့်သူတို့သည် အနှစ်သာရအားဖြင့် တူညီပြီး၊ နှစ်ဦးစလုံး အသွေး၊ အသားနှင့်ဖြစ်ကြပြီး၊ နှစ်ဦးစလုံး လူ့လောကထဲ၌ နေထိုင်ကြသည်ဟု ယုံကြည်နေသေးသည်။" ဤအရာသည် လူသား၏ စိတ်နှလုံးထဲတွင် စာတန်ပြုလုပ်ခဲ့သည့် အရာဖြစ်သည်။ စာတန်သည် လူသား၏ အယူအဆများနှင့် ပကတိအမြင်များကို ဘုရားသခင်ကို ဆန့်ကျင်ရန် အသုံးပြုသော်လည်း၊ လူသားကို ဤနေရာမှ ကြီးမားသည့် ကပ်ဘေး တိမ်းရှောင်စေနိုင်ရန် ဘုရားသခင်က လူသားများကို ဤဖြစ်ရပ်များနှင့် ပတ်သက်ပြီး တိတိကျကျ ပြောသည်။ လူသားအားလုံး၏ သေစေနိုင်လောက်သည့်

အားနည်းချက်မှာ "အသွေးအသားနှင့် ကိုယ်ခန္ဓာကိုသာ မြင်တွေ့ကြပြီး ဘုရားသခင်၏ ဝိညာဉ်တော်ကို သတိပြုမိခြင်း မရှိကြ။" ခြင်းဖြစ်သည်။ ယင်းသည် စာတန်မှ လူသားကို သွေးဆောင်သည့် ရှုထောင့်တစ်ခု၏ အခြေခံဖြစ်သည်။ ဤဇာတိပကတိထဲမှ ဝိညာဉ်တော်ကိုသာ ဘုရားသခင်ဟု ခေါ်ဆိုနိုင်သည်ဟု လူသားတို့က ယုံကြည်သည်။ ယနေ့တွင် ဝိညာဉ်တော်သည် လူ့ဇာတိခံယူပြီး သူတို့၏ မျက်စိရှေ့တွင် အမှန်တကယ် ပေါ်ပေါက်လာသည်ကို မည်သူ တစ်ဦးတစ်ယောက်ကမျှ ယုံကြည်ခြင်းမရှိပေ။ လူသားက ဘုရားသခင်ကို "အဝတ်အစားနှင့် ဇာတိပကတိ" ဟူ၍ နှစ်ပိုင်းမြင်သည်။ ထို့အပြင် ဘုရားသခင်ကို လူ့ဇာတိခံယူထားသည့် ဝိညာဉ်တော်ဟု မည်သူ တစ်ဦးတစ်ယောက်ကမျှ မရှုမြင်ကြပေ၊ ဇာတိပကတိ၏ အနှစ်သာရမှာ ဘုရားသခင်၏ စိတ်သဘောထားဖြစ်ကြောင်းကို တစ်ဦးမျှ မမြင်ကြပေ။ လူသားများ၏ စိတ်ကူးထဲတွင် ဘုရားသခင်သည် အထူးသဖြင့် သာမန်ဖြစ်သည်။ သို့သော်လည်း ဤသာမန်ဖြစ်ခြင်းထဲတွင် သိုဝှက်ထားသည်က ဘုရားသခင်၏ သိမ်မွေ့နက်နဲသည့် အဓိပ္ပာယ်ဖြစ်သည်ကို သူတို့မသိသလော။

ဘုရားသခင်က ကမ္ဘာတစ်ခုလုံးကို စတင်ဖုံးလွှမ်းခဲ့သည့်အချိန်တွင်၊ ယင်းသည် မည်းနက်မှောင်မဲသွားသည်။ ထို့အပြင် လူများအိပ်ပျော်နေစဉ်တွင်၊ ဘုရားသခင်က ယင်းအခွင့်အရေးကိုယူကာ လူသားများထဲသို့ ဆင်းသက်ကြွလာပြီး၊ ကမ္ဘာမြေကြီး၏ ထောင့်အားလုံးသို့ ဝိညာဉ်တော်ကို တရားဝင် စတင်ထုတ်ပေးကာ၊ လူသားကို ကယ်တင်သည့် အလုပ်ကို စတင်ဆောင်ရွက်သည်။ ဘုရားသခင်သည် စတင်၍ ဇာတိပကတိအသွင်ကို ဆောင်သည့်အခါ၊ ဘုရားသခင်သည် ကိုယ်တိုင်ကိုယ်ကျ ကမ္ဘာမြေကြီးပေါ်တွင် လုပ်ဆောင်ခဲ့သည်ဟု ပြောနိုင်သည်။ ထို့နောက် ဝိညာဉ်တော်အလုပ်ကို စတင်ပြီးနောက်၊ ကမ္ဘာမြေကြီးပေါ်တွင် အလုံးစုံသောအလုပ်ကို တရားဝင်စတင်ခဲ့သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် စကြဝဠာတစ်ခုလုံးတွင် အနှစ်နှစ်ထောင် အစဉ် လုပ်ဆောင်ခဲ့သည်။ လူသားက ဤအရာကို သိလည်းမသိသကဲ့သို့ စဉ်းစားလည်း မစဉ်းစားမိပေ။ သို့သော် နောက်ဆုံးသောကာလအတွင်း၊ ဤခေတ်က အဆုံးသတ်ခါနီးအချိန်တွင် ဘုရားသခင်က သူကိုယ်တိုင်လာရောက် လုပ်ဆောင်ရန် ကြွဆင်းလာခဲ့သည်။ ဤသည်မှာ နောက်ဆုံးသောကာလတွင် မွေးဖွားသူများနှင့် ဇာတိပကတိထဲတွင် နေထိုင်သော ဘုရားသခင်၏ ပုံရိပ်ကို ကိုယ်တိုင် ရှုစားနိုင်သူများအတွက် ကောင်းချီးပင်ဖြစ်သည်။ "နက်နဲရာအရပ် တစ်ခုလုံးသည် မှုန်ဝါးနေသောအခါ လူသားများကြားထဲ၌ ငါသည် လောကကြီး၏ ခါးသီးမှုကို စတင်မြည်းစမ်းမိသည်။ ငါ့ဝိညာဉ်သည် ကမ္ဘာတစ်ခွင် လှည့်လည်ပြီး လူသားများအားလုံး၏ နှလုံးသားများကို ကြည့်ရှုသည်။ သို့တိုင် ငါသည်

ငါ၏ခံယူထားသော လူ့ဇာတိထဲ၌ လူသားမျိုးနွယ်ကိုလည်း သိမ်းပိုက်အောင်နိုင်၏။” ယင်းမှာ ကောင်းကင်ဘုံမှ ဘုရားသခင်နှင့် ကမ္ဘာမြေကြီးပေါ်မှ ဘုရားသခင်တို့ အကြားရှိ ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မှု ဖြစ်သည်။ အဆုံးတွင်၊ လူတို့သည် ၎င်းတို့၏ အတွေးများထဲ၌ ကမ္ဘာမြေကြီးပေါ်မှ ဘုရားသခင်သည် ကောင်းကင်ဘုံမှ ဘုရားသခင်ပင် ဖြစ်သည်၊ ကောင်းကင်၊ မြေကြီးနှင့် ယင်းအထဲရှိ အရာအားလုံးကို ကမ္ဘာမြေကြီးပေါ်မှ ဘုရားသခင်က ဖန်ဆင်းခဲ့သည်၊ လူသားသည် ကမ္ဘာမြေကြီးပေါ်မှ ဘုရားသခင်၏ ထိန်းချုပ်ခြင်းကို ခံရသည်၊ ကမ္ဘာမြေကြီးပေါ်မှ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်မှ ကောင်းကင်ဘုံတွင် အလုပ်လုပ်ပြီး၊ ကောင်းကင်ဘုံမှ ဘုရားသခင်သည် လူ့ဇာတိ၌ ပေါ်ထွန်းလာသည်ဟု ယုံကြည်ကြလိမ့်မည်။ ဤအရာသည် ကမ္ဘာပေါ် ရှိ ဘုရားသခင်၏အလုပ်၏ အဆုံးစွန်သော ရည်ရွယ်ချက်ပင် ဖြစ်သည်၊ ထို့ကြောင့် ဇာတိပကတိ၏ ကာလအတွင်း ဤအဆင့်သည် အလုပ်၏ အမြင့်မားဆုံးသော စံနှုန်းပင်ဖြစ်သည်၊ ယင်းအား ဘုရားသဘာဝ၌ လုပ်ဆောင်ပြီး၊ ယင်းသည် လူအားလုံးကို စိတ်ရင်းမှန်နှင့် အခိုင်အမာ ယုံကြည်စေသည်။ လူများသည် ဘုရားသခင်အား သူတို့၏ အယူအဆများထဲတွင် ရှာဖွေလေလေ၊ ကမ္ဘာမြေကြီးပေါ်မှ ဘုရားသခင်သည် စစ်မှန်ခြင်း မရှိဟု ခံစားရလေလေ ဖြစ်သည်။ ထို့ကြောင့်ပင် လူများသည် အချည်းနှီးသော စကားများနှင့် အယူဝါဒများ အကြားတွင် ဘုရားသခင်အား ရှာဖွေကြသည်ဟု ဘုရားသခင်မှ ပြောဆိုခြင်း ဖြစ်သည်။ လူတို့သည် ၎င်းတို့၏ အယူအဆများထဲတွင် ဘုရားသခင်အား သိလေလေ၊ ဤစကားများနှင့် အယူဝါဒများအား ပြောဆိုရာ၌ သူတို့သည် ကျွမ်းကျင်လာလေလေဖြစ်ပြီး၊ ၎င်းတို့သည် လေးမြတ် ဖွယ်ကောင်းသော သူများ ဖြစ်လာကြလေလေ ဖြစ်သည်။ လူတို့သည် စကားများနှင့် အယူဝါဒများအား ပြောဆိုလေလေ၊ ၎င်းတို့သည် ဘုရားသခင်ထံမှ ဝေးဝေး လမ်းလွှဲသွားလေလေ ဖြစ်ပြီး၊ ၎င်းတို့သည် လူသား၏ အနှစ်သာရများကို သိကျွမ်းလာခြင်းငှာ မတတ်စွမ်းနိုင်လေလေ ဖြစ်ကာ၊ ဘုရားသခင်အား မနာခံလေလေ ဖြစ်လာကြပြီး၊ ဘုရား သခင်၏ သတ်မှတ်ချက်များမှ ၎င်းတို့သည် ခွဲခွာသွားလေလေ ဖြစ်သည်။ လူသားအပေါ် ဘုရားသခင်၏ သတ်မှတ်ချက်များသည် လူများ စိတ်ကူးသကဲ့သို့ သဘာဝလွန်နေခြင်းမျိုး မဟုတ်၊ သို့သော်လည်း မည်သူကမျှ ဘုရားသခင်၏ အလိုတော်အား စစ်မှန်စွာ မည်သည့်အခါကမျှ နားမလည်ခဲ့ကြပေ၊ ထို့ကြောင့်ပင် ဘုရားသခင်မှ “လူတို့သည် အဆုံးအစမဲ့သော ကောင်းကင်၊ သို့မဟုတ် တလိပ်လိပ် လိမ့်နေသော ပင်လယ်၊ သို့မဟုတ် တည်ငြိမ်သော ရေကန်၊ သို့မဟုတ် အဓိပ္ပာယ်ကင်းမဲ့သော ကျမ်းဟောင်းတရားများနှင့် သြဝါဒများ အပေါ်တွင်သာ အာရုံစိုက်လျက် ရှိကြသည်။” ဟု ပြောဆိုခြင်း ဖြစ်သည်။ ဘုရားသခင်သည် လူတို့အပေါ် သတ်မှတ်ချက်များ ပြုလေလေ၊

ဘုရားသခင်သည် အလှမ်းမမီနိုင်ဟု လူတို့ ခံစားရလေလေ ဖြစ်ပြီး၊ ဘုရားသခင်သည် ကြီးမြတ်သည်ဟု သူတို့သည် ယုံကြည်လေလေ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ အသိစိတ်ထဲတွင် ဘုရားသခင်၏နှုတ်မှ မိန့်မြွက်သော နှုတ်ကပတ်တော်များ အားလုံးသည် လူသားအတွက် ရယူဖို့ရန် မဖြစ်နိုင်ဘဲ၊ ဘုရားသခင်အား ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရန်မှလွဲ၍ အခြားရွေးစရာမရှိအောင် ဖြစ်စေခဲ့သည်။ ထိုအချိန် အတောအတွင်း လူသားမှာမူ ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ရန် စိတ်တိမ်းညွတ်ခြင် စိုးစဉ်းမျှ မရှိဘဲ၊ နာခံ၍ နှိမ့်ချရန် ကြိုးစားလျက် သူ၏ ဦးခေါင်းကို ငုံ့ထားပြီး သူ၏ အပြစ်များကို ဝန်ခံရန်ကိုသာ ဇွဲမလျှော့တမ်း လုပ်နေသည်။ ထိုသို့ဖြင့် လူတို့သည် သတိမပြုမိလိုက်ဘဲ ဘာသာတရား အသစ်တစ်ခုထဲသို့၊ ဘာသာရေး အသင်းတော်များထဲထက်ပင် သာ၍အစွန်းရောက်သော ဘာသာရေး အခမ်းအနားထဲသို့ ဝင်ရောက် သွားကြသည်။ ယင်းသို့ဖြစ်ရန် လူတို့သည် ၎င်းတို့၏ အပျက်သဘောဆောင်သော အနေအထားကို အပြုသဘောဆောင်သော အနေအထားအဖြစ် ပြောင်းလဲခြင်းအားဖြင့် ၎င်းတို့၏ ပုံမှန် အခြေအနေများသို့ ပြန်ရောက်လာရန် လိုအပ်သည်။ ထိုသို့ မဟုတ်ပါက၊ လူသားသည် သာ၍ပင် နက်ရှိုင်းစွာ ကျော့ကွင်းမိခြင်း ခံရပေမည်။

ဘုရားသခင်သည် သူ၏ မိန့်မြွက်ချက်များစွာ၌ အဘယ်ကြောင့် တောင်များနှင့် ရေများအား အလေးပေး ဖော်ပြရသနည်း။ ဤစကားလုံးများတွင် အမှတ်သညာဖြင့် သရုပ်ဖော်မှု အဓိပ္ပာယ် ရှိနေသလော။ ဘုရားသခင် သည် လူသားအား သူ၏ ဇာတိပကတိထဲမှ လုပ်ဆောင်ချက်များကို ရှုမြင်ခွင့် ပေးရုံသာမက၊ မိုးမျက်နှာကြက်ရှိ သူ၏ တန်ခိုးများအား နားလည်နိုင်သော အခွင့်ကိုလည်း လူသားအား ပေးသည်။ ဤနည်းအားဖြင့်၊ ဤသည်မှာ ဇာတိပကတိထဲမှ ဘုရားသခင်ဖြစ်သည်ဟု ဒွိဟကင်းမဲ့စွာ ယုံကြည်သည်နှင့် တစ်ကြိမ်တည်းတွင်၊ လူတို့သည် လက်တွေ့ကျသော ဘုရားသခင်၏ လုပ်ဆောင်ချက်များကိုလည်း သိကျွမ်းလာပြီး၊ ထိုနည်းဖြင့် ကမ္ဘာမြေကြီးပေါ်မှ ဘုရားသခင်သည် ကောင်းကင်ဘုံသို့ စေလွှတ်ခြင်း ခံရကာ၊ ကောင်းကင်ဘုံမှ ဘုရားသခင်သည် ကမ္ဘာ မြေကြီးသို့ ယူဆောင်လာခြင်းခံရသည်၊ ယင်းနောက်တွင်သာ လူများသည် ဘုရားသခင်၏ ဖြစ်ခြင်းအလုံးစုံကို အပြည့်အဝ ဖူးမြင်နိုင်စွမ်း ရှိလာပြီး၊ ဘုရားသခင်၏ အနန္တတန်ခိုးနှင့် ပတ်သက်၍ သာ၍ကြီးသော အသိတရားကို ရရှိလာသည်။ ဘုရားသခင်သည် ဇာတိပကတိထဲမှ လူသားမျိုးနွယ်အား သိမ်းပိုက်နိုင်ပြီး စကြဝဠာ အထက်ရော တစ်ဝှမ်းလုံးကိုပါ ဖြတ်၍ ခရီးနှင်ရန် ဇာတိပကတိအား ကျော်လွန်နိုင်လေလေ၊ လက်တွေ့ကျသော ဘုရားသခင်အား ဖူးမြင်ရခြင်းအပေါ် အမှီပြု၍ လူတို့သည် ဘုရားသခင်၏ လုပ်ဆာင်ချက်များကို ဖူးမြင်နိုင်စွမ်း ရှိလေလေဖြစ်သည်၊ ထို့ကြောင့် စကြဝဠာတစ်ဝှမ်းလုံးရှိ ဘုရားသခင် အလုပ်၏ အရှိတရားဖြစ်သော

ယင်းအလုပ်သည် အတုအယောင်မဟုတ်ဘဲ စစ်မှန်ကြောင်းကို သိလေလေဖြစ်သည်၊ ထို့ကြောင့် ယနေ့ကာလ၏ လက်တွေ့ကျသော ဘုရားသခင်သည် ဝိညာဉ်တော်၏ ပြယုဂ်ဖြစ်ပြီး လူကဲ့သို့ ဇာတိပကတိနှင့်ဆိုင်သော ကိုယ်ခန္ဓာနှင့် မတူညီကြောင်းကို သူတို့သည် သိလာကြသည်။ ထို့ကြောင့် ဘုရားသခင်မှ "သို့သော် ငါသည် ငါ၏အမျက်ကို ထုတ်လွှတ်သောအခါ၊ တောင်တို့သည် ချက်ခြင်း အစိတ်စိတ် အမြွာမြွာကွဲကြ၏၊ မြေကြီးတို့သည် အပြင်းအထန် လှုပ်ရှား၏၊ ရေတို့သည် ချက်ခြင်း ခန်းခြောက်ပြီး လူသားသည် ဘေးဒုက္ခကို ချက်ခြင်း ခံစားရသည်။" ဟူ၍ ပြောခြင်းဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်များကို ဖတ်ရှုသောအခါ၊ သူတို့သည် ယင်းတို့ကို ဘုရားသခင်၏ ဇာတိပကတိနှင့် ဆက်စပ်မှတ်ယူကြသည်၊ ထို့ကြောင့် ဝိညာဉ်လောက၏ စကားများနှင့် အလုပ်သည် ဇာတိပကတိထဲမှ ဘုရားသခင်အား တိုက်ရိုက် ညွှန်ပြကာ၊ ယင်းအရာမှာ ပို၍ထိရောက်သော အကျိုးသက်ရောက်မှု ဖြစ်စေသည်။ ဘုရားသခင် စကား ပြောဆိုသောအခါ၊ ယင်းသည် မကြာခဏပင် ကောင်းကင်ဘုံမှ ကမ္ဘာမြေကြီးသို့ ပြောဆိုခြင်း ဖြစ်တတ်ပြီး၊ နောက်တစ်ဖန် ကမ္ဘာမြေကြီးမှ ကောင်းကင်ဘုံသို့ ပြောဆိုခြင်း ဖြစ်တတ်သည်၊ ၎င်းသည် လူအားလုံးအား ဘုရားသခင် နှုတ်ကပတ်များ၏ မူလရင်းမြစ်နှင့် လှုံ့ဆော်မှုတို့အား နားလည်ခြင်းငှာ မတတ်စွမ်းနိုင်ဘဲ ရှိစေသည်။ "ငါသည် ကောင်းကင်ဘဝဂ် အလယ်၌ရှိစဉ်အခါ၊ ငါ့မျက်မှောက်၌ ကြယ်တို့သည် တုန်လှုပ် ချောက်ချားခြင်း ဘယ်သောအခါမျှ မရှိခဲ့ကြ။ ထိုအစား ကြယ်တို့သည် ငါ့အတွက် သူတို့၏ အလုပ်ကို အစွမ်းကုန် လုပ်ဆောင်ကြသည်။" ယင်းမှာ ကောင်းကင်ဘုံ၏ အနေအထားပင် ဖြစ်သည်။ ဘုရားသခင်သည် တတိယကောင်းကင်ဘုံရှိ အရာ ခပ်သိမ်းကို ဘုရားသခင်အတွက် ၎င်းတို့ကိုယ်တိုင်၏ အလုပ်ကို လုပ်ဆောင်ရင်း ဘုရားသခင်အား အစေခံကြသော အစေခံကျွန်များ အားလုံးနှင့် စနစ်တကျ စီစဉ်သည်။ ၎င်းတို့သည် ဘုရားသခင်အား နာခံမှုမရှိဘဲနှင့် မည်သည့်အခါမျှ တစ်စုံတစ်ရာ မပြုခဲ့ကြ၊ ထို့ကြောင့် သူတို့သည် ဘုရားသခင်ပြောသော တုန်လှုပ် ချောက်ခြားခြင်း မရှိကြပေ၊ ထိုအစား သူတို့၏ အလုပ်ကို အစွမ်းကုန် လုပ်ဆောင်ကြ၏၊ မည်သည့်အခါမျှ ကစဉ့်ကလျားဖြစ်ခြင်း မရှိပေ၊ ထို့ကြောင့် ကောင်းကင်တမန် အားလုံးသည် ဘုရားသခင်၏ အလင်းထဲတွင် နေထိုင်ကြသည်။ ထိုအချိန်အတောအတွင်း ၎င်းတို့၏ မနာခံမှုနှင့် ဘုရားသခင်အား ၎င်းတို့ မသိကျွမ်းကြခြင်းကြောင့်၊ ကမ္ဘာပေါ်မှ လူများအားလုံးသည် အမှောင်ထုထဲတွင် နေကြသည်၊ ၎င်းတို့သည် ဘုရားသခင်အား ဆန့်ကျင်လေလေ၊ ၎င်းတို့သည် အမှောင်ထုထဲ၌ သာ၍နေလေလေ ဖြစ်သည်။ ဘုရားသခင်မှ "ကောင်းကင် ထွန်းလင်းလေလေ၊ မြေကြီးသည် မှောင်မိုက်အတိ ဖြစ်လေလေ ဖြစ်သည်။" ဟု

ပြောဆိုသောအခါ၊ ဘုရားသခင်၏ နေ့ရက်သည် လူသားမျိုးနွယ် အားလုံးထံသို့ မည်သို့မည်ပုံ တိုး၍ နီးကပ်လာနေသည်ကို ရည်ညွှန်းနေခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ တတိယ ကောင်းကင်ဘုံတွင် နှစ်ပေါင်း ၆၀၀၀ အလုပ်များခြင်းသည် မကြာမြင့်မီတွင် အဆုံးသတ်တော့မည် ဖြစ်သည်။ ကမ္ဘာမြေကြီး ပေါ်မှ အရာခပ်သိမ်းသည် နောက်ဆုံးအခန်းကို ဝင်ရောက်ခဲ့ပြီး ဖြစ်ကာ၊ မကြာမီတွင် အသီးသီးတို့သည် ဘုရားသခင်၏ လက်မှ ဖြတ်ပစ်ခြင်းကို ခံရလိမ့်မည် ဖြစ်သည်။ လူများသည် နောက်ဆုံးသော ကာလ၏ အချိန်ထဲသို့ တိုး၍ ဝင်သွားလေလေ၊ ၎င်းတို့သည် လူ့လောက၏ ယိုယွင်းပျက်စီးမှုကို သာ၍ မြည်းစမ်းနိုင်လေ ဖြစ်သည်၊ ၎င်းတို့သည် နောက်ဆုံးသော ကာလ၏ အချိန်ထဲသို့ တိုး၍ ဝင်သွားလေလေ၊ ၎င်းတို့၏ ကိုယ်ပိုင် ဇာတိပကတိကို သာ၍ လိုက်လျောလေဖြစ်သည်။ လောကကြီး၏ စိတ်ပျက်ဖွယ် အနေအထားကို ပြန်လှန်ပစ်ရန် ဆန္ဒရှိကြသော လူများစွာပင် ရှိကြပေသည်၊ သို့သော်လည်း ၎င်းတို့သည် ဘုရားသခင်၏ လုပ်ဆောင်မှုများကြောင့် ၎င်းတို့၏ သက်ပြင်းများအလယ်တွင် ၎င်းတို့၏မျှော်လင့်ချက် အားလုံးအား ဆုံးရှုံးသွားကြသည်။ ထို့ကြောင့်ပင် လူတို့သည် နွေဦးရာသီ၏ နွေးထွေးမှုကို ခံစားရသောအခါ၊ ဘုရားသခင်သည် ၎င်းတို့၏ မျက်စိများကို ဖုံးကွယ်လိုက်သည်၊ ထို့ကြောင့် ၎င်းတို့သည် လှုံးလှိမ့်နေသော လှိုင်းလုံးများအပေါ်တွင် မျောပါကြသည်၊ ၎င်းတို့ထဲမှ မည်သူတစ်ဦး တစ်ယောက်ကမျှ ဝေးကွာနေသေ အသက်ကယ်လှေအား လက်လှမ်းမီရန် မတတ်စွမ်းနိုင်ကြ။ လူများသည် ပင်ကိုအားဖြင့် အားနည်းသောကြောင့်၊ ဘုရားသခင်မှ အခြင်းအရာများအား ပြုပြင်ပြောင်းလဲ စေနိုင်သောသူ မည်သူမျှမရှိဟု ဆိုခြင်း ဖြစ်သည်။ လူများသည် မျှော်လင့်ချက် ဆုံးရှုံးသောအခါ၊ ဘုရားသခင်သည် စကြဝဠာ တစ်ခုလုံးသို့ စတင် စကားပြောဆိုသည်၊ လူသားမျိုးနွယ် အားလုံးအား စ၍ကယ်တင်ခဲ့သည်၊ ယင်းနောက်တွင်မှ လူတို့သည် အခြင်းအရာများအား ပြုပြင်ပြောင်းလဲ ပြီးနောက်တွင် ဖြစ်လာသည့် အသစ်သော အသက်တာအား မွေ့လျော်ခံစားနိုင်သည်။ ယနေ့ကာလလူများသည် မိမိကိုယ်ကိုယ် လှည့်စားသော အဆင့်၌ ရောက်နေ ကြသည်။ ၎င်းတို့၏ အရှေ့၌ရှိသော လမ်းသည် အလွန်ပင် ထိတ်လန့်အားငယ်စေလှပြီး မထင်ရှားလှသောကြောင့်နှင့်၊ ၎င်းတို့၏ အနာဂတ်သည် “အကန့်အသတ်မဲ့” ၍ “နယ်နိမိတ်မရှိ” သောကြောင့်၊ ယနေ့ခေတ် လူများသည် တိုက်ခိုက်ကြိုးစားရန်အလို့ငှာ စိတ်တိမ်းညွတ်ခြင် မရှိကြဘဲ၊ ၎င်းတို့၏ နေ့ရက်များကို ဟန်ဟောင်ငှက်တစ်ကောင်က ကဲ့သို့ပင် ကုန်ဆုံးရန်သာ တတ်နိုင်ကြသည်။ အသက်တာအား တည်ကြည် လေးနက်စွာ နေထိုင်၍၊ လူ့ဘဝ၏ အသိတရားအား နောက်လိုက်သောသူ တစ်ယောက်မျှ မရှိခဲ့ပေ။ ထိုအစား ၎င်းတို့သည် ကောင်းကင်ဘုံမှ ကယ်တင်ရှင်သည်

လောကကြီး၏ စိတ်ပျက်ဖွယ် အခြေအနေအား ပြောင်းပြန်လှန်ရန် ရုတ်ခြည်း ကြွဆင်းလာမည့်အချိန်ကို မျှော်လင့်ကြသည်၊ ထို့နောက်မှတွင်သာ ၎င်းတို့သည် လေးနက်စွာ နေထိုင်ရန် ကြိုးစားမည် ဖြစ်သည်။ ဤသည်မှာ လူသားမျိုးနွယ် အားလုံး၏ စစ်မှန်သော အနေအထားနှင့် လူများ အားလုံး၏ စိတ်နေစိတ်ထားပင် ဖြစ်သည်။

ယနေ့တွင် ဘုရားသခင်သည် လူ၏ အနာဂတ် အသစ်သော အသက်တာကို ဤအချိန်အတောအတွင်း သူ၏ စိတ်အခြေအနေအရ ကြိုတင်ပြောကြားသည်၊ ယင်းမှာ အလင်း ခပ်ရေးရေးပေါ်ထွက်လာခြင်း ဖြစ်ပြီး ဤအကြောင်းကို ဘုရားသခင် ပြောဆို၏။ ဘုရားသခင် ကြိုတင်ပြောကြားသော အရာမှာ ဘုရားသခင်မှ အဆုံးတွင် အထမြောက်စေမည့် အရာနှင့် စာတန်အပေါ် ဘုရားသခင် အနိုင်ရခြင်း၏ အသီးအပွင့်များပင် ဖြစ်သည်။ “ငါသည် လူသားအားလုံး အပေါ်၌ ရွေ့လျားပြီး နေရာအားလုံးကို စောင့်ကြည့်နေသည်။ မည်သည့်အရာမှ ဟောင်းနွမ်းသော ပုံမပေါက်၊ မည်သူတစ်ဦးတစ်ယောက်မျှ အရင်လို မဟုတ်ကြတော့ပေ။ ငါသည် ပလ္လင်ထက်၌ အနားယူပြီး စကြဝဠာတစ်ဝှမ်းလုံးကို ကျောခင်းလျက် ရှိသည်…” ယင်းမှာ ဘုရားသခင်၏ လက်ရှိအလုပ်၏ ရလဒ်ပင် ဖြစ်သည်။ ဘုရားသခင်၏ ရွေးချယ်ခြင်းကို ခံရသောသူများ အားလုံးသည် ၎င်းတို့၏ မူလသဏ္ဌာန်သို့ ပြန်ပြောင်းကြပြီး၊ ယင်းအရာကြောင့် နှစ်ပေါင်းများစွာ ဝေဒနာခံခဲ့ရသော ကောင်းကင်တမန်တို့သည် လွတ်မြောက်ကြကာ၊ “၎င်းတို့၏မျက်နှာများသည် လူသား၏နှလုံးသားထဲ၌ ရှိနေသော သန့်ရှင်းသောသူ၏ မျက်နှာ ရှိကြသည်။” ဟု ဘုရားသခင် ပြောသည့်အတိုင်းပင် ဖြစ်သည်။ ကောင်းကင်တမန်များသည် ကမ္ဘာမြေကြီးပေါ်တွင် လုပ်ဆောင်ပြီး ဘုရားသခင်အား အစေခံကြသည့်အတွက်နှင့်၊ ဘုရားသခင်၏ ဘုန်းတော်သည် လောကတစ်ဝှမ်းတွင် ပျံ့နှံ့သည့်အတွက်၊ ကောင်းကင်ဘုံသည် ကမ္ဘာမြေကြီးသို့ ယူဆောင်ခံရကာ၊ ကမ္ဘာမြေကြီးသည် ကောင်းကင်ဘုံသို့ ချီမသွားခြင်းကို ခံရသည်။ ထို့ကြောင့်ပင် လူသားသည် ကောင်းကင်ဘုံနှင့် ကမ္ဘာမြေကြီးအား ဆက်သွယ်ပေးသော အချိတ်အဆက် ဖြစ်သည်။ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေကြီးသည် ဝေးကွာခြင်း မရှိတော့ဘဲ၊ ကင်းကွာခြင်း မရှိတော့ဘဲ၊ တစ်လုံးတစ်ဝတည်းအဖြစ်သို့ ပေါင်းဆက်သွားသည်။ ကမ္ဘာလောကကြီး တစ်ခုလုံးတွင်၊ ဘုရားသခင်နှင့် လူသားသာ တည်ရှိသည်။ မြေမှုန့် သို့မဟုတ် အညစ်အကြေးလည်း မရှိဘဲ၊ အရာအားလုံးသည် အသစ်လဲကြပြီး၊ ကောင်းကင်အောက် စိမ်းလန်းသော မြက်ခင်းပြင်တွင် လဲလျောင်းနေသော သိုးငယ်လေး တစ်ကောင်ကဲ့သို့၊ ဘုရားသခင်၏ ကျေးဇူးတော် အားလုံးကို မွေ့လျော်ခံစားလျက် ရှိကြသည်။ ဤစိမ်းလန်းခြင်း ဆိုက်ရောက်လာမှုကြောင့် အသက်ဇီဝသည် ထွန်းလင်းခြင်းဖြစ်သည်၊ အကြောင်းမှာ ဘုရားသခင်သည်

လူသား၏ဘေးတွင် ထာဝရကာလတိုင် နေထိုင်ရန်အလို့ငှာ လောကကြီးထဲသို့ ကြွဆင်းလာခြင်းကြောင့် ဖြစ်သည်၊ "ငါသည် ဇိအုန်အထဲတွင် တဖန် ငြိမ်သက်စွာ နေထိုင်နိုင်ပြီ။" ဟူ၍ ဘုရားသခင်၏ နှုတ်မှ ပြောခဲ့သည့် အတိုင်းပင် ဖြစ်သည်။ ဤအရာသည် စာတန်၏ရှုံးနိမ့်မှု သင်္ကေတပင် ဖြစ်သည်၊ ယင်းမှာ ဘုရားသခင် အနားယူရာ ရက်ပင်ဖြစ်ပြီး၊ ဤနေ့ရက်သည် လူအားလုံး၏ ချီးမွမ်းထောမနာပြုခြင်းနှင့် ကြွေးကြော်ခြင်းအား ခံရမည်ဖြစ်ကာ၊ လူအားလုံး၏ အမှတ်တရ ကျင်းပခြင်းလည်း ခံရမည်ဖြစ်သည်။ ပလ္လင်ပေါ်တွင် ဘုရားသခင် အနားယူသော အချိန်သည် ကမ္ဘာပေါ် ရှိ သူ၏အလုပ်အား ဘုရားသခင် နိဂုံးချုပ်ချိန်လည်း ဖြစ်ပြီး၊ ဘုရားသခင်၏ လျှို့ဝှက်ဆန်းကြယ်မှုများကို လူသားအားပြသသော အခိုက်အတန့်လည်း ဖြစ်သည်။ ဘုရားသခင်နှင့် လူသားသည် အစဉ်အမြဲ သဟဇာတဖြစ်လိမ့်မည် ဖြစ်ပြီး၊ မည်သည့်အခါမျှ ဝေးကွာလိမ့်မည် မဟုတ်၊ ဤအရာများသည် နိုင်ငံတော်၏ လှပသော မြင်ကွင်းများပင်တည်း။

လျှို့ဝှက်ဆန်းကြယ်မှုများထဲ၌ သိုဝှက်ထားသော လျှို့ဝှက်ဆန်းကြယ်မှုများ ရှိ၏၊ ဘုရားသခင်၏ နှုတ်ကပတ်များသည် အမှန်ပင် နက်နဲသိမ်မွေ့၍ မတွေးတတ်အောင် နက်နဲခက်ခဲလှပေသည်။

အောက်ခြေမှတ်စု(များ)-

က။ ဟန်ဟောင်ငှက် ပုံပြင်သည် အီစွတ် ပုံပြင်များထဲမှ ပုရွက်ဆိတ်နှင့် နှံကောင် ပုံပြင်နှင့် အလွန် တူသည်။ ဟန်ဟောင်ငှက်သည် သူ၏ အိမ်နီးချင်း ငှက်ဖြစ်သော သပိတ်လွယ်ငှက်က မည်မျှပင် အထပ်ထပ် သတိပေးစေကာမူ ရာသီဥတုနွေးထွေးစဉ် အသိုက်ဆောက်မည့်အစား အအိပ်ကျူး နေခဲ့သည်။ ဆောင်းဥတု ရောက်သည့်အခါ ထိုငှက်သည် အေးခဲ၍ အသက်ဆုံးရှုံး သွားခဲ့ရသည်။

# အခန်း ၁၇

အမှန်တွင်၊ ဘုရားသခင်၏ နှုတ်မှ ထုတ်ပြန်သည့် မိန့်မြွက်ချက်များအားလုံးကို လူသားတို့ မသိကြချေ။ ယင်းတို့သည် လူတို့မကြားဖူးသော ဘာသာစကားသာ ဖြစ်၏၊ ထိုသို့ဖြင့် ထိုသို့ဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ ကိုယ်၌က နက်နဲမှုတစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ လူအများစုက နက်နဲမှုများသည် အမြင်သဘောအရ လူတို့ စွမ်းဆောင်မရရှိနိုင်သည့်အရာများ၊

ယခုတွင် လူတို့ကို ဘုရားသခင်က သိခွင့်ပေးသော ကောင်းကင်ဘုံ၏ ကိစ္စရပ်များ၊ သို့မဟုတ် ဝိညာဉ်လောက၌ ဘုရားသခင် လုပ်ဆောင်သည့် အရာနှင့်ဆိုင်သည့် အမှန်တရားတို့သာ ပါဝင်သည်ဟု လွဲမှားစွာ ယုံကြည်ကြသည်။ ဤအရာမှ၊ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ အားလုံးကို တန်းတူညီမျှစွာ သဘောထားခြင်း မရှိသကဲ့သို့ ယင်းတို့ကို တန်ဖိုးထားခြင်းလည်း မရှိသည်မှာ သိသာထင်ရှားပေသည်။ ထို့ထက် ၎င်းတို့သည် ၎င်းတို့ကိုယ်၌က "နက်နဲမှုများ" ဖြစ်မည်ဟု ယုံကြည်သည့် အရာများအပေါ် အာရုံစိုက်ကြလေသည်။ ဤအရာက ဘုရားသခင်၏ နှုတ်ကပတ်တော်များမှာ အဘယ်အရာ ဖြစ်သည်၊ သို့မဟုတ် နက်နဲမှုများက အဘယ်အရာများ ဖြစ်သည်ကို လူတို့မသိရှိကြမှန်း သက်သေပြပေသည်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မိမိတို့၏ ကိုယ်ပိုင်အယူအဆများ၏ နယ်ပယ်အတွင်းတွင် ဖတ်ရှုရုံမျှ ဖတ်ရှုကြသည်။ လက်တွေ့အရှိတရားမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှန်တကယ် ချစ်သောလူ တစ်ဦးတစ်လေမျှ မရှိသကဲ့သို့ ဤသည်မှာ "လူတို့သည် ငါ့ကို လိမ်လည်လှည့်ဖြားရာ၌ ကျွမ်းကျင်သူများ ဖြစ်ကြသည်။" ဟု ပြောရခြင်း၏ အရင်းအမြစ် အတိအကျ ဖြစ်ပေသည်။ လူတို့သည် မည်သည့် ကောင်းမြတ်ခြင်းမျှ မရှိ၊ သို့မဟုတ် လုံးဝ အရှုပ်အထွေးများ ဖြစ်ကြသည်ဟု ဘုရားသခင်က ပြောဆိုခြင်း မဟုတ်ပေ။ ဤအရာက လူသားမျိုးနွယ်၏ တကယ့် အခြေအနေကို ဖော်ပြသည်။ လူတို့ကိုယ်တိုင်က မိမိတို့၏ နှလုံးသားများထဲ၌ ဘုရားသခင်သည် အမှန်တကယ် နေရာမည်မျှ ယူထားသည်နှင့်ပတ်သက်၍ သိပ်ရှင်းလင်းခြင်း မရှိကြပေ။ ဘုရားသခင် ကိုယ်တော်တိုင်သာ ဤအရာကို အပြည့်အဝ သိပေသည်။ ထို့ကြောင့် အခိုက်အတန့်တွင် လူတို့သည် နို့စို့သူငယ်များကဲ့သို့ ဖြစ်ကြသည်။ ၎င်းတို့ အဘယ်ကြောင့် နို့ရည်ကို သောက်သုံးရသည်ဆိုသည်နှင့် အဘယ်ကြောင့် ရှင်သန်သင့်သည်ဆိုသည်တို့နှင့် ပတ်သက်၍မူ၊ ၎င်းတို့ လုံးဝ မသိကြချေ။ မိခင်ကသာ ကလေးတစ်ဦး၏ လိုအပ်ချက်များကို နားလည်သည်။ သူမသည် ကလေးကို အစာငတ်စေမည် မဟုတ်သကဲ့သို့ စားပိုးနင့်သေသည်အထိ မိမိဘာသာ စားစေမည်လည်း မဟုတ်ချေ။ ဘုရားသခင်သည် လူတို့၏ လိုအပ်ချက်များကို အသိဆုံး ဖြစ်သည်၊ ထို့ကြောင့် တစ်ခါတစ်ရံ သူ၏ချစ်ခြင်းမေတ္တာသည် သူ၏နှုတ်ကပတ်တော်များထဲတွင် သရုပ်ထင်သည်၊ တစ်ခါတစ်ရံ သူ၏တရားစီရင်ခြင်းကို ထိုနှုတ်ကပတ်တော်များထဲ၌ ထုတ်ဖော်ပြထားသည်၊ တစ်ခါတစ်ရံ ယင်းတို့သည် လူတို့၏ စိတ်နှလုံးသား၏ နက်ရှိုင်းသော နေရာများကို အနာတရ ဖြစ်စေပြီး၊ တစ်ခါတစ်ရံတွင် ယင်းတို့သည် စစ်မှန်ကာ လေးနက်လေသည်။ ဤအရာက လူတို့ကို ဘုရားသခင်၏ သနားကြင်နာခြင်းနှင့် နားလည်ရန် လွယ်ကူခြင်းတို့ကို ခံစားခွင့်ပေးပြီး၊ သူသည် အချို့က

စိတ်ကူးကြသည့်၊ ထိတွေ့၍မရသည့် ခံ့ညားထည်ဝါသော ပုဂ္ဂိုလ် မဟုတ်သည်ကို ခံစားခွင့်ပေးသည်။ သူသည် လူတို့ စိတ်ကူးသကဲ့သို့ အပြစ်မဲ့သောသူများကို သတ်ဖြတ်သော ပါးကွက်သားတစ်ဦး ဖြစ်ဖို့ မဆိုထားနှင့်၊ မျက်နှာကို တိုက်ရိုက် ကြည့်၍မရသည့် လူတို့၏စိတ်ထဲက ကောင်းကင်ဘုံ သားတော် မဟုတ်ပေ။ ဘုရားသခင်၏ စိတ်သဘောထား တစ်ရပ်လုံးကို သူ၏အမှုတော်တွင် ထုတ်ဖော်ပြ ထားပေသည်။ ယနေ့ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်၏ စိတ်သဘောထားသည် သူ၏အမှုတော်မှ တစ်ဆင့် သရုပ်ထင်ဆဲ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ အမှုတော်သည် နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အမှုတော်ဖြစ်သည်၊ သူလုပ်ဆောင်သော အရာ သို့မဟုတ် အပြင်ပန်းတွင် သူ ဖြစ်ပေါ်သည့်ပုံ မဟုတ်ပေ။ နောက်ဆုံးတွင် အယောက်တိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ တည်ဆောက်ခြင်းကို ရရှိကြလိမ့်မည် ဖြစ်ပြီး ယင်းတို့ကြောင့် စုံလင်စေခြင်း ခံရကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့၏ အတွေ့အကြုံ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် လမ်းပြခံရလျက်၊ လူတို့သည် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းတစ်ခုကို ရရှိလိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ နှုတ်၏ နှုတ်ကပတ်တော်များမှတစ်ဆင့် ၎င်းတို့သည် သူ၏စိတ်သဘောထား တစ်ရပ်လုံးကို သိလာကြလိမ့်မည်။ သူ၏နှုတ်ကပတ်တော်များကြောင့် ဘုရားသခင်၏ အမှုတော် အားလုံးသည် ပြည့်စုံလိမ့်မည်၊ လူတို့သည် အသက်ရှင် လာကြလိမ့်မည်ဖြစ်ပြီး၊ ရန်သူများ အားလုံး အနိုင်ယူခြင်း ခံရကြလိမ့်မည်။ ဤသည်မှာ မည်သူမျှ လျစ်လျူရှု၍ မရနိုင်သည့် အဓိကအမှုတော်ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်များကို ကြည့်ကြပါစို့- "ငါ၏မိန့်မြွက်ချက်များသည် မိုးချုန်းသံကဲ့သို့ ဦးတည်ရာ အားလုံးနှင့် ကမ္ဘာမြေတစ်ခွင်လုံးပေါ် ထွန်းလင်းစေလျက် မြည်ဟီးကာ၊ မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်းအလယ်တွင် လူသားမျိုးနွယ်သည် ဒဏ်ခတ်ခြင်းခံရ၏။ မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်းအလယ်တွင် မည်သည့်လူသားကမျှ ခိုင်မာစွာ ရပ်တည်နိုင်ခြင်း မရှိဖူးပေ။ လူသားအများစုသည် ငါ့အလင်း၏ ရောက်လာခြင်း၌ ၎င်းတို့၏ အသိစိတ်များ လွတ်သွားသည်အထိ ကြောက်လန့်တကြား ဖြစ်ကြပြီး အဘယ်အရာ လုပ်ဆောင်ရမည်ကို မသိကြ။" ဘုရားသခင်သည် သူ၏နှုတ်ကို ဖွင့်လျှင်ဖွင့်ချင်း၊ နှုတ်ကပတ်တော်များသည် ထွက်လာ၏။ သူသည် အရာရာကို နှုတ်ကပတ်တော်များမှတစ်ဆင့် ပြီးမြောက်စေသည်၊ အရာအားလုံးသည် ယင်းတို့အားဖြင့် အသွင်ပြောင်းလဲ သွားကြပြီး၊ အယောက်တိုင်းသည် ယင်းတို့မှတစ်ဆင့် အသစ်ပြုပြင်ခြင်းခံရ၏။ "မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်း" သည် အဘယ်အရာကို ရည်ညွှန်းသနည်း။ ပြီးလျှင် "အလင်း" သည် အဘယ်အရာကို ရည်ညွှန်းသနည်း။ အမှုအရာ တစ်ခုတစ်လေမျှသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ

မလွတ်မြောက်နိုင်ပေ။ လူတို့၏စိတ်များကို ဖွင့်ချရန်နှင့် ၎င်းတို့၏အကျည်းတန်မှုကို သရုပ်ဖော်ပြရန် သူသည် ယင်းတို့ကို အသုံးပြု၏။ သူသည် ၎င်းတို့၏ သဘာဝအဟောင်းများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် သူ၏လူအားလုံးကို စုံလင်စေရန် နှုတ်ကပတ်တော်များကို အသုံးပြု၏။ ဤသည်မှာ ဘုရားသခင် နှုတ်ကပတ်တော်များ၏ အရေးပါမှု အတိအကျ ဖြစ်သည် မဟုတ်လော။ စကြဝဠာ တစ်ခွင်လုံးတွင် ဘုရားသခင့် နှုတ်ကပတ်တော်များ၏ ထောက်မခြင်းနှင့် ခိုင်ခံ့စေခြင်း မရှိဘဲနှင့်၊ လူသားမျိုးနွယ် အပေါင်းတို့သည် မတည်ရှိတော့သည့် အတိုင်းအတာထိ အချိန်ကြာမြင့်စွာက ဖျက်ဆီးခြင်းခံရပြီးဖြစ်လိမ့်မည် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် လုပ်ဆောင်သောအရာ၏ အခြေခံသဘောတရား ဖြစ်ပြီး သူ၏အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်အတွင်း သူ အမှုပြုသည့် နည်းစနစ် ဖြစ်သည်။ ဤအရာက သူ၏နှုတ်ကပတ်တော်များ၏ အရေးပါမှုကို ပြသသည်။ ယင်းတို့သည် လူတို့၏ ဝိညာဉ်များ၏ နက်ရှိုင်းရာများထဲသို့ တိုက်ရိုက် ထိခိုက်နာကျင်စေသည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မြင်သည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့ အံ့သြမှင်တက်ကြပြီး၊ ကြောက်လန့်တကြား ဖြစ်ကာ အလောတကြီး ထွက်ပြေးကြသည်။ ၎င်းတို့သည် သူ့နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားမှ လွတ်မြောက်လိုကြသည်။ ယင်းမှာ ဤ “ဒုက္ခသည်များ” ကို နေရာအနှံ့ တွေ့ရသည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ထုတ်ပြန်လိုက်သည်နှင့်တစ်ပြိုင်နက်၊ လူတို့ ထွက်ပြေးသွားကြသည်။ ဤသည်မှာ ဘုရားသခင်က သရုပ်ဖော်ပြသော လူသားမျိုးနွယ်၏ အကျည်းတန်မှု ပုံရိပ်၏ လက္ခဏာသွင်ပြင် တစ်ခုဖြစ်သည်။ ယခု လူအားလုံးသည် ၎င်းတို့၏ မိန်းမောခြင်းမှ တဖြည်းဖြည်း နိုးထလာနေကြသည်။ ယင်းမှာ ၎င်းတို့အားလုံးသည် ယခင်က စိတ်ဖောက်ပြန်မှုရောဂါများ ဖြစ်ခဲ့ကြသည့်အလားဖြစ်သည်- ပြီးလျှင် ယခုတွင် ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မြင်ကြသောကြောင့်၊ ၎င်းတို့သည် ထိုအနာရောဂါ၏ ကြွင်းကျန်သော သက်ရောက်မှုများကို ခံစားနေကြရပုံ ရပြီး၊ ၎င်းတို့၏ ယခင်အခြေအနေကို ပြန်လည် မရယူနိုင်ကြချေ။ ဤသည်မှာ လူအားလုံး အမှန်တကယ် ဖြစ်နေပုံဖြစ်ပြီး ယင်းမှာ ဤနှုတ်ကပတ်တော်များ၏ စစ်မှန်သော သရုပ်ဖော်ချက်လည်း ဖြစ်သည်- “များစွာသော လူတို့သည် ဤမှိန်သော တောက်ပမှုအားဖြင့် တို့ထိခံရလျက်၊ တစ်ပြိုင်နက် ၎င်းတို့၏ အတွေးမှားများမှ နိုးထသွားကြသည်။ သို့သော်လည်း ငါ၏အလင်းသည် ကမ္ဘာမြေကြီးပေါ်သို့ သက်ဆင်းသည့် နေ့ရက် ရောက်ရှိလာပြီဖြစ်သည်ကို မည်သူမျှ သဘောမပေါက်ဖူးကြချေ။” ဤသည်မှာ ဘုရားသခင်က၊ “လူသားအများစုသည် အလင်း၏ ရုတ်ခြည်းပေါ်ထွန်းမှုကြောင့်

ကြက်သေသေ သွားကြသည်။” ဟု ပြောဆိုရသည့် အကြောင်းရင်း ဖြစ်သည်။ ယင်းတို့ ဤသို့ပြောဆိုခြင်းသည် လုံး၀ သင့်တော်ပေသည်။ လူသားမျိုးနွယ်နှင့် ဆိုင်သည့် ဘုရားသခင်၏ သရုပ်ဖော်ချက်သည် အပ်ထိပ်အတွက် ၀င်ဖို့မရှိသည်အထိပင် ဟာကွက် မရှိသကဲ့သို့၊ သူသည် ယင်းကို အမှန်တကယ် တိကျမှန်ကန်စွာနှင့် အမှားအယွင်းမရှိဘဲ စီကုံးပြီးဖြစ်သည်၊ ယင်းမှာ လူအားလုံးတို့သည် လုံးလုံးလျားလျား လက်ခံယုံကြည်ကြရသည့် အကြောင်းရင်း ဖြစ်သည်။ ထို့အပြင် မသိလိုက်ပါဘဲနှင့်၊ ဘုရားသခင်အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာသည် ၎င်းတို့၏ နှလုံးသားများအတွင်းရှိ နက်ရှိုင်းရာမှ စတင် ကြီးထွားလာလေသည်။ ထိုသို့ဖြင့်သာ ထိုနေရာက ဘုရားသခင်၏ အနေအထားသည် ယခင်ထက် သာ၍ပင် စစ်မှန်လာပြီး၊ ဤသည်မှာ ဘုရားသခင်အမှုပြုသော နည်းလမ်းတစ်ခုလည်း ဖြစ်ပေသည်။

“လူသားအများစုတို့သည် စိတ်ရှုပ်ထွေးရုံမျှသာ ရှိကြသည်။ ၎င်းတို့သည် အလင်းကြောင့် မျက်လုံးများ ထိခိုက်အနာတရဖြစ်ကြပြီး ရွှံ့ထဲသို့ ပစ်ချခြင်းကို ခံရကြသည်။” ထိုသို့သော လူတို့သည် ဘုရားသခင် အလိုတော်ကို ဆန့်ကျင်ကြသောကြောင့်၊ (ဆိုလိုသည်မှာ ၎င်းတို့သည် ဘုရားသခင်ကို ခုခံသည်) သူ၏ နှုတ်ကပတ်တော် ရောက်လာသည့်အခါတွင်၊ ၎င်းတို့သည် ၎င်းတို့၏ ပုန်ကန်မှုကြောင့် ပြစ်တင်ဆုံးမခြင်းကို ခံစားရသည်။ ဤသည်မှာ ၎င်းတို့သည် အလင်းကြောင့် မျက်လုံးများ ထိခိုက်အနာတရ ဖြစ်သည်ဟု ဆိုရသည့် အကြောင်းရင်း ဖြစ်သည်။ ထိုသို့သော လူမျိုးသည် စာတန်ထံ ပေးအပ်ခံရနှင့်ပြီးဖြစ်သည်။ ထို့ကြောင့် အသစ်သော အမှုထဲသို့ ၀င်ရောက်သည့်အခါတွင်၊ ၎င်းတို့သည် အသိဉာဏ်ပွင့်လင်းခြင်းကိုသာမက အလင်းပေးခြင်းကိုလည်း မပိုင်ဆိုင်ကြချေ။ သန့်ရှင်းသော ၀ိညာဉ်တော်၏ လုပ်ဆောင်ချက်မရှိသော သူအားလုံးတို့သည် စာတန်၏ သိမ်းပိုက်ခြင်း ခံကြရပြီးဖြစ်ကာ၊ ၎င်းတို့စိတ်နှလုံးများ၏ နက်ရှိုင်းရာတွင် ဘုရားသခင်အတွက် နေရာ မရှိကြပေ။ ထို့ကြောင့် ဤလူတို့ကို “ရွှံ့ထဲသို့ ပစ်ချခြင်းကို ခံရကြသည်။” ဟု ပြောထားခြင်း ဖြစ်သည်။ ဤအခြေအနေထဲ၌ ရှိသော သူအားလုံးတို့သည် ကစဥ့်ကလျား အခြေအနေ တစ်ခုတွင် ရှိကြသည်။ ၎င်းတို့သည် မှန်သော လမ်းကြောင်းပေါ်သို့ မ၀င်ရောက်နိုင်ကြသကဲ့သို့၊ ပုံမှန်အခြေအနေကို ပြန်လည် မရရှိနိုင်ကြပေ။ ၎င်းတို့၏ အတွေးများ အားလုံးသည် ဆန့်ကျင်ဘက် ဖြစ်သည်။ ကမ္ဘာမြေကြီးပေါ် ရှိ အယောက်တိုင်းသည် စာတန်အားဖြင့် လွန်လွန်ကဲကဲ ဖောက်ပြန်ပျက်စီးစေခြင်း ခံကြရပြီး ဖြစ်သည်။ လူတို့သည် အသက်ပါခြင်း မရှိကြသကဲ့သို့၊ အလောင်းကောင်များ၏ အနံ့အသက်ဖြင့် နံဟောင်လေသည်။ ကမ္ဘာမြေကြီး၏ လူအားလုံးသည် မည်သူမျှ မလွတ်မြောက်နိုင်သည့် ရောဂါပိုး ကပ်ဆိုးတစ်ခု အလယ်တွင်

ရှင်သန်ကြရလေသည်။ ၎င်းတို့သည် ကမ္ဘာမြေကြီးပေါ်တွင် ရှင်ကျန်ရစ်ရန် လိုလားမနေကြသော်လည်း၊ လူတို့အတွက် ၎င်းတို့၏ ကိုယ်ပိုင် မျက်လုံးများဖြင့် မြင်ဖို့ သာ၍ကြီးမြတ်သောအရာ ဖြစ်ပျက်လိမ့်မည်ဟု ၎င်းတို့ အမြဲ ထင်ကြလေသည်။ ထိုသို့ဖြင့် လူအားလုံးသည် ဆက်လက် အသက်ရှင်ဖို့ မိမိတို့ကိုယ်ကိုယ် အတင်းအကျပ် ပြုကြလေသည်။ ၎င်းတို့သည် အချိန်ကြာမြင့်စွာ ၎င်းတို့၏ နှလုံးသားများထဲ၌ ခွန်အားမရှိကြလေပြီ။ ၎င်းတို့သည် ဝိညာဉ်ရေးရာ ဒေါက်တိုင်များအဖြစ် ၎င်းတို့၏ မြင်၍မရသည့် မျှော်လင့်ချက်များကိုသာ အသုံးပြုကြပြီး၊ ထိုသို့ဖြင့် လူသားများဖြစ်ခြင်းကို ဟန်ဆောင်ခြင်းဖြင့် ၎င်းတို့၏ ဦးခေါင်းများကို ထောက်ကန်ထားပြီး ကမ္ဘာမြေပေါ် ရှိ ၎င်းတို့၏နေ့ရက်များကို အိုးနင်းခွက်နင်းဖြင့် ကုန်လွန် စေကြလေသည်။ ယင်းမှာ လူအားလုံးသည် လူ့ဇာတိခံ နတ်ဆိုး၏ သားများဖြစ်ခဲ့ကြသည့်အလား ဖြစ်ကြသည်။ ဤသည်မှာ ဘုရားသခင်က၊ "စေ့စေ့စပ်စပ် စစ်ဆေးပါက၊ ကမ္ဘာမြေကြီးကို ကစဥ့်ကလျားဖြစ်ခြင်းက လွှမ်းခြုံပြီး၊ အလွန့်အလွန် ညှိုးငယ်ခြင်းဖြင့် တစ်ဦးတစ်ယောက်ကို ထိုးနှက်သည့် မခံမရပ်နိုင်လောက်အောင် ဆိုးရွားသော မြင်ကွင်းတစ်ခု ဖြစ်သည်ဟု ပြောနိုင်ပေသည်။" ဟု ပြောရသည့်အကြောင်းရင်း ဖြစ်သည်။ ဤအခြေအနေ ထွက်ပေါ် ပြီးဖြစ်သောကြောင့်၊ ဘုရားသခင်သည် စကြဝဠာ တစ်ခွင်လုံးအနှံ့ "ငါ့ဝိညာဉ်၏ မျိုးစေ့များကို ကြဲခြင်း" အား စတင်ခဲ့ပြီး၊ ကမ္ဘာမြေကြီးတစ်ခွင်လုံးအပေါ် သူ၏ကယ်တင်ခြင်းအမှုကို စတင် ဆောင်ရွက်ခဲ့သည်။ ဘုရားသခင်သည် ကပ်ဘေးမျိုးစုံကို အများအပြား စတင် ကျရောက်လာစေသည်မှာ ဤအမှုတော်၏ နောက်ထပ် လုပ်ဆောင်ခြင်းကြောင့် ဖြစ်သည်၊ ထိုသို့ဖြင့် အကြင်နာကင်းသော လူသားများကို ကယ်တင်လေသည်။ ဘုရားသခင့်အမှုတော်၏ အဆင့်များတွင် ကယ်တင်ခြင်းသည် အမျိုးမျိုးသော ဘေးအန္တရာယ်၏ ပုံသဏ္ဌာန်ကို ဆောင်ဆဲဖြစ်ပြီး၊ ပျက်စီးကိန်းကြုံရသူ မည်သူမျှ ယင်းတို့ကို မလွတ်မြောက်နိုင်ကြပေ။ အဆုံးတွင်သာ "တတိယကောင်းကင်ဘုံလောက် တည်ငြိမ်အေးချမ်းသောကြောင့် ဖြစ်သည်- ဤတွင် သက်ရှိသတ္တဝါ ကြီးငယ်တို့သည် သဟဇာတဖြစ်လျက် အတူယှဉ်တွဲနေထိုင်ကြပြီး 'နှုတ်နှင့်လျှာ ပဋိပက္ခဖြစ်ခြင်းများ' ၌ တစ်ကြိမ်တစ်ခါမျှ ပါဝင်ပတ်သက်ခြင်း မရှိပေ။" ဟူသည့် ကမ္ဘာမြေကြီးပေါ်က အခြေအနေတစ်ခုကို စွမ်းဆောင်ရရှိဖို့ ဖြစ်နိုင်လိမ့်မည်ဖြစ်သည်။ ဘုရားသခင့် အမှုတော်၏ ကဏ္ဍတစ်ရပ်မှာ လူသားမျိုးနွယ်အပေါင်းတို့ကို သိမ်းပိုက်ရန်နှင့် ရွေးချယ်ခံရသူများကို သူ၏နှုတ်ကပတ်တော်များမှတစ်ဆင့် ရယူရန်ဖြစ်သည်။ နောက်ထပ်တစ်ခုမှာ ပုန်ကန်ခြင်း၏သားများအားလုံးကို ကပ်ဘေးအမျိုးမျိုး၏ နည်းလမ်းဖြင့်

သိမ်းပိုက်ရန်ဖြစ်သည်။ ဤသည်မှာ ကျယ်ပြန့်များပြားသော ဘုရားသခင့် အမှုတော်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဤနည်းဖြင့်သာ ဘုရားသခင် အလိုရှိသည့် ကမ္ဘာမြေကြီးပေါ် ရှိ နိုင်ငံတော်ကို အပြည့်အဝ စွမ်းဆောင်ရရှိနိုင်ပြီး၊ ဤသည်မှာ ရှေ့စစ်စစ်ဖြစ်သည့် ဘုရားသခင့်အမှု၏ အစိတ်အပိုင်းဖြစ်သည်။

ကောင်းကင်ဘုံ၏ အင်အားများကို လူတို့ သဘောပေါက်သည်ကို ဘုရားသခင်က စဉ်ဆက်မပြတ် တောင်းဆိုသည်။ ၎င်းတို့သည် ဤအရာကို အမှန်တကယ် စွမ်းဆောင်ရရှိနိုင်သလော။ လက်တွေ့အရှိတရားမှာ နှစ်ပေါင်း ၅၉၀၀ ကျော်ကြာ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရလျက်ရှိသည့် လူတို့၏ လတ်တလော၊ တကယ့် အခြေအနေပေါ် အခြေခံ၍၊ ၎င်းတို့သည် ပေတရုနှင့် နှိုင်းယှဉ်၍ မရနိုင်ချေ။ ထိုသို့ဖြင့် ၎င်းတို့သည် ဤအရာကို သက်သက် မစွမ်းဆောင်နိုင်ချေ။ ဤသည်မှာ ဘုရားသခင့်အမှု၏ နည်းစနစ်များထဲမှ တစ်ခုဖြစ်သည်။ သူသည် လူတို့ကို မတုန်မလှုပ် စောင့်ဆိုင်းစေမည် မဟုတ်။ ယင်းအစား ၎င်းတို့ကို တက်ကြွစွာဖြင့် ရှာဖွေစေမည် ဖြစ်သည်။ ထိုသို့ဖြင့်သာ ဘုရားသခင်သည် လူတို့အထဲ၌ အမှုပြုရန် အခွင့်အရေး ရှိလိမ့်မည် ဖြစ်သည်။ ယင်းကို အနည်းငယ် ထပ်၍ ရှင်းပြမှုပေးသည်က ကောင်းပေမည်။ သို့မဟုတ်ပါက လူတို့သည် အပေါ်ယံ သိနားလည်ခြင်းမျှသာ ရှိပေလိမ့်မည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ဖန်ဆင်းပြီး ၎င်းတို့ကို ဝိညာဉ်များ ပေးသနားခဲ့သည့်နောက်တွင်၊ သူသည် ၎င်းတို့ကို ဆုံးမသြဝါဒပေးခဲ့သည်မှာ၊ အကယ်၍ ၎င်းတို့သည် ဘုရားသခင်ကို ဟစ်ခေါ် ခြင်းမပြုခဲ့ပါက၊ ၎င်းတို့သည် သူ၏ ဝိညာဉ်တော်နှင့် ဆက်သွယ်နိုင်ကြမည်မဟုတ်သကဲ့သို့၊ ထိုသို့ဖြင့် ကောင်းကင်ဘုံမှ “ဂြိုလ်တုရုပ်မြင်သံကြား” ကို ကမ္ဘာမြေကြီးပေါ်တွင် ရရှိဖို့ ဖြစ်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူတို့၏ ဝိညာဉ်များထဲ၌ မရှိတော့သောအခါတွင်၊ အခြားသောအရာများအတွက် နေရာလွတ်တစ်ခု ရှိသွားပြီး ထိုသို့ဖြင့် စာတန်သည် ဝင်လာရန် အခွင့်အရေးကို မလွတ်တမ်း အသုံးချလေသည်။ လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများဖြင့် ဘုရားသခင်ကို ဆက်သွယ်သောအခါ၊ စာတန်သည် ချက်ချင်း အထိတ်တလန့်ဖြစ်သွားပြီး လွတ်မြောက်ရန် တစ်ဟုန်ထိုးပြေးလေသည်။ လူသားမျိုးနွယ်၏ အော်ဟစ်သံများမှတစ်ဆင့် ဘုရားသခင်သည် ၎င်းတို့ လိုအပ်သည့် အရာများကို ၎င်းတို့အား ပေးသည်၊ သို့သော် ပထမဦးစွာ သူသည် ၎င်းတို့အတွင်းတွင် “နေထိုင်ခြင်း” မရှိချေ။ ၎င်းတို့၏ အော်ဟစ်သံများကြောင့်၊ သူသည် ၎င်းတို့ကို တကယ်ကို အစဉ်တစိုက် အကူအညီပေးခဲ့ပြီး စာတန်သည် ၎င်းသဘောရှိ “ကစား” ရန် ဝင်မလာဝံ့ဖို့အလို့ငှာ၊ လူတို့သည် ထိုအတွင်းခွန်အားမှ ခံနိုင်ရည်ကို ရရှိကြလေသည်။ ထို့ကြောင့် လူတို့သည် မရပ်မနား ဘုရားသခင်၏

ဝိညာဉ်တော်နှင့် ဆက်သွယ်ပါက၊ စာတန်သည် မလာဝံ့သကဲ့သို့ အနှောင့်အယှက်များ မဖြစ်စေဝံ့ပေ။ စာတန်၏ နှောင့်ယှက်ခြင်းများ မရှိဘဲနှင့်၊ လူအားလုံးတို့၏ အသက်တာများသည် ပုံမှန်ဖြစ်ကြပြီး၊ ထို့နောက် ဘုရားသခင်သည် အဆီးအတားမဲ့ ၎င်းတို့အထဲတွင် အမှုပြုရန် အခွင့်အရေးရှိလေသည်။ ထိုသို့ဖြင့် ဘုရားသခင် လုပ်ဆောင်လိုသော အရာကို လူသားများမှတစ်ဆင့် စွမ်းဆောင် ရရှိနိုင်ပေသည်။ ဤအရာမှ ဘုရားသခင်သည် လူတို့အား ၎င်းတို့၏ ယုံကြည်ခြင်းကို တိုးပွားစေရန် အဘယ်ကြောင့် အမြဲတောင်းဆိုကာ၊ "ကမ္ဘာမြေကြီးပေါ် ရှိ လူသား၏ ဝိညာဉ်ရင့်ကျက်မှုနှင့်အညီ ငါသည် သင့်တင့်လျောက်ပတ်သော တောင်းဆိုမှုများကို ပြုသည်။ ငါသည် မည်သည့်အခါမျှ လုံးဝ အခက်အခဲမဖြစ်စေဖူးသကဲ့သို့၊ ငါ၏ ပျော်ရွှင်မှု အတွက်နှင့် "မိမိ၏သွေးကို ညှစ်ထုတ်ခြင်း" ဟု မည်သူကိုမျှ ငါ မတောင်းဆိုဖူးပေ။" ဟူ၍လည်း ဆိုပြီးဖြစ်သည်ကို သိရှိနိုင်သည်။ လူအများစုသည် ဘုရားသခင်၏ တောင်းဆိုချက်များအားဖြင့် ခေါင်းခြောက် သွားကြသည်။ ၎င်းတို့က လူတို့သည် ထိုအစွမ်းအစ မပိုင်ဆိုင်သကဲ့သို့၊ စာတန်၏ အဖတ်ဆယ်၍ မရနိုင်အောင် ဖောက်ပြန်ပျက်စီးစေခြင်းကို ခံထားရပြီးဖြစ်သည်ကို ထည့်သွင်းစဉ်းစားပါက၊ ဘုရားသခင်သည် ၎င်းတို့နှင့်သက်ဆိုင်သည့် တောင်းဆိုချက်များကို အဘယ်ကြောင့် ဆက်လက် ပြုလုပ်သနည်းဟု တွေးကြလေသည်။ ဤသည်မှာ ဘုရားသခင်သည် လူတို့ကို အခက်တွေ့စေခြင်း မဟုတ်လော။ ၎င်းတို့၏ တည်ကြည်လေးနက်သော မျက်နှာများကို မြင်ပြီးနောက်၊ ၎င်းတို့၏ ကသိကအောက်ဖြစ်သော အသွင်များကို မြင်ရင်း၊ သင်သည် မရယ်မောဘဲ မနေနိုင်ပေ။ လူတို့၏ အကျည်းတန်သည့် သွင်ပြင်အမျိုးမျိုးသည် ရယ်ဖွယ်ရာအကောင်းဆုံး ဖြစ်သည်- တစ်ခါတစ်ရံတွင် ၎င်းတို့သည် ကစားခြင်းကို ခုံမင်သော ကလေးငယ်များကဲ့သို့ ဖြစ်သော်လည်း၊ တစ်ခါတစ်ရံတွင် ၎င်းတို့သည် "အမေ" လုပ်တမ်း ကစားနေသည့် ကလေးမလေး တစ်ဦးကဲ့သို့ ဖြစ်သည်။ ရံဖန်ရံခါတွင် ၎င်းတို့သည် ကြွက်ကိုစားနေသည့် ခွေးတစ်ကောင်ကဲ့သို့ ဖြစ်သည်။ ၎င်းတို့၏ တစ်ဦးတစ်ယောက်သည် ဤအကျည်းတန်သော အခြေအနေများအားလုံးတွင် ရယ်ရမည်လော သို့မဟုတ် ငိုရမည်လော ဟူသည်ကို မသိသကဲ့သို့၊ မကြာခဏ လူတို့သည် ဘုရားသခင်၏အလိုတော်ကို သာ၍ သဘောမပေါက်လေလေ၊ ၎င်းတို့သည် ဒုက္ခရောက်ရန် ဖြစ်နိုင်လေလေ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ အောက်ပါ နှုတ်ကပတ်တော်များ- "ငါသည် ဖန်ဆင်းခြင်း အပေါ် ဆိတ်ဆိတ်နေခြင်းကို ချမှတ်သော ဘုရားသခင်လော။"- သည် လူတို့ အဘယ်မျှ မိုက်မဲသည်ကို ပြသဖို့ လုံလောက်ပြီး၊ ယင်းတို့က မည်သည့်လူသားကမျှ ဘုရားသခင်၏ အလိုတော်ကို နားမလည်နိုင်ကြောင်းကိုလည်း ပြသသည်။ ဘုရားသခင်သည် သူ၏အလိုက အဘယ်အရာ

ဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုလျှင်ပင် ၎င်းတို့သည် ယင်းကို အရေးမထားနိုင်ကြ။ ၎င်းတို့သည် လူသားအလိုအတိုင်းသာ ဘုရားသခင်၏ အမှုကို လုပ်ဆောင်ကြလေသည်။ ထိုသို့ဖြင့် ၎င်းတို့သည် သူ၏အလိုကို အဘယ်သို့ သဘောပေါက်နိုင်မည်နည်း။ "ငါ၏ရနံ့ကို နေရာအနှံ့ ပျံ့နှံ့စေရင်း၊ ကမ္ဘာမြေပေါ် ငါ လျှောက်လှမ်းသွားပြီး၊ နေရာတိုင်းတွင် ငါ၏ပုံသဏ္ဌာန်ကို ငါ နောက်ချန်ထားရစ်သည်။ နေရာအသီးသီးသည် ငါ့အသံ၏ မြည်သံဖြင့် ပဲ့တင်ထပ်နေသည်။ လူသားမျိုးနွယ်အားလုံးသည် အတိတ်ကို အောက်မေ့ သတိရနေကြသည့်အတွက်၊ နေရာတကာရှိ လူတို့သည် ယမန်နေ့၏ လှပသောမြင်ကွင်းများအပေါ် မခွဲနိုင်မခွာရက် ဖြစ်ကြလေသည်"။ ဤသည်မှာ နိုင်ငံတော် ပုံပေါ်သည့်အချိန် အခြေအနေ ဖြစ်လိမ့်မည်။ အမှန်တွင် နေရာအချို့၌ ဘုရားသခင်သည် နိုင်ငံတော်ဖြစ်ထွန်းမှု၏ အလှတရားကို ပရောဖက်ပြုနှင့်ပြီးဖြစ်ကာ၊ ဤအရာအားလုံးက စုပေါင်း၍ နိုင်ငံတော်၏ ပြီးပြည့်စုံသော ရုပ်ပုံတစ်ခုကို ပုံဖော်လေသည်။ သို့သော် လူတို့သည် ထိုအရာကို အာရုံမစိုက်ပေ။ ၎င်းတို့သည် ထိုအရာကို ကာတွန်းတစ်ခု ဖြစ်ခဲ့သည့်အလား ကြည့်ရှုရုံသာကြည့်ရှုကြလေသည်။

စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ထောင်စုနှစ်များကြောင့်၊ လူတို့သည် အမှောင်ထဲတွင် အမြဲ အသက်ရှင်ကြပြီးဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့သည် ယင်းအားဖြင့် သောကမရောက်ကြသကဲ့သို့ အလင်းကိုလည်း တောင့်တခြင်း မရှိကြပေ။ ထို့ကြောင့် ယနေ့အလင်း ရောက်လာသောအခါ၊ ဤအရာက အောက်ပါအတိုင်း ဆိုက်ရောက်စေပြီးဖြစ်သည်၊ "၎င်းတို့အားလုံးသည် ငါ၏ကြွလာခြင်းကို မကြိုက်ကြသကဲ့သို့၊ ငါသည် ကောင်းကင်ဘုံရှိ လူသား၏ ရန်သူ ဖြစ်ခဲ့လေသည့်အလား၊ ၎င်းတို့အားလုံးသည် အလင်းရောက်ရှိခြင်းကို မောင်းထုတ်ကြသည်။ လူသားသည် သူ၏မျက်လုံးများထဲ၌ ခုခံကာကွယ်သော အလင်းရောင်ဖြင့် ငါ့ကို ဆီးကြိုကြသည်။" လူအများစုသည် ဘုရားသခင်ကို စစ်မှန်ရိုးသားမှုဖြင့် ချစ်ဖို့ ကြိုးစားကြသော်ငြားလည်း၊ ဘုရားသခင်သည် စိတ်ကျေနပ်ခြင်း မရှိသေးသကဲ့သို့ လူသားမျိုးနွယ်ကို ရှုတ်ချဆဲ ဖြစ်သည်။ ဤအရာက လူတို့အတွက် ခေါင်းခြောက်စရာ ဖြစ်သည်။ ၎င်းတို့သည် အမှောင်ထဲတွင် အသက်ရှင်ကြသောကြောင့်၊ ဘုရားသခင်ကို အလင်း မရှိခိုက်တွင် အစေခံသကဲ့သို့ အစေခံကြဆဲ ဖြစ်သည်။ ဆိုလိုသည်မှာ လူအားလုံးသည် ဘုရားသခင်ကို မိမိတို့၏ ကိုယ်ပိုင် အယူအဆများအား အသုံးပြုလျက် အစေခံကြပြီး ဘုရားသခင် ကြွလာသောအခါ၊ ယင်းမှာ ၎င်းတို့၏ အခြေအနေဖြစ်ပြီး၊ ၎င်းတို့သည် အသစ်သောအလင်းကို လက်ခံခြင်းအားဖြင့် ဘုရားသခင်ကို အစေမခံနိုင်ကြချေ။ ထို့ထက် ၎င်းတို့သည် မိမိတို့ကိုယ်တိုင် ရှိကြဖူးသည့် အတွေ့အကြုံအားလုံးဖြင့် သူ့ကို

အစေခံကြလေသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ "ဆည်းကပ်ခြင်း" မှ ပျော်ရွှင်မှုကို မရရှိပေ၊ ထို့ကြောင့် အမှောင်ထုထဲတွင် အလင်းကို လူသားများက မချီးမွမ်းနိုင်ကြ။ ဤသည်မှာ ဘုရားသခင်က အထက်က နှုတ်ကပတ်တော်များကို ပြောဆိုခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ လက်တွေ့အရှိတရားနှင့် လုံးဝ ဆန့်ကျင်ခြင်းမရှိပေ၊ ပြီးလျှင် ယင်းမှာ လူသားမျိုးနွယ်ကို ဘုရားသခင်၏ နှိပ်စက်ခြင်းလည်း မဟုတ်သကဲ့သို့ ၎င်းတို့ကို မတရားသဖြင့် ပြုခြင်းလည်း မဟုတ်ပေ။ ကမ္ဘာလောက၏ ဖန်ဆင်းခြင်းကတည်းက၊ လူတစ်ဦးတစ်လေကမျှ ဘုရားသခင်၏ နွေးထွေးမှုကို အမှန်တကယ် မမြည်းစမ်းဖူးပေ။ ဘုရားသခင်က ၎င်းတို့ကို ဒဏ်ခတ်ပြီး အမြစ်ဖြုတ် ချေမှုန်းမည်ကို အလွန်အမင်း ကြောက်ရွံ့လျက် လူအားလုံးသည် ဘုရားသခင်အပေါ် ခုခံကာကွယ်နေကြလေသည်။ ထို့ကြောင့် ဤအနှစ်ခြောက်ထောင် တစ်လျှောက်တွင်၊ ဘုရားသခင်သည် လူတို့၏ ရိုးသားစစ်မှန်မှုအတွက် နွေးထွေးမှုကို အမြဲ အလဲအလှယ် ပြုပြီးဖြစ်ကာ ၎င်းတို့ကို အချိုးအကွေ့တိုင်းတွင် စိတ်ရှည်စွာဖြင့် ဆက်လက် လမ်းပြပြီးဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူတို့သည် အလွန် အားနည်းကြသောကြောင့်ဖြစ်ပြီး၊ ၎င်းတို့သည် စာတန်၏ ကြိုးကိုင်ခြယ်လှယ်ခြင်းကို မခံရဘဲမနေနိုင်အောင် ဖြစ်ကြသည့်အတွက်၊ ဘုရားသခင်၏အလိုတော်ကို အပြည့်အဝ မသိနိုင်ကြပေ သို့မဟုတ် ၎င်းတို့သည် သူ့ကို စိတ်နှလုံးအကြွင်းမဲ့ မချစ်နိုင်ကြပေ။ သို့သော် ဘုရားသခင်သည် စိတ်ရှည်သည်းခံနေဆဲဖြစ်ပြီး၊ အလွန် စိတ်ရှည်ပြီးသည့်နောက် တစ်နေ့တွင်- ဆိုလိုသည်မှာ သူသည် လောကကြီးကို အသစ်ပြုပြင်သောအခါ- သူသည် လူတို့ကို မိခင်တစ်ဦးကဲ့သို့ ကြည့်ရှုစောင့်ရှောက်တော့မည် မဟုတ်ချေ။ ထိုအစား သူသည် လူသားများကို ၎င်းတို့နှင့် သင့်တော်သော ပြစ်ဒဏ်ခတ်မှုများကို ပေးလိမ့်မည် ဖြစ်သည်။ ဤအကြောင်းရင်းကြောင့်၊ ဤအရာ ဖြစ်ပျက်လိမ့်မည်- "အလောင်းကောင်များသည် သမုဒ္ဒရာ၏ မျက်နှာပြင်ပေါ်တွင် ဟိုဟိုသည်သည် မျောနေကြ" စဉ်တွင်၊ "ရေကင်းမဲ့သော အရပ်များတွင်၊ အခြားလူသားတို့သည် ရယ်မောခြင်းနှင့် သီဆိုခြင်းတို့အလယ်၌ ၎င်းတို့ကို ငါပေးသနားပြီးဖြစ်သည့် ကတိတော်များကို ပျော်မွေ့ကြဆဲဖြစ်သည်။" ဤသည်မှာ အပြစ်ဒဏ်ပေးခံရသောသူများနှင့် ဆုပေးခံရသောသူများ၏ ခရီးပန်းတိုင်များကြား နှိုင်းယှဉ်ချက်တစ်ခု ဖြစ်သည်။ "သမုဒ္ဒရာ၏ မျက်နှာပြင်ပေါ်" ဆိုသည်မှာ ဘုရားသခင်ပြောဆိုခဲ့သော လူသားမျိုးနွယ်၏ ပြစ်တင်ဆုံးမခြင်းနှင့်ဆိုင်သည့် အနက်ဆုံးသောတွင်းကို ရည်ညွှန်းသည်။ ဤသည်မှာ စာတန်၏ ခရီးပန်းတိုင်ဖြစ်ပြီး ယင်းသည် ဘုရားသခင်ကို ခုခံသူများ အားလုံးအတွက် ဘုရားသခင် ပြင်ဆင်ထားသည့် "အနားယူရာနေရာ"

ဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ စစ်မှန်သော ချစ်ခြင်းကို အမြဲ လိုချင်ပြီးဖြစ်သည်၊ သို့သော် လူတို့သည် ဤအရာကို မသိကြသကဲ့သို့ ယင်းကို အာရုံမခံစားတတ်ကြဘဲ၊ ၎င်းတို့၏ ကိုယ်ပိုင်အလုပ်ကို လုပ်ဆောင်ကြဆဲ ဖြစ်သည်။ ဤအရာကြောင့်၊ သူ၏နှုတ်ကပတ်တော်များအားလုံး၌ ဘုရားသခင်သည် လူတို့ထံမှ အမှုအရာများကို အမြဲ တောင်းဆိုပြီး၊ ၎င်းတို့၏ အားနည်းချက်များကို ထောက်ပြကာ၊ ၎င်းတို့သည် ဤနှုတ်ကပတ်တော်များအတိုင်း လက်တွေ့လုပ်ဆောင်နိုင်ကြဖို့အလို့ငှာ၊ ၎င်းတို့အတွက် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းကို ထောက်ပြလေသည်။ သူသည် သူ၏ ကိုယ်ပိုင်သဘောထားကို လူတို့ထံ ပြသပြီးဖြစ်သည်- "သို့သော် ငါသည် ကစားစရာတစ်ခုအလား ကစားရန် လူသားတစ်ဦးတစ်ယောက်၏ အသက်ကို မည်သည့်အခါကမျှ သာမန်ကာလျှံကာ မရုပ်သိမ်းဖူးပေ။ ငါသည် လူသားခံယူပြီးဖြစ်သည့် နာကျင်မှုများကို လေ့လာစောင့်ကြည့်ပြီး သူပေးဆပ်ပြီးဖြစ်သော အဖိုးအခကို နားလည်သည်။ သူသည် ငါ့ရှေ့၌ ရပ်သည်နှင့်အမျှ၊ ငါသည် လူသားကို ပြစ်တင်ဆုံးမရန်အလို့ငှာ သူ့ကို အံ့အားသင့်စေရန် ဆန္ဒမရှိသကဲ့သို့၊ သူ့အပေါ် မနှစ်မြို့ဖွယ်သော အရာများကို အပ်နှင်းရန်လည်း ဆန္ဒမရှိပေ။ ထိုအစား ငါသည် ဤတစ်ချိန်လုံးတွင် လူသားကို ထောက်ပံ့ရုံထောက်ပံ့ပေးပြီးဖြစ်ကာ သူ့ကို ပေးထားပြီးဖြစ်သည်။" လူတို့သည် ဘုရားသခင်ထံမှ ဤနှုတ်ကပတ်တော်များကို ဖတ်ရှုသောအခါ၊ ၎င်းတို့သည် သူ၏ နွေးထွေးမှုကို ချက်ခြင်း ခံစားရကာ တွေးလေသည်။ ကေန်အမှန်၊ အတိတ်တွင် ငါသည် ဘုရားသခင်အတွက် အဖိုးအခကို ပေးဆပ်ပြီးဖြစ်သော်လည်း၊ ငါသည် သူ့ကို ဝတ်ကျေတမ်းကျေလည်း ဆက်ဆံမိပြီဖြစ်ကာ၊ တစ်ခါတစ်ရံ ငါသည် သူ့ကို စောဒကတက်မိလေပြီ။ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်များဖြင့် ငါ့ကို အမြဲ လမ်းပြပြီးဖြစ်ကာ သူသည် ငါ၏အသက်တာကို အလွန် အာရုံစိုက်လေသည်၊ သို့သော် တစ်ခါတစ်ရံ ငါသည် ထိုအရာသည် အရုပ်တစ်ရုပ် ဖြစ်ခဲ့သည့်အလား ထိုအရာဖြင့် ကစားသည်။ ဤအရာကို ငါ အမှန်တကယ် မလုပ်သင့်ပေ။ ဘုရားသခင်သည် ငါ့ကို အလွန် ချစ်သည်၊ ထို့ကြောင့် ငါသည် အဘယ်ကြောင့် လုံလုံလောက်လောက် မကြိုးပမ်းနိုင်ရသနည်း။ ထိုသို့သော အတွေးများ ၎င်းတို့ထံ ပေါ်လာသည့်အချိန်တွင်၊ လူတို့သည် မိမိတို့၏ ကိုယ်ပိုင်မျက်နှာများကို တကယ်ကို ရိုက်လိုက်ချင်ကြပြီး၊ အချို့လူများသည် နှာခေါင်းများပင် တွန့်ရှုံ့ကာ ကျယ်ကျယ်လောင်လောင် ငိုကြွေးကြသည်။ ဘုရားသခင်သည် ၎င်းတို့ တွေးသည့်အရာကို နားလည်ပြီး၊ သင့်တော်သလို ပြောဆိုကာ၊ မာလည်းမမာ ပျော့လည်းမပျော့သော ဤနှုတ်ကပတ်တော် အနည်းငယ်က ဘုရားသခင်အတွက်

လူတို့၏ချစ်ခြင်းမေတ္တာကို လှုံ့ဆော်လေသည်။ နောက်ဆုံးတွင် ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်၌ နိုင်ငံတော် ဖြစ်ပေါ်သော အချိန်တွင် သူ၏အမှုတော်ထဲက ပြောင်းလဲမှုကို ပရောဖက်ပြုခဲ့သည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်၌ ရှိသည့်အချိန်တွင်၊ လူတို့သည် ဘေးအန္တရာယ်များနှင့် ကပ်ဘေးများမှ လွတ်မြောက်နိုင်လိမ့်မည် ဖြစ်ပြီး ကျေးဇူးတော်၌ မွေ့လျော်ခံစားနိုင်လိမ့်မည်ဖြစ်သည်။ သို့သော် ကြီးစွာသောနေ့ရက်၏ တရားစီရင်ခြင်းကို သူစတင်သောအခါတွင်၊ သူသည် လူအားလုံးအလယ် ပေါ်ထွန်းသည့် အချိန်ဖြစ်လိမ့်မည် ဖြစ်ပြီး၊ ကမ္ဘာမြေကြီးပေါ် ရှိ သူ၏အမှုတော်အားလုံး ပြီးစီးလိမ့်မည်။ ထိုအချိန်၌ နေ့ရက်အချိန် ကျရောက်လာပြီးဖြစ်လိမ့်မည် ဖြစ်သောကြောင့်၊ ယင်းသည် သမ္မာကျမ်းစာထဲ၌ ရေးသားထားခဲ့သည့်အတိုင်းသာ ဖြစ်လိမ့်မည်- "မတရားသောသူသည် မတရားသဖြင့် ပြုစေဦး၊ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး။" မဖြောင့်မတ်သောသူသည် ပြစ်တင်ဆုံးမခြင်းဆီသို့ လာလိမ့်မည်ဖြစ်ပြီး သန့်ရှင်းသောသူတို့သည် ပလ္လင်တော်ရှေ့သို့ လာကြလိမ့်မည် ဖြစ်သည်။ လူတစ်ဦးတစ်လေကမျှ ဘုရားသခင်၏ အလိုလိုက်ခြင်းကို ရရှိနိုင်လိမ့်မည် မဟုတ်။ နိုင်ငံတော်၏လူများနှင့် သားများပင်လျှင် ရရှိနိုင်လိမ့်မည် မဟုတ်။ ဤသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသာ ဖြစ်ပြီး၊ သူ၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် ထုတ်ဖော်ပြခြင်းသာ ဖြစ်သည်။ သူသည် လူသားမျိုးနွယ်၏ အားနည်းခြင်းအတွက် စာနာမှုကို ဒုတိယအကြိမ် ပြလိမ့်မည်မဟုတ်။

## အခန်း ၁၈

ဘုရားသခင်၏နှုတ်ကပတ်တော်အားလုံးတွင် သူ့စိတ်သဘောထား၏ တစ်စိတ်တစ်ပိုင်း ပါဝင်သည်။ ဘုရားသခင်၏ စိတ်သဘောထားကို နှုတ်ကပတ်တော်များဖြင့် အပြည့်အစုံဖော်ပြနိုင်ခြင်း မရှိပေ၊ ဤအချက်က သူ့တွင် ထူးကဲကြွယ်ဝမှု မည်မျှရှိသည်ကို ပြ၏။ လူတို့မြင်နိုင်၊ ကိုင်နိုင်သည့် အရာများမှာ စင်စစ်အားဖြင့် လူတို့၏စွမ်းရည်ကဲ့သို့ပင် အကန့်အသတ်ရှိ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့သည် ရှင်းလင်းသော်လည်း လူတို့သည် အပြည့်အစုံနားလည်နိုင်စွမ်း မရှိကြပေ။ ဤနှုတ်ကပတ်တော်များကို ဥပမာကြည့်လော့- "လျှပ်ပြက်ခြင်း၏ ပြိုးပြိုးပြက်ပြက် အလင်းရောင်၌ တိရစ္ဆာန်တိုင်းသည် ၎င်းတို့၏စစ်မှန်သောအသွင်အတိုင်း ဖော်ထုတ်ခြင်းခံရ၏။ ထိုနည်းတူပင် ငါ့အလင်း၏ အလင်းပေးခြင်းကိုခံရသော လူသားသည်လည်း တစ်ချိန်တစ်ခါက သူပိုင်ဆိုင်ခဲ့ဖူးသော မွန်မြတ်သန့်စင်မှုကို ပြန်လည်ရရှိခဲ့ပြီးဖြစ်၏။ အို၊ ဖောက်ပြန်ပျက်စီးသော လောကဟောင်း။

အဆုံး၌ ၎င်းသည် ညစ်ညူးသော ရေအတွင်းသို့ ဇောက်ထိုးကျ၍ မျက်နှာပြင်အောက်သို့ နစ်မြုပ်သွားကာ ရွှံ့အတွင်း ပျော်ဝင်သွားခဲ့လေပြီ။”

ဘုရားသခင်၏နှုတ်ကပတ်တော်အားလုံးတွင် သူ၏ဖြစ်ခြင်း ပါရှိ၏၊ လူအားလုံးသည် ဤနှုတ်ကပတ်တော်တို့ကို သတိမူမိကြသော်လည်း ၎င်းတို့၏အဓိပ္ပာယ်များကို မည်သည့်အခါကမျှ မသိခဲ့ကြပေ။ ဘုရားသခင်၏အမြင်တွင် သူ့ကိုခုခံသူအားလုံးသည် သူ၏ရန်သူများဖြစ်၏။ ဆိုလိုသည်မှာ နတ်ဆိုးများနှင့် သက်ဆိုင်သူတို့သည် တိရစ္ဆာန်များဖြစ်ကြ၏။ ဤအချက်မှ အသင်းတော်၏စစ်မှန်သောအခြေအနေကို တွေ့နိုင်ပေသည်။ လူအပေါင်းတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်များ၏ အလင်းပေးခြင်းကို ခံကြရပြီး၊ ဤအလင်းထဲတွင် အခြားသူများ၏ ဩဝါဒပေးခြင်း၊ ပြစ်တင်ဆုံးမခြင်း၊ သို့မဟုတ် တိုက်ရိုက်ငြင်းပယ်ခြင်းတို့ကို မခံရဘဲ၊ အခြားသော လူ့လုပ်နည်းလုပ်ဟန်များကို မခံရဘဲ၊ ထို့ပြင် အခြားသူများ၏ ထောက်ပြခြင်းကို မခံရဘဲ ၎င်းတို့သည် မိမိတို့ကိုယ်ကို စစ်ကြောကြ၏။ “အနုစိတ်ရှုထောင့်” မှကြည့်လျှင် ၎င်းတို့သည် မိမိတို့အထဲ၌ အနာရောဂါမည်မျှရှိနေသည်ကို ကွက်ကွက်ကွင်းကွင်း မြင်ကြ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်များတွင် ဝိညာဉ်အမျိုးအစားတိုင်းသည် အမျိုးအစားသတ်မှတ်ခံရပြီး ၎င်းတို့၏ မူရင်းပုံစံအတိုင်း ဖော်ထုတ်ခြင်း ခံရ၏။ ကောင်းကင်တမန်တို့၏ ဝိညာဉ်များသည် တိုး၍အလင်းပေးခြင်းခံရပြီး တိုး၍ဉာဏ်အလင်းရကြသဖြင့် ဘုရားသခင်က “တစ်ချိန်တစ်ခါက ၎င်းတို့ပိုင်ဆိုင်ခဲ့ဖူးသော မွန်မြတ်သန့်စင်မှုကို ပြန်လည်ရရှိခြင်း” ဟု ပြောခဲ့ခြင်းဖြစ်သည်။ ဤနှုတ်ကပတ်တော်များကို ဘုရားသခင်ရရှိခဲ့သော နောက်ဆုံးရလဒ်အပေါ် အခြေခံထားခြင်းဖြစ်၏။ လတ်တလောတွင် ထိုရလဒ်ကို အပြည့်အဝ မရယူနိုင်သေးသည်မှာ အမှန်ပင်ဖြစ်၏— ယင်းမှာ နမူနာအမြည်းသာဖြစ်ပြီး ထိုအရာမှတစ်ဆင့် ဘုရားသခင်၏အလိုတော်ကို မြင်နိုင်ပေလိမ့်မည်။ များလှစွာသော လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်း ပြိုလဲကြလိမ့်မည်ဖြစ်ကာ လူအားလုံးကို တဖြည်းဖြည်း သန့်ရှင်းစေသည့် ဖြစ်စဉ်၏ အနိုင်ယူခြင်းကို ခံကြရလိမ့်မည်။ ဤနေရာ၌ “ရွှံ့အတွင်း ပျော်ဝင်သွားခြင်း” ဆိုသည်မှာ လောကကို မီးဖြင့် ဘုရားသခင်ဖျက်ဆီးခြင်းနှင့် ကွဲလွဲဆန့်ကျင်ခြင်းမရှိပေ၊ ထို့ပြင် “လျှပ်ပြက်ခြင်း” သည် ဘုရားသခင်၏ အမျက်ဒေါသကို ရည်ညွှန်း၏။ ဘုရားသခင်သည် သူ၏မဟာအမျက်ဒေါသကို လွှတ်လိုက်သည့်အခါ အကျိုးဆက်အနေဖြင့် လောကတစ်ခုလုံးသည် မီးတောင်ပေါက်ကွဲသကဲ့သို့ ကပ်ဘေးမျိုးစုံနှင့် ကြုံတွေ့ရလိမ့်မည်။ မြင့်မားသော မိုးကောင်းကင်အထက် ရပ်နေသည့်အခါ မြေကြီးပေါ်၌ ဘေးဒုက္ခမျိုးစုံသည်

လူသားမျိုးနွယ်အားလုံးအပေါ် တစ်နေ့တခြား တိုး၍ချဉ်းကပ်လာနေသည်ကို တွေ့နိုင်၏။ အထက်အရပ်မှ အောက်သို့ကြည့်သည့်အခါ ကမ္ဘာမြေကြီးသည် ငလျင်မလှုပ်မီတွေ့ရသော မြင်ကွင်းများနှင့်တူသည့် မြင်ကွင်းအမျိုးမျိုးကို တင်ဆက်ပြနေ၏။ မီးလောင်လွယ်သော ရေဆီတို့သည် အတားအဆီးမရှိ တစ်ဟုန်ထိုးစီးထွက်နေ၏၊ ချော်ရည်သည် ဒလဟောစီးဆင်းနေ၏၊ တောင်များသည် ရွေ့လျားနေကြကာ အလင်းအေးသည် အားလုံးအပေါ် တလက်လက်တောက်ပနေ၏။ တစ်ကမ္ဘာလုံးသည် မီးထဲသို့ စုန်းစုန်းမြုပ်သွားလေပြီ။ ဤသည်မှာ ဘုရားသခင်က သူ၏အမျက်ဒေါသကို ထုတ်လွှတ်သည့် မြင်ကွင်းဖြစ်ကာ ဤသည်မှာ သူ၏တရားစီရင်ရာ အချိန်ဖြစ်သည်။ အသွေးအသားရှိသူအားလုံးသည် လွတ်မြောက်နိုင်ကြမည် မဟုတ်ပေ။ ထို့ကြောင့် တစ်ကမ္ဘာလုံးကို ဖျက်ဆီးရန်အလို့ငှာ နိုင်ငံအချင်းချင်း စစ်တိုက်ရန်နှင့် လူမျိုးအချင်းချင်း ပဋိပက္ခများ ဖြစ်ပွားရန် လိုအပ်လိမ့်မည် မဟုတ်ပေ၊ ထိုအစား ကမ္ဘာကြီးသည် ဘုရားသခင်၏ပြစ်တင်ဆုံးမမှု ဆောင်ပန်းအတွင်း “အသိနိုးကြားစွာဖြင့် မွေ့လျော်ခံစား” လိမ့်မည်ဖြစ်၏။ မည်သူမျှ လွတ်မြောက်နိုင်မည်မဟုတ်၊ အယောက်စီတိုင်းသည် ဤတုန်လှုပ်ချောက်ချားဖွယ် အတွေ့အကြုံကို တစ်ယောက်ပြီးတစ်ယောက် ဖြတ်သန်းသွားရလိမ့်မည်။ ထို့နောက်တွင် စကြဝဠာတစ်ခုလုံးသည် သန့်ရှင်းသော ထွန်းလင်းဝင်းပမှုဖြင့် တစ်ဖန်ပြန်၍တောက်ပလာကာ လူသားမျိုးနွယ်တစ်ရပ်လုံးသည် အသစ်သောအသက်တာကို နောက်တစ်ဖန် စတင်ကြလိမ့်မည်။ ပြီးလျှင် ဘုရားသခင်သည် စကြဝဠာအထက်၌ အနားယူလျက် လူသားမျိုးနွယ်အားလုံးကို နေ့စဉ်ကောင်းချီးပေးလိမ့်မည်။ ကောင်းကင်သည် မခံမရပ်နိုင်အောင် တိတ်ဆိတ်ခြောက်ကပ်နေမည် မဟုတ်ဘဲ၊ လောကကို ဖန်ဆင်းချိန်ကတည်းက မရှိခဲ့သည့် ရှင်သန်တက်ကြွမှုကို ပြန်လည်ရရှိလိမ့်မည်ဖြစ်သည်။ ထို့အပြင် “ဆဋ္ဌမမြောက်နေ့” ရောက်လာသည့်အချိန်သည် အသစ်သောအသက်တာကို ဘုရားသခင်စတင်သည့်အချိန် ဖြစ်လိမ့်မည်။ ဘုရားသခင်နှင့် လူသားမျိုးနွယ်တို့သည် ချမ်းသာထဲသို့ ဝင်စားကြကာ စကြဝဠာသည် နောက်ကျိခြင်း၊ သို့မဟုတ် ညစ်ညူးခြင်းတို့ မရှိတော့ဘဲ အသစ်တစ်ဖန် ပြုပြင်ခြင်းကို ခံရလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်က- “မြေကြီးသည် သုသာန်တစပြင်ပမာ ငြိမ်သက်လျက် တိတ်ဆိတ်နေခြင်း မရှိတော့ပေ၊ ကောင်းကင်သည် တိတ်ဆိတ်ခြောက်ကပ်လျက် ဝမ်းနည်းနေခြင်း မရှိတော့ပေ” ဟုပြောခဲ့ခြင်းဖြစ်သည်။ ကောင်းကင်နိုင်ငံတော်တွင် မဖြောင့်မတ်မှုသော်လည်းကောင်း၊ လူ့ခံစားချက်များသော်လည်းကောင်း၊ လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားသော်လည်းကောင်း မည်သည့်အခါကမျှ မရှိခဲ့ဖူးချေ။

အဘယ်ကြောင့်ဆိုသော် ထိုအရပ်၌ စာတန်၏နှောင့်ယှက်ခြင်း မရှိသောကြောင့်ဖြစ်သည်။ "လူ" အားလုံးသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို နားလည်နိုင်ကြ၏၊ ထို့ပြင် ကောင်းကင်အသက်တာသည် ဝမ်းမြောက်ခြင်းပြည့်ဝသော အသက်တာဖြစ်လေသည်။ ကောင်းကင်တွင်ရှိသောသူအားလုံး၌ ဘုရားသခင်၏ဉာဏ်ပညာနှင့် ဂုဏ်သိက္ခာတို့ရှိကြသည်။ ကောင်းကင်နှင့် မြေကြီးတို့၏ ကွဲပြားမှုများကြောင့် ကောင်းကင်နိုင်ငံသားတို့ကို "လူ" ဟု မခေါ်ပေ၊ ထိုအစား ဘုရားသခင်က ၎င်းတို့ကို "ဝိညာဉ်များ" ဟု ခေါ်၏။ ဤစကားနှစ်လုံးတွင် ပဓာနကျသော ကွဲပြားချက်များရှိကြသည်- ယခုတွင် "လူ" ဟု အခေါ် ခံရသူများ အားလုံးသည် စာတန်၏ဖျက်ဆီးခြင်းကို ခံထားရသော်လည်း "ဝိညာဉ်များ" ဟု အခေါ် ခံရသောသူများမှာ စာတန်၏ဖျက်ဆီးခြင်းကို မခံထားရပေ။ အဆုံးတွင် ဘုရားသခင်သည် မြေကြီးပေါ် ရှိ လူအားလုံးကို ကောင်းကင်ရှိဝိညာဉ်များ၏ ပင်ကိုအရည်အချင်းများရှိသော သတ္တဝါများအဖြစ် ပြောင်းလဲမည်ဖြစ်ပြီး ထို့နောက်တွင် ၎င်းတို့သည် စာတန်၏နှောင့်ယှက်ခြင်းကို ခံရတော့မည် မဟုတ်ပေ။ ဤသည်မှာ "ငါ၏သန့်ရှင်းခြင်းသည် စကြဝဠာတစ်ခွင်လုံး ပြန့်သွားခဲ့ပြီ" ဟူသော နှုတ်ကပတ်တော်တို့၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်။ "ကမ္ဘာဦးအနေအထားတွင် ရှိနေသည့် မြေကြီးသည် ကောင်းကင်နှင့် သက်ဆိုင်ကာ ကောင်းကင်သည် မြေကြီးနှင့် ပေါင်းစည်းထား၏။ လူသားသည် ကောင်းကင်နှင့် မြေကြီးကို ပေါင်းစည်းထားသော ကြိုးဖြစ်၍ လူသား၏ မွန်မြတ်သန့်စင်မှုကြောင့်၊ လူသား၏ အသစ်ပြုပြင်မှုကြောင့် ကောင်းကင်သည် ကမ္ဘာမြေကြီးမှ ကွယ်ဝှက်နေခြင်း မရှိတော့သကဲ့သို့ မြေကြီးသည် ကောင်းကင်အပေါ် နှုတ်ဆိတ်နေခြင်း မရှိတော့ပေ။" ကောင်းကင်တမန်တို့၏ဝိညာဉ်များရှိသော လူတို့ကို ရည်ညွှန်း၍ ထိုအရာကို ပြောထားခြင်းဖြစ်၏၊ ထို့အပြင် ထိုအချိန်တွင် "ကောင်းကင်တမန်တို့" သည် တစ်ဖန်ပြန်၍ ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်ကြမည်ဖြစ်ပြီး ၎င်းတို့၏မူလအနေအထားကို ပြန်လည်ရရှိကြမည်ဖြစ်ကာ ဇာတိပကတိကြောင့် ကောင်းကင်နှင့် မြေကြီး လောကနှစ်ခုအကြား ပိုင်းခြားခံနေရတော့မည် မဟုတ်ပေ။ မြေကြီးပေါ် ရှိ "ကောင်းကင်တမန်တို့" သည် ကောင်းကင်ရှိ ကောင်းကင်တမန်တို့နှင့် ပြောဆိုဆက်သွယ်နိုင်ကြလိမ့်မည်၊ မြေကြီးပေါ် ရှိ လူတို့သည် ကောင်းကင်၏နက်နဲသောအရာများကို သိကြလိမ့်မည်ဖြစ်ကာ ကောင်းကင်ရှိ ကောင်းကင်တမန်တို့သည် လူ့လောက၏လျှို့ဝှက်ချက်များကို သိကြလိမ့်မည်။ ကောင်းကင်နှင့် မြေကြီးတို့သည် အလှမ်းကွာနေတော့မည် မဟုတ်ဘဲ ပေါင်းစည်းသွားလိမ့်မည်။ ဤသည်မှာ နိုင်ငံတော်ဖြစ်ထွန်းလာခြင်း၏ အလှတရားဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က ပြည့်စုံစေမည့်အရာဖြစ်ပြီး လူသားအားလုံးနှင့် ဝိညာဉ်အားလုံးက တောင့်တသည့်အရာလည်း

ဖြစ်၏။ သို့ရာတွင် ဘာသာရေးလောက၌ရှိသောသူတို့သည် ထိုအကြောင်းကို လုံးဝမသိကြပေ။ ထိုသူတို့သည် ဖြူသောမိုးတိမ်ပေါ်မှ ကယ်တင်ရှင်ယေရှုကြွလာပြီး မြေကြီးပေါ်တွင် "အမှိုက်သရိုက်" ("အမှိုက်သရိုက်" ဟူသည် ဤနေရာ၌ အလောင်းကောင်များကို ရည်ညွှန်း၏) တို့ကို ကြဲပြန့်ထားခဲ့လျက် ၎င်းတို့၏ဝိညာဉ်များကို ယူဆောင်သွားမည်ကိုသာ စောင့်မျှော်နေကြ၏။ ဤသည်မှာ လူသားအားလုံး၏ အယူအဆပင်ဖြစ်သည် မဟုတ်သလော။ ထို့ကြောင့် ဘုရားသခင်က "ဘာသာရေးလောက- အဘယ်သို့လျှင် ယင်းသည် ကမ္ဘာမြေကြီးပေါ် ရှိ ငါ၏ဩဇာအာဏာအားဖြင့် ဖျက်ဆီးခြင်းကို မခံရဘဲနေနိုင်သနည်း" ဟု ပြောခဲ့ခြင်းဖြစ်၏။ မြေကြီးပေါ်တွင် ဘုရားသခင်၏လူတို့ စုံလင်ခြင်းကြောင့် ဘာသာရေးလောကသည် မှောက်လှန်ခံရလိမ့်မည်။ ဤသည်မှာ ဘုရားသခင်ပြောထားသည့် "ဩဇာအာဏာ" ၏ စစ်မှန်သောအဓိပ္ပာယ်ဖြစ်၏။ ဘုရားသခင်က- "ငါ၏နေ့ရက်၌ ငါ၏နာမကို အရှက်ရစေသူများ ရှိသလော။ လူသားအားလုံးသည် ရိုသေလေးမြတ်သော အကြည့်ဖြင့် ငါ့ကို ငေးစိုက်ကြည့်ကြပြီး ၎င်းတို့၏နှလုံးသားများထဲ၌ ငါ့ကို လျှို့ဝှက်စွာ အော်ခေါ် ကြ၏" ဟုပြောခဲ့၏။ ဤသည်မှာ ဘာသာရေးလောကကို ဖျက်ဆီးခြင်း၏ အကျိုးဆက်များအကြောင်းကို သူပြောဆိုထားခြင်း ဖြစ်သည်။ ထိုလောကတစ်ခုလုံးသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကြောင့် သူ၏ပလ္လင်တော်ရှေ့တွင် ကျိုးနွံနာခံကြမည်ဖြစ်ပြီး ဖြူသောမိုးတိမ် ဆင်းသက်လာရန် စောင့်နေခြင်း၊ သို့မဟုတ် မိုးကောင်းကင်ကို ကြည့်နေခြင်းတို့ ပြုတော့မည် မဟုတ်ဘဲ၊ ထိုအစား ဘုရားသခင်၏ ပလ္လင်တော်ရှေ့တွင် သိမ်းပိုက်ခြင်းခံရလိမ့်မည်။ ထို့ကြောင့် "၎င်းတို့၏နှလုံးသားများထဲ၌ ငါ့ကို လျှို့ဝှက်စွာ အော်ခေါ် ကြ၏" ဟူ၍ ပြောထားခြင်းဖြစ်သည်— ဤသည်မှာ ဘုရားသခင်၏ သိမ်းပိုက်ခြင်းကို လုံးလုံးလျားလျားခံရမည့် ဘာသာရေးလောက၏ ရလဒ်ဖြစ်သည်။ ယင်းသည်- ဘုရားသခင်ကို ၎င်းတို့သိကောင်းသိနေနိုင်သည်ဟူသည့် ၎င်းတို့၏ကိုယ်ပိုင် အယူအဆများကို မည်သည့်အခါမျှ နောက်တစ်ဖန် မစွဲကိုင်ကြတော့စေရန် လူသားမျိုးနွယ်ထဲမှ အပုန်ကန်ဆုံးသောသူများ ဖြစ်ကြသည့် ဘာသာရေးကိုင်းရှိုင်းသောသူအားလုံးကို ဖြိုချခြင်းဟု ဘုရားသခင်၏အနန္တတန်ခိုးက ရည်ညွှန်းပြောဆိုသည့်အရာ ဖြစ်သည်။

ဘုရားသခင်၏နှုတ်ကပတ်တော်များသည် နိုင်ငံတော်၏လှပမှုအကြောင်းကို ကြိမ်ဖန်များစွာ ကြိုတင်ပြောကြားခဲ့သော်လည်း၊ ထိုနိုင်ငံတော်၏ အမျိုးမျိုးသော ပုံပန်းသွင်ပြင်များအကြောင်းကို ပြောကြားခဲ့၍ ၎င်းကို ရှုထောင့်အမျိုးမျိုးမှ ဖော်ပြခဲ့သော်လည်း ထိုသူတို့သည် နိုင်ငံတော်ခေတ်၏ အခြေအနေတိုင်းကို စုံလင်စွာ ဖော်ပြနိုင်ခြင်း မရှိသေးပေ။ အဘယ်ကြောင့်ဆိုသော် လူတို့၏လက်ခံနိုင်မှုစွမ်းရည်မှာ

နည်းပါးလွန်း၍ဖြစ်သည်။ ဘုရားသခင့်မိန့်မြွက်ချက်များ၏ နှုတ်ကပတ်တော်အားလုံးကို ပြောဆိုခဲ့ပြီး ဖြစ်သော်လည်း လူတို့သည် ၎င်းတို့အတွင်းထဲသို့ ဓာတ်မှန်ကြည့်စက်မှတစ်ဆင့် ဓာတ်ရောင်ခြည်များဖြင့် အရှိအတိုင်း မကြည့်ရသေးပေ။ ထို့ကြောင့်ပင် လူတို့သည် ရှင်းလင်းမှုနှင့် နားလည်မှုတို့ မရှိကြဘဲ ဇဝေဇဝါပင် ဖြစ်နေကြခြင်းဖြစ်၏။ ဤသည်မှာ ဇာတိပကတိ၏ အကြီးမားဆုံးသော ချို့ယွင်းချက်ဖြစ်သည်။ လူတို့သည် ၎င်းတို့၏ နှလုံးသားများတွင် ဘုရားသခင်ကို ချစ်လိုကြသော်လည်း စာတန်၏နှောင့်ယှက်မှုကြောင့် ၎င်းတို့သည် သူ့အား ခုခံကြ၏။ ထို့ကြောင့် ဘုရားသခင်သည် လူသားတို့ ပြန်လည်ရှင်သန်လာနိုင်ရန် ၎င်းတို့၏ ထုံ၍ နုံအနေသော နှလုံးသားများကို အကြိမ်ကြိမ် တို့ထိခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်ဖော်ထုတ်သမျှမှာ စာတန်၏ အကျည်းတန်မှုဖြစ်၏။ ထို့ကြောင့် သူ၏နှုတ်ကပတ်တော်များက ပိုခက်ထန်လေ၊ စာတန်က ပိုအရှက်ရလေဖြစ်ကာ၊ လူတို့၏နှလုံးသားများက ချည်နှောင်ခြင်းကို မခံထားရလေ၊ လူတို့၏ချစ်ခြင်းမေတ္တာကို ပိုနိုးဆွနိုင်လေဖြစ်၏။ ဤသည်မှာ ဘုရားသခင်၏ လုပ်ဆောင်ပုံဖြစ်သည်။ စာတန်သည် ထုတ်ဖော်ခံထားရပြီး ထိုးထွင်းမြင်ခံထားရသဖြင့် ၎င်းသည် လူတို့၏နှလုံးသားများတွင် နေရာမယူဝံ့တော့ပေ၊ ထို့ကြောင့် ကောင်းကင်တမန်တို့သည် နှောင့်ယှက်ခြင်း မခံရတော့ပေ။ ဤနည်းအားဖြင့် ၎င်းတို့သည် ဘုရားသခင်ကို ၎င်းတို့၏ စိတ်နှလုံးအကြွင်းမဲ့နှင့် ချစ်ကြခြင်းဖြစ်၏။ ကောင်းကင်တမန်များသည် ၎င်းတို့၏စစ်မှန်သော ပင်ကိုသဘော၌ ဘုရားသခင်နှင့်သက်ဆိုင်၍ ဘုရားသခင်အား ချစ်ကြကြောင်းကို ထိုအခါမှသာ ရှင်းရှင်းလင်းလင်း တွေ့ရပေသည်။ ဤလမ်းကြောင်းအားဖြင့်သာ ဘုရားသခင်၏ အလိုတော်သည် အထမြောက်နိုင်၏။ "လူသားများအားလုံး၏နှလုံးသားများအတွင်း၌ ငါ့အတွက် နေရာတစ်နေရာ ယခုရှိနေပြီဖြစ်သည်။ လူသားတို့အကြား၌ ငါသည် မနှစ်မြို့ခြင်းကိုသော်လည်းကောင်း၊ ငြင်းပယ်ခြင်းကိုသော်လည်းကောင်း ကြုံရတော့မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ငါ၏ကြီးမြတ်သောအမှု အထမြောက်ခဲ့ပြီးဖြစ်၍ နှောင့်ယှက်ခြင်းကို မခံရတော့သောကြောင့်ဖြစ်သည်။" ဤသည်မှာ အထက်ဖော်ပြပါအချက်၏ အနက်အဓိပ္ပာယ်ဖြစ်သည်။ စာတန်၏ နှောင့်ယှက်မှုကြောင့် လူတို့သည် ဘုရားသခင်ကိုချစ်ရန် အချိန်မပေးနိုင်ကြဘဲ လောက၏အရာများနှင့် အစဉ်ရစ်ပတ်နေလျက်၊ ၎င်းတို့သည် စိတ်ရှုပ်ထွေးမှုကိုအရင်းခံပြီး ပြုမူနေစေရန် စာတန်၏ လှည့်ဖြားခြင်းကို ခံရ၏။ ထို့ကြောင့် လူသားမျိုးနွယ်သည် "ဘဝ၏အခက်အခဲများစွာ၊ လောက၏မတရားမှုများစွာ၊ လူ့လောက၏ လောကဓံတရားများစွာတို့နှင့် ကြုံခဲ့ရသော်လည်း ၎င်းတို့သည် ယခု ငါ၏အလင်းထဲ၌ နေထိုင်ကြ၏။ ယမန်နေ့က မတရားမှုများကြောင့် မငိုကြွေးသောသူ မည်သူရှိသနည်း" ဟု

ဘုရားသခင်ဆိုခဲ့ခြင်းဖြစ်၏။ ဤနှုတ်ကပတ်တော်တို့ကို လူတို့ကြားပြီးသောအခါ၊ ဘုရားသခင်သည် ၎င်းတို့၏ ဒုက္ခခံဖော် ဒုက္ခခံဖက်ဖြစ်ဘိသည့်အလား၊ ၎င်းတို့ကို စာနာစကားပြောနေဘိသည့်အလား၊ ထိုအချိန်တွင် ဘုရားသခင်သည် ၎င်းတို့နှင့်အတူ မကျေနပ်ချက်များကို ဖွင့်ပြောနေဘိသည့်အလား ၎င်းတို့ခံစားကြရ၏။ ၎င်းတို့သည် လူ့လောက၏နာကျင်မှုကို ရုတ်တရက်ခံစားရကာ ဤသို့တွေးကြ၏- "မှန်လိုက်လေခြင်း— ငါသည် လောကကြီးထဲတွင် မည်သည့်အရာကိုမျှ တစ်ခါမျှ မမွေ့လျော်ခဲ့စဖူး။ ငါ့မိခင်၏ဝမ်းထဲမှ ထွက်လာစဉ်ကတည်းက ယခုအထိ ငါသည် လူ့ဘဝကို တွေ့ကြုံခံစားခဲ့ပြီး မည်သည့်အရာကိုမျှ ရရှိခဲ့ခြင်းမရှိချေ၊ သို့သော်လည်း ကြီးမားစွာ ဒုက္ခခံခဲ့ရ၏။ အားလုံးဗလာနတ္ထိပင် ဖြစ်နေတော့သည်တကား။ ယခုဆိုလျှင် ငါသည် စာတန်၏အလွန်အမင်းဖျက်ဆီးခြင်းကို ခံထားရလေပြီ။ အို။ ဘုရားသခင်၏ ကယ်တင်ခြင်းကြောင့်သာမဟုတ်လျှင်၊ ငါသေဆုံးရမည့်အချိန် ရောက်လာသည့်အခါ ငါသည် တစ်ဘဝလုံးကို အချည်းနှီးနေထိုင်ခဲ့ပြီး ဖြစ်လိမ့်မည် မဟုတ်လော။ လူ့ဘဝဟူသည်မှာ အဓိပ္ပာယ်ရော ရှိပါ၏လော။ နေအောက်ရှိ အရာခပ်သိမ်းသည် အနတ္တသက်သက်ဖြစ်ကြ၏ဟု ဘုရားသခင်ပြောသည်မှာ အံ့သြဖွယ်မဟုတ်ပေ။ ဘုရားသခင်သည် ငါ့ကို ယနေ့ဉာဏ်အလင်းမပေးခဲ့လျှင် ငါသည် အမှောင်ထဲတွင် ရှိနေဦးမည်ဖြစ်သည်။ စိတ်ပျက်စရာကောင်းလိုက်လေခြင်း။" ဤအခိုက်တွင် ၎င်းတို့၏နှလုံးသား၌ "ငါသည် ဘုရားသခင်၏ကတိကို မရနိုင်လျှင် အသက်တာကို မည်သို့ဆက်လက်တွေ့ကြုံခံစားနိုင်မည်နည်း" ဟူသော ဒွိဟတစ်ရပ် ပေါ်လာ၏။ ဤနှုတ်ကပတ်တော်တို့ကို ဖတ်ရှုသူအားလုံးသည် ဆုတောင်းသောအခါ ငိုကြွေးကြလိမ့်မည်။ ဤသည်မှာ လူ့စိတ်သဘောပင်ဖြစ်၏။ တစ်စုံတစ်ဦးအနေဖြင့် စိတ်မူမမှန်သောသူ မဟုတ်ပါက ၎င်းတို့ကို ဖတ်ရှုပြီးနောက် မည်သည့်တုံ့ပြန်ချက်မျှ မရှိဘဲနေရန် ဖြစ်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူအမျိုးမျိုး၏ အနေအထားများကို နေ့စဉ်ဖော်ထုတ်၏။ တစ်ခါတစ်ရံ သူသည် ၎င်းတို့ကိုယ်စား မကျေနပ်မှုများကို ရင်ဖွင့်၏။ တစ်ခါတစ်ရံ သူသည် လူတို့အား အချို့သောပတ်ဝန်းကျင်ကို ကျော်လွှား၍ ဖြတ်သန်းနိုင်ရန် ကူညီပေး၏။ တစ်ခါတစ်ရံ သူသည် လူတို့အား ၎င်းတို့၏ "ပုံသဏ္ဌာန်ပြောင်းလဲခြင်းများ" ကို ထောက်ပြ၏။ သို့မဟုတ်ပါက လူတို့သည် အသက်တာ၌ ၎င်းတို့မည်မျှကြီးထွားလာသည်ကို သိကြမည်မဟုတ်ပေ။ တစ်ခါတစ်ရံ ဘုရားသခင်သည် လက်တွေ့အရှိတရားရှိ လူတို့၏အတွေ့အကြုံများကို ထောက်ပြကာ၊ တစ်ခါတစ်ရံ သူသည် ၎င်းတို့၏ အားနည်းချက်များနှင့် အပြစ်အနာအဆာများကို ထောက်ပြ၏။ တစ်ခါတစ်ရံ သူသည် ၎င်းတို့အပေါ်

တောင်းဆိုချက်အသစ်များကို ပြုကာ၊ တစ်ခါတစ်ရံ သူသည် သူ့အပေါ် မည်သည့်အတိုင်းအတာအထိ လူတို့နားလည်သည်ကို ထောက်ပြ၏။ သို့ရာတွင် ဘုရားသခင်သည်- "များစွာသောလူတို့က ပြောဆိုသော လှိုက်လှဲနွေးထွေးသည့် စကားများ၊ များစွာသောလူတို့ ပြောပြသည့် ဒုက္ခခံရမှုအကြားရှိ နာကျင်ဖွယ်ရာ အတွေ့အကြုံများအကြောင်း အဖြစ်အပျက်များကို ငါကြားခဲ့ဖူးပြီ။ အဆိုးရွားဆုံး အခြေအနေများတွင် လူများစွာတို့သည် ငါ့အပေါ် ၎င်းတို့၏သစ္စာစောင့်သိမှုအား မပျက်မကွက် ဆက်ကပ်ကြသည်ကို ငါတွေ့ခဲ့ဖူးပြီ၊ ထို့အပြင် လူများစွာတို့သည် ခက်ခဲကြမ်းတမ်းသော လမ်းကြောင်းတွင် လျှောက်လှမ်းရင်း ထွက်မြောက်ရာလမ်းအား ရှာနေကြသည်ကိုလည်း ငါကြည့်ခဲ့ဖူးပြီ" ဟုလည်း ပြောခဲ့၏။ ဤသည်မှာ အပြုသဘောဆောင်သော ဇာတ်ကောင်တို့၏ ဖော်ပြချက်ဖြစ်၏။ "လူ့သမိုင်းပြဇာတ်" ၏ အခန်းတစ်ခုစီတွင် အပြုသဘောဆောင်သော ဇာတ်ကောင်များသာမက အပျက်သဘောဆောင်သော ဇာတ်ကောင်များပါ ရှိခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် အပျက်သဘောဆောင်သော ထိုဇာတ်ကောင်တို့၏ အကျည်းတန်မှုကို ဆက်၍ဖော်ထုတ်လေ၏။ ဤနည်းအားဖြင့် "သစ္စာဖောက်များ" နှင့် ၎င်းတို့၏ ကွဲပြားခြားနားချက်ကြောင့်သာ "ဖြောင့်မတ်သောလူများ" ၏ အလျှော့မပေးသော သစ္စာရှိမှုနှင့် ကြောက်ရွံ့ခြင်းကင်းသော သတ္တိတို့သည် ဖော်ထုတ်ခြင်းခံရ၏။ လူအားလုံး၏အသက်တာများတွင် အပျက်သဘောဆောင်သော အချက်များ ရှိကာ၊ အပြုသဘောဆောင်သော အချက်များလည်း ခြွင်းချက်မရှိ ရှိကြ၏။ သစ္စာဖောက်များသည် ခေါင်းများငုံ့လျက် ၎င်းတို့၏အပြစ်များကို ဝန်ခံစေရန်နှင့် ဖြောင့်မတ်သော လူများသည် အားပေးမှုနှင့် ဆက်လက်၍သစ္စာရှိစေရန် ဘုရားသခင်သည် လူအားလုံးနှင့်ပတ်သက်သည့် အမှန်တရားအား အဆိုပါအချက်နှစ်ချက်စလုံးကို အသုံးပြု၍ ဖော်ထုတ်၏။ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ သွယ်ဝိုက်သော အဓိပ္ပာယ်များသည် လွန်စွာနက်နဲ၏။ ရံဖန်ရံခါ လူတို့သည် ၎င်းတို့ကိုဖတ်ပြီးနောက် ကိုယ်ကိုကိုင်း၍ ရယ်မောကြကာ၊ ရံဖန်ရံခါတွင် တိတ်ဆိတ်စွာဖြင့် ဦးခေါင်းငိုက်စိုက်ချကြ၏။ ရံဖန်ရံခါ ၎င်းတို့သည် စားမြုံ့ပြန်ကြ၍၊ ရံဖန်ရံခါ ၎င်းတို့သည် ခါးသီးစွာငိုကြွေးကာ ၎င်းတို့၏အပြစ်များကို ဝန်ခံကြ၏၊ ရံဖန်ရံခါ ၎င်းတို့သည် စမ်းတဝါးဝါးလုပ်ကာ၊ ရံဖန်ရံခါ ၎င်းတို့သည် ရှာဖွေကြ၏။ ခြုံငုံကြည့်လျှင် ဘုရားသခင်စကားပြောသည့် အခြေအနေများ မတူညီမှုကြောင့် လူတို့၏တုံ့ပြန်မှုများတွင် အပြောင်းအလဲများရှိကြ၏။ လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဖတ်ရှုသည့်အခါ၊ တစ်ခါတစ်ရံတွင် ဘေးမှရပ်ကြည့်သူများက ထိုလူကို စိတ်ရောဂါသည်ဟုပင် မှားယွင်းစွာ ထင်မြင်ယူဆနိုင်၏။ ဤနှုတ်ကပတ်တော်များကို ဆင်ခြင်ကြည့်လော့- "ထို့ကြောင့်

မြေကြီးပေါ်၌ အငြင်းပွားဖွယ်ရာ ငြင်းခုံမှုများ မဖြစ်တော့သည့်အပြင်
ငါ၏နှုတ်ကပတ်တော်တို့ကို ထုတ်ပြန်ပြီးနောက် ခေတ်သစ်၏ အမျိုးမျိုးသော 'လက်နက်များ'
သည်လည်း ရုပ်သိမ်းခြင်း ခံရ၏။" "လက်နက်များ" ဟူသော စကားတစ်လုံးတည်းသည်ပင်
တစ်နေ့လုံးရယ်မောနေရအောင် ပြုလုပ်နိုင်၏၊ ထို့အပြင် တစ်စုံတစ်ဦးသည် "လက်နက်များ"
ဟူသော စကားလုံးကို မတော်တဆ ပြန်မှတ်မိသွားသောအခါတိုင်း ခွက်ထိုးခွက်လန်
ရယ်မောလိမ့်မည်။ ဟုတ်သည် မဟုတ်လော။ သင့်အနေဖြင့် ဤစကားလုံးကို မရယ်မောဘဲ
မည်သို့နေနိုင်မည်နည်း။

သင်ရယ်မောသည့်အခါ လူသားမျိုးနွယ်အပေါ် ဘုရားသခင်တောင်းဆိုထားသောအရာကို
နားလည်သဘောပေါက်ရန် မမေ့လေနှင့်။ ထို့အပြင် အသင်းတော်၏
စစ်မှန်သောအခြေအနေကို မြင်ရန်လည်း မမေ့လေနှင့်- "လူသားမျိုးနွယ်အားလုံးသည်
ပုံမှန်အနေအထားသို့ ပြန်ရောက်ကာ အသစ်သော အသက်တာတစ်ရပ်ကို စတင်ခဲ့ပြီဖြစ်သည်။
ပတ်ဝန်းကျင်အသစ်များတွင် နေထိုင်ရင်း၊ လောကအသစ်စက်စက်အတွင်း
ဝင်ရောက်ခဲ့သည့်အလား ခံစားကြလျက်၊ လူတော်တော်များများသည် ၎င်းတို့အနီးအနားကို
ကြည့်ကြ၏။ ထို့အပြင် ဤအတွက်ကြောင့် ၎င်းတို့သည် ၎င်းတို့၏လက်ရှိ ပတ်ဝန်းကျင်နှင့်
လိုက်လျောညီထွေရှိရန် ချက်ချင်းမပြောင်းလဲနိုင်ကြပေ၊ သို့မဟုတ် လမ်းကြောင်းမှန်ပေါ်သို့
ချက်ချင်းမရောက်နိုင်ကြပေ။" ဤသည်မှာ အသင်းတော်၏
လက်ရှိအခြေအနေမှန်ပင်ဖြစ်သည်။ လူအားလုံးကို လမ်းကြောင်းမှန်အတွင်း
ချက်ချင်းဝင်ရောက်အောင်ပြုရန် ဆန္ဒစောလွန်းခြင်းမရှိနှင့်။ သန့်ရှင်းသောဝိညာဉ်တော်၏
အမှုသည် အဆင့်တစ်ခုသို့ တိုးတက်သွားသည်နှင့် လူအားလုံးသည် သတိမူမိခြင်းမရှိဘဲ
လမ်းကြောင်းမှန်အတွင်းသို့ ဝင်ရောက်ကြလိမ့်မည်။ ဘုရားသခင့်နှုတ်ကပတ်တော်တို့၏
အနှစ်သာရကို သင်နားလည်သည့်အခါ သူ၏ဝိညာဉ်သည် မည်သည့်အဆင့်အထိ
လုပ်ဆောင်ထားပြီးဖြစ်ကြောင်းကို သင်သိလိမ့်မည်။ ဘုရားသခင်၏အလိုတော်မှာ
အောက်ပါအတိုင်းဖြစ်သည်- "လူတိုင်း လမ်းကြောင်းမှန်ပေါ်သို့ ရောက်စေရေးအတွက်
ပိုမိုကောင်းမွန်စွာ ထောက်ကူပေးရန် လူသား၏ မဖြောင့်မတ်ခြင်းအပေါ် မူတည်၍
သင့်တော်သည့် 'ပညာ' ပမာဏကို ပေးခြင်းသာ ငါပြု၏။" ဤသည်မှာ
ဘုရားသခင်ပြောဆိုလုပ်ကိုင်သည့် နည်းလမ်းဖြစ်ကာ၊ လူသားမျိုးနွယ်
လက်တွေ့ကျင့်သုံးရမည့် လမ်းကြောင်းအတိအကျလည်း ဖြစ်၏။ ဤနောက်ပိုင်းတွင်
လူသားမျိုးနွယ်၏ အနေအထားနောက်တစ်ခုကို လူတို့အား သူထောက်ပြခဲ့၏- "ငါ၌ရှိသော
သုခချမ်းသာကို ခံစားရန် လူသားတို့အနေဖြင့် လိုလိုလားလား မရှိပါက ငါသည်

ငင်းတို့၏အလိုဆန္ဒများကို လိုက်လျောလျက် ၎င်းတို့အား အနက်ဆုံးတွင်းထဲသို့ ပို့ရုံသာရှိ၏။”
ဘုရားသခင်သည် ပြည့်ပြည့်စုံစုံ ပြောဆိုခဲ့ကာ လူတို့ညည်းညူရန် အခွင့်အရေးကို စိုးစဉ်းမျှပင် မပေးဘဲထားခဲ့၏။ ဤသည်မှာ ဘုရားသခင်နှင့် လူသားတို့၏ ကွဲပြားချက်အတိအကျပင်ဖြစ်၏။ ဘုရားသခင်သည် လူသားကို ပွင့်ပွင့်လင်းလင်း၊ လွတ်လွတ်လပ်လပ် အမြဲပြောဆို၏။ ဘုရားသခင်ပြောသမျှတွင် သူ၏ရိုးသားမှန်ကန်သော နှလုံးသားကို တွေ့နိုင်၏။ ထိုအချက်က လူတို့အား ၎င်းတို့၏နှလုံးသားများကို ဘုရားသခင်၏နှလုံးသားနှင့် နှိုင်းယှဉ်ရန်အကြောင်း ဖြစ်စေ၏၊ ထို့အပြင် ၎င်းတို့သည် သက်တံ၏ မည်သည့်အရောင်ဖြစ်နေမှန်း ဘုရားသခင်မြင်နိုင်ရန် ၎င်းတို့၏ နှလုံးသားများကို သူ့အား ဖွင့်ပြနိုင်အောင် ထိုအချက်က ပြုပေးသည်။ ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်၏ ယုံကြည်ခြင်းကိုပင်ဖြစ်စေ၊ ချစ်ခြင်းကိုပင်ဖြစ်စေ မည်သည့်အခါကမျှ ချီးကျူးခဲ့ခြင်း မရှိသော်လည်း သူသည် လူတို့အပေါ် တောင်းဆိုချက်များ အစဉ်ပြုကာ ၎င်းတို့၏အကျည်းတန်မှုကို ထုတ်ဖော်ခဲ့၏။ ဤအရာက လူတို့၏ “ဝိညာဉ်အသက်တာ” သည် မည်မျှသေးငယ်ကြောင်းနှင့် ၎င်းတို့၏ “ကြံ့ခိုင်မှု” သည် မည်မျှချို့တဲ့နေကြောင်းကို ပြ၏။ ဤဟာကွက်များကို ဖာထေးရန် ၎င်းတို့သည် “ကိုယ်လက်လေ့ကျင့်ခန်း” ကို သာ၍လုပ်ရန်လို၏။ ထို့ကြောင့် ဘုရားသခင်သည် လူတို့အပေါ် အစဉ်အမြဲပင် “သူ၏ဒေါသကို ထုတ်လွှတ်နေခြင်း” ဖြစ်သည်။ လူသားမျိုးနွယ်နှင့်ပတ်သက်သည့် အမှန်တရားတစ်ရပ်လုံးကို ဘုရားသခင်က ထုတ်ဖော်ပြီးသည့် တစ်နေ့တွင် လူတို့သည် စုံလင်စေခြင်းကို ခံကြရမည်ဖြစ်ကာ ဘုရားသခင်သည် စိတ်သက်သာရာရလိမ့်မည်။ လူတို့သည် ဘုရားသခင်ကို ကပ်ချွဲကြတော့မည် မဟုတ်ဘဲ၊ သူသည်လည်း ၎င်းတို့ကို “ပညာပေး” တော့မည် မဟုတ်ပေ။ ထိုအချိန်မှစ၍ လူတို့သည် “၎င်းတို့ဘာသာ” နေနိုင်ကြလိမ့်မည် ဖြစ်သော်လည်း ယခုအချိန်မကျသေး။ လူတို့၏အထဲတွင် “အတု” ဟုခေါ် နိုင်သောအရာ များစွာရှိနေသေးသဖြင့် အကြိမ်ရေအချို့ စမ်းသပ်စစ်ဆေးရန် လိုအပ်နေပြီး၊ ၎င်းတို့၏ “အခွန်များ” ကို မှန်မှန်ကန်ကန် ပေးဆောင်နိုင်မည့် နေရာများဖြစ်သော “စစ်ဆေးရေးဂိတ်များ” ပို၍လိုနေသေး၏။ ကုန်ပစ္စည်းအတုများ ရှိနေသေးပါက ရောင်းချခြင်း မပြုနိုင်အောင် ၎င်းတို့ကို သိမ်းယူမည်ဖြစ်၍ ခိုးသွင်းလာသော ထိုကုန်ပစ္စည်းတစ်သုတ်သည် ဖျက်ဆီးခံရမည်ဖြစ်သည်။ ဤသို့ပြုခြင်းမှာ ကောင်းသောနည်းလမ်းဖြစ်သည် မဟုတ်ပေလော။

# အခန်း ၁၉

လူသားတို့၏ စိတ်ကူးစိတ်သန်းတွင် ဘုရားသခင်သည် အလွန် မြင့်မားပြီး ဉာဏ်မမီနိုင်ဟု ထင်ရသည်။ ယင်းမှာ ဘုရားသခင်သည် လူသားမျိုးနွယ် အကြားတွင် နေထိုင်ခြင်း မရှိသည့်အလားဖြစ်ပြီး ဘုရားသခင်မှာ အလွန် မြင့်မားလှသောကြောင့် လူတို့ကို အထင်အမြင်သေးသည့်အလား ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်သည် ၎င်းတို့ ပြာအဖြစ် ပြောင်းလဲသွားသည့်နေရာ "အုတ်ဂူများ"တွင် မြှုပ်နှံရင်း၊ လူတို့၏ အယူအဆများကို ချိုးဖျက်ကာ အားလုံးကို သုတ်သင်ပယ်ရှင်းလေသည်။ လူသားမျိုးနွယ်၏ အယူအဆများ အပေါ် ဘုရားသခင်၏ သဘောထားသည် ၎င်းတို့ကို သဘောရှိ အနက်ဖွင့်ဆိုရင်း လူသေများအပေါ် သူ၏ သဘောထားနှင့် အလားတူလေသည်။ ယင်းမှာ အယူအဆများက မည်သည့် တုံ့ပြန်ချက်မျှ မရှိဟု ထင်ရသည်။ ထို့ကြောင့် ဘုရားသခင်သည် ဤအမှုကို ကမ္ဘာလောက၏ ဖန်ဆင်းခြင်းမှ ယနေ့ထိ လုပ်ဆောင်နေပြီးဖြစ်ကာ မည်သည့်အခါတွင်မျှ မရပ်တန့်ဖူးပေ။ ဇာတိပကတိကြောင့် လူသားများသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရကာ ကမ္ဘာမြေကြီးပေါ်က စာတန်၏ လုပ်ရပ်များကြောင့် လူသားများသည် ၎င်းတို့၏ အတွေ့အကြုံများ တစ်လျှောက်တွင် အမျိုးမျိုးသော အယူအဆမျိုးစုံ ဖြစ်ပေါ်စေကြလေသည်။ ဤအရာကို "သဘာဝအလျောက် ဖြစ်ပေါ်မှု" ဟု ခေါ်သည်။ ဤသည်မှာ ကမ္ဘာမြေပေါ်က ဘုရားသခင်၏ အမှု နောက်ဆုံးအဆင့် ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်၏ အမှု၏ နည်းစနစ်သည် ယင်း၏ အထွတ်အထိပ်ကို ရောက်ရှိပြီးဖြစ်ကာ လူတို့အနေဖြင့် ဘုရားသခင်၏ နောက်ဆုံးအမှုတွင် စုံလင်စေခြင်း ခံရနိုင်ကာ၊ နောက်ဆုံးတွင် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းနိုင်ကြဖို့ အလို့ငှာ ဘုရားသခင်သည် လူသားများအား သူ၏ လေ့ကျင့်ပေးခြင်းကို အရှိန်မြှင့်နေသည်။ ယခင်က လူသားမျိုးနွယ်ကြားတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်းတို့သာ ရှိခဲ့သော်လည်း၊ ဘုရားသခင် ကိုယ်တော်တိုင် ပြောဆိုသော နှုတ်ကပတ်တော်များ မရှိခဲ့ပေ။ ဘုရားသခင်သည် သူ၏ ကိုယ်ပိုင်အသံဖြင့် ပြောဆိုခဲ့ချိန်တွင်၊ အယောက်တိုင်း အလွန် အံ့အားသင့်သွားကြပြီး၊ ယနေ့၏ နှုတ်ကပတ်တော်များသည် သာ၍ပင် ပဟေဠိဆန်လှသည်။ သူ၏ နှုတ်ကပတ်တော်များ၏ ငါးဆယ်ရာခိုင်နှုန်းသည် မျက်တောင်အဖွင့်အပိတ်များကြားတွင် လာသည့်အတွက်၊ ယင်းတို့၏ အနက်အဓိပ္ပာယ်သည် နားလည်သဘောပေါက်ရန် သာ၍ပင် ခက်ခဲပြီး လူသားများသည် မိန်းမောတွေဝေကြပုံရလေသည်။ "ငါစကားပြောသောအခါ၊ လူတို့သည် ငါ၏ အသံကို မမှိတ်မသုန် အာရုံစိုက်မှုဖြင့် နားထောင်ကြသည်။ ငါ နှုတ်ဆိတ်သောအခါတွင်၊ ၎င်းတို့သည်

မိမိတို့၏ကိုယ်ပိုင် 'လုပ်ငန်းများ' ကို တစ်ဖန် စတင်ကြလေသည်။" ထိုစာပိုဒ်သည် မျက်တောင် အဖွင့်အပိတ်ကြားတွင် ရှိသော စာလုံးတစ်လုံး ပါရှိသည်။ ဤနေရာတွင် သူ ပြောဆိုသကဲ့သို့ ဘုရားသခင် ပြောဆိုသည့် အရာသည် သာ၍ရယ်ဖွယ်ဖြစ်လေလေ၊ ယင်းတို့ကို ဖတ်ရှုဖို့ သာ၍များသော လူတို့ကို ဆွဲဆောင်လေလေ ဖြစ်သည်။ လူတို့သည် စိတ်အေးလက်အေး ရှိချိန်တွင် ကိုင်တွယ်ဖြေရှင်း ခံရခြင်းကို လက်ခံနိုင်ကြသည်။ သို့သော် အဓိကအားဖြင့်၊ ဤသည်မှာ သာ၍ များသော လူတို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်များအား ၎င်းတို့ နားမလည်ကြသည့်အခါ၊ စိတ်အားလျော့ခြင်း သို့မဟုတ် စိတ်ပျက်ခြင်းတို့မှ တားဆီးရန် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ စာတန်နှင့်ဖြစ်သော စစ်ပွဲထဲက နည်းဗျူဟာတစ်ခု ဖြစ်သည်။ ဤနည်းအားဖြင့်သာ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စိတ်ဝင်စားမှု ဆက်ရှိနိုင်မည်ဖြစ်ပြီး ၎င်းတို့ နားမလည်နိုင်သည့် အချိန်တွင်ပင်လျှင် ယင်းတို့ကို ဆက်လက် အာရုံစိုက်ကြလိမ့်မည် ဖြစ်သည်။ သို့သော် ကိုးကားချက်များ ဝိုင်းရံမထားသည့် သူ၏ နှုတ်ကပတ်တော်များ အားလုံးတွင်လည်း ကြီးမားသည့် ဆွဲဆောင်မှု ရှိလေသည်၊ ထို့ကြောင့် ယင်းတို့သည် သာ၍ သိသာပြီး လူတို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်များအား သာ၍ပင် ချစ်မြတ်နိုးစေကာ၊ ၎င်းတို့၏ စိတ်နှလုံးများတွင် ဘုရားသခင် နှုတ်ကပတ်တော်၏ ချိုမြိန်မှုကို ခံစားစေလေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အမျိုးမျိုး ပုံသဏ္ဌာန်များစွာဖြင့် လာပြီး၊ ထူးကဲဆန်းစုံကာ အမျိုးမျိုး ကွဲပြားခြားနားသည်နှင့်အမျှ၊ ပြီးလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်များစွာထဲတွင် နာမ်များ ထပ်ကျော့ခြင်းများ မရှိသောကြောင့်၊ ၎င်းတို့၏ တွေ့မြင်ခံစားမှုအာရုံထဲတွင် လူတို့က ဘုရားသခင်သည် အမြဲ သစ်လွင်ပြီး မည်သည့်အခါမျှ အိုဟောင်းသွားခြင်းမရှိဟု ယုံကြည်ကြသည်။ ဥပမာအားဖြင့်- "ငါသည် လူတို့အား 'သုံးစွဲသူများ' မျှသာ ဖြစ်ရန် မတောင်းဆိုပေ။ ၎င်းတို့အား စာတန်ကို အနိုင်ယူသည့် 'ထုတ်လုပ်သူများ' ဖြစ်ရန်လည်း ငါတောင်းဆိုသည်။" ထိုဝါကျထဲရှိ "စားသုံးသူများ" နှင့် "ထုတ်လုပ်သူများ" ဟူသည့် စကားလုံးများသည် ယခင်အချိန်များက ပြောခဲ့သည့် အချို့သော စကားလုံးများနှင့် ဆင်တူသော အနက်အဓိပ္ပာယ်များ ရှိသော်လည်း၊ ဘုရားသခင်သည် တရားသေမဆန်ပေ။ ယင်းထက် သူသည် မိမိ၏ ဆန်းသစ်မှုကို လူတို့အား သတိမူမိစေပြီး ထိုသို့ဖြင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တန်ဖိုးထားစေလေသည်။ ဘုရားသခင်၏ စကားထဲက ဟာသသည် လူသားမျိုးနွယ်အပေါ် သူ၏ တရားစီရင်ခြင်းနှင့် သူ၏ တောင်းဆိုချက်များ ပါဝင်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ အားလုံးက ရည်မှန်းချက်များ ရှိသည်နှင့်အမျှ၊ ထိုနှုတ်ကပတ်တော်များအားလုံး အနက်အဓိပ္ပာယ်များ ရှိသည်နှင့်အမျှ၊ သူ၏ ပြက်လုံးသည် ဝန်းကျင်အခြေအနေကို ပေါ့ပါးသွားစေရန်၊ သို့မဟုတ်

လူတို့ကို ဝါးခနဲ ပွဲကျသွားစေရန်သက်သက် မရည်ရွယ်သကဲ့သို့ ယင်းသည် ၎င်းတို့၏ ကြွက်သားများ ပြေလျော့စေရန် သက်သက် မရည်ရွယ်ပေ။ ယင်းအစား ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သာ၍ ကောင်းစွာ လက်သင့်ခံနိုင်ရန် အလို့ငှာ၊ ဘုရားသခင်၏ ဟာသသည် လူတို့ကို နှစ်ပေါင်း ငါးထောင်ကြာ ကျေးကျွန်ဘဝမှ လွတ်မြောက်စေရန်နှင့် မည်သည့်အခါတွင်မျှ တစ်ဖန် ချုပ်နှောင်မခံရစေရန် ရည်ရွယ်လေသည်။ ဘုရားသခင်၏ နည်းစနစ်မှာ ဆေးကို မျိုချဖို့ ဇွန်းတစ်ဇွန်းအပြည့် သကြားကို သုံးဖို့ ဖြစ်သည်။ သူသည် လူတို့ကို ဆေးခါးအား အတင်းမမျိုချစေပေ။ ချိုမြိန်မှုထဲတွင် ခါးသီးမှုရှိပြီး၊ ခါးသီးမှုထဲတွင်လည်း ချိုမြိန်မှုရှိလေသည်။

"အရှေ့အရပ်တွင် အလင်းရောင် ခပ်ရေးရေးမျှ စပေါ်လာသည့်အခါ၊ စကြဝဠာအတွင်းရှိ လူအားလုံးသည် ယင်းကို အနည်းငယ် သာ၍ အာရုံစိုက်ကြလေသည်။ ငိုက်မြည်းခြင်းတွင် နစ်မြုပ်မနေတော့ဘဲလျက်၊ လူသားများသည် ဤအရှေ့အရပ်မှ အလင်းရောင်၏ ရင်းမြစ်ကို လေ့လာရန် ထွက်သွားကြသည်။ ၎င်းတို့၏ တတ်စွမ်းနိုင်မှု နည်းပါးသောကြောင့်၊ မည်သူကမျှ အလင်းရောင် ပေါ်လာသောနေရာဌာနကို မတွေ့မြင်နိုင်ကြသေးပေ။" ဤအရာသည် ဘုရားသခင်၏ သားများနှင့် လူများအကြားတွင်သာမက၊ စကြဝဠာအတွင်းရှိ နေရာအနှံ့တွင် ဖြစ်ပျက်နေပေသည်။ ဘာသာရေး အသိုင်းအဝိုင်းများထဲက လူများနှင့် မယုံကြည်သူများ အားလုံးသည် ဤတုံ့ပြန်ချက် ရှိကြလေသည်။ ဘုရားသခင်၏ အလင်းရောင် ထွန်းလင်းသည့် အခိုက်အတန့်တွင်၊ ၎င်းတို့၏ စိတ်နှလုံးများ တဖြည်းဖြည်းနှင့် ပြောင်းလဲသွားပြီး၊ ၎င်းတို့၏ အသက်တာများက အဓိပ္ပာယ်မဲ့သည်၊ လူသား၏ ဘဝမှာ တန်ဖိုးမရှိဟု ၎င်းတို့ အမှတ်တမဲ့ စတင် ရှာဖွေတွေ့ရှိကြလေသည်။ လူသားများသည် အနာဂတ်ကို လိုက်စားခြင်းမရှိ၊ မနက်ဖြန်ကို ထည့်သွင်းစဉ်းစားခြင်းမရှိ၊ သို့မဟုတ် မနက်ဖြန်နှင့်ပတ်သက်၍ စိုးရိမ်ခြင်းမရှိဘဲ၊ ယင်းထက် ၎င်းတို့ "ငယ်ရွယ်" တုန်း အချိန်တွင် သာ၍ စားသောက်သင့်သည်ဆိုသည်နှင့် နောက်ဆုံးသောနေ့ရက် ရောက်လာသောအခါ ထိုအရာအားလုံး ထိုက်တန်ခြင်း ရှိလိမ့်မည်ဟူသော ထင်မြင်ယူဆချက်ကို စွဲကိုင် ထားကြလေသည်။ လူသားများသည် ကမ္ဘာလောကကို အုပ်စိုးဖို့ မည်သို့မျှ ဆန္ဒမရှိပေ။ လောကကြီးအတွက် လူသားမျိုးနွယ်၏ ချစ်ခြင်း အားမာန်ကို "နတ်ဆိုး" က လုံးဝ ခိုးယူ သွားခဲ့သော်လည်း၊ အရင်းအမြစ်က မည်သည့်အရာဖြစ်သည်ကို မည်သူကမျှ မသိကြချေ။ ၎င်းတို့ လုပ်ဆောင်နိုင်သမျှမှာ၊ ဘုရားသခင်၏ နေ့ရက် ရောက်မလာသေးသည့်အတွက်၊ အချင်းချင်း အကြောင်းကြားရင်း ခေါက်တုံ့ခေါက်ပြန် ပြေးလွှားဖို့ ဖြစ်သည်။ တစ်နေ့တွင် အယောက်တိုင်းသည် ဉာဏ်မမီနိုင်သော နက်နဲမှုအားလုံးအဖို့ အဖြေများကို မြင်တွေ့ကြလိမ့်မည်။ ဤသည်မှာ

"လူတို့သည် အိပ်စက်ခြင်းနှင့် အိပ်မက်တို့မှ နိုးထကြပြီး၊ ထိုအခါမှသာ ငါ၏နေ့ရက်သည် ၎င်းတို့အပေါ် တဖြည်းဖြည်း ရောက်ရှိလာပြီးဖြစ်သည်ကို သဘောပေါက်ကြလေသည်။" ဟု ပြောဆိုခဲ့ချိန်တွင် ဘုရားသခင် ရည်ရွယ်ခဲ့သည့်အရာ အတိအကျဖြစ်သည်။ ထိုအချိန် ရောက်ရှိလာသောအခါ၊ ဘုရားသခင်နှင့် သက်ဆိုင်သော လူအားလုံးသည် "ကမ္ဘာမြေပေါ်၌ ငါရှိနေစဉ် ငါ့အတွက် ၎င်းတို့၏ ကဏ္ဍကို လုပ်ဆောင်ဖို့ စောင့်ဆိုင်းရင်း၊" စိမ်းသော သစ်ရွက်များကဲ့သို့ ဖြစ်ကြလိမ့်မည်။ ထို့ကြောင့် တရုတ်ပြည်ထဲက ဘုရားသခင်၏ လူများထဲမှ များစွာတို့သည် ဘုရားသခင်က သူ၏ အသံကို မြွက်ဆိုသည့် နောက်တွင် ဒုံးရင်းအခြေအနေသို့ ပြန်ရောက်ကြပြီး၊ ထို့ကြောင့် ဘုရားသခင်က၊ "သော်လည်း အမှန်တရားများကို ပြောင်းလဲရန် စွမ်းအားမဲ့ကြသည်၊ ငါစီရင်ချက်ချမှတ်သည်ကို စောင့်နေရုံမှလွဲ၍ ၎င်းတို့ မည်သည့်အရာမျှ မလုပ်ဆောင်နိုင်ကြချေ။" ဟု ပြောဆိုခြင်း ဖြစ်သည်။ ၎င်းတို့ထဲတွင် သုတ်သင်ပယ်ရှင်းခြင်း ခံရမည့် အချို့သောသူများ ရှိလိမ့်ဦးမည်- အားလုံးသည် မပြောင်းမလဲ ရှိနေမည်မဟုတ်ပေ။ ယင်းထက် လူတို့သည် စမ်းသပ်မှု ခံရပြီးသည့်နောက်တွင်သာ စံနှုန်းကို ပြည့်မီနိုင်ကြသည်၊ ယင်းမှတစ်ဆင့် ၎င်းတို့ကို "အရည်အသွေး အောင်လက်မှတ်" ထုတ်ပေးခြင်း ဖြစ်သည်။ သို့မဟုတ်ပါက၊ ၎င်းတို့သည် အမှိုက်ပုံပေါ်က အမှိုက်သရိုက် ဖြစ်လာ ကြပေလိမ့်မည်။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ စစ်မှန်သော အခြေအနေကို စဉ်ဆက်မပြတ် ထောက်ပြသည်၊ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ နက်နဲမှုကို တိုး၍ ခံစားရသည်။ "အကယ်၍ သူသည် ဘုရားသခင် မဟုတ်ပါက၊ မည်သို့လျှင် ငါတို့၏ အခြေအနေမှန်ကို အလွန်ကောင်းစွာ သိနိုင်မည်နည်း။" သို့သော် လူများ၏ အားနည်းချက်ကြောင့်၊ "လူသားများ၏ နှလုံးသားများထဲတွင် ငါသည် မမြင့်မားသကဲ့သို့၊ နိမ့်ကျလည်း မနိမ့်ကျပေ။ ၎င်းတို့၏ သဘောထားအယူအဆတွင် ငါ တည်ရှိသည်၊ မတည်ရှိသည်မှာ မထူးခြားပေ။" ဤသည်မှာ လက်တွေ့အရှိတရားနှင့် အသင့်တော်ဆုံးဖြစ်သည့် လူအားလုံး၏ အခြေအနေ အတိအကျ ဖြစ်သည် မဟုတ်လော။ လူသားများ၏ သဘောထားအယူအဆတွင်၊ ၎င်းတို့ ရှာဖွေသည့်အချိန်တွင် ဘုရားသခင် တည်ရှိပြီး ၎င်းတို့ မရှာဖွေသည့် အချိန်တွင် မတည်ရှိချေ။ တစ်နည်းဆိုရလျှင်၊ ဘုရားသခင်သည် လူသားများက သူ၏ အကူအညီ လိုအပ်သည့် ခဏတွင် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ တည်ရှိသော်လည်း၊ ၎င်းတို့က သူ့ကို မလိုအပ်တော့သည့်အချိန်တွင် သူသည် မတည်ရှိတော့ချေ။ ဤသည်မှာ လူတို့၏ နှလုံးသားများအတွင်း ရှိသောအရာဖြစ်သည်။ လက်တွေ့အရှိတရားတွင်၊ "ဘုရားမဲ့ဝါဒီများ" အပါအဝင်၊ ကမ္ဘာမြေပေါ် ရှိ အယောက်တိုင်းက ဤသို့ တွေးထင်ကြပြီး၊ ဘုရားသခင်နှင့် သက်ဆိုင်သည့် ၎င်းတို့၏ "ထင်မြင်ချက်"မှာလည်း မရေမရာနှင့် နားလည်ရန်ခက်ခဲလေသည်။

"ထို့ကြောင့် တောင်များသည် ကုန်းမြေပေါ် ရှိ တိုင်းနိုင်ငံများကြား နယ်နိမိတ်များ ဖြစ်လာကြသည်၊ ရေများသည် မတူညီသည့် ကုန်းမြေများထဲက လူတို့အားခွဲခွာထားရန် အတားအဆီးများဖြစ်လာကြပြီး၊ လေသည်လည်း ကမ္ဘာမြေအထက် ကောင်းကင်တွင် လူတစ်ဦးမှ တစ်ဦးဆီသို့ စီးဆင်းသည့်အရာ ဖြစ်လာသည်။" ဤသည်မှာ ကမ္ဘာလောကကို သူ ဖန်ဆင်းစဉ်တွင် ဘုရားသခင်ပြုခဲ့သော အမှုဖြစ်သည်။ ဤအရာကို ဤနေရာ၌ ဖော်ပြခြင်းသည် လူတို့အတွက် စိတ်ရှုပ်စရာ ဖြစ်သည်- ဘုရားသခင်သည် အခြားသော ကမ္ဘာလောကတစ်ခုကို ဖန်ဆင်းလိုသည်များ ဖြစ်နိုင်မည်လော။ ဤသို့ ပြော၍ ရပေသည်- ဘုရားသခင်သည် စကားပြောဆိုသည့် အကြိမ်တိုင်းတွင်၊ သူ၏ နှုတ်ကပတ်တော်များသည် ကမ္ဘာလောကနှင့်ဆိုင်သည့် ဖန်ဆင်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဖျက်ဆီးခြင်း ပါဝင်လေသည်။ ထိုအရာများက တစ်ခါတစ်ရံတွင် သိသာထင်ရှားပြီး၊ တစ်ခါတစ်ရံတွင် မရေမရာ ဖြစ်သည်သာ ရှိသည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှု အားလုံးသည် သူ၏ နှုတ်ကပတ်တော်များထဲတွင် သရုပ်ထင်သည်။ ယင်းတို့ကို လူတို့က မခွဲခြားနိုင်သည်သာ ရှိသည်။ လူသားများအပေါ် ဘုရားသခင် ပေးသော ကောင်းချီးမင်္ဂလာများသည် ၎င်းတို့၏ ယုံကြည်ခြင်းကို အဆတစ်ရာ ကြီးထွားစေသည်။ အပြင်ပန်းမှ ယင်းသည် ဘုရားသခင်က ၎င်းတို့ထံ ကတိတစ်ခု ပြုနေသည့်အလား ထင်ရသော်လည်း၊ အနှစ်သာရအားဖြင့် သူ၏နိုင်ငံတော်နှင့် ဆိုင်သည့် လူများအပေါ် ဘုရားသခင်၏ တောင်းဆိုချက်များ၏ အတိုင်းအတာ ဖြစ်သည်။ အသုံးပြုခြင်းအတွက် သင့်တော်သူများသည် ကျန်ရှိလိမ့်မည် ဖြစ်သော်လည်း၊ မသင့်တော်သောသူများသည် ကောင်းကင်မှ ကျရောက်သော ဘေးဒုက္ခ တစ်ခုထဲတွင် ဝါးမျိုခံရလိမ့်မည်။ "ကောင်းကင် တစ်လျှောက် မြည်ဟည်းနေသည့် မိုးကြိုးသည် လူသားများကို ပစ်ချလိမ့်မည်။ မြင့်မားသော တောင်များသည် ယင်းတို့ ပြိုလဲသည်နှင့်အမျှ လူသားများကို မြှုပ်နှံလိမ့်မည်။ ဆာလောင်မှုဖြင့် ရိုင်းစိုင်းသော သားရဲများသည် ၎င်းတို့ကို ဝါးမြိုကြလိမ့်မည်။ ပြီးလျှင် သမုဒ္ဒရာများသည်လည်း တစ်ဟုန်ထိုး စီးဆင်းလျက်၊ ၎င်းတို့၏ဦးခေါင်းများပေါ် ဖုံးအုပ် သွားလေသည်။ လူသားမျိုးနွယ်သည် ညီအစ်ကိုချင်း သတ်ဖြတ်သည့် ပဋိပက္ခ၌ ပါဝင်ပတ်သက်သည်နှင့်အမျှ၊ လူသားများ အားလုံးသည် ၎င်းတို့အလယ်မှ ပေါ်ထွက် လာနေသည့် ဘေးဒုက္ခများထဲ၌ ၎င်းတို့ကိုယ်တိုင်၏ ပျက်စီးခြင်းကို ရှာဖွေကြလိမ့်မည်။" ဤသည်မှာ စံမမီသောသူများနှင့် နောက်ပိုင်းတွင် ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ ကယ်တင်ခြင်း မခံရမည့်သူများကို စီရင်မည့် "အထူး ဆက်ဆံခြင်း" ဖြစ်သည်။ ဘုရားသခင်က၊ "ငါ့အလင်း၏ လမ်းပြပို့ဆောင်မှုအောက်တွင် သင်တို့သည် အမှောင် အင်အားများ၏ လည်ညှစ်ခြင်းကို ဧကန် ထိုးဖောက် ကျော်လွှား နိုင်လိမ့်မည်။ သင်တို့အား

လမ်းပြနေသော အလင်းကို အမှောင်ထု၏ အလယ်တွင် သင်တို့ ဧကန်မုချ ဆုံးရှုံးလိမ့်မည် မဟုတ်။" ဟူသကဲ့သို့သော အရာများကို သာ၍ ပြောဆိုလေလေ၊ လူများသည် ၎င်းတို့ကိုယ်တိုင်၏ ဂုဏ်သရေရှိခြင်းကို သာ၍ သတိပြုမိလာလေလေ ဖြစ်သည်။ ထိုသို့ဖြင့် ၎င်းတို့သည် အသစ်သော အသက်ကို ရှာဖွေရန် ယုံကြည်ခြင်း သာ၍ ရှိကြလေသည်။ ၎င်းတို့က သူ့ကို တောင်းဆိုသည်နှင့်အမျှ ဘုရားသခင်သည် လူသားများကို ထောက်ပံ့ပေးသည်။ ဘုရားသခင်သည် ၎င်းတို့ကို အတိုင်းအတာ တစ်ခုအထိ ဖော်ထုတ်သည်နှင့်တစ်ပြိုင်နက်၊ သူသည် အကောင်းဆုံး ရလဒ် ရရှိဖို့ ကောင်းချီးမင်္ဂလာ သဘောသွားကို အသုံးပြုရင်း၊ သူ၏ ပြောပုံဆိုပုံကို ပြောင်းလဲလိုက်လေသည်။ လူသားမျိုးနွယ်အပေါ် ဤနည်းလမ်းဖြင့် တောင်းဆိုမှုများ ပြုခြင်းသည် သာ၍ လက်တွေ့ကျသော ရလဒ်များကို ဖြစ်ထွန်းစေသည်။ လူအားလုံးသည် ၎င်းတို့၏ အဆင့်တူပုဂ္ဂိုလ်များနှင့် လုပ်ငန်းကို ဆွေးနွေးရန် လိုလားနေကြသောကြောင့်— ၎င်းတို့အားလုံးသည် လုပ်ငန်း၌ ကျွမ်းကျင်သူများ ဖြစ်ကြသည်—ဤသည်မှာ ဘုရားသခင်က ဤအရာကို ပြောဆိုရာ၌ ဦးတည်နေသောအရာ အတိအကျ ဖြစ်သည်။ သို့ဆိုလျှင်၊ "သိနိမ်ပြည်" ဆိုသည်မှာ အဘယ်နည်း။ ဤနေရာ၌ ဘုရားသခင်က စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရသည့် ကမ္ဘာမြေပေါ် ရှိ နိုင်ငံတော်ကို ရည်ညွှန်းသည် မဟုတ်ဘဲ၊ ယင်းထက် ဘုရားသခင်ထံမှ လာသော ကောင်းကင်တမန်အားလုံး၏ အစုအဝေးကို ရည်ညွှန်းပေသည်။ "တည်ကြည်လျက် မယိမ်းယိုင်" ဟူသည့် စကားလုံးများမှာ ကောင်းကင်တမန်များသည် စာတန်၏ အင်အားစုများ အားလုံးကို ထိုးဖောက်ကျော်လွှားကြလိမ့်မည် ဖြစ်ပြီး ထိုသို့အားဖြင့် သိနိမ်ပြည်ကို စကြဝဠာတစ်ခွင်လုံးတစ်လျှောက် တည်ထောင်ပေလိမ့်မည်ကို သွယ်ဝိုက်ညွှန်းဆိုပေသည်။ ထို့ကြောင့် သိနိမ်ပြည်၏ တကယ့်အဓိပ္ပာယ်မှာ ကမ္ဘာမြေကြီး ပေါ် ရှိ ကောင်းကင် တမန်အားလုံး၏ အစုအဝေးတစ်ခုဖြစ်ပြီး၊ ဤနေရာတွင် ယင်းက ကမ္ဘာမြေပေါ် ရှိသူများကို ရည်ညွှန်းပေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ကမ္ဘာမြေကြီး ပေါ်၌ တည်ရှိမည့် နိုင်ငံတော်ကို "သိနိမ်ပြည်" ဟု ခေါ်ဆိုလိမ့်မည် ဖြစ်ပြီး "နိုင်ငံတော်" ဟု ခေါ်ဆိုမည် မဟုတ်။ ကမ္ဘာမြေကြီးပေါ် ရှိ "နိုင်ငံတော်"အဖို့ တကယ့် အနက်အဓိပ္ပာယ် မရှိပေ။ ယင်းသည် အနှစ်သာရအားဖြင့် သိနိမ်ပြည် ဖြစ်သည်။ ထို့ကြောင့် ယင်းတို့ကို သိနိမ်ပြည်၏ အနက်ဖွင့်ခြင်းနှင့် ဆက်စပ်ကြည့်သည့်အခါမှသာ၊ "သင်တို့သည် စကြဝဠာ တစ်ခွင်လုံးတစ်လျှောက် ငါ၏ ဘုန်းအသရေကို ဧကန်မုချ တောက်ပစေကြလိမ့်မည်။" ဟူသော နှုတ်ကပတ်တော်များ၏ အနက်အဓိပ္ပာယ်အမှန်ကို သိနိုင်ပေသည်။ ဤအရာက အနာဂတ်တွင် ကမ္ဘာမြေကြီးပေါ် ရှိ လူအားလုံး၏ အဆင့်ကို ပြသသည်။ သိနိမ်ပြည်၏ လူများအားလုံးသည်

ပြစ်တင်ဆုံးမခြင်းကို ခံစားရပြီးနောက်တွင် ကမ္ဘာမြေကြီးပေါ်ရှိ လူများအားလုံးကို အုပ်စိုးသော ရှင်ဘုရင်များ ဖြစ်ကြလိမ့်မည်။ သိနိမ်ပြည်သားများ၏ စီမံခန့်ခွဲမှုကြောင့် ကမ္ဘာမြေကြီးပေါ်ရှိ အရာရာတိုင်းသည် ပုံမှန် လည်ပတ်လိမ့်မည်။ ဤသည်မှာ အခြေအနေ၏ အကြမ်းဖျင်း ပုံကြမ်းတစ်ခုထက် ဘာမျှမပိုချေ။ လူသားများအားလုံးသည် ဘုရားသခင်၏ နိုင်ငံတော်အတွင်းတွင် ဆက်ရှိနေမည် ဖြစ်သည်၊ ဆိုလိုသည်မှာ ၎င်းတို့သည် သိနိမ်ပြည်တွင် ကျန်ရစ်ကြလိမ့်မည်ဖြစ်သည်။ ကမ္ဘာမြေပေါ်ရှိ လူသားများသည် ကောင်းကင်တမန်များနှင့် ဆက်သွယ်နိုင်ကြလိမ့်မည်။ ထိုသို့ဖြင့် ကောင်းကင်နှင့် မြေကြီးသည် ချိတ်ဆက်သွားလိမ့်မည် ဖြစ်သည်၊ သို့မဟုတ်၊ တစ်နည်းအားဖြင့်၊ ကမ္ဘာမြေပေါ်ရှိ လူအားလုံးသည် ကောင်းကင်ဘုံရှိ ကောင်းကင်တမန်များ ပြုကြသကဲ့သို့ ဘုရားသခင်အား ကျိုးနွံနာခံကာ ချစ်ကြလိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင် ဘုရားသခင်သည် ကမ္ဘာမြေပေါ်ရှိ လူအားလုံးထံသို့ ပွင့်လင်းစွာ ပေါ်ထွန်းလိမ့်မည်ဖြစ်ပြီး ၎င်းတို့၏ ပကတိ မျက်စိများဖြင့် သူ၏ စစ်မှန်သော မျက်နှာကို မြင်တွေ့ခွင့်ကို ပေးလိမ့်မည်ဖြစ်ကာ သူသည် ၎င်းတို့ထံ အချိန်မရွေး မိမိကိုယ်ကိုယ် ထုတ်ဖော်ပြလိမ့်မည် ဖြစ်သည်။

# အခန်း ၂၀

ဘုရားသခင်သည် လူသားမျိုးနွယ်အားလုံးကို ဖန်ဆင်းခဲ့ပြီး၊ လူသားမျိုးနွယ်အပေါင်းတို့ကို ယနေ့တိုင် ဦးဆောင်လမ်းပြပြီး ဖြစ်သည်။ ထို့ကြောင့် လူသားအလယ် ဖြစ်ပျက်သည့်အရာအားလုံးကို ဘုရားသခင်သိ၏၊ သူသည် လူ့လောကထဲက ခါးသီးမှုကို သိသည်၊ လူ့လောကထဲက ချိုမြိန်မှုကို သူနားလည်သည်၊ ထို့ကြောင့် နေ့စဉ် သူသည် လူသားမျိုးနွယ်အပေါင်းတို့၏ ဘဝအခြေအနေများကို ဖော်ပြသည့်အပြင် လူသားမျိုးနွယ်အပေါင်းတို့၏ အားနည်းချက်နှင့် ဖောက်ပြန်ပျက်စီးခြင်းတို့ကို ကိုင်တွယ်ဖြေရှင်း၏။ အနက်ဆုံးသောတွင်းထဲသို့ လူသားမျိုးနွယ်အပေါင်းတို့ ပစ်ချခံရရန် သို့မဟုတ် လူသားမျိုးနွယ်တစ်ရပ်လုံး ကယ်တင်ခြင်း မခံရရန်မှာ ဘုရားသခင်၏ အလိုတော် မဟုတ်ပေ။ ဘုရားသခင်၏ ဆောင်ရွက်ချက်အားလုံးအဖို့ အခြေခံသဘောတရားတစ်ရပ် အမြဲရှိသော်လည်း၊ သူလုပ်ဆောင်သည့် အရာအားလုံး၏ နိယာမများကို မည်သူမျှ သဘောပေါက်နိုင်စွမ်းမရှိပေ။ ဘုရားသခင်၏ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ကို လူတို့သိလာသည့်အခါ၊ ဘုရားသခင်သည် သနားကရုဏာနှင့် ချစ်ခြင်းမေတ္တာလေသံသို့ ချက်ချင်းပြောင်းလိုက်သည်၊ သို့သော် လူတို့သည် ဘုရားသခင်၏ သနားကရုဏာနှင့်

ချစ်ခြင်းမေတ္တာကို သိလာသည့်အခါ၊ သူသည် သူ၏နှုတ်ကပတ်တော်တို့ကို အသက်ရှင်နေသည့် ကြက်တစ်ကောင်ကဲ့သို့ စားရန်ခက်ခဲစေလျက်၊ လေသံကို နောက်တစ်ကြိမ် ချက်ချင်း ပြောင်းလေသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် အားလုံးတွင် အစအဦးကို မည်သည့်အခါမျှ ပြန်ပြောခြင်းမရှိဖူးသကဲ့သို့၊ သူ၏ မည်သည့်နှုတ်ကပတ်တော်ကိုမျှ ယမန်နေ့က မိန့်မြွက်ချက်များ၏ အခြေခံသဘောတရားနှင့်အညီ ပြောဆိုခြင်း မရှိဖူးပေ။ လေသံသည်ပင် မတူသကဲ့သို့၊ အကြောင်းအရာတွင်လည်း ဆက်စပ်မှု မရှိပေ- ထိုအရာအားလုံးသည် လူတို့အား သာ၍ပင် စိတ်ရှုပ်ထွေးစေသည်။ ဤသည်မှာ ဘုရားသခင်၏ ဉာဏ်ပညာဖြစ်ပြီး သူ၏စိတ်သဘောထား နှင့်ဆိုင်သည့် ထုတ်ဖော်ပြချက် ဖြစ်သည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို အဆိပ်ခတ်ရန် အခွင့်အလမ်းကို စာတန်ထံမှ ဖယ်ရှားလျက်၊ စာတန်ကို ဇဝေဇဝါ ဖြစ်စေရန်အလို့ငှာ၊ သူသည် လူတို့၏အယူအဆများကို လွင့်ပြယ်သွားစေဖို့ သူ၏ စကား နည်းဟန်နှင့် လေသံတို့ကို အသုံးပြု၏။ ဘုရားသခင်၏ လုပ်ဆောင်ချက်များ၏ အံ့သြဖွယ်ကောင်းခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် လူတို့၏စိတ်များကို ချာချာလည် စေရစ်လေသည်။ ၎င်းတို့သည် ၎င်းတို့ ကိုယ်တိုင်၏ အိမ်ရှေ့တံခါးကို ရှာတွေ့ရန် အနိုင်နိုင် ဖြစ်ကြပြီး၊ ၎င်းတို့ မည်သည့်အချိန်တွင် စားရမည် သို့မဟုတ် အနားယူရမည်ကိုပင် မသိကြချေ၊ ထိုသို့ဖြင့် “ဘုရားသခင်အတွက် အသုံးခံရန် အအိပ်နှင့်အစားကို စွန့်လွှတ်ခြင်း” အား အမှန်တကယ် စွမ်းဆောင်ရရှိနိုင်လေသည်။ သို့ရာတွင် ဤအချိန်တွင်ပင် ဘုရားသခင်သည် လက်ရှိအခြေအနေများဖြင့် စိတ်ကျေနပ်မှု မရှိမြဲဖြစ်ပြီး၊ လူသားအား သူ၏စစ်မှန်သော နှလုံးသားကို အတင်းအကျပ် ထုတ်ပြစေလျက်၊ လူသားအပေါ် အမြဲ ဒေါသထွက်နေသည်။ သို့မဟုတ်ပါက ဘုရားသခင်သည် သက်ညှာမှု အနည်းငယ်မျှ ပြသည်နှင့်တစ်ပြိုင်နက်၊ လူတို့သည် ချက်ချင်း “လိုက်နာ” ကြမည်ဖြစ်ပြီး၊ တိုး၍ လျော့ရဲလာကြပေမည်။ ဤသည်မှာ လူသား၏ နိမ့်ကျမှု ဖြစ်၏၊ သူ့ကို ချော့၍မရဘဲ၊ သူ့ကိုလှုပ်ရှားစေရန် ရိုက်နှက်ရမည် သို့မဟုတ် တရွတ်တိုက်ဆွဲရမည် ဖြစ်သည်။ “ငါကြည့်ရှုသည့် သူများ အားလုံးထဲတွင်၊ ငါ့အား တမင်တကာနှင့် တိုက်ရိုက်ရှာဖွေသူ တစ်ယောက်မျှ မရှိ။ ၎င်းတို့အားလုံးသည် အခြားသူများ၏ တိုက်တွန်းမှုဖြင့်၊ လူအများစုနောက် လိုက်ရင်း၊ ငါ၏ ရှေ့မှောက်သို့ ရောက်လာကြခြင်း ဖြစ်ပြီး၊ ၎င်းတို့သည် အဖိုးအခပေးရန် သို့မဟုတ် ၎င်းတို့၏ အသက်တာ များကို ကြွယ်ဝစေရန် အချိန်ကို အသုံးပြုဖို့ လိုလားခြင်းမရှိကြချေ။” ယင်းမှာ မြေကြီးပေါ်က အရာခပ်သိမ်း၏ အခြေအနေများ ဖြစ်သည်။ ထို့ကြောင့် တမန်တော်များ သို့မဟုတ် ခေါင်းဆောင်များ၏ အလုပ်မပါဘဲနှင့်၊ လူအားလုံးသည်

အချိန်ကြာမြင့်စွာ ကတည်းက လူစုကွဲကြပြီးဖြစ်ပေမည်၊ ထို့ကြောင့် ခေတ်ကာလများ တစ်လျှောက်တွင်၊ တမန်တော်များနှင့် ပရောဖက်များ ကင်းမဲ့ခြင်း မရှိသေးပေ။

ဤမိန့်မြွက်ချက်များတွင် ဘုရားသခင်သည် လူသားမျိုးနွယ် အပေါင်းတို့၏ ဘဝအခြေအနေများကို အကျဉ်းချုပ်ရန် အထူး အာရုံစိုက်လေ၏။ အောက်ပါကဲ့သို့သော နှုတ်ကပတ်တော်များသည် ဤအမျိုးအစားများသာ ဖြစ်၏ - "လူ၏ အသက်တာသည် နွေးထွေးမှု စိုးစဉ်းမျှ မရှိသကဲ့သို့၊ လူ့သဘာဝ သို့မဟုတ် အလင်း၏ အရိပ်အယောင် တစ်ခုမျှ မရှိပေ- သို့သော် သူသည် မည်သည့်အရာကိုမျှ စွမ်းဆောင်ရရှိခြင်းမရှိဘဲ၊ အလောတကြီး လုပ်သည့် တန်ဖိုး ကင်းမဲ့သော တစ်သက်တာကို နေထိုင်ရင်း ယခင်ထက် မိမိကိုယ်ကိုယ် အလိုလိုက်ထားပြီး ဖြစ်သည်။ မျက်စိတစ်မှိတ်အတွင်းတွင်၊ သေခြင်းနေ့ရက် နီးကပ်လာပြီး၊ လူသည် ခါးသီးသော သေခြင်းဖြင့် သေဆုံးသွားသည်။" ဘုရားသခင်သည် လူသားမျိုးနွယ်၏ တည်ရှိခြင်းကို ယနေ့ထိ လမ်းပြပြီးဖြစ်သော်လည်း၊ လူ့လောကထဲက ဘဝ၏ အနှစ်မဲ့မှုကိုလည်း ထုတ်ဖော်ပြသည်မှာ အဘယ်ကြောင့်နည်း။ ပြီးလျှင် လူအားလုံး၏ အသက်တာ တစ်ရပ်လုံးကို "အလျင်စလိုဖြင့် ရောက်ရှိကာ အလျင်စလို ထွက်ခွာသွားသည်" ဟု သူအဘယ်ကြောင့် ဖော်ပြသနည်း။ ဤသည်မှာ ဘုရားသခင်၏အစီအစဉ်သာဖြစ်သည်၊ ယင်းကို ဘုရားသခင်က စီမံထားခြင်းသာ ဖြစ်ပြီး၊ ထိုသို့ဖြင့် တစ်နည်းအားဖြင့် ဘုရားသခင်သည် ဘုရားသဘောသဘာဝထဲက အသက်မှလွဲ၍ အရာခပ်သိမ်းကို စက်ဆုပ်ရွံရှာသည်ကို ယင်းက ထင်ဟပ်စေသည်ဟု ဆိုနိုင်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်အပေါင်းတို့ကို ဖန်ဆင်းခဲ့သော်လည်း၊ သူသည် လူသားမျိုးနွယ်အပေါင်းတို့၏ အသက်ရှင်ခြင်း၌ ပျော်ရွှင်မှု အမှန်တကယ် လုံးဝ မခံယူဖူးပေ၊ ထို့ကြောင့် သူသည် လူသားမျိုးနွယ်ကို စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း အောက်တွင် တည်ရှိခွင့်ပြုရုံမျှ ပြုလေသည်။ လူသားမျိုးနွယ်သည် ဤဖြစ်စဉ်ကို ဖြတ်သန်းပြီးသည့်နောက်တွင်၊ သူသည် လူသားမျိုးနွယ်ကို အမြစ်ဖြတ်သုတ်သင်မည် သို့မဟုတ် ကယ်တင်မည်ဖြစ်ကာ၊ ထိုသို့ဖြင့် လူသားသည် အနှစ်မမဲ့သည့် မြေကြီးပေါ်က အသက်တာတစ်ခုကို ရရှိလိမ့်မည်။ ဤသည်မှာ ဘုရားသခင့်အစီအစဉ်၏ အစိတ်အပိုင်းသာ ဖြစ်၏။ ထို့ကြောင့် လူ၏အသိစိတ်တွင် ဆန္ဒတစ်ရပ် အမြဲရှိလေသည်၊ ယင်းက မည်သူကိုမျှ အပြစ်ကင်းစင်သော သေဆုံးခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာ မသေစေခဲ့ပေ- သို့သော် ဤဆန္ဒကို စွမ်းဆောင်ရရှိနိုင်သူတို့သာ နောက်ဆုံးသောကာလ၏ လူများ ဖြစ်ကြသည်။ ယနေ့တွင် လူတို့သည် နဂိုအတိုင်း ပြန်မဖြစ်နိုင်သော အနှစ်မဲ့ခြင်းအလယ်တွင် အသက်ရှင်ကြဆဲ ဖြစ်ပြီး၊ ၎င်းတို့သည် မမြင်နိုင်သောဆန္ဒကို စောင့်ဆိုင်းကြဆဲ ဖြစ်၏- "ငါ၏မျက်နှာကို ငါ့လက်များနှင့် ဖုံးကွယ်ကာ၊

လူတို့ကို မြေကြီးအောက်သို့ ဖိနှိပ်သောအခါတွင်၊ ၎င်းတို့သည် ချက်ချင်း အသက်ရှူကျပ်သွားကြပြီး၊ ရှင်သန်ရန် အနိုင်နိုင် ဖြစ်ကြလေသည်။ ၎င်းတို့အား ငါဖျက်ဆီးမည်ကို ကြောက်လန့်ကြလျက်၊ ငါ ဘုန်းထင်ရှားမည့် နေ့ရက်ကို ရှုမြင်ရန် ၎င်းတို့ ဆန္ဒရှိကြသည့်အတွက်၊ ၎င်းတို့ အားလုံးသည် ငါ့ထံ ဟစ်အော်ကြလေသည်။” ယင်းမှာ ယနေ့လူအားလုံး၏ အခြေအနေများ ဖြစ်သည်။ ၎င်းတို့အားလုံးသည် “လေဟာနယ်” တစ်ခုထဲတွင် “အောက်စီဂျင်” မရှိဘဲ အသက်ရှင်ကြသည်၊ ယင်းက ၎င်းတို့ကို အသက်ရှူရန် ခက်ခဲစေ၏။ လူသားမျိုးနွယ်အားလုံး၏ အသက် ရှင်သန်ရေးကို ပံ့ပိုးပေးရန် ဘုရားသခင်သည် လူသား၏အသိစိတ်ထဲက ဆန္ဒကို အသုံးပြု၏၊ သို့မဟုတ်ပါက အားလုံးသည် “ဘုန်းကြီးဝတ်ရန် အိမ်ကိုစွန့်ခွာ” ကြမည်ဖြစ်ပြီး ယင်း၏အကျိုးဆက်အနေဖြင့် လူသားမျိုးနွယ်သည် မျိုးသုဉ်းလာမည် ဖြစ်ကာ အဆုံးသတ်မည် ဖြစ်သည်။ ထို့ကြောင့် လူသားသည် ယနေ့ထိ အသက်ရှင်သန်ပြီး ဖြစ်သည်မှာ ဘုရားသခင်က လူသားကိုပေးသည့် ကတိကြောင့် ဖြစ်သည်။ ဤသည်မှာ အမှန်တရား ဖြစ်သော်လည်း၊ လူသားသည် ဤနိယာမကို မည်သည့်အခါမျှ ရှာဖွေတွေ့ရှိဖူးခြင်း မရှိပေ၊ ထို့ကြောင့် သူသည် အဘယ်ကြောင့် “သေခြင်းတရားက ဒုတိယအကြိမ် သူ့အပေါ် ကျရောက်လာမည်ကို အလွန်အမင်း ကြောက်ရွံ့လျက်” နေသည်ကို သူမသိပေ။ လူသားဖြစ်လျက် မည်သူမျှ ဆက်လက် အသက်ရှင်ရန် သတ္တိမရှိပေ၊ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှလည်း တစ်ကြိမ်တစ်ခါမျှ သေဆုံးရန် သတ္တိ မရှိဖူးပေ၊ ထို့ကြောင့် ဘုရားသခင်က လူတို့သည် “ခါးသီးသောသေခြင်းနှင့် သေဆုံးသွားသည်” ဟု ဆိုခြင်း ဖြစ်သည်။ ယင်းမှာ လူသားအလယ် အခြေအနေမှန် ဖြစ်သည်။ ၎င်းတို့၏ မျှော်လင့်ချက်များတွင်၊ အချို့လူတို့သည် ဆုတ်ဆိုင်းမှုများကို ရင်ဆိုင်ရပြီး သေခြင်းအကြောင်း တွေးမိကောင်း တွေးမိပြီးဖြစ်မည် ဖြစ်သော်လည်း၊ ဤအတွေးတို့သည် မည်သည့်အခါကမျှ အကောင်အထည်ပေါ်ခြင်း ရှိမလာဖူးပေ။ အချို့သည် မိသားစု ပဋိပက္ခကြောင့် သေခြင်းအကြောင်း တွေးမိကောင်း တွေးမိပြီးဖြစ်မည် ဖြစ်သော်လည်း၊ ၎င်းတို့ ချစ်မြတ်နိုးသူတို့အတွက် စိုးရိမ်ပူပန်မှုဖြင့် ၎င်းတို့၏ဆန္ဒကို စွမ်းဆောင်နိုင်စွမ်း မရှိမဲ့ ဖြစ်ကောင်းဖြစ်နိုင်သည်။ ပြီးလျှင် အချို့သည် ၎င်းတို့၏အိမ်ထောင်အပေါ် ထိုးနှက်ချက်များကြောင့်၊ သေခြင်းအကြောင်း တွေးမိကောင်း တွေးမိပြီးဖြစ်မည် ဖြစ်သော်လည်း၊ ယင်းကို ဖြတ်သန်းရန် လိုလားခြင်း မရှိကြချေ။ ထို့ကြောင့် လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများ၌ မကျေမချမ်း ဖြစ်မှုများဖြင့် သို့မဟုတ် ထာဝရ နောင်တများဖြင့် သေဆုံးကြ၏။ ယင်းမှာ လူအားလုံး၏ အခြေအနေ အမျိုးမျိုး ဖြစ်သည်။ ကျယ်ပြန့်သော လူ့လောကတစ်လျှောက်ကို ကြည့်သည့်အခါ၊ လူတို့သည် အဆုံးမရှိ တသီတသန်းကြီး

သွားလိုက် လာလိုက်လုပ်ကြပြီး၊ ၎င်းတို့သည် အသက်ရှင်ခြင်းထက် သေခြင်း၌ သာ၍ ဝမ်းမြောက်ခြင်း ရှိမည်ဟု ထင်ကြသော်လည်း၊ ၎င်းတို့သည် ပါးစပ်ပြောမျှသာ ဖြစ်ကြဆဲဖြစ်ပြီး မည်သူမျှ သေပြီးနောက် ပြန်လာကာ ရှင်သူတို့အား သေခြင်း၏ ဝမ်းမြောက်ခြင်းကို မည်သို့ မွေ့လျော်ရမည်ကို ပြောပြခြင်းအားဖြင့် စံနမူနာဖြင့် မည်သည့်အခါတွင်မျှ မဦးဆောင်ဖူးကြချေ။ လူတို့သည် စက်ဆုပ်ဖွယ်ကောင်းသော အကောင်ယုတ်များဖြစ်၏- ၎င်းတို့သည် အရှက်မရှိ သို့မဟုတ် မိမိကိုယ်ကို လေးစားမှုမရှိကြသကဲ့သို့၊ အမြဲ စကားမတည်ကြပေ။ သူ၏အစီအစဉ်တွင်၊ ဘုရားသခင်သည် သူ၏ကတိတော်ကို မွေ့လျော်ခံစားမည့် လူတစ်စုကို ခွဲခန့်မှတ်သား ထားခဲ့ပြီး၊ ထို့ကြောင့် ဘုရားသခင်က၊ "ဝိညာဉ်များစွာတို့သည် ဇာတိပကတိထဲတွင် အသက်ရှင်ကြပြီးဖြစ်ကာ များစွာသောသူတို့သည် ကမ္ဘာမြေပေါ်တွင် သေဆုံးကြပြီး၊ ပြန်လည် မွေးဖွားကြပြီး ဖြစ်သည်။ သို့သော် ၎င်းတို့အထဲမှ မည်သူကမျှ ယနေ့ နိုင်ငံတော်၏ ကောင်းချီးမင်္ဂလာများကို ပျော်မွေ့ခံစားရန် မည်သည့်အခါမျှ အခွင့်အရေး မရရှိကြဖူးပေ။" ဟုပြော၏။ နိုင်ငံတော်၏ ကောင်းချီးမင်္ဂလာများကို ယနေ့ မွေ့လျော်ခံစားသူ အားလုံးကို ဘုရားသခင်က ကမ္ဘာလောကကို ဖန်ဆင်းကတည်းက ခွဲခန့်မှတ်သားထားပြီး ဖြစ်သည်။ ဘုရားသခင်သည် ဤဝိညာဉ်များအတွက် နောက်ဆုံးသောကာလအတွင်းတွင် လူ့ဇာတိ၌ အသက်ရှင်နေထိုင်ရန် စီစဉ်ခဲ့ပြီး၊ နောက်ဆုံးတွင် ဘုရားသခင်သည် ဤလူစုကို ရယူမည်ဖြစ်ပြီး၊ သိနိမ်တွင်ရှိရန် ၎င်းတို့အတွက် စီစဉ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤလူတို့၏ဝိညာဉ်များသည် အနှစ်သာရအားဖြင့် ကောင်းကင်တမန်များ ဖြစ်ကြသောကြောင့်၊ ဘုရားသခင်က၊ "လူ၏ စိတ်ဝိညာဉ်ထဲတွင် ငါ၏ အရိပ်လက္ခဏာ တစ်ခုတစ်လေမျှ အမှန်တကယ် မရှိဖူးပါသလော။" ဟု ပြောခြင်းဖြစ်သည်။ အကယ်စင်စစ် လူတို့သည် ဇာတိပကတိ၌ အသက်ရှင်ကြချိန်တွင်၊ ဝိညာဉ်လောက၏ အရေးကိစ္စများကို မသိနားမလည်ဘဲ ရှိနေကြသည်။ "လူသားသည် ငါ့ကို သတိထားသော အကြည့်ဖြင့် ကြည့်လေသည်။" ဟူသော ဤရိုးရှင်းသည့် နှုတ်ကပတ်တော်များမှ ဘုရားသခင်၏စိတ်နေစိတ်ထားကို တွေ့မြင်နိုင်၏။ ဤရိုးရှင်းသည့် နှုတ်ကပတ်တော်များအတွင်းတွင် ဘုရားသခင်၏ ခက်ခဲရှုပ်ထွေးသော စိတ်သဘောကို ဖော်ပြထားသည်။ ကမ္ဘာမြေကြီးပေါ် ရှိ လူတို့သည် ဘုရားသခင်၏ အလိုတော်ကို သတိပြုနိုင်စွမ်း မရှိကြဘဲ၊ "လူသည် တောင်ပေါ်လူရိုင်း တစ်ဦးကဲ့သို့ ဖြစ်သည်။" ဟု ဘုရားသခင်ပြောသည့်အတိုင်း ဖြစ်ကြသည့်အတွက်၊ ဖန်ဆင်းခြင်းအချိန်မှ ယနေ့ထိတိုင်၊ ဘုရားသခင်၏ နှလုံးသားထဲတွင် ဒေါသနှင့် တရားစီရင်ခြင်းတို့အတူ ပါရှိသည့် ပူဆွေးမှု အမြဲရှိပြီးဖြစ်သည်။ သို့ရာတွင် ဘုရားသခင်က၊ "လူသားသည် ကမ္ဘာမြေပေါ်က

ကြွယ်ဝချမ်းသာမှု အားလုံးကို မွေ့လျော်ခံစားဖို့နှင့် ပင်လယ်၏ ဝါးမျိုခြင်း ခံရမည့်ဘေးကို ချန်ထားခဲ့နိုင်ရန်အလို့ငှာ၊ အားကြီးသော သမုဒ္ဒရာ၏ အလယ်မှ လူသည် ငါ့ဘက်သို့ ကူးခတ်သည့်နေ့ရက် ရောက်လာလိမ့်မည်။” ဟုလည်း ပြောသည်။ ဤသည်မှာ ဘုရားသခင်၏အလိုတော် အထမြောက်ခြင်းဖြစ်ပြီး၊ မြေကြီးလက်ခတ် မလွဲသော ဦးတည်ရာတစ်ရပ်အဖြစ်လည်း ဖော်ပြ၍ရနိုင်ကာ၊ ယင်းသည် ဘုရားသခင်၏အမှုတော် အထမြောက်ခြင်း၏ သင်္ကေတဖြစ်သည်။

နိုင်ငံတော်သည် ကမ္ဘာမြေပေါ်သို့ လုံးဝဆင်းသက်သည့်အခါ၊ လူအပေါင်းတို့သည် ၎င်းတို့၏ မူလပုံသဏ္ဌာန်ကို ပြန်ရရှိကြလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်က “ငါသည် ငါ့ပလ္လင်ထက်မှ မွေ့လျော်ခံစားပြီး၊ ကြယ်များအလယ်တွင် ငါ နေထိုင်သည်။ ကောင်းကင်တမန်များသည် ငါ့ကို အသစ်သောသီချင်းများနှင့် အသစ်သော အကများကို ပူဇော်ကြသည်။ ၎င်းတို့၏ ထိခိုက်လွယ်ခြင်းသည် ၎င်းတို့၏ မျက်နှာများတွင် မျက်ရည်များ မယိုစီးစေတော့ပေ။ ငါ၏ ရှေ့မှောက်တွင် ကောင်းကင်တမန်များ၏ ငိုကြွေးသံကို ငါမကြားရတော့သကဲ့သို့ မည်သူကမျှ ငါ့ထံသို့ ဆင်းရဲဒုက္ခနှင့်သက်ဆိုင်၍ မညည်းတွားတော့ပေ။” ဟု ပြောပေသည်။ ဤအရာက ပြီးပြည့်စုံသည့် ဘုန်းအသရေကို ဘုရားသခင် ရရှိသည့် နေ့ရက်သည် လူသားက သူ၏ ငြိမ်သက်ခြင်း ချမ်းသာကို မွေ့လျော်ရာနေ့ ဖြစ်သည်ကို ပြ၏၊ လူတို့သည် စာတန်၏နှောင့်ယှက်မှု အကျိုးဆက်အနေဖြင့်၊ ဟိုဟိုသည်သည် မပြေးလွှားတော့ပေ၊ လောကသည် ရှေ့သို့ တိုးတက်နေခြင်းကို ရပ်တန့်ကာ လူတို့သည် ငြိမ်သက်ခြင်းချမ်းသာ၌ အသက်ရှင်ကြသည်- အကြောင်းမှာ မိုးမျက်နှာကြက်ရှိ ကြယ်အသင်္ချေတို့သည် အသစ်ပြုပြင်ခြင်းခံရပြီး၊ နေ၊ လ၊ ကြယ်များ အစရှိသည်တို့နှင့် ကောင်းကင်နှင့် မြေကြီးပေါ် ရှိ တောင်များနှင့် မြစ်များအားလုံး ပြောင်းလဲကြသည့်အတွက် ဖြစ်သည်။ ပြီးလျှင် လူသားသည် ပြောင်းလဲပြီးဖြစ်ကာ ဘုရားသခင်သည် ပြောင်းလဲပြီးဖြစ်သောကြောင့်၊ အရာခပ်သိမ်းတို့သည်လည်း ပြောင်းလဲကြလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်၏ အန္တိမ ရည်မှန်းချက် ဖြစ်ပြီး၊ ဤသည်မှာ နောက်ဆုံး၌ စွမ်းဆောင်ရရှိမည့်အရာဖြစ်၏။ ဤနှုတ်ကပတ်တော်များအားလုံးကို ပြောဆိုရာတွင် ဘုရားသခင်၏ ရည်မှန်းချက်မှာ အဓိကအားဖြင့် လူသားက သူ့အားသိရန်ဖြစ်၏။ လူတို့သည် ဘုရားသခင်၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်များကို နားမလည်ကြပေ။ ဘုရားသခင် ပြုသမျှအားလုံးကို ဘုရားသခင် ကိုယ်တော်တိုင်က စီစဉ်ညွှန်ကြားကာ စီစဉ်ထားခြင်း ဖြစ်ပြီး၊ ဘုရားသခင်သည် တစ်ဦးတစ်ယောက်အား ဝင်ရောက်နှောင့်ယှက် ခွင့်ပြုရန် လိုလားခြင်း မရှိပေ။ ယင်းအစား အရာအားလုံးကို သူက စီစဉ်ထားခြင်းဖြစ်ပြီး လူသားက

စွမ်းဆောင်မရရှိနိုင်သည်ကို လူတို့အား သူ ရှုမြင်ခွင့်ပေးလေသည်။ ယင်းကို လူသားက မြင်နိုင်သော်လည်း သို့မဟုတ် စိတ်ကူးဖို့ ခက်ခဲသည်ကို တွေ့ရသော်လည်း၊ အရာအားလုံးကို ဘုရားသခင် တစ်ပါးတည်းက ထိန်းချုပ်ထားပြီး၊ ဘုရားသခင်သည် ယင်းကို လူသား၏ အတွေးအနည်းငယ်မျှဖြင့် စွန်းထေးစေရန် ဆန္ဒမရှိပေ။ ဘုရားသခင်သည် အနည်းငယ်မျှပင်၊ ပါဝင်သူမည်သူမဆိုကို ကေန်မုချ ခွင့်လွှတ်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူသားအပေါ် အပြစ်ရှိသည်ဟု ယုံလွယ်သော ဘုရားဖြစ်ကာ၊ ဤအရာနှင့်စပ်လျဉ်း၍ ဘုရားသခင်၏ဝိညာဉ်တော်သည် အထူးသဖြင့် စိတ်ထိခိုက်လွယ်ပုံရသည်။ ထို့ကြောင့် ဝင်ရောက်နှောင့်ယှက်ခြင်းငှာ ရည်ရွယ်ချက် အနည်းငယ်မျှ ရှိသူ မည်သူမဆိုသည် ဘုရားသခင်၏ လောင်မြိုက်နေသော မီးလျှံများ၏ ချက်ချင်း ဝိုင်းရံဖိစီးခြင်းခံရလိမ့်မည် ဖြစ်ပြီး၊ မီးထဲတွင် ပြာများအဖြစ် ပြောင်းလဲသွားကြလိမ့်မည်။ ဆုကျေးဇူးရှိသူအားလုံးသည် အသက် ကင်းမဲ့ကြသည့်အတွက်၊ ဘုရားသခင်သည် လူတို့အား ၎င်းတို့၏ ဆုကျေးဇူးများကို ၎င်းတို့နှစ်သက်သည်အတိုင်း ပြသခွင့် မပြုပေ။ ဤဆုကျေးဇူးဟုဆိုသောအရာများသည် ဘုရားသခင်ကို အစေခံရုံသာ အစေခံပြီး၊ စာတန်ထံမှ ပေါ်ပေါက်၏၊ ထို့ကြောင့် ဤအရာတွင် လိုက်လျောမှု လုံးဝမပြုသော ဘုရားသခင်၏ အထူးစက်ဆုပ်ရွံရှာခြင်းကို ခံရ၏။ သို့ရာတွင် ဘုရားသခင်၏အမှုတော်၌ ပါဝင်ဖွယ်ရှိသူများမှာ မကြာခဏ အသက်ကင်းမဲ့ လူများဖြစ်ကြသည့်အပြင်၊ ၎င်းတို့၏ပါဝင်မှုမှာ ၎င်းတို့၏ဆုကျေးဇူးများဖြင့် ဖုံးကွယ်ထားခြင်းခံရသည့်အတွက် တိမ်မြုပ်နေ၏။ ခေတ်ကာလများ တစ်လျှောက်တွင်၊ ပါရမီရှိသူများသည် အသက်မရှိကြဘဲ၊ ထိုသို့ဖြင့် ခုခံနိုင်စွမ်းလည်း ကင်းမဲ့သည့်အတွက် မည်သည့်အခါမျှ ခိုင်ခိုင်မာမာ မရပ်တည်ဖူးကြချေ။ ထို့ကြောင့် ဘုရားသခင်က၊ "အကယ်၍ ငါသည် ထင်ထင်ရှားရှား မပြောဆိုပါက၊ လူသည် မည်သည့်အခါမျှ အသိတရား ဝင်လာလိမ့်မည်မဟုတ်သကဲ့သို့၊ ငါ၏ ပြစ်တင်ဆုံးမခြင်း အထဲသို့ အမှတ်တမဲ့ ကျရောက်သွားလိမ့်မည် ဖြစ်သည်- အကြောင်းမှာ လူသည် ငါ့ကို ငါ၏လူ့ဇာတိဖြင့် မသိသောကြောင့် ဖြစ်ပေသည်။" ဟု ပြောခြင်းဖြစ်၏။ အသွေးအသားတို့နှင့် သက်ဆိုင်သောသူအားလုံးသည် ဘုရားသခင်၏ လမ်းပြခြင်းကို ခံရသော်လည်း၊ စာတန်၏ ကျေးကျွန်ဘဝတွင်လည်း အသက်ရှင်ကြပြီး၊ ထို့ကြောင့် တပ်မက်ခြင်းကြောင့် ဖြစ်စေ၊ ကြင်နာမြတ်နိုးမှုကြောင့် ဖြစ်စေ၊ ၎င်းတို့ ပတ်ဝန်းကျင်၏ အစီအစဉ်များကြောင့် ဖြစ်စေ လူတို့သည် အချင်းချင်း မည်သည့်အခါကမျှ ပုံမှန်ဆက်ဆံရေး မရှိဖူးပေ။ ထိုသို့သော မူမမှန်သည့် ပေါင်းသင်းဆက်ဆံရေးများသည် အားလုံးထဲမှ ဘုရားသခင် စက်ဆုပ်အမုန်းတီးဆုံး ဖြစ်သောကြောင့်၊ အောက်ပါကဲ့သို့သော နှုတ်ကပတ်တော်များ နှုတ်မှ

ထွက်လာသည်မှာ ထိုသို့သော ဆက်ဆံရေးများကြောင့် ဖြစ်သည်- “ငါလိုချင်သော အရာမှာ အသက်နှင့် ပြည့်ဝသော ရှင်သန်နေသည့် ဖန်ဆင်းခံသတ္တဝါများဖြစ်သည်၊ သေခြင်းတရားထဲတွင် နစ်မြုပ်ကြပြီးဖြစ်သည့် အလောင်းကောင်များ မဟုတ်ပေ။ နိုင်ငံတော်၏ စားပွဲ၌ ငါသည် လဲလျောင်းသည့်အတွက်၊ ကမ္ဘာမြေကြီးပေါ် ရှိ လူအားလုံးကို ငါ၏ စစ်ဆေးခြင်းအား လက်ခံရရှိရန် ငါကွပ်ကဲမည်။” ဘုရားသခင်သည် စကြဝဠာတစ်ခုလုံး၏အထက်၌ ရှိသည့်အခါတွင်၊ သူသည် နေ့စဉ် အသေးအသားနှင့် သက်ဆိုင်သူများ၏ လုပ်ဆောင်ချက်တိုင်းကို လေ့လာကြည့်ရှုပြီး၊ ၎င်းတို့ထဲမှ တစ်ခုကိုမျှ လျစ်လျူရှုခြင်း မရှိချေ။ ဤသည်တို့မှာ ဘုရားသခင်၏ လုပ်ဆောင်ချက်များ ဖြစ်သည်။ ထို့ကြောင့် ငါသည် လူအားလုံးအား ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများနှင့် လုပ်ရပ်များကို စစ်ဆေးရန် တိုက်တွန်း၏။ သင်သည် ဘုရားသခင်အဖို့ အရှက်၏သင်္ကေတ လက္ခဏာတစ်ရပ်ဖြစ်ရန် ငါမတောင်းဆိုသော်လည်း၊ ဘုရားသခင်၏ ဘုန်းအသရေနှင့်ဆိုင်သည့် သရုပ်သကန် တစ်ရပ်ဖြစ်ရန်နှင့် သင်၏လုပ်ဆောင်မှုများ၊ စကားများနှင့် အသက်တာများ အားလုံး၌ သင်သည် စာတန်၏ ပြက်လုံးများနှင့်ဆိုင်သည့် ပစ်မှတ် ဖြစ်မလာဖို့ရန် ငါတောင်းဆို၏။ ဤသည်မှာ လူအားလုံးနှင့်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်ဖြစ်သည်။

# အခန်း ၂၁

ဘုရားသခင်၏အမြင်တွင်၊ လူတို့သည် တိရစ္ဆာန်လောကထဲက တိရစ္ဆာန်များကဲ့သို့ဖြစ်၏။ ၎င်းတို့သည် အချင်းချင်းရန်ဖြစ်ကြသည်၊ အချင်းချင်းသတ်ဖြတ်ကြပြီး၊ အချင်းချင်း ထူးကဲသည့် တုံ့ပြန်မှုများ ရှိကြ၏။ ဘုရားသခင်၏ အမြင်တွင်၊ ၎င်းတို့သည် မည်သည့်အသက်အရွယ် သို့မဟုတ် မည်သည့်လိင်တို့ဖြစ်ပါစေ တစ်ဦးကိုတစ်ဦး လှို့ဝှက်ကြံစည်နေကြရင်း၊ လူဝံများကဲ့သို့လည်း ဖြစ်ကြသည်။ ထိုသို့ဖြင့်၊ လူသားမျိုးနွယ်တစ်ရပ်လုံး လုပ်ဆောင်ပြီး၊ ထင်ရှားစေသမျှအားလုံးသည် ဘုရားသခင်၏စိတ်နှလုံးနှင့် မည်သည့်အခါတွင်မျှ ညီညွတ်ဖူးခြင်း မရှိပေ။ ဘုရားသခင်က သူ၏မျက်နှာကို ဖုံးအုပ်သည့်အချိန်သည် လောကတစ်ဝှမ်းလုံးရှိ လူတို့ စမ်းသပ်ခံရသည့် အချိန် အတိအကျ ဖြစ်သည်။ လူတို့အားလုံးသည် နာကျင်မှုဖြင့် ညည်းညူကြ၏၊ ၎င်းတို့အားလုံးသည် ရုတ်တရက် ဖြစ်ပွားသော ကပ်ဘေး၏ခြိမ်းခြောက်မှုအောက်၌ အသက်ရှင်ကြပြီး၊ ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်မျှ ဘုရားသခင်၏တရားစီရင်ခြင်းမှ မလွတ်မြောက်ဖူးပေ။ အမှန်တွင်၊

လူ့ဇာတိခံယူခြင်း၌ ဘုရားသခင်၏အဓိက ရည်မှန်းချက်မှာ လူသားအား တရားစီရင်ရန်နှင့် သူ၏ဇာတိပကတိဖြင့် လူသားအား ပြစ်တင်ရှုတ်ချရန် ဖြစ်သည်။ ဘုရားသခင်၏စိတ်ထဲတွင် ၎င်းတို့၏အနှစ်သာရနှင့်အညီ မည်သူသည် ကယ်တင်ခြင်းခံရမည်၊ သို့မဟုတ် ဖျက်ဆီးခြင်းခံရမည်ကို အချိန်ကြာမြင့်စွာကတည်းက ဆုံးဖြတ်ထားပြီးဖြစ်ကာ ဤအရာကို နောက်ဆုံးသောအဆင့်တွင် တဖြည်းဖြည်း ပေါ်လွင်စေမည်ဖြစ်သည်။ နေ့ရက်များနှင့် လများကုန်လွန်သည်နှင့်အမျှ၊ လူတို့သည် ပြောင်းလဲပြီး၊ ၎င်းတို့၏ မူလသဏ္ဌာန်သည် ထုတ်ဖော်ပြခံရ၏။ ဥထဲတွင် ကြက်ရှိသလော သို့မဟုတ် ဘဲရှိသလော ဆိုသည်ကို ဥကွဲ၍ပွင့်သည့်အခါ သိသာလာပေသည်။ ဥကွဲသည့်အချိန်သည် မြေကြီးပေါ် ရှိ ဘေးဒုက္ခများ အဆုံးသတ်သို့ ရောက်လာမည့် အချိန်ဖြစ်သည်။ ဤအရာမှ အထဲတွင် "ကြက်" တစ်ကောင်ရှိသည် သို့မဟုတ် "ဘဲ" တစ်ကောင်ရှိသည်ကိုသိရန်အလို့ငှာ၊ "ဥ"သည် အက်ကွဲကာ ပွင့်ရမည်ဖြစ်သည်ကို မြင်နိုင်သည်။ ဤသည်မှာ ဘုရားသခင်၏ စိတ်နှလုံးထဲက အစီအစဉ်ဖြစ်ပြီး၊ ယင်းကို ပြီးမြောက်ရမည် ဖြစ်သည်။

"ညံ့ဖျင်းသည့်၊ သနားစဖွယ် လူသားမျိုးနွယ်ပါတကား။ လူသားသည် ငါ့ကို ချစ်သော်လည်း၊ ငါ့ဝိညာဉ်၏ ရည်ရွယ်ချက်များကို မလိုက်လျှောက်နိုင်သည်မှာ အဘယ်ကြောင့်နည်း။" လူသား၏ ဤအခြေအနေကြောင့်၊ ဘုရားသခင်၏အလိုကို ဖြည့်ဆည်းရန်အလို့ငှာ သူသည် ကိုင်တွယ်ဖြေရှင်းခြင်းကို ကြုံရမည်ဖြစ်သည်။ ထို့အပြင် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏စက်ဆုပ်မှုကြောင့် သူသည် ကြိမ်ဖန်များစွာ၊ "အို၊ လူသားမျိုးနွယ် အားလုံးထဲမှ ပုန်ကန်သူများ။ ၎င်းတို့သည် ငါ၏ခြေအောက်တွင် ဖျက်ဆီးခြင်းခံရမည်။ ၎င်းတို့သည် ငါ၏ပြစ်တင်ဆုံးမမှု အလယ်တွင် ပျောက်ကွယ်ရမည်ဖြစ်ပြီး၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် ၎င်းတို့၏ အကျည်းတန်သော မျက်နှာကို သိကြဖို့အလို့ငှာ၊ ၎င်းတို့သည် ငါ၏ ကြီးမြတ်သော လုပ်ငန်း ပြီးစီးသည့် နေ့ရက်တွင်၊ လူသားမျိုးနွယ်ထဲမှ နှင်ထုတ်ခြင်း ခံရမည်"ဟု ကြေညာပြီးဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်အားလုံးအား လူ့ဇာတိဖြင့် စကားပြောနေပြီး၊ စကြဝဠာတစ်ခုလုံးအထက်ရှိ ဝိညာဉ်လောကထဲက စာတန်ကိုလည်း ပြောဆိုနေ၏။ ဤသည်မှာ ဘုရားသခင်၏ အလိုဖြစ်ပြီး ဤသည်မှာ ဘုရားသခင်၏ အနှစ် ၆၀၀၀ အစီအစဉ်အားဖြင့် စွမ်းဆောင်ရရှိမည့်အရာ ဖြစ်သည်။

အကယ်စင်စစ်၊ ဘုရားသခင်သည် အထူးသဖြင့် သာမန်ဖြစ်ပြီး၊ သူက လူကိုယ်တိုင် ဆောင်ရွက်ပြီး၊ သူ၏ကိုယ်ပိုင်မျက်လုံးများဖြင့် မြင်မှသာ ပြီးမြောက်နိုင်သည့် အရာအချို့ရှိ၏။ ယင်းမှာ လူတို့စိတ်ကူးသကဲ့သို့ အရာခပ်သိမ်း သူ၏ဆန္ဒအတိုင်း လုပ်ဆောင်နေစဉ်တွင်

ဘုရားသခင်က ထိုနေရာတွင် လဲလျောင်းသည်ဟူ၍ မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်၏စစ်မှန်သောမျက်နှာနှင့် ပတ်သက်၍ လူတို့ကို မရှင်းမလင်းဖြစ်စေသည့် စာတန်၏ လူတို့၌ နှောင့်ယှက်ခြင်း အကျိုးဆက်ဖြစ်သည်။ ထိုသို့ဖြင့်၊ နောက်ဆုံးသောခေတ်အတွင်းတွင်၊ ဘုရားသခင်သည် မည်သည့်အရာမျှ ကွယ်ဝှက်ခြင်းမရှိဘဲ၊ လူသားထံ သူ၏လက်တွေ့အရှိတရားကို ပွင့်လင်းစွာ ထုတ်ဖော်ပြရန် လူ့ဇာတိခံယူပြီးဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာလောကကို စကားတစ်လုံးဖြင့် သို့မဟုတ် အတွေး အနည်းငယ်မျှဖြင့် အမြစ်ဖြတ်သုတ်သင်နိုင်သည်ဟူ၍ ဆိုထားသည့်အခါကဲ့သို့သော၊ ဘုရားသခင်၏စိတ်သဘောထားနှင့်သက်ဆိုင်သည့် အချို့သော ဖော်ပြချက်များမှာ ချဲ့ကားပြောခြင်းစစ်စစ် ဖြစ်သည်။ အကျိုးဆက်အနေဖြင့်၊ လူအများစုက၊ ဘုရားသခင်သည် အရာခပ်သိမ်း တတ်စွမ်းနိုင်သော်လည်း၊ စာတန်အား တစ်လုတ်တည်းဖြင့် မမျိုချနိုင်သည်မှာ အဘယ်ကြောင့်နည်းဟူသကဲ့သို့သော အရာများကို ပြောကြသည်။ ဤစကားများမှာ ရယ်ဖွယ်ကောင်းပြီး လူတို့သည် ဘုရားသခင်ကို မသိကြသေးသည်ကို ပြပေသည်။ ဘုရားသခင်အတွက် သူ၏ရန်သူများအား အမြစ်ဖြတ်သုတ်သင်ရန်မှာ လုပ်ငန်းစဉ်တစ်ရပ်လိုအပ်၏၊ သို့သော် ဘုရားသခင်သည် အလုံးစုံ အောင်မြင်သည်ဟု ပြောရန်မှာ မှန်ကန်၏- ဘုရားသခင်သည် နောက်ဆုံးတွင် သူ၏ရန်သူများကို အနိုင်ယူလိမ့်မည်။ အင်အားကြီးသောနိုင်ငံ တစ်နိုင်ငံသည် အားနည်းသောနိုင်ငံ တစ်နိုင်ငံကို အနိုင်ယူသည့်အခါ၊ ယင်းသည် မိမိဘာသာ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ခါတစ်ရံ အင်အားသုံးလျက်၊ တစ်ခါတစ်ရံနည်းဗျူဟာအသုံးပြုလျက်၊ အောင်ပွဲ ရရှိရမည်ဖြစ်သကဲ့သို့သာ ဖြစ်သည်။ လုပ်ငန်းစဉ်တစ်ရပ် ရှိ၏၊ သို့သော် အင်အားကြီးနိုင်ငံသည် မျိုးဆက်သစ် အဏုမြူလက်နက်များရှိပြီး၊ အားနည်းသည်နိုင်ငံသည် လွန်စွာနိမ့်ကျသည့်အတွက်၊ အားနည်းသည့်နိုင်ငံသည် မတိုက်ခိုက်ဘဲ အရှုံးပေးလိမ့်မည်ဟု ပြော၍မရပေ။ ယင်းသည် ရယ်ဖွယ်ကောင်းသော အကြောင်းပြချက်တစ်ရပ်ဖြစ်၏။ အင်အားကြီးသည့်နိုင်ငံသည် အနိုင်ရမည်မှာသေချာပြီး၊ အင်အားနည်းသည့်နိုင်ငံသည် ရှုံးမည်မှာသေချာသည်ဟုပြောသည်မှာ တရားနည်းလမ်းကျသော်လည်း၊ အင်အားကြီးသည့်နိုင်ငံသည် အင်အားနည်းသည့်နိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ ကျူးကျော်ဝင်ရောက်သည့်အခါ သာ၍ကြီးမားသော အင်အားရှိသည်ဟုသာ ပြော၍ရနိုင်ပေသည်။ သို့ဖြစ်၍ လူသားသည် သူ့ကိုမသိဟု ဘုရားသခင် အမြဲ ပြောခြင်း ဖြစ်သည်။ ထို့ကြောင့် အထက်က စကားများသည် ဘုရားသခင်ကို လူသားမသိရသည့် အကြောင်းရင်း၏ တစ်ဖက်ကိုသာ ကိုယ်စားပြုသလော။ ဤသည်တို့မှာ

လူသား၏အယူအဆများလော။ အဘယ်ကြောင့် ဘုရားသခင်သည် လူသားအနေဖြင့် သူ၏လက်တွေ့အရှိတရားကိုသာ သိရန်သာ တောင်းဆိုပြီး၊ ထိုသို့ဖြင့် လူကိုယ်တိုင် လူ့ဇာတိခံယူလာခဲ့သနည်း။ ထို့ကြောင့် လူအများစုသည် ကောင်းကင်ဘုံကို လှိုက်လှဲစွာ ကိုးကွယ်ကြသော်လည်း၊ "ကောင်းကင်ဘုံသည် လူသား၏ လုပ်ရပ်များအားဖြင့် မည်သည့်အခါတွင်မျှ စိုးစဉ်းမျှ မထိခိုက်ဖူးသကဲ့သို့၊ အကယ်၍ လူသားအပေါ် ငါ၏ ဆက်ဆံမှုသည် သူ၏ လုပ်ရပ်တိုင်းအပေါ် အခြေခံခဲ့ပါက၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် ငါ၏ ပြစ်တင်ဆုံးမမှု အလယ်တွင် အသက်ရှင်ကြရပေမည်။"

ဘုရားသခင်သည် လူသား၏အနှစ်သာရကို ရိပ်စားမိသည်။ ဘုရားသခင်၏ မိန့်မြွက်ချက်များတွင်၊ ဘုရားသခင်သည် လူသား၏ "ညှဉ်းဆဲခြင်း" အလွန်ခံရသည်မှာ သူသည် လူသားကို နောက်ထပ် မည်သို့မျှ အာရုံစိုက်ရန် စိတ်မဝင်စားသကဲ့သို့ လူသား၌ မျှော်လင့်ချက် စိုးစဉ်းမျှ မရှိသည့်ပုံ ရ၏။ လူသားသည် ကယ်တင်၍မရနိုင်တော့ ပုံပေါ်ပေမည်။ "၎င်းတို့ ပါးပြင်များပေါ် မျက်ရည်များ စီးကျနေကြသည့် များစွာသော လူတို့ကို ငါမြင်လေပြီ၊ ပြီးလျှင် ငါ၏ကြွယ်ဝမှုများအတွက် အလဲအလှယ်အနေဖြင့် ၎င်းတို့၏ နှလုံးသားများကို ပူဇော်ကြသည့် များစွာသော လူတို့ကို ငါ မြင်ပြီးဖြစ်သည်။ ထိုသို့သော "ဘုရားတရား ကိုင်းရှိုင်းမှု" ရှိသော်ငြားလည်း၊ လူသားသည် ငါ၏ ရှေ့တွင် မိမိကိုယ်ကိုယ် ဆက်ကပ်ရန် ဝမ်းမြောက်ဝမ်းသာစွာ လိုလားခြင်း လုံးဝ မရှိဖူးသည့်အတွက်၊ ငါသည် လူသားအား သူ၏ ရုတ်ခြည်းဖြစ်သည့် ပြင်းပြသော ဆန္ဒများ၏ အကျိုးဆက်အနေဖြင့်၊ ငါ၏အရာအားလုံးကို သူ့အား မည်သည့်အခါတွင်မျှ အခမဲ့ မပေးဖူးပေ။" ဘုရားသခင်သည် လူသား၏သဘာဝကို ထုတ်ဖော်ပြသည့်အခါ၊ လူသားသည် မိမိကိုယ်ကိုယ် အရှက်ရသော်လည်း ဤသည်မှာ အပေါ်ယံအသိသာဖြစ်ပြီး၊ သူသည် သူ၏သဘာဝကို ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ အမှန်တကယ် သိနိုင်စွမ်းမရှိပေ။ ထို့ကြောင့် လူအများစုသည် ဘုရားသခင်၏အလိုကို နားမလည်ပေ၊ ဘုရားသခင်၏နှုတ်ကပတ်တော်များတွင် ၎င်းတို့၏ အသက်တာအတွက် လမ်းကြောင်း ရှာမတွေ့နိုင်ကြချေ၊ ထို့ကြောင့် ၎င်းတို့ နုံအလေလေ၊ ၎င်းတို့ကို ဘုရားသခင်က သာ၍ပြင်းထန်စွာ သရော်လေလေဖြစ်၏။ ထို့ကြောင့် ၎င်းတို့သည် အကျည်းတန်မှု အခန်းကဏ္ဍထဲသို့ မရည်ရွယ်ဘဲ ဝင်ရောက်ကြ၏- အကျိုးဆက်အနေဖြင့်၊ ၎င်းတို့သည် "ပျော့ပြောင်းသော ဓား"ဖြင့် အထိုးခံရသကဲ့သို့ မိမိတို့ကိုယ်ကိုယ် သိလာကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူသား၏လုပ်ဆောင်ချက်များကို ချီးမွမ်းပုံရပြီး လူသား၏ လုပ်ဆောင်ချက်များကို အားပေးပုံရသော်လည်း- လူတို့အနေဖြင့် ဘုရားသခင်သည် ၎င်းတို့အား လှောင်နေသည်ဟု အစဉ်ခံစားကြ၏။ ထို့ကြောင့်

ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကို ၎င်းတို့ ဖတ်သည့်အခါ၊ ၎င်းတို့မျက်နှာရှိ ကြွက်သားများသည် ရံဖန်ရံခါ အကြောဆွဲသည့်အလား ဆတ်ခနဲ့လှုပ်သွားကြသည်။ ဤသည်မှာ ၎င်းတို့ အသိတရား၏ မစင်ကြယ်ခြင်းဖြစ်ပြီး၊ ယင်းတို့သည် တမင်မဟုတ်မလုပ်ဘဲနှင့် ဆတ်ခနဲ့ လှုပ်ကြသည်မှာ ဤအရာကြောင့် ဖြစ်သည်။ လူတို့၏ရယ်ဖွယ်ကောင်းသော ပုံစံကို ရီမုတ်ကွန်ထရိုး "ဗီစီအာရ်" ဖြင့် ဖွင့်နေသော်လည်း ပိတ်၍မရဘဲ သည်းခံရုံသာ တတ်နိုင်သည့်အတွက်၊ ၎င်းတို့၏နာကျင်မှုသည် ရယ်လိုသော်လည်း မရယ်နိုင်သကဲ့သို့- မငိုနိုင်သည့် နာကျင်မှုမျိုးဖြစ်သည်။ "ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် အာရုံစိုက်ခြင်း" ကို လုပ်ဖော်ကိုင်ဖက်အားလုံး အစည်းအဝေးများအတွင်းတွင် ဟောပြောထားသော်လည်း၊ အဆင်းနီသောနဂါးကြီး၏ သားပေါက်များ၏ သဘာဝကို မသိသူ မည်သူရှိသနည်း။ မျက်နှာချင်းဆိုင်သည့်အခါ၊ ၎င်းတို့သည် သိုးသငယ်များတမျှ နာခံကြသော်လည်း ကျောခိုင်းလိုက်သည့်အခါ၊ ၎င်းတို့သည် ဝံပုလွေများတမျှ ရက်စက်ကြမ်းကြုတ်ကြပြီး ယင်းကို "များစွာသော လူတို့သည် ငါ၏ နှုတ်ကပတ်များကို ထောက်ပံ့ပေးသောအခါ ငါ့ကို စစ်မှန်စွာ ချစ်ကြသည်၊ သို့သော် ၎င်းတို့၏ စိတ်ဝိညာဉ်များတွင် ငါ၏ နှုတ်ကပတ်တော်များကို မချစ်မြတ်နိုးကြပေ၊ ထိုအစား ယင်းတို့ကို အများပြည်သူပိုင်သည့် ဥစ္စာကဲ့သို့ သာမန်ကာလျှံကာ အသုံးပြုကြပြီး ယင်းတို့ကို လာခဲ့သည့် နေရာများသို့ ၎င်းတို့ ပစ်ချင်သည့်အခါတိုင်း ပြန်ပစ်ပေးကြသည်" ဟူသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များတွင် တွေ့မြင်နိုင်သည်။ ဘုရားသခင်သည် လူသားအား အဘယ်ကြောင့် အစဉ် ဖော်ထုတ်လေပြီနည်း။ ဤအရာက လူသား၏သဘာဝအဟောင်းသည် မည်သည့်အခါတွင်မျှ တစ်လက်မမျှ မလှုပ်ဖူးသည်ကို ပြသပေသည်။ တိုင်တောင်ကဲ့သို့၊ ယင်းသည် သန်းရာပေါင်းများစွာသော လူတို့၏နှလုံးသားများတွင် ဝင့်ကြွားကာ ယုံကြည်စိတ်ချရသော်လည်း၊ ယူဂေါင်းက ထိုတောင်ကို ရွှေ့သောနေ့ရက် ရောက်လာလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ အစီအစဉ်ဖြစ်သည်။ သူ၏မိန့်မြွက်ချက်များတွင် ဘုရားသခင်သည် လူသားနှင့်သက်ဆိုင်၍ သတ်မှတ်ချက်များ မပြုသည့်အခိုက်အတန့်၊ သို့မဟုတ် လူသားအား သူ၏ အသက်တာတွင် ထုတ်ဖော်ပြသည့် သူ၏ သဘာဝကို မထောက်ပြသည့် အခိုက်အတန့်ဟူ၍ မရှိပေ- "လူသားသည် ငါနှင့် ဝေးကွာသောအချိန်၊ ပြီးလျှင် ငါ့ကို သူ စမ်းသပ်သောအချိန်တွင်၊ ငါသည် ငါ့ကိုယ်ငါ သူ့ထံမှ တိမ်များအကြားတွင် ကွယ်ဝှက်၏။ အကျိုးဆက်အနေဖြင့်၊ သူသည် ငါ၏ အရိပ်အယောင် တစ်ခုတစ်လေမျှ ရှာမတွေ့နိုင်သကဲ့သို့၊ ဆိုးယုတ်သောသူတို့ တောင်းဆိုသမျှအားလုံးကို လုပ်ဆောင်ရင်း၊ ၎င်းတို့၏ လက်အားဖြင့်သာ အသက်ရှင်ကြသည်။" လက်တွေ့အရှိတရားတွင်၊ လူတို့သည်

ရှာဖွေခြင်းအတွက် စိတ်ဆန္ဒ အလွန်နည်းပါးသောကြောင့်၊ ၎င်းတို့သည် ဘုရားသခင်၏မျက်မှောက်၌ အသက်ရှင်ရန် အခွင့်အလမ်း ရှိခဲ့၏၊ အကျိုးဆက်အနေဖြင့်၊ လူအများစုသည် ဘုရားသခင်ကို ချစ်ကြသော်လည်း၊ ၎င်းတို့သည် နတ်ဆိုး၏လက်အောက်တွင် အသက်ရှင်ကြပြီး၊ ၎င်းတို့ လုပ်ဆောင်သမျှအားလုံးကို နတ်ဆိုးက ညွှန်ကြားထားခြင်း ဖြစ်သည်။ အကယ်၍ လူတို့သည် နေ့စဉ် အခိုက်အတန့်တိုင်း၌ ဘုရားသခင်ကို ရှာဖွေရင်း၊ ဘုရားသခင်၏အလင်း၌ အမှန်တကယ် အသက်ရှင်ခဲ့ကြပါက၊ ဘုရားသခင်အတွက် ဤသို့ပြောရန် လိုမည်မဟုတ်ပေ၊ ဟုတ်ပါသလော။ လူတို့သည် စာကို မေ့ထားလိုက်သည့်အခါ၊ ၎င်းတို့သည် ထိုစာအုပ်နှင့်အတူ ဘုရားသခင်ကို ချက်ချင်း မေ့ထားလိုက်ခြင်းဖြစ်ကာ၊ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ ကိစ္စကိုသာ စိတ်ဝင်စားကြသည်၊ ယင်းနောက်တွင် ဘုရားသခင်သည် ၎င်းတို့၏နှလုံးသားများမှ ပျောက်ကွယ်သွား၏။ သို့ရာတွင် ၎င်းတို့သည် ထိုစာအုပ်ကို တစ်ဖန်ကောက်ယူသည့်အခါ၊ ၎င်းတို့သည် ဘုရားသခင်အား သိပ်မစဉ်းစားခဲ့ကြလေပြီကို ရုတ်တရက် တွေးမိသွား၏။ ယင်းမှာ လူသား၏ "မှတ်ဉာဏ်မရှိသော" ဘဝ ဖြစ်သတည်း။ ဘုရားသခင် သာ၍ စကားပြောလေလေ၊ သူ၏နှုတ်ကပတ်တော်များ သာ၍ မြင့်မားလေလေဖြစ်၏။ ထိုနှုတ်ကပတ်တော်များ အထွတ်အထိပ်သို့ရောက်သောအခါ၊ အမှုအားလုံး အဆုံးသတ်ကာ အကျိုးဆက်အနေဖြင့်၊ ဘုရားသခင်သည် သူ၏မိန့်မြွက်ချက်များကို ရပ်တန့်လိုက်၏။ ဘုရားသခင် အမှုပြုသည့် အခြေခံသဘောတရားမှာ သူ၏အမှု အထွတ်အထိပ်သို့ရောက်ရှိချိန်တွင် ယင်းကို အဆုံးသတ်ရန်ဖြစ်၏၊ ယင်းသည် အထွတ်အထိပ်သို့ရောက်သည်နှင့်တစ်ပြိုင်နက်၊ သူသည် ဆက်လက် အမှုပြုနေခြင်းမရှိဘဲ၊ ရုတ်ခြည်း ရပ်လိုက်၏။ သူသည် မလိုအပ်သောအမှုကို မည်သည့်အခါမျှ မပြုပေ။

# အခန်း ၂၂ နှင့် ၂၃

ယနေ့ အားလုံးသည် ဘုရားသခင်၏အလိုတော်ကို သဘောပေါက်ရန်နှင့် ဘုရားသခင်၏စိတ်သဘောထားကို သိရန် လိုလားနေကြသော်လည်း၊ ၎င်းတို့ လုပ်ဆောင်ဖို့ လိုလားနေသည့်အရာကို အဘယ်ကြောင့် ဆောင်ရွက်နိုင်စွမ်း မရှိကြသည်၊ အဘယ်ကြောင့် ၎င်းတို့၏ စိတ်နှလုံးသားများက အမြဲ ဇာတိရုပ်ကိုပြနေသည်ဆိုသည်နှင့် ၎င်းတို့ လိုချင်သည့်အရာကို အဘယ်ကြောင့် စွမ်းဆောင်မရရှိနိုင်သည်ဆိုသည့် အကြောင်းရင်းကို ၎င်းတို့မသိပေ။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့သည် နောက်တစ်ကြိမ် ကြီးမားသော

ကြံရာမရဖြစ်ခြင်းနှင့် ဝိုင်းရံဖိစီးခံရပြီး ၎င်းတို့သည် ကြောက်ရွံ့ခြင်းလည်း ဖြစ်ကြ၏။ ဤကွဲလွဲနေသည့် စိတ်ခံစားမှုများကို ဖော်မပြနိုင်ဘဲ၊ ၎င်းတို့သည် ဝမ်းနည်းမှုဖြင့် ၎င်းတို့၏ဦးခေါင်းများကို ငုံ့ရုံသာငုံ့နိုင်ပြီး၊ မိမိတို့ကိုယ်ကိုယ် မရပ်မနား မေးမိကြလေသည်- "ဘုရားသခင်သည် ငါ့ကို အလင်းမပေးခြင်းများ ဖြစ်နိုင်မည်လော။ ဘုရားသခင်သည် ငါ့ကို တိတ်တဆိတ် စွန့်ပစ်ပြီးပြီများ ဖြစ်နိုင်မည်လော။ အခြားသူ အယောက်တိုင်းသည် အဆင်ပြေနေပြီး၊ ဘုရားသခင်သည် ငါမှလွဲ၍ ၎င်းတို့အားလုံးကို အသိဉာဏ်ပွင့်လင်းစေပြီး ဖြစ်ကောင်းဖြစ်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ငါဖတ်သည့်အခါ၊ အဘယ်ကြောင့် အမြဲ စိတ်အနှောင့်အယှက် ဖြစ်သနည်း— အဘယ်ကြောင့် မည်သည့်အရာကိုမျှ ငါ သဘောမပေါက်နိုင်သနည်း။" ထိုသို့သော အတွေးများက လူတို့၏စိတ်များတွင် ရှိသော်လည်း၊ မည်သူမျှ ယင်းတို့ကို မဖော်ပြဝံ့ပေ။ ၎င်းတို့သည် အတွင်း၌ ဆက်လက် ရုန်းကန်နေကြရုံသာ ရှိ၏။ အမှန်တွင် ဘုရားသခင်မှလွဲ၍ မည်သူကမျှ သူ၏ နှုတ်ကပတ်တော်များကို နားလည်နိုင်ခြင်းမရှိ သို့မဟုတ် သူ၏ စစ်မှန်သော အလိုတော်ကို သဘောပေါက်နိုင်ခြင်း မရှိပေ။ သို့ရာတွင် ဘုရားသခင်သည် သူ၏အလိုတော်ကို သဘောပေါက်ရန် လူတို့အား အမြဲတောင်းဆို၏— ဤသည်မှာ ဘဲတစ်ကောင်ကို သစ်ကိုင်း တစ်ကိုင်းပေါ်သို့ မောင်းရန် ကြိုးစားနေခြင်းနှင့် တူသည် မဟုတ်လော။ ဘုရားသခင်သည် လူသား၏ အားနည်းချက်များကို မသိနားမလည်သလော။ ဤသည်မှာ လူတို့ နားမလည်နိုင်သည့် ဘုရားသခင်၏ အမှု၏ ဆုံရာ ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်က "လူသည် အလင်းအလယ်တွင် နေထိုင်သော်ငြားလည်း၊ သူသည် အလင်း၏ အဖိုးတန်မှုကို မသိချေ။ သူသည် အလင်း၏ အနှစ်သာရနှင့် အလင်း၏ အရင်းအမြစ်၊ ထို့အပြင် အလင်းက မည်သူနှင့် သက်ဆိုင်သည် ဆိုသည်တို့ကို မသိနားမလည်ချေ။" ဟု ပြောပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များက လူသားကို ပြောသည့်အရာနှင့် သူ့အပေါ် တောင်းဆိုသည့်အရာအရ၊ လူသား၏ ဇာတိပကတိတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံသည့်အရာ မည်သည့်အရာမျှ မရှိသည့်အတွက်၊ မည်သူမျှ ရှင်သန်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နာခံနိုင်ခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ချစ်ခင်မြတ်နိုးပြီး တမ်းတခြင်းနှင့် လူသား၏ အခြေအနေကို ညွှန်ပြသည့် ဘုရားသခင်၏ ထိုနှုတ်ကပတ်တော်များကို ၎င်းတို့၏ ကိုယ်ပိုင် အခြေအနေအပေါ် ကျင့်သုံးခြင်းနှင့် ထိုသို့ဖြင့် မိမိတို့ကိုယ်ကိုယ် သိနားလည်လာခြင်း— ဤသည်မှာ အမြင့်ဆုံးသော အဆင့်အတန်း ဖြစ်၏။ နောက်ဆုံးတွင် နိုင်ငံတော် အကောင်အထည်ပေါ်သည့်အခါ၊ ဇာတိပကတိ၌ အသက်ရှင်သည့် လူသည် ဘုရားသခင်၏

အလိုကို နားလည်သဘောပေါက်နိုင်စွမ်း ရှိလိမ့်ဦးမည် မဟုတ်သကဲ့သို့ ဘုရားသခင်၏ ကိုယ်တိုင်ကိုယ်ကျ လမ်းပြမှုကို လိုအပ်လိမ့်ဦးမည် ဖြစ်သည်— သို့သော် လူတို့သည် စာတန်၏ နှောင့်ယှက်မှု တကယ်ကို မရှိဘဲ ဖြစ်လိမ့်မည် ဖြစ်ပြီး လူသား၏ ပုံမှန် အသက်တာကို ပိုင်ဆိုင်လိမ့်မည်။ ဤသည်မှာ ဘုရားသခင် ဖန်ဆင်းထားခဲ့သည့် လူသား၏နဂိုမူလ အနှစ်သာရကို ပြန်လည်ရရှိရန်အလို့ငှာ၊ သူ အဓိက လုပ်ဆောင်သည့် စာတန်ကို အနိုင်ယူရာတွင် ဘုရားသခင်၏ ရည်မှန်းချက်ဖြစ်သည်။ ဘုရားသခင်၏စိတ်ထဲတွင်၊ “ဇာတိပကတိ” သည် အောက်ပါအရာကို ရည်ညွှန်းပေသည်- ဘုရားသခင်၏အနှစ်သာရကို သိရှိနိုင်စွမ်း မရှိခြင်း၊ ဝိညာဉ်လောက၏အရေးကိစ္စများကို မြင်နိုင်စွမ်း မရှိခြင်းနှင့်၊ ထို့အပြင် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရနိုင်စွမ်း ရှိသော်လည်း၊ ဘုရားသခင့်ဝိညာဉ်တော်၏ လမ်းညွှန်ခြင်းကိုလည်း ခံရနိုင်စွမ်းရှိခြင်းတို့ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် ဖန်ဆင်းခဲ့သည့် ဇာတိပကတိ၏အနှစ်သာရ ဖြစ်သည်။ ပင်ကိုအားဖြင့် ယင်းမှာ စနစ်ကျမှု ကင်းမဲ့ခြင်းက ဖြစ်စေသည့် လူသားမျိုးနွယ်၏ဘဝထဲက ပရမ်းပတာ ဖြစ်ခြင်းကို ရှောင်ရှားရန်လည်း ရည်ရွယ်ပေသည်။ ဘုရားသခင် စကားပြောလေလေ၊ သာ၍ ပြတ်သားစွာ သူ စကားပြောလေလေ၊ လူတို့သည် သာ၍ နားလည်လေလေဖြစ်၏။ လူတို့သည် မရည်ရွယ်ဘဲ ပြောင်းလဲကြပြီး၊ မရည်ရွယ်ဘဲ အလင်းတွင် အသက်ရှင်ကြကာ၊ ထိုသို့ဖြင့် “အလင်းကြောင့် ၎င်းတို့သည် ကြီးထွားနေကြကာ၊ အမှောင်ထုကို စွန့်ခွာကြပြီးဖြစ်သည်။” ဤသည်မှာ နိုင်ငံတော်၏ လှပသော မြင်ကွင်းဖြစ်ပြီး၊ အတိတ်တွင် မကြာခဏ ပြောဆိုပြီးဖြစ်သည့်၊ “အလင်း၌နေခြင်း၊ သေခြင်းမှခွဲခွာခြင်း” ဖြစ်၏။ သိနိမ်ပြည်သည် မြေကြီးပေါ်၌ အကောင်အထည် ပေါ်လာသည့်အခါတွင်- နိုင်ငံတော် အကောင်အထည် ပေါ်လာသည့်အခါတွင်- ကမ္ဘာမြေပေါ်တွင် စစ်မက်ရှိတော့မည် မဟုတ်။ ငတ်မွတ်ခြင်း၊ ကပ်ဆိုးများနှင့် မြေငလျင်များ နောက်ထပ် မည်သည့်အခါမျှ ရှိတော့မည် မဟုတ်ပေ။ လူတို့သည် လက်နက်များထုတ်လုပ်မှုကို ရပ်စဲကြလိမ့်မည် ဖြစ်သည်။ အားလုံးသည် ငြိမ်းချမ်းခြင်းနှင့် တည်ငြိမ်ခြင်းတွင် အသက်ရှင်ကြလိမ့်မည်။ ပြီးလျှင် လူတို့ကြားတွင် ပုံမှန်ဆက်ဆံရေးများ ရှိလိမ့်မည် ဖြစ်ပြီး၊ နိုင်ငံများကြားတွင် ပုံမှန်ဆက်ဆံရေးများ ရှိကြလိမ့်မည်။ သို့ရာတွင် ပစ္စုပ္ပန်သည် ဤအရာနှင့် နှိုင်းယှဉ်၍မရပေ။ ကောင်းကင်အောက် အရာခပ်သိမ်းသည် ပရမ်းပတာ ဖြစ်နေပြီး၊ နိုင်ငံအသီးသီးတွင် အာဏာသိမ်းမှုများ တဖြည်းဖြည်း စတင် ပေါ်ပေါက်နေကြ၏။ ဘုရားသခင်၏ မိန့်မြွက်ချက်များ နောက်ပိုင်းတွင်၊ လူတို့သည် တဖြည်းဖြည်း ပြောင်းလဲနေပြီး၊ နိုင်ငံတိုင်းသည် အတွင်းတွင် တဖြည်းဖြည်း အစိတ်စိတ်အမွှာမွှာ ခွဲခြင်းခံနေရ၏။ ဗာဗုလုန်၏ ခိုင်မြဲသော အုတ်မြစ်များသည် သဲပေါ်က

ရဲတိုက်တစ်ခုကဲ့သို့ စတင်လှုပ်ခတ်ကာ ဘုရားသခင်၏ အလို ပြောင်းလဲသည်နှင့်အမျှ လောကတွင် သတိမထားမိသည့် မြောက်မြားစွာသော အပြောင်းအလဲများ ဖြစ်ပွားပြီး၊ နိမိတ်လက္ခဏာမျိုးစုံတို့သည် ကမ္ဘာလောက၏ နောက်ဆုံးသော နေ့ရက် ရောက်ရှိပြီဖြစ်သည်ကို ပြသလျက် အချိန်မရွေး ထွက်ပေါ်လေသည်။ ဤသည်မှာ ဘုရားသခင်၏အစီအစဉ်ဖြစ်၏၊ ဤသည်တို့သည် သူအမှုပြုသည့် အဆင့်များဖြစ်ပြီး၊ နိုင်ငံအသီးသီးသည် အစိတ်စိတ်အပိုင်းပိုင်း ခွဲခံရမည်မှာ သေချာ၏၊ အိုဟောင်းသော သောဒုံမြို့သည် ဒုတိယအကြိမ် အမြစ်ဖြတ်ခြေမှုန်းခံရမည်ဖြစ်ကာ၊ ထို့ကြောင့် ဘုရားသခင်က၊ “ကမ္ဘာလောကသည် ပြိုလဲနေပေပြီ။ ဗာဗုလုန်သည် တုံ့ဆိုင်းခြင်းတွင် ရှိ၏။” ဟု ပြောခြင်းဖြစ်သည်။ ဘုရားသခင် ကိုယ်တော်တိုင်မှလွဲ၍ မည်သူမျှ ဤအရာကို အပြည့်အဝ နားလည်နိုင်စွမ်း မရှိပေ။ စင်စစ်အားဖြင့်၊ လူတို့၏အသိတွင် အကန့်အသတ် ရှိပေ၏။ ဥပမာအားဖြင့်၊ ပြည်ထဲရေးဝန်ကြီးများသည် လက်ရှိအခြေအနေများမှာ မတည်ငြိမ်သကဲ့သို့ ပရမ်းပတာဖြစ်နေသည်ကို သိနိုင်မည်ဖြစ်သော်လည်း၊ ၎င်းတို့ကို ဖော်ထုတ်ဖြေရှင်းနိုင်စွမ်း မရှိကြပေ။ ၎င်းတို့သည် ၎င်းတို့ ဂုဏ်ယူဝင့်ကြွားနိုင်မည့်နေ့ရက်၊ မြေတစ်ပြင်လုံးကို ထွန်းလင်းကာ ဤအရေးကိစ္စများ၏ စိတ်ပျက်စရာကောင်းသည့် အခြေအနေများကို ပြောင်းလဲပေးရင်း၊ အရှေ့အရပ်မှ နောက်တစ်ဖန် နေထွက်လာမည့် နေ့ရက်ကို ၎င်းတို့၏စိတ်နှလုံးတွင် မျှော်လင့်နေလျက်၊ ရေစီးအတိုင်းသာ လိုက်သွားနိုင်ကြ၏။ သို့ရာတွင် ဒုတိယအကြိမ် နေထွက်လာသည့်အခါ၊ ယင်း၏ ပေါ်ထွက်မှုသည် စနစ်ဟောင်းကို ပြန်လည်ဖော်ထုတ်ရန် မရည်ရွယ်သည်ကို ၎င်းတို့ မသိကြပေ- ယင်းသည် နိုးထလာခြင်း၊ မခွင်းမချန်ပြောင်းလဲမှု ဖြစ်ပေသည်။ ယင်းမှာ စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ အစီအစဉ် ဖြစ်၏။ သူသည် ကမ္ဘာသစ်တစ်ခုကို ဖြစ်ပေါ်စေမည်ဖြစ်သည်၊ သို့သော် အရေးအကြီးဆုံးအနေဖြင့် သူသည် ပထမဦးစွာ လူသားကို အသစ်ပြုပြင်မည်ဖြစ်သည်။ ယနေ့ မရှိမဖြစ် အလိုအပ်ဆုံးသောအရာမှာ လူသားမျိုးနွယ်ကို ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ ဆောင်ကြဉ်းခြင်း ဖြစ်သည်၊ ၎င်းတို့အား အဆင့်အတန်းနှင့်ဆိုင်သည့် ကောင်းချီးမင်္ဂလာများကို မွေ့လျော်ခွင့် ပေးခြင်းသက်သက် မဟုတ်ပေ။ ထို့အပြင် ဘုရားသခင်က၊ နိုင်ငံတော်ထဲတွင်၊ ငါသည် ရှင်ဘုရင်ဖြစ်၏- သို့သော် ငါ့ကို ၎င်း၏ ရှင်ဘုရင်အဖြစ် ဆက်ဆံရမည့်အစား၊ လူသားသည် ငါ့ကို ကောင်းကင်ဘုံမှ သက်ဆင်းလေပြီးသော ကယ်တင်ရှင် အဖြစ် ဆက်ဆံ၏။ အကျိုးဆက်အနေဖြင့်၊ သူ့အား လှူဖွယ်များကို ပေးကမ်းရန် ငါ့ကို သူတောင့်တပြီး၊ ငါနှင့်ပတ်သက်သည့် အသိပညာကို မလိုက်စားချေ။ ဟူ၍ ပြောသည့်အတိုင်းဖြစ်၏။ ယင်းမှာ လူအပေါင်းတို့၏ စစ်မှန်သော

အခြေအနေများ ဖြစ်၏။ ယနေ့တွင် အရေးကြီးသည်မှာ လူသား၏ မတင်းတိမ်နိုင်သောလောဘကို လုံးဝ ပပျောက်သွားစေခြင်းဖြစ်သည်၊ ထိုသို့ဖြင့် လူတို့အား ဘုရားသခင်ကို မည်သည့် အရာမျှမတောင်းဆိုဘဲ သိခွင့်ပေးရန် ဖြစ်၏၊ သို့ဖြစ်၍ ဘုရားသခင်က၊ "များစွာသောသူတို့သည် ငါ၏ရှေ့တွင် သူတောင်းစားများကဲ့သို့ အသနားခံကြလေပြီ။ အလွန် များစွာသောသူတို့သည် ၎င်းတို့၏ 'အိတ်များ' ကို ငါ့ထံဖွင့်ကြပြီး ရှင်သန်ဖို့ရန် ၎င်းတို့အား အစားအစာပေးဖို့ ငါ့ကို အနူးအညွတ် တောင်းပန်ကြသည်။" ဟု ပြောသည်မှာ မဆန်းပေ။ ဤကဲ့သို့သော အခြေအနေများက လူတို့၏လောဘကို ညွှန်ပြပြီး၊ ယင်းတို့က လူတို့သည် ဘုရားသခင်ကို မချစ်ကြဘဲ၊ ဘုရားသခင်ကို တောင်းဆိုချက်များ ပြုလုပ်သည် သို့မဟုတ် ၎င်းတို့ တောင့်တသည့်အရာများကို ရရန် ကြိုးစားကြသည်ကို ပြသပေသည်။ လူတို့သည် ဆာလောင်သော ဝံပုလွေတစ်ကောင်၏ သဘာဝရှိကြသည်။ ၎င်းတို့အားလုံးသည် ဉာဏ်နီဉာဏ်နက်များပြီး လောဘကြီးသောကြောင့်၊ ဘုရားသခင်သည် ၎င်းတို့၏ လောဘရှိသည့် နှလုံးသားများကို လွှဲပြောင်းပေးရန်နှင့် ဘုရားသခင်အား ရိုးသားစစ်မှန်မှုဖြင့် ချစ်ရန် အတင်းအကျပ်ပြုလျက်၊ နောက်တစ်ကြိမ်ထပ်၍ ၎င်းတို့နှင့်ဆိုင်သည့် သတ်မှတ်ချက်များ ပြုလုပ်လေသည်။ လက်တွေ့အရှိတရားတွင် ယနေ့ထက်ထိ လူတို့သည် ၎င်းတို့၏စိတ်နှလုံးတစ်ခုလုံးကို ဘုရားသခင်အား မပေးရသေးပေ။ ၎င်းတို့သည် တစ်ခါတစ်ရံ မိမိတို့ကိုယ်ကိုယ် အားကိုးလိုက် တစ်ခါတစ်ရံ ဘုရားသခင်ကို အားကိုးလိုက် ဖြစ်လျက်၊ သူ့အပေါ် အပြည့်အဝ မှီခိုလိုက်ခြင်း မရှိဘဲ၊ လှေနံနှစ်ဘက် နင်းကြလေသည်။ ဘုရားသခင်၏အမှုသည် အတိုင်းအတာတစ်ခုထိ ရောက်ရှိပြီးသောအခါ၊ လူအားလုံးသည် စစ်မှန်သော ချစ်ခြင်းမေတ္တာနှင့် ယုံကြည်ခြင်းတို့ အလယ်တွင် အသက်ရှင်ကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏အလိုတော် ဖြည့်ဆည်း ခံရလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်၏ သတ်မှတ်ချက်များသည် မမြင့်မားပေ။

ကောင်းကင်တမန်များသည် နေ့စဉ် ဝိညာဉ်လောကသို့ ပြန်လာပြီးနောက် လူ့လောကသို့ ဆင်းသက်ရင်း၊ ကောင်းကင်နှင့်မြေကြီးအကြား အလောတကြီးသွားလာလျက်၊ ဘုရားသခင်၏သားများနှင့် လူတို့အကြား စဉ်ဆက်မပြတ် လှုပ်ရှားလျက်ရှိ၏၊ ဤသည်မှာ ၎င်းတို့၏တာဝန် ဖြစ်သည်၊ ထို့ကြောင့် နေ့စဉ် ဘုရားသခင်၏သားများနှင့် လူတို့သည် ထိန်းကျောင်းခြင်းခံရပြီး၊ ၎င်းတို့၏အသက်တာသည် တဖြည်းဖြည်း ပြောင်းလဲ၏။ ဘုရားသခင်က သူ၏ပုံသဏ္ဍာန်ကို ပြောင်းလဲသည့်နေ့တွင်၊ မြေကြီးပေါ် ရှိ ကောင်းကင်တမန်တို့၏အမှုသည် တရားဝင်အဆုံးသတ်မည် ဖြစ်ပြီး၊ ၎င်းတို့သည် ကောင်းကင်နယ်ပယ်သို့ ပြန်သွားကြလိမ့်မည်။ ယနေ့တွင် ဘုရားသခင်၏သားများနှင့်

လူတို့အားလုံးသည် တူညီသော အခြေအနေတွင် ရှိကြသည်။ စက္ကန့်များ ကျော်လွန်သွားသည်နှင့်အမျှ၊ လူအားလုံးသည် ပြောင်းလဲနေကြပြီး ဘုရားသခင်၏သားများနှင့် လူတို့သည် တဖြည်းဖြည်း ရင့်ကျက်လာနေကြသည်။ ယုဉ်လိုက်လျှင် ပုန်ကန်သူအားလုံးသည်လည်း အဆင်းနီသောနဂါးကြီး ရှေ့မှောက်တွင် ပြောင်းလဲနေကြ၏၊ လူတို့သည် အဆင်းနီသော နဂါးကြီးကို သစ္စာစောင့်သိခြင်း မရှိကြတော့သကဲ့သို့၊ မကောင်းဆိုးဝါးများသည် ၎င်း၏အစီအစဉ်များနောက် မလိုက်ကြတော့ပေ။ ယင်းအစား ၎င်းတို့သည် “၎င်းတို့ သင့်တော်သည်ဟု မြင်သည့်အတိုင်း ပြုမူကြပြီး၊ အသီးသီးက လုပ်ချင်ရာ လုပ်ကြလေသည်။” ထို့ကြောင့် ဘုရားသခင်က၊ “ကမ္ဘာမြေကြီးပေါ် ရှိ နိုင်ငံများသည် အဘယ်သို့ မပျက်စီးနိုင်မည်နည်း။ ကမ္ဘာမြေကြီးပေါ် ရှိ နိုင်ငံများသည် အဘယ်သို့ မပြိုလဲဘဲ နေနိုင်မည်နည်း။” ဟု ပြောသည့်အခါ၊ ကောင်းကင်သည် တစ်မုဟုတ်ချင်း ဖိနှိပ်လျက် အောက်သို့ဆင်းလာ၏။ ယင်းသည် လူသားမျိုးနွယ်၏အဆုံးကို နိမိတ်ဆိုး ပြနေသည့် မကောင်းသော ခံစားချက် တစ်ခုအလား ဖြစ်၏။...ဤနေရာတွင် ပရောဖက်ပြုထားသည့် အမျိုးမျိုးသော မကောင်းသည့် နိမိတ်လက္ခဏာများသည် အတိအကျအားဖြင့် အဆင်းနီသောနဂါးကြီး၏နိုင်ငံတွင် ဖြစ်ပွားနေသည့် အရာဖြစ်ပြီး ကမ္ဘာမြေကြီးပေါ် ရှိ မည်သူမျှ မလွတ်မြောက်နိုင်ပေ။ ယင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲက ပရောဖက်ပြုချက် ဖြစ်၏။ ယနေ့တွင် လူအားလုံးသည် အချိန်ကာလ တိုတောင်းသည်ဟူသော စိတ်ထင့်ခြင်းတစ်ခု ရှိကြပြီး၊ ၎င်းတို့အပေါ် ကပ်ဘေးတစ်ခု ကျရောက်တော့မည်ကို ခံစားကြရပုံ ရလေသည်- သို့ရာတွင် ၎င်းတို့သည် လွတ်မြောက်ရန် နည်းလမ်း မရှိပေ၊ ထို့ကြောင့် ၎င်းတို့အားလုံး မျှော်လင့်ချက် မရှိကြချေ။ ဘုရားသခင်က၊ “ငါ့နိုင်ငံတော်၏ “အတွင်းခန်း”ကို နေ့စဉ်နှင့်အမျှ ငါတန်ဆာ ဆင်သည်နှင့်အမျှ၊ မည်သူမျှ ငါ၏အလုပ်ကို နှောင့်ယှက်ရန် ငါ၏ “အလုပ်ခန်း” ထဲသို့ ရုတ်တရက် မဝင်လာဖူးပေ။”ဟု ပြော၏။ အမှန်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်မှာ လူတို့သည် ဘုရားသခင်ကို သူ၏နှုတ်ကပတ်တော်များ၌ သိနိုင်ကြသည်ဟု ပြောဖို့သက်သက် မဟုတ်ပေ။ အရေးအကြီးဆုံးမှာ ယင်းတို့က ဘုရားသခင်သည် သူ၏အမှုတော် နောက်တစ်ပိုင်းအဖို့ အသုံးတော်ခံရန် စကြဝဠာတစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှု ပုံစံမျိုးစုံကို နေ့စဉ် စီစဉ်နေသည်ကို ယင်းတို့က ညွှန်ပြပေသည်။ သူက၊ “မည်သူမျှ ငါ၏အလုပ်ကို နှောင့်ယှက်ရန် ငါ၏ “အလုပ်ခန်း” ထဲသို့ ရုတ်တရက် မဝင်လာဖူးပေ။”ဟု ပြောရသည့် အကြောင်းရင်းမှာ ဘုရားသခင်သည် ဘုရားသဘောသဘာဝ၌ အမှုပြုပြီး၊ လူတို့သည် သူ၏အမှုတော်၌ ပါဝင်ရန် ဆန္ဒရှိကောင်းရှိနိုင်သော်လည်း၊ ပါဝင်နိုင်စွမ်း မရှိကြခြင်း ဖြစ်သည်။ သင့်ကို ငါ မေးမည်-

စကြဝဠာတစ်ခွင်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုအားလုံးကို သင် အမှန်တကယ် စီစဉ်နိုင်မည်လော။ မြေကြီးပေါ် ရှိ လူတို့အား ၎င်းတို့၏ဘိုးဘေးများကို သင် အာခံစေနိုင်မည်လော။ စကြဝဠာ တစ်ခွင်လုံးရှိ လူတို့အား ဘုရားသခင်၏အလိုတော်အအတွက် အစေခံရန် သင် ကိုင်တွယ် ထိန်းသိမ်းနိုင်မည်လော။ သင်သည် စာတန်အား ထိန်းမနိုင်သိမ်းမရ သောင်းကျန်း စေနိုင်မည်လော။ သင်သည် လူတို့အား လောကသည် ပျက်စီးယိုယွင်းပြီး အနှစ်မဲ့သည်ဟု ခံစားစေနိုင်မည်လော။ လူတို့သည် ထိုသို့သောအရာများကို တတ်နိုင်စွမ်းမရှိပေ။ အတိတ်ကာလတွင်၊ စာတန်၏ "ကျွမ်းကျင်မှုများ" အပြည့်အဝ မကျရောက်ခဲ့သေးသည့် အချိန်တွင်၊ စာတန်သည် ဘုရားသခင်၏အမှုတော် အဆင့်အသီးသီးတွင် အမြဲ ဝင်ရောက် နှောင့်ယှက်ပေမည်။ ဤအဆင့်တွင် စာတန်သည် လှည့်ကွက်များ ကုန်သွားပြီဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်သည် ၎င်း၏စရိုက်မှန်ကို လူတို့သိနိုင်ရန်အလို့ငှာ ၎င်းအား ပြခွင့်ပြု၏။ ဤသည်မှာ "မည်သူမျှ ငါ၏အမှုတော်ကို မနှောင့်ယှက်ဖူးသေးပေ။" ဟူသော နှုတ်ကပတ်တော်များ၏ အမှန်တရား ဖြစ်၏။

နေ့စဉ်၊ အသင်းတော်များ၏ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုကြပြီး၊ နေ့စဉ် ၎င်းတို့သည် "ခွဲစိတ်စားပွဲ" ပေါ်က ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်းအမှုကို ကြုံကြရလေသည်။ ဥပမာအားဖြင့်၊ "၎င်းတို့၏ ရာထူးဆုံးရှုံးမှု၊" "ထုတ်ပယ်ခြင်းခံရမှု၊" "၎င်းတို့၏ ကြောက်ရွံ့မှုများ ပြေပျောက်သွားပြီး တည်ငြိမ်အေးဆေးမှုကို ပြန်လည်ရရှိလျက်၊" "စွန့်ပစ်ခြင်း၊" နှင့် "ခံစားချက်ကင်းမဲ့ခြင်း"— ထိုသို့သော လျောင်ပြောင်သည့် စကားများသည် လူတို့အား "ညှဉ်းဆဲပြီး" အရှက်ရခြင်းဖြင့် ကြက်သေသေသွားစေ၏၊ ခေါင်းအစ ခြေအဆုံး၊ အတွင်းမှအပြင်- ၎င်းတို့၏ကိုယ်ခန္ဓာတစ်ခုလုံး၏ မည်သည့်အစိတ်အပိုင်းမျှသည် ဘုရားသခင် လက်သင့်ခံနိုင်ဖွယ် မဟုတ်သည့်အလား ဖြစ်သည်။ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်များဖြင့် လူတို့၏ဘဝများအား အဘယ်ကြောင့် လွန်စွာ ပြောင်တလင်းခါစေသနည်း။ ဘုရားသခင်သည် လူတို့အတွက် အမှုအရာများအား တမင်တကာ ခက်ခဲနေစေသလော။ ယင်းမှာ လူအားလုံး၏မျက်နှာများသည် ဆေးကြော၍မရသည့် ရွှံ့နှင့် ပေကျံသည့်အလား ဖြစ်၏။ နေ့စဉ် ခေါင်းများငုံ့လျက် ၎င်းတို့သည် ရိုက်စား လူလိမ်များအလား ၎င်းတို့၏အပြစ်များအကြောင်း ပြောပြကြ၏။ လူတို့သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို အလွန် ခံရပြီးဖြစ်သည်မှာ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင် စစ်မှန်သော အခြေအနေများကို အပြည့်အဝ မသိသည်အထိ ဖြစ်၏။ သို့ရာတွင် ဘုရားသခင်အို့တွက်၊ စာတန်၏အဆိပ်သည် ၎င်းတို့၏ ရိုးတွင်းခြင်ဆီအထိပင် ၎င်းတို့ကိုယ်ခန္ဓာများ၏ အစိတ်အပိုင်းတိုင်း၌ ရှိနေ၏၊ အကျိုးဆက်အနေဖြင့်၊ ဘုရားသခင်၏

ထုတ်ဖော်ပြချက်များ သာ၍ လေးနက်လေလေ၊ လူတို့ သာ၍ ကြောက်ရွံ့လာလေလေ ဖြစ်၏။ ထို့ကြောင့် စာတန်ကို ၎င်းတို့၏ ပကတိမျက်လုံးများဖြင့် မြင်နိုင်စွမ်း မရှိကြသည့်အတွက်၊ လူအားလုံးသည် စာတန်အား သိစေခြင်းခံရကြပြီး၊ လူသားအထဲ၌ စာတန်ကို မြင်ကြရလေသည်။ ပြီးလျှင် အားလုံးသည် လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ပြီး ဖြစ်သည့်အတွက်၊ ဘုရားသခင်သည် လူသား၏သဘာဝကို ဖော်ထုတ်လေသည်- ဆိုလိုသည်မှာ သူသည် စာတန်၏ပုံရိပ်ကို ဖော်ထုတ်သည်- ထို့သို့ဖြင့် လူသားအား စစ်မှန်ပြီး လက်ဆုပ်လက်ကိုင် ပြ၍ရသော စာတန်ကို တွေ့ခွင့်ပေးလေသည်၊ ယင်းမှာ လက်တွေ့ကျသော ဘုရားသခင်အားသိဖို့ ၎င်းတို့အတွက် သာ၍ပင် ကောင်းမွန်ပေသည်။ ဘုရားသခင်သည် လူသားအား လူ့ဇာတိဖြင့် သူ့ကို သိခွင့်ပြုပြီး လူသားအား စစ်မှန်၍ လက်ဆုပ်လက်ကိုင်ပြ၍ရနိုင်သော စာတန်ကို လူအားလုံး၏ ဇာတိပကတိ၌ သိခွင့်ပေးလျက် စာတန်အား ပုံဖော်ပေးလေသည်။ ပြောဆိုထားသည့် အခြေအနေအမျိုးမျိုးသည် စာတန်၏ လုပ်ဆောင်ချက်များ၏ ဖော်ပြချက်များသာ ဖြစ်သည်။ ထို့ကြောင့် ဇာတိပကတိရှိသော သူအားလုံးသည် စာတန်ပုံရိပ်၏ ပြယုဂ်များ ဖြစ်ကြသည်ဟုပြော၍ ရနိုင်ပေသည်။ ဘုရားသခင်သည် သူ၏ရန်သူများနှင့် သဟဇာတမဖြစ်ပေ- ၎င်းတို့သည် အချင်းချင်း ရန်လိုကြပြီး၊ မတူကွဲပြားသော အင်အားစုနှစ်ခု ဖြစ်သည်။ ထို့ကြောင့် မကောင်းဆိုးဝါးများသည် အစဉ်ထာဝရ မကောင်းဆိုးဝါးများ ဖြစ်ကြပြီး၊ ဘုရားသခင်သည် အစဉ်ထာဝရ ဘုရားသခင်ဖြစ်၏၊ ၎င်းတို့သည် မီးနှင့်ရေကဲ့သို့ သဟဇာတ မဖြစ်ချေ၊ ကောင်းကင်နှင့် မြေကြီးကဲ့သို့ အစဉ်ကွဲကွာနေကြ၏။ ဘုရားသခင်သည် လူသားကို ဖန်ဆင်းခဲ့ချိန်တွင်၊ လူတစ်မျိုးသည် ကောင်းကင်တမန်များ၏ ဝိညာဉ်များ ရှိခဲ့ကြသော်လည်း၊ တစ်မျိုးသည် ဝိညာဉ် မရှိခဲ့ကြပေ။ ထို့ကြောင့် ဒုတိယအမျိုးအစားသည် မကောင်းဆိုးဝါးတို့၏ဝိညာဉ်များ ပူးခြင်းခံခဲ့ရသောကြောင့်၊ ၎င်းတို့ကို မကောင်းဆိုးဝါးများဟု ခေါ်၏။ နောက်ဆုံးတွင် ကောင်းကင်တမန်များသည် ကောင်းကင်တမန်များဖြစ်သည်၊ မကောင်းဆိုးဝါးများသည် မကောင်းဆိုးဝါးများဖြစ်ကာ- ဘုရားသခင်သည် ဘုရားသခင်ဖြစ်၏။ ဤသည်မှာ အသီးသီးက အမျိုးအစားအလိုက်ဟု ဆိုလိုသည့်အရာ ဖြစ်သည်၊ ထို့ကြောင့် ကောင်းကင်တမန်တို့သည် ကမ္ဘာမြေကြီးပေါ်တွင် အုပ်စိုးပြီး ကောင်းချီးမင်္ဂလာတို့ကို ခံစားသည့်အခါတွင်၊ ဘုရားသခင်သည် သူ၏ကျိန်းဝပ်ရာ အရပ်သို့ ပြန်သွားပြီး ကျန်သူများ- ဘုရားသခင်၏ ရန်သူများသည်- ပြာများအဖြစ်သို့ ပြောင်းလဲသွားကြသည်။ အမှန်တွင် လူအပေါင်းတို့သည် အပြင်ပန်းအားဖြင့် ဘုရားသခင်ကို ချစ်ပုံရကြသော်လည်း၊ အရင်းအမြစ်သည် ၎င်းတို့၏ အနှစ်သာရတွင် ရှိ၏- ကောင်းကင်တမန်တို့၏ သဘာဝရှိသော

သူတို့သည် ဘုရားသခင်၏လက်မှ လွတ်မြောက်ပြီး အနက်ဆုံးသော တွင်းထဲသို့ မည်သို့ ကျနိုင်မည်နည်း။ ပြီးလျှင် မကောင်းဆိုးဝါးတို့၏ သဘာဝရှိသော သူတို့သည် ဘုရားသခင်အား တစ်ချိန်ချိန်တွင် အမှန်တကယ် မည်သို့ ချစ်နိုင်မည်နည်း။ ထိုသို့သော လူတို့၏ အနှစ်သာရသည် ဘုရားသခင်အား စစ်မှန်သော ချစ်ခြင်းတစ်ခု မဟုတ်ပေ၊ ထို့ကြောင့် ၎င်းတို့သည် နိုင်ငံတော်ထဲသို့ ဝင်ရောက်ဖို့ အခွင့်အရေး တစ်ချိန်ချိန်တွင် မည်သို့ရှိနိုင်မည်နည်း။ အရာအားလုံးကို ကမ္ဘာလောကအား ဘုရားသခင် ဖန်ဆင်းခဲ့ချိန်တွင်၊ သူ စီစဉ်ထားခဲ့ခြင်း ဖြစ်သည်၊ ဘုရားသခင်က၊ "မိုးနှင့်လေထဲတွင် ငါသည် ရွေ့တိုးပြီး၊ လူသားအလယ်တွင် တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးပြီးဖြစ်ကာ၊ မျက်မှောက်ခေတ်သို့ အချိန်မီ ရောက်လာပြီဖြစ်သည်။ ဤအရာများသည် ငါ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အဆင့်များ ဖြစ်သည် မဟုတ်လော။ မည်သူသည် ငါ၏အစီအစဉ်သို့ ဖြည့်စွက်ဖူးသနည်း။ မည်သူသည် ငါ့အစီအစဉ်၏ အဆင့်များမှ ရုတ်တရက် ထွက်ပြေး လွန်မြောက်နိုင်သနည်း။" ဟူ၍ ပြောသည့်အတိုင်းဖြစ်၏။ လူ့ဇာတိခံယူပြီး ဖြစ်လျက်၊ ဘုရားသခင်သည် လူသား၏ဘဝကို တွေ့ကြုံခံစားရမည် ဖြစ်သည်- ဤသည်မှာ လက်တွေ့ကျသော ဘုရားသခင်၏ လက်တွေ့ကျသည့်ဘက် ဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် လူသား၏ အားနည်းချက်ကြောင့် လူသားထံမှ မည်သည့်အရာကိုမျှ ကွယ်ဝှက်ထားခြင်း မရှိပေ။ ယင်းအစား ဘုရားသခင်က၊ "ငါသည် လူသားအလယ်တွင် တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးပြီးဖြစ်သည်။" ဟူ၍ ပြောသကဲ့သို့သာ အမှန်တရားကို လူသားထံ ဖွင့်ချလေသည်။ သူသည် ကမ္ဘာမြေပေါ်တွင် တစ်နှစ်ပြီး တစ်နှစ် ကျော်လွန်ပြီးဖြစ်သည်မှာ ဘုရားသခင်သည် လူ့ဇာတိခံယူသည့် ဘုရားသခင် ဖြစ်သောကြောင့် အတိအကျ ဖြစ်ပေသည်။ သို့ဖြစ်သောကြောင့်၊ ဖြစ်စဉ်မျိုးစုံကို ကြုံရပြီးသည့်နောက်တွင်သာ သူ့ကို လူ့ဇာတိခံ ဘုရားသခင်ဟု ယူဆ၍ရနိုင်ပြီး၊ ယင်းနောက်တွင်သာ သူသည် လူ့ဇာတိအတွင်း၌ ဘုရားသဘောသဘာဝဖြင့် အမှုပြုနိုင်ပေသည်။ ထို့နောက် နက်နဲမှုအားလုံးကို ထုတ်ဖော်ပြပြီးသည့်နောက်တွင်၊ သူသည် သူ၏ပုံသဏ္ဌာန်ကို လွတ်လွတ်လပ်လပ် ပြောင်းလဲလိမ့်မည်။ ဤသည်မှာ ဘုရားသခင်က တိုက်ရိုက်ညွှန်ပြခဲ့သည့် "သဘာဝလွန်မဟုတ်ခြင်း" နှင့်ဆိုင်သည့် ရှင်းပြချက်၏ နောက်ထပ်ရှုထောင့် ဖြစ်ပေသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်အသီးသီးအပေါ် ဝတ်ကျေတမ်းကျေပြုခြင်းမရှိဘဲ လက်သင့်ခံဖို့ လိုအပ်ပေသည်— ဤသည်မှာ ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်ဖြစ်၏။

## အခန်း ၂၄ နှင့် ၂၅

သေချာ ဖတ်ရှုခြင်းမရှိဘဲနှင့်၊ ဤနှစ်ရက်၏ မိန့်မြွက်ချက်များတွင် တစ်ခုတစ်လေကို သတိပြုမိရန် မဖြစ်နိုင်ပေ။ အမှန်တွင်၊ ယင်းတို့ကို တစ်နေ့တည်းတွင် ပြောဆိုပြီးဖြစ်သင့်သော်လည်း၊ ဘုရားသခင်သည် ယင်းတို့ကို နှစ်ရက်ခွဲလိုက်၏။ ဆိုလိုသည်မှာ၊ ဤနှစ်ရက်၏ မိန့်မြွက်ချက်များသည် တစ်ခုတည်းကို ပုံဖော်သော်လည်း၊ ယင်းတို့ကို လူတို့ လက်ခံရန်အတွက် သာ၍ လွယ်ကူစေရန်၊ ဘုရားသခင်သည် လူတို့အား အသက်ရှုခွင့်ပေးရန် ယင်းတို့ကို နှစ်ရက်ခွဲခဲ့ပေသည်။ ယင်းမှာ လူသားအတွက် ဘုရားသခင်၏ စာနာထောက်ထားမှုဖြစ်၏။ ဘုရားသခင်၏အမှုအားလုံးတွင်၊ လူအားလုံးသည် ၎င်းတို့၏ ကိုယ်ပိုင် နေရာတွင် ၎င်းတို့၏ လုပ်ငန်းဆောင်တာနှင့် တာဝန်ကို ထမ်းဆောင်ကြ၏။ ပူးပေါင်းလုပ်ဆောင်သူမှာ ကောင်းကင်တမန်တစ်ပါး၏ ဝိညာဉ်ရှိသည့် လူများသာ မဟုတ်ပေ။ စာတန်၏ ဝိညာဉ်များအားလုံးက လုပ်ဆောင်ကြသည်နှင့်အမျှ၊ နတ်ဆိုး၏ ဝိညာဉ်ရှိသောသူများကလည်း "ပူးပေါင်းလုပ်ဆောင်ကြ၏"။ ဘုရားသခင်၏ မိန့်မြွက်ချက်များတွင် ဘုရားသခင်၏ အလိုနှင့် လူသားအပေါ် သူ၏သတ်မှတ်ချက်များကို တွေ့ရ၏။ "ငါ၏ပြစ်တင်ဆုံးမမှုသည် လူအားလုံးအပေါ်သို့ ကျရောက်သော်လည်း ယင်းသည် လူအားလုံးမှ ဝေးကွာလျက်လည်း ရှိနေပေသည်။ လူတိုင်း၏ဘဝတစ်ခုလုံးသည် ငါ့အပေါ် ချစ်ခြင်းမေတ္တာနှင့် မုန်းတီးမှုတို့ဖြင့် ပြည့်နေကြ၏" ဟူသော နှုတ်ကပတ်တော်များသည် ဘုရားသခင်က သူနှင့်ပတ်သက်သည့် အသိပညာကို ရရှိဖို့ ဖြစ်စေလျက်၊ လူအပေါင်းတို့ကို ခြိမ်းခြောက်ရန် ပြစ်တင်ဆုံးမခြင်းအား အသုံးပြုသည်ကို ပြသပေသည်။ စာတန်၏ ဖောက်ပြန်ပျက်စီးခြင်းနှင့် ကောင်းကင်တမန်တို့၏ အားနည်းခြင်းတို့ကြောင့် ဘုရားသခင်သည် လူတို့အား ပြစ်တင်ဆုံးမရန် နှုတ်ကပတ်တော်များကိုသာ အသုံးပြုပြီး၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို အသုံးမပြုပေ။ ဖန်ဆင်းခြင်း အချိန်ကတည်းမှ ယနေ့ထိတိုင်၊ ဤသည်မှာ ကောင်းကင်တမန်များနှင့် လူအားလုံးနှင့် စပ်လျဉ်း၍၊ ဘုရားသခင့်အမှု၏ အခြေခံသဘောတရားဖြစ်သည်။ ကောင်းကင်တမန်တို့သည် ဘုရားသခင်နှင့် သက်ဆိုင်သောကြောင့်၊ တစ်နေ့တွင် ၎င်းတို့သည် ဘုရားသခင့်နိုင်ငံတော်၏ နိုင်ငံသားများ ဧကန်မုချ ဖြစ်လာကြမည်ဖြစ်ပြီး၊ ဘုရားသခင်၏ စောင့်ရှောက်မှုနှင့် ကာကွယ်မှုကိုခံရပေလိမ့်မည်။ ထိုအတောအတွင်းတွင်၊ အခြားသူအားလုံးသည်လည်း အမျိုးအစားအလိုက် ခွဲခြားခံရလိမ့်မည်။ စာတန်၏ အမျိုးမျိုးသော ဆိုးယုတ်သည့် ဝိညာဉ်အားလုံးသည် ပြစ်တင်ဆုံးမခြင်း ခံရလိမ့်မည်ဖြစ်ပြီး၊ ဝိညာဉ်မဲ့သူအားလုံးသည် ဘုရားသခင်၏သားများနှင့် လူတို့၏ အုပ်စိုးခြင်းကို ခံကြရလိမ့်မည်။ ယင်းမှာ ဘုရားသခင်၏ အစီအစဉ်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်က၊ "ငါ၏နေ့ရက် ရောက်ရှိခြင်းသည်

လူသား၏သေဆုံးခြင်း အခိုက်အတန့် အမှန်တကယ် ဖြစ်သလော။ ငါ၏နိုင်ငံတော် ဖြစ်ပေါ်ချိန်တွင် ငါသည် လူသားအား အမှန်တကယ် ဖျက်ဆီးနိုင်မည်လော" ဟု တစ်ချိန်က ပြောခဲ့ခြင်းဖြစ်သည်။ ဤသည်တို့မှာ ရိုးရှင်းသည့် မေးခွန်းနှစ်ခုဖြစ်သော်လည်း၊ ယင်းတို့သည် လူသားမျိုးနွယ်အားလုံး၏ ခရီးပန်းတိုင်အတွက် ဘုရားသခင်၏ အစီအစဉ်များ ဖြစ်ကြ၏။ ဘုရားသခင် ရောက်ရှိသည့်အခါ၊ ယင်းသည် "စကြဝဠာ တစ်ဝန်းလုံးရှိ လူတို့သည် လက်ဝါးကားတိုင်တွင် ဇောက်ထိုး သံမှိုရိုက်နှက်ခံရ" သည့်အချိန် ဖြစ်၏။ ဤသည်မှာ လူအားလုံးအား ဘုရားသခင်၏ တည်ရှိခြင်းကို သိရှိစေရန် ပြစ်တင်ဆုံးမမှုကို အသုံးပြုလျက် လူအားလုံးထံ ဘုရားသခင် ပေါ်လာခြင်း၏ ရည်ရွယ်ချက်ဖြစ်၏။ မြေကြီးပေါ်သို့ ဘုရားသခင် ဆင်းသက်သည့် အချိန်သည် နောက်ဆုံးသောခေတ်၊ ကမ္ဘာမြေပေါ် ရှိ နိုင်ငံများက ၎င်းတို့၏ ထိန်း၍မရဆုံးအခြေအနေတွင် ရှိကြသည့်အချိန် ဖြစ်သောကြောင့်၊ ဘုရားသခင်က၊ "ငါသည် ကမ္ဘာမြေကြီးပေါ်သို့ ဆင်းသက်လာသည့်အခါ၊ ယင်းသည် အမှောင်ထုဖြင့် ဖုံးအုပ်နေကာ လူသားသည် 'အိပ်မောကျ' နေ၏" ဟု ပြောခြင်းဖြစ်၏။ ထို့သို့ဖြင့်၊ ယနေ့တွင် လူ့ဇာတိခံ ဘုရားသခင်ကို သိနိုင်စွမ်းရှိသူ လက်တစ်ဆုပ်သာ ရှိပြီး၊ မရှိသလောက် ဖြစ်၏။ ယခုသည် နောက်ဆုံးသောခေတ်ဖြစ်သောကြောင့်၊ လက်တွေ့ကျသော ဘုရားသခင်ကို မည်သူမျှ အမှန်တကယ် မသိရှိဖူးကြသကဲ့သို့၊ လူတို့သည် ဘုရားသခင်ပတ်သက်သည့် အပေါ်ယံ အသိတစ်ခုသာ ရှိကြလေသည်။ လူတို့သည် နာကျင်ဖွယ်ရာ စစ်ဆေးခြင်းအလယ်တွင် အသက်ရှင်ကြသည်မှာ ဤအရာကြောင့် ဖြစ်သည်။ လူတို့သည် စစ်ဆေးခြင်းကို စွန့်ခွာချိန်၊ ယင်းသည် ၎င်းတို့ ပြစ်တင်ဆုံးမခံရဖို့ စတင်ချိန်လည်း ဖြစ်ကာ၊ ယင်းသည် လူအားလုံးက သူ့အား ကိုယ်တိုင်ကိုယ်ကျ ရှုမြင်ကြရန်အလို့ငှာ၊ ဘုရားသခင်သည် လူအားလုံးထံ ပေါ်ထွန်းသော အချိန်လည်း ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်ကြောင့်၊ လူတို့သည် ဘေးဒုက္ခထဲသို့ ကျရောက်ကာ မိမိတို့ကိုယ်ကိုယ် မလွတ်မြောက်စေနိုင်ကြချေ- ဤသည်မှာ အဆင်းနီသောနဂါးကြီးအား ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းဖြစ်ပြီး၊ သူ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့် ဖြစ်၏။ နွေဦး၏ နွေးထွေးမှုရောက်ရှိကာ ပန်းများ ပွင့်လန်းချိန်၊ ကောင်းကင်အောက်ရှိ အရာအားလုံးသည် အစိမ်းရောင်ဖြင့် ဖုံးလွှမ်းခံရကာ မြေကြီးပေါ် ရှိ အရာခပ်သိမ်း နေရာတကျရှိသည့်အချိန်တွင်၊ လူအားလုံးနှင့် အရာခပ်သိမ်းတို့သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းထဲသို့ တဖြည်းဖြည်း ဝင်ရောက်ကြမည်ဖြစ်ပြီး ထိုအချိန်တွင် ကမ္ဘာမြေကြီးပေါ် ရှိ ဘုရားသခင်၏အမှုအားလုံး အဆုံးသတ်လိမ့်မည်။ ဘုရားသခင်၏ ကြီးမြတ်သော အမှုသည် ပြီးမြောက်ပြီးဖြစ်လိမ့်မည် ဖြစ်သည့်အတွက်၊ ဘုရားသခင်သည် ကမ္ဘာမြေပေါ်တွင် အမှုပြုတော့မည်မဟုတ်၊ သို့မဟုတ် အသက်ရှင်တော့မည် မဟုတ်ပေ။

လူတို့သည် ဤတိုတောင်းသော အချိန်အတွက်၊ ၎င်းတို့၏ဇာတိပကတိကို မေ့ထားနိုင်စွမ်း မရှိသလော။ မည်သည့်အရာများက လူသားနှင့် ဘုရားသခင်ကြားက ချစ်ခြင်းမေတ္တာကို ခွဲခြမ်းနိုင်သနည်း။ လူသားနှင့် ဘုရားသခင်ကြားက ချစ်ခြင်းမေတ္တာကို မည်သူသည် တခြားစီ ဆွဲဖြဲနိုင်သနည်း။ မိဘများ၊ ခင်ပွန်းများ၊ ညီအစ်မများ၊ ဇနီးများ သို့မဟုတ် နာကျင်ဖွယ်ရာ စစ်ဆေးမှုလော။ လူသားတွင်းရှိ ဘုရားသခင်၏ပုံရိပ်ကို အသိစိတ် ခံစားချက်များက ဖယ်ရှားပစ်နိုင်သလော။ လူတို့ အချင်းချင်းအပေါ် ကျေးဇူးတင်ရှိမှုနှင့် လုပ်ရပ်များသည် ၎င်းတို့ကိုယ်တိုင်၏ လုပ်ဆောင်ချက်လော။ ၎င်းတို့ကို လူသားက ပြုပြင်နိုင်သလော။ မည်သူသည် မိမိကိုယ်ကိုယ် ကာကွယ်နိုင်သနည်း။ လူတို့သည် မိမိတို့ကိုယ်ကိုယ် ထောက်ပံ့ပေးနိုင်သလော။ ဘဝတွင် သန်မာသူများမှာ အဘယ်သူများဖြစ်သနည်း။ မည်သူသည် ငါ့ကို စွန့်ခွာပြီး၊ မိမိတို့ဘာသာ အသက်ရှင်နိုင်သနည်း။ အဖန်တလဲလဲ၊ ဘုရားသခင်သည် လူအားလုံးအား မိမိကိုယ်ကိုယ် ဆင်ခြင်သုံးသပ်ခြင်းအမှုကို ဆောင်ရွက်ရန် အဘယ်ကြောင့် တောင်းဆိုသနည်း။ အဘယ်ကြောင့်၊ ဘုရားသခင်က၊ "မည်သူ၏အခက်အခဲကို ၎င်းတို့ကိုယ်တိုင်၏ လက်များဖြင့် စီစဉ်ထားပြီးလေပြီနည်း" ဟု ဆိုသနည်း။

လက်ရှိအချိန်တွင်၊ စကြဝဠာတစ်ဝန်းလုံးတွင် အမှောင်ညရှိပြီး၊ လူတို့သည် ထုံထိုင်းကာ နံ့အနေကြသော်လည်း၊ နာရီလက်တံတို့သည် အစဉ် ရှေ့သို့ တချက်ချက်မြည်နေသည်၊ မိနစ်နှင့်စက္ကန့်တို့ မရပ်တန့်သကဲ့သို့၊ ကမ္ဘာမြေ၊ လနှင့် နေတို့၏ လည်ပတ်မှုများသည် တိုး၍ မြန်လာကြ၏။ ၎င်းတို့၏ ခံစားချက်များတွင်၊ လူတို့သည် နေ့ရက်က အလှမ်းမဝေးတော့ဟု ယုံကြည်ကြသည်။ ယင်းမှာ ၎င်းတို့၏ နောက်ဆုံးနေ့ရက်သည် ၎င်းတို့၏ မျက်စိရှေ့တွင် ရှိသည့်အလား ဖြစ်သည်။ လူတို့သည် ၎င်းတို့၏ သေဆုံးခြင်းတွင် ရည်ရွယ်ချက်တစ်ခု အထမြောက်စေရန်အလို့ငှာ၊ ၎င်းတို့ကိုယ်တိုင်၏ သေဆုံးချိန်အတွက် အရာရာကို မရပ်မနား ပြင်ဆင်ကြ၏။ သို့မဟုတ်ပါက ၎င်းတို့သည် အချည်းနှီး အသက်ရှင်ကြပြီး ဖြစ်ပေမည်။ ယင်းမှာ နောင်တရစရာ ဖြစ်မည် မဟုတ်လော။ ဘုရားသခင်သည် လောကကို အမြစ်ဖြုတ်သုတ်သင်သည့်အခါ၊သူသည် နိုင်ငံတို့၏ ပြည်တွင်းရေး အပြောင်းအလဲများဖြင့် စတင်၏၊ ယင်းမှ အာဏာသိမ်းမှုများ ဖြစ်ပွားပေသည်။ ထို့သို့ဖြင့်၊ ဘုရားသခင်သည် စကြဝဠာတစ်ဝန်းလုံးတွင် လူတို့၏အစေခံမှုကို ဆော်ဩစည်းရုံးသည်။ အဆင်းနီသောနဂါးကြီး ရစ်ခွေ လှဲလျောင်းရာ မြေသည် သက်သေ သာဓကနှင့် ထင်ရှားစေသော နယ်မြေဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အတွင်းတွင် ယင်းသည် အစိတ်စိတ်အမြွှာမြွှာ ကွဲလေသည်၊ ယင်း၏ ပြည်တွင်းရေးရာများ ပရမ်းပတာဖြစ်ခြင်းထဲသို့ ရောက်ရှိသွားသည်၊ အယောက်တိုင်းက၊ လကမ္ဘာသို့ ထွက်ပြေးရန် ပြင်ဆင်လျက်၊ မိမိကိုယ်ကိုယ် ခုခံကာကွယ်ရေးအမှုကို

လုပ်ဆောင်ကြ၏— သို့ရာတွင် ၎င်းတို့သည် ဘုရားသခင့်လက်၏ အုပ်စိုးမှုကို မည်သို့လွတ်မြောက်နိုင်မည်နည်း။ လူတို့သည် "၎င်းတို့ကိုယ်တိုင်၏ ခါးသီးသောခွက်မှ သောက်"ကြမည်ဟု ဘုရားသခင် ပြောထားသည့်အတိုင်းသာ ဖြစ်သည်။ ပြည်တွင်း ပဋိပက္ခဖြစ်ချိန်သည် ဘုရားသခင် ကမ္ဘာမြေကြီးမှ ထွက်ခွာချိန် အတိအကျဖြစ်သည်။ ဘုရားသခင်သည် အဆင်းနီသောနဂါးကြီး၏နိုင်ငံတွင် ဆက်နေလိမ့်မည် မဟုတ်သကဲ့သို့ ကမ္ဘာမြေကြီးပေါ် ရှိ သူ၏အမှုကို ချက်ချင်း အဆုံးသတ်လိမ့်မည်။ ယင်းမှာ အချိန်သည် ကုန်လွန်ပြီး၊ သိပ်မကျန်တော့ဟု ပြောနိုင်၏။ ဘုရားသခင့် နှုတ်ကပတ်တော်များ၏ သဘောသွားမှ၊ ဘုရားသခင်သည် စကြဝဠာတစ်ဝန်းလုံးရှိ အားလုံး၏ ခရီးပန်းတိုင်နှင့် သက်ဆိုင်၍ ပြောဆိုနှင့်ပြီးဖြစ်သကဲ့သို့ သူသည် ကျန်သည့်အပိုင်းအတွက် အခြားဘာမျှ ပြောစရာမရှိသည်ကို တွေ့နိုင်၏။ ဤသည်မှာ လူသားထံ ဘုရားသခင် ထုတ်ဖော်ပြသည့်အရာဖြစ်သည်။ ဘုရားသခင်က၊ "ငါ၏ အမြင်တွင် လူသားသည် အရာခပ်သိမ်း၏ အုပ်စိုးသူဖြစ်၏။ ငါသည် သူ့အား မြေကြီးပေါ် ရှိ အရာခပ်သိမ်း- တောင်များပေါ် ရှိမြက်များ၊ တောများအလယ်ရှိ တိရစ္ဆာန်များနှင့် ရေထဲရှိငါးများ- ကို စီမံခန့်ခွဲခွင့်ပေးရင်း၊ နည်းပါးသည့် သြဇာအာဏာ ပမာဏကို သူ့အား ငါမပေးလေပြီ" ဟုပြောသည်မှာ လူသားကို ဖန်ဆင်းရာတွင် ဘုရားသခင်၏ ရည်မှန်းချက်ကြောင့် ဖြစ်သည်။ ဘုရားသခင်သည် လူသားကို ဖန်ဆင်းခဲ့ချိန်တွင်၊ လူသားသည် အရာခပ်သိမ်း၏ ဆရာသခင်ဖြစ်မည်ဟု သူ ကြိုတင်ခွဲခန့်မှတ်သားထားခဲ့၏— သို့ရာတွင် လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရသောကြောင့်၊ သူ၏ဆန္ဒရှိသည့်အတိုင်း အသက်မရှင်နိုင်ပေ။ ဤအရာက "(လူသား၏) အသက်တာတစ်ခုလုံးသည် မချိတင်ကဲ ဝေဒနာနှင့် ဟိုသည် ပြေးလွှားသည့်၊ အနှစ်သာရကင်းမဲ့ခြင်းသို့ အပျော်အပါး ဖြည့်စွက်သည့် အသက်တာတစ်ခု ဖြစ်သည်" ဟူသည့် ရလဒ်နှင့်အတူ လူတို့သည် သားရဲများနှင့် မခြားသကဲ့သို့ တောင်များသည် မြစ်များနှင့် ရောနှောသွားပြီးဖြစ်သည့်၊ ယနေ့လောကသို့ ဆိုက်ရောက်စေပြီး ဖြစ်သည်။ လူသား၏ဘဝအဖို့ အဓိပ္ပာယ်မရှိသောကြောင့်၊ ပြီးလျှင် ဤသည်မှာ လူသားကို ဖန်ဆင်းရာတွင် ဘုရားသခင်၏ရည်မှန်းချက် မဟုတ်သောကြောင့်၊ ကမ္ဘာလောကတစ်ခုလုံးသည် နောက်ကျိလာပြီး ဖြစ်သည်။ ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးအား အစီအစဉ်တကျ ထားရှိသည့်အခါ၊ လူအားလုံးသည် လူ့ဘဝကို တွေ့ကြုံခံစားဖို့ တရားဝင် စတင်မည်ဖြစ်ပြီး၊ ထိုအခါမှသာ ၎င်းတို့၏ဘဝသည် အဓိပ္ပာယ်စတင်ရှိလာလိမ့်မည်။ လူတို့သည် ဘုရားသခင်မှ ၎င်းတို့အား ပေးထားသည့် သြဇာအာဏာကို စတင်အသုံးပြုကြလိမ့်မည်ဖြစ်ပြီး၊ အရာခပ်သိမ်းရှေ့တွင်

၎င်းတို့၏သခင်အဖြစ် တရားဝင် ထွက်ပေါ်လိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏လမ်းပြမှုကို လက်ခံကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ကို မနာခံဘဲ ရှိလိမ့်မည်မဟုတ်တော့ဘဲ၊ ထိုအစား၊ ဘုရားသခင်အား နာခံကြလိမ့်မည်။ သို့ရာတွင် ယနေ့လူတို့သည် ယင်းနှင့် များစွာ အလှမ်းဝေး၏။ ၎င်းတို့သည် လုပ်ဆောင်ဖူးသမျှမှာ ဘုရားသခင်မှတစ်ဆင့် "အဓမ္မနည်းဖြင့် ငွေရှာခြင်း" ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်က၊ "လူသားအပေါ် ငါပြုသည့် အမှုသည် ၎င်းအဖို့ လုံးဝအကျိုးမရှိလေသလော" ဆိုသကဲ့သို့သော မေးခွန်းတသီတသန်း မေး၏။ ဘုရားသခင်သည် ဤမေးခွန်းများကို မမေးခဲ့ပါက၊ မည်သည့်အရာမျှ ဖြစ်ပျက်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ထိုသို့သောအရာများကို သူမေးသည့်အခါ၊ ၎င်းတို့၏ အသိစိတ်များတွင် ကျေးဇူးကြွေးတင်ရှိခြင်း ရှိနေကာ၊ ၎င်းတို့သည် ဘုရားသခင်အတွက် စစ်စစ် မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်အတွက်သာ ဖြစ်သည့်အတွက်၊ လူအချို့သည် မြဲမြဲစွာ မရပ်တည်နိုင်ကြပေ။ အရာရာ၏ အလုံးစုံသည် အနှစ်သာရကင်းမဲ့၏၊ သို့ဖြစ်၍၊ ဤလူတို့နှင့် "ဘာသာတရားတိုင်း၊ လူမှုအဖွဲ့အစည်း နယ်ပယ်တိုင်း၊ တိုင်းနိုင်ငံတိုင်းနှင့် ဂိုဏ်းဂဏတိုင်း၏ လူများအားလုံးသည် ကမ္ဘာမြေကြီးပေါ် ရှိ အနှစ်သာရကင်းမဲ့မှုကို သိကြကာ၊ ၎င်းတို့အားလုံးသည် ငါ့ကိုရှာဖွေပြီး၊ ငါ၏ ပြန်လာခြင်းကို စောင့်ဆိုင်းကြ၏။" ဘုရားသခင်က အနှစ်သာရကင်းမဲ့သည့် ခေတ်ဟောင်းကို အဆုံးသတ်ရန်အလို့ငှာ၊ ဘုရားသခင်၏ ပြန်လာခြင်းကို လူအားလုံး တမ်းတကြသော်လည်း၊ ဘေးဒုက္ခထဲသို့ ကျရောက်မည်ကိုလည်း ၎င်းတို့ စိုးရိမ်ကြ၏။ ဘာသာရေးလောက တစ်ရပ်လုံးသည် လူသူကင်းမဲ့လျက် ကျန်ရစ်ကာ၊ အားလုံး၏ မသိကျိုးကျွန်ပြုခြင်း ခံရလိမ့်မည်။ ၎င်းတို့သည် လက်တွေ့အရှိတရားကင်းမဲ့ပြီး၊ ၎င်းတို့၏ ဘုရားသခင်ကို ယုံကြည်မှုသည် မရေရာသကဲ့သို့ စိတ်ကူးသက်သက် ဖြစ်သည်ကို ၎င်းတို့ နားလည်ကြလိမ့်မည်။ လူမှုအသိုင်းအဝိုင်း နယ်ပယ်တိုင်းမှ လူတို့သည်လည်း လူစုကွဲသွားကြမည်ဖြစ်ပြီး၊ တိုင်းနိုင်ငံတိုင်းနှင့် ဂိုဏ်းဂဏတိုင်းသည် ဝရုန်းသုန်းကား အခြေအနေထဲသို့ စတင်ကျရောက်ကြလိမ့်မည်။ အချုပ်အားဖြင့်၊ အရာခပ်သိမ်း၏ ပုံမှန်ဖြစ်မှုသည် တစ်စစီ ပြိုကွဲမည်၊ အားလုံးသည် ၎င်း၏ပုံမှန်အခြေအနေ ပျောက်ဆုံးလိမ့်မည်၊ ထို့ကြောင့် လူတို့သည်လည်း ၎င်းတို့၏စစ်မှန်သော စရိုက်များကို ထုတ်ဖော်ပြကြလိမ့်မည်။ ထို့ကြောင့်၊ ဘုရားသခင်က "ငါသည် လူသားအား ကြိမ်ဖန်များစွာ အော်ခေါ် ခဲ့သော်လည်း တစ်ဦးတစ်လေက သနားကရုဏာ ခံစားဖူးသလော။ တစ်ဦးတစ်လေသည် လူ့သဘာဝတွင် အသက်ရှင်ဖူးသလော။ လူသားသည် ဇာတိပကတိ၌ အသက်ရှင်ကောင်း အသက်ရှင်နိုင်သော်လည်း၊ သူသည် လူ့သဘာဝ မရှိပေ။ သူသည်

တိရစ္ဆာန်တိုင်းပြည်တွင် မွေးဖွားခဲ့လေသလော” ဟု ပြောခြင်းဖြစ်သည်။ လူသားအလယ်တွင် အပြောင်းအလဲသည်လည်း ဖြစ်ပေါ်နေပြီး၊ ဤအပြောင်းအလဲကြောင့်၊ အသီးသီးသည် အမျိုးအစားအလိုက် ခွဲခြားခံရ၏။ ဤသည်မှာ နောက်ဆုံးသောကာလအတွင်း ဘုရားသခင်၏ အမှု ဖြစ်ပြီး၊ ဤသည်မှာ နောက်ဆုံးသောကာလ၏ အမှုက စွမ်းဆောင်ရရှိမည့် အကျိုးတရား ဖြစ်သည်။ ဘုရားသခင်သည် လူသား၏အနှစ်သာရနှင့်သက်ဆိုင်၍ သာ၍ရှင်းလင်းစွာ ပြောဆိုပြီး၊ ထိုကြောင့် သူ့အမှု၏အဆုံးသည် သာ၍နီးကပ်လာသည့်အပြင် ဘုရားသခင်သည် လူတို့ထံမှ သာ၍ ကွယ်ဝှက်သည်ကို သက်သေပြ၏၊ ယင်းက ၎င်းတို့အား သာ၍ အနေရခက်စေခဲ့သည်။ လူတို့သည် ဘုရားသခင်၏အလိုကို လိုက်နာမှုနည်းလေလေ၊ ၎င်းတို့သည် ဘုရားသခင်၏ နောက်ဆုံးသောကာလ အမှုကို အာရုံစိုက်မှု နည်းလေလေဖြစ်၏၊ ဤအရာက ၎င်းတို့အား နှောင့်ယှက်မှုမှ တားဆီး၏၊ ထို့ကြောင့် ဘုရားသခင်သည် မည်သူမျှ အာရုံစိုက်မနေသည့်အချိန်တွင်၊ သူရည်ရွယ်သည့်အမှုကို ပြုလေ၏။ ဤသည်မှာ ခေတ်ကာလများတစ်လျှောက် ဘုရားသခင့်အမှု၏ အခြေခံသဘောတရားတစ်ရပ် ဖြစ်၏။ သူသည် လူတို့၏အားနည်းချက်များအပေါ် စာနာထောက်ထားမှု နည်းလေလေ၊ ထိုသို့ဖြင့် ဘုရား၏ ဘုရားသဘာဝက ပိုမိုပေါ်လွင်ထင်ရှားလေလေ ဖြစ်သည်မှာ သိသာပြီး၊ ထို့ကြောင့် ဘုရားသခင်၏နေ့ရက်သည် သာ၍နီးကပ်လာလေလေ ဖြစ်၏။

# အခန်း ၂၆

ဘုရားသခင် ပြောဆိုသည့် နှုတ်ကပတ်တော်များ အားလုံးမှ၊ ဘုရားသခင်၏ နေ့ရက်သည် ကုန်လွန်နေသည့် နေ့ရက် အသီးသီးနှင့်အတူ နီးကပ်လာသည်ကို တွေ့နိုင်သည်။ ယင်းမှာ ဤနေ့ရက်သည် လူတို့၏ မျက်စိရှေ့တည့်တည့်တွင် ရှိသည့်အလား၊ မနက်ဖြန်တွင် ရောက်ရှိမည့်အလား ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးသည့်နောက်တွင်၊ လူအားလုံးတို့သည် ထိတ်လန့်ကြောက်ရွံ့သွားကြပြီး မိုးဖွဲဖွဲ ပါရှိလျက်၊ လေညင်းဖြင့် ကြွေသည့် သစ်ရွက်များကဲ့သို့ လောက၏ အနိဋ္ဌာရုံ တစ်စိတ်တစ်ဒေသကိုလည်း ခံစားကြရသည်။ လူတို့သည် အားလုံး လုံးဝ ပျောက်ကွယ် သွားကြပြီးဖြစ်သည့်အလား၊ သဲလွန်စတစ်ခုမျှ မကျန်ဘဲ ပျောက်သွားကြသည်။ အယောက်တိုင်းသည် နိမိတ်မကောင်းသော ခံစားချက်တစ်ခု ရှိကြပြီး၊ လူအားလုံးက ကြိုးစားပြီး ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းဖို့ ဆန္ဒရှိကြကာ၊ ဘုရားသခင်၏ အလိုတော်သည် ချောမွေ့စွာနှင့် အတားအဆီးမရှိ ရှေ့ဆက်နိုင်ဖို့အလို့ငှာ၊ ဘုရားသခင်၏

ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန် လူအသီးသီးက ၎င်းတို့ အစွမ်းရှိသမျှအားလုံးကို အသုံးပြုကြသော်လည်း၊ ထိုသို့သော သဘောထားတစ်ခုသည် စိတ်ထင့်ခြင်း ခံစားချက်တစ်ခုဖြင့် အမြဲ ရောနေ၏။ ယနေ့ မိန့်မြွက်ချက်များကို ကြည့်လော့- ယင်းတို့ကို လူအုပ်များထံသို့ ထုတ်ပြန်ပါက၊ စကြဝဠာ တစ်ခုလုံးသို့ ကြေညာပါက၊ "ငါသည် ကမ္ဘာမြေကြီး တစ်ခုလုံးကို စောင့်ကြည့်မည် ဖြစ်ပြီး၊ လောကကြီး၏ အရှေ့အရပ်တွင် ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်၊ အမျက်တော်၊ ပြစ်တင်ဆုံးမခြင်းတို့နှင့် ပေါ်လာလျက်၊ လူသားမျိုးနွယ် အသင်္ချေထံသို့ ငါ့ကိုယ်ငါ ထုတ်ဖော်ပြမည်။" ဟူသည့် နှုတ်ကပတ်တော်များထဲတွင် ဝိညာဉ်ရေးရာ ကိစ္စရပ်များကို နားလည်သူ အားလုံးသည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းမှ မည်သူမျှ မလွတ်မြောက် နိုင်သကဲ့သို့၊ ပြစ်တင်ဆုံးမခြင်း၏ ဆင်းရဲဒုက္ခကို တွေ့ကြုံပြီးနောက်တွင် အားလုံးသည် ၎င်းတို့၏ အမျိုးအစားအလိုက် ခွဲခြားခံရလိမ့်မည် ဖြစ်သည်ကို မြင်ကြသည့်အတွက်၊ လူအားလုံးသည် ဦးညွှတ်ကာ ငိုကြွေးကြပေမည်။ အမှန်ပင် ဤသည်မှာ ဘုရားအမှုတော်၏ အဆင့်တစ်ခု ဖြစ်ပြီး၊ ယင်းကို မည်သူမျှ မပြောင်းလဲနိုင်ပေ။ ဘုရားသခင်သည် လောကကိုဖန်ဆင်းခဲ့ချိန်တွင်၊ လူသားမျိုးနွယ်ကို သူ ဦးဆောင်လမ်းပြခဲ့ချိန်တွင်၊ သူသည် သူ၏ဉာဏ်ပညာနှင့် အံ့သြဖွယ်ဖြစ်ခြင်းတို့ကို ပြသခဲ့ပြီး၊ ဤခေတ်ကာလကို အဆုံးသတ်သို့ သူ ဆောင်ကြဉ်းသည့်အခါမှသာ၊ သူ၏ စစ်မှန်သော ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်၊ ဒေါသအမျက်နှင့် ပြစ်တင်ဆုံးမခြင်းတို့ကို လူတို့ ရှုမြင်ကြပေလိမ့်မည်။ ထို့အပြင် သူ၏ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်နှင့် ဒေါသအမျက်တို့ကို ၎င်းတို့ မြင်နိုင်ကြသည်မှာ ပြစ်တင်ဆုံးမခြင်းမှတစ်ဆင့်သာ ဖြစ်သည်။ ဤသည်မှာ နောက်ဆုံးသောကာလအတွင်းတွင် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် လိုအပ်ပြီး မရှိမဖြစ်သကဲ့သို့ပင်၊ လျှောက်ရမည့် လမ်းကြောင်းတစ်ခု ဖြစ်၏။ လူသားမျိုးနွယ်အားလုံး၏အဆုံးကို ကြေညာပြီးသည့်နောက်တွင်၊ ဘုရားသခင်သည် ယနေ့ သူ လုပ်ဆောင်သည့်အမှုတော်ကို လူသားအား ပြ၏။ ဥပမာအားဖြင့်၊ ဘုရားသခင်က၊ "ဟောင်းနွမ်းသော ဣသရေလပြည်သည် မတည်ရှိတော့ဘဲ၊ ယနေ့ကာလ၏ ဣသရေလပြည်သည် ထမြောက်လေပြီ၊ လောကကြီးတွင် ၎င်းသည် မားမားမတ်မတ်နှင့် မြင့်မြင့်မားမားရှိကာ လူသားမျိုးနွယ်အားလုံးတို့၏ နှလုံးသားများ ထဲတွင် တည်လျက်ရှိသည်။ ယနေ့ကာလ၏ ဣသရေလပြည်သည် ငါ၏လူများမှတစ်ဆင့် ဖြစ်တည်ရာရင်းမြစ်ကို ဧကန်အမှန်ပင် ရရှိလိမ့်မည်။" "အိုး၊ မုန်းတီးဖွယ် အဲဂုတ္တု...သင်သည် ငါ၏ပြစ်တင်ဆုံးမခြင်း အတွင်း၌ မည်သို့ ရှိမနေနိုင်သနည်း" ဟုပြော၏။ ဘုရားသခင်သည် လူတို့အား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော နိုင်ငံနှစ်နိုင်ငံက သူ၏ လက်ထဲတွင် ရရှိသည့်

အကျိုးဆက်များကို တမင်သက်သက် ပြသသည်၊ ရှုထောင့်အမြင် တစ်ခုအားဖြင့် ရုပ်ပိုင်းဆိုင်ရာဖြစ်သည့် ဣသရေလကို ရည်ညွှန်းပြီး၊ နောက်ထပ် အမြင်တစ်ခုတွင် ဘုရားသခင် ရွေးချယ်ထားသောသူအားလုံးကို ရည်ညွှန်းနေပေသည်- ဆိုလိုသည်မှာ၊ ဣသရေလ ပြောင်းလဲသကဲ့သို့ ဘုရားသခင် ရွေးချယ်ထားသောသူများ မည်သို့ ပြောင်းလဲသည်ဆိုသည့်အရာ ဖြစ်သည်။ ဣသရေလသည် ယင်း၏မူလပုံစံသို့ လုံးလုံးလျားလျား ပြန်သွားကြသည့်အခါတွင်၊ ရွေးချယ်ခံရသူအားလုံးသည် နောက်ပိုင်းတွင် စုံလင်စေခြင်း ခံရလိမ့်မည်- ဆိုလိုသည်မှာ ဣသရေလသည် ဘုရားသခင် ချစ်သောသူတို့၏ အဓိပ္ပာယ်ရှိသော သင်္ကေတတစ်ခု ဖြစ်၏။ သို့သော်လည်း အဲဂုတ္တုသည် ဘုရားသခင် မုန်းတီးသည့် သူများ၏ ကိုယ်စားလှယ်များ ပေါင်းဆုံရာဖြစ်၏။ ယင်းက သာ၍ ယိုယွင်းပျက်စီးလာ လေလေ၊ ဘုရားသခင်၏ မုန်းတီးခြင်းခံရသူတို့သည် သာ၍ ဖောက်ပြန်ပျက်စီးလာလေလေ ဖြစ်သည်- ပြီးလျှင် နောက်ပိုင်းတွင် ဗာဗုလုန် ပြိုလဲလေ၏။ ဤအရာက သိသာထင်ရှားသည့် ကွဲပြားမှု ဖြစ်စေ၏။ ဣသရေလနှင့် အဲဂုတ္တုတို့၏အဆုံးကို ကြေညာခြင်းအားဖြင့်၊ ဘုရားသခင်သည် လူအားလုံး၏ ခရီးပန်းတိုင်ကို ထုတ်ဖော်ပြ၏- ထိုသို့ဖြင့် ဣသရေလကို ဖော်ပြနေချိန်တွင်၊ ဘုရားသခင်သည် အဲဂုတ္တုနှင့်သက်ဆိုင်၍လည်း ပြောဆို၏။ ဤအရာမှ အဲဂုတ္တု၏ ပျက်စီးရာနေ့သည် ကမ္ဘာလောက၏ ပျက်သုဉ်းရာနေ့၊ ဘုရားသခင်က လူတို့အားလုံးကို ပြစ်တင်ဆုံးမရာနေ့ ဖြစ်သည်ကို တွေ့နိုင်၏။ ဤအရာ မကြာမီ ဖြစ်ပေါ်လိမ့်မည်။ ယင်းကို ဘုရားသခင် အပြီးသတ်တော့မည် ဖြစ်သည်၊ ယင်းသည် လူတို့၏ ပကတိမျက်စိအဖို့ အတော်အတန် မြင်၍မရနိုင်သော်လည်း၊ မရှိမဖြစ်ဖြစ်ကာ ပြောင်းလဲ၍ မရသည့် အရာတစ်ခု ဖြစ်သည်။ ဘုရားသခင်က၊ "ငါ့အား ဆန့်ကျင်သောသူတို့မူကား ကေန်အမှန်ပင် ငါ၏ ပြစ်တင်ဆုံးမခြင်းကို ထာဝစဉ်ခံကြရပေလိမ့်မည်။ အကြောင်းမူကား ငါသည် အပြစ်ရှိသည်ဟု ယုံလွယ်သော ဘုရားသခင်ဖြစ်ပြီး ငါသည် လူအားလုံးကို သူတို့ပြုခဲ့သော အရာများအတွက် ပေါ့တန်စွာ ချမ်းသာပေးလိမ့်မည် မဟုတ်။" ဟု ပြော၏။ ဘုရားသခင်သည် ထိုသို့သော အကြွင်းမဲ့ သတ်မှတ်ချက်များဖြင့် အဘယ်ကြောင့် ပြောသနည်း။ ပြီးလျှင် သူသည် အဆင်းနီသောနဂါးကြီး၏ နိုင်ငံတွင် အဘယ်ကြောင့် ကိုယ်တိုင်ကိုယ်ကျ လူ့ဇာတိခံယူလေပြီနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ၊ သူ၏ရည်မှန်းချက်ကို မြင်နိုင်၏၊ သူသည် လူတို့ကို ကယ်တင်ရန် သို့မဟုတ် ၎င်းတို့ကို သနားကရုဏာပြရန်၊ ၎င်းတို့ကို စောင့်ရှောက်ရန် သို့မဟုတ် ကာကွယ်ရန် ကြွလာပြီးဖြစ်သည် မဟုတ်- သူ့ကို ဆန့်ကျင်သူ အားလုံးကို ပြစ်တင်ဆုံးမရန် ကြွလာပြီးဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်က၊

"ငါ၏ပြစ်တင်ဆုံးမခြင်းမှ မည်သူမျှ မလွတ်မြောက်နိုင်။" ဟု ပြောသည့်အတွက် ဖြစ်၏။ ဘုရားသခင်သည် လူ့ဇာတိ၌ အသက်ရှင်ပြီး၊ ထို့အပြင် သူသည် ပုံမှန်လူတစ်ဦး ဖြစ်၏၊ သို့သော် သူ့ကို ပုဂ္ဂလဓိဋ္ဌာန်ကျကျ မသိနိုင်ခြင်းတွင် ၎င်းတို့၏ အားနည်းမှုအတွက် လူတို့ကို သူ ခွင့်မလွှတ်ပေ။ ယင်းအစား သူသည် "ပုံမှန်လူတစ်ဦး" အားဖြင့် လူတို့အား ၎င်းတို့၏အပြစ်များအတွက် ရှုတ်ချ၏၊ သူသည် သူ၏လူ့ဇာတိကို ရှုမြင်သူအားလုံးအား ပြစ်တင်ဆုံးမခံရသူများ ဖြစ်စေပြီး၊ ထိုသို့ဖြင့် ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ တိုင်းနိုင်ငံသားများ မဟုတ်သူ အားလုံးအတွက် ယဇ်ပူဇော်မှုများ ဖြစ်လာကြ၏။ သို့ရာတွင် ဤသည်မှာ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ အဓိက ရည်မှန်းချက် တစ်ရပ် မဟုတ်ပေ။ ဘုရားသခင်သည် အဓိကအားဖြင့် လူ့ဇာတိ၌ အဆင်းနီသောနဂါးကြီးနှင့် တိုက်ပွဲဝင်ရန်အလို့ငှာနှင့် တိုက်ပွဲမှတစ်ဆင့် ၎င်းအပေါ် အရှက်ရောက်စေရန် လူ့ဇာတိခံယူခြင်း ဖြစ်၏။ ဘုရားသခင်၏ ကြီးမားသောတန်ခိုးသည် အဆင်းနီသော နဂါးကြီးအား ဝိညာဉ်ဖြင့် တိုက်ပွဲဝင်ခြင်းထက် လူ့ဇာတိ၌ တိုက်ပွဲဝင်ခြင်းအားဖြင့် သာ၍ သိသာထင်ရှားသောကြောင့်၊ ဘုရားသခင်သည် သူ၏လုပ်ဆောင်ချက်များနှင့် အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းကို ပြသရန် လူ့ဇာတိဖြင့် တိုက်ခိုက်၏။ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းအားဖြင့် မရေမတွက်နိုင်သော လူများသည် "ရိုးရိုးစင်းစင်း" ပြစ်တင်ရှုတ်ချ ခံရပြီး၊ ထိုသို့ဖြင့် မရေမတွက်နိုင်သောလူများသည် ငရဲထဲပစ်ချခံရကာ ပြစ်တင်ဆုံးမခြင်းထဲသို့ အပစ်ခံရပြီး၊ ဇာတိခန္ဓာ၌ ဒုက္ခခံကြရ၏။ ဤသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်သောစိတ်သဘောထား ထင်ရှားစေခြင်း ဖြစ်ပြီး၊ ဘုရားသခင်ကို ဆန့်ကျင်သူများသည် ယနေ့ မည်သို့ပြောင်းလဲသည်ဖြစ်စေ၊ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားသည် မည်သည့်အခါမျှ ပြောင်းလဲလိမ့်မည် မဟုတ်ပေ။ တစ်ကြိမ် ပြစ်တင်ရှုတ်ချခံရသည်နှင့် လူတို့သည် ထာဝရ ပြစ်တင်ရှုတ်ချခံရသည်၊ မည်သည့်အခါမျှ တစ်ဖန်ပြန်မထနိုင်ကြပေ။ လူသား၏စိတ်သဘောထားသည် ဘုရားသခင်၏ စိတ်သဘောထားကဲ့သို့ မဖြစ်နိုင်ပေ။ ဘုရားသခင်ကို ဆန့်ကျင်သူတို့ အပေါ်၊ လူတို့သည် တစ်ခုပြီးနောက်တစ်ခု စိတ်နှစ်ခွဲ ဖြစ်ကြသည်။ ၎င်းတို့သည် ချီတုံချတုံ ဖြစ်ကြသည်၊ ဝေခွဲမရ ဖြစ်ကြသည်။ ၎င်းတို့သည် တစ်သမတ်တည်း ရှိနေနိုင်စွမ်း မရှိကြပေ၊ တစ်ခါတစ်ရံတွင် ဘုရားသခင်ကို ဆန့်ကျင်သူတို့အား အကြီးအကျယ် မုန်းကြ၏၊ တစ်ခါတစ်ရံတွင် ၎င်းတို့ကို မြဲမြံစွာ ဖက်တွယ်ထားကြသည်။ လူတို့သည် ဘုရားသခင်၏ အမှုတော်ကို မသိကြသောကြောင့် ယနေ့ အခြေအနေများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဘုရားသခင်က "အဆုံးတွင် ကောင်းကင်တမန်တို့သည် ကောင်းကင်တမန်များဖြစ်၏၊ အဆုံးတွင် ဘုရားသခင်သည်

ဘုရားသခင်ဖြစ်၏၊ အဆုံးတွင် မကောင်းဆိုးဝါးတို့သည် မကောင်းဆိုးဝါးများ ဖြစ်၏၊ မဖြောင့်မတ်သောသူတို့သည် မဖြောင့်မတ်သောသူ ဖြစ်နေဆဲဖြစ်ပြီး၊ သန့်ရှင်းသူတို့သည် သန့်ရှင်းဆဲ ဖြစ်၏။" ဟူသော နှုတ်ကပတ်တော်တို့ကို အဘယ်ကြောင့် ပြောသနည်း။ ယင်းကို သင် နားမလည်နိုင်သလော။ ဘုရားသခင်သည် အမှတ်လွဲနေခြင်းများ ဖြစ်နိုင်မည်လော။ သို့ဖြစ်၍ ဘုရားသခင်က၊ "လူတစ်ဦးချင်းစီသည် ၎င်းတို့၏ အမျိုးအစားအလိုက် ဖြည်းဖြည်းချင်း သီးခြားခွဲထုတ်ခံရကာ သတိမပြုမိဘဲ၊ ၎င်းတို့မိသားစုများ၏ ရင်ခွင်အတွင်းသို့ ပြန်လည် ရောက်ရှိသွားကြသည်။" ဟု ပြောပေသည်။ ဤအရာမှ ယနေ့တွင် ယင်းသည် "အကန့်အသတ်မရှိသော ကမ္ဘာလောက" တစ်ခု မဟုတ်တော့ရန်နှင့် လူတို့သည် အိုးကြီးတစ်လုံးတည်းမှ မစားတော့ဘဲ၊ ၎င်းတို့၏ ကိုယ်ပိုင် အခန်းကဏ္ဍကို ဆောင်ရွက်ရင်း၊ ၎င်းတို့၏ ကိုယ်ပိုင်အိမ်များတွင် ၎င်းတို့၏ ကိုယ်ပိုင်တာဝန်ကို ထမ်းဆောင်ကြဖို့အလို့ငှာ၊ ဘုရားသခင်သည် အရာခပ်သိမ်းကို ၎င်းတို့၏ မိသားစုများထဲသို့ ခွဲခြားနှင့်ပြီး ဖြစ်သည်ကို တွေ့နိုင်ပေသည်။ ဤသည်မှာ ကမ္ဘာလောကကို ဖန်ဆင်းချိန်က ဘုရားသခင်၏ မူလအစီအစဉ် ဖြစ်သည်။ အမျိုးအစားအလိုက် ခွဲခြားခံရပြီးသည့်နောက်တွင်၊ လူတို့သည် "အသီးသီးက ကိုယ့်အစာ ကိုယ်စားကြပေမည်"၊ ဆိုလိုသည်မှာ ဘုရားသခင်သည် တရားစီရင်ခြင်းကို စတင်မည် ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဘုရားသခင်၏နှုတ်မှ ဤစကားများ ထွက်လာသည်- "ငါသည် ဖန်ဆင်းခံလောက၏ ယခင်အခြေအနေကို ပြန်လည်ဖြစ်ပေါ်စေမည်၊ အရာခပ်သိမ်းသည် ငါ့အစီအစဉ်၏ အလယ်သို့ ပြန်လာကြစေရန်၊ အရာခပ်သိမ်းကို သာလွန်ထူးကဲစွာ ပြောင်းလဲလျက်၊ ငါသည် အရာခပ်သိမ်းကို ယင်းတို့၏ မူလ အခြေအနေအတိုင်း ပြန်လည်ဖြစ်ပေါ်စေမည်။" ဤသည်မှာ ဘုရားသခင့် အမှုတော် အားလုံး၏ ရည်မှန်းချက် အတိအကျ ဖြစ်ပြီး၊ ယင်းကို နားလည်ရန် မခက်ပေ။ ဘုရားသခင်သည် သူ၏အမှုကို ပြီးစီးလိမ့်မည်- လူသားသည် သူ၏အမှုကို တားဆီးနိုင်မည်လော။ ပြီးလျှင် ဘုရားသခင်သည် သူနှင့် လူသားအကြား ထူထောင်ထားသည့် ပဋိညာဉ်ကို ဆုတ်ဖြဲပစ်နိုင်မည်လော။ ဘုရားသခင်၏ဝိညာဉ်တော် လုပ်ဆောင်ထားသည့်အရာကို မည်သူပြောင်းလဲနိုင်မည်နည်း။ လူသားတစ်ဦးတစ်လေက ထိုသို့ လုံးဝ လုပ်ဆောင်နိုင်မည်လော။

အတိတ်တွင် လူတို့သည် နိယာမတစ်ခုကို ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ သဘောပေါက်ခဲ့ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြောဆိုသည့်အချိန်တွင်၊ ယင်းတို့သည် မကြာမီ အမှန်ဖြစ်စေခြင်းခံရလေသည်။ ဤအရာတွင် မုသားမရှိချေ။ လူမျိုးအပေါင်းတို့ကို သူ ပြစ်တင်ဆုံးမမည်ဟု ဘုရားသခင် ပြောဆိုပြီးဖြစ်သည့်အတွက်၊

ထို့အပြင် သူသည် သူ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ထုတ်ပြန်ပြီးဖြစ်သည့်အတွက်၊ ဘုရားသခင်၏ အမှုကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပြီး ဖြစ်သည်ကို မြင်နိုင်ပေသည်။ လူအားလုံးထံ ထုတ်ပြန်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၎င်းတို့၏ဘဝများနှင့် ဘုရားသခင်အပေါ် ၎င်းတို့၏သဘောထားများကို ရည်ရွယ်ခဲ့သည်။ ယင်းသည် အကြောင်းရင်းခံကို နားမလည်စေခဲ့ပေ။ ယင်းသည် ဘုရားသခင်၏ ကြိုတင်ခွဲခန့်မှတ်သားမှုအပေါ် အခြေခံထားသည်ဟု ပြောဆိုမထားဘဲ၊ ထိုအချိန်က လူသား၏ အပြုအမူအပေါ် အခြေခံထားခြင်းဖြစ်၏။ ယနေ့ စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်များသည် ထူးခြားကာ ယင်းတို့က၊ “လူအားလုံးသည် မိမိတို့၏ တူရာအမျိုးအစားအလိုက် သီးခြားခွဲထားခံရမည် ဖြစ်ပြီး၊ သူတို့၏ လုပ်ဆောင်ချက်များအလိုက် ပြစ်တင်ဆုံးမခြင်းများကို ခံကြရမည့်” အကြောင်းကို ပြောဆို၏။ သေချာဖတ်ရှုခြင်း မရှိဘဲ၊ ဤအရာတွင် မည်သည့်ပြဿနာမျှ ရှာမတွေ့နိုင်ပေ။ ဘုရားသခင်သည် အရာခပ်သိမ်းအား ၎င်းတို့၏အမျိုးအစားအလိုက် ခွဲခြားသည်မှာ နောက်ဆုံးသော ခေတ်အတွင်းတွင်သာဖြစ်သောကြောင့်၊ ဤအရာကို ဖတ်ရှုပြီးနောက်တွင်၊ လူအများစုသည် အကြံအိုက်ကာ စိတ်ရှုပ်ထွေးနေမြဲ ဖြစ်ကြလေသည်။ ၎င်းတို့သည် အချိန်ကာလများ၏ အရေးတစ်ကြီးဖြစ်ခြင်းကို မမြင်ဘဲလျက်၊ စိတ်မပါ့တပါ ဖြစ်သည့် သဘောထားတစ်ခု ခံယူကြဆဲဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့သည် ဤအရာကို သတိပေးချက် တစ်ရပ်အဖြစ် သဘောမထားပေ။ ဤအချိန်တွင် စကြဝဠာ တစ်ခွင်လုံးသို့ ကြေညာထားသော ဘုရားသခင်၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်များကို လူသားထံ အဘယ်ကြောင့် ပြသရသနည်း။ ဤလူတို့သည် စကြဝဠာအနှံ့ ရှိသူအားလုံးကို ကိုယ်စားပြုသလော။ နောက်ပိုင်းတွင် ဘုရားသခင်သည် ဤလူများအပေါ် သနားခြင်းကရုဏာ ပို၍ ရှိနိုင်မည်လော။ ဤလူတို့သည် ဦးခေါင်းနှစ်လုံးများ ပေါက်သွားကြပြီလော။ ဘုရားသခင်သည် စကြဝဠာတစ်ခွင်လုံးရှိ လူတို့ကို ပြစ်တင်ဆုံးမသည့်အခါ၊ ကပ်ဘေးမျိုးစုံ ကျရောက်သည့်အခါတွင်၊ ဤကပ်ဘေးတို့၏အကျိုးဆက်အနေဖြင့် နေနှင့်လတို့တွင် အပြောင်းအလဲများ ဖြစ်ပေါ်ကြလိမ့်မည် ဖြစ်ပြီး ဤကပ်ဘေးများ အဆုံးသတ်သည့်အခါ၊ နေနှင့်လတို့သည် ပြောင်းလဲကြပြီး ဖြစ်လိမ့်မည်- ပြီးလျှင် ဤအရာကို “အကူးအပြောင်း” ဟု ခေါ်၏။ အနာဂတ်၏ ဘေးအန္တရာယ်များ အလွန် ဆိုးရွားလိမ့်မည်ဟုသာ ပြောချင်သည်။ ညသည် နေ့၏နေရာကို ယူကောင်းယူပေမည်၊ နေသည် တစ်နှစ်ကြာ မပေါ်ထွက်ဘဲ ရှိကောင်းရှိမည်၊ ပူလောင်သည့် လပေါင်းအချို့ ရှိကောင်းရှိပေမည်၊ မှေးမှိန်နေသောလသည် လူသားမျိုးနွယ်ကို အစဉ် မျက်နှာချင်းဆိုင် ကောင်းဆိုင်ပေမည်၊ နေနှင့်လ အတူတကွ ထွက်လာသော ထူးခြားဆန်းကြယ်သည့် အခြေအနေ ပေါ်ထွက်ကောင်း ပေါ်ထွက်မည်၊ အစရှိသည်ဖြင့်

ဖြစ်သည်။ ထပ်တလဲလဲဖြစ်နေသော အပြောင်းအလဲ အချို့နောက်၊ ကုန်လွန်သွားသည့် အချိန်နှင့်အတူ နောက်ဆုံးတွင် ၎င်းတို့သည် အသစ်ပြုပြင်ခြင်းခံရလိမ့်မည်။ ဘုရားသခင်သည် နတ်ဆိုးနှင့် သက်ဆိုင်သောသူများအတွက် သူ၏ အစီအစဉ်များကို အထူးအာရုံစိုက်၏။ ထို့ကြောင့် သူသည် "စကြဝဠာအတွင်းရှိ သက်ရှိလူသားများထဲမှ နတ်ဆိုးနှင့် သက်ဆိုင်သော သူ အားလုံးတို့သည် ရှင်းလင်းသုတ်သင်ခြင်းကို ခံရလိမ့်မည်။" ဟု တမင်တကာ ပြော၏။ ဤ"လူတို့"သည် ၎င်းတို့၏စရိုက်မှန်ကို မပြရသေးမီတွင်၊ ဘုရားသခင်သည် ၎င်းတို့၏ အစေခံမှုကို ပေးရန် ၎င်းတို့ကို အမြဲ အသုံးပြုသည်။ အကျိုးဆက်အနေဖြင့်၊ သူသည် ၎င်းတို့၏ လုပ်ဆောင်ချက်များကို အလေးဂရုမပြုပေ၊ ၎င်းတို့ ကောင်းစွာ လုပ်ဆောင်သည့်အချိန်တွင် သူသည် ၎င်းတို့အား မည်သည့် "ဆုလာဘ်" မျှ မပေးသကဲ့သို့၊ ၎င်းတို့ ဆိုးရွားစွာ ဆောင်ရွက်ချိန်တွင်လည်း၊ သူသည် ၎င်းတို့၏ "လုပ်ခများ" ကို ဖြတ်တောက်ခြင်း မရှိပေ။ ထိုသို့ဖြင့် သူသည် ၎င်းတို့အား လျစ်လျူရှုပြီး၊ မသိကျိုးကျွန်ပြုလေသည်။ အချိန် သို့မဟုတ် နေရာကို ပဓာနမထားဘဲ၊ လူသား၏ အနှစ်သာရသည် ဘုရားနှင့်လူသားအကြား ထူထောင်ထားသည့် ပဋိညာဉ်ကဲ့သို့၊ ပြီးလျှင် လူသားက၊ "ပင်လယ်တို့ ခန်းခြောက်ကုန်ပြီး ကျောက်တုံးတို့ တစ်စစီပဲ့ပြိုသော်လည်း အပြောင်းအလဲ ရှိမည်မဟုတ်။" ဟု ပြောသကဲ့သို့ မပြောင်းလဲသည့်အတွက်၊ ဘုရားသခင်သည် ၎င်းတို့၏ "ကောင်းမွန်မှု" ကြောင့် ရုတ်တရက် မပြောင်းလဲပေ။ ထို့ကြောင့် ဘုရားသခင်သည် ဤလူတို့ကို ၎င်းတို့၏ အမျိုးအစားအတိုင်း ခွဲထုတ်ပြီး၊ ၎င်းတို့အား အလွယ်တကူ အလေးဂရုမပြုပေ။ ဖန်ဆင်းခြင်း အချိန်ကာလမှသည် ယနေ့အထိ၊ နတ်ဆိုးသည် မိမိကိုယ်ကိုယ် မည်သည့်အခါမျှ ကောင်းမွန်စွာ ပြုမူနေထိုင်ခဲ့ခြင်း မရှိပေ။ ၎င်းသည် အနှောင့်အယှက်များ၊ အတားအဆီးများနှင့် သဘောထားကွဲလွဲမှု အမြဲဖြစ်စေပြီးဖြစ်သည်။ ဘုရားသခင်သည် ဆောင်ရွက်သည့်အခါ သို့မဟုတ် စကားပြောဆိုသည့်အခါတွင်၊ ၎င်းသည် ပါဝင်ရန် အမြဲကြိုးစားသော်လည်း၊ ဘုရားသခင်သည် ယင်းကို အာရုံမစိုက်ပေ။ နတ်ဆိုးအကြောင်း ဖော်ပြရာတွင်၊ ဘုရားသခင်၏ အမျက်ဒေါသသည် မျိုးသိပ်မရနိုင်ဘဲ ထွက်လာ၏၊ ယင်းတို့သည် ဝိညာဉ်တစ်ပါးနှင့် မဆိုင်သောကြောင့် ဆက်နွယ်မှုမရှိဘဲ၊ ဝေးကွာမှုနှင့် ကွဲကွာခြင်းတို့သာ ရှိ၏။ တံဆိပ်ခုနစ်ချက်နှင့်ဆိုင်သည့် ထုတ်ဖော်ပြချက်နောက်တွင် ကမ္ဘာမြေကြီး၏အခြေအနေသည် အမြဲ ဆိုးရွားပြီး၊ အရာအားလုံးသည် နည်းနည်းမျှ နောက်ကျန်ရစ်ခြင်းမရှိဘဲ၊ "တံဆိပ်ခုနစ်ချက်နှင့်အတူ ပခုံးချင်းယှဉ်လျက် တိုးတက်ကြ၏၊" ဘုရားသခင်၏ နှုတ်ကပတ်တော်များ တစ်လျှောက်လုံးတွင်၊ လူတို့သည် အံ့သြတုန်လှုပ် သွားကြသကဲ့သို့ ဘုရားသခင်က မြင်ရသည်၊ သို့သော် ၎င်းတို့သည် လုံးဝမနိုးထကြသေးပေ။ သာ၍

မြင့်သောအဆင့်သို့ ရောက်ရန်၊ လူအားလုံး၏ ခွန်အားကို ပေါက်ဖွားစေရန်နှင့် ထို့အပြင် ဘုရားသခင်၏ အမှုကို ယင်း၏အထွတ်အထိပ်၌ အဆုံးသတ်ရန်၊ ဘုရားသခင်သည် လူတို့ကို ၎င်းတို့၏ ဝမ်းဗိုက်များအား ဖြည့်ပေးနေသည့်အလား၊ မေးခွန်း တသီတသန်းမေးပြီး၊ ထိုသို့ဖြင့် လူအားလုံးတို့ကို သူဖြည့်တင်းပေး၏။ ဤလူတို့သည် စစ်မှန်သောဝိညာဉ်ရင့်ကျက်မှု မရှိသောကြောင့်၊ တကယ့် အခြေအနေများအပေါ် အခြေခံ၍ ဖြည့်တင်းခြင်း ခံရသူများသည် အဆင့်အတန်းမီသော ပစ္စည်းများဖြစ်ပြီး ဖြည့်တင်းခြင်း မခံရသူများသည် အသုံးမကျသော အမှိုက်ဖြစ်၏။ ဤသည်မှာ လူသားနှင့်သက်ဆိုင်သည့် ဘုရားသခင်၏သတ်မှတ်ချက ်ဖြစ်ပြီး သူစကားပြောသည့် နည်းစနစ်၏ ရည်မှန်းချက်ဖြစ်သည်။ အထူးသဖြင့်၊ ဘုရားသခင်က “ဤသည်မှာ ငါသည် ကမ္ဘာမြေကြီးပေါ်၌ ရှိစဉ်၊ ကောင်းကင်ဘုံရှိငါနှင့် မတူခြင်းကြောင့်များပင်လော။ ဤသည်မှာ ငါသည် ကောင်းကင်ဘုံ၌ ရှိစဉ်၊ ကမ္ဘာမြေကြီးသို့ မဆင်းကြွနိုင်ခြင်းကြောင့်လော။ ဤသည်မှာ ငါသည် ကမ္ဘာမြေကြီးပေါ်၌ ရှိစဉ်၊ ကောင်းကင်ဘုံသို့ ချီဆောင်ခြင်း မခံထိုက်သောကြောင့်လော။” ဟုပြောသောအခါ ဤမေးခွန်းများသည် လူသားက ဘုရားသခင်ကို သိရှိနိုင်ဖို့ ရှင်းလင်းသည့် လမ်းကြောင်း တစ်ခုအဖြစ် အသုံးတော်ခံလေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ၊ ဘုရားသခင်၏ အရေးတကြီးဖြစ်နေသော အလိုကို ရှုမြင်ရ၏၊ လူတို့သည် ယင်းကို ကြိုးပမ်းရရှိနိုင်စွမ်း မရှိကြသကဲ့သို့၊ ဘုရားသခင်သည် သတ်မှတ်ချက်များကို ထပ်တလဲလဲ ဖြည့်ကာ၊ ထိုသို့ဖြင့် လူအားလုံးအား ကမ္ဘာမြေကြီးပေါ်တွင် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို သိရန်နှင့် ကောင်းကင်ဘုံတွင် ရှိသော်လည်း၊ မြေကြီးပေါ်တွင် အသက်ရှင်သော ဘုရားသခင်ကို သိရန် သတိပေးနေပေသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်များမှ လူသား၏ အခြေအနေများကို မြင်နိုင်၏၊ “လူသားမျိုးနွယ်အားလုံးသည် ငါ၏နှုတ်ကပတ်တော်များတွင် လုံ့လစိုက်ထုတ်ကြသည်၊ ငါ၏အပြင်ပန်းသဏ္ဌာန်ကို သူတို့ကိုယ်တိုင် စုံစမ်းစစ်ဆေးခြင်းများ လုပ်ဆောင်ကြ၏၊ သို့သော်လည်း ၎င်းတို့အားလုံး မအောင်မြင်ကြပေ၊ သူတို့၏လုံ့လစိုက်ထုတ်မှုများသည် အကျိုး မခံစားရဘဲ၊ ယင်းအစား ၎င်းတို့သည် ငါ့နှုတ်ကပတ်တော်များ၏ ဒဏ်ခတ်ခြင်းကို ခံကြရပြီး နောက်တစ်ဖန် ပြန်၍ထရန် မဝံ့ရဲကြပေ။” ဘုရားသခင်၏ ဝမ်းနည်းခြင်းကို မည်သူနားလည်နိုင်သနည်း။ ဘုရားသခင်၏ နှလုံးသားကို မည်သူ နှစ်သိမ့်နိုင်သနည်း။ ဘုရားသခင် တောင်းဆိုသည့်အရာ၌ မည်သူသည် ဘုရားသခင်နှင့် စိတ်နှလုံးနှင့် ညီညွတ်သနည်း။ လူတို့သည် မည်သည့် အကျိုးတရားမျှ မဖြစ်ထွန်းကြသည့်အခါတွင်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ငြင်းပယ်ကြပြီး၊ ဘုရားသခင်၏ စီစဉ်ညွှန်ကြားချက်များကို

အမှန်တကယ် ကျိုးနွံနာခံကြသည်။ တဖြည်းဖြည်းနှင့်၊ ၎င်းတို့၏ စစ်မှန်သောနှလုံးသားကို ၎င်းတို့ ပြကြသည်နှင့်အမျှ အသီးသီးသည် ၎င်းတို့၏အမျိုးအစားအလိုက် ခွဲခြားခံရပြီး၊ ထိုသို့ဖြင့် ကောင်းကင်တမန်တို့၏ အနှစ်သာရသည် ဘုရားသခင်ကို နာခံခြင်း သက်သက်ဖြစ်သည်ကို တွေ့ရပေသည်။ ထို့ကြောင့် ဘုရားသခင်က၊ "လူသားမျိုးနွယ်သည် ၎င်း၏ မူလပုံစံအတိုင်း ဖော်ထုတ်ခံရသည်။" ဟုပြောခြင်းဖြစ်၏။ ဘုရားသခင်၏အမှုသည် ဤအဆင့်သို့ ရောက်ရှိချိန်တွင်၊ ထိုအရာအားလုံး ပြီးစီးပြီး ဖြစ်လိမ့်မည်။ ဘုရားသခင်သည် သူ၏သားများနှင့်လူတို့အတွက် သူ၏ စံနမူနာ တစ်ရပ်ဖြစ်ခြင်းနှင့်သက်ဆိုင်၍ မည်သည့်အရာမျှမပြောဘဲ ယင်းအစား လူအားလုံးအား ၎င်းတို့၏မူလပုံသဏ္ဌာန်ကို ပြသစေခြင်း အပေါ်သာ အာရုံစိုက်ရန် ပေါ်ထွန်းပေသည်။ ဤနှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ်ကို သင်နားလည် ပါသလော။

# အခန်း ၂၇

ယနေ့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ၎င်းတို့၏ အထွတ်အထိပ်သို့ ရောက်ရှိပြီး ဖြစ်သည်၊ ဆိုလိုသည်မှာ တရားစီရင်မှု ခေတ်ကာလ၏ ဒုတိယအပိုင်းသည် ၎င်း၏ အခေါင်အဖျားကို ရောက်ရှိပြီးဖြစ်သည်။ သို့သော်လည်း ဤသည်မှာ အမြင့်ဆုံးသော အခေါင်အဖျား မဟုတ်သေး။ ဤအချိန်၌ ဘုရားသခင်၏ အသံနေ အသံထား ပြောင်းလဲပြီဖြစ်သည်- ယင်းသည် သရော်ခြင်းလည်း မဟုတ်သကဲ့သို့ ဟာသဉာဏ်ရွှင်ခြင်းလည်း မဟုတ်၊ ပြီးလျှင် ယင်းသည် ရိုက်နှက်ခြင်းမဟုတ်သကဲ့သို့ ကြိမ်းမောင်းခြင်းလည်း မဟုတ်ပေ။ ဘုရားသခင်သည် သူ့နှုတ်ကပတ်တော်များ၏ အသံနေ အသံထားကို ပေါ့စေပြီးဖြစ်သည်။ ယခုတွင်၊ ဘုရားသခင်သည် လူသားနှင့် "ခံစားချက်များကို ဖလှယ်ရန်" စတင်လေသည်။ ဘုရားသခင်သည် သူ့အမှု၏ ကဏ္ဍအားလုံး အချင်းချင်း ရောယှက်ဖို့အလို့ငှာ၊ တရားစီရင်ခြင်း ခေတ်နှင့်သက်ဆိုင်သော အမှုကို ဆက်လက်လုပ်ဆောင်ပြီး တစ်ချိန်တည်းတွင် သူ့အမှု နောက်တစ်ကဏ္ဍ၏ လမ်းကြောင်းကိုပါ ဖွင့်နေပေသည်။ တစ်ဖက်တွင်၊ ဘုရားသခင်သည် "လူသား၏ စိတ်နှလုံး ခိုင်မာခြင်းနှင့် ပြုပြင်မရခြင်း"တို့ကို ပြောဆိုပြီး၊ အခြားတစ်ဖက်တွင် သူသည် "လူသားနှင့် ခွဲခွာခဲ့ရပြီးနောက် ပြန်လည်ပေါင်းစည်းရခြင်း၏ ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်းများ"ကို ပြောဆိုသည်- ယင်းတို့အားလုံးသည် လူသား စိတ်နှလုံးများထဲမှ ခံစားချက်အမဲ့ဆုံးသော စိတ်နှလုံးကိုပင် တို့ထိရင်း၊ လူတို့၏ စိတ်နှလုံးများတွင် တုံ့ပြန်မှုတစ်ခု လှုံ့ဆော်ပေးလေသည်။

ဤနှုတ်ကပတ်တော်များကို ပြောဆိုရာတွင် ဘုရားသခင်၏ ရည်မှန်းချက်မှာ အဓိကအားဖြင့် တကယ့်အဆုံးတွင် လူအားလုံးအား အသံပြုခြင်းမရှိဘဲ ဘုရားသခင်၏ ရှေ့မှောက်၌ လဲကျစေရန်ဖြစ်ပြီး ထို့နောက်မှသာလျှင် "ငါသည် အယောက်တိုင်းအား ၎င်းတို့၏ ရှုံးနိမ့်မှုမှတစ်ဆင့် ငါ့ကို သိစေရင်း၊ ငါ၏ လုပ်ရပ်များကို ထင်ရှားစေသည်။" ဤကာလတွင်၊ ဘုရားသခင်နှင့် ပတ်သက်သော လူတို့၏ အသိသည် လုံး၀အပေါ်ယံ ဖြစ်နေဆဲဖြစ်သည်။ ယင်းသည် စစ်မှန်သော အသိပညာမဟုတ်ပေ။ ၎င်းတို့သည် မိမိတို့ တတ်နိုင်သမျှ ကြိုးစားသော်ငြားလည်း၊ ဘုရားသခင်၏ အလိုကို စွမ်းဆောင်ရရှိနိုင်စွမ်း မရှိပေ။ ယနေ့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အထွတ်အထိပ်သို့ ရောက်ရှိပြီး ဖြစ်သော်လည်း၊ လူတို့မှာ အစောပိုင်း အဆင့်များ၌သာ ရှိနေဆဲဖြစ်ပြီး၊ ထို့ကြောင့် ယခုလက်ရှိ မိန့်မြွက်ချက်များထဲသို့ ဝင်ရောက်နိုင်စွမ်း မရှိကြချေ- ဤအရာက ဘုရားသခင်နှင့် လူသားသည် ဖြစ်နိုင်သမျှ ကွာခြားကြသည်ကို ပြသပေသည်။ ဤနှိုင်းယှဉ်ချက်ကို အခြေခံ၍၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အဆုံးသို့ရောက်လာသောအခါ၊ လူတို့သည် ဘုရားသခင်၏ အနိမ့်ဆုံးသော စံနှုန်းများကိုသာ စွမ်းဆောင်ရရှိနိုင်စွမ်း ရှိကြလိမ့်မည်။ ဤသည်မှာ အဆင်းနီသော နဂါးကြီး၏ လုံး၀ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည့် ဤလူတို့၌ ဘုရားသခင် အမှုပြုသော နည်းလမ်းဖြစ်ပြီး၊ အသင့်မြတ်ဆုံးသော အကျိုးတရားကို စွမ်းဆောင်ရရှိရန်အလို့ငှာ ဘုရားသခင်သည် ထိုသို့ လုပ်ဆောင်ရမည် ဖြစ်သည်။ အသင်းတော်များ၏ လူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အနည်းငယ် ပို၍ အာရုံစိုက်ကြသော်လည်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူတို့သည် သူ၏ နှုတ်ကပတ်တော်များဖြင့် ဘုရားသခင်ကို သိကျွမ်းနိုင်ရန် ဖြစ်သည်- ကွာခြားမှုတစ်ခု ရှိသည် မဟုတ်လော။ သို့သော်၊ လက်ရှိအခြေအနေအရ၊ ဘုရားသခင်သည် လူသား၏ အားနည်းချက်များကို အလေးဂရုမပြုတော့သကဲ့သို့၊ လူတို့သည် သူ၏ နှုတ်ကပတ်တော်များကို လက်ခံနိုင်သည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ ဆက်လက် စကားပြောဆိုလေသည်။ သူ၏အလိုအရ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များပြီးဆုံးသည့်အချိန်၊ ယင်းသည် ကမ္ဘာမြေပေါ် ရှိ သူ၏ အမှု ပြီးစီးမည့်အချိန် ဖြစ်လိမ့်မည်။ သို့သော် ဤအချိန်ရှိ အမှုမှာ အတိတ်ကနှင့် မတူပေ။ ဘုရားသခင်၏ မိန့်မြွက်ချက်များ အဆုံးသို့ရောက်လာသောအခါ၊ မည်သူမျှ သိလိမ့်မည် မဟုတ်။ ဘုရားသခင်၏ အမှု အဆုံးသို့ရောက်သောအခါ မည်သူမျှ သိလိမ့်မည် မဟုတ်။ ဘုရားသခင်၏ အသွင်သဏ္ဌာန် ပြောင်းလဲသောအခါ မည်သူမျှ သိလိမ့်မည်မဟုတ်။ ယင်းမှာ ဘုရားသခင်၏ ဉာဏ်ပညာ ဖြစ်သည်။ စာတန်က ပြုလုပ်သည့် မည်သည့်စွပ်စွဲခြင်းများကိုမဆို၊ ပြီးလျှင် ရန်လိုသော အင်အားစုများမှ မည်သည့်

ဝင်ရောက်စွပ်ဖက်ခြင်းကိုမဆို ရှောင်ရှားရန် ဘုရားသခင်သည် မည်သူ့မျှ မသိစေဘဲ အမှုပြုကြာ၊ ဤအချိန်၌ ကမ္ဘာမြေကြီးပေါ် ရှိ လူများအလယ်တွင် မည်သည့်တုံ့ပြန်ချက်မျှ မရှိချေ။ ဘုရားသခင်၏ သဏ္ဌာန်ပြောင်းလဲခြင်းနှင့် သက်ဆိုင်သည့် အမှတ်လက္ခဏာများကို တစ်ခါက ပြောဆိုခဲ့သော်ငြားလည်း လူသားသည် ယင်းကို မေ့လျော့ပြီးဖြစ်ကာ အာရုံမစိုက်သည့်အတွက် ယင်းကို မည်သူမျှ သဘောမပေါက်မိပေ။ အတွင်း၊ အပြင် တိုက်ခိုက်မှုများကြောင့်- အပြင်လောက၏ ဘေးဒုက္ခများနှင့် ဘုရားသခင့်နှုတ်ကပတ်တော်များ၏ လောင်ကျွမ်းခြင်းနှင့် သန့်စင်ခြင်းတို့ကြောင့်- လူတို့သည် မိမိတို့၏ ကိုယ်ပိုင် အရေးကိစ္စများဖြင့် အလုပ်များလွန်းကြသောကြောင့်၊ ဘုရားသခင်အတွက် ပင်ပန်းစွာ ကြိုးစားလုပ်ဆောင်ရန် လိုလားနေခြင်း မရှိကြတော့ချေ။ လူအားလုံးသည် အတိတ်၏ အသိပညာနှင့် လိုက်စားခြင်းတို့ကို ငြင်းပယ်ခြင်းအဆင့်ထိ ရောက်ရှိသည့်အချိန်၊ လူအားလုံးသည် မိမိတို့ကိုယ်ကိုယ် ရှင်းလင်းစွာ မြင်တွေ့ပြီးကြသည့်အချိန်တွင်၊ ၎င်းတို့သည် ကျရှုံးကြလိမ့်မည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်၏ အတ္တသည် ၎င်းတို့၏ နှလုံးသားများ၌ နေရာရှိတော့မည် မဟုတ်ပေ။ ထို့အခါမှသာ၊ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စိတ်ရင်းအမှန်နှင့် တောင့်တကြလိမ့်မည်ဖြစ်ပြီး ထိုအခါမှသာ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူတို့၏ နှလုံးသားများထဲ၌ နေရာတစ်ခု အမှန်တကယ် ရှိလိမ့်မည်ဖြစ်ပြီး၊ ထိုအခါမှသာ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ၎င်းတို့ တည်ရှိခြင်း၏ အရင်းအမြစ် ဖြစ်လာပြီး ဖြစ်ပေမည်- ဤအခိုက်အတန့်တွင်၊ ဘုရားသခင်၏ အလိုသည် ပြည့်စုံလိမ့်မည်။ သို့သော်၊ ယနေ့၏ လူတို့သည် ဤအဆင့်ထိ ရောက်ရှိခြင်းမှ အလှမ်းဝေးပေသည်။ ၎င်းတို့အထဲမှ အချို့သည် တစ်လက်မမျှသာ ရွေ့ကြပြီးဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်က ဤသည်မှာ "ပြုပြင်မရခြင်း"ဟု ပြောရပေသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်များ အားလုံးသည် မေးခွန်းများစွာ ပါရှိသည်။ အဘယ်ကြောင့် ဘုရားသခင်သည် ထိုသို့သော မေးခွန်းများကို မေးမြဲ မေးနေရသနည်း။ "အဘယ်ကြောင့် ၎င်းတို့သည် နောင်တရကာ တစ်ဖန် မမွေးဖွားနိုင်ရသနည်း။ အဘယ်ကြောင့် လူတို့သည် ရွှံ့နှင့် ကင်းလွတ်ရာ နေရာတစ်ခုအစား၊ ရွှံ့ညွန်တွင် ထာဝရ အသက်ရှင်ရန် လိုလားနေကြသနည်း။..." အတိတ်တွင် ဘုရားသခင်သည် အမှုအရာများကို တိုက်ရိုက်ညွှန်ပြခြင်း သို့မဟုတ် တိုက်ရိုက်ဖော်ထုတ်ခြင်းအားဖြင့်ပြုခဲ့သည်။ သို့သော်လည်း လူတို့သည် ကြီးမားသော ဝေဒနာကို ခံစားခဲ့ရပြီးနောက်၊ ဘုရားသခင်သည် ဤနည်းလမ်းဖြင့် တိုက်ရိုက် မပြောဆိုတော့ချေ။ ဤမေးခွန်းများအတွင်းတွင်၊ လူတို့သည် မိမိတို့ကိုယ်တိုင်၏

ချွတ်ယွင်းချက်များကို မြင်ကြပြီး လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းကိုပါ သဘောပေါက်ကြသည်။ လူအားလုံးသည် အသင့် ရရှိနိုင်သည့်အရာကို စားရန် နှစ်သက်ကြသောကြောင့်၊ ဘုရားသခင်သည် ၎င်းတို့ တွေးဆနိုင်ကြဖို့အလို့ငှာ တွေးဆဖို့ အကြောင်းအရာများကို ပေးရင်း၊ ၎င်းတို့၏ တောင်းဆိုမှုများနှင့် သင့်လျော်သည့်အတိုင်း စကားပြောလေသည်။ ဤသည်မှာ ဘုရားသခင့် မေးခွန်းများ၏ အရေးပါမှု သွင်ပြင်လက္ခဏာတစ်ရပ် ဖြစ်သည်။ ပင်ကိုအားဖြင့်၊ ဤသည်မှာ သူ၏ အခြားမေးခွန်းအချို့၏ အရေးပါမှု မဟုတ်ချေ၊ ဥပမာအားဖြင့်၊ ငါသည် ၎င်းတို့ကို နှိပ်စက်ခဲ့၍များ ဖြစ်နိုင်မည်လော။ ငါသည် ၎င်းတို့ကို မှားယွင်းသော ဦးတည်ချက်ဖြင့် ညွှန်ပြခဲ့၍များ ဖြစ်နိုင်မည်လော။ ငါသည် ၎င်းတို့ကို ငရဲသို့ ဦးဆောင်နေ၍များ ဖြစ်နိုင်မည်လော။’ ဤကဲ့သို့သော မေးခွန်းများသည် လူတို့နှလုံးသားများ၏ နက်ရှိုင်းရာများအထဲတွင် ရှိသည့် အယူအဆများကို ပြသပေသည်။ လူတို့၏ နှုတ်များက ဤအယူအဆများကို မဖွင့်ဟသော်လည်း၊ ၎င်းတို့အများစု၏ နှလုံးသားများထဲ၌ သံသယရှိနေပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ယင်းတို့ကို ကောင်းကျိုး လုံးဝ မရှိသကဲ့သို့ ဖော်ပြသည်ဟု ယုံကြည်ကြသည်။ ပင်ကိုအားဖြင့်၊ ထိုသို့သော လူများသည် မိမိတို့ကိုယ်ကိုယ် မသိကြဘဲ၊ နောက်ဆုံးတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် အနိုင်ယူခြင်းခံရခြင်းကို ဝန်ခံကြလိမ့်မည်- ဤသည်မှာ ရှောင်လွှဲမရပေ။ ဤမေးခွန်းများ နောက်တွင်၊ ဘုရားသခင်က၊ “လူသား၏ မိသားစုကို မဆိုထားနှင့်၊ တိုင်းနိုင်ငံအားလုံးကိုပင် မုန့်မုန့်ညက်ညက်ကြေအောင် ချေမွပစ်ရန် ငါ ရည်ရွယ်သည်”ဟုလည်း ပြောဆိုသည်။ လူတို့သည် ဘုရားသခင်၏ နာမကို လက်ခံကြသောအခါ၊ အကျိုးဆက်အနေဖြင့် တိုင်းနိုင်ငံအားလုံး တုန်လှုပ်ကြလိမ့်မည်၊ လူတို့သည် မိမိတို့၏ စိတ်နေစိတ်ထားကို တဖြည်းဖြည်း ပြောင်းလဲကြလိမ့်မည်ဖြစ်ပြီး မိသားစုများထဲတွင် ဖခင်နှင့် သား၊ မိခင်နှင့် သမီး၊ ခင်ပွန်းနှင့် ဇနီးသည်အကြားရှိ ဆက်ဆံရေးတို့သည် တည်ရှိတော့မည် မဟုတ်။ ထို့အပြင်၊ မိသားစုများထဲက လူတို့ကြား ဆက်ဆံရေးများသည် ယခင်ထက် ပို၍ ခပ်တန်းတန်း ဖြစ်လာကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် ကြီးမားသော မိသားစုဆီသို့ ပူးပေါင်းသွားကြလိမ့်မည်ဖြစ်ပြီး၊ မိသားစု အားလုံးနီးပါး၏ ဘဝများနှင့်ဆိုင်သော ပုံမှန် အစဉ်အလာသည် ပြိုကွဲသွားမည် ဖြစ်သည်။ ဤအကြောင်းကြောင့်၊ လူတို့၏ နှလုံးသားများထဲရှိ “မိသားစု”ဟူသည့် အယူအဆသည် တိုး၍ မှေးမှိန်လာလိမ့်မည်ဖြစ်သည်။

ယနေ့နှင့်သက်ဆိုင်သော ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲတွင် အဘယ်ကြောင့် လူတို့နှင့် “ခံစားချက်များ ဖလှယ်ခြင်း”ကို များစွာ အချိန်ပေးအပ်မြှုပ်နှံထားပြီးဖြစ်သနည်း။

ပင်ကိုအားဖြင့် ဤသည်မှာလည်း အကျိုးတရားတစ်ခုခုကို စွမ်းဆောင်ရရှိရန်အလို့ငှာဖြစ်သည်၊ ယင်းမှ ဘုရားသခင်၏ နှလုံးသားသည် ပူပန်သောကဖြင့် ပြည့်သည်ကို မြင်နိုင်ပေသည်။ ဘုရားသခင်က၊ "ငါဝမ်းနည်းသော အခါတွင်၊ မည်သူသည် ၎င်းတို့၏ စိတ်နှလုံးများဖြင့် ငါ့ကို နှစ်သိမ့်ပေးနိုင်သနည်း" ဟူ၍ ပြောဆိုသည်။ ဘုရားသခင်၏ နှလုံးသားသည် ပူဆွေးမှုဖြင့် မွန်ထူသွားသောကြောင့် ဘုရားသခင်က ဤနူတ်ကပတ်တော်များကို ပြောဆိုခြင်း ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ အလိုကို အလုံးစုံ အရေးစိုက်နိုင်စွမ်းမရှိသကဲ့သို့၊ ၎င်းတို့သည် အစဉ် အကျင့်ပျက်ကြသည်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် မချုပ်တည်းနိုင် ကြသကဲ့သို့၊ မိမိတို့သဘောရှိ လုပ်ဆောင်ကြ၏။ ၎င်းတို့သည် အလွန် နိမ့်ကျကြပြီး၊ မိမိတို့ကိုယ်ကိုယ် အစဉ် ခွင့်လွှတ်ကြကာ ဘုရားသခင်၏ အလိုကို အလေးဂရုမပြုကြပေ။ သို့သော်လည်း လူတို့သည် ယနေ့အထိတိုင် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရပြီးဖြစ်သကဲ့သို့၊ မိမိတို့ကိုယ်ကိုယ် လွတ်မြောက်စေနိုင်စွမ်းမရှိကြသောကြောင့်၊ ဘုရားသခင်က "၎င်းတို့သည် ငမ်းငမ်းတက် ဆာလောင်နေသော ဝံပုလွေ၏ အန္တရာယ်မှ အဘယ်သို့လျှင် လွတ်မြောက် နိုင်မည်နည်း။ ၎င်းတို့သည် ထိုဝံပုလွေ၏ ခြိမ်းခြောက်ခြင်းများနှင့် ဖြားယောင်းသွေးဆောင်မှုများမှ အဘယ်သို့ မိမိတို့ကိုယ်ကိုယ် ရှောင်ရှားနိုင်မည်နည်း"ဟူ၍ ပြောဆို၏။ လူတို့သည် ဇာတိပကတိ၌ အသက်ရှင်ကြသည်၊ ယင်းမှာ အူလိမ်မတတ် ဆာလောင်နေသော ဝံပုလွေ၏ ခံတွင်းတွင် အသက်ရှင်ခြင်း ဖြစ်သည်။ ဤအရာကြောင့်နှင့် လူတို့သည် ကိုယ့်ကိုယ်ကိုယ် သတိပြုမိခြင်းမရှိသကဲ့သို့၊ မိမိတို့ကိုယ်ကိုယ် အလိုလိုက်ကာ ကာမဂုဏ်လွန်ကျူးခြင်း၌ အညွှံခံကြသောကြောင့်၊ ဘုရားသခင်သည် စိတ်သောက မရောက်ဘဲ မနေနိုင်ပေ။ ဘုရားသခင်သည် လူတို့ကို ထိုသို့ သာ၍ သတိပေးလေလေ၊ ၎င်းတို့သည် မိမိတို့၏ နှလုံးသားများထဲ၌ ပိုမိုကောင်းမွန်စွာ ခံစားရလာလေလေဖြစ်ပြီး ၎င်းတို့သည် ဘုရားသခင်နှင့် ထိတွေ့ဆက်ဆံရန် သာ၍ လိုလားလာကြလေလေ ဖြစ်သည်။ ထို့အခါမှသာ လူသားနှင့် ဘုရားသခင်သည် ၎င်းတို့ကြား မည်သည့် ကွဲကွာမှု သို့မဟုတ် ဝေးကွာမှုမျှ မရှိဘဲ၊ အချင်းချင်း သဟဇာတဖြစ်စွာ ပတ်သက်ကြလိမ့်မည်။ ယနေ့တွင်၊ လူသားမျိုးနွယ်အားလုံးသည် ဘုရားသခင့် နေ့ရက်၏ ဆိုက်ရောက်ခြင်းကို စောင့်ဆိုင်းကြသည်၊ ထို့ကြောင့် လူသားမျိုးနွယ်သည် မည်သည့်အခါမျှ ရှေ့ဆက်မသွားကြသေးချေ။ သို့သော် ဘုရားသခင်က "ဖြောင့်မတ်ခြင်း၏နေသည် ထွက်ပေါ်လာသောအခါ အရှေ့အရပ်သည် အလင်းပေးခံရလိမ့်မည်ဖြစ်ပြီး၊ ထို့နောက်တွင် ယင်းသည် တစ်ပြန်တစ်လှည့် အယောက်တိုင်းထံ ရောက်ရှိရင်း၊ စကြဝဠာ တစ်ခွင်လုံးသို့ အလင်းပေးလိမ့်မည်"ဟု ပြောဆိုသည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်သည် သူ၏ အသွင်သဏ္ဌာန်

ပြောင်းလဲသောအခါ၊ အရှေ့အရပ်သည် ရှေးဦးစွာ အလင်းပေးခံရလိမ့်မည်ဖြစ်ပြီး အရှေ့အရပ်၏ တိုင်းနိုင်ငံသည် ဦးစွာ အစားထိုးခံရလိမ့်မည်၊ ယင်းနောက်တွင် တောင်အရပ်မှ မြောက်အရပ်အထိ ကျန်သော တိုင်းနိုင်ငံများသည် အသစ်ပြုပြင်ခြင်း ခံရလိမ့်မည်။ ဤသည်မှာ ညွှန်ကြားချက်ဖြစ်ပြီး၊ အားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ ဖြစ်လိမ့်မည်။ ဤအဆင့် ပြီးဆုံးသည်နှင့်တစ်ပြိုင်နက်၊ လူအားလုံးတို့သည် မြင်ရကြပေမည်။ ဘုရားသခင် အမှုပြုသည်မှာ ဤညွှန်ကြားချက်အတိုင်း ဖြစ်သည်။ လူတို့သည် ဤနေ့ရက်ကို ရှုမြင်ရသောအခါ၊ ၎င်းတို့သည် အလွန့်အလွန် ဝမ်းသာကြလိမ့်မည်။ ဤနေ့ရက်သည် အလှမ်းမဝေးသည်ကို ဘုရားသခင်၏ အရေးတကြီး ရည်ရွယ်ချက်မှ တွေ့မြင်နိုင်ပေသည်။

ယနေ့ ဤနေရာတွင် ပြောဆိုထားသည့် နှုတ်ကပတ်တော်များထဲ၌ ဒုတိယနှင့် တတိယအပိုင်းတို့သည် ဘုရားသခင်ကို ချစ်သော သူအားလုံးအထဲ၌ မချိတင်ကဲ ဝေဒနာ မျက်ရည်များ ကျဆင်းစေသည်။ ၎င်းတို့၏ နှလုံးသားများသည် ချက်ချင်း အရိပ်ထဲ၌ ကာဆီးခံရပြီး၊ ထိုအချိန်မှစ၍ လူအားလုံးသည် ဘုရားသခင်၏ နှလုံးသားကြောင့် ကြီးမားသော ဝမ်းနည်းမှုဖြင့် ပြည့်ကြသည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ် ရှိ သူ၏ အမှုကို မပြီးစီးမီအထိ စိတ်သက်သာရာ ရကြလိမ့်မည်မဟုတ်ပေ။ ဤသည်မှာ ယေဘုယျ ဦးတည်ရာ ဖြစ်သည်။ "တလိပ်လိပ်ခံစားရသော ဝမ်းနည်းခြင်း အတူပါရှိလျက် ငါ၏ နှလုံးသားအတွင်း၌ အမျက်ဒေါသ ထွက်၏။ ငါ၏ မျက်လုံးများသည် လူတို့၏ လုပ်ဆောင်ချက်များ၊ ၎င်းတို့၏ စကားလုံးတိုင်းနှင့် လုပ်ရပ်တိုင်းကို ညစ်ညူးသောအရာအဖြစ် ရှုမြင်ရသောအခါ၊ ငါ၏ ဒေါသူပုန်ထခြင်းသည် လျှံထွက်လာပြီး၊ ငါ၏ နှလုံးသား၌ လူ့လောက၏ မတရားမှုများနှင့်သက်ဆိုင်သည့် သာ၍ ကြီးမားသော အသိစိတ်တစ်ခု ရှိ၏၊ ယင်းသည် ငါ့ကို သာ၍ ဝမ်းနည်းစေသည်။ ငါသည် လူသား၏ ဇာတိခန္ဓာကို ချက်ချင်း အဆုံးသတ်လိုသည်။ အဘယ်ကြောင့် လူသားသည် လူ့ဇာတိဖြင့် မိမိကိုယ်ကိုယ် သန့်စင်နိုင်စွမ်းရှိသည်ကို ငါမသိ၊ အဘယ်ကြောင့် လူသားသည် လူ့ဇာတိဖြင့် မိမိကိုယ်ကိုယ် မချစ်နိုင်ရသည်ကို ငါမသိ။ လူ့ဇာတိ၏ "လုပ်ငန်းဆောင်တာ"သည် အလွန် ကြီးမြတ်နေ၍များ ဖြစ်နိုင်မည်လော။" ဘုရားသခင်၏ ယနေ့နှုတ်ကပတ်တော်များတွင်၊ ဘုရားသခင်သည် မည်သည့်အရာမျှ ထိမ်ချန်ထားခြင်း မရှိဘဲ၊ သူ၏ နှလုံးသားအတွင်းရှိ စိုးရိမ်သောကအားလုံးကို လူသားထံသို့ လူသိရှင်ကြား ထုတ်ဖော်ပြောကြားပြီးဖြစ်သည်။ တတိယကောင်းကင်၏ ကောင်းကင်တမန်များသည် သူ့အတွက် တေးဂီတများ တီးမှုတ်သောအခါ၊ ဘုရားသခင်သည် ကမ္ဘာမြေပေါ် ရှိ လူတို့ကို တောင့်တဆဲဖြစ်ပြီး၊ သူက "ငါ့ကို ချီးမွမ်းရာ၌ ကောင်းကင်တမန်များသည် တေးဂီတကို တီးမှုတ်လေသောအခါ ဤအရာက လူသားအတွက်

ငါ၏ စာနာခြင်းကို မလှုံ့ဆော်ဘဲ မနေနိုင်။ ငါ၏ နှလုံးသားသည် ဝမ်းနည်းခြင်းဖြင့် ချက်ချင်း ပြည့်ပြီး ဤစိတ်မချမ်းမြေ့စရာ စိတ်ခံစားချက်မှ ငါ့ကိုယ်ငါ ဖယ်ရှားပစ်ရန် မဖြစ်နိုင်ချေ"ဟု ပြောဆိုသည်မှာ ဤအရာကြောင့် ဖြစ်သည်။ ဘုရားသခင်က "လူ့လောက၏ မတရားမှုများကို ငါပြင်မည်။ စာတန်အား ငါ၏ လူများကို တစ်ဖန် ဘေးပြုခြင်းမှ တားမြစ်လျက်၊ ရန်သူများကို တစ်ဖန် ၎င်းတို့သဘောရှိ မည်သည့်အရာကိုမဆို လုပ်ဆောင်ခြင်းမှ တားမြစ်လျက်၊ ကမ္ဘာလောကအနှံ့ ငါ၏အမှုကို ငါကိုယ်တိုင်၏ လက်များဖြင့် ဆောင်ရွက်မည်။ ငါ၏ ရန်သူများ အားလုံးကို မြေပေါ်သို့ လဲကျစေကာ ၎င်းတို့၏ ပြစ်မှုများကို ငါ့ရှေ့မှောက် ဝန်ခံလာစေရင်း၊ ငါသည် ကမ္ဘာမြေပေါ်၌ ရှင်ဘုရင် ဖြစ်လာမည်ဖြစ်ပြီး ငါ၏ပလ္လင်ကို ထိုနေရာသို့ ရွှေ့မည်" ဟူသည့် နှုတ်ကပတ်တော်များကို ပြောဆိုသည်မှာ ဤအကြောင်းရင်းကြောင့် ဖြစ်သည်။ ဘုရားသခင်၏ ဝမ်းနည်းခြင်းသည် နတ်ဆိုးတို့အတွက် သူ၏ မုန်းတီးခြင်းကို တိုးပွားစေသည်၊ ထို့ကြောင့် သူသည် လူထုထံသို့ နတ်ဆိုးများ မည်သို့ အဆုံးသတ်မည်ကို ကြိုတင် ထုတ်ဖော်ပြလေသည်။ ဤသည်မှာ ဘုရားသခင်၏ အမှုဖြစ်သည်။ ဘုရားသခင်သည် လူအားလုံးနှင့် ပြန်လည်ပေါင်းစည်းရန်နှင့် ခေတ်ဟောင်းကို အဆုံးသတ်ရန် အစဉ် ဆန္ဒရှိခဲ့သည်။ စကြဝဠာအနှံ့က လူအားလုံးသည် စတင်လှုပ်ရှားနေကြသည်- ဆိုလိုသည်မှာ အာကာသထဲရှိ လူအားလုံးသည် ဘုရားသခင်၏ လမ်းပြမှုထဲ ဝင်ရောက်နေကြပေသည်။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့၏ အတွေးများသည် ၎င်းတို့၏ ဧကရာဇ်များကို ပုန်ကန်ခြင်းသို့ လှည့်သွားကြသည်။ များမကြာမီတွင်၊ လောက၏ လူတို့သည် ပရမ်းပတာ အခြေအနေထဲသို့ ပေါ်ပေါက်ကြမည်ဖြစ်ပြီး နိုင်ငံအားလုံးတို့၏ အကြီးအကဲများသည် အရပ်ရပ်သို့ ထွက်ပြေးကြလိမ့်မည်ဖြစ်ကာ၊ နောက်ဆုံးတွင် ခေါင်းဖြတ်စက်ဆီသို့ ၎င်းတို့လူများ၏ တရွတ်တိုက်ဆွဲခြင်း ခံရကြလိမ့်မည်။ ဤသည်မှာ နတ်ဆိုးတို့၏ မင်းများ၏ နောက်ဆုံး အဆုံးသတ်ဖြစ်သည်။ နောက်ဆုံးတွင်၊ ၎င်းတို့မည်သူမျှ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ ၎င်းတို့အားလုံးသည် ယင်းကို ဖြတ်သန်းကြရလိမ့်မည်။ ယနေ့တွင်၊ "ပါးနပ်သော" လူတို့သည် စတင်နောက်ဆုတ်ကြပြီး ဖြစ်သည်။ အခြေအနေ အလားအလာမကောင်းသည်ကို မြင်ကြသည့်အခါ၊ ၎င်းတို့သည် နောက်ဆုတ်ရန်နှင့် ကပ်ဘေး၏ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် ဤအခွင့်အရေးကို အသုံးပြုကြသည်။ သို့သော် ငါသည် ရှင်းရှင်းပြောသည်၊ နောက်ဆုံးသော ကာလအတွင်း ဘုရားသခင် လုပ်ဆောင်သော အမှုသည် အဓိကအားဖြင့် လူသားကို ပြစ်တင်ဆုံးမခြင်း ဖြစ်သည်၊ ထို့ကြောင့် ဤလူများသည် လွတ်မြောက်ရန် အဘယ်သို့လျှင် ဖြစ်နိုင်မည်နည်း။ ယနေ့သည် ပထမအဆင့်ဖြစ်သည်။ တစ်နေ့တွင်၊ စကြဝဠာထဲက အရာရာသည် စစ်ပွဲ၏ အုတ်အော်သောင်းနင်းဖြစ်ခြင်းထဲသို့

ကျဆင်းသွားမည် ဖြစ်သည်။ ကမ္ဘာမြေကြီး၏ လူတို့သည် မည်သည့်အခါတွင်မျှ နောက်တစ်ဖန် ခေါင်းဆောင်များ ရှိကြလိမ့်မည်မဟုတ်၊ အရာခပ်သိမ်းသည် ဘုရားသခင်၏ လက်အားဖြင့် ထိန်းချုပ်ခံထားရသည့်အတွက်၊ ကမ္ဘာလောကတစ်ခုလုံးသည် မည်သူမျှ အုပ်စိုးခြင်း မရှိသော သဲပွင့်အုံကြီးကဲ့သို့ ဖြစ်လိမ့်မည်ဖြစ်ပြီး လူတို့သည် အခြားမည်သူကိုမျှ အလေးမထားဘဲ၊ မိမိတို့၏ ကိုယ်ပိုင် ဘဝများအတွက်သာ အရေးထားကြလိမ့်မည်- ဤသည်မှာ ဘုရားသခင်က "လူသားမျိုးနွယ် အားလုံးသည် ငါ၏ အလိုနှင့်အညီ လောကကြီး၏ အမျိုးမျိုးအစားစားသော တိုင်းနိုင်ငံများကို ဖြိုခွဲနေကြသည်"ဟု ပြောရသည့်အကြောင်းရင်း ဖြစ်သည်။ ယခု ဘုရားသခင်ပြောဆိုသည့် "ကောင်းကင်တမန်တို့၏ တံပိုးများ"ဆိုသည်မှာ လက္ခဏာတစ်ရပ် ဖြစ်သည်- ၎င်းတို့သည် လူသားအတွက် သတိပေးခေါင်းလောင်းကို မြည်ဟည်းစေပြီး တံပိုးများ နောက်တစ်ဖန် အသံမြည်သောအခါ လောကကြီး၏ နောက်ဆုံးသော နေ့ရက် ရောက်ရှိပြီး ဖြစ်ပေလိမ့်မည်။ ထိုအချိန်၌၊ ဘုရားသခင်၏ ပြစ်တင်ဆုံးမမှု တစ်ရပ်လုံးသည် ကမ္ဘာမြေကြီးပေါ်သို့ အလုံးစုံ ကျရောက်လိမ့်မည်။ ဤသည်မှာ အကြင်နာကင်းမဲ့သော တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း ခေတ်၏ တရားဝင်အစ ဖြစ်လိမ့်မည်။ ဣသရေလလူမျိုးများအလယ်တွင်၊ ၎င်းတို့အား မတူကွဲပြားသော ပတ်ဝန်းကျင်များတစ်လျှောက် ဦးဆောင်ရန် ဘုရားသခင်၏ အသံ မကြာခဏ ရှိလိမ့်မည်ဖြစ်ပြီး၊ ထို့ကြောင့် ကောင်းကင်တမန်များသည်လည်း ၎င်းတို့ထံ ပေါ်လာကြလိမ့်မည်။ ဣသရေလလူမျိုးတို့သည် လအနည်းငယ်မျှအတွင်း စုံလင်စေခြင်း ခံရကြလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့သည် အဆင်းနီသောနဂါးကြီး၏ အဆိပ်ကို မိမိတို့ကိုယ်ကိုယ်မှ လွင့်ပြယ်စေခြင်း အဆင့်ကို ကြုံရမည်မဟုတ်သောကြောင့်၊ ၎င်းတို့အတွက် အမျိုးမျိုးသော လမ်းပြမှုအောက်၌ မှန်သော လမ်းကြောင်းပေါ်သို့ ဝင်ရောက်ရန်မှာ လွယ်ကူပေလိမ့်မည်။ ဣသရေလထဲက တိုးတက်မှုများမှ စကြဝဠာ တစ်ဝှမ်းလုံး၏ အခြေအနေကို တွေ့မြင်နိုင်ပြီး၊ ဤအရာက ဘုရားသခင်၏ အမှုအဆင့်တို့က မည်မျှ လျင်မြန်သည်ကို ပြသသည်။ "အချိန်ရောက်လာလေပြီ။ ငါ၏အမှုကို ငါ စတင် လှုပ်ရှားစေမည်၊ ငါသည် လူသားတို့အလယ်တွင် ရှင်ဘုရင်အဖြစ် စိုးစံမည်။" အတိတ်တွင်၊ ဘုရားသခင်သည် ကောင်းကင်ဘုံ၌သာ စိုးစံခဲ့သည်။ ယနေ့တွင်၊ သူသည် ကမ္ဘာမြေကြီးပေါ်၌ စိုးစံသည်။ ဘုရားသခင်သည် သူ၏ ဩဇာအာဏာအားလုံးကို ရုတ်သိမ်းပြီး ဖြစ်၍၊ ထို့ကြောင့် ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ပြန်လည်စီစဉ်မည်မဟုတ်သကဲ့သို့၊ မည်သည့်လူသားကိုမျှ ဝင်စွက်ဖက်ရန် ခွင့်မပြုထားသည့်အတွက်၊ လူသားမျိုးနွယ် အားလုံးသည် နောက်တစ်ဖန် မည်သည့်အခါတွင်မျှ ပုံမှန် လူသားအသက်တာကို

ရရှိကြလိမ့်မည် မဟုတ်သည်ကို ကြိုတင်ဟောကိန်းထုတ်ထားပြီးဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်က လူသားအား “အချိန် ရောက်လာလေပြီ”ဟု မကြာခဏ သတိပေးခြင်း ဖြစ်သည်။ ဣသရေလလူမျိုးများသည် ၎င်းတို့၏ နိုင်ငံသို့ ပြန်လာကြပြီးချိန်တွင်- ဣသရေလနိုင်ငံကို လုံး၀ ပြန်လည်ရရှိသည့် နေ့ရက်တွင်- ဘုရားသခင်၏ ကြီးမြတ်သော အမှု ပြီးစီးလိမ့်မည်။ မည်သူမျှ နားမလည်လိုက်ဘဲနှင့်၊ စကြ၀ဠာ တစ်လျှောက်ရှိ လူတို့သည် ပုန်ကန်ကြလိမ့်မည်ဖြစ်ပြီး စကြ၀ဠာအနှံ့ရှိ တိုင်းနိုင်ငံများသည် ကောင်းကင်က ကြယ်များကဲ့သို့ ကျကြလိမ့်မည်။ တစ်ခဏချင်းတွင်၊ ၎င်းတို့သည် ပျက်စီးခြင်းဖြင့် ပြိုလဲကြလိမ့်မည်။ ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းပြီးနောက်တွင်၊ ဘုရားသခင်သည် သူ၏နှလုံးသား နှစ်သက်မြတ်နိုးရာဖြစ်သည့် နိုင်ငံကို တည်ထောင်ပေလိမ့်မည်။

# အခန်း ၂၈

လူတို့၏ အခြေအနေမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ နားလည်မှုနည်းလေလေ ၎င်းတို့သည် ဘုရားသခင်၏ လက်တလော အမှုပြုခြင်း နည်းလမ်းများကို ပို၍အယုံအကြည် ကင်းမဲ့လေလေ ဖြစ်သည်။ သို့သော်လည်း ဤအရာသည် ဘုရားသခင်၏အမှုတော်အပေါ် အကျိုးသက်ရောက်မှု မရှိပေ၊ သူ၏နှုတ်ကပတ်တော်များ အဆင့်တစ်ခုထိ ရောက်သောအခါ၊ လူတို့၏ စိတ်နှလုံးများသည် အလိုအလျောက် ပြောင်းလဲကြလိမ့်မည်။ ၎င်းတို့၏ အသက်တာများတွင် အယောက်တိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် အစွဲအလမ်းကြီးကြပြီး၊ ၎င်းတို့သည် သူ၏နှုတ်ကပတ်တော်များကို စတင် တမ်းတလည်းတမ်းတလာကြလေသည်၊ ပြီးလျှင် ဘုရားသခင်၏ မရပ်မနား ဖော်ထုတ်ခြင်းကြောင့်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် စတင် စက်ဆုပ်ရွံရှာလာကြသည်။ သို့သော် ဘုရားသခင်သည် အောက်ပါ နှုတ်ကပတ်တော် အမျိုးအစားများကိုလည်း မိန့်မြွက်ပြီးဖြစ်သည်- “ငါ၏နှုတ်ကပတ်တော်များ အားလုံးကို အကုန်အစင် သူ သဘောပေါက်ပြီးသည့်အခါ၊ လူသား၏ ဝိညာဉ်ရင့်ကျက်မှုသည် ငါ၏ဆန္ဒများနှင့်ညီမျှပြီး သူ၏တောင်းပန်ချက်များသည် အကျိုးဖြစ်ထွန်းကာ အချည်းအနှီး သို့မဟုတ် အလဟဿ မဖြစ်ပေ။ ငါသည် လူသားမျိုးနွယ်၏ ဟန်ဆောင်ခြင်း မဟုတ်သည့်၊ စစ်မှန်သော တောင်းပန်ချက်များကို ကောင်းချီးပေး၏။” အမှန်တွင် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လုံးလုံးလျားလျား နားလည်သဘောပေါက်နိုင်စွမ်း မရှိကြပေ၊ ၎င်းတို့သည် အပေါ်ယံမျှ နားလည်သဘောပေါက်နိုင်ကြသည်။ ဘုရားသခင်သည် ၎င်းတို့

လိုက်စားရန် ရည်မှန်းချက်တစ်ခုကို ၎င်းတို့အား ပေးရန်၊ ဘုရားသခင်သည် အမှုအရာများကို ပေါ့ပေါ့တန်တန် မပြုဘဲ၊ သူ၏အမှုတော် နှင့်ပတ်သက်၍ အလေးအနက်ရှိကြောင်း ခံစားစေရန် ဤနှုတ်ကပတ်တော်များကို အသုံးပြုရုံမျှ ပြုလေသည်။ ထိုအခါမှသာ ၎င်းတို့သည် လိုက်စားဖို့ ယုံကြည်ခြင်း ရှိကြလိမ့်မည်။ ပြီးလျှင် လူအပေါင်းတို့သည် ဘုရားသခင်၏ အလိုအတွက် မဟုတ်ဘဲ၊ ၎င်းတို့အဖို့အလို့ငှာသာ အသနား ခံကြသော်လည်း၊ ဘုရားသခင်သည် ယခုတစ်မျိုး တော်ကြာတစ်မျိုး သဘောထားပြောင်းခြင်း မရှိသောကြောင့်၊ သူ၏ နှုတ်ကပတ်တော်များသည် လူသား၏သဘာဝကို အမြဲရည်ရွယ်ပြီး ဖြစ်ပေသည်။ ယနေ့ လူအများစုတို့သည် အသနားခံကြသော်လည်း၊ ၎င်းတို့သည် မစစ်မှန်မရိုးသားကြပေ- ဟန်ဆောင်မှုတစ်ခုမျှသာ ဖြစ်သည်။ လူအပေါင်း၏ အခြေအနေမှာ ၎င်းတို့သည် “ငါ၏ နှုတ်ကို ပေါက်ကွဲယံဝခြင်း တစ်ခုအဖြစ် ယူဆကြသည်။ လူအားလုံးသည် ငါ့နှုတ်မှ တစ်စုံတစ်ခု ရရှိရန် ဆန္ဒရှိကြသည်။ ယင်းသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များဖြစ်စေ၊ ကောင်းကင်ဘုံ၏ နက်နဲမှုများဖြစ်စေ သို့မဟုတ် ဝိညာဉ်လောက၏ အင်အားများဖြစ်စေ၊ သို့မဟုတ် လူသားမျိုးနွယ်၏ ခရီးပန်းတိုင်ဖြစ်စေ” ၎င်းတို့၏ သိလိုစိတ် ပြင်းပြခြင်းကြောင့်၊ လူအားလုံးသည် ဤအရာများကို ရှာဖွေရန် လိုလိုလားလားရှိကြပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ အသက်နှင့်ဆိုင်သည့် အထောက်အပံ့များ မည်သည့်အရာမျှ ရရှိရန် ဆန္ဒမရှိကြချေ။ ထို့ကြောင့် ဘုရားသခင်က “လူသားအတွင်းတွင် ချို့တဲ့မှုများလွန်းလှ၍၊ သူသည် “အာဟာရဖြည့်ဆည်းမှုများ” သာ လိုအပ်သည် မဟုတ်ဘဲ၊ ထိုထက်ပို၍ “စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု” နှင့် “ဝိညာဉ်ရေးရာထောက်ပံ့မှု” တို့ လိုအပ်လေသည်” ဟု ဆိုခြင်းဖြစ်သည်။ ယနေ့ အပျက်သဘောရှိခြင်းသို့ ဆိုက်ရောက်စေပြီးသည်မှာ လူတို့အထဲက အယူအဆများ ဖြစ်ပြီး ၎င်းတို့ပြောဆို လုပ်ဆောင်သည့် အရာတွင် အားမာန်မရှိကြသကဲ့သို့၊ အရာခပ်သိမ်း၌ ၎င်းတို့ ဝတ်ကျေတမ်းကျေဖြစ်ပြီး ဖြစ်ကတတ်ဆန်း လုပ်ကြသည်မှာ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ အမြင်များမှာ အလွန် “ရှေးရိုးစွဲ” သောကြောင့် ဖြစ်သည်။ ဤအရာများသည် လူတို့၏ အခြေအနေများ ဖြစ်သည်မဟုတ်လော။ လူတို့သည် ၎င်းတို့ ဖြစ်သည့်အတိုင်း ဆက်သွားသည်ထက်၊ မြန်မြန်ဆန်ဆန်နှင့် ဤအရာကို ပြုပြင်သင့်သည် မဟုတ်လော။ အနာဂတ်ကို သိခြင်းတွင် လူသားအတွက် မည်သည့် အကျိုးကျေးဇူး ရှိသနည်း။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် အချို့ကို ဖတ်ရှုပြီးနောက် တုံ့ပြန်မှုတစ်ခု ရှိကြသော်လည်း၊ သူ၏ကျန်သည့် နှုတ်ကပတ်တော်များက အဘယ်ကြောင့် အကျိုးသက်ရောက်မှု မရှိသနည်း။ ဥပမာအားဖြင့် ဘုရားသခင်က၊ “သာ၍ ကောင်းမွန်သော သက်ရောက်မှုများ စွမ်းဆောင်ရရှိရန်အလို့ငှာ၊ ၎င်းတို့အားလုံး ပြန်လည်ကျန်းမာလာနိုင်ပြီး

ငါ၏ကုသမှုကြောင့် ပုံမှန် အခြေအနေသို့ ပြန်ရောက်နိုင်ကြဖို့အလို့ငှာ၊ ငါသည် လူသား၏ အနာရောဂါအတွက် ကုထုံးတစ်ခုကို ပေးသည်" ဟု ပြောသောအခါ၊ ဤနှုတ်ကပတ်တော်များသည် လူတို့၌ အကျိုးသက်ရောက်မှု မရှိသည်မှာ အဘယ်သို့ဖြစ်သနည်း။ ဘုရားသခင် ပြုပြီးသော အရာတိုင်းသည် လူတို့ ကြိုးပမ်းရရှိသင့်သော အရာဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် လုပ်ဆောင်ရန် အမှုတော်ရှိသည်- လူတို့သည် အဘယ်ကြောင့် လျှောက်လှမ်းစရာ လမ်းကြောင်းတစ်ခု မရှိသနည်း။ ဤသည်မှာ ဘုရားသခင်နှင့်ဆန့်ကျင်နေသည် မဟုတ်လော။ လူတို့ လုပ်ဆောင်သင့်သော အလုပ်များစွာ အမှန်တကယ် ရှိသည်- ဥပမာအားဖြင့် "သင်တို့သည် အဆင်းနီသောနဂါးကြီးကို အမှန်တကယ် မုန်းတီးသလော" ဟူသော နှုတ်ကပတ်တော်ထဲက "အဆင်းနီသောနဂါးကြီး" အကြောင်းကို ၎င်းတို့ မည်မျှသိကြသနည်း။ "ငါသည် ကြိမ်ဖန်များစွာ သင်တို့ကို အဘယ်ကြောင့် မေးလေပြီနည်း" ဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်များက လူတို့သည် အဆင်းနီသောနဂါးကြီး၏ သဘာဝကို မသိနားမလည်ကြသေးသကဲ့သို့၊ ၎င်းတို့သည် ပို၍ နက်နဲစွာ သိနိုင်စွမ်းမရှိဘဲနေကြကြောင်း ပြသပေသည်။ ဤသည်မှာ လူသား လုပ်ဆောင်သင့်သောအလုပ် ဖြစ်သည် မဟုတ်သလော။ လူသားသည် လုပ်စရာ အလုပ်မရှိဟု အဘယ်ကြောင့် ဆို၍ရနိုင်သနည်း။ အကယ်၍ ထိုသို့ ဖြစ်ခဲ့ပါက၊ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုသည် အဘယ်အရာ ဖြစ်လိမ့်မည်နည်း။ ဘုရားသခင်သည် ဟန်ဆောင် လုပ်ပြရန်အတွက်၊ ဖြစ်ကတတ်ဆန်းနှင့် ဝတ်ကျေတမ်းကျေပြုသည့် ပုံစံဖြင့် ဆောင်ရွက်နေသလော။ အဆင်းနီသောနဂါးကြီးကို ဤနည်းဖြင့် အနိုင်ယူ၍ရနိုင်သလော။

ဘုရားသခင်က "ငါသည် စတင်နှင့်ပြီဖြစ်ကာ၊ အဆင်းနီသောနဂါးကြီး၏ နေထိုင်ရာနေရာတွင် ပြစ်တင်ဆုံးမခြင်းနှင့်ဆိုင်သည့် ငါ့အမှုတော်၏ ပထမအဆင့်ကို စတင်မည်" ဟု ဆိုသည်။ ဤနှုတ်ကပတ်တော်များသည် ဘုရားသဘောသဘာဝထဲက အမှုတော်ကို ရည်ရွယ်ပေသည်။ ယနေ့ခေတ် လူများသည် ပြစ်တင်ဆုံးမခြင်းထဲသို့ ကြိုတင် ဝင်ရောက်နှင့်ပြီ ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်က ဤအရာမှာ သူ့အမှုတော်၏ ပထမအဆင့် ဖြစ်သည်ဟု ဆိုပေသည်။ သူသည် လူတို့အား ဘေးဒုက္ခများ၏ ပြစ်တင်ဆုံးမခြင်းကို ကြုံကြခံစေခြင်း မဟုတ်ဘဲ၊ နှုတ်ကပတ်တော်များ၏ ပြစ်တင်ဆုံးမခြင်းကို ကြုံကြုံခံစေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ သဘောသွား ပြောင်းလဲသောအခါ၊ လူတို့သည် လုံးဝ မသိနားမလည် ဖြစ်လာကြပြီး ထို့နောက်တွင် ၎င်းတို့အားလုံး ပြစ်တင်ဆုံးမခြင်းထဲသို့ ဝင်ရောက် ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ပြစ်တင်ဆုံးမခြင်းကို ကြုံပြီးသည်နှင့်တစ်ပြိုင်နက်၊ ယင်းမှာ ဘုရားသခင်က "ထို့ကြောင့်

သင်တို့သည် သင်တို့၏တာဝန်ကို တရားဝင် ထမ်းဆောင်ကြလိမ့်မည် ဖြစ်ပြီး၊ နယ်မြေတစ်လျှောက်လုံးတွင် ငါ့ကို ကာလအစဉ်အဆက် တရားဝင် ချီးမွမ်းကြလိမ့်မည်” ဟု ဆိုသကဲ့သို့သာ ဖြစ်သည်။ ဤသည်တို့မှာ ဘုရားသခင်၏အမှုတော်ထဲက အဆင့်များ ဖြစ်သည်- ယင်းတို့သည် သူ၏အစီအစဉ် ဖြစ်သည်။ ထို့အပြင် ဘုရားသခင်၏ ဤလူများသည် အဆင်းနီသောနဂါးကြီး ပြစ်တင်ဆုံးမခံရသော နည်းလမ်းများကို ကိုယ်တိုင်ကိုယ်ကျ ရှုမြင်ရမည်၊ ထို့ကြောင့် ကပ်ဘေးသည် ၎င်းတို့၏အနီးတဝိုက် ကမ္ဘာလောကထဲတွင် ၎င်းတို့၏ ပြင်ပ၌ တရားဝင် စတင်ပေသည်။ ဤသည်မှာ လူတို့ကို ဘုရားသခင် ကယ်တင်သော နည်းလမ်းများထဲမှ တစ်ခု ဖြစ်သည်။ ၎င်းတို့သည် အတွင်း၌ ပြစ်တင်ဆုံးမခြင်းကို ခံကြရပြီး အပြင်တွင် ကပ်ဘေးက ကျရောက်ခြင်းဖြစ်သည်-ဆိုလိုသည်မှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံခြင်းဖြစ်သည်။ ထို့ကြောင့် လူတို့သည် ကပ်ဘေးထက် ပြစ်တင်ဆုံးမခြင်းကို ကြုံရန် ပို၍ နှစ်သက်ကြမည်ဖြစ်ပြီး၊ ဤအရာကြောင့် ၎င်းတို့ ကျန်ရှိနေခြင်း ဖြစ်သည်။ တစ်ဖက်တွင် ဤသည်မှာ ဘုရားသခင်၏အမှုတော် ရောက်လာပြီဖြစ်သော အခြေအနေ ဖြစ်သည်။ အခြားတစ်ဖက်တွင် ယင်းသည် လူအပေါင်းတို့က ဘုရားသခင်၏ စိတ်သဘောထားကို သိနိုင်ကြစေဖို့အလို့ငှာ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်က “ငါ၏ လူများက ငါ့ကို မွေ့လျော်ကြချိန်သည် အဆင်းနီသောနဂါးကြီး ပြစ်တင်ဆုံးမခံရသည့်အချိန် ဖြစ်သည်။ အဆင်းနီသောနဂါးကြီး၏လူများကို ထကြွစေပြီး ၎င်းကို တော်လှန်စေခြင်းသည် ငါ၏အစီအစဉ်ဖြစ်ပြီး၊ ဤသည်မှာ ငါ၏လူများကို ငါစုံလင်စေသည့်နည်းစနစ်ဖြစ်ကာ ယင်းသည် ငါ၏ လူအားလုံးအတွက် ဘဝ၌ ကြီးထွားဖို့ ကြီးမားသော အခွင့်အရေးတစ်ခု ဖြစ်သည်” ဟု ဆိုပေသည်။ ဘုရားသခင်သည် ဤနှုတ်ကပတ်တော်များကို ပြောသော်လည်း ယင်းတို့က လူတို့၏ အာရုံကို မဆွဲဆောင်သည်မှာ အဘယ်ကြောင့်နည်း။

ဘုရားသခင်၏ လှုံ့တံသည် ကမ္ဘာမြေကြီးပေါ်၌ ၎င်း၏ အခန်းကဏ္ဍကို စတင် လုပ်ဆောင်ပြီ ဖြစ်သောကြောင့် နိုင်ငံများသည် ကြီးမားသည့် ပရမ်းပတာဖြစ်ခြင်း အခြေအနေတွင် ရှိလေသည်။ ဘုရားသခင်၏အမှုတော်ကို ကမ္ဘာမြေကြီး၏ အခြေအနေ၌ မြင်နိုင်သည်။ ဘုရားသခင်က “ရေများသည် ဟုန်းဟုန်းမြည်ကြလိမ့်မည်၊ တောင်များ ပြိုလဲကြလိမ့်မည်၊ မြစ်ကြီးများ ပြိုကွဲကြလိမ့်မည်၊” ဟု ပြောသောအခါ၊ ဤသည်မှာ “ကမ္ဘာမြေပေါ် ရှိ အိမ်ထောင်စုအပေါင်းသည် တစ်ကွဲတစ်ပြားစီ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ မြေကြီးပေါ် ရှိ တိုင်းနိုင်ငံအားလုံး အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲလိမ့်မည်။ ခင်ပွန်းနှင့် ဇနီးသည်တို့အကြား ပြန်လည် ပေါင်းစည်းသည့် နေ့ရက်များ ကုန်ဆုံးလိမ့်မည်၊ အမိနှင့်သားတို့ တစ်ဖန်

ပြန်တွေ့တော့မည်မဟုတ်၊ အဖနှင့်သမီးတို့ မည်သည့်အခါမျှ တစ်ဖန် ပြန်ဆုံတော့မည် မဟုတ်ပေ။ မြေကြီးပေါ် ရှိဖူးသော အရာအားလုံးကို ငါ ချေမှုန်းမည်” ဟူသော ရလဒ်ဖြင့် ကမ္ဘာမြေကြီးပေါ်တွင် လုံတံ၏ ကနဦး အလုပ်ဖြစ်သည်။ ယင်းမှာ ကမ္ဘာမြေကြီးပေါ် ရှိ မိသားစုများ၏ ယေဘုယျ အခြေအနေ ဖြစ်လိမ့်မည်။ သဘာဝအားဖြင့် ယင်းသည် ၎င်းတို့အားလုံး၏ အခြေအနေ ဖြစ်နိုင်ခြေ မရှိနိုင်သော်လည်း၊ ယင်းမှာ ၎င်းတို့အများစု၏ အခြေအနေ ဖြစ်သည်။ သို့သော်လည်း ယင်းသည် ဤရေစီးကြောင်း၏ လူများက အနာဂတ်တွင် တွေ့ကြုံရသည့် အခြေအနေများကို ရည်ညွှန်းနေခြင်း ဖြစ်သည်။ ယင်းက ၎င်းတို့သည် နှုတ်ကပတ်တော်များ၏ ပြစ်တင်ဆုံးမခြင်းကို ကြုံရပြီး၊ မယုံကြည်သူများသည် ကပ်ဘေးကို ခံရပြီးသည်နှင့် တစ်ပြိုင်နက်၊ ကမ္ဘာမြေကြီးပေါ်တွင် လူတို့အကြား မိသားစု ဆက်ဆံရေးများ ရှိတော့မည် မဟုတ်သည်ကို ၎င်းက ကြိုတင်ဟောကိန်း ထုတ်ပေသည်။ ၎င်းတို့အားလုံးသည် သိနိမ်ပြည်၏ လူများ ဖြစ်ကြလိမ့်မည် ဖြစ်ပြီး၊ အားလုံးသည် ဘုရားသခင်၏ နိုင်ငံတော်၌ သစ္စာရှိကြလိမ့်မည်။ ထို့ကြောင့် ခင်ပွန်းနှင့် ဇနီးသည်တို့အကြား ပြန်လည်ပေါင်းစည်းသည့် နေ့ရက်များ ကုန်ဆုံးလိမ့်မည်၊ အမိနှင့်သားတို့ တစ်ဖန်ပြန်တွေ့တော့မည်မဟုတ်၊ အဖနှင့်သမီးတို့ မည်သည့်အခါမျှ တစ်ဖန်ပြန်ဆုံတော့မည် မဟုတ်ပေ။ ထို့ကြောင့် ကမ္ဘာမြေကြီးပေါ် ရှိ လူတို့၏ မိသားစုများသည် ဖြိုခွဲခံရလိမ့်မည်၊ အကြီးအကျယ် ဖျက်ဆီးခြင်းကို ခံရလိမ့်မည်ဖြစ်ပြီး၊ ဤသည်မှာ လူသား၌ ဘုရားသခင် ပြုသော နောက်ဆုံးအမှုတော် ဖြစ်လိမ့်မည်။ ပြီးလျှင် ဘုရားသခင်သည် ဤအမှုတော်ကို စကြဝဠာတစ်ခုလုံးအနှံ့ ပျံ့နှံ့စေမည် ဖြစ်သောကြောင့်၊ သူသည် “စိတ်ခံစားချက်” ဟူသော စကားလုံးကို လူတို့အား ရှင်းလင်းပြရန် အခွင့်အရေးကို အသုံးချကာ၊ ထိုသို့ဖြင့် ဘုရားသခင်၏ အလိုမှာ လူအပေါင်း၏ မိသားစုများကို ဖြိုခွဲရန် ဖြစ်ကြောင်းကို ၎င်းတို့အား မြင်ခွင့်ပေးပြီး ဘုရားသခင်သည် လူသားမျိုးနွယ်ထဲက “မိသားစု အငြင်းပွားမှုများ” အားလုံးကို ဖြေရှင်းရန် ပြစ်တင်ဆုံးမခြင်းကို အသုံးပြုကြောင်း ပြသလေသည်။ အကယ်၍ ထိုသို့မဟုတ်ပါက၊ ဘုရားသခင်၏အမှုတော်၏ နောက်ဆုံး အပိုင်းကို ကမ္ဘာမြေကြီးပေါ်၌ အဆုံးသတ်ဖို့ ဖြစ်နိုင်မည် မဟုတ်ပေ။ ဘုရားနှုတ်ကပတ်တော်များ၏ နောက်ဆုံးအပိုင်းသည် လူသားမျိုးနွယ်၏ အကြီးမားဆုံးသော အားနည်းချက်ကို ဖွင့်ချသည်- ၎င်းတို့အားလုံးသည် စိတ်ခံစားချက်ဖြင့် အသက်ရှင်ကြ၏- ထို့ကြောင့် ဘုရားသခင်သည် ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်ကိုမျှ မရှောင်ဘဲ၊ လူသားမျိုးနွယ် အားလုံး၏ စိတ်နှလုံးများထဲ၌ ကွယ်ဝှက်ထားသော လျှို့ဝှက်ချက်များကို ဖော်ထုတ်လေသည်။ လူတို့အတွက် ၎င်းတို့ကိုယ်ကိုယ် စိတ်ခံစားချက်မှ သီးခြားခွဲရန် အဘယ်ကြောင့် အလွန်ခက်ခဲရသနည်း။ ထိုသို့ လုပ်ဆောင်ခြင်းသည်

အသိတရား၏ စံနှုန်းများကို ကျော်လွန်သလော။ အသိတရားသည် ဘုရားသခင်၏ အလိုကို ပြီးမြောက်စေနိုင်သလော။ စိတ်ခံစားချက်သည် ဘေးအန္တရာယ်တစ်လျှောက် လူတို့ကို ကူညီနိုင်သလော။ ဘုရားသခင်၏ အမြင်တွင် စိတ်ခံစားချက်သည် သူ၏ ရန်သူ ဖြစ်သည်- ဤအရာကို ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲ၌ ရှင်းလင်းစွာ ဖော်ပြပြီးပြီ မဟုတ်လော။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "ယင်းမှာ ဘုရားသခင်" ဆိုသည့် စကားစု မပါရှိပါ။

# အခန်း ၂၉

လူတို့ဆောင်ရွက်သောအမှုတွင်၊ အချို့မှာ ဘုရားသခင်ထံမှ တိုက်ရိုက်ညွှန်ကြားချက်ဖြင့် အကောင်အထည်ဖော်ခြင်း ဖြစ်သော်လည်း၊ တစ်စိတ်တစ်ဒေသအတွက်မူ ဘုရားသခင်မှ လူသိရှင်ကြား ညွှန်ကြားချက်များ မပေးပေ။ ဤသည်မှာ ယနေ့ ဘုရားသခင် ဆောင်ရွက်သောအမှုသည် အပြည့်အဝ ထုတ်ဖော်ရန်လိုသေးကြောင်း လုံလောက်စွာ ပြဆိုနေခြင်းဖြစ်သည်—အများအပြားမှာ ဖုံးကွယ်လျက်ရှိနေကာ လူသိရှင်ကြားဖြစ်မလာသေးဟု ဆိုလိုခြင်းဖြစ်သည်။ သို့ရာတွင် အချို့သောအရာများမှာ လူသိရှင်ကြားဖြစ်ရန် လိုအပ်၍၊ လူတို့ကို အကြံအိုက်ကာ စိတ်ရှုပ်နေစေရမည့် အချို့လည်းရှိ၏။ ဤသည်မှာ ဘုရားသခင်၏ အမှုမှ သတ်မှတ်ထားသည့် အရာဖြစ်၏။ ဥပမာ ဘုရားသခင်သည် ကောင်းကင်ဘုံမှ လူသားတို့အကြား ကြွရောက်လာခြင်းနှင့် ပတ်သက်၍ သူမည်သို့ရောက်လာခဲ့သည်၊ မည်သည့်စက္ကန့်တွင် ရောက်လာခဲ့သည်၊ သို့မဟုတ် ကောင်းကင်နှင့် မြေကြီးနှင့် အရာခပ်သိမ်းတို့ ပြောင်းလဲသွားခဲ့ခြင်း ရှိမရှိ စသည့်အရာတို့အတွက် လူသားတို့ စိတ်ရှုပ်ထွေးစေရန် လိုအပ်သည်။ ဤသည်ကို စစ်မှန်သော အခြေအနေများပေါ်တွင်လည်း အခြေခံထားခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူသား၏ ဇာတိပကတိကိုယ်တိုင်သည် ဝိညာဉ်လောကအတွင်း တိုက်ရိုက်ဝင်ရောက်နိုင်စွမ်း မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကောင်းကင်ဘုံမှ မြေကြီးပေါ်သို့ မည်သို့လာခဲ့ကြောင်းကို ဘုရားသခင်မှ ရှင်းလင်းစွာပြောခဲ့သော်မှ၊ သို့မဟုတ် "အရာခပ်သိမ်း ထမြောက်သည့်နေ့တွင် ငါသည် လူတို့အကြားလာ၍၊ အံ့သြဖွယ်ကောင်းသော

နေ့များနှင့်ညများတွင် ငါသည် သူနှင့်အတူရှိခဲ့၏" ဟု သူပြောသောအခါ၊ ထိုစကားများသည် တစ်စုံတစ်ဦး သစ်ပင်တစ်ပင်၏ပင်စည်နှင့် စကားပြောနေသကဲ့သို့ ဖြစ်၏—အနည်းငယ်မျှ တုံ့ပြန်မှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် လူတို့သည် ဘုရားသခင်၏အမှုအဆင့်များကို မသိ၍ဖြစ်သည်။ ၎င်းတို့သည် စစ်မှန်စွာသိလျှင်သော်မှ၊ ဘုရားသခင်သည် ကောင်းကင်ဘုံမှ မြေကြီးပေါ်သို့ နတ်သမီးတစ်ပါးကဲ့သို့ ပျံ၍ကျလာကာ လူသားအကြား ပြန်လည် မွေးဖွားခဲ့သည်ဟု ယုံကြည်ကြသည်။ ဤသည်မှာ လူသား၏အတွေးအခေါ်များမှ ရရှိချက်ဖြစ်၏။ လူသား၏ အနှစ်သာရအရ သူသည် ဘုရားသခင်၏အနှစ်သာရကို နားမလည်နိုင်ကာ၊ ဝိညာဉ်လောက၏ အဖြစ်မှန်ကို နားမလည်နိုင်သောကြောင့် ဖြစ်၏။ လူသားတို့သည် ပင်ကိုသဘာဝအားဖြင့် တူညီ၍ ကွဲပြားခြင်းမရှိသဖြင့် ၎င်းတို့၏အနှစ်သာရ တစ်ခုတည်းဖြင့် လူသားတို့သည် တစ်ပါးသူတို့အတွက် စံနမူနာအဖြစ် ပြုမူနိုင်စွမ်းရှိလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် လူသားတို့အား အခြားသူများ လိုက်လျှောက်ရန် အတွက် နမူနာပြရန် သို့မဟုတ် စံနမူနာအဖြစ် အစေခံရန် တောင်းဆိုခြင်းသည် ပူဖောင်းတစ်ခုသာ ဖြစ်သွား၏။ ရေမှ အထက်သို့ တက်သည့် ရေနွေးငွေ့ ဖြစ်သွား၏။ သို့ရာတွင် ဘုရားသခင်မှ "ငါ၏အရာအားလုံးနှင့် ဖြစ်ခြင်းအချို့ကို သိ၏" ဟု ဆိုသည့်အခါ ဤစကားတို့သည် ဇာတိပကတိ၌ ဘုရားသခင်ဆောင်ရွက်သောအမှု၏ သရုပ်သကန်ကို ကိုင်တွယ်ရုံသာဖြစ်၏။ တစ်နည်းအားဖြင့်၊ ၎င်းတို့သည် ဘုရားသခင်၏ စစ်မှန်သောမျက်နှာ—အဓိကအားဖြင့် သူ၏ ဘုရားသခင်စိတ်သဘောထားကို ရည်ညွှန်းသည့် ဘုရား၏သဘောသဘာဝကို ဦးတည်ထားခြင်းဖြစ်၏။ ဆိုလိုသည်မှာ၊ ဘုရားသခင် အဘယ်ကြောင့် ဤသို့ အမှုဆောင်သနည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်များအားဖြင့် မည်သည့်အရာများကို အထမြောက်ရမည်နည်း၊ ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်မှ မည်သည့်အရာများ ရရှိလိုသနည်း၊ လူသားအကြား မည်သည့်အရာ သူရရှိလိုသနည်း၊ ဘုရားသခင်စကားပြောသည့် နည်းနာများနှင့် လူသားအပေါ် ဘုရားသခင်၏သဘောထား စသောအရာများကို လူတို့နားလည်ရန် တောင်းဆိုထား၏။ လူသားတွင် ကြွားဝါထိုက်သည့်အရာ တစ်ခုမျှမရှိဟု ပြောနိုင်၏။ ၎င်း၏အထဲ၌ အခြားသူများ လိုက်လျှောက်ရန် နမူနာပြနိုင်သည့်အရာ တစ်ခုမျှမရှိဟု ဆိုလိုခြင်းဖြစ်သည်။

အတိအကျအားဖြင့် ဤသည်မှာ ဇာတိပကတိ၌ ဘုရားသခင်၏သာမန်ဖြစ်ခြင်းကြောင့်၊ ကောင်းကင်ဘုံရှိ ဘုရားသခင်နှင့် ကောင်းကင်ဘုံရှိဘုရားသခင်မှ မွေးဖွားခဲ့ပုံမရသည့် ဇာတိပကတိ၌ရှိသော ဘုရားသခင်တို့ ကွဲပြားခြင်းကြောင့်၊ ဘုရားသခင်မှ "ငါသည် လူသားများအကြား နှစ်ပေါင်းများစွာဖြတ်သန်းခဲ့သော်လည်း၊ သူသည် အမြဲပင် သတိမမူမိဘဲ

မည်သည့်အခါမျှ ငါ့ကို မသိခဲ့ပေ။" ဟု ပြောခြင်းဖြစ်သည်။ "စကြဝဠာအစွန်းတစ်လျှောက် ငါ၏ ခြေလှမ်းများ နင်းလျှောက်သည့်အခါ လူသားသည် သူ့ကိုယ်သူ စတင်၍ ပြန်လည်စဉ်းစားမည်ဖြစ်ကာ၊ လူအားလုံးတို့သည် ငါ့ထံသို့လာ၍ ငါ့ရှေ့တွင် ပျပ်ဝပ်လျက် ငါ့ကို ဝတ်ပြုလိမ့်မည်။ ဤနေ့သည် ငါ၏ဘုန်းတော် ထင်ရှားသည့်နေ့၊ ငါတစ်ဖန် ပြန်လာသောနေ့အပြင် ငါထွက်ခွာသည့်နေ့လည်း ဖြစ်လိမ့်မည်။" ဟုလည်း ဘုရားသခင်က ပြော၏။ ဤနေ့သည်သာလျှင် ဘုရားသခင်၏ စစ်မှန်သော မျက်နှာအား လူသားကို ပြသည့်နေ့ဖြစ်သည်။ သို့ရာတွင် ဘုရားသခင်သည် ရလဒ်အနေဖြင့် သူ၏အမှုကို နှောင့်နှေးစေခြင်းမရှိပေ။ ထို့အပြင် သူသည် လုပ်သင့်သည့် အမှုကိုသာ ဆောင်ရွက်၏။ သူတရားစီရင်သည့်အခါ ဇာတိပကတိ၌ရှိသော ဘုရားသခင်အပေါ် လူတို့၏ သဘောထားနှင့်အညီ ပြစ်တင်ရှုတ်ချ၏။ ဤသည်မှာ ဤကာလအတွင်း ဘုရားသခင်၏ဖွင့်ဟချက်များ၏ အဓိက အစိတ်အပိုင်းများအနက် တစ်ခုဖြစ်၏။ ဥပမာ "ငါ၏စီမံခန့်ခွဲမှုအစီအစဉ်အဆုံး၌ စကြဝဠာတစ်ခုလုံးတစ်လျှောက် ငါ၏အမှုကို လူသားအားလုံးအကြား ငါတရားဝင် စတင်ခဲ့ပြီးဖြစ်၏။ ယခုအချိန်မှစ၍ သတိမပြုသူ မည်သူမဆိုသည် မည်သည့်အချိန်၌မဆို ကရုဏာကင်းမဲ့သော ပြစ်တင်ဆုံးမမှုအကြား ထိုးချခံသွားဖွယ်ရှိ၏။" ဟု ဘုရားသခင်က ပြော၏။ ဤသည်မှာ ဘုရားသခင်၏ အစီအစဉ်တွင် ပါဝင်သည့်အရာဖြစ်၍၊ ထူးခြားသည်လည်းမဟုတ်၊ ဆန်းပြားသည်လည်း မဟုတ်ဘဲ အမှု၏အဆင့် အားလုံးသာဖြစ်၏။ ထိုအတောအတွင်း ပြည်ပရှိလူတို့နှင့် ဘုရားသခင်၏သားများသည် အသင်းတော်၌ ၎င်းတို့ပြုလုပ်သမျှ အားလုံးနှင့်အညီ တရားစီရင်ခြင်း ခံရသဖြင့် ဘုရားသခင်က "ငါသည် အမှုဆောင်စဉ် ကောင်းကင်တမန်အားလုံးသည် ငါနှင့် အဆုံးအဖြတ်ပေးသည့် တိုက်ပွဲစတင်၍ နောက်ဆုံးအဆင့်တွင် ငါ၏ဆန္ဒများကို ဖြည့်ဆည်းရန် ဆုံးဖြတ်၏။ ဤသည်မှာ ကမ္ဘာမြေကြီးပေါ် ရှိလူသားတို့ ငါ့ရှေ့မှောက်တွင် ကောင်းကင်တမန်တို့ကဲ့သို့ အရှုံးပေး၍ ငါ့ကိုဆန့်ကျင်လိုသည့်ဆန္ဒ မရှိရန်နှင့် ငါ့ကိုပုန်ကန်သည့်အရာ တစ်ခုမျှ မလုပ်ရန်ဖြစ်၏။ ဤသည်တို့မှာ စကြဝဠာတစ်ခွင်လုံး ငါ့အမှု၏ ပြောင်းလဲစေသောအင်အားများ ဖြစ်ကြ၏။" ဟု ပြော၏။ ဤသည်မှာ ကမ္ဘာမြေကြီးတစ်ဝှမ်း ဘုရားသခင် အကောင်အထည်ဖော်သည့်အမှု၌ ကွာခြားချက်ဖြစ်၏။ သူသည် ဆောင်ရွက်ချက်များကို မည်သူ့ထံသို့ဦးတည်ထားသည် ဟူသည်နှင့်အညီ ကွဲပြားသည့် ဆောင်ရွက်ချက်များ အသုံးပြု၏။ ယနေ့ အသင်းတော်များရှိ လူတို့အားလုံးတွင် တမ်းတနေသောနှလုံးသား ရှိနေကာ၊ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကို စတင် စားကြ၊ သောက်ကြပြီဖြစ်၏—ဤသည်မှာ

ဘုရားသခင်၏အမှုသည် အဆုံးသတ်တော့မည်ဟူသည်ကို ပြရန်လုံလောက်၏။ ကောင်းကင်မှ အောက်သို့ကြည့်နေခြင်းသည် ညှိုးခြောက်နေသော သစ်ကိုင်းများနှင့် သစ်ရွက်ကြွေများနှင့် ဆောင်းဦးလေ တိုက်စားသော သဲပုံများ၏ ငြီးငွေ့ဖွယ်ကောင်းသော မြင်ကွင်းကို နောက်တစ်ကြိမ် ကြည့်နေခြင်းနှင့် အလားတူ၏။ အရာခပ်သိမ်းကို အနိဋ္ဌာရုံအဖြစ် ပြောင်းလဲတော့မည်ကဲ့သို့ လူသားအကြား ကမ္ဘာပျက်ကိန်းတစ်ရပ် ဆိုက်ရောက်တော့မည့်အလား ခံစားရ၏။ ဝိညာဉ်၏ စိတ်ထိခိုက်လွယ်မှုကြောင့် နှလုံးသားတွင်၊ မပျော်ရွှင်သည့်ခံစားချက် အစဉ်ရှိနေခြင်း ဖြစ်နိုင်သည်။ ငြိမ်းချမ်းသည့် နှစ်သိမ့်မှုအနည်းငယ် ရှိသော်လည်း ဝမ်းနည်းကြေကွဲမှု အချို့နှ င့်လည်း ရောနေ၏။ ဤသည်မှာ "လူသားသည် နိုးထလာနေ၏။ ကမ္ဘာမြေကြီးပေါ် ရှိ အရာခပ်သိမ်းတို့သည် စနစ်တကျရှိလျက်၊ ကမ္ဘာမြေကြီး၏ ဘေးအန္တရာယ်မှ လွတ်မြောက်ရသည့် နေ့ရက်များ ရှိတော့မည် မဟုတ်ပေ။ ငါရောက်လာပြီဖြစ်၍ ဖြစ်၏။" ဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သရုပ်ဖော်ချက် ဖြစ်နိုင်၏။ လူတို့သည် ဤနှုတ်ကပတ်တော်တို့ကို ကြားပြီးနောက် အနည်းနှင့်အများ အဖျက်သဘောဆောင်လာနိုင်သည်။ သို့မဟုတ် ဘုရားသခင်၏အမှုအပေါ် အနည်းငယ် စိတ်ပျက်နေနိုင်သည်။ သို့မဟုတ် ၎င်းတို့သည် ၎င်းတို့၏ဝိညာဉ်ထဲရှိ ခံစားချက်အပေါ် များစွာ အလေးထားနိုင်သည်။ သို့ရာတွင် ကမ္ဘာမြေကြီးပေါ်၌ သူ၏အမှုမပြီးဆုံးမီ ဘုရားသခင်သည် လူတို့အား ဤသို့ထင်ယောင်မှားမှု ဖြစ်စေသည်အထိ မိုက်မဲရန်မှာ မဖြစ်နိုင်ပေ။ သင့်တွင် ထိုကဲ့သို့သောခံစားချက်များ အမှန်စင်စစ်ရှိလျှင်၊ သင်သည် သင်၏ခံစားချက်များအပေါ် များစွာ ဂရုပြုလွန်းကြောင်း၊ သင်သည် မိမိသဘောကျသည့်အတိုင်း လုပ်ဆောင်သူဖြစ်ကြောင်းနှင့် ဘုရားသခင်ကို မချစ်သူဖြစ်ကြောင်း ပြ၏။ ထိုကဲ့သို့သောသူများသည် သဘာဝလွန်အရာများအပေါ် အလေးထားလွန်းကြောင်းနှင့် ဘုရားသခင်ကို လုံးဝမနာခံကြောင်းပြ၏။ ဘုရားသခင်၏လက်ကြောင့်၊ လူတို့သည် လွတ်မြောက်ရန် မည်မျှပင်ကြိုးစားသည်ဖြစ်စေ ၎င်းတို့သည် ဤအခြေအနေမှ လွတ်မြောက်နိုင်စွမ်း မရှိပေ။ ဘုရားသခင်၏လက်မှ မည်သူလွတ်မြောက်နိုင်သနည်း။ သင်၏ အနေအထားနှင့် အခြေအနေများကို ဘုရားသခင် မစီမံသည့်အချိန်ခါ မည်သည့်အခါက ရှိခဲ့သနည်း။ သင်ဒုက္ခခံရသည်ဖြစ်စေ၊ ကောင်းချီးခံစားရသည်ဖြစ်စေ၊ ဘုရားသခင်၏လက်ထဲမှ သင်မည်သို့ တိတ်တဆိတ် ထွက်သွားနိုင်မည်နည်း။ ဤသည်မှာ လူသားနှင့်ပတ်သက်သည့်ကိစ္စတစ်ရပ် မဟုတ်ဘဲ ဘုရားသခင်၏လိုအပ်ချက်သာ လုံးဝဖြစ်၏—ဤသည်ကြောင့် မလိုက်နာသူ မည်သူရှိမည်နည်း။

"တစ်ပါးအမျိုးသားတို့အကြား ငါ့အမှုပျံ့နှံ့စေခြင်းငှာ ငါသည် ပြစ်တင်ဆုံးမခြင်းကို

အသုံးပြုမည်။ ဆိုလိုသည်မှာ ငါသည် တစ်ပါးအမျိုးသားအားလုံးအပေါ် အင်အားသုံးမည်။ ဤအမှုကို ရွေးကောက်ခံရသူတို့အကြား ငါ့အမှုနှင့် တစ်ချိန်တည်းတွင် အကောင်အထည်ဖော်မည်မှာ သဘာဝကျ၏။" ဤနှုတ်ကပတ်တော်များကို မြွက်ဆိုခြင်းများဖြင့် ဘုရားသခင်သည် ဤအမှုကို စကြဝဠာတစ်လျှောက်လုံး စတင်ဆောင်ရွက်၏။ ထို့အပြင် ဤသည်မှာ ဤအဆင့်ရောက်သည်အထိ တိုးတက်လာခဲ့သော ဘုရားသခင်၏အမှု အဆင့်တစ်ဆင့် ဖြစ်၏။ မည်သူကမျှ အခြေအနေများကို ပြောင်းလဲနိုင်မည်မဟုတ်။ ကပ်ဘေးသည် လူသားမျိုးနွယ် တစ်စိတ်တစ်ပိုင်းကို ကမ္ဘာနှင့်အတူ ပျက်စီးစေလျက် ဖြေရှင်းလိုက်လိမ့်မည်။ စကြာဝဠာကို တရားဝင် ပြစ်တင်ဆုံးမသည့်အခါ၊ ဘုရားသခင်သည် လူအားလုံးသို့ တရားဝင် ပေါ်ထွန်းလိမ့်မည်။ သူ၏ပေါ်ထွန်းမှုကြောင့် လူတို့သည် ပြစ်တင်ဆုံးမခြင်းခံရ၏။ ထို့ထက်ပို၍ ဘုရားသခင်က "ငါသည် စာစောင်ကို တရားဝင်ဖွင့်သည့်အခါသည် စကြဝဠာတစ်ခွင်လုံးရှိ လူတို့ ပြစ်တင်ဆုံးမခံရသည့်အချိန်၊ ကမ္ဘာတစ်ဝှမ်းလုံးရှိလူတို့ စမ်းသပ်ခံရသည့် အချိန်များ" ဟုလည်း ဆို၏။ တံဆိပ်ခုနစ်ချက်တွင် ပါဝင်သည့်အရာများသည် ပြစ်တင်ဆုံးမခြင်းတွင် ပါဝင်သည့်အရာများဖြစ်ကြောင်းကို ဤသည်မှ ထင်ရှားစွာမြင်နိုင်၏။ ဆိုလိုသည်မှာ တံဆိပ်ခုနစ်ချက်တွင် ကပ်ဘေးရှိ၏။ ထို့ကြောင့်၊ တံဆိပ်ခုနစ်ချက်ကို ယနေ့ထိ မဖွင့်ရသေးပေ။ ဤနေရာတွင် ရည်ညွှန်းထားသည့် "စမ်းသပ်မှုများ" မှာ လူသား ဒုက္ခခံရသည့် ပြစ်တင်ဆုံးမမှုဖြစ်ကာ၊ ဤပြစ်တင်ဆုံးမမှုအကြား ဘုရားသခင်မှ ထုတ်ပေးသည့် "သက်သေခံလက်မှတ်" ကို တရားဝင်လက်ခံသည့် လူတစ်စုကို ရရှိလိမ့်မည်ဖြစ်သဖြင့် ထိုသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ရှိ လူတို့ဖြစ်ကြလိမ့်မည်။ ဤသည်တို့မှာ ဘုရားသခင်၏သားများနှင့် ဘုရားသခင်၏လူတို့၏ မူလအစများ ဖြစ်၍၊ ယနေ့ထိ သူတို့အပေါ် ဆုံးဖြတ်ချက် မချရသေးဘဲ သူတို့သည် အနာဂတ်အတွေ့အကြုံများအတွက် အခြေခံအုတ်မြစ်ချနေရုံသာရှိ၏။ တစ်စုံတစ်ဦးတွင် စစ်မှန်သောအသက်ရှိလျှင်၊ ထိုသူတို့သည် စမ်းသပ်စဉ်အချိန်များတွင် မားမားမတ်မတ် ရပ်တည်နိုင်မည်ဖြစ်၍၊ ထိုသူတို့တွင် အသက်မရှိပါက၊ ဤသည်မှာ ဘုရားသခင်၏အမှုသည် ထိုသူတို့အပေါ် သက်ရောက်မှု လုံးဝမရှိကြောင်း၊ သူတို့သည် ကျီးလန့်တုန်း ဖျာခင်းကြ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အာရုံမစိုက်ကြောင်းကို လုံလောက်စွာ သက်သေပြ၏။ ဤသည်မှာ အမှုကိုဆက်လက် အကောင်အထည်ဖော်မည့်အစား ဤခေတ်ကို အဆုံးသတ်စေမည့် နောက်ဆုံးသောကာလ၏ အမှုဖြစ်သဖြင့် ဘုရားသခင်က "တစ်နည်းအားဖြင့်ဆိုလျှင်၊ ဤသည်မှာ ဖန်ဆင်းချိန်မှ လက်ရှိနေ့ရက်အထိ လူသား မည်သည့်အခါကမျှ မတွေ့ကြုံဖူးသည့် ဘဝဖြစ်၍ ငါဆောင်ရွက်သည့်အမှုသည် ယခင်

တစ်ခါမျှ မလုပ်ဆောင်ဖူးဟု ငါပြော၏။" ဟုပြောခြင်းဖြစ်သည်။ ထို့အပြင် "ငါ၏နေ့ရက်သည် လူသားအားလုံးနှင့် နီးကပ်လာသည်ဖြစ်၍၊ ဤသည်မှာ ဝေးကွာပုံမရဘဲ လူသား၏မျက်လုံးများအရှေ့တွင်သာ ရှိ၏။" ဟုလည်း သူကပြော၏။ အတိတ်က ဘုရားသခင် မြို့အချို့ကို ကိုယ်တိုင်ကိုယ်ကျ ဖျက်ဆီးခဲ့သော်လည်း ၎င်းတို့ထဲက တစ်မြို့မျှ နောက်ဆုံးအချိန်တွင်ကဲ့သို့ လုံးလုံးလျားလျား ဖြိုပစ်ခြင်း မခံခဲ့ရပေ။ ဘုရားသခင်သည် အတိတ်က သောဒုန်မြို့ကို ဖျက်ဆီးခဲ့သော်လည်း၊ ယနေ့သောဒုန်မြို့မှာ အတိတ်ကကဲ့သို့ သဘောထားရန်မဟုတ်ပေ—၎င်းကို တိုက်ရိုက်ဖျက်ဆီးရန်မဟုတ်ဘဲ ဦးစွာ သိမ်းပိုက်ခံရပြီးနောက် တရားစီရင်ရန်ဖြစ်လျက်၊ အဆုံးတွင် ထာဝရအပြစ်ပေး ခံရရန်ဖြစ်၏။ ဤသည်တို့မှာ အမှု၏အဆင့်များဖြစ်၍၊ အဆုံးတွင် ယနေ့သောဒုန်မြို့သည် အတိတ်က ကမ္ဘာမြေကြီး ဖျက်ဆီးခြင်းခံရသည့်နည်းတူ အမြစ်ပြတ် ချေမှုန်းခံရလိမ့်မည်—ဤသည်မှာ ဘုရားသခင်၏အစီအစဉ်ဖြစ်သည်။ ဘုရားသခင် ပေါ်ထွန်းသည့်နေ့သည် သောဒုန်မြို့အားတရားဝင် ပြစ်တင်ရှုတ်ချရာနေ့ဖြစ်ကာ၊ သူ၏ပေါ်ထွန်းမှုဖြင့် ကယ်တင်ရန် မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်က "ငါသည် သန့်ရှင်းသော နိုင်ငံတော်သို့ ပေါ်ထွန်းလာ၍ ညစ်ပေသောနိုင်ငံမှ ငါ့ကိုယ်ငါ ကွယ်ဝှက်ထား၏။" ဟု ပြောခြင်းဖြစ်သည်။ ယနေ့သောဒုန်မြို့သည် မသန့်စင်သောကြောင့်၊ ဘုရားသခင်သည် သူ့ထံ စစ်မှန်စွာ ပေါ်ထွန်းခြင်းမရှိသော်လည်း သူ့ကိုပြစ်တင်ဆုံးမရန် ဤနည်းကို အသုံးပြု၏—ဤသည်ကို သင်ထင်ရှားစွာ မမြင်ရသေးဘူးလော။ ကမ္ဘာမြေကြီးပေါ်မှ မည်သူမျှ ဘုရားသခင်၏ စစ်မှန်သောမျက်နှာကို မြင်နိုင်စွမ်းမရှိဟု ဆိုနိုင်၏။ ဘုရားသခင်သည် လူသားထံ မည်သည့်အခါကမျှ ပေါ်ထွန်းခဲ့ခြင်း မရှိပေ။ ထို့အပြင် ဘုရားသခင်သည် ကောင်းကင်ဘုံ၏ မည်သည့်အဆင့်တွင် ရှိသည်ကို မည်သူမျှ မသိပေ။ ဤသည်မှာ ယနေ့လူတို့ကို ဤအခြေအနေတွင် ရှိနေခွင့်ပြုသည့် အရာဖြစ်၏။ ထိုသူတို့သည် ဘုရားသခင်၏ မျက်နှာကို မြင်ရမည်ဆိုလျှင်၊ ထိုအချိန်သည် ၎င်းတို့၏အဆုံးကို ထုတ်ဖော်သည့်အချိန်၊ တစ်ဦးစီကို ၎င်း၏အမျိုးအစားအလိုက် အတန်းစားခွဲခြားသည့်အချိန် ဖြစ်မည်မှာ သေချာ၏။ ယနေ့ ဘုရား၏သဘောသဘာဝရှိသော နှုတ်ကပတ်တော်တို့ကို လူတို့အား တိုက်ရိုက်ပြ၏။ လူသား၏ နောက်ဆုံးသောကာလ ရောက်ရှိပြီဖြစ်ကြောင်းနှင့် နောက်ထပ် ကြာကြာခံမည် မဟုတ်ကြောင်းကို ၎င်းမှ ကြိုတင်ပြော၏။ ဤသည်မှာ လူသားအားလုံးထံ ဘုရားသခင်ပေါ်ထွန်းသည့်အခါ လူတို့ခံရမည့် စမ်းသပ်ချက်များ၏ လက္ခဏာတစ်ရပ်ဖြစ်၏။ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မွေ့လျော်သော်လည်း ကပ်ဘေးဒုက္ခကြီး ၎င်းတို့အပေါ်တွင် ကျရောက်တော့မည်ကဲ့သို့

မကောင်းသည့်အရာဖြစ်မည်ဟူသော ခံစားချက် ၎င်းတို့ တွင် အစဉ်ရှိနေ၏။ ယနေ့လူတို့သည် အေးခဲနေသောတိုင်းပြည်များရှိ စာငှက်များကဲ့သို့ ၎င်းတို့အပေါ် သေမင်းမှ အတင်းအကြပ် အကြွေးတင်စေလျက် ၎င်းတို့ကို ဆက်လက်ရှင်သန်ရန် နည်းလမ်းပေးမထားသည့်အလား ဖြစ်၏။ လူသားမှ တင်ရှိနေသည့် သေခြင်းအကြွေးကြောင့် လူတို့အားလုံးသည် သူတို့၏နောက်ဆုံးသောကာလ ဆိုက်ရောက်ပြီဟု ခံစားရ၏။ ဤသည်မှာ စကြဝဠာတစ်ခွင်လုံးရှိ လူသားတို့၏နှလုံးသားများတွင် ဖြစ်ပေါ်နေသည့်အရာဖြစ်ကာ၊ ၎င်းတို့၏မျက်နှာများတွင် ဖော်ပြမထားသော်လည်း၊ ၎င်းတို့၏နှလုံးသားများတွင် ရှိနေသည့်အရာသည် ငါ့မျက်လုံးများမှ ပုန်းလျှိုးနေနိုင်စွမ်း မရှိပေ—ဤသည်မှာ လူသား၏အဖြစ်မှန်ဖြစ်သည်။ နှုတ်ကပတ်တော်အများအပြားကို ရွေးချယ်ထားပုံအချို့မှာ ညံ့ဖျင်းချင် ညံ့ဖျင်းနေမည် ဖြစ်သော်လည်း—ဤနှုတ်ကပတ်တော်တို့သည် ဤပြဿနာကို ပြသရာတွင် လုံလောက်၏။ ဘုရားသခင်၏နှုတ်မှ ပြောဆိုသည့် နှုတ်ကပတ်တော် တစ်ခုစီသည်၊ အတိတ်ကဖြစ်စေ၊ ပစ္စုပ္ပန်တွင်ဖြစ်စေ၊ ပြည့်စုံစေရလိမ့်မည်ဖြစ်သည်။ ၎င်းတို့သည် ကြည့်ရှုလျှင် အလွန်ကြည်နူးဖွယ်ကောင်းသည့် အချက်အလက်အမှန်များကို လူသားတို့ရှေ့မှောက် ပေါ်ထွန်းလာစေ၍၊ ထိုအချိန်တွင် သူတို့သည် စိတ်ဖမ်းစားခံရ၍ စိတ်ရှုပ်ထွေးသွားကြလိမ့်မည်။ ယနေ့သည် မည်သည့်ခေတ်ဟူသည်ကို သင်ရှင်းလင်းစွာ မမြင်သေးဘူးလော။

# အခန်း ၃၀

လူအချို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲ၌ ထိုးထွင်းသိမြင်မှု အနည်းငယ် ရှိကောင်းရှိနိုင်သည်၊ သို့သော် ၎င်းတို့ထဲမှ အဘယ်သူမျှသည် ၎င်းတို့၏ခံစားချက်များကို ယုံကြည်စိတ်ချမှုမရှိကြချေ။ ၎င်းတို့သည် အပျက်သဘောဆောင်ခြင်းထဲသို့ ကျရောက်မည်ကို အလွန်အမင်း စိုးရွံ့ကြ၏။ ထို့ကြောင့်၊ ၎င်းတို့သည် ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်းအကြားတွင် အစဉ်အမြဲ လည်နေကြပြီးဖြစ်သည်။ လူအားလုံး၏ ဘဝများသည် ပူဆွေးမှုနှင့် ပြည့်သည်ဟု ဆို၍ရပေသည်။ ဤထက်ပို၍ ပြောရလျှင်၊ လူအားလုံး၏ နေ့စဉ်ဘဝများတွင် စစ်ဆေးခြင်းရှိ၏၊ သို့သော် အဘယ်သူမျှ ၎င်းတို့၏ စိတ်ဝိညာဉ်များထဲ၌ လွတ်ငြိမ်းစေခြင်း တစ်ခုတစ်လေကို နေ့စဉ် မရရှိကြဟု ငါဆိုနိုင်ပြီး၊ ယင်းမှာ ကြီးမားသည့် တောင်သုံးလုံးက ၎င်းတို့၏ ဦးခေါင်းများပေါ်သို့ ဖိစီးနေသည့်အလား ဖြစ်သည်။ ၎င်းတို့၏ဘဝများထဲမှ တစ်ခုတစ်လေမျှသည် တစ်နေ့လုံး ပျော်ရွှင်ကာ

ဝမ်းမြောက်ခြင်းမရှိပေ- ၎င်းတို့ အနည်းငယ်မျှ ပျော်ရွှင်ကြသောအခါတွင်ပင် ၎င်းတို့သည် ဟန်ပန်လေလန် ကြိုးစားလုပ်နေကြခြင်းသာ ဖြစ်သည်။ ၎င်းတို့၏ စိတ်နှလုံးများထဲတွင်၊ လူတို့သည် တစ်စုံတစ်ရာ အပြီးမသတ်သေးသည့် အာရုံတစ်ခု အမြဲရှိကြ၏။ ထို့ကြောင့်၊ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ မတည်ကြည်ကြပေ။ ဤနည်းဖြင့် အသက်ရှင်ရင်း၊ အမှုအရာတို့သည် အနှစ်မဲ့ကာ မျှတမှုမရှိခြင်းတို့ကို ခံစားရပြီး၊ ဘုရားသခင်၌ ယုံကြည်မှုနှင့် ပတ်သက်လာသောအခါ၊ ၎င်းတို့သည် မအားလပ်ကြသကဲ့သို့၊ အချိန်မလောက်ကြပေ၊ သို့မဟုတ်ပါက ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ရန် အချိန်မရှိကြ၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မှန်ကန်စွာ မည်သို့ စားသောက်ရမည်ကို မသိကြချေ။ ၎င်းတို့ထဲမှ အဘယ်သူမျှ စိတ်နှလုံးများထဲ၌ အေးချမ်းကာ စိတ်ကြည်လင်ပြီး တည်ကြည်မှုမရှိပေ။ ယင်းမှာ ၎င်းတို့သည် အစဉ်အမြဲ အုံ့မှိုင်းသော မိုးကောင်းကင်အောက်၌ အသက်ရှင်ကြသည့်အလား၊ အောက်ဆီဂျင်မပါဘဲ အာကာသတစ်ခုတွင် အသက်ရှင်ကြသည့်အလားဖြစ်ပြီး၊ ဤအရာက ၎င်းတို့အသက်တာများထဲတွင် ရှုပ်ထွေးမှုဆီသို့ ဆိုက်ရောက်စေပြီး ဖြစ်သည်။ ဘုရားသခင်သည် လူတို့၏ အားနည်းချက်များကို အစဉ်အမြဲ တည့်တည့် ပြောဆိုလေ့ရှိပြီး၊ ၎င်းတို့၏ ပျော့ကွက်ကို တိုက်ခိုက်လေ့ရှိသည်- သင်တို့သည် တစ်လျှောက်လုံး သူ ပြောဆိုပြီးဖြစ်သည့် အသံနေအသံထားအား ရှင်းရှင်းလင်းလင်း မမြင်ကြသေးသလော။ ဘုရားသခင်သည် လူတို့အား နောင်တတရန် အခွင့်အရေး ဘယ်သောအခါမျှ မပေးဖူးသကဲ့သို့၊ လူအားလုံးကို အောက်ဆီဂျင်မပါဘဲ “လကမ္ဘာ” ပေါ်တွင် အသက်ရှင်စေသည်။ အစအဦးမှ ယနေ့ထိတိုင်၊ ဘုရားသခင့် နှုတ်ကပတ်တော်များသည် အပြင်ပန်းအားဖြင့် လူတို့၏ သဘာဝကို ဖော်ထုတ်ပြီးဖြစ်သည်၊ သို့သော် အဘယ်သူမျှ ဤနှုတ်ကပတ်တော်များ၏ အနှစ်သာရကို ရှင်းရှင်းလင်းလင်း မမြင်နိုင်ကြချေ။ လူ၏အနှစ်သာရကို ဖော်ထုတ်ခြင်းအားဖြင့်၊ လူတို့သည် မိမိတို့ကိုယ်ကိုယ် သိရှိလာကြပြီး၊ ဤအကြောင်းကြောင့် ဘုရားသခင်ကို သိလာကြပုံရသည်၊ သို့သော် ဤသည်မှာ အနှစ်သာရထဲက လမ်းကြောင်းမဟုတ်ပေ။ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ သဘောသွားနှင့် ပိုမိုကြီးမားသော နက်ရှိုင်းမှုက ဘုရားသခင်နှင့် လူသားကြားက ရှင်းလင်းပြတ်သားသည့် ခြားနားချက်ကို ပြသပေသည်။ ၎င်းတို့၏ခံစားချက်များ၌၊ ဤအရာက လူတို့ကို ဘုရားသခင်မှာ လက်လှမ်းမီ၍မရနိုင်သောသူနှင့် ချဉ်းကပ်၍မရနိုင်သောသူဖြစ်သည်ဟု မရည်ရွယ်ဘဲ ယုံကြည်မိစေလေသည်။ ဘုရားသခင်သည် အရာရာကို လူသိရှင်ကြားဖြစ်စေပြီး၊ ယင်းမှာ အဘယ်သူမျှ ဘုရားသခင်နှင့် လူတို့ကြားက ဆက်နွယ်မှုကို ဖြစ်လေ့ရှိပုံအတိုင်း

ပြန်လည်ရောက်ရှိစေနိုင်စွမ်း ရှိပုံမရကြပေ။ ဘုရားသခင်၏ မိန့်မြွက်ချက်များအားလုံး၏ ရည်မှန်းချက်မှာ လူအားလုံးကို "ပြုလဲစေ"ဖို့ နှုတ်ကပတ်တော်များကို အသုံးပြုရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် သူ၏အမှုကို ပြီးမြောက်စေရန်ဖြစ်သည်ကို မြင်ရန် မခက်ပေ။ ဤသည်တို့မှာ ဘုရားသခင့်အမှု၏ အဆင့်များဖြစ်သည်။ သို့သော်၊ ဤသည်မှာ ၎င်းတို့၏ စိတ်များ၌ လူတို့ ယုံကြည်ကြသည့်အရာ မဟုတ်ပေ။ ၎င်းတို့က၊ ဘုရားသခင်၏ အမှုသည် ယင်း၏ အထွတ်အထိပ်သို့ ချဉ်းကပ်နေသည်၊ ယင်းသည် အဆင်းနီသော နဂါးကြီးကို အောင်နိုင်ဖို့ရန်အလို့ငှာ၊ ဆိုလိုသည်မှာ အဘယ်သူမျှ လူ့ဇာတိခံ ဘုရားသခင်အကြောင်း အယူအဆများမရှိစေဘဲလျက် အသင်းတော်ကို ရှင်သန်စေခြင်း၊ သို့မဟုတ်လျှင် လူအားလုံးက ဘုရားသခင်ကို သိရှင်းခြင်းတည်းဟူသော ယင်း၏ သိသာမြင်သာမှုအရှိဆုံးသော အကျိုးသက်ရောက်မှုဆီ ချဉ်းကပ်နေသည်ဟု ယုံကြည်ကြသည်။ သို့သော်၊ ဘုရားသခင် ပြောဆိုသောအရာကို ဖတ်ကြစို့- "လူတို့၏ စိတ်များတွင်၊ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး၊ အလွယ်တကူ ထိတွေ့၍မရသော်လည်း၊ လူသားက လူသားဖြစ်ပြီး၊ အလွယ်တကူ အကျင့်ပျက်မလာသင့်ပေ... အကျိုးဆက်အနေဖြင့်၊ ငါ၏ရှေ့မှောက်တွင် ၎င်းတို့သည် အမြဲ နှိမ့်ချကြပြီး သည်းခံတတ်ကြသည်။ ၎င်းတို့သည် အယူအဆများစွာ ရှိကြသည့်အတွက်၊ ငါနှင့် သဟဇာတဖြစ်နိုင်စွမ်း မရှိကြချေ။" ဤအရာမှ ဘုရားသခင် ပြောသည့်အရာ သို့မဟုတ် လူသား လုပ်ဆောင်သည့်အရာကို ပဓာနမထားဘဲ၊ လူတို့သည် ဘုရားသခင်ကို လုံး၀ သိရှိနိုင်စွမ်းမရှိသည်ကို မြင်နိုင်ပေသည်။ ၎င်းတို့၏ အနှစ်သာရက ကပြရသော အခန်းကဏ္ဍကြောင့်၊ မည်သို့ပင်ဖြစ်စေ၊ အားလုံးခြုံငုံပြီး စဉ်းစားသော် ၎င်းတို့သည် ဘုရားသခင်ကို သိရှိနိုင်စွမ်း မရှိကြချေ။ ထို့ကြောင့် လူတို့သည် မိမိတို့ကိုယ်ကိုယ် ငရဲ၏သားများအဖြစ် မြင်ကြသောအခါ ဘုရားသခင်၏အမှု အဆုံးသတ်လိမ့်မည်။ ဘုရားသခင်သည် သူ၏ စီမံခန့်ခွဲမှု တစ်ခုလုံးကို အဆုံးသတ်ဖို့ရန်အလို့ငှာ၊ လူတို့အပေါ် သူ၏ အမျက်ဒေါသအား လွှတ်ရန်၊ သို့မဟုတ်၊ ၎င်းတို့ကို တိုက်ရိုက်ရှုတ်ချရန်၊ သို့မဟုတ် ၎င်းတို့ကို နောက်ဆုံးတွင် သေဒဏ်ချမှတ်ရန်အတွက် မလိုအပ်ပေ။ သူ၏အမှု ပြီးစီးခြင်းသည် မတော်တဆဖြစ်သည့်အလား၊ အားထုတ်မှု အနည်းငယ်မျှမပါဘဲ သူ၏ အားလပ်ချိန်တွင် ပြီးမြောက်သည့် တစ်စုံတစ်ရာ ဖြစ်သည့်အလား၊ ဘုရားသခင်သည် သူ၏ကိုယ်ပိုင်အရှိန်ဖြင့် အရေးမပါသည့် စကားကိုမျှ ပြောဆိုလေသည်။ အပြင်ပန်းမှ၊ ဘုရားသခင်၏ အမှုအဖို့ အရေးတကြီးဖြစ်မှုအချို့ ရှိပုံပေါ်သော်လည်း- ဘုရားသခင်သည် မည်သည့်အရာကိုမျှ လုပ်ဆောင်ခြင်းမရှိသေးပေ၊ သူသည် စကားပြောသည်ကလွဲ၍ မည်သည့်အရာကိုမျှ မလုပ်ဆောင်ပေ။ အသင်းတော်များကြားက အမှုသည် ကုန်လွန်ခဲ့သော အချိန်များကကဲ့သို့

တူညီသော ကြီးမားသည့် ပမာဏမရှိပေ။ ဘုရားသခင်သည် လူတို့ကို မပေါင်းထည့်ပေ သို့မဟုတ် ၎င်းတို့ကို မထုတ်ပယ်ပေ သို့မဟုတ် ၎င်းတို့ကို ဖွင့်ချခြင်း မရှိပေ- ထိုသို့သော အမှုသည် အလွန်သေးဖွဲလှပေသည်။ ယင်းမှာ ဘုရားသခင်သည် ထိုသို့သော အလုပ်ကို လုပ်ဆောင်ဖို့ အရေးမစိုက်သည့်အလား ထင်ရပေသည်။ သူပြောသင့်သည့်အရာအနည်းငယ်ကို သူ ပြောရုံမျှပြောသည်၊ ယင်းနောက်တွင် လှည့်ပြန်ပြီး အစရှာမရအောင် ပျောက်ကွယ်သွားတတ်ပေသည်- ယင်းမှာ၊ အလိုအလျောက် သူ့မိန့်မြွက်ချက်များ ပြည့်စုံခြင်း မြင်ကွင်းဖြစ်သည်။ ဤအခိုက်အတန့်ရောက်ရှိသောအခါ၊ လူအားလုံးသည် ၎င်းတို့၏ အိပ်စက်ခြင်းမှ နိုးကြလိမ့်မည်။ လူသားမျိုးနွယ်သည် နှစ်ထောင်ပေါင်းများစွာကြာ နှိုးသော အိပ်စက်ခြင်းတွင် ရှိကြပြီးဖြစ်သည်၊ သူသည် တစ်လျှောက်လုံး ငိုက်မျဉ်းနေပြီး ဖြစ်သည်။ နှစ်ပေါင်းများစွာ၊ လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲတွင် မတရားမှုကို ပြောဆိုနိုင်စွမ်းမရှိကြဘဲ ၎င်းတို့၏ အိပ်မက်များထဲ၌ ဟိုဟိုသည်သည် အပြေးအလွှားသွားနေကြပြီးဖြစ်ကာ ၎င်းတို့၏ အိပ်မက်များထဲတွင် ဟစ်အော်ခြင်းပင် ပြုကြပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် "၎င်းတို့ စိတ်နှလုံးများထဲ၌ မှိုင်တွေမှုအနည်းငယ် ခံစားကြရသည်"၊ သို့သော် ၎င်းတို့ နိုးထသောအခါတွင်၊ ၎င်းတို့သည် စစ်မှန်သော အချက်များကို ရှာတွေ့ကြလိမ့်မည်ဖြစ်ပြီး၊ "ဤသို့ဖြစ်ပျက်နေခြင်းပါတကား" ဟူ၍ အံ့အားသင့်စွာပြောကြပေလိမ့်မည်။ ထို့ကြောင့်၊ "ယနေ့တွင်၊ လူအများစုသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျကြဆဲဖြစ်သည်။ နိုင်ငံတော်သီချင်း မြည်သောအခါမှသာ၊ ၎င်းတို့သည် ၎င်းတို့၏ အိပ်ငိုက်သောမျက်လုံးများ ဖွင့်ကြပြီး ၎င်းတို့ စိတ်နှလုံးများထဲ၌ မှိုင်တွေမှုအနည်းငယ် ခံစားကြရသည်" ဟူ၍ ပြောထားခြင်းဖြစ်ပေသည်။

အဘယ်သူမျှ၏ ဝိညာဉ်သည် မလွတ်မြောက်စဖူး၊ တစ်ဦးတစ်လေမျှ၏ ဝိညာဉ်သည် အပူအပင်ကင်းပြီး မပျော်ရွှင်ရလေပြီ။ ဘုရားသခင်၏ အမှု လုံးဝပြီးစီးသောအခါ၊ အသီးသီးသည် အမျိုးအစားအတိုင်း ခွဲခြားခံရပြီးဖြစ်မည် ဖြစ်သည့်အတွက်၊ လူတို့၏ ဝိညာဉ်များ လွတ်မြောက်ကြလိမ့်မည်ဖြစ်ပြီး၊ ဤအကြောင်းကြောင့် ၎င်းတို့အားလုံးသည် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ တည်ကြည်ကြလိမ့်မည်။ ယင်းမှာ လူတို့သည် ဝေးလံသော နေရာများဆီသို့ ခရီးရှည်အချို့ထွက်ရပြီး အိမ်ပြန်လာသောအခါ ၎င်းတို့၏ စိတ်နှလုံးများ တည်ကြည်လာကြသည့်အလား ဖြစ်သည်။ အိမ်သို့ရောက်ရှိရာတွင်၊ လူတို့သည် လောကကြီးသည် အနှစ်မဲ့ပြီး မျှတမှုမရှိဟု ခံစားကြရတော့မည်မဟုတ်ဘဲ၊ ၎င်းတို့၏ နေအိမ်များတွင် အေးအေးချမ်းချမ်း နေထိုင်ကြလိမ့်မည်။ လူသားမျိုးနွယ်များအလယ်တွင် ထိုသို့သော အခြေအနေများ ဖြစ်လိမ့်မည်။ ထို့ကြောင့် ဘုရားသခင်က လူတို့သည် "စာတန်၏

ကျေးကျွန်ဘဝမှ မိမိတို့ကိုယ်ကိုယ် လုံးဝ မလွတ်မြောက်စေနိုင်ကြသေးပေ” ဟု ပြောဆိုခြင်းဖြစ်သည်။ ဇာတိပကတိ၌ ရှိစဉ်တွင် အဘယ်သူမျှ ဤအခြေအနေမှ မိမိတို့ကိုယ်ကိုယ် မလွတ်မြောက်စေနိုင်ကြပေ။ အခိုက်အတန့်အတွက်၊ ဘုရားသခင်က လူ၏ အမျိုးမျိုးသော တကယ့်အခြေအနေများနှင့်ပတ်သက်၍ ပြောဆိုသည့်အရာကို မေ့ထားလိုက်ပြီး၊ ဘုရားသခင်က လူသားထံ ထုတ်ဖော်ပြဖို့ ရှိသေးသည့် နက်နဲမှုများအကြောင်းကိုသာ ပြောဆိုကြကုန်အံ့။ “၎င်းတို့အဖို့ ငါ၏ခန္ဓာသည် ဆူးများနှင့် စက်ဆုပ်ဖွယ်အရာများဖြင့် ဖုံးလွှမ်းခဲ့သည့်အလား၊ လူတို့သည် လျောင်ပြောင်သရော်သော မျက်လုံးများဖြင့် ကြိမ်ဖန်များစွာ မရေတွက်နိုင်အောင် ငါ့ကိုကြည့်ကြလေပြီ။ ထို့ကြောင့် လူတို့သည် ငါ့ကိုစက်ဆုပ်ကြပြီး ငါသည် တန်ဖိုးမရှိဟု ၎င်းတို့ ယုံကြည်ကြ၏။” နောက်တစ်မျိုးပြောရလျှင်၊ အနှစ်သာရအားဖြင့်၊ လူ၏ စရိုက်မှန်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲ၌ ထုတ်ဖော်ပြခံရပေသည်- လူသားသည် ဖြူဆူးများဖြင့် ဖုံးလွှမ်းနေပြီး၊ သူနှင့် ပတ်သက်၍ နှစ်သက်စရာ ဘာမျှမရှိ။ ထို့ကြောင့် လူသည် နှစ်လိုဖွယ်ဘာမျှမရှိသော ကျောရိုးဖုံး ဖြူတစ်ကောင်ဖြစ်သည်ကလွဲ၍ ဘာမျှမဟုတ်သည့်အတွက်၊ လူသားအတွက် ဘုရားသခင်၏ အမုန်းတရားသည် တိုးပွားလေသည်။ အပေါ်ယံအားဖြင့်၊ ဤစကားများက ဘုရားသခင်အပေါ် လူသား၏ အယူအဆများကို ဖော်ပြပုံရသော်လည်း- လက်တွေ့အရှိတရားတွင်၊ ဘုရားသခင်သည် လူ၏ ပန်းချီကားအား ၎င်း၏ “ပုံသဏ္ဌာန်”အပေါ် အခြေပြုပြီး ရေးဆွဲနေခြင်းဖြစ်သည်။ ဤနှုတ်ကပတ်တော်များသည် ဘုရားသခင်၏ လူသားကို အသေးစိတ်ချပြခြင်းဖြစ်ပြီး၊ ယင်းမှာ လူ၏ ပုံသဏ္ဌာန်အပေါ် ဘုရားသခင်က ချုပ်ဆေးကို ဖြန်းသည့်အလား ဖြစ်သည်။ ထို့ကြောင့် စကြဝဠာတွင် လူ၏ ပုံသဏ္ဌာန်သည် ဝင့်ကြွားကာ စိတ်ချမှုရှိပြီး လူတို့ကိုပင် အံ့အားသင့်စေသည်။ သူစကားပြောရန် စတင်သည့်အချိန်မှစ၍၊ ဘုရားသခင်သည် လူနှင့်အတူ ကြီးမားသည့်စစ်ပွဲအတွက် သူ၏ အင်အားစုများကို နေရာချထားနေပြီးဖြစ်သည်။ သူသည် လူသားအတွက် အချက်အလက်များ တင်ပြနေသော တက္ကသိုလ် အက္ခရာသင်္ချာ ပါမောက္ခတစ်ဦးကဲ့သို့ဖြစ်ပြီး၊ သူစာရင်းပြုထားသော အရာအားဖြင့် သက်သေပြထားသည့်အရာ- သက်သေအထောက်အထားနှင့် တန်ပြန်သက်သေအထောက်အထား-သည် လူအားလုံးကို လုံးဝ ယုံကြည်လက်ခံစေလေသည်။ ဤသည်မှာ ဘုရားသခင့် နှုတ်ကပတ်တော်များအားလုံး၏ ရည်မှန်းချက်ဖြစ်ပြီး၊ ဘုရားသခင်က “ငါသည် အချုပ်အားဖြင့်၊ လူ့စိတ်နှလုံး၌ လုံးဝ တန်ဖိုးကင်းမဲ့သွားကာ မရှိမဖြစ် အိမ်သုံးပစ္စည်းတစ်ခုဖြစ်သည်” ဟူသော နားဝေတိမ်တောင်ဖြစ်စေသည့် ဤစကားများကို

လူသာထံ သာမန်ကာလျှံကာ ပစ်ပေးသည်မှာ ဤအရာကြောင့် ဖြစ်သည်။ ဤစကားများကို ဖတ်ပြီးနောက်တွင်၊ လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဆုမတောင်းဘဲမနေနိုင်အောင်ဖြစ်ကြပြီး၊ ၎င်းတို့အား မိမိတို့ကိုယ်ကိုယ် ရှုတ်ချစေကာ၊ လူသည် သေထိုက်ပြီး ထိုက်တန်မှု စိုးစဉ်းမျှမရှိဟု ၎င်းတို့ကို ယုံကြည်စေသည့် ၎င်းတို့၏ ကျေးဇူးကြွေးတစ်ခု ဘုရားသခင်ထံ ရှိသည်ကို ၎င်းတို့ သိလာကြသည်။ ဘုရားသခင်က "ယနေ့တွင် ငါရှိနေသည့်အခြေအနေထဲ၌ ငါသည် မိမိကိုယ်ကိုယ် ရှာတွေ့ရခြင်းမှာ ဤအရာကြောင့် ဖြစ်သည်" ဟု ပြောဆိုသည်။ ယနေ့၏ တကယ့်အခြေအများနှင့် ချိတ်ဆက်သောအခါ၊ ယင်းသည် လူတို့အား မိမိတို့ကိုယ်ကိုယ် ရှုတ်ချစေလေသည်။ ဤသည်မှာ အမှန်တရား မဟုတ်လော။ သင်သည် မိမိကိုယ်ကိုယ် သိရှိစေခြင်းခံခဲ့ရပါက၊ "ကျွန်ုပ် အမှန်တကယ် သေသင့်၏" ဟူသော စကားများ သင်၏ နှုတ်မှ ထွက်လာနိုင်မည်လော။ ယင်းမှာ လူသား၏ စစ်မှန်သော အခြေအနေများဖြစ်ပြီး၊ ဤသည်မှာ အလွန် မစဉ်းစားထိုက်လွန်းပေ- ယင်းမှာ သင့်တော်သည့် ဥပမာတစ်ခုမျှသာ ဖြစ်သည်။

အဓိပ္ပာယ်တစ်ခုအနေဖြင့်၊ ဘုရားသခင်သည် လူသား၏ ခွင့်လွှတ်ခြင်းနှင့် သည်းခံခြင်းတို့ကို တောင်းခံသောအခါ ဘုရားသခင်သည် ၎င်းတို့ကို လှောင်ပြောင်နေသည်ဟု လူတို့ မြင်ကြပြီး၊ အခြား အဓိပ္ပာယ်အနေဖြင့်၊ ၎င်းတို့၏ ကိုယ်ပိုင် ပုန်ကန်မှုကိုလည်း ၎င်းတို့ ရှုမြင်ရကြသည်- ၎င်းတို့သည် ဘုရားသခင်က လူသားအတွက် မိမိကိုယ်ကိုယ် အစွမ်းကုန် အသုံးပြုရန်အတွက်သာ စောင့်ဆိုင်းနေကြသည်။ ထို့အပြင်၊ လူတို့၏ အယူအဆများနှင့် သက်ဆိုင်၍ ပြောဆိုရာတွင်၊ ဘုရားသခင်က လူသား၏ ရှင်သန်ခြင်းအတွက် အတွေးအခေါ် သို့မဟုတ် လူသား၏ ဘာသာစကားတွင် သူသည် ကျွမ်းကျင်မှုမရှိဟု ဆိုလေသည်။ ထို့ကြောင့်၊ တစ်ဖက်တွင် ဤအရာက လူတို့ကို ဤစကားများအား လက်တွေ့ကျသော ဘုရားသခင်နှင့် နှိုင်းယှဉ်စေပြီး၊ အခြားတစ်ဖက်တွင် ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ သူ၏ ရည်ရွယ်ချက်များကို တွေ့မြင်ကြ၏- ၎င်းတို့က ဘုရားသခင်သည် လူသား၏ စစ်မှန်သော မျက်နှာကို ထုတ်ဖော်ပြသနေပြီး သူသည် ဘုရားသခင်၏ စစ်မှန်သော အခြေအနေများကို လူတို့အား အမှန်တကယ် ပြောပြနေခြင်း ရှိသည်ကို နားလည်ကြသည့်အတွက်၊ ဘုရားသခင်သည် ၎င်းတို့ကို လှောင်ပြောင်နေခြင်းဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ ရှိရင်းစွဲ အဓိပ္ပာယ်မှာ လူသားအပေါ် သရော်ခြင်း၊ ထေ့ငေါ့ခြင်း၊ လှောင်ပြောင်ခြင်းနှင့် မုန်းတီးခြင်းတို့ဖြင့် ယှက်သန်းလျက်ရှိသည်။ ယင်းမှာ လူသားသည် ၎င်းလုပ်သမျှအားလုံးတွင် ပညတ်တရားကို သွေဖည်နေပြီး တံဆိုးလက်ဆောင်များ ယူနေသည့်အလား ဖြစ်သည်။ လူတို့သည် မိန်းမပျက်များဖြစ်ကြပြီး၊ ဘုရားသခင်သည်

စကားပြောဖို့ သူ၏နှုတ်ကို ဖွင့်ဟသောအခါ၊ ၎င်းတို့သည် ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် တုန်လှုပ်ကြကာ၊ ၎င်းတို့အား မည်သူမဆိုကို ရင်ဆိုင်ဖို့ အလွန်ရှက်ရွံ့ရစ်စေလျက်၊ ၎င်းတို့နှင့်ပတ်သက်သည့် အမှန်တရားသည် လုံးလုံးလျားလျား ထုတ်ဖော်ခံရလိမ့်မည်ကို အကြီးအကျယ် စိုးရွံ့ကြလေသည်။ သို့သော်၊ အမှန်တရားများသည် အမှန်တရားများ ဖြစ်သည်။ ဘုရားသခင်သည် လူသား၏ "နောင်တ" ကြောင့် သူ၏မိန့်မြွက်ချက်များကို မရပ်တန့်ပေ။ လူတို့သည် သာ၍ ပြောရက်စရာမရှိအောင် အရှက်ရပြီး၊ စကားလုံးများကို ကျော်လွန်၍ အခက်တွေ့လာလေလေ၊ ဘုရားသခင်သည် ၎င်းတို့၏ မျက်နှာများပေါ် အလွန်ပြင်းပြသော သူ၏အကြည့်ဖြင့် စူးစိုက်ကြည့်လေသည်။ သူ၏နှုတ်မှ စကားများသည် လူ၏အကျည်းတန်သော လုပ်ဆောင်ချက်များအားလုံးကို စားပွဲပေါ်တွင် ခင်းကျင်းလေ၏- ဤသည်မှာ တရားမျှတပြီး ဘက်မလိုက်ခြင်းဖြစ်သည်၊ ဤအရာကို ကျင်းထျန်ခ^က ဟုခေါ်သည်၊ ဤအရာသည် လူတို့၏ တရားရုံးချုပ်မှ တရားစီရင်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုသောအခါ၊ ရုတ်တရက် နှလုံးဖောက်ကြသည်၊ ၎င်းတို့၏ သွေးဖိအား မြင့်တက်သွားသည်၊ ယင်းမှာ ၎င်းတို့သည် နှလုံးသွေးကြောဆိုင်ရာရောဂါ ခံစားနေကြရသည့်အလား၊ ဦးနှောက်သွေးလွန်ကဲခြင်းက ၎င်းတို့ကို ၎င်းတို့၏ ဘိုးဘေးများနှင့် ဆုံတွေ့ဖို့ အနောက်ပရဒိသုခဘုံသို့ ပြန်လည်ပို့ဆောင်တော့မည်အလား ဖြစ်၏- ဤသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ ဖတ်ရှုသည့်အခါ တုံ့ပြန်မှုဖြစ်ပေသည်။ လူသားကို နှစ်နှင့်ချီသော အလုပ်ကြမ်းက လူသည် အိုမင်းမစွမ်းဖြစ်စေသည်၊ ၎င်းသည် အတွင်း၊ အပြင် နာမကျန်းဖြစ်ပြီး၊ သူ၏ နှလုံးမှသည် သွေးကြောများ၊ အူမကြီး၊ အူသိမ်၊ အစာအိမ်၊ အဆုတ်၊ ကျောက်ကပ်များ အစရှိသဖြင့်၊ သူ၏အရာအားလုံးရှိသမျှမှာ မကျန်းမာကြပေ။ သူ့ခန္ဓာကိုယ်တစ်ခုလုံးတွင် မည်သည့်အရာမျှ ကျန်းမာခြင်းမရှိ။ ထို့ကြောင့် ဘုရားသခင်၏ အမှုသည် လူသားအဖို့ ကြိုးပမ်းမရရှိနိုင်သည့် အဆင့်တစ်ခုကို မရောက်သော်လည်း၊ လူတို့အား မိမိတို့ကိုယ်ကိုယ် သိရှိစေလေသည်။ လူ၏ခန္ဓာကိုယ်သည် ဗိုင်းရပ်စ်များဖြင့် ပတ်ချာဝိုင်းခံရသောကြောင့်၊ သူသည် အသက်အိုမင်းလေပြီ၊ သူသေမည့်နေ့ရက် နီးကပ်လာပြီး ပြန်လမ်းမရှိပေ။ သို့သော်၊ ဤသည်မှာ ဇာတ်ကြောင်း၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည်။ လူ၏ နာမကျန်းဖြစ်မှု အရင်းအမြစ်ကို ရှာဖွေထားသည့်အတွက်၊ အတွင်းအဓိပ္ပာယ်မှာ ထုတ်ဖော်ပြခံရဖို့ရန် ရှိပါသေး၏။ လက်တွေ့အရှိတရားတွင်၊ ဘုရားသခင့်အမှု၏ ဤအဆင့် အပြီးသတ်သည်နှင့်တစ်ပြိုင်နက်၊ ဇာတိပကတိ၌ အနာဂတ်၏ အမှုကို ဆောင်ရွက်ဖို့ နည်းလမ်းရှိလိမ့်မည်မဟုတ်သကဲ့သို့၊ ယင်းကို ပြည့်စုံစေဖို့ ဘုရားသခင်၏ ဝိညာဉ်တော်ကို

လိုအပ်မည်ဖြစ်သည့်အတွက်၊ ဘုရားသခင်၏ အမှု အလုံးစုံ ပြီးစီးသောအချိန်သည် ကမ္ဘာမြေပေါ် ရှိ ဘုရားသခင်၏ အမှု ပြီးစီးသောအချိန် မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်က “စာစောင်ကို တရားဝင် ငါဖွင့်သောအချိန်သည် စကြဝဠာတစ်လျှောက်လုံးရှိ လူတို့ ပြစ်တင်ဆုံးမခံရသောအချိန်ဖြစ်သည်၊ ငါ့အမှုသည် အထွတ်အထိပ်သို့ ရောက်သောအချိန်သည် လောကတခွင်လုံးရှိ လူတို့သည် စမ်းသပ်မှုများ ခံကြရသည့်အချိန်ဖြစ်သည်” ဟု ဆိုလေသည်။ ဇာတိပကတိ၌ရှိသော အမှု လက်စသတ်သော အချိန်သည်၊ ဘုရားသခင်၏အမှု အထွတ်အထိပ်သို့ ရောက်ရှိသည့်အချိန်မဟုတ်ပေ- ဤအချိန်၏ အထွတ်အထိပ်ဟူသည်မှာ ဤအဆင့်အတွင်းရှိ အမှုကို ရည်ညွှန်းရုံမျှ ရည်ညွှန်းပြီး၊ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံး၏ အထွတ်အထိပ် မဟုတ်ပေ။ ထို့ကြောင့်၊ လူသားနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များမှာ မြင့်မားခြင်းမရှိပေ။ သူက လူတို့အနေဖြင့် မိမိတို့ကိုယ်ကိုယ် သိရှိဖို့ ထိုသို့ဖြင့် အမှု၏ နောက်အဆင့်ကို အစေခံဖို့ တောင်းဆိုရုံမျှ တောင်းဆိုသည်၊ ယင်းတွင် ဘုရားသခင်၏ အလိုကို စွမ်းဆောင်ရရှိခဲ့ပြီးဖြစ်ပေမည်။ ဘုရားသခင်၏ အမှု ပြောင်းလဲသည်နှင့်အမျှ၊ လူတို့၏ “အလုပ်စံနှုန်း”လည်း ပြောင်းလဲပေသည်။ ယနေ့သည် ကမ္ဘာမြေပေါ် ရှိ ဘုရားသခင့်အမှု၏ အဆင့်ဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် အောက်ခြေအဆင့်များမှ အလုပ်လုပ်ကြရမည်ဖြစ်သည်။ အနာဂတ်တွင်၊ တိုင်းနိုင်ငံကို စီမံဖို့ လိုအပ်လိမ့်မည်ဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့သည် “ဗဟိုကော်မတီ”သို့ တာဝန်ပြန်လည်ချထားခြင်းကို ခံရကြလိမ့်မည်။ ၎င်းတို့သည် ပြည်ပသို့ အလည်အပတ်သွားကြလျှင်၊ ပင်လယ်ရပ်ခြားသို့ သွားခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို ကိုင်တွယ်ဖြေရှင်းကြရလိမ့်မည်ဖြစ်သည်။ ထိုသို့သော အချိန်များတွင် ၎င်းတို့သည် ၎င်းတို့၏ ဇာတိမြေမှ ဝေးကွာလျက်၊ ပင်လယ်ရပ်ခြား၌ ရှိကြလိမ့်မည်- သို့သော် ဤသည်မှာ ဘုရားသခင့်အမှု၏ သတ်မှတ်ချက်များကြောင့် ဖြစ်လိမ့်ဦးမည်ဖြစ်သည်။ လူတို့က “ငါတို့သည် လိုအပ်သည့်အခါ ဘုရားသခင်အတွက် ငါတို့၏ အသက်များကို စွန့်လွှတ်မည်” ဟု ပြောကြပြီးသည်နှင့်အမျှ- ဤသည်မှာ အနာဂတ်တွင် လျှောက်လှမ်းရမည့် လမ်းကြောင်းမဟုတ်သလော။ အဘယ်သူသည် ထိုသို့သော ဘဝတစ်ခုကို မွေ့လျော်ဖူးသနည်း။ တစ်ဦးတစ်ယောက်သည် နေရာအနှံ့ခရီးသွားနိုင်သည်၊ ပင်လယ်ရပ်ခြားသို့ အလည်အပတ်သွားနိုင်သည်၊ ကျေးလက်ဒေသတွင် လမ်းပြမှု ပေးနိုင်သည်၊ သာမန်လူတို့အလယ်တွင် မိမိတို့ကိုယ်ကိုယ် အံ့ဝင်ခွင်ကျဖြစ်စေနိုင်ပြီး၊ ၎င်းတို့သည် အဆင့်မြင့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့်အတူ တိုင်းနိုင်ငံ၏ အရေးပါသည့် ကိစ္စရပ်များကို ပြောဆိုဆွေးနွေးနိုင်ကြလေသည်။ လိုအပ်သည့်အခါ၊ ၎င်းတို့သည် ငရဲထဲက ဘဝကို

ကိုယ်တိုင်ကိုယ်ကျ မြည်းစမ်းနိုင်ကြပြီး ယင်းနောက်တွင် ၎င်းတို့ ပြန်သွားကာ ကောင်းကင်ဘုံနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများကို ပျော်မွေ့နိုင်ကြဆဲ ဖြစ်သည်- ဤသည်တို့မှာ လူသား၏ကောင်းချီးမင်္ဂလာများ ဖြစ်သည်မဟုတ်လော။ အဘယ်သူသည် ဘုရားသခင်နှင့် နှိုင်းယှဉ်ဖူးသနည်း။ အဘယ်သူသည် တိုင်းနိုင်ငံများအနှံ့ ခရီးသွားဖူးသနည်း။ အမှန်စင်စစ်၊ လူတို့သည် နည်းပေးလမ်းပြမှုများ သို့မဟုတ် ရှင်းပြချက်များ တစ်ခုတစ်လေမျှမရှိဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲမှ အချို့အနည်းအကျဉ်းကို နားလည်သဘောပေါက်နိုင်ကြပေမည်- ယင်းမှာ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ်၌ ယုံကြည်ခြင်းမရှိကြခြင်းသာ ဖြစ်သည် ၊ ယင်းမှာ ဘုရားသခင်၏ အမှုကို ယနေ့အထိ ဆွဲဆန့်ထားသည့် အရာ ဖြစ်သည်။ ဘုရားသခင်က "၎င်းတို့တွင် ဘာမျှမရှိ"ဟု ဆိုသကဲ့သို့- လူတို့သည် အလွန်ချို့တဲ့လွန်းသောကြောင့်၊ ယနေ့၏ အမှုသည် ၎င်းတို့ကို ရောမအခက်အခဲများ ဖြစ်ပေါ်စေလေသည်။ ထို့အပြင် ၎င်းတို့၏ အားနည်းချက်က ဘုရားသခင်၏နှုတ်ကို အလိုအလျောက် ဘောင်ခတ်ခဲ့သည်- ဤအရာတို့သည် ဘုရားသခင်၏ အမှုကို ဆီးတားနေသည့်အရာများ အတိအကျဖြစ်သည် မဟုတ်လော။ ဤအရာကို သင်တို့ မမြင်နိုင်သေးသလော။ ဘုရားသခင် ပြောသမျှအားလုံးတွင် ဝှက်ထားသော အဓိပ္ပာယ်ရှိ၏။ ဘုရားသခင် စကားပြောသောအခါ၊ သူသည် လက်ဝယ်ရှိသည့် အမှုကိစ္စကို မလွှတ်တမ်း အသုံးချပြီး၊ ယုံတမ်းစကားတစ်ခုကဲ့သို့ သူပြောဆိုသမျှသော နှုတ်ကပတ်တော်များအားလုံးသည် နက်နဲသိမ်မွေ့သော သတင်းစကား ပါရှိလေသည်။ ဤရိုးရှင်းသော စကားများသည် နက်နဲသိမ်မွေ့သော အဓိပ္ပာယ်ပါရှိပြီး၊ ထို့ကြောင့် အရေးအကြီးဆုံးသော ကိစ္စရပ်များကို ရှင်းပြလေသည်- ဤသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော် အတတ်နိုင်ဆုံးဖြစ်သည့်အရာ မဟုတ်လော။ ဤအရာကို သင်သိပါသလော။

အောက်ခြေမှတ်စု(များ)-

က။ ကျင်းထျန်ခ- ဤဝေါဟာရကို တရုတ်ပြည် အင်ပါယာနှင့်ဆိုင်သော အချိန်ကာလတွင် ဖြောင့်မတ်သော တရားသူကြီးတစ်ဦးကို ရည်ညွှန်းရန် အသုံးပြုသည်။

## အခန်း ၃၁

ဘုရားသခင်၏ စိတ်သဘောထားသည် ဘုရားသခင်၏ မိန့်မြွက်ချက်များအားလုံးကို စိမ့်ဝင်ပျံ့နှံ့နေ၏၊ သို့သော် သူ့နှုတ်ကပတ်တော်များ၏ အဓိကအတွေးအမျှင်မှာ၊ လူသားမျိုးနွယ်အားလုံး၏ ပုန်ကန်မှုကို ထုတ်ဖော်ပြသခြင်းနှင့်၊ ၎င်းတို့၏ မနာခံမှု၊ အမိန့်မနာခံခြင်း၊ မျှတမှုမရှိခြင်း၊ မဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်ကို အမှန်တကယ် ချစ်နိုင်စွမ်းမရှိခြင်းကဲ့သို့မှာ အမှုအရာများကို ဖော်ထုတ်ခြင်းဖြစ်သည်မှာ၊ လူတို့၏ ခန္ဓာကိုယ်များထဲင ချွေးပေါက်တိုင်းတွင် ဘုရားသခင်ကို ဆန့်ကျင်ခြင်း ပါဝင်ကြောင်း၊ ၎င်းတို့၏ ဆံချည်မျှင်သွေးကြောများတွင်ပင်လျှင် ဘုရားသခင်ကို ဖီဆန်မှု ပါရှိနေကြောင်း ဘုရားသခင် ပြောသည့် အဆင့်ထိ ဘုရားသခင်၏နှုတ်ကပတ်တော်က ရောက်ရှိပြီးဖြစ်သည်။ လူတို့သည် ဤအရာများကို ဆန်းစစ်ဖို့ မကြိုးစားကြပါက၊ ယင်းတို့ကို ၎င်းတို့ အမြဲ သိရှိနိုင်စွမ်း ရှိကြလိမ်မည်မဟုတ်သကဲ့သို့၊ ယင်းတို့ကို ဘယ်သောအခါမျှ ဖယ်ထားနိုင်လိမ့်မည် မဟုတ်ပေ။ ဆိုလိုသည်မှာ၊ ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်သည့် ရောဂါပိုးများ ၎င်းတို့ထဲတွင် ပျံ့နှံ့လိမ့်မည်ဖြစ်ပြီး၊ နောက်ဆုံးတွင် ယင်းမှာ ၎င်းတို့၏ ခန္ဓာကိုယ်တစ်ခုလုံးအား သွေးနီဥများ ကင်းမဲ့သွားစေရစ်လျက်၊ ၎င်းတို့၏ သွေးဖြူဥများက သွေးနီဥများကို ဝါးမျိုသည့်အလား ဖြစ်လိမ့်မည်။ အဆုံးတွင် ၎င်းတို့သည် သွေးကင်ဆာဖြင့် သေဆုံးလိမ့်မည်ဖြစ်သည်။ ဤသည်မှာ လူသား၏ စစ်မှန်သော အခြေအနေဖြစ်ပြီး ယင်းကို အဘယ်သူမျှ ငြင်း၍မရနိုင်ပေ။ အဆင်းနီသော နဂါးကြီး ရစ်ခွေလဲလျောင်းသော မြေတွင် မွေးဖွားပြီးနောက်၊ လူအသီးသီးအတွင်းတွင် အဆင်းနီသော နဂါးကြီး၏ အဆိပ်ကို ပုံဆောင်သောအရာ သို့မဟုတ် သာဓကပြသောအရာ အနည်းဆုံးတစ်ခု ရှိကြလေသည်။ ထို့ကြောင့် အမှု၏ ဤအဆင့်တွင်၊ ဘုရားသခင့် နှုတ်ကပတ်တော်များတလျှောက် အဓိကအတွေးအမျှင်မှာ၊ မိမိကိုယ်ကိုယ် သိရှိခြင်း၊ မိမိကိုယ်ကိုယ် ငြင်းပယ်ခြင်း၊ မိမိကိုယ်ကိုယ် စွန့်လွှတ်ခြင်းနှင့် မိမိကိုယ်ကိုယ် သတ်ဖြတ်ခြင်းတို့ဖြစ်လေပြီ။ ဤသည်မှာ ဘုရားသခင်၏ နောက်ဆုံးသောကာလအတွင်း အဓိကအမှု ဖြစ်သကဲ့သို့၊ အမှု၏ ဤအကျော့သည် အပြည့်စုံဆုံးနှင့် အားလုံးအနက် အနှံ့စပ်ဆုံးဖြစ်သည်ဟု ဆိုနိုင်သည်- ဤအရာက ဘုရားသခင်သည် ခေတ်ကာလကို အဆုံးသတ်သို့ ဆောင်ကြဉ်းဖို့ စီစဉ်နေသည်ကို ပြသပေသည်။ ဤအရာကို အဘယ်သူမျှ မျှော်လင့်မထားသော်လည်း၊ တစ်ချိန်တည်းတွင် ယင်းမှာ ၎င်းတို့၏ ခံစားချက်များ၌ ကြိုတင်မျှော်မှန်းထားပြီးသောအရာ တစ်စုံတစ်ခုလည်း ဖြစ်ပေသည်။ ဘုရားသခင်က အလွန် တိကျပြတ်သားစွာ မပြောခဲ့သော်လည်း၊ လူတို့၏ အာရုံများသည် အလွန်အမင်း ထက်မြက်၏- အချိန်သည် တိုတောင်းသည်ဟု ၎င်းတို့ အမြဲ ခံစားကြရလေသည်။ လူတစ်ဦးသည် ဤအရာကို ပိုမိုခံစားရလေလေ၊ ခေတ်ကာလနှင့် သက်ဆိုင်သည့် ရှင်းလင်းသော အသိပညာတစ်ခုခုကို

သူရှိလေလေဖြစ်သည်ဟု ငါဆိုနိုင်သည်။ ယင်းမှာ ကမ္ဘာကြီးကို ပုံမှန်အတိုင်း မြင်ခြင်းနှင့် ထိုသို့ဖြင့် ဘုရားသခင် ၏နှုတ်ကပတ်တော်များကို ငြင်းပယ်ခြင်း မဟုတ်ပေ။ ထို့ထက်၊ ယင်းသည် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် ပါဝင်သည့်အကြောင်းအရာကို ဘုရားသခင် အမှုပြုသည့် နည်းလမ်းမှတစ်ဆင့် သိရှိခြင်း ဖြစ်သည်။ ဤအရာကို ဘုရားသခင့် နှုတ်ကပတ်တော်များ၏ အသံနေအသံထားအားဖြင့် ဆုံးဖြတ်ထားပေသည်။ ဘုရားသခင်၏ မိန့်မြွက်ချက်များ၏ သဘောသွားထဲတွင်၊ အဘယ်သူမျှ ရှာဖွေတွေ့ရှိခြင်းမရှိသေးသည့် လျှို့ဝှက်ချက်တစ်ခုရှိပြီး၊ လူတို့အတွက် ဝင်ရောက်ဖို့ အခက်ခဲဆုံးသောအရာမှာလည်း ဤအရာ အတိအကျ ဖြစ်ပေသည်။ ဘုရားသခင့် နှုတ်ကပတ်တော်များကို လူတို့ အဘယ်ကြောင့် နားမလည်ရခြင်း၏ အခရာအချက်မှာ၊ ဘုရားသခင် စကားပြောဆိုသည့် အသံနေအသံထားကို ၎င်းတို့ မသိနားမလည်ဘဲ ရှိနေကြခြင်းဖြစ်သည်- ဤလျှို့ဝှက်ချက်ကို ၎င်းတို့ပိုင်နိုင်ပါက၊ ဘုရားသခင့် နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် အသိပညာအချို့ ရှိနိုင်စွမ်း ရှိကြလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်များသည် အခြေခံသဘောတရားတစ်ခုကို အမြဲ လိုက်လျှောက်ပြီးဖြစ်သည်- ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အရာရာဖြစ်ကြောင်းကို လူတို့အား သိရှိစေခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတစ်ဆင့် လူသား၏ အခက်အခဲများအားလုံးကို ဖြေရှင်းခြင်း ဖြစ်သည်။ ဝိညာဉ်တော်၏ ရှုထောင့်မှ၊ ဘုရားသခင်သည် သူ၏လုပ်ဆောင်ချက်များကို ရှင်းလင်းသွားစေသည်။ လူသား၏ ရှုထောင့်မှ၊ သူသည် လူတို့၏ အယူအဆများကို ဖော်ထုတ်လေသည်။ ဝိညာဉ်တော်၏ ရှုထောင့်မှ၊ သူက လူသားသည် သူ၏အလိုကို အလေးမထားဟု ဆိုပြီး၊ လူသား၏ ရှုထောင့်မှ၊ သူသည် လူသား အတွေ့အကြုံ၏ ချို၊ ချဉ်၊ ခါးပြီး စူးရှသည့် အနံ့အရသာတို့ကို မြည်းစမ်းပြီးဖြစ်သကဲ့သို့၊ လေဖြင့် သူလာကာ မိုးနှင့်အတူသွားကြောင်း၊ သူသည် မိသားစု နှိပ်စက်ညှဉ်းပန်းခံရခြင်းများကို တွေ့ကြုံပြီးဖြစ်သကဲ့သို့ ဘဝ၏ အတက်အကျများကို ကြုံတွေ့ပြီးဖြစ်သည်ဟု သူဆို၏။ ဤသည်တို့မှာ ကွဲပြားခြားနားသော ရှုထောင့်များမှ ပြောဆိုထားသည့် စကားများဖြစ်သည်။ ဘုရားသခင်၏ လူတို့ကို သူစကားပြောသောအခါ၊ ယင်းမှာ အိမ်ထိန်းက ကျေးကျွန်များကို ဩဘာပေးသကဲ့သို့ သို့မဟုတ် ဟာသ ပြဇာတ်တိုတစ်ခုကဲ့သို့ဖြစ်သည်။ သူ၏ စကားများက လူတို့အား ပြင်းထန်သည့် ညှဉ်းပန်းနှိပ်စက်မှုအောက်တွင် ဖြောင့်ချက်ပေးရန် ပဒေသရာဇ် အာဏာပိုင်များအားဖြင့် ထိန်းသိမ်းခံခဲ့ကြရပြီးဖြစ်သည့်အလား ၎င်းတို့၏ အရှက်မှ ပြေးပုန်းစရာမရှိဖြစ်စေလျက်၊ မျက်နှာနီမြန်းစေရစ်လေသည်။ ဘုရားသခင်၏ လူတို့ကို သူစကားပြောသောအခါ၊ ဘုရားသခင်သည် ဗဟိုအစိုးရအတွင်းရှိ အရှုပ်တော်ပုံများကို

ဖော်ထုတ်သည့် ဆန္ဒပြနေကြသော တက္ကသိုလ်ကျောင်းသားများကဲ့သို့ ထိန်းမနိုင်သိမ်းမရဖြစ်ကြလေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ အားလုံးသည် သရော်ခြင်းဖြစ်ပါက၊ လူတို့အတွက် လက်ခံရန် ပိုမိုခက်ခဲပေမည်။ ထို့ကြောင့် ဘုရားသခင်ပြောသော နှုတ်ကပတ်တော် များသည် ရိုးစင်း၏။ ယင်းတို့သည် လူသားအတွက် စာဝှက်များ မပါရှိဘဲ၊ လူသား၏ တကယ့် အခြေအနေကို တိုက်ရိုက် ထောက်ပြလေသည်- ဤအရာက လူသားအပေါ် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် စကားလုံးများသက်သက်မဟုတ်ဘဲ စစ်မှန်သည်ကို ပြသပေသည်။ စစ်မှန်မှုကို လူတို့ တန်ဖိုးထားသော်လည်း၊ ဘုရားသခင်အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ မည်သည့်အရာမျှ မစစ်မှန်ပေ။ ဤသည်မှာ လူ့သား၌ ချို့တဲ့နေသောအရာ ဖြစ်သည်။ ဘုရားသခင်အတွက် လူတို့၏ ချစ်ခြင်းမေတ္တာ မစစ်မှန်လျှင်၊ ဤအရာကြောင့် အရာအားလုံး ပျောက်ကွယ်သွားမည့်အလား၊ အရာရာ အလုံးစုံ အနှစ်မဲ့လိမ့်မည်ဖြစ်ပြီး အထင်မှားခြင်း ဖြစ်ပေလိမ့်မည်။ ဘုရားသခင်အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာသည် စကြဝဠာကို ကျော်လွန်ပါက၊ ၎င်းတို့၏ အဆင့်အတန်းနှင့် ကိုယ်ပိုင်လက္ခဏာတို့သည်လည်း စစ်မှန်လိမ့်မည်ဖြစ်ပြီး၊ အနှစ်မဲ့လိမ့်မည် မဟုတ်သကဲ့သို့၊ ဤနှုတ်ကပတ်တော်များပင်လျှင်၊ စစ်မှန်ကာ အနှစ်မဲ့လိမ့်မည်မဟုတ်ပေ- ဤအရာကို သင် မြင်ပါသလော။ လူသားအတွက် ဘုရားသခင်၏ သတ်မှတ်ချက်များကို သင်မြင်ပြီလော။ လူသားသည် အဆင့်အတန်း၏ ကောင်းကြီးမင်္ဂလာများကို မွေ့လျော်ရုံမျှမမွေ့လျော်သင့်ဘဲ၊ အဆင့်အတန်း၏ စစ်မှန်မှုကို အသက်ရှင်နေထိုင်သင့်ပေသည်။ ဤသည်မှာ ဘုရားသခင်၏လူများနှင့် လူသားအားလုံးကို ဘုရားသခင် တောင်းဆိုသည့်အရာဖြစ်ကာ၊ ဤသည်မှာ ကြီးကျယ်ခမ်းနားသည့် အနှစ်မဲ့သော သဘောတရားအချို့မဟုတ်ပေ။

အဘယ်ကြောင့် ဘုရားသခင်က ဤစကားမျိုးကို ပြောဆိုသနည်း- "ငါလုပ်သမျှသည် ၎င်းတို့ကို ကျေနပ်စေဖို့ရန် ကြိုးပမ်းမှုတစ်ခု ဖြစ်သည့်အလား၊...ယင်း၏ အကျိုးဆက်တစ်ခုအနေဖြင့်၊ ၎င်းတို့သည် ငါ၏လုပ်ရပ်များကို အစဉ်အမြဲ စက်ဆုပ်ကြ၏။" ဘုရားသခင်အပေါ် လူသား၏ စက်ဆုပ်ခြင်းနှင့် သက်ဆိုင်သော စစ်မှန်သည့် သရုပ်သကန်များကို သင်ပြောဆိုနိုင်သလော။ လူတို့၏ အယူအဆများ၌၊ လူသားနှင့် ဘုရားသခင်သည် "အရှုံးအမှုံး ချစ်" နေကြပြီး၊ ယနေ့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူတို့၏ တမ်းမှုမှာ ၎င်းတို့က ဘုရားသခင်ကို တစ်ကျိုက်တည်းနှင့် မျိုချရန် စိတ်အားထက်သန်စွာ ဆန္ဒရှိသည့်အဆင့်ထိ ရောက်ရှိပြီး ဖြစ်သည်- သို့သော် ဘုရားသခင်သည် အောက်ပါ စကားမျိုးကို ပြောဆိုလေသည်- "လူသားသည် ငါ့ကို စက်ဆုပ် ရွံရှာ၏။ အဘယ့်ကြောင့် ငါ၏ချစ်ခြင်းမေတ္တာသည် လူသား၏

အမုန်းတရားနှင့် ဆပ်ပေးခံရပြီနည်း။" ဤသည်မှာ လူတို့အတွင်းရှိ ဓာတ်သတ္တုသိုက်ဖြစ်သည် မဟုတ်လော။ ဤသည်မှာ တူးသင့်သည့်အရာဖြစ်သည် မဟုတ်လော။ ဤသည်မှာ လူတို့ လိုက်စားခြင်းနှင့်ပတ်သက်သည့် ချွတ်ယွင်းချက်ဖြစ်သည်။ ယင်းသည် ဖြေရှင်းသင့်သည့် အဓိကပြဿနာဖြစ်ပြီး၊ ဘုရားသခင်နှင့် သက်ဆိုင်သည့် လူတို့၏ အသိပညာကို တားဆီးနေသည့်ခြသေ့်ဖြစ်ကာ၊ လူသားအတွက် ပပျောက်စေရမည့်အရာဖြစ်သည်— ဤသည်မှာ လုပ်ဆောင်သင့်သည့်အရာ ဖြစ်သည် မဟုတ်လော။ အဘယ်ကြောင့်ဆိုသော် ဝက်တစ်ကောင်ကဲ့သို့ လူသားသည် မှတ်ဉာဏ်မရှိသကဲ့သို့ အပျော်အပါးများကို အမြဲ အငမ်းမရဖြစ်သောကြောင့်၊ ဘုရားသခင်သည် သတိမေ့ခြင်းရောဂါအတွက် ဆေးဝါးကို လူသားအား ပေးလေသည်— သူသည် စကားပိုပြောကာ၊ ပိုမိန့်ကြားပြီး၊ လူတို့ကို နားရွက်များမှ ကိုင်ဆွဲကာ သေချာစွာ နားထောင်စေသကဲ့သို့၊ ၎င်းတို့ကို နားကြပ်များ တပ်ဆင်ပေးသည်။ သူ၏ နှုတ်ကပတ်တော်အချို့အတွက်မူ၊ တစ်ကြိမ်မျှ ပြောဆိုခြင်းသည် ပြဿနာကို မဖြေရှင်းနိုင်ပေ။ "လူတို့သည် မေ့လျော့ခြင်းကို ၎င်းတို့၏ ဘဝများ၌ အမြဲခံစားကြရပြီး၊ လူသားမျိုးနွယ်အားလုံး၏ ဘဝနေ့ရက်များက ဖရိုဖရဲဖြစ်ကြလေသည့်"အတွက် ၎င်းတို့ကို အဖန်ဖန် ပြောဆိုရမည်ဖြစ်သည်။ ဤနည်းဖြင့်၊ "၎င်းတို့ အချိန်ရှိသည့်အခါ ဖတ်ရှုသည်၊ အားလပ်သည့်အခါ နားထောင်ပြီး၊ အချိန်မရှိသည့်အခါ ယင်းတို့ကို တစ်ကိုယ်တည်းထားခဲ့သည်၊ နှုတ်ကပတ်တော်များကို ယနေ့ ပြောဆိုပါက၊ ၎င်းတို့ အာရုံစိုက်ကြသည်၊ သို့သော် မနက်ဖြန် မပြောဆိုပါက၊ ၎င်းတို့ သိပ်မစဉ်းစားတော့"သည့် အခြေအနေမှ လူတို့ ကယ်တင်ခံရနိုင်ပေသည်။ လူတို့၏ သဘောသဘာဝနှင့် ပတ်သက်သရွေ့၊ ဘုရားသခင်သည် ယနေ့တွင် ၎င်းတို့၏ စစ်မှန်သော အခြေအနေကို ပြောဆိုပြီး၊ ၎င်းတို့သည် ယင်းနှင့်သက်ဆိုင်သည့် နှံ့စပ်သော အသိပညာတစ်ခု ရှိလာကြပါက၊ နောင်တနှင့် ပြည့်ကြလိမ့်မည်ဖြစ်သည်- သို့သော် နောက်ပိုင်းတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စွန့်ပစ်ရင်းနှင့် သတိပေးခံရသည့်အခါတွင်သာ အထက်တွင် ဖော်ပြထားသည့် ဖြစ်အင်ကို ပြန်ပြုလုပ်ရင်း၊ ၎င်းတို့၏ နည်းလမ်းဟောင်းများသို့ ပြန်သွားကြပေမည်။ ထို့ကြောင့် သင် အလုပ်လုပ်သောအခါ သို့မဟုတ် စကားပြောသောအခါ၊ လူသား၏ ဤအနှစ်သာရကို မမေ့နှင့်။ လုပ်လုပ်နေစဉ်တွင် ဤအနှစ်သာရကို ဖယ်ထားရန်မှာ အမှားတစ်ခု ဖြစ်ပေမည်။ အလုပ်အားလုံးကို လုပ်ဆောင်ရာတွင်၊ သင် စကားပြောဆိုချိန်တွင် လူတို့၏ အယူအဆများကို ဖြေရှင်းဖို့ အထူးသဖြင့် အရေးကြီး၏။ အထူးသဖြင့်၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များသို့ သင်၏ ကိုယ်ပိုင် ထိုးထွင်းသိမြင်မှုကို ဖြည့်စွက်သင့်ပြီး ယင်းတို့ကို ဆွေးနွေးသင့်၏။ ဤသည်မှာ လူတို့ကို ထောက်ပံ့ပေးခြင်းနှင့် ၎င်းတို့ကို မိမိကိုယ်ကိုယ်

သိခွင့်ပေးခြင်း လမ်းကြောင်းဖြစ်သည်။ ဘုရားသခင့် နှုတ်ကပတ်တော်များ၏ အကြောင်းအရာအပေါ် အခြေပြု၍ လူတို့ကို ထောက်ပံ့ပေးရာတွင်၊ ၎င်းတို့၏ စစ်မှန်သော အခြေအနေကို ဘောပေါက်ရန်မှာ မလွဲကေန် ဖြစ်လာနိုင်လိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များတွင်၊ လူ၏ စစ်မှန်သော အခြေအနေကို သဘောပေါက်ပြီး၊ ထိုသို့ဖြင့် ၎င်းတို့ကို ထောက်ပံ့ဖို့ရန် လုံလောက်ပေသည်- ယင်းသို့ဖြင့် "ကမ္ဘာမြေပေါ်တွင် ဂုဏ်ပြုထမင်းစားပွဲ၏ စားပွဲတစ်ခုတွင် ထိုင်ဖို့ ဖိတ်ကြားချက်အား ဘုရားသခင် လက်ခံခဲ့သည်" ဆိုသည်ကို ထောက်ပြရင်း ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နောက်ထပ် ငါဆိုလိမ့်မည်မဟုတ်ပေ။

# အခန်း ၃၂

ဘုရားသခင်၏ နှုတ်ကပတ်တော်များက လူတို့ကို ပြင်းပြင်းထန်ထန် စဉ်းစားရစ်စေပြီး၊ ယင်းမှာ သူစကားပြောဆိုသည့်အခါ လူသားကို ဘုရားသခင် ရှောင်ဖယ်ပြီး လေထဲ စကားပြောနေသည့်အလား၊ သူသည် လူသား၏ လုပ်ဆောင်ချက်များကို နောက်ထပ် မည်သည့်အာရုံမျှ စိုက်ဖို့ရန် စဉ်းစားခြင်းလုံးဝမရှိသကဲ့သို့၊ လူတို့၏ ဝိညာဉ်ရင့်ကျက်မှုကို လုံးဝအလေးဂရုမပြုသည့်အလား၊ သူပြောဆိုသော စကားများက လူတို့၏ အယူအဆများကို မဦးတည်ဘဲ ဘုရားသခင်၏ မူလ ရည်ရွယ်ချက်နှင့်အညီ လူကို ရှောင်ဖယ်သည့်အလား ဖြစ်လေသည်။ အသင်္ချေ အကြောင်းရင်းများကြောင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူသားအဖို့ သဘောပေါက်၍ မရနိုင်သကဲ့သို့ ထိုးထွင်းသိမြင်၍မရနိုင်သော အရာ ဖြစ်သည်။ ဤသည်မှာ အံ့သြစရာမရှိပေ။ ဘုရားသခင့် နှုတ်ကပတ်တော်အားလုံး၏ မူလရည်ရွယ်ချက်မှာ လူတို့အနေဖြင့် ထိုနှုတ်ကပတ်တော်များမှ ကျွမ်းကျင်မှု ရရှိဖို့ သို့မဟုတ် အထာ သင်ယူရန်အတွက် မဟုတ်ပေ။ ယင်းအစား ထိုနှုတ်ကပတ်တော်များသည် ယနေ့အထိ ဘုရားသခင် အမှုပြုပြီးသည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ မှန်ပေ၏၊ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ အမှုအရာများ အမှန်ရရှိပေသည်- နက်နဲသောအရာများနှင့် ဆက်စပ်သောအရာများ၊ သို့မဟုတ် ပေတရု၊ ပေါလု၊ ယောဘတို့နှင့် စပ်ဆိုင်သောအရာများကို ရရှိကြ၏- သို့သော် ဤသည်မှာ ၎င်းတို့ရရှိသင့်သည့်အရာ နှင့် ၎င်းတို့ ကြိုးပမ်းရရှိနိုင်စွမ်းရှိသောအရာဖြစ်ပြီး၊ ၎င်းတို့၏ ဝိညာဉ်ရင့်ကျက်မှုနှင့် လိုက်လျောညီထွေဖြစ်သည်နှင့်အညီ၊ ၎င်းတို့သည် ဤအရာများကို ကြိုးပမ်းရရှိရာတွက် တတ်နိုင်သည်အထိ၊ ၎င်းတို့ သွားနှင့်ကြပြီး ဖြစ်သည်။ ဘုရားသခင်က

စွမ်းဆောင်ရရှိရန် တောင်းဆိုသော အကျိုးတရားသည် မြင့်မားခြင်းမရှိသော်လည်း၊ သူသည် အဘယ်ကြောင့် နှုတ်ကပတ်တော်များစွာကို ပြောခဲ့သနည်း။ ဤသည်မှာ သူပြောဆိုသော ပြစ်တင်ဆုံးမမှုနှင့် ဆက်စပ်လျက်ရှိပြီး အားလုံးကို လူတို့ နားမလည်လိုက်ဘဲနှင့် အလိုအလျောက် စွမ်းဆောင်ရရှိပေသည်။ ယနေ့တွင်၊ ဘုရားသခင့် နှုတ်ကပတ်တော်များ၏ တိုက်ခိုက်မှုအောက်တွင် လူတို့သည် ပိုမိုကြီးမားသော ညှဉ်းပန်းနှိပ်စက်မှုကို ကြုံကြုံခံကြရ၏။ အပေါ်ယံအားဖြင့် ၎င်းတို့ထဲမှ အဘယ်သူမျှ ကိုင်တွယ်ဖြေရှင်းခြင်း မခံရသေးပုံရ၏၊ လူတို့သည် ၎င်းတို့အလုပ်ကို လုပ်ဆောင်ရာတွင် စတင်၍လွတ်ခြင်းခံကြရပြီး၊ အစေခံသူတို့သည် ဘုရားသခင်၏ လူများအဖြစ်သို့ မြှင့်တင်ခံကြရပြီးဖြစ်သည်- ဤအရာ၌၊ လူတို့အဖို့ ၎င်းတို့သည် ပျော်မွေ့ခြင်းထဲသို့ ဝင်ရောက်ပြီးဖြစ်သည်ဟု ထင်ရလေသည်။ အမှန်တွင်၊ လက်တွေ့အရှိတရားမှာ၊ စစ်ဆေးခြင်းမှ၊ ၎င်းတို့အားလုံးသည် ပိုမိုပြင်းထန်သော ပြစ်တင်ဆုံးမခြင်းထဲသို့ ဝင်ရောက်ကြပြီဖြစ်သည်။ ဘုရားသခင်က "ငါ့အမှု၏ အဆင့်များသည် တစ်ခုမှ နောက်တစ်ခုသို့ နီးကပ်စွာ ဆက်နွှယ်နေပြီး၊ တစ်ခုချင်းစီသည် ယခင်ထက် သာ၍ မြင့်မားသည်"၊ ဟု ဆိုသကဲ့သို့သာ ဖြစ်သည်။ ဘုရားသခင်သည် အစေခံသူများကို အနက်ဆုံးသော တွင်းထဲမှ ချီမပြီးဖြစ်ကာ ၎င်းတို့ကို ပြစ်တင်ဆုံးမခြင်း ပိုမိုပြင်းထန်သည့်နေရာ၊ ကန့်နှင့် မီးအိုင်ထဲသို့ ပစ်ချလေသည်။ ထို့ကြောင့် ပိုမိုကြီးမားသော ဆင်းရဲဒုက္ခကို ၎င်းတို့ ခံစားကြရပြီး ယင်းမှ လွတ်မြောက်ရန် အနိုင်နိုင်ဖြစ်ကြရလေသည်။ ထိုသို့သော ပြစ်တင်ဆုံးမခြင်းသည် ပိုမိုဆိုးရွားသည် မဟုတ်လော။ ပို၍ မြင့်မားသော နယ်ပယ်သို့ ဝင်ရောက်ပြီးနောက်တွင်၊ လူတို့သည် ပျော်ရွှင်ခြင်းတစ်ခုတစ်လေထက် ဝမ်းနည်းခြင်းကို ခံစားကြရသည်မှာ အဘယ်ကြောင့်နည်း။ စာတန်၏ လက်များမှ ကယ်နှုတ်ခံကြရပြီးနောက်၊ အဆင်းနီသောနဂါးကြီးထံ ၎င်းတို့ကို ပေးအပ်ခံကြရသည်ဟု အဘယ်ကြောင့် ဆိုထားသနည်း။ ဘုရားသခင်က "အဆင်းနီသော နဂါးကြီး၏ နေရပ်တွင် အမှု၏ နောက်ဆုံးအပိုင်း ပြည့်စုံသည်" ဟု ပြောခဲ့သည်ကို သင် အမှတ်ရသလော။ ဘုရားသခင်က "နောက်ဆုံးဆင်းရဲဒုက္ခသည် အဆင်းနီသောနဂါးကြီးရှေ့တွင် ဘုရားသခင်အတွက် ခိုင်မာပြီး ထူးကဲလှသော သက်သေခံခြင်း ဖြစ်သည်" ဟု ဆိုခဲ့ချိန်ကို၊ သင် အမှတ်ရပါ၏လော။ လူတို့သည် အဆင်းနီသော နဂါးကြီးထံ အပေးမခံရပါက၊ ယင်း၏ရှေ့မှောက်တွင် ၎င်းတို့သည် အဘယ်သို့ သက်သေခံနိုင်ကြမည်နည်း။ မိမိတို့ကိုယ်ကိုယ် သတ်ဖြတ်ပြီးနောက်တွင် အဘယ်သူက "ငါသည် နတ်ဆိုးကို အနိုင်ယူပြီ" ဟူသောစကားများကို ပြောဖူးသနည်း။ မိမိတို့၏ ကိုယ်ပိုင် ဇာတိပကတိကို ရန်သူအဖြစ် မြင်ပြီးနောက်၊ မိမိကိုယ်ကိုယ် သတ်သေခြင်း- ဤအရာ၏ လက်တွေ့ကျသော အရေးပါမှုမှာ အဘယ်နည်း။

ဘုရားသခင်သည် အဘယ်ကြောင့် ထိုသို့ ပြောဆိုခဲ့ပါသနည်း- "လူတို့၏ အမာရွတ်များကို ငါမကြည့်ဘဲ အမာရွတ်မရှိသော အပိုင်းကိုသာကြည့်ပြီး၊ ဤအရာမှ ငါသည် ကျေနပ်အားရခြင်းကို ရရှိ၏။" အမာရွတ်များ မပါရှိသာသူများကို သူ၏ ဖော်ပြချက်များဖြစ်ဖို့ ဘုရားသခင် ဆန္ဒရှိသည်မှာ မှန်ခဲ့ပါက၊ အဘယ်ကြောင့် လူတို့၏ ယူဆချက်များကို ပြန်လည်တိုက်ခိုက်ရန် လူသား၏ ရှုထောင့်အမြင်မှ နှုတ်ကပတ်တော်များစွာကို သူသည် စိတ်ရှည်ရှည်နှင့် စိတ်အားထက်သန်စွာ ပြောဆိုမည်နည်း။ အဘယ်ကြောင့် ယင်းကို သူ စိတ်ဝင်စားမည်နည်း။ အဘယ်ကြောင့် ထိုသို့သောအရာတစ်ခုကို လုပ်ဆောင်ခြင်းနှင့်ဆိုင်သည့် မလိုအပ်သော ဒုက္ခကို သူ လုပ်ဆောင်မည်နည်း။ ထို့ကြောင့် ယင်းက ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းတွင် စစ်မှန်သော အရေးပါမှုရှိသည်၊ ဇာတိပကတိဖြစ်လာကာ သူ၏အမှု ပြည့်စုံစေပြီးနောက်တွင် သူသည် ဇာတိပကတိအား "မအောင်မြင်သောအရာအဖြစ် သဘောထား" မည်မဟုတ်သည်ကို ပြသပေသည်။ "ရွှေသည် မစင်ကြယ်နိုင်သကဲ့သို့ လူသည် စုံလင်ခြင်းမရှိနိုင်" ဟု အဘယ်ကြောင့် ဆိုရသနည်း။ ဤနှုတ်ကပတ်တော်များကို အဘယ်သို့ ရှင်းပြ၍ရနိုင်သနည်း။ ဘုရားသခင်သည် လူသား၏အနှစ်သာရနှင့် ပိတ်သက်၍ ပြောဆိုသောအခါ သူ၏ နှုတ်ကပတ်တော်များက မည်သည့်အရာ ဆိုလိုသနည်း။ လူတို့၏ ပကတိမျက်စိများတွင်၊ ဇာတိပကတိသည် မည်သည့်အရာမျှ တတ်စွမ်းနိုင်ခြင်းမရှိပုံ ပေါ်၏၊ သို့မဟုတ်လျှင် အားလုံးသည် အလွန်ချို့တဲ့ပုံပေါ်၏။ ဘုရားသခင်၏ အမြင်တွင်၊ ဤအရာမှာ လုံးဝ အရေးမကြီးပေ- သို့တိုင် လူတို့အဘို့ ယင်းမှာ ကြီးမားသည့် အရေးပါမှုရှိသော အကြောင်းကိစ္စတစ်ခုဖြစ်လေသည်။ ယင်းမှာ ၎င်းတို့က ဤအရာကို လုံးဝ ဖြေရှင်းနိုင်စွမ်းမရှိသည့်အလား၊ ယင်းကို ကောင်းကင်ဘုံနှင့်ဆိုင်သော အဖွဲ့အစည်းတစ်ခုက ကိုယ်တိုင်ကိုယ်ကျ ဖြေရှင်းရမည့်အလား ဖြစ်လေသည်- ဤသည်မှာ လူသား အယူအဆ တစ်ခု ဖြစ်သည်မဟုတ်လော။ "လူတို့၏ အမြင်များတွင်၊ ငါသည် ကောင်းကင်မှ သက်ဆင်းသော "ကြယ်လေး" တစ်စင်းသာဖြစ်သည်။ ငါသည် ကောင်းကင်တွင် အရေးမပါဆုံးမျှသာ ဖြစ်ကာ၊ ကမ္ဘာမြေပေါ်သို့ ယနေ့ ငါ၏ရောက်ရှိခြင်းသည် ဘုရားသခင်၏ တာဝန်ပေးထားခြင်း ဖြစ်သည်။ အကျိုးဆက်အနေဖြင့် လူတို့သည် ..."ငါ" နှင့် "ဘုရားသခင်" ဟူသော စကားလုံးများ၏ သာ၍ များသော အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ ရကြလေသည်။" လူသားတို့သည် မည်သည့်အရာမျှ ဖြစ်မြောက်ခြင်းမရှိသည့်အတွက်၊ အဘယ်ကြောင့် ဘုရားသခင်သည် မတူကွဲပြားသော ရှုထောင့်များမှ ၎င်းတို့၏ အယူအဆများကို ထုတ်ဖော်ပြသနည်း။ ဤသည်မှာလည်း ဘုရားသခင်၏ ပညာဉာဏ်ဖြစ်နိုင်မည်လော။ ထိုသို့သော စကားများသည် အဓိပ္ပါယ်မဲ့သည်မဟုတ်လော။ ဘုရားသခင်က၊ "လူတို့၏

စိတ်နှလုံးများတွင် ငါထူထောင်ခဲ့သည့် နေရာတစ်ခုရှိသော်လည်း၊ ထိုနေရာတွင် ငါနေထိုင်ဖို့ ၎င်းတို့ မလိုအပ်ကြပေ။ ယင်းအစား၊ ၎င်းတို့၏ စိတ်နှလုံးများထဲ၌ "သန့်ရှင်းသူ" ရုတ်တရက်ရောက်ရှိလာဖို့ ၎င်းတို့ စောင့်ဆိုင်းနေကြ၏။ ငါ၏ ကိုယ်ပိုင်လက္ခဏာသည် အလွန် "နိမ့်ကျ"သောကြောင့်၊ ငါသည် လူတို့၏ တောင်းဆိုချက်များနှင့် မကိုက်သကဲ့သို့၊ ထို့ကြောင့် ငါသည် ၎င်းတို့၏ မောင်းထုတ်ခြင်းခံရ၏"ဟု ဆိုသကဲ့သို့ဖြစ်သည်။ ဘုရားသခင်နှင့် သက်ဆိုင်သည့် လူတို့၏ ခန့်မှန်းချက်မှာ "အလွန်မြင့်မား" လှသောကြောင့်၊ ဘုရားသခင်အဖို့ အမှုအရာများစွာသည် "ကြိုးပမ်းမရရှိနိုင်"ပေ၊ ယင်းက သူ့ကို "အခက်အခဲထဲ" ပို့လေသည်။ ဘုရားသခင်တတ်စွမ်းရန် ၎င်းတို့တောင်းဆိုသောအရာမှာ ၎င်းတို့၏ ယူဆချက်များဖြစ်သည်ကို လူတို့က အနည်းငယ်သာ သိကြ၏။ ဤသည်မှာ "လိမ္မာပါးနပ်သော လူတစ်ဦးသည် သူ၏ ကိုယ်ပိုင် စဉ်းစားဉာဏ်၏ သားကောင်းဖြစ်လာနိုင်သည်" ဟူသော အရာ၏ တကယ့်အဓိပ္ပါယ်ဖြစ်သည် မဟုတ်လော။ ဤသည်မှာ "စည်းမျဉ်းတစ်ခုကဲ့သို့ တော်သော်လည်း၊ ဤအချိန်တွင် လူမိုက်ဖြစ်သည်" ဟူသည့် ကိစ္စတစ်ခု ကောင်းအမှန်ဖြစ်ပေ၏။ သင်၏ ဟောပြောခြင်းတွင် ၎င်းတို့ အယူအဆများနှင့် သက်ဆိုင်သည့် ဘုရားသခင်နှင့် ခွဲခွာဘို့ လူတို့ကို သင် စေခိုင်းသော်လည်း၊ သင်၏ အယူအဆနှင့် သက်ဆိုင်သော ဘုရားသခင်သည် ထွက်သွားပြီလော။ "လူသားကို ငါ ပြုသည့် တောင်းဆိုမှုများသည် လုံးဝ မကြီးမား" ဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အဘယ်သို့ အနက်ပြန်နိုင်သနည်း။ ယင်းတို့သည် လူတို့ကို အပျက်သဘောဆောင်စေပြီး အကျင့်ပျက်စေဖို့ မဟုတ်ဘဲ၊ အသောက်အစား အပျော်အပါး၌ မွေ့လျော်စေဖို့ မဟုတ်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် သိနားလည်မှုစစ်စစ်ကို ၎င်းတို့အား ပေးရန်ဖြစ်သည်- သင် နားလည်ပါ၏လော။ လူ့ဇာတိခံဘုရားသခင်သည် အမှန်တကယ် လူတို့ စိတ်ကူးသကဲ့သို့ "မြင့်မားကာ ကြီးမားသည့် 'ငါ'" ဖြစ်သလော။

ဘုရားသခင်ပြောဆိုသော နှုတ်ကပတ်တော်များအားလုံးကို ဖတ်ရှုပြီး ယင်းတို့နှင့်ဆိုင်သည့် ယေဘုယအကြမ်းဖျင်းဖော်ပြချက် ပေးနိုင်သောသူများ ရှိသော်လည်း၊ ဘုရားသခင်၏ အဆုံးစွန်ရည်မှန်းချက် အဘယ်အရာဖြစ်သည်ကို အဘယ်သူပြောနိုင်သနည်း။ ဤသည်မှာ လူသားမျိုးနွယ် ချို့တဲ့သောအရာဖြစ်သည်။ မည်သည့် ရှုထောင့်မှ ဘုရားသခင် စကားပြောသည်ဖြစ်စေ၊ သူ၏ ယေဘုယျရည်မှန်းချက်မှာ ဇာတိပကတိ၌ရှိသော ဘုရားသခင်ကို လူတို့ သိစေရန်ဖြစ်သည်။ သူ့အထဲတွင် လူသားသဘာဝနှင့်သက်ဆိုင်သည့် မည်သည့်အရာမျှမရှိပါက- သူ၌ရှိသမျှသောအရာအားလုံးမှာ ကောင်းကင်ဘုံရှိ ဘုရားသခင်၏ ပင်ကိုအရည်အချင်းများသာဖြစ်ခဲ့ပါက- များစွာ ပြောဆိုဖို့ ဘုရားသခင်အတွက်

လိုအပ်မည်မဟုတ်ပေ။ လူတို့ ချို့တဲ့သောအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အပြန်အလှန် ဆက်စပ် နှီးနွှယ်သည့် မူရင်းမှလာသော ကုန်ကြမ်းများအဖြစ် အသုံးတော်ခံသည်ဟု ဆိုနိုင်သည်။ ဆိုလိုသည်မှာ၊ လူသား၏အထဲ၌ ထင်ရှားသောအရာမှာ လူတို့၏ အယူအဆများနှင့်ပတ်သက်၍ ဘုရားသခင်ပြောဆိုသောအရာအဖို့ နောက်ခံဖြစ်ပြီး၊ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ မိန့်မြွက်ချက်များကို အစေခံကြလေသည်။ ပင်ကိုယ်အားဖြင့် ဤသည်မှာ လူတို့၏အယူအဆများနှင့် ပတ်သက်၍ ဘုရားသခင် ပြောသောအရာအပေါ် အခြေခံထား၏- ဤနည်းဖြင့်သာ ဤအရာကို သဘောတရားနှင့် လက်တွေ့အရှိတရားတို့ကို ပေါင်းစပ်ခြင်းဟု ဆိုနိုင်သည်။ ထိုအခါမှသာ လူတို့သည် မိမိတို့ကိုယ်ကိုယ် သိရှိခြင်းအကြောင်းအား ပိုမိုထိရောက်စွာ အလေးအနက် ထားနိုင်ပေသည်။ ဇာတိပကတိ၌ ရှိသော ဘုရားသခင်သည် လူတို့ အယူအဆများနှင့် သဟဇတဖြစ်ပြီး ဘုရားသခင်ကလည်း သူ့ကို သက်သေခံခဲ့ပါက၊ မည်သည့် အဓိပ္ပာယ်ရှိမည်နည်း။ ဘုရားသခင်သည် သူ၏ ကြီးမြတ်သော တန်ခိုးကို မီးမောင်းထိုးရန် လူတို့၏အယူအဆများကို အသုံးပြုရင်း၊ အပျက်သဘောဆောင်သောဘက်မှ အမှုပြုသည်မှာ ဤအရာကြောင့် အတိအကျ ဖြစ်ပေသည်။ ဤသည်မှာ ဘုရားသခင်၏ ဉာဏ်ပညာဖြစ်သည် မဟုတ်လော။ အယောက်တိုင်းအတွက် ဘုရားသခင်လုပ်ဆောင်သမျှအားလုံးသည် ကောင်းမြတ်၏- ထို့ကြောင့် ဤအချိန်တွင် အဘယ်ကြောင့် ချီးမွမ်းခြင်း မပြုသနည်း။ အမှုအရာများသည် အခြေအနေတစ်ရပ်သို့ ရောက်ရှိခဲ့ပါက၊ သို့မဟုတ် နေ့ရက်ရောက်လာခဲ့ပါက၊ သင်သည် ပေတရုကဲ့သို့ စမ်းသပ်မှုများအလယ်တွင် ပဌနာကို သင်ကိုယ်တိုင်၏အတွင်းမှ မြွက်ဆိုနိုင်မည်လော။ သင့်အနေဖြင့် ပေတရုကဲ့သို့ စာတန်၏လက်များတွင်ရှိချိန် ချီးမွမ်းနိုင်ဆဲဖြစ်မှသာ၊ "စာတန်၏ ကျေးကျွန်ဘဝမှ လွတ်မြောက်ခြင်း၊ ဇာတိပကတိကို ချိုးနှိမ်နိုင်ခြင်းနှင့် စာတန်ကို အောင်နိုင်ခြင်း" တို့၏ စစ်မှန်သော အဓိပ္ပါယ် ရှိပေလိမ့်မည်။ ဤသည်မှာ ဘုရားသခင်အတွက် ပိုမို စစ်မှန်သည့် သက်သေခံချက်ဖြစ်သည် မဟုတ်လော။ ဤအရာသည်သာ "ဘုရားသဘာဝက ဆောင်ရွက်ဖို့ရန် ထွက်လာခြင်းနှင့် ခုနှစ်ဆအရှိန်ပြင်းသော ဝိညာဉ်သည် လူသားအထဲ၌ အလုပ်လုပ်ခြင်း" အားဖြင့် ရရှိသည့် အကျိုးတရား ဖြစ်ပြီး၊ ထို့ကြောင့် ယင်းသည်လည်း "ဇာတိပကတိမှ ထွက်လာသော ဝိညာဉ်" အားဖြင့် စွမ်းဆောင်ရရှိသည့် အကျိုးတရား ဖြစ်သည်။ ထိုသို့သော ဆောင်ရွက်ချက်များသည် စစ်မှန်သည် မဟုတ်လော။ သင်သည် စစ်မှန်မှုကို အာရုံစိုက်လေ့ရှိသော်လည်း၊ ယနေ့တွင် သင်သည် စစ်မှန်မှု၏ မှန်ကန်သော အသိပညာ ရှိပါသလော။ "လူသားကို ငါ ပြုသည့် တောင်းဆိုမှုများသည် လုံးဝ

မကြီးမားသော်လည်း၊ လူတို့သည် ထိုသို့မယုံကြည်ကြပေ။ ထို့ကြောင့် ၎င်းတို့၏ "နှိမ့်ချခြင်း" သည် ၎င်းတို့၏ လှုပ်ရှားမှုတိုင်း၌ ထုတ်ဖော်ပြသခံရ၏။ ၎င်းတို့သည် တောတောင်များအတွင်းရှိ နက်ရှိုင်းသည့် ရှေးဟောင်းသစ်တောများတွင် ငါလှည့်လည်သွားလာမည်ကို ကြောက်လန့်လျက်၊ ငါလမ်းပျောက်မည်ကို အကြီးအကျယ် စိုးရွံ့လျက်၊ ငါ့အတွက် လမ်းကို ဦးဆောင်ရင်း ငါရှေ့တွင် အစဉ်အမြဲ လျှောက်လေ့လျှောက်ထရှိကြပေသည်။ အကျိုးဆက်အနေဖြင့် လူတို့သည် မြေအောက်အကျဉ်းတိုက်ထဲသို့ ငါလျှောက်မည်ကို အလွန်အမင်း ကြောက်ရွံ့လျက် ငါ့ကို အစဉ်အမြဲ ရှေ့သို့ ဦးဆောင်ကြပြီးဖြစ်သည်။" ဤရိုးရှင်းသော စကားများနှင့် သက်ဆိုင်၍ သင်၏အသိပညာမှာ အဘယ်နည်း- ယင်းတို့အထဲတွင် သင်သည် ဘုရားသခင့်နှုတ်ကပတ်တော်များ၏ အရင်းအမြစ်ကို အမှန်တကယ် သဘောပေါက်နိုင်ပါသလော။ ဘုရားသခင်သည် ထိုသို့သောစကားများဖြင့် သင့်အယူအဆများထဲမှ မည်သည့်အရာ ပြောဆိုသည်ကို သင်အာရုံစိုက်ပြီးပြီလော။ သင်သည် နေ့စဉ် သင်၏အာရုံစိုက်မှုကို ဤအဓိကအချက်အပေါ်တွင် ထားရှိသလော။ နောက်တွင် ကပ်လျက်လိုက်လာသည့် နောက်ထပ်အစိတ်အပိုင်း၏ ပထမဆုံးစာကြောင်းတွင်၊ ဘုရားသခင်က "သို့တိုင် လူတို့သည် ငါ့အလိုကို သတိလက်လွတ်ဖြစ်ကြပြီး၊ ၎င်းတို့အပေါ် ငါအပ်နှင်းခဲ့သော ကြွယ်ဝမှုများက ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းမရှိသည့်အလား၊ တောင်းဆိုမှုက ထောက်ပံ့မှုထက် ပိုလွန်သည့်အလား၊ ငါ့ထံမှ အမှုအရာများအတွက် ဆုတောင်းမြဲ ဆုတောင်းနေကြ၏" ဟု ဆိုသည်။ ဤစာကြောင်းတွင်၊ သင့်အတွင်းတွင် ရှိသည့် အယူအဆမှာ မည်သည့်အရာဖြစ်သည်ကို တွေ့မြင်နိုင်၏။ ဘုရားသခင်သည် ကုန်လွန်ခဲ့သည့် အချိန်များတွင် သင်မည်သည့်အရာလုပ်ဆောင်ခဲ့သည်ကို မအောက်မေ့ပေ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းမရှိပေ၊ ထို့ကြောင့် အတိတ်၏ အကြောင်းကိစ္စများကို နောက်ထပ် မစဉ်းစားနှင့်။ သာ၍ အရေးကြီးမှုပါရှိသည်မှာ အနာဂတ်လမ်းကြောင်းတွင် သင်သည် "နောက်ဆုံးခေတ်၌ ပေတရု၏စိတ်ဝိညာဉ်"ကို ဖန်တီးနိုင်ခြင်း ရှိမရှိဆိုသည့်အရာ ဖြစ်သည်- ဤအရာကို ကြိုးပမ်းရရှိရန် သင် ယုံကြည်ခြင်း ရှိသလော။ လူသားကို ဘုရားသခင်တောင်းဆိုသောအရာမှာ လူတို့အနေဖြင့် နောက်ဆုံးတွင် အဆင်းနီသောနဂါးကြီးကို အရှက်ရစေဖို့ လမ်းကြောင်း ဖောက်ဖို့ရန်အလို့ငှာ၊ ပေတရုကို အတုယူခြင်းသာဖြစ်သည်။ ဘုရားသခင်က "လူတို့သည် ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် စိတ်ဆုံးဖြတ်မှု ရှိလိမ့်မည်ဟုသာ ငါမျှော်လင့်၏။ ငါ့ကို ကောင်းမွန်သော အစားအသောက်

ချက်ပြုတ်ဖို့ရန် သို့မဟုတ် ငါ၏ခေါင်းချဖို့ရာ သင့်လျော်သောနေရာကို စီစဉ်ဖို့ ....ငါသည် မတောင်းဆို" ဟု ဆိုသည်မှာ ဤအရာကြောင့် ဖြစ်သည်။ ကမ္ဘာလောကတွင်၊ ၁၉၉၀ ခုနှစ်ဝန်းကျင်၌ "လဲ့ဖိန်၏ စိတ်ဝိညာဉ်" ဆောင်ကြဉ်းကြဖို့ လူတို့ တောင်းဆိုခံကြရ၏၊ သို့သော် ဘုရားသခင်၏ အိမ်တွင်၊ သင်သည် "ပေတရု၏ တမူထူးခြားသော ပုံစံ" ကို ဖန်တီးဖို့ ဘုရားသခင် တောင်းဆိုပေသည်။ ဘုရားသခင်၏အလိုကို သင် နားလည်ပါသလော။ ဤအရာအတွက် သင် အမှန်တကယ် ကြိုးပမ်းနိုင်ပါသလော။

"ငါသည် စကြဝဠာများအထက်တွင် လှုပ်ရှားပြီး၊ ငါလမ်းလျှောက်သည်နှင့်အညီ စကြဝဠာ တစ်ခွင်လုံး၏ လူတို့ကို ငါလေ့လာသည်။ ကမ္ဘာမြေပေါ် ရှိ လူအုပ်များအလယ်တွင်၊ ငါ၏ အမှုနှင့် သင့်လျော်သောသူ သို့မဟုတ် ငါ့ကို အမှန်တကယ် ချစ်သောသူ တစ်ဦးမျှ ဘယ်သောအခါမျှ မရှိဖူးပေ။ ထို့ကြောင့် ဤအခိုက်အတန့်တွင် ငါသည် စိတ်ပျက်လက်ပျက် သက်ပြင်းချမိပြီး၊ လူတို့သည် "ပိုက်ကွန် တစ်ခု၌ ၎င်းတို့အားလုံးကို ငါဖမ်းလိမ့်မည်ကို အလွန်အမင်း ကြောက်ရွံ့ရင်း၊ နောက်ထပ် စုဝေးခြင်းမပြုဖို့ရန် ချက်ချင်း လူစုခွဲကြလေသည်။" လူအများစုက ဤစကားများကို နားလည်ရန် အလွန်အခက်တွေ့ကောင်းတွေ့ကြပေမည်။ ၎င်းတို့က ဘုရားသခင်သည် လူသားကို များစွာမတောင်းဆိုဘဲ၊ အဘယ်ကြောင့် သူသည် သူ၏အမှုအတွက် သင့်လျော်သောသူ မည်သူမျှ မရှိသောကြောင့် စိတ်ပျက်လက်ပျက် သက်ပြင်းချသနည်းဟု မေးမြန်းကြသည်။ ဤနေရာတွင် ကွဲလွဲခြားနားခြင်းတစ်ခု ရှိပါသလော။ တိုက်ရိုက်ပြောဆိုရမည်ဆိုပါက၊ ရှိပေ၏။ သို့သော် လက်တွေ့အရှိတရားတွင် မည်သည့်ကွဲလွဲမှုမျှ မရှိပေ။ သင့်အနေဖြင့် ဘုရားသခင်က "ငါ၏ နှုတ်ကပတ်တော်အားလုံးသည် ငါဆန္ဒရှိသည့် အကျိုးတရား ရှိလိမ့်မည်" ဟု ဆိုသောချိန်ကို အမှတ်ရနိုင်ဆဲ ဖြစ်ကောင်း ဖြစ်ပေမည်။ ဇာတိပကတိ၌ ဘုရားသခင်အမှုပြုချိန်တွင် သူမည်သည့်အရာကို အတိအကျ လုပ်ဆောင်မည်ကို မြင်တွေ့ဖို့ လူတို့သည် သူ၏လုပ်ရပ်တိုင်းအပေါ် အစွဲအလမ်းကြီးကြလေသည်။ ဘုရားသခင်သည် ဝိညာဉ်လောကထဲက စာတန်အပေါ် ရည်မှန်းလျက် သူ၏အမှုသစ်ကို ဆောင်ရွက်သောအခါ၊ တနည်းအားဖြင့် ဇာတိပကတိ၌ရှိသော ဘုရားသခင်ကြောင့် ကမ္ဘာမြေပေါ် ရှိ လူတို့အလယ်တွင် အယူအဆမျိုးစုံ ဖြစ်ပေါ်လေသည်။ ဘုရားသခင်သည် စိတ်ပျက် လက်ပျက် သက်ပြင်းချသောအခါ- ဆိုလိုသည်မှာ သူသည် လူသား၏ အယူအဆများအားလုံးနှင့်သက်ဆိုင်၍ ပြောဆိုသောအခါ၊ လူတို့သည် ယင်းတို့ကို ကိုယ်တွယ်ဖြေရှင်းရန် အစွမ်းကုန် ကြိုးစားကြပြီး၊ ဘုရားသခင်က သူနှင့်ပတ်သက်၍ အယူအဆများရှိကြသော သူအားလုံးသည် သူ၏ရန်သူများဖြစ်သည်ဟု ပြောဆိုသည့်အတွက်၊

၎င်းတို့သည် မျှော်လင့်ချက် ကင်းမဲ့သည်ဟု ယုံကြည်သောသူများပင်လျှင် ရှိလေ၏-
ထို့ကြောင်၊ အဘယ်ကြောင့် လူတို့သည် ဤအရာကြောင့် လူစုမကွဲဘဲနေနိုင်မည်နည်း။
အထူးသဖြင့် ယနေ့တွင်၊ ပြစ်တင်ဆုံးမမှု ရောက်ရှိပြီးချိန်တွင်၊ ဘုရားသခင်သည် ၎င်းတို့ကို
ဖယ်ရှားပစ်မည်ကို လူတို့သည် သာ၍ပင် ကြောက်ရွံ့ကြသည်။ ၎င်းတို့
ပြစ်တင်ဆုံးမခံရပြီးနောက် ဘုရားသခင်က "ပိုက်ကွန် တစ်ခု၌ ၎င်းတို့အားလုံးကို
ငါဖမ်းလိမ့်မည်" ဟု ယုံကြည်ကြလေသည်။ သို့တိုင် အမှန်တရားများမှာ ထိုသို့မဟုတ်ပေ-
ဘုရားသခင်က "လူတို့သည် မည်သည့်အခါမျှ မလွတ်မြောက်နိုင်ကြဖို့အလို့ငှာ၊ ငါသည် ငါ၏
ပြစ်တင်ဆုံးမမှုအလယ်တွင် လူတို့ကို "ထိန်းသိမ်းရန်" ဆန္ဒမရှိပေ။ ငါ၏ စီမံခန့်ခွဲမှုသည်
လူသား၏ ဆောင်ရွက်ချက်များ ကင်းမဲ့သောကြောင့်၊ ငါ၏အမှုကို အောင်မြင်စွာ ပြည့်စုံစေရန်
မဖြစ်နိုင်ပေ၊" ဟု ဆိုသကဲ့သို့ ဖြစ်သည်။ ဘုရားသခင်၏အလိုမှာ လူအားလုံး
သေဆုံးခြင်းသို့ရောက်သည်နှင့် တပြိုင်နက် သူ၏အမှုပြီးဆုံးရန်အတွက် မဟုတ်- ယင်းသည်
မည်သည့်အဓိပ္ပာယ်ရှိလိမ့်မည်နည်း။ လူတို့အထဲ၌ အမှုပြုခြင်းနှင့် ၎င်းတို့ကို
ပြစ်တင်ဆုံးမခြင်းအားဖြင့် ဘုရားသခင်သည် ၎င်းတို့မှတဆင့် သူ၏လုပ်ဆောင်ချက်များကို
ပေါ်လွင်စေသည်။ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ သဘောသွားတွင် ပြစ်တင်ဆုံးမမှု
ရှိနှင့်ပြီးသားဖြစ်သည်ကို လူတို့ လုံးဝသဘောမပေါက်ကြသေးသောကြောင့် ၎င်းတို့၏
အသိစိတ်ထဲတွင် မည်သည့်ဝင်ရောက်မှုမျှ မရှိကြသေးခြင်းဖြစ်သည်။ လူတို့သည် ၎င်းတို့၏
စိတ်ဆုံးဖြတ်ချက်ကို ဖော်ပြနိုင်စွမ်းမရှိကြပေ၊ ထို့ကြောင့် ဘုရားသခင်သည် စာတန်ရှေ့တွင်
မည်သည့်အရာမျှ မပြောနိုင်သကဲ့သို့၊ ဤအရာက ဘုရားသခင်၏အမှုကို ရှေ့ဆက်ခြင်းမှ
တားဆီးထားပေသည်။ ထို့ကြောင့် ဘုရားသခင်က "ငါသည် တစ်ချိန်က လူသားကို
ဧည့်သည်အဖြစ် ငါ၏အိမ်သို့ဖိတ်၏၊ သို့သော် ၎င်းသည် ငါ၏ ဆင့်ခေါ်ချက်များကြောင့် ဟိုဟို
သည်သည် ပြေးလွှားခဲ့ပြီး၊ ၎င်းကို ဧည့်သည်အဖြစ် ဖိတ်ကြားခြင်းထက် ကွပ်မျက်ရာကွင်းသို့
၎င်းကို ငါခေါ်ဆောင်ခဲ့ဘိသကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် လူသားသည် ငါ့ကို
အမြဲရှောင်ဖယ်ခဲ့ပြီး အစဉ်အမြဲ ငါကို သတိဖြင့် တားဆီးထားခဲ့သောကြောင့်၊ ငါ၏အိမ်သည်
လူမရှိဘဲ ကျန်ရစ်ခဲ့ရ၏။ ဤအရာက ငါ့အမှု၏ အစိတ်အပိုင်းကို ဆောင်ရွက်ဖို့ ငါ့ကို
နည်းလမ်းမရှိ ဖြစ်ကျန်ရစ်စေလေပြီ" ဟု ဆိုခြင်းဖြစ်သည်။
လူသားအပေါ်သတ်မှတ်ချက်များကို ဘုရားသခင် ရှင်းလင်းစွာ တင်ပြသည်မှာ သူ၏အလုပ်၌
လူသား၏အမှားများကြောင့် ဖြစ်သည်။ ဘုရားသခင်သည် မိန့်မြွက်ချက်များကို
ပိုမိုဖြည့်စွက်သည်မှာ အမှု၏ ဤအဆင့်ကို လူတို့ မပြီးမြောက်နိုင်ကြသောကြောင့် ဖြစ်သည်-
ဘုရားသခင် ပြောဆိုသည်မှာ "လူ့အပေါ် ပြုသော အမှု၏ နောက်တစ်ပိုင်း" အတိအကျ

ဖြစ်ပေသည်။ သို့သော် ဘုရားသခင် ပြောဆိုသည့် "ပိုက်ကွန်တစ်ခု၌ ၎င်းတို့အားလုံးကို ဖမ်းခြင်း" ငါအသေးစိတ် ပြောလိမ့်မည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ဤအရာသည် ယနေ့ အမှုနှင့် ဆက်စပ်မှုအနည်းငယ်သာ ရှိသောကြောင့် ဖြစ်သည်။ ပင်ကိုအားဖြင့်၊ "စကြဝဠာတစ်ခွင်လုံးရှိ ဘုရားသခင်၏ နှုတ်ကပတ်တော်များ" ထဲတွင်၊ သူ၏ စကားအတော်များများသည် လူသားကို ကိုင်တွယ်ဖြေရှင်း၏- သို့သော် လူတို့အနေဖြင့် ဘုရားသခင်၏အလိုကို နားလည်ကြရမည်ဖြစ်သည်။ မည်သည့်အရာကို သူပြောဆိုသည်ဖြစ်စေ၊ သူ၏ ရည်ရွယ်ချက်များသည် အစဉ်အမြဲ ကောင်းမွန်၏။ ဘုရားသခင် စကားပြောသည့် နည်းလမ်းများက များပြားလွန်းသောကြောင့်၊ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တစ်ရာရာခိုင်နှုန်းသေချာခြင်းမရှိကြသကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်တော်အများစုသည် သူ့အမှု၏ လိုအပ်ချက်များကြောင့် ပြောဆိုထားခြင်းဖြစ်ပြီး၊ စစ်မှန်သောအရာ အနည်းငယ်သာ ပါရှိသည်ဟု ယုံကြည်ကြခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဤအရာက ၎င်းတို့အား ကြောင်တောင်တောင်ဖြစ်စေရစ်ကာ ၎င်းတို့၏ အတွေးများအားဖြင့် ဖိစီးစေလေသည်- အကြောင်းမှာ ၎င်းတို့၏ အယူအဆများထဲ၌ ဘုရားသခင်သည် အလွန်ဉာဏ်ပညာရှိကာ၊ ထို့ကြောင့် ၎င်းတို့ လုံးဝလက်လှမ်းမမီသည့်နေရာတွင်ရှိလေသည်၊ ယင်းမှာ ၎င်းတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်များကို အဘယ်သို့စားရမည်ဆိုသည်နှင့်ပတ်သက်၍ ဘာမျှမသိသကဲ့သို့ နလပိန်းတုံးဖြစ်ကြသည့်အလား ဖြစ်ကြပေသည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စိတ်ကူးသက်သက်နှင့် ရှုပ်ထွေးသောအရာဖြစ်စေကြ၏- ဘုရားသခင်က "ငါ၏ မိန့်မြွက်ချက်များကို လူတို့သည် ရသဖြည့်စွက်ရန် အစဉ်အမြဲ ဆန္ဒရှိကြ၏" ဟု ဆိုသကဲ့သို့ဖြစ်သည်။ ၎င်းတို့၏ စိတ်ကူးများသည် အလွန် ရှုပ်ထွေးလှပြီး၊ ဘုရားသခင်က "ကြိုးပမ်းရရှိနိုင်ရုံမျှသာ" ဖြစ်သောကြောင့်၊ ရိုးစင်းသော နည်းလမ်းဖြင့် ပြောဆိုရန်မှလွဲ၍ သူ့ကို ရွေးချယ်စရာမရှိ ဖြစ်ကျန်ရစ်စေရင်း၊ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ အစိတ်အပိုင်းသည် လူသား၏ ဘောင်ခတ်ခြင်း ခံရလေသည်။ စာတန်၏လုပ်ဆောင်ချက်များကို ရှုမြင်ဖို့ရန် ၎င်းတို့သည် ဝိညာဉ်ရေးရာလောကထဲသို့ ကူးနိုင်ကြသည့်အလား- လူတို့၏ တောင်းဆိုမှုများက "မြင့်မား" လွန်းသောကြောင့်၊ ပြီးလျှင် ၎င်းတို့၏ စိတ်ကူးစိတ်သန်းက ထူးကဲဆန်းစုံလွန်းသောကြောင့်၊ ဤအရာက ဘုရားသခင်၏နှုတ်ကပတ်တော်များကို လျော့ပါးစေ၏၊ အကြောင်းမှာ ဘုရားသခင် ပိုမိုပြောဆိုလေလေ၊ လူတို့၏ မျက်နှာများ ပိုမိုညိုးငယ်လေလေဖြစ်သည့်အတွက် ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ အဆုံးသတ်ကို ချင့်ချိန်စဉ်းစားနေမည့်အစား၊

အဘယ်ကြောင့် ရိုးရှင်းစွာ မနာခံနိုင်ကြသနည်း။ ဤအရာ၌ အကျိုးကျေးဇူးမှာ အဘယ်မှာ ရှိသနည်း။

# အခန်း ၃၃

စင်စစ်အားဖြင့်၊ လူတို့၌ ဘုရားသခင် လုပ်ဆောင်ပြီး အရာနှင့် ၎င်းတို့ကို သူ ပေးအပ်ပြီးသောအရာအပြင်၊ လူတို့ ပိုင်ဆိုင်သည့်အရာများအပေါ် အခြေခံ၍၊ လူတို့နှင့်သက်ဆိုင်သည့် သူ၏သတ်မှတ်ချက်များသည် လွန်ကဲခြင်းမရှိ၊ ၎င်းတို့အပေါ် သူသည် များပြားစွာ တောင်းဆိုခြင်းမရှိဟု ပြောနိုင်သည်။ သို့ဖြစ်လျှင် ၎င်းတို့သည် အဘယ့်ကြောင့် ဘုရားသခင်ကို ကျေနပ်မှုစေရန် မကြိုးစားနိုင်ရမည်နည်း။ ဘုရားသခင်သည် လူသားကို တစ်ရာ ရာခိုင်နှုန်းပေးသော်လည်း၊ သူသည် လူတို့ကို တစ် ရာခိုင်နှုန်း၏ အနည်းငယ်ကိုသာ တောင်းဆိုသည်- ဤသည်မှာ အလွန်များစွာ တောင်းဆိုခြင်းလော။ ဘုရားသခင်သည် အလဟဿ ပြဿနာ ဖြစ်စေခြင်းလော။ မကြာခဏ၊ လူတို့သည် မိမိတို့ကိုယ်ကိုယ် မသိကြချေ။ ၎င်းတို့သည် ဘုရားသခင် ရှေ့တွင် မိမိတို့ကိုယ်ကိုယ် မဆန်းစစ်ကြပေ၊ ထိုကြောင့် ၎င်းတို့ ထောင်ချောက်တွင် ပိတ်မိလာကြသည့် အချိန်များ မကြာခဏ ရှိလေသည်- ဤအရာကို ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဟု အဘယ်သို့ မှတ်ယူနိုင်မည်နည်း။ အကယ်၍ လူတို့အပေါ် ဘုရားသခင်သည် လေးစွာသော ဝန်ကို မတင်ခဲ့သော အချိန်တစ်ခု ရှိခဲ့ပါက၊ ၎င်းတို့သည် ရွံ့ကဲ့သို့ တစ်စစီ ပွဲသွားကြမည်ဖြစ်ပြီး၊ လုပ်ဆောင်မည့်အရာများကို ရှာဖွေရန် တာဝန်ယူကြလိမ့်မည်မဟုတ်ပေ။ ယင်းတို့ လူတို့ ဖြစ်သည့်ပုံ ဖြစ်သည်- မတုန်မလှုပ်ရှိသည်ဖြစ်စေ အပျက်သဘောဆောင်သည်ဖြစ်စေ တစ်ခုခုဖြစ်၏၊ ဘုရားသခင်နှင့်အတူ တက်ကြွစွာ အစဉ် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းမရှိ၊ မိမိတို့ကိုယ်ကိုယ် အရှုံးပေးဖို့ရန် အပျက်သဘောဆောင်သည့် အကြောင်းပြချက်တစ်ခုကို အမြဲ ရှာဖွေကြခြင်း ဖြစ်သည်။ သင်သည် အရာရာကို မိမိကိုယ်ကိုယ်အတွက် မဟုတ်ဘဲ၊ ဘုရားသခင် ကျေနပ်စေရန် လုပ်ဆောင်သောသူ တစ်စုံတစ်ဦး အမှန်တကယ် ဖြစ်သလော။ သင်သည် စိတ်ခံစားမှုများအပေါ် အမှီမပြုသောသူ၊ မိမိတို့၏ ကိုယ်ပိုင် ကိုယ်ရေးကိုယ်တာ ဦးစားပေးမှုများ မရှိသောသူနှင့် ဘုရားသခင်၏ အမှုအတွက် လိုအပ်ချက်များကို ဖြည့်တည်းသောသူ တစ်စုံတစ်ဦး အမှန်တကယ် ဖြစ်သလော။ “၎င်းတို့သည် အဘယ့်ကြောင့် ငါနှင့် အစဉ်အမြဲ အပေးအယူပြုလုပ်ရန် ကြိုးစားကြသနည်း။ ငါသည် ကုန်သွယ်ရေးဌာန၏ အထွေထွေ စီမံခန့်ခွဲရေးမှူး ဖြစ်သလော။ လူတို့က ငါ့ကို တောင်းဆိုသည့်အရာအား ငါသည်

စိတ်ပါလက်ပါဖြင့် ဖြည့်ဆည်းပေးသော်လည်း၊ လူသားကို ငါတောင်းဆိုသည့်အရာမှာ အဘယ်ကြောင့် ဘာမျှဖြစ်မလာရသနည်း။” ဘုရားသခင်သည် အဘယ့်ကြောင့် ထိုသို့သော အရာများကို အကြိမ်ရေအချို့ ဆက်တိုက်တောင်းဆိုသနည်း။ သူသည် အဘယ့်ကြောင့် တုန်လှုပ်ချောက်ချားမှုဖြင့် ထိုသို့ အော်ဟစ်သနည်း။ ဘုရားသခင်သည် လူတို့၌ အဘယ်အရာမျှ မရရှိလေပြီ။ သူမြင်သမျှအားလုံးမှာ ၎င်းတို့ စံရွေးသည့် အမှုဖြစ်သည်။ ဘုရားသခင်က “လူသားကို ငါတောင်းဆိုသည့်အရာမှာ အဘယ်ကြောင့် ဘာမျှဖြစ်မလာရသနည်း” ဟု အဘယ့်ကြောင့် ပြောရသနည်း။ မိမိတို့ကိုယ်ကိုယ် မေးကြလော့- အစမှ ပြီးစီးသည်အထိ လုပ်ဆောင်ဖို့ ၎င်းတို့ လုံးဝ ရွေးချယ်စရာမရှိသည့် အလုပ်၊ ၎င်းတို့ တာဝန်ဖြစ်သည့် အလုပ်ကို မည်သူ လုပ်ဆောင်နိုင်သနည်း။ မိမိတို့၏ နှလုံးသားများ အတွင်းရှိ ခံစားမှုများကို အရင်းခံ၍၊ မည်သူသည် မဆောင်ရွက်ဘဲ နေသနည်း။ လူတို့သည် သုံးရက်ကြာ ငါးမျှားပြီးနောက် ပိုက်ကွန်ကို စွန့်ပစ်ပြီး နောက်နှစ်ရက်ကို အချည်းနှီး ကုန်ဆုံးနေသည့်အလား၊ ၎င်းတို့ လုပ်ဆောင်သည့်အရာတွင် လုံးဝ ဇွဲမကောင်းဘဲ၊ ၎င်းတို့၏ စရိုက်လက္ခဏာများကို ဇက်ကုန်လွှတ်ပေးကြသည်။ ၎င်းတို့သည် ပူလိုက်၊ အေးလိုက် အလှည့်ကျ ဖြစ်လေသည်- ၎င်းတို့ ပူနေချိန်တွင်၊ ၎င်းတို့သည် ကမ္ဘာပေါ်က အရာအားလုံးကို မီးရှို့ဖျက်ဆီးနိုင်ပြီး၊ ၎င်းတို့ အေးသောအချိန်၌ ကမ္ဘာပေါ်က ရေအားလုံးကို အေးခဲသွားစေနိုင်သည်။ ဤသည်မှာ လူသား၏ လုပ်ငန်းဆောင်တာမဟုတ်သော်လည်း၊ လူသား၏ အခြေအနေနှင့်ပတ်သက်၍ အသင့်တော်ဆုံးသော နှိုင်းစာနိုင်သည့် အချက်ဖြစ်သည်။ ဤသည်မှာ အမှန်တရား မဟုတ်လော။ ငါသည် လူသားများနှင့်ပတ်သက်၍ “အယူအဆများ” ရှိကောင်းရှိမည် ဖြစ်ပြီး၊ ငါသည် ၎င်းတို့အား အမနာပပြောကောင်း ပြောပေမည်- သို့သော် မည်သို့ပင်ဆိုစေကာမူ၊ “သမ္မာတရားနှင့်အတူဆိုပါက တစ်လောကလုံးကို သင် လျှောက်လှမ်းလိမ့်မည်။ သမ္မာတရား မရှိပါက၊ မည်သည့်နေရာမျှ သင် ရောက်မည်မဟုတ်”။ ဤသည်မှာ လူသား၏ ဆောင်ပုဒ် ဖြစ်သော်လည်း၊ ယင်းကို ဤနေရာတွင် အသုံးပြုရန် ဆီလျော်သည်ဟု ငါထင်သည်။ ငါသည် လူတို့၏ စိတ်ဝိညာဉ်များကို တမင်သက်သက် လျော့စေသည်မဟုတ်သကဲ့သို့၊ ၎င်းတို့၏ လုပ်ဆောင်ချက်များကို ငြင်းဆိုနေခြင်း မဟုတ်။ မေးခွန်းအချို့နှင့်ပတ်သက်၍ သင်တို့ကို ငါဆွေးနွေးပါရစေ- မည်သူသည် ဘုရားသခင်၏ အမှုကို မိမိတို့၏ ကိုယ်ပိုင် တာဝန်အဖြစ် မြင်သနည်း။ အဘယ်သူက “ဘုရားသခင်ကို ကျွန်ုပ် ကျေနပ်စေနိုင်သရွေ့ ငါ၏ ရှိသမျှသော အရာအားလုံးကို ငါပေးမည်” ဟု ပြောနိုင်သနည်း။ အဘယ်သူက၊ “အခြားသူများကို ပဓာနမထားဘဲ၊ ဘုရားသခင် လိုအပ်သော အရာအားလုံးကို ကျွန်ုပ်လုပ်ဆောင်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ အမှု ကြာချိန်သည် ရှည်သည်ဖြစ်စေ တိုသည်ဖြစ်စေ ကျွန်ုပ်သည်

ကျွန်ုပ်၏တာဝန်ကို ဖြည့်ဆည်းမည်။ သူ၏အမှုကို အဆုံးသတ်သို့ ဆောင်ကြဉ်းခြင်းသည် ဘုရားသခင်၏ အလုပ်ဖြစ်ပြီး၊ ယင်းသည် ကျွန်ုပ် မိမိဘာသာ တွေးသော အရာမဟုတ်”ဟု ပြောနိုင်သနည်း။ မည်သူသည် ထိုသို့သော အသိပညာ ရှိနိုင်စွမ်းရှိသနည်း။ သင်တို့ မည်သည့်အရာ ထင်သည်မှာ အရေးမကြီးပေ- သင်သည် သာ၍ မြင့်သော ထိုးထွင်းအမြင်များ ရှိကောင်း ရှိနိုင်သည်၊ ယင်းကိစ္စတွင် ငါလိုက်လျောသည်၊ ရှုံးနိမ့်မှုကို ငါဝန်ခံသည်- သို့သော် ဘုရားသခင် အလိုရှိသည်မှာ ကျေးဇူးကန်းသော ဝံပုလွေ နှလုံးသားတစ်ခုမဟုတ်ဘဲ၊ စစ်မှန်ရိုးသားပြီး ပြင်းပြသည့် သစ္စာရှိသော နှလုံးသားတစ်ခု ဖြစ်သည်ကို သင်တို့အား ငါပြောပြရမည်။ ဤ “အပေးအယူပြုခြင်း”နှင့် သက်ဆိုင်၍ သင် မည်သည့်အရာကို သိသနည်း။ အစမှ အဆုံးထိတိုင်၊ သင်သည် “ကမ္ဘာလောကကို ခရီးနှင်” ပြီးဖြစ်သည်။ အချိန်တခဏတွင် သင်သည် “ကူမင်း” မြို့တော်တွင် ယင်း၏ ထာဝရနွေဦးဖြင့် ရှိပြီး၊ မျက်စိတမှိတ် အတွင်းတွင် သင်သည် သည်းမခံနိုင်အောင် အေးသော ဆီးနှင်းများဖြင့် ဖုံးလွှမ်းထားသည့် “တောင်ဝင်ရိုးစွန်း”သို့ ရောက်ရှိပြီးဖြစ်သည်။ မည်သူသည် တစ်ခါမျှ မိမိတို့ကိုယ်ကိုယ် ပြန်မတွေးကြည့်ဖူးသနည်း။ ဘုရားသခင် တောင်းဆိုသည်မှာ “သေသည့်တိုင် မနားသည့်” စိတ်ဓာတ်ဖြစ်ပြီး၊ သူလိုချင်သည်မှာ “တောင်ဘက်မြို့ရိုးကို ထိသည့်တိုင် ပြန်မလှည့်” သည့် စိတ်ဓာတ်တစ်ခု ဖြစ်သည်။ ပင်ကိုအားဖြင့် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူတို့အနေဖြင့် မှားယွင်းသော လမ်းကို လျှောက်လှမ်းရန်အတွက် မဟုတ်ဘဲ၊ ထိုသို့သော စိတ်ဓာတ်ကို ခံယူရန် ဖြစ်သည်။ “ငါ၏ အမှုအရာတို့အဖို့ ၎င်းတို့ ပေးသော “လက်ဆောင်များ”ကို ငါနှိုင်းယှဉ်သောအခါ၊ လူတို့သည် ငါ၏ အဖိုးထိုက်တန်ခြင်းကို ချက်ချင်း မှတ်မိကြပြီး၊ ထို့နောက်မှသာ ၎င်းတို့သည် ငါ၏ အတိုင်းအဆမဲ့ခြင်းကို မြင်ကြလေသည်”ဟု ဘုရားသခင် ပြောခဲ့သကဲ့သို့သာ ဖြစ်သည်။ ဤနှုတ်ကပတ်တော်တို့ကို အဘယ်သို့ ရှင်းပြနိုင်သနည်း။ ဘုရားသခင်သည် လူသား၏ နှလုံးသားတစ်ခုလုံးကို စိတ်ဖြာလေ့လာရန် ထုတ်ယူပြီး၊ ထိုအချိန်၌ လူသားတို့သည် ဤနှုတ်ကပတ်တော်များကို သိလာကြသည့်အတွက်၊ အထက်ပါ နှုတ်ကပတ်တော်တို့ကို ဖတ်ခြင်းသည် သင့်အား အချို့သော အသိပညာကို ပေးကောင်းပေးပေမည်။ သို့သော်လည်း ၎င်းတို့သည် ဆေးတက္ကသိုလ်၌ မသင်ယူဖူးသည်သာမက ရှေးဟောင်းသုတေသန ပညာရှင်များလည်း မဟုတ်ကြသောကြောင့်၊ ၎င်းတို့သည် ဤစကားရပ်အသစ်အား နားမလည်နိုင်ဟု ခံစားကြရသည့်အတွက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ နက်နဲသော အတွင်း အဓိပ္ပာယ်ကြောင့်၊ လူတို့သည် ဇာတိခန္ဓာဟောင်းနှင့်ပတ်သက်၍ မရှင်းမလင်း ဖြစ်နေကြ၏- ထိုအခါမှသာ ၎င်းတို့သည် အနည်းငယ် အလျော့ပေးကြသည်။ လူတို့သည် ဇာတိဟောင်း ရှေ့တွင်

အစွမ်းမဲ့ကြသည့်အတွက်၊ ယင်းသည် ကြမ်းကြုတ်ရက်စက်သော သားရဲတစ်ကောင် မဟုတ်သကဲ့သို့၊ အဏုမြူဗုံးကဲ့သို့ လူသားတို့ကို ပျက်သုန်းစေနိုင်စွမ်းမရှိသော်လည်း၊ ယင်းနှင့်ပတ်သက်၍ မည်သည့်အရာ လုပ်ဆောင်ရမည်ကို ၎င်းတို့ မသိကြသကဲ့သို့၊ ယင်းမှာ ၎င်းတို့သည် အစွမ်းမရှိသည့်အလား ဖြစ်လေသည်။ သို့သော် ငါ့အတွက်၊ ဇာတိဟောင်းကို ကိုင်တွယ်ဖြေရှင်းခြင်း နည်းလမ်းများ ရှိသည်။ တန်ပြန်ရေးအစီအမံတစ်ခုကို စဉ်းစားရန် လူသား၏ ဘယ်သောအခါမျှ အားထုတ်မှုတစ်ခုတစ်လေ မပြုခြင်းသည် ငါ၏ မျက်စိများရှေ့တွင် လူသား၏ အမျိုးမျိုးသော ထူးခြားကွဲပြားမှုများကို စဉ်ဆက်မပြတ် ထုတ်ပြခြင်းဆီသို့ ဆိုက်ရောက်စေပြီး ဖြစ်သည်။. ဘုရားသခင်က၊ "ငါ၏ အလုံးစုံကို ၎င်းတို့အား ငါပြသသောအခါ၊၎င်းတို့သည် ငါ၏ ရှေ့တွင် ဆားတိုင်ကဲ့သို့ မလှုပ်မယှက် ရပ်လျက်၊ ငါ့အား ပြူးကျယ်သော မျက်လုံးများဖြင့် မော့ကြည့်ကြသည်။ ငါသည် ၎င်းတို့၏ အူကြောင်ကြောင်နိုင်ခြင်းကို ရှုမြင်ရသည့်အချိန်တွင်၊ ငါသည် မိမိကိုယ်ကိုယ် ရယ်မောနေခြင်းမှ မရပ်တန့်နိုင်ပေ။ ၎င်းတို့သည် ငါ့ထံမှ အမှုအရာများကို တောင်းလျှောက်ဖို့ရန် လက်လှမ်းသောကြောင့်၊ ငါသည် သူတို့အား ငါ့လက်ထဲရှိ အမှုအရာများကို ပေးလိုက်ပြီး၊ ယင်းတို့ကို မွေးကင်းစကလေးကဲ့သို့ တဒင်္ဂသာကြာသည့် ၎င်းတို့ ပါဝင်ပတ်သက်သည့် လှုပ်ရှားမှုတစ်ခုကဲ့သို့ ချစ်ခင်မြတ်နိုးရင်း၊ ၎င်းတို့သည် ယင်းတို့ကို ရင်တွင် ပိုက်ထားကြသည်" ဟု ပြောခဲ့သကဲ့သို့သာ ဖြစ်သည်။ ဤအရာများသည် ဇာတိဟောင်း၏ လုပ်ရပ်များ မဟုတ်လော။ ယနေ့တွင် လူတို့သည် သိနားလည်မှုရှိကြသည်ကို ထောက်ဆလျှင်၊ ၎င်းတို့သည် အဘယ့်ကြောင့် မစွန့်လွှတ်ကြဘဲ ထိုအစား ဆက်သွားကြဆဲဖြစ်သနည်း။ အမှန်အားဖြင့် ဘုရားသခင့် သတ်မှတ်ချက်များ၏ တစ်စိတ်တစ်ပိုင်းသည် လူသားတို့ ကြိုးပမ်းမရရှိနိုင်သောအရာ မဟုတ်ပေ၊ သို့သော် "ငါသည် လူသားကို ပေါ့ပေါ့တန်တန် ပြစ်တင်ဆုံးမခြင်းမပြုပေ။ လူတို့သည် ၎င်းတို့၏ ခန္ဓာကို အစဉ်အမြဲ ဇက်ပုံပေးကြသည်မှာ ဤအကြောင်းရင်းကြောင့် ဖြစ်သည်။ ၎င်းတို့သည် ငါ၏ အလိုကို မလိုက်နာကြဘဲ၊ ငါ၏တရားစီရင်ရာ ပလ္လင်ရှေ့တွင် ငါ့ကို အမြဲ နားပူနားဆာ လုပ်ကြသည့်"အတွက်၊ လူတို့သည် ယင်းကို အလေးဂရုမပြုကြချေ။ ဤအရာသည် လူသား၏ ဝိညာဉ်ရင့်ကျက်မှု ဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် တမင်တကာ ချစ်တီးခေါက်သန်းရှာနေခြင်းမဟုတ်ဘဲ ဤအရာသည် လက်တွေ့အရှိတရား ဖြစ်သည်- ဘုရားသခင်သည် ဤအရာကို ရှင်းပြရမည်လော။ ဘုရားသခင်က "လူသားတို့ "နှစ်လိုဖွယ်" ဖြစ်ကြသည်မှာ ၎င်းတို့၏ "ယုံကြည်ခြင်း" အလွန် ကြီးမားသောကြောင့် ဖြစ်ပေသည်"ဟု ဘုရားသခင် ပြောခဲ့သကဲ့သို့သာ ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ငါသည် ဘုရားသခင်၏

အစီအစဉ်များကို နာခံပြီး၊ ထို့ကြောင့် ဤအရာနှင့်သက်ဆိုင်၍ ငါသည် များစွာ မပြောဆိုပေ။ လူသားတို့၏ "ယုံကြည်ခြင်း"ကြောင့်၊ ၎င်းတို့ကို ငါ သတိပေးခြင်းမရှိဘဲ ၎င်းတို့၏ လုပ်ငန်းတာဝန်ကို ၎င်းတို့အား ဆောင်ရွက်စေဖို့ ၎င်းတို့၏ ယုံကြည်ခြင်းကို အသုံးပြုရင်း၊ ငါသည် ဤအရာကို အမိအရအသုံးပြု၏။ ဤအရာကို လုပ်ဆောင်ခြင်းသည် မှားယွင်းသလော။ ဤသည်မှာ ဘုရားသခင် လိုအပ်သည့်အရာ အတိအကျ ဖြစ်သည် မဟုတ်လော။ ထိုသို့သော နှုတ်ကပတ်တော်များကို ကြားရသောအခါ အချို့သောလူတို့သည် စိတ်ကုန်ကောင်း ကုန်သွားပေမည်- ထို့ကြောင့် ငါသည် ၎င်းတို့ကို ပါးပါးလှီးဖို့ အခြားသော အကြောင်းအရာကို ပြောရမည်။ စကြဝဠာအနှံ့က ဘုရားသခင်၏ ရွေးချယ်ထားသော လူအားလုံးသည် ပြစ်တင်ဆုံးမခြင်းကို ကျော်ဖြတ်ချိန်တွင်၊ ပြီးလျှင် လူသားအတွင်းရှိ အခြေအနေသည် ပြုပြင်ခံရချိန်တွင်၊ ၎င်းတို့သည် ဆင်းရဲဒုက္ခကို လွတ်မြောက်ပြီးဖြစ်သည့်အလား လူတို့သည် ၎င်းတို့၏ နှလုံးသားများ၌ တိတ်တဆိတ် ဝမ်းမြောက်ကြလိမ့်မည်။ ဤအခိုက်အတန့်တွင်၊ ဤသည်မှာ ဘုရားသခင်၏ နောက်ဆုံးအမှုအတွင်း စွမ်းဆောင်ရရှိသည့် အကျိုးတရား အတိအကျဖြစ်သည့်အတွက်၊ လူတို့သည် မိမိတို့ကိုယ်ကိုယ်အတွက် ရွေးချယ်တော့မည် မဟုတ်ပေ။ ယနေ့ထိ သူ၏ခြေလှမ်းများ တိုးတက်ပြီးနောက်တွင်၊ ဘုရားသခင်၏ သားများနှင့် လူတို့အားလုံးသည် ပြစ်တင်ဆုံးမခြင်းသို့ ဝင်ရောက်ပြီးဖြစ်ကာ၊ လူတို့သည် မိမိတို့ကိုယ်ကိုယ်အတွင်းတွက် မသန့်စင်မှုများ စွန်းထင်းကြသည့်အတွက် ကလေးလူတို့သည်လည်း ဤအဆင့်ကို မလွတ်မြောက်နိုင်ချေ၊ ထို့ကြောင့် လိုအပ်သော လမ်းကြောင်းဖြစ်သည့် စစ်ဆေးခြင်းအတွက် အရည်ကျိုသည့် မီးပြင်းဖိုကြီးထဲသို့ ဝင်ရောက်ဖို့ရန် လူအားလုံးကို ဘုရားသခင် ဦးဆောင်လေသည်။ ဤအရာ ကျော်လွန်ပြီးသည်နှင့်တစ်ပြိုင်နက်၊ လူတို့သည် သေခြင်းမှ ရှင်ပြန်ထမြောက်ကြလိမ့်မည်၊ ယင်းသည် ဘုရားသခင်က "ဝိညာဉ် ခုနှစ်ပါးတို့၏ မိန့်မြွက်ချက်များ"တွင် ကြိုတင်ပြောခဲ့သည့်အရာ အတိအကျဖြစ်သည်။ လူတို့အား ရန်မမူရန်အလို့ငှာ၊ ငါသည် ဤအရာကို ထပ်ပြောမည်မဟုတ်။ ဘုရားသခင်၏ အမှုသည် အံ့သြဖွယ်ရာ ဖြစ်သောကြောင့် ဘုရားသခင်၏ နှုတ်မှ ဟောပြောခဲ့သော ပရောဖက်ပြုချက်များသည် နောက်ဆုံးတွင် စွမ်းဆောင်ရရှိရပေမည်။ ဘုရားသခင်သည် လူတို့အား ၎င်းတို့၏ အယူအဆများကို ပြောဆိုရန် နောက်တစ်ကြိမ် တောင်းဆိုသည့်အခါ၊ ၎င်းတို့ အံ့အားသင့်သွားကြသည်။ ထို့ကြောင့် မည်သူမျှ မစိုးရိမ်သင့် သို့မဟုတ် စိတ်သောကမရောက်သင့်ပေ။ "ငါ၏ အမှုအားလုံးတွင်၊ လူသား၏ လက်များဖြင့် ဆောင်ရွက်ခဲ့သော အဆင့်တစ်ဆင့်မျှ ရှိခဲ့ဖူးသလော" ဟု ငါပြောခဲ့သကဲ့သို့သာ ဖြစ်သည်။

ဤနှုတ်ကပတ်တော်များ၏ အနှစ်သာရကို သင်နားလည်သလော။

## အခန်း ၃၅

ယခုကာလတွင် လူသားအပေါင်းတို့သည် မတူညီသောအတိုင်းအတာများအထိ ပြစ်တင်ဆုံးမခြင်း အခြေအနေသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ “ငါသည် လူသားများနှင့် ပုခုံးချင်းယှဉ်လျက် သွားသည်” ဟူ၍ ဘုရားသခင် ဆိုခဲ့သည့်အတိုင်း ဖြစ်သည်။ ဤအရာမှာ အကြွင်းမဲ့ မှန်ကန်သော်လည်း လူတို့သည် ဤအချက်ကို လုံးလုံးလျားလျား နားမလည်နိုင်ကြသေးပေ။ ရလဒ်အနေဖြင့် ၎င်းတို့ လုပ်ဆောင်ပြီးသော အလုပ်တစ်စိတ်တစ်ပိုင်းမှာ မလိုအပ်သောအလုပ် ဖြစ်ခဲ့ရသည်။ ဘုရားသခင်က “သူတို့၏ ဝိညာဉ်အသက်တာအလျောက် ငါသည် မစထောက်ပံ့ပေးသည်။ လူသားများသည် ငါ၏စီမံခန့်ခွဲမှု အစီအစဉ် တစ်ရပ်လုံး၌ ဇာတ်ဆောင်များဖြစ်ကြသောကြောင့် ငါစီစဉ်ညွှန်ကြားနေသော ဤပြဇာတ်သည် လုံးဝ အောင်မြင်စိမ့်သောငှာ သူတို့သည် မိမိတို့စွမ်းရည်ရှိသမျှနှင့် စိတ်နှလုံးအကြွင်းမဲ့ ပါဝင်ကပြစေရန်အတွက် ‘လူသား’ ဟူသည့် ဇာတ်ကောင်ယူထားသည့် ထိုသူများကို သာ၍များသော လမ်းညွှန်မှုများ ငါပေးသည်၊” သာမက “သို့သော်လည်း သူတို့၏အသိစိတ်များကို တိုက်ရိုက်ဝေဖန်အပြစ်ရှာမည့်အစား သူတို့ကို ငါသည် စိတ်ရှည်ခြင်းနှင့်တကွ စည်းစနစ်ကျစွာ ဆက်လက်လမ်းပြပေးသည်။ အမှန်စင်စစ် လူသားများသည် အားနည်း၍ မည်သည့် အလုပ်ကိုမျှ ထမ်းဆောင်နိုင်စွမ်းမရှိပေ” ဟု ဆိုခဲ့သည်။ ဘုရားသခင်၏ သဘောထားမှာ၊ အကယ်၍ သူသည် ဤလူသားအားလုံးကို အမျိုးဖြုတ်ပစ်ခဲ့သော်လည်း ကမ္ဘာမြေကြီးပေါ်မှ သူ၏အမှုသည် သူ၏မူလအစီအစဉ်နှင့်အညီ ဆက်လက် တည်ရှိနေဦးမည်ဟူ၍ဖြစ်သည်။ ဘုရားသခင်သည် အလဟဿဖြစ်သော အမှုကို ပြုနေခြင်းမဟုတ်ပေ၊ သူပြုသမျှ ကောင်းပေသည်။ ပေတရု ဆိုခဲ့သကဲ့သို့ “အကယ်၍ ဘုရားသခင်သည် လူသားတို့ကို အရုပ်များသဖွယ် ကစားနေခဲ့လျှင်လည်း လူသားတို့သည် အဘယ်သို့ စောဒကတက်နိုင်လိမ့်မည်နည်း။ ၎င်းတို့၌ မည်သည့် အခွင့်အရေး ရှိလိမ့်မည်နည်း။” ဤအရာမှာ ယနေ့ လူသားများကို ဘုရားသခင် ရစေလိုသောအရာပင် ဖြစ်သည်မဟုတ်လော။ က လူသားများ၌ ဤကဲ့သို့ အမြင် အမှန်တကယ် ရှိနိုင်သလော။

လွန်ခဲ့သောနှစ်ထောင်ပေါင်းနှစ်ထောင်က ပေတရုသည် ယင်းကဲ့သို့အရာကို ပြောနိုင်ခဲ့သော်လည်း ယနေ့ အဆင့်မြင့်နည်းပညာတိုးတက်ပြီး၊ ခေတ်မီသောခေတ်မှ “ပေတရုများ” သည် အဘယ်ကြောင့် မပြောနိုင်သနည်း။ သမိုင်းသည် တိုးတက်နေခြင်း

သို့မဟုတ် ဆုတ်ယုတ်နေခြင်း ဖြစ်သည်ကို ငါအသေအချာ မဆိုနိုင်ပေ။ သိပ္ပံပညာသည် ရှေ့သို့ ခြေတစ်လှမ်းတက်ခဲ့ပြီးဖြစ်သည် သို့မဟုတ် နောက်သို့ ခြေတစ်လှမ်း ဆုတ်ခဲ့သည် ဟူသည့်အချက်မှာ ယခုအထိ မည်သူမျှ မဖြေနိုင်သေးသောမေးခွန်း တစ်ခုဖြစ်သည်။ လူသားတို့၌ ဘုရားသခင် ပြုခဲ့ပြီးသောအရာမှန်သမျှမှာ ၎င်းတို့ကို အပြုသဘောဆောင်စေရန်နှင့် အသက်တာ၌ ကြီးထွားစေရန်ဖြစ်သည်။ လူတို့သည် ဤအရာကို နားမလည်နိုင်သလော။ သင့်ကို အပျက်သဘောဆောင်စေသော အရာမှန်သမျှမှာ သင်၏ အားနည်းချက်တစ်ခုပင် ဖြစ်သည်၊ ၎င်းမှာ စာတန်၏ တိုက်ခိုက်မှုများကို လမ်းဖွင့်ပေးထားသော အားနည်းချက်၏ အလွန်အရေးပါသော အချက်တစ်ချက် ဖြစ်သည်။ ဤအရာကို သင် နားလည်သလော။ ဘုရားသခင်သည် ဤနည်းဖြင့် အဘယ်ကြောင့် ပြောခဲ့သနည်း။ "စိတ်အားထက်သန်ခြင်းနှင့်လည်းကောင်း၊ ရိုးသားဖြူစင်မှုနှင့်လည်းကောင်း၊ ငါသည် သူတို့ကို တိုးလျှိုးတောင်းပန်၏။ ငါတောင်းဆိုသောအရာကို သူတို့သည် အမှန်စင်စစ် မပြုလုပ်နိုင်သလော။" ဤနှုတ်ကပတ်တော်များမှာ မည်သည့်အရာကို ဆိုလိုသနည်း။ ဘုရားသခင်သည် အဘယ်ကြောင့် ဤမေးခွန်းကို မေးခဲ့သနည်း။ ၎င်းမှာ လူ့သဘာဝတွင် အပျက်သဘောဆောင်သော ရှုထောင့်အလွန်များစွာ ရှိကြောင်းနှင့် အပျက်သဘောဆောင်သော အကြောင်းရင်းတစ်မျိုးတည်းသည် လူသားတို့ကို ထိမိ၍လဲစရာ အကြောင်း ဖြစ်ရန် လုံလောက်ကြောင်း ပြသခြင်းဖြစ်သည်။ သင်၏ အပျက်သဘောဆောင်သော ပုံစံများအတိုင်း ဆက်၍သွားခြင်းဖြင့် သင့်ထံ မည်သည့်အရာတို့ကို ယူဆောင်လာမည်ကို သင်ကြည့်မြင်သင့်သည်။ ဘုရားသခင် ပြုသမျှအရာခပ်သိမ်းမှာ လူသားတို့ကို စုံလင်အောင်ပြုလုပ်ပေးရန် ဖြစ်သည်။ ဤအရာ၌ နောက်ထပ် ရှင်းပြချက်တစ်စုံတစ်ရာ လိုအပ်သလော။ လိုအပ်သည်ဟု ငါမထင်ပေ။ လူသားတို့သည် စာတန်၏ ပိုင်ဆိုင်ခြင်းကို ခံနေရကြောင်း ဆိုနိုင်သော်လည်း လူသားတို့သည် အပျက်သဘော၏ ပိုင်ဆိုင်ခြင်းကို ခံနေရသည်ဟု ဆိုခြင်းမှာ ပိုကောင်းပါလိမ့်မည်။ ဤသည်မှာ လူသားတို့သည် ၎င်းတို့ကိုယ်ကိုယ်ဖော်ပြသည့် ပုံစံတစ်ခုဖြစ်သည်၊ ၎င်းမှာ ၎င်းတို့ လူ့ဇာတိ၏အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အားလုံးသည် မရည်ရွယ်ဘဲ ပြစ်တင်ဆုံးမခြင်းနှင့်အတူ အပျက်သဘောအတွင်းသို့ ကျဆင်းခဲ့ကြလေသည်။ ဤသည်မှာ လူသားတို့အတွက် ဘုရားသခင် အသင့်ပြင်ဆင်ထားသော ထောင်ချောက်တစ်ခု ဖြစ်ပြီး ဤအချိန်မှာ လူတို့အတွက် ဝမ်းနည်းဆုံးအချိန်ဖြစ်သည်။ လူတို့သည် အပျက်သဘော၌ နေထိုင်သောကြောင့် ပြစ်တင်ဆုံးမခြင်းမှ ထွက်ပြေးလွတ်မြောက်ရန် ၎င်းတို့အတွက် ခက်ခဲခြင်းဖြစ်သည်။ ဤအရာမှာ ဤနေ့ရက်များ၌ ဖြစ်ပျက်နေသော အခြေအနေများပင်

အတိအကျဖြစ်သည် မဟုတ်လော။ သို့သော်လည်း လူသားများသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို အဘယ်ကြောင့် မသိကျိုးကျွန်ပြုနိုင်သနည်း၊ "ယခုခေတ်တွင် စာတန်သည် အဆုံးစွန်တိုင်အောင် သောင်းကျန်းနေလေသည်။ ငါ့တန်ခိုးကို ထုတ်ဖော်ဖို့အလို့ငှာ ငါ့အလုပ်၏ အချက်အချာကို ပြသဖို့ရန် ဤအခွင့်အရေးကို ငါသည် အဘယ်ကြောင့် အသုံးမချဘဲ နေရမည်နည်း။" ၎င်းတို့ကို သတိရစေရန် တစ်စုံတစ်ရာကို ငါပြောလျှင်ပြောချင်း အသင်းတော်များမှ လူတို့သည် ပြစ်တင်ဆုံးမခြင်းအတွင်းသို့ ချက်ချင်း ကျရောက်ကြသည်။ ဤသည်မှာ ဘုရားသခင်၏အမှု နှစ်လကုန်ဆုံးပြီးနောက် လူတို့သည် အတွင်း၌ သိသာသောပြောင်းလဲမှု တစ်စုံတစ်ရာ မခံစားရသေးခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ၎င်းတို့၏စိတ်ဖြင့်သာ စိစစ်ကြသည်။ သို့သော်လည်း အကယ်စင်စစ်အားဖြင့် ၎င်းတို့၏အခြေအနေများမှာ လုံးဝ ပြောင်းလဲခြင်း မရှိသေးပေ၊ ၎င်းတို့သည် အပျက်သဘောဆောင်နေဆဲဖြစ်သည်။ ဤသို့ဖြစ်နေသဖြင့် ဘုရားသခင်က ပြစ်တင်ဆုံးမသော အချိန်များသည် လက်တစ်ကမ်း၌ရှိသည်ဟု ဆိုသောအခါ လူတို့သည် ချက်ချင်းပင် သောကရောက်သွားကြ၍ "ကျွန်ုပ်သည် ဘုရားသခင်၏ ကြိုတင်ခွဲခန့်မှတ်သားခြင်းကို ခံရသည် မခံရသည်ကို မသိသည့်အပြင် ဤပြစ်တင်ဆုံးမခြင်းအောက်တွင် ကျွန်ုပ် မြဲမြံစွာ ရပ်တည်နိုင်ခြင်း ရှိမရှိကိုလည်း ကျွန်ုပ် မသိပေ။ ဘုရားသခင်သည် လူတို့ကိုပြစ်တင်ဆုံးမရန် မည်သည့်နည်းလမ်းများကို အသုံးပြုမည်ကိုသိရန် ပို၍ပင်ခက်ခဲသည်။" ဟုတွေးကြသသည်။[၅] လူသားအားလုံးသည် ပြစ်တင်ဆုံးမခြင်းကို ကြောက်ကြသော်လည်း မပြောင်းလဲနိုင်ကြပေ။ ၎င်းတို့သည် နှုတ်ဆိတ်၍သာ ဒုက္ခခံကြသော်လည်း ၎င်းတို့အနေဖြင့် မြဲမြံစွာ မရပ်တည်နိုင်မည်ကိုလည်း စိုးရိမ်ကြသည်။ ဤပြစ်တင်ဆုံးမခြင်းနှင့် နှုတ်ကပတ်တော်များဖြင့် နှိပ်စက်ခြင်း မရှိခိုက် လူသားအားလုံးသည် မရည်ရွယ်ဘဲ ပြစ်တင်ဆုံးမခြင်းအတွင်းသို့ ကျဆင်းခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အားလုံး စိတ်လှုပ်ရှားကြပြီး နေမထိထိုင်မသာဖြစ်ကြသည်။ လူသားတို့သည် ဘုရားသခင်၏အမှုကို လုံးဝ နားမလည်ကြသောကြောင့် ဤအရာကို "၎င်းတို့ စိုက်သည့်အတိုင်း ရိတ်သိမ်းရသည်" ဟု ခေါ်သည်။ အမှန်အားဖြင့် ဘုရားသခင်သည် ဤလူများအပေါ် ဤထက်ပို၍ နှုတ်ကပတ်တော်များကို ဖြုန်းတီးရန် အလိုမရှိပေ၊ ဘုရားသခင်သည် ၎င်းတို့ကို ကိုင်တွယ်ရန်အတွက် စစ်မှန်သော ပြစ်တင်ဆုံးမခြင်းမဟုတ်သည့် ကွဲပြားသောနည်းတစ်ခုကို ရွေးချယ်ခဲ့သည်ဟု ထင်ရသည်။ ၎င်းမှာ လူတစ်ဦးသည် ကြက်ပေါက်စတစ်ကောင်းကို ကြက်မ သို့မဟုတ် ကြက်ထီး ဖြစ်ကြောင်းကို ကြည့်ရန် ဖမ်း၍ကောက်ယူသကဲ့သို့ဖြစ်သည်၊ ဤသည်မှာ အရေးကြီးသောအရာ ဖြစ်သည်ဟု

မထင်ရပေ၊ သို့သော်လည်း ကြက်ပေါက်စကလေးသည် ၎င်းကိုယ်ကိုယ် မသိသောကြောင့် လူသားသည် သူ့ကို သတ်၍ သူ၏အသားကို စားမည်ဟု ထိတ်လန့်သည့်အလား အလွန်ကြောက်လန့်ကာ လွတ်မြောက်ရန် ကြိုးပမ်းလိမ့်မည်။ တစ်စုံတစ်ဦးသည် အောင်စအနည်းငယ်သာ လေးသော ကြက်ပေါက်စကလေးတစ်ကောင်ကို အဘယ်သို့ သတ်၍စားနိုင်မည်နည်း။ ၎င်းမှာ အဓိပ္ပာယ်မရှိသောအရာ ဖြစ်မည်မဟုတ်လော။ ၎င်းမှာ "သို့နှင့်ပင် အဘယ်ကြောင့် သူတို့သည် ငါ့ကို အစဉ်တစိုက် ရှောင်ရှားနေကြသနည်း။ ငါသည် သူတို့ကို ဖမ်းမိသည်နှင့် သတ်ပစ်လိုက်မည့် ကြက်ကလေးများကဲ့သို့ ဆက်ဆံလိမ့်မည်ဟု ယူဆကြသောကြောင့်လော" ဟူ၍ ဘုရားသခင် ပြောခဲ့သည့်အတိုင်းပင် အတိအကျဖြစ်သည်။ ထို့ကြောင့် လူ၏ ဒုက္ခဆင်းရဲမှာ "တစ်ကိုယ်ကောင်းမဆန်သော" ဆက်ကပ်အပ်နှံမှုသက်သက် ဖြစ်ပြီး အချည်းနှီးဖြစ်သော ပေးဆပ်ရခြင်း တစ်ခုဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ၎င်းတို့သည် ၎င်းတို့ကိုယ်ကိုယ် မသိကြသောကြောင့် စိုးရိမ်ကြသည်၊ ရလဒ်အနေဖြင့် ၎င်းတို့သည် သတိမမူဘဲ စွန့်စား၍ မလုပ်နိုင်ကြပေ။ ဤသည်မှာ လူသားတို့၏ အားနည်းချက် ဖြစ်သည်။ "အဆုံးတွင် လူသားတို့အား ၎င်းတို့ကိုယ်ကိုယ် သိကြစေ။ ဤသည်မှာ ငါ၏နောက်ဆုံးသော ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်" ဟူ၍ ဘုရားသခင်ပြောသော ဤနှုတ်ကပတ်တော်များမှာ ခေတ်နောက်ကျလေပြီလော။ မည်သူသည် ၎င်းတို့ကိုယ်ကိုယ် အမှန်တကယ် သိကြသနည်း။ အကယ်၍ လူတစ်ဦးသည် ၎င်းတို့ကိုယ်ကိုယ် မသိပါက ပြစ်တင်ဆုံးမခြင်းခံရရန် အခွင့်အရေးကို မည်သည့်အရာက ၎င်းတို့အား ပေးသနည်း။ သိုးသငယ်များကို ဥပမာယူကြလော့။ အကယ်၍ ၎င်းတို့သည် သိုးများအဖြစ် မကြီးထွားသေးပါက ၎င်းတို့ကို မည်ကဲ့သို့ သတ်ဖြတ်နိုင်မည်နည်း။ အသီးမသီးသေးသော သစ်ပင်တစ်ပင်၏ အကျိုးကို လူသားများ မည်ကဲ့သို့ ခံစားနိုင်မည်နည်း။ အယောက်တိုင်းသည် "ကာကွယ်ဆေးထိုးခြင်း" အပေါ် အလွန့်အလွန် အရေးထားကြသည်။ ထို့ကြောင့် လူအားလုံးသည် အစာရှောင်သောအမှုကို ပြုလုပ်နေပြီး ဗိုက်ဆာနေကြလေသည်။ ဤအရာမှာ ၎င်းတို့ စိုက်ခဲ့ပြီးသောအရာကို ရိတ်သော ဥပမာတစ်ခု ဖြစ်သည်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ဖျက်လိုဖျက်ဆီးပြုနေကြသည်။ ၎င်းမှာ ဘုရားသခင်သည် လူမဆန်ခြင်း သို့မဟုတ် ရက်စက်ခြင်း မဟုတ်ပေ။ အကယ်၍ တစ်ရက်တွင် လူသားတို့သည် ၎င်းတို့ကိုယ်ကိုယ် ရုတ်တရက် သိပြီး ဘုရားသခင်ရှေ့တွင် ကြောက်ရွံ့ခြင်းဖြင့် တုန်လှုပ်သည့်အခါ ဘုရားသခင်သည် ၎င်းတို့ကို စတင်၍ ပြစ်တင်ဆုံးမလိမ့်မည်။ ဤနည်းဖြင့်သာ လူသားတို့သည် နှိမ့်ချစွာနှင့် လိုလိုလားလားရှိစွာ ဆင်းရဲဒုက္ခကို လက်ခံကြလိမ့်မည်။ သို့သော်လည်း ယနေ့ အဘယ်သို့နည်း။ လူအပေါင်းတို့သည် ကလေးများကို ထမင်းဟင်းချက်စေသကဲ့သို့ ၎င်းတို့၏

အလိုဆန္ဒကို ဆန့်ကျင်လျက် ပြစ်တင်ဆုံးမခြင်းကို လက်ခံရရှိကြသည်။ ထိုကဲ့သို့ လူများသည် မည်ကဲ့သို့ သက်တောင့်သက်သာ မရှိဘဲနေနိုင်မည်နည်း။ အယောက်တိုင်းက "အို ကောင်းပြီ။ ကျွန်ုပ်သည် ပြစ်တင်ဆုံးမခြင်းကို ခံရသည့်ကာလပတ်လုံး ကျွန်ုပ်၏ခေါင်းကို ငုံ့ကာ အပြစ်ရှိကြောင်း တောင်းပန်သင့်သည်။ ကျွန်ုပ် ဘာလုပ်နိုင်မည်နည်း။ အကယ်၍ ကျွန်ုပ် ငိုကြွေးနေလျှင်ပင် ကျွန်ုပ်သည် ဘုရားသခင်ကို ကျေနပ်စေရမည်ဖြစ်သောကြောင့် ကျွန်ုပ် ဘာလုပ်နိုင်မည်နည်း။ ကျွန်ုပ်ကို ဤလမ်းကြောင်းထဲသို့ တည့်တည့် လျှောက်လှမ်းရန် မည်သူ ပြောခဲ့သနည်း။ အို ကောင်းပြီ။ ကျွန်ုပ်သည် မိမိကိုယ်ကိုယ် ကံမကောင်းသူဟူ၍သာ ယူဆမည်" ဟူ၍ တွေးကြသည်။ လူတို့ တွေးပုံမှာ ဤသို့မဟုတ်လော။

"အယောက်တိုင်းသည် ကောင်းစွာပြုမူကြပြီး အတိုက်အခံလုပ်ဝံ့သောသူ တစ်ဦးမျှ မရှိပေ။ အားလုံးသည် ငါ၏လမ်းညွှန်မှုအောက်၌ ရှိပြီး ငါခန့်အပ်ထားသော လုပ်ငန်းတာဝန်များကို လုပ်ဆောင်လျက်ရှိသည်" ဟူ၍ ဘုရားသခင် ပြောသကဲ့သို့ပင် ဖြစ်သည်။ လူသား တစ်ဦးတစ်ယောက်မျှ ပြစ်တင်ဆုံးမခြင်းကို လိုလားစွာ လက်ခံသူမရှိပေ၊ ထို့အပြင် လူသားအားလုံးသည် ဝရုန်းသုန်းကားနှင့် ဖရိုဖရဲအခြေအနေထက် အေးအေးဆေးဆေး နေလိုကြသောကြောင့် ဤအရာသည် ဘုရားသခင်ထံမှ လာခြင်းဖြစ်သည်။ "အဘယ်သူသည် သေခြင်းကို မကြောက်ရွံ့သနည်း။ လူတို့သည် မိမိကိုယ်ကိုပေးဆပ်ဖို့ရန် အကယ်ပင် ဆန္ဒရှိနေကြသလော" ဟု ဘုရားသခင် ပြောခဲ့သည်။ ဤအရာမှာ အပြည့်အဝ မှန်ကန်သည်၊ အယောက်တိုင်းသည် ဒေါသ သို့မဟုတ် မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် လောင်မြိုက်သောအချိန် မဟုတ်ပါက သေရမည်ကို စိုးရိမ်ကြသည်။ ဤသည်မှာ လူသား၏အနှစ်သာရဖြစ်ပြီး ရှောင်လွှဲရန်အခက်ဆုံးအရာ ဖြစ်သည်။ ယနေ့ ဘုရားသခင်သည် ဤပြဿနာကို ဖြေရှင်းရန် ကြွလာခဲ့ခြင်း အမှန်ပင်ဖြစ်သည်။ လူသားအားလုံးသည် အစွမ်းမရှိကြသဖြင့် ဘုရားသခင်သည် ဒုက္ခရှာ၍ ၎င်းတို့၏ ဤရောဂါမျိုးကို ကုသရန်အတွက် အထူးကုဆေးရုံတစ်ရုံကို တည်ထောင်ရန် ၎င်းတို့ကြားထဲ ကြွလာခဲ့ခြင်းဖြစ်သည်။ လူတို့သည် ရစ်ပတ်ငြိစွန်းနေသော ဤနာမကျန်းဖြစ်ခြင်းမှ ၎င်းတို့ကိုယ်ကိုယ် ကယ်ထုတ်နိုင်ခြင်း မရှိသောကြောင့် ၎င်းတို့အားလုံးသည် အလွန်စိုးရိမ်ကြောင့်ကြ၍ ပါးစပ်ရောင်ရမ်းခြင်း ဖြစ်ကြပြီး ၎င်းတို့၏ ဗိုက်များ ကားလာကြသည်။ အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့ထဲ၌ရှိသော လေပမာဏ တိုးပွားကာ ရလဒ်အနေဖြင့် ဖိအားတိုးလာသည်။ နောက်ဆုံးအနေဖြင့် ၎င်းတို့၏ ဝမ်းဗိုက်များ ကွဲကာ အားလုံး သေဆုံးကြလေ၏။ ထို့ကြောင့် ယင်းအခြေအနေတွင် အယောက်တိုင်း သေဆုံးကြသောကြောင့် ဘုရားသခင်သည် လူသား၏ ဤဆိုးရွားသော ဖျားနာမှုကို ကုသခဲ့ပြီးဖြစ်သည်။ ဤသည်မှာ လူတို့၏ အခြေအနေကို ကုသခြင်း မဟုတ်သလော။

ဘုရားသခင်သည် ဤအမှုကို ပြုရန် တမင်တကာ ကြွလာခဲ့ခြင်းဖြစ်သည်။ လူတို့သည် သေခြင်းတရားကို အလွန်အကျွံ စိုးရိမ်ကြသောကြောင့် ဘုရားသခင်ကိုယ်တိုင် လူသားများလုပ်သည့် တူညီသောအလုပ်တွင် ပါဝင်လုပ်ဆောင်ရန် ကြွလာခဲ့ခြင်းဖြစ်သည်၊ ၎င်းတို့သည် အလွန်သတ္တိနည်းသောကြောင့် ၎င်းတို့ ကြည့်ရန်အတွက် သရုပ်ပြချက်တစ်ခုကို ပေးခြင်းဖြင့် သူ အစပြုခဲ့သည်။ ဤသာဓကကို ကြည့်ပြီးနောက်မှသာ အယောက်တိုင်းသည် နာခံရန် လိုလိုလားလား ရှိလာကြခြင်းဖြစ်သည်။ ဤအကြောင်းရင်းကြောင့် ဘုရားသခင်က "အဘယ်သူမျှ ငါ့အလုပ်ကို ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် ငါသည် စာတန်နှင့် သေရေးရှင်ရေး တိုက်ခိုက်ရန် စစ်မြေပြင်သို့ ကိုယ်တိုင်ကိုယ်ကျ ခြေချခဲ့သည်" ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ အဆုံးအဖြတ်ပေးသော တိုက်ပွဲတစ်ခု ဖြစ်သောကြောင့် ငါးသေလျှင်သေ မသေလျှင် ပိုက်ပျက်မည် ဖြစ်သည်။[၇] ဤအရာမှာ သေချာပါသည်။ ဝိညာဉ်သည် အဆုံး၌ အောင်နိုင်မည် ဖြစ်သောကြောင့် လူ့ဇာတိသည် သေခြင်းတရား၏ ပစ်မှတ်ဖြစ်ရလေမည်။ သင်တို့သည် ဤအရာ၏ အကျိုးဆက်များကို နားလည်သလော။ သို့သော်လည်း အလွန်အကျွံ ဆတ်ဆတ်ထိမခံခြင်း မရှိစေနှင့်။ ဤဝါကျမှာ ရိုးရှင်းကောင်းရိုးရှင်းနိုင်သည်၊ သို့မဟုတ် ၎င်းမှာ ရှုပ်ထွေးကောင်းရှုပ်ထွေးနိုင်၏။ မည်သို့ပင်ဖြစ်စေကာမူ လူသားတို့သည် ၎င်းကို ဉာဏ်ဖြင့်စဉ်းစား၍မီနိုင်ခြင်း မရှိကြသေးပေ။ ဤအရာမှာ သေချာသည်။ လူသားတို့သည် ၎င်းတို့၏ဒုက္ခဆင်းရဲအတွင်းမှ ဘုရားသခင်၏ နှုတ်ကပတ်တော်၏ စစ်ဆေးခြင်းကို လက်ခံနိုင်ကြသည်၊ ထို့နောက် လူတစ်ဦးက ဤအရာမှာ ၎င်းတို့၏ ကံကောင်းခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ သို့သော်လည်း ၎င်းသည် ၎င်းတို့အတွက် ကံမကောင်းခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ သို့သော် အဆုံးတွင် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ၎င်းတို့ကိုယ်တိုင်အတွက် အကြံအစည်များနှင့် အစီအစဉ်များ ဆွဲခြင်းအကြောင်း အမြဲဖြစ်သော လူသားတို့၏ ရည်ရွယ်ချက်များနှင့် မတူညီဘဲ မှန်ကန်ကြောင်းကို အယောက်တိုင်းအား ငါသတိပေးလိုသည်။ သင်တို့သည် ဤအရာနှင့်ပတ်သက်၍ ရှင်းလင်းစွာသိသင့်ပြီး အဆုံးမရှိသော ဆင်ခြင်တွေးတောခြင်းထဲ၌ မနစ်မြုပ်သင့်ပေ။ ဤသည်မှာ လူသားများ၏ အားနည်းချက်တစ်ခု အမှန်ပင်ဖြစ်သည် မဟုတ်လော။ ၎င်းတို့အားလုံးမှာ ဤကဲ့သို့ ဖြစ်ကြသည်၊ ဘုရားသခင်ကို တိကျသော အတိုင်းအတာတစ်ခုအထိ ချစ်ရမည့်အစား ၎င်းတို့သည် ၎င်းတို့ကိုယ်ကိုယ် တိကျသော အတိုင်းအတာတစ်ခုအထိ ချစ်ကြသည်။ သူသည် လူတို့အပေါ် သဝန်တိုသော ဘုရားတစ်ဆူ ဖြစ်သောကြောင့် သူသည် ၎င်းတို့အပေါ် တောင်းဆိုချက်များကို အစဉ်ထားရှိခြင်းဖြစ်သည်။ လူတို့သည် ၎င်းတို့ကိုယ်ကိုယ် ပို၍ချစ်လေလေ၊ ဘုရားသခင်သည် ၎င်းတို့အား သူ့ကို ချစ်ရန်

ပို၍တောင်းဆိုလေလေဖြစ်ပြီး ၎င်းအပေါ် သူ၏ သတ်မှတ်ချက်များမှာ ပို၍တင်းကျပ်လေလေ ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်သည် လူတို့ကို တမင်တကာ ကျီစယ်နေသကဲ့သို့ ဖြစ်သည်။ အကယ်၍ လူတို့သည် သူ့ကို စစ်မှန်စွာချစ်ပါက သူသည် ၎င်းကို ဂရုစိုက်ခြင်းမရှိဟု ထင်ရသည်။ ဤအရာကြောင့် လူအပေါင်းသည် ဆင်ခြင်တွေးတောခြင်းထဲသို့ ကျရောက်သဖြင့် ၎င်းတို့၏ ခေါင်းကုပ်ကြပြီး ၎င်းတို့၏ နားရွက်များကို လိမ်ဆွဲကြလေသည်။ ဤအရာမှာ ဘုရားသခင်၏ စိတ်သဘောထား၏ ဇာတ်ကြောင်းတစ်ခု၊ အရာတစ်ခု သို့မဟုတ် နှစ်ခုကို အကြမ်းဖျင်း ဖော်ပြချက် တစ်ခုမျှသာ ဖြစ်သည်။ ဤအရာမှာ ဘုရားသခင်၏ အလိုဖြစ်သည်။ ၎င်းမှာ လူတို့ သိကြရန် ဘုရားသခင် တောင်းဆိုသောအရာ ဖြစ်သည်၊ ၎င်းသည် အလွန်အရေးကြီးလေ၏။ ၎င်းမှာ လူတို့ ကျော်လွှားရန်နှင့် တိုးတက်မှု အသစ်အချို့ ရှိနိုင်ရန် သင်တို့အား တောင်းဆိုသော အလုပ်တာဝန်အသစ်တစ်ခု ဖြစ်သည်။ ဤအရာကို သင်တို့ နားလည်သလော။ သင်တို့သည် ဤအကြောင်းအရာနှင့်ပတ်သက်၍ ငါနောက်ထပ် ပြောရန်လိုအပ်သလော။

ယခင်က ခေတ်များအတွက်မူကား ဘုရားသခင်က၊ "တစ်ဦးတစ်လေကမျှ ငါ၏ရွေးချယ်ခြင်းကို မခံခဲ့ရပေ။ အယောက်တိုင်းသည် ငါ၏ တိတ်ဆိတ်မှုဖြင့် ပယ်ချခြင်းကို ခံခဲ့ကြသည်။ ဤသို့ဖြစ်ခဲ့ရခြင်းမှာ ယခင်လူတို့သည် မြဲမြံသော ဆက်ကပ်အပ်နှံခြင်းဖြင့် ငါ့ကိုအစေမခံခဲ့ကြသောကြောင့် သူတို့ကိုလည်း ငါသည် အထူးသီးသန့် မချစ်ခဲ့ပေ။ သူတို့သည် စာတန်၏ 'လက်ဆောင်များ' ကိုယူပြီး ပြန်လှည့်၍ ငါ့ကိုပေးခဲ့ကြသည်။ ထိုသို့ပြုခြင်းသည် ငါ့ကိုအသရေဖျက်ခြင်းပင် မဟုတ်လော" ဟု ဆိုခဲ့သည်။ ဤနှုတ်ကပတ်တော်များကို မည်ကဲ့သို့ ရှင်းပြနိုင်မည်နည်း။ ၎င်းမှာ ဘုရားသခင် ပြောခဲ့သည့်အတိုင်းပင်၊ "ဆုကျေးဇူးများအားလုံးသည် စာတန်ထံမှ ပေါက်ပေါက်လာသည်" ဟူ၍ ဖြစ်သည်။ တမန်တော်များနှင့်ပရောဖက်များ၏ အတိတ်ကမျိုးဆက်များသည် ၎င်းတို့၏အလုပ်ကို လုပ်စဉ် ၎င်းတို့၏ဆုကျေးဇူးများကို လုံးလုံးလျားလျား အမှီပြုခဲ့ကြပြီး ခေတ်အဆက်ဆက်တွင် ဘုရားသခင်သည် သူ၏အမှုကို လုပ်ဆောင်ရန် ၎င်းတို့၏ ဆုကျေးဇူးများကို အသုံးပြုခဲ့သည်။ ဤအကြောင်းကြောင့် ဆုကျေးဇူးများ ရှိသောလူအပေါင်း၏ အစေခံခြင်းမှာ စာတန်ထံမှ လာခြင်းဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။ သို့သော်လည်း ဘုရားသခင်က သူ၏ဉာဏ်ပညာကြောင့် "ငါသည် စာတန်၏ ဥပါယ်တံမျဉ်ကို ငါ၏အဖြည့်ခံအဖြစ် အသုံးချသည်" ဟူ၍ ဆိုသကဲ့သို့ပင်[ဃ] ဖြစ်သည်။ ထို့ကြောင့် ဆုကျေးဇူးများရှိသော လူများ၏ အစေခံခြင်းကို စာတန်ထံမှ လက်ဆောင်များဟု ဘုရားသခင် အမည်တပ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့သည် စာတန်နှင့်သက်ဆိုင်ကြသောကြောင့် ဘုရားသခင်က ၎င်းတို့ကို

အသရေဖျက်သူများဟု ခေါ် ခြင်းဖြစ်သည်။ ဤသည်မှာ လူသားများကို အခြေအမြစ်ကင်းမဲ့သော စွပ်စွဲချက်တစ်ခု မဟုတ်ပေ၊ ၎င်းမှာ အခြေအမြစ် ကောင်းစွာရှိပြီး သင့်လျော်သော ရှင်းပြချက်တစ်ခု ဖြစ်သည်။ ဤအကြောင်းရင်းကြောင့် သူက၊ "ငါသည် စက်ဆုပ်ရွံရှာခြင်းကို ဖော်ပြမည့်အစား ဤ 'လက်ဆောင်များ' ကို ငါ၏စီမံခန့်ခွဲခြင်းအလုပ်၌ အသုံးချသည့် ပစ္စည်းအဖြစ် ထည့်ပေါင်းခြင်းအားဖြင့် သူတို့၏ အကြံအစည်ကို ငါ့အတွက်လှည့်သုံးရန် ငါကြိုးစားခဲ့သည်။ နောက်ပိုင်းတွင် ၎င်းတို့ကို စက်ကိရိယာဖြင့် စီမံပြုပြင်ပြီးသည်နှင့် ရရှိလာသော စွန့်ပစ်ပစ္စည်းများကို ငါမီးရှို့မည်" ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏အမှုနှင့်ပတ်သက်၍ အလွန်အံ့သြဖွယ်ကောင်းသော အရာပင်ဖြစ်သည်။ ဤအချက်မှာ လူတို့၏ အယူအဆများနှင့် ကိုက်ညီမှု အနည်းဆုံးဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ရှင်ဘုရင်များအဖြစ် စိုးစံသောသူများမှာ ဆုကျေးဇူးများ မရှိသောလူများ ဖြစ်ကြသည်ဟု မည်သူမျှ ထင်ကြလိမ့်မည် မဟုတ်သောကြောင့်၊ ၎င်းတို့မှာ ဘုရားသခင် ချစ်သည့် ဆုကျေးဇူးမဲ့သောလူများ ဖြစ်ကြသည်။ ဝေ့တ်နက်စ်လီ (Witness Lee) နှင့် ဝက်ချ်မန်းနီး (Watchman Nee) တို့၏ အတွေးအခေါ်များ သို့မဟုတ် မျှော်လင့်ချက်များ အားလုံးမှာ ပြာအဖြစ် ပြောင်းလဲသွားကြကို မြင်နိုင်ကြပြီး ပစ္စုပ္ပန်ကာလမှ ဆုကျေးဇူးရှိသော လူများမှာ ခွင်းချက်မဟုတ်ပေ။ ယခုအခါ ဘုရားသခင်သည် ဤအမှုကို စတင်ခဲ့ပြီးဖြစ်၍ သူ၏အမှုအတွက် အဖြည့်ခံတစ်ခုအဖြစ် အစေခံသော လူသားများထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုအားလုံးကို တဖြည်းဖြည်း ပြန်ယူလျက်ရှိသည်။ ဘုရားသခင်၏အမှု အလျှင်းပြီးဆုံးသည့်အခါ ဤလူများသည် ၎င်းတို့၏မူလနေရာသို့ ပြန်သွားကြမည်ဖြစ်သည်။ သို့သော်လည်း ငါ ပြောခဲ့သောအရာ၏ ရလဒ်အနေဖြင့် မဆင်မခြင်မပြုကြရန် လူသားတို့အား ငါတိုက်တွန်းသည်။ သင်တို့သည် ဘုရားသခင်၏အမှုကို အနှောင့်အယှက်ပြုခြင်းကို ရှောင်ရှားရန် အမှု၏ ခြေလှမ်းများနောက်သို့ စိတ်အေးလက်အေးဖြင့် လက်ခံသင့်သည်။ ဤအချက်ကို သင်တို့ နားလည်သလော။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ ဘုရားသခင်၏အမှု၏ အဆင့်နှင့် နည်းလမ်းဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ဤ "လက်ဆောင်များ" ကို "အချောသတ် ထုတ်ကုန်များ" အဖြစ် "စီမံပြုပြင်" သောအခါ သူ၏ရည်ရွယ်ချက်များ အားလုံးမှာ သိသာထင်ရှားလာပြီး သူ့အတွက် အစေခံသောလက်ဆောင်များ အားလုံးသည် သုတ်သင်ဖယ်ရှင်းခြင်းကို ခံရမည်ဖြစ်သည်၊ သို့သော်လည်း ဘုရားသခင်၌ မွေ့လျော်ခံစားရန် အချောသတ် ထုတ်ကုန်များ ရှိမည်ဖြစ်သည်။ ဤအရာကို သင်တို့ နားလည်သလော။ ဘုရားသခင် အလိုရှိသောအရာမှာ အချောသတ် ထုတ်ကုန်များဖြစ်သည်၊ လူတို့ ဆက်ကပ်

ဆက်ကပ်သော အဖိုးထိုက်လှပသည့်လက်ဆောင်များ မဟုတ်ပေ။ အယောက်တိုင်းသည် ၎င်းတို့၏ သင့်လျော်သောနေရာကို ယူပြီးသည့်အခါမှာသာ၊ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏မူလနေရာသို့ ပြန်ပြီး မာရ်နတ်သည်လည်း သူ၏ထိုင်ခုံ၌ ထိုင်ပြီး၊ ကောင်းကင်တမန်များသည်လည်း ခြွင်းချက်မရှိ ထို့နည်းတူပြုပြီးသောအခါမှသာ ဘုရားသခင်၏ ရည်ရွယ်ချက်များမှာ ဖြည့်ဆည်းပြီးခြင်း၊ သူ၏ ရည်မှန်းချက်ပန်းတိုင် ပြည့်မီခြင်းကြောင့် သူ၏မျက်နှာပေါ်တွင် အားရကျေနပ်သောအပြုံးတစ်ခု ပေါ်လာမည်ဖြစ်သည်။ ဘုရားသခင်သည် "မာရ်နတ်" ထံမှ "အကူအညီ" ကို တောင်းတော့မည် မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ရည်ရွယ်ချက်များကို လူတို့အား ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြပြီး လူသားတို့သည် ထိုရည်ရွယ်ချက်များကို သယ်ဆောင်ရန် နောက်ထပ် မည်သည့်အခါမျှ စေခိုင်းခြင်းကို ခံရတော့မည် မဟုတ်သောကြောင့် ဖြစ်သည်။ ဤအချိန်တွင် ၎င်းတို့၏ လူ့ဇာတိခန္ဓာကိုယ်များသည် ၎င်းတို့၏ဝိညာဉ်များနှင့် တစ်လုံးတစ်ဝတည်း ဖြစ်သွားကြမည်။ ဤအရာမှာ လူတို့ကို ဘုရားသခင် ထုတ်ဖော်ပြသောအရာ ဖြစ်သည်၊ ၎င်းမှာ ဝိညာဉ်၊ စိတ်နှင့် ခန္ဓာတို့၏ နောက်ဆုံး ခရီးပန်းတိုင် ဖြစ်သည်။ ၎င်းမှာ "လူ့သဘာဝ" ဟူသော မူလအကြံအစည်၏ အကျဉ်းချုပ်တစ်ခု ဖြစ်သည်။ ဤအရာကို အသေးစိတ် သုတေသနပြုစုရန် မလိုအပ်ပေ၊ ၎င်းနှင့်ပတ်သက်၍ တစ်ခု၊ နှစ်ခု သိပါက လုံလောက်သည်။ သင်တို့ နားလည်ကြသလော။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "ဤအရာမှာ ယနေ့ လူ့သဘာဝအပေါ် ဘုရားသခင် စွမ်းဆောင်နိုင်သောအရာပင် ဖြစ်သည်မဟုတ်လော" ဟု ရေးသားထားသည်။

ခ။ မူရင်းစာသားတွင် "တွေးကြသည်" ဆိုသည့် စကားလုံး မပါဝင်ပါ။

ဂ။ ငါးသေလျှင်သေ မသေလျှင် ပိုက်ပျက်မည်၊ တရုတ် ဓလေ့သုံးစကားတစ်ခု ဖြစ်သည်၊ ဆိုလိုသည်မှာ "သေရေး ရှင်ရေး ကြိုးပမ်းမှု" ဟူ၍ဖြစ်သည်။

ဃ။ မူရင်းစာသားတွင် "ဘုရားသခင်က ဆိုသကဲ့သို့ပင်" ဆိုသည့် စကားစု မပါဝင်ပါ။

# အခန်း ၃၆

ဘုရားသခင်သည် ယခုတွင် လူသားကို စတင် ပြစ်တင်ဆုံးမပြီဟု ဆိုထားသော်လည်း၊ ဤပြစ်တင်ဆုံးမခြင်း၏ မူလ ရည်ရွယ်ချက်သည် လူသားအပေါ် ကျရောက်ပြီးခြင်း ရှိမရှိဆိုသည်ကို မည်သူမျှ အသေအချာ မပြောနိုင်၊ မည်သူမျှ ရှင်းလင်းသည့်အဖြေတစ်ခု မပေးနိုင်ပေ။ ဘုရားသခင်က၊ “လူသားသည် ရန်သူတစ်ဦးကို စောင့်ကြည့်နေသည့်အလား၊ မျက်လုံးနှစ်ခုလုံးက ငါ့အပေါ် စူးစိုက်ကြည့်လျက်၊ ၎င်း၏လည်ပင်း ပတ်လည်ရှိ ထမ်းပိုးကို လက်နှစ်ဘက်ဖြင့် ဖမ်းဆုပ်သည်မှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်သည့်အတွက်၊ လူသည် ငါ၏ ပြစ်တင်ဆုံးမခြင်း၌ မည်သည့်အရာကိုမျှ လုံး၀ ရှာတွေ့ရှိဖူးခြင်း မရှိပေ— ပြီးလျှင် ဤအချိန်တွင်သာ သူမည်မျှ ပိန်ချုံးချည့်နဲ့နေသည်ကို ငါ သတိထားမိ၏။ စမ်းသပ်မှုများ အလယ် မည်သူမျှ ခိုင်မြဲစွာ မရပ်တည်ကြလေပြီဟု ငါပြောသည်မှာ ဤအရာကြောင့် ဖြစ်ပေသည်။” ဟု ပြော၏။ ဘုရားသခင်သည် လူသားအား ၎င်းအပေါ် ကျရောက်ခြင်း မရှိသေးသည့် ပြစ်တင်ဆုံးမခြင်း၏ အမှန်တရားများကို ပြောပြပြီး၊ သူသည် မည်သည့်အရာမျှ လွတ်သွားခြင်း မရှိဘဲ၊ အသေးစိတ်အချက်အလက် များစွာဖြင့် ထိုသို့ပြောပြ၏။ ယင်းမှာ လူသည် ပြစ်တင်ဆုံးမမှုထဲသို့ ၀င်ရောက်ခဲ့ပြီးဖြစ်ကာ အမှန်တကယ်ပင် ခိုင်မြဲစွာ မရပ်တည်နိုင်သည့်အလား ဖြစ်၏။ ဘုရားသခင်သည် လူသား၏ အကျည်းတန်သော အင်္ဂါရပ်များနှင့်ဆိုင်သည့် အထင်းသားဖြစ်ကာ၊ အသက်ပါသော သရုပ်ဖော်ချက် တစ်ခု ပေးသည်။ ဤသည်မှာ လူတို့သည် ဖိအားပေးမှုကို ခံစားရသည့် အကြောင်းရင်း ဖြစ်သည်- ၎င်းတို့သည် စမ်းသပ်မှုများအလယ်တွင် မည်သည့်အခါမျှ ခိုင်မြဲစွာ ရပ်တည်နိုင်ဖူးခြင်း မရှိဟု ဘုရားသခင် ပြောသည့်အတွက်၊ အစဉ်အလာ ရှိသော်ငြားလည်း လက်ခံမှုရရှိရန် ငါသည် ကမ္ဘာ့စံချိန်ကို ချိုးဖောက်သောသူ မည်သို့ ဖြစ်နိုင်မည်နည်း။ ဤအချိန်တွင် ၎င်းတို့သည် စတင် ဆင်ခြင်သုံးသပ်ကြလေသည်။ အမှန်တွင် ယင်းသည် ဘုရားသခင်က၊ “ငါသည် ၎င်းတို့အား လမ်းဆုံးသို့ ခေါ်ဆောင်ပြီလော။” ဟု ပြောသည့်အလား ဖြစ်၏။ စင်စစ် ဘုရားသခင်သည် လူအားလုံးကို လမ်းဆုံးသို့ ဆောင်ကြဉ်းပြီး ဖြစ်သည်၊ ထို့ကြောင့် လူတို့သည် ၎င်းတို့၏ အသိစိတ်တွင် ဘုရားသခင်သည် ရက်စက်ကာ လူမဆန်ဟု အမြဲ ယုံကြည်ကြ၏။ ဘုရားသခင်သည် လူသားအားလုံးကို လောကီဒုက္ခပင်လယ်မှ ဆွဲထုတ်ပြီးဖြစ်သည်၊ ယင်းနောက်တွင်၊ “မတော်တဆ ဖြစ်မှုတစ်ခုတစ်လေကို တားဆီးရန်၊ ငါသည် ဖမ်းမိခဲ့ပြီးသော “ငါးများ” အားလုံးကို သတ်လိုက်သည်၊ ယင်းနောက်တွင် ငါးတို့သည် နာခံတတ်လာကြပြီး၊ အနည်းငယ်မျှ ညည်းညူခြင်း မရှိခဲ့ပေ။” ဤသည်မှာ အမှန်တရား မဟုတ်လော။ ဘုရားသခင်သည် လူအားလုံးအား ခါးသီးသော သေခြင်းပင်လယ်မှ နောက်ထပ် အသူတစ်ရာနက်သော သေခြင်းချောက်ထဲသို့ ဆွဲထားပြီးဖြစ်သည်၊ သူသည် ၎င်းတို့အားလုံးကို

"လက်မရှိသွားရ၏ ခေါင်းဖြတ်သည့်တုံး" ပေါ်သို့ တရွတ်တိုက် ဆွဲလိုက်ပြီးဖြစ်သည်၊ သူသည် ၎င်းတို့ကို လမ်းဆုံးသို့ အတင်းအကျပ် ပို့ထားပြီးဖြစ်သည်— သူသည် အဘယ်ကြောင့် ဤအရာကို ဘုရားသခင်၏ အခြားသောသားများနှင့် လူတို့ကို မပြုရသနည်း။ အဆင်းနီသောနဂါးကြီး၏နိုင်ငံတွင် ထိုသို့သောအမှုကို ဆောင်ရွက်ရာတွင် သူ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ဘုရားသခင်၏လက်သည် အဘယ်ကြောင့် "အငြိမ်းထား" လွန်းသနည်း။ "ငါသည် လူသားကို လိုအပ်သည့်အခါတွင်၊ သူသည် အမြဲ ပုန်းကွယ်လေသည်။ ယင်းမှာ သူသည် အံ့အားသင့်ဖွယ်ရာ မြင်ကွင်းများကို လုံးဝ မမြင်ဖူးသည့်အလား၊ ကျေးလက်ဒေသတွင် မွေးဖွားခဲ့ပြီး မြို့ကြီးပြကြီး ကိစ္စရပ်များနှင့်သက်ဆိုင်၍ ဘာမျှမသိသည့်အလားဖြစ်" သည်မှာ အံ့သြစရာမရှိပေ။ အမှန်တွင်၊ လူတို့သည် မိမိတို့ကိုယ်ကိုယ်အတွင်းတွင်၊ "ဤအရာကို လုပ်ဆောင်ရာတွင်၊ ဘုရားသခင်၏ အစီအစဉ် မည်သည့်အရာဖြစ်သနည်း။ သူသည် ငါတို့ကို သေခြင်းသို့ ပို့သည် မဟုတ်လော။ ဆိုလိုချက်မှာ အဘယ်နည်း။ သူ၏အမှု အဆင့်များသည် အဘယ်ကြောင့် တရစပ်စုပြုံ၍ လာသနည်း၊ ပြီးလျှင် သူသည် ငါတို့အပေါ် အဘယ်ကြောင့် အနည်းငယ်မျှ မသက်ညှာသနည်း။" ဟု မေးကြ၏။ သို့ရာတွင် လူတို့သည် ဤအရာကို မပြောဝံ့ကြသကဲ့သို့၊ ဘုရားသခင်၏နှုတ်ကပတ်တော်များသည် ၎င်းတို့ကို ရှေ့ဆက်တွေးတောရန် အခွင့်အရေး ကင်းမဲ့စေလျက်၊ ထိုသို့သောအတွေးများကို စွန့်ပစ်စေသောကြောင့်၊ ၎င်းတို့သည် နောက်ထပ် ထိုသို့သောအတွေးများကို ဘေးဖယ်ရုံမှတစ်ပါး ရွေးချယ်စရာ မရှိကြချေ။ ယင်းမှာ ဘုရားသခင်သည် လူသား၏ အယူအဆ အားလုံးကို ထုတ်ဖော်ပြသောကြောင့်၊ လူတို့သည် ၎င်းတို့၏အယူအဆများကို ထွက်ပေါ်ခွင့်မပေးဘဲ၊ မျိုးသိပ်ထားကြခြင်းသာ ဖြစ်ပေသည်။ ဤလူတို့သည် အဆင်းနီသောနဂါးကြီး၏ သားသမီးများ ဖြစ်သည်ဟု ယခင်က ပြောထားခဲ့ပေသည်။ အမှန်တွင် ရှင်းလင်းအောင် ပြောရလျှင်၊ ၎င်းတို့သည် အဆင်းနီသောနဂါးကြီး၏ ပြယုဂ်ဖြစ်ကြ၏။ ဘုရားသခင်သည် ၎င်းတို့အား လမ်းဆုံးသို့ တွန်းပို့ကာ သတ်ဖြတ်သောအခါတွင်၊ ယုံမှားဖွယ်မရှိဘဲ၊ အဆင်းနီသောနဂါးကြီး၏ ဝိညာဉ်သည် ၎င်းတို့အထဲတွင် အလုပ်လုပ်ရန် နောက်ထပ် အခွင့်အရေး မရှိတော့ပေ။ ဤနည်းဖြင့် လူတို့သည် လမ်းဆုံးသို့ လျှောက်လှမ်းသည့်အချိန်သည် အဆင်းနီသော နဂါးကြီး သေဆုံးလျက် ဇာတ်သိမ်းသည့်အချိန်လည်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ "ကြီးမားသော ကြင်နာမှု" ကို ပြန်ပေးဆပ်ရန် သေခြင်းတရားကို အသုံးပြုခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်- ယင်းမှာ အဆင်းနီသောနဂါးကြီး၏ တိုင်းနိုင်ငံတွင် ဘုရားသခင်၏အမှု၏ ရည်မှန်းချက်ဖြစ်၏။ လူတို့သည် ၎င်းတို့၏ဘဝများကို စွန့်လွှတ်ရန် အဆင်သင့်ဖြစ်သည့်အခါ၊

အရာရာတိုင်းသည် အသေးအဖွဲ ဖြစ်လာကြပြီး၊ မည်သူမျှ ၎င်းတို့ကို ခက်ခဲအောင် ပြုလုပ်နိုင်ခြင်းမရှိတော့ချေ။ အသက်ထက် မည်သည့်အရာသည် သာ၍အရေးကြီးနိုင်မည်နည်း။ ထို့ကြောင့် စာတန်သည် လူတို့အထဲတွင် နောက်ထပ် မည်သည့်အရာမျှ လုပ်ဆောင်နိုင်စွမ်း ရှိမလာပေ၊ လူနှင့် ပတ်သက်၍ ၎င်းလုပ်ဆောင်နိုင်သည့်အရာ မည်သည့်အရာမျှ မရှိပေ။ “ဇာတိပကတိ” ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဇာတိပကတိသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရသည်ဟု ဆိုထားသော်လည်း၊ လူတို့သည် မိမိတို့ကိုယ်ကိုယ် အမှန်တကယ် ဆက်ကပ်အပ်နှံပြီး စာတန်၏ တိုက်တွန်းခြင်း မခံရပါက၊ မည်သူမျှ ၎င်းတို့ကို ခက်ခဲအောင် ပြုလုပ်နိုင်ခြင်းမရှိချေ။ ပြီးလျှင် ဤအချိန်တွင် ဇာတိပကတိသည် ယင်းနောက်ထပ် အလုပ်တာဝန် ဆောင်ရွက်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ ဝိညာဉ်၏ လမ်းညွှန်မှုကို တရားဝင် စတင်ရရှိလိမ့်မည်။ ဤသည်မှာ လိုအပ်သော လုပ်ငန်းစဉ်တစ်ခုဖြစ်၏၊ ယင်းသည် တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်ရပေမည်။ သို့မဟုတ်ပါက ဘုရားသခင်သည် ခေါင်းမာသော ဇာတိပကတိထဲတွင် အမှုပြုရန် နည်းလမ်းရှိမည် မဟုတ်ပေ။ ယင်းမှာ ဘုရားသခင်၏ ဉာဏ်ပညာဖြစ်၏။ ဤနည်းဖြင့် လူအားလုံးသည် ယနေ့၏အခြေအနေများထဲသို့ မရည်ရွယ်ဘဲ၊ ဝင်ရောက်ကြပြီး ဖြစ်သည်။ ပြီးလျှင် လူသားအား “လမ်းဆုံး” သို့ ပို့ဆောင်ခဲ့သူမှာ ဘုရားသခင် မဟုတ်သလော။ လူသားက ဖွင့်လိုက်သည်မှာ လမ်းသစ်တစ်ခု ဖြစ်နိုင်မည်လော။ သင်တို့၏ အတွေ့အကြုံများကို ကြည့်ခြင်းဖြင့်၊ သင်တို့တွင် ဘုရားသခင်သည် အဆုံးစွန် ရက်စက်မှု နည်းစနစ်များကို အသုံးပြုပုံရလေသည်၊ ယင်းမှ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို မြင်နိုင်ပေသည်။ သင်တို့သည် မချီးမွမ်းဘဲ အဘယ်သို့ နေနိုင်မည်နည်း။ သင်တို့အထဲတွင် ဘုရားသခင်ပြုသည့် အရာသည် လူတို့အား ဘုရားသခင်၏ဖြောင့်မတ်သည့် စိတ်နေသဘောထားကို မြင်ခွင့်ပေး၏။ ဤအရာက ဘုရားသခင်အပေါ် သင်တို့၏ ကြည်ညိုလေးစားမှုနှင့် ထိုက်တန်သည် မဟုတ်လော။ ယနေ့တွင် ခေတ်ဟောင်း တည်ရှိဆဲဖြစ်ပြီး ခေတ်သစ် မပေါ်ပေါက်သေးသည့်အချိန် လမ်းဆုံတွင်၊ သင်တို့သည် ဘုရားသခင်အဖို့ မည်သို့ သက်သေခံကြသနည်း။ ထိုသို့သော လေးနက်သည့် ကိစ္စတစ်ရပ်ကို နက်နဲစွာ စဉ်းစားဆင်ခြင်ထိုက်သည် မဟုတ်လော။ သင်တို့သည် အခြားသော အပိုကိစ္စရပ်များကို ချင့်ချိန်စဉ်းစားနေကြဆဲလော။ ဘုရားသခင်က၊ “လူတို့သည် တစ်ချိန်က “သိနားလည်ခြင်း ကြာရှည်တည်တံ့ပါစေ။” ဟု အော်ဟစ်ခဲ့ကြသော်လည်း၊ လူတို့ကို ငါ့ကို ချစ်ရန် ဆန္ဒမရှိသည်ကို ပြသရင်း၊ မည်သူမျှ “နားလည်ခြင်း” ဟူသည့် စကားလုံးကို စိစစ်ခြင်းဖြင့် အချိန်များစွာ မကုန်ဆုံးကြလေပြီ။” ဟု အဘယ်ကြောင့် ဆိုသနည်း။ ဘုရားသခင်သည်

ထိုသို့သောအရာများကို မပြောခဲ့ပါက၊ သင်တို့သည် မိမိဆန္ဒအလျောက် ဘုရားသခင်၏ စိတ်နှလုံးကို နားလည်ရန် မကြိုးစားနိုင်ပေဘူးလော။

လတ်တလော အချိန်များတွင် အချို့သောသူတို့သည် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ ရည်မှန်းချက်များနှင့် ဆိုလိုချက်ကို အနည်းငယ် သိလာနိုင်ပြီးဖြစ်သော်လည်း၊ ဘုရားသခင်သည် လူသားကို ရိုးရိုးရှင်းရှင်း မပြောခဲ့ပါက၊ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ ရည်မှန်းချက်များနှင့် ဆိုလိုချက်ကို မည်သူမျှ ခန့်မှန်းနိုင်မည်မဟုတ်ဟု ငါအသေအချာပြောနိုင်၏။ ဤသည်မှာ မလွဲကေန် ဖြစ်၏။ ယင်းသည် သင့်အတွက် မရှင်းသေးသလော။ လူတို့တွင် ဘုရားသခင်ပြုသည့် အရာရာတိုင်းသည် သူ၏စီမံခန့်ခွဲမှု အစီအစဉ်၏ အစိတ်အပိုင်းဖြစ်၏— သို့ရာတွင် ၎င်းတို့သည် ဘုရားသခင်၏အလိုကို တိကျစွာ သဘောပေါက်နိုင်စွမ်း မရှိကြချေ။ ဤသည်မှာ လူသား၏ ချို့တဲ့မှုဖြစ်၏၊ သို့သော် ဘုရားသခင်သည် လူတို့အား တစ်ခုတစ်လေကို လုပ်နိုင်စွမ်း ရှိရမည်ဟု မတောင်းဆိုပေ၊ ၎င်းတို့အနေဖြင့် "ဆရာဝန်၏ ဆိုဆုံးမချက်များ" ကို နားထောင်ရုံမျှ နားထောင်ရန် သူတောင်းဆို၏။ ဤသည်မှာ ဘုရားသခင်၏ သတ်မှတ်ချက်ဖြစ်၏။ "၎င်းတို့၏ စိတ်နှလုံးများတွင် "လူ့ဘဝ" ဟူသည့် စကားလုံးများ မရှိပေ၊ ၎င်းတို့သည် ယင်းစကားလုံးများကို အလေးမထားကြသကဲ့သို့၊ ငါသည် တောင်စဉ်ရေမရ ပြောနေသည့် အဘွားအိုတစ်ဦး ဖြစ်သွားသည့်အလား၊ ငါ၏စကားများကို ငြီးငွေ့ရုံမျှငြီးငွေ့ကြ" သည့်အတွက် လူအားလုံးအား စစ်မှန်သောလူ့ဘဝကို သိရန် သူတောင်းဆို၏။ လူတို့၏ အမြင်များတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် နေ့စဉ် အသုံးအဆောင် တစ်ခုကဲ့သို့ ဖြစ်၏။ ၎င်းတို့သည် ယင်းတို့ကို အရေးကြီးသည်ဟု လုံးဝ သဘောမထားကြပေ။ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့မလုပ်ဆောင်နိုင်ကြချေ— ၎င်းတို့သည် သမ္မာတရားကို သိသော်လည်း၊ လက်တွေ့မလုပ်ဆောင်ကြသည့် စိတ်ပျက်စရာကောင်းသော ယုတ်ညံ့သူများ လာကြပြီးဖြစ်သည်။ ထို့ကြောင့် လူသား၏ ဤအပြစ်တစ်ခုတည်းက အချိန်ကာလတစ်ခုကြာ ဘုရားသခင်၌ စက်ဆုပ်ရွံရှာမှု ဖြစ်ပေါ်စေရန် လုံလောက်၏၊ ထို့ကြောင့် လူတို့သည် သူ၏နှုတ်ကပတ်တော်များကို အလေးဂရုပြုခြင်း မရှိဟု ဘုရားသခင်က ကြိမ်ဖန်များစွာ ပြောဆိုခြင်း ဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ အယူအဆများတွင် လူတို့သည် အောက်ပါအတိုင်း တွေးတောကြလေသည်- "ငါတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို နေ့စဉ် လေ့လာ၍ စိစစ်ကြ၏၊ ထို့ကြောင့် ယင်းတို့ကို ငါတို့ အလေးဂရုပြုခြင်း မရှိဟု အဘယ်ကြောင့် ဆိုနိုင်မည်နည်း။ ဤသည်မှာ ငါတို့ကို မတရားပြုခြင်း မဟုတ်လော။" သို့သော် သင့်အတွက် ငါအနည်းငယ် ခွဲခြမ်းစိတ်ဖြာ

ဆန်းစစ်ပေးပါရစေ— လူတို့သည် ရှက်အမ်းအမ်းဖြစ်ကုန်ကြလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ ဖတ်ရှုသည့်အခါတွင်၊ ၎င်းတို့သည် မိမိတို့၏ဦးခေါင်းများကို ညိတ်ကြသည်၊ ခွေးဘီလူးတစ်ကောင်က သူ၏ သခင် စကားများကို မျက်နှာလိုမျက်နှာရ လုပ်နေသကဲ့သို့ ၎င်းတို့သည် ခယဝယ လုပ်ကြလေသည်။ ထို့ကြောင့် ဤအချိန်တွင် လူတို့သည် ၎င်းတို့၏ မျက်နှာများ၌ မျက်ရည်များစီးကျလျက် ၎င်းတို့သည် ထိုက်တန်ခြင်းမရှိဟု ခံစားကြရသည်၊ ယင်းမှာ ၎င်းတို့သည် နောင်တရကာ အသစ်တဖန် ပြန်စလိုကြသည့်အလား ဖြစ်၏— သို့သော် ဤအချိန် ကုန်လွန်သည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့၏ ရှက်ကိုးရှက်ကန်း ဖြစ်မှုသည် စဉ်းလဲမှုဖြင့် အစားထိုးရန် ချက်ချင်း ပျောက်လွင့်သွား၏။ ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို တစ်ဖက်တွင်ထားပြီး၊ ၎င်းတို့ကိုယ်တိုင်၏ကိစ္စရပ်များကို ဦးစားပေးရမည်၊ ဘုရားသခင်၏ အမှုကိစ္စများသည် နောက်ဆုံးမှလာရမည်ဟု အမြဲယုံကြည်ကြသည်။ ၎င်းတို့၏ ဤလုပ်ရပ်များကြောင့် ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သည့်အခါမျှ လက်တွေ့မဆောင်ရွက်နိုင်ကြချေ။ အမှန်တရားများ ရောက်လာသည့်အခါတွင်၊ ၎င်းတို့သည် ၎င်းတို့၏တံတောင်ဆစ်များကို အပြင်ဘက်သို့ ဆန့်ထုတ်ကြ၏က— ဤသည်မှာ ၎င်းတို့၏လူများကို အယုံသွင်းပြီးမှ လိမ်လည်ခြင်းဖြစ်၏— ဘုရားသခင်က၊ “သူသည် အာဟာရအတွက် ငါ့ကို မှီခိုနေစဉ်တွင် ‘အခြားတစ်ဘက်ကို ပြေးလေသည်’။” ဟု ပြောသည်မှာ အံ့ဖွယ်မဟုတ်ပေ။ ဤအရာမှသာ ဘုရားသခင်၏နှုတ်ကပတ်တော်များတွင် မုသားအနည်းငယ်မျှ မပါသကဲ့သို့၊ ၎င်းတို့သည် လုံးဝ မှန်ကန်ပြီး ချဲ့ကားပြောဆိုမှု စိုးစဉ်းမျှ မပါသော်လည်း၊ လူသား၏ ဝိညာဉ်ရင့်ကျက်မှုသည် နုနယ်လွန်းပြီး၊ သူသည် ယင်းတို့ကို မခံနိုင်သည့်အတွက်၊ ၎င်းတို့သည် အတော်အတန် လျှော့တွက်ကြပုံရသည်ကို တွေ့နိုင်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူသားတို့၏ အမှုအရာများနှင့်ဆိုင်သည့် အတွင်းရော အပြင်ပါ ရှင်းလင်းပြတ်သားသည့် သရုပ်ဖော်မှုတစ်ခုကို ပေးနှင့်ပြီး ဖြစ်သည်။ ထိုနှုတ်ကပတ်တော်များသည် စာတန်၏နဂိုမူလမျက်နှာ အတိအကျဖြစ်သည့် ထင်ရှားပြတ်သားသည့် ပုံသဏ္ဍာန်တစ်ခုကို ဖော်ပြရင်း၊ လုံးဝရှင်းလင်းမှုဖြင့် ၎င်းတို့ထံ ပုံဖော်ပြီးဖြစ်သည်။ လက်ရှိအဆင့်တွင် လူတို့သည် အရာရာတိုင်းကို ရှင်းလင်းစွာ မမြင်ရသေးခြင်းသာ ဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် သိမလာကြသေးဟု ဆိုထားခြင်း ဖြစ်၏။ ဤသင်ခန်းစာ ဆက်လက်လုပ်ဆောင်ရမည်၊ ရပ်၍မရဟု ငါဆိုသည်မှာ ဤအရာကြောင့် ဖြစ်၏။ လူတို့သည် မိမိတို့ကိုယ်ကိုယ် သိလာပြီးသည့် အချိန်သည် ဘုရားသခင် ဘုန်းထင်ရှားသည့်အချိန် ဖြစ်လိမ့်မည်။ ဤသည်မှာ နားလည်ရန် လွယ်ကူ၏—

အသေးစိတ် ငါပြောပြရန် မလိုပေ။ သို့ရာတွင် ငါသည် သင်တို့အား သတိပေးစရာ တစ်ခုရှိ၏။ သို့သော် ဘုရားသခင်၏ ဤနှုတ်ကပတ်တော်များကို အရင်ဖတ်ရလိမ့်မည်- "ယနေ့၏ အချိန်ကာလများတွင်၊ လူတို့သည် ငါ့ကို လုံးဝ တန်ဖိုးမထားကြပေ၊ ၎င်းတို့၏ စိတ်နှလုံးများတွင် ငါသည် နေရာမရှိပေ။ လာမည့် ဆင်းရဲဒုက္ခခံရာနေ့ရက်များတွင် ၎င်းတို့သည် ငါ့အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာကို ပြသနိုင်ကြမည်လော။" ဤနှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်မှာ မည်သည့်အရာဖြစ်သနည်း။ လူသားအပေါ် ပြစ်တင်ဆုံးမမှု မကျရောက်သေးဟု ဘုရားသခင်က ပြောနေခြင်းဖြစ်သည်၊ ယင်းက "မိမိကိုယ်ကိုယ် သိခြင်း" ဟူသည့် စကားလုံးများအဖို့ အတွင်းကျကျ အဓိပ္ပာယ်တစ်ခု ရှိသေးသည်ကို ပြသပေသည်— ဤအရာကို သင် သိခဲ့သလော။ အခက်အခဲနှင့် စစ်ဆေးခြင်းမရှိဘဲ၊ လူတို့သည် မိမိတို့ကိုယ်ကိုယ် မည်သို့ သိရှိနိုင်မည်နည်း။ ဤသည်တို့မှာ အနှစ်မဲ့သောစကားများ ဖြစ်သည် မဟုတ်လော။ ဘုရားသခင်ပြောသည့် အရာအားလုံးကို သင်အမှန်တကယ် ယုံကြည်စိတ်ချသလော။ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ပိုင်းခြားသိမြင်နိုင်သလော။ ဘုရားသခင်သည် "လူသား၏ လုပ်ရပ်များကို မြင်ရသည့်အခါ ငါ၏တစ်ခုတည်းသော ရွေးချယ်မှုမှာ ထွက်ခွာရန် ပေတည်း။" ဆိုသကဲ့သို့သော အရာများကို အဘယ်ကြောင့် ထပ်တလဲလဲ ပြောဆိုပြီး၊ "တောင်များပြိုလဲကာ မြေကြီး အစိတ်စိတ်အမြွာမြွာ ကွဲသည့်အခါမှသာ၊ လူတို့သည် ငါ၏စကားများကို စဉ်းစားကြ၏၊ ထိုအခါမှသာ ၎င်းတို့သည် ၎င်းတို့၏ အိပ်မက်များမှ နိုးထကြလေသည်၊ သို့သော် အချိန်ကား ကျရောက်နှင့်ပြီးဖြစ်သည်၊ ၎င်းတို့သည် ကြီးမားသောရေလွှမ်းမိုးမှု၏ ဝါးမျိုခြင်းကို ခံရကြသည်၊ ၎င်းတို့၏ အလောင်းကောင်များသည် ရေမျက်နှာပြင်ပေါ်တွင် ပေါလောပေါ်နေကြ၏။" ဟုလည်း အဘယ့်ကြောင့် ပြောဆိုသနည်း။ အဘယ်ကြောင့် ဘုရားသခင်က "လူတို့သည် စဉ်းစားကြ၏။" ဟု ပြောပြီး၊ "လူတို့သည် ငါ၏နှုတ်ကပတ်တော်များကို နာခံကြ၏။" ဟု မပြောသနည်း။ တောင်များပြိုလဲကာ မြေကြီး အစိတ်စိတ်အမြွာမြွာကွဲသည်မှာ မှန်သလော။ လူတို့သည် ထိုသို့သော စကားများကို အလေးဂရုမပြုကြချေ၊ ၎င်းတို့သည် ယင်းတို့ကို လက်လွှတ်ခံကြပြီး၊ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များတွင် ၎င်းတို့သည် "အခက်အခဲ" များစွာ ခံစားကြရ၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် စာနာထောက်ထားမှု မရှိလွန်းသောကြောင့် ဖြစ်၏။ လူသား၏ ဤချွတ်ယွင်းချက်ကြောင့် ဘုရားသခင်က၊ " ဤ မျက်ရည်ပွွန်များ မရှိသည့် "လူထူးလူဆန်း" ဖြစ်သော ငါသည် လူသားအတွက် မျက်ရည်များစွာ ငိုကြွေးပြီးဖြစ်သည်။ သို့ရာတွင် ဤအရာနှင့်သက်ဆိုင်၍ လူသားသည် မည်သည့်အရာကိုမျှ မသိရှိပေ။" ဟု ပြောခြင်းဖြစ်၏။ လူတို့သည်

ဘုရားသခင်၏နှုတ်ကပတ်တော်များကို အလေးဂရုမပြုသောကြောင့်၊ ၎င်းတို့ကို သတိပေးရန်နှင့် ၎င်းတို့၏ "အကူအညီ" ရယူရန် ဘုရားသခင်သည် ဤနည်းကို အသုံးပြုလေသည်။

ယခုတွင် ငါသည် ကမ္ဘာလောက၏ ဖွံ့ဖြိုးတိုးတက်မှုများအကြောင်းကို ပရောဖက်ပြုမည် မဟုတ်သော်လည်း၊ လူသား၏ ကံကြမ္မာနှင့်ဆိုင်သည့် အရာတစ်ခုကို ဟောကိန်းထုတ်မည်ဖြစ်သည်။ လူတို့အား မိမိတို့ကိုယ်ကိုယ် သိရန် ငါတောင်းဆိုပြီးဖြစ်သည် မဟုတ်လော။ ဤအရာကို မည်သို့ ရှင်းပြနိုင်မည်နည်း။ လူတို့သည် မိမိတို့ကိုယ်ကိုယ် မည်သို့သိသင့်သနည်း။ ဘုရားသခင်သည် လူတို့အား "ညှဥ်းပန်းနှိပ်စက်" လွန်းသည်မှာ ၎င်းတို့သည် သေမလားရှင်မလား ဖြစ်နေချိန်တွင်၊ ၎င်းတို့သည် လူ့ဘဝ၏အဓိပ္ပာယ် အနည်းငယ်ကို စတင်နားလည်လာကြပြီး၊ လူတစ်ဦး၏ ဘဝတစ်ခုလုံးသည် အိပ်မက်တစ်ခုထက်မပိုသည်ကို ယုံကြည်လျက်၊ လူ့ဘဝကို စိတ်ကုန်ကြလေသည်။ လူသား၏ဘဝသည် မချိတင်ကဲဝေဒနာ ခံစားရသောဘဝတစ်ခု ဖြစ်ကြောင်း၊ ၎င်းတို့သည် မည်သည့်အရာကိုမျှ တစ်ကြိမ်တစ်ခါမျှ မစွမ်းဆောင်မရရှိဖူးဘဲ သေဆုံးမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ဘဝသည် အဓိပ္ပာယ်မရှိသကဲ့သို့ တန်ဖိုးမရှိကြောင်းကို ယုံကြည်ကြ၏။ လူ့ဘဝသည် အိပ်မက်တစ်ခု၊ ဝမ်းနည်းပူဆွေးမှုနှင့် ပျော်ရွှင်မှုတို့ ပေါ်လိုက်၊ ပျောက်လိုက်ရှိသည့် အိပ်မက်တစ်ခုသာ ဖြစ်၏။ ယနေ့တွင် လူတို့သည် ဘုရားသခင်အတွက် အသက်ရှင်ကြသော်လည်း၊ ၎င်းတို့သည် လူ့လောကတွင် အသက်ရှင်ကြသည့်အတွက် လူအားလုံးအား ဘုရားသခင်၌ မွေ့ပျော်ခြင်းဟူသည်မှာ တစ်ခဏမျှ ကိုယ်စိတ်ချမ်းသာမှု တစ်ခုသာ ဖြစ်သည်ကို သိစေလျက်၊ ၎င်းတို့၏နေ့စဉ် အသက်တာများသည် အနှစ်မဲ့ကာ တန်ဖိုးကင်းမဲ့နေမြဲ ဖြစ်သည်— သို့ရာတွင် ၎င်းတို့သည် ဘုရားသခင်၌ မွေ့လျော်ခြင်း မရှိသောအခါတွင်၊ ဘုရားသခင်ကို ၎င်းတို့ ယုံကြည်ကြသော်လည်း ဇာတိပကတိတွင် အသက်ရှင်ကြဆဲဖြစ်ပါက၊ မည်သည့် အဓိပ္ပာယ်ရှိသနည်း။ ဇာတိပကတိတွင် အရာခပ်သိမ်းသည် လူသားအတွက် အနှစ်မဲ့ခြင်း ဖြစ်၏။ လူ့ဘဝ၏ လောကဓံတရားများကို တွေ့ကြုံရလျက်၊ ဇရာဆိုက်ရောက်လာခြင်းဖြင့်၊ လူ၏ဆံပင်များ ဖြူသွားသည်၊ သူ၏မျက်နှာသည် အအရေးအကြောင်းများနှင့် ပြည့်နှက်၏၊ သူ၏လက်များသည် အသားမာများနှင့် ဖုံးလွှမ်းနေပေသည်။ သူသည် ကြီးစွာသောအဖိုးအခကို ပေးပြီးဖြစ်သော်လည်း၊ မည်သည့်အရာမျှ မရရှိပြီးသလောက် ဖြစ်၏။ ထို့ကြောင့် ငါ၏နှုတ်ကပတ်တော်များသည် နောက်ထပ် တစ်ဆင့်သွား၏- ဇာတိပကတိ၌ အသက်ရှင်သော သူတို့အတွက် အရာရာတိုင်းသည် အနှစ်မဲ့လေသည်။ ဤသည်မှာ သေချာပြီး၊ သင့်အတွက်

ဤအရာကို အသေးစိတ် ဆန်းစစ်ရန် မလိုပေ။ ဤသည်မှာ ဘုရားသခင်က အဖန်ဖန် ပြောပြပြီးသည့် လူ့ဘဝ၏ မူလသဘောသဘာဝ ဖြစ်၏။ ဘုရားသခင်သည် လူသား၏ အားနည်းချက်၏ အကျိုးဆက်အနေဖြင့် ဘုရားသခင်သည် ဤစကားများကို မရှောင်ရှားဘဲ၊ သူ၏နဂိုမူလ အစီအစဉ်အတိုင်း တကယ်ကို ဆောင်ရွက်လေသည်။ နှုတ်ကပတ်တော် အချို့သည် လူတို့အား ပံ့ပိုးမှုနှင့် နားလည်မှု ပေးကောင်းပေးနိုင်ပြီး၊ အချို့သည် လူတို့အား သေခြင်း၏အခြေအနေတွင် တမင်တကာ နေစေလျက် ဆန့်ကျင်ဘက်ကို အတိအကျ လုပ်ဆောင်ကောင်း လုပ်ဆောင်ပေမည်- ၎င်းတို့ ဆင်းရဲဒုက္ခခံစားရသည်မှာ ဤအရာကြောင့် အတိအကျ ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားသခင်သည် လူတို့အား ဇဝေဇဝါဖြစ်စေရန် တမင်လှည့်စားရန် "ဘာမျှမရှိသည့်မြို့ မဟာဗျူဟာ"[၁] ကို စတင်ခြင်း ဖြစ်ကောင်းဖြစ်ပေမည်၊ သို့သော်လည်း ၎င်းတို့သည် ဤအရာကို လုံးဝ မမြင်နိုင်ကြပေ၊ အမှောင်တွင် ၎င်းတို့ ကျန်ရှိကြလေသည်။ သို့ရာတွင် အရာခပ်သိမ်းသည် ဘုရားသခင်၏ လက်ထဲတွင်ရှိကာ၊ လူတို့သည် ဤအရာကို သိကြသော်လည်း၊ ဤသည်ကို အဘယ်သို့ ကာကွယ် တားဆီးနိုင်မည်နည်း။ ထို့ကြောင့် ပြစ်တင်ဆုံးမခြင်းနှင့်ဆိုင်သည့် ခြိမ်းခြောက်မှုကို မည်သူမျှ မလွတ်မြောက်နိုင်ကြပေ— ၎င်းတို့ မည်သည့်အရာကို လုပ်ဆောင်နိုင်မည်နည်း။ ၎င်းတို့သည် ဘုရားသခင်၏ အစီအစဉ်များကိုသာ နာခံနိုင်ကြပေသည်- ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ၎င်းတို့အား ဆွဲကိုင်ထားပြီး ၎င်းတို့ကို လက်လွှတ်မည်မဟုတ်သောကြောင့် ဖြစ်သည် မဟုတ်လော။ ဘုရားသခင်၏ ခြိမ်းခြောက်မှုများ အောက်တွင်သာ၊ လူအားလုံးသည် သဘာဝတရားအတိုင်း လိုက်နာနိုင်ကြ၏— ဤသို့ ဖြစ်သည် မဟုတ်သလော။ ဘုရားသခင်၏အစီအစဉ်များကြောင့်သာ မဟုတ်ပါက၊ လူတို့သည် ရှုံးနိမ့်ခြင်းကို မည်သို့ လိုလားစွာ ဝန်ခံနိုင်ကြမည်နည်း။ ယင်းသည် ရယ်စရာတစ်ခု ဖြစ်မည်မဟုတ်လော။ လူ့ဘဝသည် အနှစ်မဲ့သော်လည်း၊ ၎င်းတို့၏ဘဝများ သက်သောင့်သက်သာရှိသည့်အခါတွင် မည်သူသည် လူ့လောကကို တိတ်တဆိတ် နောက်ချန်ထားရစ်ပြီး ဘုရားသခင် ကျေနပ်စေဖို့ ကြိုးစားရန် လိုလားလျက်ရှိပါသနည်း။ ခိုကိုးရာမဲ့မှုအလယ် လူတို့သေဆုံးကြ၏— ၎င်းတို့ လိုချင်နိုင်သမျှအားလုံး ရှိသည့်အခါ၊ ကြွယ်ဝမှုအလယ်တွင် မည်သူသေဆုံးဖူးသနည်း။ ကောင်းကင်မှ ဆင်းသက်သည့် "ကြယ်" တစ်ပွင့်သာလျှင် ဤအရာအဖို့ ခြွင်းချက် ဖြစ်လိမ့်မည်။ ၎င်းမွေ့ပျော်သည့် တတိယကောင်းကင်၏ဘဝနှင့် နှိုင်းစာပါက၊ ကမ္ဘာမြေပေါ်က ဘဝသည် မရဏနိုင်ငံတွင် အသက်ရှင်ခြင်းကဲ့သို့ ဖြစ်ပေမည်— ထိုသို့သောအခြေအနေ တစ်ရပ်အောက်တွင်သာ ၎င်းသည် သေဆုံးရန် လိုလိုလားလား ရှိနိုင်ပေသည်။ သို့ရာတွင် ယနေ့ မည်သူသည် ကောင်းကင်က ကြယ်တစ်ပွင့် ဖြစ်သနည်း။ ငါသည်လည်း

ဤအရာနှင့်ပတ်သက်၍ "မရှင်းပေ"။ ငါတို့ ဟိုဟိုသည်သည် ရှာပြီး တစ်ဦးကို တွေ့နိုင်ခြင်း ရှိမရှိ ကြည့်ကြစို့။ သူ့ကိုတွေ့ပါက၊ အထက်ပါ ငါ၏နှုတ်ကပတ်တော်များနှင့်အညီ သူသည် ဆောင်ရွက်ရန် လိုလားနေခြင်း ရှိမရှိဆိုသည်ကို မေးမြန်းရန် ငါ့အား ကူညီဖို့ လူတို့အား ငါတောင်းဆိုသည်။ သို့ရာတွင် သင်တို့ အသီးသီးအတွက် ငါ့မှာ သတိပေးချက် တစ်ခုရှိ၏- သင်တို့အနက် မည်သူမျှ "လူစွမ်းကောင်း" လုပ်ကာ ဆန္ဒအလျောက် မသေဆုံးရ၊ နားလည်သလော။

အောက်ခြေမှတ်စုများ-

က။ "တံတောင်ဆစ်ကို အပြင်ဘက်သို့ ဆန့်ထုတ်၏" ဟူသည်မှာ တရုတ်ဓလေ့သုံးစကားတစ်ခုဖြစ်သည်၊ ယင်းမှာ လူတစ်ဦးသည်၊ ဥပမာ မိဘများ၊ သားသမီးများ၊ ဆွေမျိုးများ သို့မဟုတ် ညီအစ်ကိုမောင်နှမများကဲ့သို့သော ထိုလူနှင့် ရင်းနှီးသူများကို အထိခိုက်ခံလျက် အခြားသူများကို ကူညီနေသည်ဟု ဆိုလိုသည်။

ခ။ "ဘာမျှမရှိသည့်မြို့ မဟာဗျူဟာ" ဆိုသည်မှာ ရှေးခေတ်တရုတ်ပြည်၏ သုံးဆယ့်ခြောက်ဖြာ ပရိယာယ်များထဲမှ ၃၂ခုမြောက် ပရိယာယ်ဖြစ်သည်။ ဤမဟာဗျူဟာတွင် ရန်သူကို လှည့်ဖြားဖို့အလို့ငှာ အသင့်မဖြစ်ခြင်းကို ဖုံးကွယ်ရန် အမြင်အားဖြင့် ရဲရင့်သည့် ရှေ့တန်းစစ်မျက်နှာကို ပြခြင်း ပါဝင်သည်။

# အခန်း ၃၈

လူသားမျိုးနွယ်၏ မွေးရာပါစရိုက်လက္ခဏာများအရ ဆိုလိုသည်မှာ လူသားမျိုးနွယ်၏ မျက်နှာအစစ်အမှန်အရ၊ ယခုအချိန်ထိ ဆက်လုပ်နိုင်ခြင်းမှာ အမှန်တကယ် လွယ်ကူသည့်အရာတစ်ခု မဟုတ်ခဲ့ဘဲ၊ ဘုရားသခင်၏ မဟာတန်ခိုးတော် သိသာထင်ရှားလာခဲ့သည်မှာလည်း ဤအရာအားဖြင့်သာဖြစ်ပေသည်။ ဇာတိပကတိ၏ အနှစ်သာရနှင့် ယခုအထိ အဆင်းနီသော နဂါးကြီး၏ ဖောက်ပြန်ပျက်ဆီးခြင်းကို အခြေခံ၍၊ ဘုရားသခင်၏ ဝိညာဉ်လမ်းပြမှုကြောင့်သာမဟုတ်လျှင်၊ ယနေ့ လူသားသည် အဘယ်သို့ ရပ်တည်ဆဲရှိနိုင်မည်နည်း။ လူသားသည် ဘုရားသခင့် ရှေ့တော်၌ လာရန် မထိုက်တန်ပေ၊ သို့သော် သူ၏ စီမံခန့်ခွဲမှု ဘို့အလို့ငှာ လူသားမျိုးနွယ်ကို သူ ချစ်၏၊ သို့ဖြစ်၍ သူ၏ ကြီးမြတ်သောအမှုတော်သည် အလွန်မကြာညောင်းမီ

ပြီးမြောက်ကောင်းပြီးမြောက်နိုင်ပေသည်။ အမှန်မှာ မည်သည့်လူသားမျှ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ချစ်မေတ္တာကို ၎င်းတို့၏ ဘဝသက်တမ်းအတွင်း ပြန်မဆပ်နိုင်ပေ။ အချို့သောသူတို့သည် ဘုရားသခင်၏ကျေးဇူးတော်အတွက် ၎င်းတို့၏အသက်များကို စွန့်ခြင်းအားဖြင့် ပေးဆပ်ဖို့ ဆန္ဒရှိကောင်း ရှိနိုင်၏၊ သို့သော် သင့်ကို ငါပြောသည်၊ လူသားသည် ဘုရားသခင်၏ရှေ့၌ အသေခံဖို့ထိုက်တန်ခြင်းမရှိ၊ ထို့ကြောင့် လူသား၏ သေခြင်းသည် အချည်းနှီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အဘို့ လူတစ်ဦး၏ သေခြင်းသည် ဖော်ပြဖို့ပင်မထိုက်သည်သာမက၊ တစ်ပဲနိမျှ ထိုက်တန်ခြင်းမရှိ၊ ထို့အပြင် ယင်းမှာ မြေကြီးပေါ်က ပုရွက်ဆိတ်တစ်ကောင် သေခြင်းနှင့်တူသည်။ မိမိကိုယ်ကို အလွန်အဖိုးထိုက်သည်ဟု မထင်ကြဖို့နှင့် ဘုရားသခင်အတွက် အသေခံခြင်းက ကြီးမားသောတောင်တစ်လုံး၏ အရေးပါမှု ရှိသည်ဟု မထင်ရန် လူတို့ကို ငါတိုက်တွန်း၏။ အမှန်တွင် လူတစ်ဦး၏ သေခြင်းသည် ငှက်မွေးတစ်ခုကဲ့သို့ ပေါ့ပါးသည့် ကိစ္စတစ်ရပ်ဖြစ်သည်။ မှတ်သားခြင်းငှာ မထိုက်တန်။ သို့သော် လူသား၏ ဇာတိပကတိသည် သဘာဝအားဖြင့် သေကိန်းဆိုက်နေပြီး၊ ထို့ကြောင့် အဆုံးတွင်၊ ရုပ်ခန္ဓာသည် မြေကြီးပေါ် အဆုံးသတ်ရဖမည်ဖြစ်သည်။ ဤသည်မှာ ရိုးသားသော အမှန်တရားဖြစ်ပြီး အဘယ်သူမျှ ငြင်း၍မရနိုင်ပေ။ ဤသည်မှာ ငါ့အားဖြင့် လူ့ဘဝအတွေ့အကြုံအားလုံးမှ ပေါင်းရုံးသုံးသပ်သည့် "သဘာဝတရား၏ နိယာမ" ဖြစ်သည်။ ထို့ကြောင့် အမှတ်တမဲ့ဖြင့် လူသားအတွက် ဘုရားသခင်၏ အဆုံးသတ်မှာ ထိုသို့သတ်မှတ်ထားသည်။ သင်နားလည်ပါ၏လော။ ဘုရားသခင်က၊ "လူသားမျိုးနွယ်၏ မနာခံမှုကို ငါ စက်ဆုပ်ရွံရှာ၏။ အဘယ်ကြောင့်ဆိုသည်ကို ငါမသိ။ အစအဦးကတည်းက လူသားကို ငါမုန်းတီးခဲ့ပုံရ၏၊ သို့တိုင် ၎င်းတို့အတွက် နက်ရှိုင်းသည့် ကိုယ်ချင်းစာတရားကို ငါခံစားရသည်။ သို့ဖြစ်၍၊ ငါသည် လူသားကို ချစ်သလို၊ မုန်းလည်း မုန်းသောကြောင့်၊ လူသားသည် နှလုံးသား နှစ်ခုနှင့် ငါ့ကို ကြည့်လေသည်" ဟု ပြောသည်မှာ အံ့သြစရာမရှိပေ။

အဘယ်သူသည် ဘုရားသခင်ကို သူ၏ မျက်မှောက်တော်နှင့် သူ၏ ပေါ်ထွန်းခြင်းအတွက် မချီးမွမ်းသနည်း။ ဤအချိန်၌ ငါသည် လူသားအတွင်းရှိ မစင်ကြယ်မှုနှင့် မတရားမှုတို့ကို လုံးလုံး မေ့ထားပြီးသကဲ့သို့ ဖြစ်သည်။ လူသားမျိုးနွယ်၏ မိမိကိုယ်ကို မှန်သည်ဟု ယူမှတ်မှု၊ မိမိကိုယ်ကို အရေးကြီးသည်ဟုထင်မှု၊ မနာခံမှု၊ ဖီဆန်မှု နှင့် ၎င်း၏ ပုန်ကန်မှုအားလုံး၊ ဤအရာအားလုံးကို မေ့ဖို့ရန် ငါ့စိတ်နောက်သို့ ငါသည် ပို့လိုက်၏။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ ထိုသို့သော အဖြစ်ကြောင့် ကန့်သတ်ချုပ်ချယ်ခြင်းမခံရ။ ဘုရားသခင်နှင့် ငါသည် "ဤ ဝေဒနာကို အတူခံစားမကြသည့်အတွက်"၊ လူ့အားဖြင့် နောက်ထပ် ငါသည်

ကန့်သတ်ချုပ်ချယ်ခံရမည်စိုး၍ ငါသည် ဤပဟေဠိမှ ကိုယ်လွတ်ရုန်းလိမ့်ဦးမည်။ ယင်းအတွက် ဒုက္ခမခံထိုက်ပေ။ လူသားသည် ငါနှင့်အတူ ဘုရားသခင်၏ အိမ်ထောင်စု၌ ပူးပေါင်းဖို့ လိုလိုလားလားမရှိသည့်အတွက်၊ ၎င်းတို့ကို ဖိနှိပ်ဖို့ ငါ၏ တန်ခိုးကို အဘယ်သို့ ငါအသုံးပြုနိုင်သနည်း။ ငါသည် ငါ၏တန်ခိုးကို ၎င်းတို့အပေါ်ချမှတ်ဖို့ရာ အမှုအရာတို့ကို မလုပ်ဆောင်၊ ထို့အပြင် ဘုရားသခင်၏ မိသားစုထဲ၌ ငါမွေးဖွားခဲ့သောကြောင့်၊ ဟုတ်ပေ၏၊ လူသားနှင့် ငါ အစဉ်အမြဲ ကွဲပြားသည်မှာ အံ့သြစရာမရှိပေ။ ဤအရာက ယနေ့ ပြင်းထန်သော ရှုံးနိမ့်မှုဆီသို့ ဦးဆောင်လျက်ရှိသည်။ သို့သော် ငါသည် လူသား၏ အားနည်းချက်ကို ရှောင်ဖယ်ဖို့ ဆက်လက်လုပ်ဆောင်၏၊ ငါ့မှာ ရွေးချယ်စရာ မည်သည့်အရာရှိသနည်း။ တန်ခိုးကင်းမဲ့ခြင်းအရာအတွက် ငါသည် အပြစ်တင်ဖို့ရန် ရဖြစ်၏။ လူသားမျိုးနွယ်၏ "ကိုယ်စားလှယ်လုပ်ငန်း"မှ "အနားယူ"ပြီး၊ သူ၏ "ပင်စင်"ယူဖို့ ဘုရားသခင် ဆန္ဒရှိသည်မှာ အံ့သြစရာမရှိပေ။ လူသားတစ်ဦး၏ ရှုထောင့်မှ ငါစကားပြောပြီး လူသားသည် နားမထောင်ပေ၊ သို့သော် ဘုရားသခင်အနေဖြင့် ငါစကားပြောသောအခါ၊ ၎င်းတို့ မနာခံဘဲ ရှိနေဆဲ မဟုတ်လော။ လူသားမျိုးနွယ်၏ "ကိုယ်စားလှယ်လုပ်ငန်း"မှ ဘုရားသခင် အမှန်တကယ် ရုတ်တရက် "အနားယူ"မည့်အချိန်ဖြစ်သော နေ့ရက် ရောက်ကောင်း ရောက်လာလိမ့်မည်ဖြစ်ပြီး၊ ယင်းအချိန်ရောက်လာသောအခါ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပို၍ပင် ပြင်းထန်လာလိမ့်မည်။ ယနေ့တွင် ဘုရားသခင် ဤနည်းလမ်းဖြင့် စကားပြောသည်မှာ ငါ့ကြောင့် ဖြစ်နိုင်၏၊ ထို့အပြင် ယင်းနေ့ရက်ရောက်လာပါက၊ ဘုရားသခင်သည် စိတ်ရှည်စွာဖြင့် "မူကြိုကျောင်းက ကလေးများကို ပုံပြင်များပြောပြနေသော" ငါနှင့် တူလိမ့်မည်မဟုတ်တော့။ ငါ၏ ပြောသည့်အရာသည် အရာမရောက်ဖြစ်ကောင်းဖြစ်နိုင်သည်။ လူ့ဇာတိခံ ဘုရားသခင်ဘို့အလို့ငှာသာ၊ ဘုရားသခင်သည် လူသားကို ဆုပ်ကိုင်မှုအနည်းငယ် ဖြေလျှော့ရန် ဆန္ဒရှိနေခြင်းဖြစ်ပြီး သို့မဟုတ်လျှင် ယင်းကို မှန်းဆကြည့်ဖို့ရာမှာ အလွန်ဆိုးရွားပေလိမ့်မည်။ ဘုရားသခင်က "၎င်းတို့၏ အသွေးအသားအလိုဆန္ဒများကို ပျော်မွေ့ခွင့်ပြုရင်း၊ ၎င်းတို့အပေါ် ငါ၏ချုပ်ကိုင်ခြင်းကို အတိုင်းအတာတစ်ခုအထိ ငါဖြေလျှော့ခဲ့၏၊ ထို့ကြောင့် ၎င်းတို့သည် အထိန်းအကွပ်မဲ့၊ မထိန်းမသိမ်းနိုင်အောင် ဖြစ်ဝံ့ကြပြီး၊ ဇာတိပကတိ၌ အသက်ရှင်ခဲ့ကြသည်နှင့်အညီ၊ ၎င်းတို့သည် ငါ့ကို အမှန်တကယ် မချစ်ခဲ့ကြသည်ကို မြင်နိုင်ပေသည်" ဟု ပြောသကဲ့သို့ပင်ဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်က အဘယ်ကြောင့် "၎င်းတို့၏ အသွေးအသားအလိုဆန္ဒများ၌ ပျော်မွေ့"ပြီး "ဇာတိပကတိ၌ အသက်ရှင်ခဲ့ကြသည်" ဟု ဆိုသနည်း။ အမှန်အတိုင်းဆိုရလျှင်၊ ဤအသုံးအနှုန်းသည် ငါ၏ အနက်ပြန်ခြင်းကို

မလိုအပ်၊ ယင်းကို အလိုအလျောက် နားလည်သဘောပေါက်နိုင်ပေသည်။ အချို့သောလူတို့က ၎င်းတို့ နားမလည်ပါဟု ဆိုကောင်းဆိုနိုင်သည်၊ သို့သော် အမှန်တရားကို သင်တသိပြီး သက်သက် မသိနားမလည်ချင် ဟန်ဆောင်ကြသည်ဟု ငါပြောမည်။ ငါသည် သင့်ကို သတိပေး၏၊ အဘယ်ကြောင့် ဘုရားသခင်က "ငါသည် လသားငါနှင့် ပူးပေါင်းဆောင်ရွက်ရန်သာ ငါတောင်းဆိုသည်"ဟု ပြောသနည်း။ လူသား၏ သဘောသဘာဝက ပြောင်းလဲရန် ခက်ခဲသည်ဟု အဘယ်ကြောင့် ဘုရားသခင်ဆိုသနည်း။ လူသား၏ သဘောသဘာဝကို အဘယ်ကြောင့် ဘုရားသခင် စက်ဆုပ်ရွံရှာသနည်း။ ပြီးလျှင် လူသား၏ သဘောသဘာဝ အတိအကျမှာ အဘယ်နည်း။ လူသားသဘောသဘာဝမဟုတ်သည်မှာ မည်သည့်အရာနည်း။ အဘယ်သူသည် ဤမေးခွန်းများကို ချင့်ချိန်စဉ်းစားပြီးဖြစ်သနည်း။ ဤသည်မှာ လူသားအတို့ အသစ်သောအကြောင်းအရာ ဖြစ်ကောင်းဖြစ်နိုင်သည်၊ သို့သော် မည်သို့ပင်ဖြစ်စေကာမူ၊ ယင်းကို များစွာ ချင့်ချိန်စဉ်းစားခြင်းပြုဖို့ လူသားကို ငါပန်ကြား၏၊ သို့မဟုတ်လျှင်၊ "လူ့သဘာဝသည် မပြောင်းလဲ၍မရနိုင်ပါ" ဆိုသကဲ့သို့သော စကားများဖြင့် သင်သည် ဘုရားသခင်ကို အစဉ်အမြဲ ပုန်ကန်ပြစ်မှားပေလိမ့်မည်။ ယင်းပုံစံဖြင့် သူ့ကို ဆန့်ကျင်လုပ်ဆောင်ရန်မှာ အဘယ်ကောင်းကျိုးရှိသနည်း။ ယင်းမှာ နောက်ဆုံးတွင် ကိုယ့်ပြဿနာ ကိုယ်ရှာခြင်းသာ ဖြစ်သည်မဟုတ်လော။ အဆုံးသတ်တွင် ယင်းမှာ ကျောက်တုံးတစ်တုံးကို ကြက်ဥတစ်လုံးဖြင့် ပစ်ပေါက်ခြင်းကဲ့သို့သာ ဖြစ်သည်မဟုတ်လော။

အမှန်အားဖြင့်၊ လူ့အပေါ်ကျရောက်သော စမ်းသပ်မှုများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများအားလုံးသည် လူသားကို ဘုရားသခင်တောင်းဆိုသော သင်ခန်းစာများဖြစ်သည်။ ဘုရားသခင်၏ မူလရည်ရွယ်ချက်အရ၊ လူသားသည် ၎င်းချစ်မြတ်နိုးသောတစ်စုံတစ်ရာကို စွန့်ဖို့ရန် ကြိတ်မှိတ်လက်ခံသော်လည်း၊ ယင်းကို ရယူနိုင်သေး၏။ ပြဿနာမှာ လူသားသည် မိမိကိုယ်ကိုယ် အစဉ်အမြဲ ချစ်နေခြင်းသာဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်နှင့် အမှန်တကယ် ပူးပေါင်းလုပ်ဆောင်ဖို့ ပျက်ကွက်ရခြင်းဖြစ်သည်။ လူသားကို ဘုရားသခင် များစွာမတောင်းဆိုပေ။ ဘုရားသခင်က လူသားကို တောင်းဆိုသောအရာအားလုံးက လွယ်လွယ်နှင့် ပျော်ပျော် ရယူဖို့ရန်ဖြစ်သည်၊ လူသားက ဆင်းရဲဒုက္ခများကို ခံစားရန် ဆန္ဒမရှိခြင်းသာ ဖြစ်သည်။ ကလေးသူငယ်များကဲ့သို့ ၎င်းတို့၏ မိဘများကို ဂုဏ်ပြုရန်နှင့် ၎င်းတို့ ဖြည့်ဆည်းရမည့် တာဝန်ကို ဖြည့်ဆည်းနိုင်ရန် ပဲနိအနည်းငယ်ရလာဖို့ ၎င်းတို့ ခြိုးခြိုးခြံခြံ အသက်ရှင်နိုင်ကြ၏။ သို့တိုင် ၎င်းတို့ အသင့်အတင့် ကျေနပ်ဖွယ်ကောင်းလောက်အောင် မစားဘဲ ၎င်းတို့၏ အဝတ်အစား ရိုးစင်းလွန်းမည်ကို

ကြောက်ကြသည်၊ ထို့ကြောင့် အကြောင်းပြချက်တစ်ခု မဟုတ် တစ်ခုအတွက်၊ ၎င်းတို့သည် ၎င်းတို့ မိဘများ၏ မေတ္တာနှင့် စောင့်ရှောက်မှုတို့ကို ယူပြီး၊ တိမ်များထဲ အဝေးသို့ ပစ်လိုက်ကြသည်၊ ဝင်ငွေများစွာ ရှာပြီးနောက်တွင် ဤအရာကို ၎င်းတို့ လုပ်ဆောင်ရန် အစပြုမည်ကဲ့သို့ ဖြစ်သည်။ သို့သော် လူသားတို့သည် ၎င်းတို့၏ မိဘများကိုချစ်ခြင်းဟူသော သားသမီးတို့၏ ရိုသေကိုင်းရှိုင်းမှု မရှိသည်ကို ဤအရာမှ ငါမြင်နိုင်၏။ ၎င်းတို့သည် သားသမီးမဆန်ကြသည့် သားများဖြစ်သည်။ ဤသည်မှာ လွန်စွာ အစွန်းရောက်ကောင်း ရောက်နိုင်၏၊ သို့သော် ငါသည် အချက်လက်များကို ဆန့်ကျင်ပြီး အဓိပ္ပာယ်မရှိသောစကားများဖြင့် စကားကြောမရှည်နိုင်ပေ။ ငါသည် မိမိကိုယ်ကိုယ် ကျေနပ်စေခြင်းအတွက် ဘုရားသခင်ကို ဆန့်ကျင်ဖို့ "အခြားသူများကို အတုမယူ" နိုင်ပေ။ ကမ္ဘာမြေပေါ်တွင် အဘယ်သူမျှ သားသမီးမဆန်ကြသောကြောင့်သာ ဘုရားသခင်က "ကောင်းကင်တွင် စာတန်သည် ငါ၏ ရန်ဘက်ဖြစ်ပြီး၊ မြေကြီးပေါ်တွင် လူသားသည် ငါ၏ ရန်သူဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးပေါင်းစည်းခြင်းကြောင့်၊ ၎င်းတို့၏ မျိုးဆက်ကိုးဆက်သည် ဆက်နွယ်မှုအားဖြင့် အပြစ်ရှိသည်ဟု သတ်မှတ်သင့်သည်" ဟု ဆိုခြင်းဖြစ်သည်။ စာတန်သည် ဘုရားသခင်၏ ရန်သူဖြစ်၏၊ ယင်းကို ငါ ဆိုရသည့်အကြောင်းမှာ ၎င်းက ဘုရားသခင်ကို သူ၏ မျက်နှာသာပေးခြင်းနှင့် ကြင်နာမှုတို့အတွက် ပြန်မပေးဆပ်သောကြောင့်ဖြစ်သည်၊ သို့သော် ထို့ထက် "ရေစီးကြောင်းကို ဆန့်ကျင်လျှော်ခတ်" ပြီး၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်ကို ၎င်း၏ "သားသမီးဆိုင်ရာ ရိုသေကိုင်းရှိုင်းမှု"ကို မဖြည့်ဆည်းသောကြောင့်ဖြစ်သည်။ လူတို့သည်လည်း ဤပုံဖြစ်ကြသည်မဟုတ်လော။ ၎င်းတို့သည် ၎င်းတို့၏ "မိဘများ"အား သားသမီးဆိုင်ရာ ရိုသေမှုမပြကြဘဲ ၎င်းတို့ "မိဘများ"၏ ပြုစုပျိုးထောင်မှုနှင့် ထောက်ပံ့မှုတို့ကို ဘယ်သောအခါမျှ ပြန်မပေးကြပါ။ ဤသည်မှာ ကမ္ဘာမြေ၏ လူတို့သည် ကောင်းကင်က စာတန်၏ ဆွေမျိုးသားချင်းဖြစ်ကြောင်း ပြရန် လုံလောက်ပေသည်။ လူသားနှင့် စာတန်တို့သည် ဘုရားသခင်ကို ဆန့်ကျင်ရာတွင် နှလုံးသားနှင့် စိတ် တစ်လုံးတစ်ဝတည်းရှိကြ၏၊ ထို့ကြောင့် ဘုရားသခင်က မျိုးဆက်ကိုးဆက်သည် ဆက်နွယ်မှုအားဖြင့် အပြစ်ရှိသကဲ့သို့ ငြိစွန်းစေပြီး အဘယ်သူမျှ လွတ်ငြိမ်းချမ်းသာရာမရနိုင်သည်မှာ အံ့သြစရာမရှိပါ။ အတိတ်ကာလတွင် ဘုရားသခင်သည် လူသားမျိုးနွယ်ကို စီမံခန့်ခွဲဖို့ရန် သူခေါ်တော်မူသော ဝပ်စင်းခယသည့် အစေခံတစ်ဦး ကောင်းကင်ဘုံတွင် ရှိခဲ့၏၊ သို့သော် ယင်းက မနာခံခဲ့ဘဲ၊ သူ့ကို ဆန့်ကျင်ပုန်ကန်ဖို့ ၎င်း၏ ကိုယ်ပိုင် ပင်ကိုစရိုက်အပေါ်အခြေပြုပြီး ပြုမူခဲ့သည်။ ပုန်ကန်တတ်သော လူများသည်လည်း ဤလမ်းကြောင်းပေါ်သို့ ရှေ့ဆက်

ခြေလှမ်းကျဲကျဲလျှောက်နေကြသည်မဟုတ်လော။ "ဇက်ကြိုး"ကို ဘုရားသခင် မည်မျှပင် တင်းကျပ်စေကာမူ၊ လူတို့သည် ယတိပြတ် ယိမ်းယိုင်ခြင်း လုံးဝမရှိဘဲ၊ မလှည့်နိုင်ကြပေ။ ငါ့အမြင်၌ လူသားသည် ဤလမ်းအတိုင်းဆက်လျှင်၊ ၎င်းတို့ ပျက်စီးကြလိမ့်မည်၊ သင့်အနေဖြင့် "လူသည် ၎င်းတို့၏ ဗီဇဟောင်းမှ လွတ်အောင် ရုန်းထွက်ဖို့မဖြစ်နိုင်" ဟူသော ဤစကားများ၏ အဓိပ္ပါယ်အစစ်အမှန်ကို နားလည်သဘောပေါက် မည်မှာ ဤအချိန်၌ ဖြစ်ကောင်း ဖြစ်နိုင်သည်။ "လူသား၏ မနာခံမှုကြောင့် သူ့ကို ငါစွန့်ခွာခဲ့ပြီ။"ဟု ဘုရားသခင်သည် ဖြစ်စဉ်များစွာ၌ လူကို သတိပေးပြီးဖြစ်သည်။ ဤအရာကို ဘုရားသခင်က အဘယ်ကြောင့် အထပ်ထပ်အခါခါ ပြောဆိုသနည်း။ ဘုရားသခင်သည် အမှန်တကယ် အလွန်အကြင်နာမဲ့နိုင်သလော။ အဘယ်ကြောင့် ဘုရားသခင်က "ငါသည် လူသက်သက်မဟုတ်" ဟုလည်း ဆိုသနည်း။ အလွန်များပြားသည့် အချည်းနှီးနေ့များတစ်လျှောက်၊ ဤအသေးစိတ် ကိစ္စရပ်များကို အဘယ်သူက အမှန်တကယ် စိစစ်ခဲ့သနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ အားထုတ်မှုပိုမိုထားရှိဖို့ရန်နှင့် နှုတ်ကပတ်တော်များကို ပေါ့ပေါ့တန်တန် သဘောမထားဖို့ရန် လူသားမျိုးနွယ်ကို ငါ တိုက်တွန်း၏။ ဤအရာသည် သင့်အတွက် သို့မဟုတ် အခြားသူများအတွက် အကျိုးူးကျေးဇူးမရှိပေ။ ပြောဖို့မလိုအပ်သောအရာကို မပြောဖို့ရန်နှင့် ချင့်ချိန်စဉ်းစားဖို့ မလိုအပ်သောအရာကို မတွေးဖို့ရန် ပိုကောင်း၏။ ယင်းမှာ ပိုမိုရိုးရှင်းသည် မဟုတ်လော။ ဤအရာနှင့်သက်ဆိုင်၍ မည်သည့်အမှားဖြစ်လာနိုင်သနည်း။ ဘုရားသခင်သည် ကမ္ဘာမြေပေါ်က သူ့အမှု၏ အဆုံးသတ်ကို မကြေငြာမီ အဘယ်သူမျှ "လှုပ်ရှားခြင်း"ကို ရပ်တန့်ရလိမ့်မည်မဟုတ်၊ အဘယ်သူမျှ ၎င်းတို့၏ တာဝန်ကို မငြင်းဆိုရပေ။ ယခု အချိန်မတန်ပါ၊ ဘုရားသခင်အတွက် လမ်းပြ သို့မဟုတ် ဦးစီးခေါင်းဆောင်ကဲ့သို့ မပြုမူနှင့်၊ ယခုရပ်တန့်ပြီး ရှေ့ဆက်ရွေ့လျားမှုကို ရပ်စဲရန်မှာ စောလွန်းသည်ဟု ငါထင်၏၊ သင် အဘယ်သို့ထင်သနည်း။

ဘုရားသခင်သည် လူကို ပြစ်တင်ဆုံးမခြင်းထဲသို့ ခေါ်ဆောင်ပြီး၊ ၎င်းတို့ကို သေနိုင်သည့် အခြေအနေထဲသို့ သူခေါ်ဆောင်၏၊ သို့သော် အခြားတစ်ဖက်တွင်၊ ဘုရားသခင်သည် လူသားကို ကမ္ဘာမြေပေါ်၌ မည်သည့်အရာ လုပ်ဆောင်စေချင်သနည်း။ အိမ်၌ ဗီရိုတစ်လုံးကဲ့သို့ ပြုမူရန်လော။ ယင်းမှာ အစားမခံရ သို့မဟုတ် ဝတ်ဆင်မခံရဘဲ အကြည့်သာခံရ၏။ သို့ဆိုလျှင် အဘယ်ကြောင့် လူတို့ကို ဇာတိ၌ အလွန်များလှစွာသော ဝေဒနာခံစားစေရင်း၊ ရှုပ်ထွေးသည့် ဖြစ်စဉ်များစွာကို အသုံးပြုသနည်း။ ဘုရားသခင်က "လူသားမျိုးနွယ်၏ အပြစ်ရှိခြင်းသည် ငါ၏ပြစ်တင်ဆုံးမခြင်းနှင့် ထိုက်တန်ရန် လုံလောက်သောကြောင့် ငါသည် 'ကွပ်မျက်ရာကွင်း' ဆီ ၎င်းတို့ကို ခေါ်ထုတ်၏" ဟု ဆိုသည်။ ဤအချိန်တွင်၊ ဘုရားသခင်သည် လူတို့ကို

ကွပ်မျက်ရာကွင်းဆီသို့ ၎င်းတို့ဘာသာ လျှောက်စေသလော။ အဘယ်ကြောင့် ၎င်းတို့အတွက် အပြစ်လွတ်ခြင်းကို အဘယ်သူမျှ မတောင်းခံသနည်း။ ထို့နောက် လူသားသည် အဘယ်သို့ ပူးပေါင်းဆောင်ရွက်သင့်သနည်း။ ဘုရားသခင်က သူ၏ တရားစီရင်ခြင်းများကို လုပ်ဆောင်သကဲ့သို့ လူသားသည် ခံစားချက်လွှမ်းမိုးခြင်းမရှိဘဲ အမှုအရာတို့ကို အမှန်တကယ် လုပ်ဆောင်နိုင်သလော။ ဤနှုတ်ကပတ်တော်များ၏ ထိရောက်မှုသည် လူသား၏ လုပ်ရပ်များအပေါ် အဓိက မူတည်၏။ ဖခင်က ဝင်ငွေရှာသကဲ့သို့ နောက်မှ မိခင်က အဘယ်သို့ပူးပေါင်းဆောင်ရွက်ရမည်ကို မသိလျှင်၊ အိမ်ထောင်ကို အဘယ်သို့ စီမံခန့်ခွဲရမည်ကို မသိလျှင်၊ ယင်းအိမ်သည် မည်သည့်အခြေအနေ၌ ရှိလိမ့်မည်နည်း။ ယခု အသင်းတော်၏ အခြေအနေကို ကြည့်လော့၊ ခေါင်းဆောင်များအနေဖြင့် သင်တို့သည် မည်သည့်အရာကို စဉ်းစားလိမ့်မည်နည်း။ သင်တို့သည် အယောက်တိုင်း မိမိတို့၏ ပုဂ္ဂိုလ်ရေးရာ ထင်မြင်ချက်များအကြောင်း ဆွေးနွေးနိုင်သည့် အစည်းအဝေးတစ်ခုကို ကျင်းပနိုင်သည်။ မိခင်က အိမ်တွင် အမှုအရာများ အရှုပ်အထွေးဖြစ်စေသည်၊ သို့ဆိုလျှင် ဤမိသားစု၏ သားသမီးများသည် မည်သည့်အရာနှင့် တူလိမ့်မည်နည်း။ မိဘမဲ့များလော၊ သူတောင်းစားများလော။ ဘုရားသခင်က "လူအားလုံးက ငါသည် "ဉာဏ်၏ အရည်အသွေး" ကင်းမဲ့သော ဘုရားသဘာဝဖြစ်သည်ဟု ထင်ကြ၏၊ သို့သော်လည်း ငါသည် လူသားသဘာဝထဲရှိ အရာရာတိုင်းကို ရိပ်စားမိနိုင်သည်ကို အဘယ်သူ နားလည်နိုင်သနည်း" ဟု ဆိုခဲ့သည်မှာ အံ့ဩစရာမရှိပေ။ ယင်းသို့သော သိသာထင်ရှားသည့် အခြေအနေတစ်ခုနှင့်ပတ်သက်၍၊ သူ၏ ဘုရားသဘာဝမှ စကားပြောဖို့ရန် မလိုအပ်ပါ။ ဘုရားသခင်က "အပ်နှင့်ထွင်းရမည့်နေရာ ပုဆိန်နှင့်ပေါက်စရာမလို"ဟု ဆိုသကဲ့သို့ပင်ဖြစ်သည်။ ဤအချိန်တွင် "လူများအကြားတွင် ငါ့ကို ချစ်သောသူ တစ်ဦးမျှမရှိ" ဟူသောဘုရားသခင်၏ ဆိုရိုးနှင့် လက်တွေ့ကျသည့် အတွေ့အကြုံအချို့ရှိသော လူများရှိကောင်း ရှိနိုင်သည်။ ဤနေရာ၌ ယင်းမှာ ဘုရားသခင်က "လက်ရှိအခြေအနေကြောင့် လူအားလုံးသည် ၎င်းတို့၏ ဦးခေါင်းများကို အင်တင်တင်ဖြင့် ညွတ်ကြ၏၊ သို့သော် ၎င်းတို့၏ စိတ်နှလုံးများ လက်ခံယုံကြည်ခြင်းမရှိဖြစ်နေဆဲဖြစ်သည်" ဟု ဆိုခဲ့သကဲ့သို့ပင်ဖြစ်သည်။ ဤနှုတ်ကပတ်တော်များသည် အဝေးကြည့်မှန်ပြောင်းတစ်ခုကဲ့သို့ဖြစ်သည်။ မဝေးတော့သည့် အနာဂတ်ကာလ၌ လူသားသည် အခြားအခြေအနေထဲသို့ သွားပါလိမ့်မည်။ ဤသည်ကို ပြုပြင်မရသောအဖြစ်ဟု ဆိုရ၏။ သင်တို့ နားလည်ပါသလော။ ယင်းသည် ဘုရားသခင်၏ ဤမေးခွန်းနှစ်ခုအဘို့ အဖြေဖြစ်သည်- "ငါအဝေးသို့ သွားမည်ကို ကြောက်ရွံ့သောကြောင့်သာလျှင် လူတို့သည် အပြစ်မှ ရှောင်ကြဉ်ကြသည်မဟုတ်လော။

ပြစ်တင်ဆုံးမခြင်းကို ၎င်းတို့ ကြောက်ရွံ့သောကြောင့်သာလျှင် ၎င်းတို့ ညည်းညူခြင်းမပြုကြသည်မှာ မှန်သည်မဟုတ်လော။" အမှန်တွင် ယခု လူတို့သည် အနည်းငယ် ပျင်းရိကြပြီး အလွန်အမင်း ငြီးငွေ့နေကြပုံရကာ ဘုရားသခင်၏ အမှုတော်ကို ဂရုပြုရာ၌ ၎င်းတို့ လုံးလုံးစိတ်မဝင်စားကြဘဲ၊ ၎င်းတို့၏ ဇာတိပကတိအတွက် အစီအမံများနှင့် အစီအစဉ်များ၌ လုံးဝဥဿုံ စိုးရိမ်ပူပန်ကြပေသည်။ ဤသို့ပင် မဟုတ်လော။

# အခန်း ၃၉

ငါတို့၏ဘဝများ ပိုမိုထွန်းကားတိုးတက်စေရန်နှင့် ငါတို့အတွက် ဘုရားသခင်၏ မျှော်လင့်ချက်များနှင့် လျော်ညီအောင် ငါတို့နေထိုင်နိုင်စေရန်၊ ဘုရားသခင်၏နှုတ်ကပတ်တော်များကို ကျော်လွန်ပြီး၊ ငါတို့၏ဘဝများနှင့် ပတ်သက်သော အရေးကိစ္စများအကြောင်းကို အနည်းငယ် ပြောကြမည့်။ အထူးသဖြင့်- အသီးသီးသည် သူ၏အမျိုးအစားအလိုက် ခွဲခြားခံရသည့်အချိန်နှင့် ပြစ်တင်ဆုံးမခြင်း အချိန်ဖြစ်သည့်- ယနေ့ ရောက်ရှိလာခြင်းကြောင့် အရေးကြီးသော အချက်များအပေါ် အာရုံစိုက်ရန်နှင့် "အများအကျိုး" အပေါ် အာရုံစူးစိုက်ရန် သာ၍ကြီးမားသည့် လိုအပ်ချက်တစ်ခု ရှိသည်။ ဤသည်မှာ ဘုရားသခင်၏ အလိုတော် ဖြစ်ပြီး လူအပေါင်းတို့ အထမြောက်အောင်မြင်သင့်သော အရာလည်း ဖြစ်သည်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ဘုရားသခင်၏ အလိုတော်အတွက် အဘယ်ကြောင့် ငါတို့သည် မိမိကိုယ်ကိုယ် ပူဇော်ဆက်ကပ်ခြင်း မပြုနိုင်သနည်း။ ဘုရားသခင်က "လူတို့၏ဘိုးဘေးများက ၎င်းတို့ကို ၎င်းတို့၏ မိသားစုများထံသို့ ပြန်လည် လမ်းညွှန်မှု ပေးနိုင်စေရန် လူအမျိုးမျိုးအတွက် ကိန်းဂဏန်းများကို သတ်မှတ်ပေးပြီး လူအမျိုးအစားတိုင်း အပေါ်တွင် ခြားနားသော အမှတ်အသားများ ပြုလုပ်ကာ၊" ယင်းက လူတို့သည် အမျိုးအစား သတ်မှတ်ခံရပြီးဖြစ်ခြင်းကို ပြသပြီး အကျိုးရလဒ်အနေဖြင့် လူအမျိုးအစား အားလုံးတို့သည် ၎င်းတို့၏ စစ်မှန်သော အသွင်သဏ္ဌာန်ကို ထုတ်ဖော်ပြနေကြပေသည်။ သို့ဖြစ်ရကား လူတို့သည် ၎င်းတို့၏ ဘိုးဘေးများအပေါ် သစ္စာရှိကြပြီး ဘုရားသခင်အပေါ် သစ္စာမရှိကြဟု ဆိုပါက မှန်ကောင်း မှန်နိုင်သည်။ သို့ရာတွင် လူအပေါင်းတို့သည် ၎င်းတို့၏ ဘိုးဘေးများ၏ လမ်းညွှန်မှုအောက်ဝယ် ဘုရားသခင်ကို အစေခံမှု ပေးလျက်လည်း ရှိနေကြသည်ဖြစ်ရာ ယင်းမှာ ဘုရားသခင်အမှု၏ အံ့သြဖွယ် ဖြစ်လေသည်။ အရာခပ်သိမ်းသည် ဘုရားသခင်အတွက် အစေခံမှု ပြုနေကြပြီး စာတန်က လူတို့ကို နှောင့်ယှက်သော်လည်း၊ ဘုရားသခင်သည် သူ့ကို အစေခံရန် "နယ်ခံအင်အားများ"

ရယူရန်အလို့ငှာ ဤအခွင့်အလမ်းကို အသုံးချ၏။ သို့ရာတွင် လူတို့သည် ယင်းကို မရိပ်စားမိနိုင်ကြ။ "ဤအကြောင်းကြောင့် ငါသည် ဝါယမစိုက်မှုကိုလည်း ခွဲဝေပြီး အားထုတ်မှုများကို ပျံ့နှံ့စေသည်။ ဤသည်မှာ ငါ့အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး မည်သည့်လူသားကမျှ မနှောင့်ယှက်နိုင်ပေ။" ဟု ဘုရားသခင် ပြောကြားတော်မူသည့်အတိုင်း ဖြစ်သည်။ ဘုရားသခင်က အဆုံးအဖြတ်ပေးသည့် အရာအားလုံးနှင့် ဘုရားသခင်က ပြီးမြောက်ရန် အလိုရှိသည့် အရာအားလုံးကို ကိုယ်တော် လုပ်ဆောင် မပြီးစီးမီတွင် လူတို့ မမြင်တွေ့နိုင်ကြ။ ဘုရားသခင်၏ အမှုတော် ပြီးစီးသည့်အခါကျမှသာလျှင် ၎င်းတို့သည် မြင်တွေ့နိုင်လေသည်။ ထိုသို့မဟုတ်လျှင် ၎င်းတို့သည် မျက်စိကန်း၍ မည်သည့်အရာကိုမှ မမြင်နိုင်ကြပေ။

ယနေ့တွင် ဘုရားသခင်သည် အသင်းတော်များအကြားတွင် အလုပ်အသစ် ရှိ၏။ ကိုယ်တော်သည် လူသား၏ အလုပ်တာဝန်ကို အမှန်ပင် တာဝန်ယူစေခြင်းဖြင့် အရာခပ်သိမ်းတို့အား သဘာဝ၏ဖြစ်စဉ်ကို လိုက်နာစေ၏။ "ရှိရှိသမျှ အရာခပ်သိမ်းတို့အား သဘာဝ၏ဖြစ်စဉ်ကို လိုက်နာစေပြီးလျှင်၊ သဘာဝ၏ စေခိုင်းမှုအား နာခံစေရန် အရာခပ်သိမ်းတို့အထဲမှ အရာတိုင်းကို ငါဦးစီးကွပ်ကဲသည်၊ အရာခပ်သိမ်းတို့အထဲမှ အရာတိုင်းကို ငါ အမိန့်ပေးသည်။" ဟု ဘုရားသခင် ပြောကြားတော်မူသကဲ့သို့ ဖြစ်သည်။ သင်တို့အနေဖြင့် "သဘာဝ၏ဖြစ်စဉ်ကို လိုက်နာခြင်း" ထဲသို့ အဘယ်မည်သော ကောင်းမွန်သည့် ထိုးထွင်းအမြင်မျိုး ရှိကြမည်ကို ငါမသိသဖြင့် ဤကိစ္စအကြောင်း ပြောဆိုကြစို့။ ထိုအရာကို ငါမြင်ပုံမှာ- ၎င်းတို့၏ အိမ်သို့ ၎င်းတို့၏ဘိုးဘေးများ၏ ဦးဆောင်ခြင်း ခံရသောကြောင့်၊ လူအမျိုးအစားအားလုံးတို့သည် ထွက်လာ၍ "လုပ်ဆောင်" ရမည်ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် သဘာဝ၏ဖြစ်စဉ်အတိုင်း လိုက်နာနေပြီး ၎င်းတို့အဖို့ ရှိရင်းစွဲအရာမှာ ၎င်းတို့ကို ဤနိယာမအတိုင်း သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းညွှန်မှုအား လိုက်နာစေကာ ၎င်းတို့ထမ်းရွက်ရမည့် မူလတာဝန်ကို ဆောင်ယူလာရန် အသုံးပြုခံရလေသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်သည် လူပုဂ္ဂိုလ်တစ်ဦးစီ၏ အတွင်းအနေအထားအလိုက် ဆောင်ရွက်သည်၊ တိတိပပပြောရမည်ဆိုလျှင် ယင်းကို "အရာခပ်သိမ်းက ဘုရားသခင်အား အစေခံစေရန် ကိုယ်တော်မှ ၎င်းတို့ကို ထိန်းကြောင်းနေခြင်း" ဟုခေါ်ကာ ထိုအတွက်ကြောင့် ယင်းသည် သဘာဝ၏ဖြစ်စဉ်ကို လိုက်နာခြင်းနှင့် ဆက်နွှယ်နေ၏။ လူပုဂ္ဂိုလ်တစ်ဦးသည် မာရ်နတ်၏ အရိပ်လက္ခဏာများ ၎င်း၏အထဲတွင် ရှိနေသော်လည်း၊ ဘုရားသခင်သည် ၎င်းတို့၏အထဲ၌ ရှိရင်းစွဲဖြစ်သောအရာ၏ အုတ်မြစ်ထံ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို ထပ်ဖြည့်လျက်

၎င်းတို့ကို ဘုရားသခင်အား အစေခံမှု ပေးဖို့ရန် လုံလောက်စေကာ ယင်းအချက်ကို အသုံးချအံ့။ ဤသည်မှာ "သဘာဝ၏ဖြစ်စဉ်ကို လိုက်နာခြင်း" နှင့်ပတ်သက်၍ ငါပြောဆိုမည့်အကြောင်း အကုန်အစင်ပင်ဖြစ်၏။ သင်တို့၌ ပို၍မြင့်သော အကြံပြုချက်များ ရှိကောင်းရှိနိုင်သည်။ သင်တို့အနေဖြင့် အဖိုးတန်သည့်အချက်အလက်အချို့ ပေးနိုင်မည်ဟု ငါမျှော်လင့်သည်။ သဘောတူသလော။ သင်တို့အနေဖြင့် သဘာဝ၏ ဖြစ်စဉ်ကို လိုက်နာခြင်းတွင် ပူးပေါင်းဆောင်ရွက်ရန် လိုလိုလားလား ရှိကြသလော။ ဘုရားသခင်နှင့် အလုပ်ခွဲဝေရန် သင်တို့ လိုလိုလားလား ရှိကြသလော။ ယင်းကို မည်ကဲ့သို့ ရရှိနိုင်ပါမည့်အကြောင်း သင်တို့ စဉ်းစားဖူးကြသလော။ လူတို့သည် ဘုရားသခင်၏ အလိုတော်ကို နားလည်နိုင်စွမ်း ရှိကြပြီး၊ တူညီသည့်စံနှုန်းများအတွက် ဘုရားသခင်ကို ကျေနပ်စေရာတွင် တစ်စိတ်တစ်ဝမ်းတည်း လုပ်ဆောင်နိုင်ကာ နိုင်ငံတော်ဆီသို့ သွားရာလမ်းပေါ်တွင် အတူတကွ ရှေ့သို့ တက်လှမ်းနိုင်လိမ့်မည်ဟု ငါမျှော်လင့်သည်။ မလိုလားအပ်သော အယူအဆများကို စိတ်ကူးရရန် အဘယ်ကြောင့် လိုအပ်မည်နည်း။ ယနေ့အထိ မည်သူ၏ တည်ရှိခြင်းသည် ဘုရားသခင်အဖို့ အလို့ငှာမဟုတ်ဘဲ ဖြစ်ဖူးသနည်း။ ထိုသို့ဖြစ်သဖြင့် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းနှင့် ပင့်သက်ရှိုက်ခြင်းများကို အဘယ်ကြောင့် လိုမည်နည်း။ ယင်းသည် မည်သူ့အတွက်မှ အကျိုးမရှိပေ။ လူတို့၏ ဘဝတစ်ခုလုံးသည် ဘုရားသခင်၏ လက်များထဲတွင် ရှိနေသည်ဖြစ်ပြီး၊ အကယ်၍ ဘုရားသခင်၏ရှေ့တော်ရှိ ၎င်းတို့၏ ံသန္နိဋ္ဌာန်အတွက်သာ မဟုတ်ခဲ့လျှင် အနှစ်သာရမဲ့သော ဤလူ့လောကကြီးထဲတွင် မည်သူသည် အချည်းနှီးသက်သက် နေထိုင်ရန် လိုလိုလားလား ရှိလိမ့်မည်နည်း။ အဘယ်ကြောင့် စိတ်ရှုပ်ခံနေမည်နည်း။ လောကထဲတွင် ဝင်လိုက်ထွက်လိုက် အပြေးအလွှားသွားနေရင်း ဘုရားသခင်အတွက် မည်သည့်အရာတစ်ခုကိုမှ ၎င်းတို့မလုပ်ဆောင်ပါက၊ ၎င်းတို့၏ဘဝတစ်ခုလုံးကို ဖြုန်းတီးပစ်ရာ ရောက်လိမ့်မည်မဟုတ်လော။ အကယ်၍ သင်၏လုပ်ဆောင်မှုများကို ဖော်ပြရန်ထိုက်သည်ဟု ဘုရားသခင်က မယူဆလျှင်ပင်၊ သင်၏သေခြင်း အခိုက်အတန့်တွင် အားရကျေနပ်ခြင်း အပြုံးတစ်ခုကို သင်မပေးပြီလော။ သင့်အနေဖြင့် အပြုသဘောဆောင်သည့် တိုးတက်မှုရအောင် အားထုတ်သင့်ပြီး အပျက်သဘောဆောင်သည့် ဆုတ်ယုတ်မှုရအောင် အားမထုတ်သင့်ပေ။ ဤသည်မှာ ပိုကောင်းသော လက်တွေ့လုပ်ဆောင်မှု မဟုတ်လော။ အကယ်၍ သင်၏လုပ်ဆောင်မှုတို့သည် ဘုရားသခင်ကို ကျေနပ်စေရန်အတွက် သက်သက် ဖြစ်သည်ဆိုလျှင် သင့်အနေဖြင့် အပျက်သဘောဆောင်ခြင်း သို့မဟုတ် ဆုတ်ယုတ်ခြင်း ဖြစ်လိမ့်မည် မဟုတ်ပေ။ လူတို့၏စိတ်နှလုံးများထဲတွင် နားလည်ရခက်ခဲသည့်အရာများ

အမြဲပင် ရှိနေတတ်သောကြောင့်၊ ယင်းကို ၎င်းတို့သတိမထားမိဘဲ ၎င်းတို့၏ မျက်နှာများသည် အုံ့မှိုင်းသော ကောင်းကင်သဖွယ်ဖြစ်ကြကာ ယင်းက မြေအက်ကွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့်နှယ် "မြောင်း" အချို့ကို ၎င်းတို့၏မျက်နှာများပေါ်တွင် ၎င်းတို့မသိလိုက်ဘဲ ပေါ်ပေါက်လာစေ၏။ ယင်းသည် မြေကြီးရွေ့လျားပြီး မြေကြီးပေါ်က "တောင်ပူစာများ" သို့မဟုတ် "နိမ့်လျှောတွင်းများ" ကို လူတို့သိရှိခြင်းမရှိဘဲ နေရာရွှေ့စေသည့်အလားဖြစ်၏။ ဤကိစ္စ၌ ငါသည် လူများကို ရယ်သွမ်းသွေးနေခြင်း မဟုတ်ဘဲ၊ "ပထဝီဝင် အသိပညာ" နှင့်ပတ်သက်၍ ပြောခြင်းသာ ဖြစ်သည်။

ဘုရားသခင်သည် လူအားလုံးကို ပြစ်တင်ဆုံးမခြင်းထဲသို့ ဦးဆောင်လမ်းပြခဲ့ပြီး ဖြစ်သော်လည်း၊ ကိုယ်တော်သည် ယင်းအကြောင်း ဘာမှမပြောချေ။ ထိုအစား ကိုယ်တော်သည် ဤအကြောင်းအရာကို တမင်တကာ ရှောင်ရှားပြီး အကြောင်းအရာသစ်တစ်ခုကို အစပြုသည်ဖြစ်ပြီး၊ ထိုအကြောင်းအရာနှင့် ပတ်သက်၍ အမြင်တစ်မျိုးမှာ ယင်းသည် ဘုရားသခင်၏ အမှုကြောင့်ဖြစ်ပြီး နောက်အမြင်တစ်ခုမှာ အလုပ်၏ ဤအဆင့်ကို ချက်ချင်းလက်ငင်း ပြီးပြည့်စုံစေရန်ဖြစ်၏။ အလုပ်၏ဤအဆင့်ကို အကောင်အထည်ဖော်ဆောင်ရန် ဘုရားသခင်၏ ရည်ရွယ်ချက်များသည် ဝေးသောကာလကတည်းက အောင်မြင်ရရှိခဲ့ပြီးဖြစ်သဖြင့် မည်သည်ကိုမျှ နောက်ထပ်ပြောစရာမလိုတော့ပေ။ ယနေ့တွင် ဘုရားသခင်၏အလုပ်၏ နည်းလမ်းများ မည်မျှကို သင်တို့ မြင်ပြီးကြသည်ကို ငါမသိပေ၊ ငါ၏အသိစိတ်ထဲတွင် ဘုရားသခင်၏အမှုသည် ယခင်ကကဲ့သို့ အဆင့်များနှင့် အချိန်ကာလများအဖြစ် ရှင်းလင်းစွာ ပိုင်းခြားထားခြင်းမရှိဟု ငါအမြဲ ခံစားရသည်။ ထိုအစား နေ့ရက်တိုင်းသည် ၎င်း၏အမှုပြုနည်းကိုယ်စီကို သယ်ဆောင်လာလေ့ရှိပြီး ပြောင်းလဲခြင်းသည် သုံးရက်မှငါးရက်တစ်ကြိမ်နီးပါး ပေါ်ပေါက်ကာ ငါးရက်တာအတွင်းတွင်ပင်လျှင် ဘုရားသခင်၏ အမှုနှင့်ပတ်သက်၍ ကွဲပြားသော အကြောင်းအရာ နှစ်မျိုးနှစ်စား ရှိနေကောင်းရှိနေမည်ဖြစ်၏။ ထိုအချက်က ဘုရားသခင်၏အမှု၏အမြန်နှုန်းကို ပြသ၏၊ လူများက တုံ့ပြန်ဖို့နှင့် အနီးကပ် အားစိုက်ကြည့်ဖို့ အချိန် မရလိုက်မီမှာပင် ဘုရားသခင်သည် ခြေရာဖျောက်၍ ပျောက်သွားနှင့်ချေပြီ။ ဤအကြောင်းကြောင့် ဘုရားသခင်သည် အမြဲပင် လူတို့အတွက် နားမလည်နိုင်ဖွယ် ဖြစ်ကာ သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်အား နားမလည်နိုင်မှုထံသို့ ထိုအချက်က ဦးတည်သွားစေခဲ့ပြီဖြစ်၏။ "သို့ဖြစ်၍ ငါသည် လူကို စွန့်ပစ်ခဲ့၏" အစရှိသော နှုတ်ကပတ်တော်မျိုးကို ဘုရားသခင်က အဘယ်ကြောင့် အမြဲ ပြောဆိုလေ့ရှိသနည်း။ လူတို့အနေဖြင့် ဤနှုတ်ကပတ်တော်များကို အနည်းငယ်မျှ

အာရုံစိုက်ကောင်းစိုက်မည် ဖြစ်သော်လည်း ၎င်းတို့သည် ၎င်းတို့၏ဆိုလိုရင်းကို နားမလည်ကြချေ။ ယခုရော သင်နားလည်ပါ၏လော။ လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တည်ရှိမှုကို နားလည်သိရှိခြင်းမရှိသည်မှာ အံ့ဩစရာမရှိပေ။ ၎င်းတို့၏ ဘုရားသခင်ကို ဤရှာဖွေခြင်းသည် တိမ်သလ္လာဖုံးကွယ်သော လရောင်အောက်တွင် အမြဲရှိလေသည်၊ ဤအချက်သည် လုံးလုံးလျားလျား မှန်ကန်၏။ ထို့အပြင် ဤသို့ဖြစ်သည်မှာ လူတို့အားလုံးကို ကြောင်တောင်တောင်ဖြစ်စေပြီး စိတ်ရှုပ်ထွေးစေရန် လူအားလုံး၏ ဦးနှောက်များကို ကြီးလာစေလျက်၊ ဘုရားသခင်က လူသားကို တမင်တကာ လှောင်ပြောင်သကဲ့သို့ပင် ဖြစ်တော့၏။ ၎င်းတို့ဘာလုပ်၍လုပ်နေမှန်းကို မသိကြပေ၊ ၎င်းတို့သည် အိပ်မက်မက်နေပြီး နိုးလာသောအခါ၊ မည်သည့်အရာ ဖြစ်ပျက်ခဲ့သည်ကို ၎င်းတို့မသိကြသည့်အလား ဖြစ်သည်။ လူတို့ကို ကြောင်နနဖြစ်သွားစေရန် လိုအပ်သမျှမှာ ဘုရားသခင်ထံတော်မှ ရိုးရိုးနှုတ်ကပတ်တော်အချို့ပင် ဖြစ်သည်။ ထို့ကြောင့် "ယနေ့တွင် ငါသည် လူအားလုံးကို စစ်ဆေးခြင်းခံဖို့ရာ "မီးဖိုကြီး" ထဲသို့ ပစ်ထည့်၏။ ငါသည် အမြင့်တွင် မတ်တပ်ရပ်လျက် လူတို့ မီးထဲတွင် လောင်မြိုက်ပြီး မီးတောက်၏ အတင်းအကျပ်ပြုမှုကြောင့် အမှန်တရားများကို ဖော်ထုတ်ကြသည်ကို အနီးကပ်ကြည့်ရှု၏။" ဟု ဘုရားသခင် မြွက်ဟသည်ကို အံ့ဩစရာ မရှိပါချေ။ ဘုရားသခင်၏ အမြဲတစေ ပြောင်းလဲနေသော နှုတ်ကပတ်တော်များ၏အလယ်တွင် လူတို့သည် အဘယ်အရာပြုရမည်ကို မသိရှိကြပေ။ စင်စစ်အားဖြင့် ဘုရားသခင် ပြောသကဲ့သို့ပင်၊ ပြစ်တင်ဆုံးမခြင်းသည် ရှေးယခင်ကတည်းက စတင်လာခဲ့ပြီးဖြစ်ကာ လူတို့သည် ယင်းကို သိရှိသဘောပေါက်ခြင်းမရှိခဲ့သဖြင့် ၎င်းတို့သည် ဘုရားသခင်က တည့်တည့် ဖွင့်ပြောသည့်အခါကျမှသာ သိရှိကြပြီး ဘုရားသခင်က ၎င်းတို့ကို ပြောပြခဲ့ပြီးမှသာလျှင် ၎င်းတို့ အာရုံစိုက်ကြသည်။ ဘုရားသခင်၏ အမှုတော်သည် ဤအခြေအနေဆီသို့ လုပ်ဆောင် ပြီးသည့်အခါကျမှသာလျှင်၊ လူတို့သည် ယခုအခါ ပြစ်တင်ဆုံးမခြင်းကို စတင်၍ လေ့လာကြသည်ဟု ဆိုနိုင်ပေသည်။ ယင်းသည် လူတို့က အဏုမြူဗုံးကို သတိမူမိလာခဲ့သည့်အခါနှင့်ပင် တူနေတော့သည်- သို့သော် အချိန်မကျရောက်သေးသဖြင့် လူတို့သည် အလေးဂရုပြုခြင်းမရှိဘဲ တစ်စုံတစ်ဦးက ယင်းကို ပြုလုပ်ဖို့ စတင်လာသောအခါမှသာ လူတို့သည် စတင်အာရုံစိုက်လာကြလေ၏။ အဏုမြူဗုံး ပေါ်လာသောအခါကျမှသာလျှင်၊ လူတို့သည် ယင်းနှင့်ပတ်သက်၍ ပိုမိုနားလည်သိရှိလာလေသည်။ ဘုရားသခင်က မိမိသည် လူတို့ကို မီးဖိုထဲပစ်ထည့်တော့မည်ဟု ပြောဆိုသောအခါမှသာလျှင်၊ လူတို့သည် အနည်းငယ်မျှ သတိပြုလာကြလေသည်။ အကယ်၍သာ ဘုရားသခင်သည် ပြောဆိုခြင်း မပြုခဲ့ပါလျှင်

မည်သူမျှ သိရှိလိမ့်မည်မဟုတ်ချေ၊ ဤသို့မဟုတ်လော။ ထို့ကြောင့် "လူတို့သည် ကြိုးတစ်ချောင်းဖြင့် ထိုနေရာသို့ ခေါ်ဆောင်သွားခြင်းခံရဘိသည့်အလား၊ ထုံသွားကြသည့်အလား မီးဖိုကြီးထဲသို့ အမှတ်တမဲ့ ဝင်ရောက်ကြသည်။" ဟု ဘုရားသခင်ပြောလေသည်။ ဤအချက်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြစို့- လူတို့သည် အမှန်တရားများကို ဖော်ထုတ်လာကြသောအချိန်သည် ပြစ်တင်ဆုံးမခြင်းစတင်နေပြီဟု ဘုရားသခင် ပြောဆိုသည့်အချိန် ဖြစ်သလော သို့မဟုတ် ပြစ်တင်ဆုံးမခြင်း စတင်နေပြီဟု ဘုရားသခင် ပြောဆိုခြင်း မတိုင်မီအချိန် ဖြစ်သလော။ ဤအချက်မှ မြင်တွေ့နိုင်သည်မှာ ဘုရားသခင်က ပြစ်တင်ဆုံးမခြင်းနှင့်ပတ်သက်၍ ပြောဆိုခြင်းမပြုမီပင်၊ လူတို့သည် အပြစ်ဝန်ခံမှုစတင်ခဲ့ကြသည်ဖြစ်ရာ ပြစ်တင်ဆုံးမခြင်းသည် ၎င်းနှင့်ပတ်သက်၍ ဘုရားသခင်က မပြောဆိုမီကပင် စတင်ပြီးဖြစ်ကြောင်း ပြသလျက်ရှိပေသည်။ ဤသည်မှာ ဖြစ်ရပ်မှန် မဟုတ်လော။

# အခန်း ၄၀

ဘုရားသခင်အတွက် လူသားသည် သူ၏လက်တွင်းမှ ကစားစရာတစ်ခုကဲ့သို့ ဖြစ်သည်၊ သူ၏လက်ထဲမှ လက်ဖြင့် ဆွဲဆန့်ထားသော ခေါက်ဆွဲကဲ့သို့ ဖြစ်သည်၊ ဘုရားသခင် အလိုရှိသည့်အတိုင်း အထူ သို့မဟုတ် အပါး ပြုလုပ်နိုင်သည်၊ သူ စိတ်ကြိုက် ပြုနိုင်သည်။ လူသားသည် အမျိုးသမီးတစ်ဦး ဈေးမှဝယ်ယူခဲ့သော ပါရှန်ကြောင်တစ်ကောင်ကဲ့သို့ ဘုရားသခင်၏ လက်ထဲမှ ကစားစရာတစ်ခု အမှန်တကယ်ပင် ဖြစ်သည်ဟု ဆိုခြင်းမှာ မှန်ကန်နိုင်ပေသည်။ သူသည် ဘုရားသခင်၏ လက်ထဲမှ ကစားစရာတစ်ခု ဖြစ်သည်မှာ သံသယဖြစ်စရာ မဟုတ်ပေ၊ ထို့ကြောင့်ပေတရု၏ အသိနှင့်ပတ်သက်ပြီး အမှားအယွင်း တစ်စုံတစ်ခု မရှိခဲ့ပေ။ လူသား၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက်များမှာ အခက်အခဲ မရှိဘဲ သာမန်ကာလျှံကာ ပြီးမြောက်ကြောင်းကို ဤအရာမှ မြင်နိုင်သည်။ သူသည် လူတို့ စိတ်ကူးသကဲ့သို့ ဦးနှောက်ခြောက်အောင် စဉ်းစားခြင်း သို့မဟုတ် အစီအစဉ်များ ချမှတ်ခြင်း မရှိပေ၊ လူသား၌ သူပြုသောအမှုမှာ အလွန်ပင် သာမန် ဖြစ်သည်၊ လူသားကို သူ မြွက်ဆိုသော နှုတ်ကပတ်တော်များမှာလည်း ထိုနည်းတူစွာ ဖြစ်သည်။ ဘုရားသခင် စကားပြောသောအခါ သူသည် မရည်ရွယ်ဘဲ ပြောသကဲ့သို့ ထင်ရသည်၊ သူ၏ စိတ်ထဲ၌ ပေါ်လာသမျှကို အတားအဆီးမရှိ သူ ပြောကဲ့သို့ ထင်ရသည်။ သို့သော်လည်း လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက် လုံးလုံးလျားလျား

လက်ခံယုံကြည်ကြသည်၊ ၎င်းတို့သည် အလွန်အံ့အားသင့်ကာ မျက်လုံးပြူးမျက်ဆံပြူး ဖြစ်၍ ပြောရန်စကားလုံးများပင် ပျောက်ကုန်ကြလေ၏။ ဤနေရာတွင် မည်သည့်အရာများ ဖြစ်ပေါ်နေသနည်း။ ဘုရားသခင်၏ ဉာဏ်ပညာသည် မည်မျှပင် ကြီးမားကြောင်းကို ဤအရာက ကောင်းစွာ ပြသသည်။ အကယ်၍ လူသား၌ ဘုရားသခင်၏အမှုသည် လူတို့ စိတ်ကူးသကဲ့သို့ တိကျမှန်ကန်စွာစေ့စေ့စပ်စပ် စီစဉ်ထားခြင်း ဖြစ်ရမည်ဆိုပါက၊ ဤ စိတ်ကူးစိတ်သန်းများကို နောက်ထပ်တစ်ဆင့် ကြည့်လျှင် ဘုရားသခင်၏ ဉာဏ်ပညာ၊ အံ့သြဖွယ်ဖြစ်ခြင်းနှင့် ဉာဏ်မမီနိုင်အောင်နက်နဲခြင်းတို့ကို တိုင်းတာနိုင်လိမ့်မည် ဖြစ်သည်၊ ၎င်းမှာ ဘုရားသခင်အပေါ် လူတို့၏ တန်ဖိုးထားခြင်းမှာ နိမ့်ကျလွန်းကြောင်း ပြသခြင်းဖြစ်သည်။ လူတို့၏ လုပ်ဆောင်ချက်များ၌ မိုက်မဲမှု အစဉ် ရှိသောကြောင့် ၎င်းတို့သည် ဘုရားသခင်ကို ထိုနည်း၎င်းပင် တိုင်းထွာကြသည်။ ဘုရားသခင်သည် သူ၏အမှုအတွက် တွက်ချက်ခြင်းများ သို့မဟုတ် အစီအစဉ်များကို ချမှတ်ခြင်းမပြုဘဲ ၎င်းကို ဘုရားသခင်၏ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်ခြင်း ဖြစ်သည်၊ ထို့အပြင် ဘုရားသခင်၏ဝိညာဉ်တော် အမှုပြုသောနိယာမများမှာ လွတ်လပ်ပြီး အချုပ်အနှောင် ကင်းသည်။ ၎င်းမှာ ဘုရားသခင်သည် လူသား၏ အခြေအနေများကို အရေးမစိုက်ဘဲ သူ သဘောရှိ ပြောသကဲ့သို့ဖြစ်သော်လည်း လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ ခွာရန်အနိုင်နိုင်သာ ရှိဆဲဖြစ်သည်၊ ၎င်းမှာ ဘုရားသခင်၏ ဉာဏ်ပညာကြောင့် ဖြစ်သည်။ အဆုံးတွင် အမှန်တရားများမှာ အမှန်တရားများပင် ဖြစ်သည်။ လူအားလုံး၌ ဘုရားသခင်၏ ဝိညာဉ်တော်၏ အမှုမှာ အလွန်ထင်ရှားမြင်သာသောကြောင့် ဤအရာသည် ဘုရားသခင်၏ အမှု၏နိယာမများကို ပြသရန်လုံလောက်၏။ အကယ်၍ ဘုရားသခင်သည် ဖန်ဆင်းခံသတ္တဝါများအပေါ် သူ၏အမှုအတွက် ကြီးမားသော အဖိုးအခကို ပေးခဲ့ရမည်ဆိုပါက ကောင်းသောသစ်ကို အရေးမပါသော နေရာ၌ အသုံးပြုသကဲ့သို့ ဖြစ်မည် မဟုတ်လော။ ဘုရားသခင်သည် သူကိုယ်တိုင် လုပ်ဆောင်ရမည်လော။ ၎င်းမှာ ထိုက်တန်လိမ့်မည်လော။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အချိန်ကြာမြင့်စွာ အလုပ်လုပ်နေခဲ့ပြီ ဖြစ်သော်လည်း ခေတ်အဆက်ဆက်တွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် ဤနည်းဖြင့် မည်သည့်အခါမျှ အမှုပြုခဲ့ခြင်း မရှိသောကြောင့် ဘုရားသခင် အမှုပြုသော နည်းလမ်းများနှင့် နိယာမများကို မည်သူမျှ သိခဲ့ဖူးခြင်း မရှိပေ၊ ၎င်းတို့သည် မည်သည့်အခါမျှ ရှင်းလင်းခဲ့ခြင်း မရှိပေ။ ဘုရားသခင်၏ဝိညာဉ်တော် ကိုယ်တိုင် ၎င်းတို့ကို ထုတ်ဖော်ခဲ့ပြီး ဖြစ်သောကြောင့် ယနေ့တွင် ၎င်းတို့ ရှင်းလင်းကြသည်၊ ထို့အပြင် ဤသည်မှာ သံသယဖြစ်ဖွယ်အကြောင်း မရှိပေ၊ ၎င်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်က တိုက်ရိုက် ပြသခြင်းဖြစ်ပြီး လူသားမှ ပေါင်းရုံးထားခြင်း

မဟုတ်ပေ။ ဤအရာ အမှန်တကယ် ဖြစ်ပေါ်နေခြင်း ရှိမရှိ၊ ဤအမှုကို အလုံးစုံပြုပြီးနောက် ဘုရားသခင်၏ အားထုတ်မှုများသည် သူ့ကို ခြေကုန်လက်ပန်းကျစေခြင်း၊ သူ၏ခါး ကိုက်ခဲစေခြင်း နှင့် သူ၏ ခြေထောက်များ နာကျင်စေခြင်း သို့မဟုတ် မစားနိုင်၊ မအိပ်နိုင်ဖြစ်စေခြင်း ရှိမရှိ တတိယကောင်းကင်ဘုံသို့ အလည်တစ်ခေါက် သွားကာ ကြည့်သင့်သည်။ ဘုရားသခင်သည် ဤ နှုတ်ကပတ်တော်များအားလုံးကို ပြောရန် ကိုးကားချက်စာအုပ် မြောက်မြားစွာကို ဖတ်ရှုရန် လိုခဲ့သလော၊ ဘုရားသခင်၏ မြွက်ဆိုချက် မှုကြမ်းများသည် စားပွဲပေါ်တွင် ပြန့်ကြဲနေသလော၊ သူသည် အများအပြားပြောဆိုပြီးနောက် အာခြောက်သွားသလော။ အမှန်တရားများမှာ ဆန့်ကျင်ဘက်အတိ ဖြစ်သည်၊ အထက်မှ နှုတ်ကပတ်တော်များသည် ဘုရားသခင် နေထိုင်သောနေရာနှင့် တူညီသည့်အရာ တစ်စုံတစ်ခုမျှ မရှိပေ။ ဘုရားသခင်က "ငါသည် လူသားအတွက် အတန်ကြာ အချိန်ပေးခဲ့ပြီး ကြီးမားသော အဖိုးအခကို ပေးခဲ့သည်။ သို့သော် ယခုအချိန်တွင် မသိရသော အကြောင်းပြချက်တစ်ခုကြောင့် လူတို့၏ အသိစိတ်များသည် ၎င်းတို့၏ မူလအလုပ်ကိုပင် အစဉ် လုပ်ဆောင်နိုင်စွမ်း မရှိ ဖြစ်နေသည်" ဟု ဆိုသည်။ လူတို့၌ ဘုရားသခင်၏ ဝမ်းနည်းခြင်းအကြောင်း တစ်စုံတစ်ရာ အသိ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အကယ်၍ ၎င်းတို့သည် ၎င်းတို့၏ အသိစိတ်ကို ဆန့်ကျင်ခြင်းမပြုဘဲ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအား ချဉ်းကပ်နိုင်ခဲ့ပါက ဤအရာကို စဉ်းစားချင့်ချိန်နိုင်ပြီး အကျိုးသင့်အကြောင်းသင့် ဖြစ်သည်ဟု ယူဆနိုင်ပါလိမ့်မည်။ တစ်ခုတည်းသော စိုးရိမ်မှုမှာ ၎င်းတို့သည် အသိစိတ်၏ မူလအလုပ်ကို လုပ်ဆောင်ရန် လိုလိုလားလား မရှိခြင်း ဖြစ်သည်။ သင် မည်သို့ ပြောမည်နည်း၊ ဤအရာ မှန်သလော။ ဤနှုတ်ကပတ်တော်များသည် သင့်ကို အထောက်အကူ ဖြစ်စေသလော။ သင်တို့သည် အသိစိတ် မရှိသော အမှိုက်အစား အသိစိတ် ရှိသောအရာ အမျိုးအစားဝင် ဖြစ်ရန်မှာ ငါ၏ မျှော်လင့်ချက် ဖြစ်သည်။ ဤ နှုတ်ကပတ်တော်များအပေါ် သင် မည်ကဲ့သို့ ထင်သနည်း။ တစ်စုံတစ်ဦး၌ ဤ အရာနှင့်ပတ်သက်၍ အသိတစ်ခု ရှိသလော။ သင်၏ စိတ်နှလုံးထဲ၌ အပ်တစ်ချောင်း စိုက်နေခြင်းမှာ မနာကျင်သလော။ ဘုရားသခင်သည် အာရုံ မခံစားနိုင်သော အလောင်း၌ အပ်စိုက်သလော။ ဘုရားသခင်သည် အထင်မှား၍၊ အသက်အရွယ် အိုမင်းကာ သူ၏ အမြင်အာရုံ လျော့နည်းခဲ့သလော။ ထိုသို့ ဖြစ်နိုင်ခြေ မရှိဟု ငါ ဆိုသည်။ မည်သို့ပင် ဖြစ်စေကာမူ ဤအရာသည် လူသား၏ အမှား ဖြစ်ရမည်။ ဆေးရုံသို့ သွားပြီး ကြည့်သင့်သည်။ လူသား၏ စိတ်နှလုံးတွင် ပြဿနာတစ်ခု ဧကန်အမှန် ရှိသည်၊ ၎င်းကို "အစိတ်အပိုင်း" အသစ်များဖြင့် ပြင်ဆင်ရန် လိုအပ်သည်၊ ထိုသို့ဆိုသော် မည်သို့ သဘောရသနည်း။ သင် ထိုကဲ့သို့ ပြုမည်လော။

ဘုရားသခင်က "ငါသည် ၎င်းတို့၏ အကျည်းတန်သော မျက်နှာများနှင့် တစ်မူထူးခြားမှုများကို ကြည့်ပြီး လူသားထံမှ နောက်တစ်ကြိမ် ထွက်ခွာပြန်သည်။ ယင်းကဲ့သို့သော အခြေအနေများတွင် လူတို့သည် နားမလည်ကြသေးဘဲ ငါ ငြင်းပယ်ခဲ့သောအရာများကို နောက်ထပ်တစ်ကြိမ် ပြန်ယူကာ ငါပြန်လာမည်ကို စောင့်မျှော်နေကြသည်" ဟု ဆိုသည်။ ဤ "နည်းပညာခေတ်သစ်" အတွင်း ဘုရားသခင်သည် အဘယ်ကြောင့် နွားထီးတစ်ကောင်နှင့် လှည်းအကြောင်းကို ပြောနေဦးမည်နည်း။ ဤသည်မှာ အဘယ်ကြောင့်နည်း။ ဘုရားသခင်သည် နားပူနားဆာ လုပ်ရသည်ကို နှစ်သက်ခြင်းကြောင့်လော။ ဘုရားသခင်သည် ဤထက် ပို၍ကောင်းသောအရာ လုပ်ရန် တစ်စုံတစ်ရာ မရှိသောကြောင့် သူ အချိန်ကို ကုန်လွန်နေစေခြင်းလော။ ဘုရားသခင်သည် လူသားကဲ့သို့ မိမိကိုယ်ကိုယ် အစာဝလင်စွာ သွတ်သွင်းပြီးနောက် အချိန်ဖြုန်းနေခြင်းလော။ ဤ နှုတ်ကပတ်တော်များကို အကြိမ်ကြိမ် ရွတ်ဆိုရာ၌ အကျိုးတစ်စုံတစ်ခု ရှိသလော။ လူတို့သည် ကံဆိုးသူများ ဖြစ်ကြောင်း၊ သင်တို့သည် ၎င်းတို့ သဘောပေါက်စေရန် ၎င်းတို့ကို အမြဲ နားရွက်မှ ကိုင်ဆွဲရမည် ဖြစ်ကြောင်း ငါ ဆိုခဲ့ပြီးဖြစ်သည်။ ၎င်းတို့အား နှုတ်ကပတ်တော်များကို ယနေ့ ပြောပြီးသောအခါ ၎င်းတို့သည် မနက်ဖြန် ချက်ချင်း မေ့လျော့ကြလိမ့်မည်၊ ၎င်းတို့သည် အတိတ်မေ့သောရောဂါကို ခံစားနေရသည့်အလား ဖြစ်ကြသည်။ ထို့ကြောင့် နှုတ်ကပတ်တော်အချို့တို့ကို မပြောပြီးသေးခြင်းမဟုတ်ဘဲ လူတို့သည် ၎င်းတို့ကို အထမြောက်ပြီးခဲ့ခြင်း မရှိသောကြောင့် ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ခုကို တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သာ ဆိုပါက လူတို့သည် မသိနားမလည်သေးဘဲရှိနေသည်၊ ၎င်းကို သုံးကြိမ်တိုင် ပြောရမည်ဖြစ်သည်၊ ဤသည်မှာ အနည်းဆုံး အကြိမ်အရေအတွက် ဖြစ်သည်။ ဆယ်ကြိမ်မှ အကြိမ်နှစ်ဆယ်အထိ ပြောရသော "အဖိုးအို" အချို့ပင် ရှိသည်။ ဤနည်းဖြင့် လူတို့ ပြောင်းလဲပြီးခြင်း ရှိမရှိ ကြည့်ရန် တူညီသောအရာကို မတူညီသောပုံစံများဖြင့် ထပ်ခါတလဲလဲ ပြောသည်။ သင်တို့သည် ဤနည်းဖြင့် စစ်မှန်စွာ လုပ်ဆောင်ခဲ့ပြီးပြီလော။ ငါသည် လူတို့ကို ဆူပူကြိမ်းမောင်းခြင်း မပြုလိုသော်လည်း ၎င်းတို့အားလုံးသည် ဘုရားသခင်ကို ဆော့ကစားနေကြသည်၊ ၎င်းတို့အားလုံးသည် အာဟာရ ဖြည့်ဆေးများကို ပိုမို သောက်သုံးရန် သိကြသော်လည်း ဘုရားသခင်ကြောင့် စိုးရိမ်ပူပန်ခြင်း မရှိကြပေ၊ ဤသည်မှာ ဘုရားသခင်ကို အစေခံခြင်းလော။ ဤသည်မှာ ဘုရားသခင်ကို ချစ်ခြင်းလော။ ၎င်းတို့သည် ကမ္ဘာလောကကြီးထဲတွင် ပူပင်သောကတစ်စုံတစ်ရာ မရှိဘဲ တစ်နေကုန် အချိန်ဖြုန်းခြင်း၊ အားနေခြင်းနှင့် ငြိမ်နေခြင်းမှာ မထူးဆန်းပေ။ သို့သော်ငြားလည်း လူအချို့တို့သည် မကျေနပ်ကြသေးဘဲ ၎င်းတို့၏ ဝမ်းနည်းခြင်းကို ဖန်တီးကြသည်။ ငါသည် အနည်းငယ်

ကြမ်းတမ်းကောင်းကြမ်းတမ်းနိုင်သည်၊ သို့သော် ဤအရာသည် မိမိကိုယ်ကိုယ် လွမ်းမောတသခြင်းဟု သိကြသည့်အရာဖြစ်သည်။ သင့်ကို ဝမ်းနည်းစေသူမှာ ဘုရားသခင်လော။ ဤအရာမှာ သင့်အပေါ်သင် ဒုက္ခဆင်းရဲ ကျရောက်စေခြင်းပင် မဟုတ်လော။ ဘုရားသခင်၏ ကျေးဇူးတော်များ တစ်ခုမျှ သင်၏ ပျော်ရွှင်ခြင်း အရင်းအမြစ် ဖြစ်ရန် အရည်အချင်း မပြည့်မီသလော။ သင်သည် တစ်လျှောက်လုံးတွင် ဘုရားသခင်၏ အလိုအပေါ် သတိမရှိခဲ့သည့်အပြင် အပျက်သဘောဆောင်ခြင်း၊ ချူချာခြင်းနှင့် စိတ်သောကရောက်ခြင်း ဖြစ်နေခဲ့သည်၊ ဤကဲ့သို့ အဘယ်ကြောင့် ဖြစ်ရသနည်း။ ဘုရားသခင်၏အလိုတော်မှာ သင့်ကို လူ့ဇာတိ၌အသက်ရှင်စေရန် ပြုရန်လော။ သင်သည် ဘုရားသခင်၏ အလိုတော်ကို မသိနားမလည်ပေ၊ သင်၏ စိတ်နှလုံးအတွင်း စိုးရိမ်ပူပန်၍ သင်သည် ညည်းတွားပြီး စောဒကတက်ကာ တစ်နေ့ကုန် မှိုင်တွေငေးငိုက်ခြင်းဖြင့် အချိန်ကုန်ဆုံးစေသည်၊ ထို့အပြင် သင်၏ လူ့ဇာတိသည် နာကျင်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုကို ခံစားရသည်၊ ၎င်းမှာ သင်နှင့် ထိုက်တန်သောအရာ ဖြစ်ပေသတည်း။ အခြားသူများသည် ပြစ်တင်ဆုံးမခြင်းအလယ်၌ ဘုရားသခင်ကို ချီးမွမ်းရန်၊ ၎င်းတို့သည် ပြစ်တင်ဆုံးမခြင်းမှ လွတ်လာကြပြီး ၎င်း၏ ထိန်းချုပ်ခြင်းကို မခံရန် သင် တောင်းဆိုသည်၊ သို့သော်လည်း သင်သည် ပြစ်တင်ဆုံးမခြင်းထဲ ကျရောက်ပြီးနောက် လွတ်မြောက်နိုင်ခြင်း မရှိပေ။ ဤ ဒွန်ခန်ရူအီ (Dong Cunrui) ပုံ ပေါက်သော "မိမိကိုယ်ကို အနစ်နာခံသော စိတ်ဓာတ်" ကို အတုခိုးရန် နှစ်ပေါင်းများစွာ ကြာမြင့်လေသည်။ သင်သည် နှုတ်ကပတ်တော်များနှင့် အယူဝါဒများကို ဟောကြားသောအခါ သင် မရှက်သလော။ သင်သည် သင့်ကိုယ်သင် သိသလော။ သင်သည် မိမိကိုယ်ကိုယ် မေ့ထားလိုက်ပြီလော။ သင်သည် ဘုရားသခင်ကို စစ်မှန်စွာ ချစ်သလော။ သင်၏ တက်လမ်းများနှင့် ကံကြမ္မာကို မေ့ထားလိုက်ပြီလော။ လူများသည် အံ့အားသင့်ဖွယ်ဖြစ်ပြီး မတွေးတတ်အောင် ခက်ခဲနက်နဲသူများ ဖြစ်ကြောင်း ဘုရားသခင် ပြောသည်မှာ မထူးဆန်းပေ။ လူသားအတွင်း၌ မတူးဖော်ရသေးသော "ရတနာ" မြောက်မြားစွာ ရှိသည်ဟု မည်သူထင်ဖူးခဲ့မည်နည်း။ ယနေ့တွင် ၎င်းကို မြင်ရခြင်းဖြင့် "လူတစ်ဦး၏ မျက်လုံးများကို ပွင့်စေ"လောက်သည်၊ လူတို့မှာ အလွန် "ဆန်းကြယ်သည်။" ငါသည် မရေတွက်တတ်သော ကလေးတစ်ဦးကဲ့သို့အလားဖြစ်၏။ ယနေ့ပင်လျှင် ဘုရားသခင်ကို စစ်မှန်စွာ ချစ်သောသူ မည်မျှ ရှိကြောင်းကို ငါမတွက်ဆရသေးပေ။ ငါသည် အရေအတွက်ကို မည်သည့်အခါမျှ မှတ်မိနိုင်ခြင်း မရှိဘဲ ငါ၏ "သစ္စာမဲ့ခြင်း" ကြောင့် ဘုရားသခင် ရှေ့တွင် စာရင်းရှင်းရသောအချိန် ရောက်သောအခါ ငါ၌ အမြဲ လက်ချည်းဗလာ ဖြစ်ပြီး ငါအလိုရှိသည့်အတိုင်း လုပ်ဆောင်နိုင်စွမ်း မရှိဘဲ ငါသည် ဘုရားသခင်အပေါ် အစဉ်

အကြွေးတင်ရှိလျက်နေ၏။ ရလဒ်အနေဖြင့် ငါ စာရင်းရှင်းသောအခါ ငါသည် ဘုရားသခင်၏ အပြစ်ဖော်ဆုံးမခြင်းကို အမြဲခံရသည်။ လူတို့သည် အဘယ်ကြောင့် အလွန်ရက်စက်ယုတ်မာကြောင်းကို ငါမသိ၊ ဤအရာကြောင့် ငါ့ကို အစဉ်အမြဲ ခံစားစေသည်။ လူတို့သည် ကိုယ်ကိုကိုင်း၍ ရယ်မောရန် ဤအခွင့်အရေးကို အသုံးပြုကြသည်၊ ၎င်းတို့သည် ငါ၏ မိတ်ဆွေ အစစ်အမှန်များ မဟုတ်ကြပေ။ ငါ ဒုက္ခရောက်သောအခါ ၎င်းတို့သည် ငါ့ကို တစ်စုံတစ်ရာ အကူအညီ မပေးကြသော်လည်း ငါ့ကို တမင်တကာ လှောင်ပြောင်ကြသည်၊ ၎င်းတို့၌ အမှန်တကယ်ပင် အသိစိတ် မရှိလေချင်း။

# အခန်း ၄၁

ဘုရားသခင်သည် လူသားအပေါ် မည်သို့အမှုပြုသနည်း။ ဤသည်ကို သင် နားလည်ပြီးပြီလော။ ယင်းသည် သင့်အဖို့ ရှင်းလင်းပါသလော။ ပြီးလျှင် သူသည် အသင်းတော်၌ မည်သို့အမှုပြုသနည်း။ ဤအရာများအပေါ် သင်၏ အမြင်များမှာ အဘယ်နည်း။ ဤမေးခွန်းများကို သင် စဉ်းစားဖူးပါသလော။ အသင်းတော်၌ သူ၏အမှုတော်မှတစ်ဆင့် မည်သည့်အရာကို သူ ပြီးမြောက်ရန် ဆန္ဒရှိသနည်း။ ဤအရာအားလုံးသည် သင့်အဖို့ ရှင်းလင်းပါသလော။ မရှင်းပါက သင် လုပ်သမျှအားလုံးသည် အချည်းနှီးဖြစ်ကာ အနှစ်သာရမရှိပေ။ ဤနှုတ်ကပတ်တော်များသည် သင်၏စိတ်နှလုံးကို တို့ထိပြီလော။ မလှုပ်မယှက် ဆုတ်ခွာခြင်းမရှိဘဲ တက်ကြွသော တိုးတက်မှု ပြုလုပ်ခြင်းမျှ- ဤအရာက ဘုရားသခင်၏အလိုတော်ကို ဖြည့်ဆည်းလိမ့်မည်လော။ ကျိုးကြောင်းမမြင်ဘဲ ပူးပေါင်းဆောင်ရွက်ခြင်းသည် လုံလောက်သလော။ သင်သည် ရူပါရုံနှင့်ပတ်သက်၍ မရှင်းမလင်းဖြစ်ပါက၊ မည်သည့်အရာကို လုပ်ဆောင်သင့်သနည်း။ နောက်ထပ် မရှာဖွေဖို့သည် အဆင်ပြေမည်လော။ ဘုရားသခင်က၊ "တစ်ချိန်က ငါသည် လူသားတို့အလယ်တွင် ကြီးမားသော ကြိုးပမ်းအားထုတ်မှုတစ်ခု ဆောင်ရွက်ခဲ့သော်လည်း၊ ၎င်းတို့ သတိမပြုမိခဲ့ကြပေ၊ ထို့ကြောင့် ယင်းကို ၎င်းတို့ထံ တစ်ဆင့်ချင်းစီ ထုတ်ဖော်ပြရန် ငါ၏နှုတ်ကပတ်တော်ကို ငါအသုံးပြုခဲ့ရသည်။ သို့တိုင် လူသားသည် ငါ၏နှုတ်ကပတ်တော်များကို နားမလည်နိုင်သေးသကဲ့သို့၊ ငါ့အစီအစဉ်၏ ရည်ရွယ်ချက်ကို မသိနားမလည်ရှိမြဲရှိလေသည်" ဟုပြော၏။ ဤနှုတ်ကပတ်တော်များသည် မည်သည့်အရာကို ဆိုလိုသနည်း။ ယင်း၏ ရည်ရွယ်ချက်ကို သင်စဉ်းစားဖူးသလော။ ငါသည် ယင်းကို အပူအပင်မဲ့စွာနှင့် ရောက်တတ်ရာရာ အမှန်တကယ် ပြုလုပ်ခဲ့သလော။ ထိုသို့ဖြစ်ပါက

ဆိုလိုရင်းမှာ မည်သည့်အရာ ဖြစ်လေမည်နည်း။ သင့်အဖို့ ရည်ရွယ်ချက် မရှင်းလင်းသကဲ့သို့ နားမလည်နိုင်စရာဖြစ်ပါက၊ စစ်မှန်သော ပူးပေါင်းဆောင်ရွက်ခြင်းကို မည်သို့ စွမ်းဆောင်ရရှိနိုင်မည်နည်း။ လူသားမျိုးနွယ်အားလုံး၏ ရှာဖွေမှုသည် အတားအဆီးမဲ့သော ပင်လယ်များပေါ်၊ အနှစ်သာရမဲ့သော စကားများဖြင့် ရေးသားထားသော အယူဝါဒများအလယ်၌ ရှိသည်ဟု ဘုရားသခင် ဆိုသည်။ သင်တို့၏လိုက်စားမှုများအတွက်မူ၊ ယင်းတို့ မည်သည့်အတန်းအစားနှင့် သက်ဆိုင်သည်ကိုပင် သင် မရှင်းပြနိုင်ပေ။ ဘုရားသခင်သည် လူသား၌ မည်သည့်အရာကို ပြီးမြောက်လိုသနည်း။ ဤအရာအားလုံးနှင့်ပတ်သက်၍ သင်တို့ ရှင်းလင်းသင့်သည်။ ယင်းသည် အဆင်းနီသောနဂါးကြီးကို အပျက်သဘောဆောင်သော နည်းလမ်းဖြင့် အရှက်ရစေဖို့သာ ဖြစ်သလော။ အဆင်းနီသောနဂါးကြီးကို အရှက်ရစေပြီးနောက်၊ ဘုရားသခင်သည် တောတောင်များထဲသို့ လက်ချည်းသက်သက် သွားပြီး လူသူဝေးရာတွင် နေထိုင်မည်လော။ ထိုသို့ဆိုလျှင် ဘုရားသခင် လိုချင်သည့်အရာမှာ မည်သည့်အရာနည်း။ သူသည် လူသားတို့၏စိတ်နှလုံးများကို အမှန်တကယ် လိုချင်သလော။ သို့မဟုတ် ၎င်းတို့၏ဘဝများကို လိုချင်သလော။ သို့မဟုတ် ၎င်းတို့၏ကြွယ်ဝချမ်းသာမှုနှင့် ပိုင်ဆိုင်မှုများကိုလော။ ဤအရာများသည် မည်သို့အသုံးဝင်သနည်း။ ယင်းတို့သည် ဘုရားသခင်အဖို့ အသုံးဝင်ခြင်း မရှိပေ။ ဘုရားသခင်သည် သူ၏ "တတ်စွမ်းနိုင်မှုများ" ကို ထင်ရှားနိုင်စေဖို့အလို့ငှာ၊ စာတန်အပေါ် အောင်နိုင်ခြင်း၏ သက်သေအဖြစ် လူသားကို အသုံးပြုရန်သာ လူသားအပေါ် အလွန်များစွာသော အမှုကို လုပ်ဆောင်လေပြီလော။ သို့ဆိုလျှင် ဘုရားသခင်သည် အတော်အတန် "သေးနုပ်" ပုံပေါ်မည် မဟုတ်လော။ ဘုရားသခင်သည် ထိုသို့သော ဘုရားမျိုးလော။ လူကြီးများအား အခြားသူများနှင့် ရန်တိုက်ပေးသည့် ကလေးတစ်ဦးကဲ့သို့လော။ ယင်း၏ ဆိုလိုရင်းမှာ မည်သည့်အရာ ဖြစ်မည်နည်း။ လူသားသည် ဘုရားသခင်ကို အကဲဖြတ်ရန် သူ၏ကိုယ်ပိုင်အယူအဆများကို စဉ်ဆက်မပြတ် အသုံးပြု၏။ ဘုရားသခင်က "တစ်နှစ်တွင် လေးရာသီရှိပြီး ရာသီတစ်ခုစီတွင် သုံးလရှိသည်" ဟု တစ်ချိန်က ပြောခဲ့၏။ လူသားသည် ဤစကားများကို နားထောင်သည်၊ ယင်းတို့ကို မှတ်ဉာဏ်တွင် မှတ်သားပြီး၊ ရာသီတစ်ခုတွင် သုံးလရှိပြီး တစ်နှစ်တွင် လေးရာသီရှိသည်ဟု အမြဲ ပြောခဲ့လေသည်။ ဘုရားသခင်က၊ "တစ်နှစ်တွင် ရာသီမည်မျှရှိသနည်း။ ပြီးလျှင် ရာသီတစ်ခုတွင် လပေါင်းမည်မျှ ရှိသနည်း" ဟု မေးသောအခါ၊ လူသားက တညီတညွတ်တည်း၊ "လေးရာသီ၊ သုံးလ" ဟု ဖြေ၏။ လူသားသည် စည်းမျဉ်းများနှင့်ဆိုင်သော နည်းလမ်းဖြင့် ဘုရားသခင်ကို အဓိပ္ပာယ်ဖွင့်ရန် အစဉ်ကြိုးစားပြီး၊ ယခုတွင် "တစ်နှစ်တွင်

သုံးရာသီ၊ တစ်ရာသီတွင် လေးလ" ဟူသည့် ခေတ်ထဲသို့ ဝင်ရောက်ပြီးသည့်နောက်၊ လူသားသည် မျက်စိကန်းသွားပြီးဖြစ်သည့်အလား၊ အရာခပ်သိမ်းတွင် စည်းမျဉ်းများကို ရှာဖွေရင်း သတိမမူမိဘဲရှိနေသည်။ ယနေ့တွင် လူသားမျိုးနွယ်သည် သူ၏ "စည်းမျဉ်းများ" ကို ဘုရားသခင်အဖို့ ကျင့်သုံးရန် ကြိုးစားနေသည်။ ၎င်းတို့သည် အမှန်တကယ် မျက်စိကန်းကြသည်။ ယခုတွင် "ဆောင်းရာသီ" မရှိ၊ "နွေဦးရာသီ၊ နွေရာသီနှင့် ဆောင်းဦးရာသီ" တို့သာ ရှိသည်ကို ၎င်းတို့ မမြင်သလော။ လူသားသည် အမှန်တကယ် မိုက်မဲသည်တကား။ ဤအဆင့်အထိ ရောက်လာပြီးဖြစ်ကာ သယ်ယူပို့ဆောင်ရေးသည် အဆင်မပြေသကဲ့သို့၊ လူတို့ လမ်းသာ လျှောက်သင့်ကြသည် သို့မဟုတ် မြည်းကလေးကို ဆောင်သင့်သည်ဟု ထင်သူ သို့မဟုတ် လူတို့သည် ဆီမီးများ အသုံးပြုသင့်သည်ဟု ထင်သူ သို့မဟုတ် ရှေးကျသော ဘဝနည်းလမ်းတစ်ခုသည် အောင်မြင်နေဆဲဖြစ်သည်ဟု ယုံကြည်သူ၊ ၁၉၂၀ ခုနှစ်ဝန်းကျင်က လူတစ်ဦးကဲ့သို့ ဘုရားသခင်အား မည်သို့သိကျွမ်းရမည်ကို မသိဆဲဖြစ်၏။ ဤအရာအားလုံးသည် လူသားများ၏ ဦးနှောက်များထဲတွင် တည်ရှိသော အယူအဆများ မဟုတ်သော။ ယနေ့တွင် ၎င်းတို့သည် သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်အကြောင်းကို အဘယ့်ကြောင့် ပြောကြသေးသနည်း။ ဤအရာ၏ အသုံးဝင်မှုမှာ အဘယ်နည်း။ ယင်းမှာ မိမိ၏အတိတ်အကြောင်း တောင်စဉ်ရေမရ ပြန်ပြောနေသည့် အဖွားအိုတစ်ဦးကဲ့သို့ ဖြစ်သည်- ဤစကားများသည် အဘယ်သုံးဝင်မှု ရှိပါသနည်း။ စင်စစ်တွင် ပစ္စုပ္ပန်သည် ပစ္စုပ္ပန်ဖြစ်၏။ အချိန်ကို အနှစ် ၂၀ သို့မဟုတ် ၃၀ ပြန်လှည့်၍ရနိုင်သလော။ လူအားလုံးသည် အများနည်းတူ အမြဲလိုက်လုပ်ကြ၏၊ ၎င်းတို့သည် ဤအရာကို လက်ခံရန် အဘယ်ကြောင့် အလွန်ဝန်လေးကြသနည်း။ ပြစ်တင်ဆုံးမခြင်းနှင့်ဆိုင်သည့် မျက်မှောက်ခေတ်တွင်၊ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်အကြောင်း ပြောဆိုခြင်းတွင် အဘယ်အသုံးဝင်သနည်း။ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်- ဘုရားသခင်ထံတွင် ရှိသည်မှာ ထိုမျှသာလော။ ဤ "ဂျုံနှင့်ဆန်" ခေတ်တွင် လူတို့သည် "အခွံချွတ်ထားသည့် နှံစားပြောင်းများနှင့် အလေ့ကျပေါက်သော ဟင်းသီးဟင်းရွက်များ" ကိုသာ အဘယ်ကြောင့် ဆက်လက် တည်ခင်းနေသနည်း။ ဘုရားသခင်က လုပ်ဆောင်ရန် လိုလားခြင်း မရှိသည့်အရာကို၊ လူသားက သူ့အပေါ် အတင်းအကျပ်ပြုပေသည်။ သူ ခုခံပါက၊ သူသည် "တန်ပြန်တော်လှန်ရေးသမား" တစ်ဦးအဖြစ် အမည်တပ်ခံရပြီး၊ ဘုရားသခင်သည် ပင်ကိုအားဖြင့် သနားကရုဏာနှင့်ပြည့်စုံသော သို့မဟုတ် ချစ်ခင်သော ဘုရားသခင် မဟုတ်သည်ကို ထပ်တလဲလဲ ပြောထားပြီးဖြစ်သော်လည်း၊ မည်သူ နားထောင်သနည်း။ လူသားသည် အလွန် ရယ်ဖွယ်ကောင်း၏။ ယင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်

ထိရောက်မှုရှိသည့်အလား ဖြစ်သည်။ လူသားတို့သည် ငါ၏နှုတ်ကပတ်တော်များကို ကွဲပြားသောအမြင်ဖြင့် အစဉ်မြင်၏။ အပြစ်မဲ့သော လူတို့သည် အခြေအမြစ်မရှိဘဲ ပြစ်မှုများဖြင့် စွပ်စွဲခံရပြီးဖြစ်သည့်အလား၊ ဘုရားသခင်သည် လူသားမျိုးနွယ်၏ အနိုင်ကျင့်ခြင်းကို အစဉ်ခံရ၏- ထို့ကြောင့် ဘုရားသခင်နှင့် တစ်စိတ်တစ်ဝမ်းတည်း မည်သူ ရှိနိုင်သနည်း။ သင်တို့သည် ဘုရားသခင်၏ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်၌ နေထိုင်ရန် အစဉ် လိုလားနေသည်၊ ထို့ကြောင့် ဘုရားသခင်အတွက် လူသား၏ စော်ကားမှုများကို သည်းခံရန်မှလွဲ၍ လုပ်ဆောင်စရာ မည်သည့်အရာ ရှိပါသနည်း။ သို့သော် သင်တို့သည် ဘုရားသခင်နှင့် အငြင်းအခုံမပြုမီ သန့်ရှင်းသောဝိညာဉ်တော် မည်သို့ အလုပ်လုပ်သည်ကို စေ့စေ့စပ်စပ် စူးစမ်းစစ်ဆေးလိမ့်မည်ဟု ငါမျှော်လင့်၏။ သို့ရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ မူရင်းအဓိပ္ပာယ်ကို သေချာစွာ စစ်ဆေးရန် သင့်ကို ငါတိုက်တွန်း၏- ဘုရားသခင်၏ နှုတ်ကပတ်တော်များ သည် "အားပျော့သည်" ဟု ယုံကြည်ခြင်းဖြင့် မိမိကိုယ်ကိုမိမိ တော်သည်ဟု မထင်လေနှင့်။ ယင်းမှာ မလိုအပ်ပေ။ ဘုရားသခင်မှ တိုက်ရိုက်မပြောခဲ့ပါက သို့မဟုတ် အင်မတန် ရှင်းလင်းစွာ မညွှန်ပြခဲ့ပါက၊ ဘုရားသခင်၏နှုတ်ကပတ်တော်များ မည်မျှ "အားပျော့"သည်ကို မည်သူ ပြောနိုင်သနည်း။ သင့်ကိုယ်သင် လွန်စွာအထင်မကြီးလေနှင့်။ သင်သည် သူ၏နှုတ်ကပတ်တော်များမှ လက်တွေ့လုပ်ဆောင်ခြင်း၏လမ်းကြောင်းကို တွေ့နိုင်ပါက၊ သင်သည် သူ၏ သတ်မှတ်ချက်များကို ပြည့်မီပြီးဖြစ်လိမ့်မည်။ အခြားမည်သည့်အရာကို မြင်တွေ့ရန် သင် ဆန္ဒရှိသနည်း။ ဘုရားသခင်က၊ "လူသား၏ အားနည်းခြင်းအတွက် ငါသည် မည်သည့် သနားကရုဏာမျှ ပြတော့မည် မဟုတ်"ဟု ပြော၏။ ဤသိသာပြီး ရိုးရှင်းသော နှုတ်ကပတ်တော်များ၏ အနက်အဓိပ္ပာယ်ကိုပင် သင် သဘောမပေါက်နိုင်ပါက၊ နောက်ထပ် လေ့လာခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၏ အကျိုးမှာ အဘယ်နည်း။ စက်နှင့်ဆိုင်သော အခြေခံအကျဆုံး အသိပညာပင်မရှိဘဲ၊ သင်သည် ဒုံးပျံတစ်စင်းကို တည်ဆောက်ရန် အရည်အချင်းပြည့်မီမည်လော။ ထိုသို့သော လူတစ်ဦးသည် အချည်းနှီးသော ဝါကြွားခြင်းများ ပြုသောသူတစ်ဦး ဖြစ်သည် မဟုတ်လော။ လူသားသည် ဘုရားသခင်၏အမှုကို လုပ်ဆောင်ရန် အင်အားများ မရှိပေ။ သူ့ကို ချီးမြှောက်သူမှာ ဘုရားသခင် ဖြစ်သည်။ မည်သည့်အရာကို သူချစ်သည်၊ မည်သည့်အရာကို သူမုန်းသည် ဆိုသည်ကိုမသိဘဲ သူ့ကို အစေခံနေခြင်း- ဤသည်မှာ အလွန်တရာ ဆိုးရွားသော အပျက်သဘောဆောင်သည့် အကျိုးဆက်ရလဒ်ကို ဖြစ်စေနိုင်သည် မဟုတ်သလော။ လူသားတို့သည် မိမိတို့ကိုယ်ကိုယ် မသိကြချေ၊ သို့သော် မိမိတို့ကိုယ်ကိုယ် ထူးကဲသည်ဟု ထင်ကြ၏။ ၎င်းတို့ မည်သူဖြစ်ကြသည်ဟု ၎င်းတို့

ထင်ကြသနည်း။ မည်သည့်အရာ ကောင်းသည် မည်သည့်အရာဆိုးသည်တို့ကို ၎င်းတို့ မသိကြချေ။ အတိတ်ကို ပြန်စဉ်းစားကာ အနာဂတ်ကို ကြို၍ကြည့်လော့- သင်မည်သို့ထင်သနည်း။ ယင်းနောက်တွင် သင့်ကိုယ်သင် သိရှိလာပါလေ။

ဘုရားသခင်သည် လူသား၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များအကြောင်း များစွာ ထုတ်ဖော်ပြပြီးဖြစ်သည်။ သူက၊ "ထိုအခါမှသာ လူသား၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်တို့ကို ရှင်းလင်းစွာ ငါမြင်ခဲ့ရသည်။ တိမ်များအတွင်းမှ ငါသည် သက်ပြင်းချခဲ့သည်- လူသားသည် အဘယ့်ကြောင့် မိမိတို့ကိုယ်ကိုယ်အတွက် အမြဲ ဆောင်ရွက်သနည်း။ ငါ၏ပြစ်တင်ဆုံးမမှုများသည် ၎င်းတို့ကို စုံလင်စေရန် မရည်ရွယ်သလော။ ငါသည် ၎င်းတို့၏ အပြုသဘောဆောင်သော သဘောထားကို တမင်တကာ တိုက်ခိုက်နေသလော" ဟုပြောခဲ့၏။ ဤနှုတ်ကပတ်တော်များမှ သင်တို့သည် မိမိတို့ကိုယ်ကိုယ်အကြောင်း မည်မျှ သင်ယူပြီးပြီနည်း။ လူသား၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များသည် အမှန်တကယ် မရှိတော့ပြီလော။ ဤအရာကို သင်တို့ဘာသာ စစ်ဆေးဖူးပါသလော။ သင်တို့သည်လည်း ဘုရားသခင်၏ ရှေ့မှောက်လာပြီ ဤအရာကို နားလည်ဖို့ ကြိုးစားကောင်း ကြိုးစားနိုင်သည်။ သင်တို့အထဲတွင် ဘုရားသခင် လုပ်ဆောင်ပြီးဖြစ်သည့် ပြစ်တင်ဆုံးမခြင်းအမှုသည် မည်သည့် ရလဒ်ကို စွမ်းဆောင်ရရှိပြီးဖြစ်သနည်း။ ယင်းကို သင်တို့ အကျဉ်းချုပ်ပြီးပြီလော။ ရလဒ်မှာ ပပြောပလောက်သည့်အရာ ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ်ပါက သင်တို့သည် ကြီးကျယ်ခမ်းနားသော ဝေါဟာရဖြင့် ယင်းကို ပြောဆိုနှင့်ပြီး ဖြစ်မည် မဟုတ်လော။ ဘုရားသခင်က သင်တို့ကို မည်သည့်အရာ စွမ်းဆောင်ရရှိစေသနည်း။ သင်တို့ထံ ပြောဆိုပြီး ဖြစ်သည့် နှုတ်ကပတ်တော်များထဲမှ၊ မည်မျှသည် အကျိုးဖြစ်ထွန်းလာပြီး ဖြစ်ကာ မည်မျှသည် အချည်းနှီးဖြစ်လာပြီး ဖြစ်သနည်း။ ဘုရားသခင်၏ အမြင်တွင်၊ သူ၏နှုတ်ကပတ်တော်များ အနည်းငယ်သာ အကျိုးဖြစ်ထွန်းလာပြီး ဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူသားသည် သူ၏ နှုတ်ကပတ်တော်များ၏ မူလအဓိပ္ပာယ်ကို ဖတ်ရှု၍ တစ်ကြိမ်တစ်ခါမျှ အဓိပ္ပာယ်ဖော်နိုင်ခြင်း မရှိသောကြောင့်ဖြစ်ပြီး၊ သူ လက်ခံသည့်အရာမှာ နံရံကို ပြန်ကန်ထွက်လျက်ရှိသည့် နှုတ်ကပတ်တော်များ၏ ပဲ့တင်သံများသာ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အလိုကို သိရှိဖို့ နည်းလမ်းဖြစ်သလော။ မကြာမီတွင်၊ ဘုရားသခင်ထံတွင် လူသားကို လုပ်ဆောင်ခိုင်းဖို့ သာ၍ များသော အလုပ်ရှိလိမ့်မည်။ လူသားသည် ယခု သူရှိသည့် သေးငယ်သော ဝိညာဉ်ရင့်ကျက်မှုဖြင့် ယင်းအလုပ်ကို ပြီးမြောက်စေနိုင်မည်လော။ သွေဖည်ခြင်းမရှိပါက၊ မှားယွင်းခြင်း သို့မဟုတ်ပါက မာနထောင်လွှားခြင်း- ယင်းမှာ လူသား၏

သဘာဝ ဖြစ်ပုံရပေမည်။ ဤအရာကို နားလည်ရခက်သည်ဟု ငါ မြင်၏။ ဘုရားသခင်သည် အလွန်များစွာ ပြောဆိုပြီးဖြစ်သော်လည်း၊ လူသားသည် ယင်းထဲမှ မည်သည့်အရာကိုမျှ အဘယ်ကြောင့် နှလုံးမသွင်းသနည်း။ ဘုရားသခင်သည် လူသားနှင့် ပတ်သက်၍ ဟာသလုပ်နေပြီး မည်သည့် ရလဒ်မျှ မရှာဖွေခြင်း ဖြစ်နိုင်မည်လော။ သို့မဟုတ် “ဝမ်းမြောက်ခြင်း၊ ဒေါသ၊ ဝမ်းနည်းခြင်းနှင့် ပျော်ရွှင်ခြင်း” ဟုခေါ်သည့် ပြဇာတ်တစ်ခုကို လူသားအား တင်ဆက်စေခြင်းလော။ လူသားအား တစ်ခဏကြာ ပျော်ရွှင်စေရင်း၊ နောက်တစ်ခဏတွင် ငိုစေရင်း- ထို့နောက် လူသားသည် ပရိသတ်မမြင်ရသည့်အခါ၊ သူသည် စိတ်တိုင်းကျနေခွင့်ပေးခြင်း ခံရလေသလော။ ဤအရာ၏ ရလဒ်သည် မည်သည့်အရာ ဖြစ်မည်နည်း။ “လူသားအပေါ် ငါပြုသော သတ်မှတ်ချက်များသည် အဘယ့်ကြောင့် အမြဲ အချည်းနှီးဖြစ်လာရသနည်း။ ငါသည် ခွေးတစ်ကောင်ကို သစ်ပင်တစ်ပင်ပေါ် တက်ဖို့ရန် တောင်းဆိုနေ၍များ ဖြစ်နိုင်မည်လော။ ငါသည် ဘာမျှမဟုတ်သည့် အရာကို ရေးကြီးခွင်ကျယ် လုပ်နေခြင်းဖြစ်သလော။” ဘုရားသခင်၏ နှုတ်ကပတ်တော်များအားလုံးသည် လူသား၏ တကယ့်အခြေအနေကို ရည်ရွယ်လေသည်။ မည်သူမည် ဘုရားသခင်၏နှုတ်ကပတ်တော်အတွင်း အသက်ရှင်သည်ကို တွေ့မြင်ဖို့ လူအားလုံး၏ အတွင်းသို့ ကြည့်ရှုရန်မှာ အကျိုးမယုတ်နိုင်ပေ။ “ယခုတွင်ပင်၊ နယ်မြေ၏ အများအပြားသည် ဆက်၍ပြောင်းလဲလေသည်။ အကယ်၍ တစ်နေ့နေ့တွင် နယ်မြေသည် အခြားသောပုံစံအဖြစ်သို့ အမှန်တကယ် ပြောင်းလဲသွားပါက၊ ငါသည် ယင်းကို မဆိုင်းမတွ ဘေးဖယ်ထားလိုက်မည် ဖြစ်သည်- ဤသည်မှာ လတ်တလော အဆင့်ထဲက ငါ၏ အမှု အတိအကျ ဖြစ်သည် မဟုတ်လော။” ဧကန်အမှန် ယခုတွင်ပင် ဘုရားသခင်သည် သူ၏အမှုကို ဆောင်ရွက်နေ၏၊ သို့ရာတွင် အရာရာသည် လုပ်ငန်းစဉ်တစ်ရပ် ရှိရမည်ဖြစ်သောကြောင့်၊ ဘုရားသခင်က “ယင်းကို မဆိုင်းမတွ ဘေးဖယ်ထားလိုက်မည်” ဆိုသည့်အရာနှင့်ပတ်သက်၍ ပြောဆိုသည့်အရာမှာ အနာဂတ်ကို ရည်ညွှန်း၏။ ဘုရားသခင်၏ လတ်တလော အမှုသည် ဤအရာဘက်သို့ ယိမ်းပေသည်- ဤသည်မှာ သင်တို့အဖို့ ရှင်းလင်းပါသလော။ လူသား၏ရည်ရွယ်ချက်များတွင် အပြစ်အနာအဆာများ ရှိပြီး၊ မသန့်ရှင်းသောဝိညာဉ်များသည် ဝင်ရောက်ရန် ဤအခွင့်အရေးကို မလွှတ်တမ်း အသုံးချကြလေသည်။ ဤအချိန်တွင် “နယ်မြေသည် အခြားသော ပုံစံအဖြစ်သို့ အမှန်တကယ် ပြောင်းလဲသွား” သည်။ ထိုအခါ တိုးတက်သည့် ကမ္ဘာမြေပေါ်တွင် အခြားသော အရာများ ရှိလိမ့်မည်ဖြစ်သည့်အတွက်၊ လူတို့သည် ၎င်းတို့၏ အနှစ်သာရထဲက အပြောင်းအလဲတစ်ခု မဟုတ်သော်လည်း၊ အရည်အသွေးဆိုင်ရာ အပြောင်းအလဲကို ကြုံကြရပြီး ဖြစ်လိမ့်မည်။ တစ်နည်းအားဖြင့်

မူလကမ္ဘာသည် နိမ့်ကျသော်လည်း၊ ယင်း၏ တိုးတက်မှုနောက်တွင်၊ အသုံးပြုခံရနိုင်ပေသည်။ သို့ရာတွင် ယင်းသည် ကာလတစ်ခုကြာ အသုံးပြုခံရကာ အသုံးပြုမခံရတော့သည့်နောက်တွင်၊ ယင်းသည် မူလ သွင်ပြင်သို့ တဖြည်းဖြည်း ဒုံးရင်းအတိုင်း ပြန်ဆိုက်လိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏အမှုထဲက နောက်တဆင့်၏ အကျဉ်းချုပ်ဖြစ်၏။ ယင်းမှာ အရာခပ်သိမ်းအတွက် ၎င်းတို့၏ အမျိုးအစားအလိုက် ခွဲခြားခံရမည့် အချိန် ဖြစ်လိမ့်မည်ဖြစ်သောကြောင့်၊ အနာဂတ်အမှုသည် သာ၍ ရှုပ်ထွေးလိမ့်မည်။ တွေ့ဆုံရမည့်နေရာတွင်၊ အမှုအရာများ အဆုံးသတ်လာချိန်တွင်၊ မလွဲမသွေ ပရမ်းပတာ အခြေအနေ ရှိလိမ့်မည်ဖြစ်ပြီး၊ လူသားသည် အားကောင်းသော ခံယူချက် မရှိဘဲ ဖြစ်လိမ့်မည်။ ယင်းမှာ ဘုရားသခင်က၊ "လူသားများသည် တီးခတ်လျက် ရှိသည့် မည်သည့်သံစဉ်ကိုမဆို လိုက်ဆိုသည့် ဖျော်ဖြေသူများသာ ဖြစ်သည်" ဟူ၍ ပြောခဲ့သည့်အတိုင်းသာ ဖြစ်၏။ လူသားတို့သည် တီးခတ်လျက် ရှိသည့် မည်သည့်သံစဉ်ကိုမဆို လိုက်ဆိုဖို့ အစွမ်းအစရှိသည်၊ ထို့ကြောင့် ဘုရားသခင်သည် သူ၏ အမှုထဲက နောက်တစ်ဆင့်ကို ယူဆောင်ဖို့ ၎င်းတို့ထဲတွင် ဤတကယ့်ချွတ်ယွင်းချက်ကို အသုံးချသည်၊ ထိုသို့ဖြင့် လူသားအားလုံးကို ဤချွတ်ယွင်းချက်အား ကုစားနိုင်စေလေသည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် လူသားများသည် တံတိုင်း ထိပ်ဖျားတွင် ပေါက်နေသည့် မြက်ပင်ကဲ့သို့ ဖြစ်ကြသည်မှာ ၎င်းတို့သည် စစ်မှန်သောဝိညာဉ်ရင့်ကျက်မှု မရှိကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ဝိညာဉ်ရင့်ကျက်မှု အမှန်တကယ် ရရှိခဲ့ပါက၊ ၎င်းတို့သည် ကောင်းကင်ကို ထိသည့် မြင့်မားသောသစ်ပင်များ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် လူသားမျိုးနွယ်အပေါင်းတို့က ၎င်းတို့၏ "ဘိုးဘေးများ"ကို အမှန်တကယ် သိရှိနိုင်ကြဖို့အလို့ငှာ၊ ဤလူတို့အား နတ်ဆိုးများ၏ ဒုစရိုက်များကို လုံးဝ ရိပ်စားမိနိုင်စေရင်း၊ လူသားမျိုးနွယ်၏ တစ်စိတ်တစ်ပိုင်းကို စုံလင်စေရန် ဝိညာဉ်ဆိုးများ၏ အလုပ် တစ်စိတ်တစ်ပိုင်းကို အသုံးပြုဖို့ ဘုရားသခင် ရည်ရွယ်၏။ ဤနည်းဖြင့်သာ လူသားများသည် နတ်ဆိုးတို့၏ နောင်လာနောက်သားတို့ကိုသာမက၊ နတ်ဆိုးတို့၏ ဘိုးဘေးများကိုပင် စွန့်ပစ်ရင်း၊ လုံးဝ ရုန်းထွက်လွတ်မြောက် နိုင်ကြပေသည်။ ဤသည်မှာ လူသားမျိုးနွယ်အပေါင်းတို့က အဆင်းနီသောနဂါးကြီး၏ စစ်မှန်သော ပုံသဏ္ဌာန်ကို သိကြဖို့အလို့ငှာ၊ ၎င်း၏ မျက်နှာဖုံးကို အပြည့်အဝ ဆွဲချွတ်ဖို့ရန်နှင့် ၎င်း၏စစ်မှန်သော ပုံသဏ္ဌာန်ကို မြင်စေရန်အလို့ငှာ၊ အဆင်းနီသောနဂါးကြီးကို လုံးဝ အနိုင်ယူရာတွင် ဘုရားသခင်၏ စစ်မှန်သော ရည်ရွယ်ချက်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် စွမ်းဆောင်ရရှိလိုသည့်အရာဖြစ်သည်၊ ယင်းသည် ကမ္ဘာမြေပေါ်သူ လုပ်ဆောင်ပြီးသမျှ အမှုအားလုံး၏ နောက်ဆုံး ရည်မှန်းချက်ပန်းတိုင်ဖြစ်ပြီး၊ ယင်းမှာ လူသားမျိုးနွယ်အပေါင်းတို့၌

ပြီးမြောက်ဖို့ သူ ရည်မှန်းသည့်အရာ ဖြစ်သည်။ ဤအရာကို ဘုရားသခင်၏ရည်ရွယ်ချက်အား အသုံးတော်ခံရန် အရာခပ်သိမ်းကို ဆော်ဩစည်းရုံးခြင်းအဖြစ် သိရပေသည်။

အနာဂတ်အမှုအတွက်မူ၊ ယင်းကို မည်သို့ လုပ်ဆောင်လိမ့်မည် ဆိုသည်နှင့်ပတ်သက်၍ သင်တို့ ရှင်းလင်းပါသလော။ ဤအရာများကို နားလည်ထားရမည်။ ဥပမာအားဖြင့်- ဘုရားသခင်က လူသားတို့သည် ၎င်းတို့ လုပ်ဆောင်နေသင့်သည့်အရာကို အဘယ်ကြောင့် ၎င်းတို့ လုံး၀ အာရုံမစိုက်ကြဟု အဘယ်ကြောင့်ပြောသနည်း။ ၎င်းတို့ကို သူတာဝန်ပေးပြီး ဖြစ်သည့် “အိမ်စာ”ကို မပြီးစီးနိုင်ကြသည့် လူများစွာရှိသည်ဟု သူ အဘယ်ကြောင့် ပြောသနည်း။ ဤအရာတို့ကို မည်သို့ စွမ်းဆောင်ရရှိနိုင်မည်နည်း။ ဤမေးခွန်းများကို သင်တို့ စဉ်းစားဖူးပါသလော။ ဤအရာတို့သည် သင်တို့အတွက် မိတ်သဟာယ၏ အကြောင်းအရာများ ဖြစ်လာပြီလော။ အမှု၏ဤအဆင့်တွင် လူသားအား ဘုရားသခင်၏ လက်ရှိရည်ရွယ်ချက်များကို နားလည်စေရမည်ဖြစ်သည်။ ဤအရာကို စွမ်းဆောင်ရရှိပြီးသည်နှင့်တစ်ပြိုင်နက်၊ အခြားအရာများကို ဆွေးနွေးနိုင်ပေသည်- ဤသည်မှာ အမှုအရာများကို လုပ်ဖို့ ကောင်းမွန်သည့် နည်းလမ်းတစ်ခု မဟုတ်လော။ လူသား၌ ဘုရားသခင် စွမ်းဆောင်ရရှိရန် ဆန္ဒရှိသည့်အရာကို ရှင်းရှင်းလင်းလင်း ရှင်းပြဖို့ လိုအပ်သည် သို့မဟုတ်ပါက အားလုံး အချည်းနှီးဖြစ်မည်ဖြစ်ပြီး၊ လူသားသည် ယင်းကို စွမ်းဆောင်ရရှိဖို့ မဆိုထားနှင့် ယင်းအထဲသို့ ဝင်ရောက်နိုင်မည်မဟုတ်သကဲ့သို့၊ အားလုံးသည် အနှစ်မဲ့စကား ဖြစ်ပေမည်။ ယနေ့ ဘုရားသခင် ပြောပြီးသည့်အရာအတွက်မူ- ယင်းကို လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်းတစ်ခု သင် ရှာတွေ့ပြီးပြီလော။ လူအားလုံးသည် ဘုရားသခင်၏နှုတ်ကပတ်တော်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှု ခံစားချက်တစ်ခု ရှိကြသည်။ ၎င်းတို့သည် ယင်းတို့ကို အပြည့်အဝ နားမလည်နိုင်ကြပေ၊ သို့သော် ဘုရားသခင်အား ပြစ်မှားစော်ကားမည်ကိုလည်း ကြောက်ရွံ့ကြ၏။ ယခုထက်ထိ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ဖို့ နည်းလမ်းမည်မျှ တွေ့ရှိရပြီးပြီနည်း။ လူအများစုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအား မည်သို့ စားသောက်ရမည်ကို မသိကြပေ။ ဤအရာကို မည်သို့ဖြေရှင်းနိုင်မည်နည်း။ ယနေ့ နှုတ်ကပတ်တော်များအတွင်းတွင် စားသောက်ဖို့ နည်းလမ်းတစ်ခုကို သင် ရှာတွေ့ခဲ့ပါသလော။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် သင်သည် ပူးပေါင်းလုပ်ဆောင်ဖို့ ယခု မည်သို့ ကြိုးစားနေပါသနည်း။ သင်တို့အားလုံး နှုတ်ကပတ်တော်များကို စားသောက်ပြီးသည်နှင့်တစ်ပြိုင်နက်၊ ယင်းတို့နှင့်ပတ်သက်သည့် သင်တို့၏ ပြန်ပြောင်းဆင်ခြင် သုံးသပ်ချက်တို့ကို မည်သည့် နည်းလမ်းမှတစ်ဆင့် သင်တို့ ဆွေးနွေးမည်နည်း။ ဤသည်မှာ လူသားက လုပ်ဆောင်သင့်သည့် အရာ ဖြစ်သည်မဟုတ်လော။

အတည်ပြုပြီးသား ရောဂါတစ်ခုအတွက် သင့်တော်သည့် ဆေးကို မည်သို့ ညွှန်ကြားပါသနည်း။ သင်တို့သည် မိန့်မြွက်ချက်တစ်ခုကို တိုက်ရိုက် ထုတ်ပြန်ဖို့ ဘုရားသခင်ကို လိုအပ်သေးသလော။ ဤသည်မှာ လိုအပ်ပါသလော။ အထက်တွင်ဆိုခဲ့ပြီးသော ပြဿနာများကို မည်သို့ လုံးဝ အမြစ်ဖြတ်နိုင်သနည်း။ ဤသည်မှာ သင်တို့၏ လက်တွေ့ကျသော လုပ်ရပ်များတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ သင်တို့ ပူးပေါင်းလုပ်ဆောင်နိုင်ခြင်း ရှိ မရှိ ဆိုသည့်အပေါ် မူတည်ပေသည်။ သင့်တော်သော ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကြီးမားသောအမှုကို ပြုလိမ့်မည်။ သင့်တော်သော ပူးပေါင်းဆောင်ရွက်ခြင်း မရှိဘဲ၊ ယင်းအစား မရှင်းလင်းမှုသာရှိပါက၊ သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏ တန်ခိုးကို ထုတ်လွှတ်မည့် အနေအထားတွင် ရှိလိမ့်မည်မဟုတ်။ "သင်သည် မိမိကိုယ်ကိုယ် သိရှိပြီး သင်၏ရန်သူကိုသိပါက၊ အောင်မြင်ခြင်းသည် အမြဲ သင့်အတွက်ဖြစ်လိမ့်မည်။" ဤစကားများကို ပထမဦးစွာ မည်သူပဲ ပြောခဲ့ပါစေ၊ ယင်းတို့ကို သင်တို့ကျင့်သုံးဖို့ အသင့်တော်ဆုံးဖြစ်ပေ၏။ တိုတိုပြောရလျှင် သင်တို့သည် သင်တို့၏ရန်သူများကို မသိမီ သင်တို့ကိုယ်သင်တို့ သိရမည်ဖြစ်ပြီး၊ နှစ်ခုလုံးကို သင် လုပ်ဆောင် ပြီးသည့်နောက်တွင် တိုက်ပွဲတိုင်းကို သင်တို့ နိုင်လိမ့်မည်။ ဤသည်တို့မှာ သင်တို့ လုပ်ဆောင်နိုင်သင့်သည့် အရာအားလုံး ဖြစ်သည်။ ဘုရားသခင်က သင့်အပေါ် မည်သည့်အရာ တောင်းဆိုသည်ဖြစ်စေ၊ ယင်းအပေါ် အစွမ်းကုန် သင် အလုပ်လုပ်ရန်သာ လိုအပ်ပြီး၊ သင်သည် အဆုံး၌ ဘုရားသခင်၏ ရှေ့မှောက်သို့ လာနိုင်လိမ့်မည်ဖြစ်ပြီး သူ့အား သင်၏ အဆုံးစွန် ဆည်းကပ်မှုကို ပေးနိုင်လိမ့်မည်ဟု ငါမျှော်လင့်သည်။ ဘုရားသခင်သည် သူ၏ ပလ္လင်ထက်တွင် ထိုင်နေရင်း သူ၏ကျေနပ်နှစ်သက်သော အပြုံးကို သင် မြင်နိုင်သရွေ့ ဤအခိုက်အတန့်သည် သတ်မှတ်ထားသည့် သင်၏ သေဆုံးခြင်းအချိန်ဖြစ်လျှင်ပင်၊ သင်၏မျက်လုံးများပိတ်စဉ် သင်သည် ရယ်ကာ ပြုံးနိုင်သင့်ပေသည်။ ကမ္ဘာမြေကြီးပေါ် ရှိ သင်၏ အချိန်ကာလ အတောအတွင်းတွင်၊ သင်သည် ဘုရားသခင်အတွက် သင်၏နောက်ဆုံး တာဝန်ကို လုပ်ဆောင်ရမည်။ အတိတ်တွင် ပေတရုသည် ဘုရားသခင်အတွက် ဇောက်ထိုး ကားစင်တင်ခံခဲ့ရသည်။ သို့သော် သင်သည် အဆုံး၌ ဘုရားသခင်ကို စိတ်ကျေနပ်စေသင့်ပြီး ဘုရားသခင်အတွက် သင်၏အင်အားအလုံးစုံကို သုံးသင့်သည်။ ဘုရားသခင်၏ ကိုယ်စား ဖန်ဆင်းခံသတ္တဝါတစ်ဦးသည် မည်သည့်အရာ လုပ်ဆောင်နိုင်သနည်း။ ထို့ကြောင့် သူ ဆန္ဒရှိသည်အတိုင်း သင့်ကို နေရာချဖို့ရန်အတွက်၊ သင်သည် အချိန်ဆွဲမနေဘဲ သင့်ကိုယ်သင် ဘုရားသခင်ထံ မြန်မြန် ပေးအပ်သင့်သည်။ ယင်းက ဘုရားသခင်အား ပျော်ရွှင်စေပြီး

ကျေနပ်စေသရွေ့ သင်နှင့်ပတ်သက်၍ သူ ဆန္ဒရှိသည်အတိုင်း လုပ်ဆောင်ပါလေ့စေ။ လူသားများသည် စောဒကတက်သည့် စကားများ ပြောဆိုရန် မည်သည့်အခွင့်ရှိသနည်း။

# အခန်း ၄၂

ယနေ့ မိန့်မြွက်ချက်များထဲတွင် အပြောင်းအလဲတစ်စုံတစ်ရာကို လူတို့သတိပြုမိပြီးခြင်းရှိမရှိ ငါမသိပေ။ လူအချို့သည် အနည်းငယ်ကို မြင်ကောင်း မြင်ခဲ့နိုင်သော်လည်း ၎င်းတို့အနေဖြင့် တပ်အပ်မပြောရဲကြပေ။ အခြားသူများမှာ မည်သည့်အရာကိုမျှ သတိမမူမိခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ပြက္ခဒိန်လ၏ တစ်ဆယ့်နှစ်ရက်မြောက်နေ့နှင့် တစ်ဆယ့်ငါးရက်မြောက်နေ့အကြား ဘုရားသခင်၏ မိန့်မြွက်ချက်များ၌ အဘယ်ကြောင့် ကြီးမားသော ကွာခြားမှု ရှိနေသနည်း။ သင်တို့အနေဖြင့် ဤအရာကို ချင့်ချိန်တွေးဆဖူးသလော။ သင်တို့၏အမြင်ကား အဘယ်နည်း။ ဘုရားသခင်၏မိန့်မြွက်ချက်များ အားလုံးထဲမှ တစ်စုံတစ်ရာကို သင်တို့ နားလည်သဘောပေါက်ဖူးသလော။ ဧပြီလဒုတိယမြောက်နေ့နှင့် မေလတစ်ဆယ့်ငါးရက်မြောက်နေ့အကြားတွင် ပြုခဲ့သော အဓိကအမှုမှာ အဘယ်နည်း။ ယနေ့ခေတ် လူများသည် ၎င်းတို့၏ဦးခေါင်းကို တင်းပုတ်တစ်ခုဖြင့် ရိုက်နှက်ခြင်းခံထားရဘိသည့်အလား အဘယ်ကြောင့် စိတ်ရှုပ်ထွေးနေကြပြီး နလပိန်းတုံးဖြစ်နေကြသနည်း။ ယနေ့ခေတ်၌ “နိုင်ငံတော်သားများ၏ မကောင်းသတင်းများ” ဟူ၍ ခေါင်းစဉ်တပ်ထားသည့် သတင်းစာကော်လံများ အဘယ်ကြောင့် မရှိသနည်း။ ဧပြီလဒုတိယနေ့နှင့် စတုတ္ထနေ့တွင် ဘုရားသခင်သည် လူတို့၏အခြေအနေကို ညွှန်ပြခဲ့ခြင်းမရှိပေ၊ ထို့နည်းတူ ယနေ့ပြီးနောက် ရက်အချို့တွင်လည်း သူသည် လူတို့၏အခြေအနေကို ညွှန်ပြခဲ့ခြင်းမရှိပေ၊ အဘယ်ကြောင့် ထိုသို့ဖြစ်သနည်း။ ဤတွင် မဖြေရှင်းရသေးသော ပဟေဠိတစ်ခု အမှန်ပင်ရှိသည်၊ အဘယ်ကြောင့် ကြီးမားသော အပြောင်းအလဲတစ်ခု ရှိခဲ့သနည်း။ ဘုရားသခင်သည် အဘယ်ကြောင့် ဤနည်းလမ်းဖြင့် ပြောခဲ့ကြောင်းကို ရှေးဦးစွာ အနည်းငယ်ဆွေးနွေးကြစို့။ ဘုရားသခင်၏ ပထမဆုံး နှုတ်ကပတ်တော်များကို ကြည့်ကြစို့၊ ထိုအထဲတွင် သူသည် “အမှုသစ် စလျှင်စချင်း” ဟု ချက်ချင်းပြောခဲ့၏။ ဘုရားသခင်၏အမှုသည် အစအဦးအသစ်တစ်ခုကို ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ သူသည် အမှုသစ်တစ်ခုကို နောက်ထပ်တစ်ကြိမ် အစပြုခဲ့ပြီးဖြစ်ကြောင်း ဤဝါကျက သင့်ကို ကနဦးအရိပ်အမြွက်ပေး၏။

ပြစ်တင်ဆုံးမခြင်းသည် အဆုံးသတ် လာနေကြောင်းကို ဤအရာက ပြသ၏၊ ပြစ်တင်ဆုံးမခြင်း၏ အထွတ်အထိပ်သည် ဝင်ရောက်နှင့်ပြီဟု ဆိုနိုင်သောကြောင့် နောက်ကျမကျန်စေရန်နှင့် စွန့်ပစ်မခံရစေရန်အလို့ငှာ သင်တို့သည် ပြစ်တင်ဆုံးမခြင်းခေတ်၏အမှုကို ကောင်းမွန်စွာ တွေ့ကြုံရန် မိမိတို့၏အချိန်ကို အကောင်းဆုံး အသုံးချကြရမည်။ ဤအရာမှာ လူသား၏အမှုအားလုံးပင်ဖြစ်ပြီး လူသားအနေဖြင့် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ပြစ်တင်ဆုံးမခြင်းကို လုံးလုံးလျားလျား စေလွှတ်လိုက်သောအခါ ဘုရားသခင်သည် သူ့အမှု၏ နောက်တစ်ပိုင်းကို စတင်လုပ်ဆောင်မည်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က "...ငါသည် ငါ၏အမှုကို လူသားအကြားတွင် ဆက်၍လုပ်ဆောင်နေခဲ့ခြင်းဖြစ်ပြီး...။ ဤအခိုက်အတန့်တွင် ငါသည် လူတစ်စုကို ရခဲ့ပြီးသောကြောင့် ငါ၏စိတ်နှလုံးသည် ကြီးစွာသော ဝမ်းမြောက်ခြင်းနှင့် ပြည့်လျက်ရှိပြီး ငါ၏ 'လုပ်ငန်း' သည် ဆုတ်လျော့ကျဆင်းခြင်း မရှိတော့ပေ၊ ၎င်းမှာ အဓိပ္ပာယ်မရှိသော စကားလုံးများ မဟုတ်တော့ပေ" ဟု ပြောသောကြောင့် ဖြစ်သည်။ ကုန်လွန်ခဲ့သောကာလများတွင် လူတို့သည် ဘုရားသခင်၏ အပူတပြင်း ဖြစ်သော အလိုတော်ကို သူ၏နှုတ်ကပတ်တော်များ၌ မြင်ခဲ့ကြသည်၊ ဤအရာတွင် မုသားမပါရှိပေ၊ ထို့အပြင် ယနေ့တွင် ဘုရားသခင်သည် သူ၏အမှုကို ပို၍မြန်သောအရှိန်ဖြင့် လုပ်ဆောင်လျက်ရှိသည်။ လူသား အတွက်မူကား ဤအရာသည် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့် လုံးလုံးလျားလျား ကိုက်ညီခြင်း မရှိသည့်ပုံထင်ရသော်လည်း ဘုရားသခင် အတွက်မူကား သူ၏အမှုမှာ ပြီးဆုံးနှင့်ပြီဖြစ်သည်။ လူတို့၏အတွေးများမှာ အလွန်ရှုပ်ထွေးခက်ခဲလွန်းသောကြောင့် အမှုအရာများအပေါ် ၎င်းတို့၏ အမြင်မှာ မကြာခဏပင် အလွန်အကျွံ ရှုပ်ထွေးလေ့ရှိသည်။ လူတို့သည် လူအချင်းချင်းအပေါ် အလွန်တောင်းဆိုကြသော်လည်း ဘုရားသခင်ကမူ လူသားအပေါ် ယင်းကဲ့သို့ မြင့်မားသော တောင်းဆိုချက်များကို မပြုပေ၊ ဤအချက်ကြောင့်ပင် ဘုရားသခင်နှင့် လူအကြားရှိ ကွာခြားချက်မှာ မည်မျှပင်ကြီးမားကြောင်းကို တွေ့နိုင်ပေသည်။ ဘုရားသခင်ပြုသမျှ အရာရာတိုင်းတွင် လူတို့၏အယူအဆများကို ဖော်ထုတ်ပြသထားသည်။ ဘုရားသခင်က လူတို့အပေါ် မြင့်မားသော တောင်းဆိုချက်များကိုပြု၍ လူတို့သည် ၎င်းတို့ကို ကြိုးပမ်းရရှိနိုင်စွမ်း မရှိခြင်း မဟုတ်ဘဲ လူတို့က ဘုရားသခင်အပေါ် မြင့်မားသော တောင်းဆိုချက်များကို ပြု၍ ဘုရားသခင်က ၎င်းတို့ကို ကြိုးပမ်းရရှိနိုင်စွမ်း မရှိခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာတန်၏ဖျက်ဆီးခြင်းကို နှစ်ထောင်ပေါင်းများစွာ ခံခဲ့ရသော လူသားမျိုးနွယ်အား ကုသပြီးသည့်နောက်တွင် လူတို့၌ ရောဂါ နောက်ဆက်တွဲများ

ရှိနေခြင်းကြောင့် လူတို့သည် ဘုရားသခင်အပေါ် ယင်းကဲ့သို့ မြင့်မားသော တောင်းဆိုချက်များကို အမြဲတစေပြုနေခဲ့ကြခြင်း ဖြစ်ပြီး အနည်းငယ်မျှပင် သက်ညှာခြင်း မရှိဘဲ ဘုရားသခင်ကျေနပ်အားရမှု မရှိမည်ကို လွန်စွာစိုးရိမ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် များစွာသော အမှုအရာတို့ကို လူတို့ မဆောင်ရွက်နိုင်သည့်အချက်သည် ပြစ်တင်ဆုံးမခြင်းကို ၎င်းတို့ခံစားရသည့် နည်းလမ်းတစ်ခုဖြစ်၏။ ၎င်းတို့သည် မိမိတို့လုပ်ရပ်များ၏ အကျိုးဆက်များကို ခံစားနေကြရသည်- ဤသည်မှာ ဒုက္ခသက်သက်ပင်ဖြစ်၏။ လူတို့အောင့်ခံခဲ့သော ဆင်းရဲဒုက္ခ၏ ၉၉ ရာခိုင်နှုန်းကျော်ကို ဘုရားသခင်သည် အရေးမစိုက်ပေ။ တဲ့တိုးပြောပါက ဘုရားသခင်အတွက် မည်သူမျှ အမှန်တကယ် ဒုက္ခဆင်းရဲ ခံဖူးခြင်း မရှိပေ။ လူအားလုံးသည် ၎င်းတို့လုပ်ရပ်များ၏ အကျိုးဆက်များကို ခံစားကြရခြင်းဖြစ်ပြီး ပြစ်တင်ဆုံးမခြင်း၏ ဤအဆင့်မှာ အမှန်ပင် ခွင်းချက်မဟုတ်ပေ၊ ၎င်းမှာ လူတို့နှပ်သော အခါးခွက်တစ်ခွက်ဖြစ်၍ ထိုခွက်ကို သူကိုယ်တိုင် နှုတ်ဝထိ မ၍ သောက်ခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ့ပြစ်တင်ဆုံးမခြင်း၏ ရည်ရွယ်ချက်အမှန်ကို ထုတ်ဖော်ခြင်း မရှိသေးသဖြင့် ကျိန်ဆဲခြင်းကိုခံရသော လူစုတစ်စု ရှိသော်လည်း ဤသည်မှာ ပြစ်တင်ဆုံးမခြင်းကို ကိုယ်စားမပြုပေ။ လူတစ်စုသည် ကောင်းချီးမင်္ဂလာကို ခံစားကြရသော်လည်း ဤအရာမှာ ၎င်းတို့သည် အနာဂတ်တွင် ကောင်းချီးမင်္ဂလာများ ခံစားကြရမည်ဟု မဆိုလိုပေ။ လူတို့အတွက်မူကား ဘုရားသခင်သည် မိမိ၏စကားကို မိမိမတည်သော ဘုရားသခင်တစ်ပါးဖြစ်သည်ဟု ထင်ရသည်။ မစိုးရိမ်နှင့်။ ဤစကားများမှာ အနည်းငယ်လွန်ကဲနေနိုင်သော်လည်း အပျက်သဘော မဆောင်ကြနှင့်၊ ငါပြောသာအရာသည် လူတို့၏ဒုက္ခဆင်းရဲနှင့် သက်ဆိုင်မှုအချို့ရှိသော်လည်း သင်တို့သည် ဘုရားသခင်နှင့် ဆက်ဆံရေး ကောင်းတစ်ခုကို တည်ဆောက်ရမည်ဟု ငါထင်သည်။ နောက်ထပ် “ဆုလက်ဆောင်များ” ကို သူ့အား သင်ပေးသင့်၏၊ ယင်းမှာ သူ့ကို ပျော်ရွှင်စေမည်မှာ သေချာသည်။ ဘုရားသခင်သည် သူ့အား “ဆုလက်ဆောင်များ” ပေးသောသူများကို ချစ်သည်ဟု ငါယုံသည်။ မည်သို့သဘောရနည်း။ ဤစကားများမှာ မှန်သလော။

ယခုအချိန်အထိ သင်တို့၏မျှော်လင့်ချက်မည်မျှကို ဘေးသို့ ဖယ်ထားပြီးပြီနည်း။ ဘုရားသခင်၏အမှုသည် မကြာမီ အဆုံးသတ်မည် ဖြစ်သောကြောင့် သင်တို့သည် မိမိတို့၏မျှော်လင့်ချက်အားလုံးကို အနည်းနှင့်အများ ဘေးသို့ဖယ်ထားပြီးဖြစ်ရမည်၊ ဟုတ်သလော။ သင်တို့အနေဖြင့် မိမိတို့ကိုယ်ကိုလည်း ဆန်းစစ်သင့်ကြသည်- သင်တို့သည် မိမိကိုယ်ကို ချီးမြှောက်ပြီး မိမိကိုယ်ကို ဗန်းတင်လျက် မြင့်မြင့်မားမား ရပ်ရန် အမြဲတစေ နှစ်ခြိုက်ကြသည်၊ ဤသည်မှာ အဘယ်နည်း။ လူတို့၏မျှော်လင့်ချက်များမှာ

အဘယ်အရာဖြစ်ကြောင်းကို ယနေ့ထိ ငါမသိသေးချေ။ အကယ်၍ လူတို့သည် အမှန်တကယ်ပင် ဒုက္ခပင်လယ် လွှမ်းခြုံ၍ အသက်ရှင်ရပါက၊ ၎င်းတို့သည် ဆင်းရဲဒုက္ခ၏ စစ်ဆေးခြင်း အလယ်၌ အသက်ရှင်သောအခါ၊ သို့တည်းမဟုတ် နှိပ်စက်ညှဉ်းပန်းမှု တန်ဆာပလာအမျိုးမျိုး၏ ခြိမ်းခြောက်မှုအောက်၌ အသက်ရှင်သောအခါ၊ သို့မဟုတ် လူအားလုံး၏ ငြင်းပယ်ခြင်းကို ခံရသည့်အချိန်တွင် အသက်ရှင်သောအခါ ၎င်းတို့အနေဖြင့် မိုးကောင်းကင်သို့ မော်ကြည့်ပြီး သက်ပြင်းရှည်ချလျက် ယင်းကဲ့သို့အချိန်များတွင် ၎င်းတို့၏အတွေးများထဲ၌ ၎င်းတို့၏မျှော်လင့်ချက်များကို ဘေးသို့ ဖယ်ထားကောင်း ဖယ်ထားနိုင်ပေမည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် မျှော်ကိုးရာမဲ့မှု အလယ်တွင် စိတ်ကူးယဉ် သုခဘုံကို ရှာဖွေကြပြီး သက်သောင့်သက်သာ ရှိသော အခြေအနေများ၌ မည်သူမျှ မိမိတို့၏ လှပသောအိပ်မက်အား ရှာဖွေခြင်းကို စွန့်ပစ်ခဲ့ဖူးခြင်း မရှိသောကြောင့်ဖြစ်သည်။ ဤအရာသည် လက်တွေ့ကျနိုင်ခြေ မရှိသော်လည်း လူတို့၏စိတ်နှလုံးထဲ၌ ဤအရာတို့ မရှိရန် ငါလိုလားသည်။ သင်တို့သည် အရှင်လတ်လတ် ချီဆောင်ခြင်းကို ခံလိုကြသေးသလော။ ဇာတိပကတိ၌ သင်တို့၏အသွင်သဏ္ဌာန်ကို ပြောင်းလိုကြသေးသလော။ သင်တို့သည် ငါနှင့်ထင်မြင်ချက်ချင်း တူညီမည်၊ မတူညီမည်ကို ငါမသိ၊ သို့သော် ဤအရာမှာ လက်တွေ့မကျကြောင်း ငါအမြဲခံစားခဲ့ရ၏၊ ယင်းကဲ့သို့ အတွေးများမှာ တရားလွန်လှသည်ဟု ထင်ရသည်။ “မျှော်လင့်ချက်များကို ဘေးသို့ဖယ်ထားကြ၊ ပို၍လက်တွေ့ကျကျနေကြ” ဟူသောအရာများကို လူတို့ပြောကြသည်။ လူတို့အနေဖြင့် ကောင်းချီးမင်္ဂလာခံစားရရန်ဟူသည့် အတွေးများကို ဘေးချိတ်ထားကြရန် သင်တောင်းဆိုသည်၊ သို့သော် သင်ကိုယ်တိုင်ရော အဘယ်သို့ဖြစ်သနည်း။ သင်သည် ကောင်းချီးမင်္ဂလာခံစားရရန်ဟူသည့် လူတို့၏ အတွေးအခေါ်များကို ငြင်းပယ်သော်လည်း သင်ကိုယ်တိုင်ကမူ ကောင်းချီးမင်္ဂလာများကို ရှာသလော။ သင်သည် အခြားလူများကို ကောင်းချီးမင်္ဂလာများရရှိရန် အခွင့်မပေးဘဲ သင်ကိုယ်တိုင်ကမူ ထိုအရာများအကြောင်းကို လျှို့ဝှက်စွာတွေးသည်၊ ထိုသို့ပြုခြင်းက သင့်ကို မည်သို့သောလူဖြစ်စေသနည်း။ လိမ်စားသူတစ်ဦး ဖြစ်စေသည်။ ဤကဲ့သို့ သင်ပြုမူသည့်အခါ သင်၏သြတ္တပ္ပစိတ်သည် စွဲချက်မတင်ခံရသလော။ သင်သည် အကြွေးတင်ရှိသကဲ့သို့ သင်၏စိတ်နှလုံးထဲတွင် မခံစားရသလော။ သင်သည် လူလိမ်တစ်ဦး မဟုတ်သလော။ သင်သည် အခြားသူတို့၏ စိတ်နှလုံးထဲမှ စကားလုံးများကို တူးယူသော်လည်း သင်၏စိတ်နှလုံးထဲမှ အရာများအကြောင်းကိုမူ တစ်ခွန်းမျှ မဟချေ၊ သင်သည် သုံးစားမရသော အမှိုက်တစ်စ ဖြစ်လေတကား။ သင်တို့စကားပြောသောအခါ သင်တို့၏ စိတ်နှလုံးများထဲ၌ အဘယ်အရာအား

တွေးနေကြသည်ကို ငါသိချင်မိသည်- သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ပြစ်တင်ခြင်းကို မခံရနိုင်သလော။ ဤအရာသည် သင်တို့၏ဂုဏ်သိက္ခာကို နေမထိထိုင်မထိ မဖြစ်စေသလော။ သင်တို့သည် သင်တို့အတွက် မည်သည့်အရာက ကောင်းကြောင်းကို တကယ်ပင် မသိကြပေ။ သင်တို့အားလုံးသည် ဦးနှောက်ဂူအိုကဲ့သို့ပင် အယောင်ဆောင်များ အမြဲဖြစ်နေခဲ့ကြသည်။ "၎င်းတို့အားလုံးသည် '၎င်းတို့ကိုယ်ကို ဆက်ကပ်' လိုကြသည်" ဟူသောဝါကျရှိ "၎င်းတို့ကိုယ်ကို ဆက်ကပ်" ဟူသည့် စကားစုတစ်ဝိုက်တွင် ဘုရားသခင်က မျက်တောင် အဖွင့်အပိတ် ထည့်ထားသည်မှာ မထူးဆန်းပေ။ လူသား၏ လိမ်လည်လှည့်ဖြားခြင်းမှာ မည်မျှပင် ပရိယာယ်ကြွယ်ပါစေ၊ သူ့အနေဖြင့် မည်သည့်အရာကိုမျှ လုစ်ဟပြခြင်းလည်း မရှိ၊ မျက်နှာနီခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်းတို့လည်း မရှိလျှင်ပင် ဘုရားသခင်သည် လူသားကို သူ၏လက်ဖမိုးကဲ့သို့သိပြီး ဘုရားသခင်၏မျက်လုံးများမှာ တောက်ပသဖြင့် လူသားသည် ဘုရားသခင်၏ စူးစိုက်ကြည့်ခြင်းကို ရှောင်တိမ်းရန် အမြဲဒုက္ခတွေ့ခဲ့ရသည်။ ဘုရားသခင်၌ အိတ်စရေး ဓာတ်ရောင်ခြည်အမြင်ရှိ၍ လူသား၏ ကိုယ်တွင်းအင်္ဂါများကို မြင်နိုင်ဘိသည့်အလား၊ သူသည် လူတို့ကို ထွင်းဖောက်မြင်နိုင်ပြီး ၎င်းတို့၏သွေးအမျိုးအစားကို စစ်ဆေးရန်မလိုဘဲ ဆုံးဖြတ်နိုင်ဘိသည့်အလားဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ဉာဏ်ပညာ ဖြစ်ပြီး ၎င်းကို လူသားက အတုခိုးနိုင်ခြင်း မရှိပေ။ "ငါသည် အမှုမြောက်မြားစွာကို ပြုခဲ့ပြီးသော်လည်း လူတို့အထဲတွင် သက်သေ အထောက်အထား မရှိခြင်းမှာ အဘယ်ကြောင့်နည်း။ ငါသည် လုံးလောက်စွာ လုံ့လစိုက်ထုတ်ခြင်း မရှိခဲ့သလော" ဟူ၍ ဘုရားသခင်ဆိုသကဲ့သို့ပင် ဖြစ်သည်။ လူသား၏ ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်နည်းပါးလှသည်၊ ထို့ပြင် လူသားအတွင်း၌ အပျက်သဘောဆောင်သောအရာ မြောက်မြားစွာရှိသည်ဟု ဆိုနိုင်ပြီး အပြုသဘောဆောင်သောအရာမှာမူ လူတို့၌ ရှိခဲလှ၏။ ရံဖန်ရံခန်သာ ၎င်းတို့၌ အပြုသဘောဆောင်သည့်အရာ အနည်းအကျဉ်းရှိကြသည်၊ သို့သော်လည်း ယင်းမှာ အလွန်စွန်းထင်းနေ၏။ လူတို့သည် ဘုရားသခင်အား မည်မျှချစ်ကြောင်းကို ဤအရာက ပြသနေခြင်းသာဖြစ်သည်၊ ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာမှာ သန်းတစ်ရာပုံတစ်ပုံသာ ရှိသကဲ့သို့ဖြစ်ပြီး၊ ယင်းထဲမှ ၅၀ ရာခိုင်နှုန်းမှာ စွန်းထင်းနေဆဲဖြစ်သည်။ ထို့ကြောင့်ပင် လူသားထဲ၌ သက်သေ အထောက်အထားကို မရကြောင်း ဘုရားသခင်ပြောခြင်းဖြစ်သည်။ လူသား၏ နာခံမှုမရှိခြင်းကြောင့်သာ ဘုရားသခင့်မိန့်မြွက်ချက်များ၏ လေသံမှာ အလွန်အကြင်နာမဲ့ပြီး စာနာစိတ်ကင်းမဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် ကုန်လွန်ခဲ့သောအချိန်များအကြောင်းကို

လူသားနှင့် မပြောသော်လည်း လူတို့ကမူ ဘုရားသခင်ရှေ့တွင် ၎င်းတို့ကိုယ်ကို ပြသရန်အတွက် အမြဲပင်စားမြုံ့ပြန်လိုကြပြီး ကုန်လွန်ခဲ့သောအချိန်များအကြောင်းကို အမြဲပြောဆိုလိုကြသည်၊ သို့သော် ဘုရားသခင်သည် လူသား၏ ယမန်နေ့ကို ယနေ့အဖြစ် မည်သည့်အခါမျှ သဘောထားခဲ့ခြင်း မရှိပေ၊ ထိုအစား သူသည် ယနေ့ခေတ်လူများကို ယနေ့နှင့်အညီ ချဉ်းကပ်သည်။ ဤသည်မှာ ဘုရားသခင်၏သဘောထားဖြစ်ပြီး၊ ဘုရားသခင်သည် အလွန်အကျိုးသင့် အကြောင်းသင့် မရှိလှဟူ၍ အနာဂတ်တွင် လူတို့ပြောခြင်းကို တားဆီးရန် ဤထဲတွင် ဘုရားသခင်သည် ဤနှုတ်ကပတ်တော်များကို ရှင်းလင်းစွာ ပြောထားသည်။ အဘယ်ကြောင့်ဆိုသော် လူတို့ မြဲမြံစွာ မရပ်တည်နိုင်မည်ကို စိုးရိမ်သဖြင့် ဘုရားသခင်သည် လွန်လွန်ကဲကဲဖြစ်သော အမှုအရာများကို မပြဘဲ လူတို့အား စစ်မှန်သော အချက်အလက်များကို ပြောခြင်းကြောင့်ဖြစ်သည်၊ စင်စစ်အားဖြင့် လူသားသည် အားနည်းသည့်အတွက်ကြောင့်ဖြစ်သည်။ ဤနှုတ်ကပတ်တော်များကို ကြားပြီးနောက် မည်သို့သဘောရသနည်း၊ သင်တို့သည် နားထောင်ရန်နှင့် ကျိုးနွံနာခံရန် လိုလိုလားလားရှိပြီး ၎င်းကို ဆက်၍ မတွေးလိုသလော။

အထက်ပါအကြောင်းအရာမှာ သက်ဆိုင်မှု မရှိပေ၊ ထိုကိစ္စကို ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ အရေးမကြီးပေ။ သင်တို့သည် လက်သင့်မခံဘဲနေမည်မဟုတ်ဟု ငါမျှော်လင့်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် နှုတ်ကပတ်တော်များ၏ အမှုကိုပြုလုပ်ရန် လာခြင်းဖြစ်ပြီး သူသည် နေအောက်၌ရှိသော အရာခပ်သိမ်းအကြောင်း စကားစမြည် ပြောရသည်ကို နှစ်သက်ခြင်းကြောင့်ဖြစ်သည်။ သို့သော်လည်း သင်တို့သည် ၎င်းတို့ကို ဖတ်ရှုပြီး ဤနှုတ်ကပတ်တော်များကို လျစ်လျူမရှုကြမည့် အကြောင်း ငါမျှော်လင့်သည်။ မည်သို့သဘောရသနည်း။ ထိုသို့ပြုကြမည်လော။ ယနေ့၏ နှုတ်ကပတ်တော်များထဲတွင် ဘုရားသခင်သည် သတင်းအချက်အလက်အသစ်ကို ထုတ်ဖော်ခဲ့ပြီးကြောင်း ခုတင်ပြောခဲ့ပြီးဖြစ်သည်၊ ဘုရားသခင်အမှုပြုသော နည်းလမ်းမှာ ပြောင်းလဲတော့မည်ဖြစ်သည်။ ထိုအကြောင်းကြောင့် ရေပန်းစားသော ဤအကြောင်းအရာအပေါ် အာရုံစိုက်ခြင်းက ပိုကောင်းပေလိမ့်မည်။ ယနေ့ကာလ၏ မိန့်မြွက်ချက်များအားလုံးသည် အနာဂတ်အခြေအနေများကို ပရောဖက်ပြုသည်ဟု ဆိုနိုင်သည်၊ ဤမိန့်မြွက်ချက်များက သူ့အမှု၏ နောက်တစ်ဆင့်အတွက် တင်ကြိုပြင်ဆင်မှုများကို ဘုရားသခင် လုပ်နေပုံဖြစ်သည်။ ဘုရားသခင်သည် အသင်းတော်၏ လူများထဲ၌ သူ၏အမှုကို အဆုံးသတ်လုနီးပြီဖြစ်၏၊ ထို့နောက်တွင် လူအပေါင်းတို့ရှေ့၌ ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် သူပေါ်ထွန်းလာမည် ဖြစ်သည်။ "ငါ၏လုပ်ရပ်များကို

ကမ္ဘာမြေကြီးပေါ် ရှိ လူများအသိအမှတ်ပြုစေရန် ငါပြုမည်၊ ထို့ပြင် ၎င်းတို့ကို ကမ္ဘာမြေတစ်ဝှမ်းရှိ အလျှော့ပေးကြရမည့် လူအပေါင်းတို့က အသိအမှတ်ပြုကြစေရန် ငါသည် 'တရားပလ္လင်' ရှေ့တွင် ငါ၏လုပ်ဆောင်ချက်များကို သက်သေပြမည်" ဟု ဘုရားသခင် ဆိုသကဲ့သို့ပင် ဖြစ်သည်။ ဤနှုတ်ကပတ်တော်များထဲတွင် တစ်စုံတစ်ရာကို သင်တို့မြင်ကြသလော။ ဤအထဲ၌ ဘုရားသခင့်အမှု၏ နောက်တစ်ပိုင်းအကြောင်း အကျဉ်းချုပ်ပါရှိသည်။ ပထမဦးစွာ ဘုရားသခင်သည် နိုင်ငံရေးအာဏာကို ကိုင်စွဲထားသော အစောင့်ခွေးများ အားလုံးကို စိတ်ရင်းမှန်ဖြင့် လက်ခံယုံကြည်လာကြစေရန် ပြုမည်ဖြစ်ပြီး ၎င်းတို့ကို သမိုင်းဇာတ်စင်ပေါ်မှ ဆန္ဒအလျောက် ဆင်းသွားကြစေရန်၊ ရာထူးဂုဏ်သိမ်အတွက် နောက်ထပ်လုံးဝ မတိုက်ခိုက်ကြစေရန်၊ လျှို့ဝှက်ကြံစည်ခြင်းများနှင့် ခြေပုန်းခုတ်ခြင်းများကို နောက်ထပ်လုံးဝ မလုပ်ကြစေရန် ပြုမည်ဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်တွင် အမျိုးမျိုးသော ဘေးဒုက္ခများကို ဖြစ်ပွားစေခြင်းအားဖြင့် ဤအမှုကို လုပ်ဆောင်မည်ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်ပေါ်ထွန်းလာမည်ကား လုံးဝမဟုတ်ပေ။ ဤအချိန်တွင် အဆင်းနီသောနဂါးကြီး၏ တိုင်းနိုင်ငံသည် ညစ်ညူးသောပြည် ဖြစ်နေဦးမည်ဖြစ်၍ ဘုရားသခင်သည် ပေါ်ထွန်းလာမည် မဟုတ်ဘဲ ပြစ်တင်ဆုံးမခြင်းအားဖြင့် ထွက်ပေါ်လာရုံမျှသာဖြစ်မည်။ ယင်းမှာ မည်သူမျှ မလွှဲရှောင်နိုင်သည့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားဖြစ်သည်။ ဤအချိန်အတောအတွင်း အဆင်းနီသော နဂါးကြီး၏ တိုင်းနိုင်ငံတွင် မှီတင်းနေထိုင်သူမှန်သမျှသည် ကပ်ဘေးကို ခံစားကြရလိမ့်မည်ဖြစ်ပြီး ယင်းထဲတွင် ကမ္ဘာမြေကြီးပေါ်မှ နိုင်ငံတော် (အသင်းတော်) လည်း အလိုလိုပါဝင်မည်ဖြစ်သည်။ ဤအချိန်သည် အမှန်တရားများ ပေါ်ထွက်လာသောအချိန်ပင်ဖြစ်၍ ၎င်းကို လူအပေါင်းတို့က တွေ့ကြုံခံစားကြရမည်ဖြစ်ပြီး မည်သူမျှ ရှောင်တိမ်းနိုင်ကြမည် မဟုတ်ပေ။ ဘုရားသခင်သည် ဤအရာကို ကြိုတင်ခွဲခန့်မှတ်သားထားပြီးဖြစ်သည်။ အမှု၏ဤအဆင့်ကြောင့်သာ ဘုရားသခင်က "ယခုအချိန်မှာ ကြီးမားသော အစီအစဉ်များကို လုပ်ဆောင်ရန် အချိန်ဖြစ်သည်" ဟု ဆိုခြင်းပင် ဖြစ်သည်။ အနာဂတ်တွင် ကမ္ဘာမြေကြီးပေါ်၌ အသင်းတော်ရှိတော့မည် မဟုတ်သောကြောင့်၊ ထို့ပြင် ကြီးမားသောကပ်ဘေး ပေါ်ထွန်းခြင်းကြောင့် လူတို့သည် သူတို့ရှေ့၌ရှိသောအရာကိုသာ တွေးတောနိုင်ကြမည်ဖြစ်ပြီး အခြားအရာအားလုံးကို လျစ်လျူရှုကြမည်ဖြစ်သည်၊ ထို့ပြင် ကြီးမားသော ကပ်ဘေးအလယ်တွင် ဘုရားသခင်ကို ၎င်းတို့မွေ့လျော်ရန် ခက်ခဲလိမ့်မည်။ ထို့ကြောင့် လူတို့အနေဖြင့် အခွင့်အရေးကို မရှုံးဆုံးကြစေရန် ဝမ်းမြောက်ဖွယ်ကောင်းသော ဤအချိန်အတောအတွင်း စိတ်နှလုံး အကြွင်းမဲ့ဖြင့် ဘုရားသခင်အား ချစ်ကြရန် လူတို့ကို

တောင်းဆိုနေခြင်း ဖြစ်သည်။ ဤအမှန်တရား ဖြစ်ပျက်သည့်အခါ ဘုရားသခင်သည် အဆင်းနီသောနဂါးကြီးကို လုံးလုံးလျားလျား အနိုင်ယူပြီးလိမ့်မည် ဖြစ်သောကြောင့် ဘုရားသခင့်လူတို့၏ သက်သေခံခြင်းအမှုသည် ဆုံးခန်းတိုင်သွားပြီးဖြစ်လိမ့်မည်၊ ယင်းနောက်တွင် ဘုရားသခင်သည် အဆင်းနီသောနဂါးကြီး၏နိုင်ငံကို ရှင်းရှင်းဖျက်ဆီးကာ နောက်ဆုံးတွင် စကြဝဠာအနှံ့အပြား၌ ရှိကြကုန်သော လူတို့ကို လက်ဝါးကပ်တိုင်ပေါ်တွင် ဇောက်ထိုးအနေအထားနှင့် သံဖြင့်ရိုက်ထားလျက် အမှု၏နောက်ထပ် တစ်ဆင့်ကို စတင်မည်ဖြစ်၏၊ ထို့နောက်တွင် သူသည် လူသားမျိုးနွယ် အားလုံးကို အမြစ်ဖြတ်သုတ်သင်လေမည်၊ ဤသည်တို့မှာ ဘုရားသခင့်အမှု၏ အနာဂတ်အဆင့်များပင်ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ငြိမ်းချမ်းသော ဤပတ်ဝန်းကျင်တွင် ဘုရားသခင်ကို အစွမ်းကုန်ကြိုးစား၍ ချစ်သင့်၏။ အနာဂတ်တွင် သင်တို့သည် ဘုရားသခင်ကိုချစ်ရန် နောက်ထပ် အခွင့်အရေးများ ရတော့မည်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် လူတို့သည် ဇာတိပကတိ၌သာ ဘုရားသခင်ကို ချစ်ရန် အခွင့်အရေးရှိသောကြောင့် ဖြစ်သည်၊ ၎င်းတို့သည် အခြားသော ကမ္ဘာတွင် နေထိုင်သည့်အခါ ဘုရားသခင်အား ချစ်ခြင်းအကြောင်းကို မည်သူမျှ ပြောလိမ့်မည်မဟုတ်ပေ။ ဤသည်မှာ ဖန်ဆင်းခံတစ်ဦး၏ တာဝန်ပင် ဖြစ်သည်မဟုတ်လော။ ထို့ကြောင့် သင်တို့သည် မိမိတို့အသက်တည်သည့်ကာလပတ်လုံး ဘုရားသခင်ကို မည်ကဲ့သို့ချစ်သင့်သနည်း။ ဤအရာကို သင်တွေးဖူးသလော။ ဘုရားသခင်ကိုချစ်ရန် သင်သေဆုံးပြီးသည့်အချိန်အထိ စောင့်နေသလော။ ဤသည်မှာ အဓိပ္ပာယ်မရှိသော စကားဖြစ်သည် မဟုတ်လော။ ယနေ့ သင်သည် ဘုရားသခင်အား ချစ်ခြင်းအရာကို အဘယ်ကြောင့် မလိုက်စားသနည်း။ အလုပ်များနေစဉ် ဘုရားသခင်ကို ချစ်ခြင်းမှာ ဘုရားသခင်အတွက် စစ်မှန်သောချစ်ခြင်း ဖြစ်နိုင်သလော။ ဘုရားသခင့်အမှု၏ ဤအဆင့်သည် မကြာမီ ဆုံးခန်းတိုင်လိမ့်မည်ဟု ဆိုထားရသည့်အကြောင်းရင်းမှာ ဘုရားသခင်သည် စာတန်ရှေ့တွင် သက်သေခံချက် ရှိနှင့်ပြီဖြစ်သောကြောင့် ဖြစ်၏။ ထို့ကြောင့် လူသားအနေဖြင့် ဘာတစ်ခုကိုမျှ လုပ်စရာမလိုပေ၊ သူအသက်ရှင်သော နှစ်ကာလများအတွင်း ဘုရားသခင်အား ချစ်ခြင်းအရာကို လိုက်စားရန် လူသားကို တောင်းဆိုရုံမျှသာဖြစ်သည်၊ ဤအရာမှာ အဓိကသော့ချက်ဖြစ်၏။ ဘုရားသခင်၏ သတ်မှတ်ချက်များမှာ မြင့်မားခြင်းမရှိသည့်အပြင် သူ၏စိတ်နှလုံးထဲတွင် ပြင်းပြင်းပြပြ ဆန္ဒစောနေသောကြောင့် အမှု၏ဤအဆင့် မပြီးဆုံးမီ အမှု၏နောက်တစ်ဆင့်အကြောင်း အကျဉ်းချုပ်ကို သူဖော်ပြထားခြင်း ဖြစ်သည်၊ ထိုအချက်က အချိန်မည်မျှ ကျန်ကြောင်းကို ရှင်းလင်းစွာ ပြနေ၏၊ အကယ်၍ ဘုရားသခင်သည်

သူ၏စိတ်နှလုံးထဲ၌ ဆန္ဒမစောပါက ဤနှုတ်ကပတ်တော်များကို အလွန်စောစီးစွာ သူပြောလိမ့်မည်လော။ အချိန်တိုတောင်းသောကြောင့် ဘုရားသခင်သည် ဤနည်းဖြင့် အမှုပြုခြင်းဖြစ်သည်။ သင်တို့သည် သင်တို့၏အသက်ကို မြတ်နိုးသကဲ့သို့ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှဖြင့် ချစ်နိုင်ကြမည်ဟု မျှော်လင့်ရသည်။ ဤသည်မှာ အဆုံးစွန် အဓိပ္ပာယ်ရှိသော အသက်တာ ဖြစ်သည်မဟုတ်လော။ ဘဝ၏အဓိပ္ပာယ်ကို အခြားမည်သည့်နေရာတွင် ရှာဖွေနိုင်မည်နည်း။ သင်သည် မျက်စိကန်းလွန်းနေသည် မဟုတ်လော။ သင်သည် ဘုရားသခင်ကိုချစ်ရန် လိုလိုလားလားရှိသလော။ ဘုရားသခင်သည် လူသား၏ ချစ်ခြင်းမေတ္တာနှင့် ထိုက်တန်သလော။ လူတို့သည် လူသား၏ ကြင်နာမြတ်နိုးခြင်းနှင့် ထိုက်တန်သလော။ ထို့ကြောင့် အဘယ်အရာကို သင်ပြုသင့်သနည်း။ သံသယများမရှိဘဲ ဘုရားသခင်ကို ရဲဝံ့စွာ ချစ်လော့၊ ထိုအခါ ဘုရားသခင်သည် သင့်အား အဘယ်အရာပြုလိမ့်မည်ကို ကြည့်လော့။ သူသည် သင့်ကို သတ်ဖြတ်မည်၊ မသတ်ဖြတ်မည်ကို ကြည့်လော့။ အချုပ်အားဖြင့် ဘုရားသခင်ကို ချစ်သောအလုပ်သည် ဘုရားသခင်အတွက် အကြောင်းအရာများကို မိတ္တူကူး၍ ရေးချပေးခြင်းထက် ပို၍အရေးကြီးသည်။ သင်၏အသက်တာသည် ပို၍တန်ဖိုးရှိပြီး ပျော်ရွှင်မှုဖြင့်ပြည့်နိုင်ရန်အတွက် သင့်အနေဖြင့် အရေးကြီးဆုံးသောအရာကို ပထမနေရာတွင် ထားသင့်သည်၊ ထို့နောက် သင့်အတွက် ဘုရားသခင်၏ "စီရင်ချက်" ကို သင်စောင့်ဆိုင်းသင့်သည်။ သင်၏အကြံအစည်ထဲတွင် ဘုရားသခင်ကို ချစ်ခြင်းအရာ ပါဝင်မည်လောဟု ငါသိချင်မိသည်။ လူတိုင်း၏ အကြံအစည်များသည် ဘုရားသခင်၏ ပြည့်စုံစေခြင်းကိုခံရသော အကြံအစည်များ ဖြစ်လာကြရန်နှင့် ထိုအကြံအစည်အားလုံးသည် လက်တွေ့အရှိတရားဖြစ်လာကြရန် ငါဆန္ဒပြုပေသည်။

# အခန်း ၄၄ နှင့် ၄၅

သင်ခန်းစာအားလုံးထဲတွင် အလေးနက်ဆုံးဖြစ်သည့် "ဘုရားသခင်ကို ချစ်ခြင်း" အကြောင်းကို ဘုရားသခင်သည် လူတို့အား ပြောခဲ့သောကြောင့် သူသည် ဤအကြောင်းအရာကို "ဝိညာဉ်ခုနစ်ပါး၏ မြွက်ဆိုချက်များ" ထဲတွင်ပြောရန် အာရုံပြုခဲ့ပြီး လူအပေါင်းတို့ကို လူ့ဘဝ၏ အနှစ်သာရကင်းမဲ့ခြင်းကိုသိရန် ကြိုးစားစေ၍ ၎င်းတို့အတွင်းမှ စစ်မှန်သောချစ်ခြင်းမေတ္တာကို တူးဖော်ခဲ့သည်။ ထို့အပြင် လက်ရှိအဆင့်တွင် ရှိနေကြသောသူများသည် ဘုရားသခင်ကို မည်မျှချစ်ကြသနည်း။ သင်တို့သိကြသလော။

"ဘုရားသခင်ကို ချစ်ခြင်း" သင်ခန်းစာတွင် အကန့်အသတ်များ မရှိပေ။ လူအားလုံးထဲမှ လူ့ဘဝအကြောင်း အသိပညာရော အဘယ်သို့ဖြစ်သနည်း။ ဘုရားသခင်ကို ချစ်ခြင်းအပေါ် ၎င်းတို့၏သဘောထားမှာ အဘယ်နည်း။ ၎င်းတို့သည် လိုလိုလားလားရှိကြသလော၊ သို့မဟုတ် လိုလိုလားလား မရှိကြသလော။ ၎င်းတို့သည် အလွန်များသော လူစုလူဝေးများနောက်သို့ လိုက်ကြသလော၊ သို့မဟုတ် ဇာတိပကတိကို အလွန်မုန်းတီးကြသလော။ ဤအရာများအားလုံးမှာ သင်တို့ရှင်းလင်းစွာသိသင့်ပြီး နားလည်သင့်သော အမှုအရာများ ဖြစ်သည်။ လူတို့၏အတွင်း၌ အမှန်တကယ်ပင် မည်သည့်အရာမျှ မရှိသလော။ "လူသားသည် ငါ့ကို စစ်မှန်စွာ ချစ်ရန် ငါအလိုရှိသည်၊ သို့သော်လည်း ယနေ့တွင် လူတို့သည် အချိန်ဖြုန်းနေကြပြီး ၎င်းတို့၏စစ်မှန်သောချစ်ခြင်းမေတ္တာကို ငါ့အား မပေးနိုင်ကြပေ။ ၎င်းတို့၏စိတ်ကူးထဲတွင် ၎င်းတို့က အကယ်၍ ၎င်းတို့၏စစ်မှန်သောချစ်ခြင်းမေတ္တာကို ငါ့အား ပေးပါက ၎င်းတို့၌ မည်သည့်အရာမျှ ကျန်မည်မဟုတ်ဟု ယုံကြည်ကြသည်။" ဤနှုတ်ကပတ်တော်များ၌ "စစ်မှန်သောချစ်ခြင်းမေတ္တာ" ဆိုသည်မှာ မည်သည့်အရာကို အမှန်တကယ် ဆိုလိုသနည်း။ "လူအပေါင်းသည် ဘုရားသခင်ကိုချစ်ကြသည့်" ဤခေတ်တွင် ဘုရားသခင်သည် အဘယ်ကြောင့် လူတို့၏စစ်မှန်သောချစ်ခြင်းမေတ္တာကို တောင်းနေဆဲဖြစ်သနည်း။ ထို့ကြောင့် ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူတို့ကို အဖြေစာရွက်တစ်ရွက်ပေါ်တွင် စစ်မှန်သောချစ်ခြင်းမေတ္တာ၏ အဓိပ္ပာယ်ကို ရေးခိုင်းရန်ဖြစ်သဖြင့် ဤသည်မှာ လူတို့အတွက် ဘုရားသခင်စီစဉ်ထားသော အိမ်စာပင် ဖြစ်သည်။ ယနေ့၏ ယခုအဆင့်အတွက်မူကား ဘုရားသခင်သည် လူသားအပေါ် များစွာသော တောင်းဆိုချက်များကို မပြုသော်လည်း လူတို့သည် လူသားအပေါ်ချမှတ်ထားသော ဘုရားသခင်၏ မူလသတ်မှတ်ချက်များကို မရရှိသေးပေ၊ တစ်နည်းဆိုသော် ၎င်းတို့သည် ဘုရားသခင်ကို ချစ်သည့်အရေးတွင် ၎င်းတို့၏ အစွမ်းရှိသမျှကို ရင်းနှီးမြှုပ်နှံပြီးခြင်း မရှိသေးပေ။ ထို့ကြောင့် ၎င်းတို့၏ လိုလိုလားလား မရှိမှုအကြားတွင် ဘုရားသခင်သည် ဤအမှု၌ အကျိုးသက်ရောက်မှုတစ်ခု ရှိပြီးသည့်အချိန်အထိ လူတို့အပေါ် သူ၏သတ်မှတ်ချက်များကို ချမှတ်ဆဲဖြစ်ပြီး သူသည် ဤအမှုထဲတွင် ဘုန်းတော်ထင်ရှားလေသည်။ စင်စစ်အားဖြင့် ကမ္ဘာမြေကြီးပေါ်မှ အမှုသည် ဘုရားသခင်ကို ချစ်ခြင်းအားဖြင့် နိဂုံးချုပ်ခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် ဘုရားသခင်သည် သူ၏အမှုကို နိဂုံးချုပ်သည့်အချိန်မှသာ သူသည် အရေးအကြီးဆုံးအမှုကို လူသားအား ညွှန်ပြခြင်းဖြစ်သည်။ အကယ်၍ သူ၏အမှု အဆုံးသတ်သည့်အချိန်တွင် သူသည် လူသားကို သေခြင်းတရားပေးပါက လူသားသည် မည်သည့်အရာ ဖြစ်လာလိမ့်မည်နည်း၊

ဘုရားသခင်သည် မည်သည့်အရာ ဖြစ်လာလိမ့်မည်နည်း၊ ထို့အပြင် စာတန်သည်လည်း မည်သည့်အရာ ဖြစ်လာလိမ့်မည်နည်း။ ကမ္ဘာမြေကြီးပေါ်မှ လူသား၏ချစ်ခြင်းမေတ္တာကို သိသာထင်ရှားစေသည့်အချိန်မှသာ “လူသားကို ဘုရားသခင်သည် သိမ်းပိုက်ပြီးကြောင်း” ဆိုနိုင်ပေမည်။ အကယ်၍ ထိုသို့မဟုတ်ပါက ဘုရားသခင်သည် လူသားကို အနိုင်ကျင့်ကြောင်း လူတို့က ဆိုလိမ့်မည်ဖြစ်သောကြောင့် ဘုရားသခင် အရှက်ရပေလိမ့်မည်။ ဘုရားသခင်သည် တီးတိုးပြောခြင်းမရှိဘဲ သူ၏အမှုကို အဆုံးသတ်သည်အထိ အလွန်မိုက်မဲလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် အမှုပြီးဆုံးတော့မည့်အချိန်တွင် ဘုရားသခင်ကို ချစ်စိတ်ပြင်းပြမှုမှာ မြင့်မားလာပြီး ဘုရားသခင်ကို ချစ်ခြင်းအရာမှာ လူကြိုက်များသောခေါင်းစဉ်တစ်ခု ဖြစ်လာလေသည်။ ဘုရားသခင်ကို ဤချစ်ခြင်းမှာ လူသားကြောင့် အမည်းစက်ထင်ခြင်း မရှိ၊ သစ္စာရှိသော ဇနီးသည်တစ်ဦး၏ မိမိခင်ပွန်းအပေါ်ထားသော ချစ်ခြင်းမေတ္တာ၊ သို့မဟုတ် ပေတရု၏ချစ်ခြင်းမေတ္တာကဲ့သို့ ၎င်းမှာ မေတ္တာစစ်ဖြစ်သည်။ ဘုရားသခင်သည် ယောဘနှင့် ပေါလုတို့၏ ချစ်ခြင်းမေတ္တာကို အလိုမရှိသော်လည်း ယေဟောဝါအပေါ်ထားသော ယေရှု၏ချစ်ခြင်းမေတ္တာ၊ ခမည်းတော်နှင့် သားတော်အကြားရှိ ချစ်ခြင်းမေတ္တာကို အလိုရှိသည်။ “ပုဂ္ဂိုလ်ရေးရာ အရှုံးအမြတ်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ခမည်းတော်အကြောင်းကိုသာ တွေးတောဆင်ခြင်ခြင်း၊ ခမည်းတော်ကိုသာ ချစ်ပြီး အခြားအရာတို့ကို မချစ်ခြင်းနှင့် အခြားမည်သည့်အရာကိုမျှ မတောင်းဆိုခြင်း”- ဤသည်ကို လူတို့ပြုနိုင်စွမ်းရှိသလော။

အကယ်၍ ငါတို့သည် လူ့သဘာဝ အပြည့်အဝ မဟုတ်ခဲ့သောသူ၊ ယေရှုပြုခဲ့သည့်အရာတို့ကို နှိုင်းယှဉ်ပါက ငါတို့ မည်သို့ထင်သနည်း။ သင်တို့၏ ပြည့်စုံသောလူ့သဘာဝ၌ သင်တို့ မည်မျှခရီးပေါက်ပြီးပြီနည်း။ သင်တို့သည် ယေရှုပြုခဲ့သောအရာများ၏ ဆယ်ပုံတစ်ပုံကို ရရှိနိုင်စွမ်းရှိသလော။ သင်တို့သည် ဘုရားသခင်အတွက် လက်ဝါးကပ်တိုင်သို့ သွားရန် အရည်အချင်းပြည့်မီသလော။ ဘုရားသခင်အပေါ် သင်တို့၏ချစ်ခြင်းမေတ္တာသည် စာတန်ကို အရှက်ရစေနိုင်သလော။ ထို့အပြင် လူသားအပေါ် သင်တို့၏ချစ်ခြင်းမေတ္တာကို သင်တို့ မည်မျှထုတ်ပယ်ပြီးပြီနည်း။ ၎င်းချစ်ခြင်းမေတ္တာကို ဘုရားသခင်အပေါ် ချစ်ခြင်းမေတ္တာဖြင့် အစားထိုးပြီးပြီလော။ သင်တို့သည် ဘုရားသခင်အပေါ် ချစ်ခြင်းမေတ္တာအတွက် အရာခပ်သိမ်းကို အမှန်တကယ် သည်းခံသလော။ အတိတ်အချိန်များက ပေတရုအကြောင်းကို ဆင်ခြင်ပြီး ယနေ့ခေတ်မှဖြစ်သော သင်တို့ကို ကြည့်လော့၊ ကြီးမားစွာ ကွာခြားချက်တစ်ခု အမှန်တကယ် ရှိသည်၊ သင်တို့သည် ဘုရားသခင်ရှေ့တွင်ရပ်ရန် သင့်လျော်ခြင်းမရှိပေ။ သင်တို့၏အတွင်း၌ ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ ပို၍ရှိသလော၊ သို့မဟုတ် မာရ်နတ်အတွက် ချစ်ခြင်းမေတ္တာ ပို၍ရှိသလော။ ဤအရာကို ချိန်ခွင်၏ ဘယ်ဘက်ခြမ်းနှင့်

ညာဘက်ခြမ်းတွင် တစ်လှည့်စီထား၍ မည်သည့်ချစ်ခြင်းမေတ္တာသည် ပို၍အလေးချိန်စီးကြောင်း ကြည့်သင့်သည်၊ သင်တို့အထဲတွင် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ မည်မျှအမှန်တကယ်ရှိသနည်း။ သင်တို့သည် ဘုရားသခင်ရှေ့တွင် သေဆုံးရန် သင့်လျော်သလော။ ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် ရပ်နိုင်ခဲ့ခြင်းမှာ ကမ္ဘာမြေကြီးပေါ် ရှိ သူ၏အတွေ့အကြုံများမှာ စာတန်ကို အရှက်ရစေနိုင်ရန် လုံလောက်ခဲ့သောကြောင့်ဖြစ်ပြီး ထိုအကြောင်းရင်းကြောင့်သာ ခမည်းတော်ဖြစ်သော ဘုရားသခင်သည် သူ့အား အမှု၏ထိုအဆင့်ကို ပြည့်စုံစေရန် ရဲဝံ့စွာ အခွင့်ပေးခဲ့ခြင်းဖြစ်သည်၊ ၎င်းမှာ သူခံစားခဲ့ပြီးသော ဆင်းရဲဒုက္ခနှင့် ဘုရားသခင်အပေါ် သူ၏ချစ်ခြင်းမေတ္တာကြောင့်ဖြစ်သည်။ သို့သော်လည်း သင်တို့မှာ အရည်အချင်း အလွန်မပြည့်မီကြပေ။ ထို့ကြောင့် သင်တို့သည် သင်တို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်ရှိခြင်းမှလွဲ၍ အခြားဘာမျှမရှိခြင်းကို ဆက်လက်၍ တွေ့ကြုံခံစားရမည်၊ ဆက်လက်၍ ရရှိရမည်၊ ဤအရာကို သင်တို့စွမ်းဆောင်နိုင်သလော။ ဤအရာအားဖြင့် သင်သည် ဘုရားသခင်ကို မည်မျှမုန်းတီးကြောင်းနှင့် ဘုရားသခင်ကို သင်မည်မျှချစ်ကြောင်းကို မြင်တွေ့နိုင်မည်ဖြစ်သည်။ ဘုရားသခင်သည် လူသားအပေါ် အလွန်မညှာမတာ ခိုင်းစေနေခြင်းမဟုတ်ဘဲ လူသားကသာ ကြိုးစား၍မလုပ်ဆောင်ခြင်း ဖြစ်သည်။ ဤအရာမှာ အမှန်တကယ် ဖြစ်ပေါ်နေသောအရာ မဟုတ်သလော။ အကယ်၍ မဟုတ်ပါက ဘုရားသခင်ထဲ၌ ချစ်မြတ်နိုးဖွယ်ကောင်းသည့်အရာကို သင်မည်မျှရှာဖွေတွေ့ရှိပြီး သင်ကိုယ်တိုင်၏အထဲ၌ စက်ဆုပ်ဖွယ်ကောင်းသည့်အရာကို သင်မည်မျှတွေ့ရှိမည်နည်း။ ဤအမှုအရာများအပေါ် သင်ဂရုတစိုက် ဆင်ခြင်သုံးသပ်သင့်သည်။ ကောင်းကင်ဘုံအောက်ရှိ လူအနည်းငယ်မျှသာ ဘုရားသခင်ကို ချစ်ကြသည်ဟုဆိုခြင်းမှာ တရားနည်းလမ်းကျပေသည်၊ သို့သော်လည်း သင်သည် ကမ္ဘာစံချိန်ကိုချိုးပြီး ဘုရားသခင်ကို ချစ်ခြင်းအရာတွင် ရှေ့ဆောင်သူတစ်ဦး ဖြစ်နိုင်သလော။ ဘုရားသခင်သည် လူသားထံမှ မည်သည့်အရာကိုမျှ မတောင်းဆိုပေ။ လူသည် ဤအရာ၌ သူ့ကို မျက်နှာမရစေနိုင်သလော။ ဤအရာကိုပင် သင်ရရှိရန် မတတ်စွမ်းနိုင်သလော။ အခြားပြောစရာ မည်သည့်အရာများ ရှိသေးသနည်း။

## အခန်း ၄၆

ဤနှုတ်ကပတ်တော် အားလုံးထဲတွင် ယနေ့၏ နှုတ်ကပတ်တော်များထက် ပို၍ မေ့မရနိုင်သော အရာ မည်သည့်အရာမျှမရှိပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူသား၏

အခြေအနေများ သို့မဟုတ် ကောင်းကင်ဘုံ၏ နက်နဲမှုများကို ယခင်က ထုတ်ဖော်ပြခဲ့သော်လည်း၊ ဤလက်ရှိမိန့်မြွက်ချက်သည် အတိတ်က မိန့်မြွက်ချက်များနှင့် မတူပေ။ ယင်းသည် သရော်ခြင်း သို့မဟုတ် နောက်ပြောင်ခြင်း မပြုဘဲ၊ လုံးဝ မမျှော်လင့်ထားသော တစ်စုံတစ်ရာ ဖြစ်သည်- ယင်းမှာ ဘုရားသခင်က ထိုင်ကာ လူတို့နှင့် အေးအေးဆေးဆေး စကားပြောခြင်း ဖြစ်သည်။ သူ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ဘုရားသခင်က၊ "ယနေ့တွင်၊ ငါသည် စကြဝဠာများ၏ အထက်တွင် အမှုသစ်ကို စတင်လေပြီ။ ငါသည် ကမ္ဘာမြေကြီးပေါ် ရှိ လူတို့အား အသစ်သော အစပြုခြင်း တစ်ခုကို ပေးပြီးဖြစ်သကဲ့သို့၊ ငါ၏ အိမ်မှ ၎င်းတို့အားလုံး ထွက်သွားရန် ငါ စေခိုင်းပြီး ဖြစ်သည်။ လူတို့သည် အမြဲတစေ မိမိတို့ကိုယ်ကိုယ် အလိုလိုက်ရန် နှစ်သက်ကြသောကြောင့်၊ ငါသည် ၎င်းတို့အား မိမိတို့ကိုယ်ကိုယ် သိကြရန် နှင့် ငါ၏ အမှုကို အမြဲ မနှောင့်ယှက်ကြရန် အကြံပြုသည်"ဟု ပြောသောအခါ သင်တို့သည် မည်သည့်အရာကို မြင်ကြသနည်း။ ထို့အပြင် ဘုရားသခင် ပြောသည့် "အသစ်သော အစပြုခြင်း" ဆိုသည်မှာ အဘယ်နည်း။ ဘုရားသခင်သည် ယခင်က လူတို့အား ထွက်သွားကြရန် အကြံပြုပြီး ဖြစ်သည်၊ သို့သော် ထိုစဉ်က ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ၎င်းတို့၏ ယုံကြည်ခြင်းကို စမ်းသပ်ရန် ဖြစ်သည်။ ထို့ကြောင့် ယနေ့တွင် သူသည် မတူညီသော သဘောသွားတစ်ခုဖြင့် စကားပြောသောအခါ၊ သူသည် စစ်မှန်သလော သို့မဟုတ် ဟန်ဆောင်ခြင်းလော။ ယခင်က၊ လူတို့သည် ဘုရားသခင် ပြောခဲ့သော စမ်းသပ်မှုများကို မသိခဲ့ကြပေ။ ဘုရားသခင်၏ စမ်းသပ်မှုများကို ၎င်းတို့၏ မျက်လုံးများက မြင်ခဲ့ကြပြီး ၎င်းတို့ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ကြသည်မှာ အစေခံသူများ၏ အမှု အဆင့်မှတစ်ဆင့်သာ ဖြစ်သည်။ ထို့ကြောင့်၊ ပေတရု၏ ရာပေါင်းများစွာသော စမ်းသပ်မှုများ၏ဥပမာကြောင့် ထိုအချိန်မှ စ၍ လူတို့သည် "ယင်းမှာ ဘုရားသခင်၏ စမ်းသပ်မှု ဖြစ်သည်" ဟူသည့် ယုံကြည်ခြင်း အမှားကို မကြာခဏ ပြုမိကြသည်။ ထို့အပြင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များတွင် ဖြစ်ရပ်မှန်များ ဖြစ်လာခဲ့သော်လည်း ရံဖန်ရံခါမျှသာ ဖြစ်သည်။ ထိုသို့ဖြင့်၊ လူတို့သည် ဘုရားသခင်၏ စမ်းသပ်မှုများ နှင့်ပတ်သက်၍ ကျိုးကြောင်းမမြင်သော ယုံကြည်မှုများထဲသို့ ယခင်ထက် ပို၍ နက်ရှိုင်းစွာ ကျဆင်းခဲ့ကြသောကြောင့်၊ ဘုရားသခင် ပြောဆိုသော နှုတ်ကပတ်တော် အားလုံးတွင် ဤအရာကို ဘုရားသခင် ဆောင်ရွက်ခဲ့သည့် ဖြစ်ရပ်မှန်များနှင့်သက်ဆိုင်သော အမှုဖြစ်ဖို့ လုံးဝ မယုံကြည်ကြချေ။ ထိုအစား ဘုရားသခင်သည် အခြားလုပ်စရာ မရှိဘဲ လူတို့ကို စမ်းသပ်ရန် အတိအကျအားဖြင့် နှုတ်ကပတ်တော်များကို အသုံးပြုသည်ဟု ၎င်းတို့ ယုံကြည်ခဲ့ကြလေသည်။ လူတို့ လိုက်လျှောက်ခဲ့ကြသည်မှာ မျှော်လင့်ချက်ကင်းမဲ့သော်လည်း

မျှော်လင့်ချက်ကမ်းလှမ်းပုံရသည့် ထိုသို့သော စမ်းသပ်မှုများအလယ်တွင် ဖြစ်ပြီး၊ ထို့ကြောင့် ဘုရားသခင်က၊ "ကျန်ရှိသူအားလုံးသည် ကံအကြောင်းမလှသည့် ဖြစ်ရပ်နှင့် ကံအနည်းငယ်ကို ခံစားရနိုင်ဖွယ်ရှိသည်" ဟု ပြောခဲ့ပြီးသည့်နောက်တွင်၊ လူတို့သည် ၎င်းတို့၏ အာရုံကို လိုက်လျှောက်ခြင်းတွင် ဆက်လက် ဆည်းကပ်ခဲ့ကြသောကြောင့်၊ ထွက်သွားခြင်းငှာ ရည်ရွယ်ချက် မရှိခဲ့ကြပေ။ လူတို့သည် ထိုသို့သော အတွေးမှားများအလယ်တွင် လိုက်လျှောက်ခဲ့ကြပြီး ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်ကမျှ မျှော်လင့်ချက် ကျိန်းသေပေါက် မဆိုဝံ့ကြပေ- ဤသည်မှာ ဘုရားသခင်၏ အောင်မြင်ခြင်း သက်သေ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ဘုရားသခင်၏ ရှုထောင့်အမြင်က သူသည် အရာရာကို သူ့အား အစေခံမှုတွင် ရှိစေရန် ကိုင်တွယ်သည်ကို ပြသပေသည်။ လူတို့၏ အတွေးမှားများသည် အချိန် သို့မဟုတ် နေရာကို ပစာနမထားဘဲ ဘုရားသခင်ကို မစွန့်ခွာရန် ၎င်းတို့အား တိုက်တွန်းပေးသည်၊ ထို့ကြောင့် ဤအဆင့်အတွင်းတွင် ဘုရားသခင်သည် လူတို့အား သူ့အတွက် သက်သေခံစေရန် ၎င်းတို့၏ မစုံလင်သော ကြံရွယ်ချက်များကို အသုံးပြုသည်၊ ယင်းမှာ ဘုရားသခင်က၊ "ငါသည် လူ တစ်စုကို ရလေပြီ" ဟု ပြောချိန်က၊ နက်နဲသော အဓိပ္ပာယ် ဖြစ်သည်။ စာတန်သည် အနှောင့်အယှက်များ ဖြစ်စေရန် လူ၏ ကြံရွယ်ချက်များကို အသုံးပြုသည်၊ ဘုရားသခင်မှာမူ လူသားကို အစေခံစေရန် သူ၏ ကြံရွယ်ချက်များကို အသုံးပြု၏- ဤသည်မှာ "၎င်းတို့သည် တိုးဝှေ့ဝင်နိုင်ကြမည်ဟု စိတ်ကူးကြသော်လည်း ၎င်းတို့၏ ဝင်ခွင့် လက်မှတ်အတုများကို ငါ့အား ကမ်းပေးသောအခါ၊ ငါသည် ၎င်းတို့ကို မီးအိုင်ထဲသို့ ချက်ချင်း ပစ်ချပြီး၊ ၎င်းတို့၏ "အပတ်တကုတ်လုပ်ရသော အားထုတ်မှုများကို" မီးလျှံများထဲတွင် မြင်ရသည့်အခါ၊ ၎င်းတို့ မျှော်လင့်ချက် ပျောက်ဆုံးကြလေသည်" ဟူသော ဘုရားသခင့် နှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ် ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို အစေခံစေရန် ကိုင်တွယ်သည်၊ ထို့ကြောင့် သူသည် လူ၏ အမျိုးမျိုးသော ထင်မြင်ချက်များကို ရှောင်ကွင်းမသွားဘဲ လူတို့အား ထွက်သွားကြရန် ရဲဝံ့စွာ ပြောသည်။ ဤသည်မှာ- မှန်ကန်သော နှုတ်ကပတ်တော်များနှင့် နည်းစနစ်တို့ကို တစ်ခုတည်းအဖြစ်သို့ ပေါင်းစပ်ခြင်း၊ လူတို့အား မိန်းမောမူးဝေစေပြီး စိတ်ရှုပ်ထွေးစေရစ်ခြင်းဟူသည့်- ဘုရားသခင့် အလုပ်၏ အံ့ဖွယ်ဖြစ်ခြင်းနှင့် ဉာဏ်ပညာ ဖြစ်သည်။ ဤအရာမှ၊ ဘုရားသခင်သည် လူတို့အား သူ၏ အိမ်မှ ထွက်သွားရန် အမှန်တကယ် တောင်းဆိုနေခြင်း ဖြစ်ကြောင်း၊ ဤသည်မှာ စမ်းသပ်မှု အမျိုးအစားတစ်ခုခု မဟုတ်ကြောင်းနှင့် ဘုရားသခင်သည် "သို့သော် လူတို့သည် ကောင်းချီးမင်္ဂလာများကို မရရှိနိုင်ကြသည့်အခါ၊ ငါနှင့်ပတ်သက်၍ မည်သူမျှ စောဒကတက်၍မရနိုင်သည်ကိုလည်း ၎င်းတို့ကို ငါ ပြောပြ၏" ဟူ၍ ပြောရန်

ဤအခွင့်အရေးကို ယူကြောင်းကို မြင်နိုင်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များက စစ်မှန်သည် သို့မဟုတ် မှားယွင်းသည်ကို မည်သူမျှ သဘောမပေါက်နိုင်ပေ၊ သို့သော် ဘုရားသခင်သည် လူတို့အား တည်ငြိမ်စေရန်၊ ၎င်းတို့၏ ထွက်သွားလိုသည် ဆန္ဒကို ခွာချရန် ဤ အခွင့်အရေးကို အသုံးပြုသည်။ ထို့ကြောင့်၊ အကယ်၍ တစ်နေ့တွင် ၎င်းတို့ ကျိန်ခြင်းကို ခံရပါက၊ "နားဝင်မချိုသော စကားများသည် ကောင်းသော စကားများ ဖြစ်သည်" ဟူ၍ လူတို့ ဆိုကြသည့်အတိုင်း၊ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များက ကြိုတင်သတိပေးခြင်းကို ခံရပြီး ဖြစ်လိမ့်မည်။ ယနေ့တွင်၊ ဘုရားသခင်အတွက် လူတို့၏ ချစ်ခြင်းသည် လေးနက်ပြီး စစ်မှန်သည်၊ ထို့ကြောင့် စစ်မှန်သည်၊ မှားယွင်းသည်ကို ၎င်းတို့ မပြောနိုင်ခဲ့သော နှုတ်ကပတ်တော်များဖြင့် ၎င်းတို့သည် သိမ်းပိုက်ခြင်းကို ခံခဲ့ကြရပြီး ဘုရားသခင်ကို ချစ်လာခဲ့ကြသည်၊ ယင်းမှာ ဘုရားသခင်က "ငါ၏ ကြီးမြတ်သော အမှုကို ငါ ပြီးမြောက်နှင့်ပြီ"ဟု ဆိုခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်က၊ "၎င်းတို့သည် ရှင်သန်မှုဆီသို့ ၎င်းတို့၏ ကိုယ်ပိုင် လမ်းကြောင်းကို ရှာတွေ့မည်ဟု ငါ မျှော်လင့်သည်။ ဤအရာ၌ ငါ အစွမ်းမဲ့ပေသည်" ဟု ပြောသောအခါ၊ ဤသည်မှာ ဘုရားသခင် ဤ နှုတ်ကပတ်တော်များ အားလုံးနှင့်သက်ဆိုင်သည့် ဘုရားသခင့် မိန့်မြွက်ချက်များ၏ လက်တွေ့အရှိတရား ဖြစ်သည်- သို့သော် လူတို့သည် ထိုသို့ မထင်ကြချေ။ ထိုအစား၊ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အနည်းငယ်မျှ အာရုံမစိုက်ဘဲ အမြဲ လိုက်လျှောက်ကြပြီးဖြစ်သည်။ ထိုသို့ဖြင့်၊ ဘုရားသခင်က၊ "အနာဂတ်တွင်၊ ငါတို့ အကြား၌ စကားတခွန်းတလေမျှ ရှိတော့မည် မဟုတ်၊ ငါတို့ ပြောရမည့်အရာ တစ်ခုတစ်လေမျှ ရှိတော့မည် မဟုတ်၊ အချင်းချင်း ငါတို့ အနှောင့်အယှက် ပေးလိမ့်မည်မဟုတ်၊ ငါတို့သည် ကိုယ့်လမ်းကို ကိုယ်သွားကြလိမ့်မည်၊"ဟု ပြောသောအခါ၊ ဤနှုတ်ကပတ်တော်များမှာ လက်တွေ့အရှိတရားဖြစ်ပြီး၊ အနည်းငယ်မျှ စွန်းထင်းခြင်း မရှိပေ။ လူတို့ မည်သည့်အရာတွေးထင်သည်ဖြစ်စေ၊ ယင်းမှာ ဘုရားသခင်၏ "ယုတ္တိမရှိခြင်း" ဖြစ်သည်။ ဘုရားသခင်သည် စာတန်ရှေ့တွင် သက်သေခံနှင့်ပြီး ဖြစ်ကာ၊ ဘုရားသခင်က သူသည် လူအပေါင်းတို့အား အချိန် သို့မဟုတ် နေရာကို ပဓာနမထားဘဲ၊ သူ့ထံမှ ထွက်သွားစေမည် မဟုတ်ဟု ဆိုသည်- ထို့ကြောင့် ဤ အမှု၏ အဆင့်မှာ ပြီးစီးပြီးဖြစ်ကာ၊ ဘုရားသခင်သည် လူ၏ စောဒကတက်မှုကို အလေးဂရုမပြုပေ။ သို့သော် ဘုရားသခင်သည် ဤအရာကို အစကတည်းက ရှင်းလင်းစေပြီးဖြစ်သောကြောင့်၊ လူတို့သည် ဒေါသကို အတင်းမျိုသိပ်ကာ နှုတ်ပိတ်နေကြရလျက်၊ ခိုကိုးရာမဲ့ ကျန်ရစ်ကြသည်။ ဘုရားသခင် နှင့် စာတန် အကြားရှိ တိုက်ပွဲသည် လူသားအပေါ် လုံးဝ အခြေပြုသည်။ လူတို့သည် မိမိတို့ကိုယ်ကိုယ်အပေါ်

ထိန်းချုပ်နိုင်ခြင်း မရှိပေ။ ၎င်းတို့သည် ကောင်းမွန်ကာ အမှန်တကယ် ရုပ်သေးရုပ်များ ဖြစ်သော်လည်း၊ ဘုရားသခင် နှင့် စာတန်သည် ဖြစ်ရပ်များ၏ နောက်ကွယ်မှ ကြိုးများကို ဆွဲထားသော သူများ ဖြစ်ကြသည်။ ဘုရားသခင်သည် လူတို့အား သူ့အတွက် သက်သေခံရန် အသုံးပြုသည့်အခါ၊ လူတို့အား စာတန်၏ ကြိုးကိုင်ခြယ်လှယ်ခြင်းအပြင် ဘုရားသခင်၏ လမ်းပြခြင်းကို ခံစေရင်း၊ လူတို့အား သူ့အတွက် အစေခံမှု လုပ်ဆောင်စေဖို့ အသုံးပြုရန် သူသည် သူ စဉ်းစားနိုင်သမျှ၊ ဖြစ်နိုင်သမျှ အရာရာတိုင်းကို လုပ်ဆောင်သည်။ သက်သေခံစေဖို့ ဘုရားသခင် ဆန္ဒရှိသည့် သက်သေခံချက် ပြီးစီးသောအခါ၊ သူသည် လူတို့အား တစ်ဖက်သို့ ခါချပြီး ဘုရားသခင်သည် ၎င်းတို့နှင့် မည်သည့်ပတ်သက်မှုမျှ မရှိသည့်အလား ပြုမူရင်း၊ ၎င်းတို့အား ဒုက္ခဆင်းရဲ ခံစားစေရစ်လေသည်။ သူသည် လူတို့ကို တဖန် အသုံးပြုရန် ဆန္ဒရှိသောအခါ၊ ၎င်းတို့အား နောက်ထပ်တစ်ကြိမ် သူ ရွေးချယ်ကာ အသုံးခံစေပြီး၊ လူတို့သည် ဤအရာကို အနည်းငယ်မျှ မသိကြချေ။ ၎င်းတို့သည် သခင် သဘောရှိ အသုံးပြုသော နွား သို့မဟုတ် မြင်းတစ်ကောင်မျှကဲ့သို့ ဖြစ်သည်၊ ၎င်းတို့မှ မည်သူမျှ မိမိတို့ကိုယ်ကိုယ်အပေါ် ထိန်းချုပ်နိုင်ခြင်း မရှိပေ။ ဤသည်မှာ အနည်းငယ် ဝမ်းနည်းဖွယ်ကောင်းသည်ဟု ထင်ရသော်လည်း၊ လူတို့သည် မိမိတို့ကိုယ်ကိုယ်အပေါ် ထိန်းချုပ်နိုင်ခြင်း ရှိသည် ဖြစ်စေ မရှိသည် ဖြစ်စေ ဘုရားသခင်အဖို့ အစေခံရခြင်းသည် ဂုဏ်တစ်ခု ဖြစ်သည်၊ စိတ်မချမ်းသာ ဖြစ်လာရမည့် တစ်စုံတစ်ရာ မဟုတ်ပေ။ ယင်းမှာ ဘုရားသခင်သည် ဤနည်းဖြင့် ပြုမူသင့်သည့်အလား ဖြစ်သည်။ အနန္တတန်ခိုးရှင်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမှာ ဂုဏ်ယူရမည့်အရာ တစ်စုံတစ်ခုဖြစ်သည် မဟုတ်လော။ ထို့ကြောင့် သင် မည်သည့်အရာ တွေးထင်သနည်း။ ဘုရားသခင်အတွက် အစေခံမှုပေးရန် သင် ၏ စိတ်ဆုံးဖြတ်ချက် ချမှတ်ခဲ့ဖူးသလော။ သင်သည် သင်၏ ကိုယ်ပိုင် လွတ်လပ်မှုကို ရှာရန် လုပ်ပိုင်ခွင့်ကို စွဲကိုင်ရန် ဆန္ဒရှိသေးသည်များ ဖြစ်နိုင်မည်လော။

မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင် ပြုသမျှသည် ကောင်းမြတ်ပြီး၊ အတုယူထိုက်ကာ၊ အကယ်စင်စစ်၊ လူသားနှင့် ဘုရားသခင်သည် ကွဲပြားခြားနားပေသည်။ ဤအခြေခံအကြောင်းရင်းကြောင့်၊ ဘုရားသခင်သည် သင်၏ ချစ်ခြင်းကို အလေးထားမှု တစ်ခုတစ်လေ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ သင်သည် ဘုရားသခင်ကို လူသားစိတ်နှလုံးဖြင့် ချစ်သင့်ပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များက၊ ဘုရားသခင်၏ စိတ်နှလုံးထဲတွင် ကြီးစွာသော ဝမ်းနည်းမှု ရှိသည်ကိုလည်း ပြသ၏။ လူတို့ စစ်ဆေးခြင်းခံရသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့်သာ ဖြစ်သည်။ သို့သော် အကယ်စင်စစ် ဤအမှုသည် မနေ့က အမှန်ဖြစ်ပျက်ခဲ့ပေသည်- ထို့ကြောင့်၊ ဘုရားသခင်သည်

နောက်ထပ် မည်သည့်အမှုကို အတိအကျ ပြုလိမ့်မည်နည်း။ ဤအရာသည် ယနေ့ထိ လျှို့ဝှက်ချက်တစ်ခု ဖြစ်လျက်နေသောကြောင့်၊ လူတို့သည် ယင်းကို နားလည်နိုင်စွမ်း သို့မဟုတ် သဘောပေါက်နိုင်စွမ်း မရှိသော်လည်း ဘုရားသခင်၏ တေးသွားကို စည်းကိုက်ဝါးကိုက် သီဆိုနိုင်ကြပေသည်။ မည်သို့ပင် ဖြစ်စေကာမူ၊ ဘုရားသခင် ပြောသမျှသည် စစ်မှန်ပြီး၊ အားလုံး အမှန်တကယ် ဖြစ်လာသည်- ဤသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

# အပိုင်း သုံး အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ (၁၉၉၂ ခုနှစ်၊ ဖွန်လ မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ အထိ)

## နိဒါန်း

ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ ဤအပိုင်းတွင် ခရစ်တော်က ၁၉၉၂ ခုနှစ် ဖွန်လနှင့် ၂၀၀၅ ခုနှစ် စက်တင်ဘာလကြား ဖော်ပြခဲ့သည့် ကဏ္ဍစုစုပေါင်း လေးခုလုံး ပါရှိ၏။ အများစုကို အသင်းတော်များကြား ခရီးနှင်စဉ် ခရစ်တော်၏ တရားဒေသနာများနှင့် မိတ်သဟာယများနှင့် သက်ဆိုင်သည့် မှတ်တမ်းများအပေါ် အခြေခံထား လေသည်။ ၎င်းတို့ကို မည်သည့်နည်းဖြင့်မျှ ပြုပြင်မွမ်းမံမထားသကဲ့သို့၊ နောက်ပိုင်းတွင် ခရစ်တော်ကလည်း ပြောင်းလဲမထားခဲ့ပါ။ ကျန်ရှိသည့် ကဏ္ဍများကို ခရစ်တော်က ကိုယ်တိုင်ကိုယ်ကျ ရေးသားထားခြင်းဖြစ်သည် (ခရစ်တော် ရေးသားသည့် အချိန်တွင်၊ စဉ်းစားဖို့ ရပ်တန့်ခြင်း၊ စာတည်းခြင်း တစ်ခုတစ်လေမျှ မရှိဘဲ တစ်ထိုင်တည်းဖြင့် ထိုသို့ရေးခဲ့ခြင်း ဖြစ်ပြီး သူ၏ နှုတ်ကပတ်တော်များ အလုံးစုံသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဖော်ပြချက်ဖြစ်သည်- ဤသည်မှာ လုံးဝ သံသယထားစရာမရှိပေ)။ ဤမိန့်မြွက်ချက် နှစ်မျိုးကို ခွဲထားခြင်းထက်၊ ၎င်းတို့ကို ဖော်ပြထားသည့် မူရင်း အစီအစဉ်ကို အသုံးပြုရင်း ၎င်းတို့ကို အတူတကွ ကျွန်ုပ်တို့ တင်ပြထားပါသည်။ ဤအရာက သူ၏ မိန့်မြွက်ချက်များ အလုံးစုံမှ၊ ဘုရားသခင်၏ အမှုတော် အဆင့်များကို ကျွန်ုပ်တို့အား မြင်တွေ့ခွင့်ပေးပြီး ဤအဆင့်အသီးသီးအတွင်း သူ မည်သို့ အမှုပြုသည်ကို နားလည်ခွင့်ပေးလေသည်၊ ယင်းသည် ဘုရားသခင်၏ အမှုတော်

အဆင့်များနှင့် ဘုရားသခင်၏ ဉာဏ်ပညာတော်နှင့်ဆိုင်သော လူတို့၏ အသိပညာအဖို့ အကျိုးပြုလေသည်။

"လမ်းကြောင်း" အဖြစ် တစ်စုတစ်စည်းတည်း ရည်ညွှန်းသည့် "အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၁" ၏ ပထမ အခန်း ရှစ်ခန်းသည် လူသားနှင့်အတူ အဆင့်အတန်းတူညီစွာ ရပ်တည်ခဲ့စဉ် ခရစ်တော် ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များ နှင့်ဆိုင်သည့် သေးငယ်သော အပိုင်းတစ်ခု ဖြစ်သည်။ ၎င်းတို့၏ ပေါ့ပြက်ပြက်နိုင်မှုက သိသာလင့်ကစား၊ ၎င်းတို့သည် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ပူပန်မှုတို့ဖြင့် ပြည့်နေပေသည်။ ဤအရာမတိုင်မီတွင်၊ ဘုရားသခင်သည် လူများအား မိမိတို့၏ အသက်တာများအတွက် ထောက်ပံ့ပေးရန် ဘုရားသခင်ကို တောင်းဆိုဖို့ နေနေသာသာ၊ သူနှင့် လူသားတို့ကြား ကြီးမားသည့် အကွာအဝေးဖွင့်ပြကာ၊ ဘုရားသခင်ကို ချဉ်းကပ်ရန် ကြောက်ရွံ့စေသည့် တတိယကောင်းကင်ဘုံ၏ ရှုထောင့်မှ စကားပြောဆိုခဲ့သည်။ ထို့ကြောင့် "လမ်းကြောင်း" ထဲတွင်၊ ဘုရားသခင်သည် လူသားကို တန်းတူအလား စကားပြောဆိုခဲ့ပြီး လမ်းခရီး၏ ဦးတည်ရာကို ထောက်ပြခဲ့သည်၊ ထိုသို့ဖြင့် လူသား၏ ဘုရားသခင်နှင့် ဆက်ဆံရေးကို ယင်း၏ နဂိုမူလ အခြေအနေသို့ ပြန်ရောက်စေခဲ့သည်။ ဘုရားသခင်က စကားပြောဆိုသည့် နည်းစနစ် တစ်ရပ်ကို အသုံးပြုနေဆဲ ရှိမရှိကို လူတို့ သံသယ မဖြစ်ကြတော့သကဲ့သို့၊ သေခြင်းနှင့်ဆိုင်သော စမ်းသပ်မှုကို ထိတ်လန့်ကြောက်ရွံ့ခြင်းအားဖြင့် ခြောက်လှန့်မခံရတော့ပေ။ ဘုရားသခင်သည် တတိယကောင်းကင်ဘုံမှ ကမ္ဘာမြေသို့ ဆင်းသက်လာခဲ့ပြီး လူတို့သည် ကန့်နှင့်ရောသော မီးအိုင်မှ ဘုရားသခင်၏ ပလ္လင်တော်ရှေ့သို့ လာခဲ့ကြလေသည်၊ ၎င်းတို့သည် "အစေခံသူများ" ၏ စိတ်တစ္ဆေခြောက်လှန့်မှုကို စွန့်ပစ်ပြီး၊ အသစ်ဖွားမြင်သော နွားငယ်လေးများအလား၊ ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ ဗတ္တိဇံကို တရားဝင် လက်ခံခဲ့ကြလေသည်။ ထိုအခါတွင်မှ ဘုရားသခင်သည် ၎င်းတို့နှင့်အတူ ရင်းရင်းနှီးနှီး ဆွေးနွေးနိုင်ပြီး ၎င်းတို့ကို အသက်ဖြင့် ထောက်ပံ့ခြင်း အမှုကို သာ၍ လုပ်ဆောင်နိုင်ခဲ့သည်။ ဘုရားသခင်သည် လူတစ်ဦးအဖြစ် မိမိကိုယ်ကိုယ် နှိမ့်ချခြင်း၏ ရည်ရွယ်ချက်မှာ လူတို့နှင့် သူကြားက ကွာဝေးမှုကို လျှော့ချရင်း၊ လူတို့၏ အသိအမှတ်ပြုခြင်းနှင့် ယုံကြည်စိတ်ချမှုတို့ကို ရရှိစေရင်းနှင့် အသက်ကို လိုက်စားကာ ဘုရားသခင်နောက်လိုက်ဖို့ လူတို့အထဲတွင် လက်ခံယုံကြည်ခြင်းကို လှုံ့ဆော်ပေးရင်း သူ လူတို့နှင့် သာ၍နီးစပ်ဖို့ ဖြစ်သည်။ "လမ်းကြောင်း" ၏ အခန်းရှစ်ခန်းကို လူတို့၏ စိတ်နှလုံး တံခါးများကို ဖွင့်ရာတွင် ဘုရားသခင် အသုံးပြုသည့်

သော့များအဖြစ် အကျဉ်းရုံး ဖော်ပြနိုင်ပြီး ၎င်းတို့ အတူတကွသည် လူသားကို သူပေးသည့် သကြားအုပ်ထားသော ဆေးတစ်လုံး ဖြစ်သည်။ ဘုရားသခင်က ဤအရာကို လုပ်ဆောင်ခြင်းအားဖြင့်သာ လူတို့သည် ဘုရားသခင်၏ အဖန်ဖန် သွန်သင်ချက်များနှင့် အပြစ်ဖော် ဆုံးမခြင်းများကို အသေအချာ အာရုံစိုက်နိုင်ကြပေသည်။ ဘုရားသခင်သည် "ယုံကြည်သူများသည် မည်သည့် ရှုထောင့်အား ဆုပ်ကိုင်ထားသင့်သနည်း" နှင့် "ဘုရားသခင်၏ လုပ်ဆောင်မှု အဆင့်များအပေါ်" တို့ကို ဆက်လက် ပြောဆိုခဲ့သည်နှင့်အညီ၊ ဤအရာနောက်တွင်သာ ဘုရားသခင်သည် လက်ရှိ အမှုအဆင့်တွင် အသက် ထောက်ပံ့ပေးခြင်းနှင့် သမ္မာတရား ဖော်ပြခြင်း အမှုကို တရားဝင် စတင်ခဲ့သည်ဟု ဆိုနိုင်ပေသည်....။ ထိုသို့သော နည်းစနစ်တစ်ခုက ဘုရားသခင်၏ ဉာဏ်ပညာနှင့် သူ၏ လေးနက်သော ရည်ရွယ်ချက်များကို ပြသသည် မဟုတ်လော။ ဤသည်မှာ ခရစ်တော်၏ အသက်ထောက်ပံ့ပေးခြင်း အစ စင်စစ် ဖြစ်သည်၊ ထို့ကြောင့် သမ္မာတရားများသည် နောက်ပိုင်း ကဏ္ဍများထက် အနည်းငယ် ပို၍ပေါ့တန်လေသည်။ ဤအရာ နောက်ကွယ်ရှိ အခြေခံစည်းမျဉ်းမှာ အလွန်ရိုးရှင်း၏- ဘုရားသခင်သည် လူသားမျိုးနွယ်၏ လိုအပ်ချက်များနှင့်အညီ အမှုပြုသည်။ သူသည် ကျိုးကြောင်းမမြင်ဘဲ မပြုမူ သို့မဟုတ် မပြောဆိုပေ။ လူသားမျိုးနွယ်၏ လိုအပ်ချက်များကို ဘုရားသခင်သာ အပြည့်အဝ နားလည်ပြီး၊ လူသားအတွက် အခြားမည်သူမျှ သာ၍ ကြီးမားသည့် ချစ်ခြင်းမေတ္တာနှင့် သိနားလည်ခြင်း မရှိချေ။

"အမှုတော်နှင့် ဝင်ရောက်ခြင်း" မှ မိန့်မြွက်ချက်များ တစ်မှ တစ်ဆယ်အထိတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များက အသစ်သော အဆင့်တစ်ခုသို့ ဝင်ရောက်လေသည်။ အကျိုးဆက်အနေဖြင့်၊ ဤမိန့်မြွက်ချက်များကို အစတွင် ထားရှိထား၏။ နောက်ပိုင်းတွင်၊ "အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၂" က စတင် ဖြစ်တည်လာခဲ့သည်။ ဤအဆင့်အတွင်းတွင်၊ ဘုရားသခင်သည် လူတို့၏ ဘဝနေထိုင်မှုပုံစံများ၊ ၎င်းတို့၏ အရည်အချင်းနှင့် ဆိုင်သည့် လိုအပ်သောအရာ စသည်တို့နှင့် ပတ်သက်သည့် အသိပညာပါဝင်သော တောင်းဆိုချက်များဖြစ်သည့် သူ့နောက်လိုက်များအပေါ် ပိုမို အသေးစိတ်ကျသည့် တောင်းဆိုမှုများကို ပြုလုပ်ခဲ့သည်။ ဤလူများသည် ဘုရားသခင်နောက်လိုက်ဖို့ စိတ်ပိုင်းဖြတ်ထား ခဲ့ကြသကဲ့သို့၊ ဘုရားသခင်၏ ပင်ကိုလက္ခဏာနှင့် အနှစ်သာရတို့နှင့် ပတ်သက်၍ သံသယတစ်ခုတစ်လေမျှ မရှိကြတော့ သောကြောင့်၊ ဘုရားသခင်သည်လည်း ဖန်ဆင်းခြင်း အချိန်မှစ၍ ယနေ့အထိ ဘုရားသခင်၏ အမှုတော်နှင့်ဆိုင်သော အတွင်းပိုင်း သမ္မာတရားကို မိတ်သဟာယပြုရင်း၊

သမ္မာကျမ်းစာနောက်ကွယ်ရှိ သမ္မာတရားကို ထုတ်ဖော်ပြရင်း နှင့် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ အဓိပ္ပါယ် အစစ်အမှန်ကို ၎င်းတို့အား သွန်သင်ပေးရင်း၊ ၎င်းတို့ကို သူ၏မိသားစုဝင်များအဖြစ် တရားဝင် စတင်ဆက်ဆံခဲ့သည်။ ဤကဏ္ဍထဲမှ ဘုရားသခင်၏ မိန့်မြွက်ချက်များသည် လူတို့ကို ဘုရားသခင်၏ အနှစ်သာရနှင့် သူ့အမှုတော်၏ အနှစ်သာရများကို လူတို့အား ပိုမိုကောင်းမွန်သော သိနားလည်မှုတစ်ခုကို ပေးခဲ့ပြီး၊ ဘုရားသခင်၏ ကယ်တင်ခြင်းမှ ၎င်းတို့ ရရှိခဲ့သည့်အရာသည် အတိတ်ခေတ် ကာလများတစ်လျှောက် ပရောဖက်များနှင့် တမန်တော်တို့ ရရှိခဲ့သည့်အရာထက် သာလွန်သည်ကို နားလည်စေခဲ့သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ စာကြောင်းတိုင်းမှ၊ ဘုရားသခင်၏ ဉာဏ်ပညာတစ်စက်တိုင်းအပြင် သူ၏ စေ့စပ်သေချာသော ချစ်ခြင်းမေတ္တာနှင့် လူသားအတွက် ပူပန်မှုတို့ကို သင် သတိမူမိနိုင်ပေသည်။ ထိုနှုတ်ကပတ်တော်များကို ဖော်ပြခြင်းအပြင်၊ ဘုရားသခင်သည် လူသား၏ ယခင် အယူအဆများနှင့် အတွေးမှားများ၊ ယခင်က လူတို့ လုံးဝ စိတ်မကူးခဲ့ဖူးသည့် အရာများအပြင်၊ အနာဂတ်တွင် လူတို့ လျှောက်လှမ်းရမည့် လမ်းကြောင်းတို့ကို တစ်ခုပြီးတစ်ခု လူသိရှင်ကြား ထုတ်ဖော်ပြခဲ့သည်။ ဤသည်မှာ လူသားက တွေ့ကြုံနိုင်စွမ်းရှိသည့် ကျဉ်းမြောင်းသော “ချစ်ခြင်းမေတ္တာ” အတိအကျ ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ တကယ်တမ်းမူ ဘုရားသခင်သည် မည်သည့်အရာကိုမျှ ချုပ်တည်းထားခြင်းမရှိဘဲ သို့မဟုတ် အပြန်အလှန်အားဖြင့် မည်သည့်အရာကိုမျှ တောင်းဆိုခြင်း မရှိဘဲ၊ လူတို့ကို ၎င်းတို့ လိုအပ်သမျှ ပေးခဲ့ပြီးဖြစ်ကာ ၎င်းတို့ တောင်းဆိုသည့်အရာကို ပေးခဲ့ပြီး ဖြစ်သည်။

ဤကဏ္ဍမှ အထူးအခန်းအချို့သည် သမ္မာကျမ်းစာ အကြောင်းကို ပြောပြထားသည်။ သမ္မာကျမ်းစာသည် ထောင်စုနှစ်အချို့ကြာ လူ့သမိုင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ပြီးဖြစ်သည်။ ထို့အပြင်၊ နောက်ဆုံးသော ကာလတွင် ကျမ်းစာက ဘုရားသခင်၏နေရာကို ယူထားလိုက်သည်အထိ လူတို့သည် ကျမ်းစာကို ဘုရားသခင်အလား သဘောထား ကြပြီး၊ ယင်းက ဘုရားသခင်ကို စက်ဆုပ်စေ၏။ ထို့ကြောင့်၊ အခွင့်သာသည့်အခါတွင်၊ ဘုရားသခင်သည် သမ္မာကျမ်းစာ၏ အတွင်းပိုင်း ဇာတ်ကြောင်းနှင့် ဇာစ်မြစ်တို့ကို ရှင်းလင်းစေဖို့ တာဝန်ရှိသည်ဟု ခံစားခဲ့သည်။ ဤအရာကို သူ မလုပ်ဆောင်ပါက၊ သမ္မာကျမ်းစာသည် လူတို့၏ စိတ်နှလုံးများ ထဲတွင် ဘုရားသခင်၏နေရာကို ဆက်လက်ယူထားလိမ့်မည် ဖြစ်ပြီး လူတို့သည် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို အကဲဖြတ်ရန်နှင့် ရှုတ်ချရန် ကျမ်းစာ၏ ကျမ်းဟောင်းတရားများကို အသုံးပြုကြပေလိမ့်မည်။ ကျမ်းစာ၏ အနှစ်သာရ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အပြစ်အနာအဆာများကို

ရှင်းပြခြင်းအားဖြင့်၊ ဘုရားသခင်သည် သမ္မာကျမ်းစာ၏ တည်ရှိခြင်းကို လုံးဝ ငြင်းပယ်နေခြင်း မဟုတ်သကဲ့သို့ ရှုတ်ချနေခြင်းလည်း မဟုတ်ပေ။ ယင်းထက်၊ ကျမ်းစာကို ၎င်းတို့ မကိုးကွယ်တော့ရန်နှင့် ၎င်းတို့ လမ်းမပျောက်တော့ရန်အလို့ငှာ သမ္မာကျမ်းစာ၏ နဂိုမူလ ပုံရိပ်ကို ပြန်လည်ရရှိစေသည့်၊ သမ္မာကျမ်းစာအပေါ် လူတို့ ထားရှိသည့် နားလည်မှုလွဲခြင်းများကို ဖြေရှင်းပြီး ကျမ်းစာနှင့် သက်ဆိုင်သည့် မှန်ကန်သော အမြင်ကို ၎င်းတို့အား ပေးသည့် သင့်တင့်လျောက်ပတ်သော ဖော်ပြချက်တစ်ခုကို သူက ပေးနေခဲ့ခြင်း ဖြစ်သည်။ ယင်းမှာ ၎င်းတို့၏ ကျိုးကြောင်းမမြင်သော သမ္မာကျမ်းစာ၌ ယုံကြည်ခြင်းအား ဘုရားသခင်၌ယုံကြည်ခြင်းနှင့် ဘုရားသခင်ကို ကိုးကွယ်ခြင်းကဲ့သို့ မမှားတော့ဖို့ရန်အလို့ငှာ၊ သမ္မာကျမ်းစာ၏ မှန်ကန်သော နောက်ခံအကြောင်းအရာနှင့် ချွတ်ယွင်းချက်များကို ရင်ဆိုင်ရန်ပင် မကြောက်ရွံ့တော့ဖို့ရန် အလို့ငှာ ဖြစ်သည်ဟု ဆိုလိုသည်။ သမ္မာကျမ်းစာနှင့် သက်ဆိုင်သော သိနားလည်မှု စစ်စစ်တစ်ခု လူတို့ ရရှိသည်နှင့်တစ်ပြိုင်နက်၊ စိတ်မလုံမလဲဖြစ်ခြင်း မရှိဘဲ ယင်းကို ၎င်းတို့ ဘေးဖယ်ထားနိုင်ပြီး ဘုရားသခင်၏ အသစ်သော နှုတ်ကပတ်တော်များကို ရဲဝံ့စွာ လက်ခံနိုင်ပေသည်။ ဤသည်မှာ ဤအခန်းများထဲက ဘုရားသခင်၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်သည်။ ဤနေရာတွင် လူတို့ကို ဘုရားသခင် ပြောလိုသည့် သမ္မာတရားမှာ မည်သည့်အယူအဆ သို့မဟုတ် အချက်အလက်ကမျှ ဘုရားသခင်၏ ယနေ့ အမှုတော်နှင့် နှုတ်ကပတ်တော်များ၏ နေရာကို မယူနိုင်သည့် အကြောင်းနှင့် ဘုရားသခင်၏ကိုယ်စား မည်သည့်အရာမျှ မရပ်တည်နိုင်သည့်အကြောင်း ဖြစ်သည်။ သမ္မာကျမ်းစာ၏ ထောင်ချောက်မှ လူတို့ မလွတ်နိုင်ပါက၊ ဘုရားသခင်၏ ရှေ့မှောက်သို့ ၎င်းတို့ မည်သည့်အခါတွင်မျှ လာနိုင်ကြလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်၏ ရှေ့မှောက် ၎င်းတို့ လာလိုပါက၊ ဦးစွာပထမ သူ့ကို အစားထိုးနိုင်သည့် မည်သည့်အရာမဆိုကို ၎င်းတို့၏ စိတ်နှလုံးများမှ သန့်ရှင်းစေရမည်ဖြစ်သည်။ ထိုအခါ ၎င်းတို့သည် ဘုရားသခင်အဖို့ ကျေနပ်စရာ ဖြစ်ပေလိမ့်မည်။ ဤနေရာတွင် ဘုရားသခင်သည် သမ္မာကျမ်းစာကိုသာ ရှင်းပြသော်လည်း၊ သမ္မာကျမ်းစာအပြင် လူတို့ အမှန်ပင် ကိုးကွယ်ကြသည့် အခြား မှားယွင်းသော အရာများစွာ ရှိသည်ကို မမေ့လေနှင့်။ ၎င်းတို့ မကိုးကွယ်သည့် တစ်ခုတည်းသော အရာများမှာ ဘုရားသခင်ထံမှ အမှန်တကယ် လာသည့်အရာများ ဖြစ်သည်။ ဘုရားသခင်သည် လူတို့ လမ်းကြောင်းမှားကို မလျှောက်ဖို့ရန်နှင့် ဘုရားသခင်ကို ၎င်းတို့ ယုံကြည်ပြီး သူ၏ နှုတ်ကပတ်တော်များကို လက်ခံကြစဉ်တွင် တစ်ဖန် အစွန်းရောက်ပြီး ရောထွေးမှု၏ သားကောင်ဖြစ်မသွားစေရန် သတိပေးဖို့ ဥပမာတစ်ခု အဖြစ်သာ ကျမ်းစာကို အသုံးပြုထားပေသည်။

လူသားကို ဘုရားသခင် ပေးသည့် နှုတ်ကပတ်တော်များသည် ပေါ့တန်ရာမှ လေးနက်ရာသို့ သွားလေသည်။ သူ၏ မိန့်မြွက်ချက်များနှင့်ဆိုင်သည့် အကြောင်းအရာများသည် လူတို့၏ အပြင်ပန်း အပြုအမူများနှင့် လုပ်ရပ်များမှသည် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများအထိ ရွေ့ဆက်တိုးသွားလေသည်၊ ထိုနေရာမှ ဘုရားသခင်သည် သူ၏ဘာသာစကား လှံဖျားကို လူများ၏စိတ်ဝိညာဉ် အနက်ရှိုင်းဆုံးအပိုင်းဖြစ်သည့် ၎င်းတို့၏ သဘာဝဗီဇဆီသို့ ချိန်ရွယ်လေသည်။ "အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၃" ကို ဖော်ပြသည့် ကာလအတွင်းတွင်၊ ဘုရားသခင်၏ မိန့်မြွက်ချက်များသည် "လူ၏ ကိုယ်ပိုင်လက္ခဏာနှင့် အနှစ်ချုပ်" နှင့် "စစ်မှန်သော လူဆိုသည်မှာ အဘယ်နည်း"- လူတို့၏ အသက်ထဲ ဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ ဤအလေးနက်ဆုံး သမ္မာတရားများနှင့် ပဓါနကျသော မေးခွန်းများကို အသားပေးလေသည်။ ဟုတ်ပေ၏၊ "အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၁" ထဲက လူသားကို ဘုရားသခင် ထောက်ပံ့ပေးသည့် သမ္မာတရားများကို ပြန်စဉ်းစားသည့်အခါ၊ "အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၃" ၏ အကြောင်းအရာသည် နှိုင်းယှဉ်ကြည့်သည့်အခါ အလွန့်အလွန် နက်နဲလေသည်။ ဤကဏ္ဍထဲက နှုတ်ကပတ်တော်များသည် လူတို့၏ အနာဂတ် လမ်းကြောင်းနှင့် ၎င်းတို့ စုံလင်အောင်ပြုခြင်းခံရနိုင်သည့် နည်းလမ်းတို့နှင့် သက်ဆိုင်ပေသည်။ ၎င်းတို့သည် လူသားမျိုးနွယ်၏ အနာဂတ် ခရီးပန်းတိုင်နှင့် လူသားနှင့်အတူ ဘုရားသခင်သည် ငြိမ်သက်ခြင်းချမ်းသာထဲ ဝင်ရောက်ခြင်း နည်းလမ်းတို့နှင့်လည်း သက်ဆိုင်ပေသည်။ (ဤအရာများသည် နားလည်ဖို့ အလွယ်ကူဆုံးဖြစ်သော ၎င်းတို့၏ သဘာဝ၊ ၎င်းတို့၏ တာဝန်၊ ၎င်းတို့၏ ခရီးပန်းတိုင်တို့နှင့် စပ်လျဉ်း၍ လူတို့ကို ဘုရားသခင် ယနေ့ထိ ဖော်ပြပြီးသည့် နှုတ်ကပတ်တော်များ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။) ဤနှုတ်ကပတ်တော်များကို ဖတ်ရှုကြသည့် လူများသည် လူသား အယူအဆများနှင့် စိတ်ကူးများမှ မိမိတို့ကိုယ်ကိုယ် ခွဲခြားထားသည့်သူများ၊ ၎င်းတို့၏ စိတ်နှလုံး နက်ရှိုင်းသောနေရာများ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်တိုင်းကို အစစ်အမှန် သိနားလည်နိုင်စွမ်း ရှိကြသူများ ဖြစ်ရန်မှာ ဘုရားသခင်၏ မျှော်လင့်ချက်ဖြစ်သည်။ ထို့အပြင်၊ ဤနှုတ်ကပတ်တော်များကို ဖတ်ရှုကြသူ အားလုံးသည် သူ၏ နှုတ်ကပတ်တော်များကို သမ္မာတရား၊ လမ်းခရီးနှင့် အသက်အဖြစ် ယုံကြည်နိုင်ကြဖို့နှင့် ဘုရားသခင်ကို ပေါ့ပေါ့တန်တန် ၎င်းတို့ မဆက်ဆံကြဖို့ သို့မဟုတ် သူ့ကို နားပူနားဆာ မလုပ်ကြဖို့ကိုလည်း သူ မျှော်လင့်လေသည်။ လူတို့သည် ဤနှုတ်ကပတ်တော်များကို ဘုရားသခင်အား ဆန်းစစ်ခြင်း သို့မဟုတ် စေ့စေ့စပ်စပ်

ကြည့်ရှုစစ်ဆေးခြင်း သဘောထားတစ်ခုဖြင့် ဖတ်ရှုကြပါက၊ ဤမိန့်မြွက်ချက်များသည် ၎င်းတို့အဖို့ မည်သူမျှ မသိနားမလည်နိုင်သည့် အကြောင်းအရာများ ပါဝင်သည့် စာအုပ်တစ်အုပ်ကဲ့သို့ ဖြစ်လိမ့်မည်။ သမ္မာတရားကို လိုက်စားသူများ၊ ဘုရားသခင်နောက်လိုက်ဖို့ စိတ်ပိုင်းဖြတ်ထားကြသူများနှင့် သူ့အပေါ် သံသယတစ်စက်မျှ မရှိကြသူများသည်သာ ဤနှုတ်ကပတ်တော်များကို လက်ခံဖို့ အရည်အချင်း ပြည့်မီကြပေသည်။

"အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၄" သည် "စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ" နောက်မှလိုက်လာသည့် ဘုရားသခင်၏ မိန့်မြွက်ချက်များအမျိုးအစား နောက်တစ်ခု ဖြစ်သည်။ ဤကဏ္ဍတွင် "ယေရှု၏ဝိညာဉ်ခန္ဓာကို သင်တွေ့မြင်သည့်အချိန်တွင် ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို အသစ်တစ်ဖန် ပြုလုပ်ပြီး ဖြစ်လိမ့်မည်"၊ "ခရစ်တော်နှင့် သဟဇာတ မဖြစ်သော သူများသည် အကယ်စင်စစ် ဘုရားသခင်၏ ရန်ဘက်များ ဖြစ်ကြသည်" ကဲ့သို့သော ခရစ်ယာန် ဂိုဏ်းဂဏများထဲက လူတို့အား ဘုရားသခင်၏ တိုက်တွန်းချက်များ၊ သွန်သင်ချက်များနှင့် ထုတ်ဖော်ပြချက်များ ပါဝင်လေသည်။ ယင်းတွင် "သင်တို့၏ လမ်းဆုံးပန်းတိုင်အတွက် လုံလောက်သော ကောင်းမှုများကို ပြင်ဆင်လော့"၊ "သတိပေးချက် သုံးချက်"၊ "ဒုစရိုက်အပြစ်များက လူကိုငရဲသို့ ခေါ်ဆောင်လိမ့်မည်" ကဲ့သို့သော လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ အတိကျဆုံးသော သတ်မှတ်ချက်များလည်း ပါဝင်လေသည်။ လူမျိုးစုံအတွက် ထုတ်ဖော်ပြချက်များနှင့် တရားစီရင်ခြင်းများ၊ ဘုရားသခင်ကို သိရှိရန် နည်းလမ်းနှင့် ပတ်သက်သည့် နှုတ်ကပတ်တော်များ ကဲ့သို့သော ရှုထောင့်များစွာကို ရေးထားလေသည်။ ဤကဏ္ဍသည် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ တရားစီရင်ခြင်း၏ ဗဟိုချက် ဖြစ်သည်ဟု ဆိုနိုင်သည်။ ဘုရားသခင်၏ မိန့်မြွက်ချက်များနှင့်ဆိုင်သည့် ဤကဏ္ဍ၏ မေ့မရနိုင်ဆုံးသော အပိုင်းမှာ သူ၏အမှုနှင့်ပတ်သက်၍ ဘုရားသခင် ပြည်ဖုံးကားချတော့မည့်အချိန်တွင်၊ လူတို့၏ တကယ့်ရိုးတွင်းခြင်ဆီတွင် ရှိသည့်အရာဖြစ်သည့် သစ္စာဖောက်ခြင်းကို သူက ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။ သူ၏ ရည်မှန်းချက်မှာ လူတို့အနေဖြင့် တကယ့်အဆုံးတွင် ဆက်လက်ဖော်ပြပါ အမှန်တရားကို သိရှိဖို့နှင့် ယင်းကို ၎င်းတို့ စိတ်နှလုံးများ၏ အနက်ရှိုင်းဆုံးသော နေရာများထဲတွင် မြဲမြံစွာထင်မှတ်စေကြဖို့ ဖြစ်သည်၊ သင် မည်မျှကြာ ဘုရားသခင်၏ နောက်လိုက် ဖြစ်ခဲ့သည်ဖြစ်စေ- သင်၏ သဘာဝဗီဇသည် ဘုရားသခင်ကို သစ္စာဖောက်ဖို့ ဖြစ်ဆဲရှိပေသည်။ တစ်နည်းအားဖြင့် ဆိုရလျှင်၊ လူတို့သည် ၎င်းတို့၏ အသက်တာများ ထဲတွင်

အကြွင်းမဲ့ ရင့်ကျက်ခြင်းကို ရရှိနိုင်စွမ်း မရှိကြသကဲ့သို့ ၎င်းတို့၏ စိတ်သဘောထားများထဲတွင် အတော်အတန် ပြောင်းလဲမှုများသာ ရှိနိုင်သောကြောင့် လူသား၏ သဘာဝဗီဇက ဘုရားသခင်ကို သစ္စာဖောက်ဖို့ ဖြစ်ပေသည်။ သစ္စာဖောက်ခြင်း (၁) နှင့် သစ္စာဖောက်ခြင်း (၂) အခန်း နှစ်ခန်းသည် လူတို့ကို ထိုးနှက်သော်လည်း၊ ၎င်းတို့သည် လူတို့အဖို့ ဘုရားသခင်၏ သစ္စာအရှိဆုံးနှင့် အကျိုးရှိဆုံးသော သတိပေးချက်များ ဖြစ်သည်။ အနည်းဆုံးအနေနှင့်၊ လူတို့သည် မိမိဘာသာ အားရကျေနပ်ပြီး မိမိကိုယ်ကိုယ် စိတ်ကြီးဝင်သည့်အခါ၊ ဤအခန်းနှစ်ခန်းကို ဖတ်ရှုပြီးနောက်တွင်၊ ၎င်းတို့ကိုယ်တိုင်၏ အားနည်းချက်သည် ထိန်းချုပ်ခံရမည်ဖြစ်ပြီး ၎င်းတို့ ငြိမ်သက်သွားလိမ့်မည် ဖြစ်သည်။ ဤအခန်းနှစ်ခန်းမှတဆင့်၊ သင်၏အသက်တာ မည်မျှ ရင့်ကျက်ပါစေ၊ သင်၏အတွေ့အကြုံများ မည်မျှ နက်ရှိုင်းပါစေ၊ သင်၏ မိမိကိုယ်ကိုယ် ယုံကြည်မှု မည်မျှ ကြီးမားပါစေ၊ မည်သည့်နေရာတွင် သင်မွေးဖွားပြီး မည်သည့်နေရာသို့ သင်သွားနေသည်ဖြစ်စေ၊ ဘုရားသခင်ကို သစ္စာဖောက်ခြင်း နှင့်ဆိုင်သော သင်၏ သဘာဝဗီဇသည် အချိန်မရွေး၊ နေရာမရွေး မိမိကိုယ်ကိုယ် ထုတ်ဖော်ပြဖွယ် ရှိသည်ဟု လူအားလုံးကို ဘုရားသခင် သတိပေးလေသည်။ လူတစ်ဦးစီတိုင်းကို ဘုရားသခင် ပြောလိုသည့်အရာမှာ ဤသို့ဖြစ်၏- ဘုရားသခင်ကို သစ္စာဖောက်ရန်မှာ လူတစ်ဦးစီတိုင်း၏ မွေးရာပါ သဘာဝဗီဇ ဖြစ်သည်ဟူ၍ ဖြစ်ပေသည်။ မှန်ပေ၏၊ ဤအခန်းနှစ်ခန်းကို ဖော်ပြရာတွင် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်ကို ပယ်ရှင်းဖို့ သို့မဟုတ် ရှုတ်ချဖို့ အကြောင်းပြချက်များ ရှာရန်မဟုတ်ဘဲ၊ ဘုရားသခင်၏ ရှေ့မှောက်တွင် သူ၏ လမ်းပြမှုကို ရရှိဖို့ တစ်ချိန်လုံး သတိရှိရှိ အသက်ရှင်နိုင်ကြဖို့အလို့ငှာ လူသား သဘာဝကို လူတို့ ပိုမို သတိပြုမိစေရန်ဖြစ်သည်၊ ယင်းက ဘုရားသခင် ရှိနေမှုကို ဆုံးရှုံးခြင်းနှင့် ပြန်လမ်းမရှိသည့် လမ်းကြောင်းပေါ် ခြေချခြင်းမှ ၎င်းတို့ကို တားဆီးလိမ့်မည် ဖြစ်သည်။ ဤအခန်းနှစ်ခန်းသည် ဘုရားသခင်နောက် လိုက်ကြသူ အားလုံးအတွက် အချက်ပေး ခေါင်းလောင်းတစ်ခု ဖြစ်သည်။ ဘုရားသခင်၏ လေးနက်သော ရည်ရွယ်ချက်များကို လူတို့ နားလည်ကြပေလိမ့်မည်ဟု မျှော်လင့်ရသည်။ တကယ်တမ်းမူ၊ ဤနှုတ်ကပတ်တော်များ အားလုံးသည် ငြင်း၍မရနိုင်သည့် အမှန်တရားများ ဖြစ်သည်- ထို့ကြောင့် လူသည် ဘုရားသခင်အားဖြင့် ၎င်းတို့ ထုတ်ဖော်ပြခံရမည့် အချိန်နှင့် နည်းလမ်းတို့အပေါ် စေးဆစ်ဖို့ အဘယ် လိုအပ်သနည်း။ ဘုရားသခင်သည် ဤအရာအားလုံးကို မိမိဘာသာ ထိန်းသိမ်းထားပြီး ၎င်းတို့ကို မိန့်မြွက်ဖို့ သူ့အတွက် သင့်တော်သည်ဟု လူတို့ ယုံကြည်သော အချိန်အထိ စောင့်ဆိုင်းခဲ့ပါက၊ ယင်းသည် အလွန်နောက်ကျသွားလိမ့်မည် မဟုတ်လော။ အသင့်တော်ဆုံးသော ထိုအချိန်သည် မည်သည့်အခါ ဖြစ်လိမ့်မည်နည်း။

ဤကဏ္ဍလေးခုတွင် ဘုရားသခင်သည် နည်းလမ်းများနှင့် ရှုထောင့်ပေါင်းစုံကို အသုံးပြုလေသည်။ ဥပမာအားဖြင့် တစ်ခါတစ်ရံ သရော်မှုကို အသုံးပြုပြီး၊ တစ်ခါတစ်ရံ တိုက်ရိုက် ထောက်ပံ့ပေးခြင်းနှင့် သွန်သင်ခြင်း နည်းလမ်းကို သုံးသည်။ တစ်ခါတစ်ရံ ပုံဥပမာများကို သူသုံးပြီး တစ်ခါတစ်ရံ ပြင်းထန်သည့် ပြစ်တင်မောင်းမဲခြင်းများကို သုံးသည်။ ခြုံငုံကြည့်လျှင်၊ နည်းစနစ်မျိုးစုံ ရှိပြီး၊ ယင်း၏ ရည်မှန်းချက်မှာ လူတို့၏ အမျိုးမျိုးသော အခြေအနေများနှင့် အကြိုက်များကို ဖြည့်တင်းပေးဖို့ ဖြစ်သည်။ သူစကားပြောဆိုသည့် ရှုထောင့်သည် အမျိုးမျိုးသော နည်းလမ်းများနှင့် သူ၏ မိန့်မြွက်ချက်များ၏ အကြောင်းအရာနှင့်အတူ ပြောင်းလဲ လေသည်။ ဥပမာအားဖြင့် တစ်ခါတစ်ရံ သူက "ငါ" သို့မဟုတ် "ငါ့ကို" ဟု ပြောသည်၊ ယင်းမှာ၊ သူသည် လူတို့ကို ဘုရားသခင် ကိုယ်တော်တိုင်၏ ရှုထောင့်မှ စကားပြောခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် သူသည် "ဘုရားသခင်" သည် ဤသို့ ဖြစ်သည်၊ ထိုသို့ဖြစ်သည်ဟု ပြောရင်း တတိယ ပုဂ္ဂိုလ်နေရာမှ စကားပြော သကဲ့သို့ လူသားတစ်ဦး၏ ရှုထောင့်မှ သူ စကားပြောသည့် အခြားအချိန်များ ရှိလေသည်။ မည်သို့ သူ စကားပြောဆိုသည်ဖြစ်စေ၊ သူ ဖော်ပြသည့်အရာတိုင်းသည် သမ္မာတရားအားလုံးဖြစ်ပြီး လူသားမျိုးနွယ် လိုအပ်သည့်အရာ ဖြစ်သည့် ဘုရားသခင် ကိုယ်တော်တိုင်၏ အနှစ်သာရ ဖြစ်သည့်အတွက်၊ သူ မည်သည့် ရှုထောင့်မှ စကားပြောသည်ဖြစ်စေ၊ သူ၏ အနှစ်သာရ မပြောင်းလဲပေ။

# အတွေ့အကြုံနှင့်ပတ်သက်၍

ပေတရု၏ အတွေ့အကြုံများ တစ်လျှောက်တွင် သူသည် ရာနှင့်ချီသော စမ်းသပ်မှုများကို ပက်ပင်းကြုံခဲ့သည်။ ယနေ့ခေတ်၏ လူတို့သည် "စမ်းသပ်မှု" ဟူသော ဝေါဟာရကို သတိပြုမိကြ သော်လည်း၊ ၎င်းတို့သည် ယင်း၏ စစ်မှန်သော အဓိပ္ပာယ်နှင့် အခြေအနေများနှင့် ပတ်သက်၍ မရှင်းမလင်း ဖြစ်နေကြသည်။ ဘုရားသခင်သည် လူတို့၏ စိတ်ပိုင်းဖြတ်မှုကို ထုဆစ် ပုံသွင်းအလွန်အကျွံ မဖြစ်အောင်လုပ်သည်၊ သူတို့၏ မိမိတို့ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုကို စစ်ဆေးပြီး၊ သူတို့၏အစိတ်အပိုင်းတိုင်းကို စုံလင်စေပြီး၊ ဤအရာကို စမ်းသပ်မှုများမှ အဓိကအားဖြင့် ရရှိကာ ယင်းစမ်းသပ်မှုတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဖုံးကွယ်ထားသော လုပ်ဆောင်မှုလည်း ဖြစ်သည်။ ဘုရားသခင်သည် လူသားတို့ကို စွန့်ပစ်ထားသည့်ဟန်တူပြီး၊ ထို့ကြောင့် ထိုသူတို့သည် သတိမထားလျှင်၊ ၎င်းတို့သည် ဤစမ်းသပ်မှုများကို စာတန်၏ စုံစမ်းနှောင့်ယှက်မှုများအဖြစ် ရှုမြင်ကြလိမ့်မည်

ဖြစ်သည်။ အမှန်တကယ်တွင် စမ်းသပ်မှု အများအပြားကို စုံစမ်းနှောင့်ယှက်မှုများ အဖြစ် ထင်မှတ်နိုင်ပြီး ဤသည်မှာ ဘုရားသခင် အလုပ်လုပ်ရာတွင် ကျင့်သုံးသည့် အခြေခံသဘောတရားနှင့် စည်းမျဉ်းပင်ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ ရှေ့မှောက်တွင် အမှန်တကယ် အသက်ရှင်လျှင်၊ ၎င်းတို့သည် ထိုကဲ့သို့သော အရာများကို ဘုရားသခင်ထံမှ စမ်းသပ်မှုများအဖြစ် သဘောထားပြီး၊ ယင်းတို့အား လက်လွတ် ဆုံးရှုံးစေလိမ့်မည် မဟုတ်ပေ။ အကယ်၍ တစ်စုံတစ်ဦးသည် ၎င်းနှင့်အတူ ဘုရားသခင် ရှိနေခြင်းကြောင့် စာတန်သည် ၎င်းကို ဧကန်မုချ ချဉ်းကပ်လိမ့်မည် မဟုတ်ဟု ပြောဆိုလျှင်၊ ယင်းမှာ လုံးလုံးလျားလျား မှန်ကန်သည် မဟုတ်ပေ။ သို့ဆိုလျှင် တောထဲတွင် ရက်ပေါင်းလေးဆယ် အစာရှောင်ပြီးနောက်တွင်၊ ယေရှုသည် စုံစမ်းနှောင့်ယှက်မှုများ တွေ့ကြုံခဲ့ရသည်ကို မည်သို့ ရှင်းပြနိုင်မည်နည်း။ ထို့ကြောင့် လူတို့သည် ဘုရားသခင်၌ ယုံကြည်ခြင်းတွင် သူတို့၏ အမြင်များကို ပြုပြင်လျှင် ၎င်းတို့သည် အမှုအရာများစွာကို ပိုမိုရှင်းလင်းစွာ မြင်လိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့၏ နားလည်မှုတွင် လွဲချော်တိမ်းစောင်းမှုနှင့် မှားယွင်းမှုတို့ ရှိလိမ့်မည် မဟုတ်ပေ။ တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ စုံလင်အောင် ပြုခြင်းကိုခံရရန် အမှန်တကယ် ဆုံးဖြတ်ထားလျှင်၊ ၎င်းတို့ ရင်ဆိုင်နေသော ကိစ္စများကို လက်ဝဲ၊ လက်ယာ တိမ်းစောင်းခြင်းမရှိဘဲ၊ အမျိုးမျိုးသော ရှုထောင့်များမှ ချဉ်းကပ်ရပေမည်။ သင်၌ ဘုရားသခင်၏ အမှုကို သိကျွမ်းခြင်းမရှိပါက၊ ဘုရားသခင်နှင့် မည်သို့ ပူးပေါင်းလုပ်ဆောင်ရမည်ကို သင်သိလိမ့်မည် မဟုတ်ပေ။ သင်သည် ဘုရားသခင်၏ အမှုများ၏ အခြေခံသဘောတရားများကို မသိကျွမ်းဘဲ၊ စာတန်သည် လူသား၌ မည်သို့ အလုပ်လုပ်သည်ကို သတိမမူမိပါက၊ သင့်တွင် လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်းရှိမည် မဟုတ်ပေ။ စိတ်အားထက်သန်စွာ လိုက်စားခြင်း တစ်ခုတည်းက သင့်အား ဘုရားသခင် တောင်းဆိုသော ရလဒ်များကို ရရှိစေလိမ့်မည် မဟုတ်ပေ။ ယင်းသို့သော တွေ့ကြုံခြင်းနည်းလမ်းသည်- မည်သည့်ခြားနားမှုမျှ မရှိဘဲ၊ အတွေ့အကြုံကိုသာ အာရုံစိုက်ပြီး၊ စာတန်၏ အလုပ်သည် မည်သည့်အရာဖြစ်သည်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် မည်သည့်အရာဖြစ်သည်၊ ဘုရားသခင်မရှိဘဲ လူသားသည် မည်သည့်အခြေအနေတွင် ရှိသည်၊ ထို့ပြင် ဘုရားသခင်က မည်သည့် လူအမျိုးအစားကို စုံလင်အောင်ပြုပေးလိုသည် စသည်တို့ကို လုံးဝသတိမမူမိခြင်း ဖြစ်သည့်- လောရန့်စ်၏ တွေ့ကြုံခြင်း နည်းလမ်းနှင့် ဆင်တူသည်။ လူမျိုးစုံနှင့် ဆက်ဆံရသောအခါ၊ မည်သည့် အခြေခံသဘောတရားများကို ခံယူသင့်သည်၊ လက်ရှိတွင် ဘုရားသခင်၏ အလိုတော်ကို မည်သို့ နားလည်သဘောပေါက်ရမည်၊ ဘုရားသခင်၏ စိတ်သဘောထားကို မည်သို့ သိရမည်၊ ထို့ပြင် ဘုရားသခင်၏ သနားကရုဏာ၊

ဘုန်းအာနုဘော်နှင့် ဖြောင့်မတ်ခြင်းတို့ကို မည်သည့်လူများအပေါ်၊ မည်သည့်
အခြေအနေများနှင့် မည်သည့် ခေတ်ကာလတို့ကို ရည်ရွယ်ထားသည် စသည့်
အရာတို့တစ်ခုကိုမျှ သူ၌ ထိုးထွင်းသိမြင်မှု မရှိပေ။ လူတို့သည်
သူတို့၏အတွေ့အကြုံများအတွက် အုတ်မြစ်အဖြစ် ရှုပါရုံပေါင်းစုံ မရှိလျှင်၊ အတွေ့အကြုံကို
မဆိုထားနှင့်၊ အသက်ကိုပင် မရရှိနိုင်ပေ။ ထိုသူတို့သည် မိုက်မဲစွာ အရာရာကို ဆက်၍
ကျိုးနွံနေပြီး သည်းခံနေနိုင်သည်။ ထိုကဲ့သို့သော လူတို့ကို စုံလင်အောင် ပြုလုပ်ရန်
ခက်ခဲလှပေသည်။ သင်၌ အထက်တွင် ပြောထားသော ရှုပါရုံများ ဘာတစ်ခုမျှ မရှိလျှင်၊
သင်သည် ငတုံးအဖြစ်ကြောင်း၊ သင်သည် ဣသရေလနိုင်ငံတွင် အမြဲရပ်တည်နေသော
ဆားတိုင်နှင့် အလားတူကြောင်း လုံလောက်သော သက်သေပင် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။
ယင်းကဲ့သို့သော လူများသည် အသုံးမကျသောသူများ၊ အသုံးမဝင်သောသူများ
ဖြစ်ကြသည်တကား။ အချို့လူများသည် မျက်စိစုံမှိတ်လျက်သာ ကျိုးနွံနာခံကြသည်၊
ထိုသူတို့သည် သူတို့ကိုယ်သူတို့ အစဉ်အမြဲ သိပြီး အသစ်သော အကြောင်းအရာများကို
ကိုင်တွယ်ဖြေရှင်းသည့်အခါ၊ သူတို့ကိုယ်တိုင်၏ လုပ်ဆောင်နည်းများကိုသာ
အစဉ်အသုံးပြုတတ်သည်၊ သို့မဟုတ် ဖော်ပြရန် မထိုက်တန်သည့် အသေးအဖွဲကိစ္စများကို
ကိုင်တွယ်ဖြေရှင်းရန် “ဉာဏ်ပညာ” ကို အသုံးပြုကြသည်။ ထိုကဲ့သို့သော လူများသည်
ထိုးထွင်းသိမြင်မှု ကင်းမဲ့သူများဖြစ်ပြီး၊ ယင်းသည် သူတို့၏ သဘာဝမှာ ရမယ်ရှာခံရခြင်းကို
ကြိတ်မှိတ် လက်ခံထားမည့် အလားဖြစ်ပြီး၊ သူတို့သည် အစဉ်အမြဲ မထူးခြား၊ ဘယ်တော့မှ
မပြောင်းလဲပေ။ ဤကဲ့သို့သောလူတို့သည် ပိုင်းခြားသိမြင်နိုင်မှု စိုးစဉ်းမျှပင်မရှိသည့်
လူမိုက်များပင် ဖြစ်ကြသည်။ ထိုသူတို့သည် အခြေအနေများ သို့မဟုတ် မတူညီသောလူများနှင့်
သင့်တင့်လျော်ကန်သော ဆောင်ရွက်မှုများပြုလုပ်ဖို့ မည်သည့်အခါမျှ မကြိုးစားကြပေ။
ယင်းသို့သော လူများတွင် အတွေ့အကြုံ မရှိကြ။ ကိုယ့်ကိုယ်ကိုသိခြင်းထဲ၌
နစ်မြုပ်နေလွန်းသဖြင့် နတ်ဆိုးတို့၏အလုပ် စွဲကပ်ခြင်းခံရသည့် လူတို့နှင့်
ရင်ဆိုင်တွေ့ရသောအခါ၊ ထ၍ ပြစ်တင်ရှုတ်ချရန် မဝံ့ရဲကြဘဲ၊ ဦးခေါင်းများကို ငုံ့ထားကြပြီး
မိမိတို့၏အပြစ်များကို ဝန်ခံကြသည့် လူအချို့ကို ငါတွေ့ခဲ့ဖူးသည်။ ထို့အပြင်
သန့်ရှင်းသောဝိညာဉ်တော်၏ သိသာထင်ရှားသော လုပ်ဆောင်မှုနှင့် ရင်ဆိုင်ရသောအခါ၊
ထိုသူတို့သည် မနာခံဝံ့ကြပေ။ နတ်ဆိုးများသည်လည်း ဘုရားသခင်၏ လက်ထဲတွင် ရှိသည်ဟု
သူတို့ယုံကြည်ကြပြီး၊ ထ၍ ယင်းတို့ကို ခုခံရန် သတ္တိစိုးစဉ်းမျှ ထိုသူတို့၌ မရှိကြချေ။
ထိုကဲ့သို့သော လူများသည် ဘုရားသခင်ကို အရှက် ရစေကြပြီး၊ သူ့အတွက်
လေးလံသောဝန်တစ်ခုကို ထမ်းရွက်နိုင်စွမ်း လုံးလုံးလျားလျား မရှိကြချေ။ ထိုကဲ့သို့သော

တော်းအမျိုးသည် မည်သည့်ခြားနားမှုကိုမျှ မသိကြပေ။ ထို့ကြောင့် ထိုကဲ့သို့သော တွေ့ကြုံနည်းသည် ဘုရားသခင်၏ အမြင်တွင် မရပ်တည်နိုင်သဖြင့် ယင်းတို့ကို နုတ်ပယ်သင့်ပေသည်။

ဘုရားသခင်သည် တစ်ခါတစ်ရံ လူတို့အား စစ်ကြောခြင်း၊ တစ်ခါတစ်ရံ ၎င်းတို့အား အလွန်အကျွံမဖြစ်အောင်လုပ်သည့် ပတ်ဝန်းကျင်များကို ဖန်တီးခြင်းနှင့် တစ်ခါတစ်ရံ ၎င်းတို့ကို လမ်းပြရန်နှင့် ၎င်းတို့၏ အားနည်းချက်များကို ပြုပြင်ပေးရန် နှုတ်ကပတ်တော်များ ပြောကြားခြင်းတို့ဖြင့် လူတို့အထဲတွင် များစွာသောအရာများကို အမှန်ပင် လုပ်ဆောင်ပေးသည်။ တစ်ခါတစ်ရံ သန့်ရှင်းသော ဝိညာဉ်တော်သည် လူတို့အနေဖြင့် ၎င်းတို့တွင် မရှိသေးသည့် အရာများစွာကို သတိမထားလိုက်မိဘဲ တွေ့ရှိစေရန် လူများကို ဘုရားသခင် ပြင်ဆင်ထားပေးသော ပတ်ဝန်းကျင်များသို့ ဦးဆောင်လမ်းပြသည်။ လူတို့၏ ပြောဆိုခြင်းနှင့် လုပ်ဆောင်ခြင်း၊ လူတို့က အခြားသူတို့အား ဆက်ဆံသည့်ပုံနှင့် အမှုအရာများကို ကိုင်တွယ်ဖြေရှင်းပုံတို့မှတစ်ဆင့်၊ သန့်ရှင်းသော ဝိညာဉ်တော်က ၎င်းတို့ယခင်က နားမလည်ခဲ့သည့် အရာများစွာကို ၎င်းတို့မသိဘဲ ၎င်းတို့အား ဉာဏ်အလင်းပေးကာ၊ များစွာသောအမှုအရာများနှင့် လူများကို ပိုမိုရှင်းရှင်းလင်းလင်း နားလည်စေပြီး၊ ယခင်က ၎င်းတို့ ဂရုမပြုမိခဲ့သည့် များစွာသော အရာများကို တွေ့မြင်လာစေရန် အခွင့်ပေးသည်။ သင်သည် ကမ္ဘာလောကနှင့် ထိတွေ့မှုရှိသောအခါ၊ လောက၏အမှုအရာများကို တဖြည်းဖြည်း စတင် ထိုးထွင်းသိမြင်လာပြီး၊ သင်မသေဆုံးမီ “လူတစ်ယောက် ဖြစ်ရသည်မှာ အမှန်တကယ် ခက်ခဲလှပေသည်” ဟု သင် ကောက်ချက်ချကောင်း ချပေမည်။ သင်သည် ဘုရားသခင်၏ မျက်မှောက်၌ အချိန်အနည်းငယ် တွေ့ကြုံခံစားလျက်၊ ဘုရားသခင်၏ အမှုနှင့် သူ၏စိတ်သဘောထားကို သင်နားလည်လာပါက၊ သင်သည် မသိလိုက်ဘဲ ထိုးထွင်းသိမြင်နိုင်သော ဉာဏ်စွမ်းများစွာကို ရရှိပြီး၊ သင့်ဝိညာဉ်ရင့်ကျက်မှုသည် တဖြည်းဖြည်း ကြီးထွားလာပေလိမ့်မည်။ သင်သည် များစွာသော ဝိညာဉ်ရေးရာများကို ပိုမိုကောင်းမွန်စွာ နားလည်လာပြီး၊ အထူးသဖြင့် ဘုရားသခင်၏ အမှုတော် အကြောင်းကို ပိုမိုရှင်းလင်းလာလိမ့်မည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ဘုရားသခင်၏ အလုပ်၊ ဘုရားသခင်၏ လုပ်ဆောင်မှု တစ်ခုစီတိုင်း၊ ဘုရားသခင်၏ စိတ်သဘောထား၊ ဘုရားသခင်၏ ဖြစ်ခြင်းနှင့် အရာအားလုံးတို့ကို သင်ကိုယ်တိုင်၏ အသက်ပမာ လက်ခံလာလိမ့်မည်။ သင်လုပ်သမျှသည် ကမ္ဘာလောကတွင် လှည့်လည်သွားလာခြင်းသာ ဖြစ်ပါက၊ သင့်အတောင်ပံများသည် ပိုမာသည်ထက် မာလာပြီး၊ ဘုရားသခင်ကို သင်၏ခုခံမှုသည် ပိုပြီး ကြီးမားလာပေလိမ့်မည်။ သို့ဆိုလျှင် ဘုရားသခင်က

သင့်ကို မည်သို့ အသုံးပြုနိုင်မည်နည်း။ အဘယ်ကြောင့်ဆိုသော် သင့်ထဲတွင် "ကျွန်ုပ်အမြင်အရ ဆိုလျှင်" ဟူသည့်အရာ များလွန်းနေသည့်အတွက်၊ ဘုရားသခင်သည် သင့်ကို မသုံးပေ။ သင်သည် ဘုရားသခင်၏မျက်မှောက်၌ ရှိလေလေ၊ သင် အတွေ့အကြုံများကို ရရှိလေလေ ဖြစ်လိမ့်မည်။ သင်သည် ကမ္ဘာလောကထဲတွင် သားရဲတစ်ကောင်ကဲ့သို့ ဆက်လက်နေထိုင်ပြီး၊ သင့်နှုတ်ဖျားက ဘုရားသခင်ကို ယုံကြည်ကြောင်း ကြွေးကြော်နေသော်လည်း၊ သင့်စိတ်နှလုံးက အခြားတစ်နေရာ ရောက်ရှိနေကာ၊ သင်သည် ရှင်သန်မှုအတွက် လောကီ အတွေးအခေါ်များကို သင်ယူဆဲဖြစ်ပါက၊ ယခင်က သင်၏ အားထုတ်မှုများ အားလုံးမှာ အချည်းနှီးဖြစ်သွားလိမ့်မည် မဟုတ်လော။ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ မျက်မှောက်တွင် ရှိနေလေလေ၊ ဘုရားသခင်၏ စုံလင်စေခြင်းခံရရန် လွယ်ကူလေလေ ဖြစ်သည်။ ဤသည်မှာ သန့်ရှင်းသောဝိညာဉ်တော်က သူ၏အမှုကို ဆောင်ရွက်သည့် လမ်းကြောင်းပင် ဖြစ်သည်။ သင်သည် ဤအရာကို နားမလည်ပါက၊ သင့်အတွက် မှန်ကန်သည့် လမ်းကြောင်းသို့ ဝင်ရောက်ရန် မဖြစ်နိုင်ဘဲ၊ ဘုရားသခင်၏ စုံလင်စေခြင်းကို ရရှိရန်မှာမူ ဖြစ်နိုင်မည် မဟုတ်ပေ။ သင်သည် ပုံမှန်ဝိညာဉ်ရေးရာ အသက်တာကို မရရှိနိုင်ပေ၊ ယင်းက သင်သည် ဒုက္ခိတဖြစ်နေသကဲ့သို့ ရှိလိမ့်မည်ဖြစ်ပြီး၊ သင်၌ ဘုရားသခင်၏ အမှုတစ်ခုမျှမပါဘဲ သင်ကိုယ်တိုင်၏ ကြိုးစား လုပ်ဆောင်မှုသာလျှင် ရှိနေလိမ့်မည်။ ဤအရာသည် သင်၏တွေ့ကြုံခြင်းထဲမှ လွဲမှားမှုတစ်ခု မဟုတ်လော။သင်သည် ဘုရားသခင်၏ မျက်မှောက်ထဲ၌ ရှိနေစေဖို့အတွက် ဆုတောင်းရန် မလိုအပ်ပေ၊ တစ်ခါတစ်ရံ သင် ဘုရားသခင်ကို အာရုံပြုခြင်း သို့မဟုတ် သူ၏ အမှုတော်ကို တွေးဆခြင်း၊ တစ်ခါတစ်ရံ ကိစ္စအချို့ကို ကိုယ်တွယ်ဖြေရှင်းခြင်းနှင့် တစ်ခါတစ်ရံ ဖြစ်ရပ်တစ်ခုတွင် သင် ထုတ်ဖော်ခံရခြင်းတို့အားဖြင့် သင်သည် ဘုရားသခင် မျက်မှောက်ထဲသို့ လာပေသည်။ လူအများစုတို့သည်၊ "ကျွန်ုပ် မကြာခဏ ဆုတောင်းသည့် အတွက် ကျွန်ုပ်သည် ဘုရားသခင်၏ မျက်မှောက်၌ ရှိမနေဘူးလား။" ဟု ပြောကြသည်။ လူများစွာတို့သည် "ဘုရားသခင်၏ မျက်မှောက်၌" အဆုံးမရှိ ဆုတောင်းကြသည်။ ဆုတောင်းချက်များသည် ၎င်းတို့ နှုတ်ဖျားတွင် အမြဲတမ်း ရှိကောင်း ရှိနေနိုင်သော်လည်း၊ ၎င်းတို့သည် ဘုရားသခင်၏ မျက်မှောက်ထဲတွင် အမှန်တကယ် အသက်မရှင်ကြပေ။ ဤသည်မှာ ထိုကဲ့သို့သောလူများ ဘုရားသခင်၏ မျက်မှောက်၌ ၎င်းတို့၏ အခြေအနေများကို ထိန်းထားနိုင်သည့် တစ်ခုတည်းသော နည်းလမ်းသာ ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်နှင့် အချိန်ပြည့် ထိတွေ့ဖို့အလို့ငှာ ၎င်းတို့၏ စိတ်နှလုံးများကို အသုံးပြုရန် လုံးဝ မစွမ်းဆောင်နိုင်ကြပေ၊ ဘုရားသခင်၏ ဝန်ထုပ်များကို သတိချပ်ခြင်းအားဖြင့် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင်နှင့် ထိတွေ့ရန်အလို့ငှာ

ဆင်ခြင်ခြင်းမှတစ်ဆင့်ဖြစ်စေ၊ တိတ်ဆိတ်စွာ အာရုံပြုခြင်း မှတစ်ဆင့်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ စိတ်နှလုံးများကို အသုံးပြုခြင်းမှတစ်ဆင့်ဖြစ်စေ တွေ့ကြုံခံစားရခြင်း နည်းလမ်းများအားဖြင့် ဘုရားသခင်၏ ရှေ့သို့ ရောက်လာရန်လည်း မစွမ်းဆောင်နိုင်ကြပေ။ ၎င်းတို့သည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ထံ မိမိတို့၏ နှုတ်များဖြင့် ဆုတောင်းချက်များကို ဆက်ကပ်ရုံသာ ဆက်ကပ်ကြ၏။ လူအများစု၏ စိတ်နှလုံးများထဲတွင် ဘုရားသခင် ကင်းမဲ့နေကြပြီး၊ ၎င်းတို့သည် ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ကြသောအခါမှသာ ထိုနေရာ၌ ဘုရားသခင် ရှိခြင်းဖြစ်သည်၊ များသောအားဖြင့် ဘုရားသခင်သည် ထိုနေရာ၌ လုံးဝရှိမနေပါ။ ဤအရာက မိမိစိတ်နှလုံးထဲ ဘုရားသခင် မရှိခြင်း၏ သရုပ်သကန် မဟုတ်သလော။ အကယ်၍ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင် အမှန်တကယ်ရှိခဲ့ပါက၊ ဓားပြများနှင့် သားရဲကောင်များ လုပ်သောအရာများကို ၎င်းတို့ လုပ်နိုင်မည်လော။ အကယ်၍ လူတစ်ဦးသည် ဘုရားသခင်ကို အမှန်တကယ် ကြောက်ရွံ့လျှင်၊ ၎င်းတို့၏ စစ်မှန်သည့် နှလုံးသားကို ဘုရားသခင်နှင့် ဆက်သွယ်ထိတွေ့စေပြီး၊ ၎င်းတို့၏ အကြံအစည်များနှင့် အတွေးအခေါ်များတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များ အမြဲ ရှိနေပေလိမ့်မည်။ ၎င်းတို့သည် အပြောအဆို သို့မဟုတ် လုပ်ရပ်တွင် အမှားများ ပြုကြလိမ့်မည်မဟုတ်သကဲ့သို့၊ ဘုရားသခင်အား သိသာထင်ရှားစွာ ဆန့်ကျင်သည့် မည်သည့်အရာကိုမျှ လုပ်ကြလိမ့်မည် မဟုတ်ပေ။ ထိုအရာမျိုးသည် ယုံကြည်သူတစ်ဦး ဖြစ်ခြင်းအတွက် စံနှုန်း ဖြစ်ပေသည်။

## အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၁ (၁၉၉၂ ခုနှစ်၊ ဇွန်လ မှ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ အထိ)

## လမ်းကြောင်း … (၁)

မိမိတို့၏တစ်သက်တာတွင် မည်သို့သောဆူးပြောင့်ခလုတ်များ သို့မဟုတ် စစ်ဆေးခြင်းအား တွေ့ကြုံရမည်ကို မည်သူမျှမသိပေ။ ၎င်းသည် တချို့သူများအတွက် သူတို့၏အလုပ်၊ တချို့သူများအတွက် သူတို့၏အနာဂတ်အလားအလာများ၊ တချို့သူများအတွက်

သူတို့မွေးဖွားခဲ့သည်မိသားစုနှင့် သူတို့၏အိမ်ထောင်ရေးတွင် ရှိသည်။ သို့သော် သူတို့နှင့် ကျွန်ုပ်တို့၏ခြားနားချက်မှာ ယနေ့ ကျွန်ုပ်တို့ ဤလူစုသည် ဘုရားသခင်၏နှုတ်ကပတ်တော်အထဲ၌ ဒုက္ခဆင်းရဲကို ခံစားနေရသည်။ ဆိုလိုသည်မှာ ဘုရားသခင်ကို အစေခံသောလူများအနေဖြင့် ကျွန်ုပ်တို့သည် ယုံကြည်သူများအားလုံး လျှောက်လှမ်းသော လမ်းကြောင်းဖြစ်သည့် သူ့အားယုံကြည်ခြင်းလမ်းကြောင်းပေါ်နှင့် ကျွန်ုပ်တို့အားလုံး၏ ခြေအောက်ရှိလမ်းမပေါ်တွင် ဆူးပြောင့်အခက်အခဲဒုက္ခများကို ခံစားခဲ့ရသည်။ ဤအချိန်မှစတင်၍ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းတည်းဟူသော ကျွန်ုပ်တို့၏ လမ်းကြောင်းကို တရားဝင် စတင်၍ လူ့အသက်တာ၌ ပြည်ဖုံးကားကို တရားဝင်တင်ပြီး၊ အသက်၏ မှန်ကန်သော လမ်းကြောင်းထဲသို့ ခြေချသည်။ တစ်နည်းအားဖြင့် ၎င်းသည် သာမန်လူများ လျှောက်လှမ်းသောလမ်းဖြစ်သည့်၊ ဘုရားသခင် လူတို့နှင့်အတူအသက်ရှင်လျက်ရှိသည့် မှန်ကန်သော လမ်းကြောင်းထဲသို့ ခြေချသည့်အချိန်ဖြစ်သည်။ ဘုရားသခင်၏ရှေ့တော်မှောက်တွင် ရပ်၍ သူအားအစေခံသူတစ်ဦး၊ ဗိမာန်တော်တွင် ယဇ်ပုရောဟိတ်၏ဝတ်ရုံကို ဆင်မြန်းထားပြီး၊ ဘုရား၏ဂုဏ်သိက္ခာ၊ အာဏာနှင့် ဘုန်းအာနုဘော်တော်ကို ပိုင်ဆိုင်သူတစ်ဦးအနေဖြင့် ငါသည် အထူးသဖြင့် လူအားလုံးသို့ အောက်ပါ ကြေငြာချက်ကို ထုတ်ပြန်သည်- ဘုရား၏ ဘုန်းကြီးသောမျက်နှာသည် ငါ၏ဘုန်းတော်၊ သူ၏စီမံခန့်ခွဲမှုအစီအစဉ်သည် ငါ၏အဓိကအချက်အချာ ဖြစ်သည်။ ဇာတိပကတိ၌ရှိစဉ် ငါ၏အနည်းငယ်မျှသော အားထုတ်ကြိုးပမ်းမှုများကြောင့် ဘုရားသခင်သည် ကမ္ဘာပေါ်တွင် သူ့ဘုန်းတော်၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုကို စံစားနိုင်ရန်အတွက် ငါသည် လာမည့်လောကတွင် အဆရာချီရရှိရန် မကြိုးပမ်းဘဲ၊ ဤလောကတွင် ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ရန်အတွက်သာ ကြိုးပမ်းသည်။ ၎င်းသည် ငါ၏တစ်ခုတည်းသောဆန္ဒဖြစ်သည်။ ငါ၏အမြင်တွင် ၎င်းသည် ငါ၏တစ်ခုတည်းသောဝိညာဉ်ရေးရာ အာဟာရဖြစ်သည်။ ၎င်းတို့သည် ဇာတိပကတိ၌ အသက်ရှင်ပြီး၊ စိတ်ခံစားမှုများ ပြည့်နှက်နေသော သူတစ်ယောက်၏ "နောက်ဆုံးသောစကားများ" ဖြစ်သင့်သည်ဟု ငါယုံကြည်သည်။ ဤသည်မှာ ယနေ့ ငါ့ခြေထောက်များအောက်ရှိ လမ်းကြောင်းပင်ဖြစ်သည်။ ငါ၏ဤရှုထောင့်သည် ဇာတိပကတိ၌ ငါ၏နောက်ဆုံးသော နှုတ်ကပတ်တော်များဖြစ်သည်ဟု ငါယုံကြည်ပြီး၊ လူတို့သည် ငါနှင့်ပတ်သက်၍ အယူအဆများနှင့် အခြားထင်မြင်မှုများ ရှိမည်မဟုတ်ဟု ငါမျှော်လင့်သည်။

ငါသည် ငါ၌ရှိသမျှကို ပေးအပ်ထားသော်လည်း၊ ကောင်းကင်ဘုံရှိ ဘုရားသခင်၏အလိုတော်ကို

မဖြည့်ဆည်းနိုင်သေးပေ။ ငါသည် အတိုင်းမသိ ဝမ်းနည်းမိသည်။ အဘယ်ကြောင့် ယင်းသည် ဇတိပကတိ၏ သဘောသဘာဝဖြစ်ရသနည်း။ ဤသို့ဖြင့် ယင်းသည် ငါအတိတ်တွင်ပြုခဲ့သောအရာများနှင့် ငါ၌ ဘုရားသခင်ပြုခဲ့သော သိမ်းပိုက်ခြင်းအမှု၏ အကျိုးဆက်ကြောင့်သာ ငါသည် လူသားမျိုးနွယ်၏ သဘောသဘာဝကို ပိုမိုနက်နဲစွာနားလည်ခဲ့ခြင်း ဖြစ်သည်။ ထိုအရာပြီးမှသာ ငါသည် ငါ့အတွက် ဘုရားသခင်၏အလိုတော်ကိုသာ ကြိုးပမ်းလုပ်ဆောင်ရန်၊ ငါ အစွမ်းကုန် အားထုတ်ရန်နှင့် ငါ၌အပြစ်ရှိသည်ဟု မည်သည့်အရာကြောင့်မျှ မခံစားရစေရန် ဟူသော

အခြေခံအကျဆုံးသော စံနှုန်းကို ငါ့အတွက် ချမှတ်ခဲ့သည်။ ငါသည် ဘုရားသခင်ကို အစေခံသော အခြားသူများ သူတို့အတွက်သူတို့ သတ်မှတ်ထားသည့် အရာများကို ဂရုမပြုပေ။ အတိုချုပ်ဆိုရသော် ငါသည် သူ၏အလိုတော်ကို လုပ်ဆောင်ရန် စိတ်ဆုံးဖြတ်ထားသည်။ ဤသည်မှာ ဘုရားသခင်အားဖြင့် ကယ်တင်ခြင်းခံခဲ့ရပြီး ချစ်မြတ်နိုးခြင်းခံခဲ့ရကာ သူ၏ရိုက်ချက်များကို ခံစားခဲ့ရသောသူတစ်ဦးဖြစ်သည့် သူ၏ရှေ့မှောက်တွင် အစေခံသော သူ၏ဖန်ဆင်းခံတစ်ဦးအနေဖြင့် ငါ၏ဝန်ခံချက်ဖြစ်၏။ ၎င်းသည် ဘုရားသခင်က စောင့်ကြည့်၊ ကာကွယ်၊ ချစ်မြတ်နိုးပြီး ကြီးမားစွာအသုံးပြုခြင်းခံရသော သူတစ်ဦး၏ ဝန်ခံချက်ဖြစ်သည်။ ယခုအချိန်မှစ၍ ငါသည် ဘုရားသခင် ငါ့ကို ယုံကြည်အပ်နှံထားသော အရေးကြီးသည့်အလုပ် ပြီးဆုံးသည့်တိုင်အောင် ဤလမ်းကြောင်း၌ ဆက်လက်လျှောက်လှမ်းမည်။ သို့ရာတွင် ငါ့အမြင်တွင် ခရီးလမ်းဆုံးကို ရောက်လုနီးပြီ၊ အဘယ်ကြောင့်ဆိုသော် သူ၏အမှုတော်သည် ပြီးမြောက်ပြီဖြစ်ပြီး ယနေ့အထိတိုင် လူတို့သည် သူတို့လုပ်ဆောင်နိုင်သော အရာအားလုံးကို လုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

တရုတ်ပြည်မကြီး၏ ဤပြန်လည်နာလန်ထူရန် ရေစီးလမ်းကြောင်းထဲသို့ ဝင်ရောက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်ကို ဗဟိုပြုသော ဒေသခံအသင်းတော်များကို တဖြည်းဖြည်း ပေါ်ပေါက်လာစေခဲ့သည်။ ဘုရားသခင်သည် ထိုဒေသခံအသင်းတော်များတွင် မရပ်မနား အလုပ်လုပ်နေခဲ့သည်၊ အကြောင်းမှာ ဤအချိန်တွင်မွေးဖွားသော အသင်းတော်များသည် ကျရှုံးခဲ့သော ဧကရာဇ်မိသားစုတွင် ဘုရားသခင်၏ အဓိကအချက်အချာ ဖြစ်လာကြခြင်းကြောင့်ဖြစ်သည်။ ပြောစရာမလိုသည်မှာ ဘုရားသခင်သည် ထိုကဲ့သို့သော မိသားစုတစ်စုတွင် ဒေသခံအသင်းတော်များကို ထူထောင်ခြင်း၌ အလွန်ဝမ်းမြောက်ပျော်ရွှင်ခဲ့သည်။ သူ၏ပျော်ရွှင်မှုသည် ဖော်ပြ၍မရနိုင်သော ပျော်ရွှင်မှု ဖြစ်ခဲ့သည်။ တရုတ်ပြည်မကြီးတွင် ဒေသခံအသင်းတော်များကို ထူထောင်ပြီး

ကမ္ဘာတစ်ဝှမ်းရှိ အခြားဒေသခံအသင်းတော်များမှ ညီအစ်ကိုမောင်နှမများဆီသို့ ဤသတင်းကောင်းကို ဖြန့်ဝေပြီးနောက် ဘုရားသခင်သည် လွန်စွာ စိတ်လှုပ်ရှားခဲ့သည်။ ယင်းသည် တရုတ်ပြည်မကြီးတွင် သူဆောင်ရွက်ရန်ရည်ရွယ်ခဲ့သည့် အမှုတော်၏ ပထမအဆင့်ဖြစ်ခဲ့သည်။ ယင်းသည် ပထမဆုံးဆောင်ရွက်မှု ဖြစ်ခဲ့သည်ဟု ဆိုနိုင်သည်။ ပြီးလျှင် မည်သည့်လူသားမျှ သို့မဟုတ် မည်သည့်အရာမျှ မတိုက်ခိုက်နိုင်သည့် ခံတပ်ကြီးကဲ့သို့သော ဂမကောင်းဆိုးဝါးများ၏ ခံတပ်ကြီးတစ်ခုအတွင်းတွင် သူ့အမှုတော်၏ပထမအဆင့်ကို စတင်နိုင်သော ဘုရားသခင်၏စွမ်းရည်သည် သူ၏ကြီးမားသောတန်ခိုးပင် မဟုတ်ပါသလော။ ဤအမှုတော် ပြန်လည်နာလန်ထူလာရန်အတွက် မရေတွက်နိုင်သော ညီအစ်ကိုမောင်နှမများသည် နတ်ဆိုးများ၏ သားသတ်ဓားအောက်တွင် အသက်စတေး၍ အသေခံ သေဆုံးနေခဲ့ကြသည်မှာ အထင်းသားဖြစ်ပေသည်။ ဤအကြောင်းအရာကို ယခုဖော်ပြရခြင်းသည် ငါ့ကို စိတ်ဒုက္ခရောက်စေ၍ အမျက်ထွက်စေသည်။ သို့ရာတွင် အများအားဖြင့် ဒုက္ခဆင်းရဲခံရသော နေ့ရက်များသည် ကျော်လွန်ခဲ့လေပြီ။ ငါသည် ဘုရားသခင်အတွက် ယနေ့အလုပ်လုပ်နိုင်ပြီး၊ ယနေ့ ငါ့လက်ရှိနေရာကိုရောက်နိုင်ခဲ့သည်မှာ ဘုရားသခင်၏ အနန္တတန်ခိုး၏ ကျေးဇူးတော်ကြောင့်သာ လုံးဝဖြစ်၏။ ငါသည် အသက်စတေးရန်အတွက် ဘုရားသခင် ရွေးကောက်ခဲ့သောသူတို့အပေါ် ကြီးစွာသော အံ့ဩမြတ်နိုးခြင်းရှိ၏။ ထိုသူတို့သည် ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်နိုင်ခဲ့ကြပြီး ဘုရားသခင်အတွက် သူတို့ကိုယ်သူတို့ စွန့်လွှတ်အနစ်နာခံနိုင်ခဲ့ကြသည်။ ရိုးသားပွင့်လင်းစွာပြောရသော် ဘုရားသခင်၏ကျေးဇူးတော်နှင့် ကရုဏာတော်ကြောင့် မဟုတ်ခဲ့လျှင် ငါသည် လွန်လေပြီးသောအချိန်က ရွှံ့နွံထဲ၌ လဲကျနေခဲ့မည် ဖြစ်သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ပင်တည်း။ ဘုရားသခင် အနားယူနိုင်ရန်အတွက် ဘုန်းတော်အားလုံးကို သူ့အား ပေးလိုသောဆန္ဒ ငါ၌ရှိသည်။ တချို့သောသူများသည် ငါ့ကို မေးကြသည်မှာ- “သင်၏ရာထူးဂုဏ်သိန်ကြောင့် သင်သည် မသေသင့်ပါ။ ဘုရားသခင် သေခြင်းအကြောင်းပြောသည့်အခါ သင်သည် အဘယ်ကြောင့် ပျော်ရွှင်သနည်း။” ငါသည် တိုက်ရိုက်ဖြေကြားမည့်အစား အနည်းငယ်ပြုံးပြ၍ ပြောလိုက်သည်မှာ “ဤသည်မှာ ငါလိုက်လျှောက်ရမည့်၊ ငါ လုံးဝလိုက်ရမည့် လမ်းကြောင်းဖြစ်သည်။” လူတို့သည် ငါ၏ဖြေကြားချက်ကြောင့် စိတ်ရှုပ်သွားသည်။ သူတို့သည် ငါ့အပေါ် အနည်းငယ်သံသယဖြစ်လျက် ငါ့ကို အလွန်အံ့အားသင့်လျက်သာ ကြည့်ရှုနိုင်သည်။ သို့သော် ယင်းသည် ငါရွေးချယ်ထားသော လမ်းကြောင်းဖြစ်ပြီး၊ ဘုရားသခင်၏ရှေ့မှောက်တွင်

ထားရှိသော ငါ၏စိတ်ဆိုးဖြတ်ချက်လည်း ဖြစ်သောကြောင့် ခက်ခဲမှုများ မည်မျှပင် ကြီးမားပါစေ၊ ငါသည် ရှေ့ဆက်၍ ကြိုးစားလျှောက်လှမ်းရမည်ဟု ငါယုံကြည်သည်။ ယင်းသည် ဘုရားသခင်ကို အစေခံသောသူတို့ ထားရှိသင့်သည့် ကတိဖြစ်ပြီး၊ သူတို့ ထားရှိပြီးသော ကတိစကားကို နည်းနည်းလေးမျှ ပြန်ရုပ်သိမ်း၍မရဟု ငါထင်သည်။ ယင်းသည် ဘုရားသခင်ကို ယုံကြည်သောသူတစ်ဦး နားလည်သင့်သည့် ရှေးလွန်လေပြီးသော အချိန်၌ ပညတ်တော်ခေတ်က ချမှတ်ထားသော သတ်မှတ်ထိန်းချုပ်မှုတစ်ခုဖြစ်သည့် စည်းမျဉ်းတစ်ခုလည်းဖြစ်သည်။ ငါ၏အတွေ့အကြုံအရ ဘုရားသခင်ကို ငါ၏သိကျွမ်းမှုသည် မကြီးမားဘဲ၊ ငါအမှန်တကယ် တွေ့ကြုံခဲ့သမျှသည် သေးနုပ်ကာ ငါ၌ ပြောပလောက်အောင် ပါးနပ်သော ထိုးထွင်းသိမြင်မှုများ ဟူ၍ မရှိသော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်များကို ထိန်းသိမ်းရမည်ဖြစ်ပြီး၊ အာခံ၍ မရပေ။ လုံး၀ ရိုးသားပွင့်လင်းစွာပြောရလျှင် ငါကိုယ်တိုင်၏ လက်တွေ့ကျသော အတွေ့အကြုံများသည် သေးနုပ်သော်လည်း၊ ဘုရားသခင်သည် ငါ့အတွက်သက်သေခံပြီး၊ လူတို့သည် ငါဆိုသောပုဂ္ဂိုလ်ကို စစ်မှန်စွာ နားမလည်ဘဲ အစဉ်ယုံကြည်ခြင်းကြောင့် ငါသည် မည်သည်ကို တတ်နိုင်သနည်း။ သို့သော် လူတို့သည် သူတို့၏ ဘုရားသခင်ကိုချစ်ခြင်းအပေါ် အမြင်များကိုပြုပြင်ရန် ငါမျှော်လင့်သေးသည်။ ငါဆိုသောပုဂ္ဂိုလ်သည် သာမညသာဖြစ်သည်။ ငါသည်လည်း ဘုရားသခင်၌ ယုံကြည်ခြင်းလမ်းခရီးကို လိုက်လျှောက်ပြီး၊ ငါလိုက်လျှောက်လှမ်းသော လမ်းကြောင်းသည်လည်း ဘုရားသခင်၌ယုံကြည်ခြင်း လမ်းကြောင်းသာ ဖြစ်သောကြောင့် ဖြစ်သည်။ လူတစ်ဦးသည် ကောင်းမြတ်နိုင်သော်လည်း ကိုးကွယ်ရာတစ်ခု မဖြစ်သင့်ပေ။ ထိုသူသည် အတုယူရန်အတွက် စံပြနမူနာအဖြစ်သာ လုပ်ဆောင်နိုင်သည်။ ငါသည် အခြားသူများပြုသည့်အရာကို ဂရုမစိုက်သော်လည်း ငါသည် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြောင်းကိုလည်း လူတို့ကို ကြေငြာသည်။ ငါသည် ဝိညာဉ်တော်၏ဘုန်းတော်ကို ဇာတိပကတိအား မပေးပေ။ လူတိုင်း ဤအရာနှင့်ပတ်သက်၍ ငါ၏ခံစားချက်များကို နားလည်နိုင်မည်ဟု ငါမျှော်လင့်သည်။ ဤသည်မှာ ငါသည် ငါ၏တာဝန်ကို ရှောင်ခြင်းမဟုတ်၊ ဇာတ်လမ်းတစ်ခုလုံးသာ ဖြစ်၏။ ယင်းကို ရှင်းလင်းစွာ နားလည်သင့်ပေသည်၊ ထို့ကြောင့် ယင်းကို တစ်ဖန်ပြောမည် မဟုတ်ပေ။

ယနေ့တွင် ငါသည် ဘုရားသခင်၏ ရှေ့မှောက်တွင် အသိဉာဏ်ပွင့်လင်းစေခြင်း ခံခဲ့ရသည်။ ကမ္ဘာမြေကြီးပေါ်က ဘုရားသခင်၏ အမှုမှာ ကယ်တင်ခြင်းအမှု ဖြစ်၏။ ယင်းသည် အခြား မည်သည့်အရာနှင့်မျှ မစွန်းထင်းပေ။ အချို့လူများသည် အခြား တွေးကောင်းတွေးနိုင်သော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည် အမှု၏ အဆင့်တစ်ခု-

ကယ်တင်ခြင်းအမှုကိုသာ- လုပ်ဆောင်နေပြီး အခြားသော အမှုကို လုပ်ဆောင်ခြင်းမရှိဟု ငါအမြဲ ခံစားရလေပြီ။ ဤ အရာကို ရှင်းရှင်းလင်းလင်း ဖြစ်သင့်သည်။ ယခုတွင်သာ၊ တရုတ်ပြည်မထဲက သန့်ရှင်းသော ဝိညာဉ်တော်၏ အမှု သိသာထင်ရှားလာပေသည်။ ပြီးလျှင်၊ ဘုရားသခင်သည် အဘယ်ကြောင့် လမ်းကြောင်းအားလုံးကို ဖွင့်လှစ်ပြီး၊ နတ်ဆိုးများ သောင်းကျန်းနေသည့် ဤကဲ့သို့သောနေရာတွင် အမှုပြုလိုမည်နည်း။ ဤအရာက၊ အရာအားလုံးထက် ဘုရားသခင်သည် ကယ်တင်ခြင်း အမှု လုပ်ဆောင်နေသည်ကို ပြသပေသည်။ သာ၍ တိကျစွာ ဆိုရလျှင်၊ ယင်းသည် အဓိကအားဖြင့် သိမ်းပိုက်ခြင်း အမှု ဖြစ်သည်။ အစကတည်းက ယေရှု၏ နာမကို ခေါ်ဆိုထားပြီးဖြစ်သည်။ (အချို့က ယင်းကို မကြုံတွေ့ဖူးသေးခြင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော် အမှု၏ အဆင့် တစ်ဆင့် ဖြစ်သည်ဟု ငါ ဆိုသည်။) ဤသည်မှာ ကျေးဇူးတော်ခေတ်နှင့်သက်ဆိုင်သော ယေရှုမှ ထွက်ခွာရန်အလို့ငှာ ဖြစ်ခဲ့ပေသည်၊ ထို့ကြောင့် လူ တစ်စုကို ကြိုတင်ရွေးချယ်ထားခဲ့ပြီးနောက်၊ ထိုရွေးချယ်မှုကို ကျဉ်းမြောင်းစေခဲ့ပေသည်။ ထို့နောက်တွင်၊ သက်သေခံလီ (Witness Lee) ၏ နာမည်ကို တရုတ် ပြည်မကြီးတွင် ခေါ်ဆိုခဲ့ကြသည်၊ ယင်းမှာ တရုတ် ပြည်မထဲက သန့်ရှင်းသောဝိညာဉ်တော်၏ ပြန်ရယူခြင်း အမှု၏ ဒုတိယအပိုင်းဖြစ်ခဲ့သည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်က လူတို့ကို စတင်ရွေးချယ်သည့် အမှု၏ ပထမအဆင့် ဖြစ်ခဲ့သည်၊ ယင်းမှာ လူများကို ပထမဦးဆုံး စုရုံးစေကာ ၎င်းတို့ကို ထိန်းကျောင်းဖို့ သိုးထိန်းကို စောင့်ဆိုင်းရန် ဖြစ်သည်။ “သက်သေခံလီ” ဟူသောနာမည်ကို ထိုအစေခံမှုအား ဆောင်ရွက်ရန် အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင်သည် “တန်ခိုးနှင့်ပြည့်ဝသူ” ဟူသော အမည်ကို သက်သေခံခြင်းနှင့်ပတ်သက်သည့် သူ၏ အမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခဲ့ပြီး၊ ထိုအရာမတိုင်မီတွင်၊ ယင်းသည် ကြိုတင်ပြင်ဆင်သည့် အဆင့် တစ်ခုတွင် ရှိခဲ့သည်။ ထို့ကြောင့် ယင်းက မှန်ခဲ့သည် သို့မဟုတ် မှားခဲ့သည်ဆိုသည်မှာ အရေးမကြီးသကဲ့သို့၊ ဤသည်မှာ ဘုရားသခင်၏ အစီအစဉ်အတွင်းရှိ အဓိက ပြဿနာမဟုတ်ပေ။ “တန်ခိုးနှင့်ပြည့်စုံသူ” ဟူသော နာမည်ကို သက်သေခံပြီးနောက်တွင်၊ ဘုရားသခင်သည် သူ၏ ကိုယ်ပိုင် အမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရန် တရားဝင် စတင်ခဲ့ပြီး၊ ထို့နောက်တွင်၊ လူ့ဇာတိ၌ရှိသော ဘုရားသခင်အဖြစ် သူ၏ လုပ်ဆောင်ချက်များမှာ တရားဝင် စတင်ခဲ့သည်။ “တန်ခိုးနှင့်ပြည့်စုံသောသခင်” ဟူသော အမည်နာမမှတစ်ဆင့်၊ သူသည် ပုန်ကန်တတ်ပြီး နာခံမှုမရှိသော သူအားလုံးကို ထိန်းချုပ်ခဲ့သည်။ လူတို့သည် အသက် နှစ်ဆယ့်သုံးနှစ် သို့မဟုတ် နှစ်ဆယ့်လေးနှစ် ပြည့်သည့် အချိန်တွင် လူကြီးများကဲ့သို့ စတင်ထင်လာရကြသကဲ့သို့ပင်၊ ၎င်းတို့သည် လူသားများ၏

အသွင်သဏ္ဍာန်ကိုစတင် ဆောင်ခဲ့ကြသည်။ ဆိုလိုသည်မှာ၊ လူတို့သည် သာမန် လူသားတစ်ဦး၏ အသက်တာကို ယခုတင် စတင် ရရှိခဲ့ကြပြီးဖြစ်သည်။ အစေခံသူများ၏ စမ်းသပ်ခံရခြင်းမှတစ်ဆင့်၊ ဘုရားသခင်၏ အမှုသည် ဘုရားသဘာဝ၏ အမှုကို ဆောင်ရွက်ခြင်း အဆင့်သို့ အလိုအလျောက် အသွင်ပြောင်းလဲခဲ့သည်။ အမှု၏ ဤ အဆင့်သည်သာ သူ့ အမှုများစွာ၏ အချက်အချာကို ပုံဖော်ပြီး၊ ယင်းသည် သူ၏ အမှုထဲက အဓိကခြေလှမ်းဖြစ်သည်ဟု ဆိုနိုင်သည်။ လူတို့သည် မိမိတို့ကိုယ်ကိုယ် သိကြပြီး မိမိတို့ကိုယ်ကိုယ် မုန်းကြသည်။ ၎င်းတို့သည် မိမိကိုယ်ကိုယ် ကျိန်ဆဲနိုင်သည့် အဆင့်တစ်ခုထိ၊ ၎င်းတို့၏ အသက်များကို စွန့်လွှတ်ရန် လိုလားကြပြီး ဘုရားသခင်၏ ချစ်ဖွယ်ကောင်းခြင်းနှင့် သက်ဆိုင်သည့် ရေးရေးမျှသော အသိစိတ်တစ်ခု ရှိကြသည့် အဆင့်တစ်ခုထိ ရောက်ရှိကြပြီး ဖြစ်သည်၊ ယင်းအခြေခံအုတ်မြစ်ပေါ်တွင် ၎င်းတို့သည် လူသား တည်ရှိခြင်း၏ စစ်မှန်သောအဓိပ္ပါယ်ကို သိရှိလာကြသည်- ထိုသို့ဖြင့် ဘုရားသခင်၏ အလိုကို စွမ်းဆောင်ရရှိလေသည်။ တရုတ်ပြည်မထဲရှိ ဘုရားသခင်၏ အမှုသည် အဆုံးသတ်ရန် နီးကပ်လာနေသည်။ ဘုရားသခင်သည်

နှစ်ပေါင်းအချို့ကြာ သူ၏ ပြင်ဆင်မှုများကို ညစ်ညူးသော ဤပြည်၌ ဆောင်ရွက်နေပြီးဖြစ်သော်လည်း၊ ယခင်က လူတို့သည် ယခု ၎င်းတို့ ရောက်ရှိပြီးဖြစ်သည့် အဆင့်ကို မည်သည့်အခါတွင်မျှ စွမ်းဆောင်ရရှိဖူးခြင်း မရှိပေ။ ယင်းမှာ ယနေ့တွင်သာ ဘုရားသခင်သည် သူ၏ အမှုကို တရားဝင် စတင်သည်ဟု ဆိုလိုပေသည်။ ဤအရာကို နောက်ထပ် အသေးစိတ်အချက် သို့မဟုတ် ရှင်းလင်းပြတ်သားမှု တစ်ခုတစ်လေဖြင့် ဖြည့်ဆည်းပေးရန် မလိုအပ်ပေ။ ဤမှုကို ဘုရားသခင်၏ ဘုရားသဘောသဘာဝမှတစ်ဆင့် တိုက်ရိုက် လုပ်ဆောင်ခြင်းဖြစ်သော်လည်း၊ ယင်းကို လူသားမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောရန်မှာ လုံးဝ မှန်ကန်ပေသည်။ ဤအရာကို မည်သူမျှ မငြင်းနိုင်ပေ။ ဘုရားသခင်၏ အမှုသည် ကာမဂုဏ် လွန်ကျူးဖောက်ပြန်သော ဤပြည်၏ လူအများထဲ၌ လတ်တလောရှိသည့် အတိုင်းအတာအထိ ရောက်ရှိနိုင်ခဲ့သည်မှာ ကမ္ဘာမြေကြီးပေါ်က ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးတော်ကြောင့် သေချာပေါက် ဖြစ်ပေသည်။ ဤအမှု၏ အသီးအပွင့်ကို လူအများအား လက်ခံယုံကြည်စေရန် နေရာတကာသို့ ယူဆောင်သွားနိုင်သည်။ မည်သူမျှ ဤအရာအပေါ် ပေါ့ပေါ့တန်တန် ဝေဖန်မှု ပေးဝံ့မည်မဟုတ်သကဲ့သို့ ယင်းကို ငြင်းဆန်ဝံ့မည် မဟုတ်ပေ။

## လမ်းကြောင်း… (၂)

တရုတ်ပြည်မကြီးရှိ ဘုရားသခင့်အမှု၏ အစဉ်လိုက်၊ အဆင့်များ၊ နည်းလမ်းများနှင့် ပတ်သက်ပြီး ငါတို့၏ ညီအစ်ကို မောင်နှမများအနေဖြင့် ထင်မြင်ယူဆချက်အချို့ ရှိကောင်းရှိပေမည်။ သို့သော် ဤအရာများအပေါ် ပြန်လည်ဆင်ခြင်ထိုက်သည်၊ သို့မဟုတ် သင်တို့ကို ခပ်မြန်မြန် အကျဉ်းချုပ် ပြောပြပေးထိုက်သည်ဟု ငါထင်မြင်ဆဲဖြစ်သည်။ ငါသည် ငါ၏ နှလုံးသားထဲရှိ အရာကို ပြောဆိုရန်အတွက်သာ ဤအခွင့်အရေးကို အသုံးပြုမည်ဖြစ်ပြီး ဤအမှုထက် ကျော်လွန်သော အကြောင်းအရာတို့ကို ငါပြောလိမ့်မည် မဟုတ်ပေ။ ညီအစ်ကိုမောင်နှမများအနေဖြင့် ငါ၏ စိတ်နေစိတ်ထားကို နားလည်နိုင်ကြမည်ဟု ငါမျှော်လင့်ပြီး ငါ၏ နှုတ်ကပတ်တော်များကို ဖတ်ရှုကြသူများ အားလုံးအနေဖြင့် ငါ၏ နည်းပါးသော ဝိညာဉ်ရင့်ကျက်မှု၊ ငါ၏ အသက်အတွေ့အကြုံ မလုံလောက်မှုနှင့် ဘုရားသခင်ရှေ့မှောက်တွင် ငါဦးမော့ထားခြင်းငှာ မစွမ်းနိုင်မှုတို့ကို နားလည်ပြီး ခွင့်လွှတ်ပေးရန်လည်း ကျိုးနွံစွာ မေတ္တာရပ်ခံသည်။ သို့ဖြစ်စေကာမူ ဤအရာတို့မှာ ဓမ္မဓိဌာန်ကျသော အကြောင်းပြချက်များသာ ဖြစ်ကြသည်ဟု ငါနားလည်သည်။ တိုတိုပြောရလျှင်၊ မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင်၏ ရှေ့မှောက်တွင် ငါတို့ မိတ်သဟာယပြုခြင်းကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖြစ်အပျက် သို့မဟုတ် မည်သည့်အရာကမဆို မရပ်တန့်နိုင်ပေ။ ထို့ပြင် ဘုရားသခင်၏ ရှေ့မှောက်၌ ပိုမိုကြိုးစားလုပ်ဆောင်ရာတွင် ငါတို့၏ ညီအစ်ကိုမောင်နှမများအနေဖြင့် ငါနှင့်ပူးပေါင်းနိုင်ရန် ငါမျှော်လင့်သည်။ ငါသည် အောက်ပါအတိုင်း- "အို ဘုရားသခင်၊ ငါတို့၏ ဘုံစံနှုန်းများ၏ အုပ်စိုးမှုအောက်၌ ငါနှင့် ငါ၏ ညီအစ်ကိုမောင်နှမများ အတူတကွ ရုန်းကန်လှုပ်ရှားနိုင်ရန်၊ သက်ဆုံးတိုင်အောင် ကိုယ်တော့်အား သစ္စာရှိနိုင်စေရန်နှင့် မည်သည့်အခါမှ နောင်တမရစေရန်အလို့ငှာ ကျေးဇူးပြု၍ ငါတို့အပေါ် သနားကရုဏာ ထားတော်မူပါ။" ဟု ဆုတောင်းပဌနာ ပြုလိုသည်။ ဤနှုတ်ကပတ်တော်များသည် ဘုရားသခင်ရှေ့မှောက်ဝယ် ငါ၏ သန္နိဋ္ဌာန်ဖြစ်သော်လည်း၊ ယင်းတို့သည် ဘုရားသခင်၏ အသုံးပြုခြင်းခံရသော လူ့ဇာတိရှိသူတစ်ဦးအနေနှင့် ငါ၏ ကိုယ်ပိုင်ဆောင်ပုဒ် ဖြစ်သည်ဟုလည်း ဆိုနိုင်ပေသည်။ ငါသည် ဤနှုတ်ကပတ်တော်များကို ငါ့အပါး၌ ရှိသည့် ညီအစ်ကိုမောင်နှမများနှင့် မိတ်သဟာယပြုရာတွင် အကြိမ်ပေါင်းများစွာ မျှဝေခဲ့ပြီးဖြစ်ကာ ထိုအရာတို့ကို ငါဘေး၌ရှိသောသူတို့အား သတင်းစကားအဖြစ် ပေးခဲ့ပြီးဖြစ်သည်။ ယင်းတို့နှင့် ပတ်သက်ပြီး လူတို့ မည်သို့တွေးကြသည်ကို ငါမသိသော်လည်း၊ မည်သို့ပင်ဖြစ်စေ

ဤနှုတ်ကပတ်တော်များတွင် ပုဂ္ဂလဓိဋ္ဌာန်ကျသော အားထုတ်မှု လက္ခဏာပါဝင်ရုံမျှမက၊ ယင်းတို့တွင် ဓမ္မဓိဋ္ဌာန်ကျသော သဘောတရားလက္ခဏာပါ ပါဝင်သည်။ ယင်းကြောင့် လူအချို့တွင် ထိုထိုသော သဘောအယူအဆ ရှိကြသည်မှာ ဖြစ်နိုင်ပြီး ဤနှုတ်ကပတ်တော်များကို သင်၏ဆောင်ပုဒ်အဖြစ် သဘောထားကာ ဘုရားသခင်ကိုချစ်ခြင်းအတွက် သင်၏လှုံ့ဆော်မှုတွန်းအား မည်မျှကြီးမားလာသည်ကို မြင်ရပါက သင့်အတွက် ကောင်းပေလိမ့်မည်။ အချို့လူများသည် ဤနှုတ်ကပတ်တော်များကို ဖတ်သောအခါ၊ အယူအဆ တစ်စုံတစ်ရာ ပေါ်ပေါက်လာမည်ဖြစ်ပြီး- "ထိုကဲ့သို့သော နိစ္စဓူဝ၊ သာမန်ပြောဆိုစရာ အရာတစ်ခုက လူတို့ကို သက်ဆုံးတိုင်အောင် ဘုရားသခင်ကို ချစ်ဖို့ရန် ကြီးမားသော လှုံ့ဆော်မှုတွန်းအား မည်သို့များ ပေးနိုင်မည်နည်း။ ထို့ပြင် ယင်းသည် ငါတို့ ဆွေးနွေးနေသော 'လမ်းကြောင်း' ဟူသည့် အကြောင်းအရာနှင့်လည်း သက်ဆိုင်မှုလုံးဝမရှိပါ။" ဟု တွေးကြလိမ့်မည်။ ဤနှုတ်ကပတ်တော်များသည် အထူးသဖြင့် ဆွဲဆောင်ဖမ်းစားနိုင်ခြင်း မရှိလောက်မည်ကို ငါ ဝန်ခံသည်။ သို့သော် ယင်းတို့က လူတို့ကို မှန်ကန်သော လမ်းကြောင်းပေါ်သို့ ဦးတည်ပေးနိုင်သည့်အပြင် ဘုရားသခင်၌ ယုံကြည်မှုလမ်းကြောင်းတစ်လျှောက် စိတ်ပျက်အားလျော့ခြင်း မရှိဘဲ သို့မဟုတ် နောက်ပြန်မလှည့်ဘဲ သူတို့အား စမ်းသပ်မှုအမျိုးမျိုးတို့ကို ကြုံတွေ့ရန် ခွင့်ပြုနိုင်သည်ဟု ငါအမြဲ စဉ်းစားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်ပင် ငါသည် ယင်းတို့ကို ငါ၏ ဆောင်ပုဒ်အဖြစ် အမြဲပင် သဘောထားသည်။ လူတို့သည်လည်း ယင်းတို့ကို စေ့စပ်သေချာစွာ တွေးတောကြလိမ့်မည်ဟု ငါ မျှော်လင့်သည်။ သို့သော် ငါ၏ ရည်ရွယ်ချက်မှာ ငါကိုယ်တိုင်၏ အမြင်ရှုထောင့်များကို လက်ခံရန် လူတိုင်းကို အတင်းအကျပ် တိုက်တွန်းရန် မဟုတ်ပေ- ဤသည်မှာ အကြံပြုချက်မျှသာ ဖြစ်သည်။ အခြားသူများက ငါ့ကို မည်သို့ထင်သည်ဖြစ်စေ၊ ဘုရားသခင်သည် ငါတို့ အယောက်စီတိုင်းရှိ အတွင်းအင်အားများကို နားလည်သည်ဟု ငါထင်သည်။ ဘုရားသခင်သည် ငါတို့အယောက်စီတိုင်းတွင် အဆက်မပြတ် အမှုပြုလျက်ရှိပြီး သူ၏အမှုသည် မမောမပန်းနိုင်ပေ။ ငါတို့အားလုံးသည် အဆင်းနီသော နဂါးကြီး၏ တိုင်းပြည်တွင် မွေးဖွားလာခဲ့သောကြောင့်၊ သူသည် ငါတို့တွင် ဤနည်းဖြင့် အမှုပြုခြင်းဖြစ်သည်။ အဆင်းနီသော နဂါးကြီး၏တိုင်းပြည်တွင် မွေးဖွားခဲ့ကြသူများမှာ သန့်ရှင်းသောဝိညာဉ်တော်၏ ဤအလုပ်ကို ရရှိသည့်အတွက် ကံကောင်းကြသည်။ ယင်းတို့အနက် တစ်ဦးအနေဖြင့် ငါ၌ ချစ်ခင်မြတ်နိုးမှု၊ လေးစားမှုနှင့် ထိုက်တန်ခြင်းနှင့် ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုတို့အား ကြီးမားသော ခံစားချက် ရှိသည်။ ဤသည်မှာ ဘုရားသခင် ငါတို့ကို ပြုစုစောင့်ရှောက်နေခြင်း ဖြစ်သည်။ ဤမျှ

ခေတ်နောက်ကျန်သော၊ ရှေးရိုးစွဲသော၊ မြေရှင်ပဒေသရာဇ်ဆန်သော၊ အယူသီးအစွဲအလမ်းကြီး၍ အကျင့်ပျက်သော ပစ္စည်းမဲ့လူတန်းစား အင်ပါယာကြီးအဖို့ ဘုရားသခင်ထံမှ ဤသို့သောအမှုကို ရရှိနိုင်သည်မှာ နောက်ဆုံးသောခေတ်ရှိ ငါတို့ ဤလူစုအဖို့ အဘယ်မျှ ကောင်းချီးမင်္ဂလာ ခံစားရကြောင်းကိုပင် ပြသသည်။ ဤအမှုကို မြင်ရန်အတွက် ဝိညာဉ်မျက်စိများ ပွင့်ကြသော ညီအစ်ကိုမောင်နှမများ အားလုံးသည် အကျိုးဆက်အနေဖြင့် ပျော်ရွှင်ခြင်းမျက်ရည်တို့ စီးကျလိမ့်မည်ဟု ငါယုံကြည်သည်။ ပြီးလျှင် ထိုအချိန်၌ သင်သည် ပျော်ရွှင်မှုနှင့် ကခုန်ခြင်းအားဖြင့် သင့်ကိုယ်သင် ဘုရားသခင်ထံ မဖော်ပြဘဲ နေလိမ့်မည်လော။ သင့်စိတ်နှလုံးထဲရှိ သီချင်းကို ဘုရားသခင်အား မဆက်ကပ်ပေဘူးလော။ ထိုအချိန်၌ သင်သည် သင်၏သန္နိဋ္ဌာန်ကို ဘုရားသခင်အား ပြသပြီး သူ၏ရှေ့မှောက်တွင် အခြား အစီအစဉ်တစ်ခုကို မပြုလုပ်ဘဲ နေလိမ့်မည်လော။ ဤအရာအားလုံးသည် ဘုရားသခင်ကို ယုံကြည်သော သာမန်လူများ ပြုလုပ်သင့်သည့် အရာများ ဖြစ်သည်ဟု ငါထင်သည်။ လူသားများအနေဖြင့် ငါတို့ အယောက်စီတိုင်းသည် ဘုရားသခင်၏ ရှေ့မှောက်တွင် ဖော်ပြချက်မျိုးတစ်စုံတစ်ရာ ရှိသင့်သည်ဟု ငါယုံကြည်သည်။ ဤသည်မှာ ခံစားချက်များရှိသော လူတစ်ဦး ပြုသင့်သည့်အရာ ဖြစ်သည်။ ငါတို့ထဲမှ လူတိုင်း၏ အစွမ်းအစနှင့် ငါတို့မွေးဖွားလာခဲ့သည့် နေရာတို့ကို ကြည့်ခြင်းက ဘုရားသခင်အနေဖြင့် ငါတို့အကြားသို့ လာရန်အလို့ငှာ အရှက်ရခြင်းကို အဘယ်မျှပင် သည်းခံခဲ့ရကြောင်း ပြသသည်။ ဘုရားသခင်နှင့် ပတ်သက်သည့် အသိပညာအချို့ ငါတို့အတွင်း၌ ရှိကောင်းရှိလိမ့်မည်၊ သို့သော် ငါတို့ အမှန်တကယ် သိထားသည့်အချက်ဖြစ်သော ဘုရားသခင်သည် အလွန်ကြီးမြတ်၊ အလွန်ထူးကဲသာလွန်ပြီး အလွန်ဂုဏ်သရေရှိ၏ ဟူသည်က လူသားမျိုးနွယ်အကြား သူ၏ဒုက္ခခံရခြင်းမှာ အဘယ်မျှကြီးမြတ်ခဲ့ပြီ ဖြစ်ကြောင်း မီးမောင်းထိုးရန် လုံလောက်၏။ သို့ရာတွင် ငါ၏ ဤနှုတ်ကပတ်တော်များမှာ ဝေဝါးနေသေးပြီး ငါတို့အလယ်ရှိ လူတို့မှာ အလွန်း၊ နုံလွန်းကြရာ လူတို့သည် ယင်းတို့ကို စာများနှင့် ဩဝါဒများအဖြစ်သာ သဘောထားနိုင်ကြလေသည်။ ထို့ကြောင့် ငါတို့၏ ဝိညာဉ်များသည် ဘုရားသခင့်ဝိညာဉ်တော်၏ တို့ထိခြင်းကို ခံရနိုင်စေရန်အလို့ငှာ ယင်းကို လက်ခံကြမည့် ညီအစ်ကိုမောင်နှမများအားလုံးကို ဤအကြောင်းအရာအား ရှင်းပြရာတွင် ပိုမိုအားစိုက်ထုတ်ရန်မှာ ငါ၏ တစ်ခုတည်းသော ရွေးချယ်မှုဖြစ်သည်။ ဘုရားသခင်ပေးဆပ်ထားသော တန်ဖိုး၊ သူပြုလုပ်ထားသော အားထုတ်ကြိုးပမ်းမှုများနှင့် ငါတို့အတွက် ကိုယ်တော်အသုံးပြုထားသော အားအင်ကို ငါတို့မြင်နိုင်ရန်အတွက် ငါတို့၏ ဝိညာဉ်မျက်စိများကို ဘုရားသခင် ဖွင့်ပေးတော်မူပါစေ။

ဘုရားသခင်၏ ဝိညာဉ်တော်ကို လက်ခံပြီးဖြစ်သော တရုတ်ပြည်မကြီးရှိ လူများထဲမှ တစ်ဦးအနေဖြင့် ငါသည် ငါတို့၏အစွမ်းအစ မည်မျှကင်းမဲ့နေကြောင်း လေးနက်သောအသိ ရှိသည်။ (ဤအရာကြောင့် ငါတို့၏ ညီအစ်ကိုမောင်နှမများ အနေဖြင့် အပျက်သဘော မခံစားမိရန် ငါမျှော်လင့်သည်- ဤသည်မှာ လက်တွေ့အခြေအနေ ဖြစ်သည်)။ ငါ၏လက်တွေ့ကျသော အသက်တာတွင် ငါတို့၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့သည် အလွန်တရာ ခေတ်နောက်ပြန် ဆွဲနေသည်ကို ငါရှင်းလင်းစွာ တွေ့မြင်ခဲ့ပြီးဖြစ်သည်။ အဓိကရှုထောင့်များ အရဆိုလျှင် ယင်းသည် ငါတို့၏ အသက်တာများနှင့် ဘုရားသခင်နှင့် ဆက်ဆံရေးတို့တွင် ငါတို့ကိုယ်တိုင် ပြမူနေထိုင်ပုံဖြစ်ပြီး အသေးအဖွဲ ရှုထောင့်များ အရဆိုလျှင် ယင်းသည် ငါတို့၏ ထင်မြင်ယူဆချက်နှင့် အတွေးအခေါ် တစ်ခုချင်းစီတိုင်း ဖြစ်သည်။ ဤအရာများအားလုံးသည် ဓမ္မဓိဌာန်ကျကျ တည်ရှိနေသည့်အရာများ ဖြစ်ကြပြီး ယင်းတို့ကို နှုတ်ကပတ်တော်များ သို့မဟုတ် အယောင်ဆောင်မှုဖြင့် ဖုံးကွယ်ထားရန် ခဲယဉ်းသည်။ ထို့ကြောင့် ဤအရာကို ငါပြောသောအခါတွင် လူအများစုမှာ ပုံမှန်အသိစိတ် ကင်းမဲ့မနေပါက၊ မိမိတို့၏ ဦးခေါင်းကိုညိတ်ပြီး ယင်းကို အသိအမှတ်ပြုကာ လက်ခံယုံကြည်ကြသည်- ထိုကဲ့သို့သောလူတို့သည် ငါ၏ ဤအမြင်များကို လက်ခံနိုင်စွမ်း မရှိကြပေ။ ဤလူတို့ကို လူ့တိရစ္ဆာန်အစစ်အမှန်များဟု မျက်နှာပြောင်တိုက်၍ ရည်ညွှန်းပြောဆိုရာတွင် ငါ အလွန်ရိုင်းပျကောင်း ရိုင်းပျနိုင်သည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် အဆင်းနီသော နဂါးကြီး၏တိုင်းပြည်တွင် ၎င်းတို့သည် ဝက်များ သို့မဟုတ် ခွေးများနည်းတူ အနိမ့်တကာ့ အနိမ့်ကျဆုံး ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။ ၎င်းတို့ထက်ပို၍ အစွမ်းအစကင်းမဲ့သူ မရှိပေ။ ၎င်းတို့သည် ဘုရားသခင်၏ ရှေ့မှောက်သို့ လာရောက်ရန် မထိုက်တန်ကြပေ။ ငါ၏ နှုတ်ကပတ်တော်များသည် အလွန်တရာ "ရိုင်းပျနေခြင်း" ဖြစ်ကောင်းဖြစ်နိုင်သည်။ ငါ၌ အမှုပြုနေသော ဘုရားသခင်၏ ဝိညာဉ်တော်ကို ကိုယ်စားပြုရာ၌ ငါသည် ဤသို့သော လူ့တိရစ္ဆာန်နှင့်အလားတူသည့် ညစ်ညမ်းရိုင်းစိုင်းသော သတ္တဝါမျိုးကို ကျိန်ဆဲပြီး၊ ယင်းကြောင့် ငါ၏ ညီအစ်ကိုမောင်နှမများ အားနည်းမသွားကြရန် ငါမျှော်လင့်သည်။ ငါတို့အထဲတွင် ထိုကဲ့သို့သောလူများ မရှိသည်မှာ ဖြစ်နိုင်သည်။ သို့သော် သမ္မာတရားက မည်သည့်အရာဖြစ်စေ၊ ဤသည်မှာ ထိုကဲ့သို့သောလူများ ကိုင်တွယ်ဖြေရှင်းခံရသင့်သည့် ပုံစံဖြစ်သည်ဟု ငါယုံကြည်သည်။ သင် မည်သို့ထင်သနည်း။

အဆင်းနီသောနဂါးကြီး၏ အင်ပါယာသည် နှစ်ထောင်ပေါင်းအချို့ကြာအောင် တည်မြဲခဲ့ပြီးဖြစ်ကာ၊ ယင်းသည် တောက်လျှောက် အကျင့်စာရိတ္တပျက်ယွင်းခဲ့သည်။ ထို့ပြင် ယင်းသည် ဤကာလတစ်လျှောက်လုံး ဘုရားသခင်ကို ခုခံခဲ့ပြီ ဖြစ်သောကြောင့်

ဘုရားသခင်၏ ကျိန်ဆဲခြင်းများနှင့် အမျက်ဒေါသတို့ကို တွေ့ကြုံခဲ့ပြီးနောက် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်း ရောက်ရှိလာပြီသည်။ ဘုရားသခင်၏ ကျိန်ဆဲခြင်းကို ခံရသည်နှင့်အမျှ ဤနိုင်ငံသည် လူမျိုးရေးခွဲခြားမှုကို အမြဲတစေ ခံစားခဲ့ရပြီးဖြစ်ကာ ခေတ်နောက်ကျန်မှု အခြေအနေတစ်ခုတွင် ဆက်လက်တည်ရှိနေသည်။ ရလဒ်အဖြစ် ငါတို့ မွေးဖွားခဲ့သော နိုင်ငံသည် ဩဇာကြီးမားခြင်းကို ရှာဖွေရာတွင် မထိန်းသိမ်းနိုင်လောက်အောင် ပြင်းထန်သည့် ညစ်ညမ်းရိုင်းစိုင်းသော နတ်ဆိုးအမျိုးမျိုးနှင့် ပြည့်နှက်နေသည်- ဆိုလိုသည်မှာ ၎င်းတို့သည် ဤနေရာတွင် မွေးဖွားသောသူတို့ကို အသရေဖျက်ကြသည်။ လူတို့၏ အလေ့အထများ၊ ဓလေ့ထုံးတမ်းများ၊ ထင်မြင်ယူဆချက်များနှင့် အမြင်သဘောထားများမှာ နောက်ပြန်ဆွဲပြီး ရှေးဆန်သောကြောင့် ယင်းတို့က ဘုရားသခင်နှင့်ပတ်သက်၍ ယခုအချိန်ထိ ၎င်းတို့ ရှန်းမထွက်နိုင်သေးသော အယူအဆမျိုးစုံကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ၎င်းတို့သည် ဘုရားသခင်၏ရှေ့တွင် တစ်မျိုးပြုမူပြီး ကိုယ်တော်၏ကွယ်ရာတွင်မူ စာတန်အား တည်ထား ကိုးကွယ်ခြင်းကို ဘုရားသခင်အား အစေခံခြင်းနှင့် မှားယွင်းလျက် နောက်တစ်မျိုး ပြုမူကြရာ၊ ယင်းက ၎င်းတို့သည် အားလုံးအနက် ခေတ်နောက်အကျန်ဆုံး ဖြစ်ကြကြောင်း ပြသသည်။ ဘုရားသခင်သည် တရုတ်ပြည်မကြီးတွင် များစွာသောအမှုတို့ကို ပြုလုပ်ခဲ့ပြီးဖြစ်ကာ သူ၏ များစွာသော နှုတ်ကပတ်တော်တို့ကို မြွက်ဟခဲ့ပြီးဖြစ်သည်။ သို့သော် လူတို့သည် လုံးလုံးလျားလျား ထုံနေသေးပြီး စိတ်ဝင်စားမှု မရှိကြသေးပေ။ ၎င်းတို့သည် ယခင်က လုပ်ခဲ့သောအလုပ်ကို ဆက်လုပ်နေကြဆဲဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားလည်ခြင်း အလျဉ်းမရှိကြပေ။ ဘုရားသခင်သည် အနာဂတ်နှင့် မျှော်လင့်ချက်မရှိကြောင်း ထုတ်ဖော်ပြောခဲ့သည့်အခါ နွေ၏အပူရှိန်ဖြင့် လှုပ်ရှားသက်ဝင်ခဲ့သော အသင်းတော်သည် အေးစက်စက် ဆောင်းရာသီထဲသို့ ရုတ်ခြည်းကျရောက်ခဲ့၏။ လူတို့၏ စစ်မှန်သော ပင်ကိုသဘာဝများသည် နေ့အလင်းနှင့် ထိတွေ့ခြင်း ခံခဲ့ကြရပြီး ၎င်းတို့၏ ယခင် မိမိကိုယ်မိမိယုံကြည်မှု၊ ချစ်ခြင်းမေတ္တာနှင့် ခွန်အားတို့ အားလုံးသည် သဲလွန်စ အရိပ်အယောင်တစ်ခုမျှ မကျန်ဘဲ ပျောက်ကွယ်သွားခဲ့ကြသည်။ ယနေ့တွင် ၎င်းတို့မည်သူမျှ မိမိတို့၏ တက်ကြွလန်းဆန်းခြင်းကို ပြန်လည်မရရှိသေးပေ။ ၎င်းတို့သည် ဘုရားသခင်ကို ၎င်းတို့ချစ်ကြောင်း မိမိတို့၏ စကားလုံးများဖြင့် ပြောကြသည်။ ၎င်းတို့သည် မိမိတို့၏ စိတ်နှလုံးများထဲတွင် မညည်းညူဝံ့ကြသော်လည်း၊ မည်သို့ပင်ဖြစ်စေ ၎င်းတို့တွင် ထိုချစ်ခြင်းမေတ္တာ မရှိကြပေ။ ယင်းမှာ အဘယ်အကြောင်းနည်း။ ငါတို့၏ ညီအစ်ကို မောင်နှမများအနေဖြင့် ဤဖြစ်ရပ်မှန်ကို သိမှတ် လက်ခံကြလိမ့်မည်ဟု ငါထင်သည်။ ဘုရားသခင်၏ နှစ်လိုဖွယ်ကောင်းမှုကို ငါတို့အားလုံး သိရှိနိုင်ပြီး ငါတို့၏ ဘုရားသခင်ကို

ငါတို့စိတ်နှလုံး၏ အနက်ရှိုင်းဆုံး အစိတ်အပိုင်းထဲတွင် ချစ်မြတ်နိုးနိုင်ကာ ငါတို့၏ ခြားနားသော အနေအထားများတွင် ဘုရားသခင် အတွက် ငါတို့အားလုံး၌ရှိသော ချစ်ခြင်းမေတ္တာကို ဖေါ်ပြနိုင်ရန်အတွက် ကိုယ်တော် ငါတို့ကို အသိဉာဏ်ဖွင့်ပေးပါစေ။ ကိုယ်တော်အတွက် အရိုးခံချစ်ခြင်း၏ မသွေဖည်သော စိတ်နှလုံးများကို ဘုရားသခင် ငါတို့အပေါ် နှင်းအပ်ပါစေ- ဤသည်မှာ ငါမျှော်လင့်သောအရာ ဖြစ်သည်။ ဤသို့ဆိုခဲ့ရင်းဖြင့် ဤညစ်ညမ်းသောမြေတွင် မွေးဖွားခဲ့ကြသော ငါ၏ ညီအစ်ကိုမောင်နှမများအတွက် ငါ အနည်းငယ် ကရုဏာသက်မိပြီး၊ သို့ဖြစ်၍ အဆင်းနီသောနဂါးကြီးကို မုန်းတီးခြင်းသည် ငါ့အတွင်း၌ ကြီးထွားလာခဲ့သည်။ ယင်းသည် ဘုရားသခင်အား ငါတို့၏ချစ်ခြင်းကို ဟန့်တားပြီး ငါတို့၏ အနာဂတ်အလားအလာများအတွက် လောဘကြီးရန် သွေးဆောင်ဖြားယောင်းသည်။ ယင်းက ငါတို့ကို အပျက်သဘောဆောင်စေရန်၊ ဘုရားသခင်ကို ခုခံရန် သွေးဆောင်လေသည်။ ဘုရားသခင်၏ ချစ်ခြင်းကို ငါတို့၏ စိတ်နှလုံးဖြင့် ကျေးဇူးမဆပ်နိုင်သည်အထိပင် ယခုတိုင်အောင် ငါတို့ကို လိမ်လည်လှည့်ဖြားသူ၊ ငါတို့ကို ဖောက်ပြန်ပျက်စီးစေသူ၊ ငါတို့ကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေသူမှာ အဆင်းနီသော နဂါးကြီးဖြစ်ပေသည်။ ငါတို့သည် စိတ်နှလုံးထဲတွင် လှုံ့ဆော်မှုတွန်းအား ရှိကြသော်လည်း၊ ကိုယ်တိုင်မရည်ရွယ်ဘဲနှင့် ငါတို့သည် အစွမ်းမဲ့ကြ၏။ ငါတို့အားလုံးမှာ ယင်း၏သားကောင်များ ဖြစ်ကြသည်။ ဤအကြောင်းကြောင့် ငါသည် ယင်းကို အလွန်တရာ မုန်းတီးပြီး ယင်းကို ဖျက်ဆီးပစ်ရန် လွန်စွာစိတ်ထက်သန်နေသည်။ သို့သော် ငါပြန်စဉ်းစားသည့်အခါ၊ ယင်းသည် မည်သည့်အကျိုးကျေးဇူးမှ မရှိနိုင်ဘဲ ဘုရားသခင်ကိုသာ အနှောင့်အယှက်ပေးလိမ့်မည်။ ထို့ကြောင့် ငါသည် ဤနှုတ်ကပတ်တော်များထံ ပြန်လာသည်- ဘုရားသခင်ကို ချစ်မြတ်နိုးခြင်းဟူသော ကိုယ်တော်၏အလိုတော် အတိုင်း လုပ်ဆောင်ခြင်းအပေါ်တွင် ငါ၏စိတ်နှလုံးကို တည်ထားလျက်ရှိသည်။ ဤသည်မှာ ငါလျှောက်လှမ်းနေသော လမ်းကြောင်းဖြစ်ပြီး၊ ယင်းမှာ ကိုယ်တော်၏ ဖန်ဆင်းခံများအနက် တစ်ခုဖြစ်သော ငါ့အနေဖြင့် လျှောက်သင့်သည့်လမ်း ဖြစ်သည်။ ယင်းမှာ ငါ၏အသက်တာကို အသုံးခံသင့်ပုံ ဖြစ်သည်။ ဤအရာတို့မှာ ငါ၏ စိတ်နှလုံးထဲမှ နှုတ်ကပတ်တော်များ ဖြစ်ပြီး၊ ငါ၏စိတ်နှလုံး ငြိမ်းချမ်းမှု တစ်စုံတစ်ရာ ရရှိနိုင်ရန်အတွက် ငါ၏ ညီအစ်ကိုမောင်နှမများအနေဖြင့် ဤနှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက် အားတက်မှုတစ်စုံတစ်ရာ ရရှိနိုင်ကြလိမ့်မည်ဟု ငါမျှော်လင့်သည်။ အဘယ်ကြောင့်ဆိုသော် ငါ၏ ရည်မှန်းချက်ပန်းတိုင်မှာ ဘုရားသခင်၏ အလိုတော်ကို ဆောင်ရွက်ရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ထွန်းလင်းတောက်ပခဲ့ညားသော အဓိပ္ပာယ်ရှိသည့်ဘဝကို အသက်ရှင် နေထိုင်ရန် ဖြစ်သည်။ ဤအရာတွင် ငါသည်

အားရကျေနပ်ခြင်းနှင့် နှစ်သိမ့်ခြင်း အပြည့်ရှိနေသော စိတ်နှလုံးဖြင့် ဝမ်းနည်းခြင်းကင်းစွာ သေဆုံးနိုင်လိမ့်မည် ဖြစ်သည်။ သင် ထိုသို့လုပ်လိုသလော။ သင်သည် ထိုသန္နိဋ္ဌာန်မျိုး ရှိသူတစ်ဦးလော။

"အရှေ့အာရှ၏ နာမကျန်းသူ" ဟူသောသူများအထဲတွင် ဘုရားသခင် အမှုပြုနိုင်ခြင်းမှာ သူ၏ ကြီးမားသောစွမ်းအား ဖြစ်သည်။ ယင်းသည် သူ၏ နှိမ့်ချမှုနှင့် ဖုံးကွယ်နေမှု ဖြစ်သည်။ သူ၏ ရက်စက်ပြင်းထန်သော နှုတ်ကပတ်တော်များ သို့မဟုတ် ငါတို့အား ပြစ်တင်ဆုံးမခြင်းကို ပဓာနမထားဘဲ၊ သူ၏နှိမ့်ချမှုအတွက် သူ့အား ငါတို့ လှိုက်လှိုက်လှဲလှဲ ချီးမွမ်းသင့်ပြီး၊ ဤအရာအတွက် သူ့ကို အဆုံးတိုင်အောင် ချစ်မြတ်နိုးသင့်သည်။ စာတန်၏ ချည်နှောင်ခြင်းကို နှစ်ထောင်ပေါင်းအချို့ ခံခဲ့ရပြီဖြစ်သော လူတို့သည် ယင်း၏ စွမ်းအားအောက်တွင် ဆက်လက်အသက်ရှင်လာကြပြီး ယင်းကို မဖယ်ရှား ရသေးပေ။ ၎င်းတို့သည် ဆက်လက်၍ အသည်းအသန် စမ်းတဝါးဝါးပြုလျက် ရုန်းကန်လှုပ်ရှားလာကြသည်။ အတိတ်ကာလတွင် ၎င်းတို့သည် အမွေးနံ့သာတို့ကို မီးရှို့ပူဇော်ခဲ့ကြကာ၊ စာတန်ကို ပျပ်ဝပ်ပြီး တည်ထားကိုးကွယ်ခဲ့ကြမည်ဖြစ်ပြီး၊ ၎င်းတို့သည် မိသားစုနှင့် လောကီရေးရာ အရှုပ်အယှက်များအပြင် လူမှုပေါင်းသင်း ဆက်ဆံရေးတို့ဖြင့် တင်းကျပ်စွာ ချည်နှောင်ခြင်း ခံခဲ့ကြရသည်။ ၎င်းတို့သည် ထိုအရာများကို မဖယ်ရှားနိုင်ခဲ့ပေ။ ဤသို့ ဇာတ်တူသားစားသည့် လူ့အဖွဲ့အစည်းမျိုးထဲတွင် အဘယ်သူသည် အဓိပ္ပာယ်ရှိသော အသက်တာကို မည်သည့်နေရာ၌ ရှာတွေ့နိုင်မည်နည်း။ လူတို့ ပြန်ပြောပြသည်မှာ ဒုက္ခဆင်းရဲခြင်း ဘဝတစ်ခုဖြစ်ပြီး၊ ကံကောင်းထောက်မစွာပင် ငါတို့၏ အသက်တာများသည် ဝမ်းမြောက်ဖွယ်ကောင်းပြီး ပူပန်စိုးရိမ်မှုများ ပြည့်နှက်မနေတော့စေရန်အလို့ငှာ ဘုရားသခင်သည် ငါတို့၏ အသက်တာများကို သူ၏ စောင့်ရှောက်ပြုစုခြင်းနှင့် အကာအကွယ်ပေးခြင်းတို့ အောက်၌ထားရှိကာ ဤအပြစ်မဲ့သူတို့ကို ကယ်တင်ခဲ့ပြီးဖြစ်သည်။ ငါတို့သည် သူ၏ ကျေးဇူးတော်အောက်တွင် လက်ရှိအချိန်အထိ ဆက်လက်နေထိုင်ခဲ့ပြီး ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ မဟုတ်သလော။ အဘယ်သူသည် ဘုရားသခင်ထံမှ အဘယ်သို့ အလွန်အကျွံ တောင်းခံဝံ့သောသတ္တိ ရှိနိုင်မည်နည်း။ သူသည် ငါတို့ကို သေးငယ်နည်းပါးစွာ ပေးထားသလော။ သင်စိတ်မကျေနပ်သေးသလော။ ငါတို့အဖို့ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ကျေးဇူးဆပ်ရန် အချိန်ကျလာပြီဟု ငါထင်သည်။ ငါတို့သည် ဘုရားသခင်အား ယုံကြည်ခြင်းလမ်းကြောင်းကို လိုက်လျှောက်သောကြောင့်၊ မနည်းလှသော လှောင်ပြောင်သရော်မှု၊ လုပ်ကြံအသရေဖျက်မှုနှင့် ဖိစီးနှိပ်စက်မှုတို့ကို ငါတို့ ခံစားကောင်း ခံစားရပေမည်ဖြစ်သော်လည်း၊ ဤသည်မှာ အဓိပ္ပာယ်ရှိသော အရာဖြစ်သည်ဟု

ကျွန်ုပ်ယုံကြည်သည်။ ယင်းသည် အရှက်ရစရာ မဟုတ်ဘဲ၊ ဂုဏ်အသရေတစ်ခုဖြစ်ကာ မည်သို့ပင်ဆိုစေ ငါတို့ မွေ့လျော်သည့် ကောင်းချီးမင်္ဂလာများက များပြားလှပေသည်။ မရေမတွက်နိုင်သော စိတ်ပျက်ဖွယ်ရာအချိန်များတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ကျေနပ်နှစ်သိမ့်မှုကို ယူဆောင်လာခဲ့ပြီး ငါတို့ မသိလိုက်ခင်မှာပင် ပူဆွေးသောကသည် ဝမ်းမြောက်ခြင်းအဖြစ်သို့ ပြောင်းလဲခဲ့ပြီးဖြစ်သည်။ မရေမတွက်နိုင်သော လိုအပ်ချိန်များတွင် ဘုရားသခင်သည် ကောင်းချီး မင်္ဂလာများကို ယူဆောင်လာခဲ့ပြီး ငါတို့သည် သူ၏နှုတ်ကပတ်တော်များအားဖြင့် ကြည့်ရှုစောင့်ရှောက်ခြင်း ခံခဲ့ရပြီဖြစ်သည်။ မရေမတွက်နိုင်သော နာမကျန်းချိန်များတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အသက်ကို ယူဆောင်လာခဲ့ပြီး ငါတို့ကို ဘေးအန္တရာယ်မှ လွတ်မြောက်စေကာ ဘေးအန္တရာယ်မှ လုံခြုံမှုအဖြစ်သို့ ပြောင်းလဲစေခဲ့ပြီးဖြစ်သည်။ သင်သည် ဤအရာများကဲ့သို့ များပြားလှသော အရာတို့ကို မသိလိုက်ဘဲနှင့် မွေ့လျော်ခဲ့ပြီးဖြစ်သည်။ ဤအရာတစ်ခုကိုမျှ သင် သတိမရသလော။

# လမ်းကြောင်း… (၃)

ငါ့အသက်တာတွင်၊ ငါ၏ စိတ်နှင့် ခန္ဓာကို ဘုရားသခင်အား လုံးဝ ပေးအပ်ရန် အမြဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ ထိုအခါမှသာ ငါ၏အသိစိတ်သည် အပြစ်တင်ခံရခြင်းမရှိသကဲ့သို့ အတော်အတန် အေးချမ်းရသည်။ အသက်ကို လိုက်စားရှာဖွေသောသူတို့သည် မိမိတို့၏ စိတ်နှလုံးတစ်ခုလုံးကို ဘုရားသခင်အား ဦးစွာပထမ ပေးအပ်ရမည်။ ဤသည်မှာ ကြိုတင်သတ်မှတ်ချက်တစ်ခု ဖြစ်သည်။ ငါ၏ ညီအစ်ကို မောင်နှမများအနေဖြင့် ငါနှင့်အတူ ဘုရားသခင်ထံ ဆိုတောင်းစေလိုသည်- “အို ဘုရားသခင်၊ ကျွန်ုပ်၏နှလုံးသား ကိုယ်တော်ထံသို့ အပြည့်အဝ လှည့်နိုင်ရန်အလို့ငှာ၊ ကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်၏ တို့ထိခြင်း ခံရနိုင်ဖို့အလို့ငှာ၊ ကျွန်ုပ်၏ စိတ်နှလုံးနှင့် ကျွန်ုပ်၏ စိတ်ဝိညာဉ်ထဲတွင် ကိုယ်တော်၏ ချစ်ခင်ဖွယ်ကောင်းခြင်းကို တွေ့မြင်နိုင်ရန်အလို့ငှာနှင့် ကမ္ဘာမြေပေါ် ရှိသောသူတို့သည် ကိုယ်တော်၏ လှပမှုကို မြင်တွေ့ဖို့ ကောင်းချီးမင်္ဂလာ ခံစားနိုင်ကြဖို့အလို့ငှာ၊ ကောင်းကင်ဘုံက ကိုယ်တော်၏ဝိညာဉ်တော်သည် ကမ္ဘာမြေပေါ်က လူတို့အပေါ် ကျေးဇူးတော် အပ်နှင်းစေတော်မူပါ။ ဘုရားသခင်။ ကျွန်ုပ်တို့၏ ချစ်ခြင်းသည် အမြဲတည်တံ့ကာ မပြောင်းလဲနိုင်ဖို့အလို့ငှာ ကိုယ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်များကို တစ်ဖန် တို့ထိစေတော်မူပါ။” ငါတို့အားလုံး အထဲ၌၊ ဘုရားသခင်သည်

ငါတို့၏ နှလုံးသားများကို ဦးစွာ စစ်ဆေးပြီး-ငါတို့၏ နှလုံးသားများကို သူ့ထံ ဖွင့်ဟပြီးသည်နှင့်တစ်ပြိုင်နက်၊ ငါတို့၏ ဝိညာဉ်များကို သူစတင် တို့ထိလေသည်။ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းခြင်း၊ သာလွန်ကြီးစိုးခြင်းနှင့် ကြီးမြတ်ခြင်းတို့ကို ငါတို့ မြင်နိုင်သည်မှာ ငါတို့၏ ဝိညာဉ်များထဲ၌သာ ဖြစ်သည်။ ဤသည်မှာ လူသားများထဲက သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းကြောင်း ဖြစ်သည်။ သင်သည် ဤကဲ့သို့သော အသက်တာမျိုး ရှိသလော။ သန့်ရှင်းသော ဝိညာဉ်တော်၏ အသက်ကို သင်ကြုံတွေ့ပြီးပြီလော။ သင်၏ ဝိညာဉ်သည် ဘုရားသခင်၏ တို့ထိခြင်း ခံရပြီးပြီလော။ လူတို့ထဲတွင် သန့်ရှင်းသော ဝိညာဉ်တော် မည်သို့အလုပ်လုပ်သည်ကို သင်မြင်ပြီးပြီလော။ သင်၏နှလုံးသားတစ်ခုလုံးကို ဘုရားသခင်ထံ သင် လွှဲအပ်ပြီးပြီလော။ သင်၏နှလုံးသားတစ်ခုလုံးကို ဘုရားသခင်အား ပေးပြီးသည့်အခါ၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသက်ကို သင် တိုက်ရိုက် တွေ့ကြုံခံစားနိုင်ပြီး၊ သူ၏လုပ်ဆောင်မှုသည် သင့်ထံ စဉ်ဆက်မပြတ် သိသာထင်ရှားလိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင်၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော် အသုံးပြုခြင်းခံရသော တစ်စုံတစ်ဦး ဖြစ်လာလိမ့်မည်။ ထိုသို့သော လူတစ်ဦးဖြစ်လာရန် သင်ဆန္ဒ ရှိသလော။ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းခံရပြီး၊ ငါ၏ နှလုံးသားကို ဘုရားသခင်ထံ ပထမဦးဆုံး ပေးအပ်ခဲ့ချိန်တွင် သူ၏ရှေ့မှောက်၌ ငါ လဲကျပြီး၊ "အို ဘုရားသခင်၊ ကိုယ်တော်သည် ကျွန်ုပ်၏ မျက်စိများကို ဖွင့်ပေးပြီးဖြစ်ကာ ကိုယ်တော်၏ ကယ်တင်ခြင်းတရားကို ကျွန်ုပ်အား သိခွင့်ပေးလေပြီ။ ကျွန်ုပ်၏ နှလုံးသားကို ကိုယ်တော်အား လုံးဝ ပေးအပ်ရန် ကျွန်ုပ် ဆန္ဒရှိပါ၏၊ ကိုယ်တော်၏ အလိုတော်အတိုင်း ဖြစ်စေဖို့ရန်သာ ကျွန်ုပ် တောင်းလျှောက်ပါ၏၊ ကျွန်ုပ်၏ နှလုံးသားသည် ကိုယ်တော််မျက်မှောက်တွင် ကိုယ်တော်၏ လက်ခံမှုကို ရရှိနိုင်ဖို့ရန်သာ ကျွန်ုပ် ဆန္ဒရှိပြီး၊ ကိုယ်တော်၏ အလိုတော်ကို လိုက်လျှောက်ဖို့သာ ကျွန်ုပ် တောင်းလျှောက်ပါ၏" ဟု အော်ဟစ်ခဲ့ပုံကို ငါ အမှတ်ရမိသည်။ ထိုဆုတောင်းချက်ကို မည်သည့်အခါတွင်မျှ ငါ မေ့လိမ့်မည်မဟုတ်။ ငါသည် အကြီးအကျယ် တို့ထိခံခဲ့ရပြီး၊ ဘုရားသခင်ရှေ့မှောက်တွင် မချိတင်ကဲ ဝေဒနာမျက်ရည်များဖြင့် စိတ်မတင်းနိုင်ဖြစ်ခဲ့ရသည်။ ယင်းမှာ ကယ်တင်ခံခဲ့ရပြီးသည့် တစ်စုံတစ်ဦးအနေဖြင့် ဘုရားသခင်၏ မျက်မှောက်တွင် ငါ၏ ပထမဆုံး အောင်မြင်ခဲ့သော ဆုတောင်းချက်ဖြစ်ပြီး၊ ယင်းသည် ငါ့စိတ်နှလုံး၏ ပထမဦးဆုံးသော ဆန္ဒ ဖြစ်သည်။ ထို့နောက်တွင်၊ ငါသည် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို မကြာခဏ ခံခဲ့ရသည်။ သင်သည် ဤအတွေ့အကြုံမျိုး ရှိဖူးသလော။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲတွင် မည်သို့အလုပ်လုပ်လေပြီနည်း။ သာ၍

ကြီးမားသော အတိုင်းအတာအထိ သို့မဟုတ် သာ၍ လျော့နည်းသော အတိုင်းအတာအထိ၊ ဘုရားသခင်အား ချစ်ရန် ကြိုးစားသူအားလုံးက ဤအတွေ့အကြုံကို မျှဝေခံစားရသည်ဟု ငါ ထင်သည်- ၎င်းတို့ မေ့လျော့ကြခြင်းသာ ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးက ၎င်းတို့သည် ထိုသို့သော အတွေ့အကြုံတစ်ခု မရှိကြသေးဟု ဆိုပါက၊ ဤအရာက ၎င်းတို့ ကယ်တင်မခံရကြသေးသကဲ့သို့ စာတန်၏ အုပ်စိုးမှုအောက် ရှိနေကြသေးသည်ကို သက်သေပြပေသည်။ ငါတို့အားလုံး တွေ့နေကျဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းကြောင်းဖြစ်သကဲ့သို့၊ ယင်းသည် ဘုရားသခင်ကို ယုံကြည်ပြီး ရှာဖွေသောသူတို့၏ လမ်းကြောင်းလည်း ဖြစ်သည်။ လူတို့၌ သန့်ရှင်းသော ဝိညာဉ်တော် ဆောင်ရွက်သည့် အမှု၏ ပထမအဆင့်မှာ ၎င်းတို့၏ စိတ်ဝိညာဉ်များကို တို့ထိခြင်း ဖြစ်သည်၊ ထို့နောက်တွင် ၎င်းတို့သည် ဘုရားသခင်ကို စတင်ချစ်ကြပြီး၊ အသက်ကို လိုက်စားရှာဖွေကာ ဤလမ်းကြောင်းကို လျှောက်ကြသူအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းတွင် ရှိကြပေသည်။ ဤသည်တို့မှာ တရုတ်ပြည်မထဲတွင်သာမက၊ စကြဝဠာတစ်ခွင်လုံးရှိ ဘုရားသခင့်အမှု၏ လှုပ်ရှားမှုအင်အား ဖြစ်ပေသည်။ သူသည် အယောက်တိုင်း၌ ထိုသို့ အမှုပြု၏။ အကယ်၍ တစ်စုံတစ်ဦးသည် မည်သည့်အခါတွင်မျှ တို့ထိခြင်းမခံရဖူးပါက၊ ဤအရာက ၎င်းတို့သည် ဤပြန်လည်ရှင်သန်မှု ရေစီးကြောင်း၏ အပြင်ဘက်တွင် ရှိသည်ကို သက်သေပြပေသည်။ ငါ၏ စိတ်နှလုံးတွင်၊ နေမင်းအောက်ရှိကြသူ အယောက်တိုင်းသည် ဘုရားသခင်၏ တို့ထိခြင်းခံရကာ ဤလမ်းကြောင်းကို လျှောက်လှမ်းနိုင်ဖို့အလို့ငှာ၊ လူအားလုံးကို သူ တို့ထိဖို့ တောင်းလျှောက်ရင်း၊ ဘုရားသခင်ထံ မရပ်မနား ငါ ဆုတောင်း၏။ ဤသည်မှာ ငါ့ထံမှ ဘုရားသခင်ဆီသို့ အရေးမပါသော တောင်းလျှောက်ချက်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ ဤအရာကို သူ လုပ်ဆောင်လိမ့်မည်ဟု ငါ ယုံကြည်သည်။ ငါ၏ ညီအစ်ကိုမောင်နှမအားလုံးသည် ဤအရာအတွက် ဆုတောင်းကြလိမ့်မည်၊ ဘုရားသခင်၏ အလိုပြည့်စုံကောင်း ပြည့်စုံနိုင်လိမ့်မည်ဖြစ်ပြီး၊ ကောင်းကင်ဘုံရှိ သူ၏ ဝိညာဉ် အနားယူနိုင်ဖို့အလို့ငှာ၊ သူ၏အမှု မကြာမီ ပြီးစီးလိမ့်မည်ဟု ငါ မျှော်လင့်သည်။ ဤသည်မှာ ငါ၏ သေးငယ်သော ကိုယ်ပိုင်မျှော်လင့်ချက် ဖြစ်သည်။

ဘုရားသခင်သည် နတ်ဆိုးတို့၏ ခံတပ်တစ်ခုတွင် သူ၏ အမှုကို စတင်နိုင်ပြီးဖြစ်သည့်အတွက်၊ သူသည် စကြဝဠာအနှံ့ မရေမတွက်နိုင်သော အခြားခံတပ်များတွင် ထိုသို့ ဧကန်မုချ လုပ်ဆောင်နိုင်သည်ဟု ငါ ယုံကြည်သည်။ “အဆုံးတိုင်အောင် လိုက်လျှောက်သောသူသည် ကယ်တင်ခံရလိမ့်မည်” ဟု ဆိုထားသည့်အတိုင်းပင်၊ နောက်ဆုံးသောခေတ်နှင့်ဆိုင်သော

ငါတို့သည် ဘုရားသခင်၏ ဘုန်းအသရေနှင့်ဆိုင်သော နေ့ရက်ကို ရှုမြင်ရန် သေချာကြပေသည်။ ဘုရားသခင်ကို သူ့အမှု၏ ဤအဆင့်တွင် မည်သူမျှ အစားထိုး၍ မရနိုင်ပေ- အမှု၏ ဤအဆင့်သည် ထူးခြားသည့်အတွက်၊ ဘုရားသခင်ကိုယ်တိုင်သာ ဤအမှုကို လုပ်ဆောင်နိုင်သည်။ ယင်းသည် သိမ်းပိုက်ခြင်းအမှု၏ အဆင့်တစ်ခု ဖြစ်ပြီး၊ လူတို့သည် အခြားလူများကို မသိမ်းပိုက်နိုင်ပေ။ ဘုရားသခင်က သူကိုယ်တိုင်၏ နှုတ်ဖြင့် စကားပြောပြီး သူကိုယ်တိုင်၏ လက်ဖြင့် ဆောင်ရွက်သည့်အခါမှသာ လူတို့ သိမ်းပိုက်ခြင်းခံရပေသည်။ စကြဝဠာအားလုံးအနက်၊ ဘုရားသခင်သည် အဆင်းနီသော နဂါးကြီး၏ နိုင်ငံကို စမ်းသပ်မြေအဖြစ် အသုံးပြုသည်။ ထို့နောက်တွင် သူသည် စကြဝဠာအနှံ့ ဤအမှုကို စတင်ပေမည်။ ထိုသို့ဖြင့် ဘုရားသခင်သည် စကြဝဠာအနှံ့ သာ၍ကြီးသော အမှုကို ဆောင်ရွက်လိမ့်မည်ဖြစ်ပြီး၊ စကြဝဠာ၏ လူအားလုံးသည် ဘုရားသခင်၏ သိမ်းပိုက်ခြင်းအမှုကို ရရှိကြလိမ့်မည်။ ဘာသာတရားတိုင်းနှင့် ဂိုဏ်းဂဏတိုင်း၏ လူတို့သည် အမှု၏ ဤအဆင့်ကို လက်ခံကြရမည်။ ဤသည်မှာ လျှောက်ရမည့် လမ်းကြောင်းတစ်ခု ဖြစ်သည်- မည်သူမျှ မလွှဲရှောင်နိုင်ပေ။ ဘုရားသခင်က သင့်အား ပေးအပ်ထားသည့် လက်ခံရန် သင် လိုလားနေပါသလော။ သန့်ရှင်းသော ဝိညာဉ်တော်၏ တာဝန်ပေး စေခိုင်းချက်ကို လက်ခံခြင်းသည် မွန်မြတ်သောအရာတစ်ခု ဖြစ်သည်ဟု အမြဲ ငါခံစားရပြီးဖြစ်သည်။ ငါ၏အမြင်အရ၊ ဤသည်မှာ လူသားမျိုးနွယ်ကို ဘုရားသခင်ပေးသည့် အကြီးမားဆုံးသော တာဝန်ပေးစေခိုင်းချက် ဖြစ်သည်။ ဘုရားသခင်သည် စကြဝဠာအနှံ့နှင့် အထက်လောကတွင် ဘုန်းထင်ရှားနိုင်စေဖို့နှင့် ငါတို့၏ အသက်တာများ အချည်းနှီးမဖြစ်ဖို့အလို့ငှာ၊ ငါ၏ ညီအစ်ကိုမောင်နှမများသည် ငါနှင့်အတူ ကြိုးစားလုပ်ဆောင်ပြီး၊ ဘုရားသခင်ထံမှ ဤစေခိုင်းချက်တာဝန်ကို လက်ခံကြဖို့ ငါ မျှော်လင့်သည်။ ဘုရားသခင်အတွက် ငါတို့ တစ်စုံတစ်ရာ လုပ်ဆောင်သင့်သည်၊ သို့မဟုတ် ကတိသစ္စာတစ်ခု ငါတို့ ကျိန်ဆိုသင့်သည်။ လူတို့သည် ဘုရားသခင်ကို ယုံကြည်ချိန်တွင်၊ မည်သည့် ရည်မှန်းချက်မျှ မလိုက်စားပါက၊ ၎င်းတို့၏ အသက်တာသည် အချည်းနှီးအတွက်ဖြစ်ပြီး ၎င်းတို့ သေဆုံးချိန်ရောက်လာသည့်အခါ၊ ၎င်းတို့သည် ကောင်းကင်ပြာနှင့် ဖုန်ထူသော မြေကြီးသာ မြင်ရကြလိမ့်မည်။ ယင်းသည် အဓိပ္ပာယ်ရှိသော အသက်တာတစ်ခုလော။ သင်အသက်ရှင်နေစဉ် ဘုရားသခင်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်ပါက၊ ဤသည်မှာ နှစ်သက်ဖွယ်သော အရာတစ်ခု မဟုတ်လော။ သင်တို့သည် အဘယ်ကြောင့် မိမိကိုယ်ကိုယ်အပေါ် အမြဲ ဒုက္ခရောက်စေပြီး၊ စိတ်ပျက်အားငယ်နေရသနည်း။ သင်တို့သည် ထိုနည်းဖြင့် ဘုရားသခင်ထံမှ တစ်စုံတစ်ရာကို ရရှိနိုင်သလော။ ဘုရားသခင်သည်လည်း

သင့်ထံမှ တစ်စုံတစ်ရာကို ရယူနိုင်သလော။ ဘုရားသခင်ထံ ငါ၏ ကတိသစ္စာတွင်၊ ငါ့စိတ်နှလုံး၏ ကတိသာ ရှိသည်။ ငါသည် သူ့ကို စကားများဖြင့် လှည့်စားရန် ကြိုးစားနေခြင်း မဟုတ်။ ထိုသို့သော အရာတစ်ခုကို မည်သည့်အခါတွင်မျှ ငါလုပ်ဆောင်မည် မဟုတ်- ကောင်းကင်ဘုံရှိ သူ၏ဝိညာဉ်သည် နှစ်သိမ့်ခြင်းသို့ ရောက်ရှိနိုင်ဖို့အလို့ငှာ၊ ငါ၏နှလုံးသားဖြင့် ချစ်သော ဘုရားသခင်ကို နှစ်သိမ့်ရန်သာ ငါ ဆန္ဒရှိသည်။ နှလုံးသားသည် တန်ဖိုးရှိကောင်းရှိနိုင်သော်လည်း၊ ချစ်ခြင်းမေတ္တာသည် ပို၍ အဖိုးထိုက်တန်သည်။ ဘုရားသခင်သည် ငါ ရှိသည့် အလှပဆုံးသော အရာကို မွေ့လျော်ခံစားနိုင်ဖို့အလို့ငှာနှင့် သူ့ကို ငါပူဇော်သော ချစ်ခြင်းမေတ္တာအားဖြင့် သူသည် စိတ်ကျေနပ်အားရနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်ထံ ငါ့ စိတ်နှလုံးထဲက တန်ဖိုးအရှိဆုံး ချစ်ခြင်းမေတ္တာကို ငါ ပေးမည်။ ဘုရားသခင် မွေ့လျော်ဖို့ရန်အတွက် သင့်မေတ္တာကို သူ့အား ပေးရန် သင် လိုလားနေပါသလော။ ဤအရာကို သင်၏ တည်ရှိခြင်း အရင်းအနှီးဖြစ်စေဖို့ သင် လိုလားနေပါသလော။ ငါ၏အတွေ့အကြုံတွင်၊ ဘုရားသခင်ကို ငါ သာ၍ ချစ်ခြင်းမေတ္တာပေးလေလေ၊ အသက်ရှင်မှုတွင် ဝမ်းမြောက်မှုကို ငါ ရှာတွေ့လေလေ ဖြစ်သည်ကို ငါ မြင်လေပြီ။ ထို့အပြင်၊ ငါ၏ ခွန်အားအဖို့ အကန့်အသတ် မရှိသကဲ့သို့၊ ငါသည် ဘုရားသခင်ကို ငါ၏ ခန္ဓာနှင့် စိတ်အားလုံးကို ဝမ်းမြောက်ဝမ်းသာ ပေးပြီး၊ ငါသည် ဘုရားသခင်ကို အလုံလောက်စွာ မချစ်နိုင်ဟူသည့် အမြဲဖြစ်သော ခံစားချက်ရှိပေသည်။ ထိုကြောင့် သင်၏ ချစ်ခြင်းမေတ္တာသည် မပြောပလောက်သော ချစ်ခြင်းမေတ္တာလော သို့မဟုတ် မကုန်ဆုံးနိုင်သည့်၊ အတိုင်းမသိ ချစ်ခြင်းမေတ္တာလော။ သင်သည် ဘုရားသခင်ကို အမှန်တကယ် ချစ်ရန် ဆန္ဒရှိပါက၊ သင်သည် သူ့ကို ပြန်ပေးရန် သာ၍များသော ချစ်ခြင်းမေတ္တာ အမြဲ ရှိလိမ့်မည်- ပြီးလျှင် ထိုသို့ဖြစ်ပါက၊ ဘုရားသခင်အတွက် သင်၏ ချစ်ခြင်းမေတ္တာကို မည်သည့်လူ သို့မဟုတ် မည်သည့်အရာက တားဆီးဖို့ ဖြစ်နိုင်မည်နည်း။

ဘုရားသခင်သည် လူတိုင်း၏ ချစ်ခြင်းမေတ္တာကို ရင်ဝယ်ပိုက်ထားသည်။ သူ့ကို ချစ်သောသူအားလုံးအပေါ်၊ လူသား၏ ချစ်ခြင်းမေတ္တာသည် ရရှိဖို့ အလွန်ခက်သကဲ့သို့၊ အလွန်နည်းပါးသည့်အတွက်၊ ယင်းသည် မမြင်နိုင်လုနီးပါးဖြစ်သည့်အတွက်၊ သူ၏ကောင်းချီးမင်္ဂလာများသည် ဆထက်ထမ်းပိုး ဖြစ်သည်။ စကြဝဠာအနှံ့တွင်၊ ဘုရားသခင်သည် လူတို့အား သူ့ကို ပြန်ချစ်ရန် တောင်းဆိုရင်း ကြိုးစားပြီးဖြစ်သော်လည်း၊ ခေတ်ကာလများတစ်လျှောက် ယနေ့ထိ၊ အနည်းငယ်သာ- လက်တစ်ဆုပ်စာကသာ- ဘုရားသခင်ကို စစ်မှန်သော ချစ်ခြင်းမေတ္တာ ပြန်ပေးဖူးကြပေသည်။ ငါမှတ်မိသရွေ့ ပေတရုသည် တစ်ဦးဖြစ်ခဲ့၏၊ သို့ရာတွင် သူသည် ယေရှု၏ ကိုယ်တိုင်ကိုယ်ကျ

လမ်းပြခြင်းခံခဲ့ရပြီး၊ ဘုရားသခင်ကို သူ၏ ပြည့်ဝသော ချစ်ခြင်းမေတ္တာ ပေးခဲ့သည်မှာ သူ၏ သေဆုံးချိန်တွင်သာ ဖြစ်ခဲ့ပြီး၊ ထို့နောက် သူ၏ ဘဝ အဆုံးသတ်သွားခဲ့သည်။ ထို့ကြောင့် ဤစက်ဆုပ်ရွံရှာဖွယ် အခြေအနေများအောက်တွင်၊ ဘုရားသခင်သည် စကြဝဠာထဲက သူ့အမှု၏ နယ်ပယ်ကို ကျဉ်းမြောင်းစေခဲ့ပြီး၊ သူ၏ အမှုကို သာ၍ ထိရောက်မှုရှိစေရန်နှင့် သူ၏ သက်သေခံချက်အဖို့ သာ၍ ကြီးမားသော အကျိုးကျေးဇူး ရှိစေဖို့အလို့ငှာ၊ သူ၏ အားအင်နှင့် အားထုတ်မှုအားလုံးကို တစ်နေရာတည်းတွင် စူးစိုက်ရင်း၊ အဆင်းနီသော နဂါးကြီး၏နိုင်ငံကို သရုပ်ပြခြင်း နယ်ပယ်တစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ဘုရားသခင်သည် စကြဝဠာတစ်ခွင်လုံးနှင့်သက်ဆိုင်သော သူ၏အမှုကို အားလုံးထဲတွင် အရည်အချင်း အနိမ့်ဆုံးရှိသည့် တရုတ်ပြည်မထဲက ဤလူများထံသို့ လွှဲပြောင်းပေးခဲ့ပြီး၊ သူ၏ နှစ်သက်ဖွယ်သော သိမ်းပိုက်ခြင်းအမှုကို စတင်ခဲ့သည်မှာ ဤအခြေအနေနှစ်ခုအောက်တွင် ဖြစ်သည်။ သူသည် ၎င်းတို့အားလုံးအား သူ့ကို ချစ်စေပြီးနောက်တွင်၊ သူ့အမှု၏ နောက်တစ်ဆင့်ကို သူ ဆောင်ရွက်လိမ့်မည်၊ ယင်းမှာ သူ၏ အစီအစဉ် ဖြစ်သည်။ ထိုသို့ဖြင့် သူ၏အမှုသည် ကြီးမားသော အကျိုးတရားကို စွမ်းဆောင်ရရှိလေသည်။ သူ့အမှု၏ နယ်ပယ်သည် အချက်အချာနှင့် အကန့်အသတ်များ နှစ်ခုလုံး ရှိသည်။ ငါတို့၏နေ့ရက် ရောက်ရှိလာစေရန်အတွက်၊ ငါတို့ထဲတွင် သူ၏ အမှုကို ဆောင်ရွက်နေချိန်တွင် မည်မျှကြီးမားသော အဖိုးအခတစ်ခု ဘုရားသခင် ပေးခဲ့ပြီး၊ မည်မျှများပြားသော အားထုတ်မှု သူ အသုံးပြုပြီးဖြစ်သည်မှာ ရှင်းလင်းသွားပေသည်။ ဤသည်မှာ ငါတို့၏ ကောင်းချီးမင်္ဂလာ ဖြစ်သည်။ ထို့ကြောင့်၊ လူတို့၏ အယူအဆများကို ပျက်ပြားစေသည်မှာ ကောင်းမွန်သော နေရာတွင် ငါတို့ မွေးဖွားရခြင်းအတွက် အနောက်တိုင်းသားများက ငါတို့ကို မနာလိုကြခြင်း ဖြစ်သော်လည်း၊ ငါတို့အားလုံးသည် မိမိတို့ကိုယ်ကိုယ် နိမ့်ကျပြီး နှိမ့်ချသူများအဖြစ် မြင်ကြပေသည်။ ဤသည်မှာ ဘုရားသခင်က ငါတို့ကို ချီမနေခြင်း မဟုတ်လော။ အမြဲနှင်းချေခံရပြီးဖြစ်သည့် အဆင်းနီသော နဂါးကြီး၏ သားစဉ်မြေးဆက်များသည် အနောက်တိုင်းသားများ၏ မျှော်ကြည့်ခြင်း ခံရကြသည်- ဤသည်မှာ အမှန်တကယ် ငါတို့၏ ကောင်းချီးမင်္ဂလာ ဖြစ်သည်။ ဤအရာကို ငါ တွေးမိသည့်အခါ၊ ငါသည် ဘုရားသခင်၏ သနားကြင်နာခြင်း၊ သူ၏ ချစ်မြတ်နိုးခြင်းနှင့် ရင်းနှီးခြင်းတို့ဖြင့် မွှန်ထူသွားရသည်။ ဤအရာက ဘုရားသခင် လုပ်ဆောင်သမျှအရာတိုင်းသည် လူသား၏ အယူအဆများနှင့် သဟဇာတမဖြစ်သည်ကို ပြသပေသည်။ ဤလူအားလုံး ကျိန်ခြင်းကိုခံရသော်လည်း၊ သူသည် ပညတ်တရား၏ ချုပ်ချယ်မှုများဖြင့် ဘောင်ခတ်မခံရသကဲ့သို့၊ သူသည် သူ့အမှု၏ ဗဟိုကို ကမ္ဘာကြီး၏ ဤတစ်စိတ်တစ်ဒေသသို့ တမင်တကာ လွှဲပြောင်းပြီး ဖြစ်သည်။ ဤသည်မှာ

ငါဝမ်းမြောက်ရသည့်အကြောင်းရင်း၊ အတိုင်းမသိ ပျော်ရွှင်မှု ငါ ခံစားရသည့် အကြောင်းရင်း ဖြစ်သည်။ ဣသရေလလူမျိုးများအလယ်က ယဇ်ပုရောဟိတ်မင်းများကဲ့သို့ပင်၊ အမှုတွင် ဦးဆောင်ခြင်း အခန်းကဏ္ဍကို ယူသည့် တစ်စုံတစ်ဦးအနေဖြင့်၊ ငါသည် ဝိညာဉ်တော်၏ အလုပ်ကို တိုက်ရိုက်ဆောင်ရွက်နိုင်ပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်ကို တိုက်ရိုက် အစေခံနိုင်သည်။ ဤသည်မှာ ငါ၏ ကောင်းချီးမင်္ဂလာ ဖြစ်သည်။ ထိုသို့သော အရာတစ်ခုကို မည်သူ စိတ်ကူးဝံ့မည်နည်း။ သို့သော် ယနေ့တွင် ဤအရာသည် ငါတို့အပေါ် မမျှော်လင့်ဘဲ ရောက်ရှိလာပေပြီ။ ယင်းသည် ငါတို့၏ အောင်ပွဲခံခြင်းကို ထိုက်တန်စေသည့် ကြီးမားသော ဝမ်းမြောက်မှုဖြစ်သည်။ ငါတို့ထဲမှ ဤနောက်ဆုံးခေတ်တွင် အသက်ရှင်နေကြသူတို့သည် ဘုရားသခင်၏ ကြီးမားသော အသုံးပြုခြင်းကို ခံရနိုင်ပြီး၊ ထိုသို့ဖြင့် သူ၏ ချစ်ခြင်းမေတ္တာကို ပြန်ပေးဆပ်နိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် ငါတို့ကို ဆက်လက် ကောင်းချီးပေးပြီး ချီမဖို့ ငါမျှော်လင့်သည်။

ယခု ငါလျှောက်လှမ်းသည့် လမ်းကြောင်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြန်ပေးဆပ်ခြင်းနှင့်ဆိုင်သည့် လမ်းကြောင်းဖြစ်သည်၊ သို့သော် ဤသည်မှာ ဘုရားသခင်၏ အလိုမဟုတ်သကဲ့သို့၊ ငါ လျှောက်လှမ်းနေသင့်သည့် လမ်းကြောင်းလည်း မဟုတ်ဟူသည့် အမြဲဖြစ်သော ခံစားချက်တစ်ခု ငါ ရှိသည်။ ဘုရားသခင်အားဖြင့် ကြီးမားစွာ အသုံးပြုခြင်းခံရဖို့- ဤသည်မှာ ဘုရားသခင်၏ အလိုဖြစ်ပြီး၊ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းကြောင်းဖြစ်သည်။ ငါ မှားကောင်းမှားပေမည်၊ သို့သော် အချိန်ကြာမြင့်စွာက ငါသည် ဘုရားသခင်ထံ ငါ့ကို သူလမ်းပြရန်အတွက် ငါ ဆန္ဒရှိသည်၊ ငါ လျှောက်လှမ်းသင့်သည့် လမ်းကြောင်းပေါ် အမြန်ဆုံး ငါ ခြေချမည်ဖြစ်ပြီး၊ ဘုရားသခင်၏ အလိုကို ဖြစ်နိုင်သမျှ မြန်မြန် ဖြည့်ဆည်းမည်ဟု သန္နိဋ္ဌာန်ပြုခဲ့သည့်အတွက်၊ ဤသည်မှာ ငါ၏လမ်းကြောင်း ဖြစ်သည်ဟု ငါထင်၏။ အခြားသူများ မည်သည့်အရာ တွေးသည်ဖြစ်စေ၊ ဘုရားသခင်၏ အလိုကို လိုက်လျှောက်ခြင်းသည် အဆုံးစွန် အရေးကြီး၏။ ငါ့အသက်တာတွင် မည်သည့်အရာမျှ သာ၍ အရေးမပါသကဲ့သို့၊ မည်သူမျှ ငါ့ကို ဤအခွင့်အရေးအား ပိတ်ပင်၍မရနိုင်ပေ။ ဤသည်မှာ ငါ၏ ကိုယ်ရေးကိုယ်တာ အမြင်ဖြစ်ပြီး၊ ယင်းကို နားမလည်နိုင်သောသူ ရှိကောင်းရှိမည်ဖြစ်သော်လည်း၊ ဤအရာကို ငါသည် မည်သူ့ကိုမျှ ရှင်းချက်ထုတ်ပြရမည်ဟု ငါ မထင်ပေ။ ငါလျှောက်သင့်သော လမ်းကြောင်းကို ငါလျှောက်မည်။ ငါ ရှိသင့်သော လမ်းကြောင်းကို ငါ သတိပြုမိသည်နှင့်တစ်ပြိုင်နက်၊ ထိုလမ်းကြောင်းကို ငါ လျှောက်မည်ဖြစ်ပြီး နောက်ဆုတ် လိမ့်မည်မဟုတ်။ ထို့ကြောင့်၊ ငါ ဤစကားများကို ပြန်ပြော၏- ဘုရားသခင်၏ အလိုကို လုပ်ဆောင်ရန် ငါ

စိတ်ပိုင်းဖြတ်ပြီးဖြစ်သည်။ ငါ၏ ညီအစ်ကိုမောင်နှမများသည် ငါ့ကို အပြစ်မြင်လိမ့်မည်မဟုတ်ဟု ငါ သေချာသည်။ ခြုံငုံကြည့်လျှင်၊ ငါ ကိုယ်တိုင်ကိုယ်ကျ မြက်သည့်အတိုင်းဆိုပါက၊ အခြားလူတို့သည် မိမိတို့နှစ်သက်သည့်အရာကို ပြောနိုင်သည်၊ သို့သော် ဘုရားသခင်၏ အလိုကို လိုက်လျှောက်ခြင်းသည် အရေးကြီးဆုံးသော အရာဖြစ်ပြီး၊ ဤအရာတွင် ငါ့ကို မည်သည့်အရာကမျှ ဆွဲမထားနိုင်ဟု ငါ ခံစားရသည်။ ဘုရားသခင်၏ အလိုကို လိုက်လျှောက်ခြင်းသည် မည်သည့်အခါတွင်မျှ မမှားယွင်းနိုင်။ ယင်းသည် မိမိ၏ ကိုယ်ပိုင် အကျိုးစီးပွားဖြင့် ဆောင်ရွက်ခြင်း မဟုတ်ပေ။ ဘုရားသခင်သည် ငါ၏နှလုံးသားအတွင်းသို့ ကြည့်ရှုပြီးဖြစ်သည်ဟု ငါ ယုံကြည်သည်။ သို့ဆိုလျှင် ဤအရာကို သင်မည်သို့ နားလည်သင့်သနည်း။ သင်သည် ဘုရားသခင်အတွက် မိမိကိုယ်ကိုယ် ပူဇော်ရန် လိုလားနေပါသလော။ ဘုရားသခင်၏ အသုံးပြုခြင်းခံရရန် သင် လိုလားနေပါသလော။ ဘုရားသခင်၏ အလိုကို လိုက်လျှောက်ရန် သင် သန္နိဋ္ဌာန်ပြုပါသလော။ ငါ၏ စကားများသည် ငါ၏ ညီအစ်ကိုမောင်နှမများအဖို့ အကူအညီအချို့ ဖြစ်နိုင်မည်ဟု ငါမျှော်လင့်သည်။ ငါ၏ ထိုးထွင်းသိမြင်မှုများနှင့်ပတ်သက်၍ နက်နဲသောအရာ မည်သည့်အရာမျှ မရှိသော်လည်း၊ ငါတို့၏ အတွင်းကျကျ ခံစားချက်များကို ငါတို့ကြားရှိ မည်သည့်အတားဆီးမျှ မရှိဘဲ ဝေမျှနိုင်ကြဖို့အလို့ငှာနှင့် ဘုရားသခင်သည် ငါတို့အလယ် အစဉ်ထာဝရှိစေဖို့အလို့ငှာ၊ ယင်းတို့ကို ငါတို့အား ငါ ပြောပြနေဆဲ ဖြစ်သည်။ ဤသည်တို့မှာ ငါ၏ နှလုံးသားမှ စကားများဖြစ်သည်။ ကောင်းပြီ။ ယနေ့ ငါ၏ စိတ်နှလုံးမှ ငါ ပြောဆိုရမည့်အရာမှာ ထိုမျှသာ ဖြစ်သည်။ ငါ၏ ညီအစ်ကိုမောင်နှမများသည် အလုပ်ကြိုးစားမြဲ ကြိုးစားနေကြလိမ့်မည်ဟု ငါ မျှော်လင့်ပြီး၊ ဘုရားသခင်၏ ဝိညာဉ်သည် ငါတို့ကို အမြဲ စောင့်ရှောက်လိမ့်မည်ဟု ငါမျှော်လင့်သည်။

## လမ်းကြောင်း… (၄)

လူတို့သည် ယနေ့ခေတ်ကာလတွင် ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုကို တွေ့ရှိနိုင်ခြင်း၊ ဘုရားသခင်အား ချစ်ခင်သည့် နည်းလမ်းများအား ရှာဖွေနိုင်ခြင်းနှင့် ယနေ့နိုင်ငံတော်၏ လေ့ကျင့်မှုကို လက်ခံရန် ဆန္ဒရှိခြင်းတို့အားလုံးသည် ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်၏။ ထို့အပြင် လူသားမျိုးနွယ်အား ဘုရားသခင်၏ မြှင့်တင်ပေးခြင်းလည်း ဖြစ်၏။ ဤအချက်ကို ငါတွေးမိတိုင်း ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှု အပေါ် အားကြီးသော အသိတရားတစ်ခုကို ငါရရှိ၏။ ဘုရားသခင်သည် ငါတို့အား အမှန်ပင် ချစ်၏။

သူ မချစ်လျှင်၊ သူ၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုကို အဘယ်သူသည် တွေ့နိုင်လိမ့်မည်နည်း။ ဤသို့ဖြင့်သာ ဤအမှုတော် အားလုံးကို ဘုရားသခင်ကိုယ်တော်တိုင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ကြောင်းနှင့် ဘုရားသခင်သည် လူတို့အား ဦးဆောင်လမ်းပြကြောင်း ငါမြင်၏။ ဤအတွက် ဘုရားသခင်အား ငါကျေးဇူးတင်သည့်အပြင်၊ ငါ၏ ညီအစ်ကို မောင်နှမတို့လည်း ဘုရားသခင်ကို ငါချီးမွမ်းရာ၌ ငါနှင့်အတူ ပါဝင်စေလိုသည်။ "အထွတ်အမြတ်ဆုံးသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည့် ကိုယ်တော်၌ ဘုန်းတော်အားလုံး ရှိပါစေသတည်း။ ကိုယ်တော်၏ ဘုန်းတော်သည် တိုးပွား၍ ကိုယ်တော် ရွေးချယ်ထားပြီး၊ ရရှိထားသော ကျွန်ုပ်တို့၌ ထုတ်ဖော် ပါစေသော်။" ဘုရားသခင်သည် ငါ့အား အသိဉာဏ် ပွင့်လင်းစေခဲ့သည်- လွန်ခဲ့သော ကပ်ကမ္ဘာများစွာ ကတည်းက ငါတို့ကို ဘုရားသခင်သည် ကြိုတင် ဆုံးဖြတ်ထားခဲ့ပြီး ဖြစ်ကြောင်းနှင့် နောက်ဆုံးသောကာလတွင် ငါတို့အား ရယူဖို့ ဘုရားသခင်၌ ဆန္ဒရှိခဲ့ကြောင်း၊ ထို့ကြောင့်လည်း ဘုရားသခင်၏ ဘုန်းတော် အလုံးစုံအား စကြဝဠာနှင့် အရာအားလုံးတို့ကို ငါတို့မှတစ်ဆင့် ကြည့်ခွင့်ပြုခဲ့ကြောင်းကို ဘုရားသခင်သည် ငါ့အား ပြခဲ့၏။ ဤသို့ဖြစ်ပါက ငါတို့သည် ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်၏ ပုံဆောင်မှု ဖြစ်၏။ ဤစကြဝဠာတစ်ခုလုံးတွင် ငါတို့သည် ဘုရားသခင်၏ စံပုံစံများ၊ နမူနာများ ဖြစ်ကြ၏။ ဘုရားသခင်သည် ငါတို့ကို မည်မျှချစ်ကြောင်းနှင့် ငါတို့၌ ဘုရားသခင် ပြုလုပ်တော်မူသော အမှုနှင့် ဘုရားသခင် မိန့်ကြားတော်မူသော နှုတ်ကပတ်တော်များသည် ယခင်ခေတ်များထက် အဆသန်းပေါင်းများစွာ ပိုများကြောင်း ယခုမှသာ ငါနားလည် သဘောပေါက်သည်။ ဘုရားသခင်သည် ဣသရေလနှင့် ရှင်ပေတရုတို့၌ပင် ဤမျှ များပြားသော အမှုတော်နှင့် ဤမျှ များပြားသော နှုတ်ကပတ်တော်တို့ကို ကိုယ်တော်တိုင် မလုပ်ခဲ့၊ မပြောခဲ့ပေ- ယင်းက ငါတို့ ဤအဖွဲ့သည် မယုံနိုင်လောက်အောင်ပင် အမှန်တကယ် ကောင်းချီးပေးခြင်းခံရကြောင်း၊ အတိတ်က သန့်ရှင်းသူများထက် နှိုင်းယှဉ်၍မရအောင် ပိုမို ကောင်းချီးပေးခြင်း ခံရကြောင်းကို ပြသသည်။ ထို့ကြောင့်လည်း ဘုရားသခင်က နောက်ဆုံးခေတ် ကာလ၏ လူတို့သည် ကောင်းချီးပေးခြင်းခံရသည်ဟု အမြဲဆိုခဲ့ခြင်း ဖြစ်၏။ အခြားသူများ မည်သို့ပင် ပြောကြပါစေ၊ ငါတို့သည် ဘုရားသခင်၏ ကောင်းချီးပေးခြင်း အများဆုံး ခံရသူများဖြစ်ကြောင်း ငါယုံကြည်သည်။ ငါတို့အပေါ်သို့ ဘုရားသခင် ပေးသနားတော်မူသည့် ကောင်းချီးများကို ငါတို့ လက်ခံသင့်သည်။ ဘုရားသခင်အား မကျေမနပ် ပြောသူတစ်ချို့ ရှိကောင်း ရှိနိုင်သည်။ သို့သော် ဤကောင်းချီးများသည် ဘုရားသခင်ထံမှ လာပါက၊ ငါတို့သည် ထိုကောင်းချီးတို့နှင့် ထိုက်ကြောင်းကို ထိုအချက်က သက်သေခံသည်ဟု ငါယုံကြည်သည်။ အခြားသူတို့သည် ငါတို့နှင့်ပတ်သက်ပြီး ညည်းညူ

ကြစေကာမူ သို့မဟုတ် မကျေနပ်စေကာမူ ငါ့တို့အား ဘုရားသခင် ပေးအပ်တော်မူသည့် ကောင်းချီးများကို ငါတို့ထံမှ မည်သူတစ်ဦးတစ်ယောက်ကမျှ အမွေ မဆက်ခံနိုင်ကြောင်း သို့မဟုတ် မဖယ်ရှားနိုင်ကြောင်း ငါ ယုံကြည်ဆဲဖြစ်သည်။ ဘုရားသခင်၏ အမှုတော်အား ငါတို့၌ ဆောင်ရွက်ပြီး အခြားသူများကို မပြောဘဲ၊ ငါတို့နှင့်သာ မျက်နှာချင်းဆိုင် ပြောဆိုတော်မူခြင်းတို့ကြောင့် ဘုရားသခင်သည် သူဆန္ဒ ရှိသည့်အတိုင်း လုပ်ဆောင်ခြင်း ဖြစ်၏။ ထို့အပြင် လူတို့သည် ယုံကြည်လက်ခံမှုမရှိလျှင်၊ ကိုယ့်ကိုယ်ကိုယ် ဒုက္ခ ရောက်အောင် ထိုသူတို့ ပြုလုပ်နေခြင်းမျှသာ မဟုတ်သလော။ ဤသို့လုပ်ခြင်းအားဖြင့် ထိုသူတို့သည် ကိုယ့်ကိုယ်ကိုယ် အထင်သေးစေရန် ပြုရာ မရောက်သလော။ ဘာကြောင့် ငါ ဤသို့သော အရာများကို ပြောရသနည်း။ ငါသည် ထိုအချက်အား လေးနက်စွာ နားလည်သဘောပေါက်သောကြောင့် ပြောခြင်းဖြစ်၏။ ဥပမာ ငါ၌ ဘုရားသခင် ပြုလုပ်တော်မူသည့် အမှုတော်ကို ကြည့်လော့- ဤအမှုတော်အား ငါတစ်ဦးတည်းသာ တာဝန်ယူနိုင်၏။ ယင်းကို အခြားတစ်စုံတစ်ဦး လုပ်နိုင်သလော။ ဘုရားသခင်ထံမှ ဤစေခိုင်းချက်တာဝန်ကို လက်ခံရရှိရန်အတွက် ငါသည် အတော်အတန် ကံကောင်းခဲ့၏။ ဤအမှုတော်ကို အခြားတစ်စုံတစ်ဦးသည် စိတ်ရှူးပေါက်ကာ ပြုလုပ်နိုင်မည်လော။ မည်သို့ပင်ဖြစ်စေ၊ ညီအစ်ကိုမောင်နှမများသည် ငါ့နှလုံးသားကို နားလည်မည်ဟု ငါမျှော်လင့်သည်။ ငါအရည်အချင်းမီကြောင်း သက်သေခံ အထောက်အထားများကို ငါသည် ကြွားဝါးနေခြင်း မဟုတ်ဘဲ၊ အကြောင်းအရာတစ်ရပ်ကို ရှင်းပြနေခြင်းသာ ဖြစ်သည်။ ငါသည် ဘုရားသခင်၌သာ ဘုန်းတော်အားလုံး ရှိစေလိုပြီး၊ ဘုရားသခင်၏ ရှေ့တော်မှောက်၌ ငါတို့နှလုံးသားများသည် သန့်ရှင်းနေစေရန် ဘုရားသခင်အား ငါတို့ တစ်ဦးချင်းစီ၏ နှလုံးသားကို ကြည့်တော်မူစေချင်သည်။ ငါ့ နှလုံးသားထက်တွင်၊ ငါသည် ဘုရားသခင်၏ ရယူခြင်းကို အပြည့်အဝ ခံရရန်၊ ယဇ်ပလ္လင်ထက်တွင် ယစ်ပူဇော်ခံရသည့် အပျိုစင်ဖြစ်ရန်၊ ထို့အပြင် လူသားမျိုးနွယ် အားလုံးကြားတွင် သန့်ရှင်းသော ဝိညာဉ်ခန္ဓာအဖြစ် ပေါ်ထွန်းလျက်၊ သိုးသငယ်၏ နာခံမှုမျိုး ရှိရန် အလိုရှိ၏။ ဤသည်မှာ ဘုရားသခင် ရှေ့တော်မှောက်၌ ပြုလုပ်ထားသည့် ကျမ်းသစ္စာ၊ ငါ၏ ကတိဖြစ်သည်။ ဤကတိသစ္စာကို ငါ ဖြည့်ဆည်းပြီး ဤကတိသစ္စာဖြင့် ဘုရားသခင်၏ မေတ္တာတော်ကို ငါ ပြန်ဆပ်လိုသည်။ အသင် ဤသို့ လုပ်ရန် လိုလိုလားလား ရှိသလော။ ငါ၏ ဤကတိသည် ပိုများသည့် ငယ်ရွယ်သူ ညီအစ်ကို မောင်နှမများကို အားတိုးစေမည်၊ ထို့အပြင် ပိုများသည့် လူငယ်များအား မျှော်လင့်ချက်များ ရရှိစေမည်ဟု ငါ ယုံကြည်သည်။ ငါ့အမြင်တွင် ဘုရားသခင်သည် လူငယ်များအား အထူးအရေးကြီးသူများအဖြစ် ရှုမြင်ပုံ ရသည်။ ဤသည်မှာ ငါ၏ ဘက်လိုက်သောအမြင်

ဖြစ်ကောင်း ဖြစ်နိုင်၏။ သို့သော် လူငယ်များတွင် အလားအလာများနှင့် မျှော်လင့်ချက် ရှိကြသည်ဟု ငါ အမြဲ ခံစားရသည်။ ဘုရားသခင်သည် လူငယ်များ၌ အမှုတော်ကို ပိုဆောင်ရွက်ပုံရသည်။ လူငယ်များတွင် ထိုးထွင်းသိမြင်မှုနှင့် ဉာဏ်ပညာ ကင်းမဲ့ကောင်း ကင်းမဲ့နေနိုင်သည်။ ထို့အပြင် ထိုသူတို့သည် မွေးခါစ နွားသူငယ်ပမာ တက်ကြွပြီး ဂနာမငြိမ် ဖြစ်ကောင်း ဖြစ်နိုင်ကြသည်၊ သို့သော်လည်း ထိုသူတို့သည် အရည်အချင်း ကင်းမဲ့ကြသူများ မဟုတ်ဟု ငါ ယုံကြည်သည်။ လူငယ်ဘဝ၏ အပြစ်ကင်းစင်မှုနှင့် ၎င်းတို့သည် အမှုအရာအသစ်များကို လျင်မြန်စွာ လက်ခံနိုင်သည်ကို ထိုသူတို့ထံ၌ အသင်တို့ မြင်နိုင်သည်။ လူငယ်များသည် မာနထောင်လွှားတတ်သည်၊ ကြမ်းကြုတ်တတ်ပြီး မဆင်မခြင် ပြုမူတတ်ကြသော်လည်း၊ ယင်းက အလင်းသစ်ကို လက်ခံနိုင်သည့် ၎င်းတို့၏ စွမ်းရည်အား မထိခိုက်စေပါ၊ အဘယ့်ကြောင့်ဆိုသော် လူငယ်တို့သည် ဟောင်းနွမ်းကာ ခေတ်မမီတော့သည့် အရာများအား ဆုပ်ကိုင်ခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် လူငယ်များတွင် အတိုင်းအဆမဲ့သည့် ကတိနှင့် ၎င်းတို့၏ အသက်ပါခြင်းကို ငါ မြင်ရခြင်းဖြစ်၏။ ဤအကြောင်းကြောင့်ပင် လူငယ်များအတွက် နူးညံ့သည့် ခံစားချက် ငါ့၌ ရှိခြင်းဖြစ်၏။ အသက်ကြီးသည့် ညီအစ်ကိုမောင်နှမများအား ငါ မကြိုက်ခြင်း မဟုတ်ပေ၊ သို့သော် ထိုသူတို့တွင် ငါ့အတွက် စိတ်ဝင်စားစရာလည်း မရှိ။ ဤအတွက် ထိုသူတို့အား ငါ အမှန်တကယ် တောင်းပန်၏။ ငါပြောခဲ့သည့်စကားသည် မသင့်လျော်သည့် စကား သို့မဟုတ် စာနာမှု ကင်းမဲ့သည့်စကား ဖြစ်ကောင်း ဖြစ်နိုင်၏။ သို့သော် ငါသည် စကားကို မည်သို့ ပြောရမည်ကို သတိများစွာ ထားရန် ငယ်လွန်းသည့်အတွက် ငါ၏ အဆင်ခြင်မဲ့မှုကို သင်တို့အားလုံး ခွင့်လွှတ်နိုင်လိမ့်မည်ဟု ငါ မျှော်လင့်သည်။ သို့သော် အမှန်ကို ပြောရလျှင်၊ အသက်ကြီးသည့် ညီအစ်ကို မောင်နှမများသည် တကယ်တော့ အမှုတော်တစ်ရပ် တကယ်ကို ဆောင်ရွက် ကြသည်၊ ၎င်းတို့သည် လုံးဝ အသုံးမဝင်ကြသူများ မဟုတ်ကြပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ကိစ္စရပ်များကို ကိုင်ကွယ်ရာတွင် အတွေ့အကြုံ ရှိကြသည်။ ကိစ္စရပ်များကို ကိုင်တွယ်ရာတွင် ထိုသူတို့သည် တည်ငြိမ်ကြသည်။ ထို့အပြင် ထိုသူတို့သည် အမှားများစွာ မလုပ်ကြ။ ဤအချက်တို့သည့် ၎င်းတို့၏ အားသာချက်များ မဟုတ်ကြသလော။ ဘုရားသခင်ရှေ့တော်၌ "အို ဘုရားသခင်၊ ကျွန်ုပ်တို့၏ မတူညီသော အခြေအနေများတွင် ကျွန်ုပ်တို့ ကိုယ်တိုင်၏ အလုပ်တို့ကို ကျွန်ုပ်တို့အားလုံး ဖြည့်ဆည်း နိုင်ကြပြီး ကိုယ်တော်၏ အလိုတော်အတွက် ကျွန်ုပ်တို့ အားလုံး အကောင်းဆုံး လုပ်ဆောင်နိုင်ကြပါစေသော်။" ဟု ငါတို့ အားလုံး ပြောကြစို့။ ဤသည်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်ရမည်ဟု ငါ ယုံကြည်၏။

ငါ၏အတွေ့အကြုံအရ၊ ဤဆွေးနွေးချက်ကို တိုက်ရိုက် ဆန့်ကျင်သူ၊ ဆိုလိုသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်ကို တိုက်ရိုက် ဆန့်ကျင်ကြသူများစွာတို့သည် အသက်ကြီးသူများ ဖြစ်ကြ၏။ ထိုသူတို့တွင် အလွန်ပြင်းထန်သည့် ဘာသာရေး အယူအဆများ ရှိကြသည်။ ထိုသူတို့သည် အချိန်တိုင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအား ခေတ်ကုန်သွားသည့် အရာများနှင့် နှိုင်းယှဉ်ကြပြီး အတိတ်က လက်ခံထားသည့် အရာများအား ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ကိုက်ညီမှုရှိအောင် ကြိုးစားကြသည်။ ထိုသူတို့သည် ရယ်စရာ မကောင်းသလော။ ထိုကဲ့သို့သောသူတို့သည် ဘုရားသခင် ၎င်းတို့အား အပ်နှင်းထားသည့် အမှုတော်ကို ထမ်းရွက်နိုင်မည်လော။ ဘုရားသခင်သည် သူ၏အမှုတော်၌ ထိုကဲ့သို့သောသူတို့ကို အသုံးပြုနိုင်မည်လော။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အလုပ်၏ မည်သည့်နေ့ရက်မဆိုအတွက် နည်းလမ်း တစ်ရပ်ရှိ၏။ အကယ်၍ လူတို့သည် ၎င်းတို့၏ ခေတ်နောက်ကျသော အရာများကို ဖက်တွယ်နေပါက၊ ထိုသူတို့သည် သမိုင်းစင်မြင့်ထက်မှ တွန်းချခံရသည့် နေ့ရက် ရောက်လာပေမည်။ သူ့အမှု၏အဆင့်တိုင်း၌ ဘုရားသခင်သည် လူသစ်များကို အသုံးပြုသည်။ အခြားသူတို့အား သုံးမရတော့သည့် အရာများဖြင့် ဩဝါဒပေးရန် ကြိုးစားသူတို့သည် လူများကို ပျက်စီးစေသည် မဟုတ်သလော။ ထို့အပြင် ထိုသူတို့သည် ဘုရားသခင်၏ အလုပ်အား နှောင့်နှေးစေသည် မဟုတ်သလော။ ဤအခြေအနေ ဖြစ်ပါက၊ ဘုရားသခင်၏ အမှုတော်သည် အဘယ်အခါ ပြီးမြောက်လေမည်နည်း။ ငါ ယခုပြောခဲ့သည့် အရာနှင့်ပတ်သက်ပြီး အယူအဆအချို့ ရှိသူများ ရှိကောင်း ရှိနိုင်သည်။ ထိုသူတို့သည့် လက်ခံယုံကြည်နိုင်ခြင်း မရှိ ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် ငါသည် သင့်အား မစိုးရိမ်စေချင်ပေ- မကြာမီတွင် ဤသို့သော အရာများစွာ ဖြစ်လိမ့်မည်၊ ထို့အပြင် ထိုအရာတို့အား အဖြစ်မှန်များဖြင့်သာ ရှင်းပြနိုင်သည်။ အရေးပါသူအချို့ ဂုဏ်သတင်းကြီးသည့် သင်းအုပ်ဆရာတစ်ချို့ သို့မဟုတ် သမ္မာကျမ်းစာ ရှင်းလင်းဖော်ပြသူ အချို့ထံ အလည်သွားကာ ဤရေစီးကြောင်းကို ဟောကြားကြစို့။ ထိုသူတို့သည် ယင်းကို အစတွင် ပွင့်ပွင့်လင်းလင်း ခုခံကြမည် မဟုတ်ပေ၊ ထိုအချက်သည် သေချာသည်- သို့သော်လည်း ထိုသူတို့သည် သင့်အား စိန်ခေါ်ရန် သမ္မာကျမ်းစာကို ထုတ်ယူလိမ့်မည်။ ထိုသူတို့သည် ဟေရှာယ အနာဂတ္တိကျမ်းနှင့် ဒံယေလအနာဂတ္တိကျမ်းတို့ကို သင့်အား ပြောခိုင်းလိမ့်မည်၊ ထို့အပြင် သင့်အား ဗျာဒိတ်ကျမ်းကိုပင် ရှင်းပြခိုင်းလိမ့်မည်။ အကယ်၍ သင်က ထိုအကြောင်းတို့ကို မပြောနိုင်လျှင်၊ ထိုသူတို့သည် သင့်ကို ငြင်းပယ်လိမ့်မည် ဖြစ်ပြီး သင့်အား ခရစ်တော်၏ အယောင်ကိုဆောင်သောသူဟု ခေါ်ကြလိမ့်မည်၊ ထို့အပြင် သင်သည် အဓိပ္ပာယ်မရှိသော နည်းလမ်း တစ်လမ်းကို ဖြန့်ဝေနေသည်ဟု ဆိုကြလိမ့်မည်။ တစ်နာရီ

ကြာသည့်နောက် သင့်အား အသက်ရှုရပ်တန့် သွားစေနိုင်သည့် စွပ်စွဲချက်အမှားများဖြင့် ထိုသူတို့က စွပ်စွဲကြလိမ့်မည်။ ၎င်းသည် ပွင့်လင်းစွာ ဆန့်ကျင်ခြင်း မဟုတ်သလော။ သို့သော် ဤသည်မှာ အစသာ ရှိသေး၏။ ဘုရားသခင်၏ အမှုတော်၏ နောက်တစ်ဆင့်ကို ထိုသူတို့ မတားဆီးနိုင်ကြပေ၊ ထို့အပြင် မကြာမီတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသူတို့အား လက်ခံလာအောင် ဖိအားပေးလိမ်မည်။ ၎င်းသည် ရှောင်လွှဲမရသည့် လမ်းကြောင်း ဖြစ်သည်။ ထိုအရာသည် လူသားတို့ လုပ်နိုင်စွမ်း မရှိသည်အရာ ဖြစ်ပြီး လူသားတို့ စိတ်ကူး၍ပင် မရနိုင်သည့် အရာဖြစ်၏။ ဘုရားသခင်၏ အမှုတော်သည် စကြဝဠာ တစ်လျှောက် အတားအဆီး မရှိ ပျံ့နှံ့သွားမည်ဟု ငါ ယုံကြည်သည်။ ဤသည်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်ပြီး မည်သူမှ ၎င်းကို မတားဆီးနိုင်ပေ။ ဘုရားသခင်သည် ငါတို့အား အသိဉာဏ်ပွင့်စေပြီး ငါတို့အား အလင်းသစ်များကို ပိုပြီး လက်ခံနိုင်ခွင့်ပြုစေပါ၊ ထို့အပြင် ဤကိစ္စနှင့် ပတ်သက်ပြီး ဘုရားသခင်၏ စီမံခန့်ခွဲမှုအား နှောင့်ယှက်ခွင့် မပြုပါစေနှင့်။ ဘုရားသခင်၏ ဘုန်းတော်ရှိသည့် နေ့ရက် ရောက်လာသည်ကို ငါတို့အားလုံး မြင်နိုင်ကြရန် ဘုရားသခင်သည့် ငါတို့အပေါ် သနားကရုဏာရှိပါစေ။ စကြဝဠာတစ်ခုလုံးတွင် ဘုရားသခင်၏ ဘုန်းပွင့်သည့် အချိန်သည် ဘုရားသခင်နှင့်အတူ ငါတို့သည်လည်း ဘုန်းပွင့်မည့်အချိန် ဖြစ်ပေမည်။ ထိုအချိန်တွင် ငါနှင့်အတူ လျှောက်ကြသူများနှင့် ငါ ခွဲခွာရမည့် အချိန်လည်း ဖြစ်ပုံရသည်။ ဘုရားသခင်၏ ဘုန်းပွင့်သည့် နေ့ရက်ကို ကျွန်ုပ်တို့၏ ဘဝသက်တမ်းတွင် ကျွန်ုပ်တို့ အားလုံး မြင်နိုင်ရန်အလို့ငှာ၊ ဘုရားသခင်၏ ကြီးမြတ်သည့် အမှုတော်သည် မကြာမီတွင် စုံလင်ပါစေဟု- ငါ၏ ညီအစ်ကိုမောင်နှမများသည် ငါနှင့်အတူ အသံမြှင့်ပြီး ဘုရားသခင်အား မေတ္တာရပ်ခံကြမည်ဟု ငါ မျှော်လင့်သည်။ ငါ၏ သက်တမ်းတွင် ဘုရားသခင်၏ အလိုတော်ကို စွမ်းဆောင် ရရှိရန် ငါမျှော်လင့်ဆဲ ဖြစ်သည်။ ထို့အပြင် ဘုရားသခင်သည် ငါတို့၌ သူ့အမှုတော်အား ဆက်လက် လုပ်ဆောင်တော်မူပြီး မည်သည့်အခါမျှ အဟန့်အတား တစ်စုံတစ်ရာ ရှိမည်မဟုတ်ဟု ငါ မျှော်လင့်သည်။ ဤသည်မှာ ငါ၏ ထာဝရ ရည်မှန်းချက်ဆန္ဒ ဖြစ်သည်။ ဘုရားသခင်သည် ငါတို့အကြားတွင် ထာဝရ ရှိတော်မူပါစေ။ ပြီးလျှင် ငါတို့ကြား ခင်မင်ရင်နှီးမှုသည် ပိုပြီး အားကောင်းလာစေရန်၊ ဘုရားသခင်၏ မေတ္တာတော်သည် ငါတို့အကြားတွင် ပေါင်းကူးတံတားများကို တည်ဆောက်ပေးတော်မူပါစေ။ ချစ်ခြင်းမေတ္တာသည် ငါတို့ကြား ပိုမိုနားလည်မှုကို ဖန်တီးပေးပြီး ချစ်ခြင်းမေတ္တာသည် ငါတို့ထံ ပိုမိုနက်ရှိုင်းသည့် ရင်းနှီးခင်မင်မှုကို ယူဆောင်ပေးနိုင်ဖို့ ငါတို့ကြားထဲက ခပ်ခွာခွာ ဖြစ်နေခြင်း မှန်သမျှကိုလည်း ဖယ်ရှားပေးတော်မူဖို့ ငါတို့ကြားက ချစ်ခြင်းမေတ္တာသည် ပိုမိုနက်ရှိုင်း၊ ပိုမိုကျယ်ပြန့်ကာ၊ ပိုမိုချိုမြိန်လာဖို့တို့ကို ငါမျှော်လင့်သည်။ ဤအရာကား ဘုရားသခင်၏

အလိုတော်ဖြစ်ရမည်ဟု ငါ ယုံကြည်သည်။ ငါ၏ ညီအစ်ကိုမောင်နှမများသည် ငါနှင့် ပိုမိုနီးကပ်လာပြီး ငါတို့ အတူတကွရှိနေသည့် တိုတောင်းသည့် နေ့ရက်များကို ငါတို့အားလုံး တန်ဖိုးထားနိုင်ဖို့၊ ထိုနေ့ရက်များသည် ငါတို့အတွက် လှပသည့် အမှတ်တရများအဖြစ် ဖြည့်ဆည်းနိုင်ကြဖို့ ငါ မျှော်လင့်သည်။

တရုတ်ပြည်မကြီးတွင် ဘုရားသခင်၏အမှုတော်၏ ပိုမိုများပြားသည့် လုပ်ငန်းအဆင့်များ ရှိကောင်း ရှိနိုင်ခဲ့ပေမည်၊ သို့သော်လည်း ၎င်းတို့သည် မရှုပ်ထွေးကြပေ။ ထိုအကြောင်းကို စဉ်းစားသည့်အခါ၊ ဘုရားသခင်၏ အမှုတော်၏ အဆင့်တိုင်းတွင် အနက်အဓိပ္ပာယ် ရှိသည်။ အဆင့်တိုင်းအား ဘုရားသခင်သည် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခဲ့ပြီး၊ ဤအမှုတော်တွင် လူတိုင်းသည် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်ကပြခဲ့ကြသည်။ ဇာတ်လမ်း တစ်ခန်းစီသည် အမှန်ပင် ရယ်စရာ ကောင်းပေသည်။ ထို့အပြင် ဤသို့သော ပြဇာတ်တွင် ထိုလူများ သရုပ်ဆောင်ကြပြီး၊ စစ်ဆေးမှုတိုင်းတွင် ၎င်းတို့၏ သရုပ်ဆောင်ချက်များသည် အလွန်ဘဝဆန်လှကာ၊ လူသား သရုပ်ဖော်သည့် ဟန်ပန်အမူအရာအားလုံး၏ တစ်ခုချင်းစီသည် နေ့၏အလင်းကို များစွာ ဖော်ထုတ်လျက် ဘုရားသခင်၏ ကလောင်တံ အောက်တွင် အလွန် ရှင်းလင်းပီပြင်စွာ လုံးလုံးရှိနေသည်ကို မည်သူက စိတ်ကူးမိမည်နည်း။ သို့သော် ဤသို့ပြောခြင်းဖြင့် ဘုရားသခင်သည် သူ၏အမှုတော်တစ်လျှောက် လူသားတို့နှင့် ကစားနေသည်ဟု ငါဆိုလိုခြင်း မဟုတ်။ ထိုသို့ပြုလုပ်ခြင်း၌ အဓိပ္ပာယ် မရှိပေ။ ဘုရားသခင်၏ အမှုတော်တွင် ရည်ရွယ်ချက် ရှိပြီး ဘုရားသခင်သည် မည်သည့်အရာကိုမှ အဓိပ္ပာယ်မဲ့ သို့မဟုတ် အကျိုးမဲ့ လုပ်တော်မမူ။ ဘုရားသခင် ပြုလုပ်တော်မူသမျှသည် လူတို့အား စုံလင်စေရန်နှင့် လူတို့အား ရယူရန်ဖြစ်၏။ ဤအရာမှ ဘုရားသခင်၏ နှလုံးသားသည် လူသားတို့ ကောင်းကျိုးအတွက်သာ လုံးလုံးဖြစ်သည်ကို ငါ အမှန်တကယ် မြင်ရသည်။ ၎င်းကို ငါက ဇာတ်လမ်းဟု ခေါ် မိကောင်း ခေါ် မိခဲ့လိမ့်မည်၊ သို့သော် ထိုဇာတ်လမ်းကို တကယ့်ဘဝမှ ထုတ်နုတ်ထားသည် ဟုလည်း ပြောနိုင်သည်။ ဤဇာတ်လမ်း၏ အထွေထွေ ဒါရိုက်တာဖြစ်သူ ဘုရားသခင်အဖို့မူ လူသားများသည် သူ့အမှုတော် ပြီးမြောက်ရန်အလို့ငှာ သူနှင့် ပူးပေါင်း ဆောင်ရွက်ရန် အတွက် ရှိနေရခြင်းသာ ဖြစ်၏။ သို့သော် နောက်ထပ် သဘောတရားတစ်ခုမှာ၊ ဘုရားသခင်သည် လူတို့အား ရရှိရန်နှင့် သူ့အား လူတို့ ပိုပြီး ချစ်ခင်စေရန်အတွက် ဤအမှုတော်အား အသုံးပြုခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အလိုတော် မဟုတ်သလော။ ထို့ကြောင့် မည်သူမျှ စိုးရိမ်ပူပန်မှု မရှိဟု ငါ မျှော်လင့်သည်။ အသင်သည် ဘုရားသခင်၏ အလိုတော်ကို လုံးဝ မသိသလော။ ငါ စကားများစွာ ပြောပြီးပြီ- ညီအစ်ကို မောင်နှမတို့သည် ငါ့စကားအားလုံးကို နားလည်ပြီး၊ ငါ့နှလုံးသားအား လွဲမှားစွာ အနက်

အခိပ္ပာယ် မကောက်ယူကြဟု ငါမျှော်လင့်သည်။ သင်တို့အားလုံးသည် ဘုရားသခင်၏ ရယူခြင်းခံရမည်ကို ငါ သံသယ မရှိ။ လူတိုင်းသည် မတူသည့် လမ်းကြောင်းကို လျှောက်လှမ်းကြသည်။ သင်တို့ခြေထောက်အောက်ရှိ လမ်းကြောင်းသည် ဘုရားသခင် ဖွင့်ပေးထားခြင်း ဖြစ်စေလော့- အို ဘုရားသခင်။ ကျွန်ုပ်၏ ဝိညာဉ်သည် အရှင့်ထံ ပြန်လည် ရောက်ရှိသွားရန်အတွက် ကိုယ်တော် ကျွန်ုပ်အား ရယူရန် ကျွန်ုပ် ဆန္ဒရှိပါသည်ဟု ဆိုကာ ဘုရားသခင်ထံ သင်တို့ ဆုတောင်းကြစေလော့။ သင့်ဝိညာဉ်အတွင်းထဲတွင် ဘုရားသခင်၏ လမ်းညွှန်မှုကို ရှာရန် အသင် အဆင်သင့် ဖြစ်ပြီလော။

# လမ်းကြောင်း... (၅)

အတိတ်ကာလတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်ကို မည်သူမျှ မသိခဲ့ကြချေ၊ သန့်ရှင်းသော ဝိညာဉ်တော် လျှောက်သည့် လမ်းကြောင်းကို သာ၍ပင် သတိမမူမိကြပေ။ ထို့ကြောင့် ဘုရားသခင်၏ ရှေ့မှောက်၌ လူတို့ အမြဲပေါကျန်ရစ်ခဲ့ကြရသည်။ ဘုရားသခင်ကို ယုံကြည်သူတိုင်းက သန့်ရှင်းသော ဝိညာဉ်တော်ကို မသိရှိကြသကဲ့သို့၊ ၎င်းတို့၏ ယုံကြည်ခြင်းက ကမောက်ကမဖြစ်ကာ ရှုပ်ထွေးသည်ဟု ပြောဖို့ သင့်လျော်ပေလိမ့်မည်။ သိသိသာသာပင်၊ လူတို့သည် ဘုရားသခင်ကို နားမလည်ကြချေ။ ပြီးလျှင်၊ သူ့ကို ယုံကြည်သည်ဟု ၎င်းတို့၏ နှုတ်များက ပြောနိုင်သော်လည်း၊ အနှစ်သာရအားဖြင့်၊ ၎င်းတို့၏ အပြုအမူများပေါ် အခြေခံ၍ ၎င်းတို့သည် ဘုရားသခင်ကို မဟုတ်ဘဲ၊ မိမိတို့ကိုယ်ကိုယ် ယုံကြည်ကြသည်။ ငါကိုယ်တိုင်၏ တကယ့်အတွေ့အကြုံများတွင်၊ ဘုရားသခင်က လူ့ဇာတိခံ ဘုရားသခင်အား သက်သေခံသည်ကို ငါမြင်ပြီးဖြစ်သကဲ့သို့၊ အပြင်ပန်းတွင် ဘုရားသခင်၏ သက်သေခံချက်ကို လူတို့က အသိအမှတ်ပြုရန် အကျပ်ကိုင်ခံရပုံပေါ်လေသည်၊ ဘုရားသခင်၏ ဝိညာဉ်က အမှားအယွင်း လုံးဝမရှိဟု ၎င်းတို့ ယုံကြည်ကြောင်း ပြောနိုင်ရုံလေးသာ ပြောနိုင်ပေသည်။ သို့သော်၊ လူတို့ ယုံကြည်ကြသည်မှာ ဤလူပုဂ္ဂိုလ် မဟုတ်ပေ၊ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ရန် သာ၍ပင် မဟုတ်ဘဲ၊ ၎င်းတို့၏ ကိုယ်ပိုင် ခံစားချက်များဖြစ်သည်ဟု ငါပြော၏။ ယင်းကို လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ယုံကြည်နေကြခြင်းသာ ဖြစ်သည် မဟုတ်လော။ ငါပြောသည့်အရာ မှန်ကန်၏။ လူတို့၏အကျင့်စရိုက်များကို ငါမတရားဖော်ပြနေခြင်း မဟုတ်၊ သို့သော် ငါ ရှင်းပြရမည့် အရာတစ်ခု ရှိ၏။ လူတို့သည် ရှင်းလင်းမှုရှိသည်ဖြစ်စေ၊ စိတ်ရှုပ်ထွေးသည်ဖြစ်စေ ၎င်းတို့ ယနေ့ထံ ခေါ်ဆောင်ခဲ့ခြင်းခံရဖို့မှာ၊ သန့်ရှင်းသော

ဝိညာဉ်တော်၏တာဝန် လုံးဝဖြစ်ပေသည်။ ယင်းသည် လူသားတို့ ထိန်းချုပ်မှုတစ်ခုတစ်လေရှိသည့် အရာတစ်ခု မဟုတ်ပေ။ ဤသည်မှာ လူတို့၏ ယုံကြည်မှုကို သန့်ရှင်းသော ဝိညာဉ်တော်က အတင်းအကျပ်ပြုခြင်းနှင့် ပတ်သက်၍ ယခင်က ငါ ပြောခဲ့သည့် အရာ၏ ဥပမာတစ်ခု ဖြစ်သည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသည့် နည်းလမ်းဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော် လျှောက်သည့် လမ်းကြောင်း ဖြစ်သည်။ အနှစ်သာရအားဖြင့် မည်သူကို လူတို့ ယုံကြည်ပါစေ၊ သန့်ရှင်းသော ဝိညာဉ်တော်က လူတို့ကို ၎င်းတို့၏ စိတ်နှလုံးများထဲ ဘုရားသခင်ကို ယုံကြည်စေရင်း ခံစားချက် တစ်မျိုးကို အတင်းအကျပ် ပေးလေသည်။ ယင်းမှာ သင် ယုံကြည်သည့် ပုံပင် မဟုတ်လော။ ဘုရားသခင်၌ သင်၏ ယုံကြည်မှုသည် ထူးဆန်းသောအရာတစ်ခု ဖြစ်သည်ဟု သင် မခံစားရသလော။ ဤရေစီးကြောင်းမှ သင် မလွတ်မြောက်နိုင်သည်မှာ ထူးဆန်းသည်ဟု သင် မထင်သလော။ ဤအကြောင်းကို တွေးတောရန် သင်အားထုတ်မှု တစ်ခုတစ်လေ မပြုသလော။ ဤသည်မှာ နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများအားလုံးထဲမှ အကြီးမားဆုံး မဟုတ်လော။ သင်သည် လွတ်မြောက်ဖို့ ပြင်းပြသည့်ဆန္ဒ အကြိမ်များစွာ ရှိခဲ့လျှင်ပင်၊ သင့်ကို ဆွဲဆောင်ပြီး အဝေးထွက်သွားဖို့ ဝန်လေးစေသည့် တန်ခိုးကြီးမားသည့် အသက် အင်အားတစ်ခု အမြဲရှိလေသည်။ ထိုသို့သော အခြေအနေများ၌ ရှိသည်ကို သင့်ကိုယ်သင် တွေ့ရသည့် အကြိမ်တိုင်းတွင်၊ နောက်ဘာလုပ်ရမည်ကို သင် မသိဘဲ အစဉ်အမြဲ စတင် မျက်ရည်ကျကာ ရှိုက်ငိုလေသည်။ သင်တို့ထဲမှ အချို့သည် ထွက်သွားဖို့ ကြိုးစားကြသည်၊ သို့သော် သွားဖို့ သင် ကြိုးစားသည့်အခါ၊ သင့်နှလုံးကို ဓါးဖြင့် ထိုးသကဲ့သို့ ခံစားရသည်၊ သင့်နှလုံးသားကို ဂနာမငြိမ်ဖြစ်စေပြီး ငြိမ်သက်ခြင်း ကင်းမဲ့စေရစ်လျက် သင်၏ ဝိညာဉ်ကို လောကီနှင့်ဆိုင်သော တစ္ဆေတစ်ကောင်ကောင်က သင့်ထံမှ ယူသွားသကဲ့သို့ ခံစားရလေသည်။ ထို့နောက်တွင်၊ သင်သည် သင့်ကိုယ်သင် အားတင်းကာ ဘုရားသခင်ထံ ပြန်မသွားဘဲ မနေနိုင်ဖြစ်လေသည်။ … ဤအတွေ့အကြုံ သင် မရှိခဲ့ဖူးလော။ မိမိတို့၏နှလုံးသားများကို ဖွင့်ဟနိုင်သည့် ပိုမို ငယ်ရွယ်သော ညီအစ်ကိုမောင်နှမများက၊ “ဟုတ်သည်။ ဤအရာကို ကျွန်ုပ် အကြိမ်များစွာ တွေ့ကြုံဖူးသည်၊ ယင်းကို တွေးဖို့ ကျွန်ုပ် ရှက်မိသည်” ဟု ပြောလိမ့်မည်မှာ ငါ သံသယမရှိချေ။ ငါကိုယ်တိုင်၏ နေ့စဉ် အသက်တာတွင်၊ ငါသည် ငါ၏ ငယ်ရွယ်သော ညီအစ်ကို မောင်နှမများကို ငါ၏ အရင်းအချာများကဲ့သို့ ဆက်ဆံဖို့ ငါ အလွန်လိုလားသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အထဲတွင် အပြစ်ကင်းစင်မှု အလွန်များစွာ ရှိသောကြောင့်ဖြစ်သည် - ၎င်းတို့သည် အလွန်ဖြူစင်ပြီး ချစ်ဖွယ်ကောင်းကြ၏။ ၎င်းတို့သည် ငါကိုယ်တိုင်၏ အပေါင်းအဖော်များကဲ့သို့ ဖြစ်လေသည်။ ထို့ကြောင့် ငါတို့၏ စံနမူနာများနှင့်

အစီအစဉ်များအကြောင်း ဆွေးနွေးရန် ငါ၏ အရင်းအချာများအားလုံးကို အတူတကွ ခေါ်ဆောင်ဖို့ အခွင့်အရေးအား ငါ အမြဲရှာဖွေနေခြင်း ဖြစ်သည်။ ငါတို့ကြား မည်သည့် အတားအဆီး သို့မဟုတ် အကွာအဝေးမျှမရှိဘဲ ငါတို့အားလုံး အသားနှင့် အသွေးကဲ့သို့ ဖြစ်ကြဖို့ရန်အလို့ငှာ ငါတို့အထဲတွင် ဘုရားသခင်၏ အလိုတော် ဆောင်ရွက်ပါစေ။ ငါတို့အားလုံး ဘုရားသခင်ထံ "အို ဘုရားသခင်။ ကိုယ်တော်၏ အလိုတော်ဖြစ်ပါက၊ ကျွန်ုပ်တို့ စိတ်နှလုံးများထဲက စိတ်ဆန္ဒများကို ကျွန်ုပ်တို့ ဖြည့်ဆည်းနိုင်ဖို့အလို့ငှာ မှန်ကန်သည့် ပတ်ဝန်းကျင် ကိုယ်တော် ကျွန်ုပ်တို့အား ပေးဖို့ ကျွန်ုပ်တို့ တောင်းလျှောက်ပါ၏။ ငယ်ရွယ်ပြီး ဆင်ခြင်တုံတရား ကင်းမဲ့သည့် ကျွန်ုပ်တို့အပေါ် ကိုယ်တော် ကရုဏာထားပြီး ကျွန်ုပ်တို့ စိတ်နှလုံးများထဲက ခွန်အားကို အသုံးဖို့ရန် ကျွန်ုပ်တို့ကို အခွင့်ပေးတော်မူပါ" ဟု ဆုတောင်းနိုင်ကြပါစေ။ အချိန်ကြာမြင့်စွာကတည်းက ဘုရားသခင်ထံ ငါ ဆုတောင်းပြီး၊ "အဖ။ ကမ္ဘာမြေပေါ် ကိုယ်တော်၏ အလိုတော် မကြာခင် ပြည့်စုံဖို့ ဆုတောင်းမေတ္တာပို့လျက် ကိုယ်တော့်ထံ ကမ္ဘာမြေပေါ်၌ ကျွန်ုပ်တို့ မရပ်မနား အော်ဟစ်ကြပါ၏။ ကိုယ်တော်၏ အလိုတော်ကို ကျွန်ုပ် ရှာဖွေပါမည်။ ကိုယ်တော် လုပ်ဆောင်လိုသည့်အရာကို လုပ်ဆောင်ပြီး အမြန်ဆုံး ကျွန်ုပ်အထဲ၌ ကိုယ်တော်၏ တာဝန်ကို ပြည့်စုံစေတော်မူပါ။ ကိုယ်တော်၏ အလိုတော် မကြာမီ ပြည့်စုံမည်ဟု ဆိုလိုပါက၊ ကျွန်ုပ်တို့အလယ် အသစ်သော လမ်းကြောင်းတစ်ခု ကိုယ်တော် ဖွင့်ပေးဖို့အတွက်ပင် ကျွန်ုပ် လိုလားလျက် နေပါ၏။ ကိုယ်တော်၏ အမှု မကြာမီ ပြည့်စုံနိုင်ဖို့သာ ကျွန်ုပ် တောင်းလျှောက်ပါ၏၊ ပြီးလျှင် မည်သည့် စည်းကမ်းများကမျှ ထိုအမှုကို မထိန်းနိုင်သည်ကို ကျွန်ုပ် ယုံကြည်ပါ၏" ဟု ဆိုသည့်အတွက်၊ ဤသည်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်သည်ဟု ငါ ယုံကြည်၏။ ယနေ့ ဘုရားသခင်၏ အမှုမှာ ထိုသို့ဖြစ်၏။ သန့်ရှင်းသော ဝိညာဉ်တော် လျှောက်လှမ်းသည့် လမ်းကြောင်းကို သင် မမြင်သလော။ အသက်ပိုကြီးသော ညီအစ်ကို မောင်နှမများကို ငါ ဆုံသည့် အကြိမ်တိုင်းတွင်၊ ငါသည် ဤဖော်ပြမရနိုင်သော ဖိစီးမှု ခံစားရ၏။ ၎င်းတို့နှင့် ငါ ဆုံသည့်အခါ၊ ၎င်းတို့သည် လူမှုအဖွဲ့အစည်း၏ အနံ့ထွက်သည်ကို ငါ တွေ့ရသည်။ ၎င်းတို့၏ ဘာသာရေး အယူအဆများ၊ အမှုအရာများကို ကိုင်တွယ်ခြင်းနှင့်ဆိုင်သော ၎င်းတို့၏ အတွေ့အကြုံများ၊ ၎င်းတို့၏ စကားပြောဆိုသည့် ပုံစံ၊ ၎င်းတို့ အသုံးပြုသည့် စကားလုံးများ၊ စသဖြင့် - ထိုအရာများအားလုံးသည် စိတ်ကုန်စရာကောင်းပေ၏။ ၎င်းတို့သည် အဆိုအရတော့ "ဉာဏ်ပညာ" ဖြင့် ပြည့်ကြ၏။ ငါကိုယ်တိုင်အတွက်မူ ငါသည် လောကထဲ၌ အသက်ရှင်ခြင်းအတွက် အတွေးအခေါ်များဖြင့် မရှိသောကြောင့်၊ ၎င်းတို့ထံမှ ငါသည် ဝေးနိုင်သမျှ ဝေးဝေး အမြဲနေ၏။ ဤလူတို့နှင့် ငါ ဆုံသည့်အခါတိုင်းတွင်၊ ၎င်းတို့သည်

ငါ့ခေါင်းကို ချွေးဖြင့် ဖုံးလွှမ်းစေလျက် ငါ့ကို ပင်ပန်းနွမ်းနယ်စေရစ်ကြသည်။ တစ်ခါတစ်ရံတွင် ငါသည် အလွန် စိတ်ဖိစီးမှု ခံစားရသည်မှာ အသက်မရှုနိုင်အောင် ဖြစ်သည်။ ထို့ကြောင့် ဤအန္တရာယ်များသော အခိုက်အတန့်တွင်၊ ဘုရားသခင်က ငါ့ကို ကြီးမားသည့် ထွက်ပေါက်တစ်ခု ပေးလေသည်။ ယင်းသည် ငါ၏ နားလည်မှုလွဲခြင်းသာ ဖြစ်ကောင်းဖြစ်မည်။ ဘုရားသခင်ကို အကျိုးဖြစ်စေသည့် အရာကိုသာ ငါ အရေးစိုက်၏။ ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ခြင်းသည် အရေးကြီးဆုံးသော အရာ ဖြစ်သည်။ ဤလူတို့ထံမှ ငါ ဝေးဝေးနေ၏၊ သို့သော် ၎င်းတို့နှင့် တွေ့ဆုံဖို့ ဘုရားသခင်က ငါ့ကို တောင်းဆိုပါက၊ ငါ နာခံဆဲဖြစ်သည်။ ၎င်းတို့သည် စက်ဆုပ်ဖွယ်ဖြစ်နေသည် မဟုတ်ဘဲ၊ ၎င်းတို့၏ "ဉာဏ်ပညာ"၊ အယူအဆများနှင့် လောကထဲ ရှင်သန်ခြင်းအတွက် ဒဿနများက အလွန် စက်ဆုပ်ဖွယ်ဖြစ်နေခြင်း ဖြစ်သည်။ ငါသည် ဘုရားသခင်၏ စေခိုင်းချက်ကို ပြည့်စုံစေဖို့ ရှိနေခြင်းဖြစ်သည်၊ အမှုအရာများကို ၎င်းတို့ မည်သို့ လုပ်ဆောင်သည်ကို သင်ယူဖို့မဟုတ်ချေ။ တစ်ခါက ဘုရားသခင်သည် ငါ့ကို၊ "ကမ္ဘာမြေပေါ်တွင်၊ သင်၏ ဖခမည်းတော် အလိုတော်ကို လုပ်ဆောင်ဖို့နှင့် သူ၏ စေခိုင်းချက်ကို ပြည့်စုံစေဖို့သာ ကြိုးစားလော့။ အခြားမည်သည့်အရာမျှ သင်နှင့် သက်ဆိုင်ခြင်းမရှိ" ဟု ပြောခဲ့ပုံကို ငါ အမှတ်ရမိ၏။ ဤအရာကို စဉ်စားမိခြင်းက ငါ့ကို ငြိမ်သက်ခြင်း အနည်းငယ်ပေးလေသည်။ ယင်းမှာ လူတို့၏ အရေးကိစ္စများသည် ငါ့အဖို့ အလွန် ရှုပ်ထွေးသည်ဟု အမြဲခံစားရသောကြောင့် ဖြစ်သည်။ ထိုအရေးကိစ္စများကို ငါ သဘောမပေါက်နိုင်သကဲ့သို့၊ အဘယ်အရာလုပ်ဆောင်ရမည်ကို ငါ လုံးဝမသိ။ ထို့ကြောင့် အကြိမ်မရေမတွက်နိုင်အောင် ငါသည် ဤအရာအားဖြင့် စိတ်နောက်ကျိကျန်ရစ်ခဲ့ပြီး လူသားမျိုးနွယ်ကို မုန်းမိလေသည်။ အဘယ်ကြောင့် လူတို့သည် အလွန် ရှုပ်ထွေးရသနည်း။ အဘယ်ကြောင့် ၎င်းတို့သည် မရိုးရှင်းနိုင်သနည်း။ အဘယ်ကြောင့် စိတ်အနှောင့်အယှက်ခံ၍ အလွန်တော်ဖို့ ကြိုးစားနေရသနည်း။ လူတို့နှင့် ငါ ဆုံသည့်အခါ၊ များသောအားဖြင့် ယင်းသည် ဘုရားသခင်၏ ငါ့အား စေခိုင်းချက်အပေါ် အခြေခံလေသည်။ ယင်းသို့ မဟုတ်သည့် အကြိမ်အနည်းငယ် ရှိနိုင်ခဲ့သော်လည်း၊ ငါ့ စိတ်နှလုံး၏ နက်ရှိုင်းသော နေရာများ၌ မည်သည့်အရာ ကွယ်ဝှက်ထားသည်ကို အဘယ်သူ သိသနည်း။

ငါနှင့်အတူရှိသည့် ညီအစ်ကို မောင်နှမများကို ဘုရားသခင်အား ၎င်းတို့ စိတ်နှလုံးဖြင့် ယုံကြည်သင့်ကြောင်း၊ မိမိတို့၏ ကိုယ်ကျိုးများကို မရှာဖွေသင့်ဘဲ ဘုရားသခင်၏ အလိုတော်ကို အလေးထားသင့်ကြောင်း အကြိမ်များစွာ ငါ အကြံပေးပြီးဖြစ်သည်။ ဘုရားသခင်ရှေ့တွင် ငါသည် မချိတင်ကဲ ဝေဒနာဖြင့် အကြိမ်များစွာ ငိုကြွေးခဲ့ပြီးလေပြီ။

ဘုရားသခင်၏ အလိုတော်ကို လူတို့သည် အဘယ်ကြောင့် အလေးမထားကြသနည်း။ ဘုရားသခင်၏ အမှုသည် အကြောင်းပြချက်မရှိဘဲ သဲလွန်စမရှိ အကယ်ပင် ကွယ်ပျောက်သွားခြင်း ရှိနိုင်မည် မဟုတ်သည်မှာ သေချာပေသည်။ အဘယ်ကြောင့် လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော် လျှောက်လှမ်းသည့် လမ်းကြောင်းကို မည်သည့်အခါမျှ မသိ၊ အခြားသူများနှင့် ၎င်းတို့ ရှိကြသည့် မသင့်လျော်သော ဆက်ဆံရေးများကို ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားနေကြသနည်းဟူသည်ကိုလည်း ငါမသိ၊ ယင်းသည် ငါ့စိတ်ထဲတွင် ပဟေဋ္ဌိဖြစ်လုနီးပါး ရှိလေပြီ။ လူများ ဤသို့ဖြစ်သည်ကို မြင်ရခြင်းက ငါ့ကို အော်ဂလီဆန်စေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းကြောင်းကို ကြည့်ရမည့်အစား၊ ၎င်းတို့သည် လူသား၏ လုပ်ဆောင်ချက်များကို အာရုံစိုက်ကြ၏။ ဤအရာအားဖြင့် ဘုရားသခင် စိတ်ကျေနပ်နိုင်မည်လော။ ဤအရာအားဖြင့် ငါ မကြာခဏ ဝမ်းနည်းမိ၏။ ယင်းသည် ငါ၏ ဝန်ထုပ်ဖြစ်လာလုနီးပါး ဖြစ်လေပြီ - ပြီးလျှင် သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း စိတ်အနှောင့်အယှက်ဖြစ်စေသည်။ သင်၏ စိတ်နှလုံးတွင် အပြစ်တင်ခြင်း တစ်ခုတစ်လေမျှ သင် မခံစားရသလော။ ငါတို့ စိတ်ဝိညာဉ်များ၏ မျက်စိများကို ဘုရားသခင် ဖွင့်ပေးပါစေ။ လူတို့ကို စိတ်ဝိညာဉ်ထဲသို့ ဝင်ရောက်ခြင်း၌ ဦးဆောင်သည့် ငါသည်- "အို အဖ။ ကျွန်ုပ်သည် ကိုယ်တော်၏ အလိုတော် အဓိကဖြစ်လိုပါ၏၊ ကိုယ်တော်၏ အလိုတော်ကို ကျွန်ုပ် ရှာဖွေပါမည်၊ ဤလူစုကို ကိုယ်တော် ရယူနိုင်ဖို့အလို့ငှာ ကိုယ်တော်၏ စေခိုင်းချက်ကို ကျွန်ုပ် သစ္စာရှိလိုပါသည်။ ကိုယ်တော့်ကို ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်များဖြင့် တို့ထိနိုင်ဖို့အလို့ငှာ လွတ်မြောက်ခြင်း နယ်မြေဆီ ကျွန်ုပ်တို့ကို ခေါ်သွားတော်မူပါ၊ ပြီးလျှင် ကျွန်ုပ်တို့ စိတ်နှလုံးများထဲက ဝိညာဉ်ရေးရာ ခံစားချက်များကို ကိုယ်တော် နိုးထစေတော်မူပါ" ဟု ဘုရားသခင်ရှေ့တွင် အကြိမ်များစွာ ဆုတောင်းလေပြီ။ ဘုရားသခင်၏ အလိုတော် လုပ်ဆောင်ဖို့ ငါ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ထို့ကြောင့် ငါတို့ကို ဉာဏ်အလင်း ပေးမြဲပေးဖို့ရန်၊ သန့်ရှင်းသော ဝိညာဉ်တော် လမ်းပြသော လမ်းကြောင်းကို ငါတို့ လျှောက်နိုင်ကြဖို့အလို့ငှာ သန့်ရှင်းသော ဝိညာဉ်တော်အတွက် ငါ မရပ်မနား ဆုတောင်း၏။ ငါ့ကိုယ်စား အခြား အဘယ်သူက ဤလမ်းကြောင်းကို လျှောက်နိုင်မည်နည်း။ ဤသည်မှာ ငါ၏ ဝန်ထုပ်ကို သာ၍ပင် လေးလံစေသောအရာ ဖြစ်သည်။ ငါ လဲကျတော့မည်ကဲ့သို့ ခံစားရသော်လည်း၊ ဘုရားသခင်က သူ၏ အမှုကို လုံးဝ နှောင့်နှေးစေမည် မဟုတ်သည်ကို ငါ ယုံကြည်၏။ သူ၏ စေခိုင်းချက် ပြည့်စုံပြီးသည်နှင့် တစ်ပြိုင်နက် ငါတို့ လမ်းခွဲရုံသာ ရှိကောင်းရှိလိမ့်မည်။ ထို့ကြောင့် ငါ အမြဲ ထူးခြားမှုခံစားရသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်၏ သက်ရောက်မှုကြောင့် ဖြစ်နိုင်ပေသည်။ ယင်းမှာ ဘုရားသခင်

လုပ်ဆောင်လိုသည့် အလုပ်ရှိသော်လည်း ထိုအရာက မည်သည့်အရာဖြစ်သည်ကို ငါ သဘောမပေါက်နိုင်သေးသကဲ့သို့ ဖြစ်သည်။ သို့တိုင် ငါ၏ အရင်းအချာများထက် ကမ္ဘာမြေပေါ်က မည်သူမျှ မတော်သည်ကို ငါ ယုံကြည်ပြီး၊ ဘုရားသခင်၏ ရှေ့တွင် ငါ့အတွက် ၎င်းတို့ ဆုတောင်းပေးလိမ့်မည်ကို ငါ ယုံကြည်၏၊ ယင်းအတွက် ငါသည် အတိုင်းမသိ ကျေးဇူးတင်မိပေသည်။ ညီအစ်ကို မောင်နှမများသည် ငါနှင့်အတူ “အို ဘုရားသခင်။ ကျွန်ုပ်တို့သည် စိတ်ဝိညာဉ်၏ အသက်တာဖြင့် ကောင်းချီးခံစားရနိုင်ဖို့နှင့် ဘုရားသခင်၏ ဝိညာဉ်တော် လုပ်ဆောင်ချက်များကို ရှုမြင်ပြီး သူ၏ စစ်မှန်သော မျက်နှာကို ဖူးတွေ့ဖို့အလို့ငှာ ကိုယ်တော်၏ အလိုတော်သည် နောက်ဆုံးသော ကာလနှင့်ဆိုင်သော ကျွန်ုပ်တို့အထဲတွင် အပြည့်အဝ ထင်ရှားပါစေ” ဟု ပြောဆိုဖို့အတွက် ငါ ဆန္ဒရှိ၏။ ဤအဆင့်ကို ငါတို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဝိညာဉ်တော်၏ လမ်းပြမှုအောက်တွင် ဧကန်အမှန် ငါတို့ အသက်ရှင်နေကြလိမ့်မည်ဖြစ်ပြီး ထိုအခါတွင်မှ ဘုရားသခင်၏ စစ်မှန်သော မျက်နှာကို ငါတို့ ဖူးတွေ့နိုင်လိမ့်မည်ဖြစ်သည်။ ယင်းမှာ လူတို့သည် သမ္မာတရားအားလုံး၏ စစ်မှန်သော အဓိပ္ပါယ်ကို လူသား အယူအဆများနှင့်အညီ သိနားလည်ခြင်း သို့မဟုတ် သဘောပေါက်ခြင်း မဟုတ်ဘဲ၊ ဘုရားသခင့် ဝိညာဉ်တော်၏ အလိုတော်နှင့်ဆိုင်သော ညဏ်အလင်းပေးခြင်းနှင့်အညီ နားလည်နိုင်လိမ့်မည်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကိုယ်တော်တိုင်၏ အမှု လုံးလုံးလျားလျား ဖြစ်၏၊ ထိုအရာ၌ လူသား စိတ်ကူးများ ဘာမျှ မရှိချေ။ ယင်းသည် ကမ္ဘာမြေပေါ်တွင် ပေါ်လွင်စေရန် သူ ဆန္ဒရှိသည့် လုပ်ဆောင်ချက်များအတွက် သူ့အမှုတော်၏ အစီအစဉ်ဖြစ်ပြီး၊ ကမ္ဘာမြေပေါ်က သူ့အမှုတော်၏ နောက်ဆုံး အစိတ်အပိုင်း ဖြစ်သည်။ ဤအမှုတွင် သင် ပါဝင်ဖို့ ဆန္ဒရှိပါသလော။ ပတ်သက်လိုပါသလော။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် စုံလင်ခံရပြီး စိတ်ဝိညာဉ်၏ အသက်တာ၌ မျှဝေခံစားဖို့ရန် ဆန္ဒပြင်းပြပါသလော။

ယနေ့ အဓိကဖြစ်သည့်အရာမှာ ငါတို့၏ မူလ အခြေခံအုတ်မြစ်မှ သာ၍နက်နက်နဲနဲ သွားဖို့ ဖြစ်သည်။ သမ္မာတရား၊ ရူပါရုံများနှင့် အသက်ထဲသို့ ငါတို့ သာ၍နက်နက်နဲနဲ သွားရမည်၊ သို့သော် ဤအမှုအဆင့်ထဲ ဝင်ရောက်ဖို့ရန် သင်၏ ယခင် အယူအဆများအား စွန့်ပစ်ရမည်ကို ပထမဦးစွာ ညီအစ်ကို မောင်နှမများကို ငါ သတိပေးရမည်။ ယင်းမှာ သင် အသက်ရှင်သည့် နည်းလမ်းကို ပြောင်းလဲရမည်၊ အစီအစဉ်သစ်များ ပြုလုပ်ရမည်၊ ပိုမိုကောင်းမွန်စွာ စတင်ပြုမူရမည် ဖြစ်သည်။ လွန်ခဲ့သည့် အချိန်များက သင့်အဖို့ တန်ဖိုးရှိခဲ့သည့် အရာကို သင် ဖက်တွယ်နေဆဲဖြစ်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲတွင် အလုပ်လုပ်နိုင်လိမ့်မည် မဟုတ်သကဲ့သို့ သင်၏ အသက်တာကို ထိန်းထားနိုင်ရုံမျှသာ

ရှိလိမ့်မည်။ လေ့လာလိုက်စားခြင်း မပြုသူ သို့မဟုတ် မဝင်ရောက်သူ သို့မဟုတ် မစီစဉ်သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုံးဝ စွန့်ပစ်ခြင်းခံရလိမ့်မည် - ထို့ကြောင့် ခေတ်၏ စွန့်ပစ်ခြင်းခံရသည်ဟု ၎င်းတို့ကို ဆိုရပေသည်။ ငါ၏ စိတ်နှလုံးကို ညီအစ်ကို မောင်နှမများအားလုံး နားလည်နိုင်ကြသည်ဟု ငါ မျှော်လင့်၏၊ ပြီးလျှင် ဘုရားသခင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ဖို့ရန်နှင့် ဤအမှုကို အတူတကွ ပြည့်စုံစေဖို့ရန် ပို၍များသော အဖွဲ့သား အသစ်များ” က မှတ်ကျောက် အတင်ခံနိုင်လိမ့်မည်ဟု ငါ မျှော်လင့်၏။ ငါတို့ကို ဘုရားသခင် ကောင်းချီးပေးမည်ဟု ငါ ယုံကြည်သည်။ ထို့ကြောင့်၊ ငါသည် ကမ္ဘာမြေ၏ နေရာတိုင်းသို့ ငါ လျှောက်လှမ်းနိုင်ဖို့အလို့ငှာ နောက်ထပ် အရင်းအချာများစွာ ငါ့ကို ဘုရားသခင် ပေးလိမ့်မည်ဖြစ်ပြီး ငါတို့ကြားတွင် သာ၍ ကြီးမားသော ချစ်ခြင်းမေတ္တာရှိလိမ့်မည်ဟုလည်း ငါ ယုံကြည်၏။ ထို့အပြင်၊ ငါတို့၏ အားထုတ်မှုများကြောင့် ဘုရားသခင်သည် သူ၏ နိုင်ငံတော်ကို တိုးချဲ့လိမ့်မည်ဟု ငါ ယုံကြည်သည်။ ဘုရားသခင်ကို သာ၍ များပြားသော လူငယ်များကို ရယူခွင့်ပေးရင်း ငါတို့၏ ဤကြိုးပမ်းမှုများကို မကြုံစဖူးသောအဆင့်များသို့ ရောက်ရှိစေလိုသည်။ ဤအတွက် ဆုတောင်းခြင်းငှာ ငါတို့ သာ၍ အချိန်ယူဖို့ ငါအလိုရှိ၏၊ ဘုရားသခင်၏ ရှေ့တွင် ငါတို့၏ အသက်တာတစ်ခုလုံး ငါတို့ ကုန်ဆုံးဖို့အလို့ငှာ မရပ်မနားဘဲ ငါတို့ ဆုတောင်းဖို့နှင့် ဘုရားသခင်နှင့် နီးနိုင်သမျှ နီးဖို့ ငါ အလိုရှိ၏။ ငါတို့ကြားတွင် မည်သည့်အရာမျှ တစ်ဖန် လုံးဝမရှိပါစေနှင့်၊ ပြီးလျှင် အတူတကွ ကြိုးစားလုပ်ဆောင်ကြဖို့၊ တကယ့်အဆုံးထိ သစ္စာရှိကြဖို့၊ ဘယ်သောအခါမျှ မခွဲဖို့နှင့် အတူအမြဲရှိကြဖို့ ဘုရားသခင်ရှေ့တွင် ဤသစ္စာကို ငါတို့အားလုံး တိုင်တည်နိုင်ကြပါစေ။ ငါတို့၏ စိတ်နှလုံးများ ဘယ်သောအခါမျှ မပြောင်းလဲဖို့နှင့် ငါတို့၏ ဆုံးဖြတ်ချက်သည် ဘယ်သောအခါမျှ မယိမ်းယိုင်ဖို့အလို့ငှာ ညီအစ်ကို မောင်နှမများအားလုံးက ဤကတိကို ဘုရားသခင်၏ ရှေ့တွင် ပြုဖို့ရန် ငါ မျှော်လင့်၏။ ဘုရားသခင်၏ အလိုအတွက်၊ ငါ တစ်ဖန်ပြော၏ - ငါတို့ အလုပ်ကြိုးစားစို့။ ငါတို့ အစွမ်းရှိသမျှဖြင့် ကြိုးပမ်းကြစို့။ ဘုရားသခင်သည် ဧကန်မုချ ငါတို့ကို ကောင်းချီးပေးလိမ့်မည်။

# လမ်းကြောင်း… (၆)

မျက်မှောက်ခေတ်ထိ ငါတို့ ခေါ်ဆောင်ခံရကြသည်မှာ ဘုရားသခင်၏ အမှုကြောင့်ဖြစ်ပြီး၊ ဤအကြောင်းကြောင့် ငါတို့သည် ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်ထဲတွင် ရှင်ကျန်သူများ ဖြစ်ကြသည်။ ယနေ့ ငါတို့ ကျန်ရစ်ကြသည်မှာ ဘုရားသခင်ထံမှ ကြီးမြတ်သည့်

ချီးမြှောက်မှုတစ်ခုဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ အစီအစဉ်အရ၊ အဆင်းနီသော နဂါးကြီး၏ နိုင်ငံ ဖျက်ဆီးခံရသင့်သည့်အတွက် ဖြစ်၏။ သို့သော် သူသည် အခြား အစီအစဉ်တစ်ခု ချမှတ်ပြီးဖြစ်ကောင်း ဖြစ်မည်၊ သို့မဟုတ် သူ့အမှု၏ အခြားသော အစိတ်အပိုင်းကို သူ ဆောင်ရွက်ရန် ဆန္ဒရှိကောင်း ရှိမည်ဟု ငါ ထင်၏၊ ထို့ကြောင့် ယနေ့တွင်ပင်၊ ဤအရာကို ငါ ရှင်းရှင်းလင်းလင်း မရှင်းပြနိုင်- ယင်းသည် ဖြေရှင်းမရသည့် ပဟေဠိတစ်ခုကဲ့သို့ ဖြစ်သည်။ သို့သော် ခြုံငုံကြည့်လျှင်၊ ငါတို့၏ ဤအုပ်စုကို ဘုရားသခင်က ကြိုတင်ခွဲခန့်မှတ်သားပြီးဖြစ်ကာ ဘုရားသခင်သည် ငါတို့၌ အခြားသော အမှုရှိသည်ဟု ငါ ဆက်ယုံကြည်မိ၏။ ထို့ကြောင့် ငါတို့အားလုံး ကောင်းကင်ဘုံကို ဤသို့တောင်းပန်ကြစို့- “ကိုယ်တော်၏ အလို ပြီးမြောက်ပါစေ၊ ပြီးလျှင် ကိုယ်တော်၏ ဘုန်းအသရေနှင့် မျက်နှာရိပ်မျက်နှာကဲကို သာ၍ ရှင်းလင်းစွာ ကျွန်ုပ်တို့ မြင်နိုင်ဖို့အလို့ငှာ ကျွန်ုပ်တို့ထံ ကိုယ်တော် တစ်ဖန် ပြန်ပေါ်ထွန်းကာ မိမိကိုယ်ကိုယ် မဖုံးကွယ်ပါစေနှင့်။” ငါတို့ကို ဘုရားသခင် တောက်လျှောက် လမ်းပြခဲ့သည့် လမ်းကြောင်းသည် မဖြောင့်သန်းဘဲ ချိုင့်များပြည့်သည့် ကောက်ကွေ့သော လမ်းတစ်ခု ဖြစ်သည်ဆိုသည်မှာ ငါ၏ စဉ်ဆက်မပြတ် ခံစားချက်ဖြစ်သည်။ ထို့အပြင် လမ်းကြောင်းက ကြမ်းတမ်းလေလေ၊ ငါတို့၏ ချစ်သော နှလုံးသားများကို ထုတ်ဖော်ပြနိုင်လေလေ ဖြစ်သည်ဟု ဘုရားသခင်က ပြောလေသည်။ သို့တိုင် ထိုသို့သော လမ်းကြောင်းတစ်ခုကို ငါတို့ထဲမှ မည်သူမျှ မဖွင့်နိုင်ကြ။ ငါ၏ အတွေ့အကြုံတွင်၊ ငါသည် ကျောက်ဆောင်ကျောက်တုံး အတိပြီးသော၊ စိတ်မချရသည့် လမ်းကြောင်းများကို လျှောက်ပြီးဖြစ်ကာ ကြီးမားသည့် ဆင်းရဲဒုက္ခကို ငါ အောင့်ခံပြီးဖြစ်၏။ တစ်ခါတစ်ရံ ငါသည် အလွန် လုံး၀ သောကရောက်သည်မှာ အော်ဟစ်လိုက်ချင်ခဲ့၏၊ သို့သော် ငါသည် ဤလမ်းကြောင်းကို ယနေ့ထိ လျှောက်ခဲ့လေပြီ။ ဤသည်မှာ ဘုရားသခင် ဦးဆောင်သော လမ်းကြောင်းဖြစ်သည်ဟု ငါ ယုံကြည်၏၊ ထို့ကြောင့် ဆင်းရဲဒုက္ခအလုံးစုံ၏ ညှဉ်းဆဲမှုကို ငါ သည်းခံခဲ့ပြီး ဆက်လက် ရှေ့ဆက်ခဲ့သည်။ အကြောင်းမူကား ဤသည်မှာ ဘုရားသခင် စီမံထားသည့်အရာ သောကြောင့်ဖြစ်၏၊ ထို့ကြောင့် ယင်းထံမှ အဘယ်သူ လွတ်မြောက်နိုင်သနည်း။ ငါသည် မည်သည့် ကောင်းချီးမင်္ဂလာကိုမျှ ရရှိဖို့ရန် မတောင်းဆို။ ငါ တောင်းဆိုသမျှမှာ ဘုရားသခင်၏ အလိုတော်နှင့်အညီ ငါ လျှောက်သင့်သည့် လမ်းကြောင့်ကို ငါ လျှောက်နိုင်ဖို့ ဖြစ်သည်။ အခြားသူများ လျှောက်သည့် လမ်းကြောင်းကို လျှောက်လှမ်းရင်း၊ ၎င်းတို့ကို ငါ အတုခိုးဖို့ မကြိုးစားပေ။ ငါ ကြိုးစားသမျှမှာ ငါ၏ သတ်မှတ်ထားသော လမ်းကြောင်းကို အဆုံးထိ လျှောက်ဖို့ရန် ငါ၏ ဆက်ကပ်မှုကို ပြည့်စုံစေနိုင်ဖို့ ဖြစ်သည်။ ငါသည် အခြားသူများ၏ အကူအညီကို မတောင်း။ ပွင့်ပွင့်လင်းလင်းပြောရလျှင်၊ ငါသည်

အခြားမည်သူ့ကိုမျှလည်း မကူညီနိုင်ပေ။ ဤကိစ္စရပ်အပေါ် ငါသည် အလွန်အမင်း ဆတ်ဆတ်ထိမခံ ဖြစ်ပုံရ၏။ အခြားသူများ မည်သို့ထင်သည်ကို ငါ မသိ။ ဤသည်မှာ လူတစ်ဦး ဒုက္ခခံရမည့် ပမာဏနှင့် ၎င်း၏ လမ်းကြောင်းအပေါ် ၎င်း လျှောက်လှမ်းရမည့် အကွာအဝေးကို ဘုရားသခင်က စီမံထားပြီး မည်သူမျှ အခြားတစ်ဦးတစ်ယောက်ကို တကယ် မကူညီနိုင်ဟု ငါ အမြဲ ယုံကြည်ထားသောကြောင့် ဖြစ်သည်။ ငါသည် ချစ်ခြင်းမေတ္တာမရှိဟု အချို့သော စိတ်အားထက်သန်သည့် ညီအစ်ကို မောင်နှမများက ပြောနိုင်သော်လည်း၊ ဤသည်မှာ ငါ ယုံကြည်သော အရာသာ ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ လမ်းပြမှုအပေါ် မှီခိုရင်း ၎င်းတို့၏ လမ်းကြောင်းများကို လျှောက်ကြပြီး၊ ငါ၏ညီအစ်ကို မောင်နှမအများစုက ငါ၏ စိတ်နှလုံးကို နားလည်လိမ့်မည်ဟု ငါ ယုံကြည်၏။ ငါတို့၏ ချစ်ခြင်းမေတ္တာ သာ၍ ဖြူစင်လာဖို့နှင့် ငါတို့၏ ခင်မင်ရင်းနှီးမှု သာ၍ တန်ဖိုးရှိဖို့အလို့ငှာ၊ ဤရှုထောင့်၌ ဘုရားသခင်သည် သာ၍ များစွာ ကြီးမားသော ဉာဏ်အလင်းပေးခြင်းကို ငါတို့အား ပေးသည်ဟုလည်း ငါ မျှော်လင့်၏။ လူလူချင်း ဆက်ဆံရေးများသည် ဘုရားသခင်၏ ခေါင်းဆောင်မှု အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်နိုင်ဖို့အလို့ငှာ ငါတို့သည် ဤအကြောင်းအရာအပေါ် စိတ်မရှုပ်ထွေးဘဲ သာ၍ ကြီးမားသော ရှင်းလင်းပြတ်သားမှုကိုသာ ရရှိနိုင်ကြပါစေ။

ဘုရားသခင်သည် တရုတ်ပြည်မ၌ နှစ်များစွာကြာ အမှုပြုပြီးဖြစ်ကာ ယနေ့ ငါတို့ ရှိသည့်နေရာသို့ ငါတို့ကို နောက်ဆုံးတွင် ရောက်စေဖို့ရန် လူအားလုံး၌ ကြီးမားသည့် အဖိုးအခတစ်ခုကို သူ ပေးပြီးဖြစ်သည်။ အယောက်တိုင်းကို မှန်ကန်သော လမ်းကြောင်းပေါ် လမ်းပြဖို့အလို့ငှာ ဤအမှုသည် အယောက်တိုင်း အားအနည်းဆုံးနေရာတွင် စတင်ရမည်ဟု ငါ ထင်၏။ ထိုအခါတွင်မှ၊ ၎င်းတို့သည် ပထမဦးဆုံး အခက်အခဲကို ကျော်လွှားနိုင်ပြီး ရှေ့သို့ ဆက်နိုင်ကြပေသည်။ ယင်းမှာ ပိုကောင်းသည် မဟုတ်လော။ နှစ်ထောင်ပေါင်းများစွာကြာ ဖောက်ပြန်ပျက်စီးခဲ့သည့် တရုတ်တိုင်းနိုင်ငံသည် “ရောဂါပိုးမွှား”မျိုးစုံ မရပ်မနား ပြန့်ပွားရင်း၊ ကပ်ဘေးကဲ့သို့ နေရာတကာ ပျံ့နှံ့ရင်းဖြင့် ယနေ့ထိ ရှင်ကျန်ပြီးဖြစ်သည်။ လူတို့၏ ဆက်ဆံရေးများကို ကြည့်ခြင်းကပင် လူတို့အတွင်း၌ “ရောဂါပိုး” မည်မျှ ခိုအောင်းသည်ကို မြင်ရဖို့ လုံလောက်သည်။ ထိုသို့သော တင်းတင်းကျပ်ကျပ် ပိတ်ထားပြီး ရောဂါပိုး ကူးစက်ခံရသည့် နယ်ပယ်တစ်ခုတွင် မိမိ၏အမှုကို ဖြစ်ပေါ်စေဖို့ ဘုရားသခင်အတွက် အလွန့်အလွန် ခက်ခဲသည်။ လူတို့၏ ပင်ကိုစရိုက်များ၊ အကျင့်များ၊ အမှုအရာများကို ၎င်းတို့လုပ်ဆောင်သည့် နည်းလမ်းများ၊ ၎င်းတို့ အသက်တာများတွင် ၎င်းတို့ ဖော်ပြသည့် အရာရာတိုင်းနှင့် ၎င်းတို့၏ လူလူချင်း ဆက်ဆံရေးများ- ယင်းတို့အားလုံး အစုတ်စုတ်

အပြတ်ပြတ်ဖြစ်သည်မှာ လူသား၏ အသိပညာနှင့် ယဉ်ကျေးမှုများ အားလုံးတို့သည် ဘုရားသခင်၏ သေခြင်းသို့ ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရပြီး ဖြစ်သည်အထိ ဖြစ်သည်။ ယင်းသာမက ၎င်းတို့၏ မိသားစုများနှင့် လူ့အဖွဲ့အစည်းမှ ၎င်းတို့ သင်ယူခဲ့ရသည့် အမျိုးမျိုးသော အတွေ့အကြုံများသည်လည်း ဘုရားသခင်၏ အမြင်တွင် အားလုံး စီရင်ချက်ချခံရပြီးဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဤမြေတွင် နေထိုင်သူတို့သည် အလွန်များသော ရောဂါပိုးများကို ဝါးမျိုကြပြီး ဖြစ်သောကြောင့် ဖြစ်သည်။ ယင်းမှာ ၎င်းတို့အတွက် ထုံးစံအတိုင်းပင် ဖြစ်သည်၊ ယင်းနှင့်ပတ်သက်၍ ဘာမျှ ၎င်းတို့ မစဉ်းစားကြ။ ထို့ကြောင့်၊ နေရာတစ်ခုတွင် ဖောက်ပြန်ပျက်စီးသော လူများများ ရှိလေလေ၊ ၎င်းတို့၏ လူလူချင်းဆက်ဆံရေးများက မူမမှန်လေလေ ဖြစ်သည်။ လူတို့၏ ဆက်ဆံရေးများသည် ခြေပုန်းခုတ်ခြင်းများဖြင့် အောတိုက်နေသည်၊ ၎င်းတို့သည် အချင်းချင်း လျှို့ဝှက်ကြံစည်ကြပြီး ဇာတ်တူသားချင်း စားသည့် နတ်ဆိုးအချို့၏ ခံတပ်၌ ဖြစ်သည့်အလား အချင်းချင်း သတ်ဖြတ်ကြလေသည်။ တစ္ဆေများ ထကြွသောင်းကျန်းသည့်နေရာဖြစ်သည့် ထိုသို့သော ထိတ်လန့်ကြောက်ရွံ့စရာ အပြည့်ရှိသည့် နေရာတစ်ခုတွင်၊ ဘုရားသခင်၏ အမှုကို ဆောင်ရွက်ဖို့ အလွန့်အလွန် ခက်ခဲလေသည်။ ငါသည် လူတို့ကို တွေ့ဆုံဖို့ရန် ကြောက်လန့်မိပြီး ငါ၏ စိတ်သဘောထားဖြင့် ၎င်းတို့၏ “ဂုဏ်သိက္ခာ” စော်ကားမိမည်ကို ငါ အလွန်အမင်း စိုးရွံ့မိသည့်အတွက် လူတို့နှင့် တွေ့ရမည့်အခါ ဘုရားသခင်ထံ မရပ်မနား ငါ ဆုတောင်း၏။ ငါ၏ စိတ်နှလုံးထဲတွင်၊ ဤညစ်ညူးသော ဝိညာဉ်များက မဆင်မခြင် ပြုမူမည်ကို အစဉ် ငါကြောက်ရွံ့မိသည်၊ ထို့ကြောင့် ငါ့ကို ကွယ်ကာဖို့ ဘုရားသခင်ထံ ငါ အမြဲဆုတောင်း၏။ မူမမှန်သော ဆက်ဆံရေးမျိုးစုံသည် ငါတို့အလယ်တွင် ပေါ်လွင်ပြီး၊ ဤအရာအားလုံးကို မြင်ရခြင်းဖြင့်၊ ငါ၏ စိတ်နှလုံးထဲတွင် မုန်းတီးမှု ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် ၎င်းတို့အချင်းချင်းကြားတွင် လူသား၏ “ကိစ္စ” ၌ အမြဲ ပါဝင်ပတ်သက်ကြပြီး ဘုရားသခင်အတွက် မည်သည့်အတွေးကိုမျှ လုံးဝ ချန်မထားသည့်အတွက် ဖြစ်သည်။ ငါသည် ၎င်းတို့၏ အပြုအမူကို ငါ၏ တကယ့် အရိုးများအထိ စက်ဆုပ်မိသည်။ တရုတ်ပြည်မထဲက လူတို့၌ မြင်ရနိုင်သည့်အရာသည် ဖောက်ပြန်ပျက်သော ဆိုးယုတ်သည့် စိတ်သဘောထားများသာဖြစ်၏၊ ထို့ကြောင့် ဤလူတို့ထဲက ဘုရားသခင်၏ အမှု၌၊ ၎င်းတို့အတွင်းတွင် အကျိုးရှိသော အရာတစ်ခုတစ်လေ ရှာတွေ့ဖို့မှာ မဖြစ်နိုင်လုနီးပါးဖြစ်သည်။ အမှုအားလုံးကို သန့်ရှင်းသော ဝိညာဉ်တော်က လုပ်ဆောင်ခြင်းဖြစ်ကာ လူတို့ကို သန့်ရှင်းသော ဝိညာဉ်တော်က လူတို့ကို သာ၍ တို့ထိကာ ၎င်းတို့အထဲတွင် အမှုပြုခြင်းသာ ဖြစ်သည်။ ထိုလူတို့ကို အကျိုးရှိရှိ အသုံးချဖို့မှာ

မဖြစ်နိုင်လုနီးပါးဖြစ်သည်။ ဆိုလိုသည်မှာ လူတို့ကို သန့်ရှင်းသော ဝိညာဉ်တော်က တို့ထိခြင်း အမှုနှင့် လူတို့၏ ပူးပေါင်းလုပ်ဆောင်မှုတို့ ပူးတွဲဖို့မှာ မဖြစ်နိုင်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူတို့ကို တို့ထိဖို့ အစွမ်းကုန် လုပ်ဆောင်သည်၊ သို့သော်ငြားလည်း လူတို့သည် ထုံထိုင်းမြဲ ထုံထိုင်းကြပြီး ခံစားမှုကင်းမဲ့မြဲ ကင်းမဲ့ကြကာ၊ ဘုရားသခင် မည်သည့်အရာ လုပ်ဆောင်နေသည်ကို မသိကြချေ။ ထို့ကြောင့်၊ တရုတ်ပြည်မထဲက ဘုရားသခင်၏ အမှုသည် သူ၏ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းခြင်း အမှုနှင့် နှိုင်းယှဉ်နိုင်ပေသည်။ သူသည် လူအားလုံးကို တစ်ဖန် မွေးဖွားစေပြီး ၎င်းတို့အတွင်းတွင် အကျိုးရှိသည့်အရာ ဘာမျှမရှိသည့်အတွက် ၎င်းတို့နှင့် ပတ်သက်၍ အရာရာကို သူ ပြောင်းလဲလေသည်။ ယင်းမှာ အလွန်ကြေကွဲဖွယ်ဖြစ်သည်။ ဤလူတို့အတွက် ဝမ်းနည်းမှုဖြင့် ငါသည် “ဘုရားသခင်၊ ကိုယ်တော်၏ ဝိညာဉ်တော်သည် ဤလူတို့ကို ကြီးမားစွာ တို့ထိဖို့ရန်နှင့် ထုံထိုင်းပြီး ဉာဏ်ထိုင်းသော ဤဆင်းရဲဒုက္ခခံရသူများသည် မအိပ်တော့ဘဲ နိုးထနိုင်ကြကာ ကိုယ်တော်၏ ဘုန်းအသရေနေ့ကို တွေ့မြင်နိုင်ကြဖို့အလို့ငှာ ၎င်းတို့အထဲတွင် ကိုယ်တော်၏ ကြီးမားသော တန်ခိုးကို ထုတ်ဖော်ပြတော်မူပါ” ဟု မကြာခဏ ဆုတောင်း၏။ ငါတို့ အားလုံး ဘုရားသခင်၏ ရှေ့တွင် ဆုတောင်းပြီး၊ အို ဘုရားသခင်။ ကျွန်ုပ်တို့၏ စိတ်နှလုံးများ ကိုယ်တော့်ထံ တစ်ဖန် အပြည့်အဝ ပြန်လှည့်နိုင်ဖို့နှင့် ဤညစ်ညူးသော နယ်မြေမှ ကျွန်ုပ်တို့ လွတ်မြောက်နိုင်ပြီး ထရပ်ကာ ကျွန်ုပ်တို့ကို ကိုယ်တော် ပေးပြီးဖြစ်သည့်အရာကို ပြည့်စုံစေနိုင်ဖို့အလို့ငှာ ကျွန်ုပ်တို့အပေါ် တစ်ဖန် ကရုဏာထားပြီး ကျွန်ုပ်တို့ကို စောင့်ရှောက်တော်မူပါဟု ဆိုကြပါစေ။ သူ၏ ဉာဏ်အလင်းပေးခြင်းကို ငါတို့ ရရှိဖို့အလို့ငှာ ဘုရားသခင်သည် ငါတို့ကို တစ်ဖန် တို့ထိနိုင်မည်ဟု ငါ မျှော်လင့်ပြီး၊ ငါတို့၏ စိတ်နှလုံးများ သူ့ထံ တဖြည်းဖြည်း လှည့်နိုင်ဖို့ရန်နှင့် ငါတို့ကို သူ ရယူနိုင်ဖို့အလို့ငှာ သူသည် ငါတို့အပေါ် ကရုဏာထားနိုင်မည်ဟု ငါ မျှော်လင့်၏။ ဤသည်မှာ ငါတို့အားလုံး မျှဝေခံစားသည့် စိတ်ဆန္ဒဖြစ်သည်။

ငါတို့ လျှောက်လှမ်းသည့် လမ်းကြောင်းကို ဘုရားသခင်က လုံးလုံးလျားလျား စီမံထားလေသည်။ တိုတိုပြောရလျှင်၊ ဘုရားသခင်သည် ငါ့အပေါ် အမြဲ ပြုံးနေပြီး ငါသည် သူ၏ လက်အားဖြင့် အမြဲလမ်းပြခံရသည့်အလား ဖြစ်သည့်အတွက် ဤလမ်းကြောင်းကို တကယ့်အဆုံးထိ ငါ ဇောက်နမုချ လျှောက်လှမ်းရမည်ဟု ငါ ယုံကြည်၏။ ငါ၏ စိတ်နှလုံးသည် ဤကဲ့သို့ပင် အခြား မည်သည့်အရာမျှဖြင့် မစွန်းထင်းဘဲ၊ ငါသည် ဘုရားသခင်၏ အမှုကို ဤကဲ့သို့ အမြဲ သတိရှိ၏။ လူအသီးသီးသည် မိမိတို့ကိုယ်တိုင်၏ လမ်းကြောင်းကို လျှောက်ရမည်ဖြစ်ပြီး အခြားသူများအပေါ် ဝင်နှောင့်ယှက်ရမည်မဟုတ်ဟု ငါ

ယုံကြည်သည့်အတွက်၊ ငါသည် ငါ၏ အစွမ်းအစအားလုံးနှင့် ဆက်ကပ်မှုဖြင့် ငါ့အား ဘုရားသခင် စေခိုင်းသည့် အရာအားလုံးကို ဆောင်ရွက်ပြီး၊ ငါ့ကို သတ်မှတ်မပေးထားသည့် အလုပ်များ၌ ငါသည် ဘယ်သောအခါမျှ မနှောင့်ယှက်သကဲ့သို့ ယင်းကို လုပ်ဆောင်သည့် အခြားမည်သူနှင့်မျှ ငါသည် ပါဝင်ပတ်သက်ခြင်း မရှိ။ ယင်းမှာ ငါ မြင်သည့်ပုံစံ ဖြစ်သည်။ ဤသည်မှာ ငါကိုယ်တိုင်၏ ပင်ကိုယ်စရိုက်ကြောင့် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ငါသည် ငါ့အဖ၏ အမိန့်များကို ဆန့်ကျင်ဖို့ ဘယ်သောအခါမျှ မဝံ့ရဲသောကြောင့် ငါ၏ ညီအစ်ကို မောင်နှမများသည် ငါ့ကို နားလည်ကာ ခွင့်လွှတ်လိမ့်မည်ဟု ငါ မျှော်လင့်၏။ ကောင်းကင်ဘုံ၏ အလိုကို ငါ အာမခံဝံ့ပေ။ "ကောင်းကင်ဘုံ၏ အလိုကို အာခံ၍ မရ" ဆိုသည်ကို သင် မေ့လျော့ပြီလော။ လူအချို့က ငါသည် အတ္တဆန်သည်ဟု ထင်နိုင်သော်လည်း၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့်ဆိုင်သော အမှု၏ အစိတ်အပိုင်းတစ်ခုကို ဆောင်ရွက်ဖို့ အထူးသဖြင့် ငါလာခဲ့သည်ဟု ငါယုံကြည်၏။ လူလူချင်း ဆက်ဆံရေးများတွင် ပါဝင်ပတ်သက်ဖို့ ငါ လာခဲ့ခြင်း မဟုတ်ပေ။ ငါသည် အခြားသူများနှင့် မည်သို့ ကောင်းကောင်း သင့်မြတ်ရမည်ကို ဘယ်သောအခါမျှ တတ်မည်မဟုတ်။ သို့သော် ဘုရားသခင်၏ စေခိုင်းချက်တွင်၊ ဘုရားသခင်၏ လမ်းပြမှု ငါရှိပြီး၊ ဤအမှု ဖြစ်မြောက်သည် အထိ အဆုံးတိုင်လုပ်ဆောင်ဖို့ ယုံကြည်ချက်နှင့် ဖွဲ့ရှိ၏။ ငါ အလွန် "အတ္တဆန်" နေသည်မှာ ဖြစ်နိုင်သည်၊ သို့သော် ဘုရားသခင်၏ တရားမျှတပြီး ကိုယ်ကျိုးမငဲ့သော ချစ်ခြင်းမေတ္တာကို ခံစားရန် ကြိုးစားဖို့နှင့် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ရန် ကြိုးစားဖို့ အယောက်တိုင်း တာဝန်ယူလိမ့်မည်ဟု ငါ မျှော်လင့်၏။ ဘုရားသခင်၏ ဘုန်းအာနုဘော် ဒုတိယအကြိမ် ပေါ်ထွန်းမှုကို မစောင့်လေနှင့်။ ယင်းမှာ မည်သူ့အတွက်မျှ မကောင်းပေ။ ငါတို့ စဉ်းစားဆင်ခြင်သင့်သည်မှာ- "ဘုရားသခင်ကို စိတ်ကျေနပ်စေဖို့အလို့ငှာ ငါတို့ လုပ်သင့်သည့်အရာကို လုပ်ဆောင်ဖို့ အရာရာကို ဖြစ်နိုင်သမျှ လုပ်ဆောင်ရမည်။ ငါတို့ အသီးအသီးအပေါ် ဘုရားသခင်၏ စေခိုင်းချက်မှာ ကွဲပြားသည်။ ယင်းကို အဘယ်သို့ ငါတို့ ပြီးမြောက်သင့်သနည်း။" ဖြစ်သည်ဟု ငါ အမြဲထင်၏။ သင် လျှောက်သည်မှာ မည်သည့် လမ်းကြောင်းဖြစ်သည်ကို သင် သိမြင်ရမည်- ဤအရာနှင့် ပတ်သက်၍ သင် ရှင်းလင်းဖို့မှာ အလွန်အရေးကြီး၏။ ဘုရားသခင်ကို စိတ်ကျေနပ်စေဖို့ရန် သင်တို့အားလုံး ဆန္ဒရှိကြသည့်အတွက်၊ သူ့အတွက် သင်တို့ အဘယ်ကြောင့် မိမိတို့ကိုယ်ကိုယ် မမြှုပ်နှံသနည်း။ ဘုရားသခင်ထံ ပထမဦးဆုံးအကြိမ် ဆုတောင်းသည့်အချိန်တွင်၊ ငါ၏ စိတ်နှလုံးတစ်ခုလုံးကို သူ့အား ငါပေးခဲ့သည်။ ငါ၏ အနီးအနားက လူများဖြစ်သည့် မိဘများ၊ ညီအစ်မများ၊ ညီအစ်ကိုများနှင့် လုပ်ဖော်ကိုင်ဖက်များ- ၎င်းတို့အားလုံးကို ငါ စိတ်ဆုံးဖြတ်သည့်အရာဖြင့် လျစ်လျူရှုထားခဲ့၏၊ ယင်းမှာ ငါ့အဖို့ ၎င်းတို့ လုံးဝ

မရှိခဲ့သည့်အလား ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ငါ၏ စိတ်သည် ဘုရားသခင် သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များ သို့မဟုတ် သူ၏ ဉာဏ်ပညာအပေါ် အမြဲရှိခဲ့သည့်အတွက် ဖြစ်သည်။ ဤအရာများသည် ငါ၏ စိတ်နှလုံးထဲတွင် အမြဲရှိခဲ့ပြီး ငါ့ စိတ်နှလုံးထဲက အဖိုးတန်ဆုံးသော နေရာကို ယူထားလေသည်။ ထို့ကြောင့်၊ ရှင်သန်ခြင်းအတွက် ဒဿနများဖြင့် ပြည့်နက်နေသည့် လူတို့အတွက်၊ ငါသည် သွေးအေးပြီး ခံစားချက်မဲ့သော သူတစ်ဦးဖြစ်သည်။ ၎င်းတို့၏ စိတ်နှလုံးများသည် ငါ့ကိုယ်ငါ ပြုမူသည့်ပုံဖြင့်၊ အမှုအရာများကို ငါ လုပ်ဆောင်သည့်ပုံဖြင့်၊ ငါ၏ လှုပ်ရှားမှုတိုင်းဖြင့် နာကျင်လေသည်။ ငါသည် ဖြေရှင်းမရသည့် ပဟေဠိတစ်ခုခု ဖြစ်သည့်အလား၊ ၎င်းတို့သည် ငါ့ကို ထူးဆန်းသည့် အကြည့်များ ကြည့်ကြသည်။ ၎င်းတို့၏ စိတ်များတွင်၊ ၎င်းတို့သည် နောက် ငါ မည်သည့်အရာလုပ်ဆောင်မည်ကို မသိဘဲ ငါ့ကို တိတ်တဆိတ် အကဲဖြတ်နေကြသည်။ ၎င်းတို့ လုပ်ဆောင်သည့် မည်သည့်အရာမဆိုသည် ငါ့ကို အဘယ်သို့ တားဆီးနိုင်မည်နည်း။ ၎င်းတို့ မနာလိုဖြစ်နိုင်သည် သို့မဟုတ် စိုးထိတ်နိုင်သည် သို့မဟုတ် လှောင်ပြောင်နေနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏ရှေ့တွင် ကြီးမားသည့် ဆာလောင်မှုနှင့် ဆာငတ်မှုဖြင့်အလား ငါ ဆုတောင်းသည်၊ ကမ္ဘာလောက တစ်ခုတည်းတွင် ငါနှင့် သူသာ ရှိပြီး အခြား မည်သူမျှ မရှိသည့်အလား ဖြစ်သည်။ ပြင်ပလောက၏ အင်အားစုများ ငါ၏ အနီးအနားတွင် နီးနီးကပ်ကပ် ဝိုင်းအုံကြ၏- သို့သော် ဘုရားသခင်၏ တို့ထိခြင်းခံရသည့် ခံစားချက်လည်း ငါ့အတွင်း၌ တလိပ်လိပ်တက်၏။ ဤသို့အကျပ်ရိုက်နေလျက်၊ ဘုရားသခင် ရှေ့တွင် ငါ ဦးညွှတ်၍ ဂါဝရပြု၏- “အို ဘုရားသခင်။ ငါသည် အဘယ်သို့ ကိုယ်တော်၏ အလိုတော်ကို မစွမ်းဆောင်နိုင်သနည်း။ ကိုယ်တော်၏ မျက်လုံးများက ကျွန်ုပ်ကို ဂုဏ်အသရေရှိသကဲ့သို့၊ ရှေကြွပ်ကဲ့သို့ ကြည့်ကြသည့်တိုင်၊ အမှောင်အင်အားစုများမှ ကျွန်ုပ် မလွတ်မြောက်နိုင်ပါ။ ကျွန်ုပ် အသက်တာတစ်ခုလုံး ကိုယ်တော့်အတွက် ကျွန်ုပ် ဆင်းရဲဒုက္ခခံပါမည်၊ ကိုယ်တော်၏ အမှုကို အကျွန်ုပ်၏ အလုပ်အကိုင်ဖြစ်စေပါမည်၊ ပြီးလျှင် ကိုယ်တော့်ထံ ကျွန်ုပ် မိမိကိုယ်ကိုယ် ဆက်ကပ်ဖို့ရန် အနားယူဖို့ သင့်တော်သည့်နေရာတစ်ခုကို ကျွန်ုပ်အား ပေးဖို့ ကိုယ်တော့်ကို တောင်းလျှောက်ပါ၏။ အို ဘုရားသခင်၊ ကိုယ်တော့်ထံ ကျွန်ုပ် မိမိကိုယ်ကိုယ် ဆက်ကပ်လိုပါ၏။ လူသား၏ အားနည်းချက်ကို ကိုယ်တော် ကောင်းကောင်း သိပါ၏၊ ထို့ကြောင့် ကိုယ်တော်သည် အဘယ့်ကြောင့် ကျွန်ုပ်ထံမှ မိမိကိုယ်ကိုယ် ကွယ်ဝှက်ထားပါသနည်း။” ထို့အခါ၌ပင်၊ ငါသည် လေညှင်းအားဖြင့် ၎င်း၏ ရနံ့ နိုးကြွလာသည့် အားလုံးမသိသော တောင်နှင်းပန်းပွင့် တစ်ပွင့်အလား ဖြစ်သည်။ သို့သော် ကောင်းကင်ဘုံက ငိုကြွေးပြီး ငါ၏ နှလုံးသားက ဆက်လက် ငိုကြွေးလေသည်။ ငါ၏ စိတ်နှလုံးထဲတွင် သာ၍ပင်

ကြီးမားသော နာကျင်မှုရှိသကဲ့သို့ ခံစားရ၏။ အင်းအားစုများအားလုံးနှင့် လူသား၏ ခြိမ်းခြောက်မှုတို့သည် သာယာသော နေ့တစ်နေ့၌ မိုးချုန်းသံတစ်သံကဲ့သို့ ဖြစ်ခဲ့သည်။ ငါ၏ နှလုံးသားကို အဘယ်သူ နားလည်နိုင်မည်နည်း။ ထို့ကြောင့် ငါသည် နောက်ထပ်တစ်ကြိမ် ဘုရားသခင်၏ ရှေ့မှောက်လာပြီး၊ "အို ဘုရားသခင်။ ဤညစ်ညူးခြင်း နယ်မြေထဲတွင် ကိုယ်တော်၏ အမှုကို ဆောင်ရွက်ဖို့ နည်းလမ်း မရှိသလော။ အခြားသူတို့သည် နှိပ်စက်မှု ကင်းမဲ့၍ သက်သောင့်သက်သာရှိပြီး အထောက်အကူပေးသော ပတ်ဝန်းကျင်တစ်ခုတွင် ကိုယ်တော်၏ စိတ်နှလုံးကို အဘယ်ကြောင့် သတိမရှိနိုင်ရပါသနည်း။ ကျွန်ုပ်၏ အတောင်များကို ဖြန့်ချင်သော်လည်း အဘယ်ကြောင့် ပျံသန်းသွားဖို့ အလွန် ခက်ခဲရပါသနည်း။ ကိုယ်တော် သဘောမကျသလော" ဟု ဆို၏။ ရက်များစွာကြာ ဤအရာနှင့်ပတ်သက်၍ ငါ ငိုကြွေးခဲ့၏၊ သို့တိုင် ဘုရားသခင်သည် ငါ၏ ပူဆွေးသော စိတ်နှလုံးဆီ နှစ်သိမ့်မှု ယူဆောင်လာမည်ဟု ငါ အမြဲ ယုံကြည်ခဲ့၏။ ငါ၏ ပူပန်မှုကို အဘယ်သူမျှ အစဉ် နားမလည်ကြလေပြီ။ ယင်းသည် ဘုရားသခင်ထံမှ တိုက်ရိုက် သိမြင်နားလည်ခြင်း ဖြစ်ကောင်းဖြစ်မည်- ငါသည် သူ၏ အမှုအတွက် ငါ့အတွင်းတွင် မီးတစ်ခု အမြဲ ရှိခဲ့ကာ အသက်ရှူဖို့ အချိန် ရှိရုံမျှဖြစ်သည်။ ဤနေ့ထိ၊ ငါသည် ဆုတောင်းကာ၊ "အို ဘုရားသခင်။ ကိုယ်တော်၏ အလိုတော်ဖြစ်ပါက၊ ကိုယ်တော်၏ အမှုသည် စကြဝဠာတစ်လျှောက် ဖြန့်နိုင်ဖို့အလို့ငှာနှင့် တိုင်းနိုင်ငံတိုင်းနှင့် ဂိုဏ်းဂဏတိုင်းဆီ ဖွင့်ဟနိုင်ဖို့အလို့ငှာ၊ ကျွန်ုပ်၏ နှလုံးသားဆီ ငြိမ်သက်ခြင်း အနည်းငယ် ယူဆောင်လာဖို့အလို့ငှာနှင့် ကိုယ်တော့်အတွက် အနားယူသည့် နေရာတစ်ခုတွင် ကျွန်ုပ် နေထိုင်နိုင်ဖို့အလို့ငှာ၊ ပြီးလျှင် အနှောင့်အယှက်မရှိဘဲ ကိုယ်တော့်အတွက် ကျွန်ုပ် အလုပ်လုပ်နိုင်ပြီး ကျွန်ုပ်၏ စိတ်နှလုံး ငြိမ်သက်ခြင်းဖြင့် ကျွန်ုပ်၏ ဘဝတစ်ခုလုံး ကိုယ်တော့်အတွက် အလုပ်လုပ်နိုင်ဖို့အလို့ငှာ ကိုယ်တော်၏ သာ၍ပင် ကြီးမားသော အမှုကို ဆောင်ရွက်ဖို့ အကျွန်ုပ်ကို ပို့ဆောင်တော်မူပါ" ပြောဆဲ ဖြစ်သည်။ ဤသည်မှာ ငါ့စိတ်နှလုံး၏ ဆန္ဒဖြစ်သည်။ ငါသည် မာနထောင်လွှားပြီး စိတ်ကြီးဝင်သည်ဟု ညီအစ်ကို မောင်နှမများက ပြောကောင်းပြောနိုင်သည်။ အမှန်တရားဖြစ်သည့်အတွက် ငါလည်း ဤအရာကို လက်ခံ၏- လူငယ်တို့သည် အလွန်အမင်းမာနထောင်လွှားကြ၏။ ထို့ကြောင့် ယင်းသည် အမှန်တကယ် မည်သည့်အရာဖြစ်သည်ကို အမှန်တရားများအား ဆန့်ကျင်ခြင်းမရှိဘဲ ငါ ပြော၏။ ငါ့အထဲတွင် လူငယ်တစ်ဦး၏ ပင်ကိုစရိုက်လက္ခဏာများအားလုံးကို သင် မြင်ကောင်းမြင်နိုင်သည်၊ သို့သော် ငါသည် အခြား လူငယ်များနှင့် မည်သည့်နေရာတွင် ကွဲပြားသည်ကိုလည်း သင် မြင်နိုင်ပေသည်။ ငါ၏ တည်ငြိမ်မှုနှင့် ငြိမ်းအေးခြင်းတို့ ဖြစ်သည်။ ဤအရာကို အကြောင်းအရာတစ်ခုအဖြစ် ငါ

ပြုလုပ်နေခြင်း မဟုတ်။ ငါ့ကိုယ်ငါ သိသည်ထက် ဘုရားသခင်က ငါ့အား သိသည်ကို ငါ ယုံကြည်၏။ ဤအရာများသည် ငါ၏ စိတ်နှလုံးမှ စကားများဖြစ်ပြီး ညီအစ်ကို မောင်နှမများ စိတ်ဆိုးမည်မဟုတ်ဟု ငါ မျှော်လင့်သည်။ ငါတို့၏ အသက်တာများ သာ၍ လှပလာဖို့အလို့ငှာ ငါတို့ စိတ်နှလုံးများ၌ ရှိသော စကားများကို ငါတို့ ပြောနိုင်ကြပါစေ၊ ငါတို့ အသီးသီး လိုက်စားသည့်အရာ မည်သည့်အရာဖြစ်သည်ကို ကြည့်နိုင်ကြပါစေ၊ ဘုရားသခင်အတွက် ငါတို့၏ ချစ်ခြင်း နှလုံးသားများကို နှိုင်းယှဉ်နိုင်ပါစေ၊ ဘုရားသခင်ထံ ငါတို့ တီးတိုးပြောသည့် စကားများကို နားထောင်နိုင်ကြပါစေ၊ ငါတို့ နှလုံးသားများထဲတွင် အလှပဆုံးသော သီချင်းများကို ဟာစ်ဆိုနိုင်ကြပါစေ၊ ငါတို့ စိတ်နှလုံးများထဲက ဂုဏ်ကို ငါတို့ ဖွင့်ဟနိုင်ကြပါစေ။ အတိတ်ကို မေ့လိုက်ကာ အနာဂတ်ကို ရှေ့ရှုလော့။ ဘုရားသခင်သည် ငါတို့အတွက် လမ်းကြောင်း ဖွင့်ပေးလိမ့်မည်။

## လမ်းကြောင်း… (၇)

ငါတို့၏ လက်တွေ့ကျသော အတွေ့အကြုံများတွင်၊ ငါတို့ ခြေအောက်က လမ်းကြောင်း သာ၍ခိုင်မာပြီး သာ၍စစ်မှန်ဖို့အလို့ငှာ၊ ဘုရားသခင်သည် ငါတို့အတွက် လမ်းကြောင်းတစ်ခုကို ကိုယ်တိုင်ကိုယ်ကျ ဖွင့်ပေးခဲ့သည့်အချိန် အကြိမ်များစွာ ရှိသည်ကို ငါတို့ မြင်ရ၏။ ဤသည်မှာ ရှေးအတီတေအချိန်ကတည်းက ဘုရားသခင်သည် ငါတို့အတွက် ဖွင့်ပေးခဲ့သည့် လမ်းကြောင်းဖြစ်ကာ၊ ထောင်စုနှစ်များစွာပြီးနောက် ငါတို့ မျိုးဆက်ထံ လက်ဆင့်ကမ်းလာခဲ့သည့် လမ်းကြောင်း ဖြစ်သည်။ ထို့ကြောင့် ထိုလမ်းကြောင်း အဆုံးထိ မလျှောက်ခဲ့သည့် ငါတို့၏ အရင်လူများ၏ လမ်းကြောင်းကို ငါတို့ လျှောက်ကြလေပြီ။ ယင်း၏ နောက်ဆုံးအဆင့်ထိ လျှောက်လှမ်းဖို့ရန် ငါတို့သည် ဘုရားသခင်၏ ရွေးချယ်ခြင်းခံရပြီး ဖြစ်သည်။ ထို့ကြောင့် ဤလမ်းကြောင်းကို ဘုရားသခင်က ငါတို့အတွက် အထူးပြင်ဆင်ထားခြင်း ဖြစ်ပြီး၊ ငါတို့ ကောင်းချီးခံစားရသည်ဖြစ်စေ၊ ကံဆိုးခြင်းဖြင့် ငါတို့ ဖိစီးခံရသည်ဖြစ်စေ၊ အခြားအဘယ်သူမျှ ဤလမ်းကြောင်းကို မလျှောက်နိုင်ပေ။ ငါ၏ ကိုယ်ပိုင် ထိုးထွင်းသိမြင်မှုကို ဤအရာသို့ ထပ်ဖြည့်ပါရစေ- အခြားတစ်နေရာရာသို့ ထွက်ပြေးရန် ကြိုးစားခြင်းငှာ မစဉ်းစားလေနှင့်၊ သို့မဟုတ် အခြားလမ်းကြောင်းကို ရှာတွေ့ဖို့ ကြိုးစားခြင်းငှာ မစဉ်းစားလေနှင့်၊ ပြီးလျှင် အဆင့်အတန်းကို မတပ်မက်လေနှင့်၊ သို့မဟုတ် သင်၏ကိုယ်ပိုင်နိုင်ငံကို တည်ထောင်ဖို့ မကြိုးစားလေနှင့်- ဤအရာများအားလုံးသည် စိတ်ကူးယဉ်များသာ ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များနှင့် ပတ်သက်၍

တင်ကူးမှန်းဆထားသော စိတ်ကူးအချို့ သင်၌ ရှိနိုင်သည်၊ ဤသို့ဖြစ်ပါက သင် အလွန် နားဝေတိမ်တောင် ဖြစ်ခြင်းကို ရပ်တန့်ဖို့ ငါ သင့်ကို အကြံပြုသည်။ ဤအရာကို သင်သာ၍ တွေးပေးဖို့ ပိုကောင်း၏၊ လိမ္မာပါးနပ်ရန် မကြိုးစားလေနှင့်၊ ပြီးလျှင် အကောင်းနှင့် အဆိုးကို မရောထွေးလေနှင့်။ ဘုရားသခင်၏ အစီအစဉ် ပြီးမြောက်သည်နှင့်တစ်ပြိုင်နက် သင် နောင်တရလိမ့်မည်။ ငါ ပြောနေသည့်အရာမှာ၊ ဘုရားသခင်၏ နိုင်ငံတော် တည်ထောင်သည့်အခါ၊ ကမ္ဘာမြေ၏ တိုင်းနိုင်ငံများသည် အစိတ်စိတ်အမွှာမွှာ ချေမှုန်းခံရလိမ့်မည်။ ထိုအချိန်တွင် သင်ကိုယ်တိုင်၏ အစီအစဉ်များလည်း ပျက်သုဉ်းကုန်ပြီး ပြစ်တင်ဆုံးမခံရသူတို့သည် ချေမှုန်းခံရမည်ကို သင် မြင်ရလိမ့်မည်၊ ဤတွင် ဘုရားသခင်သည် သူ၏ စိတ်သဘောထားကို အပြည့်အဝ ထင်ရှားစေလိမ့်မည်။ ဤအရာများက ငါ့အတွက် အလွန် ရှင်းလင်းသည့်အတွက်၊ နောက်ပိုင်းတွင် ငါ့ကို သင် အပြစ်မတင်ဖို့အလို့ငှာ ယင်းတို့ကို သင့်အား ငါ ပြောသင့်သည်ဟု ငါ ထင်၏။ ယနေ့ထိ ဤလမ်းကြောင်းကို ငါတို့ လျှောက်နိုင်သည်မှာ ဘုရားသခင်၏ စီမံမှုဖြစ်သည်။ ထို့ကြောင့် သင်သည် ထူးခြားသောသူတစ်ယောက် ဖြစ်သည်ဟု မတွေးထင်သကဲ့သို့ သင်က ကံမကောင်းဟု မတွေးလေနှင့်။ သင် အစိတ်စိတ် အမွှာမွှာမဖြစ်ဖို့ရန် မည်သူ့သူကမျှ ဘုရားသခင်၏ လက်ရှိအမှုနှင့် စပ်လျဉ်း၍ ခိုင်ခိုင်မာမာ ပြောဆိုမှုများ မပြုရ။ ဘုရားသခင်၏ အမှုအားဖြင့် ငါသည် ဉာဏ်အလင်းပေးခံရပြီး ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင်သည် ဤလူစုကို စုံလင်စေမည်၊ သူ၏ အမှုသည် ဘယ်သောအခါမျှ တစ်ဖန်ပြောင်းလဲလိမ့်မည် မဟုတ်သကဲ့သို့ သူသည် ဤလူစုကို လမ်းကြောင်းအဆုံးထိ ခေါ်ဆောင်လိမ့်မည်ဖြစ်ပြီး ကမ္ဘာမြေပေါ်က သူ၏ အမှုကို အဆုံးသတ်လိမ့်မည်။ ဤအရာကို ငါတို့အားလုံး နားလည်သင့်၏။ လူအများစုသည် "ရှေ့သို့ ကြည့်" ဖို့ရန် နှစ်သက်ကြပြီး၊ ၎င်းတို့၏ အာသီသများသည် အဆုံးမရှိချေ။ ၎င်းတို့အနက် မည်သူမျှ ယနေ့နှင့်ဆိုင်သည့် ဘုရားသခင်၏ အရေးကြီးသော အလိုတော်ကို နားမလည်ကြချေ၊ ထို့ကြောင့် ၎င်းတို့အားလုံး လွတ်မြောက်ဖို့ တွေးကြသည်။ ၎င်းတို့သည် တောထဲတွင် ခြေဦးတည့်ရာသွားဖို့သာ လိုချင်သည့် ထိန်းမနိုင်သိမ်းမရ လွတ်ထွက်သွားသော မြင်းများကဲ့သို့ဖြစ်၏၊ အနည်းငယ်ကသာ လူ့ဘဝ၏ လမ်းခရီးကို ရှာဖွေရန် ကောင်းမွန်သော ခါနာန်ပြည်ထဲတွင် ခြေချဖို့ ဆန္ဒရှိကြသည်။ နို့နှင့် ပျားရည်စီးသော ပြည်ထဲသို့ ဝင်ရောက်ပြီးနောက်၊ လူတို့သည် မပျော်မွေ့ပါက၊ ၎င်းတို့ မည်သည့်အရာကို လိုချင်ကြသေးသနည်း။ အမှန်ပြောရလျှင်၊ ကောင်းမွန်သော ခါနာန်ပြည်၏ အလွန်တွင် တောသာ တည်ရှိလေသည်။ အနားယူသည့် နေရာသို့ လူတို့ ဝင်ရောက်ပြီးသည့် အချိန်၌ပင်၊ ၎င်းတို့၏ တာဝန်ကို မထမ်းဆောင်နိုင်ကြပေ။ ၎င်းတို့သည် ပြည့်တန်ဆာများသာ ဖြစ်ကြသည်

မဟုတ်လော။ ဤနေရာတွင် ဘုရားသခင်၏ စုံလင်စေခြင်းခံရမည့် အခွင့်အရေး သင် ဆုံးရှုံးပါက၊ သင်၏ ကျန်ရှိသည့် နေ့ရက်များတွင် သင် နောင်တရလိမ့်မည်၊ သင်၏ နောင်တသည် အဆုံးရှိလိမ့်မည် မဟုတ်။ ခါနာန်ပြည်ကို ငေးကြည့်ခဲ့ရသော်လည်း၊ မမွေ့လျော်နိုင်ခဲ့၊ လက်သီးများ ကျစ်ကျစ်ဆုပ်ထားလျက်၊ သူ၏သေခြင်းသည် နောင်တအပြည့် ဖြစ်ခဲ့သည့် မောရှကဲ့သို့ သင် ဖြစ်လိမ့်မည်- ဤအရာသည် ရှက်ဖွယ်ဖြစ်သည်ဟု သင် မထင်သလော။ အခြားသူများ၏ လှောင်စရာ ဖြစ်သည်မှာ ကသိကအောက်ဖြစ်ဖွယ်ဟု သင် မထင်သလော။ အခြားသူများ၏ အရှက်ခွဲခြင်းခံရရန် သင်လိုလားနေသလော။ သင်သည် ကြီးပွားချမ်းသာဖို့ ဆန္ဒမရှိသလော။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရသည့် ဂုဏ်သရေရှိပြီး တော်ဖြောင့်သောလူတစ်ဦး မဖြစ်ချင်သလော။ မည်သည့်အရာကိုမျှ သင် အမှန်တကယ် ဆန္ဒမပြင်းပြသလော။ အခြားလမ်းကြောင်းများကို သင် အမှန်တကယ် မလျှောက်ချင်ပေ။ သင့်အတွက် ဘုရားသခင် စီမံထားသည့် လမ်းကြောင်းကို လျှောက်ဖို့လည်း သင် ဆန္ဒမရှိသလော။ ကောင်းကင်ဘုံ၏ အလိုကို ဆန့်ကျင် ဝံ့သလော။ သင်၏ "ကျွမ်းကျင်မှု" မည်မျှ ကြီးမားပါစေ၊ ကောင်းကင်ဘုံကို သင် အမှန်တကယ် စော်ကားနိုင်သလော။ ငါတို့သည် မိမိတို့ကိုယ်ကိုယ် ကောင်းမွန်စွာ သိရှိဖို့ရန် ကြိုးစားခြင်းက သာ၍ ကောင်းပေသည်။ ဘုရားသခင်ထံမှ စကားတစ်လုံးသည် ကောင်းကင်နှင့် မြေကြီးကို ပြောင်းလဲနိုင်သည်၊ သို့ဆိုလျှင် သေးငယ်ပိန်ချုံးနေသော လူတစ်ဦးမှာ ဘုရားသခင်၏ အမြင်၌ အဘယ်အရာ ဖြစ်မည်နည်း။

ငါကိုယ်တိုင်၏ အတွေ့အကြုံထဲတွင်၊ သင်သည် ဘုရားသခင်နှင့် ဆန့်ကျင်လေလေ၊ ဘုရားသခင်သည် သူ၏ ဘုန်းအာနုဘော်တော် ဖြစ်သော စိတ်သဘောထားကို ပြသလေလေဖြစ်ပြီး၊ သင့်ကို သူ "တည်ခင်း" သည့် ပြစ်တင်ဆုံးမခြင်းသည် သာ၍ ပြင်းထန်လေလေ ဖြစ်မည်ကို ငါ တွေ့မြင်ဖူးသည်။ သူ့ကို သင် နာခံလေလေ၊ သူသည် သင့်ကို ချစ်လေလေဖြစ်ပြီး ကာကွယ်လေလေ ဖြစ်လိမ့်မည်။ ဘုရားသခင်၏ စိတ်သဘောထားသည် ပြစ်ဒဏ်ပေးသည့် ကိရိယာတစ်ခုကဲ့သို့ ဖြစ်သည်။ သင် နာခံပါက သင် လုံခြုံကာ ကြံ့ခိုင်လိမ့်မည်။ သင် မနာခံသည့်အခါ- သင်သည် အမြဲ ကြွားဝါဖို့ ကြိုးစားပြီး အမြဲ လှည့်စားသည့်အခါ- ဘုရားသခင်၏ စိတ်သဘောထား ချက်ချင်း ပြောင်းလဲလေသည်။ သူသည် တိမ်ထူထပ်သော နေ့တစ်နေ့၌ ရှိသည့် နေမင်းကဲ့သို့ ဖြစ်သည်၊ သူသည် သင့်ထံမှ ကွယ်ဝှက်လိမ့်မည်ဖြစ်ပြီး သူ၏ အမျက်ဒေါသကို သင့်အား ပြလိမ့်မည်။ သူ၏ စိတ်သဘောထားသည်လည်း ကောင်းကင်သည် မိုင်များ ပတ်ပတ်လည် ကင်းစင်ပြီး၊ လှိုင်းများက ရေမျက်နှာပြင်ပေါ်တွင် တသိမ့်သိမ့်သာ လှုပ်ရှားသည့်အချိန်တွင်၊ ရုတ်တရက်

ရေလှိုင်းများက အရှိန်မြင့်လာပြီး ရေက တစ်ဟုန်ထိုး လှိုင်းတပိုးထခြင်းသို့ ပြောင်းသွားသည်အထိဖြစ်သည့် ဇွန်လ၏ ရာသီဥတုကဲ့သို့ ဖြစ်သည်။ ဘုရားသခင်၏ ထိုသို့သော စိတ်သဘောထားနှင့် ရင်ဆိုင်ရာတွင် သင်သည် အလွန် မဆင်မခြင် ပြုဝံ့သလော။ သင်၏ အတွေ့အကြုံများတွင်၊ သင်တို့ ညီအစ်ကို မောင်နှမများ အများစုသည် နေ့အလင်းတွင် သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသည့်အခါတွင် သင်တို့ ယုံကြည်ခြင်း ပြည့်ဝကြသည်ကို မြင်ကြပြီး ဖြစ်သည်၊ သို့သော် ထို့နောက်၊ မမျှော်လင့်ဘဲ ဘုရားသခင်၏ ဝိညာဉ်က သင့်ကို ရုတ်တရက် စွန့်ပစ်ပြီး သင်သည် ညှဉ်းဆဲခံရလွန်း၍ သူ၏ ဝိညာဉ် ပျောက်ကွယ်သည့် ဦးတည်ရာကို အမြန်စဉ်းစားရင်း သင်သည် ညတွင် အိပ်မရ ဖြစ်လေသည်။ မည်သည့်အရာကို သင် လုပ်ဆောင်ပါစေ၊ သူ၏ ဝိညာဉ် သွားသည့် နေရာကို သင် ရှာမတွေ့နိုင်ပေ- သို့သော် ထို့နောက် မမျှော်လင့်ဘဲ၊ သင့်ထံ သူ တစ်ဖန် ပေါ်လာပြီး သင်သည် ပေတရုက သူ၏ သခင်ယေရှုကို နောက်တစ်ဖန် ရုတ်တရက် ရှုမြင်ရသည့်အချိန်ကဲ့သို့ ပီတိဖြာလေသည်၊ ပီတိဖြာလွန်း၍ သင် အော်ဟစ်လုနီးနီး ဖြစ်လေသည်။ ယင်းကို အကြိမ်များစွာ တွေ့ကြုံပြီးသည့်နောက် ဤအရာကို သင် အမှန်တကယ် မေ့လျော့ပြီလော။ လူ့ဇာတိခံယူသူ၊ ကားတိုင်ထက်တွင် သံမှိုရိုက်နှက်ခံရပြီးနောက် ရှင်ပြန်ထမြောက်ကာ ကောင်းကင်သို့ တက်ကြွသွားသည့် သခင်ယေရှု ခရစ်တော်သည် အချိန်ကာလတစ်ခုကြာ သင့်ထံမှ အမြဲ ကွယ်ဝှက်နေပြီးနောက် အချိန်ကာလတစ်ခုကြာ သင့်ထံ သူ ပေါ်လာလေသည်။ သင်၏ ဖြောင့်မတ်ခြင်းကြောင့် သူသည် သင့်ထံ မိမိကိုယ်ကိုယ် ထုတ်ဖော်ပြပြီး၊ သင်၏ အပြစ်များကြောင့် သူသည် ဒေါသထွက်ကာ သင့်ထံမှ ထွက်ခွာလေသည်၊ ထို့ကြောင့် သင်သည် သူ့ထံ အဘယ်ကြောင့် သာ၍ ဆုမတောင်းသနည်း။ ပင်တေကုတ္တေနေ့ပြီးနောက်တွင် သခင်ယေရှုခရစ်တော်သည် ကမ္ဘာမြေပေါ်၌ အခြားသော တာဝန်တစ်ခု ရှိသည်ကို သင် မသိခဲ့သလော။ သခင်ယေရှုခရစ်တော်သည် လူ့ဇာတိခံခဲ့သည်၊ ကမ္ဘာမြေသို့ ကြွလာခဲ့ပြီး ကားတိုင်တွင် သံမှိုရိုက်ခံခဲ့ရသည်ဆိုသည့် အချက်ကိုသာ သင် သိသည်။ သင်ယုံကြည်ခဲ့သည့် ယေရှုက ယခင်အချိန်ကြာမြင့်စွာကတည်းက သူ၏ အမှုကို အခြားတစ်စုံတစ်ဦးထံ ပေးအပ်ပြီးဖြစ်သည်ဆိုသည်နှင့် ယင်းသည် အချိန်ကြာမြင့်စွာကတည်းက ဖြည့်ဆည်းပြီးခဲ့သောကြောင့် သခင်ယေရှုခရစ်တော်၏ ဝိညာဉ်သည် သူ့အမှု၏ အခြားသော အစိတ်အပိုင်းကို လုပ်ဆောင်ဖို့ တစ်ဖန် ကမ္ဘာမြေသို့ ဇာတိပကတိ ပုံသဏ္ဌာန်ဖြင့် ကြွလာပြီးဖြစ်သည်ဆိုသည်ကို သင် လုံးဝ မသိသေးပေ။ ဤနေရာတွင် တစ်စုံတစ်ခုကို ငါ ဖြည့်စွက်လိုသည်- ဤရေစီးကြောင်းတွင် သင် လောလောလတ်လတ် ရှိနေသည်ဆိုသည့် အချက်ရှိသော်ငြား၊ ဤလူသည် သင်တို့အပေါ် သခင်ယေရှု ခရစ်တော် အပ်နှင်းခဲ့သည့်

သူတစ်ဦးဖြစ်သည်ဟု သင်တို့ထဲမှ အနည်းငယ်ကသာ ယုံကြည်သည်ဟု ငါ ပြောဝံ့သည်။ သူ့ကို မေ့လျော့ဖို့သာ သင်တို့ သိသည်။ ဘုရားသခင်၏ ဝိညာဉ်က ကမ္ဘာမြေသို့ တစ်ဖန် ကြွလာပြီးဖြစ်သည်ကို သင်တို့ အသိအမှတ်မပြုသကဲ့သို့ ယနေ့၏ ဘုရားသခင်သည် အတိတ် နှစ်ထောင်ပေါင်းများစွာက ယေရှုခရစ်တော် ဖြစ်သည်ကို သင် အသိအမှတ် မပြုပေ။ ထို့ကြောင့် သင်တို့အားလုံးသည် သင်တို့၏ မျက်လုံးများ ပိတ်လျက် လမ်းလျှောက်နေကြသည်- သင်တို့ မည်သည့်နေရာ၌ ဇာတ်သိမ်းသည်မဆို သင်တို့ လက်သင့်ခံကြပြီး ဤအရာနှင့် ပတ်သက်၍ သင်တို့ လုံးဝ အလေးအနက် မရှိကြဟု ငါ ဆိုသည်။ ယေရှုကို သင်တို့သည် စကားဖြင့် ဤကဲ့သို့ ယုံကြည်သော်လည်း၊ ယနေ့ ဘုရားသခင် သက်သေခံသည့် သူကို ပေါ်တင် အာခံဝံ့ကြသည်။ သင် မိုက်မဲသည် မဟုတ်လော။ ယနေ့၏ ဘုရားသခင်သည် သင်၏ အမှားများကို ဂရုမစိုက်ချေ၊ သင့်ကို သူ မရှုတ်ချချေ။ ယေရှုကို ယုံကြည်သည်ဟု သင် ဆို၏၊ ထို့သို့ဆိုလျှင် သင်၏ သခင်ယေရှုခရစ်တော်က သင့်ကို သက်ညှာနိုင်မည်လော။ ဘုရားသခင်သည် သင် စိတ်လွတ်လက်လွတ်နေရန်၊ လိမ်ညာရန်နှင့် လှည့်ဖြားရန် သင့်အတွက် နေရာတစ်ခုခုဖြစ်သည်ဟူ၍ သင်ထင်သလော။ သင်၏ သခင်ယေရှုခရစ်တော်သည် မိမိကိုယ်ကိုယ် နောက်တစ်ဖန် ဖော်ပြသည့်အခါ၊ သင် ဖြောင့်မတ်ခြင်း ရှိ၊မရှိ သို့မဟုတ် သင် ဆိုးညစ်ခြင်း ရှိမရှိဆိုသည်ကို ယခု သင် မည်သို့ ပြုမူသည်ဆိုသည့်အပေါ် အခြေခံ၍ သူဆုံးဖြတ်လိမ့်မည်။ လူအများစုသည် "ညီအစ်ကို မောင်နှမများ" ဟု ငါ ညွှန်းဆိုသည့်အရာနှင့်ပတ်သက်၍ အဆုံး၌ အယူအဆများ ရှိကြပြီး ဘုရားသခင်၏ အမှုပြုသည့် နည်းလမ်း ပြောင်းလဲလိမ့်မည်ဟု ယုံကြည်ကြသည်။ ထိုသို့သော လူတို့သည် သေခြင်းကို ဖိတ်ခေါ်နေသည် မဟုတ်လော။ စာတန်ကို ဘုရားသခင်က ဘုရားသခင် ကိုယ်တော်တိုင်အဖြစ် သက်သေခံနိုင်သလော။ ဤတွင်၊ သင်တို့သည် ဘုရားသခင်ကို ရှုတ်ချနေကြသည် မဟုတ်လော။ မည်သူမဆိုပင် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်နိုင်သည်ဟု သင် ယုံကြည်သလော။ သင် အမှန်တကယ် သိပါက၊ မည်သည့် အယူအဆများမှ သင် ရှိလိမ့်မည်မဟုတ်။ သမ္မာကျမ်းစာထဲတွင် အောက်ပါ ကျမ်းပိုဒ် ရှိ၏- အရာခပ်သိမ်းသည် သူ့အတွက်ဖြစ်ပြီး အရာခပ်သိမ်းသည် သူ့ထံမှဖြစ်၏။ သူသည် သားများစွာကို ဘုန်းအသရေ ရှိစေလိမ့်မည်ဖြစ်ပြီး သူသည် ကျွန်ုပ်တို့၏ ခေါင်းဆောင်ဖြစ်သည် ...... ကျွန်ုပ်တို့ကို ညီအစ်ကိုများဟု ခေါ်ရာတွင် သူသည် ဤကဲ့သို့ပင် မရှက်ပေ။ ဤနှုတ်ကပတ်တော်များကို သင် အလွယ်တကူ အလွတ် အာဂုံဆောင်နိုင်လိမ့်မည် ဖြစ်သော်လည်း၊ ၎င်းတို့ အမှန်တကယ် မည်သည့် အဓိပ္ပါယ်ရှိသည်ကို သင် နားမလည်ပေ။ သင်သည် ဘုရားသခင်ကို သင်၏ မျက်လုံးများ ပိတ်လျက် ယုံကြည်နေသည် မဟုတ်လော။

ငါတို့၏ မျိုးဆက်သည် ယခင် မျိုးဆက်များ မပြီးစီးခဲ့သည့် လမ်းကြောင်းကို လျှောက်နိုင်ဖို့ရန်နှင့် အတိတ် နှစ်ထောင်ပေါင်းများစွာ၏ ဘုရားသခင်၊ ငါတို့အလယ်တွင်ရှိပြီး အရာခပ်သိမ်း၌ ပြည့်လျှံသော ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ရှုမြင်နိုင်ဖို့ရန် ကောင်းချီးခံစားရသည်ဟု ငါ ယုံကြည်သည်။ ဤလမ်းကြောင်းကို သင် လျှောက်လိမ့်မည်ဟု သင် ဘယ်သောအခါမျှ စိတ်ကူးနိုင်ခဲ့လိမ့်မည်မဟုတ်- ဤသည်မှာ သင် တတ်စွမ်းနိုင်သည့် အရာတစ်ခုလော။ ဤလမ်းကြောင်းကို သန့်ရှင်းသော ဝိညာဉ်တော်က တိုက်ရိုက် ဦးဆောင်လေသည်၊ သခင်ယေရှု ခရစ်တော်၏ ခုနှစ်ဆပြင်းထန်သည့် ဝိညာဉ်က ဦးဆောင်ပြီး ယနေ့၏ ဘုရားသခင်က သင့်အတွက် ဖွင့်ဟပြီးဖြစ်သည့် လမ်းကြောင်း ဖြစ်သည်။ သင်၏ အဖြစ်ချင်ဆုံးသော အိပ်မက်များထဲတွင်ပင်၊ အတိတ် နှစ်ထောင်ပေါင်းများစွာက ယေရှုသည် သင့်ရှေ့၌ တစ်ဖန် ပေါ်လာလိမ့်မည်ဟု စိတ်ကူးနိုင်မည်မဟုတ်ချေ။ သင်သည် ကျေနပ်မှု မခံစားရသလော။ ဘုရားသခင်ရှေ့ မျက်နှာချင်းဆိုင် အဘယ်သူ လာနိုင်သနည်း။ ဘုရားသခင်ထံမှ သာ၍ ကြီးမားသော ကောင်းချီးမင်္ဂလာများ ရရှိဖို့၊ ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို ငါတို့ ခံရနိုင်ပြီး သူ၏ ရယူခြင်းခံရဖို့ ငါသည် ငါတို့ အုပ်စုအတွက် မကြာခဏ ဆုတောင်းသော်လည်း၊ သာ၍ ကြီးမားသော ထုတ်ဖော်ပြခြင်းများကို ငါတို့ ရှုမြင်နိုင်ဖို့အလို့ငှာ ငါတို့ကို ဘုရားသခင် ဉာဏ်အလင်းပေးဖို့ တောင်းလျှောက်ရင်း၊ ငါတို့အတွက် ခါးသီးသည့် မျက်ရည်များ ငါ ကျဆင်းသည့် မရေတွက်နိုင်သော အကြိမ်များစွာလည်း ရှိလေသည်။ ဘုရားသခင်ကို အရှုံးလုပ်ဖို့ စဉ်ဆက်မပြတ် ကြိုးစားပြီး မည်သည့်အရာကိုမျှ လုံးဝ ဆန္ဒမပြင်းပြကြသည့် လူတို့ကို သို့မဟုတ် ဇာတိပကတိကို သတိရှိသောသူများ သို့မဟုတ် မိမိတို့ကိုယ်ကိုယ် အာရုံစိုက်ရာ ဖြစ်စေဖို့ရန် အကျိုးအမြတ်များနှင့် နာမည်ဂုဏ်သတင်းအတွက် ကြိုးပမ်းကြသူများကို ငါ မြင်သည့်အခါ၊ ငါ၏ စိတ်နှလုံးထဲတွင် ကြီးမားသည့် နာကျင်မှုကို အဘယ်သို့ မခံစားဘဲ နေနိုင်မည်နည်း။ လူတို့သည် အဘယ်သို့ အသိစိတ် အလွန် ကင်းမဲ့နိုင်ကြသနည်း။ ငါ၏ အမှုသည် အမှန်တကယ် မည်သည့် သက်ရောက်မှုမျှ မရှိခဲ့ပြီလော။ သင်၏ သားသမီးများသည် သင့်အပေါ် ပုန်ကန်တတ်ပြီး သားသမီးအရည်အချင်းများ မရှိပါက၊ ၎င်းတို့ အသိစိတ်ကင်းမဲ့ပါက၊ မိမိတို့ကိုယ်ကိုယ်အတွက်သာ ၎င်းတို့ ဂရုစိုက်ပြီး သင်၏ ခံစားချက်များကို ဘယ်သောအခါမျှ အရေးမထားသကဲ့သို့၊ ၎င်းတို့ ကြီးပြင်းပြီးနောက်တွင် သင့်ကို အိမ်မှ နှင်ထုတ်ပါက၊ ထိုအချိန်တွင် သင် မည်သို့ ခံစားလိမ့်မည်နည်း။ ၎င်းတို့ကို ပျိုးထောင်ရာတွင် သင် စိုက်ထုတ်ခဲ့သည့် သွေး၊ ချွေးနှင့် စွန့်လွှတ်မှုများကို သင် သတိရသည်နှင့်အမျှ မျက်ရည်များက သင်၏ မျက်နှာပေါ် စီးဆင်းလာနေလိမ့်မည် မဟုတ်လော။ ထို့ကြောင့် ဘုရားသခင်ထံ အကြိမ်

မရေမတွက်နိုင်အောင် ငါဆုတောင်းပြီး၊ "ချစ်လှစွာသော ဘုရားသခင်။ ကိုယ်တော်၏ အမှုအတွက် ဝန်တာ ကျွန်ုပ် ထမ်းရွက်ခြင်း ရှိမရှိဆိုသည်ကို ကိုယ်တော်သာ သိပါ၏။ ကျွန်ုပ်၏ လုပ်ဆောင်ချက်များက ကိုယ်တော်၏ အလိုတော်နှင့် မကိုက်ညီသည့် နေရာတွင်၊ ကိုယ်တော်သည် ကျွန်ုပ်ကို ဆုံးမပဲ့ပြင်သည်၊ စုံလင်စေပြီး သတိပြုမိစေပါ၏။ ကိုယ်တော့်ထံ ကျွန်ုပ်၏ တစ်ခုတည်းသော တောင်းဆိုချက်မှာ မကြာခင် ကိုယ်တော် ဘုန်းထင်ရှားဖို့နှင့် ကိုယ်တော့်၏ ရယူခြင်း ၎င်းတို့ခံရဖို့အလို့ငှာ၊ ကိုယ်တော်၏အမှုက ကိုယ်တော်၏ အလိုတော်ကို ရရှိရန်ဖန်တီးနိုင်ဖို့နှင့် ကိုယ်တော်၏ အစီအစဉ် စောလျင်စွာ ပြည့်စုံနိုင်ဖို့အလို့ငှာ ဤလူတို့ကို ကိုယ်တော် သာ၍ တို့ထိဖို့ ဖြစ်ပါ၏" ဟု ဆိုလေသည်။ ဘုရားသခင်သည် ပြစ်တင်ဆုံးမခြင်းမှတစ်ဆင့် လူတို့ကို မသိမ်းပိုက်ချင်ပေ၊ လူတို့ကို အမြဲ နဖားကြိုးမတပ်ချင်ပေ။ သူသည် လူတို့ကို သူ၏ နှုတ်ကပတ်တော်များအား နာခံစေချင်ပြီး စည်းကမ်းရှိသည့် ပုံစံဖြင့် အလုပ်လုပ်စေချင်ကာ၊ ဤနည်းအားဖြင့် သူ၏ အလိုတော်ကို ဖြည့်ဆည်းစေချင်လေသည်။ သို့သော် လူတို့သည် အရှက်မရှိကြသကဲ့သို့ သူ့ကို စဉ်ဆက်မပြတ် ပုန်ကန်ကြလေသည်။ ငါတို့သည် သူ့ကို စိတ်ကျေနပ်စေဖို့ အရိုးရှင်းဆုံးသော နည်းလမ်းကို ရှာလျှင် အကောင်းဆုံးဖြစ်သည်ဟု ငါ ယုံကြည်၏၊ ယင်းမှာ သူ၏ အစီအစဉ်များအားလုံးကို နာခံဖို့ ဖြစ်သည်။ ဤအရာကို သင် အမှန်တကယ် စွမ်းဆောင်နိုင်ပါက၊ သင်သည် စုံလင်စေခြင်းခံရလိမ့်မည်။ ဤသည်မှာ လွယ်ကူပြီး ဝမ်းမြောက်ဖွယ် ကောင်းသည့်အရာ ဖြစ်သည် မဟုတ်လော။ သင် လျှောက်သင့်သည့် လမ်းကြောင်းကို လျှောက်လော့။ အခြားသူများ ပြောသည့်အရာကို အာရုံမစိုက်နှင့်၊ ပြီးလျှင် သိပ်မတွေးလွန်းလေနှင့်။ သင်၏ အနာဂတ်နှင့် သင်၏ ကံကြမ္မာတို့သည် သင့် လက်ထဲတွင် ရှိကြသလော။ လောကီဆန်သည့် လမ်းကြောင်းကို လျှောက်ဖို့ ဆန္ဒရှိလျက် သင်သည် လွတ်မြောက်ဖို့ အမြဲကြိုးစား၏- သို့သော် အဘယ်ကြောင့် သင် ထွက်မသွားနိုင်သနည်း။ လမ်းဆုံလမ်းခွတွင် သင် နှစ်ပေါင်းများစွာ ချီတုံချတုံဖြစ်ပြီးနောက် အဆုံး၌ ဤလမ်းကြောင်းကို နောက်တစ်ဖန် ရွေးချယ်ရသည်မှာ အဘယ်ကြောင့်နည်း။ နှစ်များစွာ လှည့်လည်သွားလာပြီးနောက်၊ မရည်ရွယ်ဘဲနှင့် ဤအိမ်သို့ သင် ယခု ပြန်သွားသည်မှာ အဘယ်ကြောင့်နည်း။ ဤသည်မှာ သင့်သဘောအတိုင်း ဖြစ်သလော။ သင်တို့အနက် ဤရေစီးကြောင်းတွင် ရှိသူတို့အတွက်၊ ဤအရာကို ကြားပြီးနောက် ငါ့ကို သင်တို့ မယုံကြည်ပါက၊ သင် ထွက်သွားဖို့ စီစဉ်ပါက၊ ဘုရားသခင် သင့်ကို ခွင့်ပြု မပြု ကြည့်လော့၊ သန့်ရှင်းသော ဝိညာဉ်တော်က သင့်ကို မည်သို့ တို့ထိသည်ကို ကြည့်လော့- ယင်းကို မိမိကိုယ်ကိုယ်အတွက် တွေ့ကြုံခံစားလော့။ ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုပါက၊ သင်

ကံဆိုးခြင်းခံစားရလျှင်ပင်၊ ဤရေစီးကြောင်းထဲတွင် ခံစားရမည်၊ ပြီးလျှင် ဒုက္ခခံစားရခြင်း ရှိပါက၊ ယနေ့ ဤနေရာတွင် သင် ဒုက္ခခံရမည်။ အခြား မည်သည့်နေရာကိုမျှ သင် သွား၍မရ။ သင့်အဖို့ ဤအရာ ရှင်းလင်းသလော။ မည်သည့်နေရာသို့ သင် သွားမည်နည်း။ ဤသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲရေး အမိန့်ဖြစ်သည်။ ဤလူစုကို ဘုရားသခင် ရွေးချယ်ခြင်းက အဓိပ္ပါယ်မရှိဟု သင် ထင်သလော။ ယနေ့ သူ၏ အမှုတွင်၊ ဘုရားသခင်သည် အလွယ်တကူ အမျက်ဒေါသ မထွက်ပေ- သို့သော် သူ၏ အစီအစဉ်ကို လူတို့ နှောင့်ယှက်ဖို့ ကြိုးစားပါက၊ သူ၏ မျက်နှာသည် ကြည်လင်ရွှင်ပျရာမှ အုံ့မှိုင်းခြင်းသို့ ချက်ချင်း ပြောင်းလဲသွားသည်။ ထို့ကြောင့်၊ ငြိမ်ငြိမ်နေပြီး ဘုရားသခင်၏ အကြံအစည်များကို နာခံကာ သင့်ကို စုံလင်စေဖို့ သူ့အား အခွင့်ပေးရန် ငါ သင့်ကို အကြံပြု၏။ ဤအရာကို လုပ်ဆောင်သော လူတို့သာ တော်ကြပေသည်။

# လမ်းကြောင်း... (၈)

ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် အပြန်အလှန်ဆက်ဆံရန်နှင့် လူတို့နှင့်အတူ နေထိုင်ရန် မြေကြီးပေါ်သို့ ကြွလာခဲ့သည်မှာ တစ်ရက်၊ နှစ်ရက်သာ ရှိသေးသည် မဟုတ်ပေ။ ဤအချိန်ကာလအတွင်းတွင်၊ လူတို့သည် ဘုရားသခင်နှင့်ဆိုင်သည့် အသိကို များများစားစားရရှိခဲ့ကောင်း ရရှိခဲ့ကြပြီး ဘုရားသခင်ကို အစေခံခြင်းနှင့်ပတ်သက်၍ အနည်းငယ်မျှသော ထိုးထွင်းသိမြင်မှုထက် သာ၍ ရရှိကောင်း ရရှိမည်ဖြစ်ပြီး၊ ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်ခြင်းတွင် အတွေ့အကြုံရှိလာကြပေသည်။ မည်သို့ပင်ဖြစ်စေ၊ လူတို့သည် ဘုရားသခင်၏ စိတ်သဘောထားကို အနည်းနှင့် အများ နားလည်ကြပြီး ၎င်းတို့၏ စိတ်သဘောထားများကို နည်းလမ်း အမြောက်အမြားဖြင့်လည်း ဖော်ပြကြလေသည်။ ငါမြင်သည့် ပုံစံအရ၊ လူတို့၏အမျိုးမျိုးသော သရုပ်သကန်များသည် နမူနာများအဖြစ် ဘုရားသခင် အသုံးပြုရန်အတွက် လုံလောက်ပြီး၊ ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများသည် ရည်ညွှန်းချက်အဖြစ် သူ အသုံးပြုရန်အတွက် လုံလောက်ပေသည်။ ဤသည်မှာ ဘုရားသခင် ညွှန်ကြားသည့် ဤဆောင်ရွက်မှုကို ကွက်ကွက်ကွင်းကွင်းဖြစ်ကာ အသက်ပါစေလျက်၊ လူသားအနေဖြင့် သတိမမူမိသော အရာများထဲက တစ်ခုဖြစ်သည့် လူသားနှင့် ဘုရားသခင်ကြား ပူးပေါင်းဆောင်ရွက်မှု၏ သွင်ပြင်လက္ခဏာ တစ်ရပ် ဖြစ်နိုင်ပေသည်။ ငါသည် ဤပြဇာတ်၏ အထွေထွေဒါရိုက်တာအနေဖြင့် ငါ၏ညီအစ်ကိုမောင်နှမများကို ဤအရာများအား ငါပြောနေခြင်းဖြစ်သည်- ငါတို့တစ်ဦးစီတိုင်းသည် ဤသည်ကို

သရုပ်ဆောင်ပြီးသောအခါ၊ ငါတို့၏အတွေးများနှင့် ခံစားချက်များကို ပြောဆိုနိုင်ပြီး ဤပြဇာတ်အတွင်း ငါတို့ တစ်ဦးစီသည် ငါတို့၏ အသက်တာများကို မည်သို့ တွေ့ကြုံရသည့်အကြောင်း စကားစမြည်ပြောနိုင်သည်။ ငါတို့သည် နောက်ထပ်တင်ဆက်ပုံတွင် သာ၍မြင့်သော ငါတို့၏အနုပညာအရည်အဆင့်ကို ဖော်ပြနိုင်ရန်နှင့် အသီးသီးသည် ငါတို့ ကိုယ်တိုင်၏ အခန်းအသီးသီးကို ဖြစ်နိုင်သမျှ အထူးကဲအပြောင်မြောက်ဆုံး အတိုင်းအတာထိ သရုပ်ဆောင်နိုင်ကာ ဘုရားသခင်ကို စိတ်မပျက်စေဖို့အလို့ငှာ၊ ငါတို့၏ စိတ်နှလုံးများကို ဖွင့်ဟပြီး ငါတို့၏ ဖျော်ဖြေရေးအနုပညာအကြောင်းကို ပြောဆိုဆွေးနွေးဖို့ စာတမ်းဖတ်ပွဲ လုံး၀အသစ်တစ်မျိုး ရှိလျှင်ကောင်းပြီး၊ ဘုရားသခင်က လူတစ်ဦးချင်းစီကို အဘယ်သို့ ဦးဆောင်လမ်းပြသည်ကို မြင်လျှင်ကောင်းမည်။ ငါ့ညီအစ်ကိုမောင်နှမများက ဤအရာကို အလေးအနက်ထားကြမည်ဟု ငါမျှော်လင့်သည်။ အခန်းတစ်ခန်းကို ကောင်းစွာ သရုပ်ဆောင်ခြင်းသည် တစ်ရက် နှစ်ရက်ဖြင့် စွမ်းဆောင်ရရှိနိုင်သည့် အရာတစ်ခု မဟုတ်သည့်အတွက် မည်သူမျှ ယင်းကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ပေ။ ယင်းက ငါတို့အနေဖြင့် ဘ၀ကို တွေ့ကြုံပြီး ရေရှည်၌ ငါတို့၏ စစ်မှန်သော အသက်တာများအတွင်းသို့ သာ၍နက်ရှိုင်းစွာ ၀င်ရောက်ဖို့နှင့် အသက်တာ အမျိုးမျိုး၏ လက်တွေ့ကျသော အတွေ့အကြုံများ ရှိရန် လိုအပ်ပေသည်။ ထိုအခါမှသာ ငါတို့သည် စင်ပေါ်သို့ တက်နိုင်ပေသည်။ ငါသည် ငါ၏ညီအစ်ကိုမောင်နှမများအတွက် မျှော်လင့်ခြင်း အပြည့်ရှိသည်။ သင်တို့သည် စိတ်အားငယ်သွားလိမ့်မည် မဟုတ်၊ သို့မဟုတ် စိတ်ဓာတ်ကျသွားလိမ့်မည် မဟုတ်၊ ဘုရားသခင် မည်သည့်အရာ လုပ်ဆောင်သည်ဖြစ်စေ သင်တို့သည် မီးဖိုသဖွယ်-မည်သည့်အခါမျှ စိတ်မပါ့တပါမဖြစ်ဘဲနှင့် ဘုရားသခင်၏အမှု အပြည့်အ၀ ထုတ်ဖော်ပြ ခံရသည်အထိ၊ ဘုရားသခင် ညွှန်ကြားသည့် ပြဇာတ်က အပြီးသတ် နိဂုံးချုပ်သည်အထိ၊ အဆုံးတိုင်အောင် မရမနေ ဖွဲ့ကောင်းနေကြလိမ့်မည်ဟု ငါယုံကြည်သည်။ သင်တို့ထဲမှ အခြား မည်သည့်အရာကိုမျှ ငါ မတောင်းဆိုပေ၊ ငါလုပ်ဆောင်သင့်သည့် အမှုကို ကောင်းကောင်း လုပ်ဆောင်ဖို့အလို့ငှာနှင့် မည်သူမျှ ကာဆီးခြင်းများ သို့မဟုတ် နှောင့်ယှက်ခြင်းများ မဖြစ်စေဖို့အလို့ငှာ သင်တို့ ကြံ့ကြံ့ခံကြမည်၊ ရလဒ်များအတွက် သင်တို့ စိတ်မရှည်ဖြစ်ကြလိမ့်မည် မဟုတ်ဘဲ၊ သင်တို့သည် ငါနှင့်ပူးပေါင်းလုပ်ဆောင်ကြလိမ့်မည်ဟု ငါ မျှော်လင့်သည်။ အမှု၏ဤအပိုင်း ပြီးစီးသည့်အခါ၊ ဘုရားသခင်သည် သင်တို့ကို အရာခပ်သိမ်း ထုတ်ဖော်ပြလိမ့်မည်။ ငါ၏အမှု ပြီးစီးပြီးနောက်တွင်၊ ဘုရားသခင်၏ရှေ့မှောက်၌ သူ၏ စစ်ကြောတော်မူခြင်းကို ခံရန် သင်တို့၏ဂုဏ်ပြုမှတ်တမ်းကို ငါတင်ပြမည်ဖြစ်သည်။ ယင်းသည် သာ၍ ကောင်းသည် မဟုတ်လော။ ငါတို့ကိုယ်တိုင်၏

ရည်ရွယ်ချက်များကို စွမ်းဆောင်ရရှိရန် အချင်းချင်း ကူညီခြင်း- ဤသည်မှာ အယောက်တိုင်းအတွက် ပကတိ ပြည့်စုံကောင်းမွန်သော ဖြေရှင်းချက်တစ်ခု မဟုတ်လော။ ယခုသည် ခက်ခဲသော အချိန်ကာလတစ်ခု၊ သင်တို့ အဖိုးအခတစ်ခု ပေးရန် လိုအပ်သော အချိန်ကာလတစ်ခု ဖြစ်သည်။ ငါသည် ယခု ဒါရိုက်တာ ဖြစ်သောကြောင့်၊ သင်တို့ထဲမှ မည်သူမျှသည် ဤအရာအားဖြင့် စိတ်မပူကြဖို့ ငါ မျှော်လင့်သည်။ ငါလုပ်ဆောင်နေသော အမှုမှာ ဤကဲ့သို့ဖြစ်သည်။ တစ်နေ့တွင် ငါသည် ပို၍လျော့ကန်သော "လုပ်ငန်းအဖွဲ့" သို့ကူးပြောင်းပြီး သင်တို့အတွက် အခက်အခဲများ ကြုံရအောင် ပြုတော့မည်မဟုတ်သည်မှာ ဖြစ်ကောင်း ဖြစ်နိုင်သည်။ သင်တို့မြင်လိုသည့် မည်သည့်အရာကိုမဆို ငါပြမည်ဖြစ်ပြီး သင်တို့ ကြားလိုသည့် မည်သည့်အရာကိုမဆို ငါ ခွင့်ပြုမည်။ သို့သော် ယခုမဟုတ်ပေ။ ယနေ့၏ အမှုသည် ဤအမှုဖြစ်ပြီး၊ ငါသည် သင်တို့ကို လုံးဝလွတ်လပ်ခွင့်ပေးကာ သင်တို့ လုပ်လိုရာကို လုပ်ဆောင်ခွင့်မပေးနိုင်။ ယင်းက ငါ၏ အမှုကို ခက်ခဲစေမည်။ ရိုးသားစွာပြောရလျှင်၊ ယင်းသည် အကျိုးဖြစ်ထွန်းမည် မဟုတ်သကဲ့သို့၊ သင်တို့အဖို့ အကျိုးရှိမည်မဟုတ်ပေ။ ထို့ကြောင့် ယနေ့တွင် “မတရားမှု”ကို သင်တို့ ခံစားရမည်။ အချိန်ကျလာပြီး ငါ၏အမှု၏ ဤအဆင့် ပြီးစီးသည့်အခါတွင်၊ ငါသည် လွတ်လပ်လိမ့်မည်၊ ဤမျှလေးလံသောဝန်ကို ငါထမ်းမည်မဟုတ်သည့်အပြင်၊ ငါ့ထံမှ သင်တို့ တောင်းသည့် မည်သည့်အရာကိုမဆို ငါလိုက်လျောမည်။ သင်တို့၏ အသက်တာများအတွက် အကျိုးရှိသရွေ့ သင်တို့တောင်းဆိုသည့်အရာကို ငါဖြည့်ဆည်းပေးမည်။ ယနေ့တွင် ငါသည် ကြီးလေးသောတာဝန်ကို ခံယူပြီးဖြစ်သည်။ ငါသည် ခမည်းတော်ဘုရား၏ အမိန့်များကို မလွန်ဆန် နိုင်သကဲ့သို့၊ ငါ့အမှုအတွက် အစီအစဉ်များကို ငါ မနှောင့်ယှက်နိုင်ပေ။ ငါ၏ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ငါ၏စီးပွားရေးကိစ္စများမှတစ်ဆင့် ငါ မစီမံနိုင်ပေ- ပြီးလျှင် ငါလုပ်ဆောင်သမျှအားလုံးသည် ခမည်းတော် ဘုရားသခင်၏အလိုအတိုင်း ဖြစ်သည့်အတွက်၊ သင်တို့အားလုံး ငါ့ကို နားလည်နိုင်ကာ ခွင့်လွှတ်နိုင်ကြမည်ဟု ငါ မျှော်လင့်သည်။ သူ မည်သည့်အရာကို အလိုရှိသည်ဖြစ်စေ၊ ငါ့ကို သူ လုပ်ဆောင်စေသည့်အရာ မည်သည့်အရာကိုမဆို ငါ လုပ်ဆောင်ပြီး၊ ငါသည် သူ၏ ဒေါသ သို့မဟုတ် အမျက်ကို နှိုးဆွမည်မဟုတ်။ ငါလုပ်သင့်သည့်အရာကိုသာ ငါလုပ်ဆောင်သည်။ ထို့ကြောင့် ခမည်းတော်ဘုရားသခင်ကိုယ်စား နောက်ထပ် အချိန် အနည်းငယ်ကြာ သည်းခံရန် သင်တို့အား ငါ အကြံပြုသည်။ မည်သူမျှ စိုးရိမ်ပူပန်ရန် မလိုပေ။ ငါလုပ်ဆောင်ဖို့ လိုအပ်သည့်အရာကို ငါ ပြီးစီးပြီးနောက်တွင်၊ သင်တို့ လုပ်ဆောင်လိုသည့် မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်ပြီး သင်တို့မြင်လိုသည့် မည်သည့်အရာကိုမဆို မြင်နိုင်သည်- သို့ရာတွင် ငါလုပ်ဆောင်ဖို့

လိုအပ်သည့်အမှုကို ငါ ပြီးစီးရမည်။

အမှု၏ ဤအဆင့်တွင် ငါတို့ထံမှ အဆုံးစွန် ယုံကြည်ခြင်းနှင့် ချစ်ခြင်းတို့ လိုအပ်ပေသည်။ အမှု၏ ဤအဆင့်သည် ယခင်အဆင့်များအားလုံးမှ ကွဲပြားခြားနားသည့်အတွက်၊ အနည်းငယ်မျှသော သတိလက်လွတ်ဖြစ်ခြင်းမှ ငါတို့ ခလုတ်တိုက်မိကောင်း ခလုတ်တိုက်မိနိုင်သည်။ ဘုရားသခင် စုံလင်နေစေသည့် အရာမှာ မြင်၍မရနိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင်ပြ၍လည်း မရသည့် လူသားမျိုးနွယ်၏ ယုံကြည်ခြင်း ဖြစ်သည်။ ဘုရားသခင် လုပ်ဆောင်သည့်အရာမှာ နှုတ်ကပတ်တော်များကို ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် အသက်တို့အဖြစ်သို့ ပြောင်းလဲခြင်းဖြစ်သည်။ လူတို့သည် ရာပေါင်းများစွာသော စစ်ဆေးခြင်းများကို ကြံ့ကြံ့ခံခဲ့ကာ ယောဘ၏ယုံကြည်ခြင်းထက် သာ၍ ကြီးမားသော ယုံကြည်ခြင်းကို ပိုင်ဆိုင်သည့်အဆင့်သို့ ရောက်ရှိကြရမည်။ ၎င်းတို့သည် ဘုရားသခင်ကို မည်သည့်အခါမျှ စွန့်ခွာခြင်းမရှိဘဲ၊ မယုံကြည်နိုင်လောက်သော ဆင်းရဲဒုက္ခနှင့် ညှဥ်းဆဲမှုအမျိုးမျိုးကို သည်းခံကြရမည်။ သေသည်အထိ ၎င်းတို့ နာခံမှုရှိပြီး၊ ဘုရားသခင်၌ ကြီးမားသည့်ယုံကြည်ခြင်း ရှိသောအခါတွင်၊ အမှု၏ ဤအဆင့်သည် ပြီးစီးပေသည်။ ဤသည်မှာ ငါ လက်ခံထားသည့် အမှု ဖြစ်သည်၊ ထို့ကြောင့် ငါ၏ညီအစ်ကိုမောင်နှမများသည် ငါ၏အကျပ်အတည်းကို နားလည်နိုင်ပြီး၊ ငါ့ထံမှ အခြားမည်သည့်အရာကိုမျှ တောင်းဆိုမည်မဟုတ်ဟု ငါမျှော်လင့်သည်။ ဤသည်မှာ ငါ့အပေါ် ခမည်းတော်ဘုရား၏ သတ်မှတ်ချက် ဖြစ်ပြီး၊ ဤလက်တွေ့အရှိတရားမှ ငါ မလွတ်မြောက်နိုင်ပေ။ ငါလုပ်သင့်သော အမှုကို ငါလုပ်ဆောင်ရမည်။ သင်တို့သည် အတင်းအကျပ် ငြင်းခုံမှုများနှင့် ကတ်သီးကတ်သတ်နိုင်သော ဆင်ခြင်တွေးခေါ်မှုကို အသုံးမပြုကြဖို့၊ သင်တို့သည် သာ၍ ထိုးထွင်းသိမြင်မှုရှိကြပြီး ကိစ္စရပ်များကို အလွန် ရိုးရှင်းလွန်းစွာ မရှုမြင်ကြဖို့သာ ငါ မျှော်လင့်သည်။ သင်တို့၏ အတွေးသည် ကလေးဆန်လွန်းသည်၊ ရိုးစင်းလွန်းသည်။ ဘုရားသခင်၏ အမှုသည် သင်တို့ စိတ်ကူးသလောက် မရိုးရှင်းပေ၊ သူသည် သူ လုပ်ဆောင်လိုသည့် မည်သည့်အရာကိုမဆိုကိုသာ လုပ်ဆောင်သည် မဟုတ်ပေ။ သူသည် ထိုသို့လုပ်ဆောင်ခဲ့ပါက၊ သူ၏ အစီအစဉ် ပျက်စီးသွားပေမည်။ သင်တို့သည် ထိုသို့ တွေးကြမည် မဟုတ်လော။ ငါသည် ဘုရားသခင်၏ အမှုကို လုပ်ဆောင်နေ၏။ ငါသည် လူတို့အတွက် တောက်တိုမည်ရ အလုပ်များ လုပ်နေခြင်း၊ လုပ်ဆောင်ချင်သည့် မည်သည့်အရာမဆို လုပ်ဆောင်နေခြင်းနှင့် တစ်စုံတစ်ရာကို ငါ လုပ်ဆောင်သည်၊ မလုပ်ဆောင်သည်ကို ကိုယ်တိုင်ကိုယ်ကျ စီစဉ်နေခြင်းသာ မဟုတ်ပေ။ အမှုအရာများသည် ယနေ့ ထိုမျှ မရိုးရှင်းပေ။ ဒါရိုက်တာအဖြစ် ဆောင်ရွက်ဖို့ ခမည်းတော်က ငါ့ကို စေလွှတ်ပေပြီ-

ဤအရာကို ငါကိုယ်တိုင် စီစဉ်ပြီး ရွေးချယ်ခဲ့သည်ဟု သင်တို့ ထင်ကြသလော။ လူသား၏ စိတ်ကူးများသည် မကြာခဏ ဘုရားသခင်၏ အမှုကို နှောင့်ယှက်လေ့ရှိသည်၊ ထို့ကြောင့် အချိန်ကာလတစ်ခုကြာ ငါ အမှုပြုပြီးသည့်နောက်တွင် ငါမဖြည့်ဆည်းပေးနိုင်သော တောင်းဆိုမှုများစွာ လူတို့ထံမှာ ရှိပြီး လူတို့သည် ငါနှင့်ပတ်သက်၍ ၎င်းတို့၏စိတ်များကို ပြောင်းလဲကြသည်။ သင်တို့အားလုံးသည် သင်တို့၏ ဤစိတ်ကူးများနှင့် ပတ်သက်၍ ရှင်းလင်းသင့်သည်။ ယင်းတို့ကို တစ်ခုချင်းစီ ငါ တင်ပြမည်မဟုတ်၊ ငါလုပ်ဆောင်သောအမှုကိုသာ ငါ ရှင်းပြနိုင်သည်။ ဤအရာအားဖြင့် ငါ၏ခံစားချက်များ လုံးဝ မထိခိုက်ပေ။ ယင်းကို သင်တို့ နားလည်ပြီး ဖြစ်သည်နှင့် တစ်ပြိုင်နက်၊ မြင်ချင်သလို မြင်နိုင်သည်။ ဤသည်မှာ ဘုရားသခင် အမှုပြုသည့်ပုံဖြစ်သောကြောင့်၊ ငါသည် ကန့်ကွက်မည် မဟုတ်။ ယင်းကို ရှင်းပြရန် ငါ့မှာ တာဝန်လုံးဝမရှိပေ။ ငါသည် နှုတ်ကပတ်တော်များ၏ အမှုကို ဆောင်ရွက်ဖို့၊ နှုတ်ကပတ်တော်များ၏ လမ်းညွှန်မှုမှတစ်ဆင့် ဤပြဇာတ်ကို လုပ်ဆောင်ရန်နှင့် သရုပ်ဆောင်ခွင့်ပေးဖို့သာ ငါလာခဲ့ခြင်း ဖြစ်သည်။ အခြားမည်သည့်အရာကိုမျှ ငါ ပြောဆိုဖို့ မလိုအပ်သကဲ့သို့၊ အခြားမည်သည့်အရာကိုမျှလည်း ငါ မလုပ်ဆောင်နိုင်ပေ။ ငါ ပြောဆိုရမည့် အရာရာတိုင်းကို ငါ ရှင်းပြပြီးဖြစ်သည်၊ သင်တို့ တွေးထင်သည့်အရာကို ငါ ဂရုမစိုက်သကဲ့သို့၊ ယင်းသည် ငါ့အဖို့ ကိစ္စမရှိပေ။ သို့ရာတွင် ဘုရားသခင်၏အမှုသည် သင်တို့ စိတ်ကူးသလောက် မရိုးရှင်းသည်ကို သင်တို့အား ငါ သတိပေးလိုဆဲ ဖြစ်၏။ ယင်းသည် လူတို့၏ အယူအဆများနှင့်ကိုက်ညီမှု နည်းပါးလေလေ၊ ယင်း၏ အရေးပါမှု သာ၍ နက်ရှိုင်းလေလေ ဖြစ်သည်။ ပြီးလျှင် ယင်းသည် လူတို့၏ အယူအဆများနှင့် ကိုက်ညီမှုရှိလေလေ၊ တန်ဖိုးနည်းပါးလေလေ ဖြစ်ပြီး၊ စစ်မှန်သော အရေးပါမှု ကင်းမဲ့လေလေ ဖြစ်သည်။ ဤနှုတ်ကပတ်တော်များကို သေချာစွာ စဉ်းစားဆင်ခြင်လော့- ဤသည်မှာ ယင်းနှင့်ပတ်သက်၍ ငါပြောမည့်အရာ မှန်သမျှ ဖြစ်သည်။ ကျန်သည့်အရာများကို သင်တို့ဘာသာသင်တို့ စိစစ်နိုင်သည်။ ယင်းကို ငါ ရှင်းပြမည် မဟုတ်။

ဘုရားသခင်သည် နည်းလမ်းတစ်ခုခုဖြင့် အမှုအရာများကို လုပ်ဆောင်သည်ဟု လူတို့ ထင်မှတ်ကြ၏၊ သို့သော်လည်း ဤပြီးခဲ့သောတစ်နှစ်၊ နှစ်နှစ်အတွင်းတွင် ဘုရားသခင်၏ အမှုနှင့်ပတ်သက်၍ ငါတို့ မြင်ခဲ့ကာ တွေ့ကြုံခဲ့ရသည့် အရာသည် လူသားအယူအဆများနှင့် အမှန်တကယ် ကိုက်ညီနေခဲ့သလော။ ကမ္ဘာလောကကို ဖန်ဆင်းခြင်းမှ ယခုထက်တိုင်၊ လူတစ်ဦးတစ်ယောက်ကမျှ ဘုရားသခင်၏အမှုနှင့်ဆိုင်သည့် အဆင့်များ သို့မဟုတ် စည်းမျဉ်းများကို သဘောမပေါက်နိုင်ကြပေ။ အကယ်၍ ၎င်းတို့ သဘောပေါက်နိုင်ခဲ့ကြပါက၊ ဤသည်မှာ ယနေ့ ဘုရားသခင် အမှုပြုသည့် ပုံဖြစ်သည်ကို ဘာသာရေး ခေါင်းဆောင်များက

နားမလည်ကြသည်မှာ အဘယ်ကြောင့်နည်း။ ယနေ့၏ လက်တွေ့အရှိတရားကို အလွန်နည်းပါးသော လူတို့က နားလည်သည်မှာ အဘယ်ကြောင့်နည်း။ ဤအရာမှ ဘုရားသခင်၏အမှုကို မည်သူမျှ နားမလည်သည်ကို ငါတို့ မြင်နိုင်သည်။ လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုအတိုင်းသာ ဆောင်ရွက်ရမည် ဖြစ်သည်။ ၎င်းတို့သည် သူ၏အမှုအဖို့ စည်းမျဉ်းများကို အတင်းအကျပ်သာ ကျင့်သုံးရမည်မဟုတ်။ သင်သည် ယေရှု၏ အသွင်သဏ္ဍာန်နှင့် သူ၏အမှုကိုယူကာ ဘုရားသခင်၏ လက်ရှိ အမှုနှင့် နှိုင်းယှဉ်ပါက၊ ယင်းသည် ယုဒလူတို့က ယေရှုကို ယေဟောဝါနှင့် ကိုက်ညီစေဖို့ ကြိုးစားခြင်းနှင့်သာ တူပေသည်။ ဤအရာကို လုပ်ဆောင်ခြင်းအားဖြင့် အခွင့်အရေးကို ဆုံးရှုံးမသွားစေနှင့်။ ယေရှုပင်လျှင် နောက်ဆုံးသောကာလ၌ ဘုရားသခင်၏ အမှုသည် မည်သည့်အရာ ဖြစ်မည်ကို မသိခဲ့ပေ။ သူ သိရှိခဲ့သမျှမှာ သူ ဖြည့်ဆည်းဖို့ လိုအပ်သည့် အမှုသည် ကားစင်တင်ခံရသည့် အမှု ဖြစ်သည်ဟူ၍သာ ဖြစ်သည်။ ထို့ကြောင့် အခြားသူများသည် အဘယ်သို့ သိရှိပြီးဖြစ်နိုင်ခဲ့မည်နည်း။ အနာဂတ်တွင် ဘုရားသခင်က မည်သည့်အမှု လုပ်ဆောင်မည်ကို ၎င်းတို့မည်သို့ သိရှိပြီးဖြစ်နိုင်ခဲ့မည်နည်း။ ဘုရားသခင်သည် စာတန်၏ ပိုင်ဆိုင်ခြင်းခံရပြီးဖြစ်သည့် လူသားများအား သူ၏အစီအစဉ်ကို မည်သို့ ဖွင့်ပြနိုင်မည်နည်း။ ယင်းသည် မိုက်မဲသည် မဟုတ်လော။ သင်တို့အနေဖြင့် ဘုရားသခင်၏အလိုကို သိရှိကာ နားလည်ဖို့ ဘုရားသခင် တောင်းဆိုပေသည်။ သူ၏အနာဂတ်အမှုကို စဉ်းစားဆင်ခြင်ရန် သင်တို့ကို သူ မတောင်းဆိုပေ။ ငါတို့သည် ဘုရားသခင်၌ ယုံကြည်ခြင်းကိုသာ စိတ်ဝင်စားဖို့၊ သူ၏လမ်းပြမှုအတိုင်း ဆောင်ရွက်ဖို့၊ စစ်မှန်သည့် အခက်အခဲများကို ငါတို့၏ ကိုင်တွယ်မှုများတွင် လက်တွေ့ဆန်ဖို့သာ လိုအပ်ပြီး၊ ဘုရားသခင်အတွက် အမှုအရာများကို မခက်ခဲစေဖို့ သို့မဟုတ် သူ့အတွက် ပြဿနာ မဖြစ်စေဖို့သာ လိုအပ်ပေသည်။ ငါတို့ လုပ်အပ်သည့်အရာကို လုပ်ဆောင်သင့်သည်။ ငါတို့သည် ဘုရားသခင်၏လက်ရှိအမှုအတွင်း ရှိနိုင်သရွေ့ ယင်းမှာ လုံလောက်ပေ၏။ ယင်းမှာ သင်တို့ကို ငါဦးဆောင်လမ်းပြနေသည့် လမ်းကြောင်း ဖြစ်သည်။ ရှေ့ဆက် ဆက်သွားဖို့သာ ငါတို့ အာရုံစိုက်ပါက၊ ငါတို့ တစ်ဦးကိုမျှ ဘုရားသခင် နှိပ်စက်မည် မဟုတ်ပေ။ သင်တို့၏ သာမန်ထက်လွန်ကဲသည့် အတွေ့အကြုံများရရှိခဲ့သော ဤပြီးခဲ့သည့်နှစ်ကာလတစ်လျှောက်တွင် သင်တို့သည် ထူးကဲသည့် အမှုအရာများစွာကို ရရှိကြပြီး ဖြစ်သည်။ သင်တို့အနေဖြင့် ယင်းကို စိတ်မချမ်းမသာ ဖြစ်မည်မဟုတ်ဟု ငါ ယုံကြည်သည်။ သင်တို့ကို ငါဦးဆောင်နေသော လမ်းကြောင်းသည် ငါ၏အမှုနှင့် ငါ၏စေခိုင်းချက်တာဝန်ဖြစ်ပြီး၊ ယင်းကို အချိန်ကြာမြင့်စွာက ဘုရားသခင် စီရင်တော်မူထားသည်မှာ ငါတို့ယနေ့အထိ ရောက်လာဖို့ ခွဲခန့်မှတ်သားခံခဲ့ရသည်

အထိဖြစ်ပေသည်။ ဤအရာကို ငါတို့ လုပ်ဆောင်နိုင်နေခဲ့သည်မှာ ငါတို့၏ ကြီးမားသောကောင်းချီးမင်္ဂလာ ဖြစ်ပြီး၊ ယင်းသည် ဖြောင့်ဖြူးသောလမ်းကြောင်း မဟုတ်သော်လည်း၊ ငါတို့၏ ချစ်ခင်ရင်းနှီးမှုသည် ထာဝရဖြစ်ကာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ခံရလိမ့်မည် ဖြစ်သည်။ ပျော်ရွှင်ခြင်းများ ဖြစ်စေ၊ ရယ်မောခြင်းများဖြစ်စေ၊ ဝမ်းနည်းခြင်းနှင့် မျက်ရည်များဖြစ်စေ၊ အားလုံးကို လှပသောအမှတ်တရတစ်ခု ဖြစ်သွားစေလော့။ ငါ၏အမှုနှင့်ဆိုင်သည့် နေ့ရက်များ ကုန်ဆုံးလုနီးသည်ကို သင်တို့ သိကောင်းသိနိုင်သည်။ ငါသည် အမှုစီမံကိန်းများစွာရှိပြီး သင်တို့ကို မကြာခဏ အဖော်မပြုနိုင်ပေ။ ငါတို့၏ မူလချစ်ခင်ရင်းနှီးမှု မပြောင်းလဲသောကြောင့်- သင်တို့ ငါ့ကိုနားလည်နိုင်မည်ဟု ငါမျှော်လင့်သည်။ တစ်နေ့တွင် သင်တို့ရှေ့၌ ငါ တစ်ဖန် ပေါ်ထွန်းကောင်း ပေါ်ထွန်းလာလိမ့်မည် ဖြစ်ပြီး၊ သင်တို့သည် ငါ့ကို အခက်အခဲများ ကြုံရအောင် မလုပ်စေဖို့ ငါမျှော်လင့်သည်။ တကယ်တော့ ငါသည် သင်တို့နှင့် ခြားနား၏။ ငါသည် ငါ၏အမှုအတွက် ဟိုဟိုသည်သည် ခရီးနှင်ပြီး၊ ဟိုတယ်များတွင် အချိန်ဖြုန်းရင်းသာ ငါ့ဘဝကို အသက်မရှင်ပေ။ သင်တို့ မည်သို့ဖြစ်ကြသည်ကို ပဓာနမထားဘဲ၊ ငါလုပ်သင့်သောအရာကိုသာ ငါလုပ်ဆောင်သည်။ အတိတ်က ငါတို့ အတူခံစားခဲ့ကြသော အရာတို့သည် ငါတို့၏ ချစ်ခင်ရင်းနှီးမှု၏ ပဓာနကျသောအရာ ဖြစ်လာနိုင်မည်ဟု ငါမျှော်လင့်သည်။

ဤလမ်းကြောင်းကို ငါဖွင့်ခဲ့သည်ဟု ဆိုနိုင်ပြီး၊ ခါးသည်ဖြစ်စေ၊ ချိုသည်ဖြစ်စေ ဤလမ်းကို ငါဦးဆောင်ခဲ့သည်။ ယနေ့ထက်ထိ ငါတို့ ဖြစ်မြောက်လာနိုင်ခဲ့ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်သည်။ ငါ့ကို ကျေးဇူးတင်သူ အချို့ရှိကောင်းရှိနိုင်ပြီး၊ ငါနှင့်ပတ်သက်၍ ညည်းညူသောသူအချို့ရှိကောင်းရှိနိုင်သည်- သို့ရာတွင် ထိုအရာများမှ မည်သည့်အရာမျှ အရေးမကြီးပေ။ ငါ မြင်လိုသမျှမှာ ဤလူစုထဲတွင် စွမ်းဆောင်ရရှိသင့်သည့်အရာကို စွမ်းဆောင်ရရှိပြီးဖြစ်ခြင်း ဖြစ်ပေသည်။ ဤသည်မှာ အောင်ပွဲခံသင့်သောအရာတစ်ခု ဖြစ်သည်။ သို့ဖြစ်၍ ငါ့အား မကျေမနပ်ပြောဆိုသောသူများကို ငါ အာဃာတမထားပေ။ ငါ လိုချင်သမျှမှာ ဘုရားသခင်၏ စိတ်နှလုံး မကြာမီ ငြိမ်းချမ်းနေနိုင်ရန်အလို့ငှာ ငါ၏အမှုကို ဖြစ်နိုင်သမျှ မြန်မြန် အပြီးသတ်ဖို့ ဖြစ်သည်။ ထိုအချိန်တွင် ငါသည် မည်သည့်လေးလံသောဝန်ကိုမျှ ထမ်းရွက်လိမ့်မည်မဟုတ်သကဲ့သို့၊ ဘုရားသခင်၏ စိတ်နှလုံး၌ စိုးရိမ်ပူပန်မှုများ ရှိလိမ့်မည်မဟုတ်ပေ။ သင်တို့သည် သင်တို့၏ ပူးပေါင်းလုပ်ဆောင်မှုကို သာ၍ တိုးတက်စေရန် လိုလိုလားလား ရှိနေသလော။ ဘုရားသခင်၏အမှုကို ကောင်းကောင်းမွန်မွန် လုပ်ဆောင်ဖို့ ရည်မှန်းရန် သာ၍ ကောင်းသည်

မဟုတ်လော။ ဤကာလတစ်လျှောက်တွင်၊ ငါတို့သည် မရေတွက်နိုင်သော အခက်အခဲများကို ကြံ့ကြံ့ခံခဲ့ပြီးဖြစ်ကာ ဝမ်းမြောက်ခြင်းနှင့်ဝမ်းနည်းခြင်း မျိုးစုံတိုင်းကို တွေ့ကြုံရပြီးဖြစ်သည်ဟု ဆိုရန် သင့်တော်ပေသည်။ ယေဘုယျအားဖြင့်၊ သင်တို့ တစ်ဦးစီ၏ စွမ်းဆောင်မှုသည် အခြေခံအားဖြင့် သတ်မှတ် အဆင့်မီပြီးဖြစ်သည်။ အနာဂတ်တွင်၊ သင်တို့ထံမှ သာ၍ ကောင်းမွန်သော အလုပ်ကို တောင်းဆိုကောင်း တောင်းဆိုရပါလိမ့်မည်၊ သို့ရာတွင် ငါ့အပေါ်အတွေးများဖြင့် တရစ်ဝဲဝဲ မနေနှင့်။ သင်လုပ်သင့်သည့်အရာကိုသာ လုပ်ဆောင်လော့။ ငါလုပ်ဆောင်ဖို့ လိုအပ်သည့်အရာသည် ရောက်လုပြီ။ သင်တို့သည် အချိန်တိုင်း သိစွာစောင့်သိပြီး၊ ငါ့အမှုနှင့်ပတ်သက်၍ အတိတ်ကို တသသဖြစ်လိမ့်မည်မဟုတ်ဟု ငါမျှော်လင့်သည်။ ငါသည် အမှု၏ အဆင့်တစ်ဆင့်ကို ပြည့်စုံစေရန်သာ ကြွလာခဲ့ခြင်းဖြစ်ပြီး၊ ဘုရားသခင်၏ အမှုအားလုံးကို လုပ်ဆောင်ရန် သေချာပေါက် မဟုတ်သည်ကို သင်တို့သိသင့်သည်။ ဤအရာနှင့်ပတ်သက်၍ သင်တို့ ရှင်းရှင်းလင်းလင်း ဖြစ်ရမည်ဖြစ်ပြီး၊ ယင်းနှင့်ပတ်သက်၍ အခြား အတွေးအခေါ်များ မရှိရ။ ဘုရားသခင်၏အမှုကို ဖြည့်ဆည်းဖို့ နောက်ထပ် နည်းလမ်းများစွာ လိုအပ်သည်။ သင်တို့သည် ငါ့အပေါ် အမြဲ မှီခို၍မရပေ။ ငါသည် အမှု၏ အစိတ်အပိုင်းတစ်ခု၊ ယေဟောဝါ သို့မဟုတ် ယေရှုကို ကိုယ်စားမပြုသည့် အစိတ်အပိုင်းတစ်ခုကို လုပ်ဆောင်ရန်သာ ကြွလာခဲ့သည်ကို သင်တို့ သဘောပေါက်ကောင်း သဘောပေါက်နှင့်ပြီး ဖြစ်နိုင်သည်။ ဘုရားသခင်၏ အမှုကို အဆင့်များစွာအဖြစ်သို့ ပိုင်းခြားထားသည်၊ သို့ဖြစ်၍ သင်တို့သည် အလွန် မတင်းကျပ်လွန်းရ။ ငါအမှုပြုနေစဉ်တွင် သင်တို့ ငါ့ကို နားထောင်ရမည်။ ခေတ်အသီးသီးတွင်၊ ဘုရားသခင်၏အမှု ပြောင်းလဲ၏။ ယင်းသည် ပင်ကိုလက္ခဏာအားလုံး အလားတူ မဟုတ်သကဲ့သို့၊ အကြိမ်တိုင်း ဓာတ်ပြားဟောင်းတစ်ခုတည်း ထပ်ခါထပ်ခါ ဖွင့်နေခြင်းလည်း မဟုတ်ပေ။ ပြီးလျှင် ခေတ်အသီးသီးတွင် သူ၏အမှုသည် ခေတ်နှင့် လိုက်လျောညီထွေ ဖြစ်ပြီး၊ ခေတ်သည် မတူသောကြောင့် သူ၏အမှုသည်လည်း ပြောင်းလဲလေသည်။ ထို့ကြောင့် သင်တို့သည် ဤခေတ်တွင် မွေးဖွားခဲ့သည့်အတွက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်များကို စားသောက်ကာ ဤနှုတ်ကပတ်တော်များကို ဖတ်ရှုရမည်။ ငါ၏အမှု ပြောင်းလဲသည့် နေ့တစ်နေ့ ရောက်ကောင်းရောက်လာနိုင်သည်၊ ထိုကဲ့သို့ဖြစ်ခဲ့လျှင် သင်တို့ လုပ်သင့်သည့်အတိုင်း ဆက်လက် ရှေ့ဆက်လုပ်ဆောင်ကြရမည်။ ဘုရားသခင်၏ အမှုသည် အမှားအယွင်း မရှိနိုင်ပေ။ ပြင်ပကမ္ဘာလောကသည် မည်သို့ပြောင်းသည်ကို ဂရုမထားနှင့်။ ဘုရားသခင်သည် အမှားအယွင်းမရှိနိုင်၊ ပြီးလျှင် သူ့အမှုသည် အမှားအယွင်း မရှိနိုင်။ သူ၏အမှုဟောင်းသည် ကုန်လွန်သွားပြီး အမှုသစ် စတင်ခြင်းသာ ဖြစ်သည်။ သို့သော် ယင်းမှာ အမှုသစ်

ရောက်ရှိလာပြီးဖြစ်သောကြောင့် အမှုဟောင်း မှားယွင်းသည်ဟု မဆိုလိုပေ။ ယင်းသည် အတွေးမှားတစ်ခု ဖြစ်၏။ ဘုရားသခင်၏အမှုကို မှန်သည် မှားသည်ဟု ဆို၍ မရ၊ စောသည် နှောင်းသည်ဟူ၍သာ ဆိုနိုင်သည်။ ဤသည်မှာ ဘုရားသခင်၌ လူတို့၏ယုံကြည်မှုအတွက် လမ်းညွှန်ဖြစ်ပြီး ယင်းကို ပေါ့ပေါ့တန်တန် သဘောမထားရပေ။

# ယုံကြည်သူများသည် မည်သည့်ရှုထောင့်အား ဆုပ်ကိုင်ထားသင့်သနည်း

လူသားအနေဖြင့် ဘုရားသခင်ကို ပထမဦးစွာ ယုံကြည်သည့်အခါမှစ၍ သူရရှိထားသည့်အရာသည် မည်သည့်အရာနည်း။ ဘုရားသခင်၏ အကြောင်း သင် မည်သည့်အရာ သိရှိလာပြီးဖြစ်သနည်း။ ဘုရားသခင်၌ သင်၏ယုံကြည်ခြင်းကြောင့် သင်မည်မျှ ပြောင်းလဲပြီးဖြစ်သနည်း။ ယခုဆိုလျှင် သင်တို့အားလုံး ဘုရားသခင်၌ လူသား၏ ယုံကြည်ခြင်းသည် ဝိညာဉ်ကယ်တင်ခြင်းနှင့် ဇာတိခန္ဓာ၏ သုခချမ်းသာ အတွက်သာလျှင် မဟုတ်သလို၊ ဘုရားသခင်အား ချစ်ခြင်းမှတစ်ဆင့် သူ၏အသက်တာအား ကြွယ်ဝ ချမ်းသာစေရန် မဟုတ်မှန်း အစရှိသည်ဖြင့် သိနားလည်ကြသည်။ ဤသို့ဖြစ်သည့်အတိုင်း သင်သည် ဇာတိခန္ဓာ၏ သုခချမ်းသာ သို့မဟုတ် တစ်ခဏတာ သာယာမှုအတွက် ဘုရားသခင်ကို ချစ်ပါက၊ ထို့နောက် အဆုံး၌ ဘုရားသခင်အား သင်၏ချစ်ခြင်းသည် အထွတ်အထိပ် ရောက်ရှိပြီး နောက်ထပ် သင်ဘာမျှပင် မတောင်းဆိုလင့်ကစား သင်ရှာဖွေသော ဤချစ်ခြင်းမေတ္တာသည် ညစ်ညမ်းသော ချစ်ခြင်းမေတ္တာသာ ဖြစ်ပြီး ဘုရားသခင်အဖို့ နှစ်လိုဖွယ်ရာ မဟုတ်ပေ။ ဘုရားသခင်အားချစ်ခြင်းကို မိမိတို့၏ ငြီးငွေ့ဖွယ် တည်ရှိမှုကို ကြွယ်ဝချမ်းသာစေရန်နှင့် မိမိတို့နှလုံးသားများရှိ လစ်ဟာမှုကို ဖြည့်ဆည်းရန် အသုံးပြုသူများမှာ ငြိမ်းအေးသက်သာသော အသက်တာကို အလိုကြီးသော လူမျိုးများသာ ဖြစ်ပြီး ဘုရားသခင်ကိုချစ်ရန် အမှန်တကယ် ရှာဖွေနေသောသူများ မဟုတ်ပေ။ ဤချစ်ခြင်းမျိုးသည် အတင်းအကျပ်ချစ်ခြင်း ဖြစ်သည်၊ စိတ်ကျေနပ်မှုကို လိုက်စားခြင်းဖြစ်ပြီး ဘုရားသခင်သည် ဤကဲ့သို့သော အရာကို မလိုအပ်ပေ။ ထို့ကြောင့် သင်၏ချစ်ခြင်းသည် မည်ကဲ့သို့သော ချစ်ခြင်းမျိုးနည်း။ ဘုရားသခင်ကို သင်မည်သည့်အတွက်ကြောင့် ချစ်သနည်း။ ယခုတွင် သင့်အတွင်း၌ ဘုရားသခင်အတွက် စစ်မှန်သောချစ်ခြင်း မည်မျှရှိ သနည်း။ သင်တို့အများစု၌ရှိသော ချစ်ခြင်းသည် ယခင် အထက်တွင် ဖော်ပြခဲ့ပြီးသည့် အမျိုးအစားဖြစ်သည်။ ထိုကဲ့သို့သော ချစ်ခြင်းမျိုးသည် ရှိရင်းစွဲကိုသာလျှင် ထိန်းသိမ်းနိုင်၏၊ ထာဝရတည်မြဲမှုကို မရရှိနိုင်သကဲ့သို့ လူသား၌လည်း အမြစ်တွယ်နိုင်မည် မဟုတ်ပေ။

ဤချစ်ခြင်းမျိုးသည် အသီးမသီးဘဲ ပွင့်လန်းပြီး ညှိုးနွမ်းသောပန်းနှင့်သာ တူသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဘုရားသခင်ကို ထိုကဲ့သို့သောနည်းဖြင့် တစ်ကြိမ်ချစ်ပြီးနောက်တွင် ရှေ့၌ရှိသောလမ်းကြောင်း၌ သင့်ကိုဦးဆောင်မည့်သူ မရှိပါက၊ သင်သည် လဲပြိုကျသွားမည်ဖြစ်သည်။ သင်သည် ဘုရားသခင်အား ချစ်နေသည့်အချိန်၌သာ ချစ်နိုင်သော်လည်း နောက်ပိုင်းတွင် သင်၏အသက် စိတ်သဘောထား မပြောင်းလဲဘဲ ရှိနေပါက၊ သင်သည် အမှောင်ထုလွှမ်းမိုးမှု၏ ပိတ်ဖုံးမှုအောက်မှ မလွတ်မြောက်နိုင်ဘဲနေပြီး စာတန်မာရ်နတ်၏ အနှောင်အဖွဲ့များနှင့် ယင်း၏ လိမ်လည်လှည့်စားမှုမှလည်း သင်ရုန်းထွက်နိုင်လိမ့်မည် မဟုတ်ပေ။ ဤကဲ့သို့သောလူ မည်သူမျှ ဘုရားသခင်၏ အပြည့်အဝရယူခြင်းကို မခံရနိုင်ပေ။ အဆုံး၌ သူ၏ဝိညာဉ်၊ စိတ်နှင့်ခန္ဓာသည် စာတန်မာရ်နတ်နှင့် သက်ဆိုင်နေဦးမည်။ ဤအကြောင်းနှင့် ပတ်သက်၍ သံသယမရှိနိုင်ပေ။ ဘုရားသခင်၏ အပြည့်အဝရယူခြင်းကို မခံရနိုင်သောသူများသည် သူတို့၏ မူလနေရာ၊ ဆိုလိုသည်မှာ စာတန်မာရ်နတ်ထံသို့ ပြန်သွားမည်ဖြစ်ပြီး ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်း ဖြစ်သော နောက်တစ်ဆင့်ကို ခံယူရန် ကန့်နှင့်ရေနွေးသော မီးအိုင်သို့ ဆင်းသက်ကြလိမ့်မည်။ ဘုရားသခင်၏ ရယူခြင်းခံရသူတို့သည် စာတန်မာရ်နတ်အား ကျောခိုင်းပြီး သူ၏အုပ်စိုးမှုအောက်မှလည်း လွတ်မြောက်သော သူများ ဖြစ်သည်။ ထိုသူတို့ကို နိုင်ငံတော်၏လူများထဲတွင် တရားဝင် ထည့်တွက်ထားသည်။ ဤသည်မှာ နိုင်ငံတော်၏လူများ ဖြစ်ပေါ်လာပုံဖြစ်သည်။ သင်သည် ဤကဲ့သို့သောလူမျိုး ဖြစ်လာရန် ဆန္ဒရှိသလော။ သင်သည် ဘုရားသခင်၏ ရယူခြင်းခံရရန် ဆန္ဒရှိသလော။ စာတန်၏ အုပ်စိုးမှုအောက်မှ လွတ်မြောက်၍ ဘုရားသခင်ထံ ပြန်လာရန် ဆန္ဒရှိသလော။ ယခု သင်သည် စာတန်နှင့် သက်ဆိုင်သလော သို့မဟုတ် နိုင်ငံတော်၏လူများထဲတွင် ထည့်တွက်ခံရသလော။ ဤအရာများသည် ရှင်းရှင်းလင်းလင်း ဖြစ်သင့်ပြီး နောက်ထပ်ရှင်းပြချက် မလိုအပ်ပေ။

အတိတ်ကာလတွင် လူအများသည် အားကြီးသော ရည်မှန်းချက်နှင့် အယူအဆများဖြင့် ရှာဖွေခဲ့ကြသည်၊ ၎င်းတို့သည် မိမိတို့ကိုယ်ပိုင်မျှော်လင့်ချက်များ၏ အကျိုးဆက်အဖြစ် ရှာဖွေကြခြင်းဖြစ်သည်။ ထိုကဲ့သို့သော အကြောင်းကိစ္စများအား ခဏတာမျှ ဘေးဖယ်ထားကြပါစို့၊ ယခု အဓိကအရေးကြီးသော အရာမှာ သင်တို့တစ်ဦးစီကို ဘုရားသခင်၏ ရှေ့မှောက်တွင် ပုံမှန်အခြေအနေတစ်ခုကို ထိန်းသိမ်းစေ၍ စာတန်၏ လွှမ်းမိုးခြင်း အချုပ်အနှောင်များမှ တဖြည်းဖြည်း လွတ်မြောက်စေမည့် လက်တွေ့ကျင့်သုံးမှု နည်းလမ်းတစ်ခုအား ရှာဖွေရန်ဖြစ်သည်၊ ဤသို့အားဖြင့် သင်သည် ဘုရားသခင်၏ ရယူခြင်းခံရနိုင်ရန်နှင့် သင့်အား ဘုရားသခင်စေခိုင်းသည့် အရာကို လောကတွင်

အသက်ရှင်နေထိုင်နိုင်ရန် ဖြစ်သည်။ ဤနည်းအားဖြင့် သာလျှင် သင်သည် ဘုရားသခင်၏ ရည်ရွယ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ လူအများသည် ဘုရားသခင်အား ယုံကြည်ကြသည်၊ သို့သော် ဘုရားသခင်အလိုရှိသည်မှာ အဘယ်အရာဖြစ်သည် သို့မဟုတ် စာတန်အလိုရှိသည်မှာ အဘယ်အရာဖြစ်သည် ကိုလည်း မသိကြပေ။ သူတို့သည် ရူးမိုက်စွာ၊ ယောင်ချာချာနှင့် ယုံကြည်ကြပြီး ရေလိုက်ငါးလိုက်ဖြင့်သာ လိုက်လျှောက်ကြသဖြင့် ပုံမှန်ခရစ်ယာန်အသက်တာကို မည်သည့်အခါမျှ ရရှိခဲ့ခြင်းမရှိပေ။ ထို့ထက်ပို၍ သူတို့သည် ဘုရားသခင်နှင့် ပုံမှန်ဖြစ်သောဆက်ဆံရေး မဆိုထားနှင့်၊ ပုံမှန်ဖြစ်သောပုဂ္ဂိုလ်ရေး ဆက်ဆံရေးများလည်း မည်သည့်အခါမျှ မရှိခဲ့ကြပေ။ ဤအရာမှနေ၍ လူသား၏ အခက်အခဲများ၊ အားနည်းချက်များနှင့် ဘုရားသခင်၏ အလိုတော်ကို ကဖျက်ယဖျက်လုပ်နိုင်သည့် အခြားသောအရာများမှာ များပြားကြောင်း တွေ့ရှိနိုင်သည်။ လူသားတို့သည် ဘုရားသခင်ကို ယုံကြည်ခြင်း၌ မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရောက်ရှိနေခြင်း မရှိသေးသကဲ့သို့ လူ့ဘဝ၏ စစ်မှန်သော အတွေ့အကြုံအတွင်း ဝင်ရောက်ပြီးခြင်း မရှိသေးကြောင်း ဤအခြင်းအရာက အလုံအလောက် သက်သေပြနေသည်။ ထိုသို့ဆိုလျှင် ဘုရားသခင်ကို ယုံကြည်ခြင်း၌ လမ်းကြောင်းမှန်ပေါ် ရောက်ရှိခြင်းသည် အဘယ်အရာကို ဆိုလိုသနည်း။ လမ်းကြောင်းမှန်ပေါ် ရောက်ရှိခြင်း ဆိုသည်မှာ ဘုရားသခင်၏ ရှေ့တော်မှောက်တွင် မိမိ၏ နှလုံးသားအား အချိန်တိုင်းတွင် ငြိမ်သက်စေနိုင်ခြင်းနှင့် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံပြောဆိုနိုင်ခြင်း၊ လူသားတို့၌ ကင်းမဲ့လျက်ရှိနေသောအရာကို တဖြည်းဖြည်း သိလာပြီး ဘုရားသခင်အပေါ် သာ၍နက်နဲစွာ သိနားလည်လာမှုအား တဖြည်းဖြည်းရရှိခြင်းကို ဆိုလိုသည်။ ဤအရာမှတစ်ဆင့် သင်၏ဝိညာဉ်သည် နေ့စဉ်တိုင်းတွင် အသစ်သော ထိုးထွင်းသိမြင်ခြင်းနှင့် အသစ်သော ဉာဏ်အလင်းပွင့်ခြင်းတို့ကို ရရှိသည်၊ သင်၏ တောင့်တခြင်းသည် ကြီးထွားလာ၏၊ သင်သည် သမ္မာတရားအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းပြီး၊ နေ့ရက်တိုင်းတွင် အသစ်သောအလင်းနှင့် အသစ်သောနားလည်ခြင်းတို့ ရှိလာမည် ဖြစ်သည်။ ဤလမ်းကြောင်းမှတစ်ဆင့် သင်သည် စာတန်၏ လွှမ်းမိုးခြင်းကို တဖြည်းဖြည်းချိုးဖျက်ပြီး သင်၏အသက်တာ၌ ပိုမိုကြီးထွားလာမည် ဖြစ်သည်။ ထိုကဲ့သို့သောသူများသည် လမ်းကြောင်းမှန်ပေါ်တွင် ဝင်ရောက်ပြီးဖြစ်သည်။ သင်ကိုယ်တိုင်၏ အမှန်တကယ် အတွေ့အကြုံများအား စစ်ဆေးကာ သင်၏ ယုံကြည်ခြင်း၌ လျှောက်လှမ်းခဲ့သောလမ်းအား ဆန်းစစ်လော့။ သင့်ကိုယ်သင် ဤအရာများအားလုံးဖြင့် တိုင်းတာလော့- သင်သည် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိပြီလော။ မည်သည့် ကိစ္စရပ်များတွင် သင်သည် စာတန်မာရ်နတ်၏ ချုပ်နှောင်မှုများနှင့် စာတန်မာရ်နတ်၏

စွမ်းအားမှ လွတ်မြောက်ခဲ့ပြီးဖြစ်သနည်း။ သင်သည် လမ်းကြောင်းအမှန်ပေါ်တွင် ရောက်ရှိရန် လိုအပ်နေသေးလျှင် စာတန်နှင့်သင်၏ ဆက်နွယ်မှုသည် မဖြတ်တောက်ရသေးပေ။ ဤသည်မှာ မှန်ကန်ပါက၊ ဘုရားသခင်ကို ချစ်ရန် သင်၏ ကြိုးစားခြင်းသည် သင့်အား စစ်မှန်သော၊ မြဲမြံ၍ သန့်ရှင်းသော ချစ်ခြင်းမေတ္တာတစ်ခုသို့ ဦးဆောင်လမ်းပြမည်လော။ ဘုရားသခင်အား သင်၏ချစ်ခြင်းသည် မဆုတ်မနစ်၊ နှလုံးသားဖြင့် အူလှိုက်သည်းလှိုက် ခံစားသောချစ်ခြင်းဟု သင်ပြောသော်လည်း စာတန်မာရ်နတ်၏ ချုပ်နှောင်ခြင်းမှ သင်လွတ်မြောက်ခြင်း မရှိသေးပေ။ သင်သည် ဘုရားသခင်အား လှည့်စားနေခြင်း မဟုတ်လော။ ဘုရားသခင်အပေါ် သင်၏ချစ်ခြင်းသည် မသန့်ရှင်းခြင်း ကင်းသည့် အခြေအနေတစ်ရပ်ကို သင်ရရှိလိုပြီး၊ ဘုရားသခင်၏ ရယူခြင်းကို အပြည့်အဝခံရလိုကာ နိုင်ငံတော်၏ လူများထဲတွင် ထည့်တွက်ခံရလိုပါက သင့်ကိုယ်သင် ဘုရားသခင်ကို ယုံကြည်မှု၌ လမ်းကြောင်းမှန်ပေါ် ရောက်ရှိရန် အရင်ဆုံး လုပ်ဆောင်ရမည် ဖြစ်သည်။

# ဘုရားသခင်၏ အမှုတော် အဆင့်များနှင့် ပတ်သက်၍

အပြင်ပန်းအားဖြင့်၊ ဘုရားသခင်၏ လက်ရှိအမှုနှင့်ဆိုင်သော အဆင့်များက အဆုံးသတ်နှင့်ပြီးဖြစ်ကာ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သော တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်း၊ ရိုက်နှက်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို တွေ့ကြုံနှင့်ပြီးဖြစ်ကာ အစေခံသူတို့၏ စမ်းသပ်မှု၊ ပြစ်တင်ဆုံးမခြင်း အချိန်ကာလ၏ စစ်ဆေးခြင်း၊ သေခြင်း၏ စမ်းသပ်ခြင်း၊ အဖြည့်ခံများနှင့်ဆိုင်သော စမ်းသပ်ခြင်းနှင့် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ ကဲ့သို့သော အဆင့်များကို ကြုံရနှင့်ပြီး ဖြစ်သည်ဟု ထင်ရလေသည်။ သို့တိုင် အဆင့်အသီးသီးအတွင် ကြီးမားသော ဆင်းရဲဒုက္ခ ခံကြရသော်ငြားလည်း၊ ဘုရားသခင်၏ အလိုတော်ကို လူတို့ မသိနားမလည်ဘဲ ရှိကြသေး၏။ ဥပမာအားဖြင့် အစေခံသူတို့၏ စမ်းသပ်မှုကို သုံးသပ်ဆင်ခြင်လော့- ၎င်းတို့ ရရှိခဲ့သည့်အရာ၊ ၎င်းတို့ သိလာခဲ့သည့်အရာနှင့် ဘုရားသခင် ရရှိရန် ဆန္ဒရှိသည့် ရလဒ်ကို ၎င်းတို့ မရှင်းမလင်း ဖြစ်ကြဆဲပင်။ ဘုရားသခင်၏ အမှု အမြန်နှုန်းကို ကြည့်ခြင်းဖြင့်၊ ယနေ့၏ အမြန်နှုန်းကို လူသားသည် လိုက်မီနိုင်စွမ်း လုံးဝမရှိသည့်ပုံရလေသည်။ ဘုရားသခင်သည် သူ၏ ဤအမှုအဆင့်များကို လူသားအား ဦးစွာပထမ ထုတ်ဖော်ပြပြီး၊ အဆင့်တစ်ခုတစ်လေ၌ လူသားအဖို့ စိတ်ကူး၍ရနိုင်သော အဆင့်တစ်ခုကို သေချာပေါက် ရရှိမည့်အစား၊ သူသည် ပြဿနာတစ်ခု ဖော်ထုတ်နေသည်ကို မြင်နိုင်၏။ သူ၏ ရယူခြင်းကို

အမှန်တကယ်ခံရနိုင်ဖို့အလို့ငှာ လူတစ်ဦးကို စုံလင်စေဖို့ရန်မှာ ဘုရားသခင်သည် အထက်က အဆင့်အားလုံးကို သူ ဆောင်ရွက်ရပေမည်။ ဤအမှုကို လုပ်ဆောင်ရခြင်း၏ ရည်မှန်းချက်မှာ လူတစ်စုကို စုံလင်စေဖို့ရန် မည်သည့် အဆင့်များကို ဘုရားသခင် ဆောင်ရွက်ရမည်ဆိုသည်ကို ပြသဖို့ ဖြစ်သည်။ ထို့ကြောင့်၊ အပြင်ပန်းမှကြည့်လျှင်၊ ဘုရားသခင်၏ အမှုအဆင့်များ ပြည့်စုံပြီးဖြစ်သော်လည်း၊ အနှစ်သာရအားဖြင့်၊ သူသည် လူသားမျိုးနွယ်ကို စုံလင်စေခြင်းအား တရားဝင် စတင်ပြီးဖြစ်ရုံမျှသာ ဖြစ်သည်။ ဤအရာကို လူတို့ ရှင်းရှင်းလင်းလင်း ဖြစ်သင့်သည်- ပြည့်စုံပြီးဖြစ်သည်မှာ သူ၏အမှု၏ အဆင့်များဖြစ်သည်၊ သို့သော် အမှုကိုယ်၌က နိဂုံးသို့ ရောက်မလာသေးပေ။ သို့တိုင် ၎င်းတို့၏ အယူအဆများတွင်၊ လူတို့သည် ဘုရားသခင်၏ အမှုအဆင့်များအားလုံးကို လူသားအား ထုတ်ဖော်ပြပြီးဖြစ်သောကြောင့်၊ ဘုရားသခင်၏အမှု ပြီးဆုံးသည်မှာ သံသယထားစရာ မရှိဖြစ်လေသည်။ အမှုအရာများကို ဤသို့ရှုမြင်ခြင်းသည် လုံးဝမှားယွင်းပေသည်။ ဘုရားသခင်၏အမှုသည် လူသား၏ အယူအဆများကို ဆန့်ကျင်ပြီး ထိုသို့သော အယူအဆများကို အချက်တိုင်း၌ တန်ပြန်တိုက်ခိုက်လေသည်။ အထူးသဖြင့် ဘုရားသခင်၏ အမှုအဆင့်များသည် လူသား၏ အယူအဆများနှင့် သဘောကွဲလွဲသည်။ ဤအရာအားလုံး ဘုရားသခင်၏ ဉာဏ်ပညာကို ပြသသည်။ လူသား၏ အယူအဆများက အစဉ် အနှောင့်အယှက်ဖြစ်စေပြီး၊ လူသား စိတ်ကူးသည့်အရာတိုင်းကို ဘုရားသခင် တန်ပြန်တိုက်ခိုက်သည်၊ ယင်းသည် တကယ့်အတွေ့အကြုံများ ကာလအတွင်းတွင် သိသာထင်ရှားလာသည်။ ဘုရားသခင်က အလွန်လျင်မြန်စွာ အမှုပြုပြီး၊ ၎င်းတို့ မသိလိုက်ခင်၊ သိနားလည်မှု တစ်ခုတစ်လေ မရခင်နှင့် စိတ်ရှုပ်ထွေးသည့် အခြေအနေတစ်ခု၌ ၎င်းတို့ ရှိနေဆဲဖြစ်စဉ်တွင် ဘုရားသခင်၏အမှု ပြီးဆုံးသွားသည်ဟု အယောက်တိုင်း ထင်ကြသည်။ ဤသည်မှာ သူ၏ အမှုအဆင့်တိုင်းနှင့် ဖြစ်သည့်ပုံဖြစ်သည်။ ဘုရားသခင်သည် လူတို့ကို ကစားနေသည်ဟု လူအများစုက ယုံကြည်ကြသည်- သို့သော် ယင်းမှာ သူ့အမှု၏ ရည်ရွယ်ချက် မဟုတ်ချေ။ သူ၏ အမှုပြုခြင်း နည်းစနစ်မှာ စားမြုံ့ပြန်ခြင်း ဖြစ်သည်- ပထမဦးစွာ မြင်း၏ ကျောကုန်းတစ်လျှောက် ဒုန်းစိုင်းစီးစဉ် ပန်းပွင့်များကို အလျင်အမြန် ဖျတ်ခနဲ ကြည့်ခြင်းကဲ့သို့ဖြစ်ပြီး၊ ထို့နောက် အသေးစိတ်အချက်အလက်များကို ရှင်းပြပြီးနောက် ဤအသေးစိတ်အချက်အလက်များကို အပြည့်အဝ မွမ်းမံခြင်းဖြစ်သည်- ယင်းကို လူတို့ကို အံ့အားသင့်စေလေသည်။ ၎င်းတို့ အတန်ငယ် အခြေအနေထိသာ ပြည့်စုံလုံလောက်ပါက၊ ဘုရားသခင် စိတ်ကျေနပ်လိမ့်မည်ဟု တွေးထင်ရင်း လူတို့သည် ဘုရားသခင်ကို အရူးလုပ်ရန် ကြိုးစားကြလေသည်။ အမှန်တွင်၊ ဘုရားသခင်သည် လူ၏ ပြည့်စုံလုံလောက်ခြင်းငှာ

ကြိုးပမ်းမှုများ၌ ဘုရားသခင်သည် အဘယ်သို့ ကျေနပ်ဖို့ ဖြစ်နိုင်မည်နည်း။ အကောင်းဆုံး ရလဒ်ကို ရရှိဖို့ရန်၊ လူတို့ကို အံ့အားသင့်စေခြင်းဖြင့်၊ ၎င်းတို့ သတိမမူမိစဉ်တွင် တိုက်ခိုက်ခြင်းဖြင့် ဘုရားသခင် အမှုပြုလေသည်။ ဤအရာက သူ၏ ဉာဏ်ပညာနှင့်ဆိုင်သော သာ၍ ကြီးမားသည့် အသိပညာတစ်ခုနှင့် သူ၏ ဖြောင့်မတ်ခြင်း၊ ဘုန်းအာနုဘော်နှင့် ပုန်ကန်ပြစ်မှားမရနိုင်သော စိတ်သဘောထားတို့နှင့်ဆိုင်သည့် သာ၍ ကြီးမားသော သိနားလည်မှုကို ၎င်းတို့အား ပေးလေသည်။

ယနေ့တွင်၊ ဘုရားသခင်သည် လူသားကို စုံလင်စေခြင်းအား တရားဝင် အစပြုလေပြီ။ စုံလင်စေခြင်းခံရစေဖို့ရန်၊ လူတို့သည် သူ၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သော ထုတ်ဖော်ပြခြင်း၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို ကြုံရမည်၊ သူ့ နှုတ်ကပတ်တော်များ၏ (အစေခံသူများနှင့်ဆိုင်သည့် စမ်းသပ်ခြင်းများကဲ့သို့သော) စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို တွေ့ကြုံရမည်ဖြစ်ပြီး၊ သေခြင်းနှင့်ဆိုင်သည့် စမ်းသပ်ခြင်းကို ၎င်းတို့ ခံနိုင်ရမည်။ ဤအရာဆိုလိုသည်မှာ ဘုရားသခင်၏ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် စမ်းသပ်ခြင်းတို့အလယ်တွင်၊ ဘုရားသခင်၏ အလိုတော်ကို အမှန်တကယ် လိုက်နာသူတို့သည် ၎င်းတို့၏ စိတ်နှလုံးများ နက်ရှိုင်းသောနေရာမှ ဘုရားသခင်ကို ချီးမွမ်းနိုင်ကြပြီး ဘုရားသခင်ကို လုံးဝ နာခံနိုင်ကာ မိမိတို့ကိုယ်ကိုယ် စွန့်လွှတ်နိုင်ကြလေသည်၊ ထိုသို့ဖြင့် စစ်မှန်၍၊ တစ်စိုက်မတ်မတ်နှင့် ဖြူစင်သည့် စိတ်နှလုံးတစ်ခုဖြင့် ဘုရားသခင်ကို ချစ်ကြလေသည်။ ထိုသို့သောသူသည် စုံလင်သော လူတစ်ဦးဖြစ်ပြီး၊ ယင်းသည် ဘုရားသခင် လုပ်ဆောင်ရန် ရည်ရွယ်သည့် အမှုနှင့် သူ ပြီးမြောက်ရမည့် အမှု အတိအကျ ဖြစ်သည်။ ဘုရားသခင် အမှုပြုသည့် နည်းစနစ်ကို လူတို့ ချက်ချင်း ရမ်းသန်း ကောက်ချက်မချသင့်ပေ။ အသက်တာထဲသို့ ဝင်ရောက်ခြင်းကိုသာ ၎င်းတို့ လိုက်စားသင့်၏။ ဤသည်မှာ အခြေခံကျသော အရာဖြစ်သည်။ ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် နည်းစနစ်ကို စဉ်ဆက်မပြတ် စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးခြင်းမပြုနှင့်။ ဤအရာက သင်၏ အနာဂတ် အလားအလာများကို တားဆီးရုံသာ ဖြစ်လိမ့်မည်။ ဘုရားသခင် အမှုပြုသည့် နည်းစနစ်ကို သင် မည်မျှ မြင်ဖူးပြီးပြီနည်း။ သင် မည်မျှ နာခံပြီးပြီနည်း။ သူ၏ အမှုပြုသည့် နည်းစနစ်အသီးသီးမှ မည်မျှ သင် ရရှိပြီးပြီနည်း။ ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ သင် လိုလားနေပါသလော။ သင် စုံလင်ဖို့ရန် ဆန္ဒရှိသလော။ ဤအရာများသည် သင် ရှင်းရှင်းလင်းလင်း နားလည်ပြီး ဝင်ရောက်သင့်သည့် အရာအားလုံး ဖြစ်သည်။

# ဖောက်ပြန်ပျက်စီးသော လူသားသည် ဘုရားသခင်ကို ကိုယ်စားပြုခြင်းငှာ မတတ်စွမ်းနိုင်

လူသားသည် အမှောင်စွမ်းအား၏ ဖုံးကွယ်ပိတ်ဆီးမှုအောက်တွင် အစဉ်နေထိုင်ပြီး စာတန်၏ စွမ်းအား၏ ကျေးကျွန်အဖြစ် ထိန်းချုပ်ခံရကာ မလွတ်မြောက်နိုင်ဘဲ၊ သူ၏ စိတ်နေသဘောထားသည် စာတန်၏ ပြုပြင်မှု ခံရပြီးနောက် တိုး၍အကျင့်ပျက်လာ၏။ လူသားသည် ၎င်း၏အကျင့်ပျက်သည့် စာတန်ဆန်သော စိတ်နေသဘောထားအကြားတွင် အမြဲနေထိုင်ခဲ့ပြီး ဘုရားသခင်ကို စစ်မှန်စွာမချစ်နိုင်ဟု ဆိုနိုင်သည်။ ထိုသို့ဖြစ်သဖြင့် လူသားသည် ဘုရားသခင်ကို ချစ်ရန် ဆန္ဒရှိပါက မိမိကိုယ်မိမိ သူတစ်ပါးထက် သာ၍ဖြောင့်မှန်သည်၊ သာ၍ အရေးပါသည် ဟူသောစိတ်၊ အထက်စီးဆန်ခြင်း၊ စိတ်ကြီးဝင်ခြင်းနှင့် စာတန်၏ စိတ်သဘောထားနှင့် အလားတူသော အရာအားလုံးတို့ကို ပယ်ချွတ်ရမည်ဖြစ်သည်။ သို့မဟုတ်ပါက သူ၏ ချစ်ခြင်းသည် မသန့်စင်သော ချစ်ခြင်း၊ စာတန်ဆန်သော ချစ်ခြင်းဖြစ်ပြီး ဘုရားသခင်၏ သဘောကျထောက်ခံမှုကို လုံးဝမရရှိနိုင်သော ချစ်ခြင်းဖြစ်၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်ရိုက် စုံလင်စေခြင်းခံရခြင်း၊ ကိုင်တွယ်ဖြေရှင်းခံရခြင်း၊ ချိုးဖျက်ခံရခြင်း၊ ပြုပြင်ခံရခြင်း၊ ဆုံးမပဲ့ပြင်ခံရခြင်း၊ ရိုက်နှက်ခံရခြင်းနှင့် စစ်ဆေးခံရခြင်း မရှိဘဲ ဘုရားသခင်ကို မည်သူမှ စစ်မှန်စွာ ချစ်နိုင်မည် မဟုတ်ပေ။ သင်၏ စိတ်နေသဘောထား တစ်စိတ်တစ်ပိုင်းသည် ဘုရားသခင်ကို ကိုယ်စားပြုသဖြင့် သင်သည် ဘုရားသခင်ကို စစ်မှန်စွာ ချစ်နိုင်သည်ဟု သင်ဆိုလျှင် သင်၏စကားလုံးများသည် အထက်ဆီးဆန်ကာ သင်သည် ရယ်ဖွယ်ကောင်းသူ ဖြစ်၏။ ထိုသို့သော လူများသည် ကောင်းကင်တမန်မင်း ဖြစ်ကြ၏။ လူသား၏ မွေးရာပါ သဘာဝသည် ဘုရားသခင်ကို တိုက်ရိုက် ကိုယ်စားမပြုနိုင်ပေ။ လူသားသည် သူ၏ မွေးရာပါ သဘာဝကို ဘုရားသခင်၏ စုံလင်စေခြင်းအားဖြင့် ခွာချရမည်။ သို့မှသာလျှင် ဘုရားသခင်၏ အလိုကို အရေးစိုက်ခြင်းအားဖြင့်သာ၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းခြင်းဖြင့်သာ၊ ထို့အပြင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ကြုံရခြင်းဖြင့်သာ သူအသက်ရှင်နေထိုင်သောအရာသည် ဘုရားသခင်၏ သဘောကျထောက်ခံခြင်း ခံရနိုင်မည်။ သန့်ရှင်းသော ဝိညာဉ်တော်က အသုံးပြုသူ မဟုတ်လျှင် ဇာတိပကတိ၌ နေထိုင်သူ မည်သူကမျှ ဘုရားသခင်ကို တိုက်ရိုက် ကိုယ်စားမပြုနိုင်။ သို့သော် ထိုသို့သောပုဂ္ဂိုလ်အတွက်ပင်လျှင် ၎င်း၏စိတ်သဘောထားနှင့် ၎င်းအသက်ရှင်နေထိုင်သော အရာတို့သည် ဘုရားသခင်ကို လုံးဝ ကိုယ်စားပြုသည်ဟု မဆိုနိုင်။ ၎င်းအသက်ရှင်နေထိုင်သောအရာကို သန့်ရှင်းသော

ဝိညာဉ်တော်က လမ်းပြသည်ဟုသာ ဆိုနိုင်သည်။ ထိုသို့သော လူသား၏ စိတ်နေသဘောထားသည် ဘုရားသခင်ကို ကိုယ်စားမပြုနိုင်ပေ။

လူသား၏ စိတ်သဘောထားကို ဘုရားသခင်က ချမှတ်ပြီး ဤသည်မှာ မေးခွန်းထုတ်စရာ မလိုသော၊ အပြုသဘောဆောင်သော အရာတစ်ခုဟု ယူဆနိုင်သော်လည်း ယင်းကို စာတန်က ပြုပြင်ပြီး ဖြစ်သည်။ ထို့ကြောင့် လူသား၏ စိတ်သဘောထား တစ်ရပ်လုံးသည် စာတန်၏ စိတ်သဘောထား ဖြစ်သည်။ လူအချို့က အမှုအရာများကို ဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်စေရန်မှာ ဘုရားသခင်၏ စိတ်သဘောထားဖြစ်သည်၊ ယင်းသည် ၎င်းတို့ထံတွင်လည်း ပေါ်လွင်သည်၊ ၎င်းတို့၏ အကျင့်စရိုက်သည်လည်း ဤသို့ဖြစ်သည်၊ ထို့ကြောင့် သူတို့၏ စိတ်သဘောထားသည် ဘုရားသခင်ကို ကိုယ်စားပြုသည်ဟု ဆိုကြသည်။ ထိုသူတို့သည် မည်သို့သော လူအမျိုးအစား ဖြစ်ကြသနည်း။ အကျင့်ပျက်သည့် စာတန်ဆန်သော စိတ်နေသဘောထားက ဘုရားသခင်ကို ကိုယ်စားပြုနိုင်သလော။ ၎င်းတို့၏ စိတ်သဘောထားသည် ဘုရားသခင်ကို ကိုယ်စားပြုသည်ဟုဆိုသူ မည်သူမဆိုသည် ဘုရားသခင်ကို ပြစ်မှား၍ သန့်ရှင်းသော ဝိညာဉ်တော်ကို စော်ကားသည်။ မြေကြီးပေါ်တွင် ဘုရားသခင်၏ အလုပ်သည် သိမ်းပိုက်ခြင်းအလုပ်သာ ဖြစ်ကြောင်းကို သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သော နည်းလမ်းက ပြသည်။ ထို့ကြောင့် လူသား၏ စာတန်ဆန်သော စိတ်နေသဘောထား အများအပြားမှာ သန့်ရှင်းစေခြင်းပြုရဦးမည် ဖြစ်ပြီး လူသား အသက်ရှင်နေထိုင်သော အရာသည် စာတန်၏ ရုပ်သွင်သာ ရှိနေသေးကာ ယင်းသည် လူသားက ကောင်းမွန်သည်ဟု ယုံကြည်သောအရာဖြစ်ပြီး ယင်းသည် လူသား၏ ဇာတိပကတိ၏ လုပ်ဆောင်ချက်များကို ကိုယ်စားပြုသည်။ ပို၍တိကျစွာ ပြောရလျှင် ယင်းသည် စာတန်ကို ကိုယ်စားပြုပြီး ဘုရားသခင်ကို လုံးဝ ကိုယ်စားမပြုနိုင်ပေ။ အကယ်၍ တစ်စုံတစ်ဦးသည် မြေကြီးပေါ်တွင် ကောင်းကင်ဘုံဘဝကို မွေ့လျော်နိုင်သည့် အတိုင်းအတာအထိ ဘုရားသခင်အပေါ် ချစ်ခြင်းမေတ္တာ ရှိနှင့်ပြီး "အို ဘုရားသခင်၊ ကိုယ်တော့်အပေါ် ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာမှာ မလုံလောက်ပါ" ကဲ့သို့သော ပြောဆိုမှုများ ပြုလုပ်နိုင်ကာ အမြင့်ဆုံးဘုံတွင် ရောက်နေလျှင်ပင် ထိုသူတို့သည် ဘုရားသခင်အတိုင်း အသက်ရှင်နေထိုင်သည် သို့မဟုတ် ဘုရားသခင်ကို ကိုယ်စားပြုသည်ဟု မဆိုနိုင်သေးပေ။ အကြောင်းမှာ လူသား၏ အနှစ်သာရသည် ဘုရားသခင်၏ အနှစ်သာရနှင့် မတူသောကြောင့် ဖြစ်ပြီး လူသားသည် ဘုရားသခင်အတိုင်း မည်သည့်အခါမျှ အသက်ရှင်နေထိုင်နိုင်မည် မဟုတ်၊ ဘုရားဖြစ်လာရန်ကား သာ၍ပင် မဖြစ်နိုင်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်က လူသား အသက်ရှင်နေထိုင်ရန် လမ်းပြခဲ့သည်မှာ ဘုရားသခင်က လူသားကို တောင်းဆိုသည်နှင့်

အညီသာ ဖြစ်သည်။

စာတန်၏ ပြုမူဆောင်ရွက်ချက်အားလုံးသည် လူသားတွင် ထင်ရှား၏။ ယနေ့တွင် လူသား၏ ပြုမူဆောင်ရွက်ချက် အားလုံးသည် စာတန်၏ ဖော်ပြချက်တစ်ခုဖြစ်သည့်အတွက် ဘုရားသခင်ကို ကိုယ်စားမပြုနိုင်။ လူသားသည် စာတန်၏ ပြယုဂ်ဖြစ်ပြီး လူသား၏ စိတ်သဘောထားသည် ဘုရားသခင်၏ စိတ်သဘောထားကို ကိုယ်စားမပြုနိုင်ပေ။ လူအချို့သည် အကျင့်ကောင်းကြ၏။ ထိုသူတို့၏ အကျင့်စရိုက်မှ တစ်ဆင့် ဘုရားသခင်သည် အမှုအချို့ဆောင်ရွက်ကောင်း ဆောင်ရွက်နိုင်ပြီး ထိုသူတို့ ပြုသောအမှုကို သန့်ရှင်းသော ဝိညာဉ်တော်က လမ်းပြသည်။ သို့သော် သူတို့၏ စိတ်သဘောထားသည် ဘုရားသခင်ကို ကိုယ်စားမပြုနိုင်ပေ။ သူတို့အပေါ် ဘုရားသခင်ပြုသော အလုပ်သည် အတွင်းတွင် ရှိပြီးသား အရာအပေါ် လုပ်ကိုင်၍ ချဲ့ထွင်ခြင်းထက် ဘာမျှမပိုပေ။ အတိတ်ကာလများက ဘုရားသခင်၏ တမန်တော်များဖြစ်စေ၊ ဘုရားသခင် အသုံးပြုခဲ့သူများဖြစ်စေ ကိုယ်တော့်ကို မည်သူမျှ တိုက်ရိုက်ကိုယ်စားမပြုနိုင်။ လူတို့သည် ခြိမ်းခြောက်အကျပ်ကိုင်ခံရသည့် အခြေအနေများအောက်တွင်သာ ဘုရားသခင်ကို ချစ်လာကြပြီး သူတို့၏ဆန္ဒအလျောက် ပူးပေါင်းလုပ်ကိုင်ရန် တစ်ဦးတစ်ယောက်ကမျှ မကြိုးပမ်းပေ။ အပြုသဘောဆောင်သည့် အရာများကား အဘယ်နည်း။ ဘုရားသခင်ထံမှ တိုက်ရိုက်လာသည့် အရာအားလုံးသည် အပြုသဘောဆောင်၏။ သို့ရာတွင် လူသား၏ စိတ်သဘောထားသည် စာတန်၏ ပြုပြင်ခြင်းကို ခံခဲ့ရပြီးဖြစ်၍ ဘုရားသခင်ကို ကိုယ်စားမပြုနိုင်။ လူ့ဇာတိ ခံယူသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ ဒုက္ခခံလိုစိတ်၊ ဖြောင့်မတ်ခြင်း၊ ကျိုးနွံနာခံခြင်း၊ နှိမ့်ချခြင်းနှင့် ပုန်းကွယ်မှုတို့သာလျှင် ဘုရားသခင်ကို တိုက်ရိုက် ကိုယ်စားပြု၏။ ဤသည်မှာ ကိုယ်တော်ကြွလာခဲ့ချိန်တွင် ကိုယ်တော်သည် အပြစ်ရှိသော သဘာဝမရှိဘဲ ဘုရားသခင်ထံမှ တိုက်ရိုက်ကြွလာခဲ့ကာ စာတန်၏ ပြုပြင်ခံခဲ့ရခြင်း မရှိ၍ဖြစ်သည်။ ယေရှုသည် အပြစ်ရှိသည့် ဇာတိပကတိ၏ ပုံသဏ္ဌာန်သာလျှင် ရှိပြီး အပြစ်ကို ကိုယ်စားမပြုပေ။ ထို့ကြောင့် ကားစင်တင်ခြင်းအားဖြင့် ကိုယ်တော်၏အမှု အောင်မြင်စွာ မပြီးဆုံးမီ အချိန်အထိ (ကိုယ်တော့်ကို ကားစင်တင်သည့်အခိုက်အတန့် အပါအဝင်) ကိုယ်တော်၏ ပြုမူဆောင်ရွက်ချက်များနှင့် နှုတ်ကပတ်တော်များ အားလုံးသည် ဘုရားသခင်ကို တိုက်ရိုက် ကိုယ်စားပြုသည်။ အပြစ်ရှိသော သဘာဝရှိသူ မည်သူမျှ ဘုရားသခင်ကို ကိုယ်စားမပြုနိုင်ကြောင်းနှင့် လူသား၏အပြစ်သည် စာတန်ကို ကိုယ်စားပြုကြောင်း သက်သေပြရန် ယေရှု၏ နမူနာမှာ လုံလောက်သည်။ ယင်းက အပြစ်သည် ဘုရားသခင်ကို ကိုယ်စားပြုခြင်းမရှိဘဲ ဘုရားသခင်သည် အပြစ်မဲ့သည်ဟု ဆိုလိုသည်။ သန့်ရှင်းသော

ဝိညာဉ်တော်က လူသား၌ ဆောင်ရွက်ခဲ့သည့် အမှုပင်လျှင် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြခဲ့သည်ဟုသာ ယူဆနိုင်ပြီး လူသားက ဘုရားသခင်ကိုယ်စား ဆောင်ရွက်ခဲ့ခြင်းဟု မဆိုနိုင်ပေ။ သို့သော် လူသားနှင့်ပတ်သက်၍ သူ၏အပြစ်သည်လည်းကောင်း၊ သူ၏ စိတ်သဘောထားသည် လည်းကောင်း ဘုရားသခင်ကို ကိုယ်စားမပြုပေ။ အတိတ်ကာလမှသည် မျက်မှောက်အထိ လူသားအပေါ် သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်ပြီးသော အလုပ်ကို ကြည့်ခြင်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်က လူသားအပေါ် လုပ်ဆောင်ပြီးဖြစ်သည့် အလုပ်ကြောင့်သာ လူသားသည် ၎င်းအသက်ရှင်နေထိုင်သော အရာအားလုံးရှိသည်ကို မြင်ရ၏။ သန့်ရှင်းသော ဝိညာဉ်တော်က ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်း ခံရပြီးနောက် အလွန်နည်းပါးသော လူတို့သာ သမ္မာတရားအတိုင်း အသက်ရှင်နိုင်၏။ ဆိုလိုသည်မှာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သာလျှင် ရှိပြီး လူသား၏ ပူးပေါင်းဆောင်ရွက်မှု ကင်းမဲ့နေသည်။ ယင်းကို သင်ယခု ရှင်းလင်းစွာ မြင်သလော။ သို့ဖြစ်လျှင် သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်နေချိန်တွင် ကိုယ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် သင်၏တာဝန်ကို ဖြည့်ဆည်းရန် သင်အစွမ်းကုန် မည်သို့လုပ်ဆောင်မည်နည်း။

## ဘာသာရေး အစေခံခြင်းကို သန့်စင်ရမည်

စကြဝဠာတစ်လျှောက် သူ၏ အမှုကို စတင်ကတည်းက၊ ဘုရားသခင်သည် လူ့အလွှာတိုင်းမှ လူများအပါအဝင် များစွာသော လူတို့ကို သူ့အား အစေခံဖို့ရန် ကြိုတင်ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ သူ၏ ရည်ရွယ်ချက်မှာ သူ၏ အလိုကို ဖြည့်ဆည်းရန်နှင့် ဤကမ္ဘာမြေကြီးပေါ် ရှိ သူ၏အမှုကို ချောမွေ့စွာ ပြီးစီးစေရန် ဖြစ်သည်။ ဤသည်မှာ လူတို့ကို သူ့အား အစေခံရန် ရွေးချယ်ရာတွင် ဘုရားသခင်၏ ရည်မှန်းချက် ဖြစ်သည်။ ဘုရားသခင်ကို အစေခံသော လူတိုင်းသည် သူ၏ အလိုကို သိနားလည်ရပေမည်။ သူ၏ ဤအမှုသည် ဘုရားသခင်၏ ဉာဏ်ပညာနှင့် အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်း၊ ပြီးလျှင် ကမ္ဘာမြေပေါ် ရှိ သူ၏အမှုနှင့် သက်ဆိုင်သော အခြေခံသဘောတရားများကို လူသားများအား သာ၍ သိသာထင်ရှားစေခဲ့သည်။ လူတို့အနေဖြင့် သူ၏လုပ်ဆောင်ချက်များကို သာ၍ ရှင်းလင်းစွာ မြင်နိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် သူ၏အမှုကို လုပ်ဆောင်ရန်၊ လူများနှင့် ထိတွေ့မှုရှိရန် ကမ္ဘာမြေသို့ အမှန်တကယ် ကြွဆင်းလာခဲ့သည်။ ယနေ့တွင် ဤလူစုဖြစ်သည့် သင်တို့သည် လက်တွေ့ကျသည့် ဘုရားသခင်ကို အစေခံရသည့်အတွက် ကံကောင်းကြပေသည်။

ဤသည်မှာ သင်တို့အတွက် မရေတွက်နိုင်သော ကောင်းချီးဖြစ်သည်- သင်တို့သည် ဘုရားသခင်၏ ချီးမြှောက်ခြင်းကို အမှန်တကယ်ပင် ခံရကြပေသည်။ သူကို အစေခံရန် လူတစ်ဦးကို ရွေးချယ်ရာတွင်၊ ဘုရားသခင်၌ သူ၏ ကိုယ်ပိုင် အခြေခံသဘောတရားများ အမြဲရှိပေသည်။ ဘုရားသခင်အား အစေခံခြင်းသည် လူများစိတ်ကူးသကဲ့သို့ စိတ်အားထက်သန်မှုနှင့် သက်ဆိုင်သော ကိစ္စရပ်တစ်ခုသက်သက် လုံးဝ မဟုတ်ပေ။ ယနေ့တွင်၊ ဘုရားသခင်၏ ရှေ့မှောက်တွင် သူ့ကို အစေခံသူအားလုံးသည် ထိုသို့ လုပ်ဆောင်ကြသည်မှာ ၎င်းတို့သည် ဘုရားသခင်၏ လမ်းပြမှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်တို့ ရှိပြီး ၎င်းတို့သည် သမ္မာတရားကို လိုက်စားသောလူများ ဖြစ်ကြသောကြောင့် ဖြစ်သည်ကို သင်တို့တွေ့ပေသည်။ ဤအရာများသည် ဘုရားသခင်ကို အစေခံသောသူ အားလုံးအတွက် အနည်းဆုံးသော သတ်မှတ်ချက်များ ဖြစ်သည်။

ဘုရားသခင်ကို အစေခံခြင်းသည် ရိုးစင်းသည့် အလုပ်မဟုတ်ချေ။ မိမိတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား မပြောင်းလဲဘဲ ရှိနေသောသူတို့သည် ဘုရားသခင်ကို မည်သည့်အခါမျှ အစေမခံနိုင်ပေ။ သင်၏ စိတ်သဘောထားသည် ဘုရားသခင်၏နှုတ်ကပတ်တော်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို မခံရသေးပါက၊ သင်၏ စိတ်သဘောထားသည် စာတန်ကို ကိုယ်စားပြုနေဆဲဖြစ်သည်၊ ယင်းက သင်သည် သင်ကိုယ်တိုင်၏ ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ဘုရားသခင်ကို အစေခံသည်၊ သင်၏ အစေခံခြင်းသည် သင်၏စာတန်ဆန်သော သဘာဝအပေါ် အခြေခံထားသည်ကို သက်သေပြပေသည်။ သင်သည် သင်၏ သဘာဝအလျောက်ဖြစ်သော စရိုက်လက္ခဏာဖြင့်လည်းကောင်း၊ သင်၏ ပုဂ္ဂိုလ်ရေး အကြိုက်များအရလည်းကောင်း ဘုရားသခင်ကို အစေခံသည်။ ထို့ထက်ပို၍၊ သင်လုပ်ဆောင်ရန် လိုလားနေသည့် အရာများသည် ဘုရားသခင်အဖို့ နှစ်သက်ဖွယ်ကောင်းသော အရာများဖြစ်ပြီး၊ သင် လုပ်ဆောင်ရန် ဆန္ဒမရှိသည့် အရာများသည် ဘုရားသခင်အဖို့ မုန်းတီးဖွယ်ရာများ ဖြစ်သည်ဟု သင် အမြဲ တွေးထင်လေသည်။ သင်သည် သင်၏ ကိုယ်ပိုင် အကြိုက်များအတိုင်းသာ လုံးလုံး အလုပ်လုပ်ပေသည်။ ဤအရာကို ဘုရားသခင်အား အစေခံခြင်းဟု ခေါ်ဆိုနိုင်သလော။ နောက်ဆုံးတွင်၊ သင်၏ အသက်စိတ်သဘောထား၌ ပြောင်းလဲခြင်း အနည်းငယ်မျှ ရှိလိမ့်မည်မဟုတ်။ ယင်းအစား၊ သင်၏ အစေခံခြင်းသည် သင့်ကို သာ၍ပင် ခေါင်းမာစေလိမ့်မည်ဖြစ်သည်၊ ဤအကြောင်းကြောင့် သင်၏ ဖောက်ပြန်ပျက်စီးခြင်းသည် နက်နက်ရှိုင်းရှိုင်း အရိုးစွဲနေကာ၊ ထိုသို့ဖြင့် သင်၏ ကိုယ်ပိုင် စရိုက်လက္ခဏာနှင့် သင်၏ကိုယ်ပိုင် စိတ်သဘောထား အတိုင်း အစေခံခြင်းမှ ရရှိခဲ့သည့် အတွေ့အကြုံများအပေါ်

အဓိက အခြေခံသည့်၊ ဘုရားသခင်အား အစေခံခြင်းနှင့် ပတ်သက်သည့် စည်းမျဉ်းများသည် သင်၏အတွင်းတွင် ဖြစ်ပေါ်လိမ့်မည်ဖြစ်သည်။ ဤအရာများသည် လူသား၏ အတွေ့အကြုံများနှင့် သင်ခန်းစာများ ဖြစ်သည်။ ယင်းသည် လောကထဲ၌ အသက်ရှင်ခြင်းနှင့်ဆိုင်သည့် လူသား၏ အတွေးအခေါ် ဖြစ်သည်။ ဤသို့သော လူတို့ကို ဖာရိရှဲနှင့် ဘာသာရေး အရာရှိများအဖြစ် အမျိုးအစား သတ်မှတ်နိုင်ပေသည်။ ၎င်းတို့သည် လုံးဝ မနိုးထသကဲ့သို့ နောင်တမရပါက၊ နောက်ဆုံးသော ကာလတွင် လူတို့ကို လှည့်ဖြားသည့် ခရစ်တော်၏ အယောင်ကိုဆောင်သောသူများနှင့် အန္တိခရစ်များအဖြစ်သို့ ဧကန်မုချ ပြောင်းလဲသွားကြလိမ့်မည်။ အဆိုပါ ခရစ်တော်၏ အယောင်ကိုဆောင်သောသူများနှင့် အန္တိခရစ်များသည် ထိုသို့သော လူများကြားမှ ထွက်ပေါ်လိမ့်မည် ဖြစ်သည်။ ဘုရားသခင်ကို အစေခံသော သူတို့သည် မိမိတို့၏ ကိုယ်ပိုင် အကျင့်စရိုက်နောက်လိုက်ပြီး မိမိတို့ကိုယ်တိုင်၏ အလိုဆန္ဒအတိုင်း ပြုမူကြပါက၊ အချိန်မရွေး စွန့်ပစ်ခြင်းခံရနိုင်သည့် အန္တရာယ်ရှိသည်။ အခြားသောသူများ၏ စိတ်နှလုံးများကို သိမ်းသွင်းရန်၊ ၎င်းတို့ကို ဩဝါဒပေးရန်နှင့် ထိန်းချုပ်ရန်၊ ပြီးလျှင် အထက်စီး၌နေရန်၊ ဘုရားသခင်အား အစေခံရာတွင် ရရှိထားသော ၎င်းတို့၏ နှစ်များစွာ အတွေ့အကြုံကို အသုံးချသောသူများ- ပြီးလျှင် မည်သည့်အခါမျှ နောင်တမရသောသူများ၊ မိမိတို့၏ အပြစ်များကို မည်သည့်အခါတွင်မျှ ဝန်မချသောသူများနှင့် ရာထူးနေရာ၏ အကျိုးကို မည်သည့်အခါမျှ မစွန့်လွှတ်သောသူများ- ဤလူများသည် ဘုရားသခင်ရှေ့မှောက်တွင် လဲကျကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ဝါရင့်မှုကြောင့် ရောင့်တက်ကာ၊ ၎င်းတို့၏ အရည်အချင်းများကို ကြွားလုံးထုတ်ရင်း၊ ပေါလုနှင့် တစ်မျိုးတစ်စားတည်း ဖြစ်ကြ၏။ ဘုရားသခင်သည် ဤသို့သော လူများကို စုံလင်ခြင်းသို့ ရောက်စေလိမ့်မည် မဟုတ်ပေ။ ထိုသို့သော အစေခံခြင်းသည် ဘုရားသခင်၏ အမှုကို ဝင်ရောက်စွက်ဖက်လေသည်။ လူတို့သည် ဟောင်းသောအရာကို အမြဲ ဖက်တွယ်ကြ၏။ ၎င်းတို့သည် အတိတ်၏ အယူအဆများ၊ ကုန်လွန်သွားသော အချိန်ကာလများမှ အရာရာတိုင်းကို ဖက်တွယ်ကြလေသည်။ ဤသည်မှာ ၎င်းတို့၏ အစေခံခြင်းအတွက် ကြီးမားသည့် အတားအဆီး ဖြစ်ပေသည်။ သင်သည် ထိုအရာများကို မဖယ်ရှားနိုင်ပါက၊ ဤအရာများသည် သင့်ဘဝတစ်ခုလုံးကို ပိတ်ဆို့လိမ့်မည်။ ဘုရားသခင်သည် သင် ပြေးလွှားနေရင်း သင်၏ ခြေထောက်များ ကျိုးလျှင် သို့မဟုတ် အလုပ်ကြမ်းဖြင့် သင်၏ ကျောရိုး ကျိုးလျှင်ပင်၊ ဘုရားသခင်အား သင်၏အစေခံရာ၌ သင်သည် ညှဉ်းဆဲသတ်ဖြတ်ခံရလျှင်ပင်၊ သင့်ကို အနည်းငယ်မျှပင် ချီးကျူးလိမ့်မည် မဟုတ်ပေ။ အတော်အတန် ဆန့်ကျင်လျက်- သင်သည် မတရားသဖြင့် ကျင့်သောသူတစ်ဦး

ဖြစ်သည်ဟု ဘုရားသခင် ပြောလိမ့်မည်။

ယနေ့မှ စ၍၊ ဘုရားသခင်သည် ဘာသာရေးအယူအဆများ လုံးဝမရှိသူများ၊ မိမိတို့၏ ဇာတိဟောင်းကို ဘေးဖယ်ထားရန် လိုလားနေသူများနှင့် ရိုးသားပွင့်လင်းသည့်နည်းလမ်းဖြင့် ဘုရားသခင်ကို နာခံသောသူများအား စနစ်တကျ စုံလင်စေမည် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တောင့်တသူများကို သူ စုံလင်စေလိမ့်မည်။ ဤလူများသည် ထရပ်ကာ ဘုရားသခင်အား အစေခံသင့်ကြသည်။ ဘုရားသခင်၌ မဆုံးနိုင်သော ကြွယ်ဝမှုနှင့် အကန့်သတ်မဲ့ ဉာဏ်ပညာရှိ၏။ သူ၏ အံ့သြဖွယ်သော အမှုနှင့် အဖိုးတန်သော နှုတ်ကပတ်တော်များသည် သာ၍ပင် များပြားသော လူများ၏ မွေ့လျော်ခြင်းကို ခံရရန် အသင့်ကြိုလင့်နေပေသည်။ လက်ရှိအခြေအနေအရ၊ ဘာသာရေးအယူအဆများ ရှိသည့်သူများ၊ သက်ကြီးဝါကြီးများနှင့်၊ မိမိတို့ကိုယ်ကိုယ် ဘေးဖယ်မထားနိုင်သူများသည် ဤအသစ်သောအရာများကို လက်ခံရန် ခက်ခဲသည်ကို တွေ့ရှိရကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဤလူများကို စုံလင်စေရန် အခွင့်အရေး လုံးဝမရှိပေ။ အကယ်၍ လူတစ်ဦးသည် နာခံဖို့ သန္နိဋ္ဌာန်မချရသေးသကဲ့သို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆာငတ်ခြင်း မရှိပါက၊ ၎င်းတို့သည် ဤအသစ်သော အရာများကို လက်ခံရန် နည်းလမ်းမရှိပေ။ ၎င်းတို့သည် တကယ့်ကို သာ၍ သာ၍ ပုန်ကန်တတ်လာကြကာ၊ သာ၍ သာ၍ ပါးနပ်ကောက်ကျစ်လာကြပြီး၊ ထိုသို့ဖြင့် မှားယွင်းသည့် လမ်းကြောင်း ပေါ်တွင်သာ အဆုံးသတ်ရလိမ့်မည်။ သူ၏ အမှုကို ယခု လုပ်ဆောင်ရာတွင်၊ ဘုရားသခင်သည် သူ့ကို အမှန်တကယ် ချစ်ကာ အသစ်သော အလင်းကို လက်ခံနိုင်သော သူများအား ချီးမြှောက်လိမ့်မည်ဖြစ်ပြီး၊ မိမိတို့၏ ဝါရင့်မှုကြောင့် ရောင့်တက်တတ်သော ဘာသာရေး အရာရှိများကို ဘုရားသခင်သည် လုံးဝဖြတ်ချလိမ့်မည်။ ပြောင်းလဲမှုကို ခေါင်းမာစွာ ငြင်းဆန်သောသူများထဲမှ မည်သူ့ကိုမျှ ဘုရားသခင် အလိုမရှိပေ။ သင်သည် ဤလူများထဲမှ တစ်ဦး ဖြစ်ချင်သလော။ သင်သည် သင်၏ အစေခံခြင်းကို သင်ကိုယ်တိုင်၏ အကြိုက်များအတိုင်း ဆောင်ရွက်ပါသလော၊ သို့မဟုတ် ဘုရားသခင် တောင်းဆိုသည့် အရာကို သင် လုပ်ဆောင်သလော။ ဤသည်မှာ သင်ကိုယ်တိုင်အတွက် သင်သိရှိရမည့် အရာတစ်ခု ဖြစ်သည်။ သင်သည် ဘာသာရေး အရာရှိတစ်ဦးလော၊ သို့မဟုတ် ဘုရားသခင် စုံလင်စေသော မွေးကင်းစ ကလေးငယ်တစ်ဦးလော။ သင်၏ အစေခံခြင်းထဲမှ မည်မျှကို သန့်ရှင်းသော ဝိညာဉ်တော်က ချီးကျူးသနည်း။ ထိုအရာထဲမှ မည်မျှကို ဘုရားသခင်သည် စိတ်ရှုပ်ခံပြီး အမှတ်ရ နေမည်နည်း။ သင်၏ နှစ်များစွာကြာ အစေခံမှုအားလုံး၏ အကျိုးဆက်အနေဖြင့် သင့်အသက်တာတွင် မည်မျှကြီးမားသည့် ပြောင်းလဲမှု ရှိပြီးဖြစ်သနည်း။

ဤအရာအားလုံးနှင့်ပတ်သက်၍ သင် ရှင်းသလော။ သင်သည် အမှန်တကယ် ယုံကြည်ခြင်းရှိပါက၊ သင်၏ ယခင်က ဘာသာရေး အယူအဆဟောင်းများကို သင် ဘေးဖယ်ထားလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ကို အသစ်သော နည်းလမ်းဖြင့် သာ၍ကောင်းမွန်စွာ အစေခံပေလိမ့်မည်။ ယခုထရပ်ရန် နောက်မကျလွန်းသေးပေ။ ဘာသာရေး အယူအဆဟောင်းများသည် လူတစ်ဦး၏ဘဝကို အဆုံးခံရစေနိုင်သည်။ လူတစ်ဦး ရရှိသည့် အတွေ့အကြုံသည် ဘုရားသခင်ထံမှ ၎င်းကို သွေဖည်စေနိုင်ပြီး အမှုအရာများကို မိမိကိုယ်တိုင်၏ နည်းလမ်းဖြင့် လုပ်ဆောင်စေနိုင်သည်။ ထိုသို့သောအရာများကို သင် ဘေးဖယ်မထားနိုင်ပါက၊ ယင်းအရာများသည် သင့်အသက်တာ ကြီးထွားမှုအဖို့ ခလုတ်တံသင်းများ ဖြစ်လာလိမ့်မည်။ ဘုရားသခင်သည် သူ့ကို အစေခံသောသူများကို အမြဲ စုံလင်စေပြီး၊ ၎င်းတို့ကို ပေါ့ပေါ့တန်တန် မစွန့်ပစ်ပေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို အမှန်တကယ် လက်ခံပါက၊ သင်၏ ဘာသာရေး ကျင့်ကြံမှုအဟောင်းများနှင့် စည်းမျဉ်းဟောင်းများကို ဘေးဖယ်ထားနိုင်ကာ ဘုရားသခင်၏ ယနေ့ နှုတ်ကပတ်တော်များကို အကဲဖြတ်သည့်အရာအဖြစ် ဘာသာရေး အယူအဆဟောင်းများကို အသုံးပြုခြင်းအား ရပ်တန့်နိုင်ပါက၊ ထိုအခါမှသာ သင့်အတွက် အနာဂတ်တစ်ခု ရှိလိမ့်မည်။ သို့သော် ဟောင်းသောအရာများကို သင် ဖက်တွယ်ပါက၊ ယင်းအရာများကို သင် တန်ဖိုးထားဆဲဖြစ်ပါက၊ သင်သည် ကယ်တင်ခံရဖို့ နည်းလမ်းမရှိပေ။ ထိုသို့သော လူများကို ဘုရားသခင်သည် အရေးမထားပေ။ သင်သည် စုံလင်ခံရဖို့ အမှန်တကယ် ဆန္ဒရှိပါက၊ ယခင်က အရာအားလုံးကို လုံးဝ စွန့်လွှတ်ဖို့ရန် သင် စိတ်ဆုံးဖြတ်ရမည်။ ယခင်က လုပ်ဆောင်ခဲ့သည့် အရာသည် မှန်ကန်လျှင်ပင်၊ ယင်းသည် ဘုရားသခင်၏ အမှု ဖြစ်ခဲ့လျှင်ပင်၊ သင်သည် ထိုအရာကို ဘေးဖယ်ထားနိုင်ဆဲ ဖြစ်ရမည်ဖြစ်ပြီး၊ ယင်းကို ဖက်တွယ်ထားခြင်းအား ရပ်တန့်နိုင်ရမည်ဖြစ်သည်။ ယင်းသည် သိသာထင်ရှားစွာ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ဖြစ်ခဲ့လျှင်ပင်၊ သန့်ရှင်းသော ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်ခဲ့လျှင်ပင်၊ ယနေ့တွင် ထိုအရာကို သင် ဘေးဖယ်ထားရမည်။ သင်သည် ထိုအရာကို ကိုင်စွဲမထားသင့်ပေ။ ဤသည်မှာ ဘုရားသခင် တောင်းဆိုသည့် အရာဖြစ်သည်။ အရာရာတိုင်း အသစ်ပြုပြင်ခံရမည်။ ဘုရားသခင်၏ အမှုနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များတွင် သူသည် ယခင်က ဖြစ်ခဲ့သည့် အမှုအရာ ဟောင်းများကို ရည်ညွှန်းခြင်းမရှိ၊ သူသည် နှစ်ချုပ်စာအုပ်ဟောင်းကို မတူးဆွပေ။ ဘုရားသခင်သည် အမြဲ သစ်လွင်ပြီး၊ မည်သည့်အခါတွင်မျှ အိုဟောင်းခြင်း မရှိသော ဘုရားသခင်ဖြစ်သကဲ့သို့၊ အတိတ်က

သူကိုယ်တိုင်၏ နှုတ်ကပတ်တော်များကိုပင် ဖက်တွယ်ခြင်း မရှိပေ- ယင်းက ဘုရားသခင်သည် မည်သည့်စည်းမျဉ်းကိုမျှ မလိုက်နာသည်ကို ပြသ၏။ ထို့ကြောင့် ဘုရားသခင်သည် ယခင်က သူအသုံးပြုခဲ့သည့် နည်းလမ်းကိုအသုံးပြုလျက် အမှုမပြုတော့စဉ်တွင်၊ လူသား တစ်ဦးအနေဖြင့် သင်သည် အတိတ်က အရာများကို အမြဲ ဖက်တွယ်ပါက၊ ယင်းတို့ကို လက်လွှတ်ဖို့ သင် ငြင်းဆန်ပြီး၊ ပုံသေကားကျ ပုံစံတစ်ခုဖြင့် ယင်းတို့ကို တင်းကျပ်စွာ အသုံးပြုပါက၊ သင်၏ စကားများနှင့် အပြုအမူများသည် အနှောင့်အယှက်ဖြစ်စေသည် မဟုတ်လော။ သင်သည် ဘုရားသခင်၏ ရန်သူတစ်ဦးဖြစ်လာပြီ မဟုတ်လော။ သင်သည် သင်၏ ဘဝတစ်ခုလုံးကို ဤဟောင်းသောအရာများနှင့်ပတ်သက်၍ ပျက်စီးဆုံးပါးသွားစေဖို့ လိုလားနေသလော။ ဤဟောင်းသော အရာများသည် သင့်ကို ဘုရားသခင်၏ အမှုအား တားဆီးသောသူတစ်ဦး ဖြစ်စေလိမ့်မည်- သင် ဖြစ်ချင်သည်မှာ ထိုသို့သော လူစားမျိုး ဖြစ်သလော။ သင်သည် ထိုသို့ အမှန်တကယ် မဖြစ်ချင်ပါက၊ သင်လုပ်ဆောင်နေသည့် အရာကို အလျင်အမြန် ရပ်တန့်ပြီး၊ ပြန်လှည့်လော့။ အရာအားလုံးကို တစ်ဖန် ပြန်၍စတင်လော့။ ဘုရားသခင်သည် သင်၏ အတိတ်မှ အစေခံမှုကို အမှတ်ရလိမ့်မည် မဟုတ်ပေ။

## ဘုရားသခင်၌ သင်၏ယုံကြည်ခြင်းတွင် သင်သည် ဘုရားသခင်ကို နာခံသင့်သည်

ဘုရားသခင်ကို သင်အဘယ်ကြောင့် ယုံကြည်သနည်း။ လူအများစုသည် ဤမေးခွန်းအပေါ် ဝေခွဲမရဖြစ်ကြသည်။ ၎င်းတို့သည် လက်တွေ့ကျသော ဘုရားသခင်နှင့် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်အကြောင်း လုံးဝ မတူညီသည့် ရှုထောင့်အမြင်နှစ်ခု အမြဲရှိကြသည်၊ ယင်းက ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်ကြသည်မှာ နာခံဖို့အလို့ငှာ မဟုတ်ဘဲ၊ အကျိုးအမြတ်တစ်ခုခု ရရှိရန် သို့မဟုတ် ကပ်ဘေးဒုက္ခက ယူဆောင်လာသည့် ဆင်းရဲဒုက္ခကို ရှောင်တိမ်းရန် ဖြစ်သည်ကို ပြသပေသည်။ ထိုအခါမှသာ ၎င်းတို့သည် အတော်အတန် နာခံမှုရှိကြလေသည်။ ၎င်းတို့၏ နာခံမှုမှာ အခြေအနေ အပေါ် မူတည်၏။ ယင်းသည် ၎င်းတို့၏ ကိုယ်ပိုင်တက်လမ်းအတွက် ဖြစ်ပြီး၊ ၎င်းတို့အပေါ် အတင်းအကျပ် နာခံစေသည့်အတွက် ဖြစ်သည်။ ထို့ကြောင့်၊ သင်သည် ဘုရားသခင်ကို တကယ် အဘယ့်ကြောင့် ယုံကြည်သနည်း။ ယင်းသည် သင်၏ တက်လမ်းနှင့် သင်၏ ကံကြမ္မာအတွက် လုံးဝဥဿုံ ဖြစ်ပါက၊ သင် လုံးဝ မယုံကြည်လျှင် သာ၍ ကောင်းပေမည်။ ဤသို့သော ယုံကြည်ခြင်းသည်၊ မိမိကိုယ်ကိုယ်

လှည့်ဖြားခြင်း၊ မိမိကိုယ်ကိုယ် စိတ်ချမှုရှိစေခြင်းနှင့် မိမိကိုယ်ကိုယ် လေးစားမှု ဖြစ်သည်။ သင်၏ ယုံကြည်ခြင်းသည် ဘုရားသခင်ကို နာခံခြင်း အုတ်မြစ်အပေါ် တည်ဆောက်မထားပါက၊ သင်သည် နောက်ဆုံးတွင် ဘုရားသခင်ကို ဆန့်ကျင်ခြင်းအတွက် ပြစ်ဒဏ်ပေးခံရလိမ့်မည်။ ၎င်းတို့၏ ယုံကြည်ခြင်းတွင် ဘုရားသခင်အား နာခံရန် မကြိုးစားသူများ အားလုံးသည် ဘုရားသခင်ကို ဆန့်ကျင်ကြ၏။ လူတို့သည် ဘုရားသခင်ကို နာခံမှု ရရှိစေရန်အလို့ငှာ၊ သမ္မာတရားကို ရှာဖွေဖို့၊ သူ၏ နှုတ်ကပတ်တော်များကို ဆာတတ်ဖို့၊ သူ၏ နှုတ်ကပတ်တော်များကို စားသောက်ပြီး ၎င်းတို့ကို လက်တွေ့လုပ်ဆောင်ဖို့ ဘုရားသခင် တောင်းဆိုလေသည်။ ဤအရာများသည် သင်၏ စစ်မှန်သော ရည်ရွယ်ချက်များ ဖြစ်ပါက၊ ဘုရားသခင်သည် သင့်ကို ကေန်မုချ ချီးမြှောက်မည်ဖြစ်ပြီး သင့်အပေါ် ကေန်မုချ ကျေးဇူးပြုလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ယုံမှားသံသယရှိဖွယ် မဟုတ်သကဲ့သို့ မပြောင်းလဲနိုင်သော အရာ ဖြစ်သည်။ အကယ်၍ သင်၏ ရည်ရွယ်ချက်သည် ဘုရားသခင်ကို နာခံရန်မဟုတ်သကဲ့သို့၊ သင်သည် အခြားသော ရည်မှန်းချက်များရှိပါက၊ သင်ပြောသမျှနှင့် လုပ်သမျှအားလုံး- ဘုရားသခင်ရှေ့၌ သင်၏ ဆုတောင်းချက်များနှင့် သင်၏လုပ်ရပ်တိုင်းသည်ပင်- ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်လိမ့်မည်။ သင်သည် အပြောအဆို သိမ်မွေ့ညင်သာပြီး၊ အပြုအမူ သိမ်မွေ့သောသူ ဖြစ်ကောင်းဖြစ်နိုင်သည်၊ သင်၏ လုပ်ရပ်တိုင်း နှင့် မျက်နှာအမူအရာသည် မွန်ရည်ပုံရကောင်းရနိုင်ပြီး၊ သင်သည် နာခံသူတစ်ဦးအဖြစ် ထင်ရနိုင်သော်လည်း၊ သင်၏ ရည်ရွယ်ချက်များနှင့် ဘုရားသခင်၌ ယုံကြည်ခြင်းအပေါ် သင်၏ အမြင်များနှင့် ပတ်သက်လာသည့်အခါ၊ သင်လုပ်သည့်အရာတိုင်းသည် ဘုရားသခင်နှင့် ဆန့်ကျင်ပေသည်။ သင် လုပ်သည့်အရာတိုင်းသည် ဆိုးယုတ်၏။ သိုးကဲ့သို့ နာခံတတ်ပုံရသော်လည်း၊ ၎င်းတို့စိတ်နှလုံးများ၌ ဆိုးယုတ်သော ရည်ရွယ်ချက်များ သိုထားသောသူတို့သည် သိုးရေခြုံထားသော ဝံပုလွေများ ဖြစ်ကြ၏။ ၎င်းတို့သည် ဘုရားသခင်ကို တိုက်ရိုက် ပုန်ကန်ပြစ်မှားကြပြီး၊ ဘုရားသခင်သည် ၎င်းတို့ တစ်ဦးတစ်ယောက်ကိုမျှ ချမ်းသာပေးမည် မဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့တစ်ဦးစီတိုင်းကို ထုတ်ဖော်ပြလိမ့်မည်ဖြစ်ပြီး၊ သူတော်ကောင်း ယောင်ဆောင်သူ အားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ သေချာပေါက် အလွန် မုန်းတီးခြင်းနှင့် ငြင်းပယ်ခြင်းခံရမည်ကို ၎င်းတို့ အယောက်တိုင်းအား ပြသလိမ့်မည်ဖြစ်သည်။ မစိုးရိမ်နှင့်- ဘုရားသခင်သည် ၎င်းတို့ ရှိသမျှအကုန်ကို ထည့်တွက်မည်ဖြစ်ပြီး တစ်ယောက်တစ်လဲ ရှင်းထုတ် ပစ်မည် ဖြစ်သည်။

သင်သည် ဘုရားသခင်ထံမှ အလင်းသစ်ကို လက်မခံနိုင်သကဲ့သို့၊ ယနေ့ ဘုရားသခင် ပြုသည့်

အရာအားလုံးကို နားမလည်နိုင်ဖြစ်ကာ ယင်းကို မရှာဖွေပါက၊ သို့မဟုတ် ယင်းကို သံသယဖြစ်ပါက၊ ယင်းနှင့်ပတ်သက်၍ ဝေဖန်ပါက သို့မဟုတ် ယင်းကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးကာ စိစစ်ပါက၊ သင်သည် ဘုရားသခင်ကို နာခံချင် စိတ်မရှိပေ။ ယခုအချိန်၏ အလင်းပေါ်ထွန်းသည့်အခါ၊ သင်သည် ယမန်နေ့၏ အလင်းကို တန်ဖိုးထားဆဲဖြစ်ပြီး၊ ဘုရားသခင်၏ အမှုသစ်ကို ဆန့်ကျင်ပါက၊ သင်သည် အဓိပ္ပာယ်မဲ့သောသူ တစ်ဦးသာဖြစ်၏- သင်သည် ဘုရားသခင်ကို တမင်သက်သက် ဆန့်ကျင်သူများထဲမှတစ်ဦး ဖြစ်သည်။ ဘုရားသခင်ကို နာခံခြင်း၏ အဓိကသော့ချက်မှာ အလင်းသစ်ကို အသိအမှတ်ပြုခြင်းနှင့် ယင်းကို လက်ခံကာ လက်တွေ့လုပ်ဆောင်နိုင်ခြင်း ဖြစ်သည်။ ဤတစ်ခုတည်းသာ စစ်မှန်သော နာခံခြင်း ဖြစ်သည်။ ဘုရားသခင်အား တမ်းတရန် အလိုဆန္ဒ ကင်းမဲ့သူများသည် သူ့ကို တမင်တကာ နာခံခြင်းငှာ မတတ်စွမ်း နိုင်ကြသကဲ့သို့၊ ရှိရင်းစွဲအခြေအနေကို ၎င်းတို့ စိတ်ကျေနပ်ခြင်း၏ ရလဒ်တစ်ခုအဖြစ် ဘုရားသခင်ကို ဆန့်ကျင်ရုံသာ ဆန့်ကျင်နိုင် ကြပေသည်။ လူသားသည် ဘုရားသခင်ကို မနာခံနိုင်သည်မှာ ၎င်းသည် ယခင်က လာခဲ့သည့်အရာကို စိတ်စွဲနေသောကြောင့် ဖြစ်သည်။ ယခင်က လာခဲ့သည့် အရာများသည် လူတို့ကို ဘုရားသခင်နှင့် ပတ်သက်၍ အယူအဆများနှင့် စိတ်ကူးမျိုးစုံတို့ကို ပေးပြီးဖြစ်ကာ ဤအရာများသည် ၎င်းတို့၏ စိတ်များထဲ၌ ဘုရားသခင်၏ ပုံရိပ် ဖြစ်လာပြီးဖြစ်သည်။ ထို့ကြောင့်၊ ၎င်းတို့ ယုံကြည်သည့် အရာများသည် ၎င်းတို့၏ ကိုယ်ပိုင်အယူအဆများဖြစ်ပြီး၊ ၎င်းတို့၏ ကိုယ်ပိုင် စိတ်ကူးများ နှင့်ဆိုင်သော စံနှုန်းများ ဖြစ်သည်။ ယနေ့တွင် တကယ့်အမှုကိုပြုသော ဘုရားသခင်နှင့် သင်၏စိတ်ကူး၌ရှိသည့် ဘုရားသခင်ကို ယှဉ်၍ သင် တိုင်းတာပါက၊ သင်၏ယုံကြည်ခြင်းသည် စာတန်ထံမှလာပြီး၊ သင်၏ ကြိုက်နှစ်သက်မှုများဖြင့် စွန်းထင်းနေပေသည်- ဘုရားသခင်သည် ဤသို့သော ယုံကြည်ခြင်းမျိုးကို မလိုလားပေ။ ၎င်းတို့၏ အရည်အချင်းများ မည်မျှမြင့်မားသည်ကို ပဓာနမထားဘဲ၊ ပြီးလျှင် ၎င်းတို့၏ ဆက်ကပ်မှုများကို ပဓာနမထားဘဲ- ၎င်းတို့သည် ဘုရားသခင်၏အမှုအဖို့ တစ်သက်တာ အားထုတ်မှုများကို ဆက်ကပ်ပြီးဖြစ်ကာ မိမိတို့ကိုယ်ကိုယ် အသက်စတေးပြီးဖြစ်လျှင်ပင်- ဘုရားသခင်သည် ဤကဲ့သို့သော ယုံကြည်ခြင်းရှိသည့် မည်သူကိုမျှ မထောက်ခံပေ။ သူသည် ၎င်းတို့အပေါ် ကျေးဇူးတော် အနည်းငယ်မျှသာ အပ်နှင်းပြီး၊ ယင်းကို အချိန်တစ်ခုကြာ မွေ့လျော်ခွင့်ပေးလေသည်။ ဤသို့သော လူများသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်စွမ်း မရှိကြပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့အတွင်းတွင် အလုပ် မလုပ်သကဲ့သို့၊ ဘုရားသခင်သည် ၎င်းတို့အသီးသီးကို တစ်ယောက်တစ်လဲ ဖယ်ရှားမည်ဖြစ်သည်။ အသက်ကြီးသောသူများဖြစ်စေ၊ အသက်ငယ်သော သူများ ဖြစ်စေ၊

၎င်းတို့၏ ယုံကြည်ခြင်းတွင် ဘုရားသခင်ကို မနာခံသကဲ့သို့ မှားယွင်းသော ရည်ရွယ်ချက်များရှိသူတို့သည် ဆန့်ကျင်သူများနှင့် နှောင့်ယှက်သူများဖြစ်ပြီး၊ ထိုသို့သောလူများသည် ဘုရားသခင်၏ မလွဲမသွေ ဖယ်ရှားခြင်း ခံရလိမ့်မည်ဖြစ်သည်။ ဘုရားသခင်ကို အနည်းငယ်မျှ နာခံခြင်း မရှိသူများ၊ သူ၏နာမကို အသိအမှတ်ပြုရုံမျှ ပြုသူများနှင့် ဘုရားသခင်၏ သနားကြင်နာမှုနှင့် ချစ်ဖွယ်ကောင်းခြင်း နှင့်ဆိုင်သည့် အသိစိတ်အချို့ရှိသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ ခြေလှမ်းများကို အမီမလိုက်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ လက်ရှိအလုပ်နှင့် နှုတ်ကပတ်တော်များကို မနာခံသောသူများ- ထိုသို့သော လူများသည် ဘုရားသခင်၏ ကျေးဇူးတော်အလယ်တွင် အသက်ရှင်ကြပြီး၊ ဘုရားသခင်၏ ရယူခြင်းနှင့် စုံလင်စေခြင်းကို ခံရကြမည်မဟုတ်ပေ။ ဘုရားသခင်သည် လူတို့ကို ၎င်းတို့၏ နာခံခြင်းမှတစ်ဆင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းနှင့် မွေ့လျော်ခြင်းတို့မှတစ်ဆင့်၊ ပြီးလျှင် ၎င်းတို့၏ အသက်တာများတွင် ဆင်းရဲဒုက္ခခံခြင်းနှင့် စစ်ဆေးခြင်းတို့မှတစ်ဆင့် စုံလင်စေသည်။ ဤကဲ့သို့သော ယုံကြည်ခြင်းမှ တစ်ဆင့်သာ လူတို့၏ စိတ်သဘောထား ပြောင်းလဲနိုင်ပြီး၊ ထိုအခါမှသာ ဘုရားသခင်နှင့် သက်ဆိုင်သည့် စစ်မှန်သော အသိပညာကို ၎င်းတို့ ပိုင်ဆိုင်နိုင်ပေသည်။ ဘုရားသခင်၏ ကျေးဇူးတော်များအလယ်တွင် အသက်ရှင်ရခြင်းကို စိတ်ကျေနပ်ခြင်းမရှိဘဲလျက်၊ သမ္မာတရားကို တက်ကြွစွာ တမ်းတပြီး ရှာဖွေခြင်းနှင့် ဘုရားသခင်၏ ရယူခြင်းခံရဖို့ ကြိုးစားခြင်း- ဤသည်မှာ ဘုရားသခင်ကို သတိရှိစွာ နာခံခြင်းဟု ဆိုလိုသည့်အရာဖြစ်ပြီး၊ ဤသည်မှာ သူလိုချင်သည့် ယုံကြည်ခြင်း အတိအကျ ဖြစ်ပေသည်။ ဘုရားသခင်၏ ကျေးဇူးတော်များကို မွေ့လျော်သည်မှအပ မည်သည့်အရာမျှ မလုပ်ဆောင်သည့် လူများသည် စုံလင်စေခြင်း မခံရနိုင်၊ သို့မဟုတ် မပြောင်းလဲနိုင်ပေ။ ပြီးလျှင် ၎င်းတို့၏ နာခံမှု၊ ဘုရားတရား ကိုင်းရှိုင်းခြင်း၊ ချစ်ခြင်းမေတ္တာနှင့် စိတ်ရှည်ခြင်းများ အားလုံးသည် အပေါ်ယံသာ ဖြစ်၏။ ဘုရားသခင်၏ ကျေးဇူးတော်ကိုသာ မွေ့လျော်သူများသည် ဘုရားသခင်ကို အမှန်တကယ် မသိနိုင်သကဲ့သို့ ဘုရားသခင်ကို ၎င်းတို့ သိသည့်အခါတွင်ပင်၊ ၎င်းတို့၏အသိပညာသည် အပေါ်ယံဖြစ်ပြီး၊ “ဘုရားသခင်က လူသားကို ချစ်သည်” သို့မဟုတ် “ဘုရားသခင်သည် လူသားအပေါ် သနားကရုဏာရှိသည်” ဆိုသကဲ့သို့သော အရာများကို ၎င်းတို့ပြောကြ၏။ ဤသည်မှာ လူသား၏ အသက်တာကို ကိုယ်စားမပြုသကဲ့သို့ လူတို့က ဘုရားသခင်ကို အမှန်တကယ် သိသည်ကိုလည်း မပြပေ။ အကယ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ၎င်းတို့ကို စစ်ဆေးသောအခါ သို့မဟုတ် ဘုရားသခင်၏ စမ်းသပ်မှုများသည် ၎င်းတို့အပေါ် ကျရောက် သောအခါတွင်၊ လူတို့သည်

ဘုရားသခင်ကို မနာခံနိုင်ပါက- ယင်းအစား ၎င်းတို့သည် သံသယဖြစ်လာပြီး ပြိုလဲကျပါက- ၎င်းတို့သည် အနည်းငယ်မျှ နာခံခြင်းမရှိကြပေ။ ၎င်းတို့အတွင်းတွင်၊ ဘုရားသခင်၌ ယုံကြည်ခြင်းနှင့်ပတ်သက်၍ စည်းမျဉ်းများနှင့် ကန့်သတ်ချက်များစွာ ရှိသည်။ နှစ်ပေါင်းများစွာ ယုံကြည်ခြင်း၏ အကျိုးဆက်ဖြစ်သည့် အတွေ့အကြုံဟောင်းများ သို့မဟုတ် ကျမ်းစာပေါ် အခြေခံသည့် အယူဝါဒ အမျိုးမျိုး ရှိကြလေသည်။ ဤကဲ့သို့သော လူများက ဘုရားသခင်ကို နာခံနိုင်မည်လော။ ဤလူများသည် လူသား အရာများဖြင့် ပြည့်နေသည်- ၎င်းတို့သည် ဘုရားသခင်ကို မည်ကဲ့သို့ နာခံနိုင်မည်နည်း။ ၎င်းတို့၏ "နာခံခြင်း" သည် ၎င်းတို့ကိုယ်တိုင်၏ ကြိုက်နှစ်သက်မှုများအရ ဖြစ်သည်- ဘုရားသခင်သည် ဤသို့သော နာခံမှုကို လိုချင်မည်လော။ ဤသည်မှာ ဘုရားသခင်ကို နာခံခြင်း မဟုတ်ဘဲ အယူဝါဒကို လိုက်နာခြင်းဖြစ်သည်။ ယင်းသည် မိမိကိုယ်ကိုယ် ကျေနပ်စေခြင်းနှင့် မိမိကိုယ်ကိုယ် နှစ်သိမ့်စေခြင်းဖြစ်သည်။ ဤအရာသည် ဘုရားသခင်ကို နာခံခြင်းဖြစ်သည်ဟု သင် ပြောပါက၊ သင်သည် သူ့ကို ပြစ်မှားစော်ကားသည် မဟုတ်လော။ သင်သည် အဲဂုတ္တုပြည်သား ဖာရောဘုရင်တစ်ပါးဖြစ်သည်။ သင်သည် မကောင်းမှု ကျူးလွန်ပြီး၊ ဘုရားသခင်ကို ဆန့်ကျင်ခြင်းအလုပ်တွင် အထူးရည်ရွယ်ချက်ဖြင့် ပါဝင်ပတ်သက်ပေသည်- ဤသည်မှာ သင့်ကို ဘုရားသခင် အစေခံစေလိုသည့်ပုံလော။ သင် အမြန်နောင်တရပြီး မိမိကိုယ်ကိုယ် သိမြင်မှုအချို့ရှိဖို့ ကြိုးစားသည်က အကောင်းဆုံး ဖြစ်မည်။ ယင်းကို လုပ်ဆောင်ရန် ပျက်ကွက်ပါက၊ သင် ထွက်သွားခြင်းသည်သာ သာ၍ကောင်းလိမ့်မည်။ ယင်းသည် သင်၏ ဘုရားသခင်ကို အစေခံခြင်းဟု ဆိုသောအရာထက် သာ၍ကောင်းပေမည်။ သင်သည် ကြားဖြတ်မည် မဟုတ်သကဲ့သို့ နှောင့်ယှက်မည်မဟုတ်။ သင်၏နေရာကို သင်သိမည် ဖြစ်ပြီး၊ ကောင်းစွာ အသက်ရှင်လိမ့်မည်- ယင်းသည် သာ၍ မကောင်းပေဘူးလော။ ပြီးလျှင် သင်သည် ဘုရားသခင်ကို ဆန့်ကျင်ခြင်း အတွက် အပြစ်ပေးခံရမည်မဟုတ်ပေ။

## ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးတစ်ခုတည်ဆောက်ရန် အလွန်အရေးကြီး၏

ဘုရားသခင်ကို လူတို့ယုံကြည်ပုံ၊ လူတို့ချစ်မြတ်နိုးပုံနှင့် စိတ်ကျေနပ်စေပုံသည် ဘုရားသခင်၏ဝိညာဉ်တော်ကို ၎င်းတို့၏နှလုံးသားဖြင့် ထိတွေ့ပြီး ထိုသို့အားဖြင့် သူ၏ စိတ်ကျေနပ်ခြင်းကို ရရှိပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်များနှင့် ချိတ်ဆက်ရန်

၎င်းတို့၏နှလုံးသားကိုအသုံးပြုခြင်းဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်၏ တို့ထိမှုကို ခံရခြင်းဖြစ်သည်။ အကယ်၍ သင်သည် ပုံမှန်ဝိညာဉ်ရေး အသက်တာကို ရရှိလိုပြီး ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးတစ်ရပ်ကို ထူထောင်လိုပါက သင်သည် ပထမဦးစွာ သင်၏နှလုံးသားကို သူ့အား ပေးအပ်ရမည်။ ဘုရားသခင်၏ ရှေ့မှောက်တွင် သင်၏နှလုံးသားကို ငြိမ်သက်စေပြီး သင်၏ နှလုံးသားတစ်ခုလုံးကို ကိုယ်တော်ထံ၌ သွန်းလောင်းပြီးမှသာ သင်သည် ပုံမှန်ဝိညာဉ်ရေးအသက်တာကို တဖြည်းဖြည်း ဖြစ်ပေါ်စေနိုင်လိမ့်မည်။ လူတို့၏ ဘုရားသခင်ကို ယုံကြည်မှုတွင် ၎င်းတို့သည် မိမိတို့၏ နှလုံးသားကို သူ့အား မပေးပါက၊ ထို့အပြင် ၎င်းတို့၏ နှလုံးသားသည် သူ့ထံ၌ မရှိသကဲ့သို့ ကိုယ်တော်၏ ဝန်ထုပ်ဝန်ပိုးကို မိမိတို့ကိုယ်တိုင်၏ဝန်ထုပ်ဝန်ပိုးကဲ့သို့ သဘောမထားပါက၊ သူတို့လုပ်သမျှတိုင်းသည် ဘုရားသခင်ကို လိမ်လည်လှည့်စားသော လုပ်ရပ်၊ ဘာသာရေးသမားများ၏ လုပ်ရပ်တစ်မျိုးဖြစ်ပြီး ဘုရားသခင်၏ ချီးမွမ်းမှုကို မရရှိနိုင်ပေ။ ဘုရားသခင်သည် ဤလူမျိုးထံမှ မည်သည့်အရာကိုမျှ မရရှိနိုင်ပေ။ ဤလူမျိုးသည် ဘုရားသခင်၏အမှုအဖို့ အဖြည့်ခံတစ်ဦးအဖြစ်၊ ဘုရားသခင်၏ အိမ်ထဲက အလှဆင်မှုတစ်ခုပမာ၊ မလိုလားအပ်သကဲ့သို့ အသုံးမဝင်သော အရာတစ်ခုသာ ဖြစ်သည်။ ဘုရားသခင်သည် ဤလူစားမျိုးကို အသုံးမပြုပေ။ ထိုသို့သော လူတွင် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုအတွက် အခွင့်အရေး မရှိရုံမက၊ ၎င်းတို့၏စုံလင်ခံရခြင်း အဖြစ်တွင် တန်ဖိုးတစ်ခုတစ်လေပင် မရှိချေ။ ဤလူစားမျိုးသည် အမှန်တွင် လမ်းလျှောက်နေသော အလောင်းကောင်ဖြစ်သည်။ ထိုသို့သော လူတို့သည် သန့်ရှင်းသောဝိညာဉ်တော် အသုံးပြုနိုင်သည့်အရာ ဘာမျှမရှိဘဲ၊ ဆန့်ကျင်ဘက်အားဖြင့် ၎င်းတို့အားလုံးသည် စာတန်၏ အပိုင်စီးခြင်း ခံရကာ အလွန်အမင်း ဖျက်ဆီးခြင်း ခံရပြီးဖြစ်သည်။ ဘုရားသခင်သည် ဤလူတို့ကို သုတ်သင်ဖယ်ရှားလိမ့်မည်။ လောလောဆယ်တွင်၊ လူတို့ကို အသုံးပြုရာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် အမှုအရာများ ပြီးစီးရန်အလို့ငှာ ၎င်းတို့၏ လိုလားအပ်သော အစိတ်အပိုင်းများကို အသုံးပြုသည်သာမက၊ ၎င်းတို့၏ မလိုလားအပ်သော အစိတ်အပိုင်းများကိုလည်း စုံလင်စေပြီး ပြောင်းလဲစေသည်။ သင်၏စိတ်နှလုံးကို ဘုရားသခင်ထံတွင် သွန်းလောင်းနိုင်ပြီး သူ၏ရှေ့မှောက်တွင် ငြိမ်သက်နေနိုင်ပါက သင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသုံးပြုခံရရန်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပေးမှုကို ရရှိရန် အခွင့်အရေးနှင့် အရည်အချင်းများ သင်၌ ရှိလိမ့်မည်ဖြစ်ပြီး၊ ထို့ထက်မက သင်၏ အားနည်းချက်များကို သန့်ရှင်းသော ဝိညာဉ်တော်က ကောင်းအောင်ပြုပေးရန် အခွင့်အရေး ရရှိလိမ့်မည်။ သင်၏ စိတ်နှလုံးကို ဘုရားသခင်အား သင်ပေးအပ်လိုက်သောအခါ

အပြုသဘောဆောင်သည့်ဘက်တွင်၊ သင်သည် ပိုမိုနက်ရှိုင်းသော ဝင်ရောက်မှုနှင့် ပိုမိုမြင့်မားသော ထိုးထွင်းသိမြင်မှုကို ရရှိနိုင်သည်။ အပျက်သဘောဆောင်သည့်ဘက်တွင်၊ သင်သည် သင်ကိုယ်တိုင်၏ အမှားများနှင့် အားနည်းချက်များကို ပိုမိုနားလည်လာလိမ့်မည်၊ ဘုရားသခင်၏အလိုတော်ကို ဖြည့်ဆည်းပေးရန်အတွက် ကြိုးစားရန် ပို၍စိတ်အားထက်သန်လိမ့်မည်ဖြစ်ပြီး၊ သင်သည် မတုန်မလှုပ်မဖြစ်ဘဲ တက်တက်ကြွကြွ ဝင်ရောက်လိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့်၊ သင်သည် မှန်ကန်သော လူတစ်ယောက်ဖြစ်လာလိမ့်မည်။ ဘုရားသခင်၏ ရှေ့မှောက်တွင် သင်၏စိတ်နှလုံးကို ငြိမ်သက်စေနိုင်သည်ဟု ယူဆပါစို့၊ သန့်ရှင်းသောဝိညာဉ်တော်ထံမှ ချီးမွမ်းမှုကို သင် ရရှိခြင်း ရှိမရှိဆိုသည်နှင့် ဘုရားသခင်ကို သင် ကျေနပ်စေခြင်း ရှိ မရှိ ဆိုသည်အတွက် အဓိကသော့ချက်မှာ သင် တက်တက်ကြွကြွ ဝင်ရောက်နိုင်ခြင်း ရှိ မရှိဆိုသည့်အရာ ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်က လူတစ်ဦးကို ဉာဏ်အလင်းဖွင့်ပေးပြီး ၎င်းတို့ကို အသုံးပြုသောအခါ ယင်းက ၎င်းတို့အား ဘယ်သောအခါမျှ အပျက်သဘော မဆောင်စေဘဲ အမြဲတစေ တက်တက်ကြွကြွ တိုးတက်စေသည်။ ဤလူသည် အားနည်းချက်များ ရှိသော်လည်း၊ ၎င်းတို့သည် မိမိတို့ဘဝများကို အသက်ရှင် နေထိုင်ပုံအား ထိုအားနည်းချက်များအပေါ် အခြေခံခြင်းကို ရှောင်ရှားနိုင်သည်။ ၎င်းတို့၏အသက်တာ၌ ကြီးထွားမှုနှောင့်နှေးခြင်းကို ရှောင်ရှားနိုင်ကာ ဘုရားသခင်၏အလိုတော်ကို ဖြည့်ဆည်းဖို့ ဆက်လက် ကြိုးစားနိုင်ပေသည်။ ဤသည်မှာ စံနှုန်းတစ်ခုပေတည်း။ ဤအရာကို သင် ရယူနိုင်ပါက ယင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ကို သင်ရရှိပြီးဖြစ်ကြောင်း လုံလောက်သော သက်သေဖြစ်သည်။ လူတစ်ဦးသည် အမြဲတစေ အပျက်သဘောဆောင်ပါက၊ ပြီးလျှင် ဉာဏ်အလင်းပေးမှုကို ရရှိပြီး မိမိတို့ကိုယ်ကိုယ် သိရှိလာပြီးနောက်တွင်ပင် ၎င်းတို့သည် အပျက်သဘောဆောင်ကာ မတုန်မလှုပ် ဖြစ်မြဲဖြစ်ပြီး၊ ထရပ်ကာ ဘုရားသခင်နှင့်အတူ ပူးပေါင်းလျက် မလုပ်ဆောင်နိုင်ပါက၊ ဤလူစားမျိုးသည် ဘုရားသခင်၏ ကျေးဇူးတော်ကိုသာ ရရှိသော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့နှင့်အတူ မရှိပေ။ လူတစ်ဦး အပျက်သဘောဆောင်သည့်အခါ၊ ၎င်းတို့၏ စိတ်နှလုံးသည် ဘုရားသခင်ထံ မလှည့်သေးသကဲ့သို့၊ ၎င်းတို့၏ စိတ်ဝိညာဉ်သည် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် တို့ထိမခံရသေးဟု ဆိုလိုပေသည်။ ဤအရာကို လူအားလုံး နားလည်သင့်ပေသည်။

ဘုရားသခင်ရှေ့မှောက်တွင် မိမိ၏စိတ်နှလုံးကို ငြိမ်သက်စေခြင်းသည် အရေးကြီးဆုံးသော ကိစ္စများထဲမှတစ်ခုဖြစ်ကြောင်း အတွေ့အကြုံမှ သိမြင်နိုင်သည်။ ဤကိစ္စသည် လူတို့၏ဝိညာဉ်ရေးအသက်တာနှင့် သက်ဆိုင်သောကိစ္စ၊ ထို့အပြင် ၎င်းတို့၏

အသက်တာများထဲ ကြီးထွားခြင်းနှင့်သက်ဆိုင်သော ကိစ္စဖြစ်သည်။ ဘုရားသခင် မျက်မှောက်တွင် သင့်စိတ်နှလုံးငြိမ်းချမ်းနေမှသာလျှင် သင်၏သမ္မာတရား လိုက်စားမှုနှင့် သင်၏စိတ်သဘောထားတွင်း၌ ပြောင်းလဲမှုများ သီးပွင့်ပေမည်။ သင်သည် ဝန်ထုပ်ကိုထမ်းလျက် ဘုရားသခင်ရှေ့မှောက်ကို ရောက်လာသောကြောင့်နှင့် သင်သည် နည်းလမ်းပေါင်းများစွာဖြင့် ချို့တဲ့နေသည်ဟု အမြဲတစေခံစားရလျက် ရှိသောကြောင့်၊ သင်သိရန်လိုသည့် သမ္မာတရားများစွာနှင့် သင်ကြုံတွေ့ရန်လိုသည့် လက်တွေ့တရား များစွာရှိနေပြီး၊ ဘုရားသခင်၏အလိုတော်ကို အလုံးစုံဂရုပြုရမည်ဟု သင်အမြဲခံစားရ သောကြောင့်- ဤအရာတို့သည် သင့်စိတ်ထဲ အမြဲတစေရှိနေသည်။ ယင်းသည် သင့်ကို အင်အားဖြင့် ဖိထားသကဲ့သို့ဖြစ်ရာ သင်သည် အသက်မရှူနိုင်ဘဲ ဖြစ်ကျန်ရစ်သဖြင့် (သင်သည်အပျက်သဘောဆောင်သည့် အနေအထား၌မရှိလင့်ကစား) သင်သည် စိတ်နှလုံး လေးလံမှုကို ခံစားရသည်အလားဖြစ်သည်။ ထိုသို့သော လူသားများသည်သာ ဘုရားသခင် နှုတ်ကပတ်တော်၏ ဉာဏ်အလင်းပေးမှုကို လက်ခံရန်နှင့် ဘုရားသခင်၏ဝိညာဉ်တော်၏ တို့ထိမှုကိုရရန်၊ သတ်မှတ်ချက်နှင့်ပြည့်မီသည်။ ၎င်းတို့၏ ဝန်ထုပ်ကြောင့်၊ ၎င်းတို့သည် စိတ်နှလုံးလေးလံလျက်ရှိကာ သူတို့ပေးချေခဲ့သည့် အဖိုးအခနှင့် ဘုရားသခင်မျက်မှောက်တွင် သူတို့ခံရသည့် ဒုက္ခကြောင့် သူတို့သည် ကိုယ်တော်၏ အသိဉာဏ်ဖွင့်ခြင်းနှင့် အလင်းပေးခြင်းကို ရရှိသည်ဟု ဆိုနိုင်သည်။ အကြောင်းမူကား ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အထူးအရေးပေးခြင်းမရှိ။ ကိုယ်တော်သည် လူများအပေါ်ဆက်ဆံရာတွင် အမြဲတစေ တရားမျှတသည်။ သို့သော် ကိုယ်တော်သည် လူများအား စိတ်ကူးပေါက်သလို၊ သို့မဟုတ် ခြွင်းချက်မရှိပေးသနားခြင်း မပြုပေ။ ဤသည်မှာ ကိုယ်တော်၏ ဖြောင့်မတ်သော စိတ်သဘောထား၏ လက္ခဏာသွင်ပြင်တစ်ရပ်ဖြစ်သည်။ လက်တွေ့ဘဝတွင် လူများစုသည် ယင်းနယ်ပယ်ကို မရသေးပေ။ အနည်းဆုံးအနေဖြင့် သူတို့၏စိတ်နှလုံးသည် ဘုရားသခင်ကို လုံးလုံးလျားလျား အားမကိုးသေးသဖြင့်၊ သူတို့၏အသက်တာစိတ်သဘောထားတွင် ကြီးမားသော အပြောင်းအလဲ တစ်ခုတလေမျှ ဖြစ်မလာသေးပေ။ ယင်းမှာ သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ထဲ၌သာ နေထိုင်ခြင်းကြောင့်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကိုမရသေးသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ အသုံးပြုခြင်းခံရစေရန် လူတို့ ပြည့်မီရမည့် စံနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်- သူတို့၏ စိတ်နှလုံးသည် ဘုရားသခင်ကို အားကိုးသည်၊ ဘုရားသခင်၏နှုတ်ကပတ်တော်၏ဝန်ကို ထမ်းဆောင်သည်၊ တမ်းတသောစိတ်နှလုံးရှိသည်၊ ထို့အပြင် သမ္မာတရားကို ရှာဖွေရန် သန္နိဋ္ဌာန်ချထားသည်။ ထိုကဲ့သို့သောလူများသာလျှင်

သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကိုရရှိနိုင်ကာ ဉာဏ်ပွင့်ခြင်းနှင့် အလင်းပေးခြင်းကို မကြာခဏရရှိကြသည်။ ဘုရားသခင် အသုံးပြုသော သူများသည် လျော်ကန်စွာ စကားဆိုပြီး၊ ပေါ့ပေါ့ဆဆပြောဆိုခြင်းမပြုသည့်အပြင်၊ ဘုရားသခင် ရှေ့မှောက်တွင် အမြဲတစေ ငြိမ်းချမ်းသော စိတ်နှလုံးထားရှိနိုင်သော်လည်း၊ အပြင်ပန်းတွင် ဆင်ခြင်တုံမရှိသူများ၊ အခြားသူများနှင့် ပုံမှန် ဆက်ဆံရေးမရှိသူများဟု ထင်ရသည်။ သန့်ရှင်းသောဝိညာဉ်တော် အသုံးပြုရန် စံနှုန်းမီသူမှာ ထိုသို့သောလူစားသာလျှင် အတိအကျဖြစ်သည်။ ဘုရားသခင် မြွက်ဟသည့် ယင်း "ဆင်ခြင်တုံမဲ့" သူများသည် အခြားသူများနှင့် ပုံမှန် ဆက်ဆံရေးမရှိဟု ထင်ရပြီး၊ သူတို့သည် အပြင်ပန်းချစ်ခင်မှု သို့မဟုတ် အပြင်ပန်းကျင့်ထုံးများအပေါ် ထိုက်သင့်သလောက် အလေးမထားပေ၊ သို့သော် ဝိညာဉ်ရေးရာနှင့်ပတ်သက်၍ မိတ်သဟာယဖွဲ့ရာတွင် သူတို့သည် သူတို့၏နှလုံးသားကို ဖွင့်နိုင်စွမ်းရှိပြီး ဘုရားသခင် ရှေ့မှောက် တကယ့်အတွေ့အကြုံများမှ ရရှိလာသော အလင်းပေးခံရခြင်းနှင့် အသိဉာဏ်ပွင့်ခြင်းကို သူတစ်ပါးအား ကိုယ်ကျိုးမငဲ့ဘဲ ပံ့ပိုးနိုင်စွမ်းရှိသည်။ ဤသည်မှာ ဘုရားသခင်ကို သူတို့ချစ်ကြောင်းဖော်ပြပုံဖြစ်ပြီး ဘုရားသခင်၏အလိုတော်ကို ဖြည့်ဆည်းပုံဖြစ်သည်။ အခြားသူများအားလုံးက သူတို့အား ကဲ့ရဲ့လှောင်ပြောင်နေကြစဉ်တွင် သူတို့သည် ပြင်ပမှလူများ၊ အကြောင်းကိစ္စများ၊ သို့မဟုတ် အမှုအရာတို့၏ ထိန်းချုပ်မှုကို ရှောင်ရှားနိုင်ကြကာ ဘုရားသခင်ရှေ့မှောက်တွင် ငြိမ်သက်နိုင်ဆဲရှိကြသည်။ ထိုသို့သော လူတွင် ထူးခြားသော ကိုယ်ပိုင်ထိုးထွင်းသိမြင်မှု ရှိနေသည်ဟု ထင်မှတ်ရသည်။ အခြားသူများက မည်သည့်အရာပြုသည်ဖြစ်စေ၊ သူတို့၏စိတ်နှလုံးသည် ဘုရားသခင်ထံမှ ဘယ်သောခါမျှ ခွဲခွာမသွားပေ။ အခြားသူများ ပျော်ရွှင်စွာနှင့် ရယ်မောဖွယ်ကောင်းစွာ စကားလက်ဆုံကျနေစဉ်၊ သူတို့၏စိတ်နှလုံးသည် ဘုရားသခင်ရှေ့တွင် ရှိမြဲရှိနေကာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စဉ်းစားဆင်ခြင် နေကြသည်၊ သို့မဟုတ် နှလုံးသားတွင်းမှ ဘုရားသခင်ထံ အသံတိတ် ဆုတောင်းကာ ဘုရားသခင်၏ရည်ရွယ်ချက်များကို ရှာဖွေနေကြသည်။ ထိုသူတို့သည် အခြားသူများနှင့် ပုံမှန်ဆက်ဆံရေး ထိန်းသိမ်းထားခြင်းကို မည်သည့်အခါကမျှ အရေးမထား။ ထိုကဲ့သို့သောသူသည် အသက်ရှင်ရေးအတွက် သဘောတရားခံယူချက်မရှိဟု ထင်ရသည်။ အပြင်ပန်းတွင် ထိုသူသည် ရွှင်ရွှင်ပျပျနှင့် ချစ်ဖွယ်ဖြစ်သည်။ ဖြူစင်သည်။ သို့သော် စိတ်အေးချမ်းမှုကိုလည်း ပိုင်ဆိုင်ထားသည်။ ဤသည်မှာ ဘုရားသခင် အသုံးပြုသောလူစား၏ ပုံစံပင်တည်း။ အသက်ရှင်ရေးအတွက် သဘောတရား ခံယူချက်ကဲ့သို့သော အရာများ၊ သို့မဟုတ် "သာမန်အကြောင်းရင်း" သည် ထိုလူစားမျိုးအတွက် လုံးဝအလုပ်မဖြစ်ပေ။ ယင်းသည် စိတ်နှလုံးတစ်ခုလုံးကို ဘုရားသခင်၏

နှုတ်ကပတ်တော်၌ မြှုပ်နှံထားသော လူစားမျိုး ဖြစ်ပြီး သူတို့၏စိတ်နှလုံးတွင် ဘုရားသခင်သာ ရှိပုံရသည်။ ယင်းမှာ "အကြောင်းမဲ့သော" သူဟု ဘုရားသခင် ရည်ညွှန်းသော လူစားဖြစ်ပြီး ဤလူစားမှာ ဘုရားသခင် အသုံးပြုသည့် လူစား အတိအကျဖြစ်၏။ ဘုရားသခင် အသုံးပြုနေသောသူ၏ အမှတ်အသားမှာ- မည်သည့်အချိန် မည်သည့်နေရာတွင်မဆို သူတို့၏စိတ်နှလုံးသည် ဘုရားသခင်ရှေ့တွင် အစဉ်ရှိသည်၊ ထို့အပြင် အခြားလူများ မည်မျှပင် အကျင့်ပျက်သည်ဖြစ်စေ၊ သူတို့၏ ရာဂနှင့်ဇာတိကို မည်မျှပင် အလိုလိုက်ကြသည်ဖြစ်စေ၊ ထိုလူ၏စိတ်နှလုံးကမူ ဘုရားသခင်ထံမှမခွဲခွာ၊ ထိုလူတို့သည် လူအများ၏ နောက်ကိုမလိုက်ပေ။ ထိုလူစားသည်သာ ဘုရားသခင်၏အသုံးပြုမှုအတွက် သင့်တော်သည်။ ထိုလူစားသည်သာ သန့်ရှင်းသောဝိညာဉ်တော်၏ စုံလင်စေခြင်းကိုခံရသည်။ အကယ်၍ သင်သည် ဤအရာများကို မရယူနိုင်ပါက ဘုရားသခင်၏ ရယူခြင်းကိုခံရရန်၊ သန့်ရှင်းသောဝိညာဉ်တော်၏ စုံလင်စေခြင်းကိုခံရရန် သင်သည် အရည်အချင်း မပြည့်မီပေ။

အကယ်၍ သင်သည် ဘုရားသခင်နှင့် ပုံမှန် ဆက်ဆံရေးရှိလိုပါက သင်၏စိတ်နှလုံးသည် ဘုရားသခင်ထံ လှည့်ရမည်။ ယင်းကို အခြေခံအုတ်မြစ်အဖြစ်ထား၍၊ သင်သည် အခြားသူများနှင့်လည်း ပုံမှန် ဆက်ဆံရေးရှိလိမ့်မည်။ သင့်တွင် ဘုရားသခင်နှင့် ပုံမှန် ဆက်ဆံရေးမရှိပါက၊ အခြားသူများနှင့် ဆက်ဆံရေးကို သင်မည်မျှပင် ထိန်းသိမ်းစေကာမူ၊ သင်သည် မည်မျှပင် အလုပ်ကြိုးစားစေကာမူ၊ သင်သည် မည်မျှပင် အားထုတ်စေကာမူ၊ အားလုံးသည် အသက်ရှင်ရေးအတွက် လူသား၏ သဘောတရား ခံယူချက်နှင့်သာ ပတ်သက်ပေမည်။ လူများက သင့်ကို ချီးမွမ်းကြရန် သင်သည် လူ့အမြင်နှင့် လူ့သဘောတရားခံယူချက်တို့အားဖြင့် လူသားများအလယ်တွင် သင်၏အနေအထားကို ထိန်းသိမ်းနေသည်၊ သို့သော် လူများနှင့် ပုံမှန်ဆက်ဆံရေးများကို ထူထောင်ရန် သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လိုက်နာခြင်း မရှိပေ။ အကယ်၍ သင်သည် အခြားလူများနှင့် ပုံမှန် ဆက်ဆံရေးကို အာရုံမစိုက်ဘဲ ဘုရားသခင်နှင့် ပုံမှန် ဆက်ဆံရေးကိုသာ ထိန်းသိမ်းလျှင်၊ အကယ်၍ သင်သည် သင့်စိတ်နှလုံးကို ဘုရားသခင်အား ပေးအပ်ပြီး ကိုယ်တော်ကို နာခံရန်လိုလားလျှင်၊ အခြားသူများအားလုံးနှင့် သင်၏ ဆက်ဆံရေးသည် အလိုအလျောက် လျော်ကန်လာပေမည်။ ဤနည်းအားဖြင့် ထိုဆက်ဆံရေးများကို ဇာတိထဲ၌ မဟုတ်ဘဲ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအုတ်မြစ်ပေါ်တွင် တည်ထောင်ထားပေသည်။ ဇာတိကူးလူးဆက်ဆံမှု လုံးဝနီးပါးမရှိသော်လည်း စိတ်ဝိညာဉ်၌ မိတ်သဟာယဖွဲ့မှု၊ အပြန်အလှန်မေတ္တာ၊ အပြန်အလှန်နှစ်သိမ့်မှုနှင့် အချင်းချင်း ထောက်ပံ့ပေးမှုတို့ ရှိသည်။ ၎င်းတို့အလုံးစုံကို ဘုရားသခင်ကို ကျေနပ်စေသောစိတ်နှလုံးကို အခြေခံ၍

လုပ်ဆောင်ခြင်းဖြစ်၏။ ယင်းဆက်ဆံရေးများကို လူသား၏ အသက်ရှင်ရေးအတွက် သဘောတရားခံယူချက်ပေါ်တွင် အားထားခြင်းဖြင့် ထိန်းသိမ်းထားသည် မဟုတ်ဘဲ၊ ၎င်းတို့သည် ဘုရားသခင်အတွက် ဝန်ကိုထမ်းရင်း အလွန်သဘာဝကျစွာ ဖြစ်ထွန်းလာခြင်းဖြစ်သည်။ ၎င်းသည် လူလုပ်အားထုတ်မှုများ မလိုအပ်ပေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ အခြေခံစည်းမျဉ်းများနှင့်အညီ လက်တွေ့လုပ်ဆောင်ရန်သာ လိုအပ်သည်။ သင်သည် ဘုရားသခင်၏အလိုတော်ကို အရေးထားရန် လိုလိုလားလားရှိသလော။ ဘုရားသခင် ရှေ့မှောက်တွင် "အကြောင်းမဲ့သောသူ" ဖြစ်ရန် သင်လိုလိုလားလားရှိသလော။ သင့်စိတ်နှလုံးကို ဘုရားသခင်အား အကြွင်းမဲ့ပေးကာ လူများအလယ်တွင် သင့်အနေအထားကို ဥပေက္ခာပြုရန် သင်လိုလိုလားလား ရှိသလော။ သင်နှင့် အဆက်အသွယ်ရှိသူအားလုံးထဲတွင် သင်သည် မည်သူနှင့် အကောင်းဆုံး ဆက်ဆံရေးရှိသနည်း။ မည်သူနှင့် အဆိုးရွားဆုံး ဆက်ဆံရေး ရှိသနည်း။ လူတို့နှင့် သင်၏ဆက်ဆံရေးများသည် ပုံမှန်ဖြစ်သလော။ သင်သည် လူအားလုံးကို တန်းတူညီမျှ ဆက်ဆံသလော။ သင်၏ဆက်ဆံရေးအားလုံးကို သင်၏အသက်ရှင်ရေးအတွက် သဘောတရားခံယူချက်နှင့်အညီ ထိန်းသိမ်းထားသလော၊ သို့မဟုတ် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အုတ်မြစ်ပေါ်တွင် တည်ဆောက်ထားသလော။ လူတစ်ဦးသည် သူ၏စိတ်နှလုံးကို ဘုရားသခင်အား မပေးပါက သူ၏ဝိညာဉ်သည် ထုံသွားသည်၊ ထုံသွားပြီး သတိမဲ့သွားသည်။ ထိုလူစားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဘယ်သောခါမျှ နားလည်မည် မဟုတ်သကဲ့သို့ ဘုရားသခင်နှင့်ပုံမှန် ဆက်ဆံရေးကို ဘယ်သောခါမျှ ရမည်မဟုတ်ပေ။ ထိုလူစား၏ စိတ်သဘောထားသည် ဘယ်သောခါမျှ ပြောင်းလဲမည်မဟုတ်ပေ။ လူတစ်ဦး၏ စိတ်သဘောထား ပြောင်းလဲခြင်းဟူသည် ဘုရားသခင်အား သူ၏စိတ်နှလုံးကို အကြွင်းမဲ့ပေးခြင်းနှင့် ဘုရားသခင်နှုတ်ကပတ်တော်မှ ဉာဏ်ပွင့်မှုနှင့် အလင်းပေးမှုကို ရရှိခြင်း ဖြစ်စဉ်ပေတည်း။ ဘုရားသခင်၏ အလုပ်သည် လူတစ်ဦးအား တက်ကြွစွာ ဝင်ရောက်လာစေနိုင်သကဲ့သို့ အပျက်သဘောဆောင်သော ကဏ္ဍများအကြောင်း သိရှိလာပြီးနောက် ၎င်းတို့ကို ထုတ်ပယ်နိုင်စွမ်း ရှိစေသည်။ ဘုရားသခင်ထံ သင့်စိတ်နှလုံးကို ပေးသော အဆင့်ကို သင်ရောက်လာချိန်တွင် သင့်ဝိညာဉ်အတွင်းမှ သိမ်မွေ့သော ရွေ့လျားမှုတိုင်းကို သင်သတိမူနိုင်စွမ်း ရှိလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ထံမှ လက်ခံရရှိသော ဉာဏ်ပွင့်မှုတိုင်းနှင့် အလင်းရမှုတိုင်းကို သင်သိလိမ့်မည်။ ဤအရာကို ထိန်းထားလော့၊ သို့ဖြစ်လျှင် သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ စုံလင်စေခြင်းကို ခံရသောလမ်းကြောင်းအတွင်း တဖြည်းဖြည်း ဝင်ရောက်လိမ့်မည်။

ဘုရားသခင်ရှေ့မှောက်တွင် သင့်စိတ်နှလုံး ငြိမ်သက်နိုင်လေလေ၊ သင့်ဝိညာဉ်သည် သိမ်မွေ့လာလေလေနှင့် ပိုနူးညံ့လာလေဖြစ်မည်၊ ပြီးလျှင် သင့်ဝိညာဉ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိမှုကို သတိမူနိုင်စွမ်း ရှိလာလေလေဖြစ်ပြီး၊ ထိုအခါ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးသည် ပို၍ပို၍ ပုံမှန် ဖြစ်လာလေလေ ဖြစ်မည်။ လူအချင်းချင်း ပုံမှန်ဆက်ဆံရေးကို ထူထောင်ရာတွင် လူသား၏အားထုတ်မှုမှ မဟုတ်ဘဲ စိတ်နှလုံးကို ဘုရားသခင်အား ပေးခြင်းဟူသည့် အုတ်မြစ်ပေါ်တွင် ထူထောင်ထားသည်။ ၎င်းတို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်မရှိပါက လူလူချင်း ဆက်ဆံရေးများသည် ဇာတိ၏ဆက်ဆံရေးများမျှသာ ဖြစ်သည်။ ယင်းဆက်ဆံရေးများသည် ပုံမှန်မဟုတ်ဘဲ၊ ရာဂနောက် စိတ်လွတ်လက်လွတ် လိုက်ပါသွားခြင်းဖြစ်သည်။ ဘုရားသခင် မုန်းတီးသော၊ ကိုယ်တော်စက်ဆုပ်သော ဆက်ဆံရေးများဖြစ်သည်။ သင့်ဝိညာဉ်တို့ထိခံရသည်ဟု သင်ပြောသော်လည်း၊ သင်သည် သင်နှစ်သက်သူ၊ သင်အထင်ကြီးသူ မည်သူမဆိုနှင့် အမြဲတစေ မိတ်သဟာယဖွဲ့လိုပြီး၊ အခြားသူတစ်ဦးက ရှာဖွေနေသော်လည်း၊ သင်က ထိုသူကိုမနှစ်သက်ဘဲ၊ သင်သည် ထိုသူအပေါ် အမြင်ပင်စောင်းကာ၊ ၎င်းနှင့်မဆက်ဆံပါက၊ ယင်းအချက်က သင်သည် ခံစားချက်များ၏ သက်ရောက်မှုရှိပြီး ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေး အလျင်းမရှိကြောင်း နောက်ထပ် သက်သေပင်ဖြစ်၏။ သင်သည် ဘုရားသခင်ကို လှည့်စားရန်နှင့် သင်ကိုယ်တိုင်၏ အကျည်းတန်မှုကို ဖုံးအုပ်ရန် ကြိုးစားနေသည်။ သင်သည် သိနားလည်မှုအချို့ကို ဝေမျှနိုင်သော်လည်း မှားယွင်းသော ရည်ရွယ်ချက်များကို ထားရှိပါက၊ သင်လုပ်သမျှ အရာရာတိုင်းသည် လူ့စံနှုန်းများအရသာ ကောင်းမွန်နေသည်။ ဘုရားသခင်က သင့်ကို ချီးမွမ်းမည် မဟုတ်ပေ။ သင်သည် ဘုရားသခင်၏ ဝန်နှင့်အညီမဟုတ်ဘဲ ဇာတိနှင့်အညီသာ ပြုမူနေသည်။ အကယ်၍ သင်သည် ဘုရားသခင်ရှေ့တွင် သင့်စိတ်နှလုံးကို ငြိမ်သက်အောင်ပြုနိုင်လျှင်၊ ဘုရားသခင်ကို ချစ်သောသူအားလုံးနှင့် ပုံမှန်ဆက်ဆံရေး ရှိမည်ဆိုလျှင်၊ ထိုအခါမှသာ သင်သည် ဘုရားသခင်၏ အသုံးပြုမှုအတွက် သင့်တော်ပေသည်။ ဤနည်းအားဖြင့် သင်သည် အခြားသူများနှင့် မည်သို့ပင် ပေါင်းသင်းသည်ဖြစ်စေ၊ အသက်ရှင်ရေးအတွက် သဘောတရားခံယူချက်နှင့်အညီ မဟုတ်ဘဲ ဘုရားသခင်ရှေ့တွင် ကိုယ်တော်၏ဝန်ကို အရေးထားသော နေထိုင်နည်းဖြင့် အသက်ရှင်ခြင်း ဖြစ်လိမ့်မည်။ သင်တို့ထဲတွင် ထိုသို့သောလူ ဘယ်နှစ်ဦးရှိသနည်း။ အခြားသူများနှင့်သင်၏ ဆက်ဆံရေးများသည် အမှန်တကယ် လျော်ကန်သလော။ ၎င်းတို့ကို မည်သည့်အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ထားသနည်း။ သင့်ထဲ၌ အသက်ရှင်ရေးအတွက် သဘောတရားခံယူချက်များ မည်မျှရှိသနည်း။ ၎င်းတို့ကို

စွန့်ပယ်ပြီးပြီလော။ သင်၏ စိတ်နှလုံးသည် ဘုရားသခင်ကို လုံးလုံးလျားလျား အားမကိုးနိုင်လျှင် သင်သည် ဘုရားသခင်နှင့်မသက်ဆိုင်ပေ၊ သင်သည် စာတန်ထံမှလာပြီး၊ အဆုံးတွင် သင့်ကို စာတန်ထံပြန်ပို့လိမ့်မည်။ သင်သည် ဘုရားသခင်၏ လူထဲမှ တစ်ဦးဖြစ်ရန် မထိုက်တန်ပေ။ ဤအရာအားလုံးသည် သင်၏ အသေအချာ စဉ်းစားသုံးသပ်မှု လိုအပ်သည်။

## ပုံမှန်ဝိညာဉ်ရေးရာအသက်တာသည် လူတို့ကိုလမ်းကြောင်းမှန်ပေါ်သို့ ပို့ဆောင်ပေး၏

သင်သည် ဘုရားသခင်၌ ယုံကြည်သူတစ်ဦးနှင့်ဆိုင်သည့် လမ်းကြောင်း၏ အလွန်သေးငယ်သည့် အစိတ်အပိုင်း တစ်ခုကိုသာ လျှောက်လှမ်းပြီးဖြစ်ကာ လမ်းမှန်ပေါ်သို့ မဝင်ရောက်ရသေးသောကြောင့် ဘုရားသခင်၏ စံနှုန်းမီဖို့ သင် အလှမ်းဝေးနေသေး၏။ ယခု၊ သင်၏ ဝိညာဉ်အသက်တာသည် ဘုရားသခင်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် မလုံလောက်ပေ။ သင်တို့၏ အရည်အချင်းနှင့် ဖောက်ပြန်ပျက်စီးသော သင်တို့၏ သဘာဝကြောင့်၊ သင်တို့သည် ဘုရားသခင်၏အမှုကို အမြဲ ဂရုမစိုက်ပေ။ ၎င်းကို အလေးအနက် သဘောမထားကြပေ။ ဤသည်မှာ သင်တို့၏ စိုးရိမ်ဖွယ်အကောင်းဆုံးသော အားနည်းချက် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော် လျှောက်လှမ်းသည့် လမ်းကြောင်းကို သေချာအောင်လေ့လာစိစစ်နိုင်သူ မည်သူမျှ မရှိသည်ကား သေချာပေ၏။ သင်တို့ အများစုက ထိုအရာကို နားမလည်ကြသကဲ့သို့ ရှင်းရှင်းလင်းလင်း မမြင်နိုင်ကြ။ ထို့အပြင် သင်တို့အများစုသည် ဤကိစ္စကို အလေးအနက်ထားဖို့ မပြောနှင့်၊ အာရုံပင် မစိုက်ကြချေ။ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို လျစ်လျူရှုခြင်းဖြင့် အသက်ရှင်ရင်း ဤသို့ ဆက်သွားပါက၊ ဘုရားသခင်၌ ယုံကြည်သူတစ်ဦးအနေဖြင့် သင်လျှောက်လှမ်းသော လမ်းကြောင်းသည် အချည်းနှီးဖြစ်လိမ့်မည်။ ဤသည်မှာ သင်သည် ဘုရားသခင်၏အလိုတော်ကို ဖြည့်ဆည်းရန် ကြိုးပမ်းဖို့ သင်၏အစွမ်းရှိသမျှဖြင့် အရာရာကို မလုပ်ဆောင်သောကြောင့် ဖြစ်ပြီး၊ ဘုရားသခင်နှင့် ကောင်းမွန်စွာ ပူးပေါင်း ဆောင်ရွက်ခြင်း မရှိသောကြောင့် ဖြစ်၏။ ယင်းမှာ ဘုရားသခင်သည် သင့်အပေါ် အလုပ်မလုပ်သေးခြင်း သို့မဟုတ် ဝိညာဉ်တော်က သင့်ကို မတို့ထိသေးခြင်း မဟုတ်ပေ။ သင်သည် အမှုမဲ့အမှတ်မဲ့ ဖြစ်လွန်းသဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို အလေးအနက်မထားခြင်း ဖြစ်သည်။ သင့်အနေဖြင့် ဤအခြေအနေကို ချက်ချင်း ပြောင်းပြန်လှန်ပစ်ရမည် ဖြစ်ပြီး

သန့်ရှင်းသောဝိညာဉ်တော်က လူတို့ကို ဦးဆောင်သည့် လမ်းကြောင်းကို လျှောက်လှမ်းရမည်။ ဤသည်မှာ ယနေ့အတွက် အဓိကအကြောင်းအရာ ဖြစ်သည်။ "သန့်ရှင်းသော ဝိညာဉ်တော် ဦးဆောင်သည့် လမ်းကြောင်း" မှာ စိတ်ဝိညာဉ်၌ ဉာဏ်အလင်းရခြင်း၊ ဘုရားနှုတ်ကပတ်တော်နှင့်ဆိုင်သော အသိပညာရှိခြင်း၊ ရှေ့က လမ်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားမှု ရရှိခြင်း၊ သမ္မာတရားထဲသို့ တစ်လှမ်းချင်း ဝင်ရောက်နိုင်ခြင်းနှင့် ဘုရားသခင်ကို သာ၍ သိကျွမ်းလာခြင်းကို ရည်ညွှန်း၏။ လူတို့ကို သန့်ရှင်းသောဝိညာဉ်တော် ဦးဆောင်သည့် လမ်းကြောင်းမှာ အဓိကအားဖြင့် သွေဖည်ခြင်းများနှင့် အယူအဆလွဲမှားမှုများ ကင်းလျက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သာ၍ရှင်းလင်းသော သိနားလည်ခြင်းဆီသို့ သွားသည့် လမ်းကြောင်းတစ်ခုဖြစ်ပြီး ထိုလမ်းကြောင်းကို လျှောက်လှမ်းသူတို့သည် ရှေ့ဆက်၍ ဖြောင့်ဖြောင့် လျှောက်လှမ်းကြ၏။ ဤအရာကို ရရှိဖို့ရန်အလို့ငှာ၊ သင်တို့သည် ဘုရားသခင်နှင့် စိတ်သဘောညီညွတ်လျက် လုပ်ဆောင်ဖို့ လက်တွေ့လုပ်ဆောင်ရမည့် မှန်ကန်သော လမ်းကြောင်း ရှာတွေ့ဖို့နှင့် သန့်ရှင်းသော ဝိညာဉ်တော် ဦးဆောင်သည့် လမ်းကြောင်းကို လျှောက်လှမ်းရန် လိုအပ်လိမ့်မည်။ ဤသည်မှာ လူသားဘက်မှ ပူပေါင်းလုပ်ဆောင်ခြင်း ပါဝင်လေသည်။ ဆိုလိုသည်မှာ သင့်အပေါ် ဘုရားသခင်၏ သတ်မှတ်ချက်များကို သင် ဖြည့်ဆည်းရန် လုပ်ဆောင်ရမည့်အရာနှင့် ဘုရားသခင်၌ ယုံကြည်မှု၏ လမ်းကြောင်းမှန်ပေါ်သို့ ဝင်ရောက်ရန် သင် ပြုမူရမည့်ပုံ ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော် ဦးဆောင်သည့် လမ်းကြောင်းပေါ် ခြေလှမ်းခြင်းသည် ခက်ခဲရှုပ်ထွေးသည့်ပုံ ပေါ်ကောင်းပေါ် နိုင်သော်လည်း၊ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းက သင့်အဖို့ ရှင်းလင်းသွားချိန်တွင် ထိုလမ်းကြောင်းက များစွာ သာ၍ ရိုးရှင်းသည်ကို သင် တွေ့ရလိမ့်မည်။ အမှန်မှာ လူတို့သည် ၎င်းတို့အပေါ် ဘုရားသခင် တောင်းဆိုသည့် အရာများအားလုံးကို စွမ်းဆောင်နိုင်ကြ၏- ယင်းမှာ သူသည် ဝက်ကို ပျံသန်းရန် သင်ပေးဖို့ ကြိုးစားနေခြင်း မဟုတ်ပေ။ အခြေအနေအားလုံးတွင်၊ ဘုရားသခင်သည် လူတို့၏ပြဿနာများကို ဖြေရှင်းဖို့နှင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကျေအေးစေရန် ကြိုးစားလေသည်။ ဤအရာကို သင်တို့အားလုံး နားလည်ရမည်။ ဘုရားသခင်ကို နားလည်မှုမလွဲနှင့်။ လူတို့သည် သန့်ရှင်းသောဝိညာဉ်တော် လျှောက်လှမ်းသည့် လမ်းကြောင်းတစ်လျှောက် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း လမ်းပြခံရကြ၏။ ယခင်က ဆိုခဲ့သည့်အတိုင်း၊ သင်တို့သည် ဘုရားသခင်အား သင်တို့၏ စိတ်နှလုံးကို ပေးအပ်ရမည်။ ဤသည်မှာ သန့်ရှင်းသောဝိညာဉ်တော် ဦးဆောင်သည့် လမ်းကြောင်းကို လျှောက်လှမ်းခြင်းအတွက် မရှိမဖြစ်ရှိထားရမည့် လိုအပ်ချက်တစ်ခု ဖြစ်၏။ လမ်းမှန်ပေါ်

ဝင်ရောက်ဖို့အလို့ငှာ ဤအရာကို သင်တို့ လုပ်ဆောင်ရမည်။ လူတစ်ဦးသည် ဘုရားသခင်ထံ မိမိစိတ်နှလုံးကို ပေးအပ်ခြင်း အလုပ်အား မည်သို့ သတိရှိရှိ လုပ်ဆောင်သနည်း။ သင်တို့၏ နေ့စဉ် အသက်တာများတွင်၊ ဘုရားသခင်၏အမှုကို သင်တို့ တွေ့ကြုံခံစားရပြီး သူ့ထံ ဆုတောင်းသည့်အခါ၊ သင်တို့သည် သတိမမှုဘဲ လုပ်ဆောင်ကြ၏- သင်တို့သည် အလုပ်လုပ်စဉ် ဘုရားသခင်ထံ ဆုတောင်းကြသည်။ ဤအရာကို ဘုရားသခင်ထံ သင်၏ စိတ်နှလုံးပေးအပ်ခြင်းဟု ခေါ်ဆိုနိုင်သလော။ သင်တို့သည် အိမ်မှုကိစ္စများ သို့မဟုတ် ဇာတိပကတိ အရေးကိစ္စများအကြောင်းကို စဉ်းစားနေကြ၏။ သင်တို့သည် အစဉ်အမြဲ စိတ်နှခွဖြစ်နေကြသည်။ ဤအရာကို ဘုရားသခင်မျက်မှောက်၌ သင်၏ စိတ်နှလုံးကို ငြိမ်သက်စေခြင်းဟု ယူဆ၍ရနိုင်သလော။ ဤသည်မှာ သင်၏ စိတ်နှလုံးက အပြင်ပန်း အရေးကိစ္စများအပေါ် အမြဲ အစွဲအလမ်းကြီးခြင်းကြောင့်ဖြစ်ပြီး၊ ဘုရားသခင်ရှေ့မှောက်သို့ ပြန်မလာနိုင်သောကြောင့် ဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ရှေ့မှောက်တွင် အမှန်တကယ် ငြိမ်သက်စေမည်ဆိုပါက၊ သတိရှိလျက် ပူးပေါင်းလုပ်ဆောင်ခြင်းအလုပ်ကို သင် လုပ်ဆောင်ရမည်။ ဆိုလိုသည်မှာ သင်တို့ အယောက်တိုင်းသည် လူများ၊ အဖြစ်အပျက်များနှင့် အမှုအရာများကို ဘေးဖယ် ထားသည့်အချိန်၊ သင်၏ ကိုးကွယ်ဆက်ကပ်ခြင်းများအတွက် အချိန်တစ်ခု ရှိရမည်- သင်၏ စိတ်နှလုံးကို ဘုရားသခင်၏ ရှေ့မှောက်တွင် အေးငြိမ်းစေပြီး မိမိကိုယ်ကိုယ် တည်ငြိမ် စေရမည်။ အယောက်တိုင်းသည် ဘုရားနှုတ်ကပတ်တော်နှင့်ဆိုင်သော ၎င်းတို့၏ အသိပညာနှင့် ၎င်းတို့၏ စိတ်ဝိညာဉ် တို့ထိခံရပုံတို့သည် နက်နဲသည်ဖြစ်စေ အပေါ်ယံမျှဖြစ်စေ ၎င်းတို့ကို ရေးမှတ်ထားလျက် တစ်ဦးချင်းစီ၏ ကိုးကွယ် ဆည်းကပ်မှုဆိုင်ရာ မှတ်စုများ ထားရမည်။ အယောက်တိုင်း ၎င်းတို့၏ စိတ်နှလုံးကို ဘုရားသခင်၏ ရှေ့မှောက်တွင် သတိရှိရှိ ငြိမ်သက်စေရမည်။ သင်သည် စစ်မှန်သော ဝိညာဉ်ရေးရာ အသက်တာအဖို့ တစ်နေ့ကို တစ်နာရီ သို့မဟုတ် နှစ်နာရီ ဆက်ကပ်နိုင်ပါက၊ ထိုနေ့ သင်၏ အသက်တာသည် ကြွယ်ဝလိမ့်မည်ဖြစ်ပြီး သင်၏စိတ်နှလုံးသည် ရှင်ပျကာ ကြည်လင်ပေလိမ့်မည်။ ဤသို့သော ဝိညာဉ်ရေးရာ အသက်တာမျိုးကို သင် နေ့စဉ် နေထိုင်ပါက၊ သင်၏စိတ်နှလုံးသည် ဘုရားသခင်၏ ပိုင်ဆိုင်သည့်အရာအဖြစ်သို့ သာ၍ ပြောင်းလဲနိုင်လိမ့်မည်၊ သင်၏ဝိညာဉ်သည် သာ၍ အားကောင်းသထက် အားကောင်းလာလိမ့်မည်၊ သင်၏ အခြေအနေသည် စဉ်ဆက်မပြတ် တိုးတက်လိမ့်မည်၊ သန့်ရှင်းသောဝိညာဉ်တော် ဦးဆောင်သောလမ်းကြောင်းကို သင်သည် သာ၍ လျှောက်လှမ်းနိုင်စွမ်း ရှိလာလိမ့်မည်ဖြစ်ပြီး သင့်အပေါ်သို့ ကောင်းချီးမင်္ဂလာများကို ဘုရားသခင်က တိုး၍အပ်နှင်းလိမ့်မည် ဖြစ်သည်။ သင်၏ ဝိညာဉ်ရေးရာ အသက်တာ၏

ရည်ရွယ်ချက်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်ကို သတိရှိရှိ ရရှိဖို့ ဖြစ်သည်။ ယင်းမှာ စည်းမျဉ်းများကို လိုက်နာဖို့ သို့မဟုတ် ဘာသာရေး ထုံးတမ်းဓလေ့များကို လုပ်ဆောင်ဖို့မဟုတ်ဘဲ၊ ဘုရားသခင်နှင့် အမှန်တကယ် အတူပူးပေါင်းလုပ်ဆောင်ဖို့၊ သင်၏ကိုယ်ခန္ဓာကို ထိန်းသိမ်းကြပ်မတ်ဖို့ ဖြစ်သည်။ ဤသည်မှာ လူသား လုပ်ဆောင်သင့်သည့် အရာဖြစ်၏၊ ထို့ကြောင့် ဤအရာကို အစွမ်းကုန် အားထုတ်ကာ သင်တို့ လုပ်ဆောင်သင့်သည်။ သင်၏ ပူးပေါင်းလုပ်ဆောင်မှု ကောင်းလေလေဖြစ်ပြီး အားထုတ်မှုကို သင် ဆက်ကပ်လေလေ၊ သင်၏စိတ်နှလုံးသည် ဘုရားထံသို့ ပြန်လာနိုင်လေလေ ဖြစ်ပြီး၊ ဘုရားသခင်၏ ရှေ့မှောက်တွင် သင်၏စိတ်နှလုံးကို သာ၍ကောင်းမွန်စွာ ငြိမ်သက်စေနိုင်လေလေ ဖြစ်သည်။ တစ်ချိန်ချိန်တွင်၊ ဘုရားသခင်သည် သင့်စိတ်နှလုံးကို လုံးလုံးလျားလျား ရယူလိမ့်မည်။ သင်၏စိတ်နှလုံးကို မည်သူမျှ တိမ်းညွတ်စေနိုင်မည် မဟုတ်၊ သို့မဟုတ် ဆွဲဆောင်နိုင်လိမ့်မည် မဟုတ်ဘဲ၊ သင်သည် ဘုရားသခင်နှင့် လုံးဝ သက်ဆိုင်လိမ့်မည်။ ဤလမ်းကြောင်းကို သင်လျှောက်လှမ်းပါက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မိမိဘာသာ သင့်ထံ တစ်ချိန်လုံး ထုတ်ဖော်ပြလိမ့်မည်ဖြစ်ပြီး၊ သင် နားမလည်သော အရာအားလုံးနှင့် ပတ်သက်၍ သင့်ကို အသိဉာဏ်ပွင့်လင်းစေလိမ့်မည်- ဤအရာအားလုံးကို သင်၏ ပူးပေါင်းလုပ်ဆောင်ခြင်းမှတစ်ဆင့် ရရှိနိုင်ပေသည်။ ထို့ကြောင့် ဘုရားသခင်က၊ "ငါနှင့်အတူ ပူးပေါင်းလုပ်ဆောင်သော သူအားလုံး၊ ငါသည် ဆုလာဘ် နှစ်ဆပေးမည်" ဟု အမြဲ ဆိုရခြင်း ဖြစ်သည်။ ဤလမ်းကြောင်းကို သင် ရှင်းရှင်းလင်းလင်း မြင်ရမည်။ အကယ်၍ သင်သည် လမ်းကြောင်းမှန်ကို လျှောက်လှမ်းရန် ဆန္ဒရှိပါက၊ ဘုရားသခင်ကို စိတ်ကျေနပ်စေဖို့ သင်လုပ်နိုင်သမျှ လုပ်ဆောင်ရမည်။ ဝိညာဉ်ရေးရာ အသက်တာတစ်ခု ရရှိနိုင်ဖို့ သင်သည် လုပ်နိုင်သမျှ လုပ်ဆောင်ရမည်။ အစတွင် သင်သည် ဤလိုက်စားမှုတွင် ကြီးမားသော ရလဒ်များ မရဘဲ ရှိကောင်း ရှိနိုင်သော်လည်း၊ သင်သည် မိမိကိုယ်ကိုယ် ဆုတ်ယုတ်ခွင့် ပြုရမည်မဟုတ်၊ သို့မဟုတ် အပျက်သဘောဆောင်ခြင်း၌ သာယာခွင့်ပြုရမည်မဟုတ်- သင်သည် ဆက်လက်၍ ကြိုးစားလုပ်ဆောင်ရမည်။ ဝိညာဉ်ရေးရာ အသက်တာ၌ သင် အသက်ရှင်လေလေ၊ သင်၏ စိတ်နှလုံးသည် ဤကိစ္စများကို အမြဲစိတ်ဝင်စားရင်း၊ ဤဝန်ထုပ်ကို အမြဲသယ်ဆောင်လျက်၊ ဘုရားနှုတ်ကပတ်တော်များ၏ နေရာယူခြင်း ခံရလေလေ ဖြစ်သည်။ ထို့နောက်တွင်၊ သင်၏ အတွင်းကျဆုံးသော အမှန်တရားကို သင်၏ ဝိညာဉ်ရေးရာ အသက်တာမှတစ်ဆင့် ဘုရားသခင်ထံ ထုတ်ဖော်ပြလော့။ သင် လုပ်ဆောင်ရန် လိုလားနေသောအရာ၊ သင်စဉ်းစားနေသည့်အရာ၊ သူ၏ နှုတ်ကပတ်တော်နှင့်ဆိုင်သော သင်၏ သိနားလည်မှုနှင့် အမြင်တို့ကို သူ့အား

ပြောပြလော့။ မည်သည့်အရာကိုမျှ နည်းနည်းလေးမျှပင် ချုပ်တည်းမထားနှင့်။ သင်၏ စိတ်နှလုံးအတွင်းရှိ စကားများကို ပြောဆိုခြင်းနှင့် ဘုရားသခင်ထံ သင်၏ စစ်မှန်သော ခံစားချက်များကို ထုတ်ဖော်ပြခြင်းအား လက်တွေ့လုပ်ဆောင်လော့။ သင်၏ စိတ်နှလုံးထဲတွင် ရှိပါက၊ ပြောသာပြောလော့။ ဤသို့ သင် ပြောဆိုလေလေ၊ ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်းကို သင် ခံစားရလေလေ ဖြစ်ပြီး၊ ဘုရားသခင်သည် သင်၏ စိတ်နှလုံးကို ဆွဲဆောင်လေလေ ဖြစ်လိမ့်မည်။ ဤအရာ ဖြစ်သည့်အခါတွင်၊ ဘုရားသခင်သည် အခြားမည်သူမဆိုထက် သင့်အဖို့ သာ၍ နှစ်လိုဖွယ်ဖြစ်သည်ဟု သင် ခံစားရလိမ့်မည်။ မည်သည့်အရာဖြစ်ပါစေ၊ သင်သည် ဘုရားသခင်၏ထံပါးမှ ဘယ်သောအခါမျှ စွန့်ခွာလိမ့်မည်မဟုတ်။ ဤသို့သော ဝိညာဉ်ရေးရာ အသက်တာမျိုးကို နေ့စဉ်နေ့တိုင်း သင် လက်တွေ့လုပ်ဆောင်ပြီး၊ သင်၏စိတ်ထဲမှ မထုတ်ဘဲ၊ ယင်းကို သင်၏ အသက်တာတွင် ကြီးမားသော အရေးပါသည့် ကိစ္စတစ်ခုအဖြစ် သဘောထားပါက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင်၏ စိတ်နှလုံးကို နေရာယူလိမ့်မည်။ ဤသည်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိမှုခံရခြင်းဟု ဆိုလိုသောအရာ ဖြစ်သည်။ ယင်းမှာ သင်၏ စိတ်နှလုံးက ဘုရားသခင်၏ ပိုင်ဆိုင်ခြင်းကို အမြဲ ခံခဲ့ရသည့်အလား၊ သင် ချစ်ခင်နှစ်သက်သည့်အရာက သင်၏ စိတ်နှလုံးထဲတွင် အမြဲရှိသည့်အလား ဖြစ်ပေလိမ့်မည်။ အဘယ်သူမျှ ထိုအရာကို သင့်ထံက ယူမသွားနိုင်ပေ။ ဤအရာဖြစ်ပျက်သည့်အခါ၊ ဘုရားသခင်သည် သင့်အထဲတွင် အမှန်တကယ် အသက်ရှင်လိမ့်မည်ဖြစ်ပြီး၊ သင့်စိတ်နှလုံးထဲတွင် နေရာတစ်ခု အမှန်တကယ် ရှိလိမ့်မည်ဖြစ်သည်။

## စုံလင်စေခြင်း ခံရပြီးသော သူတို့အဖို့ ကတိတော်များ

ဘုရားသခင်သည် လူသားကို စုံလင်စေသော လမ်းကြောင်းမှာ အဘယ်နည်း။ ယင်းတွင် မည်သည့်ရှုထောင့်များ ပါဝင်သနည်း။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရရန် လိုလားလျက်ရှိသလော။ သူ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို လက်ခံရန် သင် လိုလားလျက်ရှိသလော။ ဤမေးခွန်းများနှင့်သက်ဆိုင်၍ သင် မည်သည့်အရာကို သိသနည်း။ သင့်အနေဖြင့် ပြောစရာ အသိပညာမရှိပါက၊ ဤအရာက သင်သည် ဘုရားသခင်၏ အမှုကို မသိသေးသည်ကို၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဉာဏ်အလင်းပေးခြင်းကို လုံးဝမခံရသေးသည်ကို သက်သေပြပေသည်။ ထိုသို့သော လူမျိုးအတွက် စုံလင်စေခြင်း ခံရဖို့ မဖြစ်နိုင်ပေ။ ၎င်းတို့သည် ခဏတာ မွေ့လျော်ဖို့ ကျေးဇူးတော် ပမာဏအနည်းငယ်ကိုသာ

ရရှိကာ ယင်းသည် ကြာရှည်ခံလိမ့်မည်မဟုတ်ပေ။ လူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကိုသာ မွေ့လျော်ပါက၊ ဘုရားသခင်၏ စုံလင်စေခြင်း မခံရနိုင်ပေ။ အချို့မှာ ၎င်းတို့၏ ဇာတိပကတိမှာ ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းရှိသည့်အခါ၊ ၎င်းတို့၏ အသက်တာသည် သက်သာလွယ်ကူပြီး အခက်အခဲ သို့မဟုတ် ကံအကြောင်းမလှသည့်ဖြစ်ရပ် မရှိသည့်အခါ၊ ၎င်းတို့၏ တစ်မိသားစုလုံး ယှဉ်ပြိုင်မှု သို့မဟုတ် အငြင်းအခုံ မရှိဘဲ၊ စိတ်သဘောထားညီညွတ်ခြင်းဖြင့် အသက်ရှင်ကြသည့်အခါ၊ စိတ်ကျေနပ်ကြ၍- ပြီးလျှင် ဤအရာကို ဘုရားသခင်၏ ကောင်းချီးမင်္ဂလာအဖြစ်ပင် ၎င်းတို့ ယုံကြည်ကောင်း ယုံကြည်နိုင်သည်။ အမှန်တွင်၊ ယင်းသည် ဘုရားသခင်၏ ကျေးဇူးတော်မျှသာ ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်၌ မွေ့လျော်ခြင်းမျှဖြင့် ကျေနပ်၍ မရပေ။ ထိုသို့သော တွေးခေါ်ခြင်းသည် အလွန်ပင် အောက်တန်းကျလှသည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နေ့စဉ်ဖတ်ရှုပြီး၊ နေ့စဉ် ဆုတောင်းကာ သင်၏ စိတ်ဝိညာဉ်သည် ကြီးမားသော ပျော်ရွှင်မှု ခံစားရကာ အထူး အေးချမ်းလျှင်ပင်၊ နောက်ဆုံးတွင် ဘုရားသခင်နှင့် သူ၏အမှုနှင့်ဆိုင်သော အသိပညာနှင့်သက်ဆိုင်၍ မည်သည့်အရာမျှ သင် ပြောဆိုဖို့မရှိသကဲ့သို့ မည်သည့်အရာမျှ မတွေ့ကြုံဖူးပါက၊ ပြီးလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်မည်မျှ စားသောက်ပြီးသည်ဖြစ်စေ၊ သင် ခံစားရသမျှအားလုံးမှာ ဝိညာဉ်ရေးရာ ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းသာဖြစ်ပါက၊ သင့်အနေဖြင့် ကျေနပ်လောက်အောင် မမွေ့လျော်နိုင်သည့်အလား၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် နှိုင်းဆမရအောင် ချိုမြိန်သည်ဟု ခံစားရသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် လက်တွေ့ကျသော မည်သည့်အတွေ့အကြုံမျှမရှိသကဲ့သို့ သူ၏နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရား လုံးဝ ကင်းမဲ့ပါက၊ ဘုရားသခင်၌ ထိုသို့သော ယုံကြည်ခြင်းမှ မည်သည့်အရာကို သင် ရရှိနိုင်သနည်း။ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်၏ အနှစ်သာရကို အသက်ရှင်နေထိုင်နိုင်ခြင်း မရှိပါက၊ ဤနှုတ်ကပတ်တော်များကို သင်စားသောက်ခြင်းနှင့် သင်၏ဆုတောင်းခြင်းများသည် ဘာသာရေးယုံကြည်မှုသာ ဖြစ်ပေသည်။ ထိုသို့သော လူများသည် ဘုရားသခင်၏ စုံလင်စေခြင်းမခံရနိုင်သကဲ့သို့၊ ဘုရားသခင်၏ ရယူခြင်းကို မခံရနိုင်ပေ။ ဘုရားသခင်၏ ရယူခြင်းခံရသူတို့သည် သမ္မာတရားကို လိုက်စားရှာဖွေသော သူများဖြစ်ကြ၏။ ဘုရားသခင် ရယူသောအရာမှာ လူသား၏ ဇာတိပကတိမဟုတ်၊ သူနှင့်သက်ဆိုင်သော အရာများမဟုတ်ဘဲ၊ သူ၏အတွင်းရှိ ဘုရားသခင်နှင့်သက်ဆိုင်သည့် အစိတ်အပိုင်း ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်သည် လူတို့ကို စုံလင်စေသည့်အခါ၊ ၎င်းတို့၏ ဇာတိပကတိကို မဟုတ်ဘဲ၊

၎င်းတို့၏ စိတ်နှလုံးများကို ဘုရားသခင်၏ ရယူခြင်းခံခွင့်ပေးလျက် စုံလင်စေပေသည်။ ဆိုလိုသည်မှာ၊ အနှစ်သာရအားဖြင့်၊ လူသားကို ဘုရားသခင် စုံလင်စေခြင်းဆိုသည်မှာ လူသား၏စိတ်နှလုံးသည် ဘုရားသခင်ထံလှည့်နိုင်ဖို့ရန်နှင့် သူ့ကို ချစ်နိုင်ဖို့အလို့ငှာ ဤစိတ်နှလုံးကို စုံလင်စေခြင်း ဖြစ်သည်။

လူသား၏ ဇာတိပကတိသည် သေမျိုးဖြစ်သည်။ လူသား၏ ဇာတိပကတိသည် မလွဲကေန် ယိုယွင်းပျက်စီးသည့်အရာတစ်ခု ဖြစ်ပြီး ဘုရားသခင်၏ အမွေဥစ္စာ သို့မဟုတ် ကောင်းချီးမင်္ဂလာများကို မရရှိနိုင်သည့်အတွက် လူသား၏ ဇာတိပကတိကို ရယူခြင်းသည် ဘုရားသခင်အတွက် မည်သည့် အကျိုးမျှ မပေးပေ။ အကယ်၍ လူသား၏ ဇာတိပကတိသည် ရယူခြင်းခံခဲ့ရကာ ဤရေစီးကြောင်းထဲတွင် လူသား၏ ဇာတိပကတိသာ ရှိခဲ့ပါက၊ လူသားသည် ရေစီးကြောင်းထဲတွင် အမည်အရ ရှိမည်ဖြစ်သော်လည်း၊ သူ၏စိတ်နှလုံးသည် စာတန်နှင့်သက်ဆိုင်မည် ဖြစ်သည်။ ထိုသို့ဖြစ်သဖြင့်၊ လူတို့သည် ဘုရားသခင်၏ သရုပ်သကန် ဖြစ်လာနိုင်ကြမည် မဟုတ်သည်သာမက၊ သူ၏ ဝန်ထုပ်ဝန်ပိုးလည်း ဖြစ်လာမည်ဖြစ်ပြီး၊ ထို့ကြောင့် လူတို့ကို ဘုရားသခင် ရွေးကောက်ခြင်းသည် အဓိပ္ပာယ် ကင်းမဲ့လာမည်ဖြစ်သည်။ စုံလင်စေဖို့ ဘုရားသခင် ရည်ရွယ်သော သူအားလုံးသည် သူ၏ ကောင်းချီးမင်္ဂလာများနှင့် အမွေဥစ္စာကို ရရှိကြလိမ့်မည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို ၎င်းတို့အတွင်း ရှိသည့်အရာဖြစ်လာဖို့အလို့ငှာ ၎င်းတို့ ခံယူကြပေသည်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် အားလုံးကို သူတို့၏အထဲတွင် ဖြစ်ပေါ်စေခဲ့ကြသည်။ ဘုရားသခင်၏ဖြစ်ခြင်းသည် မည်သည့်အရာဖြစ်ပါစေ၊ သင်တို့သည် အဖြစ်အတိုင်း အတိအကျ အားလုံးကို ခံယူနိုင်ပြီး၊ ထိုသို့ဖြင့် သမ္မာတရားကို အသက်ရှင်နေထိုင်နိုင်လေသည်။ ဤသည်မှာ ဘုရားသခင်၏ စုံလင်စေခြင်းခံရပြီး ဘုရားသခင်၏ ရယူခြင်းခံရသည့် လူစားမျိုးဖြစ်သည်။ ဤကဲ့သို့သော တစ်စုံတစ်ဦးသာ ဘုရားသခင် အပ်နှင်းသည့် ကောင်းချီးမင်္ဂလာများကို ရရှိရန် အရည်အချင်း ပြည့်မီပေသည်-

၁။ ဘုရားသခင်၏ မေတ္တာတစ်ခုလုံးကို ရရှိခြင်း။

၂။ အရာခပ်သိမ်းတွင် ဘုရားသခင်အလိုနှင့်အညီ ပြုမူခြင်း။

၃။ ဘုရားသခင်၏လမ်းပြမှု ရရှိခြင်း၊ ဘုရားသခင်၏ အလင်းတွင် အသက်ရှင်ခြင်းနှင့် ဘုရားသခင်၏ ဉာဏ်အလင်းပေးခြင်းကို ရရှိခြင်း။

၄။ ဘုရားသခင် ချစ်သော ပုံသဏ္ဌာန်ကို မြေကြီးပေါ်တွင် အသက်ရှင်နေထိုင်ခြင်း။

ဘုရားသခင်အတွက် ကားစင်တင်ခံရပြီး၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအတွက် ဆုလာဘ်အနေဖြင့် အသေခံထိုက်သော ပေတရုကဲ့သို့ ဘုရားသခင်ကို အမှန်တကယ် ချစ်ခြင်း။ ပေတရုကဲ့သို့ ထပ်တူ ဘုန်းအသရေ ရှိခြင်း။

၅။ ကမ္ဘာပေါ်က အယောက်တိုင်း၏ ချစ်ခင်နှစ်သက်ခံရခြင်း၊ ရိုသေခံရခြင်းနှင့် အားကျလေးစားခံရခြင်း။

၆။ သေခြင်းနှင့် မရဏာနိုင်ငံ၏ ကျေးကျွန်ဘဝနှင့်ဆိုင်သည့် ရှုထောင့်တိုင်းကို အောင်မြင်ခြင်း၊ စာတန်ကို သူ၏ အလုပ် လုပ်ဆောင်ရန် အခွင့်အရေးမပေးခြင်း၊ ဘုရားသခင်၏ ပိုင်ဆိုင်မှုခံရခြင်း၊ လန်းဆန်းပြီး တက်ကြွသော စိတ်ဝိညာဉ်အတွင်း အသက်ရှင်ခြင်းနှင့် တိုးကာ ပန်းလျှနွမ်းနယ်မသွားခြင်း။

၇။ ဘုရားသခင်၏ ဘုန်းအသရေနှင့်ဆိုင်သော နေ့ရက် ရောက်ရှိခြင်းကို ရှုမြင်ပြီးသည့်သဖွယ်၊ ဘဝတစ်လျှောက် အချိန်တိုင်း ပြောမပြတတ်လောက်အောင်ဖြစ်သည့် ပီတိစိတ်နှင့် စိတ်လှုပ်ရှားပျော်ရွှင်မှုတို့ ရှိခြင်း။

၈။ ဘုရားသခင်နှင့်အတူ ဘုန်းအသရေ ရရှိခြင်းနှင့် ဘုရားသခင်ချစ်သော သန့်ရှင်းသူတို့နှင့် ဆင်သော မျက်နှာတစ်ခု ရှိခြင်း။

၉။ မြေကြီးပေါ်တွင် ဘုရားသခင်ချစ်သောအရာ၊ ဆိုလိုသည်မှာ ဘုရားသခင် ချစ်သောသား၊ ဖြစ်လာခြင်း။

၁၀။ အသွင်ပြောင်းကာ တတိယကောင်းကင်သို့ ဘုရားသခင်နှင့် အတူ တက်ကြွခြင်းနှင့် ဇာတိပကတိကို ကျော်လွန်ခြင်း။

ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို အမွေခံနိုင်သော သူတို့သာလျှင် ဘုရားသခင်၏ စုံလင်စေခြင်းခံရကာ ရယူခြင်းခံရပေသည်။ သင်သည် လက်ရှိအချိန်တွင် တစ်ခုခုကို ရရှိပြီးပြီလော။ ဘုရားသခင်သည် သင့်ကို မည်သည့်အတိုင်းအတာအထိ စုံလင်စေပြီးဖြစ်သနည်း။ ဘုရားသခင်သည် လူသားကို ကြုံရာကျပန်း မစုံလင်စေပေ။ လူသားကို သူစုံလင်စေခြင်းသည် အခြေအနေကို မူတည်ပြီး သိသာရှင်းလင်းကာ မြင်သာသည့် ရလဒ်များရှိပေသည်။ ယင်းသည် လူသားက စိတ်ကူးသကဲ့သို့၊ ဘုရားသခင်၌ သူ ယုံကြည်မှုရှိသရွေ့ သူသည် ဘုရားသခင်၏ စုံလင်စေခြင်း ခံရနိုင်ကာ ရယူခြင်းခံရနိုင်ပြီး၊ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများနှင့် အမွေဥစ္စာ ရရှိနိုင်သည်ဟူ၍

မဟုတ်ပေ။ လူတို့၏ သဏ္ဍာန်ပြောင်းလဲခြင်းကို အသာထားဦး- ထိုသို့သော အရာများသည် အလွန့်အလွန် ခက်ခဲပေသည်။ လက်ရှိအချိန်တွင်၊ သင်တို့ အဓိက ရှာဖွေသင့်သည့်အရာမှာ အရာခပ်သိမ်း၌ ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရရန်နှင့် သင်တို့အထဲတွင် ဘုရားသခင်၏ ဖြစ်ခြင်း သာ၍ဖြစ်ပေါ်စေဖို့အလို့ငှာ၊ သင် ရင်ဆိုင်ရသည့် လူများ၊ ကိစ္စရပ်များနှင့် အမှုအရာများအားလုံးမှတစ်ဆင့် ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ ဖြစ်သည်။ သင်သည် ဦးစွာပထမ ဘုရားသခင်၏ အမွေဉစ္စာ ရရှိရမည်။ ထိုအခါမှသာ သင်သည် ဘုရားသခင်ထံမှ သာ၍များပြားပြီး သာ၍ကြီးမားသော ကောင်းချီးမင်္ဂလာများကို အမွေခံရန် အရည်အချင်း ပြည့်မီလာလိမ့်မည် ဖြစ်သည်။ ဤအရာအားလုံးသည် အခြားအရာများအားလုံးမတိုင်မီ သင်တို့ ရှာဖွေသင့်ပြီး နားလည်သင့်သည့်အရာများ ဖြစ်သည်။ အရာခပ်သိမ်းတွင် ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ သင် ကြိုးစားလေလေ၊ အရာခပ်သိမ်းတွင် ဘုရားသခင်၏လက်ကို သင်မြင်လေလေ ဖြစ်လိမ့်မည်၊ ယင်း၏ အကျိုးဆက်အနေဖြင့် သင်သည် ကွဲပြားသော ရှုထောင့်များမှတစ်ဆင့်နှင့် ကွဲပြားသော ကိစ္စရပ်များတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ ဖြစ်တည်မှုထဲသို့ ဝင်ရောက်ဖို့နှင့် သူ၏ နှုတ်ကပတ်တော်၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ဖို့ တက်ကြွစွာ ကြိုးစားလိမ့်မည် ဖြစ်သည်။ အပြစ်များကို မကျူးလွန်ခြင်း၊ သို့မဟုတ် အယူအဆများ မရှိခြင်း၊ ရှင်သန်ခြင်းအတွက် ဒဿနမရှိခြင်းနှင့် လူသား အလိုဆန္ဒ မရှိခြင်းမျှကဲ့သို့သော မတုန်မလှုပ်အခြေအနေများဖြင့် သင်သည် ကျေနပ်ရောင့်ရဲ၍ မဖြစ်ပေ။ ဘုရားသခင်သည် လူသားကို နည်းလမ်း အမြောက်အများဖြင့် စုံလင်စေသည်။ သင် ရရှိသောအရာကို သာ၍အလျှံပယ်ဖြစ်စေဖို့ရန် သူသည် သင့်ကို အပြုသဘောဆောင်သော အခြေအနေများဖြင့်သာမက၊ အပျက်သဘောဆောင်သော အခြေအနေများဖြင့်လည်း စုံလင်စေနိုင်ပေသည်။ နေ့ရက်စဉ်တိုင်းတွင် စုံလင်စေခြင်းခံရဖို့ အခွင့်အရေးများနှင့် ဘုရားသခင်၏ ရယူခြင်းခံရဖို့ အချိန်အခါများ ရှိပေသည်။ ထိုသို့ အချိန်တစ်ခုကြာ တွေ့ကြုံပြီးနောက်တွင်၊ သင်သည် ကြီးမားစွာ ပြောင်းလဲလိမ့်မည်ဖြစ်ပြီး၊ ယခင်က သင် မသိနားမလည်ခဲ့သည့် အရာများစွာကို အလိုအလျောက် သင် နားလည်လိမ့်မည် ဖြစ်သည်။ အခြားသူများထံမှ ညွှန်ကြားချက် လိုအပ်လိမ့်မည် မဟုတ်။ သင် မသိလိုက်ဘဲနှင့်၊ သင်သည် အရာခပ်သိမ်းတွင် ဉာဏ်အလင်းပေးခြင်းကို ရရှိပြီး သင်၏ အတွေ့အကြုံများအားလုံးထဲသို့ အသေးစိတ်ကျကျ ဝင်ရောက်ဖို့အလို့ငှာ၊ ဘုရားသခင်သည် သင့်ကို ဉာဏ်အလင်းပေးလိမ့်မည် ဖြစ်သည်။ သင်သည် လက်ဝဲ သို့မဟုတ် လက်ျာဘက်သို့ သွေဖည်မသွားဖို့အလို့ငှာ ဘုရားသခင်သည် သင့်ကို ဧကန်မုချ လမ်းပြလိမ့်မည်ဖြစ်ပြီး၊ ထို့ကြောင့် သင်သည် သူ၏ စုံလင်စေခြင်းထံ

လမ်းကြောင်းပေါ်သို့ ခြေချမိလိမ့်မည်ဖြစ်သည်။

ဘုရားသခင်၏ စုံလင်စေခြင်းခံရခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စားသောက်ခြင်းအားဖြင့် စုံလင်စေခြင်းနှင့် ကန့်သတ်၍ မရနိုင်ပေ။ ထိုသို့သော တွေ့ကြုံခြင်းသည် တစ်ဖက်သတ် ဆန်လွန်းသည်၊ ယင်းသည် ပါဝင်မှု အလွန်နည်းပါးလိမ့်မည်ဖြစ်ပြီး အလွန်သေးငယ်သော အတိုင်းအတာထိ လူတို့ကို ကန့်သတ်နိုင်မည်သာ ဖြစ်သည်။ ထိုသို့ဖြစ်သဖြင့်၊ လူတို့သည် ၎င်းတို့ လိုအပ်သည့် ဝိညာဉ်ရေးရာ အာဟာရ အလွန်ချို့တဲ့ပေမည်။ သင်တို့သည် ဘုရားသခင်၏ စုံလင်စေခြင်း ခံရရန် ဆန္ဒရှိပါက၊ ကိစ္စရပ်အားလုံးတွင် မည်သို့ တွေ့ကြုံရမည်ကို သင်ယူရမည်ဖြစ်ပြီး၊ သင်၌ ဖြစ်ပျက်သည့် အရာရာတိုင်း၌ ဉာဏ်အလင်းပေးခြင်းကို ရယူနိုင်ရမည်ဖြစ်သည်။ ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ယင်းသည် သင့်ကို အကျိုးကျေးဇူး ယူဆောင်လာပေးသင့်ပြီး၊ သင့်ကို အပျက်သဘော မဆောင်စေသင့်ပေ။ မည်သို့ဆိုစေ၊ သင်သည် ဘုရားသခင်၏ဘက်တွင် ရပ်နေစဉ် အမှုအရာများကို သုံးသပ်ဆင်ခြင်နိုင်သင့်ပြီး လူသား၏ ရှုထောင့်မှ ၎င်းတို့ကို မစိစစ်သင့်ပေ သို့မဟုတ် မလေ့လာသင့်ပေ (ဤသည်မှာ သင်၏အတွေ့အကြုံ၌ သွေဖည်မှု ဖြစ်ပေမည်)။ သင်သည် ထိုသို့တွေ့ကြုံပါက၊ သင်၏ စိတ်နှလုံးသည် သင့်အသက်တာ၏ ဝန်ထုပ်များဖြင့် ပြည့်နေလိမ့်မည်။ သင်သည် သင်၏ လက်တွေ့လုပ်ဆောင်မှုတွင် လွယ်လင့်တကူ မသွေဖည်ဘဲလျက်၊ ဘုရားသခင်၏ မျက်နှာအလင်းတွင် စဉ်ဆက်မပြတ် အသက်ရှင်လိမ့်မည် ဖြစ်သည်။ ထိုသို့သောလူများသည် ၎င်းတို့ရှေ့တွင် တောက်ပသော အနာဂတ်ရှိလေသည်။ ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ အလွန်များလှစွာသော အခွင့်အရေးများ ရှိပေသည်။ ယင်းသည် သင်တို့အနေဖြင့် ဘုရားသခင်ကို အမှန်ချစ်သောသူတစ်ဦး ဖြစ်၊ မဖြစ်ဆိုသည်နှင့် ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့နှင့် ဘုရားသခင်၏ ရယူခြင်းခံရဖို့၊ ပြီးလျှင် သူ၏ ကောင်းချီးမင်္ဂလာများနှင့် အမွေဥစ္စာကိုရရှိရန် သန္နိဋ္ဌာန်ရှိသည်၊ မရှိသည် ဆိုသည့်အပေါ် အားလုံးမူတည်ပေသည်။ သန္နိဋ္ဌာန်ရှိရုံမျှသည် မလုံလောက်ပေ။ သင်တို့အနေဖြင့် များစွာသော အသိပညာများ ရှိရမည်၊ သို့မဟုတ်ပါက သင်တို့၏ လက်တွေ့လုပ်ဆောင်ခြင်းတွင် သင်တို့ အမြဲ သွေဖည်နေကြလိမ့်မည် ဖြစ်သည်။ ဘုရားသခင်သည် သင်တို့ တစ်ဦးစီတိုင်းကို စုံလင်စေရန် လိုလားလျက်ရှိ၏။ ယခုအခြေအနေတွင်၊ လူအများစုသည် ဘုရားသခင်၏အမှုကို အလွန်ကြာမြင့်စွာ လက်ခံနှင့်ကြပြီး ဖြစ်သော်လည်း၊ ၎င်းတို့သည် ဘုရားသခင်၏ ကျေးဇူးတော်၌ အရိပ်ခိုခြင်းမျှထိသာ မိမိတို့ကိုယ်ကိုယ် ကန့်သတ်ထားကြကာ ဇာတိပကတိ၏ သက်သာမှုအနည်းငယ်ကို ၎င်းတို့အား ပေးရန်သာ ဘုရားသခင်ကို အခွင့်ပေးဖို့

လိုလားနေကြသော်လည်း၊ သာ၍များပြီး သာ၍ မြင့်မားသော ထုတ်ဖော်ခြင်းများကို ရရှိရန် လိုလားလျက်မရှိကြပေ။ ဤရာက လူသား၏စိတ်နှလုံးသည် အမြဲ ပြင်ပတွင် ရှိနေသေးသည်ကို ပြသပေသည်။ လူသား၏အလုပ်၊ သူ၏အစေခံခြင်းနှင့် သူ၏ဘုရားသခင်ကိုချစ်ခြင်း နှလုံးသားသည် မစင်ကြယ်မှုများ သာ၍ နည်းပါးသော်လည်း၊ သူ၏ အတွင်းပိုင်း အနှစ်သာရနှင့် မတိုးတက်သော အတွေးခေါ် ခြင်းတို့နှင့် ပတ်သက်သရွေ့ လူသားသည် ဇာတိပကတိ၏ ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်မှုကို အစဉ်မပြတ် ရှာဖွေနေသေးကာ၊ လူသားကို ဘုရားသခင် စုံလင်စေခြင်း၏ သတ်မှတ်ချက်များနှင့် ရည်ရွယ်ချက်များ မည်သည့်အရာများ ဖြစ်နိုင်သည်ကို ဘာမျှအရေးမထားပေ။ ထို့ကြောင့် လူအများစု၏ အသက်တာများသည် အောက်တန်းကျကာ ယိုယွင်းဆဲ ဖြစ်သည်။ ၎င်းတို့၏ အသက်တာများသည် စိုးစဉ်းမျှ ပြောင်းလဲခြင်းမရှိလေပြီ။ ၎င်းတို့သည် ဘုရားသခင်၌ ယုံကြည်ခြင်းကို အရေးကြီးသည့်ကိစ္စတစ်ခုအဖြစ် လုံးဝမယူမှတ်ကြချေ၊ ယင်းမှာ ၎င်းတို့အနေဖြင့် ဟန်ဆောင်လုပ်ပြနေကြပြီး ဖြစ်ကတတ်ဆန်း နေရင်း၊ မရေရာသော တည်ရှိခြင်းတွင် လွင့်မျောလျက်၊ အခြားသူများအတွက်သာ ယုံကြည်ခြင်း ရှိသည့်အလား ဖြစ်သည်။ သာ၍များပြီး သာ၍ ကြွယ်ဝသော အရာများကို ရရှိရင်း၊ ယနေ့တွင် ဘုရားသခင်၏အိမ်၌ သာ၍ကြီးမြတ်သော ကြွယ်ဝမှုနှင့်ဆိုင်သည့် လူများ ဖြစ်လာရင်းနှင့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို သာ၍ ရရှိရင်း၊ အရာခပ်သိမ်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲသို့ ဝင်ရောက်နိုင်သောသူ နည်းပါးပေသည်။ သင်သည် အရာခပ်သိမ်း၌ ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ ကြိုးစားပြီး၊ ကမ္ဘာမြေပေါ်တွင် ဘုရားသခင် ကတိပေးထားသည့်အရာကို ရရှိနိုင်ပါက၊ အရာခပ်သိမ်း၌ သင်သည် ဘုရားသခင်၏ ဉာဏ်အလင်းပေးခံရဖို့ ကြိုးစားပြီး၊ နှစ်ကာလများကို အလဟဿ လက်လွတ်မသွားစေပါက၊ ဤသည်မှာ တက်ကြွစွာ ဝင်ရောက်ရန် အကောင်းဆုံးသော လမ်းကြောင်းဖြစ်သည်။ ထိုသို့ဖြင့်သာ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ ထိုက်တန်ကာ အရည်အချင်း ပြည့်မီလာလိမ့်မည် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ ကြိုးစားသောသူတစ်ဦး အမှန်တကယ် ဖြစ်သလော။ သင်သည် အရာခပ်သိမ်း၌ အလွန်အလေးအနက်ထားသော သူတစ်ဦး အမှန်တကယ် ဖြစ်သလော။ သင်သည် ပေတရုရှိခဲ့သကဲ့သို့ ဘုရားသခင်ကို ချစ်ခြင်းစိတ်ဓာတ် အလားတူ ရှိသလော။ သင်သည် ယေရှုရှိခဲ့သကဲ့သို့ ဘုရားသခင်ကို ချစ်ရန် အလိုဆန္ဒရှိသလော။ သင်သည် နှစ်ပေါင်းများစွာကြာ ယေရှု၌ ယုံကြည်ခြင်း ရှိခဲ့ပြီးဖြစ်သည်။ ယေရှုသည် ဘုရားသခင်အား မည်သို့ချစ်သည်ကို သင်မြင်ဖူးသလော။ သင်ယုံကြည်သည်မှာ အမှန်တကယ် ယေရှု ဟုတ်သလော။ သင်သည်

ယနေ့၏ လက်တွေ့ကျသော ဘုရားသခင်ကို ယုံကြည်၏။ လူ့ဇာတိထဲက လက်တွေ့ကျသော ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်အား အဘယ်သို့ ချစ်သည်ကို သင်မြင်ဖူးသလော။ သင်သည် သခင်ယေရှုခရစ်တော်၌ ယုံကြည်ခြင်း ရှိ၏။ ယင်းမှာ လူသားမျိုးနွယ်ကို ရွေးနုတ်ကယ်တင်ရန်အတွက်ဖြစ်သော ယေရှု၏ ကားစင်တင်သတ်ခံရခြင်းနှင့် သူ ဆောင်ရွက်ခဲ့သည့် အံ့သြဖွယ်ရာများသည် ယေဘုယျအားဖြင့် လက်ခံထားကြသည့် အမှန်တရားများ ဖြစ်သောကြောင့် ဖြစ်သည်။ သို့တိုင် လူသား၏ယုံကြည်ခြင်းသည် ယေရှုခရစ်တော်နှင့်ဆိုင်သော အသိပညာနှင့် စစ်မှန်သည့် သိနားလည်ခြင်းမှ လာသည်မဟုတ်ပေ။ ယေရှုသည် ဘုရားသခင်ကို မည်သို့ ချစ်ခဲ့သည်ကို သင် အရေးမထားသောကြောင့်၊ သင်သည် ယေရှုခရစ်တော်၏နာမ၌သာ ယုံကြည်သော်လည်း သူ၏ ဝိညာဉ်တော်ကို မယုံကြည်ပေ။ သင်၏ ဘုရားသခင်၌ ယုံကြည်ခြင်းသည် အလွန်ပင် ရိုးစင်းပေသည်။ ယေရှုကို နှစ်ပေါင်းများစွာ ယုံကြည်နေခဲ့သော်လည်း၊ ဘုရားသခင်ကို မည်သို့ ချစ်ရမည်ကို သင်မသိချေ။ ဤအရာက သင့်ကို ကမ္ဘာ့အမိုက်မဲဆုံးသောသူ ဖြစ်စေသည် မဟုတ်လော။ ဤသည်မှာ သင်သည် သခင်ယေရှုခရစ်တော်၏ အစာကို နှစ်ပေါင်းများစွာ အချည်းနှီး စားသုံးနေခဲ့ပြီးဖြစ်သည့် သက်သေဖြစ်သည်။ ထိုသို့သောလူများကို ငါမနှစ်သက်သည်သာမက၊ သင် အမွန်အမြတ်ထားသော သခင်ယေရှုခရစ်တော်သည်လည်း ၎င်းတို့ကို နှစ်သက်မည်မဟုတ်ဟု ငါ ယုံကြည်သည်။ ထိုသို့သောလူများသည် မည်သို့ စုံလင်စေခြင်း ခံရနိုင်မည်နည်း။ သင်သည် ရှက်သွေးမနီနေဘူးလော။ သင်မရှက်သလော။ သင်၏ သခင်ယေရှုခရစ်တော်ကို ရင်ဆိုင်ရန် သင် သတ္တိရှိသေးသလော။ ငါ ပြောပြီးသောအရာ၏ အနက်မိပ္ပာယ်ကို သင်တို့အားလုံး နားလည်ကြသလော။

## ဆိုးညစ်သောသူများသည် အပြစ်ဒဏ်ပေးခြင်းကို မုချခံကြရလိမ့်မည်

သင်တို့သည် မိမိပြုလုပ်သမျှအရာခပ်သိမ်း၌ ဖြောင့်မတ်ခြင်းကို လက်တွေ့ကျင့်သုံးခြင်း ရှိမရှိနှင့် မိမိ၏အပြုအမူများအားလုံးကို ဘုရားသခင်က စောင့်ကြည့်ခြင်းရှိမရှိကို တွေ့မြင်ရန် မိမိကိုယ်ကိုယ် စုံစမ်းစစ်ဆေးလော့- ဤသည်မှာ ဘုရားသခင်ကို ယုံကြည်သူတို့က မိမိတို့၏ အရေးကိစ္စများကို ပြုမူဆောင်ရွက်သည့် အခြေခံသဘောတရားပင် ဖြစ်သည်။ သင်တို့သည် ဘုရားသခင်ကို ကျေနပ်စေနိုင်သောကြောင့်၊ ပြီးလျှင် ဘုရားသခင်၏ စောင့်ရှောက်မှုနှင့် ကွယ်ကာခြင်းတို့ကို လက်ခံသောကြောင့် ဖြောင့်မတ်သည်ဟု ခေါ်ဆိုခြင်းခံရမည် ဖြစ်သည်။ ဘုရားသခင်၏ အမြင်တွင် ဘုရားသခင်၏ စောင့်ရှောက်မှု၊ ကွယ်ကာခြင်းနှင့်

စုံလင်စေခြင်းတို့ကို လက်ခံသောသူများနှင့် သူ၏ရယူခြင်းကို ခံရသောသူတို့သည် ဖြောင့်မတ်ကြပြီး၊ သူတို့အားလုံးကို အဖိုးထိုက်သည်ဟု သူ မှတ်ယူသည်။ ဘုရားသခင်၏ လက်ရှိနှုတ်ကပတ်တော်များကို သင် ပို၍လက်ခံလေ၊ ဘုရားသခင်၏ အလိုတော်ကို သင် ပို၍ ရရှိနိုင်ပြီး နားလည်နိုင်လေဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတိုင်း သင် ပို၍ သက်ရှင်နေထိုင်နိုင်ပြီး သူ၏ တောင်းဆိုချက်များကို ပို၍ ဖြည့်ဆည်းနိုင်လေ ဖြစ်မည်။ ဤသည်မှာ သင်တို့အတွက် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်ဖြစ်ပြီး၊ ယင်းမှာ သင်တို့အားလုံး လုပ်ဆောင်အောင်မြင်နိုင်ရမည့်အရာ ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် အပြောင်းအလဲမရှိသော ရွှံ့စေးရုပ်တုအလား၊ ဘုရားသခင်ကို အကဲဖြတ်ရန်နှင့် ဘောင်ခတ်ရန် မိမိတို့၏ အယူအဆများ အသုံးပြုသည့်အပြင်၊ သမ္မာကျမ်းစာ၏ ကန့်သတ်ချက်များအတွင်း၌ ဘုရားသခင်ကို လုံးလုံးလျားလျား ဘောင်ခတ်ပြီး အကန့်အသတ်ရှိသော အမှုအတိုင်းအတာအတွင်း၌ သူ့ကို ထိန်းချုပ်ထားပါက၊ ဤသည်မှာ သင်တို့က ဘုရားသခင်ကို ရှုတ်ချမိပြီဖြစ်ကြောင်း သက်သေပြလေသည်။ ဘုရားသခင်ကို မေရှိယဟုသာ ခေါ်ဆိုနိုင်ပြီး မေရှိယဟု ခေါ်ခြင်းခံရသောသူမှသာလျှင် ဘုရားသခင်ဖြစ်နိုင်သည့်အလား၊ ဓမ္မဟောင်းခေတ်ထဲက ယုဒလူမျိုးတို့သည် သူတို့၏စိတ်နှလုံးထဲ၌ တရားသေ စွဲကိုင်ထားသည့် ရုပ်တုဆင်းတုပုံစံအဖြစ် ဘုရားသခင်ကို သဘောထားခဲ့ကြသောကြောင့်၊ ထို့ပြင် လူသားမျိုးနွယ်က ဘုရားသခင်ကို (အသက်မဲ့သော) ရွှံ့စေးရုပ်တုပမာ အစေခံပြီး ကိုးကွယ်ခဲ့ကြသောကြောင့်၊ သူတို့သည် ထိုခေတ်၏ယေရှုကို သေမိန့်ပေးကာ လက်ဝါးကားတိုင်ထက်၌ သံမှိုစွဲရိုက်ခဲ့ကြကာ- ထိုသို့ဖြင့် အပြစ်မဲ့သောယေရှုမှာ သေဒဏ်ချမှတ်ခြင်းကို ခံခဲ့ရသည်။ ဘုရားသခင်သည် ပုန်ကန်ပြစ်မှားခြင်း တစ်စုံတစ်ရာ ကင်းမဲ့ခဲ့စေကာမူ၊ လူသားက သူ့ကို သက်ညှာရန် ငြင်းဆန်ခဲ့ပြီး၊ သူ့ကို သေမိန့်ပေးရန် မရမကတောင်းဆိုခဲ့ကြသဖြင့် ယေရှုမှာ ကားစင်တင်သတ်ခံခဲ့ရ၏။ ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိဟု လူက အမြဲယုံကြည်ပြီး၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုအပေါ် လူက ပြီးပြည့်စုံသော နားလည်ခြင်းရှိသည့်အလား၊ ဘုရားသခင်လုပ်ဆောင်သမျှ အရာခပ်သိမ်းကို လူက သူ၏လက်ခုပ်ထဲတွင် ထိန်းထားသည့်အလား သမ္မာကျမ်းစာဟူသော တစ်အုပ်တည်းသော စာအုပ်ပေါ်အခြေခံ၍ သူ့အား အနက်ဖွင့်ဆိုကြသည်။ လူတို့သည် လွန်လွန်ကဲကဲပင် ကိုးရိုးကားရား ဖြစ်နေကြပြီး၊ လွန်လွန်ကဲကဲပင် မာနထောင်လွှားနေကြကာ၊ သူတို့အားလုံးမှာ ချဲ့ကားပြောဆိုခြင်းတွင် အလွန်ကျွမ်းကျင်ကြသည်။ ဘုရားသခင်နှင့်ပတ်သက်ပြီး သင်၏ အသိပညာမှာ မည်မျှပင် ကြီးမားနေပါစေ၊ သင်သည် ဘုရားသခင်၏ အမှုကို လုံးလုံးလျားလျား လိုက်နာနိုင်စွမ်း မရှိသည့်အပြင်၊ ဘုရားသခင်က

စုံလင်အောင် ပြုလုပ်ထားသည့် လမ်းကြောင်းကို လိုက်လျှောက်နိုင်စွမ်း မရှိသောကြောင့်၊ သင်သည် ဘုရားသခင်ကို မသိကျွမ်းကြောင်း၊ သင်သည် ဘုရားသခင်ကို အဆန့်ကျင်ဆုံးသောသူ တစ်ယောက်ပင် ဖြစ်ကြောင်းနှင့်၊ သင်သည် ဘုရားသခင်ကို ပြစ်မှားမိခဲ့ပြီဖြစ်ကြောင်း ငါပြောနေသေးသည်။ ဘုရားသခင်သည် လူ၏ လုပ်ဆောင်ချက်များအပေါ် အဘယ်ကြောင့် မည်သည့်အခါမျှ ကျေနပ်ခြင်းမရှိရသနည်း။ အဘယ်ကြောင့်ဆိုသော် လူသားသည် ဘုရားသခင်ကို မသိကျွမ်းသောကြောင့်၊ သူ၌ အယူအဆများ များစွာရှိပြီး၊ ဘုရားသခင်နှင့်ပတ်သက်၍ သူ၏အသိပညာမှာ လက်တွေ့အရှိတရားနှင့် မည်သို့မျှ မကိုက်ညီသောကြောင့်ဖြစ်ကာ၊ ထိုအစား သူသည် အပြောင်းအလဲမရှိဘဲ ဓာတ်ပြားဟောင်းကိုသာ ငြီးငွေ့ဖွယ် ပြန်ပြန်ဖွင့်နေပြီး အခြေအနေတိုင်းအတွက် တစ်ခုတည်းသော ကိုင်တွယ်ဖြေရှင်းနည်းကိုသာ အသုံးပြုသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ယနေ့တွင် ကမ္ဘာမြေကြီးသို့ ဆင်းကြွလာကာ နောက်ထပ်တစ်ကြိမ် လက်ဝါးကပ်တိုင်ပေါ်တွင် လူသားများ၏ သံမှိုစွဲရိုက်ထားခြင်းကို ခံရခြင်းဖြစ်သည်။ ရက်စက်သော လူသားမျိုးနွယ်ပါတကား။ မသိကျိုးကျွန်ပြုခြင်းနှင့် လျှို့ဝှက်ကြံစည်ခြင်း၊ တစ်ဦးကိုတစ်ဦးမှ အလစ်သုတ်ခြင်းနှင့် လုယူခြင်း၊ ကျော်စောမှုနှင့် အခွင့်အလမ်းအတွက် အလုအယက်ကြိုးပမ်းခြင်း၊ အပြန်အလှန် သတ်ဖြတ်နေခြင်း၊ ဤအရာများက မည်သည့်အချိန်မှ ပြီးဆုံးမည်နည်း။ ဘုရားသခင်သည် နှုတ်ကပတ်တော်များ သိန်းသန်းချီ မြွက်ဆိုထားစေကာမူ မည်သူကမျှ အသိတရား မရကြပါ။ လူတို့သည် သူတို့၏မိသားစု၊ သူတို့၏ သားသမီးများ၊ သူတို့၏အလုပ်အကိုင်၊ အနာဂတ်တက်လမ်း၊ ရာထူးနေရာ၊ အပေါ်ယံ ဂုဏ်ပကာသနနှင့် ငွေကြေးတို့အလို့ငှာ၊ အစားအစာ၊ အဝတ်အစားနှင့် အသွေးအသားအလို့ငှာသာ လုပ်ဆောင်ကြလေသည်။ သို့သော် မိမိ၏လုပ်ဆောင်ချက်များက အမှန်တကယ် ဘုရားသခင်အတွက် ဖြစ်သောသူ တစ်စုံတစ်ယောက် ရှိသလော။ ဘုရားသခင်အတွက် လုပ်ဆောင်သောသူများကြားမှာပင် ဘုရားသခင်ကို သိကျွမ်းသောသူ အနည်းငယ်သာရှိ၏။ မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက် မလုပ်ဆောင်သောသူ မည်မျှရှိသနည်း။ မိမိကိုယ်ပိုင်ရာထူးနေရာအား ကာကွယ်ရန်အလို့ငှာ အခြားသူများကို မဖိနှိပ်သူ၊ ခွဲခြားမဆက်ဆံသူ မည်မျှရှိသနည်း။ ထိုအတွက်ကြောင့် ဘုရားသခင်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် အတင်းအဓမ္မ သေဒဏ်စီရင်ခြင်းခံရပြီဖြစ်ပြီး မရေတွက်နိုင်သော အရိုင်းအစိုင်း တရားသူကြီးများက ဘုရားသခင်ကို စီရင်ချက်ချကာ သူ့ကို နောက်ထပ်တစ်ကြိမ် ကားတိုင်ပေါ်တွင် သံမှိုစွဲရိုက်ထားကြပြီ ဖြစ်သည်။ ဘုရားသခင်အတွက် သူတို့ အမှန်တကယ်

ပြုမူဆောင်ရွက်သောကြောင့် ဖြောင့်မတ်သည်ဟု ဘယ်နှစ်ယောက်အား ခေါ်ဆိုနိုင်မည်နည်း။

ဘုရားသခင်၏ရှေ့မှောက်တွင် သူတော်စင်တစ်ယောက် သို့မဟုတ် ဖြောင့်မတ်သော လူတစ်ယောက်အဖြစ် စုံလင်အောင် ပြုလုပ်ခြင်းခံရဖို့ရန်မှာ ဤမျှလွယ်ကူပါ၏လော။ "ဤမြေကြီးပေါ်တွင် ဖြောင့်မတ်သောသူမရှိ၊ ဖြောင့်မတ်သူများ ဤလောကထဲတွင်မရှိ။" ဟူသည်မှာ မှန်ကန်သော ပြောဆိုချက် တစ်ခုပင်ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏ ရှေ့မှောက်သို့ လာသည့်အခါ၊ သင်တို့ ဝတ်ဆင်ထားသောအရာကို ဆင်ခြင်လော့၊ သင်တို့၏ စကားလုံးနှင့် အပြုအမူအားလုံး၊ သင်တို့၏ စိတ်ကူးနှင့် အကြံအစည်အားလုံး၊ ထို့ပြင် သင်တို့ နေ့တိုင်းမက်သော အိပ်မက်များကိုပင်လျှင် ဆင်ခြင်လော့၊ ထိုအရာတို့သည် သင်တို့အတွက်ချည်းသာ ဖြစ်သည်။ ဤသည်မှာ ကိစ္စရပ်များ၏ မှန်ကန်သော အခြေအနေပင် မဟုတ်လော။ "ဖြောင့်မတ်ခြင်း" ဆိုသည်မှာ အခြားသူများအား စွန့်ကြဲပေးကမ်းခြင်းကို မဆိုလို၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ခြင်းကိုမဆိုလို၊ ထို့ပြင် ခိုက်ရန်ပြုခြင်းများနှင့် ငြင်းခုန်ခြင်းများ သို့မဟုတ် လုယက်ခြင်းနှင့် ခိုးယူခြင်းတို့မှ ရှောင်ကြဉ်ခြင်းကိုလည်း မဆိုလိုပေ။ ဖြောင့်မတ်ခြင်းဆိုသည်မှာ သခင်ယေရှု လုပ်ဆောင်ခဲ့သည့် အရာခပ်သိမ်းနည်းတူ၊ အချိန် သို့မဟုတ် နေရာကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်ကို မိမိ၏တာဝန်အဖြစ် မှတ်ယူခြင်းနှင့် ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုများနှင့် အစီအစဉ်များကို မိမိအတွက် ဘုရားခွဲခန့်သော အလုပ်တာဝန်အဖြစ် လိုက်နာခြင်းကို ဆိုလိုသည်။ ဤသည်မှာ ဘုရားသခင် ပြောကြားထားသော ဖြောင့်မတ်ခြင်း တရားပင် ဖြစ်သည်။ လောတကို ဖြောင့်မတ်သည်ဟု ခေါ်ဆိုနိုင်ခဲ့ရခြင်းမှာ သူက ဘုရားသခင် စေလွှတ်ခဲ့သော ကောင်းကင်တမန်နှစ်ပါးကို မိမိကိုယ်ကျိုးနှင့် နစ်နာမှုကို ထည့်မတွက်ဘဲ ကယ်တင်ခဲ့သောကြောင့် ဖြစ်သည်။ ထိုအချိန်က သူပြုခဲ့သည့်အရာကို ဖြောင့်မတ်သည်ဟု ခေါ်ဆိုနိုင်သော်လည်း၊ သူ့ကို ဖြောင့်မတ်သောလူဟု မခေါ်ဆိုနိုင်ပါ ဟူ၍သာ ပြောနိုင်လေသည်။ ယင်းမှာ လောတက ဘုရားသခင်ကို မြင်တွေ့ခဲ့ဖူးသောကြောင့်သာ သူ၏ သမီးနှစ်ယောက်ကို ကောင်းကင်တမန်နှစ်ပါးအတွက် အလဲအလှယ်အနေနှင့် ပေးခဲ့ခြင်းဖြစ်သော်လည်း၊ အတိတ်က သူ၏ အပြုအမူအားလုံးက ဖြောင့်မတ်ခြင်းအတွက် ကိုယ်စားမပြုခဲ့ပေ။ ထို့ကြောင့်ပင် "မြေကြီးပေါ်တွင် ဖြောင့်မတ်သောသူမရှိ" ဟု ငါဆိုရခြင်း ဖြစ်သည်။ တိုးတက်ကောင်းမွန်လာခြင်း စီးကြောင်းထဲတွင်ရှိသော သူများကြားမှာပင်လျှင် မည်သူ့ကိုမျှ ဖြောင့်မတ်သည်ဟု ခေါ်၍မရနိုင်ပါ။ သင်၏ လုပ်ဆောင်ချက်များ မည်မျှပင်ကောင်းပါစေ၊ ဘုရားသခင်၏နာမတော်ကို သင် မည်မျှပင် ကြီးမြတ်စေမည့်ပုံပေါက်ပါစေ၊ အခြားသူများအား ရိုက်နှက်ခြင်းနှင့် ကျိန်ဆဲခြင်းလည်းမရှိ၊ အခြားသူများထံမှ ခိုးယူခြင်းနှင့် လုယက်ခြင်း

မရှိသော်ငြားလည်း သင့်ကို ဖြောင့်မတ်သည်ဟု ခေါ်၍ မရနိုင်သေးပါ၊ အကြောင်းမှာ ဤသည်မှာ သာမန်လူတစ်ဦး ပိုင်ဆိုင်နိုင်စွမ်းရှိသော အရာပင်ဖြစ်သည်။ ယခုလက်ငင်း၌ အခရာဖြစ်သည့်အရာမှာ ဘုရားသခင်ကို သင်မသိကျွမ်းခြင်းပင် ဖြစ်သည်။ လက်ရှိတွင် သင်၌ ပုံမှန်လူ့သဘာဝ အနည်းငယ် ရှိသော်လည်း ဘုရားသခင် ပြောကြားသော ဖြောင့်မတ်ခြင်း၏ အရိပ်အယောင်များ မရှိပါဟူ၍သာ ပြောနိုင်သောကြောင့် သင်လုပ်ဆောင်သည့် မည်သည့်အရာကမျှ ဘုရားသခင်ကို သင်သိကျွမ်းကြောင်း သက်သေပြနိုင်စွမ်း မရှိပါချေ။

ယခင်က ဘုရားသခင် ကောင်းကင်ပေါ်တွင် ရှိနေခဲ့စဉ်၊ လူသည် ဘုရားသခင်အား လှည့်စားတတ်သော ပုံစံဖြင့် ပြုမူခဲ့သည်။ ယနေ့တွင် နှစ်ပေါင်းမည်မျှရှိခဲ့ပြီကို မည်သူမျှ မသိနိုင်သော်လည်း၊ ဘုရားသခင်သည် လူတို့အလယ် ရှိနေခဲ့ပြီးဖြစ်သည်၊ သို့တစေ အမှုအရာများကို ပြုလုပ်ရာတွင် လူသည် ဟန်ဆောင်လုပ်ပြနေကြပြီး သူ့ကိုလှည့်စားရန် ကြိုးစားနေကြဆဲပင် ဖြစ်သည်။ လူသည် သူ၏တွေးခေါ် ခြင်း၌ အလွန်တရာမှပင် ခေတ်နောက်ကျန်နေသည် မဟုတ်လော။ ယင်းမှာ ယုဒနည်းတူ ဖြစ်သည်- ယေရှုမကြွလာခင်တွင် ယုဒသည် သူ၏ ညီအစ်ကိုမောင်နှမများကို လှည့်စားရန် မုသားပြောတတ်ပြီး၊ သခင်ယေရှုကြွလာပြီးနောက်မှာပင် မပြောင်းလဲခဲ့သေးပေ။ သူသည် ယေရှုကို နည်းနည်းမျှ မသိကျွမ်းခဲ့ဘဲ အဆုံးတွင် ယေရှုကို သစ္စာဖောက်ခဲ့လေသည်။ ဤသည်မှာ ဘုရားသခင်ကို သူမသိကျွမ်းခဲ့သောကြောင့်ပင် မဟုတ်လော။ အကယ်၍ သင်တို့သည် ယနေ့တွင် ဘုရားသခင်ကို သိကျွမ်းခြင်း မရှိသေးပါက သင်တို့သည် ယုဒကဲ့သို့သောသူမျိုး ဖြစ်လာနိုင်ပြီး၊ ဤအရာနောက်တွင် လွန်ခဲ့သော အနှစ်နှစ်ထောင်က ကျေးဇူးတော်ခေတ်၌ ယေရှုကားစင်တင်သတ်ခံရခြင်း အဖြစ်ဆိုးက နောက်တစ်ဖန် ပြန်လည်ဖြစ်ပေါ်နေဦးမည် ဖြစ်သည်။ ဤသည်ကို သင်တို့ မယုံကြသလော။ ယင်းက အဖြစ်မှန်ပါတကား။ မျက်မှောက်တွင် လူအများစုမှာ အလားတူအခြေအနေ၌ ရှိနေကြပြီး- ငါသည် ဤအရာကို အချိန်မတန်သေးဘဲ ပြောမိခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်- ထိုကဲ့သို့သောလူတို့မှာ ယုဒဇာတ်ကောင်အဖြစ် သရုပ်ဆောင်နေကြသည်ချည်းပင် ဖြစ်သည်။ ငါသည် အဓိပ္ပာယ်မဲ့သောစကားကို ပြောနေခြင်းမဟုတ်၊ အဖြစ်မှန်ပေါ် အခြေခံ၍ ပြောနေခြင်းဖြစ်ပြီး၊ သင် လက်မခံမယုံကြည်ဘဲနေ၍ မရနိုင်ပေ။ များစွာသော လူတို့သည် နှိမ့်ချချင် ယောင်ဆောင်ကြသော်လည်း သူတို့၏ နှလုံးသားထဲတွင် ရေသေအိုင်၊ နံဟောင်နေသော ရေမြောင်းမှလွဲ၍ ဘာမျှမရှိချေ။ ယခု အသင်းတော်ထဲတွင် ဤအရာနှင့်တူသောသူ မြောက်မြားစွာရှိပြီး၊ ငါသည် ဤအရာကို အလျှင်းမသိဟု သင်တို့ထင်ကြသည်။ ယနေ့တွင် ငါ၏ဝိညာဉ်တော်သည် ငါ့အတွက် အဆုံးအဖြတ်ပေးပြီး

ငါ့အတွက် သက်သေခံလေသည်။ ငါသည် ဘာမျှမသိဟု သင် ထင်မှတ်သလော။ သင်တို့၏စိတ်နှလုံးအတွင်းရှိ စဉ်းလဲသော အတွေးများ၊ သင်တို့၏ စိတ်နှလုံးထဲ၌ သိမ်းထားသောအရာများကို ငါတစ်ခုမျှနားမလည်ဟု သင်ထင်မှတ်သလော။ ဘုရားသခင်ကို အသာရရန် ဤမျှ လွယ်ကူသလော။ သင်သဘောရှိသည့်မည်သည့်ပုံစံနှင့်မဆို သူ့ကို ဆက်ဆံနိုင်မည်ဟု သင်ထင်သလော။ အတိတ်တွင် သင်တို့ ချုပ်နှောင်ခြင်းခံရမည်ကို ငါ ပူပန်ခဲ့သောကြောင့် ငါသည် သင်တို့ကို လွတ်လပ်မှု ပေးမြဲပေးခဲ့သော်လည်း၊ ငါသည် သူတို့အပေါ် ကောင်းမြတ်နေခဲ့ကြောင်း လူသားတို့က ပြောပြနိုင်စွမ်းမရှိခဲ့ဘဲ သူတို့က ရလေလိုလေ အိုတန္ဆေ ဖြစ်ခဲ့ကြလေသည်။ သင်တို့ အချင်းချင်းကြား မေးမြန်းကြလော့- ငါသည် မည်သူ့ကိုမျှ ကိုင်တွယ်ဖြေရှင်းခြင်း လုံးဝ မရှိခဲ့သလောက်ဖြစ်ပြီး၊ မည်သူ့ကိုမျှလည်း ပေါ့ပေါ့တန်တန် အပြစ်ဖော်ဆိုးမခြင်း လုံးဝမရှိခဲ့သလောက် ဖြစ်စေကာမူ ငါသည် လူ၏ကြံရွယ်ချက်များနှင့် အယူအဆများအကြောင်း အလွန်ရှင်းလင်းစွာ သိသည်။ ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သော ဘုရားသခင် သက်သေခံသောသူအား နုံအသူဖြစ်သည်ဟု သင်ထင်သလော။ ထိုသို့ဖြစ်သော် သင် လွန်စွာကန်းသည်ဟု ငါဆို၏။ သင့်ကို ငါဖော်ထုတ်မည်မဟုတ်၊ သို့သော် သင်မည်မျှ ဖောက်ပြန်ပျက်စီးလာနိုင်သည်ကိုသာ ကြည့်ကြစို့။ သင်၏ ကျွမ်းကျင်သော ပရိယာယ်လေးများက သင့်အား ကယ်နိုင်မကယ်နိုင်၊ သို့မဟုတ် ဘုရားသခင်ကိုချစ်ရန် သင်အကောင်းဆုံး ကြိုးစားခြင်းက သင့်ကို ကယ်နိုင်မကယ်နိုင် ဆိုသည်ကို စောင့်ကြည့်ကြစို့။ ယနေ့တွင် သင့်ကို ငါ စီရင်မည်မဟုတ်။ ဘုရားသခင်က သင့်အပေါ် မည်ကဲ့သို့ ဒဏ်ခတ်မည်ကို သိရဖို့ သူ၏အချိန်အထိ စောင့်ကြပါစို့။ ယခု ငါ၌ သင်နှင့် အလဟဿ စကားစမြည်ပြောဖို့ အချိန်မရှိသကဲ့သို့၊ သင်တစ်ဦးတည်းအတွက်နှင့် ငါ၏ ပိုကြီးမြတ်သောအမှုကို နှောင့်နှေးကြန့်ကြာစေဖို့လည်း ငါအလိုမရှိပေ။ လောက်ကောင်ကဲ့သို့သော သင်သည် ဘုရားသခင်က သင့်ကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်မည့်အချိန်နှင့် ထိုက်တန်ခြင်းမရှိ၊ ထို့ကြောင့် သင်အဘယ်မျှ အကျင့်စာရိတ္တ ပျက်စီးနိုင်သည်ကိုသာ စောင့်ကြည့်ကြစို့။ ဤကဲ့သို့သောလူတို့သည် ဘုရားသခင်အား သိကျွမ်းခြင်းကို အနည်းငယ်မျှပင် အားထုတ်ခြင်းမရှိသကဲ့သို့၊ ဘုရားသခင်အား ချစ်ခြင်း စိုးစဉ်းလေးမျှပင် မရှိဘဲ၊ ဘုရားသခင်က သူတို့အား ဖြောင့်မတ်သည်ဟု ခေါ်ဆိုရန် အလိုရှိကြသေးသည်မှာ ရယ်စရာမဟုတ်သလော။ အနည်းငယ်သော လူတို့မှာ အမှန်တကယ် ရိုးသားကြသောကြောင့်၊ ငါသည် လူသားကို ဆက်လက်၍ အသက်ထောက်ပံ့ပေးခြင်းကိုသာ အာရုံစိုက်မည်။ ယနေ့ ငါ ပြီးစီးသင့်သည့်အရာကိုသာ ပြီးစီးအောင် ငါလုပ်ဆောင်မည် ဖြစ်သော်လည်း အနာဂတ်တွင်

အယောက်စီတိုင်းအပေါ် သူတို့ ပြုလုပ်ခဲ့သည့်အရာနှင့်အညီ ပြစ်ဒဏ်ပေးခြင်းကို ငါ ယူဆောင်လာမည်။ ပြောဖို့ရှိသည့်အရာဟူသမျှကို ငါပြောခဲ့ခြင်း ဖြစ်ကာ၊ အကြောင်းမှာ ဤအရာသည် ငါပြုသောအမှု အတိအကျပင် ဖြစ်သည်။ ငါလုပ်သင့်သည့် အရာကိုသာ ငါလုပ်ပြီး၊ ငါမလုပ်သင့်သည့်အရာကို ငါမလုပ်ချေ။ သို့ပါလျက် သင်တို့သည် ဘုရားသခင်အား သင်၏ သိကျွမ်းခြင်း အဘယ်မျှက စစ်မှန်သည်ကို ဆင်ခြင်သုံးသပ်ခြင်း၌ အချိန်ပိုယူရန် ငါမျှော်လင့်သည်။ သင်သည် ဘုရားသခင်ကို ကားတိုင်ပေါ် နောက်တစ်ဖန် သံမှိုစွဲရိုက်ထားသော သူတစ်ဦး ဖြစ်သလော။ ငါ၏ နောက်ဆုံးစကားများက ဤအရာများပင်- ဘုရားသခင်ကို ကားစင်တင်ကြသော သူတို့၌ အမင်္ဂလာ ရှိစေသတည်း။

## ပုံမှန်အခြေအနေတစ်ခုထဲသို့ ဝင်ရောက်ပုံ

ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူတို့ ပိုမိုလက်ခံလေ၊ ၎င်းတို့ ပိုမိုဉာဏ်အလင်းပေးခံရလေဖြစ်ကာ ဘုရားသခင်ကို သိကျွမ်းခြင်းအား ၎င်းတို့၏ လိုက်စားရာတွင် သာ၍ ဆာငတ်လေဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံသူတို့သာ ပိုမိုကြွယ်ဝပြီး ပိုမိုနက်နဲသော အတွေ့အကြုံများကို ရှိနိုင်စွမ်းရှိကြပြီး ၎င်းတို့သည်သာ နှမ်းပွင့်များကဲ့သို့ ဆက်လက် ကြီးထွားနိုင်သည့် အသက်တာများရှိကြသူများ ဖြစ်သည်။ အသက်ကို လိုက်စားသူအားလုံးသည် ဤအရာကို မိမိတို့၏ အချိန်ပြည့်အလုပ်ကဲ့သို့ သဘောထားသင့်၏။ "ဘုရားသခင် မရှိပါက၊ ကျွန်ုပ် အသက်မရှင်နိုင်။ ဘုရားသခင်မရှိပါက၊ မည်သည့်အရာမျှ ကျွန်ုပ် မပြီးမြောက်နိုင်။ ဘုရားသခင် မရှိပါက၊ အရာရာ အနှစ်မဲ့သည်" ဟု ၎င်းတို့ ခံစားသင့်၏။ ထို့ကြောင့် ၎င်းတို့သည် "သန့်ရှင်းသော ဝိညာဉ်တော် မရှိဘဲ၊ မည်သည့်အရာကိုမျှ ကျွန်ုပ် လုပ်မည်မဟုတ်၊ ပြီးလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းက မည်သည့်ထိရောက်မှုမျှမရှိပါက၊ ဘာကိုမျှ လုပ်ဆောင်ဖို့ ကျွန်ုပ် စိတ်မဝင်စားပါ" ဆိုသည့် သန္နိဋ္ဌာန်ကိုလည်း ၎င်းတို့ ရှိသင့်သည်။ မိမိကိုယ်ကိုယ် အလိုမလိုက်နှင့်။ ဘဝအတွေ့အကြုံများသည် ဘုရားသခင်၏ ဉာဏ်အလင်းပေးခြင်းနှင့် လမ်းပြခြင်းတို့မှ လာပြီး၊ ၎င်းတို့၏ သင်၏ ဓမ္မဓိဋ္ဌာန်မကျသော အားထုတ်မှုများ ပုံပေါ်လာခြင်း ဖြစ်သည်။ မိမိကိုယ်ကိုယ် သင် တောင်းဆိုသင့်သည့်အရာမှာ ဤသို့ဖြစ်၏- "ဘဝအတွေ့အကြုံနှင့် ပတ်သက်လာသည့်အခါ၊ ကျွန်ုပ် မိမိကိုယ်ကိုယ် လုံးဝလွတ်လပ်ခွင့်ပေး၍ မဖြစ်" ဟူ၍ ဖြစ်သည်။

တစ်ခါတစ်ရံ၊ ပုံမှန်မဟုတ်သည့် အခြေအနေတွင်၊ သင်သည် ဘုရားသခင် ရှိနေခြင်းကို ဆုံးရှုံးပြီး သင် ဆုတောင်းသည့်အခါ ဘုရားသခင်ကို မခံစားနိုင် ဖြစ်လာသည်။ ထိုသို့သော အချိန်များတွင် စိုးရိမ်မှုခံစားရခြင်းမှာ ပုံမှန်ဖြစ်၏။ သင့်အနေဖြင့် ချက်ချင်း စတင် ရှာဖွေသင့်သည်။ သင် မစတင်ပါက၊ ဘုရားသခင်သည် သင့်ထံမှ ဝေးကွာ လိမ့်မည်ဖြစ်ပြီး သင်သည် တစ်ရက်ကြာ၊ နှစ်ရက်ကြာ၊ တစ်လ သို့မဟုတ် နှစ်လကြာပင် သန့်ရှင်းသော ဝိညာဉ်တော် - ထို့အပြင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် - မရှိဘဲ ဖြစ်လိမ့်မည်။ ဤအခြေအနေများတွင် သင်သည် အလွန့်အလွန် ထုံထိုင်းလာပြီး အပြုအမူမျိုးစုံ ကျူးလွန်နိုင်စွမ်းရှိသည်အထိ စာတန်၏ ဖမ်းဆီးခြင်းကို နောက်တစ်ကြိမ် ခံရပေသည်။ ချမ်းသာကြွယ်ဝမှုကို သင် တပ်မက်သည်၊ သင်၏ ညီအစ်ကို မောင်နှမများကို လှည့်ဖြားသည်၊ ရုပ်ရှင်များနှင့် ဗီဒီယိုများကို ကြည့်ရှုသည်၊ မာကျောင် ကစားပြီး စည်းမရှိကမ်းမရှိ ဆေးလိပ်နှင့် အရက်ပင်သောက်လေသည်။ သင်၏ စိတ်နှလုံးသည် ဘုရားသခင်ထံမှ ဝေးရာသို့ သွေဖည်သွားပြီဖြစ်သည်၊ သင်သည် မိမိ၏ကိုယ်ပိုင်လမ်းသို့ တိတ်တဆိတ် သွားလေပြီဖြစ်ကာ ဘုရားသခင်၏ အမှုနှင့်ပတ်သက်၍ ထင်ရာမြင်ရာ ဝေဖန်လေပြီ။ အချို့ကိစ္စရပ်များတွင်၊ လူတို့သည် အလွန်နိမ့်ကျသည်မှာ လိင်မှုသဘာဝနှင့်ဆိုင်သော အပြစ်များကို ကျူးလွန်ရာတွင် မည်သည့် အရှက် သို့မဟုတ် ကသိကအောက်ဖြစ်ခြင်းမျှ မခံစားကြရပေ။ ဤကဲ့သို့သော လူမျိုးကို သန့်ရှင်းသော ဝိညာဉ်တော်က စွန့်ပစ်ပြီးဖြစ်သည်။ အမှန်တွင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်က ထိုသို့သော လူထဲတွင် မရှိခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဆိုးယုတ်မှု၏ လက်တံများသည် သာ၍ ဝေးဝေး ဆန့်ထုတ်သည်နှင့်အမျှ ဖောက်ပြန်ပျက်စီးခြင်းထဲသို့ ၎င်းတို့ သာ၍ နက်ရှိုင်းစွာ နစ်မြုပ်သည်ကိုသာ တွေ့မြင်နိုင်သည်။ နောက်ဆုံးတွင်၊ ဤလမ်းခရီး၏ တည်ရှိခြင်းကို ၎င်းတို့ ငြင်းပယ်ပြီး ၎င်းတို့ အပြစ်ပြုကြသည်နှင့်အမျှ စာတန်၏ ဖမ်းဆီးခြင်းကို ခံကြရလေသည်။ သန့်ရှင်းသော ဝိညာဉ်တော် ရှိခြင်းသာ သင်၌ရှိသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် မရှိသည်ကို သင် တွေ့ရှိပါက ယင်းမှာ ရှိနေဖို့ အန္တရာယ်များသည့် အခြေအနေဖြစ်နှင့်ပြီးဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော် ရှိခြင်းကိုပင် သင် မခံစားရသည့်အခါ၊ သင်သည် သေလုနီးနီး ဖြစ်ပေသည်။ သင် နောင်တမရပါက၊ စာတန်ထံ လုံးဝ ပြန်သွားခဲ့ပြီးဖြစ်လိမ့်မည် ဖြစ်ပြီး ဖယ်ရှားခံရသည့် သူများအလယ်တွင် သင် ရှိလိမ့်မည်။ ထို့ကြောင့်၊ သန့်ရှင်းသော ဝိညာဉ်တော်သာရှိသည့် အခြေအနေတစ်ခုထဲ သင်ရှိသည်ကို (သင် အပြစ်မပြု၊ မိမိကိုယ်ကိုယ် ချုပ်တည်းထားပြီး ဘုရားသခင်ကို ပြောင်ကျကျ အာခံခြင်း တစ်ခုမျှ သင် မပြု) သင် တွေ့ရှိသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်

ကင်းမဲ့သည်ကို (သင် ဆုတောင်းသည့်အခါ တို့ထိမှု မခံစားရ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်သည့်အခါ သိသာသည့် ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းတို့ သင် မရရှိ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းနှင့် ပတ်သက်၍ သင် စိတ်မဝင်စား၊ သင့်အသက်တာတွင် မည်သည့်ကြီးထွားမှုမျှ လုံးဝမရှိသကဲ့သို့ ကြီးမားသည့် အလင်းပြခြင်း သင် ကင်းမဲ့ခဲ့သည်မှာ ကြာပြီ) သင် ရှာဖွေတွေ့ရှိသည့်အခါ - ထိုသို့သော အချိန်များတွင်၊ သင် သာ၍ သတိထားရမည်။ သင့်ကိုယ်သင် အလိုမလိုက်ရ၊ သင်၏ ကိုယ်ပိုင် အကျင့်စရိုက်ကို ရှေ့ဆက်၍ အကန့်အသတ်မရှိ လွှတ်မထားရ။ သန့်ရှင်းသော ဝိညာဉ်တော် ရှိနေခြင်းသည် အချိန်မရွေး ပျောက်ကွယ်နိုင်၏။ ဤသည်မှာ ထိုသို့သော အခြေအနေ အလွန်အန္တရာယ်များရသည့် အကြောင်းရင်း ဖြစ်သည်။ သင်သည် မိမိကိုယ်ကိုယ် ဤအခြေအနေမျိုးတွင်ရှိသည်ကို တွေ့ရှိရပါက၊ တတ်နိုင်သမျှမြန်မြန် အမှုအရာများကို ပြောင်းလဲဖို့ ကြိုးစားလော့။ ပထမဦးစွာ၊ နောင်တရသည့် ဆုတောင်းချက်ကို သင်ဆိုသင့်ပြီး သင့်အပေါ် သူ၏ ကရုဏာကို နောက်တစ်ကြိမ် ဘုရားသခင် ပေးစေဖို့ တောင်းလျှောက်လော့။ သာ၍ လေးလေးနက်နက် ဆုတောင်းပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သာ၍ စားသောက်ဖို့ သင်၏ စိတ်နှလုံးကို ငြိမ်သက်စေလော့။ ဤအခြေခံအုတ်မြစ်နှင့်အတူ၊ ဆုတောင်းခြင်းတွင် သင်၏ အချိန်ကို ပိုမို အသုံးပြုရမည်။ သီဆိုခြင်း၊ ဆုတောင်းခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းနှင့် သင်၏ တာဝန်ကို ဆောင်ရွက်ခြင်းတို့တွင် သင်၏ အားထုတ်မှုများကို နှစ်ဆပြုလော့။ သင် အားအနည်းဆုံး ဖြစ်သည့်အချိန်တွင်၊ သင်၏ စိတ်နှလုံးသည် စာတန်၏ ပိုင်ဆိုင်ခြင်းကို သာ၍အလွယ်တကူခံရတတ်၏။ ထိုသို့ဖြစ်သည့်အခါ၊ သင်၏ စိတ်နှလုံးသည် ဘုရားသခင်ထံမှ ယူခြင်းခံရပြီး စာတန်ထံ ပြန်ပို့ခံရလေသည်၊ သည့်နောက် သင်သည် သန့်ရှင်းသော ဝိညာဉ်တော် မရှိဘဲ ဖြစ်လေသည်။ ထိုသို့သော အချိန်များတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ပြန်လည်ရရှိဖို့ နှစ်ဆခက်ခဲလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်က သင်နှင့်အတူ ရှိစဉ် သူ၏ အလုပ်ကို ရှာဖွေသည်က ပိုကောင်း၏၊ ယင်းက သင့်အပေါ် သူ၏ ဉာဏ်အလင်းပေးခြင်းကို သာ၍ ပေးသနားဖို့နှင့် သင့်ကို သူစွန့်မပစ်စေဖို့ ဘုရားသခင်ကို အခွင့်ပေးလေသည်။ ဆုတောင်းခြင်း၊ ဓမ္မသီချင်းများ သီဆိုခြင်း၊ သင်၏ တာဝန်ဝတ္တရားကို အစေခံခြင်း နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း - ဤအရာအားလုံးသည် စာတန်က သူ၏ အလုပ်ကို လုပ်ဆောင်ဖို့ အခွင့်အရေးမရှိရန်နှင့် သန့်ရှင်းသော ဝိညာဉ်တော်က သင့်အတွင်းတွင် အမှုပြုနိုင်ဖို့အလို့ငှာ လုပ်ဆောင်ခြင်း ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ဤနည်းဖြင့် သင် ပြန်လည်မရရှိပါက၊

သင်သည် စောင့်၍သာနေပါက၊ သန့်ရှင်းသော ဝိညာဉ်တော်က အထူးသဖြင့် သင့်ကို မတို့ထိခဲ့သော် သို့မဟုတ် သင့်ကို အထူး ဉာဏ်အလင်းပေးပြီး အလင်းမပေးခဲ့သော်၊ သန့်ရှင်းသော ဝိညာဉ်တော် ရှိခြင်းကို သင် ဆုံးရှုံးပြီးသည့်အခါ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ပြန်လည်ရရှိခြင်းက လွယ်ကူလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့်ပင်၊ သင်၏ အခြေအနေ ပြန်သက်သာလာဖို့ တစ်ရက် သို့မဟုတ် နှစ်ရက်သာ ကြာသည်မဟုတ်။ တစ်ခါတစ်ရံ မည်သည့် သက်သာခြင်းမျှမရှိဘဲ ခြောက်လကျော်လွန်သွားနိုင်သည်။ ဤအရာအားလုံးမှာ လူတို့သည် မိမိတို့ကိုယ်ကိုယ်အပေါ် အလွန်ငဲ့ညှာလွန်းသောကြောင့်၊ ပုံမှန်နည်းလမ်းဖြင့် အမှုအရာများကို တွေ့ကြုံနိုင်စွမ်းမရှိကြသောကြောင့် ဖြစ်ပြီး၊ ထို့သို့ဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ စွန့်ပစ်ခြင်းကို ခံကြရသောကြောင့် ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို သင် အမှန်ပြန်လည်ရရှိလျှင်ပင်၊ သင်သည် မိုင်ပေါင်းသောင်းချီ နောက်ချန်ခံခဲ့ရသည့်အလား၊ သင်၏ ဘဝအတွေ့အကြုံ၌ ဝေးဝေးနောက်ကျခဲ့ပြီး ဖြစ်သည့်အတွက်၊ ဘုရားသခင်၏ လက်ရှိအမှုသည် သင့်အဖို့ သိပ်ရှင်းလင်းကောင်း ရှင်းလင်းလိမ့်ဦးမည်မဟုတ်ပေ။ ဤသည်မှာ ဆိုးရွားသည့်အရာ မဟုတ်လော။ သို့သော်၊ ထိုသို့သော လူတို့ကို ယခု နောင်တရရန် နောက်မကျ လွန်းသေးဟု ငါ ဆို၏၊ သို့သော် သတ်မှတ်ချက် တစ်ခုရှိပေသည် - သင် အလုပ် သာ၍ ကြိုးစားရမည်ဖြစ်ပြီး ပျင်းရိမှု၌ မွေ့လျော်ရမည်မဟုတ်။ အခြားလူတို့က တစ်နေ့ ငါးကြိမ်ဆုတောင်းပါက၊ သင် ဆယ်ကြိမ် ဆုတောင်းရမည်။ အခြားလူတို့က တစ်နေ့ နှစ်နာရီ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ပါက၊ ထိုသို့ လေးနာရီ သို့မဟုတ် ခြောက်နာရီ သင် လုပ်ရမည်။ ပြီးလျှင် အခြားလူတို့က ဓမ္မသီချင်းများကို နှစ်နာရီ နားထောင်ပါက၊ သင် အနည်းဆုံး နေ့တစ်ဝက် နားထောင်ရမည်။ သင်တို့ထိ ခံရသည်အထိ၊ သင်၏ စိတ်နှလုံးက ဘုရားသခင်ထံ ပြန်သွားပြီး ဘုရားသခင်ထံမှ အဝေးသို့ မသွေဖည်ဝံ့တော့ သည်အထိ မကြာခဏ ဘုရားသခင်၏ ရှေ့တွင် ငြိမ်သက်စွာနေပြီး သူ၏ ချစ်ခြင်းမေတ္တာကို တွေးတောလော့ - ထို့အခါတွင်မှ၊ သင်၏ လက်တွေ့လုပ်ဆောင်ခြင်းက အကျိုးဖြစ်ထွန်းလိမ့်မည်။ ထိုအခါတွင်မှ၊ သင်၏ ယခင်၊ ပုံမှန် အခြေအနေသို့ ပြန်လည် သက်သာလာနိုင်ပေလိမ့်မည်။

လူအချို့သည် မိမိတို့၏ လိုက်စားမှုတွင် များစွာ စိတ်အားထက်သန်ကြ၏၊ သို့တိုင် မှန်ကန်သော လမ်းကြောင်းပေါ် မဝင်ရောက်နိုင်ကြချေ။ ဤသည်မှာ ၎င်းတို့သည် သတိမမူလွန်းသောကြောင့်နှင့် ဝိညာဉ်ရေး အမှုအရာများကို အာရုံမစိုက်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သို့တွေ့ကြုံ ရမည်ကို ၎င်းတို့

မသိကြသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်များနှင့် ၎င်းရှိနေခြင်းသည် မည်သည့် အရာဖြစ်သည်ကို မသိကြချေ။ ထိုသို့သော လူတို့သည် စိတ်အားထက်သန်ကြသော်လည်း မိုက်မဲကြလေသည်။ ၎င်းတို့သည် အသက်ကို မလိုက်စားကြချေ။ ယင်းမှာ သင်သည် ဝိညာဉ်တော်နှင့်ဆိုင်သော အသိပညာ စိုးစဉ်းမျှ မရှိသောကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ဆဲ အမှု၌ တိုးတက်မှုနှင့်ဆိုင်၍ မည်သည့်အရာမျှ သင် မသိသကဲ့သို့ သင်၏ ကိုယ်ပိုင် စိတ်ဝိညာဉ်အတွင်းရှိ အခြေအနေကို မသိမှတ်သောကြောင့် ဖြစ်သည်။ ထိုသို့သော လူတို့၏ ယုံကြည်ခြင်းသည် မိုက်မဲသော ယုံကြည်ခြင်းမျိုး ဖြစ်သည် မဟုတ်လော။ ထိုသို့သော လူတို့၏ လိုက်စားမှုသည် နောက်ဆုံးတွင် မည်သည့်အရာမျှ မဖြစ်ထွန်းပေ။ ဘုရားသခင်ကို ယုံကြည်ခြင်း၌ ဘဝတွင် ကြီးထွားမှုရရှိဖို့ရန် သော့ချက်မှာ သင်၏ အတွေ့အကြုံ၌ ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်သည်ကို သိရှိခြင်း၊ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းခြင်းကို ရှုမြင်ခြင်းနှင့် ဘုရားသခင်၏ အလိုတော်ကို သိနားလည်ခြင်းတို့ ဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ စီစဉ်မှုများအားလုံးကို သင် နာခံပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ အသက်တာဖြစ်လာဖို့အလို့ငှာ သင့်အထဲ၌ ပေါ်ပေါက်စေကာ ထိုသို့အားဖြင့် ဘုရားသခင်ကို သင် စိတ်ကျေနပ်စေသည်အထိ ဖြစ်သည်။ သင်၏ ယုံကြည်ခြင်းက မိုက်မဲသော ယုံကြည်ခြင်းတစ်ခု ဖြစ်ပါက၊ သင်သည် ဝိညာဉ်ရေးရာ ကိစ္စရပ်များနှင့် သင်၏ အသက်တာ စိတ်သဘောထားထဲက ပြောင်းလဲမှုများကို အာရုံမစိုက်ပါက၊ သမ္မာတရားအပေါ် မည်သည့် အားထုတ်မှုမျှ သင် မပြုပါက၊ သင်သည် ဘုရားသခင်၏ အလိုကို သဘောပေါက်နိုင်လိမ့်မည်လော။ ဘုရားသခင် တောင်းဆိုသည့်အရာကို သင် နားမလည်ပါက၊ သင်သည် တွေ့ကြုံနိုင်စွမ်း ရှိလိမ့်မည်မဟုတ်သဖြင့် လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်း ရှိလိမ့်မည်မဟုတ်ချေ။ ဘုရားသခင်ကို သူ၏ နှုတ်ကပတ်တော်များမှ သင် သိလာနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် ကြုံတွေ့သည်နှင့်အမျှ သင် အာရုံစိုက်ရမည့်အရာမှာ သင့်အထဲတွင် ၎င်းတို့ ဖြစ်ပေါ်စေသည့် သက်ရောက်မှု ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုဖို့သာ သင်သိသော်လည်း ၎င်းတို့အား မည်သို့ တွေ့ကြုံရမည်ကို မသိပါက၊ သင်သည် ဝိညာဉ်ရေး ကိစ္စရပ်များကို မသိနားမလည်ကြောင်း ဤအရာက ပြသည်မဟုတ်လော။ ယခုတွင်ပင်၊ လူအများစုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံနိုင်စွမ်း မရှိကြသဖြင့် ၎င်းတို့သည် ဘုရားသခင်၏ အမှုကို မသိကြချေ။ ဤသည်မှာ ၎င်းတို့၏ လက်တွေ့လုပ်ဆောင်မှု၌ အားနည်းချက်တစ်ခု ဖြစ်သည် မဟုတ်လော။ ၎င်းတို့ ဤကဲ့သို့ ဆက်သွားပါက၊ မည်သည့်အချိန်တွင် အမှုအရာများကို

ကြွယ်ဝပြည့်စုံစွာ ၎င်းတို့ တွေ့ကြုံပြီး မိမိတို့၏ အသက်တာများတွင် ကြီးထွားမှုကို ၎င်းတို့ ရရှိနိုင်စွမ်းရှိလိမ့်မည်နည်း။ ဤသည်မှာ အချည်းနှီး ပြောဆိုခြင်းမျှသာ သဘောသက်ရောက်သည် မဟုတ်လော။ သင်တို့အထဲတွင် သဘောတရားအပေါ် အာရုံစိုက်သူ၊ ဝိညာဉ်ရေးရာကိစ္စရပ်များကို ဘာမျှမသိသော်လည်း ဘုရားသခင်အားဖြင့် ကြီးကြီးမားမား အသုံးခံရရန်နှင့် ဘုရားသခင်အားဖြင့် ကောင်းချီးပေးခြင်းခံရရန် ဆန္ဒရှိသူများစွာ ရှိ၏။ ဤသည်မှာ လုံးဝ လက်တွေ့မကျချေ။ ဤအကြောင်းကြောင့်၊ သင်တို့အားလုံး သင်တို့၏ ဝိညာဉ်ရေးရာ အသက်တာများတွင် မှန်ကန်သော လမ်းကြောင်းပေါ် ဝင်ရောက်နိုင်ဖို့၊ စစ်မှန်သော အတွေ့အကြုံများ ရှိနိုင်ဖို့နှင့် ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ အမှန်တကယ် ဝင်ရောက်နိုင် ဖို့အလို့ငှာ ဤအားနည်းချက်ကို သင်တို့ အဆုံးသတ်ရပေမည်။

# ဘုရားသခင်၏အလိုတော်နှင့် သဟဇာတရှိစွာ အစေခံနည်း

လူတစ်ဦးသည် ဘုရားသခင်ကို ယုံကြည်သည့်အခါ၊ ကိုယ်တော့်ကို မည်ကဲ့သို့ အတိအကျ အစေခံသင့်သနည်း။ ဘုရားသခင်ကို အစေခံသူများက မည်သည့် သတ်မှတ်ချက်များကို ဖြည့်ဆည်းသင့်ပြီး မည်သည့်သမ္မာတရားများကို နားလည်သင့်သနည်း။ ပြီးလျှင် သင်တို့သည် သင်တို့၏အစေခံမှုတွင် မည်သည့်နေရာ၌ သွေဖည်နေနိုင်သနည်း။ ဤအရာအားလုံး၏ အဖြေများကို သင်တို့သိသင့်ပေသည်။ သင်တို့သည် ဘုရားသခင်ကို မည်ကဲ့သို့ယုံကြည်သည်၊ သန့်ရှင်းသော ဝိညာဉ်တော် ရှေ့ဆောင်ညွှန်ပြသောလမ်းကြောင်းပေါ်၌ သင်တို့ မည်ကဲ့သို့လျှောက်လှမ်းသည်နှင့် အရာခပ်သိမ်းတွင် ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုကို သင်တို့ အဘယ်သို့ ကျိုးနွံနာခံသည်ကို ၎င်းကိစ္စရပ်များက ထည့်သွင်းစဉ်းစားသည့်အတွက်၊ သင်တို့၌ ပြုသော ဘုရားသခင်၏အမှုတော် အဆင့်တိုင်းကို သင်တို့အား နားလည်သိမြင်စေသည်။ ထိုအဆင့်သို့ သင်တို့ရောက်သောအခါ၊ ဘုရားသခင်ကို ယုံကြည်ခြင်းဆိုသည်မှာ အဘယ်အရာဖြစ်သည်၊ ဘုရားသခင်ကို မည်ကဲ့သို့ သင့်တင့်လျောက်ပတ်စွာ ယုံကြည်ရမည်နှင့် ဘုရားသခင်၏ အလိုတော်နှင့် သဟဇာတရှိစွာ လုပ်ဆောင်ရန် အဘယ်အရာကို သင်တို့ပြုသင့်သည်ကို သင်တို့သဘောပေါက်လိမ့်မည်။ ဤအရာသည် သင်တို့အား ဘုရားသခင်၏အမှုတော်ကို အပြည့်အဝ လုံးလုံးလျားလျား နာခံစေမည်ဖြစ်သည်၊ သင်တို့၌ ညည်းညူခြင်းများ ရှိတော့မည် မဟုတ်ဘဲ၊ သင်တို့သည် အကဲဖြတ်ခြင်း သို့မဟုတ် စိစစ်ခြင်းများကို ပြုလုပ်လိမ့်မည် မဟုတ်သလို၊ ဘုရားသခင်၏အမှုတော်ကို စနစ်တကျ

စုံစမ်းလေ့လာခြင်းလည်း များစွာ နည်းပါးလိမ့်မည်။ ထိုသို့ဖြစ်သဖြင့် သင်တို့အားလုံးသည် ၁၉၉၀ ခုနှစ်ဝန်းကျင်၏ ပေတရုများဖြစ်လာနိုင်ကာ အနည်းငယ်မျှ ညည်းညူခြင်းမရှိဘဲ၊ ကားတိုင်ပေါ်၌ပင်လျှင် ဘုရားသခင်ကို အဆုံးစွန် ချစ်နိုင်ရန်၊ သင်တို့သည် ဘုရားသခင်အား သင်တို့ကို ထိန်းကျောင်းရန်နှင့် သင်တို့ကို သိုးသဖွယ် အသေသတ်ရန် အခွင့်ပေးကာ သေသည့်တိုင်အောင် ဘုရားသခင်ကို နာခံနိုင်စွမ်းရှိလိမ့်မည်ဖြစ်သည်။ သို့မှသာလျှင် သင်တို့သည် ၁၉၉၀ဝန်းကျင်၏ ပေတရုများအဖြစ် အသက်ရှင်နိုင်မည် ဖြစ်သည်။

သန္နိဋ္ဌာန်ချထားသူတိုင်းသည် ဘုရားသခင်ကို အစေခံနိုင်သည်။ သို့သော် ဘုရားသခင်၏အလိုတော်ကို အစွမ်းကုန် ဂရုစိုက်သူများနှင့် ဘုရားသခင်၏ အလိုတော်ကို နားလည်သူများသာလျှင် ဘုရားသခင်ကို အစေခံရန် အရည်အချင်းမီပြီး အခွင့်ရှိရမည်။ ဧဝံဂေလိတရားများကို ဘုရားသခင်အတွက် စိတ်အားထက်သန်စွာ ဝေငှပြီး ဘုရားသခင်အတွက် ခရီးနှင်ခြင်း၊ ဘုရားသခင်အတွက် မိမိကိုယ်ကိုယ် အသုံးခံပြီး အမှုအရာများကို ဘုရားသခင်အတွက် စွန့်လွှတ်ခြင်း၊ စသည်ဖြင့်တို့ ပြုလုပ်သရွေ့ ဤသည်မှာ ဘုရားသခင်ကို အစေခံခြင်း ဖြစ်သည်ဟု လူများစွာတို့က ယုံကြည်ကြသည်ကို သင်တို့အလယ်တွင် ငါ တွေ့ရှိခဲ့ပြီး ဖြစ်ပေသည်။ ပို၍ပင် ဘာသာရေးကိုင်းရှိုင်းသူများက ဘုရားသခင်ကို အစေခံခြင်းဆိုသည်မှာ ၎င်းတို့၏ လက်များထဲတွင် သမ္မာကျမ်းစာအုပ်တစ်အုပ်ဖြင့် ဟိုဟိုသည်သည် ပြေးလွှားခြင်း၊ ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားများကို ဖြန့်ခြင်းနှင့် လူတို့ကို နောင်တရစေပြီး အပြစ်ဝန်ချစေခြင်းအားဖြင့် ကယ်တင်ခြင်းဟု ယုံကြည်ကြသည်။ အဆင့်မြင့် လေ့လာမှုများကို လေ့လာလိုက်စားကာ ကျမ်းစာသင်ကျောင်းတွင် လေ့ကျင့်ပြီးနောက် ဘုရားရှိခိုးကျောင်းတွင် တရားဟောခြင်းနှင့် သမ္မာကျမ်းစာထဲမှ ကျမ်းပိုဒ်များကို ဖတ်၍ လူတို့ကို သင်ကြားခြင်းတို့သည် ဘုရားသခင်ကို အစေခံခြင်း၌ ပါဝင်သည်ဟုထင်သော ဘာသာရေးအမှုဆောင်များစွာလည်း ရှိသည်။ ထို့အပြင် ဘုရားသခင်ကို အစေခံခြင်း ဆိုသည်မှာ နာမကျန်းသူများကို ကုသခြင်းနှင့် ညီအစ်ကို မောင်နှမများအကြား နတ်ဆိုးများကို နှင်ထုတ်ခြင်း သို့မဟုတ် ၎င်းတို့အတွက် ဆုတောင်းပေးခြင်း၊ သို့မဟုတ် ၎င်းတို့ကို အစေခံခြင်းဟု ယုံကြည်ကြသော ဆင်းရဲနွမ်းပါးသော ဒေသများမှ လူများလည်းရှိသည်။ ဘုရားသခင်ကို အစေခံခြင်းဆိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နေ့စဉ် စားသောက်ခြင်း၊ ဘုရားသခင်ထံ နေ့စဉ် ဆုတောင်းခြင်းအပြင် နေရာတိုင်းရှိ ဘုရားကျောင်းများထံ အလည်အပတ်သွားပြီး အမှုပြုခြင်းဟု ယုံကြည်သူ အများအပြား သင်တို့အထဲတွင် ရှိသည်။ ဘုရားသခင်ကို အစေခံခြင်း ဆိုသည်မှာ မည်သည့်အခါမှ အိမ်ထောင်မပြုဘဲ သို့မဟုတ် မိသားစုကို ကျွေးမွေးသုတ်သင်ခြင်း မရှိဘဲ၊

၎င်းတို့၏ ဖြစ်တည်ခြင်း တစ်ရပ်လုံးကို ဘုရားသခင်အတွက် ဆက်ကပ်ခြင်းဟု ယုံကြည်သည့် အခြားသောညီအစ်ကို မောင်နှမများလည်း ရှိသည်။ သို့ရာတွင် ဘုရားသခင်ကို အစေခံခြင်းဆိုသည်မှာ စင်စစ်အားဖြင့် အဘယ်အရာကို ဆိုလိုကြောင်း လူအနည်းငယ်ကသာ သိကြ၏။ မိုးကောင်းကင်ရှိ ကြယ်များရှိသကဲ့သို့ ဘုရားသခင်ကို အစေခံသူများ အများအပြား ရှိသော်လည်း၊ တိုက်ရိုက် အစေခံနိုင်သူနှင့် ဘုရားသခင်၏အလိုတော်နှင့်အညီ အစေခံနိုင်သူ အရေအတွက်မှာ နည်းပါးလှသည်၊ မပြောပလောက်အောင် နည်းပါးသည်။ ငါအဘယ်ကြောင့် ဤသို့ပြောသနည်း။ ဤသို့ ငါပြောခြင်းမှာ သင်တို့သည် "ဘုရားသခင်ကို အစေခံခြင်း" ဟူသော စကားစု၏ အနှစ်သာရကို နားမလည်ခြင်းနှင့် ဘုရားသခင်၏ အလိုတော်နှင့်အညီ မည်ကဲ့သို့အစေခံရသည်ကို အလွန်နည်းပါးစွာ နားလည်ခြင်းကြောင့် ဖြစ်သည်။ ဘုရားသခင်အား မည်သို့သောအစေခံခြင်းမျိုးသည် ဘုရားသခင်၏ အလိုတော်နှင့် သဟဇာတဖြစ်နိုင်သည်ကို လူများ အတိအကျ နားလည်သဘောပေါက်ရန် အရေးတကြီး လိုအပ်ချက်တစ်ခုရှိနေသည်။

အကယ်၍ သင်တို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီ အစေခံလိုပါက၊ မည်ကဲ့သို့သောလူမျိုးက ဘုရားသခင်အတွက် နှစ်လိုဖွယ်ရာဖြစ်ပြီး မည်ကဲ့သို့သော လူမျိုးကို ဘုရားသခင်က ရွံမုန်းသည်၊ မည်ကဲ့သို့သောလူမျိုးကို ဘုရားသခင်က စုံလင်စေသည်၊ ပြီးလျှင် မည်ကဲ့သို့သော လူမျိုးက ဘုရားသခင်ကို အစေခံရန် အရည်အချင်းပြည့်မီသည်ကို သင်တို့ ဦးစွာ နားလည်ထားရမည်။ အနည်းဆုံးအနေဖြင့် သင်တို့၌ ဤအသိပညာဖြင့် ပြင်ဆင်ထားရှိရမည်။ ထို့ပြင် သင်တို့သည် ဘုရားသခင်၏ အမှုတော်၏ ရည်ရွယ်ချက်ပန်းတိုင်များနှင့် ပစ္စုပ္ပန်ကာလတွင် ဘုရားသခင်လုပ်ဆောင်အံ့သောအမှုကို သိရှိထားသင့်သည်။ ယင်းကို သိရှိနားလည်ပြီးနောက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ လမ်းပြမှုမှတစ်ဆင့် သင်တို့သည် ဦးစွာအနေဖြင့် ဝင်ရောက်မှုရှိကာ ဦးစွာ ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်ကို လက်ခံ ရရှိသင့်သည်။ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဧကန်အမှန် တွေ့ကြုံခံစားပြီးသောအခါနှင့် ဘုရားသခင်၏ အမှုတော်ကို အမှန်စင်စစ် သိရှိသောအခါ၊ သင်တို့သည် ဘုရားသခင်ကို အစေခံရန် အရည်အချင်းပြည့်မီလိမ့်မည်။ သင်တို့သည် ကိုယ်တော့်ကို အစေခံသောအခါ၊ ဘုရားသခင်သည် သင်တို့၏ဝိညာဉ်မျက်စိများကို ဖွင့်ပေးကာ သင်တို့အား သူ၏အမှုတော်နှင့်သက်ဆိုင်သည့် သာ၍ ကြီးစွာသော နားလည်မှုတစ်ခုကို ရရှိစေပြီး ပိုမိုရှင်းလင်းစွာ သိမြင်စေမည် ဖြစ်သည်။ ဤလက်တွေ့အရှိတရားသို့ သင်ဝင်ရောက်သည့်အခါ၊ သင်၏ အတွေ့အကြုံများသည် ပို၍ နက်ရှိုင်းပြီး စစ်မှန်မည် ဖြစ်ပြီး၊

သင်တို့သည် သင်တို့၏ အားနည်းချက်များအတွက် ထေမိစေဖို့ရာ အချင်းချင်း၏ အားသာချက်ကို အသုံးပြုနိုင်ပြီး သင်တို့၏ဝိညာဉ်များတွင် ပိုမိုကြွယ်ဝသော အသိကို ရရှိရန်အတွက်၊ ထိုကဲ့သို့သော အတွေ့အကြုံများကို ရရှိခဲ့ပြီးသော သင်တို့အားလုံးသည် အသင်းတော်များအကြား လျှောက်လှမ်းနိုင်ကာ သင်တို့၏ ညီအစ်ကိုမောင်နှမများကို ကူညီထောက်ပံ့မှုများ ပေးနိုင်မည်ဖြစ်သည်။ ၎င်းအကျိုးတရားကို ရရှိပြီးမှသာလျှင် သင်တို့သည် ဘုရားသခင်၏အလိုတော်နှင့် အညီ အစေခံနိုင်မည် ဖြစ်ပြီး အစေခံစဉ်ကာလအတွင်း ဘုရားသခင်အားဖြင့် စုံလင်စေခြင်း ခံရမည်ဖြစ်သည်။

ဘုရားသခင်ကို အစေခံသူများသည် ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူများ ဖြစ်သင့်သည်။ ထိုသူတို့သည် ဘုရားသခင်အတွက် နှစ်လိုဖွယ်ရာဖြစ်သင့်ပြီး ဘုရားသခင် အပေါ် အစွမ်းကုန် သစ္စာရှိနိုင်စွမ်းရှိရမည်။ သင်သည် လူတို့ရှေ့တွင် ပြုမူလုပ်ဆောင်သည်ဖြစ်စေ၊ နောက်ကွယ်တွင် ပြုမူလုပ်ဆောင်သည်ဖြစ်စေ သင်သည် ဘုရားသခင်၏ရှေ့တွင် ဘုရားသခင်၏ ဝမ်းမြောက်ခြင်းကို ရရှိနိုင်ကာ ဘုရားသခင်၏ ရှေ့တွင် ခိုင်မာစွာ ရပ်တည်နိုင်မည်ဖြစ်သည့်အပြင် အခြားသူများက သင့်ကို မည်သို့ပင် ဆက်ဆံပါစေ၊ သင်သည် သင်လျှောက်သင့်သည့်လမ်းကိုသာ အစဉ်လျှောက်ပြီး ဘုရားသခင်၏ ဝန်ထုပ်ကို အစွမ်းကုန် အရေးစိုက်ပေသည်။ ထိုကဲ့သို့သောသူများသာလျှင် ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူများ ဖြစ်ကြသည်။ ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သော သူတို့ကို ဘုရားသခင်၏ကြီးမားသော တာဝန်ပေးစေခိုင်းချက်နှင့် ဝန်ထုပ်ကို ပေးအပ်ထားသောကြောင့် ထိုသူတို့သည် ဘုရားသခင်ကို တိုက်ရိုက် အစေခံနိုင်သည်။ ထိုသူတို့သည် ဘုရားသခင်၏ စိတ်နှလုံးနှင့်ညီညွတ်နိုင်ကာ ဘုရားသခင်၏ ဝန်ထုပ်ကို ၎င်းတို့၏ဝန်ထုပ်အဖြစ် မှတ်ယူကြပြီး ၎င်းတို့သည် ၎င်းတို့၏ အနာဂတ် ရှေ့ရေးကို ထည့်သွင်းမစဉ်းစားပေ- ၎င်းတို့၌ မည်သည့်ရှေ့ရေးမျှမရှိဘဲ မည်သည်ကိုမျှရရန် မရှိသည့်အခါတွင်ပင်လျှင် ထိုသူတို့သည် ဘုရားသခင်ကို ချစ်သောနှလုံးသားဖြင့် ဘုရားသခင်ကို အစဉ်အမြဲ ယုံကြည်ကြလိမ့်မည်။ ထို့ကြောင့် ထိုကဲ့သို့သောသူသည် ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူ ဖြစ်သည်။ ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူများသည် ဘုရားသခင်က ယုံကြည်စိတ်ချရသူများလည်း ဖြစ်ကြသည်။ ဘုရားသခင်၏ ယုံကြည်စိတ်ချရသူများကသာ ကိုယ်တော်၏စိတ်မအေးရခြင်းနှင့် ကိုယ်တော်၏ အတွေးများကို မျှဝေခံစားနိုင်ပြီး၊ ၎င်းတို့၏ ဇာတိပကတိသည် နာကျင်မှုကို ခံစားနေရကာ အားနည်းသော်လည်း၊ ၎င်းတို့သည် နာကျင်မှုကို ကြံ့ကြံ့ခံနိုင်ကာ ဘုရားသခင် ကျေနပ်စေရန်အလို့ငှာ ၎င်းတို့မြတ်နိုးသောအရာကို စွန့်လွှတ်နိုင်ကြသည်။ ဘုရားသခင်သည် ထိုသို့သောသူများကို ပို၍များပြားသော ဝန်ထုပ်များကို ပေးပြီး ထိုသူတို့၏

သက်သေခံချက်တွင် ဘုရားသခင် လုပ်ဆောင်ရန် ဆန္ဒရှိသည့် အရာကို သက်သေခံထားသည်။ ထို့ကြောင့် ထိုသူတို့သည် ဘုရားသခင်အတွက် နှစ်လိုဖွယ်ရာဖြစ်ပြီး ၎င်းတို့သည် ကိုယ်တော်၏ စိတ်နှလုံးနှင့် ညီညွတ်သော ဘုရားသခင်၏ အစေခံများ ဖြစ်ကြကာ ထိုကဲ့သို့သော သူတို့သာလျှင် ဘုရားသခင်နှင့် အတူတကွ အုပ်စိုးနိုင်သည်။ သင်သည် ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူ အမှန်တကယ် ဖြစ်လာသောအချိန်သည် ဘုရားသခင်နှင့် အတူတကွ အုပ်စိုးမည့်အချိန် အတိအကျပင် ဖြစ်သည်။

ယေရှုသည် မိမိအတွက် အစီအစဉ်များ သို့မဟုတ် ကြိုတင်ပြင်ဆင်ခြင်းများ မပြုဘဲ၊ ဘုရားသခင်၏ အလိုတော်ကို အစွမ်းကုန် အရေးစိုက်ခဲ့သောကြောင့်၊ လူသားမျိုးနွယ် တစ်ရပ်လုံးကို ရွေးနုတ်ခြင်းအမှုဖြစ်သော ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်ကို ပြီးမြောက်နိုင်ခဲ့သည်။ ထို့ကြောင့် သူသည် ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူ- ဘုရားသခင် ကိုယ်တော်တိုင်လည်း ဖြစ်ခဲ့သည်- ယင်းသည် သင်တို့အားလုံး ကောင်းစွာ နားလည်ကြသည့် အရာတစ်ခုဖြစ်သည်။ (အမှန်အားဖြင့် သူသည် ဘုရားသခင် သက်သေခံခဲ့သည့် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည်။ ငါသည် ဤအကြောင်းကို ရှင်းလင်းစွာဖော်ပြရန်အတွက် ယေရှု၏ အချက်အလက်ကို အသုံးပြုရန် ဤသည်ကို ဤနေရာတွင် ဖော်ပြခြင်းဖြစ်ပေသည်။) သူသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်ကို ဗဟိုချက်မ၌ပင် ထားနိုင်ခဲ့ပြီး ကောင်းကင်ဘုံရှိ အဖထံသို့ အစဉ် ဆုတောင်းခဲ့ကာ ကောင်းကင်ဘုံရှိ အဖ၏အလိုတော်ကို ရှာဖွေခဲ့သည်။ သူဆုတောင်း၍ ပြောဆိုခဲ့သည်မှာ- “အဖဘုရားသခင်၊ ကိုယ်တော်၏အလိုတော် ဖြစ်သည့်အရာကို ဖြစ်မြောက်စေပါ။ ကျွန်ုပ်၏ အလိုဆန္ဒများအတိုင်း မလုပ်ဆောင်ဘဲ၊ ကိုယ်တော်၏ အစီအစဉ်အတိုင်းသာ ဆောင်ရွက်တော်မူပါ။ လူသားသည် အားနည်းနိုင်သော်ငြားလည်း၊ ကိုယ်တော်သည် သူ့ကို အဘယ်ကြောင့် ဂရုစိုက်သင့်သနည်း။ ကိုယ်တော်၏ လက်ထဲတွင်ရှိသည့် ပုရွက်ဆိတ်သဖွယ် ဖြစ်သော လူသားသည် ကိုယ်တော်၏ အလေးထားမှုကို အဘယ်သို့ ထိုက်တန်နိုင်သနည်း။ ကျွန်ုပ်၏နှလုံးသားတွင် ကိုယ်တော်၏အလိုတော်ကိုသာ ပြီးမြောက်စေလိုပြီး ကိုယ်တော်ကိုယ်တိုင်၏ ဆန္ဒများအတိုင်း ကျွန်ုပ်၌ ကိုယ်တော်ပြုမည့်အရာကို ကိုယ်တော်ပြုနိုင်စေဖို့ ကျွန်ုပ် ဆန္ဒရှိပါသည်။” ယေရုရှလင်သို့ သွားရာလမ်း၌ ယေရှုသည် သူ၏နှလုံးသားထဲတွင် ဓားတစ်ချောင်းဖြင့် မွှေနေသကဲ့သို့၊ မချိမဆံ့ သောကဝေဒနာကို ခံစားခဲ့ရသည်။ သို့သော် သူသည် သူ့စကားကို ပြန်ရုပ်သိမ်းရန် အနည်းငယ်မျှသော ရည်ရွယ်ချက်ပင် မရှိခဲ့ပေ။ တန်ခိုးကြီးမားသော အင်အားတစ်ခုက သူ ကားစင်တင် ကွပ်မျက်ခံရမည့် နေရာသို့ လှမ်းချီရန် သူ့အား အစဉ်တွန်းအားပေးခဲ့သည်။ နောက်ဆုံးတွင် သူသည် လက်ဝါးကားတိုင်၌ သံမှိုစွဲရိုက်ခံခဲ့ရပြီး

အပြစ်ရှိသော ဇာတိပကတိ အသွင်သဏ္ဌာန်ဆောင်ခဲ့ကာ လူသားမျိုးနွယ်အား ရွေးနုတ်ခြင်းအမှုတော်ကို ပြီးဆုံးစေခဲ့၏။ သူသည် သေခြင်းနှင့် မရဏနိုင်ငံ၏ ချုပ်နှောင်မှုများမှ လွတ်မြောက်ခဲ့သည်။ သေခြင်း၊ ငရဲနှင့် မရဏနိုင်ငံတို့သည် သူ၏ရှေ့တွင် ၎င်းတို့၏တန်ခိုး ဆုံးရှုံးခဲ့ပြီး သူ၏နှိမ်နင်းခြင်းကို ခံခဲ့ကြရသည်။ သူသည် သုံးဆယ့်သုံးနှစ်ကြာ အသက်ရှင်နေထိုင်ခဲ့သော ကာလတစ်လျှောက်လုံးတွင် သူ၏ကိုယ်ရေးအမြတ်အရှုံးကို ဘယ်သောအခါမျှ မစဉ်းစားဘဲ၊ အဖဘုရားသခင်၏ အလိုတော်ကို အစဉ်မပြတ် စိတ်ထဲတွင်ထားကာ ထိုကာလရှိ ဘုရားသခင်၏ အမှုတော်အတိုင်း ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းရန် အစွမ်းကုန် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် သူသည် ဗတ္တိဇံမင်္ဂလာကို ခံယူခဲ့ပြီးနောက် ဘုရားသခင်က "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။" ဟုမိန့်ဆိုခဲ့သည်။ ဘုရားသခင်ရှေ့၌ ဘုရားသခင်၏အလိုတော်နှင့် သဟဇာတဖြစ်သော သူ၏အစေခံမှုကြောင့်၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ရွေးနုတ်ရန်ဟူသော ကြီးမားသော ဝန်ထုပ်ကို သူ့ပခုံးပေါ်တွင်ထားခဲ့ကာ သူ့ကို ထိုအမှုတော်ကို ပြီးမြောက်စေခဲ့ပြီး၊ သူသည် ဤအရေးကြီးသော တာဝန်ကို ပြီးမြောက်ရန် အရည်အချင်းပြည့်မီပြီး အခွင့်ရှိသောသူ ဖြစ်ခဲ့သည်။ သူသည် သူ့ဘဝတစ်လျှောက်လုံးတွင် ဘုရားသခင်အတွက် အတိုင်းမသိ ဒုက္ခဝေဒနာကို ကြံ့ကြံ့ခံခဲ့ပြီး စာတန်၏ မရေမတွက်နိုင်သော သွေးဆောင်ဖြားယောင်းခြင်းကို ကြိမ်ဖန်များစွာ ခံခဲ့ရသည်။ သို့သော် သူသည် ဘယ်သောအခါမျှ စိတ်မပျက်ခဲ့ပေ။ ဘုရားသခင်က သူ့ကို ယုံကြည်စိတ်ချပြီး ချစ်တော်မူခဲ့သောကြောင့်၊ ထိုကဲ့သို့သော ကြီးမားသည့် အမှုတော်ကို သူ့အားပေးအပ်ခဲ့သည်။ ထို့ကြောင့်ပင် ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။" ဟု မိန့်ဆိုခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်အခါက ယေရှုသာလျှင် ထိုတာဝန်ပေး စေခိုင်းချက်ကို ပြီးမြောက်အောင် ထမ်းဆောင်နိုင်သူ ဖြစ်ခဲ့ပြီး၊ ဤသည်မှာ ကျေးဇူးတော်ခေတ်တွင် ဘုရားသခင်၏ လူသားမျိုးနွယ်တစ်ရပ်လုံးကို ရွေးနုတ်ခြင်းအမှုတော် ပြီးဆုံးခြင်း၏ လက်တွေ့ကျသော ကဏ္ဍတစ်ခု ဖြစ်ခဲ့သည်။

အကယ်၍ သင်တို့သည် ယေရှုကဲ့သို့ ဘုရားသခင်၏ ဝန်ထုပ်ကို အစွမ်းကုန် အရေးစိုက်ပြီး သင်တို့၏ ဇာတိပကတိကို ကျောခိုင်းနိုင်ပါက၊ သင်တို့သည် ဘုရားသခင်ကို အစေခံရန် လိုအပ်သော အခြေအနေများနှင့် ပြည့်မီစေရန်အတွက် ဘုရားသခင်သည် သူ၏အရေးကြီးသော အမှုတော်များကို သင်တို့အား တာဝန်ပေးစေခိုင်းလိမ့်မည် ဖြစ်သည်။ ဤကဲ့သို့သော အခြေအနေများ၌သာ သင်တို့သည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်နေပြီး သူ၏ တာဝန်ပေးစေခိုင်းချက်ကို အပြီးသတ်နေသည်ဟု

အရဲစွန့်၍ဆိုနိုင်ပေလိမ့်မည်။ သို့မှသာလျှင် သင်တို့သည် သူ့အား စစ်မှန်စွာ အစေခံနေသည်ဟု သင်တို့ရဲဝံ့စွာ ဆိုနိုင်ပေလိမ့်မည်။ ယေရှု၏သာဓကေနှင့် နှိုင်းယှဉ်ပါက၊ သင်သည် ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူဟု အရဲစွန့်၍ပြောရဲသလော။ သင်သည် ဘုရားသခင်၏ အလိုတော်အတိုင်း ဆောင်ရွက်နေသည်ဟု အရဲစွန့်၍ဆိုဝံ့သလော။ သင်သည် ဘုရားသခင်ကို စစ်မှန်စွာ အစေခံနေသည်ဟု အရဲစွန့်၍ပြောရဲသလော။ ယနေ့ ဘုရားသခင်အား အဘယ်သို့ အစေခံရမည်ကို သင်နားမလည်ပါ၊ သင်သည် ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူဖြစ်သည်ဟု အရဲစွန့်၍ပြောရဲသလော။ သင်သည် ဘုရားသခင်ကို အစေခံသည်ဟု ပြောပါက၊ သူ့ကို ပြစ်မှားစော်ကားခြင်း မဟုတ်လော။ ဤအရာကို စဉ်းစားကြည့်လော့- သင်သည် ဘုရားသခင်ကို အစေခံနေသလော၊ သို့တည်းမဟုတ် သင့်ကိုယ်သင် အစေခံနေသလော။ သင်သည် စာတန်ကို အစေခံသော်ငြားလည်း၊ ဘုရားသခင်ကို အစေခံနေပါသည်ဟု ခေါင်းမာစွာ သင်ပြောသည်။ ဤသည်မှာ သင်သည် ဘုရားသခင်ကို ပြစ်မှားစော်ကားခြင်း မဟုတ်သလော။ ငါ့နောက်ကွယ်တွင် လူအများအပြားသည် ရာထူးဂုဏ် အဆင့်အတန်းနှင့် သက်ဆိုင်သည့် ကောင်းချီးကို အငမ်းမရဖြစ်ကြသည်။ သူတို့သည် အစားအသောက်ကို တဝတပြဲ စားသောက်ကြပြီး အိပ်စက်ခြင်းကို နှစ်ခြိုက်ပြီ၊ ဇာတိပကတိကိုလုံးဝ ဂရုစိုက်ကာ ဇာတိပကတိကို ရှောင်လွှဲ၍မရဟု အစဉ် စိုးရိမ်နေ၏။ ထိုသူတို့သည် အသင်းတော်တွင် သူတို့၏ သင့်လျော်ရာတာဝန်ကို မဆောင်ရွက်ဘဲ၊ အသင်းတော်ကို ကပ်စားကြသည်။ သို့မဟုတ်ပါက ၎င်းတို့သည် သြဇာအာဏာရှိသော အနေအထားမှ အခြားသူများအပေါ် ဆရာလုပ်ကာ ၎င်းတို့၏ ညီအစ်ကို မောင်နှမများကို ငါ့နှုတ်ကပတ်တော်များဖြင့် ဆိုဆုံးမပေသည်။ ၎င်းတို့သည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်နေကြသည်ဟု ဆိုမြဲဆိုနေကြပြီး ၎င်းတို့သည် ဘုရားသခင်၏ ရင်းနှီးကျွမ်းဝင်သူများဟု အစဉ်အမြဲ ဆိုကြသည်- ဤသည်မှာ ရယ်ဖွယ်ပင် မဟုတ်လော။ အကယ်၍ သင့်ထံတွင် မှန်ကန်သော ရည်ရွယ်ချက်များရှိငြား၊ ဘုရားသခင်၏ အလိုတော်နှင့်အညီ အစေမခံနိုင်ပါက၊ သင်သည် မိုက်မဲနေခြင်းသာ ဖြစ်သည်။ သို့သော် အကယ်၍ သင်၏ ရည်ရွယ်ချက်များသည် မမှန်ကန်ကြဘဲ၊ သင်သည် ဘုရားသခင်ကို အစေခံသည်ဟု ဆိုနေသေးပါက၊ သင်သည် ဘုရားသခင်ကို ဆန့်ကျင်သောသူတစ်ဦး ဖြစ်ပြီး ဘုရားသခင်၏ အပြစ်ပေးခြင်းကို ခံထိုက်ပေသည်တကား။ ငါ၌ ထိုကဲ့သို့သောလူများအပေါ် သနားကြင်နာမှု မရှိလိုက်လေခြင်း။ ထိုသူတို့သည် ဘုရားသခင်၏အိမ်တော်တွင် ကပ်စားကြကာ ဇာတိပကတိနှင့်ဆိုင်သော ဇိမ်ခံစရာတို့ကို အစဉ်တပ်မက်ကြပြီး ဘုရားသခင်၏အကျိုးများအတွက် ထည့်သွင်းစဉ်းစားခြင်း မရှိကြပေ။ ထိုသူတို့သည် အစဉ် မိမိကောင်းကျိုးရှာပြီး

ဘုရားသခင်၏အလိုတော်ကို အလေးမပေးကြပေ။ ၎င်းတို့ ပြဿနာတို့ကို ဘုရားသခင်၏ ဝိညာဉ်တော်က စိစစ်ခြင်းကို ၎င်းတို့လက်မခံကြပေ။ ၎င်းတို့သည် ၎င်းတို့၏ ညီအစ်ကိုမောင်နှမများကို အစဉ်ပင် အကွက်ဆင်ပြီး လှည့်ဖြားကြသည်။ ထို့အပြင် စပျစ်ခြံတစ်ခြံထဲရှိ မြေခွေးကဲ့သို့ မျက်နှာနှစ်ဘက်ရှိသောကြောင့်၊ စပျစ်သီးများကို အစဉ်ခိုးကာ စပျစ်ခြံကို ဖြတ်နင်းသွားကြသည်။ ထိုသို့သောသူများသည် ဘုရားသခင်၏ ရင်းနှီးသူများ ဖြစ်နိုင်သလော။ သင်သည် ဘုရားသခင်၏ ကောင်းချီးများကို ရရှိရန် သင့်လျော်သလော။ သင်သည် သင်၏အသက်နှင့် အသင်းတော်အတွက် မည်သည့်ဝန်ထုပ်ဝန်ပိုးကိုမျှ မယူပေ။ သင်သည် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်ကို ရရှိရန် သင့်လျော်သလော။ သင်ကဲ့သို့သောသူကို မည်သူက ယုံကြည်စိတ်ချဝံ့မည်နည်း။ သင်သည် ထိုကဲ့သို့ အစေခံသောအခါ၊ ဘုရားသခင်သည် သင့်အား ပို၍ကြီးမားသော တာဝန်ကို အပ်နှံဝံ့မည်လော။ ဤသည်မှာ အမှုတော်ကို နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေမည် မဟုတ်လော။

ဘုရားသခင်၏အလိုတော်နှင့် သဟဇာတဖြစ်စွာ အစေခံရန်အတွက် မည်သည့်အခြေအနေများကို ဖြည့်ဆည်းရမည်ကို သင်တို့သိရှိနိုင်စေရန် ငါသည် ဤအရာကိုပြောခြင်း ဖြစ်သည်။ အကယ်၍ သင်တို့သည် သင်တို့၏စိတ်နှလုံးကို ဘုရားသခင်အား မပေးပါက၊ ယေရှုကဲ့သို့ ဘုရားသခင်၏ အလိုတော်တစ်ခုလုံးကို အရေးမစိုက်ပါက၊ ဘုရားသခင်က သင့်တို့အပေါ် ယုံကြည်စိတ်ချနိုင်မည် မဟုတ်ဘဲ အဆုံး၌ ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံရလိမ့်မည် ဖြစ်သည်။ ယနေ့ သင်သည် ဘုရားသခင်ကို အစေခံရာတွင် သင်၌ ဘုရားသခင်ကို လှည့်ဖြားရန် ရည်ရွယ်ချက် အစဉ်အမြဲ သိုထားကောင်းသိုထားနိုင်ပြီး သူ့ကို ဝတ်ကျေတမ်းကျေ ပုံစံတစ်ခုဖြင့် အမြဲတစေ ဆက်ဆံကောင်း ဆက်ဆံနိုင်သည်။ အတိုချုံး၍ဆိုရသော် အခြားအရာများ မည်သို့ပင်ဖြစ်စေကာမူ သင်သည် ဘုရားသခင်ကို လိမ်လည်ပါက၊ ကြမ်းကြုတ်သော တရားစီရင်မှုသည် သင့်အပေါ်သို့ ကျရောက်လိမ့်မည်။ သင်တို့သည် မည်သူ့ကို သစ္စာခံရမည်ကို ဒွိဟမဖြစ်ဘဲ၊ သင်တို့၏စိတ်နှလုံးကို ဘုရားသခင်အား ဦးစွာပေးရန်၊ ဘုရားသခင်အား မှန်ကန်သော အစေခံခြင်း လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်ကို ကောင်းစွာအသုံးချသင့်သည်။ သင်သည် ဘုရားသခင်၏ ရှေ့တွင်ရှိသည်ဖြစ်စေ၊ အခြားလူတို့၏ ရှေ့တွင်ရှိသည်ဖြစ်စေ သင်၏စိတ်နှလုံးသည် ဘုရားသခင်ကို အစဉ် မျက်နှာမူသင့်ပြီး ယေရှုနည်းတူ ဘုရားသခင်ကိုချစ်ရန် သန္နိဋ္ဌာန်ချထားသင့်သည်။ ဤနည်းလမ်းဖြင့် သင်သည် ဘုရားသခင်၏စိတ်နှလုံးနှင့် ညီညွတ်သော အစေခံဖြစ်လာစေရန် ဘုရားသခင်သည် သင့်ကို စုံလင်စေမည်ဖြစ်သည်။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းကို

ကေန်အမှန်ခံရလိုပြီး သင်၏အစေခံခြင်းကို ဘုရားသခင်၏အလိုတော်နှင့် သဟဇာတဖြစ်စေလိုပါက၊ သင်သည် သာ၍များပြားသော စုံလင်ခြင်းခံရဖို့အလို့ငှာ၊ ဘုရားသခင်ကို ယုံကြည်ခြင်းနှင့်ပတ်သက်၍ သင်၌ ယခင်ကရှိသော အမြင်များကို ပြောင်းလဲသင့်ပြီး ဘုရားသခင်အား သင်အစေခံနေကျ ပုံစံဟောင်းကို ပြောင်းလဲသင့်ပေသည်။ ဤနည်းဖြင့် ဘုရားသခင်သည် သင့်ကို ပစ်ပယ်လိမ့်မည် မဟုတ်ဘဲ၊ သင်သည် ပေတရုကဲ့သို့ ဘုရားသခင်ကို ချစ်သောသူများထဲတွင် ထိပ်ဆုံး၌ ရှိနေမည် ဖြစ်သည်။ သင်သည် နောင်တမရဘဲ ဆက်ရှိနေပါက၊ ယုဒကဲ့သို့ပင် နိဂုံးချုပ်လိမ့်မည်။ ဘုရားသခင်ကို ယုံကြည်သူအားလုံး ဤအချက်ကို နားလည်သင့်ပေသည်။

# လက်တွေ့အရှိတရားကို သိရှိပုံ

ဘုရားသခင်သည် လက်တွေ့ကျသော ဘုရားသခင်ဖြစ်သည်- သူ၏ အမှုအားလုံး လက်တွေ့ကျသည်၊ သူပြောသည့် နှုတ်ကပတ်တော်အားလုံး လက်တွေ့ကျပြီး၊ သူဖော်ပြသည့် သမ္မာတရားအားလုံး လက်တွေ့ကျလေသည်။ သူ၏ နှုတ်ကပတ်တော်များ မဟုတ်သော အရာအားလုံးသည် နားဝေတိမ်တောင် ဖြစ်သည့်အရာဖြစ်သည်၊ အမှန်တကယ်မရှိသကဲ့သို့ မခိုင်လုံပေ။ ယနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့အား ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲသို့ လမ်းပြရန်ဖြစ်သည်။ အကယ်၍ လူတို့သည် လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်မှုကို လိုက်စားဖို့ဖြစ်ပါက၊ လက်တွေ့အရှိတရားကို ၎င်းတို့ ရှာဖွေရမည်ဖြစ်ပြီး လက်တွေ့အရှိတရားကို ၎င်းတို့ သိရမည်၊ ထို့နောက်တွင် ၎င်းတို့သည် လက်တွေ့အရှိတရားကို တွေ့ကြုံရမည်ဖြစ်ပြီး လက်တွေ့အရှိတရား၌ အသက်ရှင်နေထိုင်ရမည်။ လူတို့သည် လက်တွေ့အရှိတရားကို သိရှိလေလေ၊ အခြားသူများ၏ စကားများက စစ်မှန်သည် မစစ်မှန်သည်ကို ၎င်းတို့ သိမြင်နိုင်လေလေ ဖြစ်သည်။ လက်တွေ့အရှိတရားကို လူတို့ သိရှိလေလေ၊ အယူအဆများ နည်းပါးလေလေ ဖြစ်သည်။ လက်တွေ့အရှိတရားကို လူတို့ တွေ့ကြုံလေလေ၊ လက်တွေ့အရှိတရားနှင့် သက်ဆိုင်သော ဘုရားသခင်၏ လုပ်ဆောင်ချက်များကို ၎င်းတို့ သိလေလေဖြစ်ပြီး၊ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသည့် ဆိုးယုတ်သော စိတ်သဘောထားများမှ လွတ်မြောက်ဖို့ ၎င်းတို့အတွက် လွယ်ကူလေလေ ဖြစ်သည်။ လူတို့၌ လက်တွေ့အရှိတရား ရှိလေလေ၊ ဘုရားသခင်ကို ၎င်းတို့ သိရှိလေလေဖြစ်ပြီး၊ ဇာတိပကတိကို ၎င်းတို့ စက်ဆုပ်ရွံရှာလေလေ ဖြစ်ကာ သမ္မာတရားကို ချစ်မြတ်နိုးလေလေ ဖြစ်သည်။ ပြီးလျှင် လူတို့၌ လက်တွေ့အရှိတရား ရှိလေလေ၊

ဘုရားသခင်၏ သတ်မှတ်ချက်များ၏ စံချိန်စံညွှန်းများနှင့် ၎င်းတို့ နီးစပ်လေလေဖြစ်သည်။ ဘုရားသခင်၏ ရယူခြင်းခံရသော လူတို့သည် လက်တွေ့အရှိတရားကို ပိုင်ဆိုင်သူများ၊ လက်တွေ့အရှိတရားကို သိရှိသူများနှင့် လက်တွေ့အရှိတရားကို တွေ့ကြုံခြင်းမှတစ်ဆင့် ဘုရားသခင်၏ စစ်မှန်သော လုပ်ဆောင်ချက်များကို သိရှိလာသောသူများ ဖြစ်သည်။ သင်သည် လက်တွေ့ကျသော နည်းလမ်းတစ်ခုဖြင့် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ကာ သင်၏ ခန္ဓာကိုယ်ကို ထိန်းသိမ်းကြပ်မတ်လေလေ၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ရရှိလေလေ ဖြစ်လိမ့်မည်၊ လက်တွေ့အရှိတရားကို သင် ရရှိလေလေ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ ဉာဏ်အလင်းပေးခြင်းကို ခံရလေလေ ဖြစ်လိမ့်မည်၊ ထိုသို့ဖြင့် ဘုရားသခင်၏ စစ်မှန်သော လုပ်ဆောင်ချက်များနှင့်သက်ဆိုင်သည့် သင်၏ အသိပညာသည် သာ၍ ကြီးမားလေလေ ဖြစ်လာလိမ့်မည်။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက် အလင်းအောက်တွင် အသက်ရှင်နိုင်ပါက၊ လက်ရှိလက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းသည် သင့်အဖို့ ပိုမိုရှင်းလင်းလာလိမ့်မည်ဖြစ်ပြီး၊ သင်သည် ဘာသာရေး အယူအဆများနှင့် အတိတ်က အလေ့အထဟောင်းများမှ မိမိကိုယ်ကိုယ် ပိုမိုဖယ်ရှားနိုင်လိမ့်မည် ဖြစ်သည်။ ယနေ့ လက်တွေ့အရှိတရားသည် အချက်အချာ ဖြစ်၏- လူတို့၌ လက်တွေ့အရှိတရား ရှိလေလေ၊ သမ္မာတရားနှင့်သက်ဆိုင်သော ၎င်းတို့၏ အသိပညာသည် ရှင်းလင်းလေလေ ဖြစ်ပြီး၊ ဘုရားသခင်၏အလိုနှင့် သက်ဆိုင်သည့် ၎င်းတို့၏ သိနားလည်မှု ကြီးမားလေလေ ဖြစ်သည်။ လက်တွေ့အရှိတရားသည် ကျမ်းဟောင်းတရားများနှင့် အယူဝါဒများ အားလုံးကို ကျော်လွှားအောင်မြင်နိုင်သည်၊ သဘောတရားများနှင့် ကျွမ်းကျင်မှုအားလုံးကို ကျော်လွှားအောင်မြင်နိုင်သကဲ့သို့ လူတို့သည် လက်တွေ့အရှိတရားကို အာရုံစိုက်လေလေ၊ ဘုရားသခင်ကို ၎င်းတို့ အမှန်တကယ် ချစ်မြတ်နိုးလေလေ ဖြစ်ပြီး သူ၏ နှုတ်ကပတ်တော်များကို ဆာလောင်ငတ်မွတ်လေလေ ဖြစ်သည်။ သင်သည် လက်တွေ့အရှိတရားကို အမြဲ အာရုံစိုက်ပါက၊ သင်၏ ရှင်သန်ခြင်းအတွက် အတွေးအခေါ်များ၊ ဘာသာရေးအယူအဆများနှင့် ပင်ကိုစရိုက်တို့သည် ဘုရားသခင်၏အမှုနောက်တွင် အလိုအလျောက် ဖျောက်ဖျက်ခံရလိမ့်မည်။ လက်တွေ့အရှိတရားကို မလိုက်စားသကဲ့သို့ လက်တွေ့အရှိတရားနှင့် သက်ဆိုင်သော အသိပညာမရှိသူတို့သည် သဘာဝလွန်သည့်အရာ နောက်သို့လိုက်ရန် အလားအလာရှိကြပြီး၊ အလွယ်တကူ လိမ်လည်လှည့်ဖြား ခံရလိမ့်မည်။ ထိုသို့သောလူများ၌ သန့်ရှင်းသောဝိညာဉ်တော်သည် အမှုပြုရန် နည်းလမ်း လုံးဝ မရှိသောကြောင့် ၎င်းတို့သည် လစ်ဟာမှုကို ခံစားကြရပြီး ၎င်းတို့၏ ဘဝများက

အခ်ိပ္ပာယ်မရှိဟု ခံစားကြရလေသည်။

သင်သည် အမှန်တကယ် လေ့ကျင့်သည့်အခါမှ၊ အမှန်တကယ် ရှာဖွေသည့်အခါမှ၊ အမှန်တကယ် ဆုတောင်းပြီး သမ္မာတရားကို ရှာဖွေခြင်းအတွက် ဆင်းရဲဒုက္ခခံရန် လိုလားနေသည့်အခါမှသာ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲတွင် အလုပ်လုပ်နိုင်သည်။ သမ္မာတရားကို ရှာဖွေခြင်းမပြုသူတို့သည် ကျမ်းဟောင်းတရားများနှင့် အယူဝါဒများ၊ အနှစ်သာရမဲ့သော သဘောတရားများမှလွဲ၍ မည်သည့်အရာမျှ မရှိကြသကဲ့သို့၊ သမ္မာတရားမရှိသော သူတို့သည် သဘာဝအားဖြင့် ဘုရားသခင်နှင့် သက်ဆိုင်သည့် အယူအဆများစွာ ရှိကြလေသည်။ ဤသို့သောလူများသည် တတိယကောင်းကင်ဘုံသို့ တက်နိုင်ရန်အလို့ငှာ ၎င်းတို့၏ ဇာတိခန္ဓာကိုယ်ကို ဝိညာဉ်ကိုယ်ခန္ဓာအဖြစ်သို့ ဘုရားသခင်က ပြောင်းလဲစေရန်အတွက်သာ တောင့်တကြသည်။ ထိုလူတို့သည် မိုက်မဲလိုက်လေစွ။ ထိုသို့သောအရာများကို ပြောသောသူအားလုံးသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် အသိပညာ သို့မဟုတ် လက်တွေ့အရှိတရားနှင့် သက်ဆိုင်သည့် အသိပညာမရှိကြချေ။ ဤကဲ့သို့သော လူများသည် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ရန် မဖြစ်နိုင်သကဲ့သို့၊ မလှုပ်မယှက်သာ စောင့်ဆိုင်းနိုင်ကြသည်။ လူတို့သည် သမ္မာတရားကို သိနားလည်ပြီး၊ သမ္မာတရားကို ရှင်းလင်းစွာ မြင်ရန်ဆိုပါက၊ ထို့အပြင် ၎င်းတို့သည် သမ္မာတရားထဲသို့ ဝင်ရောက်ပြီး ထိုသမ္မာတရားကို လက်တွေ့ လုပ်ဆောင်ရန်ဆိုပါက၊ ၎င်းတို့အနေဖြင့် အမှန်တကယ် လေ့ကျင့်ကြရမည်၊ အမှန်တကယ် ရှာဖွေကြရမည်ဖြစ်ပြီး အမှန်တကယ် ဆာလောင်မွတ်သိပ် ကြရမည်။ သင်သည် ဆာလောင်မွတ်သိပ်သောအခါ၊ ပြီးလျှင် ဘုရားသခင်နှင့် အမှန်တကယ် ပူးပေါင်းလုပ်ဆောင်သည့်အခါ၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင့်ကို ဧကန်မုချ တို့ထိလိမ့်မည်ဖြစ်ပြီး၊ သင်၏အတွင်းတွင် အလုပ်လုပ်လိမ့်မည်၊ ယင်းက သင့်ထံ ဉာဏ်အလင်းပေးခြင်း ပိုမိုဆောင်ကြဉ်းလိမ့်မည်ဖြစ်ပြီး၊ လက်တွေ့အရှိတရားနှင့် သက်ဆိုင်သည့် အသိပညာကို သာ၍ ပေးလိမ့်မည်ဖြစ်သကဲ့သို့၊ သင်၏အသက်တာအဖို့ သာ၍ ကြီးမားသည့် အကူအညီဖြစ်လိမ့်မည်။

လူတို့သည် ဘုရားသခင်ကို သိရှိရန်ဆိုပါက၊ ၎င်းတို့အနေဖြင့် ဘုရားသခင်သည် လက်တွေ့ကျသော ဘုရားသခင်ဖြစ်သည်ကို ပထမဦးစွာ သိရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ဘုရားသခင်၏ လက်တွေ့ကျသော လူ့ဇာတိ၌ ပေါ်ထွန်းခြင်းနှင့် ဘုရားသခင်၏ လက်တွေ့ကျသော အမှုတို့ကို သိရှိရမည်။ ဘုရားသခင်၏ အမှုအားလုံး လက်တွေ့ကျသည်ကို သိရှိသည့်နောက်တွင်သာ၊ သင်သည် ဘုရားသခင်နှင့် အမှန်တကယ်

ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပြီး၊ ဤလမ်းကြောင်းမှတစ်ဆင့်သာ သင်၏ အသက်တာ၌ ကြီးထွားမှုကို သင်ရရှိနိုင်ပေသည်။ လက်တွေ့အရှိတရားနှင့် သက်ဆိုင်သည့် အသိပညာမရှိသော သူအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တွေ့ကြုံရန် နည်းလမ်း မရှိပေ၊ ၎င်းတို့၏ အယူအဆများတွင် ၎င်းတို့ ပိတ်မိကြသည်၊ ၎င်းတို့၏ စိတ်ကူးစိတ်သန်းများထဲတွင် အသက်ရှင်ကြပြီး၊ ထိုသို့ဖြင့် ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များနှင့် သက်ဆိုင်သော အသိပညာမရှိကြချေ။ လက်တွေ့အရှိတရားနှင့် သက်ဆိုင်သည့် သင်၏ အသိပညာ ကြီးမားလေလေ၊ သင်သည် ဘုရားသခင်နှင့် နီးစပ်လေလေဖြစ်ပြီး၊ သင်သည် သူနှင့် အကျွမ်းဝင်လေလေဖြစ်သည်။ သင်သည် မရေရာမှု၊ စိတ်ကူးစိတ်သန်းနှင့် အယူဝါဒကို ရှာဖွေလေ၊ သင်သည် ဘုရားသခင်ထံမှ တိုး၍ သွေဖည်လေလေ ဖြစ်ပြီး၊ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခြင်းသည် ပင်ပန်းပြီး ခက်ခဲသည်၊ ပြီးလျှင် သင်သည် ဝင်ရောက်နိုင်စွမ်း မရှိဟု ခံစားရလေလေ ဖြစ်လိမ့်မည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် လက်တွေ့အရှိတရားထဲသို့လည်းကောင်း၊ သင်၏ဝိညာဉ်ရေးရာ အသက်တာနှင့် သက်ဆိုင်သည့် လမ်းကြောင်းမှန်ပေါ်သို့လည်းကောင်း ဝင်ရောက်ရန် ဆန္ဒရှိပါက၊ ပထမဦးစွာ လက်တွေ့အရှိတရားကို သိရှိရမည်ဖြစ်ပြီး မရေရာသကဲ့သို့ သဘာဝလွန်ဖြစ်သော အရာများမှ မိမိကိုယ်ကိုယ် သီးခြားရှိစေရမည်၊ ဆိုလိုသည်မှာ ပထမဦးစွာ သန့်ရှင်းသော ဝိညာဉ်တော်က အတွင်းမှ သင့်ကို မည်သို့ အမှန်တကယ် အသိဉာဏ်ပွင့်လင်းစေပြီး လမ်းပြသည်ကို သင် သိနားလည်ရမည် ဖြစ်သည်။ ဤနည်းဖြင့်၊ လူ့အတွင်းက သန့်ရှင်းသော ဝိညာဉ်တော်၏ စစ်မှန်သော လုပ်ဆောင်ချက်ကို သင် အမှန်တကယ် သဘောပေါက်နိုင်ပါက၊ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်း လမ်းကြောင်းမှန်ပေါ်သို့ ဝင်ရောက်ပြီး ဖြစ်ပေလိမ့်မည်။

ယနေ့တွင်၊ အရာရာသည် လက်တွေ့အရှိတရားမှ အစပြုကြ၏။ ဘုရားသခင်၏အမှုသည် လက်တွေ့အကျဆုံးဖြစ်ပြီး၊ လူတို့ ထိတွေ့နိုင်သည်။ ယင်းသည် လူတို့ ကြုံတွေ့ကာ စွမ်းဆောင်ရရှိနိုင်သည့်အရာ ဖြစ်သည်။ လူတို့အထဲတွင် မရေရာသကဲ့သို့ သဘာဝလွန်ဖြစ်သည့် အရာများစွာရှိပြီး၊ ယင်းက ၎င်းတို့ကို ဘုရားသခင်၏ လက်ရှိအမှုကို သိခြင်းမှ တားဆီးထားလေသည်။ ထို့ကြောင့်၊ ၎င်းတို့၏ အတွေ့အကြုံများတွင် ၎င်းတို့သည် အမြဲ သွေဖည်ကြပြီး၊ အမှုအရာများက ခက်ခဲသည်ဟု အမြဲခံစားရကာ၊ ဤအရာအားလုံးမှာ ၎င်းတို့၏ အယူအဆများက ဖြစ်စေသည့်အရာများသာ ဖြစ်သည်။ လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်နှင့် သက်ဆိုင်သော

အခြေခံသဘောတရားများကို သဘောမပေါက်နိုင်ကြပေ၊ ၎င်းတို့သည် လက်တွေ့အရှိတရားကို မသိကြသောကြောင့်၊ ၎င်းတို့၏ ဝင်ရောက်ခြင်း လမ်းကြောင်းတွင် အမြဲအပျက်သဘောဆောင်ကြလေသည်။ ၎င်းတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များကို မစွမ်းဆောင်နိုင်ကြဘဲ၊ အဝေးမှ ကြည့်ရှုကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များက အမှန်တကယ် ကောင်းမွန်သည်ကို မြင်ရုံမျှ မြင်ကြသော်လည်း၊ ဝင်ရောက်ရန် လမ်းကြောင်းကို ရှာမတွေ့နိုင်ကြပေ။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤအခြေခံသဘောတရားအားဖြင့် အမှုပြု၏- လူတို့၏ ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့်၊ ၎င်းတို့ တက်ကြွစွာ ဆုတောင်းခြင်း၊ ဘုရားသခင်ကို ရှာဖွေခြင်းနှင့် ဘုရားသခင်ထံသို့ တိုးဝင်ချဉ်းကပ်ခြင်း တို့မှတစ်ဆင့်၊ ရလဒ်များကို ရရှိနိုင်ပြီး ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းခံရကာ အလင်းပေးခြင်း ခံရနိုင်ပေသည်။ ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်က တစ်ဖက်သတ် လုပ်ဆောင်သည် သို့မဟုတ် လူသားက တစ်ဖက်သတ် လုပ်ဆောင်သည် မဟုတ်ပေ။ နှစ်ဦးလုံးသည် မရှိမဖြစ်ဖြစ်ပြီး၊ လူတို့က ပူးပေါင်းဆောင်ရွက်လေလေ၊ ၎င်းတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့်သက်ဆိုင်သည့် စံချိန်စံနှုန်းများကို ရရှိရန် အားထုတ်လေလေ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်က သာ၍ ကြီးမားလေလေ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်အပြင်၊ လူတို့၏ စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုသည်သာ၊ စစ်မှန်သော အတွေ့အကြုံများနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် ထိရောက်သော အသိပညာကို ဖြစ်ပေါ်စေနိုင်ပေသည်။ တဖြည်းဖြည်းနှင့်၊ ဤနည်းလမ်းဖြင့် တွေ့ကြုံခြင်းမှတစ်ဆင့်၊ နောက်ဆုံးတွင် စုံလင်သည့် လူတစ်ဦး ထွက်ပေါ်၏။ ဘုရားသခင်သည် သဘာဝလွန်ကဲသည့် အရာများကို မလုပ်ဆောင်ပေ- လူတို့၏အယူအဆများတွင် ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်ပြီး၊ အရာအားလုံးကို ဘုရားသခင် လုပ်ဆောင်သည်— အကျိုးဆက်အနေဖြင့် လူတို့သည် မလှုပ်မယှက် စောင့်ဆိုင်းကြသည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မဖတ်ရှုကြချေ၊ သို့မဟုတ် ဆုတောင်းခြင်း မရှိကြချေ၊ ပြီးလျှင် သန့်ရှင်းသော ဝိညာဉ်တော်၏တို့ထိမှုကို စောင့်ရုံမျှ စောင့်ကြလေသည်။ သို့သော် မှန်ကန်သော သိနားလည်မှုရှိသူများက ဆက်လက်ဖော်ပြပါအရာကို ယုံကြည်ကြသည်- ဘုရားသခင်၏ လုပ်ဆောင်မှုများသည် ကျွန်ုပ် ပူးပေါင်းဆောင်ရွက်သလောက်အထိသာ သွားပြီး၊ ကျွန်ုပ်အထဲ၌ ဘုရားသခင်၏အမှု သက်ရောက်မှုသည် ကျွန်ုပ် မည်သို့ပူးပေါင်းဆောင်ရွက်သည် ဆိုသည့်အပေါ် တည်မှီသည်။ ဘုရားသခင်က စကားပြောဆိုသည့်အခါတွင်၊ ကျွန်ုပ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို

ရှာဖွေရန် တတ်နိုင်သမျှ လုပ်ဆောင်သင့်ပြီး ရှေ့ဆက်ကြိုးပမ်းသင့်သည်။ ဤသည်ကား ကျွန်ုပ် စွမ်းဆောင် ရရှိသင့်သည့် အရာဖြစ်သည်။

ပေတရုနှင့်ပေါလုတို့၏ ဥပမာများတွင်၊ လက်တွေ့အရှိတရားကို အာရုံအစိုက်ဆုံးသောသူမှာ ပေတရုဖြစ်သည်ကို ရှင်းလင်းစွာ သင်တို့မြင်နိုင်သည်။ ပေတရုဖြတ်သန်းခဲ့ရသည့်အရာမှ၊ သူ၏ အတွေ့အကြုံများသည် အတိတ်က ကျရှုံးခဲ့သူများ၏ သင်ခန်းစာများကို ပေါင်းရုံးချက်တစ်ခုဖြစ်ပြီး၊ သူသည် အတိတ်က သန့်ရှင်းသူတို့၏ ခွန်အားများကို ရယူခဲ့သည်ကို တွေ့မြင်နိုင်သည်။ ဤအရာမှ ပေတရု၏ အတွေ့အကြုံများ မည်မျှ စစ်မှန်ခဲ့သည်၊ လူတို့အနေဖြင့် ဤအတွေ့အကြုံများကို လက်လှမ်းမီနိုင်ကာ ထိတွေ့နိုင်သကဲ့သို့ ယင်းတို့ကို ရရှိနိုင်သည်ဆိုသည်ကို တွေ့မြင်နိုင်ပေသည်။ သို့သော်၊ ပေါလုမှာ ကွဲပြားခြားနားခဲ့၏- တတိယကောင်းကင်သို့ သွားခြင်း၊ ပလ္လင်ထက်သို့ တက်ကြွခြင်းနှင့် ဖြောင့်မတ်ခြင်းသရဖူကဲ့သို့သော သူပြောဆိုခဲ့သည့် အရာအားလုံးသည် မရေရာသကဲ့သို့ မြင်၍လည်းမရနိုင်ပေ။ သူသည် အပြင်ပန်းအရာကို အာရုံစိုက်ခဲ့သည်- အဆင့်အတန်းနှင့် လူများကို ဩဝါဒပေးခြင်း၊ သူ၏ဝါရင့်မှုကို ကြွားဝါခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိမှုကိုခံရခြင်း အစရှိသဖြင့် ဖြစ်သည်။ သူ လိုက်စားခဲ့သည့် မည်သည့်အရာမျှ မစစ်မှန်ခဲ့သကဲ့သို့ အများစုသည် စိတ်ကူးသက်သက် ဖြစ်ခဲ့သည်၊ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်က လူတို့ကို မည်မျှထိတွေ့သည်၊ လူတို့ မွေ့လျော်သော ကြီးမားသည့် ဝမ်းမြောက်မှု၊ တတိယ ကောင်းကင်သို့ သွားခြင်း၊ သို့မဟုတ် ၎င်းတို့၏ ပုံမှန်လေ့ကျင့်ခြင်းကို ၎င်းတို့ မွေ့လျော်သည့် အတိုင်းအတာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းအား ၎င်းတို့ မွေ့လျော်သည့်အတိုင်းအတာကဲ့သို့သော သဘာဝလွန်ဖြစ်သည့် အရာအားလုံး- ဤအရာထဲမှ တစ်ခုမျှ မစစ်မှန်သည်ကို တွေ့မြင်နိုင်ပေသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်အားလုံးသည် သာမန်ဖြစ်ပြီး စစ်မှန်ပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်ဖတ်ရှုပြီး ဆုတောင်းသည့်အခါ၊ အတွင်း၌ သင်သည် တောက်ပပြီး ခိုင်မာမှုရှိသည်၊ ပြင်ပကမ္ဘာက သင့်ကိုမနှောင့်ယှက်နိုင်ပေ။ အတွင်း၌ သင်သည် ဘုရားသခင်ကိုချစ်ရန် လိုလားလျက်ရှိနေသည်၊ အပြုသဘောဆောင်သော အရာများနှင့် ပါဝင်ပတ်သက်ရန် သင် လိုလားလျက်ရှိနေပြီး၊ ဆိုးယုတ်သည့်လောကကို သင်စက်ဆုပ်သည်။ ဤသည်ကား ဘုရားသခင် အတွင်း အသက်ရှင်ခြင်းဖြစ်သည်။ ယင်းသည် လူတို့ပြောသကဲ့သို့ ကြီးမားသည့် ပျော်ရွှင်မှုကို တွေ့ကြုံခြင်း မဟုတ်၊ ထိုသို့သော အပြောသည် လက်တွေ့မကျပေ။ ယနေ့တွင်၊ အရာရာတိုင်းသည် လက်တွေ့အရှိတရားမှ အစပြုသင့်သည်။ ဘုရားသခင်ပြုသော အရာတိုင်းသည် စစ်မှန်ပြီး၊ သင်၏အတွေ့အကြုံများတွင် သင်သည် ဘုရားသခင်ကို

အမှန်တကယ်သိကျွမ်းခြင်း၊ ပြီးလျှင် ဘုရားသခင်၏ အမှု၏ ခြေရာများနှင့် လူတို့ကို သန့်ရှင်းသော ဝိညာဉ်တော်က တို့ထကာ အသိဉာဏ်ပွင့်လင်းစေသည့် နည်းလမ်းတို့ကို ရှာဖွေခြင်းအား အာရုံစိုက်ရမည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ကာ ဆုတောင်းပြီး၊ ကုန်လွန်ပြီးသည့် အချိန်ကာလများမှ ကောင်းမြတ်သည့်အရာများကို စိတ်တွင်စွဲမှတ်ရင်း၊ မကောင်းသည့်အရာများကို ပေတရုကဲ့သို့ ငြင်းပယ်ရင်း၊ သာ၍ စစ်မှန်သည့်နည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်ပါက၊ သင်သည် သင်၏နားများဖြင့် နားထောင်ပြီး မျက်လုံးများဖြင့် လေ့လာကာ၊ သင်၏စိတ်နှလုံးထဲတွင် မကြာခဏ ဆုတောင်းပြီး တွေးဆသကဲ့သို့ ဘုရားသခင်၏ အမှုနှင့် ပူးပေါင်းဆောင်ရွက်ဖို့ သင် တတ်နိုင်သမျှ လုပ်ဆောင်ပါက၊ ဘုရားသခင်သည် သင့်ကို ဧကန်အမှန် လမ်းပြလိမ့်မည်။

## ပုံမှန်ဝိညာဉ်ရေးရာ အသက်တာနှင့် စပ်လျဉ်း၍

ဘုရားသခင်၌ ယုံကြည်ခြင်းသည် ပုံမှန်ဝိညာဉ်ရေးရာ အသက်တာတစ်ခု လိုအပ်လာ၏၊ ယင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခြင်းနှင့် စစ်မှန်မှုထဲသို့ ဝင်ရောက်ခြင်းအတွက် အခြေခံအုတ်မြစ် ဖြစ်၏။ ဆုတောင်းခြင်းများ၊ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ခြင်း၊ ဓမ္မသီချင်း သီဆိုခြင်း၊ ချီးမွမ်းခြင်း၊ နှလုံးသွင်းဆင်ခြင်ခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေးဆခြင်းနှင့်ဆိုင်သည့် လက်ရှိ သင်တို့၏ လက်တွေ့လုပ်ဆောင်မှုအားလုံးသည် "ပုံမှန် ဝိညာဉ်ရေးရာ အသက်တာတစ်ခု" နှင့် ညီမျှသလော။ သင်တို့ထဲမှ မည်သူမျှ သိပုံမရချေ။ ပုံမှန်ဝိညာဉ်အသက်တာကို ဆုတောင်းခြင်း၊ ဓမ္မသီချင်းသီဆိုခြင်း၊ အသင်းတော်အသက်တာ၌ ပါဝင်ခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းကဲ့သို့သော အလေ့အထများ၌သာ ကန့်သတ်မထားပေ။ ယင်းထက်၊ သစ်လွင်ပြီး ဖျတ်လတ်တက်ကြွသော ဝိညာဉ်အသက်တာကို အသက်ရှင်ခြင်း ပါဝင်လေသည်။ အရေးကြီးသည်မှာ သင် မည်သို့ လက်တွေ့လုပ်ဆောင်သည်မဟုတ်ဘဲ၊ သင်၏ လက်တွေ့လုပ်ဆောင်ခြင်းက မည်သည့် အသီးအပွင့် သီးပွင့်သည်ဆိုသည့်အရာ ဖြစ်သည်။ ထိုသို့သော လက်တွေ့လုပ်ဆောင်မှုများက တစ်စုံတစ်ရာ သက်ရောက်မှုရှိသည် ဖြစ်စေ မရှိသည်ဖြစ်စေ သို့မဟုတ် စစ်မှန်သော သိနားလည်မှုဆီသို့ လမ်းပြသည်ဖြစ်စေ မပြသည်ဖြစ်စေ ပုံမှန်ဝိညာဉ်အသက်တာတွင် ဆုတောင်းခြင်း၊ ဓမ္မသီချင်းများ သီဆိုခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း သို့မဟုတ် သူ၏ နှုတ်ကပတ်တော်များကို တွေးဆခြင်းတို့ သေချာပေါက်

ပါဝင်သည်ဟု လူအများစုက ယုံကြည်ကြလေသည်။ ဤလူတို့သည် အပေါ်ယံ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်သာ အာရုံစိုက်ကြပြီး မိမိတို့၏ ရလဒ်များကို မစဉ်းစားကြချေ။ ၎င်းတို့သည် ဘာသာရေး ဓလေ့များထဲ နေထိုင်ကြသူများဖြစ်ပြီး၊ အသင်းတော်အတွင်း နေထိုင်သူများ မဟုတ်ကြသကဲ့သို့ ဘုရားသခင်၏ နိုင်ငံတော်သားများ သာ၍ပင် မဟုတ်ကြချေ။ ၎င်းတို့၏ ဆုတောင်းပတ္ထနာများ၊ ဓမ္မသီချင်း သီဆိုခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းအားလုံးသည် စည်းမျဉ်းလိုက်နာခြင်းသာဖြစ်သည်၊ မလုပ်မနေရ လုပ်ဆောင်ခြင်းဖြစ်ပြီး ရေပန်းစားမှုများကို အမီလိုက်ဖို့ လုပ်ဆောင်ခြင်းဖြစ်ကာ လိုအင်ဆန္ဒရှိခြင်းမှ လုပ်ဆောင်ခြင်း မဟုတ်သကဲ့သို့ စိတ်နှလုံးမှ လုပ်ဆောင်ခြင်း မဟုတ်ချေ။ ဤလူတို့ မည်မျှ ဆုတောင်းပါစေ သို့မဟုတ် သီဆိုပါစေ၊ ၎င်းတို့ လက်တွေ့လုပ်ဆောင်သည့်အရာသည် စည်းမျဉ်းများနှင့် ဘာသာရေး ဓလေ့များသာ ဖြစ်သည့်အတွက် ၎င်းတို့၏ အားထုတ်မှုများက မည်သည့်အကျိုးမျှ ဖြစ်ထွန်းလိမ့်မည်မဟုတ်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှန်တကယ် လက်တွေ့လုပ်ဆောင်ခြင်း မရှိကြ။ ၎င်းတို့သည် မိမိတို့ အဘယ်သို့ လက်တွေ့လုပ်ဆောင်သည်ဆိုသည်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လိုက်လျှောက်ဖို့ စည်းမျဉ်းများအဖြစ် ၎င်းတို့ အဘယ်သို့ သဘောထားကြသည်တို့အပေါ် ရေးကြီးခွင်ကျယ် လုပ်ခြင်းကိုသာ အာရုံစိုက်ကြလေသည်။ ထိုသို့သော လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင် နေကြခြင်း မဟုတ်ချေ။ ၎င်းတို့သည် ဇာတိပကတိကိုသာ အလိုဖြည့်နေကြပြီး အခြားသူများ မြင်ဖို့ရန်သာ ဆောင်ရွက် နေကြလေသည်။ ဤဘာသာရေးထုံးတမ်းနှင့် စည်းမျဉ်းများသည် လူသားထံမှလာသည်၊ ဘုရားသခင်ထံမှလာခြင်း မဟုတ်ပေ။ ဘုရားသခင်သည် စည်းမျဉ်းများကို လိုက်နာခြင်းမရှိသကဲ့သို့ မည်သည့် စည်းမျဉ်းကိုမျှ လိုက်နာရခြင်းလည်း မရှိပေ။ ယင်းထက်၊ သူသည် နေ့စဉ် လက်တွေ့ကျသော အလုပ်များကို ပြီးမြောက်လျက် အသစ်သောအရာများကို လုပ်ဆောင်သည်။ နေ့စဉ် နံနက်ခင်း ဝတ်ပြုအစီအစဉ်တက်ရခြင်း၊ ညနေခင်း ဆုတောင်းခြင်း၊ အစာမစားမီ ကျေးဇူးတော်ချီးမွမ်းဆုတောင်းခြင်း၊ အရာရာ၌ ကျေးဇူးတော် ချီးမွမ်းခြင်းကဲ့သို့သော အလေ့အထများဖြင့် မိမိတို့ကိုယ်ကိုယ် ကန့်သတ်ထားသော ကိုယ်ပိုင်မူ သုံးရပ်သုံး အသင်းတော်ထဲက လူများကဲ့သို့ပင်၊ ၎င်းတို့ မည်မျှလုပ်ဆောင်သည်ဖြစ်စေ၊ ၎င်းတို့ မည်မျှ ကြာကြာ လုပ်ဆောင်ပါစေ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်ခြင်း ၎င်းတို့၌ ရှိမည်မဟုတ်ပေ။ လူတို့သည် စည်းမျဉ်းများအလယ် အသက်ရှင်ပြီး သူတို့၏ စိတ်နှလုံးများသည် လက်တွေ့လုပ်ဆောင်မှု နည်းစနစ်များအပေါ် အာရုံစိုက်သည့်အခါ၊

၎င်းတို့၏ စိတ်နှလုံးကို စည်းမျဉ်းများနှင့် လူသားအယူအဆတို့က နေရာယူထားသောကြောင့် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်မလုပ်နိုင်ချေ၊ သို့ဖြစ်ရာ ဘုရားသခင်သည် ၎င်းတို့အပေါ် ကြားဝင်ပြီး အလုပ်မလုပ်နိုင်သကဲ့သို့ ၎င်းတို့သည် စည်းမျဉ်းများ၏ ထိန်းချုပ်မှုအောက်တွင်သာ ဆက်လက်အသက်ရှင်နိုင်ကြလေသည်။ ထိုသို့သောလူတို့သည် ဘုရားသခင်၏ ချီးမွမ်းခြင်းကို ရနိုင်စွမ်း အစဉ်ထာဝရ မရှိချေ။

ပုံမှန်ဝိညာဉ်ရေးရာအသက်တာသည် ဘုရားသခင် ရှေ့မှောက်၌ နေထိုင်သည့် အသက်တာတစ်ခု ဖြစ်သည်။ ဆုတောင်းသည့်အခါ လူတစ်ဦးသည် မိမိ၏ စိတ်နှလုံးကို ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်သက်စေနိုင်ပြီး ဆုတောင်းခြင်းမှတစ်ဆင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းဖွင့်ပြခြင်းကို ရှာဖွေနိုင်သည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သိရှိနိုင်ပြီး၊ ဘုရားသခင်၏ အလိုတော်ကို နားလည်နိုင်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းအားဖြင့်၊ လူတို့သည် ဘုရားသခင်၏ လက်ရှိအမှုနှင့်ဆိုင်သော ပိုမိုရှင်းလင်းပြီး ပိုမိုနှံ့စပ်သော သိနားလည်ခြင်းတစ်ခု ရရှိနိုင်၏။ လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းသစ်တစ်ခုကိုလည်း ၎င်းတို့ ရရှိနိုင်ပြီး လမ်းကြောင်းဟောင်းကို ဖက်တွယ်ကြလိမ့်မည်မဟုတ်ပေ။ ၎င်းတို့ လက်တွေ့လုပ်ဆောင်သမျှအလုံးစုံတို့သည် အသက်တာတွင် ကြီးထွားမှု ရရှိဖို့ဖြစ်ပေလိမ့်မည်။ ဆုတောင်းခြင်းအတွက်မူ၊ ကြားကောင်းသည့် စကားအနည်းငယ်ကို ပြောဆိုခြင်း သို့မဟုတ် သင်မည်မျှ အကြွေးတင်ရှိသည်ကို ပြဖို့ ဘုရားသခင်၏ ရှေ့မှောက်တွင် မျက်ရည်စက်လက်ဖြစ်ခြင်းအကြောင်း မဟုတ်ချေ။ ယင်းထက် ဆုတောင်းခြင်း၏ ရည်ရွယ်ချက်မှာ မိမိကိုယ်ကိုယ် သန့်ရှင်းသော ဝိညာဉ်တော် အသုံးပြုဖို့ လေ့ကျင့်ရန် ဖြစ်သည်။ နေ့တိုင်း မိမိ၏ စိတ်နှလုံးက အသစ်သော အလင်းဆီသို့ ဆွဲဆောင်ခံရဖို့အလို့ငှာနှင့် လူတစ်ဦးအနေဖြင့် မတုန်မလှုပ် မဖြစ်ဖို့ သို့မဟုတ် မပျင်းရိဖို့နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းမှန်ပေါ် ခြေချနိုင်ဖို့အလို့ငှာ မိမိစိတ်နှလုံးကို ဘုရားသခင်ရှေ့တွင် ဆိတ်ငြိမ်စေခွင့်ပေးရင်း၊ ကိစ္စရပ်အလုံးစုံတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ လမ်းပြမှုကို ရှာဖွေဖို့ မိမိကိုယ်ကိုယ် လေ့ကျင့်ရန် ဖြစ်ပေသည်။ ယနေ့ခေတ်တွင် လူအများစုသည် လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းများကိုသာ အာရုံစိုက်ကြသော်လည်း သမ္မာတရားကို လိုက်စားဖို့နှင့် အသက်တာ ကြီးထွားမှုကို ရရှိဖို့အလို့ငှာ ထိုသို့ မလုပ်ဆောင်ကြချေ။ ဤသည်မှာ ၎င်းတို့ လမ်းလွဲသွားကြသည့်နေရာ ဖြစ်သည်။ အသစ်သောအလင်းကို ရရှိနိုင်စွမ်းရှိကြသော်လည်း ၎င်းတို့၏ လက်တွေ့လုပ်ဆောင်ခြင်း နည်းစနစ်များ မပြောင်းလဲသည့် အချို့သော လူများလည်း

ရှိပေသည်။ ၎င်းတို့သည် ဘုရားသခင်၏ ယနေ့ နှုတ်ကပတ်တော်များကို ရရှိဖို့ရန် ၎င်းတို့ ရှာဖွေသည်နှင့်အမျှ ၎င်းတို့၏ ဘာသာရေး အယူအဆဟောင်းများကို ၎င်းတို့နှင့်အတူ ယူဆောင်လာကြလေသည်။ ထို့ကြောင့် ၎င်းတို့ ရရှိသည်မှာ ဘာသာရေးအယူအဆများ ခြယ်သထားသည့် အယူဝါဒ ဖြစ်နေဆဲဖြစ်သည်။ ၎င်းတို့သည် ယနေ့အလင်းကို တကယ် ရရှိနေခြင်း မဟုတ်ကြချေ။ အကျိုးဆက်အနေဖြင့် ၎င်းတို့၏ လက်တွေ့လုပ်ဆောင်မှုများက စွန်းထင်းနေလေသည်။ ၎င်းတို့သည် ထုပ်ပိုးမှု အပြင်အဆင်သစ်ထဲက မပြောင်းလဲသည့် အလေ့အထဟောင်းများဖြစ်သည်။ ၎င်းတို့ မည်မျှကောင်းကောင်း လက်တွေ့လုပ်ဆောင်ပါစေ၊ သူတော်ကောင်း ယောင်ဆောင်သူများ ဖြစ်ကြပေသည်။ ဘုရားသခင်သည် နေ့စဉ် ထိုးထွင်းသိမြင်မှုအသစ်နှင့် သိနားလည်မှုတို့ကို ရရှိရန် တောင်းဆိုရင်း နှင့် ၎င်းတို့ကို ခေတ်နောက်မကျဖို့ရန်နှင့် အပ်ကြောင်းမထပ်ကြဖို့ရန် တောင်းဆိုရင်း လူတို့ကို နေ့စဉ် အသစ်သော အရာများ လုပ်ဆောင်ခြင်းထဲ ဦးဆောင်၏၊ သင်သည် နှစ်ပေါင်းများစွာ ဘုရားသခင်ကို ယုံကြည်လာခဲ့သော်လည်း၊ သင်၏ လက်တွေ့လုပ်ဆောင်ခြင်း နည်းစနစ်များ လုံးဝ ပြောင်းလဲခြင်း မရှိခဲ့ပါက၊ အပြင်ပန်း ကိစ္စများနှင့်ပတ်သက် စိတ်အားထက်သန်ဆဲ ဖြစ်ပြီး အလုပ်များသော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို ဘုရားသခင်၏ မွေ့လျော်ဖို့ ဘုရားသခင်၏ ရှေ့မှောက် ယူဆောင်ရန် ငြိမ်းအေးသော စိတ်နှလုံးမရှိပါက၊ သင်သည် မည်သည့်အရာကိုမျှ ရရှိနိုင်မည် မဟုတ်ပေ။ ဘုရားသခင်၏ အသစ်သော အမှုကို လက်ခံခြင်းနှင့် ပတ်သက်လာသည့်အခါ၊ သင်သည် မတူကွဲပြားစွာ မစီစဉ်ပါက၊ သင်၏ လက်တွေ့လုပ်ဆောင်ခြင်းကို အသစ်သော နည်းလမ်းဖြင့် မလုပ်ဆောင်ပါက၊ ပြီးလျှင် မည်သည့် အသစ်သော သိနားလည်မှုကိုမျှ မလိုက်စားဘဲ၊ ယင်းအစား သိနားလည်မှု အဟောင်းကို ဖက်တွယ်ပြီး သင် လက်တွေ့လုပ်ဆောင်သည့် နည်းလမ်းကို မပြောင်းလဲဘဲ အနည်းငယ်သော အလင်းသစ်အချို့ကိုသာ ရရှိပါက၊ သင်ကဲ့သို့သော လူတို့သည် ဤရေစီးကြောင်းထဲတွင် နာမည်အရသာ ရှိနေသည်၊ အမှန်တွင်၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းပြင်ပက ဘာသာရေးဆိုင်ရာ ဖာရိရှဲများ ဖြစ်ကြလေသည်။

ပုံမှန်ဝိညာဉ်ရေးရာ အသက်တာတစ်ခုကို အသက်ရှင်ဖို့ရန်၊ လူတစ်ဦးသည် နေ့စဉ် အလင်းသစ်ကို ရရှိနိုင်ရမည်ဖြစ်ပြီး ဘုရားသခင်၏နှုတ်ကပတ်တော်များအား စစ်မှန်သော သိနားလည်မှုတစ်ခုကို ရှာဖွေနိုင်ရမည်။ သမ္မာတရားကို ရှင်းလင်းစွာ မြင်ရမည်၊ ကိစ္စရပ်များအားလုံးတွင် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းတစ်ခုကို ရှာဖွေရမည်၊ နေ့စဉ် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းမှတစ်ဆင့် မေးခွန်းသစ်များကို ရှာဖွေတွေ့ရှိရမည်ဖြစ်ပြီး၊ မိမိ၏ ဖြစ်တည်မှု တစ်ခုလုံးကို တို့ထိသည့် တောင့်တပြီး

ရှာဖွေတတ်သော စိတ်နှလုံးတစ်ခု ရှိနိုင်ဖို့အလို့ငှာနှင့် နောက်ကျကျန်ရစ်မည်ကို အလွန်အမင်း စိုးရိမ်လျက် ဘုရားသခင်၏ ရှေ့မှောက်တွင် တစ်ချိန်လုံး ဆိတ်ငြိမ်နိုင်ဖို့အလို့ငှာ မိမိကိုယ်တိုင်၏ ချို့ယွင်းချက်များကို သိရမည်။ ဝင်ရောက်မှုကို စဉ်ဆက်မပြတ် ကြိုးပမ်းရရှိဖို့ရန် လိုလားနေသည့် ထိုသို့သော တောင့်တ၊ ရှာဖွေသည့် စိတ်နှလုံးနှင့် လူတစ်ဦးသည် ဝိညာဉ်ရေးရာ အသက်တာ၏ မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရှိနေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းခံရသူများ၊ သာ၍ ကောင်းစွာ လုပ်ဆောင်ရန် ဆန္ဒရှိသူများ၊ ဘုရားသခင်၏ စုံလင်စေခြင်းကို လိုက်စားရန် လိုလားသောသူများ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် သာ၍ နက်နဲသည့် သိနားလည်မှုတစ်ခုကို တောင့်တသူများ၊ သဘာဝလွန်ဖြစ်ရပ်ကို မလိုက်စားဘဲ ထိုအစား စစ်မှန်သော အဖိုးအခတစ်ခုကို ပေးသောသူများ၊ ဘုရားသခင်၏ အလိုတော်ကို အမှန်တကယ် အရေးစိုက်သောသူများ၊ ၎င်းတို့၏ အတွေ့အကြုံများ သာ၍ ရိုးသားကာ စစ်မှန်ဖို့အလို့ငှာ ဝင်ရောက်ခြင်းကို အမှန်တကယ် ကြိုးပမ်းရရှိသူများ၊ အချည်းနှီးသော စကားများနှင့် အယူဝါဒများကို မလိုက်စားသူ သို့မဟုတ် သဘာဝလွန်ဖြစ်ရပ်ကို ခံစားဖို့ရန် မလိုက်စားသူများ၊ မည်သည့် ကြီးမြတ်သည့် ပုဂ္ဂိုလ်ကိုမဆို မကိုးကွယ်သူများ- ဤသူများသည် ပုံမှန်ဝိညာဉ်ရေးရာ အသက်တာတစ်ခုထဲသို့ ဝင်ရောက်ပြီးသည့် သူများ ဖြစ်သည်။ ၎င်းတို့ လုပ်ဆောင်သမျှတိုင်းသည် အသက်တာတွင် နောက်ထပ် ကြီးထွားမှုကို ရရှိဖို့ရန်နှင့် ၎င်းတို့ စိတ်ဝိညာဉ်၌ လန်းဆန်း၍ တက်ကြွစေရန် ရည်ရွယ်ပြီး၊ ၎င်းတို့သည် ဝင်ရောက်မှုကို တက်ကြွစွာ အစဉ်အမြဲ ကြိုးပမ်းရရှိနိုင်ကြလေသည်။ သတိမမူမိလိုက်ဘဲနှင့်၊ ၎င်းတို့သည် သမ္မာတရားကို နားလည်လာကြပြီး လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်လာကြလေသည်။ ပုံမှန် ဝိညာဉ်ရေးရာ အသက်တာရှိသူတို့သည် နေ့စဉ် စိတ်ဝိညာဉ်၏ လွတ်လပ်မှုနှင့် လွတ်မြောက်မှုကို ရှာတွေ့ကြပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သူ စိတ်ကျေနပ်သည်အထိ လွတ်လပ်သည့်နည်းလမ်းဖြင့် လက်တွေ့လုပ်ဆောင်နိုင်ကြသည်။ ဤလူတို့အတွက်၊ ဆုတောင်းခြင်းသည် လုပ်ရိုးလုပ်စဉ် သို့မဟုတ် လုပ်ထုံးလုပ်နည်းတစ်ခု မဟုတ်။ နေ့စဉ်၊ အသစ်သော အလင်းကို ၎င်းတို့ အမီလိုက်နိုင်ကြသည်။ ဥပမာအားဖြင့်၊ လူတို့သည် မိမိတို့၏ စိတ်နှလုံးများကို ဘုရားသခင်၏ ရှေ့မှောက်တွင် ဆိတ်ငြိမ်စေဖို့ရန် မိမိတို့ကိုယ်ကိုယ် လေ့ကျင့်ကြပြီး၊ ၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင်၏ ရှေ့မှောက်တွင် အမှန်တကယ် ဆိတ်ငြိမ်နိုင်ကြကာ၊ မည်သူမျှက ၎င်းတို့ကို မနှောင့်ယှက်နိုင်ပေ။ ၎င်းတို့၏ ပုံမှန်ဝိညာဉ်ရေးရာ အသက်တာများကို မည်သည့်လူ၊ မည်သည့် အဖြစ်အပျက် သို့မဟုတ် မည်သည့် အမှုအရာကမျှ မတားဆီးနိုင်ပေ။ ထိုသို့သော

လေ့ကျင့်မှုသည် ရလဒ်များ ဖြစ်ထွန်းဖို့ ရည်ရွယ်၏။ လူတို့ကို စည်းမျဉ်းများ လိုက်နာစေဖို့ ရည်ရွယ်ထားခြင်း မဟုတ်ပေ။ ဤလက်တွေ့လုပ်ဆောင်မှုသည် စည်းမျဉ်းလိုက်နာမှုအကြောင်း မဟုတ်ဘဲ၊ ယင်းအစား လူတို့၏ အသက်တာထဲတွင် ကြီးထွားမှုကို အထောက်အကူပြုခြင်း အကြောင်း ဖြစ်သည်။ ဤလက်တွေ့လုပ်ဆောင်မှုကို လိုက်နာရမည့် စည်းမျဉ်းများအဖြစ်သာ သင် မြင်ပါက၊ သင်၏ အသက်တာ ဘယ်သောအခါမျှ ပြောင်းလဲမည် မဟုတ်။ အခြားသူများကဲ့သို့ အလားတူ လက်တွေ့လုပ်ဆောင်မှု၌ သင်သည် ပါဝင်ပတ်သက်နိုင်၏၊ သို့သော်လည်း ၎င်းတို့က သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို အမီလိုက်နိုင်စဉ်တွင် သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းမှ ပယ်ရှင်းခံရပေသည်။ သင်သည် မိမိကိုယ်ကိုယ် လှည့်ဖြားနေခြင်း မဟုတ်လော။ ဤနှုတ်ကပတ်တော်များ၏ ရည်ရွယ်ချက်မှာ လူတို့ထဲက ဘုရားသခင်၏ အမှုအား အဟန့်အတားမရှိစေဖို့နှင့် အသီးအပွင့်များ သီးပွင့်နိုင်ဖို့အလို့ငှာ ဘုရားသခင်၏ ရှေ့မှောက်တွင် ၎င်းတို့၏ စိတ်နှလုံးများ ဆိတ်ငြိမ်စေရန်၊ ၎င်းတို့၏ စိတ်နှလုံးများကို ဘုရားသခင်ထံ လှည့်ရန် လူတို့ကို အခွင့်ပေးဖို့ ဖြစ်သည်။ ထိုအခါမှသာ လူတို့သည် ဘုရားသခင်၏ အလိုနှင့် ကိုက်ညီနိုင်ကြပေသည်။

# အသင်းတော် အသက်တာနှင့် လက်တွေ့အသက်တာ ဆွေးနွေးခြင်း

လူတို့သည် အသင်းတော် အသက်တာ အတွင်းတွင်သာ ၎င်းတို့ ပြောင်းလဲနိုင်သည်ဟု ခံစားကြရသည်၊ လက်တွေ့ဘဝတွင် ပြောင်းလဲမှု မရရှိနိုင်သည့်အလား၊ ၎င်းတို့သည် အသင်းတော် အသက်တာအတွင်းတွင် မရှိပါက၊ ၎င်းတို့ မပြောင်းလဲနိုင်ဟု ခံစားကြလေသည်။ သင်တို့သည် ဤခံစားမှု၌ ရှိသည့်ပြဿနာကို တွေ့နိုင်သလော။ ငါသည် ဘုရားသခင်ကို တကယ့်အသက်တာ အတွင်းသို့ ခေါ်ဆောင်လာခြင်းအကြောင်း ယခင်က ပြောခဲ့ပြီး ဖြစ်သည်၊ ဘုရားသခင်ကို ယုံကြည်သူတို့ အတွက် ယင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ စစ်မှန်မှုအတွင်းသို့ ဝင်ရောက်ရန်အတွက် လမ်းကြောင်းဖြစ်သည်။ အမှန်တကယ်အားဖြင့်၊ အသင်းတော်အသက်တာသည် လူသားများကို စုံလင်စေဖို့ အကန့်အသတ်ရှိသော လမ်းကြောင်း တစ်ခုသာ ဖြစ်သည်။ လူသားများကို ပြီးပြည့်စုံစေသော အဓိက ပတ်ဝန်းကျင်မှာ တကယ့်အသက်တာပင် ဖြစ်နေဆဲဖြစ်သည်။ ယင်းသည် ငါပြောဆိုခဲ့သော အမှန်တကယ် လက်တွေ့လုပ်ဆောင်မှုနှင့် အမှန်တကယ် သင်ကြားမှု ဖြစ်ပြီး၊ လူသားများကို ပုံမှန်လူသားသဘာဝနှင့် နေ့စဉ်ဘဝတွင် စစ်မှန်သော လူပုဂ္ဂိုလ်နှင့် တူညီစွာ အသက်ရှင်မှုကို ရရှိရန် အခွင့်ပေးသည်။ တစ်ဘက်တွင် လူတစ်ဦးသည် သူကိုယ်တိုင်၏ ပညာရေး အဆင့်ကို

မြှင့်တင်ရန်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားလည်နိုင်ရန်နှင့် လက်ခံနိုင်စွမ်း ရရှိရန်အတွက် ပညာသင်ကြားရန် လိုအပ်သည်။ အခြား တစ်ဘက်တွင်မူ လူတစ်ဦးသည် ထိုးထွင်းအမြင်ရရှိစေရန်နှင့် ပုံမှန်လူသဘာဝ၏ အသိစိတ်ကို ရရှိစေရန် လူသားအဖြစ် အသက်ရှင်ရန် လိုအပ်သော အခြေခံအသိပညာ ရှိထားရန်လိုသည်။ အဘယ်ကြောင့်ဆိုသော် လူသားများသည် ဤကိစ္စရပ်များတွင် လုံးဝနီးပါး အားနည်းသောကြောင့် ဖြစ်သည်။ ထို့အပြင် လူတစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အသင်းတော်အသက်တာမှ တစ်ဆင့် ခံစားတတ်ရန်လည်း လိုအပ်ပြီး ဖြည်းဖြည်းချင်း သမ္မာတရားကို ရှင်းလင်းစွာ နားလည်လာနိုင်သည်။

ဘုရားသခင်ကို ယုံကြည်ရာတွင် လူတစ်ဦးသည် ဘုရားသခင်ကို တကယ့်အသက်တာအတွင်းသို့ ယူဆောင်ရန် လိုအပ်သည်ဟု အဘယ်ကြောင့် ပြောသနည်း။ အသင်းတော် အသက်တာသည်သာလျှင် လူသားကို ပြောင်းလဲသည်မဟုတ်ဘဲ၊ ပို၍ အရေးကြီးသည်မှာ၊ လူတို့သည် တကယ့်အသက်တာ၌ စစ်မှန်မှုထဲသို့ ဝင်ရောက်သင့်ပေသည်။ သင်တို့သည် တကယ့် အသက်တာတွင် အရာများစွာကို လက်တွေ့ကျင့်သုံးရန်သာမက ထိုအရာများအတွင်းသို့ ဝင်ရောက်ရန်တို့ကို လျစ်လျူရှုထားလျက် သင်တို့၏ ဝိညာဉ်ရေးရာ အခြေအနေ၊ ဝိညာဉ်ရေးရာဆိုင်ရာ ကိစ္စများကို အစဉ်အမြဲ ပြောဆိုခဲ့လေ့ရှိသည်။ သင်တို့သည် နေ့စဉ် ရေးသား၊ ဖတ်ရှု၊ နားထောင်ခဲ့ကြ၏။ ချက်ပြုတ်ရင်းပင် "အို ဘုရားသခင်၊ ကိုယ်တော်သည် ကျွန်ုပ်၏ ဘဝအတွင်းတွင် ကျွန်ုပ်၏အသက် ဖြစ်တော်မူပါ။ ဤနေ့ရက်သည် မည်သို့ပင်ဖြစ်စေ၊ ကိုယ်တော် ကျွန်ုပ်ကို ကောင်းချီးပေးပြီး ဉာဏ်အလင်း ပေးတော်မူပါ။ ယနေ့တွင် ကိုယ်တော်သည် အကျွန်ုပ်အား မည်သည့်အရာ ဉာဏ်အလင်းပေးသည်ဖြစ်စေ၊ ကိုယ်တော်၏ နှုတ်ကပတ်တော်များသည် ကျွန်ုပ်၏အသက်အဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်တော်၏ နှုတ်ကပတ်တော်များကို ယခုမျက်မှောက်တွင် ကျွန်ုပ်နားလည်စေရန် ခွင့်ပြုတော်မူပါ၊" ဟု သင်တို့ ဆုတောင်းခဲ့ကြသည်။ သင်တို့သည် ညစာစားသော အခါတွင်လည်း ဆုတောင်းခဲ့ကြသည်။ "အို အဖ ဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်တို့အား အစားအစာများကို ချပေး သနားတော်မူသည်။ အကျွန်ုပ်တို့အား ကောင်းချီးပေးတော်မူပါ။ အာမင်။ အကျွန်ုပ်တို့၏ အသက်တာများကို ကိုယ်တော့် အပေါ်တွင် မှီခိုခွင့်ပြုပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် ရှိပါစေ။ အာမင်။" သင်တို့သည် ညစာစားပြီး၍ ပန်းကန်များ ဆေးကြောနေစဉ်တွင်၊ သင်သည် "အို ဘုရားသခင် ကျွန်ုပ်သည် ဤပန်းကန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စာတန်၏ ဖျက်စီးခြင်းကိုခံခဲ့ရပြီး၊ အသုံးပြုပြီးသော ပန်းကန်များကဲ့သို့ ဖြစ်ကြကာ ရေဖြင့် သန့်ရှင်းစေရပါမည်၊ ကိုယ်တော်သည် ရေဖြစ်ပြီး၊

ကိုယ်တော်၏ နှုတ်ကပတ်တော်များသည် အကျွန်ုပ်၏ အသက်ကို ထောက်ပံ့ပေးသော အသက်ရှင်သော ရေ ဖြစ်ကြပါ၏။” ဟု တောင်စဉ်ရေမရ စပြောပါသည်။ သင်မသိလိုက်ခင် အိပ်ယာဝင်ချိန်ရောက်လာပြီး၊ သင်တို့သည် “အို ဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်ကိုတစ်နေ့တာလုံး ကောင်းချီးပေးတော်မူပြီး လမ်းပြတော်မူခဲ့သည်။ ကိုယ်တော့်ကို အကျွန်ုပ်အမှန်တကယ် ကျေးဇူးတင်ပါသည်။…” ဟု နောက်တစ်ကြိမ် တောင်စဉ်ရေမရ ပြောပြန်သည်။ ယင်းမှာ တစ်နေ့တာကို သင်တို့ ဖြတ်သန်းပြီး အိပ်စက်အနားယူခြင်းသို့ ဝင်ရောက်သည့် ပုံစံဖြစ်သည်။ လူအများစုတို့သည် နေ့စဉ် ဤကဲ့သို့ အသက်ရှင်ကြပြီး၊ ယခုအချိန်၌ပင် သူတို့၏ ဆုတောင်းချက်များကို စိတ်ထဲကမပါဘဲ ပြောကြလျက်၊ သူတို့သည် အမှန်တကယ် ဝင်ရောက်မှုကို လျစ်လျူရှုကြသည်။ ဤကား ထိုသူတို့၏ ယခင်ဘဝဖြစ်သည်- ဤအရာသည် သူတို့၏ ဘဝဟောင်း ဖြစ်သည်။ ထို့အပြင် လူအများစုမှာ ထိုကဲ့သို့သာ ဖြစ်ကြသည်၊ ထိုသူတို့သည် အမှန်တကယ် လေ့ကျင့်မှု မရှိကြဘဲ၊ သူတို့တွင် စစ်မှန်သည့် ပြောင်းလဲမှု အလွန်နည်းပါးကြသည်။ သူတို့သည် စိတ်မပါဘဲ ဆုတောင်းကြပြီး၊ သူတို့၏ စကားလုံးများတည်း မှတစ်ဆင့်သာ ဘုရားသခင်ကို ချဉ်းကပ်ကြသော်လည်း သူတို့ နားလည်မှုတွင် လေးနက်မှုမရှိကြပေ။ အရိုးရှင်းဆုံး နမူနာ တစ်ရပ်ဖြစ်သည့် သင်တို့၏ အိမ်ရှင်းခြင်းကို ကြည့်ကြပါစို့။ သင်တို့၏ အိမ်သည် ရှုပ်ပွနေသည်ကို သင်တို့ မြင်ကြသည်။ ထို့ကြောင့် သင်တို့ ထိုင်၍ ဆုတောင်းသည်။ “အို ဘုရားသခင် ကျွန်တော့်အပေါ် စာတန် ယူဆောင်လာသော ပျက်ဆီးခြင်းကို ကြည့်တော်မူပါ။ အကျွန်ုပ်သည် ဤအိမ်ကဲ့သို့ပင် ညစ်ညမ်း ပါသည်။ အို ဘုရားသခင် ကိုယ်တော့်ကို အကျွန်ုပ် အမှန်ပင် ချီးမွမ်း၍ ကျေးဇူးတင်ပါသည်။ ကိုယ်တော်၏ ကယ်တင်ခြင်းနှင့် ဉာဏ်အလင်းပေးခြင်း မရှိပါက ဤအချက်ကို အကျွန်ုပ် သိနားလည်မည် မဟုတ်ပါ။” သင်တို့သည် ထိုနေရာတွင် ထိုင်၍သာ အချိန်ကြာမြင့်စွာ ဆုတောင်းလျက် တောင်စဉ်ရေမရ ပြောဆိုသည်၊ ထို့နောက် တောင်စဉ်ရေမရ ပြောဆိုသော အမယ်အိုကဲ့သို့ ဘာမှ မဖြစ်သကဲ့သို့ ပြုမူသည်။ သင်တို့သည် အပေါ်ယံ အမူအကျင့် အများအပြားဖြင့် တကယ့် စစ်မှန်ခြင်းသို့ အမှန်တကယ် ဝင်ရောက်ခြင်း အလျှင်းမရှိပဲ သင်တို့၏ ဝိညာဉ်အသက်တာကို ဤနည်းလမ်းဖြင့် သင်တို့ဖြတ်ကျော် ကြသည်။ တကယ့်လေ့ကျင့်ခြင်းထဲသို့ ဝင်ရောက်ခြင်းတွင် လူများ၏ လက်တွေ့ဘဝများနှင့် သူတို့၏ လက်တွေ့ အခက်အခဲများ ပါဝင်သည်- ဤသည်မှာ သူတို့ပြောင်းလဲသည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ တကယ် လက်တွေ့အသက်တာ မပါဘဲ လူသားများ မပြောင်းလဲပေ။ သူတို့၏ စိတ်မပါဘဲ ဆုတောင်းခြင်းသည် အဘယ်အကျိုးရှိ မည်နည်း။ လူသားများ၏ သဘာဝကို နားလည်မှု မရှိပါက အရာရာသည် အချိန်ဖြုန်းခြင်းသာ ဖြစ်ပြီး၊ ထို့အပြင်

လက်တွေ့ကျင့်သုံးသည့် လမ်းကြောင်း မရှိပါက အရာရာသည် အချည်းနှီးသော အားထုတ်မှုသာ ဖြစ်သည်။ ပုံမှန် ဆုတောင်းချက်သည် လူများအတွင်းတွင် ပုံမှန်အခြေအနေကို ထိန်းသိမ်းရာတွင် ကူညီပေးနိုင်သော်လည်း၊ ယင်းသည် သူတို့ကို လုံးလုံးလျားလျား ပြောင်းလဲနိုင်ခြင်းမရှိပေ။ လူသားတို့၏ မိမိကိုယ်ကိုယ် ဖြောင့်မတ်သည်ဟု ထင်ခြင်း၊ စိတ်ကြီးဝင်မှု၊ ဘဝင်မြင့်မှု၊ မောက်မာမှုနှင့် ဖောက်ပြန်ပျက်စီးသည့် သဘောထားများကို သိရှိခြင်း- ယင်းအရာများကို သိရှိခြင်းမှာ ဆုတောင်းခြင်းများမှ တစ်ဆင့်လာခြင်းမဟုတ်ပေ။ ၎င်းတို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ခံစားခြင်းမှသာ ရှာဖွေ တွေ့ရှိပြီး၊ စစ်မှန်သည့်အသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းမှတဆင့် သိရှိခြင်း ဖြစ်သည်။ မျက်မှောက်ခေတ်လူတို့သည် အတော်အတန် ကောင်းမွန်စွာ ပြောဆိုတတ်ကြပြီး၊ ခေတ်အဆက်ဆက်ကထက် ပို မြင့်မြတ်သော အမြင့်မြတ်ဆုံး ဩဝါဒများကို နားထောင်ခဲ့ကြ သော်လည်း၊ သူတို့၏ လက်တွေ့ဘဝတွင် အမှန်တကယ် အကောင်အထည်ဖော်မှုမှာ အလွန်နည်းပါးသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ စစ်မှန်သည့်အသက်တာတွင် ဘုရားသခင် မရှိပေ၊ ၎င်းတို့သည် ပြောင်းလဲမှုနောက် လူသစ်၏အသက်တာ မပိုင်ဆိုင်ပေ။ လက်တွေ့အသက်တာတွင် သမ္မာတရားအတိုင်း နေထိုင်ခြင်းမရှိသကဲ့သို့၊ လက်တွေ့အသက်တာအတွင်းသို့ ဘုရားသခင်ကို ခေါ်ဆောင်လာခြင်းလည်း မရှိကြပေ။ ၎င်းတို့သည် ငရဲ၏သားသမီးများသဖွယ် နေထိုင်နေကြသည်။ ဤအရာမှာ ထင်ရှားသော လွဲမှားမှု မဟုတ်လော။

ပုံမှန်လူတစ်ဦးနှင့် တူအောင် ထိန်းသိမ်းရန်အတွက်၊ ဆိုလိုသည်မှာ ပုံမှန်လူသားသဘာဝကို ရရှိစေရန်၊ လူတို့သည် သူတို့ စကားလုံးများဖြင့် ဘုရားသခင်ကို နှစ်သိမ့်ရုံဖြင့် မရနိုင်ပေ။ ယင်းသို့လုပ်ခြင်းဖြင့် သူတို့သည် သူတို့ကိုသူတို့သာ ထိခိုက်နာကျင်စေကြပြီး၊ ယင်းသည် သူတို့၏အသက်တာ ဝင်ရောက်မှုနှင့် ပြောင်းလဲမှုတို့အတွက် အကျိုးမပြုပေ။ ထို့ကြောင့် ပြောင်းလဲမှု ရရှိရန်အတွက် လူတို့သည် နည်းနည်းချင်းစီ လေ့ကျင့်ရမည်။ ဖြည်းညင်းစွာ ဝင်ရောက်ရမည်၊ နည်းနည်းချင်းစီ ရှာဖွေ စူးစမ်းရမည်၊ အပြုသဘောမှ ဝင်ရောက်ပြီး သန့်ရှင်းသူတို့၏ အသက်တာဖြစ်သော သမ္မာတရား၏ လက်တွေ့ ဘဝတွင် နေထိုင်ကြရမည်။ ၎င်းနောက်မှ စ၍ စစ်မှန်သော အရာများ၊ စစ်မှန်သည့် အဖြစ်အပျက်များနှင့် တကယ့် ပတ်ဝန်းကျင်များက လူများကို လက်တွေ့လေ့ကျင့်မှုများ ရှိစေမည်။ လူတို့သည် စိတ်မပါဘဲ ပြောရန် မလိုအပ်ပါ။ ယင်းအစား တကယ့် ပတ်ဝန်းကျင်များတွင် လေ့ကျင့်ရန် လိုအပ်သည်။ လူတို့သည် သူတို့တွင် အရည်အသွေး ညံ့ဖျင်းကြောင်း သိရှိလာကြပြီးနောက် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပုံမှန်သုံးဆောင်ကြကာ၊ ဝင်ရောက်ကြပြီး

ပုံမှန်လက်တွေ့လုပ်ဆောင်ကြသည်။ ဤနည်းအားဖြင့်သာ သူတို့သည် စစ်မှန်မှုကို ရရှိကြပြီး ဝင်ရောက်မှု ပိုမိုလျင်မြန်စွာပင် ဖြစ်ပေါ် နိုင်သည်။ လူတို့အား ပြောင်းလဲရန် လက်တွေ့ကျမှု အချို့ရှိရမည်၊ သူတို့သည် စစ်မှန်သည့်အရာများ၊ စစ်မှန်သည့် အဖြစ်အပျက်များ၊ စစ်မှန်သည့် ပတ်ဝန်းကျင်များနှင့်အတူ လက်တွေ့လုပ်ဆောင်ကြရမည်။ အသင်းတော်၏ အသက်တာကို မှီခိုရုံဖြင့်သာ စစ်မှန်သော လေ့ကျင့်မှုရရှိနိုင်သလော။ လူတို့သည် ဤနည်းဖြင့် စစ်မှန်မှုသို့ ဝင်ရောက်နိုင်မည်လော။ မဝင်ရောက် နိုင်ပေ။ လူတို့သည် စစ်မှန်သော အသက်တာအတွင်းသို့ မဝင်ရောက်နိုင်ပါက၊ ၎င်းတို့သည် သူတို့၏ ဘဝနေထိုင်မှု အဟောင်းများနှင့် လုပ်ကိုင်ဆောင်ရွက်ပုံများကို ပြောင်းလဲနိုင်မည် မဟုတ်ပေ။ ယင်းမှာ လူတို့၏ ပျင်းရိခြင်း သက်သက်ကြောင့်နှင့် ကြီးမားသော မှီခိုမှုကြောင့် မဟုတ်ဘဲ ယင်းသည် လူတို့တွင် အသက်ရှင်နေထိုင်မှုအတွက် စွမ်းရည် မရှိခြင်းကြောင့်သာမက ဘုရားသခင်၏ အလိုတော်နှင့် အညီ ပုံမှန် လူသားတယောက်နှင့် တူသည့် စံချိန်စံညွှန်းများကို နားလည်မှု မရှိသောကြောင့် ဖြစ်သည်။ ယခင်က လူတို့သည် အစဉ်အမြဲ ဆွေးနွေးနေ ခဲ့ကြသည်၊ ပြောဆိုနေခဲ့ကြသည်၊ ဆက်သွယ်နေကြသည်၊ ထို့အပြင် ၎င်းတို့သည် "ဟောပြောသူများ" ပင် ဖြစ်သွားကြသည်၊ သို့သော်လည်း အသက်တာ စိတ်သဘောထား၌ ပြောင်းလဲခြင်းကို မည်သူကမျှ မရှာဖွေခဲ့ကြပေ။ ယင်းအစား ထိုသူတို့သည် လေးနက်သော သဘောတရားများကိုသာ မမြင်မကန်း ရှာဖွေခဲ့ကြသည်။ သို့ဖြစ်ရာ ယနေ့လူတို့သည် ၎င်းတို့ဘဝများ၌ ဘုရားသခင်ရှိသည်ဟူသည့် ဤဘာသာရေး ယုံကြည်မှုပုံစံကို ပြောင်းလဲပစ်ရမည်။ ထိုသူတို့သည် အဖြစ်အပျက်တစ်ခု၊ အရာတစ်ခု၊ လူတစ်ယောက်ကို အလေးထားခြင်းဖြင့် လက်တွေ့လုပ်ဆောင်မှုအတွင်း ဝင်ရောက်ကြရမည်။ ထိုသူတို့သည် ယင်းကို အာရုံစူးစိုက်မှုဖြင့် လုပ်ဆောင်ရမည်။ သို့မှသာ ထိုသူတို့သည် ရလဒ်များ ရရှိနိုင်ကြမည်။ လူတို့၏ ပြောင်းလဲခြင်းသည် သူတို့၏ အနှစ်သာရ ပြောင်းလဲခြင်းဖြင့် စတင်သည်။ ထိုအလုပ်သည် လူတို့၏ အနှစ်သာရများ၊ သူတို့၏ ဘဝ၊ ပျင်းရိခြင်း၊ မှီခိုခြင်းနှင့် လူတို့၏ စုံမှိတ်ပြီး နောက်လိုက်ခြင်းတို့ကို ပစ်မှတ်ထားရမည်။ ဤနည်းလမ်းဖြင့်သာ သူတို့ကို ပြောင်းလဲနိုင်မည်။

အချို့သော နေရာများတွင် အသင်းတော်အသက်တာက ရလဒ်များ ထွက်ပေါ်စေနိုင်သော်လည်း၊ လက်တွေ့အသက်တာက လူတို့ကို ပြောင်းလဲစေနိုင်သည်မှာ အဓိကကျသောအချက် ဖြစ်နေဆဲဖြစ်သည်။ လူတစ်ဦး၏ သဘာဝဗီဇဟောင်းသည် လက်တွေ့အသက်တာမရှိဘဲ မပြောင်းလဲနိုင်ပေ။ ကျေးဇူးတော်ခေတ်အတွင်း ယေရှု၏ လုပ်ဆောင်မှုကို နမူနာအဖြစ် ကြည့်ကြစို့။ ယေရှုသည် ယခင် ပညတ်တရားများကို ဖျက်သိမ်းပြီး ခေတ်သစ်၏ ပညတ်ချက်များကို ချမှတ်စဉ်က၊ ကိုယ်တော်သည် လက်တွေ့အသက်တာမှ တကယ့်ဥပမာများ

အသုံးပြု၍ မြွက်ကြားခဲ့သည်။ သခင်ယေရှုက သူ၏ တပည့်တော်များကို ဥပုသ်နေ့၌ ဂျုံခင်းကို ဖြတ်လျက် ဦးဆောင်လာစဉ်၊ တပည့်တော်များက ဆာလောင်လာပြီး ဂျုံစေ့များကို ခူးယူစားသောက်ကြသည်။ ယင်းကို ဖာရိရှဲများက တွေ့မြင်ပြီး၊ ထိုသူတို့သည် ဥပုသ်နေ့ကို လိုက်နာနေခြင်း မရှိဟု ဆိုကြသည်။ ဥပုသ်နေ့တွင် မည်သည့်အလုပ်ကိုမျှ မလုပ်ဆောင်ရဟု ဆိုကြလျက်၊ ဥပုသ်နေ့တွင် ကျင်းထဲကျနေသော နွားသားပေါက်များကိုပင် လူတို့ကယ်တင်ခွင့်မရှိဟုလည်း သူတို့က ဆိုကြသည်။ ယေရှုက ဤအဖြစ်အပျက်များကို ဓမ္မသစ်ခေတ်၏ ပညတ်ချက်များကို ဖြည်းဖြည်းချင်း ကြေညာဖို့ ကိုးကားခဲ့သည်။ ထိုအချိန်က ကိုယ်တော်သည် လူအများ နားလည်ပြီး ပြောင်းလဲစေရန် လက်တွေ့ကိစ္စရပ် အများအပြားကို အသုံးပြုခဲ့သည်။ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်က သူ၏ အလုပ်များကို လုပ်ဆောင်သည့် အခြေခံ စည်းမျဉ်းဖြစ်ပြီး၊ ယင်းသည် လူများကို ပြောင်းလဲစေနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ လက်တွေ့ကိစ္စရပ်များ မရှိဘဲ၊ လူများသည် သဘောတရားအရ၊ အသိဉာဏ်အရသာ နားလည်မှုကို ရနိုင်ကြပြီး၊ ယင်းသည် ပြောင်းလဲရန် ထိရောက်သည့် နည်းလမ်းမဟုတ်ပေ။ ထို့ကြောင့် ဉာဏ်ပညာနှင့် ထိုးထွင်းအမြင်ကို လေ့ကျင့်ခြင်းမှ မည်သို့ ရရှိသနည်း။ လူသားသည် ဉာဏ်ပညာနှင့် ထိုးထွင်းအမြင်တို့ကို နားထောင်ရုံ၊ ဖတ်ရှုရုံနှင့် အသိပညာ တိုးပွားရုံဖြင့် ရနိုင်သလော။ အဘယ်သို့ ဤသို့ ဖြစ်နိုင်သနည်း။ လူတို့သည် လက်တွေ့အသက်တာတွင် နားလည်ပြီး တွေ့ကြုံခံစားရမည်။ သို့ဖြစ်ရာ လူတစ်ဦးသည် လေ့ကျင့်ရမည် ဖြစ်ပြီး လက်တွေ့အသက်တာနှင့် မကင်းကွာရပေ။ လူတို့သည် မတူညီသော ရှုထောင့်များကို အာရုံစူးစိုက်ရမည် ဖြစ်ပြီး ရှုထောင့်အမျိုးမျိုးကို ဝင်ရောက်ရမည်။ ပညာရေး အဆင့်အတန်း၊ ဖော်ထုတ်ပြသနိုင်မှု၊ အမှုအရာတို့ကို မြင်နိုင်စွမ်း၊ အမြော်အမြင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားလည်နိုင်စွမ်း၊ လူသားတို့၏ အခြေခံအသိဉာဏ်နှင့် စည်းကမ်းများနှင့် လူတို့တွင် ရှိသင့်သော အခြားသော လူသားသဘာဝဆိုင်ရာ အရည်အသွေးတို့ ဖြစ်သည်။ နားလည်မှုကို ရရှိပြီးသောအခါ လူတို့သည် ဝင်ရောက်မှုကို အလေးထားရမည်၊ သို့မှသာ ပြောင်းလဲခြင်းကို ရရှိနိုင်သည်။ တစ်စုံတစ်ယောက်သည် နားလည်မှုကို ရရှိသော်လည်း လက်တွေ့လုပ်ဆောင်မှုကို လျစ်လျူရှုထားပါက ပြောင်းလဲခြင်း မည်သို့ ဖြစ်နိုင်မည်နည်း။ ယခုအခါ လူတို့သည် များစွာ နားလည်သော်လည်း လက်တွေ့အသက်တာတွင် နေထိုင်ခြင်းမရှိ၊ ထို့ကြောင့် ထိုသူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အနည်းငယ်မျှသာ ထိရောက်စွာ နားလည်မှု ရှိသည်။ သင်သည် ဉာဏ်အလင်းပေးမှုကို အနည်းငယ်မျှသာ ရရှိသေးသည်၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းပေးခြင်းကို အနည်းငယ်မျှသာ ရရှိသည်၊ သို့သော်လည်း သင်သည်

လက်တွေ့အသက်တာတွင် ဝင်ရောက်မှု မရှိ၊ သို့မဟုတ် သင်သည် ဝင်ရောက်မှုအတွက် ဂရုစိုက်ခြင်းပင်မရှိ ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့ဖြစ်ရာ သင်၏ ပြောင်းလဲခြင်းသည် လျော့နည်းသွားသည်။ ဤမျှကာလကြာရှည်ပြီးနောက်၊ လူတို့သည် အမှုအရာများစွာ နားလည်လာ၏။ သူတို့သည် သူတို့၏ အသိပညာနှင့် သက်ဆိုင်သည့် အယူအဆများကို အများအပြား ပြောဆိုနိုင်ကြသည်၊ သို့သော်လည်း သူတို့၏ အပြင်ပိုင်း စိတ်သဘောထားမှာ ယခင်အတိုင်း ရှိနေပြီး၊ သူတို့၏ မူလ စွမ်းရည်သည် ယခင်ကကဲ့သို့ ရှိနေကာ၊ အနည်းငယ်ပင် တိုးတက်ခြင်း မရှိပေ။ ယင်းသို့ဖြစ်နေပါက သင်သည် မည်သည့် အချိန်တွင်မှ နောက်ဆုံးတွင် ဝင်ရောက်မည်နည်း။

အသင်းတော်အသက်တာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အရသာခံရန် လူတို့စုဝေးကြသည့် အသက်တာမျိုးသာ ဖြစ်ပြီး၊ ယင်းသည် လူတစ်ဦး၏ အသက်တာ၏ အစငယ်လေး တစ်စသာ ဖြစ်သည်။ အကယ်၍ လူတို့၏ လက်တွေ့အသက်တာသည် ပုံမှန်ဝိညာဉ်အသက်တာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပုံမှန်ခံစားခြင်း၊ ဆုတောင်းခြင်းနှင့် ဘုရားသခင်နှင့် ပုံမှန်နီးကပ်စွာရှိနေခြင်း၊ ဘုရားသခင်၏ အလိုတော်နှင့် အညီ အရာရာကို လုပ်ကိုင်ဆောင်ရွက်သော လက်တွေ့အသက်တာတွင် နေထိုင်ခြင်း၊ သမ္မာတရားနှင့်အညီ အရာရာကို လုပ်ကိုင် ဆောင်ရွက်သော လက်တွေ့အသက်တာတွင် နေထိုင်ခြင်း၊ ဆုတောင်းမေတ္တာများ ရွတ်ဆိုပြီး ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်သက်စွာရှိသည့် လက်တွေ့ဘဝတွင် နေထိုင်ခြင်းနှင့် ဓမ္မတေးများ သီဆိုပြီး ကခုန်ခြင်းတို့ကို လက်တွေ့လုပ်ဆောင်ခြင်း အပါဝင် အသင်းတော်၏ အသက်တာနှင့်လည်း တူနိုင်လျှင် ထိုကဲ့သို့သော အသက်တာမျိုးသည်သာ ၎င်းတို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သက်ဆိုင်သော အသက်တာအတွင်းသို့ ဆောင်ယူပေးမည် ဖြစ်သည်။ လူအများစုမှာ နာရီ အနည်းငယ်သာ ဖြစ်သည့် အသင်းတော်အသက်တာကို အလေးထားပြီး ကျန်နာရီများရှိ သူတို့၏အသက်တာသည် သူတို့နှင့် မဆိုင်သည့်အလား သူတို့၏ အသက်တာများကို "ပြုစုစောင့်ရှောက်ခြင်း" မရှိကြပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၊ ဓမ္မတေးများ သီဆိုခြင်း သို့မဟုတ် ဆုတောင်းခြင်း တို့ကို ပြုလုပ်သည့်အခါမှသာ သန့်ရှင်းသူတို့၏ အသက်တာများကို ဝင်ရောက်သော လူများလည်း အများအပြားရှိသည်။ ထို့နောက်တွင်မူ ယင်းအချိန်များပြင်ပတွင် သူတို့၏ အသက်တာဟောင်းသို့သာ ပြန်ပြောင်းသွားကြသည်။ ယင်းသို့သော နေထိုင်ခြင်းသည် လူတို့ကို မပြောင်းလဲနိုင်ဘဲ ဘုရားသခင်ကို သိစေရန် သာ၍ မဖြစ်နိုင်ပေ။ ဘုရားသခင်ကို ယုံကြည်ရာ၌ အကယ်၍လူတို့သည် ၎င်းတို့၏ စိတ်သဘောထား ပြောင်းလဲစေလိုလျှင် ထိုသူတို့သည်

မိမိတို့ကိုယ်ကိုယ် လက်တွေ့အသက်တာမှ ခွဲခွာခြင်း မပြုရပေ။ လက်တွေ့အသက်တာတွင် သင်သည် သင့်ကိုယ်သင် သိရမည်၊ သင့်ကိုယ်သင် စွန့်လွှတ်ရမည်၊ သမ္မာတရားကို လက်တွေ့ကျင့်သုံး ရမည်သာမက တဖြည်းဖြည်း ပြောင်းလဲခြင်းကို ရရှိနိုင်ခြင်း မရှိသေးမီတွင် အခြေခံသဘောတရားများ၊ အခြေခံအသိဉာဏ်နှင့် ခပ်သိမ်းသောအမှုအရာတို့၌ မိမိကိုယ်ကိုယ် ကျင့်ကြံပြုမူ နေထိုင်ခြင်း စည်းမျဉ်းစည်းကမ်းများကို လေ့လာရမည်။ သင်သည် စစ်မှန်မှုအတွင်း နက်နက်ရှိုင်းရှိုင်း မသွားဘဲ၊ လက်တွေ့ဘဝထဲသို့ ဝင်ရောက်ခြင်း မရှိဘဲ၊ သဘောတရားဆိုင်ရာ အသိပညာကိုသာ စူးစိုက်ပြီး ဘာသာရေး ပွဲလမ်းသဘင်များ ကြားတွင်သာ နေထိုင်မည်ဆိုပါက၊ သင်သည် စစ်မှန်မှုအတွင်း မည်သည့်အခါမျှ ဝင်ရောက်မည် မဟုတ်၊ သင့်ကိုယ်သင်နှင့် သမ္မာတရားကို သို့မဟုတ် ဘုရားသခင်ကို မည်သည့်အခါမျှ သိမည်မဟုတ်ဘဲ၊ သင်သည် အစဉ်အမြဲ မျက်စိကန်းလျက် အသိပညာ ကင်းမဲ့လျက်ရှိမည်။ ဘုရားသခင်၏ လူသားကို ကယ်တင်ခြင်း အမှုသည် တိုတောင်းသော အချိန်ကာလပြီးနောက် ၎င်းတို့ကို ပုံမှန် လူသားဘဝများအား အသက်ရှင်ခွင့်ပေးဖို့ မဟုတ်သကဲ့သို့၊ ၎င်းတို့၏ မှားယွင်းသော အယူအဆများနှင့် အယူဝါဒများကို ပြောင်းလဲဖို့လည်း မဟုတ်ပေ။ ယင်းထက်၊ သူ၏ ရည်ရွယ်ချက်မှာ လူတို့၏ စိတ်သဘောထားဟောင်းများကို ပြောင်းလဲရန်၊ ၎င်းတို့၏ ဘဝနေထိုင်မှု နည်းလမ်းဟောင်း တစ်ခုလုံးကို ပြောင်းလဲရန်နှင့် ၎င်းတို့၏ခေတ်နောက်ကျသော တွေးတောပုံများကို ပြောင်းလဲရန်နှင့် သူ၏စိတ်အမြင်ကို ပြောင်းလဲရန် ဖြစ်သည်။ အသင်းတော်အသက်တာကိုသာ အာရုံစိုက်ခြင်းသည် လူတို့၏ အသက်တာ၏ အကျင့်ဟောင်းများ သို့မဟုတ် ကာလကြာရှည်စွာ သူတို့နေထိုင်ခဲ့ပုံ အဟောင်းများကို ပြောင်းလဲမည် မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေကာမူ၊ လူတို့သည် လက်တွေ့ဘဝမှ မကင်းကွာရပေ။ ဘုရားသခင်က လူတို့ကို အသင်းတော်အသက်တာ သက်သက်တွင်သာ မဟုတ်ဘဲ၊ လက်တွေ့အသက်တာတွင် ပုံမှန်လူ့သဘာဝဖြင့် နေရန်၊ အသင်းတော်အသက်တာ သက်သက်တွင်သာ မဟုတ်ဘဲ၊ လက်တွေ့ဘဝတွင် သမ္မာတရားအတိုင်း နေရန်၊ အသင်းတော်အသက်တာ သက်သက်တွင်သာ မဟုတ်ဘဲ၊ လက်တွေ့အသက်တာတွင် သူတို့၏တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရန် တောင်းဆိုသည်။ စစ်မှန်မှုထဲသို့ ဝင်ရောက်ရန်မှာ လူတစ်ဦးသည် အရာရာကို လက်တွေ့ အသက်တာသို့ ဦးတည်ရမည်။ ဘုရားသခင်ကို ယုံကြည်ရာတွင် လူတို့သည် လက်တွေ့ဘဝထဲ ဝင်ရောက်ခြင်းအားဖြင့် မိမိကိုယ်ကိုယ် သိနားလည်ခြင်း ရှိမလာနိုင်ပါက၊ ထို့ပြင် လက်တွေ့ဘဝတွင် ပုံမှန်လူ့သဘာဝကို အသက်မရှင်နိုင်ပါက၊ ထိုသူတို့သည် မဖြစ်ထွန်းသူများ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်အား မနာခံသော သူအားလုံးတို့သည် လက်တွေ့အသက်တာကို မဝင်ရောက်နိုင်သူများ ဖြစ်ကြသည်။

သူတို့အားလုံးသည် လူ့သဘာဝအကြောင်း ပြောဆိုသော်လည်း နတ်ဆိုးသဘာဝအတိုင်း အသက်ရှင်နေထိုင်ကြသူများ ဖြစ်သည်။ သူတို့အားလုံးသည် သမ္မာတရားအကြောင်း ပြောဆိုသော်လည်း ယင်းအစား အယူဝါဒများကိုသာ အသက်ရှင်နေထိုင်သူများ ဖြစ်ကြသည်။ လက်တွေ့ဘဝတွင် သမ္မာတရားအတိုင်း မနေထိုင်နိုင်သူတို့သည် ဘုရားသခင်ကို ယုံကြည်သော်လည်း ဘုရားသခင်၏ ရွံရှာမုန်းတီးမှုနှင့် ငြင်းပယ်မှုတို့ကို ခံရသူများ ဖြစ်သည်။ သင်သည် လက်တွေ့အသက်တာသို့ ဝင်ရောက်ခြင်းကို လေ့ကျင့်ရမည်၊ သင်ကိုယ်တိုင်၏ အားနည်းချက်များ၊ မနာခံမှုများနှင့် မသိနားမလည်မှုများကို သိရမည့်အပြင် သင်၏ ပုံမှန်မဟုတ်သော လူ့သဘာဝနှင့် အားနည်းချက်များကို သိရမည်။ ထိုနည်းဖြင့် သင်၏ အသိပညာသည် သင်၏ လက်တွေ့ အခြေအနေနှင့် အခက်အခဲများနှင့် ပေါင်းစပ်သွားလိမ့်မည်။ ယင်းသို့သော အသိပညာသည်သာ စစ်မှန်ပြီး သင်၏ ကိုယ်ပိုင်အခြေအနေကို အမှန်တကယ် နားလည် သဘောပေါက်စေမည်ဖြစ်ကာ သင်၏ စိတ်သဘောထားဆိုင်ရာ ပြောင်းလဲခြင်းကို ရရှိနိုင်သည်။

ယခုတွင် လူတို့အပေါ် စုံလင်စေခြင်းသည် တရားဝင် စတင်ပြီဖြစ်ရာ၊ သင်သည် လက်တွေ့အသက်တာအတွင်း ဝင်ရောက်ရမည်။ သို့ဖြစ်ရာ ပြောင်းလဲခြင်းကို ရရှိရန် သင်သည် လက်တွေ့အသက်တာထဲသို့ ဝင်ရောက်ခြင်းမှ စတင်ရမည်ဖြစ်ပြီး နည်းနည်းချင်းစီ ပြောင်းလဲရမည်။ သင်သည် လူသား၏ ပုံမှန်အသက်တာကို ငြင်းပယ်ပြီး ဝိညာဉ်ရေးရာ ကိစ္စများကိုသာ ပြောပါက၊ အမှုအရာများသည် ငြိုးငွေ့ဖွယ် ကောင်းသွားသည်။ လက်တွေ့မကျသော အရာများ ဖြစ်သွားသည်၊ သို့ဖြစ်လျှင် လူတို့သည် မည်သို့ ပြောင်းလဲမည်နည်း။ ယခုတွင် စစ်မှန်သော အတွေ့အကြုံထဲသို့ ဝင်ရောက်ဖို့ အခြေခံ အုတ်မြစ်ကို တည်ဆောက်နိုင်ရေးအတွက် လေ့ကျင့်ရန် လက်တွေ့ အသက်တာသို့ သင့်ကို ဝင်ရောက်ခိုင်းသည်။ ယင်းသည် လူတို့ လုပ်ရမည့် အလုပ်များထဲမှ ရှုထောင့်တစ်ခု ဖြစ်သည်။ ကျန်သောအရာများသည် လူတို့၏ လက်တွေ့လုပ်ဆောင်မှုနှင့် ဝင်ရောက်မှုအပေါ် မူတည်နေချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် အဓိကအားဖြင့် လမ်းညွှန်ရန်သာ ဖြစ်သည်။ လူအယောက်စီတိုင်းသည် ဘုရားသခင်ကို လက်တွေ့ အသက်တာအတွင်းသို့ ရောက်လာစေနိုင်ပြီး၊ စစ်မှန်သော ပုံမှန်လူ့သဘာဝကို လက်တွေ့ အသက်ရှင်နေထိုင်နိုင်စေမည့် လမ်းကြောင်း အမျိုးမျိုးမှ တစ်ဆင့် လက်တွေ့အသက်တာသို့ ဝင်ရောက်နိုင်သည်၊ ယင်းသည်သာလျှင် အဓိပ္ပာယ်ရှိသော အသက်တာဖြစ်သည်။

## မိမိတို့၏ အလုပ်တာဝန်ကို ထမ်းဆောင်ကြသော အယောက်တိုင်းနှင့်ပတ်သက်၍

လက်ရှိ ခေတ်ရေစီးကြောင်းထဲတွင် ဘုရားသခင်ကို စစ်မှန်စွာ ချစ်မြတ်နိုးသော လူအားလုံးသည် ကိုယ်တော်၏ စုံလင်စေခြင်းကို ခံရရန် အခွင့်အလမ်းရှိသည်။ အသက်ငယ်သည် ဖြစ်စေ၊ အသက်ကြီးသည်ဖြစ်စေ ၎င်းတို့သည် မိမိတို့၏ စိတ်နှလုံးအတွင်း၌ ဘုရားသခင်အား နာခံပြီး သူ့ကို ကြောက်ရွံ့သမျှ သူ၏ စုံလင်စေခြင်းကို ခံစားရနိုင်သည်။ ဘုရားသခင်သည် လူသားတို့ကို သူတို့၏ မတူညီသော လုပ်ငန်းဆောင်တာများ အပေါ်မူတည်၍ စုံလင်စေသည်။ သင်၏ ခွန်အားရှိသရွေ့ကို အားထုတ်ပြီး ဘုရားသခင်၏ အမှုတော်ကို နာခံသည်နှင့်အမျှ သင်သည် ကိုယ်တော်၏ စုံလင်စေခြင်းကို ခံရနိုင်သည်။ ယခုတွင် သင်တို့၌ မည်သူမျှ စုံလင်ခြင်း မရှိကြ။ တစ်ခါတစ်ရံတွင် သင်တို့သည် အလုပ်တာဝန်တစ်မျိုးကို လုပ်ဆောင်နိုင်စွမ်း ရှိပြီး အခြားအချိန်များတွင် အလုပ်တာဝန် နှစ်မျိုးကို ထမ်းရွက်နိုင်သည်။ ဘုရားသခင်အတွက် သင်တို့ကိုယ်သင်တို့ အသုံးတော်ခံရန် သင်တို့၏ အစွမ်းရှိသမျှ လုပ်ဆောင်သရွေ့ နောက်ဆုံးတွင် သင်တို့သည် ကိုယ်တော်၏ စုံလင်စေခြင်းကို ခံရလိမ့်မည်။

ငယ်ရွယ်သူများတွင် အသက်ရှင်နေထိုင်ရန်အတွက် အတွေးအခေါ် အနည်းငယ် ရှိကြပြီး၊ သူတို့တွင် အသိပညာနှင့် ထိုးထွင်းသိမြင်မှုတို့ ကင်းမဲ့ကြသည်။ လူသား၏ အသိပညာနှင့် ထိုးထွင်းသိမြင်မှုကို စုံလင်စေရန် ဘုရားသခင် ဤနေရာ၌ ရှိနေသည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သူတို့ ချို့တဲ့သည့် အရာများကို ဖြည့်ဆည်း ပေးသည်။ သို့ရာတွင် ငယ်ရွယ်သူများ၏ စိတ်သဘောထားများသည် တည်ငြိမ်မှု မရှိဘဲ၊ ဘုရားသခင်က ပြောင်းလဲ ပေးရပေမည်။ ငယ်ရွယ်သူများတွင် ဘာသာရေး ဆိုင်ရာ အယူအဆများ သာ၍ နည်းပါးပြီး အသက်ရှင်နေထိုင်ရန်အတွက် အတွေးအခေါ်များလည်း သာ၍ နည်းပါးသည်။ သူတို့သည် အရာရာတိုင်းကို ရိုးရှင်းသော သဘောဖြင့် စဉ်းစားကြပြီး၊ သူတို့၏ ဆင်ခြင်သုံးသပ်ချက်များသည် ရှုပ်ထွေးမှု မရှိပေ။ ယင်းမှာ ပုံမပေါ်သေးသော သူတို့၏ လူ့သဘာဝ၏ အစိတ်အပိုင်း ဖြစ်ပြီး၊ ချီးကျူးထိုက်သော အပိုင်းဖြစ်သော်လည်း၊ ငယ်ရွယ်သူများသည် မသိနားမလည်ကြဘဲ ဉာဏ်ပညာ ကင်းမဲ့ ကြသည်။ ယင်းသည် ဘုရားသခင်၏ စုံလင်စေခြင်းကို လိုအပ်သော အရာတစ်ခုဖြစ်သည်။ ဘုရားသခင်၏ စုံလင်ခံရခြင်းသည် သင်တို့ကို ချင့်ချိန်နိုင်စွမ်း ဖြစ်ပေါ်စေမည်။ သင်သည် ဝိညာဉ်ရေးဆိုင်ရာ ကိစ္စများစွာကို ရှင်းလင်းစွာ နားလည်နိုင်ကာ၊ ဘုရားသခင် အသုံးချနိုင်ရန် သင့်တော်သော

သူများအဖြစ်သို့ တဖြည်းဖြည်းချင်း ပြောင်းလဲသွားနိုင်သည်။ အသက်အရွယ် သာ၍ကြီးရင့်သော ညီအစ်ကို မောင်နှမများတွင်လည်း သူတို့ ထမ်းဆောင်ရန် အလုပ်တာဝန်များ ရှိပြီး၊ ဘုရားသခင်သည် သူတို့ကို မစွန့်ပယ်ပေ။ အသက်အရွယ် သာ၍ကြီးရင့်သော ညီအစ်ကို မောင်နှမတို့တွင်လည်း လိုလားဖွယ်ရာ သွင်ပြင်လက္ခဏာများရော မလိုလားအပ်သော သွင်ပြင်လက္ခဏာများပါ ရှိကြသည်။ ၎င်းတို့တွင် အသက်ရှင်နေထိုင်ရန်အတွက် ဒဿနများနှင့် ဘာသာရေးဆိုင်ရာ အယူအဆများ ပိုရှိကြသည်။ ၎င်းတို့သည် စဉ်းစားဆင်ခြင်မှုမရှိ၊ ပြီးလျှင် ပြောင်းလွယ်ပြင်လွယ်ခြင်းမရှိဘဲ အသုံးပြုကြသည့် စည်းမျဉ်းများကို နှစ်သက်သည့်အတွက်၊ သူတို့၏ လုပ်ဆောင်မှုများတွင် သူတို့သည် တင်းကျပ်သော အစဉ်အလာများစွာကို စောင့်ထိန်းကြသည်။ ယင်းမှာ မလိုလားအပ်သော သွင်ပြင်လက္ခဏာ တစ်ခု ဖြစ်သည်။ သို့ရာတွင် သာ၍ အသက်အရွယ်ကြီးသော ဤညီအစ်ကို မောင်နှမများသည် မည်သည့်အရာ ဖြစ်လာပါစေ တည်ငြိမ်စွာနှင့် တည်ကြည်စွာ နေမြဲနေနိုင်ကြသည်၊ ထိုသူတို့၏ စိတ်သဘောထားများမှာ တည်ငြိမ်ပြီး၊ ၎င်းတို့တွင် မထိန်းနိုင်မသိမ်းနိုင် စိတ်အနေအထားများ မရှိကြပေ။ ၎င်းတို့သည် အမှုအရာများကို လက်ခံရာ၌ ပို၍နှေးကွေးကောင်း နှေးကွေးနိုင်သော်လည်း၊ ဤသည်မှာ ကြီးမားသောအမှားတစ်ခု မဟုတ်ပေ။ သင်တို့သည် ကျိုးနွံနာခံနိုင် သမျှ၊ ဘုရားသခင်၏ လက်ရှိ နှုတ်ကပတ်တော်များကို လက်ခံနိုင်သမျှ၊ ပြီးလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မစိစစ်သမျှ၊ သင်တို့သည် ကျိုးနွံနာခံခြင်းနှင့် လိုက်နာခြင်း၌သာ စိတ်ဝင်စားသမျှ၊ ထို့အပြင် ဘုရားသခင်၏ နှုတ်ကပတ်တော်များ အပေါ် မည်သည့် အခါမျှ စီရင်ခြင်းမရှိပါက သို့မဟုတ် ၎င်းတို့အပေါ်မကောင်းသော စဉ်းစားချက်များ မသိုထားသမျှ၊ ကိုယ်တော်၏ နှုတ်ကပတ်တော်များကို လက်ခံကာ လက်တွေ့လုပ်ဆောင်နိုင်သမျှ၊ သင်တို့သည် သတ်မှတ်ချက်များကို ပြည့်စုံပြီးနောက်- စုံလင်စေခြင်းကို ခံရနိုင်သည်။

သင်သည် သာ၍ငယ်ရွယ်သူ သို့မဟုတ် သာ၍ကြီးရင့်သူ ညီအစ်ကို သို့မဟုတ် ညီအစ်မ တစ်ဦး ဖြစ်ပါစေ၊ သင် ထမ်းဆောင်အပ်သည့် လုပ်ငန်းတာဝန်ကို သင် သိသည်။ ငယ်ရွယ်သူတို့သည် မာနထောင်လွှားမှု မရှိကြပေ၊ သာ၍ အသက်ကြီးသောသူတို့သည် မတုန်မလှုပ် သို့မဟုတ် ဆုတ်ယုတ်ခြင်းလည်း မရှိကြပေ။ ထို့အပြင် သူတို့သည် အချင်းချင်း၏ အားသာချက်များကို သူတို့၏အားနည်းချက်များအား ထေမိစေရန် အသုံးပြုနိုင်ပြီး၊ သူတို့သည် မည်သည့် အစွဲမျှမရှိဘဲ၊ တစ်ဦးနှင့်တစ်ဦး အစေခံနိုင်ကြသည်။ သာ၍အသက်ကြီးသူနှင့် သာ၍ငယ်ရွယ်သူ ညီအစ်ကို မောင်နှမတို့ အကြားတွင် ချစ်ကြည်ရေး တံတားကို တည်ဆောက်ထားပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကြောင့်၊ သင်တို့သည် အချင်းချင်း

တစ်ဦးကိုတစ်ဦး သာ၍ ကောင်းစွာ နားလည်နိုင်ကြသည်။ သာ၍ ငယ်ရွယ်သော ညီအစ်ကို မောင်နှမ တို့သည် သာ၍အသက်အရွယ်ကြီးသော ညီအစ်ကို မောင်နှမများအပေါ် အထင်မသေးကြသကဲ့သို့၊ သာ၍ အသက်ကြီးသော ညီအစ်ကို မောင်နှမများသည်လည်း မိမိကိုယ်ကို မှန်သည်ဟု မယူမှတ်ကြပေ- ယင်းသည် သဟဇာတဖြစ်သော တွဲဖက်ခြင်း မဟုတ်ပါသလော။ သင်တို့အားလုံးတွင် ဤကဲ့သို့သော စိတ်ပိုင်းဖြတ်မှုရှိလျှင်၊ ဘုရားသခင်၏ အလိုတော်သည် သင်တို့၏ မျိုးဆက်တွင် ဧကန် ပြည့်စုံပါလိမ့်မည်။

ယနေ့ သင်တို့လုပ်ဆောင်သည့် လုပ်ရပ်များနှင့် အပြုအမူများ အပေါ် အခြေခံကာ သင်သည် အနာဂတ်တွင် ကောင်းချီး ပေးခံရမည် သို့မဟုတ် ကျိန်ဆဲခြင်း ခံရမည် ဟူသည်ကို အဆုံးအဖြတ် ပေးလိမ့်မည်။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရမည်ဆိုပါက၊ ၎င်းသည် ယခုခေတ် ယခုအချိန် ဖြစ်ရမည်၊ အနာဂတ်တွင် အခြားအခွင့်အရေး ရှိတော့မည် မဟုတ်ပေ။ ယခုလက်ရှိအချိန်တွင် ဘုရားသခင်သည် သင်တို့ကို အမှန်တကယ် စုံလင်စေလိုပြီး၊ ဤအရာသည် အပြောသက်သက် မဟုတ်ပေ။ အနာဂတ်တွင် မည်ကဲ့သို့သော စမ်းသပ်မှုများ သင်တို့ အပေါ် ကျရောက်သည်ဖြစ်စေ၊ မည်သည့်ဖြစ်ရပ်များ ရှိလာသည်ဖြစ်စေ၊ သို့မဟုတ် မည်သည့်ဘေးဒုက္ခများ သင်တို့ကြုံတွေ့ရသည် ဖြစ်စေ၊ ဘုရားသခင်သည် သင်တို့ကို စုံလင်စေလိုသည်၊ ဤအရာသည် တိကျသေချာပြီး မငြင်းနိုင်သည့် အချက်တစ်ခုပင် ဖြစ်သည်။ ဤအရာကို အဘယ်နေရာတွင် မြင်နိုင်ပါသနည်း။ ယင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်သည် နှစ်ပေါင်းများစွာနှင့် မျိုးဆက်ပေါင်း များစွာတို့ တစ်လျှောက်တွင် ယနေ့ရရှိခဲ့သကဲ့သို့ ကြီးမြတ်သည့်အထွတ်အထိပ်ကို မရရှိခဲ့ဖူးဟူသည့် အချက်တွင် မြင်နိုင်သည်။ ၎င်းသည် အမြင့်ဆုံးသော လောကထဲ ဝင်ရောက်ပြီး ဖြစ်ပြီး၊ ယနေ့တွင် လူသားမျိုးနွယ် အားလုံး အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုသည် မကြုံစဖူးအောင်ပင် ဖြစ်သည်။ အတိတ်ကာလ မျိုးဆက်များထဲမှ မည်သူမျှ ဤကဲ့သို့သော အတွေ့အကြုံကို မရရှိခဲ့ပေ။ ယေရှု၏ ခေတ်ကာလ အချိန်တွင်ပင်လျှင်၊ မျက်မှောက်ကာလ၏ ဗျာဒိတ်တော်များ မရှိခဲ့ပေ။ သင်တို့အား ပြောခဲ့သည့် နှုတ်ကပတ်တော်များ၊ သင်တို့ နားလည်သည့် အရာများနှင့် သင်တို့၏ အတွေ့အကြုံတို့ အားလုံးတို့သည် အထွတ်အထိပ် အသစ်တစ်ခုသို့ ရောက်ရှိပြီးဖြစ်သည်။ စမ်းသပ်မှုများနှင့် ပြစ်တင်ဆုံးမမှုများ အလယ်တွင် အသင်လူတို့သည် ထွက်ခွာမသွားကြပေ၊ ပြီးလျှင် ဤကား ဘုရားသခင်၏ အမှုတော်သည် မကြုံစဖူး ခမ်းနားထည်ဝါမှုကို ရရှိပြီးဖြစ်ကြောင်း သက်သေပြရန် လုံလောက်သည်။ ဤအရာသည် လူသားက ပြုလုပ်နိုင်သည့် အရာတစ်စုံတစ်ရာ မဟုတ်သကဲ့သို့၊ လူသားက ထိန်းသိမ်းထားသည့် အရာ တစ်စုံတစ်ခုလည်း မဟုတ်ပေ၊ ယင်းအစား ၎င်းသည် ဘုရားသခင်

ကိုယ်တော်တိုင်၏ အမှုဖြစ်သည်။ ထို့ကြောင့် ဘုရားသခင် လုပ်ဆောင်ခဲ့သည့် စစ်မှန်သည့် အကြောင်းအရာများစွာမှ၊ ဘုရားသခင်သည် လူသားကို စုံလင်စေဖို့ ဆန္ဒရှိကြောင်း မြင်တွေ့နိုင်ပြီး၊ ကိုယ်တော်သည် ဧကန်အမှန်ပင် သင်တို့ကို စုံလင်စေနိုင်သည်။ သင်တို့တွင် ဤထိုထွင်းသိမြင်ခြင်း ရှိပြီး ဤရှာဖွေတွေ့ရှိချက် အသစ်ကို ရရှိနိုင်ပါက၊ သင်တို့သည် ယေရှု ဒုတိယအကြိမ် ကြွလာမည်ကို စောင့်နေမည် မဟုတ်၊ ယင်းအစား မျက်မှောက်ခေတ်တွင်ပင် ဘုရားသခင်သည် သင်တို့ကို စုံလင်စေရန် သင်တို့ ခွင့်ပြုလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် သင်တို့အယောက်စီတိုင်းသည် ဘုရားသခင်၏ စုံလင်စေခြင်းကို ရရှိနိုင်ရန် မည်သည့် အားထုတ်မှုကိုမျှ ချန်လှပ်မထားဘဲ၊ အစွမ်းကုန် လုပ်ဆောင်သင့်ကြသည်။

ယခုတွင် သင်သည် အပျက်သဘောဆောင်သော အရာများကို အာရုံမစိုက်ရပေ။ ပထမဦးစွာ သင့်ကို အပျက်သဘော ခံစားစေသည့်အရာ မည်သည့်အရာမဆို ဘေးဖယ်ထားပြီး လျစ်လျူရှုထားလော့။ သင်သည် အရေးကိစ္စများကို ကိုင်တွယ်သည့်အခါ၊ ရှာဖွေသည့်စိတ်နှလုံးနှင့် သတိဖြင့် ရှေ့သို့ဆက်သည့် စိတ်နှလုံး၊ ဘုရားသခင်အား နာခံသော စိတ်နှလုံးဖြင့် ပြုလုပ်လော့။ သင်တို့သည် သင်တို့အတွင်းထဲမှ အားနည်းချက်ကို ရှာဖွေတွေ့ရှိသော်လည်း ယင်းကို သင့်အား ချုပ်ကိုင်ခွင့်မပြုတိုင်း၊ ပြီးလျှင် ၎င်းအားနည်းချက် ရှိသော်လည်း သင်တို့ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားချိန်တိုင်း၊ သင်တို့သည် ရှေ့သို့ အပြုသဘောဆောင်သည့် အဆင့်တစ်ဆင့် တက်လှမ်းပြီဖြစ်သည်။ ဥပမာ သာ၍အသက်အရွယ်ကြီးရင့်သော ညီအစ်ကို မောင်နှမများတွင် ဘာသာရေးဆိုင်ရာ အယူအဆများ ရှိကြသည်၊ သို့သော် သင်သည် ဆုတောင်းနိုင်သည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံနိုင် စားသောက်နိုင်ပြီး၊ ဓမ္မတေးသီချင်းများကို သီဆိုနိုင်သည်။...ဆိုလိုသည်မှာ၊ သင်တို့ ပြုနိုင်သမျှ မည်သည့်အရာကိုမဆို၊ သင်တို့ ထမ်းဆောင်နိုင်သမျှ မည်သည့်လုပ်ငန်းကိုမဆို သင်တို့၏အစွမ်းအားလုံးကို စုစည်းပြီး ဆက်ကပ်သင့်သည်။ မလှုပ်မယှက်ဖြင့် စောင့်မနေလေနှင့်။ သင့်တာဝန်ကို သင်ထမ်းရွက်ရာတွင် ဘုရားသခင်ကို ကျေနပ်စေနိုင်ခြင်းသည် ပထမခြေလှမ်းပင် ဖြစ်သည်။ ထို့နောက် သင်သည် သမ္မာတရားကို နားလည်လာနိုင်ပြီး ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်မှု ရရှိသည့်အချိန်တွင်၊ သင်သည် ကိုယ်တော်၏ စုံလင်စေခြင်းကို ခံရပြီးဖြစ်လိမ့်မည်။

## လူသားကို ဘုရားသခင်၏ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍

ဘုရားသခင်၏ အသုံးပြုခြင်းခံရသူများ၏ သာသနာပြုခြင်းနှင့် ထိန်းကျောင်းပေးခြင်း လိုအပ်သည့်အတွက်၊ သန့်ရှင်းသောဝိညာဉ်တော်၏ အထူး လမ်းညွှန်ခြင်းနှင့် လမ်းပြခြင်းခံရသောသူများမှလွဲ၍ မည်သူမျှ အမှီအခိုကင်းစွာ ရှင်သန်နိုင်စွမ်း မရှိချေ။ ထို့ကြောင့် ခေတ်အသီးသီးတွင် ဘုရားသခင်သည် သူ၏အမှုအဖို့အလို့ငှာ အသင်းတော်များအား သိုးထိန်းကျောင်းခြင်းနှင့်ပတ်သက်၍ မအားမလပ်အောင် ပြေးလွှားလုပ်ဆောင်မည့်သူ အမျိုးမျိုးကို ပေါ်ထွန်းစေခဲ့သည်။ ယင်းမှာ ဘုရားသခင်၏ အမှုသည် သူ မျက်နှာသာပေးကာ လက်ခံသောသူများမှတစ်ဆင့် လုပ်ဆောင်ရမည်ဟု ဆိုရပေမည်။ သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့အတွင်းရှိ အသုံးပြုထိုက်သည့် အစိတ်အပိုင်းကို အသုံးပြုရမည် ဖြစ်ပြီး၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ စုံလင်စေခြင်းမှတစ်ဆင့် ဘုရားသခင်၏ အသုံးပြုခြင်းအတွက် သင့်လျော်စေခြင်း ခံရကြလေသည်။ လူသား၏ နားလည်နိုင်စွမ်းသည် အလွန် ချို့တဲ့သောကြောင့်၊ သူသည် ဘုရားသခင်၏အသုံးပြုခြင်း ခံရသောသူများ၏ ထိန်းကျောင်းပေးမှုကို ခံရပေမည်။ ယင်းသည် မောရှေကို ဘုရားသခင်၏ အသုံးပြုခြင်းနှင့်တူပေသည်၊ မောရှေထံတွင် ထိုအချိန်က အသုံးပြုဖို့အတွက် သင့်လျော်သည့် အရာများစွာကို ဘုရားသခင် ရှာတွေ့ခဲ့ပြီး၊ ယင်းမှာ ထိုအဆင့်အတွင်းရှိ ဘုရားသခင်၏ အမှုအတွက် ဘုရားသခင် ဆောင်ရွက်ခဲ့ဖူးသည့် အရာများဖြစ်သည်။ ဤအဆင့်တွင် ဘုရားသခင်သည် လူသားကို အသုံးပြုခိုက်တွင် အမှုပြုဖို့ရန် သန့်ရှင်းသော ဝိညာဉ်တော်က အသုံးပြု၍ ရနိုင်သည့် လူသား၏ အစိတ်အပိုင်းကိုလည်း ကောင်းကောင်း အသုံးချကာ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း လူသားကို လမ်းညွှန်ပေးပြီး၊ တစ်ပြိုင်နက် ကျန်ရှိနေသည့် အသုံးပြု၍ မရသော အစိတ်အပိုင်းကို စုံလင်စေလေသည်။

ဘုရားသခင်၏ အသုံးပြုခြင်းခံရသောသူက ဆောင်ရွက်ခဲ့သည့် အလုပ်သည် ခရစ်တော် သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့် ပူးပေါင်းဆောင်ရွက်ရန်အလို့ငှာ ဖြစ်သည်။ ဤလူသည် လူသားအလယ်တွင် ဘုရားသခင်၏ ပျိုးထောင်ပေးခြင်းခံရသည်၊ သူသည် ဘုရားသခင် ရွေးချယ်ထားသူများ အားလုံးကို ဦးဆောင်ရန် ရှိနေခြင်း ဖြစ်ပြီး၊ သူသည် လူသား ပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ကို လုပ်ဆောင်ရန်အလို့ငှာ ဘုရားသခင်၏ ပျိုးထောင်ပေးခြင်းခံရသူလည်း ဖြစ်သည်။ လူသား ပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ကို လုပ်ဆောင်နိုင်သည့် ဤသို့သော သူတစ်ဦးဖြင့်၊ လူသားအပေါ် ပို၍များသော ဘုရားသခင်၏ သတ်မှတ်ချက်များနှင့် လူသားအလယ် သန့်ရှင်းသော ဝိညာဉ်တော်က လုပ်ဆောင်ရမည့် အမှုတို့ကို ထိုသူမှတစ်ဆင့် သာ၍ စွမ်းဆောင်ရရှိနိုင်ပေသည်။ ယင်းကို

အခြားနည်းဖြင့်ဆိုရသော် ဤသို့ဖြစ်သည်- ဤလူကို အသုံးပြုရာတွင် ဘုရားသခင်၏ ရည်မှန်းချက်မှာ ဘုရားသခင် နောက်လိုက်သူများ အားလုံးသည် ဘုရားသခင်၏အလိုကို သာ၍ကောင်းစွာ နားလည်လာနိုင်ရန်အလို့ငှာနှင့် ဘုရားသခင်၏ သတ်မှတ်ချက်များကို သာ၍ ကြိုးပမ်းရရှိနိုင်ရန်အလို့ငှာ ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ သို့မဟုတ် ဘုရားသခင်၏ အလိုကို တိုက်ရိုက် နားလည်နိုင်စွမ်း မရှိကြသောကြောင့် ထိုသို့သောအမှုကို ဆောင်ရွက်လေ့ရှိသူ တစ်စုံတစ်ဦးကို ဘုရားသခင်က ပျိုးထောင်ပြီးဖြစ်သည်။ ဘုရားသခင်၏ အသုံးပြုခြင်းခံရသော ဤလူကို ဘုရားသခင်က လူတို့ကို တစ်ဆင့်လမ်းပြသည့် ကြားခံ တစ်ခုအဖြစ်၊ ဘုရားသခင်နှင့် လူသားကြား ဆက်သွယ်ပြောဆိုပေးသော "ဘာသာပြန်" အဖြစ် ဖော်ပြနိုင်သည်။ ထို့ကြောင့် ဤသို့သောလူသည် ဘုရားသခင်၏ အိမ်ထောင်စု၌ အလုပ်လုပ်ကြသည့်သူများ သို့မဟုတ် ဘုရားသခင်၏ တမန်တော်များထဲမှ မည်သူနှင့်မျှ မတူပေ။ ၎င်းတို့နည်းတူ သူ့ကို ဘုရားသခင်အား အစေခံသူ တစ်ဦးအဖြစ် ပြော၍ရသည်၊ သို့တိုင် သူ၏အလုပ် အနှစ်သာရနှင့် ဘုရားသခင်၏ အသုံးပြုခံရခြင်း နောက်ခံအရ၊ သူသည် အခြားအမှုတော်ဆောင်များ၊ တမန်တော်များနှင့် အလွန် ကွဲပြားခြားနားသည်။ သူ၏ အလုပ် အနှစ်သာရနှင့် သူ၏အသုံးပြုခံရခြင်း နောက်ခံအရ၊ ဘုရားသခင်၏ အသုံးပြုခြင်းကို ခံရသောလူသည် ဘုရားသခင်၏ ပျိုးထောင်ပေးခြင်း ခံရပေသည်၊ ဘုရား၏အမှုအတွက် ဘုရားသခင်က သူ့ကို ပြင်ဆင်ထားခြင်း ဖြစ်ပြီး၊ သူသည် ဘုရားသခင် ကိုယ်တော်တိုင်၏ အမှုတွင် ပူးပေါင်းလုပ်ဆောင်လေသည်။ မည်သူမျှ သူ၏ကိုယ်စား သူ၏အလုပ်ကို လုံး၀ မလုပ်ဆောင်နိုင်ပေ- ဤသည်မှာ ဘုရားသခင်၏ အမှုနှင့်အတူ မရှိမဖြစ်သော လူသားပူးပေါင်းဆောင်ရွက်မှု ဖြစ်သည်။ ထိုစဉ်အတောအတွင်းတွင် အခြားအမှုတော်ဆောင်များ သို့မဟုတ် တမန်တော်များက ဆောင်ရွက်သည့် အလုပ်မှာ ခေတ်အသီးသီးအတွင်း အသင်းတော်များအတွက် အစီအစဉ်များနှင့်ဆိုင်သည့် ရှုထောင့်များစွာကို ပို့ဆောင်ပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်းသာ ဖြစ်သည်၊ သို့မဟုတ်ပါက အသင်းတော်အသက်တာကို ထိန်းသိမ်းရန်အလို့ငှာ အသက်တာကို အချို့သော ရိုးရှင်းသည့် ထောက်ပံ့ခြင်း အလုပ်သာဖြစ်သည်။ ဤအမှုတော်ဆောင်များနှင့် တမန်တော်များကို သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းခံရသူများဟု ခေါ်ဆိုနိုင်ဖို့မဆိုထားနှင့်၊ ဘုရားသခင်၏ ခန့်အပ်ထားခြင်းပင် မဟုတ်ကြချေ။ ၎င်းတို့ကို အသင်းတော်များထဲမှ ရွေးချယ်ထားခြင်း ဖြစ်သည်၊ အချိန်ကာလတစ်ခုကြာ လေ့ကျင့်ပေးပြီး ပြုစုပျိုးထောင်ပေးပြီးသည့်နောက်၊ အံ၀င်သူများသည် ဆက်လက် ထိန်းသိမ်းခံရကြပြီး၊

အံ့မဝင်သူများမှာ ၎င်းတို့လာခဲ့ကြသည့် အရပ်ဆီသို့ ပြန်စေလွှတ်ခြင်းခံရသည်။ ဤလူတို့ကို အသင်းတော်များထဲမှ ရွေးချယ်ထားခြင်း ဖြစ်သောကြောင့်၊ အချို့သည် ခေါင်းဆောင်များ ဖြစ်လာပြီးနောက်တွင် ၎င်းတို့၏စရိုက်အမှန်များကို ပြသကြပြီး၊ အချို့မှာ မကောင်းသောအရာ များစွာကိုပင် လုပ်ဆောင်ကြကာ သုတ်သင်ဖယ်ရှင်းခံရခြင်းဖြင့် အဆုံးသတ်ကြလေသည်။ သို့သော်ငြားလည်း ဘုရားသခင်၏ အသုံးပြုခြင်းကို ခံရသည့် လူမှာ၊ ဘုရားသခင်၏ ပြင်ဆင်ပေးခြင်း ခံရပြီးဖြစ်သူနှင့် အရည်အချင်းအချို့ ပိုင်ဆိုင်ပြီး လူ့သဘာဝရှိသောသူ တစ်ဦး ဖြစ်သည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကြိုတင် ပြင်ဆင်ပေးခြင်းခံပြီး စုံလင်စေခြင်းခံရပြီး ဖြစ်ကာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လုံးဝ ဦးဆောင်ခြင်းခံရလေသည်၊ အထူးသဖြင့် သူ၏အလုပ်နှင့် ပတ်သက်လာသည့်အခါ၊ သူသည် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းညွှန်ပေးခြင်းနှင့် ကွပ်ကဲခြင်းကို ခံရသည်- ဤအရာ၏ အကျိုးဆက်အနေဖြင့်၊ ဘုရားသခင်သည် သူကိုယ်တိုင်၏ အမှုအတွက် ကေန်မုချ တာဝန်ယူပြီး၊ သူကိုယ်တိုင်၏ အမှုကို အချိန်တိုင်း လုပ်ဆောင်သည့်အတွက်၊ ဘုရားသခင် ရွေးချယ်ထားသူများကို ဦးဆောင်ခြင်းလမ်းကြောင်းပေါ်တွင် သွေဖည်မှုမရှိပေ။

# သမ္မာတရားကိုသင်နားလည်သွားသည်နှင့် သင်သည် ၎င်းကိုလက်တွေ့လုပ်ဆောင်သင့်သည်

ဘုရားသခင်၏အလုပ်နှင့်နှုတ်ကပတ်တော်တို့သည် သင်တို့၏ စိတ်သဘောထား၌ အပြောင်းအလဲတစ်ရပ် ဖြစ်စေရန် ရည်ရွယ်သည်။ ကိုယ်တော်၏ပန်းတိုင်သည် သင်တို့အား ဘုရား၏အလုပ်နှင့် နှုတ်ကပတ်တော်ကို နားလည်စေရန် သို့မဟုတ် သိရှိစေရန်သက်သက် မဟုတ်ပေ။ ယင်းသည် မလုံလောက်ပေ။ သင်သည်နားလည်နိုင်စွမ်းရှိသူ ဖြစ်သဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်ရန် အခက်အခဲ မရှိသင့်ပေ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ နှုတ်ကပတ်တော် အများစုကို လူ့ဘာသာစကားဖြင့် ရေးသားထားသည့်အပြင် ကိုယ်တော်သည် အင်မတန်ရိုးရှင်းစွာ စကားပြောသောကြောင့် ဖြစ်သည်။ ဥပမာ ဘုရားသခင်က သင့်အား မည်သည့်အရာကို နားလည်စေချင်ပြီး လက်တွေ့လုပ်ဆောင်စေချင်သည်ကို သင်သည် ကောင်းမွန်စွာ သင်ယူနိုင်စွမ်းရှိသည်။ ဤသည်မှာ နားလည်နိုင်စွမ်းရှိသော သာမန်လူတစ်ယောက် တတ်နိုင်သည့် အရာပင်တည်း။ အထူးသဖြင့် ယခုအဆင့်တွင် ဘုရားသခင် မြွက်ဟနေသည့် နှုတ်ကပတ်တော်များသည်

ထူးခြားစွာ ရှင်းလင်းလွယ်ကူနေသည်။ ထို့အပြင် ဘုရားသခင်သည် လူများမစဉ်းစားမိသော အရာများစွာနှင့် လူသား၏ အခြေအနေ အမျိုးမျိုးတို့ကို ထောက်ပြနေသည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်များသည် အလုံးစုံကို ခြုံငုံမိကာ လပြည့်ဝန်း၏အလင်းရောင်ပမာ ကြည်လင်နေပေသည်။ သို့ဖြစ်၍ ယခုလူများသည် အကြောင်းအရာများစွာကို နားလည်ကြသော်ငြားလည်း၊ လိုအပ်နေဆဲဖြစ်သည့် အရာတစ်ခုမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်ရန် ဖြစ်သည်။ လူများသည် သူတို့ရရှိနိုင်ရန် ပြုထားသော မည်သည့်အရာကိုမဆို ခံယူရန်သက်သက် စောင့်စားနေမည့်အစား သမ္မာတရား၏ လက္ခဏာသွင်ပြင် အလုံးစုံကို မိမိကိုယ်တိုင် အသေးစိတ်ခံစားရမည်။ ပိုပြီးအသေးစိတ် စူးစမ်းရှာဖွေရမည်။ ဤသို့မဟုတ်ပါက သူတို့သည် ကပ်ပါးကောင်များထက် အနည်းငယ်သာရုံသာ ရှိလိမ့်မည်။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိသည့်တိုင် ယင်းကို လက်တွေ့လုပ်ဆောင်ခြင်း မရှိ။ ထိုကဲ့သို့သော လူစားသည် သမ္မာတရားကို မချစ်ခင်ဘဲ ၎င်းကို အဆုံးတွင် ဖယ်ရှားပေမည်။ ၁၉၉၀ဝန်းကျင်၏ ပေတရုတစ်ယောက်ကဲ့သို့ ဖြစ်ရန် သင်တို့တစ်ဦးချင်းစီသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်သင့်ကာ သင်တို့၏တွေ့ကြုံမှုများထဲ မှန်ကန်သော ဝင်ရောက်မှု ရှိသင့်ပြီး ဘုရားသခင်နှင့်သင်၏ ပူးပေါင်းဆောင်ရွက်မှုထဲ ဉာဏ်အလင်းပွင့်မှုကို ပိုများများ ရယူသင့်သည်။ ယင်းသည် သင်တို့ကိုယ်တိုင်၏ ဘဝထဲ ထာဝရတိုးပွားလာမည့် အထောက်အပံ့ပင်ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် အများအပြားကို ဖတ်ရှု လေ့လာပြီးသော်လည်း စာသားများ၏ အဓိပ္ပာယ်ကို နားလည်ရုံရှိပြီး သင်တို့၏ လက်တွေ့အတွေ့အကြုံများတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တိုက်ရိုက်သိခြင်းကင်းမဲ့ပါက၊ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိမည်မဟုတ်ပေ။ သင်နှင့်ပတ်သက်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အသက် မဟုတ်ဘဲ၊ အသက်ကင်းမဲ့သော ကျမ်းဟောင်းတရားများသာ ဖြစ်ပေလိမ့်မည်။ သင်သည်အသက်မဲ့သော ကျမ်းဟောင်း တရားများကိုသာ လိုက်နာပါက၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ အနှစ်သာရကို နားလည်သဘောပေါက်နိုင်မည် မဟုတ်သကဲ့သို့ ဘုရားသခင်၏အလိုတော်ကိုလည်း သင်နားလည်မည် မဟုတ်ပေ။ ကိုယ်တော်၏ နှုတ်ကပတ်တော်တို့ကို သင်၏ လက်တွေ့အတွေ့အကြုံများတွင် ကြုံတွေ့သည့် အခါမှသာလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ ဝိညာဉ်ဆိုင်ရာ အဓိပ္ပာယ်သည် မိမိကိုယ်ကိုယ် သင့်အား ဖွင့်ပြပေးမည်ဖြစ်ပြီး၊ အတွေ့အကြုံမှသာ သင်သည် သမ္မာတရားများစွာ၏ ဝိညာဉ်ဆိုင်ရာအဓိပ္ပာယ်ကို သဘောပေါက်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်၏ နက်နဲရာတို့ကို သိမြင်နိုင်ပေမည်။ သင်သည် ၎င်းကို

လက်တွေ့ကျင့်သုံးခြင်း မပြုလျှင် ကိုယ်တော်၏ နှုတ်ကပတ်တော်သည် မည်မျှပင် ရှင်းလင်းစေကာမူ သင် နားလည်သဘောပေါက်သည့်အရာမှာ သင့်အတွက် ဘာသာရေး လုပ်ထုံးလုပ်နည်း ဖြစ်လာခဲ့သည့် အဓိပ္ပာယ်မဲ့သော ကျမ်းဟောင်းတရားများနှင့် အယူဝါဒများသာ ဖြစ်ပေသည်။ ယင်းသည် ဖာရိရှဲတို့လုပ်ကိုင်ခဲ့သည့်အရာ မဟုတ်လော။ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့ကျင့်သုံးပြီး တွေ့ကြုံခံစားပါက ယင်းသည် သင့်အတွက် လက်တွေ့ကျလာလိမ့်မည်။ သင်သည် လက်တွေ့ကျင့်သုံးရန် မကြိုးစားပါက ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင့်အတွက် တတိယမိုးကောင်းကင် ပုံပြင်ထက် အနည်းငယ် သာရုံသာ ရှိပေလိမ့်မည်။ အမှန်အားဖြင့် ဘုရားသခင်ကို ယုံကြည်ခြင်း ဖြစ်စဉ်သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို သင်တို့ကြုံတွေ့ပြီး ကိုယ်တော်၏ ရယူခြင်းကို ခံရခြင်း၊ သို့မဟုတ် ပို၍ရှင်းလင်းအောင် ဆိုရလျှင် ဘုရားသခင်ကို ယုံကြည်ခြင်းသည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို သိရှိနားလည်ပြီး ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ကြုံတွေ့ပြီး အသက်ရှင်နေထိုင်ခြင်း ဖြစ်သည်။ ယင်းသည် သင်တို့၏ ဘုရားသခင်ကို ယုံကြည်ခြင်း နောက်ကွယ်မှ အမှန်တရားဖြစ်သည်။ သင်တို့သည် ဘုရားသခင်ကို ယုံကြည်ပြီး ထာဝရအသက်ကို မျှော်လင့်ပါလျက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင့်အတွင်း၌ ရှိနေသောအရာကဲ့သို့ လက်တွေ့ကျင့်သုံးရန် ကြိုးစားခြင်း မရှိပါက၊ သင်သည် မိုက်မဲသည်။ ယင်းသည် စားသောက်ပွဲကြီးကိုသွားပြီး အစားအစာကို ကြည့်ရုံကြည့်ခဲ့ပြီး အရသာရှိသောအရာများကို တစ်ခုတလေပင် ကိုယ်တိုင်ကိုယ်ကျ မမြည်းစမ်းဘဲ အလွတ်ကျက်မှတ်ခြင်းနှင့် တူသည်။ ထိုကဲ့သို့သော လူစားသည် လူမိုက်တစ်ဦးမဟုတ်သလော။

လူသားတို့ ပိုင်ဆိုင်ရန်လိုအပ်သည့် သမ္မာတရားကို ဘုရားသခင်၏ နှုတ်ကပတ်တော်တွင်တွေ့နိုင်ပြီး၊ ယင်းသည် လူသားမျိုးနွယ်အတွက် အကျိုးကျေးဇူးနှင့် အထောက်အကူ အများဆုံးဖြစ်စေသည့် သမ္မာတရားဖြစ်သည်။ ယင်းမှာ လူသားအနေဖြင့်သူ၏ သာမန်လူ့သဘာဝကို ပြန်လည်ထိန်းသိမ်းရန် အထောက်အကူပြုသော အရာဖြစ်သည့် သင်တို့၏ခန္ဓာကိုယ်က လိုအပ်သော အားဆေးနှင့် အစာအာဟာရ ဖြစ်သည်။ လူသားတွင် ရှိအပ်သော သမ္မာတရားတစ်ရပ် ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်တို့ ကျင့်သုံးလေလေ၊ သင်တို့၏ဘဝ လျင်မြန်စွာ ပွင့်လန်းလာလေဖြစ်ပြီး၊ သမ္မာတရားသည် ရှင်းလင်းလာလေလေ ဖြစ်သည်။ သင်တို့၏ ဝိညာဉ်အသက်တာ ကြီးထွားလာသည်နှင့်အမျှ သင်သည် ဝိညာဉ်လောက၏ အရာများကို သာ၍ရှင်းလင်းစွာ မြင်ပြီး စာတန်အပေါ် တွန်းလှန်ရန် ခွန်အား ရှိလေလေ ဖြစ်လိမ့်မည်။ ဘုရားသခင်၏

နှုတ်ကပတ်တော်ကို သင်တို့ ကျင့်သုံးသည့်အခါ သင်တို့ နားမလည်သော သမ္မာတရား အများအပြားသည် ရှင်းလင်းလာပေလိမ့်မည်။ လူအများစုသည် ဘုရားသခင့် နှုတ်ကပတ်တော်၏ စာသားများကို နားလည်ရုံမျှနှင့် ကျေနပ်ကြပြီး ၎င်းတို့၏ လက်တွေ့ကျင့်သုံးခြင်း အတွေ့အကြုံကို နက်ရှိုင်းစေခြင်းထက် မိမိတို့ကိုယ်ကိုယ် အယူဝါဒများ တပ်ဆင်ထားရန်သာ အလေးထားကြ၏။ သို့ရာတွင် ယင်းမှာ ဖာရိရှဲများ၏ နည်းလမ်းပင် မဟုတ်ပါလော။ ထို့ကြောင့် "ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အသက်ဖြစ်သည်" ဟူသော စကားရပ်မှာ သူတို့အတွက် မည်သို့စစ်မှန်နိုင်မည်နည်း။ လူတစ်ဦး၏ အသက်တာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရုံမျှဖြင့်သာ မကြီးထွားနိုင်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့ကျင့်သုံးသည့်အခါမှသာ ကြီးထွားလေသည်။ အသက်နှင့် ဝိညာဉ်အသက်တာ ရရှိရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်ရန်သာ လိုသည်ဟု သင်ယုံကြည်ပါက၊ သင်၏နားလည်မှုသည် လွဲမှားနေသည်။ သင်သည်သမ္မာတရားကို ကျင့်သုံးသောအခါတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမှန်တကယ် နားလည်ပြီး၊ "သမ္မာတရားကို ကျင့်သုံးခြင်းဖြင့်သာလျှင် ၎င်းကိုနားလည်နိုင်သည်" ဆိုခြင်းကို သင်နားလည်ရမည်။ ယနေ့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုပြီးနောက်၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိသည်ဟုသာ ဆိုနိုင်သော်လည်း၊ သင်သည် ၎င်းကိုနားလည်သည်ဟု မဆိုနိုင်ပေ။ အချို့က သမ္မာတရားကို လက်တွေ့ကျင့်သုံးရန် တစ်ခုတည်းသော နည်းလမ်းမှာ ယင်းကိုဦးစွာ နားလည်ခြင်း ဖြစ်သည်ဟု ဆိုသော်လည်း၊ ယင်းမှာ တစ်စိတ်တစ်ပိုင်းသာ မှန်ပြီး၊ လုံးဝတိကျမှု မရှိသည်ကား သေချာပေသည်။ သမ္မာတရားတစ်ရပ်ကို သင်မသိသေးမီတွင်၊ သင်သည် သမ္မာတရားကို မတွေ့ကြုံရသေးပေ။ တရားဒေသနာ တစ်ခုတွင် သင်ကြားရသော အရာကို သင်နားလည်သည်ဟူသော ခံစားချက်မှာ စစ်မှန်စွာနားလည်ခြင်း မဟုတ်ပေ။ ယင်းမှာ သမ္မာတရား၏ တိုက်ရိုက်စကားလုံးများကို ပိုင်ဆိုင်ခြင်းမျှသာ ဖြစ်ပြီး၊ ၎င်းအထဲရှိ စစ်မှန်သည့် အဓိပ္ပာယ်ကို နားလည်ခြင်းနှင့် မတူညီပေ။ သမ္မာတရားကို အပေါ်ယံသာ နားလည်ခြင်းက ယင်းကို သင်အမှန်တကယ် နားလည်သည် သို့မဟုတ် သိသည်ဟု အဓိပ္ပာယ် မသက်ရောက်ပေ။ သမ္မာတရား၏ အဓိပ္ပာယ်အမှန်ကား ယင်းကို တွေ့ကြုံခြင်းမှ လာသည်။ ထို့ကြောင့် သင်သည် သမ္မာတရားကို တွေ့ကြုံမှသာ ယင်းကို သင်နားလည်နိုင်ပြီး၊ ထိုအခါမှသာ ယင်း၏ဖုံးကွယ်နေသည့် အစိတ်အပိုင်းများကို သင် နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။ သင်၏အတွေ့အကြုံကို နက်နဲစေခြင်းကသာ သမ္မာတရား၏ ဂယက်အနက်ကို နားလည်သဘောပေါက်ရန်နှင့် သမ္မာတရား၏ အနှစ်သာရကို နားလည်ရန် တစ်ခုတည်းသော

နည်းလမ်းဖြစ်သည်။ ထို့ကြောင့် သင်သည် သမ္မာတရားနှင့်အတူ မည်သည့်နေရာကိုမဆို သွားနိုင်သော်လည်း၊ သင့်အထဲတွင် သမ္မာတရား မရှိသောအခါ သင်၏မိသားစုဝင်များကိုပင် လက်ခံယုံကြည်စေရန် မစဉ်းစားနှင့်၊ ဘာသာရေးကိုင်းရှိုင်းသော သူများဆို သာ၍ပင် မစဉ်းစားလေနှင့်။ သမ္မာတရားမရှိလျှင် သင်သည် တဖျပ်ဖျပ်ရစ်ဝဲကျနေသော ဆီးနှင်းပွင့်များကဲ့သို့ ဖြစ်သော်လည်း၊ သမ္မာတရားနှင့်ဆိုလျှင် သင်သည် ပျော်ရွှင်လွတ်လပ်နိုင်ကာ မည်သည့်အရာကမျှ သင့်ကို မတိုက်ခိုက်နိုင်ပေ။ သဘောတရားတစ်ရပ်သည် မည်မျှပင် အားကောင်းပါစေ၊ ၎င်းသည် သမ္မာတရားကို အနိုင်မယူနိုင်ပေ။ သမ္မာတရားနှင့်ဆိုလျှင် လောကတစ်ခုလုံးကို ယိမ်းထိုးစေနိုင်ကာ တောင်များနှင့် ပင်လယ်များကိုပင် ရွှေ့နိုင်သော်လည်း၊ သမ္မာတရား ချို့ငဲ့ခြင်းက ခိုင်ခံ့သော မြို့တံတိုင်းများကို လောက်ထိုးပြီး အုတ်ကျိုးအုတ်ပဲ့ ဖြစ်စေနိုင်သည်။ ယင်းသည် သိသာထင်ရှားသော အမှန်တရား ဖြစ်သည်။

လက်ရှိအဆင့်တွင် သမ္မာတရားကိုဦးစွာသိရန်နှင့် ၎င်းကို လက်တွေ့လုပ်ဆောင်မှုပြုကာ မိမိကိုယ်ကိုယ် သမ္မာတရား၏ စစ်မှန်သော အဓိပ္ပါယ် ဤထက်ရှိစေရန်မှာ အလွန်အရေးကြီးသည်။ သင်တို့သည် ဤသည်ကို ရအောင်ကြိုးစားရမည်။ သင့်စကားလုံးများ နောက်ကို အခြားသူများ လိုက်လျှောက် လာစေရုံသာ ကြိုးစားမည့်အစား သင့်လက်တွေ့လုပ်ဆောင်မှုများ နောက်ကို သူတို့လိုက်လျှောက်လာအောင် သင်လုပ်သင့်သည်။ ဤနည်းလမ်းဖြင့်သာ အဓိပ္ပါယ်ရှိသော အရာတစ်ခုကို သင်ရှာဖွေနိုင်ပေမည်။ သင့်အပေါ်သို့ မည်သည့်အရာ ကျရောက်သည်ဖြစ်စေ၊ သင်နှင့် တွေ့ဆုံကြုံကြိုက်သူ မည်သူဖြစ်စေ၊ သင့်တွင် သမ္မာတရားရှိနေသမျှ ကာလပတ်လုံး သင်သည် ခိုင်မြဲစွာရပ်တည်နိုင်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် ဆိုသည်မှာ လူသားထံ အသက်တာ ယူဆောင်လာပေးသော အရာဖြစ်ပြီး၊ သေခြင်းကို ယူဆောင်လာပေးခြင်း မဟုတ်ပေ။ အကယ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုပြီးနောက် သင်သည် အသက်ဝင်မလာဘဲ သေနေဆဲဆိုပါက သင်သည် တစ်ခုခု မှားယွင်းနေပေပြီ။ အကယ်၍ အချိန်ခဏကြာသည့်တိုင် သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို များစွာဖတ်ရှုထားပြီး လက်တွေ့ကျသော တရားဒေသနာများစွာကို ကြားထားသော်လည်း သင်သည် သေနေဆဲ အခြေအနေတွင်ရှိပါက၊ ယင်းမှာ သင်သည် သမ္မာတရားကို တန်ဖိုးထားသူ မဟုတ်ရုံမက သမ္မာတရားကို လိုက်စားသူ မဟုတ်ကြောင်း သက်သေပင်တည်း။ အကယ်၍ သင်တို့သည် ဘုရားသခင်ကို ရရှိရန် အမှန်တကယ် ကြိုးစားပါက သင်တို့ကိုယ်သင်တို့ အယူဝါဒများ ရှိရန်နှင့် အခြားသူများအား သင်ကြားရန်အလို့ငှာ မြင့်မြတ်သောအယူဝါဒများကို အသုံးပြုရန် အာရုံစိုက်မည် မဟုတ်ပေ။

ယင်းအစား ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တွေ့ကြုံရန်နှင့် သမ္မာတရားကို လက်တွေ့ကျင့်သုံးကြည့်ရန် အာရုံစိုက်ပေမည်။ ဤသည်မှာ ယခု သင်တို့ဝင်ရောက်ရန် ကြိုးစားသင့်သည့်အရာ မဟုတ်လော။

လူတို့ထဲတွင် ဘုရားသခင်အလုပ် လုပ်ရန် ကိုယ်တော်အတွက် အချိန်အနည်းငယ်သာ ရှိနေသောကြောင့် အကယ်၍ သင်သည် ကိုယ်တော်နှင့် ပူးပေါင်းလုပ်ဆောင်မှု မပြုလျှင် မည်သည့် ရလဒ်ရှိနိုင်မည်နည်း။ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်သည်နှင့် သင်တို့အား ဘုရားသခင်က အဘယ်ကြောင့် လက်တွေ့ကျင့်သုံးစေလိုသနည်း။ အကြောင်းမှာ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို သင်တို့အား ထုတ်ဖော်ပြခဲ့ပြီးဖြစ်ရာ သင်တို့၏ နောက်ထပ်ခြေလှမ်းမှာ ၎င်းတို့ကို အမှန်တကယ် လက်တွေ့ကျင့်သုံးရန်သာ ဖြစ်၏။ ယင်းနှုတ်ကပတ်တော်များကို သင်လက်တွေ့ကျင့်သုံးနေစဉ် ဘုရားသခင်သည် အသိဉာဏ်ဖွင့်မှုနှင့် လမ်းညွှန်ပြသမှုကို လုပ်ဆောင်မည် ဖြစ်သည်။ ဤသည်မှာ လုပ်ဆောင်ရမည့် ပုံပင်တည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူသားကို အသက်တာထဲတွင် ပွင့်လန်းစေပြီး လူသားကို သွေဖီစေသော သို့မဟုတ် မလှုပ်မယှက်နေစေနိုင်သော အဘယ်အရာကိုမျှ ပိုင်ဆိုင်ခွင့်မပေးပေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုပြီး၍ လက်တွေ့ကျင့်သုံးကြောင်း ပြောဆိုသော်လည်း၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ အလုပ်တစ်ခုတလေကိုမျှ မရသေးပေ။ သင်၏စကားလုံးများသည် ကလေးသူငယ်ကိုသာ အရူးလုပ်နိုင်ပေမည်။ သင်၏ရည်ရွယ်ချက်များ မှန်မမှန်ကို အခြားသူများ သိမည် မဟုတ်သော်လည်း၊ ဘုရားသခင် မသိဘဲနေရန် ဖြစ်နိုင်သည်ဟု သင်ထင်သလော။ အခြားသူများက ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့ကျင့်သုံးပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ဖွင့်ပေးမှုကို ရရှိသော်လည်း၊ သင်သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို လက်တွေ့ကျင့်သုံးပြီး သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ် ဖွင့်ပေးမှုကို မရရှိသည်မှာ အဘယ်ကြောင့်နည်း။ ဘုရားသခင်တွင် စိတ်လှုပ်ရှားမှုများ ရှိသလော။ အကယ်၍ သင်၏ရည်ရွယ်ချက်များ တကယ်ပင် မှန်ကန်ပြီး သင်သည် ပူးပေါင်းဆောင်ရွက်လျှင် ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်နှင့်အတူရှိနေမည်။ အချို့သောလူများသည် ကိုယ့်အလံကိုယ် အမြဲစိုက်ထူလိုကြသော်လည်း ဘုရားသခင်က သူတို့အား အသင်းတော်ကို ထ၍ဦးဆောင်ခွင့် မပေးသည်မှာ အဘယ်ကြောင့်နည်း။ အချို့သောလူများသည် မိမိတို့လုပ်ငန်းတာဝန်ကို လုပ်ဆောင်ပြီး မိမိတို့၏ တာဝန်များကို ထမ်းဆောင်ရုံထမ်းဆောင်ကာ

သူတို့ မသိလိုက်ခင် ဘုရားသခင်၏ နှစ်သက်လက်ခံမှုကို သူတို့ရရှိထားကြသည်။ ယင်းသည် မည်ကဲ့သို့ ဖြစ်နိုင်သနည်း။ ဘုရားသခင်သည် လူသား၏ အတွင်းအကျဆုံး စိတ်နှလုံးကို စစ်ဆေးခြင်းဖြစ်ရာ သမ္မာတရားကို လိုက်စားသူများသည် မှန်ကန်သော ရည်ရွယ်ချက်များဖြင့် ထိုသို့လုပ်ဆောင်သင့်သည်။ မှန်ကန်သော ရည်ရွယ်ချက်များ မရှိသူတို့သည် အခိုင်အမာခံ ရပ်တည်နိုင်မည် မဟုတ်ပေ။ အဓိကအကျဆုံးမှာ သင်တို့၏ပန်းတိုင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်တို့အထဲ၌ သက်ရောက်စေရန် ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်တို့ လက်တွေ့ ကျင့်သုံးရာ၌၊ ထိုနှုတ်ကပတ်တော်ကို မှန်ကန်စွာ နားလည်မှုရှိရန် ဖြစ်သည်။ သင်တို့၏ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်နိုင်စွမ်းသည် အားနည်းကောင်း အားနည်းနေနိုင်သည်။ သို့သော် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်လက်တွေ့ကျင့်သုံးသောအခါ ကိုယ်တော်သည် ဤအပြစ်အနာအဆာကို ပြုပြင်ပေးနိုင်သည်ဖြစ်ရာ၊ သင်သည် သမ္မာတရားများစွာကို သိရုံတင်မက ၎င်းတို့ကို လက်တွေ့လည်း ကျင့်သုံးရမည်။ ဤသည်မှာ လျစ်လျူရှု၍ မရနိုင်သော အကြီးမားဆုံး အချက်အချာဖြစ်သည်။ ယောရှုသည် သူ၏ နှစ်ပေါင်း သုံးဆယ့်သုံးနှစ်ခွဲတွင် အရှက်ကွဲခြင်းမှုများနှင့် များစွာသော ဒုက္ခဆင်းရဲကို ကြံ့ကြံ့ခံခဲ့သည်။ သူသည် သမ္မာတရားကို လက်တွေ့ကျင့်သုံးခဲ့ခြင်း၊ အရာခပ်သိမ်း၌ ဘုရားသခင်၏ အလိုတော်ကို ပြုလုပ်ခဲ့ခြင်းနှင့် ဘုရားသခင်၏ အလိုတော်ကိုသာ အမှုထားခဲ့ခြင်းကြောင့်ပင် အလွန်တရာ ဆင်းရဲဒုက္ခ ခံစားခဲ့ရသည်။ ယင်းမှာ အကယ်၍ ကိုယ်တော်သည် လက်တွေ့ ကျင့်သုံးမှုမရှိဘဲ သမ္မာတရားကို သိခဲ့လျှင် ခံစားခဲ့ရမည် မဟုတ်သော ဆင်းရဲဒုက္ခဖြစ်၏။ အကယ်၍ ယေရှုသည် ယုဒလူမျိုးတို့၏ သွန်သင်ချက်များ နောက်ကို လိုက်လျှောက်ခဲ့ပြီး ဖာရိရှဲတို့၏ နောက်ကို လိုက်လျှောက်ခဲ့လျှင် ကိုယ်တော်သည် ဒုက္ခဆင်းရဲ ခံစားခဲ့ရမည် မဟုတ်ပေ။ လူတို့အပေါ် ဘုရားသခင်၏ အမှုတော်၏ သက်ရောက်မှုသည် လူသား၏ ပူးပေါင်းလုပ်ဆောင်မှုမှ လာကြောင်းကို သင်သည် ယေရှု၏ လုပ်ဆောင်ချက်များမှ သင်ယူနိုင်သည်။ ဤသည်မှာ သင်တို့သိထားရမည့် အရာပင်တည်း။ အကယ်၍ ကိုယ်တော်သည် သမ္မာတရားကို လက်တွေ့ မကျင့်သုံးခဲ့လျှင် ယေရှုသည် ဤသို့ဤပုံ လက်ဝါးကပ်တိုင်တွင် ခံစားခဲ့ရမည်လော။ အကယ်၍ ကိုယ်တော်သည် ဘုရားသခင်၏ အလိုတော်အတိုင်း မပြုမူခဲ့ပါက ဤမျှ ဝမ်းနည်းစရာကောင်းသော ဆုတောင်းပတ္ထနာကို ပြုနိုင်ခဲ့မည်လော။ ထို့ကြောင့် သင်တို့သည် သမ္မာတရား လက်တွေ့ ကျင့်သုံးမှုအတွက်ကြောင့် ဆင်းရဲဒုက္ခ ခံစားသင့်သည်၊ ဤသည်မှာ လူတစ်ဦးခံရမည့် ဆင်းရဲဒုက္ခ အမျိုးအစားပင်တည်း။

# ကယ်တင်ခြင်းကို ရရှိသည့် လူတစ်ဦးသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် လိုလားလျက်ရှိသူ ဖြစ်သည်

မှန်ကန်သင့်လျော်သော အသင်းတော်အသက်တာ ရှိရန် လိုအပ်ခြင်းကို တရားဒေသနာများတွင် မကြာခဏ ဖော်ပြလေ့ရှိသည်။ သို့ဆိုလျှင် အသင်းတော် အသက်တာသည် မတိုးတက်သေးဘဲ နဂိုပုံစံဟောင်းအတိုင်းသာ ရှိသေးသည်မှာ အဘယ်ကြောင့်နည်း။ လုံးဝဥဿုံအသစ်ဖြစ်ပြီး ကွဲပြားခြားနားသော အသက်တာပုံစံ အဘယ်ကြောင့် ရှိမနေသနည်း။ ၁၉၉၀ ပြည့်လွန်နှစ်များက လူတစ်ယောက်အဖို့ လွန်လေပြီးသော ခေတ်ကာလ၏ ဘုရင်တစ်ပါးသဖွယ် နေထိုင်ခြင်းသည် ပုံမှန်ဖြစ်နိုင်မည်လော။ ယနေ့လူတို့ စားသောက်သည့် အရာများသည် ယခင်ခေတ်များက ကြုံတောင့်ကြုံခဲ မြည်းစမ်းရခဲ့သည့် စားကောင်းသောက်ဖွယ်များ ဖြစ်သော်လည်း၊ အသင်းတော်အသက်တာတွင် အဓိကပြောင်းလဲခြင်းများ မရှိခဲ့ပေ။ ယင်းမှာ ပုလင်းအသစ်များထဲသို့ စပျစ်ရည်ဟောင်းကို ထည့်ခြင်းနှင့် အလားတူနေခဲ့သည်။ သို့ဆိုလျှင် ဘုရားသခင်က များစွာပြောကြားခြင်းသည် အဘယ်မှာ အသုံးဝင်အံ့နည်း။ နေရာအများစုရှိ အသင်းတော်များသည် လုံးဝမပြောင်းလဲကြသေးပေ။ ယင်းကို ငါ့ကိုယ်ပိုင်မျက်လုံးများနှင့်မြင်ပြီး ငါ့နှလုံးသား ထဲတွင် ရှင်းလင်း၏။ ငါကိုယ်တိုင် အသင်းတော်အသက်တာကို ကြုံတွေ့ခံစားဖူးခြင်း မရှိသော်လည်း၊ အသင်းတော် အစည်းအဝေးများ၏ အခြေအနေတို့ကို ငါကောင်းစွာ သိ၏။ သူတို့သည် များစွာတိုးတက်ခြင်း မရှိကြ။ ပုလင်းအသစ်များထဲသို့ စပျစ်ရည်အဟောင်းကို ထည့်ခြင်းနှင့် အလားတူ၏ ဟူသော ဆိုရိုးကို ပြန်လည် သုံးသပ်ရပါဦးမည်။ မည်သည့်အရာမျှ မပြောင်းလဲသေးပေ။ ၎င်းတို့ကို တစ်စုံတစ်ယောက်က လမ်းပြနေသည့်အခါ၊ မီးပမာ လောင်ကျွမ်းသော်လည်း၊ သူတို့ကို ထောက်ပံ့ကူညီသူ တစ်ယောက်မျှ မရှိလျှင်မူ သူတို့သည် ရေခဲတုံးနှင့် အလားတူလေ၏။ လက်တွေ့ကျသော အရာတို့ကို ပြောဆိုနိုင်သူ အများအပြား မရှိသကဲ့သို့၊ ပဲ့ကိုင်နိုင်သူမှာလည်း အလွန်တရာ ရှားပါး၏။ တရားဒေသနာများမှာ မြင့်မြတ်သော်လည်း၊ ဝင်ရောက်မှု တစ်စုံတစ်ရာရရှိထားသူ ရှိခဲ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မြတ်နိုးသူ နည်း၏။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စတင်လုပ်ဆောင်သောအခါ၊ မျက်ရည်လည်ကြပြီး ၎င်းကို ဘေးဖယ်ထားသည့်အခါ ရွှင်မြူးဝမ်းမြောက်ကြပြီး၊ ၎င်းထံမှ သူတို့ သွေဖည်သည့် အခါတွင်မူ ပေါ့ပြက်ပြီး အားမာန်ကင်းမဲ့သွားရလေသည်။ ပွင့်ပွင့်လင်းလင်း ဆိုရလျှင် သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တကယ်ကို မြတ်နိုးခြင်းမရှိကြပေ၊ ထို့အပြင် ယနေ့ သူကိုယ်တိုင်၏

နှုတ်မှထွက်ပေါ်လာသော နှုတ်ကပတ်တော်တို့ကို ရတနာတစ်ပါးအဖြစ် သင်တို့ လုံးဝ မမြင်ကြပေ။ သင်တို့သည် သူ၏ နှုတ်ကပတ်တော်ကို ဖတ်ရှုနေသည့်အခါတွင်၊ စိုးရိမ်ပူပန်လာပြီး အာဂုံဆောင်နေသည့် အခါတွင် ပင်ပန်းသည်ဟု ခံစားကြရကာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပတ်သက်လာသည့်အခါတွင် ၎င်းသည် ရေတွင်း ရေစုပ်စက်၏ လက်ကိုင်ကို မြင်းမြီးတစ်မျှင်နှင့် ဆွဲ၍လှည့်နိုးရန် ကြိုးစားသည့်ပမာ ဖြစ်သည်- သင်တို့မည်မျှ ပင်ပန်းခက်ခဲစွာ ကြိုးစားသည်ဖြစ်စေ လုံလောက်သော စွမ်းအင်ကို တိုးမြှင့်နိုင်မည်မဟုတ်ချေ။ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုချိန်တွင် အစဉ်အမြဲ အားရှိကြသော်လည်း၊ လက်တွေ့လုပ်ဆောင်ချိန်တွင်မူ မေ့လျော့တတ်ကြ၏။ အမှန်တွင်၊ ဤနှုတ်ကပတ်တော်တို့သည် အလွန် ဒုက္ခသုက္ခခံပြီး ပြောဆိုစရာ၊ အလွန် စိတ်ရှည်စွာ အဖန်တလဲလဲ ပြန်ရွတ်ဆိုစရာ မလိုပေ၊ သို့သော် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်ခြင်းမရှိဘဲ၊ နားထောင်ရုံသာ နားထောင်ကြသည့်အချက်သည် သူ၏အမှုအတွက် အတားအဆီးတစ်ခု ဖြစ်လာပြီ ဖြစ်သည်။ ငါသည် ယင်းကို စတင် မပြောပြ၍ မဖြစ်၊ ယင်းအကြောင်းကို မပြောဘဲ နေ၍မရပေ။ ငါသည် ထိုသို့ မဖြစ်မနေ လုပ်ဆောင်ရပေသည်။ ယင်းမှာ တစ်ပါးသူတို့၏ အားနည်းချက်များကို ဖော်ထုတ်ခြင်းကို ငါ မွေ့လျော်သည် မဟုတ်။ သင်တို့၏ လက်တွေ့လုပ်ဆောင်မှုသည် အနည်းနှင့်အများ လုံလောက်သည်ဟု သင်တို့ ထင်သည်- ထုတ်ဖော်ချက်များ အထွတ်အထိပ် ရောက်သည့်အခါ၊ သင်တို့၏ ဝင်ရောက်မှု သည်လည်း အထွတ်အထိပ်တွင် ရှိသလော။ ယင်းသည် ဤမျှရိုးရှင်းသလော။ သင်တို့သည် သင်တို့၏ တွေ့ကြုံမှုများ အခြေခံအားဖြင့် တည်ဆောက်ထားသော အခြေခံအုတ်မြစ်ကို မည်သည့်အခါမျှ ဆန်းစစ်ခြင်း မရှိကြချေ။ ယခုအချိန်မှစ၍ သင်တို့၏ စုဝေးပွဲများကို မှန်ကန်သော အသင်းတော်အသက်တာဟု ခေါ်၍မရသကဲ့သို့၊ ၎င်းတို့သည် အနည်းဆုံးအနေဖြင့် မှန်ကန်သော ဝိညာဉ်ရေးရာ အသက်တာလည်း မဟုတ်ပေ။ ယင်းသည် စကားစမြည်ပြောခြင်းနှင့် သီချင်းဆိုခြင်းကို မွေ့လျော်ကြသော လူတစ်စု စုဝေးကြခြင်းသာဖြစ်၏။ အတိအကျဆိုရလျှင်၊ ယင်းတွင် လက်တွေ့အရှိတရား သိပ်မရှိပေ။ ပိုမိုရှင်းလင်းအောင် ပြောရမည်ဆိုလျှင် သင့်အနေဖြင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း မရှိပါက စစ်မှန်မှုဟူသည် အဘယ်မှာနည်း။ သင့်တွင် စစ်မှန်မှုရှိသည်ဟုဆိုရန်မှာ ကြွားဝါခြင်း ဖြစ်သည်မဟုတ်လော။ အမှုကို အစဉ်ပြုသူတို့သည် စိတ်ကြီးဝင်ပြီး မာနထောင်လွှားနေကြသော်လည်း၊ အစဉ် နာခံကြသူတို့မှာမူ လေ့ကျင့်ခြင်းအတွက် မည်သည့်အခွင့်အရေးမျှ မရှိဘဲ ဆိတ်ဆိတ်နေကာ

ခေါင်းငုံ့ထားတတ်ကြ၏။ အမှုကိုပြုသူတို့သည် ကြီးကျယ်သော စကားများဖြင့် ကြာရှည်စွာဆက်ကာ ဆွေးနွေးခြင်းမှတစ်ပါး မည်သည့်အရာကိုမှ မလုပ်ကြသကဲ့သို့ နောက်လိုက်များက နားထောင်ရုံသာဖြစ်၏။ ပြောပလောက်သော ပြောင်းလဲခြင်းဟူ၍ မရှိပေ။ ဤအရာအားလုံးမှာ အတိတ်ကနည်းလမ်းများသာ ဖြစ်ကြ၏။ ယနေ့တွင် သင်၏ နာခံနိုင်ခြင်းနှင့် သင်စိတ်ရှိတိုင်း နှောင့်ယှက်ရန် သို့မဟုတ် ပြုမူရန် မဝံ့ရဲခြင်းတို့သည် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များ ရောက်လာခြင်းကြောင့်ဖြစ်၏။ အတွေ့အကြုံများမှတစ်ဆင့် သင် ကြုံရသည်မှာ ပြောင်းလဲခြင်း မဟုတ်ပေ။ စီမံအုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို ချိုးဖောက်သည့် အရာအချို့ကို သင့်အနေဖြင့် ယနေ့ မပြုလုပ်ဝံ့သည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အမှုသည် သိသာထင်ရှားသော အကျိုးသက်ရောက်မှုရှိပြီး လူတို့ကို သိမ်းပိုက်ပြီးဖြစ်သောကြောင့် ဖြစ်၏။ တစ်စုံတစ်ယောက်သောသူကို ငါမေးမည်- ယနေ့ သင်၏ အောင်မြင်မှု မည်မျှသည် သင်၏ ကြိုးစားလုပ်ဆောင်မှု၏ချွေးဖြင့် ရရှိခဲ့သနည်း။ ယင်း၏ အဘယ်မျှကို သင့်အား ဘုရားသခင်က တိုက်ရိုက်ပြောပြခဲ့သနည်း။ သင်မည်သို့ဖြေမည်နည်း။ သင့်အနေဖြင့် မှင်တက်အံ့အားသင့်ကာ အာစေးမိမည်လော။ အခြားသူတို့က သင့်အား အာဟာရပေးရန် ၎င်းတို့၏ တကယ့် အတွေ့အကြုံများစွာတို့ကို ပြောပြနိုင်သော်လည်း၊ သင်ကမူ အခြားသူများ ချက်ပြုတ်ပြီးသည့် အစာတို့ကို အလွယ်တကူ မွေ့လျော်သည်မှာ အဘယ်ကြောင့်နည်း။ သင်မရှက်သလော။ အများနှင့်စာလျှင် တော်ကြသူများကို ဆန်းစစ်ရင်း အဖြစ်မှန်သိရှိရန် အချက်အလက်မှန် စစ်ဆေးမှုကို သင်တို့ ဆောင်ရွက်ကောင်း ဆောင်ရွက်နိုင်သည်။ သမ္မာတရား မည်မျှကို သင်နားလည်သနည်း။ နောက်ဆုံးတွင် မည်မျှကို လက်တွေ့လုပ်ဆောင်သနည်း။ မည်သူ့ကို သင် သာ၍ ချစ်သနည်း၊ ဘုရားသခင်ကိုလော၊ သင့်ကိုယ်သင်လော။ သင်သည် သာ၍ မကြာခဏ ပေးသလော၊ သာ၍ မကြာခဏ ရယူသလော။ သင်၏ ရည်ရွယ်ချက် မှားယွင်းခဲ့သည့်အချိန်အခါ မည်မျှတွင် သင်သည် သင်၏ဇာတိဟောင်းကို စွန့်လွှတ်ပြီး ဘုရားသခင်၏ အလိုတော်ကို ကျေနပ်စေသနည်း။ ဤမေးခွန်းအနည်းငယ်မျှသည် လူများစွာကို ခေါင်းရှုပ်စေလိမ့်မည်။ လူအများစုအတွက် သူတို့၏ ရည်ရွယ်ချက် မှားယွင်းနေသည်ကို သဘောပေါက်လျှင်ပင် သိသိကြီးနှင့် အမှားကို ဆက်လုပ်ကြသေးပြီး၊ သူတို့ကိုယ်တိုင်၏ ဇာတိပကတိကို စွန့်လွှတ်ခြင်း ရှိကိုမရှိကြပေ။ လူအများစုသည် အပြစ်အား သူတို့၏ လုပ်ဆောင်မှုတိုင်းကို လမ်းညွှန်ခွင့်ပေးလျက်၊ အပြစ်ကို သူတို့ကိုယ်တွင်း၌ ထကြွသောင်းကျန်းစေ၏။ သူတို့သည် သူတို့၏ အပြစ်များကို အောင်မြင်ကျော်လွှားနိုင်ခြင်း မရှိသကဲ့သို့ အပြစ်ထဲ၌ ဆက်လက် အသက်ရှင်ကြ၏။

ဤလက်ရှိအခြေအနေသို့ ရောက်ရှိပြီးနောက်၊ မည်သူသည် ဆိုးယုတ်သောအမှုများ မည်မျှပြုလုပ်ခဲ့ပြီး ဖြစ်သည်ကို မသိဘဲနေမည်နည်း။ အကယ်၍ သင်မသိဟုဆိုလျှင် ဤသည်မှာ သင်သည် ဇွတ်မိုက်လိမ်နေခြင်းသာဖြစ်၏။ ပွင့်ပွင့်လင်းလင်းဆိုရလျှင် ဤသည်မှာ သင်၏ ဇာတိပဟောင်းကို စွန့်လွှတ်ရန် ဆန္ဒမရှိခြင်းသာ ဖြစ်၏။ အသုံးမကျသော "နှလုံးသားမှလာသည့်" နောင်တ စကားများစွာကို ပြောခြင်းသည် အဘယ်မှာ အသုံးဝင်အံ့နည်း။ ၎င်းက သင့်အသက်တာတွင် ကြီးထွားဖို့ ကူညီပေးသလော။ သင့်ကိုယ်သင် သိရန်မှာ သင်၏အချိန်ပြည့်အလုပ် ဖြစ်သည်ဟု ဆိုနိုင်၏။ ငါသည် လူတို့ကို ၎င်းတို့၏နာခံခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့၏ လက်တွေ့လုပ်ဆောင်ခြင်းမှတစ်ဆင့် စုံလင်စေသည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်၏အဝတ်များ ဝတ်ဆင်သကဲ့သို့ ကြည့်ကောင်းရန်နှင့် သပ်ရပ်လှပရန်သာ ဝတ်ဆင်ပါက၊ သင်သည် မိမိကိုယ်ကိုယ်နှင့် အခြားသူများကို လှည့်စားနေသည် မဟုတ်လော။ သင့်အနေဖြင့် အပြောသာရှိပြီး လုံးဝ လက်တွေ့လုပ်ဆောင်မှု မရှိလျှင် သင်သည် မည်သည့်အရာကို ရရှိမည်နည်း။

လူများစွာသည် လက်တွေ့လုပ်ဆောင်မှုအကြောင်း အနည်းငယ်ပြောနိုင်ပြီး သူတို့ကိုယ်တိုင်၏ ထင်မြင်ချက်များအကြောင်း ပြောနိုင်ကြသော်လည်း၊ အများစုမှာ အခြားသူတို့၏ စကားများမှ ရရှိသော အလင်းပေးခြင်း ဖြစ်သည်။ ယင်းသည် သူတို့ကိုယ်တိုင်၏ လက်တွေ့လုပ်ဆောင်မှုများမှ မည်သည့်အရာမျှ လုံးဝမပါဝင်သကဲ့သို့၊ သူတို့ကိုယ်တိုင်၏ အတွေ့အကြုံများမှ သိမြင်ရသည့် အရာလည်း မပါဝင်ချေ။ ဤပြဿနာကို အစောကတည်းက ငါ စိတ်ဖြာဆန်းစစ်ပြီး ဖြစ်သည်။ မည်သည့် အရာကိုမျှ ငါမသိဟု မထင်နှင့်။ သင်သည် စက္ကူကျားမျှသာ ဖြစ်သော်လည်း၊ စာတန်ကို သိမ်းပိုက်အနိုင်ယူခြင်းအကြောင်း၊ အောင်မြင်သော သက်သေခံချက်များ သက်သေခံခြင်း အကြောင်းနှင့် ဘုရားသခင်၏ ပုံသဏ္ဌာန်အတိုင်း အသက်ရှင် နေထိုင်ခြင်း အကြောင်းတို့ကို ပြောသလော။ ဤအရာအားလုံးသည် အဓိပ္ပာယ်မရှိပေ။ ယနေ့ ဘုရားသခင်ပြောဆိုသော နှုတ်ကပတ်တော်အားလုံးသည် သင်လေးစားရန် အတွက် ဖြစ်သည်ဟု သင်ထင်နေသလော။ သင်၏ဇာတိဟောင်းကို စွန့်လွှတ်ခြင်းနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် သက်ဆိုင်၍ သင့်နှုတ်က ပြောဆိုသော်လည်း၊ သင်၏လက်များကမူ အခြားလုပ်ရပ်များကို ဆောင်ရွက်နေပြီး သင်၏စိတ်နှလုံးသည် အခြားသော အကြံအစည်များကို ကြံစည်နေသည်- သင်သည် အဘယ်သို့သော လူစားမျိုးဖြစ်သနည်း။ သင်၏ စိတ်နှလုံးနှင့် လက်တို့သည် အဘယ်ကြောင့် တစ်ခုတည်း မဖြစ်သနည်း။ များလှစွာသော တရားဟောချက်များသည်

အချည်းနှီးစကားများ ဖြစ်လာကြပေပြီ။ ဤသည်မှာ နှလုံးကြေကွဲစရာပင် မဟုတ်လော။ အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်နိုင်ခြင်း မရှိပါက၊ ယင်းက သင်သည် သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသောလမ်းခရီးထဲသို့ မဝင်ရောက်သေးသကဲ့သို့၊ သင့်အထဲတွင် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက် မရှိသေးကြောင်း၊ သူ၏ လမ်းညွှန်မှု သင် မရသေးသည်ကို သက်သေပြပေသည်။ အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်ရုံသာ နားလည်နိုင်ပြီး လက်တွေ့လုပ်ဆောင်နိုင်ခြင်းမရှိဟု ဆိုပါက၊ သင်သည် သမ္မာတရားကို ချစ်မြတ်နိုးခြင်း မရှိသူဖြစ်၏။ ဤကဲ့သို့သော လူစားမျိုးကို ကယ်တင်ရန် ဘုရားသခင် ကြွလာခြင်း မဟုတ်ပေ။ ယေရှုသည် အပြစ်သားများကို ကယ်တင်ရန်၊ ဆင်းရဲနွမ်းပါးသူများကို ကယ်တင်ရန်နှင့် နှိမ့်ချသူများကို ကယ်တင်ရန် ကားစင်တင်ခံရချိန်တွင် ပြင်းစွာသော နာကျင်မှုဝေဒနာကို ခံစားခဲ့ရ၏။ သူ၏ ကားစင်တင် သတ်ခံရခြင်းသည် အပြစ်ဖြေရာယဇ်အဖြစ် အသုံးတော်ခံလေသည်။ အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်နိုင်ခြင်း မရှိပါက၊ သင်တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွားသင့်၏။ ဘုရားသခင်၏ အိမ်တွင် ကပ်ပါးရပ်ပါးအဖြစ် တစ်ရစ်ဝဲဝဲ မနေနှင့်။ များစွာသော လူတို့အနေဖြင့် ဘုရားသခင်ကို အတိအလင်း ဆန့်ကျင်သော လုပ်ရပ်များ ပြုလုပ်နေခြင်းအား ရပ်တန့်ရန် ခက်ခဲသည်ကို တွေ့ရသည်။ သူတို့သည် သေခြင်းကို တောင်းဆိုနေကြခြင်း မဟုတ်လော။ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရောက်ခြင်းအကြောင်းကို ၎င်းတို့အဘယ်သို့ ပြောဆိုနိုင်သနည်း။ သူတို့သည် ဘုရားသခင်၏ မျက်နှာကို မြင်တွေ့ရန် ရဲတင်းမှု ရှိကြမည်လော။ သင့်အပေါ် သူအပ်နှင်းထားသည့် ကောင်းချီးမင်္ဂလာတို့ကို မွေ့လျော်ရန် ဘုရားသခင်က သင့်ကို ခွင့်ပြုနေစဉ်တွင်ပင် သင်သည် ဘုရားသခင် သင့်ကို ပေးကမ်းသော အစားအစာတို့ကိုစားရင်း၊ ဘုရားသခင်ကို ဆန့်ကျင်သော ကလိမ်ကကျစ်အရာများအား ပြုလုပ်ခြင်း၊ မလိုတမာစိတ်ထားခြင်း၊ ယုတ်မာခြင်းနှင့် လျှို့ဝှက်ကြံစည်ခြင်း စသည်တို့ကို လုပ်ဆောင်ပါက ၎င်းတို့ကို သင်လက်ခံရရှိချိန်တွင် သင့်လက်များ ပူလောင်နေသည်ကို မခံစားရသလော။ သင့်မျက်နှာ နီရဲသွားသည်ကို မခံစားရသလော။ ဘုရားသခင်ကို ဆန့်ကျင်သည့် တစ်စုံတစ်ရာကို လုပ်ဆောင်ပြီးနောက်၊ "ထင်ရာစိုင်း" ဖို့ ကြံစည်ရင်း၊ ထိတ်လန့်ခြင်းကို သင်မခံစားရသလော။ အကယ်၍ မည်သည့်အရာကိုမှ သင်မခံစားရပါက၊ အနာဂတ် တစ်စုံတစ်ရာကို သင်မည်သို့ ပြောနိုင်မည်နည်း။ သင့်အတွက် အချိန်ကြာမြင့်စွာကတည်းက အနာဂတ် မရှိနှင့်တော့ပေ၊ ထိုသို့ဆိုပါက သာ၍ ကြီးမားသော မည်သည့် မျှော်လင့်ချက်များ သင်၌ ရှိနိုင်သေးသနည်း။ အရှက်မဲ့သော တစ်စုံတစ်ရာကို

သင်ပြောသော်လည်း၊ အပြစ်ဆိုခြင်းကို မခံစားရသကဲ့သို့ သင့်နှလုံးသားကလည်း သတိပြုမိခြင်း မရှိပါက၊ ယင်းမှာ သင်သည် ဘုရားသခင်၏ စွန့်ပစ်ခြင်းကို ခံခဲ့ရနှင့်ပြီးဖြစ်သည်ဟု ဆိုလိုရာ မရောက်သလော။ လွှန်လွှန်ကျူးကျူးနှင့် ထိန်းမနိုင်သိမ်းမရစွာ ပြောဆိုခြင်းနှင့် ပြုမူခြင်းတို့သည် သင်၏သဘာဝဖြစ်လာပြီ ဖြစ်သည်။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းကို ဤကဲ့သို့ မည်သို့ ခံရနိုင်မည်နည်း။ သင်သည် လောကအနှံ့ လျှောက်သွားနိုင်မည်လော။ သင့်ကို မည်သူက လက်ခံယုံကြည်မည်နည်း။ သင်၏သဘာဝ အစစ်အမှန်ကို သိကြသူများက သင်နှင့်ဝေးဝေး နေကြလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်း ဖြစ်သည် မဟုတ်လော။ ခြုံပြောရလျှင် အပြောသာရှိပြီး လက်တွေ့လုပ်ဆောင်မှု မရှိပါက၊ ကြီးထွားမှုလည်း မရှိပေ။ သင်ပြောဆိုနေစဉ် သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အပေါ်၌ အမှုပြုကောင်း ပြုနိုင်သော်လည်း၊ သင် လက်တွေ့လုပ်ဆောင်ခြင်း မရှိပါက သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း အမှုပြုခြင်း ရပ်တန့်သွားပေမည်။ ဤပုံစံအတိုင်း သင်ဆက်သွားမည် ဆိုပါက၊ အနာဂတ်အကြောင်း သို့မဟုတ် သင်၏ဖြစ်တည်မှု တစ်ခုလုံးကို ဘုရားသခင်၏ အမှုတော်အဖို့ ပေးအပ်ခြင်းအကြောင်း တစ်စုံတစ်ရာကို အဘယ်သို့ ပြောနိုင်မည်နည်း။ သင်သည် သင်၏ ဖြစ်တည်မှုတစ်ခုလုံး ဆက်ကပ်ခြင်းကိုသာ ပြောဆိုနိုင်သော်လည်း၊ သင်၏ စစ်မှန်သော ချစ်ခြင်းကို ဘုရားသခင်အား မပေးရသေးပေ။ သင့်ထံမှ သူ ရရှိသမျှမှာ နှုတ်ဖျားဖြင့် ဆည်းကပ်ကိုးကွယ်ခြင်းကိုသာ ဖြစ်သည်။ သူသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဖို့ သင်၏ရည်ရွယ်ချက်ကို မရရှိပေ။ ဤသည်မှာ သင်၏ အမှန်တကယ် ဝိညာဉ်ရင့်ကျက်မှုလော။ ဤကဲ့သို့ သင် ဆက်သွားပါက၊ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းကို မည်သည့်အချိန်တွင် ခံရမည်နည်း။ သင်၏ မှောင်မည်းကာ မှုန်မှိုင်းနေသော အနာဂတ်အပေါ် ပူပန်ကြောင့်ကြခြင်း မခံစားရသလော။ ဘုရားသခင်သည် သင့်အထဲတွင် မျှော်လင့်ချက် ပျောက်ဆုံးပြီး ဖြစ်သည်ကို သင်မခံစားရသလော။ ဘုရားသခင်သည် ပိုမိုများပြားကာ ပိုမိုသစ်လွင်သော လူတို့ကို စုံလင်စေရန် ဆန္ဒရှိသည်ကို သင်မသိသလော။ ဟောင်းနွမ်းသော အရာတို့သည် မိမိတို့ဘာသာ ဆက်လက် ရပ်တည်နိုင်သလော။ သင်သည် ယနေ့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို အာရုံမစိုက်ဘဲနေနေသည်- သင်သည် မနက်ဖြန်ကို စောင့်ဆိုင်းနေသလော။

## ပြည့်စုံသော သိုးထိန်းတစ်ဦး ရှိသင့်သည့်အရာ

လူတို့အပေါ်၌ သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသည့်အခါ ၎င်းတို့ မည်သည့်အခြေအနေ၌ ရှိကြမည်ကို သင် သိနားလည်ခြင်းရှိဖို့ လိုသည်။ အထူးသဖြင့် ဘုရားသခင်အား အစေခံခြင်းကို ညှိနှိုင်းဆောင်ရွက်သူတို့သည် လူတို့အပေါ် သန့်ရှင်းသောဝိညာဉ်တော် ဆောင်ရွက်သည့် အမှုအားဖြင့် ဖြစ်ပေါ်သည့် အခြေအနေများစွာကို သာ၍အားကောင်းစွာ သဘောပေါက်ရပေမည်။ သင်သည် အတွေ့အကြုံများစွာ သို့မဟုတ် ဝင်ရောက်ခြင်းရရှိသည့် နည်းလမ်းများစွာအကြောင်းကိုသာ ပြောဆိုပါက၊ သင်၏အတွေ့အကြုံသည် အလွန်တစ်ဖက်သတ်ဖြစ်သည်ကို ထိုအရာက ပြသပေသည်။ သင်၏ စစ်မှန်သော အခြေအနေကို သိရှိခြင်းနှင့် သမ္မာတရား၏ အခြေခံသဘောတရားများကို သဘောပေါက်ခြင်းမရှိဘဲ၊ စိတ်သဘောထား ပြောင်းလဲရန် မဖြစ်နိုင်ချေ။ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုနှင့်ဆိုင်သော အခြေခံသဘာတရားများကို သိရှိခြင်း၊ သို့မဟုတ် ယင်း၏အသီးအပွင့်ကို သိနားလည်ခြင်းမရှိဘဲ၊ နတ်ဆိုးများ၏အလုပ်ကို သိမြင်ရန် သင့်အတွက် ခက်ခဲပေလိမ့်မည်။ သင်သည် နတ်ဆိုးများ၏ အလုပ်အပြင် လူသား၏ အယူအဆများကို ဖော်ထုတ် ရမည်ဖြစ်ပြီး၊ ပြဿနာ၏ အရင်းအမြစ်ကိုတိုက်ရိုက် ထိုးထွင်းသိမြင်ရမည်။ လူများ၏ လက်တွေ့လုပ်ဆောင်မှု၌ရှိသော သွေဖည်မှုများစွာနှင့် ဘုရားသခင်ကို ယုံကြည်ခြင်းတွင် ၎င်းတို့ ရှိနိုင်သည့် ပြဿနာများကိုလည်း ၎င်းတို့ သတိပြုမိနိုင်ဖို့အလို့ငှာ ထောက်ပြရမည်။ အနည်းဆုံးအနေဖြင့်၊ သင်သည် ၎င်းတို့ကို အပျက်သဘောဆောင်ခြင်း သို့မဟုတ် တုံးကိုဘာဝေနေခြင်း မခံစားစေရ။ သို့ရာတွင်၊ လူအများစုအတွက် ဓမ္မဓိဋ္ဌာန်ကျကျ တည်ရှိသာ အခက်အခဲများကိုလည်း သင်နားလည်ရမည်၊ သင်သည် ယုတ္တိမတန်သောသူ သို့မဟုတ် "ကျွဲပါးစောင်းတီးသူ" မဖြစ်စေရ။ ယင်းသည် မိုက်မဲသောအပြုအမူ ဖြစ်သည်။ လူတို့ တွေ့ကြုံရသော အခက်အခဲများစွာကို ဖြေရှင်းရန် သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့်ဆိုင်သည့် အင်အားများကို ပထမဦးစွာ နားလည်ရမည်၊ သင်သည် မတူညီသောလူများအပေါ် သန့်ရှင်းသော ဝိညာဉ်တော်က အလုပ်ကို မည်သို့ဆောင်ရွက်သည်ကို နားလည်ရမည်၊ လူတို့ ရင်ဆိုင်ရသည့် အခက်အခဲများနှင့် ၎င်းတို့၏ အားနည်းချက်များကို နားလည်မှု ရှိရမည်ဖြစ်ပြီး ပြဿနာ၏ အဓိကအကြောင်းရင်းများကို သွေဖည်ခြင်း သို့မဟုတ် အမှားများတစ်ခုတစ်လေ ပြုလုပ်ခြင်းမရှိဘဲ ရိပ်မိနိုင်ရမည်ဖြစ်သည်။ ဤကဲ့သို့သော လူမျိုးသည်သာ ဘုရားသခင်ကို အစေခံရာတွင် ညှိနှိုင်း ဆောင်ရွက်ရန် အရည်အချင်းရှိပေသည်။

သင့်အနေဖြင့် အဓိကပြဿနာများကို သဘောပေါက်နိုင်ပြီး အမှုအရာများစွာကို ရှင်းလင်းစွာ သိမြင်နိုင်ခြင်း ရှိမရှိဆိုသည်မှာ သင်၏ သီးခြားအတွေ့အကြုံများအပေါ် တည်မှီသည်။

သင်တွေ့ကြုံရသည့် ပုံစံသည် အခြားသူများအား သင်ဦးဆောင်သည့် ပုံစံလည်းဖြစ်သည်။ သင်သည် ကျမ်းဟောင်းတရားများနှင့် အယူဝါဒများကို နားလည်ပါက၊ အခြားသူများအား ကျမ်းဟောင်းတရားများနှင့် အယူဝါဒများကို နားလည်ဖို့ ဦးဆောင်လိမ့်မည်။ ဘုရားနှုတ်ကပတ်တော်များ၏ စစ်မှန်မှုကို သင် တွေ့ကြုံသည့် နည်းလမ်းသည် ဘုရားမိန့်မြွက်ချက်များ၏ စစ်မှန်မှုထဲသို့ ဝင်ရောက်ခြင်းကို ရရှိဖို့ အခြားသူများကို သင်ဦးဆောင်သည့် နည်းလမ်းဖြစ်သည်။ သင်သည် သမ္မာတရားများစွာကို နားလည်ပြီး ဘုရားနှုတ်ကပတ်တော်များမှ များစွာသောအမှုအရာတို့ကို ထိုးထွင်းသိမြင်မှု ရှင်းလင်းစွာရရှိနိုင်ပါက၊ သင်သည် အခြားသူများကိုလည်း သမ္မာတရားများစွာကို နားလည်ရန် လမ်းပြနိုင်စွမ်းရှိပြီး၊ သင်လမ်းပြသည့်လူများသည် ရူပါရုံများနှင့်ဆိုင်သော ရှင်းလင်းသည့် သိနားလည်မှု ရရှိလိမ့်မည်။ သင်သည် သဘာဝလွန် ခံစားချက်များအား သဘောပေါက်ခြင်းအပေါ် အာရုံစိုက်ပါက၊ သင်လမ်းပြသည့် သူများသည်လည်း အလားတူ လုပ်ဆောင်ကြလိမ့်မည်။ သင်သည် လက်တွေ့လုပ်ဆောင်ခြင်းကို လျစ်လျူရှုပြီး ယင်းအစား ဆွေးနွေး ပြောဆိုခြင်းကိုသာ အလေးထားပါက၊ သင်လမ်းပြသည့် သူများသည်လည်း လက်တွေ့လုပ်ဆောင်မှု မရှိဘဲ သို့မဟုတ် ၎င်းတို့၏ စိတ်သဘောထားများတွင် ပြောင်းလဲမှုတစ်ခုတလေ ရရှိခြင်းမရှိဘဲ၊ ဆွေးနွေးပြောဆိုမှုအပေါ် အာရုံစိုက်လိမ့်မည်။ လူအားလုံးသည် မိမိတို့ကိုယ်တိုင် ပိုင်ဆိုင်သောအရာဖြင့် အခြားသူများကို ထောက်ပံ့ကြခြင်းဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ အမျိုးအစားက အခြားသူများကို ၎င်းတို့ ဦးဆောင်လမ်းပြသည့် လမ်းကြောင်းအပြင် ၎င်းတို့ ဦးဆောင်သည့် လူတို့၏ အမျိုးအစားကို ဆုံးဖြတ်ပေးသည်။ ဘုရားသခင်၏ အသုံးပြုခြင်းအတွက် အမှန်တကယ် သင့်တော်ဖို့ရန်၊ သင့်အနေဖြင့် ပြင်းပြသည့်ဆန္ဒရှိရမည်သာမက၊ ဘုရားသခင်ထံမှ ဉာဏ်အလင်းပေးမှု၊ ဘုရားသခင်၏နှုတ်ကပတ်တော်များထံမှ လမ်းပြမှု၊ ဘုရားသခင်၏ ကိုင်တွယ်ဖြေရှင်းခံရခြင်းကို တွေ့ကြုံခြင်းနှင့် သူ၏နှုတ်ကပတ်တော်များ၏ စစ်ဆေးခြင်း များစွာတို့ကိုလည်း လိုအပ်သည်။ ဤအခြေခံအုတ်မြစ်ဖြင့်၊ သာမန်အချိန်များ၌၊ သင်၏ ထင်မြင်ချက်များ၊ အတွေးများ၊ တွေးဆခြင်းများ၊ သုံးသပ်ချက်များကို အာရုံစိုက်သင့်ပြီး၊ နစ်မွန်းနေခြင်း သို့မဟုတ် ပယ်ရှားခြင်းများတို့တွင် လျော်ညီစွာ ပါဝင်သင့်ပေသည်။ ဤအရာများအားလုံးသည် စစ်မှန်မှုထဲသို့ သင်၏ ဝင်ရောက်ခြင်းအတွက် လမ်းကြောင်းများဖြစ်ပြီး တစ်ခုစီသည် မရှိမဖြစ်အရာဖြစ်သည်။ ဤသည်မှာ ဘုရားသခင် အမှုပြုပုံဖြစ်သည်။ ဘုရားသခင် အမှုပြုသည့် ဤနည်းလမ်းထဲသို့ သင်ဝင်ရောက်ပါက၊ သင်သည် သူ၏ စုံလင်စေခြင်းကို ခံရဖို့ အခွင့်အရေးများ နေ့စဉ် ရရှိနိုင်ပေသည်။ ပြီးလျှင်

မည်သည့်အချိန်မျိုးတွင်မဆို၊ သင်၏ ပတ်ဝန်းကျင်က ကြမ်းတမ်းသည်ဖြစ်စေ နှစ်သက်ဖွယ်ဖြစ်သည်ဖြစ်စေ၊ သင်သည် အစမ်းသပ်ခံရသည်ဖြစ်စေ စုံစမ်းနှောင့်ယှက်ခြင်း ခံရသည်ဖြစ်စေ၊ သင်သည်အလုပ်လုပ်နေသည်ဖြစ်စေ မလုပ်နေသည်ဖြစ်စေ၊ သင်သည် ဘဝကို တစ်ဦးတည်း အသက်ရှင်နေသည်ဖြစ်စေ စုပေါင်းနေထိုင်သည်ဖြစ်စေ၊ သင်သည် ဘုရားသခင်၏ စုံလင်စေသည့် အခွင့်အရေးများကို တစ်ခုမျှ လက်လွတ်သွားခြင်း မရှိဘဲ အမြဲတွေ့ရှိလိမ့်မည်။ သင်သည် ၎င်းတို့အားလုံးကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပြီး- ဤနည်းလမ်းအားဖြင့် သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခြင်းအတွက် လျှို့ဝှက်ချက်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ဖြစ်လိမ့်မည်။

## ခေတ်သစ်၏ ပညတ်တော်များ

ဘုရားသခင်၏ အမှုကို တွေ့ကြုံရာတွင်၊ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သေချာစွာ ဖတ်ရှုရမည်ဖြစ်ပြီး သမ္မာတရားဖြင့် မိမိတို့ကိုယ်ကိုယ် ပြင်ဆင်ရမည်။ သို့သော် သင် လုပ်ဆောင်လိုသောအရာ သို့မဟုတ် သင် လုပ်ဆောင်လိုသည့်ပုံနှင့်စပ်လျဉ်း၍၊ သင်တို့၏ စိတ်ထက်သန်သော ဆုတောင်းခြင်း သို့မဟုတ် အသနားခံ တောင်းလျှောက်ခြင်းတို့ မလိုအပ်သကဲ့သို့၊ ဤအရာများသည် ဧကန်အမှန် အချည်းနှီး ဖြစ်ကြလေသည်။ သို့သော် လက်ရှိအချိန်တွင် သင်တို့ လတ်တလော ရင်ဆိုင်နေရသည့် ပြဿနာများမှာ သင်တို့သည် ဘုရားသခင်၏ အမှုကို မည်သို့ တွေ့ကြုံရမည်ကို မသိကြသကဲ့သို့၊ သင်တို့အထဲတွင် မလှုပ်မယှက် ဖြစ်ခြင်းများစွာ ရှိနေပေသည်။ သင်တို့သည် အယူဝါဒများစွာ သိသော်လည်း၊ လက်တွေ့အရှိတရား သိပ်မရှိကြပေ။ ဤသည်မှာ မှားယွင်းခြင်း၏ လက္ခဏာ တစ်ရပ် မဟုတ်လော။ ဤအုပ်စု သင်တို့၏ အထဲ၌ မှားယွင်းခြင်းများစွာကို မြင်၍ရနိုင်သည်။ ယနေ့တွင် သင်တို့သည် “အစေခံများ” အဖြစ် ထိုသို့သော စမ်းသပ်မှုတို့ကို စွမ်းဆောင်ရရှိနိုင်စွမ်း မရှိကြသကဲ့သို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သက်ဆိုင်သည့် အခြားသော စမ်းသပ်မှုများနှင့် စစ်ဆေးမှုများကို စိတ်ကူးနိုင်စွမ်း စွမ်းဆောင်ရရှိနိုင်စွမ်း မရှိကြချေ။ သင်တို့ လက်တွေ့လုပ်ဆောင်သင့်သော အမှုအရာများစွာကို သင်တို့ လိုက်နာရမည်။ ဤသည်မှာ လူတို့သည် မိမိတို့ ဆောင်ရွက်သင့်သော တာဝန်များစွာကို လိုက်နာရမည်ဟု ဆိုရပေမည်။ ဤသည်မှာ လူတို့ လိုက်နာသင့်သည့် အရာဖြစ်ပြီး၊ ဤသည်မှာ ၎င်းတို့ ဆောင်ရွက်ရမည့်အရာ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်ရမည့်အရာကို သန့်ရှင်းသော ဝိညာဉ်တော်က လုပ်ဆောင်ပါလေ့စေ။ လူသားသည် ယင်းတွင် မည်သည့် အစိတ်အပိုင်းကိုမျှ

မလုပ်ဆောင်နိုင်ပေ။ လူက လုပ်ဆောင်သင့်သည့်အရာကို လူသားက လုပ်ဆောင်သင့်သည်၊ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် မည်သည့်ဆက်နွယ်မှုမျှ မရှိပေ။ ယင်းသည် လူသားက လုပ်ဆောင်သင့်ပြီး ဓမ္မဟောင်းကျမ်းထဲက ပညတ်တရားကို လိုက်နာစောင့်ထိန်းသကဲ့သို့ပင် ပညတ်တော်များအဖြစ် စောင့်ထိန်းလိုက်နာသင့်သည့်အရာသာ ဖြစ်သည်။ ယခုအချိန်သည် ပညတ်တော်ခေတ် မဟုတ်သော်လည်း၊ ပညတ်တော်ခေတ်တွင် ပြောဆိုထားသည့် နှုတ်ကပတ်တော်များကဲ့သို့ အလားတူညီသည့် လိုက်နာစောင့်ထိန်းသင့်သော နှုတ်ကပတ်တော်များစွာ ရှိနေဆဲ ဖြစ်သည်။ ထိုနှုတ်ကပတ်တော်တို့ကို သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိမှုအပေါ် အမှီပြုရုံမျှဖြင့် ဆောင်ရွက်ထားခြင်းမဟုတ်ဘဲ၊ လူသားအနေဖြင့် လိုက်နာစောင့်ထိန်းသင့်သည့် အရာတစ်ခု ဖြစ်ပါသည်။ ဥပမာအားဖြင့် လက်တွေ့ကျသော ဘုရားသခင်၏ အမှုအပေါ် သင့်အနေဖြင့် ဝေဖန်အကဲဖြတ်မှု မပြုသင့်ပေ။ ဘုရားသခင်၏ သက်သေပြုခြင်း ခံရသောသူကို သင်သည် မဆန့်ကျင်သင့်ပေ။ ဘုရားသခင်၏ ရှေ့မှောက်တွင်၊ သင်၏ နေရာကို ထိန်းသိမ်း ရမည်ဖြစ်ပြီး၊ သောက်စားပျော်ပါးတွင် မမွေ့လျော်ရ။ စကားပြောရာတွင် သင်သည် သင့်တင့်မျှတရမည်ဖြစ်ပြီး၊ သင်၏ စကားများနှင့် လုပ်ရပ်များက ဘုရားသခင်၏ သက်သေပြုခြင်း ခံရသည့် လူနှင့်ဆိုင်သော အစီအစဉ်များကို လိုက်နာရမည်။ ဘုရားသခင်၏ သက်သေခံချက်ကို သင် ရိုသေလေးမြတ် သင့်သည်။ သင်သည် ဘုရားသခင်၏ အမှုနှင့် သူ၏နှုတ်မှ နှုတ်ကပတ်တော်များကို လျစ်လျူမရှုသင့်ပေ။ သင်သည် ဘုရားသခင်၏ မိန့်မြွက်ချက်များ၏ သဘောသွားနှင့် ရည်မှန်းချက်များကို မတုပရ။ အပြင်ပန်းတွင်၊ သင်သည် ဘုရားသခင်၏ သက်သေပြုခြင်း ခံရသူအား သိသာထင်ရှားစွာ ဆန့်ကျင်သည့် မည်သည့်အရာကိုမဆို မလုပ်ဆောင်ရ။ အစရှိသည်တို့ဖြစ်သည်။ ဤအရာများသည် လူအသီးသီး လိုက်နာစောင့်ထိန်းသင့်သော အရာများ ဖြစ်ပေသည်။ ခေတ်အသီးသီးတွင်၊ ဘုရားသခင်သည် ပညတ်တရားများနှင့် ဆင်တူပြီး လူသားက လိုက်နာစောင့်ထိန်းရမည့် စည်းမျဉ်းများစွာကို ပြဋ္ဌာန်းသည်။ ဤအရာမှတစ်ဆင့်၊ သူသည် လူ၏ စိတ်သဘောထားကို ဘောင်ခတ်ကာ လူ၏ စစ်မှန်ရိုးသားမှုကို စစ်ဆေးလေသည်။ ဥပမာအားဖြင့် ဓမ္မဟောင်းခေတ်၏ "သင်၏ မိဘကို ရိုသေစွာပြုလော့" ဟူသည့် နှုတ်ကပတ်တော်များကို စဉ်းစားဆင်ခြင်ကြည့်လော့။ ဤနှုတ်ကပတ်တော်များသည် ယနေ့နှင့် မသက်ဆိုင်တော့ပေ။ ထိုအချိန်က ယင်းတို့သည် လူသား၏ အပေါ်ယံ စိတ်သဘောထား အချို့ကိုမျှ ဘောင်ခတ်ခဲ့သည်၊ ယင်းတို့ကို ဘုရားသခင်၌ လူ၏ ယုံကြည်မှုနှင့်ဆိုင်သည့် စစ်မှန်ရိုးသားမှုကို ဖော်ပြရန် အသုံးပြုခဲ့ပြီး၊ ဘုရားသခင်အား ယုံကြည်သော သူများ၏ အမှတ်အသား တစ်ခု ဖြစ်ခဲ့သည်။ ယခုသည် နိုင်ငံတော်ခေတ် ဖြစ်သော်လည်း၊ လူသားက

လိုက်နာစောင့်ထိန်းရမည့် စည်းမျဉ်းများစွာ ရှိသေး၏။ အတိတ်ကာလ၏ စည်းမျဉ်းများသည် မသက်ဆိုင်သကဲ့သို့၊ ယနေ့တွင် လူသားအတွက် ဆောင်ရွက်ဖို့ သင့်တော်ပြီး လိုအပ်သည့် သာ၍များသော အလေ့အထများစွာ ရှိလေသည်။ ယင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် မပါဝင်သကဲ့သို့၊ လူသားက လုပ်ဆောင်ရမည် ဖြစ်သည်။

ကျေးဇူးတော်ခေတ်တွင်၊ ဤပြဋ္ဌာန်းတရားများသည် ထိုအချိန်ကာလရှိ အမှုအတွက် အထူးသဖြင့် မထိရောက်ခဲ့သောကြောင့်၊ ပညတ်တော်ခေတ်၏ အလေ့အထ များစွာတို့ကို စွန့်ပယ်ထားခဲ့ကြသည်။ ယင်းတို့ကို စွန့်ပယ်ထားသည့်နောက်တွင်၊ ထိုခေတ်အတွက် သင့်တော်ပြီး ယနေ့၏ စည်းမျဉ်းများစွာ ဖြစ်လာကြပြီးဖြစ်သည့် အလေ့အထများစွာကို ချမှတ်ခဲ့သည်။ ယနေ့၏ ဘုရားသခင် ကြွလာသောအခါတွင်၊ ဤစည်းမျဉ်းများသည် ဖယ်ထားခံခဲ့ရပြီး၊ ယင်းတို့ကို လိုက်နာစောင့်ထိန်းဖို့ မလိုအပ်တော့သကဲ့သို့၊ ယနေ့၏ အမှုအတွက် သင့်တော်သော အလေ့အထများစွာကို ပြဋ္ဌာန်းထားခဲ့သည်။ ယနေ့တွင်၊ ဤအလေ့အထများသည် စည်းမျဉ်းများမဟုတ်ဘဲ၊ ယင်းအစား အကျိုးတရားများ ရရှိဖို့ ရည်ရွယ်ထားခြင်း ဖြစ်သည်။ ယင်းတို့သည် ယနေ့အတွက် သင့်တော်သည်— မနက်ဖြန်တွင်၊ ယင်းတို့သည် စည်းမျဉ်းများ ဖြစ်ကောင်းဖြစ်လာကြလိမ့်မည်။ အချုပ်အားဖြင့် ယနေ့၏ အမှုအတွက် အကျိုးဖြစ်ထွန်းသည့် အရာကို သင် လိုက်နာစောင့်ထိန်းသင့်ပေသည်။ မနက်ဖြန်ကို အလေးဂရုမပြုနှင့်- ယနေ့ လုပ်ဆောင်သည့်အရာသည် ယနေ့အတွက် ဖြစ်သည်။ မနက်ဖြန် ရောက်လာသည့်အခါ၊ သင် ဆောင်ရွက်ရန် လိုအပ်မည့် ပိုကောင်းသော အလေ့အထများ ရှိကောင်း ရှိနိုင်ပါသည်- သို့ရာတွင် ယင်းကို အာရုံမစိုက်လွန်းနှင့်။ ယင်းထက် ဘုရားသခင်အား ဆန့်ကျင်မိခြင်းကို ရှောင်ရှားဖို့အလို့ငှာ၊ ယနေ့ လိုက်နာစောင့်ထိန်းသင့်သည့်အရာကို လိုက်နာစောင့်ထိန်းလော့။ ယနေ့တွင်၊ အောက်ဖော်ပြပါ အရာများထက် မည်သည့်အရာမျှ လူသားအတွက် လိုက်နာစောင့်ထိန်းရန် သာ၍ အရေးမကြီးပေ- သင်သည် သင့်မျက်စိရှေ့တွင် ရပ်နေသော ဘုရားသခင်အား နားပူနားဆာ လုပ်ဖို့ သို့မဟုတ် သူ့ထံမှ မည်သည့်အရာကိုမျှ ဖုံးကွယ်ဖို့ မကြိုးစားရ။ သင်၏ ရှေ့တွင် ရှိနေသော ဘုရားသခင်၏ ရှေ့မှောက်တွင် ညစ်ညူးမှု သို့မဟုတ် မာနထောင်လွှားသော စကားကို မပြွက်ရ။ သူ၏ ယုံကြည်ကိုးစားမှုကို ရရှိဖို့ ပျားသကာလောင်းသောစကားများနှင့် မျှတသော စကားများဖြင့် သင့်မျက်စိရှေ့ရှိ ဘုရားသခင်ကို မလှည့်စားရ။ ဘုရားသခင်၏ ရှေ့မှောက်တွင် မလေးမခန့် မပြုမူရ။ ဘုရားသခင်၏ နှုတ်မှ ပြောဆိုသောအရာအားလုံးကို သင် နာခံရမည် ဖြစ်ပြီး၊ သူ၏ နှုတ်ကပတ်တော်များကို အတိုက်အခံ မလုပ်ရ၊ မဆန့်ကျင်ရ သို့မဟုတ် ငြင်းခုံခြင်း မပြုရ။ ဘုရားသခင်၏ နှုတ်မှ ပြောဆိုသော စကားများကို

သင့်တော်သည်ဟု သင်မှတ်ယူသည့်အတိုင်း အနက်အဓိပ္ပာယ် ပြန်ဆိုခြင်း မပြုရ။ ဆိုးယုတ်သောသူတို့၏ လှည့်ဖြားတတ်သော အကြံအစည်များထဲသို့ သားကောင်ဖြစ်စေခြင်းကို ရှောင်ရှားရန် သင်၏ နှုတ်ကို စောင့်ထိန်းသင့်သည်။ ဘုရားသခင်က သင့်အတွက် ချမှတ်ထားသော နယ်နိမိတ်များကို ကျူးကျော်ခြင်းအား ရှောင်ရှားဖို့ သင်၏ ခြေလှမ်းများကို စောင့်ကြပ်သင့်သည်။ သင်သည် ကျူးကျော်မိပါက၊ ဤအရာက သင့်ကို ဘုရားသခင်၏ နေရာတွင် ရပ်တည်စေလိမ့်မည် ဖြစ်ပြီး၊ စိတ်ကြီးဝင်ပြီး ဟိတ်ဟန်များသော စကားများကို ဆိုစေလိမ့်မည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏ စက်ဆုပ်ခြင်းကို သင် ခံရလိမ့်မည်။ ဘုရားသခင်၏ နှုတ်မှ ပြောဆိုသော စကားများကို လက်လွတ်စပယ် သင် မဖြန့်ဝေဘဲ၊ သူတစ်ပါးတို့အား သင့်ကို မလှောင်ပြောင်စေသင့်သကဲ့သို့ နတ်ဆိုးတို့အား သင့်ကို မလှည့်စားစေသင့်ပေ။ ယနေ့၏ ဘုရားသခင်၏ အမှုအားလုံးကို သင်နာခံရမည်။ ယင်းကို သင်နားမလည်လျှင်ပင် အကဲဖြတ်ဝေဖန်ခြင်း မပြုရ။ သင် လုပ်နိုင်သမျှအားလုံးမှာ ရှာဖွေပြီး မိတ်သဟာယပြုရန် ဖြစ်သည်။ ဘုရားသခင်၏ နဂိုမူလ နေရာကို မည်သူမျှ မကျူးကျော်ရ။ ယနေ့၏ ဘုရားသခင်အား လူ၏နေရာမှ အစေခံခြင်းမှလွဲ၍ အခြား မည်သည့် အရာကိုမျှ သင် လုပ်ဆောင်၍မရ။ ယနေ့၏ ဘုရားသခင်အား လူ၏နေရာမှ သင်သည် သွန်သင်၍ မရ- ထိုသို့လုပ်ဆောင်ဖို့ဆိုသည်မှာ ဆုံးဖြတ်ချက်လွဲမှားပေသည်။ ဘုရားသခင်၏ သက်သေပြုခြင်း ခံရသူ၏ နေရာတွင် မည်သူမျှ ရပ်တည်၍မရစကောင်း။ သင်၏စကားများ၊ လုပ်ရပ်များနှင့် အတွင်းကျကျ အတွေးများတွင် သင်သည် လူ၏ နေရာတွင် ရပ်တည်ပေသည်။ ဤအရာကို လိုက်နာရမည် ဖြစ်သည်၊ ယင်းသည် လူ၏ တာဝန်ဝတ္တရား ဖြစ်ပြီး၊ မည်သူမျှ ပြောင်းလဲ၍ မရနိုင်။ ပြောင်းလဲဖို့ ကြိုးပမ်းခြင်းသည် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်ရာ ရောက်ပေမည်။ ဤအရာကို အားလုံး သတိရသင့်သည်။

ဘုရားသခင်က စကားပြောခြင်းနှင့် မိန့်မြွက်ခြင်းတို့ဖြင့် အချိန် ကြာမြင့်စွာ ကုန်လွန်ခြင်းသည် လူအား ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းနှင့် အလွတ်ကျက်မှတ်ခြင်းကို ၎င်း၏အဓိက အလုပ်အဖြစ် စဉ်းစားစေသည်။ လက်တွေ့လုပ်ဆောင်ခြင်းကို မည်သူမျှ အာရုံမစိုက်ကြသကဲ့သို့၊ သင် လိုက်နာသင့်သည့်အရာကို သင် မလိုက်နာပေ။ ဤအရာက သင်တို့၏ အစေခံခြင်းသို့ အခက်အခဲများစွာနှင့် ပြဿနာများစွာ ယူဆောင်လာပြီးဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့မလုပ်ဆောင်မီတွင်၊ သင် လိုက်နာစောင့်ထိန်းသင့်သည့်အရာကို လိုက်နာမစောင့်ထိန်းပါက၊ သင်သည် ဘုရားသခင်၏ ရွံရှာမုန်းတီးကာ ငြင်းပယ်ခံရသောသူများထဲမှ တစ်ဦး ဖြစ်သည်။ ဤအလေ့အထများကို လိုက်နာစောင့်ထိန်းရာတွင်၊ သင်သည် စိတ်အားထက်သန်ကာ ရိုးသားစစ်မှန်သင့်သည်။

ယင်းတို့ကို အချုပ်အနှောင်များကဲ့သို့ သင် သဘောမထားသင့်ဘဲ၊ ပညတ်တော်များအဖြစ် ယင်းတို့ကို စောင့်ထိန်းလိုက်နာသင့်ပေသည်။ ယနေ့တွင် မည်သည့် အကျိုးတရားများ ရရှိရမည်ဆိုသည်နှင့်ပတ်သက်၍ စိတ်မဝင်စားနှင့်။ တိုတိုပြောရလျှင် ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်ပုံ ဖြစ်ပြီး၊ ပုန်ကန်ပြစ်မှားမှု တစ်ခု ကျူးလွန်သူ မည်သူမဆို အပြစ်ပေးခံရမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့၏ လက်ရှိ သိနားလည်မှုနှင့် သက်ဆိုင်သည့် ခံစားချက် မရှိသကဲ့သို့ အလေးဂရုပြုခြင်းလည်း မရှိပေ။ အကယ်၍ သင်သည် ဘုရားသခင်ကို ယနေ့တွင် ပုန်ကန်ပြစ်မှားပါက၊ သူသည် သင့်ကို အပြစ်ပေးလိမ့်မည်။ သူ၏ စီရင်ပိုင်ခွင့် နယ်ပယ်အတွင်း သူ့ကို သင် ပုန်ကန်ပြစ်မှားမိပါက၊ သူသည် သင့်ကို ချမ်းသာပေးလိမ့်မည် မဟုတ်။ ယေရှု၏ နှုတ်ကပတ်တော်များကို သင်၏ လိုက်နာ စောင့်ထိန်းမှုတွင် သင် မည်မျှ လေးနက်သည်ကို သူ ဂရုမစိုက်ပေ။ သင့်အနေဖြင့် ဘုရားသခင်၏ ယနေ့ ပညတ်တော်များကို ချိုးဖောက်မိပါက၊ သူသည် သင့်ကို အပြစ်ပေးလိမ့်မည် ဖြစ်ပြီး၊ သင့်ကို သေသည်အထိ စီရင်လိမ့်မည်။ ယင်းတို့ကို သင် မလိုက်နာဖို့သည် အဘယ်သို့ လက်ခံနိုင်စရာ ဖြစ်မည်နည်း။ အနည်းငယ် နာကျင်ခံစားရဖို့ ဖြစ်လျှင်ပင်၊ သင် လိုက်နာစောင့်ထိန်းရမည်။ မည်သည့်ဘာသာတရား၊ မည်သည့်နယ်ပယ်ကဏ္ဍ၊ မည်သည့်တိုင်းနိုင်ငံ၊ သို့မဟုတ် မည်သည့်ဂိုဏ်းဂဏ ဖြစ်ပါစေ၊ အနာဂတ်တွင် ၎င်းတို့အားလုံးသည် ဤအလေ့အထများကို လိုက်နာစောင့်ထိန်းရမည်။ မည်သူမျှ ကင်းလွတ်ခွင့် မရသကဲ့သို့၊ မည်သူကိုမျှ ချမ်းသာပေးမည် မဟုတ်ပေ။ ယင်းတို့သည် ယနေ့တွင် သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်မည့်အရာများ ဖြစ်ပြီး၊ ယင်းတို့ကို မည်သူမျှ မချိုးဖောက်နိုင်ပေ။ ယင်းတို့သည် ကြီးမြတ်သောအရာများ မဟုတ်သော်လည်း၊ ယင်းတို့သည် ရှင်ပြန်ထမြောက်ပြီး ကောင်းကင်သို့ တက်ကြွသွားခဲ့သော ယေရှုက လူသားအတွက် ချမှတ်ထားသော ပညတ်တော်များ ဖြစ်ပြီး ယင်းတို့ကို လူအယောက်တိုင်း လုပ်ဆောင်ရမည်ဖြစ်သည်။ "လမ်းကြောင်း... (၇)" က သင်သည် ဖြောင့်မတ်သောသူ သို့မဟုတ် အပြစ်နှင့်ပြည့်သောသူ ဖြစ် မဖြစ်ဆိုသည့် ယေရှု၏ အနက်ဖွင့်ဆိုချက်သည် ယနေ့ ဘုရားသခင်အပေါ် သင်တို့၏ သဘောထားအပေါ် မူတည်သည်ဟု ပြောသည် မဟုတ်လော။ မည်သူမျှ ဤအချက်ကို လျစ်လျူရှု၍ မရစကောင်းပေ။ ပညတ်တော်ခေတ်တွင်၊ ဖာရိရှဲများ၏ မျိုးဆက် တစ်ဆက်ပြီး နောက်တစ်ဆက်သည် ဘုရားသခင်ကို ယုံကြည်ခဲ့ကြသည်၊ သို့ရာတွင် ကျေးဇူးတော်ခေတ် ရောက်ရှိခြင်းနှင့်အတူ ၎င်းတို့သည် ယေရှုအား မသိခဲ့ကြဘဲ သူ့ကို ဆန့်ကျင်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့ လုပ်ဆောင်သမျှအားလုံးသည် အရာမရောက်သကဲ့သို့ အချည်းနှီး ဖြစ်ကာ ၎င်းတို့၏ လုပ်ဆောင်ချက်များကို ဘုရားသခင် လက်မခံခဲ့ပေ။ သင်သည်

ဤအရာကို ရိပ်စားနိုင်ပါက၊ အလွယ်တကူ အပြစ်ပြုမိမည် မဟုတ်ပေ။ လူများစွာတို့သည် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်နှင့် နှိုင်းယှဉ်ကောင်း နှိုင်းယှဉ်ကြပေမည်။ ဘုရားသခင်ကို ဆန့်ကျင်သည့် အရသာမှာ အဘယ်သို့နည်း။ ခါးသလော၊ ချိုသလော။ ဤအရာကို သင် နားလည်သဘောပေါက်သင့်သည်။ သင် မသိသကဲ့သို့ ဟန်မဆောင်နှင့်။ ၎င်းတို့၏ စိတ်နှလုံးများထဲတွင်၊ လူအချို့သည် ယုံကြည်လက်မခံဘဲ ရှိကောင်း ရှိပေမည်။ သို့သော် ယင်းကို စမ်းကြည့်ကာ သိဖို့- မည်ကဲ့သို့ အရသာ ရှိကြောင်း သိဖို့- သင့်ကို ငါ အကြံပေးသည်။ ဤအရာက လူများစွာကို ယင်းနှင့်ပတ်သက်၍ အမြဲ သံသယဖြစ်ခြင်းမှ ကာကွယ်တားဆီးလိမ့်မည် ဖြစ်သည်။ လူများစွာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုကြသော်လည်း၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် သူ့ကို တိတ်တဆိတ် ဆန့်ကျင်ကြသည်။ သူ့ကို ဤသို့ဆန့်ကျင်ပြီးနောက်၊ ဓားတစ်စင်းက သင်၏ နှလုံးသားကို မွှေနှောက်သကဲ့သို့ သင် မခံစားရသလော။ အကယ်၍ ယင်းသည် မိသားစုအဆင်မပြေမှု မဟုတ်ပါက၊ ရုပ်ပိုင်းဆိုင်ရာ မသက်မသာဖြစ်ခြင်း သို့မဟုတ် သားများ၊ သမီးများနှင့်ဆိုင်သည့် ဖိစီးမှုဝေဒနာ ဖြစ်သည်။ သင့်အသွေးအသားသည် သေခြင်းမှ လွတ်မြောက်သော်လည်း၊ ဘုရားသခင်၏ လက်သည် သင့်ကို မည်သည့်အခါတွင်မျှ စွန့်ခွာမည်မဟုတ်ပေ။ ယင်းသည် ထိုမျှရိုးရှင်းနိုင်မည်ဟု သင်ထင်သလော။ အထူးသဖြင့် ဘုရားသခင်နှင့် နီးစပ်သော သူများစွာအတွက် ဤအရာကို အာရုံစိုက်ဖို့ သာ၍ပင် လိုအပ်ပေသည်။ အချိန်ကုန်လွန်သည်နှင့်အမျှ၊ ယင်းကို သင် မေ့လျော့လိမ့်မည် ဖြစ်ပြီး၊ နားမလည်လိုက်ဘဲနှင့်၊ စုံစမ်းသွေးဆောင်ခြင်းထဲသို့ သင် ထိုးဆင်းသွားလိမ့်မည် ဖြစ်ပြီး၊ အရာရာတိုင်းကို အလေးဂရုမပြုဘဲ ဖြစ်လာမည်ဖြစ်သကဲ့သို့၊ ဤသည်မှာ သင်၏ အပြစ်ပြုခြင်း အစ ဖြစ်လိမ့်မည်။ ဤအရာသည် သင့်အဖို့ အသေးအမွှား ဖြစ်ပုံရပါသလော။ သင်သည် ဤအရာကို ကောင်းစွာ လုပ်ဆောင်နိုင်ပါက၊ သင်သည် စုံလင်စေခြင်းခံရဖို့- ဆိုလိုသည်မှာ ဘုရားသခင်၏ ရှေ့သို့လာကာ သူကိုယ်တိုင်၏ နှုတ်မှ သူ၏ လမ်းပြမှုကို ရရှိဖို့- အခွင့်အရေး ရှိပေသည်။ အကယ်၍ သင်သည် ဂရုမစိုက်ပါက၊ သင့်အတွက် ဒုက္ခပြဿနာ ရှိလိမ့်မည်- သင်သည် ဘုရားသခင်ကို ဖီဆန်သောသူ ဖြစ်လိမ့်မည်၊ သင်၏စကားများနှင့် လုပ်ရပ်များသည် သောက်စားပျော်ပါးခြင်း၌ မွေ့လျော်လိမ့်မည် ဖြစ်ပြီး၊ အနှေးနှင့်အမြန် သင်သည် ရောမ မုန်တိုင်းနှင့် ကြီးမားသော လှိုင်းတံပိုးများ၏ သယ်ဆောင်သွားခြင်း ခံရလိမ့်မည်။ သင်တို့ အယောက်တိုင်းသည် ဤပြည်တော်များကို မှတ်သားထားသင့်သည်။ ယင်းတို့ကို သင်ချိုးဖောက်ပါက၊ ဘုရားသခင်၏ သက်သေပြုခြင်းကို ခံရသောလူသည် သင့်ကို မရှုတ်ချကောင်း မရှုတ်ချနိုင်သော်လည်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်နှင့်ပတ်သက်၍ မပြီးပြတ်သေးသည့် အလုပ်ရှိလိမ့်မည် ဖြစ်ပြီး သူသည်

သင့်ကို ချမ်းသာပေးလိမ့်မည် မဟုတ်။ သင်၏ ပုန်ကန်ပြစ်မှားမှု၏ အကျိုးဆက်များကို သင်ခံနိုင်သလော။ ထို့ကြောင့် ဘုရားသခင် မည်သည့် အရာကို ပြောသည်ဖြစ်စေ၊ သူ၏ နှုတ်ကပတ်တော်များကို သင် လက်တွေ့လုပ်ဆောင်ရမည် ဖြစ်ပြီး၊ သင်တတ်နိုင်သည့် မည်သည့်နည်းဖြင့်မဆို ယင်းတို့ကို လိုက်နာစောင့်ထိန်းရမည်။ ဤသည်မှာ ရိုးရှင်းသော ကိစ္စရပ် မဟုတ်ပေ။

## နှစ်တစ်ထောင်နိုင်ငံတော် ရောက်ရှိလာခဲ့ပြီ

ဘုရားသခင်သည် ဤလူစုတွင် မည်သည့်အမှု ပြီးမြောက်စေမည်ကို သင်တို့ တွေ့မြင်ပြီးကြပြီလော။ အနှစ်တစ်ထောင် နိုင်ငံတော်ထဲ၌တွင်ပင် လူများသည် သူ၏ မိန့်မြွက်ချက်များကို ရှေ့ဆက်လိုက်လျှောက်ကြရဦးမည်ဖြစ်ပြီး၊ အနာဂတ်တွင် ဘုရားသခင်၏ မိန့်မြွက်ချက်များသည် ကောင်းသော ခါနန်ပြည်ထဲတွင် လူ့အသက်တာကို တိုက်ရိုက် လမ်းပြလိမ့်ဦးမည်ဖြစ်သည်ဟု ဘုရားသခင်သည် တစ်ခါက ပြောဆိုခဲ့သည်။ မောရှေသည် တောထဲ၌ ရှိခဲ့ချိန်တွင်၊ ဘုရားသခင်က သူ့ကို တိုက်ရိုက်လမ်းညွှန်ပြီး စကားပြောခဲ့သည်။ ဘုရားသခင်သည် လူတို့ မွေ့လျော်ဖို့ အစားအစာ၊ ရေနှင့် မန္နမုန့်များကို ကောင်းကင်မှ ပို့ပေးခဲ့ပြီး၊ ယနေ့တွင် ထိုသို့ ဖြစ်နေဆဲဖြစ်သည်- ဘုရားသခင်သည် လူတို့ မွေ့လျော်ရန် စားဖို့၊ သောက်ဖို့ အရာများကို ကိုယ်တိုင်ကိုယ်ကျ ချပေးဆဲဖြစ်ပြီး၊ လူတို့ကို ပြစ်တင်ဆုံးမရန် ကျိန်ခြင်းအမင်္ဂလာများကို ကိုယ်တိုင်ကိုယ်ကျ စေလွှတ်ပြီးဖြစ်သည်။ ထို့ကြောင့် သူ့အမှု၏ အဆင့်တိုင်းသည် ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ထားခြင်း ဖြစ်သည်။ ယနေ့တွင် လူများသည် ဖြစ်ရပ်မှန်များ၏ အဖြစ်အပျက်ကို ရှာဖွေကြသည်၊ နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကို ၎င်းတို့ ရှာဖွေကြပြီး၊ ဘုရားသခင်၏အမှုသည် တိုး၍တိုး၍ လက်တွေ့ကျလာနေသည့်အတွက်၊ ထိုသို့သောလူများ အားလုံး ပစ်ပယ်ခံရဖို့ ဖြစ်နိုင်ပေသည်။ ဘုရားသခင်သည် ကောင်းကင်မှ ဆင်းကြွပြီး ဖြစ်သည်ကို မည်သူမျှ မသိကြပေ၊ ဘုရားသခင်သည် အစားအစာနှင့် အားဆေးများကို ကောင်းကင်မှ ချပေးပြီးသည်ကိုလည်း ၎င်းတို့ မသိကြပေ- သို့သော် ဘုရားသခင် အမှန်တကယ် တည်ရှိပြီး၊ လူများ စိတ်ကူးကြသည့် အနှစ်တစ်ထောင် နိုင်ငံတော်နှင့် ပတ်သက်သည့် စွဲဆော်သော မြင်ကွင်းများသည် ဘုရားသခင်၏ ကိုယ်တိုင်ကိုယ်ကျ မိန့်မြွက်ချက်များ ဖြစ်သည်။ ဤသည်မှာ အမှန်တရားဖြစ်ပြီး ဤအရာကိုသာလျှင် ကမ္ဘာမြေပေါ်၌ ဘုရားသခင်နှင့် အတူ အုပ်စိုးခြင်းဟု ခေါ်ပေသည်။ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်နှင့် အတူ အုပ်စိုးခြင်းသည်

လူ့ဇာတိကို ရည်ညွှန်းပေသည်။ လူ့ဇာတိနှင့် မသက်ဆိုင်သောအရာသည် ကမ္ဘာမြေပေါ်တွင် မတည်ရှိပေ၊ ထို့ကြောင့် တတိယ ကောင်းကင်ဘုံသို့ သွားခြင်းအပေါ် အာရုံစိုက်သော သူအားလုံးသည် အချည်းနှီး ထိုသို့ လုပ်ဆောင်ကြပေသည်။ တစ်နေ့တွင်၊ စကြဝဠာတစ်ခုလုံး ဘုရားသခင်ထံ ပြန်လာသောအခါတွင်၊ အာကာသတစ်လျှောက်လုံး သူ၏ အမှု ဗဟိုသည် သူ၏ မိန့်မြွက်ချက်များနောက်ကို လိုက်လိမ့်မည်။ အခြားတစ်နေရာရာတွင်၊ ဘုရားသခင်၏ မိန့်မြွက်ချက်များကို ရရှိဖို့ အချို့လူများက ဖုန်းကို အသုံးပြုကြလိမ့်မည်၊ အချို့က လေယာဉ်ပျံ စီးကြလိမ့်မည်၊ အချို့က ပင်လယ်ဖြတ်ကာ လှေစီးကြလိမ့်မည်ဖြစ်ပြီး၊ အချို့သည် လေဆာကို အသုံးပြုကြလိမ့်မည်။ အယောက်တိုင်းသည် ချစ်ခင်ကြင်နာ ကြလိမ့်မည်ဖြစ်ပြီး၊ တမ်းတခြင်းနှင့် ပြည့်ကြလိမ့်မည်၊ ၎င်းတို့အားလုံးသည် ဘုရားသခင်ဆီသို့ တိုးဝင်ချဉ်းကပ်လာကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ဆီသို့ စုရုံးကြလိမ့်မည်ဖြစ်ကာ အားလုံးသည် ဘုရားသခင်ကို ကိုးကွယ်ကြလိမ့်မည်- ပြီးလျှင် ဤအရာ အားလုံးသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များ ဖြစ်လိမ့်မည်။ ဤအရာကို အောက်မေ့လော့။ ဘုရားသခင်သည် အခြား တစ်နေရာရာ၌ နောက်တစ်ဖန် ဧကန်မုချ မည်သည့်အခါတွင်မျှ စတင်လိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် ဤအချက်အား ပြီးမြောက်စေမည် ဖြစ်သည်- သူသည် စကြဝဠာ တစ်လျှောက်လုံးရှိ လူအားလုံးကို သူ့ရှေ့မှောက်သို့ လာစေကာ ကမ္ဘာကြီးပေါ်၌ ဘုရားသခင်ကို ကိုးကွယ်စေလိမ့်မည်ဖြစ်ပြီး၊ အခြားနေရာများရှိ သူ၏ အမှုသည် ရပ်စဲလိမ့်မည်ဖြစ်ကာ လူများသည် မှန်ကန်သော လမ်းခရီးကို ရှာဖွေရန် တွန်းအားပေးခံရလိမ့်မည်။ ယင်းသည် ယောသပ်ကဲ့သို့ ဖြစ်လိမ့်မည်- သူထံ၌ စားစရာများ ရှိသည့်အတွက်၊ အယောက်တိုင်းသည် အစားအစာအတွက် သူ့ထံလာကြပြီး သူ့ရှေ့၌ ဦးညွှတ်ကြသည်။ ငတ်မွတ်ခေါင်းပါးခြင်းကို ရှောင်ရှားဖို့ရန်အလို့ငှာ၊ လူများသည် မှန်သော လမ်းခရီးကို ရှာဖွေရန် တွန်းအားပေးခံရလိမ့်မည်။ ဘာသာရေးအသိုင်းအဝိုင်း တစ်ခုလုံးသည် ပြင်းထန်သော ငတ်မွတ်ခေါင်းပါးခြင်းကို ခံစားရလိမ့်မည်ဖြစ်ပြီး၊ ယနေ့၏ ဘုရားသခင် တစ်ပါးတည်းသာ အသက်စမ်းရေတွင်း ဖြစ်သည်၊ လူ၏ မွေ့လျော်မှုအတွက် ထောက်ပံ့သည့် အစဉ်စီးဆင်းသော စမ်းရေတွင်းကို ပိုင်ဆိုင်ကာ လူများသည် သူ့ထံလာပြီး မှီခိုကြလိမ့်မည်။ ယင်းသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များ ထုတ်ဖော်ပြခံရကာ ဘုရားသခင် ဘုန်းအသရေရရှိသည့် အချိန် ဖြစ်လိမ့်မည်။ စကြဝဠာ တစ်လျှောက်ရှိ လူအားလုံးသည် ဤသာမည "လူသား" ကို ကိုးကွယ် ကြလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ ဘုန်းအသရေ နေ့ရက် ဖြစ်လိမ့်မည် မဟုတ်ပေလော။ တစ်နေ့တွင်၊ အသက်ကြီးသော သင်းအုပ်ဆရာများသည် အသက်စမ်းရေတွင်းမှ ရေကိုရှာဖွေရင်း ကြေးနန်းများ

ပေးပို့ကြလိမ့်မည်။ ၎င်းတို့သည် အသက်အရွယ်ကြီးရင့် ကြလိမ့်မည် ဖြစ်သော်လည်း၊ ၎င်းတို့ အထင်အမြင်သေးခဲ့ကြသည့် ဤလူကို ကိုးကွယ်ဖို့ လာကြလိမ့်ဦးမည်ဖြစ်သည်။ ၎င်းတို့သည် မိမိတို့၏ နှုတ်များဖြင့် သူ့ကို ဝန်ခံကြလိမ့်မည်ဖြစ်ပြီး၊ မိမိတို့၏ စိတ်နှလုံးများဖြင့် သူ့ကို ကိုးစားကြလိမ့်မည်ဖြစ်သည်- ဤသည်မှာ နိမိတ်လက္ခဏာတစ်ခုနှင့် အဖွယ်ရာတစ်ခု ဖြစ်သည် မဟုတ်လော။ နိုင်ငံတော်တစ်ခုလုံး ဝမ်းမြောက်သည့် အချိန်သည် ဘုရားသခင် ဘုန်းအသရေနေ့ရက် ဖြစ်လိမ့်မည်ဖြစ်ပြီး၊ သင်တို့ထံလာပြီး ဘုရားသခင်၏ သတင်းကောင်းကို ရရှိသူမည်သူမဆို ဘုရားသခင်၏ ကောင်းချီးပေးခြင်း ခံရလိမ့်မည်။ ပြီးလျှင် ထိုသို့လုပ်ဆောင်သော နိုင်ငံများနှင့် လူများသည် ဘုရားသခင်၏ ကောင်းချီးပေးခြင်းနှင့် ဂရုစိုက်ခြင်းကို ခံရကြလိမ့်မည်။ အနာဂတ် ဦးတည်ချက်များက ထိုသို့ ဖြစ်လိမ့်မည်- ဘုရားသခင်၏ နှုတ်မှ မိန့်မြွက်ချက်များကို ရရှိသူများသည် ကမ္ဘာမြေပေါ်၌ လျှောက်လှမ်းဖို့ လမ်းကြောင်းတစ်ခု ရှိလိမ့်မည်ဖြစ်ပြီး စီးပွားရေးသမားများဖြစ်စေ၊ သိပ္ပံပညာရှင်များဖြစ်စေ၊ ပညာသင်ကြားပေးသူများဖြစ်စေ၊ စက်မှုလုပ်ငန်းရှင်များဖြစ်စေ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မရှိသောသူတို့သည် ခြေလှမ်းတစ်လှမ်း လှမ်းဖို့ပင် ခက်ခဲသည့်အချိန် ရှိလိမ့်မည်ဖြစ်ပြီး၊ မှန်ကန်သော လမ်းခရီးကို ရှာဖွေဖို့ တွန်းအားပေးခံရလိမ့်မည်။ ဤသည်မှာ၊ "သမ္မာတရားနှင့်အတူ လောကတစ်ခွင်လုံးကို သင် လျှောက်လှမ်းလိမ့်မည်၊ သမ္မာတရား မရှိပါက၊ မည်သည့်နေရာကိုမျှ ရောက်မည်မဟုတ်။" ဟု ဆိုလိုသည့်အရာ ဖြစ်သည်။ အမှန်တရားများမှာ ဤသို့ဖြစ်သည်- ဘုရားသခင်မှာ စကြဝဠာ တစ်ဝှမ်းလုံးကို ကွပ်ကဲဖို့နှင့် လူသားမျိုးနွယ်ကို အုပ်စိုးကာ သိမ်းပိုက်ဖို့ရန် လမ်းခရီးကို (သူ၏နှုတ်ကပတ်တော် အားလုံးကို ဆိုလိုသည်) အသုံးပြုမည် ဖြစ်သည်။ လူသားများသည် ဘုရားသခင်၏ အမှုပြုခြင်း နည်းလမ်းများဖြင့် ကြီးမားသော အလှည့်အပြောင်းတစ်ခုကို အမြဲမျှော်လင့်ကြသည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင်၊ လူတို့ကို ဘုရားသခင် ထိန်းချုပ်သည်မှာ နှုတ်ကပတ်တော်များမှတစ်ဆင့် ဖြစ်ပြီး၊ သင်ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူပြောသည့်အရာကို သင်လုပ်ဆောင်ရမည် ဖြစ်သည်။ ဤသည်မှာ ဓမ္မဓိဋ္ဌာန်ကျသော အချက်တစ်ချက်ဖြစ်ပြီး အားလုံး နာခံရမည်ဖြစ်သည်။ ထို့ကြောင့် ယင်းသည်လည်း အားလုံးက ရှောင်လွှဲ၍မရသကဲ့သို့ သိရှိထားသည့်အရာ ဖြစ်သည်။

သန့်ရှင်းသော ဝိညာဉ်တော်သည် လူများကို ခံစားချက်တစ်ခုပေး၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မရရှိသူများသည် အနှစ်မဲ့ခြင်းကို ခံစားရသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက် လူတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် တည်ကြည်ခိုင်မာကာ ငြိမ်သက်ခြင်း ခံစားရလေသည်။ ယင်းမှာ ဘုရားသခင်၏

နှုတ်ကပတ်တော်များ၏ တန်ခိုးဖြစ်သည်။ လူများသည် ထိုနှုတ်ကပတ်တော်များကို ဖတ်ရှုရမည်ဖြစ်ပြီး၊ ဖတ်ရှုပြီးနောက် အာဟာရပြည့်ကာ နှုတ်ကပတ်တော်မပါဘဲ၊ ၎င်းတို့ မလုပ်ဆောင်နိုင်ကြပေ။ ယင်းသည် လူတို့ဘိန်းရှူ သည့်အခါကဲ့သို့ ဖြစ်သည်- ယင်းက ၎င်းတို့ကို ခွန်အားပေးပြီး၊ နှုတ်ကပတ်တော်မရှိဘဲနှင့် ၎င်းတို့သည် ယင်း၏ အားကောင်းသော ဆွဲဆောင်မှုကို ခံစားရပြီး ခွန်အားမရှိကြချေ။ ယင်းမှာ ယနေ့ လူများကြား၌ ဖြစ်တတ်မှု ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းသည် လူတို့ကို ခွန်အားပေးသည်။ ထိုနှုတ်ကပတ်တော်များကို ၎င်းတို့ မဖတ်ရှုပါက၊ နုံးချည့်သည်ကို ၎င်းတို့ ခံစားရသော်လည်း၊ ဖတ်ရှုပြီးနောက်တွင်၊ "လူမမာ ကုတင်" ပေါ်မှ ချက်ချင်းကို ထကြလေသည်။ ဤသည်မှာ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော် တန်ခိုးအာဏာစွဲကိုင်ခြင်းနှင့် အုပ်စိုးခြင်း ဖြစ်သည်။ အချို့က ဘုရားသခင်၏ အမှုကို စွန့်ခွာလိုကြသည် သို့မဟုတ် တိုး၍ ငြီးငွေ့ကြလေသည်။ သို့သော်လည်း ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှ မကွာနိုင်ကြချေ။ ၎င်းတို့ မည်မျှ အားနည်းနေသည် ဖြစ်စေ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် ၎င်းတို့ အသက်ရှင်ရဦးမည် ဖြစ်ပြီး၊ ၎င်းတို့ မည်မျှထိ ပုန်ကန်တတ်သည်ဖြစ်စေ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မစွန့်ခွာဝံ့ကြသေးပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များက မိမိတို့၏ တန်ခိုးကို အမှန်တကယ် ပြသသောအချိန်သည် ဘုရားသခင် အုပ်စိုးပြီး တန်ခိုးအာဏာ စွဲကိုင်ချိန် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် အမှုပြုပုံ ဖြစ်သည်။ နောက်ဆုံးတွင်မူ ဤသည်မှာ ဘုရားသခင် အမှုပြုသည့် နည်းလမ်းဖြစ်ပြီး မည်သူမျှ မစွန့်ခွာနိုင်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် မရေမတွက်နိုင်သော အိမ်များအလယ် ပျံ့နှံ့လိမ့်မည်၊ ၎င်းတို့ကို အားလုံးက သိရှိလာကြလိမ့်မည်၊ ထိုအခါမှသာ သူ၏ အမှုသည် စကြဝဠာတစ်လျှောက်လုံးသို့ ပျံ့နှံ့သွားလိမ့်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ အမှုသည် စကြဝဠာတစ်ခွင်လုံးတစ်လျှောက် ပျံ့နှံ့ဖို့ရန်ဆိုပါက၊ သူ၏ နှုတ်ကပတ်တော်များ ပျံ့နှံ့ရမည် ဖြစ်သည်။ ဘုရားသခင်၏ ဘုန်းအသရေ နေ့ရက်တွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် မိမိတို့၏တန်ခိုးနှင့် ဩဇာအာဏာကို ပြသလိမ့်မည်။ ရှေးအတိတ်ကမှ ယနေ့တိုင် သူ၏ နှုတ်ကပတ်တော် တစ်ခွန်းစီတိုင်းသည် ပြီးမြောက်လိမ့်မည်ဖြစ်ပြီး အမှန်တကယ် ဖြစ်လာလိမ့်မည်။ ဤနည်းဖြင့်၊ ဘုန်းအသရေသည် ကမ္ဘာမြေပေါ်တွင် ဘုရားသခင်အဖို့ ဖြစ်လိမ့်မည်- ယင်းမှာ သူ၏ နှုတ်ကပတ်တော်များသည် ကမ္ဘာမြေပေါ် အုပ်စိုးလိမ့်မည်ဟု ဆိုရပေမည်။ ဆိုးယုတ်သောသူ အားလုံးသည် ဘုရားသခင်၏ နှုတ်မှ ပြောဆိုသော နှုတ်ကပတ်တော်များ၏ ပြစ်တင်ဆုံးမခြင်းကို ခံရကြလိမ့်မည်၊

ဖြောင့်မတ်သော သူအားလုံးသည် သူ၏နှုတ်မှ ပြောဆိုသော နှုတ်ကပတ်တော်များ၏ ကောင်းချီးပေးခြင်း ခံရလိမ့်မည် ဖြစ်ပြီး၊ အရာအားလုံးသည် ဘုရားသခင်၏ နှုတ်မှ ပြောဆိုသော နှုတ်ကပတ်တော်များအားဖြင့် တည်ထောင်ခြင်းကို ခံရပြီး၊ ပြည့်စုံစေခြင်း ခံရလိမ့်မည်။ သူသည် မည်သည့် နိမိတ်လက္ခဏာ သို့မဟုတ် မည်သည့်အံ့ဖွယ်ရာကိုမျှ ထင်ရှားစေမည်မဟုတ်။ အရာအားလုံးသည် သူ၏ နှုတ်ကပတ်တော်များအားဖြင့် ပြီးမြောက်လိမ့်မည်ဖြစ်ပြီး သူ၏ နှုတ်ကပတ်တော်များသည် အမှန်တရားများကို ဖြစ်ပေါ်စေလိမ့်မည်။ ကမ္ဘာပေါ် ရှိ အယောက်တိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ချီးကျူးဂုဏ်ပြုကြလိမ့်မည်၊ လူကြီးဖြစ်စေ၊ ကလေးများဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ၊ အသက်ကြီးသူဖြစ်စေ၊ အသက်ငယ်သူဖြစ်စေ လူအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအောက်တွင် ကျိုးနွံနာခံကြလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် မြေကြီးပေါ်၌ လူတို့ကို ထင်ရှားစွာနှင့် အသက်ပါပါ မြင်ခွင့်ပေးရင်း လူ့ဇာတိ၌ ပေါ်ထွန်း၏။ ဤသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော် လူ့ဇာတိခံယူခြင်းအတွက် ဆိုလိုသည့်အရာ ဖြစ်သည်။ ဘုရားသခင်သည် "နှုတ်ကပတ်တော်သည် လူ့ဇာတိကို ခံယူသည်" ဟူသောအချက်ကို အဓိကအားဖြင့် ပြည့်စုံစေဖို့ ကမ္ဘာမြေပေါ်သို့ ကြွလာပြီးဖြစ်သည်၊ ဆိုလိုသည်မှာ သူ၏ နှုတ်ကပတ်တော်များကို (ဘုရားသခင်၏ အသံသည် ကောင်းကင်မှ တိုက်ရိုက် ထုတ်ပြန်သည့်အချိန် ဓမ္မဟောင်းကျမ်းထဲက မောရှေ၏ အချိန်ကာလကဲ့သို့ မဟုတ်ဘဲ) လူ့ဇာတိမှ ထုတ်ပြန်နိုင်ဖို့အလို့ငှာ သူ ကြွလာပြီးဖြစ်သည်။ ထို့နောက်တွင်၊ သူ၏ နှုတ်ကပတ်တော်အားလုံးသည် နှစ်တစ်ထောင် နိုင်ငံတော်ကာလအတွင်းတွင် ပြည့်စုံလိမ့်မည်၊ ထိုနှုတ်ကပတ်တော်များသည် လူများ၏ မျက်စိရှေ့တွင် မြင်တွေ့နိုင်သော အမှန်တရားများ ဖြစ်လာလိမ့်မည်ဖြစ်ပြီး၊ လူများသည် ခြားနားချက် စိုးစဉ်းမျှမရှိဘဲ မိမိတို့၏ ကိုယ်ပိုင် မျက်လုံးများကို အသုံးပြုရင်း ထိုနှုတ်ကပတ်တော်များကို ရှုမြင်ရကြလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ လူ့ဇာတိကို ခံယူခြင်းနှင့်သက်ဆိုင်သည့် အဆုံးစွန် အဓိပ္ပာယ်ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် လူ့ဇာတိမှတစ်ဆင့်နှင့် နှုတ်ကပတ်တော်များ မှတစ်ဆင့် ပြီးမြောက်ခြင်းဖြစ်သည်။ ဤသည်မှာ "နှုတ်ကပတ်တော်သည် လူ့ဇာတိကို ခံယူသည်" နှင့် "လူ့ဇာတိ၌ နှုတ်ကပတ်တော်၏ ပေါ်ထွန်းခြင်း" တို့၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်။ ဘုရားသခင် တစ်ပါးတည်းသာ ဝိညာဉ်တော်၏ အလိုကို ပြောနိုင်ပြီး လူ့ဇာတိ၌ရှိသော ဘုရားသခင်ကသာ ဝိညာဉ်တော် ကိုယ်စား ပြောနိုင်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူ့ဇာတိခံ ဘုရားသခင်၌

ပေါ်လွင်ထင်ရှားပြီး အယောက်တိုင်းသည် ထိုနှုတ်ကပတ်တော်များ၏ လမ်းပြခြင်းခံရလေသည်။ မည်သူမျှ ကင်းလွတ်ခြင်းမရှိ၊ ၎င်းတို့အားလုံး ဤနယ်ပယ်အတွင်းတွင် တည်ရှိ၏။ ဤမိန့်မြွက်ချက်များမှသာ လူများသည် သိလာနိုင်သည်။ ဤနည်းလမ်းဖြင့် မရရှိသောသူများသည် ကောင်းကင်မှ မိန့်မြွက်ချက်များ ရရှိနိုင်သည်ဟု ၎င်းတို့ ထင်ပါက၊ စိတ်ကူးယဉ်အိပ်မက်မက်နေကြခြင်း ဖြစ်သည်။ ယင်းမှာ အားလုံးကို ယင်းအား လုံးလုံး ယုံကြည်လောက်ဖွယ် အနှစ်သာရဖြင့် ယုံကြည်စေရင်း၊ ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာ၌ ဖော်ပြထားသော သြဇာအာဏာ ဖြစ်သည်။ ကြည်ညိုကိုင်းရှိုင်းဖွယ်ရာ ကျွမ်းကျင်သူများနှင့် ဘာသာရေး သင်းအုပ်ဆရာများပင်လျှင် ဤနှုတ်ကပတ်တော်များကို မပြောဆိုနိုင်ကြပေ။ ၎င်းတို့အားလုံးသည် ထိုနှုတ်ကပတ်တော်များအောက်၌ ကျိုးနွံနာခံရမည်ဖြစ်ပြီး၊ မည်သူမျှ အခြားသော အစပြုခြင်းကို ပြုလုပ်နိုင်မည် မဟုတ်။ ဘုရားသခင်သည် စကြဝဠာကို သိမ်းပိုက်ဖို့ နှုတ်ကပတ်တော်များကို အသုံးပြုလိမ့်မည်။ သူသည် ဤအရာများကို သူ၏ လူ့ဇာတိခံ ခန္ဓာဖြင့် လုပ်ဆောင်လိမ့်မည်မဟုတ်ဘဲ၊ စကြဝဠာ တစ်ခုလုံးရှိ လူအားလုံးကို သိမ်းပိုက်ရန် လူ့ဇာတိခံ ဘုရားသခင်၏ နှုတ်မှ မိန့်မြွက်ချက်များကို အသုံးပြုခြင်းမှတစ်ဆင့် လုပ်ဆောင်မည်ဖြစ်သည်။ ဤအရာသည်သာ နှုတ်ကပတ်တော် လူ့ဇာတိကို ခံယူခြင်းဖြစ်ပြီး ဤအရာသည်သာ လူ့ဇာတိ၌ နှုတ်ကပတ်တော် ပေါ်ထွန်းခြင်း ဖြစ်သည်။ လူသားများအဖို့ ဘုရားသခင်သည် အမှုများစွာ မလုပ်ဆောင်သေးသည့်အလား ထင်ရသော်လည်း- ဘုရားသခင်၏ သူ၏နှုတ်ကပတ်တော်များကိုသာ မိန့်မြွက်ရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် လုံးလုံးလျားလျား ယုံကြည်လက်ခံကြလိမ့်မည် ဖြစ်ကာ အံ့သြကြလိမ့်မည်ဖြစ်သည်။ အမှန်တရားများ မရှိဘဲနှင့်၊ လူများသည် အော်ဟစ်ကာ ပွတ်လောရိုက်ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အတူ ၎င်းတို့ ဆိတ်ငြိမ်ကျသွားကြသည်။ ဤသည်မှာ ကမ္ဘာမြေပေါ်သို့ နှုတ်ကပတ်တော်၏ ရောက်ရှိခြင်း အမှန်တရားကို ပြီးမြောက်စေခြင်း ဖြစ်သည့် ဘုရားသခင်၏ ကြာရှည်တည်ဆောက်ထားသည့် အစီအစဉ်ဖြစ်သည့်အတွက်၊ ဘုရားသခင်သည် ဤအမှန်တရားကို ဧကန်မုချ ပြီးမြောက်စေလိမ့်မည်။ အမှန်တွင်၊ ငါ့အတွက် ရှင်းပြန်ရန် မလိုပေ- ကမ္ဘာမြေပေါ်သို့ အနှစ်တစ်ထောင် နိုင်ငံတော် ရောက်ရှိခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ ကမ္ဘာမြေပေါ်သို့ ရောက်ရှိခြင်း ဖြစ်သည်။ ကောင်းကင်မှ ဆင်းသက်သော ယေရုရှလင်မြို့သစ် ဆိုသည်မှာ လူသားအလယ် အသက်ရှင်ဖို့၊ လူ၏ လုပ်ရပ်တိုင်းနှင့် သူ၏ အတွင်းကျကျ အတွေးများအားလုံးကို အဖော်ပြုရန် ဘုရားသခင်၏ နှုတ်ကပတ်တော်များ ရောက်ရှိလာခြင်း ဖြစ်သည်။ ဤသည်မှာလည်း ဘုရားသခင် ပြီးမြောက်စေမည့် အမှန်တရားတစ်ခု ဖြစ်သည်။

ဤသည်မှာ အနှစ်တစ်ထောင် နိုင်ငံတော်၏အလှတရား ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် ချမှတ်ထားသော အစီအစဉ် ဖြစ်သည်- သူ၏ နှုတ်ကပတ်တော်များသည် ကမ္ဘာပေါ်တွင် နှစ်တစ်ထောင်ကြာ ပေါ်ထွန်းလိမ့်မည်ဖြစ်ပြီး၊ ကမ္ဘာမြေပေါ်တွင် သူ၏ လုပ်ဆောင်ချက်များ အားလုံးကို ထင်ရှားစေမည်ဖြစ်ကာ သူ၏ အမှုအားလုံးကို ပြည့်စုံစေမည်ဖြစ်သည်၊ ထို့နောက်တွင် လူသားမျိုးနွယ်၏ ဤအဆင့်သည် အဆုံးသတ်ဖို့ ရောက်လာလိမ့်မည်ဖြစ်သည်။

# ဘုရားသခင်နှင့် သင်၏ ဆက်ဆံရေး မည်သို့ရှိသနည်း

ဘုရားသခင်ကို ယုံကြည်ရာတွင်၊ သင်သည် အနည်းဆုံးအနေဖြင့် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးရှိခြင်းနှင့် သက်ဆိုင်သည့် ကိစ္စကို ဖြေရှင်းရမည်။ ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးမရှိပါက၊ ဘုရားသခင်၌ သင်၏ယုံကြည်ခြင်း၏ အဓိပ္ပာယ် ပျောက်ဆုံးသွားသည်။ ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေး တည်ဆောက်ခြင်းကို ဘုရားသခင်၏ မျက်မှောက်တွင် ငြိမ်သက်သောစိတ်နှလုံးဖြင့် လုံးဝ ရရှိနိုင်ပေသည်။ ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးရှိခြင်းမှာ ဘုရားသခင်၏ မည်သည့်အမှုကိုမဆို သံသယမဝင်နိုင်ခြင်း၊ မငြင်းပယ်နိုင်ခြင်းနှင့် သူ၏ အမှုကို နာခံနိုင်ခြင်း ဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ မျက်မှောက်တွင် မှန်ကန်သော ရည်ရွယ်ချက်များ ရှိခြင်း၊ မိမိကိုယ်တိုင်အတွက် အစီအစဉ်များ မလုပ်ခြင်းနှင့် အရာခပ်သိမ်းတွင် ဘုရားမိသားစု၏ အကျိုးစီးပွားများကို ပထမဦးစွာ စဉ်းစားဆင်ခြင်ခြင်းတို့ကို ဆိုလိုသည်။ ဘုရားသခင်၏ စောင့်ကြည့်မှုကို လက်ခံခြင်းနှင့် ဘုရားသခင်၏ စီမံမှုများအား နာခံခြင်းတို့ကို ဆိုလိုသည်။ သင် လုပ်ဆောင်သမျှ၌ ဘုရားသခင်၏ မျက်မှောက်တွင် သင်၏ စိတ်နှလုံးကို ငြိမ်သက်စေနိုင်ရမည်။ ဘုရားသခင်၏ အလိုတော်ကို သင်နားမလည်လျှင်ပင်၊ သင်၏တာဝန်နှင့် ဝတ္တရားများကို သင်စွမ်းဆောင်နိုင်သမျှ အကောင်းဆုံး ဖြည့်ဆည်းနေဆဲ ဖြစ်ရမည်။ ဘုရားသခင်၏အလိုသည် သင့်ထံ ထုတ်ဖော်ပြသည်နှင့်တစ်ပြိုင်နက်၊ ဆောင်ရွက်လော့၊ ယင်းသည် နောက်ကျလွန်းလိမ့်မည်မဟုတ်။ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်လာသည့်အခါ သင်သည် လူများနှင့်လည်း ပုံမှန်ဆက်ဆံရေးများ ရှိလိမ့်မည်။ အရာအားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ အခြေခံအုတ်မြစ်အပေါ်တွင် တည်ဆောက်ထားသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်လော့၊ ထို့နောက် ဘုရားသခင်၏ သတ်မှတ်ချက်များကို လက်တွေ့လုပ်ဆောင်လော့၊ သင်၏အမြင်များကို အမှန်ပြင်ပြီး၊ ဘုရားသခင်ကို ဆန့်ကျင်ဖို့ သို့မဟုတ် အသင်းတော်ကို နှောင့်ယှက်ဖို့ တစ်စုံတစ်ရာ လုပ်ဆောင်ခြင်းအား ရှောင်ရှားလော့။

သင်၏ ညီအစ်ကိုမောင်နှမများ၏ အသက်တာများကို အကျိုးမပြုသည့် မည်သည့်အရာကိုမျှ မလုပ်ဆောင်နှင့်၊ အခြားသူများကို အထောက်အကူမပြုသည့် မည်သည့်အရာကိုမျှ မပြောနှင့်၊ ပြီးလျှင် ရှက်ဖွက်ကောင်းသော မည်သည့်အရာကိုမျှ မလုပ်ဆောင်နှင့်။ သင် လုပ်သမျှတိုင်းတွင် တရားမျှတပြီး ဂုဏ်သိက္ခာရှိကာ သင်၏ လုပ်ရပ်တိုင်းက ဘုရားသခင်၏ ရှေ့မှောက်၌ တင့်တယ်သည်ကို သေချာစေလော့။ တစ်ခါတစ်ရံတွင် ဇာတိပကတိသည် အားနည်းကောင်း အားနည်းနိုင်သော်လည်း၊ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်အတွက် လောဘမကြီးဘဲ ဘုရားသခင်၏မိသားစု အကျိုးများကို သင် ဦးစားပေးနိုင်ရမည်ဖြစ်ပြီး၊ တရားသဖြင့် လုပ်ဆောင်နိုင်ရမည်။ ဤနည်းလမ်းဖြင့် သင်လက်တွေ့လုပ်ဆောင်နိုင်ပါက ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးသည် ပုံမှန်ဖြစ်ပေလိမ့်မည်။

သင် လုပ်သည့်အရာတိုင်းတွင်၊ သင်၏ ရည်ရွယ်ချက်များ မှန်သည်၊ မမှန်သည်ကို သင် ဆန်းစစ်ရမည်။ ဘုရားသခင်၏ သတ်မှတ်ချက်များအတိုင်း သင်လုပ်ဆောင်နိုင်ပါက ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်ပေသည်။ ဤသည်မှာ အနိမ့်ဆုံး စံနှုန်းဖြစ်သည်။ သင်၏ ရည်ရွယ်ချက်များကို ဆန်းစစ်လော့၊ ပြီးလျှင် မမှန်ကန်သော ရည်ရွယ်ချက်များ ထွက်ပေါ်သည်ကို ရှာတွေ့ပါက၊ ထိုအရာများကို ကျောခိုင်းနိုင်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ လုပ်ဆောင်နိုင်စွမ်းရှိလော့။ ထိုသို့ဖြင့် သင်သည် ဘုရားသခင်၏ ရှေ့မှောက်တွင် မှန်ကန်သောသူတစ်ဦး ဖြစ်လာလိမ့်မည်၊ အပြန်အလှန်အားဖြင့် ယင်းသည် ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်သည်ကို ပြသပြီး၊ သင်လုပ်ဆောင်သမျှတို့သည် သင် ကိုယ်တိုင်အတွက် မဟုတ်၊ ဘုရားသခင်အတွက် ဖြစ်သည်ကို ပြပေသည်။ သင် လုပ်ဆောင်သမျှနှင့် ပြောဆိုသမျှတွင်၊ သင်၏စိတ်နှလုံးကို တည့်မှန်အောင်ထားနိုင်ပြီး၊ သင်၏ လုပ်ရပ်များတွင် ဖြောင့်မတ်နိုင်စွမ်းရှိလော့၊ ပြီးလျှင် သင့်စိတ်ခံစားမှုများ၏ ဦးဆောင်မှုကို မခံနှင့်၊ သို့မဟုတ် သင်ကိုယ်တိုင်၏ အလိုအတိုင်း မလုပ်ဆောင်နှင့်။ ဤသည်တို့မှာ ဘုရားသခင်ကို ယုံကြည်သူများ မိမိတို့ကိုယ်ကိုယ် ပြုမူနေထိုင်ရမည့် အခြေခံစည်းမျဉ်းများဖြစ်သည်။ သေးငယ်သောအရာများက လူတစ်ဦး၏ ရည်ရွယ်ချက်များနှင့် ဝိညာဉ်အသက်တာတို့ကို ထုတ်ဖော်ပြနိုင်သောကြောင့်၊ တစ်ဦးတစ်ယောက်အတွက် ဘုရားသခင်၏ စုံလင်စေခြင်းလမ်းကြောင်းပေါ်သို့ ဝင်ရောက်ရန်၊ သူ၏ ရည်ရွယ်ချက်များနှင့် ဘုရားသခင်နှင့် သူ၏ဆက်ဆံရေးကို ဦးစွာ ပြုပြင်ရမည်။ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်သည့်အခါမှသာလျှင် သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရနိုင်၏။ ထိုအခါမှသာ ဘုရားသခင်၏ ကိုင်တွယ်ဖြေရှင်းခြင်း၊ ပြုပြင်ခြင်း၊ ဆုံးမပဲ့ပြင်ခြင်းနှင့် စစ်ဆေးခြင်းတို့သည် ၎င်းတို့ ရည်ရွယ်သည့် အကျိုးတရားကို သင်၌

ရရှိနိုင်ပေသည်။ ဆိုလိုသည်မှာ လူသားများသည် ၎င်းတို့၏စိတ်နှလုံးများထဲတွင် ဘုရားသခင်ကို ထိန်းသိမ်းထားနိုင်ပြီး၊ ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်ကို မလိုက်စားပါက၊ သို့မဟုတ် ၎င်းတို့၏ ကိုယ်ပိုင် အခွင့်အလမ်းများကို (ဇာတိပကတိ အသိဖြင့်) တွေးတောခြင်း မပြုဘဲ၊ ယင်းအစား အသက်တာ ဝင်ရောက်မှု ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ကာ၊ သမ္မာတရားကို လိုက်စားရန် အကောင်းဆုံး လုပ်ဆောင်ကြပြီး ဘုရားသခင်၏ အမှုကို နာခံကြပါက- ဤအရာကို သင် လုပ်ဆောင်နိုင်ပါက၊ သင်လိုက်စားသော ရည်မှန်းချက်များ မှန်ကန်လိမ့်မည်ဖြစ်ပြီး ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်လာလိမ့်မည်။ ဘုရားသခင်နှင့် မိမိ၏ ဆက်ဆံရေးကို မှန်ကန်စေခြင်းကို မိမိ၏ ဝိညာဉ်ရေးရာ ခရီးထဲ ဝင်ရောက်ခြင်း၏ ပထမခြေလှမ်းဖြစ်သည်ဟု ပြောနိုင်သည်။ လူသား၏ ကံကြမ္မာသည် ဘုရားသခင်၏ လက်ထဲတွင် ရှိပြီး ဘုရားသခင်က ခွဲခန့်မှတ်သားထားပြီး ဖြစ်သော်လည်း၊ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်း သို့မဟုတ် ရယူခြင်းကိုခံနိုင်ခြင်း ရှိမရှိမှာ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်ခြင်း ရှိမရှိဆိုသည့်အပေါ် မူတည်သည်။ သင့်တွင် အားနည်းသည့် သို့မဟုတ် မနာခံသည့် အစိတ်အပိုင်းများ ရှိကောင်းရှိနိုင်သည်- သို့သော် သင်၏အမြင်နှင့် ရည်ရွယ်ချက်များ မှန်ကန်သရွေ့ ပြီးလျှင် ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး မှန်ကန်ပြီး လျော်ကန်သရွေ့ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရရန် အရည်အချင်းပြည့်မီပေသည်။ သင်သည် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေး မရှိသည့်အပြင် ဇာတိပကတိအတွက်၊ သို့မဟုတ် သင်၏မိသားစုအတွက် လုပ်ဆောင်ပါက၊ သင်မည်မျှ ကြိုးစား လုပ်ဆောင်သည်ဖြစ်စေ အချည်းနှီး ဖြစ်လိမ့်မည်။ အကယ်၍ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်ပါက၊ အခြားအရာအားလုံးသည် နေရာတကျ ရှိလိမ့်မည်။ ဘုရားသခင်သည် အခြားမည်သည့်အရာကိုမျှ မကြည့်ဘဲ၊ သင်မည်သူ့ကို ယုံကြည်သည်၊ မည်သူ့အတွက် သင်ယုံကြည်သည်ဆိုသည်နှင့် အဘယ်ကြောင့် သင်ယုံကြည်သည်ဆိုသည့် ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်း အမြင်များ မှန်ကန်ခြင်း ရှိမရှိဆိုသည်ကို ကြည့်၏။ ဤအရာများကို သင်သည် ရှင်းလင်းစွာ မြင်နိုင်ပြီး ကောင်းစွာ စီမံခန့်ခွဲထားသော သင်၏အမြင်များဖြင့် လက်တွေ့လုပ်ဆောင်နိုင်ပါက သင်သည် သင်၏အသက်တာတွင် တိုးတက်မှု လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကာ လမ်းကြောင်းမှန်ပေါ်သို့ ဝင်ရောက်ရန်လည်း သေချာလိမ့်မည်။ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်မဖြစ်သကဲ့သို့၊ ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်း အမြင်များ လွဲချော်နေပါက အခြားအရာအားလုံး အချည်းနှီးဖြစ်ကာ မည်မျှ သင် ကြိုးစားယုံကြည်ပါစေ၊ အဘယ်အရာကိုမျှ ရရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်လာသည့်နောက်တွင်သာ၊ ဇာတိပကတိကို သင်

စွန့်လွှတ်သည့်အခါ၊ ဆုတောင်းသည့်အခါ၊ ဆင်းရဲဒုက္ခခံသည့်အခါ၊ သည်းခံသည့်အခါ၊ နာခံသည့်အခါနှင့် သင်၏ညီအစ်ကိုမောင်နှမများကို ကူညီသည့်အခါ၊ ဘုရားသခင်အတွက် မိမိကိုယ်ကိုယ် အသုံးခံသည့်အခါ စသည့်အခါတို့တွင် ဘုရားသခင်ထံမှ ချီးမွမ်းခြင်းကို သင်ရရှိလိမ့်မည်။ သင်လုပ်သောအရာသည် တန်ဖိုးနှင့် အရေးပါမှု ရှိမရှိဆိုသည်မှာ သင်၏ ရည်ရွယ်ချက်များ မှန်ပြီး သင်၏ အမြင်များ မှန်ကန်မှု ရှိမရှိဆိုသည့်အပေါ် မူတည်သည်။ ယနေ့ခေတ်တွင် လူများစွာသည် မိမိတို့၏ဦးခေါင်းများကိုစောင်းငဲ့ပြီး နာရီကြည့်နေကြသည့်အလား ဘုရားသခင်ကို ယုံကြည်ကြ၏- ၎င်းတို့၏ အမြင်များ လွဲချော်နေပြီး အရေးပါသော ရှာဖွေတွေ့ရှိမှုတစ်ရပ်ဖြင့် ၎င်းတို့အား ပြန်လည် တည့်မတ်စေရမည် ဖြစ်သည်။ ဤပြဿနာ ပြေလည်သွားပါက အရာရာသည် အဆင်ပြေလိမ့်မည်။ သို့မဟုတ်ပါက၊ အရာရာသည် အချည်းနှီး ဖြစ်သွားလိမ့်မည်။ အချို့သောလူတို့သည် ငါ၏ရှေ့မှောက်တွင် ကောင်းစွာ ပြုမူကြသော်လည်း၊ ငါ၏နောက်ကွယ်တွင် ၎င်းတို့သည် အာခံခြင်းသာ လုပ်ကြ၏။ ဤအရာသည် တမင်လိမ်လည်လှည့်စားခြင်းနှင့် လှည့်ဖြားခြင်း သရုပ်သကန်တစ်ခု ဖြစ်ပြီး ဤလူစားမျိုးသည် စာတန်၏ အစေခံတစ်ဦးဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို စမ်းသပ်ရန် လာသည့် စာတန်၏ ပြယုဂ်စစ်စစ်ဖြစ်သည်။ သင်သည် ငါ၏အမှုနှင့် ငါ၏နှုတ်ကပတ်တော်များကို နာခံနိုင်မှသာလျှင် မှန်ကန်သော လူတစ်ဦးဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်နိုင်သမျှ ကာလပတ်လုံး၊ သင်လုပ်ဆောင်သမျှတိုင်းသည် ဘုရားသခင်ရှေ့မှောက်တွင် တင့်တယ်ပြီး လုပ်ဆောင်သမျှ၌ သင်သည် တရားမျှတပြီး ဂုဏ်သိက္ခာရှိသမျှ ကာလပတ်လုံး၊ ရှက်ဖွယ်ကောင်းသော အရာများ သို့မဟုတ် အခြားသူများ၏ အသက်တာများကို ထိခိုက်မည့်အရာများ သင်မလုပ်ဆောင်သမျှ ကာလပတ်လုံး၊ ပြီးလျှင် အလင်းတွင် သင်အသက်ရှင်ပြီး စာတန်၏ အမြတ်ထုတ်ခြင်းကို ခွင့်မပြုသမျှ ကာလပတ်လုံး ဘုရားသခင်နှင့် သင်၏ ဆက်ဆံရေးသည် မှန်ကန်စွာ စနစ်တကျ ရှိလိမ့်မည်။

ဘုရားသခင်ကို ယုံကြည်ခြင်းသည် သင်၏ ရည်ရွယ်ချက်များနှင့် အမြင်များကို မှန်ကန်စွာ စနစ်တကျ ထားရှိဖို့ လိုအပ်၏။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ဘုရားသခင်၏အမှုတော်၊ ဘုရားသခင် စီစဉ်ထားသော ပတ်ဝန်းကျင်များအားလုံး၊ ဘုရားသခင် သက်သေခံသော လူသားနှင့် လက်တွေ့ကျသော ဘုရားသခင်တို့နှင့်သက်ဆိုင်သော မှန်ကန်သည့် သိနားလည်မှုနှင့် မှန်ကန်သည့် သဘောထားပုံတို့ ရှိရမည်။ သင်သည် သင်၏ ကိုယ်ပိုင် စိတ်ကူးများအတိုင်း လက်တွေ့မလုပ်ဆောင်ရ၊ သို့မဟုတ် သင်၏ ကိုယ်ပိုင် သေးနုပ်သော အကြံများကို မဖန်တီးရ။ မည်သည့်အရာကို သင် လုပ်ဆောင်ပါစေ၊

သမ္မာတရားကို သင် ရှာနိုင်ရမည်ဖြစ်ပြီး၊ ဖန်ဆင်းခံသတ္တဝါတစ်ဦးအဖြစ် သင်၏အနေအထားတွင် ဘုရားသခင်၏ အမှုအားလုံးကို နာခံနိုင်ရမည်။ ဘုရားသခင်၏ စုံလင်စေခြင်းနှင့် အသက်တာ၏ မှန်သောလမ်းကြောင်းပေါ် ဝင်ရောက်ခြင်းကို သင်လိုက်စားရန် ဆန္ဒရှိပါက၊ သင်၏စိတ်နှလုံးသည် ဘုရားသခင်၏ ရှေ့မှောက်တွင် အစဉ်အမြဲ အသက်ရှင်ရမည်။ အကျင့်မပျက်နှင့်၊ စာတန်နောက်မလိုက်နှင့်၊ စာတန်ကို သူ၏ အလုပ်ကိုဆောင်ရွက်ရန် မည်သည့်အခွင့်အရေးမျှ မပေးနှင့်၊ ပြီးလျှင် သင့်အား အသုံးပြုဖို့ စာတန်ကို အခွင့်မပေးနှင့်။ သင့်ကိုယ်သင် ဘုရားသခင်ထံ လုံးဝ ပေးအပ်ရမည်ဖြစ်ပြီး သင့်အပေါ် ဘုရားသခင်ကို စိုးမိုးခွင့်ပေးရမည်။

သင်သည် စာတန်၏အစေခံ ဖြစ်ရန် လိုလားလျက်ရှိသလော။ သင်သည် စာတန်၏အမြတ်ထုတ်ခြင်းခံရဖို့ လိုလားလျက်ရှိသလော။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရဖို့အလို့ငှာ သို့မဟုတ် ဘုရားသခင်၏အမှုတော်အတွက် အဖြည့်ခံ ဖြစ်လာနိုင်ဖို့အလို့ငှာ ဘုရားသခင်ကို ယုံကြည်ပြီး သူ့ကို လိုက်စားသလော။ သင်သည် ဘုရားသခင်၏ ရယူခြင်းကိုခံရသည့် အဓိပ္ပါယ်ရှိသော အသက်တာကို ပိုမိုနှစ်သက်သလော သို့မဟုတ် သုံးမရဖြစ်ကာ အနှစ်မဲ့သော အသက်တာတစ်ခုကို ပိုမိုနှစ်သက်သလော။ သင်သည် ဘုရားသခင်၏ အသုံးပြုခြင်းခံရဖို့ ပိုမိုနှစ်သက်သလော သို့မဟုတ် စာတန်၏ အမြတ်ထုတ်ခြင်းကိုခံဖို့ ပိုမိုနှစ်သက်သလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သမ္မာတရားများကို သင့်အား ဖြည့်ဆည်းခွင့်ပေးဖို့ ပိုမိုနှစ်သက်သလော၊ သို့မဟုတ် အပြစ်နှင့် စာတန်တို့ကို သင့်အား ဖြည့်ဆည်းခွင့်ပေးဖို့ ပိုမိုနှစ်သက်သလော။ ဤအရာများကို သေချာစွာ စဉ်းစားဆင်ခြင်လော့။ သင်၏ နေ့စဉ်အသက်တာတွင်၊ သင် ပြောဆိုသည့် မည်သည့်စကားများ၊ သင် လုပ်ဆောင်သည့် မည်သည့်အရာများက ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးတွင် မူမမှန်ခြင်း ဖြစ်ကောင်းဖြစ်စေလိမ့်မည် ဆိုသည်ကို သင်နားလည်ရမည်ဖြစ်ပြီး၊ ထို့နောက် မှန်ကန်သည့် ပုံစံအတွင်း ဝင်ရောက်ဖို့ သင့်ကိုယ်သင် ပြုပြင်ရမည်။ တစ်ချိန်လုံး၊ သင်၏ စကားများ၊ သင်၏ လုပ်ရပ်များ၊ သင်၏လှုပ်ရှားမှုတစ်ခုစီတိုင်း၊ သင်၏ အတွေးများနှင့် စိတ်ကူးများအားလုံးကို ဆန်းစစ်လော့။ သင်၏ စစ်မှန်သော အခြေအနေနှင့်ဆိုင်သည် မှန်ကန်သော သိနားလည်မှုကို ရရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှု ပုံစံထဲသို့ ဝင်ရောက်လော့။ ဤသည်မှာ ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးရှိဖို့ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်ခြင်းရှိမရှိ ဆိုသည်ကို အကဲဖြတ်ခြင်းအားဖြင့်၊ သင်သည် သင်၏ရည်ရွယ်ချက်များကို အမှန်ပြင်လာနိုင်လိမ့်မည်ဖြစ်ပြီး၊ လူသား၏ သဘာဝနှင့် အနှစ်သာရကို

နားလည်လာနိုင်လိမ့်မည်ဖြစ်ကာ၊ သင့်ကိုယ်သင် အမှန်တကယ် နားလည်နိုင်လာမည်ဖြစ်သည်၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့်၊ သင်သည် စစ်မှန်သော အတွေ့အကြုံများထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်၍၊ သင့်ကိုယ်သင် စစ်မှန်သော နည်းလမ်းတစ်ခုဖြင့် စွန့်လွှတ်နိုင်လိမ့်မည်ဖြစ်ပြီး၊ ရည်ရွယ်ချက်ဖြင့် နာခံနိုင်လိမ့်မည်။ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်ခြင်းရှိမရှိနှင့် စပ်လျဉ်းသည့် ဤကိစ္စရပ်များကို သင်တွေ့ကြုံသည်နှင့်အမျှ၊ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းကိုခံရမည့် အခွင့်အရေးများကို ရှာတွေ့လိမ့်မည်ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်၏ အခြေအနေများစွာကို သဘောပေါက်လာနိုင်လိမ့်မည်။ စာတန်၏ လှည့်စားမှုများစွာ ကိုလည်း သင် ရိပ်စားနိုင်လိမ့်မည်ဖြစ်ပြီး၊ ယင်း၏ လျှို့ဝှက်ကြံစည်မှုများကို ထိုးထွင်းသိမြင်နိုင်လိမ့်မည်။ ဤနည်းလမ်းသည်သာ ဘုရားသခင်အားဖြင့် စုံလင်ခံရခြင်းသို့ ဦးတည်ပေသည်။ သူ၏ အစီအမံများကို အလုံးစုံ သင် နာခံနိုင်ဖို့အလို့ငှာ၊ ပြီးလျှင် စစ်မှန်သည့် အတွေ့အကြုံများထဲသို့ သာ၍ပင် နက်နဲစွာ သင်ဝင်ရောက်ရန်အလို့ငှာနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သာ၍ပင် ရရှိဖို့အလို့ငှာ၊ ဘုရားသခင်နှင့် သင်၏ ဆက်ဆံရေးကို မှန်ကန်စေလော့။ ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးတစ်ခု ရှိခြင်းကို သင် လက်တွေ့လုပ်ဆောင်သည့်အခါ၊ အကြောင်းကိစ္စအများစုတွင်၊ ဇာတိပကတိကို စွန့်လွှတ်ခြင်းအားဖြင့်နှင့် ဘုရားသခင်နှင့် စစ်မှန်သော ပူးပေါင်းလုပ်ဆောင်ခြင်း တို့မှတစ်ဆင့် အောင်မြင်မှုကို ရရှိလိမ့်မည်ဖြစ်သည်။ “ပူးပေါင်းလုပ်ဆောင်သည့် စိတ်နှလုံးမရှိဘဲနှင့်၊ ဘုရားသခင်၏ အမှုကို ရရှိရန် ခက်ခဲသည်။ ဇာတိပကတိသည် ဆင်းရဲဒုက္ခမခံစားရပါက၊ ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာများလည်း ရှိလိမ့်မည်မဟုတ်။ စိတ်ဝိညာဉ်က ရုန်းကန်ခြင်း မရှိပါက၊ စာတန်သည် အရှက်ရမည်မဟုတ်” ဆိုသည်ကို သင်တို့နားလည်သင့်သည်။ သင်သည် ဤအခြေခံသဘောတရားများကို လက်တွေ့လုပ်ဆောင်ပြီး အကုန်အစင် နားလည်ပါက၊ ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်း အမြင်များသည်လည်း မှန်ကန်လိမ့်မည်။ သင်တို့၏လက်ရှိ လက်တွေ့လုပ်ဆောင်မှုတွင်၊ “အဆာပြေရန်အတွက် ပေါင်မုန့်ကို ရှာဖွေခြင်း” ဟူသည့် ပုံသေအတွေးအခေါ်ကို သင်ဖယ်ရှားရမည်။ “သန့်ရှင်းသော အရာရာတိုင်းကို ဝိညာဉ်တော်က လုပ်ဆောင်ပြီး လူတို့သည် ကြားဝင်နှောင့်ယှက်၍ မရနိုင်” ဟူသည့် ပုံသေအတွေးအခေါ်ကို သင်ဖယ်ရှားရမည်။ ထိုသို့ပြောသည့် လူတိုင်းက၊ “လူတို့သည် သူတို့လုပ်လိုသည့် မည်သည့်အရာကိုမဆို လုပ်နိုင်ပြီး၊ အချိန်တန်လျှင် သန့်ရှင်းသော ဝိညာဉ်တော်က သူ့အလုပ် သူလုပ်လိမ့်မည်။ လူတို့သည် ဇာတိပကတိကို ချုပ်တည်းစရာမလို သို့မဟုတ် ပူးပေါင်းလုပ်ဆောင်ရန် မလိုအပ်ပေ။ အရေးကြီးသည့် တစ်ခုတည်းသောအရာမှာ

သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ၎င်းတို့ တို့ထိခံရဖို့ဖြစ်သည်” ဟု တွေးကြသည်။ ဤအယူအဆအားလုံးက အဓိပ္ပာယ်မရှိပေ။ ထိုသို့သော အခြေအနေများအောက်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် အလုပ်မလုပ်နိုင်ပေ။ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို ကြီးစွာ ဟန့်တားသည်မှာ ဤသို့သောအမြင်မျိုး ဖြစ်သည်။ မကြာခဏပင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို လူတို့၏ ပူးပေါင်းလုပ်ဆောင်မှုမှတစ်ဆင့် ရရှိပေသည်။ ပူးပေါင်းလုပ်ဆောင်မှုမရှိသည့် သူများနှင့် သန္နိဋ္ဌာန်မချထားသည့်သူများသည် ၎င်းတို့၏ စိတ်သဘောထားများတွင် ပြောင်းလဲမှုတစ်ခုကို ရရှိရန်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်နှင့် ဘုရားသခင်ထံမှ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းတို့ကို ရရှိဖို့ဆန္ဒရှိကြပြီး၊ လွန်ကဲသည့် အတွေးများ ဧကန်အမှန် ရှိကြလေသည်။ ဤသည်ကို “မိမိကိုယ်ကို အလိုလိုက်ခြင်းနှင့် စာတန်ကို ချမ်းသာပေးခြင်း” ဟု ခေါ်သည်။ ထိုသို့သော လူတို့သည် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေး မရှိကြပေ။ သင်သည် မိမိအတွင်း၌ စာတန်ဆန်သော စိတ်သဘောထားနှင့်ဆိုင်သည့် ထုတ်ဖော်ခြင်းများနှင့် သရုပ်သကန်များစွာတို့ကို ရှာဖွေသင့်ပြီး၊ ယခု ဘုရားသခင် တောင်းဆိုသည့်အရာနှင့် ဆန့်ကျင်သည့် သင်၌ရှိသော လက်တွေ့လုပ်ဆောင်မှုများကို ရှာဖွေသင့်သည်။ သင်သည် စာတန်ကို ယခု စွန့်လွှတ်နိုင်လိမ့်မည်လော။ သင်သည် ဘုရားသခင်နှင့် ပုံမှန် ဆက်ဆံရေး ရှိသင့်သည်၊ ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့်အညီ လုပ်ဆောင်သင့်သည်၊ ပြီးလျှင် အသစ်သော အသက်တာနှင့်အတူ လူသစ်တစ်ဦး ဖြစ်လာသင့်သည်။ အတိတ်က အပြစ်များပေါ်တွင် အချိန်ကုန်ခံ မစဉ်းစားနှင့်။ လွန်လွန်ကဲကဲ နောင်တမရနှင့်။ ရပ်တည်ပြီး ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်နိုင်ခြင်းရှိလော့၊ ပြီးလျှင် သင်၏ ဖြည့်ဆည်းရမည့် တာဝန်များကို ဖြည့်ဆည်းလော့။ ဤနည်းလမ်းဖြင့်၊ ဘုရားသခင်နှင့် သင်၏ ဆက်ဆံရေးသည် ပုံမှန် ဖြစ်လာလိမ့်မည်။

ဤအရာကို ဖတ်ရှုပြီးသည့်နောက်၊ ဤနှုတ်ကပတ်တော်များကို လက်ခံဖို့ သင် အခိုင်အမာ ပြောရုံမျှပြောဆိုသော်လည်း၊ သင့်စိတ်နှလုံးသည် တို့ထိခြင်းမခံရဘဲရှိကာ ဘုရားသခင်နှင့် သင်၏ ဆက်ဆံရေး ပုံမှန်ဖြစ်စေဖို့ သင် မကြိုးစားပါက၊ ယင်းသည် သင့်အနေဖြင့် ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးကို အလေးမထားကြောင်း သက်သေပြနေသည်။ သင်၏အမြင်များသည် အမှန်မရှိသေး၊ သင်၏ရည်ရွယ်ချက်များသည် ဘုရားသခင်၏ ရယူခံရခြင်းခံရဖို့နှင့် သူ့ထံ ဘုန်းအသရေ ဆောင်ကြဉ်းပေးဖို့ ချမှတ်ထားခြင်း မရှိသေးဘဲ ယင်းအစား၊ စာတန်၏ အကြံများကို အောင်နိုင်ခွင့်ပေးခြင်းနှင့် သင်၏ကိုယ်ပိုင် ရည်မှန်းချက်များကို ရရှိခြင်းသို့သာ ဦးတည်နေဆဲဖြစ်သည်။ ထိုသို့သောလူများသည်

မှားယွင်းသည့် ရည်ရွယ်ချက်များနှင့် မမှန်ကန်သည့် အမြင်များရှိကြသည်။ ဘုရားသခင်က မည်သည့်အရာကို ပြောသည်ဖြစ်စေ သို့မဟုတ် မည်ကဲ့သို့ ပြောသည်ဖြစ်စေ၊ ထိုသို့သော လူတို့သည် လုံးဝ စိတ်ဝင်စားမှု မရှိမြဲဖြစ်ကာ နည်းနည်းမျှ မပြောင်းလဲကြပေ။ ၎င်းတို့၏ စိတ်နှလုံးများသည် ကြောက်ရွံ့မှု မခံစားရ၊ ထို့အပြင် မရှက်ကြချေ။ ထိုသို့သောလူတစ်ဦးသည် ဝိညာဉ်ကင်းမဲ့သည့် ငတုံးတစ်ဦး ဖြစ်သည်။ ဘုရားသခင်၏ မိန့်မြွက်ချက်တိုင်းကို ဖတ်ကြားပြီး ၎င်းတို့ကို နားလည်သည်နှင့်တစ်ပြိုင်နက် လက်တွေ့လုပ်ဆောင်လော့။ သင်၏ ဇာတိပကတိ အားနည်းသည့် အချိန်အခါများ၊ သို့မဟုတ် သင် ပုန်ကန်တတ်သည့် အချိန်အခါများ သို့မဟုတ် သင် ခုခံတတ်သည့် အချိန်အခါများ ရှိကောင်းရှိလိမ့်မည်။ ယခင်က သင်မည်သို့ပင် ပြုမူခဲ့ပါစေ၊ အနည်းငယ်သော အကျိုးဆက်သာ ရှိပြီး ယနေ့ သင်၏ အသက်တာကို ရင့်ကျက်ခြင်းမှ မဟန့်တားနိုင်ပေ။ ယနေ့တွင် သင်သည် ဘုရားသခင်နှင့် ပုံမှန် ဆက်ဆံရေး ရှိနိုင်သရွေ့ မျှော်လင့်ချက် ရှိ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်ဖတ်သည့်အချိန်တိုင်းတွင် သင့်အထဲ၌ ပြောင်းလဲမှုရှိပြီး၊ သင်၏အသက်တာသည် ပိုကောင်းဖို့အတွက် ပြောင်းလဲပြီဟု အခြားသူများ ပြောနိုင်ပါက၊ ယင်းသည် ယခုတွင် ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်ပြီဖြစ်ပြီး၊ မှန်ကန်စေပြီး ဖြစ်သည်ကို ပြပေသည်။ ဘုရားသခင်သည် လူတို့ကို ၎င်းတို့၏ အပြစ်ကျူးလွန်မှုများအတိုင်း ဆက်ဆံခြင်းမပြုပေ။ သင်နားလည်ပြီး သတိပြုမိ လာသည်နှင့်တစ်ပြိုင်နက်၊ သင်သည် ပုန်ကန်ခြင်း၊ ခုခံခြင်း ရပ်တန့်နိုင်သရွေ့ ဘုရားသခင်သည် သင့်အပေါ် သနားခြင်းကရုဏာ ရှိနေဆဲဖြစ်လိမ့်မည်။ သင်သည် ဘုရားသခင်အားဖြင့် စုံလင်စေခြင်းခံရခြင်းအဖြစ်ကို လိုက်စားဖို့ သိနားလည်မှု ရှိပြီး ဆုံးဖြတ်ချက် ရှိသည့်အခါတွင်၊ ဘုရားသခင်၏ မျက်မှောက်တွင် သင်၏အခြေအနေက ပုံမှန်ဖြစ်လာလိမ့်မည်။

သင်အဘယ်အရာကို လုပ်ဆောင်ပါစေ၊ လုပ်ဆောင် နေသည့်အချိန်တွင် အောက်ပါတို့ကို စဉ်းစားဆင်ခြင်လော့- ဤအရာကို ငါလုပ်လျှင် ဘုရားသခင် မည်ကဲ့သို့ထင်မည်နည်း၊ ယင်းသည် ငါ၏ညီအစ်ကိုမောင်နှမများကို အကျိုးပြုမည်လော၊ ယင်းသည် ဘုရားသခင်၏ အိမ်တော်၌ရှိသည့် အလုပ်ကို အကျိုးပြုမည်လော။ ဆုတောင်းခြင်း၊ မိတ်သဟာယပြုခြင်း၊ စကားပြောဆိုခြင်း၊ အလုပ် သို့မဟုတ် အခြားသူများနှင့် ဆက်သွယ်ခြင်းတွင် သင်၏ရည်ရွယ်ချက်များကို ဆန်းစစ်ပြီး ဘုရားသခင်နှင့် သင်၏ဆက်ဆံရေး ပုံမှန်ဖြစ်ခြင်းရှိမရှိဆိုသည်ကို စစ်ဆေးလော့။ သင်ကိုယ်တိုင်၏ ရည်ရွယ်ချက်များနှင့် အတွေးများကို သင်သည် မသိမြင်နိုင်ပါက၊ ဤအရာက သင်သည် ခွဲခြားနိုင်ခြင်း ကင်းမဲ့သည်ကို ဆိုလိုသည်၊ ယင်းမှာ သင်သည် သမ္မာတရားအား အလွန်နည်းပါးစွာ နားလည်သည်ကို သက်သေပြပေသည်။ ဘုရားသခင်လုပ်ဆောင်သမျှတိုင်းကို သင်သည်

ရှင်းရှင်းလင်းလင်း နားလည်နိုင်ပြီး ဘုရားသခင်ဘက်တွင် ရပ်တည်ရင်း ဘုရားနှုတ်ကပတ်တော်၏ ရှုထောင့်မှတစ်ဆင့် အဖြစ်အပျက်များကို သိမြင်နိုင်ပါက၊ သင်၏အမြင်များ မှန်ကန်လာပြီးဖြစ်လိမ့်မည်။ ထို့ကြောင့် ဘုရားသခင်နှင့် ကောင်းမွန်သည့် ဆက်ဆံရေးတစ်ခုကို တည်ဆောက်ခြင်းသည် ဘုရားသခင်ကို ယုံကြည်သူ မည်သူမဆိုအဖို့ အဆုံးစွန် အရေးကြီးသောအရာ ဖြစ်သည်။ အယောက်တိုင်းသည် ယင်းကို ၎င်းတို့ဘဝတွင် ပဓာန အရေးကြီးသည့်တာဝန်တစ်ခုနှင့် အကြီးမားဆုံးသော ဖြစ်ရပ်အဖြစ် မှတ်ယူသင့်သည်။ သင်လုပ်ဆောင်သမျှ အရာတိုင်းကို သင်သည် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေး ရှိမရှိဆိုသည့်အရာဖြင့် တိုင်းတာပေသည်။ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးသည် ပုံမှန်ဖြစ်ပြီး သင်၏ရည်ရွယ်ချက်များ မှန်ပါက၊ ဆောင်ရွက်လော့။ ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးကို ထိန်းသိမ်းရန်၊ သင်သည် ပုဂ္ဂိုလ်ရေးရာ အကျိုးများ ဆုံးရှုံးခြင်း ခံစားရဖို့ မစိုးရွံ့နှင့်။ စာတန်ကို အနိုင်ယူခွင့် သင်ပေး၍မရ၊ စာတန်အား သင့်အပေါ် အခိုင်အမာတွယ်ခွင့် ပေး၍မရသကဲ့သို့၊ စာတန်က သင့်အား ရယ်ဖွယ်ကောင်းသည့် အရာတစ်ခု ဖြစ်စေခွင့် ပေး၍မဖြစ်ပေ။ ထိုသို့သော ရည်ရွယ်ချက်များရှိခြင်းသည် သင်နှင့် ဘုရားသခင်၏ဆက်ဆံရေး ပုံမှန်ဖြစ်သည့် လက္ခဏာဖြစ်သည်- ၎င်းသည် ဇာတိပကတိအတွက် မဟုတ်ဘဲ စိတ်ဝိညာဉ်ငြိမ်သက်ခြင်းအတွက်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ရရှိခြင်းအတွက်နှင့် ဘုရားသခင်၏ အလိုကို ကျေနပ်စေခြင်းအတွက် ဖြစ်သည်။ မှန်ကန်သည့် အခြေအနေသို့ ဝင်ရောက်ရန်၊ သင့်အနေဖြင့် ဘုရားသခင်နှင့် ကောင်းမွန်သည့် ဆက်ဆံရေးကို တည်ဆောက်ရမည်ဖြစ်ပြီး ဘုရားသခင်ကို ယုံကြည်ခြင်းနှင့်သက်ဆိုင်သည့် သင်၏အမြင်ကို မှန်ကန်စေရမည်။ ဤသည်မှာ ဘုရားသခင်က သင့်ကို ရရှိနိုင်ဖို့၊ သူ၏နှုတ်ကပတ်တော်များ၏ အသီးအပွင့်များကို သင့်အထဲတွင် သူဖော်ထုတ်ပြနိုင်ဖို့နှင့် သင့်ကို သာ၍ပင် ဉာဏ်အလင်းပေးပြီး အလင်းပြနိုင်ဖို့အလို့ငှာ ဖြစ်သည်။ ဤနည်းလမ်းဖြင့်၊ သင်သည် မှန်ကန်သည့် အမူအကျင့်ထဲသို့ ဝင်ရောက်ပြီးဖြစ်လိမ့်မည်။ ဘုရားသခင်၏ ယနေ့နှုတ်ကပတ်တော်များကို ဆက်လက် စားသောက်လော့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိ အလုပ်လုပ်ခြင်းနည်းဟန်ထဲသို့ ဝင်ရောက်လော့၊ ဘုရားသခင်၏ ယနေ့ တောင်းဆိုချက်များအတိုင်း ဆောင်ရွက်လော့၊ ခေတ်နောက်ကျသော လက်တွေ့လုပ်ဆောင်မှု နည်းစနစ်များကို မလိုက်နာနှင့်၊ အမူအရာများ လုပ်ဆောင်ခြင်းနှင့်ဆိုင်သည့် နည်းလမ်းဟောင်းများကို မဖက်တွယ်နှင့်၊ ပြီးလျှင် ယနေ့ အလုပ်လုပ်ခြင်း နည်းဟန်ထဲသို့ ဖြစ်နိုင်သမျှမြန်မြန် ဝင်ရောက်လော့။ ထိုသို့ဖြင့် ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးသည် လုံးဝ ပုံမှန်ဖြစ်လာလိမ့်မည်ဖြစ်ပြီး သင်သည် ဘုရားသခင်ကို ယုံကြည်ခြင်း လမ်းကြောင်းမှန်ပေါ်

တက်လှမ်းပြီးဖြစ်လိမ့်မည်။

## စစ်မှန်မှုအပေါ်သာ၍အာရုံစိုက်လော့

လူတိုင်းသည် ဘုရားသခင်၏ စုံလင်စေခြင်းကိုခံရရန် အလားအလာရှိသည်၊ ထို့ကြောင့် ဘုရားသခင်အဖို့ မည်သည့် အစေခံမှုမျိုးသည် ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် အကိုက်ညီဆုံးဖြစ်သည်ကို အယောက်တိုင်း နားလည်သင့်၏။ လူအများစုသည် ဘုရားသခင်ကို ယုံကြည်ဖို့ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသည်ကို မသိကြသကဲ့သို့ သူ့ကို အဘယ့်ကြောင့် ယုံကြည်သင့်သည်ကိုလည်း နားမလည်ကြပေ- ယင်းမှာ အများစုသည် ဘုရားသခင်၏အမှု သို့မဟုတ် ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်နှင့်ဆိုင်သော ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ခြင်း မရှိကြဟု ဆိုလိုသည်။ ယနေ့တွင်၊ လူအများစုသည် ဘုရားသခင်ကို ယုံကြည်ခြင်းမှာ ကောင်းကင်ဘုံသို့သွားခြင်းအကြောင်းနှင့် ၎င်းတို့၏ဝိညာဉ်များ ကယ်တင်ခံရခြင်း ဖြစ်သည်ဟု ထင်နေကြဆဲဖြစ်သည်။ ဘုရားသခင်၌ ယုံကြည်ခြင်း၏ တိကျသော အရေးပါမှုနှင့် ပတ်သက်၍ ၎င်းတို့ ဘာမျှမသိကြ၊ ထို့အပြင် ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်တွင် အရေးအကြီးဆုံးအမှုနှင့်သက်ဆိုင်၍ သိနားလည်ခြင်း တစ်ခုတစ်လေမျှ မရှိကြချေ။ ၎င်းတို့ကိုယ်တိုင်၏အကြောင်းရင်း အမျိုးမျိုးတို့အတွက်၊ လူတို့သည် ဘုရားသခင်၏အမှုကို စိတ်ဝင်စားမှု လုံးဝမရှိကြသကဲ့သို့ သူ၏ ရည်ရွယ်ချက်များ သို့မဟုတ် သူ၏စီမံခန့်ခွဲမှုအစီအစဉ်ကို တွေးတောမှု နည်းငယ်မျှ မရှိကြချေ။ ဤရေစီးကြောင်းထဲက လူပုဂ္ဂိုလ် ဖြစ်သည်နှင့်အညီ၊ လူအသီးသီးသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ် တစ်ခုလုံး၏ ရည်ရွယ်ချက်မှာ မည်သည့်အရာ ဖြစ်သည်၊ အချိန်ကြာမြင့်စွာကတည်းက သူ ပြီးမြောက်ခဲ့သည့် အမှုန်တရားများ၊ ဤလူတစ်စုကို ဘုရားသခင် အဘယ်ကြောင့် ရွေးချယ်ထားသည်၊ ၎င်းတို့ကို သူ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်သည်ဆိုသည်နှင့် ဤလူစုတွင် မည်သည့်အရာကို သူ ရရှိဖို့ ဆန္ဒရှိသည်တို့ကို သိသင့်ပေသည်။ အဆင်းနီသောနဂါးကြီး၏ နိုင်ငံထဲတွင် ဘုရားသခင်သည် ထိုသို့မထင်ရှားသည့် လူတစ်စုကို မြှင့်တင်ပေးနိုင်ဖို့ရန်နှင့် ယနေ့ထိတိုင် ဆက်လက်အမှုပြုဖို့ရန်အတွက်၊ နည်းလမ်းမျိုးစုံဖြင့် ကြိုးစားကာ ၎င်းတို့ကို စုံလင်စေလျက်၊ မရေတွက်နိုင်သော နှုတ်ကပတ်တော်များကို ပြောကြားရင်း၊ များစွာသော အမှုတို့ကို ဆောင်ရွက်ကာ အသုံးတော်ခံအရာများစွာကို စေလွှတ်လျက်- ထိုသို့ ကြီးမားသောအမှုကို ဘုရားသခင် တစ်ဦးတည်း ပြီးမြောက်စေဖို့အတွက်မှာ ဘုရားသခင်၏အမှု

မည်မျှအရေးပါသည်ကို အကယ်ပင် ပြပေသည်။ ထိုအခိုက်အတန့်တွင်၊ သင်သည် ဤအရာကို အပြည့်အဝ နားလည်နိုင်စွမ်း မရှိပေ။ ထိုသို့ဖြစ်သဖြင့်၊ ဘုရားသခင် သင်တို့အထဲတွင် ပြုခဲ့သော အမှုကို အသေးအဖွဲကဲ့သို့ မရှုမြင်လေနှင့်။ ယင်းသည် သေးနုပ်သည့် ကိစ္စရပ်မဟုတ်ပေ။ ဘုရားသခင် သင့်ကို ယနေ့ ထုတ်ဖော်ပြသည့်အရာသည်ပင် သင် နားလည်သဘောပေါက်ပြီး သိရှိဖို့ ကြိုးစားရန် လုံလောက်ပေသည်။ ယင်းကို သင် စစ်မှန်စွာနှင့် နှံ့နှံ့စပ်စပ် နားလည်မှသာ သင်၏ အတွေ့အကြုံများ ပို၍နက်ရှိုင်းလာနိုင်ပြီး သင်၏ အသက်တာ ကြီးထွားနိုင်ပေသည်။ ယနေ့တွင်၊ လူတို့သည် အလွန်နည်းပါးစွာ နားလည်ပြီး လုပ်ဆောင်ကြ၏။ ၎င်းတို့သည် ဘုရားသခင်၏ရည်ရွယ်ချက်များကို ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်စွမ်း မရှိကြချေ။ ဤသည်မှာ လူသား၏အားနည်းချက်နှင့် ၎င်းတို့၏တာဝန်ကို မဖြည့်ဆည်းနိုင်ခြင်း ဖြစ်ပြီး၊ ထို့ကြောင့် လိုချင်သည့် ရလဒ်များကို ၎င်းတို့ ရရှိနိုင်စွမ်း မရှိကြပေ။ လူတို့သည် ဘုရားသခင်၏အမှုတော်ကို သိနားလည်မှု အလွန်ပေါ့တန်ပြီး ဘုရားအိမ်တော်၏ အမှုကို ၎င်းတို့ လုပ်ဆောင်သည့်အချိန်တွင် တန်ဖိုးရှိသည့်အရာတစ်ခုအဖြစ် သဘောထားရန် မလိုလားသောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်သည် လူများစွာတို့တွင် အမှုပြုဖို့ နည်းလမ်းမရှိပေ။ ၎င်းတို့သည် အဆင်ပြေဖို့သာ အစဉ် ဟန်ဆောင်လုပ်ပြကြသည်၊ သို့မဟုတ် လူအများစုနောက် လိုက်ကြသည်၊ သို့မဟုတ် ဟန်ပြအတွက်သာ အလုပ်လုပ်ကြလေသည်။ ယနေ့တွင်၊ ဤရေစီးကြောင်းထဲက လူအသီးသီးသည် ၎င်းတို့၏ လုပ်ရပ်များနှင့် လုပ်ဆောင်ချက်များတွင် ၎င်းတို့ လုပ်နိုင်သမျှ လုပ်ဆောင်ခဲ့ခြင်း ရှိမရှိဆိုသည်နှင့် ၎င်းတို့၏ လုံ့လရှိသမျှ ပေးခဲ့ခြင်း ရှိမရှိဆိုသည်ကို အမှတ်ရသင့်သည်။ လူတို့သည် မိမိတို့၏တာဝန်များကို လုံးဝ မဆောင်ရွက်နိုင်ကြလေပြီ။ ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်က သူ၏ အလုပ်ကို မလုပ်ဆောင်သောကြောင့် မဟုတ်ဘဲ လူတို့က မိမိတို့၏ အလုပ်ကို မလုပ်ဆောင်ကြသောကြောင့် ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်က သူ၏အလုပ်ကို လုပ်ဆောင်ဖို့ မဖြစ်နိုင်ဘဲရှိရလေသည်။ ဘုရားသခင်သည် နောက်ထပ် ပြောစရာ နှုတ်ကပတ်တော်များ မရှိတော့သော်လည်း၊ လူတို့သည် လုံးဝ အမှီမလိုက်ခဲ့ကြပေ၊ ၎င်းတို့သည် လွန်စွာနောက်ကျ ကျန်ရစ်လေပြီ။ ခြေလှမ်းတိုင်းနှင့် နီးကပ်စွာမနေနိုင်ခဲ့ကြသကဲ့သို့ သိုးသငယ်၏ ခြေလှမ်းများကို အနီးကပ် လိုက်လျှောက်နိုင်ခြင်း မရှိကြပေ။ ၎င်းတို့လိုက်နာသင့်သည့်အရာကို မလိုက်နာခဲ့ကြပေ။ ၎င်းတို့ လက်တွေ့လုပ်ဆောင်သင့်သည့်အရာကို လက်တွေ့မလုပ်ဆောင်ခဲ့ကြပေ။ ၎င်းတို့ ဆုတောင်းသင့်သည့်အရာကို ဆုမတောင်းခဲ့ကြပေ။ ၎င်းတို့ ဘေးဖယ်ထားသင့်သော အရာကို ဘေးမဖယ်ထားပေ။ ဤအရာများထဲမှ တစ်ခုတစ်လေကိုမျှ ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်း မရှိ။

ထို့ကြောင့် စားသောက်ပွဲကြီးသို့ တက်ရောက်ခြင်းနှင့်ဆိုင်သော ဤပြောဆိုဆွေးနွေးခြင်းသည် အနှစ်မဲ့၏၊ စစ်မှန်သောအဓိပ္ပါယ် တစ်ခုလေမျှမရှိပေ၊ ထို့အပြင် ယင်းသည် ၎င်းတို့၏ စိတ်ကူးထဲတွင်သာ ရှိလေသည်။ ယနေ့အမြင်မှ ကြည့်ပါက၊ လူတို့သည် မိမိတို့၏ တာဝန်ကို လုံးဝ မဆောင်ရွက်သေးပေဟု ဆိုနိုင်ပေသည်။ အရာရာတိုင်းသည် ဘုရားသခင်၏ လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်ကိုယ်တော်တိုင် အမှုအရာများကို ပြောဆိုခြင်းအပေါ် တည်မှီ၏။ လူသား၏လုပ်ငန်းတာဝန်သည် အလွန် သေးနုပ်လွန်းခဲ့သည်။ လူတို့သည် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းမရှိသည့် အသုံးမကျသော အမှိုက်များ ဖြစ်သည်။ ဘုရားသခင်သည် ထောင်ပေါင်းရာချီသော နှုတ်ကပတ်တော်များကို မြွက်ဆိုပြီးဖြစ်သော်လည်း၊ လူတို့သည် ဇာတိပကတိကို စွန့်လွှတ်ခြင်း၊ အယူအဆများကို စွန့်ပစ်ခြင်း၊ ပိုင်းခြားသိမြင်မှုကို တိုးတက်စေပြီး ထိုးထွင်းသိမြင်မှုကို ရရှိလျက်ရှိစဉ်တွင် အရာအားလုံး၌ ဘုရားသခင်ကို နာခံမှုအား လက်တွေ့လုပ်ဆောင်ခြင်း၊ လူတို့ကို မိမိတို့၏ စိတ်နှလုံးများထဲတွင် နေရာမပေးခြင်း၊ မိမိတို့၏စိတ်နှလုံးများထဲက ရုပ်တုဆင်းတုများကို ဖယ်ရှားခြင်း၊ မမှန်ကန်သော ၎င်းတို့၏ ရည်ရွယ်ချက်များကို တွန်းလှန်ခြင်း၊ စိတ်ခံစားမှုဖြင့် မပြုမူခြင်း၊ အမှုအရာများကို မျှတစွာနှင့် ဘက်လိုက်မှုမရှိဘဲ လုပ်ဆောင်ခြင်း၊ ဘုရားသခင်၏အကျိုးများနှင့် ၎င်းတို့ စကားပြောဆိုသည့်အခါ အခြားသူများအပေါ် ၎င်းတို့၏ လွှမ်းမိုးမှုများကို သာ၍ အရေးထားခြင်း၊ ဘုရားသခင်၏အမှုကို အကျိုးပြုသည့်အရာများကို သာ၍ လုပ်ဆောင်ခြင်း၊ ၎င်းတို့ လုပ်ဆောင်သမျှ အရာအားလုံးတွင် ဘုရားသခင်၏ အိမ်တော်ကို အကျိုးပြုခြင်းအား စိတ်ထဲတွင်ထားခြင်း၊ ၎င်းတို့၏ စိတ်ခံစားချက်များအား ၎င်းတို့၏ အပြုအမူကို စိုးမိုးခွင့်မပေးခြင်း၊ ၎င်းတို့ကိုယ်တိုင်၏ ဇာတိပကတိကို အားရကျေနပ်စေသည့် အရာတို့ကို ဖယ်ရှားခြင်း၊ တစ်ကိုယ်ကောင်းဆန်သော အယူအဆဟောင်းများကို ဖယ်ရှားခြင်း စသည်ဖြင့် ထိုနှုတ်ကပတ်တော်များထဲမှ မည်သည့်အရာကိုမျှ လက်တွေ့လုပ်ဆောင်ခြင်း မရှိကြချေ။ ဘုရားသခင်က လူသားအပေါ် ပြုလုပ်ထားသည့် ဤသတ်မှတ်ချက်များ အားလုံးထဲမှ အချို့ကို ၎င်းတို့သည် အမှန်တကယ် နားလည်သော်လည်း ထိုသတ်မှတ်ချက်များကို လက်တွေ့လုပ်ဆောင်ရန် လိုလားမှု လုံးဝမရှိကြခြင်း ဖြစ်သည်။ ဘုရားသခင်သည် အခြား မည်သည့်အရာကို လုပ်ဆောင်နိုင်မည်နည်း၊ ပြီးလျှင် ဘုရားသခင်သည် ၎င်းတို့ကို အခြား မည်သည့်နည်းဖြင့် တို့ထိနိုင်မည်နည်း။ ဘုရားသခင်၏ အမြင်တွင် ပုန်ကန်ခြင်း၏ သားများဖြစ်သော သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ကောက်ယူပြီး ၎င်းတို့ကို ချီးမွမ်းဝံ့မည်နည်း။ လူတို့၏ အသိစိတ်မှာ အဘယ်မှာနည်း။ ၎င်းတို့ အစွမ်းကုန် လုပ်ဆောင်ဖို့ မပြောနှင့်၊ ၎င်းတို့

ဖြည့်ဆည်းပြီးဖြစ်သင့်သည့် အနိမ့်ဆုံး တာဝန်များကိုပင် ဖြည့်ဆည်းပြီးကြခြင်း မရှိပေ။ ၎င်းတို့သည် စိတ်ကူးယဉ်အိပ်မက်တွင် အသက်ရှိနေကြသည် မဟုတ်လော။ လက်တွေ့လုပ်ဆောင်ခြင်းမရှိဘဲ လက်တွေ့အရှိတရားအကြောင်း ပြောဆိုဆွေးနွေး၍ မရနိုင်ပေ။ ဤသည်မှာ ထင်ရှားသောအချက်တစ်ခု ဖြစ်သည်။

သင်တို့အနေဖြင့် ပို၍လက်တွေ့ကျသော သင်ခန်းစာများကို သင်ယူနေသင့်၏။ လူတို့နှစ်သက်သော ကြီးကျယ်သည့်၊ အနှစ်သာရမဲ့သော စကားတို့ကို မလိုအပ်ပေ။ အသိပညာအကြောင်း ပြောဆိုခြင်းနှင့် ပတ်သက်လာသည့်အခါ၊ လူအသီးသီးသည် ရှေ့ကတစ်ယောက်ထက် ပို၍မြင့်သော်လည်း လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်း မရှိကြသေးပေ။ လူမည်မျှသည် လက်တွေ့လုပ်ဆောင်ခြင်း၏ အခြေခံ သဘောတရားများကို နားလည်ပြီးပြီနည်း။ လူမည်မျှသည် တကယ့် သင်ခန်းစာများကို သင်ယူပြီးပြီနည်း။ လက်တွေ့အရှိတရားအကြောင်းကို မည်သူ မိတ်သဟာယ ပြုနိုင်သနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သော အသိပညာကို ပြောဆိုနိုင်ခြင်းသည် စစ်မှန်သော ဝိညာဉ်အသက်တာ သင် ပိုင်ဆိုင်သည်ဟု မဆိုလိုပေ။ ယင်းက သင်သည် တော်လျက်မွေးလာခဲ့သည်၊ ပါရမီရှိသည်ကိုသာ ပြ၏။ အကယ်၍ သင်သည် လမ်းကြောင်းကို မညွှန်ပြနိုင်ပါက ရလဒ်သည် အချည်းနှီးဖြစ်လိမ့်မည်ဖြစ်ပြီး၊ သင်သည် အသုံးမကျသော အမှိုက်ဖြစ်လိမ့်မည်။ သင်သည် လက်တွေ့လုပ်ဆောင်ခြင်း နှင့်ဆိုင်သော စစ်မှန်သည့် လမ်းကြောင်းတစ်ခုနှင့် ပတ်သက်၍ မည်သည့်အရာကိုမျှ မပြောဆိုနိုင်ပါက သင်သည် ဟန်ဆောင်နေခြင်း မဟုတ်လော။ အကယ်၍ သင်သည် အခြားသူများအား သင်ကိုယ်တိုင်၏ တကယ့်အတွေ့အကြုံများကို ပေး၍ ၎င်းတို့သင်ယူနိုင်သည့် သင်ခန်းစာများ သို့မဟုတ် ၎င်းတို့ လိုက်လျှောက်နိုင်သည့် လမ်းကြောင်းတစ်ခုကို ပေးနိုင်ခြင်းမရှိပါက သင်သည် ဟန်ဆောင်နေခြင်း မဟုတ်လော။ သင်သည် အတုအယောင်တစ်ဦး မဟုတ်လော။ သင်၌ မည်သည့်တန်ဖိုး ရှိသနည်း။ ထိုသို့သောလူတစ်ဦးသည် “ဆိုရှယ်လစ်စနစ်၏ အတွေးအခေါ်ကို တီထွင်သူ” ၏ အခန်းကဏ္ဍမှသာ ပါဝင်နိုင်မည်ဖြစ်ပြီး “ဆိုရှယ်လစ်စနစ် ပေါ်ပေါက်အောင် ဖန်တီးသူ” တစ်ဦးဖြစ်မလာနိုင်ပေ။ စစ်မှန်မှု မရှိခြင်းသည် သမ္မာတရားမရှိခြင်း ဖြစ်သည်။ စစ်မှန်မှု မရှိခြင်းသည် အသုံးမကျခြင်း ဖြစ်သည်။ စစ်မှန်မှုမရှိခြင်းသည် အသက်ရှင်လျက် သေနေခြင်းဖြစ်သည်။ စစ်မှန်မှုမရှိခြင်းသည် ရည်ညွှန်းစရာ တန်ဖိုးမရှိသည့် “မာတ်စ်-လီနင်ဝါဒီ တွေးခေါ်သူ” တစ်ဦးဖြစ်ခြင်း ဖြစ်သည်။ သင်တို့ အသီးသီးအနေဖြင့် အယူအဆများနှင့် ပတ်သက်၍ ပါးစပ်ပိတ်ကာ၊ လက်တွေ့ကျသည့်အရာ တစ်ခု၊ စစ်မှန်သည့် အရာတစ်ခုနှင့် အနှစ်သာရရှိသော အရာတစ်ခုအကြောင်းကို ပြောဆိုဆွေးနွေးရန် ငါ

တိုက်တွန်း၏။ "ခေတ်သစ်အနုပညာ" အချို့ကို လေ့လာလော့၊ လက်တွေ့ကျသော အရာတစ်ခုကို ပြောဆိုလော့၊ တကယ်ဖြစ်သော အရာတစ်ခုကို ပံ့ပိုးပေးပြီး ဆက်ကပ်သော စိတ်ဝိညာဉ်တစ်ခု ရှိလော့။ စကားပြောသည့်အခါ စစ်မှန်မှုကို ရင်ဆိုင်လော့။ လူတို့ကို ပျော်ရွှင်စေဖို့ သို့မဟုတ် ရုတ်တရက် သင့်ကို သတိပြုမိစေဖို့ စစ်မှန်မှုမရှိဘဲ ချဲ့ကားသော ပြောဆိုမှုတွင် မမွေ့လျော်နှင့်။ ယင်းတွင် အဘယ်မှာ တန်ဖိုးရှိသနည်း။ လူတို့အား သင့်ကို နွေးထွေးစွာ ဆက်ဆံစေရာတွင် မည်သည့် အဓိပ္ပါယ်ရှိသနည်း။ သင်၏ ပြောဆိုချက်တွင် အနည်းငယ် "ကျွမ်းကျင်လှပစွာ ဖန်တီး" လော့၊ သင်၏ အပြုအမူတွင် အနည်းငယ်ပို၍ တရားမျှတမှု ရှိလော့၊ အမှုအရာများကို ကိုင်တွယ်ရာတွင် အနည်းငယ်ပို၍ ဆင်ခြင်တုံတရားနှင့် ကိုက်ညီစေလော့၊ သင်ပြောဆိုသည့်အရာတွင် အနည်းငယ်ပို၍ လက်တွေ့ကျလော့၊ သင်လုပ်ဆောင်ချက်တိုင်းဖြင့် ဘုရားသခင်၏ အိမ်တော်ကို အကျိုးရှိစေရန် စဉ်းစားလော့၊ သင် စိတ်လှုပ်ရှားလာသည့်အခါ သင်၏ အသိစိတ်ကို နာခံလော့၊ ကြင်နာခြင်းကို အမုန်းတရားဖြင့် ပြန်လည် မဆပ်ပေးနှင့် သို့မဟုတ် ကြင်နာမှုအတွက် ကျေးဇူးမကန်းလေနှင့်၊ ပြီးလျှင် သင်သည် မကောင်းသော လွှမ်းမိုးမှုတစ်ခု ဖြစ်သွားမည်စိုးသဖြင့် သူတော်ကောင်း ယောင်ဆောင်သောသူ မဖြစ်စေနှင့်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်သည့်အခါ၊ ၎င်းတို့ကို စစ်မှန်မှုနှင့် ပို၍နီးကပ်စွာ ချိတ်ဆက်ပြီး၊ သင်မိတ်သဟာယဖွဲ့သည့်အခါ ပို၍လက်တွေ့ကျသော အရာများအကြောင်းကို ပြောလော့။ မတင်စီးလေနှင့်။ ဤအရာက ဘုရားသခင်ကို စိတ်ကျေနပ်စေမည် မဟုတ်။ အခြားသူများနှင့် သင်၏ အပြန်အလှန်ဆက်ဆံမှုများတွင် အနည်းငယ်ပို၍ စိတ်ရှည်လော့၊ အနည်းငယ်ပို၍ လိုက်လျောလော့၊ အနည်းငယ်ပို၍ သဘောထားကြီးပြီး၊ "ဝန်ကြီးချုပ်၏ စိတ်ဓါတ်"[က] မှ သင်ယူလော့။ မကောင်းသောအတွေးများ သင်၌ ရှိသည့်အခါ၊ ဇာတိပကတိကို စွန့်လွှတ်ခြင်းအား ပိုမိုလက်တွေ့လုပ်ဆောင်လော့။ သင်အလုပ်လုပ်နေချိန်တွင် လက်တွေ့ကျသော လမ်းကြောင်းများနှင့်သက်ဆိုင်၍ ပိုမိုပြောဆိုကာ၊ မမြင့်မားလွန်းနှင့်၊ သို့မဟုတ်ပါက သင်ပြောသည့်အရာများကို လူတို့ရယူနိုင်ခြင်း မရှိဘဲ နေလိမ့်မည်။ ပျော်ရွှင်မှုကိုလျှော့ကာ ပံ့ပိုးမှုကို ပိုစေလော့- သင်၏ ဆက်ကပ်မှုရှိသော တစ်ကိုယ်ကောင်းမဆန်သည့် စိတ်ဝိညာဉ်ကို ပြလော့။ ဘုရားသခင်၏ ရည်ရွယ်ချက်များကို ပိုမို အလေးထားလော့၊ သင်၏ အသိစိတ်ကို ပိုမို နာခံလော့၊ ပိုမို သတိရှိကာ ဘုရားသခင်သည် သင်တို့ကို နေ့စဉ် စိတ်ရှည်စွာနှင့် လေးနက်စွာ မည်သို့ စကားပြောဆိုသည်ကို မမေ့လျော့နှင့်။ "နှစ်ချုပ်စာအုပ်ဟောင်း" ကို မကြာခဏ ပို၍ ဖတ်ရှုလော့။ မကြာခဏ ပို၍ဆုတောင်းပြီး၊ ပို၍မိတ်သဟာယဖွဲ့လော့။ အလွန် မရေမရာဖြစ်ခြင်းကို ရပ်လော့၊ အသိဉာဏ် အနည်းငယ်ပြပြီး ထိုးထွင်းသိမြင်မှုတစ်ချို့ကို

ရယူလော့။ သင်၏အပြစ်ပြုတတ်သော လက်ကို ဆန့်မိသောအခါ ပြန်၍ရုပ်လော့။ အလွန်ဝေးလှစွာ ရောက်သွားခွင့်မပြုနှင့်။ ယင်းသည် အသုံးမဝင်သကဲ့သို့ ဘုရားသခင်ထံမှ သင်ရရှိသည့်အရာသည် ကျိန်ခြင်းသာ ဖြစ်လိမ့်မည်၊ ထို့ကြောင့် သတိပြုလော့။ သင့်စိတ်နှလုံးအား အခြားသူများအပေါ် ကြင်နာသနားခြင်း ရှိစေပြီး၊ လက်ထဲက လက်နက်များဖြင့် အမြဲမထိုးနှက်နှင့်။ သမ္မာတရားနှင့်ဆိုင်သော အသိပညာအကြောင်းကို ပို၍ မိတ်သဟာယပြုပြီး၊ အခြားသူများအား အကူအညီပေးသောစိတ်ကို ထိန်းသိမ်းလျက် အသက်တာအကြောင်းကို ပို၍ပြောဆိုလော့။ အလုပ်ပိုလုပ်ပြီး အပြောလျှော့လော့။ ပိုမို၍ လက်တွေ့လုပ်ဆောင်ပြီး သုတေသနပြုခြင်းနှင့် စိစစ်ခြင်းတို့ကို လျှော့လော့။ သင်တို့ကိုယ်သင်တို့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သာ၍တို့ထိခွင့်ပေးကာ ဘုရားသခင်အား သင့်ကို စုံလင်စေဖို့ အခွင့်အရေးများ သာ၍ပေးလော့။ လူသားအရိပ်လက္ခဏာများကို ပိုမိုဖယ်ရှားလော့။ သင်သည် အမှုအရာများ လုပ်ဆောင်သည့် လူ့နည်းလမ်းများ ပိုင်ဆိုင်လွန်းသေးသကဲ့သို့၊ သင်၏ အပေါ်ယံအားဖြင့် အမှုအရာများကိုလုပ်ဆောင်ပုံနှင့် အပြုအမူတို့သည် အခြားသူတို့အဖို့ မနှစ်မြို့စရာ ဖြစ်နေဆဲဖြစ်သည်။ ဤအရာများကို ပိုမို ဖယ်ရှားလော့။ သင်၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေသည် အလွန် မုန်းတီးစက်ဆုပ်ဖွယ်ကောင်းဆဲ ဖြစ်သည်။ အချိန်ကို ထိုအရာကို ပြုပြင်ခြင်းဖြင့် ပိုမိုကုန်ဆုံးလော့။ သင်သည် လူတို့ကို အဆင့်အတန်းများစွာ ပေးလွန်းသေး၏။ ဘုရားသခင်ကို အဆင့်အတန်း သာ၍ပေးကာ မလျော်ကန်လွန်းခြင်း မဖြစ်စေနှင့်။ “ဗိမာန်တော်” သည် ဘုရားသခင်နှင့် အစဉ် သက်ဆိုင်ပြီး၊ လူတို့၏ သိမ်းယူခြင်း မခံသင့်ပေ။ အတိုချုပ်အားဖြင့်၊ ဖြောင့်မတ်ခြင်းတရားအပေါ် ပိုမို အာရုံစိုက်ကာ စိတ်ခံစားချက်များအပေါ် နည်းစေလော့။ ဇာတိပကတိကို ဖယ်ရှားခြင်းသည် အကောင်းဆုံးဖြစ်၏။ စစ်မှန်မှုကို ပို၍ပြောဆိုကာ အသိပညာအကြောင်းကို လျှော့ပြောလော့။ အကောင်းဆုံးမှာ နှုတ်ပိတ်ပြီး မည်သည့်အရာမျှ မပြောဖို့ ဖြစ်သည်။ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းကို ပိုမိုပြောဆိုကာ တန်ဖိုးမဲ့သည့် ကြွားဝါမှုများကို နည်းစေလော့။ ယခုပင် စတင် လက်တွေ့လုပ်ဆောင်ခြင်းသည် အကောင်းဆုံးဖြစ်၏။

လူတို့အပေါ် ဘုရားသခင်၏ သတ်မှတ်ချက်များက လုံးဝမြင့်မားခြင်းမရှိပေ။ အကယ်၍ လူတို့သည် အားစိုက်ထုတ်မှု အနည်းငယ်မျှပင် လုပ်ဆောင်ပါက၊ သူတို့သည် “အောင်မှတ်” တစ်ခု ရရှိကြလိမ့်မည်။ အမှန်တကယ်တွင် သမ္မာတရားကို နားလည်ခြင်း၊ သိရှိခြင်းနှင့် သဘောပေါက်ခြင်းသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းထက် သာ၍ရှုပ်ထွေးပေသည်။ သမ္မာတရားကို သိရှိခြင်းနှင့် သဘောပေါက်ခြင်းသည် သမ္မာတရားကို

လက်တွေ့လုပ်ဆောင်ပြီး နောက်တွင် လာပေသည်။ ယင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်သည့် အဆင့်များနှင့် နည်းလမ်း ဖြစ်သည်။ သင်မနာခံဘဲ အဘယ်သို့ နေနိုင်သနည်း။ အမှုအရာများကို သင့်နည်းလမ်းအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို သင်ရရှိနိုင်သလော။ သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏ သာယာပျော်ရွှင်မှုအတွက် အမှုပြုသလော၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ သင်၏ မပြည့်စုံခြင်းများအပေါ် အခြေခံကာ အမှုပြုသလော။ ဤအရာကို သင် ရှင်းလင်းစွာ မမြင်နိုင်ပါက အဓိပ္ပါယ်မရှိပေ။ လူအများစုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်း၌ များစွာ အားစိုက်ကြသော်လည်း၊ အသိပညာသာရှိပြီး၊ နောက်ပိုင်းတွင် စစ်မှန်သောလမ်းကြောင်းနှင့် ပတ်သက်၍ မည်သည့်အရာမျှ မပြောနိုင်ကြသည်မှာ အဘယ်ကြောင့်နည်း။ အသိပညာ ပိုင်ဆိုင်ခြင်းသည် သမ္မာတရားပိုင်ဆိုင်ခြင်းနှင့် သဘောညီသည်ဟု သင်ထင်သလော။ ယင်းသည် ရှုပ်ထွေးသည့် ရှုထောင့်အမြင် မဟုတ်လော။ သင်သည် ကမ်းခြေပေါ်က သဲများတမျှ အသိပညာအကြောင်းကို များစွာ ပြောဆိုနိုင်သည့်တိုင် ထိုအရာထဲမှ မည်သည့်အရာ၌မျှ စစ်မှန်သောလမ်းကြောင်း တစ်ခုတစ်လေ မပါရှိပေ။ ဤအရာ လုပ်ဆောင်ခြင်းဖြင့် လူတို့ကို အရူးလုပ်ဖို့ သင် ကြိုးစားနေခြင်း မဟုတ်လော။ သင်သည် ယင်းကို ထောက်ခံဖို့အနှစ်သာရ မရှိဘဲလျက် အဓိပ္ပါယ်မရှိသည့်ဟန်ပြတစ်ခု ပြုလုပ်နေခြင်း မဟုတ်လော။ ထိုသို့သော အပြုအမူအားလုံးသည် လူတို့အဖို့ အန္တရာယ်ရှိ၏။ အယူအဆ မြင့်လေလေ၊ ပြီးလျှင် စစ်မှန်မှု ကင်းမဲ့လေလေ၊ ယင်းက လူတို့ကို လက်တွေ့အရှိတရားသို့ ပို့ဆောင်နိုင်စွမ်း မရှိလေလေ ဖြစ်သည်။ သဘောတရားတစ်ရပ်သည် မြင့်မားလေလေ၊ ယင်းက သင့်ကို ဘုရားသခင်အား ပိုမို အာခံကာ ဆန့်ကျင်စေလေလေ ဖြစ်သည်။ အမြင့်မားဆုံးသော အယူအဆများကို တန်ဖိုးရှိသည့် ရတနာများသဖွယ် သဘောမထားနှင့်။ ယင်းတို့သည် မသိမသာနှင့် ပျက်စီးစေပြီး၊ မည်သည့်အသုံးဝင်မှုကိုမျှ မပေးပေ။ လူအချို့သည် အမြင့်မားဆုံးအယူအဆများကို ပြောဆိုကောင်း ပြောဆိုနိုင်ပေလိမ့်မည်- သို့ရာတွင် ဤလူတို့သည် ထိုအယူအဆများကို ကိုယ်တိုင်ကိုယ်ကျ မတွေ့ကြုံဖူးကြသောကြောင့် လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်း မရှိကြသည့်အတွက် ဤအယူအဆများထဲတွင် စစ်မှန်မှု မပါရှိပေ။ ထိုသို့သောလူများသည် အခြားသူများကို မှန်ကန်သော လမ်းကြောင်းပေါ်သို့ ခေါ်ဆောင်သွားနိုင်စွမ်း မရှိကြသကဲ့သို့၊ ၎င်းတို့ကို လမ်းလွဲစေခြင်းသာ ဖြစ်စေလိမ့်မည်။ ဤသည်မှာ လူတို့အဖို့ အန္တရာယ်ရှိသည် မဟုတ်လော။ အနည်းဆုံးအနေဖြင့် သင်သည် လူတို့၏ လက်ရှိ ပြဿနာများကို ဖြေရှင်းနိုင်ရမည်ဖြစ်ပြီး ၎င်းတို့အား ဝင်ရောက်မှုကို

ရရှိခွင့်ပေးနိုင်ရမည်။ ဤအရာသည်သာ ဆက်ကပ်အပ်နှံခြင်းဟု မှတ်ယူ၍ရပြီး ထိုအခါမှသာ သင်သည် ဘုရားသခင်အတွက် အလုပ်လုပ်ရန် အရည်အချင်း ပြည့်မီမည်ဖြစ်သည်။ ဟိတ်ဟန်များသော၊ စိတ်ကူးယဉ်ဆန်သော စကားများကို အမြဲမပြောနှင့်၊ ပြီးလျှင် အခြားသူတို့ကို သင့်အား နာခံလာအောင်ပြုရန် မသင့်လျော်သည့် လက်တွေ့လုပ်ဆောင်မှုများစွာကို အသုံးမပြုလေနှင့်။ ထိုသို့လုပ်ဆောင်ခြင်းသည် အကျိုးရှိလိမ့်မည် မဟုတ်သကဲ့သို့ ၎င်းတို့အား သာ၍စိတ်ရှုပ်ထွေးစေနိုင်သည်။ ဤသို့ ဆက်လက် လုပ်ဆောင်ခြင်းသည် လူတို့အား သင့်ကို စက်ဆုပ်စေသည့် အယူဝါဒများစွာကို ဖြစ်ပေါ်စေလိမ့်မည်။ ယင်းမှာ လူသား၏ အားနည်းချက်ဖြစ်ပြီး၊ အမှန်တကယ် အရှက်ရစရာ ဖြစ်သည်။ သို့ဖြစ်၍ အမှန်တကယ် တည်ရှိသည့် ပြဿနာများ အကြောင်းကို ပို၍ပြောဆိုလော့။ အခြားလူတို့၏ အတွေ့အကြုံများကို သင်၏ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ ဆက်ဆံကာ အခြားသူများ ကြည့်ညိုလေးစားစေဖို့ ထိုအတွေ့အကြုံများကို မပြလေနှင့်။ သင့်အနေဖြင့် သင်ကိုယ်တိုင်၏၊ သီးခြား ထွက်ပေါက်ကို ရှာဖွေရမည်။ ဤသည်မှာ လူအသီးသီး လက်တွေ့ လုပ်ဆောင်သင့်သည့် အရာဖြစ်သည်။

အကယ်၍ သင်မိတ်သဟာယဖွဲ့သည့်အရာသည် လူတို့ကို လိုက်လျှောက်ရန် လမ်းကြောင်းတစ်ခု ပေးနိုင်ပါက၊ ယင်းသည် စစ်မှန်မှုကို သင်ပိုင်ဆိုင်ခြင်းနှင့် ညီမျှပေသည်။ သင် မည်သည့်အရာကို ပြောသည်ဖြစ်စေ၊ လူတို့ကို လက်တွေ့လုပ်ဆောင်ခြင်းထဲသို့ သင် ခေါ်ဆောင်ရမည်ဖြစ်ပြီး၊ ၎င်းတို့အားလုံး လိုက်လျှောက်နိုင်သည့် လမ်းကြောင်းတစ်ခုကို ပေးသင့်သည်။ ၎င်းတို့ အသိပညာ ရှိခွင့်ကိုသာ မပေးလေနှင့်။ ပို၍အရေးကြီးသည်မှာ လိုက်လျှောက်ရန် လမ်းကြောင်းတစ်ခု ရှိခြင်း ဖြစ်သည်။ လူတို့အတွက် ဘုရားသခင်ကို ယုံကြည်ရန်မှာ၊ ဘုရားသခင်သည် သူ၏အမှု၌ လမ်းပြသည့် လမ်းကြောင်းကို ၎င်းတို့ လျှောက်လှမ်းရမည် ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဘုရားသခင်ကို ယုံကြည်ခြင်း ဖြစ်စဉ်သည် သန့်ရှင်းသောဝိညာဉ်တော် လမ်းပြသည့် လမ်းကြောင်းကို လျှောက်လှမ်းခြင်း ဖြစ်စဉ်ဖြစ်၏။ သို့ဖြစ်သောကြောင့်၊ မည်သို့ပင်ဖြစ်စေ သင်လျှောက်လှမ်းနိုင်သည့် လမ်းကြောင်းတစ်ခု သင်၌ရှိရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ စုံလင်စေခြင်း လမ်းကြောင်းပေါ် သင်ခြေချရမည် ဖြစ်သည်။ အလွန်ဝေးစွာ နောက်ကျန်ရစ်ခြင်း မရှိနှင့်၊ ပြီးလျှင် အလွန်များလှသော အရေးကိစ္စများ၌ စိတ်မဝင်စားနှင့်။ ဘုရားသခင် ဦးဆောင်သည့် လမ်းကြောင်းကို အနှောင့်အယှက် ဖြစ်ပေါ်စေခြင်းမရှိဘဲ သင်လမ်းလျှောက်မှသာလျှင် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို သင် ရရှိနိုင်ပြီး ဝင်ရောက်မှုလမ်းကြောင်းကို ပိုင်ဆိုင်နိုင်ပေမည်။ ဤအရာသည်သာ ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီခြင်းနှင့်

လူသား၏တာဝန်ကို ဖြည့်ဆည်းခြင်းအဖြစ် သတ်မှတ်၍ရပေသည်။ ဤရေစီးကြောင်းထဲက လူတစ်ဦးအနေဖြင့် လူအသီးသီးသည် ၎င်းတို့၏တာဝန်ကို ဖြည့်ဆည်းသင့်သည်၊ လူတို့လုပ်သင့်နေသည့်အရာကို ပို၍လုပ်ဆောင်ကာ တစ်ဇွတ်ထိုး မပြုမူသင့်ပေ။ အမှုကို ဆောင်ရွက်နေသော လူတို့သည် ၎င်းတို့၏စကားများကို ရှင်းလင်းစေရမည်၊ လိုက်လျှောက်သော လူတို့သည် အခက်အခဲကိုသည်းခံခြင်းနှင့် နာခံမှုရှိခြင်းအပေါ် ပို၍ အာရုံစိုက်ရမည်ဖြစ်ပြီး၊ အားလုံး မိမိတို့၏အနေအထားနှင့် ကိုက်ညီစွာ ပြုမူ၍ မလျော်ကန်စွာ မပြုမူရပေ။ လူတိုင်း၏ စိတ်နှလုံးထဲတွင် ၎င်းတို့မည်သို့ လက်တွေ့လုပ်ဆောင်ရမည်ဆိုသည်နှင့်၊ မည်သည့် လုပ်ငန်းတာဝန် ဖြည့်ဆည်းသင့်သည်ကို ရှင်းလင်းစွာ သိသင့်သည်။ သန့်ရှင်းသောဝိညာဉ်တော် လမ်းပြသည့် လမ်းကြောင်းကို လိုက်လော့။ လမ်းလွဲမသွားနှင့်၊ သို့မဟုတ် လမ်းမမှားနှင့်။ ယနေ့၏အမှုကို သင် ရှင်းလင်းစွာ မြင်ရမည်။ ယနေ့ အမှုပြုသည့် နည်းလမ်းထဲသို့ ဝင်ရောက်ခြင်းသည် သင်တို့ လက်တွေ့လုပ်ဆောင်သင့်သည့် အရာ ဖြစ်သည်။ ယင်းမှာ ပထမဆုံး သင်တို့ဝင်ရောက်ရမည့်အရာ ဖြစ်သည်။ အခြားသောအရာများနှင့်ပတ်သက်၍ နောက်ထပ် စကားလုံးများကို မဖြုန်းတီးနှင့်။ ယနေ့ ဘုရားသခင်၏အိမ်တော်၏ အမှုကို လုပ်ဆောင်ခြင်းသည် သင်တို့ ဝတ္တရားဖြစ်သည်၊ ယနေ့၏ အမှုနည်းလမ်းထဲသို့ ဝင်ရောက်ခြင်းသည် သင်တို့၏တာဝန်ဖြစ်ပြီး၊ ယနေ့၏သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းသည် သင်တို့၏ဝန်တာဖြစ်သည်။

အောက်ခြေမှတ်စု(များ)-

က။ ဝန်ကြီးချုပ်၏စိတ်ဓာတ်- စိတ်သဘောထားကြီးပြီး ရက်ရောသော လူတစ်ဦးကို ဖော်ပြရန် အသုံးပြုသည့် တရုတ် ဂန္ထဝင်စကားပုံတစ်ခု။

# ပညတ်တော်များကို စောင့်ထိန်းခြင်းနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း

လက်တွေ့တွင်၊ ပညတ်တော်များကို စောင့်ထိန်းခြင်းသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဆက်နွှယ်နေသင့်ပေသည်။ ပညတ်တော်များကို

စောင့်ထိန်းနေစဉ်တွင်၊ သမ္မာတရားကို လက်တွေ့ လုပ်ဆောင်ရမည် ဖြစ်သည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်သည့်အခါ၊ ပညတ်တော်များ၏ အခြေခံသဘောတရားများကို ချိုးဖောက်ရမည် မဟုတ်သကဲ့သို့ ပညတ်တော်များကို ဆန့်ကျင်ရမည် မဟုတ်ပေ။ သင့်ကို ဘုရားသခင် တောင်းဆိုသည့် မည်သည့်အရာကိုမဆို သင် လုပ်ဆောင်ရမည်။ ပညတ်တော်များကို စောင့်ထိန်းခြင်းနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းတို့သည် အချင်းချင်းဆက်စပ်မှု ရှိနေသည်၊ ဆန့်ကျင်နေခြင်း မဟုတ်ပေ။ သမ္မာတရားကို သင် လက်တွေ့လုပ်ဆောင်လေလေ၊ ပညတ်တော်များ၏ အနှစ်သာရကို စောင့်ထိန်းခြင်းကို သင် လုပ်နိုင်စွမ်းရှိလာလေလေ ဖြစ်သည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်လေလေ၊ ပညတ်တော်များတွင် ဖော်ပြထားသည့် အတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် နားလည်လေလေ ဖြစ်လိမ့်မည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပညတ်တော်များကို စောင့်ထိန်းခြင်းတို့သည် ဆန့်ကျင်သော လုပ်ရပ်များမဟုတ်ပေ- ၎င်းတို့သည် အချင်းချင်းဆက်စပ်မှု ရှိလေသည်။ ကနဦးတွင်၊ လူသားသည် ပညတ်တော်များကို စောင့်ထိန်းပြီးမှသာ သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်ပြီး သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ဉာဏ်အလင်းပေးမှုကို ရရှိနိုင်သည်၊ သို့သော် ဤသည်မှာ ဘုရားသခင်၏ မူလ ရည်ရွယ်ချက် မဟုတ်ပေ။ သင့်အနေဖြင့် လိမ္မာရေးခြားရှိရုံ မဟုတ်ဘဲ၊ အစွမ်းကုန် ကြိုးပမ်းအားထုတ်၍ သူ့ကို ကိုးကွယ်ဖို့ သင့်ကို ဘုရားသခင် တောင်းဆိုပေသည်။ သို့ရာတွင်၊ သင်သည် ပညတ်တော်များကို အနည်းဆုံး အပေါ်ယံအားဖြင့် စောင့်ထိန်းရမည်။ တဖြည်းဖြည်း၊ အတွေ့အကြုံမှတစ်ဆင့် ဘုရားသခင်နှင့်သက်ဆိုင်သော သာ၍ ရှင်းလင်းသည့် သိနားလည်မှုကို ရရှိပြီးနောက်တွင်၊ လူတို့သည် ဘုရားသခင်အား ပုန်ကန်ခြင်းနှင့် ခုခံခြင်း ရှိတော့မည် မဟုတ်သကဲ့သို့ သူ၏ အမှုနှင့်ပတ်သက်၍ မည်သည့်သံသယမျှ ရှိတော့မည်မဟုတ်ပေ။ ဤသည်မှာ လူတို့အနေဖြင့် ပညတ်တော်များ၏ အနှစ်သာရကို လိုက်နာနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ထို့ကြောင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းမရှိဘဲ၊ ပညတ်တော်များကို စောင့်ထိန်းခြင်းမျှသည် ထိရောက်မှုမရှိသကဲ့သို့၊ သင်သည် စစ်မှန်သည့် ဝိညာဉ်အသက်တာ မရရှိသေးသည့်အတွက် ဘုရားသခင်ကို မှန်ကန်သော ကိုးကွယ်ခြင်း မဖြစ်ပေ။ သမ္မာတရားမပါဘဲ ပညတ်တော်များကို စောင့်ထိန်းခြင်းသည် စည်းမျဉ်းများကို တင်းတင်းကျပ်ကျပ် လိုက်နာခြင်းနှင့်သာ ညီမျှပေသည်။ ထိုသို့လုပ်ဆောင်ရာတွင်၊ ပညတ်တော်များသည် အသက်တာတွင် သင့်ကို ကြီးထွားရန် ကူညီမည် မဟုတ်သည့် သင်၏ နိယာမ ဖြစ်လာပေသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ ၎င်းတို့သည် သင်၏ဝန်ထုပ်ဖြစ်လာပြီး၊ သန့်ရှင်းသောဝိညာဉ်တော်၏

မျက်မှောက်တော်ကို ဆုံးရှုံးစေလျက်၊ ဓမ္မဟောင်းကျမ်း၏ ပညတ်တရားများ ကဲ့သို့ သင့်ကို တင်းကျပ်စွာ ချုပ်နှောင်ပေမည်။ ထို့ကြောင့်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းဖြင့်သာ ပညတ်တော်များကို ထိရောက်စွာ သင် စောင့်ထိန်းနိုင်ပြီး၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဖို့အလို့ငှာ ပညတ်တော်များကို သင် စောင့်ထိန်းခြင်းဖြစ်သည်။ ပညတ်တော်များကို စောင့်ထိန်းခြင်း ဖြစ်စဉ်တွင်၊ သင်သည် သာ၍များသော သမ္မာတရားများကိုပင် လက်တွေ့လုပ်ဆောင်လိမ့်မည်ဖြစ်ပြီး သမ္မာတရားကို လက်တွေ့လုပ်ဆောင်ချိန်တွင် ပညတ်တော်များက အမှန်တကယ် မည်သည့်အရာ ဆိုလိုသည်နှင့်သက်ဆိုင်၍ သာ၍ပင် နက်ရှိုင်းသော သိနားလည်မှုကို သင် ရရှိလိမ့်မည်။ လူသားများ ပညတ်တော်များကို စောင့်ထိန်းဖို့ ဘုရားသခင်၏ တောင်းဆိုမှုနောက်ကွယ်က ရည်ရွယ်ချက်နှင့် အနက်အဓိပ္ပါယ်သည် လူသားစိတ်ကူးနိုင်သကဲ့သို့ စည်းမျဉ်းများကို လိုက်လျှောက်စေဖို့သာ မဟုတ်ပေ။ ယင်းထက်၊ လူသား၏ အသက်ထဲသို့ ဝင်ရောက်ခြင်းနှင့် သက်ဆိုင်ပေသည်။ အသက်၌ သင်၏ ကြီးထွားမှု အတိုင်းအတာသည် ပညတ်တော်များကို သင် စောင့်ထိန်းနိုင်မည့် အတိုင်းအတာကို ချမှတ်ပေး၏။ ပညတ်တော်များသည် လူသား စောင့်ထိန်းရန်အတွက် ဖြစ်သော်လည်း၊ ပညတ်တော်များ၏ အနှစ်သာရမှာ လူသား၏ ဘဝအတွေ့အကြုံမှတစ်ဆင့်သာ ပေါ်လွင်လာပေသည်။ လူအများစုက ပညတ်တော်များကို ကောင်းစွာ စောင့်ထိန်းခြင်းသည် ၎င်းတို့အနေဖြင့် “လုံးဝ အဆင်သင့်ရှိကာ၊ လုပ်ဆောင်ဖို့ ကျန်ရှိသမျှသည် ချီဆောင်ခံရဖို့သာ ဖြစ်သည်” ကို ဆိုလိုသည်ဟု ထင်တတ်ကြသည်။ ဤသည်မှာ လွန်ကဲသော အယူအဆတစ်မျိုး ဖြစ်ပြီး၊ ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီခြင်း မရှိပေ။ ထိုသို့သောအရာများကို ပြောဆိုသောသူတို့သည် တိုးတက်ရန် ဆန္ဒမရှိကြဘဲ ဇာတိပကတိကို တပ်မက်ကြလေသည်။ ယင်းသည် အဓိပ္ပါယ်မရှိပေ။ ယင်းသည် စစ်မှန်မှုနှင့် မကိုက်ညီပေ။ ပညတ်တော်များကို အမှန်တကယ် စောင့်ထိန်းခြင်းမရှိဘဲ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရုံမျှ လုပ်ဆောင်ဖို့မှာ ဘုရားသခင်၏ အလိုတော် မဟုတ်ပေ။ ဤသို့ လုပ်ဆောင်သူတို့သည် မသန်စွမ်းသူများ ဖြစ်ကြသည်။ ၎င်းတို့သည် ခြေထောက်တစ်ဘက် မရှိသည့် လူများကဲ့သို့ ဖြစ်ကြသည်။ သမ္မာတရားကို ပိုင်ဆိုင်ခြင်းမရှိဘဲ၊ စည်းမျဉ်းများကို လိုက်နာနေသည့်အလား ပညတ်တော်များကို စောင့်ထိန်းရုံမျှ စောင့်ထိန်းခြင်း - ဤသည်မှာ ဘုရားသခင်၏အလိုတော်ကို ဖြည့်ဆည်းခြင်းငှာ တတ်စွမ်းနိုင်ခြင်းလည်း မရှိပေ။ မျက်စိတစ်ဘက် မရှိသောသူများကဲ့သို့၊ ဤအရာ လုပ်ဆောင်သောသူတို့သည်လည်း မသန်မစွမ်းဖြစ်ခြင်း တစ်မျိုးကို ခံစားကြရပေသည်။ သင်သည် ပညတ်တော်များကို ကောင်းစွာစောင့်ထိန်းပြီး လက်တွေ့ကျသော ဘုရားသခင်နှင့်သက်ဆိုင်သည့် ရှင်းလင်းသော

သိနားလည်မှုတစ်ခုကို ရရှိပါက၊ သမ္မာတရားကို သင် ပိုင်ဆိုင်လိမ့်မည်ဟု ဆိုနိုင်ပေသည်။ နှိုင်းယှဉ်ပြောဆိုရမည်ဆိုပါက၊ သင်သည် စစ်မှန်သော ဝိညာဉ်အသက်တာကို ရရှိပြီးဖြစ်လိမ့်မည်။ လက်တွေ့လုပ်ဆောင်သင့်သည့် သမ္မာတရားကို သင် လက်တွေ့လုပ်ဆောင်ပါက၊ ပညတ်တော်များကိုလည်း သင် စောင့်ထိန်းလိမ့်မည် ဖြစ်ပြီး၊ ဤအရာနှစ်ခုသည် အချင်းချင်း ဆန့်ကျင်ခြင်း မရှိပေ။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပညတ်တော်များကို စောင့်ထိန်းခြင်းတို့သည် စနစ်နှစ်ခုဖြစ်သည်၊ ထိုအရာ နှစ်ခုစလုံးသည် လူတစ်ဦး၏ အသက်အတွေ့အကြုံနှင့်ဆိုင်သော တစ်သားတည်းဖြစ်သည့် အစိတ်အပိုင်းများ ဖြစ်သည်။ လူတစ်ဦး၏ အတွေ့အကြုံသည် ပညတ်တော်များကို စောင့်ထိန်းခြင်းနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းတို့အား ခွဲခြားခြင်းမဟုတ်၊ ပေါင်းစည်းခြင်း အဖြစ် ပါဝင်သင့်ပေသည်။ သို့ရာတွင်၊ ဤအရာနှစ်ခုကြားတွင် ကွဲပြားမှုများနှင့် ဆက်နွှယ်မှုများ နှစ်ခုလုံးရှိလေသည်။

ခေတ်သစ်ထဲ၌ ပညတ်တော်များကို ပြဋ္ဌာန်းခြင်းသည် ဤရေစီးကြောင်းတွင်ရှိသည့် လူများအားလုံး၊ ဘုရားသခင်၏အသံကို ယနေ့ ကြားသောသူအားလုံးသည် ခေတ်သစ်သို့ ဝင်ရောက်ခဲ့ပြီဆိုသည့် အချက်ကို သက်သေခံချက်တစ်ခု ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အမှုအတွက် အသစ်သော စတင်ခြင်းဖြစ်သည့်အပြင်၊ ဘုရားသခင်၏ နှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်နှင့်ဆိုင်သည့် အမှု၏ နောက်ဆုံးပိုင်း၏ အစလည်း ဖြစ်သည်။ ခေတ်သစ်၏ ပညတ်တော်များသည် လူသားနှင့် ဘုရားသခင်တို့ ကောင်းကင်သစ်နှင့် မြေကြီးသစ် နယ်ပယ်ထဲသို့ ဝင်ရောက်ပြီးဖြစ်ကာ၊ ဣသရေလလူမျိုးများကြား ယေဟောဝါ အမှုပြုခဲ့သည့်အတိုင်းနှင့် ဂျူးလူမျိုးများကြား ယေရှု အမှုပြုခဲ့သကဲ့သို့သာ၊ ဘုရားသခင်သည် ကမ္ဘာမြေပေါ်တွင် သာ၍ လက်တွေ့ကျသော အမှုကို ပြုလိမ့်မည်ဖြစ်ပြီး၊ သာ၍ များပြားကာ သာ၍ပင်ကြီးမားသည့် အမှုကို ပြုလိမ့်မည်ဖြစ်သည့် သင်္ကေတဖြစ်သည်။ ဤလူစုသည် ဘုရားသခင်ထံမှ သာ၍များပြားပြီး ကြီးမြတ်သော တာဝန်ပေးစေခိုင်းချက်များကို ရရှိလိမ့်မည်ဖြစ်ကာ၊ သူ၏ လက်တွေ့ကျသည့်ပုံစံဖြင့် ထောက်ပံ့ခြင်းခံရမည်၊ ကျွေးမွေးခံရမည်၊ အားပေးခံရမည်၊ စောင့်ရှောက်ခံရမည်ဖြစ်ပြီး ကွယ်ကာပေးခြင်းခံရမည်၊ သူ့အားဖြင့် လက်တွေ့ကျသော လေ့ကျင့်မှုပေးခြင်းကိုပင် သာ၍ ခံရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ကိုင်တွယ်ဖြေရှင်း ခံရမည်၊ ကျိုးပဲ့ကြေမွပြီး စစ်ဆေးခံရမည် ဖြစ်သည့် သညာလည်း ဖြစ်ပေသည်။ ခေတ်သစ် ပညတ်တော်များ၏အဓိပ္ပါယ်သည် အတော်အတန် နက်နဲ၏။ ကမ္ဘာမြေပေါ်တွင် ဘုရားသခင် အမှန်တကယ် ပေါ်ထွန်းမည်၊ လူ့ဇာတိ၌ သူ၏ဘုန်းတော်အားလုံးကို ထုတ်ဖော်လျက်၊

ထိုနေရာမှ စကြဝဠာတစ်ခွင်လုံးကို သူ သိမ်းပိုက်မည်ဖြစ်သည်ကို ၎င်းတို့ ညွှန်ပြသည်။ လက်တွေ့ကျသော ဘုရားသခင်သည် သူရွေးချယ်ထားသောသူ အားလုံးကို စုံလင်စေဖို့အလို့ငှာ ကမ္ဘာမြေပေါ်၌ လက်တွေ့ကျသော အမှုကို သာ၍ လုပ်ဆောင်မည်ဖြစ်သည်ကိုလည်း ညွှန်ပြသည်။ ထို့အပြင်၊ ဘုရားသခင်သည် နှုတ်ကပတ်တော်များဖြင့် ကမ္ဘာပေါ် ရှိအရာခပ်သိမ်းကို ပြီးမြောက်စေလိမ့်မည် ဖြစ်ပြီး၊ "လူ့ဇာတိခံ ဘုရားသခင်သည် အမြင့်ဆုံးအရပ်သို့ ထမြောက်လိမ့်မည် ဖြစ်ကာ ချီးပင့်မြောက်စားခြင်း ခံရမည်ဖြစ်ပြီး၊ ခပ်သိမ်းသော လူမျိုးနှင့် တိုင်းနိုင်ငံအားလုံးသည် ကြီးမြတ်သော ဘုရားသခင်ကို ကိုးကွယ်ဖို့ ဒူးထောက်ကြလတ္တံ့" ဟူသည့် အမိန့်ကို ထင်ရှားစေလိမ့်မည်။ ခေတ်သစ်၏ ပညတ်တော်များသည် လူသား စောင့်ထိန်းရန်အတွက် ဖြစ်ပြီး၊ ထိုသို့လုပ်ဆောင်ခြင်းသည် လူသား၏ တာဝန်နှင့် ဝတ္တရားဖြစ်သော်လည်း၊ ၎င်းတို့ ကိုယ်စားပြုသည့် အနက်အဓိပ္ပါယ်သည် နှုတ်ကပတ်တော် တစ်ခု၊ နှစ်ခုဖြင့် ပြည့်စုံစွာ ဖော်ပြရန် အလွန် နက်နဲလွန်းပေသည်။ ခေတ်သစ်၏ ပညတ်တော်များသည် ယေဟောဝါနှင့်ယေရှုတို့ ပြဋ္ဌာန်းခဲ့သည့်အတိုင်း ဓမ္မဟောင်း ပညတ်တရားများနှင့် ဓမ္မသစ် စည်းမျဉ်းစည်းကမ်းတို့ကို အစားထိုးပေသည်။ ဤသည်မှာ လူတို့ စိတ်ကူးထားသည့်အတိုင်း ရိုးရှင်းသော ကိစ္စရပ်တစ်ခုမဟုတ်ဘဲ၊ သာ၍ နက်ရှိုင်းသော သင်ခန်းစာတစ်ခု ဖြစ်သည်။ ခေတ်သစ်၏ ပညတ်တော်များတွင် လက်တွေ့ကျသော ရည်ရွယ်ချက်နှင့် ဆိုင်သည့် ရှုထောင့်တစ်ခု ရှိ၏- ထိုပညတ်တော်တို့သည် ကျေးဇူးတော်ခေတ် နှင့် နိုင်ငံတော်ခေတ်တို့အကြား ကြားခံဆက်သွယ်ပေးသော အရာအဖြစ် အသုံးတော်ခံလေသည်။ ခေတ်သစ်၏ ပညတ်တော်များသည် ခေတ်ဟောင်း၏ ကျင့်ကြံမှုများနှင့် လုပ်ထုံးလုပ်နည်းများ အားလုံးအပြင်၊ ယေရှု၏ခေတ်နှင့် ထိုခေတ်မတိုင်မီက ကျင့်ကြံမှုများအားလုံးကို အဆုံးသတ်စေလေသည်။ ၎င်းတို့သည် လူသားကို ဘုရားသခင်ကိုယ်တော်တိုင်၏ စုံလင်စေခြင်းကို စတင်ခံရရန် အခွင့် ပေးရင်း၊ သာ၍ လက်တွေ့ကျသော ဘုရားသခင်၏ မျက်မှောက်သို့ လူသားကိုခေါ်ဆောင်၏။ ၎င်းတို့သည် စုံလင်ခြင်း လမ်းကြောင်း၏ အစဖြစ်သည်။ ထို့ကြောင့်၊ သင်တို့သည် ခေတ်သစ် ပညတ်တော်များနှင့် စပ်လျဉ်း၍ မှန်ကန်သည့် သဘောထားတစ်ခုကို ပိုင်ဆိုင်သင့်ပြီး၊ ၎င်းတို့ကို ဖြစ်ကတတ်ဆန်း မလိုက်လျှောက်သင့်သကဲ့သို့ အထင်အမြင်မသေးသင့်ပေ။ ခေတ်သစ်၏ ပညတ်တော်များသည် အချက် တစ်ချက်ကို အလွန် အလေးပေးထား၏- ယင်းမှာ လူသားအနေဖြင့် ယနေ့ လက်တွေ့ကျသော ဘုရားသခင်ကို ကိုးကွယ်ရမည်၊ ယင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အနှစ်သာရကို သာ၍ လက်တွေ့ကျကျ နာခံခြင်း ပါဝင်၏။ ဘုရားသခင်သည် ဖြောင့်မတ်ခြင်း၏ နေမင်းအဖြစ် ထင်ရှားပြီးသည့်နောက် လူကို

အပြစ်ရှိသည်ဖြစ်စေ ဖြောင့်မတ်သည်ဖြစ်စေ တရားစီရင်မည့် ဥပဒေသကိုလည်း ပညတ်တော်များက အလေးပေးထားသည်။ ပညတ်တော်များသည် လက်တွေ့လုပ်ဆောင်ခြင်းထက် နားလည်ရန် ပိုမို လွယ်ကူသည်။ ဘုရားသခင်သည် လူသားကို စုံလင်စေရန် ဆန္ဒရှိပါက၊ သူကိုယ်တိုင်၏ နှုတ်ကပတ်တော်များနှင့် လမ်းပြမှုတို့မှတစ်ဆင့် ထိုသို့ လုပ်ဆောင်ရမည်ဖြစ်ပြီး လူသားအနေဖြင့် မိမိ၏ မွေးရာပါ အသိဉာဏ် တစ်ခုတည်းဖြင့် စုံလင်းခြင်း မရရှိနိုင်သည်ကို ဤအရာမှ မြင်နိုင်ပေသည်။ လူသားအနေဖြင့် ခေတ်သစ် ပညတ်တော်များကို စောင့်ထိန်းနိုင်ခြင်း ရှိမရှိဆိုသည်မှာ လက်တွေ့ကျသော ဘုရားသခင်နှင့်ဆိုင်သော သူ၏ အသိပညာနှင့် သက်ဆိုင်ပေသည်။ ထို့ကြောင့်၊ ပညတ်တော်များကို သင်စောင့်ထိန်းနိုင်ခြင်း ရှိမရှိဆိုသည်မှာ နေ့ရက်ကာလမျှဖြင့် ပြေလည်သွားမည့် ပြဿနာတစ်ခု မဟုတ်ပေ။ ဤသည်မှာ သင်ယူရမည့် အလွန်နက်နဲသော သင်ခန်းစာတစ်ခု ဖြစ်သည်။

သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းသည် လူသား၏ အသက်တာ ကြီးထွားနိုင်သည့် လမ်းကြောင်းတစ်ခု ဖြစ်သည်။ သင်သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း မရှိပါက၊ သင်သည် သဘောတရားများသာ ရှိလိမ့်မည်ဖြစ်ပြီး တကယ့်အသက် ရှိလိမ့်မည်မဟုတ်။ သမ္မာတရားသည် လူသား၏ ဝိညာဉ်အသက်တာ သင်္ကေတဖြစ်ပြီး၊ သမ္မာတရားကို သင် လက်တွေ့လုပ်ဆောင်ခြင်း ရှိမရှိဆိုသည်မှာ စစ်မှန်သော ဝိညာဉ်အသက်တာ သင်၌ ရှိမရှိဆိုသည်နှင့် ဆက်နွှယ်နေပေသည်။ သမ္မာတရားကို သင် လက်တွေ့ မလုပ်ဆောင်ပါက၊ ဖြောင့်မတ်စွာ မပြုမူပါက၊ သို့မဟုတ် စိတ်ခံစားချက်များနှင့် ဇာတိပကတိအတွက် အရေးစိုက်မှုတို့ဖြင့် စိုးမိုးခြယ်လှယ်ခံရပါက၊ သင်သည် ပညတ်တော်များကို စောင့်ထိန်းခြင်းမှ အလွန် အလှမ်းဝေးပေသည်။ ဤသည်မှာ သင်ခန်းစာများထဲမှ အလေးနက်ဆုံးသော သင်ခန်းစာဖြစ်သည်။ ခေတ်တိုင်းတွင်၊ လူတို့ ဝင်ရောက်ပြီး နားလည်ရန်လိုအပ်သည့် သမ္မာတရားများစွာ ရှိသော်လည်း၊ ခေတ်အသီးသီးတွင်၊ ထိုသမ္မာတရားများနှင့်အတူပါရှိသည့် ကွဲပြားသော ပညတ်တော်များလည်း ရှိပေသည်။ လူတို့ လက်တွေ့လုပ်ဆောင်သည့် သမ္မာတရားများသည် တိကျသည့် ခေတ်တစ်ခေတ်နှင့် ဆက်နွှယ်နေပြီး ၎င်းတို့စောင့်ထိန်းသည့် ပညတ်တော်များသည်လည်း ထို့အတူဖြစ်သည်။ ခေတ်အသီးသီးသည် လက်တွေ့လုပ်ဆောင်ရမည့် မိမိကိုယ်ပိုင် သမ္မာတရားများနှင့် စောင့်ထိန်းရမည့် ပညတ်တော်များရှိ၏။ သို့ရာတွင်၊ ဘုရားသခင် ပြဋ္ဌာန်းသည့် အမျိုးမျိုးသော ပညတ်တော်များပေါ် မူတည်၍- ဆိုလိုသည်မှာ ကွဲပြားသော ခေတ်များပေါ် မူတည်၍- လူသား၏ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း၏ ပန်းတိုင်နှင့် အကျိုးဆက်မှာ

အချိုးညီမျှစွာ ကွဲပြားလေသည်။ ပညတ်တော်များသည် သမ္မာတရားကို အသုံးတော်ခံပြီး သမ္မာတရားသည် ပညတ်တော်များကို ထိန်းသိမ်းရန် တည်ရှိသည်ဟု ဆိုနိုင်ပေသည်။ သမ္မာတရားတစ်ခုတည်းသာ ရှိခဲ့ပါက၊ ဘုရားသခင်၏အမှုတွင် ပြောလောက်စရာ ပြောင်းလဲမှုများ ရှိလိမ့်မည် မဟုတ်ပေ။ သို့သော်၊ ပညတ်တော်များကို ရည်ညွှန်းခြင်းအားဖြင့်၊ လူသားသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ထဲက ဦးတည်ရာများ၏ အတိုင်းအတာကို ခွဲခြားနိုင်ပြီး၊ ဘုရားသခင်၏ အမှုပြုသည့် ခေတ်ကို သိနိုင်ပေသည်။ ဘာသာတရားတွင်၊ ပညတ်တော်ခေတ်၌ လူတို့ လက်တွေ့လုပ်ဆောင်ခဲ့ကြသည့် သမ္မာတရားများကို လက်တွေ့လုပ်ဆောင်နိုင်ကြသည့် လူများစွာ ရှိ၏။ သို့သော်၊ ၎င်းတို့သည် ခေတ်သစ်၏ ပညတ်တော်များကို မပိုင်ဆိုင်ကြသကဲ့သို့၊ ထိုပညတ်တော်များကို စောင့်ထိန်းနိုင်ခြင်းလည်း မရှိကြချေ။ ၎င်းတို့သည် နည်းလမ်းဟောင်းများကို လိုက်နာကြဆဲဖြစ်ပြီး ကမ္ဘာဦးက လူသားများကဲ့သို့ ရှိမြဲရှိကြလေသည်။ ၎င်းတို့နှင့်အတူ အမှု၏ နည်းစနစ်သစ်များ မပါရှိသကဲ့သို့၊ ၎င်းတို့သည် ခေတ်သစ်၏ ပညတ်တော်များကိုလည်း မမြင်နိုင်ကြပေ။ ထိုသို့ဖြင့်၊ ၎င်းတို့၌ ဘုရားသခင်၏ အမှု မရှိကြချေ။ ၎င်းတို့၌ ကြက်ဥအခွံအလွတ်များသာ ရှိကြသည့်အလား ဖြစ်သည်။ အထဲတွင် ကြက်ပေါက်စ မရှိပါက၊ ဝိညာဉ်လည်း မရှိပေ။ သာ၍ တိတိကျကျ ပြောရမည်ဆိုပါက၊ ယင်းမှာ ၎င်းတို့ အသက်မရှိကြဟု ဆိုလိုပေသည်။ ထိုသို့သောလူများသည် ခေတ်သစ်ကို မဝင်ရောက်ကြသေးသကဲ့သို့၊ ခြေလှမ်းပေါင်းများစွာ နောက်ကျကျန် ခဲ့လေပြီဖြစ်သည်။ ထို့ကြောင့်၊ ခေတ်ဟောင်းမှ သမ္မာတရားများ ရှိသော်လည်း၊ ခေတ်သစ်၏ ပညတ်တော်များမရှိခြင်းသည် အသုံးမဝင်ပေ။ သင်တို့ အတော်များများသည် ယနေ့၏သမ္မာတရားကို လက်တွေ့လုပ်ဆောင်ကြသော်လည်း၊ ယနေ့၏ ပညတ်တော်များကို မစောင့်ထိန်းကြပေ။ သင်တို့ မည်သည့်အရာမျှ ရရှိကြလိမ့်မည် မဟုတ်သကဲ့သို့၊ သင်တို့ လက်တွေ့လုပ်ဆောင်သည့် သမ္မာတရားသည် တန်ဖိုးမဲ့ကာ အဓိပ္ပါယ်မဲ့လိမ့်မည်ဖြစ်ပြီး ဘုရားသခင်သည် သင့်ကို ချီးမွမ်းလိမ့်မည် မဟုတ်ပေ။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းကို သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိအမှုနှင့်ဆိုင်သော နည်းစနစ်များ၏ ကန့်သတ်ချက် ဘောင်အများအတွင်းတွင် လုပ်ဆောင်ရမည်ဖြစ်သည်။ ယင်းကို လက်တွေ့ကျသော ဘုရားသခင်၏ အသံကို တုန့်ပြန်သည့်အနေဖြင့် လုပ်ဆောင်ရပေမည်။ ထိုသို့လုပ်ဆောင်ခြင်းမရှိပါက၊ အရာရာ ပျက်ပြယ်လေသည်၊ ဝါးခြင်းတောင်းတစ်ခုကို အသုံးပြုလျက် ရေခတ်ဖို့ ကြိုးပမ်းခြင်းနှင့် ဆင်တူ၏။ ဤသည်မှာ ခေတ်သစ်၏ ပညတ်တော်များကို ပြဋ္ဌာန်းခြင်း၏ လက်တွေ့ကျသော အဓိပ္ပါယ်လည်း ဖြစ်၏။ လူတို့သည် ပညတ်တော်များကို လိုက်နာရမည်ဆိုပါက၊

အနည်းဆုံးအနေဖြင့် ဇာတိပကတိတွင် ပေါ်ထွန်းသည့် လက်တွေ့ကျသော ဘုရားသခင်ကို စိတ်ရှုပ်ထွေးမှု မရှိဘဲ ၎င်းတို့ သိသင့်ပေသည်။ တစ်နည်းအားဖြင့် ဆိုရသော်၊ လူတို့သည် ပညတ်တော်များကို လိုက်နာခြင်းနှင့်ဆိုင်သည့် အခြေခံ သဘောတရားများကို သဘောပေါက်သင့်သည်။ ပညတ်တော်များကို လိုက်နာခြင်းသည် ၎င်းတို့ကို ဖြစ်ကတတ်ဆန်း သို့မဟုတ် စိတ်ကူးပေါက်သလို လိုက်လျှောက်ခြင်းကို မဆိုလိုဘဲ၊ ၎င်းတို့ကို အခြေခံကျကျ၊ ရည်မှန်းချက် တစ်ခုဖြင့်၊ အခြေခံသဘောတရားများဖြင့် လိုက်နာခြင်းကို ဆိုလိုသည်။ ပထမဆုံး ရရှိရမည့် အရာမှာ သင့်ရူပါရုံများ ရှင်းလင်းဖို့ဖြစ်သည်။ လက်ရှိအချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မခွဲခြားမချန် သိနားလည်မှုတစ်ခု သင်၌ ရှိပါက၊ ပြီးလျှင် ယနေ့အမှု၏ နည်းစနစ်များထဲသို့ သင်ဝင်ရောက်ပါက၊ သင်သည် ပညတ်တော်များ စောင့်ထိန်းခြင်းနှင့်ဆိုင်သည့် ရှင်းလင်းသော သိနားလည်မှုတစ်ခုကို သင် အလိုအလျောက် ရရှိလိမ့်မည်ဖြစ်သည်။ ခေတ်သစ် ပညတ်တော်များ၏ အနှစ်သာရကို သင် ရိပ်မိပြီး ပညတ်တော်များကို စောင့်ထိန်းနိုင်သည့် တစ်နေ့ရောက်လာပါက၊ သင်သည် စုံလင်စေခြင်း ခံရပြီးဖြစ်လိမ့်မည်။ ဤသည်မှာ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပညတ်တော်များကို စောင့်ထိန်းခြင်းတို့၏ လက်တွေ့ကျသော အဓိပ္ပါယ်ဖြစ်သည်။ သမ္မာတရားကို သင် လက်တွေ့လုပ်ဆောင်နိုင်ခြင်း ရှိမရှိဆိုသည်မှာ ခေတ်သစ် ပညတ်တော်များ၏ အနှစ်သာရကို သင် သိမြင်သည့်ပုံပေါ် မူတည်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်ချက်သည် လူသားထံ အဆက်မပြတ် ပေါ်လာလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် လူသားကို ပို၍ ပို၍ တောင်းဆိုလိမ့်မည်။ ထို့ကြောင့် လူသားက အမှန်တကယ် လက်တွေ့လုပ်ဆောင်သည့် သမ္မာတရားများသည် အရေအတွက် သာ၍ တိုးလိမ့်မည်ဖြစ်ပြီး၊ သာ၍ ကြီးမားလာလိမ့်မည်ဖြစ်ကာ ပညတ်တော်များကို စောင့်ထိန်းခြင်း၏ အကျိုးဆက်များသည် သာ၍ နက်နဲလာလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်၊ သင်တို့သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ပြီး တစ်ချိန်တည်းမှာပင် ပညတ်တော်များကို စောင့်ထိန်းရမည် ဖြစ်သည်။ ဤကိစ္စရပ်ကို အဘယ်သူမျှ လျစ်လျူမရှုသင့်ပေ။ ဤခေတ်သစ်တွင် သမ္မာတရားသစ်နှင့် အသစ်သော ပညတ်တော်များကို တစ်ပြိုင်နက် အစပြုစေလော့။

## လက်တွေ့ကျသော ဘုရားသခင်သည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ကို သင်သိသင့်သည်

လက်တွေ့ကျသော ဘုရားသခင်အကြောင်း သင် မည်သည့်အရာကို သိသင့်သနည်း။ ဝိညာဉ်တော်၊ ဇာတိအဖြစ်တော်နှင့် နှုတ်ကပတ်တော်တို့က လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်ကို ဖြစ်စေပြီး၊ ဤသည်မှာ လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်။ အကယ်၍ သင်သည် ဇာတိအဖြစ်တော်ကိုသာ သိသော်လည်း- သူ၏ အမူအကျင့်များနှင့် ပင်ကိုအရည်အသွေးကိုသာ သင် သိသော်လည်း- ဝိညာဉ်တော်၏ အလုပ်ကိုမသိပါက သို့မဟုတ် လူ့ဇာတိတွင် မည်သည့်အမှုကို ဝိညာဉ်တော် ပြုသည်ကို သင်မသိပါက၊ ပြီးလျှင် ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်ကိုသာ သင်အာရုံစိုက်ပြီး ဝိညာဉ်တော်ရှေ့တွင်သာ ဆုတောင်းသော်လည်း၊ လက်တွေ့ကျသော ဘုရားသခင်၌ ဘုရားသခင်၏ ဝိညာဉ်တော်၏ အမှုကို မသိပါက၊ ဤအရာက လက်တွေ့ကျသော ဘုရားသခင်ကို သင်မသိသေးသည်ကို သက်သေပြပေသည်။ လက်တွေ့ကျသော ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာတွင် သူ၏ နှုတ်ကပတ်တော်များကို သိခြင်းနှင့် တွေ့ကြုံခြင်း၊ ပြီးလျှင် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်၏ စည်းမျဉ်းများနှင့် အခြေခံသဘောတရားများ၊ ဘုရားသခင်၏ ဝိညာဉ်တော်က လူ့ဇာတိ၌ မည်သို့အမှုပြုသည်ကို သဘောပေါက်ခြင်းတို့ ပါဝင်သည်။ ယင်းမှာ လူ့ဇာတိ၌ ဘုရားသခင်၏ လုပ်ရပ်တိုင်းကို ဝိညာဉ်တော်က အုပ်စိုးကြောင်းနှင့် သူပြောကြားသည့် နှုတ်ကပတ်တော်များသည် ဝိညာဉ်တော်၏ တိုက်ရိုက် ဖော်ပြချက်ဖြစ်ကြောင်းတို့ကို သိရှိခြင်းလည်း ပါဝင်ပေသည်။ ထို့ကြောင့် လက်တွေ့ကျသော ဘုရားသခင်ကို သိရှိရန်၊ လူ့သဘာဝနှင့် ဘုရားသဘောသဘာဝ၌ မည်သို့ ဘုရားသခင် အမှုပြုသည်ကို သိရှိဖို့သည် ပဓာနဖြစ်သည်။ ထိုအကြောင်းကြောင့် ဤသည်မှာ လူအားလုံး ပါဝင်ပတ်သက်သည့် ဝိညာဉ်တော်၏ ဖော်ပြချက်များနှင့်လည်း သက်ဆိုင်ပေသည်။

ဝိညာဉ်တော်၏ ဖော်ပြချက်များနှင့်ဆိုင်သည့် ရှုထောင့်များမှာ မည်သည့်အရာများ ဖြစ်သနည်း။ တစ်ခါတစ်ရံ ဘုရားသခင်သည် လူ့သဘာဝ၌ အမှုပြုပြီး၊ တစ်ခါတစ်ရံ ဘုရားသဘောသဘာဝ၌ အမှုပြုသည်- သို့သော် ကိစ္စရပ် နှစ်ခုလုံးတွင် ဝိညာဉ်တော်က ကွပ်ကဲအုပ်ချုပ်ပေသည်။ လူတို့အတွင်းတွင် မည်သည့် ဝိညာဉ်ရှိသည် ဖြစ်စေ၊ ၎င်းတို့၏ အပြင်ပန်း ဖော်ပြခြင်းသည် ထိုသို့ဖြစ်ပေသည်။ ဝိညာဉ်တော်သည် ပုံမှန်အားဖြင့် အလုပ်လုပ်သော်လည်း၊ ဝိညာဉ်တော်အားဖြင့် သူ၏ ဦးတည်ချက် နှစ်ပိုင်းရှိသည်- တစ်ပိုင်းမှာ လူ့သဘာဝ၌ သူ၏ အမှုဖြစ်ပြီး အခြားတစ်ပိုင်းမှာ ဘုရားသဘောသဘာဝမှတစ်ဆင့် သူ၏ အမှုဖြစ်သည်။ ဤအရာကို သင် ရှင်းရှင်းလင်းလင်း သိသင့်သည်။ ဝိညာဉ်တော်၏ အလုပ်သည် အခြေအနေများအရ ကွဲပြားသည်။ သူ၏ လူသားအမှုကို လိုအပ်သောအခါ၊ ဝိညာဉ်တော်သည်

ဤလူသားအမှုကို လမ်းညွှန်ပြီး၊ သူ၏ ဘုရားသဘောသဘာဝ အမှု လိုအပ်သောအခါ၊ ဘုရားသဘောသဘာဝက ယင်းကို ဆောင်ရွက်ရန် တိုက်ရိုက် ပေါ်ထွန်းလေသည်။ ဘုရားသခင်သည် လူ့ဇာတိ၌ အမှုပြုပြီး လူ့ဇာတိ၌ ပေါ်ထွန်းသောကြောင့်၊ သူသည် လူ့သဘာဝနှင့် ဘုရားသဘောသဘာဝ နှစ်ခုလုံးဖြင့် အမှုပြုလေသည်။ လူသဘာဝ၌ သူ၏ အမှုကို လူတို့၏ သွေးသားလိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန်၊ ၎င်းတို့၏ သူနှင့်အတူ ပါဝင်ပတ်သက်မှုကို လွယ်ကူ ချောမောစေရန်၊ ဘုရားသခင်၏ လက်တွေ့အရှိတရားနှင့် သာမန်ဖြစ်မှုတို့ကို ၎င်းတို့အား ရှုမြင်ခွင့်ကိုပေးရန်နှင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ့ဇာတိဖြင့် ကြွလာပြီးဖြစ်ကာ၊ လူသားအလယ်တွင် ရှိပြီး လူသားနှင့်အတူ နေထိုင်ကာ၊ လူသားတို့နှင့် ထိတွေ့ဆက်ဆံသည်ကို ၎င်းတို့အား တွေ့မြင်ခွင့်ပေးရန်အလို့ငှာ ဝိညာဉ်တော်က လမ်းညွှန်ပြီး လုပ်ဆောင်လေသည်။ ဘုရား သဘောသဘာဝရှိ သူ၏ အမှုကို လူတို့၏ အသက်ကို ထောက်ပံ့ပေးရန်နှင့် လူတို့၏ စိတ်သဘောထားများကို ပြောင်းလဲကာ လူ့ဇာတိ၌ ဝိညာဉ်တော်၏ ပေါ်ထွန်းခြင်းကို အမှန်တကယ် ရှုမြင်ခွင့်ပေးရင်း၊ အပြုသဘောဆောင်သည့်ဘက်မှ လူတို့ကို အရာရာတိုင်း၌ လမ်းပြရန်အလို့ငှာ လုပ်ဆောင်ခြင်း ဖြစ်သည်။ အဓိကအားဖြင့် လူသား၏ အသက်၌ ကြီးထွားမှုကို ဘုရားသဘောသဘာဝ၌ ဘုရားသခင်၏ အမှုနှင့် နှုတ်ကပတ်တော်များမှတစ်ဆင့် တိုက်ရိုက် စွမ်းဆောင်ရရှိပေသည်။ လူတို့သည် ဘုရားသဘောသဘာဝရှိ ဘုရားသခင်၏ အမှုကို လက်ခံမှသာ ၎င်းတို့၏ စိတ်သဘောထားထဲက ပြောင်းလဲမှုများကို ၎င်းတို့ စွမ်းဆောင် ရရှိနိုင်ပြီး၊ ထိုအခါမှသာ ၎င်းတို့၏ စိတ်ဝိညာဉ်၌ ဆန္ဒပြည့်ဝနိုင်ပေသည်။ ဤအရာအပြင် လူ့သဘာဝထဲက အမှုရှိမှသာ- ဘုရားသခင်၏ ထိန်းကျောင်းခြင်း၊ ပံ့ပိုးမှုနှင့် လူ့သဘာဝ၌ ထောက်ပံ့မှုများ ရှိမှသာ- ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် ရလဒ်များကို အပြည့်အဝ စွမ်းဆောင် ရရှိနိုင်ပေသည်။ ယနေ့ပြောကြားထားသည့် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တော်တိုင်သည် လူ့သဘာဝနှင့် ဘုရားသဘောသဘာဝ နှစ်ခုလုံးဖြင့် အမှုပြုသည်။ လက်တွေ့ကျသော ဘုရားသခင်၏ ပေါ်ထွန်းခြင်းမှတစ်ဆင့်၊ ကိုယ်တော်၏ ပုံမှန် လူသားအလုပ်နှင့် အသက်တာ၊ သူ၏ လုံးဝ ဘုရားသဘောသဘာဝ အမှုတို့ကို စွမ်းဆောင် ရရှိပေသည်။ သူ၏ လူ့သဘာဝနှင့် ဘုရားသဘောသဘာဝတို့ကို တစ်ခုတည်းအဖြစ် ပေါင်းစည်းထားပြီး၊ နှစ်ခုလုံး၏ အမှုကို နှုတ်ကပတ်တော်များမှတစ်ဆင့် ပြီးမြောက်ပေသည်။ လူ့သဘာဝတွင် ဖြစ်စေ၊ ဘုရားသဘောသဘာဝတွင် ဖြစ်စေ၊ သူသည် နှုတ်ကပတ်တော်များကို မြွက်ဆိုသည်။ ဘုရားသခင်သည် လူ့သဘာဝ၌ အမှုပြုချိန်တွင်၊ လူတို့အနေဖြင့် ပါဝင်ပတ်သက်ပြီး နားလည်နိုင်ကြဖို့အလို့ငှာ၊ လူ့သဘာဝနှင့်ဆိုင်သော ဘာသာစကားကို ပြောသည်။ သူ၏

နှုတ်ကပတ်တော်များကို ရိုးရှင်းစွာ ပြောဆိုထားပြီး၊ နားလည်ရ လွယ်ကူသည်မှာ ယင်းတို့ကို လူအားလုံးထံ ထောက်ပံ့ ပေးနိုင်ပေသည်။ လူတို့သည် အသိပညာ ပိုင်ဆိုင်ကြသည်ဖြစ်စေ သို့မဟုတ် ပညာရေး အားနည်းသည် ဖြစ်စေ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့အားလုံး ရရှိနိုင်ကြသည်။ ဘုရားသဘောသဘာဝရှိ ဘုရားသခင်၏ အမှုကိုလည်း နှုတ်ကပတ်တော်များမှတစ်ဆင့် ဆောင်ရွက်သော်လည်း၊ ယင်းသည် ထောက်ပံ့ခြင်း အပြည့် ဖြစ်သည်၊ အသက်နှင့် ပြည့်ဝသည်၊ လူသား စိတ်ကူးများဖြင့် မစွန်းထင်းပေ၊ ယင်းသည် လူသား နှစ်သက်မှုများ မပါဝင်သကဲ့သို့ လူသား အကန့်အသတ်များ မပါရှိပေ၊ ယင်းသည် မည်သည့် ပုံမှန်လူ့သဘာဝမဆို၏ ဘောင် အပြင်ဘက်တွင် ရှိ၏။ ယင်းကိုလူ့ဇာတိ၌ ဆောင်ရွက်သော်လည်း၊ ဝိညာဉ်တော်၏ တိုက်ရိုက် ဖော်ပြချက် ဖြစ်သည်။ အကယ်၍ လူတို့သည် လူ့သဘာဝထဲရှိ ဘုရားသခင်၏ အမှုကိုသာ လက်ခံပါက၊ ၎င်းတို့သည် အချို့သော နယ်ပယ်အထိ မိမိတို့ကိုယ်ကိုယ် ကန့်သတ်မိလိမ့်မည် ဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့ထဲတွင် ပြောင်းလဲမှု အနည်းငယ်မျှပင် ရှိဖို့အတွက်အလို့ငှာ၊ ရေရှည် ကိုင်တွယ်ဖြေရှင်းခြင်း၊ ပြုပြင်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းတို့ လိုအပ်ပေလိမ့်မည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် သို့မဟုတ် မျက်မှောက်မရှိဘဲနှင့်၊ ၎င်းတို့သည် ၎င်းတို့၏ လမ်းဟောင်းများကိုသာ အမြဲ အားကိုးအားထား ပြုကြလိမ့်မည် ဖြစ်သည်။ ဤရောဂါများနှင့် ချို့တဲ့ခြင်းတို့ကို ပြုပြင်နိုင်သည်မှာ ဘုရားသဘာဝ၏ အမှုမှတစ်ဆင့်သာ ဖြစ်ပြီး၊ ထိုအခါမှသာ လူတို့သည် စုံလင်စေခြင်းခံရနိုင်ပေသည်။ ခံနိုင်စွမ်းရှိသည့် ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြုပြင်ခြင်းတို့အစား၊ လိုအပ်သည်မှာ အားနည်းချက်များအားလုံးကို ပြုပြင်ရန် နှုတ်ကပတ်တော်ကို အသုံးပြုရင်း၊ လူတို့၏ အခြေအနေတိုင်းကို ထုတ်ဖော်ပြရန် နှုတ်ကပတ်တော်များကို အသုံးပြုရင်း၊ ၎င်းတို့၏ အသက်တာများ၊ ၎င်းတို့၏ မြွက်ဆိုမှုတိုင်း၊ ၎င်းတို့၏ လုပ်ရပ်တိုင်းကို လမ်းညွှန်ရန်၊ ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် ကြံရွယ်ချက်များကို ဖွင့်ဟရန် နှုတ်ကပတ်တော်များကို အသုံးပြုရင်း၊ အပြုသဘောဆောင်သော ထောက်ပံ့မှု ဖြစ်သည်။ ဤသည်မှာ လက်တွေ့ကျသော ဘုရားသခင်၏ စစ်မှန်သော အမှုဖြစ်သည်။ ထို့ကြောင့် လက်တွေ့ကျသော ဘုရားသခင်အပေါ် သင်၏ သဘောထားတွင်၊ သင်သည် သူ၏ လူ့သဘာဝ ရှေ့မှောက်တွင် သူ့ကို သတိပြုကာ အသိအမှတ်ပြုရင်း၊ တစ်ပြိုင်နက် ကျိုးနွံနာခံသင့် သကဲ့သို့၊ ထို့အပြင် သူ၏ သဘောသဘာဝနှင့်သက်ဆိုင်သော အမှုနှင့် နှုတ်ကပတ်တော်များကို လက်ခံကာ နာခံသင့်သည်။ လူ့ဇာတိ၌ ဘုရားသခင်၏ ပေါ်ထွန်းခြင်းဆိုသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်၏ အမှုနှင့် နှုတ်ကပတ်တော်များအားလုံးကို သူ၏ ပုံမှန်လူ့သဘာဝနှင့် သူ၏ လူ့ဇာတိခံ ခန္ဓာမှတစ်ဆင့် လုပ်ဆောင်သည်ဟု ဆိုလိုပေသည်။ တစ်နည်းအားဖြင့်၊

ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ၏ လူသားအမှုကို လမ်းညွှန်ပြီး လူ့ဇာတိ၌ ဘုရားသဘောသဘာဝ၏ အမှုကို တစ်ပြိုင်နက် ဆောင်ရွက်ပေသည်၊ လူ့ဇာတိခံ ဘုရားသခင်၌ သင်သည် လူ့သဘာဝထဲရှိ ဘုရားသခင်၏ အမှုနှင့် သူ၏ လုံးဝ ဘုရားသဘောသဘာဝ အမှု နှစ်ခုလုံးကို တွေ့နိုင်ပေသည်။ ဤသည်မှာ လက်တွေ့ကျသော ဘုရားသခင်၏ လူ့ဇာတိ၌ ပေါ်ထွန်းခြင်း၏ တကယ့် အရေးပါမှုဖြစ်သည်။ ဤအရာကို သင် ရှင်းလင်းစွာ တွေ့မြင်နိုင်ပါက၊ ဘုရားသခင်၏ မတူကွဲပြားသော အစိတ်အပိုင်းအားလုံးကို သင် ဆက်စပ်နိုင်လိမ့်မည်။ သင်သည် ဘုရားသဘောသဘာဝထဲရှိ သူ၏ အမှုအပေါ် လွန်ကဲသော အရေးပါမှုထားခြင်းကို ရပ်တန့်လိမ့်မည် ဖြစ်ပြီး၊ လူ့သဘာဝထဲရှိ သူ၏ အမှုကို လွန်ကဲသည့် အထင်သေးမှုဖြင့် ရှုမြင်ခြင်းကို ရပ်တန့်လိမ့်မည်ဖြစ်ကာ သင်သည် အစွန်းရောက်လိမ့်မည် မဟုတ်သကဲ့သို့ မည်သည့်လမ်းလွဲကိုမျှ လျှောက်လိမ့်မည် မဟုတ်ပေ။ ယေဘုယျအားဖြင့်၊ လက်တွေ့ကျသော ဘုရားသခင်၏ အဓိပ္ပာယ်မှာ လူတို့က သူသည် အထင်းသားဖြစ်ပြီး အသက်ပါသည်၊ စစ်မှန်ပြီး မှန်ကန်သည်ကို မြင်တွေ့နိုင်ကြဖို့အလို့ငှာ၊ ဝိညာဉ်တော်က လမ်းညွှန်ပေးသည်နှင့်အမျှ သူ၏ လူ့သဘာဝ အမှုနှင့် ဘုရား သဘောသဘာဝ အမှုတို့ကို သူ၏ လူ့ဇာတိမှတစ်ဆင့် ဖော်ပြခြင်း ဖြစ်သည်။

လူ့သဘာဝ၌ ဘုရားသခင် ဝိညာဉ်တော်၏ အမှုသည် အသွင်ကူးပြောင်းခြင်းဆိုင်ရာ အဆင့်များရှိသည်။ လူ့သဘာဝကို ပြီးပြည့်စုံစေခြင်းအားဖြင့်၊ သူသည် သူ၏ လူ့သဘာဝအား ဝိညာဉ်တော်၏ လမ်းညွှန်မှုကို ရရှိနိုင်စေသည်၊ ယင်းနောက်တွင် သူ၏ လူ့သဘာဝသည် အသင်းတော်များကို ပံ့ပိုးပေးနိုင်ပြီး ထိန်းကျောင်းပေးနိုင်လေသည်။ ဤသည်မှာ ဘုရားသခင်၏ ပုံမှန်အမှု၏ ဖော်ပြချက် တစ်ခု ဖြစ်သည်။ ထို့ကြောင့် လူ့သဘာဝထဲက ဘုရားသခင် အမှု၏ အခြေခံသဘောတရားများကို ရှင်းလင်းစွာ သင် မြင်နိုင်ပါက၊ လူ့သဘာဝထဲရှိ ဘုရားသခင်၏ အမှုနှင့် ပတ်သက်သည့် အယူအဆများကို သိထားရန် သင် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ အခြားမည်သည့်အရာမဆိုကို ပဓာန မထားဘဲ၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် မမှားယွင်းနိုင်ပေ။ သူသည် မှန်ကန်ပြီး အမှားအယွင်းမရှိပေ။ သူသည် မည်သည့်အရာကိုမျှ မမှန်မကန် မလုပ်ပေ။ ဘုရားသဘောသဘာဝနှင့် ဆိုင်သော အမှုသည် လူ့သဘာဝ၏ ဝင်ရောက်စွက်ဖက်ခြင်း မရှိဘဲ၊ ဘုရားသခင် အလို၏ တိုက်ရိုက် ဖော်ပြချက် ဖြစ်သည်။ ယင်းသည် စုံလင်စေခြင်းကို မကြုံရသော်လည်း၊ ဝိညာဉ်တော်ထံမှ တိုက်ရိုက် လာပေသည်။ သို့သော် သူသည် ဘုရားသဘောသဘာဝ၌ အမှုပြုနိုင်သည်ဆိုသည့်အချက်မှာ သူ၏ ပုံမှန် လူ့သဘာဝ ကြောင့်ဖြစ်သည်။ ယင်းသည် အနည်းငယ်မျှ သဘာဝလွန် မဟုတ်သကဲ့သို့ ပုံမှန်လူတစ်ဦးက လုပ်ဆောင်ထားသည့်ပုံရသည်။ ဘုရားသခင်သည်

အဓိကအားဖြင့် လူ့ဇာတိမှတစ်ဆင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖော်ပြရန်၊ လူ့ဇာတိအားဖြင့် ဘုရားဝိညာဉ်တော်၏ အမှုကို ပြီးပြည့်စုံစေရန်အလို့ငှာ ကောင်းကင်မှ မြေကြီးသို့ ကြွလာခဲ့ပေသည်။

ယနေ့တွင် လက်တွေ့ကျသော ဘုရားသခင်နှင့်ဆိုင်သည့် လူတို့၏ အသိပညာသည် တစ်ဖက်သတ်ဆန်လွန်းပြီး၊ လူ့ဇာတိခံခြင်း၏ အရေးပါမှုနှင့်ဆိုင်သော ၎င်းတို့၏ သိနားလည်မှုသည် အလွန် သေးနုပ်လွန်းဆဲ ဖြစ်သည်။ ဘုရားသခင်၏ လူ့ဇာတိကြောင့် ဘုရားသခင်၏ ဝိညာဉ်တော် အလွန်ပါဝင်သည်၊ သူသည် အလွန် များပြား ကြွယ်ဝသည်ဆိုသည်ကို သူ၏ အမှုနှင့် နှုတ်ကပတ်တော်များ မှတစ်ဆင့် လူများ မြင်တွေ့ရသည်။ သို့သော် မည်သို့ပင် ဆိုစေကာမူ၊ ဘုရားသခင်၏ သက်သေခံချက်သည် ဘုရားသခင်၏ ဝိညာဉ်တော်မှ အခြေခံအားဖြင့် လာပေသည်- လူ့ဇာတိ၌ ဘုရားသခင် ပြုသည့်အရာ၊ မည်သည့် အခြေခံသဘောတရားများဖြင့် သူ အမှုပြုသည်၊ လူ့သဘာဝ၌ သူ လုပ်ဆောင်သည့်အရာနှင့် ဘုရား သဘောသဘာဝ၌ သူ လုပ်ဆောင်သည့်အရာတို့ ဖြစ်သည်။ လူတို့သည် ဤအရာနှင့်ပတ်သက်သည့် အသိပညာ ရှိကြရမည်။ ယနေ့တွင် ဤလူကို သင် ကိုးကွယ် နိုင်သော်လည်း၊ အနှစ်သာရအားဖြင့်၊ သင်သည် ဝိညာဉ်တော်ကို ကိုးကွယ်နေခြင်း ဖြစ်ပြီး၊ ယင်းသည် လူ့ဇာတိခံ ဘုရားသခင်နှင့်ဆိုင်သည့် ၎င်းတို့၏ အသိပညာဖြင့် လူတို့ အနည်းဆုံး စွမ်းဆောင်ရရှိသင့်သည့်အရာဖြစ်သည်- လူ့ဇာတိမှတစ်ဆင့် ဝိညာဉ်တော်၏ အနှစ်သာရကို သိခြင်း၊ လူ့ဇာတိထဲ၌ ဝိညာဉ်တော်၏ ဘုရားသဘောသဘာဝနှင့် သက်ဆိုင်သော အမှုနှင့် လူ့ဇာတိ၌ လူသားအလုပ်တို့ကို သိခြင်း၊ လူ့ဇာတိ၌ ဝိညာဉ်တော်၏ နှုတ်ကပတ်တော်များနှင့် မိန့်မြွက်ချက်များ အားလုံးကို လက်ခံခြင်းနှင့် လူ့ဇာတိကို ဘုရားသခင်၏ ဝိညာဉ်တော်က လမ်းညွှန်ပုံနှင့် လူ့ဇာတိထဲ၌ သူ၏ တန်ခိုး ပြသပုံတို့ကို တွေ့မြင်ခြင်းတို့ ဖြစ်သည်။ ဤသည်မှာ လူသည် ကောင်းကင်ဘုံရှိ ဝိညာဉ်တော်ကို လူ့ဇာတိမှတစ်ဆင့် သိလာကြသည်ဟု ဆိုရပေမည်။ လူသားအလယ် လက်တွေ့ကျသော ဘုရားသခင် ကိုယ်တိုင်၏ ပေါ်ထွန်းခြင်းသည် လူတို့၏ အယူအဆများ ထဲရှိ မရေရာသော ဘုရားသခင်ကို ပပျောက်စေပြီး ဖြစ်သည်။ လက်တွေ့ကျသော ဘုရားသခင် ကိုယ်တိုင်ကို လူတို့၏ ကိုးကွယ်ခြင်းသည် ဘုရားသခင်ကို ၎င်းတို့၏ နာခံမှုအား တိုးပွားစေပြီး ဖြစ်သကဲ့သို့၊ လူ့ဇာတိ၌ ဘုရားသခင် ဝိညာဉ်တော်၏ ဘုရားသဘောသဘာဝ အမှုနှင့် လူ့ဇာတိ၌ လူသား အလုပ်တို့မှတစ်ဆင့်၊ လူသားသည် ဖွင့်ပြခြင်းကို ရရှိပြီး ထိန်းကျောင်းခံရကာ လူသား၏ အသက်စိတ်သဘောထား ထဲတွင် ပြောင်းလဲမှုများကို ရရှိပေသည်။ ဤသည်မှာ လူ့ဇာတိ၌ ဝိညာဉ်တော် ရောက်ရှိခြင်း၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်၊ ယင်း၏

အဓိကရည်ရွယ်ချက်မှာ လူတို့သည် ဘုရားသခင်နှင့် ထိတွေ့နိုင်ဖို့ ဘုရားသခင်အပေါ် ကိုးစားပြီး ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာသို့ ဆိုက်ရောက်နိုင်ကြဖို့အလို့ငှာ ဖြစ်သည်။

အဓိကအားဖြင့် လက်တွေ့ကျသော ဘုရားသခင်အပေါ် လူတို့သည် မည်သည့် သဘောထားကို ရှိသင့်သနည်း။ လူ့ဇာတိခံယူခြင်း၊ လူ့ဇာတိ၌ နှုတ်ကပတ်တော်၏ ပေါ်ထွန်းခြင်း၊ လူ့ဇာတိ၌ ဘုရားသခင်၏ ပေါ်ထွန်းခြင်း၊ လက်တွေ့ကျသော ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ မည်သည့်အရာကို သင် သိရှိပါသနည်း။ ယနေ့ ဆွေးနွေးခြင်း၏ အဓိက အကြောင်းအရာများမှာ မည်သည့်အရာများ ဖြစ်သနည်း။ လူ့ဇာတိခံယူခြင်း၊ လူ့ဇာတိ၌ နှုတ်ကပတ်တော်၏ ရောက်ရှိခြင်းနှင့်၊ လူ့ဇာတိ၌ ဘုရားသခင်၏ ပေါ်ထွန်းခြင်းအားလုံးတို့သည် နားလည်ထားရမည့် ကိစ္စရပ်များ ဖြစ်သည်။ သင်၏ ဝိညာဉ်ရင့်ကျက်မှုနှင့် ခေတ်တို့ကို အခြေခံ၍ ဤကိစ္စရပ်များကို သင်တို့ တဖြည်းဖြည်း သိနားလည်လာရမည် ဖြစ်ပြီး၊ သင်တို့ အသက် အတွေ့အကြုံထဲက ယင်းတို့နှင့် သက်ဆိုင်သည့် ရှင်းလင်းသော အသိပညာကို ရှိလာရမည် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူတို့တွေ့ကြုံသည့် ဖြစ်စဉ်သည် လူ့ဇာတိ၌ ဘုရား နှုတ်ကပတ်တော်များ၏ ပေါ်ထွန်းမှုကို ၎င်းတို့သိကြသည့် ဖြစ်စဉ်နှင့် တူညီပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူတို့ သာ၍ ကြုံတွေ့ရလေလေ၊ ဘုရားသခင်၏ ဝိညာဉ်တော်ကို ၎င်းတို့ သာ၍ သိရှိလေလေ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြုံတွေ့ခြင်းမှတစ်ဆင့် ဝိညာဉ်တော်၏ အမှုနှင့်ဆိုင်သော အခြေခံသဘောတရားများကို လူတို့ သဘောပေါက်ကြပြီး၊ လက်တွေ့ကျသော ဘုရားသခင် ကိုယ်တိုင်ကို သိလာကြသည်။ အမှန်တွင် ဘုရားသခင်သည် လူတို့ကို စုံလင်စေကာ ရယူသောအခါတွင်၊ ၎င်းတို့ကို လက်တွေ့ကျသော ဘုရားသခင်၏ လုပ်ဆောင်ချက်များအား သိစေလေသည်။ သူသည် လူ့ဇာတိခံယူခြင်း၏ တကယ့် အရေးပါမှုကို လူတို့အား ပြသဖို့၊ လူသားရှေ့မှောက်တွင် ဘုရားသခင်၏ ဝိညာဉ်တော် အမှန်တကယ် ပေါ်ထွန်းပြီးဖြစ်သည်ကို ၎င်းတို့အား ပြသဖို့ရန်၊ လက်တွေ့ကျသော ဘုရားသခင်၏ အမှုကို အသုံးပြုနေပေသည်။ လူတို့သည် ဘုရားသခင်၏ ရယူခြင်းခံရကာ စုံလင်စေခြင်းခံရသည့်အခါ၊ လက်တွေ့ကျသော ဘုရားသခင်၏ ဖော်ပြချက်များက ၎င်းတို့ကို သိမ်းပိုက်ပြီးဖြစ်သည်။ လက်တွေ့ကျသော ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ၎င်းတို့ကို ပြောင်းလဲပြီးဖြစ်ကာ၊ ၎င်းတို့ကို သူ၏ ဖြစ်ခြင်းဖြင့် ပြည့်စေရင်း၊ (ယင်းမှာ သူ၏ လူ့သဘာဝ၌ ဖြစ်ခြင်းဖြစ်စေ၊ ဘုရားသဘာဝ၌ဖြစ်ခြင်းဖြစ်စေ)၊ သူ၏ နှုတ်ကပတ်တော်များ၏ အနှစ်သာရဖြင့် ၎င်းတို့ကို ပြည့်စေရင်း၊ ပြီးလျှင် လူတို့အား သူ၏ နှုတ်ကပတ်တော်များကို

အသက်ရှင်နေထိုင်စေရင်း၊ သူ၏ ကိုယ်ပိုင်အသက်ကို ၎င်းတို့ထဲသို့ အမှုပြုလေသည်။ လူတို့ကို ဘုရားသခင် ရယူသည့်အခါ၊ အဓိကအားဖြင့် ၎င်းတို့ လိုအပ်သည့်အရာကို ရရှိစေရင်းနှင့် လူသားအလယ် ဘုရားသခင် ကြွလာပြီးဖြစ်သည်ကို ၎င်းတို့အား ပြသရင်း၊ လူတို့၏ ချို့တဲ့မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ၎င်းတို့၏ ပုန်ကန်တတ်သော စိတ်သဘောထားကို တရားစီရင်ကာ ထုတ်ဖော်ပြရန် နည်းလမ်းတစ်ခုအနေဖြင့်၊ လက်တွေ့ကျသော ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် မိန့်မြွက်ချက်များကို သူအသုံးပြုလေသည်။ အရေးအကြီးဆုံးမှာ လက်တွေ့ကျသော ဘုရားသခင် လုပ်ဆောင်သည့် အမှုသည် လူအယောက်တိုင်းကို ညစ်ညူးသော နယ်မြေမှ ခေါ်ဆောင်သွားရင်းနှင့် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ပပျောက်စေရင်း၊ ၎င်းတို့ကို စာတန်၏ စွမ်းအားမှ ကယ်တင်ခြင်းနှင့် သက်ဆိုင်ပေသည်။ လက်တွေ့ကျသော ဘုရားသခင်၏ ရယူခံရခြင်းနှင့်ဆိုင်သည့် အနက်နဲဆုံးသော အရေးပါမှုမှာ စံနမူနာနှင့် စံပြတစ်ခု အဖြစ် လက်တွေ့ကျသော ဘုရားသခင်နှင့်အတူ ပုံမှန်လူ့သဘာဝကို အသက်ရှင်နေထိုင်နိုင်ခြင်း၊ သွေဖည်မှု သို့မဟုတ် ခွဲသွေခြင်း စိုးစဉ်းမျှမရှိဘဲ လက်တွေ့ကျသော ဘုရားသခင်၏ နှုတ်ကပတ်တော်များ နှင့် သတ်မှတ်ချက်များအတိုင်း လက်တွေ့လုပ်ဆောင်နိုင်ခြင်း၊ သူပြောသည့် မည်သည့်အရာကိုမဆို လက်တွေ့လုပ်ဆောင်ခြင်းနှင့် သူတောင်းဆိုသည့် မည်သည့်အရာကိုမဆို စွမ်းဆောင်ရရှိနိုင်ခြင်း ဖြစ်သည်။ ဤနည်းဖြင့် သင်သည် ဘုရားသခင်၏ ရယူခြင်း ခံရပြီးဖြစ်လိမ့်မည်။ ဘုရားသခင်၏ ရယူခြင်းကို သင်ခံရသောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သင်ပိုင်ဆိုင်သည်သာ မဟုတ်။ အဓိကအားဖြင့် လက်တွေ့ကျသော ဘုရားသခင်၏ သတ်မှတ်ချက်များကို သင် အသက်ရှင်နေထိုင်နိုင်လိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် ရှိခြင်းမျှဖြင့် သင်သည် အသက်ရှိပြီဟု မဆိုလိုပေ။ အဓိကကျသောအချက်မှာ ဘုရားသခင်၏ ရယူခြင်းကို သင် ခံရနိုင်ခြင်း ရှိ မရှိဆိုသည်နှင့် ဆက်နွယ်သည့်၊ သင်နှင့်သက်ဆိုင်သည့် လက်တွေ့ကျသော ဘုရားသခင်၏ သတ်မှတ်ချက်များအတိုင်း သင် ပြုမူနိုင်ခြင်းရှိ၊ မရှိ ဆိုသည့်အရာ ဖြစ်သည်။ ဤသည်တို့မှာ လူ့ဇာတိ၌ လက်တွေ့ကျသော ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အကြီးမြတ်ဆုံးသော အဓိပ္ပာယ် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်သည် စစ်မှန်စွာနှင့် အမှန်တကယ် လူ့ဇာတိ၌ ပေါ်ထွန်းခြင်းနှင့် အထင်းသားဖြစ်ပြီး အသက်ပါခြင်း၊ လူတို့က မြင်တွေ့နိုင်ခြင်း၊ ဝိညာဉ်တော်၏ အလုပ်ကို လူ့ဇာတိ၌ အမှန်တကယ် လုပ်ဆောင်ခြင်းနှင့် လူများအတွက် လူ့ဇာတိ၌ စံနမူနာအဖြစ် ပြုမူခြင်းအားဖြင့် လူတစ်စုကို ဘုရားသခင် ရယူသည်ဟု ပြော၍ ရသည်။ လူ့ဇာတိ၌ ဘုရားသခင် ရောက်ရှိခြင်းသည် အဓိကအားဖြင့် ဘုရားသခင်၏ စစ်မှန်သော လုပ်ဆောင်မှုများကို လူသားတို့အား

တွေ့မြင်နိုင်စေရန်၊ ပုံပန်းသဏ္ဍာန်မဲ့သည့် ဝိညာဉ်တော်အဖို့ အသွေးအသား ပုံသဏ္ဍာန် ပေးရန်နှင့် သူ့ကို လူတို့အား မြင်တွေ့ခွင့်နှင့် ထိတွေ့ခွင့် ပေးရန် ရည်ရွယ်ပေသည်။ ဤနည်းဖြင့်၊ သူ၏ စုံလင်စေခြင်းခံရသူများသည် သူ့ကို အသက်ရှင်နေထိုင်ကြလိမ့်မည်၊ သူ၏ ရယူခြင်း ခံရလိမ့်မည် ဖြစ်ပြီး၊ သူ၏ စိတ်နှလုံးနှင့် ညီညွတ်ကြလိမ့်မည် ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် ကောင်းကင်ဘုံတွင်သာ စကားပြောပြီး၊ မြေကြီးပေါ်သို့ အမှန်တကယ် ကြွလာခြင်း မရှိခဲ့ပါက၊ လူတို့သည် ဘုရားသခင်ကို သိနိုင်စွမ်း ရှိကြဦးမည် မဟုတ်ပေ။ ၎င်းတို့သည် အနှစ်မဲ့သော သီအိုရီကို အသုံးပြုလျက် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို ဟောပြောရုံ ဟောပြောနိုင်ကြလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့အရှိတရားအဖြစ် ရှိကြလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် အဓိကအားဖြင့် သူရယူမည့် သူများအတွက် နမူနာနှင့် စံပြအဖြစ် ပြုမူဆောင်ရွက်ရန် မြေကြီးပေါ်သို့ ကြွလာပြီ ဖြစ်သည်။ ထိုသို့ဖြင့်သာ၊ လူတို့သည် ဘုရားသခင်ကို အမှန်တကယ် သိရှိနိုင်သည်၊ ဘုရားသခင်ကို တို့ထိနိုင်ပြီး၊ သူ့ကို မြင်နိုင်ကာ၊ ထိုအခါမှသာ ၎င်းတို့သည် ဘုရားသခင်၏ ရယူခြင်း အမှန်တကယ် ခံရနိုင်ပေသည်။

## သမ္မာတရားအား လက်တွေ့လုပ်ဆောင်ခြင်းသည်သာလျှင် စစ်မှန်မှု ပိုင်ဆိုင်ခြင်းဖြစ်သည်

ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဆုပ်ကိုင်ပြီး ၎င်းတို့ကို ရဲရဲတင်းတင်း ရှင်းပြနိုင်ခြင်းက သင်သည် စစ်မှန်မှုကို လက်ဝယ်ရရှိထားသည်ဟု မဆိုလိုပေ၊ အမှုအရာများသည် သင် ထင်မှတ်သကဲ့သို့ မရိုးစင်းပေ။ စစ်မှန်မှုကို သင် လက်ဝယ် ရရှိထားခြင်း ရှိ မရှိဟူသည် သင် ပြောဆိုသည့်အရာအပေါ် အခြေမခံပေ၊ ထို့ထက် ယင်းသည် သင် အသက်ရှင် နေထိုင်သည့်အရာအပေါ် အခြေခံသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်များက သင်၏ အသက်တာနှင့် သင်၏ပင်ကိုဖော်ပြချက် ဖြစ်လာသောအခါတွင်သာ၊ သင့်တွင် စစ်မှန်မှု ရှိသည်ဟု ဆိုနိုင်မည် ဖြစ်ပြီး၊ ထိုအခါမှသာ သင်သည် စစ်မှန်သော အသိအမြင်နှင့် အမှန်တကယ် ဝိညာဉ်ရင့်ကျက်မှုကို ရရှိခဲ့ပြီးဖြစ်သည်ဟု မှတ်ယူနိုင်သည်။ သင်သည် ရှည်လျားသော အချိန်ကာလများတစ်လျှောက် စစ်ကြောခြင်းကို ကြံ့ကြံ့ခံနိုင်ရမည် ဖြစ်ကာ ဘုရားသခင် သတ်မှတ်ထားသည့် ပုံသဏ္ဍာန်အတိုင်း အသက်ရှင်နေထိုင်နိုင်ရမည်။ ယင်းသည် ဟန်ပြခြင်းမျှသာ မဖြစ်ရပေ၊ ယင်းသည် သင့်အထဲမှ သဘာဝအလျောက် စီးဆင်းလာရမည်။

ထိုအခါမှသာ သင်သည် စစ်မှန်မှုကို အမှန်တကယ် ပိုင်ဆိုင်လိမ့်မည် ဖြစ်ပြီး၊ ထိုအခါမှသာ သင်သည် အသက်တာကို ရရှိပြီးဖြစ်လိမ့်မည်။ လူတိုင်းရင်းနှီးသည့် အစေခံသူတို့၏ စမ်းသပ်ခံရခြင်း ဥပမာကို ငါအသုံးပြုမည်- အစေခံသူများနှင့် စပ်လျဉ်း၍ အမြင့်မြတ်ဆုံး အယူအဆများကို မည်သူမဆို ပေးနိုင်ပြီး ဤအကြောင်းအရာနှင့် ပတ်သက်သည့် သင့်တင့်လျောက်ပတ်သော သိနားလည်ခြင်း တစ်ခု လူတိုင်းတွင် ရှိကြ၏။ ၎င်းတို့သည် ယင်းအကြောင်း ဟောပြောကြပြီး ဟောပြောချက် တစ်ခုချင်းစီသည် ယခင်တစ်ခုထက် သာလွန်သည်မှာ ယှဉ်ပြိုင်မှု တစ်ခုသဖွယ်ပင် ဖြစ်၏။ သို့သော်လည်း အကယ်၍ လူသားသည် ကြီးမားသော စမ်းသပ်မှု တစ်ခုကို မကြုံရသေးပါက၊ ၎င်းတွင် ထွက်ဆိုရန် ကောင်းသော သက်သေခံချက် တစ်ခု ရှိသည်ဟု ဆိုရန် လွန်စွာခဲယဉ်းပေသည်။ တိုတိုပြောရလျှင် လူသား၏သိနားလည်ခြင်းနှင့် လုံးဝဆန့်ကျင်လျက် သူ အသက်ရှင်နေထိုင်မှုသည် လွန်စွာချို့တဲ့နေဆဲ ဖြစ်သည်။ ထို့ကြောင့် ယင်းသည် လူသား၏ ဝိညာဉ်ရင့်ကျက်မှု အမှန် မဖြစ်သေးပေ၊ ထို့အပြင် ယင်းသည် လူသား၏အသက်တာ မဟုတ်သေးပေ။ လူသား၏ သိနားလည်ခြင်းသည် လက်တွေ့အဖြစ် ဖော်ဆောင်ခြင်း မခံရသေးသောကြောင့်၊ သူ၏ဝိညာဉ်ရင့်ကျက်မှုမှာ ယိုင်နဲ့နဲ့နှင့် ပြိုကျပျက်စီးလုလု ဖြစ်နေလျက်၊ သဲပေါ် ဆောက်ထားသည့် ရဲတိုက် တစ်ခုပမာ ဖြစ်နေသေးသည်။ လူသားသည် စစ်မှန်မှုကို ပိုင်ဆိုင်ခြင်းမှာ အလွန် နည်းပါးလွန်း၏။ လူသား၏အထဲ၌ စစ်မှန်မှု တစ်စုံတစ်ရာကို ရှာတွေ့ရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။ လူသား၏အထဲမှ သဘာဝအလျောက် စီးဆင်းလာနေသော စစ်မှန်မှုသည် အလွန်ပင် နည်းပါးလှပြီး၊ သူတို့ အသက်ရှင်နေထိုင်သော စစ်မှန်မှု အလုံးစုံသည် အတင်းအဓမ္မ လုပ်ယူထားခြင်း ဖြစ်သည်၊ ထိုအကြောင်းကြောင့် လူသားသည် စစ်မှန်မှုကို လုံးဝ မပိုင်ဆိုင်ဟု ငါဆိုခြင်းဖြစ်သည်။ ဘုရားသခင်အပေါ် သူတို့၏ချစ်ခြင်းသည် မည်သည့်အခါမျှ မပြောင်းလဲပါဟု လူတို့ အခိုင်အမာဆိုသော်လည်း၊ ယင်းသည် မည်သည့်စမ်းသပ်မှုများကိုမှ ၎င်းတို့ရင်မဆိုင်ရသေးမီ၊ ပြောဆိုသည့် အရာမျှသာ ဖြစ်သည်။ ၎င်းတို့သည် တစ်နေ့တွင် စမ်းသပ်မှုများနှင့် ရုတ်တရက် ရင်ဆိုင်ရသောအခါ၊ ၎င်းတို့ပြောဆိုသော အကြောင်းအရာများသည် စစ်မှန်မှုနှင့် လိုက်လျောညီထွေမှုမရှိ နောက်တစ်ကြိမ် ထပ်၍ ဖြစ်သွားလိမ့်မည် ဖြစ်ပြီး၊ လူသားသည် စစ်မှန်မှုကို မပိုင်ဆိုင်ကြောင်း၊ ယင်းက ထပ်မံ၍ သက်သေပြလိမ့်မည်။ သင့်အယူအဆများနှင့် မကိုက်ညီသည့် အရာများနှင့် သင့်ကိုယ်သင် ဘေးဖယ်ထားရန် လိုအပ်သည့်အရာများကို သင် နဖူးတွေ့ဒူးတွေ့ ကြုံရသောအခါတိုင်းတွင်၊ ထိုအရာများသည် သင်၏စမ်းသပ်မှုများဟု ဆိုနိုင်သည်။ ဘုရားသခင်၏ အလိုတော်အား မထုတ်ဖော်မီတွင် လူသားတိုင်းသည် ပြင်းထန်သော

စစ်ဆေးမှုတစ်ခုနှင့် ဧရာမ စမ်းသပ်မှု တစ်ခုကို ကြုံတွေ့ရသည်။ ယင်းကို သင်နားလည်သဘောပေါက်နိုင်သလော။ ဘုရားသခင်သည် လူတို့ကို စစ်ကြောလိုသောအခါ စစ်မှန်သော သမ္မာတရားကို မထုတ်ဖော်မီ ကိုယ်တော်က ၎င်းတို့အား ၎င်းတို့၏ ရွေးချယ်မှုများ အမြဲပြုခွင့်ပေးသည်။ ယင်းက ဘုရားသခင်သည် လူကို စမ်းသပ်မှု ခံစေသည့်အခါ၊ ကိုယ်တော်သည် သင့်အား သမ္မာတရားကို မည်သည့်အခါမျှ ပြောပြလိမ့်မည်မဟုတ်ဟု ဆိုလိုပေသည်၊ ထိုအရာသည် လူသားတို့ ဖော်ထုတ်ပြသခံရမည့် နည်းဟန် ဖြစ်သည်။ ဤသည်မှာ မျက်မှောက်ခေတ်၏ ဘုရားသခင်အား သင် သိနားလည်ခြင်း ရှိ မရှိကို မြင်တွေ့ရန်နှင့် စစ်မှန်မှု တစ်စုံတစ်ရာ သင် ပိုင်ဆိုင်ခြင်း ရှိ မရှိကို မြင်တွေ့ရန်၊ ဘုရားသခင်က သူ၏အမှုကို လုပ်ဆောင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ဘုရားသခင်၏ အလုပ်နှင့်ပတ်သက်၍ သင်သည် သံသယများ အမှန်တကယ် ကင်းရှင်းသလော။ ကြီးမားသော စမ်းသပ်မှု တစ်ခု သင့်အပေါ်သို့ ကျရောက်လာသောအခါ၊ သင်သည် အမှန်တကယ် အခိုင်အမာ ရပ်တည်နိုင်လိမ့်မည်လော။ “မည်သည့်ပြဿနာမျှ ရှိလိမ့်မည် မဟုတ်ကြောင်း ကျွန်ုပ် အာမခံသည်။” ဟု မည်သူ ဆိုဝံ့သနည်း။ “အခြားသူများတွင် သံသယများ ရှိကောင်း ရှိမည်။ သို့သော် ကျွန်ုပ်တွင် မည်သည့်အခါမျှ သံသယရှိလိမ့်မည် မဟုတ်ပါ။” ဟု မည်သူရဲရဲတင်းတင်း ပြောဝံ့သနည်း။ ယင်းသည် ပေတရု စမ်းသပ်မှုများ ခံစားရသည့် အချိန်ကဲ့သို့ပင် ဖြစ်သည်- သမ္မာတရားအား မထုတ်ဖော်မီတွင် သူအမြဲ မိမိကိုယ်ကိုယ် အမွှမ်းတင်ခဲ့သည်။ ဤသည်မှာ ပေတရုတွင်သာ သီးသန့်တစ်မူထူးသော ပုဂ္ဂိုလ်ရေး အားနည်းချက်တစ်ခု မဟုတ်ပေ၊ ဤသည်မှာ လူသားတိုင်း လက်ရှိ ရင်ဆိုင်နေသည့် အကြီးမားဆုံးသော အခက်အခဲပင် ဖြစ်သည်။ ယနေ့ ဘုရားသခင်၏အမှုအပေါ် သင်တို့၏ သိနားလည်ခြင်းသည် အဘယ်အရာ ဖြစ်ကြောင်း မြင်နိုင်ရန်အတွက် ငါသည် နေရာ အနည်းငယ်သို့ လာကြည့်ရမည်ဆိုပါက သို့မဟုတ် အနည်းငယ်သော ညီအစ်ကို မောင်နှမများထံ လာကြည့်ရမည်ဆိုပါက၊ သင်တို့၏ အသိပညာ အကြောင်းကို သင်တို့သည် သေချာပေါက် များစွာ ပြောဆိုနိုင်လိမ့်မည် ဖြစ်ကာ သင်တို့တွင် မည်သို့မျှ သံသယ မရှိဟု ထင်ရပေမည်။ “မျက်မှောက်ခေတ်၏အမှုကို ဘုရားသခင် ကိုယ်တော်တိုင် လုပ်ဆောင်သည်ဟု သင် အမှန်တကယ် အဆုံးအဖြတ် ပေးနိုင်သလော။ မည်သည့်သံသယမျှ မရှိသလော။” ဟု သင့်ကို ငါမေးခဲ့လျှင် “ယင်းသည် ဘုရားသခင်၏ဝိညာဉ်တော် လုပ်ဆောင်သောအမှု ဖြစ်ပြီး မည်သို့မျှ သံသယမရှိပါ။” ဟု သင် သေချာပေါက်ပြန်ဖြေ လိမ့်မည်။ ထိုကဲ့သို့သော နည်းလမ်းဖြင့် သင် အဖြေပေးပြီးသည်နှင့် တစ်ပြိုင်နက် သင်သည် သံသယ တစ်စွန်းတစ်စမျှ ဧကန်မုချ ခံစားရလိမ့်မည် မဟုတ်ဘဲ၊ စစ်မှန်မှု အနည်းငယ်ကို ရရှိခဲ့ပြီးဖြစ်သည်ဟု တွေးရင်း အတော်အသင့် ကျေနပ်အားရမှုကိုပင်

သင် ခံစားရလိမ့်မည်။ အမှုအရာများကို ဤပုံစံဖြင့် နားလည်လေ့ရှိသူများသည် သာ၍ နည်းသော စစ်မှန်မှုကို လက်ဝယ် ရရှိသူများ ဖြစ်ကြ၏။ အကြင်သူသည် ထိုအရာအား ရရှိပြီးပြီဟု တွေးထင်လေလေ စမ်းသပ်မှုများနှင့် ရင်ဆိုင်ရသည့်အခါ၊ ထိုသူအဖို့ အခိုင်အမာ ရပ်တည်နိုင်စွမ်း နည်းလေလေပင် ဖြစ်သည်။ မာနကြီးပြီး မောက်မာသူများသည် အမင်္ဂလာ ရှိကြသည်၊ မိမိတို့ကိုယ်ကိုယ် လုံး၀ မသိသူများသည် အမင်္ဂလာ ရှိကြသည်။ ထိုကဲ့သို့သောလူများသည် အပြောအပြောတွင် အထူး ကျွမ်းကျင်ကြသော်လည်း၊ ၎င်းတို့၏ စကားလုံးများကို လက်တွေ့လုပ်ဆောင်သောအခါ၊ သာ၍ ဆိုးကြလေ သည်။ ဤလူများသည် အသေးဆုံး ဒုက္ခ အရိပ်လက္ခဏာ၌ သံသယများ စတင် ရှိလာပြီး လက်လွှတ်အရှုံးပေးရန် အတွေးသည် ၎င်းတို့၏စိတ်ထဲသို့ ချွတ်နင်း ဝင်ရောက်လာတော့သည်။ ၎င်းတို့သည် မည်သည့်စစ်မှန်မှုကိုမျှ လက်ဝယ်မပိုင်ဆိုင်ကြပေ။ ဘာသာတရား အထက်ရှိ အယူအဆများသာ ၎င်းတို့တွင် ရှိကြပြီး ယခု ဘုရားသခင် လိုအပ်သည့် စစ်မှန်မှုဟူ၍ စိုးစဉ်းမျှ မရှိပေ။ စစ်မှန်မှု စိုးစဉ်းမျှ ပိုင်ဆိုင်မှုမရှိဘဲ၊ အယူအဆများကိုသာ ပြောဆိုတတ်သူများကို ငါ အရွံရှာဆုံး ဖြစ်သည်။ ၎င်းတို့၏အလုပ်ကို ဆောင်ရွက်နေစဉ်တွင် ၎င်းတို့သည် အကျယ်လောင်ဆုံး အော်တတ်ကြသော်လည်း၊ စစ်မှန်မှုနှင့် ရင်ဆိုင်ရသည်နှင့် တစ်ပြိုင်နက် ၎င်းတို့ ပြိုကွဲသွားတော့သည်။ ယင်းက ဤလူများတွင် စစ်မှန်မှု မရှိကြောင်း မပြသလော။ လေနှင့်လှိုင်းများ မည်သို့ပင် ပြင်းထန် ကြမ်းကြုတ်ပါစေ၊ သင့်စိတ်ထဲသို့ သံသယ တစ်စွန်းတစ်စမျှ ပေးမဝင်ဘဲ၊ ဆက်လက် ရပ်တည်နေနိုင်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ မကျန်တော့သည့်အခါတွင်ပင်လျှင်၊ သင် အခိုင်အမာ ရပ်တည်နေနိုင်ကာ ငြင်းပယ်ခြင်းမှ လွတ်ကင်းနေပါက၊ သင့်တွင် စစ်မှန်သော သိနားလည်ခြင်း ရှိကြောင်းနှင့် စစ်မှန်မှုကို အမှန်တကယ် လက်ဝယ်ပိုင်ဆိုင်နေကြောင်း မှတ်ယူခြင်း ခံရပေမည်။ သင်သည် စီစဉ်ခြင်း သို့မဟုတ် စဉ်းစားတွေးတောခြင်း မရှိပါက၊ အများစုနောက်သို့ သင်လိုက်ပါပြီး အခြားသူများ၏ စကားကို သံယောင်လိုက်ရန် သင်ယူပါက၊ သင်မည်သို့ စကားပြောကောင်းစေကာမူ၊ ယင်းသည် သင် စစ်မှန်မှုကို လက်ဝယ်ရရှိထားကြောင်း သက်သေဖြစ်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် သင်သည် အနှစ်သာရမဲ့သော စကားများကို အလောတကြီး အော်ဟစ် မပြောဆိုဖို့ ငါ အကြံပေးသည်။ ဘုရားသခင် မည်သည့်အရာ လုပ်လိမ့်မည်ကို သင်သိသလော။ သင်သည် သင့်ကိုယ်သင် အရှက်ရစေပြီး ဂုဏ်ယူ ဝင့်ကြွားနိုင်စွမ်း ဆုံးရှုံးသွားမည်စိုး၍ နောက်ထပ်ပေတရုကဲ့သို့ မပြုမူလေနှင့်၊ ယင်းက မည်သူ့ကိုမျှ မည်သည့်ကောင်းကျိုးမျှ မပေးပေ။ လူအများစုတွင် စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု မရှိကြပေ။ ဘုရားသခင်သည် အမှုများစွာ ပြုခဲ့ပြီးသော်လည်း၊

ကိုယ်တော်သည် စစ်မှန်မှုကို လူတို့အပေါ်သို့ ယူဆောင်လာခဲ့ပြီးခြင်း မရှိသေးပေ။ ပိုမိုတိကျရလျှင် ကိုယ်တော်သည် မည်သူ့ကိုမျှ ကိုယ်တိုင်ကိုယ်ကျ ပြစ်တင်ဆုံးမခြင်း မည်သည့်အခါမျှ မပြုခဲ့ဖူးပေ။ လူအချို့သည် ဘုရားသခင်ကို အသာစီးယူရန် လွယ်ကူပြီး ၎င်းတို့ လုပ်ချင်သမျှ လုပ်နိုင်သည်ဟု တွေးကာ၊ ၎င်းတို့၏ အပြစ်နှင့်ပြည့်သော လက်များက သာ၍ သာ၍ အဝေးသို့ လှမ်းလျက် ထိုကဲ့သို့သော စမ်းသပ်မှုများအားဖြင့် ဖော်ထုတ်ပြသခြင်းကို ခံကြရသည်။ ဤကဲ့သို့သော စမ်းသပ်မှုကိုပင် ၎င်းတို့ ကြံ့ကြံ့ခံနိုင်စွမ်း မရှိကြသည့်အတွက် ၎င်းတို့အတွက် ပိုမိုခက်ခဲသော စမ်းသပ်မှုများမှာ မဖြစ်နိုင်တော့သကဲ့သို့ စစ်မှန်မှုကို ရရှိခြင်းသည်လည်း မဖြစ်ပျက်နိုင်တော့ပေ။ ၎င်းတို့သည် ဘုရားသခင်ကို အရူးလုပ်ရန် ကြိုးစားနေခြင်းမျှသာ မဟုတ်သလော။ စစ်မှန်မှု ရရှိခြင်းဟူသည်မှာ ဟန်ဆောင်နိုင်သည့် အရာတစ်ခု မဟုတ်သကဲ့သို့ စစ်မှန်မှုဟူသည်လည်း ထိုအရာကို သိခြင်းမှ သင် ရယူနိုင်သည့် အရာတစ်ခုလည်း မဟုတ်ပေ။ ယင်းသည် သင်၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှုအပေါ် မူတည်သကဲ့သို့၊ စမ်းသပ်မှုများ အားလုံးကို သင် ကြံ့ကြံ့ခံနိုင်စွမ်း ရှိ မရှိဟူသည့်အပေါ်တွင်လည်း မူတည်၏။ သင် နားလည်သလော။

လူသားအပေါ် ဘုရားသခင် တောင်းဆိုသောအရာသည် စစ်မှန်မှု အကြောင်း ပြောဆိုနိုင်စွမ်း ရှိရုံမျှသာ မဟုတ်ပေ။ ယင်းသည် အလွန် လွယ်ကူနေမည် မဟုတ်သလော။ သို့ဆိုလျှင် အသက်တာ၌ ဝင်ရောက်မှု အကြောင်းကို ဘုရားသခင် အဘယ်ကြောင့် ပြောဆိုသနည်း။ ကိုယ်တော်သည် ပြောင်းလဲခြင်းအကြောင်းကို အဘယ်ကြောင့် ပြောဆိုသနည်း။ အကယ်၍ လူတို့သည် စစ်မှန်မှုအကြောင်း အနှစ်သာရမဲ့ ဟောပြောရုံမျှသာ စွမ်းဆောင်နိုင်ပါက၊ ၎င်းတို့သည် ၎င်းတို့၏ စိတ်သဘောထားတွင် ပြောင်းလဲခြင်းတစ်ခုအား ရရှိနိုင်ပါမည်လော။ နိုင်ငံတော်၏ စစ်သည်ကောင်းများကို စစ်မှန်မှုအကြောင်း ပြောရုံသာပြောနိုင်သော သို့မဟုတ် ဝါကြွားရုံသာ တတ်နိုင်သော လူအုပ်စုတစ်ခု ဖြစ်လာရန် လေ့ကျင့်ပေးခြင်း မဟုတ်ပေ၊ ယင်းထက် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတိုင်း အချိန်ပြည့် အသက်ရှင်နေထိုင်နိုင်ရန်၊ မည်သည့် ဆုတ်ဆိုင်းမှုများနှင့် ရင်ဆိုင်ရသည်ဖြစ်စေ အလျှော့မပေးဘဲ ဆက်လက်ရှိနေစေရန်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ အဆက်မပြတ် အသက်ရှင်နေထိုင်ပြီး လောကသို့ ပြန်မသွားရန် ၎င်းတို့အား လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် ပြောသည့် စစ်မှန်မှု ဖြစ်၏၊ ဤသည်မှာ လူသားများထံမှ ဘုရားသခင်၏တောင်းဆိုချက် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ပြောဆိုသည့် စစ်မှန်မှုကို ရိုးစင်းလွန်းသောအရာ အဖြစ် မမှတ်ယူလေနှင့်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဉာဏ်အလင်းရခြင်း သက်သက်မှာ စစ်မှန်မှုကို လက်ဝယ်ပိုင်ဆိုင်ခြင်းနှင့် မညီမျှပေ။ လူသား၏

ဝိညာဉ်ရင့်ကျက်မှုသည် ဤကဲ့သို့မဟုတ်ပေ၊ ယင်းသည် လူသားများ၏ ဖြည့်ဆည်းပေးမှု တစ်ခုမျှ မပါဝင်သော ဘုရားသခင်၏ကျေးဇူးတော် ဖြစ်ပေသည်။ လူသားတစ်ဦးစီသည် ပေတရု၏ဒုက္ခဆင်းရဲများကို ကြုံကြိုက်ခံရမည် ဖြစ်ပြီး ထိုထက်ပင်ပို၍ ဘုရားသခင်၏အမှုကို လူသားများ ရရှိပြီးနောက် ၎င်းတို့အသက်ရှင် နေထိုင်သည့် ပေတရု၏ဘုန်းအသရေကိုလည်း ပိုင်ဆိုင်ရမည် ဖြစ်သည်။ ယင်းကိုသာလျှင် စစ်မှန်မှုဟု ခေါ်နိုင်၏။ စစ်မှန်မှုအကြောင်းကို သင် ပြောဆိုနိုင်ရုံသက်သက်ဖြင့် စစ်မှန်မှုကို သင် ပိုင်ဆိုင်သည်ဟု မထင်မှတ်လေနှင့်။ ဤသည်မှာ အထင်အမြင်မှားခြင်း ဖြစ်၏။ ထိုအတွေးများသည် ဘုရားသခင်၏အလိုတော်နှင့် မကိုက်ညီသည့်အပြင်၊ ယင်းတွင် တကယ့် အရေးပါမှု မရှိပေ။ နောင်တွင် ထိုကဲ့သို့သောအရာများကို မပြောလေနှင့်၊ ထိုကဲ့သို့သော အပြောအဆိုများကို အဆုံးသတ်လော့။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မှားယွင်းစွာ သိနားလည်ကြသူများ အားလုံးသည် မယုံကြည်သူများ ဖြစ်ကြသည်။ ၎င်းတို့၌ စစ်မှန်သော သိခြင်း တစ်စုံတစ်ရာမျှ မရှိကြပေ၊ စစ်မှန်သောဝိညာဉ်ရင့်ကျက်မှု သာ၍ နည်း၏၊ ၎င်းတို့သည် စစ်မှန်မှု မရှိသည့် ပညာမဲ့သူများ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ အနှစ်သာရ အပြင်ဘက်တွင် နေထိုင်သူများသည် မယုံကြည်သူများ ဖြစ်ကြ၏။ လူတို့က မယုံကြည်သူများဟု မှတ်ယူခံရသော သူများသည် ဘုရားသခင်၏အမြင်၌ သားရဲများဖြစ်ကြပြီး၊ ဘုရားသခင်က မယုံကြည်သူများဟု မှတ်ယူခံရသောသူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ၎င်းတို့၏အသက်တာအဖြစ် မပိုင်ဆိုင်သောသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ စစ်မှန်မှုကို မပိုင်ဆိုင်သူများနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတိုင်း အသက်ရှင်နေထိုင်ရန် ပျက်ကွက်သူများသည် မယုံကြည်သူများ ဖြစ်ကြသည်ဟု ဆိုနိုင်၏။

ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူတိုင်း ဘုရားနှုတ်ကပတ်တော်များ၏ စစ်မှန်မှုကို အသက်ရှင်နေထိုင်ကြစေရန်အလို့ငှာ ဖြစ်သည်။ စစ်မှန်မှုအကြောင်းကို လူတိုင်း ပြောစေရန်သာ မဟုတ်ဘဲ၊ ထို့ထက်ပို၍ ကိုယ်တော်၏နှုတ်ကပတ်တော်များ၏ စစ်မှန်မှုကို လူတိုင်း အသက်ရှင်နေထိုင်နိုင်စွမ်း ရှိရန် ဖြစ်သည်။ လူသားသိရှိထားသည့် စစ်မှန်မှုမှာ အပေါ်ယံဆန်လွန်းသည်။ ယင်းသည် တန်ဖိုးမရှိဘဲ ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းနိုင်ပေ။ ယင်းသည် နိမ့်ပါးလွန်းပြီး ဖော်ပြရန်ပင် မထိုက်တန်။ ယင်းသည် များစွာ ချို့တဲ့နေပြီး ဘုရားသခင်၏သတ်မှတ်ချက်များ၏ စံနှုန်းများမှ လွန်စွာဝေးကွာလွန်းနေသည်။ သင်တို့အထဲ၌ မည်သူသည် လမ်းကြောင်းကို ညွှန်ပြနိုင်စွမ်း မရှိဘဲ၊ မိမိ၏သိနားလည်ခြင်း အကြောင်းကို ပြောတတ်ရုံမျှသာ ရှိသည်ကို မြင်တွေ့ရန်နှင့် သင်တို့အထဲ၌ မည်သူသည်

အသုံးမဝင်သော အမှိုက်စများ ဖြစ်သည်ကို ဖော်ထုတ်ရန်အလို့ငှာလည်း၊ သင်တို့ အယောက်စီတိုင်းသည် ကြီးမားသော စစ်ဆေးခြင်းကို ခံရလိမ့်မည်။ ယင်းကို ယခုမှစ အမှတ်ရလော့။ အနှစ်သာရမဲ့သော သိနားလည်ခြင်း အကြောင်းကို မပြောလေနှင့်၊ လက်တွေ့လုပ်ဆောင်ခြင်း လမ်းအကြောင်းနှင့် စစ်မှန်မှုအကြောင်းကိုသာ ပြောလော့။ စစ်မှန်သောသိခြင်းမှ အမှန်တကယ် လက်တွေ့လုပ်ဆောင်ခြင်းသို့ ကူးပြောင်းလော့၊ ထို့နောက် လက်တွေ့လုပ်ဆောင်ခြင်းမှ စစ်မှန်သော အသက်ရှင်နေထိုင်ခြင်းသို့ ကူးပြောင်းလော့။ အခြားသူများအား ဩဝါဒမပေးလေနှင့်၊ ပြီးလျှင် စစ်မှန်သောသိခြင်းအကြောင်း မပြောလေနှင့်။ အကယ်၍ သင်၏ သိနားလည်ခြင်းသည် လမ်းကြောင်းတစ်ခု ဖြစ်ပါက၊ ထိုအရာအပေါ် သင် လွတ်လပ်စွာ ပြောဆိုလော့။ အကယ်၍ ထိုသို့မဟုတ်ပါက ကျေးဇူးပြု၍ သင့်ပါးစပ်ကို ပိတ်ထား၍ စကားပြောခြင်းကို ရပ်လော့။ သင် ပြောသောအရာသည် အသုံးမဝင်ပေ။ ဘုရားသခင်ကို လှည့်ဖြားရန်နှင့် အခြားသူများ သင့်အပေါ် မနာလို ဖြစ်စေရန်အလို့ငှာ သင်သည် သိနားလည်ခြင်း အကြောင်းကို ပြော၏။ ယင်းသည် သင်၏ရည်မှန်းချက် မဟုတ်သလော။ သင်သည် အခြားသူများအား တမင်သက်သက် ကစားနေခြင်း မဟုတ်သလော။ ယင်း၌ တန်ဖိုးတစ်စုံတစ်ရာ ရှိသလော။ သိနားလည်ခြင်းကို သင်တွေ့ကြုံပြီးနောက် ထိုအကြောင်းကို ပြောလျှင် သင်သည် ကြွားဝါနေသည်ဟု အမြင်ခံရလိမ့်မည်မဟုတ်။ သို့မဟုတ်ပါက သင်သည် စိတ်ကြီးဝင်သောစကားလုံးများကို တဗျစ်တောက်တောက် ပြောသူတစ်ဦး ဖြစ်သည်။ သင်၏တကယ့်အတွေ့အကြုံထဲတွင် သင် မကျော်လွှားနိုင်သော အမှုအရာများစွာ ရှိပြီး သင်သည် သင်ကိုယ်တိုင်၏ ဇာတိပကတိကို မဖီဆန်နိုင်ပေ။ သင်သည် ဘုရားသခင်၏အလိုတော်ကို မည်သည့်အခါမှ မဖြည့်ဆည်းဘဲ သင် လုပ်လိုသမျှကို အမြဲတစေ လုပ်နေသော်လည်း၊ သင်သည် အယူအဆဆိုင်ရာ သိနားလည်ခြင်းကိုပြောဆိုရန် ရိုင်းစိုင်းအတင့်ရဲနေသေးသည်။ သင်သည် အရှက်ကင်းမဲ့သည်တကား။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် သင်၏သိနားလည်ခြင်းအကြောင်း ပြောနိုင်အောင် အတင့်ရဲနေသေးသည်။ သင်သည် လွန်စွာ အရှက်ကင်းမဲ့လိုက်လေတကား။ ဟောပြောခြင်းနှင့် ကြွားဝါခြင်းသည် သင်၏ ဗီဇသဘောစင်စစ် ဖြစ်လာပြီး သင်သည် ထိုလုပ်ဆောင်ခြင်းကို ကျင့်သားရလာပြီဖြစ်သည်။ သင်ပြောလိုသော အချိန်တိုင်းတွင် သင်သည် လွယ်လင့်တကူ ပြောဆိုသော်လည်း၊ လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပတ်သက် လာသည့်အခါတွင်မူ အဆင်တန်ဆာ၌ သင် မွေ့လျော်လေသည်။ ယင်းသည် အခြားသူများအား အရူးလုပ်ရန် နည်းလမ်းတစ်ခု မဟုတ်သလော။ သင်သည် လူသားများအား အရူးလုပ်ကောင်း လုပ်နိုင်မည်ဖြစ်သော်လည်း

ဘုရားသခင်ကို လှည့်စား၍ မရပေ။ လူသားများသည် သတိမမူကြ၊ ထိုးထွင်းသိမြင်မှု မရှိကြသော်လည်း ဘုရားသခင်က ထိုကဲ့သို့သောအကြောင်းအရာများကို အလေးအနက် ထားသဖြင့် ကိုယ်တော်သည် သင့်ကို သက်ညှာမည်မဟုတ်ပေ။ သင်၏ ညီအစ်ကို မောင်နှမများက သင်၏ သိနားလည်ခြင်းကို ချီးမွမ်းပြီး သင့်ကို ကြည်ညိုလေးစားကာ ထောက်ခံကောင်း ထောက်ခံနိုင်သော်လည်း၊ သင့်တွင် စစ်မှန်မှု လက်ဝယ်မရှိပါက၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို သက်ညှာလိမ့်မည် မဟုတ်ပေ။ လက်တွေ့ကျသောဘုရားသခင်သည် သင်၏ အပြစ်အနာအဆာများအား မရှာဖွေဘဲ နေကောင်းနေလိမ့်မည် ဖြစ်သော်လည်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင့်ကို လျစ်လျူရှုလိမ့်မည်ဖြစ်ကာ ယင်းသည် သင့်အတွက် ခံနိုင်ရန် ခက်ခဲလိမ့်မည်။ ယင်းကို သင်ယုံကြည်သလော။ လက်တွေ့လုပ်ဆောင်ခြင်း၏ စစ်မှန်မှုအကြောင်း သာ၍ပြောဆိုဦးလော့၊ ယခုပင် သင်မေ့လျော့နေပြီလော။ လက်တွေ့လုပ်ဆောင်ခြင်းဆိုင်ရာ လမ်းကြောင်းများအကြောင်း ထပ်မံပြောဆိုဦးလော့၊ ယခုပင် သင်မေ့လျော့နေပြီလော။ "မြင့်မြတ်သော အယူအဆများ သို့မဟုတ် တန်ဖိုးမဲ့ပြီး ချဲ့ကားထားသော အဟောအပြောကို လျှော့လော့၊ ယခုမှစ၍ လက်တွေ့စတင်လုပ်ဆောင်ရန် အကောင်းဆုံးဖြစ်သည်။" ဤနှုတ်ကပတ်တော်များကို သင်မေ့လျော့နေပြီလော။ သင်လုံးဝနားမလည်သလော။ ဘုရားသခင်၏အလိုတော်အား သိနားလည်ခြင်း သင့်တွင် မရှိသလော။

## ယနေ့ ဘုရားသခင်၏ အမှုကို သိခြင်း

ယနေ့ခေတ်၌ ဘုရားသခင်၏အမှုကို သိရန်မှာ၊ အများအားဖြင့် နောက်ဆုံးသောကာလ၌ လူ့ဇာတိခံ ဘုရားသခင်၏ အဓိကအမှုတော်နှင့် ဘုရားသခင်သည် မည်သည့်အမှုကိုပြုဖို့ ကမ္ဘာမြေသို့ ကြွလာသည်ကို သိရန် ဖြစ်သည်။ ဘုရားသခင်သည် မထွက်ခွာမီ စံနမူနာတစ်ခုပြရန် (နောက်ဆုံးသော ကာလအတွင်းတွင်) ကမ္ဘာမြေသို့ ကြွလာပြီးဖြစ်သည်ကို ယခင်က ငါ၏ နှုတ်ကပတ်တော်များထဲ၌ ငါဖော်ပြပြီးဖြစ်သည်။ ဘုရားသခင်သည် ဤစံနမူနာကို မည်သို့ ချမှတ်သနည်း။ သူသည် နှုတ်ကပတ်တော်များ ပြောဆိုခြင်း၊ အမှုပြုခြင်းနှင့် နယ်မြေအနှံ့ ပြောဆိုခြင်းတို့အားဖြင့် ထိုသို့ လုပ်ဆောင်ပေသည်။ ဤသည်မှာ နောက်ဆုံးသောကာလအတွင်း ဘုရားသခင်၏ အမှုဖြစ်သည်။ လူတိုင်းသည် သူ၏ နှုတ်ကပတ်တော်အားဖြင့် ထောက်ပံ့ခံရကာ အသိဉာဏ်ပွင့်လင်းစေခြင်း ခံရဖို့နှင့် လူ၏ ဝိညာဉ်သည် နိုးထပြီး ရူပါရုံများနှင့် ပတ်သက်၍ ရှင်းလင်းမှု ရရှိဖို့အလို့ငှာ၊ ဤကမ္ဘာမြေကို

နှုတ်ကပတ်တော်များ၏ လောကဖြစ်စေရန် သူသည် စကားပြောရုံသာ ပြောလေသည်။ နောက်ဆုံးသောကာလအတွင်းတွင်၊ လူ့ဇာတိခံ ဘုရားသခင်သည် အဓိကအားဖြင့် နှုတ်ကပတ်တော်များ ပြောဆိုဖို့ ကမ္ဘာမြေသို့ ကြွလာပြီဖြစ်သည်။ ယေရှု ကြွလာခဲ့ချိန်တွင်၊ သူသည် ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို ဖြန့်ဝေခဲ့ပြီး၊ ကားစင်တင်ခံရခြင်းနှင့်ဆိုင်သည့် ရွေးနုတ်ခြင်းအမှုကို ပြီးမြောက်ခဲ့သည်။ သူသည် ပညတ်တော်ခေတ်ကို အဆုံးသတ်ပြီး အိုဟောင်းသော အရာအားလုံးကို ဖျက်သိမ်းခဲ့သည်။ ယေရှု၏ ကြွရောက်ခြင်းသည် ပညတ်တော်ခေတ်ကို အဆုံးသတ်ပြီး ကျေးဇူးတော်ခေတ်ကို ဖွင့်လှစ်ခဲ့သည်။ နောက်ဆုံးသောကာလ၏ လူ့ဇာတိခံ ဘုရားသခင်၏ ရောက်ရှိခြင်းသည် ကျေးဇူးတော်ခေတ်ကို အဆုံးသတ်စေပြီး ဖြစ်သည်။ သူသည် အဓိကအားဖြင့် သူ၏နှုတ်ကပတ်တော်များကို ပြောဆိုရန်၊ လူသားကို စုံလင်စေဖို့ နှုတ်ကပတ်တော်များကို အသုံးပြုရန်၊ လူသားကို အလင်းပေးရန်နှင့် အသိဉာဏ်ပွင့်လင်းစေရန်၊ ပြီးလျှင် လူသား၏ နှလုံးသားအတွင်းရှိ မရေရာသော ဘုရားသခင်၏ နေရာကို ဖယ်ရှားရန် ကြွလာပြီးဖြစ်သည်။ ဤသည်မှာ ယေရှုက သူ ကြွလာခဲ့ချိန်တွင် လုပ်ဆောင်ခဲ့သည့် အမှု၏ အဆင့် မဟုတ်ပေ။ ယေရှုကြွလာခဲ့ချိန်တွင် သူသည် နိမိတ်လက္ခဏာများစွာကို ပြသခဲ့သည်၊ မကျန်းမာသောသူများကို အနာရောဂါငြိမ်းစေခဲ့ပြီး၊ နတ်ဆိုးများကို နှင်ထုတ်ခဲ့ကာ၊ ကားစင်တင်ခံရခြင်း နှင့်ဆိုင်သည့် ရွေးနုတ်ခြင်း အမှုကို လုပ်ဆောင်ခဲ့သည်။ အကျိုးဆက်အနေဖြင့်၊ လူတို့၏ အယူအဆများတွင် ဤသည်မှာ ဘုရားသခင် ဖြစ်သင့်သည့်ပုံဖြစ်သည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ အကြောင်းမှာ ယေရှု ကြွလာခဲ့ချိန်တွင်၊ သူသည် လူသား၏နှလုံးသားထဲမှ မရေရာသော ဘုရားသခင်၏ ပုံရိပ်အား ဖယ်ရှားခြင်းအမှုကို မလုပ်ဆောင်ခဲ့ပေ။ သူကြွလာခဲ့ချိန်တွင် သူသည် ကားစင်တင်ခံခဲ့ရသည်၊ မကျန်းမာသောသူများကို အနာငြိမ်းစေခဲ့ပြီး၊ နတ်ဆိုးများကို နှင်ထုတ်ခဲ့ကာ ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိ တရားတော်ကို ဖြန့်ဝေခဲ့သည်။ တစ်ဖက်တွင် နောက်ဆုံးသောကာလအတွင်း ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် လူသား၏ စိတ်နှလုံးထဲတွင် မရေရာသော ဘုရားသခင်၏ ပုံရိပ်မရှိတော့ရန်အလို့ငှာ၊ လူသား၏ အယူအဆများထဲက မရေရာသည့် ဘုရားသခင်က ထိန်းသိမ်းထားသည့် နေရာကို ဖယ်ရှားလေသည်။ သူ၏ တကယ့် နှုတ်ကပတ်တော်များနှင့် တကယ့်အမှု၊ နယ်မြေအနှံ့ သူ၏သွားလာလှုပ်ရှားမှုနှင့် လူသားအလယ် သူလုပ်ဆောင်ခဲ့သည့် အထူးစစ်မှန်ပြီး ပုံမှန်ဖြစ်သော အမှုမှတစ်ဆင့်၊ လူသားကို ဘုရားသခင်၏ လက်တွေ့အရှိတရားအား သူသိစေပြီး လူသား၏နှလုံးသားထဲက မရေရာသည့် ဘုရားသခင်၏ နေရာကို

ဖယ်ရှားလေသည်။ အခြားတစ်ဖက်တွင်၊ ဘုရားသခင်သည် လူသားကို စုံလင်စေရန်နှင့် အရာခပ်သိမ်းကို ပြီးမြောက်စေရန် သူ၏ လူ့ဇာတိက ပြောဆိုသော နှုတ်ကပတ်တော်များကို အသုံးပြုသည်။ ဤသည်မှာ နောက်ဆုံးသောကာလအတွင်း ဘုရားသခင်က ပြီးမြောက်စေမည့် အမှုဖြစ်သည်။

သင်တို့သိရမည်မှာ-

၁။ ဘုရားသခင်၏ အမှုသည် သဘာဝလွန်ဖြစ်ရပ် မဟုတ်သကဲ့သို့၊ ယင်းနှင့်ပတ်သက်၍ အယူအဆများ သင်တို့ မသိုထားသင့်ပေ။

၂။ လူ့ဇာတိခံ ဘုရားသခင်က ဤအကြိမ်တွင် လုပ်ဆောင်ရန် ကြွဆင်းလာပြီးဖြစ်သည့် အဓိကအမှုကို သင်တို့နားလည်ရမည်။

ဘုရားသခင်သည် မကျန်းမာသူများကို အနာရောဂါငြိမ်းစေဖို့၊ သို့မဟုတ် နတ်ဆိုးများကို နှင်ထုတ်ဖို့၊ သို့မဟုတ် နိမိတ်လက္ခဏာများကို ပြသဖို့ ကြွလာခြင်းမဟုတ်သကဲ့သို့၊ နောင်တတရားနှင့်ဆိုင်သော ဧဝံဂေလိတရားကို ဖြန့်ဝေဖို့၊ သို့မဟုတ် လူသားကို ရွေးနုတ်ခြင်းပေးဖို့ ကြွလာခြင်းမဟုတ်ပေ။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ယေရှုသည် ဤအမှုကို လုပ်ဆောင်နှင့်ပြီး ဖြစ်သကဲ့သို့၊ ဘုရားသခင်သည် တူညီသော အမှုကို ထပ်မပြုသောကြောင့် ဖြစ်သည်။ ယနေ့တွင် ဘုရားသခင်သည် ကျေးဇူးတော်ခေတ်ကို အဆုံးသတ်ဖို့နှင့် ကျေးဇူးတော်ခေတ်၏ အလေ့အထများအားလုံးကို စွန့်ပစ်ဖို့ ကြွလာပြီးဖြစ်သည်။ လက်တွေ့ကျသော ဘုရားသခင်သည် အဓိကအားဖြင့် သူသည် စစ်မှန်သည်ကို ပြသဖို့ ကြွလာပြီဖြစ်သည်။ ယေရှုကြွလာခဲ့ချိန်တွင်၊ နှုတ်ကပတ်တော် အနည်းငယ် ပြောဆိုခဲ့သည်။ သူသည် အဓိကအားဖြင့် နိမိတ်လက္ခဏာများ ပြသခဲ့သည်၊ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပြုခဲ့ပြီး၊ မကျန်းမာသူများကို အနာငြိမ်းစေကာ နတ်ဆိုးများကို နှင်ထုတ်ခဲ့သည် သို့မဟုတ်ပါက သူသည် အမှန်တကယ် ဘုရားသခင်ဖြစ်ပြီး၊ သူသည် ဘက်မလိုက်သော ဘုရားသခင်ဖြစ်သည်ကို လူတို့အား ယုံကြည်လက်ခံစေရန်နှင့် မြင်စေရန်အလို့ငှာ ပရောဖက်ပြုချက်များကို ပြောဆိုခဲ့သည်။ နောက်ဆုံးတွင် ကားစင်တင်ခံရခြင်း အမှုကို သူ ပြီးစီးခဲ့သည်။ ယနေ့၏ ဘုရားသခင်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို မပြသကဲ့သို့၊ မကျန်းမာသူများကိုလည်း အနာမငြိမ်းစေဘဲ၊ နတ်ဆိုးများကိုလည်း မနှင်ထုတ်ပေ။ ယေရှုကြွလာခဲ့ချိန်တွင်၊ သူ လုပ်ဆောင်ခဲ့သောအမှုသည် ဘုရားသခင်၏ တစ်စိတ်တစ်ဒေသကို ကိုယ်စားပြုခဲ့သော်လည်း၊

ဘုရားသခင်သည် တူညီသည့်အမှုကို ထပ်မလုပ်သည့်အတွက် ဤအကြိမ်တွင် ဘုရားသခင်သည် လုပ်ဆောင်ရန် အချိန်ကျပြီဖြစ်သော အမှု၏ အဆင့်ကို လုပ်ဆောင်ရန် ကြွလာပြီဖြစ်သည်။ သူသည် အမြဲသစ်လွင်ပြီး မည်သည့်အခါမျှ မအိုဟောင်းသော ဘုရားသခင် ဖြစ်သည်၊ ထို့ကြောင့် ယနေ့ သင် မြင်သမျှအားလုံးသည် လက်တွေ့ကျသော ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုတို့ ဖြစ်သည်။

နောက်ဆုံးသောကာ၏ လူ့ဇာတိခံ ဘုရားသခင်သည် အဓိကအားဖြင့် သူ၏နှုတ်ကပတ်တော်များကို ပြောဆိုရန်၊ လူသား၏ အသက်တာအတွက် လိုအပ်သမျှ အားလုံးကို ရှင်းပြရန်၊ မည်သည့်အရာထဲသို့ လူသား ဝင်ရောက်သင့်သည်ကို ညွှန်ပြရန်၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို လူသားအားပြသရန်နှင့် ဘုရားသခင်၏ ဉာဏ်ပညာ၊ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းနှင့် အံ့ဖွယ်ဖြစ်ခြင်းတို့ကို လူသားအား ပြသရန် ကြွလာပြီ ဖြစ်သည်။ ဘုရားသခင်ပြောဆိုသည့် နည်းလမ်းများစွာမှတစ်ဆင့် လူသားသည် ဘုရားသခင်၏ သာလွန်မှု၊ ဘုရားသခင်၏ ကြီးမြတ်မှုတို့အပြင်၊ ဘုရားသခင်၏ နှိမ့်ချမှုနှင့် ကွယ်ဝှက်မှုတို့ကို ရှုမြင်ရသည်။ ဘုရားသခင်သည် အထွတ်အထိပ် ဖြစ်သော်လည်း၊ သူသည် နှိမ့်ချပြီး၊ ကွယ်ဝှက်သကဲ့သို့ အားလုံးထဲမှ အရေးမပါဆုံးသူ ဖြစ်လာနိုင်သည်ကို လူသားက မြင်ရသည်။ သူ၏နှုတ်ကပတ်တော်ထဲမှ အချို့ကို ဝိညာဉ်တော်၏ ရှုထောင့်မှ တိုက်ရိုက် ပြောဆိုခဲ့သည်၊ အချို့ကို လူသား၏ရှုထောင့်မှ တိုက်ရိုက်ပြောဆိုပြီး၊ အချို့ကို ဘေးလူတစ်ဦး၏ရှုထောင့်မှ ပြောဆိုလေသည်။ ဤအရာတွင်၊ ဘုရားသခင်၏ အမှု နည်းဟန်များသည် အလွန် ကွဲပြားပြီး၊ ယင်းကို လူသားအား သူ မြင်တွေ့စေသည်မှာ နှုတ်ကပတ်တော်များမှတစ်ဆင့် ဖြစ်သည်ကို တွေ့မြင်နိုင်သည်။ နောက်ဆုံးသောကာလအတွင်း ဘုရားသခင်၏အမှုသည် ပုံမှန်ဖြစ်သကဲ့သို့ စစ်လည်း စစ်မှန်သည်၊ ထို့ကြောင့် နောက်ဆုံးသောကာလထဲက လူစုသည် အားလုံးထဲမှ အကြီးမားဆုံးသော စမ်းသပ်မှုကို ခံရလေသည်။ ဘုရားသခင်၏ ပုံမှန်ဖြစ်မှုနှင့် စစ်မှန်မှုကြောင့်၊ လူအားလုံးသည် ထိုသို့သော စမ်းသပ်မှုများအလယ် ဝင်ရောက်ကြပြီးဖြစ်သည်။ လူသားသည် ဘုရားသခင်၏ စမ်းသပ်မှုများထဲသို့ သက်ဆင်းရပြီးဖြစ်သည်မှာ ဘုရားသခင်၏ ပုံမှန်ဖြစ်မှုနှင့် စစ်မှန်မှုကြောင့် ဖြစ်သည်။ ယေရှု၏ခေတ်အတွင်းတွင်၊ အယူအဆများနှင့် စမ်းသပ်မှုများ မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ယေရှုပြုခဲ့သည့် အမှုအများစုသည် လူသား၏ အယူအဆများနှင့် ကိုက်ညီခဲ့ခြင်းကြောင့်ဖြစ်ပြီး၊ လူများက သူ့နောက်လိုက်ခဲ့ကြကာ၊ သူနှင့်ပတ်သက်ပြီး အယူအဆများ မရှိခဲ့ကြချေ။ ယနေ့၏ စမ်းသပ်မှုများသည် လူသားက ရင်ဆိုင်ဖူးသည့် အကြီးမားဆုံးသော စမ်းသပ်မှုဖြစ်ပြီး၊ ဤလူတို့သည် ကြီးမားသော ဆင်းရဲဒုက္ခမှ ထွက်ပေါ်လာကြပြီးဖြစ်သည်ဟု ဆိုသည့်အခါတွင် ဤသည်မှာ

ရည်ညွှန်းထားသည့် ဆင်းရဲဒုက္ခ ဖြစ်သည်။ ယနေ့တွင် ဘုရားသခင်သည် ယုံကြည်ခြင်း၊ ချစ်ခြင်း၊ ဆင်းရဲဒုက္ခကို လက်ခံခြင်းနှင့် နာခံခြင်းတို့ကို လူတို့အထဲတွင် ပေါက်ဖွားစေရန် စကားပြောဆိုလေသည်။ နောက်ဆုံးသောကာလ၏ လူ့ဇာတိခံ ဘုရားသခင် ပြောဆိုသည့် နှုတ်ကပတ်တော်များသည် လူ့သဘာဝ၏ အနှစ်သာရ၊ လူသား၏ အပြုအမူနှင့် ယနေ့ လူသား ဝင်ရောက်သင့်သည့်အရာနှင့်အညီ ပြောဆိုထားခြင်း ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်များသည် စစ်မှန်သကဲ့သို့ ပုံမှန်လည်း ဖြစ်သည်။ သူသည် မနက်ဖြန်နှင့်သက်ဆိုင်၍ မပြောဆိုသကဲ့သို့၊ ယမန်နေ့ကိုလည်း ပြန်မလှည့်ကြည့်ပေ။ ယနေ့ ဝင်ရောက်သင့် သည့်အရာ၊ လက်တွေ့လုပ်ဆောင်သင့်သည့်အရာနှင့် နားလည်သင့်သည့် အရာများကိုသာ သူ ပြောဆိုသည်။ မျက်မှောက်ခေတ်အတွင်းတွင် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်အမှုများကို ပြသနိုင်သကဲ့သို့၊ နတ်ဆိုးများကိုလည်း နှင်ထုတ်နိုင်ပြီး၊ မကျန်းမာသူများကိုလည်း အနာငြိမ်းစေနိုင်ကာ နိမိတ်လက္ခဏာများစွာ ဆောင်ရွက်နိုင်သည့် လူတစ်ဦး ထွက်ပေါ်လာပါက၊ ဤလူက ၎င်းသည် ကြွလာပြီဖြစ်သော ယေရှုဖြစ်သည်ဟုဆိုလျှင်၊ ဤသည်မှာ ယေရှုကို အတုခိုးသည့် နတ်ဆိုးများက ဖြစ်ပေါ်စေသည့် အတုတစ်ယောက် ဖြစ်ပေမည်။ ဤအရာကို အမှတ်ရလော့။ ဘုရားသခင်သည် တူညီသော အမှုကို ထပ်မလုပ်ပေ။ ယေရှု၏ အမှုအဆင့်သည် ပြီးစီးနှင့်ပြီးသားဖြစ်ပြီး၊ ဘုရားသခင်သည် အမှု၏ထိုအဆင့်ကို မည်သည့်အခါတွင်မျှ တစ်ဖန် ဆောင်ရွက်မည် မဟုတ်ပေ။ ဘုရားသခင်၏ အမှုသည် လူသား၏ အယူအဆများနှင့် ညှိ၍မရနိုင်ပေ။ ဥပမာအားဖြင့် မေရှိယတစ်ဦး၏ ကြွလာခြင်းကို ဓမ္မဟောင်းကျမ်းက ကြိုတင်ဟောကိန်း ထုတ်ထားပြီး၊ ဤပရောဖက်ပြုချက်၏ အကျိုးဆက်မှာ ယေရှု၏ ကြွလာခြင်းဖြစ်ခဲ့သည်။ ဤအရာဖြစ်ပျက်နှင့်ပြီးဖြစ်လျက်၊ နောက်ထပ် မေရှိယတစ်ဦး ကြွလာရန်မှာ မှားယွင်းပေမည်။ ယေရှုသည် တစ်ကြိမ်ကြွလာနှင့်ပြီး ဖြစ်ကာ ဤအကြိမ်၌ ယေရှုနောက်တစ်ဖန် ကြွလာရန်မှာ မှားယွင်းပေမည်။ ခေတ်တိုင်းအတွက် နာမတစ်ခုရှိပြီး နာမ အသီးသီးသည် ထိုခေတ်၏ ဇာတ်ဆောင်စရိုက်ကို သရုပ်ဖော်ခြင်း ပါရှိလေသည်။ လူသား၏ အယူအဆများတွင်၊ ဘုရားသခင်သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို အမြဲပြသရမည်၊ မကျန်းမာသောသူများကို အမြဲ အနာငြိမ်းစေရမည်ဖြစ်ပြီး နတ်ဆိုးများကို အမြဲ နှင်ထုတ်ရမည်ဖြစ်ကာ၊ ယေရှုကဲ့သို့ အမြဲဖြစ်ရမည် ဖြစ်သည်။ သို့သော်လည်း ဤအကြိမ်တွင်၊ ဘုရားသခင်သည် ထိုသို့ လုံးဝမဟုတ်ပေ။ အကယ်၍ နောက်ဆုံးသော ကာလအတွင်းတွင် ဘုရားသခင်သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြသနေဆဲဖြစ်ခဲ့ပါက၊ နတ်ဆိုးများကို ဆက်လက် မောင်းထုတ်နေဆဲဖြစ်ပြီး၊

မကျန်းမာသောသူများကို အနာငြိမ်းစေဆဲ ဖြစ်ခဲ့ပါက- သူသည် ယေရှုကဲ့သို့နည်းတူ အတိအကျ လုပ်ဆောင်ခဲ့မည်ဆိုပါက- ဘုရားသခင်သည် တူညီသော အလုပ်တစ်ခုကို ထပ်လုပ်နေခြင်း ဖြစ်မည်ဖြစ်သကဲ့သို့၊ ယေရှု ပြုခဲ့သော အမှုသည် မည်သည့်အရေးပါမှု သို့မဟုတ် မည်သည့်တန်ဖိုးမျှ ရှိမည် မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်သည် ခေတ်တိုင်းတွင် အမှု၏ အဆင့်တစ်ခုကို ဆောင်ရွက်လေသည်။ သူ့အမှု၏ အဆင့်အသီးသီး ပြီးစီးသည်နှင့်တစ်ပြိုင်နက်၊ မကြာမီ နတ်ဆိုးများက ယင်းကို လိုက်တုကြပြီး၊ စာတန်သည် ဘုရားသခင်နောက် ထပ်ကြပ်မကွာ စတင် လိုက်သည့်နောက်တွင်၊ ဘုရားသခင်သည် မတူကွဲပြားသော နည်းစနစ်တစ်ခုကို ပြောင်းလဲလေသည်။ ဘုရားသခင်သည် သူ့အမှု၏ အဆင့်တစ်ဆင့်ကို ပြီးစီးသည်နှင့်တစ်ပြိုင်နက်၊ ယင်းကို နတ်ဆိုးများက လိုက်တုကြလေသည်။ ဤအရာနှင့်ပတ်သက်၍ သင်တို့ ရှင်းရှင်းလင်းလင်း ဖြစ်ရမည်။ ယနေ့ ဘုရားသခင်၏ အမှုသည် အဘယ်ကြောင့် ယေရှု၏ အမှုနှင့် မတူ ကွဲပြားရသနည်း။ ယနေ့ ဘုရားသခင်သည် အဘယ်ကြောင့် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို မပြသနည်း၊ နတ်ဆိုးများကို မနှင်ထုတ်သနည်း၊ ပြီးလျှင် အဘယ်ကြောင့် မကျန်းမာသောသူများကို အနာမငြိမ်းစေသနည်း။ ယေရှု၏ အမှုသည် ပညတ်တော်ခေတ်အတွင်း လုပ်ဆောင်ခဲ့သော အမှုနှင့် တူညီခဲ့မည်ဆိုပါက၊ သူသည် ကျေးဇူးတော်ခေတ်၏ ဘုရားသခင်ကို ကိုယ်စားပြုပြီး ဖြစ်နိုင်မည်လော။ သူသည် ကားစင်တင်ခံရခြင်း အမှုကို ပြီးစီးပြီး ဖြစ်နိုင်မည်လော။ ပညတ်တော်ခေတ်ထဲကကဲ့သို့ ယေရှုသည် ဗိမာန်တော်ထဲသို့ဝင်ပြီး ဥပုသ်နေ့ကို စောင့်ထိန်းခဲ့ပါက၊ သူသည် မည်သူမျှ၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံခဲ့ရမည် မဟုတ်သကဲ့သို့၊ အားလုံးက ကြိုဆိုလက်ခံခဲ့ကြမည် ဖြစ်သည်။ ထိုသို့ဖြစ်ခဲ့မည်ဆိုပါက၊ သူသည် ကားစင်တင်ခံရပြီး ဖြစ်နိုင်မည်လော။ ရွေးနုတ်ခြင်းအမှုကို သူ ပြီးစီးပြီးဖြစ်နိုင်မည်လော။ နောက်ဆုံးသော ကာလ၏ လူ့ဇာတိခံ ဘုရားသခင်သည် ယေရှုပြုခဲ့သကဲ့သို့ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြသမည်ဆိုပါက၊ အဘယ် အဓိပ္ပာယ် ရှိမည်နည်း။ နောက်ဆုံးသောကာလအတွင်းတွင် ဘုရားသခင်သည် သူ့အမှု၏ နောက်တစ်ပိုင်း၊ သူ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အစိတ်အပိုင်းကို ကိုယ်စားပြုသည့် အရာတစ်ခုကို လုပ်မှသာ၊ လူသားသည် ဘုရားသခင်နှင့် ပတ်သက်သည့် သာ၍ နက်ရှိုင်းသော အသိပညာကို ရရှိနိုင်ပြီး ထိုအခါမှသာ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ် ပြီးစီးနိုင်ပေသည်။

နောက်ဆုံးသောကာလအတွင်းတွင်၊ ဘုရားသခင်သည် အဓိကအားဖြင့် သူ၏နှုတ်ကပတ်တော်များကိုပြောရန် ကြွလာပြီး ဖြစ်သည်။ သူသည် ဝိညာဉ်တော်၏ရှုထောင့်မှ၊ လူသား၏ရှုထောင့်နှင့် ဘေးလူတစ်ဦး၏ရှုထောင့်မှ

စကားပြောသည်။ သူသည် အချိန်ကာလ တစ်ခုအတွက် နည်းလမ်းတစ်ခုကို အသုံးပြုရင်း၊ မတူကွဲပြားသော နည်းလမ်းများဖြင့် စကားပြောဆိုကာ၊ လူသား၏အယူအဆများကို ပြောင်းလဲရန်နှင့် လူသား၏နှလုံးသားထဲက မရေရာသော ဘုရားသခင်၏ ပုံရိပ်ကို ဖယ်ရှားရန် စကားပြောခြင်း နည်းစနစ်ကို အသုံးပြုသည်။ ဤသည်မှာ ဘုရားသခင် လုပ်ဆောင်သည့် အဓိကအမှုဖြစ်သည်။ ဘုရားသခင်သည် မကျန်းမာသူများကို အနာငြိမ်းစေဖို့ နတ်ဆိုးများကို နှင်ထုတ်ဖို့ နိမိတ်လက္ခဏာများပြသဖို့နှင့် လူသားအပေါ် ရုပ်ဝတ္ထု ကောင်းချီးမင်္ဂလာများကို အပ်နှင်းရန် ကြွလာပြီးဖြစ်သည်ဟု လူသားက ယုံကြည်သောကြောင့်၊ လူသားက ဘုရားသခင်၏ စစ်မှန်မှုနှင့် ပုံမှန်ဖြစ်ခြင်းနှင့် လူသားက သိနိုင်ဖို့အလို့ငှာနှင့် သူ၏ နှလုံးသားမှ ယေရှု၏ပုံရိပ်ကို ဖယ်ရှားပြီး ဘုရားသခင်၏ ပုံရိပ်အသစ်ဖြင့် အစားထိုးနိုင်ရန်အလို့ငှာ၊ ထိုအမှုအရာများကို လူသား၏ အယူအဆများမှ ဖယ်ရှားဖို့ ဘုရားသခင်သည် အမှု၏ဤအဆင့်ကို- ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း အမှုကို- ဆောင်ရွက်လေသည်။ လူသား၏အတွင်းရှိ ဘုရားသခင်၏ ပုံရိပ်သည် ဟောင်းလာသည်နှင့်တစ်ပြိုင်နက်၊ ယင်းသည် ရုပ်တုဆင်းတုတစ်ခု ဖြစ်လာလေသည်။ ယေရှုသည် ကြွလာခဲ့ပြီး အမှု၏ အဆင့်ကို ဆောင်ရွက်ခဲ့ချိန်တွင်၊ သူသည် ဘုရားသခင်၏ အလုံးစုံကို ကိုယ်စားမပြုခဲ့ပေ။ သူသည် နိမိတ်လက္ခဏာအချို့နှင့် အံ့သြဖွယ်ရာအချို့ကို ပြသခဲ့သည်၊ နှုတ်ကပတ်တော်အချို့ ပြောခဲ့ပြီး နောက်ဆုံးတွင် ကားစင်တင်ခံခဲ့ရသည်။ သူသည် ဘုရားသခင်၏ တစ်စိတ်တစ်ဒေသကို ကိုယ်စားပြုခဲ့သည်။ သူသည် ဘုရားသခင်နှင့်ဆိုင်သော အရာအားလုံးကို ကိုယ်စားမပြုနိုင်ခဲ့ဘဲ၊ ယင်းထက် ဘုရားသခင်၏ အမှု တစ်စိတ်တစ်ဒေသကို လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်ကို ကိုယ်စားပြုခဲ့သည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် အလွန် ကြီးမြတ်ပြီး၊ အလွန် အံ့ဖွယ်ဖြစ်ကာ သူသည် သိနားလည်၍ မရနိုင်သောကြောင့် ဖြစ်ပြီး၊ ခေတ်တိုင်းတွင် ဘုရားသခင်သည် သူ၏ အမှု၏ တစ်စိတ်တစ်ပိုင်းကိုသာ လုပ်ဆောင်သောကြောင့် ဖြစ်သည်။ ဤခေတ်အတောအတွင်း ဘုရားသခင် လုပ်ဆောင်သော အမှုသည် အဓိကအားဖြင့် လူသား၏အသက်တာအတွက် နှုတ်ကပတ်တော်များကို ထောက်ပံ့ပေးခြင်း၊ လူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားနှင့် လူ့သဘာဝ၏ အနှစ်သာရကို ဖော်ထုတ်ခြင်းနှင့် ဘာသာရေးဆိုင်ရာ အယူအဆများ၊ မတော်မတရား ရှေးဆန်သော အတွေးအခေါ်၊ ခေတ်မမီတော့သော အတွေးအခေါ်နှင့် လူသား၏ အသိပညာနှင့် ယဉ်ကျေးမှုများကို ဖယ်ရှားခြင်းတို့ဖြစ်သည်။ ဤအရာများအားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် ဖော်ထုတ်ခြင်းမှတစ်ဆင့် သန့်စင်စေရမည် ဖြစ်သည်။ နောက်ဆုံးသောကာလတွင်၊ ဘုရားသခင်သည် လူသားကို စုံလင်စေရန် နိမိတ်လက္ခဏာများနှင့်

အံ့ဖွယ်ရာများကို အသုံးမပြုဘဲ၊ သူ၏နှုတ်ကပတ်တော်များကို အသုံးပြုသည်။ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲ၌ ဘုရားသခင်၏ ဉာဏ်ပညာနှင့် ချစ်ဖွယ်ဖြစ်ခြင်းတို့ကို မြင်လာစေရန်နှင့် ဘုရားသခင်၏ စိတ်သဘောထားကို နားလည်လာစေရန်၊ ပြီးလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတစ်ဆင့် လူသားသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို ရှုမြင်ရန်အလို့ငှာ၊ ဘုရားသခင်သည် လူသားကို ဖော်ထုတ်ရန်၊ လူသားကို တရားစီရင်ရန်၊ လူသားကို ပြစ်တင်ဆုံးမရန်နှင့် လူသားကို စုံလင်စေရန် သူ၏နှုတ်ကပတ်တော်များကို အသုံးပြုလေသည်။ ပညတ်တော်ခေတ်အတွင်းတွင်၊ ယေဟောဝါသည် သူ၏နှုတ်ကပတ်တော်များဖြင့် မောရှေကို အဲဂုတ္တုပြည်မှ ဦးဆောင်ခေါ်ထုတ်ခဲ့ပြီး၊ ဣသရေလလူမျိုးများထံ နှုတ်ကပတ်တော်အချို့ ပြောဆိုခဲ့သည်။ ထိုအချိန်တွင်၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များထဲမှ တစ်စိတ်တစ်ပိုင်းကို ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့သော်လည်း၊ လူသား၏အရည်အချင်းသည် နည်းပါးခဲ့ပြီး လူသား၏အသိပညာကို မည်သည့်အရာကမျှ မပြည့်စုံစေနိုင်ခဲ့သောကြောင့်၊ ဘုရားသခင်သည် ဆက်လက်စကားပြောဆိုကာ အမှုပြုခဲ့ရသည်။ ကျေးဇူးတော်ခေတ်တွင် လူသားသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များထဲမှ တစ်စိတ်တစ်ပိုင်းကို နောက်တစ်ကြိမ် မြင်ခဲ့ရသည်။ ယေရှုသည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများ ပြနိုင်ခဲ့သည်၊ မကျန်းမာသူများကို အနာငြိမ်းစေနိုင်ခဲ့ပြီး နတ်ဆိုးများကို နှင်ထုတ်နိုင်ခဲ့ကာ ကားစင်တင်ခံနိုင်ခဲ့သည်၊ ယင်းနောက် သုံးရက်မြောက်နေ့တွင် ရှင်ပြန်ထမြောက်ပြီး လူရှေ့တွင် လူ့ဇာတိဖြင့် ပေါ်ထွန်းခဲ့သည်။ ဘုရားသခင်နှင့် ပတ်သက်၍၊ လူသားသည် ဤအရာထက် ပို၍ မသိပေ။ လူသားသည် ဘုရားသခင်က သူ့ကို ဖော်ပြသလောက် သိပြီး၊ အကယ်၍ ဘုရားသခင်သည် လူသားကို နောက်ထပ် မည်သည့်အရာမျှ မပြသခဲ့ပါက၊ ယင်းမှာ ဘုရားသခင်နှင့် သက်ဆိုင်သည့် လူသား၏ ဘောင်ခတ်မှု အတိုင်းအတာ ဖြစ်ပေမည်။ ထို့ကြောင့် သူနှင့်ပတ်သက်သည့် လူသား၏အသိပညာ သာ၍ နက်ရှိုင်းလာနိုင်စေဖို့နှင့် ဘုရားသခင်၏ အနှစ်သာရကို လူသားက တဖြည်းဖြည်း သိလာနိုင်စေဖို့အလို့ငှာ ဘုရားသခင်သည် ဆက်လက် အမှုပြုလေသည်။ နောက်ဆုံးသောကာလတွင်၊ ဘုရားသခင်သည် လူသားကို စုံလင်စေရန် သူ၏နှုတ်ကပတ်တော်များကို အသုံးပြုသည်။ သင်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ဘုရားသခင်၏ နှုတ်ကပတ်တော်များက ထုတ်ဖော်ပြပြီး၊ သင်၏ ဘာသာရေး အယူအဆများကို ဘုရားသခင်၏ စစ်မှန်မှုက အစားထိုးလေသည်။ နောက်ဆုံးသောကာလ၏ လူ့ဇာတိခံ ဘုရားသခင်သည် အဓိကအားဖြင့် “နှုတ်ကပတ်တော်သည် လူ့ဇာတိကို ခံယူသည်၊ နှုတ်ကပတ်တော်သည် လူ့ဇာတိထဲ

ကြွလာသည်နှင့် နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်လာ၏။" ဟူသည့် နှုတ်ကပတ်တော်များကို ပြည့်စုံစေရန် ကြွလာပြီဖြစ်ကာ၊ ဤအရာနှင့်သက်ဆိုင်သည့် စေ့စပ်သေချာသော အသိပညာတစ်ခု သင့်ထံတွင် မရှိပါက၊ သင်သည် ခိုင်မာစွာ ရပ်တည်နိုင်လိမ့်မည် မဟုတ်ပေ။ နောက်ဆုံးသောကာလအတောအတွင်းတွင်၊ ဘုရားသခင်သည် အဓိကအားဖြင့် နှုတ်ကပတ်တော်က လူ့ဇာတိ၌ ပေါ်လာသည့် အမှု၏အဆင့်တစ်ခုကို ပြီးမြောက်ရန် ရည်ရွယ်ပြီး၊ ဤသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ ထို့ကြောင့် သင်တို့၏အသိသည် ရှင်းရှင်းလင်းလင်း ဖြစ်ရမည်။ ဘုရားသခင် မည်သို့အမှုပြုသည်ဖြစ်စေ၊ ဘုရားသခင်သည် သူ့ကို ဘောင်ခတ်ရန် လူသားကို အခွင့်မပေးပေ။ အကယ်၍ ဘုရားသခင်သည် ဤအမှုကို နောက်ဆုံးသောကာလအတောအတွင်းတွင် မလုပ်ဆောင်ခဲ့ပါက၊ ဘုရားသခင်နှင့် ပတ်သက်သော လူသား၏ အသိပညာသည် နောက်ထပ်ရှေ့ဆက်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် ကားစင်တင် ခံရနိုင်ပြီး သောဒုံမြို့ကို ဖျက်ဆီးနိုင်သည်၊ ပြီးလျှင် ယေရှုသည် သေရာမှ ရှင်ပြန်ထမြောက်၍ရနိုင်ပြီး ပေတရုထံ ကိုယ်ထင်ပြနိုင်သည်ကိုသာ သင်သိပေမည်။ သို့သော် ဘုရားသခင်၏ နှုတ်ကပတ်တော်များက အရာခပ်သိမ်းကို ပြီးမြောက်စေနိုင်သကဲ့သို့ လူသားအား သိမ်းပိုက်နိုင်သည်ဟု သင် လုံးဝ ပြောမည် မဟုတ်ချေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြုံတွေ့ခြင်းမှတစ်ဆင့်သာ၊ သင်သည် ထိုသို့သော အသိပညာကို ပြောဆိုနိုင်ပြီး၊ သင် တွေ့ကြုံသည့် ဘုရားသခင်၏ အမှု သာ၍များလေလေ၊ ဘုရားသခင်နှင့်ပတ်သက်သည့် သင်၏အသိပညာသည် သာ၍ နှံ့စပ်လေလေ ဖြစ်လာလိမ့်မည်။ ထိုအခါမှသာ သင်သည် ဘုရားသခင်ကို သင်၏ အယူအဆများအတွင်း ဘောင်ခတ်လိမ့်မည် မဟုတ်တော့ပေ။ လူသားသည် ဘုရားသခင်၏အမှုကို တွေ့ကြုံခြင်းအားဖြင့် ဘုရားသခင်ကို သိရှိလာသည်။ ဘုရားသခင်ကို သိရှိရန် မှန်ကန်သည့် အခြားနည်းလမ်း မရှိပေ။ ယနေ့တွင် မည်သည့်အရာမျှ မလုပ်ဆောင်ဘဲ၊ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်အမှုများ၊ ပြီးလျှင် ကြီးမားသည့် ကပ်ဘေးများ၏ အချိန်ကာလကိုသာ စောင့်ဆိုင်းကြသည့် လူများစွာရှိလေသည်။ သင်သည် ဘုရားသခင်ကို ယုံကြည်သည်လော သို့မဟုတ် ကြီးမားသည့် ကပ်ဘေးများကို ယုံကြည်သည်လော။ ကြီးမားသော ကပ်ဘေးများ ရောက်ရှိချိန်တွင်၊ အလွန် နောက်ကြသွားလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် ကြီးစွာသော ကပ်ဘေးကို မစေလွှတ်ပါက၊ သူသည် ဘုရားမဟုတ်ပါသလော။ သင်သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ယုံသည်လော သို့မဟုတ် ဘုရားသခင် ကိုယ်တိုင်ကို သင်ယုံသည်လော။ ယေရှုသည် အခြားသူများက သူ့ကို ပြက်ရယ်ပြုခဲ့ချိန်တွင် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို

မပြခဲ့ပေ၊ သို့သော် သူသည် ဘုရားသခင် မဟုတ်ခဲ့ပါသလော။ သင်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ယုံသည်လော၊ သို့မဟုတ် ဘုရားသခင်၏ အနှစ်သာရကို ယုံသည်လော။ ဘုရားသခင်၌ ယုံကြည်မှုနှင့် ပတ်သက်သည့် လူသား၏အမြင်များသည် မှားယွင်း၏။ ယေဟောဝါသည် ပညတ်တော်ခေတ်အတောအတွင်းတွင် နှုတ်ကပတ်တော်များစွာ ပြောဆိုခဲ့သည်၊ သို့သော် ထိုနှုတ်ကပတ်တော်များထဲမှ အချို့သည် ယနေ့ထက်ထိတိုင် မပြည့်စုံသေးပေ။ ယေဟောဝါသည် ဘုရားသခင်မဟုတ်ခဲ့ဟု သင်ပြောနိုင်ပါသလော။

ယနေ့တွင် နောက်ဆုံးသောကာလ၌ ဘုရားသခင် ပြီးမြောက်သည်မှာ အဓိကအားဖြင့် "နှုတ်ကပတ်တော် လူ့ဇာတိခံယူသည်" ဟူသည့် အချက်ဖြစ်သည်ကို သင်တို့အားလုံးအဖို့ ရှင်းရှင်းလင်းလင်း ဖြစ်သင့်ပေသည်။ ကမ္ဘာမြေပေါ်က သူ၏ တကယ့်အမှုမှုတစ်ဆင့်၊ လူသားက သူ့ကို သိရန်နှင့် သူနှင့် ထိတွေ့ဆက်ဆံရန်၊ ပြီးလျှင် သူ၏ တကယ့် လုပ်ဆောင်ချက်များကို မြင်ရန် သူ လုပ်ဆောင်ခဲ့သည်။ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပြနိုင်သကဲ့သို့၊ ထိုသို့ သူမလုပ်ဆောင်နိုင်သော အချိန်များလည်း ရှိသည်ကို ဘုရားသခင်သည် လူသားအား ရှင်းရှင်းလင်းလင်း တွေ့မြင်စေသည်။ ဤသည်မှာ ခေတ်အပေါ် မူတည်ပေသည်။ ဤအရာမှ ဘုရားသခင်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပြသနိုင်စွမ်း မရှိဘဲ၊ ယင်းအစား လုပ်ဆောင်ရမည့် အမှုနှင့် အညီ၊ ပြီးလျှင် ခေတ်နှင့်အညီ သူ၏ အမှုပြုခြင်း နည်းလမ်းအား ပြောင်းလဲသည်ကို သင် မြင်နိုင်ပေသည်။ အမှု၏ လတ်တလောအဆင့်တွင်၊ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို မပြသပေ။ ယေရှုခေတ်၌ နိမိတ်လက္ခဏာအချို့နှင့် အံ့ဩဖွယ်ရာအချို့ကို သူပြသခဲ့သည်မှာ ထိုခေတ်၌ သူ၏အမှုသည် မတူကွဲပြားသောကြောင့် ဖြစ်သည်။ ယနေ့တွင် ဘုရားသခင်သည် ထိုအမှုကို မလုပ်ဆောင်သကဲ့သို့၊ လူအချို့က နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို သူ ပြသနိုင်စွမ်းမရှိဟု ယုံကြည်ကြသည် သို့မဟုတ်ပါက နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို သူမပြလျှင်၊ ဘုရားသခင် မဟုတ်ဟု ၎င်းတို့ တွေးထင်ကြလေသည်။ ယင်းမှာ အတွေးမှားတစ်ခု မဟုတ်လော။ ဘုရားသခင်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပြသနိုင်သော်လည်း၊ သူသည် မတူကွဲပြားသောခေတ်တွင် အမှုပြုနေခြင်းဖြစ်သောကြောင့်၊ ထိုကဲ့သို့သောအမှုကို သူ မလုပ်ဆောင်ပေ။ ဤသည်မှာ မတူကွဲပြားသော ခေတ်ဖြစ်သောကြောင့်၊ ဘုရားသခင်က ပေါ်လွင်စေသည့် လုပ်ဆောင်ချက်သည်လည်း မတူကွဲပြားလေသည်။ ဘုရားသခင်၌ လူသား၏ယုံကြည်ခြင်းသည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများ၌

ယုံခြင်းမဟုတ်သကဲ့သို့ နိမိတ်လက္ခဏာများ၌လည်း ယုံခြင်းမဟုတ်ဘဲ၊ အသစ်သောခေတ်အတွင်း သူ၏ စစ်မှန်သော အမှုကို ယုံကြည်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ အမှုပြုသည့် နည်းဟန်မှတစ်ဆင့် လူသားသည် ဘုရားသခင်ကို သိလာပြီး ဤအသိပညာက လူ၏အထဲ၌ ယုံကြည်မှု၊ ဆိုလိုသည်မှာ ဘုရားသခင်၏အမှုနှင့် လုပ်ဆောင်ချက်များ၌ ယုံကြည်မှုကို ဖြစ်ပေါ်စေသည်။ အမှု၏ဤအဆင့်တွင်၊ ဘုရားသခင်သည် အဓိကအားဖြင့် စကားပြောဆိုသည်။ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို မြင်ရဖို့ မစောင့်ဆိုင်းနှင့်။ တစ်ခုတစ်လေကိုမျှ သင်တွေ့ရလိမ့်မည် မဟုတ်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သင်သည် ကျေးဇူးတော်ခေတ်အတွင်းတွင် မွေးဖွားခဲ့ခြင်း မဟုတ်သောကြောင့် ဖြစ်သည်။ သင် မွေးဖွားခဲ့ပါက၊ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို မြင်တွေ့နိုင်ပြီး ဖြစ်ပေမည်၊ သို့သော် သင်သည် နောက်ဆုံးသောကာလအတွင်း မွေးဖွားခဲ့သောကြောင့်၊ ဘုရားသခင်၏ စစ်မှန်မှုနှင့် ပုံမှန်ဖြစ်မှုတို့ကိုသာ သင် တွေ့နိုင်သည်။ နောက်ဆုံးသောကာလအတွင်းတွင် သဘာဝလွန်ယေရှုကို မြင်တွေ့ရဖို့ မမျှော်လင့်နှင့်။ သင်သည် မည်သည့် ပုံမှန် လူသားနှင့်မျှ မကွဲပြားသည့် လက်တွေ့ကျသော လူ့ဇာတိခံ ဘုရားသခင်ကိုသာ မြင်နိုင်ပေသည်။ ခေတ်အသီးသီးတွင်၊ ဘုရားသခင်သည် မတူကွဲပြားသော လုပ်ဆောင်ချက်များကို ပေါ်လွင်စေသည်။ ခေတ်အသီးသီးတွင်၊ သူသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များထဲမှ တစ်စိတ်တစ်ဒေသကို ပေါ်လွင်စေပြီး၊ ခေတ်အသီးသီး၏ အမှုသည် ဘုရားသခင်၏ စိတ်သဘောထား၏ တစ်စိတ်တစ်ဒေသနှင့် ဘုရားသခင်၏ လုပ်ဆောင်ချက်များ၏ တစ်စိတ်တစ်ဒေသကို ကိုယ်စားပြုလေသည်။ ဘုရားသခင် ပေါ်လွင်စေသည့် လုပ်ဆောင်ချက်သည် သူ အမှုပြုသည့် ခေတ်နှင့်အတူ ခြားနား၏၊ သို့သော် ယင်းတို့အားလုံးသည် လူသားအား သာ၍ နက်ရှိုင်းသည့် ဘုရားသခင်နှင့် ပတ်သက်သော အသိပညာ၊ သာ၍ စစ်မှန်ကာ လက်တွေ့ကျသော ဘုရားသခင်၌ ယုံကြည်မှုကို ပေးလေသည်။ လူက ဘုရားသခင်၏ လုပ်ဆောင်ချက်များ အားလုံးကြောင့်၊ ဘုရားသခင်သည် အလွန်အံ့ဖွယ်၊ အလွန်ကြီးမြတ်သောကြောင့်၊ သူသည် အနန္တတန်ခိုးရှိပြီး နားလည်၍မရနိုင်သောကြောင့်၊ ဘုရားသခင်ကို ယုံကြည်ခြင်း ဖြစ်သည်။ အကယ်၍ သူသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြနိုင်ပြီး၊ မကျန်းမာသောသူများကို အနာငြိမ်းစေကာ နတ်ဆိုးများကို နှင်ထုတ်နိုင်သောကြောင့် ဘုရားသခင်ကို သင် ယုံကြည်ပါက၊ သင်၏အမြင်သည် မှားယွင်းပြီး၊ လူအချို့က "ဝိညာဉ်ဆိုးများသည်လည်း ထိုသို့သော အရာများကို လုပ်ဆောင်နိုင်သည် မဟုတ်လော။" ဟု သင့်ကို ပြောကြလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ပုံရိပ်ကို စာတန်၏ပုံရိပ်နှင့် ရောထွေးခြင်း ဖြစ်သည် မဟုတ်လော။ ယနေ့တွင် ဘုရားသခင်၌ လူသား၏

ယုံကြည်မှုမှာ သူ၏ များစွာသော လုပ်ဆောင်ချက်များ၊ သူလုပ်ဆောင်သည့် အမှု၏ ကြီးမားသော ပမာဏနှင့် သူပြောဆိုသည့် နည်းလမ်းများစွာကြောင့် ဖြစ်သည်။ ဘုရားသခင်သည် လူသားကို သိမ်းပိုက်ရန်နှင့် စိုးလင်စေရန် သူ၏မိန့်မြွက်ချက်များကို အသုံးပြုသည်။ လူသားက ဘုရားသခင်ကို သူ၏ လုပ်ဆောင်ချက်များစွာကြောင့် ယုံကြည်ခြင်းဖြစ်ပြီး၊ သူသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြနိုင်သောကြောင့် မဟုတ်ပေ။ လူတို့သည် ဘုရားသခင်ကို သူ၏ လုပ်ဆောင်ချက်များအား မျက်မြင်တွေ့ခြင်းအားဖြင့်သာ သိရှိလေသည်။ ဘုရားသခင်၏ တကယ့် လုပ်ဆောင်ချက်များ၊ သူမည်သို့အမှုပြုသည်၊ မည်သည့် ဉာဏ်ပညာ ရှိသော နည်းစနစ်ကို သူ အသုံးပြုသည်၊ သူမည်သို့စကားပြောဆိုပြီး လူသားကို မည်သို့စိုးလင်စေသည်တို့ကို သိရှိခြင်းအားဖြင့်သာ- ဤသွင်ပြင်လက္ခဏာများကို သိရှိခြင်းအားဖြင့်သာ- သင်သည် မည်သည့်အရာကို သူနှစ်သက်သည်၊ မည်သည့်အရာကို သူ စက်ဆုပ်ရွံရှာသည်ဆိုသည်နှင့် လူသားအပေါ် သူမည်သို့အမှုပြုသည် ဆိုသည်တို့ကို သိလျက်၊ ဘုရားသခင်၏ စစ်မှန်မှုကို သဘောပေါက်နိုင်ပြီး သူ၏ စိတ်သဘောထားကို နားလည်နိုင်ပေသည်။ ဘုရားသခင်၏ ကြိုက်သည့်အရာများနှင့် မကြိုက်နှစ်သက်သည့်အရာများကို သိနားလည်ခြင်းအားဖြင့်၊ သင်သည် အပြုသဘောဆောင်သောအရာနှင့် အပျက်သဘောဆောင်သော အရာတို့အကြား ခွဲခြားနိုင်ကာ၊ ဘုရားသခင်နှင့်ပတ်သက်သည့် သင်၏အသိပညာမှတစ်ဆင့် သင်၏ အသက်တာတွင် တိုးတက်မှုရှိပေသည်။ တိုတိုပြောရလျှင်၊ သင်သည် ဘုရားသခင်၏ အမှုနှင့်ပတ်သက်သည့် အသိပညာကို ရရှိရမည် ဖြစ်ပြီး၊ ဘုရားသခင်ကို ယုံကြည်ခြင်းနှင့်ပတ်သက်သည့် သင်၏အမြင်ကို မှန်မှန်ကန်ကန် ထားရှိရမည် ဖြစ်သည်။

## ဘုရားသခင်၏အမှုသည် လူသားထင်သကဲ့သို့ ရိုးရှင်းပါသလော

ဘုရားသခင်ကို ယုံကြည်သောသူများအနေဖြင့်၊ သင်တို့အသီးသီးသည် နောက်ဆုံးသော ကာလ၌ ဘုရားသခင်၏ အမှုနှင့် ယနေ့ သင့်အထဲတွင် သူ ပြုသည့် သူ၏ အစီအစဉ်နှင့်ဆိုင်သော အမှုကို လက်ခံခြင်းအားဖြင့် အဆုံးစွန်သော ချီးမြှောက်ခြင်းနှင့် ကယ်တင်ခြင်းတို့အား သင်တို့ အမှန်တကယ် မည်သို့ ရရှိပြီးကြသည်ကို နားလည်သင့်ပေသည်။ ဘုရားသခင်သည် ဤလူစုကို စကြဝဠာတစ်ခွင်လုံးအနှံ့ သူ၏အမှုနှင့်ဆိုင်သည့် တစ်ခုတည်းသော ဗဟိုအချက်အဖြစ် ပြုလုပ်ပြီး ဖြစ်သည်။ သူသည် သင်တို့အတွက် သူ၏နှလုံးသွေးအားလုံးကို စတေးပြီးဖြစ်သည်။ စကြဝဠာအနှံ့အပြားရှိ

ဝိညာဉ်တော်၏အမှုအားလုံးကို သူသည် ပြန်သိမ်းပြီးဖြစ်ကာ သင်တို့အား ပေးပြီးဖြစ်သည်။ ယင်းမှာ သင်တို့သည် ကံကောင်းသူများဖြစ်သည်ဟု ငါပြောရသည့်အကြောင်းရင်း ဖြစ်သည်။ ထို့အပြင်၊ သူသည် သူ၏ဘုန်းအသရေကို သူ၏ ရွေးချယ်သောလူမျိုး ဣသရေလထံမှ သင်တို့ထံသို့ လွှဲပြောင်းပြီးဖြစ်ကာ၊ သူသည် ဤလူစုမှတစ်ဆင့် သူ၏အစီအစဉ်၏ ရည်ရွယ်ချက်ကို အပြည့်အဝ ထင်ရှားစေလိမ့်မည်။ သို့ဖြစ်၍၊ သင်တို့သည် ဘုရားသခင်၏အမွေကို ရရှိမည့်သူများဖြစ်ကြပြီး၊ ဤထက်မကပင် သင်တို့သည် ဘုရားသခင် ဘုန်းအသရေ၏ အမွေစားအမွေခံများ ဖြစ်ကြသည်။ သင်တို့သည် "အကြောင်းမူကား ယခုခဏခံရ၍ ပေါ့ပါးသော ဆင်းရဲခြင်း ဒုက္ခသည် အတိုင်းအထက် အလွန်ကြီးမြတ် လေးလံသော နိစ္စထာဝရ ဘုန်းအသရေကို ငါတို့အဖို့ ဖြစ်စေတတ်၏။" ဟူသော စကားများကို မှတ်မိကောင်း မှတ်မိကြပေလိမ့်မည်။ ဤစကားများကို သင်တို့အားလုံး ယခင်က ကြားခဲ့ကြပြီးဖြစ်သော်လည်း သင်တို့ထဲမှ မည်သူမျှ ယင်းတို့၏စစ်မှန်သော အဓိပ္ပါယ်ကို နားမလည်ခဲ့ကြပေ။ ယနေ့တွင် သင်တို့သည် ထိုစကားများ၏ စစ်မှန်သောအရေးပါမှုကို လေးလေးနက်နက် သတိပြုမိကြသည်။ ဤစကားများသည် နောက်ဆုံးသောကာလအတွင်း၌ ဘုရားသခင်အားဖြင့် ပြည့်စုံလိမ့်မည်ဖြစ်ပြီး၊ အဆင်းနီသောနဂါးကြီး ခွေလျောင်းရာပြည်တွင် ယင်းနဂါးကြီး၏ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခံခဲ့သူများ၌ ပြည့်စုံလိမ့်မည်ဖြစ်သည်။ အဆင်းနီသောနဂါးကြီးသည် ဘုရားသခင်ကို ညှဉ်းပန်းနှိပ်စက်ပြီး၊ သူသည် ဘုရားသခင်၏ရန်သူ ဖြစ်၏။ သို့ဖြစ်၍ ဤပြည်၌ ဘုရားသခင်ကို ယုံကြည်သူများသည် အရှက်ကွဲခြင်းနှင့် ဖိနှိပ်ခြင်းတို့ကို ဤသို့ ခံကြရပြီး၊ အကျိုးဆက်အနေဖြင့် ဤစကားများသည် ဤလူစုတည်းဟူသော သင်တို့၌ ပြည့်စုံလေသည်။ ယင်းသည် ဘုရားသခင်ကို ဆန့်ကျင်သော ပြည်တွင် စတင်သောကြောင့် ဘုရားသခင်၏အမှုအားလုံးသည် ကြီးမားသော အတားအဆီးများကို ရင်ဆိုင်ရပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်များစွာ ပြီးမြောက်ခြင်းသည် အချိန်ကြာလေသည်။ ဤအကြောင်းကြောင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော်၏ အကျိုးဆက်အဖြစ်၊ လူတို့သည် စစ်ဆေးခံကြရကာ ယင်းသည် ဒုက္ခဆင်းရဲ၏ အစိတ်အပိုင်းလည်း ဖြစ်ပေသည်။ အဆင်းနီသောနဂါးကြီး၏ ပြည်တွင် သူ၏အမှုကို ဆောင်ရွက်ရန် ဘုရားသခင်အတွက် အလွန်တရာ ခဲယဉ်းလေသည်- သို့သော် ဘုရားသခင်သည် သူ၏ဉာဏ်ပညာနှင့် သူ၏ အံ့ဘွယ်လုပ်ဆောင်ချက်များကို ထင်ရှားစေလျက်၊ ပြီးလျှင် ဤလူစုကို စုံလင်စေရန် ဤအခွင့်အရေးကို အသုံးပြုရင်း၊ သူ၏ အမှု အဆင့်တစ်ခုကို ဘုရားသခင် လုပ်ဆောင်သည်မှာ ဤအခက်အခဲမှတစ်ဆင့် ဖြစ်သည်။ ဘုရားသခင်သည် ဤအရာမှ သူ၏ ဘုန်းအသရေကို ရရှိနိုင်ဖို့အလို့ငှာနှင့် သူ၏

လုပ်ဆောင်ချက်များကို သက်သေခံမည့်သူများကို ရရှိနိုင်ဖို့အလို့ငှာ၊ သူ၏ သန့်စင်စေခြင်းနှင့် သိမ်းပိုက်ခြင်း အမှုကို ဘုရားသခင် လုပ်ဆောင်သည်မှာ လူတို့၏ ဆင်းရဲဒုက္ခမှတစ်ဆင့်၊ ၎င်းတို့၏ အရည်အချင်းမှတစ်ဆင့်၊ ပြီးလျှင် ဤညစ်ညူးသောပြည်နှင့်ဆိုင်သော လူတို့၏စာတန်ဆန်သည့် စိတ်သဘောထားအားလုံးမှတစ်ဆင့် ဖြစ်သည်။ ယင်းသည် ဤလူစုအတွက် ဘုရားသခင် ပြုပြီးသော စွန့်လွှတ်မှုအားလုံး၏ အလုံးစုံ အရေးပါမှု ဖြစ်ပေသည်။ ဆိုလိုသည်မှာ၊ ဘုရားသခင်သည် သိမ်းပိုက်ခြင်းအမှုကို လုပ်ဆောင်သည်မှာ သူ့ကို ဆန့်ကျင်သောသူများမှတစ်ဆင့်ဖြစ်ပြီး၊ ထိုသို့ဖြင့်သာ ဘုရားသခင်၏ ကြီးမားသော တန်ခိုး ထင်ရှားနိုင်ပေသည်။ တစ်နည်းအားဖြင့်၊ မသန့်ရှင်းသော ပြည်၌ရှိသော သူများသည်သာ ဘုရားသခင်၏ဘုန်းအသရေကို အမွေခံထိုက်ကြပြီး၊ ဤအရာကသာ ဘုရားသခင်၏ကြီးမားသော တန်ခိုးကို မီးမောင်းထိုးပြနိုင်ပေသည်။ ယင်းမှာ ဘုရားသခင်၏ ဘုန်းအသရေကို ရရှိသည်မှာ မသန့်ရှင်းသော ပြည်နှင့် မသန့်ရှင်းသော ပြည်တွင် အသက်ရှင်သော သူများထံမှ ဖြစ်သည်ဟု ငါ ပြောရသည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်၏ အလိုမှာ ဤကဲ့သို့ဖြစ်ပေသည်။ ယေရှု၏အမှု အဆင့်သည်လည်း အလားတူ ဖြစ်သည်- သူ့ကို ညှဉ်းပန်းနှိပ်စက်ခဲ့သော ဖာရိရှဲများအလယ်တွင်သာ သူ ဘုန်းတော်ထင်ရှားနိုင်ခဲ့သည်။ ဖာရိရှဲများ၏ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ယုဒ၏သစ္စာဖောက်မှုကြောင့် မဟုတ်ပါက၊ ယေရှုသည် ကားစင်တင်ခံရဖို့ မဆိုထားနှင့်၊ လှောင်ပြောင်ကဲ့ရဲ့ခံရလေမည်မဟုတ်၊ သို့မဟုတ် အသရေပျက်အောင် ပြောဆိုခံခဲ့ရမည်မဟုတ်သဖြင့် ဘုန်းအသရေကို ရရှိနိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ ခေတ်အသီးသီး၌ ဘုရားသခင် အမှုပြုသည့်နေရာနှင့် လူ့ဇာတိ၌ သူ၏ အမှုပြုသည့်နေရာသည် သူ ဘုန်းအသရေ ရရှိသည့်နေရာနှင့် သူ ရယူရန် ရည်ရွယ်သူများကို ရယူသည့်နေရာ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏အမှုနှင့်ဆိုင်သော အစီအစဉ်ဖြစ်ပြီး၊ ဤသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှု ဖြစ်သည်။

နှစ်ထောင်ပေါင်းများစွာကြာသည့် ဘုရားသခင်၏ အစီအစဉ်တွင်၊ အမှု၏ အစိတ်အပိုင်းနှစ်ခုကို လူ့ဇာတိ၌ လုပ်ဆောင်လေသည်- ပထမပိုင်းသည် ကားစင်တင်ခံရခြင်း အမှုဖြစ်ပြီး၊ ယင်းအတွက် သူသည် ဘုန်းထင်ရှားလေသည်။ အခြားတစ်ခုမှာ နောက်ဆုံးသောကာလ၌ သိမ်းပိုက်ခြင်းနှင့် စုံလင်စေခြင်း အမှုဖြစ်သည်၊ ယင်းအတွက် သူသည် ဘုန်းထင်ရှား၏။ ဤသည်မှာ ဘုရားသခင်၏စီမံခန့်ခွဲမှု ဖြစ်ပေသည်။ သို့ဖြစ်၍ ဘုရားသခင်၏အမှု သို့မဟုတ် သင်တို့အဖို့ ဘုရားသခင်၏ စေခိုင်းချက်ကို ရိုးရှင်းသော ကိစ္စရပ်တစ်ခုအဖြစ် မမှတ်ယူနှင့်။ သင်တို့အားလုံးသည် ဘုရားသခင်၏ အတိုင်းထက်အလွန် ကြီးမြတ်လေးလံသော

နိစ္စထာဝရဘုန်းအသရေ၏ အမွေစားအမွေခံများ ဖြစ်ကြပြီး၊ ဤအရာကို ဘုရားသခင်က အထူး စီမံထားခဲ့ပေသည်။ သူ၏ ဘုန်းအသရေ အစိတ်အပိုင်းနှစ်ခုထဲမှ၊ တစ်ခုသည် သင်တို့၌ ထင်ရှား၏။ ဘုရားသခင်၏ဘုန်းအသရေ အစိတ်အပိုင်းတစ်ခု၏ တစ်ရပ်လုံးကို သင်တို့၏အမွေဥစ္စာ ဖြစ်နိုင်ဖို့အလို့ငှာ သင်တို့အပေါ် အပ်နှင်းထားပြီးဖြစ်သည်။ ဤသည်မှာ သင်တို့ကို ဘုရားသခင် ချီးမြှောက်ခြင်းဖြစ်ပြီး အချိန်ကြာမြင့်စွာက သူ ခွဲခန့်မှတ်သားထားခဲ့သည့် အစီအစဉ်လည်းဖြစ်သည်။ အဆင်းနီသောနဂါးကြီး နေထိုင်ရာပြည်၌ ဘုရားသခင် လုပ်ဆောင်ပြီးဖြစ်သည့် အမှု၏ ကြီးမြတ်မှုကို ထောက်ဆလျှင်၊ ဤအမှုကို အခြားနေရာသို့ ရွှေ့ပြောင်းခဲ့မည်ဆိုပါက၊ ယင်းသည် အချိန်ကြာမြင့်စွာက ကြီးမားသည့် အကျိုးဖြစ်ထွန်းပြီးခဲ့မည် ဖြစ်သကဲ့သို့၊ လူသားက လိုလိုလားလား လက်ခံပြီးဖြစ်ပေမည်။ ထို့အပြင် ယေရှုလုပ်ဆောင်သည့် အမှု၏ အဆင့်သည် အစဉ်အလာတစ်ခုအဖြစ် အသုံးတော်ခံသည့်အတွက်၊ ဤအမှုသည် ဘုရားသခင်ကို ယုံကြည်သော အနောက်တိုင်း ဘုန်းတော်ကြီးများအတွက် လက်ခံရန် အလွန်လွယ်ကူလွန်းခဲ့ပေမည်။ သို့ဖြစ်၍ ဘုရားသခင်က ဘုန်းထင်ရှားခြင်းအမှု၏ ဤအဆင့်ကို အခြားနေရာ၌ စွမ်းဆောင်မရရှိနိုင်ခြင်း ဖြစ်သည်။ လူများ၏ ထောက်ပံ့ပေးခြင်းနှင့် တိုင်းနိုင်ငံများ၏ အသိအမှတ်ပြုခြင်းဖြင့် ယင်းသည် မတည်မြဲနိုင်ပေ။ ဤသည်မှာ ဤပြည်၌ အမှု၏ ဤအဆင့်က ကိုင်စွဲထားသည့် ထူးခြားသာလွန်သော အရေးပါမှု ဖြစ်သည်။ သင်တို့အကြားတွင် ဥပဒေ၏ အကာအကွယ်ပေးခြင်းခံရသည့် လူတစ်ဦးမျှမရှိပေ- ယင်းအစား၊ သင်တို့သည် ဥပဒေ၏ အပြစ်ပေးခြင်းကို ခံကြရ၏။ သာ၍ ခက်ခဲသည်မှာ လူတို့သည် သင်တို့ကို နားမလည်ကြပေ- သင်တို့၏ ဆွေမျိုးများ၊ သင်တို့၏ မိဘများ၊ သင်တို့၏ မိတ်ဆွေများ သို့မဟုတ် သင်တို့၏ လုပ်ဖော်ကိုင်ဖက်များ ဖြစ်စေ၊ ၎င်းတို့ထဲမှ မည်သူမျှ သင်တို့ကို နားမလည်ကြပေ။ ဘုရားသခင်က သင်တို့ကို “စွန့်ပစ်” သည့်အခါတွင်၊ ကမ္ဘာမြေပေါ်တွင် ဆက်လက် အသက်ရှင်ရန် သင်တို့အတွက် မဖြစ်နိုင်ပေ၊ သို့သော်ငြားလည်း လူတို့သည် ဘုရားသခင်နှင့် ဝေးကွာ၍မနေနိုင်ကြပေ၊ ယင်းမှာ လူတို့ကို ဘုရားသခင် သိမ်းပိုက်ခြင်းနှင့်ဆိုင်သော အရေးပါမှုဖြစ်ပြီး၊ ဘုရားသခင်၏ ဘုန်းအသရေ ဖြစ်သည်။ ယနေ့ သင်တို့ အမွေခံပြီးဖြစ်သည့်အရာသည် ခေတ်ကာလများတစ်လျှောက် တမန်တော်များနှင့် ပရောဖက်များ အမွေခံခဲ့ရသည့်အရာများထက် သာလွန်သကဲ့သို့၊ မောရှေနှင့် ပေတရုတို့ အမွေခံခဲ့ရသည့်အရာများထက်ပင် သာ၍ကြီးမားပေသည်။ ကောင်းချီးမင်္ဂလာများကို တစ်ရက် နှစ်ရက်အတွင်း မရရှိနိုင်ပေ။ ယင်းတို့ကို ကြီးမားသော စွန့်လွှတ်ခြင်းမှတစ်ဆင့် ရရှိရမည်ဖြစ်သည်။ ယင်းမှာ၊ သင်တို့သည် စစ်ဆေးခြင်း ကြုံရပြီးဖြစ်သည့်

ချစ်ခြင်းမေတ္တာတစ်ခုကို ပိုင်ဆိုင်ရမည်၊ ကြီးမားသောယုံကြည်ခြင်းကို သင်တို့ ပိုင်ဆိုင်ရမည်ဖြစ်ပြီး၊ သင်တို့ ကြိုးပမ်းရရှိဖို့ ဘုရားသခင် တောင်းဆိုသည့် သမ္မာတရားများစွာ ရှိရမည်ဟု ဆိုလိုပေသည်။ ထို့အပြင်၊ သင်တို့သည် ချိုးနှိမ်ခြင်းကိုမခံဘဲ သို့မဟုတ် တိမ်းရှောင်ခြင်း မရှိဘဲ၊ တရားမျှတမှုဘက်သို့ လှည့်ရမည် ဖြစ်ပြီး၊ ဘုရားသခင်ကို ခိုင်မြဲပြီး မလျှော့သော ချစ်ခြင်းမေတ္တာ ရှိရမည်ဖြစ်သည်။ သင့်၌ စိတ်ပိုင်းဖြတ်ချက် ရှိရမည်၊ သင်တို့၏ အသက်စိတ်သဘောထား၌ ပြောင်းလဲမှုများ ဖြစ်ပေါ်ရမည်၊ သင်တို့၏ ဖောက်ပြန်ပျက်စီးခြင်းကို ကုစားရမည်၊ ဘုရားသခင်၏ စီစဉ်ညွှန်ကြားခြင်းများ အားလုံးကို ညည်းညူခြင်းမပြုဘဲ လက်ခံရမည်ဖြစ်ပြီး၊ သေသည်အထိ သင်တို့ နာခံရမည်ဖြစ်သည်။ ဤသည်မှာ သင်တို့ ရရှိသင့်သည့်အရာဖြစ်သည်၊ ဤသည်မှာ ဘုရားသခင်၏အမှု နောက်ဆုံးရည်မှန်းချက်ဖြစ်ပြီး၊ ဤလူစုကို ဘုရားသခင် တောင်းဆိုသည့်အရာ ဖြစ်သည်။ သူသည် သင်တို့ကို ပေးအပ်သည့်အတွက်၊ အပြန်အလှန်အားဖြင့် သင်တို့ကို ဧကန်မုချ တောင်းဆိုလိမ့်မည်ဖြစ်ပြီး၊ သင်တို့နှင့်သက်ဆိုင်၍ သင့်တော်သည့် တောင်းဆိုချက်များ ဧကန်မုချ သူ ပြုလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်ပြုသောအမှုတိုင်း၌ အကြောင်းရင်းရှိ၏၊ ယင်းမှာ ဘုရားသခင်သည် အသေးစိတ်နှင့် တိကျသော အမှုကို အဖန်အဖန် လုပ်ဆောင်ရသည့် အကြောင်းရင်း ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၌ ယုံကြည်ခြင်းဖြင့် ပြည့်သင့်သည်မှာ ဤအရာကြောင့် ဖြစ်သည်။ တိုတိုပြောရလျှင်၊ သင်တို့အနေဖြင့် ဘုရားသခင်၏အမွေဥစ္စာကို ရရှိထိုက်လာနိုင်ကြဖို့အလို့ငှာ ဘုရားသခင်၏အမှုအားလုံးသည် သင်တို့အတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကိုယ်တိုင်၏ ဘုန်းအသရေအတွက်ထက် သင်တို့၏ ကယ်တင်ခြင်းအတွက် ဖြစ်ပြီး၊ ညစ်ညူးသောပြည်တွင် အလွန် အကြီးအကျယ် ဖိစီးနှိပ်စက်ခံရပြီးဖြစ်သည့် ဤလူစုကို စုံလင်စေခြင်းအတွက် ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏အလိုကို နားလည်သင့်ကြပေသည်။ သို့ဖြစ်၍ မည်သည့်ထိုးထွင်းသိမြင်မှု သို့မဟုတ် အသိစိတ်မျှမရှိသည့် မသိနားမလည်သော လူများစွာကို ငါ တိုက်တွန်း၏- ဘုရားသခင်ကို မစမ်းကြနှင့်၊ ပြီးလျှင် နောက်ထပ်မခုခံကြတော့နှင့်။ ဘုရားသခင်သည် မည်သည့်လူသားကမျှ လုံးဝ မခံရပ်ဖူးသည့် ဆင်းရဲဒုက္ခကို ကြုံရနှင့်ပြီးဖြစ်သကဲ့သို့၊ လူသားကိုယ်စား သာ၍ပင် ကြီးမားသော အရှက်ကွဲခြင်းကို အချိန်ကြာမြင့်စွာက ခံရပ်ခဲ့ရပြီး ဖြစ်သည်။ အခြား မည်သည့်အရာကို သင် လက်မလွှတ်နိုင်သနည်း။ ဘုရားသခင်၏အလိုထက် အဘယ်အရာသည် သာ၍အရေးကြီးနိုင်မည်နည်း။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာထက် အဘယ်အရာသည် သာ၍မြင့်မားနိုင်သနည်း။ ဤမသန့်ရှင်းသောပြည်၌ သူ၏အမှုကို

ဆောင်ရွက်ရန် ဘုရားသခင်အတွက် ခက်ခဲလှပြီဖြစ်သည်။ အကယ်၍ ဤအရာအပြင် လူသားသည် သိလျက်နှင့် တမင်တကာ တစ်ဇွတ်ထိုး အပြစ်လွန်ကျူးပါက၊ ဘုရားသခင်၏အမှုသည် ရှည်ကြာသွားပေလိမ့်မည်။ တိုတိုပြောရလျှင်၊ ဤအရာသည် မည်သူ့အတွက်မျှ အကျိုးမဖြစ်၊ မည်သူ့ကိုမျှ အကျိုးမပြုပေ။ ဘုရားသခင်သည် အချိန်၏ ဘောင်ခတ်ခြင်း မခံရပေ။ သူ၏အမှုနှင့် သူ၏ဘုန်းအသရေတို့သည် ပထမဦးစားပေးဖြစ်သည်။ ထို့ကြောင့် မည်မျှ ကြာသည်ဖြစ်စေ၊ သူသည် သူ၏အမှုအတွက် မည်သည့်အဖိုးအခကိုမဆို ပေးလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏စိတ်သဘောထား ဖြစ်၏။ သူ၏အမှု မပြီးဆုံးမချင်း သူအနားယူလိမ့်မည်မဟုတ်။ သူ၏ဘုန်းအသရေ၏ ဒုတိယအပိုင်းကို သူရရှိသည့်အချိန်မှသာ သူ၏အမှု အဆုံးသတ်လိမ့်မည်။ အကယ်၍ စကြဝဠာတစ်ခွင်လုံး၌ ဘုရားသခင်သည် သူ၏ဘုန်းထင်ရှားခြင်း ဒုတိယအပိုင်းကို မပြီးစီးပါက၊ သူ၏နေ့ရက်သည် မည်သည့်အခါမျှ ရောက်လာလိမ့်မည်မဟုတ်၊ သူ၏လက်သည် သူရွေးချယ်ခဲ့သည့် လူမျိုးများကို မည်သည့်အခါ၌မျှ စွန့်ခွာသွားမည်မဟုတ်၊ သူ၏ဘုန်းအသရေသည် ဣသရေလအပေါ်သို့ မည်သည့်အခါမျှ ဆင်းသက်မည်မဟုတ်သကဲ့သို့၊ သူ၏အစီအစဉ်သည် မည်သည့်အခါမျှ အဆုံးသတ်မည် မဟုတ်ပေ။ သင်တို့သည် ဘုရားသခင်၏အလိုကို တွေ့မြင်သင့်ကြပြီး၊ ဘုရားသခင်၏အမှုသည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းခြင်းလောက် မရိုးရှင်းသည်ကို နားလည်သင့်ကြပေသည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ယနေ့၏ အမှုသည် ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သော သူများ၊ အဆုံးစွန် အတိုင်းအတာအထိ ထုံအနေသောသူများ၏ ပြောင်းလဲခြင်း ဖြစ်သောကြောင့် ဖြစ်သည်၊ ယင်းသည် ဖန်ဆင်းခြင်းခံခဲ့ရသော်လည်း စာတန်၏စီမံပြုပြင်ခြင်း ခံခဲ့ရသောသူများအား သန့်စင်စေရန်ဖြစ်သည်။ ယင်းသည် အလင်း ဖန်ဆင်းခြင်း သို့မဟုတ် အပင်နှင့် တိရစ္ဆာန်တိုင်းကို ဖန်ဆင်းခြင်း ဖြစ်ဖို့မဆိုထားနှင့်၊ အာဒံ သို့မဟုတ် ဧဝကို ဖန်ဆင်းခြင်း မဟုတ်ပေ။ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရသော အရာများကို ဘုရားသခင်သည် သန့်စင်စေပြီး ယင်းတို့ကို အသစ် ရယူသည်။ ယင်းတို့သည် သူနှင့် သက်ဆိုင်သော အရာများဖြစ်သွားကြပြီး သူ၏ဘုန်းအသရေ ဖြစ်သွားကြသည်။ ဤအရာသည် လူသားစိတ်ကူးသကဲ့သို့မဟုတ်၊ ကောင်းကင်၊ မြေကြီးနှင့် ၎င်းတို့အထဲရှိ အရာရာတိုင်းကို ဖန်ဆင်းခြင်း သို့မဟုတ် စာတန်ကို အနက်ဆုံးသော တွင်းထဲသို့ ကျိန်ဆဲခြင်း အမှုလောက် မရိုးရှင်းပေ။ ထို့ထက်၊ ယင်းသည် လူသားကို ပြောင်းလဲစေခြင်း အမှု၊ အပျက်သဘောဆောင်ပြီး သူနှင့်မသက်ဆိုင်သော အရာများအား အပြုသဘောဆောင်ပြီး သူနှင့်သက်ဆိုင်သော အရာများအဖြစ်သို့ ပြောင်းလဲစေခြင်းအမှု ဖြစ်သည်။ ဤအရာသည်

ဘုရားသခင်အမှု၏ ဤအဆင့် နောက်ကွယ်မှ သမ္မာတရား ဖြစ်ပေသည်။ ဤအရာကို သင်တို့ နားလည်ရမည်ဖြစ်ပြီး ကိစ္စရပ်များကို ပေါ့ပြက်ပြက်လုပ်ခြင်းကို ရှောင်ကြဉ်ရမည်။ ဘုရားသခင်၏အမှုသည် သာမန် မည်သည့်အလုပ်နှင့်မျှ မတူပေ။ ယင်း၏ အံ့ဖွယ်ကောင်းခြင်းနှင့် ဉာဏ်ပညာသည် လူသား၏ဉာဏ်ဖြင့် မမီနိုင်ပေ။ ဘုရားသခင်သည် အမှု၏ဤအဆင့်အတွင်းတွင် အရာခပ်သိမ်းကို မဖန်ဆင်းဘဲ၊ ယင်းတို့ကို ဖျက်ဆီးခြင်းလည်း မပြုပေ။ ယင်းအစား၊ သူဖန်ဆင်းခဲ့သော အရာများကို ပြောင်းလဲစေပြီး စာတန်၏ ညစ်ညူးစေခြင်း ခံခဲ့ရသည့် အရာအားလုံးကို သန့်စင်စေ၏။ ဤသို့ဖြင့် ဘုရားသခင်သည် ကြီးမားသော လုပ်ငန်းကို အစပြုလေသည်၊ ယင်းသည် ဘုရားသခင် အမှု၏အရေးပါမှု တစ်ရပ်လုံးဖြစ်သည်။ ဤနှုတ်ကပတ်တော်များထဲ၌ သင်မြင်တွေ့ရသော ဘုရားသခင်၏အမှုသည် အမှန်တကယ်ပင် အလွန်ရိုးရှင်းသလော။

# သင်သည် ဘုရားသခင်ကို ယုံကြည်သောကြောင့် သမ္မာတရားအတွက် အသက်ရှင်သင့်သည်

လူသားအားလုံး၌ တည်ရှိနေသော ဘုံပြဿနာမှာ ၎င်းတို့သည် သမ္မာတရားကို သဘောပေါက် နားလည်ပါလျက်နှင့် လက်တွေ့ကျင့်သုံးရန် ပျက်ကွက်ခြင်း ဖြစ်သည်။ ဤသည်မှာ တစ်ဘက်တွင် ၎င်းတို့သည် အဖိုးအခပေးရန် ဆန္ဒမရှိ၍ အခြားတစ်ဘက်မှာ ၎င်းတို့၏ ထိုးထွင်းသိမြင်နိုင်စွမ်းသည် အလွန်ပင် မလုံမလောက်သောကြောင့် ဖြစ်၏၊ ၎င်းတို့သည် လက်တွေ့ဘဝတွင် ရှိနေသည့် အခက်အခဲများစွာကို အရှိကိုအရှိအတိုင်း မမြင်နိုင်သည့်အပြင် သင့်လျော်စွာ အဘယ်သို့ လက်တွေ့လုပ်ဆောင်ရမည်ကိုလည်း မသိချေ။ လူတို့၏ အတွေ့အကြုံများသည် ပေါ့တန်လွန်းခြင်း၊ အရည်အချင်းညံ့ဖျင်းလွန်းခြင်းနှင့် သမ္မာတရားကို နားလည်သည့်အတိုင်းအတာ နည်းပါးခြင်းတို့ကြောင့်၊ ၎င်းတို့သည် ဘဝ၌ နေ့စဉ်ရင်ဆိုင်ရသည့် အခက်အခဲများကို ဖြေရှင်းရန် နည်းလမ်း မရှိပေ။ ဘုရားသခင်ကို ယုံကြည်ခြင်းအရာမှာ အပြောမျှသာဖြစ်ပြီး မိမိတို့၏ နေ့စဉ်အသက်တာတွင် ဘုရားသခင်ကို ခေါ်ဆောင်လာနိုင်စွမ်း မရှိချေ။ တစ်နည်းဆိုရလျှင်၊ ဘုရားသခင်က ဘုရားသခင်ဖြစ်ပြီး၊ ဘဝက ဘဝဖြစ်ကာ၊ ၎င်းတို့၏အသက်တာတွင် ဘုရားသခင်နှင့် ဆက်ဆံရေး လုံးဝမရှိသည့်အလား ဖြစ်သည်။ ယင်းသည် လူတိုင်း ယူဆသည့်အရာ ဖြစ်၏။ ဘုရားသခင်ကို ထိုသို့ ယုံကြည်ခြင်းမျိုးသည် လူတို့ကို လက်တွေ့ဘဝတွင် ကိုယ်တော်၏ ရယူခြင်းနှင့် စုံလင်စေခြင်း ခံရစေမည် မဟုတ်ပေ။

အမှန်မှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပြည့်စုံသောထုတ်ဖော်မှု မတွေ့သေးသောကြောင့် မဟုတ်ဘဲ၊ သူ၏နှုတ်ကပတ်တော်ကို ခံယူရန် လူတို့၏ စွမ်းဆောင်နိုင်မှုသည် မလုံလောက်လွန်းသောကြောင့်သာ ဖြစ်ပေသည်။ ဘုရားသခင်၏ မူလရည်ရွယ်ချက်များအတိုင်း အဘယ်သူမျှနီးပါး မလုပ်ဆောင်ဟု ဆိုနိုင်၏။ တိတိကျကျဆိုရလျှင်၊ ၎င်းတို့၏ ဘုရားသခင်ကို ယုံကြည်ခြင်းမှာ ၎င်းတို့၏ ရည်ရွယ်ချက်များ၊ အတိတ်က ၎င်းတို့ စွဲကိုင်ထားသည့် ဘာသာရေး အယူအဆများနှင့် ၎င်းတို့ကိုယ်တိုင်၏ အမှုအရာများကို လုပ်နည်းများ အရဖြစ်သည်။ လူအနည်းငယ်ကသာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံပြီးနောက် ပြောင်းလဲမှုဖြစ်ပြီး ကိုယ်တော်၏ အလိုတော်နှင့်အညီ စတင်လုပ်ဆောင်ကြသည်။ ယင်းသို့ပြုမည့်အစား၊ ထိုသူတို့သည် မိမိတို့ မှားယွင်းသောယုံကြည်ခြင်းများကို မရမနေစွဲကိုင်ကြ၏။ လူတို့သည် ဘုရားသခင်ကို စတင်ယုံကြည်သည့် အချိန်တွင် ဘာသာရေးဓလေ့ ထုံးတမ်းစဉ်လာ စည်းမျဉ်း စည်းကမ်းများကို အခြေခံ၍ယုံကြည်ပြီး၊ သူတို့၏ ကိုယ်ပိုင် ဘဝဒဿနများအပေါ် လုံးလုံးလျားလျား အခြေခံကာ အခြားသူများနှင့် အပြန်အလှန် ဆက်ဆံနေထိုင်သည်။ ဤသည်မှာ လူဆယ်ဦးတွင် ကိုးဦး၌ဖြစ်သော အရာဟုဆိုနိုင်သည်။ ဘုရားသခင်ကို စတင်ယုံကြည်ပြီး နောက်ပိုင်းတွင် အခြားသော အစီအစဉ်ကို ဖန်တီးပြီး အသစ်တစ်ရပ် စတင်သူများ အလွန်နည်းပါးသည်။ လူသားတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သမ္မာတရားအဖြစ် ထင်မှတ်ရန်၊ သို့မဟုတ် သမ္မာတရားအဖြစ် လက်ခံပြီး လက်တွေ့ ကျင့်သုံးရန် ပျက်ကွက်ခဲ့ပေပြီ။

ယေရှု၌ယုံကြည်ခြင်းကို ဥပမာအနေနှင့် ယူကြလော့။ လူတစ်ဦးသည် စတင်ယုံကြည်သည်ဖြစ်စေ၊ ယုံကြည်သည့်ကာလ ကြာမြင့်ပြီးဖြစ်စေ အားလုံးသည် သူတို့မှာရှိသည့် ပါရမီများကို အသုံးချလိုက်သည့်အပြင် သူတို့ပိုင်ဆိုင်သည့် မည်သည့်ကျွမ်းကျင်မှုကိုမဆို ထင်ရှားစေသည်။ “ဘုရားသခင်ကို ယုံကြည်ခြင်း” ဆိုသည့် စကားလုံးသုံးလုံးကို ၎င်းတို့၏ ပုံမှန်အသက်တာထဲတွင် ထည့်ထားရုံသက်သက်ဖြစ်ပြီး မိမိတို့၏ စိတ်သဘောထားကိုမူ ပြောင်းလဲခြင်းမရှိ၊ ထို့အပြင် ဘုရားသခင်၌ ယုံကြည်ခြင်းသည်လည်း အနည်းငယ်မျှပင် မကြီးထွားခဲ့ပေ။ ၎င်းတို့၏လိုက်စားမှုသည် မပူ၊ မအေး။ ထိုသူတို့သည် ၎င်းတို့၏ ယုံကြည်ခြင်းကို စွန့်လွှတ်မည်ဟု မပြောသော်လည်း၊ ၎င်းတို့သည် ဘုရားသခင်ကို အားလုံးဆက်ကပ်ခြင်းလည်း မပြုပေ။ ၎င်းတို့သည် ဘုရားသခင်ကို မည်သည့်အခါမျှ အမှန်တကယ်မချစ်၊ သို့မဟုတ် နာခံမှုလည်း လုံးဝမရှိပေ။ ဘုရားသခင်ကို သူတို့၏ယုံကြည်ခြင်းမှာ အစစ်အမှန်နှင့် အတုအယောင် ရောနေကာ၊

မျက်စိတစ်ဘက်ဖွင့်ပြီး တစ်ဘက်ပိတ်ကာ ချဉ်းကပ်လျက်၊ ၎င်းတို့၏ယုံကြည်မှုကို လက်တွေ့ ကျင့်သုံးရာ၌ စိတ်အားထက်သန်မှု မရှိချေ။ ထိုသို့သော စိတ်ရောထွေးသည့် အခြေအနေနှင့်သာ ဆက်သွားလျက် အဆုံးတွင် မရေရာသော သေဆုံးခြင်းဖြင့် သေဆုံးကြ၏။

ဤအရာအားလုံးတွင် မည်သည့်အဓိပ္ပာယ် ရှိသနည်း။ ယနေ့ လက်တွေ့ကျသော ဘုရားသခင်ကို ယုံကြည်ရန် လမ်းကြောင်းမှန်ပေါ်သို့ သင် ခြေချရမည်။ သင်သည် ဘုရားသခင်ကို ယုံကြည်ပါက၊ ကောင်းချီးမင်္ဂလာများကို သာမကဘဲ ဘုရားသခင်ကို ချစ်ခြင်းနှင့် သိကျွမ်းခြင်းကိုလည်း ရှာသင့်သည်။ ဘုရားသခင်၏ ဉာဏ်အလင်းပေးမှု လိုက်လျှောက်မှုအားဖြင့်၊ သင်ကိုယ်တိုင်၏ လိုက်လျှောက်မှုအားဖြင့် သင်သည် သူ၏နှုတ်ကပတ်တော်ကို စားသောက်နိုင်ပြီး ဘုရားသခင်ကို စစ်မှန်စွာ နားလည်နိုင်မည်ဖြစ်၍ သင့်နှလုံးသား၏ အနက်ရှိုင်းဆုံး နေရာမှလာသော ဘုရားသခင်ကိုချစ်ခြင်း အစစ်အမှန်သည်လည်း ရှိလာနိုင်မည်။ တစ်နည်းဆိုလျှင်၊ ဘုရားသခင်ကို သင်၏ ချစ်ခြင်းသည် အစစ်မှန်ဆုံးဖြစ်ပြီး၊ အဘယ်သူမျှ မဖျက်ဆီးနိုင် သို့မဟုတ် မတားဆီးနိုင်သည့် ချစ်ခြင်းမျိုးဖြစ်လျှင်၊ ယခုအချိန်တွင် သင်သည် ဘုရားသခင်ကို ယုံကြည်ခြင်း လမ်းမှန်ပေါ်တွင် ရှိနေသည်။ ထိုအရာက သင်သည် ဘုရားသခင်နှင့် သက်ဆိုင်ကြောင်း သက်သေပြသည်၊ အဘယ်ကြောင့်ဆိုသော် သင့်နှလုံးသားသည် ဘုရားသခင်၏ ပိုင်ဆိုင်ခြင်းကိုခံရပြီး အခြားမည်သည့်အရာကမျှ သင့်ကို မပိုင်ဆိုင်နိုင်သောကြောင့် ဖြစ်သည်။ သင်၏ အတွေ့အကြုံကြောင့်၊ သင်ပေးဆပ်ခဲ့သည့် အဖိုးအခကြောင့်နှင့် ဘုရားသခင်၏ လုပ်ဆောင်ပေးမှုကြောင့် သင်သည် ဘုရားသခင်အပေါ် အလိုအလျောက် ချစ်ခြင်း ပေါ်ပေါက်လာနိုင်ခြင်း ဖြစ်သည်။ ထိုသို့ဖြစ်သောအခါ သင်သည် စာတန်၏ လွှမ်းမိုးမှုမှ ကင်းလွတ်လျက် ဘုရားသခင် နှုတ်ကပတ်တော် အလင်းထဲ၌ အသက်ရှင်လိမ့်မည်။ အမှောင်လွှမ်းမိုးမှုမှ ချိုးဖောက် လွတ်မြောက်ပြီးမှသာလျှင် ဘုရားသခင်ကို သင်ရရှိပြီးဟု ဆိုနိုင်ပေသည်။ ဘုရားသခင်ကို သင်၏ ယုံကြည်ခြင်း၌ သင်သည် ဤပန်းတိုင်ကို ရှာဖွေရမည်။ ဤအရာသည် သင်တို့အသီးသီး၏ တာဝန်ဝတ္တရား ဖြစ်၏။ သင်တို့ မည်သူတစ်ဦးမျှ အမှုအရာများကို ရှိနေသည့်အတိုင်း အားရကျေနပ်မနေသင့်ပေ။ သင်သည် ဘုရားသခင်၏ အမှုတော်အပေါ်တွင် စိတ်နှစ်ခွ မရှိနိုင်သကဲ့သို့ ပေါ့ပေါ့တန်တန် ခံယူခြင်းလည်း မပြုနိုင်ပေ။ သင်သည် အရာရာတိုင်း၊ အချိန်တိုင်း၌ ဘုရားသခင်ကို စဉ်းစားသင့်ပြီး သူ့အတွက် အရာရာကို လုပ်ဆောင်သင့်သည်။ ထို့အပြင် သင်စကားပြောသောအခါ သို့မဟုတ် အမှုအရာများပြုသည့်အခါတိုင်း သင်သည် ဘုရားသခင်၏ အိမ်တော်အကျိုးကို ဦးစားပေးသင့်သည်။ ဤနည်းဖြင့်သာလျှင် သင်သည် ဘုရားသခင်၏ အလိုတော်နှင့်

ညီနိုင်သည်။

ဘုရားသခင်ကို ယုံကြည်ခြင်းအရာ၌ လူတို့၏ အကြီးဆုံးသော အမှားအယွင်းမှာ စကားအားဖြင့်သာ ယုံကြည်ခြင်းဖြစ်ပြီး၊ နေ့စဉ်ဘဝများတွင် ဘုရားသခင် လုံးဝမပါရှိပေ။ အကယ်စင်စစ်၊ ဘုရားသခင် တည်ရှိကြောင်းကို လူအားလုံးက ယုံကြည်သော်လည်း ဘုရားသခင်သည် သူတို့၏ နေ့စဉ် အသက်တာများတွင် လုံးဝမရှိ။ လူနှုတ်ဖျားက ဘုရားသခင်ထံ တောင်းလျှောက်သည့် ဆုတောင်းချက် အမြောက်အမြား ပြောဆိုသော်လည်း၊ သူတို့စိတ်နှလုံးအထဲတွင် ဘုရားသခင်အတွက် နေရာအနည်းငယ်သာ ရှိသဖြင့် ဘုရားသခင်သည်လည်း လူကို ထပ်ခါထပ်ခါ စစ်ကြောသည်။ ဤသည်မှာ လူတို့သည် မစင်ကြယ်သောကြောင့်၊ ဘုရားသခင်၏ ဤစမ်းသပ်မှုများအတွင်း ၎င်းတို့သည် အရှက်ရပြီး ကိုယ့်အကြောင်းကိုယ် သိလာစေရန် ဘုရားသခင်၌ ၎င်းတို့ကိုစစ်ကြောခြင်းမှလွဲ၍ အခြားနည်းလမ်း မရှိပေ။ သို့မဟုတ်လျှင်၊ လူသားသည် ကောင်းကင်တမန်မင်းမှ ဆင်းသက်လာသူများ ဖြစ်သွားလျက် ပို၍ပို၍ ဖောက်ပြန်ပျက်စီး လာလိမ့်မည်။ ဘုရားသခင်အပေါ် ၎င်းတို့၏ ယုံကြည်ခြင်း ဖြစ်စဉ်၌ လူတစ်ယောက်စီသည် ၎င်းတို့ကိုယ်တိုင်၏ ရည်ရွယ်ချက်များစွာနှင့် ရည်မှန်းချက်များစွာကို ဘုရားသခင်၏ ဆေးကြောခြင်း ခံယူလျက် စွန့်ပစ်ကြသည်။ သို့မဟုတ်လျှင် ဘုရားသခင် အဘယ်သူကိုမျှ အသုံးမပြုနိုင်ဘဲ၊ လူတို့၌ သူပြုသင့်သည့်အရာကို မပြုနိုင်ဘဲ ဖြစ်လိမ့်မည်။ ဘုရားသခင်က လူတို့ကို ရှေ့ဦးစွာ သန့်စင်ပေးသည်။ ဤဆေးကြောခြင်း လုပ်ငန်းစဉ်အားဖြင့် လူတို့သည်မိမိကိုယ်ကို အသိတရား ရရှိလာပြီး ဘုရားသခင်က ပြောင်းလဲကောင်း ပြောင်းလဲပေးလိမ့်မည်။ ထိုအခါမှသာ ဘုရားသခင်သည် သူ၏ အသက်ကို ၎င်းတို့အထဲတွင် လုပ်ဆောင်ခြင်း ပြုလာပြီး ထိုနည်းလမ်းအားဖြင့်သာလျှင် ၎င်းတို့၏နှလုံးသားသည်လည်း ဘုရားသခင်ထံသို့ လုံးလုံးလျားလျား လှည့်သွားနိုင်သည်။ ထို့ကြောင့် ဘုရားသခင်ကို ယုံကြည်ခြင်း ဆိုသည်မှာ လူများ ပြောကြသလောက် ရိုးရှင်းပြီး လွယ်ကူသည် မဟုတ်ပေ။ ဘုရားသခင်၏ အမြင်အတိုင်းဆိုလျှင် သင်၌ ပညာအသိသာရှိပြီး အသက်အဖြစ် သူ၏ နှုတ်ကပတ်တော်ကို မရှိပေ၊ ထို့အပြင် သင်သည် မိမိအသိပညာ အကန့်အသတ် ဘောင်ထဲ၌သာရှိပြီး သမ္မာတရားကို လက်တွေ့မကျင့်သုံးနိုင်ဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသက်မရှင်နိုင်ပါက၊ ၎င်းသည် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ နှလုံးသား သင်၌ မရှိသေးကြောင်းကို သက်သေပြနေပြီး သင့်နှလုံးသားသည် ဘုရားသခင်နှင့် မသက်ဆိုင်ကြောင်းကိုလည်း ပြသည်။ ဘုရားသခင်ကို ယုံကြည်ခြင်းအားဖြင့် သူ့ကိုသိကျွမ်းလာနိုင်သည်- ယင်းသည် နောက်ဆုံးပန်းတိုင်ဖြစ်ပြီး လူသား လိုက်စားရမည့်

ပန်းတိုင်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင်လက်တွေ့ကျင့်သုံးရာ၌ အောင်မြင်စေရန် ၎င်းတို့အတိုင်း အသက်ရှင်ရေးရာတွင် ကြိုးပမ်းအားထုတ်ရမည်။ သင်သည် အယူဝါဒဆိုင်ရာ အသိတရားမျှသာရှိလျှင် ဘုရားသခင်အပေါ် သင်၏ယုံကြည်ခြင်းသည် အချည်းနှီး ဖြစ်သွားလိမ့်မည်။ ထို့နောက် သင်သည် သူ၏ နှုတ်ကပတ်တော်များကို လက်တွေ့ကျင့်သုံးပြီး အသက်ရှင်နေထိုင်ခြင်းလည်း ပြုမှသာ သင်၏ ယုံကြည်ခြင်းသည် စုံလင်၍ ဘုရားသခင်၏ အလိုနှင့်ညီသော ယုံကြည်ခြင်းအဖြစ် ယူဆနိုင်သည်။ ဤလမ်းပေါ်တွင် လူများစွာက အသိပညာအကြောင်း များစွာ ပြောနိုင်သည်။ သို့သော်လည်း ထိုသူတို့သေသည့်အချိန် ရောက်သောအခါ၊ ၎င်းတို့၏ မျက်လုံးများသည် မျက်ရည်များလျှံလျက်၊ အချိန်ဖြုန်းခဲ့ပြီး အရွယ်လွန်သည်အထိ အချည်းနှီး အသက်ရှင်ခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ် မုန်းနေကြသည်။ သူတို့သည် အယူဝါဒများကိုသာ သဘောပေါက်ပြီး သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း သို့မဟုတ် ဘုရားသခင်အတွက် သက်သေခံခြင်းကို မလုပ်နိုင်ပေ၊ ယင်းအစား သူတို့သည် ပျားတစ်ကောင်ကဲ့သို့ အလုပ်များကာ ဟိုဟိုသည်သည် ပြေးလွှားနေကြသည်၊ သူတို့ သေအံ့ဆဲဆဲ အချိန်ရောက်မှသာ သူတို့၌ စစ်မှန်သော သက်သေခံချက် မရှိကြောင်းနှင့် ဘုရားသခင်ကို လုံးဝ မသိကြောင်းတို့ကို နောက်ဆုံးတွင် သိမြင်လာသည်။ ၎င်းအချိန်သည် နောက်ကျလွန်းပြီ မဟုတ်လော။ အချိန်ကောင်းကို လက်မလွှတ်တမ်း အသုံးမချဘဲ သင်ချစ်မြတ်နိုးသော သမ္မာတရားကို အဘယ်ကြောင့် မရှာဖွေဘဲနေသနည်း။ မနက်ဖြန်အထိ အဘယ်ကြောင့် စောင့်ဆိုင်းသနည်း။ အသက်ရှင်သည့်အချိန်တွင် သမ္မာတရားအတွက် အနစ်နာမခံလျှင် သို့မဟုတ် သမ္မာတရားကို ရယူရန် မရှာဖွေလျှင်၊ သေအံ့ဆဲဆဲအချိန်တွင်မှ နောင်တတရားကို သင်ခံစားလို၍ ဖြစ်နိုင်သလော။ သို့ဖြစ်လျှင်၊ အဘယ်ကြောင့် ဘုရားသခင်ကို သင်ယုံကြည်သနည်း။ အကယ်စင်စစ်၊ လူများသည် အနည်းငယ်သာ အားစိုက်၍ ဆက်ကပ်မှုရှိလျှင် သမ္မာတရားကို လက်တွေ့ကျင့်သုံးနိုင်ပြီး ဘုရားသခင်ကို ကျေနပ်စေနိုင်သည့်အရာ များစွာရှိပေ၏။ လူတို့၏ စိတ်နှလုံးများသည် အစဉ်မပြတ် နတ်ဆိုးများ ပိုင်ဆိုင်နေသောကြောင့်သာ ဘုရားသခင်အတွက် သူတို့သည် မလုပ်မဆောင်နိုင်ကြဘဲ၊ နောက်ဆုံး အကျိုးအမြတ် ဘာမျှ မဖြစ်စေသော ဇာတိပကတိအတွက် အပြေးအလွှား လုပ်ကိုင်ကြသည်။ ဤအကြောင်းကြောင့် လူတို့သည် စဉ်ဆက်မပြတ် ဒုက္ခများ၊ အခက်အခဲများ၏ဒဏ် အမြဲခံစားနေရခြင်း ဖြစ်၏။ ၎င်းတို့သည် စာတန်၏ ညှဉ်းပန်းခြင်းများပင် မဟုတ်ပေလော။ ယင်းသည် ဇာတိပကတိ၏ ပျက်စီးခြင်း မဟုတ်ပေလော။ ဘုရားသခင်ကို နှုတ်ခမ်း အပြောသက်သက်နှင့် အစေခံခြင်းဖြင့် မလှည့်စားသင့်ပေ။ ယင်းအစား သင်သည် လက်ဆုပ်လက်ကိုင် ပြနိုင်သော လုပ်ဆောင်မှုကို

လုပ်ရမည်။ မိမိကိုယ်ကို မလှည့်စားလေနှင့်၊ ထိုသို့ပြုလျှင် မည်သည့်အဓိပ္ပာယ် ရှိသနည်း။ သင်၏ ဇာတိပကတိအတွက် အသက်ရှင်ပြီး အကျိုးအမြတ်နှင့် ကျော်ကြားမှုအတွက် ရုန်းကန်ခြင်းဖြင့် သင်သည် အဘယ်မည်သော အကျိုးအမြတ် ရရှိနိုင်သနည်း။

# ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားသည် စကြဝဠာတစ်ခွင်လုံး ပျံ့နှံ့သွားမည်ဟု ဟောပြောနေသည့် မိုးကြိုးသံ ခုနစ်ချက်မြည်ဟည်းသည်

တပါးအမျိုးသား နိုင်ငံများအကြား ငါသည် ငါ၏အမှုကို ပျံ့နှံ့အောင် လုပ်ဆောင်နေသည်။ ငါ၏ဘုန်းအသရေသည် စကြဝဠာတစ်ခွင်လုံး တောက်ပလျက်ရှိသည်။ ကြယ်အစက်အစက် လူသားများအတွင်း ငါ၏ အလိုတော်သည် သရုပ်ပေါ်နေပြီး ၎င်းတို့အားလုံးကို ငါ၏လက်ဖြင့် ဦးတည် ပေးနေကာ ၎င်းတို့သည် ငါတာဝန်ပေးထားရာ အမှုကို ဆောင်ရွက်နေကြသည်။ ယခုအချိန်မှစ၍ လူသားအားလုံးကို အခြားကမ္ဘာတစ်ခုအတွင်း ခေါ်ဆောင်လျက်၊ ငါသည် ခေတ်သစ်တစ်ခုအတွင်း ဝင်ရောက်ခဲ့ပြီ ဖြစ်သည်။ ငါ "ဇာတိမြေ" သို့ ပြန်သည့်အခါ၊ လူသားသည် ငါ့ကို ပိုမိုလေးနက်စွာ သိကျွမ်းစေခြင်းငှာ ငါ၏မူလအစီအစဉ်ရှိ အမှု၏ နောက်အစိတ်အပိုင်းတစ်ခုကို စတင်ခဲ့သည်။ ငါသည် စကြဝဠာ တစ်ခုလုံးကို ကြည့်လျက်၊ ငါ၏အမှုဆောင်ရွက်ရန် အချိန်ကောင်း ဖြစ်ကြောင်းတွေ့ သဖြင့် ငါသည် လူသားအပေါ် ငါ၏အမှုသစ်ကို ဆောင်ရွက်နေလျက်၊ ငါသည် ခေါက်တုံ့ခေါက်ပြန် သုတ်သီးသုတ်ပျာ လုပ်ဆောင်သည်။ အကယ်စင်စစ် ဤသည်မှာ ခေတ်သစ်ဖြစ်ပြီး ဤခေတ်သစ်အတွင်း လူသစ်များကို ပို၍ ခေါ်လာနိုင်ကာ ငါသုတ်သင်ဖယ်ရှင်းရမည့် လူများကို ပို၍ဖယ်ရှားရန်အလို့ငှာ ငါသည် အမှုသစ်ယူလာခဲ့သည်။ အဆင်းနီသော နဂါးကြီး၏ နိုင်ငံတွင် ငါသည် လူသားများ မတွေးတတ်အောင် ခက်ခဲနက်နဲသော အမှုအဆင့် တစ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့အား လေတွင်ယိမ်းထိုးစေပြီးနောက် ၎င်းတို့အများအပြားသည် လေတိုက်သည့်အထဲတွင် တိတ်ဆိတ်စွာ လွင့်မျောသွားသည်။ အကယ်စင်စစ် ဤသည်မှာ ငါရှင်းလိုက်တော့မည့် "တလင်းပြင်" ဖြစ်သည်၊ ယင်းသည် ငါတောင့်တသည့်အရာနှင့် ငါ၏အစီအစဉ်လည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆိုးသွမ်းသူ အများအပြားသည် ငါအမှုပြုနေစဉ် တိတ်တဆိတ် ဝင်ရောက်လာခဲ့သော်လည်း၊ ငါသည် ၎င်းတို့ကို မောင်းနှင်ထုတ်ရန် အလျင်မလို သောကြောင့်ဖြစ်၏။ ထိုသို့မောင်းနှင်မည့်အစား

အချိန်တန်သည့်အခါ၊ ငါသည် ၎င်းတို့အား တကွဲတပြား ပျံ့နှံ့သွားစေမည်။ ထို့နောက်မှသာလျှင် ငါသည် အသက်စမ်းရေဖြစ်ပြီး ငါ့ကို အမှန်တကယ် ချစ်မြတ်နိုးသူတို့အား ငါ့ထံမှ သဘော်သဖန်းသီးနှင့် ကြာ၏ မွှေးကြိုင်သည့်ရနံ့တို့ကို ရယူခွင့်ပေးမည်။ စာတန် ခေတ္တ ကျင်လည်ရာ ဖုန်တောနယ်တွင် ရွှေစင်မရှိ၊ သဲသာရှိသဖြင့် ဤအခြေအနေများကို ရင်ဆိုင်လျက်၊ ငါသည် ထိုကဲ့သို့သော အမှု၏အဆင့်ကို ဆောင်ရွက်သည်။ ငါရရှိသည်မှာ အညစ်အကြေးကင်းသည့် ရွှေစင်ဖြစ်ပြီး သဲမဟုတ်ကြောင်းကို သင်သိသင့်သည်။ ဆိုးညစ်သောသူများသည် ငါ၏အိမ်တွင် အဘယ်သို့ ကျန်ရှိနိုင်မည်နည်း။ ငါ၏ပရဒိသုဘုံတွင် ကပ်ပါးကောင်များအဖြစ် မြေခွေးတို့ကို ငါအဘယ်သို့ ခွင့်ပြုနိုင်မည်နည်း။ ၎င်းတို့အားနှင်ထုတ်ရန် ကြံစည်၍ရသော နည်းတိုင်းကို ငါသည် အသုံးပြု၏။ ငါ၏အလိုကို ဖော်ထုတ်ခြင်းမပြုမီ၊ ငါပြုလုပ်တော့မည့်အရာကို မည်သူမျှ မသိချေ။ ဤအခွင့်အရေးကို အရယူလျက်၊ ငါသည် ထိုဆိုးညစ်သောသူတို့အား မောင်းထုတ်ပြီး ထိုသူတို့သည် ငါ၏ မျက်မှောက်မှ အတင်းအကျပ် နှင်ထုတ်ခံကြရသည်။ ငါသည် ဆိုးညစ်သောသူတို့ကို ဤသို့ပြု၏၊ သို့သော်လည်း ငါ့အတွက် အစေခံဖို့နေ့ ၎င်းတို့အတွက် ရှိပါဦးမည်။ လူသားတို့၏ ကောင်းချီးမင်္ဂလာ ခံစားလိုစိတ်မှာ ပြင်းပြ လွန်းသည်။ ထို့ကြောင့် ငါသည် ပြောဆိုထိုက်သည့် နှုတ်ကပတ်တော်များကို ပြောဆိုကာ လူသားတို့အား ၎င်းတို့ လိုအပ်သည်များကို ထောက်ပံ့ပေးစဉ်၊ လူသားတို့သည် ၎င်းတို့၏ လောကအတွင်း နေထိုင်လျက်၊ မိမိတို့ကိုယ်ကိုယ် ဝေဖန်အကဲဖြတ်နိုင်ခြင်း အလို့ငှာ၊ ငါသည် ငါ၏ကိုယ်ကိုလှည့်၍ ငါ၏ ဘုန်းအသရေရှိသော မျက်နှာကို တပါးအမျိုးသားတို့အားပြ၏။ လူသားတို့ အသိတရား ဝင်လာသောအခါ၊ ငါသည် ငါ၏အမှုကို ပျံ့နှံ့စေ ပြီးသည်မှာ ကြာပြီ ဖြစ်လိမ့်မည်။ ထိုအခါ ငါသည် ငါ၏ဆန္ဒကို လူသားတို့အား ထုတ်ဖော်ပြပြီး လူသားတို့အပေါ် ငါ၏အမှု ဒုတိယအပိုင်းကို စတင် ဆောင်ရွက်မည်။ လူသား အားလုံးတို့အား ငါ၏အမှုနှင့် ညှိနှိုင်းဆောင်ရွက်ရန် ငါ့နောက် အနီးကပ် လိုက်စေလျက်၊ ငါဆောင်ရွက်ရမည့်အမှုကို ၎င်းတို့တတ်စွမ်းသမျှ ငါနှင့်အတူ ဆောင်ရွက် စေမည်။

ငါ၏ ဘုန်းတော်ကို တွေ့လိမ့်မည်ဟု ၎င်းတို့ တစ်ယောက်တွင်မျှ ယုံကြည်ခြင်းမရှိ၊ ငါသည်လည်း ၎င်းတို့အား အတင်းအကျပ် ခိုင်းမည့်အစား၊ ငါ၏ ဘုန်းတော်ကို လူသားအလယ်မှ ဖယ်ရှားလျက်၊ အခြားကမ္ဘာသို့ ယူဆောင်သွားသည်။ လူသားတို့ နောင်တစ်ကြိမ် နောင်တရသည့်အခါ၊ ငါ၏ဘုန်းတော်ကို ယူဆောင်ကာ ယုံကြည်သူတို့အား ပို၍ပြမည်။ ဤသည်မှာ ငါအမှုပြုသည့် အခြေခံသဘောတရားဖြစ်သည်။ ငါ၏ ဘုန်းတော်သည် ခါနာန်ပြည်မှ စွန့်ခွာသည့်အချိန်ရှိပြီး ရွေးချယ်ထားသူတို့ ထံမှလည်း

စွန့်ခွာသည့်အချိန် ရှိသောကြောင့် ဖြစ်၏။ ထို့အပြင် တစ်ကမ္ဘာလုံး မှိန်သွားပြီး အမှောင်ထုအတွင်း သက်ဆင်းသွားစေလျက်၊ တစ်ကမ္ဘာလုံးကို ငါ၏ဘုန်းတော် စွန့်ခွာသည့်အချိန်ရှိသည်။ ခါနာန်ပြည်ပင်လျှင် နေရောင်ကို မမြင်စေရ။ လူသားအားလုံး ယုံကြည်မှု ပျောက်ဆုံး သော်လည်း၊ မည်သူမျှ မွေးကြိုင်သည့် ခါနာန်ပြည်ကို စွန့်ခွာနိုင်ခြင်းငှာ မစွမ်းချေ။ ငါသည် ကောင်းကင်ဘုံအသစ်နှင့် မြေကြီးအသစ်အတွင်း ဝင်ရောက်သည့်အခါမှ၊ ငါ့ဘုန်းတော်၏ အခြားအစိတ်အပိုင်းကို ယူဆောင်ပြီး ယင်းကို ခါနာန်ပြည်တွင် ဦးစွာဖော်ပြသည်၊ ည၏ ပိန်းပိတ်အောင် မှောင်သော အမှောင်ထုအတွင်း နစ်မြုပ်နေသည့် တစ်ကမ္ဘာလုံး အလင်းသို့ရောက်ရှိခွင့် ရစေရန်အတွက် အလင်းရောင် အနည်းငယ်ကို တစ်ကမ္ဘာလုံး၌ ထွန်းလင်းသွားစေသည်။ ငါ၏ ဘုန်းတော်ကို တိုင်းနိုင်ငံတိုင်းတွင် တိုးပွားပြီး အသစ်ပေါ်ထွန်းစေလျက်၊ တစ်ကမ္ဘာလုံးရှိ လူသားများအား အလင်း၏စွမ်းအားမှ ခွန်အားရယူရန် လာရောက်စေသည်။ ငါသည် လူ့ကမ္ဘာကို ရှေးကာလက လာရောက်ခဲ့ပြီး ငါ၏ဘုန်းတော်ကို ဣသရေလပြည်မှ အရှေ့အရပ်သို့ ယူဆောင်လာခဲ့ကြောင်း လူသားမျိုးနွယ် တစ်ရပ်လုံးကို သိစေမည်။ အကြောင်းမူကား ငါ၏ ဘုန်းတော်သည် ကျေးဇူးတော်ခေတ်မှ ယနေ့တိုင် ယူဆောင် လာခဲ့သောနေရာဖြစ်သည့် အရှေ့အရပ်မှ ထွန်းလင်းသောကြောင့် ဖြစ်သည်။ ငါထွက်ခွာလာသည့်အရပ်သည် ဣသရေလပြည် ဖြစ်လင့်ကစား၊ ထိုနေရာမှ အရှေ့အရပ်သို့ ငါ ရောက်ရှိခဲ့ပေသည်။ အရှေ့အရပ်၏ အလင်း တဖြည်းဖြည်း ဖြူသွားသည့်အခါမှသာ၊ ကမ္ဘာတစ်ဝန်းရှိ အမှောင်သည် အလင်းသို့ စတင်ပြောင်းလဲကာ ငါသည် ရှေးကာလက ဣသရေလပြည်မှ ထွက်သွား၍ အရှေ့အရပ်တွင် အသစ်တစ်ဖန် ပေါ်ထွန်းလာနေသည်ကို လူသားက တွေ့ရှိမည် ဖြစ်သည်။ ဣသရေလပြည်အတွင်းသို့ တစ်ချိန်ကဆင်းသက်ပြီး နောင်တွင် ထိုနေရာမှ ထွက်ခွာလာခဲ့ပြီးနောက်၊ ငါသည် ဣသရေလပြည်တွင် ထပ်မံမွေးဖွားခြင်း မပြုနိုင်ပေ၊ အကြောင်းမူကား ငါ၏အမှုသည် စကြဝဠာတစ်ခုလုံးကို ဦးဆောင်လမ်းပြခြင်း ဖြစ်သည့်အပြင်၊ အရှေ့အရပ်မှ အနောက်အရပ်သို့ ဖြောင့်တန်းလျက် လျှပ်ပြက်သောကြောင့် ဖြစ်သည်။ ထိုအကြောင်းရင်းကြောင့် ငါသည် အရှေ့အရပ်၌ ဆင်းသက်ခဲ့ကာ ခါနာန်ပြည်ကို အရှေ့အရပ် သားများထံ ယူဆောင်ခဲ့ခြင်းဖြစ်သည်။ ငါသည် တစ်ကမ္ဘာလုံးရှိ လူသားများကို ခါနာန်ပြည်သို့ ခေါ်ဆောင် လိုသဖြင့်၊ စကြဝဠာ တစ်ခုလုံးကို ထိန်းချုပ်ဖို့ ခါနာန်ပြည်တွင် ငါသည် မိန့်မြွက်ချက်များကို ဆက်လက် ထုတ်ပြန်လေသည်။ ယခုအချိန်တွင် ခါနာန်ပြည်မှလွဲ၍ ကမ္ဘာမြေပြင်တစ်ခုလုံး၌ အလင်းမရှိပေ။ ထို့အပြင် လူသားအားလုံး ဆာလောင်မှုနှင့် အအေးတို့ကြောင့် ဒုက္ခရောက်နေ၏။ ငါသည် ငါ၏ ဘုန်းတော်ကို ဣသရေလတို့ကို ပေးပြီးနောက်

ပြန်ယူလိုက်၏၊ ထို့နောက် ဣသရေလလူမျိုးတို့အား အရှေ့အရပ်သို့ ခေါ်ဆောင်ခဲ့ပြီး လူသားမျိုးနွယ် တစ်ရပ်လုံးကို အရှေ့အရပ်သို့ ခေါ်ဆောင်ခဲ့၏။ ၎င်းတို့အားလုံး အလင်းနှင့် ပြန်လည်စည်းလုံး၍ ပေါင်းသင်းကာ၊ ယင်းကို ရှာဖွေခြင်း မပြုရတော့ရန်အလို့ငှာ၊ ငါသည် ၎င်းတို့ကို အလင်းထံ ခေါ်ဆောင်လာခဲ့သည်။ ရှာဖွေနေသူ အားလုံးအား အလင်းကို တစ်ဖန် ပြန်မြင်စေပြီး ဣသရေလတွင် ငါ၌ရှိခဲ့သော ဘုန်းတော်ကို မြင်စေမည်။ ရှေးလွန်လေပြီးသော ကာလက လူသားမျိုးနွယ်အကြား မိုးတိမ်ဖြူပေါ်မှ ငါကြွဆင်းခဲ့ကြောင်း သူတို့အားမြင်စေမည်၊ မရေတွက်နိုင်သော မိုးတိမ်ဖြူများ၊ ပြွတ်သိပ်လျက်ရှိသည့် အသီးများကို သူတို့အား မြင်စေမည့်အပြင် ဣသရေလ၏ ယေဟောဝါ ဘုရားသခင်ကို တွေ့စေမည်။ ယုဒလူမျိုးတို့၏ အရှင်၊ လူတို့တောင့်တနေသည့် မေရှိယနှင့် ခေတ်အဆက်ဆက် ရှင်ဘုရင်များ၏ ညှဉ်းပန်းခြင်းခံခဲ့ရသည့်ငါ၏ ရုပ်သွင်အပြည့်အဝကို ကြည့်စေမည်။ နောက်ဆုံးသောကာလတွင် ငါ၏ဘုန်းတော်နှင့် ငါ၏ ဆောင်ရွက်ချက် အားလုံးကို လူသားအား ထုတ်ဖော်ပြလျက်၊ ငါသည် စကြဝဠာတစ်ခုလုံး အပေါ် အမှုပြုပြီး ကြီးစွာသော အမှုကို ဆောင်ရွက်မည်။ ယုဒပြည်တွင် ငါ၏ဘုန်းတော် မရှိစေတော့ရန် ငါသည် ငါ၏ဘုန်းတော်ကို ရှေးကာလက ယူလိုက်ပြီး အရှေ့အရပ်သို့ ယူဆောင်ခဲ့ပြီးဖြစ်ကြောင်း အားလုံး သိစေခြင်းအလို့ငှာ၊ ငါ့ကို နှစ်ပေါင်းများစွာ စောင့်မျှော်ခဲ့သူများ၊ မိုးတိမ်ဖြူပေါ်မှ ငါကြွလာရန် တောင့်တခဲ့သူများ၊ ငါတစ်ဖန် ပေါ်ထွက်ရန် တောင့်တခဲ့သည့် ဣသရေလနှင့် ငါ့ကို နှိပ်စက်ညှဉ်းပန်းသည့် လူသားမျိုးနွယ် တစ်ခုလုံးအား ဘုန်းကြီးသော ငါ၏မျက်နှာ အပြည့်အဝ ပြမည်။ အကြောင်းမှာ နောက်ဆုံးသောကာလသည် ရောက်နှင့်ပြီး ဖြစ်သောကြောင့်ပင်တည်း။

စကြဝဠာတစ်ခွင်တွင် ငါသည် ငါ၏အမှုကို ဆောင်ရွက်လျက် ရှိပြီး အရှေ့အရပ်တွင် တိုင်းနိုင်ငံ အားလုံးနှင့် ဂိုဏ်းဂဏအားလုံးကို တုန်လှုပ်နေစေလျက်၊ အဆုံးမရှိ မိုးခြိမ်းသံများကို ထုတ်လွှတ်နေသည်။ လူသား အားလုံးကို ပစ္စုပ္ပန်သို့ ဦးဆောင်လမ်းပြခဲ့သည်မှာ ငါ၏အသံ ဖြစ်သည်။ ကြာမြင့်စွာကတည်းက ငါ၏ဘုန်းတော်ကို ကမ္ဘာတစ်ခုလုံးထံမှ ငါပြန်လည်ရယူခဲ့ပြီး အရှေ့အရပ်တွင် အသစ်တစ်ဖန် ထုတ်ပြန်ပြီးဖြစ်သည့်အတွက် ငါ၏ အသံအားဖြင့် လူသားအားလုံးသည် သိမ်းပိုက်ခြင်းခံရမည်၊ လူသားအားလုံးကို ဤရေစီးကြောင်းအတွင်း ကျစေပြီး ငါ၏ ရှေ့မှောက် နာခံစေမည်၊ အဘယ်သူသည် ငါ၏ ဘုန်းတော်ကို မြင်ရန် မတောင့်တသနည်း။ အဘယ်သူသည် ငါ၏ပြန်ကြွလာခြင်းကို စိုးရိမ်တကြီး မစောင့်နေသနည်း။ အဘယ်သူသည် ငါတစ်ဖန် ပြန်ပေါ်လာမည်ကို မငတ်မွတ်သနည်း။ အဘယ်သူသည် ငါ၏ ချစ်ခင်နှစ်လိုဖွယ် ကောင်းခြင်းကို အောက်မေ့တမ်းတခြင်း မရှိသနည်း။ အဘယ်သူသည် အလင်းသို့ မလာဘဲ နေမည်နည်း။ အဘယ်သူသည် ခါနာန်ပြည်၏ ကြွယ်ဝမှုကို မမျှော်ကြည့်ဘဲ

နေမည်နည်း။ အဘယ်သူသည် ရွေးနုတ်ရှင် ပြန်ကြွလာခြင်းအတွက် မတောင့်တဘဲ နေသနည်း။ ကြီးမြတ်သည့် အနန္တတန်ခိုးရှင်အား မမြတ်နိုးသူ အဘယ်သူနည်း။ ငါ၏အသံသည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့သွားမည်။ ငါရွေးကောက်ထားသူများအား မျက်နှာချင်းဆိုင်လျက် ၎င်းတို့အား နှုတ်ကပတ်တော်ကို ပိုမိုပြောကြားရန် ငါအလိုရှိသည်။ တောင်များနှင့် မြစ်များကို တုန်လှုပ်စေသည့် အင်အားကြီးသော မိုးချုန်းသံများကဲ့သို့ စကြဝဠာတစ်ခုလုံးနှင့် လူသားမျိုးနွယ်တို့အား ငါ၏ နှုတ်ကပတ်တော်ကို ငါပြောကြားသည်။ ထို့ကြောင့် ငါ၏နှုတ်အတွင်းရှိ နှုတ်ကပတ်တော်များသည် လူသား၏ ရတနာဖြစ်လာပြီး လူသားအားလုံး ငါ၏ နှုတ်ကပတ်တော်များကို ချစ်ခင် မြတ်နိုးသည်။ အရှေ့အရပ်မှသည် အနောက်အရပ်အထိ တစ်လျှောက်လုံး လျှပ်ပြက်သည်။ လူသားသည် ငါ၏ နှုတ်ကပတ်တော်များကို စွန့်လွှတ်ရန် ရွံ့မုန်းပြီး တစ်ချိန်တည်းတွင် မတွေးတတ်အောင် နက်နဲသည်ဟု မြင်သော်လည်း၊ နှုတ်ကပတ်တော်များတွင် ပို၍ပင် ပျော်ပိုက်ကြလေသည်။ လူသားအားလုံးသည် နို့စို့ကလေးငယ်တစ်ဦး ခုလေးတင် မွေးဖွားပြီးသည့်အလား၊ ငါ၏ ကြွလာခြင်းကို ဂုဏ်ပြုလျက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ပျော်ရွှင်ကြလေသည်။ ငါ၏အသံအားဖြင့် ငါသည် လူသားအားလုံးကို ငါ၏ ရှေ့မှောက်သို့ ခေါ်ယူမည်။ ထိုအချိန်မှစ၍ လူသားတို့သည် ငါ့ကိုလာရောက် ဝတ်ပြုရန်အလို့ငှာ ငါသည် လူသားအမျိုးအနွယ်အတွင်းသို့ တရားဝင် ဝင်ရောက်မည်။ တောက်ပလျက်ရှိသော ငါ၏ဘုန်းတော်နှင့် ငါ၏ နှုတ်ထဲရှိ နှုတ်ကပတ်တော်များဖြင့် ငါသည် လူသားအားလုံးကို ငါ၏ ရှေ့မှောက်လာစေပြီး အရှေ့အရပ်မှ လျှပ်ပြက်ခြင်းများကို မြင်စေကာ ငါသည် အရှေ့အရပ်၏ “သံလွင်တောင်” ပေါ်သို့လည်း ဆင်းသက်ပြီးဖြစ်ကြောင်း မြင်စေမည်။ ငါသည် ယုဒ လူမျိုးများ၏ သားအဖြစ် မဟုတ်တော့ဘဲ၊ အရှေ့အရပ်၏ လျှပ်ပြက်ခြင်းကဲ့သို့ ကြာမြင့်သော အချိန်ကတည်းက မြေကြီးပေါ်သို့ ရောက်ရှိပြီးဖြစ်ကြောင်းကို ၎င်းတို့ တွေ့လိမ့်မည်။ အကြောင်းမူကား ငါသည် ကြာမြင့်စွာ ကတည်းက ရှင်ပြန်ထမြောက်ပြီးဖြစ်ပြီး၊ လူသားမျိုးနွယ် အကြားမှ ထွက်ခွာလာပြီးနောက်၊ ဘုန်းတော်ဖြင့် လူသားတို့ အကြား ပြန်လည် ပေါ်ပေါက်လာခဲ့၏။ ငါသည် ယခုမတိုင်မီ မရေမတွက်နိုင်သော ခေတ်ပေါင်းများစွာက ကိုးကွယ်ခံခဲ့ရသူဖြစ်ပြီး ယခုမတိုင်မီ မရေမတွက်နိုင်သော ခေတ်ပေါင်းများစွာက ဣသရေလအမျိုးတို့ စွန့်ပစ်ခဲ့သည့် မွေးကင်းစလည်း ဖြစ်သည်။ ၎င်းအပြင် ငါသည် မျက်မှောက်ခေတ်၏ အကြွင်းမဲ့ ဘုန်းကြီးသော အနန္တတန်ခိုးရှင် ဘုရားသခင်လည်း ဖြစ်သည်။ ငါ၏ပလ္လင်ရှေ့မှောက် အားလုံးကို လာစေလျက်၊ ဘုန်းကြီးသော ငါ၏ မျက်နှာကို ဖူးမျှော်စေလော့၊ ငါ့အသံကို ကြား၍ ငါ၏လုပ်ဆောင်ချက်တို့ကို ကြည့်စေလော့။ ဤသည်မှာ ငါ၏အလို တစ်ခုလုံးဖြစ်သည်။

ဤသည်မှာ ငါ့အစီအစဉ်၏ အဆုံးနှင့် အထွတ်အထိပ်ဖြစ်ပြီး ငါ့စီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်လည်းဖြစ်သည်။ နိုင်ငံတိုင်း ငါ့ကို ဝတ်ပြုစေလော့၊ ဘာသာစကားတိုင်း ငါ့ကို အသိအမှတ် ပြုစေလော့။ လူသားတိုင်း ငါ့ကိုယုံကြည်ပြီး လူမျိုးတိုင်း ငါ့ကို နာခံစေလော့။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "ဖြစ်ကြောင်းတွေ့" ဆိုသည့် စကားစု မပါဝင်ပါ။

# လူ့ဇာတိခံ ဘုရားသခင်နှင့် ဘုရားသခင် အသုံးပြုသောလူတို့ကြား ပဓာနကျသည့် ကွာခြားချက်

ဘုရားသခင်၏ ဝိညာဉ်တော်သည် ကမ္ဘာမြေပေါ်၌ အလုပ်လုပ်သည်နှင့်အမျှ ရှာဖွေနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ပြီး၊ ခေတ်ကာလများတစ်လျှောက် သူ၏အမှုကို ဆောင်ရွက်ဖို့ ဘုရားသခင် အသုံးပြုခဲ့သူ များစွာရှိပေသည်။ သို့သော် ဤတစ်ချိန်လုံးတွင် ဘုရားသခင်၏ဝိညာဉ်တော်သည် သင့်လျော်သော ကျိန်းဝပ်ရာနေရာ မရှိသေးပေ၊ ထို့ကြောင့် ဘုရားသခင်သည် သူ၏အမှုကို ပြုဖို့ ကွဲပြားသောလူများအလယ် ကူးပြောင်းရခြင်း ဖြစ်သည်။ ခြုံကြည့်သော်၊ သူ၏အမှုကို လုပ်ဆောင်သည်မှာ လူတို့မှတစ်ဆင့် ဖြစ်သည်။ ဆိုလိုသည်မှာ ဤနှစ်များအားလုံးတွင် ဘုရားသခင်၏အမှုသည် လုံးဝ ရပ်တန့်ခြင်းမရှိဘဲ၊ လူတို့အထဲ၌ ယနေ့ထိ တစ်ချိန်လုံး ဆက်လက်ရှေ့ဆက် လုပ်ဆောင်နေခဲ့ပေသည်။ ဘုရားသခင်သည် နှုတ်ကပတ်တော်များစွာ ပြောဆိုခဲ့ပြီး အမှုများစွာ ပြုပြီးသော်လည်း၊ လူသားသည် ဘုရားသခင်ကို မသိဆဲဖြစ်ပြီး၊ အားလုံးသည် ဘုရားသခင်က လူသားထံ မည်သည့်အခါမျှ မပေါ်ထွန်းဖူးသောကြောင့်ဖြစ်ပြီး သူသည် လက်ဆုပ်လက်ကိုင် ပြနိုင်သော ပုံသဏ္ဌာန်မရှိခြင်းကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည်- လက်တွေ့ကျသော ဘုရားသခင်၏ လက်တွေ့ကျသော အရေးပါမှုကို လူအပေါင်းတို့အား သိစေခြင်းအမှုဖြစ်သည့်- ဤအမှုကို ပြည့်စုံခြင်းသို့ ရောက်စေရမည် ဖြစ်သည်။ ဤရည်ရွယ်ချက် ဖြစ်မြောက်အောင်မြင်ဖို့ရန်၊ ဘုရားသခင်သည် လူ့သဘာဝ၌ သူ၏ ဝိညာဉ်တော်အား ထင်သာမြင်သာစွာ ထုတ်ဖော်ပြရမည်ဖြစ်ပြီး ၎င်းတို့အလယ်တွင် သူ၏အမှုကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်သည်

ရုပ်ခန္ဓာအသွင်ဆောင်သည့် အခါမှသာ၊ အသားနှင့် အရိုးတို့ကို ယူတင်ဝတ်ဆောင်ပြီး၊ လူတို့ကို ၎င်းတို့၏ အသက်တာများတွင် အဖော်ပြုရင်း၊ မိမိကိုယ်ကိုယ် တစ်ခါတစ်ရံပြသကာ တစ်ခါတစ်ရံ ကွယ်ဝှက်ရင်းဖြင့်၊ လူတို့အလယ် ထင်ထင်ရှားရှား လျှောက်လှမ်းသည့် အခါမှသာ၊ လူတို့သည် သူနှင့် သက်ဆိုင်သည့် သာ၍ နက်ရှိုင်းသော သိနားလည်ခြင်းသို့ ဆိုက်ရောက်နိုင်ပေသည်။ ဘုရားသခင်သည် လူ့ဇာတိ၌သာ ဆက်ရှိခဲ့ပါက၊ သူ၏အမှုကို အလုံးစုံ ပြည့်စုံစေနိုင်မည် မဟုတ်ပေ။ ထို့ပြင် ယေရှုက ပုံမှန်လူ့သဘာဝ၌ အချိန်ကာလတစ်ခုကြာ အမှုပြုခဲ့ပြီး သူ ပြည့်စုံစေရန်လိုအပ်သည့် အမှုအားလုံးကို ပြည့်စုံစေခဲ့သည့်နည်းတူပင်၊ ဘုရားသခင်သည် လူ့ဇာတိ၌ လုပ်ဆောင်ဖို့ လိုအပ်သည့် အမှုတော်ကို ဖြည့်ဆည်းရင်း၊ အချိန်ကာလတစ်ခုကြာ လူ့ဇာတိ၌ အမှုပြုပြီးနောက်တွင်၊ သူသည် လူ့ဇာတိကို စွန့်ခွာကာ ဇာတိခန္ဓာ၏ ပုံရိပ်အသွင်ဖြင့် ဝိညာဉ်လောကထဲတွင် အမှုပြုလိမ့်မည်ဖြစ်သည်။ “လမ်းကြောင်း… (၅)” မှ ဤကျမ်းပိုဒ်ကို သင်တို့မှတ်မိကောင်း မှတ်မိနိုင်သည်- “‘ကမ္ဘာမြေပေါ်တွင်၊ သင့်အဖ၏ အလိုတော်ကိုသာ လုပ်ဆောင်ရန်နှင့် သူ၏ တာဝန်ပေးစေခိုင်းချက်ကို ပြည့်စုံစေရန်သာ ကြိုးစားလော့။ အခြားမည်သည့်အရာမျှ သင်နှင့် မသက်ဆိုင်။’ ဟု ငါ့ခမည်းတော် ငါ့အား မိန့်တော်မူသည်ကို ငါအမှတ်ရသည်။” ဤကျမ်းပိုဒ်ထဲ၌ မည်သည့်အရာကို သင်မြင်တွေ့ရသနည်း။ ဤကမ္ဘာမြေကို ဘုရားသခင် ကြွလာသည့်အချိန်တွင်၊ သူသည် ဘုရားသဘာဝ အတွင်း၌သာ သူ၏အမှုကို လုပ်ဆောင်လေသည်၊ ယင်းမှာ ကောင်းကင်ဘုံ၌ရှိသည့် ဝိညာဉ်တော်က လူ့ဇာတိခံ ဘုရားသခင်ကို ပေးအပ်ထားသည့်အရာ ဖြစ်သည်။ သူကြွလာသည့်အခါ၊ သူသည် ကွဲပြားခြားနားသော နည်းလမ်းများနှင့် မတူညီသော ရှုထောင့်အမြင်များမှ သူ၏မိန့်မြွက်ချက်များကို ဖွင့်ဟရန် တိုင်းပြည်အနှံ့ စကားပြော၏။ သူသည် လူသားကိုထောက်ပံ့ခြင်းနှင့် သွန်သင်ခြင်းတို့ကို သူ၏ရည်မှန်းချက်ပန်းတိုင်များနှင့် အမှုပြုခြင်း အခြေခံသဘောတရားများအဖြစ် အဓိကမှတ်ယူပြီး လူလူချင်း ဆက်ဆံရေးများ သို့မဟုတ် လူတို့ဘဝများ၏ အသေးစိတ် အကြောင်းအရာများကဲ့သို့သော အမှုအရာများကို စိတ်မဝင်စားပေ။ သူ၏အဓိကအမှုတော်မှာ ဝိညာဉ်တော်အတွက် စကားပြောပေးရန် ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဇာတိခန္ဓာ၌ ထင်သာမြင်သာ ပေါ်ထွန်းသောအခါတွင်၊ သူသည် လူသား၏အသက်တာအတွက်သာ ထောက်ပံ့ပေးပြီး သမ္မာတရားကို ထုတ်ပြန်ပေသည်။ သူသည် လူသား၏ အလုပ်၌ ပါဝင်ပတ်သက်ခြင်း မရှိချေ၊ ဆိုလိုသည်မှာ သူသည် လူသားမျိုးနွယ်၏ အလုပ်၌ မပါဝင်ပေ။ လူသားများသည် ဘုရား၏အလုပ်ကို မလုပ်နိုင်ကြသကဲ့သို့၊ ဘုရားသခင်သည် လူသားအလုပ်၌ မပါဝင်ပေ။

ဘုရားသခင်သည် သူ၏အမှုကို ဆောင်ရွက်ရန် ဤကမ္ဘာမြေသို့ ကြွလာခဲ့ကတည်းကစ၍ နှစ်များအားလုံးတွင် သူသည် လူတို့မှတစ်ဆင့် ထိုအမှုကို အမြဲ လုပ်ဆောင်ခဲ့သည်။ သို့သော်လည်း ဤလူတို့ကို လူ့ဇာတိခံ ဘုရားသခင်ဟု ယူဆ၍မရနိုင်ပေ- ဘုရားသခင်၏ အသုံးပြုခြင်းခံရသူများအဖြစ်သာ ယူဆ၍ ရနိုင်ပေသည်။ ထိုအချိန် အတောအတွင်းတွင်၊ ယနေ့၏ ဘုရားသခင်သည် ဝိညာဉ်တော်၏ အသံကို စေလွှတ်ပြီး ဝိညာဉ်တော် ကိုယ်စား အလုပ်လုပ်ရင်း၊ ဘုရားသဘောသဘာဝ၏ ရှုထောင့်မှ တိုက်ရိုက်စကားပြောနိုင်၏။ ထိုနည်းတူ၊ ခေတ်ကာလများ တစ်လျှောက် ဘုရားသခင် အသုံးပြုခဲ့သော သူအပေါင်းတို့သည် ဇာတိခန္ဓာအတွင်း၌ ဘုရားသခင်၏ ဝိညာဉ်တော် အလုပ်လုပ်ခြင်း၏ သာဓကများ ဖြစ်သည်- ထို့ကြောင့် ၎င်းတို့ကို ဘုရားသခင်ဟု အဘယ့်ကြောင့် ခေါ်ဝေါ်၍ မရသနည်း။ သို့သော် ယနေ့၏ ဘုရားသခင်သည်လည်း လူ့ဇာတိ၌ ဘုရားသခင်၏ ဝိညာဉ်တော် တိုက်ရိုက် အလုပ်လုပ်ခြင်းဖြစ်သကဲ့သို့၊ ယေရှုမှာလည်း လူ့ဇာတိ၌ ဘုရားသခင်၏ ဝိညာဉ်တော် အလုပ်လုပ်ခြင်း ဖြစ်ခဲ့ပေသည်။ ၎င်းတို့နှစ်ဦးလုံးကို ဘုရားသခင်ဟု ခေါ်ဝေါ်သည်။ သို့ဆိုလျှင် ခြားနားချက်မှာ အဘယ်နည်း။ ခေတ်ကာလများတစ်လျှောက် ဘုရားသခင်အသုံးပြုခဲ့သော လူအပေါင်းတို့သည် ပုံမှန် အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားတို့ကို တတ်စွမ်းနိုင်ကြခဲ့သည်။ လူ၏ အမူအကျင့်နှင့်သက်ဆိုင်သည့် အခြေခံသဘောတရားများကို ၎င်းတို့အားလုံး နားလည်ထားကြသည်။ ၎င်းတို့သည် ပုံမှန်လူသား အတွေးအခေါ်များကို ရှိခဲ့ကြပြီးဖြစ်ကာ ပုံမှန်လူတို့ ပိုင်ဆိုင်ထားသင့်သည့် အရာများအားလုံးကို ပိုင်ဆိုင်ထားကြပြီး ဖြစ်သည်။ ၎င်းတို့အများစုသည် ထူးခြားသော ပါရမီနှင့် မွေးရာပါ ဉာဏ်ရည်ဉာဏ်သွေးတို့ ရှိကြ၏။ ဤလူတို့အပေါ် အလုပ်လုပ်ရာတွင်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဘုရား ပေးထားသည့် ဆုကျေးဇူးများဖြစ်သော ၎င်းတို့၏ ပါရမီများကို ထိန်းချုပ် အသုံးပြုလေသည်။ ဘုရားသခင်၏ အမှုတော်၌ ၎င်းတို့၏ အားသာချက်များကို အသုံးပြုရင်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ၎င်းတို့၏ပါရမီများကို လုပ်ဆောင်စေသည်။ သို့သော် ဘုရားသခင်၏ အနှစ်သာရသည် လူသား၏ ရည်ရွယ်ချက်များနှင့် ရောနှောခြင်းမရှိဘဲ၊ စိတ်ကူးများ သို့မဟုတ် အတွေးအခေါ် ကင်းမဲ့သကဲ့သို့ ပုံမှန်လူသားများ ပိုင်ဆိုင်ထားသည့် အရာပင် မရှိပေ။ ဆိုလိုသည်မှာ၊ သူသည် လူ့အမူအကျင့်၏ အခြေခံသဘောတရားများနှင့်ပင် အကျွမ်းတဝင်မရှိပေ။ ဤသည်မှာ ယနေ့၏ဘုရားသခင် ကမ္ဘာမြေသို့ ကြွလာချိန်တွင် ဖြစ်သည့်ပုံစံ ဖြစ်သည်။ သူ၏အမှုနှင့် သူ၏ နှုတ်ကပတ်တော်များသည် လူသားရည်ရွယ်ချက်များ သို့မဟုတ် လူသားအကြံအစည်နှင့် ရောနှောခြင်းမရှိပေ၊ သို့သော် ၎င်းတို့သည် ဝိညာဉ်တော်၏ ရည်ရွယ်ချက်များ၏ တိုက်ရိုက် သရုပ်သကန်တစ်ခု ဖြစ်ပြီး သူသည် ဘုရားသခင်၏ကိုယ်စား တိုက်ရိုက် အလုပ်လုပ်လေသည်။

ဤသည်မှာ ဝိညာဉ်တော်သည် တိုက်ရိုက် စကားပြောသည်ဟု အဓိပ္ပာယ်ရသည်၊ ဆိုလိုသည်မှာ ဘုရားသဘာဝသည် လူသား၏ ရည်ရွယ်ချက်များ တစ်စက်လေးမျှပင် ရောစပ်ခြင်းမရှိဘဲ အမှုကို တိုက်ရိုက်ပြုပေသည်။ တစ်နည်းအားဖြင့်၊ လူ့ဇာတိခံ ဘုရားသခင်သည် ဘုရားသဘောသဘာဝကို တိုက်ရိုက် သရုပ်ထင်စေသည်၊ လူ့အတွေး သို့မဟုတ် စိတ်ကူးများ မရှိသကဲ့သို့ လူ့အမှုအကျင့်၏ အခြေခံသဘောတရားများကို သိနားလည်ခြင်း မရှိပေ။ ဘုရားသဘောသဘာဝသာ အမှုပြုခဲ့မည်ဆိုပါက၊ (ဆိုလိုသည်မှာ ဘုရားသခင်ကိုယ်တော်တိုင်သာ အမှုပြုခဲ့မည်ဆိုလျှင်) ကမ္ဘာမြေပေါ်၌ ဘုရားသခင်၏အမှုကို ဆောင်ရွက်ရန် မည်သို့မျှ ဖြစ်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်သည် ကမ္ဘာမြေသို့ ကြွလာသောအခါတွင်၊ ဘုရားသဘောသဘာဝ၌ ဘုရားသခင်ပြုသောအမှုနှင့် ပူးပေါင်းလျက်၊ လူ့သဘာဝအတွင်း အလုပ်လုပ်ဖို့ရန် သူအသုံးပြုသည့် လူအရေအတွက် အနည်းငယ် ရှိရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်၊ သူသည် မိမိ၏ ဘုရားနှင့်ဆိုင်သောအမှုကို ထိန်းသိမ်းရန် လူသားအလုပ်ကို အသုံးပြုခြင်းဖြစ်သည်။ သို့မဟုတ်ပါက၊ လူသားအတွက် ဘုရားသဘောသဘာဝ၏ အမှု၌ တိုက်ရိုက်ပါဝင်ရန် မည်သို့မျှ ဖြစ်နိုင်မည် မဟုတ်ပေ။ ဤသည်မှာ ယေရှုနှင့် သူ၏တပည့်တော်များ ဖြစ်ခဲ့သည့် ပုံစံဖြစ်သည်။ ကမ္ဘာလောက၌ သူရှိခဲ့သည့်အချိန် အတောအတွင်းတွင် ယေရှုသည် ပညတ်တရားဟောင်းများကို ဖျက်ပယ်ခဲ့ပြီး ပညတ်တော်အသစ်များကို ချမှတ်ခဲ့သည်။ များစွာသော နှုတ်ကပတ်တော်များကိုလည်း သူပြောဆိုခဲ့၏။ ဤအမှုအားလုံးကို ဘုရားသဘောသဘာဝထဲ၌ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ပေတရု၊ ပေါလုနှင့် ယောဟန်ကဲ့သို့သော အခြားသောသူအားလုံးသည် ၎င်းတို့၏ နောက်ဆက်တွဲအလုပ်ကို ယေရှု၏ နှုတ်ကပတ်တော်များ၏ အခြေခံအုတ်မြစ်ပေါ်တွင် တည်ထားခဲ့ကြသည်။ တစ်နည်းအားဖြင့်ဆိုလျှင်၊ ဘုရားသခင်သည် ကျေးဇူးတော်ခေတ်၏ အစကို ဖွင့်လှစ်ပေးရင်း၊ သူ၏အမှုကို ယင်းခေတ်ထဲတွင် စတင်ခဲ့သည်။ ဆိုလိုသည်မှာ၊ သူသည် ခေတ်ဟောင်းကို ပယ်ဖျက်ပြီး၊ “ဘုရားသခင်သည် အစအဦးနှင့် နောက်ဆုံးဖြစ်တော်မူသည်။” ဟူသော နှုတ်ကပတ်တော်များကိုလည်း ပြည့်စုံစေရင်း၊ ခေတ်ကာလသစ်ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်၊ လူသားသည် ဘုရားနှင့်ဆိုင်သော အမှု၏ အခြေခံအုတ်မြစ်အပေါ်တွင် လူ့အလုပ်ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယေရှုသည် သူပြောရန် လိုအပ်သည့်အရာအားလုံးကို ပြောဆိုခဲ့ပြီး ကမ္ဘာမြေပေါ်၌ သူ၏အမှုကို လက်စသတ်ပြီးသည်နှင့် တစ်ပြိုင်နက်၊ လူသားကို စွန့်ခွာခဲ့သည်။ ဤအရာပြီးနောက်တွင်၊ အလုပ်လုပ်ရာတွင် လူအားလုံးတို့သည် သူ၏ နှုတ်ကပတ်တော်များထဲတွင် ဖော်ပြထားသည့် အခြေခံသဘောတရားများအတိုင်း

လုပ်ဆောင်ခဲ့ကြပြီး သူမြွက်ဆိုခဲ့သည့် သမ္မာတရားများနှင့်အညီ လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။ ဤလူအားလုံးသည် ယေရှုအတွက် အလုပ်လုပ်ခဲ့ကြသည်။ အကယ်၍ ယေရှုတစ်ဦးတည်းသာ အမှုကို လုပ်ဆောင်နေခဲ့ပါက၊ နှုတ်ကပတ်တော်များ မည်မျှ သူပြောဆိုခဲ့သည် ဖြစ်စေ၊ လူတို့သည် သူ၏ နှုတ်ကပတ်တော်များနှင့် ထိတွေ့ရန် နည်းလမ်းရှိခဲ့မည်မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် သူသည် ဘုရားသဘောသဘာဝထဲ၌ အလုပ်လုပ်နေခဲ့ခြင်းဖြစ်ကာ ဘုရားသဘောသဘာဝနှင့်သက်ဆိုင်သည့် နှုတ်ကပတ်တော်များကိုသာ ပြောဆိုနိုင်ခဲ့ပြီး၊ သူ၏ နှုတ်ကပတ်တော်များကို ပုံမှန်လူတို့ နားလည်နိုင်သည့်အဆင့်အထိ အမှုအရာတို့ကို သူရှင်းပြနိုင်ခဲ့မည် မဟုတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူသည် သူ့နောက်တွင် ရောက်လာခဲ့ကြသည့် တမန်တော်များနှင့် ပရောဖက်တို့ကို သူ၏အမှုကို ဖြည့်စွက်စေဖို့ လိုအပ်ခဲ့ပေသည်။ ဤသည်မှာ လူ့ဇာတိခံ ဘုရားသခင်က သူ၏အမှုကို လုပ်ဆောင်ပုံ၏ အခြေခံသဘောတရား ဖြစ်သည်- ဘုရားသဘောသဘာဝ၏ အမှုကို ပြည့်စုံစေရန်အလို့ငှာ စကားပြောဆိုဖို့နှင့် အမှုပြုဖို့ လူ့ဇာတိခံခန္ဓာကို အသုံးပြုခြင်း၊ ထို့နောက် သူ၏အမှုကို ဖြည့်စွက်ရန် ဘုရားသခင်ကိုယ်တိုင်၏ စိတ်နှလုံးနှင့် ညီညွတ်သော လူအနည်းငယ် သို့မဟုတ် သာ၍များကောင်း များလိမ့်မည်ဖြစ်သည့် လူတို့ကို အသုံးပြုခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဘုရားသခင် ရွေးချယ်ထားသော လူတို့သည် သမ္မာတရား၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်နိုင်ကြဖို့အလို့ငှာ၊ လူ့သဘာဝ၌ ထိန်းကျောင်းခြင်းနှင့် ရေလောင်းပေးခြင်းအလုပ်ကို လုပ်ဆောင်ရန် ဘုရားသခင်သည် သူ၏စိတ်နှလုံးနှင့် ညီညွတ်သော လူတို့ကို အသုံးပြုပေသည်။

အကယ်၍ ဇာတိခန္ဓာထဲသို့ သူကြွလာချိန်တွင်၊ ဘုရားသခင်သည် ဘုရားသဘောသဘာဝ၏ အမှုကိုသာ လုပ်ဆောင်ခဲ့ပြီး သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်ဖို့ သူ၏ စိတ်နှလုံးနှင့်ညီညွတ်သော လူများမရှိပါက၊ လူသားသည် ဘုရားသခင်၏အလိုကို နားလည်နိုင်စွမ်းရှိမည် မဟုတ်ပေ၊ သို့မဟုတ် ဘုရားသခင်နှင့် ထိတွေ့နိုင်စွမ်းရှိမည် မဟုတ်ပေ။ လူသား၏ ဦးနှောက်ဖြစ်သည့်၊ သူ၏ သိမြင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များက စိတ်ကူးနိုင်စွမ်းရှိသည့် အဆင့်ကို ရရှိနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် သူ၏အမှုကို ပြည့်စုံစေရန်၊ အသင်းတော်များကို ကြည့်ရှုစောင့်ရှောက်ပြီး၊ ထိန်းကျောင်းပေးဖို့ရန် သူ၏စိတ်နှလုံးနှင့် ညီညွတ်သော သာမန်လူတို့ကို အသုံးပြုရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်သည် သူ၏ဘုရားသဘောသဘာဝ အတွင်း၌ သူပြုသောအမှုကို ဖွင့်ပြနိုင်ရန်ဖို့အလို့ငှာ၊ လူတို့က ထိုအရာကို သဘောပေါက်ကာ နားလည်ဖို့အလို့ငှာ “အနက်ပြန်ရန်”- ဘုရားနှင့်ဆိုင်သော ဘာသာစကားကို လူ့ဘာသာစကား အဖြစ်သို့

ပြောင်းလဲပေးဖို့ရန်- သူ၏စိတ်နှလုံးနှင့်ညီညွတ်သည့် အနည်းငယ်သော လူတို့ကို အသုံးပြုလေသည်။ အကယ်၍ ဘုရားသခင်သည် ထိုသို့မလုပ်ဆောင်ခဲ့ပါက၊ အမှန်တကယ်တွင်၊ ဘုရားသခင်၏ စိတ်နှလုံးနှင့် ညီညွတ်သောလူတို့မှာ သေးငယ်သည့် လူနည်းစုဖြစ်ပြီး လူသား၏သဘောပေါက်နိုင်စွမ်းမှာ အားနည်းသောကြောင့်၊ မည်သူမျှ ဘုရားသခင်၏ ဘုရားသဘောသဘာဝဘာသာစကားကို နားလည်ကြမည် မဟုတ်ပေ။ ထိုအကြောင်းကြောင့် ဘုရားသခင်က လူ့ဇာတိခန္ဓာ၌ အလုပ်လုပ်သည့်အခါတွင်၊ ဤနည်းလမ်းကိုသာ ရွေးချယ်ခြင်း ဖြစ်သည်။

ဘုရားသဘောသဘာဝ၏အမှုတစ်ခုတည်းသာရှိခဲ့ပါက၊ လူသားသည် ဘုရားသခင်၏ ဘာသာစကားကို နားမလည်သောကြောင့်၊ ဘုရားသခင်ကို သိဖို့ရန် သို့မဟုတ် ထိတွေ့ဖို့ရန် လူသားအတွက် မည်သို့မျှ ဖြစ်နိုင်မည် မဟုတ်ပေ။ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရှင်းလင်းပေးသူများ ဖြစ်သည့် ဘုရားသခင်၏ စိတ်နှလုံးနှင့်ညီညွတ်သောသူတို့၏ ဆောင်ကြဉ်းပေးမှုမှ တစ်ဆင့်သာ ဤဘာသာစကားကို နားလည်နိုင်သည်။ သို့သော် လူ့သဘာဝအတွင်း၌ ထိုသို့သော လူများသာ အလုပ်လုပ်နေခဲ့မည်ဆိုပါက၊ ယင်းက လူသား၏ ပုံမှန်အသက်တာကိုသာ ထိန်းသိမ်းနိုင်ခဲ့ပေမည်။ လူသား၏ စိတ်သဘောထားကို ပြောင်းလဲပေးနိုင်ခဲ့မည် မဟုတ်ပေ။ ဘုရားသခင်၏အမှုသည် အသစ်သောအစပြုခြင်းတစ်ခု ရှိနိုင်ခဲ့မည် မဟုတ်။ မပြောင်းလဲသည့် သီချင်းဟောင်းများ၊ မပြောင်းလဲသည့် ရိုးအီနေပြီဖြစ်သော အသုံးအနှုန်းဟောင်းများသာ ရှိမည်ဖြစ်သည်။ မိမိ၏ လူ့ဇာတိခံယူခြင်း ကာလအတွင်းတွင် ပြောရန်လိုအပ်သော အရာအားလုံးကို ပြောဆိုပြီး လုပ်ဆောင်ရန်လိုအပ်သော အရာအားလုံးကို လုပ်ဆောင်သော လူ့ဇာတိခံ ဘုရားသခင်၏ ဆောင်ကြဉ်းပေးမှုမှ တစ်ဆင့်သာ၊ လူတို့သည် လူ့ဇာတိခံယူခြင်း ကာလနောက်တွင် ကိုယ်တော်၏ နှုတ်ကပတ်တော်များအတိုင်း အလုပ်လုပ်ပြီး တွေ့ကြုံခံစားကြပေသည်၊ ထိုသို့ဖြင့်သာ ၎င်းတို့၏ အသက်စိတ်သဘောထား ပြောင်းလဲနိုင်လိမ့်မည်ဖြစ်ပြီး ထိုသို့ဖြင့်သာ အချိန်ကာလများနှင့်အတူ စီးဆင်းနိုင်ကြမည်ဖြစ်သည်။ ဘုရားသဘာဝအတွင်း အလုပ်လုပ်သောသူသည် ဘုရားသခင်ကို ကိုယ်စားပြုသော်လည်း၊ လူ့သဘာဝအတွင်း အလုပ်လုပ်သော သူတို့သည် ဘုရားသခင်၏ အသုံးပြုခြင်းခံရသော လူများဖြစ်သည်။ ဆိုလိုသည်မှာ၊ လူ့ဇာတိခံ ဘုရားသခင်သည် ဘုရားသခင်၏ အသုံးပြုခြင်းခံရသော လူတို့နှင့် သိသိသာသာ ကွာခြားပေသည်။ လူ့ဇာတိခံ ဘုရားသခင်သည် ဘုရားသဘာဝ၏အမှုကို လုပ်ဆောင်နိုင်ပြီး၊ ဘုရားသခင်၏ အသုံးပြုခြင်းခံရသော လူတို့မှာမူ မလုပ်ဆောင်နိုင်ကြပေ။ ခေတ်ကာလအသီးသီး၏ အစတွင်

ဘုရားသခင်၏ဝိညာဉ်တော်သည် လူသားကို အသစ်သော အစပြုခြင်းထဲသို့ ခေါ်ဆောင်ဖို့ရန် ကိုယ်တိုင်ကိုယ်ကျ စကားပြောပြီး ခေတ်သစ်ကို အစပြုလေသည်။ သူသည် စကားပြောခြင်း ပြီးဆုံးသောအခါ၊ ဤအရာက သူ၏ဘုရားသဘာဝအတွင်းရှိ ဘုရားသခင်၏အမှု ပြီးမြောက်သည်ကို ညွှန်ပြပေသည်။ ထို့နောက်တွင်၊ လူအားလုံးသည် မိမိတို့၏ အသက်တာ အတွေ့အကြုံများထဲသို့ ဝင်ရောက်ရန် ဘုရားသခင်၏ အသုံးပြုခြင်း ခံရသောသူတို့၏ ဦးဆောင်မှုနောက်ကို လိုက်ကြလေသည်။ ထိုနည်းတူစွာ၊ ဤသည်မှာ ဘုရားသခင်က လူသားကို ခေတ်သစ်ထဲသို့ ခေါ်ဆောင်ပြီး လူတို့အား အသစ်သော အစပြုခြင်းတစ်ခုကို ပေးသည့်အဆင့်လည်း ဖြစ်သည်- ထိုအချိန်တွင် လူ့ဇာတိ၌ ဘုရားသခင်၏အမှု အဆုံးသတ်လေသည်။

ဘုရားသခင်သည် သူ၏ပုံမှန်လူ့သဘာဝကို စုံလင်စေဖို့ မြေကြီးပေါ်သို့ ကြွလာခြင်းမဟုတ်သကဲ့သို့၊ ပုံမှန်လူ့သဘာဝ၏ အလုပ်ကို လုပ်ဆောင်ရန် ကြွလာခြင်းလည်း မဟုတ်ပေ။ ဘုရားသဘောသဘာဝ၏ အမှုကို သာမန်လူ့သဘာဝ၌ လုပ်ဆောင်ရန်သာ ကြွလာပေသည်။ ပုံမှန် လူ့သဘာဝနှင့် သက်ဆိုင်သည့် ဘုရားသခင် ပြောဆိုသောအရာသည် လူတို့ စိတ်ကူးသကဲ့သို့ မဟုတ်ပေ။ လူသားက "ပုံမှန်လူ့သဘာဝ" ကို ဇနီးမယားတစ်ဦး သို့မဟုတ် လင်ယောကျ်ားတစ်ဦး သို့မဟုတ် သားသမီးများရှိခြင်းအဖြစ် အနက်ဖွင့်၏၊ ထိုအရာများက လူတစ်ဦးသည် ပုံမှန်လူတစ်ဦးဖြစ်သည်ကို သက်သေပြပေသည်။ သို့သော် ဘုရားသခင်က ယင်းကို ဤနည်းလမ်းဖြင့် မရှုမြင်ပေ။ သူက ပုံမှန်လူ့သဘာဝကို ပုံမှန်လူသား အတွေးများ၊ ပုံမှန် လူသားဘဝများရှိခြင်းနှင့် သာမန်လူတို့မှ မွေးဖွားခြင်းအဖြစ် ရှုမြင်သည်။ သို့သော် သူ၏ပုံမှန်အခြေအနေသည် လူသားက ပုံမှန်အခြေအနေနှင့် ပတ်သက်၍ ပြောဆိုသည့် ပုံစံဖြင့် ဇနီးမယားတစ်ဦး သို့မဟုတ် လင်ယောကျ်ားတစ်ဦး သို့မဟုတ် သားသမီးများ ရှိခြင်းတို့ မပါဝင်ပေ။ ဆိုလိုသည်မှာ၊ လူသားအဖို့ ဘုရားသခင် ပြောဆိုသည့် ပုံမှန်လူ့သဘာဝမှာ ပုံမှန်လူတစ်ဦး၏ အပြင်ပန်းသာရှိကာ ပုံမှန်လူတစ်ဦး၏ ပုံပန်းသဏ္ဌာန် ရှိခဲ့သော်လည်း၊ အနှစ်သာရအားဖြင့် ပုံမှန်လူတစ်ဦး ပိုင်ဆိုင်သင့်သည့် အရာအားလုံးကို လုံးလုံးလျားလျား မပိုင်ဆိုင်ခဲ့သော ယေရှုကဲ့သို့ပင် စိတ်ခံစားမှု ကင်းမဲ့လုနီးနီးဖြစ်ကာ သွေးသားလိုအပ်ချက်များ ကင်းမဲ့သည့်ပုံပေါက်လျက်၊ လူ့သဘာဝကင်းမဲ့ခြင်းဟု လူသားက ယူဆမည့်အရာ ဖြစ်ပေသည်။ ဤအရာမှ၊ လူ့ဇာတိခံဘုရားသခင်၏ အနှစ်သာရသည် ပုံမှန်လူ့သဘာဝ တစ်ခုလုံးကို ခြုံငုံမိခြင်းမရှိဘဲ၊ ပုံမှန်လူသားဘဝများ၏ လုပ်ရိုးလုပ်စဉ်များကို ထောက်ပံ့ပေးရန်နှင့် ပုံမှန်လူသား အသိဉာဏ်စွမ်းအားများကို အားဖြည့်ပေးရန်အလို့ငှာ လူတို့ ပိုင်ဆိုင်သင့်သည့် အရာများ၏ အစိတ်အပိုင်းတစ်ခုကိုသာ ခြုံငုံမိသည်ကို တွေ့မြင်နိုင်သည်။

သို့သော် ဤအရာများသည် လူသားက ပုံမှန်လူ့သဘာဝဟု ယူဆကြသည့် အရာနှင့် မည်သို့မျှ မသက်ဆိုင်ပေ။ ထိုအရာများသည် လူ့ဇာတိခံ ဘုရားသခင် ပိုင်ဆိုင်သင့်သည့် အရာများ ဖြစ်ကြသည်။ သို့သော်၊ လူ့ဇာတိခံ ဘုရားသခင်သည် ဇနီးတစ်ဦး၊ သားနှင့်သမီးများ၊ မိသားစုတစ်ခု ရှိမှသာ ပုံမှန်လူ့သဘာဝ ပိုင်ဆိုင်သည်ဟု ဆိုနိုင်သည်ဟူ၍ ခံယူထားသောသူများ ရှိပေသည်။ ဤအရာများမရှိဘဲနှင့်၊ သူသည် ပုံမှန်လူတစ်ဦး မဟုတ်ဟု ၎င်းတို့က ဆိုကြ၏။ သို့ဆိုလျှင်၊ "ဘုရားသခင်တွင် ဇနီးမယားတစ်ဦး ရှိသလော။ ဘုရားသခင်အတွက် လင်ယောကျ်ားတစ်ဦး ရှိဖို့ရန် ဖြစ်နိုင်သလော။ ဘုရားသခင်တွင် ကလေးများ ရှိနိုင်သလော။" ဟု သင့်ကို ငါမေးသည်။ ဤအရာများသည် အတွေးမှားများ ဖြစ်သည်မဟုတ်လော။ သို့သော် လူ့ဇာတိခံ ဘုရားသခင်သည် ကျောက်ဆောင်များကြားက အက်ကြောင်းတစ်ခုမှ ထွက်ပေါ်မလာနိုင်ပေ၊ သို့မဟုတ် ကောင်းကင်မှ ဆင်းကျမလာနိုင်ပေ။ သူသည် ပုံမှန်လူသားမိသားစု တစ်ခုထဲတွင်သာ ဖွားမြင်နိုင်ပေသည်။ ထိုအကြောင်းကြောင့် သူသည် မိဘများနှင့် နှမများရှိခြင်း ဖြစ်သည်။ ဤအရာများသည် လူ့ဇာတိခံဘုရားသခင်၏ ပုံမှန်လူ့သဘာဝက ရှိသင့်သည့် အရာများဖြစ်သည်။ ယေရှုနှင့် ပတ်သက်၍လည်း ထိုသို့ပင် ဖြစ်ခဲ့ပေသည်။ ယေရှုသည် ဖခင်၊ မိခင်နှင့် ညီအစ်ကိုမောင်နှမများ ရှိခဲ့ပြီး၊ ဤအရာအားလုံးသည် ပုံမှန်ဖြစ်ခဲ့သည်။ သို့သော်၊ အကယ်၍ သူသည် ဇနီးတစ်ဦးနှင့် သားသမီးများရှိခဲ့ပါက၊ သူပိုင်ဆိုင်သည့်အရာသည် လူ့ဇာတိခံ ဘုရားသခင် ပိုင်ဆိုင်ဖို့ရန် ဘုရားသခင် ရည်ရွယ်ခဲ့သည့် သာမန်လူ့သဘာဝ ဖြစ်ခဲ့လိမ့်မည်မဟုတ်ပေ။ ဤသို့ဖြစ်ခဲ့ပါက၊ သူသည် ဘုရားသဘောသဘာဝ၏ကိုယ်စား အမှုပြုနိုင်ခဲ့မည် မဟုတ်ပေ။ သူသည် ဘုရားသဘာဝနှင့်သက်ဆိုင်သော အမှုကို လုပ်ဆောင်နိုင်ခဲ့သည်မှာ၊ သူသည် ဇနီး သို့မဟုတ် ကလေးများ မရှိခဲ့သော်လည်း၊ ပုံမှန်မိသားစုထဲသို့ ပုံမှန်လူများမှ မွေးဖွားခဲ့သောကြောင့် အတိအကျ ဖြစ်ပေသည်။ ဤအရာကို ဤထက်ရှင်းလင်းရမည် ဆိုပါက၊ ပုံမှန်လူတစ်ဦးဟု ဘုရားသခင် ယူဆသည့်အရာမှာ ပုံမှန်မိသားစုထဲတွင် မွေးဖွားသော လူတစ်ဦး ဖြစ်သည်။ ထိုသို့သော လူတစ်ဦးသည်သာ ဘုရားသဘောသဘာဝ အမှုကို လုပ်ဆောင်ဖို့ အရည်အချင်းပြည့်မီသည်။ အခြားတစ်ဖက်တွင်၊ လူတစ်ဦးသည် ဇနီး၊ ကလေးများ သို့မဟုတ် လင်ယောကျ်ားရှိပါက၊ ထိုသူသည် လူသားတို့ လိုအပ်သည့် သာမန်လူ့သဘာဝသာ ပိုင်ဆိုင်မည်ဖြစ်သော်လည်း၊ ဘုရားသခင်လိုအပ်သည့် သာမန်လူ့သဘာဝကို ပိုင်ဆိုင်မည် မဟုတ်သောကြောင့်၊ ထိုသူသည် ဘုရားသဘောသဘာဝ အမှုကို လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ ဘုရားသခင် ယူဆထားသည့်အရာနှင့် လူတို့နားလည်သော အရာတို့သည် မကြာခဏ ကြီးမားစွာ ကွဲပြားနေတတ်သည်၊ အမျိုးအစား တခြားစီ

ဖြစ်တတ်ပေသည်။ ဘုရားသခင်၏အမှု၏ ဤအဆင့်တွင်၊ လူတို့၏ အယူအဆများနှင့် ဆန့်ကျင်ပြီး ကြီးကြီးမားမား ကွဲပြားခြားနားသော အရာများစွာရှိ၏။ ဘုရားသခင်၏အမှု၏ ဤအဆင့်သည် လူသားမျိုးနွယ်က အရံအခန်းကဏ္ဍတွင် ပံ့ပိုးဆောင်ရွက်လျက်၊ ဘုရားသဘောသဘာဝက လက်တွေ့လုပ်ဆောင်ခြင်း လုံးလုံးလျားလျား ပါဝင်သည်ဟု ဆိုနိုင်ပေသည်။ ဘုရားသခင်သည် လူသားကို လက်ခံဆောင်ရွက်ခွင့် ပြုခြင်းထက် သူ၏အမှုကို သူကိုယ်တိုင် ဆောင်ရွက်ရန် ကမ္ဘာမြေသို့ ကြွလာသောကြောင့်၊ သူသည် သူ၏ အမှုကို ဆောင်ရွက်ရန် မိမိကိုယ်ကိုယ် ဇာတိပကတိ၌ (မပြည့်စုံသည့်၊ ပုံမှန်လူတစ်ဦးထဲသို့) လူ့ဇာတိခံပေသည်။ သူသည် လူသားမျိုးနွယ်ကို ခေတ်သစ်တစ်ခု ပေးအပ်ဖို့၊ သူ့အမှုထဲက နောက်တစ်ဆင့်ကို လူသားမျိုးနွယ်အား ပြောပြဖို့ရန်နှင့် သူ၏နှုတ်ကပတ်တော်များထဲ၌ ဖော်ပြထားသည့် လမ်းကြောင်းနှင့်အညီ လက်တွေ့လုပ်ဆောင်ကြဖို့ လူတို့ကို တောင်းဆိုရန် ဤလူ့ဇာတိခံယူခြင်းကို အသုံးပြုလေသည်။ ထိုသို့ဖြင့် လူ့ဇာတိ၌ ဘုရားသခင်၏အမှု အဆုံးသတ်၏၊ သူသည် ပုံမှန် လူ့သဘာဝ၏ ခန္ဓာတွင် နေထိုင်ခြင်းမရှိတော့ဘဲ၊ ယင်းထက် သူ့အမှု၏ နောက်ထပ် အစိတ်အပိုင်းနှင့်ပတ်သက်၍ ဆက်လက် ဆောင်ရွက်ရန် လူသားထံမှ အဝေးသို့ ရွေ့ရင်း၊ လူသားမျိုးနွယ်ကို စွန့်ခွာတော့မည်ဖြစ်သည်။ ထို့နောက်၊ သူ၏စိတ်နှလုံးနှင့် ညီ်ညွတ်သော လူတို့ကို အသုံးပြုရင်း၊ သူသည် ကမ္ဘာမြေပေါ်တွင် သူ၏ အမှုကို ဤလူစုအလယ်တွင် ဆက်လက် လုပ်ဆောင်သော်လည်း၊ ၎င်းတို့၏ လူ့သဘာဝထဲ၌ လုပ်ဆောင်ခြင်း ဖြစ်သည်။

ဘုရားသခင်၌ လုပ်ဆောင်ရမည့် အခြားအမှုများစွာ ရှိသောကြောင့် လူ့ဇာတိခံဘုရားသခင်သည် လူသားနှင့်အတူ ထာဝရ မနေနိုင်ပေ။ သူသည် ဇာတိခန္ဓာနှင့် ချည်နှောင်ခြင်းမခံနိုင်ပေ။ ယင်းအမှုကို လူ့ဇာတိပုံသဏ္ဌာန်ဖြင့် လုပ်ဆောင်သော်လည်း၊ သူလုပ်ရမည့် အမှုကို လုပ်ဆောင်ရန် ဇာတိပကတိကို သူချွတ်ချရမည် ဖြစ်သည်။ ဘုရားသခင် ကမ္ဘာမြေသို့ ကြွလာသောအချိန်တွင်၊ သူသည် သာမန်လူတစ်ဦးက သေဆုံး၍ လူသားမျိုးနွယ်ကို မစွန့်ခွာမီ ရရှိသင့်သည့် ပုံသဏ္ဌာန်သို့ ရောက်ရှိသည်အထိ မစောင့်ဆိုင်းပေ။ သူ၏ဇာတိပကတိသည် မည်မျှ အိုမင်းသည်ဖြစ်စေ၊ သူ၏အမှု ပြီးစီးသောအခါတွင်၊ သူသွားကာ လူသားကို စွန့်ခွာလေသည်။ သူ့အတွက် အသက်အရွယ်ဆိုသည်မှာ မရှိပေ၊ သူသည် သူ၏ နေ့ရက်များကို လူ့သက်တမ်းအတိုင်း သူမရေတွက်ပေ။ ယင်းအစား၊ သူသည် သူ၏အမှု အဆင့်များနှင့်အညီ လူ့ဇာတိ၌ သူ၏ဘဝကို အဆုံးသတ်လေသည်။ ဘုရားသခင်အနေဖြင့် ဇာတိပကတိထဲသို့ ကြွလာရာတွင် အတိုင်းအတာတစ်ခုအထိ အသက်အရွယ်ကြီးရင့်ရမည်၊ လူကြီးအဖြစ်သို့ ကြီးထွားရမည်၊ အသက်အရွယ် အိုမင်းခြင်းသို့

ရောက်ကာ ထိုခန္ဓာ ယိုယွင်းသောအခါမှသာ စွန့်ခွာရမည်ဟု ခံစားရသူများ ရှိကောင်းရှိနိုင်သည်။ ဤသည်မှာ လူသား၏ စိတ်ကူးစိတ်သန်းဖြစ်သည်။ ဘုရားသခင်သည် ထိုသို့ အမှုမပြုပေ။ သူလုပ်ရမည့်အလုပ်ကို လုပ်ဆောင်ဖို့ရန်သာ လူ့ဇာတိအဖြစ်သို့ သူကြွလာခဲ့ခြင်းဖြစ်ပြီး မိဘများ၌ မွေးဖွားခြင်း၊ ကြီးထွားလာခြင်း၊ မိသားစုတစ်ခု ဖွဲ့စည်းကာ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခု စတင်ခြင်း၊ ကလေးများရှိခြင်းနှင့် ပြုစုပျိုးထောင်ခြင်း သို့မဟုတ် ဘဝ၏အနိမ့်၊ အမြင့်တို့ကို တွေ့ကြုံခံစားရခြင်း- ပုံမှန်လူသားတစ်ဦး၏ လှုပ်ရှားသွားလာမှု အားလုံးဖြစ်သည့် ပုံမှန်လူ့ဘဝတစ်ခုကို အသက်ရှင်ရန် မဟုတ်ပေ။ ဘုရားသခင် ကမ္ဘာမြေသို့ကြွလာချိန်တွင်၊ ဤသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်က ဇာတိပကတိကို ဝတ်ဆင်ခြင်း၊ လူ့ဇာတိအဖြစ်သို့ ကြွလာခြင်း ဖြစ်သော်လည်း၊ ဘုရားသခင်သည် ပုံမှန်လူတစ်ဦး၏ ဘဝကို အသက်မရှင်ပေ။ သူသည် သူ၏ စီမံခန့်ခွဲမှုအစီအစဉ်ထဲက အစိတ်အပိုင်းတစ်ခုကို ပြီးမြောက်စေဖို့ရန်သာ ကြွလာခြင်း ဖြစ်သည်။ ယင်းနောက် လူသားမျိုးနွယ်ကို သူစွန့်ခွာလိမ့်မည်။ လူ့ဇာတိ အတွင်းသို့ သူကြွလာချိန်တွင်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဇာတိပကတိ၏ ပုံမှန်လူ့သဘာဝကို မစုံလင်စေပေ။ ယင်းထက်၊ ဘုရားသခင် ကြိုတင်သတ်မှတ်ထားပြီးဖြစ်သည့် အချိန်တွင်၊ ဘုရားသဘောသဘာဝသည် တိုက်ရိုက် သွားရောက် လုပ်ဆောင်လေသည်။ ထို့နောက်၊ သူ လုပ်ဆောင်ဖို့ လိုအပ်သည့်အရာ အားလုံးကို လုပ်ဆောင်ကာ သူ၏အမှုတော်ကို အပြည့်အဝ ပြည့်စုံစေပြီးနောက်တွင်၊ ဤအဆင့်ထဲက ဘုရားသခင်၏ ဝိညာဉ်တော်၏ အလုပ် ပြီးစီးလေသည်၊ ထိုအချိန်တွင် သူ၏ ဇာတိပကတိဆန်သောခန္ဓာက ၎င်း၏သက်တမ်းရှည်ကို အသက်ရှင် နေထိုင်သွားနိုင်သည်ဖြစ်စေ မနေထိုင်သွားနိုင်သည်ဖြစ်စေ၊ လူ့ဇာတိခံ ဘုရားသခင်၏ ဘဝလည်း အဆုံးသတ်လေသည်။ ဆိုလိုသည်မှာ၊ ဇာတိပကတိဆန်သောခန္ဓာက ဘဝ၏ မည်သည့်အဆင့်ကို ရောက်သည်ဖြစ်စေ၊ ကမ္ဘာမြေပေါ်၌ မည်မျှကြာကြာ အသက်ရှင်သည်ဖြစ်စေ၊ အရာအားလုံးကို ဝိညာဉ်တော်၏ အလုပ်က ဆုံးဖြတ်သည်ဟု ဆိုလိုသည်။ ယင်းသည် လူသားက ပုံမှန် လူ့သဘာဝအဖြစ် ယူဆသည့်အရာနှင့် မည်သို့မျှ မသက်ဆိုင်ပေ။ ယေရှုကို ဥပမာတစ်ခုအဖြစ် ကြည့်လော့။ သူသည် သုံးဆယ့်သုံးနှစ်ခွဲကြာ လူ့ဇာတိ၌ အသက်ရှင်ခဲ့၏။ လူသားခန္ဓာတစ်ခု၏ သက်တမ်းအရ၊ သူသည် ထိုအသက်အရွယ်တွင် မကွယ်လွန်သင့်သေးသကဲ့သို့၊ မစွန့်ခွာသင့်သေးပေ။ သို့သော် ယင်းမှာ ဘုရားသခင်၏ဝိညာဉ်တော်နှင့် မသက်ဆိုင်ခဲ့ပေ။ သူ၏ အမှုသည် ပြီးစီးပြီဖြစ်သည့်အတွက်၊ ထိုအချိန်တွင် ခန္ဓာကိုယ်သည် ဝိညာဉ်တော်နှင့်အတူ ပျောက်ကွယ်ရင်း ယူဆောင်သွားခြင်း ခံခဲ့ရလေသည်။ ဤသည်မှာ လူ့ဇာတိ၌ ဘုရားသခင်

အမှုပြုသည့် အခြေခံသဘောတရား ဖြစ်သည်။ ထို့ကြောင့်၊ အတိအကျပြောရလျှင်၊ လူ့ဇာတိခံ ဘုရားသခင်၏ လူ့သဘာဝသည် အဓိက အရေးကြီးသည့် အရာ မဟုတ်ပေ။ ထပ်လောင်းပြောရလျှင်၊ ပုံမှန်လူသားတစ်ဦး၏ ဘဝကို ရှင်သန်ဖို့ရန် သူ ကမ္ဘာမြေပေါ်သို့ ကြွလာခြင်းမဟုတ်ပေ။ သူသည် ပုံမှန်လူသားဘဝကို ပထမဦးဆုံး တည်ဆောက်ပြီးနောက် စတင်အလုပ်လုပ်ခြင်း မဟုတ်ပေ။ ယင်းထက်၊ သူ့အနေဖြင့် ပုံမှန်လူသားမိသားစုတစ်ခုထဲတွင် ဖွားမြင်သရွေ့၊ သူသည် ဘုရားသဘောသဘာဝ၏ အမှု၊ လူသား၏ ရည်ရွယ်ချက်များဖြင့် စွန်းထင်းခြင်းမရှိ၊ ဇာတိပကတိမဆန်သည့်၊ လူ့အဖွဲ့အစည်း၏ နည်းလမ်းများကို ဧကန်အမှန် မခံယူ သို့မဟုတ် လူသား၏ အတွေးများ သို့မဟုတ် အယူအဆများ မပါဝင်သည့်အပြင် ရှင်သန်မှုအတွက် လူသား၏ အတွေးအခေါ်များ မပါဝင်သည့်အမှုကို သူ လုပ်ဆောင်နိုင်လေသည်။ ဤသည်မှာ လူ့ဇာတိခံ ဘုရားသခင်က လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် အမှုဖြစ်ပြီး သူ၏ လူ့ဇာတိခံယူခြင်းနှင့် သက်ဆိုင်သော လက်တွေ့ကျသည့် အရေးပါမှုလည်း ဖြစ်သည်။ ဘုရားသခင်သည် အခြားအရေးမပါသည့် ဖြစ်စဉ်များကို ကြုံရခြင်းမရှိဘဲ၊ လူ့ဇာတိ၌ ပြီးမြောက်ရန်လိုအပ်သည့် အမှု၏ အဆင့်တစ်ခုကို အဓိက လုပ်ဆောင်ဖို့ရန် ဇာတိပကတိ၌ ကြွလာခြင်းဖြစ်ပြီး၊ ပုံမှန်လူတစ်ဦး၏ အတွေ့အကြုံများအတွက်မူ၊ ထိုအရာများ သူ၌ မရှိပေ။ ဘုရားသခင်၏ လူ့ဇာတိခံ ဇာတိပကတိမှ လုပ်ဆောင်ရန် လိုအပ်သည့် အမှုသည် ပုံမှန်လူသား အတွေ့အကြုံများ မပါဝင်ပေ။ ထို့ကြောင့် ဘုရားသခင်သည် လူ့ဇာတိ၌ သူပြီးမြောက်စေရန် လိုအပ်သည့် အမှုကို ပြီးမြောက်စေခြင်းအလို့ငှာ လူ့ဇာတိအထဲ၌ ကြွလာပေသည်။ ကျန်သောအရာတို့သည် သူနှင့် ပတ်သက်ခြင်း မရှိပေ။ သူသည် အရေးမပါသော ဖြစ်စဉ်များစွာကို ဖြတ်သန်းမသွားပေ။ သူ၏အမှု ပြီးမြောက်သည်နှင့်တစ်ပြိုင်နက်၊ သူ၏ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုလည်း အဆုံးသတ်၏။ ဤအဆင့်ကို ပြီးစီးစေခြင်းဆိုသည်မှာ လူ့ဇာတိ၌ သူလုပ်ဆောင်ရန်လိုအပ်သည့်အမှု ပြီးဆုံးပြီဖြစ်ကာ သူ၏ လူ့ဇာတိနှင့်သက်ဆိုင်သည့် အမှု ပြည့်စုံပြီဟု ဆိုလိုပေသည်။ သို့သော် သူသည် လူ့ဇာတိ၌ အကန့်အသတ်မရှိ အလုပ်ဆက်လုပ်မနေနိုင်ပေ။ သူ့အနေဖြင့် လူ့ဇာတိ အပြင်ဘက် တစ်နေရာဖြစ်သည့် နောက်တစ်နေရာသို့ အမှုပြုဖို့ရန် ပြောင်းရွှေ့ရမည်ဖြစ်သည်။ ထိုသို့ဖြင့်သာ သူ၏အမှုကို အပြည့်အဝ ဆောင်ရွက်နိုင်ပြီး၊ သာ၍ ကြီးမားသော အကျိုးဆီသို့ ရှေ့ဆက်နိုင်ပေသည်။ ဘုရားသခင်သည် သူ၏မူလအစီအစဉ်အတိုင်း အမှုပြု၏။ သူသည် သူလုပ်ဆောင်ရန် လိုအပ်သည့်အမှုနှင့် သူအပြီးသတ်ရမည့်အမှုကို သူ ကောင်းစွာ သိရှိလေသည်။ ဘုရားသခင်သည် သူကြိုတင် သတ်မှတ်နှင့်ပြီးဖြစ်သည့် လမ်းကြောင်းတစ်ခုကို

လျှောက်လှမ်းရန် တစ်ဦးစီတိုင်းကို ဦးဆောင်လမ်းပြသည်။ မည်သူမျှ ဤအရာကို မလွတ်မြောက်နိုင်။ ဘုရားသခင်၏ ဝိညာဉ်တော်၏ လမ်းပြမှုကို လိုက်လျှောက်သော သူတို့သာ ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဝင်ရောက်နိုင်လိမ့်မည်။ နောက်ပိုင်းအလုပ်တွင်၊ လူသားကို လမ်းပြရန် လူ့ဇာတိ၌ ဘုရားသခင် စကားပြောခြင်းဖြစ်မည် မဟုတ်ဘဲ၊ ထိတွေ့နိုင်သော သဏ္ဌာန်ဖြင့် ဝိညာဉ်တော်က လူသား အသက်တာကို လမ်းပြပေးခြင်း ဖြစ်ကောင်းဖြစ်နေနိုင်မည်။ ထိုအခါမှသာ လူသားသည် ဘုရားသခင်ကို ခိုင်ခိုင်မာမာ ထိတွေ့နိုင်မည်၊ ဘုရားသခင်အပေါ် ကြည့်ရှုနိုင်မည်ဖြစ်ပြီး၊ လက်တွေ့ကျသော ဘုရားသခင်၏ စုံလင်စေခြင်းကို ခံလာရဖို့အလို့ငှာ၊ ဘုရားသခင် တောင်းဆိုသည့် လက်တွေ့အရှိတရားထဲသို့ သာ၍ ကောင်းစွာ ဝင်ရောက်နိုင်လိမ့်မည် ဖြစ်သည်။ ဤသည်မှာ ပြီးမြောက်စေရန် ဘုရားသခင် ရည်ရွယ်ထားသော အမှုဖြစ်ပြီး၊ ကြာမြင့်စွာကတည်းက သူစီစဉ်ခဲ့သည့် အရာဖြစ်သည်။ ဤအရာမှ၊ သင်တို့ လျှောက်ရမည့် လမ်းကြောင်းကို သင်တို့အားလုံး တွေ့မြင်သင့်ကြ၏။

# အမှောင်၏လွှမ်းမိုးမှုမှ လွတ်မြောက်လော့၊ ပြီးလျှင် သင်သည် ဘုရားသခင်၏ ရယူခြင်း ခံရလိမ့်မည်

အမှောင်၏လွှမ်းမိုးမှုဆိုသည်မှာ အဘယ်နည်း။ "အမှောင်၏လွှမ်းမိုးမှု" ဟု ခေါ်ဆိုသည့် ဤအရာမှာ စာတန်၏ လှည့်ဖြားခြင်း၊ ဖောက်ပြန်ပျက်စီးခြင်း၊ ချည်နှောင်ခြင်းနှင့် လူတို့ကို ထိန်းချုပ်ခြင်းတို့၏ လွှမ်းမိုးမှုဖြစ်သည်။ စာတန်၏စွမ်းအားမှာ သေခြင်းတရား၏ ရောင်ဝါလက္ခဏာရှိသော လွှမ်းမိုးမှုတစ်ခု ဖြစ်သည်။ စာတန်၏အုပ်စိုးမှုအောက်၌ အသက်ရှင်ကြသူအားလုံးသည် ပျက်စီးကိန်း ကြုံရပေသည်။

ဘုရားသခင်၌ ယုံကြည်ခြင်းရရှိပြီးနောက် သင်သည် အမှောင်၏ လွှမ်းမိုးမှုမှ မည်သို့ လွတ်မြောက်နိုင်မည်နည်း။ သင်သည် ဘုရားသခင်ထံ စစ်မှန်ရိုးသားစွာ ဆုတောင်းပြီးသည်နှင့်တစ်ပြိုင်နက်၊ သင်သည် သင်၏စိတ်နှလုံးကို သူ့ထံ လုံးဝ လှည့်လေသည်၊ ထိုအချိန်တွင် သင့်စိတ်နှလုံးသည် ဘုရားသခင်၏ဝိညာဉ်တော်၏ တို့ထိခြင်း ခံရပေသည်။ သင်သည် မိမိကိုယ်ကိုယ် သူ့ထံ လုံးဝပေးအပ်ဖို့ တိုး၍ လိုလားလျက်ရှိပြီး၊ ဤအခိုက်အတန့်တွင် အမှောင်၏လွှမ်းမိုးမှုမှ သင် လွတ်မြောက်ပြီး ဖြစ်လိမ့်မည်။ လူသား လုပ်သမျှတိုင်းသည် ဘုရားသခင် နှစ်သက်သောအရာ ဖြစ်ပြီး သူ၏ သတ်မှတ်ချက်များနှင့်

ကိုက်ညီပါက၊ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်းနှင့် သူ၏ စောင့်ရှောက်မှုနှင့် ကွယ်ကာမှုအောက် အသက်ရှင်သူတစ်ဦး ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့မလုပ်ဆောင်နိုင်ကြပါက၊ သူ့အပေါ် ဝတ်ကျေတမ်းကျေ ပုံစံဖြင့် ပြုမူရင်းနှင့် သူ၏ တည်ရှိခြင်းကို မယုံကြည်ဘဲလျက် သူ့ကို အရူးလုပ်ဖို့ အမြဲကြိုးပမ်းနေကြပါက- ဤသူအားလုံးသည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ကြသည့်လူများ ဖြစ်သည်။ ဘုရားသခင်၏ ကယ်တင်ခြင်းကို မရရှိသေးသော လူသားများသည် စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ကြ၏။ ဆိုလိုသည်မှာ၊ ၎င်းတို့အားလုံးသည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင် ကြပေသည်။ ဘုရားသခင်ကို မယုံကြည်သော သူတို့သည် စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်နေကြ၏။ ဘုရားသခင်ကို ယုံကြည်သူများသည် သူ၏ နှုတ်ကပတ်တော်များအတွင်း အမှန်တကယ် အသက်ရှင်ကောင်း ရှင်ကြမည်မဟုတ်သကဲ့သို့ ဘုရားသခင်ကို နာခံကောင်း နာခံကြမည်မဟုတ်သည့်အတွက်၊ ဘုရားသခင်၏ တည်ရှိခြင်းကို ယုံကြည်သောသူများပင်လျှင် ဘုရားသခင်၏ အလင်းထဲတွင် သေချာပေါက် အသက်ရှင်ကောင်း ရှင်နေကြလိမ့်မည် မဟုတ်ပေ။ လူသည် ဘုရားသခင်၌ ယုံကြည်ခြင်းတွင်သာ ကန့်သတ် ခံထားရပြီး၊ ဘုရားသခင်နှင့် သက်ဆိုင်သော အသိပညာ မရှိသောကြောင့်၊ ဘုရားသခင်၏ သန့်ရှင်းစေခြင်းကို အပြည့်အဝ မခံရသေးသည်သာမက သူ၏ လုံးလုံးလျားလျား ရယူခြင်းကို မခံရသေးဘဲ သူသည် စည်းမျဉ်းဟောင်းများအတွင်း၊ အသက်မဲ့သော စကားလုံးများ အလယ်တွင် မှောင်မိုက်ပြီး ရေရာမှုမရှိသော အသက်တာတစ်ခုဖြင့် အသက်ရှင်နေဆဲ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ကို မယုံကြည်သူများသည် အမှောင်၏လွှမ်းမိုးမှုအောက်တွင် အသက်ရှင် ကြသည်မှာ ပြောစရာပင်မလိုသည့် အချိန်တွင်၊ ဘုရားသခင်ကို ယုံကြည်သူများပင်လျှင် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက် ကင်းမဲ့ကြသည့်အတွက် ထိုအမှောင်၏ လွှမ်းမိုးမှုအောက်တွင် ရှိနေနိုင်သေး၏။ ဘုရားသခင်၏ ကျေးဇူးတော် သို့မဟုတ် သနားကရုဏာကို မရရှိကြသေးသူများနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မမြင်နိုင်ကြသူအားလုံးသည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်နေကြပေသည်။ ပြီးလျှင် ဘုရားသခင်၏ ကျေးဇူးတော်ကို ခံစားရုံခံစားကြသော်လည်း၊ သူ့ကို မသိကြသူများသည် အချိန်အများစုတွင် ထိုနည်း၎င်း ဖြစ်ကြပေသည်။ လူသားတစ်ဦးသည် ဘုရားသခင်ကို ယုံကြည်သော်လည်း၊ အမှောင်၏ လွှမ်းမိုးမှုအောက်တွင် မိမိအသက်တာ အများစု ကုန်ဆုံးပါက၊ ဤသူ၏ တည်ရှိခြင်းသည် အဓိပ္ပာယ်ဆုံးရှုံးခဲ့လေပြီ- ပြီးလျှင်

ဘုရားသခင် တည်ရှိသည်ကို မယုံကြည်သူတို့ကိုကား အဘယ်ပြောဖို့ လိုအပ်သနည်း။

ဘုရားသခင်၏ အမှုကို လက်မခံနိုင်သောသူများ သို့မဟုတ် ဘုရားသခင်၏အမှုကို လက်ခံသော်လည်း၊ သူ၏တောင်းဆိုချက်များကို မဖြည့်ဆည်းနိုင်သူများ အားလုံးသည် အမှောင်၏လွှမ်းမိုးမှုအောက်တွင် အသက်ရှင်နေကြသည့် လူများ ဖြစ်သည်။ သမ္မာတရားကို လိုက်စားသူတို့နှင့် ဘုရားသခင်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းခြင်းငှာ တတ်စွမ်းနိုင်သောသူတို့သာ သူ့ထံမှ ကောင်းချီးမင်္ဂလာများကို ရရှိကြလိမ့်မည်ဖြစ်ပြီး ၎င်းတို့သာလျှင် အမှောင်၏လွှမ်းမိုးမှုမှ လွတ်မြောက်ကြလိမ့်မည်။ လွတ်မြောက်ခြင်း မခံရသေးသူများ၊ အချို့သောအရာများ၏ ထိန်းချုပ်ခြင်းကို အမြဲခံရသောသူများနှင့် ဘုရားသခင်အား မိမိတို့၏ စိတ်နှလုံးများကို မပေးအပ်နိုင်သူတို့သည် သေခြင်းတရား ရောင်ဝါလက္ခဏာအောက်တွင် အသက်ရှင်ကြသည့် စာတန်၏ကျေးကျွန်ဘဝအောက်တွင် ရှိကြသည့်လူများ ဖြစ်သည်။ မိမိတို့ကိုယ်တိုင်၏ တာဝန်များအပေါ် သစ္စာမရှိသူများ၊ ဘုရားသခင်၏ စေခိုင်းချက်တာဝန်ကို သစ္စာမရှိသူများနှင့် အသင်းတော်တွင် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်ကြသူများသည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်နေကြသည့် လူများ ဖြစ်သည်။ အသင်းတော် အသက်တာကို တမင်သက်သက် နှောင့်ယှက်သူများ၊ ၎င်းတို့၏ ညီအစ်ကိုမောင်နှမများအကြားတွင် သဘောထားကွဲလွဲခြင်းကို တမင်တကာ သွေးထိုးပေးသူများ သို့မဟုတ် အုပ်စုများ ဖွဲ့သောသူတို့သည် အမှောင်၏လွှမ်းမိုးမှုအောက်၊ စာတန်၏ ကျေးကျွန်ဘဝတွင် သာ၍ နက်ရှိုင်းစွာ အသက်ရှင်ကြသည့် လူများ ဖြစ်သည်။ ဘုရားသခင်နှင့် ပုံမှန်မဟုတ်သော ဆက်ဆံရေးရှိသူများ၊ လွန်ကဲသော အလိုဆန္ဒများ အစဉ်အမြဲရှိသူများ၊ အကျိုးအမြတ်တစ်ခု အစဉ်အမြဲ ရရှိလိုသူများနှင့် ၎င်းတို့၏ စိတ်သဘောထားများတွင် မည်သည့်အခါမျှ ပြောင်းလဲမှု မရှာဖွေသောသူများသည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ကြသည့် လူများ ဖြစ်သည်။ အစဉ်အမြဲ ပေါ့ပေါ့တန်တန်နေသူများနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရာတွင် လုံးဝ မလေးနက်သူများ၊ ပြီးလျှင် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းဖို့ မကြိုးစားဘဲ ယင်းအစား မိမိတို့ကိုယ်တိုင်၏ ဇာတိပကတိကိုသာ ဖြည့်ဆည်းဖို့ ကြိုးစားနေသူများသည်လည်း သေခြင်းအားဖြင့် ကာဆီးထားခြင်း ခံရလျက် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ကြသည့် လူများ ဖြစ်သည်။ ဘုရားသခင်အတွက် အလုပ်လုပ်နေချိန်တွင် မရိုးဖြောင့်မှုနှင့် လှည့်ဖြားမှုတို့တွင် ပါဝင်ပတ်သက်သူများ၊ ဝတ်ကျေတမ်းကျေ ပုံစံဖြင့် ဘုရားသခင်ကို ဆက်ဆံသောသူများ၊ ဘုရားသခင်ကို လိမ်လည်သူများ နှင့် မိမိတို့ကိုယ်ကိုယ်အတွက် အမြဲ အစီအစဉ်များ ပြုလုပ်သူများသည်

အမှောင်၏လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ကြသည့် လူများ ဖြစ်သည်။ ဘုရားသခင်ကို စစ်မှန်ရိုးသားစွာ မချစ်နိုင်သူများ၊ သမ္မာတရားကို မလိုက်စားသူများနှင့် ၎င်းတို့၏ စိတ်သဘောထားများ ပြောင်းလဲခြင်း အပေါ် အာရုံမစိုက်သူများအားလုံးသည် အမှောင်၏ လွှမ်းမိုးမှု အောက်တွင် အသက်ရှင်ကြသည့်လူများ ဖြစ်သည်။

သင်သည် ဘုရားသခင်၏ ချီးမွမ်းခြင်းကို ခံလိုပါက၊ ပထမဦးစွာ သင်၏ စိတ်နှလုံးကို ဘုရားသခင်ထံ ဖွင့်ဟရင်းနှင့် သူ့ထံ လုံးဝ လှည့်ရင်း၊ စာတန်၏ အမှောင်လွှမ်းမိုးမှုမှ လွတ်မြောက်ရမည်။ ယခု သင် လုပ်ဆောင်နေသော အရာများကို ဘုရားသခင် ချီးမွမ်းမည်လော။ သင်၏စိတ်နှလုံးကို ဘုရားသခင်ထံ လှည့်ပြီးပြီလော။ သင် လုပ်ဆောင်ပြီးခဲ့သော အရာများသည် သင့်ကို ဘုရားသခင် တောင်းဆိုသော အရာများဖြစ်သလော။ ၎င်းတို့သည် သမ္မာတရားနှင့် ကိုက်ညီကြသလော။ အချိန်တိုင်း သင့်ကိုယ်သင် ဆန်းစစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းအပေါ် အာရုံစိုက်လော့။ သူ၏ ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးကို ချခင်းထားလော့၊ သူ့ကို ရိုးသားစစ်မှန်မှုဖြင့် ချစ်လော့၊ ပြီးလျှင် ဘုရားသခင်အတွက် သင့်ကိုယ်သင် သစ္စာရှိစွာ အသုံးခံလော့။ ဤအရာကို လုပ်ဆောင်သောလူများသည် ဘုရားသခင်၏ ချီးမွမ်းမှုကို ဧကန်မုချ ရရှိကြလိမ့်မည်။

ဘုရားသခင်ကို ယုံကြည်သော်လည်း သမ္မာတရားကို မလိုက်စားသောသူ အားလုံးတို့သည် စာတန်၏စွမ်းအားမှ လွတ်မြောက်ခြင်းငှာ နည်းလမ်းမရှိပေ။ မိမိတို့၏ ဘဝကို ရိုးသားစွာ အသက်ရှင်ခြင်းမရှိသူများ၊ အခြားသူများရှေ့တွင် တစ်မျိုးပြုမူ သော်လည်း၊ ၎င်းတို့၏ နောက်ကွယ်တွင် တစ်မျိုးတစ်ဖုံ ပြုမူသောသူများ၊ ၎င်းတို့၏ အနှစ်သာရသည် ယုတ်မာကာ၊ ကောက်ကျစ်ပြီး ဘုရားသခင်ကို သစ္စာမရှိသော်လည်း၊ နှိမ့်ချခြင်း၊ သည်းခံခြင်းနှင့် ချစ်ခြင်းမေတ္တာနှင့်ဆိုင်သည့် ပုံပန်းပေးသောသူများအားလုံး- ထိုသို့သော လူများသည် အမှောင်၏လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ကြသူများ၏ ကိုယ်စားပြုသူများစစ်စစ် ဖြစ်ကြသည်။ ၎င်းတို့သည် မြွေကဲ့သို့သော လူမျိုးများ ဖြစ်သည်။ မိမိတို့ကိုယ်တိုင်၏ အကျိုးအမြတ် အတွက်သာ ဘုရားသခင်ကို ယုံကြည်ဖူးသူများ၊ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူပြီး မောက်မာသောသူများ၊ ကြွားဝါသူများနှင့် မိမိတို့ကိုယ်တိုင်၏ အဆင့်အတန်းကို ကာကွယ်သူများသည် စာတန်ကို ချစ်ပြီး သမ္မာတရားကို ဆန့်ကျင်သော လူများ ဖြစ်သည်။ ဤလူများသည် ဘုရားသခင်ကို ဆန့်ကျင်ပြီး စာတန်နှင့် လုံးဝ သက်ဆိုင်ကြလေသည်။ ဘုရားသခင်၏ ဝန်ထုပ်ဝန်ပိုးများကို အာရုံမစိုက်သောသူများ၊ ဘုရားသခင်ကို

စိတ်နှလုံးအကြွင်းမဲ့ အစေမခံသူများ၊ ၎င်းတို့ကိုယ်တိုင်၏ အကျိုးစီးပွားများနှင့် ၎င်းတို့မိသားစု၏ အကျိုးစီးပွားများနှင့်သာ အမြဲပူပန်သောသူများ၊ ဘုရားသခင်အတွက် မိမိတို့ကိုယ်ကိုယ် အသုံးခံရန် အရာခပ်သိမ်းကို မစွန့်လွှတ်နိုင်သူများနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များအရ မည်သည့်အခါမျှ အသက်မရှင်သော သူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ပြင်ပတွင်ရှိသည့်လူများ ဖြစ်သည်။ ထိုသို့သော လူများသည် ဘုရားသခင်၏ ချီးမွမ်းခြင်းကို မရရှိနိုင်ကြပေ။

လူသားကို ဘုရားသခင် ဖန်ဆင်းခဲ့ချိန်တွင်၊ ကိုယ်တော်၏ အလှျံပယ်ရှိခြင်းကို မွေ့လျော်နိုင်ကြဖို့နှင့် သူ့ကို ရိုးသားစစ်မှန်စွာ ချစ်နိုင်ကြဖို့ အလို့ငှာ ဖြစ်သည်။ ဤနည်းဖြင့်၊ လူတို့သည် သူ၏အလင်းတွင် အသက်ရှင်ကြပေမည်။ ယနေ့တွင်၊ ဘုရားသခင်ကို မချစ်နိုင်ကြသူများ၊ သူ၏ဝန်ထုပ်များကို အာရုံမစိုက်သူများ၊ မိမိတို့၏ စိတ်နှလုံးများကို သူ့အား အပြည့်အဝ မပေးနိုင်ကြသူများ၊ ဘုရားသခင်၏ စိတ်နှလုံးကို မိမိတို့၏ ကိုယ်ပိုင်ကဲ့သို့ လက်မခံနိုင်သူများနှင့် သူ၏ ဝန်ထုပ်များကို မိမိတို့၏ ကိုယ်ပိုင်ဝန်ထုပ်များအဖြစ် မသယ်ပိုးနိုင်သူများ- ဘုရားသခင်၏ အလင်းသည် ထိုသို့သော လူတစ်ဦး တစ်လေမျှအပေါ် အလင်းမပေးပေ၊ ထို့ကြောင့် ၎င်းတို့အားလုံးသည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်နေကြပေသည်။ ၎င်းတို့သည် ဘုရားသခင်၏အလိုကို လုံးလုံးဆန့်ကျင်သော လမ်းကြောင်းပေါ်တွင် ရှိကြပြီး၊ ၎င်းတို့လုပ်ဆောင်သည့် မည်သည့်အရာတွင်မဆို သမ္မာတရား အနည်းငယ်မျှမရှိပေ။ ၎င်းတို့သည် စာတန်နှင့်အတူ ဒုစရိုက်နွံထဲတွင် မွေ့လျော်နေထိုင်နေကြ၏။ ၎င်းတို့သည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ကြသည့် လူများ ဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မကြာခဏ စားသောက်နိုင်ပြီး၊ သူ၏အလိုကို အာရုံစိုက်နိုင်ကာ သူ၏နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်နိုင်ပါက၊ သင်သည် ဘုရားသခင်နှင့် သက်ဆိုင်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်းတွင် အသက်ရှင်သည့် လူတစ်ဦး ဖြစ်ပေသည်။ သင်သည် စာတန်၏ အုပ်စိုးမှုအောက်မှ လွတ်မြောက်ပြီး ဘုရားသခင်၏ အလင်းတွင် အသက်ရှင်ဖို့ လိုလားလျက်ရှိသလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်အတွင်းတွင် သင် အသက်ရှင်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏အလုပ်ကို ဆောင်ရွက်ရန် အခွင့်အရေး ရှိလိမ့်မည်။ သင်သည် စာတန်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်ကို ထိုသို့သော အခွင့်အရေး သင် ပေးလိမ့်မည်မဟုတ်။ လူတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော် ဆောင်ရွက်သော အလုပ်၊ ၎င်းတို့အပေါ် သူ ထွန်းလင်းစေသည့် အလင်းနှင့် ၎င်းတို့ကို သူ ပေးသည့် စိတ်ချယုံကြည်မှုသည် အခိုက်အတန့်တစ်ခုသာ တာရှည်ခံလေသည်။ လူတို့သည်

ဂရုမထားသကဲ့သို့ အာရုံမစိုက်ကြပါက၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် ၎င်းတို့ကို ဖြတ်ကျော်သွားလိမ့်မည်။ လူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်း အသက်ရှင်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့နှင့်အတူ ရှိလိမ့်မည်ဖြစ်ပြီး ၎င်းတို့အပေါ် အလုပ်လုပ်လိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်း လူတို့ အသက်မရှင်ပါက၊ စာတန်၏ ချည်နှောင်မှုများ၌ ၎င်းတို့ အသက်ရှင်ကြပေသည်။ လူတို့သည် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများဖြင့် အသက်ရှင်ကြပါက၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက် သို့မဟုတ် လုပ်ဆောင်ချက် မရှိကြပေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ နယ်နိမိတ်များအတွင်း အသက်ရှင်ပါက၊ ပြီးလျှင် သင်သည် ဘုရားသခင် တောင်းဆိုသော အခြေအနေ၌ အသက်ရှင်ပါက၊ သင်သည် သူနှင့် သက်ဆိုင်သောသူတစ်ဦး ဖြစ်ပြီး သူ၏ အမှုကို သင့်အပေါ် ဆောင်ရွက်လိမ့်မည် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ သတ်မှတ်ချက်များ၏ နယ်နိမိတ်များအတွင်း အသက်ရှင်မနေဘဲ၊ ယင်းအစား စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်နေပါက၊ သင်သည် စာတန်၏ ဖောက်ပြန်ပျက်စီးခြင်းအတွင်းတွင် အသေအချာ အသက်ရှင်နေပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်း အသက်ရှင်ခြင်းနှင့် ဘုရားသခင်ကို သင်၏စိတ်နှလုံးအား ပေးခြင်းအားဖြင့်သာ သူ၏သတ်မှတ်ချက်များကို သင် ဖြည့်ဆည်း နိုင်ပေသည်။ ဘုရားသခင်၏ မိန့်မြွက်ချက်များကို သင်၏ဖြစ်တည်မှုနှင့် သင့်အသက်တာ၏ လက်တွေ့အရှိတရား ဖြစ်စေရင်း၊ ဘုရားသခင် ပြောသည့်အတိုင်း သင် လုပ်ဆောင်ရမည်။ ထိုအခါမှသာ သင်သည် ဘုရားသခင်နှင့် သက်ဆိုင်လိမ့်မည်ဖြစ်သည်။ သင်သည် ဘုရားသခင်၏ အလိုနှင့်အညီ အမှန်တကယ် လက်တွေ့လုပ်ဆောင်ပါက၊ သူသည် သင့်အပေါ် အမှုကို ဆောင်ရွက်လိမ့်မည်ဖြစ်ပြီး၊ ထို့နောက် သင်သည် ဘုရားသခင်၏မျက်နှာ၏ အလင်း၌ သူ၏ ကောင်းချီးမင်္ဂလာများ အောက်တွင် အသက်ရှင်လိမ့်မည်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော် ဆောင်ရွက်သော အလုပ်ကို သင် သဘောပေါက်လိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ မျက်မှောက်နှင့်ဆိုင်သည့် ဝမ်းမြောက်မှုကို ခံစား ရလိမ့်မည်။

အမှောင်၏လွှမ်းမိုးမှုအောက်မှ လွတ်မြောက်ရန်၊ ပထမဦးစွာ ဘုရားသခင်ကို သင်သစ္စာစောင့်သိရမည် ဖြစ်ပြီး သမ္မာတရားကို လိုက်စားရန် ပင်ကိုအားဖြင့် စိတ်အားထက်သန်ရမည် ဖြစ်သည်။ ထိုအခါမှသာ သင်သည် မှန်ကန်သော အခြေအနေတစ်ခု ရှိနိုင်လိမ့်မည်။ မှန်ကန်သော အခြေအနေတွင် အသက်ရှင်ခြင်းသည် အမှောင်၏ လွှမ်းမိုးမှုမှ လွတ်မြောက်ခြင်းအတွက် မရှိမဖြစ် ရှိထားရမည့် လိုအပ်ချက်ဖြစ်သည်။ မှန်ကန်သော အခြေအနေ မရှိခြင်းသည် ဘုရားသခင်အား သစ္စာစောင့်သိမှု မရှိခြင်းနှင့် သမ္မာတရားကို

ရှာဖွေဖို့ ပင်ကိုအားဖြင့် စိတ်အားမထက်သန်ခြင်း ဖြစ်သည်။ ပြီးလျှင် အမှောင်၏လွှမ်းမိုးမှုမှ လွတ်မြောက်ခြင်းမှာ စဉ်းစားစရာမလိုပေ။ ငါ၏ နှုတ်ကပတ်တော်များသည် အမှောင်၏လွှမ်းမိုးမှုအောက်မှ လူသား၏ လွတ်မြောက်ခြင်းနှင့်ဆိုင်သည့် အခြေခံအကြောင်းရင်းဖြစ်ပြီး၊ ငါ၏ နှုတ်ကပတ်တော်များနှင့်အညီ လက်တွေ့မလုပ်ဆောင်နိုင်သော လူများသည် အမှောင်၏လွှမ်းမိုးမှု အချုပ်အနှောင်များမှ လွတ်မြောက်နိုင်ကြလိမ့်မည် မဟုတ်။ မှန်ကန်သော အခြေအနေ တစ်ခုတွင် အသက်ရှင်ရန်ဆိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ လမ်းပြမှုအောက်တွင် အသက်ရှင်ရန်၊ ဘုရားသခင်ကို သစ္စာစောင့်သိသော အခြေအနေတွင် အသက်ရှင်ရန်၊ သမ္မာတရားကို ရှာဖွေခြင်း အခြေအနေတစ်ခုတွင် အသက်ရှင်ရန်၊ ဘုရားသခင်အတွက် ရိုးသားစစ်မှန်စွာ မိမိကိုယ်ကိုယ် အသုံးခံခြင်းနှင့်ဆိုင်သည့် လက်တွေ့အရှိတရားထဲတွင် အသက်ရှင်ရန်နှင့် ဘုရားသခင်ကို စစ်မှန်စွာချစ်ခြင်း အခြေအနေတစ်ခုတွင် အသက်ရှင်ရန် ဖြစ်သည်။ ဤအခြေအနေများနှင့် ဤလက်တွေ့အရှိတရားအတွင်းတွင် အသက်ရှင်သောသူများသည် သမ္မာတရား၏ နက်ရှိုင်းမှုထဲသို့ ၎င်းတို့ ဝင်ရောက်သည်နှင့်အမျှ တဖြည်းဖြည်း ပြောင်းလဲကြလိမ့်မည်ဖြစ်ပြီး၊ အမှု နက်ရှိုင်းသထက် နက်ရှိုင်းသွားသည်နှင့်အမျှ ၎င်းတို့ ပြောင်းလဲကြလိမ့်မည်။ ပြီးလျှင် နောက်ဆုံးတွင်၊ ၎င်းတို့သည် ဘုရားသခင်၏ ရယူခြင်းခံရသည့် လူများနှင့် ဘုရားသခင်ကို စစ်မှန်စွာ ချစ်သော လူများ သေချာပေါက် ဖြစ်လာကြလိမ့်မည်။ အမှောင်၏ လွှမ်းမိုးမှုမှ လွတ်မြောက်ပြီးသူများသည် ဘုရားသခင်၏အလိုကို တဖြည်းဖြည်း သေချာအောင် လေ့လာစိစစ်နိုင်ကြပြီး၊ ယင်းကို တဖြည်းဖြည်း နားလည်လာကြလိမ့်မည် ဖြစ်ကာ၊ နောက်ဆုံးတွင် ဘုရားသခင်၏ လူယုံများ ဖြစ်လာကြလိမ့်မည်။ ၎င်းတို့သည် ဘုရားသခင်နှင့် ပတ်သက်၍ အယူအဆများ သိမထားကြသကဲ့သို့၊ သူ့ကို ပုန်ကန်ခြင်း မပြုရုံသာမက၊ ယခင်က ၎င်းတို့ စိတ်စွဲခဲ့ကြသည့် အယူအဆများနှင့် ပုန်ကန်မှုတို့ကိုလည်း သာ၍ပင် မုန်းတီးကြကာ ၎င်းတို့၏ စိတ်နှလုံးများတွင် ဘုရားသခင်အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာ ဖြစ်ပေါ်လေသည်။ အမှောင်၏လွှမ်းမိုးမှုမှ မလွတ်မြောက်နိုင်ကြသည့် လူများသည် ဇာတိပကတိ အားလုံးကို လုံးဝ နေရာယူထားပြီး ပုန်ကန်မှုဖြင့် ပြည့်ကြလေသည်။ ၎င်းတို့၏ စိတ်နှလုံးများသည် လူသားအယူအဆများနှင့် အသက်ရှင်ခြင်းအတွက် အတွေးအခေါ်များအပြင်၊ ၎င်းတို့ကိုယ်တိုင်၏ ရည်ရွယ်ချက်များနှင့် စဉ်းစားဆင်ခြင်ခြင်းများဖြင့် ပြည့်နေကြပေသည်။ ဘုရားသခင် တောင်းဆိုသည့်အရာမှာ လူသားထံမှ တစ်ခုတည်းသော ချစ်ခြင်းမေတ္တာ ဖြစ်သည်။ သူ တောင်းဆိုသည့်အရာမှာ လူသားအနေဖြင့် သူ၏ နှုတ်ကပတ်တော်များနှင့် သူ့အတွက် ချစ်ခြင်းမေတ္တာ ပြည့်သော

နှလုံးသားတစ်ခုတို့ကို နေရာပေးစေဖို့ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်း အသက်ရှင်ဖို့၊ ၎င်းတို့ ရှာဖွေသင့်သည့် အရာကို သူ၏နှုတ်ကပတ်တော်များအတွင်းတွင် ရှာဖွေဖို့၊ သူ၏နှုတ်ကပတ်တော်များအတွက် ဘုရားသခင်ကို ချစ်ဖို့၊ သူ၏ နှုတ်ကပတ်တော်များအတွက် ပြေးဖို့၊ သူ၏ နှုတ်ကပတ်တော်များ အတွက် အသက်ရှင်ဖို့- ဤအရာများသည် လူက စွမ်းဆောင်ရရှိဖို့ ကြိုးပမ်းသင့်သည့် ရည်မှန်းချက်များ ဖြစ်သည်။ အရာရာကို ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ်တွင် တည်ဆောက်ရမည်။ ထိုအခါမှသာ လူသားသည် ဘုရားသခင်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်လိမ့်မည်။ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြင့် ပြင်ဆင်မထားပါက၊ သူသည် စာတန် ပိုင်ဆိုင်သော လောက်ကောင် တစ်ကောင်သာ ဖြစ်ပေသည်။ ဤအရာကို ချိန်ဆလော့- သင်၏အတွင်းတွင် ဘုရားသခင်၏ နှုတ်ကပတ်တော် မည်မျှ အမြစ်တွယ်ပြီးဖြစ်သနည်း။ သင်သည် မည်သည့်အရာများတွင် သူ၏ နှုတ်ကပတ်တော်များနှင့်အညီ အသက်ရှင်လျက်ရှိနေသနည်း။ မည်သည့်အရာများတွင် ထိုနှုတ်ကပတ်တော်များနှင့်အညီ အသက်မရှင်ဘဲ နေနေခဲ့သနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင့်ကို လုံး၀ ထိန်းချုပ်မထားပါက၊ သင်၏ စိတ်နှလုံးကို မည်သည့်အရာက အတိအကျ နေရာယူထားသနည်း။ သင်၏ နေ့စဉ်အသက်တာတွင် သင်သည် စာတန်၏ ထိန်းချုပ်ခြင်း ခံရလျက်ရှိသလော၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များက သင့်ကို နေရာယူလျက် ရှိသလော။ သူ၏ နှုတ်ကပတ်တော်များသည် သင်၏ဆုတောင်းခြင်းများ အခြေပြုသည့် အခြေခံအုတ်မြစ် ဖြစ်သလော။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ ဉာဏ်အလင်းပေးခြင်း မှတစ်ဆင့် သင်၏ အပျက်သဘောဆောင်သော အခြေအနေမှ ထွက်လာပြီးပြီလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ တည်ရှိခြင်း၏ အခြေခံအုတ်မြစ်အဖြစ် မှတ်ယူရန်- ဤသည်မှာ လူတိုင်း ဝင်ရောက်သင့်သည့်အရာ ဖြစ်သည်။ သင်၏ အသက်တာ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မရှိပါက၊ သင်သည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်နေသည်၊ ဘုရားသခင်ကို သင် ပုန်ကန်နေသည်၊ သူ့ကို သင် ခုခံနေပြီး၊ သူ၏နာမကို သင် ဂုဏ်သရေ ညှိုးစေလျက် ရှိပေသည်။ ဘုရားသခင်၌ ထိုသို့သောလူများ၏ ယုံကြည်မှုသည် ဒုက္ခပေးခြင်းနှင့် နှောင့်ယှက်ခြင်း သက်သက်ဖြစ်သည်။ သင်၏အသက်တာ မည်မျှကို သူ၏နှုတ်ကပတ်တော်နှင့်အညီ အသက်ရှင်ပြီးပြီနည်း။ သင်၏ အသက်တာ မည်မျှကို သူ၏ နှုတ်ကပတ်တော်များနှင့်အညီ အသက်မရှင်ဘဲ နေပြီးဖြစ်သနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်က သင့်ကို တောင်းဆိုသည့်အရာထဲမှ မည်မျှသည် သင်၏အထဲတွင် ပြည့်စုံပြီးဖြစ်သနည်း။ မည်မျှသည် သင်၏အထဲတွင် ဆုံးရှုံးပြီးဖြစ်သနည်း။

ထိုသို့သော အရာများကို သင် သေချာစွာ ကြည့်ရှုစစ်ဆေးပြီးပြီလော။

အမှောင်၏လွှမ်းမိုးမှုမှ လွတ်မြောက်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်နှင့် လူသား၏ ဆက်ကပ်ထားသော ပူးပေါင်းဆောင်ရွက်မှု နှစ်ခုလုံး လိုအပ်ပေသည်။ လူသားသည် မှန်ကန်သော လမ်းကြောင်းတွင် မရှိဟု အဘယ်ကြောင့် ငါပြောသနည်း။ မှန်ကန်သော လမ်းကြောင်းပေါ်ရှိသည့်လူများသည် ပထမဦးစွာ ၎င်းတို့၏ စိတ်နှလုံးကို ဘုရားသခင်ထံ ပေးနိုင်ကြလေသည်။ လူသားမျိုးနွယ်သည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အမြဲ အသက်ရှင်ခဲ့ကြပြီးဖြစ်ကာ စာတန်၏ကျေးကျွန်ဘဝအောက်တွင် နှစ်ပေါင်းထောင်ချီ ရှိခဲ့ကြပြီးဖြစ်သည့်အတွက်၊ ဤသည်မှာ ဝင်ရောက်ဖို့ အလွန်ရှည်ကြာသည့် အချိန်ယူရသော လုပ်ငန်းတာဝန်တစ်ခု ဖြစ်သည်။ သို့ဖြစ်ရာ၊ ဤဝင်ရောက်မှုကို တစ်ရက် သို့မဟုတ် နှစ်ရက်မျှဖြင့် မရရှိနိုင်ပေ။ လူတို့သည် မိမိတို့ကိုယ်တိုင်၏ အခြေအနေကို သဘောပေါက်နိုင်ကြဖို့အလို့ငှာ၊ ဤကိစ္စရပ်ကို ယနေ့ ငါ ဖော်ထုတ်ပြောရပေသည်။ အမှောင်၏လွှမ်းမိုးမှုသည် မည်သည့် အရာဖြစ်သည် ဆိုသည်နှင့် အလင်းတွင် အသက်ရှင်ရန်မှာ မည်သည့်အရာကို ဆိုလိုသည်တို့ကို လူသားက သိမြင်နိုင်သည်နှင့် တစ်ပြိုင်နက်၊ ဝင်ရောက်မှုသည် များစွာ သာ၍ လွယ်ကူလာပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သင့်အနေဖြင့် စာတန်၏ လွှမ်းမိုးမှုမှ မလွတ်မြောက်နိုင်မီ ထိုလွှမ်းမိုးမှုက မည်သည့်အရာ ဖြစ်သည်ကို သိရှိရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ထို့နောက်တွင်မှ သင်သည် ယင်းကို စွန့်ပစ်ဖို့ နည်းလမ်းတစ်ခု ရှိလိမ့်မည်ဖြစ်သည်။ ထို့နောက်တွင် လုပ်ဆောင်ရမည့်အရာမှာမူ၊ လူသားများ၏ ကိုယ်ပိုင် အရေးကိစ္စ ဖြစ်သည်။ အရာရာထဲသို့ အပြုသဘောဆောင်သော ရှုထောင့်မှ ဝင်ရောက်လော့၊ ပြီးလျှင် ဘယ်သောအခါမျှ မတုန်မလှုပ် မစောင့်ဆိုင်းနှင့်။ ဤနည်းလမ်းဖြင့်သာ သင်သည် ဘုရားသခင်၏ ရယူခြင်း ခံရနိုင်ပေသည်။

## လူတစ်ဦးသည် ယုံကြည်ခြင်း၌ စစ်မှန်မှုကို အဓိကထားရမည်၊ ဘာသာရေး ထုံးတမ်းဓလေ့၌ ပါဝင်လုပ်ဆောင်ခြင်းသည် ယုံကြည်ခြင်းမဟုတ်

ဘာသာရေး ထုံးတမ်းအစဉ်အလာ မည်မျှကို သင် စောင့်ထိန်းသနည်း။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အကြိမ်မည်မျှ ဆန့်ကျင်ကာ မိမိအလိုအတိုင်း

လိုက်လျှောက်ခဲ့သနည်း။ ဘုရားသခင်၏ ဝန်ထုပ်ဝန်ပိုးများကို အမှန်တကယ် အရေးထားကာ သူ၏အလိုတော် ဖြည့်ဆည်းဖို့ ကြိုးစားခြင်းကြောင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်အား အကြိမ်မည်မျှ သင် လက်တွေ့လုပ်ဆောင်ခဲ့ဖူးသနည်း။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားလည်ကာ နားလည်သည့်အလျောက် လက်တွေ့လုပ်ဆောင်သင့်၏။ သင်၏အပြုအမူများနှင့် လုပ်ရပ်များအားလုံး၌ ကိုယ်ကျင့်တရား ကောင်းမွန်လော့။ ဤသည်မှာ စည်းမျဉ်းများကို လိုက်နာခြင်း သို့မဟုတ် စိတ်မပါ့တပါနှင့် အပေါ်ယံဖန်းပြ လုပ်ဆောင်ခြင်းကို မဆိုလို။ ယင်းထက် ဤသည်မှာ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်နေထိုင်ခြင်းကို ဆိုလိုသည်။ ဤကဲ့သို့ လက်တွေ့လုပ်ဆောင်ခြင်းသည်သာလျှင် ဘုရားသခင်ကို ကျေနပ်စေသည်။ ဘုရားသခင်ကို ကျေနပ်စေသော မည်သည့်လုပ်ဆောင်ပုံနည်းလမ်းမဆို စည်းမျဉ်းတစ်ခု မဟုတ်ဘဲ၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်။ လူအချို့သည် လူအများက သူတို့အပေါ် အာရုံစိုက်အောင် လုပ်ခြင်းကို ခုံမင်ကြသည်။ ၎င်းတို့၏ ညီအစ်ကိုမောင်နှမများ ရှေ့တွင် ၎င်းတို့သည် ဘုရားသခင်၏ အကြွေးတင်ရှိကြောင်းကို ပြောနိုင်သည်။ သို့သော် နောက်ကွယ်တွင်မူ ထိုသူတို့သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းမရှိဘဲ၊ လုံးလုံးလျားလျား ခြားနားစွာ ပြုမူကြသည်။ ဤသူတို့သည် ဘာသာရေးကိုင်းရှိုင်းသော ဖာရိရှဲများ မဟုတ်လော။ ဘုရားသခင်ကို အမှန်တကယ် ချစ်ပြီး သမ္မာတရား ရှိသောသူတစ်ဦးသည် ဘုရားသခင်ကို သစ္စာစောင့်သိသူ ဖြစ်သော်လည်း၊ အပြင်ပန်း၌ ထိုကဲ့သို့ ဖော်ပြလေ့မရှိပေ။ ထိုကဲ့သို့သောသူသည် အခြေအနေများ ပေါ်ပေါက်လာချိန်တွင် သမ္မာတရားကို လက်တွေ့လုပ်ဆောင်လိုပြီး ၎င်း၏အသိစိတ်ကို ဆန့်ကျင်ကာ ပြောဆိုခြင်း သို့မဟုတ် ပြုမူခြင်းကို ပြုလုပ်လေ့ မရှိပေ။ ထိုကဲ့သို့သောသူသည် အရေးကိစ္စများ ပေါ်လာချိန်တွင် ဉာဏ်ပညာကို ပြသပြီး၊ အခြေအနေများ မည်သို့ပင် ဖြစ်နေပါစေ သူ၏လုပ်ရပ်များ၌ ကိုယ်ကျင့်တရား ကောင်းမွန်၏။ ဤကဲ့သို့သောသူသည် စစ်မှန်သော အစေခံခြင်း ပေးနိုင်သောသူ ဖြစ်သည်။ ဘုရားသခင်ကို အကြွေးတင်ရှိကြောင်း စိတ်ထဲကမပါဘဲ ပြောသူတချို့ရှိသည်။ ၎င်းတို့သည် သူတစ်ပါးထက် သာသည့်ဟန်ဆောင်ကာ သနားဖွယ်ယောင်ဆောင်လျက် ပူပန်သောကဖြင့် မျက်မှောင်ကုတ်ကာ မိမိတို့၏ နေ့ရက်များကို ကုန်လွန်ကြသည်။ စက်ဆုပ်ရွံရှာဖွယ် ကောင်းလိုက်လေခြင်း။ “သင်၌ ဘုရားသခင်၏အကြွေး မည်သို့တင်ရှိသနည်း။ ပြောပြပါ။” ဟု သူတို့အား မေးခဲ့လျှင် သူတို့သည် အာစေးမိသွားမည် ဖြစ်သည်။ သင်သည် ဘုရားသခင်အပေါ် အမှန်တကယ် သစ္စာစောင့်သိလျှင်၊ ယင်းအကြောင်းကို အပြင်ပန်းအားဖြင့် မပြောနှင့်။ ယင်းအစား တကယ့်

လက်တွေ့လုပ်ဆောင်မှု နည်းလမ်းဖြင့် ဘုရားသခင်အပေါ် သင်ချစ်ခြင်းအား ပြသလော့၊ ပြီးလျှင် စစ်မှန်သော နှလုံးသားဖြင့် သူ့ထံ ဆုတောင်းလော့။ နှုတ်အားဖြင့်နှင့် ဝတ်ကျေတမ်းကျေသာ ဘုရားသခင်နှင့် ဆက်ဆံသူများသည် ကြောင်သူတော်များသာ ဖြစ်သည်။ အချို့သူတို့သည် ဆုတောင်းပတ္ထနာပြုတိုင်း ဘုရားသခင်အပေါ် အကြွေးတင်ရှိကြောင်းကို ပြောကာ၊ သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိခြင်းကြောင့် မဟုတ်ဘဲ၊ ၎င်းတို့ ဆုတောင်းသည့်အခါတိုင်း စတင်၍ ငိုကြွေးတတ်ကြသည်။ ထိုသို့သော လူများသည် ဘာသာရေးထုံးတမ်းဓလေ့များနှင့် အယူအဆများ စွဲနေသူများ ဖြစ်၏၊ ထိုသို့သော အပြုအမူများသည် ဘုရားသခင်ကို ကျေနပ်စေသည်၊ အပေါ်ယံ ဘုရားတရားကိုင်းရှိုင်းမှု သို့မဟုတ် အပေါ်ယံ ဝမ်းနည်းမျက်ရည်များသည် ဘုရားသခင်နှစ်သက်သော အရာများ ဖြစ်သည်ဟု အစဉ်ယုံကြည်လျက် ထိုသို့သော ထုံးတမ်းဓလေ့များနှင့် အယူအဆများဖြင့် အသက်ရှင်ကြသည်။ ထိုသို့သော အဓိပ္ပာယ်မဲ့သူများသည် မည်သို့အကျိုးပြုမည်နည်း။ အချို့က မိမိတို့၏နှိမ့်ချမှုကို ပြသရန်အတွက် အခြားသူများရှေ့၌ စကားပြောစဉ်တွင် သဘောထားကြီးဟန် ယောင်ဆောင်ကြသည်။ အချို့ကမူ အားအင်လုံးဝမရှိတော့သည့် သိုးငယ်များကဲ့သို့ အခြားသူများရှေ့တွင် တမင်တကာ ရိုကျိုးပြလွန်းကြသည်။ ဤသည်မှာ နိုင်ငံတော်၏လူများ ပြုမူသင့်သည့် အပြုအမူများ ဖြစ်သလော။ နိုင်ငံတော်၏လူတို့သည် တက်ကြွ၍ အချုပ်အနှောင် ကင်းသောသူ၊ အပြစ်ကင်းပြီး ပွင့်လင်းသောသူ၊ ရိုးသားဖြောင့်မတ်ပြီး ချစ်ဖွယ်ကောင်းသူ၊ လွတ်လပ်သော အနေအထား၌ အသက်ရှင်သူများ ဖြစ်သင့်သည်။ ထိုသူတို့၌ သမာဓိနှင့် ဂုဏ်သိက္ခာ ရှိသင့်ပြီး သွားလေရာရာ၌ သက်သေခံနိုင်သင့်သည်။ ထိုကဲ့သို့သော သူတို့သည် ဘုရားသခင်၏ချစ်ခြင်းကိုရော လူသား၏ ချစ်ခြင်းကိုပါ ခံရသူများ ဖြစ်သည်။ ယုံကြည်ခြင်း၌ သက်တမ်းနုသော သူတို့တွင် အပေါ်ယံ လက်တွေ့လုပ်ဆောင်မှုများ များလွန်းကြသည်။ ၎င်းတို့သည် ပဲ့ပြင်ဆုံးမခြင်းနှင့် ချိုးဖျက်ခြင်းခံရသည့် ကာလကို အရင် ဖြတ်သန်းကြရမည်။ စိတ်နှလုံးအတွင်း၌ ဘုရားသခင်အား ယုံကြည်သောသူများကို အခြားသူများနှင့် အပြင်ပန်းအားဖြင့် ကြည့်ရုံနှင့် ခွဲခြား၍မရနိုင်။ သို့သော်လည်း ထိုသူတို့၏ လုပ်ရပ်များနှင့် လုပ်ဆောင်မှုများသည် ချီးမွမ်းထိုက်ဖွယ် ဖြစ်သည်။ ထိုကဲ့သို့သော လူများသာလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်နေထိုင်သူများ ဖြစ်သည်ဟု မှတ်ယူနိုင်သည်။ အကယ်၍ ဧဝံဂေလိ သတင်းကောင်းကို ဟိုလူ၊ သည်လူအား ကယ်တင်ခြင်းကို ဆောင်ကြဉ်းလာရန် သင်နေ့စဉ် ဟောပြောသော်လည်း၊ အဆုံးတွင် သင်သည် စည်းမျဉ်းများ၊ အယူဝါဒများဖြင့် ဆက်လက် အသက်ရှင်နေသေးလျှင်၊ သင်သည် ဘုရားသခင်၏ ဘုန်းတော်ကို

ထင်ရှားစေနိုင်မည် မဟုတ်။ ထိုကဲ့သို့သောသူများသည် ဘာသာရေးသမားများအပြင် ကြောင်သူတော်များလည်း ဖြစ်သည်။

ထိုသို့သော ဘာသာရေးသမားများ စုရုံးကြသည့်အခါတိုင်း၊ သူတို့က "ညီမ၊ ဒီရက်ပိုင်း ဘယ်လိုနေသလဲ။" ဟုမေးကောင်း မေးကြလိမ့်မည်။ သူမကလည်း "ဘုရားသခင်အပေါ် အကြွေး ရှိနေတာကို ခံစားမိပြီး သူ့အလိုတော်ကို ဖြည့်ဆည်းနိုင်စွမ်း မရှိဘူးလို့ ခံစားရတယ်။" ဟု ပြန်ဖြေကောင်း ပြန်ဖြေနိုင်၏။ အခြားတစ်ယောက်ကလည်း "ကျွန်ုပ်လည်း ဘုရားသခင်အပေါ် အကြွေးတင်ရှိနေပြီး သူ့အလိုတော်ကို ဖြည့်ဆည်းနိုင်စွမ်း မရှိဘူးလို့ ခံစားရတယ်။" ဟု ပြောကောင်း ပြောလိမ့်မည်။ ဤဝါကျအချို့နှင့် စကားလုံးများသက်သက်ကပင် ထိုသူတို့၏နှလုံးသား နက်ရှိုင်းသောနေရာ၌ ရှိနေသည့် ဆိုးရွားသော အရာများကို ဖော်ပြနေသည်။ ထိုသို့သော စကားများသည် စက်ဆုပ်ဖွယ် အကောင်းဆုံးဖြစ်ပြီး၊ အလွန်အမင်း မနှစ်မြို့ဖွယ်ဖြစ်သည်။ ထိုသို့သောလူများ၏ သဘာဝဗီဇသည် ဘုရားသခင်ကို ဆန့်ကျင်သည်။ စစ်မှန်မှုအပေါ်တွင် အာရုံစိုက်သောသူတို့သည် မိမိ၏စိတ်အတွင်း၌ ရှိသည့်အတိုင်း ပြောဆိုပြီး မိတ်သဟာယပြုရာတွင်လည်း မိမိတို့၏နှလုံးသားများအား ဖွင့်ဟကြသည်။ ထိုသူတို့သည် ထိုကဲ့သို့သော ယဉ်ကျေးရည်မွန်သော စကားများ၊ သို့မဟုတ် အနှစ်သာရ မရှိသော နားဝင်ချိုသည့်စကားများကို မပြောဘဲ အတုအပဖြစ်သော စွမ်းဆောင်မှုများ၌ ပါဝင်ခြင်း မရှိပေ။ ထိုသူတို့သည် အမြဲတမ်း ပွင့်လင်းစွာပြောဆိုကြပြီး လောက၏ စည်းမျဉ်းများကို လိုက်နာလေ့မရှိပေ။ အချို့သူများသည် လုံးဝ အဓိပ္ပာယ်မရှိသည့် အတိုင်းအတာအထိ အပေါ်ယံ လူမြင်အောင် လုပ်ပြရသည်ကို ခုံမင်ကြသည်။ မိမိ၏ထမင်းအိုးအတွင်းရှိ ထမင်းများ တူးသွားသည်ကိုပင် မသိလိုက်ဘဲ၊ တစ်စုံတစ်ဦး သီချင်းဆိုလျှင် သူတို့ စတင် ကခုန်ကြသည်။ ထိုကဲ့သို့သော လူများသည် ဘုရားတရား ကိုင်းရှိုင်းသူများ မဟုတ်သလို၊ ဂုဏ်သိက္ခာ ရှိသောသူများလည်း မဟုတ်ကာ၊ အလွန်အမင်း ပေါ့ပြက်လွန်းလှသည့် လူများဖြစ်သည်။ အဆိုပါအရာများ အားလုံးသည် စစ်မှန်ခြင်းကင်းမဲ့မှု၏ သရုပ်သကန်များ ဖြစ်သည်။ လူအချို့သည် ဝိညာဉ်ရေးရာအသက်တာ နှင့်ဆိုင်သော ကိစ္စများကို ပြောဆိုကြသည့်အခါ၊ ထိုသူတို့သည် ဘုရားသခင်အပေါ် အကြွေးတင်ရှိကြောင်း မပြောသော်လည်း၊ ၎င်းတို့၏ နှလုံးသား အတွင်း၌ ဘုရားသခင်အပေါ် စစ်မှန်သော ချစ်ခြင်းမေတ္တာထားကြသည်။ ဘုရားသခင်အပေါ် အကြွေးတင်ရှိကြောင်း သင်၏ခံစားချက်သည် အခြားသူများနှင့် မည်ကဲ့သို့မျှ မသက်ဆိုင်ပေ။ သင်သည် ဘုရားသခင်အပေါ်၌ အကြွေးတင်ရှိခြင်း ဖြစ်သည်၊ လူသားအပေါ် ကျေးဇူးတင်ရှိခြင်း မဟုတ်။ ထိုကိစ္စအား အခြားသူများကို အဆက်မပြတ် ပြောဆိုခြင်းသည် သင့်အတွက်

အဘယ်အကျိုးရှိသနည်း။ သင်သည် မည်သည့်အပြင်ပန်း စိတ်အားထက်သန်မှု၊ သို့မဟုတ် အပြင်ပန်း ပြသဖို့အပေါ်မျှ မဟုတ်ဘဲ၊ စစ်မှန်မှုထဲသို့ ဝင်ရောက်ခြင်းကို အရေးကြီးသည်ဟု ခံယူရမည်။

လူတို့၏ အပေါ်ယံကောင်းမှုများသည် အဘယ်အရာကို ကိုယ်စားပြုသနည်း။ ၎င်းတို့သည် ဇာတိပကတိစိတ်ကို ကိုယ်စားပြုပြီး အကောင်းဆုံး အပြင်ပန်း လက်တွေ့လုပ်ဆောင်မှုများသည်ပင်လျှင် အသက်ကို ကိုယ်စားပြုခြင်း မရှိပေ၊ ၎င်းတို့သည် သင်ကိုယ်တိုင်၏ သီးခြား နဂိုစိတ်ရင်းကိုသာ ပြနိုင်သည်။ လူသား၏အပြင်ပန်း လက်တွေ့လုပ်ဆောင်မှုများသည် ဘုရားသခင်၏ လိုအင်ဆန္ဒကို မဖြည့်ဆည်းနိုင်ပေ။ သင်သည် ဘုရားသခင်အပေါ်၌ အကြွေးတင်ရှိကြောင်းကို အစဉ်မပြတ် ပြောသော်လည်း၊ တစ်ပါးသူများ၏ဘဝများကို သင် မထောက်ပံ့နိုင်ပေ သို့မဟုတ် ၎င်းတို့ကို ဘုရားသခင်အားချစ်ရန် သင်မလှုံ့ဆော်နိုင်ပေ။ သင်၏ အဆိုပါလုပ်ရပ်များက ဘုရားသခင်ကို ကျေနပ်စေမည်ဟု သင် ယုံကြည်သလော။ သင်၏လုပ်ဆောင်ချက်များသည် ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီပြီး၊ ၎င်းတို့သည် ဝိညာဉ်နှင့်သက်ဆိုင်သည်ဟု သင် ခံစားရသော်လည်း၊ စင်စစ်အားဖြင့် ၎င်းတို့အားလုံးသည် အဓိပ္ပာယ် ကင်းမဲ့ကြပေသတည်း။ သင့်အား စိတ်ကျေနပ်မှု ပေးသောအရာနှင့် သင်လုပ်လိုသော အရာတို့သည် ဘုရားသခင် အထူးနှစ်သက်သည့် အရာများ အတိအကျပင် ဖြစ်သည်ဟု သင်ယုံကြည်သည်။ သင် နှစ်သက်သောအရာများသည် ဘုရားသခင်အား ကိုယ်စားပြုနိုင်သလော။ လူတစ်ဦး၏စရိုက်သည် ဘုရားသခင်ကို ကိုယ်စားပြုနိုင်သလော။ သင့်ကို စိတ်ကျေနပ်မှုပေးသော အရာသည် ဘုရားသခင် ရွံမုန်းသည့်အရာ အတိအကျပင်ဖြစ်ပြီး၊ သင့်အကျင့်များသည် ဘုရားသခင် ရွံရှာ၍ ငြင်းပယ်သော အရာများ ဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်အပေါ် အကြွေးတင်ရှိသည်ဟု ခံစားရပါက၊ ဘုရားသခင်ရှေ့မှောက်သို့ သွား၍ ဆုတောင်းလော့။ ထိုအကြောင်းကို တစ်ပါးသူများအား ပြောဖို့မလို။ အကယ်၍ သင်သည် ဘုရားသခင်ရှေ့မှောက်၌ ဆုမတောင်းဘဲ၊ ယင်းအစား အခြားသူများရှေ့၌ သင့်ကိုယ်သင် လူအများအာရုံစိုက်ခံရအောင် အစဉ်တစိုက် ပြုလုပ်လျှင်၊ ဤအရာသည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းနိုင်လိမ့်မည်လော။ သင်၏လုပ်ရပ်များသည် အစဉ်အမြဲ အပြင်ပန်းအတွက်သာ ဖြစ်နေပါက၊ သင်သည် အစွန်းရောက်အောင် အလွန်ပလွှားသောသူ ဖြစ်သည်ဟု ဆိုလိုသည်။ အပေါ်ယံကောင်းမှုများသာ ဆောင်ရွက်ပြီး စစ်မှန်မှု ကင်းမဲ့နေသည့် လူတို့သည် မည်ကဲ့သို့သော လူအမျိုးအစား ဖြစ်သနည်း။ ထိုသို့သော လူများသည် ကြောင်သူတော် ဖာရိရှဲများနှင့် ဘာသာရေးသမားများသာ ဖြစ်လေစွတကား။

သင်တို့သည် သင်တို့၏ အပြင်ပန်း လက်တွေ့လုပ်ဆောင်မှုများကို ရပ်ကာ မပြောင်းလဲနိုင်လျှင် သင်တို့အထဲရှိ သူတော်ကောင်းယောင်ဆောင်မှု အရိပ်လက္ခဏာများသည် ပို၍ပင် ကြီးထွားလာလိမ့်မည်။ သူတော်ကောင်းယောင်ဆောင်မှု အရိပ်လက္ခဏာများ ပိုများလေလေ၊ ဘုရားသခင်ကို ပို၍ ဆန့်ကျင်လေလေဖြစ်၏။ အဆုံးတွင် ထိုကဲ့သို့သော လူများသည် ဧကန်ပင် သုတ်သင်ဖယ်ရှင်းခြင်းကို ခံရလိမ့်မည်။

## ဘုရားသခင်၏ ယနေ့အမှုကို သိသောသူများသာလျှင် ဘုရားသခင်ကို အစေခံနိုင်သည်

ဘုရားသခင်အတွက်သက်သေခံပြီး အဆင်းနီသော နဂါးကြီးကို အရှက်ရစေရန်အတွက် လူတစ်ဦး၌ အခြေခံသဘောတရားတစ်ခု ရှိရမည်ဖြစ်ပြီး သတ်မှတ်ချက်တစ်ခုနှင့် ပြည့်မီရမည်- စိတ်နှလုံးထဲ၌ ဘုရားသခင်ကိုချစ်ကာ သူ၏နှုတ်ကပတ်တော်များထဲသို့ ဝင်ရောက်ရမည်။ အကယ်၍ သင်သည် နှုတ်ကပတ်တော်များထဲသို့ မဝင်ရောက်ပါက၊ စာတန်ကို အရှက်ရစေရန် မည်သို့မျှဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ သင်၏အသက်တာ၌ ကြီးထွားခြင်းအားဖြင့်၊ သင်သည် အဆင်းနီသော နဂါးကြီးကို စွန့်လွှတ်ပြီး၊ ယင်းအပေါ် လုံးဝအရှက်ကွဲစေလေသည်။ ဤအရာသည်သာ အဆင်းနီသော နဂါးကြီးကို အမှန်တကယ် အရှက်ရစေခြင်း ဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ဖို့ လိုလားလေလေ၊ ဘုရားသခင်ကို သင်၏ ချစ်ခြင်းနှင့် အဆင်းနီသော နဂါးကြီးကို သင်၏စက်ဆုပ်ရွံ့ရှာခြင်းသက်သေသည် ကြီးမားလေလေ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် နာခံလေလေ၊ သမ္မာတရားကို သင်၏တောင့်တမှုနှင့် သက်ဆိုင်သော သက်သေသည် ကြီးမားလေလေ ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်များကို မတောင့်တသော သူများသည် အသက်မရှိသော သူများဖြစ်ကြသည်။ ထိုသို့သော သူများသည် ဘာသာတရားနှင့်သက်ဆိုင်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော် ပြင်ပတွင်ရှိကြသူများ ဖြစ်သည်။ ဘုရားသခင်ကို အမှန်တကယ် ယုံကြည်သူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သက်ဆိုင်သည့် သာ၍ နက်နဲသော အသိပညာတစ်ခု ရှိကြလေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် မတောင့်တပါက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှန်တကယ် သင်မစားသောက်နိုင်သကဲ့သို့၊

သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် အသိပညာ မရှိပါက၊ ဘုရားသခင်ကို သက်သေခံရန် သို့မဟုတ် ဘုရားသခင်ကို စိတ်ကျေနပ်စေရန် နည်းလမ်း မရှိချေ။

ဘုရားသခင်ကို ယုံကြည်ခြင်းတွင်၊ ဘုရားသခင်ကို မည်သို့ သိရှိသင့်သနည်း။ လူတစ်ဦးသည် သွေဖည်မှု သို့မဟုတ် အတွေးမှားခြင်း မရှိဘဲ၊ ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုတို့ကို အခြေခံ၍ ဘုရားသခင်ကို သိရှိလာသင့်ပြီး၊ အဓိကအားဖြင့်၊ ဘုရားသခင်၏အမှုကို သိကျွမ်းသင့်သည်။ ဤသည်မှာ ဘုရားသခင်ကို သိကျွမ်းခြင်း၏ အခြေခံအုတ်မြစ် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် စစ်မှန်သော သိနားလည်မှုမရှိသည့် အတွေးမှားခြင်း မျိုးစုံတို့သည် ဘာသာရေးအယူအဆများ ဖြစ်ကြ၏။ ထိုအရာများသည် သွေဖည်ပြီး မှားယွင်းသော သိနားလည်မှုများ ဖြစ်သည်။ ဘာသာရေးပုဂ္ဂိုလ်တို့၏ အကြီးမားဆုံးသော စွမ်းရည်မှာ အတိတ်က နားလည်ထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ယူကာ ဘုရားသခင်၏ ယနေ့နှုတ်ကပတ်တော်များကို ထိုအရာများနှင့်ယှဉ်၍ စဉ်းစားချင့်ချိန်ခြင်း ဖြစ်သည်။ သင်သည် ယနေ့၏ ဘုရားသခင်ကို အစေခံနေချိန်တွင်၊ အတိတ်က သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းအားဖြင့် ထုတ်ဖော်ပြခဲ့သည့်အရာများကို ဖက်တွယ်ထားပါက၊ သင်၏ အစေခံခြင်းသည် အနှောင့်အယှက်ဖြစ်စေလိမ့်မည် ဖြစ်ပြီး၊ သင်၏လက်တွေ့လုပ်ဆောင်ခြင်းသည် ဘာသာရေး ဟိတ်ဟန်များထက် ဘာမျှမပိုဘဲ၊ ခေတ်နောက်ကျနေလိမ့်မည်။ ဘုရားသခင်ကို အစေခံသူများသည် အခြားအရည်အချင်းများကြားတွင်၊ အပြင်ပန်းအားဖြင့် နှိမ့်ချကာ သည်းခံရမည်ဟု သင်ယုံကြည်ပါက၊ ပြီးလျှင် သင်သည် ထိုအသိမျိုးကို ယနေ့ လက်တွေ့လုပ်ဆောင်ပါက၊ ထိုသို့သော အသိသည် ဘာသာရေး အယူအဆတစ်ခု ဖြစ်ပေသည်။ ထိုလက်တွေ့လုပ်ဆောင်ခြင်းသည် သူတော်ကောင်းယောင်ဆောင်သည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်သွားပြီ ဖြစ်သည်။ “ဘာသာရေးအယူအဆများ” ဟူသော စကားရပ်မှာ (ဘုရားသခင် ယခင်ကပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များကို သိနားလည်ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်က တိုက်ရိုက်ထုတ်ဖော်ပြခဲ့သည့် အလင်းအပါအဝင်) ခေတ်မမီတော့သကဲ့သို့ အသုံးမဝင်တော့သည့် အရာများကို ရည်ညွှန်းပြီး ထိုအရာများကို ယနေ့ လက်တွေ့လုပ်ဆောင်ပါက၊ ၎င်းတို့သည် ဘုရားသခင်၏အမှုကို နှောင့်ယှက်ကာ လူသားအား အကျိုးမပြုပေ။ လူတို့သည် ဘာသာရေး အယူအဆများနှင့်သက်ဆိုင်သည့် အရာများကို မိမိတို့ကိုယ်ကိုယ်မှ မဖယ်ရှားနိုင်ပါက၊ ဤအရာများသည် ဘုရားသခင်ကို ၎င်းတို့၏

အစေခံခြင်းတွင် ကြီးစွာသော အဟန့်အတားတစ်ခု ဖြစ်လာလိမ့်မည်။ ဘာသာရေး အယူအဆများရှိကြသော လူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်၏ အဆင့်များကို အမီလိုက်ရန် မည်သို့မျှမဖြစ်နိုင်ပေ- ၎င်းတို့ ခြေတစ်လှမ်း နောက်ကျ ကျန်ရစ်ပြီးနောက်၊ ခြေနှစ်လှမ်း နောက်ကျကျန်ရစ်ကြလေသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဤဘာသာရေး အယူအဆများသည် လူသားအား မိမိကိုယ်ကိုယ် ဖြောင့်မတ်သည်ဟု အလွန့်အလွန် မှတ်ယူစေပြီး မာနထောင်လွှားစေကြသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် အတိတ်က သူပြောဆိုခဲ့ပြီး လုပ်ဆောင်ခဲ့သည့် အရာများကို တသလွမ်းဆွတ်ခြင်း မခံစားရပေ၊ တစ်စုံတစ်ခုသည် ခေတ်မမီတော့ပါက၊ ယင်းကို သူဖယ်ရှားလိုက်လေသည်။ သင်သည် သင်၏အယူအဆများကို အမှန်တကယ် လက်မလွှတ်နိုင်သလော။ သင်သည် အတိတ်က ဘုရားသခင် ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များကို ဖက်တွယ်ထားပါက၊ ဘုရားသခင်၏အမှုကို သင်သိသည်ဟု ဤအရာက သက်သေပြသလော။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ယနေ့အလင်းကို လက်မခံနိုင်ဘဲ၊ ယင်းအစား အတိတ်က အလင်းကို ဖက်တွယ်ထားပါက၊ ဤအရာက သင်သည် ဘုရားသခင်၏ ခြေလှမ်းများနောက်ကို လိုက်လျှောက်သည်ဟု သက်သေပြသလော။ ဘာသာရေး အယူအဆများကို သင် လက်မလွှတ်နိုင်ဘဲ ရှိသေးသလော။ ထိုသို့ဖြစ်ပါက၊ သင်သည် ဘုရားသခင်ကို ဆန့်ကျင်သူတစ်ဦး ဖြစ်သွားလိမ့်မည်။

လူတို့သည် ဘာသာရေး အယူအဆများကို လက်လွှတ်နိုင်ပါက၊ ၎င်းတို့သည် ဘုရားသခင်၏ ယနေ့ နှုတ်ကပတ်တော်များနှင့် အမှုကို စဉ်းစားချင့်ချိန်ဖို့ မိမိတို့၏ ဉာဏ်များကို အသုံးပြုလိမ့်မည်မဟုတ်ဘဲ၊ ယင်းအစား တိုက်ရိုက်နာခံကြလိမ့်မည်။ ဘုရားသခင်၏ ယနေ့ အမှုသည် အတိတ်ကနှင့် သိသိသာသာကို မတူညီသော်လည်း၊ သင်သည် အတိတ်၏ အမြင်များကို လက်လွှတ်ကာ ဘုရားသခင်၏ ယနေ့ အမှုကို တိုက်ရိုက် မနာခံနိုင်သေးပေ။ အတိတ်၌ ဘုရားသခင် မည်သို့ အမှုပြုခဲ့စေကာမူ၊ ဘုရားသခင်၏ ယနေ့ အမှုကို သင် အသားပေးထားရမည်ဟူသော သိနားလည်နိုင်စွမ်းရှိပါက၊ သင်သည် မိမိ၏အယူအဆများကို လက်လွှတ်ပြီးသူ၊ ဘုရားသခင်ကို နာခံသူနှင့် ဘုရားသခင်၏အမှုနှင့် နှုတ်ကပတ်တော်များကို နာခံနိုင်ကာ သူ၏ ခြေလှမ်းများနောက် လိုက်သောသူတစ်ဦး ဖြစ်ပေသည်။ ဤအရာတွင်၊ သင်သည် ဘုရားသခင်ကို အမှန်တကယ် နာခံသူတစ်ဦး ဖြစ်လိမ့်မည်။ သင်သည် ဘုရားသခင်၏ အမှုကို မစိစစ် သို့မဟုတ် စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးခြင်း မပြုပေ။ ယင်းမှာ ဘုရားသခင်သည် သူ၏ယခင်အမှုကို မေ့လျော့ပြီးဖြစ်ကာ သင်သည်လည်း ထိုအရာကို မေ့လျော့ပြီးဖြစ်သည့်အလား ဖြစ်သည်။ ပစ္စုပ္ပန်သည် ပစ္စုပ္ပန်ဖြစ်ပြီး အတိတ်သည်

အတိတ်ဖြစ်ကာ ယနေ့တွင် ဘုရားသခင်သည် အတိတ်က သူပြုခဲ့သည့်အမှုကို ဘေးဖယ်ထားပြီးဖြစ်သည့်အတွက်၊ သင်သည် ထိုအရာကို တဝဲလည်လည် မတွေးသင့်ပေ။ ထိုသို့သော လူတစ်ဦးသည်သာ ဘုရားသခင်ကို လုံးဝ နာခံကာ ၎င်းတို့၏ဘာသာရေး အယူအဆများကို လုံးဝ လက်လွှတ်ပြီးသူတစ်ဦး ဖြစ်ပေသည်။

ဘုရားသခင်၏အမှုတွင် အသစ်သော ဖွံ့ဖြိုးတိုးတက်မှုများ အမြဲရှိသောကြောင့်၊ အမှုသစ် ထွက်ပေါ်လာသကဲ့သို့ ခေတ်ကုန်သွားပြီး ဟောင်းသွားသောအမှု ရှိပေသည်။ အဟောင်းနှင့် အသစ် ဤကွဲပြားသော အမှုအမျိုးမျိုးသည် ဆန့်ကျင်ဘက် မဟုတ်ဘဲ၊ အပြန်အလှန် ဖြည့်ဆည်းလေသည်။ အဆင့်အသီးသီးသည် ပြီးခဲ့သည့်အဆင့်နောက်မှ လိုက်လာပေသည်။ အမှုသစ်ရှိသောကြောင့် ဟောင်းသောအရာများသည် အမှန်ပင် ဖယ်ရှားခံရပေမည်။ ဥပမာအားဖြင့် လူသား၏နှစ်ပေါင်းများစွာ အတွေ့အကြုံနှင့် သွန်သင်ချက်တို့နှင့် တွဲဖက်လျက်၊ လူသား၏ ကာလကြာရှည် တည်မြဲသော အလေ့အထများနှင့် ပြောနေကျ စကားပုံ အချို့သည် လူသား၏စိတ်ထဲတွင် အယူအဆများ နည်းဟန်မျိုးစုံ၊ ပုံစံမျိုးစုံ ဖြစ်ပေါ်ပြီးဖြစ်သည်။ နှစ်များစွာတစ်လျှောက် ရှေးခေတ်ကာလများမှ အစဉ်အလာရှိသည့် သဘောတရားများ ပျံ့နှံ့မှုနှင့်အတူ ဘုရားသခင်သည် သူ၏ စစ်မှန်သော မျက်နှာနှင့် ပင်ကို စိတ်သဘောထားတို့ကို လူသားထံ အပြည့်အဝ ထုတ်ဖော်ပြဖို့ ရှိသေးသည်မှာ လူသား၏ ထိုသို့သော အယူအဆများ ဖြစ်ပေါ်ခြင်းအဖို့ သာ၍ အခါအခွင့်သင့်ပေသေး၏။ လူသားက ဘုရားသခင်ကို ယုံကြည်သည့် ကာလတစ်လျှောက်တွင်၊ အယူအဆ အမျိုးမျိုး၏ လွှမ်းမိုးမှုက လူများတွင် ဘုရားသခင်အပေါ် အထင်အရ သိနားလည်မှုမျိုးစုံ အဆက်မပြတ် ဖြစ်ပေါ်မှုနှင့် ဆင့်ကဲပြောင်းလဲမှု ဆီသို့ ဆိုက်ရောက်စေပြီးဖြစ်လေသည်၊ ယင်းက ဘုရားသခင်ကို အစေခံသည့် ဘာသာရေးသမားများစွာကို ဘုရားသခင်၏ ရန်သူများ ဖြစ်စေခဲ့သည်ဟု ပြောကောင်း ပြောနိုင်ပေသည်။ ထို့ကြောင့်၊ လူတို့၏ ဘာသာရေး အယူအဆများ အားကောင်းလေလေ၊ ၎င်းတို့သည် ဘုရားသခင်ကို ဆန့်ကျင်လေလေဖြစ်ပြီး ဘုရားသခင်၏ ရန်သူဖြစ်လေလေ ဖြစ်သည်။ ဘုရားသခင်၏အမှုသည် အမြဲအသစ်ဖြစ်ကာ မည်သည့်အခါတွင်မျှ ဟောင်းနွမ်းခြင်းမရှိပေ။ ယင်းသည် မည်သည့်အခါမျှ အယူဝါဒ မဖြစ်ပေါ်စေဘဲ၊ ယင်းအစား သာ၍ကြီးမားသော အတိုင်းအတာအထိ သို့မဟုတ် သာ၍ လျော့နည်းသော အတိုင်းအတာအထိ အစဉ်မပြတ် ပြောင်းလဲကာ အသစ်ပြုပြင်ခံရလျက် ရှိသည်။ ဤနည်းဖြင့် အမှုပြုခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်၏ ပင်ကိုစိတ်သဘောထား ဖော်ပြချက်တစ်ခု ဖြစ်သည်။ ယင်းသည် ဘုရားသခင်အမှု၏ ပင်ကို အခြေခံသဘောတရားလည်းဖြစ်ကာ ဘုရားသခင်က သူ၏စီမံခန့်ခွဲမှုကို ပြီးမြောက်စေသည့် နည်းလမ်းများထဲမှတစ်ခု ဖြစ်သည်။

အကယ်၍ ဘုရားသခင်သည် ဤနည်းဖြင့် အမှုမပြုခဲ့ပါက၊ လူသားသည် ပြောင်းလဲမည် မဟုတ်၊ သို့မဟုတ် ဘုရားသခင်ကို သိနိုင်မည် မဟုတ်သကဲ့သို့ စာတန်သည် ရှုံးနိမ့်မည် မဟုတ်ပေ။ ထို့ကြောင့်၊ သူ၏အမှုတွင် တစ်သမတ်တည်း မဟုတ်သည့်ပုံရသော်လည်း၊ အမှန်အားဖြင့် ပုံမှန်ဖြစ်သော ပြောင်းလဲမှုများ အစဉ်မပြတ် ဖြစ်ပေါ်လေသည်။ သို့သော် လူသားက ဘုရားသခင်ကို ယုံကြည်သည့် နည်းလမ်းမှာ အတော်အတန် ကွာခြားသည်။ သူသည် ဟောင်းနွမ်းကာ၊ ရင်းနှီးကျွမ်းဝင်သော အယူဝါဒများနှင့် စနစ်များကို ဖက်တွယ်ပြီး ထိုအရာများ ဟောင်းလေလေ၊ သူ့အဖို့ နှစ်လိုဖွယ်ရှိလေလေ ဖြစ်သည်။ လူသား၏မိုက်မဲသော စိတ်၊ ကျောက်တုံးကဲ့သို့ ခေါင်းမာသော စိတ်သည် အလွန်များပြားလှသော မတွေးတတ်အောင် ခက်ခဲနက်နဲသည့် ဘုရားသခင်၏ အမှုသစ်နှင့် နှုတ်ကပတ်တော်သစ်များကို မည်သို့ လက်ခံနိုင်မည်နည်း။ လူသားသည် အမြဲအသစ်ဖြစ်ကာ လုံးဝ အိုဟောင်းခြင်း မရှိသည့် ဘုရားသခင်ကို ရွံမုန်း၏။ သူသည် သွားရှည်လျားကာ၊ ဆံပင်ဖြူပြီး နေရာတစ်ခုတွင် ကပ်နေသည့် အိုမင်းသောဘုရားသခင်ကိုသာ နှစ်သက်သည်။ ထိုသို့ဖြင့်၊ လူသားနှင့် ဘုရားသခင်သည် မိမိတို့ကိုယ်ပိုင် အကြိုက်များ ရှိကြသောကြောင့် လူသားသည် ဘုရားသခင်၏ ရန်သူဖြစ်သွားသည်။ ဤဆန့်ကျင်ဘက်ဖြစ်ခြင်း များစွာတို့သည် ဘုရားသခင်က အမှုသစ်ကို လုပ်ဆောင်နေခဲ့သည်မှာ နှစ်ပေါင်းခြောက်ထောင်နီးပါး ကြာပြီဖြစ်သည့် အချိန်ကာလ တစ်ခုဖြစ်သော ယနေ့တွင်ပင် တည်ရှိဆဲဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့သည် ကုစား၍မရနိုင်ပေ။ ယင်းမှာ လူသား၏ခေါင်းမာခြင်း သို့မဟုတ် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို မည်သည့်လူသားကမျှ မချိုးဖောက်နိုင်ခြင်းကြောင့် ဖြစ်ကောင်း ဖြစ်ပေမည်- သို့သော် ဘုရားသခင်က သူ့ကိုပံ့ပိုးမည့်သူ မည်သူမျှ မရှိသည့်အလား၊ သူ၏ မပြီးစီးသေးသည့် စီမံခန့်ခွဲခြင်းအမှုကို ဆက်လက် ဆောင်ရွက်နေစဉ်တွင် ထိုခရစ်ယာန်ဓမ္မဆရာများနှင့် ဓမ္မဆရာမများသည် မှိုတက်၍ အိုဟောင်းသော စာအုပ်များနှင့် စာရွက်များကို ဖက်တွယ်ထားကြဆဲ ဖြစ်သည်။ ဤဆန့်ကျင်ကွဲလွဲချက်များသည် လူသားနှင့် ဘုရားသခင်ကို ရန်သူများဖြစ်စေပြီး ပြေလည်ရန် မဖြစ်နိုင်သော်လည်း၊ ဘုရားသခင်သည် ၎င်းတို့ကို တစ်ချိန်တည်းတွင် ထိုနေရာ၌ရှိပြီး ထိုနေရာ၌မရှိသည့်အလား အရေးမစိုက်ပေ။ သို့ရာတွင် လူသားသည် မိမိ၏ ယုံကြည်ချက်များနှင့် အယူအဆများကို ဆက်လက် စွဲကိုင်ထားဆဲဖြစ်ပြီး၊ ထိုအရာများကို လုံးဝ လက်မလွှတ်ပေ။ သို့တိုင် တစ်ခုသောအရာသည် ပကတိအတိုင်း ရှင်းနေပြီးဖြစ်သည်- လူသားသည် မိမိ၏ ရပ်တည်ချက်မှ သွေဖည်မသွားသော်လည်း၊ ဘုရားသခင်၏ခြေများသည် အမြဲ ရွေ့လျားနေပြီး ပတ်ဝန်းကျင်နှင့်အညီ သူ၏ ရပ်တည်ချက်ကို သူ အမြဲပြောင်းလဲနေပေသည်။ အဆုံးတွင်၊

မတိုက်လိုက်ရဘဲနှင့် ရှုံးနိမ့်သွားမည့်သူမှာ လူသားဖြစ်သည်။ ထိုအတောအတွင်းတွင်၊ ဘုရားသခင်သည် ရှုံးနိမ့်သွားသည့် သူ၏ရန်သူအားလုံး၏ အကြီးမားဆုံးသော ရန်သူဖြစ်သကဲ့သို့ ရှုံးနိမ့်သွားသည့် လူသားမျိုးနွယ်ရော မရှုံးနိမ့်သည့် လူသားမျိုးနွယ်တို့အတွက်ပါ ရပ်တည်ကာကွယ်သူလည်း ဖြစ်သည်။ မည်သူသည် ဘုရားသခင်နှင့် ယှဉ်ပြိုင်ပြီး အောင်နိုင်မည်နည်း။ လူသား၏ အယူအဆများစွာတို့သည် ဘုရားသခင်၏အမှု နောက်ပိုင်းတွင် ပေါက်ဖွားခဲ့ကြသောကြောင့်၊ ထိုအယူအဆများသည် ဘုရားသခင်ထံမှ လာပုံရလေသည်။ သို့သော်လည်း ဘုရားသခင်သည် လူသားကို ဤအရာကြောင့် ခွင့်လွှတ်ခြင်း မရှိသကဲ့သို့ ထို့ပြင် ဘုရားသခင်၏ အမှုနောက်ပိုင်းတွင် သူ၏အမှုပြင်ပ၌ ရှိသည့် “ဘုရားသခင် အတွက်” အကျိုးများကို တစ်သုတ်ပြီး တစ်သုတ် ဖြစ်ပေါ်စေခြင်းအတွက် လူသားအပေါ် ဘုရားသခင် ချီးမွမ်းခြင်းလည်း မရှိပေ။ ယင်းအစား၊ သူသည် လူသား၏ အယူအဆများနှင့် ဟောင်းနွမ်းကာ၊ ဘုရားတရားကိုင်းရှိုင်းသည့် ယုံကြည်မှုများကို အလွန့်အလွန် ရွံ့မုန်းပြီး ထိုအယူအဆများ ဦးစွာထွက်ပေါ် ခဲ့သည့် နေ့စွဲများကို အသိအမှတ်ပြုလိုစိတ်ပင် မရှိချေ။ လူသား၏ အယူအဆများကို လူသားက ပျံ့နှံ့စေသည့်အတွက်၊ ထိုအယူအဆများသည် မိမိ၏အမှုမှ ထွက်ပေါ်လာသည်ဟု ဘုရားသခင် လုံးဝလက်မခံပေ။ ထိုအရာများ၏ အရင်းအမြစ်သည် လူသား၏အတွေးများနှင့် စိတ်တို့ဖြစ်၍- ဘုရားသခင်မဟုတ်ဘဲ၊ စာတန် ဖြစ်ပေသည်။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူ၏အမှုကို ဟောင်းနွမ်းကာ မသေဆုံးစေဘဲ၊ အသစ်ဖြစ်စေကာ ရှင်သန်စေဖို့အတွက် အမြဲ ဖြစ်ခဲ့ပြီး၊ လူသားကို သူ လိုက်နာစောင့်ထိန်းစေသည့်အရာမှာ ခေတ်ကာလအလိုက် ပြောင်းလဲပြီး ထာဝရမတည်သကဲ့သို့ မပြောင်းလဲနိုင်သည့်အရာ မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သူသည် လူသားကို သေဆုံးစေကာ အိုမင်းစေသော နတ်ဆိုးတစ်ပါးဖြစ်သည်ထက်၊ လူသားကို အသက်ရှင်စေကာ အသစ်ဖြစ်စေသော ဘုရားသခင် ဖြစ်သောကြောင့် ဖြစ်သည်။ ဤအရာကို သင်တို့ နားမလည်ကြသေးသလော။ သင်သည် အမြင်ကျဉ်းမြောင်းသောကြောင့် ဘုရားသခင်နှင့်သက်ဆိုင်သည့် အယူအဆများရှိပြီး ထိုအယူအဆများကို သင် လက်လွှတ်နိုင်စွမ်း မရှိပေ။ ယင်းမှာ ဘုရားသခင်၏ အမှုအတွင်းတွင် အဓိပ္ပာယ် အလွန်နည်းပါးလွန်းသောကြောင့် မဟုတ်သကဲ့သို့ ဘုရားသခင်၏ အမှုသည် လူသား၏ ဆန္ဒများနှင့် ကွဲပြားခြားနားသောကြောင့် မဟုတ်သည့်အပြင်၊ ယင်းသည် ဘုရားသခင်က မိမိ၏တာဝန်များကို အမြဲ ပေါ့ဆသောကြောင့်လည်း မဟုတ်ပေ။ သင်သည် နာခံမှု ကင်းမဲ့လွန်းသောကြောင့်နှင့် အဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ သဏ္ဌာန် အနည်းငယ်မျှ မရှိသောကြောင့်၊ သင်သည် သင်၏အယူအဆများကို လက်မလွှတ်နိုင်ပေ။ ယင်းမှာ

ဘုရားသခင်သည် သင့်အတွက် အမှုအရာများကို ခက်ခဲစေခြင်းကြောင့် မဟုတ်ပေ။ ဤအရာအလုံးစုံတို့ကို သင်က ဖြစ်စေခဲ့ခြင်း ဖြစ်ပြီး၊ ဘုရားသခင်နှင့် လုံး၀ ဆက်နွှယ်မှုမရှိပေ။ ဆင်းရဲဒုက္ခနှင့် ကံဆိုးခြင်းအားလုံးကို လူသားက ဖန်တီးခြင်း ဖြစ်၏။ ဘုရားသခင်၏ အကြံအစည်များသည် အမြဲ ကောင်းမြတ်၏- သူသည် သင့်ကို အယူအဆများ ဖြစ်ပေါ်စေဖို့ ဆန္ဒမရှိဘဲ၊ ခေတ်များ ကုန်လွန်သွားသည်နှင့်အမျှ ပြောင်းလဲကာ အသစ်ပြုပြင်ခံရစေလိုသည်။ သို့သော် သင့်အတွက် မည်သည့်အရာ ကောင်းမြတ်သည်ကို သင် မသိသကဲ့သို့၊ အမြဲ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးခြင်း သို့မဟုတ် စိစစ်ခြင်း တစ်ခုမဟုတ်လျှင်တစ်ခု လုပ်ဆောင်နေလေသည်။ ယင်းမှာ ဘုရားသခင်သည် သင့်အတွက် အမှုအရာများကို ခက်ခဲစေခြင်း မဟုတ်ဘဲ၊ သင်သည် ဘုရားသခင်ကို ကြည်ညိုမှု မရှိသကဲ့သို့၊ သင်၏မနာခံခြင်းသည် အလွန်ကြီးမားနေခြင်း ဖြစ်ပေသည်။ ဘုရားသခင် ယခင်ကပေးထားသည့်အရာ၏ အရေးမပါလှသော အစိတ်အပိုင်းအချို့ကို ယူဆောင်ပြီးနောက်၊ လှည့်ကာ ဘုရားသခင်ကို တိုက်ခိုက်ရန် ယင်းကို အသုံးပြုဝံ့သည့် အဖန်ဆင်းခံ သတ္တဝါငယ်လေးတစ်ဦး- ဤသည်မှာ လူသား၏မနာခံခြင်း မဟုတ်လော။ လူသားများသည် ဘုရားသခင်၏ ရှေ့၌ မိမိတို့၏အမြင်များကို ဖော်ပြရန် အရည်အချင်း လုံး၀မရှိသကဲ့သို့၊ ထိုမှိုတက်သည့် အယူအဆများကို မဆိုထားနှင့်- ၎င်းတို့၏ သုံးစားမရသည့်၊ နံဟောင်နေကာ ပုပ်သိုးနေသည့်၊ ကွန့်လွန်းသော စကားအသုံးအနှုန်းကို ၎င်းတို့သည် ဆန္ဒရှိသည်အတိုင်း ဟိုဟိုသည်သည် ပြစားဝင့်ဝါဖို့ အရည်အချင်း သာ၍ပင်မရှိဟု ဆိုထိုက်ပေသည်။ ၎င်းတို့သည် သာ၍ပင် အသုံးမကျဖြစ်ကြသည် မဟုတ်လော။

ဘုရားသခင်ကို အမှန်တကယ် အစေခံသူတစ်ဦးသည် ဘုရားသခင်၏ စိတ်နှလုံးနှင့် ညီညွတ်သောသူ၊ ဘုရားသခင်၏ အသုံးပြုခြင်းခံရရန် သင့်တော်သူနှင့် ဘာသာရေး အယူအဆများကို လက်လွှတ်နိုင်သူတစ်ဦး ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ စားသောက်ခြင်းအား ထိရောက်စေလိုပါက၊ သင်၏ ဘာသာရေး အယူအဆများကို လက်လွှတ်ရမည်။ သင်သည် ဘုရားသခင်ကို အစေခံလိုပါက၊ ဘာသာရေး အယူအဆများကို ဦးစွာ လက်လွှတ်ကာ အရာရာတိုင်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နာခံရန် သာ၍ပင် လိုအပ်လေသည်။ ဤသည်မှာ ဘုရားသခင်ကို အစေခံသောသူတစ်ဦးက ပိုင်ဆိုင်သင့်သည့်အရာ ဖြစ်သည်။ သင်၌ ဤအသိမရှိပါက၊ သင် အစေခံသည်နှင့်တစ်ပြိုင်နက်၊ သင်သည် အနှောင့်အယှက်နှင့် အတားအဆီးများ ဖြစ်စေလိမ့်မည်ဖြစ်ပြီး၊ သင်၏ အယူအဆများကို ဆက်လက်စွဲကိုင်ထားပါက၊ သင် မည်သည့်အခါမျှ ပြန်မထဖို့၊ ဘုရားသခင်က သင့်ကို မလွဲဧကန် ရိုက်ချလိမ့်မည်။ ဥပမာအနေဖြင့် လက်ရှိအချိန်ကို

ကြည့်လော့- ယနေ့၏ မိန့်မြွက်ချက်များနှင့်အမှု များစွာသည် သမ္မာကျမ်းစာနှင့် သဟဇာတမဖြစ်သကဲ့သို့ ယခင်က ဘုရားသခင် ပြုခဲ့သည့်အမှုနှင့် သဟဇာတမဖြစ်ပေ၊ ပြီးလျှင် သင်သည် နာခံရန် ဆန္ဒမရှိပါက၊ အချိန်မရွေး ပြိုလဲလိမ့်မည်။ သင်သည် ဘုရားသခင်၏ အလိုနှင့်အညီ အစေခံလိုပါက၊ ဘာသာရေး အယူအဆများကို ဦးစွာ လက်လွှတ်ရမည် ဖြစ်ပြီး၊ သင်ကိုယ်တိုင်၏ အမြင်များကို ပြုပြင်ရမည်။ ပြောဆိုမည့်အရာ များစွာသည် အတိတ်၌ ပြောခဲ့သောအရာနှင့် သဟဇာတဖြစ်လိမ့်မည် မဟုတ်သကဲ့သို့ သင်သည် ယခု နာခံရန် လိုအင်ဆန္ဒမရှိပါက၊ ရှေ့တွင်ရှိသည့် လမ်းကြောင်းကို လျှောက်လှမ်းနိုင်မည် မဟုတ်ပေ။ ဘုရားသခင်၏ အမှုပြုခြင်း နည်းစနစ်များထဲမှ တစ်ခုသည် သင့်အထဲတွင် အမြစ်တွယ်ပြီးဖြစ်ကာ သင်သည် ထိုအရာကို မည်သည့်အခါမျှ လက်မလွှတ်ပါက၊ ဤနည်းစနစ်သည် သင်၏ ဘာသာရေးအယူအဆ ဖြစ်သွားလိမ့်မည်။ ဘုရားသခင်၏ဖြစ်ခြင်းသည် သင့်အထဲတွင် အမြစ်တွယ်ပြီးဖြစ်ပါက၊ သင်သည် သမ္မာတရားကို ရရှိပြီးဖြစ်ကာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သမ္မာတရားသည် သင်၏အသက် ဖြစ်လာနိုင်စွမ်းရှိပါက၊ ဘုရားသခင်နှင့်ပတ်သက်သည့် အယူအဆများ သင်၌ ရှိတော့မည်မဟုတ်ပေ။ ဘုရားသခင်နှင့် သက်ဆိုင်သည့် စစ်မှန်သောအသိပညာ ပိုင်ဆိုင်သူများသည် မည်သည့်အယူအဆမျှ ရှိကြလိမ့်မည်ဟုတ်သကဲ့သို့ အယူဝါဒကိုလည်း လိုက်နာလိမ့်မည်မဟုတ်ပေ။

သင့်ကိုယ်သင် နိုးကြားမြဲနိုးကြားစေဖို့ ဤမေးခွန်းများကို မေးလော့-

၁။ သင့်အတွင်းရှိ အသိပညာသည် ဘုရားသခင်ကို သင်၏ အစေခံခြင်းအား နှောင့်ယှက်သလော။

၂။ သင်၏နေ့စဉ်အသက်တာတွင် ဘာသာရေး အလေ့အထများ မည်မျှရှိသနည်း။ သင်သည် ဘာသာရေးကိုင်းရှိုင်းသည့် အသွင်ကိုသာ ပြပါက၊ ဤသည်မှာ သင့်အသက်တာ ကြီးထွားကာ ရင့်ကျက်ပြီးဖြစ်သည်ဟု ဆိုလိုသလော။

၃။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စားသောက်သည့်အခါတွင်၊ သင်၏ ဘာသာရေး အယူအဆများကို လက်လွှတ်နိုင်သလော။

၄။ သင်ဆုတောင်းသောအခါ၊ ဘာသာရေး ဟိတ်ဟန်ကို ဖယ်ထားနိုင်သလော။

၅။ သင်သည် ဘုရားသခင်၏ အသုံးပြုခြင်းခံရရန် ထိုက်တန်သူတစ်ဦး ဖြစ်သလော။

၆။ ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏ အသိပညာမည်မျှသည် ဘာသာရေး အယူအဆများ ပါရှိသနည်း။

# ဘုရားသခင်အတွက် စစ်မှန်သောချစ်ခြင်းသည် သဘာဝအလျောက် ဖြစ်သည်

လူအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် စစ်ဆေးခြင်းကို ခံကြရသည်။ ဘုရားသခင်သည် လူ့ဇာတိ မခံယူပြီးခဲ့ပါက၊ လူသားမျိုးနွယ်သည် ဤစစ်ဆေးခြင်းမှတစ်ဆင့် ဆင်းရဲဒုက္ခနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာ ရှိခဲ့လိမ့်မည် မဟုတ်ပေ။ တစ်နည်းအားဖြင့်၊ ဘုရားနှုတ်ကပတ်တော်များ၏ စမ်းသပ်မှုများကို လက်ခံနိုင်သော သူများအားလုံးသည် ကောင်းချီးခံစားရပေသည်။ လူများ၏ ပင်ကိုအရည်အသွေး၊ ၎င်းတို့၏ အပြုအမူနှင့် ဘုရားသခင်အပေါ် ၎င်းတို့၏ သဘောထားများကို အခြေခံ၍ ၎င်းတို့သည် ဤကဲ့သို့သော စစ်ဆေးခြင်းမျိုးကို ရရှိခြင်းငှာ မထိုက်တန်ကြပေ။ ၎င်းတို့အနေဖြင့် ဤကောင်းချီးမင်္ဂလာကို မွေ့လျော်ခဲ့သည်မှာ ဘုရားသခင်က ၎င်းတို့ကို မြှင့်တင်ခဲ့သောကြောင့် ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ မျက်နှာကို မြင်ခြင်းငှာ သို့မဟုတ် သူ၏နှုတ်ကပတ်တော်များကို ကြားခြင်းငှာ မထိုက်တန်ဟု ပြောလေ့ရှိကြသည်။ ယနေ့တွင်၊ လူတို့အနေဖြင့် ဘုရားနှုတ်ကပတ်တော်များ၏ စစ်ဆေးခြင်းကို ရရှိကြသည်မှာ ဘုရားသခင်၏ ချီးမြှောက်ခြင်းနှင့် သူ၏ ကရုဏာကြောင့် လုံးလုံးလျားလျားဖြစ်သည်။ ဤသည်မှာ နောက်ဆုံးသော ကာလ၌ မွေးဖွားကြသည့် လူတစ်ဦးချင်းစီတိုင်း၏ ကောင်းချီးမင်္ဂလာဖြစ်သည်- ဤသည်ကို သင်တို့ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံပြီးပြီလော။ မည်သည့်ရှုထောင့်များဖြင့် ဆင်းရဲဒုက္ခနှင့် အနှောင့်အယှက်တို့ကို လူတို့ တွေ့ကြုံသင့်သည်ကို ဘုရားသခင်က ကြိုတင်ခွဲခန့်မှတ်ထားခြင်းဖြစ်၏- ယင်းသည် လူတို့ကိုယ်တိုင်၏ သတ်မှတ်ချက်များပေါ် အခြေမခံပေ။ ဤအချက်က ပြတ်သားသည့် သမ္မာတရားဖြစ်သည်။ ယုံကြည်သူတိုင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ စမ်းသပ်မှုများကို လက်ခံနိုင်စွမ်းနှင့် သူ့နှုတ်ကပတ်တော်အတွင်း ဆင်းရဲဒုက္ခခံစားနိုင်စွမ်းကို ပိုင်ဆိုင်သင့်သည်။ ဤသည်မှာ သင်တို့အဖို့ ရှင်းလင်းပါသလော။ ထို့ကြောင့် သင်ကြုံတွေ့ပြီးဖြစ်သည့် ဆင်းရဲဒုက္ခများအတွက် အလဲအလှယ်အနေဖြင့်၊ သင်သည် ယနေ့၏ ကောင်းချီးမင်္ဂလာများကို ရရှိပြီးဖြစ်သည်။ သင်သည် ဘုရားသခင်အတွက် ဒုက္ခမခံပါက သူ၏ချီးမွမ်းမှုကို မရရှိနိုင်။ သင်သည် ယခင်က ညည်းညူခဲ့နိုင်သည်၊ သို့သော် သင်သည် မည်မျှ

ညည်းညူခဲ့သည်ဖြစ်စေ၊ ဘုရားသခင်သည် သင်နှင့်ပတ်သက်၍ ထိုအကြောင်းကို မမှတ်မိပေ။ ယနေ့သည် ရောက်လာလေပြီ၊ ယမန်နေ့၏ အရေးကိစ္စများကို စုံစမ်းစစ်ဆေးရန် မလိုပေ။

လူအချို့က ဘုရားသခင်ကို ၎င်းတို့ ချစ်ဖို့ကြိုးစားသော်လည်း မချစ်နိုင်ကြဟု ပြောကြသည်။ ထို့နောက်၊ ဘုရားသခင် ထွက်ခွာတော့မည်ကို ၎င်းတို့ကြားသောအခါတွင်၊ သူ့အတွက် ၎င်းတို့၏ချစ်ခြင်းမေတ္တာကို ရုတ်တရက် ခံစားကြရလေသည်။ လူအချို့သည် ယေဘုယျအားဖြင့် သမ္မာတရားကို လက်တွေ့မလုပ်ဆောင်ကြသကဲ့သို့၊ ဘုရားသခင်သည် အမျက်ဒေါသဖြင့် ထွက်သွားတော့မည်ကို ၎င်းတို့ကြားသောအခါ သူ၏ ရှေ့မှောက်သို့လာပြီး၊ “အိုး ဘုရားသခင်။ ကျေးဇူးပြုပြီး မသွားပါနှင့်။ ကျွန်ုပ်တို့ကို အခွင့်အရေးတစ်ခုပေးတော်မူပါ။ ဘုရားသခင်။ ယခင်က ကိုယ်တော့်ကို ကျွန်ုပ် စိတ်ကျေနပ်စေခြင်း မပြုခဲ့ပါ။ ကျွန်ုပ်သည် ကိုယ်တော့်အား ကျေးဇူးကြွေးတင်ရှိပြီးဖြစ်ကာ ကိုယ်တော့်ကို ခုခံမိပါသည်။ နောက်ဆုံးတွင် ကိုယ်တော််ကို စိတ်ကျေနပ်စေဖို့နှင့် ချစ်မြတ်နိုးဖို့ရန်အလို့ငှာ ကျွန်ုပ်၏ ကိုယ်ခန္ဓာနှင့် နှလုံးသားကို အပြည့်အဝ ပူဇော်ဖို့ ကျွန်ုပ် လိုလားလျက်ရှိပါ၏။ ဤအခွင့်အရေးကို နောက်တစ်ခါကျွန်ုပ် ရမည်မဟုတ်ပါ” ဟု ဆုတောင်းကြသည်။ သင်တို့ ဤဆုတောင်းချက်မျိုးကို ပြုဖူးပါသလော။ တစ်စုံတစ်ဦးသည် ဤနည်းဖြင့် ဆုတောင်းသည့်အခါ၊ ၎င်းတို့၏ အသိစိတ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် လှုံ့ဆော်ခံရသောကြောင့် ဖြစ်သည်။ လူသားများအားလုံးသည် ထုံအပြီး ထိုင်းကြသည်။ ၎င်းတို့သည် ပြစ်တင်ဆုံးမခြင်းနှင့် စစ်ဆေးခြင်းတို့ကို ခံရသော်လည်း ဤအရာမှတဆင့် ဘုရားသခင်က မည်သည့်အရာ ပြီးမြောက်စေဖို့ ကြိုးစားနေသည်ကို မသိကြချေ။ ဘုရားသခင်သည် ဤနည်းလမ်းဖြင့် အမှုမပြုခဲ့ပါက၊ လူတို့သည် စိတ်ရှုပ်ထွေးနေဦးမည် ဖြစ်သည်။ လူတို့၏ နှလုံးသားများထဲက ဝိညာဉ်ရေးရာ ခံစားချက်များကို မည်သူမျှ မနှိုးဆွနိုင်ပေ။ အကျိုးဖြစ်ထွန်းစေနိုင်သည်မှာ လူတို့ကို တရားစီရင်ပြီး ထုတ်ဖော်ပြသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များသာ ဖြစ်သည်။ ထို့ကြောင့် အရာအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် ရရှိပြီး ပြည့်စုံကာ၊ ဘုရားသခင်အတွက် လူသားမျိုးနွယ်၏ ချစ်ခြင်းမေတ္တာ နိုးကြွလာသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့်သာ ဖြစ်သည်။ လူသား၏ အသိစိတ် တစ်ခုတည်းအပေါ် အခြေခံသော ဘုရားကိုချစ်ခြင်းက လိုချင်သည့် အကျိုးကို ရရှိလိမ့်မည်မဟုတ်ပေ။ လူတို့သည် ၎င်းတို့၏ ဘုရားသခင်ကို ချစ်ခြင်းအား ၎င်းတို့၏ အသိစိတ်အပေါ် ယခင်က အခြေခံခဲ့ကြသည် မဟုတ်လော။ မိမိ၏ ကိုယ်ပိုင် အရည်အချင်းဖြင့် ဘုရားသခင်ကို ချစ်ခဲ့သူ လူတစ်ဦးပင် ရှိခဲ့ဖူးသလော။ ဘုရားသခင်ကို လူတို့ ချစ်ကြလေသည်မှာ ဘုရားနှုတ်ကပတ်တော်များ၏

အားပေးတိုက်တွန်းခြင်းမှတစ်ဆင့်သာ ဖြစ်သည်။ လူအချို့က၊ “ဘုရားသခင်နောက်ကို နှစ်များစွာ ငါလိုက်ခဲ့ပြီးဖြစ်သလို၊ ကိုယ်တော့်၏ ကျေးဇူးတော်များစွာ၊ ကောင်းချီးမင်္ဂလာများစွာတို့ကို ငါ မွေ့လျော်ခဲ့ပြီးလေပြီ။ ငါသည် ကိုယ်တော်၏ နှုတ်ကပတ်တော်များမှ စစ်ဆေးခြင်းနှင့် တရားစီရင်ခြင်းတို့ကို ခံရပြီးဖြစ်သည်။ ထို့ကြောင့်၊ ငါသည် များစွာ နားလည်လာပြီးဖြစ်ကာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မြင်ပြီးလေပြီ။ ကိုယ်တော့်ကို ငါကျေးဇူးတင်ရမည်၊ ကိုယ်တော်၏ ကျေးဇူးတော်ကို ငါပြန်ပေးဆပ်ရမည်။ ဘုရားသခင်ကို သေခြင်းနှင့် ငါစိတ်ကျေနပ်စေမည်၊ ပြီးလျှင် ကိုယ်တော့်အတွက် ငါ၏ချစ်ခြင်းကို ငါ၏အသိစိတ်အပေါ်တွင် အခြေပြုမည်” ဟူ၍ ပြောကြသည်။ လူတို့သည် မိမိတို့အသိစိတ်၏ ခံစားချက်များကိုသာ နားထောင်ပါက၊ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းခြင်းကို ၎င်းတို့ ခံစားနိုင်မည် မဟုတ်။ ၎င်းတို့သည် မိမိတို့၏ အသိစိတ်အပေါ်၌သာ မှီခိုပါက ဘုရားသခင်အတွက် ၎င်းတို့၏ ချစ်ခြင်း အားနည်းလိမ့်မည်။ သင်သည် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ချစ်ခြင်းကို ပြန်လည်ပေးဆပ်ခြင်းကိုသာ ပြောဆိုပါက၊ သူ့အတွက် သင်၏ချစ်ခြင်း၌ မည်သည့်စိတ်ဓာတ်ခွန်အားမျှ ရှိမည်မဟုတ်ချေ။ သင့်အသိစိတ်၏ ခံစားချက်များအပေါ် အခြေခံ၍ သူ့ကိုချစ်ခြင်းသည် တက်ကြွလှုပ်ရှားမှုမရှိသော ချဉ်းကပ်မှုသာဖြစ်သည်။ တက်ကြွလှုပ်ရှားမှု မရှိသော ချဉ်းကပ်မှုဟု အဘယ်ကြောင့် ငါပြောသနည်း။ ဤသည်မှာ လက်တွေ့ကျသော ပြဿနာတစ်ခုဖြစ်၏။ ဘုရားသခင်အတွက် သင်၏ ချစ်ခြင်းမေတ္တာမှာ မည်သို့သော ချစ်ခြင်းမျိုးနည်း။ ယင်းမှာ ဘုရားသခင်ကို လှည့်စားခြင်းနှင့် သူ့အတွက် ဟန်ဆောင်လုပ်ပြနေခြင်းသာ ဖြစ်သည် မဟုတ်လော။ ဘုရားသခင်ကို ချစ်ခြင်းအတွက် ဆုလာဘ်မရှိသည့်အပြင် သူ့ကိုမချစ်ခြင်းအတွက် ပြစ်တင်ဆုံးမခြင်းခံရမည် ဖြစ်သည့်အတွက်၊ ခြုံကြည့်လျှင် အပြစ်မလုပ်ခြင်းသက်သက်က လုံလောက်သည်ဟု လူအများစုက ယုံကြည်ကြသည်။ ထို့ကြောင့် မိမိအသိစိတ် ခံစားချက်များပေါ်အခြေခံ၍ ဘုရားသခင်ကို ချစ်ခြင်းနှင့် သူ၏ ချစ်ခြင်းမေတ္တာအတွက် ပြန်ပေးဆပ်ခြင်းသည် တက်ကြွလှုပ်ရှားမှုမရှိသော ချဉ်းကပ်မှုဖြစ်ပြီး ယင်းသည် မိမိစိတ်နှလုံးမှ သဘာဝအလျောက်လာသော ဘုရားသခင်အတွက် ချစ်ခြင်း မဟုတ်ပေ။ ဘုရားသခင်အတွက် ချစ်ခြင်းသည် လူတစ်ဦးနှလုံးသား၏ နက်ရှိုင်းသောနေရာမှ စစ်မှန်သည့် ခံစားချက်တစ်ခု ဖြစ်သင့်ပေသည်။ လူအချို့က၊ “ကျွန်ုပ်ကိုယ်တိုင် ဘုရားသခင်ကို ရှာဖွေပြီး သူ့နောက်လိုက်ဖို့ ဆန္ဒရှိသည်။ ယခု ဘုရားသခင်က ကျွန်ုပ်ကို စွန့်ပစ်ချင်လျှင်ပင်၊ သူ့နောက် ကျွန်ုပ် လိုက်နေဦးမည်ဖြစ်သည်။ သူ ကျွန်ုပ်ကို လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ သူ့ကို ကျွန်ုပ် ချစ်နေဦးမည်ဖြစ်ပြီး၊

အဆုံးတွင် သူ့ကို ကျွန်ုပ် ရရှိရမည်။ ကျွန်ုပ်သည် ကျွန်ုပ်နှလုံးသားကို ဘုရားသခင်အား ပူဇော်ပြီး၊ သူ မည်သည့်အရာကို လုပ်ဆောင်ပါစေ၊ ကျွန်ုပ်၏ တစ်သက်တာလုံး သူ့နောက်လိုက်ပါမည်။ မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင်ကို ကျွန်ုပ် ချစ်ရမည်ဖြစ်ပြီး သူ့ကို ရရှိရမည်။ သူ့ကို မရမချင်း ကျွန်ုပ် နားမည်မဟုတ်” ဟူ၍ ပြောကြသည်။ သင်၌ ဤသန္နိဋ္ဌာန်မျိုး ရှိသလော။

ဘုရားသခင်ကို ယုံကြည်ခြင်း လမ်းကြောင်းနှင့် သူ့ကိုချစ်ခြင်း လမ်းကြောင်းသည် တစ်ခုတည်းပင်ဖြစ်၏။ သင်သည် သူ့ကို ယုံကြည်ပါက သူ့ကို ချစ်ရမည်။ သို့သော် သူ့ကိုချစ်ခြင်းသည် သူ၏ ချစ်ခြင်းမေတ္တာကို ပြန်ပေးဆပ်ခြင်း သို့မဟုတ် သင်၏အသိစိတ်၏ ခံစားချက်များပေါ် အခြေခံ၍ သူ့ကို ချစ်ခြင်းအား မရည်ညွှန်းပေ- ယင်းသည် ဘုရားသခင်အတွက် ဖြူစင်သည့် ချစ်ခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် လူတို့သည် မိမိတို့၏ အသိစိတ်တစ်ခုတည်းပေါ် အခြေခံ၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မခံစားနိုင်ကြပေ။ “ဘုရားသခင်၏ ဝိညာဉ်တော်သည် ငါတို့၏ စိတ်ဝိညာဉ်များကို တို့ထိပါစေ” ဟု အဘယ်ကြောင့် ငါအမြဲပြောသနည်း။ ဘုရားသခင်ကို ချစ်ရန် လူတို့၏ အသိစိတ်များကို နှိုးဆော်ခြင်းအား အဘယ်ကြောင့် ငါမပြောခဲ့သနည်း။ ယင်းမှာ လူတို့၏ အသိစိတ်သည် ဘုရားသခင်၏ ချစ်ဖွယ်ကောင်းခြင်းကို မခံစားနိုင်သောကြောင့် ဖြစ်သည်။ သင်သည် ဤနှုတ်ကပတ်တော်များအားဖြင့် ယုံကြည်လက်ခံခြင်းမရှိပါက၊ သူ၏ချစ်ခြင်းကို ခံစားရရန် သင်၏ အသိစိတ်ကို အသုံးပြုဖို့ ကြိုးစားကြည့်လော့။ သင်သည် ခဏတာ စိတ်ဓာတ်ခွန်အား ရှိလိမ့်မည်ဖြစ်သော်လည်း မကြာမီ ပျောက်ကွယ်သွားမည် ဖြစ်သည်။ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းမှုကို သင်၏ အသိစိတ်ဖြင့်သာ သင် ခံစားပါက၊ သင်ဆုတောင်းစဉ်တွင် လှုံ့ဆော်ခံရမည်ဖြစ်သော်လည်း မရှေးမနှောင်းပင် တက်ကြွမှုသည် လျော့ပါးကာ ကွယ်ပျောက်သွားလိမ့်မည်။ ယင်းမှာ အဘယ်ကြောင့်နည်း။ သင်သည် မိမိ၏ အသိစိတ်ကိုသာ အသုံးပြုပါက ဘုရားသခင်အတွက် သင်၏ချစ်ခြင်းကို သင်နှိုးဆွနိုင်မည် မဟုတ်ပေ။ သင့်နှလုံးသားထဲ၌ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းမှုကို အမှန်တကယ် ခံစားရသောအခါ၊ သင်၏ စိတ်ဝိညာဉ်သည် သူ၏ တို့ထိခြင်းကို ခံရလိမ့်မည်ဖြစ်ပြီး သင်၏ အသိစိတ်က ၎င်း၏ နဂိုအခန်းကဏ္ဍကို ဆောင်ရွက် နိုင်လိမ့်မည်မှာ ဤအချိန်တွင်သာ ဖြစ်သည်။ ဆိုလိုသည်မှာ လူသား၏ စိတ်ဝိညာဉ်ကို ဘုရားသခင် တို့ထိသောအခါ၊ ပြီးလျှင် လူသားသည် အသိပညာရှိပြီး သူ၏ စိတ်နှလုံးထဲတွင် တိုက်တွန်းခြင်းခံရသည့်အခါ၊ ဆိုလိုသည်မှာ အတွေ့အကြုံ ရရှိသည့်အခါ၊ ထိုအခါတွင်မှ သူသည် မိမိ၏ အသိစိတ်ဖြင့် ဘုရားသခင်ကို ထိရောက်စွာ ချစ်နိုင်မည်ဖြစ်သည်။ ဘုရားသခင်ကို သင်၏အသိစိတ်ဖြင့် ချစ်ခြင်းက မမှားပေ- ဤသည်မှာ

ဘုရားသခင်အတွက် ချစ်ခြင်း၏ အနိမ့်ဆုံး အတိုင်းအတာ ဖြစ်သည်။ "ဘုရားသခင်၏ ကျေးဇူးတော်ကို ထိုက်တန်ရုံမျှသာ" ချစ်ခြင်းသည် မိမိဘက်မှ စ၍ တက်ကြွစွာ ဝင်ရောက်ဖို့ လူသားကို တကယ် စေ့ဆော်လိမ့်မည် မဟုတ်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုအချို့ကို လူတို့ရရှိသည့်အခါ၊ ဆိုလိုသည်မှာ၊ ၎င်းတို့၏ လက်တွေ့အတွေ့အကြုံထဲ၌ ဘုရားသခင်၏ ချစ်ခြင်းကို မြင်တွေ့ပြီး ခံစားရသည့်အခါ၊ ၎င်းတို့သည် ဘုရားသခင်နှင့်ဆိုင်သော အသိပညာအချို့ရှိပြီး ဘုရားသခင်သည် လူသားမျိုးနွယ်၏ ချစ်ခြင်းနှင့် အလွန်ထိုက်တန်ပြီး အဘယ်မျှ ချစ်ဖွယ်ကောင်းသည်ကို အမှန်တကယ် သိမြင်သည့်အခါ၊ ထိုအခါမှသာ ၎င်းတို့သည် ဘုရားသခင်ကို အမှန်တကယ် ချစ်နိုင်ကြပေသည်။

လူတို့သည် ဘုရားသခင်ကို ၎င်းတို့၏ စိတ်နှလုံးနှင့် ဆက်သွယ်သည့်အခါ၊ ၎င်းတို့၏ စိတ်နှလုံးသည် သူ့ထံ လုံးဝ လှည့်နိုင်သည့်အခါ၊ ဤသည်မှာ ဘုရားသခင်အတွက် လူသား၏ ချစ်ခြင်းတွင် ပထမအဆင့် ဖြစ်သည်။ သင်သည် ဘုရားသခင်ကို ချစ်လိုပါက ပထမဆုံး သင့်နှလုံးသားကို သူ့ထံ လှည့်နိုင်ရမည်။ ဘုရားသခင်ထံ သင့်နှလုံးသားကို လှည့်ခြင်းဆိုသည်မှာ အဘယ်နည်း။ သင့်နှလုံးသား၌ လိုက်စားသည့် အရာတိုင်းသည် ဘုရားသခင်ကို ချစ်ခြင်းနှင့် ရရှိခြင်းအတွက် ဖြစ်သည့်အခါ ဖြစ်သည်။ ဤအရာက သင်သည် ဘုရားသခင်ထံ သင့်နှလုံးသားကို လုံးဝလှည့်ပြီး ဖြစ်သည်ကို ပြသည်။ ဘုရားသခင်နှင့် သူ၏ နှုတ်ကပတ်တော်များမှလွဲ၍ သင့် စိတ်နှလုံးထဲ၌ အခြားအရာ (မိသားစု၊ ချမ်းသာမှု၊ လင်ယောကျ်ား၊ ဇနီးမယား၊ သားသမီးများ စသည်ဖြင့်) ဘာမျှမရှိလုနီးပါးဖြစ်သည်။ ရှိလျှင်ပင် ထိုသို့သော အရာများက သင့် စိတ်နှလုံး၌ နေရာမယူနိုင်သကဲ့သို့ သင်သည် သင်၏ အနာဂတ် အလားအလာများကို မတွေးဘဲ ဘုရားသခင်အား ချစ်ခြင်းကိုသာ လိုက်စားလေသည်။ ထိုသို့သော အချိန်၌ သင်သည် ဘုရားသခင်ထံ သင်၏ နှလုံးသားကို လုံးဝလှည့်ပြီး ဖြစ်လိမ့်မည်။ သင့်နှလုံးသား၌ သင့်အတွက် အစီအစဉ်များကို သင်ပြုလုပ်နေသေးပြီး ပုဂ္ဂိုလ်ရေး အကျိုးအမြတ်ကို အမြဲလိုက်စားနေကာ၊ "ဘုရားသခင်ထံ သေးငယ်သော တောင်းဆိုမှုတစ်ခုကို ကျွန်ုပ် မည်သည့်အချိန်တွင် ပြုနိုင်သနည်း။ ကျွန်ုပ်၏ မိသားစု မည်သည့်အချိန်တွင် ချမ်းသာကြွယ်ဝလာမည်နည်း။ ဝတ်ကောင်းစားလှအချို့ကို မည်သည့်အချိန်တွင် ကျွန်ုပ် ရနိုင်မည်နည်း။..." ဟု အမြဲတွေးနေပါက၊ ယင်းအခြေအနေတွင် သင် အသက်ရှင်နေပါက၊ သင့်နှလုံးသားက ဘုရားသခင်ထံ အပြည့်အဝ မလှည့်သေးဟု ပြပေသည်။ သင်၏ စိတ်နှလုံးတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသာ ရှိပြီး ဘုရားသခင်ထံ ဆုတောင်းနိုင်ကာ- သူက သင်နှင့် အလွန် ရင်းနှီးသည့်အလား၊ ဘုရားသခင်က

သင့်အတွင်း၌ ရှိပြီး သင်က သူ့အတွင်း၌ ရှိသည့်အလား- တစ်ချိန်လုံး သူနှင့် ရင်းနှီးလာနိုင်ပါက၊ သင်သည် ထိုအခြေအနေမျိုးတွင် ရှိပါက၊ သင်၏ စိတ်နှလုံးသည် ဘုရားသခင်၏ မျက်မှောက်၌ ရှိသည်ဟု ဆိုလိုပေသည်။ သင်သည် ဘုရားသခင်ထံ ဆုတောင်းပြီး သူ၏နှုတ်ကပတ်တော်များကို နေ့စဉ် စားသောက်ပါက၊ အသင်းတော်၏ အလုပ်ကို အမြဲ စဉ်းစားနေပါက၊ ပြီးလျှင် ဘုရားသခင်၏ အလိုတော်ကို ထောက်ထားပါက၊ သူ့ကိုစစ်မှန်စွာ ချစ်ပြီး သူ၏ စိတ်နှလုံးကို ကျေနပ်စေဖို့ သင်၏ စိတ်နှလုံးကို အသုံးပြုပါက၊ သင်၏ စိတ်နှလုံးသည် ဘုရားသခင်နှင့် သက်ဆိုင်ပေလိမ့်မည်။ အကယ်၍ သင်၏စိတ်နှလုံးသည် အခြားအရာအချို့၏ နေရာယူခြင်းကို ခံရပါက၊ သင့်စိတ်နှလုံးသည် စာတန်၏ နေရာယူထားခြင်းကို ခံရဆဲဖြစ်ပြီး ဘုရားသခင်ထံ အမှန်တကယ် မလှည့်သေးချေ။ တစ်စုံတစ်ဦး၏ စိတ်နှလုံးသည် ဘုရားသခင်ထံ အမှန်တကယ် လှည့်ပြီးသည့်အခါ ၎င်းတို့သည် ဘုရားသခင်အတွက် စစ်မှန်ပြီး သဘာဝအလျောက်ဖြစ်သော ချစ်ခြင်းမေတ္တာ ရှိမည်ဖြစ်ပြီး ဘုရားသခင်၏ အမှုကို ထောက်ထားနိုင်မည် ဖြစ်သည်။ ၎င်းတို့သည် မိုက်မဲပြီး မလျော်ကန်သော အခိုက်အတန့်များ ရှိနိုင်သေးသော်လည်း၊ ဘုရားသခင်၏အိမ်တော်၏ အကျိုးများ၊ သူ၏ အမှုနှင့် ၎င်းတို့ကိုယ်တိုင်၏ စိတ်သဘောထား ပြောင်းလဲမှုတို့အတွက် ပူပန်မှုကို ပြသကြပြီး ၎င်းတို့၏ ရည်ရွယ်ချက်များ မှန်ကန်ပေသည်။ လူအချို့က ၎င်းတို့ပြုသည့်အရာအားလုံးသည် အသင်းတော်အတွက်ဖြစ်သည်ဟု အမြဲတမ်း အခိုင်အမာဆိုကြသော်လည်း စင်စစ်အားဖြင့် မိမိတို့ကိုယ်ကျိုးအတွက် လုပ်နေခြင်းဖြစ်သည်။ ဤသို့သောလူတို့သည် မှားယွင်းသည့် ရည်ရွယ်ချက်မျိုး ရှိကြသည်။ ၎င်းတို့သည် ကောက်ကျစ်၍ လှည့်စားတတ်ကာ ၎င်းတို့လုပ်သောအရာ အများစုသည် မိမိတို့ကိုယ်တိုင်၏ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်အတွက် ဖြစ်သည်။ ဤသို့သောလူမျိုးသည် ဘုရားသခင်ကို ချစ်ဖို့ အားမထုတ်ချေ။ ၎င်းတို့၏နှလုံးသားသည် စာတန်နှင့် သက်ဆိုင်ဆဲဖြစ်ပြီး ဘုရားသခင်ထံ မလှည့်နိုင်ချေ။ ထို့ကြောင့် ဘုရားသခင်သည် ဤသို့သော လူမျိုးကို ရယူရန် မဖြစ်နိုင်ပေ။

သင်သည် ဘုရားသခင်ကို အမှန်တကယ် ချစ်ပြီး သူ၏ရယူခြင်းခံရဖို့ ဆန္ဒရှိပါက၊ ပထမခြေလှမ်းမှာ ဘုရားသခင်ထံ သင့်နှလုံးသားကို လုံး၀ လှည့်လိုက်ဖို့ ဖြစ်သည်။ သင်လုပ်သမျှ တစ်ခုစီတိုင်း၌၊ သင့်ကိုယ်သင် စိစစ်ကာ၊ "ဘုရားသခင်အတွက် ချစ်ခြင်းစိတ်နှလုံးတစ်ခုကို အခြေခံကာ ဤအရာကို ငါ လုပ်နေသလား။ ဤအရာ၏ နောက်ကွယ်တွင် ပုဂ္ဂိုလ်ရေး ရည်ရွယ်ချက်များ တစ်ခုတလေ ရှိသလား။ ဤအရာကို လုပ်ဆောင်ရာတွင် ကျွန်ုပ်၏ တကယ့်ရည်မှန်းချက်မှာ အဘယ်နည်း" ဟု မေးလော့။ သင်၏ စိတ်နှလုံးကို ဘုရားသခင်ထံ သင် လွှဲပြောင်းလိုပါက၊ ပထမဦးစွာ သင်ကိုယ်တိုင်၏

စိတ်နှလုံးကို သင်ချိုးနှိမ်ရမည်၊ သင်ကိုယ်တိုင်၏ ရည်ရွယ်ချက်အားလုံးကို စွန့်လွှတ်ပြီး ဘုရားသခင်အတွက် အပြည့်အဝ ဖြစ်တည်မှု အခြေအနေတစ်ခုကို ရရှိရမည်။ ဤသည်မှာ ဘုရားသခင်ထံ သင်၏နှလုံးသားကို ပေးအပ်ခြင်းကို လက်တွေ့ကျင့်သုံးခြင်း လမ်းကြောင်းဖြစ်သည်။ မိမိကိုယ်တိုင်၏ စိတ်နှလုံးကို ချိုးနှိမ်ခြင်းဆိုသည်မှာ မည်သည့်အရာကို ရည်ညွှန်းသနည်း။ မိမိ၏ဇာတိပကတိ၏ လွန်ကဲသော စိတ်ဆန္ဒများကို လက်လွှတ်ခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း သို့မဟုတ် အဆင့်အတန်းနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများကို တပ်မက်မှု မရှိခြင်း ဖြစ်သည်။ ဘုရားသခင် စိတ်ကျေနပ်စေရန် အရာရာကို လုပ်ဆောင်ခြင်းနှင့် မိမိစိတ်နှလုံးကို မိမိကိုယ်တိုင်အတွက် မဟုတ်ဘဲ သူ့အတွက် အပြည့်အဝ ဖြစ်စေခြင်း ဖြစ်သည်။ ဤသည်မှာ လုံလောက်ပေသည်။

ဘုရားသခင်အတွက် စစ်မှန်သော ချစ်ခြင်းသည် နှလုံးသားအတွင်း နက်ရှိုင်းသောနေရာမှ လာ၏။ ယင်းသည် ဘုရားသခင်နှင့်ဆိုင်သော လူသား၏အသိပညာ၏ အခြေခံအကြောင်းရင်းအပေါ်တွင်သာ တည်ရှိသည့် ချစ်ခြင်းမေတ္တာ ဖြစ်သည်။ တစ်စုံတစ်ဦး၏ စိတ်နှလုံးသည် ဘုရားသခင်ထံ လုံးဝ လှည့်သောအခါ ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ ၎င်းတွင် ရှိသော်လည်း ထိုအချစ်သည် သေချာပေါက် ဖြူစင်သည် မဟုတ်သကဲ့သို့ သေချာပေါက် စုံလင်သည်လည်း မဟုတ်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ထံ လူတစ်ယောက်၏ နှလုံးသား လုံးဝလှည့်ခြင်းနှင့် ထိုလူက ဘုရားသခင်အပေါ် စစ်မှန်သည့် သိနားလည်မှုနှင့် သူ့အပေါ်၌ စစ်မှန်သည့် ကြည်ညိုမှုရှိခြင်းတို့ အကြားတွင် ကွာဟချက်တစ်ခု ရှိသေးသောကြောင့် ဖြစ်၏။ လူသားက ဘုရားသခင်ကို စစ်မှန်သည့် ချစ်ခြင်း ရရှိပြီး ဘုရားသခင်၏ စိတ်သဘောထားကို သိရှိလာသည့် နည်းလမ်းမှာ ဘုရားသခင်ထံ ၎င်းတို့၏ စိတ်နှလုံးကို လှည့်ဖို့ဖြစ်သည်။ လူသားသည် မိမိ၏ စစ်မှန်သည့် စိတ်နှလုံးကို ဘုရားသခင်အား ပေးလိုက်သည့်အခါ၊ သူသည် အသက်တာ၏ အတွေ့အကြုံထဲသို့ စတင်ဝင်ရောက်လေသည်။ ဤနည်းဖြင့် သူ၏ စိတ်သဘောထားသည် စတင်ပြောင်းလဲကာ ဘုရားသခင်အတွက် သူ၏ ချစ်ခြင်းမေတ္တာ တဖြည်းဖြည်း ကြီးထွားလာပြီး၊ ဘုရားသခင်နှင့်ဆိုင်သော သူ၏ အသိပညာသည်လည်း တဖြည်းဖြည်း တိုးပွားပေသည်။ ထို့ကြောင့် လူတစ်ဦး၏စိတ်နှလုံးကို ဘုရားသခင်ထံ လှည့်ခြင်းက ဘဝအတွေ့အကြုံ၏ လမ်းမှန်ပေါ် ရောက်ဖို့ရန် မရှိမဖြစ် လိုအပ်ချက်သာ ဖြစ်သည်။ လူတို့သည် ဘုရားသခင်ရှေ့၌ မိမိတို့၏ စိတ်နှလုံးများကို ထားရှိသည့်အခါ၎င်းတို့သည် ဘုရားသခင်နှင့်သက်ဆိုင်၍ သိနားလည်မှု မရှိကြသောကြောင့် သူ့ကို တောင့်တသော စိတ်နှလုံးသာ ရှိပြီး သူ့အတွက် ချစ်ခြင်းမေတ္တာ မရှိကြချေ။ ဤအခြေအနေ၌ သူ့အတွက်

ချစ်ခြင်းအချို့ ၎င်းတို့၌ ရှိကြသော်လည်း ယင်းသည် သဘာဝအလျောက် မဟုတ်သကဲ့သို့ စစ်မှန်ခြင်း မရှိချေ။ ဤသို့ဖြစ်ရခြင်းမှာ လူသား၏ ဇာတိပကတိမှလာသော အရာတိုင်းက စိတ်ခံစားမှု၏ ရလဒ်ဖြစ်ပြီး စစ်မှန်သော သိနားလည်ခြင်းမှ လာခြင်း မဟုတ်သောကြောင့် ဖြစ်သည်။ ယင်းသည် တဒင်္ဂဖြစ်ပေါ်သည့် စေ့ဆော်မှုတစ်ခုသာဖြစ်ပြီး ကြာရှည်တည်မြဲသည့် မြတ်နိုးမှု မရရှိနိုင်ပေ။ လူတို့သည် ဘုရားသခင်နှင့် သက်ဆိုင်သော သိနားလည်မှု မရှိသည့်အခါ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်၏ နှစ်သက်မှုများနှင့် မိမိတို့၏ တစ်ဦးချင်း အယူအဆများအပေါ်၌ အခြေခံ၍သာ သူ့ကို ချစ်နိုင်သည်။ ဤချစ်ခြင်းမျိုးကို သဘာဝအလျောက်ချစ်ခြင်းဟု မခေါ်နိုင်သကဲ့သို့ စစ်မှန်သော ချစ်ခြင်းဟုလည်း မခေါ်ဆိုနိုင်ပေ။ လူသားတစ်ဦး၏ နှလုံးသားသည် ဘုရားသခင်ထံ စစ်မှန်စွာ လှည့်နိုင်ပြီး အရာရာတွင် ဘုရားသခင်၏ အကျိုးများကို တွေးတောနိုင်စွမ်း ရှိကောင်းရှိနိုင်သော်လည်း၊ ဘုရားသခင်နှင့် သက်ဆိုင်သော သိနားလည်မှု ၎င်း၌ မရှိပါက၊ ၎င်းသည် စစ်မှန်စွာ သဘာဝအလျောက်ဖြစ်သော ချစ်ခြင်းမေတ္တာကို ရှိနိုင်စွမ်းရှိလိမ့်မည် မဟုတ်ပေ။ ၎င်း လုပ်နိုင်လိမ့်မည့်အရာမှာ အသင်းတော်အတွက် လုပ်ငန်းတာဝန်အချို့ကို ဖြည့်ဆည်းဖို့ သို့မဟုတ် ၎င်း၏တာဝန်ကို အနည်းငယ် ဆောင်ရွက်ဖို့ ဖြစ်သည်၊ သို့သော် ၎င်းက အကြောင်းရင်း မရှိဘဲ ထိုသို့ လုပ်ဆောင်ပေလိမ့်မည်။ ဤလူစားမျိုး၏ စိတ်သဘောထားသည် ပြောင်းလဲဖို့ ခက်ခဲ၏။ ထိုသို့သော လူတို့သည် သမ္မာတရားကို မလိုက်စားသကဲ့သို့ နားလည်းမလည်ပေ။ လူတစ်ဦးသည် ဘုရားသခင်ထံ မိမိနှလုံးသားကို လုံးဝ လှည့်လိုက်လျှင်ပင်၊ ၎င်း၏စိတ်နှလုံးထဲ၌ ဘုရားသခင် ရှိသော သူတို့သည် ၎င်းတို့၏ စိတ်နှလုံးထဲတွင် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ ရှိကြသည်မှာ သေချာပေါက် မဟုတ်သောကြောင့် ၎င်းတို့၏ ဘုရားသခင်ကို ချစ်ခြင်း စိတ်နှလုံးသည် လုံးဝ ဖြူစင်သည်ဟု မဆိုလိုပေ။ ဤသည်မှာ ဘုရားသခင်အား သိနားလည်ဖို့ အားထုတ်သောသူ၊ အားမထုတ်သောသူတို့ကြား ကွာခြားချက်နှင့် သက်ဆိုင်သည်။ လူတစ်ဦးသည် ဘုရားသခင်နှင့်ဆိုင်သော သိနားလည်ခြင်းတစ်ခု ရှိသည်နှင့်တစ်ပြိုင်နက် သူ၏နှလုံးသားသည် ဘုရားသခင်ထံ လုံးဝ လှည့်ပြီးဖြစ်သည်ကို ပြ၏။ ၎င်းတို့ စိတ်နှလုံးထဲက ဘုရားသခင်အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာက သဘာဝအလျောက်ဖြစ်သည်ကို ပြ၏။ ဤသို့သော လူမျိုးကသာ ၎င်း၏နှလုံးသား၌ ဘုရားသခင်ရှိသောသူ ဖြစ်သည်။ ဘုရားသခင်ထံ မိမိနှလုံးသားကို လှည့်ခြင်းသည် လမ်းမှန်ပေါ် မိမိရောက်ရှိခြင်းအတွက်၊ ဘုရားသခင်ကို သိနားလည်ခြင်းအတွက်၊ ဘုရားသခင်၏ ချစ်ခြင်းကို ရရှိခြင်းအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခု ဖြစ်သည်။ ယင်းမှာ ဘုရားသခင်ကိုချစ်ဖို့ ၎င်းတို့၏တာဝန်ကို

ဖြည့်ဆည်းခြင်း အမှတ်အသား မဟုတ်သကဲ့သို့ သူ့အတွက် စစ်မှန်သော ချစ်ခြင်းရှိခြင်း၏ အမှတ်အသားလည်း မဟုတ်ပေ။ တစ်စုံတစ်ဦးအတွက် ဘုရားသခင်ကို စစ်မှန်သောချစ်ခြင်း ရရှိရန် တစ်ခုတည်းသော နည်းလမ်းမှာ ၎င်းတို့၏နှလုံးသားကို သူ့ထံလှည့်ဖို့ ဖြစ်ပြီး၊ ယင်းသည် သူ၏ဖန်ဆင်းခြင်းထဲမှ တစ်ဦးအနေဖြင့် လုပ်ဆောင်သင့်သည့် ပထမဆုံးသော အရာလည်းဖြစ်သည်။ ဘုရားသခင်ကို ချစ်သောသူများသည် အသက်ကို လိုက်စားသူများအားလုံး ဖြစ်သည်၊ ဆိုလိုသည်မှာ သမ္မာတရားကို လိုက်စားသောသူများနှင့် ဘုရားသခင်ကို အမှန်တကယ် လိုချင်သောသူများ ဖြစ်သည်။ ၎င်းတို့ အားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းဖွင့်ပြခြင်းရှိပြီး သူ၏တို့ထိခြင်းကို ခံထားရကြသည်။ ၎င်းတို့အားလုံး ဘုရားသခင်၏ လမ်းပြမှုကို ရရှိနိုင်ကြသည်။

တစ်စုံတစ်ဦးသည် ဘုရားသခင်အပေါ် ၎င်းတို့ကျေးဇူးကြွေးတင်ရှိသည်ဟု ခံစားနိုင်ပါက၊ ယင်းမှာ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို ခံရခဲ့သောကြောင့် ဖြစ်၏။ ဤသို့ ခံစားရသောသူတို့သည် တောင့်တသည့် စိတ်နှလုံးသားရှိလေ့ရှိကြပြီး အသက်တာထဲ ဝင်ရောက်ခြင်းကို လိုက်စားနိုင်ကြလိမ့်မည်။ သို့သော် အဆင့်တစ်ဆင့်၌ သင်ရပ်တန့်လိုက်ပါက ပိုပြီး နက်နက်နဲနဲ သွားနိုင်မည် မဟုတ်ချေ။ စာတန်၏ ပိုက်ကွန်ထဲ၌ မိနေနိုင်သော အန္တရာယ်က ရှိနေသေးပြီး တစ်ချိန်ချိန်တွင် စာတန်က သင့်ကို ဖမ်းဆီးလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ အလင်းပေးခြင်းသည် လူတို့ကို မိမိတို့ကိုယ်မိမိတို့ သိခွင့်ကိုပေးပြီး နောက်ပိုင်းတွင် ဘုရားသခင်အပေါ် ၎င်းတို့၏ကျေးဇူးကြွေးတင်ရှိခြင်းကို ခံစားခွင့်ပေးလေသည်။ ၎င်းတို့သည် သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန်နှင့် သူ့ကို မနှစ်သက်စေသည့် အရာများအား စွန့်ပစ်ဖို့ရန် လိုလားလာကြလေသည်။ ဤသည်မှာ ဘုရားသခင်၏အမှု၏ အခြေခံသဘောတရားဖြစ်သည်။ သင်တို့အားလုံးသည် သင်တို့ အသက်တာထဲ၌ ကြီးထွားခြင်းနှင့် ဘုရားသခင်အား ချစ်ခြင်းတို့ကို အားထုတ်လိုကြသည်၊ သို့ဆိုလျှင် သင်၏ အပေါ်ယံပုံစံများကို ဖယ်ရှင်းပြီးပြီလော။ သင်၏အပေါ်ယံပုံစံများကို ဖယ်ရှားပြီး အနှောင့်အယှက်ဖြစ်စေပြီး ကြွားဝါသည့် အပြုအမူကို ရှောင်ကြဉ်ခြင်းတို့ကိုသာ ပြုပါက၊ ယင်းသည် သင်၏အသက်တာထဲ ကြီးထွားခြင်းကို လိုက်စားခြင်း အမှန်ပင်လော။ သင်သည် အပေါ်ယံအပြုအမူအားလုံးကို ဖယ်ရှားသော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲသို့ ဝင်ရောက်ခြင်းမရှိပါက၊ သင်သည် မှန်မှန် တိုးတက်ခြင်းမရှိသည်ကို ဤအရာက ပြပေသည်။ အပေါ်ယံအပြုအမူ၏ အရင်းအမြစ်မှာ အဘယ်နည်း။ သင်၏ လုပ်ဆောင်ချက်များသည် သင်၏ အသက်တာ၌ ကြီးထွားခြင်းအတွက်လော။ ဘုရားသခင်၏ လူများထဲမှ တစ်ဦးအဖြစ် အများကလက်ခံဖို့ သင် ကြိုးစားနေသလော။ သင်အာရုံစိုက်သည့်အရာ

မည်သည့်အရာဖြစ်ပါစေ ထိုအရာသည် သင်အသက်ရှင် နေထိုင်မည့် အရာဖြစ်သည်။ အကယ်၍ သင်သည် အပေါ်ယံ အပြုအမူအပေါ် အာရုံစိုက်ပါက၊ သင်၏ စိတ်နှလုံးသည် အပြင်ပန်းကို မကြာခဏ ကြည့်လိမ့်မည်ဖြစ်ပြီး၊ သင့်အသက်တာထဲ၌ ကြီးထွားခြင်းကို လိုက်စားရန် နည်းလမ်း သင်၌ရှိလိမ့်မည် မဟုတ်။ ဘုရားသခင်သည် စိတ်သဘောထား ပြောင်းလဲမှုကို တောင်းဆိုထားသော်လည်း သင်သည် အပြင်ပန်းအရာများကို အမြဲ လိုက်စားနေသည်။ ဤသို့သောလူမျိုးသည် မိမိတို့စိတ်သဘောထားကို ပြောင်းလဲနိုင်စွမ်း မရှိချေ။ ဘဝတွင် ရင့်ကျက်ခြင်းသို့ ရောက်ရှိခြင်း ဖြစ်စဉ်တွင်၊ အယောက်တိုင်းသည် လမ်းကြောင်းတစ်ခုနောက် လိုက်ရပေမည်။ ၎င်းတို့အနေဖြင့် တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်း၊ ဘုရားနှုတ်ကပတ်တော်များ၏ စုံလင်စေခြင်းတို့ကို လက်ခံရမည်။ အကယ်၍ သင်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များမရှိဘဲ သင်၏ ကိုယ်ပိုင်အသိစိတ်နှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကိုသာ အမှီပြုပါက၊ သင်လုပ်သမျှအရာတိုင်းသည် စိတ်အားထက်သန်မှု အပေါ်၌သာ အခြေခံပေသည်။ ဆိုလိုသည်မှာ သင့်အသက်တာ၌ ကြီးထွားခြင်းကို သင်အလိုရှိပါက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် စားသောက်ကာ သာ၍နားလည်ရပေမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ စုံလင်စေခြင်းခံရသော သူအားလုံးသည် ထိုနှုတ်ကပတ်တော်တို့အတိုင်း အသက်ရှင် နေထိုင်နိုင်ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ စစ်ဆေးခြင်းကို မကြုံတွေ့သောသူများ၊ သူ့နှုတ်ကပတ်တော်၏ တရားစီရင်မှုကို မကြုံတွေ့သောသူများသည် သူ့အသုံးပြုဖို့အတွက် မသင့်တော်နိုင်ပေ။ ထို့ကြောင့်၊ မည်သည့် အတိုင်းအတာအထိ သူ၏ နှုတ်ကပတ်တော်များအတိုင်း သင် အသက်ရှင်နေထိုင်သနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်တို့ စားသောက်ပြီး၊ သင်တို့ကိုယ်တိုင်၏ အသက်တာအခြေအနေနှင့် ၎င်းတို့ကို နှိုင်းယှဉ်နိုင်ကာ၊ ငါတင်ပြပြီးသည့် အကြောင်းအချက်များအရ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းကို ရှာတွေ့နိုင်မှသာ၊ သင်တို့၏ လက်တွေ့လုပ်ဆောင်ခြင်းသည် မှန်ကန်လိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ အလိုတော်နှင့် ညီညွတ်ပေလိမ့်မည်။ ဤသို့သော လက်တွေ့လုပ်ဆောင်မှုမျိုး ရှိသည့်သူတစ်ဦးသည်သာ ဘုရားသခင်ကို ချစ်ရန် လိုအင်ဆန္ဒရှိသောသူ ဖြစ်သည်။

## ဆုတောင်းခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍

သင်တို့၏ နေ့စဉ်အသက်တာတွင် ဆုတောင်းခြင်းကို သင်တို့ အရေးမထားပေ။ လူသားသည်

ဆုတောင်းခြင်း ကိစ္စရပ်ကို လျစ်လျူရှု၏။ ဆုတောင်းချက်များသည် ဘုရားသခင်၏ရှေ့တွင် လူသားက ဟန်ဆောင်လုပ်ပြခြင်း သက်သက်ဖြင့် ဝတ်ကျေတမ်းကျေ ဖြစ်လေ့ရှိခဲ့သည်၊ မည်သည့်လူသားကမျှ မိမိ၏ နှလုံးသားကို ဘုရားသခင်၏ ရှေ့မှောက်တွင် အပြည့်အဝ မဆက်ကပ်ခဲ့ဖူးသကဲ့သို့၊ စစ်မှန်သည့် ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့် မထိတွေ့ခဲ့ဖူးကြပေ။ လူသားသည် ဒုက္ခဖြစ်သည့်အခါမှသာ ဘုရားသခင်ကို ဆုတောင်းကြသည်။ ဤအချိန်တစ်လျှောက်လုံးတွင် သင်သည် ဘုရားသခင်ကို အမှန်တကယ် ဆုတောင်းဖူးသလော။ ဘုရားသခင်၏ရှေ့တွင် နာကျင်မှု မျက်ရည်များကို သင်ငိုကြွေးဖူးသလော။ ဘုရားသခင်၏ရှေ့တွင် မိမိကိုယ်ကိုယ် သိမြင်လာခဲ့သည့်အချိန် ရှိဖူးသလော။ ဘုရားနှင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆုတောင်းချက်တစ်ခု သင်ရှိဖူးပါသလော။ ဆုတောင်းခြင်းသည် လက်တွေ့လုပ်ဆောင်မှုမှတဆင့် လာ၏။ သင်သည် သာမန်အားဖြင့် အိမ်တွင် ဆုတောင်းလေ့မရှိပါက၊ ဘုရားကျောင်းတွင်လည်း ဆုတောင်းလိမ့်မည် မဟုတ်သကဲ့သို့၊ လူအနည်းငယ်စုရုံးသည့် အခါများတွင် ပုံမှန် ဆုတောင်းလေ့ မရှိပါက၊ လူများစွာ ဆုတောင်းသည့် အခါများတွင် သင်ဆုတောင်းနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ။ သင်သည် ဘုရားသခင်ထံ ပုံမှန်ချဉ်းကပ်လေ့ မရှိသကဲ့သို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် စားမြုံ့ပြန်လေ့မရှိပါက၊ ဆုတောင်းသည့် အချိန်ရောက်သည့်အခါ သင့်အနေဖြင့် ပြောစရာဘာမျှ ရှိလိမ့်မည် မဟုတ်သကဲ့သို့၊ ဆုတောင်းလျှင်ပင် ပါးစပ်ပြောမျှသာ ဖြစ်လိမ့်မည်။ စစ်မှန်သော ဆုတောင်းခြင်း ဖြစ်လိမ့်မည် မဟုတ်ပေ။

စစ်မှန်သော ဆုတောင်းခြင်းဆိုသည်မှာ အဘယ်နည်း။ ယင်းမှာ သင်၏နှလုံးသားထဲ ရှိသည့်အရာကို ဘုရားသခင်အား ပြောဆိုခြင်း၊ သူ၏ အလိုတော်ကို သင် သဘောပေါက်သည့်အတိုင်း ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်း၊ သူ၏ နှုတ်ကပတ်တော်များမှတစ်ဆင့် ဘုရားသခင်ကို ဆက်သွယ်ခြင်း၊ ဘုရားသခင်နှင့် အထူးသဖြင့် ရင်းနှီးသည်ဟု ခံစားခြင်း၊ သူသည် သင်၏ ရှေ့တွင် ရှိနေသည်ဟု ခံစားရခြင်းနှင့် သူ့ကို ပြောစရာတစ်ခုခု ရှိသည်ဟု ယုံကြည်ခြင်း ဖြစ်သည်။ သင်၏ စိတ်နှလုံးသည် အလင်းဖြင့် ပြည့်သည်ဟု ခံစားရကာ ဘုရားသခင် မည်မျှ ချစ်ဖွယ်ကောင်းသည်ကို သင် ခံစားရသည်။ သင်သည် အထူးသဖြင့် လှုံ့ဆော်မှုကို ခံစားရပြီး သင်ပြောသည့်အရာကို နားထောင်ခြင်းက သင်၏ညီအစ်ကို မောင်နှမများကို အားရကျေနပ်မှု ပေးသည်။ သင်၏ စကားများသည် ၎င်းတို့ ကိုယ်တိုင်၏စကားများ ကိုယ်စားပြောသည့်အလား၊ သင်ပြောသည့် စကားများက ၎င်းတို့၏ စိတ်နှလုံးအတွင်း၌ရှိသည့် စကားများ၊ ၎င်းတို့ပြောချင်သည့် စကားများ ဖြစ်သည်ဟု ၎င်းတို့

ခံစားရလိမ့်မည်။ ဤသည်မှာ စစ်မှန်သည့် ဆုတောင်းခြင်း ဖြစ်သည်။ စစ်မှန်သော ဆုတောင်းခြင်းကို သင် လုပ်ဆောင်ပြီးနောက်တွင်၊ သင်၏စိတ်နှလုံးသည် ငြိမ်းချမ်းလိမ့်မည်ဖြစ်ပြီး အားရကျေနပ်ခြင်းကို သိလိမ့်မည်။ ဘုရားကို ချစ်ဖို့စွမ်းအား မြင့်မားလာနိုင်ပြီး ဘဝတွင် ဘုရားသခင်ကို ချစ်ခြင်းထက် သာ၍ တန်ဖိုးရှိသည့်အရာ သို့မဟုတ် အရေးပါသည့်အရာ မရှိဟု သင် ခံစားရလိမ့်မည်။ ဤအရာအားလုံးက သင်၏ဆုတောင်းခြင်းများ ထိရောက်သည်ကို သက်သေပြပေသည်။ သင်သည် ထိုသို့သော နည်းလမ်းဖြင့် ဆုတောင်းဖူးပါသလော။

ပြီးလျှင် မည်သည့် အကြောင်းအရာကို သင် ဆုတောင်းသနည်း။ သင်၏ ဆုတောင်းခြင်းသည် သင့်စိတ်နှလုံး၏ စစ်မှန်သော အခြေအနေ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်တို့ နှင့်အညီ တစ်ဆင့်ပြီး တစ်ဆင့် ရှေ့ဆက်သင့်သည်။ သင်သည် ဘုရားသခင်၏ အလိုတော်၊ လူသားကို သူ တောင်းဆိုသည့် အရာနှင့်အညီ ဘုရားသခင်ကို မိတ်သဟာယပြုရန် လာသည်။ ဆုတောင်းခြင်းကို သင်စတင်၍ လက်တွေ့လုပ်ဆောင်သည့် အခါတွင်၊ ပထမဦးစွာ သင်၏ စိတ်နှလုံးကို ဘုရားသခင်အား ပေးလော့။ ဘုရားသခင်၏ အလိုတော်ကို နားလည် သဘောပေါက်ဖို့ မကြိုးပမ်းနှင့်- သင်၏နှလုံးသားထဲတွင်ရှိသည့် စကားများကိုသာ ဘုရားသခင်ကို ပြောဖို့ကြိုးစားလော့။ ဘုရားသခင်ရှေ့သို့ သင် လာသည့်အခါတွင်၊ ဤကဲ့သို့ ပြောလော့- "အို ဘုရားသခင်၊ ကျွန်ုပ် ကိုယ်တော့်ကို မနာခံလေ့မရှိခဲ့သည်ကို ယနေ့မှ ကျွန်ုပ် သိပါ၏။ ကျွန်ုပ်သည် ဧကန်အမှန် ဖောက်ပြန်ပျက်စီးပြီး စက်ဆုပ်ဖွယ်ဖြစ်ပါ၏။ ကျွန်ုပ်၏ဘဝကို ကျွန်ုပ် ဖြုန်းတီး၍သာ နေမိပါပြီ။ ယနေ့မှစ၍ ကိုယ်တော်အတွက်အသက်ရှင်ပါမည်။ အဓိပ္ပါယ်ရှိသည့် ဘဝကို အသက်ရှင်ပြီး၊ ကိုယ်တော်၏ အလိုတော်ကို ဖြည့်ဆည်းပါမည်။ ကိုယ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်ကို စဉ်ဆက်မပြတ် အလင်းပြကာ ဉာဏ်အလင်းပေးလျက် ကျွန်ုပ်၏အထဲတွင် လုပ်ဆောင်စေတော်မူပါ။ ကျွန်ုပ်အား ကိုယ်တော်၏ ရှေ့တွင် ခိုင်မာပြီး ထူးကဲလှသည့် သက်သေခံခွင့်ပေးတော်မူပါ။ ကိုယ်တော်၏ဘုန်းတော်၊ ကိုယ်တော်၏ သက်သေခံချက်ကို စာတန်အား မြင်စေတော်မူပါ။ ကိုယ်တော်၏ အောင်မြင်မှု သက်သေကို ကျွန်ုပ်တို့၏အတွင်း၌ ထင်ရှားစေတော်မူပါ။" ဤသို့ သင် ဆုတောင်းသည့်အခါ၊ သင်၏ စိတ်နှလုံးသည် လုံးဝ လွတ်မြောက်လိမ့်မည်။ ဤသို့ ဆုတောင်းပြီးသည့်အခါ၊ သင်၏ စိတ်နှလုံးသည် ဘုရားသခင်နှင့် သာ၍ ရင်းနှီးလာလိမ့်မည် ဖြစ်ပြီး၊ ဤနည်းဖြင့် မကြာခဏ သင်ဆုတောင်းနိုင်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏အတွင်းတွင် မလွဲမသွေ အလုပ်လုပ်လိမ့်မည်။ သင်သည် ဘုရားကို ဤနည်းလမ်းဖြင့် အမြဲခေါ် ပြီး သူ့ရှေ့မှောက်တွင် သင်၏ ဆုံးဖြတ်ချက်ကို ချပါက၊ သင်၏ ဆုံးဖြတ်ချက်သည်

ဘုရားသခင်အဖို့ လက်ခံနိုင်စရာ ဖြစ်သည့် နေ့တစ်နေ့၊ သင်၏ စိတ်နှလုံးနှင့် ဖြစ်တည်မှု တစ်ခုလုံးကို ဘုရားသခင် ရယူကာ နောက်ဆုံးတွင် သင့်ကို သူ စုံလင်စေသည့် နေ့တစ်နေ့ ရောက်လာလိမ့်မည်။ သင်တို့အတွက် ဆုတောင်းခြင်းသည် အရေးကြီးဆုံး ဖြစ်၏။ သင်ဆုတောင်းပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို ရရှိသည့်အခါတွင်၊ သင်၏စိတ်နှလုံးသည် ဘုရားသခင်၏ တို့ထိခြင်းကို ခံရလိမ့်မည်ဖြစ်ပြီး ဘုရားသခင်ကို ချစ်ရန်ခွန်အား ပေါ်ထွက်လာလိမ့်မည်။ သင်၏စိတ်နှလုံးဖြင့် ဆုမတောင်းပါက၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရန် သင် ရင်မဖွင့်ပါက၊ ဘုရားသခင်သည် သင့်ထဲတွင် အလုပ်လုပ်လိမ့်မည် မဟုတ်။ ဆုတောင်းပြီး သင့်စိတ်နှလုံးထဲက စကားများကို ပြောဆိုပြီးနောက်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် စတင် အလုပ်မလုပ်ရသေးသကဲ့သို့ မည်သည့် နှိုးဆော်မှုကိုမျှ သင်မရရှိပါက၊ သင်၏စိတ်နှလုံးသည် ရိုးသားမှု ကင်းမဲ့သည်၊ သင်၏စကားများ မမှန်ကန်သကဲ့သို့ မဖြူစင်သေးသည်ကို ဤအရာက ပြသပေသည်။ ဆုတောင်းပြီးသည့်နောက်၊ အားရကျေနပ်မှု ခံစားချက်တစ်ခု သင် ရှိပါက၊ သင်၏ ဆုတောင်းချက်သည် ဘုရားသခင်အဖို့ လက်ခံနိုင်စရာ ဖြစ်ပြီးဖြစ်ကာ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အတွင်း၌ အလုပ်လုပ်နေပေသည်။ ဘုရားသခင်၏ ရှေ့မှောက်တွင် အစေခံသည့် သူတစ်ဦးအနေနှင့်၊ သင်သည် ဆုတောင်းခြင်းမရှိဘဲ မနေနိုင်ပေ။ သင်သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို အဓိပ္ပါယ်ရှိပြီး တန်ဖိုးရှိသည့် အရာတစ်ခုအဖြစ် အမှန်တကယ် မြင်ပါက၊ ဆုတောင်းခြင်းကို သင်စွန့်လွှတ်နိုင်သလော။ မည်သူမျှ ဘုရားသခင်နှင့် မိတ်သဟာယမဖွဲ့ဘဲ မနေနိုင်ချေ။ ဆုတောင်းခြင်း မရှိပါက၊ သင်သည် ဇာတိပကတိ၌၊ စာတန်၏ ကျေးကျွန်ဘဝတွင် အသက်ရှင်နေခြင်း ဖြစ်သည်။ စစ်မှန်သည့် ဆုတောင်းခြင်း မရှိပါက၊ သင်သည် အမှောင်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ပေသည်။ အသင် ညီအစ်ကို မောင်နှမတို့သည် နေ့စဉ်နေ့တိုင်း စစ်မှန်သော ဆုတောင်းခြင်းကို ပြုနိုင်လိမ့်မည်ဟု ငါမျှော်လင့်၏။ ဤသည်မှာ စည်းကမ်းများကို လိုက်နာခြင်းအကြောင်းမဟုတ်ဘဲ၊ ရလဒ်တစ်ခုခုကို ရရှိခြင်းအကြောင်း ဖြစ်သည်။ သင်သည် နံနက် ဆုတောင်းခြင်းများအတွက် စောစောထဖို့နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မွေ့လျော်ဖို့ အိပ်စက်ခြင်းနှင့် ပျော်မွေ့မှုများကို အနည်းငယ်လျှော့ရန် လိုလားသလော။ သင်သည် ဖြူစင်သည့် စိတ်နှလုံးဖြင့် ဆုတောင်းပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဤသို့ စားသောက်ပါက၊ သင်သည် သူ့အဖို့ သာ၍ လက်ခံနိုင်ဖွယ် ဖြစ်လိမ့်မည်။ ဤအရာကို နံနက်တိုင်း သင် လုပ်ဆောင်ပါက၊ သင်၏ စိတ်နှလုံးကို ဘုရားသခင်အား ပေးခြင်း၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းနှင့် သူနှင့် ဆက်ဆံခြင်းတို့အား နေ့တိုင်း သင် လက်တွေ့လုပ်ဆောင်ပါက၊ ဘုရားသခင်နှင့် သက်ဆိုင်သည့်

သင်၏ အသိပညာသည် ကေန်မုချ တိုးပွားလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ အလိုကို သင်သည် သာ၍ ကောင်းစွာ သဘောပေါက်နိုင်လိမ့်မည်။ သင်က၊ "အို ဘုရားသခင်၊ ကျွန်ုပ်၏ တာဝန်ကို ဖြည့်ဆည်းဖို့ ကျွန်ုပ် လိုလားပါ၏။ ကျွန်ုပ်တို့၌ ကိုယ်တော် ဘုန်းထင်ရှားဖို့အလို့ငှာ၊ ဤလူစုဖြစ်သည့် ကျွန်ုပ်တို့၏ သက်သေခံချက်ကို ကိုယ်တော် နှစ်သက်နိုင်စေဖို့၊ ကျွန်ုပ်၏ ဖြစ်တည်မှု တစ်ခုလုံးကို ကိုယ်တော်ကိုသာ ကျွန်ုပ် ဆက်ကပ်ပါ၏။ ကိုယ်တော်ကို ကျွန်ုပ် မှန်တကယ်ချစ်နိုင်ဖို့နှင့် ကိုယ်တော့်ကို စိတ်ကျေနပ်စေကာ ကျွန်ုပ်၏ ရည်မှန်းချက် ပန်းတိုင်အဖြစ် ကိုယ်တော့်ကို လိုက်စားနိုင်ဖို့ ကျွန်ုပ်တို့၏ အထဲတွင် လုပ်ဆောင်ဖို့ ကိုယ်တော့်ကို တောင်းလျှောက်ပါ၏" ဟု ပြောသည်။ ဤဝန်တာကို သင် တာဝန်ယူသည်နှင့်အညီ၊ ဘုရားသခင်သည် သင့်ကို ကေန်မုချ စုံလင်စေလိမ့်မည်။ သင်ကိုယ်တိုင်၏ အကျိုးအတွက်သာ သင် ဆုမတောင်းသင့်ဘဲ၊ ဘုရားသခင်၏အလိုကို လိုက်လျှောက်ဖို့နှင့် သူ့ကို ချစ်ဖို့အလို့ငှာလည်း သင် ဆုတောင်းသင့်၏။ ဤသည်မှာ အမှန်ကန်ဆုံးသော ဆုတောင်းချက်မျိုး ဖြစ်သည်။ သင်သည် ဘုရားသခင်၏အလိုကို လိုက်လျှောက်ဖို့အတွက် ဆုတောင်းသောသူတစ်ဦးလော။

ယခင်က မည်သို့ ဆုတောင်းရမည်ကို သင်တို့မသိခဲ့သကဲ့သို့၊ ဆုတောင်းခြင်း ကိစ္စရပ်ကို လျစ်လျူရှုခဲ့ကြသည်။ ယခုတွင်၊ ဆုတောင်းရန် မိမိကိုယ်ကိုယ် လေ့ကျင့်ဖို့ သင် အကောင်းဆုံး လုပ်ဆောင်ရမည်။ သင်သည် ဘုရားသခင်ကို ချစ်ဖို့ သင့်အတွင်းတွင် ရှိသည့် ခွန်အားကို မစေ့ဆော်နိုင်ပါက၊ သင်မည်သို့ ဆုတောင်းသနည်း။ သင်က၊ "အို ဘုရားသခင်၊ ကျွန်ုပ်၏ နှလုံးသားသည် ကိုယ်တော်ကို အမှန်တကယ် ချစ်နိုင်စွမ်းမရှိပါ။ ကျွန်ုပ် ကိုယ်တော်ကို ချစ်ချင်သော်လည်း ခွန်အား ကင်းမဲ့ပါ၏။ အဘယ်အရာကို ကျွန်ုပ် လုပ်သင့်ပါသနည်း။ ကျွန်ုပ်၏ ဝိညာဉ်မျက်စိကို ဖွင့်ပေးပြီး ကျွန်ုပ်၏ စိတ်နှလုံးသားကို ကိုယ်တော်၏ ဝိညာဉ်တော်အား တို့ထိစေတော်မူပါ။ ကိုယ်တော်၏ ရှေ့မှောက် ကျွန်ုပ် လာသည်နှင့်အမျှ၊ အပျက်သဘောဆောင်သမျှကို ကျွန်ုပ် စွန့်ပစ်စေတော်မူပါ၊ မည်သည့် လူပုဂ္ဂိုလ်၊ ကိစ္စရပ်၊ သို့မဟုတ် အမှုအရာမဆို၏ ထိန်းချုပ်ခြင်းကို ကျွန်ုပ် မခံသကဲ့သို့၊ ကိုယ်တော်၏ ရှေ့မှောက်တွင် ကျွန်ုပ် စိတ်နှလုံးကို လုံးဝ ဖွင့်ချ၏၊ ထိုသို့ဖြင့် ကျွန်ုပ်၏ ဖြစ်တည်မှုတစ်ခုလုံးကို ကိုယ်တော့်အား ကျွန်ုပ် ဆက်ကပ်စေတော်မူပါ။ သို့သော်၊ ကျွန်ုပ်ကို ကိုယ်တော် စစ်ဆေးနိုင်ပါ၏၊ ကျွန်ုပ် အဆင်သင့် ရှိပါသည်။ ယခု၊ ကျွန်ုပ်၏ အနာဂတ် ရှေ့ရေးကို ကျွန်ုပ် ထည့်မတွက်သကဲ့သို့၊ သေခြင်းတရား၏ ဖိနှိပ်ချုပ်ချယ်မှု အောက်တွင်လည်း ကျွန်ုပ်မရှိပါ။ ကိုယ်တော်ကို ချစ်သည့် စိတ်နှလုံးတစ်ခုဖြင့်၊ အသက်လမ်းကို ကျွန်ုပ် ရှာဖွေချင်ပါ၏။ ကိစ္စရပ်တိုင်း၊ အရာရာတိုင်း- အားလုံး ကိုယ်တော်၏ လက်တော်ထဲတွင် ရှိပါ၏။ ကျွန်ုပ်၏

ကံကြမ္မာသည် ကိုယ်တော်၏ လက်တော်ထဲတွင် ရှိပြီး ကျွန်ုပ်၏ တကယ့် အသက်တာကို ကိုယ်တော့်လက်ထဲတွင် ကိုယ်တော် ထိန်းချုပ်ထားပါ၏။ ယခုတွင်၊ ကိုယ်တော်ကို ချစ်ဖို့ ကျွန်ုပ် ကြိုးစားပြီး၊ ကိုယ်တော်က ကျွန်ုပ်ကို ချစ်ခွင့်ပေးသည် ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ စာတန်က မည်သို့ နှောက်ယှက်ပါစေ၊ ကိုယ်တော့်ကို ချစ်ဖို့ ကျွန်ုပ် စိတ်ပိုင်းဖြတ်ထားပါ၏" ဟု ဆိုသည်။ ဤပြဿနာကို သင်ကြုံရသည့်အခါ၊ ဤသို့ ဆုတောင်းလော့။ သင်သည် ဤသို့ နေ့တိုင်း ဆုတောင်းပါက၊ ဘုရားကို ချစ်ရန် ခွန်အားသည် တဖြည်းဖြည်း မြင့်မားလိမ့်မည်။

လူတစ်ဦးသည် စစ်မှန်သည့် ဆုတောင်းခြင်းထဲသို့ မည်သို့ဝင်ရောက်သနည်း။

ဆုတောင်းသည့်အခါ၊ ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်သက်သည့် နှလုံးသားတစ်ခုနှင့် ရိုးသားသည့် နှလုံးသားတစ်ခု ရှိရမည်။ သင်သည် ဘုရားသခင်နှင့် အမှန်တကယ် မိတ်သဟာယပြုနေပြီး ဆုတောင်းနေခြင်း ဖြစ်သည်- ကြားကောင်းသည့် စကားလုံးများကို သုံးပြီး ဘုရားသခင်ကို နားပူနားဆာလုပ်ရန် သင် မကြိုးစားရပေ။ ဆုတောင်းခြင်းသည် ဘုရားသခင်က ယခုပင် ပြီးမြောက်ရန် ဆန္ဒရှိသည့်အရာအပေါ် ဗဟိုပြုသင့်၏။ သင်ဆုတောင်းသည့်အခါ ပိုမိုကြီးမားသည့် ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းတို့ကို သင့်အားပေးဖို့ ဘုရားသခင်၏ ရှေ့မှောက်တွင် သင် ပြုသည့် သန္နိဋ္ဌာန်အပါအဝင်၊ သင်၏အခြေအနေမှန်နှင့် ဒုက္ခများကို သူ၏မျက်မှောက်သို့ ယူဆောင်ခဲ့လော့။ ဆုတောင်းခြင်းသည် လုပ်ထုံးလုပ်နည်းများကို လိုက်လျှောက်ခြင်း မဟုတ်။ ဘုရားသခင်ကို စစ်မှန်သည့် နှလုံးသားတစ်ခုဖြင့် ရှာဖွေခြင်း ဖြစ်သည်။ သင်၏ စိတ်နှလုံးသည် ဘုရားသခင်၏ရှေ့မှောက်တွင် မကြာခဏ ငြိမ်သက်ဖို့အလို့ငှာ၊ သင့်ကို သူထားသည့် ပတ်ဝန်းကျင်တွင် သင့်ကိုယ်သင် သိဖို့၊ သင့်ကိုယ်သင် စက်ဆုပ်ရွံရှာဖို့နှင့် သင့်ကိုယ်သင် စွန့်လွှတ်ဖို့၊ ထိုသို့ဖြင့် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးတစ်ခု သင့်ကို ရှိခွင့်ပေးပြီး ဘုရားသခင်ကို ချစ်သည့်သူတစ်ဦး အမှန်တကယ်ဖြစ်လာဖို့ အလို့ငှာ သင်၏ စိတ်နှလုံးကို ကွယ်ကာပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်လော့။

ဆုတောင်းခြင်း၏ အရေးပါမှုမှာ အဘယ်နည်း။

ဆုတောင်းခြင်းသည် လူသားက ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်သည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ယင်းသည် လူသားက ဘုရားသခင်ကို ခေါ်သည့် နည်းလမ်းတစ်ခု ဖြစ်ပြီး လူသားသည် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် တို့ထိခြင်းခံရသည့် ဖြစ်စဉ်ဖြစ်သည်။ ဆုတောင်းခြင်း မရှိသူများသည် ဝိညာဉ်မရှိသည့် လူသေများဖြစ်သည်ဟု ဆိုနိုင်သည်၊ ယင်းက

ၒင်းတို့သည် ဘုရားသခင်၏ တို့ထိခြင်း ခံရဖို့ အစွမ်းအစ ကင်းမဲ့သည်ကို သက်သေပြပေသည်။ ဆုတောင်းခြင်း မရှိပါက၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို အမီလိုက်ဖို့ မဆိုထားနှင့်၊ ပုံမှန် ဝိညာဉ်ရေးရာ အသက်တာကို နေထိုင်ဖို့ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ ဆုမတောင်းဘဲနေခြင်းသည် မိမိ၏ ဘုရားသခင်နှင့် ဆက်ဆံရေးကို ဖြတ်တောက်လိုက်ခြင်း ဖြစ်ပြီး၊ ဘုရားသခင်၏ ချီးမွမ်းခြင်းကို ရရှိဖို့ရန် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ ဘုရားသခင်ကို ယုံကြည်သူ တစ်ဦးအနေဖြင့်၊ သာ၍ ဆုတောင်းလေလေ၊ ဆိုလိုသည်မှာ ဘုရားသခင်၏ တို့ထိမှုကို သာ၍ ခံရလေလေ၊ သန္နိဋ္ဌာန်ဖြင့် သာ၍ ပြည့်လေလေဖြစ်ပြီး ဘုရားသခင်ထံမှ အသစ်သော ဉာဏ်အလင်းပေးခြင်းကို ရရှိဖို့ သာ၍ ကောင်းမွန်စွာ လုပ်နိုင်လေလေ ဖြစ်လိမ့်မည်။ အကျိုးဆက်အနေဖြင့်၊ ဤသို့သော လူအမျိုးအစားသည် သန့်ရှင်းသော ဝိညာဉ်တော်၏ စုံလင်စေခြင်းကို အလွန် လျင်မြန်စွာ ခံရနိုင်ပေသည်။

ဆုတောင်းခြင်းသည် မည်သည့် အကျိုးသက်ရောက်မှုကို ရရှိဖို့ ရည်ရွယ်ပါသနည်း။

လူတို့သည် ဆုတောင်းသည့် အလေ့အကျင့်ကို လုပ်ဆောင် နိုင်ကောင်း လုပ်ဆောင်နိုင်ပြီး ဆုတောင်းခြင်း၏ အရေးပါမှုကို နားလည်နိုင်ကောင်း နားလည်နိုင်သည်၊ သို့သော် ဆုတောင်းခြင်း ထိရောက်ဖို့မှာ လွယ်ကူသည့် ကိစ္စမဟုတ်ပေ။ ဆုတောင်းခြင်းသည် ဟန်ဆောင်လုပ်ပြခြင်း၊ လုပ်ထုံးလုပ်နည်းကို လိုက်လျှောက်ခြင်း၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အာဂုံဆောင်ခြင်း ကိစ္စရပ်သာ မဟုတ်ပေ။ ဆိုလိုသည်မှာ ဆုတောင်းခြင်းသည် အချို့သော စကားများကို သံယောင်လိုက်ခြင်း မဟုတ်သကဲ့သို့ အခြားသူများကို တုပခြင်း မဟုတ်ပေ။ ဆုတောင်းရာတွင် ဘုရားသခင်၏ တို့ထိခြင်း ခံရဖို့အလို့ငှာ မိမိ၏ နှလုံးသားကို ဖွင့်ထားလျက် ဘုရားသခင်ထံ မိမိ၏ နှလုံးသားကို ပေးနိုင်သည့် အခြေအနေကို ရောက်ရမည် ဖြစ်သည်။ ဆုတောင်းခြင်း ထိရောက်ဖို့ဆိုပါက၊ ယင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းအပေါ်တွင် အခြေခံရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်းမှ ဆုတောင်းခြင်းဖြင့်သာ၊ သာ၍ ကြီးမားသည့် ဉာဏ်ပွင့်လင်းခြင်းနှင့် အလင်းပေးခြင်းတို့ကို ရရှိနိုင်ပေသည်။ စစ်မှန်သည့် ဆုတောင်းချက်တစ်ခု၏ သရုပ်သကန်များမှာ- ဘုရားသခင် တောင်းဆိုသည့် အရာအားလုံးကို တမ်းတသည့်အပြင်၊ သူ တောင်းဆိုသည့်အရာကို ပြီးမြောက်ဖို့ ဆန္ဒရှိသည့် စိတ်နှလုံးတစ်ခု ရှိခြင်း၊ ဘုရားသခင် စက်ဆုပ်ရွံရှာသည့် အရာကို စက်ဆုပ်ရွံရှာခြင်း၊ ထို့နောက် ဤအခြေခံအုတ်မြစ်အပေါ် တည်ဆောက်ရင်း ယင်းအပေါ် သိနားလည်မှုတစ်ခုကို ရရှိခြင်းနှင့် ဘုရားသခင် အသေးစိတ်ရှင်းပြသည့် သမ္မာတရားများနှင့် စပ်လျဉ်း၍ သိနားလည်မှုနှင့်

ရှင်းလင်းမှုတစ်ခု ရှိခြင်းတို့ဖြစ်သည်။ သန္နိဋ္ဌာန်၊ ယုံကြည်ခြင်း၊ အသိပညာနှင့် ဆုတောင်းပြီးနောက် ရရှိသည့် လက်တွေ့လုပ်ဆောင်မှု လမ်းကြောင်းတစ်ခု ရှိသည့်အခါမှသာ စစ်မှန်သော ဆုတောင်းခြင်းဟု ခေါ်ဆိုနိုင်ပြီး၊ ဤဆုတောင်းခြင်းမျိုးသာ ထိရောက်နိုင်ပေသည်။ သို့သော် ဆုတောင်းခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မွေ့လျော်ခြင်းအပေါ် တည်ဆောက်ထားရမည်၊ ဘုရားသခင်ကို သူ၏ နှုတ်ကပတ်တော်များ၌ မိတ်သဟာယဖွဲ့ခြင်း အခြေခံ အုတ်မြစ်အပေါ်တွင် တည်ဆောက်ထားပြီး၊ ဘုရားသခင်ကို ရှာဖွေနိုင်၍ သူ၏ရှေ့မှောက်တွင် ငြိမ်သက်လာနိုင်သည့် စိတ်နှလုံးပေါ်တွင် တည်ဆောက်ထားရမည်ဖြစ်သည်။ ဤဆုတောင်းခြင်းမျိုးသည် ဘုရားသခင်နှင့် အမှန်တကယ် မိတ်သဟာယဖွဲ့သည့် အဆင့်ကို ဝင်ရောက်နှင့်ပြီး ဖြစ်သည်။

ဆုတောင်းခြင်းနှင့် ပတ်သက်၍ အခြေခံအကျဆုံး အသိပညာ-

၁။ စိတ်ထဲက ပေါ်လာသည့် အရာမှန်သမျှကို ကျိုးကြောင်းမမြင်ဘဲ မပြောနှင့်။ သင်၏စိတ်နှလုံးတွင် ဝန်တာတစ်ခုရှိရမည်၊ ယင်းမှာ သင်ဆုတောင်းသည့်အခါ ရည်မှန်းချက်တစ်ခု ရှိရမည်ဖြစ်သည်။

၂။ ဆုတောင်းခြင်းတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပါဝင်ရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များပေါ်တွင် အခြေခံရမည်ဖြစ်သည်။

၃။ ဆုတောင်းသည့်အခါ၊ ခေတ်မမီတော့သည့် ကိစ္စရပ်များကို ပြန်မတင်ပြရပေ။ ဘုရားသခင်၏ လက်ရှိ နှုတ်ကပတ်တော်များကို သင်အာရုံစိုက်သင့်ပြီး၊ ဆုတောင်းသည့်အခါ သင်၏ အတွင်းကျဆုံး အတွေးများကို ဘုရားသခင်အား ပြောပြလော့။

၄။ အုပ်စုလိုက် ဆုတောင်းခြင်းသည် အဓိကအချက်တစ်ခုကို ဗဟိုပြုရမည်ဖြစ်ပြီး၊ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိ အလုပ် သေချာပေါက် ဖြစ်သည်။

၅။ ကြားဝင်ဖြန်ဖြေ ဆုတောင်းခြင်းကို လူအားလုံး သင်ယူရမည်။ ဤသည်မှာ ဘုရားသခင်၏ အလိုတော်ကို အရေးထားမှု ပြသခြင်းနည်းလမ်းတစ်ခုလည်း ဖြစ်ပေသည်။

လူတစ်ဦး၏ ဆုတောင်းခြင်း အသက်တာသည် ဆုတောင်းခြင်း၏ အရေးပါမှုနှင့် ဆုတောင်းခြင်း၏ အခြေခံအသိပညာကို သိနားလည်ခြင်းတစ်ခုအပေါ် အခြေခံလေသည်။ နေ့စဉ် အသက်တာတွင် သင်ကိုယ်တိုင်၏ အားနည်းချက်များအတွက် မကြာခဏ ဆုတောင်းလော့၊ အသက်တာတွင် သင်၏ စိတ်သဘောထား၌ ထိရောက်သည့်

ပြောင်းလဲမှုရှိဖို့ရန် ဆုတောင်းလော့၊ ပြီးလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် သင်၏ အခြေခံအသိပညာနှင့်ပတ်သက်၍ ဆုတောင်းလော့။ လူအသီးသီးသည် မိမိတို့ကိုယ်တိုင်၏ ဆုတောင်းခြင်း အသက်တာကို တည်ဆောက်သင့်၏၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သိခြင်းအတွက် ဆုတောင်းသင့်ပြီး၊ ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အသိပညာကို ရှာဖွေဖို့ ဆုတောင်းသင့်သည်။ သင်၏ ပုဂ္ဂိုလ်ရေး အခြေအနေများကို ဘုရားသခင်၏ရှေ့မှောက်တွင် ချပြပြီး၊ သင်ဆုတောင်းသည့် နည်းလမ်းကို ရေးကြီးခွင်ကျယ် မလုပ်ဘဲ လက်တွေ့ဆန်လော့၊ ပြီးလျှင် အဓိကအချက်မှာ စစ်မှန်သော သိနားလည်မှုကို ရရှိဖို့နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ စစ်မှန်သော အတွေ့အကြုံကို ရယူဖို့ ဖြစ်သည်။ ဝိညာဉ်ရေးရာ အသက်တာထဲသို့ ဝင်ရောက်ခြင်းကို လိုက်စားသည့် လူတစ်ဦးအနေဖြင့် ကွဲပြားသော နည်းလမ်းများစွာဖြင့် ဆုတောင်းနိုင်ရမည်။ တိတ်တဆိတ် ဆုတောင်းခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြန်ဆင်ခြင်ခြင်း၊ ဘုရားသခင်၏အမှုကို သိရှိလာခြင်း- ဤအရာအားလုံးသည် ဘုရားသခင် ရှေ့မှောက်တွင် တစ်ဦးတစ်ယောက်၏ အခြေအနေကို တိုးတက်စေပြီး အသက်တာတွင် ယခင်ထက်သာ၍ တိုးတက်မှုဆီသို့ တွန်းပို့သည့် ပုံမှန် ဝိညာဉ်ရေးရာ အသက်တာထဲသို့ ဝင်ရောက်ခြင်းကို ရရှိဖို့အတွက် ဝိညာဉ်ရေးရာ မိတ်သဟာယနှင့်ဆိုင်သည့် စိတ်ပိုင်းဖြတ်ချက်ခိုင်မာသော အလုပ်၏ ဥပမာများ ဖြစ်သည်။ အတိုချုပ်အနေဖြင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်သည် ဖြစ်စေ၊ တိတ်ဆိတ်စွာ ဆုတောင်းခြင်းဖြစ်စေ၊ ကျယ်လောင်စွာ ကြွေးကြော်ခြင်းဖြစ်စေ၊ သင်လုပ်သည့် အရာအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ သူ၏ အမှုတော်နှင့် သင့်အထဲတွင် သူ ရရှိရန် ဆန္ဒရှိသည့်အရာကို သင့်အား ရှင်းရှင်းလင်းလင်း သိစေဖို့အလို့ငှာ ဖြစ်ပေသည်။ သာ၍အရေးကြီးသည်မှာ သင် လုပ်သမျှအားလုံးသည် ဘုရားသခင် တောင်းဆိုသည့် စံနှုန်းများကို ရရှိဖို့နှင့် သင်၏ အသက်တာကို အသစ်သော တိုးတက်မှုများဆီသို့ မြှင့်တင်ဖို့အလို့ငှာ ဖြစ်သည်။ လူကို ဘုရားသခင် တောင်းဆိုသည့် အနိမ့်ဆုံးစံနှုန်းမှာ လူသားသည် မိမိ၏ စိတ်နှလုံးကို သူ့အား ဖွင့်ပြနိုင်ဖို့ ဖြစ်သည်။ လူသားသည် သူ၏ စစ်မှန်သည့် နှလုံးသားကို ဘုရားသခင်အား ပေးပြီး သူ့နှလုံးသားထဲတွင် ဧကန်အမှန် ရှိသည့် အရာကို ဘုရားသခင်အား ပြောပါက၊ ဘုရားသခင်သည် သူ့အထဲတွင် လုပ်ဆောင်ရန် လိုလိုလားလား ရှိပေသည်။ ဘုရားသခင် ဆန္ဒရှိသည့်အရာမှာ လူသား၏ ဖောက်ပြန်သော နှလုံးသား မဟုတ်ဘဲ၊ ဖြူစင်ပြီး ရိုးသားသည့် နှလုံးသားဖြစ်သည်။ လူသားသည် ဘုရားသခင်ကို မိမိ၏စိတ်နှလုံးမှ စကားမပြောပါက၊ ဘုရားသခင်သည် သူ၏ စိတ်နှလုံးကို တို့ထိလိမ့်မည် မဟုတ်၊ သို့မဟုတ် သူ့အထဲတွင်

လုပ်ဆောင်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ဆုတောင်းခြင်း၏ အခရာမှာ ဘုရားသခင်ကို သင်၏ စိတ်နှလုံးမှ စကားပြောခြင်း၊ သင်၏ အားနည်းချက်များ သို့မဟုတ် ပုန်ကန်တတ်သည့် စိတ်သဘောထားကို သူ့အားပြောပြခြင်း၊ သူ၏ရှေ့မှောက်တွင် မိမိကိုယ်ကိုယ် လုံးဝ ဖွင့်ပြခြင်းတို့ ဖြစ်သည်။ ထိုအခါမှသာ ဘုရားသခင်က သင်၏ ဆုတောင်းချက်များကို စိတ်ဝင်စားမည်ဖြစ်သည်၊ သို့မဟုတ်ပါက သူ၏မျက်နှာကို သင့်ထံမှ ဖုံးကွယ်လိမ့်မည်ဖြစ်သည်။ ဆုတောင်းခြင်းအတွက် အနိမ့်ဆုံး စံသတ်မှတ်ချက်မှာ သင်သည် ဘုရားသခင်၏ ရှေ့မှောက်တွင် သင်၏စိတ်နှလုံးကို ငြိမ်သက်စွာ ထားနိုင်ရမည်ဖြစ်ပြီး၊ ထိုငြိမ်သက်ခြင်းက ဘုရားထံမှ ခွဲခွာမသွားရပေ။ ဤအဆင့်အတွင်းတွင် သင်သည် သာ၍ သစ်လွင် သို့မဟုတ် သာ၍ မြင့်မားသည့် ထိုးထွင်းသိမြင်မှုကို မရရှိဘဲ ဖြစ်နိုင်သည်၊ သို့သော် ထိုအခါ သင်သည် သင်၏ ရှိရင်းစွဲ အခြေအနေကို ထိန်းသိမ်းဖို့ ဆုတောင်းရမည်- သင် မဆုတ်ယုတ်ရပေ။ ဤသည်မှာ သင် အနည်းဆုံး ရရှိရမည့် အရာဖြစ်သည်။ ဤအရာကိုပင် သင် အထမြောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိပါက၊ သင်၏ ဝိညာဉ်ရေးရာ အသက်တာသည် လမ်းကြောင်းမှန်ပေါ် မရောက်သေးသည်ကို သက်သေပြပေသည်။ အကျိုးဆက်အနေဖြင့်၊ သင်သည် ပထမဦးစွာ ရှိခဲ့သည့် ရူပါရုံကို ထိန်းသိမ်းနိုင်မည်မဟုတ်၊ ဘုရားသခင်၌ ယုံကြည်ခြင်းကို သင် ဆုံးရှုံးလိမ့်မည်ဖြစ်ပြီး သင်၏ သန္နိဋ္ဌာန်သည် နောက်ပိုင်းတွင် ပျောက်ကွယ် သွားလိမ့်မည်။ ဝိညာဉ်ရေးရာ အသက်တာထဲသို့ ဝင်ရောက်ပြီးခြင်း ရှိ၊ မရှိဆိုသည့် လက္ခဏာရပ်တစ်ခုမှာ သင်၏ ဆုတောင်းခြင်းများသည် လမ်းကြောင်းမှန်ပေါ်တွင် ရှိ၊ မရှိဆိုသည်ကို ကြည့်ဖို့ဖြစ်သည်။ လူအားလုံးသည် ဤလက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ရမည်။ ၎င်းတို့အားလုံးသည် မလျှပ်မယှက် စောင့်ဆိုင်းခြင်းမရှိဘဲ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို သတိရှိရှိ ရှာဖွေရင်း၊ ဆုတောင်းခြင်းတွင် မိမိတို့ကိုယ်ကိုယ် သတိရှိရှိ လေ့ကျင့်ခြင်း အလုပ်ကို လုပ်ဆောင်ရမည်။ ထိုအခါမှသာ ၎င်းတို့သည် ဘုရားသခင်ကို အမှန်တကယ် ရှာဖွေသည့် လူများ ဖြစ်ပေလိမ့်မည်။

သင်စတင်ဆုတောင်းသည့်အခါ၊ မိမိနိုင်သည်ထက် ပိုမလုပ်ရ သကဲ့သို့၊ တစ်ကျိုက်တည်းနှင့် အရာရာကို ရရှိဖို့ မမျှော်လင့်နှင့်။ သင့်အနေဖြင့်၊ ပါးစပ်ဖွင့်လိုက်သည်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းခံရမည်၊ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပေးခြင်း ရရှိမည်၊ သို့မဟုတ် သင့်အပေါ် ဘုရားသခင်က ကျေးဇူးတော် သွန်းလောင်းလိမ့်မည်ဟု မျှော်လင့်လျက် အလွန်အကျွံ တောင်းဆိုမှုများ ပြုလုပ်၍ မရပေ။ ယင်းသည် ဖြစ်လိမ့်မည်မဟုတ်ပေ။ ဘုရားသခင်သည် သဘာဝလွန် အမှုအရာများ မဆောင်ရွက်ပေ။ ဘုရားသခင်သည် သူ၏ ကိုယ်ပိုင်အချိန်ကာလတွင် လူတို့၏ ဆုတောင်းချက်များကို ခွင့်ပြုပေးခဲ့ပြီး တစ်ခါတစ်ရံ

သူ၏ရှေ့မှောက်တွင် သင် သစ္စာရှိ၊ မရှိဆိုသည်ကို သိဖို့အတွက် သင်၏ ယုံကြည်မှုကို သူ စမ်းသပ်ပေသည်။ သင် ဆုတောင်းသည့်အခါ၊ ယုံကြည်မှု၊ ဇွဲလုံ့လနှင့် သန္နိဋ္ဌာန်တို့ ရှိရမည်။ လူအများစုသည် ခုလေးတင် စတင်လေ့ကျင့်သည့်အခါ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိမှုကို မခံစားရသောကြောင့် စိတ်ဓာတ်ကျကြသည်။ ဤသည်မှာ အလုပ်ဖြစ်မည်မဟုတ်။ သင်ဇွဲရှိရမည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ထိတွေ့ခြင်းကို ခံစားခြင်းနှင့် ရှာဖွေခြင်းနှင့် လေ့လာမှုတို့အပေါ်တွင် သင်အာရုံစိုက်ရမည်။ တစ်ခါတစ်ရံတွင်၊ သင်၏ လက်တွေ့လုပ်ဆောင်မှု လမ်းကြောင်းသည် မမှန်ကန်သကဲ့သို့၊ တစ်ခါတစ်ရံတွင် သင်၏ပုဂ္ဂိုလ်ရေးကြံရွယ်ချက်များနှင့် အယူအဆများသည် ဘုရားသခင်၏ ရှေ့မှောက်တွင် မခိုင်မြဲနိုင်ပေ၊ ထို့ကြောင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် သင့်ကို မတို့ထိနိုင်ပေ။ အခြားအချိန်များတွင်၊ ဘုရားသခင်သည် သင်သစ္စာရှိ၊ မရှိဆိုသည်ကို ကြည့်၏။ အတိုချုပ်အနေဖြင့်၊ လေ့ကျင့်ရာတွင်၊ သာ၍ မြင့်မားသည့် အဖိုးအခကို သင် ပေးသင့်သည်။ သင်သည် သင်၏ လက်တွေ့လုပ်ဆောင်မှု လမ်းကြောင်းပေါ်တွင် သွေဖည်နေသည်ကို တွေ့ရှိပါက၊ သင်ဆုတောင်းသည့် နည်းလမ်းကို ပြောင်းလဲနိုင်သည်။ ရိုးသားစစ်မှန်သည့် စိတ်နှလုံးဖြင့် သင် ရှာဖွေပြီး ရရှိဖို့ တောင့်တသရွေ့၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်ကို ဤလက်တွေ့အရှိတရားထဲသို့ ဧကန်မုချ ခေါ်ဆောင် သွားလိမ့်မည်။ တစ်ခါတရံတွင် သင်သည် ရိုးသားစစ်မှန်သည့် စိတ်နှလုံးတစ်ခုဖြင့် ဆုတောင်းသော်လည်း အထူး တို့ထိခံရသည်ဟု သင်မခံစားရ။ ဤသို့သောအချိန်များတွင် ဘုရားသခင်သည် သင်၏ ဆုတောင်းချက်များကို စောင့်ကြည့်ကြောင်း ယုံကြည်လျက် ယုံကြည်ခြင်းအပေါ် သင်မှီခိုရမည်ဖြစ်သည်။ သင်၏ဆုတောင်းချက်များတွင် သင် ဇွဲလုံ့လရှိရမည်ဖြစ်သည်။

ရိုးသားသော လူတစ်ဦး ဖြစ်လော့။ သင်၏စိတ်နှလုံးထဲရှိ လှည့်ဖြားမှုများကို ဖယ်ထုတ်ဖို့အတွက် ဘုရားသခင်ထံ ဆုတောင်းလော့။ တစ်ချိန်လုံး ဆုတောင်းခြင်းမှတဆင့် မိမိကိုယ်ကိုယ် စင်ကြယ်စေလော့၊ ဆုတောင်းခြင်းမှတဆင့် ဘုရားသခင်၏ ဝိညာဉ်တော်၏ တို့ထိခြင်းကို ခံလော့၊ ပြီးလျှင် သင်၏ စိတ်သဘောထားသည် တဖြည်းဖြည်း ပြောင်းလဲလာလိမ့်မည်။ စစ်မှန်သည့် ဝိညာဉ်ရေးရာ အသက်တာသည် ဆုတောင်းခြင်း အသက်တာဖြစ်၏- ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းခံရသည့် အသက်တာတစ်ခု ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ထိတွေ့ခြင်းခံရသည့် ဖြစ်စဉ်မှာ လူသား၏ စိတ်သဘောထား ပြောင်းလဲခြင်း ဖြစ်စဉ်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ထိတွေ့ခြင်း မခံရသည့် အသက်တာသည် ဝိညာဉ်ရေးရာ အသက်တာတစ်ခု မဟုတ်ဘဲ၊ ဘာသာရေးဓလေ့နှင့်ဆိုင်သော အသက်တာတစ်ခုသာ ဖြစ်သည်။ သန့်ရှင်းသော

ဝိညာဉ်တော်၏ တို့ထိခြင်း မကြာခဏ ခံရပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခံရပြီး အလင်းပြခံရသူများသာ ဝိညာဉ်ရေးရာ အသက်တာထဲသို့ ဝင်ရောက်ကြပြီး ဖြစ်သည်။ လူသား၏ စိတ်သဘောထားသည် သူဆုတောင်းသည့်အတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို သူ ခံရလေလေ၊ သူသည် တက်ကြွလေလေဖြစ်ပြီး နာခံလာလေလေ ဖြစ်သည်။ ထို့ကြောင့် သူ့၏စိတ်နှလုံးသည်လည်း တဖြည်းဖြည်း သန့်စင်ခံရပြီး သူ၏ စိတ်သဘောထားသည် တဖြည်းဖြည်း ပြောင်းလဲလိမ့်မည်။ ယင်းမှာ စစ်မှန်သည့် ဆုတောင်းခြင်း၏ အကျိုးသက်ရောက်မှု ဖြစ်သည်။

# ဘုရားသခင်၏ အသစ်ဆုံးသောအမှုကို သိပြီး သူ၏ ခြေလှမ်းများနောက် လိုက်လော့

ယခုအချိန်တွင် သင်တို့သည် ဘုရားသခင်၏လူများဖြစ်လာခြင်းအတွက် အားထုတ်ရမည်ဖြစ်ပြီး ဝင်ရောက်မှု တစ်ခုလုံးကို မှန်သော လမ်းကြောင်းပေါ်သို့ စတင်ရမည်။ ဘုရားသခင်၏လူများ ဖြစ်ရန်ဆိုသည်မှာ နိုင်ငံတော်ခေတ်ထဲသို့ ဝင်ရောက်ခြင်းကို ဆိုလိုသည်။ ယနေ့ သင်တို့သည် နိုင်ငံတော်၏ လေ့ကျင့်မှုထဲသို့ တရားဝင် စတင်ဝင်ရောက်ပြီး သင်တို့၏ အနာဂတ် အသက်တာများသည် ယခင်ကကဲ့သို့ ပျင်းရိခြင်းနှင့် ပေါ့ပြက်ခြင်းများ ရပ်စဲသွားရမည်။ ထိုသို့သော နည်းလမ်းတစ်ခုဖြင့် အသက်ရှင်ခြင်း၊ ယင်းသည် ဘုရားသခင် သတ်မှတ်ထားသော စံနှုန်းများကို ကြိုးပမ်းရရှိဖို့ မဖြစ်နိုင်ပေ။ အကယ်၍ သင်သည် မည်သည့် အရေးတကြီး ဖြစ်ခြင်းမျှ မခံစားရပါက၊ ဤအရာက သင်သည် မိမိကိုယ်ကိုယ် တိုးတက်စေဖို့ ဆန္ဒမရှိကြောင်း၊ သင်၏အားထုတ်မှုသည် ကမောက်ကမဖြစ်ပြီး ရှုပ်ထွေးသကဲ့သို့၊ သင်သည် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းနိုင်စွမ်း မရှိသည်ကို ပြသပေသည်။ နိုင်ငံတော်၏ လေ့ကျင့်မှုထဲသို့ ဝင်ရောက်ခြင်း ဆိုသည်မှာ ဘုရားသခင်၏ လူများနှင့်ဆိုင်သည့် အသက်တာ စတင်ခြင်းကို ဆိုလိုသည်- ထိုသို့သော လေ့ကျင့်မှုကို လက်ခံရန် သင်လိုလားလျက်ရှိသလော။ သင်သည် အရေးတကြီးဖြစ်သည့် အသိစိတ်ကို ခံစားရန် လိုလားလျက် ရှိသလော။ ဘုရားသခင်၏ ဆုံးမပဲ့ပြင်မှုအောက်တွင် အသက်ရှင်ရန် သင် လိုလားလျက်ရှိသလော။ ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုအောက်တွင် အသက်ရှင်ရန် သင် လိုလားလျက် ရှိသလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင့်ပေါ် ရောက်လာပြီး သင့်ကို

စမ်းသပ်သည့်အခါတွင်၊ သင်သည် မည်သို့ ဆောင်ရွက်လိမ့်မည်နည်း။ ပြီးလျှင် အမှန်တရားမျိုးစုံကို သင် ရင်ဆိုင်ရချိန်တွင်၊ မည်သည့်အရာကို လုပ်ဆောင်လိမ့်မည်နည်း။ အတိတ်တွင် အသက်အပေါ် သင် အာရုံမစိုက်ခဲ့ပေ။ ယနေ့တွင် သင်သည် အသက် လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ခြင်းကို အာရုံစိုက်ရမည် ဖြစ်ပြီး သင်၏ အသက် စိတ်သဘောထားထဲ၌ အပြောင်းအလဲများကို လိုက်စားရမည် ဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်သားများ စွမ်းဆောင်ရရှိရမည့် အရာ ဖြစ်သည်။ ဘုရားသခင်၏ လူများဖြစ်သော သူအားလုံးသည် အသက်ကို ပိုင်ဆိုင်ရမည်၊ ၎င်းတို့သည် နိုင်ငံတော်၏ လေ့ကျင့်မှုကို လက်ခံရမည်ဖြစ်ပြီး ၎င်းတို့၏ အသက်စိတ်သဘောထားတွင် အပြောင်းအလဲများကို လိုက်စားကြရမည် ဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်သားများကို ဘုရားသခင် တောင်းဆိုသည့်အရာ ဖြစ်သည်။

နိုင်ငံတော်သားများအတွက် ဘုရားသခင်၏ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

၁။ ၎င်းတို့သည် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်များကို လက်ခံရမည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ဘုရားသခင်၏ နောက်ဆုံးသောကာလ အမှုတွင် ပြောဆိုထားသော နှုတ်ကပတ်တော် အားလုံးကို လက်ခံရမည်။

၂။ ၎င်းတို့သည် နိုင်ငံတော်၏ လေ့ကျင့်မှုထဲသို့ ဝင်ရောက်ရမည်။

၃။ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးများ ဘုရားသခင်၏ တို့ထိခံရခြင်းအား ရရှိအောင် အားထုတ်ရမည်။ သင်၏ စိတ်နှလုံးသည် ဘုရားသခင်ထံသို့ လုံးဝ လှည့်ပြီးဖြစ်ကာ သင်သည် ပုံမှန် ဝိညာဉ်ရေးရာ အသက်တာ ရှိသည့်အခါတွင်၊ သင်သည် လွတ်လပ်မှု နယ်ပယ်ထဲတွင် အသက်ရှင်လိမ့်မည်၊ ယင်းမှာ သင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၏ စောင့်ရှောက်မှုနှင့် ကာကွယ်မှုတွင် အသက်ရှင်ရလိမ့်မည်ဟု ဆိုလိုပေသည်။ ဘုရားသခင်၏ စောင့်ရှောက်မှုနှင့် ကာကွယ်မှုအောက်တွင် သင်အသက်ရှင်သည့်အခါမှသာ၊ သင်သည် ဘုရားသခင်နှင့် သက်ဆိုင်လိမ့်မည်။

၄။ ၎င်းတို့သည် ဘုရားသခင်၏ ရယူခြင်းကို ခံကြရမည်။

၅။ ၎င်းတို့သည် ကမ္ဘာမြေကြီးပေါ်၌ ဘုရားသခင်၏ ဘုန်းအသရေနှင့်ဆိုင်သည့် သရုပ်သကန် တစ်ခု ဖြစ်လာကြရမည်။

ဤအချက်ငါးချက်သည် သင်တို့အတွက် ငါ၏တာဝန်ပေး စေခိုင်းချက်များ ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များကို ဘုရားသခင်၏ လူတို့ထံ ပြောဆိုထားသကဲ့သို့ သင်တို့သည် ဤတာဝန်ပေးစေခိုင်းချက်များကို လက်ခံရန် လိုလားခြင်းမရှိပါက၊ သင့်ကို ငါ အတင်းအကျပ် ပြုမည်မဟုတ်- သို့ရာတွင် သင်သည် ထိုစကားများကို အမှန်တကယ်လက်ခံပါက၊ ဘုရားသခင်၏ အလိုကို လုပ်ဆောင်နိုင်လိမ့်မည်။ ယနေ့တွင် သင်တို့သည် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်များကို စတင်လက်ခံကြပြီး နိုင်ငံတော်သားများ ဖြစ်လာခြင်းနှင့် နိုင်ငံတော်သားများဖြစ်ရန် လိုအပ်သော စံနှုန်းများကို ကြိုးပမ်းရရှိခြင်းတို့ကို အားထုတ်ကြလော့။ ဤသည်မှာ ဝင်ရောက်ခြင်း၏ ပထမခြေလှမ်းဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ အလိုကို အပြည့်အဝ လုပ်ဆောင်ရန် ဆန္ဒရှိပါက၊ ဤတာဝန်ပေးစေခိုင်းချက် ငါးချက်ကို သင် လက်ခံရမည်ဖြစ်ပြီး၊ ယင်းတို့ကို သင် စွမ်းဆောင်ရရှိနိုင်ပါက၊ သင်သည် ဘုရားသခင်၏စိတ်နှင့် ကိုက်ညီလိမ့်မည်ဖြစ်ကာ ဘုရားသခင်သည် သင့်ကို ကေန်မုချ ကြီးစွာ အသုံးပြုလိမ့်မည်။ ယနေ့ အရေးပါသည်မှာ နိုင်ငံတော်၏ လေ့ကျင့်မှုထဲသို့ ဝင်ရောက်ခြင်း ဖြစ်သည်။ နိုင်ငံတော်၏ လေ့ကျင့်မှုထဲသို့ ဝင်ရောက်ခြင်းတွင် ဝိညာဉ်ရေးရာ အသက်တာ ပါဝင်သည်။ ယခင်က ဝိညာဉ်ရေးရာ အသက်တာနှင့်သက်ဆိုင်သည့် ပြောဆိုမှု မရှိခဲ့သော်လည်း၊ ယနေ့တွင် သင်သည် နိုင်ငံတော်၏ လေ့ကျင့်မှုထဲသို့ စတင် ဝင်ရောက်သည်နှင့်အမျှ သင်သည် ဝိညာဉ်ရေးရာ အသက်တာထဲသို့ တရားဝင် ဝင်ရောက်ပေသည်။

မည်သည့် အသက်တာမျိုးသည် ဝိညာဉ်ရေးရာ အသက်တာ ဖြစ်သနည်း။ ဝိညာဉ်ရေးရာ အသက်တာ ဆိုသည်မှာ သင်၏စိတ်နှလုံးက ဘုရားသခင်ထံသို့ လုံးဝ လှည့်ကာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဂရုပြုနိုင်သည့် အသက်တာ တစ်ခု ဖြစ်သည်။ ယင်းက သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ အသက်ရှင်ပြီး အခြားမည်သည့်အရာကမျှ သင်၏စိတ်နှလုံးကို နေရာ မယူသကဲ့သို့၊ ယနေ့ သင်သည် ဘုရားသခင်၏ အလိုကို သဘောပေါက်နိုင်ကာ သင်၏တာဝန်ကို ဖြည့်ဆည်းဖို့အလို့ငှာ ယနေ့တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းအားဖြင့် လမ်းပြခြင်း ခံရသည့် အသက်တာတစ်ခု ဖြစ်သည်။ လူနှင့် ဘုရားသခင်ကြားက ထိုသို့သော အသက်တာတစ်ခုသည် ဝိညာဉ်ရေးရာ အသက်တာ ဖြစ်သည်။ အကယ်၍ သင်သည် ယနေ့၏အလင်းနောက် မလိုက်နိုင်ပါက၊ သင်နှင့် ဘုရားသခင်၏ ဆက်ဆံရေးကြားတွင် ကွာဟချက်တစ်ခု ဖွင့်ဟထားပြီး ဖြစ်သည်- ယင်းသည် ပြတ်တောက်ကောင်း ပြတ်တောက်သွားနိုင်သကဲ့သို့- သင်သည် ပုံမှန် ဝိညာဉ်ရေးရာ အသက်တာတစ်ခု မရှိပေ။ ဘုရားသခင်နှင့် ပုံမှန် ဆက်ဆံရေးသည် ယနေ့ ဘုရားသခင်၏

နှုတ်ကပတ်တော်များကို လက်ခံခြင်း အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ သင်သည် ပုံမှန် ဝိညာဉ်ရေးရာ အသက်တာ ရှိသလော။ သင်သည် ဘုရားသခင်နှင့် ပုံမှန် ဆက်ဆံရေးတစ်ခု ရှိသလော။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်နောက် လိုက်သောသူတစ်ဦး ဖြစ်သလော။ အကယ်၍ သင်သည် ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းနောက် လိုက်နိုင်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်းရှိ ဘုရားသခင်၏ အလိုကို သဘောပေါက်နိုင်ကာ ဤနှုတ်ကပတ်တော်များထဲသို့ ဝင်ရောက်နိုင်ပါက၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းနောက်လိုက်သော တစ်စုံတစ်ဦး ဖြစ်ပေသည်။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းနောက် မလိုက်ပါက၊ သင်သည် သမ္မာတရားကို မလိုက်စားသည့်သူတစ်ဦး ဖြစ်သည်မှာ သေချာပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် မိမိတို့ကိုယ်ကိုယ် တိုးတက်စေဖို့ ဆန္ဒမရှိသူများအတွင်းတွင် အလုပ်လုပ်ဖို့ မဖြစ်နိုင်သကဲ့သို့၊ အကျိုးဆက်အနေဖြင့် ထိုသို့သော လူများသည် ၎င်းတို့၏ ခွန်အားကို မည်သည့်အခါမျှ မလှုံ့ဆော်နိုင်ကြသကဲ့သို့၊ အမြဲတမ်း မလှုပ်မယှက် ဖြစ်ကြလေသည်။ ယနေ့တွင် သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းနောက် လိုက်သလော။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းထဲတွင် ရှိသလော။ မလှုပ်မယှက် ဖြစ်နေသော အခြေအနေတစ်ခုမှ သင် လွတ်လာပြီလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ယုံကြည်သောသူများ၊ ဘုရားသခင်၏ အမှုကို အခြေခံအုတ်မြစ်အဖြစ် ခံယူပြီး၊ ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းနောက် လိုက်လျှောက်သောသူများအားလုံး- ၎င်းတို့အားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းတွင် ရှိကြပေသည်။ အကယ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် တိတိကျကျ စစ်မှန်ပြီး မှန်ကန်သည်ဟု သင် ယုံကြည်ပါက၊ ပြီးလျှင် ဘုရားသခင် မည်သည့်အရာကို ပြောသည်ဖြစ်စေ သူ၏ နှုတ်ကပတ်တော်များကို သင် ယုံကြည်ပါက၊ သင်သည် ဘုရားသခင်၏ အမှုထဲသို့ ဝင်ရောက်ခြင်းကို အားထုတ်သောသူတစ်ဦး ဖြစ်ပြီး ဤနည်းဖြင့် သင်သည် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းပေသည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းထဲသို့ ဝင်ရောက်ရန်၊ သင်သည် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေး ရှိရမည်ဖြစ်ပြီး၊ သင်သည် သင်၏ မလှုပ်မယှက်ဖြစ်သော အခြေအနေမှ မိမိကိုယ်ကိုယ် ပထမဦးစွာ ဖယ်ရှားရမည် ဖြစ်သည်။ လူအချို့သည် လူအုပ်နောက်သို့ အမြဲလိုက်ကြပြီး ၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင်ထံမှ အလွန် အဝေးကွာစွာ သွေဖည်တတ်ကြသည်။ ထိုသို့သော လူများသည် မိမိတို့ကိုယ်ကိုယ် တိုးတက်စေဖို့

ဆန္ဒမရှိကြသကဲ့သို့ ၎င်းတို့ အားထုတ်လိုက်စားသည့် စံနှုန်းများမှာ အလွန် နိမ့်ကျလေသည်။ ဘုရားသခင်ကို ချစ်ဖို့ အားထုတ်ခြင်းနှင့် ဘုရားသခင်၏ ရယူခံရခြင်းသည်သာ ဘုရားသခင်၏အလို ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြန်ပေးဆပ်ရန် မိမိတို့၏ အသိတရားကိုသာ အသုံးပြုသောသူများ ရှိသည်၊ သို့သော် ဤအရာသည် ဘုရားသခင်၏ အလိုကို မဖြည့်ဆည်းနိုင်ပေ။ သာ၍ မြင့်မားသည့် စံနှုန်းများကို သင် အားထုတ်လေ၊ ယင်းသည် ဘုရားသခင်၏ အလိုနှင့် သာ၍ သဟဇာတဖြစ်လေ ဖြစ်လိမ့်မည်။ ပုံမှန်ဖြစ်ပြီး ဘုရားသခင်ကို ချစ်ဖို့ အားထုတ်သည့် သူတစ်ဦးဖြစ်သည်နှင့်အမျှ ဘုရားသခင်၏ လူများထဲမှ တစ်ဦးဖြစ်လာဖို့ နိုင်ငံတော်ထဲသို့ ဝင်ရောက်ခြင်းသည် သင်တို့၏ စစ်မှန်သော အနာဂတ်ဖြစ်ပြီး၊ အဆုံးစွန်သော တန်ဖိုးနှင့် အရေးပါမှုရှိသည့် အသက်တာ တစ်ခု ဖြစ်သည်။ မည်သူမျှ သင်တို့ထက် သာ၍ကောင်းချီးမခံစားရပေ။ ဤအရာကို အဘယ်ကြောင့် ငါပြောသနည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကို မယုံကြည်သော သူတို့သည် ဇာတိပကတိအတွက် အသက်ရှင်ကြပြီး စာတန်အတွက် အသက်ရှင်ကြသည်၊ သို့သော် ယနေ့တွင် သင်တို့သည် ဘုရားသခင်အတွက် အသက်ရှင်ကြပြီး ဘုရားသခင်၏အလိုကို လုပ်ဆောင်ရန် အသက်ရှင်ကြပေသည်။ ယင်းမှာ သင်တို့၏ အသက်တာများသည် အဆုံးစွန် အရေးပါမှု ရှိသည်ဟု ငါ ပြောရသည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်၏ ရွေးချယ်ခြင်းခံရသော ဤလူအုပ်စုသည်သာ အဆုံးစွန် အရေးပါမှုရှိသည့် အသက်တာဖြင့် အသက်ရှင်နိုင်ကြသည်။ ကမ္ဘာမြေပေါ် ရှိ အခြားမည်သူမျှ ထိုသို့သော တန်ဖိုးနှင့် အဓိပ္ပာယ် ရှိသည့် အသက်တာတစ်ခုကို အသက်မရှင်နိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် သင်တို့ကို ဘုရားသခင်က ရွေးချယ်ထားပြီးဖြစ်သကဲ့သို့ သင်တို့သည် ဘုရားသခင်၏ ပြုစုပျိုးထောင်ခြင်းကို ခံကြရသောကြောင့် ဖြစ်ပြီး၊ ထို့အပြင် သင်တို့အတွက် ဖြစ်သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကြောင့်၊ သင်တို့သည် စစ်မှန်သော အသက်ကို သဘောပေါက်ကြပြီး ဖြစ်ကာ အဆုံးစွန် တန်ဖိုးရှိသော အသက်တာတစ်ခု မည်သို့ အသက်ရှင်ရမည်ကို သိရှိကြပေသည်။ ဤသည်မှာ သင်တို့၏ အားထုတ်မှု ကောင်းမွန်သောကြောင့် မဟုတ်ဘဲ၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြစ်သည်။ သင်တို့၏ဝိညာဉ်မျက်စိများကို ဖွင့်ပေးသည်မှာ ဘုရားသခင်ဖြစ်ပြီး၊ သူ့ထံသို့လာရန် ကောင်းမွန်သော အခွင့်အလမ်းကို သင်တို့အား ပေးလျက်၊ သင်တို့၏ စိတ်နှလုံးကို တို့ထိသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်သည်။ အကယ်၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အား အသိဉာဏ် မပွင့်လင်းစေခဲ့ပြီးပါက၊ သင်တို့သည် ဘုရားသခင်နှင့် ပတ်သက်သည့် ချစ်ဖွယ်သောအရာကို မြင်နိုင်စွမ်း ရှိမည် မဟုတ်သကဲ့သို့

ဘုရားသခင်ကို ချစ်ဖို့လည်း သင့်အတွက် ဖြစ်နိုင်မည် မဟုတ်ပေ။ လူတို့၏ စိတ်နှလုံးများက ဘုရားသခင်ထံ လှည့်ကြပြီးဖြစ်သည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်က ၎င်းတို့၏ စိတ်နှလုံးများကို တို့ထိခြင်းကြောင့် လုံးလုံးလျားလျား ဖြစ်ပေသည်။ တစ်ခါတစ်ရံ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် မွေ့လျော်နေချိန်တွင်၊ သင်၏စိတ်ဝိညာဉ်သည် တို့ထိခံရပြီး၊ ဘုရားသခင်ကို သင် မချစ်ဘဲမနေနိုင်ကြောင်း၊ သင့်အတွင်းတွင် ကြီးမားသော ခွန်အားရှိကြောင်းနှင့် သင် ဘေးဖယ်မထားနိုင်သည့်အရာ မည်သည့်အရာမျှ မရှိသည်ကို သင် ခံစားရပေသည်။ အကယ်၍ သင်သည် ဤကဲ့သို့ခံစားရပါက၊ သင်သည် ဘုရားသခင်၏ ဝိညာဉ်တော်၏ တို့ထိခြင်းကို ခံရပြီးဖြစ်ကာ သင်၏စိတ်နှလုံးသည် ဘုရားသခင်ထံသို့ လုံးလုံးလျားလျား လှည့်ပြီး၊ ဘုရားသခင်ထံ ဆုတောင်းကာ၊ “အို ဘုရားသခင်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ခွဲခန့်မှတ်သားခြင်းနှင့် ရွေးချယ်ခြင်းကို အမှန်တကယ် ခံရကြပြီးဖြစ်ပါသည်။ ကိုယ်တော်၏ ဘုန်းအသရေသည် ကျွန်ုပ်၏ ဂုဏ်ယူစေပြီး၊ ကိုယ်တော်၏ လူများထဲမှ တစ်ဦးဖြစ်ရသည်မှာ ကျွန်ုပ်အတွက် မွန်မြတ်သည်ဟု ခံစားရပါသည်။ ကျွန်ုပ်သည် ကိုယ်တော်၏ အလိုတော်ကို လုပ်ဆောင်ရန် မည်သည့်အရာကိုမဆို အသုံးပြုကာ မည်သည့်အရာကိုမဆို ပေးပါမည်၊ ပြီးလျှင် ကျွန်ုပ်၏ နှစ်ကာလအားလုံးနှင့် တစ်သက်တာလုံး ကြိုးပမ်းအားထုတ်မှုများကို ကိုယ်တော့်ထံ ဆက်ကပ်ပါမည်။” ဟု သင် ဆိုလိမ့်မည်။ ဤကဲ့သို့ သင်ဆုတောင်းသောအခါတွင်၊ သင်၏စိတ်နှလုံးထဲ၌ အဆုံးမရှိသော ချစ်ခြင်းနှင့် ဘုရားသခင်အပေါ် စစ်မှန်သော နာခံမှု ရှိလိမ့်မည်။ ဤကဲ့သို့သော အတွေ့အကြုံတစ်ခု သင် ရှိခဲ့ဖူးပါသလော။ အကယ်၍ လူများသည် ဘုရားသခင်၏ ဝိညာဉ်တော်၏ တို့ထိခြင်းကို မကြာခဏ ခံကြရပါက၊ ၎င်းတို့သည် ၎င်းတို့၏ ဆုတောင်းချက်များထဲ၌၊ “အို ဘုရားသခင်။ ကိုယ်တော် ဘုန်းထင်ရှားသော နေ့ရက်ကို ရှုမြင်ရန် ကျွန်ုပ် ဆန္ဒရှိသကဲ့သို့၊ ကိုယ်တော့်အတွက် အသက်ရှင်ရန် ကျွန်ုပ် ဆန္ဒရှိပါ၏- ကိုယ်တော့်အတွက် အသက်ရှင်ရန်ထက် မည်သည့်အရာမျှ သာ၍ မထိုက်တန်၊ အဓိပ္ပာယ်မရှိသကဲ့သို့၊ စာတန်နှင့် ဇာတိပကတိအတွက် အသက်ရှင်ရန် ကျွန်ုပ် ဆန္ဒ စိုးစဉ်းမျှ မရှိပါ။ ကိုယ်တော့်အတွက် ယနေ့ ကျွန်ုပ်ကို အသက်ရှင်နိုင်စေခြင်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်အား ပြုစုပျိုးထောင်ပါသည်။” ဟူ၍ မိမိတို့ကိုယ်ကိုယ် ဘုရားသခင်ထံ ဆက်ကပ်ရန် အထူးသဖြင့် ဆန္ဒရှိကြပေသည်။ သင်သည် ဤသို့ဆုတောင်းပြီးသည့်အခါ သင်သည် သင်၏စိတ်နှလုံးကို ဘုရားသခင်အား မပေးဘဲ မနေနိုင်ကြောင်း၊ ဘုရားသခင်ကို သင် ရရှိရမည်ဖြစ်ကြောင်းနှင့် သင် အသက်ရှိစဉ်တွင် ဘုရားသခင်ကို ရရှိခြင်းမရှိဘဲ၊ သေဆုံးရဖို့ မုန်းတီးမည်ဖြစ်ကြောင်း ခံစားရလိမ့်မည်။ ထိုသို့သော ဆုတောင်းချက်တစ်ခုကို ပြောဆိုလျက်၊ သင်၏အတွင်းတွင် မကုန်ခန်းနိုင်သော

ခွန်အားတစ်ခု ရှိလိမ့်မည်ဖြစ်ပြီး ထိုခွန်အားက မည်သည့်နေရာမှ ဖြစ်သည်ကို သင် သိရှိလိမ့်မည် မဟုတ်ပေ။ သင်၏ စိတ်နှလုံးတွင် အကန့်အသတ် မရှိသော တန်ခိုးရှိလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်သည် ချစ်မြတ်နိုးဖွယ်ဖြစ်ပြီး သူ့ကို ချစ်မြတ်နိုးခြင်းငှာ ထိုက်တန်သည်ဆိုသည့် အသိစိတ် တစ်ခု ရှိလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ တို့ထိခြင်းကို သင်ခံရပြီးဖြစ်လိမ့်မည့် အချိန် ဖြစ်သည်။ ထိုသို့သော အတွေ့အကြုံတစ်ခု ရှိပြီးကြသူများ အားလုံးသည် ဘုရားသခင်၏ တို့ထိခြင်းကို ခံရပြီးဖြစ်သည်။ ဘုရားသခင်၏ တို့ထိခြင်းကို မကြာခဏ ခံရသောသူများအတွက်၊ ၎င်းတို့၏ အသက်တာများ၌ အပြောင်းအလဲများ ဖြစ်ပေါ်သည်၊ ၎င်းတို့သည် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ပြုလုပ်နိုင်ကြပြီး၊ ဘုရားသခင်ထံ လုံးဝ လှည့်ရန် လိုလားခြင်း ရှိကြသည်၊ ၎င်းတို့စိတ်နှလုံးထဲရှိ ဘုရားသခင်အား ချစ်ခြင်းသည် သာ၍ အားကောင်းသည်၊ ၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင်ထံသို့ လုံးဝ လှည့်သွားကြပြီးဖြစ်သည်၊ ၎င်းတို့သည် မိသားစု၊ ကမ္ဘာလောက၊ အရှုပ်အယှက်များ သို့မဟုတ် ၎င်းတို့၏ အနာဂတ်များကို အလေးမထားကြသကဲ့သို့၊ ၎င်းတို့သည် တစ်ဘဝလုံး အားထုတ်မှုတို့ကို ဘုရားသခင်ထံ ဆက်ကပ်ရန် လိုလားနေကြပေသည်။ ဘုရားသခင်၏ ဝိညာဉ်တော် တို့ထိခြင်းကို ခံရပြီးသောသူအားလုံးသည် သမ္မာတရားကို အားထုတ်သောလူများနှင့် ဘုရားသခင်၏ စုံလင်စေခြင်းနှင့်ဆိုင်သည့် မျှော်လင့်ချက်ရှိသောလူများ ဖြစ်ကြသည်။

သင်၏စိတ်နှလုံးကို ဘုရားသခင်ထံသို့ သင်လှည့်ပြီးပြီလော။ သင်၏စိတ်နှလုံးသည် ဘုရားသခင်၏ ဝိညာဉ်တော် တို့ထိခြင်းကို ခံရပြီးပြီလော။ အကယ်၍ သင်သည် ထိုသို့သော အတွေ့အကြုံတစ်ခု လုံးဝ မရှိဖူးပါက၊ ပြီးလျှင် သင်သည် ထိုသို့သော နည်းလမ်းတစ်ခုဖြင့် မည်သည့်အခါတွင်မျှ ဆုမတောင်းဖူးပါက၊ ဤသည်မှာ သင်၏စိတ်နှလုံးထဲ၌ ဘုရားသခင်က နေရာမရှိသည်ကို ပြသပေသည်။ ဘုရားသခင်၏ ဝိညာဉ်တော် လမ်းပြခြင်းခံရသူများနှင့် ဘုရားသခင်၏ ဝိညာဉ်တော် တို့ထိခြင်းကို ခံရသောသူအားလုံးသည် ဘုရားသခင်၏ အမှုကို ပိုင်ဆိုင်ကြသည်၊ ယင်းက ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ၎င်းတို့အတွင်းတွင် အမြစ်တွယ်ပြီးဖြစ်သည်ကို ပြသပေသည်။ လူအချို့က "ကျွန်ုပ်သည် သင်ကဲ့သို့ ကျွန်ုပ်၏ ဆုတောင်းခြင်းများတွင် စိတ်အားမထက်သန်သကဲ့သို့၊ ကျွန်ုပ်သည် ဘုရားသခင်၏ တို့ထိခြင်းကိုလည်း သိပ်မခံစားရပါ။ တစ်ခါတစ်ရံ- ကျွန်ုပ် နှလုံးသွင်းဆင်ခြင်ပြီး ဆုတောင်းသည့်အခါ- ဘုရားသခင်သည် ချစ်ဖွယ်ကောင်းပြီး၊ ကျွန်ုပ်၏စိတ်နှလုံးသည် ဘုရားသခင်၏ တို့ထိခြင်း ခံရသည်ကို ကျွန်ုပ် ခံစားရသည်။" ဟု ဆိုကြသည်။ လူ၏စိတ်နှလုံးထက် မည်သည့် အရာမျှ သာ၍

အရေးမကြီးပေ။ သင်၏စိတ်နှလုံးသည် ဘုရားသခင်ထံ လှည့်ပြီးသောအခါတွင်၊ သင်၏ဖြစ်တည်မှုတစ်ခုလုံးသည် ဘုရားသခင်ထံသို့ လှည့်ပြီးဖြစ်လိမ့်မည်ဖြစ်ပြီး၊ ထိုအချိန်တွင် သင်၏စိတ်နှလုံးသည် ဘုရားသခင်၏ ဝိညာဉ်တော် တို့ထိခြင်းကို ခံရပြီးဖြစ်လိမ့်မည် ဖြစ်သည်။ သင်တို့အထဲမှ အများစုတို့သည် ထိုသို့သော အတွေ့အကြုံ တစ်ခု ရှိကြပြီးဖြစ်သည်- ယင်းမှာ သင်တို့ အတွေ့အကြုံများ၏ အတိမ်အနက်များက မတူညီကြခြင်းသာ ဖြစ်သည်။ လူအချို့က၊ "ကျွန်ုပ်သည် စကားလုံးများစွာဖြင့် ဆုမတောင်းပါ၊ အခြားသူများ၏ မိတ်သဟာယဖွဲ့ခြင်းကိုသာ ကျွန်ုပ် နားထောင်ပြီး ကျွန်ုပ်အတွင်းတွင် ခွန်အား ထွက်ပေါ်လာပါသည်။" ဟု ဆိုကြသည်။ ဤအရာက သင်သည် အတွင်း၌ ဘုရားသခင်၏ တို့ထိခြင်းကို ခံရပြီးဖြစ်သည်ကို ပြပေသည်။ အတွင်း၌ ဘုရားသခင်၏ တို့ထိခြင်းကို ခံရပြီးသောသူများသည် အခြားသူများ မိတ်သဟာယဖွဲ့ခြင်းကို ကြားသည့်အခါ၊ လှုံ့ဆော်မှု ခံစားရလေသည်။ အကယ်၍ လှုံ့ဆော်နေသည့် စကားများကို ၎င်းတို့ ကြားချိန်တွင် လူတစ်ဦး၏ စိတ်နှလုံးက လုံးဝ မလှုပ်ရှားပါက၊ ဤအရာက သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် ၎င်းတို့အတွင်း မရှိသည်ကို သက်သေပြပေသည်။ ၎င်းတို့အတွင်းတွင် တမ်းတမှု မရှိပေ၊ ယင်းက ၎င်းတို့သည် စိတ်ဆုံးဖြတ်ချက် မရှိကြသကဲ့သို့၊ ထိုသို့ဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် မရှိကြသည်ကို သက်သေပြပေသည်။ အကယ်၍ လူတစ်ဦးသည် ဘုရားသခင်၏ တို့ထိခြင်းကို ခံရပြီးဖြစ်ပါက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ ကြားကြသည့်အခါတွင် တုံ့ပြန်မှု တစ်ခု ရှိကြလိမ့်မည်။ အကယ်၍ ၎င်းတို့သည် ဘုရားသခင်၏ တို့ထိခြင်းကို မခံရသေးပါက၊ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ထိတွေ့ခြင်း မရှိကြသေးပေ၊ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် မည်သည့် ဆက်နွယ်မှုမျှ မရှိကြသကဲ့သို့ ၎င်းတို့သည် အသိဉာဏ်ပွင့်လင်းခံရနိုင်စွမ်း မရှိကြချေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြားပြီးဖြစ်ကာ တုံ့ပြန်မှုမရှိသောသူများသည် ဘုရားသခင်၏ တို့ထိခြင်းကို မခံရသေးသောသူများ ဖြစ်ကြသည်- ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် မရှိကြသောလူများ ဖြစ်သည်။ အသစ်သော အလင်းကို လက်ခံနိုင်သောသူ အားလုံးသည် ထိတွေ့ခံရကာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ပိုင်ဆိုင်ကြပေသည်။

မိမိကိုယ်ကိုယ် နှိုင်းဆချင့်ချိန်လော့-

၁။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိ လုပ်ဆောင်ချက်အလယ်တွင် ရှိသလော။

၂။ သင်၏ စိတ်နှလုံးသည် ဘုရားသခင်ထံ လှည့်ပြီးပြီလော။ ဘုရားသခင်၏ တို့ထိခြင်းကို သင် ခံရပြီးပြီလော။

၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင့်အထဲတွင် အမြစ်တွယ်ပြီလော။

၄။ သင်၏ လက်တွေ့လုပ်ဆောင်မှုသည် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့်ဆိုင်သည့် အခြေခံအုတ်မြစ်အပေါ်တွင် တည်ဆောက်ထားသလော။

၅။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိအလင်း၏ လမ်းပြမှုအောက်တွင် အသက်ရှင်သလော။

၆။ သင်၏စိတ်နှလုံးကို အယူအဆ အဟောင်းများက အုပ်စိုးထားသလော၊ သို့မဟုတ် ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များက အုပ်စိုးထားသလော။

ဤစကားများကို ကြားရခြင်းဖြင့်၊ သင်တို့အတွင်းရှိ တုံ့ပြန်မှုမှာ အဘယ်နည်း။ ဤနှစ်ကာလများတစ်လျှောက် ယုံကြည်ပြီးဖြစ်လျက်၊ သင်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ အသက်အဖြစ် ရှိပါသလော။ သင်၏ ယခင် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားတွင် အပြောင်းအလဲတစ်ခု ရှိပြီလော။ ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ၊ အသက်ရှိခြင်းမှာ မည်သည့်အရာဖြစ်ပြီး အသက်မရှိခြင်းမှာ မည်သည့်အရာဖြစ်သည်ကို သင် သိသလော။ ဤအရာသည် သင်တို့အဖို့ ရှင်းလင်းပါသလော။ ဘုရားသခင်နောက်လိုက်ရာတွင် အဓိက အရေးကြီးသောအရာမှာ အရာရာတိုင်းသည် ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ ဖြစ်သင့်ခြင်း ဖြစ်သည်။ သင်သည် အသက်ထဲသို့ ဝင်ရောက်ခြင်းကို သင် အားထုတ်နေသည်ဖြစ်စေ၊ သို့မဟုတ် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းခြင်းအား အားထုတ်နေသည်ဖြစ်စေ၊ အရာရာတိုင်းသည် ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဗဟိုပြုသင့်ပေသည်။ အကယ်၍ သင်မိတ်သဟာယ ဖွဲ့သောအရာနှင့် အားထုတ်သော အရာတို့မှာ ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဗဟိုမပြုပါက၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် စိမ်းသောသူတစ်ဦး ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်ချက် လုံးဝ ကင်းမဲ့ပေသည်။ ဘုရားသခင် အလိုရှိသောအရာမှာ သူ၏ခြေလှမ်းများ နောက်လိုက်လျှောက်ကြသော လူများဖြစ်သည်။ ယခင်က သင် နားလည်ခဲ့သော အရာများသည် မည်သို့ နှစ်သက်ဖွယ်ဖြစ်ပြီး ဖြူစင်သည်ဖြစ်စေ၊ ဘုရားသခင်က ယင်းကို အလိုမရှိသကဲ့သို့၊ သင်သည် ထိုသို့သောအရာများကို သင် ဘေးဖယ် မထားနိုင်ပါက၊ ယင်းတို့သည် သင်၏ အနာဂတ် ဝင်ရောက်မှုအတွက် ကြီးမားသော အဟန့်အတား တစ်ခု ဖြစ်လိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိ အလင်းနောက်သို့

လိုက်လျှောက်နိုင်သူ အားလုံးသည် မင်္ဂလာရှိကြ၏။ အတိတ်ကာလများ၏ လူတို့သည်လည်း ဘုရားသခင်၏ ခြေလှမ်းများနောက် လိုက်လျှောက်ခဲ့ကြသည်၊ သို့သော် ယနေ့ထိတိုင် ၎င်းတို့ မလိုက်လျှောက်နိုင်ခဲ့ကြချေ။ ဤသည်မှာ နောက်ဆုံးသောကာလ လူများ၏ ကောင်းချီးမင်္ဂလာ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိ အလုပ်နောက်သို့ လိုက်လျှောက်နိုင်သောသူများနှင့် ဘုရားသခင်က ၎င်းတို့ကို ဦးဆောင်သည့် မည်သည့်နေရာသို့မဆို ဘုရားသခင် နောက်လိုက်ကြသည့် ဘုရားသခင်၏ ခြေလှမ်းများနောက်သို့ လိုက်လျှောက်နိုင်သော ထိုသို့သောသူများ- ဤသည်တို့မှာ ဘုရားသခင်၏ ကောင်းချီးပေးခြင်း ခံစားရသည့် လူများ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိ အလုပ်နောက်သို့ မလိုက်လျှောက်သော သူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သော အမှုထဲသို့ မဝင်ရောက်ကြသေးသကဲ့သို့၊ ၎င်းတို့ မည်မျှ အလုပ်လုပ်သည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ ဒုက္ခဆင်းရဲများ မည်မျှ ကြီးမားသည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ မည်မျှ ဟိုဟိုသည်သည် အလုပ်များသည်ဖြစ်စေ၊ ထိုအရာထဲမှတစ်ခုမျှ ဘုရားသခင်အဖို့ အဓိပ္ပာယ် တစ်ခုတစ်လေမျှ မရှိသကဲ့သို့၊ သူသည် ၎င်းတို့ကို ချီးကျူးလိမ့်မည် မဟုတ်။ ယနေ့တွင် ဘုရားသခင်၏ လက်ရှိနှုတ်ကပတ်တော်များနောက်သို့ လိုက်လျှောက်သောသူ အားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းတွင် ရှိကြသည်။ ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် စိမ်းသောသူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်း အပြင်တွင် ရှိကြပြီး၊ ထိုသို့သောလူတို့ကို ဘုရားသခင် မချီးကျူးပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိမိန့်မြွက်ချက်များမှ ကင်းကွာသည့် အစေခံခြင်းသည် ဇာတိပကတိနှင့် အယူအဆများနှင့်ဆိုင်သော အစေခံခြင်းဖြစ်ပြီး၊ ဘုရားသခင်၏ အလိုနှင့် ကိုက်ညီဖို့မှာ ယင်းအတွက် မဖြစ်နိုင်ပေ။ အကယ်၍ လူများသည် ဘာသာရေး အယူအဆများအလယ်တွင် အသက်ရှင်ကြပါက၊ ၎င်းတို့သည် ဘုရားသခင်၏ အလိုနှင့် သင့်တော်သည့် မည်သည့်အရာကိုမျှ မလုပ်ဆောင်နိုင်ကြသကဲ့သို့၊ ဘုရားသခင်ကို ၎င်းတို့ အစေခံကြသော်လည်း၊ ၎င်းတို့၏ စိတ်ကူးစိတ်သန်းများနှင့် အယူအဆများအလယ်တွင် အစေခံကြပြီး၊ ဘုရားသခင်၏ အလိုနှင့်အညီ အစေခံနိုင်စွမ်း လုံးဝမရှိကြချေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်နောက်သို့ မလိုက်လျှောက်နိုင်သောသူများသည် ဘုရားသခင်၏ အလိုကို နားမလည်ကြသကဲ့သို့၊ ဘုရားသခင်၏အလိုကို နားမလည်သောသူများသည် ဘုရားသခင်ကို အစေမခံနိုင်ကြပေ။ ဘုရားသခင်သည် သူ၏စိတ်နှလုံးနှင့် ညီညွတ်သော အစေခံခြင်းကို အလိုရှိသည်။ သူသည် အယူအဆများ၊ ဇာတိပကတိနှင့်ဆိုင်သော အစေခံခြင်းကို အလိုမရှိပေ။

အကယ်၍ လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ခြေလှမ်းများနောက်သို့ လိုက်လျှောက်နိုင်စွမ်းမရှိပါက၊ ၎င်းတို့သည် အယူအဆများအလယ်တွင် အသက်ရှင်ကြ၏။ ထိုသို့သော လူတို့၏ အစေခံခြင်းသည် ကာဆီးကာ နှောင့်ယှက်ပြီး၊ ထိုသို့သော အစေခံခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ပေသည်။ ထို့ကြောင့် ဘုရားသခင်၏ ခြေလှမ်းများနောက်သို့ မလိုက်လျှောက်နိုင်သောသူများသည် ဘုရားသခင်ကို အစေခံနိုင်စွမ်း မရှိပေ။ ဘုရားသခင်၏ ခြေလှမ်းများနောက်သို့ မလိုက်လျှောက်နိုင်သောသူများသည် ဘုရားသခင်ကို အသေချာဆုံး ဆန့်ကျင်ကြပြီး၊ ဘုရားသခင်နှင့် သဟဇာတဖြစ်နိုင်စွမ်း မရှိကြချေ။ "သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် နောက်သို့ လိုက်လျှောက်ခြင်း" ဆိုသည်မှာ ယနေ့ ဘုရားသခင်၏ အလိုကို နားလည်ခြင်း၊ ဘုရားသခင်၏ လက်ရှိ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊ ယနေ့၏ ဘုရားသခင်ကို နာခံကာ လိုက်လျှောက်နိုင်ခြင်းနှင့် ဘုရားသခင်၏ အသစ်လွင်ဆုံးသော မိန့်မြွက်ချက်များနှင့်အညီ ဝင်ရောက်ခြင်းတို့ကို ဆိုလိုသည်။ ဤသည်သာ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်နောက်သို့ လိုက်လျှောက်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းတွင် ရှိသောသူတစ်ဦး ဖြစ်သည်။ ထိုသို့သော လူများသည် ဘုရားသခင်၏ ချီးမွမ်းမှုကို ရရှိနိုင်စွမ်းနှင့် ဘုရားသခင်ကို မြင်တွေ့နိုင်စွမ်း ရှိသည်သာမက၊ ဘုရားသခင်၏ နောက်ဆုံးအမှုမှတစ်ဆင့် ဘုရားသခင်၏ စိတ်သဘောထားကိုလည်း သိရှိနိုင်ပြီး၊ လူတို့၏ အယူအဆများနှင့် မနာခံမှု၊ ပြီးလျှင် လူတို့၏ သဘာဝနှင့် အနှစ်သာရတို့ကို သူ၏ နောက်ဆုံးအမှုမှ သိရှိနိုင်ပေသည်။ ထို့အပြင် ၎င်းတို့၏ အစေခံမှုအတွင်းတွင်၊ ၎င်းတို့သည် ၎င်းတို့၏ စိတ်သဘောထားထဲက ပြောင်းလဲမှုများကို တဖြည်းဖြည်း ရရှိနိုင်ကြလေသည်။ ဤကဲ့သို့သော လူများသာ ဘုရားသခင်ကို ရရှိနိုင်သူများနှင့် မှန်သောလမ်းခရီးကို စစ်မှန်ရိုးသားစွာ တွေ့ရှိပြီးသောသူများ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်အားဖြင့် ပယ်ရှင်းခံရသော သူများမှာ ဘုရားသခင်၏ နောက်ဆုံးအမှုနောက်သို့ လိုက်လျှောက်နိုင်စွမ်း မရှိသောသူများ ဖြစ်ကြပြီး၊ ဘုရားသခင်၏ နောက်ဆုံးအမှုကို ဆန့်ကျင်ပုန်ကန်သောသူများ ဖြစ်သည်။ ထိုသို့သောသူများက ဘုရားသခင်ကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ပုန်ကြသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် အမှုသစ်ကို လုပ်ဆောင်ပြီးဖြစ်သောကြောင့်ဖြစ်ပြီး၊ ဘုရားသခင်၏သဏ္ဌာန်သည် ၎င်းတို့၏ အယူအဆများထဲရှိ သဏ္ဌာန်နှင့် မတူညီသောကြောင့်ဖြစ်သည်- ဤအရာ၏ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် ဘုရားသခင်ကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ကြပြီး၊ ဘုရားသခင်အပေါ် အကဲဖြတ်ဝေဖန်ကြသည်၊ ယင်းက ၎င်းတို့ကို ဘုရားသခင်က စက်ဆုပ်ခြင်းနှင့် ငြင်းပယ်ခြင်းတို့ကို အကျိုးဆက်

ဖြစ်ပေါ်စေလေသည်။ ဘုရားသခင်၏ နောက်ဆုံးသောအမှုနှင့်ဆိုင်သည့် အသိပညာကို ပိုင်ဆိုင်ခြင်းသည် လွယ်ကူသည့် ကိစ္စရပ် မဟုတ်ပေ၊ သို့သော် လူများသည် ဘုရားသခင်၏အမှုကို နာခံလိုစိတ် ရှိပြီး၊ ဘုရားသခင်၏အမှုကို ရှာဖွေလိုစိတ် ရှိကြပါက၊ ၎င်းတို့သည် ဘုရားသခင်အား မြင်တွေ့ရန် အခွင့်အရေး ရှိကြလိမ့်မည် ဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်လွင်ဆုံးသော လမ်းပြမှုကို ရရှိရန် အခွင့်အရေး ရှိကြလိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏အမှုကို တမင်တကာ ဆန့်ကျင်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်း သို့မဟုတ် ဘုရားသခင်၏ လမ်းပြမှုကို မရရှိနိုင်ပေ။ ထို့ကြောင့် လူများသည် ဘုရားသခင်၏ နောက်ဆုံးအမှုကို ရရှိနိုင်ခြင်း ရှိမရှိဆိုသည်မှာ ဘုရားသခင်၏ ကျေးဇူးတော်အပေါ် မူတည်သည်၊ ယင်းသည် ၎င်းတို့၏ အားထုတ်မှုအပေါ် မူတည်ပြီး ၎င်းတို့၏ ရည်ရွယ်ချက်များအပေါ် မူတည်ပေသည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ရှိမိန့်မြွက်ချက်များကို နာခံနိုင်သောသူအားလုံးသည် မင်္ဂလာရှိကြ၏။ ၎င်းတို့ မည်သို့ ဖြစ်လေ့ရှိခဲ့သည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့အတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သို့ အလုပ်လုပ်လေ့ရှိခဲ့သည် ဖြစ်စေ- ဘုရားသခင်၏ နောက်ဆုံးအမှုကို ရရှိပြီးသောသူများသည် ကောင်းချီးမင်္ဂလာကို အခံစားရဆုံးဖြစ်ပြီး၊ ယနေ့ နောက်ဆုံးသော အမှုကို မလိုက်လျှောက်နိုင်သောသူများမှာ ပယ်ရှင်းခံကြရသည်။ ဘုရားသခင်သည် အလင်းသစ်ကို လက်ခံနိုင်သောသူများကို အလိုရှိပြီး၊ သူ၏ နောက်ဆုံးအမှုကို လက်ခံကာ သိရှိသောသူများကို အလိုရှိသည်။ သင်တို့သည် စင်ကြယ်သော အပျိုကညာ ဖြစ်ရမည်ဟု အဘယ်ကြောင့် ပြောထားသနည်း။ စင်ကြယ်သော အပျိုကညာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ရှာဖွေနိုင်ပြီး အသစ်သော အမှုအရာများကို နားလည်နိုင်သည်၊ ထို့အပြင် အယူအဆဟောင်းများကို ဘေးဖယ်ထားနိုင်ပြီး၊ ယနေ့ ဘုရားသခင်၏ အမှုကို နာခံနိုင်ကြလေသည်။ ယနေ့ အသစ်အဖြစ်ဆုံးသော အမှုကို လက်ခံသော ဤလူအုပ်စုသည် ခေတ်များ မတိုင်မီတွင် ဘုရားသခင်၏ ခွဲခန့်မှတ်သားခြင်းကို ခံခဲ့ကြရပြီး၊ ကောင်းချီးမင်္ဂလာ အခံစားရဆုံးသောလူများ ဖြစ်ကြသည်။ သင်တို့သည် ဘုရားသခင်၏ အသံကို တိုက်ရိုက် ကြားရပြီး ဘုရားသခင် ပေါ်ထွန်းခြင်းကို မြင်ကြရသည်၊ ထို့ကြောင့် ကောင်းကင်နှင့် မြေကြီးတစ်ပြင်လုံးနှင့် ခေတ်ကာလများတစ်လျှောက်လုံးတွင် ဤလူစုဖြစ်သည့် သင်တို့ထက် မည်သူမျှ ကောင်းချီးမခံစားကြရလေပြီ။ ဤအရာအားလုံးသည် ဘုရားသခင်၏ အမှုကြောင့်၊ ဘုရားသခင်၏ ခွဲခန့်မှတ်သားခြင်းနှင့် ရွေးကောက်ခြင်းကြောင့် ဖြစ်ပြီး၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်များကို မပြောဆိုခဲ့သကဲ့သို့ မမိန့်မြွက်ခဲ့ပါက၊ သင်တို့၏ အခြေအနေများသည်

ယနေ့ကဲ့သို့ ဖြစ်နိုင်မည်လော။ ထို့ကြောင့် ဤအရာအားလုံးသည် သင်တို့ကို ဘုရားသခင်က ချီးမြှောက်သောကြောင့် ဖြစ်သည့်အတွက်၊ ဘုန်းအသရေနှင့် ချီးမွမ်းခြင်းအားလုံးသည် ဘုရားသခင်အတွက် ဖြစ်ပါစေ။ ဤအရာအားလုံး ဆင်ခြင်ထောက်ထားလျက်၊ သင်သည် မလှုပ်မယှက်ဘဲ ရှိနိုင်ဦးမည်လော။ သင်၏ခွန်အားသည် တိုးမလာဘဲ ရှိနိုင်ဦးမည်လော။

သင်သည် ဘုရားနှုတ်ကပတ်တော်များ၏ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်း၊ ရိုက်နှက်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို လက်ခံနိုင်ပြီး၊ ထို့အပြင် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်များကို လက်ခံနိုင်သည်၊ ခေတ်ကာလများမတိုင်မီတွင် ဘုရားသခင်၏ ခွဲခန့်မှတ်သားခြင်းကို ခံခဲ့ရပြီး၊ ထို့ကြောင့် သင်သည် ပြစ်တင်ဆုံးမခံရသည့်အခါ လွန်စွာစိတ်သောကမရောက်ရ။ သင်တို့အထဲ၌ ပြုပြီးသော အမှုနှင့် သင်တို့အပေါ် အပ်နှင်းပြီးသည့် ကောင်းချီးမင်္ဂလာများကို မည်သူမျှ ယူဆောင်မသွားနိုင်သကဲ့သို့၊ သင်တို့အား ပေးထားပြီးဖြစ်သော အရာအားလုံးကို မည်သူမျှ ယူဆောင်မသွားနိုင်ပေ။ ဘာသာတရားနှင့်ဆိုင်သည့် လူများသည် သင်တို့နှင့် ယှဉ်ခွင့်မရှိကြပေ။ သင်တို့သည် သမ္မာကျမ်းစာ အလွန် နှံ့စပ်ကျွမ်းကျင်မှုကို မပိုင်ဆိုင်ကြသကဲ့သို့၊ ဘာသာရေး အယူအဆဖြင့် မပြင်ဆင်ထားကြသော်လည်း၊ ဘုရားသခင်သည် သင်တို့အတွင်း၌ အမှုပြုပြီးဖြစ်သောကြောင့်၊ သင်တို့သည် ခေတ်ကာလတစ်လျှောက် မည်သူမဆိုထက် သာ၍ ရရှိကြပြီးဖြစ်သည်- ထို့ကြောင့် ဤသည်မှာ သင်တို့၏ အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာ ဖြစ်သည်။ ဤအရာကြောင့် သင်တို့သည် ဘုရားသခင်ကို သာ၍ပင် ဆက်ကပ်ရမည်ဖြစ်ပြီး၊ ဘုရားသခင်ကို သာ၍ပင် သစ္စာစောင့်သိကြရမည်။ ဘုရားသခင်သည် သင့်ကို ချီးမြှောက်သောကြောင့်၊ သင်၏ အားထုတ်မှုများကို သင် တိုးမြှင့်ရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်များကို လက်ခံရန် သင်၏ဝိညာဉ်ရင့်ကျက်မှုကို အသင့်ပြင်ဆင်ထားရမည်။ သင့်အား ဘုရားသခင် ပေးထားပြီးသောနေရာ၌ သင် မြဲမြံစွာရပ်တည်ရမည်၊ ဘုရားသခင်၏ လူများထဲမှ တစ်ဦးဖြစ်လာဖို့ အားထုတ်ရမည်၊ နိုင်ငံတော်၏လေ့ကျင့်မှုကို လက်ခံရမည်၊ ဘုရားသခင်၏ ရယူခြင်းခံရမည်ဖြစ်ပြီး နောက်ဆုံးတွင် ဘုရားသခင်အဖို့ မွန်မြတ်သော သက်သေခံချက်တစ်ခု ဖြစ်လာရမည်။ သင်သည် ဤစိတ်ဆုံးဖြတ်ချက်များကို ပိုင်ဆိုင်ထားသလော။ အကယ်၍ သင်သည် ထိုသို့သော စိတ်ဆုံးဖြတ်ချက်များကို ပိုင်ဆိုင်ထားပါက၊ နောက်ဆုံးတွင် သင်သည် ဘုရားသခင်၏ ရယူခြင်းကို ခံရမည်မှာ သေချာပြီး ဘုရားသခင်အဖို့ မွန်မြတ်သော သက်သေခံတစ်ခု ဖြစ်လာလိမ့်မည် ဖြစ်သည်။ အဓိက တာဝန်ပေးစေခိုင်းချက်မှာ ဘုရားသခင်၏ ရယူခြင်းကို ခံရခြင်းနှင့် ဘုရားသခင်အဖို့ မွန်မြတ်သော သက်သေခံတစ်ခု ဖြစ်လာခြင်းဖြစ်သည်ကို သင်နားလည်သင့်သည်။ ဤသည်မှာ ဘုရားသခင်၏

အလိုဖြစ်ပေသည်။

ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ နှုတ်ကပတ်တော်များသည် သန့်ရှင်းသော ဝိညာဉ်တော် အမှု၏ လှုပ်ရှားမှုအင်အားဖြစ်ပြီး၊ ဤကာလအတောအတွင်း လူသားနှင့်ဆိုင်သည့် သန့်ရှင်းသော ဝိညာဉ်တော်၏ အဆက်မပြတ်ဖြစ်သော အသိဉာဏ်ပွင့်လင်းစေခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှု ဦးတည်ရာ ဖြစ်သည်။ ယနေ့ သန့်ရှင်းသော ဝိညာဉ်တော် အမှုတွင် ဦးတည်ရာမှာ မည်သည့်အရာ ဖြစ်သနည်း။ ယင်းမှာ ယနေ့ ဘုရားသခင်၏ အမှုနှင့် ပုံမှန် ဝိညာဉ်ရေးရာ အသက်တာတစ်ခုထဲသို့ လူတို့ကို ဦးဆောင်မှု ဖြစ်သည်။ ပုံမှန် ဝိညာဉ်ရေးရာ အသက်တာတစ်ခုထဲသို့ ဝင်ရောက်ခြင်းအဖို့ အဆင့်အချို့ ရှိသည်-

၁။ ပထမဦးစွာ၊ သင်၏စိတ်နှလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ သွန်းလောင်းရမည်။ သင်သည် အတိတ်က ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အားမထုတ်ရ၊ ပြီးလျှင် ယင်းတို့ကို လေ့လာရမည် မဟုတ်သကဲ့သို့၊ ယနေ့ နှုတ်ကပတ်တော်များနှင့် မနှိုင်းယှဉ်ရ။ ယင်းအစား သင်၏စိတ်နှလုံးကို ဘုရားသခင်၏ လက်ရှိ နှုတ်ကပတ်တော်များထဲသို့ လုံးဝ သွန်းလောင်းရမည်။ အကယ်၍ အတိတ်မှ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ဝိညာဉ်ရေးရာ စာအုပ်များ သို့မဟုတ် အခြားသော တရားဟောခြင်း ဖြစ်စဉ်များကို ဖတ်ရှုရန် ဆန္ဒရှိနေသေးသူများနှင့် ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ နှုတ်ကပတ်တော်များနောက် မလိုက်လျှောက်သော သူများရှိပါက၊ ၎င်းတို့သည် အမိုက်မဲဆုံးသော လူများဖြစ်ကြသည်။ ဘုရားသခင်သည် ထိုသို့သောလူများကို မုန်းတီး စက်ဆုပ်သည်။ အကယ်၍ သင်သည် ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းကို လက်ခံရန် ဆန္ဒရှိပါက၊ သင်၏စိတ်နှလုံးကို ယနေ့ ဘုရားသခင်၏ မိန့်မြွက်ချက်များထဲသို့ လုံးဝ သွန်းလောင်းလော့။ ဤအရာသည် စွမ်းဆောင်ရမည့် ပထမဆုံးသောအရာ ဖြစ်သည်။

၂။ ယနေ့ ဘုရားသခင်ပြောဆိုထားသော နှုတ်ကပတ်တော်များ၏ အခြေခံအုတ်မြစ်ပေါ် သင်ဆုတောင်းရမည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ ဝင်ရောက်ကာ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရမည် ဖြစ်ပြီး၊ မည်သည့် စံနှုန်းများ အောင်မြင်ပြီးမြောက်ခြင်းအား သင် အားထုတ်ရန် ဆန္ဒရှိသည်ကို အခြေခိုင်စေလျက် သင်၏ စိတ်ဆုံးဖြတ်ချက်များကို ဘုရားသခင်ရှေ့တွင် ပြုလုပ်ရမည်။

၃။ သင်သည် ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့်ဆိုင်သည့် အခြေခံအုတ်မြစ်အပေါ်တွင် သမ္မာတရားထဲသို့ နက်နဲသည့် ဝင်ရောက်မှုကို သင် ရရှိအောင်

အားထုတ်ရမည်။ ခေတ်မမီတော့သည့် အတိတ်မှ မိန့်မြွက်ချက်များနှင့် သဘောတရားများကို မထိန်းသိမ်းနှင့်။

၄။ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကိုခံရရန် သင် ကြိုးစားရမည်ဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ ဝင်ရောက်ရမည်။

၅။ သန့်ရှင်းသော ဝိညာဉ်တော် ယနေ့ လျှောက်လှမ်းသော လမ်းကြောင်းထဲသို့ ဝင်ရောက်ခြင်းကို သင် လိုက်စားရမည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခံရခြင်းကို သင်မည်သို့ ရှာဖွေသနည်း။ အရေးကြီးသည့်အရာမှာ ဘုရားသခင်၏ လက်ရှိ နှုတ်ကပတ်တော်ထဲ၌ အသက်ရှင်ရန်နှင့် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့်ဆိုင်သည့် အခြေခံအုတ်မြစ်ပေါ်တွင် ဆုတောင်းရန် ဖြစ်သည်။ ဤနည်းဖြင့် ဆုတောင်းရာတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အား တို့ထိမည်မှာ သေချာသည်။ အကယ်၍ သင်သည် ဘုရားသခင် ယနေ့ပြောဆိုသော နှုတ်ကပတ်တော်များ၏ အခြေခံအုတ်မြစ်ထဲက အခြေခံအကြောင်းရင်းဖြင့် မရှာဖွေပါက၊ ဤသည်မှာ အချည်းနှီးဖြစ်သည်။ သင်ဆုတောင်းသင့်ပြီး၊ “အို ဘုရားသခင်။ ကျွန်ုပ် ကိုယ်တော့်ကို ဆန့်ကျင်မိပြီး၊ ကျွန်ုပ် ကိုယ်တော့်ကို များစွာကြွေးတင်ပါပြီ။ ကျွန်ုပ်သည် အလွန် မနာခံတတ်သကဲ့သို့ ကိုယ်တော့်ကို မည်သည့်အခါမျှ မကျေနပ်စေနိုင်ပါ။ အို ဘုရားသခင်၊ ကျွန်ုပ်အား ကိုယ်တော် ကယ်တင်ရန် ဆန္ဒပြုပါ၏၊ ကိုယ်တော့်အဖို့ အဆုံးထိ အစေခံမှုပေးရန် ကျွန်ုပ် ဆန္ဒရှိပါ၏၊ ကိုယ်တော့်အတွက် အသေခံရန် ကျွန်ုပ် ဆန္ဒရှိပါ၏။ ကိုယ်တော်သည် ကျွန်ုပ်ကို တရားစီရင်ပြီး ပြစ်တင်ဆုံးမကာ၊ ကျွန်ုပ်သည် မကျေနပ်ချက်များ မရှိပါ၊ ကိုယ်တော့်ကို ကျွန်ုပ် ဆန့်ကျင်မိပြီး၊ ကျွန်ုပ်၏ သေခြင်းတွင် ကိုယ်တော် ဖြောင့်မတ်သော စိတ်သဘောထားကို လူအားလုံး ရှုမြင်နိုင်ဖို့အလို့ငှာ၊ ကျွန်ုပ်သေထိုက်ပါသည်။” ဟူ၍ ပြောသင့်၏။ ဤနည်းဖြင့် သင်၏ စိတ်နှလုံးအတွင်းတွင် သင် ဆုတောင်းသောအခါ၊ ဘုရားသခင်သည် သင့်ကို နားညောင်းလိမ့်မည်ဖြစ်ကာ သင့်အား လမ်းပြလိမ့်မည်။ အကယ်၍ သင်သည် ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ နှုတ်ကပတ်တော်များ၏ အခြေခံအုတ်မြစ် အပေါ်တွင် ဆုမတောင်းပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အား တို့ထိခြင်းငှာ ဖြစ်နိုင်ချေ မရှိပေ။ အကယ်၍ သင်သည် ဘုရားသခင်၏ အလိုနှင့်အတိုင်းနှင့် ဘုရားသခင်က ယနေ့လုပ်ဆောင်ရန် အလိုရှိသည့် အရာနှင့်အညီ ဆုတောင်းပါက၊ သင်က “အို ဘုရားသခင်၊ ကိုယ်တော်၏ တာဝန်ပေးစေခိုင်းချက်များကို လက်ခံရန်နှင့် ကိုယ်တော်၏ တာဝန်ပေးစေခိုင်းချက်များအဖို့ သစ္စာရှိရန် ကျွန်ုပ် ဆန္ဒရှိပါ၏။ ပြီးလျှင် ကျွန်ုပ်

လုပ်ဆောင်နိုင်သမျှအားလုံးသည် ဘုရားသခင်၏ လူများနှင့်ဆိုင်သည့် စံနှုန်းများကို အလှမ်းမီနိုင်စေဖို့အလို့ငှာ၊ ကိုယ်တော်၏ ဘုန်းအသရေအဖို့ ကျွန်ုပ်၏ အသက်တာ တစ်ခုလုံးကို ဆက်ကပ်ရန် ဆန္ဒရှိပါသည်။ ကျွန်ုပ်၏စိတ်နှလုံးကို ကိုယ်တော် တို့ထိပါစေ။ ကိုယ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်အား ယခင်ထက် အသိဉာဏ်ပွင့်လင်းစေရန်၊ ကျွန်ုပ် လုပ်ဆောင်သမျှ အားလုံးက စာတန်အပေါ် ရှက်ရစေရန်၊ ကျွန်ုပ်သည် နောက်ဆုံးတွင် ကိုယ်တော်၏ ရယူခြင်းခံရဖို့အလို့ငှာ ကျွန်ုပ်ဆန္ဒရှိပါ၏။" ဟု ပြောလိမ့်မည်။ အကယ်၍ သင်သည် ဤနည်းဖြင့်၊ ဘုရားသခင်၏ အလိုကို ဗဟိုပြုသည့် နည်းလမ်းတစ်ခုဖြင့် ဆုတောင်းပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲတွင် မလွဲမသွေ အလုပ်လုပ်လိမ့်မည်။ သင်၏ ဆုတောင်းချက်များ၏ စကားလုံးများ မည်မျှရှိသည်မှာ အကြောင်းမဟုတ်- အဓိက သော့ချက်ဖြစ်သည့်အရာမှာ ဘုရားသခင်၏ အလိုကို သင် သဘောပေါက်ခြင်း ရှိမရှိ ဖြစ်သည်။ သင်တို့အားလုံးသည် အောက်ပါ အတွေ့အကြုံကို ရှိပြီး ဖြစ်ကောင်းဖြစ်နိုင်သည်- တစ်ခါတစ်ရံ အစည်းအဝေးတစ်ခု၌ ဆုတောင်းနေစဉ်၊ သန့်ရှင်းသော ဝိညာဉ်တော် အမှု၏ လှုပ်ရှားမှု အင်အားများသည် အယောက်တိုင်း၏ ခွန်အားများကို မြင့်တက်စေလျက်၊ အထွတ်အထိပ်သို့ရောက်ရှိလေသည်။ လူအချို့သည် ခါးသီးစွာ ငိုကြွေးကြပြီး ဆုတောင်းစဉ် မျက်ရည်များ ကျကြသည်၊ ဘုရားသခင်ရှေ့မှောက်တွင် နောင်တဖြင့် ပြည့်နှက်နေသွားကြပြီး၊ လူအချို့သည် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ပြသကာ ကတိသစ္စာများ ပြုကြသည်။ ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်က စွမ်းဆောင်ရရှိမည့် အကျိုးတရား ဖြစ်သည်။ ယနေ့တွင် လူအားလုံးသည် ၎င်းတို့၏ စိတ်နှလုံးများကို ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ လုံးလုံးလျားလျား သွန်းလောင်းကြသည်မှာ အရေးပါလှပေသည်။ ယခင်က ပြောဆိုခဲ့သော နှုတ်ကပတ်တော်များအပေါ် အာရုံမစိုက်နှင့်။ အကယ်၍ သင်သည် ယခင်က လာခဲ့သော အရာအပေါ် ထိန်းသိမ်းဆဲဖြစ်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏အတွင်းတွင် အမှုပြုမည် မဟုတ်ပေ။ ဤအရာက မည်မျှ အရေးကြီးသည်ကို သင်မြင်သလော။

ယနေ့ သန့်ရှင်းသော ဝိညာဉ်တော် လျှောက်လှမ်းခဲ့သော လမ်းကြောင်းကို သင်တို့ သိသလော။ အထက်ပါ အချက်အချို့သည် ယနေ့နှင့် အနာဂတ်တွင် သန့်ရှင်းသော ဝိညာဉ်တော် ပြီးမြောက်မည့် အရာများဖြစ်သည်။ ယင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော် လျှောက်ခဲ့သော လမ်းကြောင်းဖြစ်ပြီး လူသားက အားထုတ်သင့်သည့် ဝင်ရောက်မှု ဖြစ်သည်။ သင်၏ အသက်ထဲသို့ ဝင်ရောက်ခြင်းတွင်၊ အနည်းဆုံးအနေဖြင့် သင်သည် သင်၏စိတ်နှလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ သွန်းလောင်း ရမည်ဖြစ်ပြီး

ဘုရားနှုတ်ကပတ်တော်များ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို လက်ခံနိုင်ရမည် ဖြစ်သည်။ သင်၏စိတ်နှလုံးသည် ဘုရားသခင်ကို တမ်းတရမည်၊ သင်သည် သမ္မာတရားနှင့် ဘုရားသခင် တောင်းဆိုထားသော ရည်မှန်းချက်များထဲသို့ နက်နက်နဲနဲ ဝင်ရောက်မှုကို လိုက်စားရမည်။ သင်သည် ဤခွန်အားကို ပိုင်ဆိုင်သည့်အခါတွင်၊ ယင်းက သင်သည် ဘုရားသခင်၏ တို့ထိခြင်းကို ခံရပြီးဖြစ်သကဲ့သို့၊ သင်၏စိတ်နှလုံးသည် ဘုရားသခင်ထံသို့ စတင်၍ လှည့်ပြီး ဖြစ်သည်ကို ပြသပေသည်။

အသက်ထဲသို့ ဝင်ရောက်ခြင်း၏ ပထမအဆင့်မှာ သင်၏စိတ်နှလုံးကို ဘုရားသခင်၏နှုတ်ကပတ်တော်များထဲသို့ လုံးဝ သွန်းလောင်းရန်ဖြစ်ပြီး၊ ဒုတိယအဆင့်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို လက်ခံရန် ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို လက်ခံခြင်းအားဖြင့် ရရှိမည့် အကျိုးတရားမှာ အဘယ်နည်း။ ယင်းမှာ သာ၍ နက်နဲသော သမ္မာတရားကို တမ်းတနိုင်ရန်၊ ရှာဖွေနိုင်ရန်နှင့် စူးစမ်းလေ့လာနိုင်ရန်ဖြစ်ပြီး၊ အပြုသဘောဆောင်သည့် ပုံစံဖြင့် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်း ရှိရန် ဖြစ်သည်။ ယနေ့တွင် သင်တို့သည် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ကြသည်၊ ယင်းမှာ သင်တို့၏လိုက်စားခြင်း၊ သင်တို့၏ ဆုတောင်းချက်များ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် သင်တို့၏ မိတ်သဟာယဖွဲ့ခြင်းတို့အဖို့ ရည်မှန်းချက်တစ်ခုရှိပြီး၊ သင်သည် သင်၏တာဝန်ကို ဘုရားသခင်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သည်ဟု ဆိုရပေမည်- ဤအရာသည်သာ ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်အား ဆောင်ရွက်ခွင့်ပေးခြင်းကိုသာ ပြောဆိုသော်လည်း၊ ဆုတောင်းခြင်း မရှိသကဲ့သို့ ရှာဖွေခြင်းလည်းမရှိဘဲ မည်သည့် ဆောင်ရွက်မှုမျှ မလုပ်ဆောင်ပါက၊ ဤအရာကို ပူးပေါင်းဆောင်ရွက်ခြင်းဟု ခေါ်နိုင်မည်လော။ အကယ်၍ သင်သည် သင့်အထဲ၌ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ဆိုင်သည့် မည်သည့်အရိပ်အယောင်မျှ မရှိသကဲ့သို့၊ ရည်မှန်းချက် တစ်ခုရှိသည့် ဝင်ရောက်မှုအတွက် လေ့ကျင့်ခြင်း ကင်းမဲ့ပါက၊ သင်သည် ပူးပေါင်းဆောင်ရွက်နေခြင်း မဟုတ်ပေ။ လူအချို့က၊ "အရာရာတိုင်းသည် ဘုရားသခင်၏ ခွဲခန့်မှတ်သားခြင်းအပေါ် မူတည်သည်၊ ယင်းကို ဘုရားသခင် ကိုယ်တော်တိုင်သာ လုပ်ဆောင်ပေသည်။ အကယ်၍ ထိုအရာကို ဘုရားသခင် မလုပ်ဆောင်ခဲ့ပါက၊ လူသားတို့သည် အဘယ်သို့ လုပ်ဆောင်နိုင်မည်နည်း။" ဟု ဆိုကြသည်။ ဘုရားသခင်၏ အမှုသည် ပုံမှန်ဖြစ်ပြီး စိုးစဉ်းမျှ သဘာဝလွန် မဖြစ်သကဲ့သို့၊ ဘုရားသခင်သည် လူကို အတင်းအကျပ်မပြုသည့်အတွက်၊ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သည်မှာ သင်၏

တက်ကြွသော ရှာဖွေခြင်းမှတစ်ဆင့် ဖြစ်သည်- သင်သည် ဘုရားသခင်အား အလုပ်လုပ်ရန် အခွင့်အရေးပေးရမည် ဖြစ်ပြီး၊ အကယ်၍ သင်သည် အားမထုတ်က၊ သို့မဟုတ် မဝင်ရောက်ပါက၊ ပြီးလျှင် သင်၏စိတ်နှလုံးထဲတွင် တမ်းတမှု အနည်းငယ်မျှ မရှိပါက၊ ဘုရားသခင်သည် အလုပ်လုပ်ခြင်းငှာ အခွင့်အလမ်းမရှိပေ။ ဘုရားသခင်၏ တို့ထိမှုကို ခံရရန် မည်သည့် လမ်းကြောင်းအားဖြင့် သင်ရှာဖွေနိုင်သနည်း။ ဆုတောင်းခြင်းနှင့် ဘုရားသခင်ထံသို့ တိုးဝင်လာခြင်းမှတစ်ဆင့် ဖြစ်သည်။ သို့သော် အရေးကြီးဆုံးမှာ ယင်းသည် ဘုရားသခင်ပြောဆိုသော နှုတ်ကပတ်တော်များ၏ အခြေခံအုတ်မြစ်ပေါ်တွင် ဖြစ်ရမည်ကို အောက်မေ့သတိရလော့။ သင်သည် ဘုရားသခင်၏တို့ထိခြင်းကို မကြာခဏခံရသည့်အခါ၊ ဇာတိပကတိ၏ ကျွန်ပြုခြင်းကို မခံရပေ- ခင်ပွန်း၊ ဇနီး၊ သားသမီးများနှင့် ငွေကြေး- ယင်းတို့ အားလုံးသည် သင့်အား ချုပ်နှောင်ထားနိုင်စွမ်း မရှိသကဲ့သို့ သင်သည် သမ္မာတရားကို အားထုတ်ဖို့နှင့် ဘုရားသခင် ရှေ့မှောက်တွင် အသက်ရှင်ဖို့သာ ဆန္ဒရှိလေသည်။ ဤအချိန်တွင် သင်သည် လွတ်လပ်မှု နယ်ပယ်ထဲ၌ အသက်ရှင်သောသူ တစ်စုံတစ်ဦး ဖြစ်လိမ့်မည်။

## မိမိတို့၏ စိတ်သဘောထားများ ပြောင်းလဲပြီးဖြစ်သည့် လူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ စစ်မှန်မှုထဲသို့ ဝင်ရောက်ပြီးသောသူများ ဖြစ်သည်

အခြားမည်သည့်အရာမျှမတိုင်မီ၊ လူသားအထဲက သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းကြောင်းနှင့်ဆိုင်သည့် ပထမအဆင့်မှာ လူများ၊ အဖြစ်အပျက်များနှင့် အမှုအရာများမှ လူ၏ စိတ်နှလုံးကို ဆွဲထုတ်ကာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သံသယဖြစ်စရာ လုံးဝမရှိဘဲ လုံးဝမှန်ကန်သည်ဟု လူသား၏ စိတ်နှလုံးအား ယုံကြည်စေရင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ ဆွဲခေါ်ရန်ဖြစ်သည်။ သင်သည် ဘုရားသခင်ကို ယုံကြည်ပါက သူ၏ နှုတ်ကပတ်တော်များကို ယုံကြည်ရမည်။ သင်သည် ဘုရားသခင်ကို နှစ်ပေါင်းများစွာ ယုံကြည်ပြီးနောက်၊ သန့်ရှင်းသောဝိညာဉ်တော် လျှောက်သည့် လမ်းကြောင်းကို မသိမြဲရှိပါက၊ သင်သည် အမှန်တကယ် ယုံကြည်သူတစ်ဦး ဟုတ်ပါ၏လော။ ပုံမှန်လူသားအသက်တာ- ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးရှိသော ပုံမှန်လူသားအသက်တာကို ရရှိရန် သင်သည် ပထမဦးစွာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ယုံကြည်ရမည်။ သင်သည် လူတို့အထဲက သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ပထမခြေလှမ်းကို မရရှိသေးပါက၊ သင်သည်

အခြေခံအုတ်မြစ်မရှိပေ။ အခြေခံသဘောတရားများထဲမှ အသေးငယ်ဆုံးသော အရာကိုပင် သင် နားမလည်နိုင်ပါက၊ ရှေ့တွင်ရှိသည့် လမ်းကြောင်းကို သင် အဘယ်သို့ လျှောက်လှမ်းမည်နည်း။ ဘုရားသခင်က လူသားကို စုံလင်စေသည့် လမ်းကြောင်းမှန်ပေါ် ခြေချခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်အလုပ်နှင့်ဆိုင်သည့် လမ်းကြောင်းမှန်ပေါ်သို့ ဝင်ရောက်ခြင်းကို ဆိုလို၏။ ယင်းသည် သန့်ရှင်းသောဝိညာဉ်တော် လျှောက်လှမ်းသည့် လမ်းကြောင်းပေါ် ခြေချခြင်းကို ဆိုလိုပေသည်။ ယခု သန့်ရှင်းသောဝိညာဉ်တော် လျှောက်လှမ်းသည့် လမ်းကြောင်းသည် ဘုရားသခင်၏ မျက်မှောက် နှုတ်ကပတ်တော်များဖြစ်သည်။ ထိုသို့ဖြစ်သဖြင့်၊ လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းကြောင်းပေါ် ခြေချမည်ဆိုပါက၊ ၎င်းတို့အနေဖြင့် လူ့ဇာတိခံ ဘုရားသခင်၏ မျက်မှောက်နှုတ်ကပတ်တော်များကို နာခံကာ စားသောက် ရမည်ဖြစ်သည်။ သူ လုပ်ဆောင်သည့် အမှုသည် နှုတ်ကပတ်တော်များ၏အမှုဖြစ်သည်။ အရာအားလုံးသည် သူ၏နှုတ်ကပတ်တော်မှ အစပြုပြီး၊ အားလုံးကို သူ၏ နှုတ်ကပတ်တော်များ၊ သူ၏ မျက်မှောက်နှုတ်ကပတ်တော်များပေါ်တွင် တည်ဆောက် ထားပေသည်။ လူ့ဇာတိခံ ဘုရားသခင်နှင့် ပတ်သက်၍ သေချာခြင်းဖြစ်စေ၊ လူ့ဇာတိခံ ဘုရားသခင်ကို သိရှိခြင်းဖြစ်စေ၊ အသီးသီးသည် သူ၏နှုတ်ကပတ်တော်အပေါ် သာ၍ အားထုတ်ကြိုးပမ်းခြင်း လိုအပ်ပေသည်။ ထိုသို့မဟုတ်ပါက၊ လူတို့သည် မည်သည့် အရာကိုမျှ မပြီးမြောက်နိုင်သကဲ့သို့၊ လူတို့၌ မည်သည့်အရာမျှ ကျန်ရှိမည်မဟုတ်ပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်များကို စားသောက်ခြင်း အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ခြင်းနှင့် ထိုသို့အားဖြင့် သူ့အား သိကျွမ်းလာကာ သူ့ကို ကျေနပ်စေခြင်းအားဖြင့်သာ၊ လူတို့သည် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးကို တဖြည်းဖြည်း တည်ဆောက်နိုင်ပေသည်။ လူသားအတွက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းနှင့် ၎င်းတို့ကို လက်တွေ့လုပ်ဆောင်ခြင်းထက် သာ၍ ကောင်းမွန်သော ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း မရှိပေ။ ထိုသို့သော လက်တွေ့လုပ်ဆောင်ခြင်းမှတစ်ဆင့်၊ ဘုရားသခင်၏လူများနှင့်ဆိုင်သည့် ၎င်းတို့၏ သက်သေခံချက်၌ ခိုင်မာစွာ အကောင်းဆုံးရပ်တည်နိုင်ပေသည်။ လူတို့သည် ဘုရားသခင်၏ မျက်မှောက်နှုတ်ကပတ်တော်များ၏ အနှစ်သာရကို သိနားလည်ပြီး နာခံနိုင်ပါက၊ ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော် လမ်းပြနေသည့် လမ်းကြောင်းပေါ်တွင် အသက်ရှင်ကြကာ၊ ဘုရားသခင်၏ လူသားကို စုံလင်စေခြင်း လမ်းကြောင်းအမှန်ပေါ်တွင် ခြေချကြပြီးဖြစ်သည်။ ယခင်က၊ လူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ရှာဖွေခြင်းအားဖြင့် သို့မဟုတ်

ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ရှာဖွေခြင်း သက်သက်အားဖြင့် ဘုရားသခင်၏ အမှုကို ရရှိနိုင်ခဲ့ကြသော်လည်း၊ ယခုတွင် အမှုအရာများ ကွဲပြားလေ၏။ လူ့ဇာတိခံ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မရှိဘဲ၊ သူ၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သော စစ်မှန်မှု မရှိဘဲ၊ လူတို့သည် ဘုရားသခင်၏ လက်ခံမှုကို မရရှိနိုင်သကဲ့သို့ ဘုရားသခင်၏ ဖယ်ရှားသုတ်သင်ခြင်းကို ခံရမည်ဖြစ်သည်။ ပုံမှန်ဝိညာဉ်အသက်တာကို ရရှိရန်၊ လူတို့အနေဖြင့် ပထမဦးစွာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ပြီး လက်တွေ့လုပ်ဆောင်သင့်ကာ၊ ထို့နောက် ဤအခြေခံအုတ်မြစ်ပေါ်တွင် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးကို တည်ထောင် သင့်ပေသည်။ သင်သည် မည်ကဲ့သို့ ပူးပေါင်းလုပ်ဆောင်သနည်း။ ဘုရားသခင်၏ လူများနှင့်ဆိုင်သော သက်သေခံချက်တွင် သင် မည်သို့ ခိုင်မာစွာ ရပ်တည်သနည်း။ ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးကို သင်မည်ကဲ့သို့ တည်ဆောက်သနည်း။

သင်၏နေ့စဉ်အသက်တာတွင် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးရှိ၊ မရှိဆိုသည်ကို သိရမည့် နည်းလမ်း-

၁။ ဘုရားသခင်ကိုယ်တိုင်၏သက်သေခံချက်ကို သင်ယုံကြည်သလော။

၂။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် စစ်မှန်ကာ မမှားယွင်းနိုင်ဟု သင်၏နှလုံးသား၌ သင်ယုံကြည်ပါသလော။

၃။ သင်သည် ကိုယ်တော်၏နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်သော သူတစ်ဦးလော။

၄။ သူစေခိုင်းသည့်တာဝန်ကို သင်သစ္စာရှိပါသလော။ သူ၏စေခိုင်းသည့်တာဝန်ကို သစ္စာရှိဖို့အလို့ငှာ သင် မည်သည့်အရာ လုပ်ဆောင်ပါသနည်း။

၅။ သင်လုပ်ဆောင်သည့်အရာရာတိုင်းသည် ဘုရားသခင်ကို စိတ်ကျေနပ်စေခြင်းနှင့် သူ့ကို သစ္စာရှိခြင်းအတွက်လော။

အထက်တွင် စာရင်းပြုစုထားသည့် အချက်များအရ၊ သင်သည် လက်ရှိအဆင့်တွင် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးရှိသည်၊ မရှိသည်ကို ဆင်ခြင်သုံးသပ်နိုင်ပေသည်။

သင်သည် ဘုရားသခင်စေခိုင်းသည့်တာဝန်ကို လက်ခံနိုင်ပါက၊ ဘုရားသခင်၏ ကတိတော်ကို လက်ခံနိုင်ပြီး သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းကြောင်းကို လိုက်လျှောက်နိုင်ပါက၊

ဘုရားသခင်၏အလိုကို သင် လိုက်လျှောက်နေခြင်း ဖြစ်ပေသည်။ အတွင်းတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းကြောင်းသည် သင့်အဖို့ ရှင်းလင်းပါသလော။ ယခု၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းကြောင်းနှင့်အညီ ပြုမူသလော။ သင်၏စိတ်နှလုံးသည် ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်သလော။ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်လွင်ဆုံးသော အလင်းကို သင် အမီလိုက်ဖို့ ဆန္ဒရှိသလော။ ဘုရားသခင်၏ ရယူခြင်းခံရရန် သင် ဆန္ဒရှိသလော။ သင်သည် ကမ္ဘာမြေပေါ်၌ ဘုရားသခင်၏ ဘုန်းအသရေနှင့်ဆိုင်သော သရုပ်သကန်တစ်ခု ဖြစ်လာဖို့ ဆန္ဒရှိသလော။ သင့်ကို ဘုရားသခင် တောင်းဆိုသည့်အရာကို ရယူဖို့ စိတ်ဆုံးဖြတ်ချက် သင့်၌ ရှိသလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြောဆိုသည့်အချိန်တွင်၊ သင့်အတွင်း၌ ပူးပေါင်းလုပ်ဆောင်ရန် စိတ်ဆုံးဖြတ်ချက်နှင့် ဘုရားသခင်ကို စိတ်ကျေနပ်စေရန် စိတ်ဆုံးဖြတ်ချက် ရှိပါက- ယင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင်၏ စိတ်နှလုံးထဲ၌ အကျိုးဖြစ်ထွန်းပြီးဖြစ်သည်ကို ဆိုလိုပေသည်။ သင်သည် ထိုသို့သော စိတ်ဆုံးဖြတ်ချက် ကင်းမဲ့ပါက၊ သင်ရရှိအောင် အားထုတ်သည့် ရည်မှန်းချက်များ မရှိပါက၊ ယင်းမှာ သင်၏ စိတ်နှလုံးသည် ဘုရားသခင်၏ တို့ထိခြင်း မခံရသေးဟု ဆိုလိုပေသည်။

လူတို့သည် နိုင်ငံတော်၏ လေ့ကျင့်ရေးထဲသို့ တရားဝင် ဝင်ရောက်ပြီးသည်နှင့် တစ်ပြိုင်နက်၊ ၎င်းတို့အပေါ် ဘုရားသခင် ပြုသည့် တောင်းဆိုချက်များသည် သာ၍ မြင့်မားသော အဆင့်တစ်ခုသို့ တက်လေသည်။ ဤသာ၍ မြင့်မားသော တောင်းဆိုချက်များကို မည်သည့် အချက်တွင် မြင်နိုင်သနည်း။ ယခင်က၊ လူတို့သည် အသက်မရှိဟု ဆိုခဲ့သည်။ ယနေ့တွင်၊ ၎င်းတို့သည် အသက်ကို ရှာဖွေကြ၏၊ ဘုရားသခင်၏ လူများဖြစ်လာရန်၊ ဘုရားသခင်၏ ရယူခြင်းခံရရန်၊ ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရရန် ၎င်းတို့ ကြိုးစားကြလေသည်။ ဤသည်မှာ သာ၍ မြင့်မားသော အဆင့်တစ်ခု မဟုတ်သလော။ အမှန်တွင်၊ လူတို့အပေါ် ဘုရားသခင် ပြုသည့် တောင်းဆိုချက်များသည် ဖြစ်လေ့ရှိသည်ထက် ပိုမိုရိုးရှင်းပေသည်။ လူတို့ကို အစေခံသူများဖြစ်ဖို့ သို့မဟုတ် သေဆုံးဖို့ တောင်းဆိုမထားပေ- ၎င်းတို့ကို တောင်းဆိုထားသည့် အရာမှာ ဘုရားသခင်၏လူများ ဖြစ်လာကြဖို့သာ ဖြစ်သည်။ ယင်းသည် သာ၍ရိုးရှင်းသည် မဟုတ်လော။ သင် လုပ်ဆောင်ရမည့် အရာမှာ ဘုရားသခင်ထံ သင်၏ စိတ်နှလုံးကို ဆက်ကပ်ပြီး သူ၏လမ်းပြမှုကို နာခံဖို့သာ ဖြစ်က၊ အရာရာသည် အကျိုးဖြစ်ထွန်းလာလိမ့်မည်ဖြစ်သည်။ ဤအရာ အလွန်ခက်ခဲသည်ဟု အဘယ့်ကြောင့် သင်ခံစားရသနည်း။ ယနေ့ပြောဆိုသည့် အသက်တာထဲ ဝင်ရောက်ခြင်းသည် ယခင်ထက် သာ၍ရှင်းလင်း၏။ အတိတ်တွင်၊ လူတို့သည် ရောထွေးခဲ့ကြပြီး သမ္မာတရား၏ စစ်မှန်မှုမှာ

အဘယ်အရာဖြစ်သည်ကို မသိခဲ့ကြပေ။ အမှန်တွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြားသောအခါ တုံ့ပြန်သောသူများ၊ သန့်ရှင်းသောဝိညာဉ်တော်၏ ညဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းကို ခံရသောသူများနှင့် ဘုရားသခင်၏ရှေ့မှောက်တွင် သူ၏စုံလင်စေခြင်းကို ရရှိသောသူများနှင့် စိတ်သဘောထား၌ ပြောင်းလဲသူအားလုံး- ထိုသို့သောလူအားလုံး၌ အသက်ရှိ၏။ ဘုရားသခင်သည် သေသောအရာများ မဟုတ်ဘဲ၊ အသက်ရှင်သော သတ္တဝါများကို အလိုရှိပေသည်။ သင်သည် သေဆုံးနေပါက၊ အသက်မရှိသကဲ့သို့၊ ဘုရားသခင်သည် သူ၏ လူများထဲမှ တစ်ဦးအဖြစ် သင့်ကို မြင့်တင်ဖို့မဆိုထားနှင့်၊ သင့်ကို စကားပင်ပြောမည်မဟုတ်ပေ။ သင်တို့သည် ဘုရားသခင်အားဖြင့် ချီးမခံရပြီးဖြစ်ကာ၊ သူ့ထံမှ ကြီးမားလှသည့် ကောင်းချီးမင်္ဂလာတစ်ခုကို ရရှိပြီးဖြစ်သည့်အတွက်၊ ဤအရာက သင်တို့အားလုံးသည် အသက်ရှိသော လူများဖြစ်ကြောင်းပြပြီး၊ အသက်ရှိသော လူများသည် ဘုရားသခင်ထံမှ လာပေသည်။

မိမိ၏ အသက်တာစိတ်သဘောထား၌ ပြောင်းလဲခြင်းကို လိုက်စားရှာဖွေရာတွင်၊ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းသည် ရိုးရှင်း၏။ သင်၏ လက်တွေ့ကျသည့် အတွေ့အကြုံ၌၊ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက် နှုတ်ကပတ်တော်များကို လိုက်နာနိုင်ပြီး၊ ဘုရားသခင်၏အမှုကို တွေ့ကြုံခံစားနိုင်ပါက၊ သင်၏စိတ်သဘောထားသည် ပြောင်းလဲနိုင်စွမ်း ရှိပေသည်။ သန့်ရှင်းသောဝိညာဉ်တော် ပြောသည့်အရာဟူသမျှကို သင် လိုက်နာကာ၊ သန့်ရှင်းသောဝိညာဉ်တော် ပြောသည့်အရာ ဟူသမျှကို သင်ရရှိအောင် အားထုတ်ပါက၊ သင်သည် သူ့ကို နာခံသောသူတစ်ဦးဖြစ်ပြီး၊ သင်၏စိတ်သဘောထားတွင် ပြောင်းလဲမှုတစ်ခု ရှိပေလိမ့်မည်။ လူတို့၏ စိတ်သဘောထားများသည် သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက် နှုတ်ကပတ်တော်များဖြင့် ပြောင်းလဲ၏။ သင်သည် အတိတ်က သင်၏ အတွေ့အကြုံဟောင်းများနှင့် စည်းမျဉ်းများကို အမြဲ ဖက်တွယ်ပါက၊ သင်၏စိတ် သဘောထား မပြောင်းလဲနိုင်ပေ။ သန့်ရှင်းသောဝိညာဉ်တော်၏ ယနေ့ နှုတ်ကပတ်တော်များက လူအားလုံးကို ပုံမှန်လူ့သဘာဝ၏ အသက်တာထဲသို့ ဝင်ရောက်ရန် စေခိုင်းသော်လည်း သင်က အပေါ်ယံ အရာများအပေါ် အစွဲအလမ်းကြီးမြဲ ကြီးနေပြီး၊ လက်တွေ့အရှိတရားနှင့် ပတ်သက်၍ စိတ်ရှုပ်ထွေးကာ ယင်းကို အလေးအနက်မထားပါက၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုတော်ကို အမှီမလိုက်နိုင်သူတစ်ဦး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှု လမ်းကြောင်းပေါ်သို့ မဝင်ရောက်ရသေးသူတစ်ဦး ဖြစ်ပေသည်။ သင်၏ စိတ်သဘောထား ပြောင်းလဲနိုင်ခြင်း ရှိမရှိဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက် နှုတ်ကပတ်တော်များကို သင် အမီလိုက်နိုင်ခြင်း ရှိမရှိနှင့် သင်သည် စစ်မှန်သော

အသိပညာရှိမရှိ ဆိုသည်တို့အပေါ် မူတည်၏။ ဤသည်မှာ ယခင်က သင်တို့ နားလည်ခဲ့သည့် အရာနှင့်မတူပေ။ ယခင်က သင်နားလည်ခဲ့သည့် သင်၏ စိတ်သဘောထား ပြောင်းလဲမှုဆိုသည်မှာ၊ အပေါ်ယံကြည့်ပြီး ဝေဖန်သုံးသပ်တတ်သည့် သင်သည် ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်းအားဖြင့် ရမ်းသန်းစကားပြောခြင်းကို ရပ်တန့်လိုက်ခြင်းသာဖြစ်သည်။ သို့သော် ယင်းသည် ပြောင်းလဲမှု၏ ကဏ္ဍတစ်ခုသာ ဖြစ်၏။ ယခု၊ အရေးအကြီးဆုံးအချက်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကို လိုက်နာခြင်းဖြစ်သည်- ဘုရားသခင်ပြောသည့် အရာဟူသမျှကို လိုက်နာလော့၊ ပြီးလျှင် သူပြောသည့်အရာဟူသမျှကို နာခံလော့။ လူတို့သည် မိမိတို့ကိုယ်တိုင်၏ စိတ်သဘောထားများကို မပြောင်းလဲနိုင်ကြပေ။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း၊ ဆင်းရဲဒုက္ခနှင့် စစ်ဆေးခြင်း၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ ကိုင်တွယ်ဖြေရှင်းခြင်း၊ ဆုံးမပဲ့ပြင်ခြင်းနှင့် ပြုပြင်ခြင်းများကို ကြုံရမည်ဖြစ်သည်။ ထို့နောက်မှသာ ၎င်းတို့သည် ဘုရားသခင်ကို နာခံခြင်းနှင့် သစ္စာရှိခြင်းတို့အား ရရှိနိုင်ပြီး၊ သူ့အပေါ် ဝတ်ကျေတမ်းကျေ မဖြစ်နိုင်တော့ပေ။ လူတို့၏ စိတ်သဘောထားများ ပြောင်းလဲသည်မှာ ဘုရား နှုတ်ကပတ်တော်များ၏ စစ်ဆေးခြင်းအောက်တွင် ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်များ၏ ဖော်ထုတ်ခြင်း၊ တရားစီရင်ခြင်း၊ ဆုံးမပဲ့ပြင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့မှ တစ်ဆင့်သာ ၎င်းတို့သည် မဆင်မခြင် မလုပ်ဆောင်ဝံ့တော့ဘဲ၊ ယင်းအစား တည်ငြိမ်ကာ ချုပ်တည်းလာကြမည်ဖြစ်သည်။ အရေးကြီးဆုံးအချက်မှာ ၎င်းတို့သည် ဘုရားသခင်၏ မျက်မှောက်နှုတ်ကပတ်တော်နှင့် သူ၏အမှုကို နာခံနိုင်ကြပြီး ယင်းသည် လူသား၏ အယူအဆများနှင့် မကိုက်ညီလျှင်ပင်၊ ၎င်းတို့သည် ဤအယူအဆများကို ဘေးဖယ်ထားနိုင်ကြကာ လိုလားစွာ နာခံနိုင်ကြခြင်း ဖြစ်သည်။ အတိတ်တွင်၊ စိတ်သဘောထားထဲက ပြောင်းလဲမှုများကို ပြောဆိုရာတွင်၊ အဓိကအားဖြင့် မိမိကိုယ်ကိုယ် မိမိစွန့်လွှတ်နိုင်ခြင်း၊ ဇာတိပကတိကို ဆင်းရဲဒုက္ခခံစားစေခြင်း၊ မိမိ၏ကိုယ်ခန္ဓာကို ပဲ့ပြင်ဆုံးမခြင်းနှင့် ဇာတိ၏လိုလားမှုများကို မိမိထံမှ ဖယ်ရှားနိုင်ခြင်းတို့ကို ရည်ညွှန်းခဲ့ပေသည်- ယင်းမှာ စိတ်သဘောထား ပြောင်းလဲခြင်း တစ်မျိုးဖြစ်သည်။ ယနေ့တွင်၊ စိတ်သဘောထား ပြောင်းလဲခြင်း၏ စစ်မှန်သည့် ထုတ်ဖော်ခြင်းမှာ ဘုရားသခင်၏ မျက်မှောက် နှုတ်ကပတ်တော်များကို နာခံခြင်းနှင့် သူ၏အသစ်သောအမှုကို အမှန်တကယ် သိရှိခြင်းဖြစ်သည်ကို အယောက်တိုင်း သိကြပေသည်။ ဤနည်းဖြင့်၊ မိမိတို့ကိုယ်တိုင်၏ အယူအဆများဖြင့် ခြယ်သခြင်းခံခဲ့ရသည့် လူတို့၏ ဘုရားသခင်နှင့်သက်ဆိုင်သော ယခင် သိနားလည်မှုသည် ဖျောက်ဖျက်ပစ်ခံရနိုင်ပြီး၊ ၎င်းတို့သည် ဘုရားသခင်နှင့် သက်ဆိုင်သည့်

စစ်မှန်သော အသိပညာနှင့် ဘုရားသခင်အား နာခံခြင်းတို့ကို ရရှိနိုင်ကြပေသည်- ဤအရာသည်သာ စိတ်သဘောထား ပြောင်းလဲခြင်း၏ စစ်မှန်သော ဖော်ပြချက်တစ်ခုဖြစ်သည်။

အသက်တာထဲဝင်ရောက်ခြင်းကို လူတို့ရရှိအောင်အားထုတ်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များပေါ်တွင် အခြေခံသည်။ ယခင်က၊ အရာရာသည် သူ၏ နှုတ်ကပတ်တော်ကြောင့် ပြီးမြောက်သည်ဟု ဆိုခဲ့သော်လည်း၊ ဤအမှန်တရားကို မည်သူမျှ မမြင်ခဲ့ကြပေ။ မျက်မှောက်အဆင့်ကို တွေ့ကြုံခြင်းထဲသို့ သင် ဝင်ရောက်ပါက၊ သင့်အဖို့ အရာအားလုံး ရှင်းလင်းသွားမည်ဖြစ်ပြီး၊ သင်သည် အနာဂတ် စမ်းသပ်မှုများအတွက် ကောင်းမွန်သော အခြေခံအုတ်မြစ်ကို တည်ဆောက်နေလိမ့်မည် ဖြစ်သည်။ ဘုရားသခင် မည်သည့်အရာကို ပြောသည်ဖြစ်စေ၊ သူ၏ နှုတ်ကပတ်တော်များထဲသို့ ဝင်ရောက်ခြင်းကိုသာ အာရုံစိုက်လော့။ ဘုရားသခင်က သူသည် လူတို့ကို စတင်ပြစ်တင်ဆုံးမမည်ဟုပြောသည့်အခါ သူ၏ ပြစ်တင်ဆုံးမခြင်းကို လက်ခံလော့။ ဘုရားသခင်က လူတို့ကို သေဖို့စေခိုင်းသည့်အခါ၊ ထိုစမ်းသပ်မှုကို လက်ခံလော့။ သင်သည် သူ၏ အသစ်လွင်ဆုံးသော မိန့်မြွက်ချက်များအတွင်းတွင် အမြဲ အသက်ရှင်နေပါက၊ အဆုံး၌ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင့်ကို စုံလင်စေလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲသို့ သင် ဝင်ရောက်လေလေ၊ သင်သည် လျင်မြန်စွာ စုံလင်ခံရလေလေ ဖြစ်လိမ့်မည်။ အကြိမ်ကြိမ် မိတ်သဟာယပြုပြီးနောက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သိရှိဖို့နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ ဝင်ရောက်ဖို့ သင်တို့ကို ငါ အဘယ်ကြောင့် တောင်းဆိုသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ သင် ရှာဖွေလိုက်စားပြီး တွေ့ကြုံကာ၊ သူ၏ နှုတ်ကပတ်တော်များ၏ စစ်မှန်မှုထဲသို့ ဝင်ရောက်သည့်အခါမှသာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အထဲတွင် အလုပ်လုပ်ရန် အခွင့်အရေးရှိပေသည်။ ထို့ကြောင့် သင်တို့အားလုံးသည် ဘုရားသခင် အမှုပြုသည့် နည်းလမ်းတိုင်းတွင် ပါဝင်သောသူများ ဖြစ်ပြီး၊ သင်တို့၏ ဆင်းရဲဒုက္ခ မည်သည့်အတိုင်းအတာ ရှိသည်ဖြစ်စေ၊ နောက်ဆုံးတွင် "အမှတ်တရ လက်ဆောင်" ကို သင်တို့အားလုံး ရရှိလိမ့်မည်။ သင်တို့၏ နောက်ဆုံးစုံလင်ခြင်းကို ရရှိဖို့အလို့ငှာ၊ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ အားလုံးထဲသို့ ဝင်ရောက်ရမည် ဖြစ်သည်။ လူတို့ကို သန့်ရှင်းသောဝိညာဉ်တော်၏ စုံလင်စေခြင်းသည် တစ်ဖက်သတ်မဟုတ်ပေ။ သူသည် လူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်၊ အယောက်တိုင်း သတိရှိစွာ သူနှင့် ပူးပေါင်းလုပ်ဆောင်ရန် သူ လိုအပ်သည်။ ဘုရားသခင် မည်သည့်အရာကို ပြောသည်ဖြစ်စေ၊ သူ၏နှုတ်ကပတ်တော်များထဲသို့

ဝင်ရောက်ခြင်းကိုသာ အာရုံစိုက်လော့ - ဤအရာသည် သင်တို့၏အသက်တာအတွက် သာ၍အကျိုးရှိလိမ့်မည်။ အရာရာသည် သင်တို့၏စိတ်သဘောထား၌ ပြောင်းလဲမှုကို ရရှိခြင်းအတွက် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ ဝင်ရောက်သည့်အခါ၊ သင်၏စိတ်နှလုံးသည် သူ၏တို့ထိခြင်း ခံရမည်ဖြစ်ပြီး သူ၏ အမှုနှင့်ဆိုင်သည့် ဤအဆင့်တွင် ဘုရားသခင် ရရှိရန် ဆန္ဒရှိသည့် အရာတိုင်းကို သင် သိရှိနိုင်စွမ်း ရှိလိမ့်မည်ဖြစ်ပြီး ထိုအရာကို ရရှိဖို့ စိတ်ဆုံးဖြတ်ချက် ရှိလိမ့်မည် ဖြစ်သည်။ ပြစ်တင်ဆုံးမခြင်း ကာလအတွင်းတွင်၊ ဤသည်မှာ အမှု၏နည်းစနစ်တစ်ခု ဖြစ်သည်ဟု ယုံကြည်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မယုံကြည်ကြသူများ ရှိခဲ့လေသည်။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့သည် စစ်ဆေးခြင်းကို မကြုံခဲ့ရသကဲ့သို့၊ မည်သည့်အရာကိုမျှ ရရှိခြင်း သို့မဟုတ် သိနားလည်ခြင်းမရှိဘဲ ပြစ်တင်ဆုံးမခြင်းကာလမှ ပေါ်ထွက်လာခဲ့ကြလေသည်။ သံသယ စိုးစဉ်းမျှမရှိဘဲ ဤနှုတ်ကပတ်တော်များထဲသို့ အမှန်တကယ် ဝင်ရောက်ခဲ့ကြသူ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် မမှားယွင်းနိုင်သော သမ္မာတရားဖြစ်ပြီး လူသားမျိုးနွယ်သည် ပြစ်တင်ဆုံးမခံရသင့်သည်ဟု ပြောဆိုခဲ့သူ အချို့ရှိ၏။ ၎င်းတို့သည် မိမိတို့၏ အနာဂတ်နှင့် ကံကြမ္မာကို လက်လွှတ်ရင်း ယင်း၌ အချိန်အတိုင်းအတာ တစ်ခုကြာ ရုန်းကန်ခဲ့ကြပြီး၊ ၎င်းတို့ ပေါ်ထွက်လာသည့်အခါ ၎င်းတို့၏ စိတ်သဘောထားများသည် ပြောင်းလဲမှုတစ်ခု ကြုံတွေ့ခဲ့ပြီးဖြစ်ကာ၊ ဘုရားသခင်နှင့်သက်ဆိုင်သော သာ၍နက်ရှိုင်းသည့် သိနားလည်မှု ရရှိခဲ့ကြပြီး ဖြစ်သည်။ ပြစ်တင်ဆုံးမခြင်းမှ ပေါ်ထွက်လာခဲ့ကြသူ အားလုံးသည် ဘုရားသခင်၏ ချစ်ဖွယ်ကောင်းခြင်းကို ခံစားရကာ ဤအမှုအဆင့်သည် ၎င်းတို့ထဲသို့ ဆင်းသက်လျက်ရှိသည့် ဘုရားသခင်၏ကြီးမားသောချစ်ခြင်းမေတ္တာအား ပုံဖော်သည်၊ ယင်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၏ အောင်နိုင်ခြင်းနှင့် ကယ်တင်ခြင်း ဖြစ်သည်ဆိုသည်တို့ကို နားလည်ခဲ့ကြလေသည်။ ၎င်းတို့က ဘုရားသခင်၏ အတွေးများသည် အစဉ်အမြဲကောင်းမြတ်ကာ၊ လူသား၌ ဘုရားသခင်ပြုသည့် အရာတိုင်းသည် မုန်းတီးခြင်းမဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာမှ လာသည်ဟုလည်း ပြောဆိုကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအား မယုံကြည်ခဲ့သူများ၊ သူ၏နှုတ်ကပတ်တော်များကို အားမထားခဲ့သူတို့သည် ပြစ်တင်ဆုံးမသော ကာလအတွင်းတွင် စစ်ဆေးခြင်းကို မကြုံခဲ့ရပေ၊ ထို့ကြောင့် အကျိုးဆက်အနေဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့နှင့်အတူ မရှိခဲ့ဘဲ၊ ၎င်းတို့သည် မည်သည့်အရာကိုမျှ မရရှိခဲ့ကြချေ။ ပြစ်တင်ဆုံးမခြင်းကာလထဲသို့ ဝင်ရောက်ခဲ့ကြသူများအတွက်၊ ၎င်းတို့သည် စစ်ဆေးခြင်းကို မကြုံခဲ့ရသော်လည်း၊

သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့အထဲတွင် လျှို့ဝှက်စွာ အမှုပြုနေခဲ့ပြီး၊ အကျိုးဆက်အနေဖြင့် ၎င်းတို့၏အသက်တာ စိတ်သဘောထားက ပြောင်းလဲခဲ့ပေသည်။ အချို့သည် အပြင်ပန်းကြည့်ရသည်မှာ၊ တစ်နေ့လုံး ကောင်းသောပျော်ရွှင်ခြင်းနှင့် ပြည့်လျက်၊ အလွန် အပြုသဘောဆောင်သည့်ပုံရသော်လည်း ၎င်းတို့သည် ဘုရားနှုတ်ကပတ်တော်များ၏ စစ်ဆေးခြင်း အခြေအနေထဲသို့ မဝင်ရောက်ခဲ့ကြသောကြောင့် လုံးဝ မပြောင်းလဲခဲ့ကြပေ။ ယင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်အား ယုံကြည်မှုမရှိခြင်း၏ အကျိုးဆက်ဖြစ်ပေသည်။ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို မယုံကြည်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲတွင် အလုပ်လုပ်မည် မဟုတ်ပေ။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို ယုံကြည်သောသူ အားလုံးထံ ပေါ်ထွန်းပြီး၊ သူ၏နှုတ်ကပတ်တော်များကို ယုံကြည်ကာ လက်ခံသောသူများသည် သူ၏ချစ်ခြင်းမေတ္တာကို ရရှိနိုင်ကြလိမ့်မည်ဖြစ်သည်။

ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ စစ်မှန်မှုထဲသို့ ဝင်ရောက်ဖို့ရန်၊ သင့်အနေဖြင့် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းကို ရှာသင့်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအား မည်သို့ လက်တွေ့လုပ်ဆောင်ရမည်ကို သိသင့်သည်။ ထိုသို့ဖြင့်သာ သင်၏ အသက်တာ စိတ်သဘောထားတွင် ပြောင်းလဲမှုတစ်ခု ရှိလိမ့်မည် ဖြစ်သည်။ ဤလမ်းကြောင်းမှတစ်ဆင့်သာ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရနိုင်ပြီး၊ ဤနည်းဖြင့် ဘုရားသခင်၏ စုံလင်စေခြင်း ခံရပြီးသည့် လူတို့သာ သူ၏ အလိုနှင့် ကိုက်ညီနိုင်ပေသည်။ အလင်းသစ်ကို ရရှိဖို့ သင်သည် သူ၏ နှုတ်ကပတ်တော်များအတွင်းတွင် အသက်ရှင်ရမည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို တစ်ကြိမ်တစ်ခါသာ ခံရခြင်းက လုံးဝ အလုပ်ဖြစ်လိမ့်မည်မဟုတ်- သင်သည် သာ၍ နက်ရှိုင်းစွာ လုပ်ဆောင်ရမည်။ တစ်ကြိမ်သာ တို့ထိခံရသူတို့အတွက်၊ ၎င်းတို့၏အတွင်းပိုင်း စိတ်အားထက်သန်မှုကို နှိုးဆော် ခံရပြီး၊ ၎င်းတို့သည် ရှာဖွေရန် ဆန္ဒရှိသော်လည်း၊ ဤအရာသည် ကြာရှည်မခံနိုင်ပေ။ ၎င်းတို့အနေဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိခြင်းကို စဉ်ဆက်မပြတ် ခံကြရမည်။ လူတို့အနေဖြင့် မိမိတို့၏ အသက်တာတွင် ပြောင်းလဲမှုများ ရရှိအောင် အားထုတ်နိုင်ကြဖို့အလို့ငှာနှင့် ဘုရားသခင်၏တို့ထိခြင်းခံရရန် အားထုတ်နေစဉ်တွင် မိမိတို့ကိုယ်တိုင်၏ အားနည်းချက်များကို ၎င်းတို့ နားလည်နိုင်ကာ၊ သူ၏နှုတ်ကပတ်တော်များကို တွေ့ကြုံခံစားသည့် ဖြစ်စဉ်တွင်၊ မိမိတို့ကိုယ်၌ထဲက (မိမိကိုယ်ကိုယ် မှန်သည်ဟု မှတ်ယူခြင်း၊ မာနထောင်လွှားခြင်း၊ အယူအဆများ၊ စသဖြင့်) မစင်ကြယ်မှုများကို စွန့်ပစ်နိုင်ကြဖို့အလို့ငှာ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်က

လူတို့၏ စိတ်ဝိညာဉ်များကို တို့ထိကောင်းတို့ထိနိုင်မည်ဟူသော ငါ၏ မျှော်လင့်ချက်ကို အတိတ်တွင် အကြိမ်များစွာ ငါ ပြောဆိုပြီးဖြစ်သည်။ အလင်းသစ်ကို မိမိမှအစပြု၍ လက်ခံရရှိခြင်းမှသည် အလုပ်ဖြစ်လိမ့်မည်ဟု မထင်လေနှင့်- အပျက်သဘောဆောင်သည့် အရာအားလုံးကိုလည်း သင် စွန့်ပစ်ရမည်။ တစ်ဖက်တွင်၊ သင်တို့သည် အပြုသဘောဆောင်သည့် ရှုထောင့်တစ်ခုမှ ဝင်ရောက်ဖို့ လိုအပ်ပြီး၊ အခြားတစ်ဖက်တွင် အပျက်သဘောဆောင်သည့် ရှုထောင့်တစ်ခုမှ မစင်ကြယ်သည့် အရာအားလုံးကို မိမိထံမှ ဖယ်ရှားဖို့ လိုအပ်သည်။ သင်တို့အနေဖြင့် မည်သည့် မစင်ကြယ်မှုများ သင်တို့အတွင်းတွင် တည်ရှိသေးသည်ကို တွေ့မြင်ဖို့ မိမိတို့ကိုယ်ကိုယ် စဉ်ဆက်မပြတ် ဆန်းစစ်ရမည်။ လူသားမျိုးနွယ်၏ ဘာသာရေးအယူအဆများ၊ ရည်ရွယ်ချက်များ၊ မျှော်လင့်ချက်များ၊ မိမိကိုယ်ကိုယ် မှန်သည်ဟု မှတ်ယူခြင်းနှင့် မာနထောင်လွှားမှုများ အားလုံးတို့သည် မသန့်ရှင်းသောအရာများ ဖြစ်ကြ၏။ မည်သည့် ဘာသာရေး အယူအဆများ သင်၌ရှိသည်ကို တွေ့မြင်ရဖို့ မိမိကိုယ်ကိုယ်အတွင်းသို့ ကြည့်ကာ ထုတ်ဖော်ပြခြင်းနှင့်ဆိုင်သော ဘုရားသခင်၏ နှုတ်ကပတ်တော်များအားလုံးနှင့် မိမိကိုယ်မိမိ နှိုင်းယှဉ်လော့။ ထိုအရာများကို သင် အမှန်တကယ် သတိပြုမိသည့်အခါမှသာ၊ ၎င်းတို့ကို သင် စွန့်ပစ်နိုင်ပေသည်။ လူအချို့က- "သန့်ရှင်းသောဝိညာဉ်တော်၏ လက်ရှိအမှုနှင့်ဆိုင်သော အလင်းနောက်သို့ လိုက်ရုံမျှသည် ယခုလုံလောက်၏။ အခြား မည်သည့်အရာနှင့်မျှ အနှောင့်အယှက်ဖြစ်စရာ မလို"ဟု ပြောကြသည်။ သို့သော်၊ သင်၏ဘာသာရေး အယူအဆများ ထွက်ပေါ်လာသောအခါ ၎င်းတို့ကို သင် မည်ကဲ့သို့ ဖယ်ရှားမည်နည်း။ ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လိုက်နာခြင်းသည် လုပ်ဆောင်ရန် ရိုးရှင်းသော အရာဖြစ်သည်ဟု သင်ထင်သလော။ သင်သည် ဘာသာရေးနှင့် သက်ဆိုင်သည့် လူတစ်ဦးဖြစ်ပါက၊ သင်၏ ဘာသာရေး ယူဆချက်များနှင့် သင်၏ စိတ်နှလုံးထဲက ရိုးရာဓမ္မပညာဆိုင်ရာ သဘောတရားများမှ အနှောင့်အယှက်များ ထွက်ပေါ်လာနိုင်ပြီး၊ ဤအရာများ ပေါ်ထွက်လာသည့်အခါ ယင်းက သင်၏ အသစ်သောအရာများကို လက်ခံခြင်းအား နှောင့်ယှက်လေသည်။ ဤအရာအားလုံးသည် အမှန်တကယ် ရှိသော ပြဿနာများ ဖြစ်သည်။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက် နှုတ်ကပတ်တော်များကိုသာ ရရှိအောင် အားထုတ်ပါက၊ ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းနိုင်ပေ။ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်အလင်း နောက်လိုက်သည့် တစ်ချိန်တည်းတွင်၊ မည်သည့် အယူအဆများနှင့် ရည်ရွယ်ချက်များ သင် သိုထားသည်၊ လူသား၏ မိမိကိုယ်ကိုယ် မှန်သည်ဟူသော မည်သည့်မှတ်ယူခြင်း သင်၌ရှိသည် ဆိုသည်နှင့်၊ မည်သည့် အပြုအမူများက ဘုရားသခင်ကို မနာခံခြင်းဖြစ်သည် ဆိုသည်တို့ကို

သင်သတိပြုသင့်၏။ ဤအရာများအားလုံးကို သင် သတိပြုမိပြီးနောက်တွင်၊ ၎င်းတို့ကို သင် စွန့်ပစ်ရမည်။ သင်၏ယခင်က လုပ်ဆောင်ချက်များနှင့် အပြုအမူများကို သင့်အား စွန့်လွှတ်စေခြင်းသည် ယနေ့ သန့်ရှင်းသောဝိညာဉ်တော် ပြောဆိုသည့် နှုတ်ကပတ်တော်များကို သင့်အား လိုက်လျှောက်ခွင့်ပေးခြင်းအတွက်သာ ဖြစ်သည်။ တစ်ဖက်တွင်၊ စိတ်သဘောထား ပြောင်းလဲခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတစ်ဆင့် ရရှိခြင်းဖြစ်ပြီး၊ အခြားတစ်ဖက်တွင် ယင်းသည် လူသားမျိုးနွယ်၏ အပိုင်းမှ ပူးပေါင်းဆောင်ရွက်မှု လိုအပ်၏။ ဘုရားသခင်၏အမှုရှိပြီး၊ ထို့နောက် လူသား၏ လက်တွေ့လုပ်ဆောင်မှုရှိကာ၊ နှစ်ခုလုံးသည် မရှိမဖြစ်လိုအပ်သောအရာများ ဖြစ်ကြသည်။

အစေခံခြင်းနှင့်ဆိုင်သော သင်၏အနာဂတ်လမ်းကြောင်းတွင်၊ သင်သည် ဘုရားသခင်၏အလိုတော်ကို မည်သို့ ပြည့်စုံစေနိုင်သနည်း။ အရေးကြီးသော အချက်တစ်ချက်မှာ အသက်တာထဲ ဝင်ရောက်မှု ရရှိရန် အားထုတ်ဖို့၊ စိတ်သဘောထား ပြောင်းလဲခြင်းတစ်ခုကို ရရှိရန် အားထုတ်ဖို့နှင့် သမ္မာတရားထဲသို့ သာ၍နက်ရှိုင်းစွာ ဝင်ရောက်ခြင်းကို ရရှိရန် အားထုတ်ဖို့ဖြစ်သည်- ဤသည်မှာ ဘုရားသခင်အားဖြင့် စုံလင်ခံရခြင်းနှင့် ဘုရားသခင်၏ရယူခြင်းကို ခံရခြင်းဆီသို့သွားရာ လမ်းကြောင်း ဖြစ်သည်။ သင်တို့အားလုံးသည် ဘုရားသခင်၏ စေခိုင်းချက်တာဝန်ကို လက်ခံရရှိသူများ ဖြစ်ကြသော်လည်း၊ မည်သည့် စေခိုင်းချက်တာဝန်မျိုးနည်း။ ဤအရာသည် အမှု၏ နောက်တဆင့်နှင့် ဆက်နွယ်နေ၏။ အမှု၏ နောက်တစ်ဆင့်သည် စကြဝဠာတစ်ခွင်လုံးအနှံ့ ဆောင်ရွက်သည့် သာ၍ကြီးမားသော အမှုဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်သည် သင်တို့အား သူ၏ အနာဂတ်အမှုအတွက် နမူနာများ ဖြစ်စေလျက်၊ အနာဂတ်တွင် ဘုရားသခင်သည် သူ၏ အမှုမှတစ်ဆင့် သူ၏ ဘုန်းအသရေကို ရရှိခြင်း၏ သက်သေ အမှန်တကယ် သင် ဖြစ်လာဖို့အလို့ငှာ သင်၏ အသက်တာ စိတ်သဘောထား၌ ပြောင်းလဲမှုများကို ယနေ့ သင် ရရှိအောင် အားထုတ်သင့်ပေသည်။ သင့်အနေဖြင့် ဘုရားသခင်၏ အသုံးပြုခြင်း ခံရနိုင်ကာ သူ့အတွက် သက်သေခံနိုင်ဖို့အလို့ငှာ၊ ယနေ့ ရရှိအောင် အားထုတ်ခြင်းသည် အနာဂတ်အမှုအတွက် အခြေခံအုတ်မြစ် ချခင်းခြင်းအတွက် လုံးလုံးလျားလျား ဖြစ်သည်။ ဤအရာကို သင်၏ ရရှိအောင်အားထုတ်မှု၏ ရည်မှန်းချက်ဖြစ်စေပါက၊ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ကို သင် ရရှိနိုင်လိမ့်မည် ဖြစ်သည်။ သင်၏ ရရှိအောင်အားထုတ်မှု ရည်မှန်းချက်ကို မြင့်မားစွာ သင်ချမှတ်လေလေ၊ သင်သည် စုံလင်ခြင်းခံရနိုင်လေလေ ဖြစ်သည်။ သမ္မာတရားနောက် သင် လိုက်လေလေ၊ သန့်ရှင်းသောဝိညာဉ်တော်သည် အလုပ်လုပ်လေလေ ဖြစ်သည်။ သင်၏ ရရှိအောင်

အားထုတ်မှုတွင် သင် အားအင် စိုက်ထုတ်လေလေ၊ သင်သည် ရရှိလေလေ ဖြစ်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့ကို ၎င်းတို့၏အတွင်းပိုင်း အခြေအနေအရ စုံလင်စေသည်။ လူအချို့က ၎င်းတို့သည် ဘုရားသခင်၏ အသုံးပြုခြင်းခံရဖို့ သို့မဟုတ် သူ၏ စုံလင်စေခြင်းခံရဖို့ လိုလားခြင်းမရှိ၊ ၎င်းတို့အနေဖြင့် ၎င်းတို့၏ဇာတိပကတိကိုသာ ဘေးကင်းစေချင်ပြီး မည်သည့် ကံမကောင်း အကြောင်းမလှသည့် ဖြစ်ရပ်ကိုမျှ မခံစားစေချင်ဟု ဆိုကြသည်။ လူအချို့သည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်ရန် လိုလားခြင်း မရှိကြသော်လည်း၊ အနက်ဆုံးသော တွင်းထဲသို့ ကျဆင်းရန် လိုလားနေကြ၏။ ထိုသို့ဆိုပါက၊ ဘုရားသခင်သည် သင်၏ဆန္ဒကိုလည်း ခွင့်ပြုမည် ဖြစ်သည်။ သင် မည်သည့်အရာကို ရရှိအောင် အားထုတ်ပါစေ၊ ဘုရားသခင်သည် ဖြစ်စေလိမ့်မည်။ ထို့ကြောင့်၊ လက်ရှိအချိန်တွင် သင်သည် မည်သည့်အရာကို ရရှိအောင် အားထုတ်နေသနည်း။ စုံလင်ခြင်းခံရခြင်းလော။ သင်၏ ယခုလက်ရှိ လုပ်ဆောင်ချက်များနှင့် အပြုအမူများသည် ဘုရားသခင်၏ စုံလင်ခြင်းခံရခြင်းနှင့် ဘုရားသခင်၏ရယူခြင်းကို ခံရခြင်း အတွက်လော။ သင့်အနေဖြင့် သင်၏ နေ့စဉ်အသက်တာတွင် မိမိကိုယ်မိမိ ထိုသို့ စဉ်ဆက်မပြတ် စဉ်းစားဆင်ခြင်ရမည် ဖြစ်သည်။ သင်သည် တစ်ခုတည်းသော ရည်မှန်းချက်ကို ရရှိအောင် သင်၏စိတ်နှလုံး ရှိသမျှဖြင့် အားထုတ်ပါက၊ ဘုရားသခင်သည် သင့်ကို ဧကန်မုချ စုံလင်စေမည် ဖြစ်သည်။ ယင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းကြောင်းဖြစ်သည်။ လူတို့ကို သန့်ရှင်းသောဝိညာဉ်တော် ဦးဆောင်သည့် လမ်းကြောင်းသည် ၎င်းတို့၏ ရရှိအောင် အားထုတ်ခြင်းအားဖြင့် ရရှိပေသည်။ ဘုရားသခင်၏ စုံလင်စေခြင်းနှင့် ရယူခြင်းတို့ကို သင် ဆာငတ်လေလေ၊ သင့်အတွင်းတွင် သန့်ရှင်းသောဝိညာဉ်တော် အမှုပြုလေလေ ဖြစ်သည်။ သင်သည် ရှာဖွေရန်ပျက်ကွက်လေလေ ဖြစ်ပြီး၊ အပျက်သဘောဆောင်က နောက်ဆုတ်လေလေ၊ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်ရန် အခွင့်အလမ်းများကို သင် ပိတ်ပင်လေလေ ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်ကို စွန့်ပစ်လိမ့်မည်။ သင်သည် ဘုရားသခင်၏ စုံလင်ခြင်းခံရရန် ဆန္ဒရှိသလော။ ဘုရားသခင်၏ရယူခြင်းခံရန် သင် ဆန္ဒရှိသလော။ သင်သည် ဘုရားသခင်၏အသုံးပြုခြင်းခံရန် ဆန္ဒရှိသလော။ သင်တို့သည် စကြဝဠာထဲရှိ အရာခပ်သိမ်းတို့က ဘုရားသခင်၏လုပ်ဆောင်ချက်များ သင်တို့အထဲ၌ ထင်ရှားသည်ကို မြင်နိုင်ကြဖို့အလို့ငှာ၊ သင်တို့သည် ဘုရားသခင်အားဖြင့် စုံလင်ခြင်းခံရရန်၊ ဘုရားသခင်၏ ရယူခြင်းခံရရန်နှင့် ဘုရားသခင်၏အသုံးပြုခြင်းကိုခံရန်အတွက် အရာရာကို လုပ်ဆောင်ခြင်းကို လုပ်ဆောင်သင့်ကြပေသည်။ သင်တို့သည် အရာခပ်သိမ်းထဲတွင် ဆရာတစ်ဆူ ဖြစ်ပြီး၊ ရှိသမျှ

အရာအားလုံးအလယ်တွင်၊ သင်တို့သည် ဘုရားသခင်အား သက်သေခံချက်နှင့် ဘုန်းထင်ရှားခြင်းတို့ကို သင်တို့မှတစ်ဆင့် မွေ့လျော်ခံစားခွင့် ပေးကြလိမ့်မည်- ဤသည်မှာ သင်တို့သည် မျိုးဆက်များအားလုံးထဲမှ ကောင်းချီးမင်္ဂလာအခံစားရဆုံး ဖြစ်သည်ဆိုသည့် သက်သေဖြစ်ပေ၏။

# ဘုရားသခင်ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးအား ငြိမ်သက်စေခြင်းနှင့် ပတ်သက်၍

ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်း ဝင်ရောက်ခြင်းအဖို့ ဘုရားသခင် မျက်မှောက်တွင် သင်၏ စိတ်နှလုံးအား ငြိမ်သက်စေခြင်းထက် သာ၍ အရေးကြီးသော အဆင့်မရှိချေ။ ယင်းသည် မျက်မှောက်ကာလတွင် လူအပေါင်းတို့ အရေးတကြီး ဝင်ရောက်ရန် လိုအပ်လျက်ရှိကြောင်း သင်ခန်းစာတစ်ခု ဖြစ်သည်။ ဘုရားသခင် ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးကို ငြိမ်သက်စေခြင်းထဲသို့ ဝင်ရောက်ရာ လမ်းကြောင်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

၁။ ပြင်ပအရာများမှ သင့်စိတ်နှလုံးကို ရှောင်ခွာလော့။ ဘုရားသခင်ရှေ့မှောက်တွင် ငြိမ်းချမ်းစွာနေလော့၊ ပြီးလျှင် တစိုက်မတ်မတ် စူးစိုက်မှုဖြင့် ဘုရားသခင်ထံ ဆုတောင်းလော့။

၂။ ဘုရားသခင်၏ ရှေ့မှောက်တွင် သင်၏စိတ်နှလုံး ငြိမ်းချမ်းနေခြင်းဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များအား စားသောက်ကာ မွေ့လျော်လော့။

၃။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအပေါ် စဉ်းစားဆင်ခြင်၍ အာရုံပြုပြီး သင်၏ စိတ်နှလုံးထဲတွင် ဘုရားသခင်၏ အမှုကို တွေးဆလော့။

ပထမဦးစွာ ဆုတောင်းခြင်းကဏ္ဍမှ အစပြုလော့။ တစိုက်မတ်မတ် စူးစိုက်မှုဖြင့် သတ်မှတ်ထားသော အချိန်များတွင် ဆုတောင်းလော့။ အချိန်မည်မျှ နည်းပါးသည်ဖြစ်စေ၊ သင်၏အလုပ် မည်မျှများသည် ဖြစ်စေ၊ သို့မဟုတ် သင့်အပေါ် မည်သည့်အရာ ကျရောက်ပါစေ၊ နေ့စဉ် ပုံမှန်အတိုင်း ဆုတောင်းပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပုံမှန်အတိုင်း စားသောက်လော့။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်စားသောက်သမျှ ကာလပတ်လုံး သင့်ပတ်ဝန်းကျင် မည်သို့ ရှိသည်ဖြစ်စေ၊ သင်၏ စိတ်ဝိညာဉ်၌ ကြီးမားသည့် ပျော်ရွှင်မှု ရှိလိမ့်မည်ဖြစ်ပြီး သင့်အနီးရှိ လူများ၊ ဖြစ်ရပ်များ သို့မဟုတ် အရာဝတ္ထုများသည်

သင့်အတွက် အနှောင့်အယှက် ဖြစ်လိမ့်မည်မဟုတ်။ သင်၏ စိတ်နှလုံးတွင် ဘုရားသခင်ကို သာမန်အားဖြင့် ဆင်ခြင်သည့်အခါ၊ ပြင်ပတွင် ဖြစ်နေသည့်အရာက သင့်ကို မနှောင့်ယှက်နိုင်ပေ။ ဝိညာဉ်အသက်တာ ပိုင်ဆိုင်ခြင်းဆိုသည်မှာ ဤအရာကို ဆိုလိုခြင်းဖြစ်သည်။ ဆုတောင်းခြင်းဖြင့် အစပြုလော့- ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်သက်စွာ ဆုတောင်းခြင်းသည် အကျိုးအများဆုံး ဖြစ်သည်။ ထို့နောက် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်လော့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေးဆခြင်းဖြင့် ၎င်းတို့ထဲတွင် အလင်းကို ရှာလော့။ လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းကို ရှာဖွေလော့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြောဆိုရာတွင် သူ၏ ရည်ရွယ်ချက်ကို သိရှိပြီး ၎င်းတို့ကို သွေဖည်မှုမရှိဘဲ သိနားလည်လော့။ သာမန်အားဖြင့် ပြင်ပအရာများ၏ နှောင့်ယှက်ခြင်းမခံရဘဲ ဘုရားသခင်ကို သင်၏ စိတ်နှလုံးထဲတွင် တိုးဝင်ချဉ်းကပ်နိုင်ခြင်း၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အာရုံပြုပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေးဆနိုင်ခြင်းတို့မှာ သင့်အတွက် ပုံမှန်ဖြစ်သင့်သည်။ သင်၏ စိတ်နှလုံးသည် ငြိမ်သက်ခြင်း အတိုင်းအတာတစ်ခု ရရှိပါက သင်သည် တိတ်တဆိတ် အတွေးရေယာဉ်ကြော၌ မျောပါနိုင်လိမ့်မည်ဖြစ်ပြီး၊ သင်၏အတွင်း၌ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ချင့်ချိန်စဉ်းစားနိုင်လိမ့်မည်ဖြစ်ကာ ဘုရားသခင်ထံ အမှန်တကယ် တိုးဝင်ချဉ်းကပ်ပြီး၊ သင်၏ ပတ်ဝန်းကျင် မည်သို့ ဖြစ်ပါစေ၊ နောက်ဆုံးတွင် သင်၏ စိတ်နှလုံးထဲ ချီးမွမ်းခြင်း လျှံထွက်လာသည့်အခြေအနေ ရောက်ရှိသည်ထိတိုင်ဖြစ်ပြီး ယင်းသည် ဆုတောင်းခြင်းထက်ပင် သာ၍ ကောင်းမွန်ပေသည်။ ထို့နောက် သင်သည် ဝိညာဉ်အသက်တာတစ်ခုကို ပိုင်ဆိုင်လိမ့်မည်။ အထက်တွင် ဖော်ပြထားသော ဖြစ်တည်မှု အဆင့်များကို သင်ရရှိနိုင်ပါက သင်၏ စိတ်နှလုံးသည် ဘုရားသခင် ရှေ့မှောက်တွင် အမှန်တကယ် ငြိမ်းချမ်းကြောင်း သက်သေဖြစ်လိမ့်မည်။ ဤသည်မှာ ပထမဦးဆုံးသော အခြေခံသင်ခန်းစာ ဖြစ်သည်။ လူတို့သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်သက်နိုင်သည့်နောက်မှသာ၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ၎င်းတို့ တို့ထိခံရနိုင်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဉာဏ်အလင်းပြကာ အလင်းပေးခံရနိုင်သည်၊ ထို့နောက်မှသာလျှင် ဘုရားသခင်နှင့် အမှန်တကယ် ဆက်သွယ်နိုင်သည့်အပြင် ဘုရားသခင်၏ အလိုတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုတို့ကို သဘောပေါက်နိုင်လိမ့်မည်။ ထိုအခါ ၎င်းတို့သည် ၎င်းတို့၏ ဝိညာဉ်ရေးရာ အသက်တာတွင် မှန်ကန်သော လမ်းကြောင်းထဲသို့ ဝင်ရောက်သွားပြီး ဖြစ်လိမ့်မည်။ ဘုရားသခင်၏ ရှေ့မှောက်တွင် အသက်ရှင်ရန် ၎င်းတို့၏ လေ့ကျင့်မှုသည် နက်ရှိုင်းမှု အတိုင်းအတာတစ်ခု ရောက်ရှိပြီး

မိမိကိုယ်ကိုယ် စွန့်လွှတ်နိုင် သည့်အခါ၊ မိမိကိုယ်ကိုယ် စက်ဆုပ်နိုင်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြင့် အသက်ရှင်နိုင်သည့်အခါ ၎င်းတို့၏ စိတ်နှလုံးသည် ဘုရားသခင်၏ ရှေ့မှောက်တွင် အမှန်တကယ် ငြိမ်းချမ်းခြင်း ရှိပေသည်။ မိမိကိုယ်ကိုယ် စက်ဆုပ်နိုင်ခြင်း၊ မိမိကိုယ်ကိုယ် ကျိန်ဆဲနိုင်ခြင်းနှင့် မိမိကိုယ်ကိုယ် စွန့်လွှတ်နိုင်ခြင်းတို့သည် ဘုရားသခင်၏အမှုက ရရှိသောရလဒ်ဖြစ်ပြီး၊ လူတို့ မိမိတို့ဘာသာ မလုပ်ဆောင်နိုင်ပေ။ သို့ဖြစ်ရာ ဘုရားသခင် ရှေ့မှောက်တွင် စိတ်နှလုံးငြိမ်သက်အောင် လက်တွေ့ လုပ်ဆောင်ခြင်းသည် လူများအနေဖြင့် ချက်ချင်း ဝင်ရောက်သင့်သည့် သင်ခန်းစာ ဖြစ်သည်။ အချို့သော လူတို့အတွက်၊ ၎င်းတို့သည် ပုံမှန်အားဖြင့် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်သက်စွာ မနေနိုင်သည်သာမက၊ ဆုတောင်းသည့် အချိန်တွင်ပင် ဘုရားသခင် ရှေ့မှောက်တွင် ၎င်းတို့၏ စိတ်နှလုံးများကို မငြိမ်သက်စေနိုင်ကြချေ။ ဤသည်မှာ ဘုရားသခင်၏ စံချိန်စံညွှန်းများနှင့် ဝေးကွာလွန်းသည်။ ဘုရားသခင် ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးသည် ငြိမ်သက်ခြင်း မရှိနိုင်လျှင် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို သင် ခံရနိုင်သလော။ သင်သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်သက်ခြင်း မရှိနိုင်သောသူ ဖြစ်ပါက၊ တစ်စုံတစ်ဦး အနားသို့လာသည့်အခါ သို့မဟုတ် အခြားသူများ စကားပြောသည့်အခါ သင် အာရုံပျက်သွားနိုင်ပြီး အခြားသူများက အမှုအရာများ လုပ်ဆောင်ကြသည့်အခါ သင့်စိတ်သည် အဝေးသို့ လွင့်ပါးသွားနိုင်ပေသည်။ ထိုအမှု၌ သင်သည် ဘုရားသခင် မျက်မှောက်တွင် အသက်မရှင်ပေ။ ဘုရားသခင်၏ ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးသည် အမှန်တကယ် ငြိမ်သက်ခြင်းရှိပါက အပြင်လောကတွင် ဖြစ်နေသည့် မည်သည့်အရာမဆိုက သင့်အား နှောင့်ယှက်နိုင်မည် မဟုတ်၊ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့် ဖြစ်ရပ်၊ မည်သည့်အရာကမျှ နေရာယူလိမ့်မည် မဟုတ်ပေ။ သင်သည် ဤအရာထဲသို့ ဝင်ရောက်မှုရှိလျှင်၊ အပျက်သဘောဆောင်သော အခြေအနေများနှင့်၊ အပျက်သဘောဆောင်သော အရာများ အားလုံးဖြစ်သည့် လူသား၏ အယူအဆများ၊ ရှင်သန်ခြင်းအတွက် ဒဿနများ၊ လူတို့ကြားက ပုံမှန်မဟုတ်သော ဆက်ဆံရေးများနှင့် စိတ်ကူးများနှင့် အတွေးများ စသည်တို့သည် အလိုအလျောက် ပျောက်ကွယ်သွားလိမ့်မည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အစဉ်အမြဲ တွေးဆနေပြီး၊ သင်၏ စိတ်နှလုံးသည် ဘုရားသခင်ထံ အစဉ်တိုးဝင်ချဉ်းကပ်လျက်ရှိကာ ဘုရားသခင်၏ လက်ရှိ နှုတ်ကပတ်တော်များ၏ နေရာယူခြင်း ခံရသောကြောင့် သင် သတိမမူမိလိုက်ဘဲနှင့် ထိုအပျက်သဘောဆောင်သည့် အရာများသည် သင့်ထံမှ ပျောက်ကွယ် သွားလိမ့်မည်။ သစ်လွင်ပြီး အပြုသဘောဆောင်သည့် အရာများက သင်၌ နေရာယူသည့်အခါ၊ အပျက်သဘောဆောင်သော အိုဟောင်းသည့်

အရာများအတွက် နေရာရှိလိမ့်မည်မဟုတ်၊ ထို့ကြောင့် ထိုအပျက်သဘောဆောင်သော အရာများကို အာရုံမစိုက်လေနှင့်။ ယင်းတို့ကို ထိန်းချုပ်ရန် သင့်အနေဖြင့် ကြိုးစားအားထုတ်ရန် မလိုပေ။ ဘုရားသခင် ရှေ့မှောက်၌ ငြိမ်သက်ခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို သင် တတ်နိုင်သမျှ စားသောက်ခြင်းနှင့် မွေ့လျော်ခြင်း၊ သင် တတ်နိုင်သမျှ ဘုရားသခင်အား ချီးမွမ်းသော ဓမ္မတေးများကို သီဆိုခြင်းတို့အပေါ် သင် အာရုံပြုသင့်ပြီး ယခုအချိန်တွင် ဘုရားသခင်သည် လူသားမျိုးနွယ်ကို ကိုယ်တိုင်ကိုယ်ကျ စုံလင်စေရန် ဆန္ဒရှိပြီး သင်၏ စိတ်နှလုံးကို သိမ်းပိုက်လိုသောကြောင့် သင့်အပေါ် အမှုပြုဖို့ရန် ဘုရားသခင်အား အခွင့်ပေးလော့။ သူ၏ ဝိညာဉ်တော်သည် သင့်စိတ်နှလုံးကို တို့ထိပြီး၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုနောက် လိုက်လျှောက်ရင်း ဘုရားသခင်၏ မျက်မှောက်တွင် အသက်ရှင် လာပါက၊ သင်သည် ဘုရားသခင်အား ကျေနပ်စေလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ အသက်ရှင်ခြင်းကို သင် အာရုံစိုက်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းတို့ကို ရရှိရန် သမ္မာတရားအကြောင်း မိတ်သဟာယ ပြုရာတွင် သာ၍ပါဝင်ပါက၊ ထိုဘာသာရေးဆိုင်ရာ အယူအဆများ၊ သင်၏ မိမိကိုယ်ကိုယ် ဖြောင့်မတ်သည်ဟု မှတ်ယူခြင်းနှင့် မိမိဘာသာ ကြီးကျယ်မှုတို့ အားလုံး ကွယ်ပျောက်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင် အတွက် သင့်ကိုယ်သင် မည်သို့ အသုံးခံရမည်၊ ဘုရားသခင်ကို မည်သို့ ချစ်ရမည်၊ ဘုရားသခင်ကို မည်သို့ ကျေနပ်စေရမည်တို့ကို သိရှိလိမ့်မည်။ ဘုရားသခင်အဖို့ တိုက်ရိုက်ဆက်စပ်ခြင်း မရှိသည့် အရာများသည် သင် သတိမမူမိလိုက်ဘဲနှင့် သင်၏ အသိစိတ်မှ လုံးဝ ပျောက်ကွယ်သွားလိမ့်မည်။

ဘုရားသခင်၏ လက်ရှိ နှုတ်ကပတ်တော်များကို စားသောက်စဉ် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေးဆပြီး ဆုတောင်းခြင်းသည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်သက်ခြင်း အတွက် ပထမဆင့် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ ရှေ့မှောက်တွင် အမှန်တကယ် ငြိမ်သက်ခြင်းရှိနိုင်လျှင် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းဖွင့်ခြင်းနှင့် အလင်းပေးမှုတို့သည် သင်နှင့်အတူ ရှိလိမ့်မည်။ ဘုရားသခင်၏ မျက်မှောက်တွင် ငြိမ်သက်ခြင်းဖြင့် အလုံးစုံသော ဝိညာဉ်ရေးရာ အသက်တာများကို ရရှိ၏။ ဆုတောင်းရာတွင်၊ ဘုရားသခင်၏ ရှေ့မှောက်တွင် သင်သည် ငြိမ်းချမ်းခြင်း ရှိရမည်ဖြစ်ပြီး၊ ထိုအခါတွင်မှ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်း ခံနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို သင်စားသောက်သောအခါ၌ ဘုရားသခင်၏ ရှေ့မှောက် သင်ငြိမ်းချမ်းနေသည့်အခါ၊ သင်သည် ဉာဏ်အလင်း ပေးခံရပြီး အလင်းပြခံရနိုင်ကာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှန်တကယ် သိနားလည်မှုကို ရရှိနိုင်သည်။

နှလုံးသွင်းဆင်ခြင်ခြင်း၊ မိတ်သဟာယပြုခြင်းနှင့်၊ သင်၏ စိတ်နှလုံးထဲ၌ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ခြင်းဟူသော သင်၏ ပြုနေကျ လုပ်ဆောင်ချက်များတွင် ဘုရားသခင် မျက်မှောက်၌ သင်သည် ငြိမ်းချမ်းလာသည့်အခါ၊ ဘုရားသခင်နှင့် စစ်မှန်သော ရင်းနှီးမှုကို မွေ့လျော်နိုင်လိမ့်မည်၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် သူ၏ အမှုတော်တို့ကို စစ်မှန်စွာ သိနားလည်မှု ရှိနိုင်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ ရည်ရွယ်ချက်များအပေါ် မှန်ကန်သော ထောက်ထားမှုနှင့် အရေးထားမှုတို့ကို ပြသနိုင်လိမ့်မည် ဖြစ်သည်။ သာမန်အားဖြင့် သင်သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းခြင်း ရှိနိုင်လေလေ၊ သင်သည် အလင်းပေးခံရလေလေ ဖြစ်ပြီး၊ သင်ကိုယ်တိုင်၏ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထား၊ သင်ချို့တဲ့သည့်အရာက မည်သည့်အရာဖြစ်သည်၊ သင် ဝင်ရောက်သင့်သည့်အရာက မည်သည့်အရာဖြစ်သည်၊ မည်သည့် လုပ်ငန်းတာဝန်၌ သင်အစေခံသင့်သည် ဆိုသည်နှင့် သင်၏ အပြစ်အနာအဆာများ မည်သည့်နေရာတွင် ရှိသည်တို့ကို နားလည်လာနိုင်လေလေ ဖြစ်မည်။ ဤအရာအားလုံးကို ဘုရားသခင် မျက်မှောက်တွင် ငြိမ်းချမ်းနေခြင်းဖြင့် ရရှိပေသည်။ ဘုရားသခင် ရှေ့မှောက်တွင် နက်ရှိုင်းစွာ ငြိမ်းချမ်းခြင်း သင် အမှန်တကယ် ရရှိပါက၊ စိတ်ဝိညာဉ်၏ နက်နဲမှုအချို့ကို သင် သဘောပေါက်နိုင်လိမ့်မည်၊ လက်ရှိအချိန်တွင် ဘုရားသခင်က သင့်အထဲ၌ လုပ်ဆောင်လိုသော အရာကို သဘောပေါက်နိုင်လိမ့်မည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအား သာ၍ နက်နဲသော သိနားလည်မှုတစ်ခုကို ဆုပ်ကိုင်နိုင်လိမ့်မည်၊ ဘုရားသခင် နှုတ်ကပတ်တော်များ၏ အနှစ်သာရ၊ ဘုရားသခင် နှုတ်ကပတ်တော်များ၏ ဂုဏ်ဒြပ်နှင့် ဘုရားသခင် နှုတ်ကပတ်တော်များ၏ ဖြစ်ခြင်းကို သဘောပေါက် နိုင်လိမ့်မည်ဖြစ်ပြီး လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းကို သာ၍ ရှင်းလင်းစွာနှင့် တိကျစွာ မြင်နိုင်မည်ဖြစ်သည်။ သင့်စိတ်ဝိညာဉ်ထဲ ငြိမ်းချမ်းလာရာတွင် လုံလောက်သော နက်ရှိုင်းမှု ရရှိရန် ပျက်ကွက်ပါက၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို အနည်းငယ်သာ ခံရမည်ဖြစ်ပြီး၊ အတွင်း၌ ခွန်အားတိုးပွားသည်ကို ခံစားရကာ ပျော်ရွှင်ခြင်းနှင့် ငြိမ်သက်ခြင်း ပမာဏအချို့ကို ခံစားရမည်ဖြစ်သော်လည်း မည်သည့်အရာကိုမျှ ပိုမို နက်ရှိုင်းစွာ သင် သဘောပေါက်လိမ့်မည်မဟုတ်ပေ။ ယခင်က ငါ ဆိုပြီးလေပြီ- လူတို့သည် မိမိတို့၏ခွန်အားရှိသမျှကို အသုံးမပြုပါက၊ ငါ့အသံကိုကြားရန် သို့မဟုတ် ငါ့မျက်နှာကို မြင်ရန် ၎င်းတို့အတွက် ခက်ခဲလိမ့်မည်။ ဤအရာသည် ဘုရားသခင် ရှေ့မှောက်၌ ငြိမ်သက်ခြင်းအား နက်ရှိုင်းစွာရရှိခြင်းကို ရည်ညွှန်းပြီး၊ အပေါ်ယံ ကြိုးစားအားထုတ်မှုများကို မရည်ညွှန်းပေ။ ဘုရားသခင်၏ မျက်မှောက်တွင် အမှန်တကယ် ငြိမ်သက်ခြင်း ရှိနိုင်သူသည် အလုံးစုံသော လောကီချည်နှောင်မှုများမှ ရုန်းထွက်နိုင်ပြီး ဘုရားသခင်၏ ပိုင်ဆိုင်ခြင်းကို ခံရနိုင်ပေသည်။

ဘုရားသခင် မျက်မှောက်တွင် ငြိမ်းချမ်းနေနိုင်စွမ်း မရှိသူ အားလုံးသည် ဇေကန်မုချ ကိုယ်ကျင့်တရား ပျက်ပြားပြီး အထိန်းအကွပ်မဲ့လေသည်။ ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်းချမ်းစွာနေနိုင်စွမ်း ရှိသူအားလုံးသည် ဘုရားသခင်ရှေ့တွင် ဘုရားတရား ကိုင်းရှိုင်းသူများနှင့် ဘုရားသခင်ကို တမ်းတသူများဖြစ်ကြသည်။ ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေသူတို့သာ ဘဝကို တန်ဖိုးထားကြသည်၊ စိတ်ဝိညာဉ်၌ မိတ်သဟာယပြုခြင်းကို တန်ဖိုးထားသည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဆာငတ်ပြီး၊ သမ္မာတရားကို လိုက်စားကြလေသည်။ ဘုရားသခင်ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်းကို တန်ဖိုးမထားသူနှင့် ဘုရားသခင်ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်းကို လက်တွေ့မလုပ်ဆောင်သောသူ မည်သူမဆိုသည် စိတ်ကြီးဝင်နေပြီး အပေါ်ယံသာဖြစ်ကာ လောကကို စွဲလမ်းပြီး အသက်မရှိသူများ ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်အား ယုံကြည်သည်ဟု ပြောလျှင်ပင် ၎င်းတို့၏ နှုတ်ဖျားဖြင့် အစေခံခြင်းသာ ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားသခင်က စုံလင်စေကာ ပြည့်စုံစေသူတို့မှာ ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေနိုင်သူများသာ ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေသူများသည် ကြီးမြတ်သည့် ကောင်းချီး မင်္ဂလာများဖြင့် ကျေးဇူးပြုခြင်း ခံရပေသည်။ တစ်နေ့လုံး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ဖို့ အချိန်ယူခဲသောလူများ၊ ပြင်ပကိစ္စများဖြင့် အလုပ်များလှစွာ နစ်မြုပ်နေပြီး အသက်တာထဲဝင်ရောက်ခြင်းအပေါ် တန်ဖိုးအနည်းငယ်သာထားသည့် လူများ- ဤသူအားလုံးတို့သည် အနာဂတ်တွင် ကြီးထွားရန် အလားအလာမရှိသည့် သူတော်ကောင်း ယောင်ဆောင်သူများ ဖြစ်သည်။ ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေနိုင်ပြီး ဘုရားသခင်နှင့် စစ်မှန်စွာ မိတ်သဟာယ ပြုနိုင်သူများသည် ဘုရားသခင်၏ လူများဖြစ်ကြသည်။

ဘုရားသခင် ရှေ့မှောက်သို့လာပြီး သူ၏ နှုတ်ကပတ်တော်များကို သင်၏အသက်တာ အဖြစ် လက်ခံရန်၊ ပထမဦးစွာ သင်သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေရမည်။ သင်သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေသည့် အခါမှသာ၊ ဘုရားသခင်က သင့်အား ဉာဏ်အလင်းဖွင့်ပေးပြီး အသိပညာ ပေးလိမ့်မည်။ လူတို့သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေလေလေ၊ ဘုရားသခင်၏ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းတို့ကို ရရှိနိုင်လေလေ ဖြစ်သည်။ ဤအရာ အားလုံးအတွက် လူတို့သည် ဘာသာတရား ကိုင်းရှိုင်းမှုနှင့် ယုံကြည်မှု လိုအပ်သည်။ ဤနည်းဖြင့်သာ ၎င်းတို့ စုံလင်စေခြင်းခံရနိုင်ပေသည်။ ဝိညာဉ်ရေးရာ အသက်တာထဲသို့ ဝင်ရောက်ခြင်းအတွက် အခြေခံကျသော သင်ခန်းစာမှာ ဘုရားသခင်၏ မျက်မှောက်တွင် ငြိမ်းချမ်းနေခြင်း ဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တွင် သင်သည်

ငြိမ်းချမ်းနေမှသာ သင်၏ ဝိညာဉ်ရေးပိုင်းဆိုင်ရာ လေ့ကျင့်မှုအားလုံး ထိရောက်ပေလိမ့်မည်။ သင်၏ စိတ်နှလုံးသည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေနိုင်စွမ်းမရှိပါက၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သင် ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ သင်မည်သည့်အရာကို လုပ်ဆောင်နေပါစေ ဘုရားသခင် ရှေ့မှောက်တွင် သင်၏စိတ်နှလုံး ငြိမ်းချမ်းနေပါက၊ သင်သည် ဘုရားသခင် မျက်မှောက်တွင် အသက်ရှင်သောသူတစ်ဦးဖြစ်သည်။ သင် မည်သည့်အရာကို လုပ်ဆောင်နေပါစေ သင်၏စိတ်နှလုံးက ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်းချမ်းနေပြီး ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ပါက၊ သင်သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေသည့် လူတစ်ဦးဖြစ်ကြောင်း ဤအရာက သက်သေပြပေသည်။ သင်သည် အခြားသူများနှင့် စကားပြောနေသည့်အခါ သို့မဟုတ် သင် လမ်းလျှောက် နေသည့်အခါတွင်၊ "ကျွန်ုပ်စိတ်နှလုံးသည် ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်နေပြီး ပြင်ပအရာများအပေါ် အာရုံမစိုက်ပါ၊ ကျွန်ုပ်သည် ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်းချမ်းနေနိုင်သည်" ဟု သင်ပြောနိုင်ပါက၊ သင်သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေသောသူ တစ်ဦးဖြစ်ပေသည်။ သင့်စိတ်နှလုံးကို ပြင်ပကိစ္စရပ်များဆီသို့ ဆွဲခေါ်သွားသည့် မည်သည့်အရာမဆိုနှင့် မပတ်သက်လေနှင့်၊ သို့မဟုတ် သင့်စိတ်နှလုံးကို ဘုရားသခင်နှင့် ကင်းကွာစေသည့် လူများနှင့် မပတ်သက်လေနှင့်။ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ရာမှ သင်၏ စိတ်နှလုံးကို အာရုံပျက်စေနိုင်သည့် မည်သည့်အရာကိုမဆိုကို ဘေးဖယ်လော့၊ သို့မဟုတ် ထိုအရာမှ ဝေးဝေးတွင် နေလော့။ ဤအရာသည် သင်၏ အသက်တာအဖို့ သာ၍အကျိုးဖြစ်စေသည်။ ယခုအချိန်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ကြီးမြတ်သည့် အမှုအတွက် အချိန်ကာလ၊ ဘုရားသခင်သည် လူတို့ကို ကိုယ်တိုင်ကိုယ်ကျ စုံလင်စေသည့် အချိန်ကာလ အတိအကျ ဖြစ်ပေသည်။ ဤအခိုက်အတန့်တွင် သင်သည် ဘုရားသခင်ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်း မရှိနိုင်ပါက၊ သင်သည် ဘုရားသခင်၏ ပလ္လင်တော်ရှေ့သို့ ပြန်လာမည့်သူတစ်ဦး မဟုတ်ပေ။ သင်သည် ဘုရားသခင်ထက်အခြား အရာများကို လိုက်စားပါက၊ ဘုရားသခင်အားဖြင့် စုံလင်စေခြင်းခံရဖို့ သင့်အတွက် နည်းလမ်း ရှိလိမ့်မည် မဟုတ်ပေ။ ယနေ့တွင် ဘုရားသခင်၏ ထိုသို့သော မိန့်မြွက်ချက်များကို ကြားနိုင်သည့်တိုင် ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်း မရှိနိုင်သူများသည် သမ္မာတရားကို မချစ်သူများနှင့် ဘုရားသခင်ကို မချစ်သောလူများဖြစ်ကြသည်။ ဤအခိုက်အတန့်တွင် သင့်ကိုယ်သင် မဆက်ကပ်ပါက၊ မည်သည့်အရာကို သင် စောင့်ဆိုင်း နေသနည်း။ မိမိကိုယ်ကို ဆက်ကပ်ခြင်းမှာ မိမိစိတ်နှလုံးကို ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေစေခြင်း ဖြစ်သည်။ ယင်းသည် စစ်မှန်သော ဆက်ကပ်ခြင်း ဖြစ်ပေလိမ့်မည်။

ယခုအချိန်တွင် မိမိတို့၏ စိတ်နှလုံးများကို ဘုရားသခင်ထံ အမှန်တကယ် ဆက်ကပ်သူ မည်သူကိုမဆို ဘုရားသခင်က စုံလင်စေမည်မှာ သေချာသည်။ အဘယ်အရာ ဖြစ်စေကာမူ မည်သည့်အရာကမျှ သင့်ကို မနှောင့်ယှက်နိုင်။ သင့်ကို ပြုပြင်ရန်ဖြစ်စေ၊ သင့်ကို ကိုင်တွယ်ဖြေရှင်းရန်ဖြစ်စေ၊ သို့မဟုတ် စိတ်ပျက်ခြင်းကို သင် ကြုံရသည်ဖြစ်စေ ရှုံးနိမ့်မှုကို သင်ကြုံရသည်ဖြစ်စေ၊ သင့်စိတ်နှလုံးသည် ဘုရားသခင် ရှေ့မှောက်တွင် အစဉ်အမြဲ ငြိမ်းချမ်းနေသင့်၏။ လူများက သင့်ကို မည်သို့ဆက်ဆံပါစေ၊ သင့်စိတ်နှလုံးသည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်း နေသင့်သည်။ မည်သည့် အခြေအနေများကို သင် ကြုံရပါစေ၊ အခက်အခဲ၊ ဆင်းရဲဒုက္ခ၊ ဖိစီးနှိပ်စက်မှု၊ သို့မဟုတ် အမျိုးမျိုးသော စမ်းသပ်မှုများဖြင့် သင် ပတ်ချာဝိုင်းခံရပါစေ၊ သင့်စိတ်နှလုံးသည် ဘုရားသခင် ရှေ့မှောက်တွင် အစဉ်အမြဲ ငြိမ်းချမ်းနေသင့်သည်။ ယင်းကား စုံလင်ခံရခြင်းဆီသို့ သွားရာ လမ်းကြောင်းများ ဖြစ်သည်။ သင်သည် ဘုရားသခင် ရှေ့မှောက်တွင် အမှန်တကယ် ငြိမ်းချမ်းနေမှသာ ဘုရားသခင်၏ လက်ရှိ နှုတ်ကပတ်တော်များသည် သင့်အဖို့ ရှင်းလင်းလာလိမ့်မည်။ ထိုအခါ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းပြခြင်းနှင့် ဉာဏ်အလင်းပေးမှုတို့ကို ပိုမိုမှန်ကန်စွာနှင့် သွေဖည်ခြင်းမရှိဘဲ လက်တွေ့လုပ်ဆောင်နိုင်မည်၊ သင်၏ အစေခံခြင်းကို သာ၍ ရှင်းလင်းသော လမ်းညွှန်မှုပေးမည့် ဘုရားသခင်၏ ရည်ရွယ်ချက်များကို ပိုမိုရှင်းလင်းပြတ်သားမှုဖြင့် သဘောပေါက်နိုင်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းနှင့် လမ်းပြမှုတို့ကို ပိုမိုတိကျစွာ သဘောပေါက်နိုင်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုအောက်တွင် နေထိုင်ခြင်းအတွက် စိတ်ချနိုင်ပေသည်။ ယင်းတို့သည် ဘုရားသခင် ရှေ့မှောက်တွင် အမှန်တကယ် ငြိမ်းချမ်းနေခြင်းအားဖြင့် ရရှိသည့် ရလဒ်များဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ပတ်သက်၍ မရှင်းမလင်းဖြစ်ပါက၊ လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်းမရှိပါက၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကို သဘောမပေါက်နိုင်ပါက၊ သို့မဟုတ် လက်တွေ့လုပ်ဆောင်ရမည့် ကိုယ်ကျင့်တရားများ ကင်းမဲ့ပါက၊ ဤသည်မှာ ၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်း မရှိသောကြောင့် ဖြစ်သည်။ ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်း၏ ရည်ရွယ်ချက်မှာ အလေးအနက်ရှိဖို့နှင့် လက်တွေ့ဆန်ဖို့၊ ဘုရား သခင်၏ နှုတ်ကပတ်တော်များတွင် မှန်ကန်မှုနှင့် ပွင့်လင်းမှုမြင်သာမှုတို့ကို ရှာဖွေဖို့နှင့် နောက်ဆုံးတွင် သမ္မာတရားကိုနားလည်ရန်နှင့် ဘုရားသခင်ကို သိရှိရန် ဖြစ်သည်။

သင်၏စိတ်နှလုံးသည် ဘုရားသခင် ရှေ့မှောက်တွင် မကြာခဏ ငြိမ်းချမ်းနေခြင်း မရှိပါက၊ ဘုရားသခင်သည် သင့်ကို စုံလင်စေမည့် နည်းလမ်းမရှိချေ။ သန္နိဋ္ဌာန်မရှိခြင်းသည်

နှလုံးသားမရှိခြင်းနှင့် သဘောသွားညီမျှပြီး နှလုံးသားမရှိသည့် လူတစ်ဦးသည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်း မရှိနိုင်ပေ၊ ထိုကဲ့သို့သော လူသည် ဘုရားသခင်က အမှုမည်မျှ လုပ်ဆောင်သည် သို့မဟုတ် ဘုရားသခင်က မည်မျှစကားပြောဆိုသည်ကို မသိသကဲ့သို့၊ မည်သို့ လက်တွေ့လုပ်ဆောင်ရမည်ကိုလည်း မသိပေ။ ဤသည်မှာ နှလုံးသားမရှိသည့်လူတစ်ဦး ဖြစ်သည် မဟုတ်လော။ နှလုံးသားမရှိသည့် လူတစ်ဦးသည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေနိုင်သလော။ နှလုံးသားမရှိသည့် လူများကို ဘုရားသခင် စုံလင်စေမည့် နည်းလမ်းမရှိပေ- ၎င်းတို့သည် ဝန်တင်တိရစ္ဆာန်များနှင့် မခြားပေ။ ဘုရားသခင်က ရှင်းလင်းစွာနှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုပြီး ဖြစ်သည်၊ သို့သော် သင့်နှလုံးသားသည် မလှုပ်မရှား ဖြစ်မြဲဖြစ်နေပြီး၊ ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်းငှာ မတတ်စွမ်းနိုင်မြဲဖြစ်လေသည်။ သင်သည် ထုံထိုင်းသော တိရစ္ဆာန် တစ်ကောင် မဟုတ်လော။ လူအချို့တို့သည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်းကို လက်တွေ့လုပ်ဆောင်ရာတွင် လမ်းလွဲသွားကြ၏။ ချက်ပြုတ်ရမည့်အချိန်တွင် ၎င်းတို့ ချက်ပြုတ်ခြင်း မရှိကြသကဲ့သို့ အိမ်မှုကိစ္စ လုပ်ရမည့်အချိန်တွင် မလုပ်ကြဘဲ ဆုတောင်းခြင်းနှင့် နှလုံးသွင်းဆင်ခြင်ခြင်းကိုသာ ဆက်လုပ် ကြလေသည်။ ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်းသည် မချက်ပြုတ်ခြင်း သို့မဟုတ် အိမ်မှုကိစ္စများ မလုပ်ခြင်း မဟုတ်သကဲ့သို့ မိမိဘဝကို အသက်မရှင်ခြင်း မဟုတ်ပေ။ ယင်းထက် ပုံမှန်အခြေအနေ အလုံးစုံတွင် မိမိ၏ စိတ်နှလုံးကို ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းစေနိုင်ခြင်းနှင့် မိမိ၏စိတ်နှလုံးတွင် ဘုရားသခင်အတွက် နေရာပေးနိုင်ခြင်း ဖြစ်သည်။ သင်ဆုတောင်းသည့်အခါ၊ ဘုရားသခင် ရှေ့မှောက်တွင် ဆုတောင်းရန် သင့်တင့်လျောက်ပတ်စွာ ဒူးထောက် သင့်၏၊ အိမ်မှုကိစ္စများကို သင် လုပ်ဆောင်သည့်အခါ သို့မဟုတ် အစားအသောက် ပြင်ဆင်သည့်ခါ၊ ဘုရားသခင် ရှေ့မှောက်တွင် သင့်စိတ်နှလုံးကို ငြိမ်သက်စေလော့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေးဆလော့၊ သို့မဟုတ် ဓမ္မတေးများကို သီဆိုလော့။ မည်သည့် အခြေအနေ၌ သင်ရောက်ရှိပါစေ၊ လက်တွေ့လုပ်ဆောင်ဖို့ ကိုယ်ပိုင်နည်းလမ်း သင့်မှာရှိသင့်၏၊ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ဖို့ သင်တတ်နိုင်သမျှ လုပ်ဆောင်သင့်ပြီး၊ ဘုရားသခင်ရှေ့မှောက်တွင် သင့်စိတ်နှလုံး ငြိမ်သက်စေရန် သင်၏ အစွမ်းရှိသမျှဖြင့် ကြိုးစားသင့်သည်။ အခြေအနေပေးသည့်အခါ၊ စွဲစွဲမြဲမြဲ ဆုတောင်းလော့၊ အခြေအနေ မပေးသည့်အခါတွင်၊ သင့်လက်ထဲရှိ အလုပ်ကို လုပ်နေစဉ် သင့် စိတ်နှလုံးထဲတွင် ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်လော့။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားနိုင်သောက်နိုင် သည့်အချိန်တွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်လော့။

သင်ဆုတောင်းနိုင်သည့် အချိန်တွင် ဆုတောင်းလော့၊ ဘုရားသခင်ကို အာရုံပြုနိုင်သည့်အချိန်တွင် သူ့ကို အာရုံပြုလော့။ တစ်နည်းအားဖြင့် ဆိုရလျှင်၊ သင်၏ပတ်ဝန်းကျင် နှင့်အညီ ဝင်ရောက်ခြင်းအတွက် မိမိကိုယ်ကိုယ် အစွမ်းကုန် လေ့ကျင့်လော့။ လူအချို့တို့သည် မည်သည့်အရေးကိစ္စမှ မရှိသည့်အချိန်တွင်၊ ဘုရားသခင် ရှေ့မှောက်၌ ငြိမ်းချမ်း နေနိုင်ကြသော်လည်း တစ်စုံတစ်ခု ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် သူတို့၏စိတ်များက လေသွားကြသည်။ ယင်းသည် ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်း မဟုတ်ပေ။ တွေ့ကြုံရန် မှန်ကန်သော နည်းလမ်းမှာ ဤသို့ဖြစ်၏- မည်သည့် အခြေအနေအောက်တွင်ဖြစ်စေ မိမိ၏ စိတ်နှလုံးက ဘုရားသခင်ကို မစွန့်ခွာပေ၊ သို့မဟုတ် ပြင်ပလူများ၊ ဖြစ်ရပ်များ သို့မဟုတ် အမှုအရာများက စိတ်အနှောင့်အယှက် မဖြစ်စေပါ၊ ထိုအခါမှသာ ဘုရားသခင် ရှေ့မှောက်တွင် အမှန်တကယ် ငြိမ်းချမ်းနေသောလူတစ်ဦး ဖြစ်ပေသည်။ လူအချို့က အစည်းအဝေးများတွင် ၎င်းတို့ ဆုတောင်းသောအခါ ဘုရားသခင် ရှေ့မှောက်တွင် ၎င်းတို့၏ စိတ်နှလုံးများ ငြိမ်းချမ်းနေနိုင်သော်လည်း၊ အခြားသူများနှင့် မိတ်သဟာယပြုရာတွင် ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်းငှာ ၎င်းတို့ မတတ်စွမ်းနိုင်သကဲ့သို့ ၎င်းတို့၏ အတွေးများက အထိန်းအကွပ်မဲ့သွားကြသည်ဟု ဆို၏။ ဤကား ဘုရားသခင် ရှေ့မှောက်တွင် ငြိမ်းချမ်းနေခြင်း မဟုတ်ပေ။ ယနေ့တွင် လူအများစုတို့သည် ဤအခြေအနေတွင် ရှိကြ၏၊ ၎င်းတို့၏ စိတ်နှလုံးတို့သည် ဘုရားသခင် ရှေ့မှောက်တွင် အစဉ်အမြဲ ငြိမ်းချမ်းနေခြင်းငှာ မတတ်စွမ်းနိုင်ပေ။ ထို့ကြောင့် ဤနယ်ပယ်တွင် သင်တို့သည် မိမိတို့ကိုယ်ကိုယ် လေ့ကျင့်ရာတွင် ပိုမို အားထုတ်ရမည်၊ ဘဝအတွေ့အကြုံနှင့်ဆိုင်သည့် မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ တစ်လှမ်းချင်း ဝင်ရောက်ကာ၊ ဘုရားသခင်၏ စုံလင်စေခြင်းခံရခြင်း လမ်းကြောင်းပေါ် တက်လှမ်းရပေမည်။

## စုံလင်ခြင်းကိုရရှိဖို့အလို့ငှာ ဘုရားသခင်၏ အလိုတော်ကို အလေးထားလော့

သင်သည် ဘုရားသခင်၏အလိုတော်ကို အလေးထားလေလေ၊ သင်သယ်ဆောင်သည့် ဝန်ထုပ်ဝန်ပိုး ကြီးမားလေလေဖြစ်ပြီး၊ သင်သယ်ဆောင်သည့် ဝန်ထုပ်ဝန်ပိုး ကြီးမားလေလေ သင်၏အတွေ့အကြုံ ကြွယ်ဝလေလေဖြစ်လိမ့်မည်။ ဘုရားသခင်၏ အလိုတော်ကို သင် သတိရှိသည့်အခါတွင်၊ ဘုရားသခင်သည် သင့်အပေါ် ဝန်ထုပ်တစ်ခု ချပေးလိမ့်မည်ဖြစ်ပြီး၊

ထို့နောက်တွင် သင့်ကို သူ ပေးအပ်ထားသည့် အလုပ်တာဝန်များနှင့်ပတ်သက်၍ သင့်ကို ဉာဏ်အလင်းပေးလိမ့်မည်။ ဘုရားသခင်သည် သင့်ကို ဤဝန်ထုပ်ပေးသည့်အခါ၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်နေစဉ်တွင် ဆက်နွှယ်မှုရှိသည့် သမ္မာတရားများအားလုံးကို သင် အာရုံစိုက်လိမ့်မည်ဖြစ်သည်။ သင်၏ ညီအစ်ကို မောင်နှမများ၏ အသက်တာများ၏ အခြေအနေနှင့်ဆက်နွှယ်သည့် ဝန်ထုပ်တစ်ခု သင်၌ရှိပါက၊ ဤသည်မှာ ဘုရားသခင်က သင့်ကို အပ်နှံထားသော ဝန်ထုပ်ဖြစ်ပြီး၊ သင်သည် ဤဝန်ထုပ်ကို သင်၏ နေ့စဉ်ဆုတောင်းချက်များတွင် သင်နှင့်အတူ အမြဲ သယ်ဆောင်လိမ့်မည် ဖြစ်သည်။ ဘုရားသခင် လုပ်ဆောင်သည့်အရာကို သင့်အပေါ် တနင့်တပိုး တင်ထားပြီးဖြစ်ကာ၊ ဘုရားသခင် လုပ်ဆောင်လိုသောအရာကို လုပ်ဆောင်ရန် သင် လိုလားလျက်ရှိ၏။ ဤသည်မှာ ဘုရားသခင်၏ဝန်ထုပ်ကို သင့်ကိုယ်ပိုင်ဝန်ထုပ်အဖြစ် တာဝန်ယူခြင်းဟု ဆိုလိုသည့်အရာ ဖြစ်သည်။ ဤအခြေအနေတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်စားသောက်ခြင်းတွင်၊ သင်သည် ဤကဲ့သို့သော ကိစ္စများကို အလေးထားပြီး၊ ဤပြဿနာများကို ကျွန်ုပ် မည်သို့ ဖြေရှင်းမည်နည်းဟု သင် စဉ်းစားလိမ့်မည်။ ကျွန်ုပ်၏ ညီအစ်ကိုမောင်နှမများအား လွတ်မြောက်မှုကို ရရှိပြီး ဝိညာဉ်ရေးရာ မွေ့ပျော်မှုကို ရှာတွေ့စေရန် ကျွန်ုပ် မည်သို့ထောက်ကူနိုင်မည်နည်း။ သင်သည် မိတ်သဟာယဖွဲ့နေစဉ်တွင် ဤပြဿနာများ ဖြေရှင်းခြင်းကိုလည်း အာရုံစိုက်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်နေချိန်တွင်၊ ဤကိစ္စများနှင့် ဆက်နွှယ်သော သူ၏နှုတ်ကပတ်တော်များကို စားသောက်ခြင်းအပေါ် သင်အာရုံစိုက် ပါလိမ့်မည်။ သူ၏နှုတ်ကပတ်တော်များကို စားသောက်စဉ်တွင်လည်း သင်သည် ဝန်ထုပ်ဝန်ပိုးတစ်ခုကိုလည်း သယ်ဆောင်ပါမည်။ ဘုရားသခင်၏ သတ်မှတ်ချက်များကို သင် နားလည်ပြီးသည်နှင့်တစ်ပြိုင်နက်၊ မည်သည့် လမ်းကြောင်း လျှောက်ရမည် ဆိုသည်နှင့်ပတ်သက်၍ သာ၍ ရှင်းလင်းသော စိတ်ကူးတစ်ခုကို သင် ရရှိလိမ့်မည်။ ဤသည်မှာ သင့်ဝန်ထုပ်က ယူဆောင်လာသော သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းဖြစ်ပြီး ဤသည်မှာ သင့်အပေါ် နှင်းအပ်ထားပြီးဖြစ်သည့် ဘုရားသခင်၏ လမ်းပြမှုလည်း ဖြစ်သည်။ ငါသည် ဤအရာကို အဘယ်ကြောင့် ပြောဆိုသနည်း။ သင်၌ ဝန်ထုပ်ဝန်ပိုး မရှိပါက၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်နေစဉ်တွင် အာရုံစိုက်လိမ့်မည်မဟုတ်။ ဝန်ထုပ်ကို သယ်ဆောင်နေစဉ် ဘုရားသခင်၏နှုတ်ကပတ်တော်များကို သင်စားသောက်သည့်အခါ၊ ထိုနှုတ်ကပတ်တော်များ၏ အနှစ်သာရကို သင် သဘောပေါက်နိုင်သည်၊ မိမိလမ်းခရီးကို ရှာတွေ့နိုင်ပြီး ဘုရားသခင်၏

အလိုတော်ကို အလေးထားနိုင်ပေသည်။ ထို့ကြောင့်၊ သင်၏ ရှေ့တွင်၊ သင်သည် လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းတစ်ခု ပိုမိုရရှိနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ စားသောက်ခြင်းသည် သာ၍ ကြီးမားသော အကျိုးတစ်ခု ရှိဖို့အလို့ငှာ၊ သင်သည် သူ၏နှုတ်ကပတ်တော်များ၏ အနှစ်သာရကို သဘောပေါက်၍ ကြီးထွားဖို့အလို့ငှာနှင့်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို သင် သာ၍ ခံရနိုင်စွမ်းရှိလာဖို့အလို့ငှာ၊ သင်၏ဆုတောင်းချက်များတွင်၊ ဘုရားသခင်သည် သာ၍များသော ဝန်ထုပ်များကို သင့်အပေါ် ထားရှိဖို့နှင့် သာ၍ပင် ကြီးမားသော အလုပ်တာဝန်များကို သင့်ထံ အပ်နှံဖို့ တောင်းဆုပြုသင့်ပေသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်များကို စားသောက်ခြင်း၊ ဆုတောင်းခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း၊ ဘုရားသခင်၏ဝန်ထုပ်ကို လက်ခံခြင်းနှင့် ဘုရားသခင် သင့်ကို အပ်နှံသည့် လုပ်ငန်းတာဝန်များကို လက်ခံခြင်း- ဤအရာအားလုံးသည် သင့်ရှေ့တွင် လမ်းကြောင်းတစ်ခု ရှိနိုင်ဖို့အလို့ငှာ ဖြစ်သည်။ ဘုရားသခင်၏ အပ်နှံမှု ဝန်ထုပ် သင့်အပေါ် ဖိစီးလေလေ၊ သူ၏ စုံလင်စေခြင်းခံရဖို့ သင့်အတွက် လွယ်ကူလေလေ ဖြစ်လိမ့်မည်။ အချို့သော သူတို့သည် ခေါ်ခြင်းခံရသည့်အချိန်တွင်ပင် ဘုရားသခင်ကို အစေခံရာ၌ အခြားသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုလားခြင်းမရှိကြချေ။ ဤလူများသည် သက်တောင့်သက်သာရှိခြင်းတွင် သောက်စားမြူးထူးဖို့သာ ဆန္ဒရှိသည့် ပျင်းရိသောလူများ ဖြစ်ကြသည်။ အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အစေခံဖို့ သင် စေခိုင်းခံရလေလေ၊ သင်သည် အတွေ့အကြုံ ရရှိလေလေ ဖြစ်လိမ့်မည်။ သာ၍ များသော ဝန်ထုပ်များနှင့် အတွေ့အကြုံများရှိခြင်းကြောင့်၊ စုံလင်ခြင်းခံရဖို့ အခွင့်အရေးများ သင် သာ၍ ရရှိလိမ့်မည်။ ထို့ကြောင့်၊ သင်သည် ဘုရားသခင်ကို စစ်မှန်ရိုးသားမှုဖြင့် အစေခံနိုင်ပါက၊ ဘုရားသခင်၏ဝန်ထုပ်ဝန်ပိုးအပေါ် သင် သတိရှိလိမ့်မည်။ ထိုသို့ဖြစ်သဖြင့်၊ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ အခွင့်အရေးများ သာ၍ ရှိလိမ့်မည်။ လောလောဆယ်တွင် စုံလင်စေခြင်း ခံရလျက်ရှိသည်မှာ ထိုသို့သော လူစုတစ်စုသာ ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို တို့ထိလေလေ၊ ဘုရားသခင်၏ ဝန်ထုပ်အပေါ် သတိရှိဖို့အချိန်ကို သင် ဆက်ကပ်လေလေ ဖြစ်ပြီး ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရလေလေ ဖြစ်လိမ့်မည်ဖြစ်ပြီး သင်သည် သူ၏ ရယူခြင်းကို ခံရလေလေ ဖြစ်လိမ့်မည်- နောက်ဆုံးတွင် သင်သည် ဘုရားသခင် အသုံးပြုသော လူတစ်ဦး ဖြစ်လာမည့်အချိန်အထိ ဖြစ်သည်။ လက်ရှိတွင်၊ အသင်းတော်အတွက် မည်သည့်ဝန်ထုပ်ကိုမျှ သယ်ဆောင်ခြင်း မရှိသည့် သူအချို့ရှိသည်။ ဤလူများသည် ပေါ့ဆပြီး ဖြစ်ကတတ်ဆန်းနိုင်ကာ၊

မိမိတို့ကိုယ်တိုင်၏ ဇာတိပကတိအတွက်သာ ဂရုစိုက်ကြသည်။ ထိုသို့သောလူများသည် အလွန့်အလွန် တစ်ကိုယ်ကောင်းဆန်ပြီး မျက်စိလည်းကန်းနေကြသည်။ သင်သည် ဤကိစ္စကို ရှင်းလင်းစွာ မမြင်နိုင်ပါက၊ မည်သည့် ဝန်ထုပ်ကိုမျှ သင် သယ်ဆောင်လိမ့်မည် မဟုတ်ပေ။ သင်သည် ဘုရားသခင်၏အလိုတော်ကို အလေးထားလေလေ၊ သင့်ထံ သူ အပ်နှံသည့် ဝန်ထုပ်သည် ကြီးမားလေလေ ဖြစ်လိမ့်မည်။ တစ်ကိုယ်ကောင်းဆန်သူများသည် ထိုသို့သောအရာများကို ဒုက္ခခံရန် လိုလားခြင်းမရှိကြချေ။ ၎င်းတို့သည် အဖိုးအခပေးရန် လိုလားခြင်း မရှိကြသကဲ့သို့၊ အကျိုးဆက်အနေဖြင့် ဘုရားသခင်၏စုံလင်စေခြင်း ခံရမည့် အခွင့်အရေးများကို ၎င်းတို့ လက်လွတ်သွားကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ထိခိုက်အောင် လုပ်ဆောင်နေကြခြင်း မဟုတ်လော။ သင်သည် ဘုရားသခင်၏အလိုတော်ကို သတိရှိသူတစ်ဦးဖြစ်ပါက၊ အသင်းတော်အတွက် စစ်မှန်သော ဝန်ထုပ်တစ်ခုကို သင် ဖြစ်ပေါ်စေလိမ့်မည်။ အမှန်တွင်၊ အသင်းတော်အတွက် သင် ဖြစ်ပေါ်စေသည့် ဤဝန်ထုပ်၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ ထိုသို့သော အတွေ့အကြုံများအား သင့်ကို အသုံးပြုစေဖို့ဖြစ်သောကြောင့် ဤအရာကို အသင်းတော်အတွက် သင် သယ်ပိုးသည့် ဝန်ထုပ်တစ်ခုဟု ခေါ်မည့်အစား၊ သင်ကိုယ်တိုင်၏ အသက်တာအတွက် သင် သယ်ပိုးသည့် ဝန်ထုပ်တစ်ခုဟု ခေါ် ဖို့ ပိုကောင်းပေမည်။ ထို့ကြောင့် အသင်းတော်အတွက် အကြီးမားဆုံးသော ဝန်ထုပ်ကို သယ်ဆောင်သူ မည်သူမဆို၊ အသက်တာထဲသို့ ဝင်ရောက်ခြင်းအတွက် ဝန်ထုပ်တစ်ခုကို သယ်ဆောင်သူ မည်သူမဆို- ၎င်းတို့သည် ဘုရားသခင်၏စုံလင်စေခြင်းခံရမည့် သူများဖြစ်ကြလိမ့်မည်။ ဤအရာကို သင်ရှင်းလင်းစွာ မြင်ပြီးပြီလော။ သင်ပါဝင်သောအသင်းတော်သည် သဲကဲ့သို့ လူစုကွဲနေသော်လည်း သင်သည် စိုးရိမ်ခြင်း မရှိသကဲ့သို့ ပူပန်ခြင်းလည်း မရှိပါက၊ ပြီးလျှင် ညီအစ်ကိုမောင်နှမများက ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပုံမှန်စားသောက်ခြင်း မရှိသည့်အခါ သင်သည် မသိကျိုးကျွန်ပင်ပြုထားပါက၊ သင်သည် မည်သည့်ဝန်ထုပ်ကိုမျှ သယ်ဆောင်နေခြင်း မရှိပေ။ ထိုသို့သောလူများသည် ဘုရားသခင် အထူးနှစ်သက်သည့် သူမျိုး မဟုတ်ပေ။ ဘုရားသခင် အထူးနှစ်သက်သည့်သူမျိုးက ဖြောင့်မတ်ခြင်းတရားအတွက် ဆာငတ်မွတ်သိပ်ပြီး သူ၏အလိုတော်အပေါ် သတိရှိ၏။ ထို့ကြောင့်၊ သင်တို့သည် လက်ရှိအချိန်တွင် ဘုရားသခင်၏ ဝန်ထုပ်အပေါ် သတိရှိသင့်ပေသည်။ သင်သည် ဘုရားသခင်၏ဝန်ထုပ်များအပေါ် သတိရှိခြင်း မကြီးထွားမီ၊ ဘုရားသခင်က သူ၏ ဖြောင့်မတ်သော စိတ်သဘောထားကို လူသားမျိုးနွယ် အားလုံးထံသို့ ထုတ်ဖော်ပြဖို့ရန်အတွက် မစောင့်ဆိုင်းသင့်ပေ။ ထိုအချိန်အရောက်တွင် အလွန် နောက်ကျသွားမည် မဟုတ်လော။

ယခုအချိန်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရရန် အခွင့်ကောင်းတစ်ခု ဖြစ်၏။ အကယ်၍ သင်သည် ဤအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးလိုက်ရပါက၊ မောရှေသည် ခါနန်ပြည်သို့ မဝင်ရောက်နိုင်ခဲ့သဖြင့်၊ သူ့ဘဝ၏ ကျန်ရှိသည့်အချိန်များတွင် နောင်တရကာ ကြေကွဲဝမ်းနည်းခြင်းဖြင့် သေအံ့ဆဲဆဲ ဖြစ်ခဲ့သကဲ့သို့၊ သင်၏ကျန်ရှိသည့် ဘဝအချိန်များတွင် ထိုအရာအတွက် သင် နောင်တရလိမ့်မည်။ ဘုရားသခင်သည် လူအားလုံးထံ မိမိ၏ဖြောင့်မတ်သည့် စိတ်သဘောထားကို ထုတ်ဖော်ပြပြီးသည်နှင့် တစ်ပြိုင်နက် သင်သည် ဝမ်းနည်းမှုဖြင့် ပြည့်လိမ့်မည်။ ဘုရားသခင်က သင့်ကို ပြစ်တင်ဆုံးမခြင်းမရှိလျှင်ပင်၊ သင်ကိုယ်တိုင်၏ နောင်တကြောင့် သင်သည် မိမိကိုယ်ကိုယ် ပြစ်တင်ဆုံးမလိမ့်မည် ဖြစ်သည်။ အချို့သည် ဤအရာကို ယုံကြည်လက်ခံခြင်း မရှိကြသော်လည်း၊ သင် မယုံကြည်ပါက၊ စောင့်သာ ကြည့်လော့။ ၎င်းတို့၏ တစ်ခုတည်းသော ရည်မှန်းချက်က ဤနှုတ်ကပတ်တော်များကို ပြည့်စုံစေဖို့သာဖြစ်သည့် လူအချို့ ရှိပေသည်။ ဤနှုတ်ကပတ်တော်များအတွက် သင်သည် မိမိကိုယ်ကိုယ် စွန့်လွှတ်ဖို့ လိုလိုလားလား ရှိသလော။

သင်သည် ဘုရားသခင်၏စုံလင်စေခြင်းခံရဖို့ အခွင့်အရေးများကို မရှာဖွေပါက၊ ထို့အပြင် စုံလင်ခြင်းကို သင်ရှာဖွေမှုတွင် အုပ်စုရှေ့တွင်ရှိဖို့ သင် မကြိုးပမ်းပါက၊ သင်သည် နောက်ဆုံးတွင် နောင်တဖြင့် ပြည့်မည်ဖြစ်သည်။ စုံလင်ခြင်းကိုရရှိဖို့ အကောင်းဆုံး အခွင့်အရေးမှာ ယခုဖြစ်သည်။ ယခုအချိန်သည် အလွန့်အလွန် ကောင်းမွန်သောအချိန် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ အလေးအနက် မကြိုးစားပါက၊ သူ၏အမှု အဆုံးသတ်သည်နှင့်တစ်ပြိုင်နက် အလွန် နောက်ကျသွားလိမ့်မည်- သင် အခွင့်အရေးကို လက်လွတ်သွားပြီး ဖြစ်လိမ့်မည်။ သင့် ရည်မှန်းချက်များ မည်မျှပင် ကြီးမားပါစေ၊ ဘုရားသခင်သည် အမှုကို ဆောင်ရွက်နေခြင်း မရှိတော့ပါက၊ သင် မည်မျှပင် အားထုတ်သည်ဖြစ်စေ၊ စုံလင်ခြင်းကို ဘယ်သောအခါမျှ ရရှိနိုင်လိမ့်မည်မဟုတ်။ သင်သည် ဤအခွင့်အရေးကို လက်မလွှတ်တမ်း အသုံးချရမည်ဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်က သူ၏ကြီးမြတ်သောအမှုကို လုပ်ဆောင်စဉ် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ဤအခွင့်အရေးကို သင် လက်လွှတ်သွားပါက၊ မည်သည့် အားထုတ်မှုကို သင် ပြုပါစေ၊ သင့်ကို နောက်ထပ် အခွင့်အရေးတစ်ခု ပေးမည်မဟုတ်ပေ။ သင်တို့ထဲမှ အချို့က၊ "ဘုရားသခင်၊ ကိုယ်တော်၏ ဝန်ထုပ်ကို သတိရှိနေဖို့ ကျွန်ုပ် လိုလိုလားလား ရှိပြီး၊ ကိုယ်တော်၏ အလိုတော်ကို ဖြည့်ဆည်းဖို့ ကျွန်ုပ် လိုလိုလားလား ရှိပါ၏" ဟု ဟစ်အော် ကြသည်။ သို့ရာတွင်၊ သင်တို့သည် လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်း မရှိသောကြောင့်၊ သင်တို့၏

ဝန်ထုပ်များသည် ကြာရှည်ခံလိမ့်မည် မဟုတ်ပေ။ သင်သည် ရှေ့တွင် လမ်းကြောင်းတစ်ခုရှိပါက၊ အတွေ့အကြုံကို တစ်ဆင့်ချင်း ရရှိလိမ့်မည်ဖြစ်ပြီး၊ သင်၏အတွေ့အကြုံသည် အဆီအငေါ်တည့်လျက် စနစ်တကျ ရှိလိမ့်မည်ဖြစ်သည်။ ဝန်ထုပ်တစ်ခု ပြီးဆုံးပြီးနောက်၊ သင့်ကို နောက်တစ်ခု ပေးလိမ့်မည်။ သင်၏ ဘဝအတွေ့အကြုံ နက်သည်ထက် နက်လာသည်နှင့်အမျှ၊ သင်၏ ဝန်ထုပ်များသည်လည်း သာ၍ တိုးကာ နက်နဲလာလိမ့်မည်။ လူအချို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိခြင်းကို ခံရသောအခါမှသာ ဝန်ထုပ်ကို သယ်ပိုးကြသည်။ အချိန်ကာလတစ်ခု ကြာမြင့်ပြီးနောက်၊ ၎င်းတို့အနေဖြင့် လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်း မရှိတော့သည့်အခါ၊ ၎င်းတို့သည် မည်သည့်ဝန်ထုပ်ကိုမျှ သယ်ဆောင်ခြင်း မရှိတော့ပေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းသက်သက်ဖြင့် ဝန်ထုပ်များကို မဖြစ်ပေါ်စေနိုင်ပေ။ သမ္မာတရားများစွာကို သိနားလည်ခြင်းဖြင့်၊ သင်သည် ချင့်ချိန်နိုင်စွမ်း ရရှိလိမ့်မည်၊ သမ္မာတရားကို အသုံးပြုလျက် ပြဿနာများကို ဖြေရှင်းလာနိုင်လိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ဘုရားသခင်၏ အလိုတော်နှင့်သက်ဆိုင်သော သာ၍တိကျသည့် သိနားလည်မှုတစ်ခုကို ရရှိလိမ့်မည်။ ဤအရာများဖြင့်၊ သင်သည် သယ်ဆောင်ဖို့ ဝန်ထုပ်များ ဖြစ်ပေါ်စေလိမ့်မည် ဖြစ်ပြီး၊ ထိုအခါမှသာ အမှုကို ကောင်းမွန်စွာ သင် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။ သင်သည် ဝန်ထုပ်တစ်ခု ရှိသော်လည်း၊ သမ္မာတရားနှင့်သက်ဆိုင်သော ရှင်းလင်းသည့် သိနားလည်မှုမရှိပါက၊ ယင်းသည်လည်း အလုပ်ဖြစ်လိမ့်မည် မဟုတ်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရမည်ဖြစ်ပြီး၊ ၎င်းတို့ကို မည်သို့ လက်တွေ့လုပ်ဆောင်ရမည်ကို သိရမည်။ သင်ကိုယ်တိုင် စစ်မှန်မှုထဲသို့ ဝင်ရောက်ပြီးသည့် နောက်မှသာ၊ အခြားသူများအတွက် သင် ထောက်ပံ့ပေးနိုင်မည်၊ အခြားသူများကို ဦးဆောင်နိုင်မည်ဖြစ်ပြီး ဘုရားသခင်၏ စုံလင်စေခြင်း ခံရနိုင်လိမ့်မည် ဖြစ်သည်။

"လမ်းကြောင်း... (၄)" တွင်၊ သင်တို့အားလုံးသည် ခေတ်ကာလများမတိုင်မီတွင် ဘုရားသခင် ကြိုတင်ခွဲခန့်မှတ်သားပြီးဖြစ်သည့် နိုင်ငံတော်၏ လူများဖြစ်ကြပြီး၊ မည်သူမျှ ယူဆောင်မသွားနိုင်ဟု ရေးသားထား၏။ ဘုရားသခင်၏ အသုံးပြုခြင်းနှင့် ပြည့်စုံစေခြင်းခံရရန် အယောက်တိုင်းအတွက် ဘုရားသခင် ဆန္ဒရှိပြီး၊ ဘုရားသခင်၏ လူများအဖြစ် ရပ်တည်ရန် ၎င်းတို့ကို သူ တောင်းဆိုကာ၊ ဘုရားသခင်၏ လူများဖြစ်လာခြင်းအားဖြင့်သာ ဘုရားသခင်၏ အလိုတော်ကို ၎င်းတို့ ဖြည့်ဆည်းနိုင်သည်ဟုလည်း ထိုနေရာတွင် ဖော်ပြထားသည်။ ထိုအချိန်တွင်၊ သင်တို့အားလုံးသည် ဘုရားသခင်၏ လူတို့အတွက် စံနှုန်းစံထားများပေါ်

အခြေခံကာ ဝင်ရောက်ခြင်း လမ်းကြောင်းနှင့် ပတ်သက်၍ မိသဟာယဖွဲ့ရင်း၊ ဤကိစ္စအပေါ် မိတ်သဟာယ ပြုခဲ့ကြသည်။ ထို့ကြောင့်၊ ထိုအချိန်အတွင်း သန့်ရှင်းသောဝိညာဉ်တော် ဆောင်ရွက်သည့် အမှုသည် လူအားလုံးကို ၎င်းတို့၏ အပျက်သဘောဆောင်သည့် အခြေအနေမှ နုတ်ယူပြီး အပြုသဘောဆောင်သော အခြေအနေတစ်ခုဆီသို့ လမ်းပြရန်ဖြစ်သည်။ ထိုစဉ်အချိန်က၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် အယောက်တိုင်းကို ဘုရားသခင်၏လူများအဖြစ် ဘုရားသခင်၏ နှုတ်ကပတ်တော်များအား မွေ့လျော်စေနိုင်လေ့ရှိခဲ့ပြီး၊ သင်တို့သည် ခေတ်ကာလများမတိုင်မီက ကြိုတင်ခွဲခန့်မှတ်သားခဲ့သည်နှင့်အညီ၊ ဘုရားသခင်၏ လူများဖြစ်ကာ စာတန်က သင်တို့ကို ယူဆောင်မသွားနိုင်သည်ကို သင်တို့အသီးသီးအား ရှင်းလင်းစွာ သိနားလည်ခွင့် ပေးလေ့ရှိခဲ့ပေသည်။ ထို့ကြောင့် သင်တို့အားလုံးက၊ "ဘုရားသခင်။ ကျွန်ုပ်သည် ခေတ်ကာလများမတိုင်မီက ကိုယ်တော်၏ ကြိုတင်ခွဲခန့်မှတ်သားထားခြင်း ခံခဲ့ရသောကြောင့်၊ ကိုယ်တော်သည် ဤအဆင့်အတန်းကို ကျွန်ုပ်တို့အပေါ် အပ်နှင်းပြီးဖြစ်သောကြောင့်၊ ကိုယ်တော်၏ လူများထဲမှ တစ်ဦးဖြစ်ဖို့ ကျွန်ုပ် လိုလားလျက်ရှိပါ၏။ ဤအခြေအနေမှ ကိုယ်တော််ကို စိတ်ကျေနပ်စေဖို့ ကျွန်ုပ်တို့ လိုလားလျက်ရှိကြပါ၏" ဟု ဆုတောင်းခဲ့ကြသည်။ ထိုသို့သော နည်းလမ်းဖြင့် သင် ဆုတောင်းသည့် အချိန်တိုင်းတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်ကို တို့ထိပေလိမ့်မည်။ ဤသည်မှာ သန့်ရှင်းသောဝိညာဉ်တော် အမှုပြုလေ့ရှိသည့်ပုံ ဖြစ်သည်။ ဤအချိန်ကာလအတွင်းတွင်၊ သင်သည် အသက်အတွက် ကြိုးပမ်းပြီး၊ နိုင်ငံတော်၏ လေ့ကျင့်မှုထဲသို့ ဝင်ရောက်ခြင်းကို ရှာဖွေနိုင်ဖို့အလို့ငှာ၊ ဘုရားသခင် ရှေ့မှောက်၌ သင်၏ စိတ်နှလုံးကို ငြိမ်သက်စေဖို့ ဆုတောင်းကာ မိမိကိုယ်ကိုယ် လေ့ကျင့်သင့်ပေသည်။ ဤသည်မှာ ပထမခြေလှမ်းဖြစ်သည်။ ဤအခိုက်အတန့်တွင်၊ ဘုရားသခင်၏အမှုမှာ လမ်းကြောင်းမှန်ပေါ်သို့ အယောက်တိုင်းအား ဝင်ရောက်စေဖို့၊ ပုံမှန် ဝိညာဉ်ရေးရာအသက်တာနှင့် စစ်မှန်သော အတွေ့အကြုံများ ရှိစေဖို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို ခံရစေဖို့နှင့်၊ ဤအရာများကို အခြေခံအုတ်မြစ်တစ်ခုအဖြစ် ထားရှိလျက် ဘုရားသခင်၏ စေခိုင်းချက်တာဝန်များကို လက်ခံစေရန် ဖြစ်သည်။ နိုင်ငံတော်၏လေ့ကျင့်မှုထဲသို့ ဝင်ရောက်ခြင်း၏ ရည်ရွယ်ချက်မှာ သင်တို့၏ စကားလုံးတိုင်း၊ လုပ်ရပ်တိုင်း၊ လှုပ်ရှားမှုတိုင်း၊ အတွေးနှင့် စိတ်ကူးတိုင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲသို့ ဝင်ရောက်ခွင့်ပေးရန်၊ သာ၍ မကြာခဏ ဘုရားသခင်၏ တို့ထိခြင်း ခံရစေဖို့နှင့် ထိုသို့ဖြင့် သူ့ကို ချစ်သည့် နှလုံးသားတစ်ခု ဖြစ်ပေါ်စေဖို့၊ ပြီးလျှင် အယောက်တိုင်း ဘုရားသခင်၏ စုံလင်စေခြင်း လမ်းကြောင်းပေါ် ရှိဖို့အလို့ငှာ၊

အယောက်တိုင်း လမ်းကြောင်းမှန်ပေါ် ရှိကြဖို့အလို့ငှာ ဘုရားသခင်၏ အလိုတော်နှင့်ဆိုင်သော ဝန်ထုပ်ကို သင့်အား သာ၍ တာဝန်ယူစေဖို့ ဖြစ်သည်။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်း လမ်းကြောင်းပေါ် ရှိသည်နှင့်တစ်ပြိုင်နက်၊ သင်သည် မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရှိပေသည်။ သင်၏ အတွေးများနှင့် စိတ်ကူးများအပြင်၊ သင်၏ မှားယွင်းသော ရည်ရွယ်ချက်များကို ပြင်ဆင်နိုင်ပြီး၊ ဇာတိပကတိအပေါ် သတိရှိခြင်းမှ ဘုရားသခင်၏ အလိုတော်အပေါ် သတိရှိခြင်းသို့ သင် လှည့်နိုင်သည်နှင့်တစ်ပြိုင်နက်၊ ပြီးလျှင် မှားယွင်းသော ရည်ရွယ်ချက်များ ထွက်ပေါ်လာသည့်အခါ ၎င်းတို့၏ အာရုံပျက်စေမှုကို ခုခံနိုင်ကာ၊ ယင်းအစား ဘုရားသခင်၏ အလိုတော်နှင့်အညီ ပြုမူနိုင်သည်နှင့်တစ်ပြိုင်နက်- ထိုသို့သော ပြောင်းလဲမှုတစ်ခုကို သင် ရရှိနိုင်ပါက၊ သင်သည် အသက်တာအတွေ့အကြုံ၏ မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရှိပေသည်။ သင်၏ ဆုတောင်းခြင်း အလေ့အကျင့်များသည် မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရှိသည်နှင့်တစ်ပြိုင်နက်၊ သင်၏ ဆုတောင်းချက်များတွင် သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို ခံရလိမ့်မည်။ သင်ဆုတောင်းသည့် အချိန်တိုင်းတွင်၊ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိခြင်း ခံရလိမ့်မည်။ သင်ဆုတောင်းသည့် အချိန်တိုင်းတွင်၊ ဘုရားသခင်ရှေ့မှောက်၌ သင်၏ နှလုံးသားကို ငြိမ်သက်စေနိုင်လိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တစ်ပိုဒ်ကို သင်စားသောက်သည့် အချိန်တိုင်းတွင်၊ လောလောဆယ် သူ ဆောင်ရွက်နေသည့် အမှုကို သင် သဘောပေါက်နိုင်ပြီး၊ မည်သို့ ဆုတောင်းရမည်၊ မည်သို့ ပူးပေါင်းလုပ်ဆောင်ရမည် ဆိုသည်နှင့် ဝင်ရောက်မှုကို မည်သို့ ရရှိမည်ဆိုသည်တို့ကို သင် သိနားလည်နိုင်ပါက၊ ထိုအခါမှသာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏စားသောက်ခြင်းသည် အကျိုးဖြစ်ထွန်းလိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့်၊ သင်သည် ဝင်ရောက်မှုလမ်းကြောင်းကို ရှာတွေ့နိုင်ပြီး၊ ဘုရားသခင်၏အမှု၏ လက်ရှိအင်အားများအပြင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်၏ ဦးတည်ရာကို သိမြင်နိုင်သည့်အခါ၊ သင်သည် မှန်ကန်သောလမ်းကြောင်းပေါ် ဝင်ရောက်ပြီးဖြစ်လိမ့်မည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်နေစဉ်တွင် အဓိကအချက်များကို သဘောမပေါက်သေး သကဲ့သို့ နောက်ပိုင်းတွင် လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းတစ်ခုကို ရှာမတွေ့နိုင်သေးပါက၊ ဤအရာက သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သို့ မှန်ကန်စွာ စားသောက်ရမည်ကို မသိသေးသကဲ့သို့၊ ထိုသို့ လုပ်ဆောင်ခြင်းအတွက် နည်းစနစ် သို့မဟုတ် အခြေခံသဘောတရားကို သင် ရှာဖွေမတွေ့ရှိသေးသည်ကို ပြသပေသည်။ သင်သည် ဘုရားသခင် လက်ရှိ ဆောင်ရွက်နေသည့် အမှုကို သဘောမပေါက်သေးပါက၊

သင့်ကို သူ အပ်နှံမည့် လုပ်ငန်းတာဝန်များကို သင် လက်ခံနိုင်လိမ့်မည် မဟုတ်ပေ။ ဘုရားသခင် လက်ရှိလုပ်ဆောင်သော အမှုသည် လက်ရှိတွင် လူသားများ ဝင်ရောက်ပြီး သိနားလည်သင့်သော အရာ အတိအကျဖြစ်သည်။ ဤအရာများကို သင်တို့ သဘောပေါက်ကြသလော။

သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ထိရောက်စွာ စားသောက်ပါက၊ သင်၏ ဝိညာဉ်ရေးရာ အသက်တာသည် ပုံမှန်ဖြစ်လာပြီး၊ မည်သည့် စမ်းသပ်မှုများ သင် ရင်ဆိုင်ရနိုင်သည်၊ မည်သည့် အခြေအနေများ သင် ကြုံရနိုင်သည်၊ မည်သည့် ရုပ်ပိုင်းဆိုင်ရာ ဖျားနာမှုများ သင် ခံရပ်ရနိုင်သည်၊ ညီအစ်ကို မောင်နှမများထံမှ မည်သည့် ဖယ်ကြဉ်ခြင်း သို့မဟုတ် မည်သည့် မိသားစုအခက်အခဲများ သင် ကြုံရနိုင်သည်ကို ပဓာနမထားဘဲ၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပုံမှန်စားသောက်နိုင်သည်၊ ပုံမှန်ဆုတောင်းနိုင်ပြီး၊ သင်၏အသင်းတော် အသက်တာကို ပုံမှန်ဆက်လက် ဆောင်ရွက်နိုင်ပေသည်။ ဤအရာအားလုံးကို သင် ရရှိနိုင်ပါက၊ ထိုအရာက သင်သည် မှန်ကန်သောလမ်းကြောင်းပေါ်တွင် ရှိသည်ကို ပြသလိမ့်မည်။ လူအချို့သည် အလွန်နုနယ်ကြပြီး ဇွဲလုံ့လကင်းမဲ့ကြသည်။ သေးငယ်သည့် အတားအဆီးတစ်ခုကို ကြုံရသည့်အခါ၊ ၎င်းတို့ အသံတအီအီပြုကြပြီး အပျက်သဘောဆောင်လာကြသည်။ သမ္မာတရားကို ရရှိအောင်အားထုတ်ခြင်းသည် ဇွဲလုံ့လနှင့် စိတ်ဆုံးဖြတ်ခြင်းတို့ လိုအပ်၏။ သင်သည် ဘုရားသခင်၏ အလိုကို ဤတစ်ကြိမ် ဖြည့်ဆည်းရန် ပျက်ကွက်ခဲ့ပါက၊ သင့်ကိုယ်သင် စက်ဆုပ်နိုင်ရမည်ဖြစ်ပြီး၊ နောက်တစ်ကြိမ်တွင် အောင်မြင်ရန် တိတ်ဆိတ်စွာ စိတ်ထဲက ဆုံးဖြတ်ထားရမည်။ ဤအကြိမ်တွင် သင်သည် ဘုရားသခင်၏ဝန်ထုပ်အပေါ် သတိမရှိပါက၊ အနာဂတ်တွင် အလားတူ အတားအဆီးကို ရင်ဆိုင်ရသည့်အခါ၊ ဇာတိပကတိကို ဆန့်ကျင်တွန်းလှန်ဖို့ သင် ခိုင်ခိုင်မာမာဆုံးဖြတ်သင့်ပြီး ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းဖို့ စိတ်ဆုံးဖြတ်သင့်ပေသည်။ ဤသည်မှာ သင် ချီးကျူးထိုက်သူ ဖြစ်လာမည့်ပုံ ဖြစ်သည်။ လူအချို့သည် မိမိတို့၏ကိုယ်ပိုင်အတွေးများ သို့မဟုတ် စိတ်ကူးများ မှန်သည်၊ မမှန်သည်ကို သိပင်မသိကြချေ။ ထိုသို့သောလူများသည် မိုက်မဲသောသူများ ဖြစ်ကြ၏။ သင်သည် သင်၏ စိတ်နှလုံးကို ချိုးနှိမ်ပြီး ဇာတိပကတိကို တွန်းလှန်ရန် ဆန္ဒရှိပါက၊ သင်၏ ရည်ရွယ်ချက်များ မှန်သည် မမှန်သည်ကို ဦးစွာပထမ သင် သိရှိရမည်၊ ထိုအခါမှသာ သင်၏စိတ်နှလုံးကို သင် ချိုးနှိမ်နိုင်ပေသည်။ သင်၏ ရည်ရွယ်ချက်များ မှန်သည်၊ မမှန်သည်ကို သင်မသိပါက၊ သင်သည် သင်၏ စိတ်နှလုံးကို ချိုးနှိမ်ကာ ဇာတိပကတိကို တွန်းလှန်နိုင်သလော။ သင်တွန်းလှန်လျှင်ပင်၊ ဇဝေဇဝါဖြစ်လျက် ထိုသို့ လုပ်ဆောင်လိမ့်မည်။ သင်၏ ဆုံးဖြတ်ချက်လွဲမှားသော

ရည်ရွယ်ချက်များကို မည်သို့ တွန်းလှန်ရမည်ကို သင် သိသင့်၏။ ဤသည်မှာ ဇာတိပကတိကို တွန်းလှန်ခြင်းဟု ဆိုလိုသည့်အရာ ဖြစ်သည်။ သင်၏ရည်ရွယ်ချက်များ၊ အတွေးများနှင့် စိတ်ကူးများ မှားယွင်းသည်ကို သင် သတိပြုမိသည်နှင့်တစ်ပြိုင်နက်၊ လမ်းကြောင်းကို အလျင်အမြန် ပြောင်းပြန်လှန်ပြီး မှန်ကန်သော လမ်းကြောင်းကို သင် လျှောက်သင့်၏။ သင်သည် မှန်ကန်သော ရည်ရွယ်ချက်များ ရှိသည်၊ မရှိသည်ကို သင် အကောင်းဆုံးသိသောကြောင့်၊ ဤပြဿနာကို ဦးစွာ ဖြေရှင်းလော့၊ ပြီးလျှင် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဝင်ရောက်မှုကို ရရှိဖို့ မိမိကိုယ်ကိုယ် လေ့ကျင့်လော့။ သင်၏ မမှန်ကန်သော ရည်ရွယ်ချက်များသည် ပြုပြင်ခံရပြီး ယခုတွင် ဘုရားသခင်အတွက် ဖြစ်သည်နှင့်တစ်ပြိုင်နက်၊ သင်၏ စိတ်နှလုံးကို ချိုးနှိမ်ခြင်း ရည်မှန်းချက်ကို သင် ရရှိပြီးဖြစ်ပေလိမ့်မည်။

ယခု သင်တို့ လုပ်ဆောင်ရန် အရေးကြီးဆုံးအရာမှာ ဘုရားသခင်နှင့် သူ၏ အမှုနှင့်ဆိုင်သော အသိပညာကို ရရှိဖို့ ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူသားမျိုးနွယ်အပေါ် မည်သို့အမှု ဆောင်ရွက်သည်ကိုလည်း သင် သိရမည်။ ဤလုပ်ရပ်များသည် မှန်ကန်သောလမ်းကြောင်းပေါ် ဝင်ရောက်ခြင်းအတွက် မုချလိုအပ်ပေသည်။ သင်သည် ဤပဓာနဖြစ်သောအချက်ကို သဘောပေါက်သည် နှင့်တစ်ပြိုင်နက်၊ ထိုသို့လုပ်ဆောင်ရန် သင့်အတွက် သာ၍ လွယ်ကူလိမ့်မည်။ သင်သည် ဘုရားသခင်ကိုယုံကြည်ပြီး၊ ဘုရားသခင်ကိုသိသည်၊ ယင်းက ဘုရားသခင်၌ သင်၏ယုံကြည်ခြင်း စစ်မှန်သည်ကို ပြသ၏။ သင်သည် အတွေ့အကြုံ ဆက်လက် ရရှိသော်လည်း အဆုံးတွင် ဘုရားသခင်ကို မသိနိုင်သေးပါက၊ သင်သည် ဧကန်မုချ ဘုရားသခင်ကို ခုခံသောလူတစ်ဦး ဖြစ်ပေသည်။ ယနေ့၏ လူ့ဇာတိခံ ဘုရားသခင်၌ ယုံကြည်ခြင်းမရှိဘဲ ယေရှုခရစ်တော်ကိုသာ ယုံကြည်သောသူအားလုံးသည် ရှုတ်ချခြင်း ခံရကြသည်။ ၎င်းတို့သည် ယနေ့၏ဘုရားသခင်ကို အသိအမှတ် မပြုကြသည့်အတွက်၊ ၎င်းတို့အားလုံးသည် နောက်ပေါ် ဖာရိရှဲများ ဖြစ်ကြသည်။ ၎င်းတို့အားလုံးသည် ဘုရားသခင်ကို ဆန့်ကျင် ကြ၏။ ၎င်းတို့၏ ယေရှုကို ကိုးကွယ်ခြင်းသည် မည်မျှပင် ဆက်ကပ်မှုရှိပါစေ၊ အားလုံး အချည်းနှီးဖြစ်လိမ့်မည်။ ဘုရားသခင်သည် ၎င်းတို့ကို ချီးမွမ်းလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်ကို ယုံကြည်သည်ဟု အခိုင်အမာဆိုနေသည့် ဆိုင်းဘုတ်တစ်ခုရှိသော်လည်း ၎င်းတို့၏ စိတ်နှလုံးများတွင် ဘုရားသခင်နှင့်ဆိုင်သော စစ်မှန်သည့် အသိပညာမရှိသူ အားလုံးသည် သူတော်ကောင်းယောင်ဆောင်သူများ ဖြစ်ကြသည်။

ဘုရားသခင်၏ စုံလင်စေခြင်းကို ရှာဖွေဖို့ ဦးစွာပထမ သူ၏ စုံလင်စေခြင်းသည် မည်သည့်အရာ ဆိုလိုသည်၊ စုံလင်စေခြင်းခံရဖို့အလို့ငှာ မည်သည့်သတ်မှတ်ချက်များကို ဖြည့်ဆည်းရမည်ဆိုသည်တို့ကို သိနားလည်ရမည်။ လူတစ်ဦးသည် ထိုသို့သော ကိစ္စရပ်များကို သဘောပေါက်သည်နှင့်တစ်ပြိုင်နက်၊ လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းကို ရှာဖွေရမည်။ စုံလင်စေခြင်းခံရဖို့ရန်၊ အရည်အချင်းတစ်ခုခု ပိုင်ဆိုင်ရမည်ဖြစ်သည်။ လူများစွာတို့သည် ပင်ကိုအားဖြင့် လုံလောက်သည့် မြင့်မားမှုရှိသော အရည်အချင်း မရှိကြပေ၊ ထိုအခြေအနေတွင် သင့်အနေဖြင့် အဖိုးအခပေးရမည်ဖြစ်ပြီး ပုဂ္ဂလဓိဋ္ဌာန်ကျကျ ကြိုးစားလုပ်ဆောင်ရမည် ဖြစ်သည်။ သင်၏ အရည်အချင်း ဆိုးရွားလေလေ၊ နှလုံးသွင်းအားထုတ်မှုကို သင် စိုက်ထုတ်ရလေလေ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သော သင်၏ သိနားလည်မှု ကြီးမားလေလေနှင့် ၎င်းတို့ကို သင် လက်တွေ့ လုပ်ဆောင်လေလေ၊ စုံလင်ခြင်း လမ်းကြောင်းပေါ်သို့ သင် ခြေချနိုင်ရန် လျင်မြန်လေလေ ဖြစ်သည်။ ဆုတောင်းခြင်းမှတစ်ဆင့်၊ ဆုတောင်းခြင်း နယ်ပယ်တွင် သင်သည် စုံလင်စေခြင်း ခံရနိုင်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်များကို စားသောက်ခြင်း၊ ၎င်းတို့၏ အနှစ်သာရကို သဘောပေါက်ခြင်းနှင့် ၎င်းတို့၏ လက်တွေ့ အရှိတရားကို အသက်ရှင်နေထိုင်ခြင်းအားဖြင့်လည်း သင်သည် စုံလင်စေခြင်း ခံရနိုင်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နေ့စဉ်နှင့်အမျှ တွေ့ကြုံခြင်းအားဖြင့်၊ သင်သည် မိမိ၌ မည်သည့်အရာ ချို့တဲ့သည်ကို သိရှိလာသင့်သည်၊ ထို့အပြင် သင်၏ သေစေနိုင်သော အပြစ်အနာအဆာနှင့် သင်၏အားနည်းချက်များကို သတိပြုမိသင့်ပြီး၊ ဘုရားသခင်ထံ ဆုတောင်းကာ အသနားခံသင့်ပေသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့်၊ သင်သည် တဖြည်းဖြည်း စုံလင်စေခြင်း ခံရလိမ့်မည်။ စုံလင်စေခြင်းခံရသည့် လမ်းကြောင်းမှာ- ဆုတောင်းခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်များ၏ အနှစ်သာရကို သဘောပေါက်ခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အတွေ့အကြုံထဲ ဝင်ရောက်ခြင်းကို ရရှိခြင်း၊ မိမိ၌ မည်သည့်အရာ ချို့တဲ့သည်ကို သိရှိလာခြင်း၊ ဘုရားသခင်၏အမှုတော်ကို နာခံခြင်း၊ ဘုရားသခင်၏ ဝန်ထုပ်အပေါ် သတိရှိခြင်းနှင့်၊ ဘုရားသခင်အပေါ် သင်၏ ချစ်ခြင်းမေတ္တာအားဖြင့် ဇာတိပကတိကို စွန့်လွှတ်ခြင်းနှင့် သင့်အတွေ့အကြုံများကို ကြွယ်ဝစေနိုင်သည့် သင်၏ညီအစ်ကို မောင်နှမများနှင့် မကြာခဏမိတ်သဟာယပြုခြင်းတွင် ပါဝင်ခြင်းတို့ ဖြစ်သည်။ အများနှင့်ဆိုင်သော အသက်တာဖြစ်စေ သင်၏ ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သည့် အသက်တာဖြစ်စေ၊ ကြီးမားသော စုဝေးခြင်းများဖြစ်စေ သေးငယ်သော စုဝေးခြင်းများဖြစ်စေ၊ ထိုအရာအားလုံးသည်

ဘုရားသခင်၏ ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးကို ငြိမ်သက်စေနိုင်ပြီး သူ့ထံ ပြန်လာနိုင်ဖို့အလို့ငှာ သင့်ကို အတွေ့အကြုံ ဆည်းပူးခွင့်ပေးပြီး လေ့ကျင့်မှုကို ရရှိခွင့်ပေးသည်။ ဤအရာအားလုံးသည် စုံလင်စေခြင်းဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပေသည်။ ယခင်က ပြောဆိုထားသည့်အတိုင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခြင်းဆိုသည်မှာ သင့်အနေဖြင့် ဘုရားသခင်အပေါ် သာ၍ ကြီးမားသော ယုံကြည်ခြင်းနှင့် ချစ်ခြင်း ရရှိဖို့အလို့ငှာ ထိုနှုတ်ကပတ်တော်များကို အမှန်တကယ် မြည်းစမ်းပြီး ၎င်းတို့ကို အသက်ရှင်နေထိုင်ဖို့ မိမိကိုယ်ကိုယ် အခွင့်ပေးခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။ ဤပုံစံဖြင့်၊ သင်သည် သင်၏ ဖောက်ပြန်ပျက်စီးသော စာတန်ဆန်သည့် စိတ်သဘောထားကို တဖြည်းဖြည်း ခွာချလိမ့်မည်၊ မိမိထံမှ မသင့်လျော်သော ကြံရွယ်မှုများ ကင်းမဲ့စေလိမ့်မည်ဖြစ်ပြီး၊ ပုံမှန်လူတစ်ဦး၏ ပုံသဏ္ဌာန်အတိုင်း အသက်ရှင် နေထိုင်လိမ့်မည် ဖြစ်သည်။ သင့်အတွင်း၌ ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ ကြီးမားလေလေ- ဆိုလိုသည်မှာ၊ ဘုရားသခင်၏ စုံလင်စေခြင်းကို သင် ခံရလေလေ- စာတန်၏ ဖောက်ပြန်ပျက်စီးခြင်း၏ လွှမ်းမိုးခံရမှု နည်းလေလေ ဖြစ်သည်။ သင်၏ လက်တွေ့ကျသော အတွေ့အကြုံများမှတစ်ဆင့်၊ စုံလင်စေခြင်း လမ်းကြောင်းပေါ်သို့ သင်သည် တဖြည်းဖြည်း ခြေချလိမ့်မည် ဖြစ်သည်။ သို့ဖြစ်၍၊ သင့်အနေဖြင့် စုံလင်စေခြင်းခံရရန် ဆန္ဒရှိပါက၊ ဘုရားသခင်၏ အလိုတော်ကို သတိရှိဖို့နှင့် သူ၏နှုတ်ကပတ်တော်များကို တွေ့ကြုံဖို့မှာ အထူးသဖြင့် အရေးကြီးပေသည်။

# ဘုရားသခင်သည် သူ၏စိတ်တော်နှင့် ထိတွေ့သောသူတို့ကို စုံလင်စေသည်

ယခု ဘုရားသခင်သည် သူနှင့်အတူ ပူးပေါင်း ဆောင်ရွက်ရန် ကြိုးပမ်းသူ၊ သူ၏အလုပ်ကို နာခံနိုင်သူ၊ ဘုရားသခင်ပြောသော နှုတ်ကပတ်တော်များကို အမှန် ဖြစ်သည်ဟု ယုံကြည်သူနှင့် ဘုရားသခင်၏ သတ်မှတ်ချက်များကို လက်တွေ့ဆောင်နိုင်သော လူတစ်စုကို ရယူလိုသည်၊ ထိုသူတို့သည် သူတို့၏ စိတ်နှလုံးတွင် စစ်မှန်သောနားလည်မှုရှိသူများ ဖြစ်ကြသည်။ ထိုသူတို့သည် စုံလင်စေခြင်းခံရနိုင်သည့် သူများဖြစ်ပြီး ထိုသူတို့သည် ပြည့်ဝ စုံလင်ခြင်း လမ်းကြောင်းကို မလွဲကေန် လျှောက်လှမ်းရမည့်သူများ ဖြစ်သည်။ စုံလင်စေခြင်း မခံရနိုင်သူများမှာ ဘုရားသခင်၏ အလုပ်ကို ရှင်းလင်းစွာ နားမလည်သူ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မစားသောက်သောသူများ၊ သူ၏ နှုတ်ကပတ်တော်များကို

အလေးမထားသူနှင့် သူတို့၏ စိတ်တွင် ဘုရားသခင်အပေါ် ချစ်ခြင်းမေတ္တာ လုံးဝ မရှိသူများ ဖြစ်သည်။ လူ့ဇာတိခံယူထားသော ဘုရားသခင်ကို သံသယရှိသူများ၊ အမြဲပင် သူ့အကြောင်းကို ရေရေရာရာ မသိဘဲ၊ သူ၏ နှုတ်ကပတ်တော်များကို လုံးဝ အလေးအနက်မထားသည့်အပြင် သူ့ကို အမြဲ လှည့်ဖြားနေသောသူများမှာ ဘုရားသခင်ကို ခုခံပြီး စာတန်ပိုင်ဆိုင်သောသူများ ဖြစ်ကြသည်၊ ထိုသူများကို စုံလင်စေရန် လုံးဝမဖြစ်နိုင်ပေ။

သင်သည် စုံလင်စေခြင်းခံရလိုလျှင်၊ ရှေးဦးစွာ ဘုရားသခင်၏ မျက်နှာသာပေးခြင်းခံရရန် လိုသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က သူထောက်ခံသော သူနှင့် သူ၏စိတ်တော်နှင့် တွေ့သောသူကို စုံလင်စေသည်။ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့စေလိုလျှင် သင်သည် ဘုရားသခင်၏အလုပ်ကို နာခံတတ်သော စိတ်နှလုံး ရှိရမည်၊ သမ္မာတရားကို ကြိုးစားအားထုတ်ပြီး အရာရာ၌ ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးမှုကို လက်ခံ ရပေမည်။ သင်၏လုပ်ဆောင်မှု အားလုံး ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးမှုကို ခံယူပြီးပြီလော။ သင်၏ ရည်ရွယ်ချက်သည် မှန်ကန်သလော။ သင်၏ ရည်ရွယ်ချက် မှန်ကန်ပါက၊ ဘုရားသခင်က သင့်ကို ချီးကျူးပေမည်၊ သင်၏ရည်ရွယ်ချက် မမှန်ကန်ပါက သင်၏နှလုံးသားတွင် ချစ်မြတ်နိုးသည်မှာ ဘုရားသခင် မဟုတ်ဘဲ၊ ဇာတိပကတိနှင့် စာတန်ဖြစ်ကြောင်း ဤသည်က ပြသသည်။ ထို့ကြောင့် သင်သည် ဘုရားသခင်၏ အရာရာကို စစ်ဆေးခြင်းကို လက်ခံရန် နည်းလမ်းတစ်ရပ် အဖြစ် ဆုတောင်းခြင်းကို အသုံးပြုရမည်။ သင် ဆုတောင်းသောအခါ ငါသည် ကိုယ်တိုင်ကိုယ်ကျ သင်၏ရှေ့တွင် ရပ်မနေသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်နှင့်အတူ ရှိနေပြီး၊ သင် ဆုတောင်းနေသည်ကား ငါကိုယ်တိုင်အပြင် ဘုရားသခင်၏ ဝိညာဉ်တော်ထံကိုပါ ဆုတောင်းနေခြင်း ဖြစ်သည်။ ဤဇာတိပကတိကို အဘယ့်ကြောင့် သင်ယုံကြည်သနည်း။ သူ့ထံတွင် ဘုရားသခင်၏ ဝိညာဉ်တော် ရှိသောကြောင့် သင်ယုံကြည်ခြင်းပင် ဖြစ်သည်။ သူ၌ ဘုရားသခင်၏ ဝိညာဉ်တော်မရှိလျှင် ဤပုဂ္ဂိုလ်ကို သင် ယုံကြည်မည်လော။ ဤပုဂ္ဂိုလ်ကို သင်ယုံကြည်ပါက၊ သင်သည် ဘုရားသခင်၏ ဝိညာဉ်တော်ကို ယုံကြည်ခြင်းပင် ဖြစ်သည်။ ဤပုဂ္ဂိုလ်ကို သင်ကြောက်ရွံ့သည့်အခါ၊ သင်သည် ဘုရားသခင်၏ဝိညာဉ်တော်ကို ကြောက်ရွံ့ခြင်းပင် ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်ကို ယုံကြည်ခြင်းသည် ဤပုဂ္ဂိုလ်ကို ယုံကြည်ခြင်းဖြစ်ပြီး ဤပုဂ္ဂိုလ်ကို ယုံကြည်ခြင်းသည်လည်း ဘုရားသခင်၏ဝိညာဉ်တော်ကို ယုံကြည်ခြင်းပင် ဖြစ်သည်။ သင်ဆုတောင်းသောအခါ၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်နှင့်အတူရှိပြီး ဘုရားသခင်သည် သင်၏အရှေ့၌ ရှိသည်ကို သင်ခံစားရ၏၊ ထို့ကြောင့် ဘုရားသခင်၏ ဝိညာဉ်တော်ကို သင်ဆုတောင်း ပဌနာပြုခြင်း ဖြစ်သည်။

မျက်မှောက်ကာလတွင် လူအများစုသည် သူတို့၏ အပြုအမူများကို ဘုရားသခင်ရှေ့သို့ယူလာရန် အထူး ကြောက်ရွံ့နေကြသည်၊ သင့်အနေဖြင့် သူ၏ ဇာတိပကတိကို လှည့်ဖြားနိုင်သော်လည်း၊ သူ၏ ဝိညာဉ်တော်ကို လှည့်ဖြား၍ မရပေ။ ဘုရားသခင်၏ စေ့စေ့စပ်စပ်စစ်ဆေးခြင်းကို မခံနိုင်သည့် မည်သည့်အရာ မဆိုသည် သမ္မာတရားနှင့် မကိုက်ညီသည့်အတွက် ဘေးဖယ်ထားသင့်သည်၊ သို့မဟုတ်ပါက ယင်းသည် ဘုရားသခင်ကို ဆန့်ကျင်သည့် အပြစ်ဖြစ်သည်။ ထို့ကြောင့် သင် ဆုတောင်းသည့်အခါ၊ သင်၏ညီအစ်ကို၊ ညီအစ်မများနှင့် မိတ်သဟာယ ပြုသည့်အခါ၊ သို့မဟုတ် သင်၏တာဝန်ကို လုပ်ဆောင်ပြီး သင်၏လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ဆောင်ရွက်သည့်အခါ သင်၏စိတ်နှလုံးကို ဘုရားသခင် ရှေ့မှောက်တွင် တစ်ချိန်လုံး ဆက်ကပ်ရမည်။ သင်၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်သည့် အခါတွင် ဘုရားသခင်သည် သင်နှင့်အတူ ရှိမည်ဖြစ်ပြီး၊ သင်၏ရည်ရွယ်ချက်သည် မှန်ကန်ပြီး ဘုရားအိမ်တော်၏ အလုပ်အတွက် ဖြစ်နေသမျှ၊ သင်၏ လုပ်ဆောင်ချက် အားလုံးကို ဘုရားသခင်သည် လက်ခံပေမည်၊ သင်သည် သင်၏လုပ်ငန်းဆောင်တာကို ဖြည့်ဆည်းဖို့ရန် သင့်ကိုယ်သင် စိတ်ရင်းမှန်ဖြင့် လုံးလုံးလျားလျား ပေးအပ် မြှုပ်နှံထားသင့်သည်။ သင်ဆုတောင်းသည့်အခါ၊ သင်၏ စိတ်နှလုံးတွင် ဘုရားသခင်ကိုချစ်ပြီး ဘုရားသခင်၏ စောင့်ရှောက်ခြင်း၊ ကွယ်ကာခြင်းနှင့် စေ့စေ့စပ်စပ် စစ်ဆေးခြင်းတို့ကို ရှာဖွေလျှင်၊ အကယ်၍ ထိုအရာများသည် သင်၏ရည်ရွယ်ချက်ဖြစ်လျှင်၊ သင်၏ ဆုတောင်းချက်များသည် ထိရောက်ပေလိမ့်မည်။ ဥပမာအားဖြင့် အစည်းအဝေးများတွင် သင် ဆုတောင်းသည့်အခါ မုသားမပြောဘဲ သင်၏ စိတ်နှလုံးကိုဖွင့်၍ ဆုတောင်းကာ သင်၏စိတ်ထဲရှိသမျှကို ပြောလျှင် သင်၏ ဆုတောင်းချက်များသည် ဧကန်မုချ ထိရောက်ပေလိမ့်မည်။ သင်၏ စိတ်နှလုံးထဲမှ ဘုရားသခင်ကို လေးလေးနက်နက် ချစ်သည်ဆိုပါက ဘုရားသခင်အား- "ကောင်းကင်၊ မြေကြီးနှင့် ခပ်သိမ်းသော အရာတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်၊ ကိုယ်တော့်ကို ကျွန်ုပ် သစ္စာဆိုပါသည်။ ကိုယ်တော်၏ ဝိညာဉ်တော်သည် အကျွန်ုပ် ပြုသမျှသော အရာအားလုံးတို့ကို စစ်ဆေး၍ အကျွန်ုပ်ကို အမြဲကာကွယ် စောင့်ရှောက်တော်မူကာ၊ အကျွန်ုပ်ပြုသမျှအရာတို့သည် ကိုယ်တော်၏ မျက်မှောက်တော်၌ တည်စေတော်မူပါ။ အကျွန်ုပ် စိတ်နှလုံးသည် သခင့်ကို ချစ်မြတ်နိုးမှု မရှိတော့ခဲ့သော်၊ သို့မဟုတ် ကိုယ်တော်ကို သစ္စာဖောက်ခဲ့သော်၊ အကျွန်ုပ်ကို ပြင်းထန်စွာ ပြစ်တင်ဆုံးမ၍ ကျိန်ဆဲတော်မူပါ။ ဤကမ္ဘာတွင် သာမက နောင်လာမည့် ကပ်ကမ္ဘာတိုင်အောင် ကျွန်ုပ်ကို ခွင့်လွှတ်တော် မမူပါနှင့်။" ဟု ကျမ်းသစ္စာ ကျိန်ဆိုလော့။ ထိုသို့သော သင် ကျိန်ဆိုဝံ့သလော။ သင်မကျိန်ဆိုဝံ့ပါက သင်သည်

သူရဲဘောကြောင်ပြီး၊ သင့်ကိုယ်သင်သာ ချစ်မြတ်နိုးသေးသည်ကို ပြ၏။ သင်တို့၌ ဤစိတ်ဆုံးဖြတ်ချက် ရှိသလော။ ဤသည်မှာ သင်ဆုံးဖြတ်ချက် အစစ်အမှန်ဖြစ်ပါက၊ ဤကဲ့သို့သော ကျိန်ဆိုမှုကို သင်ပြုသင့်သည်။ ထိုသို့ ကျိန်ဆိုရန် သင်သန္နိဋ္ဌာန် ချထားပြီးပါက၊ သင်၏ စိတ်ဆုံးဖြတ်ချက်ကို ဘုရားသခင်က ဖြည့်စွမ်းပေးလိမ့်မည်။ သင် ဘုရားသခင် ထံသို့ ကျိန်ဆိုမှုတစ်ခုပြုသည့်အခါ၊ သူနားထောင်သည်။ သင်သည် ဒုစရိုက်နှင့် ပြည့်ဝသူလော၊ ဖြောင့်မတ်သူလော ဟူသည်ကို သင်၏ဆုတောင်းခြင်းနှင့် သင်၏ လက်တွေ့လုပ်ဆောင်မှုများကို တိုင်းတာ၍ ဘုရားသခင် ဆုံးဖြတ်သည်။ ယခု ဤအရာသည် သင်တို့ကို စုံလင်စေသည့် ဖြစ်စဉ်ဖြစ်ပြီး၊ စုံလင်စေခြင်းအပေါ် သင်သည် စစ်မှန်သော ယုံကြည်မှု ရှိလျှင်၊ သင်သည် သင်၏လုပ်ဆောင်ချက် အားလုံးကို ဘုရားသခင်ရှေ့သို့ ယူလာ၍ သူ၏စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို ခံယူလိမ့်မည်၊ အကယ်၍ သင်သည် မအပ်မရာ ပုန်ကန်မှုတစ်ခုခု ကိုလုပ်ပါက၊ သို့မဟုတ် ဘုရားသခင်ကို သစ္စာဖောက်ပါက၊ ဘုရားသခင်သည် သင်ကျိန်ဆိုထားသည့်အတိုင်း အကောင်အထည် ဖော်မည်ဖြစ်၍၊ သင်၌ သေပြီးနောက် ထာဝရအပြစ်ဒဏ်ဖြစ်စေ၊ ပြစ်တင်ဆုံးမခြင်းဖြစ်စေ၊ သင်၌ မည်သည့်အရာ ဖြစ်သည် ဖြစ်စေ၊ ဤသည်မှာ သင်ကိုယ်တိုင်၏ လုပ်ဆောင်မှုကြောင့် ဖြစ်သည်။ ထိုကျိန်ဆိုခြင်းကို သင်ပြုခြင်း ဖြစ်သောကြောင့် ကျိန်ဆိုချက်အတိုင်း လုပ်ဆောင်သင့်သည်။ သင်သည် ကျိန်ဆိုခြင်းကို ပြုသော်လည်း၊ မလိုက်နာပါက၊ သေလွန်ပြီးသည့်တိုင် ထာဝရပြစ်ဒဏ်ကို ခံရလိမ့်မည်။ ဤကျိန်ဆိုမှုသည် သင်၏ ကျိန်ဆိုမှုဖြစ်သည့်အတွက်၊ ဘုရားသခင်က သင်၏ကျိန်ဆိုမှုကို အကောင်အထည် ဖော်လိမ့်မည်။ အချို့သောသူများသည် ဆုတောင်းခြင်း အမှုကိုပြုပြီးနောက် “အားလုံးပြီးကုန်ပြီ။ ငါ့ရဲ့ကာမရာဂ လိုက်စားဖို့နဲ့ စားသောက် ပျော်ပါးဖို့ အခွင့်အရေးလေးတော့ သွားပါပြီ၊ ယုတ်မာတာတွေလုပ်ဖို့ အခွင့်အရေးတွေလည်း သွားပါပြီ၊ လောကကြီးမှာ လောကီ တမ်းတခြင်းတွေကို မွေ့လျော်ဖို့ အခွင့်အရေးတွေ သွားပါပြီ” ဟု ညည်းညူကြသည်။ ဤသူများသည် လောကီအရာများနှင့် ဒုစရိုက်အပြစ်ကို ခင်တွယ်နေသေးသောသူများ ဖြစ်ပြီး၊ ထာဝရပြစ်ဒဏ်ကို မလွဲမသွေခံရမည့်သူများ ဖြစ်သည်။

ဘုရားသခင်ကိုယုံကြည်သူတစ်ဦး ဖြစ်ရန် သင်ပြုသမျှသော အခြင်းအရာ အလုံးစုံကို ဘုရားသခင် ရှေ့တော်မှောက်သို့ ယူလာ၍ သူ၏စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို ခံရမည်ဖြစ်သည်ဟု ဆိုလိုသည်။ အကယ်၍ သင်ပြုသမျှကို ဘုရားသခင်၏ ဝိညာဉ်တော် ရှေ့သို့ ယူလာနိုင်သော်လည်း၊ ဘုရားသခင်၏ ဇာတိပကတိ ရှေ့သို့ မယူလာနိုင်လျှင် သင်သည် ဘုရားသခင် ဝိညာဉ်တော်၏ စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို မခံရသေးကြောင်း ပြပေသည်။ ဘုရားသခင်၏ ဝိညာဉ်တော်ကား မည်သူနည်း။ ဘုရားသခင်၏ သက်သေခံခြင်းကို ခံရသော

ပုဂ္ဂိုလ်ကား အဘယ်သူနည်း။ သူတို့နှစ်ဦးသည် တစ်ခုတည်း အတူတူပင် ဖြစ်သည် မဟုတ်လော။ အများစု၏အမြင်တွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်ပြီး၊ ဘုရားသခင်က သက်သေခံသောသူမှာ လူသားတစ်ဦးမျှသာ ဖြစ်သည်ဟု ယုံကြည်ကြပြီး ၎င်းတို့ကို သီးခြားအရာနှစ်ခု အဖြစ် မြင်ကြသည်။ သို့သော် သင် ထိုသို့မြင်ခြင်းသည် မှားယွင်းနေသည် မဟုတ်လော။ ဤပုဂ္ဂိုလ်သည် မည်သူ့ကိုယ်စား လုပ်ဆောင်နေသနည်း။ လူ့ဇာတိခံ ဘုရားသခင်ကို မသိသောသူသည် ဝိညာဉ်ရေးရာကို နားမလည်သောသူပင် ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် သူ၏လူ့ဇာတိခံ ဇာတိပကတိမှာ တစ်ခုတည်းဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ ဝိညာဉ်တော်သည် ဇာတိပကတိတွင် ပေါ်ပေါက်ခြင်း ဖြစ်၍ဖြစ်သည်။ အကယ်၍ ဤပုဂ္ဂိုလ်သည် သင်၏အပေါ် ကြင်နာမှုမရှိလျှင် ဘုရားသခင်၏ ဝိညာဉ်သည်လည်း ကြင်နာမည်လော။ သင့်စိတ် ရှုပ်ထွေးနေသည် မဟုတ်လော။ ယနေ့တွင် ဘုရားသခင်၏ စေ့စေ့စပ်စပ်စစ်ဆေးခြင်းကို လက်မခံနိုင်သောသူများသည် ဘုရားသခင်၏ ထောက်ခံမှုကို ရရှိနိုင်မည်မဟုတ်ပေ၊ ထို့အပြင် လူ့ဇာတိခံ ဘုရားသခင်ကို မသိသောသူတို့သည် စုံလင်စေခြင်း မခံရနိုင်ပေ။ သင်၏လုပ်ဆောင်ချက်များ အားလုံးကို ဘုရားသခင်၏ရှေ့တော်သို့ ယူဆောင် လာနိုင်မည်လော ဟူသည်ကို ကြည့်လော့။ သင်၏ လုပ်ဆောင်ချက်များ အားလုံးကို ဘုရားသခင်၏ ရှေ့တော်သို့ မယူဆောင် လာနိုင်ပါက၊ သင်သည် ဒုစရိုက်ကိုပြုသောသူတစ်ဦး ဖြစ်ကြောင်း ယင်းက ပြနေသည်။ ဒုစရိုက်ကိုပြုသောသူများသည် စုံလင်စေခြင်း ခံရနိုင်မည်လော။ သင်ပြုသမျှအားလုံး၊ လုပ်ရပ်များအားလုံး၊ ရည်ရွယ်ချက် အားလုံးနှင့် တုံ့ပြန်မှုများအားလုံးကို ဘုရားသခင်ရှေ့သို့ ယူဆောင် လာရမည်။ သင်၏ နေ့စဉ် ဝိညာဉ်ရေးရာအသက်တာတွင်ပင်- သင်၏ ဆုတောင်းခြင်းများ၊ ဘုရားသခင်နှင့်နီးကပ်မှုများ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၊ သင်၏ ညီအစ်ကိုမောင်နှမများနှင့် မိတ်သဟာယပြုခြင်း၊ ထို့ပြင် အသင်းတော်အတွင်းရှိ သင်၏အသက်တာနှင့် သင်၏ တွဲဖက်ဆောင်ရွက်၍ အစေခံခြင်းတို့ကို ဘုရားသခင်၏ စေ့စေ့စပ်စပ်စစ်ဆေးခြင်းကို ခံရန်အတွက် သူ၏ ရှေ့တော်သို့ ယူဆောင်လာနိုင်သည်။ သင့်အား ဘဝတွင် ရင့်ကျက်သူတစ်ဦး ဖြစ်လာစေရန် ကူညီမည့် အရာသည် ထိုကဲ့သို့သော လက်တွေ့လုပ်ဆောင်မှု ဖြစ်သည်။ ဘုရားသခင်၏ စေ့စေ့စပ်စပ်စစ်ဆေးခြင်းကို လက်ခံခြင်းဖြစ်စဉ်သည် သန့်စင်ခြင်းဖြစ်စဉ် ဖြစ်သည်။ ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို လက်ခံနိုင်လေလေ၊ သင်စင်ကြယ်ခြင်း ခံရလေလေ ဖြစ်ပြီး ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီလေလေ ဖြစ်သဖြင့် ကာမဂုဏ်လွန်ကြူးခြင်းနှင့် အပျော်အပါးလိုက်စားခြင်း၏ ဆွဲဆောင်ခြင်းနောက်

မလိုက်ဘဲ၊ သင်၏ စိတ်နှလုံးသည်လည်း ကိုယ်တော်၏မျက်မှောက်တွင် နေထိုင်ပေလိမ့်မည်။ ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို သင်လက်ခံလေလေ၊ စာတန် အရှုံးရလေလေဖြစ်ပြီး သင်သည် ဇာတိပကတိကို ပစ်ပယ်နိုင်လေလေ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ အကဲခတ်ခြင်းကို လက်ခံခြင်းသည် လူတို့ လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းတစ်ခု ဖြစ်သည်။ မည်ကဲ့သို့သော အမှုအရာများကို သင်ပြုလုပ်နေပါစေ၊ သင်၏ညီအစ်ကိုမောင်နှမများနှင့် မိတ်သဟာယပြုသည့် အခါ၌ပင်လျှင်၊ သင်သည် သင်၏လုပ်ရပ်များကို ဘုရားသခင်ရှေ့သို့ ယူဆောင်လာ၍၊ ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို တောင်းခံကာ၊ ဘုရားသခင် ကိုယ်တော်တိုင်ကို နာခံရန် ရည်မှန်းနိုင်သည်၊ ယင်းသည် သင်လက်တွေ့လုပ်ဆောင်သည့် အရာကို ပိုမိုမှန်ကန်စေ ပေလိမ့်မည်။ သင်ဆောင်ရွက်သမျှကို ဘုရားသခင်ရှေ့သို့ ယူဆောင်လာ၍ ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို လက်ခံမှသာလျှင် သင်သည် ဘုရားသခင်၏ မျက်မှောက်တော်၌ အသက်ရှင်နေသူတစ်ဦး ဖြစ်နိုင်ပေလိမ့်မည်။

ဘုရားသခင်ကို နားမလည်နိုင်သောသူတို့သည် ဘုရားသခင်အား ဘယ်သောအခါမျှ အပြည့်အဝ မနာခံနိုင်ကြပေ။ ထိုသူတို့သည် ငြင်းဆန်သောသူတို့ပင် ဖြစ်သည်။ သူတို့သည် ရည်မှန်းချက်အလွန် ကြီးမားကြပြီး၊ ၎င်းတို့အတွင်း၌ ပုန်ကန်လိုစိတ်များစွာ ရှိနေသောကြောင့်၊ ဘုရားနှင့် ဝေးရာ၌ နေတတ်ကြပြီး ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို လက်မခံလိုကြပေ။ ထိုကဲ့သို့သော သူတို့သည် အလွယ်တကူ စုံလင်စေခြင်း မခံရနိုင်ပေ။ အချို့သောသူများက ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ကြပုံနှင့် ၎င်းတို့ကို လက်ခံပုံတို့ကို ရွေးချယ်ကာ လုပ်ဆောင်ကြသည်။ သူတို့သည် သူတို့၏အယူအဆများနှင့် ကိုက်ညီသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ အစိတ်အပိုင်းများကို လက်ခံ၍ မကိုက်ညီသည်များကို ငြင်းပယ်ကြသည်။ ထိုသို့ပြုခြင်းသည် ဘုရားသခင်ကို ဖြောင့်အကျဆုံး ပုန်ကန်ကာ ခုခံနေခြင်းပင် မဟုတ်လော။ တစ်စုံတစ်ဦးသည် ဘုရားသခင်အပေါ် အနည်းငယ်မျှသော နားလည်မှုမရရှိဘဲ နှစ်ပေါင်းများစွာ ယုံကြည်ပါက၊ ထိုသူသည် မယုံကြည်သူတစ်ဦးသာ ဖြစ်သည်။ ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို လက်ခံရန် လိုလားသော သူတို့သာလျှင် ဘုရားသခင်ကို နားလည်နိုင်ရန် ကြိုးစားနေသူများဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံလိုသူများ ဖြစ်ကြသည်။ ထိုသူတို့သည်သာ ဘုရားသခင်၏အမွေနှင့် ကောင်းချီး မင်္ဂလာများကို လက်ခံရရှိမည့်သူများ ဖြစ်ကြပြီး၊ ထိုသူတို့သည် ကောင်းချီးမင်္ဂလာ အများဆုံးရသူများ ဖြစ်ကြသည်။ ဘုရားသခင်သည် စိတ်နှလုံးထဲ၌ သူ့ကို နေရာမပေးသောသူတို့ကို ကျိန်ဆဲပြီး၊ ထိုသို့သောသူတို့ကို ပြစ်တင်ဆုံးမ၍

စွန့်ပစ်သည်။ သင်သည် ဘုရားသခင်ကို မချစ်လျှင် သူသည် သင့်ကို စွန့်ပစ်လိမ့်မည်ဖြစ်ပြီး၊ ငါပြောသောစကားကို သင်နားမထောင်လျှင် ဘုရားသခင်၏ဝိညာဉ်တော်သည် သင့်ကို စွန့်ပစ်လိမ့်မည်ဟု ငါသင့်ကို ကတိပြုသည်။ သင်မယုံကြည်ပါက စမ်းကြည့်လော့။ ယနေ့ သင်လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းတစ်ခုကို ငါရှင်းပြ၏၊ သို့သော်လည်း လက်တွေ့ လုပ်ဆောင်မည်၊ မလုပ်ဆောင်မည်မှာ သင့်သဘောပင် ဖြစ်သည်။ ယင်းကို သင် မယုံကြည်လျှင်၊ ယင်းကို သင် လက်တွေ့လုပ်ဆောင်ခြင်း မရှိလျှင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၌ အလုပ်လုပ်သည်၊ မလုပ်သည်ကို သင်ကိုယ်တိုင် မြင်တွေ့လိမ့်မည်။ ဘုရားသခင်ကို နားလည်ရန် မကြိုးစားလျှင် သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၌ အလုပ်လုပ်မည် မဟုတ်ပေ။ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်များကို ရှာဖွေ၍ တန်ဖိုးထားသူများတွင် အလုပ်လုပ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် တန်ဖိုးထားလေလေ၊ သူ၏ဝိညာဉ်တော်က သင်၌ လုပ်ဆောင်လေလေ ဖြစ်မည်။ လူတစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တန်ဖိုးထားလေလေ၊ ဘုရားသခင်၏ စုံလင်စေခြင်း ခံရရန် အခွင့်များလေလေ ဖြစ်သည်။ ဘုရားသခင်သည် သူ့အား အမှန်တကယ် ချစ်မြတ်နိုးသူများကို စုံလင်စေပြီး၊ သူ၏ရှေ့မှောက်တွင် အမှန်တကယ် ငြိမ်းချမ်းသော နှလုံးသားရှိသူများကို သူစုံလင်စေသည်။ ဘုရားသခင်၏ အလုပ်အားလုံးကို တန်ဖိုးထားခြင်း၊ ဘုရားသခင်၏ ဉာဏ်အလင်းပေးခြင်းကို တန်ဖိုးထားခြင်း၊ ဘုရားသခင်၏ တည်ရှိနေမှုကို တန်ဖိုးထားခြင်း၊ ဘုရားသခင်၏ စောင့်ရှောက်မှုနှင့် ကွယ်ကာမှုကို တန်ဖိုးထားခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင့်အတွက် စစ်မှန်မှုနှင့် သင့်အသက်အတွက် ထောက်ပံ့ပေးခြင်း ဖြစ်လာပုံကို တန်ဖိုးထားခြင်း- ၎င်းတို့အားလုံးသည် ဘုရားသခင်၏ စိတ်တော်နှင့် အတွေ့ဆုံး ဖြစ်သည်။ သင်သည် ဘုရားသခင်၏ အမှုတော်ကို တန်ဖိုးထားလျှင်၊ ဆိုလိုသည်မှာ၊ သင့်အတွက် ဘုရားသခင် လုပ်ဆောင် ပေးခဲ့သမျှ အလုပ်ကို တန်ဖိုးထားလျှင်၊ သူသည် သင့်အား ကောင်းချီးပေး၍ သင်၌ ရှိသမျှကို ဆထက်တန်ဖိုး တိုးပွားစေလိမ့်မည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တန်ဖိုးမထားလျှင်၊ သူသည် သင်၌ အလုပ်မလုပ်ဘဲ၊ သင်၏ယုံကြည်ခြင်းအတွက် အနည်းငယ်သော ကျေးဇူးတော်ကိုချပေးခြင်း၊ သို့မဟုတ် အနည်းငယ်သော ဥစ္စာပစ္စည်းကြွယ်ဝမှုကို ကောင်းချီး ပေးခြင်း၊ သို့မဟုတ် သင့်မိသားစုအား အနည်းငယ်သော လုံခြုံခြင်းကိုသာ ပေးလိမ့်မည်။ သင်သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ခံစားရရုံလောက်သာ မလုပ်ဆောင်သင့်ဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်များကို သင်၏ စစ်မှန်မှု ဖြစ်စေ၍၊ သူ့ကို ကျေနပ်စေနိုင်ပြီး သူ၏စိတ်တော်နှင့် တွေ့နိုင်ရန် ကြိုးစားသင့်သည်။ ယုံကြည်သူများအဖို့

ဘုရားသခင်၏အလုပ်ကို လက်ခံရရှိရန်၊ စုံလင်ခြင်းကို ရရှိရန်နှင့် ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်သူ တစ်ဦးဖြစ်ရန်ထက် ပို၍အရေးကြီးသည့်အရာမရှိပေ။ ထိုအရာသည် သင်လိုက်လျှောက်သင့်သည့် ပန်းတိုင်ပင် ဖြစ်သည်။

ကျေးဇူးတော်ကာလ၌ လူသားတို့၏ ရှာမှီးမှုများ အားလုံးသည် ယခု ခေတ်ကုန်သွားပြီ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လက်ရှိကာလတွင် ပိုမို အဆင့်မြင့်သော ရှာမှီးမှု ရှိ၍ဖြစ်သည်၊ ရှာမှီးသည့် အရာသည် ပိုမိုမြင့်မား၍ ပိုမိုလက်တွေ့ကျ၏၊ ရှာမှီးသည့် အရာသည် လူသားအတွင်း၌ လိုအပ်နေသည့် အချက်များကို ပို၍ကျေနပ်စေနိုင်သည်။ အတိတ်ကာလ၌ ဘုရားသခင်သည် လူများအပေါ် ယနေ့ခေတ်ကဲ့သို့ မလုပ်ဆောင်ပေ၊ ဘုရားသခင်သည် ထိုသူများကို ယနေ့ခေတ်လောက်လည်း စကားမပြောခဲ့ပေ။ ထို့အပြင် ယနေ့ခေတ်ရှိ လူများအပေါ်တွင်ရှိသော သူ၏ သတ်မှတ်ချက်များလောက်လည်း သူတို့အပေါ် သတ်မှတ်ချက်များ မများပေ။ ဘုရားသခင်သည် ဤအရာများကို သင်တို့အား ယခု ပြောသည်မှာ သူ၏ အဆုံးစွန်သော ရည်ရွယ်ချက်သည် သင်တို့အပေါ်၊ ဤလူစုအပေါ်တွင်သာ အာရုံစိုက်နေကြောင်းကို ပြသည်။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်းကို စစ်မှန်စွာ ခံရလိုလျှင်၊ ထိုအရာကို သင်၏ ဗဟိုပန်းတိုင်အဖြစ် ရှာမှီးလော့။ ဟိုဟိုသည်သည် ပြေးလွှားနေသည့် အခါတွင်ဖြစ်စေ၊ မိမိကိုယ်ကိုယ် အသုံးချနေသည့် အခါတွင်ဖြစ်စေ၊ လုပ်ငန်းဆောင်တာတစ်ခုတွင် အစေခံ နေသည့် အခါတွင်ဖြစ်စေ၊ သို့မဟုတ် ဘုရားသခင်ထံမှ တာဝန်ပေးအပ်ခြင်း ခံရသည့်အခါတွင် ဖြစ်စေ၊ ရည်ရွယ်ချက်သည် အမြဲပင် စုံလင်စေခြင်း ခံရရန်နှင့် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်း၍ ဤပန်းတိုင်တို့ကို ရရှိရန် ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးက သူသည် ဘုရားသခင်၏ စုံလင်စေခြင်း သို့မဟုတ် အသက်တွင်းသို့ ဝင်ရောက်ခြင်းကို ရှာမှီးခြင်း မရှိ၊ ဇာတိပကတိဆိုင်ရာ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကိုသာ ရှာမှီးသည်ဟု ဆိုလျှင် ထိုသူသည် လူသားများအနက် မျက်စိအကန်းဆုံးသူ ဖြစ်သည်။ အသက် လက်တွေ့အရှိတရားကို ရှာမှီးခြင်း မရှိဘဲ၊ နောင်လာမည့် ကမ္ဘာမှ ထာဝရအသက်နှင့် ဤလောကီအတွင်းရှိ ဘေးကင်း လုံခြုံမှုကိုသာ ရှာသောသူသည် လူသားများ အနက် မျက်စိ အကန်းဆုံးသူ ဖြစ်သည်။ သို့ဖြစ်ပါ၍ သင် လုပ်ဆောင်သောအရာ ဟူသမျှသည် ဘုရားသခင်၏ စုံလင်စေခြင်းနှင့် ရယူခြင်း ခံရစေရန် ရည်ရွယ်ချက် အတွက်သာ လုပ်ဆောင်သင့်သည်။

လူတို့တွင် ဘုရားသခင်လုပ်ဆောင်သည့်အရာမှာ သူတို့၏ မတူညီသော လိုအပ်ချက်များအတိုင်း ထောက်ပံ့ပေးရန် ဖြစ်သည်။ လူတစ်ယောက်၏ဘဝသည်

ကြီးမားလေလေ၊ သူ၏လိုအပ်ချက်များ များလေလေဖြစ်ပြီး၊ ရှာမှီးလေလေ ဖြစ်သည်။ ဤအဆင့်၌ သင်သည် ရှာမှီးမှု မရှိလျှင်၊ ယင်းက သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို စွန့်ပစ်လိုက်ကြောင်း သက်သေပြသည်။ အသက်ကို ရှာမှီးသူအားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ စွန့်ပစ်ခြင်းကို မည်သည့်အခါမျှ ခံရမည်မဟုတ်ပေ၊ ထိုကဲ့သို့သောသူတို့သည် အမြဲတစေ ရှာမှီးပြီး၊ ၎င်းတို့၏စိတ်နှလုံးတွင် တောင့်တမှု အမြဲရှိသည်။ ထိုသူတို့သည် လက်ရှိအမှုအရာများကို ဘယ်သောအခါမျှ ရောင့်ရဲတင်းတိမ်ခြင်း မရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်အဆင့်တိုင်းသည် သင်၌ အကျိုးသက်ရောက်မှုတစ်ခု ရရှိရန် ရည်ရွယ်သော်လည်း သင်သည် မိမိဘာသာ အားရကျေနပ်နေလျှင်၊ သင်အနေဖြင့် လိုအပ်ချက်များ မရှိတော့လျှင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သင်လက်မခံတော့လျှင်၊ သူသည် သင့်ကို စွန့်ပစ်သွားပေလိမ့်မည်။ လူတိုင်းသည် ဘုရားသခင်၏ စေ့စေ့စပ်စပ် စစ်ဆေးမှုကို နေ့စဉ်နေ့တိုင်း လိုအပ်သည်၊ သူတို့သည် ဘုရားသခင်ထံမှ မြောက်မြားစွာသော ထောက်ပံ့ပေးမှုကို နေ့စဉ်နေ့တိုင်း လိုအပ်သည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မစားမသောက်ဘဲ နေ့တိုင်း နေနိုင်သလော။ လူတစ်ဦးက ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အလုံအလောက် မစားသောက်နိုင်ဟု အစဉ်ထင်နေလျှင်၊ ၎င်းတို့ကို အမြဲတစေ ရှာဖွေ၍ ဆာလောင်မွတ်သိပ်နေလျှင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့အတွင်း၌ အမြဲအလုပ် လုပ်လိမ့်မည်။ လူတစ်ဦးက ပိုမိုတမ်းတလေလေ၊ သူ၏ မိတ်သဟာယပြုခြင်းမှ ပိုမိုလက်တွေ့ကျသောအရာများ ပေါ်ထွက်လာနိုင်လေလေ ဖြစ်သည်။ တစ်စုံတစ်ဦးသည် သမ္မာတရားကို အလွန်အမင်းရှာဖွေလေလေ၊ သူ၏ဘဝ မြန်မြန်ကြီးထွားလေလေ ဖြစ်ပြီး၊ အတွေ့အကြုံနှင့် ကြွယ်ဝစေကာ ထာဝရဘုရား၏အိမ်တော်တွင် ကြွယ်ဝ ချမ်းသာသော နေထိုင်သူတစ်ဦး ဖြစ်စေလိမ့်မည်။

## ဘုရားသခင်ကို စစ်မှန်သော နှလုံးသားနှင့် နာခံသောသူတို့သည် ဘုရားသခင်၏ ပိုင်ဆိုင်ခြင်းကို ကေန်အမှန် ခံကြရလိမ့်မည်

သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသည် နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသည်။ ယင်းက အဆင့်တစ်ခုစီတိုင်းနှင့်အတူ ပို၍ အဆင့်မြင့်လာကာ မနက်ဖြန်၏ ဖွင့်ပြမှုသည် ယနေ့ဖွင့်ပြမှုထက် ပို၍အဆင့်မြင့်ပြီး တစ်ဆင့်ပြီးတစ်ဆင့် သာ၍ပင်

အဆင့်မြင့်တက်လာသည်။ ထိုသို့သောအရာမှာ ဘုရားသခင်က လူသားကို စုံလင်အောင်ပြုသည့်အမှု ဖြစ်သည်။ အကယ်၍ လူတို့က အမီမလိုက်နိုင်ပါက၊ သူတို့သည် အချိန်မရွေး စွန့်ပယ်ခြင်းကို ခံရနိုင်သည်။ သူတို့၌ နာခံတတ်သော နှလုံးသားမရှိလျှင်၊ အဆုံးတိုင်အောင် လိုက်လျှောက်နိုင်လိမ့်မည်မဟုတ်ပေ။ ယခင်ခေတ်သည် ကုန်လွန်သွားပြီဖြစ်သည်၊ ဤသည်မှာ ခေတ်သစ်ဖြစ်၏။ ထို့ပြင် ခေတ်သစ်၌ အမှုသစ်ကို ပြုရပေမည်။ အထူးသဖြင့် လူတို့ စုံလင်အောင်ပြုခြင်းခံရသည့် နောက်ဆုံးသောခေတ်၌ ဘုရားသခင်သည် ပို၍သစ်သောအမှုကို ပို၍လျင်မြန်စွာ လုပ်ဆောင်လိမ့်မည်ဖြစ်သောကြောင့်၊ လူတို့၏ စိတ်နှလုံးထဲ၌ နာခံမှုမရှိလျှင်၊ သူတို့အနေဖြင့် ဘုရားသခင်၏ ခြေလှမ်းများကို လိုက်လျှောက်ဖို့ ခက်ခဲလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် မည်သည့်စည်းမျဉ်းများကိုမျှ မလိုက်နာသကဲ့သို့၊ သူသည် သူ့အမှု၏ မည်သည့်အဆင့်တိုင်းကိုမဆို မပြောင်းလဲသည့်အရာအဖြစ် မသတ်မှတ်ပေ။ ထိုအစား သူပြုသောအမှုသည် သာ၍ပင် သစ်လွင်ပြီး၊ သာ၍ပင် အဆင့်မြင့်သည်။ အဆင့်တစ်ခုစီတိုင်းနှင့်အတူ သူ၏အမှုသည် ပို၍ပို၍ လက်တွေ့ကျလာပြီး၊ လူသား၏ တကယ့်လိုအပ်ချက်များနှင့် တိုး၍ပင် ကိုက်ညီလာသည်။ လူတို့သည် ထိုကဲ့သို့သောအမှုကို တွေ့ကြုံပြီးမှသာ သူတို့၏ စိတ်သဘောထား အပြီးသတ်ပြောင်းလဲမှုကို ရရှိနိုင်သည်။ လူသား၏ အသက်တာနှင့်ယှဉ်သော အသိသည် ပို၍ပင် မြင့်မားသော အဆင့်အတန်းသို့ ရောက်ရှိသည့်နည်းတူ၊ ဘုရားသခင်၏ အမှုသည်လည်း ပို၍ပင် မြင့်မားသော အဆင့်အတန်းသို့ ရောက်ရှိလေသည်။ ထိုသို့အားဖြင့်သာ လူသားသည် စုံလင်အောင်ပြုခြင်းခံရနိုင်ပြီး၊ ဘုရားသခင်၏ အသုံးပြုခြင်းအတွက် သင့်တော်လာနိုင်သည်။ ဘုရားသခင်သည် တစ်ဖက်တွင် လူသား၏ အယူအဆများကို ဆန့်ကျင်ရန်နှင့် ပြောင်းပြန်လှန်ရန် ဤနည်းဖြင့် အမှုပြုသော်လည်း၊ အခြားတစ်ဖက်တွင် လူသားကို ပို၍အဆင့်မြင့်သော၊ ပို၍စစ်မှန်သော အခြေအနေသို့ရောက်အောင်၊ ဘုရားသခင်အား ယုံကြည်ခြင်းဆိုင်ရာ အဆင့်အမြင့်ဆုံးနယ်ပယ်သို့ ဦးဆောင်သွားရန်အတွက် ဖြစ်သည်၊ သို့မှသာ အဆုံး၌ ဘုရားသခင်၏ အလိုတော်မှာ ပြည့်စုံနိုင်မည် ဖြစ်သည်။ တမင်တကာဆန့်ကျင်ပြီး မနာခံတတ်သော သဘာဝဗီဇ ရှိသူအားလုံးသည် အလျင်အမြန် တစ်ဟုန်ထိုး တိုးတက်နေသည့် ဘုရားသခင့်အမှု၏ ဤအဆင့်၌ စွန့်ပယ်ခြင်းကို ခံကြရလိမ့်မည်။ ရည်ရွယ်ချက်ရှိရှိ နာခံပြီး မိမိကိုယ်ကိုယ် ဝမ်းမြောက်စွာ နှိမ့်ချတတ်သူများသာ လမ်းဆုံးအထိ ဆက်သွားနိုင်သည်။ ဤအမှုမျိုး၌ သင်တို့အားလုံးသည် မည်သို့ကျိုးနွံနာခံသင့်ပုံနှင့် မိမိတို့၏ အယူအဆများကို မည်သို့ ဘေးဖယ်ထားသင့်ပုံတို့ကို သင်ယူသင့်သည်။ သင်သည် သင် လျှောက်သောခြေလှမ်းတိုင်း၌ သတိထားသင့်သည်။

အကယ်၍ အရေးမထားလျှင် သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ပစ်ပယ်ခြင်းကို ခံရသူ၊ ဘုရားသခင်၏အမှုကို နှောင့်ယှက်သူ ကေန်အမှန် ဖြစ်လာလိမ့်မည်။ အမှု၏ ဤအဆင့်ကို မကြုံတွေ့ရသေးမီတွင်၊ လူသား၏ ရှေးက စည်းမျဉ်းများနှင့် ဥပဒေသများသည် မရေတွက်နိုင်လောက်အောင် အလွန်များသောကြောင့် သူသည် ထိန်းမနိုင်သိမ်းမရ ဖြစ်သွားကာ ရလဒ်အနေနှင့် သူသည် စိတ်ကြီးဝင်သွားပြီး သူ့ကိုယ်သူ မေ့လျော့သွားသည်။ ဤအရာများအားလုံးသည် ဘုရားသခင်၏ အမှုသစ်ကို လက်ခံခြင်းမှ လူကို နှောင့်ယှက်သည့် အဟန့်အတားများဖြစ်သည်။ ယင်းတို့မှာ ဘုရားသခင်အား လူသား၏ သိကျွမ်းခြင်းအတွက် ရန်သူများဖြစ်ကြသည်။ မိမိတို့၏ စိတ်နှလုံးထဲ၌ နာခံမှုမရှိခြင်း သို့မဟုတ် သမ္မာတရားကို တောင့်တမှု မရှိခြင်းသည် လူတို့အတွက် ဘေးအန္တရာယ်ရှိသည်။ သင်သည် ရိုးရှင်းသည့် အမှုနှင့် နှုတ်ကပတ်တော်များကိုသာ ကျိုးနွံနာခံပြီး ပိုနက်နဲသော မည်သည့်အရာကိုမျှ လက်ခံနိုင်စွမ်း မရှိပါက၊ သင်သည် နည်းလမ်းဟောင်းများကို စွဲကိုင်ထားပြီး သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို အမီမလိုက်နိုင်သောသူ ဖြစ်သည်။ ဘုရားသခင်ပြုသော အမှုသည် အချိန်ကာလကိုလိုက်၍ ကွဲပြား၏။ အကယ်၍ သင်သည် ကဏ္ဍအဆင့်တစ်ခု၌ ကြီးစွာသောနာခံမှု ရှိသော်လည်း၊ နောက်ကဏ္ဍအဆင့်တစ်ခုတွင် သူ၏အမှုအပေါ် သင်၏နာခံမှု အလွန်နည်းလျှင်၊ သို့မဟုတ် သင်သည် နာခံနိုင်စွမ်းမရှိလျှင် ဘုရားသခင် သင့်ကို စွန့်ခွာသွားလိမ့်မည်။ ဘုရားသခင် ဤအဆင့်ကို တက်သည်နှင့်အမျှ သင်မီအောင်လိုက်လျှင်၊ နောက်တစ်ဆင့်သို့ သူတက်သောအခါတွင်လည်း သင်သည် ဆက်၍ မီအောင်လိုက်ရမည်။ သို့မှသာ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို နာခံသောသူ ဖြစ်လိမ့်မည်။ သင်သည် ဘုရားသခင်ကို ယုံသောကြောင့်၊ တစ်သမတ်တည်း နာခံရမည်။ သင်စိတ်ပါလျှင် နာခံလိုက်၊ သင်စိတ်မပါလျှင် မနာခံဘဲနေလိုက် လုပ်၍မရပေ။ ဤနာခံမှုမျိုးသည် ဘုရားသခင်၏ ချီးမွမ်းခြင်းကို မခံရပေ။ သင်သည် ငါမိတ်သဟာယပြုသော အမှုသစ်ကို မီအောင်မလိုက်နိုင်ဘဲ၊ ယခင်က ဆိုရိုးစကားများကို ဆက်လက်စွဲကိုင်နေလျှင်၊ သင့်အသက်တာ၌ တိုးတက်မှု မည်သို့ရှိနိုင်မည်နည်း။ ဘုရားသခင်၏အမှုမှာ သူ၏ နှုတ်ကပတ်တော်များ မှတစ်ဆင့် သင့်ကို ထောက်ပံ့ပေးဖို့ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်များကို သင်နာခံပြီး လက်ခံသောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲ၌ ကေန်အမှန် အမှုပြုလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ငါပြောသည့်အတိုင်း တစ်သဝေမတိမ်း အမှုပြုသည်။ ငါပြောထားသည့် အတိုင်း လုပ်ဆောင်လော့၊ ထိုအခါ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲ၌ မဆိုင်းမတွ အမှုပြုလိမ့်မည်။ သင်တို့ မြင်တွေ့ရန်အတွက် အလင်းသစ်ကို ငါစေလွှတ်ကာ၊ ပစ္စုပ္ပန်၏

အလင်းထဲသို့ သင်တို့ကို ငါခေါ်ဆောင်နေပြီး၊ ဤအလင်းထဲသို့ သင်လှမ်းဝင်လာသောအခါ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲ၌ ချက်ချင်းအမှုပြုလိမ့်မည်။ “သင်ပြောတဲ့အတိုင်း ငါလုပ်ဆောင်မည် မဟုတ်။” ဟု ပြောပြီး ဆိုဆုံးမရ ခက်ကောင်းခက်နိုင်သောသူ အချို့ရှိသည်။ ထိုကိစ္စမျိုးတွင် သင် ယခု လမ်းဆုံးသို့ ရောက်နေပြီ၊ သင်သည် သွေ့ခြောက်နေပြီး နောက်ထပ် အသက်မရှိတော့ဟု သင့်ကို ငါပြောသည်။ ထို့ကြောင့် သင်၏ စိတ်သဘောထား ပြောင်းလဲလာသည်ကို တွေ့ကြုံရာ၌ ပစ္စုပ္ပန်ကာလ၏ အလင်းကို မီအောင်လိုက်ခြင်းထက် မည်သည့်အရာမျှ ပိုအရေးပါသည်မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင် အသုံးပြုခြင်းခံရသည့် လူအချို့၌သာ အလုပ်လုပ်သည်သာမက၊ ထို့ထက်ပို၍ အသင်းတော်၌ အလုပ်လုပ်သည်။ သူသည် မည်သူ့အထဲ၌မဆို အလုပ်လုပ်နေနိုင်သည်။ သူသည် ပစ္စုပ္ပန်ကာလ၌ သင့်အထဲမှာ အလုပ်လုပ်ကောင်း လုပ်လိမ့်မည်ဖြစ်ပြီး ဤအမှုကို သင်တွေ့ကြုံရလိမ့်မည်။ နောက်ထပ်ကာလအတွင်း၌ သူသည် အခြားလူတစ်ယောက်အထဲ၌ အလုပ်လုပ်ကောင်းလုပ်နိုင်ပြီး၊ ထိုအခြေအနေတွင် သင်မြန်မြန်လိုက်ရမည်။ ပစ္စုပ္ပန်ကာလ၏ အလင်းကို သင် ပို၍နီးကပ်စွာ လိုက်လေလေ၊ သင်၏အသက်တာ ပို၍ ကြီးထွားနိုင်လေလေ ဖြစ်သည်။ လူတစ်ဦးသည် မည်သည့်ပုဂ္ဂိုလ်အမျိုးအစား ဖြစ်ပါစေ၊ သူ့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်ပါက သင်လိုက်ရမည်။ သူတို့၏ အတွေ့အကြုံများကို သင့်အတွေ့အကြုံများမှတစ်ဆင့် ခံစားလော့၊ ထိုအခါ သင်သည် ပို၍ပင် အဆင့်မြင့်သော အရာများကို ရရှိလိမ့်မည်။ ထိုသို့လုပ်ခြင်းဖြင့် သင်သည် ပိုမိုလျင်မြန်စွာ တိုးတက်လာလိမ့်မည်။ ဤသည်မှာ လူသားအတွက် စုံလင်ခြင်း၏ လမ်းကြောင်းဖြစ်ပြီး အသက်တာ ကြီးထွားသည့် နည်းလမ်းဖြစ်သည်။ စုံလင်စေခြင်းလမ်းကြောင်းကို သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုအား သင်၏နာခံမှုအားဖြင့် ရောက်ရှိလေသည်။ ဘုရားသခင်က မည်သည့်လူအမျိုးအစားအားဖြင့် သင့်ကို စုံလင်စေမည်ကိုလည်းကောင်း၊ သူက မည်သည့်လူ၊ အဖြစ်အပျက် သို့မဟုတ် အမှုအရာအားဖြင့် သင့်အား အမှုအရာများကို ရရှိခွင့်ပြုမည် သို့မဟုတ် မြင်ခွင့်ပြုမည်ကိုလည်းကောင်း သင်မသိချေ။ သင်သည် ဤလမ်းမှန်ပေါ်၌ လျှောက်လှမ်းနိုင်လျှင်၊ သင့်အနေဖြင့် ဘုရားသခင်၏ စုံလင်အောင် ပြုလုပ်ပေးသည်ကိုခံရဖို့ ကြီးမားသော မျှော်လင့်ချက်ရှိကြောင်း ယင်းကပြသသည်။ သင်မလျှောက်လှမ်းနိုင်ပါက၊ သင့်အနာဂတ်သည် မျှော်လင့်ချက်မရှိ၊ အလင်းရောင်ကင်းမဲ့သော အနာဂတ်ဖြစ်ကြောင်း ယင်းကပြသသည်။ သင်သည် လမ်းမှန်ပေါ်သို့ ရောက်သောအခါ၊ အရာခပ်သိမ်း၌ ဖွင့်ပြမှုကို ရရှိလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်က အခြားသူများကို မည်သည့်အရာ ဖွင့်ပြသည်ဖြစ်စေ၊ သင်သည် သူတို့၏ သိကျွမ်းခြင်းအပေါ် အခြေခံပြီး အမှုအရာများကို

သင်ကိုယ်တိုင် ကြုံတွေ့ခံစားရအောင် ဆက်လက်လုပ်ဆောင်လျှင်၊ ဤအတွေ့အကြုံသည် သင့်ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာပြီး၊ သင်သည် ဤအတွေ့အကြုံမှနေ၍ အခြားသူများကို ကူညီထောက်ပံ့နိုင်လိမ့်မည်။ စကားလုံးများ သံယောင်လိုက်ခြင်းအားဖြင့် အခြားသူများကို ကူညီထောက်ပံ့သော သူများသည် မည်သည့်အတွေ့အကြုံမျှ မရှိသောလူတို့ဖြစ်သည်။ သင်ကိုယ်တိုင်၏ တကယ့်အတွေ့အကြုံနှင့် သိကျွမ်းခြင်းအကြောင်းကို စမပြောနိုင်သေးခင်၌၊ သင်သည် အခြားသူများ၏ အလင်းဖွင့်ပြခြင်းနှင့် ဉာဏ်အလင်းပေးမှုအားဖြင့် လက်တွေ့လုပ်ဆောင်နည်းကို တွေ့ရှိရန် သင်ယူရမည်။ ဤအရာက သင်ကိုယ်တိုင်၏ အသက်တာအတွက် သာ၍ ကြီးမားသော အကျိုးကျေးဇူး ဖြစ်လိမ့်မည်။ သင်သည် ဘုရားသခင်ဆီမှ လာသော အရာမှန်သမျှကို နာခံလျက် ထိုကဲ့သို့ တွေ့ကြုံသင့်သည်။ သင်၏အသက်တာ ကြီးထွားနိုင်စေရန်အတွက် သင်သည် အရာရာ၌ ဘုရားသခင်၏ အလိုတော်ကို ရှာဖွေပြီး အရာရာ၌ သင်ခန်းစာများကို သင်ယူလေ့လာသင့်သည်။ ထိုကဲ့သို့သော လက်တွေ့လုပ်ဆောင်ခြင်းက အလျင်မြန်ဆုံးသော တိုးတက်မှုကို ဖြစ်စေနိုင်လေသည်။

သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏ လက်တွေ့ အတွေ့အကြုံများအားဖြင့် သင့်ကို ဉာဏ်အလင်းပေးပြီး သင်၏ ယုံကြည်ခြင်းအားဖြင့် သင့်ကို စုံလင်စေသည်။ သင်သည် စုံလင်အောင် ပြုလုပ်ပေးခြင်းခံရဖို့ အမှန်တကယ် ဆန္ဒရှိသလော။ သင်သည် ဘုရားသခင်၏ စုံလင်အောင် ပြုလုပ်ပေးခြင်းခံရဖို့ အမှန်တကယ် ဆန္ဒရှိလျှင်၊ သင်၏ ဇာတိပကတိကို စွန့်ပယ်ဖို့သတ္တိ သင့်မှာရှိလိမ့်မည်၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတိုင်း လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ပြီး အပျက်သဘော ဆောင်မည် သို့မဟုတ် အားနည်းမည်မဟုတ်ပေ။ သင်သည် ဘုရားသခင်ထံမှ လာသမျှအားလုံးကို နာခံနိုင်လိမ့်မည်ဖြစ်ပြီး၊ လူရှေ့သူရှေ့၌ ဖြစ်စေ သို့မဟုတ် တစ်ဦးတည်းသီးသန့်ဖြစ်စေ၊ သင်၏အပြုအမူအားလုံးသည် ဘုရားသခင်အတွက် ရှုချင်စဖွယ်ဖြစ်လိမ့်မည်။ သင်သည် ရိုးသားသောလူ တစ်ယောက်ဖြစ်ပြီး အရာခပ်သိမ်း၌ သမ္မာတရားကို လက်တွေ့လုပ်ဆောင်လျှင် စုံလင်အောင်ပြုလုပ်ပေးခြင်း ခံရလိမ့်မည်။ လူများရှေ့၌ တစ်မျိုး၊ လူတို့နောက်ကွယ်၌ တစ်မျိုး ပြုမူတတ်သည့် လိမ်လည်လှည့်ဖြားသော လူတို့သည် စုံလင်အောင်ပြုလုပ်ပေးခြင်း ခံရရန် ဆန္ဒမရှိကြပေ။ သူတို့ အားလုံးသည် ထာဝရပြစ်ဒဏ်ခံရခြင်းနှင့် ပျက်စီးခြင်း၏သားများ ဖြစ်ကြသည်။ သူတို့သည် ဘုရားသခင်နှင့် မဟုတ်ဘဲ၊ စာတန်နှင့် ဆိုင်သောသူများ ဖြစ်သည်။ သူတို့သည် ဘုရားသခင်ရွေးချယ်သည့် လူအမျိုးအစား မဟုတ်ပါတကား။ အကယ်၍ သင့်အပြုအမူများနှင့် အမူအကျင့်တို့ကို ဘုရားသခင်၏ရှေ့၌ ပြရန် သို့မဟုတ် ဘုရားသခင်၏

ဝိညာဉ်တော် ကြည့်ရှုရန် မဖြစ်နိုင်ပါက၊ ယင်းမှာ သင်၌ တစ်ခုခုမှားနေကြောင်း သက်သေဖြစ်သည်။ သင်သည် ဘုရားသခင်၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုကို လက်ခံပြီး သင်၏ စိတ်သဘောထား ပြောင်းလဲခြင်းအကြောင်းကို အရေးစိုက်မှသာ၊ သင်သည် စုံလင်စေခြင်းခံရမည့် လမ်းကြောင်းပေါ်၌ ရပ်တည်နေနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏ စုံလင်အောင် ပြုလုပ်ပေးခြင်းကို ခံရရန်နှင့် ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ရန် သင်အမှန်တကယ် ဆန္ဒရှိလျှင်၊ ညည်းညူသည့်စကား တစ်ခွန်းမျှမဟဘဲ၊ ဘုရားသခင်၏အမှုကို ချင့်တွက်ရန် သို့မဟုတ် အကဲဖြတ်ရန် ဝံ့ရဲခြင်းမရှိဘဲ၊ ဘုရားသခင်၏ အမှုခပ်သိမ်းကို သင်နာခံသင့်သည်။ ဤသည်တို့မှာ ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရဖို့အတွက် အနည်းဆုံး သတ်မှတ်ချက်များ ဖြစ်ပါသည်။ ဘုရားသခင်၏ စုံလင်စေခြင်းကို ရှာဖွေသောသူတို့အတွက် လိုအပ်သော သတ်မှတ်ချက်တစ်ခုက ဤသို့ဖြစ်သည်- အရာခပ်သိမ်းတွင် ဘုရားသခင်ကိုချစ်သော နှလုံးသားဖြင့် ပြုမူလုပ်ဆောင်လော့။ အရာခပ်သိမ်းတွင် ဘုရားသခင်ကိုချစ်သော နှလုံးသားဖြင့် ပြုမူလုပ်ဆောင်ခြင်း ဟူသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းမှာ သင်၏ အပြုအမူများနှင့် အမူအကျင့်အားလုံးမှာ ဘုရားသခင်၏ရှေ့၌ ပြ၍ရသည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ ထို့ပြင် သင်၌ မှန်ကန်သော ရည်ရွယ်ချက်များ ရှိသောကြောင့် သင်၏အပြုအမူများ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သင်သည် ၎င်းတို့ကို ဘုရားသခင်အား (သို့မဟုတ်) သင်၏ညီအစ်ကို မောင်နှမများအား ပြသရန် မကြောက်ရွံ့ဘဲ၊ ဘုရားသခင်၏ရှေ့၌ သင်သစ္စာဆိုရဲလေသည်။ သင်သည် သင်၏ ရည်ရွယ်ချက်တိုင်း၊ အတွေးတိုင်းနှင့် စိတ်ကူးတိုင်းကို ဘုရားသခင်၏ရှေ့၌ သူစိစစ်ဖို့ရန်အတွက် ပြရမည်။ သင်သည် ဤနည်းအတိုင်း လက်တွေ့လုပ်ဆောင်ပြီး ဝင်ရောက်လျှင်၊ သင့်အသက်တာထဲက တိုးတက်မှုမှာ မြန်ဆန်လိမ့်မည်။

သင်သည် ဘုရားသခင်ကို ယုံကြည်သဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်အားလုံးနှင့် သူ၏ အမှုအားလုံး၌ သင်ယုံကြည်မှု ထားရှိရမည်။ ဆိုလိုသည်မှာ သင်သည် ဘုရားသခင်ကို ယုံကြည်သောကြောင့် သူ့ကို နာခံရမည်။ အကယ်၍ သင်မနာခံနိုင်လျှင်၊ ဘုရားသခင်ကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ယင်းက အရေးမပါတော့ချေ။ သင်သည် ဘုရားသခင်ကို နှစ်ပေါင်းများစွာ ယုံကြည်ခဲ့ပြီးဖြစ်သော်လည်း၊ ဘုရားသခင်ကို မည်သည့်အခါမျှ မနာခံခဲ့သည့်အပြင် သူ၏ နှုတ်ကပတ်တော် အလုံးစုံကို လက်မခံဘဲ၊ ထိုအစား ဘုရားသခင်အနေဖြင့် သင့်ကို နာခံရန်နှင့် သင်၏ အယူအဆများအတိုင်း ပြုမူရန် တောင်းဆိုလျှင်၊ သင်သည် လူများ အားလုံးထဲတွင် အပုန်ကန်ဆုံးသူ၊ မယုံကြည်သူတစ်ဦးပင် ဖြစ်သည်။ ထိုကဲ့သို့သော လူတို့က လူသား၏ အယူအဆများနှင့် ကိုက်ညီမှုမရှိသော

ဘုရားသခင်၏ အမှုနှင့် နှုတ်ကပတ်တော်များကို မည်သို့နာခံနိုင်မည်နည်း။ အားလုံးထဲတွင် အပုန်ကန်ဆုံးသူများသည် ဘုရားသခင်ကို တမင်သက်သက် ဖီဆန်ပြီး အာခံသောသူများ ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ ရန်သူများ၊ အန္တိခရစ်များပင် ဖြစ်သည်။ သူတို့၏စိတ်သဘောမှာ အမြဲတစေပင် ဘုရားသခင်၏ အမှုသစ်အပေါ် ရန်လိုသော စိတ်သဘောထား ဖြစ်သည်။ သူတို့၌ နာခံဖို့အတွက် ဆန္ဒသဘော စိုးစဉ်းမျှမရှိသကဲ့သို့ သူတို့သည် ဝမ်းမြောက်စွာ ကျိုးနွံနာခံခြင်း မရှိခဲ့ဖူး၊ သို့မဟုတ် မိမိတို့ကိုယ်ကိုယ် နှိမ့်ချခြင်း မရှိခဲ့ဖူးပေ။ သူတို့သည် အခြားလူတို့ရှေ့၌ မိမိတို့ကိုယ်ကိုယ် ချီးမြှောက်ပြီး မည်သူ့ကိုမျှ နာခံခြင်း မရှိခဲ့ဖူးပေ။ သူတို့က ဘုရားသခင်၏ရှေ့၌ မိမိတို့ကိုယ်ကိုယ် နှုတ်ကပတ်တော်ကို ဟောကြားရာ၌ အကျွမ်းကျင်ဆုံး၊ အခြားသူများအပေါ် အမှုပြုရာတွင် အကျွမ်းကျင်ဆုံးအဖြစ် သတ်မှတ်ကြသည်။ သူတို့၏ လက်ဝယ် ပိုင်ဆိုင်ထားပြီးသော “ရတနာများ” ကို သူတို့ မည်သည့်အခါမျှ မစွန့်ပစ်ဘဲ ဝတ်ပြုကိုးကွယ်ရန်၊ အခြားသူများကို တရားဟောရန်အတွက် ယင်းတို့ကို မိသားစုဆိုင်ရာ ဘိုးစဉ်ဘောင်ဆက် အမွေပစ္စည်းများအဖြစ် သဘောထားပြီး သူတို့သည် မိမိတို့အား ပုဂ္ဂိုလ်ရေးကိုးကွယ်သော ထိုအရူးများကို ဆုံးမသင်ကြားရန်အတွက် ယင်းတို့ကို အသုံးပြုကြသည်။ အမှန်တွင် အသင်းတော်ထဲ၌ ဤကဲ့သို့သောလူတို့မှာ အရေအတွက် အတိုင်းအတာတစ်ခုအထိ ရှိလေသည်။ သူတို့မှာ ဘုရားသခင်၏အိမ်တော်၌ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် နေထိုင်သော “နှိမ်နင်း၍မရသည့် သူရဲကောင်းများ” ဖြစ်သည်ဟု ဆိုနိုင်သည်။ သူတို့သည် နှုတ်ကပတ်တော် (အယူဝါဒ) ဟောပြောခြင်းကို သူတို့၏ အမြင့်မားဆုံးသော တာဝန်အဖြစ် မှတ်ယူကြသည်။ တစ်နှစ်ပြီးတစ်နှစ်၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် သူတို့၏ “အလေးထားအပ်ပြီး မချိုးဖောက်အပ်သော” တာဝန်ကို အကျိုးသက်ရောက်မှု ရှိစေရန် အားသွန်ခွန်စိုက် လုပ်နေကြသည်။ မည်သူကမျှ သူတို့ကို မထိရဲ၊ တစ်ယောက်တလေကမျှ သူတို့ကို လူပုံအလယ် အပြစ်မတင်ရဲပေ။ သူတို့သည် တစ်ခေတ်ပြီးတစ်ခေတ် အခြားသူများကို နိုင်လိုမင်းထက်ပြုမှုပြီး သောင်းကျန်းမွှေယှက်ယမ်းလျက် ဘုရားသခင်၏အိမ်တော်၌ “ဘုရင်များ” ဖြစ်လာကြသည်။ ထိုနတ်ဆိုးအုပ်စုသည် လက်တွဲပြီး ငါ့အမှုကို ဖျက်ဆီးရန် ကြိုးစားကြသည်။ အသက်ရှင်နေသော ဤနတ်မိစ္ဆာများကို ငါ့မျက်စိရှေ့၌ အဘယ်သို့ ရှိနေခွင့် ပေးနိုင်မည်နည်း။ စိတ်နှလုံးထဲ၌ နာခံမှု စိုးစဉ်းမျှမရှိသော ဤအာဏာရှင်များကို မဆိုထားဘိ၊ နာခံမှု တစ်ဝက်တစ်ပျက်သာ ရှိသူများပင် အဆုံးတိုင်အောင် ရှေ့မဆက် နိုင်ကြပါတကား။ ဘုရားသခင်၏ အမှုကို လူသားက အလွယ်တကူ မရရှိနိုင်ပေ။ သူတို့၌ရှိသော ခွန်အားမှန်သမျှ အသုံးပြုခြင်းအားဖြင့်ပင် လူတို့သည် ယင်း၏ တစ်စိတ်တစ်ပိုင်းမျှကိုသာ ရရှိနိုင်မည်ဖြစ်ပြီး၊

အဆုံးသတ်တွင် စုံလင်အောင်ပြုခြင်းကို ရရှိခွင့်ပြုမည် ဖြစ်သည်။ ထိုသို့ဆိုသော် ဘုရားသခင်၏အမှုကို ဖျက်ဆီးရန်ကြိုးစားသော ကောင်းကင်တမန်မင်း၏ သားသမီးများသည် မည်သို့ဖြစ်လိမ့်မည်နည်း။ သူတို့၌ ဘုရားသခင်၏ရယူခြင်းကို ခံရဖို့ မျှော်လင့်ချက်သည် သာ၍ပင် နည်းသည် မဟုတ်လော။ သိမ်းပိုက်ခြင်းအမှုကို လုပ်ဆောင်ရာ၌ ငါ၏ရည်ရွယ်ချက်မှာ အောင်နိုင်ခြင်းသက်သက်အတွက်သာ သိမ်းပိုက်ရန်မဟုတ်ဘဲ၊ ဖြောင့်မတ်ခြင်းနှင့် မဖြောင့်မတ်ခြင်းကို ထုတ်ဖော်ရန်၊ လူသားကို အပြစ်ဒဏ်ပေးဖို့အတွက် အထောက်အထားရရှိရန်၊ ကောက်ကျစ်စဉ်းလဲသော သူများကို အပြစ်စီရင်ရန်နှင့်၊ ထို့ထက်ပို၍ ရည်ရွယ်ချက်ရှိရှိ နာခံသူများကို စုံလင်စေရန်အတွက် သိမ်းပိုက်ရန်ဖြစ်သည်။ အဆုံးတွင် အားလုံးသည် အမျိုးအစားအလိုက် ခွဲခြားခံရလိမ့်မည်ဖြစ်ပြီး၊ စုံလင်စေခြင်းခံရသူများမှာ မိမိတို့၏ အတွေးအခေါ်များ၊ အယူအဆများက နာခံမှုနှင့် ပြည့်နေသော သူများပင် ဖြစ်လိမ့်မည်။ ဤသည်မှာ နောက်ဆုံး၌ ဖြစ်မြောက်အောင်ရမည့် အလုပ်ဖြစ်သည်။ ထိုစဉ်တွင် မိမိ၏ လုပ်ဆောင်ချက်တိုင်းက ပုန်ကန်လိုသောသူများသည် အပြစ်ဒဏ်ပေးခြင်းကို ခံရမည်ဖြစ်ပြီး၊ ထာဝရ ကျိန်ခြင်းခံသူများအဖြစ် မီးထဲ၌ လောင်ကျွမ်းဖို့ ပို့ခြင်းခံရမည်ဖြစ်သည်။ ထိုအချိန်ရောက်လာသောအခါ၊ လွန်လေပြီးသော ခေတ်များမှ ထို "ကြီးမြတ်ပြီး နှိမ်နင်းလို့မရသည့် သူရဲကောင်းများ" သည် အယုတ်ညံ့ဆုံးနှင့် အပယ်ခံရဆုံးသော "အားနည်းပြီး မစွမ်းဆောင်နိုင်သည့် ငကြောက်များ" ဖြစ်လာလိမ့်မည်။ ဤအရာကသာလျှင် ဘုရားသခင့် ဖြောင့်မတ်ခြင်း၏ လက္ခဏာတိုင်းနှင့် လူသားမှ ပုန်ကန်ပြစ်မှား၍ မရနိုင်သော သူ၏ စိတ်သဘောထားကို ပုံဆောင်နိုင်ပြီး ဤအရာကသာလျှင် ငါ၏စိတ်နှလုံးထဲမှ အမုန်းတရားကို ကျေနပ်စေနိုင်လေသည်။ ဤသည်မှာ လုံး၀ ထိုက်သင့်သည်ဟု သင်တို့ လက်မခံကြသလော။

သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို တွေ့ကြုံရသူတိုင်း သို့မဟုတ် ဤအတန်းစားထဲ၌ ရှိသောသူတိုင်းက အသက်ကို ရနိုင်သည်မဟုတ်ပေ။ အသက်ဆိုသည်မှာ လူသားတစ်ရပ်လုံးမှ ဝေမျှယူသည့် ဘုံပိုင်ပစ္စည်းတစ်ခု မဟုတ်သည့်အပြင်၊ စိတ်သဘောထား ပြောင်းလဲမှုများသည်လည်း လူတို့အားလုံးမှ အလွယ်တကူ ရရှိနိုင်သည် မဟုတ်ပေ။ ဘုရားသခင်၏အမှုကို ကျိုးနွံနာခံခြင်းသည် စစ်မှန်ပြီး အမှန်တကယ် ဖြစ်ရမည်ဖြစ်ပြီး၊ ယင်းကို အသက်ရှင်နေထိုင်ရမည်။ အပေါ်ယံ ကျိုးနွံနာခံခြင်းမျှသာဖြင့် ဘုရားသခင်၏ ချီးမွမ်းခြင်းကို မရရှိနိုင်သည့်အပြင်၊ မိမိ၏စိတ်သဘောထား၌ ပြောင်းလဲခြင်းကို မရှာဖွေဘဲ၊ ဘုရားသခင့် နှုတ်ကပတ်တော်၏ အပေါ်ယံကဏ္ဍများကို နာခံရုံမျှသည် ဘုရားသခင်၏ စိတ်နှလုံးနှင့် မညီညွတ်ပါပေ။ ဘုရားသခင်ကို နာခံခြင်းနှင့် ဘုရားသခင်၏ အမှုကို

ကျိုးနွံနာခံခြင်းဟူသည် တစ်ခုတည်းဖြစ်ပြီး အတူတူပင်ဖြစ်သည်။ အမှန်တကယ် ကျိုးနွံနာခံခြင်းမရှိဘဲ၊ အပေါ်ယံ၌ ခယဝယလုပ်တတ်သော သူများကို မဆိုထားနှင့်၊ ဘုရားသခင်ကိုသာ ကျိုးနွံနာခံပြီး သူ၏အမှုကို ကျိုးနွံနာခံခြင်း မရှိသောသူများကို နာခံတတ်သည်ဟု မမှတ်ယူနိုင်ပေ။ ဘုရားသခင်ကို အမှန်တကယ် ကျိုးနွံနာခံသောသူ အားလုံးတို့သည် ထိုအမှုမှ အကျိုးရရှိနိုင်ကြပြီး ဘုရားသခင်၏ စိတ်သဘောထားနှင့် အမှုအား နားလည်ခြင်းကို ရရှိနိုင်ကြသည်။ ထိုကဲ့သို့သော လူတို့သာလျှင် ဘုရားသခင်ကို အမှန်တကယ် ကျိုးနွံနာခံကြသည်။ ထိုကဲ့သို့သော လူတို့သည် အမှုသစ်မှနေ၍ အသစ်သော သိကျွမ်းခြင်းကို ရယူနိုင်ပြီး အသစ်သော ပြောင်းလဲမှုများကို ကြုံတွေ့နိုင်သည်။ ဤလူတို့သာလျှင် ဘုရားသခင်၏ ချီးမွမ်းခြင်းကို ခံရသည်၊ ဤလူတို့သာလျှင် စုံလင်အောင်ပြုလုပ်ပေးခြင်း ခံရပြီး၊ ဤလူတို့သာလျှင် မိမိ၏ စိတ်သဘောထား ပြောင်းလဲပြီးသောသူများ ဖြစ်ကြသည်။ ဘုရားသခင်၏ ချီးမွမ်းခြင်းကိုခံရသူများသည် ဘုရားသခင်ကို သာမက သူ၏ နှုတ်ကပတ်တော်နှင့် အမှုကို ဝမ်းမြောက်စွာ ကျိုးနွံနာခံသောသူများ ဖြစ်ကြသည်။ ထိုကဲ့သို့သော လူတို့သာလျှင် တရားနည်းလမ်းကျသည်၊ ထိုကဲ့သို့သော လူတို့သာလျှင် ဘုရားသခင်ကို စိတ်ရင်းဖြင့် လိုလားတောင့်တပြီး၊ ဘုရားသခင်ကို စိတ်ရင်းဖြင့် ရှာဖွေကြသည်။ ဘုရားသခင်အပေါ် သူတို့၏ယုံကြည်ခြင်းအကြောင်းကို နှုတ်ဖြင့် ပြောရုံမျှပြောပြီး လက်တွေ့တွင် သူ့ကို ကျိန်ဆဲသောသူများအနေဖြင့် ထိုသူတို့သည် မိမိတို့ကိုယ်ကိုယ် မျက်နှာဖုံးတပ်သောသူများ၊ မြွေဆိပ် ရှိသောသူများ ဖြစ်ကြသည်၊ သူတို့သည် အားလုံးအနက် ဒုက္ခအပေးဆုံးသူများ ဖြစ်ကြသည်။ ဤလူလိမ်လူညစ်များသည် အနှေးနှင့်အမြန် ၎င်းတို့၏ မသတီစရာ မျက်နှာဖုံးများ ဆွဲချွတ်ပစ်ခြင်းကို ခံရလိမ့်မည်။ ဤသည်မှာ ယနေ့ လုပ်ဆောင်လျက်ရှိနေသော အလုပ် မဟုတ်ပါသလော။ ကောက်ကျစ်စဉ်းလဲသော လူများသည် အစဉ်အမြဲ ကောက်ကျစ်စဉ်းလဲကြပြီး၊ အပြစ်ဒဏ်ပေးခြင်းနေ့ရက်မှ မည်သည့်အခါမျှ လွတ်မြောက်လိမ့်မည် မဟုတ်ပေ။ ကောင်းမြတ်သောလူများသည် အစဉ်အမြဲ ကောင်းမြတ်ကြပြီး၊ ဘုရားသခင်၏အမှု အဆုံးသို့ရောက်သောအခါ၊ ထုတ်ဖော်ခြင်းကို ခံရကြလိမ့်မည်။ မတရားသောသူ တစ်ယောက်မျှ ဖြောင့်မတ်သည်ဟု သတ်မှတ်ခြင်း ခံရမည်မဟုတ်သကဲ့သို့၊ ဖြောင့်မတ်သောသူ တစ်ယောက်မျှ ဆိုးယုတ်သည်ဟု သတ်မှတ်ခြင်း ခံရမည်မဟုတ်ချေ။ ငါသည် လူတစ်ဦးတစ်ယောက်ကို မတရားစွပ်စွဲခြင်း ခံစေမည်လော။

သင်၏အသက်တာ တိုးတက်လာသည်နှင့်အမျှ သင်သည် အဆင့်တိုင်း၌ ပို၍နက်ရှိုင်းလာသည့် အသစ်သောဝင်ရောက်မှုနှင့် သာ၍အဆင့်မြင့်သော ထိုးထွင်းနားလည်မှုအသစ်ကို

အမြဲရရမည်။ ဤသည်မှာ လူသားအားလုံး ဝင်ရောက်သင့်သည့် အရာဖြစ်သည်။ မိတ်သဟာယဖွဲ့ခြင်း၊ တရားဒေသနာများကို ကြားနာခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်း၊ သို့မဟုတ် ကိစ္စတစ်ခုခုကို ကိုင်တွယ်ခြင်းအားဖြင့် သင်သည် အသစ်သော ထိုးထွင်းနားလည်မှုနှင့် အသစ်သော ဉာဏ်ပွင့်ခြင်းတို့ကို ရရှိမည်ဖြစ်ပြီး၊ အတိတ်၏ဥပဒေသများနှင့် အတိတ်၏ကာလများထဲ၌ နေထိုင်ရမည်မဟုတ်ပေ။ သင်သည် အသစ်သောအလင်းထဲ၌ အစဉ်အမြဲ နေရမည်ဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သွေဖည်လိမ့်မည် မဟုတ်ပေ။ ဤသည်မှာ မှန်ကန်သောလမ်းကြောင်းအား စတင်ခြင်းကို ဆိုလိုသည်။ အပေါ်ယံအဆင့်တစ်ခုခု၌ အဖိုးအခပေးခြင်းက လုံလောက် လိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် တစ်နေ့ပြီးတစ်နေ့ သာ၍မြင့်သောနယ်ပယ်သို့ ဝင်ရောက်နေပြီး အသစ်သောအရာများ နေ့ရက်စဉ်တိုင်း ပေါ်ထွန်းလေ့ရှိသည့်အပြင် လူသားသည်လည်း နေ့ရက်စဉ်တိုင်း အသစ်သောဝင်ရောက်မှုတစ်ခုကို ပြုလုပ်ရမည်။ ဘုရားသခင် စကားပြောသည့်အတိုင်း၊ သူပြောထားခဲ့သမျှ အရာအားလုံးကို ထို့အတူ အကောင်အထည်ဖော်ပြီး၊ သင်သည် အမီမလိုက်နိုင်လျှင် နောက်ကျန်ရစ်လိမ့်မည် ဖြစ်သည်။ သင်သည် သင်၏ဆုတောင်းချက်များ၌ သာ၍နက်ရှိုင်းစွာ သွားရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အား စားသောက်ခြင်းသည် ပြတ်တောင်းပြတ်တောင်း ဖြစ်၍မရနိုင်ပေ။ သင်လက်ခံရရှိသော ဉာဏ်ပွင့်ခြင်းနှင့် အလင်းရခြင်းတို့ကို ပိုမိုနက်ရှိုင်းစေလော့၊ ထိုအခါ သင်၏ အယူအဆများနှင့် စိတ်ကူးစိတ်သန်းများ တဖြည်းဖြည်း မှေးမှိန်သွားရမည်။ သင်၏ ဝေဖန်ပိုင်းခြားနိုင်စွမ်းကိုလည်း အားကောင်းလာစေရမည်ဖြစ်ကာ သင်ကြုံတွေ့သော မည်သည့်အရာကိုမဆို သင်သည် ထိုအကြောင်းနှင့်ပတ်သက်၍ သင်၏ ကိုယ်ပိုင်အတွေးများ ရှိရမည်ဖြစ်ပြီး ကိုယ်ပိုင်အမြင်ရှုထောင့်များ ရှိရမည်ဖြစ်သည်။ စိတ်ဝိညာဉ်ထဲ၌ရှိသော အချို့အရာများကို နားလည်ခြင်းအားဖြင့်၊ သင်သည် အပြင်ပန်းအရာများ၌ ထိုးထွင်းနားလည်မှုကို ရရှိပြီး မည်သည့်ကိစ္စ၌မဆို အဓိကအချက်ကို နားလည်ရမည်။ အကယ်၍ သင်သည် ဤအရာများနှင့် ပြင်ဆင်ထားခြင်း မရှိပါက၊ အသင်းတော်ကို သင် မည်ကဲ့သို့ ဦးဆောင်နိုင်မည်နည်း။ သင်သည် မည်သည့်စစ်မှန်မှုမျှ မရှိဘဲနှင့်၊ ထို့ပြင် လက်တွေ့လုပ်ဆောင်နည်း တစ်နည်းမျှမပါဘဲနှင့် ကျမ်းဟောင်းတရားများနှင့် အယူဝါဒများကိုသာ ပြောဆိုလျှင်၊ သင်သည် အချိန်ခဏတာသာ ပြည့်စုံလုံလောက်နိုင်မည် ဖြစ်သည်။ ယင်းသည် ယုံကြည်သူအသစ်များကို စကားပြောသောအခါ၌ မဖြစ်စလောက် လက်ခံနိုင်စရာ ဖြစ်သော်လည်း၊ အချိန်ကာလတစ်ခုပြီးနောက် ယုံကြည်သူအသစ်များက တကယ့် အတွေ့အကြုံအချို့ ရှိခဲ့ပြီးသောအခါ၊ သင်သည် သူတို့ကို ကူညီထောက်ပံ့နိုင်တော့မည်

မဟုတ်ချေ။ ထိုအခါ သင်သည် ဘုရားသခင်အသုံးပြုရန် အဘယ်သို့ သင့်တော်မည်နည်း။ သင်သည် အသစ်သော ဉာဏ်အလင်းမပါဘဲ အလုပ်မလုပ်နိုင်ပေ။ အသစ်သော ဉာဏ်အလင်း မရှိသောသူများသည် မည်သို့တွေ့ကြုံရမည်ကို မသိသောသူများ ဖြစ်ကြပြီး၊ ထိုကဲ့သို့သော လူတို့သည် အသစ်သော သိကျွမ်းခြင်း သို့မဟုတ် အသစ်သော အတွေ့အကြုံကို မည်သည့်အခါမျှ မရကြပေ။ ထို့ပြင် သူတို့သည် အသက်ကို ထောက်ပံ့ပေးသည့် ကိစ္စတွင် မိမိ၏အလုပ်တာဝန်ကို မည်သည့်အခါမျှ မလုပ်နိုင်ကြသကဲ့သို့၊ ဘုရားသခင်အသုံးပြုရန် မသင့်တော်နိုင်ကြပေ။ ဤသို့သော လူအမျိုးအစားသည် အသုံးမဝင်၊ အပျင်းခိုသူသက်သက် ဖြစ်သည်။ အမှန်အားဖြင့် ထိုကဲ့သို့သော လူတို့သည် အလုပ်ထဲတွင် သူတို့၏အလုပ်တာဝန်ကို လုပ်နိုင်စွမ်းမရှိ၊ သူတို့အားလုံးမှာ အသုံးမဝင်ကြပေ။ သူတို့သည် သူတို့၏ အလုပ်တာဝန်ကိုဆောင်ရွက်ရန် ပျက်ကွက်သည့်အပြင် အမှန်တကယ်တွင် သူတို့သည် အသင်းတော်အပေါ် မလိုအပ်သောဝန်များစွာကို ထားရှိလေသည်။ ဤ "ကြည်ညိုကိုင်းရှိုင်းဖွယ်ရာ လူဟောင်းများ" ကို အသင်းတော်မှ အမြန်ထွက်ခွာဖို့ ငါတိုက်တွန်းပေသည်၊ သို့မှသာ အခြားသူများက သင့်ကို တွေ့မြင်စရာ မလိုတော့ပေ။ ထိုကဲ့သို့သော လူတို့သည် အမှုသစ်အား နားလည်ခြင်းမရှိဘဲ၊ အဆုံးမဲ့သော အယူအဆများနှင့် ပြည့်နေကြသည်။ သူတို့သည် အသင်းတော်၌ မည်သည့်အလုပ်တာဝန်ကိုမျှ မထမ်းဆောင်ကြပေ။ ထို့ထက် သူတို့သည် နေရာတကာတွင် ခလောက်ဆန်ပြီး အပျက်သဘောဆောင်ခြင်းကို ပျံ့နှံ့စေလျက်၊ အသင်းတော်၌ လက်မခံနိုင်သော အပြုအမူနှင့် အနှောင့်အယှက်မျိုးစုံ၌ ပါဝင်သည်အထိပင်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကွဲပြားခြားနားမှုကို သိမြင်နိုင်စွမ်း မရှိသူများအား ဇဝေဇဝါနှင့် ဖရိုဖရဲ ဖြစ်စေသည်။ သင့်အတွက်ကြောင့် အသင်းတော် ပျက်စီးထိခိုက်မည်စိုး၍ အသက်ရှင်လျက်ရှိသော ဤနတ်မိစ္ဆာများ၊ ဤဝိညာဉ်ဆိုးများက ဖြစ်နိုင်သမျှ အမြန်ဆုံး အသင်းတော်မှ ထွက်သွားသင့်သည်။ သင်သည် မျက်မှောက်အမှုကို ကြောက်ရွံ့ကောင်းကြောက်ရွံ့မည် မဟုတ်သော်လည်း၊ အနာဂတ်၏ တရားသော အပြစ်ဒဏ်ပေးခြင်းကို သင်မကြောက်ရွံ့သလော။ အသင်းတော်၌ ကပ်ပါးရပ်ပါးလုပ်သော လူတို့ အမြောက်အများရှိပြီး၊ ဘုရားသခင်၏ ပုံမှန်အမှုကို နှောင့်ယှက်တားဆီးဖို့ ကြိုးစားသော ဝံပုလွေများလည်း များစွာရှိသည်။ ဤအရာအားလုံးသည် နတ်ဆိုးဘုရင် စေလွှတ်လိုက်သော နတ်ဆိုးများ၊ သတိလက်လွတ်သော သိုးများကို ဝါးမျိုရန် ကြိုးစားသည့် ကြောက်စရာကောင်းသော ဝံပုလွေများ ဖြစ်ကြသည်။ ထိုသို့ခေါ်တွင်သော ဤလူတို့ကို မနှင်ထုတ်လျှင်၊ သူတို့သည် အသင်းတော်အပေါ်၌ ကပ်ပါးကောင်များ၊ လှူဖွယ်ပစ္စည်းများကို ဝါးမျိုသော သံချေးပိုးရွများ ဖြစ်လာကြလိမ့်မည်။

အထင်သေးစရာကောင်းသော၊ မသိနားမလည်သော၊ ယုတ်ညံ့ပြီး ရွံရှာဖွယ်ကောင်းသော ဤလောက်ကောင်များ အပြစ်ပေးခံရသောတစ်နေ့ အနေးနှင့်အမြန် ရောက်လာအံ့တည်း။

# နိုင်ငံတော်ခေတ်သည် နှုတ်ကပတ်တော်ခေတ်ဖြစ်သည်

နိုင်ငံတော်ခေတ်တွင် ဘုရားသခင်သည် ခေတ်သစ်တစ်ခုကို အစပျိုးရန်၊ သူအမှုပြုသည့် နည်းလမ်းကို ပြောင်းလဲရန်နှင့် ခေတ်တစ်ခေတ်လုံး၏ အမှုကို လုပ်ဆောင်ရန် နှုတ်ကပတ်တော်များကို အသုံးပြုသည်။ ဤသည်မှာ နှုတ်ကပတ်တော်ခေတ်၌ ဘုရားသခင် အမှုပြုရာတွင် အသုံးပြုသည့် အခြေခံသဘောတရားဖြစ်သည်။ လူသားက လူ့ဇာတိ၌ ပေါ်ထွန်းသော နှုတ်ကပတ်တော်ဖြစ်သည့် ဘုရားသခင်ကို အမှန်တကယ် မြင်နိုင်ဖို့နှင့် ဘုရားသခင်၏ ဉာဏ်ပညာနှင့် အံ့သြဖွယ်ကောင်းမှုတို့ကို ရှုမြင်နိုင်ဖို့အလို့ငှာ မတူညီသော ရှုထောင့်များမှ စကားပြောရန် သူသည် လူ့ဇာတိကိုခံယူခဲ့သည်။ လူကို သိမ်းပိုက်ခြင်း၊ စုံလင်စေခြင်းနှင့် သုတ်သင်ဖယ်ရှားခြင်းဟူသည့် ပန်းတိုင်များကို ပိုမိုကောင်းမွန်စွာ စွမ်းဆောင်ရရှိနိုင်ရန်အလို့ငှာ ထိုသို့သောအမှုကို လုပ်ဆောင်ခြင်း ဖြစ်သည်၊ ယင်းမှာ နှုတ်ကပတ်တော်ခေတ်၌ အလုပ်လုပ်ရန် နှုတ်ကပတ်တော်များကို အသုံးပြုခြင်း၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်။ နှုတ်ကပတ်တော်များမှတစ်ဆင့်၊ လူတို့သည် ဘုရားသခင်၏အမှု၊ ဘုရားသခင်၏ စိတ်သဘောထား၊ လူသား၏ အနှစ်သာရနှင့် လူသားက မည်သည့်အရာထဲသို့ ဝင်ရောက်သင့်သည် ဆိုသည်တို့ကို သိလာသည်။ နှုတ်ကပတ်တော်များမှတစ်ဆင့်၊ နှုတ်ကပတ်တော်ခေတ်၌ ဘုရားသခင် လုပ်ဆောင်ရန် ဆန္ဒရှိသော အမှုသည် အလုံးစုံ အောင်မြင်ခြင်းသို့ ဆောင်ကြဉ်းခံရပေသည်။ နှုတ်ကပတ်တော်များမှတစ်ဆင့်၊ လူတို့ ဖော်ထုတ်ခံရကြသည်၊ သုတ်သင်ဖယ်ရှားခံရပြီး၊ စမ်းသပ်ခံရကြလေသည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မြင်ကြပြီး ဖြစ်သည်၊ ဤနှုတ်ကပတ်တော်များကို ကြားကြပြီးဖြစ်သကဲ့သို့၊ ဤနှုတ်ကပတ်တော်များ၏ တည်ရှိခြင်းကို သတိပြုမိကြပြီး ဖြစ်သည်။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့သည် ဘုရားသခင်၏ တည်ရှိခြင်း၊ ဘုရားသခင်၏ အရာအားလုံး တတ်စွမ်းနိုင်ခြင်းနှင့် ဉာဏ်ပညာတို့အပြင်၊ လူသားအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် လူကိုကယ်တင်ရန် သူ၏ ဆန္ဒကို ယုံကြည်လာကြပြီး ဖြစ်သည်။ “နှုတ်ကပတ်တော်” ဟူသည့်စကားလုံးသည် ရိုးရှင်းပြီး သာမန်ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း၊ လူ့ဇာတိခံ ဘုရားသခင်၏ နှုတ်မှ ပြောဆိုသော နှုတ်ကပတ်တော်များသည် စကြဝဠာတစ်ခုလုံးကို လှုပ်ခါစေသည်၊ ယင်းတို့သည် လူတို့၏စိတ်နှလုံးများကို

ပြောင်းလဲစေသည်၊ ၎င်းတို့၏ အယူအဆများနှင့် စိတ်သဘောထားအဟောင်းတို့ကို ပြောင်းလဲစေပြီး၊ လောကတစ်ခုလုံး ဖြစ်ပေါ်လေ့ရှိသည့် နည်းလမ်းကို ပြောင်းလဲစေသည်။ ခေတ်ကာလများ တစ်လျှောက်တွင်၊ ယနေ့၏ ဘုရားသခင်သာလျှင် ဤနည်းဖြင့်အမှုပြုပြီး သူသာလျှင် ထိုသို့ စကားပြောပြီး၊ လူသားကို ထိုသို့ကယ်တင်ရန် ကြွလာပေသည်။ ဤအချိန်မှစ၍ လူသားသည် ဘုရားနှုတ်ကပတ်တော်များ၏ လမ်းပြမှုအောက်တွင် နှုတ်ကပတ်တော်များ၏ ထိန်းကျောင်းခြင်းနှင့်ထောက်ပံ့ပေးခြင်းခံရလျက် အသက်ရှင်ကြလေသည်။ လူတို့သည် ဘုရားနှုတ်ကပတ်တော်များ၏ လောက၌ ဘုရားနှုတ်ကပတ်တော်များ၏ ကျိန်ခြင်းများနှင့် ကောင်းချီးမင်္ဂလာများ အလယ်တွင် အသက်ရှင်ကြပြီး၊ သူ၏ နှုတ်ကပတ်တော်များ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ အောက်တွင် အသက်ရှင်လာကြပြီး ဖြစ်သည့် သာ၍ များသော လူများပင် ရှိလေသည်။ ဤနှုတ်ကပတ်တော်များနှင့် ဤအမှုသည် လူသား၏ ကယ်တင်ခြင်း အတွက်၊ ဘုရားသခင်၏အလိုကို ဖြည့်ဆည်းခြင်းအတွက်နှင့် အိုဟောင်းသော ဖန်ဆင်းခြင်း လောက၏ မူလသွင်ပြင်ကို ပြောင်းလဲခြင်းတို့အတွက်သာ ဖြစ်သည်။ ဘုရားသခင်သည် နှုတ်ကပတ်တော်ကို အသုံးပြုလျက် လောကကို ဖန်ဆင်းခဲ့သည်၊ သူသည် နှုတ်ကပတ်တော်များကို အသုံးပြုလျက် စကြဝဠာအနှံ့ လူတို့ကို ဦးဆောင်ပြီး၊ နှုတ်ကပတ်တော်များကို အသုံးပြုလျက် ၎င်းတို့ကို သိမ်းပိုက်ပြီး ကယ်တင်သည်။ နောက်ဆုံးတွင် သူသည် အိုဟောင်းသော ကမ္ဘာလောက တစ်ခုလုံးကို အဆုံးသတ်ကာ၊ ထိုသို့ဖြင့် သူ၏ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံးကို ပြီးစီးစေဖို့ နှုတ်ကပတ်တော်များကို အသုံးပြုမည် ဖြစ်သည်။ နိုင်ငံတော်ခေတ် တစ်လျှောက်လုံးတွင် ဘုရားသခင်သည် သူ၏အမှုကို ပြုရန်နှင့် သူ့အမှု၏ ရလဒ်များကို ရရှိရန် နှုတ်ကပတ်တော်များကို အသုံးပြုသည်။ သူသည် အံ့ဖွယ်ရာများကို လုပ်ဆောင်ခြင်းမရှိ သို့မဟုတ် နိမိတ်လက္ခဏာများကို ပြခြင်း မရှိဘဲ၊ နှုတ်ကပတ်တော်များမှတစ်ဆင့် သူ၏အမှုကို လုပ်ဆောင်ရုံမျှ လုပ်ဆောင်လေသည်။ ဤနှုတ်ကပတ်တော်များကြောင့်၊ လူသားသည် အာဟာရ ဖြည့်ခံရပြီး၊ ထောက်ပံ့ခံရကြကာ၊ အသိပညာနှင့် စစ်မှန်သော အတွေ့အကြုံကို ရရှိသည်။ နှုတ်ကပတ်တော်ခေတ်၌၊ လူသည် ထူးခြားစွာ ကောင်းချီးခံစားရပြီး ဖြစ်သည်။ သူသည် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုကို မခံစားရသကဲ့သို့၊ ဘုရားနှုတ်ကပတ်တော်၏ အလျှံပယ်သော ထောက်ပံ့မှု သက်သက်ကိုသာ မွေ့လျော်ခံစားရလေသည်။ လူသည် ကျိုးကြောင်းမမြင်ဘဲ၊ ထွက်ရှာခြင်း သို့မဟုတ် ကျိုးကြောင်းမမြင်ဘဲ ခရီးဆက်သွားခြင်း မလိုအပ်ဘဲ၊ သူ၏ သက်သောင့်သက်သာ ဖြစ်ခြင်းအလယ်မှ၊ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို မြင်ရသည်၊ ဘုရားသခင် ကိုယ်တော်တိုင်

သူ၏ နှုတ်ဖြင့် စကားပြောဆိုသည်ကို ကြားရသည်၊ ဘုရားသခင်ထောက်ပံ့ပေးသော အရာကို လက်ခံရရှိပြီး၊ ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ သူ၏ အမှု လုပ်ဆောင်နေသည်ကို စောင့်ကြည့်ရလေသည်။ ဤသည်တို့မှာ အတိတ်က လူတို့ မမွေ့လျော် မခံစားနိုင်ခဲ့သောအရာများ ဖြစ်ကြပြီး ၎င်းတို့ မည်သည့်အခါတွင်မျှ မရရှိဖူးသည့် ကောင်းချီးမင်္ဂလာများ ဖြစ်ကြသည်။

ဘုရားသခင်သည် လူကို စုံလင်စေရန် စိတ်ဆုံးဖြတ်ထားပြီးဖြစ်ကာ၊ သူ မည်သည့် ရှုထောင့်မှ စကားပြောသည်ဖြစ်စေ၊ ယင်းမှာ လူတို့ကို စုံလင်စေခြင်းအတွက်သာ ဖြစ်သည်။ ဝိညာဉ်တော်၏ ရှုထောင့်မှ ပြောဆိုသော နှုတ်ကပတ်တော်များသည် လူတို့အဖို့ နားလည်ရန် ခက်ခဲလေသည်။ ၎င်းတို့၏ သိနားလည်နိုင်စွမ်းသည် နည်းပါးလှသည့်အတွက်၊ လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းကို ရှာတွေ့နိုင်ခြင်းငှာ ၎င်းတို့ နည်းလမ်းမရှိကြချေ။ ဘုရားသခင်၏ အမှုသည် မတူကွဲပြားသော အကျိုးတရားများ ရရှိပြီး၊ အမှု၏ အဆင့်အသီးသီးကို လုပ်ဆောင်ရာတွင် သူသည် သူ၏ ရည်ရွယ်ချက်ရှိသည်။ ထို့အပြင် ဘုရားသခင်အနေဖြင့် မတူကွဲပြားသော ရှုထောင့်များမှ စကားပြောရန် အရေးကြီး၏၊ အကြောင်းမှာ ထိုသို့ လုပ်ဆောင်ခြင်းဖြင့်သာ ဘုရားသခင်သည် လူကို စုံလင်စေနိုင်သည့်အတွက် ဖြစ်သည်။ သူသည် ဝိညာဉ်တော်၏ ရှုထောင့်မှသာ သူ၏အသံကို မြွက်ဆိုပါက၊ ဘုရားသခင်၏ အမှု၏ ဤအဆင့်ကို ပြီးစီးစေဖို့ နည်းလမ်းရှိမည် မဟုတ်ပေ။ သူ စကားပြောဆိုသည့် လေသံမှ၊ ဘုရားသခင်သည် ဤလူစုအား စုံလင်စေဖို့ စိတ်ပိုင်းဖြတ်ထားသည်ကို သင်သိနိုင်သည်။ ထို့ကြောင့် စုံလင်စေခြင်းခံရဖို့ ဆန္ဒရှိသူများ အသီးသီးအတွက် မည်သည့်အရာသည် ပထမအဆင့် ဖြစ်သင့်သနည်း။ အားလုံးအထက်တွင်၊ သင်သည် ဘုရားသခင်၏ အမှုကို သိရမည်။ ယနေ့တွင် ဘုရားသခင်၏ အမှု၌ နည်းစနစ်အသစ် စတင်ပြီး ဖြစ်သည်။ ခေတ်သည် ကူးပြောင်းပြီး ဖြစ်သည်၊ ဘုရားသခင် အမှုပြုသည့် နည်းလမ်းလည်း ပြောင်းလဲသွားပြီး ဖြစ်ကာ ဘုရားသခင်စကားပြောသည့် နည်းစနစ်သည် ခြားနားလေသည်။ ယနေ့တွင် သူ၏ အမှုနှင့်ဆိုင်သည့် နည်းစနစ် ပြောင်းလဲပြီးဖြစ်သည်သာမက၊ ခေတ်သည်လည်း ပြောင်းလဲပြီ ဖြစ်သည်။ ယခုသည် နိုင်ငံတော်ခေတ်ဖြစ်၏။ ဘုရားသခင်ကို ချစ်ခြင်း ခေတ်လည်းဖြစ်၏။ ယင်းသည် အနှစ်တစ်ထောင်နိုင်ငံတော်ခေတ်၏ အမြည်း ဖြစ်သည်- ယင်းမှာ နှုတ်ကပတ်တော်ခေတ်လည်း ဖြစ်ပြီး၊ လူကို စုံလင်စေရန် ဘုရားသခင်က စကားပြောဆိုခြင်း နည်းလမ်းများစွာ အသုံးပြုပြီး၊ လူကို ထောက်ပံ့ရန် မတူကွဲပြားသော ရှုထောင့်များမှ စကားပြောသည့်ခေတ် ဖြစ်သည်။ အနှစ်တစ်ထောင် နိုင်ငံတော်ခေတ် အတွင်းသို့

ဝင်ရောက်ရာတွင်၊ ဘုရားသခင်သည် လူသားအား အသက် လက်တွေ့အရှိတရားထဲသို့ ဝင်ခွင့်ပေးရင်းနှင့် မှန်သော လမ်းကြောင်းပေါ်သို့ ၎င်းကို ဦးဆောင်ရင်း၊ လူသားကို စုံလင်စေရန် နှုတ်ကပတ်တော်များကို စတင် အသုံးပြုလိမ့်မည်။ ဘုရားသခင်၏ အမှု၏ အဆင့်များစွာကို တွေ့ကြုံပြီးနောက်၊ လူသားက ဘုရားသခင်၏ အမှုသည် မပြောင်းမလဲ ရှိမနေဘဲ၊ မရပ်မနား အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်ကာ နက်သည်ထက် နက်လာသည်ကို မြင်ရလေသည်။ လူတို့သည် ယင်းကို အချိန်ကြာမြင့်စွာ တွေ့ကြုံပြီးနောက်တွင် အမှုသည် အဖန်ဖန် ပြောင်းလဲရင်း၊ ထပ်တလဲလဲ လည်ပတ်ပြီးဖြစ်သည်။ သို့သော် ယင်းသည် မည်ရွေ့မည်မျှ ပြောင်းလဲသည်ဖြစ်စေ၊ လူသားမျိုးနွယ်ထံ ကယ်တင်ခြင်း ဆောင်ကြဉ်းခြင်း ဖြစ်သည့် ဘုရားသခင်၏ ရည်ရွယ်ချက်မှ မည်သည့်အခါမျှ သွေဖည်မသွားပေ။ အကြိမ်တစ်သောင်း အပြောင်းအလဲများ တစ်လျှောက်တွင်ပင်၊ ယင်းသည် ယင်း၏ မူလရည်ရွယ်ချက်မှ မည်သည့်အခါမျှ လမ်းလွဲမသွားပေ။ ဘုရားသခင်၏ အမှု၏ နည်းစနစ် မည်မျှပြောင်းလဲမည် ဖြစ်စေကာမူ၊ ဤအမှုသည် သမ္မာတရားမှ သို့မဟုတ် အသက်ထံမှ မည်သည့်အခါမျှ သွေဖည်မသွားပေ။ အမှုကို လုပ်ဆောင်သည့် နည်းစနစ်ထဲက အပြောင်းအလဲများသည် အမှု၏ ပုံစံနှင့် ဘုရားသခင် စကားပြောသည့် ရှုထောင့်တို့ရှိ အပြောင်းအလဲတစ်ခုမျှသာ ပါဝင်သည်။ ဘုရားသခင်၏ အမှု၏ အဓိကကျသော ရည်မှန်းချက်တွင် ပြောင်းလဲမှုမရှိချေ။ ဘုရားသခင်၏ အသံနေအသံထားနှင့် သူ၏ အမှု နည်းစနစ်တို့ရှိ အပြောင်းအလဲများသည် အကျိုးသက်ရောက်မှု တစ်ခုကို ရရှိရန်အလို့ငှာ လုပ်ဆောင်ထားခြင်း ဖြစ်သည်။ အသံနေအသံထား ပြောင်းလဲခြင်းသည် ရည်ရွယ်ချက် သို့မဟုတ် အမှုနောက်ကွယ်က အခြေခံသဘောတရား၌ ပြောင်းလဲခြင်းတစ်ခုဟု မဆိုလိုပေ။ လူသည် အဓိကအားဖြင့် အသက်ရှာဖွေဖို့အလို့ငှာ ဘုရားသခင်ကို ယုံကြည်ခြင်း ဖြစ်သည်။ သင်သည် ဘုရားသခင်ကို ယုံကြည်သော်လည်း အသက်ကို မရှာဖွေပါက၊ သို့မဟုတ် သမ္မာတရား သို့မဟုတ် ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာကို မလိုက်စားပါက၊ ဤသည်မှာ ဘုရားသခင်ကို ယုံကြည်ခြင်း မဟုတ်ပေ။ သင်သည် ဘုရင်တစ်ဦးဖြစ်ဖို့ရန် နိုင်ငံတော်ထဲသို့ ဝင်ရောက်ဖို့ ကြိုးစား နေသေးသည်မှာ လက်တွေ့ကျပါသလော။ အသက်ကို ရှာဖွေခြင်းမှတစ်ဆင့် ဘုရားသခင်ကို ချစ်ခြင်းအား စွမ်းဆောင်ရရှိခြင်း- ဤအရာသည်သာ လက်တွေ့အရှိတရား ဖြစ်သည်။ သမ္မာတရားကို လိုက်စားခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်း- ဤအရာအားလုံးသည် လက်တွေ့အရှိတရား ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းနှင့် ဤနှုတ်ကပတ်တော်များကို တွေ့ကြုံခံစားခြင်းဖြင့်၊ သင်သည် တကယ့် အတွေ့အကြုံအလယ်တွင် ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာကို

သဘောပေါက်လာလိမ့်မည်ဖြစ်ပြီး၊ ဤသည်မှာ အမှန်တကယ် လိုက်စားခြင်းကို ဆိုလိုသည့်အရာ ဖြစ်သည်။

ယခုသည် နိုင်ငံတော်ခေတ် ဖြစ်၏။ သင်သည် ဤခေတ်အသစ်ထဲသို့ ဝင်ရောက်ပြီးခြင်း ရှိ မရှိဆိုသည်မှာ ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ သင်ဝင်ရောက်ပြီးခြင်း ရှိ မရှိဆိုသည့်အပေါ်၊ သူ၏ နှုတ်ကပတ်တော်များက သင့်အသက်တာ လက်တွေ့အရှိတရား ဖြစ်လာပြီးခြင်း ရှိ မရှိဆိုသည့်အပေါ် မူတည်ပေသည်။ အဆုံးတွင် လူအားလုံးသည် ဘုရားနှုတ်ကပတ်တော်များ၏ကမ္ဘာ၌ အသက်ရှင်ကြရန် အလို့ငှာနှင့် သူ၏ နှုတ်ကပတ်တော်များက လူအသီးသီးကို အတွင်းမှ အသိဉာဏ်ပွင့်လင်းစေကာ အလင်းပေးဖို့အလို့ငှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူတိုင်းထံ သိစေပြီး ဖြစ်သည်။ ဤအချိန် အတွင်းတွင်၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုရာ၌ အရေးမထားသကဲ့သို့၊ သူ၏ နှုတ်ကပတ်တော်များကို စိတ်မဝင်စားပါက၊ ဤသည်မှာ သင်၏ လက်ရှိအခြေအနေ မှားယွင်းသည်ကို ပြသပေသည်။ သင်သည် နှုတ်ကပတ်တော်ခေတ်ထဲသို့ မဝင်ရောက်နိုင်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲတွင် အလုပ်မလုပ်ပေ။ သင်သည် ဤခေတ်ထဲသို့ ဝင်ရောက်ပြီးဖြစ်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်က သူ၏အလုပ်ကို လုပ်လိမ့်မည်။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ရရှိဖို့ နှုတ်ကပတ်တော်ခေတ်၏ အစတွင် မည်သည့်အရာကို သင် လုပ်ဆောင်နိုင်သနည်း။ ဤခေတ်ထဲနှင့် သင်တို့အလယ်တွင်၊ ဘုရားသခင်သည် အောက်ပါ အချက်များကို ပြီးမြောက်လိမ့်မည်- လူတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အသက်ရှင် နေထိုင်ကြလိမ့်မည်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်ကြလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်ကို အလေးအနက် ချစ်ကြလိမ့်မည်။ လူအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အခြေခံအုတ်မြစ်အဖြစ်နှင့် ၎င်းတို့၏ လက်တွေ့အရှိတရား အဖြစ် အသုံးပြုကြလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်နှလုံးများ ရှိကြလိမ့်မည် ဖြစ်ကာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်းမှတစ်ဆင့်၊ လူသားသည် ဘုရားသခင်နှင့်အတူ မင်းတို့၏တန်ခိုးအာဏာကို စွဲကိုင်ကြလိမ့်မည် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က စွမ်းဆောင်ရရှိမည့် အမှု ဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မဖတ်မရှုဘဲ အသက်ရှင်နိုင်သလော။ ယနေ့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းမရှိဘဲ၊ တစ်ရက် သို့မဟုတ် နှစ်ရက်ပင် အသက်မရှင်နိုင်ဟု ခံစားရသောသူများစွာ ရှိသည်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နေ့စဉ်ဖတ်ကြရပြီး၊ အချိန်က အခွင့်မပေးပါက၊ ယင်းတို့ကို နားထောင်ခြင်းက ၎င်းတို့အဖို့

လုံလောက်ပေမည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်က လူတို့ကို ပေးသော ခံစားချက်ဖြစ်ပြီး ၎င်းတို့ကို စတင်တို့ထိသည့် နည်းလမ်း ဖြစ်သည်။ ဆိုလိုသည်မှာ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက် နိုင်ရန်အလို့ငှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့ကို နှုတ်ကပတ်တော်များ မှတစ်ဆင့် အုပ်စိုးပေသည်။ အကယ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းမရှိဘဲ တစ်ရက်မျှကြာပြီးနောက်တွင်၊ သင်သည် မှောင်မိုက်မှုနှင့် ဆာငတ်မှုကို ခံစားရပြီး ယင်းကို မခံနိုင်ပါက၊ ဤသည်မှာ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းကို ခံရပြီးဖြစ်ကာ သူသည် သင့်ထံမှ ထွက်မသွားသေးသည်ကို ပြသပေသည်။ ထိုအခါ သင်သည် ဤရေစီးကြောင်းထဲ၌ ရှိသောသူတစ်ဦး ဖြစ်သည်။ သို့သော် အကယ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းမရှိဘဲ၊ တစ်ရက် သို့မဟုတ် နှစ်ရက်ကြာပြီးနောက် သင်သည် အမှုအရာတစ်ခုကို မခံစားရပါက၊ ဆာငတ်မှု မရှိသကဲ့သို့ လုံးဝ တို့ထိခြင်းမခံစားရပါက၊ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်ထံမှ ထွက်သွားပြီဖြစ်သည်ကို ပြသပေသည်။ သို့ဖြစ်လျှင် ဤအရာက သင့်အတွင်းရှိ အခြေအနေနှင့်ပတ်သက်၍ တစ်စုံတစ်ခု မှားယွင်းသည်ကို ဆိုလိုလေသည်။ သင်သည် နှုတ်ကပတ်တော်ခေတ်ထဲသို့ မဝင်ရောက်ရသေးသကဲ့သို့၊ သင်သည် နောက်ကျကျန်ရစ်ပြီးသူများထဲမှ တစ်ဦး ဖြစ်ပေသည်။ ဘုရားသခင်သည် လူတို့ကို အုပ်စိုးရန် နှုတ်ကပတ်တော်များကို အသုံးပြုသည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်လျှင် နေလို့ကောင်းပြီး၊ မစားသောက်လျှင် သင်သည် လိုက်လျှောက်ရမည့် လမ်းကြောင်း မရှိပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူတို့၏ အစာဖြစ်လာသကဲ့သို့၊ ၎င်းတို့ကို တွန်းအားပေးသည့် ခွန်အား ဖြစ်လာသည်။ ကျမ်းစာက၊ "လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်။" ဟုပြောသည်။ ယနေ့တွင် ဘုရားသခင်သည် ဤအမှုကို ပြီးစီးစေမည်ဖြစ်ပြီး သင်တို့အထဲတွင် ဤအမှန်တရားကို သူ ဖြစ်မြောက်စေမည် ဖြစ်သည်။ အတိတ်တွင် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရက်ပေါင်းများစွာ မဖတ်ရှုဘဲ နေနိုင်ကြသော်လည်း၊ ပုံမှန်အတိုင်း စားနိုင်ပြီး အလုပ်လုပ်နိုင်ခဲ့ကြသော်လည်း၊ ယနေ့တွင် ဤသည်မှာ အဘယ်သို့ မဖြစ်ရသနည်း။ ဤခေတ်တွင် ဘုရားသခင်သည် အရာခပ်သိမ်းကို အုပ်စိုးဖို့ နှုတ်ကပတ်တော်များကို အဓိက အသုံးပြု၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတစ်ဆင့်၊ လူသားသည် တရားစီရင်ခံရပြီး စုံလင်စေခြင်းခံရပြီးနောက် နောက်ဆုံးတွင် နိုင်ငံတော်ထဲသို့ ခေါ်ဆောင်ခြင်း ခံရသည်။ ဘုရားသခင်၏

နှုတ်ကပတ်တော်များကသာ လူသား၏အသက်ကို ထောက်ပံ့ပေးနိုင်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကသာ၊ အထူးသဖြင့် နိုင်ငံတော်ခေတ်တွင်၊ လူသားကို အလင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းအတွက် လမ်းကြောင်းတစ်ခု ပေးနိုင်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နေ့စဉ် စားသောက်ရင်း၊ ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားမှ မသွေဖည်သရွေ့ ဘုရားသခင်က သင့်ကို စုံလင်စေနိုင်လိမ့်မည် ဖြစ်သည်။

အသက်ကို လိုက်စားခြင်းသည် အလျင်လို၍ ရသည့်အရာတစ်ခု မဟုတ်ပေ။ အသက်တာ ကြီးထွားမှုသည် တစ်ရက် နှစ်ရက်မျှဖြင့် မဖြစ်ပေ။ ဘုရားသခင်၏ အမှုသည် ပုံမှန် ဖြစ်ပြီး လက်တွေ့ကျသကဲ့သို့၊ သေချာပေါက် ကြုံသည့် ဖြစ်စဉ်တစ်ခု ရှိသည်။ သူ၏ ကားစင်တင်ခံရခြင်းအမှုကို ပြီးစီးဖို့ လူ့ဇာတိခံ ယေရှုက သုံးဆယ့်သုံးနှစ်ခွဲ အချိန်ကြာခဲ့သည်- သို့ဆိုလျှင် အဆုံးစွန် အခက်အခဲဆုံး အမှုဖြစ်သည့် လူသားကို သန့်စင်ခြင်းနှင့် သူ၏ အသက်တာကို ပြောင်းလဲခြင်းတို့သည် အဘယ်နည်း။ ဘုရားသခင်ကို ထင်ရှားဖော်ပြသည့် ပုံမှန်လူတစ်ဦးဖြစ်စေရန်မှာ လွယ်ကူသည့်အလုပ် မဟုတ်ပေ။ ဤသည်မှာ အထူးသဖြင့် အဆင်းနီသော နဂါးကြီး၏ တိုင်းနိုင်ငံထဲတွင် မွေးဖွားသည့်လူများ၊ အရည်အချင်း ညံ့ဖျင်းပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုတို့ အချိန်ကာလကြာမြင့်စွာ လိုအပ်သည့်လူတို့အတွက် ဖြစ်သည်။ ထို့ကြောင့် ရလဒ်များကို မြင်ရဖို့ စိတ်မစောနှင့်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စားသောက်ရာတွင် ဖန်တီးလုပ်ဆောင်ရမည် ဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲ၌ ပိုအားထုတ်ရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် ဖတ်ရှုပြီးသည့်အခါတွင်၊ သင်သည် ဘုရား နှုတ်ကပတ်တော်များ၌ အသိပညာ၊ ထိုးထွင်းသိမြင်မှု၊ ချင့်ချိန်နိုင်စွမ်းနှင့် ဉာဏ်ပညာတို့တွင် ကြီးထွားလျက်၊ ထိုနှုတ်ကပတ်တော်များကို လက်တွေ့ လုပ်ဆောင်နိုင်ရမည်။ ဤအရာမှတစ်ဆင့် သင်သည် နားမလည်လိုက်ဘဲနှင့် ပြောင်းလဲလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၊ ယင်းတို့ကို ဖတ်ရှုခြင်း၊ သိရှိလာခြင်း၊ ယင်းတို့ကို တွေ့ကြုံခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းတို့ကို သင်၏ အခြေခံသဘောတရားအဖြစ် ယူနိုင်ပါက၊ သင်သည် သတိမထားမိဘဲ ရင့်ကျက်လာလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးသည့်နောက်တွင်ပင်၊ ၎င်းတို့ လက်တွေ့မလုပ်ဆောင်နိုင်ကြဟု ပြောသောသူများ ရှိသည်။ သင်သည် အဘယ်အရာကို အလျင်စလို ဖြစ်နေသနည်း။ ဝိညာဉ်ရင့်ကျက်မှု တစ်ခုခုအထိ သင် ရောက်ရှိသည့်အခါတွင်၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်နိုင်မည် ဖြစ်သည်။

လေးနှစ်သား သို့မဟုတ် ငါးနှစ်သား ကလေးတစ်ဦးက မိမိ၏မိဘများကို ထောက်ပံ့ကူညီနိုင်စွမ်းမရှိ သို့မဟုတ် လေးစားနိုင်ခြင်းမရှိဟု ပြောမည်လော။ သင်၏ လတ်တလော ဝိညာဉ်ရင့်ကျက်မှု မည်မျှကြီးမြတ်သည်ကို သင်သိသင့်သည်။ သင်လက်တွေ့လုပ်ဆောင်နိုင်သည်ကို လက်တွေ့လုပ်ဆောင်လော့၊ ပြီးလျှင် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို နှောင့်ယှက်သူတစ်ဦး အဖြစ်ကို ရှောင်ရှားလော့။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ရုံ စားသောက်ပြီး၊ ယခုမှစ၍ ယင်းကို သင်၏ အခြေခံသဘောတရားအဖြစ် သဘောထားလော့။ ဘုရားသခင်က သင့်ကို စုံလင်စေနိုင်ခြင်း ရှိမရှိဆိုသည်ကို လောလောဆယ်တွင် မစိုးရိမ်နှင့်။ ယင်းကို အသည်းအသန် ကြိုးစားမရှာဖွေသေးနှင့်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကိုသာ ၎င်းတို့ သင့်ထံရောက်လာသည်နှင့်အမျှ စားသောက်လော့၊ ပြီးလျှင် ဘုရားသခင်သည် သင့်ကို စုံလင်စေမည်မှာ သေချာပေသည်။ သို့သော် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် စားသောက်ရာတွင် အသုံးပြုရသည့် အခြေခံသဘောတရား ရှိသည်။ အလွန် ကျိုးကြောင်းမမြင်ဘဲ မလုပ်ဆောင်နှင့်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ရာတွင်၊ တစ်ဖက်၌၊ သင် နားလည်လာသင့်သော နှုတ်ကပတ်တော်များကို- ဆိုလိုသည်မှာ ရူပါရုံနှင့်ဆိုင်သော နှုတ်ကပတ်တော်များကို- ရှာဖွေပြီး အခြားတစ်ဖက်တွင် သင် တကယ် လက်တွေ့လုပ်ဆောင် သင့်သည့်အရာကို- ဆိုလိုသည်မှာ သင် ဝင်ရောက်သင့်သည့်အရာကို- ရှာဖွေလော့။ ကဏ္ဍတစ်ခုသည် အသိပညာနှင့် ပတ်သက်ပြီး၊ အခြားတစ်ခုမှာ ဝင်ရောက်ခြင်းနှင့် သက်ဆိုင်သည်။ သင်သည် နှစ်ခုလုံးကို သဘောပေါက်သည်နှင့်တစ်ပြိုင်နက်- ဆိုလိုသည်မှာ သင် နားလည်သင့်သည့်အရာနှင့် လက်တွေ့လုပ်ဆောင်သင့်သည့်အရာတို့ကို သဘောပေါက်ပြီးသည့်အခါတွင်- ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သို့ စားသောက်ရမည်ကို သင် သိလိမ့်မည်။

ရှေ့ဆက်သွားရင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော် အကြောင်းကို ပြောဆိုခြင်းသည် သင် စကားပြောရာတွင် အသုံးပြုသည့် အခြေခံသဘောတရား ဖြစ်သင့်သည်။ သာမန်အားဖြင့်၊ သင်တို့ စုဝေးလာသောအခါတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်တို့၏ အပြန်အလှန် ဆက်ဆံခြင်းနှင့်ဆိုင်သည့် အကြောင်းအရာ ဖြစ်စေလျက်၊ ဤနှုတ်ကပတ်တော်များနှင့်ပတ်သက်၍ သင် သိသည့်အရာ၊ ယင်းတို့ကို မည်သို့ လက်တွေ့လုပ်ဆောင်ရမည်ဆိုသည်နှင့် သန့်ရှင်းသော ဝိညာဉ်တော်က မည်သို့အလုပ်လုပ်သည့်အကြောင်းကို ပြောဆိုရင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပတ်သက်သည့် မိတ်သဟာယတွင် သင်တို့ ပါဝင်သင့်သည်။ သင်သည် ဘုရားသခင်၏

နှုတ်ကပတ်တော်များကို မိတ်သဟာယပြုသရွေ့ သန့်ရှင်းသော ဝိညာဉ်တော်က သင့်ကို အလင်းပေးလိမ့်မည်။ ဘုရားနှုတ်ကပတ်တော်များနှင့်ဆိုင်သည့် ကမ္ဘာလောကကို စွမ်းဆောင်ရရှိခြင်းသည် လူသား၏ ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်ပေသည်။ သင်သည် ဤအရာထဲသို့ မဝင်ရောက်လျှင်၊ ဘုရားသခင်သည် အမှုပြုခြင်းငှာ နည်းလမ်းရှိမည်မဟုတ်ပေ။ သင်သည် သင်၏ နှုတ်ကိုပိတ်ထားပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များအကြောင်းကို မပြောလျှင်၊ ဘုရားသခင်သည် သင့်ကို အလင်းပေးနိုင်မည် မဟုတ်။ သင် အလုပ်မများသည့် အချိန်တိုင်းတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအကြောင်းကို ပြောပြီး၊ အချည်းနှီးသော စကားစမြည်ပြောဆိုခြင်းတွင် မပါဝင်နှင့်။ သင်၏ အသက်တာကို ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ပြည့်စေလော့- ထိုအခါမှသာ သင်သည် ဘုရားတရားကိုင်းရှိုင်းသော ယုံကြည်သူတစ်ဦး ဖြစ်လိမ့်မည်။ သင်၏ မိတ်သဟာယသည် အပေါ်ယံဖြစ်သည် ဖြစ်စေ အရေးမကြီးပေ။ ပေါ့တန်ခြင်း မရှိဘဲနှင့် နက်ရှိုင်းမှု မရှိနိုင်။ နည်းစနစ်တစ်ခု ရှိရမည်။ သင်၏ လေ့ကျင့်မှုမှတစ်ဆင့်၊ သင့်အပေါ် သန့်ရှင်းသောဝိညာဉ်တော်၏ အလင်းပေးမှုနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သို့ ထိရောက်စွာ စားသောက်ရမည်ဆိုသည်ကို သင် သဘောပေါက်လိမ့်မည်။ စူးစမ်းမှု ကြားကာလပြီးသည့်နောက်တွင်၊ သင်သည် ဘုရားသခင် နှုတ်ကပတ်တော်၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်လိမ့်မည်။ သင်သည် ပူးပေါင်းလုပ်ဆောင်ဖို့ ဆုံးဖြတ်ထားမှသာ၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုကို ရရှိနိုင်လိမ့်မည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၏ အခြေခံသဘောတရားထဲမှ၊ တစ်ချက်သည် အသိပညာနှင့် ဆက်နွှယ်ပြီး အခြားတစ်ခုမှာ ဝင်ရောက်ခြင်းနှင့် ဆက်နွှယ်သည်။ မည်သည့် နှုတ်ကပတ်တော်များကို သင်သိလာသင့်သနည်း။ ရူပါရုံများနှင့်ဆက်နွှယ်သော နှုတ်ကပတ်တော်များကို သင်သိလာသင့်သည် (ဘုရားသခင်၏ အမှုသည် ယခု မည်သည့်ခေတ်သို့ ဝင်ရောက်ပြီးဖြစ်သည်၊ ယခု ဘုရားသခင်က မည်သည့်အရာကို စွမ်းဆောင်ရရှိရန် ဆန္ဒရှိသည်၊ လူ့ဇာတိခံယူခြင်း ဆိုသည်မှာ မည်သည့်အရာ ဖြစ်သည် စသည်တို့ကဲ့သို့သော နှုတ်ကပတ်တော်များ ဖြစ်သည်။ ဤအရာအားလုံးသည် ရူပါရုံများနှင့် ဆက်နွှယ်ပေသည်။) လူက ဝင်ရောက်သင့်သည့် လမ်းသည် မည်သည့်အရာကို ရည်ရွယ်ပါသနည်း။ ဤအရာသည် လူက လက်တွေ့လုပ်ဆောင်ကာ ဝင်ရောက်သင့်သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရည်ညွှန်းသည်။ အထက်က အရာတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၏ ရှုထောင့်နှစ်ခု ဖြစ်သည်။ ယခုအချိန်မှစ၍ ဘုရားသခင်၏

နှုတ်ကပတ်တော်များကို ဤနည်းဖြင့် စားသောက်လော့။ သင်သည် ရှုပါရုံနှင့် ပတ်သက်သော သူ၏ နှုတ်ကပတ်တော်များကို ရှင်းလင်းသည့် သိနားလည်မှု တစ်ခု ရှိပါက၊ တစ်ချိန်လုံး ဖတ်မြဲဖတ်နေဖို့ မလိုပေ။ အဓိက အရေးကြီးသည်မှာ ဘုရားသခင်ထံသို့ သင့်နှလုံးသားကို မည်သို့ လှည့်ရမည်၊ ဘုရားသခင်၏ ရှေ့၌ သင့်နှလုံးသားကို မည်သို့ ငြိမ်သက်စေရမည်ဆိုသည်နှင့်၊ ဇာတိပကတိကို မည်သို့ စွန့်လွှတ်ရမည်ကဲ့သို့သော ဝင်ရောက်ခြင်းနှင့်ပတ်သက်သည့် နှုတ်ကပတ်တော်များကို သာ၍ စားသောက်ဖို့ ဖြစ်သည်။ ဤသည်တို့မှာ သင် လက်တွေ့ လုပ်ဆောင်သင့်သည့်အရာများ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သို့ စားသောက်ရမည်ကို မသိဘဲနှင့်၊ စစ်မှန်သော မိတ်သဟာယဆိုသည်မှာ မဖြစ်နိုင်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သို့ စားသောက်ရမည်ကို သင် သိသည်နှင့်တစ်ပြိုင်နက်၊ အဓိကအချက်က မည်သည့်အရာဖြစ်သည်ကို သင် သဘောပေါက်ပြီးသည့်အခါတွင်၊ မိတ်သဟာယသည် လွတ်လပ်လာလိမ့်မည် ဖြစ်ပြီး၊ မည်သည့်အရေးကိစ္စ ပေါ်သည်ဖြစ်စေ သင်သည် မိတ်သဟာယဖွဲ့နိုင်ပြီး လက်တွေ့အရှိတရားကို သဘောပေါက်နိုင်လိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မိတ်သဟာယ ပြုနေချိန်တွင် သင်သည် လက်တွေ့အရှိတရား မရှိပါက၊ ဘယ်အရာက အဓိက ဖြစ်သည်ကို သင်နားမလည်သေးပေ၊ ယင်းက သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သို့ စားသောက်ရမည်မှန်း မသိသည်ကို ပြသပေသည်။ အချို့က ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းသည် ငြီးငွေ့ဖွယ်ဖြစ်သည်ဟု မြင်ကောင်းမြင်နိုင်သည်၊ ယင်းမှာ ပုံမှန်အခြေအနေ မဟုတ်ပေ။ ပုံမှန်အခြေအနေ ဖြစ်သည့်အရာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းအား မည်သည့်အခါတွင်မျှ မငြီးငွေ့ခြင်း၊ ယင်းတို့ကို အမြဲ ဆာငတ်ခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကောင်းမွန်သည်ဟု အမြဲ မြင်ခြင်း ဖြစ်သည်။ ဤသည်မှာ အမှန်တကယ် ဝင်ရောက်ပြီးသော သူက ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ပုံ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အလွန့်အလွန် လက်တွေ့ကျပြီး လူ ဝင်ရောက်သင့်သောအရာ အတိအကျ ဖြစ်သည်ဟု သင်ခံစားရသောအခါ၌၊ သူ၏ နှုတ်ကပတ်တော်များသည် လူသားအဖို့ ကြီးမားစွာ အထောက်အကူ ဖြစ်ပြီး အကျိုးပြုသကဲ့သို့၊ လူသား၏ အသက် အထောက်အပံ့ ဖြစ်သည်ဟု သင် ခံစားရသည့်အခါတွင်- သင့်ကို ဤခံစားချက်ပေးသည်မှာ သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်ပြီး၊ သင့်ကို တို့ထိသည်မှာ သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်သည်။ ဤအရာက သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲ၌ အလုပ်လုပ်နေပြီး၊ ဘုရားသခင်သည် သင့်ထံမှ

မစွန့်ခွာသွားသေးသည်ကို သက်သေပြပေသည်။ လူအချို့က ဘုရားသခင် အမြဲ စကားပြောနေသည်ကို မြင်လျက်၊ သူ၏ နှုတ်ကပတ်တော်များကို ငြီးငွေ့လာကြပြီး ယင်းတို့ကို ၎င်းတို့ ဖတ်သည်ဖြစ်စေ၊ မဖတ်သည်ဖြစ်စေ မည်သည့်အကျိုးဆက်မျှ မရှိဟု ထင်ကြသည်- ယင်းမှာ ပုံမှန်အခြေအနေ မဟုတ်ပေ။ ၎င်းတို့သည် လက်တွေ့အရှိတရား ထဲသို့ ဝင်ရောက်ဖို့ ဆာငတ်သည့် နှလုံးသား ကင်းမဲ့ကြပြီး၊ ထိုသို့သောလူတို့သည် စုံလင်စေခြင်းကို မဆာငတ်ကြသကဲ့သို့ အရေးကြီးသည်ဟု မခံယူကြပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအား သင် ဆာငတ်ခြင်း မရှိသည်ကို ရှာဖွေတွေ့ရှိသောအခါတိုင်းတွင်၊ ဤအရာက သင်သည် ပုံမှန် အခြေအနေတွင် မရှိသည်ကို ပြသပေသည်။ အတိတ်တွင် ဘုရားသခင်သည် သင့်ထံမှ ထွက်ခွာပြီးဖြစ်သည်၊ မဖြစ်သည်ကို သင်၏အတွင်း၌ ငြိမ်သက်ခြင်း ရှိ မရှိဆိုသည်နှင့် သင်သည် မွေ့လျော်မှု တွေ့ကြုံခဲ့ရခြင်း ရှိ မရှိဆိုသည်တို့အပေါ် ဆုံးဖြတ်ပေသည်။ ယခုတွင် အဓိကအချက်မှာ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဆာငတ်ခြင်း ရှိ မရှိ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင်၏ လက်တွေ့အရှိတရား ဖြစ်ခြင်း ရှိ မရှိ၊ သင်သည် သစ္စာရှိခြင်း ရှိ မရှိဆိုသည်နှင့်၊ ဘုရားသခင်အတွက် သင် လုပ်နိုင်သမျှ အားလုံးကို လုပ်နိုင်ခြင်း ရှိ မရှိဆိုသည်တို့ ဖြစ်သည်။ တစ်နည်းအားဖြင့် လူသည် ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားအားဖြင့် တရားစီရင်ခြင်း ခံရပေသည်။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို လူသားမျိုးနွယ် အားလုံးထံသို့ ညွှန်ကြားသည်။ သင်သည် ထိုနှုတ်ကပတ်တော်များကို ဖတ်ရှုရန် လိုလားနေပါက၊ သူသည် သင့်ကို အသိဉာဏ်ပွင့်လင်းစေလိမ့်မည်၊ သို့သော် သင်က မလိုလားပါက၊ သူသည် သင့်ကို အသိဉာဏ် ပွင့်လင်းစေမည် မဟုတ်။ ဘုရားသခင်သည် ဖြောင့်မတ်ခြင်းကို ဆာငတ်ကာ မွတ်သိပ်သော သူတို့ကို အသိဉာဏ်ပွင့်လင်းစေပြီး၊ သူ့ကို ရှာဖွေသောသူတို့ကို အသိဉာဏ် ပွင့်လင်းစေသည်။ အချို့က သူ၏ နှုတ်ကပတ်တော်များကို ၎င်းတို့ ဖတ်ရှု ပြီးသည့်နောက်တွင်ပင်၊ ဘုရားသခင်သည် ၎င်းတို့ကို အသိဉာဏ်ပွင့်လင်းစေခြင်း မရှိဟု ပြောကြသည်။ သို့သော် ဤနှုတ်ကပတ်တော်များကို သင်တို့ မည်သည့်နည်းလမ်းဖြင့် ဖတ်ရှုကြသနည်း။ လူတစ်ဦးက မြင်းစီးလျက် ပန်းများကို ကြည့်သည့်ပုံစံဖြင့် သူ၏ နှုတ်ကပတ်တော်များကို သင်ဖတ်ရှုပြီး၊ လက်တွေ့အရှိတရားအပေါ် အရေးမထားပါက၊ ဘုရားသခင်သည် သင့်ကို မည်သို့ အသိဉာဏ်ပွင့်လင်းစေနိုင်မည်နည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တန်ဖိုးမထားသူသည် ဘုရားသခင်၏ စုံလင်စေခြင်းကို မည်သို့ ခံရနိုင်မည်နည်း။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တန်ဖိုးမထားပါက၊ သင်သည် သမ္မာတရား ဖြစ်စေ၊ လက်တွေအရှိတရားဖြစ်စေ၊ ရှိလိမ့်မည်မဟုတ်။ သူ၏

နှုတ်ကပတ်တော်များကို သင် တန်ဖိုးထားလျှင်၊ သင်သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်မည် ဖြစ်ပြီး၊ ထိုအခါတွင်မှ လက်တွေ့အရှိတရားကို သင် ပိုင်ဆိုင်လိမ့်မည်။ ဤသည်မှာ သင် အလုပ်များသည်ဖြစ်စေ၊ မများသည်ဖြစ်စေ၊ အခြေအနေများ ဆိုးသည် ဖြစ်စေ၊ မဆိုးသည်ဖြစ်စေ၊ သင် ငြီးငွေ့သည်ဖြစ်စေ၊ မငြီးငွေ့သည်ဖြစ်စေ အချိန်တိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ရမည့် အကြောင်းရင်း ဖြစ်သည်။ အားလုံးခြုံကြည့်သော် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူ၏ တည်ရှိခြင်း အခြေခံအုတ်မြစ် ဖြစ်သည်။ မည်သူမျှ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စွန့်ခွာ၍မရဘဲ၊ ၎င်းတို့သည် တစ်နေ့ အစာသုံးကြိမ် စားသည့်အတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားရမည်။ ဘုရားသခင်၏ စုံလင်စေခြင်းနှင့် ရယူခံရခြင်းတို့သည် ထိုမျှ လွယ်ကူနိုင်မည်လော။ လက်ရှိအချိန်၌ သင် နားလည်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပြီးလျှင် ဘုရားသခင်၏ အမှု၌ သင် ထိုးထွင်းသိမြင်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖြစ်နိုင်သမျှ များများ စားသောက်ရမည်။ ဤသည်မှာ အခြေအနေဖန်တီးလုပ်ဆောင်သည့်နည်းလမ်းဖြင့် ဝင်ရောက်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက်တွင်၊ သင် ဝင်ရောက်နိုင်သောအရာကို အလျှင်အမြန် လက်တွေ့လုပ်ဆောင်ပြီး၊ သင် မလုပ်နိုင်သောအရာကို ခဏဘေးဖယ် ထားလော့။ အစတွင် သင် နားမလည်နိုင်သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များစွာ ရှိကောင်း ရှိနိုင်သော်လည်း၊ နှစ်လ သို့မဟုတ် သုံးလ၊ တစ်နှစ်ခန့်ပင် ကြာပြီးနောက်တွင်၊ သင် နားလည်လိမ့်မည်။ ဤသည်မှာ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လူကို တစ်ရက်၊ နှစ်ရက်ဖြင့် မစုံလင်စေနိုင်သောကြောင့် ဖြစ်သည်။ အချိန်အများစုတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်ဖတ်ရှုသောအခါ၊ သင် ချက်ချင်း နားလည်ကောင်း နားလည်နိုင်မည်မဟုတ်။ ထိုအချိန်တွင် ယင်းတို့သည် စာမျှထက် မပိုသကဲ့သို့ ထင်ကောင်း ထင်ရနိုင်သည်။ ယင်းတို့ကို သင် နားမလည်နိုင်မီတွင်၊ အချိန်တစ်ခုကြာ ထိုနှုတ်ကပတ်တော်များကို သင် တွေ့ကြုံရမည် ဖြစ်သည်။ ဘုရားသခင်သည် စကားများစွာ ပြောပြီးသည့်နောက်၊ သင်သည် သူ၏ နှုတ်ကပတ်တော်များကို စားသောက်ဖို့ အစွမ်းကုန် ကြိုးစားသင့်သည်၊ ထို့နောက် မသိလိုက်ဘဲနှင့်၊ သင် နားလည်လာမည် ဖြစ်ပြီး မသိလိုက်ဘဲနှင့်၊ သန့်ရှင်းသောဝိညာဉ်တော်က သင့်ကို အသိဉာဏ်ပွင့်လင်းစေလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်က လူကို အသိဉာဏ်ပွင့်လင်းစေသောအခါတွင်၊ ယင်းသည် မကြာခဏ လူ၏ သတိပြုမိခြင်း မရှိဘဲ ဖြစ်ပေသည်။ သင် ဆာငတ်ကာ မွတ်သိပ်သောအခါ၌ သန့်ရှင်းသော

ဝိညာဉ်တော်က သင့်ကို အသိဉာဏ်ပွင့်လင်းစေပြီး လမ်းပြသည်။ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်သည့် အခြေခံသဘောတရားသည် သင် စားသောက်သော ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဗဟိုပြု ထားသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အရေးမထားသကဲ့သို့- ၎င်းတို့၏ စိတ်ရှုပ်ထွေးသော အတွေးထဲတွင်၊ သူ၏ နှုတ်ကပတ်တော်များကို ၎င်းတို့ ဖတ်သည်၊ မဖတ်သည်ကို စိတ်ဝင်စားခြင်းမရှိသည့် ကိစ္စတစ်ခု ဖြစ်သည်ဟု ယုံကြည်လျက်- သူ၏ နှုတ်ကပတ်တော်များအပေါ် မတူကွဲပြားသော သဘောထားတစ်ခု အမြဲ ရှိသူများအားလုံးသည် လက်တွေ့အရှိတရား မပိုင်ဆိုင်သူများ ဖြစ်သည်။ ထိုသို့သော လူတစ်ဦးတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုဖြစ်စေ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ် ပွင့်လင်းစေခြင်းဖြစ်စေ မတွေ့ရနိုင်ပေ။ ဤကဲ့သို့သော လူများသည် အားမစိုက်ဘဲ၊ လုပ်ဆောင်ရုံမျှ လုပ်ဆောင်နေသူများ၊ ပုံဥပမာနှင့်ဆိုင်သည့်[က] ဦးနန်ဂုအို ကဲ့သို့၊ စစ်မှန်သော အရည်အချင်းများ မရှိဘဲ ဟန်ဆောင်နေသူများ ဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ လက်တွေ့အရှိတရားအဖြစ် မရှိဘဲနှင့်၊ သင်သည် စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု မရှိပေ။ စမ်းသပ်ခံရမည့် အချိန်ရောက်လာသောအခါတွင်၊ သင်သည် သေချာပေါက် လဲပြိုလိမ့်မည်ဖြစ်ပြီး၊ ထို့နောက်တွင် သင်၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု ထုတ်ဖော်ပြခံရလိမ့်မည်။ သို့သော် လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ရန် ပုံမှန်ကြိုးစားသူများသည် စမ်းသပ်မှုများနှင့် ဝန်းရံဖိစီးခံရသည့်အခါ၊ ဘုရားသခင်၏ အမှု၏ ရည်ရွယ်ချက်ကို နားလည်လိမ့်မည်။ အသိတရား ပိုင်ဆိုင်သောသူနှင့် ဘုရားသခင်ကို ဆာငတ်သောသူသည် ဘုရားသခင်အား သူ၏မေတ္တာအတွက် ပြန်ပေးဆပ်ရန် လက်တွေ့ကျသော လုပ်ရပ်ကို လုပ်ဆောင်သင့်သည်။ လက်တွေ့အရှိတရား မပိုင်ဆိုင်သူများသည် အသေးအဖွဲ ကိစ္စလေးများကိုပင် ရင်ဆိုင်ရာတွင် ခိုင်ခိုင်မြဲမြဲ မရပ်တည်နိုင်ပေ။ ယင်းမှာ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု ရှိသူများနှင့် မရှိသူများကြားက ခြားနားချက်ဖြစ်သည်။ ၎င်းတို့ နှစ်ဦးလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက် ကြသော်လည်း၊ စမ်းသပ်မှုများအလယ်တွင် အချို့သည် ခိုင်ခိုင်မာမာ ရပ်တည်နိုင်သော်လည်း၊ အချို့က အဘယ်ကြောင့် ထွက်ပြေးကြသနည်း။ သိသာထင်ရှားသော ခြားနားမှုမှာ အချို့သည် စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု ကင်းမဲ့ကြလေသည်။ ၎င်းတို့သည် ၎င်းတို့၏ လက်တွေ့အရှိတရားအဖြစ် အသုံးတော်ခံဖို့ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မရှိကြသကဲ့သို့၊ ၎င်းတို့အတွင်းတွင် သူ၏ နှုတ်ကပတ်တော်များက အမြစ်မတွယ်သေးပေ။ ၎င်းတို့ မေးပန်းသည်နှင့်တစ်ပြိုင်နက်၊

၎င်းတို့၏ လမ်းကြောင်း အဆုံးသို့ ရောက်ကြလေသည်။ သို့ဆိုလျှင် စမ်းသပ်မှုများအလယ်တွင် အချို့သည် ခိုင်ခိုင်မာမာ ရပ်နိုင်ကြသည်မှာ အဘယ်ကြောင့်နည်း။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် သမ္မာတရားကို သိနားလည်ပြီး ရှုပါရုံ ရှိကြကာ ဘုရားသခင်၏ အလိုနှင့် သူ၏ သတ်မှတ်ချက်များကို နားလည်သောကြောင့် ဖြစ်သည်၊ ထိုသို့ဖြင့် ၎င်းတို့သည် စမ်းသပ်မှုများ တစ်လျှောက် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ကြပေသည်။ ဤသည်မှာ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှုဖြစ်ပြီး၊ အသက်လည်း ဖြစ်သည်။ အချို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ကောင်း ဖတ်နိုင်သော်လည်း၊ လက်တွေ့ မလုပ်ဆောင်ကြပေ၊ ယင်းတို့ကို လေးလေးနက်နက် သဘောမထားကြပေ။ ယင်းတို့ကို လေးလေးနက်နက် သဘောမထားသူတို့သည် လက်တွေ့လုပ်ဆောင်ဖို့ အလေးမထားကြချေ။ ၎င်းတို့၏ လက်တွေ့ အရှိတရားအဖြစ် အသုံးတော်ခံဖို့ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မရှိကြသူတို့သည် စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု မရှိကြသကဲ့သို့၊ ထိုသို့သော လူများသည် စမ်းသပ်မှုများ တစ်လျှောက် ခိုင်ခိုင်မာမာ မရပ်တည်နိုင်ပေ။

ဘုရားသခင်၏ နှုတ်ကပတ်တော်များ ထွက်ပေါ်လာသည့်အချိန်တွင်၊ သင်တို့ ချက်ချင်း လက်ခံရရှိပြီး ယင်းတို့ကို စားသောက်သင့်သည်။ သင်တို့ မည်မျှ နားလည်သည်ဖြစ်စေ၊ သင်တို့ ခိုင်ခိုင်မာမာ စွဲကိုင်သင့်သည့် ရှုထောင့်တစ်ခုမှာ သူ၏ နှုတ်ကပတ်တော်များကို စားသောက်ဖို့၊ သိရှိဖို့နှင့် လက်တွေ့လုပ်ဆောင်ဖို့ ဖြစ်သည်။ ဤသည်မှာ သင်တို့ လုပ်ဆောင်နိုင်သင့်သည့် အရာတစ်ခု ဖြစ်သည်။ သင်၏ ဝိညာဉ်ရင့်ကျက်မှု မည်မျှကြီးမားလာသည်မှာ ကိစ္စမရှိပေ။ သူ၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းအပေါ်သာ အာရုံစိုက်လော့။ ဤသည်မှာ လူသားက ပူးပေါင်း လုပ်ဆောင်သင့်သည့်အရာ ဖြစ်သည်။ သင်၏ ဝိညာဉ်ရေးရာ အသက်တာ ဆိုသည်မှာ အဓိကအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းနှင့် ယင်းတို့ကို လက်တွေ့လုပ်ဆောင်ခြင်း၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ရန် ကြိုးစားဖို့ ဖြစ်သည်။ အခြားတစ်ခုတစ်လေအပေါ် အာရုံစိုက်ရန်မှာ သင်၏ အရေးကိစ္စ မဟုတ်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအား မည်သို့ စားသောက်ရမည်ကို သိရှိဖို့အလို့ငှာ အသင်းတော် ခေါင်းဆောင်များသည် ၎င်းတို့၏ ညီအစ်ကိုမောင်နှမများအားလုံးကို လမ်းပြနိုင်သင့်ပေသည်။ ဤသည်မှာ အသင်းတော် ခေါင်းဆောင် တစ်ဦးချင်းစီတိုင်း၏ တာဝန် ဖြစ်သည်။ အသက်ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ၎င်းတို့အားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအား စားသောက်ခြင်းကို ကြီးမားသည့် အရေးပါမှု တစ်ခုအဖြစ် မှတ်ယူသင့်ပြီး၊ သူ၏ နှုတ်ကပတ်တော်များကို ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ရှိသင့်ပေသည်။ ဤလက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ခြင်းဆိုသည်မှာ နိုင်ငံတော်ခေတ်ထဲသို့

ဝင်ရောက်ခြင်းဟု ဆိုလိုသည်။ ယနေ့တွင်၊ လူအများစုက ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မစားသောက်ဘဲ ၎င်းတို့ အသက်မရှင်နိုင်ကြဟု ခံစားရပြီး သူ၏ နှုတ်ကပတ်တော်များသည် အချိန်ကာလကို ပဓာနမထားဘဲ လတ်ဆတ်သည်ဟု ခံစားရသည်။ ဤသည်မှာ ၎င်းတို့သည် လမ်းကြောင်းမှန်ပေါ်သို့ စတင် ရောက်ရှိနေကြသည်ကို ဆိုလိုပေသည်။ ဘုရားသခင်သည် သူ၏ အမှုကို ပြုရန်နှင့် လူသားကို ထောက်ပံ့ပေးရန် နှုတ်ကပတ်တော်များကို အသုံးပြုသည်။ အယောက်တိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တမ်းတကြပြီး ဆာတော်ကြသည့်အခါ၊ လူသားမျိုးနွယ်သည် သူ၏ နှုတ်ကပတ်တော်များ၏ ကမ္ဘာလောကထဲသို့ ဝင်ရောက် ကြလိမ့်မည်။

ဘုရားသခင်သည် များစွာ ပြောဆိုပြီးဖြစ်သည်။ သင်မည်မျှ သိရှိလာပြီးဖြစ်သနည်း။ သင် မည်မျှ ဝင်ရောက်ပြီး ဖြစ်သနည်း။ အသင်းတော် ခေါင်းဆောင်တစ်ဦးသည် ၎င်းတို့၏ ညီအစ်ကိုမောင်နှမများကို ဘုရားသခင် နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ လမ်းပြခြင်း မရှိသေးပါက၊ ၎င်းတို့သည် ၎င်းတို့တာဝန်ကို တမင် ပျက်ကွက်ကြပြီးဖြစ်လိမ့်မည် ဖြစ်ကာ ၎င်းတို့၏ တာဝန်ဝတ္တရားများကို မလုပ်ဆောင်နိုင်ကြပြီး ဖြစ်ပေလိမ့်မည်။ သင်၏ သိနားလည်ခြင်းသည် နက်နဲသည်ဖြစ်စေ အပေါ်ယံ ဖြစ်ပါစေ၊ သင်၏ သိနားလည်မှု အတိုင်းအတာကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအား မည်သို့ စားသောက်ရမည်ကို သင်သိရမည်၊ သူ၏ နှုတ်ကပတ်တော်များကို သင် အလွန်အာရုံစိုက်ရမည် ဖြစ်ပြီး၊ ယင်းတို့ကို စားသောက်ခြင်း၏ အရေးပါမှုနှင့် လိုအပ်မှုတို့ကို သိနားလည်ရမည်။ ဘုရားသခင်သည် များစွာပြောဆိုပြီးသည့်နောက်၊ သင်သည် သူ၏ နှုတ်ကပတ်တော်များကို မစားသောက်ပါက သို့မဟုတ် သူ၏ နှုတ်ကပတ်တော်များကို ရှာဖွေဖို့ သို့မဟုတ် လက်တွေ့လုပ်ဆောင်ဖို့ မကြိုးစားပါက၊ ဤအရာကို ဘုရားသခင်၌ ယုံကြည်ခြင်းဟု ခေါ်ဆို၍မရနိုင်ပေ။ သင်သည် ဘုရားသခင်ကို ယုံကြည်သည့်အတွက်၊ သူ၏ နှုတ်ကပတ်တော်များကို စားသောက်ရမည်၊ သူ၏ နှုတ်ကပတ်တော်များကို တွေ့ကြုံပြီး အသက်ရှင်နေထိုင်ရမည် ဖြစ်သည်။ ဤအရာကိုသာ ဘုရားသခင်၌ ယုံကြည်မှုဟု ခေါ်ဆို၍ ရနိုင်ပေသည်။ ဘုရားသခင်ကို ယုံကြည်သည်ဟု သင့်နှုတ်ဖြင့် ပြောသော်လည်း၊ သူ၏ နှုတ်ကပတ်တော်များထဲမှ မည်သည့်အရာကိုမျှ လက်တွေ့လုပ်ဆောင်နိုင်ခြင်း မရှိပါက သို့မဟုတ် မည်သည့် လက်တွေ့အရှိတရားကိုမျှ မဖြစ်ပေါ်စေနိုင်ပါက၊ ဤအရာကို ဘုရားသခင်၌ ယုံကြည်ခြင်းဟု မခေါ်ဆိုပေ။ ထို့ထက် ယင်းသည် “ဆာလောင်မှုကို ဖြေဖျောက်ဖို့ ပေါင်မုန့်ရှာခြင်း” ဖြစ်သည်။ လက်တွေ့အရှိတရား စိုးစဉ်းမျှပင် ပိုင်ဆိုင်ခြင်းမရှိဘဲ၊ အရေးမပါသော သက်သေခံချက်များ၊ အချည်းနှီးသော အရာများ၊

အပေါ်ယံဖြစ်သော အရေးကိစ္စများကို ပြောဆိုခြင်း- ဤအရာတို့သည် ဘုရားသခင်၌ ယုံကြည်မှုတွင် မပါဝင်သကဲ့သို့ သင်သည် ဘုရားသခင်၌ ယုံကြည်ခြင်းနှင့်ဆိုင်သည့် မှန်ကန်သော နည်းလမ်းအား တကယ်ကို သဘောမပေါက်သေးပေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖြစ်နိုင်သမျှ များများ အဘယ်ကြောင့် စားသောက် ရမည်နည်း။ သူ၏ နှုတ်ကပတ်တော်များကို သင် မစားသောက်ဘဲ၊ ကောင်းကင်ဘုံသို့ တက်ဖို့သာ ကြိုးစားပါက၊ ယင်းမှာ ဘုရားသခင်၌ ယုံကြည်မှု ဖြစ်ပါသလော။ ဘုရားသခင်ကို ယုံကြည်သူတစ်ဦး လျှောက်လှမ်းသင့်သည့် ပထမ ခြေလှမ်းမှာ အဘယ်နည်း။ မည်သည့် လမ်းကြောင်းဖြင့် ဘုရားသခင်သည် လူကို စုံလင်စေသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မစားသောက်ဘဲနှင့်၊ သင်သည် စုံလင်စေခြင်း ခံရနိုင်သလော။ သင်၏ လက်တွေ့အရှိတရားအဖြစ် အသုံးတော်ခံဖို့ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မရှိဘဲနှင့်၊ သင်သည် နိုင်ငံတော်နှင့်ဆိုင်သော လူတစ်ဦးဟု ယူဆ၍ ရနိုင်သလော။ ဘုရားသခင်၌ ယုံကြည်မှုသည် မည်သည့်အရာကို အတိအကျ ဆိုလိုသနည်း။ ဘုရားသခင်ကို ယုံကြည်သူများသည် အနည်းဆုံးအနေဖြင့် အပြင်ပန်းတွင် ကောင်းကောင်း ပြုမူသင့်သည်။ အားလုံးထဲတွင် အရေးအကြီးဆုံးမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပိုင်ဆိုင်ဖို့ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လုံးဝ စွန့်ပစ်၍မရပေ။ ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် သူ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းခြင်း အားလုံးကို သူ၏ နှုတ်ကပတ်တော်များမှတစ်ဆင့် စွမ်းဆောင်ရရှိပေသည်။ အနာဂတ်တွင်၊ တိုင်းနိုင်ငံတိုင်း၊ အသင်းတော် ဂိုဏ်းဂဏတိုင်း၊ ဘာသာတရားတိုင်းနှင့် ကဏ္ဍတိုင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်များ မှတစ်ဆင့် သိမ်းပိုက်လိမ့်မည်။ ဘုရားသခင်သည် တိုက်ရိုက် စကားပြောဆိုလိမ့်မည်ဖြစ်ပြီး၊ လူအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မိမိတို့၏ လက်များထဲ၌ စွဲကိုင်ထားကြလိမ့်မည် ဖြစ်ကာ၊ ဤအရာအားဖြင့် လူသားမျိုးနွယ်သည် စုံလင်စေခြင်းခံရလိမ့်မည်။ အတွင်းနှင့်အပြင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ နေရာအနှံ့ ပျံ့နှံ့သည်။ လူသားမျိုးနွယ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့၏ နှုတ်များဖြင့် ပြောဆိုကြလိမ့်မည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ လက်တွေ့ လုပ်ဆောင်ကြလိမ့်မည် ဖြစ်ပြီး၊ အတွင်းကော အပြင်ပါ ဘုရားသခင် နှုတ်ကပတ်တော်၌ နက်နက်ရှိုင်းရှိုင်း ပြည့်နှက်ဆဲဖြစ်လျက်၊ စိတ်ထဲ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ထိန်းသိမ်းကြလိမ့်မည်။ ထိုသို့ဖြင့် လူသားမျိုးနွယ်သည် စုံလင်စေခြင်း ခံရလိမ့်မည်။ ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းပြီး၊ သူ့အဖို့ သက်သေခံနိုင်သောသူများ၊

ဤသည်တို့မှာ ၎င်းတို့၏ လက်တွေ့အရှိတရားအဖြစ် ဘုရားသခင် နှုတ်ကပတ်တော်များကို ပိုင်ဆိုင်ကြသည့် လူများ ဖြစ်သည်။

နှုတ်ကပတ်တော်ခေတ်ထဲသို့- အနှစ်တစ်ထောင် နိုင်ငံတော်ခေတ်ထဲသို့- ဝင်ရောက်ခြင်းသည် ယနေ့တွင် ပြီးမြောက်လျက်ရှိသည့် အမှု ဖြစ်သည်။ ယခုအချိန်မှစ၍၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအကြောင်း မိတ်သဟာယ ပြုရာတွင် ပါဝင်ခြင်းကို လက်တွေ့လုပ်ဆောင်လော့။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းအပြင် ကြုံတွေ့ခံစားခြင်းအားဖြင့်သာ၊ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို အသက်ရှင်နေထိုင် နိုင်လိမ့်မည်။ သင်သည် အခြားသူများအား သိမ်းသွင်းစည်းရုံးဖို့ အလို့ငှာ လက်တွေ့ကျသော အတွေ့အကြုံအချို့ကို ဖြစ်ပေါ်စေရမည်။ အကယ်၍ သင်သည် ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားကို အသက်ရှင် မနေထိုင်နိုင်ပါက၊ မည်သူမျှ ယုံကြည်လက်ခံကြမည် မဟုတ်ပေ။ ဘုရားသခင်၏ အသုံးပြုခြင်းကို ခံရသောသူများ အားလုံးသည် ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားကို အသက်ရှင် နေထိုင်နိုင်ကြသည်။ အကယ်၍ သင်သည် ဤလက်တွေ့အရှိတရားကို မဖြစ်ပေါ်စေနိုင်သကဲ့သို့၊ ဘုရားသခင်ကို သက်သေမခံနိုင်ပါက၊ ဤအရာက သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲ၌ အလုပ်မလုပ်ရသေးသကဲ့သို့၊ သင်သည် စုံလင်စေခြင်း မခံရသေးသည်ကို ပြသပေသည်။ ဤသည်မှာ ဘုရားနှုတ်ကပတ်တော်များ၏ အရေးပါမှု ဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဆာငတ်သော နှလုံးသား ရှိပါသလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဆာငတ်သောသူများသည် သမ္မာတရားကို ဆာငတ်ကြပြီး၊ ဤကဲ့သို့သော လူများသည်သာ ဘုရားသခင်၏ ကောင်းချီးပေးခြင်းခံရပေသည်။ အနာဂတ်တွင်၊ ဘာသာတရားများအားလုံးနှင့် အသင်းတော်ဂိုဏ်းဂဏများအားလုံးကို ဘုရားသခင် ပြောဆိုမည့် သာ၍များသော နှုတ်ကပတ်တော်များစွာ ရှိသည်။ ဘုရားသခင်သည် တစ်ပါးအမျိုးသားများအလယ် ၎င်းတို့ကို သိမ်းပိုက်ဖို့ စကားပြောဆိုပြီး၊ သူ၏ အသံကို မိန့်မြွက်ခြင်းမပြုမီ၊ ပထမဦးစွာ သင်တို့ကို စုံလင်စေဖို့ သင်တို့အလယ်တွင် စကားပြောဆိုပြီး သူ၏အသံကို မိန့်မြွက်လေသည်။ နှုတ်ကပတ်တော်များမှ တစ်ဆင့်၊ အားလုံးသည် စိတ်ရင်းအမှန်နှင့် လုံးဝ ယုံကြည်လက်ခံကြလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သူ၏ ဗျာဒိတ်များမှတစ်ဆင့်၊ လူ၏ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား လျော့နည်းသွားသည်၊ သူသည် လူတစ်ဦး၏ သွင်ပြင်ကို ရရှိပြီး၊ သူ၏ပုန်ကန်တတ်သော စိတ်သဘောထား လျော့နည်းသွားလေသည်။ နှုတ်ကပတ်တော်များသည် လူသားအပေါ် သြဇာအာဏာဖြင့်

အလုပ်လုပ်ပြီး ဘုရားသခင်၏ အလင်းအတွင်းတွင် လူကို သိမ်းပိုက်သည်။ လက်ရှိခေတ်၌ ဘုရားသခင်လုပ်ဆောင်သည့် အမှုအပြင် သူ့အမှု၏ အပြောင်းအလဲများ အားလုံးကို သူ၏ နှုတ်ကပတ်တော်များအတွင်း၌ တွေ့ရှိနိုင်သည်။ သင်သည် သူ၏ နှုတ်ကပတ်တော်များကို မဖတ်ရှုပါက၊ မည်သည့်အရာကိုမျှ သင် နားလည်လိမ့်မည် မဟုတ်။ သူ၏ နှုတ်ကပတ်တော်များကို သင်ကိုယ်တိုင်၏ စားသောက်ခြင်းမှတစ်ဆင့်၊ ပြီးလျှင် သင်၏ ညီအစ်ကို မောင်နှမများနှင့် မိတ်သဟာယပြုခြင်းနှင့် သင်၏ တကယ့်အတွေ့အကြုံများမှတစ်ဆင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် ပြည့်ဝသော အသိပညာကို သင် ရရှိလိမ့်မည်။ ထိုအခါမှသာ သင်သည် ယင်းတို့၏ လက်တွေ့အရှိတရားကို အမှန်တကယ် အသက်ရှင်နေထိုင်နိုင်လိမ့်မည် ဖြစ်သည်။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် “ပုံဥပမာနှင့်ဆိုင်သည့်” ဆိုသည့် စကားစု မပါဝင်ပါ။

# အရာအားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် စွမ်းဆောင်ရရှိသည်

ဘုရားသခင်သည် မတူညီသော ခေတ်များနှင့်အညီ၊ သူ၏ နှုတ်ကပတ်တော်များကို ပြောဆိုပြီး သူ၏ အမှုကို လုပ်ဆောင်သည်၊ ပြီးလျှင် မတူညီသော ခေတ်များတွင် မတူညီသော နှုတ်ကပတ်တော်များကို ပြောဆိုလေသည်။ ဘုရားသခင်သည် စည်းမျဉ်းများကို မလိုက်နာပေ၊ သို့မဟုတ် အမှုတစ်ခုတည်းကို ထပ်မလုပ်ဆောင်ပေ၊ သို့မဟုတ် အတိတ်၏ အမှုအရာများကို တသသ လွမ်းဆွတ်မနေပေ။ သူသည် အမြဲ သစ်လွင်ပြီး မည်သည့်အခါမျှ မအိုဟောင်းသော ဘုရားသခင်ဖြစ်သကဲ့သို့၊ နေ့စဉ် နှုတ်ကပတ်တော်သစ်များကို သူပြောဆိုလေသည်။ သင်သည် ယနေ့ လိုက်နာသင့်သည့်အရာကို လိုက်နာသင့်သည်။ ဤသည်မှာ လူ၏ တာဝန်နှင့် ဝတ္တရား ဖြစ်သည်။ မျက်မှောက်ခေတ်တွင် လက်တွေ့လုပ်ဆောင်မှုသည် ဘုရားသခင်၏ အလင်းနှင့် နှုတ်ကပတ်တော်ကို ဗဟိုပြုရန်မှာ အရေးကြီးပေသည်။ ဘုရားသခင်သည် စည်းမျဉ်းများကို မလိုက်နာသကဲ့သို့၊ သူ၏ ဉာဏ်ပညာနှင့် အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းကို ပေါ်လွင်စေဖို့ မတူကွဲပြားသော ရှုထောင့်များစွာမှ စကားပြောနိုင်လေသည်။ သူသည် ဝိညာဉ်တော်၏

ရှုထောင့်မှ စကားပြောသည် ဖြစ်စေ၊ လူ၏ရှုထောင့်မှ စကားပြောသည်ဖြစ်စေ၊ ဘေးလူတစ်ဦး၏ ရှုထောင့်မှ စကားပြောသည်ဖြစ်စေ- ဘုရားသခင်သည် အမြဲ ဘုရားသခင်ဖြစ်ပြီး၊ သူ စကားပြောဆိုသည့် လူ၏ရှုထောင့်ကြောင့် သူသည် ဘုရားသခင် မဟုတ်ဟု သင်ပြော၍ မရနိုင်ပေ။ ဘုရားသခင် စကားပြောဆိုသည့် မတူညီသော ရှုထောင့်များ၏ အကျိုးဆက်အနေဖြင့် လူအချို့ကြားတွင် အယူအဆများ ထွက်ပေါ်လာခဲ့သည်။ ထိုသို့သော လူများသည် ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာမရှိသကဲ့သို့၊ သူ၏ အမှုနှင့်ဆိုင်သည့် အသိပညာမရှိပေ။ ဘုရားသခင်သည် ရှုထောင့်တစ်ခုမှ အမြဲစကားပြောပါက၊ လူသည် ဘုရားသခင်နှင့် ပတ်သက်သော စည်းမျဉ်းများ ချမှတ်မည် မဟုတ်လော။ ဘုရားသခင်သည် လူကို ထိုသို့ပြုမူဖို့ ခွင့်ပြုနိုင်မည်လော။ မည်သည့် ရှုထောင့်မှ ဘုရားသခင် စကားပြောသည်ဖြစ်စေ၊ ထိုသို့ လုပ်ဆောင်ခြင်းအတွက် သူသည် ရည်ရွယ်ချက်ရှိ၏။ ဘုရားသခင်သည် ဝိညာဉ်တော်၏ ရှုထောင့်မှ အမြဲစကားပြောခဲ့မည်ဆိုပါက၊ သင်သည် သူနှင့် ထိတွေ့နိုင်မည်လော။ ထို့ကြောင့် သင့်ကို သူ၏ နှုတ်ကပတ်တော်များ ထောက်ပံ့ပေးဖို့နှင့် လက်တွေ့အရှိတရားထဲသို့ သင့်ကို လမ်းပြဖို့ရန် သူသည် တစ်ခါတစ်ရံတွင် ဘေးလူတစ်ဦး၏ ရှုထောင့်မှ သင့်ကို စကားပြောပေသည်။ ဘုရားသခင် လုပ်ဆောင်သည့်အရာတိုင်းသည် သင့်တင့်လျောက်ပတ်သည်။ အတိုချုပ် ပြောရလျှင်၊ ထိုအရာအားလုံးကို ဘုရားသခင် လုပ်ဆောင်ခြင်းဖြစ်ပြီး၊ ဤအရာကို သင် သံသယမထားသင့်ပေ။ သူသည် ဘုရားသခင်ဖြစ်သည်၊ ထို့ကြောင့် မည်သည့် ရှုထောင့်မှ သူစကားပြောသည်ဖြစ်စေ သူသည် အမြဲ ဘုရားသခင် ဖြစ်ပေလိမ့်မည်။ ဤသည်မှာ မပြောင်းနိုင်သော အမှန်တရားဖြစ်သည်။ သူ မည်ကဲ့သို့ အမှုပြုသည် ဖြစ်စေ၊ သူသည် ဘုရားသခင် ဖြစ်နေဆဲဖြစ်ပြီး၊ သူ၏ အနှစ်သာရသည် ပြောင်းလဲလိမ့်မည်မဟုတ်။ ပေတရုသည် ဘုရားသခင်ကို အလွန်ချစ်ပြီး ဘုရားသခင်၏ စိတ်နှလုံးနှင့် ကိုက်ညီသော လူတစ်ဦး ဖြစ်ခဲ့သော်လည်း၊ ဖြစ်တည်မှု၏ အနှစ်သာရသည် ဖြစ်သည့်အတိုင်းရှိပြီး လုံးဝ မပြောင်းလဲနိုင်သည့်အတွက်၊ ဘုရားသခင်သည် ပေတရုကို သခင် သို့မဟုတ် ခရစ်တော်အဖြစ် မမြင်ခဲ့ပေ။ သူ၏ အမှုတွင်၊ ဘုရားသခင်သည် စည်းမျဉ်းများကို မလိုက်နာသော်လည်း၊ သူ၏ အမှုကို ထိရောက်စေရန်နှင့် သူနှင့်ဆိုင်သည့် လူသား၏ အသိပညာကို နက်နဲလာစေရန် မတူညီသော နည်းစနစ်များကို အသုံးပြုလေသည်။ သူ၏ အမှုပြုခြင်း နည်းစနစ်တိုင်းက လူသားအား သူ့ကို သိဖို့ ကူညီသကဲ့သို့၊ လူကို စုံလင်စေဖို့အလို့ငှာ ဖြစ်ပေသည်။ မည်သည့် အမှုပြုခြင်း နည်းစနစ်ကို ဘုရားသခင် အသုံးပြုသည်ဖြစ်စေ၊ အသီးသီးသည် လူသားကို တည်ဆောက်ပေးဖို့နှင့် စုံလင်စေဖို့အလို့ငှာ

ဖြစ်သည်။ သူ၏ အမှုပြုခြင်း နည်းစနစ်များထဲမှတစ်ခုသည် အလွန်ကြာမြင့်သည့် အချိန်ကာလတစ်ခု ကြာရှည်ခံကောင်း ခံနိုင်သော်လည်း၊ ဤသည်မှာ ဘုရားသခင်၌ လူ၏ ယုံကြည်ခြင်းကို ဖေးမဖို့အလို့ငှာ ဖြစ်ပေသည်။ ထို့ကြောင့် သင်၏ စိတ်နှလုံး၌ သံသယမရှိသင့်ပေ။ ဤအရာများအားလုံးသည် ဘုရားသခင်၏ အမှု၏ အဆင့်များ ဖြစ်ပြီး ယင်းတို့ကို သင်တို့ နာခံရမည်။

ယနေ့ ပြောဆိုထားသည့် အရာသည် လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်မှု ဖြစ်သည်- ကောင်းကင်နိုင်ငံသို့ တက်ရောက်ခြင်း သို့မဟုတ် ရှင်ဘုရင်များအဖြစ် အုပ်စိုးခြင်း မဟုတ်ပေ။ ပြောဆိုထားသော အရာအားလုံးသည် လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်မှုကို လိုက်စားခြင်း ဖြစ်သည်။ ဤအရာထက် သာ၍လက်တွေ့ကျသော လိုက်စားခြင်း မရှိသကဲ့သို့၊ ရှင်ဘုရင်များကဲ့သို့ အုပ်စိုးခြင်း အကြောင်း ပြောဆိုခြင်းသည် လက်တွေ့မကျပေ။ လူသားသည် အလွန် သိချင်စိတ်ပြင်းပြခြင်းကို ပိုင်ဆိုင်ပြီး၊ သူသည် ဘုရားသခင်၏ ယနေ့အမှုကို သူ၏ ဘာသာရေး အယူအဆများဖြင့် တိုင်းတာနေဆဲဖြစ်သည်။ ဘုရားသခင်၏ အလွန်များသည့် အမှုပြုခြင်း နည်းစနစ်များစွာကို ကြုံတွေ့ပြီးလျက်၊ လူသားသည် ဘုရားသခင်၏ အမှုကို မသိရှိသေးပေ၊ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ဆက်ရှာဖွေနေဆဲဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံပြီးခြင်း ရှိ မရှိဆိုသည်ကို ကြည့်နေဆဲဖြစ်သည်။ ဤသည်မှာ ကြောက်ခမန်းလိလိ မသိနားမလည်မှု ဖြစ်သည်မဟုတ်လော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံခြင်းမရှိသေးဘဲနှင့်၊ သူသည် ဘုရားသခင်ဖြစ်သည်ဟု သင် ယုံကြည်ဦးမည်လော။ ယနေ့တွင် အသင်းတော်ထဲရှိ ထိုသို့သော လူများစွာသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ရှုမြင်ဖို့ စောင့်ဆိုင်းနေကြ၏။ ၎င်းတို့က ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံပါက၊ သူသည် ဘုရားသခင်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မပြည့်စုံပါက၊ သူသည် ဘုရားသခင် မဟုတ်ဟု ပြောကြလေသည်။ သို့ဆိုလျှင် သင်သည် ဘုရားသခင်ကို သူ၏ နှုတ်ကပတ်တော်များ ပြည့်စုံမှုကြောင့် ယုံကြည်သလော သို့မဟုတ် သူကိုယ်တိုင် ဘုရားသခင် ဖြစ်သောကြောင့် ယုံကြည်သလော။ ဘုရားသခင်၌ ယုံကြည်မှုနှင့် ဆိုင်သည့် လူသား၏ အမြင်ကို တည့်မတ်ရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံခြင်း မရှိသည်ကို သင် တွေ့သောအခါ၊ သင်သည် အဝေးသို့ အမြန်ထွက်ပြေးသွားသည်- ဤသည်မှာ ဘုရားသခင်၌ ယုံကြည်ခြင်းမှုလော။ သင်သည် ဘုရားသခင်ကို ယုံကြည်သောအခါတွင်၊ အရာရာတိုင်းကို ဘုရားသခင်ထံ ဝကွက်အပ်ရမည် ဖြစ်ပြီး ဘုရားသခင်၏ အမှုအားလုံးကို နာခံရမည်။ ဘုရားသခင် ဓမ္မဟောင်းကျမ်း၌ နှုတ်ကပတ်တော်များစွာ ပြောဆိုခဲ့သည်- ယင်းတို့ထဲမှ

မည်သည့်အရာ ပြည့်စုံသည်ကို သင်၏ ကိုယ်ပိုင်မျက်စိနှင့် သင် မြင်ခဲ့ပါသလော။ သင်မမြင်ခဲ့သောကြောင့် ယေဟောဝါသည် စစ်မှန်သော ဘုရားသခင်မဟုတ်ဟု သင်ပြော၍ရပါသလော။ နှုတ်ကပတ်တော်များစွာ ပြည့်စုံပြီးဖြစ်ကောင်း ဖြစ်နိုင်သော်လည်း၊ လူသည် သမ္မာတရား မရှိသကဲ့သို့ မည်သည့်အရာကိုမျှ နားမလည်သောကြောင့် ယင်းကို ရှင်းလင်းစွာ မြင်နိုင်စွမ်း မရှိပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံခြင်းမရှိဟု ခံစားရသည့်အခါ၊ အချို့က ထွက်ပြေးသွားလိုကြသည်။ စမ်းကြည့်လော့။ သင် ထွက်ပြေးနိုင်ခြင်း ရှိ မရှိကို ကြည့်လော့။ ထွက်ပြေးသွားလျက်ဖြင့်၊ သင် ပြန်လာလိမ့်ဦးမည် ဖြစ်သည်။ ဘုရားသခင်သည် သင့်ကို သူ၏နှုတ်ကပတ်တော်ဖြင့် ထိန်းချုပ်ပြီး၊ သင်သည် အသင်းတော်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စွန့်ခွာပါက၊ ဆက်လက်အသက်ရှင်နိုင်မည် မဟုတ်။ ဤအရာကို သင်မယုံကြည်ပါက၊ ကိုယ်တိုင် စမ်းကြည့်လော့- သင်သည် ဤအတိုင်း စွန့်ခွာသွား နိုင်သည်ဟု ထင်သလော။ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင့်ကို ထိန်းချုပ်၏။ သင်သည် စွန့်ခွာ၍ မရနိုင်ပေ။ ဤသည်မှာ ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်တစ်ခု ဖြစ်သည်။ လူအချို့က စမ်းကြည့်လိုပါက၊ စမ်းကြည့်နိုင်သည်။ ဤလူသည် ဘုရားသခင်မဟုတ်ဟု သင်တို့ပြောကြသည်၊ သို့ဆိုလျှင် သူ့ကိုဆန့်ကျင်၍ အပြစ်ကျူးလွန်လော့၊ ပြီးလျှင်သူ မည်သည့်အရာ လုပ်ဆောင်သည်ကို ကြည့်လော့။ သင်၏ ခန္ဓာသည် သေဆုံးမည်မဟုတ်သကဲ့သို့၊ သင်သည် မိမိကိုယ်ကိုယ် ကျွေးမွေးကာ ဝတ်ဆင်နိုင်ဆဲ ဖြစ်နိုင်သော်လည်း၊ စိတ်ပိုင်းဆိုင်ရာအရ ယင်းသည် မခံမရပ်နိုင်လောက်အောင် ဖြစ်လိမ့်မည်။ သင်သည် စိတ်သောကရောက်ပြီး အလွန်အမင်း စိတ်ဆင်းရဲလိမ့်မည်။ မည်သည့်အရာမျှ သာ၍ နာကျင်စရာ မကောင်းပေ။ လူသည် စိတ်ပိုင်းဆိုင်ရာ အလွန်အမင်း စိတ်ဆင်းရဲခြင်းနှင့် ဝမ်းနည်းပက်လက်ဖြစ်ခြင်းကို မခံနိုင်ပေ- သင်သည် ခန္ဓာ၏ ဆင်းရဲဒုက္ခကို သင် သည်းခံနိုင်ကောင်း သည်းခံနိုင်မည် ဖြစ်သော်လည်း၊ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် ရေရှည် အလွန်အမင်း စိတ်ဆင်းရဲခြင်းကို ခံနိုင်စွမ်း လုံးဝမရှိပေ။ ယနေ့တွင် လူအချို့သည် မည်သည့် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကိုမျှ မမြင်နိုင်သေးသောကြောင့်၊ အပျက်သဘောဆောင် လာကြ၏၊ သို့သော် ဘုရားသခင်သည် လူကို သူ၏ နှုတ်ကပတ်တော်ဖြင့် ထိန်းချုပ်သောကြောင့်၊ ၎င်းတို့ မည်မျှ အပျက်သဘောဆောင်ကြသည် ဖြစ်စေ၊ မည်သူမျှ ထွက်မပြေးဝံ့ကြချေ။ အမှန်တရားများ ပေါ်ထွန်းခြင်း မရှိသော်လည်း၊ မည်သူမျှ ထွက်မပြေးနိုင်သေးပေ။ ဤအရာများသည် ဘုရားသခင်၏ လုပ်ရပ်များ ဖြစ်သည် မဟုတ်လော။ ယနေ့တွင် ဘုရားသခင်သည် လူသားကို အသက်နှင့် ထောက်ပံ့ပေးရန် ကမ္ဘာမြေသို့ ကြွလာပြီးဖြစ်သည်။ သူသည် လူတို့

တွေးထင်သကဲ့သို့ ဘုရားသခင်နှင့် လူကြားက ငြိမ်းချမ်းသော ဆက်ဆံရေး တစ်ခုကို သေချာစေဖို့အလို့ငှာ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများ ပြသခြင်းအားဖြင့် သင့်ကို မချော့မော့ပေ။ ၎င်းတို့၏ အာရုံစိုက်မှုသည် အသက်ပေါ်၌ မရှိဘဲ၊ ယင်းအစား ဘုရားသခင်က နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပြုခြင်းအပေါ် အာရုံစိုက်သူအားလုံးသည် ဖာရိရှဲများ ဖြစ်သည်။ ယေရှုကို ကားတိုင်ပေါ်၌ သံမှိုရိုက်ခဲ့ကြသူများမှာ ဖာရိရှဲများ ဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံပါက သူ့ကို ယုံကြည်ရင်းနှင့်၊ မပြည့်စုံပါက ဘုရားသခင်ကို သံသယထားကာ ပြစ်မှားပင် ပြစ်မှားစော်ကားရင်း၊ ဘုရားသခင်၌ ယုံကြည်မှုနှင့် ဆိုင်သည့် သင်၏ကိုယ်ပိုင် အမြင်အတိုင်း ဘုရားသခင်ကို အကဲဖြတ်ပါက၊ သင်သည် သူ့ကို ကားတိုင်၌ သံမှိုရိုက်သည် မဟုတ်လော။ ဤသို့သော လူများသည် ၎င်းတို့၏ တာဝန်များကို ပေါ့ဆပြီး၊ သက်သောင့်သက်သာရှိခြင်း၌ လောဘတကြီး သောက်စားမြူးထူးကြပေသည်။

တစ်ဖက်မှ ကြည့်ပါက၊ လူသားနှင့်ပတ်သက်၍ အကြီးမားဆုံး ပြဿနာမှာ သူသည် ဘုရားသခင်၏ အမှုကို မသိခြင်းဖြစ်သည်။ လူသား၏ သဘောထားသည် ငြင်းပယ်သော သဘောထားမဟုတ်သော်လည်း၊ သံသယရှိသည့် သဘောထားတစ်ခု ဖြစ်သည်။ လူသားသည် မငြင်းပယ်သော်လည်း၊ အပြည့်အဝလည်း အသိအမှတ်မပြုပေ။ လူတို့သည် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် စေ့စပ်သေချာသော အသိပညာ တစ်ခု ရှိပါက၊ ၎င်းတို့ ထွက်ပြေးသွားလိမ့်မည် မဟုတ်ပေ။ အခြားပြဿနာမှာ လူသည် လက်တွေ့အရှိတရားကို မသိခြင်း ဖြစ်သည်။ ယနေ့တွင် လူတစ်ဦးစီတိုင်း ထိတွေ့ရသည့်အရာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည်။ အနာဂတ်တွင် သင်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ရှုမြင်ဖို့ ကေန်အမှန် မစဉ်းစားသင့်ပေ။ သင့်ကို ငါ ရှင်းရှင်းလင်းလင်းပြော၏- လက်ရှိအဆင့်အတွင်းတွင်၊ သင်တို့ မြင်နိုင်စွမ်း ရှိသည့်အရာအားလုံးမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြစ်ပြီး၊ အချက်အလက်များ မရှိသော်လည်း၊ ဘုရားသခင်၏ အသက်ကို လူသား၏ အထဲ၌ ဖြစ်ပေါ်စေနိုင်ဆဲ ဖြစ်သည်။ အနှစ်တစ်ထောင် နိုင်ငံ၏ အဓိက အမှုမှာ ဤအမှုဖြစ်ပြီး၊ သင်သည် ဤအမှုကို မသိမြင်နိုင်ပါက၊ အားနည်းလာလိမ့်မည် ဖြစ်ပြီး၊ ပြိုလဲလိမ့်မည်ဖြစ်သည်။ သင်သည် စမ်းသပ်မှုများအလယ် သက်ဆင်းရလိမ့်မည်ဖြစ်ပြီး၊ သို့တိုင် သာ၍ ဆိုးရွားစွာ သင်သည် စာတန်၏ ဖမ်းဆီးခြင်းကို ခံရလိမ့်မည်။ ဘုရားသခင်သည် အဓိကအားဖြင့် သူ၏ နှုတ်ကပတ်တော်များကို ပြောဆိုဖို့ ကမ္ဘာမြေသို့ ကြွလာပြီး ဖြစ်သည်။ သင် ထိတွေ့ရသည့်အရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည်၊ သင်မြင်သောအရာသည်

ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်၊ သင်ကြားသောအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်၊ သင်လိုက်နာသောအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်၊ သင် ကြုံတွေ့သောအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်ပြီး၊ ဘုရားသခင်၏ ဤလူ့ဇာတိခံယူခြင်းသည် လူသားကို စုံလင်စေရန် အဓိကအားဖြင့် နှုတ်ကပတ်တော်ကို အသုံးပြုလေသည်။ သူသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို မပြသကဲ့သို့၊ အထူးသဖြင့် အတိတ်က ယေရှု လုပ်ဆောင်ခဲ့သည့် အမှုကို မလုပ်ဆောင်ပေ။ ၎င်းတို့သည် ဘုရားသခင် ဖြစ်ပြီး နှစ်ဦးလုံးက လူ့ဇာတိ ဖြစ်သော်လည်း၊ ၎င်းတို့၏ အမှုတော်များက မတူကြပေ။ ယေရှုကြွလာခဲ့ချိန်တွင်၊ သူသည်လည်း ဘုရားသခင့်အမှု၏ တစ်စိတ်တစ်ပိုင်းကို လုပ်ဆောင်ခဲ့ပြီး၊ နှုတ်ကပတ်တော် အချို့ကို ပြောဆိုခဲ့သည်- သို့သော် သူ ပြီးမြောက်ခဲ့သည့် အဓိကအမှုမှာ အဘယ်နည်း။ သူ အဓိက ပြီးမြောက်ခဲ့သည့်အရာမှာ ကားစင်တင်ခံရခြင်း အမှု ဖြစ်သည်။ သူသည် ကားစင်တင်ခံရခြင်းအမှုကို ပြည့်စုံစေရန်နှင့် လူသားမျိုးနွယ် အားလုံးကို ရွေးနုတ်ဖို့ရန် အပြစ်ရှိသော လူ့ဇာတိ ပုံသဏ္ဌာန် ဖြစ်လာခဲ့ပြီး၊ အပြစ်ဖြေရာယဇ်အဖြစ် သူအစေခံခဲ့သည်မှာ လူသားမျိုးနွယ် တစ်ရပ်လုံး၏ အပြစ်အားလုံးအတွက် ဖြစ်သည်။ ဤသည်မှာ သူ ပြီးမြောက်ခဲ့သည့် အဓိကအမှုဖြစ်သည်။ နောက်ဆုံးတွင် သူသည် နောက်မှလာကြသူများကို လမ်းပြရန် ကားတိုင်လမ်းကို ထောက်ပံ့ပေးခဲ့သည်။ ယေရှုကြွလာခဲ့ချိန်တွင်၊ အဓိကအားဖြင့် ရွေးနုတ်ခြင်းအမှုကို ပြည့်စုံစေရန် ဖြစ်သည်။ သူသည် လူသားမျိုးနွယ် အားလုံးကို ရွေးနုတ်ခဲ့ပြီး၊ ကောင်းကင်နိုင်ငံတော် နှင့်ဆိုင်သည့် ဧဝံဂေလိတရားကို လူသားထံ ယူဆောင်လာခဲ့သည့်အပြင်၊ ကောင်းကင် နိုင်ငံတော်သို့ သွားရာလမ်းကြောင်းကိုလည်း ပေါက်ဖွားစေခဲ့သည်။ အကျိုးဆက်အနေဖြင့် နောက်မှရောက်လာကြသူများ အားလုံးက၊ "ကားတိုင်လမ်းကို ငါတို့ လျှောက်သင့်ပြီး ကားတိုင်အတွက် ကိုယ့်ကိုယ်ကိုယ် ပေးဆပ်သင့်ကြ၏။" ဟုပြောခဲ့ကြသည်။ မှန်ပေ၏၊ အစတွင် ယေရှုသည်လည်း လူသားကို နောင်တရစေရန်၊ အပြစ်များကို ဝန်ခံစေရန် အခြားသော အမှုကို လုပ်ဆောင်ခဲ့ပြီး နှုတ်ကပတ်တော်အချို့ကို ပြောဆိုခဲ့သည်။ သို့သော် သူ၏ အမှုတော်မှာ ကားစင်တင်ခံရခြင်း ဖြစ်ဆဲဖြစ်ပြီး၊ လမ်းခရီးအကြောင်း ဟောပြောခြင်းဖြင့် သူ ကုန်လွန်ခဲ့သည့် သုံးနှစ်ခွဲသည် နောက်ပိုင်းတွင်ရောက်လာမည့် ကားစင်တင်ခံရခြင်းအတွက် ပြင်ဆင်ခြင်း ဖြစ်ခဲ့သည်။ ယေရှု ဆုတောင်းခဲ့သည့် အကြိမ်အချို့သည်လည်း ကားစင်တင်ခံရခြင်းအတွက် ဖြစ်သည်။ သူ အသက်ရှင်နေထိုင်ခဲ့သည့် ပုံမှန်လူတစ်ဦး၏ အသက်တာနှင့် ကမ္ဘာမြေ၌ သူ အသက်ရှင်ခဲ့သည့် သုံးဆယ့် သုံးနှစ်ခွဲကာလသည် အဓိကအားဖြင့် ကားစင်တင်ခံရခြင်း အမှုကို ပြည့်စုံစေခြင်းအတွက် ဖြစ်သည်။ ယင်းတို့သည်

ဤအမှုကို လက်ခံ ဆောင်ရွက်ရန် သူ့ကို ခွန်အားပေးဖို့ ဖြစ်ခဲ့ပြီး၊ ယင်း၏ အကျိုးဆက်အနေဖြင့် ဘုရားသခင်သည် ကားစင်တင်ခံရခြင်း အမှုကို သူ့ထံ အပ်နှံခဲ့သည်။ ယနေ့တွင် လူ့ဇာတိခံ ဘုရားသခင်သည် မည်သည့်အမှုကို ပြီးမြောက်စေလိမ့်မည်နည်း။ ယနေ့တွင် ဘုရားသခင်သည် အဓိကအားဖြင့် "နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်လာခြင်း" နှင့်ဆိုင်သည့် အမှုကို ပြည့်စုံစေရန်၊ လူကို စုံလင်စေဖို့နှင့် နှုတ်ကပတ်တော်ဖြင့် ကိုင်တွယ်ဖြေရှင်းခြင်းနှင့် နှုတ်ကပတ်တော်၏ စစ်ဆေးမှုကို လူသားအား လက်ခံစေဖို့ နှုတ်ကပတ်တော်ကို အသုံးပြုရန် လူ့ဇာတိခံလာပြီးဖြစ်ပေသည်။ သူ၏နှုတ်ကပတ်တော်များဖြင့်၊ သူသည် သင့်ကို ထောက်ပံ့မှု ရရှိစေပြီး အသက်ကို ရရှိစေသည်။ သူ၏ နှုတ်ကပတ်တော်များဖြင့် သင်သည် သူ၏အမှုနှင့် လုပ်ဆောင်ချက်များကို မြင်ရသည်။ ဘုရားသခင်သည် သင့်ကို ပြစ်တင်ဆုံးမရန်နှင့် စစ်ဆေးရန် နှုတ်ကပတ်တော်ကို အသုံးပြုပြီး၊ ထိုသို့ဖြင့် အခက်အခဲကို သင် ခံစားရပါက၊ ယင်းသည်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့် ဖြစ်သည်။ ယနေ့တွင် ဘုရားသခင်သည် အချက်အလက်များဖြင့် အမှုမပြုဘဲ နှုတ်ကပတ်တော်များဖြင့် အမှုပြုသည်။ သူ၏ နှုတ်ကပတ်တော်သည် သင့်အပေါ် ရောက်လာပြီးနောက်တွင်သာ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အတွင်းတွင် အမှုပြုနိုင်ပြီး၊ သင့်အား နာကျင်မှု ခံစားစေနိုင်သည် သို့မဟုတ် ချိုမြိန်မှုကို ခံစားစေနိုင်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကသာ သင့်ကို လက်တွေ့အရှိတရားထဲသို့ ခေါ်ဆောင်နိုင်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကသာ သင့်ကို စုံလင်စေနိုင်စွမ်းရှိသည်။ ထို့ကြောင့်၊ ဤအရာကို အနည်းဆုံး သင်နားလည်ရမည်- နောက်ဆုံးသောကာလ အတွင်းတွင် ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အမှုသည် အဓိကအားဖြင့် လူတိုင်းကို စုံလင်စေဖို့နှင့် လူသားကို လမ်းပြဖို့ သူ၏ နှုတ်ကပတ်တော်ကို အသုံးပြုခြင်း ဖြစ်သည်။ သူ လုပ်ဆောင်သည့် အမှုအားလုံးသည် နှုတ်ကပတ်တော်မှတစ်ဆင့် ဖြစ်သည်။ သင့်ကို ပြစ်တင်ဆုံးမရန် ဘုရားသခင်သည် အချက်အလက်များကို အသုံးမပြုပေ။ လူအချို့က ဘုရားသခင်ကို ခုခံသည့် အချိန်များ ရှိသည်။ ဘုရားသခင်က သင့်ကို အလွန် စိတ်ပင်ပန်းခြင်းမဖြစ်စေပေ၊ သင်၏ ခန္ဓာသည် ပြစ်တင်ဆုံးမခြင်းမခံရသကဲ့သို့၊ အခက်အခဲကို သင် မခံစားရပေ- သို့သော် သူ၏ နှုတ်ကပတ်တော် သင့်အပေါ် ရောက်လာပြီး သင့်ကို စစ်ဆေးသည်နှင့်တစ်ပြိုင်နက်၊ ယင်းသည် သင့်အတွက် မခံမရပ်နိုင်စရာ ဖြစ်ပေသည်။ ထိုသို့ဖြစ်သည် မဟုတ်လော။ အစေခံသူများ၏ အချိန်ကာလအတွင်းတွင်၊ ဘုရားသခင်သည် လူသားကို အနက်ဆုံးသော တွင်းထဲသို့ ပစ်ချဖို့ ပြောခဲ့သည်။ လူသားသည် အနက်ဆုံးသော တွင်းထဲသို့ အမှန်တကယ် ရောက်ရှိခဲ့ပါသလော။ လူသားကို စစ်ဆေးဖို့ နှုတ်ကပတ်တော်များကို အသုံးပြုခြင်းမျှမှတစ်ဆင့်၊ လူသည်

အနက်ဆုံးသော တွင်းထဲသို့ ဝင်ရောက်သွားခဲ့သည်။ ထို့ကြောင့် နောက်ဆုံးသောကာလ အတောအတွင်းတွင်၊ ဘုရားသခင်သည် လူ့ဇာတိခံယူချိန်တွင်၊ အရာအားလုံးကို ပြီးမြောက်စေဖို့နှင့် အရာအားလုံးကို ရှင်းလင်းသွားစေဖို့ အဓိကအားဖြင့် နှုတ်ကပတ်တော်ကို အသုံးပြုလေသည်။ သူ၏ဖြစ်ခြင်းကို သူ၏ နှုတ်ကပတ်တော်များထဲ၌သာ သင်မြင်နိုင်သည်။ သူသည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည်ကို သူ၏နှုတ်ကပတ်တော်များထဲ၌သာ သင်မြင်နိုင်သည်။ လူ့ဇာတိခံ ဘုရားသခင် ကမ္ဘာမြေသို့ကြွချိန်တွင်၊ နှုတ်ကပတ်တော်များကို ပြောဆိုခြင်းမှလွဲ၍ အခြားမည်သည့်အမှုကိုမျှ သူမလုပ်ဆောင်ပေ- ထို့ကြောင့် အချက်အလက်များကို မလိုအပ်ပေ။ နှုတ်ကပတ်တော်များက လုံလောက်ပေ၏။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် သူသည် အဓိကအားဖြင့် ဤအမှုကို လုပ်ဆောင်ဖို့၊ သူ၏ နှုတ်ကပတ်တော်များထဲ၌ သူ၏တန်ခိုးနှင့် သာလွန်မှုကို လူသားအား ရှုမြင်ခွင့်ပေးဖို့၊ သူသည် မိမိကိုယ်ကိုယ် မည်သို့ နှိမ့်ချစွာ ကွယ်ဝှက်သည်ကို သူ၏နှုတ်ကပတ်တော်များထဲ၌ လူသားအား မြင်ခွင့်ပေးဖို့နှင့် သူ၏အလုံးစုံကို သူ၏နှုတ်ကပတ်တော်များထဲ၌ လူသားအား သိခွင့်ပေးဖို့ ကြွလာပြီး ဖြစ်သောကြောင့် ဖြစ်သည်။ သူ၏အရာအားလုံးနှင့် သူ၏ဖြစ်ခြင်း အားလုံးသည် သူ၏နှုတ်ကပတ်တော်များထဲတွင်ရှိ၏။ သူ၏ဉာဏ်ပညာနှင့် သူ၏ အံ့သြဖွယ် ဖြစ်ခြင်းသည်လည်း သူ၏နှုတ်ကပတ်တော်များထဲတွင် ရှိသည်။ ဤအရာတွင် ဘုရားသခင်က သူ၏နှုတ်ကပတ်တော်များကို ပြောဆိုသည့် နည်းစနစ် များစွာကို သင့်အား မြင်စေခြင်း ဖြစ်ပေသည်။ ဤအချိန်အတောအတွင်း ဘုရားသခင်၏ အမှုအများစုသည် လူသားကို ပံ့ပိုးပေးခြင်း၊ ထုတ်ဖော်ပြခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့ ဖြစ်ပေပြီ။ ဘုရားသခင်သည် လူတစ်ဦးကို ပေါ့ပေါ့တန်တန် မကျိန်ဆဲသကဲ့သို့၊ သူကျိန်ဆဲသည့်အခါတွင်ပင် ၎င်းတို့ကို သူ ကျိန်ဆဲသည်မှာ နှုတ်ကပတ်တော်မှတစ်ဆင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင် လူ့ဇာတိခံယူသည့် ဤခေတ်၌၊ ဘုရားသခင်က မကျန်းမာသူများကို ကျန်းမာစေပြီး နတ်ဆိုးများကို တစ်ဖန် နှင်ထုတ်ခြင်းကို မြင်ရဖို့ မကြိုးစားကြနှင့်၊ ပြီးလျှင် နိမိတ်လက္ခဏာများကို စဉ်ဆက်မပြတ် ရှာဖွေခြင်းအား ရပ်တန့်လော့- အဓိပ္ပာယ်မရှိပေ။ ထိုနိမိတ်လက္ခဏာများသည် လူသားကို မစုံလင်စေနိုင်ပေ။ ရှင်းရှင်းပြောရလျှင်- လူ့ဇာတိရှိသော ဘုရားသခင် ကိုယ်တိုင်စင်စစ်သည် မဆောင်ရွက်ပေ။ သူသည် စကားသာ ပြောဆိုလေသည်။ ဤသည်မှာ သမ္မာတရားဖြစ်သည်။ သူသည် သင့်ကို စုံလင်စေရန် နှုတ်ကပတ်တော်များကို အသုံးပြုပြီး၊ သင့်ကို ကျွေးမွေးရန်နှင့် ရေလောင်းပေးရန် နှုတ်ကပတ်တော်များကို အသုံးပြုသည်။ သူသည် အမှုပြုရန်လည်း နှုတ်ကပတ်တော်များကို အသုံးပြုပြီး၊ သူ၏ လက်တွေ့အရှိတရားကို သင့်အား သိစေဖို့ အချက်အလက်များအစား

နှုတ်ကပတ်တော်များကို သူအသုံးပြုလေသည်။ ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် ဤပုံစံကို သင် သိမြင်နိုင်စွမ်းရှိပါက၊ အပျက်သဘောဆောင်ဖို့ ခက်ခဲပေသည်။

အပျက်သဘောဆောင်သည့် အရာများအပေါ်၌ အာရုံစိုက်မည့်အစား အပြုသဘောဆောင်သော အရာများအပေါ်၌သာ သင်တို့ အာရုံစိုက်သင့်သည်- ဆိုလိုသည်မှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည်ဖြစ်စေ၊ သို့မဟုတ် အချက်အလက်များ ပေါ်ထွန်းသည်ဖြစ်စေ၊ မပေါ်ထွန်းသည်ဖြစ်စေ၊ ဘုရားသခင်သည် လူသားကို သူ၏ နှုတ်ကပတ်တော်များမှ အသက်ကို ရရှိစေပြီး၊ ဤသည်မှာ နိမိတ်လက္ခဏာအားလုံး၌ အကြီးမြတ်ဆုံးဖြစ်ကာ၊ ထို့ထက်ပင်သာ၍ ယင်းသည် ငြင်း၍မရနိုင်သော အချက်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကို သိဖို့ အကောင်းဆုံးသော သက်သေအထောက်အထားဖြစ်ပြီး နိမိတ်လက္ခဏာများ ထက်ပင် သာ၍ကြီးမြတ်သော နိမိတ်လက္ခဏာတစ်ခု ဖြစ်သည်။ ဤနှုတ်ကပတ်တော်များသာလျှင် လူသားကို စုံလင်စေနိုင်ပေသည်။

နိုင်ငံတော်ခေတ် အစပြုသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည် နှုတ်ကပတ်တော်များကို စတင် ထုတ်လွှတ်လေသည်။ အနာဂတ်တွင် ထိုနှုတ်ကပတ်တော်များ တဖြည်းဖြည်း ပြည့်စုံလိမ့်မည်ဖြစ်ပြီး၊ ထိုအချိန်၌ လူသားသည် အသက်ထဲသို့ ကြီးထွားလိမ့်မည်။ လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ထုတ်ဖော်ပြရန် နှုတ်ကပတ်တော်ကို ဘုရားသခင် အသုံးပြုခြင်းသည် သာ၍ စစ်မှန်ပြီး၊ သာ၍ လိုအပ်ကာ၊ ယနေ့သည် နှုတ်ကပတ်တော်ခေတ်ဖြစ်ပြီး လူသား၏ ယုံကြည်ခြင်း၊ စိတ်ဆုံးဖြတ်ချက်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ လိုအပ်သည့်အတွက်၊ လူသား၏ ယုံကြည်ခြင်းကို စုံလင်စေဖို့အလို့ငှာ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်မှလွဲ၍ အခြားမည်သည့်အရာကိုမျှ အသုံးမပြုပေ။ နောက်ဆုံးသောကာလနှင့်ဆိုင်သည့် လူ့ဇာတိခံ ဘုရားသခင်၏ အမှုသည် လူသားအတွက် အစေခံရန်နှင့် ပံ့ပိုးပေးရန် သူ၏နှုတ်ကပတ်တော်ကို အသုံးပြုခြင်းဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်များ ပြောဆိုခြင်း ပြီးသည့်နောက်တွင်သာ ယင်းတို့ စတင်ပြည့်စုံလိမ့်မည်ဖြစ်သည်။ လူ့ဇာတိအဆင့်၌ သူရှိချိန်တွင်၊ သူ၏နှုတ်ကပတ်တော်များ မပြည့်စုံနိုင်သောကြောင့်၊ သူ စကားပြောဆိုသည့်အချိန်ကာလအတွင်းတွင်၊ သူ၏ နှုတ်ကပတ်တော်များသည် မပြည့်စုံပေ။ ဤသည်မှာ လူသားက ဘုရားသခင်သည် လူ့ဇာတိ ဖြစ်ပြီး၊ နာမ်ဝိညာဉ်မဟုတ်သည့်ကို မြင်နိုင်ရန်အလို့ငှာ ဖြစ်သည်။ ဘုရားသခင်၏ လက်တွေ့အရှိတရားကို လူသားက မိမိကိုယ်တိုင်၏ မျက်စိဖြင့် ရှုမြင်နိုင်ရန် အလို့ငှာ ဖြစ်သည်။ သူ၏ အမှု

ပြီးပြည့်စုံသည့်တစ်နေ့တွင်၊ ကမ္ဘာမြေပေါ်၌ သူပြောဆိုသင့်သည့် နှုတ်ကပတ်တော်များအားလုံးကို ပြောဆိုပြီးသောအခါတွင်၊ သူ၏ နှုတ်ကပတ်တော်များ စတင်ပြည့်စုံလိမ့်မည် ဖြစ်သည်။ ယခုအချိန်သည် ဘုရားသခင် ပြောဆို၍ မပြီးသေးသောကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံခြင်းခေတ် မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်သည် ကမ္ဘာမြေပေါ်၌ သူ၏နှုတ်ကပတ်တော်များ ပြောဆိုနေဆဲ ဖြစ်သည်ကို သင်မြင်သောအခါတွင်၊ သူ၏ နှုတ်ကပတ်တော်များ ပြည့်စုံခြင်းကို မစောင့်နှင့်။ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်များ ပြောဆိုခြင်းကို ရပ်သည့်အချိန်နှင့် ကမ္ဘာမြေပေါ်၌ သူ၏ အမှုပြီးစီးသွားချိန်သည် သူ၏ နှုတ်ကပတ်တော်များ စတင်ပြည့်စုံမည့် အချိန်ဖြစ်လိမ့်မည်။ ကမ္ဘာမြေပေါ်၌ သူ ပြောဆိုသည့် နှုတ်ကပတ်တော်များတွင်၊ တစ်နည်းအားဖြင့် အသက် ထောက်ပံ့ခြင်းရှိပြီး၊ နောက်တစ်နည်းအားဖြင့်၊ ပရောဖက်ပြုချက်- ဖြစ်လာမည့် အရာများ၊ လုပ်ဆောင်မည့် အရာများနှင့် မပြီးမြောက်ရသေးသည့် အရာများနှင့်ဆိုင်သည့် ပရောဖက်ပြုချက်- ရှိလေသည်။ ယေရှု၏ နှုတ်ကပတ်တော်များထဲတွင်လည်း ပရောဖက်ပြုချက် ရှိပေသည်။ တစ်နည်းအားဖြင့်၊ သူသည် အသက်ကို ထောက်ပံ့ပေးခဲ့ပြီး၊ နောက်တစ်နည်းအားဖြင့်၊ သူသည် ပရောဖက်ပြုချက်ကို ပြောဆိုခဲ့သည်။ ယနေ့တွင် လူ၏ ကိုယ်ပိုင်မျက်စိနှင့် မြင်နိုင်သောအရာနှင့် ဘုရားသခင် လုပ်ဆောင်ပြီးဖြစ်သည့် အရာတို့အကြား အလွန်ကြီးမားသည့် ခြားနားချက် တစ်ခု ရှိသောကြောင့်၊ နှုတ်ကပတ်တော်များနှင့် အချက်အလက်များကို တစ်ချိန်တည်းတွင် ဆောင်ရွက်ခြင်းနှင့်ဆိုင်သည့် ပြောဆိုဆွေးနွေးမှု မရှိပေ။ ဘုရားသခင်၏အမှု ပြီးပြည့်စုံသည်နှင့်တစ်ပြိုင်နက်၊ သူ၏နှုတ်ကပတ်တော်များ ပြည့်စုံလိမ့်မည် ဖြစ်ပြီး၊ နှုတ်ကပတ်တော်များ နောက်တွင် အချက်အလက်များ လိုက်လာမည်ဖြစ်သည်ဟုသာ ဆိုနိုင်ပေသည်။ နောက်ဆုံးသောကာလ အတွင်းတွင်၊ လူ့ဇာတိခံ ဘုရားသခင်သည် ကမ္ဘာမြေပေါ်၌ နှုတ်ကပတ်တော်နှင့် သက်ဆိုင်သည့်အမှုတော်ကို ဆောင်ရွက်ပြီး၊ ထိုသို့ နှုတ်ကပတ်တော်၏ အမှုတော်ကို ဆောင်ရွက်ရာတွင်၊ သူသည် နှုတ်ကပတ်တော်များကိုသာ ပြောဆိုပြီး၊ အခြားကိစ္စများကို ဂရုမစိုက်ပေ။ ဘုရားသခင်၏ အမှု ပြောင်းလဲသည်နှင့်တစ်ပြိုင်နက်၊ သူ၏ နှုတ်ကပတ်တော်များ စတင် ပြည့်စုံလိမ့်မည် ဖြစ်သည်။ ယနေ့တွင် သင့်ကို စုံလင်စေရန် နှုတ်ကပတ်တော်များကို ဦးစွာပထမ အသုံးပြုလေသည်။ စကြဝဠာတစ်ခွင်လုံးတစ်လျှောက် ဘုန်းအသရေကို သူ ရရှိချိန်တွင်၊ သူ၏ အမှု ပြီးပြည့်စုံလိမ့်မည်- ပြောဆိုသင့်သည့် နှုတ်ကပတ်တော်များအားလုံး ပြောဆိုပြီးဖြစ်လိမ့်မည်ဖြစ်ကာ နှုတ်ကပတ်တော်အားလုံး ဖြစ်ရပ်မှန်များ

ဖြစ်လာပြီးဖြစ်လိမ့်မည်။ လူသားမျိုးနွယ်အနေဖြင့် သူ့ကို သိကျွမ်းဖို့အလို့ငှာနှင့် သူ၏ ဖြစ်ခြင်းကို လူသားမျိုးနွယ်က မြင်ကာ သူ၏ နှုတ်ကပတ်တော်မှ သူ၏ ဉာဏ်ပညာနှင့် သူ၏ အံ့ဖွယ်လုပ်ဆောင်ချက်များကို မြင်နိုင်ဖို့အလို့ငှာ၊ နောက်ဆုံးသော ကာလအတွင်းတွင် ဘုရားသခင်သည် နှုတ်ကပတ်တော်နှင့် ဆိုင်သော အမှုတော်ကို လုပ်ဆောင်ရန် ကမ္ဘာမြေသို့ ကြွလာပြီ ဖြစ်သည်။ နိုင်ငံတော်ခေတ်အတွင်းတွင်၊ ဘုရားသခင်သည် လူသားမျိုးနွယ် တစ်ရပ်လုံးကို သိမ်းပိုက်ဖို့ရန် အဓိကအားဖြင့် နှုတ်ကပတ်တော်ကို အသုံးပြုသည်။ အနာဂတ်တွင် သူ၏ နှုတ်ကပတ်တော်သည် ဘာသာတရားတိုင်း၊ နယ်မြေအကန့်တိုင်း၊ နိုင်ငံတိုင်း၊ ဂိုဏ်းဂဏတိုင်း အပေါ်သို့လည်း ရောက်လာလိမ့်မည်။ သိမ်းပိုက်ဖို့နှင့် သူ၏ နှုတ်ကပတ်တော်က သြဇာအာဏာနှင့် တန်ခိုး သယ်ဆောင်သည်ကို လူအားလုံးအား မြင်စေဖို့ ဘုရားသခင်သည် နှုတ်ကပတ်တော်ကို အသုံးပြု၏- ထို့ကြောင့် ယနေ့တွင် သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသာ ရင်ဆိုင်ရခြင်း ဖြစ်သည်။

ဤခေတ်၌ ဘုရားသခင်ပြောဆိုသော နှုတ်ကပတ်တော်များသည် ပညတ်တော်ခေတ်အတွင်း ပြောဆိုခဲ့သော နှုတ်ကပတ်တော်များမှ ကွဲပြားခြားနားပြီး၊ ထိုနည်းတူ ၎င်းတို့သည် ကျေးဇူးတော်ခေတ် အတွင်း ပြောဆိုခဲ့သော နှုတ်ကပတ်တော်များမှလည်း ကွဲပြားပေသည်။ ကျေးဇူးတော်ခေတ်၌ ဘုရားသခင်သည် နှုတ်ကပတ်တော်နှင့် ဆိုင်သောအမှုကို မလုပ်ဆောင်ခဲ့ဘဲ၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို ရွေးနုတ်ရန် ကားစင်တင်ခံရခြင်း အမှုကိုသာ ဖော်ပြခဲ့သည်။ ကျမ်းစာက ယေရှု အဘယ်ကြောင့် ကားစင်တင်ခံရမည်ဆိုသည်နှင့် ကားတိုင်ပေါ်၌ သူခံခဲ့ရသည့် ဆင်းရဲဒုက္ခ၊ ပြီးလျှင် လူသားသည် ဘုရားသခင်အတွက် မည်သို့ ကားစင်တင်ခံခဲ့ရသင့်သည် ဆိုသည်တို့ကိုသာ ဖော်ပြခဲ့သည်။ ထိုခေတ်အတွင်းတွင် ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အမှုအားလုံးသည် ကားစင်တင်ခံရခြင်းကို ဗဟိုပြုခဲ့သည်။ နိုင်ငံတော်ခေတ်အတွင်းတွင်၊ လူ့ဇာတိခံ ဘုရားသခင်သည် သူ့ကိုယုံကြည်သူများ အားလုံးကို သိမ်းပိုက်ရန် နှုတ်ကပတ်တော်များကို ပြောဆို၏။ ဤသည်မှာ၊ "နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်ထွန်းခြင်း" ဖြစ်သည်။ ဘုရားသခင်သည် ဤအမှုကို လုပ်ဆောင်ရန် နောက်ဆုံးသောကာလ၌ ကြွလာပြီးဖြစ်သည်၊ ဆိုလိုသည်မှာ၊ ဘုရားသခင်သည် နှုတ်ကပတ်တော် လူ့ဇာတိ၌ ပေါ်ထွန်းခြင်း၏ စစ်မှန်သော အရေးပါမှုကို ပြီးမြောက်စေဖို့ ကြွလာပြီးဖြစ်ပေသည်။ သူသည် နှုတ်ကပတ်တော်များကိုသာ ပြောဆိုပြီး၊ အချက်အလက်များ ပေါ်ထွန်းခြင်း ရှိခဲ့ပေသည်။ ဤသည်မှာ နှုတ်ကပတ်တော် လူ့ဇာတိ၌ ပေါ်ထွန်းခြင်း၏ တကယ့် အနှစ်သာရဖြစ်ပြီး၊ လူ့ဇာတိခံ ဘုရားသခင်က နှုတ်ကပတ်တော်များကို ပြောဆိုသောအခါ၊ ဤသည်မှာ လူ့ဇာတိ၌ရှိသည့် နှုတ်ကပတ်တော်၏ ပေါ်ထွန်းခြင်းဖြစ်ပြီး၊ နှုတ်ကပတ်တော်က

လူ့ဇာတိထဲသို့ ကြွလာခြင်းဖြစ်သည်။ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။ နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍...။" ဤအရာ (လူ့ဇာတိ၌ နှုတ်ကပတ်တော် ပေါ်ထွန်းခြင်းအမှု) သည် နောက်ဆုံးသောကာလ၌ ဘုရားသခင်ပြီးမြောက်မည့် အမှုဖြစ်ပြီး သူ၏ စီမံခန့်ခွဲမှု အစီအစဉ် တစ်ခုလုံး၏ နောက်ဆုံးအခန်း ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်သည် ကမ္ဘာမြေသို့ကြွလာရမည်ဖြစ်ကာ သူ၏ နှုတ်ကပတ်တော်များကို လူ့ဇာတိ၌ ထင်ရှားစေရမည် ဖြစ်သည်။ ယနေ့ လုပ်ဆောင်ပြီးသောအရာ၊ အနာဂတ်တွင် လုပ်ဆောင်ပြီးမည့်အရာ၊ ဘုရားသခင်က ပြီးမြောက်စေမည့်အရာ၊ လူသား၏ နောက်ဆုံး ခရီးပန်းတိုင်၊ ကယ်တင်ခံရမည့်သူများ၊ ဖျက်ဆီးခံရမည့်သူများ၊ စသည်ဖြင့်- အဆုံးတွင် စွမ်းဆောင်ရရှိသင့်သည့် ဤအမှုအားလုံးကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပြီးဖြစ်ကာ၊ အားလုံးသည် နှုတ်ကပတ်တော်က လူ့ဇာတိ၌ ပေါ်ထွန်းခြင်း၏ တကယ့် အရေးပါမှုကို ပြီးမြောက်စေဖို့ အလို့ငှာ ဖြစ်သည်။ ယခင်က ထုတ်ပြန်ခဲ့သည့် စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်များနှင့် အခြေခံဥပဒေသများ၊ ဖျက်ဆီးခံရမည့်သူများ၊ ငြိမ်သက်ခြင်း ချမ်းသာခြင်းထဲသို့ ဝင်ရောက်ကြမည့်သူများ- ဤနှုတ်ကပတ်တော်များအားလုံး ပြည့်စုံရမည် ဖြစ်သည်။ ဤသည်မှာ နောက်ဆုံးသောကာလအတောအတွင်းတွင် လူ့ဇာတိခံ ဘုရားသခင်က အဓိကအားဖြင့် ပြီးမြောက်သည့် အမှု ဖြစ်သည်။ ဘုရားသခင် ရှေးမဆွက ခွဲခန့်မှတ်သား ထားသောသူများသည် မည်သည့်နေရာနှင့် သက်ဆိုင်ကြောင်း၊ ဘုရားသခင် ရှေးမဆွက ခွဲခန့်မှတ်သားထားခြင်း မခံရသောသူများသည် မည်သည့်နေရာနှင့် ဆိုင်ကြောင်း၊ သူ၏လူများနှင့် သူ၏သားများကို မည်ကဲ့သို့အမျိုးအစား ခွဲခြားသတ်မှတ်လိမ့်မည်ဖြစ်ကြောင်း၊ ဣသရေလနိုင်ငံကို မည်သည့်အရာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အဲဂုတ္တုပြည်ကို မည်သည့်အရာ ဖြစ်လိမ့်မည်ဖြစ်ကြောင်းတို့ကို သူသည် လူတို့အား နားလည်စေလေသည်- အနာဂတ်တွင်၊ ဤနှုတ်ကပတ်တော်များတစ်ခုစီတိုင်း ပြည့်စုံလိမ့်မည်။ ဘုရားသခင့်အမှု၏ ခြေလှမ်းများသည် အရှိန်မြင့်လာနေ၏။ ခေတ်တိုင်းတွင် မည်သည့်အရာ လုပ်ဆောင်ရမည်၊ နောက်ဆုံးသောကာလ အတွင်းတွင် လူ့ဇာတိခံ ဘုရားသခင်က မည်သည့်အရာ လုပ်ဆောင်ရမည် ဆိုသည်နှင့်၊ ဆောင်ရွက်ရမည့် သူ၏အမှုတော်တို့ကို လူသားထံ ထုတ်ဖော်ပြရန် နည်းလမ်းများအဖြစ် ဘုရားသခင်သည် နှုတ်ကပတ်တော်ကို အသုံးပြုပြီး၊ ဤနှုတ်ကပတ်တော်များ အားလုံးသည် နှုတ်ကပတ်တော် လူ့ဇာတိ၌ ပေါ်ထွန်းခြင်း၏ တကယ့် အရေးပါမှုကို ပြီးမြောက်စေရန်အလို့ငှာ ဖြစ်သည်။

"နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ရှုမြင်ခြင်းအပေါ် အာရုံစိုက်သူများအားလုံးသည်

စွန့်ပစ်ခံရလိမ့်မည်။ ၎င်းတို့သည် စုံလင်စေခြင်း မခံရမည့်သူများ ဖြစ်သည်။" ဟု ယခင်က ငါပြောပြီးဖြစ်သည်။ ငါသည် စကားများစွာ ပြောပြီးဖြစ်သော်လည်း၊ လူသည် ဤအမှုနှင့်ဆိုင်သည့် အသိပညာ အနည်းငယ်မျှမရှိသကဲ့သို့၊ ဤအခြေအနေအထိ ရောက်ရှိလျက်ဖြင့်၊ လူတို့သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို တောင်းဆိုကြဆဲဖြစ်သည်။ သင်၏ ဘုရားသခင်၌ ယုံကြည်ခြင်းသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို လိုက်စားခြင်းထက် မည်သည့်အရာမျှ မပိုသလော သို့မဟုတ် ယင်းသည် အသက်ကို ရဖို့ရန်အလို့ငှာ ဖြစ်သလော။ ယေရှုသည်လည်း နှုတ်ကပတ်တော်များစွာကို ပြောဆိုခဲ့ပြီး၊ ထိုနှုတ်ကပတ်တော်များထဲမှ အချို့သည် ပြည့်စုံခြင်း မရှိသေးပေ။ ယေရှုကို ဘုရားသခင် မဟုတ်ဟု သင် ဆိုနိုင်သလော။ သူသည် ခရစ်တော် ဖြစ်ပြီး ဘုရားသခင်၏ ချစ်လှစွာသောသား ဖြစ်သည်ဟု ဘုရားသခင်က သက်သေခံခဲ့သည်။ ဤအရာကို သင် ငြင်းနိုင်သလော။ ယနေ့တွင် ဘုရားသခင်သည် နှုတ်ကပတ်တော်များကိုသာ ပြောဆိုပြီး၊ အကယ်၍ သင်သည် ဤအရာကို အကုန်အစင် နားမလည်ပါက၊ သင်သည် ခိုင်မြဲစွာ မရပ်တည်နိုင်ပေ။ သူသည် ဘုရားသခင်ဖြစ်သောကြောင့် သူ့ကို သင် ယုံကြည်သလော သို့မဟုတ် သူ၏ နှုတ်ကပတ်တော်များ ပြည့်စုံခြင်း ရှိ မရှိဆိုသည့်အပေါ် အခြေခံ၍ သူ့ကို သင် ယုံကြည်သလော။ သင်သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ယုံကြည်သလော၊ သို့မဟုတ် ဘုရားသခင်ကို သင် ယုံကြည်သည်လော။ ယနေ့တွင်၊ သူသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို မပြပေ- သူသည် အမှန်တကယ် ဘုရားသခင် ဖြစ်ပါသလော။ အကယ်၍ သူပြောဆိုသည့် နှုတ်ကပတ်တော်များ မပြည့်စုံပါက၊ သူသည် အမှန်တကယ် ဘုရားသခင် ဖြစ်ပါသလော။ ဘုရားသခင်၏ အနှစ်သာရကို သူ ပြောဆိုသည့် နှုတ်ကပတ်တော်များ ပြည့်စုံခြင်း ရှိ မရှိဆိုသည့်အရာအားဖြင့် ဆုံးဖြတ်ပါသလော။ လူအချို့သည် ဘုရားသခင်ကို မယုံကြည်မီတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံခြင်းကို အဘယ်ကြောင့် အမြဲစောင့်ဆိုင်းနေကြသနည်း။ ဤသည်မှာ ဘုရားသခင်ကို ၎င်းတို့ မသိကြဟု ဆိုလိုသည် မဟုတ်လော။ ထိုသို့သော အယူအဆများ ပိုင်ဆိုင်သူ အားလုံးသည် ဘုရားသခင်ကို ငြင်းပယ်သူများ ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို အကဲဖြတ်ဖို့ ၎င်းတို့၏ အယူအဆများကို အသုံးပြုကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ပြည့်စုံပါက၊ သူ့ကို ၎င်းတို့ ယုံကြည်ကြပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မပြည့်စုံပါက၊ သူ့ကို ၎င်းတို့ မယုံကြည်ကြပေ။ ပြီးလျှင် ၎င်းတို့သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို အမြဲ လိုက်စားကြလေသည်။ ဤလူတို့သည် ခေတ်သစ် ဖာရိရှဲများဖြစ်သည် မဟုတ်လော။ သင်တို့ ခိုင်မြဲစွာ ရပ်တည်နိုင်ခြင်း ရှိ

မရှိဆိုသည်မှာ စစ်မှန်သော ဘုရားသခင်ကို သင်တို့ သိ မသိ ဆိုသည့်အရာအပေါ် မူတည်သည်- ဤသည်မှာ အလွန် အရေးကြီးပေသည်။ သင့်အထဲ၌ ဘုရားသခင် နှုတ်ကပတ်တော်၏ လက်တွေ့အရှိတရား သာ၍ ကြီးမားလေလေ၊ ဘုရားသခင်၏ လက်တွေ့အရှိတရားနှင့်ဆိုင်သည့် သင်၏ အသိပညာ သာ၍ ကြီးမားလေလေဖြစ်ပြီး စမ်းသပ်မှုများအတွင်းတွင် သင်သည် သာ၍ ခိုင်မြဲစွာ ရပ်တည်နိုင်လေလေဖြစ်သည်။ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို မြင်ရခြင်းကို သင် သာ၍ အာရုံစိုက်လေလေ၊ သင်သည် ခိုင်မာစွာ ရပ်တည်နိုင်မှု လျော့နည်း လေလေဖြစ်ပြီး စမ်းသပ်မှုများအလယ်တွင် သင်ပြိုလဲလိမ့်မည်။ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများသည် အခြေခံအုတ်မြစ် မဟုတ်ပေ။ ဘုရားသခင်၏ လက်တွေ့အရှိတရားသည်သာ အသက်ဖြစ်သည်။ အချို့လူများသည် ဘုရားသခင်၏ အမှုက စွမ်းဆောင်ရရှိမည့် အကျိုးသက်ရောက်မှုများကို မသိကြချေ။ ၎င်းတို့သည် မိမိတို့၏ နေ့ရက်များကို ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အသိပညာကို လိုက်စားခြင်းမရှိဘဲ၊ စိတ်ရှုပ်ထွေးမှုဖြင့် ကုန်လွန်စေကြသည်။ ၎င်းတို့၏ လိုက်စားမှု ရည်မှန်းချက်မှာ ၎င်းတို့၏ အလိုဆန္ဒများကို ဘုရားသခင်အား ဖြည့်ဆည်းစေဖို့သာ အမြဲဖြစ်ပြီး ထိုအခါမှသာ ၎င်းတို့၏ ယုံကြည်မှုတွင် အလေးအနက် ရှိကြလိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များပြည့်စုံပါက၊ အသက်ကို ၎င်းတို့ လိုက်စားမည်ဟု ပြောကြသော်လည်း၊ သူ၏ နှုတ်ကပတ်တော်များ မပြည့်စုံပါက၊ အသက်ကို လိုက်စားခြင်းဟာ ၎င်းတို့ ဖြစ်နိုင်ချေမရှိချေ။ လူသားက ဘုရားသခင်၌ ယုံကြည်မှုသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ရှုမြင်ခြင်းဟာ အားထုတ်ခြင်းဖြစ်ပြီး ကောင်းကင်ဘုံနှင့် တတိယ ကောင်းကင်သို့ တက်ခြင်းဟာ အားထုတ်ခြင်းဖြစ်သည်ဟု ထင်လေသည်။ ၎င်းတို့ထဲမှ မည်သူမျှက ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်မှုသည် လက်တွေ့အရှိတရားထဲသို့ ဝင်နိုင်ခြင်းဟာ အားထုတ်ခြင်း၊ အသက်ကို ရရှိအောင် အားထုတ်ခြင်းနှင့် ဘုရားသခင်၏ ရယူခံရခြင်းဟာ အားထုတ်ခြင်း ဖြစ်သည်ဟု မပြောကြချေ။ ဤကဲ့သို့သော လိုက်စားခြင်း၌ တန်ဖိုးမှာ မည်သည့်အရာ ဖြစ်သနည်း။ ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာနှင့် ဘုရားသခင်ကို စိတ်ကျေနပ်စေခြင်းအား မလိုက်စားသောသူတို့သည် ဘုရားသခင်ကို မယုံကြည်သောသူများဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို ပြစ်မှားစော်ကားသောသူများ ဖြစ်ကြ၏။

ဘုရားသခင်၌ ယုံကြည်မှုက မည်သည့်အရာဖြစ်သည်ကို ယခု သင်တို့ နားလည်ပါသလော။ ဘုရားသခင်၌ ယုံကြည်မှုမှာ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ရှုမြင်ရခြင်းလော။ ယင်းသည် ကောင်းကင်ဘုံသို့ တက်ခြင်းကို ဆိုလိုသလော။ ဘုရားသခင်၌ ယုံကြည်ခြင်းသည်

အနည်းငယ်မျှ မလွယ်ကူပေ။ ထိုဘာသာရေးအလေ့အထများကို သန့်စင်ပစ်သင့်သည်။ မကျန်းမာသူများကို ကျန်းမာစေခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်းတို့ကို လိုက်စားခြင်း၊ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို အာရုံစိုက်ခြင်း၊ ဘုရားသခင်၏ သာ၍များသော ကျေးဇူးတော်၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကို တပ်မက်ခြင်း၊ ဇာတိပကတိ၏ အလားအလာများနှင့် သက်သောင့်သက်သာဖြစ်ခြင်းများကို လိုက်စားခြင်း- ဤအရာများသည် ဘာသာရေး အလေ့အထများဖြစ်ကြပြီး ထိုသို့သော ဘာသာရေး အလေ့အထများသည် မရေရာသော ယုံကြည်မှုမျိုးဖြစ်သည်။ ယနေ့တွင် ဘုရားသခင်၌ ယုံကြည်မှု အစစ်အမှန်မှာ အဘယ်အရာနည်း။ ယင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင့်အသက်၏ လက်တွေ့အရှိတရား အဖြစ် လက်ခံခြင်းနှင့် ဘုရားသခင်ကို စစ်မှန်သည့် ချစ်ခြင်းအား ရရှိဖို့အလို့ငှာ ဘုရားသခင်၏နှုတ်ကပတ်တော်မှ သူ့ကို သိကျွမ်းခြင်း ဖြစ်သည်။ ရှင်းအောင်ဆိုရလျှင်- ဘုရားသခင်၌ ယုံကြည်မှုဆိုသည်မှာ သင်သည် ဘုရားသခင်ကို နာခံနိုင်ရန်၊ ဘုရားသခင်အား ချစ်နိုင်ရန်နှင့် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် ဆောင်ရွက်သင့်သော တာဝန်ကို ဆောင်ရွက်နိုင်ဖို့အလို့ငှာ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၌ ယုံကြည်ခြင်း၏ ရည်မှန်းချက်ဖြစ်သည်။ သင်သည် ဘုရားသခင်၏ ချစ်ဖွယ်ကောင်းမှု နှင့်ဆိုင်သည့် အသိ၊ ဘုရားသခင်သည် သူ၏ ကြည်ညိုခြင်း မည်မျှ ခံထိုက်တန်ကြောင်းနှင့်ဆိုင်သည့် အသိ၊ ဘုရားသခင်သည် သူ၏ဖန်ဆင်းခံများ၌ ကယ်တင်ခြင်းအမှုကို မည်သို့လုပ်ဆောင်ပြီး ၎င်းတို့ကို စုံလင်စေခြင်း နှင့်ဆိုင်သည့် အသိပညာကို ရရှိရမည်ဖြစ်သည်- ဤအရာများသည် ဘုရားသခင်၌ သင်၏ယုံကြည်မှုနှင့်ဆိုင်သည့် မရှိမဖြစ် လိုအပ်သောအရာများ ဖြစ်သည်။ ဘုရားသခင်၌ ယုံကြည်ခြင်းဆိုသည်မှာ အဓိကအားဖြင့် ဇာတိပကတိနှင့် သက်ဆိုင်သော အသက်တာမှ ဘုရားသခင်ကို ချစ်ခြင်းနှင့်ဆိုင်သည့် အသက်တာသို့ ပြောင်းလဲခြင်း၊ ဖောက်ပြန်ပျက်စီးခြင်း အတွင်း အသက်ရှင်ခြင်းမှ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သက်ဆိုင်သော အသက်တာအတွင်း အသက်ရှင်ခြင်းသို့ ပြောင်းလဲခြင်း ဖြစ်သည်။ ယင်းသည် စာတန်၏အုပ်စိုးမှုအောက်မှ ထွက်လာခြင်းနှင့် ဘုရားသခင်၏ စောင့်ရှောက်မှုနှင့် ကာကွယ်မှုအောက်၌ အသက်ရှင်ခြင်း ဖြစ်သည်။ ယင်းသည် ဘုရားသခင်ကို နာခံမှုနှင့် ဇာတိပကတိကို မနာခံမှုတို့အား စွမ်းဆောင်ရရှိနိုင်ခြင်း ဖြစ်သည်။ ယင်းသည် ဘုရားသခင်အား သင်၏ စိတ်နှလုံးတစ်ခုလုံးကို ရယူခွင့်ပေးခြင်း၊ ဘုရားသခင်အား သင့်ကို စုံလင်စေရန် အခွင့်ပေးခြင်းနှင့် ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထားမှ မိမိကိုယ်ကိုယ် လွတ်မြောက်စေခြင်းတို့ ဖြစ်သည်။ ဘုရားသခင်၌ ယုံကြည်မှုသည် အဓိကအားဖြင့်

ဘုရားသခင်၏ ဘုန်းအသရေနှင့် တန်ခိုးတို့ သင့်အထဲ၌ ထင်ရှားစေရန်အလို့ငှာ၊ ဘုရားသခင်၏ အလိုကို သင် လုပ်ဆောင်နိုင်ပြီး ဘုရားသခင်၏ အစီအစဉ်ကို ပြီးမြောက်စေနိုင်ဖို့အလို့ငှာနှင့် စာတန်၏ရှေ့၌ ဘုရားသခင်အဖို့ သင်သက်သေခံနိုင်စေရန်အလို့ငှာ ဖြစ်သည်။ ဘုရားသခင်၌ ယုံကြည်မှုသည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ရှုမြင်လိုသည်ဆန္ဒကို ဗဟိုမပြုသင့်သကဲ့သို့၊ သင်၏ ကိုယ်ရေးကိုယ်တာ ဇာတိပကတိအတွက်လည်း မဖြစ်သင့်ပေ။ ယင်းသည် ဘုရားသခင်ကို သိကျွမ်းခြင်းငှာ အားထုတ်ခြင်းနှင့် ဘုရားသခင်ကို နာခံနိုင်ခြင်း၊ ပြီးလျှင် ပေတရုကဲ့သို့ သေသည်အထိ သူ့ကို နာခံနိုင်ခြင်းအကြောင်း ဖြစ်သင့်ပေသည်။ ဤသည်တို့မှာ ဘုရားသခင်၌ ယုံကြည်ခြင်း၏ အဓိက ရည်မှန်းချက်များ ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် ဘုရားသခင်ကို သိကျွမ်းဖို့နှင့် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းဖို့ရန်အလို့ငှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စားသောက်ပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စားသောက်ခြင်းသည် သင့်ကို ဘုရားသခင်နှင့်ဆိုင်သည့် သာ၍ကြီးမားသော အသိပညာ ပေးနိုင်သည်၊ ထို့နောက်မှသာ သင်သည် ဘုရားသခင်ကို နာခံနိုင်ပေသည်။ ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာဖြင့်သာ သူ့ကို သင် ချစ်နိုင်ပြီး၊ ဤသည်မှာ လူသားက ဘုရားသခင်၌ သူ၏ ယုံကြည်မှုတွင် ရှိသင့်သည့် ရည်မှန်းချက်ဖြစ်သည်။ ဘုရားသခင်၌ သင်၏ ယုံကြည်မှုတွင် သင်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများ ရှုမြင်ရဖို့ အမြဲ ကြိုးစားနေပါက၊ ဘုရားသခင်၌ ဤယုံကြည်မှု၏ ရှုထောင့်အမြင်သည် လွဲမှား၏။ ဘုရားသခင်၌ ယုံကြည်မှုဆိုသည်မှာ အဓိကအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသက်၏ လက်တွေ့အရှိတရားအဖြစ် လက်ခံခြင်း ဖြစ်သည်။ ဘုရားသခင်၏ ရည်မှန်းချက်ကို သူ၏ နှုတ်မှလာသော ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် သင်ကိုယ်တိုင်၏ အတွင်းတွင် ထိုနှုတ်ကပတ်တော်များကို ဆောင်ရွက်ခြင်းအားဖြင့်သာ ရရှိပေသည်။ ဘုရားသခင်၌ ယုံကြည်မှုတွင်၊ လူသားသည် ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့၊ ဘုရားသခင်ထံ ကျိုးနွံနာခံနိုင်ဖို့နှင့် ဘုရားသခင်ကို လုံးဝ နာခံတတ်ခြင်းအတွက် ကြိုးပမ်းသင့်ပေသည်။ သင်သည် ညည်းညူခြင်းမရှိဘဲ ဘုရားသခင်ကို နာခံနိုင်ပါက၊ ဘုရားသခင်၏ အလိုဆန္ဒများကို ဂရုပြုနိုင်ပါက၊ ပေတရု၏ ဝိညာဉ်ရင့်ကျက်မှုကို စွမ်းဆောင်ရရှိနိုင်ပြီး၊ ဘုရားသခင်ပြောဆိုသည့် ပေတရု၏ပုံစံကို ပိုင်ဆိုင်နိုင်ပါက၊ ယင်းသည် ဘုရားသခင်၌ ယုံကြည်မှုတွင် အောင်မြင်မှုကို သင်ရရှိပြီးသော အချိန်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ယင်းက သင်သည် ဘုရားသခင်၏ ရယူခြင်းခံရပြီးဖြစ်သည်ကို ညွှန်ပြပေမည်။

ဘုရားသခင်သည် သူ၏အမှုကို စကြဝဠာတစ်ခုလုံးအနှံ့ လုပ်ဆောင်သည်။ သူ့ကို

ယုံကြည်သူအားလုံးသည် သူ၏ နှုတ်ကပတ်တော်ကို လက်ခံရမည်ဖြစ်ပြီး၊ သူ၏ နှုတ်ကပတ်တော်ကို စားသောက်ရမည်ဖြစ်သည်။ ဘုရားသခင် ပြသော နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို မြင်ခြင်းဖြင့် မည်သူမျှ ဘုရားသခင်၏ ရယူခြင်းကို မခံရနိုင်ပေ။ ခေတ်အဆက်ဆက်တွင်၊ ဘုရားသခင်သည် လူသားကို စုံလင်စေရန် နှုတ်ကပတ်တော်ကို အမြဲ အသုံးပြုခဲ့သည်။ ထို့ကြောင့် သင်တို့သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများ၌သာ သင်တို့၏အာရုံကို မစိုက်သင့်ဘဲ၊ ဘုရားသခင်၏ စုံလင်စေခြင်းခံရဖို့ ကြိုးပမ်းသင့်ပေသည်။ ဓမ္မဟောင်း ပညတ်တော်ခေတ်တွင် ဘုရားသခင်က နှုတ်ကပတ်တော်အချို့ ပြောဆိုခဲ့ပြီး၊ ကျေးဇူးတော်ခေတ်၌ ယေရှုသည်လည်း နှုတ်ကပတ်တော်များစွာ ပြောဆိုခဲ့သည်။ ယေရှုသည် နှုတ်ကပတ်တော်များစွာကို ပြောဆိုခဲ့ပြီးနောက်တွင်၊ နောက်ပိုင်း တမန်တော်များနှင့် တပည့်တော်များသည် လူတို့အား ယေရှု ထုတ်ပြန်ခဲ့သည့် ပညတ်ချက်များအတိုင်း လက်တွေ့လုပ်ဆောင်ဖို့ ဦးဆောင်ခဲ့ပြီး၊ ယေရှု ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များနှင့် အခြေခံသဘောတရားများအတိုင်း တွေ့ကြုံစေခဲ့သည်။ နောက်ဆုံးသောကာလတွင် ဘုရားသခင်သည် လူသားကို စုံလင်စေရန် နှုတ်ကပတ်တော်ကို အဓိကအားဖြင့် အသုံးပြုသည်။ ဘုရားသခင်သည် လူသားကို ဖိနှိပ်ရန် သို့မဟုတ် လူသား ယုံကြည်လက်ခံ လာစေရန် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို အသုံးမပြုပေ။ ဤအရာက ဘုရားသခင်၏တန်ခိုးကို မထင်ရှားစေနိုင်ပေ။ အကယ်၍ ဘုရားသခင်သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကိုသာ ပြသပါက၊ ဘုရားသခင်၏ စစ်မှန်မှုကို ထင်ရှားစေဖို့ခက်မည်ဖြစ်ပြီး၊ ထိုသို့ဖြင့် လူသားကို စုံလင်စေဖို့ ဖြစ်နိုင်မည်မဟုတ်ပေ။ ဘုရားသခင်သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများအားဖြင့် လူသားကို မစုံလင်စေဘဲ၊ လူသားကို ရေလောင်းပေးရန်နှင့် ထိန်းကျောင်းရန် နှုတ်ကပတ်တော်ကို အသုံးပြုသည်၊ ယင်းနောက်တွင် လူသား၏ အကြွင်းမဲ့ နာခံခြင်းနှင့် ဘုရားသခင်နှင့်ဆိုင်သည့် လူသား၏အသိကို ရရှိပေသည်။ ဤသည်မှာ သူပြုသည့်အမှုနှင့် သူပြောသည့် နှုတ်ကပတ်တော်များ၏ ရည်မှန်းချက်ဖြစ်သည်။ ဘုရားသခင်သည် လူသားကို စုံလင်စေရန် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြသခြင်း နည်းလမ်းအား အသုံးမပြုပေ- သူသည် လူသားကို စုံလင်စေဖို့ နှုတ်ကပတ်တော်များကို အသုံးပြုပြီး၊ အမျိုးမျိုးသော အမှုပြုနည်းများစွာကို အသုံးပြုလေသည်။ စစ်ဆေးခြင်းဖြစ်စေ၊ ကိုင်တွယ်ဖြေရှင်းခြင်း ဖြစ်စေ၊ ပြုပြင်ခြင်းဖြစ်စေ၊ နှုတ်ကပတ်တော်များကို ထောက်ပံ့ပေးခြင်းဖြစ်စေ၊ ဘုရားသခင်သည် လူကို စုံလင်စေဖို့နှင့် လူကို ဘုရားသခင်၏ အမှု၊ ဘုရားသခင်၏ ဉာဏ်ပညာနှင့် အံ့ဖွယ်ဖြစ်ခြင်းတို့နှင့်ဆိုင်သည့် သာ၍ ကြီးမားသော အသိပညာကို ပေးဖို့ရန်

များစွာသော ရှုထောင့်အမျိုးမျိုးမှ စကားပြောဆိုလေသည်။ နောက်ဆုံးသောကာလ၌ ဘုရားသခင်သည် ခေတ်ကို အဆုံးသတ်ချိန်တွင် လူသားကို ပြည့်စုံစေသောအခါ၊ လူသားသည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို မျှော်လင့်ဖို့ အရည်အချင်း ပြည့်မီပေလိမ့်မည်။ သင်သည် ဘုရားသခင်ကို သိကျွမ်းလာပြီး သူ မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ ဘုရားသခင်ကို နာခံနိုင်သည့်အခါတွင်၊ သင်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို မြင်သည့်အခါ၊ ဘုရားသခင်နှင့် ပတ်သက်သည့် မည်သည့်အယူအဆမျှ ရှိတော့မည် မဟုတ်ပေ။ ထိုအခိုက်အတန့်တွင် သင်သည် ဖောက်ပြန်ပျက်စီးပြီး ဘုရားသခင်ကို အကြွင်းမဲ့ နာခံနိုင်စွမ်းမရှိချေ- ဤအခြေအနေတွင် သင်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို မြင်တွေ့ရန် အရည်အချင်း ပြည့်မီသည်ဟု သင်ထင်ပါသလော။ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ဘုရားသခင် ပြသည့်အချိန်တွင်၊ ယင်းမှာ လူသားကို ဘုရားသခင် အပြစ်ပေးသည့်အချိန်ဖြစ်ပြီး၊ ခေတ်ပြောင်းလဲသည့် အချိန်လည်း ဖြစ်သည့်အပြင်၊ ခေတ်အဆုံးသတ်သည့် အချိန်ဖြစ်သည်။ ဘုရားသခင်၏ အမှုကို ပုံမှန် ဆောင်ရွက်နေအချိန်တွင်၊ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို မပြပေ။ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပြသခြင်းသည် သူ့အတွက် အလွန် ရိုးရှင်းလွယ်ကူသော်လည်း၊ ယင်းမှာ ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အခြေခံသဘောတရား မဟုတ်သကဲ့သို့၊ လူသားကို ဘုရားသခင်၏ စီမံခန့်ခွဲမှု ရည်မှန်းချက်လည်း မဟုတ်ပေ။ လူသားက နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို မြင်ပါက၊ ပြီးလျှင် ဘုရားသခင်၏ ဝိညာဉ်ခန္ဓာသည် လူသားထံ ပေါ်ထွန်းခဲ့မည်ဆိုပါက၊ လူအားလုံးသည် ဘုရားသခင်ကို ယုံကြည်ကြမည် မဟုတ်လော။ ကြီးစွာသော ဒုက္ခဆင်းရဲခြင်း အလယ်မှ လာသည့် အောင်မြင်သောသူများဖြစ်သည့်၊ အောင်မြင်သောသူ တစ်စုကို အရှေ့အရပ်မှ ရယူထားသည်ဟု ယခင်က ငါပြောပြီး ဖြစ်သည်။ ဤစကားများက မည်သည့်အရာကို ဆိုလိုပါသနည်း။ ယင်းတို့က ရယူခံရပြီးသော ဤသူတို့သည်သာ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှု၊ ကိုင်တွယ်ဖြေရှင်းခြင်း၊ ပြုပြင်ခြင်းနှင့် စစ်ဆေးမှုမျိုးစုံကို ခံပြီးသည့်နောက်တွင် အမှန်တကယ် နာခံကြသည်ဟု ဆိုလိုပေသည်။ ဤလူများ၏ ယုံကြည်မှုသည် မရေမရာနှင့် စိတ်ကူး သက်သက်မဟုတ်ဘဲ စစ်မှန်လေသည်။ ၎င်းတို့သည် မည်သည့် နိမိတ်လက္ခဏာများ၊ အံ့ဩဖွယ်ရာများနှင့် သဘာဝလွန် ဖြစ်ရပ်များကိုမျှ မမြင်ရသေးပေ။ ၎င်းတို့သည် ခက်ခဲသော ကျမ်းပိုဟောင်းတရားများနှင့် အယူဝါဒများ သို့မဟုတ် နက်နဲသော ထိုးထွင်းသိမြင်မှုများအကြောင်း မပြောကြပေ။ ယင်းအစား ၎င်းတို့သည် လက်တွေ့အရှိတရားနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ပြီးလျှင် ဘုရားသခင်၏

လက်တွေ့အရှိတရားနှင့်ဆိုင်သည့် စစ်မှန်သော အသိပညာတို့ ရှိကြသည်။ ထိုသို့သော လူစုသည် ဘုရားသခင်၏ တန်ခိုးကို မြင်သာအောင် လုပ်နိုင်စွမ်း သာ၍ရှိသည် မဟုတ်လော။ နောက်ဆုံးသော ကာလအတွင်း ဘုရားသခင်၏ အမှုသည် စစ်မှန်သော အမှုဖြစ်သည်။ ယေရှု၏ ခေတ်အတောအတွင်းတွင်၊ ယေရှုသည် လူသားကို စုံလင်စေရန်မဟုတ်ဘဲ၊ လူသားကို ရွေးနုတ်ဖို့ ကြွလာခဲ့ပေသည်၊ ထို့ကြောင့် သူသည် လူတို့ သူ့နောက်ကိုလိုက်စေရန် နိမိတ်လက္ခဏာအချို့ကို ပြသခဲ့လေသည်။ သူသည် အဓိကအားဖြင့် ကားစင်တင်ခံရခြင်း အမှုကို ပြည့်စုံစေဖို့ ကြွလာခဲ့သည့်အတွက်၊ နိမိတ်လက္ခဏာများ ပြခြင်းသည် သူ၏အမှုတော်၏ အစိတ်အပိုင်း တစ်ခု မဟုတ်ခဲ့ပေ။ ထိုသို့သော နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများသည် သူ၏အမှုကို ထိရောက်စေရန် လုပ်ဆောင်သည့် အလုပ်ဖြစ်ခဲ့သည်။ ယင်းတို့သည် အပိုအလုပ်ဖြစ်ခဲ့ပြီး၊ ခေတ်တစ်ခေတ်လုံး၌ အမှုကို ကိုယ်စားမပြုခဲ့ပေ။ ဓမ္မဟောင်း ပညတ်တော်ခေတ်အတွင်းတွင်၊ ဘုရားသခင်သည်လည်း နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများ ပြခဲ့သည်- သို့သော် ယနေ့ ဘုရားသခင် လုပ်ဆောင်သော အမှုသည် စစ်မှန်သော အလုပ်ဖြစ်ပြီး ယခုတွင် သူသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ဧကန်မုချ ပြမည်မဟုတ်ပေ။ အကယ်၍ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို သူပြခဲ့ပါက၊ သူ၏ တကယ့်အမှုသည် ဖရိုဖရဲ ဖြစ်သွားမည် ဖြစ်ပြီး သူသည် နောက်ထပ် မည်သည့်အလုပ်ကိုမျှ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူသားကို စုံလင်စေရန် နှုတ်ကပတ်တော်ကို အသုံးပြုဖို့ ပြောသော်လည်း၊ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကိုလည်း ပြသခဲ့ပါက၊ ယင်းက လူသားသည် ဘုရားသခင်ကို အမှန်တကယ် ယုံကြည်ခြင်း ရှိ မရှိဆိုသည်ကို ရှင်းလင်းသွားစေနိုင်မည်လော။ ထို့ကြောင့် ဘုရားသခင်သည် ထိုသို့သောအရာများကို မလုပ်ဆောင်ခြင်း ဖြစ်သည်။ လူသား၏အတွင်းတွင် ဘာသာတရား အလွန်များလှ၏။ ဘုရားသခင်သည် လူသားအတွင်းရှိ ဘာသာရေး အယူအဆများအားလုံးနှင့် သဘာဝလွန် အမှုအရာများကို ထုတ်ပစ်ဖို့နှင့် ဘုရားသခင်၏ လက်တွေ့အရှိတရားကို လူသားအား သိစေဖို့ နောက်ဆုံးသောကာလတွင် ကြွလာပြီးဖြစ်သည်။ စိတ်ကူးသက်သက်ဖြစ်ပြီး စိတ်ကူးယဉ်ဖန်တီးထားသော ဘုရားသခင်တစ်ပါး၏ ပုံရိပ်ကို- တစ်နည်းအားဖြင့် လုံးဝ မတည်ရှိသည့် ဘုရားသခင်တစ်ပါး၏ပုံရိပ်ကို ဖယ်ရှားရန် ဘုရားသခင် ကြွလာပြီးဖြစ်သည်။ ထို့ကြောင့် ယခု တန်ဖိုးရှိသည့် တစ်ခုတည်းသော အရာမှာ သင့်အတွက် လက်တွေ့အရှိတရားနှင့်ဆိုင်သည့် အသိပညာတစ်ခု ရှိဖို့ ဖြစ်သည်။ သမ္မာတရားသည် အရာရာကို ကျော်လွန်၏။ ယနေ့တွင် သမ္မာတရား မည်မျှကို သင် ပိုင်ဆိုင်သနည်း။ နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြသောသူအားလုံးသည် ဘုရားသခင်

ဖြစ်ပါ၏လော။ ဆိုးယုတ်သော ဝိညာဉ်များသည်လည်း နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပြနိုင်ကြသည်၊ ၎င်းတို့အားလုံးသည် ဘုရားသခင် ဖြစ်ပါ၏လော။ ဘုရားသခင်၌ လူသား၏ ယုံကြည်မှုတွင်၊ နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများထက်၊ လူသားရှာဖွေသော အရာမှာ သမ္မာတရားဖြစ်ပြီး၊ သူ လိုက်စားသောအရာမှာ အသက်ဖြစ်ပေသည်။ ဤသည်မှာ ဘုရားသခင်ကို ယုံကြည်သော သူအားလုံး၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်သင့်ပေသည်။

## ဘုရားသခင်အား အမှန်တကယ်ချစ်သောသူများသည် ဘုရားသခင်၏ လက်တွေ့ကျခြင်းကို အကြွင်းမဲ့ ကျိုးနွံနာခံနိုင်သောသူများ ဖြစ်သည်

လက်တွေ့ကျခြင်းနှင့်ဆိုင်သည့် အသိပညာနှင့် ဘုရားသခင်၏အမှုကို မခွဲခြားမချန် သိနားလည်ခြင်းအား ရရှိခြင်း- ဤအရာနှစ်ခုလုံးကို သူ၏နှုတ်ကပတ်တော်များတွင် တွေ့ရပြီး၊ အသိဉာဏ်ပွင့်လင်းခြင်းကို သင် ရရှိနိုင်သည်မှာ ဤမိန့်မြွက်ချက်များမှတစ်ဆင့်သာ ဖြစ်သည်။ ထို့ကြောင့် သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြင့် မိမိကိုယ်ကိုယ် ပြင်ဆင်ဖို့ သာ၍ လုပ်ဆောင်သင့်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ဆိုင်သည့် သင်၏သိနားလည်မှုကို မိတ်သဟာယ၌ ပြောပြလော့၊ ဤနည်းဖြင့် သင်သည် အခြားသူများကို အသိဉာဏ်ပွင့်လင်းစေနိုင်ပြီး ထွက်ပေါက်တစ်ခု ပေးနိုင်ပေသည်- ဤသည်မှာ လက်တွေ့ကျသော လမ်းကြောင်းတစ်ခု ဖြစ်သည်။ ဘုရားသခင်သည် သင့်အတွက် ပတ်ဝန်းကျင်တခုကို မစီစဉ်မီတွင်၊ သင်တို့ အသီးသီးသည် မိမိကိုယ်ကိုယ် သူ၏နှုတ်ကပတ်တော်များဖြင့် ဦးစွာ ပြင်ဆင်ရမည်။ ဤသည်မှာ အယောက်တိုင်း လုပ်ဆောင်သင့်သော အရာတစ်ခု ဖြစ်သည်။ ယင်းသည် အရေးတကြီး ဦးစားပေးအရာတစ်ခု ဖြစ်သည်။ ပထမဦးစွာ ဘုရားသခင်၏နှုတ်ကပတ်တော်များအား မည်သို့ စားသောက်ရမည်ကို သင်သိရှိသည့်အဆင့်တစ်ခုသို့ ရောက်လော့။ သင် မလုပ်ဆောင်နိုင်သော အရာမှန်သမျှအတွက်၊ လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်း တစ်ခုကို သူ၏နှုတ်ကပတ်တော်များ၌ ရှာဖွေပြီး၊ သင် နားမလည်သော မည်သည့်ကိစ္စရပ်မဆိုအတွက် သို့မဟုတ် သင်၌ ရှိကောင်းရှိမည့် မည်သည့်အခက်အခဲများမဆိုအတွက် ဤမိန့်မြွက်ချက်များကို စေ့စေ့ကြည့်လော့။ ဘုရားသခင်၏နှုတ်ကပတ်တော်များအား သင်၏ အထောက်အပံ့ဖြစ်စေပြီး၊ သင်၏ လက်တွေ့ကျသော အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းရာတွင် ၎င်းတို့ကို

ကူညီမစခွင့်ပေးလော့။ သူ၏ နှုတ်ကပတ်တော်များကို ဘဝတွင် သင်၏ အကူအညီဖြစ်လာခွင့်လည်း ပေးလော့။ ဤအရာများသည် သင် လုပ်ဆောင်ရသည့်အပိုင်းတွင် ကြိုးပမ်းအားထုတ်မှု လိုအပ်လိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အား စားသောက်ရာတွင်၊ ရလဒ်များကို သင်ရရှိရမည်။ သင်သည် သူ၏ ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးကို တည်ငြိမ်စေနိုင်ရမည်ဖြစ်ပြီး၊ ပြဿနာများတစ်ခုတလေကို သင် ကြုံရသည့် မည်သည့်အချိန်တွင်မဆို သူ၏ မိန့်မြွက်ချက်များနှင့်အညီ သင် လက်တွေ့လုပ်ဆောင်ရမည်။ သင်သည် မည်သည့်ပြဿနာများကိုမျှ တွေ့ကြုံရခြင်း မရှိသေးချိန်တွင်၊ သူ၏ နှုတ်ကပတ်တော်များအား စားသောက်ခြင်းကိုသာ သင် စိတ်ဝင်စားသင့်သည်။ တစ်ခါတစ်ရံ သင်သည် ဆုတောင်းပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဆင်ခြင်ကောင်း ဆင်ခြင်နိုင်သည်၊ သူ၏နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် သင်၏ သိနားလည်ခြင်းကို မိတ်သဟာယဖွဲ့ဝေမျှနိုင်ပြီး၊ မိမိကိုယ်ကိုယ်အတွင်း သင် တွေ့ကြုံရသည့် အသိဉာဏ်ပွင့်လင်းခြင်းနှင့် အလင်းပေးခြင်း၊ ပြီးလျှင် ဤမိန့်မြွက်ချက်များကို ဖတ်ရှုနေစဉ်တွင် သင်ရှိထားသော တုံ့ပြန်မှုများနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးပြနိုင်သည်။ ထို့အပြင် သင်သည် လူတို့ကို ထွက်ပေါက်တစ်ခု ပေးနိုင်သည်။ ဤသည်သာလျှင် လက်တွေ့ကျ၏။ ဤအရာကို လုပ်ဆောင်ခြင်း၏ ရည်မှန်းချက်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ လက်တွေ့ကျသော အထောက်အပံ့ ဖြစ်လာခွင့်ပေးရန် ဖြစ်သည်။

တစ်နေ့လုံးတွင် သင်သည် ဘုရားသခင့်ရှေ့၌ အမှန်တကယ် ရှိခြင်း၌ နာရီပေါင်းမည်မျှ အချိန်ကုန်ဆုံးသနည်း။ သင့်နေ့ရက်၏မည်မျှကို ဘုရားသခင်အား အမှန်တကယ် ပေးထားသနည်း။ ဇာတိပကတိကို မည်မျှ ပေးထားသနည်း။ မိမိ၏နှလုံးသားကို ဘုရားသခင်ဆီသို့ စိတ်သန်စေခြင်းသည် သူ၏ စုံလင်စေခြင်း လမ်းကြောင်းမှန်ပေါ်ရှိခြင်းအဖို့ ပထမခြေလှမ်း ဖြစ်သည်။ သင်သည် သင်၏ စိတ်နှလုံး၊ ခန္ဓာနှင့် သင်၏စစ်မှန်သော ချစ်ခြင်းမေတ္တာ အားလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံနိုင်ပါက၊ ယင်းတို့ကို ဘုရားသခင်ရှေ့တွင် ထားရှိနိုင်ပါက၊ သူ့အပေါ် လုံးဝ နာခံနိုင်ပြီး သူ၏အလိုကို လုံးဝ ထောက်ထားနိုင်ပါက- ဇာတိပကတိအတွက် မဟုတ်၊ မိသားစုအတွက် မဟုတ်၊ သင်၏ ကိုယ်ရေးကိုယ်တာ ဆန္ဒများအတွက် မဟုတ်ဘဲ၊ ဘုရားသခင့်အိမ်တော်၏ အကျိုးများအတွက်၊ အရာရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အခြေခံသဘောတရားနှင့် အခြေခံအုတ်မြစ် အဖြစ်ခံယူလျက်- ထိုသို့လုပ်ဆောင်ခြင်းဖြင့် သင်၏ ရည်ရွယ်ချက်များနှင့် သင်၏ ရှုထောင့်အမြင်များအားလုံးသည် နေရာမှန်တွင် ရှိကြလိမ့်မည်ဖြစ်ပြီး၊ ထိုအခါ သင်သည်

ဘုရားသခင့်ရှေ့တွင် သူ၏ချီးမွမ်းမှုကို ရရှိသော လူတစ်ဦး ဖြစ်လိမ့်မည်။
ဘုရားသခင်နှစ်သက်သူများသည် သူ့အပေါ် အကြွင်းမဲ့ရှိသူများ ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို လုံးဝဥဿုံ ဆက်ကပ်အပ်နှံနိုင်သော သူများ ဖြစ်သည်။ ဘုရားသခင် စက်ဆုပ်ရွံရှာသောသူများမှာ သူ့အပေါ် စိတ်မပါ့တပါဖြစ်သောသူများနှင့် သူ့ကို ဆန့်ကျင်ပုန်ကန်သောသူများ ဖြစ်သည်။ သူ့ကို ယုံကြည်ပြီး သူ့ကို အမြဲ မွေ့လျော်လိုသော်လည်း၊ သူ့အတွက် မိမိတို့ကိုယ်ကိုယ် လုံးဝ အသုံးပြုမခံနိုင်သောသူများကို သူ စက်ဆုပ်၏။ သူ့ကို ချစ်သည်ဟုပြောသော်လည်း၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် သူ့အား ဆန့်ကျင်ပုန်ကန်သူများကို သူ စက်ဆုပ်၏။ လှည့်ဖြားခြင်း၌ ပါဝင်လုပ်ဆောင်ရန် စကားပြောကောင်းသည့်၊ ကွန့်လွန်းသော စကားများကို အသုံးပြုသောသူများအား သူ စက်ဆုပ်သည်။ ဘုရားသခင်အား အမှန်တကယ် မဆက်ကပ်သောသူများ သို့မဟုတ် သူ့၏ ရှေ့မှောက်တွင် သစ္စာဖောက်ပြီး အမှန်တကယ် ကျိုးနွံနာခံခြင်း မရှိသောသူများသည် သစ္စာဖေါက်ပြီး သဘာဝအားဖြင့် အလွန် မာနထောင်လွှားကြသည်။ ပုံမှန်၊ လက်တွေ့ကျသော ဘုရားသခင်ရှေ့၌ အမှန်တကယ် ကျိုးနွံနာခံနိုင်ခြင်းမရှိနိုင်သော သူများသည် သာ၍ပင် မာနထောင်လွှားကြပြီး ၎င်းတို့သည် အထူးသဖြင့် ကောင်းကင်တမန်မင်း၏ တာဝန်ကျေသော သားသမီးများ ဖြစ်ကြသည်။ ဘုရားသခင်အတွက် မိမိကိုယ်ကိုယ် အမှန်တကယ် အသုံးခံသောသူများသည် သူ၏ရှေ့တွင် ၎င်းတို့၏ ဖြစ်တည်ခြင်း တစ်ခုလုံးကို ခင်းကျင်းထားသည်။ ၎င်းတို့သည် သူ၏ မိန့်မြွက်ချက်များအားလုံးကို အမှန်တကယ် ကျိုးနွံနာခံပြီး၊ သူ၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်နိုင်ကြလေသည်။ ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ၎င်းတို့၏ တည်ရှိခြင်း အခြေခံအုတ်မြစ် ဖြစ်စေပြီး မည်သည့်အပိုင်းများအား လက်တွေ့လုပ်ဆောင်ရမည်ကို သိရှိဖို့ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်း၌ စိတ်အားထက်သန်စွာ ရှာဖွေနိုင်ကြလေသည်။ ယင်းမှာ ဘုရားသခင်ရှေ့တွင် အမှန်တကယ် အသက်ရှင်သော လူများဖြစ်သည်။
သင်လုပ်ဆောင်သောအရာသည် သင့်ဘဝအတွက် အကျိုးရှိပြီး၊ သင်၏ အသက်စိတ်သဘောထား ပြောင်းလဲရန်အလို့ငှာ၊ သူ၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းအားဖြင့် သင်၏ အတွင်းလိုအပ်ချက်များနှင့် အားနည်းချက်များကို သင် ဖြည့်ဆည်း နိုင်ပါက၊ ဤအရာက ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းလိမ့်မည်။ သင်သည် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပါက၊ ပြီးလျှင် သင်သည် ဇာတိပကတိကို ကျေနပ်စေခြင်းမရှိဘဲ၊ ယင်းအစား ဘုရားသခင်၏ အလိုကို ကျေနပ်စေပါက၊ ဤအရာတွင် သူ၏နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ သင်

ဝင်ရောက်ပြီးဖြစ်လိမ့်မည်။ ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ခြင်း အကြောင်းကို သာ၍ လက်တွေ့ကျကျ ပြောဆိုဆွေးနွေးသည့်အခါတွင်၊ ယင်းမှာ သင်သည် သင်၏ တာဝန်ကို ဆောင်ရွက်နိုင်ပြီး ဘုရားသခင်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်သည်ကို ဆိုလိုပေသည်။ ဤသို့သော လက်တွေ့ကျသည့် လုပ်ဆောင်မှုများကိုသာ ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ခြင်းဟု ခေါ်ဆိုနိုင်ပေသည်။ ဤလက်တွေ့အရှိတရားထဲသို့ သင်ဝင်ရောက်နိုင်ပါက၊ သင်သည် သမ္မာတရားကို ပိုင်ဆိုင်လိမ့်မည်။ ဤသည်မှာ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်မှု စတင်ခြင်း ဖြစ်သည်။ သင်သည် ဤလေ့ကျင့်မှုကို ပထမဦးစွာ လုပ်ဆောင်ရမည်ဖြစ်ပြီး ထို့နောက်တွင်မှ သင်သည် သာ၍ပင် နက်ရှိုင်းသော လက်တွေ့အရှိတရားများထဲသို့ ဝင်ရောက်နိုင်လိမ့်မည်။ ပညတ်ချက်များကို မည်သို့ ထိန်းသိမ်းရမည်ဆိုသည်နှင့် ဘုရားသခင်ရှေ့တွင် မည်သို့ သစ္စာစောင့်သိရမည်ဆိုသည်တို့ကို ဆင်ခြင်လော့။ နိုင်ငံတော်ထဲသို့ မည်သည့်အချိန်တွင် သင် ဝင်ရောက်နိုင်မည်ဆိုသည်ကို စဉ်ဆက်မပြတ် မစဉ်းစားနှင့်။ သင်၏ စိတ်သဘောထား မပြောင်းလဲပါက၊ သင်စဉ်းစားသော အရာတိုင်းသည် အချည်းနှီးဖြစ်လိမ့်မည်။ ဘုရား နှုတ်ကပတ်တော်၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ရန် သင်၏ စိတ်ကူးများနှင့် အတွေးများအားလုံး ဘုရားသခင်အတွက် ဖြစ်သည့်နေရာသို့ ပထမဦးစွာ သင် ရောက်ရှိရမည်- ဤသည်မှာ အခြေခံကျဆုံးသော လိုအပ်ချက် ဖြစ်သည်။

လတ်တလောတွင် စမ်းသပ်မှုများအလယ်တွင် ရှိပြီး ဘုရားသခင်၏ အမှုကို နားမလည်ကြသည့် လူများစွာရှိ၏၊ သို့သော် သင်တို့ကို ငါပြောသည်- ထိုအရာကို သင်တို့ နားမလည်ပါက၊ ထိုအရာနှင့် ပတ်သက်၍ အကဲဖြတ်ဝေဖန်ခြင်းများ မပြုသင့်ပေ။ သမ္မာတရား အလုံးစုံ ထင်ရှား လူသိများလာသည့် နေ့တစ်နေ့ ရှိကောင်းရှိလိမ့်မည်ဖြစ်ပြီး၊ ထိုအခါ သင်သည် နားလည်လိမ့်မည်။ အကဲဖြတ်ဝေဖန်မှုများ မပြုခြင်းသည် သင့်အတွက် အကျိုးရှိမည်ဖြစ်သော်လည်း၊ သင်သည် မတုန်မလှုပ် စောင့်၍သာ နေ၍ မရပေ။ သင်သည် တက်ကြွစွာ ဝင်ရောက်ရန် ကြိုးစားရမည်။ ထိုအခါမှသာ သင်သည် အမှန်တကယ် ဝင်ရောက်သောသူတစ်ဦး ဖြစ်လိမ့်မည်။ ၎င်းတို့၏ ပုန်ကန်မှုကြောင့်၊ လူတို့သည် လက်တွေ့ကျသော ဘုရားသခင်နှင့်ပတ်သက်၍ အယူအဆများ အမြဲ ဖြစ်ပေါ်နေကြသည်။ လက်တွေ့ကျသော ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် အလွန် ကြီးမားသော စမ်းသပ်မှုတစ်ခု ဖြစ်သည့်အတွက်၊ ဤအရာက လူအားလုံးသည် မည်သို့ ကျိုးနွံနာခံရမည်ကို သင်ယူဖို့ လိုအပ်စေသည်။ သင်သည် ခိုင်မြဲစွာ မရပ်တည်နိုင်ပါက၊ အရာအားလုံး

ပြီးဆုံးသွားပြီဖြစ်သည်။ လက်တွေ့ကျသော ဘုရားသခင်၏ လက်တွေ့ကျခြင်းနှင့်ဆိုင်သည့် သိနားလည်မှုတစ်ခု သင် မရှိပါက၊ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်း ခံရနိုင်လိမ့်မည် မဟုတ်ပေ။ လူတို့သည် စုံလင်ခံရနိုင်ခြင်း ရှိမရှိဆိုသည့်အရာ၌ အရေးကြီးသော အဆင့်မှာ ဘုရားသခင်၏ လက်တွေ့ကျခြင်းနှင့်ဆိုင်သည့် ၎င်းတို့၏ သိနားလည်ခြင်း ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင် ဤကမ္ဘာမြေသို့ ကြွလာခြင်း၏ လက်တွေ့ကျခြင်းသည် လူတစ်ဦးချင်းစီတိုင်းအတွက် စမ်းသပ်မှုတစ်ခု ဖြစ်သည်။ ဤကဏ္ဍတွင် သင်ခိုင်မြဲစွာ ရပ်တည်နိုင်ပါက၊ သင်သည် ဘုရားသခင်ကို သိသောသူတစ်ဦးဖြစ်လိမ့်မည်ဖြစ်ပြီး သူ့ကို အမှန်တကယ် ချစ်သောသူတစ်ဦး ဖြစ်လိမ့်မည်။ ဤကဏ္ဍတွင် သင်သည် ခိုင်မြဲစွာ မရပ်တည်နိုင်သကဲ့သို့၊ သင်သည် ဝိညာဉ်တော်၌သာ ယုံကြည်ပြီး ဘုရားသခင်၏ လက်တွေ့ကျခြင်း၌ ယုံကြည်နိုင်စွမ်းမရှိပါက၊ ဘုရားသခင်၌ သင့်ယုံကြည်ခြင်း မည်မျှကြီးမားသည်ဖြစ်စေ၊ ယင်းသည် အချည်းနှီး ဖြစ်လိမ့်မည်။ သင်သည် မြင်နိုင်သော ဘုရားသခင်ကို မယုံကြည်နိုင်ပါက၊ ဘုရားသခင်၏ ဝိညာဉ်တော်ကို သင် ယုံကြည်နိုင်မည်လော။ သင်သည် ဘုရားသခင်ကို လှည့်စားရန် ကြိုးစားနေခြင်းသာ မဟုတ်လော။ သင်သည် မြင်၍ရနိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင်ပြ၍ရနိုင်သော ဘုရားသခင်ရှေ့တွင် ကျိုးနွံနာခံခြင်းမရှိပေ၊ သို့ဆိုလျှင် သင်သည် ဝိညာဉ်တော်၏ ရှေ့မှောက်တွင် ကျိုးနွံနာခံနိုင်စွမ်း ရှိပါသလော။ ဝိညာဉ်တော်သည် မြင်၍မရနိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင်ပြ၍ မရနိုင်ပေ၊ သို့ဆိုလျှင် ဘုရားသခင်၏ဝိညာဉ်တော်ကို သင် ကျိုးနွံနာခံသည်ဟု ပြောသောအခါ၊ သင်သည် အဓိပ္ပာယ်မရှိသော အရာကို ပြောနေခြင်းသာ မဟုတ်လော။ ပညတ်ချက်များကို ထိန်းသိမ်းခြင်း၏ အဓိကသော့ချက်မှာ လက်တွေ့ကျသော ဘုရားသခင်နှင့်ဆိုင်သည့် သိနားလည်မှုရှိခြင်း ဖြစ်သည်။ သင်သည် လက်တွေ့ကျသော ဘုရားသခင်ကို နားလည်မှုတစ်ခု ရှိသည်နှင့်တစ်ပြိုင်နက်၊ ပညတ်ချက်များကို ထိန်းသိမ်းနိုင်လိမ့်မည်။ ယင်းတို့ကို ထိန်းသိမ်းရာတွင် အပိုင်းနှစ်ပိုင်း ပါဝင်သည်- တစ်ပိုင်းမှာ သူ၏ဝိညာဉ်တော်၏ အနှစ်သာရကို ဖက်တွယ်ထားခြင်းနှင့် ဝိညာဉ်တော်၏ရှေ့မှောက်တွင် ဝိညာဉ်တော်၏ စစ်ဆေးခြင်းကို လက်ခံနိုင်ခြင်းဖြစ်သည်။ နောက်တစ်ပိုင်းမှာ လူ့ဇာတိခံ ခန္ဓာနှင့်ဆိုင်သည့် စစ်မှန်သော သိနားလည်မှုရှိနိုင်ခြင်းနှင့် စစ်မှန်သော ကျိုးနွံနာခံမှုရရှိနိုင်ခြင်း ဖြစ်သည်။ ဇာတိပကတိရှေ့တွင် ဖြစ်စေ၊ ဝိညာဉ်တော်၏ရှေ့တွင် ဖြစ်စေ၊ ဘုရားသခင်ကို ကျိုးနွံနာခံခြင်းနှင့် ကြောက်ရွံ့ခြင်းကို အမြဲ သိုထားရမည်။ ဤသို့သော သူတစ်ဦးသာ စုံလင်စေခြင်းခံရဖို့ အရည်အချင်းပြည့်မီသည်။ သင်သည် လက်တွေ့ကျသော ဘုရားသခင်၏ လက်တွေ့ကျခြင်းနှင့်ဆိုင်သည့် သိနားလည်မှုရှိပါက- ယင်းမှာ ဤစမ်းသပ်မှုတွင် သင် ခိုင်မာစွာ

ရပ်တည်ပါက- သင့်အတွက် မည်သည့်အရာမျှ မဖြစ်နိုင်ဖွယ်ရှိမည် မဟုတ်ပေ။

လူအချို့က၊ "ပညတ်ချက်များသည် စောင့်ထိန်းရန် လွယ်ကူသည်။ သင်သည် ဘုရားသခင်ရှေ့တွင်ရှိချိန်၌ ပွင့်ပွင့်လင်းလင်းနှင့် အလေးအနက် ပြောဆိုဖို့နှင့် မည်သည့်လက်ရိပ်ခြေရိပ်ပြခြင်းမျှ မပြုဖို့သာ လိုသည်။ ဤသည်မှာ ပညတ်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည့်အရာ ဖြစ်သည်" ဟု ပြောကြသည်။ ယင်းမှာ မှန်သလော။ သို့ဆိုလျှင် သင်သည် ဘုရားသခင်၏ နောက်ကွယ်တွင် သူ့ကို ဆန့်ကျင်သောအရာ အနည်းငယ် လုပ်ဆောင်ပါက၊ ယင်းမှာ ပညတ်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအဖြစ် မှတ်ယူ၍ ရသလော။ သင်သည် ပညတ်ချက်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ မည်သည့်အရာပါဝင်သည်ကို အကုန်အစင် သိနားလည်မှု ရှိရမည်။ ယင်းသည် သင့်အနေဖြင့် ဘုရားသခင်၏ လက်တွေ့ကျခြင်းနှင့်ဆိုင်သည့် စစ်မှန်သော သိနားလည်မှု ရှိ မရှိဆိုသည်နှင့် ဆက်နွှယ်ပေသည်။ သင်သည် လက်တွေ့ကျခြင်းနှင့်ဆိုင်သည့် သိနားလည်မှုရှိပြီး ဤစမ်းသပ်မှုအတွင်းတွင် ခလုတ်တိုက်ကာ မလဲကျပါက၊ သင်သည် ခိုင်မာသော သက်သေခံချက် ရှိသည်ဟု မှတ်ယူ၍ရပေသည်။ ဘုရားသခင်အတွက် ထူးကဲသည့် သက်သေတစ်ခုကိုသက်သေခံခြင်းသည်၊ သင်က လက်တွေ့ကျသော ဘုရားသခင်နှင့်ဆိုင်သည့် သိနားလည်မှု ရှိ မရှိဆိုသည်နှင့် သာမန်ဖြစ်သည် သာမက ပုံမှန်လည်းဖြစ်သည့် ဤလူ၏ ရှေ့တွင် သင် ကျိုးနွံနာခံနိုင်ပြီး သေသည်အထိ ကျိုးနွံနာခံနိုင်ခြင်း ရှိ မရှိ ဆိုသည်တို့နှင့် အဓိကအားဖြင့် ဆက်နွှယ်ပေသည်။ ဤကျိုးနွံနာခံခြင်းနည်းလမ်းအားဖြင့်၊ သင်သည် ဘုရားသခင်အတွက် အမှန်တကယ် သက်သေခံပါက၊ ယင်းမှာ သင့်ကို ဘုရားသခင်က ရရှိပြီဟု ဆိုလိုပေသည်။ သင်သည် သေသည့်တိုင်အောင် ကျိုးနွံနာခံနိုင်ပြီး သူ၏ ရှေ့မှောက်တွင် ညည်းညူမှုများ ကင်းနိုင်ပါက၊ အကဲဖြတ်ဝေဖန်မှုများ မပြု၊ အသရေပျက်အောင် လုပ်ကြံပြောဆိုခြင်းမရှိ၊ မည်သည့် အယူအဆမျှမရှိသကဲ့သို့ မည်သည့် ဖုံးကွယ်ထားသော ရည်ရွယ်ချက်များမျှ မရှိပါက၊ ဤနည်းလမ်းဖြင့် ဘုရားသခင်သည် ဘုန်းအသရေ ရရှိလိမ့်မည်။ လူက အထင်အမြင်သေးခံရသည့် သာမန်လူတစ်ဦးရှေ့တွင် ကျိုးနွံနာခံခြင်းနှင့် မည်သည့်အယူအဆမျှ မရှိဘဲ သေသည့်တိုင်အောင် ကျိုးနွံနာခံနိုင်ခြင်း- ဤသည်မှာ စစ်မှန်သော သက်သေခံချက် ဖြစ်သည်။ လူတို့ဝင်ရောက်ရန် ဘုရားသခင် တောင်းဆိုသည့် လက်တွေ့အရှိတရားဆိုသည်မှာ သင်သည် သူ၏ နှုတ်ကပတ်တော်များကို နာခံနိုင်ခြင်း၊ ယင်းတို့ကို လက်တွေ့လုပ်ဆောင်နိုင်ခြင်း၊ လက်တွေ့ကျသော ဘုရားသခင်၏ ရှေ့တွင် ပျပ်ဝပ်ဦးညွှတ်နိုင်ခြင်းနှင့် သင်၏ ဖောက်ပြန်ပျက်စီးခြင်းကို သိရှိခြင်း၊ သူ၏ရှေ့မှောက်တွင် သင်၏ စိတ်နှလုံးကို ဖွင့်ဟနိုင်ကာ နောက်ဆုံးတွင် သူ၏ ဤနှုတ်ကပတ်တော်များမှတစ်ဆင့်

သူ၏ရယူခြင်းကို ခံရခြင်းတို့ ဖြစ်သည်။ ဤမိန့်မြွက်ချက်များက သင့်ကို သိမ်းပိုက်ပြီး၊ သူ့ကို အပြည့်အဝနာခံစေသည့်အခါ၊ ဘုရားသခင်သည် ဘုန်းအသရေ ရရှိလေသည်။ ဤအရာမှတစ်ဆင့် သူသည် စာတန်ကို အရှက်ရစေပြီး သူ၏ အမှုကို ပြည့်စုံစေသည်။ သင်သည် လူ့ဇာတိခံ ဘုရားသခင်၏ လက်တွေ့ကျခြင်းနှင့်ပတ်သက်၍ မည်သည့်အယူအဆမျှ မရှိသည့်အခါတွင်- ယင်းမှာ သင်သည် ဤစမ်းသပ်မှုတွင် ခိုင်မာစွာ ရပ်တည်ပြီးသည့်အခါ- သင်သည် ဤသက်သေခံချက်ကို ကောင်းကောင်း သက်သေခံပြီးဖြစ်သည်။ သင်သည် လက်တွေ့ကျသော ဘုရားသခင်နှင့်ဆိုင်သည့် ပြည့်ဝသော သိနားလည်မှုရှိပြီး၊ ပေတရုကဲ့သို့ သေသည့်တိုင်အောင် ကျိုးနွံနာခံနိုင်သောနေ့တစ်နေ့ ရှိလာပါက၊ သင်သည် ဘုရားသခင်၏ ရယူခြင်းခံရပြီး စုံလင်စေခြင်း ခံရလိမ့်မည်။ သင်၏ အယူအဆများနှင့် မကိုက်ညီသော ဘုရားသခင် လုပ်ဆောင်သည့် မည်သည့်အရာမဆိုသည် သင့်အတွက် စမ်းသပ်မှုတစ်ခု ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် သင်၏ အယူအဆများနှင့် ကိုက်ညီခဲ့မည်ဆိုပါက၊ ယင်းမှာ သင့်အနေဖြင့် ဆင်းရဲဒုက္ခခံဖို့ သို့မဟုတ် စစ်ဆေးခြင်းခံဖို့ လိုအပ်မည်မဟုတ်ပေ။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် သူ၏အမှုသည် အလွန်လက်တွေ့ကျပြီး သင်၏ အယူအဆများနှင့် ကိုက်ညီမှုမရှိသောကြောင့်၊ သင့်အနေဖြင့် ထိုသို့သော အယူအဆများကို လက်လွှတ်ရန် လိုအပ်ခြင်း ဖြစ်ပေသည်။ ဤသည်မှာ ယင်းသည် သင့်အတွက် စမ်းသပ်မှုတခု ဖြစ်ရသည့် အကြောင်းရင်း ဖြစ်သည်။ လူအားလုံး စမ်းသပ်မှုများအလယ်တွင် ရှိကြသည်မှာ ဘုရားသခင်၏ လက်တွေ့ကျခြင်းကြောင့် ဖြစ်သည်။ သူ၏အမှုသည် လက်တွေ့ကျ၏၊ သဘာဝလွန်ခြင်း မရှိပေ။ မည်သည့် အယူအဆမျှ မရှိဘဲ၊ သူ၏လက်တွေ့ကျသော နှုတ်ကပတ်တော်များနှင့် သူ၏လက်တွေ့ကျသော မိန့်မြွက်ချက်များကို အပြည့်အဝ နားလည်ခြင်းနှင့် သူ၏ အမှုက ယခင်ထက် တိုး၍ လက်တွေ့ကျသည်နှင့်အမျှ သူ့ကို သာ၍ စစ်မှန်စွာ ချစ်နိုင်ခြင်းအားဖြင့်၊ သင်သည် သူ၏ ရယူခြင်း ခံရလိမ့်မည်ဖြစ်သည်။ ဘုရားသခင် ရယူမည့် လူစုမှာ ဘုရားသခင်ကို သိကျွမ်းသောသူများဖြစ်သည်။ ယင်းမှာ သူ၏ လက်တွေ့ကျခြင်းကို သိသောသူများ ဖြစ်၏။ ထို့အပြင် ၎င်းတို့သည် ဘုရားသခင်၏လက်တွေ့ကျသောအမှုကို ကျိုးနွံနာခံနိုင်သောသူများ ဖြစ်သည်။

လူ့ဇာတိ၌ရှိသည့် ဘုရားသခင်၏ အချိန်ကာလအတောအတွင်းတွင်၊ လူများထံမှ သူလိုအပ်သော ကျိုးနွံနာခံခြင်းသည် ၎င်းတို့စိတ်ကူးသကဲ့သို့ အကဲဖြတ်ဝေဖန်ခြင်းများ သို့မဟုတ် ခုခံခြင်းများကို ရှောင်ကြဉ်ခြင်း မပါဝင်ပေ။ ယင်းထက် လူတို့အနေဖြင့် သူ၏နှုတ်ကပတ်တော်များကို အသက်ရှင်ဖို့ ၎င်းတို့၏အခြေခံသဘောတရားနှင့် ၎င်းတို့၏ ရှင်သန်မှုနှင့်ဆိုင်သည့် အခြေခံအုတ်မြစ်အဖြစ် အသုံးပြုဖို့နှင့် သူ၏ နှုတ်ကပတ်တော်များ၏

အနှစ်သာရကို လုံး၀ လက်တွေ့လုပ်ဆောင်ပြီး သူ၏အလိုကို လုံး၀ ဖြည့်ဆည်းဖို့ သူ တောင်းဆိုပေသည်။ လူ့ဇာတိခံဘုရားသခင်ကို ကျိုးနွံနာခံရန် လူတို့ လိုအပ်ခြင်း၏ ရှုထောင့်တခုသည် သူ၏နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်းအား ရည်ညွှန်းစဉ်တွင်၊ နောက်ထပ်ရှုထောင့်တခုက သူ၏ သာမန်ဖြစ်ခြင်းနှင့် လက်တွေ့ကျခြင်းတို့ကို ကျိုးနွံနာခံနိုင်ခြင်းအား ရည်ညွှန်းပေသည်။ ဤအရာများသည် နှစ်ခုလုံး အကြွင်းမဲ့ ဖြစ်ရမည်။ ဤရှုထောင့်နှစ်ခုလုံးကို စွမ်းဆောင်ရရှိနိုင်သူများအားလုံးသည် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင်အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာ သိုထားသူများ ဖြစ်သည်။ ၎င်းတို့အားလုံးသည် ဘုရားသခင်၏ ရယူခြင်းခံရပြီးဖြစ်သော လူများဖြစ်ပြီး ၎င်းတို့အားလုံးသည် ဘုရားသခင်ကို မိမိတို့ ကိုယ်ပိုင်ဘ၀ကို ချစ်သကဲ့သို့ ချစ်သောသူများ ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်သည် သူ၏ အမှုတွင် ပုံမှန်နှင့် လက်တွေ့ကျသော လူ့သဘာဝကို ဆောင်လေသည်။ ဤနည်းအားဖြင့် သူ၏ ပုံမှန်ဖြစ်ပြီး လက်တွေ့လည်းကျသော လူ့သဘာဝ၏ အပြင်ဘက် ပြင်ပအလွှာသည် လူတို့အတွက် အလွန်ကြီးမားသော စမ်းသပ်မှုတခု ဖြစ်လာလေသည်။ ယင်းသည် ၎င်းတို့၏ အကြီးမားဆုံးသော အခက်အခဲ ဖြစ်လာသည်။ သို့သော် ဘုရားသခင်၏ ပုံမှန်ဖြစ်ခြင်းနှင့် လက်တွေ့ကျခြင်းတို့ကို ရှောင်လွှဲ၍မရနိုင်ပေ။ သူသည် အဖြေတခု ရှာတွေ့ရန် အရာရာတိုင်းကို ကြိုးစားခဲ့သော်လည်း၊ အဆုံးတွင် သူ၏သာမန်လူ့သဘာဝနှင့်ဆိုင်သည့် ပြင်ပအလွှာမှ မိမိကိုယ်ကိုယ် မဖယ်ရှားနိုင်ခဲ့ပေ။ အမှန်မှာမူ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သူသည် လူ့ဇာတိခံယူသော ဘုရားသခင် ဖြစ်ပြီး၊ ကောင်းကင်ဘုံ၌ရှိသည့် ဝိညာဉ်တော် ဘုရားမဟုတ်သောကြောင့် ဖြစ်သည်။ သူသည် လူများ မမြင်နိုင်သော ဘုရားမဟုတ်ဘဲ ဖန်ဆင်းခြင်းအနွယ်ဝင်တစ်ဦး၏ အပြင်အလွှာကို ယူတင်ဝတ်ဆင်ထားသောဘုရားသခင် ဖြစ်သည်။ ထို့ကြောင့် သူ၏ ပုံမှန်လူ့သဘာဝ အပြင်အလွှာမှ မိမိကိုယ်ကိုယ် ဖယ်ရှားခြင်းသည် လုံး၀ လွယ်ကူမည်မဟုတ်။ ထို့ကြောင့် မည်သို့ပင်ဆိုစေကာမူ သူသည် သူ လုပ်ဆောင်လိုသောအမှုကို လူ့ဇာတိ၏ ရှုထောင့်မှ လုပ်ဆောင်ဆဲဖြစ်သည်။ ဤအမှုသည် ပုံမှန်ဖြစ်ပြီး လက်တွေ့ကျသော ဘုရားသခင်၏ ဖော်ပြခြင်းဖြစ်သည်၊ သို့ဆိုလျှင် ယင်းသည် လူတို့အတွက် ကျိုးနွံနာခံခြင်း မရှိဖို့မှာ အဘယ်သို့ အဆင်ပြေနိုင်မည်နည်း။ လူတို့သည် ဘုရားသခင်၏ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ မည်သည့်အရာကို လုပ်ဆောင်နိုင်သနည်း။ သူသည် သူလုပ်ချင်သောအရာ မည်သည့်အရာကိုမဆို လုပ်ဆောင်၏။ သူ ပျော်ရွှင်ရသည့် မည်သည့်အရာမဆိုသည် ထိုနည်း၎င်းသာ ဖြစ်ကြသည်။ လူတို့သည် ကျိုးနွံနာခံခြင်းမရှိပါက၊ ၎င်းတို့ထံတွင် အားထားယုံကြည်လောက်သော အခြားမည်သည့်အစီအစဉ်များ

ရှိနိုင်ကြသနည်း။ ယခုထက်ထိ ကျိုးနွံနာခံခြင်းသာ လူများကို ကယ်တင်နိုင်ပေသည်။ မည်သူမျှ အခြားထက်မြက်သည့် မည်သည့် စိတ်ကူးများမျှ မရှိကြလေပြီ။ ဘုရားသခင်သည် လူတို့အား စစ်ဆေးချင်ပါက၊ ယင်းနှင့်ပတ်သက်၍ ၎င်းတို့ မည်သည့်အရာ လုပ်ဆောင်နိုင်သနည်း။ သို့သော် ဤအရာအားလုံးသည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်က အကြံထုတ် ထားခဲ့ခြင်းမဟုတ်ပေ။ ယင်းကို လူ့ဇာတိခံဘုရားသခင်က အကြံထုတ် ထားခဲ့ခြင်း ဖြစ်သည်။ သူသည် ဤအရာကို လုပ်ဆောင်ချင်သည်၊ ထို့ကြောင့် ယင်းကို မည်သူမျှ မပြောင်းလဲနိုင်ပေ။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်သည် လူ့ဇာတိခံ ဘုရားသခင် လုပ်ဆောင်သည့်အရာကို ဝင်ရောက်စွက်ဖက်ခြင်းမရှိပေ၊ ထို့ကြောင့် ဤသည်မှာ လူများအနေဖြင့် သူ့အား ကျိုးနွံနာခံသင့်သည့် အကြောင်းရင်း ပို၍ပင် ဖြစ်သည်မဟုတ်လော။ သူသည် လက်တွေ့ကျသကဲ့သို့ ပုံမှန်လည်းဖြစ်သော်လည်း၊ သူသည် လူ့ဇာတိခံ ဘုရားသခင် လုံးဝ ဖြစ်သည်။ သူ၏ကိုယ်ပိုင် ယူဆချက်များပေါ် အခြေခံ၍ သူ လုပ်ဆောင်ချင်သည့် မည်သည့်အရာကိုမဆို သူလုပ်ဆောင်သည်။ ကောင်းကင်ဘုံရှိ ဘုရားသခင်သည် သူ့အား တာဝန်အားလုံးကို လွှဲအပ်ပြီး ဖြစ်သည်၊ သင်သည် သူလုပ်ဆောင်သည့် မည်သည့်အရာကိုမဆို ကျိုးနွံနာခံရမည်။ သူသည် လူ့သဘာဝရှိပြီး အလွန် ပုံမှန်ဖြစ်သော်လည်း၊ ဤအရာအားလုံးကို သူ တမင်သက်သက် စီစဉ်ထားပြီးဖြစ်သည်၊ ထို့ကြောင့် လူများသည် သူ့အား သဘောမတူသော မျက်လုံးပြူးကြီးများဖြင့် မည်သို့ စိန်းစိန်းဝါးဝါး ကြည့်နိုင်ကြမည်နည်း။ သူသည် ပုံမှန်ဖြစ်ချင်သောကြောင့် ပုံမှန်ဖြစ်၏။ သူသည် လူ့သဘာဝအတွင်း၌ အသက်ရှင်ချင်သောကြောင့် လူ့သဘာဝအတွင်း၌ အသက်ရှင်သည်။ သူသည် ဘုရား၏ သဘောသဘာဝအတွင်း၌ အသက်ရှင်ချင်သောကြောင့် ဘုရား၏ သဘောသဘာဝအတွင်း၌ အသက်ရှင်သည်။ လူတို့သည် ယင်းကို ၎င်းတို့မြင်ချင်သလို မြင်နိုင်သော်လည်း၊ ဘုရားသခင်သည် အမြဲ ဘုရားသခင်ဖြစ်လိမ့်မည် ဖြစ်ပြီး လူသားများသည် အမြဲ လူသားများ ဖြစ်လိမ့်မည်ဖြစ်သည်။ သူ၏အနှစ်သာရကို အရေးမပါသော အသေးစိတ် အချက်အလက် အချို့ကြောင့် ငြင်းပယ်၍မရနိုင်သကဲ့သို့၊ သေးငယ်သောအရာ တစ်ခုကြောင့် ဘုရား၏ "ဇာတိအဖြစ်တော်" ပြင်ပသို့လည်း သူ့ကို တွန်းပို့၍မရနိုင်ပေ။ လူတို့သည် လူသားများနှင့်ဆိုင်သည့် လွတ်လပ်မှုရှိပြီး ဘုရားသခင်သည် ဘုရားသခင်နှင့်ဆိုင်သည့် ဂုဏ်သိက္ခာ ရှိသည်။ ဤအရာများသည် တစ်ခုနှင့်တစ်ခု ဝင်ရောက်စွက်ဖက်မှုမရှိပေ။ လူတို့သည် ဘုရားသခင်ကို အနည်းငယ်မျှသော လွတ်လပ်မှု မပေးနိုင်သလော။ ၎င်းတို့သည် ဘုရားသခင်၏ အနည်းငယ်ပို၍ သာမန်ကာလျှံကာဖြစ်ခြင်းကို သည်းမခံနိုင်သလော။ ဘုရားသခင်နှင့်ပတ်သက်၍ တင်းကျပ်လွန်းမနေနှင့်။ အသီးသီးသည် အချင်းချင်းအတွက်

သည်းခံမှု ရှိသင့်၏။ ထိုအခါ အရာအားလုံး တည်ငြိမ်သွားမည် မဟုတ်လော။ ခပ်တန်းတန်းဖြစ်ခြင်းတစ်ခုတလေ ရှိသေးသလော။ တစ်ဦးတစ်ယောက်သည် ထိုသို့အရေးမပါလှသော ကိစ္စရပ် တစ်ခုကို သည်းမခံနိုင်လျှင်၊ သဘောထားကြီးသော လူတစ်ဦး သို့မဟုတ် စစ်မှန်သော လူတစ်ဦးဖြစ်ခြင်းကို ၎င်းတို့ မည်သို့ စဉ်းစားပင် စဉ်းစားနိုင်မည်နည်း။ လူသားမျိုးနွယ်ကို အခက်အခဲ ဖြစ်စေသည်မှာ ဘုရားသခင်မဟုတ်ဘဲ ဘုရားသခင်အတွက် အခက်အခဲဖြစ်စေသည်မှာ လူသားမျိုးနွယ်ဖြစ်သည်။ ၎င်းတို့သည် အမြဲ တစ်ဆိတ်ကို တစ်အိတ်လုပ်ခြင်းအားဖြင့် အမှုအရာများကို ကိုင်တွယ်ကြသည်။ ၎င်းတို့သည် ဘာမျှမရှိခြင်းမှ တစ်စုံတစ်ခုကို အမှန်တကယ် ဖန်တီးကြပြီး ယင်းသည် အလွန် မလိုအပ်ပေ။ ဘုရားသခင်သည် ပုံမှန်ဖြစ်ပြီး လက်တွေ့ကျသော လူ့သဘာဝအတွင်း၌ အမှုပြုချိန်တွင်၊ သူလုပ်ဆောင်သောအရာသည် လူသားမျိုးနွယ်၏အလုပ်မဟုတ်ဘဲ၊ ဘုရားသခင်၏အမှု ဖြစ်သည်။ သို့သော် လူသားများသည် သူ၏ အမှု၏ အနှစ်သာရကို မမြင်ကြပေ။ ၎င်းတို့သည် သူ၏လူ့သဘာဝ၏ အပြင်ဘက် အပြင်အလှာကိုသာ အမြဲ မြင်ကြလေသည်။ ၎င်းတို့သည် ထိုသို့သော ကြီးမြတ်သည့်အမှုကို မမြင်ဖူးကြသော်လည်း၊ ဘုရားသခင်၏သာမန်နှင့် ပုံမှန်လူ့သဘာဝကို မြင်ခြင်းဌာ မရမက တောင်းဆိုပြီး ယင်းကို လက်လွှတ်ကြလိမ့်မည် မဟုတ်ပေ။ ဤအရာကို ဘုရားသခင်၏ရှေ့တွင် ကျိုးနွံနာခံခြင်းဟု အဘယ်သို့ ခေါ်ဆိုနိုင်မည်နည်း။ ကောင်းကင်ဘုံရှိဘုရားသခင်သည် ယခု မြေကြီးပေါ် ရှိ ဘုရားသခင်အဖြစ် “ပြောင်းလဲ” သွားပြီးဖြစ်ကာ မြေကြီးပေါ် ရှိ ဘုရားသခင်သည် ယခု ကောင်းကင်ဘုံရှိ ဘုရားသခင် ဖြစ်သည်။ ၎င်းတို့၏ပြင်ပအသွင်အပြင်များသည် တူညီခြင်း ရှိ မရှိဆိုသည်မှာ အရေးမကြီးသကဲ့သို့၊ ၎င်းတို့ မည်သို့ အတိအကျ အမှုပြုကြသည်ဆိုသည်မှာလည်း အရေးမကြီးပေ။ နောက်ဆုံးတွင် ဘုရားသခင် ကိုယ်တိုင်၏အမှုကို လုပ်ဆောင်သောသူသည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ သင် လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ ကျိုးနွံနာခံရမည် ဖြစ်သည်- ဤသည်မှာ သင် ရွေးချယ်စရာရှိသော ကိစ္စရပ်တစ်ခု မဟုတ်ပေ။ ဘုရားသခင်ကို လူသားတို့ နာခံရမည်ဖြစ်ပြီး၊ လူသားများသည် ဘုရားသခင်အား ဟန်ဆောင်မှု စိုးစဉ်းမျှမရှိဘဲ လုံးဝနာခံရမည်ဖြစ်သည်။

ယနေ့ လူ့ဇာတိခံ ဘုရားသခင် ရယူချင်သော လူစုမှာ သူ၏ အလိုနှင့်ကိုက်ညီသောသူများ ဖြစ်သည်။ ၎င်းတို့သည် သူ၏ အမှုကို ကျိုးနွံနာခံဖို့နှင့် မရေရာမှုတွင် အသက်ရှင်ရင်းနှင့် အမှုအရာများကို လူ့ဇာတိ၌ရှိသည့် ဘုရားသခင်အတွက် ခက်ခဲစေရင်း၊ ကောင်းကင်ဘုံရှိ ဘုရားသခင်၏ စိတ်ကူးများကို စဉ်ဆက်မပြတ် စိတ်ဝင်စားခြင်းအား ရပ်တန့်ဖို့သာ လိုအပ်ပေသည်။ သူ့ကိုနာခံနိုင်သောသူများသည် သူ့နှုတ်ကပတ်တော်များကို အကြွင်းမဲ့

နားထောင်သူများနှင့် သူ့အစီအစဉ်များကို ကျိုးနွံနာခံသောသူများ ဖြစ်သည်။ ထိုသို့သော လူများသည် ကောင်းကင်ဘုံရှိဘုရားသခင်သည် မည်သည့်အရာနှင့် အမှန်တကယ်တူမည် သို့မဟုတ် ကောင်းကင်ဘုံရှိဘုရားသခင်သည် လူသားမျိုးနွယ်အလယ်တွင် လတ်တလော မည်သည့်အမှုမျိုး လုပ်ဆောင်နေမည်ဆိုသည်တို့ကို လုံး၀ ဂရုမထားကြပေ။ ၎င်းတို့သည် မြေကြီးပေါ် ရှိ ဘုရားသခင်အား ၎င်းတို့၏ နှလုံးသားများကို အပြည့်အ၀ပေးပြီး သူ၏ရှေ့မှောက်တွင် ၎င်းတို့၏ ဖြစ်တည်ခြင်း တစ်ခုလုံးကို ထားရှိကြလေသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်၏လုံခြုံမှုကို လုံး၀ မည်သို့မျှ ထည့်သွင်းမစဉ်းစားကြသကဲ့သို့ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်၏ ပုံမှန်ဖြစ်ခြင်းနှင့် လက်တွေ့ကျခြင်းတို့ကို မည်သည့်အခါမျှ ရေးကြီးခွင်ကျယ်လုပ်ခြင်း မရှိကြပေ။ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်ကို ကျိုးနွံနာခံသောသူများသည် သူ၏ စုံလင်စေခြင်းခံရနိုင်သည်။ ကောင်းကင်ဘုံရှိဘုရားသခင်ကို ယုံကြည်သောသူများသည် မည်သည့်အရာမျှ ရရှိကြလိမ့်မည်မဟုတ်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူတို့အပေါ် ကတိတော်များနှင့် ကောင်းကြီးမင်္ဂလာများ အပ်နှင်းသူမှာ ကောင်းကင်ဘုံရှိ ဘုရားသခင် မဟုတ်ဘဲ မြေကြီးပေါ် ရှိဘုရားသခင် ဖြစ်သောကြောင့် ဖြစ်သည်။ လူတို့သည် မြေကြီးပေါ် ရှိ ဘုရားသခင်ကို သာမန်လူတစ်ဦးမျှအဖြစ် မြင်နေကြစဉ်တွင်၊ ကောင်းကင်ဘုံရှိဘုရားသခင်အား အမြဲ ချဲ့ကားပြောဆိုခြင်း မပြုသင့်ပေ။ ဤသည်မှာ မတရားပေ။ ကောင်းကင်ဘုံရှိ ဘုရားသခင်သည် ကြီးမြတ်ပြီး အံ့သြဖွယ်ကောင်းသော ဉာဏ်ပညာဖြင့် ချီးကျူးလောက်စရာဖြစ်သော်လည်း၊ ဤသည်မှာ လုံး၀ မတည်ရှိပေ။ မြေကြီးပေါ် ရှိ ဘုရားသခင်သည် အလွန်သာမန်ဖြစ်ပြီး အရေးမပါသကဲ့သို့ သူသည် အလွန်လည်း ပုံမှန်ဖြစ်ပေသည်။ သူသည် သာမန်ထက်လွန်ကဲသော ဉာဏ် မရှိပေ၊ သို့မဟုတ် မြေကြီးကို တုန်လှုပ်စေသော လုပ်ဆောင်မှုများ မဆောင်ရွက်ပေ။ သူသည် အလွန်ပုံမှန်ဖြစ်ကာ လက်တွေ့ကျသော နည်းလမ်းဖြင့်သာ အမှုပြုကာ စကားပြောဆိုရုံလေသည်။ သူသည် မိုးချုန်းသံမှတစ်ဆင့် စကားမပြောသော်လည်း၊ သို့မဟုတ် လေနှင့်မိုးတို့အား ခေါ် ဖိတ်ခြင်း မပြုသော်လည်း၊ သူသည် ကောင်းကင်ဘုံရှိဘုရားသခင်၏ လူ့ဇာတိခံယူခြင်း အမှန်တကယ် ဖြစ်ကာ လူသားများအလယ် အသက်ရှင်နေသည့် ဘုရားသခင် အမှန်တကယ်ဖြစ်ပေသည်။ လူတို့သည် ၎င်းတို့ လက်မခံနိုင်သကဲ့သို့ လုံး၀ စိတ်မကူးနိုင်သောသူအား နိမ့်ကျသူအဖြစ် မြင်နေစဉ်တွင်၊ ၎င်းတို့နားလည်နိုင်ပြီး ဘုရားအဖြစ် ၎င်းတို့၏ ကိုယ်ပိုင်စိတ်ကူးများနှင့် ကိုက်ညီသော သူကို ချဲ့ကားပြောဆိုခြင်း ပြုရမည်မဟုတ်။ ဤအရာအားလုံးသည် လူတို့၏ ပုန်ကန်ခြင်းမှ လာပေသည်။ ယင်းမှာ ဘုရားသခင်ကို လူသားမျိုးနွယ်၏ ခုခံခြင်း အရင်းအမြစ်သာ ဖြစ်ပေသည်။

# စုံလင်ခြင်းသို့ ရောက်မည့်သူများသည် စစ်ဆေးခြင်းကို ခံကြရမည်

အကယ်၍ သင်သည် ဘုရားသခင်ကို ယုံကြည်ပါက၊ ဘုရားသခင်ကို နာခံရမည်၊ သမ္မာတရားကို လက်တွေ့ကျင့်သုံးကာ သင်၏တာဝန်အားလုံးကို ကျေပွန်အောင် ထမ်းဆောင်ရမည်။ ထို့မျှမက သင်တွေ့ကြုံသင့်သော အမှုအရာများကို သင်နားလည်ရမည်။ အကယ်၍ သင်သည် ကိုင်တွယ်ဖြေရှင်းခြင်း၊ ဆုံးမပဲ့ပြင်ခြင်းနှင့် တရားစီရင်ခြင်းတို့ကို တွေ့ကြုံ ခံစားခြင်းသာ ရှိသော်လည်း၊ ဘုရားသခင်အား မွေ့လျော်နိုင်စွမ်းသာ ရှိသော်လည်း၊ သင့်ကို ဘုရားသခင် ဆုံးမပဲ့ပြင်နေသည့်အခါ သို့မဟုတ် ကိုင်တွယ်ဖြေရှင်းနေသည့်အခါ သတိပြုမိနိုင်စွမ်းမရှိဘဲ ဖြစ်နေသေးပါက၊ ဤသည်မှာ လက်ခံနိုင်ဖွယ် မဟုတ်ပေ။ ဤစစ်ဆေးခြင်းဖြစ်ရပ်တွင် သင်သည် ကြံ့ကြံ့ခံကောင်း ခံနိုင်မည်ဖြစ်သော်လည်း၊ ဤသည်မှာ မလုံလောက်သေးပေ၊ သင်ရှေ့သို့ ဆက်လက်ချီတက်ရဦးမည်။ ဘုရားသခင်ကို ချစ်ခြင်းနှင့်ဆိုင်သော သင်ခန်းစာမှာ မည်သည့်အခါမျှ မရပ်တန့်ဘဲ အဆုံးမရှိပါ။ လူတို့က ဘုရားသခင်ကို ယုံကြည်ခြင်းမှာ အလွန်တရာ ရိုးရှင်းသည့်အရာဟု မြင်ကြသော်လည်း၊ လက်တွေ့ကျသော အတွေ့အကြုံအနည်းငယ်ကို ၎င်းတို့ရကြသည့်အခါတွင်မှ ဘုရားသခင်ကို ယုံကြည်ခြင်းမှာ လူတို့ ထင်မှတ်သကဲ့သို့ မရိုးရှင်းကြောင်း ၎င်းတို့ သဘောပေါက်လာကြသည်။ လူသားကိုစစ်ဆေးရန် ဘုရားသခင်အမှုပြုသည့်အခါ၊ လူသားက ဒုက္ခခံရသည်။ လူတစ်ဦး၏ စစ်ဆေးခံရခြင်း ကြီးမားလေလေ၊ ဘုရားသခင်အပေါ် သူ၏ချစ်ခြင်း ကြီးမားလေလေဖြစ်ပြီး သူ့အထဲတွင် ဘုရားသခင်၏ခွန်အား ထုတ်ဖော် ခံရလေလေ ဖြစ်မည်။ ဆန့်ကျင်ဘက်အနေဖြင့် လူတစ်ဦးက စစ်ဆေးခံရမှု ရရှိခြင်း နည်းလေလေ ဘုရားသခင်အပေါ် သူ၏ချစ်ခြင်း ကြီးထွားလာမှု နည်းလေလေဖြစ်ပြီး၊ သူ့အထဲတွင် ဘုရားသခင်၏ခွန်အား ထုတ်ဖော်ခံရမှု နည်းလေလေ ဖြစ်မည်။ ထိုကဲ့သို့သောသူတစ်ဦး၏ စစ်ဆေးခံရခြင်းနှင့် ဝေဒနာ ကြီးမားပြီး ညှဉ်းဆဲခြင်းကို သူတို့တွေ့ကြုံရလေလေ၊ ဘုရားသခင်အပေါ် သူ၏ချစ်ခြင်း နက်ရှိုင်းလေလေဖြစ်ကာ၊ ဘုရားသခင်အပေါ် သူ၏ ယုံကြည်ခြင်းက စစ်မှန်လေလေ ဖြစ်လာပြီး ဘုရားသခင်အပေါ် သူ၏ သိကျွမ်းခြင်းက နက်ရှိုင်းလေလေ ဖြစ်မည်။ သင်၏အတွေ့အကြုံများတွင် သူတို့ စစ်ဆေးခြင်းခံရစဉ် ကြီးမားစွာ ဒုက္ခခံရသူများ၊ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို များစွာခံရသောလူတို့ကို သင်တွေ့ရမည်ဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်အပေါ် နက်နဲသော ချစ်ခြင်းမေတ္တာရှိကာ ဘုရားသခင်အပေါ် ပို၍လေးနက်ပြီး ထိုးထွင်းသိမြင်နိုင်သည့် သိကျွမ်းခြင်းရှိသောသူများ ဖြစ်ကြောင်းကို သင်တွေ့ရလိမ့်မည်။ ကိုင်တွယ်ဖြေရှင်းခြင်း မခံရသေးသော သူများ၌ အပေါ်ယံအသိသာ

ရှိကြပြီး၊ ၎င်းတို့က- "ဘုရားသခင်သည် အလွန်ကောင်းမြတ်၏၊ လူတို့က သူ့ကို မွေ့လျော်နိုင်ဖို့အတွက် သူတို့အပေါ် ကျေးဇူးတော်ကို နှင်းအပ်ပေး၏" ဟူ၍သာ ပြောနိုင်ကြသည်။ အကယ်၍ လူတို့သည် ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို တွေ့ကြုံဖူးပါက၊ ၎င်းတို့သည် ဘုရားသခင်အပေါ် စစ်မှန်သော သိကျွမ်းခြင်းအကြောင်းကို ပြောနိုင်ကြသည်။ ထို့ကြောင့် လူသား၏အထဲ၌ ဘုရားသခင်၏အမှုက အံ့သြဖွယ်ကောင်းလေလေ၊ ယင်းက တန်ဖိုးရှိလေလေနှင့် အဓိပ္ပာယ်ရှိလေလေ ဖြစ်သည်။ ဘုရားသခင်၏အမှုက သင့်အတွက် ပို၍ခဲကတ်ပြီး ယင်းက သင်၏အယူအဆများနှင့် သဟဇာတမဖြစ်လေလေ၊ ယင်းက သင့်ကို သိမ်းပိုက်ရန်၊ သင့်ကိုရယူရန်နှင့် သင့်ကိုစုံလင်စေရန် တတ်နိုင်လေလေ ဖြစ်သည်။ ဘုရားသခင့်အမှု၏ အဓိပ္ပာယ်မှာ အဘယ်မျှလောက် ကြီးမားလေ သနည်း။ အကယ်၍ ဘုရားသခင်သည် လူသားကို ဤနည်းဖြင့် မစစ်ဆေးခဲ့ပါက၊ အကယ်၍ သူသည် ဤနည်းလမ်းအတိုင်း အမှုမပြုခဲ့ပါက၊ သူ၏အမှုသည် မထိရောက်ဘဲ အဓိပ္ပာယ်ကင်းမဲ့နေခဲ့မည် ဖြစ်သည်။ နောက်ဆုံးသောကာလတွင် ဘုရားသခင်သည် ဤလူစုကို ရွေးချယ်ရယူပြီး ၎င်းတို့ကို စုံလင်စေမည်ဟု အတိတ်က ပြောခဲ့၏။ ဤအရာ၌ သာမန်ထက်ထူးခြားသော အဓိပ္ပာယ် ရှိသည်။ သင်တို့အထဲတွင် သူလုပ်ဆောင်သောအမှုသည် ကြီးမားလေလေ၊ ဘုရားသခင်အပေါ် သင်တို့၏ချစ်ခြင်းမေတ္တာသည် နက်ရှိုင်းလေလေနှင့် စင်ကြယ်လေလေ ဖြစ်သည်။ ဘုရားသခင်၏အမှု ကြီးမားလေလေ၊ လူသားသည် သူ၏ဉာဏ်ပညာကို အတော်ပင် သဘောပေါက်နိုင်လေလေဖြစ်ပြီး သူ့အပေါ် လူသား၏ သိကျွမ်းခြင်းသည်လည်း နက်ရှိုင်းလေလေ ဖြစ်သည်။ နောက်ဆုံးသောကာလအတောအတွင်း ဘုရားသခင်၏ နှစ် ၆၀၀၀ စီမံခန့်ခွဲမှုအစီအစဉ်သည် အဆုံးသတ်လိမ့်မည်။ ယင်းသည် အမှန်တကယ် လွယ်ကူစွာ အဆုံးသတ်နိုင်မည်လော။ သူသည် လူသားမျိုးနွယ်ကို သိမ်းပိုက်ပြီးသည်နှင့်တစ်ပြိုင်နက် သူ၏အမှုက ပြီးဆုံးသွားမည်လော။ ယင်းက အလွန်ရိုးရှင်းနိုင်မည်လော။ လူတို့က ယင်းမှာ ဤမျှရိုးရှင်းသည်ဟု အမှန်ပင် ထင်မှတ်ကြသော်လည်း၊ ဘုရားသခင် ပြုသောအရာမှာ အလွန်ရိုးရှင်းသည် မဟုတ်ပေ။ ဘုရားသခင့်အမှု၏ မည်သည့်အပိုင်းကို သင်ပြောလိုသည်ဖြစ်စေ၊ ထိုအရာအလုံးစုံမှာ လူသားအတွက် ဉာဏ်မီနိုင်ဖွယ် မဟုတ်ပေ။ သင်သည် ယင်းကို နားလည်သဘောပေါက်နိုင်ခဲ့ပါက၊ ဘုရားသခင်၏အမှုမှာ အဓိပ္ပာယ် သို့မဟုတ် တန်ဖိုး ကင်းမဲ့နေပေမည်။ ဘုရားသခင်ပြုခဲ့သော အမှုမှာ ဉာဏ်မီနိုင်ဖွယ် မဟုတ်ပေ။ ယင်းက သင်၏အယူအဆများနှင့် လုံးလုံးဆန့်ကျင်လျက်ရှိပြီး၊ သင်၏အယူအဆများနှင့် ညှိ၍မရလေလေ၊ ယင်းက ဘုရားသခင်၏အမှုမှာ

အဓိပ္ပာယ်ရှိကြောင်း ပြလေလေ ဖြစ်သည်။ သင်၏အယူအဆများနှင့် သဟဇာတဖြစ်ခဲ့ပါက၊ ယင်းမှာ အဓိပ္ပာယ်ရှိမည် မဟုတ်တော့ပေ။ ဘုရားသခင်၏အမှုမှာ အလွန်အံ့သြဖွယ်ဖြစ်ကြောင်း သင်ယနေ့ခံစားရကာ၊ ယင်းက အံ့သြဖွယ်ကောင်းသည်ဟု သင်ခံစားရလေလေ၊ ဘုရားသခင်သည် ဉာဏ်မီနိုင်ဖွယ်ရာ မဟုတ်ကြောင်း သင်ခံစားရလေလေ ဖြစ်ပြီး၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များမှာ အဘယ်မျှကြီးမြတ်ကြောင်း သင်မြင်ရလေလေ ဖြစ်သည်။ အကယ်၍ သူသည် လူသားကို သိမ်းပိုက်ရန် အပေါ်ယံ၊ ဝတ်ကျေတမ်းကျေ အမှုအနည်းငယ်ကိုသာ ပြုပြီးနောက် အခြားမည်သည့်အရာကိုမျှ မပြုခဲ့ပါက၊ လူသားသည် ဘုရားသခင့်အမှု၏ အဓိပ္ပာယ်ကို ရှုမြင်နိုင်စွမ်း ရှိမည်မဟုတ်ပေ။ သင်သည် ယခု အနည်းငယ်သော စစ်ဆေးခြင်းကို ခံယူနေရသော်လည်း၊ ယင်းမှာ အသက်တာ၌ သင်၏ ကြီးထွားမှုအတွက် ကြီးမားသော အကျိုးကျေးဇူး ရှိပေသည်။ ထို့ကြောင့် သင်တို့အနေဖြင့် ထိုကဲ့သို့သော ဆင်းရဲဒုက္ခကို ခံရရန်မှာ အဆုံးစွန်လိုအပ်ချက်ပင် ဖြစ်သည်။ ယနေ့ သင်သည် အနည်းငယ်သော စစ်ဆေးခြင်းကို ခံယူနေရသော်လည်း၊ နောင်တွင် သင်သည် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို အမှန်တကယ် ရှုမြင်နိုင်လိမ့်မည်ဖြစ်ပြီး နောက်ဆုံးတွင် "ဘုရားသခင်၏ လုပ်ဆောင်ချက်များက အံ့သြဖွယ်ကောင်းလှပါတကား" ဟု သင်ဆိုလိမ့်မည်။ ဤသည်တို့မှာ သင်၏ စိတ်နှလုံးထဲမှ စကားလုံးများ ဖြစ်လိမ့်မည်။ ဘုရားသခင်၏ စစ်ဆေးခြင်း (အစေခံသူတို့၏ စစ်ဆေးခံရခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကာလ) ကို အတန်ကြာ တွေ့ကြုံရပြီးသည့်အခါ လူအချို့က နောက်ဆုံးတွင် "ဘုရားသခင်အား ယုံကြည်ခြင်းသည် အမှန်တကယ် ခက်ခဲပါတကား" ဟု ဆိုကြလိမ့်မည်။ သူတို့အနေဖြင့် "အမှန်တကယ် ခက်ခဲသည်" ဟူသော စကားလုံးများ သုံးစွဲခဲ့သည့်အချက်က ဘုရားသခင်၏ လုပ်ဆောင်ချက်များမှာ ဉာဏ်မီနိုင်ဖွယ် မဟုတ်ကြောင်း၊ ဘုရားသခင်၏ အမှုတွင် ကြီးမားသော အဓိပ္ပာယ်နှင့် တန်ဖိုးဟူသော စရိုက်လက္ခဏာ ရှိကြောင်းနှင့်၊ သူ၏အမှုမှာ လူသား၏ တန်ဖိုးထားခြင်းခံရရန် လွန်စွာ ထိုက်တန်ကြောင်းကို ပြသသည်။ အကယ်၍ ငါသည် များလှစွာသော အမှုကို ပြုခဲ့ပြီးနောက်တွင် သင်၌ သိကျွမ်းခြင်း စိုးစဉ်းမျှမရှိခဲ့ပါက၊ ငါ၏အမှုသည် တန်ဖိုးရှိနိုင်ဦးမည်လော။ ၎င်းက သင့်အား- "ဘုရားသခင်ထံ အစေခံခြင်းက အမှန်တကယ် ခက်ခဲသည်၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များမှာ အံ့သြဖွယ်ကောင်းလှပြီး ဘုရားသခင်သည် အမှန်ပင် ဉာဏ်ပညာရှိ၏။ ဘုရားသခင်သည် ချစ်ဖွယ်ကောင်းလှ၏" ဟု ဆိုစေလိမ့်မည်။ အကယ်၍ အတွေ့အကြုံကာလတစ်ခုကို ခံစားရပြီးနောက်တွင် သင်သည် ထိုကဲ့သို့သော စကားလုံးများကို ပြောနိုင်ပါက၊ ဤအရာက သင်သည် သင့်အထဲ၌ ဘုရားသခင်၏အမှုကို ရရှိထားကြောင်း သက်သေပြပေသည်။ တစ်နေ့တွင် သင်သည်

နိုင်ငံရပ်ခြား၌ ဧဝံဂလိတရားကို ဖြန့်ဝေနေပြီး တစ်စုံတစ်ဦးက သင့်အား- "ဘုရားသခင်အပေါ် သင်၏ ယုံကြည်ခြင်းက ဘယ်လို အခြေအနေရှိလဲ။" ဟု မေးသည့်အခါ သင်သည်- "ဘုရားသခင်၏ လုပ်ဆောင်ချက်များက အံ့သြချီးမွမ်းဖွယ်ကောင်းလှ၏" ဟု ပြောနိုင်လိမ့်မည်။ သူတို့က သင်၏စကားများသည် စစ်မှန်သော အတွေ့အကြုံများအကြောင်းကို ပြောပြနေသည်ဟု ခံစားရလိမ့်မည်။ ဤအရာက အမှန်တကယ် သက်သေခံနေပေသည်။ ဘုရားသခင်၏အမှုသည် ဉာဏ်ပညာနှင့် ပြည့်ဝလျက် ရှိကြောင်း၊ ထို့ပြင် သင့်အထဲ၌ သူပြုသောအမှုက သင့်ကို အမှန်တကယ် လက်ခံယုံကြည်စေခဲ့ပြီးကြောင်းနှင့် သင်၏စိတ်နှလုံးကို သိမ်းပိုက်ခဲ့ပြီးကြောင်း သင်ဆိုလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ ချစ်ခြင်းနှင့် ထိုက်တန်သည်ထက်ပင် သာလွန်သောကြောင့် သင်သည် သူ့ကို အစဉ်အမြဲ ချစ်ပေလိမ့်မည်။ အကယ်၍ ဤအရာများကို သင်ပြောနိုင်ပါက လူတို့၏ စိတ်နှလုံးကို သင်လှုပ်ရှားစေနိုင်မည်။ ဤအရာအားလုံးက သက်သေခံခြင်း ဖြစ်ပေသည်။ အကယ်၍ သင်သည် ထူးကဲသောသက်သေကို ခံနိုင်ပါက၊ လူတို့ကို မျက်ရည်ကျအောင် စွမ်းဆောင်နိုင်လျှင် ယင်းက သင်သည် ဘုရားသခင်ကို ချစ်သောသူ အမှန်ဖြစ်ကြောင်း ပြသသည်၊ အကြောင်းမှာ သင်သည် ဘုရားသခင်အား ချစ်ခြင်းကို ထင်ရှားစေနိုင်ပြီး၊ သင့်အားဖြင့် ဘုရားသခင်၏ လုပ်ဆောင်ချက်များသည် သက်သေခံချက်အဖြစ် အတည်ပြုနိုင်သောကြောင့် ဖြစ်သည်။ သင်၏ သက်သေခံချက်အားဖြင့် အခြားလူများအား ဘုရားသခင်၏အမှုကို ရှာဖွေစေသည်၊ ဘုရားသခင်၏အမှုကို တွေ့ကြုံစေသည်၊ ထို့ပြင် သူတို့တွေ့ကြုံသည့် မည်သည့် ပတ်ဝန်းကျင်၌မဆို သူတို့သည် မြဲမြံစွာ ရပ်တည်နိုင်ကြလိမ့်မည်။ ဤသည်မှာ သက်သေခံခြင်း၏ တစ်ခုတည်းသော စစ်မှန်သည့် နည်းလမ်းဖြစ်ပြီး ဤသည်မှာ ယခု သင့်ကိုတောင်းဆိုသောအရာ အတိအကျပင်ဖြစ်သည်။ ဘုရားသခင်၏အမှုမှာ လွန်စွာတန်ဖိုးရှိပြီး လူတို့၏ တန်ဖိုးထားခြင်းခံရရန် ထိုက်တန်ကြောင်း၊ ဘုရားသခင်သည် အလွန် မြတ်နိုးဖွယ်ဖြစ်ပြီး အလွန်ကြွယ်ဝကြောင်း သင်တွေ့မြင်သင့်သည်။ သူသည် စကားပြောနိုင်သည်သာမက၊ လူတို့ကိုလည်း တရားစီရင်နိုင်သည်၊ ၎င်းတို့၏ စိတ်နှလုံးများကို စစ်ဆေးနိုင်သည်၊ သူတို့အား ဝမ်းမြောက်ခြင်းကို ဆောင်ကြဉ်းပေးနိုင်သည်၊ သူတို့အား ရယူနိုင်သည်၊ သိမ်းပိုက်နိုင်သည့်အပြင် စုံလင်စေနိုင်သည်။ သင်၏ အတွေ့အကြုံမှနေ၍ ဘုရားသခင်သည် အလွန်ချစ်မြတ်နိုးဖွယ်ကောင်းသည်ကို သင်မြင်လိမ့်မည်။ ထို့ကြောင့် ယခု ဘုရားသခင်ကို သင် အဘယ်မျှလောက် ချစ်သနည်း။ သင်သည် ဤအရာများကို သင်၏စိတ်နှလုံးထဲမှ အမှန်တကယ်ပြောနိုင်သလော။ သင်သည် ဤစကားလုံးများကို သင်၏စိတ်နှလုံး၏နက်ရှိုင်းသောနေရာမှ ဖော်ပြနိုင်ပါက၊ သင်

သက်သေခံနိုင်လိမ့်မည်။ သင်၏အတွေ့အကြုံသည် ဤအဆင့်သို့ ရောက်ရှိပြီးသည့်အခါ၊ သင်သည် ဘုရားသခင်အတွက် သက်သေခံတစ်ဦး ဖြစ်နိုင်စွမ်းရှိပြီး အရည်အချင်း ပြည့်မီလိမ့်မည်။ အကယ်၍ သင်သည် သင်၏အတွေ့အကြုံထဲ၌ ဤအဆင့်ကို မရောက်ရှိပါက၊ သင်သည် လွန်စွာ အလှမ်းကွာနေဆဲဖြစ်လိမ့်မည်။ စစ်ဆေးခြင်းဖြစ်စဉ်တွင် လူတို့အနေဖြင့် အားနည်းချက်များ ပြသသည်မှာ ပုံမှန်ဖြစ်သော်လည်း၊ စစ်ဆေးခြင်းနောက်၌ သင်သည်- “ဘုရားသခင်သည် သူ၏အမှု၌ အလွန် ဉာဏ်ပညာရှိသည်တကား။” ဟု ပြောနိုင်သင့်သည်။ အကယ်၍ သင်သည် ဤစကားလုံးများအား လက်တွေ့ကျသောနားလည်မှု အမှန်တကယ် ရရှိနိုင်ပါက၊ ယင်းမှာ သင်မြတ်နိုးသည့်အရာ ဖြစ်လာပြီး သင်၏အတွေ့အကြုံသည် တန်ဖိုး ရှိလိမ့်သည်။

သင် ယခု မည်သည့်အရာကို မီအောင်လိုက်သင့်သနည်း။ သင်သည် ဘုရားသခင်၏ အမှုကို သက်သေခံနိုင်စွမ်းရှိမရှိ၊ သင်သည် ဘုရားသခင်၏ သက်သေခံချက်တစ်ခုနှင့် သရုပ်ဖော်ချက်တစ်ခု ဖြစ်လာနိုင်ခြင်းရှိမရှိနှင့် သင်သည် သူ၏အသုံးပြုခြင်းကိုခံရရန် သင့်တော်ခြင်းရှိမရှိ ဟူသည်တို့မှာ သင် ရှာဖွေသင့်သော အရာများပင်ဖြစ်သည်။ ဘုရားသခင်သည် သင့်အထဲတွင် အမှန်တကယ် အမှုမည်မျှပြုခဲ့ပြီးပြီနည်း။ သင် အဘယ်မျှ မြင်ခဲ့ပြီးပြီနည်း၊ သင် အဘယ်မျှ ထိတွေ့ခဲ့ပြီးပြီနည်း။ သင် အဘယ်မျှ တွေ့ကြုံပြီး မြည်းစမ်းခဲ့ပြီးပြီနည်း။ ဘုရားသခင်သည် သင့်ကို စမ်းသပ်ခဲ့ပြီးပါစေ၊ ကိုင်တွယ်ဖြေရှင်း ခဲ့ပြီးပါစေ၊ သို့မဟုတ် ဆုံးမပဲ့ပြင်ခဲ့ပြီးပါစေ သူ၏လုပ်ရပ်များနှင့် သူ၏အမှုတို့ကို သင့်အပေါ်တွင် လုပ်ဆောင်ခဲ့ပြီးပြီဖြစ်သည်။ သို့သော် ဘုရားသခင်အား ယုံကြည်သူတစ်ဦးဖြစ်ပြီး၊ ဘုရားသခင်၏ စုံလင်အောင်အပြုခံရဖို့ ကြိုးစားအားထုတ်လိုသူ တစ်ဦးအနေဖြင့် သင်သည် သင်၏ လက်တွေ့ကျသော အတွေ့အကြုံပေါ် အခြေခံ၍ ဘုရားသခင်၏ အမှုအတွက် သက်သေခံနိုင် သလော။ သင်သည် သင်၏ လက်တွေ့ကျသော အတွေ့အကြုံအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်နေထိုင်နိုင်သလော။ သင်သည် သင်ကိုယ်တိုင်၏ လက်တွေ့ကျသော အတွေ့အကြုံအားဖြင့် အခြားသူများကို ထောက်ပံ့ပေးပြီး ဘုရားသခင်၏အမှုအတွက် သက်သေခံဖို့ သင့်အသက်တာတစ်ခုလုံးကို အသုံးခံနိုင်သလော။ သင်သည် ဘုရားသခင်၏ အမှုကို သက်သေခံရန်အတွက် သင်၏ အတွေ့အကြုံ၊ သိကျွမ်းခြင်းနှင့် သင်ပေးဆပ်ခဲ့ပြီးသော အဖိုးအခအပေါ် အမှီပြုရမည်။ ထိုမှသာလျှင် သင်သည် သူ၏အလိုတော်ကို ဖြည့်ဆည်းနိုင်မည်။ သင်သည် ဘုရားသခင်၏ အမှုကို သက်သေခံသောသူတစ်ဦး ဖြစ်သလော။ သင်၌ ဤပြင်းပြသောဆန္ဒ ရှိသလော။ အကယ်၍ သင်သည် သူ၏နာမတော်ကိုသာမက သူ၏အမှုကိုပင်လျှင် သက်သေခံနိုင်ပါက၊ ထို့ပြင်

သင်သည် သူ၏လူတို့ကို သူတောင်းဆိုသော ပုံစံအတိုင်း အသက်ရှင်နေထိုင်နိုင်ပါက၊ သင်သည် ဘုရားသခင်အတွက် သက်သေခံတစ်ဦးဖြစ်သည်။ သင်သည် ဘုရားသခင်အတွက် အမှန်တကယ် မည်သို့သက်သေခံသနည်း။ သင်သည် ယင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်နေထိုင်ရန် ကြိုးစားခြင်းနှင့် တောင့်တခြင်း၊ သင်၏ စကားလုံးများဖြင့် သက်သေခံခြင်း၊ လူတို့အား သူ၏အမှုကို သိစေခြင်းနှင့် သူ၏လုပ်ဆောင်မှုများကို မြင်စေခြင်းတို့အားဖြင့် ပြုလုပ်ရသည်။ အကယ်၍ သင်သည် ဤအရာအားလုံးကို အမှန်တကယ် ကြိုးစားပါက၊ ဘုရားသခင်သည် သင့်ကို စုံလင်အောင်ပြုပေးလိမ့်မည်။ အကယ်၍ သင်ကြိုးစားသမျှမှာ ဘုရားသခင်၏ စုံလင်အောင်ပြုပေးခြင်းခံရရန်နှင့် နောက်ပိတ်ဆုံးတွင် ကောင်းချီးမင်္ဂလာခံစားရရန်သာ ဖြစ်ပါက၊ ဘုရားသခင်အပေါ် သင်၏ ယုံကြည်ခြင်းရှုထောင့်မှာ မဖြူစင်ပေ။ သင်သည် လက်တွေ့အသက်တာထဲတွင် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို တွေ့မြင်သည့် နည်းလမ်း၊ သူ၏အလိုတော်ကို သင့်အား သူဖွင့်ပြသောအခါ သူ့အား ကျေနပ်စေသည့် နည်းလမ်းတို့ကိုဆောင်ရွက်နိုင်အောင် အားထုတ်သင့်ပြီး သူ၏ အံ့သြဖွယ်ကောင်းခြင်းနှင့် ဉာဏ်ပညာကို သင် သက်သေခံသင့်သည့် နည်းလမ်းနှင့် သင့်အား သူ၏ဆုံးမပဲ့ပြင်ပုံနှင့် ကိုင်တွယ်ဖြေရှင်းပုံတို့အား သက်သေခံမည့်နည်းလမ်းတို့ကို သင်ရှာဖွေနေသင့်သည်။ ဤအရာအားလုံးမှာ ယခု သင်တွေးဆနေသင့်သော အရာများဖြစ်သည်။ အကယ်၍ ဘုရားသခင်အပေါ် သင်၏ချစ်ခြင်းသည် သင့်ကိုစုံလင်အောင် သူပြုပြီးနောက် ဘုရားသခင်၏ဘုန်းတော်၌ သင်ပါဝင်နိုင်ရန်အတွက်သာဖြစ်ပါက ယင်းမှာ မလုံလောက်သေးသည့်အပြင် ဘုရားသခင်၏ သတ်မှတ်ချက်များကို မပြည့်မီနိုင်သေးပေ။ သင်သည် ဘုရားသခင်၏အမှုကို သက်သေခံနိုင်ရန်၊ သူ၏တောင်းဆိုချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် လူတို့အပေါ် သူပြုခဲ့ပြီးသောအမှုကို လက်တွေ့ကျသည့် နည်းလမ်းဖြင့် တွေ့ကြုံနိုင်ရန် လိုအပ်သည်။ နာကျင်မှုဖြစ်စေ၊ မျက်ရည်များဖြစ်စေ၊ သို့မဟုတ် ဝမ်းနည်းခြင်းဖြစ်စေ သင်သည် ဤအရာအားလုံးကို သင်၏ လက်တွေ့ကျင့်သုံးမှုတွင် တွေ့ကြုံရမည်။ ယင်းတို့မှာ ဘုရားသခင်အတွက် သက်သေခံတစ်ဦးအဖြစ် သင့်ကို စုံလင်စေရန်အတွက် ရည်ရွယ်ထားခြင်း ဖြစ်သည်။ ယခု သင့်ကိုဒုက္ခခံရန်နှင့် စုံလင်ခြင်းကို ရှာဖွေရန် လှုံ့ဆော်သည့် အရာမှာ အတိအကျအားဖြင့် မည်သည့်အရာဖြစ်သနည်း။ သင်၏ လက်ရှိဒုက္ခခံရခြင်းမှာ အမှန်တကယ် ဘုရားသခင်ကိုချစ်ရန်နှင့် သူ့အတွက် သက်သေခံရန် အလို့ငှာ ဖြစ်သလော။ သို့မဟုတ် ယင်းမှာ ဇာတိပကတိနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများ အတွက်၊ သင်၏ အနာဂတ်တက်လမ်းများနှင့် ကံကြမ္မာအတွက် ဖြစ်သလော။ သင်၏ ရည်ရွယ်ချက်များ၊ ကြံရွယ်ချက်များနှင့် သင် ရရှိအောင်

အားထုတ်သည့် ပန်းတိုင်များအားလုံးကို ပြုပြင်ရမည်ဖြစ်ပြီး သင်၏ကိုယ်ပိုင်ဆန္ဒအားဖြင့် ဦးဆောင်၍မရနိုင်ပေ။ အကယ်၍ လူတစ်ဦးသည် ကောင်းချီးမင်္ဂလာများကို လက်ခံရရှိရန်နှင့် တန်ခိုးဖြင့် စိုးစံရန်အတွက် စုံလင်ခြင်းကို ရှာဖွေပြီးသကာလ အခြားသူတစ်ဦးက ဘုရားသခင်ကို ကျေနပ်စေရန်၊ ဘုရားသခင်၏အမှုကို လက်တွေ့ကျကျ သက်သေခံရန်အတွက် စုံလင်ခြင်းကို အားထုတ်ပါက ဤအားထုတ်နည်းနှစ်မျိုးထဲမှ မည်သည့်အရာကို သင်ရွေးချယ်မည်နည်း။ အကယ်၍ သင်သည် ပထမအရာကို ရွေးချယ်ပါက သင်သည် ဘုရားသခင်၏ စံနှုန်းများနှင့် အလွန်ဝေးကွာနေဆဲဖြစ်မည်။ ငါ၏လုပ်ရပ်များကို စကြဝဠာတစ်ဝှမ်းလုံးတွင် ရှင်းလင်းစွာ သိရမည်ဖြစ်ပြီး ငါသည် စကြဝဠာထဲတွင် ရှင်ဘုရင်အဖြစ် အုပ်စိုးမည်ဟု ငါယခင်က ပြောခဲ့ပေသည်။ သို့သော်ငြားလည်း သင်တို့အား တာဝန်ပေးစေခိုင်းထားသည့်အရာမှာ ဘုရားသခင်၏အမှုကို သွား၍ သက်သေခံရန်ဖြစ်ကာ၊ ရှင်ဘုရင်များဖြစ်လာပြီး စကြဝဠာတစ်ခွင်လုံး၌ ပေါ်ထွန်းလာရန် မဟုတ်ပါ။ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို စကြာဝဠာနှင့် မိုးကောင်းကင်အား ပြည့်စေလော့။ လူတိုင်းအား ယင်းတို့ကို မြင်စေပြီး ယင်းတို့ကို လက်ခံစေလော့။ ဤစကားလုံးများကို ဘုရားသခင် ကိုယ်တော်တိုင်နှင့်ပတ်သက်၍ ဆိုခဲ့ခြင်း ဖြစ်ပြီး လူသားများ ပြုလုပ်သင့်သည့်အရာမှာ ဘုရားသခင်အတွက် သက်သေခံရန်ဖြစ်သည်။ ယခု သင်သည် ဘုရားသခင်အကြောင်းကို မည်မျှသိသနည်း။ ဘုရားသခင်အကြောင်းကို သင်သည် မည်မျှ သက်သေခံနိုင်သနည်း။ လူကို စုံလင်အောင်ပြုလုပ်ပေးသည့် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ဘုရားသခင်၏အလိုတော်ကို သင်နားလည်သည့်အခါ သူ၏အလိုတော်အပေါ် အရေးထားခြင်းကို သင်မည်သို့ပြသင့်သနည်း။ အကယ်၍ သင်သည် စုံလင်အောင်ပြုခြင်းခံလိုပြီး သင်အသက်ရှင်နေထိုင်သည့် အရာမှတစ်ဆင့် ဘုရားသခင်၏အမှုကို သက်သေခံလိုပါက၊ အကယ်၍ သင်၌ ဤလှုံ့ဆော်ပေးသော စွမ်းအားရှိပါက၊ မည်သည့်အရာမျှ မခက်ခဲလွန်းပေ။ လူတို့ ယခုလိုအပ်သည်မှာ ယုံကြည်မှုပင်ဖြစ်သည်။ အကယ်၍ သင်၌ ဤလှုံ့ဆော်ပေးသော စွမ်းအားရှိပါက အပျက်သဘော၊ မတုန်မလှုပ်ဖြစ်ခြင်း၊ ပျင်းရိခြင်းနှင့် ဇာတိအယူအဆများ၊ အသက်ရှင်သန်ရေးဆိုင်ရာ အတွေးအခေါ်များ၊ ဆန့်ကျင်ပုန်ကန်တတ်သော စိတ်သဘောထား၊ စိတ်ခံစားချက်များ အစရှိသည့် မည်သည့်အရာကိုမဆို စွန့်လွှတ်ရန် လွယ်ကူပါသည်။

စမ်းသပ်မှုများကို ကြုံရစဉ်တွင် လူတို့အနေဖြင့် အားနည်းခြင်း သို့မဟုတ် ယင်းတို့အထဲတွင် အပျက်သဘောရှိတတ်ခြင်း၊ သို့မဟုတ် ဘုရားသခင်၏ အလိုတော် သို့မဟုတ် ၎င်းတို့၏ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းအပေါ် ရှင်းလင်းမှုကင်းမဲ့ခြင်းမှာ ပုံမှန်ဖြစ်ပါသည်။

သို့သော် မည်သည့်ကိစ္စ၌မဆို သင်သည် ယောဘကဲ့သို့ပင် ဘုရားသခင်၏အမှုထဲတွင် ယုံကြည်ခြင်း ရှိရမည်ဖြစ်ပြီး ဘုရားသခင်ကို မငြင်းပယ်ရပေ။ ယောဘသည် ခွန်အားနည်းပြီး သူ၏မွေးဖွားသည့်နေ့ရက်ကို ကျိန်ဆဲခဲ့သော်လည်း၊ လူ့ဘဝထဲရှိ အရာခပ်သိမ်းကို ယေဟောဝါ အပ်နှင်းထားကြောင်းနှင့် ယေဟောဝါသည် ယင်းတို့အားလုံးကို နုတ်ယူမည့် အရှင်လည်းဖြစ်ကြောင်း သူမငြင်းခဲ့ပါ။ မည်သို့ပင် စမ်းသပ်ခံခဲ့ရစေကာမူ ဤယုံကြည်ချက်ကို သူဆုပ်ကိုင်ခဲ့သည်။ သင်၏ အတွေ့အကြုံထဲတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် မည်သည့်စစ်ဆေးခြင်းကိုမဆို သင်ကြုံရပါစေ၊ လူသားမျိုးနွယ်အား ဘုရားသခင်တောင်းဆိုသည့်အရာမှာ အချုပ်အားဖြင့် ၎င်းတို့၏ ယုံကြည်ခြင်းနှင့် သူ့အပေါ် ၎င်းတို့၏ချစ်ခြင်းပင် ဖြစ်သည်။ ဤနည်းအတိုင်း အမှုပြုခြင်းအားဖြင့် သူစုံလင်စေသောအရာမှာ လူတို့၏ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် ပြင်းပြသော ဆန္ဒများ ဖြစ်သည်။ ဘုရားသခင်သည် လူတို့အပေါ် စုံလင်စေခြင်းအမှုကို ပြုပြီး၊ ယင်းကို ၎င်းတို့ မမြင်တွေ့နိုင်၊ သတိမပြုနိုင်ပေ။ ထိုကဲ့သို့သော အခြေအနေများအောက်တွင် သင်၏ယုံကြည်ခြင်း လိုအပ်သည်။ တစ်စုံတစ်ရာကို ပကတိမျက်စိဖြင့် မမြင်နိုင်သည့်အခါ လူတို့၏ယုံကြည်ခြင်း လိုအပ်ပြီး သင်၏ကိုယ်ပိုင် အယူအဆများကို သင်လက်မလွှတ်နိုင်သည့်အခါ သင်၏ယုံကြည်ခြင်း လိုအပ်သည်။ သင်သည် ဘုရားသခင်၏အမှုနှင့်ပတ်သက်၍ ရှင်းလင်းမှုမရှိသည့်အခါ သင့်အား တောင်းဆိုသောအရာမှာ ယုံကြည်ခြင်း ရှိရန်နှင့် ခိုင်ခံ့သောရပ်တည်ချက်ရှိပြီး သက်သေရပ်တည်ရန် ဖြစ်သည်။ ယောဘ ဤအဆင့်သို့ ရောက်သည့်အခါ ဘုရားသခင်သည် သူ့ထံ၌ ပေါ်လာခဲ့ပြီး သူ့ကို စကားပြောခဲ့သည်။ တစ်နည်းအားဖြင့် သင်၏ယုံကြည်ခြင်းအတွင်း၌သာ ဘုရားသခင်ကို သင်မြင်တွေ့နိုင်မည် ဖြစ်ပြီး သင်၌ ယုံကြည်ခြင်းရှိသည့်အခါ၊ ဘုရားသခင်သည် သင့်ကို စုံလင်စေမည်ဖြစ်သည်။ ယုံကြည်ခြင်းမရှိလျှင် သူက ဤအရာကို လုပ်မပေးနိုင်ပါ။ ဘုရားသခင်သည် သင်ရယူရန်မျှော်လင့်သည့် မည်သည့်အရာကိုမဆို သင့်အပေါ် အပ်နှင်းလိမ့်မည်။ အကယ်၍ သင်၌ ယုံကြည်ခြင်းမရှိပါက သင်သည် စုံလင်အောင်ပြုခြင်း မခံရနိုင်သည့်အပြင် ဘုရားသခင်၏အနန္တတန်ခိုးကို မဆိုထားဘိ၊ သူ၏လုပ်ရပ်များကို သင်မြင်နိုင်စွမ်း ရှိမည်မဟုတ်ပါ။ သင်၌ ယုံကြည်ခြင်းရှိသဖြင့် သူ၏လုပ်ရပ်များကို သင်၏ လက်တွေ့အတွေ့အကြုံထဲတွင် သင်မြင်တွေ့ရမည်ဖြစ်သည့်အခါ၊ ဘုရားသခင်သည် သင့်ထံပေါ်လာကာ သင့်ကို ဉာဏ်အလင်းရစေပြီး အတွင်းမှနေ၍ လမ်းပြပေးမည်။ ထိုယုံကြည်ခြင်းမရှိဘဲ ဘုရားသခင်သည် ထိုအရာကို ပြုနိုင်မည်မဟုတ်ပါ။ အကယ်၍ သင်သည် ဘုရားသခင်၌ မျှော်လင့်ချက်ပျောက်ဆုံးသွားပါက သူ၏အမှုကို သင် မည်ကဲ့သို့

တွေ့ကြုံနိုင်မည်နည်း။ ထို့ကြောင့် သင်၌ ယုံကြည်ခြင်းရှိပြီး ဘုရားသခင်အပေါ် သံသယများ မသိုထားသည့်အခါမှသာ၊ သူမည်သည့်အရာပြုသည်ဖြစ်စေ သူ့အပေါ် သင် စစ်မှန်သော ယုံကြည်ခြင်း ရှိသည့်အခါမှသာ သူသည် သင်၏ အတွေ့အကြုံများမှတစ်ဆင့် သင့်ကို ဉာဏ်အလင်းပေးပြီး ဖွင့်ပြမည်ဖြစ်ပြီး၊ ထိုမှသာ သင်သည် သူ၏လုပ်ရပ်များကို မြင်နိုင်မည်ဖြစ်သည်။ ထိုအရာများ အားလုံးကို ယုံကြည်ခြင်းအားဖြင့်သာ ရရှိတတ်သည်။ ယုံကြည်ခြင်းသည် စစ်ဆေးခြင်းအားဖြင့်သာ လာပြီး၊ စစ်ဆေးခြင်းမရှိဘဲနှင့် ယုံကြည်ခြင်း မတိုးပွားနိုင်ပေ။ "ယုံကြည်ခြင်း" ဟူသည့် ဤစကားလုံးက မည်သည်ကို ရည်ညွှန်းသနည်း။ ယုံကြည်ခြင်းဆိုသည်မှာ တစ်စုံတစ်ရာကို လူသားတို့ မမြင်နိုင် သို့မဟုတ် မထိတွေ့နိုင်သည့် အခါတွင်လည်းကောင်း၊ ဘုရားသခင်၏ အမှုက လူသား၏ အယူအဆများနှင့် မကိုက်ညီသည့် အခါတွင်လည်းကောင်း၊ ၎င်းကို လူသားတို့ လက်လှမ်းမမီသည့် အခါတွင်လည်းကောင်း သူတို့၌ရှိသင့်သော စစ်မှန်သည့် ယုံကြည်ချက်နှင့် ရိုးသားမှန်ကန်သည့် စိတ်နှလုံးပင်ဖြစ်သည်။ ဤသည်မှာ ငါပြောပြသော ယုံကြည်ခြင်းဖြစ်သည်။ လူတို့သည် ဆင်းရဲဒုက္ခနှင့် စစ်ဆေးခံရသည့် အချိန်များအတွင်းတွင် ယုံကြည်ခြင်းလိုအပ်လျက်ရှိပြီး၊ ယုံကြည်ခြင်းဟူသည် စစ်ဆေးခြင်းနှင့် ယှဉ်တွဲ၍လာသည့် အရာဖြစ်သည်။ စစ်ဆေးခြင်းနှင့် ယုံကြည်ခြင်းတို့မှာ ခွဲခြား၍မရပေ။ ဘုရားသခင် မည်သို့ပင် အမှုပြုသည်ဖြစ်စေ၊ သင်၏ပတ်ဝန်းကျင်မှာ မည်သည့်ပတ်ဝန်းကျင်ဖြစ်စေ သင်သည် အသက်ကို ရရှိအောင် အားထုတ်ပြီး သမ္မာတရားကို ရှာဖွေနိုင်သည်၊ ဘုရားသခင်၏အမှုအား သိကျွမ်းခြင်းကို ရှာဖွေနိုင်ပြီး၊ သူ၏လုပ်ရပ်များအား နားလည်ခြင်းကို ရရှိနိုင်သည်၊ ထို့ပြင် သင်သည် သမ္မာတရားနှင့်အညီ ပြုမူကျင့်ကြံနိုင်လေသည်။ ထိုသို့ပြုခြင်းမှာ စစ်မှန်သော ယုံကြည်မှု ရှိခြင်းသဘောဖြစ်ပြီး၊ ထိုသို့ပြုခြင်းက သင်သည် ဘုရားသခင်အပေါ် ယုံကြည်ခြင်း မပျောက်ဆုံးသေးကြောင်းကို ပြသပါသည်။ သင်သည် စစ်ဆေးခြင်းမှတစ်ဆင့် သမ္မာတရားကို ရရှိအောင် မလျှော့တမ်း အားထုတ်နိုင်မှသာ၊ သင်သည် ဘုရားသခင်ကို စစ်မှန်စွာချစ်နိုင်ပြီး သူ့အပေါ် သံသယများ ဖြစ်မလာမှသာ၊ မည်သည့်အရာကို သူပြုသည်ဖြစ်စေ သင်သည် သူ့ကို ကျေနပ်စေရန် သမ္မာတရားကို ဆက်လက်၍ လက်တွေ့ကျင့်သုံးမှသာ၊ ထို့ပြင် သင်သည် သူ၏အလိုတော်ကို သေသေချာချာ နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေပြီး သူ၏အလိုအတော်ကို အရေးထားနိုင်မှသာ၊ သင်သည် ဘုရားသခင်အပေါ် စစ်မှန်သောယုံကြည်ခြင်း ရှိနိုင်လေသည်။ အတိတ်က သင်သည် ရှင်ဘုရင်တစ်ပါးအဖြစ် အုပ်စိုးရမည်ဟု ဘုရားသခင် ပြောခဲ့စဉ်အခါက သင်သည် သူ့ကို ချစ်ခဲ့ပြီး သူသည် သူ့ကိုယ်သူ သင့်ထံ ထင်ထင်ရှားရှား ပြသသည့်အခါ သူ့ကို သင်မီအောင်လိုက်ခဲ့သည်။ သို့သော် ယခုအခါ ဘုရားသခင်သည် ပုန်းကွယ်နေပြီး သူ့ကို

သင်မမြင်နိုင်ဘဲ ဒုက္ခပြဿနာများက သင့်အပေါ် ကျရောက်လေပြီ၊ ယခုအချိန်တွင် ဘုရားသခင်အပေါ် သင် မျှော်လင့်ခြင်း ပျောက်ဆုံးပြီလော။ ထို့ကြောင့် သင်သည် အချိန်တိုင်းတွင် အသက်ကို ရရှိအောင် အားထုတ်၍ ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းရန် ကြိုးပမ်းရမည်ဖြစ်သည်။ ဤအရာကို စစ်မှန်သောယုံကြည်ခြင်းဟု ခေါ် ပြီး ဤသည်မှာ အစစ်မှန်ဆုံးနှင့် အလှပဆုံးသော ချစ်ခြင်းမေတ္တာမျိုး ဖြစ်သည်။

ယခင်က လူတို့အားလုံးသည် ဘုရားသခင်၏ ရှေ့မှောက်၌ ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ချမှတ်ရန်လာပြီး "ဘုရားသခင်ကို အခြားမည်သူမျှ မချစ်လျှင်ပင် သူ့ကို ကျွန်ုပ်ချစ်ရမည်။" ဟု ပြောကြမည်ဖြစ်သည်။ သို့သော် ယခုတွင် စစ်ဆေးခြင်းက သင့်အပေါ် ကျရောက်ပြီး ဤအရာက သင်၏အယူအဆများနှင့် တစ်ထပ်တည်းမကျသဖြင့် သင်သည် ဘုရားသခင်အပေါ် ယုံကြည်ခြင်း ပျောက်ဆုံးလေသည်။ ဤသည်မှာ စစ်မှန်သော ချစ်ခြင်းမေတ္တာဖြစ်သလော။ ယောဘ၏ လုပ်ဆောင်ချက်များ အကြောင်းကို သင် အကြိမ်ပေါင်းများစွာ ဖတ်ခဲ့ပြီးပြီ၊ ယင်းတို့ကို သင်မေ့သွားပြီလော။ စစ်မှန်သော ချစ်ခြင်းမေတ္တာသည် ယုံကြည်ခြင်းအထဲမှသာ ရုပ်လုံးပေါ်လာနိုင်သည်။ သင်ကြုံရသော စစ်ဆေးခြင်းများအားဖြင့် သင်သည် ဘုရားသခင် အပေါ် စစ်မှန်သော ချစ်ခြင်းမေတ္တာ ဖြစ်ပေါ်လာပြီး၊ သင်၏ လက်တွေ့ အတွေ့အကြုံများထဲတွင် ဘုရားသခင်၏အလိုတော်ကို သင် အရေးထားနိုင်သည်မှာ သင်၏ယုံကြည်ခြင်းအားဖြင့် ဖြစ်သည်၊ ထို့ပြင် သင်ကိုယ်တိုင်၏ ဇာတိပကတိကို စွန့်လွှတ်ပြီး အသက်ကို ရရှိအောင် အားထုတ်သည်မှာလည်း သင်၏ယုံကြည်ခြင်းအားဖြင့် ဖြစ်သည်။ ဤသည်မှာ လူတို့ ပြုသင့်သောအရာဖြစ်သည်။ အကယ်၍ ဤအရာကိုပြုပါက သင်သည် ဘုရားသခင်၏ လုပ်ရပ်များကို မြင်နိုင်မည်ဖြစ်သော်လည်း၊ သင်၌ ယုံကြည်ခြင်းကင်းမဲ့ပါက သင်သည် ဘုရားသခင်၏ လုပ်ရပ်များကို မြင်နိုင်မည်မဟုတ် သို့မဟုတ် သူ၏အမှုကို တွေ့ကြုံနိုင်မည် မဟုတ်ပေ။ အကယ်၍ သင်သည် ဘုရားသခင်၏ အသုံးပြုခြင်းနှင့် စုံလင်အောင်ပြုပေးခြင်း ခံရလိုပါက- သင်၌ ဒုက္ခခံလိုစိတ်၊ ယုံကြည်ခြင်း၊ သည်းခံခြင်း၊ နာခံခြင်းနှင့် ဘုရားသခင်၏အမှုကို တွေ့ကြုံနိုင်စွမ်း၊ သူ၏အလိုတော်ကို နားလည် သဘောပေါက်နိုင်စွမ်း၊ သူ၏ဝမ်းနည်းပူဆွေးခြင်းကို အရေးထားနိုင်စွမ်း အစရှိသည့် အရာတိုင်းကို လုပ်ဆောင်နိုင်စွမ်း ရှိရမည်။ လူတစ်ဦးကို စုံလင်စေခြင်းမှာ မလွယ်ကူဘဲ သင်တွေ့ကြုံရသော စစ်ဆေးခြင်း တစ်ခုစီတိုင်းတွင် သင်၏ယုံကြည်ခြင်းနှင့် ချစ်ခြင်း လိုအပ်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ စုံလင်အောင်ပြုခြင်းကို ခံရလိုပါက၊ ထိုလမ်းကြောင်းပေါ်သို့ အလောတကြီးထွက်သွားရုံမျှနှင့် မလုံလောက်သည် သာမက၊ ဘုရားသခင်အတွက် သင့်ကိုယ်သင် အသုံးခံရုံမျှနှင့်လည်း မလုံလောက်ပါ။ ဘုရားသခင်၏

စုံလင်အောင်ပြုပေးခြင်းကို ခံရသောသူတစ်ဦး ဖြစ်လာနိုင်ရန် သင်၌ အရာများစွာကို ပိုင်ဆိုင်ရမည်။ ဒုက္ခကို သင်ရင်ဆိုင်ရသည့်အခါ၊ သင်သည် သွေးသားဇာတိအတွက် ပူပန်မှုကို ဘေးဖယ်သည့်အပြင် ဘုရားသခင်အပေါ် ညည်းတွားချက်များ မပြုဘဲ နေနိုင်ရမည်။ ဘုရားသခင်သည် သင့်ထံမှ သူ့ကိုယ်သူ ပုန်းကွယ်နေသည့်အခါ၊ သူ့နောက်သို့လိုက်ရန်၊ သင်၏ရှိရင်းစွဲမေတ္တာကို တုံ့ဆိုင်းခွင့်မပြုဘဲ သို့မဟုတ် ပျောက်ကွယ်ခွင့်မပြုဘဲ ထိန်းသိမ်းထားရန်အတွက် သင်၌ ယုံကြည်ခြင်း ရှိနိုင်ရမည်။ ဘုရားသခင် မည်သည့်အရာကို ပြုသည်ဖြစ်စေ သင်သည် သူ၏ စီစဉ်ပုံကို ကျိုးနွံနာခံကာ သူ့အပေါ် ညည်းတွားချက်များ ပြုမည့်အစား သင်ကိုယ်တိုင်၏ ဇာတိပကတိကို ကျိန်ဆဲရန် အသင့်ဖြစ်နေရမည်။ စမ်းသပ်မှုများကို သင်ရင်ဆိုင်ရသည့်အခါ သင်မြတ်နိုးသောတစ်စုံတစ်ရာနှင့် လမ်းခွဲရန် ဝန်လေးနေပါစေ သို့မဟုတ် ခါးသီးစွာ ငိုကြွေးနေပါစေ ဘုရားသခင်ကို သင်ကျေနပ်စေရမည်။ ဤသည်သာလျှင် စစ်မှန်သောချစ်ခြင်း နှင့် ယုံကြည်ခြင်းဖြစ်သည်။ သင်၏ တကယ့်ဝိညာဉ်ရင့်ကျက်မှုမှာ မည်သို့ဖြစ်ပါစေ၊ သင်၌ ဒုက္ခခံလိုစိတ်နှင့် စစ်မှန်သောယုံကြည်ခြင်း နှစ်ခုလုံးကို ဦးစွာပိုင်ဆိုင်ရမည်ဖြစ်ပြီး သင်၌ ဇာတိပကတိကို စွန့်လွှတ်လိုစိတ်လည်း ရှိရမည်။ သင်သည် ဘုရားသခင်၏အလိုတော်ကို ဖြည့်ဆည်းရန်အတွက် တစ်ကိုယ်ရေဆင်းရဲဒုက္ခများကို ကြံ့ကြံ့ခံရန်နှင့် သင်၏ တစ်ကိုယ်ရေ အကျိုးအမြတ်များအား လက်လွှတ်ဆုံးရှုံးမှုခံရရန် လိုလိုလားလားဖြစ်သင့်သည်။ သင်သည် သင့်စိတ်နှလုံးထဲတွင် သင့်ကိုယ်သင်နှင့်ပတ်သက်၍ နောင်တရနိုင်စွမ်းလည်း ရှိရမည်- အတိတ်တွင် သင်သည် ဘုရားသခင်ကို မကျေနပ်စေနိုင်ခဲ့သဖြင့် ယခုတွင် သင့်ကိုယ်သင် နောင်တရတတ်ခြင်းဖြစ်သည်။ သင်သည် ဤအရာများထဲမှ မည်သည့်အရာကိုမျှ ကင်းမဲ့ခြင်း မရှိရပေ၊ ဘုရားသခင် သင့်ကို စုံလင်စေမည်မှာ ဤအရာများအားဖြင့် ဖြစ်သည်။ သင်သည် ဤစံနှုန်းများနှင့် မပြည့်မီနိုင်ပါက စုံလင်အောင်ပြုခြင်း မခံရနိုင်ချေ။

ဘုရားသခင်ကို အစေခံသောသူ တစ်စုံတစ်ဦးသည် ဘုရားသခင်အဖို့ မည်သို့ဒုက္ခခံရမည်ကို သိသင့်ရုံသာမက၊ ထို့ထက်ပင် ဘုရားသခင်အား ယုံကြည်ခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်အားချစ်ခြင်းကို အားထုတ်ရန် ဖြစ်ကြောင်းကို ၎င်းတို့ နားလည်သင့်သည်။ သင့်ကို ဘုရားသခင်အသုံးချခြင်းမှာ သင့်ကို စစ်ဆေးရုံ သို့မဟုတ် သင့်ကို ဒုက္ခခံစေရုံသာ မဟုတ်ဘဲ၊ သူ၏လုပ်ရပ်များကို သင်သိနိုင်ရန်၊ လူ့ဘဝ၏ အဓိပ္ပာယ်အမှန်ကို သိနိုင်ရန်နှင့် အထူးသဖြင့် ဘုရားသခင်ကို အစေခံခြင်းမှာ လွယ်ကူသောအလုပ် မဟုတ်ကြောင်း သင်သိနိုင်ရန်အတွက် သင့်ကို သူအသုံးချခြင်းဖြစ်သည်။ ဘုရားသခင်၏အမှုကို တွေ့ကြုံခြင်းဆိုသည်မှာ ကျေးဇူးတော်ကို ခံစားရခြင်းအကြောင်း မဟုတ်ဘဲ၊ သူ့အပေါ် သင်၏ချစ်ခြင်းအတွက်ကြောင့်

ဒုက္ခခံရခြင်းအကြောင်းပင် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားရသဖြင့်၊ သူ၏ပြစ်တင်ဆုံးမခြင်းကိုလည်း ခံစားရမည်၊ ဤအရာအလုံးစုံကို သင်တွေ့ကြုံရမည်။ သင်သည် သင့်အထဲတွင် ဘုရားသခင်၏ ဉာဏ်အလင်းပေးခြင်းကို တွေ့ကြုံနိုင်ပြီး၊ သူ သင့်အား ကိုင်တွယ်ဖြေရှင်းပုံနှင့် သင့်အား တရားစီရင်ပုံကိုလည်း တွေ့ကြုံနိုင်သည်။ ဤနည်းအားဖြင့် သင်၏အတွေ့အကြုံမှာ ပြည့်စုံကျယ်ပြန့်လိမ့်မည်။ ဘုရားသခင်သည် သင့်အပေါ်၌ သူ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအမှုတို့ကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင့်ကို ကိုင်တွယ်ဖြေရှင်းခဲ့ပြီ၊ ထိုမျှသာမဟုတ်၊ ယင်းကလည်း သင့်ကို ဉာဏ်ပွင့်စေပြီး ဖွင့်ပြခဲ့ပြီဖြစ်သည်။ သင် အပျက်သဘောဆောင်၍ အားနည်းသည့်အခါ ဘုရားသခင်သည် သင့်အတွက် စိုးရိမ်၏။ ဤအမှုတစ်ခုလုံးမှာ လူသားနှင့်ပတ်သက်သော အရာတိုင်းသည် ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှု ထဲ၌ရှိကြောင်း သင့်အားသိစေရန်ဖြစ်သည်။ ဘုရားသခင်အား ယုံကြည်ခြင်း ဟူသည် ဒုက္ခခံရခြင်း၊ သို့မဟုတ် သူ့အတွက် အမှုအရာအမျိုးမျိုးကို လုပ်ဆောင်ပေးခြင်းအကြောင်း ဖြစ်သည်ဟု သင်ထင်ကောင်းထင်နိုင်သည်။ ဘုရားသခင်အား ယုံကြည်ခြင်း၏ ရည်ရွယ်ချက်မှာ သင်၏ဇာတိပကတိ ငြိမ်သက်ခြင်းရှိရန်၊ သို့မဟုတ် သင့်ဘဝထဲရှိ အရာရာတိုင်း အဆင်ပြေချောမွေ့စွာ သွားနေရန်၊ သို့မဟုတ် အရာခပ်သိမ်း၌ သင်သက်သောင့်သက်သာရှိပြီး ငြိမ်သက်ခြင်းရှိရန် ဖြစ်သည်ဟု သင် ထင်ကောင်းထင်လောက်ပေသည်။ သို့သော်လည်း ဤအရာများတစ်ခုကမျှ ဘုရားသခင်အပေါ် သူတို့၏ယုံကြည်မှု၌ လူတို့ အလေးထားသင့်သော ရည်ရွယ်ချက်များ မဟုတ်ချေ။ အကယ်၍ သင်သည် ဤရည်ရွယ်ချက်များအတွက် ယုံကြည်မိပါက၊ သင်၏အမြင်မှာ မမှန်ကန်သည့်အပြင်၊ သင့်အနေဖြင့် စုံလင်အောင်ပြုခြင်းခံရရန် တကယ်ပင် မဖြစ်နိုင်ချေ။ ဘုရားသခင်၏ လုပ်ဆောင်ချက်များ၊ ဘုရားသခင်၏ ဖြောင့်မတ်သောစိတ်သဘောထား၊ သူ၏ဉာဏ်ပညာ၊ သူ၏ နှုတ်ကပတ်တော်များ၊ သူ၏ အံ့သြဖွယ်ကောင်းခြင်းနှင့် ဉာဏ်မမီနိုင်ခြင်း အားလုံးတို့မှာ လူတို့နားလည်သင့်သော အရာများပင်ဖြစ်သည်။ သင်သည် ဤနားလည်မှုရှိလျက် ယင်းကို သင်၏စိတ်နှလုံးထဲမှ ပုဂ္ဂိုလ်ရေးရာ တောင်းဆိုချက်များ၊ မျှော်လင့်ချက်များနှင့် အယူအဆများ ဟူသမျှကို ဖယ်ရှားရန် အသုံးပြုသင့်သည်။ ဤအရာများကို သုတ်သင်ဖယ်ရှင်းခြင်းဖြင့်သာလျှင် သင်သည် ဘုရားသခင်တောင်းဆိုထားသော သတ်မှတ်ချက်များနှင့် ပြည့်မီနိုင်ပေမည်။ ထို့ပြင် ဤအရာ လုပ်ဆောင်ခြင်းဖြင့်သာလျှင် သင်သည် အသက်ကိုရရှိကာ ဘုရားသခင်ကို ကျေနပ်စေနိုင်မည်ဖြစ်သည်။ ဘုရားသခင်အား ယုံကြည်ခြင်း၏ ရည်ရွယ်ချက်သည်

သူ့ကိုကျေနပ်စေရန်နှင့် သူတောင်းဆိုသော စိတ်သဘောထားဖြင့် အသက်ရှင်နေထိုင်ရန် ဖြစ်ပြီး၊ ထိုမှသာ သူ၏လုပ်ရပ်များနှင့် ဘုန်းတော်သည် မထိုက်တန်သော ဤလူအုပ်စုအားဖြင့် ထင်ရှားစေနိုင်မည် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်အား ယုံကြည်ခြင်းအတွက် မှန်ကန်သောအမြင်ဖြစ်ပြီး၊ သင်ရှာဖွေသင့်သော ပန်းတိုင်လည်းဖြစ်သည်။ သင်၌ ဘုရားသခင်အား ယုံကြည်ခြင်းနှင့်ပတ်သက်၍ မှန်ကန်သောသဘောထား ရှိသင့်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရရှိရန် သင်ကြိုးစားသင့်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ဖို့လိုအပ်ပြီး၊ သင်သည် သမ္မာတရားကို အသက်ရှင်နေထိုင်နိုင်ရမည်၊ အထူးသဖြင့် သင်သည် သူ၏ လက်တွေ့လုပ်ဆောင်ချက်များ၊ စကြဝဠာတစ်ဝှမ်းလုံးရှိ သူ၏ အံ့ဩဖွယ်ကောင်းသော လုပ်ဆောင်ချက်များသာမက လူ့ဇာတိအားဖြင့် သူပြုသည့် လက်တွေ့ကျသောအမှုတို့ကို မြင်နိုင်ရမည်။ လူတို့သည် ၎င်းတို့၏ လက်တွေ့ကျသော အတွေ့အကြုံများအားဖြင့် ဘုရားသခင် ၎င်းတို့အပေါ် သူ၏အမှုကို မည်သို့ပြုကြောင်းနှင့် ၎င်းတို့အတွက် သူ၏အလိုတော်မှာ မည်သည့်အရာဖြစ်ကြောင်းကိုပင် သတိပြုမိနိုင်သည်။ ဤအရာအားလုံးတို့၏ ရည်ရွယ်ချက်မှာ လူတို့၏ ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထားကို သုတ်သင်ဖယ်ရှင်းရန် ဖြစ်သည်။ သင့်အထဲ၌ရှိသော မသန့်ရှင်းခြင်းနှင့် မဖြောင့်မတ်ခြင်း အလုံးစုံကို ဖယ်ရှားပြီး၊ သင်၏ မှားယွင်းသော ရည်ရွယ်ချက်များကို စွန့်ပစ်ကာ၊ ထို့ပြင် ဘုရားသခင်အပေါ် စစ်မှန်သောယုံကြည်ခြင်း ဖြစ်ပေါ်လာပြီးနောက်- စစ်မှန်သော ယုံကြည်ခြင်းအားဖြင့်သာ သင်သည် ဘုရားသခင်ကို အမှန်တကယ် ချစ်နိုင်မည်ဖြစ်သည်။ ဘုရားသခင်၌ သင်၏ယုံကြည်ခြင်း အုတ်မြစ်အပေါ်မှာသာ သင်သည် သူ့ကို စစ်မှန်စွာ ချစ်နိုင်လေသည်။ သင်သည် ဘုရားသခင်ကို မယုံကြည်ဘဲ သူ့အားချစ်ခြင်းကို ရရှိနိုင်မည်လော။ သင်သည် ဘုရားသခင်ကို ယုံကြည်သည့်အတွက် ယင်းနှင့်ပတ်သက်၍ သင်ယောင်ချာချာ မဖြစ်နိုင်ပေ။ လူအချို့တို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းက သူတို့အား ကောင်းချီးမင်္ဂလာများ ယူဆောင်လာမည်ကို မြင်လျှင်မြင်ချင်း အားမာန်ဖြင့် ပြည့်ဝလာကြသော်လည်း၊ စစ်ဆေးခြင်းများကို သူတို့ခံဖို့လိုအပ်ကြောင်း ၎င်းတို့ မြင်လျှင်မြင်ချင်း အားအင်အလုံးစုံ ပျောက်ဆုံးသွားကြသည်။ ထိုအရာမှာ ဘုရားသခင်ကို ယုံကြည်ခြင်းလော။ နောက်ဆုံးတွင် သင်သည် သင်၏ယုံကြည်ခြင်း၌ ဘုရားသခင်၏ ရှေ့မှောက်တွင် လုံးလုံးလျားလျားနှင့် အကြွင်းမဲ့ နာခံခြင်းကို ရရှိရမည်။ သင်သည် ဘုရားသခင်ကို ယုံကြည်သော်လည်း၊ သူ့အပေါ် တောင်းဆိုချက်များ ရှိနေသေးသည်၊ သင်မစွန့်ပယ်နိုင်သော ဘာသာရေးအယူအဆများစွာ၊ သင်လက်မလွှတ်နိုင်သော ပုဂ္ဂိုလ်ရေးရာ အကျိုးအမြတ်များ ရှိနေသေးပြီး၊ ဇာတိပကတိ

ကောင်းချီးမင်္ဂလာများကို ရှာဖွေနေသေးကာ ဘုရားသခင်ကို သင်၏ဇာတိခန္ဓာအား ကယ်မစေရန်၊ သင်၏စိတ်ဝိညာဉ်အား ကယ်တင်စေရန် အလိုရှိနေသေးသည်၊ ဤအရာများအားလုံးမှာ မှားယွင်းသောအမြင်ရှိသည့် လူတို့၏ အပြုအမူများပင် ဖြစ်သည်။ ဘာသာရေးယုံကြည်ချက်များနှင့် လူတို့သည် ဘုရားသခင်၌ ယုံကြည်ခြင်း ရှိကြသော်လည်း၊ ၎င်းတို့သည် မိမိစိတ်သဘောထားများ ပြောင်းလဲရန်အတွက် မကြိုးပမ်းကြသည့်အပြင်၊ ဘုရားသခင်အား သိကျွမ်းခြင်းကို ရရှိအောင် အားမထုတ် ကြဘဲ ၎င်းတို့၏ဇာတိပကတိ အကျိုးအမြတ်များကိုသာ ရှာဖွေကြသည်။ သင်တို့အထဲမှ လူများစွာတို့၌ ဘာသာရေးခံယူချက် အမျိုးအစားနှင့် သက်ဆိုင်သည့် ယုံကြည်မှုများ ရှိကြသည်။ ဤသည်မှာ ဘုရားသခင်အား စစ်မှန်သော ယုံကြည်ခြင်း မဟုတ်ပေ။ ဘုရားသခင်ကို ယုံကြည်ရန်အတွက် လူတို့သည် သူ့အတွက် ဒုက္ခခံရန် အသင့်ရှိသော စိတ်နှလုံးနှင့် မိမိတို့ကိုယ်ကိုယ် ဆက်ကပ်အပ်နှံလိုစိတ်ကို ပိုင်ဆိုင်ရမည်။ လူတို့သည် ဤသတ်မှတ်ချက် နှစ်ချက်နှင့် မပြည့်မီပါက ဘုရားသခင်အပေါ် ၎င်းတို့၏ ယုံကြည်ခြင်းမှာ မခိုင်လုံပေ၊ ထို့ပြင် ၎င်းတို့သည် မိမိတို့၏စိတ်သဘောထား ပြောင်းလဲခြင်းကို ရရှိနိုင်မည်မဟုတ်ပေ။ သမ္မာတရားကို အမှန်တကယ် အားထုတ်သော၊ ဘုရားသခင်အား သိကျွမ်းဖို့ ကြိုးစားပြီး အသက်ကို ရရှိအောင် အားထုတ်သော လူတို့သာလျှင် ဘုရားသခင်ကို အမှန်တကယ် ယုံကြည်သောသူများ ဖြစ်ကြသည်။

သင့်အပေါ် စမ်းသပ်မှုများ ရောက်လာသည့်အခါ ၎င်းစမ်းသပ်မှုများကို ရင်ဆိုင်ဖြေရှင်းရာ၌ ဘုရားသခင်၏အမှုကို သင် မည်ကဲ့သို့ ကျင့်သုံးမည်နည်း။ သင်သည် အပျက်သဘောဆောင်မည်လော သို့မဟုတ် လူသားအပေါ် ဘုရားသခင်၏ စမ်းသပ်မှုနှင့် စစ်ဆေးခြင်းကို အပြုသဘောဆောင်သည့် ရှုထောင့်မှနေ၍ သင်နားလည်မည်လော။ ဘုရားသခင်၏ စမ်းသပ်မှုများနှင့် စစ်ဆေးခြင်းများမှတစ်ဆင့် သင် မည်သည့်အရာကို ရရှိလိမ့်မည်နည်း။ ဘုရားသခင်အတွက် သင်၏ချစ်ခြင်းသည် ကြီးထွားလိမ့်မည်လော။ စစ်ဆေးခြင်းကို သင်ခံရသည့်အခါ သင်သည် ယောဘ၏ စမ်းသပ်မှုများကို ကျင့်သုံးကာ သင့်အထဲ၌ ဘုရားသခင်ပြုသောအမှုကို အလေးအနက် အာရုံစိုက်နိုင်မည်လော။ သင်သည် ယောဘ၏ စမ်းသပ်မှုများမှတစ်ဆင့် ဘုရားသခင်က လူသားအား မည်ကဲ့သို့စမ်းသပ်ကြောင်းကို မြင်နိုင်သလော။ ယောဘ၏ စမ်းသပ်မှုများက သင့်အား မည်သည့်လှုံ့ဆော်အားပေးမှုမျိုးကို ယူဆောင်လာနိုင်သနည်း။ သင်၏ စစ်ဆေးခြင်းများအလယ်တွင် ဘုရားသခင်အတွက် သက်သေရပ်တည်ရန် သင်ဆန္ဒရှိမည်လော၊ သို့မဟုတ် သင်သည် သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင်တွင် ဇာတိပကတိကို ဖြည့်ဆည်းလိုမည်လော။ ဘုရားသခင်အား ယုံကြည်ခြင်းအပေါ်

သင်၏အမြင်မှာ အမှန်တကယ် မည်သည့်အရာဖြစ်သနည်း။ ယင်းမှာ အမှန်တကယ် ဘုရားသခင်အတွက် ဖြစ်ပြီး ဇာတိပကတိအတွက် မဟုတ်သလော။ သင်၏ရှာဖွေခြင်းတွင် သင် ရရှိအောင် အားထုတ်သော ပစ်မှတ်တစ်ခု သင်၌ အမှန်တကယ် ရှိသလော။ သင်သည် ဘုရားသခင်၏ စုံလင်အောင်ပြုခြင်း ခံရနိုင်ရန်အတွက် စစ်ဆေးခြင်းများကို ကြုံရလိုသလော၊ သို့မဟုတ် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ဆဲခြင်းကိုသာ သင်ခံလိုက်မည်လော။ ဘုရားသခင်အတွက် သက်သေခံခြင်းကိစ္စအပေါ် သင်၏အမြင်က အမှန်တကယ် မည်သည့်အရာနည်း။ လူတို့သည် အချို့သောပတ်ဝန်းကျင်များထဲ၌ ဘုရားသခင်အတွက် စစ်မှန်သောသက်သေခံဖို့ရန် မည်သည့်အရာကို ပြုသင့်သနည်း။ လက်တွေ့ကျသော ဘုရားသခင်သည် သင့်အထဲ၌ သူ၏ တကယ့်အမှုကို မြောက်မြားစွာ ထုတ်ဖော်ခဲ့ပြီ ဖြစ်သောကြောင့် သင်သည် အဘယ့်ကြောင့် စွန့်ခွာသွားမည့်အတွေးများ အမြဲရှိရသနည်း။ ဘုရားသခင်အပေါ် သင်၏ယုံကြည်ခြင်းမှာ ဘုရားသခင်အဖို့ ဟုတ်၏လော။ သင်တို့အများစုအတွက်မူ သင်၏ယုံကြည်ခြင်းမှာ သင်ကိုယ်၌၏ကိုယ်စား သင်ပြုသော အကျိုးမျှော်ခြင်း၏ အစိတ်အပိုင်း၊ သင်၏ကိုယ်ပိုင် တစ်ကိုယ်ရေ အကျိုးအမြတ်အား ရှာဖွေရန်အတွက်ပင် ဖြစ်သည်။ လူအနည်းငယ်ကသာ ဘုရားသခင်ကို ဘုရားသခင်အဖို့ ယုံကြည်ကြသည်၊ ဤသည်မှာ ဆန့်ကျင်ပုန်ကန်မှု မဟုတ်သလော။

စစ်ဆေးခြင်းအမှု၏ ရည်ရွယ်ချက်မှာ အဓိကအားဖြင့် လူတို့၏ယုံကြည်ခြင်းကို စုံလင်စေရန်ဖြစ်သည်။ အဆုံးတွင်၊ ရရှိသည့်အရာမှာ သင်စွန့်ခွာလိုသော်လည်း၊ တစ်ချိန်တည်းတွင် စွန့်ခွာ၍မရပေ။ အချို့လူတို့သည် အသေးငယ်ဆုံးသော မျှော်လင့်ချက် တစ်စက်ကလေးမျှ မရှိသည့်အချိန်တွင်ပင် ယုံကြည်ခြင်း ရှိနိုင်ဆဲဖြစ်ပြီး၊ လူတို့သည် ၎င်းတို့၏ကိုယ်ပိုင် အနာဂတ်တက်လမ်းများနှင့် စပ်လျဉ်း၍ မျှော်လင့်ချက် လုံးဝ မရှိကြတော့ချေ။ ဤအချိန်မှသာ ဘုရားသခင်၏စစ်ဆေးခြင်းမှာ ပြီးဆုံးမည်ဖြစ်သည်။ လူသားသည် သေခြင်းနှင့် ရှင်ခြင်းအကြားတွင် တဝဲလည်လည်ဖြစ်နေသည့် အဆင့်ကို မရောက်ကြသေးပေ၊ ထို့ပြင် ၎င်းတို့သည် သေခြင်းကို မမြည်းစမ်းရသေးသောကြောင့် စစ်ဆေးခြင်း၏ လုပ်ငန်းစဉ်မှာ မပြီးဆုံးသေးပါ။ အစေခံသူများ၏အဆင့်၌ ရှိခဲ့သောသူတို့ပင်လျှင် အဆုံးစွန် စစ်ဆေးခြင်းကို မခံခဲ့ကြရပေ။ ယောဘသည် ပြင်းထန်သော စစ်ဆေးခြင်းကို ကြုံခဲ့ရပြီး သူ၌ အားထားစရာ မည်သည့်အရာမျှ မရှိခဲ့ပေ။ လူတို့သည် ၎င်းတို့၌ မျှော်လင့်ချက် မရှိသည့်အပြင် အားထားစရာ မည်သည့်အရာမျှမရှိသည့် အတိုင်းအတာအထိ စစ်ဆေးခြင်းများကို ခံကြရမည်၊ ဤသည်သာလျှင် စစ်မှန်သောစစ်ဆေးခြင်း ဖြစ်သည်။ အစေခံသူများ၏ ခေတ်ကာလအတွင်း၌ အကယ်၍

သင်၏ စိတ်နှလုံးသည် ဘုရားသခင်၏ရှေ့မှောက်၌ အမြဲဆိတ်ငြိမ်နေခဲ့ပြီး မည်သည့်အရာကို သူပြုခဲ့ပါစေ၊ သင့်အတွက် သူ၏အလိုတော်မှာ မည်သည့်အရာ ဖြစ်ခဲ့ပါစေ သင်သည် သူ၏ကြိုတင်ပြင်ဆင်ချက်များကို အမြဲတမ်းနာခံခဲ့ပါက၊ လမ်းဆုံးရောက်သည့်အခါ ဘုရားသခင်ပြုခဲ့ပြီးသော အရာတိုင်းကို သင်နားလည်ပေမည်။ သင်သည် ယောဘ၏ စမ်းသပ်မှုများကို ခံရပြီး တစ်ချိန်တည်းမှာပင် ပေတရု၏ စမ်းသပ်မှုများကိုလည်း ခံရခြင်းဖြစ်သည်။ ယောဘ အစမ်းသပ်ခံခဲ့ရသောအခါ သူသည် သက်သေရပ်တည်ခဲ့ပြီး အဆုံးတွင် ယေဟောဝါမှာ သူ့အား ကိုယ်ထင်ပြခဲ့သည်။ သူသက်သေရပ်တည်ခဲ့သည့် နောက်မှသာ သူသည် ဘုရားသခင်၏ မျက်နှာကိုမြင်ဖို့ ထိုက်တန်ခဲ့သည်။ "ငါသည် ညစ်ညမ်းသောပြည်မှ ပုန်းရှောင်သော်လည်း၊ သန့်ရှင်းသောနိုင်ငံတော်အား ငါ့ကိုယ်ငါ ကိုယ်ထင်ပြမည်။" ဟု အဘယ်ကြောင့် ပြောထားသနည်း။ ယင်းမှာ သင်သည် သန့်ရှင်းပြီး သက်သေရပ်တည်သည့်အခါမှသာ ဘုရားသခင်၏မျက်နှာကို မြင်ရဖို့အတွက် ဂုဏ်အသရေကို သင်ရနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်အတွက် သက်သေမရပ်တည်နိုင်ပါက သူ၏မျက်နှာကိုမြင်ရဖို့ သင်၌ ဂုဏ်အသရေမရှိပေ။ အကယ်၍ သင်သည် စစ်ဆေးခြင်းများကို ကြုံနေရစဉ် နောက်ကြောင်းပြန်လှည့်သောကြောင့်ဖြစ်စေ၊ သို့မဟုတ် ဘုရားသခင်အပေါ် ညည်းတွားချက်များ ပြုလုပ်သောကြောင့်ဖြစ်စေ သူ့အတွက် သက်သေရပ်တည်ရန် ပျက်ကွက်ပြီး စာတန်၏ လှောင်ပြောင်စရာ ဖြစ်လာပါက၊ သင်သည် ဘုရားသခင်၏ပေါ်ထွန်းခြင်းကို ရရှိလိမ့်မည်မဟုတ်ပေ။ အကယ်၍ သင်သည် စမ်းသပ်မှုများကြား၌ မိမိ၏ကိုယ်ပိုင် ဇာတိခန္ဓာကို ကျိန်ဆဲခဲ့ပြီး ဘုရားသခင်အား မညည်းတွားခဲ့သည့်အပြင်၊ စကားလုံးများ အားဖြင့် ညည်းညူခြင်း သို့မဟုတ် အပြစ်ကျူးလွန်ခြင်းမရှိဘဲ မိမိ၏ ဇာတိပကတိကို စက်ဆုပ်နိုင်ခဲ့သည့် ယောဘကဲ့သို့သောသူ ဖြစ်ပါက၊ သင်သည် သက်သေရပ်တည်နေလိမ့်မည်။ သင်သည် စစ်ဆေးခြင်းများကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ခံရပြီး ယောဘကဲ့သို့ ဖြစ်နိုင်သေးကာ၊ ဘုရားသခင်၏ရှေ့တွင် လုံးလုံးလျားလျား နာခံမှုရှိပြီး သူ၏ အခြားတောင်းဆိုချက်များ သို့မဟုတ် သင်၏ကိုယ်ပိုင်အယူအဆများ မရှိပါက၊ ဘုရားသခင်သည် သင့်ထံ ပေါ်ထွန်းလိမ့်မည်။ ယခုမူ သင့်ထံ ဘုရားသခင်မပေါ်လာရသည်မှာ အဘယ်ကြောင့်ဆိုသော် သင်၌ သင်၏ကိုယ်ပိုင် များစွာသော အယူအဆများ၊ အခြေအမြစ်မရှိသော တစ်ကိုယ်ရေ အစွဲအလမ်းများ၊ တစ်ကိုယ်ကောင်းဆန်သော အတွေးအခေါ်များ၊ ပုဂ္ဂိုလ်ရေး လိုအပ်ချက်များနှင့် ဇာတိဆန်သော စိတ်ဝင်စားမှုများ ရှိသောကြောင့် ဖြစ်ပြီး သင်သည် သူ၏မျက်နှာကိုမြင်ရဖို့ မထိုက်တန်ပေ။ အကယ်၍ ဘုရားသခင်ကို သင်မြင်ခဲ့ရသည်ဆိုပါက

သင်သည် သူ့ကို သင်၏ကိုယ်ပိုင် အယူအဆများ အားဖြင့် တိုင်းထွာလိမ့်မည်ဖြစ်ပြီး၊ ဤသို့ပြုခြင်းဖြင့် သူသည် သင့်အားဖြင့် လက်ဝါးကပ်တိုင်ပေါ်တွင် သံနှင့် အရိုက်ခံရခြင်းပင် ဖြစ်မည်။ အကယ်၍ သင်၏ အယူအဆများနှင့် တစ်ပြေးညီမဟုတ်သော အရာများစွာ သင့်အပေါ် ကျရောက်လာသည့်တိုင် သင်သည် ၎င်းတို့ကို ဘေးဖယ်ထားနိုင်ပြီး ဤအရာများမှ ဘုရားသခင်၏ လုပ်ရပ်များအား သိကျွမ်းခြင်းကို ရရှိနိုင်ပါက၊ ထို့ပြင် သင်သည် စစ်ဆေးခြင်းများအလယ်တွင် ဘုရားသခင်ကိုချစ်သည့် သင်၏စိတ်နှလုံးကို ဖော်ထုတ်ပြသပါက၊ ဤသည်မှာ သက်သေရပ်တည်ခြင်းပင် ဖြစ်သည်။ အကယ်၍ သင်၏ နေအိမ်သည် ငြိမ်းချမ်းနေပြီး၊ သင်သည် ဇာတိပကတိဆိုင်ရာ ဇိမ်ခံစရာများကို မွေ့လျော်ကာ၊ သင့်ကို မည်သူမျှ ညှဉ်းပန်းနှိပ်စက်ခြင်း မပြုဘဲ၊ အသင်းတော်ထဲရှိ သင်၏ ညီအစ်ကိုမောင်နှမများက သင့်ကိုနာခံပါက၊ ဘုရားသခင်ကိုချစ်သည့် သင်၏စိတ်နှလုံးကို ပြသနိုင်မည်လော။ ဤအခြေအနေက သင့်ကို စစ်ဆေးနိုင်သလော။ ဘုရားသခင်အပေါ် သင်၏ချစ်ခြင်းကို ပြသနိုင်သည်မှာ စစ်ဆေးခြင်းအားဖြင့်သာလျှင် ဖြစ်ပြီး သင် စုံလင်စေခြင်းခံရနိုင်သည်မှာ သင်၏အယူအဆများနှင့် မကိုက်ညီသောအမှုအရာများ ဖြစ်ပျက်ခြင်းအားဖြင့်သာလျှင် ဖြစ်သည်။ ဆန့်ကျင်ဘက်ပြုပြီး အပျက်သဘောဆောင်သော အရာများစွာ၏ အကူအညီနှင့်၊ စာတန်၏ အမျိုးမျိုးသော သရုပ်သကန်ဖော်ပြချက်များ တည်းဟူသော ၎င်း၏လုပ်ရပ်များ၊ ၎င်း၏စွပ်စွဲချက်များ၊ ၎င်း၏ အနှောင့်အယှက်များနှင့် လှည့်ဖြားမှုများကို အသုံးချခြင်းအားဖြင့် ဘုရားသခင်သည် သင့်အား စာတန်၏ အကျည်းတန်သော မျက်နှာကို ရှင်းရှင်းလင်းလင်း ပြသကာ၊ ထိုသို့ဖြင့် သင်သည် စာတန်ကို မုန်းတီးပြီး ပစ်ပယ်နိုင်ဖို့အလို့ငှာ သင်၏ စာတန်အား ခွဲခြားသိမြင်နိုင်စွမ်းကို စုံလင်စေသည်။

သင်၏ ကျရှုံးခြင်း၊ အားနည်းခြင်းနှင့်ဆိုင်သော အတွေ့အကြုံများစွာနှင့် သင်၏ အပျက်သဘောဆောင်သော အချိန်များအားလုံးကို ဘုရားသခင်၏ စမ်းသပ်မှုများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် အရာရာတိုင်းသည် ဘုရားသခင်မှ လာပြီး၊ ခပ်သိမ်းသော အမှုအရာများနှင့် အဖြစ်အပျက်များမှာ သူ၏လက်ထဲတွင်ရှိသောကြောင့် ဖြစ်သည်။ သင်ကျရှုံးသည်ဖြစ်စေ သို့မဟုတ် သင်အားနည်းပြီး ခလုတ်တိုက်သည်ဖြစ်စေ ထိုအရာအားလုံးမှာ ဘုရားသခင်အပေါ် တည်မှီပြီး သူ၏လက်ထဲ၌ ရှိနေသည်။ ဘုရားသခင်၏အမြင်၌ ဤသည်မှာ သင့်အား စမ်းသပ်မှုတစ်ခုဖြစ်ပြီး ထိုအရာကို သင်သတိမပြုမိပါက ယင်းသည် စုံစမ်းသွေးဆောင်ခြင်း ဖြစ်လာလိမ့်မည်။ လူတို့ သတိပြုသင့်သော အခြေအနေနှစ်မျိုးရှိသည်- တစ်ခုမှာ သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာပြီး အခြားတစ်ခု၏ ဖြစ်နိုင်ခြေအရင်းအမြစ်က စာတန်ပင်ဖြစ်သည်။ တစ်ခုမှာ

သန့်ရှင်းသော ဝိညာဉ်တော်က သင့်ကို အလင်းပေးပြီး သင့်ကိုယ်သင်သိရန်၊ သင့်ကိုယ်သင် ရွံမုန်းပြီး နောင်တရရန်နှင့် ဘုရားသခင်အပေါ် စစ်မှန်သောချစ်ခြင်းမေတ္တာ ရှိနိုင်ရန်၊ ဘုရားသခင်အား ကျေနပ်စေရာ၌ သင်၏စိတ်နှလုံးကို ပိုင်းဖြတ်ထားစေရန် အခွင့်ပေးသည့် အခြေအနေ တစ်ခုဖြစ်သည်။ အခြားတစ်ခုမှာ သင်သည် သင့်ကိုယ်သင်သိသော်လည်း၊ အပျက်သဘောဆောင်ကာ အားနည်းသည့် အခြေအနေတစ်ခု ဖြစ်သည်။ ဤအခြေအနေကို ဘုရားသခင်၏ စစ်ဆေးခြင်းဖြစ်သည်၊ ထို့ပြင် ယင်းကို စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ အကယ်၍ ဤသည်မှာ သင့်အား ဘုရားသခင်၏ ကယ်တင်ခြင်းဖြစ်သည်ဟု သင်အသိအမှတ်ပြုပြီး သင်သည် ယခု သူ့အပေါ် အလွန်တရာ အကြွေးတင်နေကြောင်း ခံစားရပါက၊ သင်သည် ယခုမှစ၍ သူ့ကို အကြွေးပြန်ဆပ်ရန်နှင့် ထိုသို့သော ဆိုးယုတ်ခြင်းထဲသို့ နောက်ထပ်မကျဆင်းတော့ရန် ကြိုးစားပါက၊ သူ၏ နှုတ်ကပတ်တော်များအား စားသောက်ရာ၌ သင်ကြိုးပမ်းအားထုတ်ပါက၊ ထို့ပြင် သင်သည် သင့်ကိုယ်သင် ချို့တဲ့လိုအပ်သည်ဟု အမြဲတမ်းယူဆပြီး တောင့်တသောစိတ်နှလုံးရှိပါက၊ ဤသည်မှာ ဘုရားသခင်၏ စမ်းသပ်မှုပင်ဖြစ်သည်။ ဒုက္ခခံရခြင်း အဆုံးသတ်ပြီး သင် နောက်ထပ်တစ်ဖန် ရှေ့သို့ တက်လှမ်းနေသည့်နောက်တွင်၊ ဘုရားသခင်သည် သင့်ကို ဆက်လက်၍ ဦးဆောင်လမ်းပြမည်၊ အလင်းပေးမည်၊ ဉာဏ်အလင်းဖွင့်ပေးပြီး အားကောင်းစေမည်။ သို့သော် အကယ်၍ သင်သည် ယင်းကို အသိအမှတ်မပြုဘဲ အပျက်သဘောဆောင်လျက် မျှော်လင့်ချက် ပျက်သုဉ်းသည်အထိ သင့်ကိုယ်သင် တကယ်ကို ပစ်ပယ်ထားပါက၊ ဤနည်းအတိုင်း သင်တွေးထင်ပါက စာတန်၏ စုံစမ်းသွေးဆောင်ခြင်းမှာ သင့်အပေါ် ကျရောက်ပြီးဖြစ်လိမ့်မည်။ ယောဘသည် စမ်းသပ်မှုများကို ကြုံရသည့်အခါ ဘုရားသခင်နှင့် စာတန်တို့သည် တစ်ဦးနှင့်တစ်ဦး အလောင်းအစားလုပ်ခဲ့ကြပြီး ယောဘအား ဖိစီးနှိပ်စက်ရန် စာတန်ကို ဘုရားသခင် အခွင့်ပေးခဲ့သည်။ ယောဘကို စမ်းသပ်ခဲ့သည်မှာ ဘုရားသခင်ပင် ဖြစ်ခဲ့သော်လည်း၊ သူ့အပေါ်ကျရောက်လာသူမှာ အမှန်တွင် စာတန်ဖြစ်ခဲ့သည်။ စာတန်အတွက်မှာမူ ယင်းသည် ယောဘကို အစုံအစမ်းပြုခြင်း ဖြစ်ခဲ့သော်လည်း၊ ယောဘမှာ ဘုရားသခင်ဘက်တွင် ရှိခဲ့သည်။ အကယ်၍ ထိုသို့မဟုတ်ခဲ့ပါက ယောဘမှာ စုံစမ်းသွေးဆောင်ခြင်းထဲသို့ ကျရောက်ခဲ့ပြီး ဖြစ်မည်။ လူတို့သည် စုံစမ်းသွေးဆောင်ခြင်းထဲသို့ ကျရောက်သည်နှင့် တစ်ပြိုင်နက်၊ ၎င်းတို့သည် ဘေးအန္တရာယ်ထဲသို့ ကျရောက်သွားကြသည်။ စစ်ဆေးမှုခံရခြင်းကို ဘုရားသခင်ထံမှ စမ်းသပ်မှုဖြစ်သည်ဟု ဆိုနိုင်သော်လည်း၊ အကယ်၍ သင်သည် ကောင်းမွန်သောအခြေအနေ၌ ရှိမနေပါက၊ ယင်းကို စာတန်ထံမှ စုံစမ်းသွေးဆောင်ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ အကယ်၍ သင်သည် ရူပါရုံအကြောင်း

မရှင်းလင်းပါက၊ စာတန်သည် သင့်ကိုစွပ်စွဲကာ ရူပါရုံနှင့်ဆိုင်သော ကဏ္ဍတွင် သင့်ကို ကာဆီးထားလိမ့်မည်။ သင်မသိလိုက်မီ စုံစမ်းသွေးဆောင်ခြင်းထဲသို့ သင်ကျရောက်သွားမည်။

အကယ်၍ သင်သည် ဘုရားသခင်၏အမှုကို မတွေ့ကြုံရပါက မည်သည့်အခါမျှ စုံလင်အောင်ပြုခြင်း ခံရနိုင်မည် မဟုတ်ပေ။ သင်၏အတွေ့အကြုံထဲတွင် သင်သည် အသေးစိတ်အချက်အလက်များ ထဲသို့လည်း ဝင်ရောက်ရမည်။ ဥပမာအားဖြင့်၊ မည်သည့် အရာများက သင့်အား အယူအဆများနှင့် စေ့ဆော်မှုများ လွန်ကဲမှုကို ဖြစ်လာစေပြီး၊ ဤပြဿနာများကို ရင်ဆိုင်ရန်အတွက် သင်၌ မည်သို့သော သင့်လျော်သည့် လက်တွေ့လုပ်ဆောင်မှုမျိုးများ ရှိသနည်း။ အကယ်၍ ဘုရားသခင်၏အမှုကို သင်တွေ့ကြုံနိုင်ပါက၊ ဤသည်မှာ သင်၌ ဝိညာဉ်ရင့်ကျက်မှုရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။ အကယ်၍ သင်၌ တက်ကြွမှုသာ ရှိပုံပေါ်ပါက၊ ဤသည်မှာ မှန်ကန်သော ဝိညာဉ်ရင့်ကျက်မှု မဟုတ်သည့်အပြင် သင်သည် မြဲမြဲစွာ လုံးဝရပ်တည်နိုင်မည် မဟုတ်ပါ။ သင်သည် ဘုရားသခင်၏အမှုကို တွေ့ကြုံနိုင်ကာ ယင်းကို အချိန်မရွေး၊ နေရာမရွေး သင်တွေ့ကြုံပြီး ဆင်ခြင်တွေးဆနိုင်သည့်အခါမှသာ၊ သင်တို့သည် သိုးထိန်းများကို စွန့်ခွာပြီး ဘုရားသခင်အပေါ် ကိုးစားမှုအားဖြင့် တသီးတခြား အသက်ရှင်နိုင်ကာ၊ သင်သည် ဘုရားသခင်၏ တကယ့်လုပ်ရပ်များကို မြင်နိုင်သည့်အခါ ဘုရားသခင်၏အလိုတော်ကို အောင်မြင်စေမည်ဖြစ်သည်။ ယခုအချိန်တွင်မူ လူအများစုသည် မည်သို့တွေ့ကြုံရမည်ကို မသိကြဘဲ၊ ပြဿနာတစ်ခုကို ၎င်းတို့ ရင်ဆိုင်ရသည့်အခါ ယင်းကို မည်သို့ ကိုင်တွယ်ဖြေရှင်းရမှန်း မသိကြပေ။ ၎င်းတို့သည် ဘုရားသခင်၏အမှုကို တွေ့ကြုံနိုင်စွမ်း မရှိသည့်အပြင် ဝိညာဉ်ရေးပြည့်ဝသော အသက်တာဖြင့် အသက်မရှင်နိုင်ကြချေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုတို့ကို သင်၏ လက်တွေ့အသက်တာထဲ၌ ကျင့်သုံးရမည်။

ဘုရားသခင်သည် တစ်ခါတစ်ရံ တစ်စုံတစ်ခုသော ခံစားချက်မျိုး၊ သင်၏အတွင်းထဲက ဝမ်းမြောက်မှုကို ဆုံးရှုံးစေပြီး ဘုရားသခင်ရှိနေခြင်းကို ဆုံးရှုံးစေသည့် ခံစားချက်မျိုး၊ သင့်ကို မှောင်မိုက်ထဲသို့ ထိုးကျသွားစေသည့် ခံစားချက်မျိုးကို ပေးတတ်သည်။ ဤသည်မှာ စစ်ဆေးခြင်းတစ်မျိုး ဖြစ်သည်။ တစ်စုံတစ်ခုကို သင်လုပ်ဆောင်သည့်အခါတိုင်း၊ ယင်းက အမြဲတမ်း လွဲချော်တတ်သည် သို့မဟုတ် ရပ်တန့်သွားတတ်သည်။ ဤသည်မှာ ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် သင်သည် ဘုရားသခင်အား နာခံမှုမရှိဘဲ ပုန်ကန်တတ်သော အရာတစ်ခုခုကို ပြုလုပ်သည့်အခါ၊ အခြားမည်သူမျှ မသိနိုင်သော်လည်း

ဘုရားသခင်သိ၏။ သူသည် သင့်ကို အလွတ်မပေးဘဲ၊ သင့်ကို သူဆုံးမပဲ့ပြင်လိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုမှာ အလွန်အသေးစိတ်ကျသည်။ သူသည် လူတို့၏ စကားလုံးနှင့် လုပ်ဆောင်ချက်တိုင်း၊ ၎င်းတို့၏ လုပ်ရပ်နှင့် လှုပ်ရှားမှုတိုင်းနှင့် ၎င်းတို့၏ အကြံအစည်နှင့် အတွေးအခေါ်တိုင်းကို အလွန်သေချာစွာ စောင့်ကြည့်သည်၊ သို့မှသာ လူတို့သည် ဤအရာများအပေါ် အတွင်းပိုင်း အမြင်ပွင့်ခြင်းကို ရရှိနိုင်မည်ဖြစ်သည်။ တစ်စုံတစ်ရာကို သင်တစ်ကြိမ်လုပ်ပြီး ယင်းက လွဲချော်သွားသည်၊ တစ်စုံတစ်ရာကို သင် ထပ်လုပ်ပြီး လွဲချော်နေသေးသည်၊ ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို သင် တဖြည်းဖြည်း နားလည်လာမည်။ ကြိမ်ဖန်များစွာ ဆုံးမပဲ့ပြင်ခံရခြင်းအားဖြင့် သင်သည် ဘုရားသခင်၏အလိုအတော်နှင့်အညီ မည်သည့်အရာကို လုပ်ရမည်နှင့် မည်သည့်အရာက သူ၏အလိုတော်နှင့် မညီကြောင်းကို သိလိမ့်မည်။ အဆုံးတွင် သင်သည် သင့်အထဲမှနေ၍ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုအတွက် မှန်ကန်တိကျသော တုံ့ပြန်မှုများ ရှိလိမ့်မည်။ တစ်ခါတစ်ရံ သင်သည် ဆန့်ကျင်ပုန်ကန်တတ်ပြီး အထဲမှနေ၍ ဘုရားသခင်၏ ပြစ်တင်ကြိမ်းမောင်းခြင်းကို သင်ခံရလိမ့်မည်။ ဤအရာအားလုံးမှာ ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်းမှ လာသည်။ အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တန်ဖိုးမထားပါက၊ သူ၏အမှုကို သင် ပေါ့ပေါ့တန်တန် သဘောထားမိပါက၊ သူသည် သင့်ကို အရေးစိုက်တော့မည် မဟုတ်ပေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အလေးအနက်ထားလေလေ၊ သင့်ကို သူ ဉာဏ်အလင်းပေးလေလေ ဖြစ်သည်။ ယခုအခါတွင်မူ အသင်းတော်ထဲတွင် ဇဝေဇဝါနှင့် ရှုပ်ထွေးနေသည့် ယုံကြည်ခြင်းရှိသော လူအချို့ရှိကြပြီး ၎င်းတို့သည် မသင့်လျော်သောအမှုအရာ မြောက်များစွာပြုပြီး စည်းကမ်းမရှိဘဲ ပြုမူကြသောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို ၎င်းတို့အထဲတွင် ရှင်းလင်းစွာ မမြင်ရနိုင်ပေ။ လူအချို့တို့သည် ငွေရှာရန်အလို့ငှာ မိမိ၏တာဝန်များကို နောက်ချန်ရစ်ကာ ဆုံးမပဲ့ပြင်ခံရခြင်းမရှိဘဲ စီးပွားရေး လုပ်ကိုင်ရန် ထွက်သွားကြသည်။ ထိုသို့သော လူစားမျိုး၌ ပို၍ပင် အန္တရာယ်ရှိသည်။ လတ်တလောတွင် ၎င်းတို့၌ သန့်ရှင်းသော ဝိညာဉ်တော်၏အမှု မရှိသည်သာမက အနာဂတ်တွင် ၎င်းတို့ကို စုံလင်စေရန် ခက်ခဲလိမ့်မည်။ အတွင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို မမြင်နိုင်သည့်အပြင် အတွင်း၌ ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်းကိုလည်း မမြင်နိုင်သည့် လူများစွာရှိသည်။ ၎င်းတို့သည် ဘုရားသခင်၏ အလိုတော်အပေါ် မရှင်းမလင်းဖြစ်ပြီး ဘုရားသခင်၏ အမှုကို မသိသောသူများ ဖြစ်သည်။ စစ်ဆေးခြင်းများအလယ်တွင် ခိုင်ခံ့စွာ ရပ်တည်နိုင်သောသူများ၊ ဘုရားသခင် မည်သည့်အရာကို ပြုပါစေ သူ့နောက်သို့ လိုက်သောသူများနှင့် အနည်းဆုံးအနေဖြင့် မစွန့်ခွာဘဲ

နေနိုင်သောသူ၊ သို့မဟုတ် ပေတရု စွမ်းဆောင်ခဲ့သော အရာထဲမှ ၀.၁ ရာခိုင်နှုန်းကိုပင် စွမ်းဆောင်သောသူတို့မှာ အခြေအနေကောင်းသောသူများ ဖြစ်သည်၊ သို့သော်လည်း ၎င်းတို့သည် ၎င်းတို့အား ဘုရားသခင် အသုံးချခြင်းနှင့်ပတ်သက်၍ တန်ဖိုးမရှိကြပေ။ လူများစွာသည် အမှုအရာတို့ကို လျင်မြန်စွာ နားလည်ကြသည်၊ ဘုရားသခင်အပေါ် စစ်မှန်သောချစ်ခြင်း ရှိကြပြီး ပေတရု၏အဆင့်ကို ကျော်လွန်နိုင်ကြသည်ဖြစ်၍ ဘုရားသခင်သည် ၎င်းတို့အပေါ် စုံလင်စေခြင်း အမှုကို ပြုလေသည်။ ဆုံးမပဲ့ပြင်ခြင်းနှင့် ဉာဏ်အလင်းပေးခြင်းသည် ထိုသို့သောသူတို့ထံသို့ ရောက်လာပြီး၊ အကယ်၍ သူတို့အထဲ၌ ဘုရားသခင်၏ အလိုတော်နှင့်မညီသော အရာတစ်ခုရှိပါက၊ ယင်းကို သူတို့ ချက်ချင်း စွန့်ပစ်နိုင်ကြသည်။ ထိုသို့သောသူတို့မှာ ရွှေ၊ ငွေနှင့် အဖိုးတန် ကျောက်တုံးများပင် ဖြစ်ပြီး သူတို့၏တန်ဖိုးမှာ အမြင့်မားဆုံးပေတည်း။ အကယ်၍ ဘုရားသခင်သည် များစွာသော အမှုအမျိုးမျိုးကို ပြုခဲ့ပြီးသော်လည်း၊ သင်သည် သဲ သို့မဟုတ် ကျောက်တုံးနှင့် တူနေသေးပါက သင်သည် သုံးမရသောသူပါပေတည်း။

အဆင်းနီသောနဂါးကြီး၏ တိုင်းပြည်၌ ဘုရားသခင်၏အမှုမှာ အလွန် အံ့ဩချီးမွမ်းဖွယ်ဖြစ်ပြီး ဉာဏ်မမီနိုင်ပါပေ။ အသင်းတော်ထဲတွင် သမ္မာတရားကို ချစ်သောသူများနှင့် မချစ်သောသူများ ရှိသည်၊ ဘုရားသခင်၏အမှုကို တွေ့ကြုံသောသူများနှင့် မတွေ့ကြုံသောသူများ ရှိသည်၊ မိမိတို့၏ တာဝန်ကို ထမ်းဆောင်သူများနှင့် မထမ်းဆောင်သူများ ရှိသည်၊ ဘုရားသခင်အတွက် သက်သေခံသောသူများနှင့် မခံသောသူများ ရှိကြသည်၊ ထိုသို့ လူအမျိုးအစား ပေါင်းစုံရှိသည့်အတွက် သူသည် လူအုပ်စုတစ်စုကို စုံလင်အောင်ပြုပေးပြီး အခြားလူအချို့ကို သုတ်သင်ဖယ်ရှင်းလိမ့်မည်။ ထို့ပြင် ၎င်းတို့ အစိတ်အပိုင်းတစ်ခုမှာ မယုံကြည်သူများနှင့် ဆိုးယုတ်သောလူများ ဖြစ်ပြီး၊ ၎င်းတို့မှာ သုတ်သင်ဖယ်ရှင်းခြင်းကို အသေအချာ ခံရမည်ဖြစ်သည်။ သင်သည် ဘုရားသခင်၏အမှုကို ရှင်းလင်းစွာ မသိပါက၊ သင်သည် အပျက်သဘောဆောင်နေမည်။ ဤသည်မှာ ဘုရားသခင်၏အမှုကို လူနည်းစုထဲတွင်သာ မြင်နိုင်ခြင်းကြောင့်ပင် ဖြစ်သည်။ ဤအချိန်တွင် မည်သူက ဘုရားသခင်ကို အမှန်တကယ် ချစ်ကြောင်းနှင့် မည်သူက မချစ်ကြောင်း သိသာထင်ရှားလာမည်။ ဘုရားသခင်ကို အမှန်တကယ် ချစ်သောသူများ၌ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုရှိသော်လည်း၊ သူ့ကို အမှန်တကယ် မချစ်သောသူများမှာ သူ့အမှု၏ တစ်ဆင့်ချင်း၌ ထုတ်ဖော်ခြင်းခံရမည်။ ၎င်းတို့သည် သုတ်သင်ဖယ်ရှင်းခြင်း ခံရသောအရာများ ဖြစ်လာလိမ့်မည်။ ဤလူများမှာ သိမ်းပိုက်ခြင်းအမှု ပြုစဉ်အတွင်း၌ ထုတ်ဖော်ခံရမည်ဖြစ်ပြီး ၎င်းတို့သည် စုံလင်အောင်ပြုခြင်းကို ခံရရန်အတွက် တန်ဖိုးမရှိသော လူတို့ဖြစ်ကြသည်။ စုံလင်စေခြင်း

ခံခဲ့ရပြီးသောသူများသည် ဘုရားသခင်၏ ရယူခြင်းကို အလုံးစုံခံရသောသူများ ဖြစ်ပြီး ပေတရုကဲ့သို့ ဘုရားသခင်ကို ချစ်နိုင်စွမ်းရှိကြသည်။ သိမ်းပိုက်ခြင်းကို ခံရပြီးသောသူများ၌ ပင်ကိုချစ်ခြင်းမရှိဘဲ မတုန်မလှုပ်သော ချစ်ခြင်းသာရှိကြပြီး ၎င်းတို့သည် ဘုရားသခင်ကိုချစ်ရန် အတင်းအကျပ်ပြုခံရသည်။ ပင်ကိုချစ်ခြင်းသည် လက်တွေ့ဖြစ်သော အတွေ့အကြုံမှတစ်ဆင့်ရရှိသည့် နားလည်ခြင်းအားဖြင့် ဖြစ်ပေါ်လာသည်။ ဤချစ်ခြင်းက လူတစ်ဦး၏စိတ်နှလုံးကို နေရာယူကာ ၎င်းတို့အား ဘုရားသခင်ကို ဆန္ဒအလျောက် ဆက်ကပ်အပ်နှံစေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှာ ၎င်းတို့၏ အခြေခံအုတ်မြစ် ဖြစ်လာကာ ၎င်းတို့သည် ဘုရားသခင်အတွက် ဒုက္ခခံနိုင်ကြသည်။ ဤအရာများမှာ ဘုရားသခင်၏ စုံလင်အောင်ပြုခြင်း ခံရပြီးသောသူတစ်ဦးက ပိုင်ဆိုင်သောအရာများ ဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ အကယ်၍ သင်သည် သိမ်းပိုက်ခံရရန်သာ ကြိုးပမ်းပါက ဘုရားသခင်အတွက် သင် သက်သေခံနိုင်မည် မဟုတ်ပေ။ အကယ်၍ ဘုရားသခင်သည် လူတို့ကို သိမ်းပိုက်ခြင်းအားဖြင့် သူ၏ ကယ်တင်ခြင်း ရည်မှန်းချက်ကိုသာ ပြည့်စုံစေပါက၊ အစေခံသူတို့၏အဆင့်သည် ထိုအလုပ်ကို အပြီးသတ်ခဲ့ပေမည်။ သို့သော်လည်း လူတို့ကိုသိမ်းပိုက်ခြင်းသည် လူတို့ကို စုံလင်အောင်ပြုပေးရန် ဖြစ်သည့် ဘုရားသခင်၏ နောက်ဆုံးရည်မှန်းချက်ပန်းတိုင် မဟုတ်ပေ။ ထို့ကြောင့် ဤအဆင့်ကို သိမ်းပိုက်ခြင်းအမှုဟု ဆိုခြင်းထက် ယင်းကို စုံလင်အောင် ပြုလုပ်ပေးခြင်းနှင့် သုတ်သင်ဖယ်ရှင်းခြင်းအမှုဟု ဆိုလော့။ လူအချို့တို့မှာ အပြည့်အဝ သိမ်းပိုက်ခြင်းကို မခံကြရသေးဘဲ၊ ၎င်းတို့ကို သိမ်းပိုက်နေစဉ် အတွင်း လူတစ်စုမှာ စုံလင်အောင်ပြုပေးခြင်းကို ခံကြရလိမ့်မည်။ ဤအမှုနှစ်ပိုင်းကို ပြိုင်တူပြုနေခြင်း ဖြစ်သည်။ လူတို့သည် ထိုကဲ့သို့ ကာလကြာမြင့်သော အမှု တစ်လျှောက်လုံးတွင်ပင် မထွက်ခွာကြသေးဘဲ၊ ဤအရာက သိမ်းပိုက်ခြင်း၏ ရည်မှန်းချက်ပန်းတိုင်ကို ရယူပြီးပြီဖြစ်ကြောင်း ပြသသည်၊ ဤသည်မှာ သိမ်းပိုက်ခံရခြင်း၏ အဖြစ်မှန်တစ်ခုဖြစ်သည်။ စစ်ဆေးခြင်းများမှာ သိမ်းပိုက်ခြင်းခံရရန်အတွက် မဟုတ်ဘဲ စုံလင်စေခြင်း ခံရရန်အတွက် ဖြစ်သည်။ လူတို့သည် စစ်ဆေးခြင်းများမပါရှိဘဲ၊ စုံလင်ခြင်း မခံရနိုင်ပေ။ ထို့ကြောင့် စစ်ဆေးခြင်းများမှာ အမှန်ပင် တန်ဖိုးရှိလေစွ။ ယနေ့ လူတစ်စုသည် စုံလင်စေခြင်းနှင့် ရယူခြင်းကို ခံနေကြရသည်။ ယခင်ဖော်ပြခဲ့သော ကောင်းချီးမင်္ဂလာ ဆယ်ပါးမှာ စုံလင်စေခြင်းခံရပြီးသောသူ အားလုံးအတွက် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာမြေကြီးပေါ်တွင် ၎င်းတို့၏ပုံသဏ္ဌာန် ပြောင်းလဲခြင်းအကြောင်းနှင့် သက်ဆိုင်သော အရာတိုင်းကို စုံလင်ခြင်းခံရပြီးသော သူတို့အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ စုံလင်ခြင်း မခံရသေးသော သူတို့သည် ဘုရားသခင်၏ ကတိတော်များကို ရရှိရန် အရည်အချင်း

မပြည့်မီကြချေ။

## နာကျင်သည့်စမ်းသပ်မှုများကို တွေ့ကြုံခြင်းဖြင့်သာ ဘုရားသခင်၏နှစ်လိုဖွယ်ကောင်းခြင်းကို သိနိုင်မည်

ယနေ့ ဘုရားသခင်ကို သင်မည်မျှချစ်သနည်း။ ထို့ပြင် သင့်အထဲ၌ ဘုရားသခင်လုပ်ဆောင်ထားသော အရာအားလုံးကို သင်မည်မျှသိသနည်း။ ဤအရာများမှာ သင့်အနေဖြင့် သင်ယူသင့်သည့် အရာများဖြစ်သည်။ ကမ္ဘာမြေကြီးပေါ်သို့ ဘုရားသခင် ရောက်ရှိလာသည့်အချိန်တွင် လူသားအထဲ၌ သူလုပ်ဆောင်ထားပြီး လူသားကို တွေ့မြင်ခွင့်ပေးထားသော အရာအားလုံးမှာ လူသားအနေဖြင့် သူ့ကိုချစ်လာပြီး အမှန်တကယ်သိကျွမ်းရန်အလို့ငှာ ဖြစ်သည်။ လူသားသည် ဘုရားသခင်အတွက် ဝေဒနာခံစားနိုင်ပြီး ဤအချိန်အထိ ရောက်ရှိ လာနိုင်သည်မှာ တစ်ဖက်တွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကြောင့် ဖြစ်ပြီး၊ အခြားတစ်ဖက်တွင် ဘုရားသခင်၏ ကယ်တင်ခြင်းကြောင့် ဖြစ်သည်၊ ထိုမျှမက လူသားအထဲ၌ ဘုရားသခင်လုပ်ဆောင်ထားသော တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအမှုကြောင့်ဖြစ်သည်။ အကယ်၍ သင်တို့တွင် တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် ဘုရားသခင်၏ စမ်းသပ်ခြင်းတို့ မရှိပါက၊ ထို့ပြင် ဘုရားသခင်သည် သင်တို့ကို ဝေဒနာမခံစားစေပါက ပွင့်ပွင့်လင်းလင်းပြောရသော် သင်တို့သည် ဘုရားသခင်ကို အမှန်တကယ်မချစ်ပေ။ လူသားအထဲ၌ ဘုရားသခင်၏ အမှုက ပိုကြီးပြီး လူသား၏ ဒုက္ခဝေဒနာက ပိုကြီးမားလေ၊ ဘုရားသခင်၏အမှုမှာ မည်မျှအဓိပ္ပာယ်ပြည့်ဝကြောင်း ပိုထင်ရှားလေ ဖြစ်ပြီး လူသား၏စိတ်နှလုံးမှာ ဘုရားသခင်ကို အမှန်တကယ် ပိုချစ်နိုင်လေဖြစ်သည်။ ဘုရားသခင်ကို မည်သို့ချစ်ရမည့်အကြောင်းကို သင်မည်ကဲ့သို့သင်ယူမည်နည်း။ ညှဉ်းဆဲခြင်းနှင့် စစ်ဆေးခြင်းတို့ မရှိပါက၊ နာကျင်သည့် စမ်းသပ်မှုများ မရှိပါက၊ ထို့ပြင် လူသားကို ဘုရားသခင်ပေးခဲ့သည်တို့မှာ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာတို့သာဖြစ်ပါက၊ ဘုရားသခင်အပေါ် စစ်မှန်စွာ ချစ်ခြင်း အဆင့်တစ်ခုအထိ သင်ရောက်နိုင်မည်လော။ တစ်ဖက်တွင် လူသားသည် ဘုရားသခင်၏ စမ်းသပ်မှုကာလများအတွင်း သူ၏အားနည်းချက်များကို သိလာပြီး သူသည် အရေးမပါကြောင်း၊ စက်ဆုပ်ဖွယ်ဖြစ်ကြောင်း၊ နိမ့်ကျကြောင်း၊ သူ၌ မည်သည့်အရာမျှ မရှိကြောင်းနှင့် သူသည် အနတ္တဖြစ်ကြောင်း မြင်လေ၏။ အခြားတစ်ဖက်တွင်

ဘုရားသခင်သည် သူ၏စမ်းသပ်မှု ကာလများအတွင်း သူ၏နှစ်လိုဖွယ်ကောင်းခြင်းကို လူသားအား ပိုမိုတွေ့ကြုံခံစားနိုင်စေသည့် မတူညီသော ပတ်ဝန်းကျင်များကို လူသား အတွက် ဖန်တီးပေး၏။ နာကျင်မှုသည် ကြီးမားပြီး တစ်ခါတစ်ရံ ပြင်းထန်သော ပူဆွေးမှုအဆင့်ကို ရောက်သည်အထိပင် မကျော်လွှားနိုင် ဖြစ်ရသော်လည်း၊ ၎င်းကို တွေ့ကြုံခံစားပြီးနောက် လူသားသည် သူ့အထဲ၌ ဘုရားသခင်၏အမှုမှာ မည်မျှနှစ်လိုဖွယ်ကောင်းကြောင်း မြင်လေ၏၊ ထို့ပြင် ဤအုတ်မြစ် အပေါ်၌သာ လူသားအတွင်းတွင် ဘုရားသခင်အတွက် စစ်မှန်သည့် ချစ်ခြင်းမေတ္တာ မွေးဖွားလာခြင်းဖြစ်သည်။ ယနေ့ကာလတွင် လူသားသည် ဘုရားသခင်၏ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာ သက်သက်ဖြင့်သာဆိုလျှင် လူ့အနှစ်သာရကို သိရန် မဆိုထားနှင့်၊ သူ့ကိုယ်သူပင် အမှန်တကယ် မသိနိုင်ကြောင်း မြင်လေ၏။ ဘုရားသခင်၏ စစ်ဆေးခြင်းနှင့် တရားစီရင်ခြင်းနှစ်ခုလုံးဖြင့်သာ၊ ထိုကဲ့သို့သော စစ်ဆေးခြင်းကာလအတွင်း၌သာ လူသားသည် သူ၏ အားနည်းချက်များကို သိနိုင်ပြီး သူ၌ဘာမျှမရှိကြောင်းကို သိနိုင်သည်။ ထို့ကြောင့် ဘုရားသခင်အပေါ် လူသား၏ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏စစ်ဆေးခြင်းနှင့် တရားစီရင်ခြင်းအုတ်မြစ်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ အေးချမ်းသည့် မိသားစုဘဝ၊ သို့မဟုတ် ရုပ်ဝတ္ထုကောင်းချီးမင်္ဂလာများရှိကာ၊ ဘုရားသခင်၏ ကျေးဇူးတော်ကိုသာ သင်ခံစားမွေ့လျော်ပါက၊ သင်သည် ဘုရားသခင်ကို မရရှိသေးသည့်အပြင်၊ ဘုရားသခင်၌ သင်၏ယုံကြည်ခြင်းကို အောင်မြင်သည်ဟု မယူဆနိုင်ပေ။ ဘုရားသခင်သည် လူ့ဇာတိ၌ ကျေးဇူးတော်အမှု၏ အဆင့်တစ်ဆင့်ကို လုပ်ဆောင်ခဲ့နှင့်ပြီးဖြစ်၍ လူသားကိုလည်း ရုပ်ဝတ္ထုကောင်းချီးမင်္ဂလာများ ပေးအပ်ခဲ့နှင့်ပြီးဖြစ်သည်။ သို့သော် လူသားကို ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာသက်သက်ဖြင့် စုံလင်အောင် မပြုလုပ်နိုင်ပေ။ လူသားသည် သူ၏အတွေ့အကြုံများထဲတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအချို့ကို ကြုံတွေ့ရပြီး၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာကို မြင်တွေ့ရသော်လည်း၊ သူသည် ထိုအရာများကို အချိန်ကာလ တစ်ခုကြာအောင် တွေ့ကြုံခံစား သွားပြီးချိန်တွင် ဘုရားသခင်၏ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာတို့သည် လူသားကို စုံလင်အောင် မပြုလုပ်နိုင်ကြောင်း၊ လူသားအတွင်း၌ ဖောက်ပြန်ပျက်စီးနေသည့် အရာများကို မထုတ်ဖော်နိုင်ကြောင်းနှင့် လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို မဖယ်ရှားနိုင်ကြောင်း၊ သို့မဟုတ် သူ၏ ချစ်ခြင်းမေတ္တာနှင့် ယုံကြည်မှုကို စုံလင်အောင် မပြုလုပ်နိုင်ကြောင်း တွေ့မြင်လေ၏။ ဘုရားသခင်၏ ကျေးဇူးတော်အမှုသည် ကာလတစ်ခု၏ အမှုဖြစ်ပြီး၊ လူသားသည် ဘုရားသခင်ကို သိရှိရန်အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို

မွေ့လျော်ခံစားခြင်းအပေါ်၌ အမှီပြု၍ မရပေ။

လူသားကို ဘုရားသခင်၏ စုံလင်အောင် ပြုခြင်းသည် မည်သည့်အရာအားဖြင့် ပြီးမြောက်အောင်မြင်သနည်း။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားအားဖြင့် ပြီးမြောက်အောင်မြင်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ စိတ်သဘောထားတွင် အဓိကအားဖြင့် ဖြောင့်မတ်ခြင်း၊ အမျက်ဒေါသ၊ ဘုန်းအာနုဘော်၊ တရားစီရင်ခြင်းနှင့် ကျိန်ဆဲခြင်းတို့ ပါဝင်ပြီး၊ ဘုရားသခင်သည် လူသားကို အဓိကအားဖြင့် တရားစီရင်ခြင်းမှတစ်ဆင့် စုံလင်စေသည်။ လူအချို့က နားမလည်ဘဲ၊ ဘုရားသခင်သည် အဘယ်ကြောင့် တရားစီရင်ခြင်းနှင့် ကျိန်ဆဲခြင်းအားဖြင့်သာ လူသားကို စုံလင်စေနိုင်သနည်းဟု မေးမြန်းကြ၏။ ၎င်းတို့က “အကယ်၍ ဘုရားသခင်သည် လူသားကို ကျိန်ဆဲမည်ဆိုလျှင်၊ လူသားသည် သေဆုံးသွားမည် မဟုတ်သလော။ အကယ်၍ ဘုရားသခင်သည် လူသားကို တရားစီရင်မည်ဆိုလျှင် လူသားသည် ပြစ်ဒဏ်ချမှတ်ခံရမည် မဟုတ်သလော။ ဤသို့ဆိုသော် သူ့ကို အဘယ်သို့ စုံလင်အောင်ပြုနိုင်ဦးမည်နည်း” ဟု ပြောကြသည်။ ထိုသို့သော စကားများသည် ဘုရားသခင်၏အမှုကို မသိသောလူများက ပြောသော စကားများ ဖြစ်သည်။ ဘုရားသခင်ကျိန်ဆဲသည့်အရာမှာ လူသား၏ နာခံမှုမရှိခြင်းကို ဖြစ်ပြီး၊ သူတရားစီရင်သည့်အရာမှာ လူသား၏ အပြစ်များကို ဖြစ်သည်။ ဘုရားသခင်သည် မညှာမတာ၊ ပြင်းပြင်းထန်ထန် ပြောဆိုသော်လည်း သူသည် ဤခက်ထန်သော နှုတ်ကပတ်တော်များ အားဖြင့် လူသားအတွင်း၌ မုချလိုအပ်သောအရာကို ဖော်ထုတ်လျက် လူသားအတွင်းမှ အရာအားလုံးကို ထုတ်ဖော်လေ၏၊ သို့ရာတွင် ယင်းကဲ့သို့သော တရားစီရင်မှုအားဖြင့် သူသည် လူသားအား လူ့ဇာတိဆိုင်ရာ အနှစ်သာရ၏ နက်နဲသိမ်မွေ့သော အသိပညာကို ပေးသောကြောင့် လူသားသည် ဘုရားသခင်၏ရှေ့မှောက်တွင် ကျိုးနွံနာခံခြင်းဖြစ်သည်။ လူသား၏ ဇာတိပကတိသည် အပြစ်ဖြစ်ပြီး စာတန်နှင့်သက်ဆိုင်သည်၊ ယင်းသည် နာခံမှုမရှိ၊ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းကို ခံရသည့်အရာဖြစ်သည်။ ထို့ကြောင့် လူသားအား သူ့ကိုယ်သူ သိစေရန် သူ့အပေါ်တွင် ဘုရားသခင်၏ တရားစီရင်ခြင်း နှုတ်ကပတ်တော်များ ကျရောက်ရမည်ဖြစ်ကာ စစ်ဆေးခြင်း အမျိုးအစားတိုင်းကို အသုံးပြုရမည်ဖြစ်သည်။ ထိုအခါမှသာလျှင် ဘုရားသခင်၏အမှုသည် ထိရောက်မှုရှိနိုင်မည်ဖြစ်သည်။

ဘုရားသခင်သည် လူသား၏ဇာတိပကတိကို ပြစ်ဒဏ်ချမှတ်နှင့်ပြီး ဖြစ်ကြောင်း ဘုရားသခင်ပြောသော နှုတ်ကပတ်တော်များမှ သိနိုင်သည်။ ထိုသို့ဆိုသော်

ဤနှုတ်ကပတ်တော်များမှာ ကျိန်ဆဲသည့် နှုတ်ကပတ်တော်များ ဖြစ်နေသလော။ ဘုရားသခင်ပြောသည့် နှုတ်ကပတ်တော်များသည် လူသား၏ စရိုက်အမှန်ကို ထုတ်ဖော်ပြီး၊ ယင်းကဲ့သို့ ထုတ်ဖော်ခြင်းအားဖြင့် သူသည် တရားစီရင်ခြင်းခံရ၏။ ထို့ပြင် သူသည် ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းနိုင်ကြောင်း မြင်သည့်အခါ သူ၏အတွင်း၌ သောကနှင့် နောင်တကို ခံစားရ၏။ သူသည် ဘုရားသခင်အပေါ် အလွန်အကြွေးတင်နေပြီး ဘုရားသခင်၏အလိုတော်ကို ဖြည့်စွမ်းနိုင်ခြင်းမရှိဟု ခံစားရ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်ကို အတွင်းမှ ဆုံးမပဲ့ပြင်သော အချိန်များရှိပြီး ဤဆုံးမပဲ့ပြင်ခြင်းသည် ဘုရားသခင်၏တရားစီရင်ခြင်းမှ လာခြင်းဖြစ်သည်။ ဘုရားသခင်သည် သင့်ကို အပြစ်တင်ဝေဖန်ပြီး သင့်ထံမှ သူ၏မျက်နှာတော်ကို ဝှက်ထားသောအချိန်များ၊ သင့်ကို သူဂရုမပြုဘဲ သင့်အထဲ၌ သူအလုပ်မလုပ်သည့်အချိန်များ၊ သင့်ကို စစ်ဆေးရန်အတွက် အသံမထွက်ဘဲ ပြစ်တင်ဆုံးမနေသောအချိန်များ ရှိသည်။ လူသားအတွင်း၌ ဘုရားသခင်၏အမှုမှာ အဓိကအားဖြင့် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားကို ထင်ရှားပေါ်လွင်စေရန် ဖြစ်သည်။ လူသားသည် အဆုံး၌ ဘုရားသခင်အတွက် မည်သည့်သက်သေကိုခံသနည်း။ ဘုရားသခင်သည် ဖြောင့်မတ်သည့် ဘုရားသခင်ဖြစ်ကြောင်း၊ သူ၏ စိတ်သဘောထားသည် ဖြောင့်မတ်ခြင်း၊ အမျက်ဒေါသ၊ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ဖြစ်ကြောင်း လူသားက သက်သေခံ၏။ လူသားသည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို သက်သေခံသည်။ ဘုရားသခင်သည် လူသားကို စုံလင်စေရန်အတွက် သူ၏တရားစီရင်ခြင်းကို အသုံးပြုသည်၊ သူသည် လူသားကို ချစ်ခဲ့ပြီး ကယ်တင်ခဲ့သည်၊ သို့သော် သူ၏ချစ်ခြင်းမေတ္တာထဲတွင် မည်မျှပါဝင်သနည်း။ တရားစီရင်ခြင်း၊ ဘုန်းအာနုဘော်၊ အမျက်ဒေါသနှင့် ကျိန်ဆဲမှုတို့ ပါဝင်သည်။ ဘုရားသခင်သည် လူသားကို ယခင်က ကျိန်ဆဲခဲ့သော်လည်း၊ သူသည် လူသားကို အနက်ဆုံးသောတွင်းထဲသို့ လုံးလုံးလျားလျား မပစ်ချခဲ့ဘဲ၊ ယင်းနည်းလမ်းကို အသုံးပြု၍ လူသား၏ ယုံကြည်ခြင်းကို သူစစ်ဆေးခဲ့သည်။ သူသည် လူသားကို မကွပ်မျက် ခဲ့သော်လည်း၊ လူသားကို စုံလင်အောင်ပြုရန် လုပ်ဆောင်ခဲ့သည်။ လူ့ဇာတိ၏အနှစ်သာရမှာ စာတန်၏အနှစ်သာရ ဖြစ်သည်။ ဘုရားသခင်က ထိုသို့ပင် အတိအကျပြောခဲ့သည်- သို့သော် ဘုရားသခင် လုပ်ဆောင်ခဲ့သော ဖြစ်ရပ်များသည် သူ၏ နှုတ်ကပတ်တော်များနှင့်အညီ ပြီးမြောက်ခဲ့ခြင်း မဟုတ်ပေ။ သင်သူ့ကို ချစ်လာကောင်း ချစ်လာစေရန်နှင့် ဇာတိပကတိ၏ အနှစ်သာရကို သင်သိကောင်း သိနိုင်စေရန် သူသည် သင့်ကို ကျိန်ဆဲခြင်းဖြစ်သည်။ သင်နိုးကြားကောင်း နိုးကြားလာစေရန်၊ သင့်အထဲမှ အားနည်းချက်များကို သင်သိစေရန်နှင့် လူသား၏ အကြွင်းမဲ့

မထိုက်တန်မှုကို သင်သိစေရန် သင့်ကို သူပြစ်တင်ဆုံးမခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် ဘုရားသခင်၏ ကျိန်ဆိုခြင်းများ၊ တရားစီရင်ခြင်းများ အပြင်၊ သူ၏ဘုန်းအာနုဘော်နှင့် အမျက်ဒေါသ အားလုံးတို့သည် လူသားကို စုံလင်စေရန်အတွက်ဖြစ်သည်။ ယနေ့ ဘုရားသခင် လုပ်ဆောင်သည့် အရာများ အားလုံးနှင့် သင်တို့အတွင်း၌ သူထင်ရှားပေါ်လွင်စေသည့် ဖြောင့်မတ်သော စိတ်သဘောထား အားလုံးသည် လူသားကို စုံလင်စေရန် ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ထိုကဲ့သို့ပင်ဖြစ်သည်။

လူသား၏ ရှေးရိုးစွဲအယူအဆများထဲတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် သူ၏ကျေးဇူးတော်၊ သနားကရုဏာနှင့် လူသား၏ အားနည်းချက်ကို ညှာတာမှုဖြစ်သည်ဟု လူသားက ယုံကြည်သည်။ ဤအရာများသည် ဘုရားသခင်၏ ချစ်မေတ္တာဖြစ်သော်လည်း၊ ၎င်းတို့သည် တစ်ဖက်သတ်ဖြစ်လွန်း၍ လူသားကို ဘုရားသခင် စုံလင်အောင် ပြုလုပ်သည့် အဓိကနည်းလမ်းများ မဟုတ်ပေ။ အချို့သော လူတို့သည် နာမကျန်းဖြစ်ခြင်းကြောင့် ဘုရားသခင်ကို စတင်ယုံကြည် လာကြသည်။ ဤနာမကျန်းဖြစ်ခြင်းမှာ သင့်အတွက် ဘုရားသခင်၏ ကျေးဇူးတော် ဖြစ်သည်။ ထိုအရာမရှိဘဲ သင်သည် ဘုရားသခင်ကို ယုံကြည်လာမည် မဟုတ်ပေ၊ ထို့ပြင် သင်သည် ဘုရားသခင်ကို မယုံကြည်ခဲ့ပါက၊ ဤအထိ ရောက်လာခဲ့လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဤကျေးဇူးတော်ပင်လျှင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြစ်သည်။ ယေရှုကို ယုံကြည်သည့် အချိန်တွင် လူတို့သည် သမ္မာတရားကို နားမလည်ခဲ့သောကြောင့် ဘုရားသခင်မချစ်မနှစ်သက်သည့် အရာများစွာကို ပြုလုပ်ခဲ့ကြသည်၊ သို့သော် ဘုရားသခင်၌ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာရှိပြီး သူသည် လူသားကို ယခုအချိန်အထိ ခေါ်ဆောင်လာခဲ့သည်၊ ထို့အပြင် လူသားသည် မည်သည့်အရာကိုမျှ နားမလည်သော်လည်း၊ ဘုရားသခင်သည် လူသားကို သူ့နောက်သို့လိုက်ရန် ခွင့်ပြုဆဲဖြစ်သည်၊ ထိုမျှမက လူသားကို ယနေ့တိုင်အောင် ဦးဆောင်လမ်းပြနေခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ မဟုတ်သလော။ ဘုရားသခင်၏ စိတ်သဘောထားထဲ၌ ပေါ်လွင်သည့်အရာသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ဤသည်မှာ အပြည့်အဝမှန်ကန်၏။ အသင်းတော်ကို တည်ဆောက်ခြင်းက အထွတ်အထိပ်သို့ ရောက်သောအခါ၊ ဘုရားသခင်သည် အစေခံသူများနှင့် ဆိုင်သည့် အမှု၏အဆင့်ကို လုပ်ဆောင်ပြီး လူသားကို အနက်ဆုံးသော တွင်းထဲသို့ ပစ်ချလေ၏။ အစေခံသူများ၏ ခေတ်ကာလမှ နှုတ်ကပတ်တော်များသည် ကျိန်ဆဲချက်များသာဖြစ်ခဲ့သည်။ သင်၏ လူ့ဇာတိကို ကျိန်ဆဲခြင်းများ၊ သင်၏ ဖောက်ပြန်ပျက်စီး၍ စာတန်နှင့်ဆိုင်သည့် စိတ်သဘောထားကို ကျိန်ဆဲခြင်းများနှင့် ဘုရားသခင်၏အလိုတော်ကို မဖြည့်ဆည်းနိုင်သည့် သင်နှင့် ပတ်သက်သော

အရာများကို ကျိန်ဆဲခြင်းများ ဖြစ်ကြသည်။ ထိုအဆင့်တွင် ဘုရားသခင်ပြုလုပ်ခဲ့သည့် အမှုသည် ဘုန်းအာနုဘော်အဖြစ် ပေါ်လွင်ခဲ့ပြီးနောက် များမကြာမီ ဘုရားသခင်သည် ပြစ်တင်ဆုံးမခြင်း အမှု၏ အဆင့်ကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်၊ ထို့နောက်တွင် သေခြင်းတရား၏ စမ်းသပ်မှု ရောက်ရှိလာခဲ့သည်။ ယင်းကဲ့သို့အမှုထဲတွင် လူသားသည် ဘုရားသခင်၏ အမျက်ဒေါသ၊ ဘုန်းအာနုဘော်၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို မြင်တွေ့ခဲ့သည့်အပြင် ဘုရားသခင်၏ ကျေးဇူးတော်၊ သူ၏ချစ်ခြင်းမေတ္တာနှင့် သူ၏ သနားကရုဏာတို့ကိုလည်း မြင်တွေ့ခဲ့သည်။ ဘုရားသခင်ပြုခဲ့သမျှနှင့် သူ၏စိတ်သဘောထားအဖြစ် ပေါ်လွင်စေသမျှမှာ လူသားအပေါ်ထားသည့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာပင်ဖြစ်ပြီး ဘုရားသခင်ပြုခဲ့သမျှမှာ လူသား၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်သာ ဖြစ်ခဲ့သည်။ လူသားကို စုံလင်စေရန်အလို့ငှာ ထိုသို့ သူလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လူသား၏ ဝိညာဉ်ရင့်ကျက်မှုနှင့်အညီ သူထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ ဤအရာကို ဘုရားသခင်မလုပ်ဆောင်ခဲ့ပါက၊ လူသားသည် ဘုရားသခင် ရှေ့မှောက်သို့ ရောက်လာနိုင်ကြမည် မဟုတ်ဘဲ၊ ဘုရားသခင်၏ စစ်မှန်သည့် သဘောသဘာဝကိုလည်း လုံးဝသိလိမ့်မည်မဟုတ်ပေ။ လူသားအနေဖြင့် အတွင်း၌ ဘုရားသခင်ကို တဖြည်းဖြည်း သိလာစေရန်အလို့ငှာ ဘုရားသခင်ကို ကနဦး သူစတင်ယုံကြည်သည့် အချိန်မှစပြီး ယနေ့ထိတိုင် ဘုရားသခင်သည် လူသား၏ ဝိညာဉ်ရင့်ကျက်မှုနှင့်အညီ သူ့ကို တဖြည်းဖြည်း ထောက်ပံ့ ပေးခဲ့လေသည်။ မျက်မှောက်ကာလသို့ ရောက်ရှိလာမှသာလျှင် လူသားသည် ဘုရားသခင်၏ တရားစီရင်ခြင်းမှာ မည်မျှ အံ့သြဖွယ်ကောင်းသည်ကို နားလည်သဘောပေါက်ခြင်းဖြစ်သည်။ အစေခံသူများနှင့်ဆိုင်သည့် အမှု၏ အဆင့်မှာ ဖန်ဆင်းခြင်း အချိန်မှ ယနေ့ထိတိုင် ကျိန်ဆဲခြင်းအမှု၏ ပထမဦးဆုံး ဖြစ်ရပ်ဖြစ်ခဲ့သည်။ လူသားသည် အနက်ဆုံးသောတွင်းထဲသို့ ကျိန်ဆဲခြင်းကို ခံခဲ့ရသည်။ အကယ်၍ ဘုရားသခင်အနေဖြင့် ထိုသို့မပြုလုပ်ခဲ့ပါက၊ ယနေ့တွင် လူသား၌ ဘုရားသခင်နှင့်ပတ်သက်၍ မှန်ကန်သော အသိပညာရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်၏ ကျိန်ဆဲခြင်းအားဖြင့်သာ လူသားသည် ဘုရားသခင်၏ စိတ်သဘောထားကို တရားဝင် ကြုံခဲ့ရခြင်း ဖြစ်သည်။ လူသားသည် အစေခံသူများ၏ စမ်းသပ်ခံရခြင်းအားဖြင့် ထုတ်ဖော်ခြင်းကို ခံခဲ့ရသည်။ လူသားအနေဖြင့် သူ၏သစ္စာရှိမှုသည် လက်ခံနိုင်ဖွယ် မရှိကြောင်း၊ သူ၏ဝိညာဉ်ရင့်ကျက်မှုမှာ နုနယ်လွန်းကြောင်း၊ ဘုရားသခင်၏ အလိုတော်ကို သူမဖြည့်ဆည်းပေးနိုင်ကြောင်းနှင့် ဘုရားသခင်ကို သူကျေနပ်အားရစေသည်ဟူ၍ တစ်ချိန်လုံး ပြောဆိုနေခြင်းမှာ စကားလုံးများသာဖြစ်ကြောင်း သူတွေ့မြင်ခဲ့သည်။

အစေခံသူများနှင့်ဆိုင်သည့် အမှု၏အဆင့်တွင် ဘုရားသခင်သည် လူသားကို ကျိန်ဆဲခဲ့သော်လည်း၊ ယခုပြန်ပြောင်းကြည့်သောအခါ ဘုရားသခင့်အမှု၏ ထိုအဆင့်သည် အံ့ဩဖွယ်ကောင်းခဲ့ပေသည်။ ယင်းသည် လူသားအတွက် ကြီးမားသည့် အလှည့်အပြောင်းကို ယူဆောင်လာပေးခဲ့ပြီး သူ၏အသက်တာ စိတ်သဘောထား၌ ကြီးမားသည့် ပြောင်းလဲမှုကို ဖြစ်စေခဲ့သည်။ အစေခံသူများ၏ အချိန်ကာလမတိုင်မီတွင် လူသားသည် အသက်ကို လိုက်စားခြင်းအကြောင်း၊ ဘုရားသခင်ကို ယုံကြည်ခြင်းဆိုသည်မှာ မည်သည့်အရာကိုဆိုလိုကြောင်း၊ သို့မဟုတ် ဘုရားသခင့်အမှု၏ ဉာဏ်ပညာအကြောင်းတို့ကို နားလည်ခဲ့ခြင်း မရှိသည့်အပြင် ဘုရားသခင်၏အမှုသည် လူသားကို စစ်ဆေးနိုင်ကြောင်းကိုလည်း သူနားမလည်ခဲ့ပေ။ အစေခံသူများ၏ အချိန်ကာလမှစ၍ ယနေ့ထိတိုင် လူသားသည် ဘုရားသခင်၏အမှုမှာ မည်မျှအံ့ဩဖွယ်ကောင်းကြောင်း မြင်တွေ့ရသည်- ထိုအမှုသည် လူသားအတွက် ဉာဏ်မမီနိုင်အောင် နက်နဲ၏။ လူသားသည် ဘုရားသခင် အမှုပြုပုံကို သူ၏ဉာဏ်ကို အသုံးပြု၍ မစဉ်းစားနိုင်ပေ၊ ထို့ပြင် သူ၏ဝိညာဉ်ရင့်ကျက်မှုမှာ မည်မျှနုနယ်ကြောင်းနှင့် သူ့ထံ၌ မနာခံမှု အလွန်များပြားနေကြောင်းကိုလည်း သူမြင်တွေ့ရသည်။ ဘုရားသခင်သည် လူသားကို ကျိန်ဆဲခဲ့သောအခါ ယင်းသည် အကျိုးသက်ရောက်မှု တစ်ခုရရှိရန် ဖြစ်ပြီး လူသားကို သူ မကွပ်မျက်ခဲ့ပေ။ ဘုရားသခင်သည် လူသားကို ကျိန်ဆဲခဲ့သော်လည်း၊ သူသည် နှုတ်ကပတ်တော်အားဖြင့်သာ ကျိန်ဆဲခဲ့ခြင်းဖြစ်ပြီး သူ၏ကျိန်ဆဲခြင်းများသည် လူသားအပေါ် အမှန်တကယ် မကျရောက်ခဲ့ပေ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် ကျိန်ဆဲခဲ့သည်မှာ လူသား၏ မနာခံခြင်းကို ဖြစ်သောကြောင့်ဖြစ်၏၊ ထို့ကြောင့် သူ၏ကျိန်ဆဲခြင်း နှုတ်ကပတ်တော်များမှာလည်း လူသားကို စုံလင်အောင်ပြုရန်ဖြစ်ခဲ့သည်။ ဘုရားသခင်သည် လူသားကို တရားစီရင်သည်ဖြစ်စေ၊ ကျိန်ဆဲသည်ဖြစ်စေ နှစ်ခုစလုံးသည် လူသားကိုစုံလင်စေ၏။ လူသားအတွင်း၌ မသန့်ရှင်းသောအရာကို စုံလင်စေရန် ထိုနှစ်ခုစလုံးကို ပြုခဲ့ခြင်းဖြစ်သည်။ ဤနည်းအားဖြင့် လူသားသည် စစ်ဆေးခြင်းခံခဲ့ရပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များ နှင့် အမှုအားဖြင့် လူသားအတွင်း၌ ချို့တဲ့နေသောအရာသည် စုံလင်စေခြင်းကို ခံခဲ့ရသည်။ ပြင်းထန်သော နှုတ်ကပတ်တော်များဖြစ်စေ၊ တရားစီရင်မှုဖြစ်စေ၊ ပြစ်တင်ဆုံးမမှုဖြစ်စေ ဘုရားသခင့်အမှု၏ အဆင့်တိုင်းသည် လူသားကို စုံလင်စေရန်ဖြစ်ပြီး လုံးဝသင့်လျော်မှုရှိသည်။ ဘုရားသခင်သည် ဤကဲ့သို့သော အမှုကို ခေတ်ကာလအဆက်ဆက်တွင် မည်သည့်အခါမျှ မလုပ်ဆောင်ခဲ့ဖူးပေ။ သူ၏ဉာဏ်ပညာကို သင်တို့ အသိအမှတ်ပြုစေရန် ယနေ့ သူသည် သင်တို့အတွင်း၌ အမှုပြုခြင်း ဖြစ်သည်။

သင်တို့သည် မိမိတို့၏အတွင်း၌ နာကျင်မှုအချို့ကို ခံစားခဲ့ပြီး သော်လည်း၊ သင်တို့၏စိတ်နှလုံးသည် တည်ကြည်မှုကို ခံစားရပြီး ငြိမ်သက်ခြင်း ရှိနေသည်။ သင်တို့အနေဖြင့် ဘုရားသခင့်အမှု၏ ဤအဆင့်ကို မွေ့လျော်ခံစားနိုင်ခြင်းမှာ သင်တို့၏ ကောင်းချီးမင်္ဂလာပင်ဖြစ်သည်။ အနာဂတ်တွင် သင်တို့အနေဖြင့် မည်သည့်အရာကို ရရှိနိုင်မည်ဖြစ်စေ ယနေ့တွင် သင်တို့အတွင်း၌ ဘုရားသခင်၏အမှုနှင့်ပတ်သက်၍ သင်တို့မြင်ရသမျှမှာ ချစ်ခြင်းမေတ္တာပင် ဖြစ်သည်။ လူသားသည် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို မကြုံတွေ့ရပါက၊ သူ၏လုပ်ဆောင်မှုများနှင့် စိတ်အားထက်သန်မှုသည် အပေါ်ယံအဆင့်တွင် အမြဲရှိနေမည်ဖြစ်ပြီး သူ၏စိတ်သဘောထားသည်လည်း အမြဲမပြောင်းမလဲ တည်ရှိနေမည် ဖြစ်သည်။ ဤအရာအား ဘုရားသခင်၏သိမ်းပိုက်ခြင်းကို ခံထားရခြင်း အဖြစ် မှတ်ယူ၍ ရသလော။ ယနေ့တွင် လူသားအတွင်း၌ မာနထောင်လွှားမှုနှင့် စိတ်ကြီးဝင်မှုတို့ များစွာရှိနေသေးသော်လည်း၊ လူသား၏ စိတ်သဘောထားကမူ ယခင်ကထက် များစွာတည်ငြိမ်၏။ ဘုရားသခင်က သင့်အား ရိုက်နှက်ဆုံးမခြင်းမှာ သင့်ကို ကယ်တင်ရန် ဖြစ်၏၊ ထို့ပြင် သင့်အနေဖြင့် ထိုအချိန်တွင် နာကျင်မှုအနည်းငယ် ခံစားရနိုင်သော်လည်း၊ သင့်စိတ်သဘောထားထဲ၌ ပြောင်းလဲမှု ဖြစ်ပေါ်လာသည့် နေ့ရက် ရောက်ရှိလာလိမ့်မည်။ ထိုအချိန်တွင် သင်သည် ပြန်ပြောင်းတွေးကြည့်ပြီး ဘုရားသခင်၏အမှုသည် မည်မျှအမြော်အမြင် ရှိကြောင်းကို မြင်လိမ့်မည်ဖြစ်ကာ၊ ထိုအချိန်၌ ဘုရားသခင်၏ အလိုတော်ကို သင်အမှန်တကယ်နားလည်လိမ့်မည်။ ယနေ့တွင် ဘုရားသခင်၏အလိုတော်ကို နားလည်သည်ဟု ပြောဆိုကြသော လူအချို့ရှိသည်၊ သို့သော် ယင်းမှာ သိပ်လက်တွေ့မကျလှပေ။ စင်စစ်အားဖြင့် ၎င်းတို့သည် မုသားများကို ပြောနေကြခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အလိုတော်မှာ လူသားကို ကယ်တင်ရန်လော၊ သို့မဟုတ် ကျိန်ဆဲရန်လောဆိုသည်ကို လက်ရှိတွင် ၎င်းတို့နားမလည်ကြသေးခြင်းကြောင့် ဖြစ်သည်။ ယခုအချိန်တွင် သင်သည် ထိုအရာကို သင်ရှင်းလင်းစွာ မမြင်ကောင်း မမြင်နိုင်သေးသော်လည်း၊ လူ့ဘဝကို သင်သိလာပြီး သင့်ဇာတိခန္ဓာသည် ချစ်ခင်ကြင်နာသော ဘုရားသခင်၏ကမ္ဘာထဲ၌ နေထိုင်ရစေရန်၊ သင့်ဝိညာဉ်သည် လွတ်မြောက်မှုကို ရရှိပြီး သင့်အသက်တာသည် ပျော်ရွှင်ခြင်းနှင့် ပြည့်စုံကာ ဘုရားသခင်နှင့် သင်အမြဲနီးကပ်ကာ ဘုရားသခင်ကို သင်အစဉ်မျှော်ကြည့်စေရန် ဘုရားသခင်၏ ဘုန်းတန်ခိုး ထွန်းတောက်သည့်နေ့ရက် ရောက်လာသည်ကို သင်မြင်ရသောနေ့ရက် ရောက်လာမည်ဖြစ်ပြီး၊ ဘုရားသခင်ကို ချစ်ခြင်းမှာ မည်မျှ

အဓိပ္ပာယ်ရှိကြောင်း သင်တွေ့မြင်ရလိမ့်မည်။ ထိုအချိန်တွင် ဘုရားသခင်၏ ယနေ့ကာလအမှုသည် မည်မျှတန်ဖိုးရှိကြောင်းကို သင်အမှန်တကယ် သိရှိလာလိမ့်မည်။

ယနေ့တွင် လူအများစု၌ ထိုအသိပညာ မရှိကြပေ။ ဒုက္ခဝေဒနာခံစားရခြင်းမှာ တန်ဖိုးမရှိဟု ၎င်းတို့ယုံကြည်ကြသည်၊ ၎င်းတို့သည် လောကကြီး၏ စွန့်ပစ်ခြင်းကိုခံကြရသည်၊ ၎င်းတို့၏ နေအိမ်အသက်တာ၌ သောကရောက်ကြရသည်၊ ၎င်းတို့သည် ဘုရားသခင်၏ ချစ်မြတ်နိုးခြင်းကို မခံကြရဘဲ ၎င်းတို့၏ ရှေ့ရေးများမှာ စိတ်ဓာတ်ကျဖွယ်ရာဖြစ်၏။ အချို့သူများ၏ ဒုက္ခဝေဒနာခံစားရခြင်းမှာ လွန်ကဲပြင်းထန်လာပြီး ၎င်းတို့၏အတွေးများသည် သေခြင်းတရားဘက်သို့ လှည့်သွားကြသည်။ ဤသည်မှာ ဘုရားသခင်အတွက် စစ်မှန်သော ချစ်ခြင်းမဟုတ်ပေ။ ထိုသို့သော လူများသည် သူရဲဘောကြောင်သူများ ဖြစ်ကြပြီး ၎င်းတို့၌ ဇွဲလုံ့လဝီရိယ မရှိကြပေ၊ ၎င်းတို့သည် အားနည်းပြီး အစွမ်းမရှိသူများပင် ဖြစ်ကြတော့သည်။ ဘုရားသခင်သည် သူ့ကို လူသားတို့ ချစ်ကြရန် စိတ်ထက်သန်သော်လည်း၊ လူသားက သူ့ကိုချစ်လေ၊ လူသား၏ ဒုက္ခဝေဒနာက ပိုကြီးလေဖြစ်ပြီး၊ လူသားက သူ့ကိုချစ်လေ၊ လူသား၏ စမ်းသပ်မှုများက ပိုကြီးလေဖြစ်သည်။ သူ့ကို သင်ချစ်လျှင် သင့်အပေါ်သို့ ဒုက္ခဝေဒနာမျိုးစုံ ကျရောက်လိမ့်မည်ဖြစ်ပြီး သူ့ကို သင်မချစ်လျှင် သင့်အတွက် အရာရာ အဆင်ပြေချောမွေ့နေ၍ သင့်ပတ်ပတ်လည်၌ အရာခပ်သိမ်း ငြိမ်းချမ်းကောင်း ငြိမ်းချမ်းနေလိမ့်မည်။ ဘုရားသခင်ကို သင်ချစ်သည့်အခါ၊ သင့်ပတ်ပတ်လည်၌ ရှိနေသည့်အရာများစွာကို ကျော်လွှားနိုင်မည် မဟုတ်ဟု သင်ခံစားရလိမ့်မည်၊ သင်၏ဝိညာဉ်ရင့်ကျက်မှုသည် အလွန် နုနယ်သည့်အတွက် သင်သည် စစ်ဆေးခြင်းကို ခံရလိမ့်မည်။ ထို့မျှမက သင်သည် ဘုရားသခင်ကို ကျေနပ်အားရစေနိုင်ခြင်း မရှိဘဲ ဘုရားသခင်၏ အလိုတော်မှာ အလွန်မြင့်မားပြီး လူသားအနေဖြင့် လက်လှမ်းမမီနိုင်ဟု သင်အမြဲ ထင်မြင်ယူဆလိမ့်မည်။ ဤအရာအားလုံးကြောင့် သင်သည် စစ်ဆေးခြင်းခံရမည်၊ သင့်အတွင်း၌ အားနည်းချက် များစွာရှိပြီး ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသောအရာများစွာ ရှိသည့်အတွက်၊ သင်သည် အတွင်း၌ စစ်ဆေးခြင်းကို ခံရလိမ့်မည်။ သို့သော် စစ်ဆေးခြင်းဖြင့်သာ သန့်စင်ခြင်းသို့ ရောက်နိုင်ကြောင်းကို သင်တို့ ရှင်းလင်းစွာ တွေ့မြင်ကြရမည်။ ထို့ကြောင့် ဤနောက်ဆုံးသောကာလအတောအတွင်း သင်တို့သည် ဘုရားသခင်ကို သက်သေခံကြရမည်။ သင်တို့၏ ဒုက္ခဝေဒနာက မည်မျှပင်ကြီးမားပါစေ သင်တို့သည် ဆုံးခန်းတိုင်အောင် လျှောက်သွားသင့်သည်၊ ထို့အပြင် သင်တို့၏နောက်ဆုံး ထွက်သက်၌ပင်လျှင် သင်တို့သည် ဘုရားသခင်ကို သစ္စာရှိပြီး ဘုရားသခင်၏စီစဉ်ညွှန်ကြားမှုကို ကျိုးနွံနာခံနေရမည်။

ဤအရာသည်သာလျှင် ဘုရားသခင်ကို အမှန်တကယ် ချစ်ခြင်းဖြစ်ပြီး၊ ဤအရာသည်သာလျှင် ခိုင်မာ၍ ထူးကဲသည့် သက်သေခံချက်ဖြစ်သည်။ သင်သည် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်း ခံရသည့်အချိန်တွင် "ကျွန်ုပ်၏ စိတ်နှလုံးသည် ဘုရားသခင်နှင့်သက်ဆိုင်ပြီး၊ ဘုရားသခင်သည် ကျွန်ုပ်ကို ရရှိပြီးဖြစ်သည်။ သင်ကျေနပ်အောင် ကျွန်ုပ်မလုပ်ပေးနိုင်၊ ကျွန်ုပ်၏ အရာအားလုံးကို ဘုရားသခင် ကျေနပ်အားရစေရန် ဆက်ကပ်ရမည်" ဟု သင်ပြောသင့်သည်။ သင်သည် ဘုရားသခင်ကို ကျေနပ်မှုပေးလေ၊ ဘုရားသခင်သည် သင့်ကို ပို၍ကောင်းချီး ပေးလေဖြစ်ပြီး၊ ဘုရားသခင်ကို ချစ်သည့် သင်၏ပြင်းအားလည်း ပိုကြီးမားလာလေဖြစ်သည်။ ထို့နည်းတူ သင်၌ ယုံကြည်ခြင်းနှင့် စိတ်ဆုံးဖြတ်ချက်တို့ ရှိလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ကို ချစ်ခြင်းဖြင့် အသက်တာကို ကုန်ဆုံးစေခြင်းထက် မည်သည့်အရာကမျှ ပို၍မထိုက်တန်၊ သို့မဟုတ် ပို၍အရေးမပါဟု သင်ခံစားလာရလိမ့်မည်။ လူသားသည် ဘုရားသခင်ကို ချစ်နေလျှင် သောကကင်းမည်ဟု ဆိုနိုင်သည်။ သင်၏ဇာတိပကတိက အားနည်းပြီး သင်သည် များစွာသော ဒုက္ခပြဿနာစစ်စစ်တို့၏ ဝန်းရံခြင်းကို ခံရသည့်အချိန်များ ရှိသော်လည်း၊ ယင်းအချိန်ကာလများတွင် သင်သည် ဘုရားသခင်ကို အမှန်တကယ် အားကိုးလိမ့်မည်၊ ထို့ပြင် သင့်ဝိညာဉ် အတွင်း၌ သင်သည် နှစ်သိမ့်ခြင်းကို ခံရ၍ စိတ်ချသေချာမှုကို ခံစားရလိမ့်မည်၊ သင်၌ အားကိုးမှီခိုစရာ ရှိသည်ဟုလည်း ခံစားရလိမ့်မည်။ ဤနည်းလမ်းဖြင့် သင်သည် ပတ်ဝန်းကျင်အခြေအနေများစွာကို အောင်မြင်ကျော်လွှားနိုင်လိမ့်မည် ဖြစ်သောကြောင့် သင်ခံစားရသည့် ပြင်းထန်သောဝေဒနာအတွက် ဘုရားသခင်ကို သင် ညည်းညူတော့မည် မဟုတ်ပေ။ ထိုအစား သင်သည် သီဆိုကခုန်ပြီး ဆုတောင်းပတ္ထနာပြုရန်၊ စုဝေးပြီး ပြောဆိုဆွေးနွေးရန်၊ ဘုရားသခင်အကြောင်း ဆင်ခြင်ရန် ဆန္ဒရှိလာ၍ သင့်ပတ်လည်၌ ဘုရားသခင် စီစဉ်ပေးထားသည့် လူများ၊ ကိစ္စများနှင့် အမှုအရာများ အားလုံးသည် အံကိုက်ဖြစ်နေကြောင်းကို သင်ခံစားရလိမ့်မည်။ ဘုရားသခင်ကို သင်မချစ်လျှင်၊ သင်ကြည့်သမျှ အရာအားလုံးမှာ သင့်အတွက် ဒေါသထွက်စရာ ဖြစ်နေမည်ဖြစ်ပြီး သင့်အမြင်တွင် မည်သည့်အရာကမျှ နှစ်လိုဖွယ်ရာမရှိ ဖြစ်နေလိမ့်မည်။ သင့်ဝိညာဉ်အတွင်း၌ သင်သည် လွတ်လပ်မှုမရှိဘဲ ဖိနှိပ်ခံနေရလိမ့်မည်၊ သင့်စိတ်နှလုံးသည် ဘုရားသခင်နှင့်ပတ်သက်၍ အမြဲ ညည်းညူလိမ့်မည်ဖြစ်ကာ သင်သည် ညှဉ်းပန်းနှိပ်စက်မှုများစွာကို ခံနေရပြီး ၎င်းမှာ အလွန်တရားမမျှတဟု သင်အမြဲခံစားရလိမ့်မည်။ သင်သည် ပျော်ရွှင်မှုအတွက် မလိုက်စားဘဲ၊ ဘုရားသခင်ကို ကျေနပ်မှုပေးရန်နှင့် စာတန်၏ စွပ်စွဲမှုကို မခံရရန် လိုက်စားသည်ဆိုပါက ထိုကဲ့သို့သော လိုက်စားမှုသည် သင့်ကို ဘုရားသခင်အား ချစ်ရန်အတွက် ကြီးမားသည့်ခွန်အားပေးလိမ့်မည်။

လူသားသည် ဘုရားသခင် မြွက်ကြားခဲ့သမျှကို လုပ်ဆောင်နိုင်စွမ်းရှိပြီး သူလုပ်ဆောင်သမျှသည် ဘုရားသခင်ကို ကျေနပ်မှုပေးနိုင်သည်- စစ်မှန်မှုကို ပိုင်ဆိုင်ခြင်းဟူသည်မှာ ဤအရာကို ဆိုလိုသည်။ ဘုရားသခင်၏ ကျေနပ်မှုကို လိုက်စားခြင်းသည် သူ၏နှုတ်ကပတ်တော်များကို လက်တွေ့ကျင့်ကြံရန် ဘုရားသခင် အပေါ်ထားသည့် ချစ်ခြင်းကို အသုံးပြုခြင်းဖြစ်သည်။ မည်သည့် အချိန်၌ပင်ဖြစ်စေ၊ အခြားသူများ အင်အားမရှိသည့် အချိန်တွင်ပင် သင့်အတွင်း၌ ဘုရားသခင်ကို ချစ်နေသည့် နှလုံးသား၊ ဘုရားသခင်ကို လေးလေးနက်နက် တောင့်တနေပြီး၊ ဘုရားသခင်ကို လွမ်းဆွတ်နေသည့် နှလုံးသားတစ်ခု ရှိနေသေးသည်။ ဤသည်ကား စစ်မှန်သည့် ဝိညာဉ်ရင့်ကျက်မှုဖြစ်၏။ သင်၏ဝိညာဉ်ရင့်ကျက်မှု မည်မျှကြီးမားခြင်းက ဘုရားသခင်အပေါ် သင်၏ချစ်ခြင်း မည်မျှကြီးမားခြင်းအပေါ် မူတည်သည်၊ ထို့ပြင် စစ်ဆေးခြင်း ခံရသည့်အချိန်တွင် သင်သည် မြဲမြံစွာရပ်တည်နိုင်ခြင်း ရှိမရှိ၊ အခြေအနေတစ်ခု သင့်ထံရောက်လာသည့်အချိန်တွင် သင်အားနည်းခြင်း ရှိမရှိ၊ သင်၏ညီအစ်ကိုမောင်နှမများက သင့်ကို ငြင်းပယ်သည့်အချိန်တွင် သင်သည် မားမားရပ်နေနိုင်ခြင်း ရှိမရှိ စသည်တို့အပေါ် မူတည်သည်။ ဤဖြစ်ရပ်များ ရောက်ရှိလာခြင်းဖြင့် ဘုရားသခင်အပေါ်ထားသည့် သင်၏ချစ်ခြင်းမေတ္တာက မည်သည့် ပုံစံရှိကြောင်း ထင်ရှားလာလိမ့်မည်။ ဘုရားသခင်သည် လူသားကို အမှန်တကယ်ချစ်ကြောင်း ဘုရားသခင်၏အမှုများစွာထဲ၌ မြင်တွေ့နိုင်လင့်ကစား လူသား၏ ဝိညာဉ်မျက်လုံးများသည် လုံးလုံးလျားလျား မပွင့်သေး၍ သူသည် ဘုရားသခင်၏အမှုများစွာနှင့် အလိုတော်များစွာတို့ကို ရှင်းရှင်းလင်းလင်း မမြင်နိုင်သကဲ့သို့၊ ဘုရားသခင်နှင့်ပတ်သက်၍ နှစ်လိုဖွယ်ကောင်းသောအရာ များစွာကိုလည်း ရှင်းရှင်းလင်းလင်း မမြင်နိုင်ချေ။ လူသား၌ ဘုရားသခင်ကို အမှန်တကယ် ချစ်သည့်မေတ္တာ အလွန်နည်းပါးသည်။ သင်သည် ဘုရားသခင်ကို ဤကာလတစ်လျှောက်လုံး ယုံကြည်လာခဲ့၏၊ ထို့ပြင် ယနေ့ ဘုရားသခင်သည် လွတ်မြောက်မှု နည်းလမ်းများအားလုံးကို ဖြတ်တောက်ခဲ့ပြီဖြစ်သည်။ လက်တွေ့ကျကျပြောရလျှင် ပြင်းထန်သည့် တရားစီရင်ခြင်းနှင့် ဘုရားသခင်၏ အမြင့်မြတ်ဆုံးသော ကယ်တင်ခြင်းတို့၏ ဦးဆောင်လမ်းပြခြင်းကို ခံရသဖြင့် သင်ရောက်လာသည့် လမ်းကြောင်းမှန်ကို လျှောက်လှမ်းရန်မှအပ သင်၌ ရွေးစရာမရှိပေ။ လူသားသည် အခက်အခဲနှင့် စစ်ဆေးခြင်းတို့ကို ကြုံတွေ့ပြီးမှသာလျှင် ဘုရားသခင်သည် ချစ်ခင်နှစ်လိုဖွယ် ကောင်းကြောင်းကို သိရှိလာသည်။ ယနေ့ထိတိုင် ကြုံတွေ့ခဲ့ပြီးမှ လူသားသည် ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်း တစ်စိတ်တစ်ပိုင်းကို သိရှိလာသည်ဟု ပြောနိုင်သည်၊ သို့သော် လူသားသည် ချို့တဲ့လွန်းသောကြောင့် ဤအရာမှာ

မလုံလောက်သေးပေ။ လူသားသည် ဘုရားသခင်၏ နောက်ထပ်အံ့သြဖွယ်အမှုကို တွေ့ကြုံရဦးမည်ဖြစ်ပြီး ဘုရားသခင်ပြင်ဆင်ပေးသည့် ဆင်းရဲဒုက္ခခံစားခြင်းနှင့်ဆိုင်သော နောက်ထပ်စစ်ဆေးခြင်း အားလုံးကို တွေ့ကြုံရပေဦးမည်။ သို့မှသာလျှင် လူသား၏ အသက်စိတ်သဘောထားက ပြောင်းလဲနိုင်မည် ဖြစ်ပေသည်။

# ဘုရားသခင်ကို ချစ်ခြင်းသည်သာလျှင် ဘုရားသခင်ကို အမှန်တကယ် ယုံကြည်ခြင်းဖြစ်သည်

ယနေ့ သင်တို့သည် ဘုရားသခင်ကို ချစ်ပြီး သိကျွမ်းဖို့ ကြိုးစားလုပ်ဆောင်သည့်အခါ တစ်ဖက်၌ အခက်အခဲနှင့် ပြန်လည်ပြုပြင်မှုများကို တောင့်ခံရမည်ဖြစ်ပြီး နောက်တစ်ဖက်၌ သင်တို့သည် ပေးဆပ်မှု ပြုရမည်ဖြစ်သည်။ ဘုရားသခင်ကို ချစ်ခြင်း သင်ခန်းစာထက် မည်သည့်သင်ခန်းစာမှ မကြီးမြင့်ပေ။ လူတို့ ဘဝတစ်လျှောက်လုံး ယုံကြည်ခြင်းမှ သင်ယူရရှိခဲ့သော သင်ခန်းစာသည် ဘုရားသခင်ကို မည်ကဲ့သို့ ချစ်ရမည်ပင် ဖြစ်သည်ဟုပြောနိုင်ပါသည်။ ဆိုလိုသည်မှာ သင်သည် ဘုရားသခင်ကို ယုံကြည်လျှင် ဘုရားသခင်ကို ချစ်ရမည်။ သင်က ဘုရားသခင်ကို ယုံကြည်မှုသာရှိပြီး မချစ်ဘူးဆိုလျှင်၊ ဘုရားသခင်အား သိမြင်မှုကို မရရှိဘူးဆိုလျှင်၊ သင့်နှလုံးသားထဲမှလာသော စစ်မှန်သည့် ချစ်ခြင်းမေတ္တာနှင့် ဘုရားသခင်ကို တစ်ခါမျှ မချစ်ခဲ့ဘူးဆိုလျှင် ဘုရားသခင်အပေါ် သင်၏ယုံကြည်မှုက အဓိပ္ပာယ်မရှိပေ။ ဘုရားသခင်အပေါ် သင်၏ ယုံကြည်ခြင်းမှာ သင်က ဘုရားသခင်ကို မချစ်ဘူးဆိုလျှင် သင်သည် အလဟဿ အသက်ရှင်နေခြင်းဖြစ်ပြီး သင်၏ ဘဝတစ်ခုလုံးသည် သက်ရှိအားလုံးထက် အနိမ့်ကျဆုံးဖြစ်သည်။ သင့်ဘဝ တစ်လျှောက်လုံး၌ သင်က ဘုရားသခင်ကို တစ်ခါမျှ မချစ်ခဲ့ဖူး၊ သို့မဟုတ် စိတ်မကျေနပ်စေခဲ့ဘူးဆိုလျှင် သင် အသက်ရှင်သန်နေရသည်မှာ အဘယ်အဓိပ္ပာယ်ရှိမည်နည်း။ ပြီးလျှင် ဘုရားသခင်အပေါ် သင်၏ ယုံကြည်ခြင်းက အဘယ်အဓိပ္ပာယ်ရှိမည်နည်း။ အလကားသက်သက် ဖြစ်မနေဘူးလော။ ဆိုလိုသည်မှာ လူတွေသည် ဘုရားသခင်ကို ယုံကြည်ပြီး ချစ်မြတ်နိုးမည်ဆိုလျှင် သူတို့သည် ပေးဆပ်မှုများ ပြုလုပ်ရမည်ဖြစ်သည်။ အပေါ်ယံပုံစံနှင့် ပြုမူဖို့ ကြိုးစားနေခြင်းထက် မိမိတို့နှလုံးသားအတွင်းထဲမှ စစ်မှန်သော ထိုးထွင်းဉာဏ်ကို ရှာဖွေသင့်သည်။ သင်က သီချင်းဆိုခြင်းနှင့် ကခြင်းကို စိတ်အားထက်သန်ပြီး အမှန်တရားကို လက်တွေ့မကျင့်သုံးဘူးဆိုလျှင် ဘုရားသခင်ကို ချစ်ပါသည်ဟု သင်ဆိုနိုင်ပါမည်လော။

ဘုရားသခင်ကို ချစ်ခြင်းသည် အရာအားလုံးထဲ၌ ဘုရားသခင်၏ အလိုတော်ကို ကြိုးစားရှာဖွေခြင်း၊ သင်၌ တစ်ခုခုဖြစ်သည့်အခါ နက်နက်နဲနဲ စူးစမ်းခြင်း၊ ဘုရားသခင်၏ အလိုတော်ကို နားလည်သဘောပေါက်ဖို့ ကြိုးစားခြင်း၊ ဤကိစ္စ၌ ဘုရားသခင်၏ အလိုတော်က အဘယ်နည်းဆိုသည်ကို သိဖို့ကြိုးစားခြင်း၊ သူက သင့်ကို မည်သည့်အရာများ ရရှိစေချင်သည်နှင့် သူ၏အလိုတော်ကို သင်မည်ကဲ့သို့ သတိထားသင့်သည် စသည်တို့ကို သိဖို့ကြိုးစားခြင်းတို့ လိုအပ်သည်။ ဥပမာ- သင့်အနေဖြင့် အခက်အခဲကိုတောင့်ခံရမည့်အရာတစ်ခု ဖြစ်ပျက်လာပါက ထိုအချိန်တွင် ဘုရားသခင်၏အလိုတော်သည် အဘယ်အရာဖြစ်သည်နှင့် သူ၏အလိုတော်နှင့်ပတ်သက်၍ သင်မည်ကဲ့သို့ သတိရှိသင့်ပုံတို့ကို သင်နားလည်သင့်သည်။ သင့်အနေဖြင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရနေ၍ မရပေ။ ပထမဆုံး သင့်ကိုယ်သင် ဘေးဖယ်ထားလိုက်ပါ။ ဇာတိပကတိထက် ဆိုးဝါးသောအရာ ဘာမျှမရှိပေ။ သင်သည် ဘုရားသခင်ကို ကျေနပ်စေဖို့ ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ပြီး သင်၏တာဝန်ကို ဖြည့်စွမ်းရပါမည်။ ဤကဲ့သို့အတွေးများနှင့်ဆိုလျှင် ဘုရားသခင်သည် ဤကိစ္စနှင့်ပတ်သက်၍ အထူးဉာဏ်ပွင့်ခြင်းကို သင့်အားပေးလိမ့်မည်ဖြစ်ပြီး သင့်နှလုံးသားသည်လည်း သက်သာခြင်းကို တွေ့ရှိလိမ့်မည်။ ကြီးမားသောအရာဖြစ်ပါစေ၊ သေးငယ်သောအရာဖြစ်ပါစေ၊ သင်၌ တစ်ခုခုဖြစ်သည့်အခါ ရှေးဦးစွာ သင့်ကိုယ်သင် ဘေးဖယ်ထားရမည်ဖြစ်ပြီး ဇာတိပကတိကို အရာအားလုံးထဲတွင် အောက်တန်းအကျဆုံးအရာအနေနှင့် သတ်မှတ်ရမည်ဖြစ်သည်။ ဇာတိပကတိကို သင်က ကျေနပ်မှုပေးလေလေ ၎င်းက ပိုပြီးလွတ်လွတ်လပ်လပ် ပြုမူလေဖြစ်သည်။ ဇာတိပကတိကို ဤတစ်ကြိမ် သင်ကျေနပ်စေခဲ့လျှင် နောက်တစ်ကြိမ်ရောက်သောအခါ ၎င်းက ပိုပြီးတောင်းဆိုလိမ့်မည်။ ဤကဲ့သို့ဆက်ပြီး ဖြစ်နေသည်နှင့်အမျှ၊ လူတို့သည် ဇာတိပကတိကို ပို၍ပင်ချစ်ခင်လာကြလိမ့်မည်။ ဇာတိပကတိသည် အစဉ်သဖြင့် အလိုရမ္မက် သိပ်ကြီး၏။ သင်စားသည့်အရာဖြစ်စေ၊ ဝတ်သည့်အရာဖြစ်စေ၊ သို့မဟုတ် ရုတ်တရက် စိတ်ဆိုးသည့်အခါဖြစ်စေ၊ သို့မဟုတ် မိမိ၏ ပျော့ညံ့မှု၊ ပျင်းရိမှုထဲ၌ ပျော်မွေ့နေသည်ဖြစ်စေ...။ ၎င်းကို ကျေနပ်အောင်ပြုပေးရန်၊ ၎င်း၏အလိုကို ဖြည့်ပေးရန် ဇာတိပကတိက အမြဲတောင်းဆိုသည်။ ဇာတိပကတိကို သင်က ကျေနပ်မှုပေးလေလေ လူတို့၏ ဇာတိပကတိသည် ပိုပြီးနက်ရှိုင်းသည့် အယူအဆများကို လက်သင့်ခံထားပြီး ဘုရားသခင်ကို မနာခံသည့်အထိ၊ ၎င်းကိုယ်၎င်း မြှောက်စားလာပြီး ဘုရားသခင်၏ အမှုကို သံသယဝင်လာသည့်အထိ ၎င်း၏ဆန္ဒက ပိုပြီးကြီးလာလေလေဖြစ်ကာ၊ ဇာတိပကတိသည်

ပိုပြီးအကျင့်ပျက်လာလေလေ ဖြစ်သည်။ ဇာတိပကတိကို ပိုပြီး ကျေနပ်မှုပေးလေလေ၊ ဇာတိပကတိ၏ အားနည်းချက်များက ပိုပြီး ကြီးလာလေလေဖြစ်သည်။ သင်၏အားနည်းချက်များကို မည်သူမျှ မစာနာဟု သင်အမြဲတမ်း ခံစားရမည်၊ ဘုရားသခင်က သိပ်လွန်သွားပြီဟု သင်အမြဲတမ်း ယုံကြည်ပြီး "ဘုရားသခင်က အဘယ်ကြောင့် အလွန်ရက်စက်နိုင်ရသနည်း။ အဘယ်ကြောင့် လူများကို အနားမပေးသနည်း" ဟု သင်ပြောလိမ့်မည်။ လူတို့အနေဖြင့် ဇာတိပကတိကို အလွန်အမင်းလိုက်လျောပြီး အလွန်အမင်း ချစ်ခင်မြတ်နိုးသောအခါ သူတို့သည် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးကြသည်။ အကယ်၍ သင်သည် ဘုရားသခင်ကို အမှန်တကယ်ချစ်ပြီး ဇာတိပကတိကို မကျေနပ်စေဘူးဆိုလျှင် ဘုရားသခင်လုပ်ဆောင်သည့် အရာတိုင်းက အလွန်မှန်ကန်ပြီး အလွန်ကောင်းမွန်လှသည်ကို သင်မြင်ရမည်ဖြစ်ပြီး၊ သင်၏ပုန်ကန်မှုအတွက် ဘုရားသခင်၏ ကျိန်ဆဲမှု၊ သင်၏မဖြောင့်မတ်မှုအတွက် တရားစီရင်မှုသည် တရားမျှတသည်ကို သင်မြင်ရမည်ဖြစ်သည်။ ဘုရားသခင်က သင့်ကို ဆုံးမသည့်အချိန်၊ ပဲ့ပြင်သည့်အချိန်၊ သင့်ကိုအကြမ်းခံအောင် ပြုရန်အတွက် ပတ်ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်စေသည့်အချိန်၊ သူ့ရှေ့လာစေဖို့အတွက် သင့်ကို တွန်းအားပေးသည့် အချိန်များ ရှိမည်ဖြစ်သည်။ ထို့ပြင် ဘုရားသခင် လုပ်ဆောင်နေသည့်အရာက အံ့သြစရာကောင်းသည်ဟု သင်အမြဲတမ်း ခံစားရမည်ဖြစ်သည်။ ထို့ကြောင့် နာကျင်မှုသိပ်မရှိသလို သင်ခံစားရမည်ဖြစ်ပြီး ဘုရားသခင်သည် အလွန်ချစ်ခင်မြတ်နိုးဖွယ်ကောင်းသည်ဟု သင်ခံစားရမည်ဖြစ်သည်။ အကယ်၍ သင်သည် ဇာတိပကတိ၏ အားနည်းချက်များကို အလိုလိုက်နေပြီး ဘုရားသခင်က သိပ်လွန်သွားသည်ဟုပြောလျှင် သင်သည် နာကျင်မှုကို အမြဲတမ်းခံစားရမည်၊ အမြဲတမ်း စိတ်ဖိစီးနေမည်ဖြစ်ပြီး ဘုရားသခင်၏ အမှုအားလုံးနှင့်ပတ်သက်ပြီး မရှင်းမလင်း ဖြစ်နေမည်ဖြစ်သည်။ ထို့ပြင် ဘုရားသခင်က လူသား၏ အားနည်းချက်ကို မစာနာ၊ လူသား၏ အခက်အခဲများကို သတိမပြုသည့်အလား ထင်နေရမည်ဖြစ်သည်။ ထို့ကြောင့် သင့်အနေဖြင့် တရားမမျှတမှုကြီးကို ခံစားနေရသည့်အလား စိတ်ဆင်းရဲပြီး အထီးကျန်ဆန်နေလိမ့်မည်ဖြစ်ကာ သင်သည် ဤအချိန်၌ စပြီးမကျေမနပ် ပြောဆိုလာပါလိမ့်မည်။ သင်သည် ဤနည်းလမ်းနှင့် ဇာတိပကတိ၏ အားနည်းချက်များကို အလိုလိုက်လေလေ၊ အခြေအနေက အလွန်ဆိုးလာပြီး သင့်အနေဖြင့် ဘုရားသခင်၏အမှုကို ငြင်းဆိုလာသည့်အထိ၊ ဘုရားသခင်ကို စတင်ဆန့်ကျင်လာသည့်အထိ၊ လုံးဝမနာခံတော့သည်အထိ ဘုရားသခင်က လွန်လွန်းသည်ဟု ခံစားရလေလေ ဖြစ်မည်ပင်။ ထို့ကြောင့် သင်သည် ဇာတိပကတိကို ဆန့်ကျင်တွန်းလှန်ရမည်ဖြစ်ပြီး ၎င်းကို အလိုလိုက်ခြင်း

မရှိရ။ "ငါ့ယောက်ျား (မိန်းမ)၊ သားသမီး၊ ရွှေ့ရေး၊ အိမ်ထောင်၊ မိသားစု၊ အဘယ်တစ်ခုမျှ အရေးမကြီးချေ။ ငါ၏နှလုံးသားထဲ၌ ဘုရားသခင်သာရှိသည်။ ဘုရားသခင်ကို ကျေနပ်စေဖို့၊ ဇာတိပကတိကို ကျေနပ်မှုမပြုဖို့ အကောင်းဆုံး ငါကြိုးစားရမည်။" သင်၌ ဤဆုံးဖြတ်ချက်ရှိဖို့လိုသည်။ ဤကဲ့သို့ ဆုံးဖြတ်ချက်မျိုးကို သင်အမြဲတမ်း ပိုင်ဆိုင်သည်ဆိုလျှင် သမ္မာတရားကို လက်တွေ့ကျင့်သုံးပြီး သင့်ကိုယ်သင် ဘေးဖယ်ထားသည့်အခါ သိပ်အားထုတ်စရာမလိုဘဲ ထိုသို့ပြုလုပ်နိုင်ပါလိမ့်မည်။ လမ်းပေါ်မှာ အေးခဲတောင့်တင်းနေသည့် မြွေကို မြင်သော လယ်သမားတစ်ယောက် ရှိ၏။ လယ်သမားက မြွေကို ကောက်ကိုင်လိုက်ပြီး သူ့ရင်ဘတ်ထဲ၌ ထွေးပွေ့ထားလိုက်သည်။ မြွေက ပြန်လည် သတိရလာသည့်အခါ လယ်သမားကို သေအောင် ကိုက်လိုက်တော့သည်။ လူသား၏ ဇာတိပကတိသည် မြွေလိုပင်ဖြစ်သည်။ သူ၏ အနှစ်သာရက သူတို့၏အသက်ကို အန္တရာယ်ပြုဖို့ပင်။ တကယ်ဖြစ်လာသည့်အခါ သင်၏ဘဝကကို လက်လွတ်ဆုံးရှုံးရသည်။ ဇာတိပကတိကို စာတန်က ပိုင်သည်။ ဤအထဲ၌ လွှန်ကဲသည့် လိုအင်ဆန္ဒတွေရှိသည်။ သူ့အတွက်ပဲသူကြည့်သည်။ သက်သက်သာသာနေချင်သည်။ ဇိမ်ယူပြီး ခံစားသည်။ ပျင်းရိခြင်း၊ ရေသာခိုခြင်းတို့မှာ နစ်မြုပ်နေသည်။ အတိုင်းအတာ တစ်ခုအထိ ဇာတိပကတိကို ကျေနပ်အောင် ပြုနေမည်ဆိုလျှင်တော့ အဆုံးကျလျှင် ဇာတိပကတိ၏ ဝါးမျိုခြင်းကို သင်ခံရမည်ပင်။ ဆိုလိုသည်မှာ သင်သည် ဤအရာကို ဤတစ်ကြိမ် ဖြည့်ဆည်းပေးလျှင် နောက်တစ်ခါကျလျှင် ပိုပြီး တောင်းဆိုလာလိမ့်မည်။ ကြီးမားသည့် လိုအင်ဆန္ဒနှင့် တောင်းဆိုမှု အသစ်တို့ အမြဲတမ်းရှိပြီး သူ၏ သာယာမှုများထဲ၌သာနေပြီး သူ့ကို ပိုမို ချစ်ခင်လာစေဖို့အတွက် ဇာတိပကတိအပေါ် သင်၏စွဲလမ်းမှုကို အခွင့်ကောင်းယူလာသည်။ သင်သည် ဤအချက်ကို မကျော်လွှားနိုင်လျှင် နောက်ဆုံးမှာ သင်သည် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးလိမ့်မည်။ သင့်အနေဖြင့် ဘုရားသခင်၏ရှေ့၌ အသက်ကို ရနိုင်မရနိုင်နှင့် သင်၏နောက်ဆုံးအဆုံးသတ်က အဘယ်အရာဖြစ်မည်ဆိုသည်တို့မှာ ဇာတိပကတိအပေါ် သင်၏တွန်းလှန်မှုကို သင်မည်ကဲ့သို့လုပ်ဆောင်သနည်း ဆိုသည့်အပေါ်၌ မူတည်သည်။ ဘုရားသခင်သည် သင့်ကို ကယ်တင်ခဲ့ကာ ရွေးနုတ်ခဲ့ပြီး ရှေးမဆွက ခွဲခန့်မှတ်သားပေးခဲ့၏၊ သို့သော်လည်း အကယ်၍ သင်သည် သူ့စိတ်ကျေနပ်အောင်ပြုရန် ဆန္ဒမရှိပါက၊ သမ္မာတရားကို လက်တွေ့ကျင့်ကြံဖို့ သင်ဆန္ဒမရှိပါက၊ ဘုရားသခင်ကို အမှန်တကယ်ချစ်သော နှလုံးသားနှင့် သင်၏ကိုယ်ပိုင်ဇာတိပကတိကို ဆန့်ကျင်တွန်းလှန်ဖို့ သင်၌ ဆန္ဒမရှိပါက သင်သည် နောက်ဆုံး၌ သင့်ကိုယ်သင်ဖျက်ဆီးလိမ့်မည်ဖြစ်ပြီး ထိုသို့အားဖြင့် ပြင်းထန်သော နာကျင်မှုကို ခံစားရလိမ့်မည်။ သင်သည် ဇာတိပကတိ၏ ဆန္ဒရိုင်းကို အမြဲဖြည့်ဆည်းပေးနေလျှင်

စာတန်သည် သင့်ကို တဖြည်းဖြည်း ဝါးမျိုသွားလိမ့်မည်ဖြစ်ပြီး ထို့နောက်တွင် သင်သည် အတွင်း၌ လုံးဝအမှောင်ကျသွားသည့်နေ့ကို ရောက်သည်အထိ သင့်ကို အသက်မပါဘဲ၊ သို့မဟုတ် ဝိညာဉ်တော်၏ ထိတွေ့ခြင်းမပါဘဲ သူထားခဲ့မည်ဖြစ်သည်။ သင်သည် အမှောင်ထဲ၌ အသက်ရှင်နေသောအခါ သင်သည် စာတန်၏ အကျဉ်းသားအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံရပြီးဖြစ်လိမ့်မည်ဖြစ်ကာ သင်၏စိတ်နှလုံးထဲ၌ ဘုရားသခင်ရှိမည် မဟုတ်တော့ပေ၊ ထို့ပြင် ဤအချိန်တွင် သင်သည် ဘုရားသခင်၏တည်ရှိမှုကို ငြင်းဆန်ပြီး သူ့ကို စွန့်ခွာသွားမည်ဖြစ်သည်။ ထို့ကြောင့် လူတို့အနေဖြင့် ဘုရားသခင်ကို ချစ်လိုလျှင် နာကျင်မှုဟူသည့် အဖိုးအခကို ၎င်းတို့ ပေးဆပ်ရမည်ဖြစ်ပြီး အခက်အခဲကို တောင့်ခံရမည်ဖြစ်သည်။ စာမျှားပိုဖတ်လျက်၊ အလုပ်ပိုရှုပ်လျက် ပြင်ပစိတ်အားထက်သန်မှုနှင့် အခက်အခဲများဖြစ်ဖို့ မလိုပေ။ ထိုအစား ၎င်းတို့အနေဖြင့် မိမိတို့အထဲ၌ရှိသည့်အရာများကို ဘေးဖယ်ထားသင့်သည်- လွန်ကဲသည့် အတွေးများ၊ ပုဂ္ဂိုလ်ရေး စိတ်ဝင်စားမှုများ၊ ၎င်းတို့၏ကိုယ်ပိုင် စဉ်းစားသုံးသပ်မှုများ၊ အယူအဆများနှင့် ရည်ရွယ်ချက်များဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အလိုတော်ပင်တည်း။

လူတွေ၏ အပေါ်ယံစိတ်သဘောထားကို ဘုရားသခင် ကိုင်တွယ်ခြင်းကလည်း သူ့အလုပ်၏ အစိတ်အပိုင်း တစ်ခုပင်။ ဥပမာ လူတွေ၏ ပြင်ပ၊ ပုံမှန်မဟုတ်သည့် လူသားသဘာဝ၊ သို့မဟုတ် သူတို့၏ ဘဝနေမှုပုံစံနှင့် အကျင့်၊ သူတို့၏ နည်းလမ်းများ၊ ဓလေ့များ၊ အပေါ်ယံ အလေ့အထများ၊ သူတို့၏ စိတ်အားထက်သန်မှုများ။ သို့သော်လည်း လူများကို သမ္မာတရားကို လက်တွေ့ကျင့်သုံးပြီး သူတို့၏ စိတ်သဘောထားကို ပြောင်းဖို့ သူတောင်းဆိုသည့်အခါ အဓိက ကိုင်တွယ်သည့်အရာများမှာ သူတို့အတွင်း၌ရှိသည့် စိတ်တက်ကြွမှုနှင့် အယူအဆများပင် ဖြစ်သည်။ သင်ကြိုက်သည့်အရာကို မစားဖို့ တောင်းဆိုသလိုပင်။ လွယ်ပါသည်။ သင့်အတွင်းမှာရှိသည့် ကြံရွယ်ချက်များနှင့် အယူအဆများအပေါ် သက်ရောက်သည့်အရာပင်။ သို့သော်လည်း လက်လွှတ်ဖို့တော့ မလွယ်ပေ။ ဤအရာက လူတို့ကို ဇာတိပကတိအား ဆန့်ကျင်တွန်းလှန်စေဖို့၊ ပေးဆပ်ဖို့၊ ဘုရားသခင်ရှေ့မှာ ဒုက္ခခံဖို့စသည်တို့ တောင်းဆိုသည်။ အထူးသဖြင့် လူများ၏ အရင်းခံအကြောင်းများသည် ဤသို့ အလွန်ဖြစ်ပေသည်။ သူတို့၏ ဘုရားသခင်အပေါ် ယုံကြည်ခြင်းမှ ယနေ့အထိ၊ လူတွေသည် မမှန်ကန်သောရည်ရွယ်ချက်များအပေါ် စွဲလမ်းကြသည်။ သင်က သမ္မာတရားကို လက်တွေ့မကျင့်သုံးလျှင် သင်၏ရည်ရွယ်ချက်များ အားလုံးက မှန်ကန်သည်ဟု သင်ခံစားရသည်။ သို့သော်လည်း သင့်ထံ တစ်ခုခုဖြစ်သည့်အခါ သင့်အထဲ၌ မမှန်ကန်သည့်

ရည်ရွယ်ချက်များစွာ ရှိသည်ကို မြင်ရပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်က လူများကို ပြည့်စုံအောင် လုပ်သည့်အခါ သူတို့၏ ဘုရားသခင်အပေါ် သိမြင်မှုကို တားဆီးနေသည့် သူတို့အတွင်း၌ရှိသော အယူအဆများ အများကြီးရှိသည်ဆိုသည်ကို သိမြင်ဖို့ ပြုလုပ်သည်။ သင်၏ ရည်ရွယ်ချက်များက မှားနေသည်ကို သင်သိမြင်သည့်အခါ သင့်အယူအဆနှင့် ရည်ရွယ်ချက်တွေအရ လက်တွေ့ ကျင့်ဆောင်နေသည်ကို ရပ်နိုင်လျှင် သင်သည် ဘုရားသခင်၏ သက်သေကိုခံနိုင်ပြီး သင့်ထံ ဖြစ်ပျက်နေသည့် အရာတွေကြားမှာ သင်က ခိုင်မြဲစွာရပ်တည်နိုင်လျှင် သင်သည် ဇာတိပကတိကို ဆန့်ကျင်တွန်းလှန်ခဲ့ပြီဟု သက်သေပြသည်။ သင်သည် ဇာတိပကတိကို တွန်းလှန်သည့်အခါ သင့်အတွင်းထဲ၌ ရှောင်လွှဲ၍မရသည့် တိုက်ပွဲတစ်ခု ဖြစ်လာပါလိမ့်မည်။ စာတန်က လူတို့ကို သူ့နောက်သို့ လိုက်စေဖို့ ကြိုးစားမည်ပင်။ ဇာတိပကတိ၏ အယူအဆနောက်ကို သူတို့အား လိုက်စေဖို့ ကြိုးစားလိမ့်မည်ဖြစ်ပြီး ဇာတိပကတိအပေါ် စိတ်ဝင်စားမှုကို ထိန်းထားမည်ပင်။ သို့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူတို့အထဲ၌ ထွန်းလင်း တောက်ပစေမည် ဖြစ်သည်။ ဤအချိန်၌ သင်က ဘုရားနောက်ကို လိုက်မလား သို့မဟုတ် စာတန်နောက်ကို လိုက်မလား ဆိုသည်မှာ သင့်အပေါ်မှာ မူတည်သည်။ အဓိကအားဖြင့် လူတို့အတွင်း၌ရှိသော အရာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက်၊ ဘုရားသခင်၏ စိတ်နှလုံးနှင့် မညီညွတ်သော သူတို့၏အတွေးများနှင့် အယူအဆများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဘုရားသခင်က လူများအား သမ္မာတရားကို လက်တွေ့ကျင့်သုံးဖို့ တောင်းဆိုသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူများ၏စိတ်နှလုံးကို တို့ထိပြီး သူတို့ကို အလင်းပေးကာ အသိဉာဏ်ပွင့်လင်းစေသည်။ ထို့ကြောင့် ဖြစ်ပျက်နေသည့် အရာအားလုံး၏ နောက်မှာ တိုက်ပွဲတစ်ခုရှိသည်။ လူတို့အနေဖြင့် သမ္မာတရားကို လက်တွေ့ကျင့်သုံးသည့် အချိန်တိုင်း၌၊ သို့မဟုတ် ဘုရားသခင်အား ချစ်ခြင်းကို လက်တွေ့ကျင့်သုံးသည့်အချိန်တိုင်း၌ ကြီးမားသည့် တိုက်ပွဲတစ်ခုရှိသည်။ သူတို့၏ဇာတိပကတိမှာ အားလုံးက အဆင်ပြေနေပုံပေါက်နေနိုင်သော်လည်း စင်စစ်အားဖြင့် သူတို့၏နှလုံးသားအတွင်းပိုင်း၌မူ သေရေးရှင်ရေးတိုက်ပွဲတစ်ခု ဖြစ်ပေါ်နေလိမ့်မည်။ ဤပြင်းထန်သောတိုက်ပွဲ ပြီးဆုံးသည့်အခါမှသာ၊ ကြီးမားစွာ နှိုင်းဆဆင်ခြင်ပြီးသည့်အခါမှသာ အောင်မြင်မှုနှင့် ကျရှုံးမှုကို အဆုံးအဖြတ်ပေးနိုင်သည်။ ငိုရမည်လော၊ ရယ်ရမည်လောဆိုသည်ကို မသိပေ။ လူတို့၏အတွင်း၌ရှိသော ကြံရွယ်ချက် အများအပြားသည် မှားယွင်းနေသောကြောင့်၊ သို့မဟုတ်ပါက ဘုရားသခင်၏ အမှုအများစုသည် သူတို့၏အယူအဆများနှင့် ဆန့်ကျင်နေသောကြောင့် လူများသည် သမ္မာတရားကို လက်တွေ့ကျင့်သုံးသည့်အချိန်တွင်

နောက်ကွယ်၌ ကြီးမားသည့် တိုက်ပွဲကြီးတစ်ခုကို ဆင်နွှဲနေရသည်။ ဤသမ္မာတရားကို လက်တွေ့ကျင့်ကြံပြီးသည့်အခါ လူတို့အနေဖြင့် ဘုရားသခင်ကို စိတ်ကျေနပ်စေမည်ဟု နောက်ဆုံး၌ ဆုံးဖြတ်ချက်မချမီတွင် နောက်ကွယ်၌ မရေတွက်နိုင်သည့် ဝမ်းနည်းခြင်း မျက်ရည်များ ကျခဲ့ကြပြီးဖြစ်လိမ့်မည်။ ဤတိုက်ပွဲကြောင့်ပင် လူတို့သည် ဆင်းရဲဒုက္ခနှင့် စစ်ဆေးခြင်းတို့ကို တောင့်ခံရခြင်းဖြစ်သည်။ ဤသည်မှာ စစ်မှန်သည့် ဒုက္ခခံစားရခြင်းပင် ဖြစ်သည်။ တိုက်ပွဲသည် သင့်အပေါ်ကို ကျရောက်လာသည့်အခါ သင်သည် ဘုရားသခင်ဘက်မှ အမှန်တကယ် ရပ်တည်နိုင်လျှင် ဘုရားသခင်ကို စိတ်ကျေနပ်စေနိုင်မည်ဖြစ်သည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်နေစဉ်တွင်၊ အတွင်း၌ ဆင်းရဲဒုက္ခခံစားဖို့မှာ ရှောင်လွှဲမရနိုင်ပေ။ လူတို့သည် သမ္မာတရားကို လက်တွေ့ကျင့်သုံးသည့်အခါ သူတို့အတွင်းထဲက အရာအားလုံးသည် မှန်ကန်နေသည်ဆိုလျှင်၊ သူတို့သည် ဘုရားသခင်၏ စုံလင်အောင် ပြုလုပ်ပေးခြင်းကို ခံရန်လိုအပ်လိမ့်မည် မဟုတ်ပေ၊ ထို့ပြင် တိုက်ပွဲဆိုသည်မှာလည်း ရှိမည်မဟုတ်ဘဲ ဒုက္ခလည်း ခံစားရမည် မဟုတ်ပေ။ လူတို့၏အတွင်း၌ ဘုရားသခင်၏အသုံးပြုခြင်းကိုခံရရန် မထိုက်တန်သည့် အရာများစွာရှိနေပြီး ဇာတိပကတိ၏ ပုန်ကန်တတ်သော စိတ်သဘောထား မြောက်မြားစွာ ရှိနေသောကြောင့် လူတို့အနေဖြင့် ဇာတိပကတိကို ဆန့်ကျင်တွန်းလှန်မှုနှင့်ပတ်သက်သည့် သင်ခန်းစာကို ပို၍လေးလေးနက်နက် သင်ယူဖို့လိုအပ်ခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က လူသားကို သူနှင့်အတူခံစားဖို့ တောင်းဆိုထားသော ဆင်းရဲဒုက္ခဟု သူခေါ်ဆိုသည့် အရာပင်ဖြစ်သည်။ သင်က အခက်အခဲတွေကို ကြုံရသည့်အခါ အလျင်အမြန်ပင် ဘုရားသခင်ကို ဆုတောင်းပါ။ “အိုး ဘုရားသခင် ကျွန်ုပ် ကိုယ်တော်ကို ကျေနပ်စေချင်ပါတယ်။ ကိုယ်တော်ရဲ့နှလုံးသားကို ဖြည့်ဆည်းပေးဖို့ နောက်ဆုံးသော အခက်အခဲကို တောင့်ခံချင်ပါတယ်။ ကျွန်တော် တွေ့ကြုံရမယ့် အခက်အခဲ အနှောင့်အယှက်တွေ ဘယ်လောက်ကြီးမားပါစေ ကျွန်တော်ဟာ ကိုယ်တော့်ကို ဖြည့်ဆည်းပေးရပါမယ်။ ကျွန်တော့်ရဲ့ဘဝတစ်ခုလုံးကို လက်လွှတ် ဆုံးရှုံးရမယ်ဆိုရင်တောင် ကျွန်တော်ဟာ ကိုယ်တော််ကို ဖြည့်ဆည်းပေးရပါမယ်။” ဤကဲ့သို့ ဆက်ကပ် အပ်နှံမှုနှင့်အတူ သင်ဆုတောင်းသည့်အခါ သင်၏ သက်သေခံချက်မှာ ခိုင်မြဲစွာ ရပ်တည်နိုင်မည်ဖြစ်သည်။ သမ္မာတရားကို လက်တွေ့ကျင့်ကြံသည့် အချိန်တိုင်း၊ စစ်ဆေးပြုပြင်ခြင်းကို သူတို့ ဖြတ်သန်းသည့်အခါတိုင်း၊ စမ်းသပ်ခြင်း ခံရသည့်အခါတိုင်း၊ သူတို့အပေါ်မှာ ဘုရားသခင် လုပ်ဆောင်သည့် အချိန်တိုင်းမှာ လူတို့သည် ကြီးမားသည့် နာကျင်မှုကို ခံကြရသည်။ ဤအရာအားလုံးသည် လူများအတွက် စမ်းသပ်မှုတစ်ခု ဖြစ်သည်။ ထို့ကြောင့် သူတို့အားလုံးအထဲ၌ တိုက်ပွဲတစ်ခု ရှိသည်။ ဤသည်မှာ သူတို့ပြုလုပ်ရမည့်

အမှန်တကယ် ပေးဆပ်မှုပင် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပိုမိုဖတ်ရှုခြင်းနှင့် ပိုမို အလုပ်ရှုပ်နေခြင်းက ပေးဆပ်ခြင်း တစ်မျိုးပင်။ ဤသည်မှာ လူတို့ လုပ်ကိုလုပ်ရမည့်အရာဖြစ်သည်။ သူတို့ ဖြည့်ဆည်းရမည့် သူတို့၏ တာဝန်နှင့် ဝတ္တရားပင်ဖြစ်သည်။ သို့သော်လည်း ဘေးဖယ်ထားဖို့ လိုအပ်သည့် သူတို့ အတွင်းထဲက ဤအချက်ကို ဘေးဖယ်ထားရပါမည်။ သင်က ဤကဲ့သို့မလုပ်လျှင် သင်၏ ပြင်ပဒုက္ခခံစားရခြင်းက မည်မျှပင် ကြီးမားပါစေ၊ သင်က မည်မျှပင် ပြေးလွှားနေရပါစေ၊ အားလုံးသည် အလဟဿ ဖြစ်ပါမည်။ ဆိုလိုသည်မှာ သင့်အတွင်းမှာရှိသည့် ပြောင်းလဲမှုများကသာ သင်၏ ပြင်ပအခက်အခဲများက တန်ဖိုးရှိသလားဆိုသည်ကို ဆုံးဖြတ်ပေးမှာဖြစ်သည်။ သင်၏ အတွင်းစိတ်သဘောထားက ပြောင်းလဲသွားပြီး၊ သင်က သမ္မာတရားကို လက်တွေ့ကျင့်သုံးသည့်အခါ သင်၏ ပြင်ပ ဒုက္ခခံစားရခြင်းများ အားလုံးသည် ဘုရားသခင်၏ အသိအမှတ်ပြုမှုကို ရရှိမှာဖြစ်သည်။ သင်၏ အတွင်း စိတ်သဘောထားက ပြောင်းလဲမှုမရှိလျှင်၊ ဒုက္ခခံစားမှုတွေ သင်မည်မျှပင် ခံရပါစေ သို့မဟုတ် အပြင်မှာ သင်မည်မျှပင် အလုပ်ရှုပ်နေပါစေ ဘုရားသခင်၏ အသိအမှတ်ပြုမှု ရရှိမည်မဟုတ်ပေ။ ဘုရားသခင်၏ အသိအမှတ်ပြုမှုမရရှိသည့် အခက်အခဲသည် အလဟဿသာ ဖြစ်သည်။ ထို့ကြောင့် သင်ပေးဆပ်ခဲ့ရသည့် အရာကို ဘုရားသခင် အသိအမှတ်ပြုမပြု ဆိုသည်မှာ သင့်စိတ်တွင်းမှာ ပြောင်းလဲမှု ရှိမရှိအပေါ်မှာ မူတည်ပြီး သင်သည် သမ္မာတရားကို လက်တွေ့ကျင့်သုံးပြီး ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းမှု၊ ဘုရားသခင်ကိုသိမြင်မှု၊ ဘုရားသခင်ကို သစ္စာရှိမှုတို့ကို ရရှိဖို့ သင်၏ ကိုယ်ပိုင်ကြံရွယ်ချက်များနှင့် အယူအဆများကို ဆန့်ကျင်တွန်းလှန်ပြီး သမ္မာတရားကို လက်တွေ့ကျင့်သုံးမှုရှိ၊ မရှိအပေါ်မှာ မူတည်ဆုံးဖြတ်သည်။ သင်သည် မည်မျှပင် အလုပ်ရှုပ်နေပါစေ သင်၏ကိုယ်ပိုင် ကြံရွယ်ချက်များကို ဆန့်ကျင်တွန်းလှန်ရန် ဘယ်သောအခါမျှ သင်မသိခဲ့ဖူးလျှင်၊ ပြင်ပ လုပ်ဆောင်မှုနှင့် စိတ်အားထက်သန်မှုတို့ကိုသာ ရှာဖွေလျှင်၊ သင့်အသက်တာကို တစ်ခါမှ အာရုံမစိုက်လျှင် သင်၏ ဒုက္ခခံစားရခြင်းသည် အလဟဿဖြစ်သွားမည်ပင်။ အခြေအနေတစ်ခုထဲ သင့်မှာ သင်ပြောချင်သည့် အရာတစ်ခု ရှိသည်။ သို့သော်လည်း အတွင်းထဲ၌ကား ဤသို့ပြောသည်မှာ မမှန်ကန်ပါ ဤသို့ပြောသည်မှာ သင့်ညီအစ်ကို မောင်နှမတို့အတွက် အကျိုးမရှိဘဲ သူတို့ကို ထိခိုက်နာကျင် စေမည်ဟု သင်ခံစားရလျှင် စိတ်ထဲ၌သာ နာကျင်ခံစားဖို့ ထားလိုက်ပြီး ဤအရာကို မပြောပါနှင့်။ ဤစကားလုံးတွေသည် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းဖို့ မတတ်နိုင်သည့်အတွက်ပင်။ ဤအချိန်မှာ သင့်ကိုယ်တွင်း၌ တိုက်ပွဲတစ်ခု ရှိနေလိမ့်မည်။ သို့သော်လည်း သင်သည် နာကျင်မှုကို ခံပြီး

သင်ချစ်သည့်အရာများကို စွန့်လွှတ်ဖို့ ဆန္ဒရှိနေမည်၊ ဘုရားသခင်ကို ကျေနပ်စေဖို့ ဤဒုက္ခကို ခံစားဖို့ ဆန္ဒရှိနေမည်၊ သင်သည် အတွင်းမှာ နာကျင်မှုကို ခံနေရသော်လည်း သင်သည် ဇာတိပကတိကို မစွဲလမ်း၊ ဘုရားသခင်၏ နှလုံးသားသည် ကျေနပ်ပြီး သင်သည်လည်း အတွင်းမှာ စိတ်သက်သာခြင်းကို ရရှိလိမ့်မည်။ ဤသည်မှာ အမှန်တကယ် ပေးဆပ်ခြင်းဖြစ်ပြီး ဘုရားသခင် နှစ်သက်သည့် ပေးဆပ်ခြင်းပင်။ ဤကဲ့သို့ပုံစံနှင့် သင်ကျင့်ကြံသည့်အခါ ဘုရားသခင်သည် သင့်ကို သေချာပေါက် ကောင်းချီးပေးမည် ဖြစ်သည်။ သင်က ဤအရာကို မလုပ်နိုင်ဘူးဆိုလျှင် သင်မည်မျှပင် နားလည်ပါစေ သို့မဟုတ် သင်မည်မျှပင် စကားကောင်းကောင်း ပြောနိုင်ပါစေ၊ ဘာမျှဖြစ်လာမည် မဟုတ်ပေ။ ဘုရားသခင်ကို ချစ်ခြင်း လမ်းကြောင်းပေါ်မှာ သူက စာတန်နှင့် တိုက်ပွဲဆင်နွှဲသည့်အခါ သင်သည် ဘုရားသခင်၏ဘက်မှာ ရပ်တည်နေနိုင်ပြီး စာတန်ဘက်ကို လှည့်မသွားဘူးဆိုလျှင် သင်သည် ဘုရားသခင်ကို ချစ်ခြင်းအား ရရှိမှာဖြစ်ပြီး သင်၏ သက်သေခံခြင်းမှာ ခိုင်မာစွာ ရပ်တည်နိုင်မှာဖြစ်သည်။

လူများအတွင်း၌ ဘုရားသခင် လုပ်ဆောင်သည့် အဆင့်တိုင်းတွင် အပြင်ပန်းသဏ္ဌာန်မှာ လူများ၏ စီစဉ်မှုမှ ထွက်ပေါ်လာသကဲ့သို့ လူများကြားထဲ၌ ဆက်သွယ် လှုပ်ရှားမှုများအနေနှင့် သို့မဟုတ် လူများ၏ ကြားဝင်ပြုလုပ်မှုများအနေနှင့် ဖြစ်ပေါ်သည်။ သို့သော်လည်း နောက်ကွယ်မှာတော့ လုပ်ဆောင်မှု အဆင့်တိုင်း၊ ဖြစ်ပျက်မှုတိုင်းသည် ဘုရားသခင်ရှေ့မှာ စာတန်ပြုလုပ်သည့် အလောင်းအစားများဖြစ်ပြီး လူများ၌ ဘုရားသခင် အတွက် သူတို့၏ သက်သေခံမှုမှာ ခိုင်မြဲစွာ ရပ်တည်ဖို့ လိုအပ်သည်။ ယောဘ စမ်းသပ်ခံခဲ့ရသည့် အချိန်ကို ကြည့်ကြည့်ပါ။ ဥပမာ- နောက်ကွယ်မှာက စာတန်က ဘုရားသခင်နှင့် အလောင်းအစား လုပ်နေခြင်းဖြစ်သည်။ ယောဘအပေါ်မှာ ဖြစ်ပျက်ခဲ့သည့်အရာက လူသားတို့၏ လုပ်ဆောင်မှုဖြစ်ပြီး လူသားတို့၏ ကြားဝင်လုပ်ဆောင်မှု ဖြစ်သည်။ သင်တို့အတွင်းမှာ ဘုရားသခင် ပြုလုပ်သည့် အဆင့်တိုင်း၏ နောက်ကွယ်မှာ ဘုရားသခင်နှင့် ပြုလုပ်သည့် စာတန်၏ အလောင်းအစားရှိသည်။ ဤအရာ၏နောက်ကွယ်မှာ အားလုံးက တိုက်ပွဲပင်။ ဥပမာ- သင်က သင့်ညီအစ်ကို မောင်နှမတွေအပေါ်ကို မကောင်းမြင်နေသည်။ သင်ပြောချင်နေသည့် စကားလုံးများ ရှိနေသည်။ ဘုရားသခင်ကို မကျေနပ်စေနိုင်ဟု သင်ခံစားရနိုင်သည့် စကားလုံးများရှိနေသည်။ သို့သော်လည်း သူတို့ကို သင်မပြောလျှင် စိတ်မသက်မသာ ခံစားရလိမ့်မည်။ ဤအချိန်မှာ သင့်အတွင်း၌ တိုက်ပွဲတစ်ခု စတင်ဖြစ်ပေါ်လိမ့်မည်။ “ငါ ပြောမလား၊ မပြောဘူးလား။” ဤသည်မှာ တိုက်ပွဲပင်။ ထို့ကြောင့် သင်ကြုံရသမျှ အရာအားလုံးတွင် တိုက်ပွဲတစ်ခုရှိသည်။ သင့်အတွင်းတွင်

တိုက်ပွဲတစ်ခုရှိသည့်အခါ၊ သင်၏ စစ်မှန်သော ပူးပေါင်းလုပ်ဆောင်မှုနှင့် စစ်မှန်သော ဆင်းရဲဒုက္ခခံစားရခြင်းတို့ကြောင့် သင့်အတွင်းတွင် ဘုရားသခင် အမှုပြုပေသည်။ အဆုံး၌ သင့်အတွင်းမှာ ပြဿနာကို ဘေးဖယ်ထားနိုင်လိုက်ပြီး ဒေါသသည် သဘာဝအလျောက် ပျက်ပြယ်သွားသည်။ ဤကဲ့သို့အရာမျိုးသည် ဘုရားသခင်နှင့်အတူ သင်၏ လက်တွဲလုပ်ဆောင်မှု၏ အကျိုးသက်ရောက်မှု ဖြစ်သည်။ လူတို့လုပ်သမျှ အားလုံးမှာ သူတို့၏ အားထုတ်မှုထဲ ပေးဆပ်မှု တစ်ခုလုပ်ဖို့ လိုအပ်သည်။ အမှန်တကယ် ဒုက္ခခံစားရခြင်း မပါဝင်ဘဲ၊ သူတို့သည် ဘုရားသခင်ကို စိတ်မကျေနပ်စေနိုင်ပေ။ သူတို့သည် ဘုရားသခင်ကို စိတ်ကျေနပ်စေခြင်းနှင့် နီးတောင် မနီးစပ်ပေ။ သူတို့က အနှစ်သာရမပါသည့် ဆောင်ပုဒ်များကို စကားကြောရှည်နေခြင်းပင် ဖြစ်သည်။ ဤအနှစ်သာရမရှိသည့် ဆောင်ပုဒ်များက ဘုရားသခင်ကို စိတ်ကျေနပ်စေနိုင်ပါသလား။ ဘုရားသခင်နှင့် စာတန်တို့သည် ဝိညာဉ်ရေးရာ နယ်ပယ်ထဲ တိုက်ပွဲ ဆင်နွှဲနေစဉ်မှာ သင်က ဘုရားသခင်ကို မည်ကဲ့သို့ စိတ်ကျေနပ်မှု ပေးသင့်သနည်း။ သူ့အတွက် သင်၏ သက်သေခံခြင်းမှာ မည်ကဲ့သို့ ခိုင်မာစွာ ရပ်တည်သင့်သနည်း။ သင့်ထံ ဖြစ်ပျက်သည့် အရာတိုင်းက ကြီးမားသော စမ်းသပ်မှုဖြစ်ပြီး သက်သေခံဖို့အတွက် ဘုရားသခင်က သင့်ကို လိုအပ်တဲ့အချိန် ဖြစ်သည်ဆိုသည်ကို သင်သိသင့်သည်။ ပြင်ပပုံပန်းသဏ္ဌာန်မှာ အလွန်အရေးကြီးသည့်ကိစ္စဟု ထင်စရာမရှိနိုင်သော်လည်း ဤအရာများ ဖြစ်ပျက်သည့်အခါ သင်သည် ဘုရားသခင်ကို ချစ်သလား၊ မချစ်ဘူးလားဆိုသည်ကို ဤအရာများက ပြနေသည်။ သင်က ချစ်သည်ဆိုလျှင် သူ့အတွက် သင်၏သက်သေခံမှုမှာ ခိုင်မြဲစွာ ရပ်တည်နိုင်မှာဖြစ်ပြီး၊ သင်က သူ့အပေါ်ချစ်ခြင်းကို လက်တွေ့မကျင့်သုံးဘူးဆိုလျှင် သင်သည် သမ္မာတရားကို လက်တွေ့ မကျင့်သုံးသည့်သူ၊ သင်သည် သမ္မာတရား မပါဝင်သည့်သူ၊ အသက် မပါဝင်သည့်သူ၊ တန်ဖိုးမရှိသူ တစ်ယောက် ဆိုသည်ကို ပြသည်။ လူတွေအပေါ်မှာ ဖြစ်ပျက်သည့် အရာတိုင်းသည် သူ့အတွက် သူတို့၏ သက်သေခံမှုမှာ ခိုင်မြဲစွာရပ်တည်ဖို့ ဘုရားသခင် အလိုရှိတဲ့ အချိန်ပင်ဖြစ်သည်။ လက်ရှိအချိန်မှာ သင်က ကြီးမားသည့် အရာများ ဘာမျှမဖြစ်။ ကြီးမားသည့် သက်သေခံမှုများ မရှိ။ သို့သော်လည်း သင်၏ နေ့စဉ်အသက်တာ အသေးစိတ်သည် ဘုရားသခင်အပေါ် သက်သေခံခြင်းနှင့် ဆက်စပ်နေသည်။ သင်က သင့်ညီအစ်ကို မောင်နှမများ၊ သင့်မိသားစုအဖွဲ့ဝင်များနှင့် သင့်ဘေးမှာရှိတဲ့ လူတိုင်း၏ လေးစားမှုကို ရယူနိုင်လျှင်၊ တစ်နေ့မှာ မယုံကြည်သူများ ရောက်လာပြီး သင်လုပ်ဆောင်သမျှအားလုံးကို လေးစားပြီး ဘုရားသခင် လုပ်ဆောင်သည့် အရာအားလုံးက အံ့သြဖွယ် ဖြစ်သည်ဆိုသည်ကို မြင်လျှင် သင်သည် သက်သေခံပြီး ဖြစ်သည်။ သင်သည်

ထိုးထွင်းဉာဏ်မရှိ၊ အရည်အချင်းက နိမ့်ကျသော်လည်း၊ အညံ့ဖျင်းဆုံးသော အရည်အချင်းရှိသည့် လူတို့အထဲ၌ မည်သည့် ကြီးမြတ်သော အမှုကို ဘုရားသခင် လုပ်ဆောင်ပြီး ဖြစ်သည်ကို အခြားသူများအား ပြသရင်း၊ ဘုရားသခင်၏ သင့်ကို ပြည့်စုံစေခြင်းမှတစ်ဆင့် သင်သည် သူ့ကို ကျေနပ်စေနိုင်ပြီး သူ့အလိုကို သတိပြုမိမည် ဖြစ်သည်။ လူတို့သည် ဘုရားသခင်ကို သိလာပြီး၊ စာတန်၏ရှေ့တွင် အောင်မြင်သောသူများ ဖြစ်လာချိန်တွင်၊ ဘုရားသခင်ကို ကြီးမားသည့် အတိုင်းအတာတစ်ခုအထိ သစ္စာရှိလာကြသည်၊ ထိုအခါတွင် ဤလူအုပ်စုများထက် အဘယ်သူမျှ သာ၍ အားမာန်မရှိကြသကဲ့သို့၊ ဤသည်မှာ အကြီးမားဆုံးသော သက်သေခံချက် ဖြစ်ပါလိမ့်မည်။ သင်က ကြီးမားသည့် အလုပ်များကို မလုပ်နိုင်သော်လည်း၊ ဘုရားသခင်ကို ကျေနပ်စေနိုင်သည်။ တစ်ခြားလူများက သူတို့၏ အယူအဆများကို ဘေးဖယ်မထားနိုင်သော်လည်း သင်က ဘေးဖယ်ထားနိုင်သည်။ တစ်ခြားလူများက သူတို့၏ အမှန်တကယ် အတွေ့အကြုံများမှာ ဘုရားသခင်ကို သက်သေမခံနိုင်သော်လည်း သင်က ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြန်လည်ပေးဆပ်ပြီး သူ့အပေါ်မှာ ခိုင်မာသည့် သက်သေခံမှုကို ပြုလုပ်ဖို့အတွက် သင်၏ အမှန်တကယ် အရေးပါမှုနှင့် အပြုအမူတို့ကို အသုံးပြုနိုင်သည်။ ဤအချက်ကသာ ဘုရားသခင်ကို အမှန်တကယ် ချစ်ခြင်းအနေနှင့် အသိအမှတ်ပြုနိုင်သည်။ သင်က ဤအချက်ကို မတတ်နိုင်ဘူးဆိုလျှင် သင့်မိသားစုဝင်များကြား၌၊ သင့်ညီအစ်ကို မောင်နှမများကြား၌၊ သို့မဟုတ် လောက၏ လူများကြား၌ သက်သေမခံပေ။ စာတန်ရှေ့မှာ သင်က သက်သေမခံနိုင်လျှင် စာတန်က သင့်ကို ရယ်မောပါလိမ့်မည်။ စာတန်သည် သင့်ကို ရယ်စရာတစ်ခု၊ ကစားစရာတစ်ခုအနေနှင့် ဆက်ဆံပါလိမ့်မည်။ သင့်ကို မကြာခဏ အရူးလုပ်ပြီး ရူးနှမ်းသွားအောင် လုပ်ပါလိမ့်မည်။ အနာဂတ်မှာ သင့်ဆီကို ကြီးမားသည့် စမ်းသပ်မှုများ ကျရောက်လာပါမည်။ သို့သော်လည်း ယနေ့ သင်သည် ဘုရားသခင်ကို စစ်မှန်သည့် နှလုံးသားနှင့် ချစ်လျှင် စမ်းသပ်မှုသည် မည်မျှပင် ကြီးမားပါစေ၊ သင့်ထံ မည်သည့်အရာ ဖြစ်ပျက်သည်ဖြစ်စေ၊ သင်သည် သင်၏ သက်သေခံမှုမှာ ခိုင်မြဲစွာ ရပ်တည်နိုင်ပြီး ဘုရားသခင်ကို ကျေနပ်စေပါလိမ့်မည်။ နောက်မှာတော့ သင့်နှလုံးသားသည် စိတ်သက်သာရာ ရပါလိမ့်မည်။ အနာဂတ်၌ သင်ကြုံတွေ့ရမည့် စမ်းသပ်မှုက မည်မျှပင် ကြီးမားပါစေ၊ သင်သည် ကြောက်ရွံ့မည် မဟုတ်ချေ။ အနာဂတ်မှာ အဘယ်အရာဖြစ်မည်ဆိုသည်ကို သင်တို့ မမြင်နိုင်ပေ။ ယနေ့ အခြေအနေများ၌သာ သင်တို့သည် ဘုရားသခင်ကို ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်သည်။ သင်တို့က ကြီးမားသည့် လုပ်ဆောင်မှုများကို မလုပ်ဆောင်နိုင်ပေ။ လက်တွေ့ဘဝမှာ သူ၏ နှုတ်ကပတ်တော်များကို

တွေ့ကြုံခံစားခြင်း၊ စာတန်ကို အရှက်ရစေသည့် ခိုင်မာသေချာသော သက်သေခံခြင်းတို့ကို အာရုံစိုက် ပြုလုပ်သင့်သည်။ သင့်ဇာတိပကတိက ကျေနပ်မှုမရှိဘဲ ဒုက္ခခံစားရမည် ဖြစ်သော်လည်း သင်က ဘုရားသခင်ကို ကျေနပ်စေမည်ဖြစ်ပြီး စာတန်ကို အရှက်ရစေမည်ပင်။ သင်သည် ဤပုံစံအတိုင်း ကျင့်ကြံလျှင် ဘုရားသခင်သည် သင့်ရှေ့မှာ လမ်းဖွင့်ပေးပါလိမ့်မည်။ တစ်နေ့ ကြီးမားသည့် စမ်းသပ်မှု ရောက်ရှိလာသောအခါ တစ်ခြားလူများက ကျရှုံးသွားကြပါလိမ့်မည်။ သို့သော်လည်း သင်က ခိုင်မြဲစွာ ရပ်တည် နေနိုင်ဦးမည် ဖြစ်သည်။ သင်ပြုလုပ်ခဲ့သည့် ပေးဆပ်မှုကြောင့် ဘုရားသခင်သည် သင့်ကို ကာကွယ်မည် ဖြစ်သည်။ ထို့ကြောင့် သင်သည် ခိုင်မြဲစွာ ရပ်တည်နိုင်ပြီး ကျရှုံးမည်မဟုတ်။ ပုံမှန်အားဖြင့် သင်သည် သမ္မာတရားကို လက်တွေ့ကျင့်သုံးနိုင်ပြီး ဘုရားသခင်ကို အမှန်တကယ်ချစ်သည့် နှလုံးသားနှင့် သူ့ကို ကျေနပ်စေနိုင်လျှင် ဘုရားသခင်သည် ရှေ့မှာလာမည့် စမ်းသပ်မှုများမှာ သင့်ကို သေချာပေါက် ကာကွယ်ပေးမည်ဖြစ်သည်။ သင်က မိုက်မဲကာ အရေးပါမှုနည်းပြီး အရည်အချင်းမရှိသော်လည်း၊ ဘုရားသခင်က သင့်ကို နှိမ့်ချ ဆက်ဆံမည် မဟုတ်။ သင်၏ ကြံရွယ်ချက်များက မှန်ကန်သလား ဆိုသည့်အပေါ်၌ မူတည်သည်။ ယနေ့ သင်သည် အသေးဆုံး အချက်အလက်များကို အာရုံစိုက်ခြင်း၊ အရာအားလုံးအတွင်းမှာ ဘုရားသခင်ကို ကျေနပ်စေခြင်း၊ ဘုရားသခင်ကို အမှန်တကယ်ချစ်သည့် နှလုံးသားတစ်ခုရှိခြင်း၊ ဘုရားသခင်ကို သင်၏ စစ်မှန်သည့် နှလုံးသားကို ပေးအပ်ခြင်းတို့ကြောင့် သင်သည် ဘုရားသခင်ကို ကျေနပ်စေနိုင်သည်။ သင်နားမလည်တဲ့ တစ်ချို့အရာများ ရှိနေသော်လည်း သင်၏ ရည်ရွယ်ချက်များကို မှန်ကန်အောင် ပြုပြင်ပေးဖို့ ဘုရားသခင်ရှေ့ကို လာရောက်နိုင်သည်။ ဘုရားသခင်၏ အလိုကို ရှာဖွေနိုင်သည်။ ဘုရားသခင်ကို ကျေနပ်စေသည့် အရာအားလုံးကို သင်လုပ်ဆောင်သည်။ သင့်ညီအစ်ကို မောင်နှမများက သင့်ကို စွန့်ပစ်ကောင်း စွန့်ပစ်လိမ့်မည်။ သို့သော်လည်း သင်၏ နှလုံးသားက ဘုရားသခင်ကို ဖြည့်ဆည်းပေးနေမည်ဖြစ်ပြီး ဇာတိပကတိ၏သာယာမှုကို စွဲလမ်းတပ်မက်မည် မဟုတ်။ သင်သည် ဤနည်းလမ်းနှင့် အမြဲတမ်း ကျင့်ကြံမည်ဆိုလျှင် သင့်အပေါ်၌ ကြီးမားသည့် စမ်းသပ်မှုများ ကျရောက်သည့်အချိန်မှာ သင်သည် ကာကွယ်ပေးခြင်း ခံရပါလိမ့်မည်။

ဤစမ်းသပ်မှုများသည် လူတို့၏ မည်သည့်အတွင်းပိုင်းအခြေအနေကို ရည်ရွယ်ထားသနည်း။ ဘုရားသခင်ကို စိတ်ကျေနပ်အောင်ပြုရန် မတတ်စွမ်းနိုင်သည့် လူတို့အထဲရှိ ပုန်ကန်တတ်သော စိတ်သဘောထားကို ရည်ရွယ်ထားသည်။ လူတို့၏အတွင်း၌ မစင်ကြယ်သည့်အရာများ များစွာရှိသည်၊ အပေါ်ယံ ဟန်ဆောင်သည့်အရာများ များစွာရှိသည်၊ ထို့ကြောင့် ဘုရားသခင်သည် သူတို့ကို သန့်စင်ရန်အတွက် သူတို့အား စမ်းသပ်မှုများကို ခံစားစေသည်။

သို့သော်လည်း ယနေ့ သင်သည် ဘုရားသခင်ကို ကျေနပ်စေနိုင်လျှင်၊ အနာဂတ်မှာ စမ်းသပ်မှုများသည် သင့်အတွက် ပြည့်စုံခြင်းများ ဖြစ်ပါလိမ့်မည်။ ယနေ့ သင်သည် ဘုရားသခင်ကို မကျေနပ်စေနိုင်ပါက၊ အနာဂတ်မှာ စမ်းသပ်မှုများသည် သင့်ကို လှုံ့ဆော်ပါလိမ့်မည်။ သင်သည် မသိလိုက်ဘဲ ကျရှုံးပါလိမ့်မည်။ ဤအချိန်မှာ သင်သည် ဘုရားသခင်၏ အလုပ်ကို မလိုက်မီနိုင်သည့်အတွက်၊ စစ်မှန်သည့် အသုံးဝင်မှုကို မပိုင်ဆိုင်သည့်အတွက် ကိုယ့်ကိုယ်ကိုယ် ကယ်တင်နိုင်မည် မဟုတ်တော့။ ထို့ကြောင့် သင်သည် အနာဂတ်မှာ ခိုင်မြဲစွာ ရပ်တည်နိုင်ဖို့ ဆန္ဒရှိသည်ဆိုလျှင် ဘုရားသခင်ကို ဖြည့်ဆည်းပြီး အဆုံးအထိ သူ့နောက်လိုက်သင့်သည်။ ယနေ့ သင်သည် ခိုင်မာသည့် အုတ်မြစ်ကို တည်ဆောက်ရမည်။ အရာအားလုံးမှာ သမ္မာတရားကို လက်တွေ့ ကျင့်သုံးခြင်းအားဖြင့်၊ သူ့အလိုကို သတိပြုခြင်းအားဖြင့် ဘုရားသခင်ကို ကျေနပ်စေရပါမည်။ သင်သည် ဤနည်းလမ်းနှင့်ပင် အမြဲတမ်းကျင့်ကြံလျှင် သင့်အထဲ၌ အုတ်မြစ်တစ်ခု ရှိလာပါလိမ့်မည်။ ဘုရားသခင်သည် သင့်အထဲ၌ရှိသည့် သူ့ကိုချစ်သော နှလုံးသားတစ်ခုကို တွန်းအားပေးပြီး သူသည် သင့်ကို ယုံကြည်မှု ပေးပါလိမ့်မည်။ တစ်နေ့မှာ စမ်းသပ်မှုတစ်ခုသည် သင့်အပေါ်မှာ အမှန်တကယ် ကျရောက်လာသည့်အခါ သင်သည် နာကျင်မှုတစ်ချို့ကို ခံစားရနိုင်ပြီး အတိုင်းအတာ တစ်ခုအထိ စိတ်ထိခိုက်မှုကို ခံစားရမည်။ သင်သေသွားသကဲ့သို့ ကြေကွဲ ဝမ်းနည်းမှုကို ခံစားရမည်။ သို့သော်လည်း ဘုရားသခင်ပေါ် သင်၏အချစ်သည် ပြောင်းလဲမည် မဟုတ်ဘဲ သာ၍ပင် နက်ရှိုင်းလာပါလိမ့်မည်။ ဤကဲ့သို့အရာများကား ဘုရားသခင်၏ ကောင်းချီးများပင်။ သင်သည် ယနေ့ နာခံခြင်း နှလုံးသားနှင့် ဘုရားသခင် ပြောဆို၊ လုပ်ဆောင်သည့် အရာများကို လက်ခံနိုင်လျှင် သင့်ကို ဘုရားသခင်က သေချာပေါက် ကောင်းချီးပေးမည် ဖြစ်သည်။ ထို့ကြောင့် သင်သည် ဘုရားသခင် ကောင်းချီးပေးသည့် သူတစ်ယောက်ဖြစ်ပြီး သူ၏ကတိတော်ကို ရရှိမည်ပင်။ ယနေ့ သင်သည် မကျင့်ကြံဘူးဆိုလျှင် စမ်းသပ်မှုများသည် တစ်နေ့မှာ သင့်အပေါ်ကို ကျရောက်လာသည့်အခါ သင်သည် ယုံကြည်ခြင်း သို့မဟုတ် ချစ်ခြင်းနှလုံးသား မရှိသည့် သူတစ်ယောက် ဖြစ်လာပါလိမ့်မည်။ ဤအချိန်မှာ စမ်းသပ်မှုသည် သွေးဆောင်မှု ဖြစ်လာပါလိမ့်မည်။ သင်သည် စာတန်၏ သွေးဆောင်မှုထဲကို ထိုးဆင်းသွားမည်ဖြစ်ပြီး လွတ်မြောက်ရာလမ်း ရှိမည်မဟုတ်ပေ။ ယနေ့ သင်သည် သေးငယ်သည့် စမ်းသပ်မှုတစ်ခု သင့်ထံ ကျရောက်လာသောအခါ ခိုင်မြဲစွာ ရပ်တည်ကောင်း ရပ်တည်နိုင်ပါလိမ့်မည်။ သို့သော်လည်း တစ်နေ့၌ ကြီးမားတဲ့ စမ်းသပ်မှုတစ်ခု သင့်အပေါ် ကျရောက်လာသောအခါ ခိုင်မြဲစွာ ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။ လူအချို့သည် ဘဝင်မြင့်သည်။ သူတို့သည်

ပြည့်စုံလုနီးပါး ရှိနေပြီဟု ထင်တတ်ကြသည်။ ဤကဲ့သို့အချိန်များမှာ သင်သည် ပိုပြီးလေးနက်စွာ မလုပ်ဆောင်ဘဲ အားရကျေနပ်လျက် ရှိနေလျှင် သင်သည် အန္တရာယ်ကို ကြုံရပါလိမ့်မည်။ ယနေ့ ဘုရားသခင်သည် ကြီးမားသည့် စမ်းသပ်မှုများကို မလုပ်ပါ။ အပေါ်ယံမှာတော့ အားလုံးက အဆင်ပြေ နေပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်က သင့်ကို စမ်းသပ်သည့်အခါ သင်၏အသုံးဝင်မှုသည် အလွန်သေးငယ်ပြီး ကြီးမားသည့် စမ်းသပ်မှုများကို ခံနိုင်ရည် မရှိသည့်အတွက် သင်သည် အလွန် အားနည်းနေသည်ကို တွေ့ရှိရပါလိမ့်မည်။ သင်သည် ဖြစ်သည့်အတိုင်း ဆက်ရှိကာ လေးကန်ထိုင်းမှိုင်းသည့် အခြေအနေတစ်ခုတွင် ရှိနေပါက၊ စမ်းသပ်မှုများ လာသည့်အခါတွင် သင် လဲပြိုလိမ့်မည်။ သင်တို့၏ အရေးပါမှုသည် အဘယ်မျှ သေးငယ်သည် ဆိုသည်ကို သင်တို့ မကြာခဏ ကြည့်သင့်သည်။ ဤကဲ့သို့နည်းလမ်းနှင့်သာ သင်တို့သည် တိုးတက်မှု ရှိနိုင်သည်။ စမ်းသပ်နေချိန် အတွင်းမှာသာ သင်က သင်၏အရေးပါမှုသည် အလွန်သေးငယ်နေသည်ကို တွေ့မြင်လျှင်၊ သင်၏ စိတ်ဓာတ်ခွန်အားက အလွန်အားနည်းနေလျှင်၊ သင့်အတွင်းမှာ စစ်မှန်မှုက အလွန်သေးငယ်နေလျှင်၊ ဘုရားသခင်၏ အလိုမှာ လုံလောက်မှုမရှိလျှင်၊ ဤအချိန်မှ သင်သည် ဤအရာများကို သိမြင်မည်ဆိုလျှင် သိပ်နောက်ကျနေမည် ဖြစ်သည်။

အကယ်၍ ဘုရားသခင်၏ စိတ်သဘောထားကို သင်မသိလျှင် သင်သည် စမ်းသပ်မှုများအတွင်း၌ မလွဲကေန်ပင် ကျဆုံးလိမ့်မည်။ ဘုရားသခင်က လူတို့ကို စုံလင်အောင် မည်သို့ပြုပေးသည်နှင့် သူတို့ကို မည်သည့်နည်းလမ်းနှင့် စုံလင်အောင် ပြုပေးသည်တို့ကို သင်မသိသည့်အတွက်ကြောင့် ဘုရားသခင်၏ စမ်းသပ်မှုများက သင့်အပေါ်ကို ကျရောက်ပြီး သင်၏အယူအဆများနှင့် ကိုက်ညီမှု မရှိသည့်အခါ သင်သည် ခိုင်မြဲစွာ ရပ်တည်နိုင်မည်မဟုတ်။ ဘုရားသခင်၏ စစ်မှန်သည့် ချစ်ခြင်းမေတ္တာသည် သူ၏စိတ်နေသဘောထား တစ်ခုလုံးပင် ဖြစ်သည်။ ဘုရားသခင်၏ စိတ်နေသဘောထားတစ်ခုလုံးကို လူတို့ထံ ပြသသည့်အခါ ဤအရာက သင်၏ဇာတိပကတိကို အဘယ်အရာယူလာပေးသနည်း။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်နေသဘောထားကို လူတို့ထံ ပြသသည့်အခါ ၎င်းတို့၏ဇာတိပကတိသည် ဝေဒနာများစွာကို မလွဲကေန် ခံစားရပါလိမ့်မည်။ သင်သည် ဤဝေဒနာကို မခံစားရလျှင် ဘုရားသခင်၏ စုံလင်အောင်ပြုလုပ်ပေးခြင်းကို သင်မခံယူနိုင်သကဲ့သို့၊ စစ်မှန်သည့် ချစ်ခြင်းကို ဘုရားသခင်ထံ သင်အပ်နှံနိုင်မည်လည်း မဟုတ်ပေ။ အကယ်၍ ဘုရားသခင်က သင့်ကို စုံလင်အောင် ပြုလုပ်လျှင် သူ၏စိတ်နေသဘောထား တစ်ခုလုံးအား သင့်ကို သေချာပေါက် ပြသမည်ဖြစ်သည်။ ဖန်ဆင်းခြင်းကာလမှ ယနေ့အထိ ဘုရားသခင်သည် လူသားအား သူ၏စိတ်နေသဘောထား တစ်ခုလုံးကို တစ်ခါမျှ မပြဖူးပါ။ သို့သော်လည်း

နောက်ဆုံးသောကာလအတောအတွင်း သူရွေးမဆွက ခွဲခန့်မှတ်သားပြီး ရွေးချယ်ထားသည့် ဤလူအုပ်စုကို ဖွင့်ပြသည်။ ထို့ပြင် လူများကို စုံလင်အောင်ပြုလုပ်ပေးခြင်းအားဖြင့် သူ၏စိတ်နေသဘောထားများကို ရှင်းလင်းစွာ ဖော်ထုတ်ပြသပြီး ထိုအရာမှတစ်ဆင့် လူတစ်စုကို စုံလင်အောင် သူပြုလုပ်သည်။ ဤအရာသည် လူများအတွက် ထားရှိသည့် ဘုရားသခင်၏ စစ်မှန်သော ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ လူတို့အပေါ်ထားရှိသည့် ဘုရားသခင်၏ စစ်မှန်သည့်ချစ်ခြင်းမေတ္တာကို တွေ့ကြုံဖို့ရန်အတွက် လူတို့အနေဖြင့် ပြင်းထန်လှသည့် ဝေဒနာကို သည်းညည်းခံရရန် လိုအပ်ပြီး မြင့်မားသည့် အဖိုးအခတစ်ခုကို ပေးဆပ်ဖို့ လိုအပ်သည်။ ဤအရာပြီးနောက်မှသာ ဘုရားသခင်၏ရယူခြင်းကို သူတို့ခံရမည်ဖြစ်ပြီး သူတို့၏ စစ်မှန်သည့် ချစ်ခြင်းမေတ္တာကို ဘုရားသခင်ထံ ပြန်လည်ပေးအပ်နိုင်မည် ဖြစ်သည်။ ထိုအခါမှသာလျှင် ဘုရားသခင်၏ စိတ်နှလုံးသည် ကျေနပ်ပါလိမ့်မည်။ အကယ်၍ လူများက ဘုရားသခင်၏ စုံလင်အောင်ပြုလုပ်ပေးခြင်းကို ခံရန်ဆန္ဒရှိသည်ဆိုလျှင်၊ သူ၏အလိုတော်ကို ထမ်းရွက်ပြီး သူတို့၏ စစ်မှန်သည့် ချစ်ခြင်းမေတ္တာကို ဘုရားသခင်ထံ ပေးအပ်လိုလျှင် သေခြင်းထက် ပိုဆိုးသည့် ဝေဒနာကို ခံစားဖို့ရန်အတွက် အခြေအနေများအရ ဖြစ်ပေါ်လာသည့် များပြားလှသော ဆင်းရဲဒုက္ခနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို ကြုံတွေ့ရမည်ဖြစ်ပြီး အဆုံးမှာ သူတို့၏ စစ်မှန်သည့် နှလုံးသားကို ဘုရားသခင်ထံ ပြန်လည်ပေးအပ်ဖို့ တွန်းအားပေးခြင်း ခံရမည်ဖြစ်သည်။ လူတစ်ယောက်က ဘုရားသခင်ကို အမှန်တကယ် ချစ်သလော၊ မချစ်သလောဆိုသည်ကို အခက်အခဲနှင့် စစ်ဆေးခြင်းကာလ၌ ထုတ်ဖော်ခြင်းခံရသည်။ ဘုရားသခင်သည် လူများ၏ ချစ်ခြင်းကို သန့်စင်ပေးသည်၊ ထို့ပြင် ဤအရာကိုလည်း အခက်အခဲနှင့် စစ်ဆေးခြင်းအလယ်၌သာ ရရှိသည်။

# "နှစ်တစ်ထောင်နိုင်ငံတော် ရောက်ရှိလာခဲ့ပြီ" နှင့်ပတ်သက်၍ အကျဉ်းချုပ်ဆွေးနွေးချက်

နှစ်တစ်ထောင်နိုင်ငံတော်၏ ရုပ်ပုံနှင့်ပတ်သက်၍ သင်မည်သည့်အရာကို တွေးထင်သနည်း။ အချို့လူများသည် ယင်းနှင့်ပတ်သက်၍ များစွာ စဉ်းစားကြပြီး၊ "နှစ်တစ်ထောင်နိုင်ငံတော်သည် ကမ္ဘာမြေပေါ်တွင် နှစ်တစ်ထောင်တည်မည် ဖြစ်သည်၊ ထို့ကြောင့် ပိုမိုအသက်ကြီးသော အသင်းသားများအနေဖြင့် အိမ်ထောင်မပြုရသေးလျှင် ၎င်းတို့ အိမ်ထောင်ပြုရမည်လော။

ကျွန်ုပ် မိသားစုသည် ငွေမရှိပါ၊ ကျွန်ုပ် ငွေ စရှာသင့်သလော…” ဟု ဆိုကြသည်။ နှစ်တစ်ထောင်နိုင်ငံတော် ဟူသည်မှာ အဘယ်နည်း။ သင်တို့ သိကြသလော။ လူတို့သည် မျက်စိမှုန်ကြသောကြောင့်၊ များစွာ ဆင်းရဲဒုက္ခခံရကြသည်။ အမှန်တွင် နှစ်တစ်ထောင်နိုင်ငံတော်သည် တရားဝင် မရောက်ရှိသေးပေ။ လူတို့ကို စုံလင်စေခြင်း အဆင့်အတောအတွင်းတွင်၊ နှစ်တစ်ထောင်နိုင်ငံတော်သည် အပျံသင်စ ငှက်ငယ်တစ်ကောင်ကဲ့သို့သာ ဖြစ်သည်။ ဘုရားသခင် ပြောကြားထားသော နှစ်တစ်ထောင်နိုင်ငံတော်၏ အချိန်ကာလတွင်၊ လူသားသည် စုံလင်စေခြင်းခံရပြီး ဖြစ်လိမ့်မည်။ ယခင်က လူတို့သည် သန့်ရှင်းသူများကဲ့သို့ဖြစ်ကာ သိနိမ်ပြည်တွင် မြဲမြံစွာ ရပ်တည်ကြမည်ဟု ပြောကြားထားခဲ့သည်။ လူတို့သည် စုံလင်စေခြင်းခံရသည့်အခါမှသာ- ၎င်းတို့သည် ဘုရားသခင် ပြောထားသော သန့်ရှင်းသူများ ဖြစ်လာသည့်အခါတွင်သာ- နှစ်တစ်ထောင်နိုင်ငံတော် ရောက်ရှိပြီး ဖြစ်လိမ့်မည်။ ဘုရားသခင်က လူများကို စုံလင်စေသည့်အခါ၊ သူသည် ၎င်းတို့ကို သန့်စင်စေပြီး၊ ၎င်းတို့ သာ၍ စင်ကြယ်လေလေ ဘုရားသခင်က ၎င်းတို့ကို သာ၍ စုံလင်စေလေလေ ဖြစ်သည်။ မစင်ကြယ်မှု၊ ပုန်ကန်ခြင်း၊ ဆန့်ကျင်ခြင်းနှင့် သင့်အတွင်းရှိ ဇာတိပကတိ၏ အမှုအရာများကို ထုတ်ပစ်လိုက်သောအခါ၊ သင် သန့်စင်ခံရပြီးချိန်တွင်၊ သင်သည် ဘုရားသခင်၏ ချစ်မြတ်နိုးခြင်းကို ခံရလိမ့်မည် (တစ်နည်းအားဖြင့်၊ သင်သည် သန့်ရှင်းသူဖြစ်လိမ့်မည်)။ သင်သည် ဘုရားသခင်၏ စုံလင်စေခြင်း ခံရပြီး၊ သန့်ရှင်းသူဖြစ်လာသောအခါ၊ နှစ်တစ်ထောင် နိုင်ငံတော်ထဲတွင် သင် ရှိလိမ့်မည်။ ယခုသည် နိုင်ငံတော်ခေတ် ဖြစ်၏။ နှစ်တစ်ထောင် နိုင်ငံတော်ခေတ်တွင်၊ လူတို့သည် အသက်ရှင်ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အားကိုးကြလိမ့်မည် ဖြစ်ပြီး၊ တိုင်းနိုင်ငံအားလုံးသည် ဘုရားသခင်၏ အမည်နာမအောက်သို့ လာကြလိမ့်မည်ဖြစ်ကာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုရန် အားလုံးလာကြလိမ့်မည်။ ထိုအချိန်တွင်၊ အချို့က တယ်လီဖုန်းဖြင့် ခေါ်ဆိုကြမည်၊ အချို့က ဖက်စ်ပို့ကြလိမ့်မည်…၊ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဝင်ကြည့်ရန် နည်းလမ်းတိုင်းကို အသုံးပြုကြလိမ့်မည် ဖြစ်ပြီး၊ သင်တို့သည်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်များ အောက်သို့ လာကြလိမ့်မည်။ ဤအရာအားလုံးသည် လူအားလုံး စုံလင်စေခြင်းခံရသည့်နောက်တွင် ဖြစ်ပျက်သည့်အရာ ဖြစ်သည်။ ယနေ့တွင် လူတို့သည် နှုတ်ကပတ်တော်များမှတဆင့် စုံလင်စေခြင်း၊ စစ်ဆေးခြင်း၊ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် လမ်းပြခြင်းများ ခံရသည်။ ဤသည်မှာ နိုင်ငံတော်ခေတ် ဖြစ်သည်၊ လူတို့ စုံလင်စေခြင်းခံရသည့် အဆင့်ဖြစ်ပြီး၊ နှစ်တစ်ထောင်နိုင်ငံတော်ခေတ်နှင့် မည်သည့်

ဆက်နွယ်မှုမျှ မရှိပေ။ နှစ်တစ်ထောင်နိုင်ငံတော်ခေတ် အတွင်းတွင် လူများသည် စုံလင်စေခြင်းခံရနှင့်ပြီး ဖြစ်လိမ့်မည် ဖြစ်ကာ၊ ၎င်းတို့အတွင်းရှိ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများသည် သန့်စင်ခံရပြီး ဖြစ်လိမ့်မည်။ ထိုအချိန်တွင်၊ ဘုရားသခင် ပြောကြားသော နှုတ်ကပတ်တော်များသည် လူများကို တစ်ဆင့်ပြီးတစ်ဆင့် လမ်းပြလိမ့်မည်ဖြစ်ပြီး၊ ဖန်ဆင်းခြင်းအချိန်မှသည် ယနေ့ထိ ဘုရားသခင်၏ အမှုနှင့်ဆိုင်သော နက်နဲမှုများအားလုံးကို ထုတ်ဖော်ပြသလိမ့်မည်ဖြစ်ကာ သူ၏ နှုတ်ကပတ်တော်များက ခေတ်တိုင်းနှင့် နေ့ရက်တိုင်းရှိ ဘုရားသခင်၏ လုပ်ရပ်များ၊ ယင်းတို့အတွင်း၌ ဘုရားသခင်က လူတို့ကို လမ်းပြပုံ၊ ဝိညာဉ်လောက၌ သူပြုသည့် အမှုတို့ကို လူတို့အား ပြောပြလိမ့်မည် ဖြစ်ပြီး၊ ဝိညာဉ်လောက၏ အင်အားများအကြောင်းကို ၎င်းတို့အား ပြောပြလိမ့်မည်။ ထိုအခါမှသာ ယင်းသည် နှုတ်ကပတ်တော်ခေတ် အမှန်တကယ် ဖြစ်ပေလိမ့်မည်။ ယခုတွင် ယင်းသည် ပွင့်သစ်စ အခြေအနေတစ်ခု၌သာ ရှိသည်။ လူတို့သည် စုံလင်စေခြင်း မခံရသကဲ့သို့ သန့်စင်စေခြင်း မခံရပါက၊ ၎င်းတို့သည် ကမ္ဘာမြေပေါ်တွင် နှစ်တစ်ထောင်ကြာ အသက်ရှင်နိုင်မည် မဟုတ်သကဲ့သို့၊ ၎င်းတို့၏ ခန္ဓာသည် မလွဲမသွေ ပျက်စီးယိုယွင်းပေလိမ့်မည်။ လူတို့သည် အတွင်း၌ သန့်စင်ခံရကာ၊ ၎င်းတို့သည် စာတန်နှင့် ဇာတိပကတိတို့နှင့် မသက်ဆိုင်တော့ပါက၊ ကမ္ဘာမြေပေါ်တွင် ရှင်ကျန်ကြလိမ့်မည်။ ဤအဆင့်တွင် သင်သည် မျက်စိမှုန်ဆဲ ဖြစ်ပြီး၊ သင်တို့ တွေ့ကြုံရသမျှအားလုံးမှာ ဘုရားသခင်ကို ချစ်ခြင်းနှင့် ကမ္ဘာပေါ်တွင် သင်နေထိုင်သမျှနေ့ရက်တိုင်းအတွက် သူ့ကို သက်သေခံခြင်းသာ ဖြစ်သည်။

“နှစ်တစ်ထောင်နိုင်ငံတော် ရောက်ရှိပြီ” ဆိုသည်မှာ ပရောဖက်ပြုချက် တစ်ခု ဖြစ်သည်။ ယင်းသည် အနာဂတ်တွင် ဖြစ်ပျက်မည့်အရာများကို ဘုရားသခင်က ပရောဖက်ပြုပေးထားသည့်၊ ပရောဖက်တစ်ဦး၏ ကြိုတင်ပြောကြားချက်နှင့် အလားတူသည်။ အနာဂတ်တွင် ဘုရားသခင် ပြောသည့် နှုတ်ကပတ်တော်များနှင့် ယနေ့ သူပြောသော နှုတ်ကပတ်တော်များသည် မတူညီပေ။ အနာဂတ် နှုတ်ကပတ်တော်များသည် ခေတ်ကို လမ်းပြလိမ့်မည်ဖြစ်ပြီး၊ ယနေ့ပြောသော နှုတ်ကပတ်တော်များမှာမူ လူတို့ကို စုံလင်စေသည်၊ ၎င်းတို့ကို စစ်ဆေးပြီး၊ ကိုင်တွယ်ဖြေရှင်းလေသည်။ အနာဂတ်ရှိ နှုတ်ကပတ်တော်ခေတ်သည်၊ ယနေ့ နှုတ်ကပတ်တော်ခေတ်နှင့် ကွာခြားသည်။ ယနေ့တွင်၊ ဘုရားသခင် ပြောကြားသော နှုတ်ကပတ်တော်များ အားလုံးသည်- သူ ပြောကြားသည့် နည်းလမ်းကို ပဓာနမထားဘဲ- လူတို့ကို စုံလင်စေရန်၊ ၎င်းတို့အတွင်းရှိ ညစ်ပေသည်များကို သန့်စင်စေရန်၊ ၎င်းတို့ကို သန့်ရှင်းစေရန်နှင့်၊ ဘုရားသခင်ရှေ့မှောက်တွင် ၎င်းတို့ကို ဖြောင့်မတ်စေရန်အလို့ငှာ ဖြစ်သည်။

ယနေ့ ပြောကြားသော နှုတ်ကပတ်တော်များနှင့် အနာဂတ်တွင် ပြောကြားသည့် နှုတ်ကပတ်တော်များသည် သီးခြားအရာနှစ်ခု ဖြစ်သည်။ နိုင်ငံတော်ခေတ်တွင် ပြောကြားသော နှုတ်ကပတ်တော်များသည် လူတို့ကို လေ့ကျင့်မှု အားလုံးထဲသို့ ဝင်ရောက်စေရန်၊ လူတို့ကို အရာရာ၌ လမ်းမှန်ပေါ်သို့ ခေါ်ဆောင်ရန်နှင့်၊ ၎င်းတို့အတွင်းရှိ မစင်ကြယ်သည့်အရာအားလုံးကို ဖယ်ထုတ်ရန်ဖြစ်သည်။ ယင်းမှာ ဤခေတ်တွင် ဘုရားသခင်ပြုသောအရာ ဖြစ်သည်။ သူသည် လူအယောက်တိုင်း၌ သူ၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အခြေခံအုတ်မြစ် တစ်ခုကို ဖန်တီးသည်၊ သူသည် သူ့နှုတ်ကပတ်တော်များကို လူတိုင်း၏အသက်ဖြစ်စေပြီး၊ ၎င်းတို့ကို အတွင်း၌ စဉ်ဆက်မပြတ် အသိဉာဏ်ပွင့်လင်းစေရန်နှင့် လမ်းပြရန် သူ၏နှုတ်ကပတ်တော်များကို အသုံးပြုလေသည်။ ပြီးလျှင် ၎င်းတို့သည် ဘုရားသခင်၏ အလိုကို သတိမထားမိသောအခါ၊ ၎င်းတို့ကို အပြစ်ဆိုကာ ပဲ့ပြင်ဆုံးမရန် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ၎င်းတို့အထဲတွင် ရှိလိမ့်မည်။ ယနေ့၏ နှုတ်ကပတ်တော်များသည် လူသား၏ အသက် ဖြစ်ဖို့ရန် ဖြစ်သည်။ ၎င်းတို့သည် လူသား လိုအပ်သည့် အရာအားလုံးကို တိုက်ရိုက် ထောက်ပံ့ ပေးသည်၊ အတွင်း၌ သင် ချို့တဲ့သည့်အရာ အားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်များက ထောက်ပံ့ပေးထားပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံသူအားလုံးသည် သူ၏နှုတ်ကပတ်တော်များကို စားသောက်ခြင်းအားဖြင့် အသိဉာဏ်ပွင့်လင်းခြင်းခံရကြသည်။ အနာဂတ်တွင် ဘုရားသခင် ပြောကြားသော နှုတ်ကပတ်တော်များသည် စကြဝဠာ တစ်ခွင်လုံး၏ လူတို့ကို လမ်းပြသည်။ ယနေ့တွင် ဤနှုတ်ကပတ်တော်များကို တရုတ်နိုင်ငံတွင်သာ ပြောကြားထားပြီး၊ ၎င်းတို့သည် စကြဝဠာ တစ်ခွင်လုံးတစ်လျှောက် ပြောကြားထားသည့်အရာများကို ကိုယ်စားမပြုပေ။ နှစ်တစ်ထောင်နိုင်ငံတော် ရောက်လာသောအခါတွင်သာ ဘုရားသခင်သည် စကြဝဠာ တစ်ခွင်လုံးကို စကားပြောကြားလိမ့်မည် ဖြစ်သည်။ ယနေ့ ဘုရားသခင် ပြောကြားသော နှုတ်ကပတ်တော်များ အားလုံးသည် လူတို့ကို စုံလင်စေရန် ဖြစ်သည်ကို သိကြလော့။ ဤအဆင့်အတွင်း ဘုရားသခင်ပြောကြားသော နှုတ်ကပတ်တော်များသည် လူတို့၏ လိုအပ်ချက်များကို ထောက်ပံ့ပေးရန်အလို့ငှာ ဖြစ်ပြီး၊ ဘုရားသခင်၏ နက်နဲမှုများကို သင့်အား သိရှိခွင့်ပေးဖို့ သို့မဟုတ် ဘုရားသခင်၏ နိမိတ်လက္ခဏာများကို သင့်အား သိမြင်ခွင့်ပေးရန် မဟုတ်ပေ။ နည်းလမ်းများစွာဖြင့် သူပြောကြားသည်မှာ လူတို့၏ လိုအပ်ချက်များကို ထောက်ပံ့ပေးရန် ဖြစ်သည်။ နှစ်တစ်ထောင်နိုင်ငံတော်ခေတ်သည် မရောက်ရှိသေးပေ- ပြောကြားထားသော နှစ်တစ်ထောင် နိုင်ငံတော်ခေတ်သည် ဘုရားသခင်၏ဘုန်းအသရေ ထင်ရှားသောနေ့ ဖြစ်သည်။ ယုဒပြည်တွင် ယေရှု၏အမှု ပြီးစီးပြီးသည့်နောက်တွင်၊

ဘုရားသခင်သည် သူ၏အမှုကို တရုတ်ပြည်မကြီးသို့ ပြောင်းရွှေ့ခဲ့ပြီး၊ အခြား အစီအစဉ်တစ်ခုကို ဖန်တီးခဲ့သည်။ သူသည် သူ့အမှု၏ အခြားသောအပိုင်းကို သင်တို့ထဲ၌ ပြုသည်၊ နှုတ်ကပတ်တော်များဖြင့် လူတို့ကို စုံလင်စေခြင်း အမှုကို သူ ပြုပြီး၊ လူတို့ကို နာကျင်မှုများစွာ ခံစားရစေဖို့အပြင်၊ ဘုရားသခင်၏ကျေးဇူးတော်များစွာ ရရှိစေဖို့ နှုတ်ကပတ်တော်များကို သူ အသုံးပြုလေသည်။ အမှု၏ ဤအဆင့်သည် အောင်မြင်သောသူတစ်စုကို ဖန်တီးလိမ့်မည်ဖြစ်ပြီး၊ ဤအောင်မြင်သောသူတစ်စုကို သူ ပြုလုပ်ပြီးနောက်တွင်၊ ၎င်းတို့သည် သူ၏ လုပ်ဆောင်ချက်များကို သက်သေခံနိုင်လိမ့်မည်၊ ၎င်းတို့သည် လက်တွေ့အရှိတရားကို အသက်ရှင်နေထိုင်နိုင်ကြလိမ့်မည် ဖြစ်ပြီး၊ သေသည်အထိ သူ့ကို အမှန်တကယ် စိတ်ကျေနပ်စေကာ သစ္စာစောင့်သိကြလိမ့်မည် ဖြစ်၍၊ ဤနည်းဖြင့် ဘုရားသခင်သည် ဘုန်းထင်ရှားလိမ့်မည်။ ဘုရားသခင် ဘုန်းထင်ရှားသည့် အချိန်တွင်- ဆိုလိုသည်မှာ သူသည် ဤလူစုကို စုံလင်စေပြီးချိန်တွင်- ယင်းသည် နှစ်တစ်ထောင်နိုင်ငံတော်ခေတ် ဖြစ်လိမ့်မည်။

ယေရှုသည် ကမ္ဘာမြေပေါ်တွင် သုံးဆယ်သုံးနှစ်ခွဲကြာ ရှိခဲ့သည်၊ သူသည် ကားစင်တင်ခံရခြင်း အမှုကိုပြုရန် ကြွလာခဲ့ပြီး၊ ကားစင်တင်ခံရခြင်းမှတဆင့် ဘုရားသခင်သည် သူ၏ ဘုန်းအသရေ တစ်စိတ်တစ်ပိုင်းကို ရရှိခဲ့သည်။ ဘုရားသခင် လူ့ဇာတိခံသောအခါတွင်၊ သူသည် နှိမ့်ချပြီး ကွယ်ဝှက်နေနိုင်ခဲ့ကာ ကြီးမားသော ဆင်းရဲဒုက္ခကို သည်းခံနိုင်ခဲ့သည်။ သူသည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ခဲ့သော်လည်း၊ အရှက်ရမှုတိုင်းနှင့် ပုတ်ခတ်ဝေဖန်မှုတိုင်းကို ကြံ့ကြံ့ခံခဲ့ရဆဲဖြစ်ပြီး၊ ရွေးနုတ်ခြင်းအမှုကို ပြည့်စုံစေရန်အလို့ငှာ လက်ဝါးကားတိုင်တွင် သံမှိုနှက်ခံရခြင်းဖြင့် ပြင်းစွာသော နာကျင်မှုကို သူ သည်းခံခဲ့သည်။ အမှု၏ ဤအဆင့်ရှိ အဆုံးသတ်သွားသောအခါ၊ ဘုရားသခင်သည် ကြီးစွာသော ဘုန်းအသရေကို ရရှိခဲ့ပြီးဖြစ်သည်ကို လူတို့က မြင်ခဲ့ကြသော်လည်း၊ ဤသည်မှာ သူ၏ ဘုန်းအသရေအလုံးစုံ မဟုတ်ခဲ့ပေ။ ယင်းသည် ယေရှုထံမှ သူရရှိခဲ့သော သူ၏ ဘုန်းအသရေ အစိတ်အပိုင်း တစ်ခုသာ ဖြစ်သည်။ ယေရှုသည် ဆင်းရဲဒုက္ခတိုင်းကို သည်းခံနိုင်ခဲ့သော်လည်း၊ နှိမ့်ချကာ ကွယ်ဝှက်နိုင်ခဲ့သော်လည်း၊ ဘုရားသခင်အတွက် ကားစင်တင် ခံနိုင်ခဲ့သော်လည်း၊ ဘုရားသခင်သည် သူ၏ ဘုန်းအသရေ အစိတ်အပိုင်း တစ်ခုကိုသာ ရရှိခဲ့ပြီး၊ သူ၏ ဘုန်းအသရေကို ဣသရေလတွင် ရရှိခဲ့သည်။ ဘုရားသခင်သည် ဘုန်းအသရေ၏ အခြား အစိတ်အပိုင်းတစ်ခု ရှိနေဆဲဖြစ်သည်- လက်တွေ့ကျကျ အမှုပြုရန်နှင့် လူတစ်စုကို စုံလင်စေရန် ကမ္ဘာမြေသို့ ကြွလာခြင်း ဖြစ်သည်။ ယေရှု၏ အမှုအဆင့်အတွင်းတွင်၊ သူသည် သဘာဝလွန်အရာအချို့ကို လုပ်ဆောင်ခဲ့သော်လည်း၊ ယင်းအမှုအဆင့်သည် နိမိတ်လက္ခဏာနှင့်

အံ့ဖွယ်ရာများကို ပြသရန်အတွက်သာ လုံးဝမဟုတ်ခဲ့ပေ။ ယင်းသည် အဓိကအားဖြင့် ဘုရားသခင်အတွက် ယေရှုသည် ဆင်းရဲဒုက္ခခံနိုင်ပြီး ကားစင်တင်ခံနိုင်ကြောင်း၊ ယေရှုသည် ဘုရားသခင်ကို ချစ်သောကြောင့် ကြီးစွာသောဆင်းရဲဒုက္ခကို ခံစားနိုင်ခဲ့ကြောင်းနှင့် ဘုရားသခင်က သူ့ကို စွန့်ပစ်ခဲ့သော်လည်း၊ သူသည် ဘုရားသခင်၏ အလိုအတွက် သူ၏အသက်ကို စတေးရန် လိုလားနေဆဲဖြစ်ခဲ့သည်ကို ပြသရန် ဖြစ်သည်။ ဣသရေလ၌ ဘုရားသခင်သည် သူ၏ အမှုကို ပြီးစီးခဲ့ပြီး၊ ယေရှုသည် လက်ဝါးကားတိုင်တွင် သံမှိုရိုက်နှက်ခံခဲ့ရပြီးနောက်တွင်၊ ဘုရားသခင်သည် ဘုန်းထင်ရှားခဲ့ပြီး၊ ဘုရားသခင်သည် စာတန်ရှေ့တွင် သက်သေခံခဲ့ပြီး ဖြစ်သည်။ ဘုရားသခင်သည် တရုတ်နိုင်ငံတွင် မည်သို့လူ့ဇာတိခံပြီးဖြစ်သည်ကို သင်တို့ မသိသကဲ့သို့ မြင်လည်းမမြင်ဖူးပေ၊ သို့ဆိုလျှင် ဘုရားသခင်သည် ဘုန်းထင်ရှားပြီးဖြစ်သည်ကို သင်တို့ မည်သို့ မြင်နိုင်သနည်း။ ဘုရားသခင်က သင်တို့ အထဲတွင် သိမ်းပိုက်ခြင်းအမှုကို များစွာပြုပြီး၊ သင်တို့သည် မြဲမြံစွာရပ်တည်ချိန်တွင်၊ ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် ဤအဆင့်သည် အောင်မြင်ပြီး၊ ဤသည်မှာ ဘုရားသခင်၏ ဘုန်းအသရေ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ဤအရာကိုသာ သင်တို့ မြင်ပြီး၊ ဘုရားသခင်၏ စုံလင်စေခြင်းကို မခံရသေး၊ သင်တို့သည် သင်တို့၏နှလုံးသားကို ဘုရားသခင်ထံသို့ လုံးဝ မပေးအပ်ရသေးပေ။ သင်တို့သည် ဤဘုန်းအသရေကို လုံးဝ မမြင်ရသေးပေ။ ဘုရားသခင်က သင်တို့၏နှလုံးသားကို သိမ်းပိုက်ပြီးဖြစ်ကြောင်း၊ သင်တို့သည် သူ့ကို မည်သည့်အခါမျှ မခွဲခွာနိုင်ကြောင်းနှင့် ဘုရားသခင်နောက် အဆုံးထိလိုက်လိမ့်မည် ဖြစ်ကာ၊ သင်တို့၏နှလုံးသား ပြောင်းလဲလိမ့်မည် မဟုတ်ကြောင်း၊ ပြီးလျှင် ဤသည်မှာ ဘုရားသခင်၏ ဘုန်းတော် ဖြစ်ကြောင်းတို့ကိုသာ သင်တို့မြင်ရသည်။ မည်သည့်အရာ၌ ဘုရားသခင်၏ ဘုန်းအသရေကို သင်မြင်ရသနည်း။ လူတို့အထဲရှိ သူ၏ အမှုနှင့်ဆိုင်သော အကျိုးတရားများ၌ ဖြစ်သည်။ ဘုရားသခင်သည် လွန်စွာချစ်ခင်ဖွယ် ဖြစ်သည်ကို လူတို့ မြင်ကြသည်၊ ၎င်းတို့၏နှလုံးသားများထဲတွင် ဘုရားသခင်ရှိပြီး သူ့ကို ခွဲခွာရန် လိုလားနေခြင်း မရှိကြပေ၊ ဤသည်မှာ ဘုရားသခင်၏ ဘုန်းအသရေဖြစ်သည်။ အသင်းတော်များမှ ညီအစ်ကို မောင်နှမများ၏ ခွန်အားထွက်ပေါ်လာပြီး၊ ၎င်းတို့သည် ဘုရားသခင်ကို ၎င်းတို့၏ နှလုံးသားများမှ ချစ်နိုင်ကြသည့်အခါ၊ ဘုရားသခင် ပြုသောအမှု၏ အထွတ်အထိပ် အင်အား၊ သူ၏နှုတ်ကပတ်တော်များ၏ တုနှိုင်းမရသော အင်အားကို မြင်ကြသောအခါ၊ သူ၏ နှုတ်ကပတ်တော်များသည် ဩဇာအာဏာ ရှိပြီး၊ သူသည် တရုတ်ပြည်မ၏ လူမနေသော မြို့ပျက်တစ်ခု၌ သူ၏အမှုကို အစပြုနိုင်သည်ကို ၎င်းတို့ မြင်သောအခါ၊ လူတို့သည် အားနည်းကြသော်လည်း၊ ၎င်းတို့၏ နှလုံးသားများသည် ဘုရားသခင်ရှေ့မှောက်တွင်

ဦးညွှတ်ကြကာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံရန် လိုလားနေကြသောအခါ၊ ၎င်းတို့သည် အားနည်းပြီး မထိုက်တန်ကြသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အလွန်ချစ်ခင်ဖွယ်ဖြစ်ကာ ၎င်းတို့၏ ချစ်မြတ်နိုးမှုနှင့် အလွန်ထိုက်တန်သည်ကို ၎င်းတို့ မြင်နိုင်ကြသောအခါ၊ ဤသည်မှာ ဘုရားသခင်၏ ဘုန်းအသရေဖြစ်သည်။ လူများသည် ဘုရားသခင်၏ စုံလင်စေခြင်းခံရပြီး သူ၏ ရှေ့မှောက်တွင် စွန့်လွှတ်အပ်နှံနိုင်ကြကာ၊ ဘုရားသခင်ကို လုံး၀ နာခံနိုင်ပြီး၊ ၎င်းတို့၏ မျှော်လင့်ချက်များနှင့် ကံကြမ္မာကို ဘုရားသခင်လက်ထဲသို့ ချန်ထားနိုင် သည့်နေ့ရက် ရောက်သောအခါတွင်၊ ဘုရားသခင်၏ ဘုန်းအသရေ ဒုတိယပိုင်းကို လုံး၀ ရရှိပြီးဖြစ်လိမ့်မည်။ ယင်းမှာ လက်တွေ့ကျသော ဘုရားသခင်၏ အမှု လုံး၀ ပြီးစီးပြီးချိန်တွင်၊ တရုတ်ပြည်မကြီးရှိ သူ၏အမှုသည် အဆုံးသတ်သို့ ရောက်လာလိမ့်မည်ဟု ဆိုရပေမည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်၏ ခွဲခန့်မှတ်သားခံထားရပြီး၊ ရွေးချယ်ခံထားရသူများသည် စုံလင်စေခြင်းခံရပြီးချိန်တွင်၊ ဘုရားသခင် ဘုန်းထင်ရှားလိမ့်မည် ဖြစ်သည်။ ဘုရားသခင်က သူသည် သူ၏ ဘုန်းအသရေ ဒုတိယပိုင်းကို အရှေ့အရပ်သို့ ဆောင်ကြဉ်းပြီး ဖြစ်သည်ဟု ပြောကြားခဲ့သော်လည်း၊ ဤအရာကို ပကတိမျက်စိဖြင့် မမြင်နိုင်ပေ။ ဘုရားသခင်သည် သူ၏ အမှုကို အရှေ့ရပ်သို့ ဆောင်ကြဉ်းပြီးဖြစ်သည်- သူသည် အရှေ့အရပ်သို့ ကြွလာနှင့်ပြီးဖြစ်ကာ ဤသည်မှာ ဘုရားသခင်၏ ဘုန်းအသရေ ဖြစ်သည်။ ယနေ့တွင်၊ သူ၏ အမှုသည် ပြီးစီးခြင်း မရှိသေးသော်လည်း၊ ဘုရားသခင်သည် အမှုပြုရန် ဆုံးဖြတ်ပြီးဖြစ်သောကြောင့် ယင်းသည် ဧကန်မုချ ပြီးမြောက်ရပေမည်။ ဘုရားသခင်သည် ဤအမှုကို တရုတ်ပြည်တွင် ပြီးမြောက်ရန် ဆုံးဖြတ်ပြီးဖြစ်ကာ၊ သင်တို့ကို စုံလင်စေရန် စိတ်ဆုံးဖြတ်ပြီးဖြစ်သည်။ ထို့ကြောင့်၊ သူသည် သင်တို့ကို လွတ်လမ်း မပေးပေ- သူသည် သင်တို့၏ နှလုံးသားများကို သိမ်းပိုက်နှင့်ပြီးဖြစ်ကာ၊ သင်ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ သင်ဆက်သွားရမည် ဖြစ်ပြီး၊ ဘုရားသခင်၏ ရယူခြင်းကို သင်တို့ခံရသည့်အခါတွင်၊ ဘုရားသခင် ဘုန်းထင်ရှားပေသည်။ ယနေ့တွင်၊ သင်တို့သည် စုံလင်စေခြင်း မခံကြရသေးသောကြောင့်၊ ဘုရားသခင်သည် လုံး၀ ဘုန်းထင်ရှားခြင်း မရှိသေးပေ။ သင်တို့၏ နှလုံးသားများသည် ဘုရားသခင်ထံ လှည့်ပြန်ပြီး ဖြစ်သော်လည်း၊ သင်တို့၏ဇာတိပကတိတွင် အားနည်းချက်များစွာ ရှိသေး၏၊ သင်တို့သည် ဘုရားသခင်ကို ကျေနပ်စေနိုင်စွမ်း မရှိကြ၊ သင်တို့သည် ဘုရားသခင်၏ အလိုကို သတိမပြုနိုင်ကြသကဲ့သို့၊ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ဖယ်ရှားရမည့် အပျက်သဘောဆောင်သော အရာများစွာ ပိုင်ဆိုင်ကြသေးသကဲ့သို့၊ စမ်းသပ်မှုများနှင့် စစ်ဆေးမှုများစွာကို သင်တို့ ကြုံရဦးမည်ဖြစ်သည်။ ထိုနည်းဖြင့်သာ သင်တို့၏

အသက်စိတ်သဘောထားများ ပြောင်းလဲနိုင်ပြီး ဘုရားသခင်၏ ရယူခြင်း ခံရနိုင်ပေသည်။

## ဘုရားသခင်ကိုသိသောသူများသာလျှင် ဘုရားသခင်ကို သက်သေခံနိုင်ကြသည်

ဘုရားသခင်ကို ယုံကြည်ရန်နှင့် သိကျွမ်းရန်မှာ ကောင်းကင်ဘုံက စီမံထားပြီး ကမ္ဘာမြေက အသိအမှတ်ပြုထားခြင်းဖြစ်ကာ လူ့ဇာတိခံယူသော ဘုရားသခင်သည် သူ၏အမှုကို ကိုယ်တော်တိုင် ဆောင်ရွက်နေသည့် ကာလအတွင်းဖြစ်သော ယနေ့သည်၊ ဘုရားသခင်ကိုသိကျွမ်းရန် အထူးသဖြင့် ကောင်းမွန်သောအချိန်ကာလ ဖြစ်သည်။ ဘုရားသခင်ကို စိတ်ကျေနပ်စေခြင်းသည် ဘုရားသခင်၏ အလိုကို သိနားလည်ခြင်း အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ခြင်းဖြင့် ရရှိသည့်အရာ တစ်ခုဖြစ်ပြီး၊ ဘုရားသခင်၏ အလိုကို သိနားလည်ရန်အလို့ငှာ ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာ အချို့ရှိရန် လိုအပ်သည်။ ဘုရားသခင်နှင့်သက်ဆိုင်သော ဤအသိပညာသည် ဘုရားသခင်ကို ယုံကြည်သူ တစ်ဦးအနေဖြင့် ရှိရမည့် ရူပါရုံဖြစ်သည်၊ ယင်းမှာ လူသား၏ ဘုရားသခင်၌ ယုံကြည်မှု အခြေခံအကြောင်းရင်း ဖြစ်သည်။ ဤအသိပညာ ကင်းမဲ့ခြင်းဖြင့်၊ လူသား၏ ဘုရားသခင်၌ ယုံကြည်မှုသည် မရေရာသော အခြေအနေတစ်ခုတွင်၊ အနှစ်သာရ မဲ့သော သဘောတရားအလယ်တွင် တည်ရှိပေမည်။ ဘုရားသခင် နောက်သို့လိုက်ရန်မှာ ဤသို့သောလူများ၏ ဆုံးဖြတ်ချက်ဖြစ်လျှင်ပင်၊ မည်သည့်အရာကိုမျှ ၎င်းတို့ ရရှိကြလိမ့်မည်မဟုတ်။ ဤရေစီးကြောင်းတွင် မည်သည့်အရာမျှ မရရှိသောသူအားလုံးသည် ဖယ်ရှားခံရမည့်သူများဖြစ်သည်- ၎င်းတို့အားလုံးသည် ကပ်ပါးရပ်ပါးများ ဖြစ်ကြ၏။ ဘုရားသခင်၏ အမှု၏ မည်သည့်အဆင့်ကို သင်တွေ့ကြုံရသည်ဖြစ်စေ၊ သင်သည် ကြီးမြတ်သော ရူပါရုံတစ်ခု ပါရှိသင့်သည်။ သို့မဟုတ်ပါက၊ ဘုရားသခင်၏ အမှုသစ်သည် လူ၏ စိတ်ကူးနိုင်စွမ်းထက် ကျော်လွန်ပြီး လူသားအယူအဆ၏ ဘောင်အပြင်ဘက်တွင် တည်ရှိသောကြောင့်၊ အမှုသစ်၏ အဆင့်တစ်ခုစီကို လက်ခံရန် သင့်အတွက်ခက်ခဲပါလိမ့်မည်။ ထို့ကြောင့် လူကို စောင့်ရှောက်ရန် သိုးထိန်းတစ်ဦး မရှိဘဲနှင့်၊ ရူပါရုံများနှင့်ပတ်သက်သည့် မိတ်သဟာယတွင် ပါဝင်မည့် သိုးထိန်းတစ်ဦး မရှိဘဲနှင့်၊ လူသည် ဤအမှုသစ်ကို လက်မခံနိုင်စွမ်း မရှိပေ။ အကယ်၍ လူသားသည် ရူပါရုံများကို မရရှိနိုင်ပါက၊ ဘုရားသခင်၏အမှုသစ်ကို မရရှိနိုင်ပေ၊ ပြီးလျှင် လူသားသည် ဘုရားသခင်၏အမှုသစ်ကို

မနာခံနိုင်ပါက၊ ဘုရားသခင်၏ အလိုတော်ကို နားလည်နိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် ဘုရားသခင်နှင့်ပတ်သက်သော သူ၏အသိပညာသည် အချည်းနှီးသဘော သက်ရောက်ပေမည်။ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မဆောင်ရွက်မီတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိရမည်ဖြစ်သည်။ ဆိုလိုသည်မှာ သူသည် ဘုရားသခင်၏ အလိုတော်ကို နားလည်ရမည်ဖြစ်သည်။ ဤနည်းဖြင့်သာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တိကျစွာ ဆောင်ရွက်နိုင်ပြီး၊ ဘုရားသခင်၏အလိုတော်နှင့်အညီ ဖြစ်နိုင်ပေသည်။ ဤသည်မှာ သမ္မာတရားကို ရှာဖွေသောသူတိုင်း ပိုင်ဆိုင်ထားရမည့် အရာတစ်ခုဖြစ်ပြီး၊ ဘုရားသခင်ကို သိကျွမ်းရန်ကြိုးစားသော သူတိုင်းကြုံရမည့် ဖြစ်စဉ်လည်း ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိကျွမ်းလာခြင်း ဖြစ်စဉ်သည် ဘုရားသခင်နှင့် ဘုရားသခင်၏ အမှုကို သိကျွမ်းလာခြင်း ဖြစ်စဉ်ဖြစ်သည်။ ထို့ကြောင့် ရှုပါရုံများကိုသိရှိခြင်းသည် လူ့ဇာတိခံ ဘုရားသခင်၏ လူ့သဘာဝအား သိကျွမ်းခြင်းကိုသာ မရည်ညွှန်းဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် အမှုကိုသိကျွမ်းခြင်းတို့လည်း ပါဝင်ပေသည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်မှ ဘုရားသခင်၏ အလိုကို သိနားလည်လာကြပြီး၊ ဘုရားသခင်၏ အမှုမှ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင်၏ဖြစ်ခြင်းတို့ကို သိကျွမ်းလာကြလေသည်။ ဘုရားသခင်၌ ယုံကြည်မှုသည် ဘုရားသခင်ကို သိကျွမ်းခြင်းအဖို့ ပထမခြေလှမ်းဖြစ်သည်။ ဘုရားသခင်ကို ဤကနဦးယုံကြည်ခြင်းမှ သူ့ကို အလေးနက်ဆုံး ယုံကြည်ခြင်းဆီသို့ တိုးတက်ခြင်းဖြစ်စဉ်သည် ဘုရားသခင်ကို သိကျွမ်းလာခြင်းဖြစ်စဉ်၊ ဘုရားသခင်၏အမှုကို တွေ့ကြုံခြင်း ဖြစ်စဉ် ဖြစ်သည်။ သင်သည် ဘုရားသခင်ကို သိကျွမ်းလာခြင်းအတွက် မဟုတ်ဘဲ၊ ဘုရားသခင်ကို ယုံကြည်ခြင်းအတွက်သာ သင်သည် ဘုရားသခင်ကို ယုံကြည်ပါက၊ သင်၏ယုံကြည်ခြင်းတွင် စစ်မှန်မှု မရှိသကဲ့သို့ သင်၏ ယုံကြည်ခြင်းသည် ဖြူစင်မလာနိုင်ပေ- ဤအရာနှင့်ပတ်သက်၍သံသယဖြစ်စရာမရှိပေ။ လူသည် ဘုရားသခင်၏အမှုကို တွေ့ကြုံသည့် ဖြစ်စဉ်အတွင်းတွင်၊ သူသည် ဘုရားသခင်ကို တဖြည်းဖြည်း သိကျွမ်းလာပါက၊ သူ၏ စိတ်သဘောထားသည် တဖြည်းဖြည်း ပြောင်းလဲလိမ့်မည်ဖြစ်ပြီး၊ သူ၏ယုံကြည်မှုသည် တိုး၍ စစ်မှန်လာလိမ့်မည်။ ဤနည်းဖြင့်၊ လူသည် ဘုရားသခင်၌ သူ၏ယုံကြည်ခြင်းတွင် အောင်မြင်မှုရရှိသောအခါတွင်၊ သူသည် ဘုရားသခင်ကို အပြည့်အဝ ရရှိသွားပြီး ဖြစ်လိမ့်မည်။ ဘုရားသခင်သည် သူ၏အမှုကို ကိုယ်တော်တိုင် လုပ်ဆောင်ဖို့ ဒုတိယအကြိမ် လူ့ဇာတိခံယူရန် ထိုကဲ့သို့ အပတ်တကုပ် ကြိုးစားရခြင်း အကြောင်းရင်းမှာ လူသားသည် သူ့ကိုသိကျွမ်းလာနိုင်ဖို့နှင့် သူ့ကို တွေ့မြင်လာနိုင်ဖို့အလို့ငှာ ဖြစ်သည်။ ဘုရားသခင်ကို သိကျွမ်းခြင်း^က^ သည် ဘုရားသခင့်အမှု၏နိဂုံးတွင် ရရှိရမည့် နောက်ဆုံးအကျိုးတရား

ဖြစ်သည်။ ယင်းသည် ဘုရားသခင် အနေဖြင့် လူသားမျိုးနွယ်ကို ပြုလုပ်သည့် နောက်ဆုံးသတ်မှတ်ချက် ဖြစ်သည်။ ဤအရာကို ဘုရားသခင် လုပ်ဆောင်ရသည့် အကြောင်းရင်းမှာ သူ၏နောက်ဆုံး သက်သေခံချက်အတွက်ဖြစ်သည်။ လူသားအနေဖြင့် နောက်ဆုံးတွင် သူ့ထံသို့ လုံးဝ ပြန်လှည့်နိုင်စေဖို့အလို့ငှာ၊ ဤအမှုကို သူပြုခြင်း ဖြစ်သည်။ လူသားသည် ဘုရားသခင်ကို သိကျွမ်းခြင်းအားဖြင့်သာ ဘုရားသခင်ကို ချစ်လာနိုင်ပြီး၊ ဘုရားသခင်ကို ချစ်ရန် သူသည် ဘုရားသခင်ကို သိကျွမ်းရမည် ဖြစ်သည်။ သူသည် မည်သို့ရှာဖွေသည်ဖြစ်စေ၊ သို့မဟုတ် မည်သည့်အရာကိုရရှိရန် ကြိုးစားသည်ဖြစ်စေ၊ သူသည် ဘုရားသခင်နှင့်ပတ်သက်သော အသိပညာကို ရရှိနိုင်ရမည်ဖြစ်သည်။ ဤနည်းဖြင့်သာ လူသည် ဘုရားသခင်၏စိတ်နှလုံးကို ကျေနပ်စေနိုင်ပေသည်။ ဘုရားသခင်ကို သိကျွမ်းခြင်းအားဖြင့်သာ လူသားသည် ဘုရားသခင်၌ စစ်မှန်သည့် ယုံကြည်ခြင်း ရှိနိုင်ပြီး၊ ဘုရားသခင်ကို သိကျွမ်းခြင်းအားဖြင့်သာ သူသည် ဘုရားသခင်ကို အမှန်တကယ် ကြည်ညိုကာ နာခံနိုင်ပေသည်။ ဘုရားသခင်ကို မသိသော သူတို့သည် ဘုရားသခင်ကို စစ်မှန်စွာနာခံခြင်းနှင့် ကြည်ညိုခြင်းသို့ မည်သည့်အခါမျှ ရောက်ရှိမည်မဟုတ်ပေ။ ဘုရားသခင်ကို သိကျွမ်းခြင်းတွင် သူ၏စိတ်သဘောထားကိုသိခြင်း၊ သူ၏အလိုကို နားလည်ခြင်းနှင့် သူ၏ဖြစ်ခြင်းကိုသိခြင်းတို့ ပါဝင်သည်။ သို့သော်လည်း တစ်စုံတစ်ယောက်သည် မည်သည့်ရှုထောင့်ကို သိရှိလာသည်ဖြစ်စေ၊ ရှုထောင့်အသီးသီးသည် လူတို့အနေဖြင့် အဖိုးအခပေးရန် လိုအပ်ပြီး၊ နာခံရန် အလိုဆန္ဒ လိုအပ်ပေသည်၊ ထိုအရာမပါဘဲနှင့် မည်သူမျှ အဆုံးထိ ဆက်လက်လိုက်လျှောက်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်၏အမှုသည် လူသား၏ အယူအဆများနှင့် အလွန် သဟဇာတ မဖြစ်ပေ။ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင်၏ ဖြစ်ခြင်းတို့သည် လူသားအတွက် သိရှိရန် အလွန်ခက်ခဲပြီး၊ ဘုရားသခင် ပြောဆိုကာ လုပ်ဆောင်သော အရာရာတိုင်းသည် လူသားအတွက် အလွန်နားမလည်နိုင်သောအရာ ဖြစ်သည်။ လူသား ဘုရားသခင်နောက်သို့ လိုက်ရန် ဆန္ဒရှိသော်လည်း၊ သူ့ကို နာခံရန် လိုလားခြင်းမရှိပါက၊ လူသည် မည်သည့်အရာကိုမျှ ရရှိမည် မဟုတ်ပေ။ ကမ္ဘာလောကကို ဖန်ဆင်းခြင်းမှ ယနေ့အထိ၊ ဘုရားသခင်သည် လူသားအဖို့ နားမလည်နိုင်သကဲ့သို့၊ လူသားက လက်ခံရန် ခက်ခဲသော အမှုများစွာကို လုပ်ဆောင်ပြီးဖြစ်ကာ၊ လူသား၏အယူအဆများကို နိဂုံးချုပ်ရန် ခက်ခဲစေသည့် အရာများစွာကို ဘုရားသခင် ပြောဆိုပြီးဖြစ်သည်။ သို့သော် လူတို့၏ များလှစွာသော အခက်အခဲများရှိခြင်းကြောင့်၊ ဘုရားသခင်သည် သူ၏အမှုကို မည်သည့်အခါတွင်မျှ ရပ်စဲခြင်းမရှိလေပြီ။ ယင်းထက်၊ သူသည် အမှုပြုခြင်းနှင့် စကားပြောဆိုခြင်းတို့ကို ဆက်လက်

ဆောင်ရွက်ပြီးဖြစ်ကာ၊ မြောက်မြားလှစွာသော "စစ်သည်တော်များ" သည် လမ်းဘေးတွင် လဲကျကြပြီးဖြစ်သော်လည်း၊ သူသည် သူ၏အမှုကို လုပ်ဆောင်လျက်ရှိနေဆဲဖြစ်ပြီး၊ သူ၏အမှုသစ်ကို ကျိုးနွံနာခံရန် ဆန္ဒရှိသည့် လူတစ်စုပြီးတစ်စုကို နားချိန်မရှိဘဲ၊ ဆက်လက် ရွေးချယ်နေဆဲဖြစ်သည်။ သူသည် ကျရှုံးသွားသော "သူရဲကောင်းများ" အတွက် သနားခြင်းမရှိပေ၊ ယင်းအစား သူ၏အမှုသစ်နှင့် နှုတ်ကပတ်တော်များကို လက်ခံသောသူများအား တန်ဖိုးထား လေသည်။ သို့ရာတွင် သူသည် မည်သည့်ရည်ရွယ်ချက်အတွက် ဤနည်းဖြင့် အမှုကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သနည်း။ အဘယ်ကြောင့် သူသည် လူအချို့ကို အမြဲဖယ်ရှားပြီး အခြားသူတို့ကို ရွေးချယ်နေပါသနည်း။ အဘယ်ကြောင့် သူသည် ထိုသို့သော နည်းလမ်းတစ်ခုကို အမြဲတမ်းအသုံးပြုသနည်း။ သူ့အမှု၏ ရည်ရွယ်ချက်မှာ လူသားက သူ့ကိုသိကျွမ်းစေရန်နှင့် ထိုသို့ဖြင့် သူ့၏ ရယူခြင်းခံရစေရန်ဖြစ်သည်။ သူ့အမှု၏ အခြေခံသဘောတရားမှာ ယနေ့သူလုပ်ဆောင်သောအမှုကို ကျိုးနွံနာခံနိုင်သော သူများအပေါ်တွင် အမှုပြုရန်ဖြစ်ပြီး၊ ယခင်က သူလုပ်ဆောင်ခဲ့သော အမှုကို နာခံသောသူ များလင့်ကစား ယနေ့သူလုပ်ဆောင်သော အမှုကို ဆန့်ကျင်သောသူတို့အပေါ် အမှုပြုရန် မဟုတ်ပေ။ ဤတွင် များလှစွာသော လူတို့ကို သူသုတ်သင်ရှင်းလင်းနေခဲ့သည့် အကြောင်းရင်း တည်ရှိပေသည်။

ဘုရားသခင်ကိုသိကျွမ်းလာခြင်း သင်ခန်းစာ၏ အကျိုးတရားများကို တစ်ရက် သို့မဟုတ် နှစ်ရက်ဖြင့် မရရှိနိုင်ပေ။ လူသားအနေဖြင့် အတွေ့အကြုံများကို စုဆောင်းရမည်၊ ဆင်းရဲဒုက္ခကို ကြုံရမည်ဖြစ်ပြီး၊ စစ်မှန်သော ကျိုးနွံနာခံခြင်းကို ရရှိရမည်။ ပထမဦးဆုံးအနေဖြင့် ဘုရားသခင်၏အမှုနှင့် နှုတ်ကပတ်တော်များမှ စတင်လော့။ ဘုရားသခင်နှင့် ပတ်သက်သော အသိပညာတွင် မည်သည့်အရာ ပါဝင်သည်၊ ဤအသိပညာကို မည်သို့ရရှိနိုင်မည် ဆိုသည်နှင့် သင်၏အတွေ့အကြုံများထဲတွင် ဘုရားသခင်ကို မည်သို့တွေ့မြင်ရမည်တို့ကို သင့်အနေဖြင့် နားလည်ရန်မှာ အလွန်အရေးကြီးသည်။ ဤသည်မှာ ဘုရားသခင်ကို မသိသေးသည့် အချိန်တွင် အယောက်တိုင်းလုပ်ဆောင်ရမည့် အရာဖြစ်သည်။ ဘုရားသခင်၏အမှုနှင့် နှုတ်ကပတ်တော်များကို မည်သူမျှ တစ်ချက်တည်းဖြင့် သဘောမပေါက်နိုင်သကဲ့သို့၊ ဘုရားသခင်၏ အလုံးစုံနှင့် ပတ်သက်သော အသိပညာကို အချိန်တိုတစ်ခုအတွင်း မည်သူမျှမရရှိနိုင်ပေ။ လိုအပ်သည့် အတွေ့အကြုံဖြစ်စဉ်တစ်ခုရှိပြီး၊ ယင်းမပါဘဲနှင့် မည်သူမျှ ဘုရားသခင်ကို သိကျွမ်းနိုင်မည်မဟုတ်၊ သို့မဟုတ် စိတ်ရင်းအမှန်ဖြင့် သူ့နောက်လိုက်နိုင်မည် မဟုတ်ပေ။ သာ၍ များသော အမှုကို ဘုရားသခင် လုပ်ဆောင်လေ၊ သူ့ကို လူသားက သာ၍သိလေဖြစ်သည်။ ဘုရားသခင်၏အမှုသည် လူသား၏ အယူအဆများနှင့်

သာ၍ကွဲလွဲမှုရှိလေ၊ ဘုရားသခင်နှင့် ပတ်သက်သော လူသား၏ အသိပညာသည် သာ၍အသစ်ပြုပြင်ခံရကာ သာ၍လေးနက်လေဖြစ်သည်။ အကယ်၍ ဘုရားသခင်၏အမှုသည် အစဉ်အမြဲ တစ်သမတ်တည်းဖြစ်ပြီး မပြောင်းလဲဘဲရှိနေပါက၊ လူသား၏ ဘုရားသခင်နှင့်ပတ်သက်သော အသိပညာမှာ သိပ်ရှိမည် မဟုတ်ပေ။ ဖန်ဆင်းခြင်း အချိန်ကာလနှင့် မျက်မှောက်ကာလကြားတွင် ပညတ်တော်ခေတ်အတွင်း ဘုရားသခင်ပြုခဲ့သော အရာ၊ ကျေးဇူးတော်ခေတ်အတွင်း သူပြုခဲ့သောအရာနှင့် နိုင်ငံတော်ခေတ် အတွင်း သူပြုသည့်အရာ- ဤရူပါရုံများအကြောင်းကို သင်တို့အနေဖြင့် ရှင်းလင်းပြတ်သားရမည်။ သင်တို့သည် ဘုရားသခင်၏အမှုကို သိရမည်။ ယေရှုနောက်သို့ လိုက်သည့်နောက်မှသာ ပေတရုသည် ယေရှု၌ လုပ်ဆောင်ခဲ့သည့် ဝိညာဉ်တော်၏ အမှုများစွာအကြောင်းကို တဖြည်းဖြည်း သိကျွမ်းလာခဲ့သည်။ သူက၊ "လူ၏အတွေ့အကြုံများ ပေါ်တွင် မှီခိုအားထားခြင်းသည် ပြည့်စုံသော အသိပညာရရှိရန် မလုံလောက်ပေ။ ဘုရားသခင်ကိုသိကျွမ်းရန် ကျွန်ုပ်တို့ကို ကူညီပေးမည့် ဘုရားသခင်၏ အမှုထံမှ အသစ်သော အရာများစွာ ရှိရပေမည်။" ဟု ပြောခဲ့သည်။ ကနဦးအစတွင်၊ ပေတရုက ယေရှုကို တမန်တော်တစ်ပါးကဲ့သို့ ဘုရားသခင်၏ စေလွှတ်ခြင်း ခံရသောသူဟု ယုံကြည်ခဲ့ပြီး၊ ယေရှုကို ခရစ်တော်အဖြစ် သူမမြင်ခဲ့ပေ။ ဤအချိန်တွင် ယေရှုနောက်သို့ သူစတင် လိုက်ခဲ့သည့်အခါ၊ ယေရှုက သူ့ကို "ယောန၏သား ရှိမုန်။ သင်သည် ငါ့နောက်သို့ လိုက်မည်လော။" ဟု မေးခဲ့သည်။ ပေတရုက၊ "ကောင်းကင်ဘုံရှင် ခမည်းတော် စေလွှတ်သောသူနောက်သို့ ကျွန်ုပ်လိုက်ရပါမည်။ သန့်ရှင်းသော ဝိညာဉ်တော်က ရွေးချယ်ထားသော သူကို ကျွန်ုပ်အသိအမှတ် ပြုရပါမည်။ ကိုယ်တော် နောက်သို့ ကျွန်ုပ်လိုက်ပါမည်။" ဟု ဖြေကြားခဲ့သည်။ သူ၏စကားများမှ၊ ပေတရုသည် ယေရှုနှင့်ပတ်သက်၍ မည်သည့်အသိပညာမျှ မရှိသည်ကို တွေ့နိုင်သည်။ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခဲ့ရသည်၊ မိမိကိုယ်ကိုယ် ကိုင်တွယ်ဖြေရှင်းခဲ့ပြီးဖြစ်ကာ၊ ဘုရားသခင်အတွက် ဆင်းရဲဒုက္ခကို ခံစားခဲ့ရပြီးဖြစ်သော်လည်း၊ ဘုရားသခင်၏ အမှုနှင့် သက်ဆိုင်သည့် အသိပညာ သူမရှိခဲ့ပေ။ တွေ့ကြုံမှုကာလတစ်ခု ကြာမြင့်ပြီးနောက်တွင်၊ ပေတရုသည် ယေရှုထဲ၌ ဘုရားသခင်၏ လုပ်ဆောင်ချက်များစွာကို မြင်တွေ့ခဲ့သည်၊ ဘုရားသခင်၏ နှစ်လိုဖွယ်ကောင်းမှုကို သူမြင်တွေ့ခဲ့ပြီး၊ ဘုရားသခင်၏ ဖြစ်တည်မှုကို ယေရှုအထဲ၌ များစွာ သူမြင်တွေ့ခဲ့သည်။ အလားတူပင် ယေရှု ပြောဆိုခဲ့သော နှုတ်ကပတ်တော်များကို လူသားက ပြောနိုင်မည် မဟုတ်သကဲ့သို့၊ ယေရှုပြုခဲ့သော အမှုကို လူသားက လုပ်ဆောင်နိုင်မည် မဟုတ်သည်ကိုလည်း ပေတရုတွေ့မြင်ခဲ့သည်။ ထို့အပြင်၊

ယေရှု၏ နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက်များတွင်၊ ပေတရုသည် ဘုရားသခင်၏ ဉာဏ်ပညာများစွာနှင့် ဘုရား သဘောသဘာဝ၏ အမှုများစွာတို့ကို တွေ့မြင်ခဲ့သည်။ သူ၏ အတွေ့အကြုံများအတွင်းတွင်၊ ပေတရုသည် မိမိကိုယ်ကိုယ် သိရှိလာခဲ့ရုံမျှမက၊ ယေရှု၏ လုပ်ဆောင်ချက်တိုင်းကို သေချာ အာရုံစိုက်ခဲ့ပြီး၊ ယင်းမှ အသစ်သောအရာများစွာကို သူရှာဖွေတွေ့ရှိခဲ့သည်၊ အတိအကျ ဆိုရသော်၊ ယေရှုမှတစ်ဆင့် ဘုရားသခင် လုပ်ဆောင်ခဲ့သော အမှုထဲတွင် ဘုရားသခင်၏ လက်တွေ့ကျသော ဖော်ပြချက်များစွာ ရှိခဲ့သည်ဆိုသည်နှင့်၊ သူပြောဆိုခဲ့သော နှုတ်ကပတ်တော်များနှင့် သူပြုခဲ့သော လုပ်ဆောင်ချက်များအပြင် အသင်းတော်များကို ထိန်းကျောင်းခဲ့သည့် နည်းလမ်းနှင့် သူဆောင်ရွက်ခဲ့သော အမှုတို့တွင် ယေရှုသည် သာမန်လူသားနှင့် ကွာခြားသည်ဆိုသည်တို့ ဖြစ်သည်။ ထို့ကြောင့် ပေတရုသည် ယေရှုထံမှ သူသင်ယူသင့်သော သင်ခန်းစာများစွာကို သင်ယူခဲ့ရပြီး၊ ကားတိုင်ပေါ်တွင် ယေရှု သံမှိုဖြင့်ရိုက်ခံရတော့မည့်အချိန်တွင် သူသည်- ယေရှုအဖို့ သူ၏ရာသက်ပန် သစ္စာစောင့်သိမှုနှင့် သခင့်အတွက် သူခံစားခဲ့ရသည့် ဖောက်ထိုး ကားစင်တင်ခံရခြင်းတို့အတွက် အခြေခံ ဖြစ်လာခဲ့သည့် အသိပညာ- ယေရှုနှင့်ပတ်သက်သော အသိပညာ ပမာဏအချို့ကို ရရှိခဲ့ပြီးဖြစ်သည်။ သူသည် အစတွင် အယူအဆ အချို့ရှိခဲ့ပြီး ယေရှုနှင့်သက်ဆိုင်သည့် ရှင်းလင်းသော အသိပညာ မရှိခဲ့သော်လည်း၊ ထိုသို့သောအရာများသည် မလွဲမသွေ ဖောက်ပြန်ပျက်စီးသော လူသား၏ အစိတ်အပိုင်း တစ်ခု ဖြစ်ပေသည်။ ယေရှု ထွက်ခွာတော့မည့်အချိန်တွင်၊ သူက ပေတရုအား သူ၏ ကားစင်တင်ခံရခြင်းသည် သူ လုပ်ဆောင်ရန်ကြွလာသည့် အမှုဖြစ်ကြောင်း ပြောပြခဲ့သည်။ သူသည် ခေတ်ကာလ၏ စွန့်ပယ်ခြင်းကို ခံရရန်နှင့် ဤမစင်ကြယ်သကဲ့သို့ အိုဟောင်းသည့် ခေတ်ကာလသည် သူ့ကို ကားတိုင်တွင် သံမှိုရိုက်သင့်သည်မှာ လိုအပ်ခဲ့သည်။ သူသည် ရွေးနုတ်ခြင်းအမှုကို ပြည့်စုံစေရန် ကြွလာခဲ့ခြင်းဖြစ်ပြီး၊ ဤအမှုကို ပြည့်စုံစေခြင်းဖြင့် သူ၏သာသနာသည် အဆုံးသတ်မည်ဖြစ်သည်။ ဤအရာကို ကြားသိရလျှက်၊ ပေတရုသည် ဝမ်းနည်းပူဆွေးကာ၊ ယေရှုကို သာ၍ပင် သံယောဇဉ် ရှိလာခဲ့သည်။ ယေရှုသည် ကားတိုင်ပေါ် သံမှိုရိုက်ခံခဲ့ရသောအချိန်တွင်၊ ပေတရုသည် တစ်ကိုယ်တည်း အသည်းအသန် ငိုကြွေးခဲ့သည်။ ဤမတိုင်မီက၊ ပေတရုသည် ယေရှုကို၊ "ကျွန်ုပ်၏သခင်။ ကိုယ်တော် ကားစင်တင်ခြင်းခံရတော့မည်ဟု ကိုယ်တော်ပြောသည်။ ကိုယ်တော် ထွက်သွားပြီးသည့်နောက် မည်သည့်အချိန်တွင် ကျွန်ုပ်တို့ ကိုယ်တော့်ကို ထပ်မံတွေ့ရမည်နည်း။" ဟု မေးခဲ့သည်။ သူပြောခဲ့သော စကားလုံးများထဲတွင် မည်သည့်ဖောက်ပြန်မှု၏ အရိပ်လက္ခဏာမျှ မပါရှိခဲ့ပါသလော။ ယင်းတို့အထဲတွင် မည်သည့်အယူအဆမျှ မရောနှော ခဲ့ပါသလော။

သူ၏စိတ်နှလုံးထဲတွင် ယေရှုသည် ဘုရားသခင်အမှု၏ အစိတ်အပိုင်းတစ်ခုကို ပြည့်စုံစေရန် ကြွလာခဲ့ပြီးဖြစ်ကာ ယေရှု ထွက်ခွာသွားပြီးနောက် ဝိညာဉ်တော်သည် သူနှင့်အတူ ရှိလိမ့်မည်ကို သူသိခဲ့သည်။ ယေရှုသည် ကားတိုင်ပေါ်တွင် သံမှိုရိုက်ခံရကာ ကောင်းကင်သို့ တက်ကြွသွားမည်ဖြစ်သော်လည်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူနှင့်အတူ ရှိမည်ဖြစ်သည်။ ထိုအချိန်တွင်၊ ပေတရုသည် ယေရှုနှင့် သက်ဆိုင်သော အသိအချို့ ရှိခဲ့သည်၊ ယေရှုသည် ဘုရားသခင် ဝိညာဉ်တော်၏ စေလွှတ်ခြင်း ခံခဲ့ရသည်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ၏အတွင်း၌ ရှိခဲ့သည်ဆိုသည်နှင့် ယေရှုသည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည်၊ သူသည် ခရစ်တော် ဖြစ်သည်ဆိုသည်တို့ကို သူသိရှိခဲ့သည်။ သို့ရာတွင်၊ ပေတရုသည် ထိုသို့သော စကားများကို ပြောဆိုခဲ့သည်မှာ ယေရှုအတွက် သူထားရှိသော သူ၏ချစ်ခြင်းမေတ္တာကြောင့်၊ ပြီးလျှင် သူ၏ လူသားအားနည်းချက်တို့ကြောင့် ဖြစ်သည်။ အကယ်၍ ဘုရားသခင်၏ အမှုအဆင့်တိုင်းတွင် တစ်စုံတစ်ဦးသည် စောင့်ကြည့်ပြီး ဒုက္ခသုခခံ၍ တွေ့ကြုံနိုင်ပါက၊ ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုကို တဖြည်းဖြည်း ရှာဖွေတွေ့ရှိလာနိုင်မည် ဖြစ်သည်။ ပေါလုသည် သူ၏ရူပါရုံကို မည်သည့်အရာဟု မှတ်ယူခဲ့သနည်း။ ယေရှုသည် သူ့ထံသို့ ပေါ်လာချိန်တွင်၊ ပေါလုက၊ "သခင်၊ ကိုယ်တော်သည် အဘယ်သူနည်း" ဟု ဆိုခဲ့သည်။ ယေရှုက၊ "ငါကား သင်ညှဉ်းဆဲသော ယေရှုဖြစ်သတည်း" ဟု ပြောဆိုခဲ့သည်။ ဤသည်မှာ ပေါလု၏ ရူပါရုံဖြစ်ခဲ့သည်။ ပေတရုသည် သူ့ဘဝခရီး အဆုံးအထိ ယေရှု၏ ရှင်ပြန်ထမြောက်ခြင်း၊ ရက်ပေါင်း ၄၀ ကိုယ်ထင်ပြခြင်းနှင့် ယေရှု၏ တစ်သက်တာ သွန်သင်ချက်များကို သူ၏ရူပါရုံအဖြစ် သဘောထား ခဲ့သည်။

လူသားသည် ဘုရားသခင်၏အမှုကို တွေ့ကြုံသည်၊ မိမိကိုယ်ကိုယ် သိရှိလာသည်၊ သူ၏ ဖောက်ပြန်ပျက်စီးနေသော စိတ်သဘောထားကို သန့်စင်စေပြီး၊ အသက်တာ၌ ကြီးထွားခြင်းကို ရှာဖွေလေသည်၊ အားလုံးမှာ ဘုရားသခင်ကို သိကျွမ်းခြင်းအတွက် ဖြစ်သည်။ သင်သည် သင့်ကိုယ်သင် သိရှိရန်နှင့် သင်၏ ကိုယ်ပိုင် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ကိုင်တွယ်ဖြေရှင်းရန်သာ ကြိုးစားသော်လည်း၊ လူသားအပေါ် မည်သည့်အမှု ဘုရားသခင် လုပ်ဆောင်သည်၊ သူ၏ကယ်တင်ခြင်း မည်မျှကြီးမြတ်သည်၊ သို့မဟုတ် ဘုရားသခင်၏အမှုကို သင်မည်ကဲ့သို့တွေ့ကြုံပြီး သူ၏ လုပ်ဆောင်ချက်များကို သက်သေခံခဲ့သည်ဆိုသည်တို့နှင့် သက်ဆိုင်သည့် အသိပညာမရှိပါက၊ သင်၏ ဤအတွေ့အကြုံသည် အကျိုးမရှိပေ။ အကယ်၍ တစ်စုံတစ်ဦးသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်ကာ ကြံ့ကြံ့ခံနိုင်သောကြောင့်မျှသာ သူ၏အသက်တာသည် ရင့်ကျက်မှုကို ရရှိပြီဟု သင်ထင်မြင်ပါက၊ ဤသည်မှာ သင့်အနေဖြင့် ဘဝ၏ စစ်မှန်သော အဓိပ္ပာယ်၊ သို့မဟုတ် လူသားကို စုံလင်စေခြင်းတွင် ဘုရားသခင်၏

ရည်ရွယ်ချက်ကို သဘောမပေါက်သေးဟု ဆိုလိုပေသည်။ တစ်နေ့တွင်၊ သင်သည် ဘာသာရေးအသင်းတော်များ၌ ရှိသည့်အခါ၊ နောင်တအသင်းတော် သို့မဟုတ် အသက်အသင်းတော်မှ အသင်းဝင်များအလယ် ရှိနေချိန်တွင် မိမိတို့၏ ဆုတောင်းချက်များ၌ "ရူပါရုံ" ပါရှိသူနှင့် မိမိတို့အသက်တာ လိုက်စားရှာဖွေမှုတွင် တို့ထိမှုခံစားရပြီး နှုတ်ကပတ်တော်များ၏ လမ်းပြမှုခံရသည့် ဘာသာရေးအလွန် ကိုင်းရှိုင်းသည့် လူများစွာကို အမှတ်မထင်တွေ့ရလိမ့်မည်ဖြစ်သည်။ ထို့အပြင် ကိစ္စများစွာတွင် ၎င်းတို့သည် သည်းခံနိုင်ကြပြီး၊ မိမိကိုယ်ကိုယ် စွန့်လွှတ်နိုင်ကာ ဇာတိပကတိ၏ ဦးဆောင်မှုကိုမခံရဘဲ ရှိနိုင်ကြသည်။ ထိုအချိန်တွင်၊ သင်သည် ခြားနားမှုကို ပြောနိုင်လိမ့်မည် မဟုတ်ပေ။ ၎င်းတို့လုပ်ဆောင်သည့်အရာတိုင်းသည် မှန်သည်၊ အသက်တာ၏ သဘာဝအလျောက်ဖော်ပြချက်ဖြစ်ကာ ၎င်းတို့ယုံကြည်သော နာမသည် မှားယွင်းနေသည်မှာ အလွန်နှမြောစရာကောင်းသည်ဟု သင်ထင်လိမ့်မည်။ ထိုသို့သော အမြင်များသည် မိုက်မဲသည် မဟုတ်လော။ များစွာသော လူတို့သည် အသက်မရှိဟု အဘယ်ကြောင့် ဆိုရသနည်း။ အကြောင်းမှာ ၎င်းတို့သည် ဘုရားသခင်ကို မသိကျွမ်းသောကြောင့်ဖြစ်ပြီး၊ ဤအကြောင်းကြောင့် ၎င်းတို့၏ နှလုံးသားများထဲတွင် ဘုရားသခင်မရှိသကဲ့သို့ အသက်မရှိဟု ဆိုရခြင်း ဖြစ်သည်။ အကယ်၍ ဘုရားသခင်၌ သင်၏ယုံကြည်မှုသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များ၊ ဘုရားသခင်၏စစ်မှန်မှုနှင့် ဘုရားသခင့် အမှု၏အဆင့်တိုင်းကို စေ့စပ်စွာ သင်သိရှိနိုင်စွမ်းရှိသည့် အဆင့်တစ်ခုသို့ ရောက်ရှိပြီးဖြစ်ပါက၊ သင်သည် သမ္မာတရားကို ပိုင်ဆိုင်ထားပေသည်။ အကယ်၍ သင်သည် ဘုရားသခင်၏အမှုနှင့် စိတ်သဘောထားကိုမသိပါက၊ သင်၏ အတွေ့အကြုံတွင် တစ်စုံတစ်ခု လိုနေဆဲဖြစ်သည်။ သူ၏အမှုနှင့် သက်ဆိုင်သည့် ထိုအဆင့်ကို ယေရှု မည်သို့ ဆောင်ရွက်ခဲ့သည်၊ ဤအဆင့်ကို မည်သို့ဆောင်ရွက်ထားသည်၊ ကျေးဇူးတော်ခေတ်တွင် ဘုရားသခင်သည် သူ၏အမှုကို မည်သို့ လုပ်ဆောင်ခဲ့ပြီး မည်သည့်အမှုကို လုပ်ဆောင်ခဲ့သည်၊ ဤအဆင့်တွင် မည်သည့်အမှုကို လုပ်ဆောင်လျက်ရှိသည်- ဤအရာများနှင့် သက်ဆိုင်သည့် စေ့စပ်သေချာသော အသိပညာ သင်မရှိပါက၊ သင့်အနေဖြင့် စိတ်ချသေချာမှုကို မည်သည့်အခါမျှ ခံစားရလိမ့်မည် မဟုတ်သကဲ့သို့၊ အမြဲ လိပ်ပြာမလုံ ရှိပေလိမ့်မည်။ အကယ်၍ တွေ့ကြုံရသည့်ကာလတစ်ခုပြီးနောက်တွင်၊ သင်သည် ဘုရားသခင် လုပ်ဆောင်သောအမှုနှင့် သူ့အမှု၏အဆင့်တိုင်းကို သိရှိနိုင်ပါက၊ ပြီးလျှင် သူ၏နှုတ်ကပတ်တော်များကို ပြောဆိုရာတွင် ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် သူပြောဆိုခဲ့သည့် အလွန်များလှစွာသော နှုတ်ကပတ်တော်များ မပြည့်စုံရသေးသည့်အကြောင်းရင်းနှင့် သက်ဆိုင်သည့် နှံ့စပ်သည့်

အသိပညာကို သင် ရရှိပြီးဖြစ်ပါက၊ သင်သည် စိုးရိမ်မှုနှင့် စစ်ဆေးခြင်းသို့ ကင်းလွတ်လျက်၊ ရှေ့ဆက်လမ်းကို ရဲဝံ့စွာနှင့် တွန့်ဆုတ်ခြင်းမရှိဘဲ လိုက်စားရှာဖွေ နိုင်ပေသည်။ ဘုရားသခင်က သူ၏အမှုများစွာကို မည်သည့်နည်းဖြင့် စွမ်းဆောင်ရရှိခဲ့သည်ကို သင်တို့မြင်တွေ့သင့်သည်။ သူသည် လူကို စစ်ဆေးရင်းနှင့် လူ၏ အယူအဆများကို မတူကွဲပြားသည့် အမျိုးမျိုးသော နှုတ်ကပတ်တော်များစွာဖြင့် အသွင်ပြောင်းလဲစေရင်း၊ သူပြောဆိုသော နှုတ်ကပတ်တော်များကို အသုံးပြုလေသည်။ သင်တို့ သည်းခံပြီးဖြစ်သော ဆင်းရဲဒုက္ခအားလုံး၊ သင်တို့ကြုံရပြီးဖြစ်သည့် စစ်ဆေးခြင်းအားလုံး၊ သင်တို့အတွင်း၌ သင်တို့လက်ခံကြပြီးဖြစ်သော ကိုင်တွယ်ဖြေရှင်းခြင်း၊ သင်တို့ကြုံတွေ့ရပြီးဖြစ်သော ဉာဏ်အလင်းပေးခြင်း- ဤအရာအားလုံးကို ဘုရားသခင် ပြောဆိုပြီးဖြစ်သော နှုတ်ကပတ်တော်များအားဖြင့် စွမ်းဆောင် ရရှိပြီးဖြစ်ပေသည်။ မည်သည့်အကြောင်းကြောင့် လူသည် ဘုရားသခင် နောက်လိုက်သနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် သူလိုက်ပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အလွန်အမင်း နက်နဲလှသည့်အပြင်၊ လူသား၏နှလုံးသားကို တို့ထိနိုင်သည်၊ ထိုနှလုံးသားအတွင်းရှိ နက်နက်ရှိုင်းရှိုင်း မြှုပ်နှံထားသောအရာများကို ထုတ်ဖော်ပြနိုင်သည်၊ အတိတ်က ဖြစ်ပျက်ခဲ့သောအရာများကို သူ့အား သိရှိစေနိုင်ပြီး၊ အနာဂတ်ထဲသို့ သူ့ကို ချဉ်းနင်းဝင်ရောက်ခွင့်ပေးလေသည်။ ထို့ကြောင့် လူသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကြောင့် ဒုက္ခဆင်းရဲကို သည်းခံပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် စုံလင်စေခြင်းလည်း ခံရပေသည်။ ဤအချိန်မှသာ လူသည် ဘုရားသခင် နောက်သို့ လိုက်ခြင်းဖြစ်သည်။ ဤအဆင့်တွင် လူသားအနေဖြင့် လုပ်ဆောင်သင့်သည့်အရာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်ခံရန်ဖြစ်ပြီး၊ သူ့အနေဖြင့် စုံလင်စေခြင်းခံရသည်ဖြစ်စေ၊ သို့မဟုတ် စစ်ဆေးခြင်း ခံရသည်ဖြစ်စေ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှာ အဓိက သော့ချက်ဖြစ်သည့်အရာ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အမှုဖြစ်သကဲ့သို့ လူသားအနေဖြင့် ယနေ့သိသင့်သည့် ရူပါရုံလည်း ဖြစ်သည်။

ဘုရားသခင်သည် လူကို မည်သို့စုံလင်စေသနည်း။ ဘုရားသခင်၏ စိတ်သဘောထားသည် အဘယ်အရာနည်း။ သူ၏ စိတ်သဘောထားထဲတွင် မည်သည့်အရာ ပါဝင်သနည်း။ ဤအရာအားလုံးကို ရှင်းလင်းရမည်ဆိုလျှင်၊ တစ်ဦးက ယင်းကို ဘုရားသခင်၏နာမကို ဖြန့်ဝေခြင်းဟုခေါ်သည်၊ တစ်ဦးက ဘုရားသခင်အား သက်သေခံခြင်းဟုခေါ်ကာ၊ တစ်ဦးက ဘုရားသခင်ကို ချီးမြှောက်ခြင်းဟု ခေါ်သည်။ ဘုရားသခင်ကို သိကျွမ်းခြင်း

အခြေခံအုတ်မြစ်ပေါ် အခြေပြုလျက်၊ လူသားသည် နောက်ဆုံးတွင် သူ၏အသက်စိတ်သဘောထား၌ အသွင်ပြောင်းလဲလာလိမ့်မည် ဖြစ်သည်။ လူသားသည် ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စစ်ဆေးခြင်းတို့ကို သာ၍ကြုံရလေ၊ သူသည် သာ၍အားတိုးလေဖြစ်သည်။ ဘုရားသခင်၏ အမှုနှင့်သက်ဆိုင်သော အဆင့်များ သာ၍များပြားလေ၊ လူသည် သာ၍ စုံလင်စေခြင်း ခံရလေဖြစ်သည်။ ယနေ့တွင်၊ လူ၏ အတွေ့အကြုံတွင်၊ ဘုရားသခင်၏ အမှုအဆင့်တစ်ခုစီတိုင်းသည် သူ၏အယူအဆများကို တန်ပြန်တိုက်ခိုက်ပြီး၊ အားလုံးက လူသား၏ဉာဏ်စွမ်းကို ကျော်လွန်ကာ သူ့မျှော်မှန်းချက်များ၏ ပြင်ပတွင် ရှိလေသည်။ ဘုရားသခင်သည် လူသားလိုအပ်သော အရာရာတိုင်းကို ထောက်ပံ့ပေးပြီး ယင်းသည် အဖက်ဖက်မှ လူသား၏ အယူအဆများနှင့် ကွဲလွဲနေသည်။ သင်၏ အားနည်းနေချိန်တွင် ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို မိန့်မြွက်၏။ ဤနည်းအားဖြင့်သာ သူသည် သင့်အသက်တာကို ထောက်ပံ့ ပေးနိုင်သည်။ သင်၏ အယူအဆများကို တန်ပြန်တိုက်ခိုက်ခြင်းအားဖြင့်၊ သင့်အား ဘုရားသခင်၏ ကိုင်တွယ်ဖြေရှင်းမှုကို လက်ခံစေသည်။ ဤနည်းဖြင့်သာ သင်၏ ဖောက်ပြန်ပျက်စီးခြင်းကို သင်ကိုယ်တိုင် ဖယ်ရှားနိုင်ပေသည်။ ယနေ့တွင်၊ တစ်ဖက်တွင် လူ့ဇာတိခံ ဘုရားသခင်သည် ဘုရားသဘောသဘာဝ၏ အခြေအနေအတွင်း၌ အမှုပြုသော်လည်း၊ အခြားတစ်ဖက်တွင် သူသည် ပုံမှန်လူ့သဘာဝ၏ အခြေအနေ၌ အမှုပြုသည်။ ဘုရားသခင်၏ မည်သည့်အမှုကိုမဆို သင် မငြင်းနိုင်တော့သည့်အခါတွင်၊ ပုံမှန်လူ့သဘာဝ အခြေအနေအတွင်း၌ ဘုရားသခင် မည်သည့်အရာ ပြောဆိုသည်ဖြစ်စေ သို့မဟုတ် လုပ်ဆောင်သည်ဖြစ်စေ သင် ကျိုးနွံနာခံနိုင်သောအခါတွင်၊ မည်သည့် သာမန်ဖြစ်မှုမျိုးကိုမဆို သူထင်ရှားပြသသည်ဖြစ်ပါစေ သင် ကျိုးနွံနာခံနိုင်ပြီး နားလည်နိုင်သောအခါနှင့် တကယ့်အတွေ့အကြုံကို သင်ရရှိပြီးဖြစ်သည့်အချိန်၊ ထိုအခါမှသာလျှင် သူ ဘုရားသခင်ဖြစ်သည်ကို သင်စိတ်ချနိုင်သည်၊ ထိုအခါမှသာလျှင် သင်သည် အယူအဆများ ဖြစ်ပေါ်စေခြင်းကို ရပ်တန့်နိုင်ပြီး၊ ထိုအခါမှသာလျှင် သင်သည် အဆုံးထိတိုင် သူ့နောက်လိုက်နိုင်မည် ဖြစ်သည်။ ဘုရားသခင်၏အမှုတွင် ဉာဏ်ပညာရှိသကဲ့သို့၊ လူသားက သူ့အဖို့ သက်သေခံချက်တွင် မည်သို့ ခိုင်မာစွာရပ်တည်နိုင်သည်ကို သူသိသည်။ လူသား၏ ပဓာနကျသော အားနည်းချက် မည်သည့် နေရာတွင် တည်ရှိသည်ကို သူသိသကဲ့သို့၊ သူပြောဆိုသော နှုတ်ကပတ်တော်များသည် သင်၏ပဓာနကျသော အားနည်းချက်ကို ထိုးနှက်တိုက်ခိုက်နိုင်သည်၊ သို့သော် သူ့အဖို့ သက်သေခံချက်တွင် သင့်ကို ခိုင်မာစွာ ရပ်တည်စေရန် ခံ့ညားထည်ဝါပြီး ဉာဏ်ပညာရှိသော နှုတ်ကပတ်တော်များကိုလည်း သူအသုံးပြုလေသည်။ ယင်းမှာ ဘုရားသခင်၏

အံ့ဩလောက်သော လုပ်ဆောင်ချက်များဖြစ်သည်။ ဘုရားသခင်ပြုသော အမှုသည် လူသား၏အသိဉာဏ်အဖို့ မတွေးတတ်အောင် ဖြစ်သည်။ ဇာတိပကတိဖြစ်လျက် လူသားသည် မည်သည့် ဖောက်ပြန်ပျက်စီးခြင်းမျိုး ပိုင်ဆိုင်သည်၊ ပြီးလျှင် လူသား၏ အနှစ်သာရတွင် မည်သည့်အရာ ဖွဲ့စည်းပါဝင်သည်- ဤအားလုံးသည် ဘုရားသခင်၏ တရားစီရင်ခြင်းမှတစ်ဆင့် ထုတ်ဖော်ပြခံရသည်၊ ယင်းက လူသားကို သူ၏အရှက်တရားမှ ပုန်းကွယ်ရန် နေရာမရှိ ဖြစ်ကျန်ရစ်စေလေသည်။

ဘုရားသခင်သည် သူနှင့်သက်ဆိုင်သည့် အသိပညာကို လူသားက ရရှိကောင်း ရရှိစေနိုင်ဖို့အလို့ငှာ၊ ပြီးလျှင် သူ၏သက်သေခံချက်အတွက် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအမှုကို လုပ်ဆောင်သည်။ လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားနှင့်သက်ဆိုင်သည့် ဘုရားသခင်၏တရားစီရင်မှုမရှိပါက၊ လူသားသည် မည်သည့် ပုန်ကန်ပြစ်မှားမှုကိုမျှ သည်းမခံသည့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို သိကျွမ်းဖို့ ဖြစ်နိုင်မည် မဟုတ်သကဲ့သို့ လူသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် သူ၏ အိုဟောင်းသော အသိပညာကို အသစ်တစ်ခုအဖြစ်သို့ ပြောင်းလဲနိုင်မည်လည်း မဟုတ်ပေ။ သူ၏သက်သေခံချက်အတွက်၊ ပြီးလျှင် သူ၏ စီမံခန့်ခွဲမှုအတွက်၊ သူ၏အလုံးစုံကို အများသိရှိအောင် သူပြုလုပ်သည်၊ ထိုသို့ဖြင့် သူ၏လူသိရှင်ကြား ပေါ်ထွန်းခြင်းမှတစ်ဆင့် လူသားကို ဘုရားသခင်နှင့် သက်ဆိုင်သည့် အသိဉာဏ်အား ရရှိနိုင်စေသည်၊ သူ၏စိတ်သဘောထား၌ ပြောင်းလဲနိုင်စေပြီး၊ ဘုရားသခင်အဖို့ ထူးကဲလှသော သက်သေခံချက်ကို သက်သေခံနိုင်စေလေသည်။ လူသား၏ စိတ်သဘောထား ပြောင်းလဲမှုကို များစွာသော ဘုရားသခင်၏ အမှုအမျိုးမျိုးမှတစ်ဆင့် စွမ်းဆောင်ရရှိပေသည်။ သူ၏စိတ်သဘောထား၌ ထိုသို့သော ပြောင်းလဲမှုများ မရှိဘဲနှင့်၊ လူသားသည် ဘုရားသခင်ကို သက်သေခံနိုင်မည် မဟုတ်သကဲ့သို့၊ ဘုရားသခင်၏ စိတ်နှလုံးနှင့် ညီညွတ်နိုင်မည် မဟုတ်ပေ။ လူသား၏စိတ်သဘောထား ပြောင်းလဲမှုက လူသားသည် စာတန်၏ ကျေးကျွန်ဘဝနှင့် အမှောင်၏ လွှမ်းမိုးမှုအောက်မှ မိမိကိုယ်ကိုယ် လွတ်မြောက်စေပြီးဖြစ်သကဲ့သို့၊ ဘုရားသခင်၏ အမှုနှင့် သက်ဆိုင်သည့် စံပုံစံနှင့် နမူနာတစ်ခု၊ ဘုရားသခင်၏သက်သေနှင့်၊ ဘုရားသခင်၏စိတ်နှလုံးနှင့် ညီညွတ်သော သူတစ်ဦး ဧကန်အမှန် ဖြစ်လာသည်ကို ညွှန်ပြပေသည်။ ယနေ့တွင်၊ လူ့ဇာတိခံ ဘုရားသခင်သည် ကမ္ဘာမြေပေါ်တွင် သူ၏အမှုကို လုပ်ဆောင်ရန် ကြွလာပြီးဖြစ်ကာ လူသားအနေဖြင့် သူနှင့်သက်ဆိုင်သည့် အသိပညာ၊ သူ့ကို နာခံခြင်း၊ သူ့ကို သက်သေခံခြင်းတို့ကို ရရှိရန်၊ သူ၏ လက်တွေ့ကျပြီး ပုံမှန်ဖြစ်သော အမှုကိုသိရှိရန်၊ လူသား၏ အယူအဆများနှင့် မကိုက်ညီသော

သူ၏နှုတ်ကပတ်တော်များနှင့် အမှုအားလုံးကို နာခံရန်နှင့် လူသားကိုကယ်တင်ရန် သူပြုသော အမှုအားလုံးအပြင် လူသားကိုသိမ်းပိုက်ရန် သူပြီးမြောက်သော လုပ်ဆောင်ချက်များ အားလုံးကို သက်သေခံရန် သူတောင်းဆို လေသည်။ ဘုရားသခင်ကို သက်သေခံသောသူတို့သည် ဘုရားသခင်နှင့် သက်ဆိုင်သော အသိပညာ ရှိရမည်။ ဤသို့သော သက်သေခံချက်မျိုးသည်သာ တိကျပြီး စစ်မှန်ကာ ဤသို့သော သက်သေခံချက်ကသာ စာတန်ကို အရှက်ရစေနိုင်သည်။ ဘုရားသခင်သည် သူ၏တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြုပြင်ခြင်းတို့ကို ကြုံခြင်းမှတစ်ဆင့်၊ သူ့အား သိကျွမ်းလာသူများကို သူ့ကို သက်သေခံရန် အသုံးပြုသည်။ သူသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးသူတို့ကို သူ့ကို သက်သေခံရန် အသုံးပြုသည်၊ ထိုနည်းတူ မိမိတို့၏စိတ်သဘောထား ပြောင်းလဲပြီးသူများနှင့် ထိုသို့ဖြင့် သူ၏ကောင်းချီးမင်္ဂလာများကို ရရှိပြီးသူများအား သူ့ကို သက်သေခံရန် အသုံးပြုလေသည်။ ဘုရားသခင်သည် လူသားက နှုတ်အားဖြင့် သူ့အားချီးမွမ်းရန် မလိုအပ်သကဲ့သို့၊ သူ၏ ကယ်တင်ခြင်းမခံရသေးသည့် စာတန်အမျိုး၏ ချီးမွမ်းခြင်းနှင့် သက်သေခံခြင်းတို့ကိုလည်း သူမလိုအပ်ပေ။ ဘုရားသခင်ကို သိကျွမ်းသောသူတို့သာ သူ့ကို သက်သေခံရန် အရည်အချင်းပြည့်မီပြီး၊ ၎င်းတို့၏စိတ်သဘောထား၌ အသွင်ပြောင်းလဲပြီးသူများသာ ဘုရားသခင်အဖို့ သက်သေခံရန် အရည်အချင်းပြည့်မီလေသည်။ ဘုရားသခင်သည် သူ၏နာမအပေါ် အရှက်ရစေရန် လူသားအား တမင်တကာ ခွင့်ပြုလိမ့်မည် မဟုတ်ပေ။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် “ဘုရားသခင်ကိုသိကျွမ်းခြင်းအမှု။”

# ယေရှုကို ပေတရု သိကျွမ်းလာခဲ့ပုံ

ယေရှုနှင့် အတူရှိခဲ့သည့် အချိန်အတောအတွင်းတွင် ပေတရုသည် ယေရှု၌ နှစ်သက်ဖွယ် ပင်ကိုလက္ခဏာရပ်များစွာ၊ အတုယူထိုက်သည့် သွင်ပြင်များစွာနှင့် သူ့ကို ပံ့ပိုးပေးခဲ့သည့် သွင်ပြင်များစွာကို မြင်ခဲ့သည်။ ယေရှု၌ ဘုရားသခင်၏ ဖြစ်တည်ခြင်းကို နည်းလမ်းများစွာဖြင့် ပေတရု တွေ့မြင်ခဲ့ပြီး နှစ်သက်ဖွယ် အရည်အသွေးများစွာကို မြင်ခဲ့သော်လည်း၊

အစပထမတွင် ယေရှုကို သူ မသိခဲ့ပေ။ ပေတရုသည် အသက် ၂၀ အရွယ်ရောက်သည့်အချိန်တွင် ယေရှုနောက်သို့ လိုက်ခဲ့ပြီး ခြောက်နှစ်ကြာ သူ့နောက်ဆက်လိုက်ခဲ့သည်။ ထိုအချိန် အတောအတွင်းတွင်၊ ယေရှုကို သူ လုံး၀ သိကျွမ်းမလာခဲ့ပေ။ ယေရှုကို ကြည်ညိုခြင်းသက်သက်ကြောင့်သာ ပေတရုက သူ့နောက်သို့ လိုက်လိုနေခဲ့ခြင်းဖြစ်သည်။ ဂါလိလဲ ပင်လယ်ကမ်းခြေတွင် သူ့ကို ယေရှုက ပထမဆုံး ခေါ်ခဲ့ချိန်တွင်၊ "ရှိမုန်ဗာယောန၊ ငါ၏ နောက်သို့ လိုက်မည်လော" ဟု မေးခဲ့သည်။ ပေတရုက၊ "ကောင်းကင်ဘုံ အဖက စေလွှတ်သော သူနောက် ကျွန်ုပ် လိုက်ရပါမည်။ သန့်ရှင်းသော ဝိညာဉ်တော် ရွေးချယ်သောသူကို ကျွန်ုပ် အသိအမှတ်ပြုရပါမည်။ ကိုယ်တော့်နောက် ကျွန်ုပ်လိုက်ပါမည်" ဟု ပြောခဲ့၏။ ထိုအချိန်တွင်၊ ပရောဖက်များထဲမှ အကြီးမြတ်ဆုံးသောသူနှင့် ဘုရားသခင်၏ သားတော်ဖြစ်သော ယေရှုဟု အမည်ရသည့် လူအကြောင်းကို ပေတရု ကြားနှင့်ပြီးဖြစ်ကာ သူ့ကို ရှာတွေ့ဖို့ နှင့် သူ့ကို တွေ့မြင်ဖို့ အခွင့်အရေးတစ်ရပ်အတွက် ပေတရုက စဉ်ဆက်မပြတ် မျှော်လင့်နေခဲ့ပေသည် (အဘယ်ကြောင့်ဆိုသော် ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သူ ဦးဆောင်ခံနေခဲ့ရသည့်ပုံ ဖြစ်သောကြောင့် ဖြစ်သည်)။ ကိုယ်တော့်ကို ပေတရုက တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ဘဲ၊ သူ့အကြောင်း ကောလာဟလများကိုသာ ကြားခဲ့ရသော်လည်း၊ ယေရှုကို တမ်းတခြင်းနှင့် ကြည်ညိုခြင်းက သူ၏ စိတ်နှလုံးထဲတွင် တဖြည်းဖြည်း ကြီးထွားခဲ့ပြီး၊ တစ်နေ့တွင် ယေရှုကို တွေ့မြင်ရန် တမ်းတခဲ့ပေသည်။ ပြီးလျှင် ပေတရုကို ယေရှုက မည်သို့ခေါ်ဝေါ်ခဲ့ပါသနည်း။ ယေရှုသည်လည်း ပေတရုဟု ခေါ်ဝေါ်သည့် လူတစ်ဦးအကြောင်းကို ကြားဖူးခဲ့ပေ၏၊ သို့တိုင်- "ရှိမုန်ဗာယောနဟု ခေါ်ဝေါ်သော သူတစ်ဦးရှိရာ ဂါလိလဲ ပင်လယ်သို့သွားလော့"- ဟု သူ့ကို ညွှန်ကြားခဲ့သည်မှာ သန့်ရှင်းသော ဝိညာဉ်တော် မဟုတ်ခဲ့ပေ။ ရှိမုန်ဗာယောနဟု ခေါ်ဝေါ်သူတစ်ဦးရှိသည်၊ ပြီးလျှင် လူတို့က သူ၏ တရားဒေသနာကို ကြားခဲ့ကြသည်၊ သူသည်လည်း ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို ဟောပြောခဲ့သည်၊ ပြီးလျှင် သူပြောသည့်အရာကို ကြားသည့်လူအားလုံး မျက်ရည်များကျသည်အထိ တို့ထိခံရကြသည်ဟု တစ်စုံတစ်ဦးပြောသည်ကို ယေရှု ကြားခဲ့ရပေသည်။ ဤအရာကို ကြားပြီးနောက်တွင်၊ ထိုလူနောက် ဂါလိလဲ ပင်လယ်သို့ ယေရှု လိုက်ခဲ့သည်၊ ယေရှု၏ ခေါ်ခြင်းကို ပေတရု လက်ခံခဲ့သည့်အချိန်တွင်၊ သူ့နောက်သို့ ပေတရုလိုက်ခဲ့သည်။

ယေရှုနောက်လိုက်သည့် အချိန်အတောအတွင်းတွင်၊ ကိုယ်တော်နှင့်ပတ်သက်သည့် အယူအဆများစွာ ပေတရု ဖြစ်ပေါ်ခဲ့ပြီး မိမိ၏ ကိုယ်ပိုင်ရှုထောင့်အမြင်မှနေ၍ သူ့ကို အမြဲ

ဝေဖန်မိခဲ့သည်။ ပေတရုသည် ဝိညာဉ်တော်နှင့် သက်ဆိုင်၍ သိနားလည်မှု အတိုင်းအတာတစ်ခု ရှိသော်လည်း သူ၏ သိနားလည်မှုက အနည်းငယ် မရှင်းမလင်းဖြစ်လေသည်၊ ထို့ကြောင့် သူက၊ “ကောင်းကင်ဘုံ အဖက စေလွှတ်သော သူနောက် ကျွန်ုပ် လိုက်ရပါမည်။ သန့်ရှင်းသော ဝိညာဉ်တော် ရွေးချယ်သောသူကို ကျွန်ုပ် အသိအမှတ်ပြုရပါမည်။” ဟု ပြောခြင်း ဖြစ်သည်။ ယေရှု လုပ်ဆောင်ခဲ့သည့် အရာများကို သူ နားမလည်ခဲ့သကဲ့သို့ ၎င်းတို့နှင့် ပတ်သက်၍ ရှင်းလင်းမှု မရှိခဲ့ချေ။ ကိုယ်တော့်နောက် အချိန်အတန်ကြာ လိုက်ပြီးနောက်တွင်၊ ကိုယ်တော် လုပ်ဆောင်ခဲ့သည့်အရာ၊ ပြောခဲ့သည့်အရာနှင့် ယေရှုကိုယ်တိုင်ကို ပေတရုက စိတ်ဝင်စားမှုတိုးလာခဲ့သည်။ ယေရှုက ချစ်ခင်မှုနှင့် လေးစားမှု နှစ်ခုလုံးကို ဖြစ်စေသည်ဟု သူ ခံစားလာခဲ့ရသည်။ ကိုယ်တော်နှင့်အတူ သူ ပေါင်းဖော်ရန်နှင့် သူ့ထံပါးတွင် နေဖို့ နှစ်သက်ခဲ့ပြီး ယေရှု၏ နှုတ်ကပတ်တော်များကို နားထောင်ခြင်းက သူ့ကို အထောက်အပံ့နှင့် အကူအညီပေးခဲ့သည်။ ယေရှုနောက် သူလိုက်ခဲ့သည့်အချိန်အတွင်းတွင်၊ သူ၏ လုပ်ရပ်များ၊ နှုတ်ကပတ်တော်များ၊ လှုပ်ရှားမှုများနှင့် မျက်နှာအမူအရာများ ဖြစ်သည့် ကိုယ်တော့် အသက်တာ၊ နှင့်ပတ်သက်သော အရာတိုင်းကို ပေတရုက လေ့လာပြီး နှလုံးသွင်းခဲ့သည်။ ယေရှုက သာမန်လူများကဲ့သို့ မဟုတ်ခဲ့ကြောင်းကို နက်ရှိုင်းသော နားလည်မှုတစ်ရပ် သူရရှိခဲ့သည်။ သူ၏ လူသား ပုံပန်းက အလွန်အမင်း သာမန်ဖြစ်ခဲ့သော်လည်း သူသည် လူသားအတွက် ချစ်ခြင်းမေတ္တာ၊ သနားကရုဏာနှင့် သည်းခံခြင်းတို့ဖြင့် ပြည့်ခဲ့ပေသည်။ သူလုပ်ဆောင်ခဲ့သည့်အရာတိုင်း သို့မဟုတ် ပြောဆိုခဲ့သည့်အရာတိုင်းက အခြားသူအတွက် ကြီးမားသော အထောက်အကူဖြစ်ခဲ့ပြီး ပေတရုသည် ယခင်က သူ တစ်ခါမျှ မမြင်ဖူးခဲ့သကဲ့သို့ မပိုင်ဆိုင်ဖူးခဲ့သော အရာများကို ယေရှုထံမှ မြင်တွေ့ကာ ရရှိခဲ့သည်။ ယေရှုက ထည်ဝါခံ့ညားသော အရပ်အမောင်းဖြစ်စေ ပုံမှန်မဟုတ်သော လူသားသဘာဝ တစ်ခုတစ်လေဖြစ်စေ မရှိခဲ့သော်လည်း၊ သူနှင့်ပတ်သက်၍ အမှန်ပင် သာမန်ထက်ထူးကဲပြီး ရှားပါးသော ဟန်ပန်တစ်ခု ရှိခဲ့ပေသည်။ ယင်းကို ပေတရုက အပြည့်အစုံ မရှင်းပြနိုင်သော်လည်း၊ ယေရှုက အခြားလူတိုင်းနှင့် မတူကွဲပြားစွာ ပြုမူခဲ့သည်ကို သူ မြင်နိုင်ခဲ့သည်၊ အဘယ့်ကြောင့်ဆိုသော် ယေရှုလုပ်ဆောင်ခဲ့သည့်အရာများသည် သာမန်လူတို့ လုပ်ဆောင်သည့်အရာများနှင့် အလွန်ကွဲပြားသောကြောင့် ဖြစ်သည်။ ယေရှုနှင့် သူထိတွေ့ဆက်ဆံရသည့် အချိန်များမှ၊ ပေတရုက ယေရှု၏ အကျင့်စရိုက်သည် သာမန်လူတစ်ဦး၏ အကျင့်စရိုက်မှ ကွဲပြားသည်ကိုလည်း မြင်တွေ့ခဲ့သည်။ ကိုယ်တော်သည် တည်ကြည်စွာ အမြဲ ပြုမူခဲ့ပြီး ဘယ်သောအခါမျှ အလျင်စလိုမဖြစ်၊ အကြောင်းအရာတစ်ခုကို ဘယ်သောအခါမျှ ချဲ့ကားပြောဆိုခြင်း မရှိသကဲ့သို့ အရေးမကြီးလေဟန် မလုပ်ခဲ့ပေ၊ ပြီးလျှင်

သူသည် သူ၏အသက်တာကို သာမန်ဘဝရော ကြည်ညိုဖွယ်ဖြစ်သည့် အဖြစ်ပါ ဖော်ပြသည့် ပုံစံတစ်ခုဖြင့် သူ့ဘဝကို ပြုမူနေထိုင်ခဲ့သည်။ စကားစမြည်ပြောဆိုရာတွင်၊ ယေရှုသည် ရှင်ပျသည့်တိုင် တည်ငြိမ်အေးချမ်းသော ပုံစံတစ်ခုဖြင့် အမြဲဆက်ဆံရင်း၊ ပွင့်ပွင့်လင်းလင်းနှင့် ချောင်စွာ စကားပြောခဲ့လေသည်၊ သို့တိုင် သူ၏ အမှုဆောင်ရွက်နေစဉ်တွင် သူ၏ ဂုဏ်သိက္ခာကို ဘယ်သောအခါမျှ သူ မဆုံးရှုံးခဲ့ပေ။ ယေရှုက တစ်ခါတစ်ရံ စကားနည်းသော်လည်း အခြားအချိန်များတွင် မရပ်မနားပြောခဲ့သည်ကို ပေတရု မြင်ခဲ့သည်။ တစ်ခါတစ်ရံ သူ အလွန်ပျော်ရွှင်ခဲ့သည်မှာ မြူးထူးပြီး ဆော့ကစားနေသော ချိုးငှက်အလား ထင်ရပြီး အခြားအချိန်များတွင် သူ အလွန်ဝမ်းနည်းသည်မှာ ခြေကုန်လက်ပန်းကျကာ မောပန်းနွမ်းနယ်သော မိခင်တစ်ဦးအလား ဝမ်းနည်းပူဆွေးမှုဖြင့် ဆို့နင့်နေပုံရလျက် လုံးဝ စကားမပြောခဲ့ပေ။ တစ်ခါတစ်ရံတွင် သူသည် ရန်သူတစ်ဦးကို သတ်ဖြတ်ရန် တစ်ဟုန်ထိုး ဝင်၍တိုက်ခိုက်နေသည့် ရဲရင့်သော စစ်သားတစ်ဦးအလား ဒေါသဖြင့် ပြည့်လေသည်၊ သို့မဟုတ် တစ်ချို့အချိန်များတွင် သူသည် ဟိန်းဟောက်နေသည့် ခြင်္သေ့ တစ်ကောင်နှင့်ပင် ဆင်တူလေသည်။ တစ်ခါတစ်ရံ သူ ရယ်မောခဲ့သည်၊ အခြားအချိန်များတွင် သူ ဆုတောင်းပြီး ငိုကြွေးခဲ့သည်။ ယေရှု အဘယ်သို့ ပြုမူပါစေ၊ ပေတရုသည် သူ့အတွက် အကန့်အသတ်မဲ့ ချစ်ခြင်းနှင့် လေးစားခြင်းတို့ တိုးပွားလာခဲ့သည်။ ယေရှု၏ ရယ်မောခြင်းက သူ့ကို ပျော်ရွှင်ခြင်းဖြင့် ပြည့်စေခဲ့သည်၊ ကိုယ်တော်၏ ဝမ်းနည်းခြင်းက သူ့ကို ပူဆွေးမှုထဲသို့ ထိုးဆင်းစေခဲ့သည်၊ ကိုယ်တော်၏ အမျက်ဒေါသက သူ့ကို ထိတ်လန့်စေသော်လည်း၊ ကိုယ်တော်၏ ကရုဏာ၊ ခွင့်လွှတ်ခြင်းနှင့် လူတို့အပေါ် ကိုယ်တော်ပြုသည့် တင်းကျပ်သော တောင်းဆိုမှုများက သူ့ကို ယေရှုအား အမှန်ချစ်လာစေပြီး ကိုယ်တော့်ကို စစ်မှန်သော ကြည်ညိုခြင်းနှင့် တောင့်တခြင်းတို့ကို ဖြစ်ပေါ်လာစေခဲ့သည်။ ဟုတ်ပေ၏၊ နှစ်များစွာ ယေရှုနှင့်အတူ အသက်ရှင်ပြီးမှ ဤအရာအားလုံးကို ပေတရု တဖြည်းဖြည်း နားလည်လာခဲ့ခြင်း ဖြစ်ပေသည်။

ပေတရုသည် အထူးသဖြင့် စဉ်းစားချင့်ချိန်တတ်သော လူတစ်ဦးဖြစ်ခဲ့ပြီး၊ ပင်ကို အသိဉာဏ်ဖြင့် မွေးဖွားခဲ့သည်၊ သို့တိုင် ယေရှုနောက်လိုက်နေသည့်အချိန်တွင် မိုက်မဲသော အရာများစွာ သူ လုပ်ဆောင်ခဲ့သည်။ ကနဦးအစတွင်၊ ယေရှုနှင့် ပတ်သက်၍ အယူအဆအချို့ သူရှိခဲ့သည်။ သူက၊ “ကိုယ်တော်သည် ပရောဖက်တစ်ပါးဖြစ်သည်ဟု လူတို့ ပြောကြသည်၊ ထို့ကြောင့် ကိုယ်တော် အသက် ရှစ်နှစ်ရှိပြီး အမှုအရာများကို နားလည်စပြုခဲ့ချိန်တွင်၊ ကိုယ်တော်က ဘုရားသခင်ဖြစ်သည်ကို ကိုယ်တော်သိခဲ့ပါသလား။ ကိုယ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲခဲ့သည်ကို သိခဲ့ပါသလား” ဟု မေးခဲ့သည်။

ယေရှုက၊ "ငါ မသိခဲ့ပါ။ သင့်အဖို့ ငါသည် သာမန်လူတစ်ဦးမျှကဲ့သို့ ဖြစ်ပုံမရသလော။ ငါသည် အခြားမည်သူမဆိုနှင့် အတူတူပင်ဖြစ်သည်။ ဖခမည်းတော် စေလွှတ်သော လူသည် သာမန်ထက် ထူးကဲသောသူတစ်ဦး မဟုတ်ဘဲ၊ သာမန်လူတစ်ဦးဖြစ်သည်။ ထို့အပြင် ငါ လုပ်ဆောင်သည့် အလုပ်သည် ငါ၏ ကောင်းကင်ဘုံရှင် ဖခမည်းတော်၊ ငါ၏ သဏ္ဌာန်၊ ငါ၏ ဇာတိအဖြစ်တော်နှင့် ဤအသွေးအသား ခန္ဓာကို ကိုယ်စားပြုသော်လည်း၊ ငါ၏ ကောင်းကင်ဘုံရှင် ဖခမည်းတော်ကို အပြည့်အဝ ကိုယ်စားမပြုနိုင်- သူ၏ တစ်စိတ်တစ်ပိုင်းသာ ကိုယ်စားပြုနိုင်ပေသည်။ ငါသည် ဝိညာဉ်တော်မှ လာသော်လည်း၊ သာမန်လူတစ်ဦး ဖြစ်ဆဲရှိပြီး ငါ၏ ခမည်းတော်က ကမ္ဘာမြေပေါ်သို့ သာမန်ထက် ထူးကဲသောသူတစ်ဦးအနေဖြင့်မဟုတ်ဘဲ သာမန်လူတစ်ဦးအဖြစ် ငါ့ကို စေလွှတ်ခဲ့သည်" ဟု ပြန်ဖြေခဲ့သည်။ ဤအရာကို ပေတရုကြားသည့်အခါမှသာ ယေရှုနှင့်သက်ဆိုင်သည့် သိနားလည်မှု အနည်းငယ် သူရရှိခဲ့သည်။ ယေရှု၏ အမှု၊ သူ၏ သွန်သင်ခြင်း၊ သူ၏ ထိန်းကျောင်းခြင်း နှင့် သူ၏ အားဖြည့်ပေးခြင်းတို့နှင့်ဆိုင်သည့် မရေမတွက်နိုင်သော အချိန်နာရီများကို သူ ဖြတ်သန်းပြီးနောက်တွင်သာ များစွာ သာ၍နက်ရှိုင်းသော သိနားလည်မှုကို သူ ရရှိခဲ့ခြင်းဖြစ်သည်။ ယေရှု အသက် ၃၀ အရွယ်ရောက်သည့်အချိန်တွင်၊ ပေတရုကို သူ၏ ဖြစ်အံ့သော ကားစင်တင်ခံရခြင်းနှင့် လူသားမျိုးနွယ်အားလုံးကို ရွေးနုတ်ဖို့ရန် အမှု၏ အဆင့်တစ်ခု- ကားစင်တင်ခံရခြင်း အမှု- လုပ်ဆောင်ဖို့ ကြွလာခဲ့သည့်အကြောင်းကို သူ ပြောပြခဲ့သည်။ ကားစင်တင် ခံရခြင်းပြီးနောက် သုံးရက်အကြာတွင် လူသားသည် ထမြောက်လိမ့်မည် ဖြစ်ကြောင်းနှင့် ထမြောက်သည်နှင့်တစ်ပြိုင်နက် ရက် ၄၀ ကြာ လူတို့ထံ သူ ပေါ်ထွန်းလိမ့်မည့်အကြောင်းကိုလည်း ပေတရုကို သူပြောခဲ့သည်။ ဤစကားများကို ကြားသည်တွင်၊ ပေတရု ဝမ်းနည်းခဲ့ပြီး ဤစကားများကို နှလုံးသွင်းခဲ့သည်၊ ထိုအချိန်မှစ၍ ယေရှုနှင့် သူ တိုး၍တိုး၍ရင်းနှီးခဲ့သည်။ အချိန်အတန်ကြာ တွေ့ကြုံပြီးနောက်တွင်၊ ပေတရုသည် ယေရှု လုပ်ဆောင်သည့်အရာတိုင်းသည် ဘုရားသခင်၏ ဖြစ်တည်မှုနှင့် ဆိုင်ကြောင်းကို နားလည်လာခဲ့ပြီး ယေရှုက သူမတူထူးကဲစွာ ချစ်ဖွယ်ကောင်းသည်ဟု သူ တွေးလာခဲ့သည်။ ဤသိနားလည်မှု သူ ရှိလာခဲ့ချိန်တွင်မှ သန့်ရှင်းသော ဝိညာဉ်တော်က သူ့ကို အတွင်းမှ ဉာဏ်အလင်းပေးခဲ့ခြင်း ဖြစ်သည်။ ထိုအခါတွင် ယေရှုသည် သူ၏ တပည့်တော်များနှင့် အခြားနောက်လိုက်များထံ လှည့်ပြီး၊ "ယောဟန်၊ ငါ အဘယ်သူဖြစ်သည်ဟု သင်ဆိုသနည်း" ဟု မေးလေသည်။ ယောဟန်က၊ "ကိုယ်တော်သည် မောရှေဖြစ်ပါ၏" ဟု ပြန်ဖြေခဲ့သည်။ ထို့နောက် သူသည် လုကာထံသို့ လှည့်လေသည်- "လုကာ၊ သင်ရော ငါ အဘယ်သူဖြစ်သည်ဟု ဆိုသနည်း။" လုကာက "ကိုယ်တော်သည်

ပရောဖက်များထဲမှ အကြီးမြတ်ဆုံးသောသူ ဖြစ်ပါ၏" ဟု ပြန်ဖြေခဲ့သည်။ ထို့နောက် သူက ညီအစ်မတစ်ဦးကို မေးခဲ့ပြီး သူမက "ကိုယ်တော်သည် ပရောဖက်များထဲမှ ထာဝရ အဆက်ဆက် နှုတ်ကပတ်တော်များစွာ မိန့်ဆိုသည့် အကြီးမြတ်ဆုံးသော ပရောဖက် ဖြစ်ပါ၏။ အဘယ်သူ၏ ပရောဖက်ပြုချက်မျှ ကိုယ်တော်၏ ပရောဖက်ပြုချက်များတမျှ မကြီးမြတ်သကဲ့သို့ ကိုယ်တော်၏ အသိပညာထက် အဘယ်သူ၏ အသိပညာမျှ မသာလွန်ပါ။ ကိုယ်တော်သည် ပရောဖက်တစ်ပါး ဖြစ်သည်" ဟု ပြန်ဖြေခဲ့သည်။ ထို့နောက် ယေရှုသည် ပေတရုထံသို့ လှည့်ကာ၊ "ပေတရု ငါအဘယ်သူဖြစ်သည်ဟု သင်ဆိုသနည်း" ဟု မေးခဲ့သည်။ ပေတရုက၊ "ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော် ဖြစ်ပါ၏။ ကိုယ်တော်သည် ကောင်းကင်မှ ကြွလာခဲ့ပါ၏။ ကိုယ်တော်သည် ကမ္ဘာမြေမှ မဟုတ်ပါ။ ဘုရားသခင်၏ ဖန်ဆင်းခြင်းများနှင့် ကိုယ်တော်မတူပါ။ ကျွန်ုပ်တို့သည် ကမ္ဘာမြေပေါ်တွင် ရှိကြပြီး ကိုယ်တော်သည် ဤနေရာ၌ ကျွန်ုပ်တို့နှင့်အတူ ရှိပါ၏၊ သို့သော် ကိုယ်တော်သည် ကောင်းကင်ဘုံနှင့်ဆိုင်ပြီး လောကနှင့် မသက်ဆိုင်သလို ကိုယ်တော်သည် ကမ္ဘာမြေနှင့် မသက်ဆိုင်ပါ" ဟု ပြန်ဖြေခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်က သူ့ကို ဉာဏ်အလင်းပေးခဲ့သည်မှာ သူ၏ အတွေ့အကြုံမှတဆင့်ဖြစ်ပြီး ယင်းက သူ့အား ဤသိနားလည်မှု ရလာနိုင်စေခဲ့ခြင်း ဖြစ်သည်။ ဤဉာဏ်အလင်းပေးခံရခြင်းနောက်တွင်၊ သူသည် ယေရှုလုပ်ဆောင်ခဲ့သမျှတိုင်းကို သာ၍ပင် ကြည်ညိုခဲ့ပြီး ကိုယ်တော်ကို သာ၍ပင် ချစ်ဖွယ်ကောင်းသည်ဟု တွေးထင်ခဲ့ကာ ယေရှုနှင့် ခွဲခွာဖို့ရန် သူ၏ စိတ်နှလုံးထဲတွင် အမြဲ ဝန်လေးခဲ့ပေသည်။ ထို့ကြောင့်၊ ယေရှုသည် သူကားစင်တင်ခံရကာ ရှင်ပြန်ထမြောက်ပြီးသည့်နောက် မိမိကိုယ်ကိုယ် ပေတရုထံ ပထမဆုံးအကြိမ် ထုတ်ဖော်ပြခဲ့ချိန်တွင်၊ ထူးကဲသော ပျော်ရွှင်မှုဖြင့် "သခင်၊ ကိုယ်တော် ထမြောက်ပြီပဲ။" ဟု ပေတရု ငိုကြွေးခဲ့သည်။ ထို့နောက်၊ ငိုကြွေးလျက်၊ ပေတရုသည် အလွန်အမင်း ကြီးမားသော ငါးတစ်ကောင်ကို ဖမ်းပြီး၊ ချက်ပြုတ်ကာ ယေရှုကို တည်ခင်းခဲ့သည်။ ယေရှုသည် ပြုံးလိုက်သော်လည်း စကားမပြောခဲ့ပေ။ ယေရှု ရှင်ပြန်ထမြောက်ခဲ့ပြီးဖြစ်သည်ကို ပေတရုက သိခဲ့သော်လည်း၊ ယင်း၏ နက်နဲမှုကို သူ နားမလည်ခဲ့။ သူက ယေရှုကို စားဖို့ ငါးပေးလိုက်သည့်အချိန်တွင်၊ ယေရှုက မငြင်းခဲ့သော်လည်း စကားမပြောခဲ့သကဲ့သို့၊ စားသောက်ဖို့ရန် မထိုင်ခဲ့ပေ။ ယင်းအစား၊ သူ ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။ ဤသည်မှာ ပေတရုအဖို့ အလွန်ကြီးမားသော တုန်လှုပ်မှုတစ်ခုဖြစ်ခဲ့ပြီး ထို့နောက်တွင်မှ ရှင်ပြန်ထမြောက်ခဲ့သည့် ယေရှုသည် ယခင်ယေရှုနှင့် မတူကြောင်းကို သူ နားလည်ခဲ့သည်။ ဤအရာကို သူ နားလည်သည်နှင့်တစ်ပြိုင်နက်၊

ပေတရုသည် ဝမ်းနည်းကြေကွဲခဲ့သည်၊ သို့သော် သခင်သည် သူ၏ အမှုကို ပြည့်စုံစေခဲ့ပြီးဖြစ်သည်ကို သိခြင်းမှလည်း စိတ်သက်သာရာ သူရရှိခဲ့သည်။ ယေရှုက သူ၏ အမှုကို ပြည့်စုံစေခဲ့ပြီးဖြစ်ကြောင်း၊ လူသားနှင့် ကိုယ်တော်အတူ နေထိုင်ခြင်းအချိန် ကုန်ဆုံးသွားပြီဖြစ်ကြောင်းနှင့်၊ လူသားအနေဖြင့် ယခုမှစ၍ မိမိ၏ ကိုယ်ပိုင်လမ်းကို လျှောက်ရမည်ဖြစ်ကြောင်းတို့ကို သူသိခဲ့သည်။ တစ်ခါက သူ့ကို ယေရှု ပြောပြခဲ့ဖူးသည်- "သင်သည်လည်း ငါသောက်သည့် ခါးသောခွက်မှ သောက်ရမည် (ဤသည်မှာ ရှင်ပြန်ထမြောက်ပြီးနောက် သူ ပြောခဲ့သည့်အရာ ဖြစ်သည်)။ ငါလျှောက်ခဲ့သည့် လမ်းကို သင်သည်လည်း လျှောက်ရမည်။ သင်သည် ငါ့အတွက် သင်၏ အသက်ကို စွန့်ရမည်။" ယခုနှင့် ကွဲပြားလျက်၊ ထိုအချိန်က အမှုသည် မျက်နှာချင်းဆိုင် ပြောဆိုဆွေးနွေးသည့် ပုံစံမဟုတ်ခဲ့ပေ။ ကျေးဇူးတော်ခေတ်အတွင်းတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် အထူးသဖြင့် ကွယ်ဝှက်ခဲ့ပြီး ပေတရုသည် အခက်အခဲများစွာကို ဖြတ်သန်း၍ ဆင်းရဲဒုက္ခခံခဲ့ရသည်။ တစ်ခါတစ်ရံတွင်၊ ပေတရုသည်- "ဘုရားသခင်။ အကျွန်ုပ်၌ ဤအသက်မှလွဲ၍ ဘာမျှမရှိပါ။ ကိုယ်တော့်အဖို့ များစွာမထိုက်တန် လှသော်လည်း ယင်းကို ကိုယ်တော့်ထံ ကျွန်ုပ် ဆက်ကပ်လိုပါ၏။ လူတို့သည် ကိုယ်တော့်ကို ချစ်ဖို့ မထိုက်တန်သည့်အပြင် သူတို့၏အချစ်နှင့် နှလုံးများသည် တန်ဖိုးမဲ့သော်လည်း၊ လူသားများ၏ စိတ်နှလုံး၏ ဆန္ဒကို ကိုယ်တော်သိကြောင်း ကျွန်ုပ် ယုံကြည်ပါသည်။ လူသားတို့၏ ခန္ဓာများက ကိုယ်တော်၏ လက်သင့်ခံခြင်းနှင့် မသင့်လျော်သော်လည်း ကိုယ်တော် ကျွန်ုပ်၏ စိတ်နှလုံးကို လက်ခံဖို့ ကျွန်ုပ် ဆန္ဒရှိပါ၏" ဟု ကြွေးကြော်သည်အထိ ဖြစ်ခဲ့သည်။ ဤသို့သော ဆုတောင်းချက်များကို မြွက်ဆိုခြင်းက သူ့ကို ခွန်အားပေးခဲ့ပြီး အထူးသဖြင့် သူက- "ကျွန်ုပ်၏ စိတ်နှလုံးကို ဘုရားသခင်ထံ လုံးလုံးလျားလျား ဆက်ကပ်အပ်နှံဖို့ ကျွန်ုပ် လိုလားလျက်ရှိသည်။ ဘုရားသခင်အတွက် ဘာတစ်ခုမျှ ကျွန်ုပ် မလုပ်ဆောင်နိုင်သော်လည်း၊ ဘုရားသခင်ကို သစ္စာရှိစွာ စိတ်ကျေနပ် စေဖို့နှင့် သူ့ထံ မိမိကိုယ်ကိုယ် စိတ်နှလုံးအကြွင်းမဲ့ ဆက်ကပ်ဖို့ ကျွန်ုပ် လိုလားနေပါသည်။ ဘုရားသခင်အနေဖြင့် ကျွန်ုပ်၏ စိတ်နှလုံးအပေါ် အရေးထားကိုထားရမည်ဟု ကျွန်ုပ် ယုံကြည်သည်" ဟု ဆုတောင်းသော အခါတွင် ဖြစ်သည်။ သူက၊ "ဘုရားသခင်ကို ချစ်ခြင်းနှင့်ဆိုင်သည့် ကျွန်ုပ်၏ အတွေးများနှင့် ကျွန်ုပ်၏ စိတ်နှလုံး၏ ဆန္ဒကို ဘုရားသခင်က လက်ခံဖို့မှလွဲ၍ ကျွန်ုပ်၏ဘဝတွင် ဘာကိုမျှ ကျွန်ုပ် မတောင်းဆိုပါ။ သခင်ယေရှုနှင့် အလွန်ကြာမြင့်စွာ ကျွန်ုပ် ရှိခဲ့သော်လည်း သူ့ကို ကျွန်ုပ် မချစ်ခဲ့ပါ၊ ယင်းသည် ကျွန်ုပ်၏ အကြီးမားဆုံးသော အကြွေးဖြစ်၏။ ကျွန်ုပ် သူနှင့်အတူ နေခဲ့သော်လည်း၊ သူ့ကို ကျွန်ုပ် မသိခဲ့ပါ။ ပြီးလျှင် ကိုယ်တော်၏ ကွယ်ရာတွင် မလျော်ကန်သော အရာအချို့ကိုပင်

ကျွန်ုပ်ပြောခဲ့သည်။ ဤအရာများကို စဉ်းစားမိခြင်းက သခင်ယေရှုကို သာ၍ပင် အကြွေးတင်ရှိကြောင်း ကျွန်ုပ်ကို ခံစားမိစေသည်" ဟုပြောခဲ့ပေသည်။ ဤပုံစံဖြင့် သူ အမြဲ ဆုတောင်းခဲ့သည်။ သူက၊ "ကျွန်ုပ်သည် မြေမှုန့်ထက် လျော့ပါ၏။ ဘုရားသခင်ထံ ဤသစ္စာရှိသော စိတ်နှလုံးကို ဆက်ကပ်အပ်နှံခြင်းမှလွဲ၍ ကျွန်ုပ် ဘာမျှမတတ်နိုင်ပါ" ဟု ပြောခဲ့သည်။

သူ၏ခန္ဓာ လုံးဝ ပြိုကွဲပျက်စီးလုနီး ဖြစ်ခဲ့ချိန်တွင် ပေတရု၏ အတွေ့အကြုံများထဲ၌ အထွတ်အထိပ်အခြေအနေတစ်ခု ရှိခဲ့သည်၊ သို့သော် ယေရှုက သူ့ကို အတွင်းမှ ခွန်အားပေးဆဲ ဖြစ်သည်။ တစ်ကြိမ်တွင်၊ ပေတရုထံ ယေရှု ပေါ်လာခဲ့သည်။ ပေတရုသည် ကြီးမားသော ဆင်းရဲဒုက္ခကို ခံခဲ့ရပြီး သူ၏ နှလုံးသား ကွဲကြေသည်ကို ခံစားခဲ့ရချိန်တွင်၊ ယေရှုက- "သင်သည် ကမ္ဘာမြေပေါ်တွင် ငါနှင့်အတူ ရှိခဲ့ပြီး၊ ငါသည် ဤနေရာတွင် သင်နှင့်အတူ ရှိခဲ့၏။ ကောင်းကင်ဘုံ၌ ငါတို့အတူ မရှိမီဖြစ်ခဲ့သော်လည်း၊ တကယ်တမ်းမူ ယင်းသည် ဝိညာဉ်လောကနှင့်ဆိုင်သည်။ ယခု ငါသည် ဝိညာဉ်လောကသို့ ပြန်ပို့ခံရပြီး သင်သည် ကမ္ဘာမြေပေါ်တွင် ရှိ၏၊ အဘယ်ကြောင့်ဆိုသော် ငါသည် ကမ္ဘာမြေနှင့် မသက်ဆိုင်၊ သင်သည်လည်း ကမ္ဘာမြေနှင့် မသက်ဆိုင်သော်လည်း ကမ္ဘာမြေပေါ်တွင် သင်၏ လုပ်ငန်းတာဝန်ကို သင်ဖြည့်ဆည်း ရပေမည်။ သင်သည် အစေခံတစ်ဦး ဖြစ်သည့်အားလျော်စွာ၊ သင်၏ တာဝန်ကို ဖြည့်ဆည်းရမည်" ဟု သူ့ကို ညွှန်ကြားခဲ့သည်။ ဘုရားသခင်၏ ထံပါးသို့ သူ ပြန်သွားနိုင်မည်ကို ကြားရခြင်းက ပေတရုကို နှစ်သိမ့်မှုပေးခဲ့သည်။ ထိုအချိန်တွင်၊ ပေတရုသည် အင်မတန် မချိတင်ကဲဝေဒနာခံစားရသည်မှာ အိပ်ရာမှမထနိုင်သည် အထိ ဖြစ်လုနီးပါး ဖြစ်ခဲ့သည်။ သူသည်၊ "ဘုရားသခင်ကို ကျွန်ုပ် စိတ်ကျေနပ်မှု မပေးနိုင်သည်အထိ ကျွန်ုပ် အလွန် ဖောက်ပြန်ပျက်စီးသည်" ဟု ပြောသည့်အခြေအနေထိ နောင်တရ ခဲ့သည်။ သူ့ထံ ယေရှု ပေါ်လာပြီး- "ပေတရု၊ တစ်ခါက ငါ့ရှေ့တွင် သင် ပြုခဲ့သည့် သန္နိဋ္ဌာန်ကို သင် မေ့လျော့ပြီးဖြစ်နိုင်မည်လော။ ငါ ပြောခဲ့သည့် အရာအားလုံးကို သင် အမှန်တကယ် မေ့လျော့ပြီလော။ ငါ့ထံ သင်ပြုခဲ့သည့် သန္နိဋ္ဌာန်ကို သင် မေ့လျော့ပြီလော" ဟု ပြောခဲ့သည်။ ယေရှုဖြစ်ကြောင်းကို မြင်သည့်အခါ၊ ပေတရုသည် မိမိ၏အိပ်ရာမှထပြီး ယေရှုက ဤကဲ့သို့ သူ့ကို နှစ်သိမ့်ခဲ့သည်- "ငါသည် ကမ္ဘာမြေနှင့်မဆိုင်၊ သင့်ကို ငါ ပြောနှင့်ပြီးဖြစ်သည်- ဤအရာကို သင် နားလည်ရမည်၊ သို့သော် သင့်ကို ငါ ပြောခဲ့သည့် အခြားတစ်စုံတစ်ရာကို သင် မေ့လျော့ပြီလော။ 'သင်သည်လည်း ကမ္ဘာမြေနှင့် မဆိုင်၊ လောကနှင့် မဆိုင်။' ယခုအချိန်တွင် သင် လုပ်ဆောင်ဖို့လိုအပ်သည့် အလုပ် ရှိသည်။ ဤသို့ သင် ဝမ်းနည်းကြေကွဲ၍ မဖြစ်။ ဤသို့ သင် ဆင်းရဲဒုက္ခခံ၍ မဖြစ်ပေ။ လူနှင့်

ဘုရားသခင်သည် ကမ္ဘာတစ်ခုတည်းတွင် အတူမတည်ရှိနိုင်သော်လည်း၊ ငါ၌ ငါ၏ အလုပ်ရှိပြီး သင်၌ သင်၏ အလုပ်ရှိ၏၊ တစ်နေ့ သင်၏ အလုပ်ပြီးစီးသည့်အချိန်တွင် ငါတို့သည် လောကတစ်ခုတွင် အတူတကွ ရှိကြလိမ့်မည်ဖြစ်ပြီး၊ ငါနှင့်အတူ သင်အစဉ်ထာဝရရှိစေဖို့ သင့်ကို ငါ ဦးဆောင်လမ်းပြမည်။" ဤအရာကို ကြားပြီးနောက်တွင် ပေတရုသည် နှစ်သိမ့်မှုရခဲ့ပြီး ပူပန်သောကပြေပျောက်ခဲ့သည်။ ဤဆင်းရဲဒုက္ခမှာ သူ သည်းခံပြီး တွေ့ကြုံရမည့် အရာတစ်ခုဖြစ်သည်ကို သူ သိခဲ့ပြီး ထိုအချိန်မှစ၍၊ စေ့ဆော်မှု သူခံစားခဲ့ရသည်။ ယေရှုသည် သူ့ကို အထူးဉာဏ်အလင်းပေးခြင်းနှင့် လမ်းပြခြင်းတို့ကို ပေးလျက် အဓိကကျသည့် အခိုက်အတန့်တိုင်းတွင် သူ့ထံ အထူးသဖြင့် ပေါ်လာခဲ့ပြီး သူ့အပေါ် အမှုများစွာ ပြုခဲ့သည်။ မည်သည့်အရာကို ပေတရု နောင်တအရဆုံး ဖြစ်ခဲ့သနည်း။ "ကိုယ်တော်သည် ခရစ်တော်တည်း ဟူသော အသက်ရှင်တော်မူသည့် ဘုရားသခင်၏ သားတော်ဖြစ်ပါ၏" ဟု ပေတရုက ပြောပြီးသည့်နောက် မကြာမီတွင်၊ (ဤသို့ သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင် မထားသော်လည်း) ယေရှုက နောက်ထပ်မေးခွန်းတစ်ခုကို ပေတရုအား မေးခဲ့သည်။ ယေရှုက သူ့ကို၊ "ပေတရု။ ငါ့ကို သင် ချစ်ဖူးသလော" ဟု မေးခဲ့သည်။ ကိုယ်တော် ဆိုလိုသည့်အရာကို ပေတရုက နားလည်ခဲ့ပြီး၊ "သခင် တစ်ခါက ကောင်းကင်ဘုံ၌ ရှိသော ခမည်းတော်ကို ကျွန်ုပ် ချစ်ခဲ့ပါ၏၊ သို့သော် ကိုယ်တော့်ကို တစ်ကြိမ်တစ်ခါမျှ မချစ်ဖူးသည်ကို ကျွန်ုပ် ဝန်ခံပါ၏" ဟု ပြောခဲ့သည်။ ထို့နောက် ယေရှုက၊ "ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်ကို လူတို့သည် မချစ်ကြလျှင်၊ ကမ္ဘာမြေပေါ် ရှိ သားတော်ကို သူတို့ အဘယ်သို့ ချစ်နိုင်မည်နည်း။ လူတို့သည် ခမည်းတော်ဖြစ်သော ဘုရားသခင်က စေလွှတ်လိုက်သည့် သားတော်ကို မချစ်လျှင်၊ ကောင်းကင်ဘုံရှိ ခမည်းတော်ကို ၎င်းတို့ မည်သို့ ချစ်နိုင်မည်နည်း။ လူတို့သည် ကမ္ဘာမြေပေါ် ရှိ သားတော်ကို အမှန်ချစ်ကြလျှင်၊ ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်ကို သူတို့ အမှန်ချစ်ကြပေသည်" ဟု ပြောခဲ့သည်။ ဤစကားများကို ပေတရု ကြားသည့်အခါ၊ သူ လိုအပ်နေခဲ့သည့် အရာကို သူ နားလည်ခဲ့သည်။ သူသည် "တစ်ခါက ကောင်းကင်ဘုံ၌ ရှိသော ဖခမည်းတော်ကို ကျွန်ုပ် ချစ်ခဲ့ပါ၏၊ သို့သော် ကိုယ်တော့်ကို တစ်ကြိမ်တစ်ခါမျှ မချစ်ဖူးပါ" ဆိုသော သူ၏ စကားများနှင့်ပတ်သက်၍ မျက်ရည်များကျသည်အထိ သူ အမြဲ နောင်တရခဲ့သည်။ ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ တက်ကြွခြင်း ပြီးနောက်တွင်၊ ဤစကားများအပေါ် သာ၍ပင် နောင်တရ၍ ဝမ်းနည်းကြေကွဲမှုကို သူခံစားခဲ့သည်။ အတိတ်က သူ၏ အလုပ်နှင့် သူ၏ မျက်မှောက် ဝိညာဉ်အသက်တာကို ပြန်အမှတ်ရလျက်၊ ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းခဲ့ခြင်းနှင့် ဘုရားသခင်၏ စံနှုန်းများနှင့် မကိုက်ခဲ့ခြင်းကြောင့် နောင်တရ၍

အကြွေးတင်ရှိခြင်းကို အမြဲခံစားရရင်း ယေရှု၏ ရှေ့မှောက်သို့ ဆုတောင်းခြင်းဖြင့် မကြာခဏ သူလာလေ့ရှိခဲ့သည်။ ဤပြဿနာများက သူ၏ အကြီးမားဆုံးသော ဝန်ထုပ်များ ဖြစ်လာခဲ့သည်။ သူက၊ "ကျွန်ုပ်၌ ရှိသမျှအရာအားလုံးနှင့် ကျွန်ုပ်၏ ဖြစ်တည်မှုအားလုံးကို ကိုယ်တော့်ထံ တစ်နေ့ ကျွန်ုပ်ဆက်ကပ်ပါမည်၊ ပြီးလျှင် အဖိုးအတန်ဆုံး မည်သည့်အရာကိုမဆို ကိုယ်တော့်အား ကျွန်ုပ် ပေးပါမည်" ဟု ပြောခဲ့သည်။ သူက၊ "ဘုရားသခင်။ ကျွန်ုပ်တွင် ယုံကြည်ခြင်း တစ်ခုတည်းနှင့် ချစ်ခြင်းတစ်ခုတည်းသာ ရှိပါ၏။ ကျွန်ုပ်၏ ဘဝသည် ဘာမျှထိုက်တန်ခြင်းမရှိပါ။ ကျွန်ုပ်ကိုယ်ခန္ဓာသည်လည်း ဘာမျှထိုက်ခြင်းမရှိပါ။ ကျွန်ုပ်တွင် ယုံကြည်ခြင်း တစ်ခုတည်းနှင့် ချစ်ခြင်းတစ်ခုတည်းသာ ရှိပါ၏။ ကျွန်ုပ်၏ စိတ်ထဲတွင် ကိုယ်တော်၌ ယုံကြည်ခြင်းရှိပြီး ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် ကိုယ်တော့်အတွက် ချစ်ခြင်းရှိပါ၏။ ဤအရာနှစ်ခုသာ ကျွန်ုပ် ကိုယ်တော့်ကို ပေးဖို့ရှိပြီး အခြားမည်သည့်အရာမျှ မရှိပါ" ဟု ပြောခဲ့သည်။ ယေရှု၏ စကားများအားဖြင့် ပေတရု အလွန်ခွန်အားရခဲ့သည်၊ အဘယ့်ကြောင့် ဆိုသော် ယေရှု ကားစင်တင်မခံရမီတွင်၊ ပေတရုကို သူက၊ "ငါသည် ဤလောကနှင့် မစပ်ဆိုင်၊ ပြီးလျှင် သင်သည်လည်း ဤလောကနှင့် မစပ်ဆိုင်ပေ" ဟု ပြောခဲ့သောကြောင့် ဖြစ်သည်။ နောက်ပိုင်းတွင်၊ ကြီးမားသည့် နာကျင်မှုကို ခံစားရသည့်အခြေအနေအထိ ပေတရုရောက်ရှိသည့်အချိန်တွင်၊ ယေရှုက သူ့ကို၊ "ပေတရု၊ သင် မေ့လျော့ပြီလော။ ငါသည် ဤလောကနှင့် စပ်ဆိုင်ခြင်းမရှိ၊ စောစီးစွာ ငါ ထွက်ခွာခဲ့သည်မှာ ငါ၏ အမှုအတွက်သာ ဖြစ်သည်။ သင်သည်လည်း ဤလောကနှင့် မစပ်ဆိုင်၊ သင် အမှန်တကယ် မေ့လျော့သွားပြီလော။ သင့်ကို ငါ နှစ်ကြိမ် ပြောပြီးဖြစ်သည်၊ သင် အမှတ်မရသလော" ဟု သတိရစေခဲ့သည်။ ဤအရာကို ကြားသည့်အခါ၊ ပေတရုက၊ "ကျွန်ုပ် မမေ့လျော့ပါ" ဟု ပြောခဲ့သည်။ ထို့နောက် ယေရှုက၊ "တစ်ခါက သင်သည် ပျော်စရာအချိန်တစ်ခုနှင့် ငါ၏ ထံပါး၌ အချိန်ကာလတစ်ခုကို ငါနှင့်အတူ ကောင်းကင်ဘုံတွင် ကုန်ဆုံးခဲ့သည်။ သင် ငါ့ကို လွမ်းဆွတ်သတိရပြီး ငါ သင့်ကို လွမ်းဆွတ်မိသည်။ ငါ့အမြင်တွင် ဖန်ဆင်းခြင်းများက ဖော်ပြရန်မထိုက်သော်လည်း၊ အပြစ်ကင်းစင်ပြီး ချစ်ဖွယ်ကောင်းသူ တစ်ဦးကို ငါ အဘယ်သို့ မချစ်ဘဲ နေနိုင်မည်နည်း။ ငါ၏ ကတိကို သင် မေ့လျော့ပြီလော။ ကမ္ဘာမြေပေါ်တွင် ငါ၏ စေခိုင်းသည့် တာဝန်ကို သင် လက်ခံရမည်။ သင့်ကို ငါ အပ်ခဲ့သည့် အလုပ်ကို သင် ဖြည့်ဆည်းရမည်။ ငါ၏ ထံပါးတွင် ရှိဖို့ရန် တစ်နေ့ သင့်ကို ငါ ဧကန်မုချ ဦးဆောင်လမ်းပြမည်" ဟု ပြောခဲ့သည်။ ဤအရာကို ကြားပြီးနောက်တွင်၊ ပေတရုသည် သာ၍ပင် ခွန်အားရခဲ့ပြီး သာ၍ပင် ကြီးမားသော လှုံ့ဆော်မှုကို ရရှိခဲ့သည်မှာ ကားတိုင်ပေါ် သူရှိခဲ့ချိန်တွင်၊ "ဘုရားသခင်။ ကိုယ်တော့်ကို ကျွန်ုပ် ကျေနပ်လောက်အောင် မချစ်နိုင်ပါ။

ကျွန်ုပ်ကို သေဖို့ ကိုယ်တော်စေခိုင်းလျှင်ပင်၊ ကိုယ်တော့်ကို ကျွန်ုပ် ကျေနပ်လောက်အောင် မချစ်နိုင်သေးပါ။ ကျွန်ုပ်၏ ဝိညာဉ်ကို ကိုယ်တော် မည်သည့်နေရာတွင် စေလွှတ်ပါစေ၊ ကိုယ်တော်၏ အတိတ်က ကတိများကို ကိုယ်တော် ပြည့်စုံစေသည်ဖြစ်စေ၊ မပြည့်စုံစေသည်ဖြစ်စေ၊ နောက်ပိုင်းတွင် ကိုယ်တော် မည်သည့်အရာကို လုပ်ဆောင်ပါစေ၊ ကိုယ်တော့်ကို ကျွန်ုပ်ချစ်ပြီး ကိုယ်တော့်ကို ကျွန်ုပ် ယုံကြည်ပါ၏" ဟု ပြောနိုင်ခဲ့လေသည်။ သူ ဆုပ်ကိုင်ခဲ့သည်မှာ သူ၏ ယုံကြည်ခြင်းနှင့် စစ်မှန်သော ချစ်ခြင်းဖြစ်သည်။

တစ်ညနေခင်းတွင်၊ ပေတရုအပါအဝင် တပည့်တော်အချို့သည် ယေရှုနှင့်အတူ ငါးဖမ်းလှေတစ်စင်းပေါ်တွင် ရှိခဲ့ကြပြီး ပေတရုက ယေရှုကို အလွန်ရိုးစင်းသော မေးခွန်းတစ်ခု မေးခဲ့သည်- "သခင်။ ကျွန်ုပ်၌ အလွန်အချိန်ကြာမြင့်စွာ ရှိထားခဲ့သည့် မေးခွန်းတစ်ခုကို ကိုယ်တော့်ကို မေးလိုပါ၏။" ယေရှုက၊ "ဤသို့ဆိုလျှင် မေးလော့" ဟု ပြန်ဖြေခဲ့သည်။ ထို့နောက် ပေတရုက၊ "ပညတ်တော်ခေတ်အတွင်းတွင် ပြီးမြောက်ခဲ့သည့် အမှုသည် ကိုယ်တော်၏ လုပ်ဆောင်ချက်လော" ဟု မေးခဲ့သည်။ ယေရှုက၊ "ဤသူငယ် နုံအလိုက်ပါဘိ" ဟု ပြောသကဲ့သို့ ပြုံးလိုက်သည်။ ထို့နောက် သူက ရည်ရွယ်ချက်ဖြင့်၊ "၎င်းမှာ ငါ၏ လုပ်ဆောင်ချက်မဟုတ်။ ယေဟောဝါနှင့် မောရှေတို့၏ လုပ်ဆောင်ချက်ဖြစ်သည်" ဟု ဆက်ပြောခဲ့သည်။ ဤအရာကို ပေတရုက ကြားပြီး၊ "သြော်။ သို့ဆိုလျှင် ယင်းက ကိုယ်တော်၏ လုပ်ဆောင်ချက် မဟုတ်ပေဘူးပေါ့" ဟု အံ့အားသင့်စွာပြောခဲ့သည်။ ဤအရာကို ပေတရုပြောသည်နှင့်တစ်ပြိုင်နက်၊ ယေရှုက နောက်ထပ်စကားမပြောတော့ပေ။ ပေတရုက "လုပ်ဆောင်ခဲ့သူမှာ ကိုယ်တော်မဟုတ်၊ ထို့ကြောင့် ကိုယ်တော်၏ လုပ်ဆောင်ချက် မဟုတ်သည်နှင့်အညီ ပညတ်တရားကို ဖျက်ဆီးဖို့ ကိုယ်တော်ကြွလာခဲ့သည်မှာ အံ့သြစရာမရှိပါ" ဟု မိမိဘာသာ တွေးခဲ့သည်။ သူ၏ စိတ်နှလုံးသည်လည်း အေးချမ်းသွားခဲ့သည်။ နောက်ပိုင်းတွင်၊ ပေတရု အတော်အတန် နုံအသည်ကို ယေရှု နားလည်ခဲ့သော်လည်း ထိုအချိန်က ပေတရု၌ သိနားလည်မှု လုံးဝမရှိခဲ့ခြင်းကြောင့် ယေရှုသည် အခြားမည်သည့်အရာကိုမျှ မပြောဆိုခဲ့သကဲ့သို့ သူ့ကို တိုက်ရိုက် မချေပခဲ့ပေ။ တစ်ခါတုန်းက ပေတရုအပါအဝင် လူများစွာ ရှိခဲ့သည့် တရားဇရပ်တစ်ခုတွင် တရားဒေသနာတစ်ခုကို ယေရှုဟောကြားခဲ့သည်။ သူ၏ တရားဒေသနာထဲတွင်၊ ယေရှုက၊ "ကျေးဇူးတော်ခေတ်အတွင်းတွင် လူသားမျိုးနွယ်အားလုံးကို အပြစ်မှ ရွေးနုတ်ဖို့ ရွေးနုတ်ခြင်းအမှုကို ထာဝရအဆက်ဆက်မှ လာမည့်သူတစ်ဦးက ပြုလိမ့်မည်၊ သို့သော် လူသားကို အပြစ်မှ ဦးဆောင်လမ်းပြရာတွင် မည်သည့် စည်းမျဉ်းအားဖြင့်မျှ သူသည် ဘောင်ခတ်ခံရလိမ့်မည်မဟုတ်။ သူသည် ပညတ်တရားမှ ထွက်သွားလိမ့်မည်ဖြစ်ပြီး

ကျေးဇူးတော်ခေတ်ထဲသို့ ဝင်ရောက်လိမ့်မည်။ လူသားမျိုးနွယ် အားလုံးကို သူ ရွေးနုတ်လိမ့်မည်။ ပညတ်တော်ခေတ်မှ ကျေးဇူးတော်ခေတ်ထဲသို့ သူသည် ရှေ့ဆက်လှမ်းသွားလိမ့်မည်၊ သို့တိုင် ယေဟောဝါထံမှ လာသည့် သူ့ကို အဘယ်သူမျှ မသိ။ မောရှေ လုပ်ဆောင်ခဲ့သည့် အလုပ်ကို ယေဟောဝါက ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ယေဟောဝါ လုပ်ဆောင်ခဲ့သည့် အမှုကြောင့် မောရှေသည် ပညတ်တရားကို မှုကြမ်းရေးခဲ့ခြင်းဖြစ်သည်” ဟု ပြောခဲ့လေသည်။ ဤအရာကို ပြောပြီးသည်နှင့်၊ သူသည် “ကျေးဇူးတော်ခေတ်အတွင်းတွင် ကျေးဇူးတော်ခေတ်၏ ပညတ်ချက်များကို ဖျက်သိမ်းသောသူတို့သည် ဘေးဒုက္ခနှင့် ရင်ဆိုင်ရလိမ့်မည်။ သူတို့သည် ဗိမာန်တော်ထဲတွင် ရပ်ပြီး ဘုရားသခင်၏ ဖျက်ဆီးခြင်းကို ရရှိရမည်ဖြစ်ကာ သူတို့အပေါ်သို့ မီးကျလိမ့်မည်” ဟု ဆက်ပြောခဲ့သည်။ ဤစကားများကို ကြားရခြင်းက ပေတရုအပေါ် အတော်အတန် သက်ရောက်မှုရှိခဲ့ပြီး သူ၏ အတွေ့အကြုံ ကာလတစ်လျှောက်တွင်၊ ယေရှုသည် ပေတရုနှင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း စကားပြောရင်း သူ့ကို ထိန်းကျောင်းကာ အားပေးခဲ့သည်၊ ယင်းက ပေတရုကို ယေရှုနှင့်ပတ်သက်၍ အနည်းငယ်မျှ ပိုမိုကောင်းမွန်သော သိနားလည်မှုပေးခဲ့သည်။ ထိုနေ့က ယေရှု ဟောပြောခဲ့သည့်အရာနှင့် ငါးဖမ်းလှေပေါ်တွင် သူတို့ရှိချိန် ယေရှုကို သူမေးခဲ့သည့် မေးခွန်း၊ ယေရှုပေးခဲ့သည့် အဖြေအပြင် ကိုယ်တော် ပြုံးခဲ့ပုံတို့ကို ပေတရုပြန်တွေးကြည့်စဉ်၊ အရာအားလုံးကို ပေတရု နောက်ဆုံးတွင် နားလည်လာခဲ့သည်။ နောက်ပိုင်းတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်က ပေတရုကို ဉာဏ်အလင်းပေးခဲ့ပြီး ထို့နောက်တွင်မှ ယေရှုက အသက်ရှင်သော ဘုရားသခင်၏ သားဖြစ်သည်ကို သူ နားလည်ခဲ့သည်။ ပေတရု၏ သိနားလည်ခြင်းက သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းမှ လာသော်လည်း သူ၏ သိနားလည်ခြင်းတွင် ဖြစ်စဉ်တစ်ခု ရှိခဲ့ပေသည်။ ယေရှုသည် အသက်ရှင်သော ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ပေတရု နားလည်လာခဲ့သည်မှာ မေးခွန်းများမေးခြင်း၊ ယေရှု ဟောပြောခြင်းကို ကြားခြင်း၊ ထို့နောက် ယေရှု၏ အထူးမိတ်သဟာယပြုခြင်းနှင့် သူ၏ အထူးထိန်းကျောင်းပေးခြင်းကို လက်ခံရရှိခြင်းတို့မှ တစ်ဆင့်ဖြစ်ခဲ့သည်။ ယင်းကို နေ့ချင်းညချင်း ရရှိခဲ့ခြင်း မဟုတ်ပေ။ ယင်းသည် ဖြစ်စဉ်တစ်ခုဖြစ်ပြီး ဤအရာသည် သူ၏ နောက်ပိုင်းအတွေ့အကြုံများတွင် အကူအညီတစ်ခု ဖြစ်လာခဲ့သည်။ အဘယ်ကြောင့် ယေရှုသည် အခြားလူများ၌ စုံလင်စေခြင်း အမှုကို မပြုဘဲ ပေတရု၌သာ ပြုခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် အသက်ရှင်သော ဘုရားသခင်၏ သားတော်ဖြစ်သည်ကို ပေတရုကသာ နားလည်ခဲ့သောကြောင့် ဖြစ်သည်။ အခြားမည်သူမျှ ဤအရာကို မသိခဲ့ပေ။ ကိုယ်တော့်နောက်လိုက်သည့် မိမိတို့၏အချိန်ကာလ၌ များစွာသိခဲ့ကြသည့် တပည့်တော်များစွာ

ရှိခဲ့ကြသော်လည်း၊ ၎င်းတို့၏ အသိပညာမှာ အပေါ်ယံဖြစ်ခဲ့သည်။ ဤသည်မှာ စုံလင်ခံရခြင်း၏ နမူနာအဖြစ် ပေတရုကို ယေရှု ရွေးချယ်ခဲ့သည့် အကြောင်းရင်းဖြစ်သည်။ ထိုအချိန်က ပေတရုကို ယေရှုပြောခဲ့သည့်အရာသည် ၎င်းတို့၏ အသိပညာနှင့် အသက်တာဝင်ရောက်ခြင်းတို့က ပေတရု၏အသိပညာနှင့် အသက်တာ ဝင်ရောက်ခြင်းကို မီရမည်ဖြစ်သည့် ယနေ့ လူတို့ကို ကိုယ်တော်ပြောသည့် အရာဖြစ်သည်။ အယာက်တိုင်းကို ဘုရားသခင် စုံလင်စေမည်မှာ ဤသတ်မှတ်ချက်၊ ဤလမ်းကြောင်းနှင့်အညီ ဖြစ်သည်။ ယနေ့လူတို့အား စစ်မှန်သော ယုံကြည်ခြင်းနှင့် စစ်မှန်သော ချစ်ခြင်းမေတ္တာ ရှိရန် အဘယ်ကြောင့် သတ်မှတ်ထားသနည်း။ ပေတရု တွေ့ကြုံခဲ့သည့်အရာကို သင်တို့သည်လည်း တွေ့ကြုံရမည်ဖြစ်သည်။ ပေတရု သူ၏ အတွေ့အကြုံများမှ ရရှိခဲ့သည့် အသီးအပွင့်များသည် သင်တို့အထဲ တွင်လည်း ထင်ရှားရမည်ဖြစ်ပြီး ပေတရု တွေ့ကြုံခဲ့သည့် နာကျင်မှုကို သင်တို့သည်လည်း တွေ့ကြုံရပေမည်။ သင်တို့ လျှောက်လှမ်းကြသည့် လမ်းကြောင်းသည် ပေတရု လျှောက်လှမ်းခဲ့သည့် လမ်းကြောင်းနှင့် အတူတူပင်ဖြစ်သည်။ သင်တို့ ဒုက္ခခံရသည့် နာကျင်မှုသည် ပေတရု ဒုက္ခခံခဲ့ရသည့် နာကျင်မှုဖြစ်သည်။ ဘုန်းအသရေကို သင်တို့ ရရှိသည့်အချိန်နှင့် စစ်မှန်သော အသက်တာကို သင်တို့ အသက်ရှင်နေထိုင်သည့်အချိန်တွင်၊ ပေတရု၏ ပုံသဏ္ဍာန်ကို သင်တို့ အသက်ရှင်နေထိုင်ခြင်း ဖြစ်သည်။ လမ်းကြောင်း တူညီပြီး လူတစ်ဦးသည် ထိုလမ်းကြောင်းကို လိုက်လျှောက်ခြင်းဖြင့် စုံလင်ခံရပေသည်။ သို့သော် သင်တို့၏ အရည်အချင်းသည် ပေတရု၏ အရည်အချင်းနှင့် နှိုင်းယှဉ်ရာတွင် အတော်အတန် ချို့တဲ့နေ၏။ အဘယ်ကြောင့်ဆိုသော် အချိန်ကာလများ ပြောင်းလဲပြီဖြစ်ပြီး လူသား၏ ဖောက်ပြန်ပျက်စီးခြင်း အတိုင်းအတာ သည်လည်း ပြောင်းလဲပြီဖြစ်သည့်အတွက်၊ ပြီးလျှင် ယုဒပြည်သည် ရှေးဟောင်း ယဉ်ကျေးမှုတစ်ခုရှိသည့် တာရှည်တည်တံ့သော တိုင်းပြည်ဖြစ်သောကြောင့်ဖြစ်၏။ ဤအကြောင်းကြောင့် သင်တို့၏ အရည်အချင်းကို တိုးတက်စေဖို့ တတ်နိုင်သမျှ သင်တို့ လုပ်ဆောင်ရမည်။

ပေတရုသည် အလွန်စဉ်းစားချင့်ချိန်တတ်သည့်လူ၊ သူလုပ်သမျှ တိုင်း၌ လျင်သောသူဖြစ်ပြီး အလွန်အမင်း ရိုးသားသောသူလည်း ဖြစ်သည်။ အနှောင့်အယှက်များစွာ သူ ခံစားခဲ့ရသည်။ လူ့အဖွဲ့အစည်းနှင့် ပထမဆုံး သူထိတွေ့ခဲ့သည်မှာ သူကျောင်းတက်ပြီး တရားဇရပ်သို့လည်း သွားခဲ့သည့် အသက် ၁၄ နှစ်အရွယ်တွင်ဖြစ်သည်။ စိတ်အားထက်သန်မှုများစွာ သူ ရှိခဲ့ပြီး ဝတ်ပြုအစည်းအဝေးများကို တက်ရောက်ရန် သူအမြဲလိုလား နေခဲ့သည်။ ထိုအချိန်တွင်၊ ယေရှုသည် သူ၏ အမှုကို တရားဝင် မစတင်ခဲ့သေးပေ။ ဤသည်မှာ ကျေးဇူးတော်ခေတ်၏ အစသာ ဖြစ်ခဲ့သည်။ ပေတရုသည် အသက် ၁၄ နှစ်အရွယ်တွင် ဘာသာရေး ပုဂ္ဂိုလ်များနှင့်

စတင် ထိတွေ့လာခဲ့သည်။ သူ အသက် ၁၈ ရောက်သည့်အချိန်တွင်၊ ဘာသာရေး လက်ရွေးစင်လူစုနှင့် ထိတွေ့ခဲ့ရသော်လည်း၊ ဘာသာတရား၏ မြင်ကွင်းများနောက်ကွယ်က ပရမ်းပတာဖြစ်ခြင်းကို သူ မြင်ခဲ့သည့်နောက်တွင် ထိုအရာမှ သူဆုတ်ခွာခဲ့သည်။ ဤလူများ အဘယ်မျှ လည်သည်၊ ကောက်ကျစ်ပြီး ကြိတ်ကြဲနေကြသည်ကို မြင်သည့်အခါ၊ သူသည် အလွန်အမင်း စက်ဆုပ်လာခဲ့ပြီး (ဤသည်မှာ ထိုအချိန်က သူ့ကို စုံလင်စေဖို့ သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသည့်ပုံစံ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်က သူ့ကို အထူးသဖြင့် တို့ထိပြီး သူ့အပေါ် အထူးလုပ်ဆောင်ချက်အချို့ပြုခဲ့သည်) ထို့ကြောင့် အသက် ၁၈ နှစ်အရွယ်တွင် တရားဇရပ်မှ သူ စွန့်ခွာခဲ့သည်။ သူ၏ မိဘများက သူ့ကို ညှဉ်းပန်းနှိပ်စက်ခဲ့ပြီး သူ့ကို ယုံကြည်ခွင့်မပေးခဲ့ပေ (၎င်းတို့သည် နတ်ဆိုးများနှင့် မယုံကြည်သူများ ဖြစ်ခဲ့ကြသည်)။ နောက်ဆုံးတွင်၊ ပေတရုသည် အိမ်ကို စွန့်ခွာခဲ့ပြီး နှစ်နှစ်ကြာ ငါးဖမ်းရင်းနှင့် တရားဟောရင်း နေရာတကာ ခရီးသွားခဲ့သည်၊ ထိုအချိန်အတော အတွင်းတွင် အတော်အတန် လူအနည်းငယ်ကိုလည်း သူ ဦးဆောင်ခဲ့သည်။ ယခုတွင် ပေတရု လျှောက်လှမ်းခဲ့သည့် တိကျသည့်လမ်းကြောင်းကို သင် ရှင်းရှင်းလင်းလင်း မြင်နိုင်သင့်ပေသည်။ ပေတရု၏ လမ်းကြောင်းကို သင် ရှင်းရှင်းလင်းလင်း မြင်နိုင်လျှင် ယနေ့ လုပ်ဆောင်နေသည့် အမှုနှင့်ပတ်သက်၍ သင် သေချာလိမ့်မည်၊ ထို့ကြောင့် သင်သည် ညည်းညူခြင်း ရှိမည်မဟုတ် သို့မဟုတ် မတုန်မလှုပ် ဖြစ်မည်မဟုတ်၊ သို့မဟုတ် မည်သည့်အရာကိုမျှ တောင့်တမည်မဟုတ်ပေ။ ထိုအချိန်က ပေတရု၏ စိတ်နေစိတ်ထားကို သင် တွေ့ကြုံသင့်သည်။ သူသည် ဝမ်းနည်းမှု ဖိစီးနေခဲ့သည်။ အနာဂတ်တစ်ခု သို့မဟုတ် မည်သည့် ကောင်းချီးမင်္ဂလာကိုမျှ သူ မတောင်းဆိုခဲ့တော့ပေ။ အကျိုးအမြတ်၊ ပျော်ရွှင်ခြင်း၊ ကျော်ကြားမှု သို့မဟုတ် လောကထဲရှိ ပစ္စည်းဥစ္စာတို့ကို သူ မရှာဖွေခဲ့ပေ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပေးဆပ်ဖို့နှင့် သူ လုံးဝအဖိုးတန်ဆုံးဟု ယူဆသည့် အရာကို ဘုရားသခင်အား ဆက်ကပ်ဖို့ဖြစ်သော အဓိပ္ပါယ်အရှိဆုံး အသက်တာကို အသက်ရှင်ဖို့သာ သူ ကြိုးစားခဲ့သည်။ ထို့နောက်တွင် သူ၏ စိတ်နှလုံးထဲ၌ ကျေနပ်ခဲ့ရသည်။ သူက၊ “သခင်ယေရှုခရစ်တော်၊ တစ်ချိန်က ကိုယ်တော့်ကို ကျွန်ုပ် ချစ်ခဲ့သော်လည်း ကိုယ်တော့်ကို ကျွန်ုပ် ဘယ်သောအခါမျှ စစ်မှန်စွာမချစ်ခဲ့ပါ။ ကိုယ်တော့်၌ ကျွန်ုပ် ယုံကြည်ခြင်းရှိသည်ဟု ပြောခဲ့သော်လည်း၊ စစ်မှန်သော နှလုံးသားဖြင့် ကိုယ်တော့်ကို ကျွန်ုပ် ဘယ်သောအခါမျှ မချစ်ခဲ့ပါ။ ကိုယ်တော့်ကို အထင်ကြီးရုံ ကြီးခဲ့သည်၊ ကြည်ညိုရုံကြည်ညိုခဲ့ပြီး ကိုယ်တော့်ကို လွမ်းဆွတ်ရုံသာ ဖြစ်ခဲ့သော်လည်း ကိုယ်တော့်ကို ဘယ်သောအခါမျှ မချစ်ခဲ့သကဲ့သို့ ကိုယ်တော်၌ ယုံကြည်ခြင်း စစ်မှန်စွာမရှိခဲ့ပါ” ဟူသော စကားများဖြင့် ယေရှုထံ မကြာခဏ

ဆုတောင်းခဲ့သည်။ သူ သန္နိဋ္ဌာန်ချဖို့ရန် သူစဉ်ဆက်မပြတ် ဆုတောင်းခဲ့ပြီး သူသည် ယေရှု၏ နှုတ်ကပတ်တော်များအားဖြင့် အမြဲ ခွန်အားရခဲ့ကာ ၎င်းတို့မှ စိတ်လှုံ့ဆော်မှုကို ရယူခဲ့သည်။ နောက်ပိုင်းတွင်၊ အတွေ့အကြုံ ကာလတစ်ခု အပြီးနောက်၊ ယေရှုက သူ့ကို နောက်ထပ် တမ်းတဖို့ ဆွပေးရင်း ပေတရုကို စစ်ဆေးခဲ့သည်။ သူက၊ "သခင်ယေရှုခရစ်တော်။ ကိုယ်တော့်ကို ကျွန်ုပ် လွမ်းဆွတ်လှပြီး ကိုယ်တော့်ကို ဖူးမျှော်ဖို့ တောင့်တမိပါ၏။ ကျွန်ုပ် ချို့တဲ့လွန်းလှပြီး ကိုယ်တော်၏ ချစ်ခြင်းကို ထေမိစေရန် မပြုနိုင်ပါ။ မကြာမီ ကျွန်ုပ်ကို ခေါ်ဆောင်သွားဖို့ ကိုယ်တော့်ကို ကျွန်ုပ် အနူးအညွတ် တောင်းပန်ပါ၏။ မည်သည့်အချိန်တွင် ကျွန်ုပ်ကို ကိုယ်တော် လိုအပ်မည်နည်း။ မည်သည့်အချိန်တွင် ကျွန်ုပ်ကို ခေါ်ဆောင်သွားမည်နည်း။ ကိုယ်တော်၏ မျက်နှာကို မည်သည့်အချိန်တွင် ကျွန်ုပ် ဖူးမျှော်ရမည်နည်း။ ဤခန္ဓာကိုယ်၌ အသက်မရှင်လိုတော့ပါ၊ ဖောက်ပြန်ပျက်စီးသောသူ ဆက်ဖြစ်လာဖို့ ကျွန်ုပ် ဆန္ဒမရှိတော့သကဲ့သို့ ဆက်လက်၍ ပုန်ကန်ဖို့လည်း ကျွန်ုပ် ဆန္ဒမရှိပါ" ဟု ပြောခဲ့သည်။ ကျွန်ုပ်၌ ရှိသမျှအရာရာကို ကိုယ်တော့်အား ချက်ချင်းပင် ဆက်ကပ်ရန် အသင့်ရှိပါ၏၊ ကိုယ်တော့်ကို ဆက်လက်၍ ဝမ်းနည်းစေဖို့ ကျွန်ုပ် ဆန္ဒမရှိပါ။ ဤသည်မှာ သူ ဆုတောင်းသည့်ပုံဖြစ်သော်လည်း ယေရှုက သူ့အထဲတွင် မည်သည့်အရာ စုံလင်စေမည်ကို ထိုအချိန်က သူ မသိခဲ့ပါ။ သူ၏ စစ်ဆေးခံရခြင်းနှင့်ဆိုင်သည့် မချိတင်ကဲဝေဒနာ အတော အတွင်းတွင်၊ ယေရှုသည် သူ့ထံ တစ်ဖန် ပေါ်လာခဲ့ပြီး၊ "ပေတရု၊ ငါ၏ စုံလင်ခြင်း ပုံဆောင်ခဲတစ်ခုဖြစ်သည့် အသီးအပွင့်တစ်ခုနှင့် ငါ မွေ့လျော်မည့်အရာ သင်ဖြစ်လာသည်အထိ ငါသည် သင့်ကို စုံလင်အောင် ပြုဖို့ ဆန္ဒရှိသည်။ ငါ့အတွက် သင် အမှန်တကယ် သက်သေခံနိုင်သလော။ သင်လုပ်ဆောင်ရန် ငါ စေခိုင်းသည့်အရာကို လုပ်ဆောင်ပြီးပြီလော။ ငါ ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များကို သင် အသက်ရှင်နေထိုင် ပြီးပြီလော။ တစ်ချိန်က သင် ငါ့ကို ချစ်ခဲ့သည်၊ သို့သော် သင်ငါ့ကို ချစ်ခဲ့သော်လည်း ငါ့ကို သင် အသက်ရှင်နေထိုင်ပြီးပြီလော။ ငါ့အတွက် သင် မည်သည့်အရာ လုပ်ဆောင်ပြီးပြီနည်း။ သင်သည် ငါ၏ ချစ်ခြင်းမေတ္တာနှင့် မထိုက်သည်ကို သင်သတိပြုမိသော်လည်း ငါ့အတွက် သင် မည်သည့်အရာကို လုပ်ဆောင်ပြီးပြီနည်း" ဟု ဆိုခဲ့သည်။ ယေရှုအတွက် သူ ဘာမျှ မလုပ်ဆောင်ခဲ့သည်ကို ပေတရုမြင်ခဲ့ပြီး ဘုရားသခင်အား သူ၏ အသက်တာကို ပေးရန် သူ၏ယခင်ကျမ်းသစ္စာကို သူ သတိရခဲ့သည်။ ထို့ကြောင့်၊ သူသည် နောက်ထပ် မညည်းညူတော့သကဲ့သို့ ထိုအချိန်မှစ၍ သူ၏ ဆုတောင်းချက်များက များစွာ သာ၍ကောင်းမွန်လာခဲ့သည်။ သူက၊ "သခင်ယေရှုခရစ်တော်။ တစ်ချိန်က ကိုယ်တော့်ကို ကျွန်ုပ် စွန့်ခွာခဲ့ပြီး ကိုယ်တော်ကလည်း ကျွန်ုပ်ကို စွန့်ခွာခဲ့ပါ၏။ ကျွန်ုပ်တို့သည် ခွဲခွာသည့်အချိန်နှင့်

အဖော်ပြုလျက် အတူတကွ ရှိချိန်တို့ ရှိခဲ့ကြပါ၏။ သို့သော်လည်း အခြားအရာအားလုံးထက် ကိုယ်တော်သည် ကျွန်ုပ်ကို ပိုချစ်ပါ၏။ ကိုယ်တော့်ကို ကျွန်ုပ် အဖန်ဖန် ပုန်ကန်မိခဲ့ပြီး အဖန်ဖန် ဝမ်းနည်းကြေကွဲစေခဲ့ပါ၏။ ထိုသို့သော အရာများကို အကျွန်ုပ် အဘယ်သို့ မေ့လျော့နိုင်ပါမည်နည်း။ အကျွန်ုပ်အပေါ် ကိုယ်တော်ပြုခဲ့သည့် အမှုနှင့် ကျွန်ုပ်ကို ကိုယ်တော် အပ်နှံခဲ့သည့်အရာကို စိတ်ထဲတွင် အစဉ်မှတ်ထားလျက်နေပြီး ကျွန်ုပ် ဘယ်သောအခါမျှ မမေ့လျော့ပါ။ ကျွန်ုပ်အပေါ် ကိုယ်တော်ပြုခဲ့သည့် အမှုအတွက် ကျွန်ုပ်တတ်နိုင်သမျှ အရာရာကို ကျွန်ုပ် လုပ်ဆောင်ပြီးပါပြီ။ ကျွန်ုပ် လုပ်ဆောင်နိုင်သည့်အရာကို ကိုယ်တော်သိပြီး ထိုထက် မည်သည့် ကဏ္ဍ၌ ကျွန်ုပ် ပါဝင်နိုင်သည်ကို ကိုယ်တော်သိပါ၏။ ကိုယ်တော်၏ စီစဉ်ညွှန်ကြားမှုများကို နာခံဖို့ ကျွန်ုပ် ဆန္ဒရှိပြီး ကျွန်ုပ်၌ ရှိသမျှအရာရာကို ကိုယ်တော့်အား ဆက်ကပ်ပါမည်။ ကိုယ်တော့်အတွက် ကျွန်ုပ် လုပ်ဆောင်နိုင်သည့်အရာကို ကိုယ်တော်သာ သိပါ၏။ စာတန်က ကျွန်ုပ်ကို အလွန် အရူးလုပ်ပြီး ကိုယ်တော့်ကို ကျွန်ုပ် ပုန်ကန်မိခဲ့သော်လည်း၊ ထိုအပြစ်များအတွက် ကျွန်ုပ်ကို ကိုယ်တော် အမှတ်ရသည် မဟုတ်ကြောင်းနှင့် ထိုအပြစ်များအပေါ် အခြေခံ၍ ကျွန်ုပ်ကို မဆက်ဆံကြောင်းကို ကျွန်ုပ် ယုံကြည်ပါ၏။ ကျွန်ုပ်၏ အသက်တာ တစ်ခုလုံးကို ကိုယ်တော့်အား ဆက်ကပ်ဖို့ ကျွန်ုပ် ဆန္ဒရှိပါ၏။ မည်သည့်အရာကိုမျှ ကျွန်ုပ် မတောင်းဆိုသကဲ့သို့ အခြားသော မျှော်လင့်ချက်များ သို့မဟုတ် အစီအစဉ်များ ကျွန်ုပ်တွင် မရှိပါ။ ကိုယ်တော်၏ ရည်ရွယ်ချက်များအတိုင်း ပြုမူဖို့နှင့် ကိုယ်တော်၏ အလိုတော်ကို လုပ်ဆောင်ဖို့သာ ကျွန်ုပ် ဆန္ဒရှိပါ၏။ ကိုယ်တော်၏ ခါးသောခွက်မှ ကျွန်ုပ်သောက်ပါမည်၊ ကျွန်ုပ်ကို စေခိုင်းဖို့ ကိုယ်တော်ပိုင်ပါ၏” ဟု ပြောရင်း ဆုတောင်းခဲ့သည်။

သင်တို့ လျှောက်လှမ်းသည့် လမ်းကြောင်းနှင့်ပတ်သက်၍ သင်တို့ ရှင်းလင်းရမည်။ အနာဂတ်တွင် သင်တို့ လျှောက်လှမ်းမည့် လမ်းကြောင်း၊ မည်သည့်အရာကို ဘုရားသခင် စုံလင်စေမည်ဆိုသည်နှင့် သင်တို့ကို မည်သည့်အရာ အပ်နှံထားသည်တို့နှင့်ပတ်သက်၍ သင်တို့ ရှင်းလင်းရမည်။ တစ်နေ့တွင်၊ သင်တို့ စစ်ဆေးခံရကောင်း ခံရလိမ့်မည်ဖြစ်ပြီး ထိုအချိန်ရောက်လာသည့်အခါ၊ ပေတရု၏ အတွေ့အကြုံများမှ လှုံ့ဆော်အားပေးမှု သင်တို့ ရယူနိုင်လျှင်၊ ပေတရု၏ လမ်းကြောင်းကို သင်တို့ အမှန်တကယ် လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း ထိုအရာက ပြသလိမ့်မည်။ ပေတရုသည် သူ၏ စစ်မှန်သော ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် ဘုရားသခင်အဖို့ သူ၏ သစ္စာရှိခြင်းတို့အတွက် ဘုရားသခင်၏ ချီးကျူးခြင်းကို ခံခဲ့ရသည်။ ပြီးလျှင် သူ့ကို ဘုရားသခင် စုံလင်စေခဲ့သည်မှာ သူ၏ ရိုးသားမှုနှင့် ဘုရားသခင်အတွက် သူ၏ စိတ်နှလုံးထဲရှိ တောင့်တမှုတို့ကြောင့် ဖြစ်ခဲ့ပေသည်။ ပေတရုကဲ့သို့

သင်သည်လည်း အလားတူ ချစ်ခြင်းမေတ္တာနှင့် ယုံကြည်ခြင်း အမှန်တကယ်ရှိလျှင်၊ ယေရှုက သင့်ကို ကေန်မုချ စုံလင်စေလိမ့်မည်။

## စစ်ဆေးခြင်းကိုကြုံတွေ့ခြင်းအားဖြင့်သာ လူသားသည် စစ်မှန်သော ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်နိုင်သည်

သင်တို့အားလုံးသည် စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းတို့အလယ်တွင် ရှိကြ၏။ စစ်ဆေးခြင်းအတွင်းတွင် သင်သည် ဘုရားသခင်ကို အဘယ်သို့ ချစ်သင့်သနည်း။ စစ်ဆေးခြင်းကို ကြုံတွေ့ပြီးနောက်၊ လူတို့သည် ဘုရားသခင်ထံ စစ်မှန်သော ချီးမွမ်းခြင်းကို ဆက်ကပ်နိုင်ပြီး၊ စစ်ဆေးခြင်း အလယ်တွင် ၎င်းတို့ အလွန်ပင် ချို့တဲ့ကြသည်ကို မြင်နိုင်ကြသည်။ သင်၏ စစ်ဆေးခြင်း ကြီးမားလေလေ၊ သင်သည် ဇာတိပကတိကို စွန့်လွှတ်ရန် တတ်စွမ်းနိုင်လေလေ ဖြစ်သည်။ လူတို့၏ စစ်ဆေးခြင်း ကြီးမားလေလေ၊ ဘုရားသခင်အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာ ကြီးမားလေလေ ဖြစ်သည်။ ဤသည်မှာ သင် နားလည်သင့်သည့်အရာ ဖြစ်သည်။ လူတို့ အဘယ်ကြောင့် စစ်ဆေးခြင်းခံရမည်နည်း။ မည်သည့်အကျိုးသက်ရောက်မှုကို ရရှိရန် ထိုစစ်ဆေးခြင်းက ရည်ရွယ်သနည်း။ လူသား၌ ဘုရားသခင်၏ စစ်ဆေးခြင်းအမှု၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ သင်သည် ဘုရားသခင်ကို အမှန်တကယ် ရှာဖွေလျှင်၊ အတိုင်းအတာတစ်ခုအထိ သူ၏ စစ်ဆေးခြင်းကို ကြုံတွေ့ခံစားပြီးနောက် ယင်းသည် အလွန့်အလွန် ကောင်းမွန်ပြီး အဆုံးစွန် လိုအပ်မှုဖြစ်သည်ကို သင် ခံစားရလိမ့်မည်။ စစ်ဆေးခြင်း အတောအတွင်းတွင် လူသားသည် ဘုရားသခင်ကို မည်သို့ ချစ်သင့်သနည်း။ ဘုရားသခင်၏ စစ်ဆေးခြင်းကို လက်ခံဖို့ ကိုယ်တော်ကို ချစ်ရန်သန္နိဋ္ဌာန်ကို အသုံးပြုခြင်းဖြင့်- စစ်ဆေးခြင်းအတောအတွင်းတွင် သင်သည် ဓားတစ်လက်က သင်၏ နှလုံးသားကို မွှေနှောက်လျက်ရှိသကဲ့သို့ အတွင်းပိုင်း၌ ညှဥ်းဆဲ ခံရသော်လည်း၊ သင်သည် ဘုရားသခင်ကို ချစ်သည့် သင်၏နှလုံးသားကို အသုံးပြုလျက် ဘုရားသခင်ကို စိတ်ကျေနပ်စေရန် လိုလိုလားလားရှိနေပြီး၊ ဇာတိပကတိကို ဂရုစိုက်ရန် လိုလိုလားလား ရှိမနေပေ။ ဤသည်မှာ ဘုရားသခင်ကို ချစ်ခြင်းအား လက်တွေ့လုပ်ဆောင်ခြင်းကို ဆိုလိုသည့်အရာ ဖြစ်သည်။ သင်သည် အတွင်းပိုင်းကို နာကျင်နေပြီး သင်၏ ဆင်းရဲဒုက္ခခံစားမှုသည် အတိုင်းအတာတစ်ခုထိ ရောက်ရှိပြီးဖြစ်သော်လည်း၊ သင်သည် ဘုရားသခင်၏ ရှေ့မှောက်သို့ လာရန် ဆန္ဒရှိဆဲဖြစ်ကာ၊

“အိုး ဘုရားသခင်။ ကျွန်ုပ်သည် ကိုယ်တော်ကို မစွန့်ခွာနိုင်ပါ။ ကျွန်ုပ်အတွင်းတွင် မှောင်မိုက်သော်လည်း ကိုယ်တော်ကို ကျေနပ်စေရန် ဆန္ဒရှိပါသည်။ ကိုယ်တော်သည် ကျွန်ုပ်၏ နှလုံးသားကို သိပြီး၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်အထဲတွင် ပို၍မြုပ်နှံစေလိုပါ၏” ဟု ဆိုလျက်၊ ဆုတောင်းသည်။ ဤအရာကို စစ်ဆေးခြင်း အတောအတွင်းတွင် လက်တွေ့လုပ်ဆောင်မှု ဖြစ်လေသည်။ သင်သည် ဘုရားသခင်ကို ချစ်ခြင်းအား အခြေခံအုတ်မြစ်အဖြစ် အသုံးပြုလျှင် စစ်ဆေးခြင်းသည် သင့်ကို ဘုရားသခင်နှင့် ပိုနီးစပ်အောင် ဆောင်ကြဉ်း သွားနိုင်ပြီး ဘုရားသခင်နှင့် သာ၍ ရင်းနှီးစေနိုင်၏။ ဘုရားသခင်ကို သင် ယုံကြည်သည့်အတွက်၊ သင်၏နှလုံးသားကို ဘုရားသခင်ထံ သင် လွှဲပြောင်းပေးအပ်ရမည်။ အကယ်၍ သင်သည် သင်၏နှလုံးသားကို ဘုရားသခင် ရှေ့မှောက်တွင် ဆက်ကပ်ပြီး ချခင်းထားပါက၊ စစ်ဆေးခြင်း အတောအတွင်းတွင် ဘုရားသခင်ကို ငြင်းပယ်ရန် သို့မဟုတ် ဘုရားသခင်ကို စွန့်ခွာရန်မှာ သင့်အတွက် မဖြစ်နိုင်ပေ။ ဤနည်းဖြင့်၊ ဘုရားသခင်နှင့် သင်၏ ဆက်ဆံရေးသည် ယခင်ထက် သာ၍ နီးကပ်လာမည် ဖြစ်ပြီး၊ ယခင်ထက် သာ၍ ပုံမှန်ဖြစ်လာလိမ့်မည် ဖြစ်ကာ၊ ဘုရားသခင်နှင့် သင်၏ မိတ်သဟာယဖွဲ့ခြင်းသည် ယခင်ထက်သာ၍ ကြိမ်ဖန် များလာလိမ့်မည် ဖြစ်သည်။ သင်သည် ဤနည်းလမ်းဖြင့် အမြဲ လက်တွေ့လုပ်ဆောင်ပါက၊ ဘုရားသခင်၏အလင်း၌ ပို၍ အချိန်ကုန်ဆုံးလိမ့်မည် ဖြစ်ပြီး၊ သူ၏နှုတ်ကပတ်တော်၏ လမ်းပြမှုအောက်တွင် ပို၍ အချိန်ကုန်ဆုံး လိမ့်မည် ဖြစ်သည်။ သင်၏ စိတ်သဘောထားတွင်လည်း ပို၍ ပို၍ အပြောင်းအလဲများ ရှိလိမ့်မည်ဖြစ်ပြီး၊ သင်၏ အသိပညာသည် တစ်နေ့ထက် တစ်နေ့ တိုးပွားလိမ့်မည်။ ဘုရားသခင်၏ စမ်းသပ်မှုများ သင့်အပေါ် ရုတ်တရက် ကျရောက်သည့် ရက် ရောက်လာသည့်အခါတွင်၊ သင်သည် ဘုရားသခင် ဘက်တွင် ရပ်တည်ပေးနိုင်လိမ့်မည် ဖြစ်ရုံသာမက၊ ဘုရားသခင်ကိုလည်း သက်သေခံနိုင်လိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင်၊ သင်သည် ယောဘနှင့် ပေတရုကဲ့သို့ ဖြစ်မည်။ ဘုရားသခင်ကို သက်သေခံရင်း၊ သင်သည် သူ့ကို အမှန်တကယ် ချစ်လိမ့်မည်ဖြစ်ပြီး သူ့အတွက် သင့်အသက်ကို ဝမ်းမြောက်စွာ စွန့်လွှတ်လိမ့်မည် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ သက်သေဖြစ်ကာ ဘုရားသခင် ချစ်သောသူတစ်ဦး ဖြစ်လိမ့်မည်။ စစ်ဆေးခြင်းကို ကြုံတွေ့ခံစားရပြီးဖြစ်သည့် ချစ်ခြင်းမေတ္တာသည် အားနည်းခြင်းမရှိဘဲ၊ သန်မာလေသည်။ ဘုရားသခင်က သင့်ကို သူ၏ စမ်းသပ်မှုများအား မည်သည့်အချိန် သို့မဟုတ် မည်သို့ ခံစားစေသည်ကို ပဓာနမထားဘဲ၊ သင် ရှင်မည်လား သေမည်လားဆိုသည်နှင့်ပတ်သက်၍ သင်၏စိုးရိမ်ပူပန်မှုများကို စွန့်လွှတ်နိုင်သည်၊ ဘုရားသခင်အတွက် အရာရာကို ဝမ်းမြောက်စွာ ဘေးဖယ်ထားနိုင်၍

ဘုရားသခင်အတွက် မည်သည့်အရာကိုမဆို ပျော်ရွှင်စွာ သည်းခံနိုင်လေသည်- ထိုသို့ဖြင့် သင်၏ချစ်ခြင်းမေတ္တာသည် ဖြူစင်ပြီး သင်၏ ယုံကြည်ခြင်းသည် စစ်မှန်လိမ့်မည်။ ထိုအခါမှသာ သင်သည် ဘုရားသခင်၏ အမှန်တကယ် ချစ်ခြင်းခံရသောသူနှင့် ဘုရားသခင်၏ စုံလင်စေခြင်းကို အမှန်တကယ် ခံရသောသူတစ်ဦး ဖြစ်လိမ့်မည်။

လူတို့သည် စာတန်၏ လွှမ်းမိုးမှုအောက်သို့ ကျရောက်ပါက၊ ၎င်းတို့အတွင်းတွင် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ မရှိကြသကဲ့သို့ ၎င်းတို့၏ ယခင်က ရူပါရုံများ၊ ချစ်ခြင်းမေတ္တာနှင့် သန္နိဋ္ဌာန်တို့ ကွယ်ပျောက်ကြပြီး ဖြစ်သည်။ လူတို့က ၎င်းတို့အနေဖြင့် ဘုရားသခင်အတွက် ဆင်းရဲဒုက္ခခံစားသင့်သည်ဟု တွေးထင်လေ့ရှိခဲ့ကြသော်လည်း၊ ယနေ့တွင် ထိုသို့လုပ်ဆောင်ခြင်းက အရှက်ရစရာဖြစ်သည်ဟု ၎င်းတို့ထင်ကြပြီး ၎င်းတို့တွင် ညည်းညူခြင်းများက ပြတ်လပ်မသွားပေ။ ဤသည်မှာ စာတန်၏အလုပ်၊ လူသားသည် စာတန်၏ အုပ်စိုးမှုအောက် ကျရောက်ပြီး ဖြစ်သည့် လက္ခဏာဖြစ်သည်။ သင်သည် ဤအခြေအနေနှင့် ကြုံရပါက၊ ဆုတောင်းရမည်ဖြစ်ပြီး၊ သင် တတ်နိုင်သမျှမြန်မြန် ပြန်လှည့်ရမည်ဖြစ်သည်- ဤအရာက စာတန်၏ တိုက်ခိုက်မှုများမှ သင့်ကို ကွယ်ကာပေးမည် ဖြစ်သည်။ လူသားသည် စာတန်၏ လွှမ်းမိုးမှုအောက်သို့ အလွယ်ဆုံး ကျရောက်နိုင်သည်မှာ ခါးသီးသော စစ်ဆေးမှု အတောအတွင်းတွင် ဖြစ်သည်၊ ထို့ကြောင့် ထိုသို့စစ်ဆေးခြင်း အတောအတွင်းတွင် သင်သည် ဘုရားသခင်ကို မည်သို့ ချစ်သင့်သနည်း။ သင်သည် သင်၏ စိတ်နှလုံးကို ဘုရားသခင်၏ ရှေ့မှောက်တွင် ချထားရင်းနှင့် သင်၏ နောက်ဆုံးအချိန်ကို သူ့ထံ ဆက်ကပ်ရင်း၊ သင်၏ စိတ်စွမ်းအားကို လှုံ့ဆော်သင့်ပေသည်။ ဘုရားသခင်က သင့်ကို မည်သို့ စစ်ဆေးသည်ဖြစ်စေ၊ သင်သည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းရန် သမ္မာတရားကို လက်တွေ့ လုပ်ဆောင်နိုင်သင့်ပြီး ဘုရားသခင်ကို ရှာဖွေရန်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ရှာဖွေရန် သင်ကိုယ်တိုင် လုပ်ဆောင်သင့်သည်။ ဤသို့သောအချိန်များတွင် သင်သည် မတုန်မလှုပ် ဖြစ်လေလေ အပျက်သဘောဆောင်လာလေ ဖြစ်လိမ့်မည်ဖြစ်ပြီး သင့်အတွက် ဆုတ်ယုတ်ဖို့ ပိုလွယ်ကူလေလေ ဖြစ်လိမ့်မည်။ သင်၏ လုပ်ငန်းတာဝန်ကို သင်ထမ်းဆောင်ဖို့ လိုအပ်သည့်အခါ၊ သင်သည် ကောင်းစွာ မထမ်းဆောင်သော်လည်း၊ သင် တတ်နိုင်သမျှ လုပ်ဆောင်ပြီး ဘုရားသခင်အပေါ် သင်၏ချစ်ခြင်းထက် မည်သည့်အရာကိုမျှ မသုံးဘဲ ထိုသို့ လုပ်ဆောင်၏။ အခြားလူများ မည်သည့်အရာ ပြောသည်ဖြစ်စေ- သင်သည် ကောင်းစွာ လုပ်ဆောင်ခဲ့သည် သို့မဟုတ် သင်သည် ဆိုးရွားစွာ လုပ်ဆောင်ခဲ့သည်ဟု ၎င်းတို့ ပြောကြသည်ဖြစ်စေ- သင်၏ ရည်ရွယ်ချက်များသည် မှန်ကန်ပြီး သင်သည် ဘုရားသခင်ကိုယ်စား ပြုမူနေသည့်အတွက် မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု

မှတ်ယူခြင်းမရှိပေ။ အခြားသူများက သင့်ကို နားလည်မှုလွဲသောအခါ သင်သည် ဘုရားသခင်ထံ ဆုတောင်းပြီး၊ "အိုး ဘုရားသခင်။ အခြားသူများက အကျွန်ုပ်ကို သည်းခံဖို့၊ သို့မဟုတ် ကျွန်ုပ်ကို ကောင်းကောင်း ဆက်ဆံဖို့ ကျွန်ုပ် မတောင်းဆိုသကဲ့သို့၊ ၎င်းတို့ ကျွန်ုပ်ကို နားလည်ဖို့ သို့မဟုတ် လက်ခံဖို့ ကျွန်ုပ် မတောင်းဆိုပါ။ ကျွန်ုပ်၏ နှလုံးသားထဲတွင် ကိုယ်တော့်ကို ချစ်နိုင်ဖို့၊ ကျွန်ုပ်၏ နှလုံးသားထဲတွင် ငြိမ်းငြိမ်းချမ်းချမ်းရှိဖို့နှင့် ကျွန်ုပ်၏ လိပ်ပြာသန့်နိုင်ဖို့သာ ကျွန်ုပ်တောင်းဆိုပါ၏။ အခြားသူများက ကျွန်ုပ်ကို ချီးကျူးဖို့၊ သို့မဟုတ် ကျွန်ုပ်ကို အထင်ကြီးလေးစားဖို့ ကျွန်ုပ် မတောင်းဆိုပါ။ ကျွန်ုပ်နှလုံးသားမှ ကိုယ်တော့်ကို စိတ်ကျေနပ်စေဖို့သာ အကျွန်ုပ် ကြိုးစားပါသည်။ ကျွန်ုပ် တတ်နိုင်သမျှ လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်၏အခန်းကဏ္ဍကို ကျွန်ုပ်ထမ်းဆောင်ပြီး၊ အကျွန်ုပ်သည် မိုက်မဲသောသူ၊ စဉ်းစားဉာဏ်မရှိသောသူ၊ အရည်အချင်း ညံ့ဖျင်းသောသူနှင့် မျက်စိကန်းသောသူ ဖြစ်သော်လည်း၊ ကိုယ်တော်သည် ချစ်ခင်နှစ်လိုဖွယ်ကောင်းသည်ကို ကျွန်ုပ်သိပြီး၊ ကျွန်ုပ်၌ ရှိသမျှအားလုံးကို ကိုယ်တော်ထံ ဆက်ကပ်ဖို့ ဆန္ဒရှိပါသည်" ဟု ဆိုနိုင်စွမ်း ရှိပေသည်။ ဤနည်းဖြင့် သင်ဆုတောင်းသည်နှင့် တစ်ပြိုင်နက်၊ ဘုရားသခင်အတွက် သင်၏ ချစ်ခြင်းမေတ္တာသည် ထွက်ပေါ်လာပြီး သင်၏စိတ်နှလုံးထဲတွင် သာ၍များစွာ စိတ်သက်သာရာ ရလေသည်။ ဤသည်မှာ ဘုရားသခင်ကို ချစ်ခြင်းအား လက်တွေ့လုပ်ဆောင်ခြင်းကို ဆိုလိုသည့်အရာ ဖြစ်သည်။ သင်ကြုံတွေ့သည်နှင့်အညီ၊ သင်သည် နှစ်ကြိမ်ကျရှုံးပြီး တစ်ကြိမ် အောင်မြင်လိမ့်မည်၊ သို့မဟုတ်ပါက ငါးကြိမ် ကျရှုံးပြီး နှစ်ကြိမ် အောင်မြင်လိမ့်မည် ဖြစ်ကာ ဤနည်းလမ်းဖြင့် သင်ကြုံတွေ့သည်နှင့်အမျှ၊ ကျရှုံးခြင်းအလယ်၌သာ သင်သည် ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုကို တွေ့မြင်နိုင်လိမ့်မည် ဖြစ်ပြီး သင့်အတွင်းတွင် မည်သည့်အရာချို့တဲ့နေသည်ကို ရှာဖွေတွေ့ရှိနိုင်ပေမည်။ ထိုသို့ အခြေအနေများနှင့် နောက်တစ်ကြိမ် သင်ကြုံသောအခါတွင်၊ သင်သည် မိမိကိုယ်ကိုယ် သသင်ခံစားနိုင်လိမ့်မည်၊ ဘုရားသခင်၏ နူတ်ကပတ်တော်များကိုတိပေးသင့်သည်၊ သင်၏ ခြေလှမ်းများကို ချုပ်တည်းသင့်ပြီး၊ မကြာခဏ ပို၍ ဆုတောင်းသင့်သည်။ သင်သည် ထိုသို့သော အခြေအနေများတွင် အောင်မြင်နိုင်စွမ်း တဖြည်းဖြည်း တိုးတက်လာလိမ့်မည်။ ထိုအရာ ဖြစ်ပျက်သောအခါ သင်၏ဆုတောင်းခြင်းများသည် ထိရောက်လေပြီ ဖြစ်သည်။ ဤအကြိမ်တွင် သင်အောင်မြင်ပြီး ဖြစ်သည်ကို သင်မြင်သောအခါ၊ အတွင်းတွင် သင် အားရကျေနပ်မည် ဖြစ်ပြီး၊ သင် ဆုတောင်းသောအခါ ဘုရားသခင်ကို သင်ခံစားနိုင်မည် ဖြစ်ကာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်က သင့်ကို မစွန့်ခွာသည်ကို သင်ခံစားရမည်- ထိုအခါမှသာ

သင့်အတွင်းတွင် ဘုရားသခင် မည်သို့ အမှုပြုသည်ကို သင်သိလိမ့်မည်။ ဤနည်းလမ်းဖြင့် လက်တွေ့လုပ်ဆောင်ခြင်းသည် သင့်ကို ကြုံတွေ့ခြင်းဆီသို့ လမ်းကြောင်းတစ်ခု သင့်အား ပေးလိမ့်မည်။ သင်သည် သမ္မာတရားကို လက်တွေ့ မလုပ်ဆောင်ပါက၊ သင့်အတွင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်မရှိဘဲ ဖြစ်လိမ့်မည်။ သို့ရာတွင် သင်သည် အမှုအရာများကို အဖြစ်ကို အဖြစ်အတိုင်း ကြုံတွေ့ရသည့် အချိန်တွင် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ပါက၊ သင်သည် အတွင်း၌ နာကျင်သော်လည်း၊ နောက်ပိုင်းတွင် သန့်ရှင်းသောဝိညာဉ်တော်သည် သင်နှင့်အတူ ရှိမည်ဖြစ်သည်၊ သင်ဆုတောင်းသောအခါ ဘုရားသခင်၏ မျက်မှောက်ကို သင်ခံစားနိုင်လိမ့်မည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ရန် သင် ခွန်အားရှိမည် ဖြစ်ပြီး၊ သင်၏ ညီအစ်ကို မောင်နှမများနှင့် မိတ်သဟာယဖွဲ့စဉ် သင်၏ အသိစိတ်အပေါ် ဖိစီးသည့် မည်သည့်အရာမျှ မရှိဘဲ သင်သည် ငြိမ်သက်ခြင်း ခံစားရမည်ဖြစ်ပြီး၊ ဤနည်းဖြင့် သင်သည် ပြီးမြောက်ခဲ့သည့် အရာကို ဖော်ထုတ်နိုင်လိမ့်မည်ဖြစ်သည်။ အခြားသူများ မည်သည့်အရာ ပြောကြသည်ဖြစ်စေ၊ သင်သည် ဘုရားသခင်နှင့် ပုံမှန် ဆက်ဆံရေးတစ်ခု ရှိနိုင်လိမ့်မည်၊ အခြားသူများအားဖြင့် ဘောင်ခတ်ခြင်း ခံရလိမ့်မည်မဟုတ်၊ သင်သည် အရာရာကို ကျော်လွှားနိုင်လိမ့်မည်ဖြစ်ပြီး- ဤအရာတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် လက်တွေ့လုပ်ဆောင်ခြင်းသည် ထိရောက်မှုရှိသည်ကို သင်သည် ထင်ရှားစေလိမ့်မည်။

ဘုရားသခင်၏ စစ်ဆေးခြင်း ကြီးမားလေလေ၊ လူတို့၏ နှလုံးသားများသည် ဘုရားသခင်ကို ချစ်နိုင်လေလေ ဖြစ်၏။ ၎င်းတို့ စိတ်နှလုံးထဲရှိ ညှဉ်းပန်းနှိပ်စက်မှုသည် ၎င်းတို့၏အသက်များ အတွက် အကျိုးရှိသည်၊ ၎င်းတို့သည် ဘုရားသခင်၏ ရှေ့မှောက်တွင် သာ၍ ငြိမ်သက်ခြင်း ရှိနိုင်ကြသည်၊ ဘုရားသခင်နှင့် ၎င်းတို့၏ ဆက်ဆံရေးသည် သာ၍နီးစပ်ပြီး၊ ၎င်းတို့သည် ဘုရားသခင်၏ အထွတ်အထိပ် ချစ်ခြင်းမေတ္တာနှင့် သူ၏ အမြင့်မားဆုံးသော ကယ်တင်ခြင်းကို သာ၍ကောင်းစွာ မြင်နိုင်ကြလေသည်။ ပေတရုသည် စစ်ဆေးခြင်းကို အကြိမ်ရာချီ ကြုံတွေ့ခဲ့သကဲ့သို့၊ ယောဘသည်လည်း စမ်းသပ်ခြင်းအချို့ကို ဖြတ်သန်း ခဲ့ရသည်။ သင်တို့သည် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရရန် ဆန္ဒရှိပါက၊ သင်တို့သည်လည်း စစ်ဆေးခြင်းကို အကြိမ်ရာချီ ကြုံရမည်ဖြစ်သည်။ ဤဖြစ်စဉ်ကို သင်တို့ ဖြတ်သန်းပြီး ဤအဆင့်ပေါ်တွင် အားထားမှသာလျှင်၊ သင်သည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းနိုင်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ စုံလင်စေခြင်း ခံရလိမ့်မည် ဖြစ်သည်။ စစ်ဆေးခြင်းသည် လူတို့ကို ဘုရားသခင် စုံလင်စေသည့် အကောင်းဆုံး နည်းလမ်းဖြစ်၏။ စစ်ဆေးခြင်းနှင့် ခါးသီးသော စမ်းသပ်ခြင်းများသည်သာ လူတို့၏ စိတ်နှလုံးများတွင်

ဘုရားသခင်အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာကို ဖော်ထုတ်ပေးနိုင်သည်။ အခက်အခဲမရှိဘဲ၊ လူတို့သည် ဘုရားသခင်အတွက် စစ်မှန်သောချစ်ခြင်း ကင်းမဲ့သည်။ အတွင်း၌ ၎င်းတို့ စမ်းသပ်မခံရပါက၊ စစ်ဆေးခြင်းကို အမှန်တကယ် ခံရခြင်းမရှိပါက၊ ၎င်းတို့၏စိတ်နှလုံးများသည် ပြင်ပဝန်းကျင်တွင် ရောက်ရာပေါက်ရာသွားလိမ့်မည်။ အတိုင်းအတာ တစ်ခုအထိ စစ်ဆေးခြင်းခံရပြီးနောက်၊ သင်သည် သင်ကိုယ်တိုင်၏ အားနည်းချက်များနှင့် အခက်အခဲများကို မြင်ရလိမ့်မည်၊ သင်မည်မျှ ချို့တဲ့နေပြီး၊ သင်ကြုံရသည့် ပြဿနာများစွာကို သင်မနိုင်သည်ကို မြင်ရလိမ့်မည်ဖြစ်ကာ၊ သင်၏မနာခံမှု မည်မျှ ကြီးမားသည်ကို သင်မြင်ရလိမ့်မည်။ လူတို့သည် စမ်းသပ်မှုများအတွင်း၌သာ မိမိတို့၏ စစ်မှန်သော အခြေအနေများကို အမှန်တကယ် သိနိုင်ကြသည်။ စမ်းသပ်မှုများက လူတို့ကို ပိုမိုကောင်းမွန်စွာ စုံလင်ခြင်းခံရနိုင်စေသည်။

သူ၏ တစ်သက်တာအတွင်းတွင်၊ ပေတရုသည် စစ်ဆေးခြင်းကို အကြိမ်ရာချီ ကြုံတွေ့ခဲ့ပြီး နာကျင်စရာ ဒုက္ခသုက္ခများစွာကို ကြုံခဲ့ရသည်။ ဤစစ်ဆေးခြင်းသည် ဘုရားသခင်ကို သူ၏ အထွတ်အထိပ် ချစ်ခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်လာခဲ့သကဲ့သို့ သူ၏ အသက်တာတစ်ခုလုံး၏ အရေးပါဆုံးသော အတွေ့အကြုံလည်း ဖြစ်လာခဲ့သည်။ ဘုရားသခင်ကို အထွတ်အထိပ် ချစ်ခြင်းမေတ္တာ သူပိုင်ဆိုင်နိုင်ခဲ့သည်မှာ တစ်နည်းအားဖြင့် ဘုရားသခင်ကို ချစ်ဖို့ သူ၏သန္နိဋ္ဌာန်ကြောင့်ဖြစ်သည်။ သို့သော်၊ ပို၍အရေးကြီးသည်မှာ သူကြုံခဲ့ရသည့် စစ်ဆေးခြင်းနှင့် ဆင်းရဲဒုက္ခကြောင့် ဖြစ်သည်။ ဤဆင်းရဲဒုက္ခသည် ဘုရားသခင်ကို ချစ်ခြင်းလမ်းကြောင်းပေါ် သူ၏လမ်းပြဖြစ်လာခဲ့ပြီး၊ သူ့အဖို့ အမှတ်ရဆုံးအရာ ဖြစ်လာခဲ့သည်။ လူတို့သည် ဘုရားသခင်ကို ချစ်သောအခါ၌ စစ်ဆေးခြင်း၏ နာကျင်မှုကို မကြုံရပါက၊ ၎င်းတို့၏ ချစ်ခြင်းမေတ္တာသည် မစင်ကြယ်မှုများနှင့် ၎င်းတို့၏ ဦးစားပေးမှုများဖြင့် ပြည့်နေသည်၊ ဤသို့သောချစ်ခြင်းတွင် စာတန်၏ စိတ်ကူးများ ပြည့်နေပြီး၊ အခြေခံအားဖြင့် ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းပေးနိုင်ပေ။ ဘုရားသခင်ကိုချစ်ရန် သန္နိဋ္ဌာန်ရှိခြင်းသည် ဘုရားသခင်ကို အမှန်တကယ် ချစ်ခြင်းနှင့် မတူပေ။ ၎င်းတို့၏ စိတ်နှလုံးများတွင် ၎င်းတို့ စဉ်းစားသည့် အရာများအားလုံးသည် ဘုရားသခင်ကို ချစ်ခြင်းနှင့် ကျေနပ်စေခြင်းအတွက် ဖြစ်သော်လည်း၊ ၎င်းတို့၏ အတွေးများက ဘုရားသခင်ကို လုံးဝ ဆက်ကပ်အပ်နှံပြီး မည်သည့်လူသားစိတ်ကူးမျှ လုံးဝမရှိသည့်ပုံရသော်လည်း၊ ၎င်းတို့၏ အတွေးများ ဘုရားသခင်ရှေ့မှောက်သို့ ယူဆောင်ခံရသောအခါတွင်၊ ဘုရားသခင်သည် ထိုသို့သောအတွေးများကို မချီးကျူးပေ သို့မဟုတ် ကောင်းချီးမပေးပေ။ လူများသည် သမ္မာတရားများ အားလုံးကို အပြည့်အဝ နားလည်သောအခါ၌ပင်- ထိုအရာအားလုံးကို

၎င်းတို့သိလာသောအခါ၌ပင်- ဤသည်မှာ ဘုရားသခင်ကို ချစ်ခြင်း လက္ခဏာဖြစ်သည်ဟု ပြော၍မရသကဲ့သို့ ဤလူတို့သည် ဘုရားသခင်ကို အမှန်တကယ် ချစ်သည်ဟု ပြော၍မရပေ။ စစ်ဆေးခြင်းမကြုံရဘဲ သမ္မာတရားများစွာကို နားလည်ခြင်းရှိသော်လည်း၊ လူတို့သည် ဤသမ္မာတရားများကို လက်တွေ့လုပ်ဆောင်ရန် တတ်စွမ်းနိုင်ခြင်းမရှိကြချေ။ စစ်ဆေးခြင်းအတောအတွင်း၌သာ လူများသည် ဤသမ္မာတရားများ၏ စစ်မှန်သော အဓိပ္ပာယ်ကို နားလည်နိုင်သည်၊ ထိုအခါမှသာ လူတို့သည် ထိုသမ္မာတရားများ၏ အတွင်းပိုင်းအဓိပ္ပာယ်ကို စစ်မှန်စွာ သဘောပေါက်နိုင်သည်။ ထိုအချိန်တွင် ၎င်းတို့ တစ်ဖန် ကြိုးစားကြသောအခါ၊ သမ္မာတရားများကို မှန်ကန်စွာနှင့် ဘုရားသခင်၏ အလိုတော်နှင့်အညီ ၎င်းတို့ လက်တွေ့ လုပ်ဆောင်နိုင်ကြလေသည်။ ထိုအချိန်တွင်၊ ၎င်းတို့၏ လူ့စိတ်ကူးများ နည်းပါးလာသည်၊ ၎င်းတို့၏ လူ့ဖောက်ပြန်ပျက်စီးခြင်း လျော့နည်းသွားပြီး၊ ၎င်းတို့၏ လူ့စိတ်ခံစားမှုတို့သည်လည်း လျော့သွားလေသည်။ ထိုအချိန်မှသာလျှင် ၎င်းတို့၏ လက်တွေ့လုပ်ဆောင်မှုသည် ဘုရားသခင်ကို ချစ်ခြင်း၏ စစ်မှန်သော သရုပ်သကန် ဖြစ်လေသည်။ ဘုရားသခင်ကို ချစ်ခြင်းနှင့်ဆိုင်သည့် သမ္မာတရား၏ အကျိုးသက်ရောက်မှုကို နှုတ်ပြောအသိပညာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ လိုလားမှုတို့မှတစ်ဆင့် မရရှိသကဲ့သို့ ထိုသမ္မာတရားကို သိနားလည်ခြင်း သက်သက်အားဖြင့် မရရှိနိုင်ပေ။ ယင်းသည် လူတို့က အဖိုးအခပေးဖို့ လိုအပ်သည်၊ ၎င်းတို့အနေဖြင့် စစ်ဆေးခြင်းအတောအတွင်းတွင် များစွာသော ခါးသီးမှုကို ကြုံရန် လိုအပ်ပြီး၊ ထိုအခါမှသာ ၎င်းတို့၏ ချစ်ခြင်းမေတ္တာသည် ဖြူစင်လာလိမ့်မည် ဖြစ်ပြီး ဘုရားသခင်၏ စိတ်နှလုံးနှင့် ညီညွတ်နိုင်လိမ့်မည် ဖြစ်သည်။ လူသားက သူ့ကို ချစ်ရန်ဖြစ်သည့် သူ၏သတ်မှတ်ချက်တွင်၊ ဘုရားသခင်သည် လူသားကို သူ့အား ချစ်ဇောဟုန် သို့မဟုတ် မိမိ၏ ကိုယ်ပိုင်လိုအင်ဆန္ဒကို အသုံးပြုခြင်းဖြင့် ချစ်ရန် မတောင်းဆိုပေ။ သူ့ကို အစေခံရန် သစ္စာရှိခြင်းနှင့် သမ္မာတရားကို အသုံးပြုခြင်းမှတစ်ဆင့်သာ၊ လူသားသည် သူ့ကို စစ်မှန်စွာ ချစ်နိုင်ပေသည်။ သို့သော်လည်း လူသားသည် ဖောက်ပြန်ပျက်စီးခြင်းအလယ် အသက်ရှင်သောကြောင့်၊ ဘုရားသခင်ကို အစေခံရန် သမ္မာတရားနှင့် သစ္စာရှိခြင်းတို့ကို အသုံးပြုနိုင်စွမ်းမရှိပေ။ သူသည် ဘုရားသခင်နှင့်ပတ်သက်၍ အလွန်အမင်း ချစ်ဇောဟုန်ပြင်းပြသည်၊ သို့မဟုတ် အလွန်အမင်း ဖော်ရွေမှုကင်းပြီး ဂရုစိုက်ခြင်းမရှိပေ။ သူသည် ဘုရားသခင်ကို အစွန်းရောက် ချစ်တတ်သည်၊ သို့မဟုတ် အစွန်းရောက် သူ့ကို စက်ဆုပ်တတ်လေသည်။ ဖောက်ပြန်ပျက်စီးခြင်းအလယ် အသက်ရှင်သောသူတို့သည် မိမိတို့ကိုယ်တိုင်၏ လိုအင်ဆန္ဒဖြင့် အမြဲအသက်ရှင်သော်လည်း၊ မိမိတို့ မှန်ကန်သည်ဟု ယုံကြည်ကြလျက်၊ ဤအစွန်းရောက်မှုနှစ်ခုကြားတွင် အမြဲ

အသက်ရှင်ကြလေသည်။ ငါသည် ဤအရာကို အကြိမ်ကြိမ် ပြောဆိုပြီး ဖြစ်သော်လည်း၊ လူတို့သည် ဤအရာကို အလေးအနက် ခံယူရန် မတတ်စွမ်းနိုင်ကြ၊ ယင်း၏ အရေးပါမှုကို အကုန်အစင် နားလည်ခြင်းငှာ ၎င်းတို့ မတတ်စွမ်းနိုင်ကြပေ၊ ထို့ကြောင့် ၎င်းတို့သည် ကိုယ့်ကိုယ်ကိုယ် လှည့်ဖြားခြင်းနှင့်ဆိုင်သည့် ယုံကြည်မှုကြား၊ မိမိတို့၏ ကိုယ်ပိုင် လိုအင်ဆန္ဒပေါ် အားထားသည့် ဘုရားသခင်ကို ချစ်ခြင်းနှင့်ဆိုင်သော လှည့်စားမှုတွင် အသက်ရှင်ကြလေသည်။ သမိုင်းတစ်လျှောက်တွင်၊ လူသားမျိုးနွယ်သည် တိုးတက်ပြီးဖြစ်ကာ ခေတ်များ ကုန်ဆုံးပြီးဖြစ်သည်နှင့်အမျှ၊ လူသားအပေါ် ဘုရားသခင်၏ သတ်မှတ်ချက်များသည် ယခင်ထက် ပို၍ မြင့်မားလာပြီး ဖြစ်ကာ၊ လူသားအနေဖြင့် သူ့အပေါ် အကြွင်းမဲ့ဖြစ်ရန် တိုး၍တိုး၍ သူတောင်းဆိုပြီးဖြစ်သည်။ သို့သော်လည်း၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် လူသား၏ အသိပညာသည် ပို၍ပို၍ မရေမရာနှင့် စိတ်ကူးသက်သက်ဖြစ်လာပြီး၊ တစ်ချိန်တည်းမှာပင် သူ၏ဘုရားသခင်ကို ချစ်ခြင်းသည် ပို၍ပို၍ မဖြူမစင် ဖြစ်လာပြီ ဖြစ်သည်။ လူသားသည် စာတန်အားဖြင့် ယခင်ကထက် ပို၍နက်ရှိုင်းစွာ ဖျက်ဆီးခြင်းခံလာရပြီ ဖြစ်သည့်အတွက်၊ လူသား၏ အခြေအနေနှင့် သူလုပ်ဆောင်သော အရာအားလုံးသည် ဘုရားသခင်၏ အလိုတော်နှင့် တိုး၍ သဘောကွဲလွဲလေသည်။ ဤအရာသည် ဘုရားသခင်အနေဖြင့် ပို၍များပြားပြီး ပို၍ကြီးမားသော ကယ်တင်ခြင်းအမှုကို လုပ်ဆောင်ရန် လိုအပ်ပေသည်။ လူသားသည် ဘုရားသခင်အပေါ် သူ၏ တောင်းဆိုမှုများကို တိုး၍ အတင်းတောင်းဆိုနေပြီး ဘုရားသခင်အပေါ် သူ၏ ချစ်ခြင်းသည် ယခင်ထက် လျော့နည်းလာနေလျက်ရှိသည်။ လူတို့သည် လူ့သဘာဝမရှိသည့် အသက်တာများကို အသက်ရှင်ရင်း၊ နာခံမှုမရှိ၊ သမ္မာတရားမရှိဘဲ အသက်ရှင်ကြ၏။ ၎င်းတို့သည် ဘုရားသခင်ကို ချစ်ခြင်း အနည်းငယ်မျှ မရှိသည်သာမက မနာခံခြင်းနှင့် ဆန့်ကျင်ခြင်းတို့ များပြားလျက်ရှိကြလေသည်။ ၎င်းတို့သည် ဘုရားသခင်အတွက် အဆုံးစွန် ချစ်ခြင်းမေတ္တာရှိနှင့်ပြီး ဖြစ်သည်၊ ဘုရားသခင်အပေါ် မည်သို့မျှ ပို၍လိုက်လျောခြင်း မရှိနိုင်ကြတော့ဟု ၎င်းတို့ တွေးထင်ကြသော်လည်း၊ ဘုရားသခင်က ဤအရာကို ထိုသို့ မယုံကြည်ပေ။ သူ့အပေါ် လူသား၏ ချစ်ခြင်းသည် အဘယ်မျှ စွန်းထင်းသည် ဆိုသည်မှာ သူ့အတွက် လုံးဝရှင်းလင်းပြီး၊ လူသား၏ အလိုဖြည့်ခြင်းကြောင့် လူသားနှင့်သက်ဆိုင်သော သူ၏ အယူအဆကို ဘယ်သောအခါမျှ သူ မပြောင်းလဲသကဲ့သို့၊ ဆက်ကပ်မှု၏ရလဒ်အဖြစ် လူသား၏ စေတနာကိုလည်း ဘယ်သောအခါမျှ ကျေးဇူးမဆပ်ပေ။ လူသားနှင့် မတူဘဲ၊ ဘုရားသခင်သည် ခွဲခြားနိုင်၏- အဘယ်သူက သူ့ကို အမှန်တကယ် ချစ်ပြီး၊ အဘယ်သူက အမှန်တကယ် မချစ်သည်ကို သူသိကာ၊ လူသား၏ တဒင်္ဂ ရုတ်တရက်ဖြစ်သော ဆန္ဒကြောင့်၊

ကိုယ်တော်သည် စိတ်အားထက်သန်မှုဖြင့် မွန်ထူကာ နစ်မျောသွားမည့်အစား၊ လူသားကို ၎င်း၏ အနှစ်သာရ၊ အပြုအမူများနှင့်အညီ သူဆက်ဆံလေသည်။ နောက်ဆုံးတွင်၊ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး၊ သူ၌ သူ့ဂုဏ်သိက္ခာ နှင့် ထိုးထွင်းသိမြင်မှုများ ရှိသည်။ နောက်ဆုံးတွင် လူသားသည် လူသားဖြစ်ပြီး၊ သမ္မာတရားနှင့် သဘောကွဲလွဲသည့်အခါ လူသား၏ ချစ်ခြင်းကြောင့် ဘုရားသခင် ဦးလှည့်မည် မဟုတ်ပေ။ ဆန့်ကျင်ဖက်အနေဖြင့်၊ သူသည် လူသားလုပ်ဆောင်သမျှ အားလုံးကို လျော်ကန်စွာ ဆက်ဆံလေသည်။

လူသား၏ အခြေအနေနှင့် ဘုရားသခင်အပေါ် လူသား၏ သဘောထားတို့နှင့် ရင်ဆိုင်ရလျက်၊ ဘုရားသခင်သည် သူနှင့် သက်ဆိုင်သည့် အသိပညာနှင့် သူ့အပေါ် နားခံခြင်း၊ ချစ်ခြင်းမေတ္တာနှင့် သက်သေခံခြင်း နှစ်ခုစလုံးတို့ကို လူသားအား ပိုင်ဆိုင်ခွင့်ပေးရင်း၊ အမှုသစ်ကို လုပ်ဆောင်ပြီးဖြစ်သည်။ ထို့ကြောင့်၊ လူသားသည် သူ့အပေါ် ဘုရားသခင်၏ စစ်ဆေးခြင်းအပြင်၊ သူ၏ တရားစီရင်ခြင်း၊ သူ့ကို ကိုင်တွယ်ခြင်းနှင့် ပြုပြင်ခြင်းတို့ကို ကြုံတွေ့ရမည်ဖြစ်သည်၊ ထိုအရာများမရှိဘဲ လူသားသည် ဘုရားသခင်ကို ဘယ်သောအခါမျှ သိမည်မဟုတ်သကဲ့သို့၊ ဘုရားသခင်ကို အမှန်တကယ် ချစ်ခြင်းနှင့် သက်သေခံခြင်းတို့ ဘယ်သောအခါမျှ တတ်စွမ်းနိုင်လိမ့်မည် မဟုတ်ပေ။ လူသားအပေါ် ဘုရားသခင်၏ စစ်ဆေးခြင်းသည် တစ်ဖက်သတ် အကျိုးသက်ရောက်မှုအတွက်သာ မဟုတ်ဘဲ ရှုထောင့်များစွာ အကျိုးသက်ရောက်မှုအတွက် ဖြစ်သည်။ ဤနည်းအားဖြင့်သာ သမ္မာတရားကို ရှာဖွေရန် ဆန္ဒရှိသူများတွင် ဘုရားသခင်သည် ၎င်းတို့၏ သန္နိဋ္ဌာန်နှင့် ချစ်ခြင်းကို သူ့အားဖြင့် စုံလင်စေဖို့အလို့ငှာ စစ်ဆေးခြင်းအမှုကို လုပ်ဆောင်လေသည်။ သမ္မာတရားကို ရှာဖွေရန် လိုလားနေသူများနှင့် ဘုရားသခင်ကို တမ်းတသူများအဖို့ ဤသို့သော စစ်ဆေးခြင်းထက် မည်သည့်အရာမျှ ပို၍အဓိပ္ပာယ်မရှိ၊ သို့မဟုတ် ပို၍ကြီးမားသော အထောက်အပံ့မဖြစ်ပေ။ အဆုံးတွင် ဘုရားသခင်သည် ဘုရားသခင် ဖြစ်သည့်အတွက်၊ ဘုရားသခင်၏ စိတ်သဘောထားကို လူသားက အလွန်လွယ်လင့်တကူ မသိ၊ သို့မဟုတ် နားမလည်ပေ။ အခြေခံအားဖြင့်၊ ဘုရားသခင်အတွက် လူသားကဲ့သို့ အလားတူ စိတ်သဘောထားရှိရန် မဖြစ်နိုင်သောကြောင့် လူသားအတွက် ဘုရားသခင်၏ စိတ်သဘောထားကို သိရှိရန် မလွယ်ကူပေ။ သမ္မာတရားကို လူသားက ပင်ကိုအားဖြင့် မပိုင်ဆိုင်သကဲ့သို့၊ စာတန်၏ ဖျက်ဆီးခြင်းခံရသော လူများက အလွယ်တကူ နားမလည်ပေ။ လူသားသည် သမ္မာတရား လုံးဝမရှိသကဲ့သို့၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် သန္နိဋ္ဌာန် လုံးဝမရှိပေ။ ပြီးလျှင် သူသည် ဆင်းရဲဒုက္ခမခံစားရဘဲ အစစ်ဆေးမခံရသကဲ့သို့ တရားစီရင်ခြင်း မခံရပါက၊ သူ၏သန္နိဋ္ဌာန်သည် မည်သည့်အခါတွင်မျှ စုံလင်စေခြင်း ခံရမည်မဟုတ်ပေ။

လူများအားလုံးအတွက်၊ စစ်ဆေးခြင်းသည် ဝေဒနာပြင်းထန်ပြီး၊ လက်ခံရန် အင်မတန် ခက်ခဲသည်- သို့သော်လည်း ဘုရားသခင်သည် လူသားထံ သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားကို ပေါ်လွင်စေပြီး၊ လူသားအတွက် သူ၏သတ်မှတ်ချက်များကို လူသိရှင်ကြား ဖြစ်စေကာ၊ သာ၍ ဉာဏ်အလင်းပွင့်ခြင်းကို ပေးပြီး၊ သာ၍ စစ်မှန်သော ပြုပြင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ပေးသည်မှာ စစ်ဆေးခြင်း အတောအတွင်းတွင် ဖြစ်သည်။ အမှန်တရားများနှင့် သမ္မာတရားကြား နှိုင်းယှဉ်ခြင်းမှတစ်ဆင့်၊ သူသည် လူသားကို သူကိုယ်တိုင်နှင့်ဆိုင်သည့် သာ၍ ကြီးမားသော အသိပညာနှင့် သမ္မာတရားကို ပေးပြီး၊ ဘုရားသခင်၏ အလိုတော်နှင့်သက်ဆိုင်သော သာ၍ကြီးမားသည့် သိနားလည်ခြင်းကို လူသားအား ပေး၏၊ ထိုသို့ဖြင့် ဘုရားသခင်အပေါ် သာ၍စစ်မှန်ပြီး သာ၍ဖြူစင်သော ချစ်ခြင်းမေတ္တာရှိစေရန် လူသားကို အခွင့်ပေးလေသည်။ ယင်းမှာ စစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် ဘုရားသခင်၏ ရည်မှန်းချက်များ ဖြစ်သည်။ လူသား၌ ဘုရားသခင် လုပ်ဆောင်သည့် အမှုအားလုံးသည် ကိုယ်ပိုင်ရည်ရွယ်ချက်များနှင့် အရေးပါမှုတို့ရှိသည်။ ဘုရားသခင်သည် အဓိပ္ပာယ်မရှိသောအမှုကို မလုပ်ဆောင်သကဲ့သို့၊ လူသားအဖို့ အကျိုးမရှိသည့် အမှုကိုလည်း မလုပ်ဆောင်ပေ။ စစ်ဆေးခြင်းဟူသည်မှာ ဘုရားသခင် ရှေ့မှောက်မှ လူတို့အား ဖယ်ရှားခြင်းကို မဆိုလိုသကဲ့သို့၊ ၎င်းတို့ကို ငရဲတွင် ဖျက်ဆီးခြင်းကိုလည်း မဆိုလိုပေ။ ယင်းထက်၊ စစ်ဆေးခြင်း အတောအတွင်းတွင် လူသား၏ စိတ်သဘောထားကို ပြောင်းလဲခြင်း၊ သူ၏ ရည်ရွယ်ချက်များ၊ သူ၏ အမြင်ဟောင်းများကို ပြောင်းလဲခြင်း၊ ဘုရားသခင် အတွက် သူ၏ချစ်ခြင်းကို ပြောင်းလဲပေးခြင်းနှင့် သူ၏ဘဝတစ်ခုလုံး ပြောင်းလဲပေးခြင်းတို့ကို ဆိုလိုသည်။ စစ်ဆေးခြင်းသည် လူသားအား စစ်မှန်သော စစ်ဆေးမှုတစ်ခု ဖြစ်ပြီး၊ စစ်မှန်သော လေ့ကျင့်မှုပုံစံတစ်ခု ဖြစ်ကာ၊ စစ်ဆေးခြင်း အတောအတွင်းတွင်သာ သူ၏ချစ်ခြင်းမေတ္တာသည် ၎င်း၏ ပင်ကိုလုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်ပေသည်။

## ဘုရားသခင်ကို ချစ်သောသူများသည် သူ၏အလင်းထဲတွင် ထာဝရနေထိုင်လိမ့်မည်

လူအများစု၏ ဘုရားသခင်၌ ယုံကြည်ခြင်းနှင့် ဆိုင်သည့် အနှစ်သာရသည် ဘာသာရေးဆိုင်ရာ ခံယူချက် ဖြစ်သည်- သူတို့သည် ဘုရားသခင်ကို ချစ်နိုင်စွမ်း မရှိကြပေ၊ သူတို့သည်

ဘုရားသခင်ကို အမှန်တကယ် တောင့်တခြင်း၊ သို့မဟုတ် ကြည်ညိုခြင်း မရှိနိုင်ကြဘဲ၊ သူ့နောက်သို့ စက်ရုပ်တစ်ရုပ်ကဲ့သို့သာ လိုက်နိုင်ကြသည်။ သူတို့သည် ဘုရားသခင်၏နောက်သို့ တိတ်တိတ်ဆိတ်ဆိတ်သာ လိုက်ကြသည်။ များစွာသော လူတို့သည် ဘုရားသခင်ကို ယုံကြည်ကြသော်လည်း၊ ဘုရားသခင်ကို ချစ်သောသူကမူ အနည်းငယ်သာ ရှိသည်။ သူတို့သည် ကပ်ဘေးဒုက္ခကို ကြောက်ကြသောကြောင့်သာလျှင်၊ ဘုရားသခင်ကို "ရိုသေလေးမြတ်ကြခြင်း" ဖြစ်သည်၊ သို့တည်းမဟုတ် ဘုရားသခင်သည် မြင့်မားပြီး တန်ခိုးကြီးသောကြောင့် ဘုရားသခင်ကို "လေးစားကြခြင်း" ဖြစ်သည်- သို့သော် သူတို့၏ ရိုသေလေးမြတ်မှုနှင့် သဘောကျ လေးစားမှုတွင် ချစ်ခြင်းမေတ္တာ၊ သို့မဟုတ် စစ်မှန်သော တောင့်တမှုတို့ မပါပေ။ သူတို့သည် သမ္မာတရား၏ အသေးအဖွဲ အချက်အလက်များ၊ သို့မဟုတ် အရေးမပါသည့် နက်နဲမှုများကို သူတို့၏ အတွေ့အကြုံများ၌ ရှာဖွေကြသည်။ လူအများစုသည် ရှုပ်ထွေးပွေလီလှသော အခြေအနေများတွင် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို အမြတ်ထုတ်ရန်ကြိုးစားလျက် ဘုရားသခင်နောက်သို့ လိုက်သည်ဆိုရုံသာ လိုက်ကြသည်။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ရရန်အတွက် သမ္မာတရားကို သူတို့မရှာဖွေကြသကဲ့သို့ ဘုရားသခင်ကိုလည်း အမှန်တကယ် မနာခံကြချေ။ ဘုရားသခင်ကို ယုံကြည်ကြသောသူ အားလုံးတို့၏ အသက်တာသည် အဓိပ္ပာယ်မဲ့ကြသည်၊ တန်ဖိုးလည်း မရှိပေ၊ ပြီးလျှင် ယင်း၌ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ ထည့်တွက်စဉ်းစားမှုများနှင့် လိုက်စားမှုတို့သာ ရှိသည်။ သူတို့သည် ဘုရားသခင်ကို ချစ်ရန်အတွက် သူ့ကို ယုံကြည်ကြခြင်း မဟုတ်ဘဲ၊ ကောင်းချီး ပေးခံရရန်အတွက် သာလျှင် ယုံကြည်ကြသည်။ များစွာသောသူတို့သည် သူတို့ စိတ်တိုင်းကျ လုပ်ဆောင်ကြသည်။ သူတိုလုပ်ချင်သည့် အရာကို လုပ်ကြပြီး ဘုရားသခင်၏ အကျိုးစီးပွားအတွက် မည်သည့်အခါမျှ စဉ်းစားခြင်း မရှိ၊ သို့မဟုတ် သူတို့လုပ်သည့် အရာများသည် ဘုရားသခင်၏ အလိုတော်နှင့် ညီ မညီကို တစ်ခါမျှ စဉ်းစားခြင်း မရှိပေ။ ထိုသို့သောသူများသည် ဘုရားသခင်ကိုချစ်ရန် မဆိုနှင့် စစ်မှန်သော ယုံကြည်ခြင်း ကိုပင် မရနိုင်ပေ။ ဘုရားသခင်၏အနှစ်သာရသည် လူသားယုံကြည်ရုံ အတွက်သာ မဟုတ်ပေ။ လူသား ချစ်ခင်ရန်အတွက်လည်း ဖြစ်၏။ သို့ရာတွင် ဘုရားသခင်ကို ယုံကြည်သော သူများစွာတို့သည် ဤ "လျှို့ဝှက်ချက်" ကို ရှာဖွေတွေ့ရှိနိုင်စွမ်း မရှိကြပေ။ လူတို့သည် ဘုရားသခင်ကို မချစ်ရဲကြ၊ ဘုရားသခင်ကို ချစ်ရန်အတွက်လည်း မကြိုးစားကြပေ။ ဘုရားသခင်နှင့်ပတ်သက်၍ ချစ်ခင်ဖွယ်ရာများ များစွာရှိသည်ကို သူတို့သည် တစ်ခါမျှ မသိခဲ့ပေ။ ဘုရားသခင်သည် လူသားကို ချစ်သောဘုရားဖြစ်ကြောင်း၊ ဘုရားသခင်သည် လူသားချစ်ရန်အတွက် ဖြစ်ကြောင်းကို သူတို့တစ်ခါမျှ မသိခဲ့ပေ။

ဘုရားသခင်၏ ချစ်ခင်နှစ်သက်ဖွယ် ကောင်းမှုကို သူ၏အလုပ်တွင် ဖော်ပြထားသည်။ လူတို့သည် ဘုရားသခင်၏အလုပ်ကို ကြုံတွေ့ခံစားသည့်အခါမှသာလျှင်၊ သူ၏ ချစ်ခင်နှစ်သက်ဖွယ်ကောင်းမှုကို သိနိုင်ကြမည် ဖြစ်သည်။ သူတို့၏ တကယ့် အတွေ့အကြုံများအားဖြင့် သာလျှင် ဘုရားသခင်၏ ချစ်ခင်နှစ်သက်ဖွယ်ကောင်းမှုကို သူတို့ သတိထားမိနိုင်မည် ဖြစ်သည်။ ၎င်းကို လက်တွေ့ဘဝတွင် စောင့်ကြည့်လေ့လာခြင်း မရှိဘဲနှင့် မည်သူမျှ ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုကို သိနိုင်မည် မဟုတ်ပေ။ ဘုရားသခင်၌ ချစ်စရာကောင်းသော အချက်များစွာရှိ၏၊ သို့ရာတွင် သူနှင့်အမှန်တကယ် ထိတွေ့ဆက်ဆံမှုမရှိဘဲ၊ လူတို့သည် ထိုအရာကို သိနိုင်စွမ်း ရှိမည်မဟုတ်ပေ။ ဆိုလိုသည်မှာ အကယ်၍ ဘုရားသခင်သည် လူ့ဇာတိ မခံယူခဲ့ပါက၊ လူတို့သည် ဘုရားသခင်နှင့် အမှန်တကယ် ထိတွေ့ဆက်ဆံနိုင်စွမ်း ရှိမည်မဟုတ်ပေ။ ဘုရားသခင်နှင့် အမှန်တကယ် မထိတွေ့မဆက်ဆံနိုင်ပါက၊ ဘုရားသခင်၏ အလုပ်ကိုလည်း တွေ့ကြုံနိုင်ကြမည် မဟုတ်ချေ။ သို့ဖြစ်လျှင် ဘုရားသခင်အပေါ်ထားသော သူတို့၏ ချစ်ခြင်းမေတ္တာ သည်လည်း မှားယွင်းမှုနှင့် စိတ်ကူးယဉ်မှု အမြောက်အမြားဖြင့် စွန်းထင်းနေမည် ဖြစ်သည်။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ကို ချစ်ခြင်းသည် မြေကြီးပေါ်၌ရှိသော ဘုရားသခင်ကို ချစ်ခြင်းလောက် မစစ်မှန်ပေ၊ အကြောင်းရင်းမှာ ကောင်းကင်ဘုံရှိ ဘုရားသခင်နှင့် ပတ်သက်သော လူတို့၏အသိဉာဏ်သည် သူတို့၏ ကိုယ်ပိုင် မျက်လုံးများဖြင့် မြင်သည့်အရာများ၊ သူတို့ကိုယ်တိုင် ကြုံတွေ့ခဲ့သည့် အရာများထက်၊ သူတို့၏ စိတ်ကူးယဉ်မှုများ အပေါ်တွင်သာ တည်ဆောက် ထားသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်သို့ ရောက်လာချိန်တွင် လူတို့သည် သူ၏စစ်မှန်သော လုပ်ဆောင်ချက်များနှင့် သူ၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုတို့ကို တွေ့မြင်နိုင်ကြသည်၊ ပြီးလျှင် သူ၏လက်တွေ့ကျပြီး သာမန်ဖြစ်သည့် စိတ်သဘောထားနှင့် သက်ဆိုင်သော အရာအားလုံးကို တွေ့နိုင်ကြသည်၊ ဤအရာများ အားလုံးသည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်နှင့် ပတ်သက်သည့် အသိထက် အဆထောင်ပေါင်းများစွာ ပို၍စစ်မှန်သည်။ လူတို့သည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို မည်မျှပင် ချစ်စေကာမူ၊ ထိုချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ စစ်မှန်သောအရာ တစ်စုံတစ်ခုမျှ မရှိဘဲ၊ ယင်းသည် လူသားတို့၏ ထင်မြင်ချက်များဖြင့်သာ ပြည့်နေသည်။ မြေကြီးပေါ် ရှိ ဘုရားသခင်ကို သူတို့၏ချစ်ခြင်းမှာ မည်မျှပင်သေးငယ်စေကာမူ ဤချစ်ခြင်းသည် စစ်မှန်ပေသည်။ စိုးစဉ်းမျှသာ ဖြစ်နေလျှင်ပင်၊ ယင်းသည် စစ်မှန်ဆဲဖြစ်ပေသည်။ ဘုရားသခင်သည် စစ်မှန်သော အလုပ်မှတစ်ဆင့် သူ့ကို လူများ သိလာအောင် လုပ်ဆောင်ပြီး ဤအသိမှတစ်ဆင့် လူတို့၏ချစ်ခြင်းမေတ္တာကို သူရယူသည်။

ယင်းမှာ ပေတရုကဲ့သို့ပင်ဖြစ်သည်- အကယ်၍ ပေတရုသည် ယေရှုနှင့်အတူ အသက်မရှင်ခဲ့လျှင်၊ ယေရှုကို သူ ကြည်ညိုရန် ဖြစ်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ ထို့အတူ ယေရှုအပေါ်ထားသော သူ၏ သစ္စာစောင့်သိမှုသည်လည်း ယေရှုနှင့် သူ၏ထိတွေ့ဆက်ဆံမှုအပေါ်တွင် တည်ဆောက် ထားခဲ့သည်။ လူတို့ သူ့ကို ချစ်လာစေရန်အတွက် ဘုရားသခင်သည် လူတို့ အလယ်သို့ ကြွဆင်းလာပြီး လူတို့နှင့်အတူ နေထိုင်၏၊ ပြီးလျှင် ဘုရားသခင်က လူတို့ကို မြင်တွေ့စေသည့် တွေ့ကြုံခံစားစေသည့် အရာအားလုံးသည် ဘုရားသခင်၏ စစ်မှန်မှုပင် ဖြစ်သည်။

ဘုရားသခင်သည် လူတို့ကို စုံလင်အောင် ပြုလုပ်ပေးရန်အတွက် လက်တွေ့အရှိတရားနှင့် အချက်အလက်များ ရောက်ရှိလာခြင်းကို အသုံးပြု၏။ လူတို့ကို ဘုရားသခင် စုံလင်စေခြင်း၏ တစ်စိတ်တစ်ပိုင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်များက ဖြည့်ဆည်းပေးပြီး ဤသည်မှာ လမ်းပြခြင်းအပြင် လမ်းကြောင်းဖွင့်ပေးခြင်းနှင့်ဆိုင်သည့် အမှု ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ထဲတွင် သင့်အနေဖြင့် လက်တွေ့လုပ်ဆောင်မှု လမ်းကြောင်းနှင့် ရူပါရုံများနှင့် ပတ်သက်သော အသိပညာကို ရှာဖွေရမည်။ ဤအရာတို့ကို နားလည်ခြင်းအားဖြင့် လူသည် သူ၏အမှန်တကယ် လက်တွေ့လုပ်ဆောင်မှု၌ လမ်းကြောင်းနှင့် ရူပါရုံများ ရှိလာမည်ဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတစ်ဆင့် ဉာဏ်အလင်းရလာနိုင်မည် ဖြစ်သည်။ ဤအရာတို့သည် ဘုရားသခင်ထံမှ လာသည်ဟု နားလည်နိုင်၍ များစွာကို ထိုးထွင်းသိမြင်နိုင်စွမ်း ရှိလာလိမ့်မည်။ နားလည်ပြီးသည့်နောက်တွင် လူတို့သည် ဤလက်တွေ့အရှိတရားထဲသို့ ချက်ချင်းဝင်ရောက်ရမည် ဖြစ်ပြီး သူတို့၏လက်တွေ့ဘဝတွင် ဘုရားသခင်ကို စိတ်ကျေနပ်အောင် ပြုရန်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အသုံးပြုရမည်။ ဘုရားသခင်သည် အရာရာ၌ သင့်ကို လမ်းပြပေးမည်ဖြစ်ပြီး လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းတစ်ခုကို သင့်အားပေးကာ၊ သူသည် အထူးတလည် ချစ်ခင်နှစ်သက်ဖွယ် ကောင်းသည်ဟု သင့်အား ခံစားလာစေမည်ဖြစ်၏၊ ပြီးလျှင် သင့်ထဲ၌ ဘုရားအမှု၏ အဆင့်တိုင်းသည် သင့်အား စုံလင်အောင် ပြုလုပ်ပေးရန် ရည်ရွယ်ကြောင်း သင့်ကို သိမြင်ခွင့် ပေးလိမ့်မည်။ အကယ်၍ သင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မြင်တွေ့လိုပါက၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အမှန်တကယ် တွေ့ကြုံလိုပါက၊ သင်သည် လက်တွေ့အရှိတရားထဲသို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ရမည်၊ စစ်မှန်သော ဘဝအတွင်းသို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ပြီး ဘုရားသခင် ပြုသမျှသည် ချစ်ခြင်းမေတ္တာနှင့် ကယ်တင်ခြင်းတို့ ဖြစ်ကြောင်း၊ သူပြုသမျှသည် မသန့်ရှင်းသည့် အရာများကို လူတို့ချန်ထားခဲ့နိုင်ရန် သူတို့ကို အထောက်အကူပေးဖို့

ဖြစ်ကြောင်း၊ ဘုရားသခင်၏အလိုတော်ကို မဖြည့်ဆည်းနိုင်သော လူတို့အတွင်းရှိ အရာများကို စစ်ဆေးဖို့ဖြစ်ကြောင်း သင့်အနေဖြင့် မြင်ရမည်။ ဘုရားသခင်သည် လူတို့ကို ထောက်ပံ့ရန် သူ၏နှုတ်ကပတ်တော်များကို အသုံးပြု၏။ လူသားတို့ ကြုံတွေ့ခံစားရန်အတွက် လက်တွေ့ဘဝနှင့် ဆိုင်သည့် အခြေအနေများကို သူ စီစဉ်ပေးသည်။ အကယ်၍ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် အများအပြားကို စားသောက်ပါက၊ သူတို့အနေဖြင့် ထိုအရာများကို အကယ်စင်စစ် လက်တွေ့လုပ်ဆောင်သောအခါ၊ သူတို့၏ အသက်တာများထဲမှ အခက်အခဲအားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်အများအပြားကို အသုံးပြုကာ ဖြေရှင်းနိုင်မည် ဖြစ်သည်။ ဆိုလိုသည်မှာ လက်တွေ့အရှိတရားထဲသို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နိုင်ရန်အတွက် သင့်ထံ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ရှိနေရမည်။ အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းလည်း မရှိ၊ သင့်ထံ၌ ဘုရားသခင်၏ အမှုလည်း မရှိပါက၊ သင်၏လက်တွေ့ဘဝတွင် မည်သည့် လမ်းကြောင်းမျှ ရှိမည်မဟုတ်ပေ။ အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တစ်ခါမျှ မစားမသောက်ပါက၊ တစ်စုံတစ်ခု ဖြစ်လာသောအချိန်တွင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်လိမ့်မည်။ ဘုရားသခင်ကို သင်ချစ်သင့်သည်ကိုသာ သင်သိသည်၊ သို့သော် သင်သည် မည်သည့်ပိုင်းခြားခြင်းကိုမျှ လုပ်ဆောင်နိုင်စွမ်းမရှိ၊ လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်းလည်း သင့်၌ မရှိပေ။ သင်သည် မရေမရာနှင့် စိတ်ရှုပ်ထွေးနေပြီး ဇာတိပကတိကို ဖြည့်ဆည်းခြင်းသည် ဘုရားသခင်ကို စိတ်ကျေနပ်စေခြင်း ဖြစ်သည်ဟုပင် တစ်ခါတစ်ရံတွင် သင်ယုံကြည်၏— ဤအရာအားလုံးတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မစားသောက်ခြင်း၏ အကျိုးဆက် ဖြစ်သည်။ ဆိုလိုသည်မှာ သင်သည် ဘုရားသခင့် နှုတ်ကပတ်တော်များ၏ အကူအညီမပါဘဲ၊ လက်တွေ့အရှိတရားအတွင်းတွင်သာ စမ်းတဝါးဝါး ရှာဖွေနေပါက၊ လက်တွေ့လုပ်ဆောင်မှု လမ်းကြောင်းကို အခြေခံအားဖြင့် သင်ရှာဖွေနိုင်စွမ်းမရှိပေ။ ဤကဲ့သို့သော လူများသည် ဘုရားသခင်ကို ချစ်ခြင်းမှာ အဘယ်အရာအား ဆိုလိုသည်ကို နားလည်ရန်ဝေးစွ၊ ဘုရားသခင်ကို ယုံကြည်ခြင်းမှာ အဘယ်အရာအား ဆိုလိုသည်ကိုပင် အကယ်နားမလည်ကြပေ။ အကယ်၍ သင်သည် ဘုရားသခင့် နှုတ်ကပတ်တော်များ၏ ဉာဏ်အလင်းပေးခြင်းနှင့် လမ်းပြမှုတို့ကို အသုံးပြုပြီး မကြာခဏ ဆုတောင်းခြင်း၊ စူးစမ်းခြင်းနှင့် ရှာဖွေခြင်းတို့ကို ပြုလုပ်ကာ၊ ဤအရာမှတစ်ဆင့် သင်လက်တွေ့လုပ်ဆောင်သင့်သည့် အရာများကို တွေ့ရှိပြီး သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်အတွက် အခွင့်အရေးများကို ရှာဖွေ၍ ဘုရားသခင်နှင့် စစ်မှန်စွာ ပူးပေါင်းလျက်

မရေမရာလည်းမဖြစ် စိတ်လည်း ရှုပ်ထွေးမနေတော့လျှင်၊ သင်သည် လက်တွေ့ဘဝတွင် လမ်းကြောင်းတစ်ခုကို ရရှိကာ ဘုရားသခင်ကို အမှန်တကယ် စိတ်ကျေနပ်စေနိုင်မည် ဖြစ်သည်။ ဘုရားသခင် စိတ်ကျေနပ်အောင် သင်ပြုလုပ်ပြီးသောအခါ၊ သင့်အထဲတွင် ဘုရားသခင်၏ လမ်းညွှန်မှု ရှိလာလိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ အထူးတလည် ကောင်းချီးပေးခြင်းကို ခံရမည်ဖြစ်ကာ ထိုအရာက သင့်ကို ပျော်ရွှင်ခြင်း အသိစိတ်တစ်ခု ပေးမည်ဖြစ်သည်- ဘုရားသခင်ကို စိတ်ကျေနပ်စေပြီးဖြစ်သည်ကို သင်သည် အထူးဂုဏ်ယူမိပြီး၊ စိတ်ထဲတွင် အထူးသဖြင့် ကြည်လင်ရွှင်ပျကာ သင်၏ စိတ်နှလုံးထဲတွင် ရှင်းလင်း၍ ငြိမ်သက်လာမည် ဖြစ်သည်။ သင်၏ အသိစိတ်သည် နှစ်သိမ့်မှုကို ခံစားရကာ အပြစ်တင်ခြင်းများနှင့် ကင်းဝေး၍ သင်၏ ညီအစ်ကို မောင်နှမများကို တွေ့ရသည့်အချိန်တွင် သင့်စိတ်ထဲ၌ သာယာပျော်ရွှင်မှုကို ခံစားရမည် ဖြစ်သည်။ ထိုသို့ခံစားရခြင်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ မွေ့လျော်ခြင်း ဖြစ်ပြီး၊ ထိုသို့ခံစားရခြင်းသည်သာလျှင် ဘုရားသခင်၌ စစ်မှန်စွာ မွေ့လျော်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လူတို့၏မွေ့လျော်ခြင်းသည် တွေ့ကြုံခံစားမှုမှတစ်ဆင့် ရရှိနိုင်သည်။ အခက်အခဲနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းတို့ကို တွေ့ကြုံခံစားခြင်းအားဖြင့် သူတို့သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ရရှိကြသည်။ အကယ်၍ သင်သည် ဘုရားသခင်က သင့်အား အမှန်တကယ် ချစ်ကြောင်း၊ ဘုရားသခင်သည် လူတို့အတွက် ကြီးလေးသော အဖိုးအခကို ကေန်အမှန် ပေးခဲ့ကြောင်း၊ ဘုရားသခင်သည် မြောက်မြားစွာသော နှုတ်ကပတ်တော်တို့ကို စိတ်ရှည်စွာ၊ ကြင်နာစွာဖြင့် ပြောကြားခဲ့ပြီး လူတို့ကို အမြဲတမ်း ကယ်တင်ကြောင်းကိုသာ ပြောရုံသာ ပြောပါက၊ ဤစကားများကို သင်ပြောဆိုခြင်းသည် ဘုရားသခင်၌ မွေ့လျော်ခြင်း၏ ဘက်တစ်ဖက်သာ ဖြစ်သည်။ သို့သော်လည်း ပို၍ ကြီးမားသော ပျော်ရွှင်မှု- စစ်မှန်သော ပျော်ရွှင်မှုမှာ- လူသားတို့အနေဖြင့် သူတို့၏ လက်တွေ့ဘဝတွင် သမ္မာတရားကို လက်တွေ့လုပ်ဆောင်သည့် အချိန်၌ ဖြစ်၏၊ ထို့နောက်တွင် သူတို့၏ နှလုံးသားထဲ၌ ငြိမ်သက်ခြင်းနှင့် ရှင်းလင်းမှုကို ခံစားကြရ၏။ သူတို့သည် အတွင်း၌ ကြီးစွာ စိတ်ထိတွေ့လှုပ်ရှားပြီး ဘုရားသခင်သည် ချစ်ခင်နှစ်သက်ဖွယ် အကောင်းဆုံးဖြစ်သည်ဟု ခံစားရသည်။ သင်ပေးခဲ့သော အဖိုးအခသည် ပေးဆပ်ထိုက်သည်ထက် ပိုများသည်ဟု သင်ခံစားရလိမ့်မည်။ သင့်ကြိုးစားအားထုတ်မှု၌ ကြီးမားသော အဖိုးအခကို ပေးထားပြီးဖြစ်ရာ သင့်စိတ်ထဲတွင် အထူးအားတက်လာလိမ့်မည်။ သင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ အမှန်တကယ် မွေ့လျော်နေသည်ဟု ခံစားလာရပြီး ဘုရားသခင်သည် လူတို့အထဲတွင် ကယ်တင်ခြင်းအမှုအား လုပ်ဆောင်ပြီး ဖြစ်ကြောင်း၊

ဘုရားသခင်က လူသားများကို စစ်ဆေးခြင်းသည် သူတို့ကို သန့်စင်ရန်ဖြစ်ကြောင်း နှင့် ၎င်းတို့က သူ့အား အမှန်တကယ် ချစ် မချစ်ကို စမ်းသပ်ရန် ဘုရားသခင်က စစ်ကြောခြင်းဖြစ်ကြောင်းတို့ကို သင် နားလည်လာလိမ့်မည်။ သင်သည် သမ္မာတရားကို ဤသို့ အမြဲပင် လက်တွေ့လုပ်ဆောင်ပါက၊ ဘုရားသခင်၏ အမှု များစွာနှင့်ပတ်သက်သည့် ရှင်းလင်းသော အသိတစ်ခုကို တဖြည်းဖြည်း ဖြစ်ပေါ်လာပြီး၊ ထိုအချိန်တွင် သင့်ရှေ့၌ရှိသော ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ဖန်သားတမျှ ရှင်းလင်းပြတ်သားသည်ဟု ခံစားလာရလိမ့်မည်။ အကယ်၍ သင်သည် သမ္မာတရားများစွာကို ရှင်းလင်းစွာ နားလည်နိုင်ပါက၊ ကိစ္စအားလုံးသည် လက်တွေ့လုပ်ဆောင်ရန် လွယ်ကူကြောင်း၊ ပြဿနာတိုင်းကို အောင်မြင်ကျော်လွှားနိုင်ကာ မည်သည့် စုံစမ်းသွေးဆောင်မှုကိုမဆို အနိုင်ယူနိုင်ကြောင်း ခံစားလာရမည်ဖြစ်ပြီး၊ မည်သည့်ကိစ္စကမျှ သင့်အတွက် ပြဿနာ မဟုတ်ကြောင်း သိမြင်လာမည်၊ ထိုသို့ခံစားသိမြင်ခြင်းက သင့်အား ကြီးစွာ လွတ်လပ်စေပြီး လွတ်မြောက်စေလိမ့်မည်။ ဤအချိန်၌ သင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မွေ့လျော်နေလိမ့်မည်ဖြစ်ကာ၊ ဘုရားသခင်၏ စစ်မှန်သော ချစ်ခြင်းမေတ္တာသည် သင့်အပေါ်သို့ သက်ရောက်ပြီး ဖြစ်လိမ့်မည်။ သမ္မာတရား၊ အသိဉာဏ်နှင့် ရူပါရုံများရှိပြီး သူ့ကို အမှန်တကယ်ချစ်သောသူများကို ဘုရားသခင်သည် ကောင်းချီးပေး၏။ အကယ်၍ လူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တွေ့မြင်ရန် ဆန္ဒရှိပါက၊ သူတို့အနေဖြင့် လက်တွေ့ဘဝတွင် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရမည်။ ဝေဒနာကို တောင့်ခံလိုစိတ် ရှိရမည်ဖြစ်ပြီး ဘုရားသခင် စိတ်ကျေနပ်စေရန် သူတို့ချစ်သော အရာများကို စွန့်လွှတ်ရမည်။ ထို့အပြင် သူတို့မျက်လုံးထဲတွင် မျက်ရည်များ ရှိသော်လည်း၊ ဘုရားသခင်၏ စိတ်နှလုံးကျေနပ်စေရန်အတွက် ပြုလုပ်နိုင်ကြရမည်။ ထိုသို့ပြုလျှင် ဘုရားသခင်သည် သင့်အား အမှန်တကယ် ကောင်းချီးပေးမည်ဖြစ်သည်။ ထိုသို့သော အခက်အခဲကို သင်သည်းခံနိုင်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကလည်း နောက်မှ လိုက်လာလိမ့်မည်။ လက်တွေ့ဘဝအားဖြင့် သော်လည်းကောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခံစားခြင်းအားဖြင့် သော်လည်းကောင်း၊ လူတို့သည် ဘုရားသခင်၏ ချစ်ခင်နှစ်သက်ဖွယ် ကောင်းမှုကို မြင်နိုင်စွမ်းရှိကြသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မြည်းစမ်းကြည့်ဖူးမှသာလျှင် သူတို့သည် ဘုရားသခင်ကို စစ်မှန်စွာ ချစ်နိုင်ကြမည် ဖြစ်သည်။

သမ္မာတရားကို လက်တွေ့လုပ်ဆောင်လေလေ သမ္မာတရားကို ပိုင်ဆိုင်လေလေ ဖြစ်သည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်လေလေ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို

ပိုင်ဆိုင်လေလေ ဖြစ်သည်။ သမ္မာတရားကို လက်တွေ့ လုပ်ဆောင်လေလေ ဘုရားသခင်က ကောင်းချီးပေးလေလေ ဖြစ်သည်။ အကယ်၍ သင်သည် ထိုသို့အမြဲ လက်တွေ့လုပ်ဆောင်ပါက၊ သင့်အပေါ်ထားသည့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ပေတရုက ဘုရားသခင်ကို သိကျွမ်းလာခဲ့သည့်နည်းတူ သင့်အား တဖြည်းဖြည်း တွေ့မြင်စေလိမ့်မည်- ဘုရားသခင်၌ ကောင်းကင်၊ မြေကြီးနှင့် အရာအားလုံးကို ဖန်ဆင်းသော ဉာဏ်ပညာ ရှိရုံမျှသာမကဘဲ၊ ထို့အပြင် လူတို့ထဲတွင် စစ်မှန်သော အမှုကို ပြုနိုင်သည့် ဉာဏ်ပညာလည်း ရှိသည်ဟု ပေတရုက ပြောခဲ့သည်။ ဘုရားသခင်သည် ကောင်းကင်၊ မြေကြီးနှင့် အရာအားလုံးကို ဖန်ဆင်းခဲ့သောကြောင့်သာမက၊ ထို့အပြင် လူကို ဖန်ဆင်းနိုင်သော၊ ကယ်တင်နိုင်သော၊ လူကို စုံလင်အောင် ပြုလုပ်နိုင်သော၊ လူထံ၌ သူ၏ချစ်ခြင်းမေတ္တာကို ပေးထားခဲ့နိုင်သော သူ့အစွမ်းတို့ကြောင့်လည်း လူတို့၏ ချစ်ခြင်းမေတ္တာနှင့် ထိုက်တန်သည်ဟု ပေတရုက ပြောခဲ့သည်။ ထို့ကြောင့် ပေတရုက ဘုရားသခင်ထံတွင် လူသားတို့ ချစ်မြတ်နိုးရန် ထိုက်တန်သော အရာများစွာရှိသည်ဟုလည်း ပြောခဲ့၏။ “လူတို့၏ချစ်ခြင်းကို ကိုယ်တော်ခံထိုက်သည့် အကြောင်းရင်းမှာ ကောင်းကင်၊ မြေကြီးနှင့် အရာအားလုံးကို ဖန်ဆင်းခြင်းကြောင့်သာ ဖြစ်ပါသလော။ ကိုယ်တော်ထံတွင် ချစ်ခင်နှစ်လိုဖွယ်ကောင်းသော အရာများစွာရှိပါ၏။ ကိုယ်တော်သည် လက်တွေ့ဘဝတွင် ပြုမူလုပ်ဆောင်ပြီး လှုပ်ရှား သွားလာတော်မူသည်။ ကိုယ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်အား အတွင်း၌ တို့ထိတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်အား အပြစ်တင်ကာ ဆုံးမတော်မူသည်— ဤအရာများက လူတို့၏ချစ်ခြင်းကို သာ၍ခံထိုက်ပါ၏။” ဟု ပေတရုက ယေရှုကို ပြောခဲ့သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မြင်တွေ့ကာ ကြုံတွေ့ခံစားလိုသည့်ဆန္ဒ ရှိပါက၊ သင့်အနေဖြင့် လက်တွေ့ဘဝကို စူးစမ်းစစ်ဆေးကာ လက်တွေ့ဘဝ၌ ရှာဖွေရမည်ဖြစ်ပြီး သင့်ကိုယ်ပိုင် ဇာတိပကတိကို ဘေးသို့ ဖယ်ထားရန် လိုလားနေရမည်။ သင်သည် ထိုသန္နိဋ္ဌာန်ကို ချရမည်။ သင်သည် ပျင်းရိခြင်း၊ သို့မဟုတ် ဇာတိပကတိကို မွေ့လျော်ခြင်းများကို တပ်မက်ခြင်း မရှိဘဲ၊ ဇာတိပကတိအတွက် အသက်ရှင်ခြင်း မဟုတ်ဘဲ၊ ဘုရားသခင်အတွက် အသက်ရှင်ဖို့ စိတ်ပိုင်းဖြတ်ထားသောသူ၊ အရာရာ၌ ဘုရားသခင် စိတ်ကျေနပ်အောင် လုပ်နိုင်သောသူ ဖြစ်ရမည်။ သင်သည် ဘုရားသခင်ကို စိတ်ကျေနပ်အောင် မလုပ်ပေးသည့် အချိန်များ ရှိနိုင်သည်။ ထိုသို့ဖြစ်သည်မှာ ဘုရားသခင်၏ အလိုတော်ကို သင်နားမလည်သောကြောင့် ဖြစ်သည်။ နောက်တစ်ကြိမ်တွင် လုံ့လထုတ်ရန် ပိုလိုအပ်မည် ဖြစ်သော်လည်း၊ သင်သည် ဘုရားသခင်ကျေနပ်အောင် ပြုလုပ်ရမည်ဖြစ်ပြီး ဇာတိခန္ဓာကျေနပ်အောင် မပြုလုပ်ရ။ ဤသို့ သင်တွေ့ကြုံသောအခါ၊

သင်သည် ဘုရားသခင်ကို သိရှိလာပြီးဖြစ်လိမ့်မည်။ ဘုရားသခင်သည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းနိုင်ကြောင်း၊ လူတို့သည် သူ့ကို အမှန်တကယ် မြင်နိုင်ရန်၊ သူနှင့် အမှန်တကယ် ထိတွေ့ဆက်ဆံနိုင်စေရန်အတွက် ဘုရားသခင်သည် လူ့ဇာတိခံခဲ့ကြောင်း သင်မြင်လိမ့်မည်ဖြစ်သည်။ ထို့ပြင် လူတို့အလယ်တွင် သူသွားလာနိုင်စွမ်းရှိကြောင်း၊ သူ၏ဝိညာဉ်တော်သည် သူ၏ချစ်ခင်နှစ်သက်ဖွယ်ကောင်းမှုကို လူတို့အား တွေ့မြင်ခွင့်ပေးကာ သူ၏ဆိုးမပဲ့ပြင်ခြင်းများ၊ ပြစ်တင်ဆုံးမခြင်းများနှင့် ကောင်းချီးမင်္ဂလာများကို လူတို့အား ကြုံတွေ့ခံစားခွင့်ပေးလျက်၊ လက်တွေ့ဘဝတွင် လူတို့ကို စုံလင်အောင် ပြုလုပ်ပေးနိုင်ကြောင်းကို သင်တွေ့မြင်လိမ့်မည်။ ဤသို့ အမြဲတမ်း တွေ့ကြုံခံစားရလျှင်၊ လက်တွေ့ဘဝတွင် သင်သည် ဘုရားသခင်နှင့် ခွဲခွာ၍ရမည် မဟုတ်ပေ၊ ပြီးလျှင် အကယ်၍ တစ်နေ့တွင် ဘုရားသခင်နှင့် သင့်ကြားရှိ ဆက်ဆံရေးသည် ပုံမှန်အတိုင်း မဟုတ်တော့လျှင်၊ သင်သည် ပြစ်တင်ရှုတ်ချမှုကို ခံနိုင်စွမ်းနှင့်နောင်တရနိုင်စွမ်းလည်း ရှိလိမ့်မည်။ သင်သည် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေး ရှိချိန်တွင် ဘုရားသခင်အား လုံးဝ စွန့်ခွာလိုစိတ် ရှိမည်မဟုတ်။ အကယ်၍ တစ်နေ့ ဘုရားသခင်က သင့်ကို စွန့်ခွာသွားမည်ဟု ပြောလျှင်၊ သင်သည် ကြောက်ရွံ့ကာ ဘုရားသခင် ထားခဲ့ခြင်းကို ခံရမည်ထက် အသေခံလိုက်မည်ဟု ပြောလိမ့်မည်။ ဤသို့သော စိတ်ခံစားချက်များ ရှိသည်နှင့် တစ်ပြိုင်နက် သင်သည် ဘုရားသခင်ကို စွန့်ခွာနိုင်စွမ်းမရှိဟု ခံစားလာရမည်ဖြစ်ပြီး၊ ဤနည်းအားဖြင့် သင်၌ အခြေခံအုတ်မြစ်တစ်ခု ရှိလာကာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ စစ်မှန်စွာ မွေ့လျော်လာနိုင်မည် ဖြစ်သည်။

လူတို့သည် ဘုရားသခင်အား သူတို့အသက်ဖြစ်စေမည့် အကြောင်းကို မကြာမကြာ ပြောကြသော်လည်း၊ သူတို့၏ တွေ့ကြုံခံစားမှုကမူ ထိုအဆင့်ကို မရောက်သေးပေ။ ဘုရားသခင်သည် သင်၏အသက်ဖြစ်ကြောင်း၊ ဘုရားသခင်သည် သင့်ကို နေ့စဉ်လမ်းပြကြောင်း၊ သူ၏ နှုတ်ကပတ်တော်များကို သင်သည် နေ့စဉ် စားသောက်ကြောင်း၊ သူ့ထံ သင် နေ့စဉ်ဆုတောင်းကြောင်း၊ ထို့ကြောင့် ဘုရားသခင်သည် သင်၏ အသက် ဖြစ်လာကြောင်း သင်ပြောနေခြင်းမျှသာ ဖြစ်သည်။ ထိုသို့ပြောသူများ၏ အသိဉာဏ်သည် အတော်ပင် အပေါ်ယံကျ၏။ လူအများစုတွင် အခြေခံအုတ်မြစ် မရှိကြပေ- ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သူတို့ထဲတွင် နေရာယူပြီးဖြစ်သော်လည်း၊ အသီးသီးရန် မပြောနှင့် အညှောက်ပင် မပေါက်သေးပေ။ ယနေ့ သင်သည် မည်သည့် အတိုင်းအတာအထိ တွေ့ကြုံခံစားခဲ့ပြီး ဖြစ်သနည်း။ ဘုရားသခင်သည် သင့်အား လက်ရှိနေရာအထိရောက်အောင် တွန်းပို့ခဲ့ပြီးနောက် ယခုမှသာ သင်သည် ဘုရားသခင်ကို မစွန့်ခွာနိုင်ဟု ခံစားရသည်။ တစ်နေ့

သင်သည် အဆင့်တစ်ခုထိ တွေ့ကြုံခံစားခဲ့ပြီးသောအခါ၊ ဘုရားသခင်သည် သင့်အား ထွက်ခွာသွားခိုင်းလျှင် သင်ထိုသို့လုပ်နိုင်မည် မဟုတ်ပေ။ သင့်အထဲတွင် ဘုရားသခင်မရှိဘဲ သင်မနေနိုင်ဟု အမြဲခံစားနေရမည်။ လင်ယောကျ်ား၊ ဇနီးမယား၊ သို့မဟုတ် သားသမီးများ မရှိဘဲ၊ မိသားစုမရှိဘဲ၊ အမေ၊ သို့မဟုတ် အဖေ မရှိဘဲ၊ ဇာတိပကတိ၏ ပျော်မွေ့မှုများ မရှိဘဲ သင်နေနိုင်သော်လည်း၊ ဘုရားသခင် မရှိဘဲနှင့် သင်နေနိုင်မည် မဟုတ်ပေ။ ဘုရားသခင်မရှိခြင်းသည် သင့်အသက်ကို ဆုံးရှုံးလိုက်ရခြင်း နှင့် တူလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်မရှိဘဲ သင်နေနိုင်တော့မည် မဟုတ်ပေ။ သင်သည် ဤအဆင့်ထိ တွေ့ကြုံခံစားပြီး သောအခါ၊ ဘုရားသခင် အပေါ်ထားသော သင့်ယုံကြည်ခြင်း၌ အောင်မြင်မှုကို ရရှိနေပြီး ဖြစ်လိမ့်မည်။ ဤနည်းအားဖြင့် ဘုရားသခင်သည် သင့်အသက် ဖြစ်လာကာ သင့်တည်ရှိမှု၏ အခြေခံအုတ်မြစ် ဖြစ်လာပြီးဖြစ်လိမ့်မည်။ သင်သည် ဘုရားသခင်ကို ဘယ်သောအခါမျှ ထပ်မံစွန့်ခွာနိုင်တော့မည် မဟုတ်ပေ။ သင်သည် ဤအတိုင်းအတာအထိ တွေ့ကြုံခံစားပြီးသောအခါ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ အမှန်တကယ် မွေ့လျော်နေပြီးဖြစ်လိမ့်မည်။ ထို့အပြင် သင်သည် ဘုရားသခင်နှင့် အတော်အတန် ရင်းနှီးသွားသောအခါ၊ ဘုရားသခင်သည် သင်၏အသက်၊ သင်၏အချစ် ဖြစ်လာလိမ့်မည်၊ ထိုအချိန်တွင် သင်သည် ဘုရားသခင်ထံ ဆုတောင်းကာ “အိုး ဘုရားသခင်၊ ကိုယ်တော့်ကို ကျွန်ုပ်မစွန့်ခွာနိုင်ပါ။ ကိုယ်တော်သည် ကျွန်ုပ်၏အသက် ဖြစ်ပါ၏။ အခြားအရာအားလုံးမရှိဘဲ ကျွန်ုပ်နေနိုင်ပါ၏၊ သို့သော် ကိုယ်တော်မရှိဘဲ ကျွန်ုပ် အသက်ဆက်မရှင်နိုင်ပါ။” ဟူ၍ ပြောလိမ့်မည်။ ဤသည်မှာ လူသားတို့၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှုဖြစ်၏။ ဤသည်မှာ စစ်မှန်သော အသက်တာဖြစ်သည်။ လူအချို့တို့သည် ယနေ့ သူတို့ရှိနေသည့် နေရာအထိ ရောက်အောင် တွန်းပို့ခြင်း ခံခဲ့ရသည်- သူတို့လုပ်ချင်သည် ဖြစ်စေ၊ မလုပ်ချင်သည် ဖြစ်စေ ဆက်လုပ်နေရပြီး သူတို့သည် မလူးသာမလွန့်သာ အခြေအနေနှစ်ခုအကြားတွင် သောင်တင်နေသည်ဟု အမြဲတမ်း ခံစားနေကြသည်။ ဘုရားသခင်သည် သင့်အသက် ဖြစ်သည်အထိ၊ ဘုရားသခင်ကို သင့်နှလုံးသားထဲမှ နုတ်ယူသွားမည်ဆိုပါက၊ သင့်အသက်ကို ဆုံးရှုံးလိုက်ရခြင်းနှင့် အတူတူပင် ဖြစ်သည်အထိ သင်တွေ့ကြုံခံစားရမည်။ ဘုရားသခင်သည် သင့်အသက်ဖြစ်ရမည်ဖြစ်ပြီး သင်သည် သူ့ကို စွန့်ခွာရန် မတတ်စွမ်းနိုင်ဘဲ ရှိနေရမည်။ ဤနည်းအားဖြင့် သင်သည် ဘုရားသခင်ကို အမှန်တကယ် တွေ့ကြုံခံစားခဲ့ရပြီးဖြစ်လိမ့်မည်၊ဤအချိန်၌ သင်သည် ဘုရားသခင်ကို ချစ်သောအခါ၊ ဘုရားသခင်ကို အမှန်တကယ်ပင် ချစ်မြတ်နိုးလိမ့်မည် ဖြစ်ကာ သင်၏ချစ်ခြင်းမေတ္တာသည် ပြိုင်စံကင်းပြီး ဖြူစင်သည့်အချစ် ဖြစ်လိမ့်မည်။ တစ်နေ့ သင့်အတွေ့အကြုံများကြောင့်

သင်၏အသက်တာသည် အဆင့်တစ်ဆင့်သို့ ရောက်ရှိသွားသောအခါ၊ ဘုရားသခင်ထံ သင်ဆုတောင်းပြီး သူ၏နှုတ်ကပတ်တော်များကို စားသောက်သောအခါ၊ သင်သည် အတွင်းထဲ၌ ဘုရားသခင်ကို စွန့်ခွာနိုင်မည် မဟုတ်သကဲ့သို့ သင်ဆန္ဒရှိခဲ့လျှင်ပင် သူ့ကို သင် မေ့လျော့နိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် သင့်အသက်ဖြစ်လာပြီး ဖြစ်လိမ့်မည်၊ သင်သည် လောကကို လည်းကောင်း၊ သင့်ဇနီးမယား၊ သင့်လင်ယောကျ်ား၊ သို့မဟုတ် သင့်သားသမီးများကိုလည်းကောင်း မေ့နိုင်သော်လည်း၊ ဘုရားသခင်ကို မေ့လျော့ဖို့ ခက်ခဲလိမ့်မည်— ထိုသို့ပြုလုပ်ရန် ဖြစ်နိုင်လိမ့်မည် မဟုတ်။ ဤသည်မှာ သင်၏အသက်အစစ်၊ ဘုရားသခင်အပေါ်၌ထားသော သင်၏ ချစ်ခြင်းမေတ္တာအစစ် ဖြစ်သည်။ ဘုရားသခင်အပေါ်ထားသော လူတို့၏ ချစ်ခြင်းမေတ္တာသည် အဆင့်တစ်နေရာသို့ ရောက်ရှိသွားချိန်တွင်၊ ဘုရားသခင် အတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာသည် ၎င်းတို့၏ အခြား မည်သည့် အရာအတွက် ချစ်ခြင်းနှင့်မျှ တန်းတူမဖြစ်တော့ပေ။ ဘုရားသခင်အတွက် သူတို့၏ ချစ်ခြင်းသည် ဦးစားပေးဖြစ်လာပေသည်။ ဤသို့အားဖြင့် သင်သည် အခြား အရာအားလုံးကို စွန့်လွှတ်နိုင်ကာ ဘုရားသခင်၏ ကိုင်တွယ်ဖြေရှင်းမှုနှင့် ပြုပြင်မှုမှန်သမျှကို လက်ခံလိုသည့် ဆန္ဒ ရှိလာလိမ့်မည်။ ဘုရားသခင်အပေါ်ထားသော သင်၏ ချစ်ခြင်းသည် အရာအားလုံးထက် သာလွန်သွားပါက၊ သင်သည် လက်တွေ့အရှိတရားထဲ၌ အသက်ရှင်မည်ဖြစ်ပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာထဲ၌ အသက်ရှင်မည် ဖြစ်သည်။

ဘုရားသခင်သည် လူတို့၏အတွင်း၌ အသက်ဖြစ် လာသည်နှင့် တစ်ပြိုင်နက် သူတို့သည် ဘုရားသခင်ကို မစွန့်ခွာနိုင်တော့ပေ။ ဤသည်မှာ ဘုရားသခင်၏ လုပ်ဆောင်ချက်ပင် ဖြစ်သည်မဟုတ်လော။ ဤထက် သာ၍ကြီးမြတ်သော သက်သေခံချက် မရှိတော့ချေ။ ဘုရားသခင်သည် အဆင့်တစ်နေရာအထိ အလုပ်ကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ လူတို့ကို အစေခံရန်၊ ပြစ်တင်ဆုံးမခြင်းခံရန်၊ သို့မဟုတ် အသေခံရန် သူပြောခဲ့သည်။ လူတို့သည်လည်း နောက်ပြန်မဆုတ်ခဲ့ကြပေ၊ ယင်းက ဘုရားသခင်သည် လူတို့ကို သိမ်းပိုက်ခဲ့ပြီးကြောင်း ပြသနေသည်။ သမ္မာတရား ရှိသောသူများသည် သူတို့၏ လက်တွေ့အတွေ့အကြုံများတွင် နောက်သို့ ပြန်ဆုတ်ခြင်း အလျှင်းမရှိဘဲ၊ သူတို့၏ သက်သေခံချက်များ၌ ခိုင်မာစွာ ရပ်တည်နိုင်သောသူများ၊ သူတို့၏နေရာ၌ ခိုင်မာစွာရပ်တည် နိုင်သောသူများ၊ ဘုရားသခင်ကို သစ္စာရှိနိုင်သော သူများဖြစ်ပြီး ဘုရားသခင်ကို ချစ်သောသူများနှင့် ပုံမှန်ဆက်ဆံရေးရှိသောသူများ၊ တစ်စုံတစ်ခုဖြစ်သောအခါ ဘုရားသခင်ကို အပြည့်အဝ နာခံနိုင်သောသူများ၊ သေသည်အထိ ဘုရားသခင်ကို နာခံနိုင်သောသူများ ဖြစ်ကြ၏။ လက်တွေ့ဘဝတွင် သင်၏လက်တွေ့လုပ်ဆောင်မှုနှင့် ထုတ်ဖော်မှုတို့သည် ဘုရားသခင်အတွက်

သက်သေခံချက်ပင် ဖြစ်သည်။ ယင်းသည် ဘုရားသခင်အတွက် လူ၏အသက်ရှင်နေထိုင်ခြင်းနှင့် သက်သေခံချက်ဖြစ်၏၊ ထို့ပြင် ယင်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို စစ်မှန်စွာ မွေ့လျော်ခြင်းဖြစ်သည်။ သင်သည် ဤအဆင့်အထိ တွေ့ကြုံခဲ့ပြီးသောအခါ၊ ထိုက်သင့်သော အကျိုးဆက်ကို ရရှိပြီးဖြစ်လိမ့်မည်။ သင်သည် စစ်မှန်သော အသက်ရှင်နေထိုင်မှုကို ပိုင်ဆိုင်ထားမည်ဖြစ်ပြီး သင့်လုပ်ဆောင်ချက်တိုင်းကို အခြားသူများက လေးစား အားကျမှုဖြင့် မော်ကြည့်ကြလိမ့်မည်။ သင်၏အဝတ်အစားနှင့် အပြင်ပန်းရုပ်သွင်သည် ထူးခြားခြင်းမရှိသော်လည်း၊ ဘုရားတရားကို အဆုံးစွန် ကိုင်းရှိုင်းသော အသက်တာကို သင်အသက်ရှင် နေထိုင်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်ပြောဆိုသည့် အချိန်တွင်၊ ဘုရားသခင်သည် သင့်အား လမ်းပြကာ ဉာဏ်အလင်းကို ဖွင့်ပေးမည်ဖြစ်သည်။ သင်သည် သင်၏ စကားလုံးများမှတစ်ဆင့် ဘုရားသခင်၏ အလိုတော်ကို ပြောဆိုနိုင်မည်၊ လက်တွေ့အရှိတရားကိုလည်း ပြောဆိုနိုင်ပြီး ဝိညာဉ်တော် အားဖြင့် အသုံးခံခြင်းအကြောင်းကို များစွာ နားလည်လာလိမ့်မည်။ သင်သည် စကားပြောရာတွင် တဲ့တိုးပြောပြီး သိက္ခာရှိကာ ဖြောင့်မတ်မည်။ ထိပ်တိုက်ရင်ဆိုင်မှု မရှိဘဲ၊ ယဉ်ကျေးသိမ်မွေ့ကာ ဘုရားသခင်၏ အစီအစဉ်များကို နာခံနိုင်ပြီး တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက၊ သင်သည် သင့်သက်သေခံချက်အပေါ်တွင် ခိုင်မာစွာ ရပ်တည်နိုင်မည်၊ မည်သည့်ကိစ္စကိုမဆို ကိုင်တွယ်ဖြေရှင်းရာတွင် သင်သည် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ဖြစ်နေမည် ဖြစ်သည်။ ဤသို့သောသူသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အမှန်တကယ် တွေ့မြင်ခဲ့ရပြီး ဖြစ်သည်။ အချို့သော သူများသည် ငယ်ရွယ်သေးသော်လည်း၊ လူလတ်ပိုင်းတစ်ဦး ကဲ့သို့ ပြုမူကြသည်၊ သူတို့သည် ရင့်ကျက်၍ သမ္မာတရားကို ပိုင်ဆိုင်ကာ အခြားသူများ၏ လေးစားအားကျမှုကို ခံကြရသည်၊ ဤလူများသည် သက်သေခံချက်ရှိသူများဖြစ်ပြီး ဘုရားသခင်၏ သရုပ်သကန် ဖြစ်ကြသည်။ ဆိုလိုသည့်မှာ သူတို့သည် အဆင့်တစ်ခုထိ တွေ့ကြုံခံစားပြီးသောအခါ၊ သူတို့၏စိတ်အတွင်းတွင် ဘုရားသခင်ကို ထိုးထွင်းသိမြင်နိုင်မှု ရှိလာပြီး သူတို့၏အပြင်ပန်း စိတ်သဘောထားသည်လည်း တည်ငြိမ်သွားလိမ့်မည်။ များစွာသော လူတို့သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း မရှိသကဲ့သို့၊ သူတို့၏ သက်သေခံချက်အပေါ်တွင် ခိုင်မာစွာ ရပ်တည်ခြင်းလည်း မရှိပေ။ ထိုသို့သောသူများ၌ ဘုရားသခင်အား ချစ်ခြင်းလည်း မရှိ၊ သို့မဟုတ် ဘုရားသခင်ကို သက်သေခံခြင်းလည်း မရှိပေ၊ ပြီးလျှင် ထိုသူတို့သည် ဘုရားသခင် အရွံရှာဆုံးသောသူများ ဖြစ်သည်။ သူတို့သည် ဝတ်ပြုအစည်းအဝေးများတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ကြသော်လည်း၊ သူတို့ အသက်ရှင်နေထိုင်နေသည့်အရာမှာ

စာတန်ဖြစ်နေပြီး၊ ဤသည်မှာ ဘုရားသခင်ကို ဂုဏ်သရေညှိုးစေခြင်း၊ သွားပုပ်လေလွင့်ပြောခြင်း နှင့် ပြစ်မှားစော်ကားခြင်း ဖြစ်သည်။ ထိုကဲ့သို့သော သူတို့တွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာလက္ခဏာ လုံးဝ မရှိသကဲ့သို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် လုံးဝ မရှိပေ။ ထို့ကြောင့် လူများ၏ စကားများနှင့် လုပ်ရပ်များက စာတန်ကို ကိုယ်စားပြုနေသည်။ အကယ်၍ သင့်နှလုံးသားသည် ဘုရားသခင်၏ရှေ့တွင် အမြဲတမ်း ငြိမ်သက်ခြင်းရှိပြီး သင့်အနီးအနားတွင် ရှိသောသူများနှင့် အရာများ၊ သင့်အနီးအနားတွင် ဖြစ်နေသော အရာများကို သင်အမြဲဂရုပြုနေလျှင်၊ သင်သည် ဘုရားသခင်၏ ဝန်တာကို သင့်စိတ်ထဲတွင် ဂရုပြုကာ ဘုရားသခင်ကို ချစ်ကြောက်ရိုသေသည့် စိတ်နှလုံးအမြဲရှိလျှင်၊ ဘုရားသခင်သည် မကြာခဏဆိုသလိုပင် သင့်အထဲ၌ ဉာဏ်အလင်းကို ဖွင့်ပေးမည် ဖြစ်သည်။ အသင်းတော်ထဲတွင် "ကြီးကြပ်သူများ" ရှိကြသည်။ သူတို့သည် အခြားသူတို့၏ ကျရှုံးခြင်းကို စောင့်ကြည့်ရန် ရည်ရွယ်ထားကြပြီး အတုယူကာ လိုက်လုပ်ကြသည်။ သူတို့၌ ခွဲခြားနိုင်စွမ်း မရှိကြပေ၊ သူတို့သည် အပြစ်ကို မမုန်းကြပေ၊ စာတန်နှင့်ပတ်သက်သည့် အရာများကို စက်ဆုပ်မုန်းတီးခြင်း၊ သို့မဟုတ် ရွံရှာခြင်း မရှိကြပေ။ ထိုကဲ့သို့သော သူများ၌ စာတန်နှင့်ပတ်သက်သော အရာများဖြင့် ပြည့်နေပြီး သူတို့သည် နောက်ဆုံးတွင် ဘုရားသခင်၏ လုံးဝစွန့်ခွာမှုကို ခံကြရမည် ဖြစ်သည်။ သင့်နှလုံးသားသည် ဘုရားသခင်ရှေ့၌ အမြဲတမ်း ရိုသေလေးမြတ်မှုနှင့် ပြည့်နေသင့်သည်၊ သင်၏စကားများနှင့် လုပ်ရပ်များကို အစွန်းရောက်မှု မရှိအောင် ထိန်းသိမ်းကာ ဘုရားသခင်ကို ဆန့်ကျင်ရန်၊ သို့မဟုတ် စိတ်ပျက်အောင် လုပ်ရန် လုံးဝဆန္ဒမရှိသင့်ပေ။ သင့်အထဲရှိ ဘုရားသခင်၏ လုပ်ဆောင်မှု အလဟဿ ဖြစ်သွားစေရန် သို့မဟုတ် သင်သည်းခံခဲ့သော အခက်အခဲများအားလုံးနှင့် သင် လက်တွေ့လုပ်ဆောင်ခဲ့သောအရာအားလုံးကို အလဟဿ ဖြစ်သွားခွင့် ပြုရန် မလိုလားသင့်ပေ။ သင်သည် ပို၍ကြိုးစားလုပ်ကိုင်ကာ ရှေ့ဆက်လမ်းတွင် ဘုရားသခင်အား ပိုမိုချစ်ရန် လိုလားသင့်သည်။ ထိုလူများသည် ရှုပါရုံတစ်ခုကို မိမိတို့၏ အခြေခံအုတ်မြစ်အဖြစ် တည်ထားသူများ ဖြစ်သည်။ ထိုသူတို့သည် တိုးတက်မှုကို ရှာဖွေသောသူများဖြစ်ကြ၏။

အကယ်၍ လူတို့သည် ဘုရားသခင်ကို ရိုသေလေးမြတ်သည့် နှလုံးသားဖြင့် ဘုရားသခင်ကို ယုံကြည်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြုံတွေ့ခံစားပါက၊ ထိုသို့သောလူများထံ၌ ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တွေ့မြင်နိုင်သည်။ ထိုလူများသည် ဘုရားသခင်အတွက် သက်သေခံနိုင်ကြ၏။ သူတို့သည် သမ္မာတရားအတိုင်း အသက်ရှင်နေထိုင်ကာ၊ သူတို့ သက်သေခံသည့် အရာသည်လည်း သမ္မာတရား၊ ဘုရားသခင်၏ဖြစ်ခြင်းနှင့် ဘုရားသခင်၏ စိတ်သဘောထားတို့ဖြစ်သည်။

သူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအလယ်တွင် အသက်ရှင်ကြပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တွေ့မြင်ခဲ့ကြပြီး ဖြစ်သည်။ အကယ်၍ လူတို့သည် ဘုရားသခင်ကို ချစ်ရန် ဆန္ဒရှိပါက၊ သူတို့သည် ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုကို မြည်းစမ်းကြည့်ရမည် ဖြစ်ပြီး ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုကို တွေ့မြင်ကြရမည်။ သို့မှသာ သူတို့အထဲ၌ ဘုရားသခင်ကိုချစ်သော နှလုံးသား၊ ဘုရားသခင်အတွက် မိမိတို့ကိုယ်ကို သစ္စာရှိစွာ ပေးဆပ်လာအောင် လူတို့ကို စေ့ဆော်ပေးသော နှလုံးသားက နိုးထလာပေမည်။ ဘုရားသခင်သည် သူ့ကို လူတို့ချစ်လာအောင် စကားလုံးများနှင့် အမူအရာများအားဖြင့် မလုပ်ပေ၊ သို့မဟုတ် သူတို့၏ စိတ်ကူးစိတ်သန်းအားဖြင့်လည်း မလုပ်ပေ။ လူတို့အား သူ့ကို အတင်းအဓမ္မလည်း မချစ်ခိုင်းပေ။ ထိုအစား သူသည် လူတို့ကို သူတို့သဘောနှင့်သူတို့ သူ့အား ချစ်လာစေပြီး သူ၏အလုပ်နှင့် မိန့်မြွက်ချက်များတွင် သူ၏ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုကို တွေ့မြင်စေသည်။ ထို့နောက်တွင် သူတို့အထဲ၌ ဘုရားသခင်ကို ချစ်ခြင်း ပေါက်ဖွားလာသည်။ ဤနည်းလမ်းအားဖြင့်သာ လူတို့သည် ဘုရားသခင်နှင့်ဆိုင်သည့် စစ်မှန်သော သက်သေခံချက်ကို ပေးနိုင်မည်ဖြစ်သည်။ လူတို့သည် အခြားသူများ၏ တွန်းအားပေးမှုကြောင့် ဘုရားသခင်ကို ချစ်ခြင်း မဟုတ်သကဲ့သို့ ရုတ်တရက် ဖြစ်ပေါ်သော စိတ်ခံစားမှုဆန္ဒအရ ချစ်ခြင်းလည်း မဟုတ်ပေ။ သူတို့သည် ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်းကို တွေ့မြင်ခဲ့ပြီး ဖြစ်သောကြောင့်၊ လူတို့၏ ချစ်ခြင်းမေတ္တာကို ခံထိုက်သည့်အရာ သူ့အထဲ၌ များစွာရှိကြောင်းကို တွေ့မြင်ခဲ့ပြီးဖြစ်သောကြောင့်၊ ဘုရားသခင်၏ ကယ်တင်ခြင်း၊ ဉာဏ်ပညာနှင့် အံ့ဖွယ်လုပ်ရပ်များကို တွေ့မြင်ခဲ့သောကြောင့်၊ ဘုရားသခင်ကို ချစ်ကြခြင်းဖြစ်သည်— ရလဒ်အနေဖြင့် သူတို့သည် ဘုရားသခင်ကို အမှန်တကယ် ချီးမွမ်းကာ အမှန်တကယ် တောင့်တကြပြီး သူတို့စိတ်ထဲတွင် ဘုရားသခင်ကို မရလျှင် အသက်မရှင်နိုင်တော့သည့် စိတ်ထက်သန်ပြင်းပြမှု ပေါ်ပေါက်လာသည်။ ဘုရားသခင်အတွက် စစ်မှန်စွာ သက်သေခံသောသူများသည် သူ့အတွက် ထူးကဲသော သက်သေခံချက် ပေးနိုင်သည်မှာ သူတို့၏ သက်သေခံချက်သည် စစ်မှန်သော အသိတရားနှင့် ဘုရားသခင်ကို အမှန်တကယ် တောင့်တမှုတို့အပေါ်တွင် အခြေခံသောကြောင့် ဖြစ်သည်။ ယင်းသည် ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်ဆန္ဒမဟုတ်ဘဲ၊ ဘုရားသခင်နှင့် သူ၏ စိတ်သဘောထားတို့ကို သိခြင်းအပေါ်တွင် အခြေခံသော သက်သေခံချက် ဖြစ်သည်။ သူတို့သည် ဘုရားသခင်ကို သိရှိလာသည့်အတွက် ဘုရားသခင်အတွက် သေချာပေါက် သက်သေခံရမည် ဖြစ်ပြီး ဘုရားသခင်ကို တမ်းတသောသူအားလုံး ဘုရားသခင်ကို သိရှိလာစေရန် ပြုလုပ်ကြရမည်၊ ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှုနှင့်

သူ၏လက်တွေ့ကျမှုတို့ကို သိရမည်ဟု သူတို့ ခံစားကြရသည်။ ဘုရားသခင်အပေါ်ထားသော လူတို့၏ ချစ်ခြင်းမေတ္တာကဲ့သို့ပင် သူတို့၏ သက်သေခံချက်များသည်လည်း အလိုအလျောက် ထွက်လာသော သက်သေခံချက်များဖြစ်သည်။ ယင်းမှာ မှန်ကန်မှုရှိပြီး စစ်မှန်သော အရေးပါမှုနှင့် တန်ဖိုးတို့ရှိ၏။ ထိုသက်သေခံချက်များသည် တက်ကြွမှုမရှိသော၊ သို့မဟုတ် အနှစ်သာရမရှိဘဲ အဓိပ္ပာယ်ကင်းမဲ့သော သက်သေခံချက်များ မဟုတ်ပေ။ ဘုရားသခင်ကို အမှန်တကယ် ချစ်မြတ်နိုးသော သူများသည်သာ သူတို့၏အသက်တာများ၌ အများဆုံးသော တန်ဖိုးနှင့် အဓိပ္ပာယ်တို့ရှိကြ၏။ ဘုရားသခင်ကို သူတို့သာ အမှန်တကယ် ယုံကြည်ကြခြင်းမှာ သူတို့သည် ဘုရားသခင်၏ အလင်းထဲတွင် အသက်ရှင်နေထိုင်ကြသောကြောင့်ဖြစ်ပြီး ဘုရားသခင်၏အမှုနှင့် စီမံခန့်ခွဲမှု အတွက် အသက်ရှင် နိုင်ကြသောကြောင့် ဖြစ်သည်။ သူတို့သည် အမှောင်ထုထဲတွင် မနေကြဘဲ၊ အလင်းထဲတွင် နေထိုင်ကြသောကြောင့် ဖြစ်သည်။ သူတို့သည် အဓိပ္ပာယ်မဲ့သောဘဝကို အသက်မရှင်ဘဲ၊ ဘုရားသခင်ကောင်းချီးပေးသော အသက်တာကို အသက်ရှင်ကြသည်။ ဘုရားသခင်ကို ချစ်သောသူများသာလျှင် ဘုရားသခင် အတွက် သက်သေခံနိုင်ကြသည်။ သူတို့သာလျှင် ဘုရားသခင်၏ သက်သေခံများ ဖြစ်ကြ၏။ သူတို့သာလျှင် ဘုရားသခင်၏ ကောင်းချီးပေးခြင်းကိုခံရပြီး သူတို့သာလျှင် ဘုရားသခင်၏ ကတိတော်များကို လက်ခံရရှိနိုင်ကြသည်။ ဘုရားသခင်ကို ချစ်သောသူများသည် ဘုရားသခင်နှင့် ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည်။ သူတို့သည် ဘုရားသခင်၏ ချစ်မြတ်နိုးခြင်းကို ခံရသောသူများဖြစ်ပြီး ဘုရားသခင်နှင့်အတူ ကောင်းချီးမင်္ဂလာများကို ခံစားမွေ့လျော် နိုင်ကြသည်။ ထိုသို့သောသူများသာလျှင် ထာဝရကာလတိုင် အသက်ရှင်နိုင်မည်ဖြစ်ပြီး သူတို့သာလျှင် ဘုရားသခင်၏ ဂရုစိုက်မှုနှင့် ကာကွယ်မှုအောက်တွင် အစဉ်အမြဲ နေထိုင်လိမ့်မည် ဖြစ်သည်။ ဘုရားသခင်သည် လူတို့ ချစ်ဖို့ဖြစ်ပြီး၊ သူသည် လူသားတိုင်း၏ ချစ်ခြင်းမေတ္တာကိုရရှိရန် ထိုက်တန်သူဖြစ်သည်၊ သို့သော် လူသားတိုင်းသည် ဘုရားသခင်ကို ချစ်နိုင်ကြသည်ကား မဟုတ်ပေ၊ လူတိုင်းသည် ဘုရားသခင်အတွက် သက်သေခံနိုင်ခြင်း မရှိသကဲ့သို့ ဘုရားသခင်နှင့်အတူ တန်ခိုးအာဏာကို ကိုင်စွဲထားနိုင်ခြင်းလည်း မရှိပေ။ ဘုရားသခင်ကို စစ်မှန်စွာ ချစ်သောသူများသည် ဘုရားသခင်နှင့်ပတ်သက်၍ သက်သေခံနိုင်ပြီး ဘုရားသခင်၏ အလုပ်အတွက် သူတို့၏ ကြိုးပမ်းအားထုတ်မှုများကို လုံးလုံးလျားလျား ပေးအပ်မြှုပ်နှံထားနိုင်သဖြင့်၊ သူတို့သည် ကောင်းကင်အောက် မည်သည့်နေရာတွင်မဆို သူတို့ကို ဆန့်ကျင်ရဲသူမရှိဘဲ၊ သွားလာနိုင်၍ မြေကြီးပေါ်၌ အာဏာကို စွဲကိုင်နိုင်ပြီး ဘုရားသခင်၏ လူများအားလုံးကို အုပ်ချုပ်နိုင်သည်။ ထိုလူများသည် ကမ္ဘာတစ်ဝှမ်းမှ စုဝေးရောက်ရှိလာကြသည်။ သူတို့သည် မတူကွဲပြားသော

ဘာသာစကား အမျိုးမျိုးကို ပြောကြကာ၊ အသားအရောင် အမျိုးမျိုးရှိကြသည်၊ သို့သော် သူတို့ဖြစ်တည်ခြင်း၏ အဓိပ္ပာယ်သည် တူကြ၏။ သူတို့အားလုံးထံတွင် ဘုရားသခင်ကို ချစ်သောနှလုံးသား ရှိကြပြီး တူညီသောသက်သေကိုခံကြကာ တူညီသော စိတ်ဆုံးဖြတ်ချက်နှင့် တူညီသောဆန္ဒလည်း ရှိကြသည်။ ဘုရားသခင်ကို ချစ်သောသူများသည် ကမ္ဘာအနှံ့အပြား လွတ်လပ်စွာ လျှောက်လှမ်း သွားလာနိုင်ကြသည်၊ ဘုရားသခင်ကို သက်သေခံသော သူများသည် စကြဝဠာတစ်ခွင် လှည့်လည်သွားလာနိုင်ကြသည်။ ထိုလူတို့သည် ဘုရားသခင်၏ချစ်ခြင်းကို ခံရသောသူများ ဖြစ်ကြပြီး၊ ဘုရားသခင်၏ ကောင်းချီးပေးခြင်းကို ခံရကာ သူတို့သည် ဘုရားသခင်၏ အလင်းထဲတွင် တစ်သက်လုံး နေထိုင်သွားကြမည် ဖြစ်ပေသည်။

## လက်တွေ့လုပ်ဆောင်ခြင်းကို အာရုံစိုက်သူများသာ စုံလင်စေခြင်းခံရနိုင်သည်

နောက်ဆုံးသောကာလတွင် ဘုရားသခင်သည် မိမိလုပ်ဆောင်အပ်သည့် အမှုကို လုပ်ဆောင်ရန်နှင့် သူ၏နှုတ်ကပတ်တော်၏ သာသနာလုပ်ငန်းကို ထမ်းဆောင်ရန် လူ့ဇာတိခံယူခဲ့သည်။ ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီသောသူများကို စုံလင်စေဖို့ရန်အလို့ငှာ လူသားများကြားတွင် အလုပ်လုပ်ရန် သူကိုယ်တိုင် ဆင်းသက်လာခဲ့သည်။ ဖန်ဆင်းခြင်းကာလမှသည် ယနေ့ထိတိုင်အောင် ထိုကဲ့သို့သော အမှုတော်ကို နောက်ဆုံးသောကာလတွင်သာ လုပ်ဆောင်ခဲ့သည်။ နောက်ဆုံးသောကာလတွင်သာ ဘုရားသခင်သည် ထိုကဲ့သို့ ကြီးမားသည့် အမှုတော်ကို လုပ်ဆောင်ရန် လူ့ဇာတိခံယူခဲ့သည်။ သူသည် လူ့အမြင်တွင် လွန်စွာခက်ခဲမည်ဟုထင်ရသည့် အခက်အခဲများကို ကြံ့ကြံ့ခံသော်လည်း၊ ကြီးမြတ်သည့် ဘုရားသခင်အနေနှင့် သာမန်လူသားတစ်ယောက် ဖြစ်သည်အထိ နှိမ့်ချမှုရှိသော်လည်း၊ သူ့အလုပ်၏ မည်သည့်ရှုထောင့်ကမျှ နှောင့်နှေးသွားခြင်းမရှိပေ။ ထို့အပြင် သူ၏အစီအစဉ်များလည်း အနည်းငယ်မျှ ပရမ်းပတာ မဖြစ်ခဲ့ပေ။ သူသည် မိမိ၏ မူရင်းအစီအစဉ်အတိုင်း အလုပ်လုပ်နေသည်။ ဤလူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ လူသားများကို သိမ်းပိုက်ရန်ဖြစ်သည်။ နောက်ရည်ရွယ်ချက် တစ်ခုမှာမူ သူချစ်သောလူတို့ကို စုံလင်စေရန်ဖြစ်သည်။ သူစုံလင်စေသော လူများကို သူ၏မျက်စိနှင့် တပ်အပ်မြင်လိုသည့်

စိတ်ဆန္ဒရှိသည်။ ပြီးလျှင် သူစုံလင်စေခဲ့သော လူများသည် သူ့အတွက် မည်ကဲ့သို့ သက်သေခံကြသည်ကိုလည်း သူကိုယ်တိုင် တွေ့မြင်လိုသည်။ စုံလင်စေခြင်းခံရသည်မှာ တစ်ယောက်နှစ်ယောက် မဟုတ်ပေ။ ယင်းအစား၊ ဤသည်မှာ လူအနည်းငယ်ပါသည့် လူတစ်စုဖြစ်သည်။ ဤအုပ်စုတွင်ရှိသူများသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ လာကြပြီး ကမ္ဘာ့နိုင်ငံသားအသီးသီး ဖြစ်ကြသည်။ ဤမျှများပြားသော အလုပ်ကိုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဤလူစုကို ရရှိဖို့ရန်၊ ဤလူစုမှ ဘုရားသခင်အတွက် သက်သေခံဖို့ရန်နှင့် ဤလူစုအားဖြင့် ဘုရားသခင်၏ဘုန်းတော် ထင်ရှားဖို့ရန်အတွက် ဖြစ်သည်။ ဘုရားသခင်သည် အဓိပ္ပာယ်မရှိသော အလုပ်ကို မလုပ်၊ တန်ဖိုးမရှိသည့် အလုပ်ကိုလည်း မလုပ်ပေ။ ဘုရားသခင်သည် များစွာသော အလုပ်ကို လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ သူစုံလင်စေလိုသော သူများကို စုံလင်စေရန် ဖြစ်သည်ဟု ဆိုနိုင်သည်။ သည့်အပြင်ရှိသည့် အချိန်ပိုတွင် ဘုရားသခင်သည် ဆိုးယုတ်သောသူများကို စွန့်ပစ်မည်ဖြစ်သည်။ ဆိုးယုတ်သောသူများကြောင့် သူသည် ဤကြီးမားသောအလုပ်ကို လုပ်ဆောင်နေခြင်း မဟုတ်ကြောင်းကို သိလော့။ ယင်းအစား သူ စုံလင်စေရမည့် ထိုလူအနည်းငယ်အတွက် သူအစွမ်းကုန် လုပ်ဆောင်နေခြင်း ဖြစ်၏။ သူလုပ်ဆောင်သည့်အရာများ၊ သူမြွက်ဆိုသည့် နှုတ်ကပတ်တော်များ၊ သူဖွင့်ပြသည့် လျှို့ဝှက်ဆန်းကြယ်သည့် အရာများနှင့် သူ၏တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုများ အားလုံးသည် ထိုလူနည်းစုအတွက်သာ ဖြစ်သည်။ ဆိုးယုတ်သော သူများကြောင့် သူလူ့ဇာတိခံယူခဲ့ခြင်း မဟုတ်ပေ။ ဆိုးယုတ်သူများသည် ဘုရားသခင်၏ ကြီးမားသော အမျက်ဒေါသကို သာ၍ပင် မဆွပေ။ ဘုရားသခင်သည် စုံလင်စေခြင်း ခံရမည့် ထိုလူနည်းစုကြောင့် သမ္မာတရားနှင့် ဝင်ရောက်ခြင်း အကြောင်းများကို ပြောကြားခြင်း ဖြစ်သည်။ ထိုလူများကြောင့် လူ့ဇာတိကို ခံယူခဲ့သည်။ ထို့အပြင် မိမိ၏ ကတိတော်နှင့် ကောင်းချီးမင်္ဂလာများကိုလည်း ထိုလူများကြောင့် နှင်းအပ်ခြင်း ဖြစ်သည်။ သူပြောသည့် သမ္မာတရား၊ ဝင်ရောက်ခြင်းနှင့် လူ့သဘာဝထဲမှ အသက်တို့သည် ဆိုးယုတ်သော သူများအတွက် လုပ်ဆောင်ခြင်း မဟုတ်ပေ။ သူသည် ဆိုးယုတ်သောသူများနှင့် စကားပြောခြင်းကို ရှောင်ကြဉ်လို၍ စုံလင်စေခြင်းခံရမည့် သူများကို သမ္မာတရား အားလုံး အပ်နှင်းလိုသည်။ သို့သော် လက်ရှိအခိုက်အတန့်တွင် ဘုရားသခင်၏ လုပ်ဆောင်ချက်တွင် ဆိုးယုတ်သောသူများအား ဘုရားသခင်၏ ကြွယ်ဝခြင်း အချို့ကို ခံစားခွင့်ပြုရန် သတ်မှတ်ထားသည်။ သမ္မာတရားကို ဆောင်ရွက်ခြင်းမရှိသူ၊ ဘုရားသခင်ကို စိတ်ကျေနပ်စေခြင်း မပြုသူနှင့်၊ သူ၏အမှုတော်ကို နှောင့်ယှက်နေသော သူများအားလုံးသည် ဆိုးယုတ်သောသူများ ဖြစ်၏။ ထိုသူများသည် စုံလင်စေခြင်းမခံရနိုင်ဘဲ ၎င်းတို့သည်

ဘုရားသခင်၏ စက်ဆုပ်ရွံရှာခြင်းနှင့် ငြင်းပယ်ခြင်းကို ခံရကြ၏။ အပြန်အလှန်အားဖြင့်၊ သမ္မာတရားကို လက်တွေ့ လုပ်ဆောင်သူများ၊ ဘုရားသခင်အား ကျေနပ်စေနိုင်ပြီး ဘုရားသခင်၏ အမှုတော်အတွက် မိမိတို့တစ်ရပ်လုံးကို အသုံးပြုသောသူများသည် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရမည့်သူများ ဖြစ်ကြသည်။ ဘုရားသခင် စုံလင်စေလိုသောသူများမှာ ဤလူစုမှလွဲ၍ အခြားသူများမရှိပေ၊ ထို့အပြင် ဘုရားသခင် လုပ်ဆောင်သော အလုပ်မှာလည်း ထိုသူများအတွက်သာ ဖြစ်သည်။ သူဟောကြားသည့် သမ္မာတရားမှာလည်း ယင်းကို လက်တွေ့လုပ်ဆောင်လိုသော သူများကို ရည်စူးပြောကြားခြင်း ဖြစ်သည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်မှု မရှိသောသူများကို သူစကားမပြောပေ။ သူပြောသည့် ထိုးထွင်းဉာဏ် တိုးမြင့်လာခြင်းနှင့် အမြော်အမြင် ကြီးထွားလာခြင်းတို့သည် သမ္မာတရားကို လုပ်ဆောင်နိုင်သော သူများကို ရည်စူးပြောဆို နေခြင်းဖြစ်သည်။ စုံလင်စေခြင်းခံရမည့် သူများအကြောင်း သူပြောသောအခါ ထိုသူများအကြောင်းကို သူပြောနေခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်သည် သမ္မာတရားကို လက်တွေ့ကျင့်သုံးလိုသော သူများကို ဦးတည်ထားသည်။ ဉာဏ်ပညာနှင့် လူ့သဘာဝတို့ ပိုင်ဆိုင်ခြင်းကဲ့သို့ အရာများသည်လည်း သမ္မာတရားကို လက်တွေ့လုပ်ဆောင်သော သူများကို ဦးတည်ထားသည်။ သမ္မာတရားကို လုပ်ဆောင်ခြင်း မရှိသည့်သူများသည် သမ္မာတရား၏ နှုတ်ကပတ်တော်များစွာကို ကြားနိုင်သော်လည်း ၎င်းတို့သည် သဘာဝဗီဇအားဖြင့် အလွန်ဆိုးယုတ်ပြီး သမ္မာတရားကို စိတ်မဝင်စားသဖြင့်၊ ၎င်းတို့နားလည်သည့်အရာသည် အယူဝါဒနှင့် စကားလုံးများနှင့် အဓိပ္ပာယ်ကင်းမဲ့သော အယူအဆများသာ ဖြစ်ကြပြီး၊ ၎င်းတို့၏ အသက်တာဝင်ရောက်ခြင်းအတွက် တန်ဖိုး အနည်းငယ်မျှပင် မရှိပေ။ ၎င်းတို့တစ်ဦးမျှ ဘုရားသခင်အပေါ် သစ္စာမရှိပေ၊ ထိုသူတို့ အားလုံးသည် ဘုရားသခင်ကို တွေ့သော်လည်း သူ့ကိုမရရှိနိုင်ကြသည့်သူများ ဖြစ်သည်၊ ထိုသူတို့ အားလုံးသည် ဘုရားသခင်၏ ပြစ်တင်ရှုတ်ချခြင်းခံရသူများ ဖြစ်သည်။

လူတစ်ဦးတစ်ယောက်ချင်းစီ၌ သန့်ရှင်းသော ဝိညာဉ်တော်သည် လျှောက်လှမ်းရမည့် လမ်းကြောင်းရှိပြီး အယောက်စီတိုင်းကို စုံလင်စေခြင်းခံရခွင့် ပေးသည်။ သင်၌ရှိသည့် အပျက်သဘောထားမှုတစ်ဆင့် သင်ကိုယ်တိုင်ပျက်စီးခြင်းကို သင့်ကို သိစေပြီး၊ ထိုအပျက်သဘောထားကို စွန့်လွှတ်လိုက်ခြင်းအားဖြင့် သင်သည် လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းကို တွေ့မည် ဖြစ်သည်၊ ထိုအရာ အားလုံးတို့သည် သင့်ကို စုံလင်စေသည့် နည်းများပေတည်း။ ထို့အပြင် သင့်အတွင်း၌ရှိသည့် အပြုသဘောဆောင်သော အရာအချို့၏ အဆက်မပြတ် လမ်းပြပို့ဆောင်မှုနှင့် အလင်းပေးခြင်းအားဖြင့် သင်သည် သင်၏

လုပ်ငန်းတာဝန်ကို ကြိုတင်ဖြည့်ဆည်းမည် ဖြစ်ပြီး၊ ထိုးထွင်းသိမြင်မှုကြီးထွားလာပြီး အမြော်အမြင် ရရှိလာမည် ဖြစ်သည်။ သင်သည် အဆင်ပြေနေသည့် အချိန်တွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုရန် အထူးလိုလားပြီး ဆုတောင်းရန် အထူးလိုလားက၊ ကြားနာရသည့် ဒေသနာများကို သင်၏အသက်တာနှင့် ဆက်စပ်နိုင်သည်။ ထိုကဲ့သို့သော အချိန်များတွင် ဘုရားသခင်သည် သင်၏အတွင်း၌ အသိဉာဏ်ပွင့်လင်းစေကာ အလင်းပေး၍၊ အပြုသဘောဆောင်သည့် လက္ခဏာထဲရှိသော အရာအချို့ကို သင့်အား နားလည်သဘောပေါက်စေသည်။ ဤသည်မှာ အပြုသဘောဆောင်သော လက္ခဏာထဲတွင် သင့်ကို စုံလင်စေပုံ ဖြစ်၏။ အပျက်သဘောဆောင်သော အခြေအနေများတွင် သင်သည် အားနည်းကာ မတုန်မလှုပ် ရှိသည်။ သင်၏စိတ်နှလုံးထဲတွင် ဘုရားသခင် မရှိသကဲ့သို့ ခံစားရ၏၊ သို့သော်လည်း ဘုရားသခင်သည် သင့်ကိုအလင်းပေးကာ လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်းတွေ့ရန် ကူညီနေသည်။ ဤအခြေအနေမျိုးမှ ထွက်လာခြင်းသည် အပျက်သဘောလက္ခဏာထဲတွင် စုံလင်စေခြင်းခံရခြင်း ဖြစ်သည်။ ဘုရားသခင်သည် လူသားကို အပြုသဘောဆောင်သော ရှုထောင့်၌သော်လည်းကောင်း၊ အပျက်သဘောဆောင်သော ရှုထောင့်၌သော်လည်းကောင်း စုံလင်စေနိုင်သည်။ ထိုအချက်မှာ သင့်အနေဖြင့် တွေ့ကြုံခံစားနိုင်ခြင်းရှိမရှိအပေါ် မူတည်ပြီး၊ ဘုရားသခင်အားဖြင့် စုံလင်စေခြင်း ခံနေရခြင်းကို သင်လိုက်စားမှု ရှိ၊ မရှိအပေါ် မူတည်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ စုံလင်စေနေခြင်းကို အမှန်တကယ် ရှာဖွေလျှင်၊ အပျက်သဘောသည် သင့်အား ဆုံးရှုံးမှုကို မခံရစေနိုင်ပေ၊ သို့သော် သာ၍စစ်မှန်သောအရာများကို သင့်ထံယူဆောင်လာနိုင်ပြီး သင်၏အထဲတွင် ချို့တဲ့နေသော အရာများကို သာ၍သိရှိစေနိုင်မည် ဖြစ်သည့်အပြင်၊ သင်၏ အခြေအနေအမှန်များကိုလည်း သာ၍ နားလည်စေနိုင်မည်ဖြစ်ပြီး၊ လူသား၌ ဘာမျှမရှိ၊ လူသားသည် ဘာမှမဟုတ်ဟူသည်ကို သိမြင်စေနိုင်သည်၊ အကယ်၍ သင်သည် စမ်းသပ်မှုများကို မကြုံရလျှင်၊ သိရှိမည်မဟုတ်ဘဲ မိမိကိုယ်မိမိ အခြားသူများ၏ အထက်၌ရှိကာ အခြားသူများအားလုံးထက် သာသည်ဟု အမြဲထင်မည် ဖြစ်သည်။ ဤအရာများအားလုံးအားဖြင့် သင်သည် ယခင်ဖြစ်ပွားခဲ့သည့် အရာများအားလုံးသည် ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အရာများဖြစ်ပြီး ဘုရားသခင် ကာကွယ်စောင့်ရှောက်သည့်အရာများ ဖြစ်သည်ကို သင်သိလာလိမ့်မည် ဖြစ်သည်။ စမ်းသပ်မှုများအတွင်းသို့ ဝင်ရောက်ခြင်းသည် သင့်အား ချစ်ခြင်းနှင့်ယုံကြည်ခြင်း ကင်းမဲ့စေကာ၊ ဆုတောင်းခြင်းလည်း မရှိ၊ ဓမ္မသီချင်းများလည်း သီဆိုနိုင်စွမ်းမရှိ ဖြစ်စေမည်၊ ထို့ပြင် ထိုကဲ့သို့သောအချိန်မျိုးတွင် သင်သည် သတိမထားမိဘဲနှင့် မိမိကိုယ်မိမိ

သိကျွမ်းလာမည်ဖြစ်သည်။ ဘုရားသခင်တွင် လူသားကို စုံလင်စေခြင်းအတွက် လုပ်ဆောင်နည်း အမျိုးမျိုးရှိသည်။ လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ကိုင်တွယ်ရန်အတွက် ပတ်ဝန်းကျင်အမျိုးမျိုးကို သူအသုံးချပြီး၊ လူသားကို ဖော်ထုတ်ပြရန်အလို့ငှာ အရာအမျိုးမျိုးကို အသုံးပြုသည်၊ တစ်ဖက်တွင် လူသားကို သူကိုင်တွယ်ပြီး၊ နောက်တစ်ဖက်တွင် လူသားကို ဖော်ထုတ်ပြကာ အခြားတစ်ဖက်တွင် လူသား၏ စိတ်နှလုံးအတွင်း နက်ရှိုင်းရာ၌ရှိသော "နက်နဲရာများ" ကို တူးဆွကာ ဖော်ပြလျက်၊ သူ၏ အခြေအနေများ အများအပြားကို ဖော်ပြခြင်းအားဖြင့် လူသားအား သူ၏သဘောသဘာဝကို သိရှိစေလျက်၊ လူသားကို ဖွင့်ဟပြသည်။ ဘုရားသခင်သည် လက်တွေ့ကျသော ဘုရားဖြစ်သည်ကို လူသားသိစေရန် ဘုရားသခင်သည် ဖော်ပြခြင်း၊ ကိုင်တွယ်ဆုံးမခြင်း၊ စစ်ဆေးခြင်းနှင့် ပြစ်တင်ဆုံးမခြင်း စသည့် နည်းလမ်းအမျိုးမျိုးသုံးကာ လူသားကို စုံလင်အောင်ပြုလုပ်သည်။

သင်တို့ယခု ရှာဖွေနေသော အရာသည် အဘယ်အရာနည်း။ ဘုရားသခင်အားဖြင့် စုံလင်စေခြင်း ခံရရန်၊ ဘုရားသခင်အား သိရန်၊ ဘုရားသခင်အား ရယူရန်၊ သို့မဟုတ် ကိုးဆယ်ခုနှစ်များက ပေတရု၏ပုံစံအတိုင်း ပြုမူရန်၊ သို့မဟုတ် ယောဘ၏ ယုံကြည်ခြင်းထက် ကြီးသော ယုံကြည်ခြင်းရှိရန်၊ သို့မဟုတ် သင်တို့သည် ဘုရားသခင်မှ ဖြောင့်မတ်သောသူဟု အခေါ် ခံရကာ ဘုရားသခင်၏ ပလ္လင်တော်ရှေ့ရောက်ရန် ကြိုးစားသည်၊ သို့မဟုတ် ကမ္ဘာလောကတွင် ဘုရားသခင်အား ပြသနိုင်ရန်နှင့် ဘုရားသခင်အတွက် စွမ်းစွမ်းတမံနှင့် မြည်ဟည်းသော သက်သေခံခြင်း ပြုနိုင်ရန် ဖြစ်နိုင်သည်။ မည်သည့်အရာကို ရှာဖွေသည်ဖြစ်စေ၊ ခြုံငုံကြည့်လျှင် ဘုရားသခင်၏ ကယ်တင်ခြင်း ခံရရန်အတွက် ဖြစ်သည်။ ဖြောင့်မတ်သောသူဖြစ်ရန် ရှာဖွေသည်ဖြစ်စေ၊ ပေတရု၏ပုံစံကို ရှာဖွေသည်ဖြစ်စေ၊ ယောဘ၏ ယုံကြည်ခြင်းကို ရှာဖွေသည်ဖြစ်စေ၊ ဘုရားသခင်၏ စုံလင်စေခြင်းကို ရှာဖွေသည်ဖြစ်စေ၊ ၎င်းတို့အားလုံးသည် လူသားအပေါ် ဘုရားသခင် လုပ်ဆောင်သည့် အရာများ ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် သင်သည် မည်သည့်အရာကို ရှာဖွေနေသည်ဖြစ်စေ၊ အားလုံးသည် ဘုရားသခင်အားဖြင့် စုံလင်စေခြင်း ခံရရန်သာ၊ အားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြုံတွေ့ခံစားရန်အလို့ငှာသာ၊ ဘုရားသခင်၏စိတ်နှလုံးကို ကျေနပ်စေရန်သာ ဖြစ်သည်၊ သင်မည်သည့်အရာကို ရှာဖွေသည်ဖြစ်စေ၊ ဘုရားသခင်၏ နှစ်သက်ဖွယ်ရာကို ဖွေတွေ့ရှိရန်သာဖြစ်သည်၊ ပုန်ကန်ထကြွတတ်သည့် မိမိတို့၏ စိတ်သဘောထားများကို ခဝါချနိုင်ရန်၊ သင်၏အတွင်း၌ မှန်ကန်သော အနေအထားကို ရရှိရန်၊ ဘုရားသခင်၏ အလိုတော်နှင့် လုံးဝ ကိုက်ညီနိုင်ရန်၊

မှန်ကန်သောသူတစ်ဦး ဖြစ်ရန်နှင့် သင်လုပ်သမျှအရာ အားလုံးတွင် မှန်ကန်သော အကြောင်းရင်း ရှိရန် ရည်ရွယ်ချက်ဖြင့် စစ်မှန်သော အတွေ့အကြုံကို လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်းတစ်ခုကို ရှာဖွေရန်သာ ဖြစ်သည်။ ဤအရာများအားလုံးကို ကြုံတွေ့နေရခြင်းသည် ဘုရားသခင်ကို သိရှိလာရန်နှင့် အသက်တာတွင် တိုးပွားမှုရရှိရန် ဖြစ်သည်။ သင်ကြုံတွေ့နေရသောအရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် စစ်မှန်သည့် အဖြစ်အပျက်များ၊ လူများ၊ အကြောင်းအရာများနှင့် သင်၏ဘေးပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသောအရာများ ဖြစ်သော်လည်း၊ အဆုံးတွင်မူ သင်သည် ဘုရားသခင်ကို သိနိုင်ပြီး ဘုရားသခင်၏ စုံလင်စေခြင်း ခံရနိုင်ပေသည်။ ဖြောင့်မတ်သောသူ လျှောက်သည့်လမ်းကြောင်းကို လျှောက်လှမ်းရန် သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်ရန် ကြိုးစားခြင်း- ဤအရာများသည် ပြေးလမ်းများ ဖြစ်ကြပြီး၊ ဘုရားသခင်ကိုသိခြင်းနှင့် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရခြင်းသည် ပန်းတိုင်ဖြစ်သည်။ သင်သည် ယခု ဘုရားသခင်၏ စုံလင်စေခြင်းကို ရှာဖွေသည်ဖြစ်စေ၊ ဘုရားသခင်အတွက် သက်သေခံရန် ကြိုးစားသည် ဖြစ်စေ၊ ခြုံငုံကြည့်လျှင် ဤအရာများသည် အဆုံးတွင် ဘုရားသခင်ကို သိရှိရန်အတွက် ဖြစ်သည်။ ယင်းသည် ဘုရားသခင် သင့်အထဲတွင် လုပ်ဆောင်နေသည့် အရာများသည် အချည်းနှီး မဟုတ်စေရန်၊ အဆုံးတွင် သင်သည် ဘုရားသခင်၏ လက်တွေ့ကျမှုကို သိရှိလာကာ၊ ဘုရားသခင်၏ ကြီးမြတ်မှုကို သိရှိလာရန် ဖြစ်သည့်အပြင်၊ ဘုရားသခင်၏ နှိမ့်ချမှုနှင့် သိုဝှက်မှု၊ သင့်အထဲတွင် ဘုရားသခင် လုပ်ဆောင်သည့် မြောက်များစွာသော အလုပ်ကိုပမာဏကိုလည်း သိရှိလာရန် သာ၍ဖြစ်သည်။ ညစ်ညူး၍ ဖောက်ပြန်ပျက်စီးနေသည့် ဤလူတို့အကြားတွင် သူ၏အလုပ်ကို လုပ်ဆောင်ရန်အလို့ငှာနှင့် ဤလူစုကို စုံလင်စေရန်အလို့ငှာ ဘုရားသခင်သည် မိမိကိုယ်မိမိ ဤအဆင့်အထိ နှိမ့်ချခဲ့သည်။ ဘုရားသခင်သည် လူသားများကြားတွင် နေထိုင်စားသောက်ရန်၊ လူသားများကို လမ်းပြဖို့ရန်နှင့် လူသားများ၏ လိုအပ်သည့်အရာများကို ဖြည့်ဆည်းပေးဖို့ရန်အလို့ငှာ လူ့ဇာတိခံယူခဲ့သည်သာ မဟုတ်ချေ။ သာ၍ အရေးကြီးသည်မှာ သူ၏ကြီးမားသော ကယ်တင်ခြင်းနှင့် သည်းမခံနိုင်လောက်အောင် ဖောက်ပြန်ပျက်စီးနေသည့် လူသားများကို သိမ်းပိုက်ရန်အလုပ်ကို လုပ်ခြင်း ဖြစ်သည်။ လူသားများ အားလုံးအားပြောင်းလဲကာ အသစ်ပြုပြင်ရန်အလို့ငှာ သူသည် ဖောက်ပြန်ပျက်စီးဆုံး ဤလူတို့ကို ကယ်တင်ရေးအတွက် အဆင်းနီသောနဂါးကြီး၏ နှလုံးသားထဲသို့ လာခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင် ခံစားရသည့် ကြီးမားသော အခက်အခဲသည် လူ့ဇာတိခံယူသည့် ဘုရားသခင် ခံစားရသည့် အခက်အခဲမျှသာ မဟုတ်ဘဲ၊ အဓိကအားဖြင့် ဘုရားသခင်၏

ဝိညာဉ်တော်သည် အဆုံးစွန်သော အရှက်ခွဲခံရခြင်း ဖြစ်သည်၊ ဘုရားသခင်သည် မိမိကိုယ်ကို နှိမ့်ချလွန်းပြီး သိုဝှက်လွန်းသည့်အတွက် သူသည် သာမန်လူတစ်ယောက် ဖြစ်လာခဲ့သည်။ လူသားများသည် သူ့အား သာမန်လူ့ဘဝရှိပြီး သာမန်လူသား၏ လိုအပ်ချက်များကို သူလည်းလိုအပ်ကြောင်း မြင်စေရန်အလို့ငှာ ဘုရားသခင်သည် လူ့ဇာတိကိုခံယူခဲ့ပြီး ဇာတိပကတိ၏ သဏ္ဍာန်ကို ဆောင်ခဲ့သည်။ ဘုရားသခင်သည် ကြီးမားသော အတိုင်းအတာအထိ နှိမ့်ချခဲ့ကြောင်းကို သက်သေပြရန် ဤအရာက လုံလောက်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်ကို ဇာတိပကတိ၌ အကောင်အထည် ဖော်ထားသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အလွန်တရာ မြင့်မားကာ ကြီးမြတ်သည့်အရာဖြစ်၏၊ သို့သော် သူသည် သူ၏ဝိညာဉ်တော်၏ အလုပ်ကို လုပ်ဆောင်ရန်အလို့ငှာ၊ သာမန်လူတစ်ယောက်၏ သဏ္ဍာန်ကို ခံယူခဲ့သည်။ သင်တို့အသီးသီး၏ အရည်အချင်း၊ ထိုးထွင်းဉာဏ်၊ အာရုံခံစားမှု၊ လူ့သဘာဝနှင့် အသက်တာများတို့သည် ဘုရားသခင်၏ ဤအလုပ်မျိုးကို လက်ခံရန် အကယ်ပင် မထိုက်တန်ကြောင်းကို ပြသည်။ သင်တို့သည် ဘုရားသခင်ကို သင်တို့အတွက် ထိုကဲ့သို့ အခက်အခဲ ကြုံတွေ့စေရန် အကယ်ပင် မထိုက်တန်ပေ။ ဘုရားသခင်သည် အထွတ်အထိပ် ဖြစ်လွန်းလှပြီး၊ သူသည် လူတို့သည် အလွန်နိမ့်ကျသည်၊ သို့သော် သူသည် လူသားများအပေါ် လုပ်ဆောင်မြဲ ဖြစ်သည်။ သူသည် လူသားများအတွက် ထောက်ပံ့ပေးရန်၊ လူတို့နှင့် စကားပြောရန်၊ လူ့ဇာတိခံယူသည်သာမက၊ သူသည် လူသားများနှင့် အတူတကွပင် နေထိုင်ခဲ့သည်။ ဘုရားသခင်သည် အလွန်ပင်နှိမ့်ချကာ ချစ်ဖွယ်ကောင်းသော ဘုရားသခင်ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်း ပြောသည်နှင့်၊ ဘုရားသခင်၏ ကျေးဇူးတရားတော်အကြောင်း ပြောသည်နှင့်၊ သင်သည် ကြီးမားသော ချီးမွမ်းခြင်းကို မိန့်မြွက်လျက် မျက်ရည်များစီးကျလျှင်၊ သင်သည် ဤအခြေအနေသို့ ရောက်လျှင်၊ သင်သည် ဘုရားသခင်နှင့်ပတ်သက်၍ မှန်ကန်သော အသိပညာ ရှိပြီဖြစ်သည်။

ယနေ့လူများ၏ ရှာဖွေမှုများတွင် သွေဖည်မှုတစ်ရပ် ရှိနေသည်၊ ထိုသူတို့သည် ဘုရားသခင်ကို ချစ်ရန်နှင့် စိတ်ကျေနပ်စေရန်အတွက်သာ ကြိုးစားကြသည်။ သို့သော် ဘုရားသခင်ကို သိကျွမ်းခြင်းမရှိကြဘဲ၊ ၎င်းတို့၏အတွင်းထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြကိုမှု လျစ်လျူရှုထားကြသည်။ သူတို့၌ ဘုရားသခင်အား စစ်မှန်စွာသိကျွမ်းခြင်း အခြေခံအုတ်မြစ် မရှိကြပေ။ ဤနည်းအားဖြင့် အတွေ့အကြုံများ တိုးတက်သည်နှင့်အမျှ ၎င်းတို့၏ ထက်သန်ခြင်းများ ကုန်ခမ်းလာကြသည်။ ဘုရားသခင်ကို စစ်မှန်စွာသိကျွမ်းရန် ကြိုးစားသူအားလုံးသည် အတိတ်က ကောင်းမွန်သည့် အခြေအနေတွင်

မရှိခဲ့ဘဲ၊ အပျက်သဘော ဆောင်ခြင်းဘက်နှင့် အားနည်းချက်ဘက် တိမ်းညွတ်ပြီး၊ မကြာခဏ ငိုကြွေးခဲ့ကာ၊ စိတ်ပျက်အားငယ်၍၊ မျှော်လင့်ချက် ပျောက်ဆုံးခဲ့သော်လည်း၊ ယခု ထိုသူတို့သည် အတွေ့အကြုံ ပိုမိုရှိသည်နှင့်အမျှ သူတို့၏အခြေအနေများသည် ပိုမိုကောင်းမွန်လာပြီ ဖြစ်သည်။ ၎င်းတို့သည် ကိုင်တွယ်ပြုပြင်ခြင်းခံရပြီး ချိုးဖဲ့ခြင်းနှင့် တွေ့ကြုံပြီးသောအခါတွင်နှင့် စမ်းသပ်မှုနှင့်စစ်ဆေးခြင်း တစ်ကြိမ်ခံရပြီးနောက်၊ ၎င်းတို့ ကြီးမားစွာတိုးတက်ခဲ့၏။ အပျက်သဘောဆောင်သော အခြေအနေများ လျော့နည်းသွားပြီး၊ ၎င်းတို့၏ အသက်စိတ်သဘောထား ပြောင်းလဲ၏။ ၎င်းတို့သည် စမ်းသပ်မှုများ ပိုမိုတွေ့ကြုံခံစားသည်နှင့်အမျှ၊ ၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင်ကို စတင်၍ ချစ်လာ၏။ ဘုရားသခင်၏ လူသားများကို စုံလင်စေခြင်းတွင် စည်းကမ်းတစ်ခု ရှိသည်။ ယင်းက သင်၌ လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်း တစ်ခုရှိပြီး သင့်ကို အပျက်သဘောဆောင်သော အခြေအနေများက ခွဲထုတ်နိုင်ရန်၊ သူသည် သင်၏နှစ်လိုဖွယ်ရာ ကောင်းသောအပိုင်းကို အသုံးပြုလျက်၊ သင်၏ ဝိညာဉ်ကို လွတ်မြောက်မှု ရရှိစေကာ၊ သင့်အား သူ့ကို ပိုချစ်နိုင်အောင် ပြုလုပ်၍ သင့်ကို အသိဉာဏ်ပွင့်လင်းစေခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် သင်သည် စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို စွန့်ပယ်နိုင်မည်ဖြစ်သည်။ သင်သည် ရိုးစင်းပြီး ပွင့်လင်းသည်၊ မိမိကိုယ်မိမိသိရန် လိုလားပြီး သမ္မာတရားကိုလည်း လက်တွေ့လုပ်ဆောင်လိုသည်။ ဘုရားသခင်သည် သင့်ကို မုချဧကန် ကောင်းချီးပေးလိမ့်မည်၊ ထို့ကြောင့် သင်သည် အားနည်းကာ အပျက်သဘော ဆောင်သောအခါများတွင် သင့်ကိုယ်သင် သာ၍ သိမြင်လာရန်၊ သင့်အတွက်သင် အပြစ်ဝန်ခံရေးအတွက် ပိုမိုလိုလားရန်နှင့် သင်လက်တွေ့လုပ်ဆောင်သင့်သည့် အရာများကို သာ၍ လက်တွေ့လုပ်ဆောင်နိုင်ရန် ကူညီလျက်၊ ဘုရားသခင်သည် သင့်အား ဉာဏ်အလင်း နှစ်ဆပေးသည်။ ဤနည်းအားဖြင့်သာ သင်၏စိတ်နှလုံးသည် ငြိမ်းချမ်း၍ သက်သာရာရမည် ဖြစ်သည်။ ဘုရားသခင်ကို သိမြင်ရန် သာမန်အားဖြင့် အလေးဂရုပြုသောသူ၊ မိမိကိုယ်ကိုယ် သိမြင်ရန် အလေးဂရုပြုသောသူနှင့် မိမိ၏ လက်တွေ့လုပ်ဆောင်မှုကို အလေးဂရုပြုသောသူသည် ဘုရားသခင်၏ အလုပ်ကို မကြာခဏ လက်ခံရရှိနိုင်မည့်အပြင် ကိုယ်တော်၏လမ်းပြမှုနှင့် ဉာဏ်အလင်းပေးမှုကိုလည်း မကြာခဏ ရရှိနိုင်ပေမည်။ ထိုကဲ့သို့သောသူသည် အပျက်သဘောဆောင်သော အခြေအနေတစ်ရပ်တွင် ရှိသော်လည်း၊ သူသည် အသိစိတ်၏ လုပ်ဆောင်မှုကြောင့်ဖြစ်စေ၊ ဘုရားသခင်နှုတ်ကပတ်တော်၏ ဉာဏ်အလင်းပေးမှုကြောင့်ဖြစ်စေ၊ အမှုအရာများကို ချက်ချင်းပင် ပြောင်းလဲနိုင်သည်။ လူတစ်ဦးသည် မိမိ၏ အခြေအနေ မှန်နှင့် ဘုရားသခင်၏ စိတ်သဘောထားနှင့် အလုပ်ကို

သိသည့်အခါတွင် သူ၏စိတ်နေသဘောကို ပြုပြင်ခြင်း အမြဲရရှိနိုင်သည်။ မိမိကိုယ်မိမိသိလိုကာ ပွင့်လင်းရန် လိုလိုလားလား ရှိသူတစ်ဦးသည် သမ္မာတရားကို လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့သောသူသည် ဘုရားသခင်အပေါ် သစ္စာရှိပြီး၊ ဘုရားသခင်ကို သစ္စာရှိသောသူတစ်ဦး၏ ဘုရားသခင်ကို နားလည်ခြင်းသည် နက်နဲသည်ဖြစ်စေ တိမ်သည်ဖြစ်စေ၊ နည်းပါးသည်ဖြစ်စေ၊ များပြားသည် ဖြစ်စေ၊ ထိုသူသည် ဘုရားသခင်ကို နားလည်သောသူဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဖြစ်ပြီး၊ လူသားများ ရရှိသည့်အရာတစ်ခု ဖြစ်သည်၊ ယင်းသည် ၎င်းတို့ကိုယ်တိုင်၏ အကျိုးအမြတ် ဖြစ်သည်။ ဘုရားသခင်ကို သိရှိသောသူသည် အခြေခံရှိသောသူ ဖြစ်သည်၊ ရူပါရုံရှိသောသူ ဖြစ်သည်။ ဤကဲ့သို့သောသူသည် ဘုရားသခင်၏ လူ့ဇာတိကို အသေအချာသိသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဘုရားသခင်၏အလုပ်ကိုလည်း အသေအချာသိသည်။ ဘုရားသခင်သည် မည်ကဲ့သို့ လုပ်ဆောင်စေကာမူ၊ မည်ကဲ့သို့ ပြောဆိုစေကာမူ၊ အခြားသူများသည် မည်ကဲ့သို့ အနှောင့်အယှက် ဖြစ်စေကာမူ၊ ထိုသူသည် မားမားမတ်မတ် ရပ်တည်ကာ ဘုရားသခင်အတွက် သက်သေခံနိုင်သည်။ လူတစ်ဦးသည် ထိုကဲ့သို့ဖြစ်လေလေ၊ သူနားလည်သည့် သမ္မာတရားကို လုပ်ဆောင်နိုင်လေလေ ဖြစ်သည်။ ထိုသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အစဉ် လက်တွေ့လုပ်ဆောင်နေသောကြောင့် ထိုသူသည် ဘုရားသခင်အား သိရှိနားလည်မှုကို ပို၍ ရရှိပြီး ဘုရားသခင်အတွက် ထာဝရ သက်သေခံရန် ပိုင်းဖြတ်ထားသော စိတ်ကိုလည်း ပိုင်ဆိုင်သည်။

ဝိညာဉ်ရေး၌ စိတ်အားထက်သန်ရေးအတွက်၊ ချင့်ချိန်နိုင်စွမ်းရှိခြင်း၊ နာခံမှုရှိခြင်းနှင့် သိမြင်နိုင်သောအစွမ်းရှိခြင်း ဆိုသည်မှာ သင်သည် တစ်စုံတစ်ရာနှင့် ကြုံတွေ့သည်နှင့် တစ်ပြိုင်နက်၊ သင်၏အတွင်း၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အလင်းပြ၍ ဉာဏ်အလင်းပေးသည်ဟု ဆိုလိုသည်။ ဤအရာကို ဝိညာဉ်ရေး၌ စိတ်အားထက်သန်နေခြင်းဟု ခေါ်သည်။ ဘုရားသခင်လုပ်ဆောင်သော အရာအားလုံးသည် လူတို့၏ ဝိညာဉ်များကို နိုးကြားစေရန်အတွက် ဖြစ်သည်။ လူတို့သည် ထုံထိုင်းကာ ဉာဏ်နှေးနေကြသည်ဟု ဘုရားသခင်က အဘယ်ကြောင့် အမြဲပြောသနည်း။ အဘယ်ကြောင့်ဆိုသော် လူတို့၏ဝိညာဉ်များသည် သေဆုံးခဲ့ပြီ ဖြစ်ပြီး၊ ဝိညာဉ်နှင့်ဆိုင်သည့် အရာများကို လုံးဝသတိမမူတော့သည်အထိ ထုံထိုင်းသွားကြပြီ ဖြစ်သည်။ လူတို့သည် ဝိညာဉ်ရေးဆိုင်ရာ အရာများကို သိရှိနိုင်ပြီး သူတို့၏နှလုံးသားများထဲတွင် ဘုရားသခင်ကို အစဉ်အမြဲချစ်နိုင်ကာ ဘုရားသခင်ကို ကျေနပ်စေရန်အတွက်၊ ဘုရားသခင်၏အလုပ်သည် လူတို့၏ အသက်တာများကို တိုးတက်စေရန်နှင့် လူတို့၏ဝိညာဉ်များ ရှင်သန်လာရေးအတွက် ကူညီရန်

ဖြစ်သည်။ ဤအခြေအနေသို့ ရောက်ရှိလာခြင်းက လူတစ်ဦး၏ ဝိညာဉ်သည် ပြန်လည်နိုးကြားလာသည်ကို ပြပြီး၊ ထိုသူသည် နောက်တစ်ကြိမ်တွင် တစ်စုံတစ်ရာ ကြုံလာသည့်အခါ ချက်ချင်း တုန့်ပြန်နိုင်မည် ဖြစ်သည်။ သူသည် တရားဒေသနာများကိုလည်း တုန့်ပြန်မှုရှိပြီး၊ အခြေအနေများကိုလည်း လျင်မြန်စွာ တုန့်ပြန်သည်။ ဤအရာသည် ဝိညာဉ်၏စိတ်ထက်သန်ခြင်း ဖြစ်သည်။ ပြင်ပတွင် ဖြစ်ပျက်နေသည့်အရာများကို လျင်မြန်စွာ တုန့်ပြန်တတ်သော်လည်း လက်တွေ့သဘောထဲ ဝင်ရောက်လာသည့်အခါ သို့မဟုတ် ဝိညာဉ်နှင့် ပတ်သက်သည့် အသေးစိတ်အရာများကို ပြောကြားသည်နှင့် တစ်ပြိုင်နက် သူတို့သည် ထုံထိုင်းကာ ဉာဏ်နှေးသွားသောသူ အများအပြား ရှိသည်။ သူတို့သည် သိသာထင်ရှားသည့် အရာကိုသာ နားလည်ကြသည်။ ဤအရာအားလုံးသည် ဝိညာဉ်ရေးတွင် ထုံထိုင်းကာ ဉာဏ်နှေးနေခြင်းနှင့် ဝိညာဉ်ရေးနှင့် ပတ်သက်သည့် အမှုအရာများတွင် အတွေ့အကြုံ အလွန်နည်းနေသေးခြင်းကို ပြသည့် လက္ခဏာများ ဖြစ်သည်။ အချို့လူများသည် ဝိညာဉ်ရေး၌ စိတ်အားထက်သန်ကာ အမြော်အမြင်လည်း ရှိသည်။ သူတို့၏ အခြေအနေကို ထောက်ပြသည့် နှုတ်ကပတ်တော်များကို ကြားသည်နှင့် အချိန်မဆွဲဘဲ ချက်ချင်း ရေးမှတ်ကြသည်။ လက်တွေ့လုပ်ဆောင်ခြင်း၏ အခြေခံသဘောတရားများအကြောင်း နှုတ်ကပတ်တော်များကို ကြားသည်နှင့် ၎င်းတို့သည် ထို နှုတ်ကပတ်တော်များကို လက်ခံနိုင်ကြပြီး နောက်ပိုင်းတွင် ၎င်းတို့ တွေ့ကြုံရသည့် အတွေ့အကြုံများတွင် အသုံးချသဖြင့် မိမိတို့ကိုယ်ကို ပြုပြင်ပြောင်းလဲကြသည်။ ထိုသူသည် မိမိ၏ဝိညာဉ်ရေး၌ စိတ်အားထက်သန်သူ ဖြစ်သည်။ ထိုသူသည် အဘယ်ကြောင့် အလွန်လျင်မြန်စွာ တုန့်ပြန်နိုင်သနည်း။ အဘယ်ကြောင့်ဆိုသော် ထိုသူသည် မိမိ၏ နေ့စဉ်အသက်တာတွင် ဤအရာများအပေါ် အလေးဂရုပြုသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ဖတ်သောအခါ ၎င်းတို့၏ အခြေအနေများနှင့် ကိုက်ညီစစ်ဆေးပြီး မိမိကိုယ်ကိုယ် ဆင်ခြင်သုံးသပ်သည်။ မိတ်သဟာယဖွဲ့ခြင်းကို ၎င်းတို့ကြားပြီး ၎င်းတို့ကို ဉာဏ်အလင်းဖွင့်ပေး၍ အလင်းပေးသည့် နှုတ်ကပတ်တော်များကို ကြားသောအခါ၊ ၎င်းတို့သည် ထိုအရာတို့ကို ချက်ချင်းပင် လက်ခံနိုင်ကြသည်။ ယင်းသည် ဆာလောင်နေသောသူအား အစာပေးခြင်းနှင့် ဆင်တူသည်၊ ထိုသူသည် ချက်ချင်းစားနိုင်သည်။ ဆာလောင်မှု မရှိသည့်သူကို အစာပေးပါက ထိုသူသည် မြန်မြန်ဆန်ဆန် တုန့်ပြန်မည် မဟုတ်ပေ။ သင်သည် ဘုရားသခင်ထံ မကြာခဏ ဆုတောင်းပြီး တစ်စုံတစ်ရာနှင့် ကြုံသောအခါတွင် သင်သည် ချက်ချင်းတုန့်ပြန်နိုင်သည်- ယင်းသည် ဤကိစ္စ၌ ဘုရားသခင် အလိုရှိသောအရာနှင့် သင်ပြုမူသင့်သည့်အရာပင် ဖြစ်သည်။ သင်ပြုမူသင့်သည့် ပုံစံလည်းဖြစ်သည်။ ဘုရားသခင်သည် နောက်ဆုံးအခေါက်က ဤကိစ္စ၌

သင့်ကို လမ်းပြပေးခဲ့ပြီး ဖြစ်သည်။ ထိုကဲ့သို့သော အရာမျိုးနှင့် ယနေ့ တွေ့ကြုံရသောအခါ ဘုရားသခင်၏ စိတ်တော်နှင့် ကိုက်ညီသည့်နည်းဖြင့် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို သင်အလိုအလျောက် သိရှိမည် ဖြစ်သည်။ သင်သည် ဤကဲ့သို့ အစဉ်အမြဲ လက်တွေ့လုပ်ဆောင်ပြီး အမြဲတွေ့ကြုံခံစားပါက၊ တစ်ချိန်ချိန်တွင် ဤအရာကို အလွယ်တကူ ကိုင်တွယ်နိုင်မည် ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်သည့်အခါ ဘုရားသခင်သည် မည်ကဲ့သို့သောသူကို ရည်ညွှန်းပြောဆိုနေသည်ကို သင်သိပေသည်၊ မည်ကဲ့သို့သော ဝိညာဉ်၏ မည်သည့် အခြေအနေများအကြောင်း ပြောကြားနေသည်ကို သင်သိပြီး၊ အဓိက အချက်ကိုလည်း နားလည်သဘောပေါက်နိုင်ကာ လက်တွေ့လုပ်ဆောင်နိုင်သည်၊ ဤသည်မှာ သင်သည် တွေ့ကြုံခံစားနိုင်ကြောင်းကို ဖော်ပြနေခြင်းဖြစ်သည်။ အချို့သော သူများသည် ဤအရာနှင့်စပ်လျဉ်း၍ အဘယ်ကြောင့် အားနည်းနေကြသနည်း။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် လက်တွေ့လုပ်ဆောင်ခြင်း၌ အားစိုက်ထုတ်မှု မရှိသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်လိုကြသော်လည်း အစေခံခြင်း၏ အသေးစိတ် အကြောင်းအရာများနှင့် မိမိတို့အသက်တာ၏ သမ္မာတရားဆိုင်ရာ အသေးစိတ်များကို ကောင်းစွာ နားလည်သဘောပေါက်မှု မရှိပေ။ ၎င်းတို့သည် တစ်စုံတစ်ခုဖြစ်သောအခါ တွေဝေတတ်ကြသည်။ ဤသို့ဖြင့်၊ ပရောဖက် အတုအယောင်၊ တမန်တော် အတုယောင်များ ပေါ်လာသည့်အခါ သင်သည် လမ်းလွဲသွားနိုင်သည်။ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အမှုတော်အကြောင်း မကြာခဏ မိတ်သဟာရပြုရမည် - ဤနည်းဖြင့်သာလျှင် သင်သည် သမ္မာတရားကို နားလည်နိုင်ပြီး အမြော်အမြင် ရှိလာမည်ဖြစ်သည်။ သင်သည် သမ္မာတရားကို နားမလည်လျှင်၊ သင်၌ အမြော်အမြင် ရှိမည် မဟုတ်ပေ။ ဥပမာ ဘုရားသခင်သည် ပြောသည့်အရာ၊ ဘုရားသခင် အလုပ်လုပ်ပုံ၊ လူအများပေါ်တွင် ဘုရားသခင် တောင်းဆိုသည့်အရာ၊ သင်မည်ကဲ့သို့သူများနှင့် ထိတွေ့ဆက်ဆံရမည်၊ မည်ကဲ့သို့သူများကို ငြင်းပယ်ရမည်- ဤအရာများကို သင် မိတ်သဟာယပြုရမည် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဤနည်းအတိုင်း အစဉ်အမြဲ ကြုံတွေ့ပါက၊ သင်သည် သမ္မာတရားကို နားလည်သဘောပေါက်လာပြီး၊ အမှုအရာများစွာကို စေ့စပ်သေချာစွာ သိရှိနားလည်လာမည်ဖြစ်ပြီး အမြော်အမြင်လည်း ရှိလာမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်ခြင်းမှာ အဘယ်နည်း၊ လူသား၏အလိုဆန္ဒမှ ပေါ်ထွက်လာသည့် အပြစ်မှာ အဘယ်နည်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏

လမ်းပြပို့ဆောင်ခြင်းမှာ အဘယ်နည်း၊ ပတ်ဝန်းကျင်၏တစ်ရပ်၏ စီမံမှုဆိုသည်မှာ အဘယ်နည်း၊ အတွင်း၌ နှုတ်ကပတ်တော်၏ ဉာဏ်အလင်းရခြင်းဆိုသည်မှာ အဘယ်နည်း။ ဤအရာများကို သင်ရှင်းလင်းစွာ မသိပါက သင်၌အမြော်အမြင် ရှိမည်မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်မှ လာသည့်အရာကို သင်သည် သိရမည်၊ ပုန်ကန်သော စိတ်သဘောထားဆိုသည်မှာ မည်သည်ဖြစ်သည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မည်သို့နာခံရမည်၊ ပုန်ကုန်တတ်သည့် စိတ်သဘောထား စွန့်လွှတ်ပုံတို့ကို သင်သိရမည်။ ဤအရာများကို အတွေ့အကြုံအရ သင်နားလည်ထားပါက၊ သင်၌ အခြေခံတစ်ရပ် ရှိမည်ဖြစ်သည်၊ တစ်စုံတစ်ရာ ဖြစ်သောအခါ သင့်တွင် နိုင်းယှဉ်ရန်အတွက် သင့်လျော်သော သမ္မာတရားလည်း ရှိမည်ဖြစ်ပြီး၊ သင့်လျော်သော ရှုပါရုံများလည်း အခြေခံအုတ်မြစ်အဖြစ် ရှိမည်ဖြစ်သည်။ သင်လုပ်ဆောင်သည့် အမှုအရာတိုင်း၌ အခြေခံစည်းမျဉ်းများ ရှိမည်ဖြစ်ပြီး သမ္မာတရားနှင့်အညီ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုအခါ သင်၏အသက်တာသည် ဘုရားသခင်၏ ဉာဏ်အလင်းရခြင်းနှင့် ပြည့်နေမည်၊ ကောင်းချီးမင်္ဂလာများနှင့် ပြည့်နေမည်။ ဘုရားသခင်သည် သူ့အား စိတ်ရင်းမှန်ဖြင့်ရှာဖွေသည့် မည်သူ့ကိုမဆို၊ သို့မဟုတ် သူ၏အလိုတော်နှင့်အညီ အသက်ရှင်ပြီး သူ့အတွက်သက်သေခံသည့် မည်သူကိုမဆို မတရားဆက်ဆံမည် မဟုတ်ပေ၊ ထို့အပြင် သမ္မာတရားကို စိတ်ရင်းအမှန်ဖြင့် ဆာငတ်နိုင်သည့် မည်သူကိုမဆို ကျိန်ဆဲမည်မဟုတ်ပေ။ သင်သည် နှုတ်ကပတ်တော်ကို စားသောက်နေသည့်အခါ၊ သင်၏ အခြေအနေအမှန်ကို ဂရုပြုနိုင်ပါက၊ သင်၏ လက်တွေ့လုပ်ဆောင်မှုကို ဂရုပြုပြီး၊ သင်၏နားလည်မှုကို ဂရုပြုပါက၊ သင်ပြဿနာတစ်ရပ်နှင့် ကြုံသည့်အခါတွင် ဉာဏ်အလင်း ရရှိမည်ဖြစ်ပြီး လက်တွေ့ကျသည့် နားလည်မှုကို ရရှိမည်ဖြစ်သည်။ ထိုအခါ သင်သည် အရာခပ်သိမ်း၌ လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းနှင့် အမြော်အမြင်ရှိမည် ဖြစ်သည်။ သမ္မာတရား ရှိသောသူသည် လှည့်ဖြားခြင်းခံရရန် အလားအလာ မရှိ၊ ဖျက်လိုဖျက်ဆီးပြုမူရန် အလားအလာ မရှိသကဲ့သို့ လွန်ကဲစွာ ပြုမူရန်လည်း အလားအလာ မရှိပေ။ သမ္မာတရားကြောင့် ထိုသူသည် အကာအကွယ် ရှိပြီး၊ သမ္မာတရားကြောင့်လည်း သာ၍ နားလည်နိုင်စွမ်း ရရှိသည်။ သမ္မာတရားကြောင့် ၎င်း၌ လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်းများ ပိုမိုရှိကာ၊ ၎င်း၏အတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်ရန် အခွင့်အရေးများ ပိုရှိပြီးလျှင် စုံလင်စေခြင်းခံရရန်အတွက်လည်း အခွင့်အရေးများ ပိုရှိသည်။

# သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုတော်နှင့် စာတန်၏အလုပ်

လူတစ်ဦးသည် စိတ်ဝိညာဉ်နှင့်သက်ဆိုင်သော အသေးစိတ်အချက်များကို မည်သို့ နားလည်လာသနည်း။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူသား၏အထဲတွင် မည်သို့ အမှုပြုသနည်း။ စာတန်သည် လူသားထဲတွင် မည်သို့ အလုပ်လုပ်သနည်း။ နတ်ဆိုးများသည် လူသားထဲတွင် မည်သို့ အလုပ်လုပ်ကြသနည်း။ သရုပ်သကန်များမှာ အဘယ်နည်း။ သင့်အား တစ်စုံတစ်ခု ဖြစ်ပျက်သည့်အခါ၊ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာသလော၊ ပြီးလျှင် ယင်းကို သင် နာခံသင့်သလော၊ သို့မဟုတ် ငြင်းပယ်သင့်သလော။ လူတို့၏ တကယ့်လက်တွေ့လုပ်ဆောင်မှုတွင် သန့်ရှင်းသော ဝိညာဉ်တော်ထံမှလာသည်ဟု လူတို့ အစဉ်သဖြင့် ယုံကြည်သည့်အရာများစွာသည် လူသား၏ အလိုဆန္ဒမှ ထွက်ပေါ်လာပေသည်။ အချို့သော အရာများသည် နတ်ဆိုးများထံမှ လာသော်လည်း၊ ထိုအရာများသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာသည်ဟု လူတို့ ယုံကြည်ကြဆဲ ဖြစ်ကာ၊ တစ်ခါတစ်ရံတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် လူတို့ကို အတွင်းမှ လမ်းပြပေးသည်၊ သို့သော်လည်း ထိုသို့သော လမ်းပြမှုသည် စာတန်ထံမှလာသည်ဟု လူတို့ စိုးရွံ့ကြသောကြောင့် မနာခံဝံ့ကြချေ၊ အမှန်တွင်မူ ယင်းလမ်းပြမှုက သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်း ဖြစ်ပေသည်။ ထို့ကြောင့်၊ လူတစ်ဦးသည် ကွဲပြားခြားနားလာခြင်းကို မကျင့်သုံးပါက၊ မိမိ၏ လက်တွေ့ကျသော အတွေ့အကြုံတွင် တွေ့ကြုံခံစားဖို့ နည်းလမ်းမရှိပေ။ ကွဲပြားခြားနားလာခြင်းမရှိဘဲ၊ အသက်ကို ရခြင်းငှာ နည်းလမ်းမရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် မည်ကဲ့သို့ အမှုပြုသနည်း။ နတ်ဆိုးများသည် မည်ကဲ့သို့ အလုပ်လုပ်ကြသနည်း။ လူသား၏ အလိုဆန္ဒမှ မည်သည့်အရာ လာသနည်း။ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းညွှန်မှုနှင့် ဉာဏ်အလင်းပေးခြင်းမှ မည်သည့်အရာ ပေါက်ဖွားသနည်း။ သင်သည် လူ၏အတွင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏အမှု၏ ပုံစံများကို သဘောပေါက်ပါက၊ သင်၏ နေ့စဉ် အသက်တာထဲနှင့် သင်၏ လက်တွေ့ကျသော အတွေ့အကြုံများအတွင်းတွင် သင်၏ အသိပညာကို ကြီးထွားစေနိုင်လိမ့်မည် ဖြစ်ပြီး ခွဲခြားမှုများ ပြုလုပ်နိုင်လိမ့်မည် ဖြစ်သည်။ သင်သည် ဘုရားသခင်ကို သိရှိလာလိမ့်မည်၊ စာတန်ကို သင် နားလည်ပြီး ရိပ်စားမိနိုင်လိမ့်မည်၊ သင်၏ နာခံခြင်း သို့မဟုတ် အားထုတ်ခြင်းတွင် စိတ်ရှုပ်ထွေးလိမ့်မည် မဟုတ်သကဲ့သို့၊ သင်သည် အတွေးများ ရှင်းလင်းသောသူ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို နာခံသောသူ ဖြစ်လိမ့်မည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် လက်ဦးမှုရယူသော လမ်းပြခြင်းနှင့် အပြုသဘောဆောင်သော ဉာဏ်အလင်းပေးခြင်း ပုံစံတစ်ခု ဖြစ်သည်။ ယင်းက လူတို့ကို မတုန်မလှုပ်နေခွင့် မပေးပေ။ ယင်းက ၎င်းတို့ကို စိတ်သက်သာမှုကို ဆောင်ကြဉ်းပေးသည်၊ ယုံကြည်ခြင်းနှင့် သန္နိဋ္ဌာန်ကို ပေးပြီး၊ ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရဖို့၎င်းတို့ကို အားထုတ်နိုင်စေသည်။ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်သောအခါ၊ လူတို့သည် တက်ကြွစွာ ဝင်ရောက်နိုင်ကြ၏။ ၎င်းတို့သည် မတုန်မလှုပ်မနေ၊ သို့မဟုတ် ဖိအားပေးခြင်း မခံရဘဲ၊ ၎င်းတို့ကိုယ်တိုင်၏ ကိုယ်စွမ်းကိုယ်စဖြင့် ပြုမူကြလေသည်။ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သောအခါ လူတို့သည် နာခံဖို့ လိုလားပြီး မိမိတို့ကိုယ်ကိုယ် နှိမ့်ချဖို့ ပျော်ရွှင်လျက်၊ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး လိုလိုလားလား ရှိကြလေသည်။ ၎င်းတို့သည် အတွင်း၌ နာကျင်ကာ နုနယ်သော်လည်း၊ ပူးပေါင်းလုပ်ဆောင်ရန် သန္နိဋ္ဌာန်ရှိကြလေသည်။ ၎င်းတို့သည် ဝမ်းမြောက်စွာ ဆင်းရဲဒုက္ခခံစားကြသည်၊ နာခံနိုင်ကြပြီး၊ လူ့အလိုဆန္ဒဖြင့် စွန်းထင်းခံရခြင်း မရှိ၊ လူသား၏ အယူအဆဖြင့် စွန်းထင်းခံရခြင်း မရှိသကဲ့သို့၊ လူသား၏ အလိုဆန္ဒများနှင့် ကြံရွယ်ချက်များ၏ စွန်းထင်းခံရခြင်း ဧကန်မုချ မရှိကြပေ။ လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို တွေ့ကြုံခံစားရသောအခါ၊ ၎င်းတို့သည် အတွင်း၌ အထူးသဖြင့် သန့်ရှင်းကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို ပိုင်ဆိုင်ရသော သူတို့သည် ဘုရားသခင်ကို ချစ်ခြင်းနှင့် ၎င်းတို့၏ ညီအစ်ကို မောင်နှမများအား ချစ်ခြင်းတို့ဖြင့် အသက်ရှင်နေထိုင်ကြလေသည်။ ၎င်းတို့သည် ဘုရားသခင်အား ပျော်ရွှင်စေသည့် အရာများ၌ ပျော်ရွှင်ကြပြီး၊ ဘုရားသခင် ရွံရှာသည့်အရာများကို ရွံရှာကြသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိခြင်း ခံရသောလူတို့သည် ပုံမှန်လူ့သဘာဝရှိကြပြီး၊ သမ္မာတရားကို စဉ်ဆက်မပြတ် လေ့လာလိုက်စားကြကာ လူ့သဘာဝကို ပိုင်ဆိုင်ထားကြ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူတို့အတွင်း၌ အလုပ်လုပ်သောအခါ ၎င်းတို့၏ အခြေအနေသည် ကောင်းသထက် ကောင်းလာကြပြီး၊ ၎င်းတို့၏ လူ့သဘာဝသည် ပုံမှန်ဖြစ်သထက် ဖြစ်လာလေကာ၊ ၎င်းတို့၏ ပူးပေါင်းလုပ်ဆောင်မှုအချို့သည် မိုက်မဲကောင်း မိုက်မဲနိုင်သော်လည်း၊ ၎င်းတို့၏ ကြံရွယ်ချက်များမှာ မှန်ကန်သည်၊ ၎င်းတို့၏ဝင်ရောက်မှုသည် အပြုသဘောဆောင်သည်၊ ၎င်းတို့အနေဖြင့် အနှောင့်အယှက် ဖြစ်စေဖို့ မကြိုးစားသကဲ့သို့၊ ၎င်းတို့အတွင်းတွင် ယုတ်မာမှု မရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်သည် ပုံမှန်ဖြစ်ပြီး စစ်မှန်သည်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ပုံမှန်လူသားဘဝ၏ စည်းမျဉ်းများနှင့်အညီ လူသား၏အထဲတွင် အလုပ်လုပ်ပြီး၊ သူသည် ပုံမှန်လူတို့၏ အမှန်တကယ်

ရှာဖွေလိုက်စားခြင်းအတိုင်း လူတို့အတွင်းတွင် ဉာဏ်အလင်းပေးခြင်းနှင့် လမ်းပြမှုတို့ကို ဆောင်ရွက်လေသည်။ လူတို့အထဲတွင် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သောအခါ သူသည် ပုံမှန်လူတို့၏ လိုအပ်ချက်နှင့်အညီ ၎င်းတို့ကို လမ်းပြပြီး ဉာဏ်အလင်းပေး၏။ သူသည် ၎င်းတို့၏ လိုအပ်ချက်များနှင့်အညီ ထောက်ပံ့ပေးပြီး၊ ၎င်းတို့ ချို့တဲ့သည့်အရာနှင့် ၎င်းတို့၏ မပြည့်စုံမှုများနှင့်အညီ အပြုသဘောဆောင်သော နည်းဖြင့် ၎င်းတို့ကို လမ်းပြပြီး ဉာဏ်အလင်းပေးလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏အမှုသည် လူတို့ကို တကယ့်အသက်တာတွင် ဉာဏ်အလင်းပေးပြီး လမ်းပြဖို့ ဖြစ်သည်။ ၎င်းတို့အနေဖြင့် မိမိတို့၏ တကယ့်အသက်တာများတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံမှသာလျှင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ၎င်းတို့ မြင်နိုင်ပေသည်။ ၎င်းတို့၏ နေ့စဉ်အသက်တာများတွင်၊ လူတို့သည် အပြုသဘောဆောင်သော အခြေအနေ တစ်ခုတွင်ရှိပြီး၊ ပုံမှန်ဝိညာဉ်ရေးရာ အသက်တာတစ်ခု ရှိပါက၊ ၎င်းတို့အနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်အလုပ်ကို ပိုင်ဆိုင်ကြပေသည်။ ထိုသို့သော အခြေအနေ တစ်ခုတွင် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ၎င်းတို့ စားသောက်ကြသောအခါ ၎င်းတို့၌ ယုံကြည်ခြင်းရှိကြ၏။ ၎င်းတို့ ဆုတောင်းကြသောအခါ လှုံ့ဆော်ခံရကြ၏။ တစ်စုံတစ်ရာကို ၎င်းတို့ ရင်ဆိုင်ရသောအခါ၊ မတုန်မလှုပ် မဖြစ်ကြပေ။ ပြီးလျှင် အမှုအရာများ ဖြစ်ပျက်နေသည်နှင့်အမျှ၊ ထိုအရာများအတွင်းတွင် ဘုရားသခင်က ၎င်းတို့အား သင်ယူစေလိုသော သင်ခန်းစာများကို ၎င်းတို့ မြင်နိုင်ကြလေသည်။ ၎င်းတို့သည် မတုန်မလှုပ် သို့မဟုတ် အားနည်းခြင်း မရှိကြသကဲ့သို့၊ ၎င်းတို့၌ တကယ့် ပြဿနာများ ရှိကြသော်လည်း၊ ဘုရားသခင်၏ စီမံမှုများအားလုံးကို နာခံရန် လိုလိုလားလား ရှိကြပေသည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုအားဖြင့် မည်သည့်အကျိုးတရားများကို ရရှိသနည်း။ သင်သည် မိုက်မဲသောသူ ဖြစ်နိုင်ပြီး သိမြင်မှု ကင်းမဲ့ကောင်း ကင်းမဲ့နိုင်သော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည် အလုပ်လုပ်ဖို့ရှိကာ၊ သင့်အထဲတွင် ယုံကြည်ခြင်း ရှိလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ကို ကျေနပ်လောက်အောင် မချစ်နိုင်ဟူ၍ သင် အမြဲခံစားရလိမ့်မည်။ ရှေ့တွင် အခက်အခဲများ မည်မျှ ကြီးမားပါစေ ပူးပေါင်းဆောင်ရွက်ဖို့ သင်လိုလိုလားလား ရှိလိမ့်မည်။ အကြောင်းကိစ္စတို့သည် သင်၌ ဖြစ်ပျက်လာလိမ့်မည်ဖြစ်ပြီး ၎င်းတို့သည် ဘုရားသခင်ထံမှ လာသည် သို့မဟုတ် စာတန်ထံမှ လာသည်ဆိုသည်မှာ သင့်အဖို့ ရှင်းလင်းလိမ့်မည် မဟုတ်သော်လည်း၊ သင်သည် စောင့်ဆိုင်းနိုင်လိမ့်မည် ဖြစ်ပြီး၊ တုံ့ဏှိဘာဝေဖြစ်ခြင်း ရှိလိမ့်မည် မဟုတ်သကဲ့သို့ ပေါ့လျော့ခြင်း ရှိလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ ပုံမှန်အမှု ဖြစ်သည်။ သန့်ရှင်းသော

ဝိညာဉ်တော်သည် သင့်အတွင်းတွင် အလုပ်လုပ်သောအခါ တကယ့်ခက်ခဲမှုများကို သင်ရင်ဆိုင်ရသေး၏- တစ်ခါတစ်ရံတွင် သင့်ကို ငိုကြွေးစေလိမ့်မည်ဖြစ်ပြီး၊ တစ်ခါတစ်ရံ သင်ကျော်လွှားနိုင်စွမ်းမရှိသော အရာများ ရှိလိမ့်မည်၊ သို့သော် ဤအရာအားလုံးမှာ သန့်ရှင်းသောဝိညာဉ်တော်၏ ပုံမှန်အမှုနှင့်ဆိုင်သော အဆင့်တစ်ဆင့်သာ ဖြစ်၏။ သင်သည်ထိုအခက်အခဲများကို မကျော်လွှားခဲ့သော်လည်း၊ ထို့အပြင် ထိုအချိန်၌ သင်သည် အားနည်းပြီးမကျေနပ်မှုများဖြင့် ပြည့်သော်လည်း၊ နောက်ပိုင်းတွင် သင်သည် အကြွင်းမဲ့သောယုံကြည်ခြင်းဖြင့် ဘုရားသခင်ကို ချစ်နိုင်ဆဲဖြစ်၏။ သင်၏ တုံ့ဏှိဘာဝေဖြစ်ခြင်းသည်ပုံမှန်အတွေ့အကြုံများကို သင် မရှိဖို့ရန် မဟန့်တားနိုင်သကဲ့သို့၊ အခြားသူများကမည်သည့်အရာပြောပြီး၊ သင့်ကို မည်သို့ တိုက်ခိုက်ကြသည်ဖြစ်စေ သင်သည် ဘုရားသခင်ကိုချစ်နိုင်ဆဲဖြစ်၏။ ဆုတောင်းချိန်အတွင်း၌၊ အတိတ်တွင် ဘုရားသခင်ထံ သင် အလွန်ကျေးဇူးကြွေးတင်ရှိခဲ့သည်ဟု အမြဲခံစားရပြီး၊ ထိုသို့သော အရာများကိုတစ်ဖန်ကြုံရသည့်အခါတိုင်း ဘုရားသခင် စိတ်ကျေနပ်စေရန်နှင့် ဇာတိပကတိကို ပစ်ပယ်ရန်သင် စိတ်ဆုံးဖြတ်လေသည်။ ဤခွန်အားသည် သင့်အတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော်၏အမှု ရှိသည်ကို ပြသပေသည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့်ဆိုင်သောပုံမှန်အခြေအနေပင် ဖြစ်၏။

စာတန်ထံမှ လာသည့် အလုပ်မှာ မည်သည့်အရာနည်း။ စာတန်ထံမှလာသော အလုပ်၌လူတို့အတွင်းရှိ ရူပါရုံများသည် ဝေဝါးနေလေသည်။ လူတို့၌ ပုံမှန်လူ့သဘာဝ မရှိကြပေ၊၎င်းတို့ လုပ်ရပ်များ၏နောက်ကွယ်ရှိ ကြံရွယ်ချက်များမှာ မှားယွင်းနေပြီး၊ ၎င်းတို့သည်ဘုရားသခင်ကို ချစ်ရန်ဆန္ဒရှိသော်လည်း၊ ၎င်းတို့အတွင်းတွင် စွပ်စွဲချက်များ အမြဲရှိနေကာ၊ဤစွပ်စွဲချက်များနှင့် အတွေးများသည် ၎င်းတို့ အသက်တာ၏ ကြီးထွားမှုကိုဘောင်ခတ်ထားရင်းနှင့် ပုံမှန်အခြေအနေတွင် ဘုရားသခင်၏ ရှေ့မှောက်သို့ လာခြင်းမှ၎င်းတို့ကို တားဆီးရင်း ၎င်းတို့အတွင်းတွင် စဉ်ဆက်မပြတ်သော အနှောင့်အယှက်များဖြစ်စေလေသည်။ ဆိုလိုသည်မှာ၊ လူတို့အတွင်းတွင် စာတန်၏အလုပ် ရှိသည်နှင့် တစ်ပြိုင်နက်၊၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင်၏ရှေ့တွင် ငြိမ်သက်ခြင်း မရှိနိုင်ကြပေ။ ထိုသို့သောလူတို့သည် မိမိတို့ကိုယ်ကိုယ် မည်သည့်အရာ လုပ်ရမည်ကို မသိကြ- လူများ အတူတကွစုဝေးကြသည်ကို ၎င်းတို့ မြင်ကြသည့်အခါ၊ အဝေးသို့ ထွက်ပြေးချင်ကြပြီး၊ အခြားသူများဆုတောင်းသည့်အခါ ၎င်းတို့၏မျက်စိများကို မမှိတ်နိုင်ကြပေ။ နတ်ဆိုးများ၏လုပ်ဆောင်ချက်သည် လူသားနှင့် ဘုရားသခင်ကြားက ပုံမှန်ဆက်ဆံရေးကို ဖျက်ဆီးပြီး၊လူတို့၏ ယခင်ရူပါရုံများ သို့မဟုတ် ၎င်းတို့၏ ယခင် အသက်တာဝင်ရောက်မှု လမ်းကြောင်းကို

ကမောက်ကမဖြစ်စေ၏။ ၎င်းတို့၏ စိတ်နှလုံးများတွင် ဘုရားသခင်ထံ လုံးဝ တိုးဝင်ချဉ်းကပ်ခြင်း မရှိနိုင်ကြသကဲ့သို့ ၎င်းတို့ကို အနှောင့်အယှက်ဖြစ်စေပြီး ချုပ်နှောင်သည့်အရာများ အမြဲ ဖြစ်ပျက်လေသည်။ ၎င်းတို့၏ စိတ်နှလုံးများသည် ငြိမ်သက်ခြင်းကို ရှာမတွေ့နိုင်ကြသကဲ့သို့ ဘုရားသခင်ကို ချစ်ရန် ခွန်အားမဲ့လျက်နှင့် ၎င်းတို့၏ စိတ်ဝိညာဉ်များ ဆုတ်ယုတ်လျက် ကျန်ရစ်ကြလေသည်။ ယင်းတို့သည် စာတန်၏အလုပ်၏ သရုပ်သကန်များ ဖြစ်ကြ၏။ စာတန်၏လုပ်ဆောင်ချက်၏ သရုပ်သကန်များမှာ- ကြံ့ကြံ့မခံနိုင်ခြင်းနှင့် သက်သေ မခံနိုင်ခြင်း၊ သင့်ကို ဘုရားသခင် ရှေ့တွင် အပြစ်ရှိသောသူတစ်ဦးနှင့် ဘုရားသခင်အပေါ် သစ္စာမရှိသောသူတစ်ဦး ဖြစ်လာစေခြင်းတို့ ဖြစ်သည်။ စာတန် ကြားဝင်နှောင့်ယှက်သောအခါ၊ သင့်အတွင်းရှိ ဘုရားသခင်အပေါ် ချစ်ခြင်းနှင့် သစ္စာစောင့်သိခြင်းတို့ကို သင် ဆုံးရှုံး၏၊ သင်သည် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးမှ ဖယ်ရှားပစ်ခံရ၏။ သင်သည် သမ္မာတရား သို့မဟုတ် သင်ကိုယ်တိုင်၏တိုးတက်မှုကို ရရှိအောင် အားထုတ်ခြင်းမရှိပေ။ သင်သည် ဆုတ်ယုတ်ကာ မတုန်မလှုပ် ဖြစ်လာ၏၊ သင်သည် ကိုယ့်ကိုယ်ကိုယ် အလိုလိုက်၏၊ အပြစ်တရား၏ ပျံ့နှံ့မှုကို သင် ဇက်ပုံပေးပြီး အပြစ်တရားကို မမုန်းတီးပေ။ ထို့ပြင် စာတန်၏ ကြားဝင်နှောင့်ယှက်မှုသည် သင့်ကို အကျင့်ပျက်ပြားစေသည်။ ယင်းသည် သင့်အတွင်း၌ ဘုရားသခင်၏ တို့ထိမှုကို ပျောက်ကွယ်စေပြီး သင့်အား ဘုရားသခင်နှင့်ပတ်သက်၍ မကျေမနပ်ပြောစေကာ ဘုရားသခင်ကို မေးခွန်းထုတ်ရန် ဦးတည်စေလျက် သူ့ကို ဆန့်ကျင်စေသည်။ ဘုရားသခင်ကို သင် စွန့်ပစ်မည့် အန္တရာယ်ပင် ရှိလေသည်။ ဤအရာအားလုံးသည် စာတန်ထံမှ လာပေသည်။

သင်၏နေ့စဉ်အသက်တာတွင် သင်၌ တစ်စုံတစ်ရာ ဖြစ်ပျက်သောအခါ၊ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုမှလာသည်၊ သို့မဟုတ် စာတန်၏ လုပ်ဆောင်ချက်မှ လာသည် ဆိုသည်ကို သင် မည်သို့ ခွဲခြားသင့်သနည်း။ လူတို့၏ အခြေအနေများ ပုံမှန်ဖြစ်သည့်အခါတွင်၊ ၎င်းတို့၏ ဝိညာဉ်ရေးရာ အသက်တာများနှင့် ဇာတိပကတိထဲက ၎င်းတို့၏ အသက်တာများသည် ပုံမှန်ဖြစ်ကြသကဲ့သို့ ၎င်းတို့၏ ဆင်ခြင်တုံတရားသည် ပုံမှန်ဖြစ်ပြီး အစီစဉ်တကျရှိလေသည်။ ၎င်းတို့ ဤအခြေအနေတွင် ရှိကြသည့်အခါ၊ မိမိတို့ကိုယ်ကိုယ်အတွင်း၌ ၎င်းတို့ တွေ့ကြုံခံစားပြီး၊ သိလာကြသည့် အရာသည် ယေဘုယျအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တို့ထိခံရခြင်းမှ လာသည်ဟု ဆိုနိုင်ပေသည်။ (ဘုရားသခင်၏ နှုတ်ကပတ်များကို ၎င်းတို့စားသောက်သောအခါ ထိုးထွင်း သိမြင်မှု ရှိခြင်း သို့မဟုတ် ရိုးရှင်းသော အသိပညာအချို့ကို ပိုင်ဆိုင်ခြင်း၊ သို့မဟုတ် အချို့သော အရာများတွင် သစ္စာရှိခြင်း၊ သို့မဟုတ် အချို့သော အရာများတွင် ဘုရားသခင်ကို ချစ်ရန်

ခွန်အားရှိခြင်း—ဤအရာအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာပေသည်။)
လူသား၏ အထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် အထူးသဖြင့် ပုံမှန်ဖြစ်၏။ အမှန်တွင် ထိုအရာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ဖြစ်သော်လည်း၊ လူသားသည် ထိုအရာကို ခံစားနိုင်စွမ်းမရှိသကဲ့သို့ ယင်းသည် လူသားကိုယ်တိုင်မှတစ်ဆင့် လာသည်ဟု ထင်ရ၏။ နေ့စဉ်အသက်တာတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် အယောက်တိုင်း၌ ကြီးမားသော အမှုနှင့် သေးငယ်သော အမှု နှစ်ခုလုံးကို လုပ်ဆောင်ပြီး၊ ကွဲပြားသည်မှာ ဤအမှု၏ အတိုင်းအတာသာ ဖြစ်သည်။ လူအချို့သည် အရည်အချင်းကောင်း ရှိကြပြီး အမှုအရာများကို ၎င်းတို့ လျင်မြန်စွာ နားလည်တတ်ကြကာ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းသည် ၎င်းတို့အတွင်းတွင် အထူးသဖြင့် ကြီးမား၏။ ထိုအချိန်အတောအတွင်းတွင်၊ လူအချို့သည် ညံ့ဖျင်းသော အရည်အချင်း ရှိကြပြီး၊ အကြောင်းကိစ္စများကို နားလည်ရန် ၎င်းတို့ သာ၍ အချိန်ကြာတတ်ကြ၏၊ သို့သော်လည်း သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့ကို အတွင်း၌ တို့ထိပြီး၊ ၎င်းတို့သည်လည်း ဘုရားသခင်ကို သစ္စာရှိခြင်း ရရှိနိုင်ကြပေသည်- သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်ကို ရှာဖွေလိုက်စားသူတို့အားလုံးတွင် အမှုပြု၏။ နေ့စဉ်အသက်တာတွင် လူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ခြင်း သို့မဟုတ် ပုန်ကန်ခြင်း မရှိသည့်အခါ၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့် မကိုက်ညီသော အရာများကို မလုပ်ဆောင်ဘဲ ဘုရားသခင်၏ အမှုကို မနှောင့်ယှက်ကြသည့်အခါ၊ ၎င်းတို့ အသီးသီးတွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် သာ၍ကြီးမားသော အတိုင်းအတာအထိဖြစ်စေ သာ၍နည်းပါးသော အတိုင်းအတာအထိဖြစ်စေ အမှုပြုလေသည်။ သူသည် ၎င်းတို့ကို တို့ထိသည်၊ ဉာဏ်အလင်း ပေးသည်၊ ယုံကြည်ခြင်း ပေးသည်၊ ခွန်အားကို ပေးပြီး ပျင်းရိခြင်းမရှိ သို့မဟုတ် ဇာတိပကတိ၏ ပျော်ရွှင်မှုများကို တပ်မက်ခြင်းမရှိဘဲ၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် လိုလားပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တောင့်တလျက်၊ အခြေအနေကို ဖန်တီးယူလျက်ဝင်ရောက်ရန် ၎င်းတို့ကို တို့ထိလေသည်။ ဤအရာအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော် ထံမှ လာသည့် အမှု ဖြစ်သည်။

လူတို့၏ အခြေအနေသည် ပုံမှန်မဟုတ်သည့်အခါ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ စွန့်ပစ်မှုကို ခံကြရ၏။ ၎င်းတို့စိတ်ထဲတွင်၊ မကျေမနပ်ပြောဆိုတတ်ကြပြီး သူတို့၏ ကြံရွယ်ချက်များ မှားယွင်းသည်၊ ၎င်းတို့ ပျင်းရိကြသည်၊ ဇာတိပကတိကို အလိုလိုက်ကြပြီး၊ ၎င်းတို့၏ စိတ်နှလုံးများက သမ္မာတရားကို ပုန်ကန်လေသည်။ ဤအရာအားလုံးသည် စာတန်ထံမှ လာကြ၏။ လူတို့၏ အခြေအနေ ပုံမှန် မဟုတ်သောအခါ၊ ၎င်းတို့သည် အတွင်း၌

မှောင်မိုက်ပြီး ၎င်းတို့၏ ပုံမှန်ဆင်ခြင်တုံတရား ပျောက်ဆုံးသည့်အခါ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ စွန့်ပစ်မှုကိုခံကြရပြီး၊ မိမိတို့အတွင်း၌ ဘုရားသခင်ကို မခံစားနိုင်ကြသည့်အခါတွင်၊ ဤသည်မှာ ၎င်းတို့အတွင်း၌ စာတန် အလုပ် လုပ်နေသောအချိန် ဖြစ်သည်။ လူတို့သည် မိမိတို့အတွင်းတွင် ခွန်အားအမြဲရှိပြီး ဘုရားသခင်ကို အမြဲချစ်ပါက၊ ယေဘုယျအားဖြင့် အမှုအရာများ ၎င်းတို့၌ ဖြစ်ပျက်သည့်အခါ ထိုအရာများသည် သန့်ရှင်းသော ဝိညာဉ်တော် ထံမှလာပြီး၊ ၎င်းတို့ မည်သူကို ဆုံရသည်ဖြစ်စေ ထိုတွေ့ဆုံခြင်းသည် ဘုရားသခင်၏ အစီအစဉ်များ၏ အကျိုးဆက်ဖြစ်၏။ ဆိုလိုသည်မှာ သင်သည် ပုံမှန် အခြေအနေတစ်ခုတွင် ရှိသည့်အခါ၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ကြီးမြတ်သော အမှုအတွင်းတွင် ရှိသောအခါ၊ သင့်ကို ယိမ်းယိုင်စေဖို့ စာတန် မလုပ်ဆောင်နိုင်ပေ။ ဤအုတ်မြစ်အပေါ်အခြေပြု၍၊ အရာရာသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှလာပြီး သင်သည် မမှန်ကန်သော အတွေးများ ရှိကောင်းရှိနိုင်သော်လည်း ထိုအရာများကို သင် ပစ်ပယ်နိုင်သကဲ့သို့ ၎င်းတို့ကို သင် မလိုက်လျှောက်ဟု ဆိုနိုင်ပေသည်။ ဤအရာအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏အမှုမှ လာသည်။ မည်သည့်အခြေအနေတွင် စာတန်သည် ဝင်ရောက်နှောင့်ယှက်သနည်း။ သင်၏ အခြေအနေ ပုံမှန်မဟုတ်သောအခါ၊ သင်သည် ဘုရားသခင်၏တို့ထိမှုကို မခံစားရဘဲ ဘုရားသခင်၏ အမှု သင့်၌ မရှိသောအခါ၊ သင်သည် အတွင်း၌ ခြောက်သွေ့ပြီး အကျိုးမဖြစ်သောအခါ၊ ဘုရားသခင်ထံ ဆုတောင်းသော်လည်း မည်သည့်အရာကိုမျှ သဘောမပေါက်သောအခါနှင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်စားသောက်သော်လည်း ဉာဏ်အလင်း ပေးခံရခြင်း သို့မဟုတ် အလင်းပြခံရခြင်း မရှိသော အချိန်အခါတို့တွင် စာတန်အတွက် သင့်အတွင်း၌ အလုပ်လုပ်ဖို့ လွယ်ကူပေသည်။ တစ်နည်းဆိုရသော်၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ စွန့်ပစ်ခြင်းခံရပြီး ဘုရားသခင်ကို မခံစားနိုင်သောအခါတွင်၊ စာတန်၏ အပြစ်သွေးဆောင်ခြင်းမှ လာသော အမှုအရာများစွာ သင်၌ ဖြစ်လေသည်။ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သကဲ့သို့၊ စာတန်သည်လည်း တစ်ချိန်လုံး အလုပ်လုပ်နေ၏။ သန့်ရှင်းသော ဝိညာဉ်တော်က လူသား၏အတွင်း၌ တို့ထိနေစဉ်၊ တစ်ချိန်တည်းတွင် စာတန်သည် လူ့အထဲ၌ ဝင်ရောက်နှောင့်ယှက်၏။ သို့သော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် ဦးဆောင်နေသည့် အနေအထားကို ယူပြီး၊ မိမိတို့၏ အခြေအနေများ ပုံမှန်ဖြစ်နေသော လူတို့သည် အောင်နိုင်ကြ၏။ ဤသည်မှာ စာတန်၏ အလုပ်အပေါ် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်၏ အောင်ပွဲ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုစဉ်တွင်၊ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားတစ်ခု

လူတို့အတွင်းတွင် ရှိဆဲဖြစ်သည်။ သို့သော်၊ သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသည့် အတောအတွင်းတွင်၊ လူတို့အတွက် မိမိတို့၏ ပုန်ကန်မှု၊ ကြံရွယ်ချက်များနှင့် မသမာမှုများကို ရှာဖွေတွေ့ရှိပြီး သတိပြုမိဖို့ လွယ်ကူပေသည်။ ထိုအခါမှသာ လူတို့သည် နောင်တစိတ်ခံစားရပြီး နောင်တရဖို့ တိုး၍ လိုလားလျက်ရှိကြသည်။ ထိုသို့ဖြစ်သဖြင့်၊ ၎င်းတို့၏ ပုန်ကန်တတ်ပြီး ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများသည် ဘုရားသခင်၏ အမှုအတွင်းတွင် တဖြည်းဖြည်း စွန့်ပစ်ခံရကြလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် အထူးသဖြင့် ပုံမှန်ဖြစ်၏။ သူသည် လူတို့အတွင်း၌ အမှုပြုနေစဉ် ၎င်းတို့သည် ဒုက္ခများ ရှိနေကြဆဲ ဖြစ်သည်၊ ငိုကြွေးနေကြဆဲ ဖြစ်သည်၊ ဆင်းရဲဒုက္ခ ခံစားကြရဆဲ ဖြစ်သည်၊ အားနည်းနေကြဆဲ ဖြစ်ကာ၊ ၎င်းတို့အဖို့ မရှင်းလင်းသောအရာ များစွာ ရှိဆဲဖြစ်၏၊ သို့သော်လည်း ဤအခြေအနေတွင် ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ဆုတ်ယုတ်ခြင်းမှ တားဆီးနိုင်ကြပြီး ဘုရားသခင်ကို ချစ်နိုင်ကြကာ၊ ၎င်းတို့ ငိုကြွေးပြီး စိတ်သောကရောက်ကြသော်လည်း၊ ဘုရားသခင်ကို ၎င်းတို့ ချီးမွမ်းနိုင်ကြဆဲ ဖြစ်၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် စိုးစဉ်းမျှပင် သဘာဝလွန် မဟုတ်ဘဲ၊ အထူးသဖြင့် ပုံမှန်ဖြစ်၏။ လူအများစုက သန့်ရှင်းသော ဝိညာဉ်တော် စတင် အလုပ်လုပ်သည်နှင့် တစ်ပြိုင်နက်၊ လူတို့၏အခြေအနေတွင် ပြောင်းလဲမှုများ ဖြစ်ပွားကာ သူတို့အဖို့ ပဓာန ကျသည့်အရာများ ဖယ်ရှားခံရသည်ဟု ယုံကြည်ကြ၏။ ထိုသို့သော ယုံကြည်မှုများသည် မှားယွင်းကြ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားအထဲတွင် အလုပ်လုပ်သောအခါ၊ လူသား၏ မတုန်မလှုပ်ဖြစ်သော အရာများသည် ရှိနေသေးပြီး သူ၏ ဝိညာဉ် အသက်တာသည် ယခင်အတိုင်း ရှိမြဲရှိ၏၊ သို့သော် သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းပြခြင်းနှင့် ဉာဏ်အလင်းပေးခြင်းတို့ကို ရရှိပြီး၊ ထို့ကြောင့် သူ၏အခြေအနေသည် သာ၍ ဖန်တီးယူနိုင်စွမ်း ရှိလာသည်။ သူ့အတွင်းရှိ အခြေအနေများသည် ပုံမှန်ဖြစ်လာပြီး၊ သူသည် အလျင်အမြန် ပြောင်းလဲ၏။ လူတို့၏ စစ်မှန်သော အတွေ့အကြုံများတွင်၊ ၎င်းတို့သည် အဓိကအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော် သို့မဟုတ် စာတန်၏ လုပ်ဆောင်ချက်များကို တွေ့ကြုံကြရပြီး၊ ဤအခြေအနေများကို ၎င်းတို့ သဘောမပေါက် နိုင်သကဲ့သို့ ပိုင်းခြားသိမြင်ခြင်း မရှိပါက၊ စိတ်သဘောထား၌ ပြောင်းလဲမှုကို မဆိုထားနှင့်၊ စစ်မှန်သော အတွေ့အကြုံများထဲသို့ ဝင်ရောက်ခြင်းကိုပင် စဉ်းစားစရာ မလိုတော့ပေ။ ထို့ကြောင့်၊ ဘုရားသခင်၏အမှုကို တွေ့ကြုံခံစားခြင်း၏ သော့ချက်မှာ ထိုသို့သော အရာများကို ရိပ်စားမိနိုင်ခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် ၎င်းတို့အတွက် ထိုအရာကို တွေ့ကြုံခံစားဖို့ သာ၍ လွယ်ကူလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသည် အပြုသဘောဆောင်သော တိုးတက်မှုဖြစ်၏။

စာတန်၏အလုပ်မှာမူ ဆုတ်ခွာခြင်း၊ အပျက်သဘောဆောင်ခြင်း၊ ပုန်ကန်ခြင်း၊ ဘုရားသခင်ကို ခုခံခြင်း၊ ဘုရားသခင်၌ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ဓမ္မသီချင်းများ ဆိုရန်ကိုပင် လိုလားမှုမရှိခြင်းနှင့် မိမိ၏ တာဝန်ကို ဆောင်ရွက်ရန် အားနည်းလွန်းခြင်းတို့ ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းပေးမှုမှ အရင်းခံသည့် အရာရာတိုင်းသည် အတော်ပင် သဘာဝကျ၏။ ယင်းသည် သင့်အပေါ် ဖိအားပေးခြင်း မဟုတ်ပေ။ သင်လိုက်လျှောက်ပါက၊ ငြိမ်သက်ခြင်း ရှိလိမ့်မည်။ မလိုက်လျှောက်ပါက၊ နောက်ပိုင်းတွင် ပြစ်တင်မောင်းမဲခံရလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးမှုကြောင့်၊ သင် လုပ်ဆောင်သည့် မည်သည့်အရာမျှ နှောင့်ယှက်ခံရခြင်း သို့မဟုတ် ဘောင်ခတ်ခံရခြင်း ရှိလိမ့်မည်မဟုတ်။ သင်သည် လွတ်မြောက်လိမ့်မည်၊ သင်၏ လုပ်ဆောင်ချက်များတွင် လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်းတစ်ခု ရှိလိမ့်မည်ဖြစ်ပြီး၊ မည်သည့်ကန့်သတ်ချက်မျှ သင် ခံရမည်မဟုတ်ဘဲ၊ ဘုရားသခင်၏ အလိုတော်ကို ဆောင်ရွက်နိုင်ပေလိမ့်မည်။ စာတန်၏အလုပ်သည် အမှုအရာများစွာတွင် သင့်ကို အနှောင့်အယှက် ဖြစ်စေ၏။ ယင်းက သင့်ကို ဆုတောင်းဖို့ လိုလားခြင်းမရှိ ဖြစ်စေသည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ဖို့ အလွန်ပျင်းရိစေပြီး၊ အသင်းတော်အသက်တာကို အသက်ရှင်ဖို့ လိုအင်ဆန္ဒမရှိအောင် ဖြစ်စေကာ၊ သင့်ကို ဝိညာဉ်ရေးရာ အသက်တာမှ ခပ်ခွာခွာနေစေသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်သည် သင်၏နေ့စဉ်ဘဝကို ဝင်ရောက်မနှောင့်ယှက်သကဲ့သို့ သင်၏ ပုံမှန်ဝိညာဉ်ရေးရာ အသက်တာကိုလည်း ဝင်ရောက်နှောင့်ယှက်ခြင်းမရှိပေ။ အကြောင်းကိစ္စများစွာ ဖြစ်ပွားသည့်အခိုက်တွင် ထိုအရာများကို သင် မသိမြင် နိုင်သော်လည်း၊ ရက်အနည်းငယ် ကြာပြီးနောက်တွင် သင်၏စိတ်နှလုံး သာ၍ ကြည်လင် ရှင်ပျလာပြီး သင်၏ စိတ်သည် သာ၍ ရှင်းလင်းလာလေသည်။ စိတ်ဝိညာဉ်နှင့်ဆိုင်သော အမှုအရာများနှင့်ပတ်သက်၍ အသိစိတ်တစ်ချို့ သင်၌ ရှိလာပြီး၊ အတွေးတစ်ခုက ဘုရားသခင်ဆီမှ လာခြင်း သို့မဟုတ် စာတန်ဆီမှ လာခြင်း ဆိုသည်ကို သင် တဖြည်းဖြည်း သိမြင်နိုင်လေသည်။ အချို့သော အရာများက သင့်အား ဘုရားသခင်ကို သိသိသာသာ ဆန့်ကျင်စေပြီး ပုန်ကန်စေသည်၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်းမှ သင့်ကို တားဆီးလေသည်။ ဤအရာအားလုံးသည် စာတန်ထံမှ လာ၏။ အချို့သော အရာတို့သည် သိသာထင်ရှားခြင်း မရှိသကဲ့သို့၊ ထိုအခိုက်အတန့်တွင် ၎င်းတို့က မည်သည့်အရာ ဖြစ်သည်ကို သင် မပြောနိုင်ပေ။ နောက်ပိုင်းတွင်၊ သင်သည် ၎င်းတို့၏ သရုပ်သကန်များကို မြင်နိုင်ပြီးနောက် ထိုးထွင်းသိမြင်မှုကို ကျင့်သုံးနိုင်လေသည်။ မည်သည့်အရာများက စာတန်ထံမှလာပြီး၊

မည်သည့်အရာများကို သန့်ရှင်းသော ဝိညာဉ်တော်က ညွှန်ကြားသည်ဆိုသည်ကို သင် ရှင်းလင်းစွာ သိမြင်နိုင်ပါက၊ သင်သည် သင်၏အတွေ့အကြုံများတွင် အလွယ်တကူ လမ်းလွဲစေခြင်း ခံရလိမ့်မည် မဟုတ်ပေ။ တစ်ခါတစ်ရံတွင်၊ သင်၏အခြေအနေ မကောင်းသောအခါ၊ သင်၏ မတုန်မလှုပ်ဖြစ်သော အခြေအနေမှ သင့်ကို ဆွဲထုတ်သည့် အတွေးအချို့ သင်၌ရှိ၏။ ဤအရာက သင်၏ အခြေအနေ နှစ်သက်စရာမဖြစ်သည့် အချိန်တွင်ပင် သင်၏အချို့သောအတွေးတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ထံတော်မှ လာနိုင်သေးသည်ကို ပြသ၏။ ယင်းမှာ သင်သည် မတုန်မလှုပ်ဖြစ်သည့် အချိန်တွင် သင်၏အတွေးအားလုံးကို စာတန်ကပို့ခြင်း မဟုတ်ပေ။ ထိုသို့အမှန်ဖြစ်ခဲ့ပါက၊ မည်သည့်အချိန်တွင် အပြုသဘောဆောင်သည့် အခြေအနေထဲသို့ သင် ကူးပြောင်းနိုင်မည်နည်း။ အချိန်ကာလတစ်ခုကြာ မတုန်မလှုပ်ဖြစ်ပြီးနောက်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အား စုံလင်စေခြင်းခံရမည့် အခွင့်အရေးတစ်ခု ပေးလေသည်။ သူသည် သင့်ကို တို့ထိကာ မတုန်မလှုပ်ဖြစ်သော အခြေအနေမှ သင့်ကို ခေါ်ထုတ်လေသည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် မည်သည့်အရာဖြစ်ပြီး၊ စာတန်၏ အလုပ်က မည်သည့်အရာဖြစ်သည်ကို သိရှိလျက်၊ သင်၏ အတွေ့အကြုံများ ကာလအတွင်း ဤအရာများကို သင်ကိုယ်တိုင်၏ အခြေအနေနှင့် နှိုင်းယှဉ်ကြည့်နိုင်၍၊ သင်ကိုယ်တိုင်၏ အတွေ့အကြုံများဖြင့် နှိုင်းယှဉ်ကြည့်နိုင်ပြီး၊ ဤနည်းဖြင့် သင်၏အတွေ့အကြုံများရှိ အခြေခံသဘောတရားနှင့် ဆက်နွှယ်သော သမ္မာတရားများစွာ ရှိလိမ့်မည်။ အခြေခံသဘောတရားနှင့် ပတ်သက်သည့် ဤသမ္မာတရားများကို သိနားလည်ပြီးနောက်၊ သင်၏တကယ့်အခြေအနေကို သင် ထိန်းသိမ်းနိုင်လိမ့်မည်၊ လူများအကြားနှင့် အဖြစ်အပျက်များအကြား သင် ပိုင်းခြားသိမြင်နိုင်လိမ့်မည်ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ရရှိခြင်းတွင် သင်သည် များစွာ အားစိုက်ထုတ်ရလိမ့်မည် မဟုတ်ပေ။ ဟုတ်ပေ၏၊ ဤအရာသည် သင်၏ ရည်ရွယ်ချက်များ မှန်ကန်ခြင်းအပေါ်နှင့် ရှာဖွေပြီး လက်တွေ့လုပ်ဆောင်ဖို့ သင်၏ လိုလားမှုအပေါ် မူတည်၏။ ဤကဲ့သို့သော အသုံးအနှုန်း- အခြေခံသဘောတရားများနှင့် ဆက်နွှယ်သော အသုံးအနှုန်းကို သင်၏ အတွေ့အကြုံများ၌ ထည့်သွင်းစဉ်းစားသင့်သည်။ ထိုအရာမရှိဘဲနှင့်၊ သင်၏ အတွေ့အကြုံများသည် စာတန်၏ နှောင့်ယှက်မှုများနှင့် မိုက်မဲသော အသိပညာတို့ဖြင့် ပြည့်နေပေလိမ့်မည်။ သင်သည် သန့်ရှင်းသောဝိညာဉ်တော် မည်သို့အလုပ်လုပ်သည်ကို နားမလည်ပါက၊ မည်သို့ဝင်ရောက်ရမည်ကို သင်နားမလည်သကဲ့သို့၊ စာတန် မည်သို့ အလုပ်လုပ်သည်ကို သင် နားမလည်ပါက၊ သင်လှမ်းသည့် ခြေလှမ်းအသီးသီးတွင် မည်သို့

သတိရှိရမည်ကို သင် နားမလည်ပေ။ လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော် မည်သို့ အလုပ်လုပ်ပြီး၊ စာတန် မည်သို့ အလုပ်လုပ်သည်ကို သိနားလည်သင့်၏။ နှစ်ခုလုံးသည် လူတို့၏အတွေ့အကြုံများနှင့် သက်ဆိုင်သော မရှိမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

# သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သောသူများကို သတိပေးချက်

ညီအစ်ကိုမောင်နှမများအကြား မိမိတို့၏ အပျက်သဘောကို အစဉ်အမြဲ ဖွင့်ပြောသောသူများသည် စာတန်၏ အစေအပါးများဖြစ်ကြပြီး သူတို့သည် အသင်းတော်ကို အနှောင့်အယှက်ပေးကြ၏။ ထိုသို့သောလူများကို တစ်နေ့တွင် နှင်ထုတ်ပြီး ဖယ်ရှားရမည်။ အကယ်၍ လူများသည် ဘုရားသခင်ကို ယုံကြည်ခြင်းတွင် ဘုရားသခင်ကို ချစ်ကြောက်ရိုသေသော နှလုံးသား မရှိပါက၊ ဘုရားသခင်ကို နာခံသည့် နှလုံးသား မရှိပါက၊ ၎င်းတို့သည် ဘုရားသခင်အတွက် မည်သည့် အလုပ်ကိုမျှ လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ရုံသာမက၊ ဆန့်ကျင်ဘက်အနေနှင့် ဘုရားသခင်၏ အလုပ်ကို နှောင့်ယှက်သောသူများနှင့် ဘုရားသခင်ကို ဖီဆန်သောသူ ဖြစ်သွားမည် ဖြစ်သည်။ ဘုရားသခင်ကို ယုံကြည်သော်လည်း သူ့ကို နာခံခြင်း သို့မဟုတ် ချစ်ကြောက်ရိုသေခြင်းရှိရမည့်အစား သူ့ကို ခုခံခြင်းသည် ယုံကြည်သူ တစ်ယောက်အတွက် အကြီးအကျယ်ဆုံး အရှက်ရဖွယ် ဖြစ်သည်။ အကယ်၍ ယုံကြည်သူများသည် မိမိတို့၏ အပြောအဆိုနှင့် အပြုအမူတို့၌ မယုံကြည်သူများကဲ့သို့ပင် လေးနက်မှုမရှိဘဲ၊ ထိန်းမနိုင်သိမ်းမနိုင်ဖြစ်ပါက၊ ၎င်းတို့သည် မယုံကြည်သူထက်ပင် ပို၍ ဆိုးယုတ်ကြ၏။ ၎င်းတို့သည် သမားရိုးကျ နတ်ဆိုးများ ဖြစ်ကြလေသည်။ မိမိတို့၏ အဆိပ်ရှိ၍ မလိုမုန်းထားရှိသော အပြောအဆိုများကို အသင်းတော်အတွင်း ဖွင့်ပြောတတ်သူများ၊ ညီအစ်ကိုမောင်နှမများကြား ကောလာဟလများ ဖြန့်ကာ၊ စိတ်သဘော မတိုက်ဆိုင်ခြင်းကို ဆွပေးသောသူများနှင့် အုပ်စုများဖွဲ့သော သူတို့သည်- အသင်းတော်မှ နှင်ထုတ်ခြင်း ခံခဲ့ရသင့်သည်။ သို့သော် ယခုသည် ဘုရားသခင်အမှု၏ ခြားနားသော ခေတ်ကာလဖြစ်သောကြောင့်၊ ၎င်းတို့သည် ဖယ်ရှားခြင်းအချို့ကို ရင်ဆိုင်ရသည့်အတွက် ဤလူများသည် ထိန်းချုပ်ခြင်း ခံရပေသည်။ စာတန်၏ ဖျက်ဆီးခြင်း ခံထားရသော လူအားလုံး၌ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများ ရှိသည်။ အချို့၌ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားသာရှိသော်လည်း၊ အခြားသူများ၌မူ ထိုကဲ့သို့ မဟုတ်ကြပေ။ ၎င်းတို့သည် ဖောက်ပြန်ပျက်စီးသည့် ဆိုးယုတ်သော စိတ်သဘောထားများ

ရှိကြသည်သာမက သူတို့၏ သဘာဝသည်လည်း အလွန်အမင်း မလိုမုန်းထားတတ်ကြသည်။ ၎င်းတို့၏ အပြောအဆိုနှင့် အပြုအမူများက ၎င်းတို့၏ ဖောက်ပြန်ပျက်စီးကာ ဆိုးယုတ်သော စိတ်သဘောထားကို ဖော်ပြသည်သာမက ဤလူများသည် နတ်ဆိုးစာတန် စစ်စစ်လည်း ဖြစ်သည်။ သူတို့၏အပြုအမူသည် ဘုရားသခင်၏အလုပ်ကို ကြားဖြတ်ပြီး နှောင့်ယှက်သည်၊ ညီအစ်ကို မောင်နှမများ၏ အသက်တာ ဝင်ရောက်မှုကို နှောင့်ယှက်ပြီး၊ အသင်းတော်၏ သာမန်အသက်တာကို ဖျက်ဆီးသည်။ သိုးရေခြုံထားသည့် ဤဝံပုလွေများသည် အနေးနှင့်အမြန် ရှင်းလင်းခံရမည်ဖြစ်သည်။ စာတန်၏ ဤအစေအပါးများအပေါ် မညှာတာသည့် သဘောထား၊ ငြင်းပယ်သည့် သဘောထားကို ထားရှိရမည်။ ဤသည်သာ ဘုရားသခင်ဘက်၌ ရပ်တည်ခြင်းဖြစ်ပြီး ထိုသို့လုပ်ရန် ပျက်ကွက်သော သူများသည် စာတန်နှင့် ဒုစရိုက်နွံထဲတွင် မွေ့လျော်နေသူများ ဖြစ်သည်။ ဘုရားသခင်ကို စစ်မှန်စွာ ယုံကြည်သော သူများ၏ စိတ်နှလုံးထဲတွင် ကိုယ်တော်အမြဲရှိနေပြီး ထိုသူတို့သည် ဘုရားသခင်ကို ချစ်ကြောက်ရိုသေသော စိတ်နှလုံးများနှင့် ဘုရားသခင်ကိုချစ်သော စိတ်နှလုံးများကို ၎င်းတို့အတွင်း၌ အစဉ်အမြဲ သယ်ဆောင်ထားကြသည်။ ဘုရားသခင်ကို ယုံကြည်သော သူများသည် အမှုအရာများကို သတိနှင့် နှိုင်းနှိုင်းချိန်ချိန် လုပ်သင့်ပြီး၊ သူတို့လုပ်သမျှ အရာအားလုံးသည် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်သင့်ကာ ဘုရားသခင်၏ နှလုံးသားကို ကျေနပ်စေနိုင်ရမည်။ ထိုသူတို့သည် မိမိတို့ သဘောရှိ လုပ်ဆောင်လျက် ခေါင်းမမာသင့်ပေ။ ထိုသို့ပြုခြင်းမှာ သန့်ရှင်းသူများ၏ ကျင့်ဝတ်နှင့် မအပ်စပ်ပေ။ လူများသည် အရပ်တကာတွင် ဘုရားသခင်၏ အောင်လံကိုလွှင့်ထူလျက် ကြွားလုံးထုတ်ပြီး၊ အကျိုးအမြတ် ထုတ်နေရင်း၊ နေရာတကာ ဒေါသတကြီး လျှောက်ရမ်းနေ၍မရပေ၊ ထိုသို့ပြုခြင်းသည် ပုန်ကန်မှုအပြုဆုံးသော အမှုအကျင့်ဖြစ်သည်။ မိသားစုများ၌ ၎င်းတို့၏ စည်းကမ်းများရှိသလို နိုင်ငံများ၌လည်း ဥပဒေများရှိသည်- ဘုရားသခင်၏ အိမ်တော်တွင် သာ၍ပင် ရှိသည် မဟုတ်လော။ စံနှုန်းများက ပိုမို တင်းကျပ်သည် မဟုတ်လော။ ပိုများသော စီမံခန့်ခွဲမှုအမိန့်များ သာ၍ပင် ရှိသည် မဟုတ်လော။ လူများသည် မိမိတို့အလိုရှိသော အရာကို လွတ်လပ်စွာ လုပ်နိုင်သည်၊ သို့သော် ဘုရားသခင်၏ စီမံခန့်ခွဲမှုအမိန့်များကို သဘောရှိ ပြောင်းလဲ၍ မရနိုင်ပေ။ ဘုရားသခင်သည် လူများ၏ စော်ကားမှုကို သည်းမခံသော ဘုရားဖြစ်သည်။ သူသည် လူများကို သေစေသော ဘုရားဖြစ်သည်။ ဤအရာကို လူများက အကယ်ပင် မသိသေးဘူးလော။

အသင်းတော်တိုင်း၌ အသင်းတော်ကို ဒုက္ခပေးသူများ သို့မဟုတ် ဘုရားသခင်၏အမှုတော်၌ စွက်ဖက်သော သူများရှိသည်။ ၎င်းတို့အားလုံးသည် ရုပ်ဖျက်ကာ ဘုရားသခင်၏ အိမ်တော်ကို

ထိုးဖောက်ဝင်ရောက်သည့် စာတန်များဖြစ်သည်။ ထိုကဲ့သို့သော လူတို့သည် သရုပ်ဆောင်ကောင်းကြ၏။ ငါ၏ ရှေ့မှောက်သို့ ပျပ်ဝပ်ကာ၊ စုတ်ပြတ်လျက် ခွေးဝဲစားများကဲ့သို့ အသက်ရှင်ရင်းနှင့် မိမိတို့၏ ရည်ရွယ်ချက်များ အထမြောက်စိမ့်သောငှာ သူတို့၏ "အစွမ်းကုန်" ဆက်ကပ်ကြလျက် ကြီးမားသော ချစ်ကြောက်ရိုသေမှုဖြင့် လာကြသော်လည်း၊ ညီအစ်ကို မောင်နှမများရှေ့တွင် ၎င်းတို့၏ အကျည်းတန်သည့်ဘက်ကို ပြကြလေသည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်သော လူများကို ၎င်းတို့မြင်သောအခါ၊ ထိုးနှက်ကြပြီး တွန်းဖယ်ကြလေသည်။ သူတို့ကိုယ်တိုင်ထက် ခံ့ညားလောက်သော လူတို့ကို မြင်သောအခါ၊ မြှောက်ပင့်ပြီး မျက်နှာလုပ်တတ်ကြသည်။ အသင်းတော်ထဲတွင် ၎င်းတို့ အထိန်းအကွပ်မဲ့ကြလေသည်။ အသင်းတော်အများစုတွင် ထိုသို့သော "ဒေသခံ ဗိုလ်ကျသူများ"၊ ထိုသို့သော "ခိုင်းဖတ်များ" သည် အသင်းတော် အများစု၌ ရှိသည်ဟု ပြောရ၍ရသည်။ ၎င်းတို့သည် တစ်ဦးကိုတစ်ဦး မျက်စိမှိတ်ပြကာ လျှို့ဝှက် အချက်ပြကြလျက်၊ ဟိုဟိုသည်သည် ခိုးကြောင်ခိုးဝှက် အတူတကွ သွားကြပြီး၊ ၎င်းတို့ထဲမှ မည်သူမျှ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်ကြချေ။ အဆိပ်အများဆုံးရှိသောသူသည် "မကောင်းဆိုးဝါးခေါင်းဆောင်" ဖြစ်ပြီး ဂုဏ်ဒြပ် အမြင့်ဆုံးဖြစ်သည့် သူသည် ဦးဆောင်ကာ ၎င်းတို့၏အလံကို လေထဲတွင် လွှင့်ထူပြီး သယ်ဆောင်လေသည်။ ဤလူများသည် ၎င်းတို့၏ အပျက်သဘောကို ဖြန့်ဝေလျက်၊ သေခြင်းတရားကို ထုတ်လွှတ်လျက်၊ မိမိတို့ သဘောရှိ လုပ်ဆောင်လျက်၊ မိမိတို့ သဘောရှိ ပြောဆိုလျက်နှင့် ၎င်းတို့ကို တားဆီးရန် မည်သူမျှ မဝံ့ရဲကြဘဲ၊ အသင်းတော်တွင် ဆူပူရမ်းကား ကြလေသည်။ ၎င်းတို့သည် စာတန်၏ စိတ်သဘောထားများဖြင့် ပြည့်လျှံကြလေသည်။ ဆူပူလှုပ်ရှားမှုကို ၎င်းတို့ ဖြစ်စေသည်နှင့် တစ်ပြိုင်နက် သေခြင်းတရား၏ အငွေ့အသက်တစ်ခုသည် အသင်းတော်ထဲကို ဝင်ရောက်လာသည်။ အသင်းတော်အတွင်း သမ္မာတရားကို လက်တွေ့ဆောင်ရွက်သောသူများသည် စွန့်ပစ်ခြင်းခံရပြီး သူတို့၏ ရှိသမျှ အစွမ်းကုန် မကြိုးစားနိုင်ကြသော်လည်း အသင်းတော်ကို နှောင့်ယှက်၍ အသင်းတော်အတွင်း သေခြင်းတရားကို ပြန့်စေသော သူများသည် စည်းလွတ်ဘောင်လွတ် ဖြစ်နေကြ၏၊ ထို့အပြင် လူအများစုက သူတို့နောက်သို့ လိုက်ကြသည်။ ဤကဲ့သို့သော အသင်းတော်မျိုးသည် အကယ်ပင် စာတန်၏ ထိန်းချုပ်မှုအောက်၌ရှိပြီး နတ်ဆိုးသည် သူတို့၏ဘုရင်ဖြစ်သည်။ အကယ်၍ အသင်းတော်က လူများသည် ထကြွကာ ထိုမကောင်းဆိုးဝါး ခေါင်းဆောင်များကို မငြင်းပယ်ပါက၊ သူတို့သည်လည်း အနှေးနှင့်အမြန် ပျက်စီးသွားမည်ဖြစ်သည်။ ယခုမှစ၍ ဤကဲ့သို့သော အသင်းတော်များကို အရေးယူရပေမည်။ အကယ်၍ သမ္မာတရားအနည်းငယ်ကို

လက်တွေ့လုပ်ဆောင်နိုင်စွမ်းရှိသူတို့သည် မကြိုးပမ်းပါက၊ ထိုအသင်းတော်သည် ဖျက်ပစ်ခံရမည်ဖြစ်သည်။ အကယ်၍ အသင်းတော် တစ်ခုတွင် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် ဆန္ဒရှိသူ တစ်ဦးမျှ မရှိပါက၊ ထို့အပြင် ဘုရားသခင်အတွက် သက်သေခံနိုင်သောသူ တစ်ဦးမျှ မရှိပါက၊ ထိုအသင်းတော်ကို လုံးဝ သီးခြားဖြစ်သွားစေရမည်ဖြစ်ပြီး အခြားအသင်းတော်များနှင့် ထိုအသင်းတော်၏ ချိတ်ဆက်မှုများ ဖြတ်တောက်ရမည်။ ဤသည်ကို "သေခြင်းကို မြေမြှုပ်ခြင်း" ဟုခေါ်သည်၊ ယင်းသည် စာတန်ကိုနှင်ထုတ်ခြင်းကို ဆိုလိုသည်။ အကယ်၍ အသင်းတော်တွင် ဒေသခံ ဗိုလ်ကျသူအချို့ပါရှိပြီး ၎င်းတို့နောက်သို့ ချင့်ချိန်နိုင်စွမ်း လုံးဝကင်းမဲ့သည့် "ယင်ကောင်ငယ်များ" လိုက်ပါက၊ ထို့အပြင် အသင်းသားများသည် သမ္မာတရားကို မြင်ပြီးနောက်တွင်ပင် ဤဗိုလ်ကျသူများ၏ အနှောင်အဖွဲ့များနှင့် ကြိုးကိုင်ခြယ်လှယ်မှုတို့ကို ငြင်းပယ်နိုင်စွမ်းမရှိသေးပါက၊ ထိုမိုက်မဲသူများ အားလုံးသည် အဆုံးတွင် သုတ်သင်ဖယ်ရှင်းခံရမည်ဖြစ်သည်။ ဤယင်ကောင်ငယ်များသည် မည်သည့် ဆိုးရွားသောအရာကိုမျှ မလုပ်ခဲ့ သော်ငြားလည်း၊ ၎င်းတို့သည် ပို၍ပင် လှည့်ဖြားတတ်ကာ၊ ပို၍ပင် ပါးနပ်ပြီး တိမ်းရှောင်တတ်၍၊ ဤကဲ့သို့သော လူတိုင်းသည် သုတ်သင်ဖယ်ရှင်း ခံရမည်ဖြစ်သည်။ တစ်ဦးတစ်ယောက်မျှ ကြွင်းကျန်ရစ်မည် မဟုတ်။ စာတန်နှင့်သက်ဆိုင်သော သူများသည် စာတန်ထံ ပြန်သွားကြ ရမည်ဖြစ်သော်လည်း၊ ဘုရားသခင်နှင့်သက်ဆိုင်သော လူများကမူ သမ္မာတရားကို ကေန်အမှန်ပင် ရှာဖို့ကြိုးစား ကြလိမ့်မည်။ ဤအရာကို သူတို့၏သဘာဝဗီဇများအရ သတ်မှတ်ပိုင်းခြားထားခြင်း ဖြစ်သည်။ စာတန်နောက်ကို လိုက်သောသူမှန်သမျှ ပျက်စီးပါလေစေ။ ထိုကဲ့သို့သော လူများကို မည်သည့်သနားခြင်းမျှ ပြသမည် မဟုတ်ပေ။ သမ္မာတရားကိုရှာသော သူများအား ထောက်ပံ့မှုများ ရရှိစေလော့၊ ပြီးလျှင်သူတို့၏စိတ်နှလုံးများ တင်းတိမ်ရောင့်ရဲသည်အထိ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် နှစ်သက် ပျော်မွေ့ကြပါစေ။ ဘုရားသခင်သည် ဖြောင့်မတ်၏။ သူသည် မည်သူကိုမျှ မျက်နှာမလိုက်။ အကယ်၍ သင်သည် နတ်ဆိုးတစ်ကောင်ဖြစ်ပါက သမ္မာတရားကို လက်တွေ့ကျင့်သုံးဖို့ရန် သင် မတတ်စွမ်းနိုင်ပေ။ အကယ်၍ သင်သည် သမ္မာတရားကို ရှာဖွေသော သူတစ်ယောက်ဆိုပါက၊ စာတန်၏ ဖမ်းချုပ်ထားခြင်းကို ကေန်အမှန် သင်ခံရမည် မဟုတ်ပေ။ ဤသည်ကား ယုံမှားဖွယ်ရာ လုံးဝမရှိပေ။

တိုးတက်မှုအတွက် မကြိုးပမ်းသောသူများသည် အခြားလူများကို သူတို့ကဲ့သို့ပင် အပျက်သဘောဆောင်ဖို့နှင့် ပျင်းရိဖို့ရန် အမြဲ ဆန္ဒရှိကြသည်။ သမ္မာတရားကို

လက်တွေ့မလုပ်ဆောင်သောသူများသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်သောသူများကို မနာလိုကြပေ၊ ထို့အပြင် ယောင်ချာချာ ဖြစ်သောသူများနှင့် ထိုးထွင်းသိမြင်မှု မရှိသောသူများကို အမြဲ လှည့်ဖြားချင်ကြသည်။ ထိုသူများ ဖွင့်ပြောသော အရာများသည် သင်တို့ကို ဆုတ်ယုတ်သွားစေခြင်း၊ လျှောကျသွားစေခြင်း၊ ပုံမှန်မဟုတ်သော အနေအထားများ ဖြစ်ပေါ်စေခြင်းများ ဖြစ်စေနိုင်ပြီး မှောက်မိုက်ခြင်းနှင့် ပြည့်နေစေနိုင်သည်။ သူတို့က သင့်ကို ဘုရားသခင်နှင့် ဝေးသွားအောင် ပြုလုပ်ကာ၊ သူတို့က သင့်ကို ဇာတိပကတိအား မြတ်နိုးစေပြီး သင့်ကိုယ်သင် အလိုလိုက်စေသည်။ သမ္မာတရားကို မနှစ်သက်သောသူများ၊ ဘုရားသခင်ကို ဝတ်ကျေတမ်းကျေသာ အမြဲတမ်း ဆက်ဆံသော သူများသည် ကိုယ့်ကိုယ်ကိုယ်သိစိတ် မရှိသောသူများဖြစ်ပြီး၊ ထိုသူတို့၏ စိတ်သဘောထားများက အခြားသူများကို အပြစ်ကျူးလွန်ဖို့နှင့် ဘုရားသခင်ကို အာခံဖို့ရန် ဖြားယောင်းကြသည်။ ထိုသူတို့သည် သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သကဲ့သို့ အခြားသူများကိုလည်း လက်တွေ့လုပ်ဆောင် ခွင့်မပြုပေ။ သူတို့သည် အပြစ်တရားကို မြတ်နိုးပြီး မိမိတို့ကိုယ်ကိုယ် စက်ဆုပ်ခြင်း မရှိကြ။ သူတို့သည် မိမိတို့ကိုယ်ကိုယ် မသိကြဘဲ၊ အခြားလူများကိုလည်း သူတို့ကိုယ်သူတို့ မသိအောင် ဟန့်တားသည်။ အခြားသူများကို သမ္မာတရားအား မတောင့်တရန် ဆီးတားလေသည်။ ထိုသူတို့ လှည့်ဖြားသောသူများသည် အလင်းကို မမြင်နိုင်ပေ- ၎င်းတို့သည် အမှောင်ထုထဲသို့ ကျသွားကြသည်၊ မိမိတို့ကိုယ်ကိုယ် မသိ၊ သမ္မာတရားကိုလည်း ရှင်းရှင်းလင်းလင်း မသိဘဲ၊ ဘုရားသခင်ထံမှ ဝေးသည်ထက် ဝေးသွားကြသည်။ သူတို့သည် သမ္မာတရားကို လက်တွေ့မလုပ်ဆောင်ကြဘဲ၊ အခြားသူများ သမ္မာတရားကို လက်တွေ့လုပ်ဆောင်သည်ကိုလည်း ဟန့်တားကြပြီး ထိုမိုက်မဲသောသူများ အားလုံးကို သူတို့ရှေ့မှောက်သို့ ခေါ်လာကြသည်။ သူတို့သည် ဘုရားသခင်ကို ယုံကြည်သည်ဟု ပြောမည့်အစား သူတို့၏ ဘိုးဘေးများကို ယုံကြည်ကြသည်၊ သို့မဟုတ် သူတို့ယုံကြည်သည့်အရာသည် သူတို့၏ စိတ်နှလုံးထဲ၌ရှိသော ရုပ်တုများဖြစ်သည်ဟု ပြောခြင်းက ပို၍ကောင်းလိမ့်မည်။ ဘုရားသခင် နောက်ကို လိုက်သည်ဟု ပြောသောသူများသည် မိမိတို့ အဘယ်သူကို ယုံကြည်သည်ကို အတိအကျသိရန် မိမိတို့၏ မျက်လုံးများကို ဖွင့်ကာ သေသေချာချာကြည့်ပါက အကောင်းဆုံးဖြစ်ပေမည်။ သင်ယုံကြည်နေသည်မှာ ဘုရားသခင်ရော အမှန်တကယ် ဟုတ်သလော၊ သို့တည်းမဟုတ် စာတန်လော။ အကယ်၍ သင်ယုံကြည်သည်မှာ ဘုရားသခင်မဟုတ်ဘဲ၊ သင်၏ ကိုယ်ပိုင်ရုပ်တုများသာဖြစ်သည်ကို သင်သိပါက၊ သင်သည် ယုံကြည်သူ တစ်ယောက်ဖြစ်သည်ဟု မကြွေးကြော်လျှင် အကောင်းဆုံးဖြစ်မည်။ အကယ်၍ သင်သည်

အဘယ်သူကို ယုံကြည်သည်ကို အကယ်စင်စစ် မသိပါက၊ တစ်ဖန် သင်သည် ယုံကြည်သူတစ်ယောက် ဖြစ်သည်ဟု မကြွေးကြော်သည်မှာ အကောင်းဆုံးဖြစ်ပေမည်။ ထိုသို့ပြောခြင်းသည် ဘုရားသခင်အား ပြစ်မှားစော်ကားခြင်း ဖြစ်ပေလိမ့်မည်။ သင့်ကို မည်သူကမျှ ဘုရားသခင်ကို အတင်းအကျပ် ယုံကြည်နေစေခြင်း မဟုတ်ပေ။ သင်တို့ ငါ့ကို ယုံကြည်သည်ဟု မပြောနှင့်။ ထိုစကားများကို ငါ လုံလုံလောက်လောက် ကြားခဲ့ရပြီးဖြစ်ကာ နောက်တစ်ဖန် ငါမကြားလိုတော့။ အဘယ်ကြောင့်ဆိုသော် သင်တို့ ယုံကြည်သည်မှာ သင်တို့၏ စိတ်နှလုံး၌ရှိသော ရုပ်တုများနှင့် သင်တို့ အကြား၌ရှိသော ဒေသခံဗိုလ်ကျသူများ ဖြစ်သောကြောင့်ဖြစ်သည်။ သမ္မာတရားကို ကြားသောအခါ ခေါင်းခါသောသူများ၊ သေခြင်းအကြောင်း ဆွေးနွေးမှုကို ကြားသည့်အခါ ပြုံးသောသူများသည် စာတန်၏သားသမီး အားလုံးဖြစ်ကာ ၎င်းတို့သည် သုတ်သင်ပယ်ရှင်းခံရမည့် သူများဖြစ်သည်။ အသင်းတော်၌ရှိသော လူများစွာတို့သည် ထိုးထွင်းသိမြင်မှု မရှိကြပေ။ လှည့်ဖြားမှု တစ်ခုခု ဖြစ်သောအခါ သူတို့သည် စာတန်ဘက်က မမျှော်လင့်ဘဲ ရပ်တည်ကြသည်။ သူတို့သည် စာတန်၏အစေအပါးများဟု အခေါ် ခံ ရသောအခါ သာ၍ပင် စိတ်ဆိုးကြသည်။ ၎င်းတို့ ပိုင်းခြားသိမြင်မှုမရှိဟု လူတို့ ပြောကောင်း ပြောနိုင်သော်လည်း၊ ၎င်းတို့သည် သမ္မာတရား မရှိသည့်ဘက်တွင် အမြဲရပ်တည်ကြသည်၊ အရေးကြီးသည့်အချိန်တွင် သမ္မာတရားဘက်၌ ၎င်းတို့ ဘယ်သောအခါမျှ မရပ်တည်ကြ၊ သမ္မာတရားအတွက် ဘယ်သောအခါမျှ ရပ်တည်ခြင်းမရှိသလို၊ ချေပပြောဆိုခြင်းလည်း မရှိကြချေ။ ၎င်းတို့သည် အမှန်တကယ်ပင် ပိုင်းခြားသိမြင်မှု ကင်းမဲ့ကြပါသလော။ ၎င်းတို့သည် အဘယ်ကြောင့် စာတန်၏ဘက်တွင် မမျှော်လင့်ဘဲ ရပ်တည်မိကြသနည်း။ သမ္မာတရားကို အားပေးသည့်အနေဖြင့် မျှတကာ အကျိုးသင့် အကြောင်းသင့်ရှိသော စကားတစ်လုံးပင် အဘယ်ကြောင့် မည်သည့်အခါမျှ မပြောကြသနည်း။ ၎င်းတို့၏တဒင်္ဂ စိတ်ရှုပ်ထွေးမှု၏ အကျိုးဆက်အနေဖြင့် ဤအခြေအနေ အမှန်တကယ် ဖြစ်ပေါ် ခဲ့ပြီလော။ လူတို့သည် ပိုင်းခြားသိမြင်မှု နည်းလေလေ သမ္မာတရားဘက်၌ ရပ်တည်ဖို့ရန် မတတ်နိုင်လေလေ ဖြစ်သည်။ ဤအရာက မည်သည့်ကို ပြသနည်း။ ပိုင်းခြားသိမြင်မှု မရှိသောသူများသည် မကောင်းမှု ချစ်မြတ်နိုးကြောင်းကို ပြသည် မဟုတ်လော။ ၎င်းတို့သည် စာတန်၏ သစ္စာရှိသော သားသမီးများဖြစ်သည်ကို ပြသည်မဟုတ်လော။ ၎င်းတို့သည် အဘယ်ကြောင့် စာတန်ဘက်၌ အမြဲရပ်တည်နိုင်ပြီး စာတန်နှင့် စိတ်တူကိုယ်တူ ရှိကြသနည်း။ ၎င်းတို့၏ စကားလုံးတိုင်းနှင့် အပြုအမူတိုင်း၊ ပြီးလျှင် ၎င်းတို့၏ မျက်နှာအမူအရာများ အားလုံးသည် ၎င်းတို့သည် သမ္မာတရားကို ချစ်သောသူမျိုးထဲက မဟုတ်ဘဲ ယင်းထက် သမ္မာတရားကို ရွံရှာမုန်းတီးသော

လူများဖြစ်သည်ကို သက်သေပြဖို့ လုံလောက်ပေသည်။ စာတန်ဘက်တွင် ၎င်းတို့ ရပ်တည်နိုင်ခြင်းက၊ စာတန်အတွက် တိုက်ခိုက်ပေးရင်း မိမိတို့၏ ဘဝများကုန်ဆုံးသည့် ထိုသေးနုပ်သော နတ်ဆိုးများကို စာတန်က အမှန်တကယ် ချစ်မြတ်နိုးသည်ကို သက်သေပြရန် လုံလောက်ပေသည်။ ဤအချက်များ အားလုံးက အလွန်ပင် ရှင်းလင်းလှသည် မဟုတ်လော။ အကယ်၍ သင်သည် သမ္မာတရားကို ချစ်မြတ်နိုးသော လူတစ်ယောက် ဧကန်အမှန် ဖြစ်သည်ဆိုပါက သမ္မာတရားကို လက်တွေ့လုပ်ဆောင်သောသူများကို အဘယ်ကြောင့် အလေးထားမှု သင်မရှိရသနည်း။ ထို့အပြင် သမ္မာတရားကို လက်တွေ့မကျင့်သုံးသောသူများ၏ အကြည့်တစ်ချက်နှင့်ပင် သင်သည် အဘယ်ကြောင့် ထိုသူတို့နောက်သို့ ချက်ချင်း လိုက်ရသနည်း။ ဤသည်မှာ မည်သို့သော ပြဿနာမျိုးနည်း။ သင်၌ ပိုင်းခြားသိမြင်မှု ရှိသည် မရှိသည်ကို ငါဂရုမစိုက်။ သင်သည် မည်မျှ ကြီးမားသော အဖိုးအခ ပေးခဲ့သည်ကို ငါဂရုမစိုက်။ သင်၏ အင်အားက မည်မျှကြီးမားသည်ဆိုခြင်းကို ငါဂရုမစိုက်သကဲ့သို့ သင်သည် နယ်ခံမိုလ်ကျသူလော သို့တည်းမဟုတ် အလံကိုင်သော ခေါင်းဆောင်လော ဆိုသည်ကို ငါဂရုမစိုက်။ အကယ်၍ သင်၏ အင်အားများက ကြီးမားသည်ဆိုလျှင် ထိုအရာသည် စာတန့်ခွန်အား၏ အကူအညီကြောင့်သာ ဖြစ်သည်။ အကယ်၍ သင်၏ ဂုဏ်ဒြပ်က မြင့်မားပါက ထိုအရာသည် သင်၏ဘေးပတ်လည်၌ သမ္မာတရား လက်တွေ့မလုပ်ဆောင်သောသူများ အင်မတန် များသောကြောင့်သာ ဖြစ်သည်။ အကယ်၍ သင်သည် နှင်ထုတ်မခံရသေးပါက ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ယခုအချိန်သည် နှင်ထုတ်သော အလုပ်လုပ်ရမည့် အချိန်မဟုတ်၍ ဖြစ်သည်။ ထိုအစား ယခုအချိန်သည် ဖယ်ရှားသော အလုပ်လုပ်ရမည့် အချိန်ဖြစ်သည်။ သင့်ကို ယခုနှင်ထုတ်ဖို့ အလျင်မလိုသေးပေ။ သင် သုတ်သင်ဖယ်ရှင်းခံရပြီးသည့်နောက် သင့်ကို ငါအပြစ်ပေးမည့်နေ့ သက်သက်ကိုသာ ငါ စောင့်နေခြင်း ဖြစ်သည်။ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သော မည်သူမဆို သုတ်သင်ဖယ်ရှင်းခြင်းခံရပေမည်။

ဘုရားသခင်ကို အမှန်တကယ် ယုံကြည်သောသူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သမ္မာတရားတို့ကို လက်တွေ့ လုပ်ဆောင်ရန် လိုလားသူများ ဖြစ်သည်။ ဘုရားသခင်အပေါ် ၎င်းတို့၏သက်သေခံချက်တွင် ဧကန်အမှန် ရပ်တည်နိုင်သော သူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ရန် လိုလားသောသူများလည်း ဖြစ်ပြီး သမ္မာတရားဘက်၌ အမှန်တကယ် ရပ်တည်နိုင်သောသူများ ဖြစ်သည်။ လိမ်လည်လှည့်စားမှုနှင့် မတရားမှုတို့ကို ကျင့်သုံးသော သူများအားလုံးသည် သမ္မာတရား မရှိသောသူများဖြစ်ပြီး၊ သူတို့အားလုံးသည် ဘုရားသခင်ကို အရှက်ရစေကြ၏။

အသင်းတော်တွင် အငြင်းအခုံ ဖြစ်စေသော သူများသည် စာတန်၏ အစေအပါးများဖြစ်ကြပြီး၊ စာတန်၏ပြယုဂ် ဖြစ်သည်။ ထိုကဲ့သို့သော လူတို့သည် အင်မတန် မလိုမုန်းထားတတ်ကြလေသည်။ ပိုင်းခြားသိမြင်မှု မရှိသူများနှင့် သမ္မာတရားဘက်၌ ရပ်တည်ဖို့ရန် မတတ်စွမ်းနိုင်သော သူများအားလုံးသည် ဆိုးယုတ်သော ရည်ရွယ်ချက်များကို သိုထားကြပြီး သမ္မာတရားကို ညှိုးနွမ်းစေသည်။ ထို့ထက်ပို၍ ၎င်းတို့သည် စာတန်ကို သမားရိုးကျ ကိုယ်စားပြုသော သူများဖြစ်သည်။ ၎င်းတို့သည် ရွေးနုတ်၍ မရနိုင်တော့လောက်အောင်ဖြစ်ပြီး၊ အလိုအလျောက် သုတ်သင်ဖယ်ရှင်း ခံရပေလိမ့်မည်။ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သောသူများကို ဘုရားသခင်၏မိသားစုက ဆက်ရှိနေဖို့ ခွင့်မပြုသကဲ့သို့၊ အသင်းတော်ကို ရည်ရွယ်ချက်ရှိရှိ ဖြိုခွဲသူများကိုလည်း ရှိနေခွင့်မပြုပေ။ သို့သော် ယခုအချိန်သည် နှင်ထုတ်ခြင်းအမှုပြုရန် အချိန်မဟုတ်။ ထိုကဲ့သို့သော သူတို့သည် နောက်ဆုံးတွင် ဖော်ထုတ်ခံရမည်ဖြစ်ပြီး သုတ်သင်ဖယ်ရှင်း ခံရမည်သာ ဖြစ်သည်။ အသုံးမဝင်သော မည်သည့်အလုပ်ကိုမျှ ဤလူတို့အပေါ်၌ လုပ်တော့မည်မဟုတ်။ စာတန်နှင့် သက်ဆိုင်သောသူများသည် သမ္မာတရားဘက်တွင် မရပ်တည်နိုင်သော်လည်း၊ သမ္မာတရားကို ရှာသောသူများကမူ သမ္မာတရားဘက်တွင် ရပ်တည်နိုင်ကြသည်။ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သော သူများသည် သမ္မာတရားလမ်းကို ကြားရဖို့ရန် မထိုက်တန်၊ သမ္မာတရားကို သက်သေခံဖို့ရန်လည်း မထိုက်တန်ပေ။ သမ္မာတရားသည် သူတို့ ကြားဖို့ လုံးဝမဟုတ်ချေ။ ယင်းသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်သော သူများအတွက် ရည်ရွယ်ထားခြင်း ဖြစ်လေသည်။ လူတိုင်း၏နိဂုံးကို ဖွင့်မပြမီ၊ အသင်းတော်ကို နှောင့်ယှက်သောသူများနှင့် အမှုတော်ကို အဆက်ပြတ်စေသောသူများသည် နောက်မှ ကိုင်တွယ်ဖြေရှင်းဖို့ရန် ယခု ပထမဦးစွာ ဘေးဖယ်ခံရမည်ဖြစ်သည်။ အမှုတော် ပြီးဆုံးသွားသည်နှင့် ဤလူများသည် အသီးသီး ဖော်ထုတ်ခံရမည်၊ ထို့နောက် ၎င်းတို့ သုတ်သင်ဖယ်ရှင်း ခံရပေလိမ့်မည်။ လောလောဆယ်တွင် သမ္မာတရားကို ထောက်ပံ့ပေးစဉ်အတွင်း ၎င်းတို့ လျစ်လျူရှုခံရလိမ့်မည်။ လူသားမျိုးနွယ်အား သမ္မာတရား တစ်ခုလုံးကို ဖွင့်ပြသောအခါ ထိုလူများသည် ဖယ်ရှားခံရမည်ဖြစ်သည်။ ထိုအချိန်သည် လူအားလုံးကို မိမိတို့၏ အမျိုးအစားအလိုက် အတန်းအစားသတ်မှတ်မည့် အချိန်လည်းဖြစ်သည်။ ပိုင်းခြားသိမြင်မှုမရှိသောသူများ၏ သေးနုပ်သည့် လှည့်စားမှုများသည် ဆိုးယုတ်သူများ၏ လက်၌ ၎င်းတို့ပျက်စီးခြင်းဆီသို့ ဆိုက်ရောက်စေလိမ့်မည်၊ သူတို့သည် မကောင်းသောလူများအားဖြင့် အဝေးသို့ သွေးဆောင် ခံရလိမ့်မည်ဖြစ်ပြီး ဘယ်သောအခါမျှ ပြန်လာနိုင်မည် မဟုတ်ချေ။ ၎င်းတို့သည် သမ္မာတရားကို မချစ်သောကြောင့်၊

သမ္မာတရားဘက်က ရပ်တည်နိုင်စွမ်း မရှိသောကြောင့်၊ မကောင်းသောလူများနောက် လိုက်လျှောက်ပြီး၊ မကောင်းသည့်လူများဘက်က ရပ်တည်သောကြောင့်၊ မကောင်းသောလူများနှင့် ပူးပေါင်းကြံစည်ပြီး ဘုရားသခင်ကို အာခံသောကြောင့် ထိုသို့သော ဆက်ဆံခြင်းသည် ၎င်းတို့ ထိုက်တန်သောအရာ ဖြစ်သည်။ ထိုမကောင်းသောလူများသည် မကောင်းမှုကိုပင် ရှောင်ပြန်ဟပ်သည်ကို သူတို့သည် ကောင်းစွာ သိသော်လည်း၊ သူတို့နောက် လိုက်ဖို့ မိမိတို့၏နှလုံးသားများကို မာကျောစေကြပြီး သမ္မာတရားကို ကျောခိုင်း ကြလေသည်။ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်ဘဲ ဖျက်ဆီးတတ်ပြီး စက်ဆုပ်ဖွယ်အရာများကိုလုပ်သော ဤသူများအားလုံးသည် မကောင်းမှု ကျူးလွန်နေကြသည် မဟုတ်လော။ ထိုလူများအကြား၌ မိမိတို့ကိုယ်မိမိ ဘုရင်များအဖြစ် ပုံဖမ်းကြသော သူများနှင့် ၎င်းတို့နောက်သို့ တကောက်ကောက်လိုက်သော အခြားသူများ ရှိကြသော်လည်း၊ ထိုသူတို့၏ ဘုရားသခင်ကို အာခံသော သဘာဝဗီဇများသည် အားလုံးအတူတူပင် မဟုတ်လော။ ဘုရားသခင်သည် သူတို့ကို မကယ်တင်ဟု အခိုင်အမာပြောရန် သူတို့၌ မည်သည့် အကြောင်းပြချက်ရှိနိုင်သနည်း။ ဘုရားသခင်က မဖြောင့်မတ်ဟု အခိုင်အမာပြောရန် သူတို့၌ မည်သည့် အကြောင်းပြချက်ရှိနိုင်သနည်း။ သူတို့ကို ဖျက်ဆီးနေသည်မှာ သူတို့ကိုယ်တိုင်၏ မကောင်းမှုပင် မဟုတ်လော။ သူတို့ကို ငရဲဆီ ဆွဲခေါ်နေသည်မှာ သူတို့ကိုယ်တိုင်၏ ပုန်ကန်မှုပင် မဟုတ်လော။ သမ္မာတရားကို လက်တွေ့ လုပ်ဆောင်သောသူများသည် အဆုံးတွင် သမ္မာတရားကြောင့် ကယ်တင်ခံရမည်ဖြစ်ပြီး စုံလင်အောင် ပြုခြင်း ခံရမည်ဖြစ်သည်။ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သောသူများသည် အဆုံးတွင် သမ္မာတရားကြောင့် မိမိတို့ကိုယ်ကိုယ် ပျက်စီးစေကြလိမ့်မည်။ ဤသည်တို့မှာ သမ္မာတရားကို လက်တွေ့ လုပ်ဆောင်သောသူများနှင့် လက်တွေ့ မလုပ်ဆောင်သောသူတို့ကို စောင့်နေသော နိဂုံးတို့ပင်ဖြစ်သည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဖို့ရန် အစီအစဉ် မရှိသောသူများသည် အပြစ်များ နောက်ထပ်ကျူးလွန်ခြင်းကို ရှောင်ဖို့ရန် အသင်းတော်မှ တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွားဖို့ ငါအကြံပေးသည်။ အချိန်တန်သောအခါ နောင်တရရန် အလွန်နောက်ကျသွားမည်ဖြစ်သည်။ အထူးသဖြင့် အုပ်စုဖွဲ့သောသူများ၊ ကွဲပြားမှုများဖြစ်အောင် ဖန်တီးသူများနှင့် အသင်းတော်အတွင်းရှိ ယုတ်မာသော ထိုနယ်ခံမိုလ်ကျသူများသည် သာ၍ပင်စောစီးစွာ ထွက်သွားရမည်။ ဆိုးယုတ်သော ဝံပုလွေ၏ သဘာဝဗီဇရှိသည့် ဤလူများသည် ပြောင်းလဲရန် မတတ်စွမ်းနိုင်ကြ။ ညီအစ်ကိုမောင်နှမများ၏ လျော်ကန်သော အသက်တာကို နောက်ထပ် အနှောင့်အယှက် လုံးဝ မပေးတော့ရန် သူတို့သည် အသင်းတော်က တတ်နိုင်သမျှ အစောဆုံး ထွက်သွားသည်မှာ

ပိုကောင်းသည်၊ ဤသို့ဖြင့် ဘုရားသခင်၏ အပြစ်ဒဏ်ပေးမှုကို ရှောင်ရန်ဖြစ်သည်။ သူတို့နှင့် စိတ်တူသဘောတူရှိခဲ့သော သင်တို့ထဲမှ သူများသည်လည်း မိမိတို့ကိုယ်မိမိတို့ ပြန်သုံးသပ်ဖို့ရန် ယခုအခွင့်အရေးကို အသုံးချလျှင် ကောင်းမည်ဖြစ်သည်။ သင်တို့သည် ဆိုးယုတ်သောသူများနှင့်အတူ အသင်းတော်မှ ထွက်ခွာမည်လော၊ အသင်းတော်၌ ဆက်ရှိနေပြီး နာခံလျက်နောက်လိုက်မည်လော။ သင်တို့သည် ဤကိစ္စကို သေချာစွာ စဉ်းစားတွေးတောရမည်။ ငါသည် သင်တို့ကို ရွေးချယ်စရာ ဤနောက်ထပ် အခွင့်အရေးတစ်ခု ပေးပြီး၊ သင်တို့၏အဖြေကို ငါစောင့်နေသည်။

# သင်သည် ဘုရားသခင်ထံ သင်၏ကိုးကွယ်ဆည်းကပ်ခြင်းကို ထိန်းသိမ်းသင့်သည်

မျက်မှောက်ခေတ်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်တွင်း၌ မည်သို့အမှုပြုနေသနည်း။ ဤမေးခွန်းကို သင် သေချာစွာ သဘောပေါက်သလော။ သင်၏ညီအကိုမောင်နှမများ၏ အကြီးမားဆုံးသော အခက်အခဲများမှာ အဘယ်နည်း။ မည်သည့်အရာကို ၎င်းတို့ အချို့တဲ့ဆုံးနည်း။ လက်ရှိတွင် စမ်းသပ်မှုများကို ကြုံရသည်နှင့်အမျှ အပျက်သဘောဆောင်သော သူအချို့ရှိပြီး၊ အချို့သည် ညည်းညူခြင်းပင်ပြုကြ၏။ ဘုရားသခင် စကားပြောဆိုခြင်း ပြီးဆုံးပြီဖြစ်သောကြောင့် အခြားလူတို့သည် ရှေ့မဆက်ကြတော့ချေ။ လူတို့သည် ဘုရားသခင်ကို ယုံကြည်ခြင်း၏ မှန်ကန်သောလမ်းကြောင်းပေါ်သို့ မဝင်ရောက်ကြသေးပေ။ ၎င်းတို့သည် အမှီအခိုကင်းစွာ အသက်မရှင်နိုင်ကြသကဲ့သို့ မိမိတို့ကိုယ်တိုင်၏ ဝိညာဉ်ရေးရာအသက်တာကို ထိန်းသိမ်းထားနိုင်ခြင်း မရှိကြပေ။ အချို့လူတို့သည် ရှေ့ဆက်၍ လိုက်ပါကြပြီး အားအင်ဖြင့် ဆက်လက် လုပ်ဆောင်ကြကာ၊ ဘုရားသခင် စကားပြောသည့်အချိန်တွင် လက်တွေ့လုပ်ဆောင်ရန် လိုလားလျက်ရှိကြသော်လည်း၊ ဘုရားသခင် စကားမပြောသည့်အခါ ၎င်းတို့ ရှေ့ဆက်မတိုးကြတော့ပေ။ လူတို့သည် မိမိတို့၏စိတ်နှလုံးများအတွင်းတွင် ဘုရားသခင်၏အလိုတော်ကို နားမလည်ကြသေးသကဲ့သို့ ဘုရားသခင်အတွက် အလိုအလျောက်ဖြစ်သော ချစ်ခြင်းမေတ္တာမရှိပေ။ ယခင်က ၎င်းတို့ ဖိအားပေးခံခဲ့ရသောကြောင့် ဘုရားသခင်နောက်သို့ ၎င်းတို့ လိုက်ခဲ့ကြ၏။ ယခုတွင် ဘုရားသခင်၏ အမှုတော်ကို ငြီးငွေ့သောသူအချို့ရှိသည်။ ထိုသို့သော လူများတွင်

အန္တရာယ်ရှိသည် မဟုတ်လော။ များစွာသော လူတို့သည် နိုင်နိုင်နင်းနင်း ဆောင်ရွက်နေရုံ အခြေအနေတွင် ရှိကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ စားသောက်ပြီး သူ့ထံ ဆုတောင်းကြသော်လည်း၊ အလွန်စိတ်မပါ့တပါ လုပ်ဆောင်ကြကာ ၎င်းတို့ တစ်ချိန်ကရှိခဲ့ကြဖူးသည့် တက်ကြွမှု မရှိကြတော့ပေ။ လူအများစုသည် ဘုရားသခင်၏ စစ်ဆေးခြင်းနှင့် စုံလင်စေခြင်းအမှု၌ စိတ်ဝင်စားမှု မရှိကြသကဲ့သို့၊ ၎င်းတို့သည် စဉ်ဆက်မပြတ် မည်သည့် အတွင်းပိုင်း တက်ကြွမှုမျှ မရှိကြသည့်အလား ဖြစ်သည်။ အပြစ်များ၏ စီးနင်းခြင်းကို ခံရချိန်တွင် ၎င်းတို့သည် ဘုရားသခင်အပေါ် ကျေးဇူးကြွေးရှိနေသည်ဟု မခံစားရသကဲ့သို့၊ နောင်တခံစားဖို့ အသိစိတ်လည်း မရှိကြချေ။ ၎င်းတို့သည် သမ္မာတရားကို မလိုက်စားပေ၊ သို့မဟုတ် အသင်းတော်ကို စွန့်ခွာခြင်း မပြုကြပေ၊ ယင်းအစား၊ ယာယီပျော်ရွှင်မှုများကိုသာ လိုက်စားကြလေသည်။ ဤလူများသည် လုံးဝ အသုံးမကျသည့် မိုက်မဲသောသူများ ဖြစ်သည်။ အချိန်ကျရောက်လာသည့်အခါ၊ သူတို့အားလုံး မောင်းထုတ်ပစ်ခြင်း ခံရမည်ဖြစ်ပြီး၊ တစ်ဦးတစ်ယောက်မျှ ကယ်တင်ခံရလိမ့်မည် မဟုတ်ပေ။ တစ်စုံတစ်ယောက်သည် တစ်ကြိမ်တစ်ခါ ကယ်တင်ခြင်းခံရပါက၊ အမြဲတမ်းကယ်တင်ခြင်း ခံရမည်ဟု သင်ထင်သလော။ ဤယုံကြည်မှုသည် လှည့်ဖြားခြင်းစစ်စစ် ဖြစ်သည်။ အသက်ထဲသို့ ဝင်ရောက်ခြင်းကို ရှာဖွေခြင်းမရှိသူများသည် ပြစ်တင်ဆုံးမခြင်း ခံရလိမ့်မည်။ လူအများစုသည် အသက်ထဲ ဝင်ရောက်ခြင်း၊ ရူပါရုံများ သို့မဟုတ် သမ္မာတရားကို လက်တွေ့ကျင့်ဆောင်ခြင်းတို့၌ လုံးဝစိတ်ဝင်စားခြင်း မရှိကြပေ။ ၎င်းတို့သည် ဝင်ရောက်ခြင်းကို အားမထုတ်ကြသကဲ့သို့၊ ပို၍နက်ရှိုင်းစွာ ဝင်ရောက်ခြင်းကို သေချာပေါက် အားမထုတ်ကြချေ။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ဖျက်ဆီးနေခြင်း မဟုတ်လော။ ယခု၊ မိမိတို့၏ အခြေအနေများ စဉ်ဆက်မပြတ် တိုးတက်နေသည့် လူတစ်ချို့ ရှိ၏။ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်လေလေ ၎င်းတို့သည် ယုံကြည်စိတ်ချမှု ရရှိလေလေ ဖြစ်သည်။ ၎င်းတို့ တွေ့ကြုံရလေလေ၊ ၎င်းတို့သည် ဘုရားသခင်၏အမှု၏ နက်နဲသိမ်မွေ့သော လျှို့ဝှက်ဆန်းကြယ်မှုကို ခံစားရလေလေ ဖြစ်သည်။ ၎င်းတို့ နက်ရှိုင်းစွာ ဝင်ရောက်လေလေ နားလည်လေလေ ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အလွန်ကြီးမားသည်ကို ၎င်းတို့ခံစားရပြီး၊ မိမိတို့ကိုယ်ကိုယ်အတွင်းတွင် တည်ငြိမ်မှုခံစားရကာ ဉာဏ်အလင်း ပေးခံရသည်။ ဘုရားအမှုတော်နှင့် သက်ဆိုင်သော သိနားလည်မှုတစ်ခု ၎င်းတို့၌ ရှိကြသည်။ ဤသည်မှာ ၎င်းတို့အတွင်းတွင် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သည့် လူများ ဖြစ်သည်။ လူအချို့က “ဘုရားသခင်ထံမှ အသစ်သော နှုတ်ကပတ်တော်များ မရှိသော်လည်း၊ သမ္မာတရားထဲသို့ ပိုပြီးနက်ရှိုင်းစွာ သွားဖို့ ငါ ကြိုးစားဆဲဖြစ်ရမည်။ ငါ၏

တကယ့်အတွေ့အကြုံတွင် အရာရာနှင့် ပတ်သက်၍ ငါစိတ်အားထက်သန် ရမည် ဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ စစ်မှန်မှုထဲသို့ ဝင်ရောက်ရမည်" ဟု ပြောကြသည်။ ဤသို့သော လူစားမျိုးသည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက် ပိုင်ဆိုင်ကြ၏။ ဘုရားသခင်သည် သူ၏ မျက်နှာကို မပြသကဲ့သို့၊ လူတစ်ဦးစီတိုင်းထံမှ ပုန်းကွယ်နေသော်လည်း၊ ပြီးလျှင် စကားတစ်လုံးမှ မြွက်ဆိုခြင်းမရှိဘဲ လူတို့သည် အတွင်းပိုင်း စစ်ဆေးခြင်းအချို့ကို တွေ့ကြုံရသည့် အချိန်များ ရှိသော်ငြားလည်း၊ ဘုရားသခင်သည် လူတို့ကို လုံးဝထားရစ်ခဲ့ခြင်း မရှိပေ။ လူတစ်ဦးသည် ၎င်းဆောင်ရွက်သင့်သည့် သမ္မာတရားကို ထိန်းသိမ်းနိုင်ခြင်း မရှိက၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက် ရှိလိမ့်မည် မဟုတ်ပေ။ စစ်ဆေးခြင်း ကာလအတွင်းတွင်၊ ဘုရားသခင်သည် မိမိကိုယ်ကိုယ် ပြသခြင်း မရှိသည့် ကာလအတွင်းတွင်၊ သင်သည် မိမိကိုယ်ကိုယုံကြည်မှုမရှိဘဲ ယင်းအစား နောက်တွန့်ပါက၊ သူ၏ နှုတ်ကပတ်တော်များကို ကြုံတွေ့ခြင်း အပေါ် သင် အာရုံမစိုက်ပါက၊ သင်သည် ဘုရားသခင်၏အမှုမှ ထွက်ပြေးခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် သင်သည် မောင်းထုတ်ခံရသူများထဲမှ တစ်ဦး ဖြစ်လိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲသို့ ဝင်ရောက်ရန် အားမထုတ်သော သူတို့သည် ဘုရားသခင်အတွက် သက်သေအဖြစ် အမှန်တကယ် မရပ်တည်နိုင်ပေ။ ဘုရားသခင်အတွက် သက်သေခံနိုင်ပြီး၊ သူ၏ အလိုတော်ကို ဖြည့်ဆည်းနိုင်သော သူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို လိုက်စားရှာဖွေရန် ၎င်းတို့၏စိတ်ဓာတ်ခွန်အားအပေါ် လုံးလုံးလျားလျား မှီခိုအားထားကြသည်။ လူတို့အထဲတွင် ဘုရားသခင်ဆောင်ရွက်သော အမှုမှာ အဓိကအားဖြင့် ၎င်းတို့အား သမ္မာတရားကို ရရှိစေခွင့်ပေးရန် ဖြစ်သည်။ သင့်အား အသက်ကို လိုက်စားရှာဖွေစေခြင်းသည် သင့်ကို စုံလင်စေရန်အလို့ငှါဖြစ်ပြီး၊ ဤသည်မှာ ဘုရားသခင်၏အသုံးပြုမှုအတွက် သင့်ကို သင့်တော်စေဖို့သာ ဖြစ်သည်။ ယခု သင် လိုက်စားရှာဖွေနေသော အရာအားလုံးမှာ နက်နဲမှုများကို ကြားရခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားထောင်ခြင်း၊ သင့်မျက်စိများကို အစာကျွေးခြင်းနှင့် အသစ်အဆန်း သို့မဟုတ် ရေပန်းစားမှုတစ်ချို့ ရှိမရှိ ဆိုသည်ကို မြင်ရဖို့ ဟိုဟိုသည်သည် ကြည့်ခြင်းနှင့် ထိုသို့ဖြင့် သင်၏ သိချင်စိတ်ကို ကျေနပ်စေခြင်းတို့ ဖြစ်သည်။ ဤသည်မှာ သင်၏ စိတ်နှလုံးထဲရှိ ရည်ရွယ်ချက်ဖြစ်ပါက၊ ဘုရားသခင်၏ သတ်မှတ်ချက်များကို ပြည့်မီရန် သင့်အတွက် နည်းလမ်းမရှိပေ။ သမ္မာတရားကို လိုက်စားရှာဖွေခြင်း မရှိသောသူများသည် တကယ့်အဆုံးထိတိုင် မလိုက်လျှောက်နိုင်ကြချေ။ ယခု၊ ဘုရားသခင်သည် တစ်စုံတစ်ရာကို မလုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ ယင်းထက် လူတို့က ဘုရားသခင်၏အမှုတော်ကို

ငြီးငွေ့ကြသောကြောင့် ဘုရားသခင်နှင့် ပူးပေါင်းမလုပ်ဆောင်ကြခြင်း ဖြစ်သည်။ ကောင်းချီးများ ပေးသနားရန် သူပြောသည့် နှုတ်ကပတ်တော်များကိုသာ ၎င်းတို့ ကြားချင်ကြပြီး၊ သူ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း နှုတ်ကပတ်တော်များကို ကြားဖို့ရန် လိုလားခြင်း မရှိကြချေ။ ဤအတွက် အကြောင်းရင်းမှာ အဘယ်နည်း။ အကြောင်းရင်းမှာ ကောင်းချီးမင်္ဂလာများကိုရလိုသည့် လူတို့၏ စိတ်ဆန္ဒများသည် ဖြည့်ဆည်းခြင်းမခံခဲ့ရသောကြောင့် ၎င်းတို့သည် အပျက်သဘောဆောင်ကာ အားနည်းလာခဲ့ကြသည်။ ဘုရားသခင်သည် လူတို့ကို သူ့နောက်လိုက်ရန် တမင်ခွင့်မပြုခြင်း မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ်ကို ထိုးနှက်မှုများ တမင်သက်သက် ပေးနေခြင်းလည်း မဟုတ်ပေ။ လူတို့သည် ၎င်းတို့၏ ရည်ရွယ်ချက်များ မမှန်ကန်သောကြောင့်သာ အပျက်သဘောဆောင်ပြီး အားနည်းကြခြင်း ဖြစ်သည်။ ဘုရားသခင်သည် လူသားကို အသက်ပေးသော ဘုရားဖြစ်ပြီး သူသည် လူသားကို သေခြင်းသို့ မပို့နိုင်ပေ။ လူတို့၏ အပျက်သဘောဆောင်ခြင်း၊ အားနည်းချက်များနှင့် ပြန်လျောကျသွားခြင်း အားလုံးသည် မိမိတို့ဘာသာ လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေသည်။

ဘုရားသခင်၏လက်ရှိအမှုတော်သည် စစ်ဆေးမှုအချို့ကို လူတို့ထံ ယူဆောင်လာပြီး၊ ဤစစ်ဆေးမှုကို ရရှိသည်နှင့်အမျှ ခိုင်မာစွာ ရပ်တည်နိုင်သူတို့သာ ဘုရားသခင်၏ လက်ခံမှုကို ရရှိလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် စကားမပြောခြင်းဖြင့်ဖြစ်စေ အမှုမပြုခြင်းဖြင့်ဖြစ်စေ သူ့ကိုယ်သူမည်သို့ပင် ဖုံးကွယ်ထားပါစေ၊ သင်သည် အားမာန်ဖြင့် လိုက်စား ရှာဖွေနိုင်သေး၏။ သင့်ကို ငြင်းပယ်မည်ဟု ဘုရားသခင်က ပြောလျှင်ပင်၊ သင်သည် သူ့နောက်သို့လိုက်ဦးမည် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် အတွက် သက်သေရပ်တည်ခြင်း ဖြစ်သည်။ ဘုရားသခင်သည် သူ့ကိုယ်သူ သင့်ထံမှ ဖုံးကွယ်ထားပြီး သင်သည် သူ့နောက်သို့လိုက်ခြင်းကို ရပ်တန့်လိုက်ပါက ဤသည်မှာ ဘုရားသခင်အတွက် သက်သေရပ်တည်ခြင်း ဟုတ်သလော။ လူတို့သည် အမှန်တကယ် မဝင်ရောက်ကြပါက၊ ၎င်းတို့အနေဖြင့် တကယ့် ဝိညာဉ်ရင့်ကျက်မှု မရှိကြသကဲ့သို့၊ ကြီးမားသော စမ်းသပ်မှုကို ၎င်းတို့ အမှန်တကယ် ကြုံရသည့်အခါ ခလုတ်တိုက် လဲကျကြမည် ဖြစ်သည်။ ဘုရားသခင် စကားပြောဆိုမနေသည့်အခါ၊ သို့မဟုတ် သင်၏ ကိုယ်ပိုင် အယူအဆများနှင့် မကိုက်ညီသည့်အရာကို လုပ်ဆောင်နေသည့်အခါ၊ သင် ယိုင်လဲလေသည်။ ဘုရားသခင်သည် လက်ရှိတွင် သင်၏ ကိုယ်ပိုင်အယူအဆများအတိုင်း ပြုမူနေပါက၊ သို့မဟုတ် သူသည် သင်၏ လိုအင်ဆန္ဒကို ကျေနပ်နေစေလျက်ရှိပြီး သင်သည် အားအင်ဖြင့် ရပ်တည်ကာ လိုက်စားရှာဖွေနိုင်ပါက၊ သင် အသက်ရှင်သည့် အခြေခံအုတ်မြစ်မှာ မည်သည့်အရာ

ဖြစ်လိမ့်မည်နည်း။ လူသား၏ သိချင်စိတ်ပြင်းပြခြင်းအပေါ် လုံးလုံးလျားလျား မှီခိုအားထားသည့် နည်းလမ်း တစ်ခုဖြင့် အသက်ရှင်နေကြသည့် လူများစွာ ရှိသည်ဟု ငါဆိုသည်။ ၎င်းတို့သည် အားထုတ်ရန် အဆုံးစွန် စိတ်အားထက်သန်မှု လုံးဝ မရှိကြချေ။ သမ္မာတရားထဲသို့ ဝင်ရောက်ခြင်းကို အားမထုတ်ဘဲ အသက်တာ၌ မိမိတို့၏ သိလိုစိတ် ပြင်းပြခြင်းအပေါ် မှီခိုသောသူအားလုံးသည် စက်ဆုပ်ဖွယ်ကောင်းသော လူများဖြစ်ကြပြီး၊ ၎င်းတို့၌ အန္တရာယ်ရှိကြပေသည်။ ဘုရားသခင်၏ အမျိုးမျိုးသော အမှုအားလုံးသည် လူသားမျိုးနွယ်ကို စုံလင်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ သို့ရာတွင် လူတို့သည် အမြဲ သိချင်စိတ်ပြင်းပြကြသည်၊ ကောလာဟလတို့ကို မေးမြန်းစုံစမ်းလိုကြသည်၊ နိုင်ငံရပ်ခြား တိုင်းပြည်များထဲက လက်ရှိ အရေးကိစ္စများကို စိတ်ဝင်စားကြသည်— ဥပမာအားဖြင့်၊ အစ္စရေးတွင် မည်သည့်အရာ ဖြစ်ပျက်နေသည်နှင့်ပတ်သက်၍ သို့မဟုတ် အီဂျစ်နိုင်ငံတွင် ငလျင်လှုပ်ခြင်း ရှိမရှိဆိုသည်ကို သိချင်စိတ် ပြင်းပြကြသည်- ၎င်းတို့သည် မိမိတို့၏ တစ်ကိုယ်ကောင်းဆန်သော စိတ်ဆန္ဒများကို ဖြည့်ဆည်းရန်အတွက် သစ်လွင်၊ ဆန်းသစ်သောအရာများကို အမြဲရှာဖွေနေကြ၏။ ၎င်းတို့သည် အသက်ကို လိုက်စားရှာဖွေခြင်း မရှိသကဲ့သို့ စုံလင်ခံရစေခြင်းကိုလည်း လိုက်စားရှာဖွေခြင်း မရှိကြချေ။ ၎င်းတို့သည် မိမိတို့၏ လှပသော အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အလို့ငှာနှင့် မိမိတို့၏ လွန်ကဲသော စိတ်ဆန္ဒများကို ဖြည့်ဆည်းနိုင်ဖို့အလို့ငှာ ဘုရားသခင်၏ နေ့ရက် မြန်မြန် ရောက်ရှိစေဖို့သာ ကြိုးစားကြလေသည်။ ဤသို့သော လူစားမျိုးသည် လက်တွေ့ကျခြင်းမရှိပေ— ၎င်းတို့သည် မလျော်ကန်သော ရှုထောင့် တစ်ခုရှိသည့် သူတစ်ဦး ဖြစ်သည်။ သမ္မာတရားကို လိုက်စားရှာဖွေခြင်းသာ လူသားမျိုးနွယ်၏ ဘုရားသခင်၌ ယုံကြည်ခြင်းနှင့်ဆိုင်သည့် အခြေခံအုတ်မြစ် ဖြစ်ပြီး၊ လူတို့သည် အသက်ထဲသို့ ဝင်ရောက်ခြင်းကို အားထုတ်ခြင်း မရှိပါက၊ ဘုရားသခင်ကို စိတ်ကျေနပ်စေဖို့ ၎င်းတို့ မကြိုးစားကြပါက၊ ၎င်းတို့ အပြစ်ပေးခြင်း ခံရကြလိမ့်မည်။ အပြစ်ပေးခံရမည့်သူများမှာ ဘုရားသခင်၏ အမှုပြုသည့် ကာလအတွင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်မရှိခဲ့သူများ ဖြစ်သည်။

လူတို့သည် ဘုရားသခင်၏ ဤအမှုအဆင့်တွင် ဘုရားသခင်နှင့် မည်သို့ ပူးပေါင်းလုပ်ဆောင်သင့်သနည်း။ ဘုရားသခင်သည် လက်ရှိတွင် လူတို့ကို စစ်ဆေးလျက်ရှိသည်။ သူသည် စကားတစ်ခွန်းမျှ မိန့်မြွက်ခြင်းမရှိသော်လည်း၊ သူသည် မိမိကိုယ်ကိုယ် ဖုံးကွယ်ပြီး လူတို့နှင့် တိုက်ရိုက်ဆက်သွယ်ခြင်း မပြုပေ။ အပြင်ပန်းမှ၊ သူသည် မည်သည့်အမှုမျှ မလုပ်ဆောင်သကဲ့သို့ ထင်ရသော်လည်း၊ အမှန်မှာ သူသည် လူသားထဲတွင်

အမှုပြုနေဆဲ ဖြစ်သည်။ အသက်ထဲသို့ ဝင်ရောက်ခြင်းကို အားထုတ်သူ မည်သူမဆို ၎င်းတို့၏ အသက်ကို လိုက်စားရှာဖွေခြင်းအတွက် ရူပါရုံရှိပြီး ဘုရားသခင်၏ အမှုကို ၎င်းတို့ အပြည့်အဝ နားမလည်ကြလျှင်ပင် သံသယများ မရှိကြချေ။ စမ်းသပ်မှုများကို ကြုံရစဉ်တွင်၊ ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်လိုပြီး မည်သည့်အလုပ် ပြီးမြောက်လိုသည်ကို သင် မသိသည့်အခါတွင်ပင်၊ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်များသည် အမြဲကောင်းမြတ်သည်ကို သင် သိသင့်၏။ စစ်မှန်သော စိတ်နှလုံးဖြင့် သူ့ကို သင် လိုက်စားရှာဖွေပါက၊ သူသည် သင့်ကို မည်သည့်အခါမှ စွန့်ခွာသွားမည် မဟုတ်သကဲ့သို့၊ အဆုံးတွင် သူသည် သင့်ကို ဧကန်မုချ စုံလင်စေမည်ဖြစ်ကာ လူတို့ကို သင့်လျော်သော ခရီးပန်းတိုင်သို့ ပို့ဆောင်ပေးမည် ဖြစ်သည်။ ဘုရားသခင်သည် လက်ရှိတွင် လူတို့ကို မည်သို့စမ်းသပ်နေသည်ကို ပဓာနမထားဘဲ၊ သူသည် လူတို့ကို သင့်လျော်သော ရလဒ်တစ်ခုဖြင့် ထောက်ပံ့ကာ၊ ၎င်းတို့ လုပ်ဆောင်ခဲ့သည့် အရာပေါ်တွင်အခြေခံ၍ သင့်လျော်သော ဒဏ်ခတ်မှုပေးသည့် နေ့ရက်တစ်ရက် ရောက်လာလိမ့်မည်။ ဘုရားသခင်သည် လူတို့ကို အဆင့်တစ်ခုထိ ဦးဆောင်ပြီးနောက် ၎င်းတို့ကို ဘေးဖယ်ကာ လျစ်လျူရှုမည် မဟုတ်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ယုံကြည်စိတ်ချရသောကြောင့် ဖြစ်သည်။ ဤအဆင့်တွင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် စစ်ဆေးခြင်းအမှုကို လုပ်ဆောင်လျက်ရှိသည်။ သူသည် လူသားတစ်ဦးစီတိုင်းကို စစ်ဆေးနေ၏။ သေခြင်းတရား၏ စမ်းသပ်မှုနှင့် ပြစ်တင်ဆုံးမခြင်းနှင့်ဆိုင်သော စမ်းသပ်မှုတို့ဖြင့် ဖွဲ့စည်းသည့် အမှု၏အဆင့်များတွင်၊ စစ်ဆေးခြင်းကို နှုတ်ကပတ်တော်များမှတစ်ဆင့် ဆောင်ရွက်လေသည်။ လူတို့အတွက် ဘုရားသခင်၏အမှုတော်ကို ကြုံတွေ့ခံစားရန်၊ ဘုရားသခင်၏ လက်ရှိအမှုတော်နှင့် လူသားမျိုးနွယ် မည်သို့ ပူးပေါင်းလုပ်ဆောင်ရမည် ဆိုသည်ကို ဦးစွာပထမ ၎င်းတို့ နားလည်ရမည်။ အမှန်တွင်၊ ဤသည်မှာ အယောက်တိုင်း နားလည်သင့်သောအရာတစ်ခု ဖြစ်သည်။ ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ယင်းက စစ်ဆေးခြင်းဖြစ်စေ သို့မဟုတ် သူသည် စကားမပြောဘဲနေလျှင်ပင်၊ ဘုရားသခင်၏ အမှုတော် အဆင့်တစ်ခုမျှ လူသားမျိုးနွယ်၏ အယူအဆများနှင့် မကိုက်ညီပေ။ သူ့အမှုတော်၏ အဆင့်အသီးသီးသည် လူတို့၏ အယူအဆများကို အစိတ်စိတ်အမြွှာမြွှာကွဲစေပြီး ထိုးဖောက်ထွက်လေသည်။ ဤသည်မှာ သူ၏အမှုတော်ဖြစ်သည်။ သို့ရာတွင် ဘုရားသခင်၏အမှုတော်သည် အဆင့်တစ်ဆင့်သို့ ရောက်ရှိပြီးဖြစ်သည့်အတွက်၊ မည်သို့ပင်ဖြစ်စေ သူသည် လူသားမျိုးနွယ်ကို သေခြင်းသို့ ပို့မည်မဟုတ်သည်ကို သင် ယုံကြည်ရမည်။ သူသည် လူသားမျိုးနွယ်ထံ ကတိတော်များနှင့်

ကောင်းချီး မင်္ဂလာများ နှစ်ခုလုံး ပေးပြီး၊ သူ့ကို ရှာဖွေသော သူအားလုံးသည် သူ၏ကောင်းချီးမင်္ဂလာများကို ရနိုင်ကြမည်ဖြစ်သော်လည်း၊ သူ့ကို မရှာဖွေသောသူများသည် ဘုရားသခင်၏ ဘေးဖယ်ထားခြင်း ခံရကြလိမ့်မည်။ ဤအရာသည် သင်၏ရှာဖွေမှုအပေါ်တွင် မူတည်၏။ အခြား မည်သည့်အရာကိုမျှ ပဓာနမထားဘဲ၊ ဘုရားသခင်၏အမှုပြီးဆုံးချိန်တွင် လူသားတစ်ဦးစီတိုင်းသည် သင့်တော်သော ခရီးပန်းတိုင်တစ်ခု ရှိကြလိမ့်မည်ကို သင် ယုံကြည်ရမည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို နှစ်သက်ဖွယ်သော ရည်မှန်းချက်များ ပေးထားပြီးဖြစ်သော်လည်း၊ လိုက်စားရှာဖွေခြင်းမရှိဘဲ ထိုအရာတို့ကို မရရှိနိုင်ပေ။ ဤအရာကို သင်တို့ ယခု မြင်နိုင်သင့်သည်- လူတို့နှင့်ဆိုင်သော ဘုရားသခင်၏စစ်ဆေးမှုနှင့် သူ၏ ပြစ်တင်ဆုံးမခြင်းတို့သည် သူ၏အမှုဖြစ်သော်လည်း၊ မိမိတို့၏ အပိုင်းအတွက် လူတို့အနေဖြင့် အချိန်တိုင်း စိတ်သဘောထား ပြောင်းလဲမှုတစ်ခုကို အားထုတ်ရမည်ဖြစ်သည်။ သင်၏ လက်တွေ့ကျသော အတွေ့အကြုံတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သို့ စားသောက်ရမည်ကို သင် ပထမဦးစွာ သိရမည်။ သင် ဝင်ရောက်သင့်သည့်အရာနှင့် သင်၏ အားနည်းချက်များကို ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်းတွင် ရှာတွေ့ရမည်၊ သင်၏ လက်တွေ့ကျသော အတွေ့အကြုံထဲ ဝင်ရောက်ခြင်းကို သင် အားထုတ်သင့်ပြီး၊ လက်တွေ့လုပ်ဆောင်သင့်သည့် ဘုရား နှုတ်ကပတ်တော်များ၏ တစ်စိတ်တစ်ပိုင်းကို ယူကာ လက်တွေ့လုပ်ဆောင်ရန် ကြိုးစားသင့်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းသည် ရှုထောင့်တစ်ခု ဖြစ်၏။ ထို့အပြင် အသင်းတော် အသက်တာကို ထိန်းသိမ်းထားရမည်၊ သင်သည် ပုံမှန်ဝိညာဉ်ရေးရာ အသက်တာတစ်ခုရှိရမည်ဖြစ်ပြီး၊ သင်၏ လက်ရှိအခြေအနေ အားလုံးကို ဘုရားသခင်ထံ လွှဲပြောင်းပေးအပ်နိုင်ရမည်။ သူ၏ အမှု မည်သို့ပြောင်းလဲသည်ဖြစ်စေ၊ သင်၏ဝိညာဉ်ရေးရာအသက်တာ ပုံမှန် ဖြစ်မြဲဖြစ်သင့်၏။ ဝိညာဉ်ရေးရာအသက်တာတစ်ခုသည် သင်၏ ပုံမှန် ဝင်ရောက်ခြင်းကို ထိန်းသိမ်းနိုင်၏။ ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ သင်၏ ဝိညာဉ်ရေးရာအသက်တာကို အနှောင့်အယှက် မဖြစ်စေဘဲ သင် ဆက်လက်လုပ်ဆောင်သင့်ပြီး သင်၏တာဝန်ကို ဖြည့်ဆည်းသင့်သည်။ ဤသည်မှာ လူတို့ လုပ်ဆောင်သင့်သည့်အရာ ဖြစ်သည်။ ယင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်သာ ဖြစ်သော်လည်း၊ ပုံမှန်အခြေအနေတစ်ခု ရှိသူများအတွက်မူ ဤသည်မှာ စုံလင်ခြင်း ဖြစ်သည်၊ ပုံမှန်မဟုတ်သည့် အခြေအနေတစ်ခု ရှိသူများအတွက် ယင်းသည် စမ်းသပ်မှုတစ်ခု ဖြစ်ပေသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ စစ်ဆေးခြင်းအမှု၏ လက်ရှိအဆင့်တွင်၊ ဘုရားသခင်၏အမှုတော်သည် အလွန်ကြီးမြတ်ပြီး၊ လူတို့သည် စစ်ဆေးခြင်းကို လုံးဝ လိုအပ်သည်၊ သို့မဟုတ်ပါက ၎င်းတို့၏

ဝိညာဉ်ရေးရာရင့်ကျက်မှုမှာ အလွန်သေးငယ်ပြီး ဘုရားသခင်၏အလိုတော်ကို ရရှိမည့်နည်းလမ်း ရှိကြလိမ့်မည်မဟုတ်ဟု အချို့က ဆိုကြသည်။ သို့ရာတွင် အခြေအနေ မကောင်းသူများအတွက် ယင်းသည် ဘုရားသခင်ကို လိုက်စားရှာဖွေခြင်း မပြုရန် နှင့် တွေ့ဆုံပွဲများကို မတက်ရောက်ရန် သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းမပြုရန် အကြောင်းရင်းတစ်ခု ဖြစ်လာလေသည်။ ဘုရားသခင်၏အမှုတွင်၊ မည်သည့်အရာ သူလုပ်ဆောင်သည်ဖြစ်စေ သို့မဟုတ် မည်သည့် အပြောင်းအလဲများကို သူ သက်ရောက်စေသည်ဖြစ်စေ၊ လူတို့သည် ပုံမှန်ဝိညာဉ်ရေးရာအသက်တာ၏ အခြေခံကို ထိန်းသိမ်းရမည်ဖြစ်သည်။ သင်သည် သင်၏ဝိညာဉ်ရေးရာအသက်တာနှင့်ဆိုင်သည့် ဤလက်ရှိအဆင့်တွင် လျော့ရဲကောင်း လျော့ရဲခဲ့လိမ့်မည် မဟုတ်သော်လည်း၊ သင်သည် များစွာရယူနိုင်ခြင်း မရှိသေးသကဲ့သို့၊ ကြီးစွာသော အကျိုးကို မရိတ်သိမ်း ရသေးပေ။ ဤအခြေအနေမျိုးများအောက်တွင် သင်သည် စည်းမျဉ်းများကို လိုက်နာဆဲ ဖြစ်ရမည်။ သင်သည် သင်၏ အသက်တွင် ဆုံးရှုံးမှုများ မခံစားဖို့အလို့ငှာနှင့် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းဖို့အလို့ငှာ ဤစည်းမျဉ်းများကို ထိန်းသိမ်းရမည်။ သင်၏ဝိညာဉ်ရေးရာ အသက်တာသည် ပုံမှန်မဟုတ်ပါက၊ ဘုရားသခင်၏ လက်ရှိအမှုတော်ကို သင်နားမလည်နိုင် သကဲ့သို့၊ ထိုအစား ယင်းသည် သင့်ကိုယ်ပိုင်အယူအဆများနှင့် သဟဇာတ လုံးဝမဖြစ်ဟု သင်အမြဲတမ်းခံစားရကာ၊ သင်သည် သူ၏နောက်သို့လိုက်ရန် ဆန္ဒရှိသော်လည်း အတွင်းပိုင်း တက်ကြွမှု ကင်းမဲ့လေသည်။ ထို့ကြောင့်၊ လက်ရှိတွင် ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်နေသည်ဖြစ်စေ၊ လူတို့သည် ပူပေါင်းဆောင်ရွက်သင့်သည်။ အကယ်၍ လူတို့ ပူးပေါင်းဆောင်ရွက်ခြင်း မရှိပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏အမှုကို မပြုနိုင်ပေ၊ ပြီးလျှင် လူတို့သည် ပူးပေါင်းလုပ်ဆောင်လိုသော စိတ်နှလုံးမရှိပါက သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ၎င်းတို့ အနည်းငယ်သာ ရနိုင်ပေသည်။ သင်၏အတွင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ရှိလိုပါက၊ ပြီးလျှင် ဘုရားသခင်၏ လက်ခံမှုကို ရယူလိုပါက၊ သင်သည် ဘုရားသခင်၏ မျက်မှောက်၌ သင်၏ မူလဝတ်ပြုဆက်ကပ်ခြင်းကို ထိန်းသိမ်းရမည်။ ယခုတွင် သင့်အတွက် သာ၍ နက်ရှိုင်းသော သိနားလည်မှု၊ သာ၍မြင့်မားသော သဘောတရားတစ်ခု သို့မဟုတ် အခြားထိုသို့သောအရာများ ရှိရန်မလိုအပ်ပေ- လိုအပ်သည်မှာ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မူလ အခြေခံအုတ်မြစ်ပေါ်တွင် ထိန်းသိမ်းထားရန်သာ ဖြစ်သည်။ လူတို့သည် ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်မှု မရှိသကဲ့သို့ သာ၍နက်ရှိုင်းသော ဝင်ရောက်မှုကို အားထုတ်ခြင်း မရှိပါက၊ ဘုရားသခင်သည် နဂိုမူလက သူတို့ ပိုင်ဆိုင်ခဲ့သည့် အရာများအားလုံးကို

ယူဆောင်သွားမည်ဖြစ်သည်။ အတွင်းတွင်၊ လူတို့သည် သက်သောင့်သက်သာရှိမှုအတွက် အမြဲအလိုကြီးကြပြီး၊ ရနှင့်ပြီးသောအရာကို ပို၍ မွေ့လျော်လိုကြသည်။ ၎င်းတို့သည် ဘုရားသခင်၏ကတိတော်များကို မည်သည့် အဖိုးအခမျှ လုံးဝမပေးဘဲ ရလိုကြသည်။ ဤသည်တို့မှာ လူသားမျိုးနွယ်က စဉ်းစားသည့် လွန်ကဲသော အတွေးများဖြစ်သည်။ အဖိုးအခမပေးဘဲ အသက်ကိုယ်တိုင်ကို ရယူခြင်း- သို့သော် ဤမျှ လွယ်ကူသည့်အရာ ရှိဖူးသလော။ တစ်စုံတစ်ယောက်သည် ဘုရားသခင်ကို ယုံကြည်ကာ အသက်အတွင်းသို့ ဝင်ရောက်ရန် ကြိုးစားပြီး ၎င်းတို့၏ စိတ်သဘောထား၌ ပြောင်းလဲမှုတစ်ခုကို ရှာဖွေချိန်တွင်၊ ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ၎င်းတို့အနေဖြင့် အဖိုးအခတစ်ခု ပေးပြီး သူ့နောက်သို့ အမြဲလိုက်မည့် အခြေအနေတစ်ခုကို ရရှိရမည်ဖြစ်သည်။ ဤသည်ကား လူတို့ လုပ်ဆောင်ရမည့်အရာတစ်ခု ဖြစ်သည်။ သင်သည် ဤအရာအားလုံးကို စည်းမျဉ်းတစ်ခုကဲ့သို့ လိုက်လျှောက်လျှင်ပင်၊ ထိုစည်းမျဉ်းကို သင် အမြဲ ထိန်းသိမ်းရမည်ဖြစ်ပြီး၊ စမ်းသပ်မှုများ မည်မျှကြီးမားသည်ဖြစ်စေ၊ ဘုရားသခင်နှင့်သင်၏ပုံမှန်ဆက်ဆံရေးကို လက်လွှတ်၍ မဖြစ်နိုင်ပေ။ သင် ဆုတောင်းနိုင်သင့်သည်၊ သင်၏ အသင်းတော် အသက်တာကို ထိန်းသိမ်းနိုင်သင့်ပြီး၊ ညီအစ်ကိုမောင်နှမများကို ဘယ်သောအခါမျှ မစွန့်ခွာဘဲ နေနိုင်သင့်ပေသည်။ ဘုရားသခင် သင့်ကို စမ်းသပ်သည့်အခါ၊ သမ္မာတရားကို သင် ရှာဖွေဆဲ ဖြစ်သင့်သည်။ ဤအရာသည် ဝိညာဉ်ရေးရာ အသက်တာအတွက် အနိမ့်ဆုံး သတ်မှတ်ချက်ဖြစ်သည်။ ရှာဖွေရန် စိတ်ဆန္ဒအမြဲရှိခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ရန် အမြဲကြိုးပမ်းခြင်း၊ သင်၏ အားအင်အားလုံးကို အသုံးချခြင်း- ဤအရာကို လုပ်ဆောင်နိုင်သလော။ လူတို့သည် ဤအရာကို အခြေခံအုတ်မြစ်အဖြစ် ခံယူပါက၊ ၎င်းတို့သည် ချင့်ချိန်နိုင်စွမ်းနှင့် စစ်မှန်မှုထဲသို့ ဝင်ရောက်ခြင်းကို ရရှိနိုင်ကြလိမ့်မည်။ သင်၏ ကိုယ်ပိုင်အခြေအနေ ပုံမှန်ဖြစ်သည့်အချိန်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံရန် လွယ်ကူ၏။ ဤအခြေအနေများတွင်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဖို့ ခက်ခဲသည်ဟု မခံစားရဘဲ၊ ဘုရားသခင်၏အမှုသည် ကြီးမြတ်သည်ဟု သင်ခံစားရသည်။ သို့ရာတွင် သင်၏ အခြေအနေ ဆိုးရွားပါက၊ ဘုရားသခင်၏အမှု မည်မျှ ကြီးမြတ်သည်ဖြစ်စေ၊ ပြီးလျှင် တစ်စုံတစ်ဦးက မည်မျှလှပစွာ စကားပြောဆိုသည်ဖြစ်စေ၊ သင် အာရုံစိုက်မိလိမ့်မည် မဟုတ်ပေ။ လူတစ်ယောက်၏ အခြေအနေ ပုံမှန်မဟုတ်သည့်အခါ၊ ဘုရားသခင်သည် ၎င်းတို့ထဲတွင် အမှုမပြုနိုင်သကဲ့သို့၊ ၎င်းတို့သည် ၎င်းတို့၏ စိတ်သဘောထားတွင် ပြောင်းလဲမှုများ ရရှိနိုင်လိမ့်မည် မဟုတ်ပေ။

လူတို့သည် မိမိကိုယ်ကိုယ် မည်သည့်ယုံကြည်စိတ်ချမှုမျှ မရှိပါက၊ ဤလမ်းကြောင်းအတိုင်း

ဆက်သွားရန် ၎င်းတို့အတွက် မလွယ်ကူပေ။ ဘုရားသခင်၏အမှုသည် လူတို့၏အယူအဆများနှင့် စိုးစဉ်းမျှ မကိုက်ညီသည်ကို ယခု အယောက်တိုင်း တွေ့နိုင်၏။ ဘုရားသခင်သည် လူ့အယူအဆများနှင့် လုံးဝ မကိုက်ညီသည့် များလှစွာသော အမှုများကို လုပ်ဆောင်ပြီးဖြစ်သကဲ့သို့ များလှစွာသော နှုတ်ကပတ်တော်များကိုလည်း ပြောဆိုပြီးဖြစ်သည်။ ထို့ကြောင့်၊ လူတို့အနေဖြင့် ၎င်းတို့ မြင်နှင့်ပြီးဖြစ်သည့်အရာနှင့် ၎င်းတို့၏ အတွေ့အကြုံများမှ ၎င်းတို့ ရရှိပြီးဖြစ်သည့်အရာတို့ဖြင့် ရပ်တည်နိုင်ဖို့ရန် ယုံကြည်စိတ်ချမှုနှင့် စိတ်စွမ်းအားတို့ ရှိရမည်ဖြစ်သည်။ ဘုရားသခင်သည် လူတို့တွင် မည်သည့်အရာကို လုပ်ဆောင်သည် ဖြစ်စေ၊ ၎င်းတို့ကိုယ်တိုင် ပိုင်ဆိုင်သည့်အရာကို ၎င်းတို့ ထိန်းသိမ်းရမည်၊ ဘုရားသခင်ရှေ့မှောက်တွင် ရိုးသားစစ်မှန်ရမည်ဖြစ်ပြီး၊ တကယ့်အဆုံးတိုင်အောင် သူ့ကို အစဉ်ချစ်ခင်၍ သစ္စာရှိမြဲ ရှိရမည် ဖြစ်သည်။ ဤသည်မှာ လူသားမျိုးနွယ်၏တာဝန် ဖြစ်သည်။ လူတို့သည် မိမိတို့ လုပ်ဆောင်သင့်သည့်အရာကို ထိန်းသိမ်းရမည်ဖြစ်သည်။ ဘုရားသခင်ကို ယုံကြည်မှုသည် သူ့ကိုနာခံခြင်းနှင့် သူ၏အမှုကို တွေ့ကြုံခံစားခြင်းတို့ လိုအပ်၏။ ဘုရားသခင်သည် မြောက်မြားလှစွာသော အမှုတို့ကို လုပ်ဆောင်ပြီးဖြစ်သည်- လူတို့အတွက် ယင်းသည် အလုံးစုံ စုံလင်စေခြင်း၊ စစ်ဆေးခြင်းနှင့် ထိုထက်ပို၍ ပြစ်တင်ဆုံးမခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ လူသား၏ အယူအဆများနှင့် ကိုက်ညီဖူးသည့် ဘုရားသခင်၏ အမှုနှင့်ဆိုင်သော အဆင့်တစ်ခုတလေမျှ မရှိသေးပေ။ လူတို့ ခံစားရပြီးသည့် အရာမှာ ဘုရားသခင်၏ပြင်းထန်သော နှုတ်ကပတ်တော်များ ဖြစ်သည်။ ဘုရားသခင် ကြွလာသည့်အခါ၊ လူတို့သည် သူ၏ဘုန်းအာနုဘော်နှင့် သူ၏အမျက်ကို ခံစားသင့်သည်။ သို့သော် သူ၏နှုတ်ကပတ်တော်များ မည်မျှပင်ပြင်းထန်စေကာမူ၊ သူသည် လူသားမျိုးနွယ်ကို ကယ်တင်ရန်နှင့် စုံလင်စေရန် ကြွလာခြင်းဖြစ်သည်။ ဖန်ဆင်းခံများအနေဖြင့်၊ လူတို့သည် မိမိတို့ဖြည့်ဆည်းသင့်သည့် တာဝန်များကို ဖြည့်ဆည်းပြီး၊ စစ်ဆေးခြင်း အလယ်တွင် ဘုရားသခင်အတွက် သက်သေရပ်တည်သင့်ပေသည်။ စမ်းသပ်မှုတိုင်းတွင် ၎င်းတို့သည် မိမိတို့ သက်သေခံသင့်သည့်အရာကို ထိန်းသိမ်းသင့်ပြီး၊ ဘုရားသခင်အတွက် ထူးကဲစွာ ထိုသို့ လုပ်ဆောင်သင့်ကြသည်။ ဤအရာကို လုပ်ဆောင်သောလူတစ်ဦးသည် အောင်မြင်သောသူတစ်ဦးဖြစ်သည်။ ဘုရားသခင်က သင့်ကို မည်မျှ စစ်ဆေးသည်ဖြစ်စေ၊ သင်သည် ယုံကြည်မှုအပြည့်ဖြင့် ရှိနေဆဲဖြစ်ကာ၊ ဘုရားသခင်၌ ယုံကြည်စိတ်ချမှုကို မည်သည့်အခါမျှ ဆုံးရှုံးမသွားပေ။ သင်သည် လူသား လုပ်ဆောင်သင့်သည့်အရာကို လုပ်ဆောင်သည်။ ဤသည်မှာ လူသားကို ဘုရားသခင် တောင်းဆိုသောအရာဖြစ်ပြီး၊ လူသား၏စိတ်နှလုံးသည် ဘုရားသခင်ထံသို့ အပြည့်အဝ ပြန်သွားနိုင်သင့်ကာ၊

ကုန်ဆုံးသွားသည့် အချိန်တိုင်းတွင် သူ့ထံသို့ လှည့်နိုင်သင့်ပေသည်။ ဤသည်မှာ အောင်မြင်သောသူတစ်ဦးဖြစ်သည်။ "အောင်မြင်သောသူများ" အဖြစ် ဘုရားသခင် ရည်ညွှန်းသောသူများမှာ စာတန်၏ လှွမ်းမိုးမှုအောက်နှင့် စာတန်၏ ဝိုင်းထားခြင်းခံရချိန်၊ ဆိုလိုသည်မှာ အမှောင်အင်အားများ အလယ်တွင် မိမိတို့ကိုယ်ကိုယ် တွေ့ရချိန်တွင် သက်သေရပ်တည်နိုင်ကြဆဲ ဖြစ်ပြီး ဘုရားသခင်၌ မိမိတို့၏ယုံကြည်စိတ်ချမှုနှင့် ကိုးကွယ် ဆက်ကပ်မှုတို့ကို ထိန်းသိမ်းနိုင်ကြဆဲ ဖြစ်သောသူများ ဖြစ်သည်။ သင်သည် မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏ ရှေ့မှောက်တွင် ဖြူစင်သော စိတ်နှလုံးကို ထိန်းသိမ်းနိုင်ဆဲဖြစ်ပြီး ဘုရားသခင်အတွက် သင်၏ ရိုးသားစစ်မှန်သော ချစ်ခြင်းမေတ္တာကို ထိန်းသိမ်းနိုင်ဆဲဖြစ်ပါက၊ သင်သည် ဘုရားသခင်၏ ရှေ့တွင် သက်သေရပ်တည်နေခြင်း ဖြစ်ပြီး ဤသည်မှာ ဘုရားသခင်က "အောင်မြင်သောသူ" တစ်ဦး ဖြစ်ခြင်းအဖြစ် ရည်ညွှန်းသော အရာဖြစ်သည်။ သင့်ကို ဘုရားသခင် ကောင်းချီးပေးသည့်အချိန်တွင် သင်၏ လိုက်စားရှာဖွေမှုသည် ထူးကဲသာလွန်သော်လည်း၊ သင်သည် သူ၏ ကောင်းချီးမင်္ဂလာများမရှိဘဲ နောက်ဆုတ်လိုက်ပါက၊ ဤသည်မှာ သန့်ရှင်းစင်ကြယ်မှုဖြစ်သလော။ ဤလမ်း မှန်ကန်သည်ဟု သင်သေချာသည့်အတွက်၊ အဆုံးထိတိုင် သင် လိုက်လျှောက်ရမည်။ ဘုရားသခင်ထံ သင်၏ကိုးကွယ်ဆည်းကပ်ခြင်းကို သင် ထိန်းသိမ်းရမည်။ သင့်ကို စုံလင်စေဖို့ ဘုရားသခင် ကိုယ်တော်တိုင် ကမ္ဘာမြေပေါ်သို့ ကြွလာပြီးဖြစ်သည်ကို သင် မြင်ရပြီးဖြစ်သည့်အတွက်၊ သင်၏ စိတ်နှလုံးကို သူ့အား လုံးလုံးလျားလျား ပေးအပ်သင့်ပေသည်။ သူမည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ တကယ့်အဆုံးတွင် သင့်အတွက် မလိုလားအပ်သော ရလဒ်ကို သူဆုံးဖြတ်ပေးလျှင်ပင်၊ သင်သည် သူ့နောက်လိုက်နိုင်ဆဲဖြစ်ပါက၊ ဤသည်မှာ ဘုရားသခင်ရှေ့တွင် သင်၏ သန့်ရှင်းစင်ကြယ်မှုကို ထိန်းသိမ်းခြင်း ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်ခန္ဓာနှင့် အပျိုစင်ကို ဘုရားသခင်ထံ ဆက်ကပ်ခြင်းသည် ဘုရားသခင်ရှေ့တွင် ရိုးသားစစ်မှန်သော စိတ်နှလုံးကို ထိန်းသိမ်းခြင်းဟု ဆိုလိုသည်။ လူသားမျိုးနွယ်အတွက်၊ ရိုးသားစစ်မှန်ခြင်းသည် သန့်စင်ဖြူစင်ခြင်းဖြစ်ပြီး၊ ဘုရားသခင်အပေါ် စစ်မှန်ရိုးသားနိုင်စွမ်းသည် သန့်စင်ဖြူစင်ခြင်းကို ထိန်းသိမ်းခြင်း ဖြစ်သည်။ ဤသည်မှာ သင်လက်တွေ့လုပ်ဆောင်သင့်သောအရာဖြစ်သည်။ ဆုတောင်း သင့်သည့်အခါ၊ သင်ဆုတောင်းသည်။ မိတ်သဟာယဖြင့် အတူတကွ စုရုံးသင့်သည့်အခါ၊ သင် ထိုသို့ပြုသည်။ ဓမ္မသီချင်းများကို ဆိုသင့်သည့်အခါ၊ သင် သီဆိုပြီး၊ ဇာတိပကတိကို စွန့်ပယ်သင့်သည့်အခါ၊ ဇာတိပကတိကို သင် စွန့်ပယ်သည်။ သင်၏တာဝန်ကို သင်ထမ်းဆောင်ချိန်တွင်၊ သင်သည် အိုးနင်းခွက်နင်းဖြင့် ပြီးမြောက်သွားခြင်းမရှိ။ စမ်းသပ်မှုများနှင့် သင် ရင်ဆိုင်ရသည့်အခါ၊

ခိုင်မာစွာ သင် ရပ်တည်သည်။ ဤသည်မှာ ဘုရားသခင်ထံ ဆည်းကပ်ခြင်းဖြစ်သည်။ လူတို့ပြုလုပ်သင့်သောအရာကို သင်မထိန်းသိမ်းပါက၊ သင်၏ ယခင် ဆင်းရဲဒုက္ခခံစားခြင်းနှင့် စိတ်ဆုံးဖြတ်ချက်တို့သည် အချည်းနှီးဖြစ်ခဲ့ပေလိမ့်မည်။

ဘုရားသခင်အမှု၏အဆင့်တိုင်းအတွက်၊ လူတို့ ပူးပေါင်း လုပ်ဆောင်သင့်သည့် နည်းလမ်းတစ်ခု ရှိ၏။ လူတို့အနေဖြင့် စစ်ဆေးမှုများကို ကြုံရသည်နှင့်အမျှ မိမိကိုယ်ကိုယ် ယုံကြည်စိတ်ချမှုရှိကြဖို့အလို့ငှာ ဘုရားသခင်သည် လူတို့ကို စစ်ဆေး၏။ လူတို့အနေဖြင့် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရဖို့ ယုံကြည်စိတ်ချမှု ရှိကြပြီး၊ သူ၏ စစ်ဆေးမှုများကို လက်ခံရန်နှင့် ဘုရားသခင်၏ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြုပြင်ခြင်းတို့ကို ခံရန် လိုလားလျက်ရှိကြဖို့အလို့ငှာ ဘုရားသခင်သည် လူတို့ကို စုံလင်စေသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်းတို့ကို ၎င်းတို့ထံ ယူဆောင်လာရန်နှင့် သူနှင့်အတူ ၎င်းတို့ကို ပူးပေါင်းဆောင်ရွက်စေကာ လက်တွေ့လုပ်ဆောင်စေဖို့အလို့ငှာ လူတို့အတွင်းတွင် အမှုပြုလေသည်။ ဘုရားသခင်သည် စစ်ဆေးခြင်း အတောအတွင်းတွင် စကားမပြောပေ။ သူသည် သူ၏အသံကို မိန့်မြွက်ခြင်း မပြုသော်လည်း၊ လူတို့လုပ်ဆောင်သင့်သည့် အလုပ်ရှိဆဲဖြစ်၏။ သင်၌ ရှိနှင့်ပြီးသောအရာကို သင် ထိန်းသိမ်းသင့်သည်၊ ဘုရားသခင်ထံ သင်ဆုတောင်းနိုင်ဆဲ ဖြစ်သင့်သည်၊ ဘုရားသခင်နှင့် ရင်းနှီးကာ ဘုရားသခင် ရှေ့မှောက်တွင် သက်သေရပ်တည်နိုင်ဆဲ ဖြစ်သင့်သည်။ ဤနည်းဖြင့် သင်သည် သင်ကိုယ်တိုင်၏တာဝန်ကို ဖြည့်ဆည်းလိမ့်မည် ဖြစ်သည်။ လူတို့၏ ယုံကြည်စိတ်ချမှုနှင့် ချစ်ခြင်းတို့နှင့်ဆိုင်သော ဘုရားသခင်၏ စမ်းသပ်မှုများမှာ ၎င်းတို့အနေဖြင့် ဘုရားသခင်ထံ သာ၍ ဆုတောင်းဖို့နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သူ၏ ရှေ့မှောက်တွင် သာ၍မကြာခဏ အရသာခံရန် လိုအပ်သည်ကို ဘုရားသခင်၏ အမှုတော်မှ သင်တို့အားလုံး ရှင်းလင်းစွာ မြင်တွေ့သင့်ကြပေသည်။ ဘုရားသခင်သည် သင့်ကို ဉာဏ်အလင်းပေးပြီး သူ၏ အလိုတော်ကို နားလည်စေသော်လည်း၊ သင်သည် ဤအရာတစ်ခုတလေကိုမျှ လက်တွေ့လုပ်ဆောင်ခြင်း မရှိပါက၊ သင်သည် မည်သည့်အရာမျှ ရရှိမည်မဟုတ်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် လက်တွေ့ လုပ်ဆောင်သည့်အခါ၊ သူ့ထံ သင် ဆုတောင်းနိုင်ဆဲဖြစ်သင့်ပြီး၊ သူ၏ နှုတ်ကပတ်တော်များကို သင် အရသာခံသည့်အခါ စိတ်ပျက်အားလျော့ခြင်း သို့မဟုတ် အေးစက်သွားသည့် ခံစားမှုအရိပ်အယောင် လုံးဝမရှိဘဲ၊ သူ့ရှေ့မှောက်သို့ သင်လာပြီး၊ ရှာဖွေသင့်ကာ သူ၌ ယုံကြည်စိတ်ချမှုအပြည့် ဖြစ်သင့်ပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်း မရှိသူများသည် ဝတ်ပြုစည်းဝေးပွဲများအတွင်းတွင် အားအင်အပြည့်

ဖြစ်ကြသော်လည်း၊ အိမ်ပြန်သွားကြသည့်အခါ အမှောင်ထဲသို့ ကျရောက်ကြလေသည်။ အတူတကွ မစုဝေးချင်ကြသော သူအချို့ပင် ရှိလေသည်။ ထို့ကြောင့် လူတို့ ဖြည့်ဆည်းသင့်သည်မှာ မည်သည့်တာဝန်ဖြစ်သည်ကို သင် ရှင်းလင်းစွာ တွေ့မြင်ရမည်။ ဘုရားသခင်၏အလိုတော်သည် မည်သည့်အရာ အမှန်တကယ် ဖြစ်သည်ကို မသိကောင်းမသိနိုင်သော်လည်း၊ သင်၏ တာဝန်ကို သင် ထမ်းဆောင်နိုင်သည်၊ သင်ဆုတောင်းသင့်သည့်အချိန်တွင် ဆုတောင်းနိုင်ပြီး၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်သင့်သည့် အချိန်တွင် လက်တွေ့လုပ်ဆောင်နိုင်ကာ၊ လူတို့ လုပ်သင့်သည့်အရာကို သင် လုပ်နိုင်ပေသည်။ သင်၏ မူလရုပ်ပါရုံကို သင်ထိန်းသိမ်းထားနိုင်သည်။ ဤနည်းဖြင့် သင်သည် ဘုရားသခင်၏အမှု နောက်တစ်ဆင့်ကို သာ၍ လက်ခံလာနိုင်လိမ့်မည်။ ဘုရားသခင်သည် ကွယ်ဝှက်သည့်နည်းလမ်းဖြင့် အမှုပြုသည့်အခါ၊ သင်သည် မရှာဖွေပါက ပြဿနာဖြစ်ပေသည်။ အစည်းအဝေးများအတွင်း ဘုရားသခင်စကားပြောကာ ဟောပြောသည့် အချိန်တွင်၊ သင်သည် စိတ်အားထက်သန်မှုဖြင့် နားထောင်သော်လည်း၊ သူစကားမပြောသည့်အခါ သင်သည် အားအင်မဲ့ကာ နောက်ဆုတ်လေသည်။ မည်သည့်လူစားမျိုးသည် ဤသို့ လုပ်ဆောင်သနည်း။ ဤသည်မှာ လူအုပ်သွားရာနောက် မည်သည့်နေရာမဆို လိုက်သည့်သူတစ်ဦးသာ ဖြစ်ပေသည်။ ၎င်းတို့သည် ရပ်တည်ချက်မရှိ၊ သက်သေခံချက် မရှိသကဲ့သို့၊ ရူပါရုံ မရှိကြချေ။ လူအများစုသည် ဤသို့ဖြစ်၏။ သင်သည် ဤနည်းအတိုင်း ဆက်သွားပါက၊ ကြီးမားသော စမ်းသပ်မှုကို သင် ကြုံရချိန်တစ်နေ့တွင် ပြစ်ဒဏ်ပေးခြင်းထဲသို့ သင်ကျရောက်လိမ့်မည်။ ရပ်တည်ချက်ရှိခြင်းသည် လူတို့ကို ဘုရားသခင်၏ စုံလင်စေခြင်း လုပ်ငန်းစဉ်တွင် အလွန်အရေးကြီး၏။ သင်သည် ဘုရားသခင်၏အမှု အဆင့်တစ်ဆင့်ကိုမျှ သံသယမရှိပါက၊ သင်သည် လူသား၏တာဝန်ကို ဖြည့်ဆည်းပါက၊ ဘုရားသခင် သင့်ကို လက်တွေ့လုပ်ဆောင်စေသော အရာကို သင် ရိုးသားစစ်မှန်စွာ ထိန်းသိမ်းပါက၊ ဆိုလိုသည်မှာ သင်သည် ဘုရားသခင်၏ တိုက်တွန်းအားပေးခြင်းများကို သတိရပြီး၊ ယနေ့တွင် မည်သည့်အရာကို ဘုရားသခင် လုပ်ဆောင်သည်ဖြစ်စေ သူ၏ တိုက်တွန်းအားပေးမှုများကို သင်မမေ့လျော့ခြင်း ဖြစ်သည်၊ သူ၏အမှုနှင့်ပတ်သက်၍ သင်သည် သံသယမရှိသကဲ့သို့၊ သင်၏ရပ်တည်မှုကို ထိန်းသိမ်းပြီး၊ သင်၏ သက်သေခံချက်ကို ထိန်းသိမ်းကာ၊ လမ်းခရီး၏ အဆင့်တိုင်းတွင် အောင်မြင်မှုရရှိပါက၊ နောက်ဆုံးတွင် သင်သည် ဘုရားသခင်၏ စုံလင်စေခြင်း ခံရမည်ဖြစ်ပြီး အောင်မြင်သောသူတစ်ဦးအဖြစ် ဖန်တီးခြင်းခံရမည် ဖြစ်သည်။ သင်သည် ဘုရားသခင်၏စမ်းသပ်ခြင်း အဆင့်တိုင်းတွင် ခိုင်မြဲစွာ ရပ်တည်နိုင်ပြီး၊ တကယ့်အဆုံးတွင်

ခိုင်မြဲစွာ ရပ်တည်နိုင်ဆဲဖြစ်ပါက၊ သင်သည် အောင်မြင်သောသူ တစ်ဦးဖြစ်ကာ၊ ဘုရားသခင်၏ စုံလင်စေခြင်း ခံရသောသူတစ်ဦး ဖြစ်ပေသည်။ သင်သည် သင်၏ လက်ရှိစမ်းသပ်မှုများတွင် ခိုင်မြဲစွာ မရပ်တည်နိုင်ပါက အနာဂတ်တွင် သာ၍ပင် ခက်ခဲလာလိမ့်မည် ဖြစ်သည်။ အကယ်၍ သင်သည် မဖြစ်စလောက် ဒုက္ခဆင်းရဲပမာဏကိုသာ တွေ့ကြုံပြီး သမ္မာတရားကို အားထုတ်ခြင်း မရှိပါက၊ သင်သည် နောက်ဆုံးတွင် မည်သည့်အရာကိုမျှ ရရှိမည်မဟုတ်ပေ။ သင်သည် လက်ချည်းသက်သက်ဖြင့် ကျန်ရစ်လိမ့်မည်။ ဘုရားသခင် စကားပြောခြင်း မရှိသည်ကို မြင်သည့်အခါ မိမိတို့၏ အားထုတ်မှုကို လက်လျှော့လိုက်ကြပြီး၊ ၎င်းတို့၏ စိတ်နှလုံး ဖရိုဖရဲဖြစ်သော လူအချို့ရှိ၏။ ထိုသို့သောလူတစ်ဦးသည် မိုက်မဲသောသူတစ်ဦး မဟုတ်လော။ ဤသို့သော သူမျိုးများတွင် စစ်မှန်မှုမရှိပေ။ ဘုရားသခင် စကားပြောနေချိန်တွင် ၎င်းတို့သည် အမြဲအလုပ်ရှုပ်နေကြသည်၊ အလုပ်များသည့်ပုံပေါ် ပြီး အပြင်ပန်းတွင် စိတ်တက်ကြွမှု ရှိပုံရသော်လည်း၊ ယခု သူစကားပြောဆိုခြင်း မရှိသည့်အခါတွင်၊ ၎င်းတို့သည် ရှာဖွေခြင်းကို ရပ်လိုက်ကြလေသည်။ ဤလူစားမျိုး၌ အောင်မြင်ရန် အလားအလာမရှိပေ။ စစ်ဆေးမှုများ အတွင်းတွင်၊ သင်သည် အပြုသဘောဆောင်သော ရှုထောင့်တစ်ခုမှ ဝင်ရောက်ရမည်ဖြစ်ပြီး၊ သင်ယူသင့်သော သင်ခန်းစာများကို သင်ယူရမည်။ ဘုရားသခင်ထံ သင်ဆုတောင်းပြီး သူ၏နှုတ်ကပတ်တော်များကို ဖတ်ရှုသည့်အခါ၊ ထိုနှုတ်ကပတ်တော်များနှင့် ယှဉ်၍ သင်ကိုယ်တိုင်၏ အခြေအနေကို တိုင်းတာသင့်သည်၊ သင်၏အားနည်းချက်များကို ရှာဖွေတွေ့ရှိသင့်ပြီး၊ သင်ယူစရာ သင်ခန်းစာများစွာ သင့်၌ ရှိသေးသည်ကို ရှာတွေ့သင့်ပေသည်။ စစ်ဆေးမှုများကို သင် ကြုံရသည်နှင့်အမျှ ရိုးသားစစ်မှန်စွာ သင် ကြိုးစားလေလေ၊ သင့်ကိုယ်သင် ပြည့်စုံမှုမရှိသည်ကို ရှာတွေ့လေလေ ဖြစ်လိမ့်မည်။ စစ်ဆေးခြင်းများကို သင်တွေ့ကြုံနေရချိန်တွင် သင်ကြုံရသည့် ပြဿနာများစွာ ရှိ၏။ ၎င်းတို့ကို သင် ရှင်းလင်းစွာ မမြင်နိုင်ပေ၊ သင် ညည်းညူသည်၊ သင်ကိုယ်တိုင်၏ ဇာတိပကတိကို သင်ထုတ်ဖော်ပြသည်- ဤနည်းဖြင့်သာ သင်၏အတွင်းတွင် များပြားလွန်းသော ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားများ ရှိသည်ကို သင် ရှာတွေ့နိုင်ပေသည်။

လူတို့သည် အရည်အချင်း ကင်းမဲ့ကြပြီး၊ ဘုရားသခင်၏ စံများကို လွန်စွာ လိုက်မမီနိုင်ပေ၊ ၎င်းတို့အနေဖြင့် အနာဂတ်တွင် ဤလမ်းကြောင်းကို လျှောက်လှမ်းရန် ယုံကြည်စိတ်ချမှု သာ၍ပင် လိုအပ်ကောင်း လိုအပ်နိုင်သည်။ နောက်ဆုံးသောကာလတွင် ဘုရားသခင်၏ အမှုသည် အလွန်ကြီးမားလှသော ယုံကြည်စိတ်ချမှု၊ ယောဘ၏ ယုံကြည်စိတ်ချမှုထက်ပင်

သာ၍ကြီးမားသော ယုံကြည်စိတ်ချမှု လိုအပ်ပေသည်။ ယုံကြည်စိတ်ချမှုမရှိဘဲနှင့်၊ လူတို့သည် အတွေ့အကြုံ ဆက်လက်ရရှိနိုင်လိမ့်မည် မဟုတ်သကဲ့သို့ ဘုရားသခင်၏ စုံလင်စေခြင်းကိုလည်း ခံရနိုင်မည် မဟုတ်ပေ။ ကြီးမားသော စမ်းသပ်မှုများနှင့်ဆိုင်သည့် နေ့ရက်များ ရောက်လာချိန်တွင်၊ အသင်းတော်ကို စွန့်ခွာသော လူများ- ဟိုနေရာအချို့ သည်နေရာအချို့ ရှိလိမ့်မည်။ ယခင်နေ့ရက်များတွင် မိမိတို့၏ လိုက်စားရှာဖွေမှုများ၌ အတော်အတန် ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ကြသော သူအချို့ ရှိလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့ မယုံကြည်ကြတော့သည့် အကြောင်းရင်းမှာ မရှင်းမလင်း ဖြစ်လိမ့်မည်။ သင် နားမလည်သည့်အရာများစွာ ဖြစ်ပျက်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် မည်သည့်နိမိတ်လက္ခဏာများ သို့မဟုတ် အံ့ဖွယ်ရာများကိုမျှ ထုတ်ဖော်ပြလိမ့်မည် မဟုတ်သကဲ့သို့၊ သဘာဝလွန်သည့် မည်သည့်အရာကိုမျှ လုပ်ဆောင်လိမ့်မည် မဟုတ်ပေ။ ဤသည်မှာ သင့်အနေဖြင့် ခိုင်မြဲစွာ ရပ်တည်နိုင်ခြင်း ရှိမရှိဆိုသည်ကို ကြည့်ရန်ဖြစ်သည်- ဘုရားသခင်သည် လူတို့ကို စစ်ဆေးဖို့ အမှန်တရားများကို အသုံးပြု၏။ သင်သည် များစွာ ဆင်းရဲဒုက္ခမခံရသေးပေ။ အနာဂတ်တွင် ကြီးမားသော စမ်းသပ်မှုများ ရောက်လာသည့်အခါ၊ အချို့သောနေရာများ၌ အသင်းတော်ကို လူတစ်ဦးစီတိုင်းက စွန့်ခွာလိမ့်မည်ဖြစ်ပြီး၊ သင်နှင့် ကောင်းမွန်သော ဆက်ဆံရေးရှိခဲ့ကြသူများသည် ၎င်းတို့၏ယုံကြည်ခြင်းကို ချန်ရစ်ကာ စွန့်လွှတ်ကြလိမ့်မည်။ သင်သည် ထိုအခါ ခိုင်မြဲစွာ ရပ်တည်နိုင်မည်လော။ ယခုအချိန်အထိ၊ သင် ရင်ဆိုင်ပြီးဖြစ်သည့် စမ်းသပ်မှုများသည် အသေးအဖွဲဖြစ်ပြီး၊ ၎င်းတို့ကို သင့်အနေဖြင့် သည်းခံနိုင်ရုံမျှ ဖြစ်ခဲ့သည်မှာ သေချာသလောက်ဖြစ်သည်။ ဤအဆင့်တွင် နှုတ်ကပတ်တော်များ မှတစ်ဆင့်သာ စစ်ဆေးခြင်းနှင့် စုံလင်စေခြင်းတို့ ပါဝင်သည်။ နောက်တစ်ဆင့်တွင် သင့်ကို စစ်ဆေးဖို့ အမှန်တရားများ သင့်အပေါ် ရောက်လာလိမ့်မည်ဖြစ်ပြီး၊ ထိုအခါ သင်သည် ကြီးမားသော ဘေးအန္တရာယ်ကြားတွင် ရှိလိမ့်မည် ဖြစ်သည်။ ထိုအရာ အလွန် ဆိုးရွားလွန်းလာသည်နှင့် တစ်ပြိုင်နက်၊ ဘုရားသခင်က သင့်ကို မြန်မြန်လုပ်ကာ ထွက်ခွာရန် အကြံပေးလိမ့်မည်ဖြစ်ပြီး၊ ဘာသာရေး သမားများသည် သင့်ကို ၎င်းတို့နှင့်အတူ သွားစေဖို့ သွေးဆောင်ရန် ကြိုးစားကြလိမ့်မည်။ ဤသည်မှာ သင့်အနေဖြင့် လမ်းကြောင်းပေါ်တွင် ဆက်လက်သွားနိုင်ခြင်း ရှိမရှိဆိုသည်ကို ကြည့်ရန် ဖြစ်ပြီး၊ ဤအရာ အားလုံးသည် စမ်းသပ်ခြင်းများ ဖြစ်သည်။ လက်ရှိစမ်းသပ်မှုများသည် အသေးအဖွဲဖြစ်သော်လည်း၊ မိဘများက မယုံကြည်တော့သည့် အိမ်အချို့နှင့် သားသမီးများက မယုံကြည်ကြတော့သည့် အိမ်အချို့ ရှိမည့်နေ့ ရောက်လာလိမ့်မည်။ သင်သည် ဆက်လက် လုပ်ဆောင်နိုင်မည်လော။ သင်သည် ရှေ့သို့ ဝေးဝေးသွားလေလေ၊ သင်၏ စမ်းသပ်မှုများသည်

ကြီးမားလာလေလေ ဖြစ်လိမ့်မည်။ ဘုရားသခင်သည် လူတို့၏ လိုအပ်ချက်များနှင့် ၎င်းတို့၏ ဝိညာဉ်ရင့်ကျက်မှုများနှင့်အညီ ၎င်းတို့ကို စစ်ဆေးခြင်းအမှု ဆောင်ရွက်လေသည်။ လူသားမျိုးနွယ်ကို ဘုရားသခင် စုံလင်စေခြင်း အဆင့်အတွင်းတွင်၊ လူအရေအတွက် ဆက်လက်တိုးပွားဖို့မှာ မဖြစ်နိုင်ပေ- နည်းသာနည်းသွားလိမ့်မည်။ လူတို့ စုံလင်ခြင်းခံရနိုင်သည်မှာ ဤစမ်းသပ်မှုများမှတစ်ဆင့်သာ ဖြစ်သည်။ ကိုင်တွယ်ဖြေရှင်းခံရခြင်း၊ ပဲ့ပြင်ဆုံးမခံရခြင်း၊ စစ်ဆေးခံရခြင်း၊ ပြစ်တင်ဆုံးမခံရခြင်း၊ ကျိန်ခြင်းခံရခြင်း- ဤအရာအားလုံးကို သင် ကြံ့ကြံ့ခံနိုင်သလော။ ညီအစ်ကို မောင်နှမအားလုံးက ကြီးမားသော အားအင်ဖြင့် ကြိုးစားနေကြကာ အထူးကောင်းမွန်သော အခြေအနေရှိသည့် အသင်းတော်တစ်ခုကို သင် မြင်ရသည့်အခါ၊ သင် ကိုယ်တိုင် ခွန်အားရရှိသည်။ ၎င်းတို့အားလုံး စွန့်ခွာသွားသည့်တစ်နေ့၊ ၎င်းတို့ထဲမှ အချို့သောသူတို့ မယုံကြည်ကြတော့သည့်တစ်နေ့၊ အချို့တို့သည် စီးပွားရေးလုပ်ရန် သို့မဟုတ် အိမ်ထောင်ပြုရန် စွန့်ခွာသွားကြသည့်တစ်နေ့၊ ပြီးလျှင် အချို့သည် ဘာသာတရားသို့ ဝင်ရောက်ခဲ့သည့်တစ်နေ့ ရောက်လာသည့်အခါတွင်၊ သင့်အနေဖြင့် မြဲမြံစွာ ရပ်တည်နိုင်လိမ့်ဦးမည်လော။ စိတ်ထဲတွင် ထိခိုက်မှုမရှိဘဲ သင် ရှိမြဲရှိနိုင်မည်လော။ လူသားမျိုးနွယ်ကို ဘုရားသခင်၏ စုံလင်စေခြင်းသည် အင်မတန်ရိုးရှင်းသော အရာတစ်ခု မဟုတ်ပေ။ သူသည် လူတို့ကို စစ်ဆေးဖို့ အမှုအရာများစွာကို အသုံးပြု၏။ လူတို့သည် ဤအရာတို့ကို နည်းလမ်းများ အဖြစ် မြင်ကြသော်လည်း၊ ဘုရားသခင်၏ မူလရည်ရွယ်ချက်တွင် ၎င်းတို့သည် နည်းလမ်းများ လုံးဝမဟုတ်ဘဲ၊ အမှန်တရားများ ဖြစ်သည်။ နောက်ဆုံးတွင်၊ လူတို့ကို ဘုရားသခင်က အတိုင်းအတာတစ်ခုထိ စစ်ဆေးပြီးဖြစ်ကာ ၎င်းတို့အနေဖြင့် မည်သည့်ညည်းညူခြင်းမျှ မရှိတော့သည့်အခါ၊ သူ၏ ဤအမှုအဆင့်သည် ပြီးစီးလိမ့်မည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ကြီးမြတ်သောအမှုမှာ သင့်ကို စုံလင်စေရန်ဖြစ်ပြီး၊ သူသည် အမှုမပြုဘဲ မိမိကိုယ်ကိုယ် ဖုံးကွယ်သည့်အခါ၊ ယင်းသည် သင့်ကို စုံလင်စေဖို့ ရည်ရွယ်ချက် သာ၍ပင် ဖြစ်ကာ၊ အထူးသဖြင့် လူတို့သည် ဘုရားသခင် အတွက် ချစ်ခြင်းမေတ္တာ ရှိမရှိ၊ ၎င်းတို့အနေဖြင့် သူ့အထဲတွင် စစ်မှန်သော ယုံကြည်စိတ်ချမှု ရှိမရှိဆိုသည်ကို ဤနည်းလမ်းဖြင့် တွေ့မြင်နိုင်ပေသည်။ ဘုရားသခင်သည် ပြတ်ပြတ်သားသား စကားပြောဆိုချိန်တွင် သင့်အနေဖြင့် ရှာဖွေဖို့ မလိုအပ်ပေ။ သင် ရှာဖွေပြီး သတိဖြင့် ရှေ့ဆက်ဖို့လိုသည်မှာ သူ ဖုံးကွယ်သည့်အခါတွင်သာ ဖြစ်သည်။ သင့်အနေဖြင့် ဖန်ဆင်းခံတစ်ဦး၏ တာဝန်ကို ဖြည့်ဆည်းနိုင်သင့်ပြီး၊ သင်၏ အနာဂတ်ရလဒ်နှင့် သင်၏ ခရီးပန်းတိုင် မည်သည့်အရာ ဖြစ်စေကာမူ၊ သင် အသက်ရှင်နေသည့် နှစ်ကာလများအတွင်းတွင် အသိပညာနှင့်

ဘုရားသခင်ကို ချစ်ခြင်းအား လိုက်စားရှာဖွေနိုင်သင့်ပြီး၊ သင့်ကို ဘုရားသခင် မည်သို့ဆက်ဆံစေကာမူ၊ သင့်အနေဖြင့် ညည်းညူခြင်းကို ရှောင်ရှားနိုင်သင့်ပေသည်။ လူတို့အတွင်း၌ သန့်ရှင်းသောဝိညာဉ်တော် အမှုပြုဖို့ သတ်မှတ်ချက်တစ်ခု ရှိသည်။ ၎င်းတို့အနေဖြင့် ဆာငတ်ကာ ရှာဖွေရမည်ဖြစ်ပြီး ဘုရားသခင်၏ လုပ်ဆောင်ချက်များကို စိတ်မပါ့တပါနှင့် သံသယမဖြစ်ရ၊ ပြီးလျှင် ၎င်းတို့၏တာဝန်များကို တစ်ချိန်လုံး ထိန်းသိမ်းနိုင်ရမည် ဖြစ်သည်။ ဤနည်းအားဖြင့်သာ သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို ၎င်းတို့ ရရှိနိုင်ပေသည်။ ဘုရားသခင်၏အမှု အဆင့်အသီးသီးတွင် လူသားမျိုးနွယ်ကို တောင်းဆိုထားသောအရာမှာ အလွန်ကြီးမားသော ယုံကြည်စိတ်ချမှုနှင့် ဘုရားသခင်၏ရှေ့မှောက်သို့ ရှာဖွေဖို့လာခြင်း ဖြစ်သည်- အတွေ့အကြုံမှတစ်ဆင့်သာ ဘုရားသခင် မည်မျှနှစ်လိုဖွယ်ကောင်းသည် ဆိုသည်နှင့် လူတို့ထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သို့ အမှုပြုသည်တို့ကို လူတို့ ရှာတွေ့နိုင်ပေသည်။ သင်သည် တွေ့ကြုံခံစားရခြင်း မရှိပါက၊ ယင်းမှတစ်ဆင့် သတိဖြင့် ရှေ့မဆက်ပါက၊ သင်ရှာဖွေခြင်း မပြုပါက၊ မည်သည့်အရာကိုမျှ သင် ရရှိလိမ့်မည်မဟုတ်ပေ။ သင်၏ အတွေ့အကြုံများမှတစ်ဆင့် သတိဖြင့် ရှေ့ဆက်ရမည်ဖြစ်ပြီး၊ သင်၏ အတွေ့အကြုံများမှတစ်ဆင့်သာ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သင်တွေ့နိုင်ကာ၊ သူ၏ အံ့ဖွယ်ကောင်းခြင်းနှင့် ဉာဏ်မမီနိုင်သောနက်နဲမှုကို သတိပြုနိုင်ပေသည်။

## သင်သည် အသက်ရှင်ခြင်းသို့ ရောက်လာပြီးသူတစ်ဦးဖြစ်သလော

သင်တို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများကို သင်တို့ စွန့်ပစ်ပြီး သာမန်လူ့သဘာဝကို အသက်ရှင်နေထိုင်ခြင်းရှိသည့်အခါမှသာ စုံလင်စေခြင်းခံရလိမ့်မည်။ သင်သည် ပရောဖက်ပြုချက်ကို ပြောဆိုနိုင်မည် မဟုတ်သကဲ့သို့၊ မည်သည့်နက်နဲမှုကိုမျှ ပြောနိုင်မည် မဟုတ်သော်လည်း၊ သင်သည် လူသားတစ်ဦး၏ ပုံသဏ္ဌာန်ကို အသက်ရှင်နေထိုင်ပြီး ထုတ်ဖော်ပြနေလိမ့်မည်။ ဘုရားသခင်သည် လူကို ဖန်ဆင်းခဲ့သည်၊ သို့သော် ထို့နောက်တွင် လူသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရသည်မှာ လူတို့သည် "လူသေများ" ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့်၊ သင်ပြောင်းလဲ ပြီးသည့်နောက်တွင်၊ သင်သည် ဤ "လူသေများ" ကဲ့သို့ ဖြစ်လိမ့်မည် မဟုတ်တော့ပေ။ လူတို့၏ဝိညာဉ်များကို အသက်ပြန်ရှင်စေကာ ပြန်လည် မွေးဖွားစေသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြစ်ပြီး၊ လူတို့၏ ဝိညာဉ်များ ပြန်လည်မွေးဖွားသောအခါ ၎င်းတို့သည်

အသက်ရှင်ခြင်းတို့ ရောက်ကြပြီးဖြစ်လိမ့်မည်။ "လူသေ" နှင့်ပတ်သက်၍ ငါပြောဆိုသည့်အခါတွင်၊ ဝိညာဉ်မရှိသည့် အလောင်းကောင်များ၊ ၎င်းတို့အတွင်း၌ ၎င်းတို့၏ ဝိညာဉ်များ သေဆုံးပြီးသောလူများကို ငါရည်ညွှန်းနေခြင်းဖြစ်သည်။ လူတို့၏ဝိညာဉ်များကို အသက်ပြန်ရှင်သောအခါတွင်၊ သူတို့သည် အသက်ရှင်ခြင်းသို့ ရောက်လာကြသည်။ ယခင်ကဆိုခဲ့သော သန့်ရှင်းသူများမှာ အသက်ရှင်ခြင်းသို့ ရောက်ပြီးဖြစ်သောလူများ၊ စာတန်၏ စွမ်းအားအောက်တွင် ရှိခဲ့ကြသော်လည်း၊ စာတန်ကို အနိုင်ယူခဲ့သောသူများကို ရည်ညွှန်းပေသည်။ တရုတ်ပြည်၏ ရွေးချယ်ခံရသောလူများသည် အဆင်းနီသောနဂါးကြီး၏ ရက်စက်ကာ လူမဆန်သော ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် လိမ်လည်လှည့်စားမှုကို သည်းခံခဲ့ကြပြီး၊ ယင်းက ၎င်းတို့ကို စိတ်ပိုင်းဆိုင်ရာ ဖျက်စီးခဲ့ပြီး၊ အသက်ရှင်ရန် သတ္တိ စိုးစဉ်းမျှပင် မရှိဘဲဖြစ်စေခဲ့သည်။ ဤအကြောင်းကြောင့်၊ ၎င်းတို့၏စိတ်ဝိညာဉ်များ နိုးထခြင်းသည် ၎င်းတို့၏အနှစ်သာရမှ စတင်ရမည်- ၎င်းတို့၏ အနှစ်သာရထဲတွင် ၎င်းတို့၏ စိတ်ဝိညာဉ်များ နည်းနည်းချင်း နိုးထရမည် ဖြစ်သည်။ တစ်နေ့ ၎င်းတို့အသက်ဝင်လာသောအခါ၊ ပိတ်ဆို့မှုများ နောက်ထပ်ရှိတော့မည်မဟုတ်သကဲ့သို့၊ အားလုံး ချောမွေ့စွာ ရှေ့ဆက် လိမ့်မည်။ လက်ရှိအချိန်တွင်၊ ဤအရာသည် ဖြစ်နိုင်ခြေ မရှိသေးပေ။ လူအများစုသည် သုသာန်တစပြင်ပမာ အခြေအနေများစွာကို ပေါက်ဖွားစေသည့် နည်းလမ်းတစ်ခုဖြင့် အသက်ရှင်ကြသည်။ ၎င်းတို့သည် သေခြင်းတရား၏ရောင်ဝါလက္ခဏာထဲတွင် ပိတ်ဖုံးခံရပြီး၊ ၎င်းတို့ ချို့တဲ့သည့် အရာများစွာ ရှိလေသည်။ လူတစ်ချို့၏ စကားများက သေခြင်းတရားကို သယ်ဆောင်သည်၊ ၎င်းတို့၏ လုပ်ဆောင်မှုများက သေခြင်းတရားကို သယ်ဆောင်ပြီး၊ ၎င်းတို့ အသက်ရှင်သည့်ပုံစံဖြင့် ၎င်းတို့ ပေါက်ဖွားစေသည့် အရာတိုင်းနီးပါးမှာ သေခြင်းတရားဖြစ်သည်။ အကယ်၍ ယနေ့တွင် လူများသည် ဘုရားသခင်ကို လူသိရှင်ကြား သက်သေခံကြပါက၊ ၎င်းတို့သည် အပြည့်အဝ အသက်ရှင်ခြင်းသို့ မရောက်သေးသကဲ့သို့၊ သင်တို့ထဲတွင် လူသေမြောက်မြားစွာ ရှိသည့်အတွက်၊ ဤအလုပ်တွင် ၎င်းတို့ ကျရှုံးလိမ့်မည် ဖြစ်သည်။ ယနေ့တွင်၊ လူအချို့က ဘုရားသခင်သည် တစ်ပါးအမျိုးသားများ အလယ်တွင် သူ၏အမှုကို လျင်မြန်စွာ ဖြန့်နိုင်ဖို့အလို့ငှာ အဘယ်ကြောင့် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများ မပြသည်ကို မေးကြသည်။ လူသေတို့သည် ဘုရားသခင်ကို သက်သေမခံနိုင်ကြပေ။ ဤသည်မှာ အသက်ရှင်သူများသာ လုပ်ဆောင်နိုင်သည့်အရာတစ်ခု ဖြစ်ပြီး၊ သို့တိုင် ယနေ့ လူအများစုတို့သည် "လူသေများ" ဖြစ်ကြလေသည်။ များလှစွာသော သူတို့သည် သေခြင်းတရား၏ အရိပ်အောက်၊ စာတန်၏စွမ်းအားအောက်တွင် အသက်ရှင်ကြပြီး၊ အောင်မြင်မှုကို မရရှိနိုင်ကြပေ။ ထိုသို့ဖြစ်လျှင်၊ ၎င်းတို့သည်

ဘုရားသခင်ကို မည်သို့ သက်သေခံနိုင်ကြမည်နည်း။ ဧဝံဂေလိအလုပ်ကို ၎င်းတို့ မည်သို့ ဖြန့်နိုင်ကြမည်နည်း။

အမှောင်၏လွှမ်းမိုးမှုအောက်တွင် အသက်ရှင်သောသူအားလုံးသည် သေခြင်းတရား အလယ်တွင် အသက်ရှင်သောသူများ၊ စာတန်၏ ပိုင်ဆိုင်ခြင်း ခံရသောသူများ ဖြစ်သည်။ ဘုရားသခင်၏ ကယ်တင်ခြင်း မခံရဘဲ၊ ပြီးလျှင် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းမခံရဘဲ၊ လူများသည် သေခြင်းတရား၏စွမ်းအားကို မလွတ်မြောက်နိုင်ကြပေ။ ၎င်းတို့သည် အသက်ရှင်သူများ ဖြစ်မလာနိုင်ပေ။ ဤ "လူသေများ" သည် နိုင်ငံတော်ထဲသို့ ဝင်ရောက်ဖို့ မဆိုထားနှင့်၊ ဘုရားသခင်ကို သက်သေမခံနိုင်သကဲ့သို့၊ ဘုရားသခင်၏ အသုံးပြုခြင်းလည်း မခံနိုင်ပေ။ ဘုရားသခင်သည် လူသေတို့၏ သက်သေခံခြင်းမဟုတ်ဘဲ၊ အသက်ရှင်သူများ၏ သက်သေခံခြင်းကို အလိုရှိပြီး၊ သူ့အတွက် အလုပ်လုပ်ရန် လူသေတို့ကို မဟုတ်ဘဲ၊ အသက်ရှင်သူများကို စေခိုင်းပေသည်။ "လူသေတို့" သည် ဘုရားသခင်ကို ဆန့်ကျင်ကာ ပုန်ကန်သောသူများဖြစ်ကြသည်။ ၎င်းတို့သည် ဝိညာဉ်၌ ထုံထိုင်းသောသူများ ဖြစ်ကြပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားမလည်ကြပေ။ ၎င်းတို့သည် သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သောသူများ ဖြစ်ကြသကဲ့သို့၊ ဘုရားသခင်ကို သစ္စာစောင့်သိခြင်း စိုးစဉ်းမျှ မရှိသောသူများ ဖြစ်ကြကာ၊ ၎င်းတို့သည် စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်သော သူများ ဖြစ်ကြပြီး စာတန်၏အသုံးချခြင်းကို ခံကြရလေသည်။ လူသေများသည် သမ္မာတရားကို ဆန့်ကျင်ရာ၌ ရပ်တည်ခြင်းအားဖြင့်၊ ဘုရားသခင်ကို ဆန့်ကျင်ခြင်းအားဖြင့်၊ ပြီးလျှင် နိမ့်ကျခြင်း၊ စက်ဆုပ်ဖွယ်ဖြစ်ခြင်း၊ မလိုမုန်းထားခြင်း၊ ရိုင်းစိုင်းခြင်း၊ လှည့်ဖြားခြင်းနှင့် မသိမသာ အန္တရာယ်ပေးခြင်းအားဖြင့် မိမိတို့ကိုယ်ကိုယ် ထင်ရှားစေကြသည်။ ထိုသို့သော လူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ကြလျှင်ပင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အသက်ရှင်နေထိုင်နိုင်ခြင်း မရှိကြပေ။ ၎င်းတို့သည် အသက်ရှင်ကြသော်လည်း၊ လမ်းလျှောက်နေသည့် အသက်ရှူနေကြသော အလောင်းကောင်များ ဖြစ်ကြသည်။ လူသေတို့သည် ဘုရားသခင်ကို လုံးဝ နာခံခြင်းငှာ တတ်စွမ်းနိုင်ဖို့မပြောနှင့်၊ ဘုရားသခင်ကို ကျေနပ်စေခြင်းငှာ လုံးဝ မတတ်စွမ်းနိုင်ကြပေ။ ၎င်းတို့သည် သူ့ကို လှည့်ဖြားရုံသာ လှည့်ဖြားနိုင်သည်၊ သူ့ကို ပြစ်မှားစော်ကားနိုင်ပြီး သစ္စာဖောက်နိုင်ကာ၊ ၎င်းတို့အသက်ရှင်သည့်နည်းလမ်းဖြင့် ၎င်းတို့ ပေါက်ဖွား စေသည့်အရာအားလုံးသည် စာတန်၏သဘာဝကို ထုတ်ဖော်ပြလေသည်။ လူတို့သည် အသက်ရှင်သောသတ္တဝါများ ဖြစ်လာရန်နှင့် ဘုရားသခင်ကို သက်သေခံရန်၊ ပြီးလျှင် ဘုရားသခင်၏ လက်ခံခြင်းကို ရရှိရန်

ဆန္ဒရှိပါက၊ ဘုရားသခင်၏ ကယ်တင်ခြင်းကို ၎င်းတို့ လက်ခံရမည်။ သူ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို ဝမ်းမြောက်ဝမ်းသာ ကျိုးနွံနာခံ ရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ ပြုပြင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ဝမ်းမြောက်ဝမ်းသာ လက်ခံရမည်ဖြစ်သည်။ ထိုအခါမှသာ ၎င်းတို့သည် ဘုရားသခင်တောင်းဆိုသည့် သမ္မာတရားများအားလုံးကို လက်တွေ့လုပ်ဆောင်နိုင်ကြလိမ့်မည်ဖြစ်ပြီး၊ ထိုမှသာ ဘုရားသခင်၏ ကယ်တင်ခြင်းကို ၎င်းတို့ ရရှိမည်ဖြစ်ကာ အသက်ရှင်သောသတ္တဝါများ အမှန်တကယ် ဖြစ်လာကြလိမ့်မည်။ အသက်ရှင်သူများသည် ဘုရားသခင်၏ ကယ်တင်ခြင်း ခံရကြ၏။ ၎င်းတို့သည် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို ခံကြရပြီးဖြစ်သည်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်အတွက် ဆက်ကပ်ရန် လိုလားနေကြပြီး မိမိတို့၏ အသက်ကို စွန့်ရန် ပျော်ရွှင်ကြကာ၊ ဘုရားသခင်အတွက် မိမိတို့၏အသက်တာတစ်ခုလုံးကို ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်မြှုပ်နှံထားကြမည်ဖြစ်သည်။ အသက်ရှင် သူများသည် ဘုရားသခင်ကို သက်သေခံကြသောအခါမှသာလျှင် စာတန်သည် အရှက်ရနိုင်မည်။ အသက်ရှင်သူများကသာ ဘုရားသခင်၏ ဧဝံဂေလိအလုပ်ကို ဖြန့်ဝေနိုင်ကြသည်၊ အသက်ရှင်သူများသာ ဘုရားသခင်၏ စိတ်နှလုံးနှင့် ညီညွတ်ကြပြီး၊ အသက်ရှင်သူများသာ စစ်မှန်သောလူများ ဖြစ်ကြပေသည်။ မူလက ဘုရားသခင် ဖန်ဆင်းခဲ့သောလူမှာ အသက်ရှင်ခဲ့သည်၊ သို့သော် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကြောင့် လူသည် သေခြင်းတရား၏ အလယ်တွင် အသက်ရှင်ရပြီး၊ စာတန်၏ စွမ်းအားအောက်တွင် အသက်ရှင်ရသည်၊ ထို့ကြောင့် ဤနည်းဖြင့်၊ လူတို့သည် ဝိညာဉ်ကင်းမဲ့သော လူသေများ ဖြစ်လာကြပြီးဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင်ကို ဆန့်ကျင်သော ရန်သူများ ဖြစ်လာကြပြီးဖြစ်သည်၊ ၎င်းတို့သည် စာတန်၏ တန်ဆာပလာများ ဖြစ်လာကြပြီးဖြစ်ကာ၊ စာတန်၏အကျဉ်းသားများ ဖြစ်လာကြပြီးဖြစ်သည်။ ဘုရားသခင် ဖန်ဆင်းခဲ့သော အသက်ရှင်သည့် လူများအားလုံးသည် လူသေများဖြစ်လာကြပြီး၊ ထို့ကြောင့် ဘုရားသခင်သည် သူ၏ သက်သေခံချက်ကို ဆုံးရှုံးရပြီးဖြစ်ကာ၊ သူဖန်ဆင်းခဲ့ပြီး သူ၏ဇီဝအသက် ရှိထားသည့် တစ်ခုတည်းသော အရာဖြစ်သည့် လူသားမျိုးနွယ်ကို ဆုံးရှုံးရလေပြီဖြစ်သည်။ ဘုရားသခင်သည် သူ၏သက်သေခံချက်ကို ပြန်ရုပ်သိမ်းပြီး၊ သူကိုယ်တိုင်၏ လက်ဖြင့် ဖန်ဆင်းခဲ့သော်လည်း၊ စာတန်၏ ဖမ်းဆီးခြင်းခံရသောသူတို့ကို ပြန်ရုပ်သိမ်းပါက၊ ၎င်းတို့သည် အသက်ရှင်သော သတ္တဝါများဖြစ်လာရန်အလို့ငှာ ဘုရားသခင်သည် ၎င်းတို့ကို ပြန်လည် ထမြောက်စေရမည်ဖြစ်ပြီး၊ သူ၏အလင်းထဲ၌ ၎င်းတို့ အသက်ရှင်ကြဖို့အလို့ငှာ ၎င်းတို့ကို သူပြန်သိမ်းယူရမည် ဖြစ်သည်။ လူသေတို့သည် ဝိညာဉ်မရှိသော သူများဖြစ်ပြီး၊ အလွန့်အလွန် ထုံထိုင်းကြသူများနှင့် ဘုရားသခင်ကို

ဆန့်ကျင်ကြသူများ ဖြစ်ကြသည်။ အဓိကအားဖြင့် ၎င်းတို့သည် ဘုရားသခင်ကို မသိသောသူများ ဖြစ်ကြသည်။ ဤလူတို့သည် ဘုရားသခင်ကို နာခံရန် ရည်ရွယ်ချက် စိုးစဉ်းမျှ မရှိကြချေ။ ၎င်းတို့သည် သူ့ကို ပုန်ကန်ကာ ဆန့်ကျင်ခြင်းသာ ပြုကြပြီး၊ သစ္စာစောင့်သိမှု စိုးစဉ်းမျှ မရှိကြချေ။ အသက်ရှင်သူများသည် ၎င်းတို့၏ဝိညာဉ်များ ပြန်လည်မွေးဖွားခြင်း ခံရသောသူများ၊ ဘုရားသခင်ကို နာခံရန် သိရှိသူများနှင့် ဘုရားသခင်ကို သစ္စာစောင့်သိသူများ ဖြစ်သည်။ ၎င်းတို့သည် သမ္မာတရားနှင့် သက်သေခံချက်ကို ပိုင်ဆိုင်ကြပြီး၊ ဤလူတို့သာ ဘုရားသခင်ကို သူ၏ အိမ်တွင် ကျေနပ်စေလျက်ရှိကြပေသည်။ ဘုရားသခင်သည် အသက်ရှင်ခြင်းသို့ ရောက်လာနိုင်သူများ၊ ဘုရားသခင်၏ ကယ်တင်ခြင်းကို မြင်နိုင်သူများ၊ ဘုရားသခင်ကို သစ္စာစောင့်သိနိုင်သူများနှင့် ဘုရားသခင်အား ရှာဖွေရန် လိုလားလျက်ရှိသူများကို ကယ်တင်သည်။ ဘုရားသခင်၏ လူ့ဇာတိ ခံယူခြင်းနှင့် သူ၏ပေါ်ထွန်းခြင်း၌ ယုံကြည်သူများကို သူကယ်တင်သည်။ လူအချို့သည် အသက်ရှင်ခြင်းတို့ ရောက်လာနိုင်ပြီး၊ လူအချို့သည် အသက်ရှင်ခြင်းသို့ ရောက်မလာနိုင်ကြပေ။ ဤသည်မှာ ၎င်းတို့၏သဘာဝသည် ကယ်တင်ခြင်းခံရနိုင်၊ မခံရနိုင်ဆိုသည့်အပေါ် မူတည်သည်။ လူများစွာတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များစွာကို ကြားဖူးခဲ့သော်လည်း ဘုရားသခင်၏အလိုကို နားမလည်ကြသကဲ့သို့၊ ၎င်းတို့ကို လက်တွေ့လုပ်ဆောင်နိုင်စွမ်းရှိကြသေးပေ။ ထိုသို့သော လူတို့သည် မည်သည့် သမ္မာတရားကိုမျှ အသက်ရှင်နေထိုင်ခြင်းငှာ မတတ်စွမ်းနိုင်ကြသကဲ့သို့၊ ဘုရားသခင်၏ အမှုနှင့်ပတ်သက်၍လည်း တမင်သက်သက် နှောင့်ယှက်ကြသည်။ ၎င်းတို့သည် ဘုရားသခင်အတွက် မည်သည့်အလုပ်ကိုမျှ လုပ်ဆောင်နိုင်စွမ်းမရှိကြ၊ သူ့ထံ မည်သည့်အရာကိုမျှ ဆက်ကပ်နိုင်စွမ်း မရှိကြသကဲ့သို့ အသင်းတော်၏ငွေကိုလည်း လျှို့ဝှက်စွာ သုံးကြပြီး၊ ဘုရားသခင်၏အိမ်တော်တွင် အခမဲ့ စားကြလေသည်။ ဤလူတို့သည် သေဆုံးကြပြီး၊ ကယ်တင်ခံရမည် မဟုတ်။ ဘုရားသခင်သည် သူ၏အမှုအလယ် ရှိသူများကို ကယ်တင်သော်လည်း၊ သူ၏ကယ်တင်ခြင်းကို မရရှိနိုင်သော လူတစ်ချို့ရှိလေသည်။ အရေအတွက် အနည်းငယ်ကသာ သူ၏ ကယ်တင်ခြင်းကို ရရှိနိုင်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူအများစုသည် အလွန်အမင်း ဖောက်ပြန်ပျက်စီးစေခြင်းခံကြရပြီးဖြစ်ကာ လူသေများ ဖြစ်လာကြပြီး ဖြစ်သကဲ့သို့၊ ၎င်းတို့ ကယ်တင် မခံရနိုင်ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် စာတန်၏ လုံးဝ အသုံးချခြင်း ခံကြရပြီး၊ ၎င်းတို့၏ သဘာဝ၌ အလွန် မလိုမုန်းထားဖြစ်ကြလေသည်။ ထိုလူအနည်းစုသည်လည်း ဘုရားသခင်ကို အပြည့်အဝ မနာခံနိုင်ကြပေ။ ၎င်းတို့သည်

အစဦးကတည်းက ဘုရားသခင်ကို လုံး၀ သစ္စာရှိလာခဲ့ကြသူများ သို့မဟုတ် အစဦးကတည်းက ဘုရားသခင်အတွက် အဆုံးစွန်သော ချစ်ခြင်းမေတ္တာ ရှိခဲ့ကြသူများ မဟုတ်ပေ။ ယင်းထက်၊ ၎င်းတို့သည် ဘုရားသခင်၏ သိမ်းပိုက်ခြင်း အမှုကြောင့် သူ့ကို နာခံလာကြပြီးဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင်၏ အမြင့်ဆုံးသော ချစ်ခြင်းမေတ္တာကြောင့် သူ့ကို မြင်ကြသည်၊ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကြောင့် ၎င်းတို့၏စိတ်သဘောထားတွင် ပြောင်းလဲမှုများ ရှိပြီး၊ စစ်လည်းစစ်မှန်ကာ ပုံမှန်လည်းဖြစ်သော ဘုရားသခင်၏အမှုကြောင့် သူ့ကို သိလာကြပေသည်။ ဘုရားသခင်၏ ဤအမှုမရှိဘဲနှင့်၊ ဤလူတို့ မည်မျှကောင်းမြတ်စေကာမူ၊ ၎င်းတို့သည် စာတန်နှင့် သက်ဆိုင်ကြဆဲဖြစ်ပေမည်၊ သေခြင်းတရားနှင့် သက်ဆိုင်ကြဆဲ ဖြစ်မည်ဖြစ်ပြီး၊ ၎င်းတို့ သေဆုံးကြဆဲဖြစ်ပေမည်။ ယနေ့တွင် ဘုရားသခင်၏ ကယ်တင်ခြင်းကို ဤလူတို့ ရရှိနိုင်ခြင်းသည် ၎င်းတို့အနေဖြင့် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုလားနေကြခြင်းကြောင့်သက်သက် ဖြစ်ပေသည်။

ဘုရားသခင်အပေါ် ၎င်းတို့၏ သစ္စာစောင့်သိမှုကြောင့်၊ အသက်ရှင်သူတို့သည် ဘုရားသခင်၏ရယူခြင်းကို ခံရမည်ဖြစ်ပြီး သူ၏ ကတိတော်များကြားတွင် အသက်ရှင်ရလိမ့်မည်၊ ပြီးလျှင် ဘုရားသခင်ကို ၎င်းတို့ ဆန့်ကျင်ခြင်းကြောင့်၊ လူသေတို့သည် ဘုရားသခင်၏ ရွံမုန်းခြင်းနှင့် ငြင်းပယ်ခြင်းခံရမည်ဖြစ်ပြီး သူ၏အပြစ်ဒဏ်ပေးခြင်းနှင့် ကျိန်ခြင်းများအလယ် အသက်ရှင်ကြရလိမ့်မည်ဖြစ်သည်။ ယင်းမှာ မည်သည့်လူကမျှ ပြောင်းလဲ မရနိုင်သော၊ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားဖြစ်သည်။ သူတို့ကိုယ်တိုင်၏ ကြိုးစားခြင်းကြောင့် လူတို့သည် ဘုရားသခင်၏ လက်ခံခြင်းကို ရရှိကြပြီး အလင်း၌ အသက်ရှင်ကြသည်။ ၎င်းတို့၏ ကောက်ကျစ်သော အကြံအစည်များကြောင့် လူတို့သည် ဘုရားသခင်၏ ကျိန်ခြင်းကိုခံကြရပြီး အပြစ်ဒဏ်ပေးခြင်းထဲသို့ သက်ဆင်းကျရသည်။ ၎င်းတို့၏ မကောင်းမှုဒုစရိုက်ပြုခြင်းကြောင့် လူတို့သည် ဘုရားသခင်၏ အပြစ်ပေးခြင်းကို ခံကြရပြီး၊ ၎င်းတို့၏တမ်းတခြင်းနှင့် သစ္စာစောင့်သိမှုတို့ကြောင့် လူတို့သည် ဘုရားသခင်၏ ကောင်းချီး မင်္ဂလာများကို ရရှိကြသည်။ ဘုရားသခင်သည် ဖြောင့်မတ်၏။ သူသည် အသက်ရှင်သူတို့ကို ကောင်းချီးပေးပြီး၊ လူသေတို့ကို ကျိန်ဆဲ၏၊ သို့ဖြစ်၍ ၎င်းတို့သည် သေခြင်းတရားအလယ်တွင် အမြဲနေကြပြီး၊ ဘုရားသခင်၏ အလင်းထဲ၌ မည်သည့်အခါတွင်မျှ အသက်ရှင်ရလိမ့်မည် မဟုတ်။ ဘုရားသခင်သည် သူနှင့်အတူ ထာ၀ရ ရှိဖို့ရန်၊ အသက်ရှင်သောသူတို့ကို သူ၏နိုင်ငံတော်ထဲနှင့် ကောင်းချီးမင်္ဂလာများထဲသို့ ခေါ်ဆောင်လိမ့်မည်။ သို့သော် လူသေများအတွက်၊ သူသည် ၎င်းတို့ကို ရိုက်ချပြီး ထာ၀ရသေခြင်းထဲသို့ ပေးအပ်လိမ့်မည်။ ၎င်းတို့သည် သူ၏ဖျက်ဆီးခြင်းကို ခံရသူ ဖြစ်ပြီး၊

စာတန်နှင့် အမြဲ သက်ဆိုင်လိမ့်မည်။ ဘုရားသခင်သည် မည်သူ့ကိုမျှ မတရားသဖြင့် မဆက်ဆံပေ။ ဘုရားသခင်ကို အမှန်တကယ် ရှာဖွေသောသူအားလုံးသည် ဘုရားသခင်၏ အိမ်တော်ထဲတွင် ဧကန်မုချ ဆက်လက်ရှိကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ကို မနာခံသောသူနှင့် သူနှင့်သဟဇာတမဖြစ်သောသူ အားလုံးသည် သူ၏အပြစ်ဒဏ်ပေးခြင်း အလယ်တွင် ဧကန်မုချ အသက်ရှင်ကြရလိမ့်မည်။ သင်သည် လူ့ဇာတိ၌ပြုသော ဘုရားသခင်၏ အမှုနှင့်ပတ်သက်၍ သေချာကောင်း သေချာမည်မဟုတ်- သို့သော် တစ်နေ့တွင်၊ ဘုရားသခင်၏ လူ့ဇာတိသည် လူ၏အဆုံးသတ်ကို တိုက်ရိုက်စီစဉ်လိမ့်မည် မဟုတ်။ ထိုအစား သူ၏ဝိညာဉ်တော်သည် လူ၏ခရီးပန်းတိုင်ကို စီစဉ်လိမ့်မည်ဖြစ်ပြီး၊ ထိုအချိန်တွင် ဘုရားသခင်၏ လူ့ဇာတိနှင့် သူ၏ဝိညာဉ်တော်သည် တစ်လုံးတစ်ဝတည်းဖြစ်သည်၊ သူ၏လူ့ဇာတိသည် အမှားမကျူးလွန်နိုင်သကဲ့သို့၊ သူ၏ဝိညာဉ်တော်သည် သာ၍ပင် အမှားလုပ်နိုင်စွမ်းမရှိသည်ကို လူတို့သိကြလိမ့်မည်။ နောက်ဆုံးတွင်၊ သူသည် အသက်ရှင်ခြင်းသို့ ရောက်သောသူတို့ကို သူ၏နိုင်ငံတော်ထဲသို့ ဧကန်မုချ အပိုအလို မရှိဘဲ၊ ခေါ်ဆောင်လိမ့်မည်ဖြစ်သည်။ အသက်ရှင်ခြင်းသို့ မရောက်သော လူသေများအတွက်မူ၊ စာတန်၏သားရဲတွင်းထဲသို့ ပစ်ထည့်ခြင်း ခံရကြလိမ့်မည်။

# မပြောင်းလဲသော စိတ်သဘောထား ရှိခြင်းသည် ဘုရားသခင်ကို ရန်ဘက်ပြုခြင်းဖြစ်သည်

နှစ်ထောင်ပေါင်းများစွာ ဖောက်ပြန်ပျက်စီးခဲ့ပြီးနောက် လူသားသည် ထုံတေထိုင်းမှိုင်းလာပြီးဖြစ်ကာ၊ လူသား၏ ဘုရားသခင်ကို တော်လှန်ပုန်ကန်မှုသည် သမိုင်းစာအုပ်များတွင် မှတ်တမ်းတင်ရပြီး လူသားကိုယ်တိုင်ပင် မိမိ၏ပုန်ကန်သည့် အပြုအမူနှင့် ပတ်သက်သည့် ဖြစ်စဉ်ကို ကုန်စင်အောင် ဖော်ပြနိုင်စွမ်း မရှိသည့်အတိုင်းအတာအထိ ဘုရားသခင်ကို ဆန့်ကျင်သော နတ်ဆိုးဖြစ်လာခဲ့သည်- အဘယ်ကြောင့်ဆိုသော် လူသားသည် စာတန်၏ အကြီးအကျယ် ဖျက်ဆီးခြင်းကို ခံခဲ့ရပြီး စာတန်၏ လမ်းလွဲသွားစေခြင်းကို ခံရပြီးဖြစ်သည့်အတွက် သူသည် မည်သည့်အရာကို ရှေ့ဆက်လုပ်ရမည်ကို လုံးဝ မသိပေ။ ယနေ့ပင်လျှင် လူသားသည် ဘုရားသခင်ကို သစ္စာဖောက်လျက်ရှိသည်- လူသားသည် ဘုရားသခင်ကို တွေ့မြင်သောအခါ၊ သူ့ကို သစ္စာဖောက်သည်၊ ဘုရားသခင်ကို မမြင်မတွေ့နိုင်သောအခါတွင်လည်း၊ သူ့ကို

သစ္စာဖောက်သည်။ ဘုရားသခင်၏ ကျိန်ဆဲခြင်းနှင့် အမျက်တော်ကို မျက်မြင်တွေ့ခဲ့ရပြီးနောက်၊ ဘုရားသခင်ကို သစ္စာဖောက်ဆဲဖြစ်သည့်သူများပင် ရှိသေးသည်။ ထို့ကြောင့် လူ့အသိစိတ်သည် ယင်း၏နဂိုအသုံးဝင်မှု ပျောက်ဆုံးကာ လူ့အသိတရားသည်လည်း နဂိုအသုံးဝင်မှု ပျောက်ဆုံးလေပြီဟု ငါဆိုသည်။ ငါကြည့်မျှော်သော လူသားသည် လူအရေခြုံထားသော သားရဲတစ်ကောင်၊ အဆိပ်ပြင်းသော မြွေတစ်ကောင်ဖြစ်သည်၊ ပြီးလျှင် ငါ့မျက်စိရှေ့တွင် သနားဖွယ်ဖြစ်ပုံပေါက်ဖို့ သူ မည်မျှကြိုးစားသော်လည်း၊ ငါသည် သူ့ကို မည်သည့်အခါမျှ သနားကရုဏာ ထားရှိမည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် လူသားသည် အဖြူနှင့်အမဲကြားရှိ ခြားနားချက်ကို နားလည်ခြင်းမရှိ၊ သမ္မာတရားနှင့် သမ္မာတရား မဟုတ်ခြင်းကြားရှိ ခြားနားချက်ကို နားလည်ခြင်း မရှိသောကြောင့် ဖြစ်သည်။ လူသား၏အသိစိတ်သည် ထုံထိုင်းလှသော်လည်း၊ ကောင်းချီးမင်္ဂလာများကို ရရှိရန် သူ တောင့်တဆဲဖြစ်သည်။ သူ၏ လူ့သဘာဝသည် အလွန်ဂုဏ်အသရေမဲ့သော်လည်း၊ သူသည် ရှင်ဘုရင်၏ အချုပ်အခြာအာဏာကို ပိုင်ဆိုင်ရန် ဆန္ဒရှိဆဲဖြစ်သည်။ ထိုကဲ့သို့သော အသိစိတ်ဖြင့် သူသည် မည်သူတို့၏ ရှင်ဘုရင် ဖြစ်နိုင်မည်နည်း။ ထိုသို့သော လူ့သဘာဝဖြင့် ရာဇပလ္လင်ပေါ်တွင် သူ မည်သို့တက်ထိုင်နိုင်မည်နည်း။ လူသားသည် အကယ်စင်စစ်ပင် အရှက်မရှိပေတကား။ သူသည် စိတ်ကြီးဝင်နေသော အကောင်ယုတ် ဖြစ်ပေသည်။ သင်တို့အထဲတွင် ကောင်းချီးမင်္ဂလာများကို ရယူလိုသူများအတွက် ကြည့်မှန်တစ်ခုကို အရင်ရှာပြီး အကျည်းတန်သော မိမိ၏ ပုံရိပ်ကို ရှုစားကြရန် ငါအကြံပြုသည်။ သင့်တွင် ရှင်ဘုရင်ဖြစ်ရန်အရည်အသွေး ရှိသလော။ ကောင်းချီးမင်္ဂလာများကို ခံစားနိုင်သူ၏မျက်နှာကို ပိုင်ဆိုင်ခြင်း ရှိသလော။ သင်၏ စိတ်သဘောထားထဲ၌ ပြောင်းလဲခြင်း စိုးစဉ်းမျှ မရှိဘဲ၊ သင်သည် မည်သည့် သမ္မာတရားကိုမျှလည်း လက်တွေ့လုပ်ဆောင်ခြင်း မရှိသော်လည်း၊ အံ့မခန်းဖွယ် မနက်ဖြန်ကို တောင့်တနေသေးသည်။ သင်သည် မိမိကိုယ်ကိုယ် လှည့်ဖြားနေ၏။ ဤမျှညစ်ညမ်းသောမြေတွင် မွေးဖွားလာလျက်၊ လူသားသည် လူ့အဖွဲ့အစည်း၏ ပြင်းထန်စွာ ထိခိုက်ဖျက်ဆီးခြင်းကို ခံခဲ့ရပြီးဖြစ်သည်၊ သူသည် ရှေးဆန်သော လူ့ကျင့်ဝတ်များ၏ လွှမ်းမိုးခြင်းခံရပြီးဖြစ်ကာ "အဆင့်မြင့် ပညာသင်ကျောင်းများ" တွင် သင်ယူခဲ့ပြီးဖြစ်သည်။ ခေတ်နောက်ကျသော စဉ်းစားတွေးတောခြင်း၊ ဖောက်ပြန်ပျက်စီးသော အကျင့်စာရိတ္တ၊ ဘဝနှင့်ပတ်သက်သည့် နုံချာသော အမြင်ရှုထောင့်၊ စက်ဆုပ်ဖွယ် အတွေးအခေါ်၊ လုံးဝဥဿုံ တန်ဖိုးမရှိသော တည်ရှိမှု၊ စာရိတ္တပျက်ပြားသော အသက်ရှင်နေထိုင်ပုံနှင့် ဓလေ့စရိုက်များ- ဤအရာများအားလုံးသည် လူ့စိတ်နှလုံး အတွင်းသို့ ပြင်းပြင်းထန်ထန် ကျူးကျော်ဝင်ရောက်ကာ လူသား၏ အသိစိတ်ကို ပြင်းထန်စွာ အားလျော့စေခဲ့၍

တိုက်ခိုက်ခဲ့သည်။ အကျိုးဆက်အနေဖြင့် လူသားသည် ဘုရားသခင်နှင့် ဝေးသည်ထက် ဝေးသွားသည့်အပြင် သူ့ကို ယခင်ကထက် ပိုမို ဆန့်ကျင်လာသည်။ လူ့စိတ်သဘောထားသည် တစ်နေ့ပြီးတစ်နေ့ ပိုမိုဆိုးယုတ်လာကာ ဘုရားသခင်အတွက် မည်သည့်အရာကိုမဆို လိုလိုလားလား စွန့်လွှတ်လိုသည့်သူနှင့် ဘုရားသခင်ကို လိုလိုလားလား နာခံလိုစိတ်ရှိသူ တစ်ဦးတစ်လေမျှ မရှိသည့်အပြင် ဘုရားသခင်၏ ပေါ်ထွန်းမှုကို လိုလိုလားလား ရှာဖွေလိုသော ဆန္ဒရှိသူလည်း တစ်ဦးတစ်လေမျှ မရှိပေ။ ထိုအစား လူသားသည် ရွှံ့မြေထဲ၌ ဇာတိပကတိ၏ ဖောက်ပြန်ပျက်စီးခြင်းထံ မိမိကိုယ်ကိုယ် လုံးလုံးပေးအပ်ထားလျက်၊ စာတန်၏ အုပ်စိုးမှုအောက်တွင် မည်သည့်အရာကိုမှ လုပ်ဆောင်ခြင်းမရှိဘဲ အပျော်အပါးကို လိုက်စားပေသည်။ အမှောင်ထုတွင် နေထိုင်ကြသော လူသားတို့သည် သမ္မာတရားကို ကြားသောအခါ၌ပင်၊ လက်တွေ့လုပ်ဆောင်ရန် မတွေးတောကြသကဲ့သို့၊ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ဖူးမြင်ခဲ့ရလျှင်ပင် ဘုရားသခင်ကို ရှာဖွေလိုခြင်း မရှိကြပေ။ ထိုမျှလောက် စာရိတ္တပျက်ပြားသော လူသားမျိုးနွယ်တစ်ရပ်သည် ကယ်တင်ခြင်းရရှိရန် အခွင့်အရေး မည်သို့ ရှိနိုင်မည်နည်း။ ထိုမျှ ယိုယွင်းသော လူသားမျိုးနွယ်တစ်ရပ်သည် အလင်းထဲတွင် မည်သို့နေနိုင်မည်နည်း။

လူ့စိတ်သဘောထားသည် သူ၏ အနှစ်သာရကို သိခြင်းမှစ၍ သူ၏အတွေးအခေါ်၊ သဘာဝ၊ စိတ်ပိုင်းဆိုင်ရာ သဘောထားအမြင်အထိ- အခြေခံကျသော ပြောင်းလဲမှုများအားဖြင့် ပြောင်းလဲသင့်သည်။ ဤနည်းဖြင့်သာ လူ့စိတ်သဘောထားအတွင်း အစစ်အမှန် ပြောင်းလဲခြင်းများ ဖြစ်မြောက်ပေမည်။ လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားသည် စာတန်၏ အဆိပ်ခတ်ခြင်းနှင့် နင်းခြေခြင်းကို ခံရခြင်းမှ၊ ၎င်း၏စဉ်းစားတွေးခေါ်မှု၊ အကျင့်စာရိတ္တ၊ ထိုးထွင်းသိမြင်မှုနှင့် အသိစိတ်တို့အပေါ် စာတန် ဒုက္ခပေးသည့် လွန်ကဲစွာ ဘေးသင့်စေမှုတို့မှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ လူသား၏ ဤအခြေခံကျသောအရာများသည် စာတန်၏ ဖျက်ဆီးခြင်းကိုခံရပြီးဖြစ်ကာ၊ ၎င်းတို့သည် ဘုရားသခင်က နဂိုမူလတွင် ဖန်ဆင်းထားခဲ့ပုံနှင့် လုံးဝမတူကြသဖြင့်သာ လူသားသည် ဘုရားသခင်ကို ဆန့်ကျင်ကာ သမ္မာတရားကို နားမလည်ခြင်း အတိအကျပင် ဖြစ်သည်။ ထို့ကြောင့် လူ့စိတ်သဘောထားအတွင်း၌ ပြောင်းလဲမှုသည် ဘုရားသခင်နှင့် သမ္မာတရားတို့နှင့် ပတ်သက်သည့် သူ၏ အသိပညာကို ပြောင်းလဲစေမည့် သူ၏အတွေးအခေါ်၊ ထိုးထွင်းသိမြင်မှုနှင့် အသိစိတ်တို့ ပြောင်းလဲခြင်းများဖြင့် အစပြုရမည်။ နယ်မြေအားလုံးအနက် အလွန်အမင်း ဖောက်ပြန်ပျက်စီးဆုံး မြေပေါ်၌ မွေးဖွားလာခဲ့သူများသည် ဘုရားသခင်၏ ဖြစ်ခြင်း သို့မဟုတ် ဘုရားသခင်ကို

ယုံကြည်ခြင်းဟူသည်မှာ အဘယ်အရာအား ဆိုလိုသည်တို့နှင့်ပတ်သက်၍ သာ၍ပင် မသိနားမလည်ဘဲ ရှိကြသည်။ လူတို့သည် ဖောက်ပြန်ပျက်စီးလေလေ၊ ဘုရားသခင် တည်ရှိခြင်းကို ၎င်းတို့ မသိလေလေဖြစ်ပြီး၊ ၎င်းတို့၏ အသိစိတ်နှင့် ထိုးထွင်းအမြင် ညံ့ဖျင်းလေလေဖြစ်သည်။ လူသား စာတန်၏ဖျက်ဆီးခြင်းကို ခံရခြင်းသည် လူသား ဘုရားသခင်ကို အတိုက်အခံပြုခြင်းနှင့် ပုန်ကန်ခြင်း၏ အရင်းအမြစ်ဖြစ်သည်။ လူသားသည် စာတန်၏ ဖျက်ဆီးမှုကို ခံထားရပြီးဖြစ်သောကြောင့်၊ လူ့အသိစိတ် တိုး၍ ထုံသွားကာ၊ သူသည် အကျင့်ပျက်ပြီး သူ၏အတွေးအခေါ်များ ဆုတ်ယုတ်၍ သူ၌ နောက်ပြန်ဆွဲသော စိတ်ပိုင်းဆိုင်ရာ သဘောထားအမြင်လည်း ရှိသည်။ စာတန်၏ ဖျက်ဆီးခြင်းမခံရမီ၊ လူသားသည် သဘာဝအားဖြင့် ဘုရားသခင်နောက်လိုက်ကာ သူ၏နှုတ်ကပတ်တော်များကို ကြားပြီးနောက် ၎င်းတို့ကို နာခံခဲ့သည်။ သူ၌ ပင်ကိုအားဖြင့် အကောင်းပကတိ အသိစိတ်နှင့် အသိတရားရှိခဲ့ပြီး ပုံမှန်လူ့သဘာဝ ရှိခဲ့သည်။ စာတန်၏ ဖျက်ဆီးမှုကိုခံရပြီးနောက် သူ၏နဂိုအသိစိတ်၊ နဂိုအသိတရားနှင့် လူ့သဘာဝတို့သည် ထုံထိုင်းသွားကာ စာတန်၏ ထိခိုက်စေခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် သူသည် ဘုရားသခင်ကို နာခံခြင်းနှင့် ဘုရားသခင်အပေါ်ချစ်ခြင်း ဆုံးရှုံးသွားခဲ့သည်။ လူ့အသိစိတ် မူမမှန်ဖြစ်သွားကာ၊ သူ၏စိတ်သဘောထားသည် တိရစ္ဆာန်၏ စိတ်သဘောထား နည်းတူဖြစ်သွားသည်၊ ပြီးလျှင် ဘုရားသခင်ကို သူ၏ပုန်ကန်ခြင်းသည် သာ၍ပင် အကြိမ်ရေစိပ်လာကာ သာ၍ပြင်းထန်လာသည်။ သို့ပါလျက် လူသားသည် ဤအရာကို သိခြင်း သို့မဟုတ် အသိအမှတ်ပြုခြင်းမရှိဘဲ၊ ကျိုးကြောင်းမမြင် ဆန့်ကျင်ပုန်ကန်ခြင်းသာ ပြုလေသည်။ လူသား၏ စိတ်သဘောထားကို ထုတ်ဖော်ပြခြင်းသည် သူ၏အသိစိတ်၊ ထိုးထွင်းအမြင်နှင့် အသိတရားတို့ကို ဖော်ပြခြင်းဖြစ်သည်၊ ထို့ပြင် သူ၏အသိစိတ်နှင့် ထိုးထွင်းအမြင်တို့သည် စိတ်မချရသည့်အပြင်၊ သူ၏အသိတရားသည် အလွန်အမင်း ထိုင်းမှိုင်းသွားခြင်းကြောင့်၊ သူ့စိတ်သဘောထားသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်သည်။ အကယ်၍ လူသား၏ အသိစိတ်နှင့် ထိုးထွင်းသိမြင်စွမ်း မပြောင်းလဲနိုင်ပါက၊ သူ့စိတ်သဘောထား ပြောင်းလဲမှုများမှာ မဖြစ်နိုင်သကဲ့သို့ပင် ဘုရားသခင်၏ စိတ်တော်နှင့်တွေ့ခြင်းနောက် လိုက်ခြင်းသည်လည်း မဖြစ်နိုင်ပေ။ လူ့အသိစိတ်သည် စိတ်မချရပါက၊ သူသည် ဘုရားသခင်ကို အစေခံနိုင်မည် မဟုတ်ဘဲ၊ ဘုရားသခင်က အသုံးပြုရန်လည်း မသင့်တော်ပေ။ “ပုံမှန်အသိစိတ်” ဟူသည်မှာ ဘုရားသခင်ကို နာခံခြင်းနှင့် သူ့ကို သစ္စာရှိခြင်း၊ ဘုရားသခင်ကို တမ်းတခြင်း၊ ဘုရားသခင်အပေါ် အကြွင်းမဲ့ ဖြစ်ခြင်း၊ ဘုရားသခင်နှင့်ပတ်သက်၍ အသိစိတ်ရှိခြင်း တို့ကို ရည်ညွှန်းသည်။ ဘုရားသခင်နှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ပြီး

ဘုရားသခင်ကို တမင်တကာ မဆန့်ကျင်ခြင်းကို ရည်ညွှန်းသည်။ မူမမှန်သော အသိစိတ် ရှိသူများသည် ဤသို့မဟုတ်။ လူသားသည် စာတန်၏ ဖျက်ဆီးခြင်းကို ခံခဲ့ရသော သူဖြစ်သည့်အတွက်၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် အယူအဆများ ဖြစ်ပေါ်ကာ၊ ဘုရားသခင်နှင့်ပတ်သက်၍ အသိစိတ်ရှိခြင်း မဆိုထားဘိ၊ ဘုရားသခင်ကို သစ္စာမရှိသကဲ့သို့ တမ်းတခြင်းလည်း မရှိပေ။ လူသားသည် ဘုရားသခင်ကို တမင်တကာဆန့်ကျင်ပြီး ဝေဖန်အကဲဖြတ်သည်၊ ထို့အပြင် သူ၏ နောက်ကွယ်တွင် ဘုရားသခင်ကို ဆဲရေးခြင်းများ ပြုလုပ်သည်။ သူသည် ဘုရားသခင် ဖြစ်ကြောင်းကို လူသားက ရှင်းရှင်းလင်းလင်း သိလျက်၊ သူ၏ နောက်ကွယ်တွင် သူ့ကို ဝေဖန်အကဲဖြတ်ကာ သူ့ကို နာခံဖို့ ရည်ရွယ်ချက် မရှိပေ၊ ပြီးလျှင် ဘုရားသခင်ကို ကျိုးကြောင်းမမြင် တောင်းဆိုခြင်းနှင့် တောင်းခံခြင်းတို့ကိုသာ ပြုလုပ်သည်။ မူမမှန်သော အသိစိတ် ရှိသည့်- ဤကဲ့သို့လူများသည် မိမိကိုယ်တိုင်၏ စက်ဆုပ်ရွံရှာဖွယ် အပြုအမူကို သိနိုင်စွမ်း သို့မဟုတ် မိမိ၏ ပုန်ကန်မှုအတွက် နောင်တရနိုင်စွမ်း မရှိပေ။ အကယ်၍ လူတို့သည် မိမိတို့ကိုယ်ကိုယ် သိနိုင်စွမ်းရှိသော်၊ ၎င်းတို့၏ အသိစိတ် အနည်းငယ်မျှ ပြန်လည် ရရှိလာပြီးဖြစ်သည်။ လူတို့သည် ဘုရားသခင်ကို ပုန်ကန်သော်လည်း၊ မိမိတို့ကိုယ်ကိုယ် မသိလေလေ၊ ၎င်းတို့တွင် စိတ်မချရသော အသိစိတ် ရှိလေလေ ဖြစ်သည်။

လူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ထုတ်ဖော်ပြခြင်း၏ အရင်းအမြစ်သည် သူ၏ထုံထိုင်းသော အသိတရား၊ သူ၏ မလိုမုန်းထားသော သဘာဝနှင့် သူ၏ စိတ်မချရသော အသိစိတ်တို့ကလွဲ၍ အခြားမဟုတ်ပေ။ အကယ်၍ လူသား၏ အသိတရားနှင့် အသိစိတ်သည် ပုံမှန်သို့ ပြန်လည်ရောက်ရှိနိုင်ပါက၊ ဘုရားသခင်ရှေ့တွင် အသုံးခံထိုက်သူ ဖြစ်လာပေမည်။ လူသားသည် ဘုရားသခင်ကို တိုး၍ပုန်ကန်လာကာ၊ ယေရှုကိုပင် ကားတိုင်တွင် သံမှိုရိုက်ပြီး သူ့အိမ်သို့ နောက်ဆုံးသောကာလ၏ လူ့ဇာတိခံ ဘုရားသခင်အား ဝင်ရောက်ခြင်းအား ငြင်းခဲ့သည်သာမက၊ ဘုရားသခင်၏ ဇာတိခန္ဓာကို ရှုတ်ချကာ၊ ဘုရားသခင်၏ ဇာတိခန္ဓာကို အရေးမပါဟု ရှုမြင်သည့်အတိုင်းအတာအထိ ဖြစ်လာခြင်းသည် လူ့အသိတရား ထုံမြဲထုံခြင်း၊ လူ့အသိစိတ်သည် တစ်ခါမျှ အကောင်းပကတိ မဟုတ်သည့်အပြင် တိုး၍ ထိုင်းမှိုင်းခြင်းကြောင့်သက်သက် ဖြစ်သည်။ အကယ်၍ လူသား၌ လူ့သဘာဝ အနည်းငယ်မျှ ရှိခဲ့သော်၊ လူ့ဇာတိခံယူသော ဘုရားသခင်၏ ဇာတိခန္ဓာကို သူ၏ ဆက်ဆံမှုတွင် အလွန် ကြမ်းကြုတ်ရက်စက်မည် မဟုတ်ပေ၊ အကယ်၍ သူ၌ အသိစိတ် အနည်းငယ်ရှိခဲ့သော်၊ လူ့ဇာတိခံယူသော ဘုရားသခင်၏ ဇာတိခန္ဓာအပေါ် သူ၏ ဆက်ဆံမှုတွင် အလွန်ရက်စက်ခဲ့လိမ့်မည် မဟုတ်ပေ၊ အကယ်၍ သူ၌ အသိတရား အနည်းငယ်မျှ ရှိခဲ့လျှင်၊ လူ့ဇာတိခံယူသော ဘုရားသခင်ကို ဤနည်းဖြင့် အလွန် "ကျေးဇူးတင်" ခဲ့လိမ့်မည် မဟုတ်ပေ။

လူသားသည် ဘုရားသခင် လူ့ဇာတိခံယူသော ခေတ်တွင် အသက်ရှင်နေထိုင်သော်လည်း၊ ဤမျှကောင်းမွန်သော အခွင့်အရေးကို ပေးခဲ့သူ ဘုရားသခင်အား ကျေးဇူးတင်နိုင်စွမ်းမရှိဘဲ၊ ယင်းအစား ဘုရားသခင် ကြွလာခြင်းကို ကျိန်ဆဲ၏၊ သို့မဟုတ် ဘုရားသခင် လူ့ဇာတိခံယူခြင်းနှင့် သက်ဆိုင်သည့် အမှန်တရားကို လုံးဝ လျစ်လျူရှုသည့်အပြင်၊ အမြင်အားဖြင့် ယင်းကို ဆန့်ကျင်ပြီး ငြီးငွေ့ပေသည်။ ဘုရားသခင် ကြွလာခြင်းကို လူသားသည် မည်သို့သဘောထားသည် ဖြစ်စေ၊ လူသားသည် ဘုရားသခင်ကို စိုးစဉ်းမျှ ကြိုဆိုခြင်း မရှိဘဲ၊ သူ့ထံမှ မဆင်မခြင် တောင်းဆိုခြင်းမျိုးကို ပြုလုပ်သော်ငြားလည်း၊ တိုတိုပြောရလျှင် ဘုရားသခင်သည် အစဉ်အမြဲ မိမိအမှုတော်ကို အစဉ် စိတ်ရှည်လက်ရှည် ဆောင်ရွက်ခဲ့သည်။ လူ့စိတ်သဘောထားသည် အလွန့်အလွန် ရက်စက်သွားပြီးဖြစ်ကာ၊ သူ့အသိစိတ်သည် အလွန့်အလွန် ထိုင်းမှိုင်းသွားပြီး၊ သူ၏အသိတရားသည်လည်း နတ်ဆိုး၏ လုံးဝနင်းခြေမှုကို ခံရပြီးဖြစ်ကာ ကြာမြင့်စွာကတည်းကပင် လူသား၏နဂိုအသိတရား မဟုတ်တော့ပေ။ လူသားသည် လူ့ဇာတိခံယူသော ဘုရားသခင်က လူသားမျိုးနွယ်အပေါ် အသက်နှင့် ကျေးဇူးတော်များစွာ ပေးအပ်နှင်းသည်ကို ကျေးဇူးမတင်သည်သာမက၊ သူ့ကို သမ္မာတရား ပေးခြင်းအတွက် ဘုရားသခင်အား မကျေမချမ်းပင် ဖြစ်သွားခဲ့ပေပြီ။ အကြောင်းမှာ လူသားသည် သမ္မာတရားကို စိုးစဉ်းမျှ စိတ်မဝင်စားသောကြောင့်၊ ဘုရားသခင်ကို မကျေမချမ်း ဖြစ်ရခြင်း ဖြစ်သည်။ လူသားသည် လူ့ဇာတိခံယူသော ဘုရားသခင်အတွက် မိမိအသက်ကို စတေးနိုင်စွမ်း မရှိသည်သာမက၊ သူ့ထံမှ မျက်နှာသာပေးမှုများကို နှိုက်ယူဖို့ကိုလည်း ကြိုးစားအားထုတ်ကာ ဘုရားသခင်ကို လူသားကပေးသည့်အရာထက် ဆယ်ဆမကသော အကျိုးအမြတ်ကို တောင်းဆိုသည်။ ထိုကဲ့သို့သော အသိတရားနှင့် အသိစိတ်ရှိသည့် လူတို့သည် ဤအရာကို ကြီးကြီးမားမားကိစ္စ မဟုတ်ဟု ထင်မှတ်ပြီး၊ ၎င်းတို့သည် ဘုရားသခင်အတွက် များစွာ အသုံးခံပြီးဖြစ်ကြောင်းနှင့် ဘုရားသခင်မှ သူတို့ကို ပေးခဲ့သည်မှာ နည်းလွန်းကြောင်း ယုံကြည်ဆဲ ဖြစ်ကြသည်။ ငါ့ကို ရေတစ်ခွက်ပေးပြီးနောက် ၎င်းတို့၏ လက်များဖြန့်ပြီး နွားနို့နှစ်ခွက်အတွက် ၎င်းတို့အား ငါ အခပေးရန် တောင်းဆိုသောသူများ ရှိသည်၊ သို့မဟုတ် ငါ့အတွက် တစ်ညတာ တည်းခိုရန် အခန်းတစ်ခန်း ပြင်ဆင်ပေးကာ တည်းခိုခ အဆပေါင်းများစွာ တောင်းရန် ကြိုးပမ်းသောသူများရှိသည်။ သင်တို့သည် ထိုသို့သော လူ့သဘာဝနှင့် အသိစိတ်တစ်ခု ရှိလျက် အသက်ကို ရလိမ့်မည်ဟု မည်သို့ မျှော်လင့်နိုင်ကြသေးသနည်း။ သင်တို့သည် အလွန်စက်ဆုပ်ဖွယ်ကောင်းသော အကောင်ယုတ်များ ဖြစ်ကြသည်တကား။ လူ့ဇာတိခံယူသော ဘုရားသခင်သည် ခိုနားရာ မတွေ့ဘဲ၊ ကုန်းမြေအနှံ့ လှည့်ပတ်

သွားလာခြင်းသည် လူသား၏ ဤလူ့သဘာဝနှင့် အသိစိတ်ကြောင့် ဖြစ်ပေသည်။ အသိစိတ်နှင့် လူ့သဘာဝကို အမှန်တကယ် ပိုင်ဆိုင်သူများသည် ဘုရားသခင် လုပ်ဆောင်ပြီးစီးခဲ့သော အမှုတော် မည်မျှများပြားသည့်အတွက်ကြောင့် မဟုတ်ဘဲ၊ ကိုယ်တော်သည် အမှုတော် လုံးဝ လုပ်ဆောင်ခဲ့ခြင်း မရှိသည့်တိုင်၊ လူ့ဇာတိခံယူသော ဘုရားသခင်ကို ကိုးကွယ်ကာ သူ့ကို အသည်းလှိုက်အူလှိုက် အစေခံသင့်သည်။ ဤသည်မှာ အကောင်းပကတိ အသိစိတ်ရှိသူတို့ ဆောင်ရွက်သင့်သည့်အရာဖြစ်ပြီး၊ ယင်းမှာ လူသား၏တာဝန် ဖြစ်သည်။ လူအများစုသည် ဘုရားသခင်ကို ၎င်းတို့အစေခံမှုတွင် သတ်မှတ်ချက်များနှင့် ပတ်သက်၍ပင် ပြောဆိုကြသည်- သူသည် လူသားဖြစ်သည်ဖြစ်စေ သို့မဟုတ် ဘုရားသခင် ဖြစ်သည်ဖြစ်စေ သူတို့ အလေးမထားကြပေ၊ ပြီးလျှင် သူတို့ကိုယ်တိုင်၏ အခြေအနေများ အကြောင်းကိုသာ ပြောကြပြီး၊ ၎င်းတို့ကိုယ်တိုင်၏ အလိုဆန္ဒများကို ဖြည့်ဆည်းဖို့ကိုသာ ကြိုးစားကြသည်။ သင်တို့သည် ငါ့အတွက် အစားအစာချက်သောအခါ၊ ဝန်ဆောင်ခ တောင်းကြသည်။ ငါ့အတွက် ပြေးလွှားရသောအခါ၊ ပြေးလွှားခ တောင်းကြသည်၊ ငါ့အတွက် အလုပ်လုပ်သောအခါ၊ လုပ်အားခ တောင်းကြသည်၊ ငါ့အဝတ်အစားများကို လျှော်ဖွပ်သောအခါ၊ လျှော်ဖွပ်ခ တောင်းကြသည်၊ အသင်းတော်ကို သင် ထောက်ပံ့သောအခါ ပြန်ထေမိရန် ကုန်ကျစရိတ်များ တောင်းခံကြသည်၊ စကားပြောရသောအခါ၊ ဟောပြောခ တောင်းကြသည်၊ စာအုပ်ဖြန့်ဝေသောအခါ၊ ဖြန့်ဖြူးခ တောင်းကြသည်၊ ပြီးလျှင် စာရေးသောအခါ၊ စာရေးခ တောင်းကြသည်။ ငါ ကိုင်တွယ်ဖြေရှင်းခဲ့သော သူများသည် ငါ့ထံမှ လျော်ကြေးငွေပင် တောင်းခံနေစဉ်တွင်၊ အိမ်ပြန်ခိုင်းခြင်း ခံရသောသူများသည် ၎င်းတို့၏ အမည် ထိခိုက်ခြင်းအတွက် လျော်ကြေးငွေ တောင်းကြသည်။ အိမ်ထောင်မကျသေးသော သူများသည် သတို့သား၊ သတို့သမီး တင်တောင်းခ သို့မဟုတ် ငယ်ရွယ်နုပျိုမှု ဆုံးရှုံးခ တောင်းကြသည်၊ ကြက်သတ်သူများသည် သားသတ်ခ တောင်းကြသည်၊ အစားအစာ ကြော်သူများသည် ကြော်ခ တောင်းကြသည်၊ ပြီးလျှင် ဟင်းချိုချက်သူများသည်လည်း ယင်းအတွက် အခကြေးငွေ တောင်းကြသည်။... ဤသည်မှာ သင်တို့၏ မြင့်မြတ် ကြီးမားသော လူ့သဘာဝနှင့် သင်တို့၏ နွေးထွေးသောအသိစိတ်က သတ်မှတ်ပေးသည့် လုပ်ရပ်များပေတည်း။ သင်တို့၏ အသိစိတ် ဘယ်မှာနည်း။ သင်တို့၏ လူ့သဘာဝ ဘယ်မှာနည်း။ သင်တို့ကို ငါပြောမည်။ သင်တို့ ဤသို့ ဆက်လက် လုပ်ဆောင်ပါက၊ သင်တို့အကြားတွင် ဆောင်ရွက်နေခြင်းကို ငါရပ်ဆိုင်းမည်။ လူ့အဝတ်ဝတ်ဆင်ထားသော သားရဲအုပ်အကြား ငါ အမှုပြုမည်မဟုတ်၊ ရိုင်းစိုင်းသောစိတ်နှလုံးကို လှပသောမျက်နှာဖြင့် ဖုံးထားသည့် ဤလိုလူစုအတွက် ဤကဲ့သို့ ဒုက္ခဆင်းရဲကို ငါခံမည်မဟုတ်၊ ကယ်တင်ခြင်းအလားအလာ စိုးစဉ်းမျှမရှိသော ထိုကဲ့သို့သော

တိရစ္ဆာန်တစ်အုပ် အတွက် ငါ သည်းခံမည်မဟုတ်။ သင်တို့ကို ငါကျောခိုင်းသည့်နေ့သည် သင်တို့သေရမည့်နေ့ ဖြစ်သည်၊ ယင်းမှာ သင်တို့အပေါ် အမှောင်ထု ကျရောက်သည့်နေ့၊ အလင်းသည် သင်တို့အား စွန့်ခွာသည့်နေ့ ဖြစ်သည်။ သင်တို့ကို ငါပြောမည်။ ငါသည် သင်တို့ကဲ့သို့သော တိရစ္ဆာန်ထက်ပင် နိမ့်ကျသည့် လူစုအပေါ် စေတနာ ထားရှိမည် မဟုတ်ပေ။ ငါ့နှုတ်ကပတ်တော်များနှင့် ငါ့လုပ်ဆောင်မှုများအတွက် အကန့်အသတ်ရှိသည်၊ ပြီးလျှင် သင်တို့၏ လူ့သဘာဝနှင့် အသိစိတ်၏ လက်ရှိအခြေအနေ ဤသို့ဖြစ်နေသောကြောင့်၊ သင်တို့သည် အသိစိတ် အလွန်ကင်းမဲ့ကာ၊ ငါ့ကို များစွာ နာကျင်စေပြီးဖြစ်သည့်အပြင်၊ သင်တို့၏ စက်ဆုပ်ဖွယ်အပြုအမူသည် ငါ့ကို များစွာ ရွံရှာစေသောကြောင့် ငါ ဆက်အမှုပြုတော့မည် မဟုတ်ပေ။ လူ့သဘာဝနှင့် အသိစိတ် လွန်စွာချို့ယွင်းနေသူတို့သည် ကယ်တင်ခြင်းရရှိနိုင်သည့် အခွင့်အရေး လုံးဝရှိလိမ့်မည် မဟုတ်ပေ။ ထိုကဲ့သို့ အသနားအကြင်နာကင်းမဲ့ပြီး ကျေးဇူးကန်းသူတို့ကို ငါ မည်သည့်အခါမျှ ကယ်တင်မည် မဟုတ်ပေ။ ငါ၏နေ့ရက်ကာလ ကျရောက်လာသောအခါ၊ ကြောက်မက်ဖွယ်ကောင်းသော ငါ၏အမျက်ဒေါသကို တစ်ချိန်က ဆွခဲ့သည့် ငြင်းဆန်သောသူတို့အပေါ် ငါ၏ ပူပြင်းလှသော မီးလျှံကို ထာဝရ ငါရွာသွန်းမည်၊ တစ်ချိန်က ငါ့ကို ဆဲရေးပြီး ငါ့ကို ပစ်ပယ်သွားသော ထိုတိရစ္ဆာန်များကို ငါ၏ထာဝရ ပြစ်ဒဏ်ချမှတ်မည်၊ တစ်ချိန်က ငါနှင့်အတူ နေထိုင်စားသောက်ခဲ့သော်လည်း၊ ငါ့ကိုမယုံကြည်သည့်အပြင် ငါ့ကို စော်ကားပြီး သစ္စာဖောက်သွားသော ငြင်းဆန်သောသူတို့ကို ငါ၏ ဒေါသမီးဖြင့် အချိန်ပြည့် လောင်ကျွမ်းစေမည်။ ငါ၏ အမျက်ဒေါသကို ဆွခဲ့သူ အားလုံးကို ငါ၏အပြစ်ဒဏ် ခံစားစေမည်၊ တစ်ချိန်က ငါ၏ တန်းတူရည်တူများအဖြစ် ငါ့အပါးတွင် ရပ်တည်လိုသော ဆန္ဒရှိသော်လည်း၊ ငါ့ကိုကိုးကွယ်ခြင်းနှင့် နာခံခြင်းမရှိခဲ့သော ထိုသားရဲများအပေါ် ငါ၏အမျက်ဒေါသ အကုန်အစင် သွန်းမည်၊ တစ်ချိန်က ငါ၏ပြုစုစောင့်ရှောက်မှု၊ ငါပြောကြားခဲ့သည့် နက်နဲမှုများကို မွေ့လျော်ခဲ့သူများနှင့် ငါ့ထံမှ ရုပ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုများကို ရယူရန် ကြိုးပမ်းခဲ့သော ထိုတိရစ္ဆာန်များအပေါ် လူသားကိုရိုက်နှက်သော ငါ၏တုတ်သည် ကျရောက်လိမ့်မည်။ ငါ့နေရာကို ယူရန် ကြိုးပမ်းသည့် မည်သူကိုမျှ ငါခွင့်လွှတ်မည် မဟုတ်ပေ။ ငါ့ထံမှ အစားအစာနှင့် အဝတ်အထည်များကို ဆွဲလုရန် အားထုတ်ကြိုးပမ်းသူများကို ငါချမ်းသာပေးမည် မဟုတ်ပေ။ ယခုတွင် သင်တို့သည် ဘေးအန္တရာယ်မှ လွတ်မြောက်လျက်ရှိနေပြီး ငါ့ထံမှ တောင်းဆိုမှုများကို ရှိထားသည့်အခွင့်ထက်ပိုပြီး ဆက်လက်ပြုလုပ်နေသည်။ ဒေါသနေ့ရက် ကျရောက်လာသောအခါ၊ သင်တို့သည် ငါ့ကို နောက်ထပ် တောင်းဆိုမှုတစ်ခုတစ်လေ ပြုတော့မည် မဟုတ်ပေ။ ထိုအချိန်တွင် သင်တို့၏

စိတ်နှလုံးကျေနပ်သည့်အထိ သင်တို့ကိုယ်သင်တို့ "ပျော်ရွှင်ကြည်နူး" ခွင့်ကို ငါ ပေးမည်၊ သင်တို့ မည်သည့်အခါမျှ ပြန်မထလာနိုင်အောင် သင်တို့မျက်နှာကို မြေကြီးထဲသို့ အတင်းဖိသွင်းမည်။ ဤအကြွေးကို သင်တို့အား အနှေးနှင့်အမြန် ငါ "ပြန်ဆပ်" မည်ဖြစ်ပြီး၊ ထိုနေ့ရက် ရောက်လာသည်ကို သင်တို့စိတ်ရှည်လက်ရှည် စောင့်နေမည်ဟု ငါမျှော်လင့်သည်။

စက်ဆုပ်ဖွယ်ကောင်းသော ဤသတ္တဝါများသည် ၎င်းတို့၏ လွန်ကဲသော လိုအင်ဆန္ဒများကို အမှန်တကယ် ဘေးဖယ်ထားနိုင်ပြီး ဘုရားသခင်ထံသို့ လှည့်ပြန်လာနိုင်သော်၊ ၎င်းတို့၌ ကယ်တင်ခြင်းရရန် အခွင့်အလမ်း ရှိနေဆဲဖြစ်သည်။ လူသားသည် ဘုရားသခင်ကို အမှန်တမ်းတသောစိတ် ရှိသော်၊ ဘုရားသခင်၏ ပစ်ပယ်ခြင်းကို ခံရမည် မဟုတ်ပေ။ ဘုရားသခင်တွင် စိတ်ခံစားချက်ရှိသောကြောင့် လူသားက ဘုရားသခင်ကို မရရှိနိုင်ခြင်း မဟုတ်၊ သို့မဟုတ် ဘုရားသခင်က လူသား၏ ရရှိခြင်းကို လိုလားခြင်း မရှိသောကြောင့် မဟုတ်ဘဲ၊ လူသားသည် ဘုရားသခင်ကို မရရှိလိုသောကြောင့်ဖြစ်ကာ လူသားသည် ဘုရားသခင်ကို အပူတပြင်း မရှာဖွေသောကြောင့် ဖြစ်ပေသည်။ ဘုရားသခင်ကို အမှန်တကယ် ရှာဖွေသော လူသားတစ်ဦးအား ဘုရားသခင်က မည်သို့ ကျိန်ဆဲနိုင်မည်နည်း။ အကောင်းပကတိ အသိစိတ်နှင့် စာနာတတ်သော အသိတရား ရှိသူတစ်ယောက်ကို ဘုရားသခင်က မည်သို့ ကျိန်ဆဲနိုင်မည်နည်း။ ဘုရားသခင်ကို အမှန်တကယ် ကိုးကွယ်ပြီး အစေခံသူတစ်ဦးကို သူ၏ဒေါသမီးဖြင့် မည်သို့ လောင်ကျွမ်းစေနိုင်မည်နည်း။ ဘုရားသခင်ကို နာခံဖို့ ဆန္ဒရှိသူတစ်ဦးသည် ဘုရားသခင်၏ အိမ်တော်မှ ကန်ထုတ်ခြင်းကို မည်သို့ ခံရနိုင်မည်နည်း။ ဘုရားသခင်ကို ချစ်၍မဝသူ တစ်ဦးသည် ဘုရားသခင်၏ ပြစ်ဒဏ်ပေးမှု၌ မည်သို့ နေနိုင်မည်နည်း။ ဘုရားသခင်အတွက် အရာရာကို စွန့်လွှတ်ဖို့ ဆန္ဒရှိသူတစ်ဦးသည် မည်သည့်အရာမျှ မရှိသူတစ်ဦးအဖြစ် မည်သို့ ချန်ရစ် ခံရနိုင်မည်နည်း။ လူသားသည် ဘုရားသခင်နောက်သို့ လိုက်ရန် လိုလိုလားလား မရှိ၊ မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ဘုရားသခင်အတွက် အသုံးပြုရန် လိုလိုလားလား မရှိ၊ ထို့အပြင် မိမိတစ်သက်တာ လုံ့လစိုက်မှုများကို ဘုရားသခင်ထံ ဆက်ကပ်ရန် လိုလိုလားလား မရှိ၊ ထို့အပြင် ယင်းအစား ဘုရားသခင်သည် လက်ခံနိုင်သည့် အတိုင်းအတာ ကျော်လွန်သွားပြီ၊ ဘုရားသခင်နှင့် ပတ်သက်သည့် အရာများစွာသည် လူ့စိတ်ကူးများနှင့် ဆန့်ကျင်သည်ဟူ၍ ပြောသည်။ သင်တို့သည် ဘုရားသခင်ကို ရှာဖွေခြင်းမရှိသည့် အဖြစ်မှန်ကို မဆိုထားဘဲ၊ သင်တို့၏ ကြိုးစားအားထုတ်မှုများတွင် မဆုတ်မနစ်ရှိသော်လည်း၊ ဤလူ့သဘာဝမျိုးဖြင့် ဘုရားသခင်၏ ထောက်ခံမှုကို ရရှိနိုင်ဦးမည် မဟုတ်သေးပေ။ သင်တို့သည် လူသားမျိုးနွယ်၏ အပြစ်အနာအဆာရှိသော ကုန်ပစ္စည်းများဖြစ်သည်ကို မသိကြသလော။ သင်တို့၏

လူ့သဘာဝထက် ပို၍ အောက်တန်းကျသည့် လူ့သဘာဝ မရှိသည်ကို သင်တို့ မသိကြသလော။ သင်တို့၏ "ဂုဏ်ထူးဆောင်ဘွဲ့"သည် မည်သည့်အရာဖြစ်သည်ကို သင်တို့ မသိကြသလော။ ဘုရားသခင်အပေါ် အမှန်တကယ် ချစ်သူများက သင်တို့ကို ဝံပုလွေ၏ဖခင်၊ ဝံပုလွေ၏မိခင်၊ ဝံပုလွေ၏သား၊ ဝံပုလွေ၏မြေးဟု ခေါ်ကြသည်။ သင်တို့သည် ဝံပုလွေ၏ သားစဉ်မြေးဆက်၊ ဝံပုလွေ၏လူမျိုး ဖြစ်ကြပြီး၊ သင်တို့သည် သင်တို့ကိုယ်တိုင်၏ ပင်ကိုလက္ခဏာကို သိထားသင့်ပြီး မည်သည့်အခါမျှ မမေ့လျော့သင့်ပေ။ သင်တို့သည် အများတကာထက် သာလွန်သည့် ပုဂ္ဂိုလ်တစ်ယောက်ဟု မိမိကိုယ်ကိုယ် မတွေးထင်နှင့်- သင်တို့သည် လူသားမျိုးနွယ်အလယ်တွင် လူသားမဟုတ်သောသူများတွင် အဆိုးယုတ်ဆုံး အုပ်စုဖြစ်သည်။ သင်တို့အကြား အမှုပြုခြင်းအားဖြင့် ငါမည်မျှ အရဲစွန့်ခဲ့သည်ကို သင်တို့ သိကြသလော။ သင်တို့အလယ်တွင် အမှုပြုဖို့ ငါမည်မျှ အရဲစွန့်ခဲ့သည်ကို သင်တို့ သိကြသလော။ အကယ်၍ သင်တို့၏ အသိစိတ်သည် ပုံမှန် ပြန်မရောက်နိုင်ပါက၊ ပြီးလျှင် သင်တို့၏ အသိတရားသည် ပုံမှန်အလုပ် မလုပ်နိုင်ပါက၊ "ဝံပုလွေ" ဆိုသည့် အမည်နာမမှ မည်သည့်အခါမျှ သင် လွတ်မြောက်မည်မဟုတ်၊ ကျိန်ဆဲရာနေ့ရက်မှ မည်သည့်အခါမျှ လွတ်မြောက်မည် မဟုတ်၊ သင်၏ အပြစ်ဒဏ်ခံရမည့်နေ့မှလည်း မည်သည့်အခါမျှ လွတ်မြောက်မည် မဟုတ်ပေ။ သင်တို့သည် နိမ့်ကျစွာ မွေးဖွားလာသည့် တန်ဖိုးမရှိသောအရာဖြစ်သည်။ သင်တို့သည် ပင်ကိုအားဖြင့် ဆာလောင်သော ဝံပုလွေအုပ်စုတစ်စုဖြစ်ပြီး၊ အပျက်အစီးအစအနနှင့် အမှိုက်အပုံတစ်ပုံသာ ဖြစ်သည်၊ ပြီးလျှင် ငါသည် သင်တို့ကဲ့သို့မဟုတ်၊ မျက်နှာသာရရန် သင်တို့အပေါ် ငါအမှုပြုခြင်း မဟုတ်ဘဲ၊ အမှု၏ လိုအပ်ချက်ကြောင့်သာ ဖြစ်သည်။ သင်တို့သည် ငါ့ကို ဤနည်းဖြင့် ဆက်လက်ပုန်ကန်နေမည် ဆိုပါက၊ ငါသည် ငါ့အမှုကို ရပ်တန့်ကာ မည်သည့်အခါမျှ သင်တို့အပေါ် အမှုပြန်ပြုတော့မည် မဟုတ်။ ဆန့်ကျင်ဖက်အားဖြင့် ငါ့ကိုရန်လိုသော သူများအား ကြည့်ရှုရန် ငါလိုလိုလားလား မရှိသောကြောင့်၊ ငါ့ကို စိတ်ချမ်းသာစေသည့် နောက်ထပ် လူတစ်စုထံသို့ ငါ၏ အမှုကို လွှဲပြောင်းပေးပြီး ဤနည်းဖြင့် သင်တို့အား ငါ ထာဝရ စွန့်ပစ်မည် ဖြစ်သည်။ သို့ဆိုလျှင် သင်တို့သည် ငါနှင့် သဟဇာတ ဖြစ်လိုသလော၊ သို့မဟုတ် ငါ့ကိုရန်ဘက်ပြုလိုသလော။

## ဘုရားသခင်ကို မသိသောသူ အားလုံးသည် ဘုရားသခင်ကို ဆန့်ကျင်သောသူများ ဖြစ်ကြသည်

ဘုရားသခင်၏အမှု၏ ရည်ရွယ်ချက်၊ လူသား၌ သူ၏အမှု စွမ်းဆောင်ရရှိသော အကျိုးသက်ရောက်မှုနှင့် လူသားအတွက် သူ၏ အလိုတော် အတိအကျမှာ မည်သည့်အရာဖြစ်သည်တို့ကို သဘောပေါက်ရန်- ဤသည်မှာ ဘုရားသခင်၏ နောက်သို့ လိုက်သောလူတိုင်း ရရှိသင့်သောအရာ ဖြစ်သည်။ ယနေ့ခေတ်တွင်၊ ဘုရားသခင်၏ အမှုနှင့်ဆိုင်သော အသိပညာမှာ လူအားလုံး ကင်းမဲ့လျက်ရှိသည့်အရာ ဖြစ်သည်။ ကမ္ဘာလောက၏ ဖန်ဆင်းခြင်းမှသည် မျက်မှောက်ကာလအထိ၊ လူတို့အပေါ် ဘုရားသခင် ပြုပြီးသော လုပ်ဆောင်ချက်များ၊ ဘုရားသခင်၏ အမှုအလုံးစုံနှင့် လူသားအတွက် သူ၏ အလိုတော် အတိအကျမှာ မည်သည့်အရာဖြစ်သည်- ဤအရာများသည် လူသားက မသိသကဲ့သို့ သဘောမပေါက်သော အရာများ ဖြစ်သည်။ ဤသည်မှာ ဘာသာရေးလောက တစ်လျှောက်လုံးတွင် မြင်ရသည့် အားနည်းချက်ဖြစ်သည်သာမက၊ ဘုရားသခင်ကို ယုံကြည်သူများ အားလုံး၌လည်း တွေ့ရပေသည်။ သင်သည် ဘုရားသခင်ကို စစ်မှန်စွာ ရှုမြင်ရသည့်အချိန် ရောက်လာသည့်အခါ၊ ဘုရားသခင်၏ ဉာဏ်ပညာကို အမှန်တကယ် နားလည်သဘောပေါက်သည့်အခါ၊ ဘုရားသခင် ပြုပြီးသည့် လုပ်ဆောင်ချက်များအားလုံးကို သင် ရှုမြင်ရသည့်အချိန်၊ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို သင် သတိပြုမိသည့်အချိန်- သူ၏ ရက်ရောမှု၊ ဉာဏ်ပညာ၊ အံ့သြဖွယ်နှင့် လူတို့အပေါ် သူပြုပြီးသော အရာအားလုံးကို သင် မြင်ပြီးသည့်အခါ၊ ထိုအခါတွင် သင်သည် ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်းတွင် အောင်မြင်မှု ရှိပြီးလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် အလုံးစုံ လွှမ်းခြုံကာ အလုံးစုံ အလျှံပယ်ဖြစ်သည်ဟု ဆိုရာတွင်၊ မည်သည့်ပုံစံဖြင့် သူသည် အလုံးစုံ လွှမ်းခြုံပြီး၊ မည်သည့်ပုံစံဖြင့် အလုံးစုံ အလျှံပယ် ဖြစ်သနည်း။ ဤအရာကို သင်နားမလည်ပါက၊ သင်သည် ဘုရားသခင်၌ ယုံကြည်သည်ဟု ယူဆ၍မရနိုင်ပေ။ ဘာသာရေး လောက၌ ရှိသူများသည် ဘုရားသခင်၌ ယုံကြည်သူများ မဟုတ်ဘဲ၊ မတရားသဖြင့်ပြုသောသူများ၊ နတ်ဆိုးနှင့် တူသောသူများ ဖြစ်သည်ဟု အဘယ်ကြောင့် ငါဆိုသနည်း။ ၎င်းတို့သည် မတရားသဖြင့်ပြုသောသူများ ဖြစ်သည်ဟု ငါပြောသည့်အခါ၊ ယင်းမှာ ၎င်းတို့သည် ဘုရားသခင်၏ အလိုကို နားမလည်ကြသကဲ့သို့၊ သူ၏ ဉာဏ်ပညာကို မမြင်နိုင်ကြသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် သူ၏အမှုကို ၎င်းတို့အား မည်သည့်အခါမျှ ထုတ်ဖော်မပြပေ။ ၎င်းတို့သည် မျက်မမြင်များ ဖြစ်ကြလေသည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို ၎င်းတို့ မမြင်နိုင်ကြချေ၊ ၎င်းတို့သည် ဘုရားသခင်၏ စွန့်ပစ်ခြင်း ခံရကြပြီးဖြစ်ကာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မဆိုထားနှင့်၊ ဘုရားသခင်၏ ဂရုစိုက်မှုနှင့် ကွယ်ကာမှုတို့ လုံးဝ ကင်းမဲ့ကြလေသည်။ ဘုရားသခင်၏ အမှု

မရှိကြသူများသည် အားလုံး မတရားသဖြင့်ပြုသောသူများ ဖြစ်ကြပြီး ဘုရားသခင်၏ ရန်ဘက်များ ဖြစ်သည်။ ငါပြောသော ဘုရားသခင်ကို ဆန့်ကျင်ခြင်းသည် ဘုရားသခင်ကို မသိသောသူများ၊ ဘုရားသခင်ကို ၎င်းတို့၏ နှုတ်များဖြင့် အသိအမှတ်ပြုသော်လည်း၊ သူ့ကို မသိသောသူများ၊ ဘုရားသခင် နောက်လိုက်သော်လည်း၊ သူ့ကို မနာခံကြသူများနှင့် ဘုရားသခင်၏ ကျေးဇူးတော်၌ အကြိုက်တွေ့သော်လည်း၊ ဘုရားသခင်အဖို့ သက်သေမရပ်တည်နိုင်ကြသူများကို ရည်ညွှန်းပေသည်။ ဘုရားသခင်၏အမှု၏ ရည်ရွယ်ချက်ကို သိနားလည်ခြင်း သို့မဟုတ် လူသား၌ ဘုရားသခင် ပြုသော အမှုကို သိနားလည်ခြင်းမရှိဘဲ၊ သူသည် ဘုရားသခင်၏အလိုနှင့် မကိုက်ညီနိုင်သကဲ့သို့၊ ဘုရားသခင်အဖို့လည်း သက်သေမရပ်တည်နိုင်ပေ။ တစ်ဘက်၌ လူသားသည် ဘုရားသခင်ကို ဆန့်ကျင်သည့်အကြောင်းရင်းမှာ သူ၏ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားမှ အစပြုပြီး၊ အခြားတစ်ဘက်တွင် ဘုရားသခင်ကို မသိနားလည်ခြင်းနှင့် ဘုရားသခင် အမှုပြုသည့် အခြေခံသဘောတရားများနှင့် လူသားအတွက် သူ၏အလိုကို သိနားလည်မှုကင်းမဲ့ခြင်းတို့မှ အစပြုပေသည်။ အတူတကွကြည့်သည့်အခါ၊ ဤရှုထောင့်နှစ်ခုသည် ဘုရားသခင်ကို လူသား၏ ခုခံခြင်းသမိုင်းတစ်ခု ဖြစ်၏။ ယုံကြည်ခြင်း၌ လူသစ်များသည် ၎င်းတို့၏ သဘာဝ၌ ထိုသို့သော ဆန့်ကျင်မှု တည်ရှိသောကြောင့် ဘုရားသခင်ကို ဆန့်ကျင်ကြသော်လည်း၊ ယုံကြည်ခြင်း နှစ်ပေါင်းများစွာ ရှိသောသူတို့၏ ဘုရားသခင်ကို ဆန့်ကျင်ခြင်းမှာ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးနေသော စိတ်သဘောထားအပြင် ဘုရားသခင်ကို ၎င်းတို့ မသိနားမလည်မှု၏ အကျိုးဆက်ဖြစ်ပေသည်။ ဘုရားသခင် လူ့ဇာတိမခံယူမီ အချိန်တွင်၊ လူတစ်ဦးက ဘုရားသခင်ကို ဆန့်ကျင်မှုပြုသည်၊ မပြုသည်ကို တိုင်းတာမှုမှာ သူသည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင် ချမှတ်ထားသည့် အမိန့်များကို လိုက်နာခြင်းရှိ၊ မရှိဆိုသည့်အပေါ် အခြေခံပေသည်။ သာဓကအားဖြင့်၊ ပညတ်တော်ခေတ်တွင်၊ ယေဟောဝါ၏ ပညတ်တရားများကို မလိုက်နာခဲ့သည့် မည်သူမဆိုကို ဘုရားသခင်အား ဆန့်ကျင်သူအဖြစ် မှတ်ယူခဲ့သည်။ ယေဟောဝါထံ ယဇ်ပူဇော်မှုများကို ခိုးယူသောသူမည်သူမဆို၊ သို့မဟုတ် ယေဟောဝါ မျက်နှာသာ ပေးသောသူတို့ကို ဆန့်ကျင်သောသူ မည်သူမဆိုသည် ဘုရားသခင်အား ဆန့်ကျင်သူတစ်ဦးအဖြစ် မှတ်ယူခံခဲ့ရပြီး သေသည်အထိ ကျောက်ခဲဖြင့်ပစ်ခံခဲ့ရမည်ဖြစ်သည်။ မိမိ၏ဖခင်နှင့်မိခင်တို့ကို မရိုသေသောသူ မည်သူမဆိုနှင့် သူတစ်ပါးကို ရိုက်နှက်သောသူ သို့မဟုတ် ကျိန်ဆဲသောသူ မည်သူမဆိုသည် ပညတ်တရားများကို မစောင့်ထိန်းသောသူအဖြစ် မှတ်ယူခြင်းခံခဲ့ရသည်။ ပြီးလျှင် ယေဟောဝါ၏ ပညတ်တရားများကို မစောင့်ထိန်းသောသူ အားလုံးသည် သူ့ကို

ဆန့်ကျင်နေကြသကဲ့သို့ မှတ်ယူခံခဲ့ရသည်။ ယေရှုကို ဆန့်ကျင်သူ မည်သူမဆိုကို ဘုရားသခင်အား ဆန့်ကျင်သူအဖြစ် မှတ်ယူပြီး ယေရှု မိန့်မြွက်သော နှုတ်ကပတ်တော်များကို မနာခံသောသူ မည်သူမဆိုကို ဘုရားသခင်အား ဆန့်ကျင်သူအဖြစ် မှတ်ယူသည့်အချိန်ဖြစ်သော ကျေးဇူးတော်ခေတ်ထဲတွင် ထိုသို့ မဟုတ်တော့ပေ။ ဤအချိန်ကာလတွင်၊ ဘုရားသခင်အား ဆန့်ကျင်ခြင်းအား အနက်ဖွင့်သည့် နည်းလမ်းသည် သာ၍ တိကျလာပြီး သာ၍လည်း လက်တွေ့ကျလာခဲ့သည်။ ဘုရားသခင် လူ့ဇာတိမခံယူခဲ့သေးသည့် အချိန်ကာလတွင်၊ ဘုရားသခင်ကို လူသားက ဆန့်ကျင်ခြင်း ရှိ၊ မရှိဆိုသည်ကို တိုင်းတာမှုမှာ ကောင်းကင်ဘုံ၌ရှိသော မမြင်နိုင်သည့် ဘုရားသခင်ကို လူသားက ကိုးကွယ်ကာ ကြည်ညိုခြင်း ရှိ၊ မရှိဆိုသည့်အပေါ် အခြေခံခဲ့ပေသည်။ ထိုအချိန်က လူသားသည် ဘုရားသခင်ကို မမြင်နိုင်သကဲ့သို့ ဘုရားသခင်၏ ပုံသဏ္ဌာန် မည်သည့်အရာနှင့်တူသည် သို့မဟုတ် သူမည်သို့ စကားပြောဆိုခဲ့ပြီး အမှုပြုခဲ့သည်ကို မသိခဲ့ကြသောကြောင့်၊ ဘုရားသခင်အား ဆန့်ကျင်ခြင်းကို အနက်ဖွင့်သည့် နည်းလမ်းမှာ လုံးဝ လက်တွေ့မကျခဲ့ပေ။ လူသားသည် ဘုရားသခင်နှင့်ပတ်သက်၍ မည်သည့် အယူအဆမျှ လုံးဝ မရှိခဲ့သကဲ့သို့၊ ဘုရားသခင်သည် လူသားထံ မပေါ်ထွန်းသေးသောကြောင့် ဘုရားသခင်၌ မရေမရာ ယုံကြည်ခဲ့သည်။ ထို့ကြောင့်၊ လူသားသည် ဘုရားသခင်ကို မိမိ၏ စိတ်ကူးစိတ်သန်းဖြင့် မည်သို့ ယုံကြည်သည်ဖြစ်စေ၊ လူသားသည် ဘုရားသခင်ကို လုံးဝ မမြင်နိုင်ခဲ့သောကြောင့်၊ ဘုရားသခင်သည် လူသားကို ပြစ်တင်ရှုတ်ချခြင်း မပြုသကဲ့သို့ လူသားအပေါ် များလှစွာသော တောင်းဆိုချက်များ မပြုခဲ့ပေ။ ဘုရားသခင်သည် လူ့ဇာတိကို ခံယူပြီး၊ လူသားတို့ကြား အမှုပြုရန် ကြွလာသောအခါ အားလုံးသည် သူ့ကို ရှုမြင်ကြရပြီး၊ သူ၏ နှုတ်ကပတ်တော်များကို ကြားကြရကာ၊ သူ၏ လူ့ဇာတိခန္ဓာအတွင်းမှ ဘုရားသခင် ပြုသော လုပ်ဆောင်ချက်များကို မြင်ကြရ၏။ ထိုအခိုက်အတန့်တွင်၊ လူသား၏ အယူအဆအားလုံးသည် အမြှုပ်ဖြစ်သွားသည်။ လူ့ဇာတိ၌ ဘုရားသခင် ပေါ်ထွန်းသည်ကို မြင်ပြီးသောသူများအတွက်မူ၊ သူ့ကို လိုလားစွာ နာခံကြပါက၊ ၎င်းတို့ ရှုတ်ချခံရလိမ့်မည်မဟုတ်၊ သူ့ကို တမင်တကာ ဆန့်ကျင်သောသူတို့မှာမူ ဘုရားသခင်၏ ရန်ဘက်အဖြစ် သတ်မှတ်ခံရလိမ့်မည်။ ထိုသို့သောလူများသည် အန္တိခရစ်များ၊ ဘုရားသခင်ကို တမင် ဆန့်ကျင်သော ရန်သူများ ဖြစ်ကြလေသည်။ ဘုရားသခင်နှင့် စပ်လျဉ်း၍ အယူအဆများ သိုထားသော်လည်း၊ သူ့ကို နာခံရန် အဆင်သင့်ရှိပြီး လိုလားနေသူများသည် ပြစ်တင်ရှုတ်ချခြင်းကို ခံကြရလိမ့်မည်မဟုတ်။ ဘုရားသခင်သည် လူသားကို သူ၏အတွေးများနှင့် စိတ်ကူးများအတွက် ဘယ်သောခါမျှ ပြစ်တင်ရှုတ်ချခြင်း မပြုဘဲ၊ လူသား၏ ရည်ရွယ်ချက်များနှင့် လုပ်ရပ်များပေါ် အခြေခံ၍ ပြစ်တင်ရှုတ်ချလေသည်။

အကယ်၍သာ သူသည် လူသား၏ ၎င်း၏ အတွေးများနှင့် စိတ်ကူးများပေါ် အခြေခံ၍ စီရင်မည်ဆိုပါက၊ လူတစ်ဦးမျှ ဘုရားသခင်၏ အမျက်ဒေါသနှင့်ပြည့်သော လက်များမှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။ လူဇာတိခံ ဘုရားသခင်ကို တမင် ဆန့်ကျင်သော သူတို့သည် ၎င်းတို့၏ မနာခံမှုအတွက် အပြစ်ဒဏ်ပေးခံကြရမည် ဖြစ်သည်။ ဘုရားသခင်ကို တမင် ဆန့်ကျင်သောသူတို့နှင့် စပ်လျဉ်း၍၊ ၎င်းတို့၏ ဆန့်ကျင်ခြင်းသည် ဘုရားသခင်နှင့်ပတ်သက်၍ အယူအဆများ ၎င်းတို့ သိုထားသည့်အချက်မှ အစပြု၏၊ ယင်းကတစ်ဆင့် ဘုရားသခင်၏ အမှုကို နှောင့်ယှက်သည့် လုပ်ရပ်များသို့ ၎င်းတို့ကို သွေးဆောင်လေသည်။ ဤလူများသည် ဘုရားသခင်၏အမှုကို တမင်သက်သက် ခုခံကာ ဖျက်ဆီးကြလေသည်။ ၎င်းတို့သည် ဘုရားသခင်နှင့်ပတ်သက်၍ အယူအဆများရှိသည်သာ မဟုတ်ဘဲ၊ သူ၏အမှုကို နှောင့်ယှက်သည့် လုပ်ဆောင်ချက်များတွင်လည်း ပါဝင်ပတ်သက်ကြကာ၊ ဤအကြောင်းကြောင့် ဤလူစားမျိုးများသည် ပြစ်တင်ရှုတ်ချခံရပေလိမ့်မည်။ ဘုရားသခင်၏အမှုကို တမင် နှောင့်ယှက်ခြင်း မရှိသူတို့သည် ရည်ရွယ်ချက်ရှိရှိ နာခံနိုင်ကြပြီး အနှောင့်အယှက်များနှင့် အတားအဆီးများ ဖြစ်စေသည့် လုပ်ဆောင်ချက်များတွင် ပါဝင်ပတ်သက်ခြင်း မရှိကြသောကြောင့် အပြစ်သားများကဲ့သို့ ပြစ်တင်ရှုတ်ချခံရလိမ့်မည် မဟုတ်ပေ။ ဤကဲ့သို့သော လူတို့သည် ပြစ်တင်ရှုတ်ချခံရလိမ့်မည် မဟုတ်။ သို့သော်၊ လူတို့သည် ဘုရားသခင်၏အမှုကို နှစ်ပေါင်းများစွာ တွေ့ကြုံပြီးသည့်အချိန်တွင်၊ ဘုရားသခင်နှင့် ပတ်သက်၍ အယူအဆများ ၎င်းတို့ သိုထားဆဲဖြစ်ပြီး၊ လူ့ဇာတိခံ ဘုရားသခင်၏ အမှုကို မသိနိုင်မြဲရှိပါက၊ ပြီးလျှင် သူ၏အမှုကို နှစ်ပေါင်းမည်မျှ ၎င်းတို့ ကြုံတွေ့ပြီးသည်ဖြစ်စေ၊ ဘုရားသခင်နှင့်ပတ်သက်၍ အယူအဆများဖြင့် ၎င်းတို့ ဆက်လက် ပြည့်နှက်ကြကာ သူ့ကို မသိလာနိုင်ကြသေးပါက၊ အနှောင့်အယှက် ပေးသော လုပ်ဆောင်ချက်များတွင် ၎င်းတို့ ပါဝင်ပတ်သက်ခြင်း မရှိလျှင်ပင်၊ ၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင်နှင့်ပတ်သက်သော အယူအဆများစွာဖြင့် ပြည့်နှက်ကြပြီး၊ ဤအယူအဆများသည် သိသာလာခြင်း မရှိသော်လည်း၊ ဤကဲ့သို့သော လူများသည် ဘုရားသခင်၏အမှုအဖို့ မည်သို့မျှ အကူအညီမဖြစ်ပေ။ ၎င်းတို့သည် ဘုရားသခင်အတွက် ဧဝံဂေလိတရားကို မဖြန့်ဝေနိုင်ကြပေ၊ သို့မဟုတ် သူ့အဖို့ သက်သေမရပ်တည်နိုင်ကြပေ။ ဤသို့သော လူများသည် အသုံးမကျသကဲ့သို့ ဉာဏ်မရှိသူများ ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို မသိကြသည့်အပြင် ဘုရားသခင်နှင့် ပတ်သက်သည့် ၎င်းတို့၏ အယူအဆများကို လုံးလုံးလျားလျား မစွန့်ပစ်နိုင်ကြသောကြောင့်၊ ၎င်းတို့ ပြစ်တင်ရှုတ်ချခံကြရ၏။ ယင်းကို ဤသို့ဆိုနိုင်၏- ယုံကြည်ခြင်း၌ လူသစ်များအတွက်

ဘုရားသခင်နှင့် ပတ်သက်သည့် အယူအဆများ ကိုင်စွဲခြင်း သို့မဟုတ် သူနှင့်ပတ်သက်၍ ဘာမျှမသိခြင်းသည် ပုံမှန်ဖြစ်သော်လည်း၊ နှစ်ပေါင်းများစွာ ဘုရားသခင်၌ ယုံကြည်ပြီးဖြစ်ကာ သူ၏အမှုကို များစွာတွေ့ကြုံရပြီးသူတစ်ဦးအတွက်၊ အယူအဆများကို ဆက်လက်ကိုင်စွဲဖို့မှာ ထိုသို့သောလူတစ်ဦးအတွက် ပုံမှန်မဟုတ်သကဲ့သို့၊ ဘုရားသခင်နှင့် သက်ဆိုင်သော အသိပညာ မရှိဖို့ဆိုသည်မှာ ဤကဲ့သို့သော လူတစ်ဦးအတွက် သာ၍ပင် ပုံမှန်မဟုတ်ပေ။ ဤသည်မှာ ပုံမှန်အခြေအနေတစ်ခု မဟုတ်သောကြောင့် ၎င်းတို့ ပြစ်တင်ရှုတ်ချခြင်း ခံရကြပေသည်။ ဤပုံမှန်မဟုတ်သော လူများသည် အမှိုက်သာဖြစ်၏။ ၎င်းတို့သည် ဘုရားသခင်ကို အဆန့်ကျင်ဆုံးသော သူများနှင့် ဘုရားသခင်၏ ကျေးဇူးတော်ကို အချည်းနှီး မွေ့လျော်ကြသူများ ဖြစ်၏။ ထိုသို့သော လူအားလုံးသည် အဆုံးတွင် ဖယ်ရှားခံကြရပေမည်။

ဘုရားသခင်၏အမှု၏ ရည်ရွယ်ချက်ကို နားမလည်သောသူ မည်သူမဆိုသည် ဘုရားသခင်ကို ဆန့်ကျင်သောသူဖြစ်ပြီး၊ ဘုရားသခင်၏အမှု၏ ရည်ရွယ်ချက်ကို သိနားလည်လာသော်လည်း၊ ဘုရားသခင်ကို ကျေနပ်စေဖို့ မကြိုးစားကြသေးသူသည် ဘုရားသခင်၏ ရန်ဘက်တစ်ဦးအဖြစ် သာ၍ပင် ယူဆခံရပေသည်။ ခမ်းနားသည့် ဘုရားကျောင်းများထဲတွင် သမ္မာကျမ်းစာကို ဖတ်ရှုပြီး တစ်နေ့လုံး အာဂုံဆောင်သောသူများ ရှိသော်လည်း၊ ၎င်းတို့ထဲတွင် တစ်ဦးမျှ ဘုရားသခင်၏အမှု၏ ရည်ရွယ်ချက်ကို နားမလည်ပေ။ ၎င်းတို့ထဲတွင် တစ်ဦးမျှ ဘုရားသခင်ကို မသိနိုင်ကြပေ။ ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်မျှ ဘုရားသခင်၏ အလိုနှင့် ကိုက်ညီနိုင်ခြင်းမရှိပေ။ ၎င်းတို့အားလုံးသည် အသီးသီး ဘုရားသခင်ကို ဩဝါဒပေးရန် အမြင့်တွင် ရပ်တည်ကြရင်း၊ အသုံးမကျသောသူ၊ ဆိုးယုတ်သော လူများ ဖြစ်ကြသည်။ ၎င်းတို့သည် ဘုရားသခင်၏အောင်လံကို သယ်ဆောင်နေသည့် တစ်ချိန်တည်းမှာပင် ဘုရားသခင်ကို တမင် ဆန့်ကျင်ကြလေသည်။ ဘုရားသခင်၌ ယုံကြည်ခြင်းကို အခိုင်အမာဆိုလျက်၊ ၎င်းတို့သည် လူ့အသားကိုစားပြီး လူ့အသွေးကို သောက်ကြဆဲ ဖြစ်သည်။ ထိုသို့သောလူအားလုံးသည် လူသား၏ ဝိညာဉ်ကို ဝါးမျိုသည့် နတ်ဆိုးများ၊ မှန်ကန်သောလမ်းကြောင်းပေါ်သို့ ခြေလှမ်းရန် ကြိုးစားနေသူတို့၏ လမ်းတွင် တမင်သက်သက် တားဆီးသော မကောင်းဆိုးဝါးများ၏ ဦးသျှောင်နှင့် ဘုရားသခင်ကို ရှာဖွေသောသူတို့ကို ပိတ်ဆို့သော ခလုတ်တံသင်းများဖြစ်ကြ၏။ ၎င်းတို့သည် "ကောင်းမွန်သည့် ဖွဲ့စည်းမှု" ရှိပုံရကြသော်လည်း၊ ၎င်းတို့သည် လူတို့အား ဘုရားသခင်ကို ဆန့်ကျင်ရန် လမ်းပြသည့် အန္တိခရစ်များသာဖြစ်သည်ကို ၎င်းတို့၏ နောက်လိုက်များက မည်သို့ သိကြမည်နည်း။ ၎င်းတို့သည် လူ့ဝိညာဉ်များကို ဝါးမျိုရန် ရည်မှန်းချက်တွင် နှစ်မြှုပ်ထားသော ရှင်သန်နေသည့် နတ်ဆိုးများဖြစ်သည်ကို ၎င်းတို့၏ နောက်လိုက်များက မည်ကဲ့သို့သိမည်နည်း။ ဘုရားသခင်၏

မျက်မှောက်တွင် မိမိကိုယ်ကိုယ် အထင်ကြီးတတ်ကြသူများသည် လူများထဲမှ အဆိုးရွားဆုံးသောသူများ ဖြစ်သော်လည်း၊ မိမိတို့ကိုယ်ကိုယ် နှိမ့်ချသောသူတို့မှာ ဂုဏ်ပြုအခံရဆုံးသောသူများ ဖြစ်ကြ၏။ ပြီးလျှင် ဘုရားသခင်၏ အမှုကို ၎င်းတို့ သိသည်ဟု ထင်သည့်အပြင်၊ ဘုရားသခင်ကို တိုက်ရိုက်ကြည့်ကာပင် ကြီးမားသော ခမ်းနားကြီးကျယ်မှုဖြင့် အခြားသူများထံ ဘုရားသခင်၏အမှုကို ကြွေးကြော်နိုင်စွမ်းရှိသူများ- ဤသူတို့သည် လူများထဲမှ မသိနားမလည်ဆုံးသော သူများ ဖြစ်သည်။ ထိုသို့သော လူများသည် ဘုရားသခင်၏ သက်သေခံချက်မရှိ၊ မာနထောင်လွှားကြကာ စိတ်ကြီးဝင်ခြင်းဖြင့် ပြည့်လေသည်။ ဘုရားသခင်နှင့်သက်ဆိုင်သော တကယ့် အတွေ့အကြုံနှင့် လက်တွေ့ကျသည့် အသိပညာရှိလင့်ကစား၊ ၎င်းတို့သည် ဘုရားသခင်နှင့် သက်ဆိုင်သော အသိပညာ အလွန်နည်းပါးသည်ဟု ယုံကြည်ကြသူများသည် ဘုရားသခင်၏ အချစ်ခင်ရဆုံးသောသူများ ဖြစ်သည်။ ထိုသို့သောလူတို့သာ သက်သေခံချက် အမှန်တကယ်ရှိကြပြီး၊ ဘုရားသခင်၏ စုံလင်စေခြင်း ခံရနိုင်စွမ်း အမှန်တကယ် ရှိကြပေသည်။ ဘုရားသခင်၏ အလိုကို နားမလည်သောသူတို့သည် ဘုရားသခင်၏ ရန်ဘက်များ ဖြစ်ကြ၏။ ဘုရားသခင်၏ အလိုကို နားလည်သော်လည်း၊ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သောသူတို့သည် ဘုရားသခင်၏ ရန်ဘက်များ ဖြစ်ကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်သော်လည်း၊ ဘုရားနှုတ်ကပတ်တော်၏ အနှစ်သာရကို ဆန့်ကျင်ကြသူတို့သည် ဘုရားသခင်၏ ရန်ဘက်များဖြစ်ကြ၏။ လူဇာတိခံ ဘုရားသခင်နှင့်ပတ်သက်၍ အယူအဆများရှိသည့်အပြင်၊ ပုန်ကန်မှုတွင် ပါဝင်ပတ်သက်ရန် စိတ်ဆန္ဒရှိသူတို့သည် ဘုရားသခင်၏ ရန်ဘက်များ ဖြစ်ကြ၏။ ဘုရားသခင်အပေါ် ဝေဖန်သောသူတို့သည် ဘုရားသခင်၏ ရန်ဘက်များ ဖြစ်ကြ၏။ ပြီးလျှင် ဘုရားသခင်ကို မသိနိုင်သူ သို့မဟုတ် သူ့ကို သက်သေမခံနိုင်သူ မည်သူမဆိုသည် ဘုရားသခင်၏ ရန်ဘက် ဖြစ်သည်။ ထို့ကြောင့် သင်တို့ကို ငါ တိုက်တွန်းသည်- သင်တို့သည် ဤလမ်းကြောင်းကို လျှောက်နိုင်သည်ဟု ယုံကြည်ခြင်း အမှန်တကယ်ရှိပါက၊ ဆက်လက် လိုက်လျှောက်လော့။ သို့သော် သင်တို့သည် ဘုရားသခင်ကို ဆန့်ကျင်ခြင်းအား မရှောင်ကြဉ်နိုင်ပါက၊ အချိန် အလွန်မနှောင်းမီ ထွက်သွားသည်က အကောင်းဆုံး ဖြစ်ပေမည်။ သို့မဟုတ်ပါက၊ သင်တို့၏ သဘာဝသည် တကယ်ကို ဖောက်ပြန်ပျက်စီးလွန်းလှသောကြောင့်၊ သင်တို့အတွက် အမှုအရာများ ဆိုးရွားစွာ ဖြစ်သွားဖို့ အခွင့်အရေး အလွန့်အလွန် မြင့်မားပေသည်။ သစ္စာစောင့်သိမှု သို့မဟုတ် နာခံမှု၊ သို့မဟုတ် ဖြောင့်မတ်ခြင်းတရားနှင့် သမ္မာတရားကို ဆာငတ်သော စိတ်နှလုံးတစ်ခု သို့မဟုတ် ဘုရားသခင်ကို ချစ်ခြင်းတို့နှင့် ပတ်သက်၍၊ သင်တို့ စိုးစဉ်းမျှ၊ တစ်စက်မျှ မရှိပေ။ ဘုရားသခင်ရှေ့တွင် သင်တို့၏

အခြေအနေသည် လုံးလုံး ပရမ်းပတာဖြစ်သည်ဟု ဆိုနိုင်ပေသည်။ သင်တို့သည် လိုက်နာသင့်သည့်အရာကို မလိုက်နာနိုင်ကြသကဲ့သို့ ပြောသင့်သည့်အရာကို မပြောနိုင်ကြပေ။ သင်တို့ လက်တွေ့လုပ်ဆောင်သင့်သည့် အရာကို၊ သင်တို့ လက်တွေ့လုပ်ဆောင်ရန် ပျက်ကွက်ကြလေပြီ။ ပြီးလျှင် သင်တို့ ဖြည့်ဆည်းသင့်သည့် လုပ်ငန်းတာဝန်ကို၊ သင်တို့ မဖြည့်ဆည်းနိုင်ကြလေပြီ။ သင်တို့ရှိသင့်သည့် သစ္စာစောင့်ခြင်း၊ အသိတရား၊ နာခံမှု၊ သို့မဟုတ် စိတ်ဆုံးဖြတ်ချက် သင်တို့ မရှိကြချေ။ သင်တို့ ခံရပ်အပ်သည့် ဆင်းရဲဒုက္ခကို သင်တို့ ခံရပ်ခြင်း မရှိကြလေပြီ၊ ပြီးလျှင် သင်တို့ ရှိသင့်သော ယုံကြည်ခြင်း သင်တို့၌ မရှိကြပေ။ အတော်ကို သိသိသာသာပင်၊ သင်တို့သည် မည်သည့်ကောင်းမြတ်ခြင်းမျှ လုံးဝ မရှိကြချေ- သင်တို့သည် ဆက်လက်အသက်ရှင်ရန် မရှက်ကြသလော။ ထာဝရ ငြိမ်သက်ခြင်း ချမ်းသာတွင် သင်တို့၏ မျက်လုံးများကို မှိတ်ထားပြီး၊ ထိုသို့ဖြင့် သင်တို့၏ ဖြစ်ပျက်ပုံနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ခြင်းနှင့် သင်တို့အတွက် ဆင်းရဲဒုက္ခခံခြင်းမှ ဘုရားသခင်ကို လွတ်စေခြင်းသည် သာ၍ ကောင်းမည်ဟု သင်တို့ကို ငါဖျောင်းဖျဦးမည်။ သင်တို့သည် ဘုရားသခင်ကို ယုံကြည်ကြသော်လည်း၊ သူ၏အလိုကို မသိကြပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်တို့ စားသောက်သော်လည်း၊ လူသားကို ဘုရားသခင် တောင်းဆိုသည့်အရာအား မလိုက်နာနိုင်ကြချေ။ သင်တို့သည် ဘုရားသခင်ကို ယုံကြည်ကြသော်လည်း၊ သူ့ကို မသိကြသည့်အပြင်၊ ကြိုးပမ်းရမည့် ရည်မှန်းချက်တစ်ခု မရှိဘဲ၊ မည်သည့်တန်ဖိုးမျှမရှိဘဲ၊ မည်သည့်အဓိပ္ပါယ်မျှ မရှိဘဲ၊ အသက်ရှင်မြဲရှင်ကြလေသည်။ သင်တို့သည် လူသားအဖြစ် အသက်ရှင်သော်လည်း၊ အသိတရား၊ ဂုဏ်သိက္ခာ သို့မဟုတ် ယုံကြည်လက်ခံမှုနိုင် အတိုင်းအတာ စိုးစဉ်းမျှမရှိကြချေ- သင်တို့သည် မိမိတို့ကိုယ်ကိုယ် လူသားများအဖြစ် ခေါ်ဆိုနိုင်သေးသလော။ သင်တို့သည် ဘုရားသခင်ကို ယုံသော်လည်း၊ သူ့ကို လှည့်ဖြားကြသည်။ ထို့အပြင်၊ ဘုရားသခင်၏ ငွေကို သင်တို့ ယူပြီး၊ ဘုရားသခင်ထံပြုသော ပူဇော်သက္ကာများကိုလည်း စားပစ်လိုက်ကြသည်။ သို့သော် အဆုံးတွင် ဘုရားသခင်၏ ခံစားချက်များကို စာနာထောက်ထားမှု အနည်းငယ်မျှပြရန် သို့မဟုတ် ဘုရားသခင်အပေါ် အသိတရား ရေးရေးမျှပြရန် ပျက်ကွက်ဆဲ ဖြစ်သည်။ ဘုရားသခင်၏ အသေးအဖွဲအဖြစ်ဆုံးသော တောင်းဆိုချက်များကိုပင် သင်တို့ မဖြည့်ဆည်းနိုင်ကြ။ သင်တို့ကိုယ်သင်တို့ လူသားများဟု ခေါ်ဆိုနိုင်သေးသလော။ သင့်ကို ဘုရားသခင်ပေးသော အစာကို စားရင်းနှင့် သင့်ကို သူ ပေးသည့် အောက်ဆီဂျင်ကို ရှူရှိုက်ရင်း၊ သူ၏ ကျေးဇူးတော်ကို မွေ့လျော်ရင်းဖြစ်သော်လည်း၊ နောက်ဆုံးတွင် ဘုရားသခင်နှင့် သက်ဆိုင်သော အသိပညာ အနည်းငယ်မျှ သင်တို့ မရှိကြချေ။ ဆန့်ကျင်ဘက်အနေဖြင့်၊ သင်တို့သည်

ဘုရားသခင်ကို ဆန့်ကျင်သည့် အသုံးမကျသူများ ဖြစ်လာကြလေပြီ။ ယင်းသည် သင်တို့ကို ခွေးထက်ပင် နိမ့်ကျသည့် သားရဲတစ်ကောင် ဖြစ်စေသည် မဟုတ်လော။ တိရစ္ဆာန်များကြားတွင်၊ သင်တို့ထက် သာ၍ မလိုမုန်းထားသောသူ တစ်ဦးတစ်လေ ရှိသလော။

တရားဟော စင်မြင့်တွင်ရပ်၍ အခြားသူများကို သွန်သင်နေသည့် သင်းအုပ်များနှင့် အကြီးအကဲများသည် ဘုရားသခင်၏ ရန်ဘက်များနှင့် စာတန်နှင့် မဟာမိတ်များ ဖြစ်သည်။ သင်တို့အထဲမှ တရားဟော စင်မြင့်တွင် ရပ်၍ အခြားသူတို့ကို သွန်သင်ခြင်းမပြုသူတို့သည် ဘုရားသခင်၏ သာ၍ပင် ကြီးမားသော ရန်ဘက်များ ဖြစ်မည်မဟုတ်လော။ သင်တို့သည် ၎င်းတို့ထက်ပင် စာတန်နှင့် တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ဖြစ်ကြသည် မဟုတ်လော။ ဘုရားသခင်၏အမှု၏ ရည်ရွယ်ချက်ကို နားမလည်သောသူတို့သည် ဘုရားသခင်၏အလိုနှင့် မည်သို့ကိုက်ညီရမည်ကို မသိကြချေ။ ဘုရားသခင်အမှု၏ ရည်ရွယ်ချက်ကို နားလည်သောသူတို့သည် ဘုရားသခင်၏ အလိုနှင့် မည်သို့ကိုက်ညီရမည်ကို မသိမည်မှာ ဧကန်မုချ မဖြစ်နိုင်ပေ။ ဘုရားသခင်၏ အမှုသည် မည်သည့်အခါတွင်မျှ မမှားယွင်းပေ။ ယင်းထက်၊ အပြစ်အနာပါသည်မှာ လူသား၏လိုက်စားရှာဖွေမှု ဖြစ်သည်။ ဘုရားသခင်ကို တမင်ဆန့်ကျင်သော ကိုယ်ကျင့်တရားပျက်သူများသည် ထိုသင်းအုပ်ဆရာနှင့် အကြီးအကဲများထက် သာ၍ ဆိုးယုတ်ပြီး မလိုမုန်းထားသည် မဟုတ်လော။ များစွာသောသူတို့သည် ဘုရားသခင်ကို ဆန့်ကျင်သူများဖြစ်ကြသော်လည်း၊ ၎င်းတို့ကြားတွင် ဘုရားသခင်ကို ၎င်းတို့ ဆန့်ကျင်သည့် မတူကွဲပြားသော နည်းလမ်းများစွာ ရှိလေသည်။ ယုံကြည်သူမျိုးစုံ ရှိသည်နှင့်အမျှ၊ တစ်ဦးနှင့်တစ်ဦးမတူသည့် ဘုရားသခင်ကို ဆန့်ကျင်သူမျိုးစုံရှိလေသည်။ ဘုရားသခင်၏အမှု၏ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုရန် ပျက်ကွက်သူများထဲမှ တစ်ဦးတစ်ယောက်မျှ ကယ်တင်မခံရနိုင်ပေ။ အတိတ်ကာလတွင် လူသည် ဘုရားသခင်ကို မည်သို့ ဆန့်ကျင်ကောင်းဆန့်ကျင်နိုင်သည်ကို ပဓာနမထားဘဲ၊ လူသားသည် ဘုရားသခင်၏ အမှု၏ ရည်ရွယ်ချက်ကို နားလည်လာပြီး ဘုရားသခင်ကို စိတ်ကျေနပ်စေခြင်းငှာ သူ၏ အားထုတ်မှုများကို ဆက်ကပ်သည့်အခါ၊ သူ၏ ယခင်အပြစ်များအားလုံးကို ဘုရားသခင် သန့်စင်ဖယ်ရှားမည် ဖြစ်သည်။ လူသားသည် သမ္မာတရားကို ရှာဖွေကာ၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်သရွေ့ သူလုပ်ဆောင်ခဲ့သည့်အရာကို ဘုရားသခင် အမှတ်ထားမည်မဟုတ်ပေ။ ထို့အပြင်၊ လူသားကို ဘုရားသခင် ဖြောင့်မတ်စေသည်မှာ သမ္မာတရားကို လူသား၏ လက်တွေ့လုပ်ဆောင်ခြင်းအရ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဖြစ်၏။ လူသားသည် ဘုရားသခင်ကို မမြင်ဖူးမီ သို့မဟုတ် သူ၏အမှုကို မတွေ့ကြုံဖူးမီတွင်၊ ဘုရားသခင်အပေါ် လူသားက

မည်သို့ပြုမူစေကာမူ၊ ယင်းကို ဘုရားသခင် အမှတ်မထားပေ။ သို့သော်၊ လူသားသည် ဘုရားသခင်ကို တွေ့မြင်ပြီး သူ၏အမှုကို တွေ့ကြုံဖူးသည်နှင့် တစ်ပြိုင်နက်၊ လူသားသည် ဘုရားသခင်ကို မြင်ရပြီးဖြစ်ကာ သူ၏ အမှုအလယ်တွင် အသက်ရှင်ရပြီးဖြစ်သည့်အတွက်၊ လူသား၏ လုပ်ဆောင်ချက်များနှင့် အပြုအမူများအားလုံးကို ဘုရားသခင်သည် “နှစ်အလိုက်မှတ်တမ်း” ထဲတွင် ရေးသွင်းလိမ့်မည်ဖြစ်သည်။

လူသားသည် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို အမှန်တကယ် တွေ့မြင်ပြီးသည့်အခါ၊ ဘုရားသခင်၏ ကြီးစိုးမှုကို သူ တွေ့မြင်ပြီးသည့်အခါနှင့် ဘုရားသခင်၏အမှုကို အမှန်တကယ် သိရှိလာကြပြီးသည့်အခါ၊ ထို့အပြင် လူသား၏ ဟောင်းနွမ်းသော စိတ်သဘောထား ပြောင်းလဲသည့်အခါတွင်၊ လူသားသည် ဘုရားသခင်ကို ဆန့်ကျင်သည့် သူ၏ ပုန်ကန်တတ်သော စိတ်သဘောထားကို လုံး၀ စွန့်ပစ်လိမ့်မည် ဖြစ်သည်။ အယောက်တိုင်းသည် တစ်ချိန်တစ်ခါက ဘုရားသခင်ကို ဆန့်ကျင်ဖူးကြပြီး၊ အယောက်တိုင်းသည် တစ်ချိန်တစ်ခါက ဘုရားသခင်ကို ပုန်ကန်ဖူးကြသည်ဟု ဆိုနိုင်ပေသည်။ သို့သော်၊ သင်သည် လူဇာတိခံ ဘုရားသခင်ကို ရည်ရွယ်ချက်ရှိရှိ နာခံပြီး၊ ဤအခြေအနေမှ သင်၏ သစ္စာစောင့်သိမှုဖြင့် ဘုရားသခင်၏ စိတ်နှလုံးကို ကျေနပ်စေပါက၊ သင်လက်တွေ့လုပ်ဆောင်သင့်သည့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ပါက၊ သင်ထမ်းဆောင်သင့်သည့် ၀တ္တရားကို ထမ်းဆောင်ပြီး၊ သင်လိုက်နာသင့်သည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါက၊ သင်သည် ဘုရားသခင် စိတ်ကျေနပ်စေရန် သင်၏ ပုန်ကန်မှုကို စွန့်ပစ်ရန် လိုလားနေသူ တစ်ဦးဖြစ်ပြီး၊ ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရနိုင်သူတစ်ဦး ဖြစ်ပေသည်။ သင်သည် သင်၏ အမှားများကို ကြည့်ဖို့ ခေါင်းမာစွာ ငြင်းဆန်ပြီး မိမိကိုယ်ကိုယ် နောင်တရခြင်းငှာ ရည်ရွယ်ချက်မရှိခဲ့ပါက၊ ဘုရားသခင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် သူ့ကို စိတ်ကျေနပ်စေခြင်းငှာ ရည်ရွယ်ချက် နည်းနည်းမျှမရှိဘဲ သင်၏ ပုန်ကန်တတ်သော အမူအကျင့်ဖြင့် သင် မရမက လုပ်ဆောင်ပါက၊ သင်ကဲ့သို့သော အင်မတန် ခေါင်းမာပြီး ပြုပြင်မရသော လူတစ်ဦးသည် သေချာပေါက် အပြစ်ပေးခံရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ စုံလင်စေခြင်း ခံရသူတစ်ဦး ဘယ်သောအခါမျှ သေချာပေါက် ဖြစ်မည်မဟုတ်ပေ။ သို့ဖြစ်၍၊ သင်သည် ယနေ့တွင် ဘုရားသခင်၏ ရန်သူဖြစ်ပြီး မနက်ဖြန်တွင်လည်း ဘုရားသခင်၏ ရန်သူဖြစ်လိမ့်မည်ဖြစ်ကာ နောက်နေ့တွင်လည်း ဘုရားသခင်၏ရန်သူ ဖြစ်မြဲဖြစ်ပေလိမ့်မည်။ သင်သည် အစဉ်ထာ၀ရ ဘုရားသခင်၏ ရန်ဘက်နှင့် ဘုရားသခင်၏ ရန်သူတစ်ဦး ဖြစ်လိမ့်မည်။ ထိုအခြေအနေတွင်၊ ဘုရားသခင်သည် သင့်ကို မည်သို့ သက်ညှာနိုင်မည်နည်း။ ဘုရားသခင်ကို

ဆန့်ကျင်ဖို့ဆိုသည်မှာ လူသား၏သဘာဝတွင် ရှိသော်လည်း၊ သူ၏ သဘာဝကို ပြောင်းလဲခြင်းသည် ကျော်လွှားမရနိုင်သော အလုပ်တစ်ခု ဖြစ်သောကြောင့်မျှဖြင့် လူသားသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်းနှင့်ဆိုင်သည့် "လျှို့ဝှက်ချက်" ကို တမင်တကာ ရှာဖွေရမည်မဟုတ်ပေ။ ထိုသို့ဖြစ်မည်ဆိုပါက၊ အနာဂတ်တွင် သင်၏ ပြစ်တင်ဆုံးမှု သာ၍ ပြင်းထန်လာမည်စိုးသဖြင့်၊ ပြီးလျှင် နောက်ဆုံးတွင် သင်၏ သွေးသားခန္ဓာကို ဘုရားသခင် အဆုံးသတ်ရသည်အထိ၊ သင်၏ကြမ်းကြုတ်သော သဘာဝ ပွင့်ထွက်ပြီး ထိန်းမရနိုင်ဖြစ်လာမည် စိုးသဖြင့်၊ အလွန်နောက်မကျမီ သင်ထွက်သွားသည်က ပိုကောင်းပေမည်။ သင်သည် ကောင်းချီးမင်္ဂလာများ ရရှိဖို့ ဘုရားသခင်ကို ယုံကြည်၏။ သို့သော် နောက်ဆုံးတွင် ကံအကြောင်းမလှသည့် ဖြစ်ရပ်သာ သင့်အပေါ် ကျရောက်ပါက၊ ယင်းသည် အရှက်ရစရာ ဖြစ်မည်မဟုတ်လော။ သင်တို့အနေဖြင့် အခြားအစီအစဉ် ပြုလုပ်သည်က ပိုကောင်းပေလိမ့်မည်ဟု သင်တို့ကို ငါ တိုက်တွန်း၏။ သင်တို့ လုပ်ဆောင်နိုင်သည့် မည်သည့်အရာမဆိုသည် ဘုရားသခင်ကို ယုံကြည်ခြင်းထက် သာ၍ ကောင်းပေမည်- ဤလမ်းကြောင်းတစ်ခုသာ ရှိသည်မှာ ဧကန်မုချ မဖြစ်နိုင်။ သမ္မာတရားကို သင်တို့ မရှာဖွေခဲ့ပါက၊ သင်တို့ ဆက်လက်ရှင်သန်ခဲ့ကြမည် မဟုတ်လော။ အဘယ်ကြောင့် သင်သည် ဤနည်းဖြင့် ဘုရားသခင်နှင့် သဘောကွဲလွဲရမည်နည်း။

# အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၂ (၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ မှ ၁၉၉၃ ခုနှစ်၊ ဇွန်လ အထိ)

## အမှုတော်နှင့် ဝင်ရောက်ခြင်း (၁)

ဘုရားသခင်ကို ယုံကြည်ခြင်း၏ မှန်သော လမ်းကြောင်းကို လူတို့ စတင်လျှောက်လှမ်းသည့် အချိန်မှစ၍ ယနေ့တိုင် သူတို့ မရှင်းလင်းသေးသည့် အရာများစွာ ရှိနေသေးသည်။ ဘုရားသခင်၏ အလုပ်နှင့်ပတ်သက်၍ သော်လည်းကောင်း သူတို့ လုပ်သင့်သည့် မြောက်များစွာသော အလုပ်တို့နှင့် ပတ်သက်၍သော်လည်းကောင်း သူတို့သည် ရှုပ်ထွေးမှုအပြည့်ဖြင့် ရှိနေဆဲ ဖြစ်သည်။ ထိုသို့ဖြစ်သည်မှာ တစ်ဖက်၌ သူတို့၏

အတွေ့အကြုံ၌ လမ်းလွဲသွေဖယ်မှု ရှိနေသောကြောင့်နှင့် လက်ခံရန် သူတို့၏ စွမ်းရည်တွင် အကန့်အသတ်ရှိနေခြင်းကြောင့် ဖြစ်ပြီး တစ်ဖက်၌မူ ဘုရားသခင်၏အလုပ်သည် လူတို့ကို ထိုအဆင့်အထိရောက်အောင် မခေါ်ဆောင်ရသေးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် ဝိညာဉ်ရေးရာကိစ္စအများစုနှင့် ပတ်သက်၍ ဒွိဟဖြစ်နေခြင်း ဖြစ်သည်။ သင်တို့သည် သင်တို့ ဝင်ရောက်သင့်သည့် လမ်းကို ရှင်းရှင်းလင်းလင်း မသိသည့်အပြင် ဘုရားသခင်၏ အလုပ်ကို ပို၍ပင် မသိပေ။ ထိုသို့ ဖြစ်ခြင်းသည် သင်တို့၌ ရှိသည့် ချွတ်ယွင်းချက်များနှင့်ပတ်သက်သော သာမန်ကိစ္စတစ်ခုထက် ပိုလေသည်။ ၎င်းသည် ဘာသာရေးလောကမှ လူများအားလုံးနှင့် သက်ဆိုင်သော ကြီးမားသော ချွတ်ယွင်းချက်တစ်ခု ဖြစ်သည်။ ဤနေရာတွင်လူတို့ ဘုရားသခင်ကို မကြိုက်ရသည့် အကြောင်းရင်း၏ အဓိကသော့ချက်ရှိနေ၍၊ ထိုချွတ်ယွင်းချက်သည် ဘုရားသခင်ကို ရှာဖွေသူများအားလုံး၌ ရှိသည့် တူညီသည့် ချွတ်ယွင်းချက်တစ်ခု ဖြစ်သည်။ ဘုရားသခင်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ မသိကျွမ်းဖူးပေ၊ သို့မဟုတ် ဘုရားသခင်၏ မျက်နှာအစစ်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ မမြင်ဖူးသေးပေ။ ထို့ကြောင့် ဘုရားသခင်၏ အလုပ်သည် တောင်ကို ရွှေ့ရသလို သို့မဟုတ် ပင်လယ်ကို ခမ်းအောင်လုပ်ရသလို ခက်ခဲကြမ်းတမ်းသော အလုပ်ဖြစ်နေခြင်း ဖြစ်သည်။ ဘုရားသခင်၏ အလုပ်အတွက် လူဘယ်နှစ်ယောက်က သူတို့၏ ဘဝကို စတေးခဲ့ကြသနည်း၊ ဘုရားသခင်၏ အလုပ်ကြောင့် ဘယ်နှစ်ယောက်က နှင်ထုတ်ခံခဲ့ရသနည်း၊ ဘုရားသခင်၏ အလုပ်အတွက် ဘယ်နှစ်ယောက်က သေသည်အထိ ညှဉ်းဆဲခံခဲ့ရသနည်း၊ ဘုရားသခင်ကို ချစ်သော အချစ်ကြောင့် မျက်လုံး၌ မျက်ရည်များနှင့် ပြည့်နေသူ ဘယ်နှစ်ယောက် တရားမျှတမှုမရှိဘဲ သေခဲ့ကြသနည်း၊ ရက်ရက်စက်စက် လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်သည်ကို ဘယ်နှစ်ယောက်ခံခဲ့ရသနည်း...။ ထိုသို့သော အဖြစ်ဆိုးများ ဖြစ်သည်မှာ လူတွေက ဘုရားသခင်အကြောင်း မသိသောကြောင့်သာ ဖြစ်သည် မဟုတ်လော။ ဘုရားသခင်ကို မသိကျွမ်းသော သူတစ်ဦးသည် ဘုရားသခင်၏ရှေ့သို့ အဘယ်သို့ လာရဲသနည်း။ ဘုရားသခင်ကို ယုံကြည်သော်လည်း ဘုရားသခင်ကို ညှဉ်းပန်းနှိပ်စက်သော သူတစ်ဦးသည် ဘုရားသခင်၏ရှေ့သို့ အဘယ်သို့ လာရဲသနည်း။ ထိုသို့ဖြစ်ခြင်းသည် ဘာသာရေးလောက မှ လူတို့၏ မပြည့်စုံမှုများသာ မဟုတ်ပေ၊ သူတို့၌သာမက သင်တို့၌လည်း ရှိသော အရာ ဖြစ်သည်။ လူတို့သည် ဘုရားသခင်ကို မသိကျွမ်းဘဲနှင့် ယုံကြည်ကြသည်။ ထိုအကြောင်းရင်း တစ်ခုတည်းကြောင့်သာ သူတို့သည် နှလုံးသားထဲ၌ ဘုရားသခင်ကို မလေးစား၊ မကြောက်ရွံ့ကြခြင်း ဖြစ်သည်။ ဤရေစီးကြောင်း အတိုင်း သူတို့ ကိုယ်တိုင် မျှော်မှန်းထားသည့် အလုပ်ကို ပြောင်ပြောင်တင်းတင်း၊ အရှက်မရှိစွာ

လုပ်ဆောင်ပြီး သူတို့၏ ကိုယ်ပိုင် တောင်းဆိုချက်များနှင့် လွန်ကြူးသော ဆန္ဒများအတိုင်း ဘုရားသခင်မှစေခိုင်းသည့် အလုပ်ကို လုပ်ကိုင်နေသူများပင် ရှိသည်။ လူတော်တော်များများသည် ဘုရားသခင်ကို မြတ်နိုးလေးစားခြင်း မရှိဘဲ၊ ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒများနောက်သို့လိုက်ကာ သွေးရူးသွေးတန်း ပြုမူတတ်ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် လူတို့၏ တကိုယ်ကောင်းဆန်သော နှလုံးသားတို့၏ ပြယုဂ်များပင် မဟုတ်လော။ ထိုအပြုအမူများသည် လူတို့၌ အလွန်အလျှံအပယ် ရှိနေသော စဉ်းလဲခြင်း၏ အရိပ်လက္ခဏာကို ဖော်ပြသည် မဟုတ်လော။ လူတို့သည် အမှန်တကယ်ပင် အလွန်ထူးကဲ ဉာဏ်ရည်ထက်မြက် သူများ ဖြစ်နိုင်သော်လည်း သူတို့၏ ပါရမီများသည် ဘုရားသခင်၏ အလုပ်ကို မည်သို့ အစားထိုးနိုင်မည်နည်း။ လူတို့သည် ဘုရားသခင်၏ ဝန်ကို အမှန်တကယ်ပင် ဂရုစိုက်ကောင်း စိုက်မည်ဖြစ်သော်လည်း သူတို့သည် အလွန်တကိုယ်ကောင်းဆန်စွာ ပြုမူလို့ မရပါ။ လူတို့၏ လုပ်ရပ်များသည် ဘုရားသခင်၏ လုပ်ရပ်များကဲ့သို့ အမှန်တကယ် ဖြစ်ပါသလား။ လူတစ်ယောက်သည် ထိုသို့ဖြစ်ကြောင်းကို ယုံကြည်စိတ်ချနိုင်ပါသလား။ ဘုရားသခင်အကြောင်း သက်သေခံ ရန်နှင့် ဘုရားသခင်၏ ဘုန်းတော်ကို အမွေခံရန် အခွင့်ပေးခြင်းသည် ဘုရားသခင်က ချွင်းချက်တစ်ခုအဖြစ်သတ်မှတ်ပြီး လူတို့ကို မြှင့်တင်ပေးခြင်းဖြစ်သည်။ သူတို့သည် ထိုက်တန်သူများ မည်သို့ ဖြစ်နိုင်ပါမည်နည်း။ ဘုရားသခင်၏ အလုပ်သည် ယခုမှ စသည်၊ သူ၏စကားများကို ယခုမှသာ စတင်ပြောဆိုခြင်း ဖြစ်သည်။ ဤအခြေအနေ၌ လူတို့သည် သူတို့ကိုယ်သူတို့ ကျေနပ်နေကြသည်။ ထိုသို့ ဖြစ်ခြင်းသည် အရှက်ခွဲခံရအောင် လုပ်ဆောင်နေခြင်းပင် မဟုတ်လော။ သူတို့နားလည်သည့် အရာသည် အလွန်ပင် နည်းလှသည်။ အဟောအပြော အကောင်းဆုံး ပါရမီအထူးချွန်ဆုံး သီအိုရီပညာရှင်ပင်လျှင် ဘုရားသခင်၏ ကြွယ်ဝမှုအားလုံးကို ပြောပြနိုင်စွမ်း မရှိပေ၊ သို့ဖြစ်လျှင် သင်တို့သည် မည်မျှသာ၍နည်းစွာ ပြောပြနိုင်မည်နည်း။ သင်တို့သည် သင်တို့၏ တန်ဖိုးကို ကောင်းကင်ထက်မြင့်အောင် မသတ်မှတ်ဘဲ၊ ဘုရားသခင်ကို ကြိုးစားချစ်သော ဆင်ခြင်တုံတရားရှိသည့် လူများထဲတွင် အဆင့်အနိမ့်ဆုံးသူ အဖြစ် ကိုယ့်ကိုယ်ကို မြင်လျှင် အကောင်းဆုံးဖြစ်သည်။ ဤနည်းလမ်းသည် သင်တို့ ဝင်ရမည့် နည်းလမ်းဖြစ်သည်- အားလုံးထက် သိသိသာသာ နိမ့်ကျသည်ဟု ကိုယ့်ကိုယ်ကို မြင်ဖို့ ဖြစ်သည်။ သင်တို့သည် အဘယ်ကြောင့် ကိုယ့်ကိုယ်ကို အလွန်မြင့်သည်ဟု သတ်မှတ်ကြသနည်း။ အဘယ်ကြောင့် သင်တို့ကိုယ်သင်တို့ ထိုသို့မြင့်မားစွာ ထင်မြင်ယူဆကြသနည်း။ ရှည်လျားသော အသက် ခရီးလမ်း၌ သင်တို့သည် ပထမဦးဆုံးခြေလှမ်း အနည်းငယ်ကိုသာ လှမ်းပြီးသေးသည်။ သင်တို့ မြင်သမျှသည် ဘုရားသခင်၏လက်မောင်းသာ ဖြစ်သည်၊ ဘုရားသခင်ကို အပြည့်အဝ သင်တို့

မမြင်သေးပေ။ ဘုရားသခင်၏ အလုပ်ကို ပိုမြင် နိုင်ဖို့နှင့် သင်တို့ဝင်ရောက်သင့်သည့် လမ်းကို ပိုမို ရှာဖွေတွေ့ရှိနိုင်ဖို့ သင့်တွင်တာဝန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် သင်တို့၏ ပြောင်းလဲမှုမှာ နည်းလွန်းသဖြင့်ဖြစ်သည်။

လူကို စုံလင်အောင်ပြုလုပ်ပြီး လူ၏ စိတ်သဘောထားကို ပြောင်းလဲသောအခါ၌ ဘုရားသခင်၏ အလုပ်သည် မည်သည့်အခါမျှ မရပ်စဲပေ။ အဘယ်ကြောင့်ဆိုသော် လူတို့၌ မရှိသော အရာများ အလွန်များပြီး သူသတ်မှတ်ထားသည့် စံချိန်စံနှုန်းများကို သူတို့ မမီကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ မျက်စိထဲတွင် သင်တို့သည် အစဉ်ထာဝရ မွေးကင်းစကလေးများ၊ သူ့ကို ကျေနပ်စေသော အရာ အနည်းငယ်ကိုသာ ပိုင်ဆိုင်သူများ ဖြစ်နေလိမ့်မည်ဟု ပြောနိုင် ပါသည်၊ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ဘုရားသခင်၏ လက်၌ရှိသော ဖန်ဆင်းခံသတ္တဝါများမှလွဲ၍ ဘာမှမဟုတ် သောကြောင့် ဖြစ်သည်။ လူသည် မိမိဘာသာအားရကျေနပ်နေလျှင် ဘုရားသခင် ရွံရှာသည်ကို ခံရမည် မဟုတ်လော။ ဘုရားသခင်ကို ယနေ့သင်တို့ ကျေနပ်စေ နိုင်သည်ဟု ပြောဆိုခြင်းသည် သင်တို့၏ ဇာတိပကတိ ခန္ဓာ၏ ကန့်သတ်မှုရှိသော ရှုထောင့်မှ ပြောဆိုခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်နှင့် အမှန်တကယ် ယှဉ်ဖို့ဆိုလျှင် သင်တို့သည် ကြိုးဝိုင်းထဲတွင် ထာဝရရှုံးနိမ့်မည် ဖြစ်သည်။ လူ၏ ဇာတိပကတိသည် တကြိမ်တခါမျှ အောင်မြင်မှုကို မရရှိသေးပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှု အားဖြင့်သာ လူ၌ အဖတ်ဆယ်နိုင်သော ကြွန်အင်လက္ခဏာများ ရှိနိုင်ခြင်း ဖြစ်သည်။ အမှန်တရားမှာ၊ ဘုရားသခင် ဖန်ဆင်း ထားသည့် မြောက်များလှစွာသော အရာများထဲတွင် လူသည် အဆင့်အနိမ့်ဆုံးဖြစ်သည်။ လူသည် အရာအားလုံး၏ အရှင်သခင် ဖြစ်သော်လည်း အားလုံးထဲတွင် လူသည်သာ စာတန်၏ လှည့်စားမှုကိုခံရသူ ဖြစ်သည်၊ အတောမသတ်နိုင်သော နည်းလမ်း အမျိုးမျိုးဖြင့် ၎င်း၏ဖျက်ဆီးမှုတွင် သားကောင်အဖြစ်ခံရသူမှာ လူသာဖြစ်သည်။ လူသည် တကြိမ်တခါမျှ ကိုယ့်ကိုယ်ကို မအုပ်စိုး၊ မထိန်းချုပ်နိုင်သေးပေ။ လူအများအပြားသည် စာတန်၏ ရွံရှာစရာကောင်းသော နေရာ၌ နေကြသည်။ သူတို့သည် စာတန်၏ ပြက်ရယ်ပြုမှုကို ခံရကြသည်၊ ဒုက္ခ၊ သုခ သံသရာတိုင်းနှင့် လူ့လောကရှိ အခက်အခဲတိုင်းကို သူတို့ ကြုံတွေ့ခံစားရပြီး မသေမရှင်ဖြစ်သည် အထိ စာတန်သည် သူတို့ကို ထိုသို့ ကျီစယ်လေ့ရှိသည်။ စာတန်သည် သူတို့ကို ကစားပြီးနောက် သူတို့၏ ကံကြမ္မာကို အဆုံးသတ်လိုက်သည်။ ထို့ကြောင့် လူတို့သည် ဘုရားသခင် သူတို့အတွက် ပြင်ဆင်ပေးထားသော ကောင်းသော အရာများကို တစ်ကြိမ်တစ်ခါမျှပင် မခံစားရဘဲ တစ်ဘဝလုံး ယောင်ချာချာနှင့် စိတ်ရှုပ်ထွေးစွာ အသက်ရှင်ကြရသည်။ စာတန်၏

ဖျက်ဆီးခြင်းကို ခံရပြီး တစ်စစီချိုးဖဲ့ထားခြင်း ခံရသည်။ ယနေ့ သူတို့သည် အလွန်ပင် အားအင်ကုန်ခမ်းပြီး တက်ကြွမှု မရှိသောကြောင့် ဘုရားသခင်၏ အလုပ်ကို အာရုံစိုက်လိုစိတ် မရှိပေ။ လူတို့သည် ဘုရားသခင်၏ အလုပ်ကို အာရုံစိုက်လိုစိတ် မရှိလျှင် သူတို့၏ အတွေ့အကြုံသည် ကျိုးပဲ့ပြီး မပြည့်မစုံဖြစ်နေမည့် အစဉ်ထာဝရ ပျက်စီးမည့်ကိန်းရှိနေသည်။ သူတို့၏ ဝင်ရောက်မှု သည်လည်း ဘာမျှမရှိသော နေရာသို့ ဝင်ရောက်ခြင်းသာ အစဉ်ဖြစ်နေလိမ့်မည်။ ဘုရားသခင် လောကသို့ လာသည့် အချိန်မှစ၍ နှစ်ထောင်ချီသည့် ကာလအတောအတွင်းတွင် အလွန်မြင့်သော စံများထားရှိသူ များစွာကို ဘုရားသခင်သည် နှစ်ပေါင်းများစွာ သူ့အတွက်အလုပ်လုပ်စေဖို့အတွက် အသုံးပြု ခဲ့သည်။ သို့သော်လည်း ဘုရားသခင်၏ အလုပ်အကြောင်းကို သိသောသူ အရေအတွက်မှာမူ အလွန်ပင် နည်းပါးပြီး မရှိသလောက်ပင်ဖြစ်သည်။ ထို့ကြောင့် မရေမတွက်နိုင်အောင် များပြားသော လူတို့သည် ဘုရားသခင်အတွက် အလုပ်လုပ်ကြသည့် အချိန်၌ပင် ဘုရားသခင်ကို မနာခံဘဲနေကြခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တကယ့်တကယ်တမ်းတွင် သူတို့သည် ဘုရားသခင်ပေးအပ်ထားသည့် နေရာ၌ ဘုရားသခင်၏ အလုပ်ထက် လူ၏အလုပ်ကို လုပ်နေကြသောကြောင့် ဖြစ်သည်။ ထိုသို့လုပ်ခြင်းကို အလုပ်ဟု ခေါ် နိုင်ပါသလား။ သူတို့သည် မည်သို့ ဝင်ရောက်နိုင်မည်နည်း။ လူသားတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို လက်ခံပြီးနောက် ကျေးဇူးတော်ကို မြေအောက်၌ မြှုပ်လိုက်ကြသည်။ ထိုသို့လုပ်ဆောင်သောကြောင့် အတိတ်က မျိုးဆက်များစွာတွင် ဘုရားသခင်၏ အလုပ်ကို လုပ်သူတို့သည် ဝင်ရောက်မှု နည်းခြင်းဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ အလုပ်ကို သိခြင်းနှင့် ပတ်သက်သော အကြောင်းအရာကို မပြောဆိုကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်၏ ဉာဏ်အမြော်အမြင်ကို အနည်းအကျဉ်းမျှသာ နားလည်ကြသောကြောင့် ဖြစ်သည်။ ဘုရားသခင်ကို အစေခံသူများစွာ ရှိသော်လည်း ထိုသူတို့သည် ဘုရားသခင် မည်မျှ ချီးမြှောက်ခြင်းခံရသည်ကို မမြင်ကြပေ၊ ထို့ကြောင့် အားလုံးက အခြားသူများ သူတို့ကို ကိုးကွယ်ဖို့အတွက် သူတို့ကိုယ်သူတို့ ဘုရားသခင်အဖြစ် သတ်မှတ်ကြသည်ဟု ပြောနိုင်သည်။

နှစ်ပေါင်း အတန်ကြာသည်အထိ ဘုရားသခင်သည် သူဖန်ဆင်းထားသည့် အရာများကြားတွင် ကွယ်ဝှက်နေခဲ့သည်၊ နွေဦးများစွာ ဆောင်းဦးများစွာ ကျော်လွန်သွားသည့် ကာလအတောအတွင်းတွင် ဘုရားသခင်သည် မြူခိုးဇာပဝါနောက်မှ စောင့်ကြည့်နေခဲ့သည်၊ တတိယကောင်းကင်မှနေပြီး အောက်သို့ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ ကြည့်ရှုနေခဲ့သည်၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ လူတို့အကြား၌ လမ်းလျှောက်သွားခဲ့သည်။

ချမ်းအေးသောဆောင်းကာလများစွာကို ဖြတ်သန်းပြီး လူအားလုံး၏ အထက်၌ ထိုင်ကာ တိတ်ဆိတ်စွာ စောင့်ခဲ့သည်။ ဘုရားသခင်သည် မည်သူ့ရှေ့၌မျှ တကြိမ်တခါမျှ သူ့ကိုယ်သူ ပေါ်ပေါ်ထင်ထင် မဖော်ပြဘူးပေ၊ အသံတစ်သံမျှလည်း ထွက်အောင် မလုပ်ခဲ့ပေ၊ နိမိတ်လက္ခဏာတစ်ခုမျှ မပြဘဲ တိတ်တဆိတ် ထွက်ခွာမှုကိုပြုလုပ်နေသကဲ့သို့ပင် တိတ်တဆိတ် ပြန်လာနေသည်။ မည်သူက ဘုရားသခင်၏ မျက်နှာအစစ်ကို သိနိုင်သနည်း။ သူသည် အရင်က လူကို တခါမျှ စကားမပြောဖူးပေ၊ တကြိမ်တခါမျှလည်း ကိုယ်ထင်မပြဘူးပေ။ လူတို့အတွက် ဘုရားသခင်မှစေခိုင်းသည့် အလုပ်ကို လုပ်ဖို့ဆိုသည်မှာ မည်မျှလွယ်ကူသနည်း။ သူတို့ လုံးဝ မသိသောအချက်မှာ ဘုရားသခင်ကို သိကျွမ်းဖို့ဆိုသည်မှာ ရှိရှိသမျှအရာအားလုံးထဲတွင် အခက်ခဲဆုံးဖြစ်သည် ဟူသည့် အချက်ဖြစ်သည်။ ယနေ့ ဘုရားသခင်က လူကို စကားပြောခဲ့သည်။ သို့သော် လူသည် ဘုရားသခင်ကို တခါမျှ မသိကျွမ်းခဲ့ဖူးပေ။ အဘယ်ကြောင့်ဆိုသော် အသက်တာ၌ သူ၏ ဝင်ရောက်မှုသည် အကန့်အသတ်အလွန်ရှိပြီး၊ အလွန်တိမ်သောကြောင့် ဖြစ်သည်။ သူ၏ ရှုထောင့်မှ ကြည့်လျှင် လူတို့သည် ဘုရားသခင်၏ရှေ့သို့လာဖို့ အပြည့်အဝ စံမမီပေ။ သူတို့သည် ဘုရားသခင်ကို နားလည်မှု၌ အလွန်နည်းပြီး ဘုရားသခင်နှင့် အလွန်ဝေးကွာနေကြသည်။ ထို့အပြင် ဘုရားသခင်ကို ယုံကြည်သည့် သူတို့၏ နှလုံးသားသည် အလွန်ရှုပ်ထွေးလွန်းလှသည့်အပြင် သူတို့သည် ဘုရားသခင်၏ ပုံရိပ်ကို သူတို့၏ အတွင်းအကျဆုံးနေရာ၌ ရှိသော နှလုံးသားထဲ၌ မထားကြပေ။ အကျိုးဆက်အနေနှင့် ဘုရားသခင်၏ အပင်ပန်းခံအားထုတ်မှုနှင့် ဘုရားသခင်၏ အလုပ်သည်သဲအောက်မြုပ်နေသော ရွှေအပိုင်းအစများကဲ့သို့ အလင်းတစ်လက်ပင် မထုတ်လွှင့်နိုင်ပေ။ ဘုရားသခင်အတွက်တော့ ထိုလူတို့၏ အစွမ်းအစ၊ အရင်းခံအကြောင်းများနှင့် အမြင်တို့သည် အဆုံးစွန် ရွံရှာဖွယ်ကောင်းသည်။ လက်ခံနိုင်စွမ်းနည်းပါးခြင်း၊ ခံစားမှုမရှိတော့သည့် အဆင့်ရောက်သည်အထိ ကရုဏာတရား မရှိတော့ခြင်း၊ အရည်အသွေးကျလာခြင်း၊ ဆုတ်ယုတ်လာခြင်း၊ အလွန်အမင်း ဖော်လံဖားဖြစ်လာခြင်း၊ အားနည်းခြင်း၊ စိတ်ခွန်အားမရှိတော့ခြင်းတို့ကြောင့် ထိုသူတို့ကို နွားများ၊ မြင်းများကို လမ်းပြသလို လမ်းပြရမည်။ ထိုသူတို့၏ ဝိညာဉ်တော်သို့ ဝင်ရောက်မှု သို့မဟုတ် ဘုရားသခင်၏ အလုပ်၌ ဝင်ရောက်မှုနှင့် ပတ်သက်ပြီး ပြောရမည်ဆိုလျှင်၊ သူတို့သည် နည်းနည်းလေးမျှ ဂရုမစိုက်ကြ၊ သမ္မာတရားအတွက် ဒုက္ခခံရန် စိတ်ပိုင်းဖြတ်ထားခြင်း နည်းနည်းလေးမျှပင် မရှိကြ။ ထိုသို့သောလူကို ဘုရားသခင်က စုံလင်စေဖို့ဆိုသည်မှာ လွယ်ကူမည် မဟုတ်ပေ။ ထို့ကြောင့် သင်တို့သည် သင်တို့၏ ဝင်ရောက်မှုကို ဤရှုထောင့်မှ စတင်ဖို့ မုချလိုအပ်သည်။ သင်တို့၏ အလုပ်နှင့် သင်တို့၏

ဝင်ရောက်မှုအားဖြင့် သင်တို့သည် ဘုရားသခင်၏ အလုပ်ကို သိအောင်စတင်ချဉ်းကပ်ဖို့ မုချလိုအပ်သည်။

## အမှုတော်နှင့် ဝင်ရောက်ခြင်း (၂)

သင်တို့၏ အလုပ်နှင့် ဝင်ရောက်မှုသည် အလွန်အားနည်းလေသည်၊ လူသည် အလုပ်လုပ်ရမည့်ပုံကို တန်ဖိုးမထား၊ အသက်တာဝင်ရောက်မှုကိုဆိုလျှင် သာ၍ပင် ဂရုမစိုက်ကြ။ လူသည် ထိုသို့ဖြစ်နေခြင်းကို သူတို့ ဝင်ရောက်သင့်သည်ဟူသည်နှင့်ပတ်သတ်သောသင်ခန်းစာများအဖြစ် မသတ်မှတ်ကြပေ။ ထို့ကြောင့် သင်၏ အတွေ့အကြုံ၌ သူတို့မြင်သည့် အရာအားလုံးနီးပါးက ကောင်းကင်ထက်က ရဲတိုက်များသာ ဖြစ်သည်။ အလုပ်နှင့် ပတ်သက်လျှင် သင်တို့ကို များများစားစား မတောင်းဆိုပါ၊ သို့သော် ဘုရားသခင်က စုံလင်အောင် ပြုလုပ်ပေးသည်ကို ခံရမည့်သူများ အနေနှင့် သင်တို့သည် ဘုရားသခင်အတွက် အလုပ်လုပ်ခြင်းနှင့်ဆိုင်သော သင်၏သင်ခန်းစာများကို သင်ယူသင့်သည်၊ သိပ်မကြာခင်မှာပင် ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီနိုင်ဖို့အတွက် ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် ဘုရားသခင်အတွက် အလုပ်လုပ်ခဲ့ကြသူများကို အမှုဆောင်များ သို့မဟုတ် တမန်တော်များဟု ခေါ်ကြပြီး ထိုအခေါ်အဝေါ်သည် ဘုရားသခင် အသုံးပြုခဲ့သည့် လူအနည်းငယ်ကို ရည်ညွှန်းသည့် အခေါ်အဝေါ်ဖြစ်သည်။ သို့သော် ယနေ့ ငါပြောသည့် အလုပ်သည် ထိုအမှုဆောင်များ သို့မဟုတ် တမန်တော်များကိုသာ မရည်ညွှန်းပေ၊ ဘုရားသခင် စုံလင်အောင် ပြုလုပ်ပေးမည့် သူများအားလုံးကို ရည်ရွယ်ပြီး ပြောသော အလုပ်ဖြစ်သည်။ ထိုအလုပ်ကို စိတ်သိပ်မဝင်စားသောသူ အများအပြားရှိကောင်းရှိမည် ဖြစ်သည်၊ သို့သော်လည်း ဝင်ရောက်မှုနှင့်ဆိုင်သော အကျိုးအတွက် ထိုအမှန်တရားအကြောင်းကို ဆွေးနွေးလျှင် အကောင်းဆုံး ဖြစ်မည် ဖြစ်သည်။

အလုပ်နှင့်ပတ်သက်၍ လူသားသည် အလုပ်ဆိုသည်မှာ ဘုရားသခင်အတွက် ဟိုဟိုသည်သည် ပြေးခြင်း၊ နေရာတိုင်း၌ တရားဟောခြင်းနှင့် သူ့အတွက် သုံးစွဲခြင်းဖြစ်သည်ဟု ယုံကြည်သည်။ ထိုသို့ ယုံကြည်ခြင်းသည် မှန်သော်လည်း တစ်ဖက်သတ် ဆန်လွန်းလှသည်။ ဘုရားသခင်က လူကို တောင်းဆိုသည့်အရာမှာ သူ့အတွက် ဟိုပြေးသည်ပြေးလုပ်ရန်သာ မဟုတ်ပေ၊ ထိုထက် ကျော်လွန်၍ ဤအမှုသည် ဝိညာဉ်တော်အတွင်း၌ အမှုတော်ဆောင်ဖို့နှင့် ထောက်ပံ့မှုတို့နှင့်ပါ

သက်ဆိုင်သည်။ ညီအစ်ကိုမောင်နှမ တော်တော်များများသည် နှစ်ပေါင်းများစွာ အတွေ့အကြုံရရှိပြီး သည့်တိုင် ဘုရားသခင်အတွက် အလုပ်လုပ်ဖို့ တစ်ခါမျှ မစဉ်းစားဖူးပေ၊ အဘယ်ကြောင့်ဆိုသော် လူသား ထင်မြင်ထားသော အလုပ်ဟူသည့် အရာသည် ဘုရားသခင် တောင်းဆိုသည့်အရာနှင့် မလိုက်ဖက်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူသားသည် အလုပ် ကိစ္စတွင် မည်သည့်အရာပင်ဖြစ်စေ စိတ်ဝင်စားမှု လုံးဝမရှိပေ၊ ထို့ကြောင့် လူသား၏ ဝင်ရောက်မှုသည်လည်း အလွန်ပင် တစ်ဖက်သတ် ဖြစ်နေခြင်း ဖြစ်သည်။ သင်တို့အားလုံးသည် ဘုရားသခင်အတွက် အလုပ်လုပ်ခြင်းအားဖြင့် စတင်ဝင်ရောက် သင့်သည်၊ ယင်းနှင့် ဆိုင်သော ကဏ္ဍအားလုံးကို သင်တို့ သာ၍ ကြုံတွေ့ခံစားနိုင်ဖို့ ဖြစ်သည်။ ယင်းသည် သင်တို့ ဝင်ရောက်သင့်သည့်အရာ ဖြစ်သည်။ အလုပ်ဆိုသည်မှာ ဘုရားသခင်အတွက် ဟိုဟိုသည်သည် ပြေးခြင်းကို မရည်ညွှန်းဘဲ၊ လူသား၏အသက်တာနှင့် လူသား၏ အသက်ရှင်ခြင်းသည် ဘုရားသခင်အတွက် ပျော်ရွှင်မှုပေးနိုင်ခြင်း ရှိမရှိကို ရည်ညွှန်းသည်။ အလုပ်ဆိုသည်မှာ လူသားတို့က ဘုရားသခင် အပေါ်၌ထားသော သူတို့၏ ဆက်ကပ်ခြင်းနှင့် သူတို့၌ ရှိသည့် အသိပညာကို ဘုရားသခင်အကြောင်း သက်သေခံရန်နှင့် လူသားအပေါ် အမှုတော်ဆောင်ရန်အတွက်လည်း အသုံးပြုခြင်းကို ရည်ညွှန်းသည်။ ထိုအရာသည် လူသား၏တာဝန် နှင့် လူသားအားလုံး နားလည်သဘောပေါက်သင့်သည့် အရာဖြစ်သည်။ သင်တို့၏ ဝင်ရောက်မှုသည် သင်တို့၏ အလုပ်ဖြစ်ပြီး၊ ဘုရားသခင်အတွက် အလုပ်လုပ်နေစဉ်တွင် သင်တို့သည် ဝင်ရောက်ဖို့ ကြိုးစားနေသည်ဟု ဆိုနိုင်သည်။ ဘုရားသခင်၏အလုပ်အား တွေ့ကြုံခြင်းဆိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှီဝဲသုံးဆောင်ပုံကို သိခြင်းသာ မဟုတ်ပေ၊ သာ၍ အရေးကြီးသည်မှာ သင်တို့သည် ဘုရားသခင်၏အကြောင်း သက်သေခံပုံကို သိရမည်ဖြစ်ပြီး ဘုရားသခင်ကို အစေခံနိုင်ရမည်ဖြစ်ကာ၊ လူသားအပေါ် အမှုတော်ဆောင်ကာ လူသားကို ထောက်ပံ့ပေး နိုင်ရမည်။ ယင်းသည် အလုပ်ဖြစ်သည်၊ သင်တို့၏ ဝင်ရောက်မှုလည်း ဖြစ်သည်၊ ဤသည်ကား လူတိုင်း ပြီးမြောက်အောင် လုပ်သင့်သည့်အရာ ဖြစ်သည်။ ဘုရားသခင်အတွက် ဟိုဟိုသည်သည် ပြေးလွှားပြီး နေရာအားလုံး၌ တရားဟောခြင်းတို့ကိုသာ အာရုံစိုက်ပြီး ၎င်းတို့၏ ကိုယ်ပိုင် အတွေ့အကြုံကို သတိမထားမိသူများ၊ ၎င်းတို့၏ ဝိညာဉ်အသက်တာသို့ ဝင်ရောက်ခြင်းကို လျစ်လျူရှုထားသောသူ များစွာ ရှိသည်။ ယင်းသည် ဘုရားသခင်ကို အစေခံသူများအား ဘုရားသခင်ကို ခုခံသူများ ဖြစ်လာစေသည့် အကြောင်းအရင်း ဖြစ်သည်။ နှစ်ပေါင်းများစွာကြာအောင် ဘုရားသခင်ကို အစေခံနေခဲ့သူများနှင့် လူသားတို့အပေါ် အမှုတော်ဆောင်နေခဲ့ သူများသည် အလုပ်လုပ်ခြင်းနှင့် တရားဟောခြင်းကို ဝင်ရောက်မှု

အဖြစ်သာ သတ်မှတ်ခဲ့ကြပြီး၊ မည်သူကမျှ ၎င်းတို့၏ ဝိညာဉ်ရေးရာ နှင့်ဆိုင်သော ကိုယ်ပိုင်အတွေ့အကြုံကို အရေးကြီးသော ဝင်ရောက်မှုအဖြစ် မသတ်မှတ်ခဲ့ကြပေ။ ထိုသို့ သတ်မှတ်မည့်အစား၊ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်ကရသည့် ဉာဏ်အလင်းပေးခြင်းကို အခြားသူများကို သင်ကြားပေးရန်အတွက် အရင်းအနှီးအဖြစ် သတ်မှတ်ခဲ့ကြသည်။ တရားဟောသောအခါ၌ သူတို့သည် အလွန်အမင်း ဝန်ပိနေကြလျက် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို လက်ခံကြပြီး၊ ဤနည်းအားဖြင့် သူတို့သည်သန့်ရှင်းသော ဝိညာဉ်တော်၏အသံကို ထွက်လာ စေသည်။ ဤအချိန်၌၊ အလုပ်လုပ်သော သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို ၎င်းတို့၏ ကိုယ်ပိုင်ဝိညာဉ်ရေးရာ အတွေ့အကြုံကဲ့သို့ ခံစားရပြီး ကိုယ့်ကိုယ်ကို အလွန်အမင်း အားရ ကျေနပ်နေကြသည်။ သူတို့ ပြောနေသည့် စကားများအားလုံးသည် သူတို့၏ ကိုယ်ပိုင်အဖြစ် သူတို့ ခံစားရသော်လည်း သူတို့၏ ကိုယ်ပိုင်အတွေ့အကြုံသည် သူတို့ ပြောပြသလောက် မရှင်း သလိုလည်း ခံစားရသည်။ ထို့အပြင် စကားမပြောမီတွင် သူတို့ မည်သည့်အရာ ပြောမည်ကို အရိပ်အမြွက်ပင် မသိကြ။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်က သူတို့အတွင်း၌ အလုပ်လုပ် သောအခါ သူတို့၏စကားများသည် သူတို့ထံမှ အဆက်မပြတ် တရစပ် ထွက်လာတတ်သည်။ သင်သည် ထိုသို့ တစ်ကြိမ် တရားဟောဖူးပြီးချိန်တွင် သင်၏ ဝိညာဉ်အသက်တာအစစ်သည် အရင်က သင်ထင်ထားသလောက် မသေးငယ်ဟု ခံစားရပြီး၊ ထို့နောက်တွင် သန့်ရှင်းသော ဝိညာဉ်တော်က သင်၌ အကြိမ်ကြိမ် အလုပ်လုပ် ပြီးသောအခြေအနေတွင်ကဲ့သို့ သင့်မှာ ဝိညာဉ်အသက်တာ ရှိပြီးဖြစ်သည်ဟု ဆုံးဖြတ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် သင်၏ ကိုယ်ပိုင် ဝင်ရောက်မှုနှင့် သင်၏ဖြစ်တည်မှုဖြစ်သည်ဟု လွဲမှားစွာ ယုံကြည်တတ်သည်။ သင်သည် ထိုသို့ အစဉ်အမြဲ တွေ့ကြုံခံစားရသောအခါ သင်၏ ကိုယ်ပိုင် ဝင်ရောက်မှုနှင့် ပတ်သက်ပြီး လျော့တိလျော့ရဲ ဖြစ်လာတတ်သည်၊ သင်သည် သတိမထားမိဘဲ ပျင်းရိလာတတ်ပြီး၊ သင်ကိုယ်တိုင်၏ဝင်ရောက်မှုကို အရေးကြီးသည်ဟု လုံးဝ သဘောမထားဘဲ နေလာတတ်သည်။ ဤအကြောင်းကြောင့် သင်သည် အခြားသူတို့အပေါ် အမှုတော်ဆောင်သောအခါ၌ သင်၏ ဝိညာဉ်အသက်တာနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ရှင်းရှင်းလင်းလင်း ခွဲခြားသိမြင်ရမည်။ ထိုသို့ သိမြင်ခြင်းက သင်၏ ဝင်ရောက်မှုကို သာ၍ လွယ်ကူချောမောစေလိမ့်မည် ဖြစ်ပြီး သင်၏ အတွေ့အကြုံကို သာ၍ အကျိုးရှိစေလိမ့်မည်။ လူသားသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို မိမိတို့ကိုယ်တိုင်၏ အတွေ့အကြုံအဖြစ် သတ်မှတ်သောအခါ ယင်းသည် ဆုတ်ယုတ်မှု၏ အစဖြစ်သွားသည်။ ထို့ကြောင့် သင်တို့သည် မည်သည့်တာဝန်ကို ထမ်းဆောင်သည်ဖြစ်စေ

သင်တို့၏ ဝင်ရောက်မှုကို အရေးကြီးသော သင်ခန်းစာတစ်ခုအဖြစ် သင်တို့ မှတ်ယူသင့်သည်ဟု ငါပြောခြင်း ဖြစ်သည်။

လူတစ်ဦးအနေဖြင့် ဘုရားသခင်၏ အလိုတော်ပြည့်စုံစေရန်၊ ဘုရားသခင်၏ စိတ်နှလုံးနှင့် တွေ့သောသူများအားလုံးကို ဘုရားသခင်၏ ရှေ့သို့ ခေါ်ဆောင်လာရန်၊ လူကို ဘုရားသခင်ထံ ခေါ်ဆောင်လာရန်နှင့် လူသားကို သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်နှင့် ဘုရားသခင်၏ လမ်းပြမှုတို့နှင့် မိတ်ဆက်ပေးရန်တို့အတွက် အလုပ်လုပ်ပြီး၊ ဤနည်းအားဖြင့် ဘုရားသခင်၏ အလုပ်၏ အကျိုးကျေးဇူးများကို စုံလင်စေသည်။ ထို့ကြောင့် သင်တို့သည် အလုပ်၏ အနှစ်သာရကို နားလည်ဖို့ အလွန်အရေးကြီးသည်။ ဘုရားသခင် အသုံးပြုသည်ကို ခံရသော သူတစ်ဦးအနေနှင့်၊ လူသားအားလုံးသည် ဘုရားသခင်အတွက် အလုပ်လုပ်ရန် ထိုက်တန်သောသူများ ဖြစ်ကြသည်၊ ဆိုလိုသည်မှာ လူတိုင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုမှုကို ခံဖို့ အခွင့်အလမ်း ရှိသည်။ သို့သော် သင်တို့ နားလည်သဘောပေါက် ရမည့် အချက်တစ်ချက်ရှိသည်- လူသားသည် ဘုရားသခင်မှ စေခိုင်းသည့်အလုပ်ကို လုပ်သောအခါ ဘုရားသခင် အသုံးပြုခြင်းကို ခံရမည့် အခွင့်အရေး ပေးအပ်ခံခဲ့ရခြင်း ဖြစ်သည်။ သို့သော် လူသားပြောသည့်အရာနှင့် လူသားသိသည့် အရာသည် လူသား၏ ဝိညာဉ်အသက်တာ တစ်ရပ်လုံး မဟုတ်ပေ။ သင်တို့လုပ်နိုင်သည်မှာ သင်တို့အလုပ်လုပ်နေစဉ် သင်တို့ကိုယ်တိုင်၏ လိုအပ်ချက်များကို ပိုမို ကောင်းမွန်စွာ သိလာရန်သာ ဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ဉာဏ်အလင်းပေးမှုကို ပိုမိုရရှိလာရန်သာ ဖြစ်သည်။ ဤနည်းအားဖြင့် သင်တို့သည် သင်တို့ အလုပ်လုပ်နေစဉ်တွင် ပိုမိုကောင်းမွန်သော ဝင်ရောက်မှု ရရှိစေခြင်း ခံရမည်ဖြစ်သည်။ လူသားသည် ဘုရားသခင်၏ ထံမှလာသည့် လမ်းပြမှုကို ၎င်းတို့ကိုယ်တိုင်၏ ဝင်ရောက်မှုအဖြစ်နှင့် ၎င်းတို့၏အထဲ၌ မွေးကတည်းကရှိသည့် အရာအဖြစ် သတ်မှတ်လျှင် လူသား၏ ဝိညာဉ်အသက်တာ ကြီးထွားဖို့ အလားအလာ မရှိပေ။ လူသား၌ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သည့် အသိဉာဏ်ပွင့်လင်းစေခြင်းသည် လူသားတို့က ပုံမှန်အခြေအနေ၌ ရှိကြသည့်အခါ ဖြစ်ပေါ်ပေသည်။ ထိုသို့သောအချိန်များ၌ လူတို့သည် သူတို့ လက်ခံရရှိသော ဉာဏ်အလင်းကို သူတို့၏ ကိုယ်ပိုင် ဝိညာဉ်အသက်တာအစစ်အမှန်အဖြစ် လွဲမှားစွာ ထင်မြင်ယူဆလေ့ ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသော ဝိညာဉ်တော် ဉာဏ်အလင်းပေးသည့်နည်းသည် ထူးကဲစွာသာမန်အဖြစ်ဆုံးဖြစ်ပြီး လူသား၏အထဲ၌ မွေးကတည်းက ရှိသည့်အရာကို အသုံးပြုသောကြောင့် ဖြစ်သည်။ လူတို့ အလုပ်လုပ်သည့်အခါ သို့မဟုတ် စကားပြောသည့်အခါ၊ သို့မဟုတ် ဆုတောင်း၍ ၎င်းတို့၏ ဝိညာဉ်ရေးရာနှင့်ဆိုင်သော ဝတ်ပြုကိုးကွယ်မှုများကို ပြုသောအခါ၌၊ သမ္မာတရားသည်

ထိုသူတို့အတွက် ရုတ်တရက် ရှင်းလင်းသွား လိမ့်မည်။ သို့သော် လက်တွေ့တွင် လူသားမြင်သောအရာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးမှုသာ (ဤအရာသည် လူသား၏ ပူးပေါင်းလုပ်ဆောင်မှုနှင့် ဆက်စပ်နေသည်မှာ မှန်ပေသည်) ဖြစ်ပြီး လူသား၏ ဝိညာဉ်အသက်တာအစစ်ကို ကိုယ်စားမပြုပေ။ အချို့သော အခက်အခဲများနှင့် စမ်းသပ်မှုများကို လူသားက ရင်ဆိုင်ကြုံရသည့် အချိန်ကာလတစ်ရပ် နောက်ပိုင်းတွင်၊ လူသား၏ ဝိညာဉ် အသက်တာအစစ်သည် ထိုသို့သော အခြေအနေများတွင် သိသာ ထင်ရှားလာသည်။ ထိုသို့သောအခါ၌သာ မိမိ၏ ဝိညာဉ် အသက်တာသည် သိပ်မကြီးကြောင်း လူသားသည် တွေ့ရှိလာပြီး တစ်ကိုယ်ကောင်းဆန်မှု၊ မိမိအပေါ် သက်ရောက်သည့် အရာများနှင့် လူသား၏ လောဘတို့အားလုံး ပေါ်လာသည်။ ထိုသို့သော အတွေ့အကြုံ သံသရာကို အကြိမ်ကြိမ် တွေ့ကြုံပြီးမှသာ ၎င်းတို့၏ ဝိညာဉ်အတွင်း နိုးထလာသည့်သူ များစွာက အတိတ်က ၎င်းတို့ ကြုံတွေ့ခဲ့ရသည်ကား ၎င်းတို့၏ကိုယ်ပိုင် တစ်ဦးချင်း လက်တွေ့တရား မဟုတ်ဘဲ၊ သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ခဏတာ အလင်းပေးခြင်းသာ ဖြစ်ကြောင်းနှင့် လူသားသည် ဤအလင်းကို ရရှိခဲ့ပြီးဖြစ်ကြောင်းတို့ကို နားလည်သဘောပေါက်မည် ဖြစ်သည်။ သမ္မာတရားကို နားလည်စေရန် သန့်ရှင်းသော ဝိညာဉ်တော်က လူသားကို ဉာဏ်အလင်းပေးသောအခါ အများအားဖြင့် အမှုအရာများ မည်သို့ ပေါ်ပေါက်လာခဲ့သည် သို့မဟုတ် မည်သည့်နေရာသို့ သွားနေသည်ကို မရှင်းပြဘဲ ရှင်းလင်းထင်ရှားသော နည်းတစ်နည်းဖြင့် ဖြစ်သည်။ ဆိုလိုသည်မှာ သူသည် လူသား၏ အခက်အခဲများကို ဤဗျာဒိတ်တော်၌ ပေါင်းစပ်မည့်အစား၊ သမ္မာတရားကို တိုက်ရိုက် ထုတ်ဖော်ပြသည်။ လူသားသည် ဝင်ရောက်ခြင်း လုပ်ငန်းစဉ်၌ အခက်အခဲများနှင့် ကြုံသောအခါ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးမှု ပါဝင်အောင် လုပ်ပါက ယင်းသည် လူသား၏ တကယ့်အတွေ့အကြုံ ဖြစ်သွားသည်။ ဥပမာ- မိဿဟာရဖွဲ့သောအခါ၌ အိမ်ထောင်မကျသေးသော ညီမတစ်ယောက်က “ကျွန်မတို့ ဂုဏ်ရဖို့လည်း မကြိုးစားဘူး၊ ချမ်းသာကြွယ်ဝမှုကို ရဖို့လည်း မကြိုးစားဘူး၊ လင်နှင့် မယားအကြားမှာရှိတဲ့ ပျော်ရွှင်မှုကိုလည်း မတပ်မက်ဘူး။ သန့်ရှင်းတဲ့ နှလုံးသားနှင့် တကိုယ်တည်းနေခြင်းကိုသာ ဘုရားသခင်အတွက် ဆက်ကပ်ဖို့ပဲ ကျွန်မတို့ ကြိုးစားတယ်” ဟု ပြောပြီး “လူတွေက လက်ထပ်ပြီးတာနဲ့ သူတို့ကို အဘက်ဘက်က ဝန်းရံတိုက်ခိုက်တဲ့ အရာတွေအများကြီး ရှိလာပြီး ဘုရားသခင်ကို ချစ်တဲ့ သူတို့ရဲ့နှလုံးသားကလည်း မစစ်မှန်တော့ဘူး။ သူတို့ရဲ့ နှလုံးသားက မိသားစုအကြောင်း၊ သူတို့ရဲ့ အိမ်ထောင်ဖက်အကြောင်းနဲ့ အမြဲတမ်း ပြည့်နေတယ်။ အဲဒါကြောင့် သူတို့ရဲ့နှလုံးသားက တော်တော်လေးကို ပိုရှုပ်ထွေးလာတယ် ...”

ဟု ဆက်ပြောသည်။ သူမ စကားပြောသောအခါ၌ သူမပြောသော စကားများသည် သူမ၏ နှလုံးသားထဲ၌ တွေးနေသည့် အရာများကဲ့သို့ ဖြစ်သည်။ သူမ၏ စကားများသည် ဟိန်းထွက်နေပြီး အားအင်နှင့် ပြည့်ဝနေသည်။ သူမ ပြောသမျှအားလုံးသည် သူမ၏ နှလုံးသားထဲရှိ နက်ရှိုင်းသောနေရာမှ လာသကဲ့သို့ ဖြစ်သည်။ သူမသည် မိမိကိုယ်ကို ဘုရားသခင်ထံ လုံးဝ ဆက်ကပ်နိုင်ဖို့ ဆန္ဒရှိပြီး ညီအစ်ကို မောင်နှမများသည် သူမလို ဆုံးဖြတ်ချက်မျိုး ချနိုင်ဖို့ မျှော်လင့်သည်။ သင်၏ ဆုံးဖြတ်ချက်နှင့် ဤအချိန်၌ နှိုးဆော်မှုကို ခံရသည့် ခံစားချက်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှု လုံးလုံးလျားလျား ဖြစ်သည်ဟု ပြောနိုင်သည်။ ဘုရားသခင် အလုပ်လုပ်သည့် နည်းပြောင်းလဲသွားသောအခါ သင်သည် နှစ်အနည်းငယ် အသက်ကြီးလာပြီဖြစ်သည်။ အသက်တူသော သင်၏ ကျောင်းနေဖက်များနှင့် မိတ်ဆွေများအားလုံး၌ ယောကျ်ားရှိသည်ကို သင်မြင်သည်၊ သို့မဟုတ် 'ဟိုတစ်ယောက်ကတော့ အိမ်ထောင်ကျပြီးနောက်မှာ သူ့ရဲ့ယောကျ်ားက သူ့ကို မြို့မှာ နေဖို့ ခေါ်သွားတယ်၊ အဲဒီမှာ သူအလုပ်ရသည်ဟု သင်ကြားသည်။ သူမကို သင်တွေ့သောအခါ သင့်နှလုံးသားထဲ၌ မနာလိုစဖြစ်သည်။ သူမက ဆွဲဆောင်မှု အပြည့်အဝရှိပြီး နဖူးမှ ခြေဖဝါးအထိ ကျက်သရေရှိကြောင်း၊ သူမ စကားပြောသောအခါ၌ အတွေ့အကြုံကျယ်ပြန့်သော ဟန်ပန်ရှိပြီး သူမ၌ ကျေးလက်တောသားလူနုံ၏ အရိပ်အယောင် မရှိတော့ကြောင်းကို သင်မြင်သည်။ ဤသည်ကို မြင်သည့်အခါ သင့်အထဲ၌ ခံစားချက်မျိုးစုံ ရှိလာသည်။ ဘုရားသခင်အတွက် တချိန်လုံး အချိန်ပေးခဲ့သောကြောင့် သင့်မှာ မိသားစုလည်းမရှိ၊ အလုပ်အကိုင်လည်းမရှိ၊ ဆုံးမမှုမျိုးစုံကိုလည်း ခံခဲ့ပြီး လူလတ်ပိုင်းအသက်သို့ ရောက်လာသည်မှာလည်း ကြာပြီဖြစ်သည်၊ သင်၏ ငယ်ရွယ်နုပျိုမှုသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားပြီဖြစ်ပြီး အိမ်မက်ထဲ၌ အသက်ရှင်ခဲ့သလို ဖြစ်သည်။ ယနေ့တိုင် သင်သည် ဤလမ်းကို လျှောက်လှမ်းလာခဲ့သော်လည်း မည်သည့်နေရာ၌ အခြေချရမလဲဆိုတာကိုတော့ သင်မသိပေ။ ထိုသို့သောအချိန်၌ သင်၏ အတွေးများ ကစဉ့်ကလျားဖြစ်ကာ သင်သည် တစ်ခုခုကို အရှုံးအမှုးစွဲလမ်းနေသကဲ့သို့ဖြစ်နေသည်။ တကိုယ်တည်းရှိပြီး နှစ်နှစ်ချိုက်ချိုက် အိပ်မပျော်နိုင်ဖြစ်ကာ တညလုံး အိပ်လို့မရဘဲ သင့်ကိုယ်သင် မသိလိုက်ခင်မှာပင် သင်၏ ဆုံးဖြတ်ချက်နှင့် ဘုရားသခင်အားပေးခဲ့သော သင်၏ လေးနက်သော ကတိသစ္စာများအကြောင်းကို စတင်စဉ်းစားလာပြီး ဤသို့ဖြစ်လင့်ကစား သင်သည် အဘယ်ကြောင့် ထိုကဲ့သို့ ဆိုးရွားသော အခြေအနေထဲသို့ ကျရောက်ရသနည်း။ ရုတ်ချည်းပင် သင်သည် အသံတိတ်မျက်ရည်များနှင့် သင့်ကိုယ်သင် ကျဆင်းစေသည်။ ဆုတောင်းရန်အတွက်

သင်သည် ဘုရားသခင်ရှေ့သို့ သွားပြီး ဘုရားသခင်နှင့်အတူ သင်ပျော်ရွှင်ခဲ့သည့် နေ့ရက်များ၌ ရှိခဲ့သည့် ဘုရားသခင်နှင့် သင်၏ အကြားရှိ ခင်မင်မှုနှင့် ခွဲခွာလို့မရသည့် ရင်းနှီးမှုတို့အကြောင်းကို သင်စတင်စဉ်းစားလာသည်။ သင်၏ မျက်စိထဲတွင် မြင်ကွင်းများ တစ်ခုပြီး တစ်ခု ပေါ်လာပြီး ထိုနေ့က သင်ပြုခဲ့သည့် ကျမ်းသစ္စာစကားကို သင့်နားထဲ၌ ပြန်ကြားလာပြီး "ဘုရားသခင်သာလျှင် ကျွန်မရဲ့အရင်းနှီးဆုံး မိတ်ဆွေ မဟုတ်လား" ဟု သင်ပြောပြီး ကျယ်လောင်စွာ ငိုကြွေးကာ "ဘုရားသခင်၊ အလွန်ချစ်ခင်ရတဲ့ ဘုရားသခင်၊ ကျွန်မရဲ့နှလုံးသားကို ဘုရားသခင်အား လုံးလုံးလျားလျား ကျွန်မ ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်မ ဘုရားသခင်ရဲ့သတို့သမီး အစဉ်ထာဝရ ဖြစ်လိုပါတယ်။ ကျွန်မ ဘုရားသခင်ကို တစ်သက်လုံး မပြောင်းမလဲဘဲ ချစ်ပါ့မယ်..." ဟု သင်ပြောသည်။ ထိုသို့ ပြင်းထန်စွာ နာကျင်ခံစားရသောအခါ၌သာ ဘုရားသခင် မည်မျှ ချစ်ဖွယ်ကောင်းကြောင်းကို သင်အမှန်တကယ် ခံစားရမည် ဖြစ်သည်။ ထိုသို့ ခံစားရမှသာ 'ဟိုးအရင်တစ်ချိန်က ကျွန်မ ဘုရားသခင်ကို အားလုံးပေးအပ်ခဲ့သည်'ဟူသည့်စကားကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်မည် ဖြစ်သည်။ ထိုသို့သော ထိုးနှက်ချက်ကို ခံစားပြီးမှသာ ဤကိစ္စ၌ သင်သည် ပို၍ အတွေ့အကြုံရှိသောသူ ဖြစ်လာမည် ဖြစ်ပြီး ထိုအချိန်၌ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် လူပိုင်သောအရာ မဟုတ်ကြောင်းကို သိမြင်လာမည် ဖြစ်သည်။ ထို့နောက်ပိုင်းတွင် သင်၏ အတွေ့အကြုံများ၌ ဤဝင်ရောက်မှုနှင့်ပတ်သက်လျှင် အကန့်အသတ်များရှိတော့မည် မဟုတ်ပေ။ သင်၏အနာရွတ်များက သင်၏ဝင်ရောက်မှုအတွက် အကျိုးများစွာပေးခဲ့သလို ဖြစ်လာမည်ဖြစ်သည်။။ ထိုသို့သော အခြေအနေများနှင့် သင်ကြုံတွေ့တိုင်း ထိုနေ့၌ ကျခဲ့သည့် သင်၏ မျက်ရည်များကို သင်ချက်ချင်း ပြန်သတိရလိမ့်မည်၊ ဘုရားသခင်နှင့် သင်ပြန်လည် ဆုံဆည်းရသလို ဖြစ်လိမ့်မည်။ သင်နှင့် ဘုရားသခင် အကြားရှိ ရင်းနှီးမှု နောက်တခါ ပြတ်တောက်သွားမှာကို သင် အမြဲ ကြောက်ရွံ့နေသည်။ သင်နှင့် ဘုရားသခင် အကြားရှိ စိတ်ချင်းဆက်စပ်မှု (ပုံမှန်ဆက်ဆံရေး) ပျက်သွားမှာကို သင်အမြဲကြောက်နေသည်။ ဤသည်မှာ သင်၏ အလုပ်၊ သင်၏ ဝင်ရောက်မှုဖြစ်သည်။ ထို့ကြောင့် သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို လက်ခံသောအချိန်၌ပင် သင်တို့၏ ဝင်ရောက်မှုအပေါ်၌ သာ၍ပင် အလေးထားသင့်ပြီး တစ်ချိန်တည်းမှာပင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း၊ သင်တို့၏ဝင်ရောက်မှု ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်းကို တိတိကျကျ မြင်ပြီး၊ သင်တို့၏ဝင်ရောက်မှု၌ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကိုလည်း ပေါင်းစပ်သင့်သည်။ ထိုသို့ပြုခြင်းဖြင့် သင်တို့သည် သန့်ရှင်းသော

ဝိညာဉ်တော်၏ သာ၍များပြားသော နည်းများဖြင့် စုံလင်စေခြင်း ခံရမည်ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်၏ အနှစ်သာရကို သင့်အထဲ၌ ဖြစ်ပေါ်စေ နိုင်မည် ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သင်တို့ ကြုံတွေ့နေသောအချိန်၌ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို သာမက သင်တို့ကိုယ်သင်တို့ သိကျွမ်းလာကြမည်၊ ထို့အပြင် အလွန်ပြင်းထန်၍ မရေမတွက်နိုင်အောင် များပြားသော ပြင်းထန်သည့် ဒုက္ခအခက်အခဲများကြားတွင် သင်တို့သည် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေးတစ်ရပ် ရှိလာကြမည် ဖြစ်ပြီး၊ ဘုရားသခင်နှင့် သင်တို့အကြားရှိ ဆက်ဆံရေးသည် တစ်ရက်ပြီးတစ်ရက် ပိုမို နီးစပ်လာလိမ့်မည်။ မရေမတွက်နိုင်အောင် ပြုပြင်ခြင်း၊ စစ်ဆေးခြင်းတို့အပြီးနောက် သင်တို့သည် ဘုရားသခင် အပေါ် စစ်မှန်သော မေတ္တာ ပေါ်ပေါက်လာမည်။ ထို့ကြောင့် ဝေဒနာ၊ ရိုက်နှက်ချက်နှင့် ဒုက္ခအခက်အခဲများသည် ကြောက်စရာ ကောင်းသော အရာများ မဟုတ်ကြောင်း သင်တို့ နားလည် သဘောပေါက်ရမည်။ ကြောက်စရာကောင်းသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သာရှိပြီး သင်တို့၏ ဝင်ရောက်မှု မရှိခြင်း ဖြစ်သည်။ ဘုရားသခင်၏အလုပ် ပြီးမြောက်သည့်နေ့ ရောက်သောအခါ သင်တို့သည် အကျိုးမဲ့ ပင်ပင်ပန်းပန်း လုပ်ဆောင်ခဲ့သလို ဖြစ်နေလိမ့်မည်၊ သင်တို့သည် ဘုရားသခင်၏ အလုပ်ကို ကြုံတွေ့ခံစားခဲ့ကြသော်လည်း သန့်ရှင်းသော ဝိညာဉ်တော် ကိုလည်း သိခဲ့မည် မဟုတ်၊ သင်တို့၏ ကိုယ်ပိုင် ဝင်ရောက်မှုလည်း ရရှိခဲ့မည် မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်က လူသား အတွင်း လုပ်ဆောင်သည့် ဉာဏ်အလင်းသည်မှာ လူသား၏ စိတ်ထက်သန်မှုကို ထိန်းထားရန် မဟုတ်ဘဲ၊ လူသား ဝင်ရောက်ရန် အတွက် လမ်းကြောင်း ဖွင့်ပေးရန်အပြင်၊ သန့်ရှင်းသော ဝိညာဉ်တော်ကို လူသား သိလာစေရန် ဖြစ်ပြီး၊ ထိုနေရာမှတစ်ဆင့် ဘုရားသခင်ကို ချစ်ကြောက်ရိုသေပြီး နှစ်သက်မြတ်နိုးသည့် စိတ်များ ပေါ်ပေါက်လာစေရန်ဖြစ်သည်။

# အမှုတော်နှင့် ဝင်ရောက်ခြင်း (၃)

ဘုရားသခင်သည် လူသားများထံ များစွာ အပ်နှံပြီးဖြစ်ကာ မရေမတွက်နိုင်သော နည်းလမ်းများဖြင့် ၎င်းတို့၏ ဝင်ရောက်မှုကိုလည်း မိန့်ကြားပြီးဖြစ်သည်။ သို့သော် လူတို့၏ အရည်အချင်းမှာ အတော် ညံ့ဖျင်းသောကြောင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များစွာသည် အမြစ်မတွယ်နိုင်ခဲ့ပေ။ လူသားအတွေးနှင့် ကိုယ်ကျင့်တရားတို့ ဖောက်ပြန်ပျက်စီးခြင်းနှင့် ကောင်းမွန်စွာ ပြုစုပျိုးထောင်မှု မရှိခြင်း၊ လူသား၏နှလုံးသားကို အလေးအနက်

ထိန်းချုပ်ထားသော ရှေးရိုးစွဲ အယူသီးမှုများ၊ လူ့စိတ်နှလုံး၏ အနက်ရှိုင်းဆုံးသော နေရာများတွင် ဒုက္ခပြဿနာများကို သိုထားသည့် အကျင့်ပျက်ပြားပြီး ယိုယွင်းသော အသက်ရှင်နေထိုင်မှု ပုံစံများ၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာကို အပေါ်ယံ သဘောပေါက်ခြင်း၊ ကိုးဆယ့်ရှစ်ရာခိုင်နှုန်းနီးပါးရှိသော လူများက ယဉ်ကျေးမှုဆိုင်ရာ အသိပညာချို့တဲ့ခြင်း၊ ထို့အပြင် ပိုမိုမြင့်မားသော အဆင့်များရှိသည့် ယဉ်ကျေးမှုဆိုင်ရာ ပညာကို ရရှိသောသူများ အလွန် နည်းပါးနေခြင်းကဲ့သို့သော ဤညံ့ဖျင်းသော အရည်အချင်းအတွက် အမျိုးမျိုးသော အကြောင်းရင်းများ ရှိပေသည်။ ထို့ကြောင့်၊ လူတို့သည် အခြေခံအားဖြင့် ဘုရားသခင် သို့မဟုတ် ဝိညာဉ်တော်ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသည်ကို မသိကြဘဲ၊ ရှေးရိုးစွဲ အယူသီးမှုများမှ ရရှိသည့် ဘုရားသခင်နှင့်ဆိုင်သော မရေရာသကဲ့သို့ မရှင်းလင်းသော အမြင်တစ်ခုသာ ရှိကြလေသည်။ နှစ်ထောင်ပေါင်းများစွာ ရှိခဲ့သည့် “မြင့်မြတ်သော အမျိုးသားရေးစိတ်ဓာတ်” က လူသား၏ စိတ်နှလုံးထဲတွင် နက်နက်ရှိုင်းရှိုင်း ချန်ခဲ့သည့် မသိမသာနှင့် ဖျက်လိုဖျက်ဆီး လုပ်သည့်သဘောရှိသော လွှမ်းမိုးမှုများအပြင်၊ လွတ်လပ်မှု တစ်စက်မျှမရှိဘဲ၊ ဆန္ဒပြင်းပြဖို့ သို့မဟုတ် မဆုတ်မနစ် လုံ့လထုတ်ဖို့ လိုအင်ဆန္ဒမရှိဘဲနှင့်၊ တိုးတက်စေဖို့ ဆန္ဒမရှိဘဲ၊ ယင်းအစား မတုန်မလှုပ်နှင့် ခေတ်နောက်ပြန် ဆွဲမြဲဆွဲနေရင်း၊ ကျေးကျွန်စိတ်နေသဘောထားတွင် ခိုင်မာစွာ အမြစ်တွယ်လျက်၊ လူတို့ ပိတ်မိပြီး ချည်နှောင်ခံရသည့် ရှေးရိုးစွဲ အတွေးအခေါ်စသဖြင့်- ဤဓမ္မဓိဋ္ဌာန်ကျသော အကြောင်းရင်းများသည် လူသားမျိုးနွယ်၏ သဘောတရားဆိုင်ရာ အမြင်၊ စံများ၊ ကိုယ်ကျင့်တရားနှင့် စိတ်သဘောထားတို့ထံ ဖျက်မရသည့် ညစ်ညူးပြီး အကျည်းတန်သော အသွင်ကို ပေးပြီးဖြစ်သည်။ လူသားများသည် ၎င်းတို့ထဲမှ မည်သူမျှ ကျော်လွှန်ဖို့ မကြိုးစားကြသည့် အကြမ်းဖက်မှု အမှောင်ကမ္ဘာ၌ အသက်ရှင်နေကြသည်ဟု ထင်ရပြီး အကောင်းဆုံး လောကတစ်ခုသို့ ပြောင်းရွှေ့ခြင်းငှာ ၎င်းတို့ထဲမှ မည်သူမျှ မစဉ်းစားကြချေ။ ယင်းထက်၊ ၎င်းတို့သည် အသက်တာထဲတွင် မိမိတို့၏ နေ့ရက်များကို သားသမီးများမွေးကာ ပြုစုပျိုးထောင်ရင်း၊ ကြိုးပမ်းရင်း၊ ချွေးပြန်ရင်း၊ အိမ်မှုဝေယျာဝစ္စများကို လုပ်ဆောင်ရင်း၊ သက်သောင့်သက်သာရှိပြီး ပျော်ရွှင်ဖွယ်ကောင်းသည့် မိသားစုတစ်ခု၊ အိမ်ထောင်ရေး ချစ်ခင်မှု၊ သားသမီးဝတ်ကျေပွန်သော သားသမီးများကို စိတ်ကူးယဉ်အိပ်မက်မက်ရင်း၊ မိမိတို့၏ ဘဝများကို အေးချမ်းစွာ အသက်ရှင်နေထိုင်ကြသည်နှင့်အမျှ ဘဝ၏ နေဝင်ချိန် နှစ်များတွင် ပျော်ရွှင်မှုတို့ကို စိတ်ကူးယဉ်အိပ်မက်မက်ရင်းဖြင့် မိမိတို့၏ ဘဝကံကြမ္မာကို ရောင့်ရဲတင်းတိမ်နေကြလေသည်... ထောင်သောင်းချီသည့် နှစ်ကာလများစွာကြာ ယခုထိတိုင်၊ လူတို့သည် စုံလင်သော အသက်တာတစ်ခုကို ဖန်တီးခြင်းမရှိဘဲနှင့်၊ ၎င်းတို့၏ အချိန်ကို

ဤနည်းဖြင့် အချည်းနှီး ကုန်လွန်နေခဲ့ကြသည်၊ ကျော်ကြားမှုနှင့် အခွင့်အလမ်းများအတွက် ပြိုင်ဆိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး လျှို့ဝှက်ကြံစည်ကြခြင်းဖြင့် အားလုံးသည် ဤအမှောင်ကမ္ဘာလောက၌ အချင်းချင်း အပြန်အလှန် သတ်ဖြတ်ဖို့သာ စိတ်ပိုင်းဖြတ်ထားကြလေသည်။ မည်သူသည် ဘုရားသခင်၏အလိုကို ရှာဖွေဖူးသနည်း။ ဘုရားသခင်၏အမှုကို တစ်ဦးတစ်လေက အရေးစိုက်ဖူး သလော။ အမှောင်စွမ်းအား၏ နေရာယူခြင်းခံထားရသော လူသားမျိုးနွယ်၏ အစိတ်အပိုင်းအားလုံးသည် အချိန်ကြာမြင့်စွာကတည်းက လူ့သဘာဝဗီဇ ဖြစ်လာပြီးဖြစ်ကာ၊ ထို့ကြောင့် ဘုရားသခင်၏ အမှုကို ဆောင်ရွက်ရန် အတော်အတန် ခက်ခဲပြီး၊ ယနေ့တွင် ၎င်းတို့ကို ဘုရားသခင်က အပ်နှံပြီးဖြစ်သည့်အရာကို လူတို့သည် သာ၍ပင် အာရုံစိုက်ချင်စိတ်မရှိကြချေ။ မည်သို့ပင်ဖြစ်စေ၊ ငါပြောနေသည့် အရာသည် နှစ်ထောင်ပေါင်းများစွာ၏ သမိုင်းဖြစ်သည့်အတွက် ဤနှုတ်ကပတ်တော်များအား မိန့်မြွက်နေသည့် ငါ့ကို လူတို့ ဂရုစိုက်ကြမည်မဟုတ်ဟု ငါယုံကြည်သည်။ သမိုင်းနှင့်ပတ်သက်၍ ပြောဆိုခြင်းသည် အမှန်တရားများအပြင်၊ အားလုံးအဖို့ သိသာထင်ရှားသော မကောင်းသတင်းများကို ဆိုလိုသည်၊ သို့ဖြစ်၍ အမှန်တရားနှင့် ဆန့်ကျင်သော အရာကို ပြောဆိုခြင်းသည် မည်သည့် အကျိုးရှိပါသနည်း။ သို့သော် ဆင်ခြင်တုံတရားရှိသောသူများသည် ဤနှုတ်ကပတ်တော်များကို မြင်တွေ့သောအခါ၊ နိုးထကြလိမ့်မည်ဖြစ်ပြီး တိုးတက်မှုအတွက် ကြိုးပမ်းကြလိမ့်မည်ဟုလည်း ငါယုံကြည်သည်။ လူသားများသည် ငြိမ်သက်ခြင်းနှင့် ရောင့်ရဲမှုဖြင့် အသက်ရှင်ကာ အလုပ်လုပ်နိုင်နေစဉ် တစ်ချိန်တည်းတွင် ဘုရားသခင်ကို ချစ်နိုင်ကြလိမ့်မည်ဟု ဘုရားသခင် မျှော်လင့်သည်။ လူသားမျိုးနွယ်အားလုံး ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်နိုင်ဖို့မှာ ဘုရားသခင်၏ အလိုဖြစ်သည်။ ဤအရာထက်၊ နယ်မြေတစ်ခုလုံးကို ဘုရားသခင်၏ ဘုန်းအသရေနှင့် ပြည့်စေခြင်းသည် ဘုရားသခင်၏ ကြီးမားသည့် ဆန္ဒဖြစ်သည်။ လူသားတို့သည် သတိလွတ်ခြင်းတွင် နစ်မြုပ်နေပြီး မနိုးထဘဲနေကြသည်မှာ ဝမ်းနည်းစရာ တစ်ခုသာ ဖြစ်သည်၊ ၎င်းတို့သည် စာတန်၏ အလွန်ဆိုးရွားစွာ ဖျက်ဆီးခြင်းခံကြရသည်မှာ ယနေ့တွင် လူသားများ၏ အသွင်သဏ္ဌာန် မရှိကြတော့ပေ။ ထို့ကြောင့် လူသားအတွေး၊ ကိုယ်ကျင့်တရားနှင့် ပညာရေးတို့သည် အရေးကြီးသည့် ကွင်းဆက်တစ်ခုကို ဖြစ်ပေါ်စေပြီး၊ လူသားများ၏ ယဉ်ကျေးမှုပညာတွင် လေ့ကျင့်ခြင်းသည် ဒုတိယကွင်းဆက်ကို ဖြစ်ပေါ်စေသောကြောင့်၊ လူသားများ၏ ယဉ်ကျေးမှုဆိုင်ရာ အရည်အချင်းကို မြှင့်တင်ပြီး ၎င်းတို့၏ ဝိညာဉ်ရေးရာအမြင်ကို ပြောင်းလဲခြင်းမှာ သာ၍ ကောင်းပေသည်။

အမှန်တွင်၊ လူသားမျိုးနွယ်နှင့်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များမှာ

ဤမျှမမြင့်မားပေ၊ သို့သော် လူတို့၏ အရည်အချင်းနှင့် ဘုရားသခင် တောင်းဆိုသော စံနှုန်းကြားက ကွာဟချက်သည် ကြီးမားလွန်းသောကြောင့်၊ လူအများစုသည် ဘုရားသခင်၏ သတ်မှတ်ချက်များ၏ ရှိရာသို့ ၎င်းတို့၏ ခေါင်းများမော့ကာ ကြည့်ရုံသာကြည့်ကြသော်လည်း၊ ၎င်းတို့ကို ဖြည့်ဆည်းရန် အစွမ်းမရှိကြချေ။ မွေးဖွားပြီးနောက် ၎င်းတို့ ပြင်ဆင်ခြင်းခံလာရသည့်အရာနှင့်အတူ၊ လူတို့၏ မွေးရာပါ ပင်ကိုအရည်အချင်းများသည် ဘုရားသခင်၏ သတ်မှတ်ချက်များကို ပြည့်မီဖို့ အလွန် မလုံလောက်ပေ။ သို့သော် ဤအချက်ကို သတိပြုမိရုံ ပြုမိခြင်းသည် သေချာပေါက် ဖြေရှင်းချက်တစ်ခု မဟုတ်ပေ။ အဝေး၌ရှိသည့် ရေသည် လက်ငင်း ရေငတ်မှုကို မပြေစေနိုင်ပေ။ လူတို့သည် မိမိတို့ကိုယ်ကိုယ် မြေမှုန့်ထက် နိမ့်ကျသူများအဖြစ် သိရှိလျှင်ပင်၊ ဘုရားသခင်၏ သတ်မှတ်ချက်များကို ပြည့်မီဖို့ အဆင့်မြင့်နည်းလမ်းကို သုံးဖို့မဆိုထားနှင့်၊ ဘုရားသခင်၏ စိတ်နှလုံးကို ဖြည့်ဆည်းဖို့ ၎င်းတို့ စိတ်ဆုံးဖြတ်ချက် မရှိပါက၊ ထိုအသိပညာမျိုးသည် မည်သည့် တန်ဖိုးရှိပါသနည်း။ ယင်းသည် ဝါးခြင်းတောင်းဖြင့် ရေခပ်ခြင်းကဲ့သို့- လုံးဝ အချည်းနှီးဖြစ်သည် မဟုတ်လော။ ငါပြောနေသည့် အရာ၏ အခရာမှာ ဝင်ရောက်မှုနှင့် သက်ဆိုင်သည်။ ယင်းသည် အဓိက အကြောင်းအရာဖြစ်သည်။

လူသား၏ ဝင်ရောက်မှုဖြစ်စဉ်အတွင်းတွင်၊ အသက်တာသည် အမြဲ ပျင်းစရာကောင်းသည်၊ ဆုတောင်းခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၊ သို့မဟုတ် စုဝေးပွဲများကို ဖွဲ့စည်းခြင်းကဲ့သို့သော ဝိညာဉ်ရေးရာ အသက်တာ၏ ငြီးငွေ့ဖွယ်ကောင်းသော အရိပ်လက္ခဏာများ အပြည့် ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်ကို ယုံကြည်ခြင်းသည် မည်သည့်ကြီးမားသော မွေ့လျော်မှုမျှမရှိဟု လူတို့ အမြဲ ခံစားရကြသည်။ ထိုသို့သော ဝိညာဉ်ရေးရာ လုပ်ဆောင်ချက်များကို စာတန်၏ ဖျက်ဆီးခြင်းခံရပြီးဖြစ်သည့် လူသားမျိုးနွယ်၏ မူလ စိတ်သဘောထားနှင့်အညီ အမြဲဆောင်ရွက်ပေသည်။ လူတို့သည် တစ်ခါတစ်ရံ သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းကို ရရှိနိုင်ကြသော်လည်း၊ ၎င်းတို့၏ မူလအတွေးအခေါ်၊ စိတ်သဘောထား၊ ဘဝနေထိုင်မှုပုံစံများနှင့် အမူအကျင့်တို့သည် အတွင်း၌ အမြစ်တွယ်ဆဲဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့၏ သဘာဝသည် မပြောင်းမလဲရှိနေသည်။ လူတို့ ပါဝင်ပတ်သက်ကြသည့် အယူသီးသော လုပ်ဆောင်မှုများသည် ဘုရားသခင် အမုန်းဆုံးသော အရာများဖြစ်သော်လည်း၊ ဤအယူသီးသော လုပ်ဆောင်မှုများကို ဘုရားသခင် ချမှတ်ထားသည့်အရာများအဖြစ် တွေးထင်ရင်း၊ လူများစွာတို့သည် ထိုအရာများကို လက်မလွှတ်နိုင်ကြသေးသကဲ့သို့၊ ယနေ့တွင်ပင် ထိုအရာများကို လုံးဝ ခါမချနိုင်ကြသေးပေ။ ထိမ်းမြားမင်္ဂလာ

စားသောက်ပွဲများနှင့် သတို့သမီး ဝတ်စုံတန်ဆာများအတွက် လူငယ်များ ပြုလုပ်သည့် အစီအစဉ်များကဲ့သို့သော အရာများ၊ ငွေကြေး လက်ဆောင်များ၊ ဂုဏ်ပြုထမင်းစားပွဲများနှင့် ပျော်ရွှင်ဖွယ် အခါသမယများကို ကျင်းပသည့် အလားတူ နည်းလမ်းများ၊ လက်ဆင့်ကမ်း လာကြပြီးဖြစ်သည့် ရှေးခေတ် လုပ်နည်းစနစ်များ၊ လူသေများနှင့် ၎င်းတို့၏ စျာပနအခမ်းအနားအတွက် ဦးစီးဦးရွက်ပြုသည့် အဓိပ္ပာယ်မရှိသော အယူသီးသည့် လုပ်ဆောင်ချက်များ အားလုံး- ဤအရာများသည် ဘုရားသခင်အတွက် သာ၍ စက်ဆုပ်ဖွယ် ဖြစ်ပေသည်။ ဝတ်ပြုရာနေ့ပင်လျှင် (ဘာသာရေးလောကက စောင့်ထိန်းသည်နှင့်အညီ၊ ဥပုသ်နေ့အပါအဝင်) သူ့အဖို့ စက်ဆုပ်ဖွယ် ဖြစ်ကာ၊ လူမှုဆက်ဆံရေးများနှင့် ယောကျ်ားအချင်းချင်းကြား လောကီဆန်သည့် အပြန်အလှန် ပေါင်းသင်းဆက်ဆံရေးများသည် ဘုရားသခင် သာ၍ပင် စက်ဆုပ်ရွံရှာကာ ငြင်းပယ်သော အရာများ ဖြစ်သည်။ အဆုံးကာရန်တူ လုံးရေညီ နှစ်ကြောင်းကဗျာများ၊ ပြောက်အိုးများ၊ မီးပုံးများ၊ သန့်ရှင်းသော ပွဲတော်မင်္ဂလာ၊ ခရစ္စမတ် လက်ဆောင်များနှင့် ခရစ်စမတ်ပွဲများကဲ့သို့သော ပျော်ပွဲသဘင် အခါသမယများအတွက် ကစားစရာအရုပ်များ၊ တန်ဆာဆင်မှုများကို မဆိုထားနှင့်၊ လူတိုင်းသိကြသည့် နွေဦးပွဲတော်နှင့် ခရစ်စမတ်နေ့တို့ကိုပင်လျှင် ဘုရားသခင် အမိန့်ပေးထားသည် မဟုတ်ပေ- ၎င်းတို့သည် လူတို့၏ စိတ်ထဲ၌ရှိသော ရုပ်တုဆင်းတုများ ဖြစ်သည်မဟုတ်လော။ ဥပုသ်နေ့၌ မုန့်ကို ချိုးဖဲ့ခြင်း၊ စပျစ်ရည်နှင့် စားပွဲခင်းအထည်အကောင်းစားတို့သည် သာ၍ပင် လူတို့အတွက် ရုပ်တုဆင်းတုများ ဖြစ်သည်မှာ သေချာပေသည်။ နဂါးခေါင်းမြင့်တင်သည့်နေ့၊ နဂါးလှေပွဲတော်၊ ဆောင်းဦးလယ်ပွဲတော်၊ လားဘာပွဲတော်နှင့် နှစ်သစ်ကူးနေ့ ကဲ့သို့သော တရုတ်နိုင်ငံ၌ လူသိများသည့် ရိုးရာပွဲတော်များအားလုံးနှင့် အီစတာပွဲတော်၊ ဗတ္တိဇံနေ့နှင့် ခရစ္စမတ်နေ့ ကဲ့သို့သော ဘာသာရေးလောကထဲက ပွဲတော်များ၊ ဤမလျော်ကန်သော ပွဲတော်များအားလုံးကို ရှေးကတည်းက ယနေ့ထိတိုင် လူများစွာက စီစဉ်ထားကြပြီး လက်ဆင့်ကမ်းလာခဲ့ကြပေသည်။ ထိုပွဲတော်များကို ယနေ့ထိ လက်ဆင့်ကမ်းခွင့်ပေးခဲ့သည်မှာ လူသားမျိုးနွယ်၏ ကြွယ်ဝသော စိတ်ကူးစိတ်သန်းနှင့် ထွင်တတ်သော စိတ်ကူးဖြစ်သည်။ ၎င်းတို့သည် အပြစ်အနာအဆာ ကင်းပုံပေါ်သော်လည်း၊ အမှန်တွင် လူသားမျိုးနွယ်အပေါ် စာတန်လုပ်ဆောင်သော လှည့်စားမှုများဖြစ်သည်။ နေရာတစ်နေရာသည် စာတန်များဖြင့် စုပြုံလေလေ၊ ထိုနေရာသည် ခေတ်နောက်ကျပြီး ခေတ်နောက်ပြန်ဆွဲလေလေ၊ ယင်း၏ ရှေးရိုးစွဲ ဓလေ့ထုံးစံများသည် နက်ရှိုင်းစွာ အမြစ်တွယ်လေလေဖြစ်သည်။ ဤအရာများသည် လူတို့ကို လုံးဝ လှုပ်ရှားခွင့် မပေးဘဲ၊ တင်းကျပ်စွာ ချည်နှောင်လေသည်။ ဘာသာရေးလောကထဲက ပွဲတော်

အများအပြားသည် ကြီးမြတ်သည့် တီထွင်နိုင်မှုကို ပြသပုံပေါ် ပြီး၊ ဘုရားသခင်၏ အမှုသို့ ပေါင်းကူးတံတားတစ်ခု ဖန်တီးပေးသည်ဟု ထင်ရသော်လည်း၊ အမှန်တကယ်တွင် ၎င်းတို့သည် လူတို့ကို စာတန် ချည်နှောင်ပြီး ဘုရားသခင်ကို သိရှိလာခြင်းမှ လူတို့ကို တားဆီးသည့် မမြင်ရသော ကြိုးများ ဖြစ်သည်- ၎င်းတို့ အားလုံးသည် စာတန်၏ ကလိမ်ကကျစ် ပရိယာယ်များ ဖြစ်သည်။ အမှန်တွင်၊ ဘုရားသခင်၏ အမှုအဆင့်တစ်ခု ပြီးသောအချိန်၌ ဘုရားသခင်သည် ထိုကာလက လက်နက်များနှင့် ပုံစံကို မည်သည့်သဲလွန်စမျှ မချန်ဘဲ ဖျက်ဆီးလိုက်ပြီးဖြစ်သည်။ သို့သော်လည်း "ဘုရားတရား ရိုသေကိုင်းရှိုင်းသော ယုံကြည်သူများ" သည် လက်ဆုပ်လက်ကိုင်ပြနိုင်သော ရုပ်ဝတ္ထု ပစ္စည်းများကို ဆက်လက် ကိုးကွယ်ကြလေသည်။ ထိုအချိန်အတောအတွင်း၌ အမှန်တကယ်တွင် ဘုရားသခင်ကို အိမ်အပြင်သို့ ထွန်းထုတ်ခဲ့သည်မှာ ကြာပြီဖြစ်ပြီး စာတန်ကို ဝတ်ပြုစားပွဲထက် ထားရှိခဲ့သည်မှာ ကြာပြီဖြစ်သည့်အချိန်တွင်၊ ၎င်းတို့သည် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝပုံပေါ်လျက်၊ ဘုရားသခင်၏ ရှိခြင်းကို ဆက်လက်လေ့လာခြင်းမရှိဘဲ၊ စိတ်တွင် ချောင်ထိုးထားလိုက်ကြလေသည်။ ယေရှု၏ ရုပ်ပုံများ၊ လက်ဝါးကပ်တိုင်၊ မာရိ၊ ယေရှု၏ ဗတ္တိဇံနှင့် နောက်ဆုံး ညစာစားပွဲ- ဤအရာများကို ကောင်းကင်ဘုံရှင်အဖြစ် အမွန်အမြတ်ထားကြစဉ် တစ်လျှောက်လုံးတွင် "သခင်၊ ကောင်းကင်ဘုံရှင် အဖ" ဟု ထပ်သလဲလဲ အော်ခေါ်ကြသည်။ ဤအရာအားလုံးသည် ရယ်ဖွယ်ရာဖြစ်သည် မဟုတ်လော။ ဤနေ့ထိ၊ လူသားမျိုးနွယ်ကြား လက်ဆင့်ကမ်း လာခဲ့ကြသည့် ဆင်တူသော ဆိုရိုးစကားများနှင့် ဓလေ့ထုံးစံများစွာသည် ဘုရားသခင်အဖို့ မုန်းတီးဖွယ်ရာ ဖြစ်လေသည်။ ထိုအရာများသည် ဘုရားသခင်အတွက် ရှေ့ဆက်လမ်းကို ဆိုးရွားစွာ ပိတ်ဆို့သည့်အပြင်၊ လူသားမျိုးနွယ်၏ ဝင်ရောက်မှုအဖို့ ကြီးမားသော အနှောင့်အယှက်များ ဖန်တီးလေသည်။ စာတန်က လူသားမျိုးနွယ်ကို ဖျက်ဆီးသည့်အတိုင်းအတာကို မေ့ထားလိုက်ပါက၊ လူတို့၏ အတွင်းပိုင်းများသည် သက်သေခံလီ၏ ဥပဒေသကဲ့သို့သော အရာများ၊ လောရင့်စ်၏ အတွေ့အကြုံများ၊ စောင့်ကြည့်သူနီ၏ ဆန်းစစ်လေ့လာချက်များနှင့် ပေါလု၏ လက်ရာများဖြင့် လုံးဝပြည့်နေပေသည်။ ၎င်းတို့အတွင်းတွင် တစ်ကိုယ်တော်ဝါဒ၊ ဥပဒေသများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ စနစ်များနှင့် အလားတူမျိုးများ အလွန်များလှသောကြောင့်၊ ဘုရားသခင်သည် လူသားများအပေါ် အမှုပြုဖို့ နည်းလမ်း တကယ်ကို မရှိပေ။ လူတို့၏ ရှေးရိုးစွဲ အယူသီးမှု လားရာများအပြင် ဤအရာများသည် လူသားမျိုးနွယ်ကို ဖမ်းဆီးကာ ဝါးမျိုထားပြီး ဖြစ်သည်။ ယင်းမှာ လူတို့၏ အတွေးများသည် တိမ်များစီးနေသည့် ထူးထူးဆန်းဆန်း သတ္တဝါများပါသည့် အရောင်အသွေး အစုံအလင်ဖြင့် ဒဏ္ဍာရီနတ်သမီးပုံပြင် တစ်ပုဒ်ကို

ဖြစ်ကြောင်းကုန်စင်ဖော်ပြနေသော စိတ်ဝင်စားစရာ ရုပ်ရှင်တစ်ခုအလား အလွန် စိတ်ကူးဉာဏ်ရှိသည်မှာ ၎င်းတို့သည် လူများကို မှင်တက်ကာ အာစေးမိစေရစ်လျက် အံ့အားသင့်စေလေသည်။ အမှန်ကို ပြောရမည်ဆိုလျှင်၊ ယနေ့ ဘုရားသခင် လုပ်ဆောင်ရန် လာသည့် အမှုသည် အဓိကအားဖြင့် လူသားများ၏ အယူသီးသည့် ပင်ကိုအရည်အချင်းများကို ကိုယ်တွယ်ဖြေရှင်းကာ ပပျောက်စေပြီး ၎င်းတို့၏ စိတ်သဘောထားအမြင်ကို လုံးလုံးလျားလျား ပြောင်းလဲစေဖို့ ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် မျိုးဆက်များမှတစ်ဆင့် လူသားမျိုးနွယ်က လက်ဆင့်ကမ်းပြီးဖြစ်သော အမွေအနှစ်ကြောင့် ယနေ့ထိတိုင် မတည်တံ့လေပြီ။ ယင်းသည် ကြီးမြတ်သော ဝိညာဉ်ရေးရာ လူတစ်ဦးဦး၏ အမွေကို ဆက်ခံခြင်းမလိုအပ်ဘဲ၊ သို့မဟုတ် အခြားခေတ်ကာလတစ်ခုခု၌ ဘုရားသခင် လုပ်ဆောင်ခဲ့သည့် ကိုယ်စားပြု သဘာဝ၏ မည်သည့် အမှုကိုမျှ အမွေခံရန်မလိုအပ်ဘဲ၊ ဘုရားသခင် ကိုယ်တိုင်ကိုယ်ကျ အစပြုခဲ့ပြီး ပြီးဆုံးစေခဲ့သည့် အမှုဖြစ်သည်။ လူသားများသည် ဤအရာများ တစ်ခုတစ်လေကိုမျှ စိတ်ဝင်စားဖို့မလိုပေ။ ယနေ့ ဘုရားသခင်သည် အခြားသော စကားပြောပုံနှင့် အလုပ်လုပ်ပုံ ရှိ၏၊ ထို့ကြောင့် လူသားများသည် အဘယ်ကြောင့် ကိုယ့်ဒုက္ခကိုယ် ရှာသင့်သနည်း။ လူသားများသည် ၎င်းတို့ “ဘိုးဘေးများ” ၏ အမွေအနှစ်ကို ဆက်လက် ထိန်းသိမ်းစဉ် ယခုရေစီးကြောင်းအတွင်း ယနေ့၏လမ်းကြောင်းကို လျှောက်လှမ်းကြပါက၊ ၎င်းတို့၏ ပန်းတိုင်ကို ရောက်ရှိကြမည် မဟုတ်ပေ။ ဘုရားသခင်သည် လူ့လောက၏ နှစ်ကာလများ၊ လများနှင့် နေ့ရက်များကို စက်ဆုပ်ရွံရှာသကဲ့သို့၊ လူသား၏ ဤသီးခြား အပြုအမူပုံစံများအတွက် ကြီးမားသည့် ရွံရှာမှု ခံစားရလေသည်။

လူ့စိတ်သဘောထားကို ပြောင်းလဲဖို့ အကောင်းဆုံးသော နည်းလမ်းမှာ လူတို့ကို ၎င်းတို့၏ အတွေးနှင့် ကိုယ်ကျင့်တရားကို စတင်ပြောင်းလဲခွင့်ပေးလျက်၊ အကြီးအကျယ် အဆိပ်ခတ်ခံရပြီးဖြစ်သည့် လူတို့၏ အတွင်းကျကျ စိတ်နှလုံးများ၏ အစိတ်အပိုင်းများကို ကုသဖို့ ဖြစ်သည်။ ပထမဦးဆုံးအနေနှင့်၊ လူတို့သည် ဤဘာသာရေးဓလေ့များ၊ ဘာသာရေး လှုပ်ရှားမှုများ၊ နှစ်များ၊ လများနှင့် ပွဲတော်များအားလုံးတို့သည် ဘုရားသခင်အဖို့ မုန်းတီးဖွယ်ဖြစ်သည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်ဖို့ လိုအပ်သည်။ ၎င်းတို့သည် ထိုရှေးဆန်သော အတွေးများ၏ ချုပ်နှောင်မှုများမှ ရုန်းထွက်ပြီး အယူသီးမှုများနှင့်ပတ်သက်၍ ၎င်းတို့ အရိုးစွဲနေသည့် အလေ့အထရှိခြင်း အရိပ်လက္ခဏာတိုင်းကို အမြစ်ဖြုတ်သင့်ပေသည်။ ဤအရာများအားလုံးသည် လူသားမျိုးနွယ်၏ ဝင်ရောက်မှုတွင် ပါဝင်လေသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်အား အဘယ်ကြောင့် လောကီဆန်သော ကမ္ဘာလောကမှ

ဦးဆောင်ခေါ်ထုတ်သွားသည်ကို သင်တို့ နားလည်ရမည်ဖြစ်ပြီး အဘယ်ကြောင့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ဝေးရာသို့ လူသားမျိုးနွယ်အား ဦးဆောင်ခေါ်သွားသည်ကိုလည်း နားလည်ရမည်။ ဤသည်မှာ သင်တို့ ဖြတ်၍ဝင်ရောက်မည့် ဂိတ်တံခါးဖြစ်ပြီး၊ ဤအရာများသည် သင်တို့၏ ဝိညာဉ်ရေးရာ အတွေ့အကြုံနှင့် မည်သို့မျှ မသက်ဆိုင်သော်လည်း၊ ၎င်းတို့သည် သင်တို့၏ ဝင်ရောက်မှုကို ပိတ်ဆို့နေသည့်၊ သင့်ကို ဘုရားသခင်အား သိကျွမ်းခြင်းမှ ဟန့်တားနေသည့် အကြီးမားဆုံးသော အတားအဆီးများဖြစ်သည်။ ၎င်းတို့သည် လူတို့ကို ရှုန်းမထွက်သာအောင်မိစေသည့် ပိုက်ကွန်တစ်ခု ဖြစ်ပေါ်စေသည်။ များစွာသော လူတို့သည် ကျမ်းစာကို အလွန်များစွာဖတ်ရှုကြပြီး၊ ကျမ်းစာထဲမှ ကျမ်းပိုဒ်အမြောက်အမြားကို အလွတ်ပင်ရွတ်ဆိုနိုင်ကြသည်။ ယနေ့ ၎င်းတို့၏ ဝင်ရောက်မှုတွင်၊ လူတို့သည် ဘုရားသခင်၏အမှုထဲက ဤအဆင့်၏ အခြေခံသည် ကျမ်းစာဖြစ်ပြီး ယင်း၏ အရင်းအမြစ်သည် ကျမ်းစာဖြစ်သည့်အလား၊ ဘုရားသခင်၏ အမှုကို အကဲဖြတ်ဖို့ ကျမ်းစာကို မရည်ရွယ်ဘဲ အသုံးပြုကြလေသည်။ ဘုရားသခင်၏ အမှုသည် ကျမ်းစာနှင့် ကိုက်ညီသောအခါ၊ လူတို့သည် ဘုရားသခင်၏ အမှုကို ခိုင်မာစွာ အားပေးကြကာ အသစ်ရရှိသော ရိုသေကြည်ညိုမှုဖြင့် သူ့ကို အလေးထားကြသည်။ ဘုရားသခင်၏ အမှုသည် ကျမ်းစာနှင့် သဘောကွဲလွဲသောအခါတွင်၊ လူတို့သည် အလွန် စိုးရိမ်ကြောင့်ကြကြသည်မှာ ဘုရားသခင်၏ အမှုနှင့်ဆိုင်သော အခြေခံ အကြောင်းရင်းအတွက် ကျမ်းစာထဲတွင် ရှာဖွေရင်း၊ ချွေးပြန်သည်အထိ ဖြစ်ကြလေသည်။ ဘုရားသခင်၏ အမှုကို ကျမ်းစာ၌ မဖော်ပြထားပါက၊ လူတို့သည် ဘုရားသခင်ကို လျစ်လျူရှုကြပေလိမ့်မည်။ ယနေ့ ဘုရားသခင်၏ အမှုနှင့် ပတ်သက်ပါက၊ လူအများစုသည် ယင်းကို မဝံ့မရဲနှင့် သတိဖြင့် လက်ခံကြသည်၊ ၎င်းတို့သည် ဘုရားသခင်၏ အမှုကို နာခံလိုသည့်အရာကို ရွေးပြီးနာခံကြကာ၊ ယင်းကို သိရှိခြင်းအပေါ် စိတ်မဝင်စားကြဟု ဆိုနိုင်ပေသည်။ အတိတ် အရာများအတွက်မူ၊ ၎င်းတို့သည် တစ်ဝက်ကို ထိန်းသိမ်းပြီး အခြားတစ်ဝက်ကို စွန့်လွှတ်ကြ၏။ ဤအရာကို ဝင်ရောက်မှုဟု ခေါ် နိုင်ပါသလော။ အခြားသူများ၏ စာအုပ်များကို ရတနာများသဖွယ် ကိုင်စွဲရင်းနှင့် ၎င်းတို့ကို နိုင်ငံတော်၏ တံခါးအဖို့ ရွှေသော့သဖွယ် သဘောထားရင်းဖြင့်၊ လူတို့သည် ယနေ့ ၎င်းတို့ကို ဘုရားသခင် တောင်းဆိုသည့်အရာ၌ တကယ်ကို စိတ်ဝင်စားမှုမပြကြချေ။ ထို့အပြင် "ဉာဏ်ထက်သော ပညာရှင်" များစွာက ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့၏ ဘယ်လက်၌ ကိုင်ပြီး အခြားသူများ၏ "အပြောင်မြောက်ဆုံးလက်ရာများ" ကို ညာလက်တွင် ကိုင်ကာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မှန်ကန်သည်ကို အပြည့်အဝ

သက်သေပြရန်အလို့ငှာ ဤအပြောင်မြောက်ဆုံးလက်ရာများအထဲတွင် ယနေ့နှင့်ဆိုင်သည့် ဘုရား နှုတ်ကပတ်တော်များ၏ အခြေပြုချက်ကို ရှာတွေ့လိုကြသည့်အလားဖြစ်ပြီး၊ ထိုအပြောင်မြောက်ဆုံး လက်ရာများက အလုပ်လုပ်နေသည့်အလား ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ထိုအရာများနှင့် ပေါင်းစပ်ခြင်းအားဖြင့် အခြားသူများအား ရှင်းပင်ရှင်းပြကြလေသည်။ အမှန်ကို ပြောရလျှင်၊ လူသားမျိုးနွယ်ကြားတွင် ယနေ့ခေတ် နောက်ဆုံး သိပ္ပံဆိုင်ရာ အောင်မြင်မှုများ၊ အစဉ်အလာမရှိသည့် သိပ္ပံဆိုင်ရာ အောင်မြင်မှုများကို (ဆိုလိုသည်မှာ ဘုရားသခင်၏ အမှု၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အသက်ထဲသို့ ဝင်ရောက်မှုအတွက် လမ်းကြောင်း) လုံးဝ အထင်မကြီးဖူးသည့် "သိပ္ပံ သုတေသနပညာရှင်များ" အများအပြားရှိသည်၊ သို့ဖြစ်၍ လူအားလုံးသည် ၎င်းတို့၏ ကျလောက်အောင် ပြောဆိုနိုင်စွမ်းကို အသုံးပြု၍ အကြီးအကျယ် "တရားဟော" ရင်းနှင့် "ဘုရားသခင်၏ကောင်းမြတ်သော နာမ" ကို ကြွားလုံးထုတ်ရင်း၊ "ကိုယ့်ကိုယ်ကိုယ် အားကိုးနေကြသူများ" ဖြစ်ကြသည်။ ထိုစဉ်အတောအတွင်းတွင်၊ ၎င်းတို့ကိုယ်တိုင်၏ ဝင်ရောက်မှုသည် ကြီးမားသော အန္တရာယ်၌ ရှိနေပြီး၊ ဖန်ဆင်းခြင်းသည် ဤအခိုက်အတန့်နှင့် ဝေးကွာနေသကဲ့သို့ ၎င်းတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့် ဝေးကွာနေသည်ဟု ထင်ရလေသည်။ ဘုရားသခင်၏ အမှုကို လုပ်ဆောင်ရန် မည်မျှလွယ်ကူသနည်း။ လူတို့သည် ဤသည်မှာ ၎င်းတို့၏ အသိစိတ်ကို သက်သာစေပြီး စိတ်နှစ်သိမ့်မှုတစ်ခုခုကို ခံစားရဖို့ နည်းလမ်းဖြစ်သည့်အလား၊ ၎င်းတို့ကိုယ်တိုင်၏ ထက်ဝက်ကို ယမန်နေ့တွင် ထားရစ်ဖို့နှင့် ကျန်တစ်ဝက်ကို ယနေ့သို့ ယူဆောင်လာရန်၊ တစ်ဝက်ကို စာတန်ထံသို့ ပေးပြီး ကျန်တစ်ဝက်ကို ဘုရားသခင်ထံ ဆက်သရန် စိတ်ပိုင်းဖြတ်နှင့်ကြပြီး ဖြစ်သည်ဟု ထင်ရသည်။ လူတို့၏ အတွင်းကမ္ဘာသည် မသိမသာနှင့် စိမ့်ဝင်ပျံ့နှံ့တတ်လွန်းသဖြင့်၊ စာတန်နှင့် ဘုရားသခင် ဖြစ်ပုံရသော်လည်း၊ မဖြစ်သေးပုံလည်းရသည့် ယနေ့၏ ဘုရားသခင်ကို စော်ကားမိမည်ကို အလွန်အမင်း စိုးရွံ့ကြလျက်၊ ၎င်းတို့သည် မနက်ဖြန်ကိုသာမက ယမန်နေ့ကိုလည်း ဆုံးရှုံးရမည်ကို စိုးရွံ့နေကြသည်။ လူတို့သည် ၎င်းတို့၏ အတွေးအခေါ်နှင့် ကိုယ်ကျင့်တရားတို့ကို ကောင်းကောင်းမွန်မွန် ပြုစုပျိုးထောင်နိုင်ခြင်း မရှိခဲ့ကြသောကြောင့်၊ ၎င်းတို့သည် ချင့်ချိန်နိုင်စွမ်း၌ အထူးတလည် ချို့တဲ့နေကြပြီး၊ ယနေ့နှင့်ဆိုင်သော အမှုသည် ဘုရားသခင်၏အမှု ဟုတ်သည်၊ မဟုတ်သည်ကို တကယ်မပြောနိုင်ကြပေ။ ယင်းမှာ လူတို့၏ ရှေးရိုးစွဲပြီး အယူသီးသည့် အတွေးအခေါ်သည် အလွန်နက်ရှိုင်းလွန်းသဖြင့် ၎င်းတို့သည် အယူသီးမှုများနှင့် သမ္မာတရား၊ ဘုရားသခင်နှင့် ရုပ်တုဆင်းတုများ၊ ဤအရာများကြား ခွဲခြားဖို့

အရေးစိုက်ခြင်း မရှိဘဲ၊ အမျိုးအစားတစ်ခုတည်းတွင် အချိန်ကြာမြင့်စွာက ထားရှိကြပြီးဖြစ်ကာ၊ ၎င်းတို့ ဦးနှောက်ခြောက်အောင် စဉ်းစားသော်ငြား၊ ရှင်းရှင်းလင်းလင်း ခွဲခြားနိုင်ပုံမရသောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။ ယင်းမှာ လူသားများသည် ၎င်းတို့၏ လမ်းကြောင်းများတွင် ရပ်တန့်ပြီး ရှေ့ဆက်မသွားကြတော့သည့် အကြောင်းရင်း ဖြစ်သည်။ ဤပြဿနာများအားလုံးသည် လူတို့၏ ဝင်ရောက်မှုအတွက် ကြီးမားသော အခက်အခဲများ ဖန်တီးသည့် မှန်ကန်သော သဘောတရားဆိုင်ရာ ပညာရေးမျိုး လူတို့၌ချို့တဲ့ခြင်းမှ ထွက်ပေါ်လေသည်။ အကျိုးဆက်အနေနှင့်၊ လူတို့သည် စစ်မှန်သော ဘုရားသခင်၏ အမှုကို မည်သည့်အခါတွင်မျှ စိတ်မဝင်စားကြဘဲ၊ (ထူးချွန်သော ပုဂ္ဂိုလ်များဟု သူတို့မြင်သည့်သူများကဲ့သို့) လူသား၏အလုပ်ဖြင့် တံဆိပ်ခတ်ခံထားရသည့်အလား ယင်းကို မရမက ဖက်တွယ်ထားကြလေသည်။[၁] ဤအရာများသည် လူသားမျိုးနွယ် ဆွေးနွေးသင့်သည့် နောက်ဆုံး အကြောင်းအရာများဖြစ်သည် မဟုတ်လော။

အောက်ခြေမှတ်စု(များ)-

၁။ "မရမက ဖက်တွယ်ထားကြလေသည်" ဟူသည့်စကားကို သရော်သည့်အနေဖြင့် အသုံးပြုထားခြင်းဖြစ်သည်။ ဤစကားစုက လူတို့အနေဖြင့် ခေတ်နောက်ကျသည့် အရာများကို စွဲကိုင်ထားကြပြီး ၎င်းတို့ကို လက်လွှတ်ရန် လိုလားခြင်းမရှိဘဲလျက်၊ ခေါင်းမာပြီး ပေကတ်ကတ်နိုင်သည်ကို ပြပါသည်။

# အမှုတော်နှင့် ဝင်ရောက်ခြင်း (၄)

လူသားသည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်နှင့်အညီ စစ်မှန်စွာ ဝင်ရောက်နိုင်ပါက၊ သူ၏ဘဝသည် နွေဦးမိုးရွာပြီးနောက် မျှစ်စို့ပေါက်လာသကဲ့သို့ လျင်မြန်စွာ ပေါက်ရောက်လိမ့်မည်။ လူအများစု၏ လက်ရှိဝိညာဉ်ရင့်ကျက်မှုမှ အကဲဖြတ်ခြင်းအရ၊ လူတို့သည် ဘဝကို အရေးကြီးသည်ဟု အလေးမထားကြပေ၊ ယင်းအစား အရေးပါမှု ရှိပုံမရသည့် ကိစ္စအချို့ကိုသာ အလေးပေးကြ၏။ သို့မဟုတ်ပါက ၎င်းတို့သည် ရောက်တတ်ရာရာနှင့် ကြုံရာကျပန်း ပရမ်းပတာနိုင်သော ပုံစံဖြင့် အလုပ်လုပ်ရင်း၊ မည်သူ့အတွက်ဆိုသည်ကို သိဖို့မဆိုထားနှင့်၊ မည်သည့်ဦးတည်ရာသို့ သွားရမည်မှန်းကိုပင်

မသိဘဲ၊ ဟိုဟိုသည်သည် ပြေးလွှားကြလေသည်။ ၎င်းတို့သည် “မိမိတို့ကိုယ်ကိုယ် နှိမ့်ချစွာ ဖုံးကွယ်နေကြခြင်း” သာဖြစ်သည်။ အမှန်တရားမှာ သင်တို့ထဲမှ အနည်းငယ်သည် နောက်ဆုံးသောကာလ အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်များ နှင့်ပတ်သက်၍ မည်သည့် အရာကိုမဆို သိကြ၏။ ဘုရားသခင်၏ ခြေရာကိုသိသူ သင်တို့ထဲမှ တစ်ဦးတစ်လေ အနိုင်နိုင်ရှိသော်လည်း၊ သာ၍ပင်ဆိုးသည်မှာ ဘုရားသခင်၏ နောက်ဆုံးပြီးမြောက် အောင်မြင်ခြင်းသည် မည်သည့်အရာ ဖြစ်မည်ကို မည်သူမျှ မသိပေ။ သို့သော် အင်မတန် စိတ်ဓာတ်ကြွခိုင်ခြင်းနှင့် ခံနိုင်ရည်တို့မှတစ်ဆင့်၊ အယောက်တိုင်းသည် ၎င်းတို့၏ အောင်ပွဲခံမည့် အချိန်နာရီကို စောင့်မျှော်ခြင်းဖြင့် အကြောအချဉ်များကို ဆန့်နေပြီး၊ တိုက်ပွဲတစ်ခုအတွက် အဆင်သင့်ပြင်နေ[၁] သည့်အလ အခြားသူများ၏ ဆုံးမပဲ့ပြင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ကြံုနေကြရ၏။ လူသားမျိုးနွယ်အလယ်ရှိ ဤ “ထူးဆန်းသော မြင်ကွင်းများ” အပေါ် ငါသည် မည်သည့် ရှင်းလင်းဝေဖန်ချက်ကိုမျှ ပေးမည် မဟုတ်သော်လည်း၊ သင်တို့အားလုံး နားလည်ရမည့် အချက်တစ်ချက် ရှိ၏။ ယခု လူအများစုသည် မူမမှန်မှု[၂] ဆီသို့ တိုးတက်နေကြပြီး၊ ၎င်းတို့၏ ဝင်ရောက်မှု ခြေလှမ်းများသည် လမ်းဆုံး[၃] တစ်ခု ဆီသို့ ချီတက်နေကြပေသည်။ ယင်းကို လွတ်လပ်မှု နယ်ပယ်အဖြစ် ယုံကြည်ရင်း၊ လူသားက တောင့်တသည့် လူ့လောက အပြင်ဖက်ရှိ စိတ်ကူးယဉ်လောကတစ်ခု ဖြစ်သည်ဟု ထင်သောသူ များစွာ ရှိနိုင်သည်၊ သို့သော် အမှန်တွင် မဟုတ်ပေ။ သို့မဟုတ် လူတို့သည် လမ်းလွဲသွားနှင့်ပြီးဖြစ်သည်ဟု ဆိုကောင်း ဆိုနိုင်ပေမည်။ သို့ရာတွင် လူတို့မည်သည့်အရာကို လုပ်ဆောင်နေသည် ဖြစ်စေ၊ လူသားအနေဖြင့် ဝင်ရောက်သင့်သည့်အရာ မည်သည့်အရာ ဖြစ်သည့်အကြောင်းကို ငါပြောလိုသေး၏။ လူအမြောက်အမြားတို့၏ ကောင်းကျိုးများနှင့် အားနည်းချက်များသည် ဤဟောပြောချက်၏ အဓိကအကြောင်းအရာ မဟုတ်ပေ။ အသင် ညီအစ်ကိုမောင်နှမ အားလုံးသည် ငါ၏နှုတ်ကပတ်တော်များကို မှန်ကန်သည့်နည်းလမ်းဖြင့် ရရှိနိုင်ပြီး ငါ၏ရည်ရွယ်ချက်ကို နားလည်မှုလွဲလိမ့်မည်မဟုတ်ဟု ငါမျှော်လင့်သည်။

ဘုရားသခင်သည် တရုတ်ပြည်မတွင် သို့မဟုတ် ဟောင်ကောင်နှင့် ထိုင်ဝမ်ရှိ တစ်နယ်တည်းသားများ၏ စကားများအရ “ကုန်းတွင်းပိုင်း” တွင် လူ့ဇာတိခံယူ၏။ ဘုရားသခင်သည် အထက်ကောင်းကင်မှ မြေကြီးသို့ ကြွလာခဲ့ချိန်တွင်၊ ဤသည်မှာ ဘုရားသခင်သည် ဖုံးကွယ်ခြင်းအောက်တွင် ပြန်ကြွလာခြင်း၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည့်အတွက်၊ ကောင်းကင်နှင့် မြေကြီးပေါ် ရှိ မည်သူမျှ ဤအရာကို မသိခဲ့ပေ။ သူသည် လူ့ဇာတိ၌ အချိန်ကြာမြင့်စွာ အမှုပြုကာ အသက်ရှင်နေခဲ့ပြီးဖြစ်သော်လည်း၊

မည်သူမျှ မသိကြလေပြီ။ ဤနေ့ထိတိုင်ပင် မည်သူမျှ သတိမပြုမိကြပေ။ ဤသည်မှာ ထာဝရ ပုစ္ဆာတစ်ရပ်အဖြစ် ဆက်လက်တည်ရှိကောင်း တည်ရှိပေမည်။ ဤအကြိမ် ဘုရားသခင်၏ လူ့ဇာတိခံလာခြင်းသည် မည်သည့်လူကမျှ သိလာနိုင်သည့် အရာတစ်ခု မဟုတ်ပေ။ ဝိညာဉ်တော်၏ အလုပ် သက်ရောက်မှုသည် မည်မျှ ကျယ်ပြန့်ပြီး တန်ခိုးကြီးမားသည်ဖြစ်စေ၊ ဘုရားသခင်သည် မည်သည့်အရာကိုမျှ လုံးဝ မထုတ်ဖော်ဘဲ၊ အမြဲ မထုံတက်သေး နေလေသည်။ သူ့အမှု၏ ဤအဆင့်သည် ကောင်းကင် နယ်ပယ်တွင် ဖြစ်ပျက်နေခဲ့သည့်အလားဖြစ်သည်ဟု ဆိုနိုင်၏။ ယင်းသည် မျက်လုံးရှိသူတို့အားလုံး မြင်ရန် သိသာထင်ရှား သော်လည်း၊ ၎င်းကို မည်သူမျှသတိမပြုမိပေ။ ဘုရားသခင်သည် သူ့အမှု၏ ဤအဆင့်ကို ပြီးစီးသည့်အခါ၊ လူသားမျိုးနွယ်အားလုံးသည် ၎င်းတို့၏ ပုံမှန်သဘောထားကို ပြောင်းလဲ၍ ပြီး ၎င်းတို့၏ ရှည်လျားသော အိပ်မက်မှ နိုးထကြလိမ့်မည်။ ဘုရားသခင်သည် တစ်ချိန်က၊ “လူ့ဇာတိအဖြစ် ဤတစ်ကြိမ် လာရခြင်းမှာ ကျား၏ သားရဲတွင်းထဲသို့ ကျခြင်းနှင့်အလားတူသည်။” ဟု ပြောသည်ကို ငါမှတ်မိသည်။ ဤအရာက ဆိုလိုသည်မှာ ဘုရားသခင်၏အမှု ဤအချီတွင် ဘုရားသခင် လူ့ဇာတိခံလာသည့်အပြင်၊ အဆင်းနီသော နဂါးကြီး၏ နေထိုင်ရာအရပ်တွင် မွေးဖွားလေသည်၊ ဤအကြိမ် ကမ္ဘာမြေကြီးသို့ လာခြင်းအားဖြင့် သူသည် ပြင်းထန်သော အန္တရာယ်ကို ယခင်ထက် သာ၍ပင် ရင်ဆိုင်ရသည်ဟု ဆိုလိုပေသည်။ သူ ရင်ဆိုင်ရသည့် အရာများမှာ ဓားများ၊ သေနတ်များ၊ တင်းပုတ်များနှင့် အသင်းအဖွဲ့များ ဖြစ်၏။ သူရင်ဆိုင်ရသည်မှာ စုံစမ်းနှောင့်ယှက်ခြင်း ဖြစ်၏၊ သူ ရင်ဆိုင်ရသည်မှာ သတ်ဖြတ်မည့်အကြံဖြင့် ပြည့်နေသည့် မျက်နှာများထားရှိသည့် လူအုပ်များ ဖြစ်ကြ၏။ သူသည် အချိန်မရွေး အသတ်ခံရမည့် အန္တရာယ် ရှိသည်။ ဘုရားသခင်သည် သူနှင့်အတူ အမျက်ဒေါသ ယူဆောင်ရင်း ကြွလာခဲ့၏။ သို့ရာတွင် သူသည် စုံလင်ခြင်းအမှုကို လုပ်ဆောင်ဖို့အလို့ငှာ ကြွလာခဲ့သည်၊ ယင်းမှာ သူသည် ရွေးနုတ်ခြင်းအမှုပြီးနောက် ဆက်လက် လုပ်ဆောင်သည့် သူ၏အမှု ဒုတိယအပိုင်းကို ဆောင်ရွက်ဖို့အလို့ငှာ သူ ကြွလာသည်ဟု ပြောရပေမည်။ သူ့အမှု၏ ဤအဆင့်အတွက် ဘုရားသခင်သည် အစွမ်းကုန်တွေးခေါ်မှုနှင့် ဂရုစိုက်ခြင်းတို့ကို ပေးအပ်မြှုပ်နှံကာ မိမိကိုယ်ကိုယ် နှိမ့်ချစွာ ကွယ်ဝှက်လျက် သူ၏ပင်ကိုလက္ခဏာကို မည်သည့်အခါမျှ ကြွားလုံးထုတ်ခြင်း မရှိဘဲ၊ စုံစမ်းနှောင့်ယှက်ခြင်း၏ တိုက်ခိုက်မှုများကို ရှောင်ရှားရန် စိတ်ကူးကြံစည်၍ရနိုင်သမျှ နည်းလမ်းတိုင်းကို အသုံးပြုနေ၏။ လူသားကို လက်ဝါးကပ်တိုင်မှ ကယ်ဆယ်ရာတွင် ယေရှုသည် ရွေးနုတ်ခြင်းအမှုကိုသာ ပြည့်စုံစေခဲ့ခြင်း ဖြစ်သည်။ သူသည် စုံလင်စေခြင်းအမှုကို လုပ်ဆောင်နေခဲ့ခြင်း မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်၏အမှု တစ်ဝက်သာ

လုပ်ဆောင်လျက်ရှိခဲ့ပြီး ရွေးနုတ်ခြင်းအမှုကို ပြီးစီးခြင်းသည် သူ၏ အစီအစဉ်တစ်ရပ်လုံး၏ ထက်ဝက်သာဖြစ်သည်။ ခေတ်သစ် အစပြုတော့မည်ဖြစ်ပြီး ခေတ်ဟောင်း မှေးမှိန်သွားတော့မည် ဖြစ်သည်နှင့်အမျှ ခမည်းတော် ဘုရားသခင်သည် သူ့အမှု၏ ဒုတိယအပိုင်းကို စတင်စဉ်းစားချင့်ချိန်ပြီး၊ ယင်းအတွက် စတင်ပြင်ဆင်ခဲ့၏။ နောက်ဆုံးသောကာလထဲက ဤလူ့ဇာတိခံယူခြင်းကို အတိတ်တွင် ရှင်းလင်းစွာ ပရောဖက်ပြုခဲ့ခြင်း မရှိခဲ့ပေ၊ ထိုသို့ဖြင့် ဤအကြိမ် ဘုရားသခင်၏ လူ့ဇာတိ၌ကြွလာခြင်း ဝန်းကျင်ကို တိုး၍ လျှို့ဝှက်ထားခြင်းအတွက် အခြေခံအုတ်မြစ်တစ်ခု ချနေခဲ့၏။ မိုးလင်းသည့်အခါ၊ လူသားမျိုးနွယ် အမြောက်အမြားက သတိမထားလိုက်မိဘဲနှင့်၊ ဘုရားသခင်သည် မြေကြီးပေါ်သို့ ကြွလာခဲ့ပြီး၊ လူ့ဇာတိ၌ သူ၏ဘဝကို စတင်ခဲ့၏။ လူတို့သည် ဤအခိုက်အတန့် ရောက်လာခြင်းကို မသိခဲ့ပေ။ ၎င်းတို့အားလုံး အိပ်မောကျကောင်း အိပ်မောကျနေနိုင်သည်။ ဂရုစိုက်လျက် နိုးနေသောသူ အများအပြား စောင့်ခဲ့ကောင်း စောင့်ခဲ့နေနိုင်ပြီး၊ များစွာသောသူတို့သည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို တိတ်ဆိတ်စွာ ဆုတောင်းခဲ့ကောင်း ဆုတောင်းနေနိုင်သည်။ သို့ရာတွင် ဤလူများအားလုံးထဲတွင် တစ်ဦးတစ်ယောက်ကမျှ ဘုရားသခင် ကမ္ဘာမြေကြီးပေါ်သို့ ရောက်ရှိနှင့်ပြီးဖြစ်သည်ကို မသိခဲ့ကြချေ။ ဘုရားသခင်သည် သူ၏အမှုကို သာ၍ ချောမွေ့စွာ ဆောင်ရွက်ဖို့ အလို့ငှာနှင့် သာ၍ ကောင်းမွန်သော ရလဒ်များကို ရရှိရန်၊ ပြီးလျှင် သာ၍များပြားသော စုံစမ်းနှောင့်ယှက်ခြင်းများကိုလည်း ရှောင်ရှားရန် ဤသို့ အမှုပြုခဲ့ပေသည်။ လူ၏ နွေဦးကာလ အိပ်စက်ခြင်း အဆုံးသတ်သည့်အချိန်တွင်၊ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ် သူ၏ ခြေဦးတည့်ရာသွားခြင်းနှင့် တည်းခိုနေခြင်းဘဝကို အဆုံးသတ်လျက် ဘုရားသခင်၏အမှုသည် အချိန်ကြာမြင့်စွာက ပြီးစီးလိမ့်မည် ဖြစ်ပြီး၊ သူသည် ထွက်ခွာလိမ့်မည်။ ဘုရားသခင်၏အမှုသည် ဘုရားသခင် ကိုယ်တိုင် ပြုမူကာ ပြောဆိုရန် လိုအပ်သောကြောင့်၊ ပြီးလျှင် လူသားအတွက် ကြားဝင်စွက်ဖက်ဖို့ မဖြစ်နိုင်သောကြောင့်၊ ဘုရားသခင်သည် အမှုကို သူကိုယ်တိုင် လုပ်ဆောင်ရန် မြေကြီးပေါ်သို့ကြွလာရန်အလို့ငှာ ပြင်းထန်သော ဆင်းရဲဒုက္ခကို ခံစားခဲ့၏။ ဘုရားသခင်၏ အမှုအတွက် လူသားသည် အစားဝင်မပေးနိုင်ပေ။ ဤအကြောင်းကြောင့် ဘုရားသခင်သည် သူ၏ စဉ်းစားတွေးခေါ်မှုနှင့် ဂရုစိုက်မှုအားလုံးကို အသုံးပြုရင်း၊ ဤဆင်းရဲသောလူတစ်စု၊ နွားချေးပုံတွင် နစ်နေသော ဤလူတစ်စုကို ရွေးနုတ်ဖို့၊ သူ၏ကိုယ်ပိုင်အမှုကို လုပ်ဆောင်ရန် အဆင်းနီသောနဂါးကြီး နေထိုင်ရာ တိုင်းပြည်သို့ ကြွဆင်းလာဖို့ ကျေးဇူးတော်ခေတ်အတွင်းရှိ အန္တရာယ်များထက် အဆ ထောင်ပေါင်းများစွာ သာ၍ကြီးမားသော အန္တရာယ်များကို ရဲဝံ့စွာ ရင်ဆိုင်ခဲ့သည်။ ဘုရားသခင် တည်ရှိခြင်းကို

မည်သူမျှမသိသော်လည်း၊ ဤသည်မှာ သူ၏အမှုကို ကြီးစွာ အကျိုးပြုသဖြင့် ဘုရားသခင်သည် သောကမရောက်ပေ။ အယောက်တိုင်းက လွန်လွန်ကဲကဲ စက်ဆုပ်ရွံရှာဖွယ်ကောင်းပြီး ဆိုးယုတ်သည်ကို ထောက်ဆလျှင်၊ ဘုရားသခင်၏တည်ရှိခြင်းကို ၎င်းတို့ မည်သို့သည်းခံနိုင်မည်နည်း။ ယင်းမှာ မြေကြီးပေါ်သို့ ဘုရားသခင် ကြွလာသည်မှာ အမြဲ တိတ်တဆိတ် ဖြစ်ရသည့် အကြောင်းရင်း ဖြစ်သည်။ လူသားသည် အဆိုးရွားဆုံး ရက်စက်မှု လွန်ကဲခြင်းတွင် နှစ်မြုပ်သည်ဖြစ်စေ၊ ဘုရားသခင်သည် ယင်းနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှ အလေးအနက်မထားဘဲ၊ ကောင်းကင်ဘုံရှိ ခမည်းတော်က သူ့ကို အပ်နှင်းခဲ့သည့် သာ၍ကြီးမားသော စေခိုင်းချက်တာဝန်ကို ဖြည့်ဆည်းဖို့အလို့ငှာ သူလုပ်ရန် လိုအပ်သည့် အရာကိုသာ လုပ်ဆောင်မြဲလုပ်ဆောင်နေခဲ့သည်။ သင်တို့ထဲမှ မည်သူသည် ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ဖြစ်ခြင်းကို သတိပြုမိပြီး ဖြစ်ပါသနည်း။ ခမည်းတော်ဘုရားသခင်၏ ဝန်ထုပ်အတွက် သူ၏သားထက် မည်သူက သာ၍ စာနာထောက်ထားမှုကို ပြပါသနည်း။ ခမည်းတော် ဘုရားသခင်၏အလိုကို မည်သူနားလည်နိုင်သနည်း။ ကောင်းကင်ဘုံရှိ ဘုရားသခင်၏ ဝိညာဉ်တော်သည် မကြာခဏ စိတ်ဒုက္ခရောက်ကာ မြေကြီးပေါ် ရှိ သူ၏သားသည် သူ့နှလုံးသားများ အစိတ်စိတ်အမွှာမွှာကွဲသည်အထိ ပူပင်သောကရောက်လျက်၊ ခမည်းတော် ဘုရားသခင်၏ အလိုအတွက် စဉ်ဆက်မပြတ် ဆုတောင်းပေးလေသည်။ သူ၏သားအတွက် ခမည်းတော် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သိသောသူ တစ်စုံတစ်လေ ရှိသလော။ ချစ်သားသည် ခမည်းတော် ဘုရားသခင်အား လွမ်းဆွတ်သည့် နှလုံးသားကို သိရှိသူ တစ်ဦးတစ်လေ ရှိပါသလော။ ကောင်းကင်နှင့်မြေကြီး နှစ်ခုအကြား ခွဲခွာနေရလျက်၊ နှစ်ဦးသားသည် ဝိညာဉ်တော်၌ တစ်ယောက်နောက်မှ တစ်ယောက် လိုက်လျက်၊ အဝေးမှနေ၍ တစ်ဦးကိုတစ်ဦး စဉ်ဆက်မပြတ် ငေးစိုက်ကြည့်နေကြသည်။ အို လူသားမျိုးနွယ်။ သင်သည် မည်သည့်အခါ ဘုရားသခင်၏ နှလုံးသားကို အရေးထားမည်နည်း။ ဘုရားသခင်၏ ရည်ရွယ်ချက်ကို သင် မည်သည့်အချိန်တွင် နားလည်မည်နည်း။ ခမည်းတော် နှင့်သားတော်တို့သည် တစ်ဦးနှင့်တစ်ဦး အမြဲ မှီခိုကြပြီးဖြစ်သည်။ သို့ဖြစ်လျှင် ၎င်းတို့သည် အထက်ကောင်းကင်၌တစ်ဦး၊ အောက်အရပ်မြေကြီး၌တစ်ဦး အဘယ်ကြောင့် ခွဲခွာရသင့်သနည်း။ ခမည်းတော်သည် သူ့သားတော်ကို ချစ်သကဲ့သို့၊ သားတော်သည်လည်း ခမည်းတော်ကို ချစ်၏။ ထိုသို့ဖြစ်လျှင် ခမည်းတော်သည် ထိုသို့သော နက်ရှိုင်းကာ နာကျင်ရသည့် တောင့်တမှုဖြင့် သားတော်ကို အဘယ်ကြောင့် စောင့်ဆိုင်းရမည်နည်း။ ၎င်းတို့သည် အချိန်ကြာမြင့်စွာ ခွဲခွာကောင်းခဲ့ခွာရပြီး မဖြစ်နိုင်သော်လည်း၊ ခမည်းတော်သည် နေ့ပေါင်းညပေါင်း မည်မျှများစွာ နာကျင်သည့်

တောင့်တမှုဖြင့် တမ်းတနေခဲ့ပြီး သူ၏ချစ်သား လျင်မြန်စွာ ပြန်ကြွလာခြင်းကို မည်မျှကြာမြင့်စွာ လွမ်းဆွတ်တောင့်တနေပြီးဖြစ်သည်ကို အဘယ်သူ သိသနည်း။ သူသည် စောင့်ကြည့်သည်၊ ငြိမ်ငြိမ်သက်သက် ထိုင်ကာ စောင့်ဆိုင်းသည်။ သူ၏ချစ်သား အလျင်အမြန် ပြန်လာခြင်းအတွက် မဟုတ်သည့်အရာ မည်သည့်အရာကိုမျှ သူ မလုပ်ဆောင်ပေ။ ကမ္ဘာမြေဆုံးတိုင် လှည့်လည် သွားလာပြီးဖြစ်သည့် သားတော် ဖြစ်သည်။ မည်သည့်အချိန်တွင် ၎င်းတို့ ပြန်ပေါင်းစည်းမည်နည်း။ တစ်ချိန်က ပြန်ပေါင်းစည်းခဲ့လျက်၊ ၎င်းတို့သည် ထာဝရကာလ အတူရှိကြမည် ဖြစ်သော်လည်း၊ အထက် ကောင်းကင်ဘုံတွင် တစ်ဦးနှင့် အောက်အရပ်မြေကြီးပေါ်တွင် တစ်ဦးရှိလျက်၊ ထောင်ပေါင်းများစွာသော သီးခြားစီနေရသည့် နေ့ညများကို သူ အဘယ်သို့ ခံနိုင်မည်နည်း။ မြေကြီးပေါ် ဆယ်စုနှစ်များသည် ကောင်းကင်ဘုံ၌ အနှစ်ထောင်ပေါင်း များစွာကဲ့သို့ဖြစ်၏။ ခမည်းတော် ဘုရားသခင်သည် အဘယ်သို့ မစိုးရိမ်ဘဲရှိနိုင်မည်နည်း။ ကမ္ဘာမြေပေါ်သို့ ဘုရားသခင် ကြွလာချိန်တွင်၊ လူသားကဲ့သို့ပင် လူ့လောက၏ မရေမတွက်နိုင်သည့် လောကဓံတရားတို့ကို ကြုံတွေ့ခံစားရသည်။ ဘုရားသခင်သည် အပြစ်ကင်းစင်သည်၊ ထို့ကြောင့် သူသည် လူသားကဲ့သို့ အလားတူ ဆင်းရဲဒုက္ခကို အဘယ်ကြောင့် ခံစားသင့်သနည်း။ ခမည်းတော် ဘုရားသခင်သည် သူ၏သားတော်ကို လွန်စွာအရေးတကြီး တောင့်တသည်မှာ အံ့သြဖွယ်မရှိပေ။ ဘုရားသခင်၏ နှလုံးသားကို အဘယ်သူ နားလည်နိုင်သနည်း။ ဘုရားသခင်သည် လူသားကို အလွန်များလှစွာ ပေး၏။ လူသားသည် ဘုရားသခင်၏နှလုံးသားကို အဘယ်သို့ အပြည့်အဝ ပြန်ဆပ်ပေးနိုင်မည်နည်း။ သို့သော် လူသားသည် ဘုရားသခင်ကို အလွန်နည်းပါးစွာ ပေးလေသည်။ ထိုအတွက်ကြောင့် ဘုရားသခင်သည် မစိုးရိမ်ဘဲ အဘယ်သို့ နေနိုင်မည်နည်း။

လူသားများ၏အရည်အသွေးသည် ညံ့ဖျင်းလွန်းပြီး ၎င်းတို့၏ စိတ်ဝိညာဉ်သည် အတော်ထုံထိုင်းနေသောကြောင့်၊ ဘုရားသခင်၏ စိတ်အခြေအနေထဲက အရေးတကြီးဖြစ်ခြင်းကို လူသားအလယ် မည်သူမျှ နားလည်ခြင်းမရှိပေ၊ ထို့ကြောင့် ၎င်းတို့ အားလုံးသည် ဘုရားသခင် လုပ်ဆောင်နေသည့်အရာကို ဂရုစိုက်ခြင်းမရှိသကဲ့သို့ အရေးစိုက်ခြင်းလည်း မရှိပေ။ ဤအကြောင်းကြောင့်၊ လူသား၏ သားရဲသဘာဝသည် အချိန်မရွေး ပေါ်ပေါက်လာနိုင်ဘိသည့်အလား၊ ဘုရားသခင်သည် လူသားနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် နေမထိထိုင်မသာ ဖြစ်နေပေသည်။ ကမ္ဘာမြေပေါ်သို့ ဘုရားသခင်၏ ကြွလာခြင်းနှင့်အတူ ကြီးမားသော စုံစမ်းနှောင့်ယှက်ခြင်းများ လိုက်ပါလာသည်ကို ဤအရာမှ သာ၍ပင် ရှင်းလင်းစွာ မြင်နိုင်ပေသည်။ သို့သော် လူတစ်စုအား စုံလင်စေခြင်းအတွက်၊ ဘုန်းအသရေနှင့် ပြည့်ဝနေသော ဘုရားသခင်သည် သူ့ထံမှ မည်သည့်အရာကိုမျှ

ဖုံးကွယ်ခြင်းမရှိဘဲ၊ လူသားအား သူ၏ရည်ရွယ်ချက်တိုင်းကို ပြောပြခဲ့၏။ ဤလူတစ်စုကို စုံလင်စေရန် သူသည် ခိုင်မာစွာ စိတ်ဆုံးဖြတ်ပြီးဖြစ်သည်၊ ထို့ကြောင့် မည်သည့် အခက်အခဲ သို့မဟုတ် မည်သည့် စုံစမ်းနှောင့်ယှက်ခြင်းလာသည်ဖြစ်စေ၊ သူသည် မျက်နှာလွှဲကာ လုံးဝ လျစ်လျူရှု၏။ ဘုရားသခင်က သူ၏ ဘုန်းအသရေကို ပိုင်ဆိုင်ပြီးဖြစ်သည့် တစ်နေ့တွင် လူသားသည် သူ့ကို သိမည်ဟု ခိုင်မာစွာ ယုံကြည်လျက်၊ လူသားသည် ဘုရားသခင်၏ စုံလင်စေခြင်း ခံရပြီးဖြစ်သည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်၏ နှလုံးသားကို အပြည့်အဝနားလည်မည်ဟု ယုံကြည်ရင်း၊ သူသည် သူ၏ ကိုယ်ပိုင် အမှုကိုသာ တိတ်ဆိတ်စွာ လုပ်ဆောင်လေသည်။ ယခု ဘုရားသခင်အား စုံစမ်းနှောင့်ယှက်နေသော လူများ သို့မဟုတ် ဘုရားသခင်ကို နားလည်မှုလွဲနေသော လူများ သို့မဟုတ် ဘုရားသခင်အား အပြစ်တင်နေသောလူများ ရှိကောင်း ရှိနိုင်သည်။ ဘုရားသခင်သည် ဤအရာများထဲမှ မည်သည့်အရာကိုမျှ အလေးအနက်မထားပေ။ ဘုရားသခင်သည် ဘုန်းအသရေထဲသို့ ကြွဆင်းသည့်အခါတွင်၊ ဘုရားသခင် လုပ်ဆောင်သည့်အရာ အားလုံးသည် လူသားမျိုးနွယ် ပျော်ရွှင်ခြင်းအတွက်ဖြစ်သည်ကို လူများအားလုံးက နားလည်ကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင် လုပ်ဆောင်သည့်အရာတိုင်းသည် လူသားမျိုးနွယ်က သာ၍ ကောင်းမွန်စွာ အသက်ရှင်သန်နိုင်ရန်အလို့ငှာ ဖြစ်သည်ကို ၎င်းတို့ နားလည်ကြလိမ့်မည်။ ဘုရားသခင်သည် စုံစမ်းနှောင့်ယှက်ခြင်းကို ယူဆောင်ရင်း ကြွလာသကဲ့သို့၊ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသကို ယူဆောင်ရင်းလည်း ကြွလာလေသည်။ လူသားကို ဘုရားသခင် စွန့်ခွာချိန်တွင်၊ သူသည် အချိန်ကြာမြင့်စွာကတည်းက ဘုန်းအသရေ ပိုင်ဆိုင်လာနှင့်ပြီးဖြစ်ကာ ဘုန်းအသရေ၊ ပြန်ကြွလာခြင်း၏ ဝမ်းမြောက်မှုတို့ဖြင့် အလွန်များစွာ ပြည့်လျက် သူ စွန့်ခွာပေသည်။ ကမ္ဘာမြေပေါ် အမှုပြုသော ဘုရားသခင်သည် လူတို့က သူ့အား မည်သို့ပင်ငြင်းပယ်ကြစေကာမူ၊ အမှုအရာများကို အလေးအနက် မထားပေ။ သူသည် သူ၏အမှုကိုသာ လုပ်ဆောင်မြဲ လုပ်ဆောင် နေသည်။ ဘုရားသခင်၏ ကမ္ဘာမြေကြီးကို ဖန်ဆင်းခြင်းသည် နှစ်ထောင်ပေါင်းများစွာသို့ ခြေရာကောက် နိုင်ပေသည်။ သူသည် အတိုင်းမသိသော အမှုပမာဏကို လုပ်ဆောင်ရန် ကမ္ဘာမြေသို့ ကြွလာပြီးဖြစ်ကာ လူ့လောက၏ ငြင်းပယ်မှုနှင့် အသရေဖျက်မှုတို့ကို အပြည့်အဝ တွေ့ကြုံခံစားရပြီးဖြစ်သည်။ ဘုရားသခင် ရောက်ရှိလာခြင်းကို မည်သူမျှ မကြိုဆိုပေ။ သူသည် အေးတိအေးစက် ကြိုဆိုခြင်းခံခဲ့ရသည်။ ဤကြမ်းတမ်းသည့် နှစ်ပေါင်း နှစ်ထောင် သုံးထောင် ကာလအတွင်း လူသား၏ အပြုအမူသည် အချိန်ကြာမြင့်စွာကတည်းက ဘုရားသခင်ကို နက်ရှိုင်းစွာ ထိခိုက်စေပြီးဖြစ်သည်။ သူသည် လူတို့၏ ပုန်ကန်မှုကို အာရုံမစိုက်တော့သကဲ့သို့၊ ယင်းအစား

လူသားအား ပြောင်းလဲရန်နှင့် သန့်စင်ရန် နောက်ထပ်အစီအစဉ် ပြုလုပ်ပြီးဖြစ်သည်။ လှောင်ပြောင်ခြင်း၊ အသရေဖျက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဆင်းရဲဒုက္ခကြီးစွာခံရခြင်း၊ ကားစင်တင်ခံရခြင်း ဆင်းရဲဒုက္ခ၊ လူသား၏ အပယ်ခံရခြင်း စသည်ဖြင့်၊ လူ့ဇာတိခံယူကတည်းက ဘုရားသခင် ကြုံရပြီးဖြစ်သည့်အရာများ- ဤအရာများကို ဘုရားသခင် အလုံအလောက် မြည်းစမ်းရပြီးဖြစ်သကဲ့သို့၊ လူ့လောက၏ အခက်အခဲများကိုမူ၊ လူ့ဇာတိခံလာပြီးဖြစ်သည့် ဘုရားသခင်သည် ဤအရာအားလုံးကို အပြည့်အဝ ခံစားရပြီးဖြစ်သည်။ ကောင်းကင်ဘုံရှိ ခမည်းတော် ဘုရားသခင်၏ဝိညာဉ်သည် အချိန်ကြာမြင့်စွာကတည်းက ထိုသို့သော မြင်ကွင်းများကို မခံမရပ်နိုင်ဖြစ်ရပြီး ခေါင်းမော့ကာ မိမိ၏ မျက်လုံးများ မှိတ်လျက်၊ သူ၏ချစ်သား ပြန်လာဖို့ စောင့်ဆိုင်းလေသည်။ သူ ဆန္ဒရှိသမျှသည် လူသားမျိုးနွယ်က နားထောင်ကာ နာခံရန်၊ ပြီးလျှင် သူ၏ လူ့ဇာတိရှေ့မှောက်၌ အဆုံးစွန် အရှက်ရလျက်၊ သူ့အား ဆန့်ကျင်ပုန်ကန်မှု ရပ်စဲနိုင်ရန် ဖြစ်၏။ သူ ဆန္ဒရှိသမျှမှာ လူသားမျိုးနွယ်က ဘုရားသခင်၏ တည်ရှိခြင်းကို ယုံကြည်နိုင်ရန် ဖြစ်သည်။ ဘုရားသခင်သည် မြင့်မားလှသည့် အဖိုးအခတစ်ခုကို ပေးပြီးဖြစ်သော်လည်း၊ လူသားသည် စိတ်အေးသက်သာ နေလျက်[၅] ရှိကာ၊ ဘုရားသခင်၏ အမှုကို အနည်းငယ်မျှ အလေးအနက် မထားသောကြောင့်၊ ကာလကြာမြင့်စွာကတည်းက သူသည် လူသားအပေါ် သာ၍ကြီးမားသော တောင်းဆိုမှုများ ပြုလုပ်ခြင်းကို ရပ်တန့်ပြီးဖြစ်သည်။

ယနေ့ ဘုရားသခင်၏အမှုအကြောင်း ငါ ပြောနေသည့် အရာများသည် "အခြေအမြစ်မရှိသော ရယ်ဖွယ်ကောင်းမှု"[၆] များစွာ ပါရှိကောင်းပါရှိနိုင်သည်၊ သို့သော်လည်း ယင်းသည် လူသား၏ ဝင်ရောက်ခြင်းအတွက် နက်နဲသော ဆက်စပ်မှုရှိပေသည်။ ငါသည် အမှုနှင့် ပတ်သက်သည့် အရာအချို့ကိုသာ ပြောဆိုနေပြီးနောက်၊ ဝင်ရောက်ခြင်းအကြောင်း အချို့ ပြောဆိုဆွေးနွေးနေသော်လည်း၊ ရှုထောင့်နှစ်ခုလုံးသည် တန်းတူညီမျှ မရှိမဖြစ်ဖြစ်ကြပြီး၊ ပေါင်းစပ်လိုက်သောအခါတွင် ၎င်းတို့ နှစ်ခုလုံးသည် လူသား၏ အသက်တာအတွက် သာ၍ပင် အကျိုးရှိပေသည်။ ဤရှုထောင့် နှစ်ခုသည် တစ်ခုနှင့်တစ်ခု ပြည့်စုံစေသည်[၇]၊ ပြီးလျှင် လူတို့အား ဘုရားသခင်၏အလိုကို ပိုမိုကောင်းမွန်စွာ နားလည်ခွင့်ပေးပြီး လူများနှင့် ဘုရားသခင်ကြား ဆက်သွယ်မှု ဖြစ်နိုင်စေရင်း၊ ကြီးစွာ အကျိုးပြုလေသည်။ အမှုနှင့် ပတ်သက်သည့် ယနေ့ ပြောဆိုဆွေးနွေးမှုတစ်ဆင့်၊ လူသားမျိုးနွယ်နှင့် ဘုရားသခင်၏ ဆက်ဆံရေးသည် သာ၍ တိုးတက်သည်၊ နှစ်ဦးနှစ်ဘက် နားလည်မှုသည် သာ၍နက်ရှိုင်းလာပြီး၊ လူသည် ဘုရားသခင်၏ဝန်ကို သာ၍ကြီးစွာသော စာနာထောက်ထားမှုနှင့် ဂရုစိုက်မှုကို ပေးနိုင်လေသည်။ လူသားသည် ဘုရားသခင်

ခံစားရသည့်အရာကို ခံစားဖို့၊ ဘုရားသခင်အားဖြင့် ပြောင်းလဲရန် သာ၍ ယုံကြည်စိတ်ချမှု ရှိဖို့နှင့် ဘုရားသခင် တဖန်ပေါ်ထွန်းခြင်းကို စောင့်ဆိုင်းဖို့ ဖြစ်ပေသည်။ ဤသည်မှာ ယနေ့ လူသားထံမှ ဘုရားသခင်ပြုသည့် တစ်ခုတည်းသော တောင်းဆိုချက်ဖြစ်သည်- ဘုရားသခင်၏ ဉာဏ်ပညာ ပုံဆောင်မှုအလင်းသည် အမှောင်ခေတ်တွင် ပြိုးပြိုးပြက်ပြက် ထွန်းတောက်ရန်အလို့ငှာနှင့် လူသား၏အသက်ရှင်နေထိုင်မှုသည် ကမ္ဘာလောက၏ အရေးအရပ်တွင် ထာဝစဉ်ထွန်းလင်းလျက်၊ ကမ္ဘာလောက၏ဂရုပြုခြင်းနှင့် အရာခပ်သိမ်း၏ နှစ်ထောင်းအားရ ဖြစ်မှုကို ခံယူရရှိရင်း၊ ဘုရားသခင်၏အမှုတွင် တောက်ပသော စာမျက်နှာတစ်ခု နောက်ချန်ထားနိုင်စေဖို့အလို့ငှာ ဘုရားသခင်ကို ချစ်သောသူတစ်ဦး၏ ပုံရိပ်ကို အသက်ရှင်နေထိုင်ရန် ဖြစ်သည်။ အသေချာဆုံးအနေဖြင့်၊ ဤသည်မှာ ဘုရားသခင်ကို ချစ်သည့် မျက်မှောက်ခေတ်တွက်ရှိသူတို့အတွက် သာ၍ပင် ကောင်းမွန်သော ဝင်ရောက်ခြင်းဖြစ်ပေသည်။

အောက်ခြေမှတ်စု(များ)-

၁။ "အကြောအချဉ်များကို ဆန့်နေပြီး၊ တိုက်ပွဲတစ်ခုအတွက် အဆင်သင့်ပြင်နေ" ဆိုသည်ကို ပျက်ရယ်ပြုသည့်သဘောဖြင့် အသုံးပြုထားခြင်း ဖြစ်သည်။

၂။ "မှုမမှန်မှု" သည် လူတို့၏ဝင်ရောက်ခြင်းသည် သွေဖည်ပြီး၊ ၎င်းတို့၏ အတွေ့အကြုံများသည် တစ်ဖက်သတ်ဖြစ်သည်ကို ဆိုလို၏။

၃။ "လမ်းဆုံး" သည် လူတို့ လျှောက်လှမ်းနေသည့် လမ်းကြောင်းက ဘုရားသခင်၏အလိုတော်နှင့် ဆန့်ကျင်နေသည်ကို ဆိုလိုသည်။

၄။ "၎င်းတို့၏ ပုံမှန်သဘောထားကို ပြောင်းလဲ" သည် ဘုရားသခင်နှင့် ပတ်သက်သည့် လူတို့၏ အယူအဆများနှင့် အမြင်များသည် ဘုရားသခင်ကို ၎င်းတို့ သိရှိသည်နှင့် ပြောင်းလဲသွားပုံကို ရည်ညွှန်း၏။

၅။ "စိတ်အေးသက်သာ နေလျက်" သည် လူတို့သည် ဘုရားသခင်၏အမှုအကြောင်း ဂရုမစိုက်သကဲ့သို့၊ ယင်းကို အရေးကြီးသည်ဟု မယူမှတ်သည်ကို ဆိုလိုသည်။

၆။ "အခြေအမြစ်မရှိသော ရယ်ဖွယ်ကောင်းမှု" သည် ဘုရားသခင် ပြောသည့် နှုတ်ကပတ်တော်များ၏ အခြေခံကို လူတို့ နားလည်နိုင်စွမ်း မရှိသကဲ့သို့ ဘုရားသခင် မည်သည့်အရာ ပြောဆိုနေမှန်း မသိကြသည်ကို ဆိုလိုပေသည်။ ဤပုဒ်စုကို ရွဲ့သည့်သဘောဖြင့် အသုံးပြုထား၏။

၇။ “တစ်ခုနှင့်တစ်ခု ပြည့်စုံစေသည်” သည် မိတ်သဟာယတွင် “အမှု” နှင့် “ဝင်ရောက်ခြင်း” နှစ်ခုလုံးကို ပေါင်းစပ်ခြင်းသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် ကျွန်ုပ်တို့၏ အသိပညာအဖို့ သာ၍ပင် အကျိုးပြုမည်ကို ဆိုလိုသည်။

# အမှုတော်နှင့် ဝင်ရောက်ခြင်း (၅)

ယနေ့တွင် ဘုရားသခင်သည် လူတို့အား ဘဝ၏ မှန်ကန်သော လမ်းကြောင်းပေါ်သို့ ဦးဆောင်နေကြောင်း၊ သူသည် လူသားကို နောက်တစ်ခေတ်ထဲသို့ နောက်ထပ်ခြေလှမ်းရန် ဦးဆောင်နေကြောင်း၊ လူအယောက်စီတိုင်းသည် လွတ်လပ်သော လောကတစ်ခုတွင် အသက်ရှင်နိုင်ဖို့အလို့ငှာ၊ သူသည် လူသားအား အမှောင်အင်အားစု၏ ဖိနှိပ်မှုနှင့် စာတန်၏လွှမ်းမိုးမှုမှ ဝေးရာ၊ ဇာတိပကတိမှထွက်ကာ ဤမှောင်သော ခေတ်ဟောင်းကို ကျော်လွှန်ရန် ဦးဆောင်နေကြောင်းကို သင်တို့အားလုံး သိကြ၏။ လှပသော မနက်ဖြန်အတွက်၊ လူတို့သည် မနက်ဖြန်တွင် ၎င်းတို့၏ ခြေလှမ်းများ၌ သာ၍ရဲရင့်စေရန်အလို့ငှာ၊ ဘုရားသခင်၏ဝိညာဉ်သည် လူသားအတွက် အရာရာကို စီစဉ်ပြီး၊ လူသားသည် သာ၍ကြီးမားသော မွေ့လျော်မှုရရှိနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် လူသားတောင့်တသည့်နေ့ရက် လျင်မြန်စွာ ရောက်ရှိစေရင်း၊ သူ၏ လူ့ဇာတိ၌ သူ၏အားထုတ်မှုအားလုံးကို လူသား၏ရှေ့က လမ်းကြောင်းကို ပြင်ဆင်ခြင်းတွင် မြှုပ်နှံလေသည်။ သင်တို့အားလုံး ဤလှပသည့်အခါသမယကို မြတ်နိုးကြမည်လော။ ဘုရားသခင်နှင့်အတူတကွ လာရန်မှာ လွယ်ကူသည့် စွမ်းဆောင်မှုမဟုတ်ပေ။ သင်သည် သူ့ကို လုံးဝ မသိဖူးသော်လည်း၊ ကာလကြာမြင့်စွာကတည်းက သူနှင့်အတူ ရှိနှင့်ပြီးဖြစ်သည်။ အယောက်တိုင်းသည် လှပသော်လည်း တစ်ခဏဖြစ်သော ဤနေ့ရက်များကို အကယ်၍ အစဉ်ထာဝရသာ မှတ်မိနိုင်ပြီး၊ ယင်းတို့အား မြေကြီးပေါ် ရှိ ၎င်းတို့ အမြတ်တနိုးထားသော ပိုင်ဆိုင်မှုများဖြစ်စေနိုင်မှသာ ဖြစ်သည်။ ဘုရားသခင်၏ အမှုကို လူသားထံ အချိန်ကြာမြင့်စွာကတည်းက ထုတ်ဖော်ပြပြီး ဖြစ်သည်- သို့သော် လူတို့၏နှလုံးသားများသည် အလွန် ရှုပ်ထွေးသကဲ့သို့၊ ၎င်းတို့သည် စိတ်ဝင်စားမှုတစ်ခုတစ်လေမျှ လုံးဝ မရှိဖူးသောကြောင့်၊ ဘုရားသခင်၏အမှုသည် ယင်း၏နဂိုမူလ အခြေခံအုတ်မြစ်ပေါ်၌ ရပ်ဆိုင်းမြဲရပ်ဆိုင်းနေပြီး ဖြစ်သည်။ ၎င်းတို့၏အတွေးများ၊ အယူအဆများနှင့် စိတ်ပိုင်းဆိုင်ရာ အမြင်များသည် ခေတ်နောက်ကျနေပုံရမည်မှာ ၎င်းတို့များစွာ၏ စိတ်ပိုင်းဆိုင်ရာ အမြင်သည် ရှေးအချိန်ကာလများက ရှေးဦးလူသားများ၏ စိတ်ပိုင်းဆိုင်ရာအမြင်နှင့် ဆင်တူပြီး၊ စိုးစဉ်းမျှ

မပြောင်းလဲသေးပေ။ အကျိုးဆက်အနေဖြင့်၊ လူတို့သည် ဘုရားသခင် လုပ်ဆောင်သည့် အမှုနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးကာ မရှင်းမလင်း ဖြစ်နေဆဲ ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့လုပ်ဆောင်သည့်အရာနှင့် ၎င်းတို့ ဝင်ရောက်သင့်သည့်အရာနှင့်ပတ်သက်၍ သာ၍ပင် မရှင်းလင်းကြပေ။ ဤအရာများသည် ဘုရားသခင်၏အမှုအဖို့ ကြီးမားသော အခက်အခဲများ ဖြစ်စေပြီး၊ လူတို့၏ဘဝများအား အစဉ် ရှေ့ဆက်ခြင်းမှ တားဆီးထား၏။ လူသား၏ အနှစ်သာရနှင့် ၎င်းတို့၏ ညံ့ဖျင်းသော အရည်အချင်းကြောင့်၊ ၎င်းတို့သည် အခြေခံအားဖြင့် ဘုရားသခင်၏ အမှုကို သဘောပေါက်နိုင်စွမ်းမရှိကြသကဲ့သို့ ဤအရာများကို အရေးကြီးသည်ဟု မည်သည့်အခါတွင်မျှ သဘောမထားကြချေ။ သင့်ဘဝတွင် တိုးတက်မှုအတွက် ဆန္ဒရှိပါက၊ သင်တို့၏ တည်ရှိခြင်းနှင့်ဆိုင်သည့် အသေးစိတ် အချက်အလက်များကို စတင်အာရုံစိုက်ရမည်၊ သင်တို့အသီးသီးသည် အတွင်းအပြင် အသစ်ပြုပြင်ခြင်းခံရကာ အရှိန်မြှင့်သည့်၊ ကျော်လွန်ပြီး လွတ်လပ်သည့် ဘဝတစ်ခုကို အမှန်တကယ် မွေ့လျော်ခံစားနိုင်ဖို့အလို့ငှာ အသက်ထဲသို့ သင်တို့၏ ဝင်ရောက်မှုကို ထိန်းချုပ်ရန်၊ သင်တို့ တစ်ဦးစီတိုင်း၏ စိတ်နှလုံးကို လုံးလုံးလျားလျား အသွင်ပြောင်းလဲရန်နှင့် သင်တို့အတွင်း၌ရှိ အနှစ်မဲ့မှုနှင့် သက်ဆိုင်သည့် ပြဿနာများနှင့် သင့်ကို ဖိစီးသည့် ရိုးအီ၍ ငြီးငွေ့စရာကောင်းပြီး စိတ်ဓာတ်ကျစေသော တည်ရှိမှုကို ဖြေရှင်းဖို့အလို့ငှာ ထိုအရာတစ်ခုစီတိုင်းကို စတင်သဘောပေါက်ရမည်။ ရည်မှန်းချက်မှာ သင်တို့အသီးသီးသည် အသက်ရှင်လာနိုင်လိမ့်မည်၊ သင်၏ဝိညာဉ်၌ ပြန်လည်နိုးထနိုင်လိမ့်မည်ဖြစ်ပြီး၊ သက်ရှိသတ္တဝါတစ်ဦး၏ အသွင်သဏ္ဌာန်ကို ပိုင်ဆိုင်လာနိုင်လိမ့်မည် ဖြစ်သည်။ သင်တို့နှင့်ဆက်သွယ်သည့် ညီအစ်ကိုမောင်နှမ အားလုံးအနက် တက်ကြွကာ လန်းဆန်းသူများ တစ်ဦးတစ်လေ ရှိခဲ၏။ ၎င်းတို့အားလုံးသည် ရှေးခေတ်လူဝံများကဲ့သို့ နုံအကာ မိုက်မဲကြသည်၊ ကြည့်ရသည်မှာ တိုးတက်ခြင်းဟူ၍ မည်သည့် အလားအလာမျှ မရှိပေ။ သာ၍ဆိုးသည်မှာ ငါနှင့် အဆက်အသွယ်ရလာကြပြီးသည့် ညီအစ်ကိုမောင်နှမများသည် တောင်ပေါ်လူရိုင်းများတမျှ ကြမ်းတမ်းရိုင်းစိုင်းကာ ကြမ်းကြုတ်ကြလေပြီ။ ၎င်းတို့သည် မည်သို့ပြုမူရမည်ဆိုသည့် အခြေခံများ တစ်ခုတစ်လေကို မဆိုထားနှင့်၊ ရည်မွန်ခြင်းနှင့်ပတ်သက်သည့်အရာ တစ်ခုတစ်လေကိုမျှ မသိကြချေ။ အသိဉာဏ်ရှိပြီး၊ ရည်မွန်ပုံရကာ ပန်းများတမျှ လှပကာ အရွယ်ရောက်ကြပြီးဖြစ်သော်၊ "သမားရိုးကျမဟုတ်သော" ဝတ်စားဆင်ယင်မှုတစ်ခုဖြင့် ဝတ်ဆင်ကြဆဲဖြစ်သည့် ညီမငယ်များစွာ ရှိလေသည်။ ညီမတစ်ဦး၏က ဆံပင်သည် သူ၏မျက်လုံးများကို ဘာမျှ မမြင်ရစေရစ်လျက်၊ သူ၏မျက်နှာတစ်ခုလုံးကို ဖုံးအုပ်နေသည်။ သူ၏မျက်နှာပေါက်သည် သန့်ရှင်းပြီး၊ ကောင်းမြတ်သော်လည်း သူ၏ဆံပင်ပုံစံမှာ သူသည်

လူငယ်ထောင်တစ်ခုထဲက နံပါတ်တစ် ပြစ်မှုကျူးလွန်သူတစ်ဦးအလား ထူးဆန်းသော ခံစားချက်တစ်ရပ်ကို ပေးလျက်၊ စက်ဆုပ်ဖွယ်ဖြစ်လေသည်။ သူ၏မျက်လုံးများသည် ရေထဲက မြကျောက်များကဲ့သို့ ကြည်လင်ကာ တောက်ပလျက်၊ ပိန်းပိတ်အောင် မှောင်သောညဌ် ရုတ်တရက်မြင်လိုက်ရသည့်၊ လူသားတို့၏ နှလုံးသားအတွင်း ကြောက်ရွံ့စိတ်ပေါ်စေသော မျက်စိကန်းစေလောက်အောင် တောက်ပမှုဖြင့် ပြတ်တောင်းပြတ်တောင်း လင်းလက်သည့် လက်ဆွဲမီးအိမ်တစ်စုံကဲ့သို့ ထင်ရစေရင်း သူ၏အဝတ်အစားနှင့် ဆံပင်ပုံစံတို့က ခုနှိမ်ထား၏၊ သို့တိုင် သူသည် တစ်စုံတစ်ဦးထံမှ တမင်တကာ ပုန်းရှောင်နေပုံလည်း ရ၏။ ငါသည် သူကို တွေ့ဆုံသောအခါ၊ သူသည် ခုလေးတင် တစ်စုံတစ်ဦးအား သတ်ဖြတ်ခဲ့ကာ သိရှိသွားမည်ကို အလွန်အမင်း စိုးရွံ့လျက် စဥ်ဆက်မပြတ် ဟိုဟိုသည်သည် ရှောင်တိမ်းနေသည့် လူသတ်သမားတစ်ဦးကဲ့သို့ “အခင်းဖြစ်ရာနေရာ”မှ ထွက်ပြေးရန် နည်းလမ်းများ အစဥ်ဖန်တီးနေသည်။ သူသည် မျိုးဆက်များစွာ ကျွန်များဖြစ်ကြပြီး သူတပါးရှေ့ဌ် မည်သည့်အခါမျှ ခေါင်းမထောင်နိုင်သော အာဖရိကလူမည်းများ[၁] ကဲ့သို့လည်း ဖြစ်၏။ ဤလူများ ဝတ်စားကာ မိမိတို့ကိုယ်ကိုယ် ပြင်ဆင်ပုံတို့အထိ ဤအပြုအမူ အမျိုးမျိုး တိုးတက်ရန် လပေါင်းအချို့ကြာသည့် အလုပ် လိုအပ်ပေမည်။

တရုတ်လူမျိုးတို့သည် နှစ်ထောင်ပေါင်းများစွာ ကျွန်ဘဝတွင် နေထိုင်ကြပြီးဖြစ်ကာ၊ ဤအရာက ၎င်းတို့၏ အတွေးများ၊ အယူအဆများ၊ ဘဝ၊ ဘာသာစကား၊ အပြုအမူနှင့် လုပ်ရပ်များကို ဘောင်ခတ်သည်မှာ ၎င်းတို့သည် လွတ်လပ်မှု စိုးစဉ်းမျှ မကျန်ရစ်ပေ။ နှစ်ထောင်ပေါင်း များစွာသော သမိုင်းသည် ဝိညာဉ်ပိုင်ဆိုင်သည့် အရေးပါသော လူများကိုယူကာ ဝိညာဉ်ကင်းမဲ့သော အလောင်းကောင်များနှင့် ဆင်ဆင်တူသော တစ်စုံတစ်ရာအဖြစ်သို့ ချုံးကျသွားစေပြီး ဖြစ်သည်။ စာတန်၏ သားခုတ်ဓားအောက်တွင် အသက်ရှင်သူ များစွာရှိသည်၊ သားရဲတွင်းများနှင့်တူသည့် အိမ်များတွင် နေထိုင်သူ များစွာရှိ၏၊ နွားထီးများ သို့မဟုတ် မြင်းများကဲ့သို့ အလားတူ အစားအစာကို စားသူ များစွာရှိကာ၊ “မြေအောက်ကမ္ဘာ”တွင် သတိလစ်ကာ ဖရိုဖရဲဖြစ်လျက် လှဲလျောင်းနေသူ များစွာရှိ၏။ အပြင်ပန်းသဏ္ဌာန်တွင်၊ လူတို့သည် ရှေးဦးလူသားနှင့် မကွာခြားပေ၊ ၎င်းတို့၏ အနားယူရာနေရာသည် ငရဲတစ်ခုကဲ့သို့ဖြစ်ကာ အဖော်များအဖြစ် ၎င်းတို့သည် ညစ်ပေနေသည့် မကောင်းဆိုးဝါးများနှင့် နတ်ဆိုးမျိုးစုံတို့၏ ဝိုင်းရံခြင်းခံရ၏။ အပြင်ပန်းအားဖြင့် လူတို့သည် သာ၍မြင့်မားသော “တိရစ္ဆာန်များ” ဖြစ်ပုံရကြ၏၊ အမှန်တွင်၊ ၎င်းတို့သည် ညစ်ပေသော နတ်ဆိုးများနှင့်အတူ အသက်ရှင်ကာ နေထိုင်ကြ၏။ ၎င်းတို့ကို စောင့်ရှောက်ရန် မည်သူမျှမရှိဘဲ၊ လွတ်မြောက်ဖို့လမ်းမရှိဘဲနှင့် စာတန်၏ကျော့ကွင်းများတွင်မိလျက် စာတန်၏

ချောင်းမြောင်းတိုက်ခိုက်ခြင်းအတွင်း နေထိုင်ကြ၏။ ၎င်းတို့သည် ပျော်ရွှင်ပြီး ကျေနပ်ဖွယ်ကောင်းသော ဘဝများတွင် အသက်ရှင်လျက်၊ သက်သောင့်သက်သာရှိသော အိမ်များတွင် ၎င်းတို့ချစ်သောသူများနှင့်အတူ စုရုံးကြသည် ပြောခြင်းထက်၊ လူသားတို့သည် မရဏာနိုင်ငံတွင် မကောင်းဆိုးဝါးများနှင့် ဆက်ဆံကာ နတ်ဆိုးတို့နှင့် ပေါင်းသင်းလျက် အသက်ရှင်ကြသည်ဟု ပြောသင့်သည်။ အမှန်တွင်၊ လူတို့သည် စာတန်၏ ချည်နှောင်ခြင်းကို ခံနေရဆဲဖြစ်သည်၊ ၎င်းတို့သည် ညစ်ပေသော နတ်ဆိုးများ စုရုံးရာနေရာတွင် အသက်ရှင်ကြကာ၊ ၎င်းတို့၏အိပ်ရာများသည် ၎င်းတို့၏အလောင်းကောင်များ အိပ်စက်ရန်နေရာများအလား၊ ယင်းတို့သည် နွေးထွေး၍ သက်သောင့်သက်သာရှိသော အသိုက်များဖြစ်သည့်အလား၊ ၎င်းတို့သည် ဤညစ်ပေသော နတ်ဆိုးများ၏ခြယ်လှယ်ခြင်းကို ခံကြရကြသည်။ ၎င်းတို့၏အိမ်ထဲသို့ ဝင်ရောက်သည့်အခါ၊ အေးစိမ့်သောလေသည် ခြောက်သွေ့သော အကိုင်းအခက်များကိုဖြတ်လျက် ရှီကနဲအသံပြုနေရင်း၊ ခြံဝိုင်းမှာ အေးစက်ကာ အထီးကျန်နေ၏။ "နေထိုင်သည့်နေရာ" သို့ တံခါးကို ဖွင့်လိုက်သည့်အခါ၊ အခန်းသည် ပိန်းပိတ်အောင် မှောင်မိုက်နေ၏။ သင်သည်လက်ကို ဆန့်တန်း၍ လက်ချောင်းများကို မမြင်ရပေ။ တံခါးရှိ အက်ကြောင်းတစ်ခုမှ အလင်းရောင် အနည်းငယ် စိမ့်ဝင်လာသောကြောင့် အခန်းကို သာ၍ပင် မည်းမှောင်ကာ ဆိုးရွားသည်ဟု ခံစားရစေ၏။ ရံဖန်ရံခါ ကြွက်များသည် ပျော်ပွဲရွှင်ပွဲများ လုပ်နေသည့်အလား ထူးခြားသော ကျွိကနဲမြည်သံများကို ထုတ်ကြ၏။ အခန်းတွင်းရှိ အရာခပ်သိမ်းသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းနေကာ ကြောက်မက်ဖွယ်ကောင်းနေ၏။ အခေါင်းအတွင်းသို့ ခုလေးတင် အထည့်ခံရသော တစ်စုံတစ်ဦး နေထိုင်လေ့ရှိခဲ့သည့် အိမ်တစ်အိမ်အလား ဖြစ်၏။ အိပ်ရာ၊ ဂွမ်းစောင်များနှင့် အခန်းတွင်းရှိ ထူးခြားမှုမရှိသော ဗီရိုကလေးအားလုံးသည် ဖုန်များဖုံးအုပ်လျက် မြေပြင်ပေါ်၌ ခွေးခြေလေးများ အချို့သည် ၎င်းတို့၏အစွယ်များထုတ်လျက် ၎င်းတို့၏လက်သည်းများကို ဝှေ့ယမ်းပြီး၊ ပင့်ကူအိမ်များသည် နံရံများပေါ်တွင် တွဲလွဲကျလျက်ရှိကြ၏။ စားပွဲတစ်လုံးပေါ်တွင် မှန်တစ်ချပ်တင်ထားလျက် ၎င်း၏ဘေးတွင် သစ်သားဘီးတစ်ချောင်း ရှိ၏။ မှန်ဆီသို့ လမ်းလျှောက်လျက် သင်သည် ဖယောင်းတိုင် တစ်တိုင်ကို ကောက်ယူကာ မီးထွန်းလိုက်၏။ လူတို့သည် ဂူသင်္ချိုင်းအတွင်းမှ ခုတင်ထွက်လာခဲ့သည့် ပုံပေါက်ရန် ၎င်းတို့၏ပုံရိပ်များတွင်၌ "မိတ်ကပ်" တစ်မျိုးဖန်တီးနေလျက် မှန်တွင် ဖုန်များဖုံးအုပ်လျက်ရှိသည်ကို သင်တွေ့ရ၏။ ဘီးသည် ဆံပင်များနှင့်ပြည့်နေ၏။ ဤအရာအားလုံးသည် ဟောင်းနွမ်း၍ ကြမ်းတမ်းနေကာ ခုလေးတင် သေဆုံးသွားသော တစ်စုံတစ်ဦးမှ ခုလေးတင်အသုံးပြုပြီးသည့်ပုံ ပေါက်နေသည်။ ဘီးကို

ကြည့်ရသည်မှာ ဘေးတစ်ဘက်စောင်း၍ လဲလျောင်းနေသော လူသေအလောင်းတစ်ခုကဲ့သို့ ခံစားရ၏။ ဘီးထဲရှိ သွေးလည်ပတ်မှု ရှိမနေသော ဆံပင်များနှင့်စပ်လျဉ်းသည် ယင်းတို့နှင့်ပတ်သက်သည့် သေခြင်းရနံ့ရှိနေ၏။ တစ္ဆေတစ်ကောင်သည် အခန်းတွင်နေထိုင်ရန် ပြန်လာလျက်၊ အက်ကြောင်းမှတစ်ဆင့် တိုးညှစ်ဝင်နေသည့်အလား အေးစိမ့်သောလေသည် တံခါးထဲက အက်ကြောင်းကို ဖြတ်သန်း ဝင်ရောက်နေသည်။ အခန်းအနံ့ ဖိစီးနေသောအေးစိမ့်မှုတစ်ရပ်ရှိနေကာ ရုတ်တရက် ပုပ်သိုးနေသောအလောင်းကောင်၏ ရနံ့ဆိုးတစ်ခုရှိပြီး ဤအခိုက်အတန့်တွင် ရောထွေးနေသောအရာများ နံရံအနှံ့ ချိတ်ဆွဲထားသည်ကို တွေ့နိုင်၏။ ကုတင်ပေါ်တွင် ဖရိုဖရဲဖြစ်နေကာ ညစ်ပေ၍နံစော်နေသော မွေ့ရာနှင့် အိပ်ရာခင်းရှိ၏၊ ထောင့်တွင် အစေ့အဆန်ရှိ၏၊ ဗီရိုသည် ဖုန်တက်နေ၏၊ ကြမ်းပြင်သည် သစ်ခက်များနှင့် အညစ်အကြေး စသည်တို့ဖြင့် ဖုံးလွှမ်းနေသည်မှာ သေသူတစ်ဦးက ရှေ့သို့ ဒယီးဒယိုင်သွားရင်း၊ သွားများကြိတ်လျက် လေကိုကုတ်ခြစ်နေရင်း၊ ခုလေးတင် ယင်းတို့ကို အသုံးပြုပြီးသည့်အလား ဖြစ်သည်။ ယင်းသည် သင့်ကို ကျောချမ်းစေလောက်သည်။ အခန်းထဲတွင် မည်သည့်နေရာတွင်မျှ အသက် စိုးစဉ်းမျှ မရှိ၊ အားလုံးသည် ဘုရားသခင် ပြောထားသည့် မရဏနိုင်ငံနှင့်ငရဲကဲ့သို့ မှောင်မိုက်ကာ စိုထိုင်းနေ၏။ ဆေးမသုတ်ထားသော ဗီရို၊ ခွေးခြေများ၊ ပြတင်းပေါက်ဘောင်များနှင့် တံခါးများသည် ဝမ်းနည်းပူဆွေးခြင်း ဝတ်စုံကို ဆင်မြန်းကာ သေသူကို တိတ်ဆိတ်စွာ ဂုဏ်ပြုနေရင်း၊ ဤသည်မှာ လူသားတစ်ဦး၏ ဂူသင်္ချိုင်းအတိုင်းသာ ဖြစ်သည်။ လူသားသည် ဤမြေအောက်ကမ္ဘာတွင် စောစောထွက်သွားပြီး နောက်ကျပြန်လာလျက် နေထိုင်နေခဲ့သည်မှာ ဆယ်စုနှစ်အချို့၊ ရာစုနှစ်အချို့ သို့မဟုတ် ထောင်စုနှစ်အချို့ပင် ရှိပြီဖြစ်သည်။ ၎င်းတို့သည် ကြက်ဖများတွန်နေချိန် ဦးဆုံးသောအလင်းရောင်၌ ၎င်းတို့၏ "ဂူသင်္ချိုင်း" မှ ထွက်လာကာ ကောင်းကင်သို့ မော်ကြည့်လျက်နှင့် မြေကြီးကို တစ်ချက်ကြည့်ရင်း၊ ၎င်းတို့၏ တစ်နေ့တာလှုပ်ရှားမှုများကို စတင်၏။ တောင်များနောက်သို့ နေကျဆင်းသည့်အခါ ထိုသူတို့သည် ၎င်းတို့၏မောပန်းနေသော ခန္ဓာကိုယ်ကို "ဂူသင်္ချိုင်း" သို့ပြန်ဆွဲလာကြ၏၊ ၎င်းတို့၏ဗိုက်ကို ၎င်းတို့ဖြည့်ပြီးချိန်တွင် နေဝင်ဆည်းဆာ ဖြစ်နေလေပြီ။ ထို့နောက် နက်ဖြန်ခါတွင် "ဂူသင်္ချိုင်း"မှ တစ်ဖန်ထွက်ခွာသွားရန်အတွက် ၎င်းတို့ ပြင်ဆင်မှုများ ပြုလုပ်အပြီး မီးစုန်းတောက်သည့် မီးများ၏တောက်ပမှု ထုတ်လွှတ်နေပုံရသည့် အလင်းရောင်ကို ငြိမ်းသတ်လိုက်ကြ၏။ ဤအချိန်တွင် လရောင်အောက်၌ မြင်တွေ့နိုင်သည့်အရာအားလုံးမှာ တောင်ပူစာငယ်လေးများကဲ့သို့ နေရာတိုင်းတွင် ပျံ့နှံ့လျက်ရှိသော အုတ်ဂူအပုံများသာဖြစ်သည်။ "ဂူသင်္ချိုင်းများ" အတွင်းမှ တက်လိုက်၊

ကျလိုက်ဖြင့် ရံဖန်ရံခါဟောက်သံများ ပေါ်ထွက်၏။ လူတို့အားလုံး လဲလျောင်း၍ အိပ်မောကျနေကြကာ ညစ်ပေသောနတ်ဆိုးများနှင့် တစ္ဆေတို့အားလုံးသည်လည်း အေးချမ်းစွာ အနားယူနေကြပုံရသည်။ ရံဖန်ရံခါ ဝေးလံသောနေရာမှ ကျီးကန်းများ အော်မြည်နေသံကို ကြားရ၏။ ဤကဲ့သို့ ငြိမ်သက်၍ တိတ်ဆိတ်နေသောညတွင် ဝမ်းနည်းဖွယ် ဤအော်မြည်သံများသည် သင်၏ ကျောရိုးတစ်လျှောက် ကျောချမ်းကာ ဆံပင်ထောင်စေလောက်သည်...။ ထိုသို့သော ဝန်းကျင်များတွင် ၎င်းတို့သည် သေခြင်းနှင့် ပြန်လည်မွေးဖွားခြင်းတို့ဖြင့် နှစ်ပေါင်းမည်မျှ ကုန်လွန်ခဲ့သည်ကို မည်သူမျှမသိပေ။ ၎င်းတို့သည် လူများနှင့် တစ္ဆေများ ရောနှောသည့် လူ့လောကတွင် ဆက်လက်ရှိနေခဲ့သည်မှာ မည်မျှကြာပြီကို မည်သူမျှ မသိပေ။ ထို့ထက်ပို၍ ၎င်းတို့သည် လောကကို နှုတ်ဆက်ခဲ့သည့်အကြိမ်ရေ မည်မျှရှိသည်ကိုလည်း မည်သူမျှမသိပေ။ ဤမြေကြီးပေါ် ရှိငရဲ၌ လူသားတို့သည် ပျော်ရွှင်သော အသက်တာများနေထိုင်လျက် စောဒကတက်စရာစကား တစ်လုံးမျှမရှိသည့်အလား ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းသူတို့သည် ကာလကြာမြင့်ချိန်ကတည်းက မရဏနိုင်ငံရှိ ဘဝတွင် နေသားကျသွားပြီးဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူတို့သည် ညစ်ညမ်းသောနတ်ဆိုးများနေထိုင်ရာ ဤနေရာ၏ ဆွဲဆောင်မှုခံရသည်မှာ ညစ်ညမ်းသည့်နတ်ဆိုးများသည် ၎င်းတို့၏မိတ်ဆွေများနှင့် အဖော်များဖြစ်သည့်အလား၊ လူ့လောကသည် လူရမ်းကားအုပ်စုတစ်စု အလားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသား၏မူလအနှစ်သာရသည် ကာလကြာမြင့်ချိန်ကတည်းက လေသံတစ်ချက်မရှိဘဲ ပျောက်ကွယ်သွားပြီးဖြစ်ကာ၊ သဲလွန်စမရှိဘဲ ပျောက်ကွယ်သွားပြီး ဖြစ်သည်။ လူတို့၏အသွင်သည် ယင်းနှင့်ပတ်သက်၍ ညစ်ပေသောနတ်ဆိုးနှင့်သက်ဆိုင်သော တစ်စုံတစ်ရာ ရှိပုံရ၏၊ ထိုထက်ပို၍ ၎င်းတို့၏လုပ်ဆောင်မှုများသည် ညစ်ပေသော နတ်ဆိုးများ၏ အခြယ်လှယ်ခံနေရသည်။ ယနေ့ ထိုသူတို့သည် ညစ်ပေသော နတ်ဆိုးများမှ မွေးဖွားခဲ့သည်အလား ညစ်ပေသောနတ်ဆိုးများနှင့်မခြားတူ၏။ ထို့အပြင် လူတို့သည် ၎င်းတို့၏ ဘိုးဘွားဘီဘင်တို့ကို ထူးကဲစွာချစ်ကြ၍ ထောက်ပံ့ကြ၏၊ လူသားသည် စာတန်၏ ဖိနှိပ်ခံရလွန်းသဖြင့် ၎င်းတို့သည် တောင်များပေါ် ရှိ မျောက်ဝံများကဲ့သို့ ဖြစ်လာခဲ့သည်မှာ ကာလမည်မျှ ကြာမြင့်ခဲ့ပြီကို မည်သူမျှမသိပေ။ ၎င်းတို့၏ နီနေသော မျက်လုံးများသည် တောင်းပန်တိုးလျှိုးသော အကြည့်ရှိနေကာ ၎င်းတို့မှထွန်းလင်းသော မီးရောင်မှိန်မှိန်ထဲတွင် ညစ်ပေသောနတ်ဆိုးတစ်ပါး၏ အန္တရာယ်ရှိသောမလိုတမာစိတ် အကြွင်းအကျန်ရေးရေး ရှိနေသည်။ ၎င်းတို့၏မျက်နှာများသည် အရေးအတွန့်များနှင့် ဖုံးလွှမ်းနေလျက် ထင်းရှူးပင်တစ်ပင်၏ အခေါက်ကဲ့သို့ အက်နေကာ၊ ၎င်းတို့၏ပါးစပ်များသည်

ရှေ့သို့ငေါ်ထွက်နေသည်မှာ စာတန်မှပုံသွင်းထားသည့်အလားဖြစ်၏၊ ၎င်းတို့၏နားများသည် အတွင်းအပြင် ချေးညော်များလိမ်းထားပြီး ၎င်းတို့၏ကျောများ ကုန်းနေကာ၊ ၎င်းတို့၏ခြေထောက်များသည် ၎င်းတို့၏ခန္ဓာကိုယ်များအား ထောက်ပင့်ထားရန် ရုန်းကန်ကြ၍ အရိုးကဲ့သို့သော ၎င်းတို့၏လက်များသည် ရှေ့နောက် စည်းချက်ကျကျ လွှဲကြ၏။ ယင်းသည် ၎င်းတို့မှာ အရိုးနှင့်အရေမျှသာ ဖြစ်သည့်အလားဖြစ်၏၊ သို့ဖြစ်လင့်ကစား ၎င်းတို့သည် တောင်ဝက်ဝံတမျှ ဝဖြိုးကြ၏။ အတွင်းနှင့်အပြင် ၎င်းတို့သည် ရှေးကာလများက လူဝံတစ်ကောင်ကဲ့သို့ ပြင်ဆင်ဝတ်စားထားသည်မှာ ယနေ့ ဤလူဝံတို့သည် ခေတ်သစ်လူသား ပုံသဏ္ဍာန်သို့ အပြည့်အဝ မပြောင်းလဲ? ရသေးသည့်အလားဖြစ်၏၊ ထိုသူတို့သည် ခေတ်နောက်ကျလိုက်လေတကား။

လူသားသည် တိရစ္ဆာန်များနှင့် ယှဉ်တွဲလျက် အသက်ရှင်ကာ အငြင်းပွားခြင်းများ၊ စကားများခြင်းများ မရှိဘဲ သဟဇာတရှိစွာ ပလဲနံပသင့်ကြသည်။ လူသားသည် တိရစ္ဆာန်များအတွက် ၎င်း၏ဂရုစိုက်မှုနှင့် စိုးရိမ်ပူပန်မှုတွင် စေ့စပ်ကာ၊ တိရစ္ဆာန်များသည် ၎င်းတို့ကိုယ်တိုင်၏ အကျိုးအမြတ် တစ်စုံတစ်ရာမျှ မရှိဘဲနှင့်၊ လူသားအား ပြီးပြည့်စုံပြီး လုံးဝဥဿုံဖြစ်သော နာခံမှုဖြင့်၊ လူသား၏ရှင်သန်ရေးအတွက်၊ အတိအကျအားဖြင့် သူ၏အကျိုးကျေးဇူးအတွက် တည်ရှိပေသည်။ ကြည့်ရသည်မှာ၊ လူသားနှင့် သားရဲကြားဆက်ဆံရေးသည် ရင်းနှီးကာ၆ သဟဇာတဖြစ်သော၇ ဆက်ဆံရေးတစ်ခု ဖြစ်ကာ- ညစ်ပေသော မကောင်းဆိုးဝါးများသည် လူသားနှင့်သားရဲတို့၏ စုံလင်သော ပေါင်းစပ်မှု ဖြစ်ပုံရသည်။ သို့ဖြစ်၍ ကမ္ဘာမြေကြီးပေါ် ရှိ လူသားနှင့်ညစ်ပေသော မကောင်းဆိုးဝါးများသည် သာ၍ပင်ရင်းနှီးကာ ခွဲခြား၍မရပေ။ ညစ်ပေသော မကောင်းဆိုးဝါးများနှင့် ဝေးကွာနေသော်လည်း၊ လူသားသည် ၎င်းတို့နှင့် ဆက်နွှယ်နေလျက်ရှိသည်။ ထိုအတောအတွင်းတွင်၊ ညစ်ပေသော မကောင်းဆိုးဝါးများသည် လူသားထံမှ မည်သည့်အရာမျှ ထိန်ချန်ထားခြင်းမရှိသကဲ့သို့၊ ၎င်းတို့၌ ရှိသမျှကို လူသားများအဖို့ “ပေးအပ်မြှုပ်နှံထား” ၏။ ယနေ့တွင် လူတို့သည် ချေးညော်များထူထဲစွာ ဖုံးသွားကာ မရဏနိုင်ငံတွင် အချိန်များစွာ ကုန်လွန်ပြီးနောက် အချိန်ကြာမြင့်စွာကတည်းက “ရှင်သန်သူတို့၏လောက” သို့ပြန်သွားလိုစိတ် မရှိတော့ရန်အလို့ငှာ၊ နေ့စဉ် လူတို့သည် (၎င်းတို့၏ဘိုးဘေး) “ငရဲမင်း” ၏ အဖော်ပြုမှုတွင် မြူးတူးနေရင်းနှင့် ၎င်း၏ခြယ်လှယ်ခြင်းကို ခံနေရရင်း၊ “ငရဲမင်း၏နန်းတော်” ၌ နေ့စဉ် ခုန်ပေါက်မြူးတူးကြလေသည်။ ထို့ကြောင့် အလင်းကိုမြင်ကာ ဘုရားသခင်၏တောင်းဆိုချက်များ၊ ဘုရားသခင်၏စရိုက်လက္ခဏာနှင့် သူ၏အမှုကို ရှုမြင်သည်နှင့် ၎င်းတို့သည် မြေအောက်လောကကို ပြန်သွားကာ တစ္ဆေများနှင့်

နေထိုင်ရန် တမ်းတနေသေးရင်း၊ အထိတ်တလန့်ဖြစ်ကာ စိုးရိမ်ပူပန်ကြလေသည်။ ကာလကြာမြင့်စွာက ၎င်းတို့သည် ဘုရားသခင်အား မေ့သွားခဲ့သဖြင့် သုသာန်တွင် လှည့်လည်သွားလာဖူးကြပေသည်။ ငါသည် လူတစ်ဦးနှင့် တွေ့သည့်အခါ သူနှင့်စကားပြောရန် ငါကြိုးစပြီး၊ ဤအချိန်မှသာ ငါ့ရှေ့မှောက် ရပ်နေသောသူသည် လူလုံးဝမဟုတ်သည်ကို တွေ့ရှိရသည်။ သူ၏ဆံပင်သည် ဖုတ်သိုက်ဖြစ်ကာ မျက်နှာသည် ညစ်ပေလျက် သူ၏သွားဖြီးထားသည့် အပြုံးသည် ဝံပုလွေနှင့် တစ်စုံတစ်ရာတူ၏။ ထို့ကြောင့် သူသည် ဂူသင်္ချိုင်းမှ ခုလေးတင် ထွက်လာကာ သက်ရှိလောက၏လူသားကို မြင်ခဲ့သည့် တစ္ဆေတစ်ကောင်၏ ကိုးရိုးကားရားအဖြစ်လည်း ရှိပုံရ၏။ ဤလူသည် သူ၏နှုတ်ခမ်းများကို အပြုံးအဖြစ်သို့ ပုံဖော်ရန် အစဉ်ကြိုးပမ်းနေ၏။ ယင်းမှာ မသိမသာအန္တရာယ်ပြုမည့်ပုံနှင့် အန္တရာယ်ပြုမည့်လက္ခဏာပါ ရှိနေပုံရ၏။ သူငါ့ကို ပြုံးပြသည့်အခါတွင် သူသည် တစ်စုံတစ်ရာ ပြောစရာရှိသော်လည်း စကားလုံး ရှာမရသည့်ပုံ ဖြစ်သဖြင့် သူမ လုပ်နိုင်သမျှမှာ ဘာမျှသိပုံမရသကဲ့သို့ နံ့အနေပုံပေါက်ရင်း တစ်ဖက်တွင် ရပ်ရန်သာ ဖြစ်သည်။ အနောက်မှ မြင်ရသည့်အခါ၊ သူသည် "အားစိုက်ကြိုးပမ်းသော တရုတ်လူမျိုးများ၏ ကြီးမြတ်သောပုံရိပ်" ရှိပုံရ၏။ ဤအခိုက်အတန့်များတွင် သူသည် လူတို့ပြောကြသည့် ဒဏ္ဍာရီပုံပြင်ထဲမှ အတိတ်က ယန်ဝှမ်ယန်ဝမ်၏ သားစဉ်မြေးဆက်များ၏ ပုံရိပ်ကို သတိရစေလျက်၊ သာ၍ပင် စက်ဆုပ်ရွံရှာဖွယ်ကောင်းပုံရ၏။ ငါသည် သူ့အား မေးသည့်အခါ သူသည် တိတ်ဆိတ်စွာ ခေါင်းငုံ့၏။ အချိန်ကြာပြီးမှ သူပြန်ဖြေကာ၊ ဖြေသည့်အခါတွင်လည်း သူသည် လွန်စွာရှက်ကြောက်နေ၏။ လက်များကို တည်ငြိမ်စွာမထားနိုင်သကဲ့သို့ လက်ချောင်းနှစ်ချောင်းကို ကြောင်တစ်ကောင်ကဲ့သို့ စုပ်၏။ လူသား၏လက်များသည် အရောင်အဆင်းပြောင်းလွန်းသဖြင့် အဖြူရောင်ဖြစ်ရမည်မှန်းကိုပင် မည်သည့်အခါမျှ သိမည်မဟုတ်သော အညစ်အကြေးများဖြင့် ထူထဲစွာခံထားသည့် မညီမညာ လက်သည်းများဖြင့် အမှိုက်များအကြား ခုလေးတင် ကောက်ယူနေခဲ့ပုံပေါက်ကြောင်း ယခုမှ ငါသဘောပေါက်မိသည်။ သာ၍ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်မှာ ၎င်းတို့၏လက်ဖမိုးများသည် အမွေးနုတ်ထားခါစ ကြက်တစ်ကောင်၏ အရေပြားနှင့်တူခြင်း ဖြစ်၏။ ၎င်းတို့၏လက်များကန့်လန့်ဖြတ်လျက်ရှိသော အရေးအကြောင်းများ အားလုံးနီးပါးသည် လူသား၏သွေးနှင့်ချွေးနှင့်လုပ်အား၏ အဖိုးအခဖြင့် စိမ့်ဝင်ပြည့်လျှမ်းလျက်ရှိပြီး တစ်ခုစီအတွင်းတွင် အညစ်အကြေးနှင့်တူသော တစ်စုံတစ်ရာရှိနေပြီး "မြေသင်းနံ့" ထွက်နေပုံရကာ လူသား၏ဒုက္ခခံခြင်းစိတ်ဓာတ်၏ အဖိုးတန်မှုနှင့် ချီးကျူးထိုက်မှုကို ကိုယ်စားပြုရန်သာ၍ကောင်း၏။ ဒုက္ခခံခြင်းစိတ်ဓာတ်သည်

လူသား၏လက်များပေါ်ရှိ အရေးအကြောင်းတစ်ခုစီအတွင်း နက်ရှိုင်းစွာ မြှုပ်ဝင်နေခဲ့ရန်ပင်ဖြစ်သည်။ ဦးခေါင်းမှသည် ခြေချောင်းအထိ လူသားဝတ်သည့် အဝတ်အစားသည် တိရစ္ဆာန်၏သားရေခွံနှင့် တစ်ခုမျှ မတူပေ၊ ၎င်းတို့သည် "ဂုဏ်အသရေ" အလွန်တရာရှိသော်လည်း အမှန်စင်စစ်တွင် ၎င်းတို့၏တန်ဖိုးမှာ မြေခွေး၏သားမွေးထက်ပင် နည်းပါးကာ ဒေါင်းမွေးတစ်ချောင်းထက် သာ၍ပင်နည်းသည်ကို ၎င်းတို့လုံးဝမသိကြပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏အဝတ်အစားသည် ၎င်းတို့ကို ကာလကြာမြင့်ချိန်ကတည်းက အကျည်းတန်စေခဲ့သည်မှာ ၎င်းတို့သည် ဝက်နှင့်ခွေးထက် သာ၍အကြည့်ဆိုး၏။ သူ၏ မလုံ့တလုံ အင်္ကျီသည် ကျောတစ်ဝက် တွဲလွဲကျနေကာ ကြက်အူများကဲ့သို့သော သူ၏ ဘောင်းဘီခြေထောက်များသည် သူ၏အကျည်းတန်မှုကို တောက်ပသော အလင်းရောင်သို့ ဖော်ပြ၏။ ၎င်းတို့သည် တို၍ကျဉ်းမြောင်းကာ သူ၏ခြေထောက်များသည် ကာလကြာမြင့်ပြီကတည်းက စည်းနှောင်မထားကြောင်း ပြရန်အတွက် ဖြစ်သကဲ့သို့ ဖြစ်၏။ ၎င်းတို့သည် ခြေထောက်ကြီး၍ လူ့အဖွဲ့အစည်းဟောင်း၏ "သုံးလက်မ ရွှေကြာပန်းများ" မဟုတ်တော့ပေ။ ဤလူ၏ အဝတ်အစားသည် အနောက်တိုင်းဆန်လွန်းသော်လည်း အပေါစားလည်း ဆန်လွန်းသည်။ ငါသည် သူနှင့်တွေ့သည့်အခါ သူသည် အစဥ်ပင်ရှက်နေ၍ သူ၏မျက်နှာသည် ကြက်သွေးရောင်နီရဲသွားကာ သူသည် ညစ်ညမ်းသော နတ်ဆိုးများ၏ နင်းခြေခံခဲ့ရသည့်အလား လုံးဝခေါင်းမဖော်နိုင်ဘဲ လူတို့၏မျက်နှာကို ကြည့်နိုင်စွမ်း မရှိတော့ပေ။ လူသား၏မျက်နှာကို ဖုန်များလွှမ်းထား၏။ ကောင်းကင်မှကျလာခဲ့သော ဤဖုန်သည် လူသား၏မျက်နှာအားလုံးပေါ်မတရားကျပုံရကာ ၎င်းကို စာကလေး၏အမွေးနှင့် တူနေစေ၏။ လူသား၏မျက်လုံးများသည် သေးငယ်၍ ခြောက်သွေ့ကာ တောက်ပမှုမရှိဘဲ စာကလေး၏မျက်လုံးများကဲ့သို့လည်း ဖြစ်၏။ ၎င်းတို့စကားပြောသည့်အခါ ၎င်းတို့၏စကားသည် အထစ်ထစ်အငေါ့ငေါ့နှင့် ဝေ့လည်ကြောင်ပတ်ဖြစ်ကာ စက်ဆုပ်ဖွယ်ရာနှင့် ရွံစရာကောင်းနေလေ့ရှိ၏။ သို့ရာတွင် ထိုကဲ့သို့သောလူတို့ကို များစွာတို့က "နိုင်ငံ၏ကိုယ်စားလှယ်များ" အဖြစ် ချီးကျူးကြ၏။ ဤသည်မှာ ရယ်စရာတစ်ခု မဟုတ်လော။ လူတို့သည် မရဏနိုင်ငံနှင့် ငရဲတို့တွင် နေထိုင်သောဘဝမှ လွတ်မြောက်နိုင်ရေးအတွက် ဘုရားသခင်သည် လူတို့ကို ပြောင်းလဲလို၏၊ ကယ်တင်လိုကာ သေခြင်း၏ဂူသင်္ချိုင်းမှ ကယ်ဆယ်လို၏။

အောက်ခြေမှတ်စု(များ)-

၁။ "အာဖရိကလူမည်းများ"သည် မျိုးဆက်များစွာ ကျွန်ဖြစ်ကြရပြီးဖြစ်သည့် ဘုရားသခင်၏ ကျိန်ဆဲခြင်းကို ခံခဲ့ရသော လူမည်းများကို ရည်ညွှန်းသည်။

၂။ "လူရမ်းကားအုပ်စုတစ်စု"သည် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးခြင်းနှင့် လူသားမျိုးနွယ်အလယ် သန့်ရှင်းသော လူသားများ မရှိပုံကို ရည်ညွှန်းသည်။

၃။ "ပြောင်းလဲ" ဆိုသည်မှာ လူဝံများ၏ ယနေ့လူတို့ပုံသဏ္ဌာန်သို့ "ဆင့်ကဲတိုးတက်ပြောင်းလဲခြင်း" ကို ရည်ညွှန်း၏။ ရည်ရွယ်ချက်မှာ သရော်ခြင်း ဖြစ်၏။ အကယ်စင်စစ်၊ ရှေးဟောင်း လူဝံများသည် မတ်မတ်လမ်းလျှောက်သည့် လူများအဖြစ်သို့ ပြောင်းလဲသွားခြင်းတည်းဟူသော သဘောတရားတစ်ခုကဲ့သို့သော အရာမရှိပေ။

၄။ "ရင်းနှီး" ကို သရော်သည့်အနေဖြင့် သုံးထားခြင်းဖြစ်၏။

၅။ "သဟဇာတဖြစ်သော"ကို သရော်သည့်အနေဖြင့် သုံးထားခြင်းဖြစ်၏။

က။ မူရင်းစာသားတွင် "သူ" ဟုရေးသားသည်။

ခ။ မူရင်းစာသားတွင် "လူတို့၏မျက်နှာများ" ဟုရေးသားသည်။

ဂ။ "ယန်" နှင့် "ဝှမ်" တို့သည် တရုတ်နိုင်ငံ၏ ပထမဦးဆုံး ယဉ်ကျေးမှု ဖြစ်ထွန်းစေသူများအကြား ဒဏ္ဍာရီလာ ဧကရာဇ်မင်းနှစ်ပါးတို့၏ အမည်များဖြစ်ကြသည်။ "ယန်ဝမ်" သည် "ငရဲမင်း" အတွက် တရုတ်အမည်ဖြစ်သည်။ "ယန်ဝှမ်" နှင့် "ယန်ဝမ်" တို့သည် မန်ဒရင်းဘာသာစကားဖြင့် အသံထွက်သည့်အခါ အသံတူ အရေးကွဲ၊ အနက်ကွဲစကားလုံးများ ဖြစ်လုနီးဖြစ်သည်။

# အမှုတော်နှင့် ဝင်ရောက်ခြင်း (၆)

အမှုတော်နှင့် ဝင်ရောက်မှုသည် ပင်ကိုအားဖြင့် လက်တွေ့ကျသည်။ ၎င်းတို့သည် ဘုရားသခင်၏ အမှုတော်နှင့် လူသား၏ ဝင်ရောက်မှုကို ရည်ညွှန်းသည်။ ဘုရားသခင်၏ စစ်မှန်သော မျက်နှာနှင့် ဘုရားသခင်၏ အမှုကို လူသား၏ အပြည့်အစုံ ထိုးထွင်းသိမြင်နိုင်စွမ်း မရှိခြင်းသည် သူ၏ ဝင်ရောက်မှုအဖို့ အဆုံးစွန် ခက်ခဲမှု ဖြစ်ပေါ်စေပြီးဖြစ်သည်။ ဤနေ့ထိ လူများစွာတို့သည် နောက်ဆုံးသော ကာလတွင် ဘုရားသခင်က မည်သည့်အမှု ပြီးမြောက်စေမည် သို့မဟုတ် ဘုရားသခင်က အကောင်းနှင့်အဆိုးထဲတွင် လူနှင့်အတူ ရပ်တည်ဖို့ လူ့ဇာတိခံယူလာရန် ပြင်းထန်သော အရှက်ကွဲခြင်းကို အဘယ်ကြောင့်

သည်းခံရသည်ကို မသိကြသေးပေ။ ဘုရားသခင်၏ အမှု၏ ပန်းတိုင်မှသည် နောက်ဆုံးသော ကာလအတွက် ဘုရားသခင် အစီအစဉ်၏ ရည်ရွယ်ချက်အထိ၊ လူသည် ဤအရာများနှင့်ပတ်သက်၍ လုံးလုံးလျားလျား မသိနားမလည်ဘဲ ရှိလေသည်။ အကြောင်းရင်း အမျိုးမျိုးကြောင့်၊ လူများသည် ၎င်းတို့ကို ဘုရားသခင် တောင်းဆိုသည့် ဝင်ရောက်မှုနှင့်ပတ်သက်၍ အမြဲ ဟက်ဟက်ပက်ပက် မရှိလှသကဲ့သို့ မရေမရာ ဖြစ်ကြပြီး ယင်းက လူ့ဇာတိ၌ ဘုရားသခင်၏ အမှုကို အဆုံးစွန် ခက်ခဲမှု ဖြစ်ပေါ်စေပြီဖြစ်သည်။ ယင်းမှာ လူများအားလုံးသည် အတားအဆီးများ ဖြစ်လာကြသကဲ့သို့၊ ယနေ့အထိ ၎င်းတို့ မရှင်းမလင်း ဖြစ်နေကြသေးသည့်ပုံပေါ်ပေမည်။ ဤအကြောင်းကြောင့် သင်တို့အားလုံးကို ယောဘကဲ့သို့ အရှက်ကွဲခြင်းအားလုံးကို သည်းခံရင်း ဘုရားသခင်ကို ငြင်းပယ်သည်ထက် အသေခံမည့်သူ၊ ပြီးလျှင် ပေတရုကဲ့သို့ သင်၏ ဖြစ်တည်မှုတစ်ခုလုံးကို ဘုရားသခင်ထံ ပူဇော်ပြီး နောက်ဆုံးသောကာလ၌ ဘုရားသခင်၏ ရယူခြင်းကို ခံရသည့် ရင်းနှီးသော မိတ်ဆွေများဖြစ်လာမည့်သူ၊ ဘုရားသခင်၏ သစ္စာစောင့်သိသည့် အစေခံများဖြစ်စေဖို့၊ လူသားအပေါ် ဘုရားသခင် ပြုသည့် အမှုနှင့် ဘုရားသခင်၏ အရေးပေါ် ရည်ရွယ်ချက် အကြောင်းကို ငါတို့ ဆွေးနွေးပြောဆိုသင့်သည်ဟု ငါ ထင်ပေသည်။ ခမည်းတော် ဘုရားသခင်၏ စိတ်နှလုံးသည် ငြိမ်းချမ်းသော ငြိမ်သက်ခြင်းချမ်းသာကို မွေ့လျော်နိုင်ဖို့အလို့ငှာ၊ ညီအစ်ကို မောင်နှမများ အားလုံးတို့သည် ဘုရားသခင်၏ ကောင်းကင် အလိုအဖို့ မိမိတို့ အစွမ်းကုန် ပေးနိုင်ပြီး၊ မိမိတို့၏ ဖြစ်တည်မှု အလုံးစုံကို ပူဇော်နိုင်ကြဖို့၊ ဘုရားသခင်၏ အိမ်တော်တွင် သန့်ရှင်းသော အစေခံများ ဖြစ်လာကြဖို့၊ ဘုရားသခင် အပ်နှင်းထားသည့် အဆုံးမရှိ ကတိတော်ကို မွေ့လျော်နိုင်ဖို့ ငါမျှော်လင့်ပေသည်။ `ခမည်းတော် ဘုရားသခင်၏ အလိုကို ပြီးမြောက်စေပါ' ဟူသည်မှာ ဘုရားသခင်ကို ချစ်သော သူအပေါင်းတို့၏ ဆောင်ပုဒ်ဖြစ်သင့်သည်။ ဤစကားလုံးများသည် ဝင်ရောက်ခြင်းအတွက် လူသား၏ လမ်းပြနှင့် သူ၏ အပြုအမူကို လမ်းပြသည့် သံလိုက်အိမ်မြှောင်အဖြစ် အသုံးခံသင့်ပေသည်။ ဤသည်မှာ လူသားက ရှိသင့်သည့် သန္နိဋ္ဌာန်ဖြစ်သည်။ ဘုရားသခင်၏ အမှုကို အကုန်အစင် ပြည့်စုံခြင်းကို ကမ္ဘာမြေပေါ် ဆောင်ကြဉ်းဖို့နှင့် လူ့ဇာတိ၌ ဘုရားသခင်၏ အမှုနှင့်အတူ ပူးပေါင်း ဆောင်ရွက်ရန်- ဤသည်မှာ လူသား၏ တာဝန်ဖြစ်သည်။ တစ်နေ့ ဘုရားသခင်၏ အမှုတော် အဆုံးသတ်ပြီးနောက်တွင်၊ ကောင်းကင်ရှိ ဖမည်းတော်ထံ စောစောပြန်သွားသော သူ့ကို လူသားက ဝမ်းမြောက်စွာ နှုတ်ဆက် ရလိမ့်မည်။ ဤသည်မှာ လူသား ဖြည့်ဆည်းသင့်သည့် တာဝန် ဖြစ်သည် မဟုတ်လော။

ဘုရားသခင်သည် ကျေးဇူးတော်ခေတ်၌ တတိယကောင်းကင်ဘုံသို့ ပြန်ကြွသွားချိန်တွင်၊

ဘုရားသခင်၏ လူသားမျိုးနွယ် အားလုံးကို ရွေးနုတ်ခြင်း အမှုသည် ယင်း၏ အဆုံးသတ်ပိုင်းသို့ အမှန်တကယ် ပြောင်းသွားနှင့်ပြီးဖြစ်သည်။ ကမ္ဘာမြေပေါ် ရှိ ကျန်ရှိသော အရာအားလုံးသည် ယေရှုက သူ၏ ကျောထက် သယ်ဆောင်ခဲ့သော ကားတိုင်၊ ယေရှု ရစ်ပတ်ခြင်းခံခဲ့ရသော ပိတ်ချောနှင့် ယေရှု ဝတ်ဆင်ခဲ့သော ဆူးဦးရစ်နှင့် နီသောဝတ်လုံတို့ ဖြစ်သည် (ဤအရာများသည် ယုဒလူများက သူ့ကို ပြက်ရယ်ပြုရန် အသုံးပြုခဲ့သော အရာဝတ္ထုများဖြစ်သည်)။ ဆိုလိုသည်မှာ ယေရှု၏ ကားစင်တင်ခံရခြင်းသည် ကြီးမားသည့် အုတ်အော်သောင်းတင်း ဖြစ်စေခဲ့ပြီးနောက်တွင် အမှုအရာများက တစ်ဖန် ငြိမ်ကျသွားခဲ့သည်။ ထိုအချိန်မှစ၍ ယေရှု၏ တပည့်တော်များသည် နေရာတိုင်းက အသင်းတော်များကို ထိန်းကျောင်းပေးရင်းနှင့် ရေလောင်း ပေးနေခဲ့ကြရင်း၊ ယေရှု၏ အမှုတော်ကို စတင်၍ ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့ အမှု၏ ပါရှိသည့်အရာများမှာ အောက်ပါအတိုင်းဖြစ်သည်- ၎င်းတို့သည် လူအားလုံး နောင်တရရန်၊ ၎င်းတို့၏ အပြစ်များ ဝန်ခံရန်နှင့် ဗတ္တိဇံခံရန် စေခိုင်းကြသည်။ တမန်တော်များ အားလုံးသည် ယေရှု ကားစင်တင်ခံရခြင်း၏ အတွင်းပိုင်း ဇာတ်လမ်းနှင့် အရှိအတိုင်း အဖြစ်အပျက်ကို ဖြန့်ဝေဖို့ ထွက်သွားကြသည်၊ ထို့ကြောင့် အယောက်တိုင်းသည် မိမိတို့၏ အပြစ်များကို ဝန်ခံရန် ယေရှု ရှေ့မှောက်တွင် မပျပ်ဝပ်ဘဲ မနေနိုင်ဖြစ်ခဲ့ကြသည်။ ထို့အပြင် တမန်တော်များသည် ယေရှု ပြောဆိုခဲ့သော နှုတ်ကပတ်တော်များကို တစ်ဆင့်ပေးပို့ရင်း နေရာတိုင်းသို့ သွားခဲ့ကြသည်။ ထိုအချိန်မှစကာ ကျေးဇူးတော်ခေတ်ထဲက အသင်းတော်များ တည်ဆောက်ခြင်း စတင်ခဲ့သည်။ ထိုခေတ်အတွင်း ယေရှု လုပ်ဆောင်ခဲ့သည့် အရာမှာလည်း လူ၏ အသက်တာနှင့် ကောင်းကင်ဘုံရှိ ခမည်းတော်၏ အလိုအကြောင်းကို ဆွေးနွေးခြင်း ဖြစ်ခဲ့သည်၊ ခေတ်က ခြားနားခဲ့သောကြောင့်သာ ထိုပြောဆိုမှုများနှင့် လက်တွေ့လုပ်ဆောင်မှုများထဲမှ များစွာသောအရာတို့သည် ယနေ့နှင့် ကြီးမားစွာ ခြားနားခဲ့ပေသည်။ သို့သော် အနှစ်သာရအားဖြင့် ၎င်းတို့ တူညီသည်- ၎င်းတို့ နှစ်ခုလုံးသည် လူ့ဇာတိ၌ ဘုရားသခင် ဝိညာဉ်တော်၏ အမှု အတိအကျဖြစ်သကဲ့သို့၊ အံကိုက်လည်းဖြစ်ပေသည်။ ဤသို့သော အမှုမျိုးနှင့် မိန့်မြွက်ချက်များသည် ယနေ့တိုင် တစ်လျှောက်လုံး ဆက်လက် ဖြစ်ပြီး၊ ထို့ကြောင့် ဤသို့သော အရာမျိုးကို ယနေ့ ဘာသာရေး အဖွဲ့အစည်းများတွင် ဝေမျှဆဲဖြစ်ပြီး၊ လုံးဝကို ပြောင်းလဲခြင်းမရှိပေ။ ယေရှု၏ အမှု အဆုံးသတ်ခဲ့ပြီး အသင်းတော်များသည် ယေရှု ခရစ်တော်၏ လမ်းကြောင်းမှန်ပေါ်သို့ သွားနှင့်ပြီးဖြစ်ချိန်တွင်၊ သို့ပါလျက်နှင့် ဘုရားသခင်သည် နောက်ဆုံးသောကာလတွင် လူ့ဇာတိ၌ သူ၏ ကြွလာခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်ဖြစ်သော သူ့အမှု၏ နောက်တစ်ဆင့်အတွက် သူ၏ အစီအစဉ်ကို စတင်ခဲ့သည်။ လူသားတို့ အမြင်အရ၊

ဘုရားသခင်၏ ကားစင်တင်ခံရခြင်းသည် သူ၏ လူ့ဇာတိခံယူခြင်းအမှုကို
အဆုံးသတ်နိုင်ပြီးဖြစ်သည်၊ လူသားမျိုးနွယ် အားလုံးကို ရွေးနုတ်နိုင်ပြီးဖြစ်ကာ၊ မရဏနိုင်ငံ၏
သော့ကို သိမ်းပိုက်ရန် သူ့ကို အခွင့်ပေးနိုင်ပြီးဖြစ်သည်။ အယောက်တိုင်းက ဘုရားသခင်၏
အမှုသည် အပြည့်အဝ ပြီးမြောက်ပြီးဖြစ်သည်ဟု တွေးထင်ကြသည်။ အမှန်တွင်
ဘုရားသခင်၏ ရှုထောင့်မှ၊ သူ့အမှု၏ အနည်းငယ်သော အစိတ်အပိုင်းသာ ပြီးမြောက်ခဲ့ပြီး
ဖြစ်သည်။ သူလုပ်ဆောင်ခဲ့ပြီးသမျှအားလုံးမှာ လူသားမျိုးနွယ်ကို ရွေးနုတ်ဖို့ ဖြစ်ခဲ့သည်။
လူသား၏ ဆိုးယုတ်သော မျက်နှာကို ပြောင်းလဲရန် မဆိုထားနှင့်၊ သူသည် လူသားကို
သိမ်းပိုက်ခဲ့ခြင်း မရှိသေးပေ။ ယင်းမှာ ဘုရားသခင်က၊ "ငါ၏ လူ့ဇာတိခံ ခန္ဓာသည်
သေဆုံးခြင်း၏ နာကျင်မှုကို ဖြတ်သန်းခဲ့ရသော်လည်း၊ ယင်းမှာ ငါ၏ လူ့ဇာတိခံခြင်း
ပန်းတိုင်တစ်ခုလုံး မဟုတ်ပေ။ ယေရှုသည် ငါ၏ ချစ်သားဖြစ်ကာ ကားတိုင်တွင် ငါ့အတွက်
သံမှိုရိုက်နှက် ခံခဲ့ရသော်လည်း၊ သူသည် ငါ၏ အမှုကို ပြည့်စုံစေစပ်စွာ အဆုံးမသတ်ခဲ့ပေ။
သူသည် ယင်း၏ အစိတ်အပိုင်းတစ်ခုကိုသာ လုပ်ဆောင်ခဲ့သည်။" ဟု
ပြောရသည့်အကြောင်းရင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် လူ့ဇာတိခံခြင်း အမှုကို
ဆက်လက် လုပ်ဆောင်ရန် အစီအစဉ်များ၏ ဒုတိယအချီကို စတင်ခဲ့သည်။ ဘုရားသခင်၏
အဆုံးစွန် ရည်ရွယ်ချက်မှာ စာတန်၏လက်တွင်းမှ ကယ်တင်ခဲ့သော လူအားလုံးကို
စုံလင်စေရန်နှင့် ရရှိရန်ဖြစ်ခဲ့သည်၊ ယင်းမှာ ဘုရားသခင်သည် လူ့ဇာတိခံယူခြင်းနှင့်
သက်ဆိုင်သည့် အန္တရာယ်ကို ရဲဝံ့စွာရင်ဆိုင်ဖို့ နောက်တစ်ဖန် ပြင်ဆင်ခဲ့သည့်
အကြောင်းရင်းဖြစ်သည်။ "လူ့ဇာတိခံယူခြင်း" အားဖြင့် ဆိုလိုသည့် အရာမှာ (ဘုရားသခင်၏
အမှုသည် မပြီးဆုံးသေးသောကြောင့်) ဘုန်းအသရေကို ယူဆောင် မလာသော်လည်း၊
ချစ်သား၏ ပင်ကိုလက္ခဏာဖြင့် ပေါ်ထွန်းသောသူတစ်ဦးကို ရည်ညွှန်းပြီး ယင်းမှာ ဘုရားသခင်
နှစ်သက်မြတ်နိုးရာ ခရစ်တော် ဖြစ်ပေသည်။ ယင်းမှာ ဤအရာကို "အန္တရာယ်အား ရဲဝံ့စွာ
ရင်ဆိုင်ခြင်း" ဟု ဆိုသည့် အကြောင်းရင်း ဖြစ်သည်။ လူ့ဇာတိခံ ခန္ဓာသည်
မပြောပလောက်သော အစွမ်းရှိပြီး ကြီးစွာ သတိထား၍ အသုံးပြုရမည်၊ ဖြစ်ကာ သူ၏
တန်ခိုးသည် ကောင်းကင်ဘုံရှိ ခမည်းတော်၏ ဩဇာအာဏာနှင့် အလွန်ကွာခြားပေသည်။
သူသည် အခြားအမှု၌ ဝင်ပါလာခြင်းမရှိဘဲ၊ ခမည်းတော် ဘုရားသခင်၏ အမှုနှင့်
စေခိုင်းချက်တာဝန်ကို ပြည့်စုံစေရင်း ဇာတိပကတိ၏ အမှုတော်ကိုသာ ဖြည့်ဆည်းလေသည်၊
ပြီးလျှင် သူသည် အမှုတော်၏ တစ်ပိုင်းကိုသာ ပြည့်စုံစေသည်။ ဤသည်မှာ ဘုရားသခင်က
ကမ္ဘာပေါ်သို့ လာလျှင်လာချင်း၊ "ခရစ်တော်" ဟု အမည်ပေးခံခဲ့ရသည့် အကြောင်းရင်း
ဖြစ်သည်- ယင်းမှာ အမည်နာမ၏ မြုပ်နေသော အဓိပ္ပာယ်ဖြစ်သည်။ ကြွလာခြင်းသည်

စုံစမ်းနှောင့်ယှက်ခြင်းများ နှင့်အတူပါရှိသည်ဟု ဆိုရသည့်အကြောင်းရင်းမှာ အမှု၏ အစိတ်အပိုင်းတစ်ခုသာ ပြီးပြည့်စုံသောကြောင့် ဖြစ်ပေသည်။ ထို့အပြင်၊ ဖခမည်းတော် ဘုရားသခင်က သူ့ကို "ခရစ်တော်" နှင့် "ချစ်သား" ဟုသာ ခေါ်သော်လည်း သူ့ကို ဘုန်းအသရေအားလုံး မပေးထားရသည့်အကြောင်းရင်းမှာ လူ့ဇာတိခံ ခန္ဓာသည် အမှု၏ အစိတ်အပိုင်းတစ်ခုကို လုပ်ဆောင်ရန် ကြွလာသောကြောင့် အတိအကျဖြစ်ပြီး၊ ကောင်းကင်ဘုံရှိ ဖခမည်းတော်ကို ကိုယ်စားပြုရန်မဟုတ်ဘဲ၊ ယင်းထက် ချစ် သား၏ သာသနာကို ဖြည့်ဆည်းရန် ဖြစ်သည်။ ချစ် သားသည် သူ၏ပခုံးထက်တွင် လက်ခံထားသည့် စေခိုင်းချက် တစ်ခုလုံးကို ပြီးပြည့်စုံစေပြီးသောအခါတွင်၊ ဖခမည်းတော်သည် သူ့ကို ခမည်းတော်၏ ပင်ကိုလက္ခဏာနှင့်အတူ ပြည့်ဝသော ဘုန်းအသရေကို ပေးလိမ့်မည်။ ဤသည်မှာ "ကောင်းကင် ဥပဒေသ" ဖြစ်သည်ဟု ပြောနိုင်သည်။ လူ့ဇာတိခံ ယူသောသူနှင့် ကောင်းကင်ဘုံရှိ ဖခမည်းတော်သည် မတူကွဲပြားသော ခြားနားသော နယ်ပယ်နှစ်ခုတွင်ရှိသောကြောင့်၊ နှစ်ဦးသည် ဝိညာဉ်တော်၌ အချင်းချင်းအပေါ် ငေးကြည့်ရုံငေးကြည့်ကြသည်၊ ခမည်းတော်သည် ချစ်သားကို စောင့်ကြည့်နေသော်လည်း၊ သားတော်သည် အဝေးမှ ခမည်းတော်ကို မမြင်နိုင်ပေ။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် လူ့ဇာတိ တတ်စွမ်းနိုင်သည့် အရာ၏ လုပ်ငန်းတာဝန်များမှာ အလွန် သေးငယ်ပြီး၊ သူသည် အချိန်မရွေး အသတ်ခံရနိုင်သော အလားအလာရှိကြောင့်၊ ဤကြွလာခြင်းသည် အကြီးမားဆုံးသော အန္တရာယ်ဖြင့် အတိပြီးသည်ဟု ပြော၍ ရနိုင်သောကြောင့် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က သူ၏ ချစ်သားကို စာတန်က အာရုံအစိုက်ဆုံးသော နေရာတွင် ထားရှိရင်း၊ သူ၏အသက်အန္တရာယ်ရှိသည့်နေရာ ကျား၏ ခံတွင်းထဲသို့ နောက်တစ်ကြိမ် စွန့်လွှတ်လိုက်ခြင်းနှင့် သဘောသွား ညီမျှပေသည်။ ဤကြောက်ရွံ့ဖွယ် အခြေအနေများတွင်ပင်၊ ဘုရားသခင်သည် သူ၏ ချစ်သားကို ညစ်ညမ်းမှုနှင့် လိင်မှုကိစ္စထွေပြားမှု ပြည့်နှက်သည့် နေရာတစ်ခုနှင့်သက်ဆိုင်သော လူများထံသို့ သူ့ကို ၎င်းတို့က "အရွယ်ရောက်သည်အထိ ပြုစုပျိုးထောင်ပေးရန်" အတွက် လွှဲအပ်ခဲ့ဆဲဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ထိုသို့ လုပ်ဆောင်ဖို့မှာ ဘုရားသခင်၏ အမှုကို သင့်တင့်လျောက်ပတ်ပြီး သဘာဝကျပုံရစေဖို့ တစ်ခုတည်းသော နည်းလမ်းဖြစ်ပြီး၊ ယင်းမှာ ခမည်းတော် ဘုရားသခင်၏ ဆန္ဒများအားလုံးကို ဖြည့်ဆည်းရန် နှင့် လူသားမျိုးနွယ်ကြား သူ့အမှု၏ နောက်ဆုံးသော အပိုင်းကို ပြည့်စုံစေရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သောကြောင့် ဖြစ်သည်။ ယေရှုသည် ခမည်းတော် ဘုရားသခင် အမှု၏ အဆင့်တစ်ခုကိုသာ ပြီးမြောက်ခဲ့သည်။ လူ့ဇာတိခံ ခန္ဓာက ဖြစ်ပေါ်စေသည့် အတားအဆီးနှင့်

ပြည့်စုံစေရမည့် အမှုထဲက ခြားနားမှုများကြောင့်၊ ယေရှု ကိုယ်တိုင်သည် ဒုတိယအကြိမ် လူ့ဇာတိ ပြန်လည်ခံယူခြင်း ရှိမည်ကို မသိခဲ့ပေ။ ထို့ကြောင့်၊ မည်သည့်သမ္မာကျမ်းစာ ရှင်းလင်းဖော်ပြသူမျှ သို့မဟုတ် မည်သည့်ပရောဖက်မျှ လူ့ဇာတိ၌ သူ့အမှုတော်၏ ဒုတိယအပိုင်းကို လုပ်ဆောင်ရန် သူသည် တစ်ဖန်လူ့ဇာတိခံမည်၊ ဆိုလိုသည်မှာ နောက်ဆုံးသောကာလတွင် ဘုရားသခင်သည် တစ်ဖန် လူ့ဇာတိခံယူမည်ဟု ရှင်းရှင်းလင်းလင်း ပရောဖက်မပြုဝံ့ခဲ့ကြချေ။ ထို့ကြောင့် ဘုရားသခင်သည် အချိန်ကြာမြင့်စွာကတည်းက လူ့ဇာတိတွင် မိမိကိုယ်ကိုယ် ကွယ်ဝှက်ထားနှင့်ပြီး ဖြစ်သည်ကို မည်သူမျှ နားမလည်ခဲ့ကြပေ။ ယေရှုသည် သူရှင်ပြန် ထမြောက်ကာ ကောင်းကင်သို့ တက်ကြွပြီးနောက်မှသာ ဤတာဝန်ပေးစေခိုင်းချက်ကို လက်ခံခဲ့သောကြောင့်၊ ဘုရားသခင်၏ ဒုတိယကြိမ်မြောက် လူ့ဇာတိခံယူခြင်းနှင့် သက်ဆိုင်သည့် ရှင်းလင်းသည့် ပရောဖက်ပြုချက် မရှိသကဲ့သို့၊ ယင်းသည် လူ့စိတ်အဖို့ တွေးဆမရနိုင်သည့်အရာ ဖြစ်သည်မှာ အံ့သြစရာမဟုတ်ပေ။ သမ္မာကျမ်းစာရှိ များစွာသော အနာဂတ္တိကျမ်းများအာလုံးတွင် ဤအရာကို ရှင်းလင်းစွာ ဖော်ပြသည့် စကားများ မရှိပေ။ သို့သော်လည်း ယေရှုသည် အမှုပြုဖို့ ကြွလာခဲ့ချိန်တွင်၊ အပျိုကညာသည် ကလေးရှိကာ သားတစ်ဦး မွေးဖွားလိမ့်မည်၊ ဆိုလိုသည်မှာ သူသည် သန့်ရှင်းသော ဝိညာဉ်တော်မှတစ်ဆင့် ပဋိသန္ဓေစွဲခဲ့သည်ဆိုသည့် ရှင်းလင်းသော ပရောဖက်ပြုချက်တစ်ခု ရှိခဲ့နှင့်ပြီးဖြစ်သည်။ ထိုသို့ဖြစ်လျက်ပင်၊ ဘုရားသခင်က ဤအရာသည် အသက်အန္တရာယ်ရှိလျက် ဖြစ်ပျက်ခဲ့သည်ဟု ပြောခဲ့ဆဲဖြစ်သည်၊ သို့ဆိုလျှင် ယနေ့တွင် ယင်းမှာ သာ၍ မည်မျှ အန္တရာယ်ရှိလိမ့်မည်နည်း။ ဘုရားသခင်က ဤလူ့ဇာတိခံယူခြင်းသည် ကျေးဇူးတော် ခေတ်အတွင်းက ကျရောက်ခဲ့သည့်အရာများထက် အဆထောင်ပေါင်းများစွာ သာ၍ ကြီးမားသည့် အန္တရာယ်များ ရှိသည်ဟု ပြောသည်မှာ အံ့သြစရာမရှိပေ။ နေရာများစွာတွင်၊ ဘုရားသခင်သည် သိနိမ်ပြည်တွင် အောင်မြင်သူများ အုပ်စုတစ်စုကို သူရရှိနေလိမ့်မည်ဟု ပရောဖက်ပြုထားပြီးဖြစ်သည်။ အောင်မြင်သူများကို ရရှိမည်မှာ ကမ္ဘာ၏ အရှေ့ပိုင်းဖြစ်သည့်အတွက်၊ သူ၏ ဒုတိယအကြိမ် လူ့ဇာတိခံခြင်းတွင် ဘုရားသခင် ခြေချသည့်နေရာမှာ အဆင်းနီသော နဂါးကြီးမှ ခွေလျက် လဲလျောင်းသော နေရာအတိအကျဖြစ်သည့် သိနိမ်ပြည် ဖြစ်သည်မှာ သေချာပေသည်။ ထိုနေရာတွင်၊ အဆင်းနီသောနဂါးကြီးအနေဖြင့် လုံးလုံးလျားလျား နှိမ်နင်းခံရကာ အရှက်ရစေဖို့၊ ဘုရားသခင်သည် ယင်း၏ သားစဉ်မြေးဆက်များကို ရယူလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် အလွန်အမင်း ဆင်းရဲဒုက္ခခံရသည့် ဤလူများကို နိုးထစေဖို့၊ ၎င်းတို့ကို လုံးလုံး နိုးထစေဖို့၊ မြူထဲမှ ၎င်းတို့ကို ထွက်လျှောက်စေကာ အဆင်းနီသော နဂါးကြီးကို ငြင်းပယ်စေဖို့

အလိုရှိ၏။ဘုရားသခင်သည် ၎င်းတို့ကို မိမိတို့၏ အိပ်မက်မှ နိုးထစေဖို့ အဆင်းနီသော နဂါးကြီး၏ အနှစ်သာရကို သိစေဖို့ ၎င်းတို့၏ နှလုံးသားတစ်ခုလုံးကို ဘုရားသခင်ထံ ပေးအပ်စေဖို့ အမှောင်အင်အားများ၏ ဖိနှိပ်မှုမှ တိုးထွက်စေဖို့ ကမ္ဘာ၏ အရှေ့အရပ်တွင် ထရပ်ကာ၊ ဘုရားသခင် အောင်မြင်ခြင်း သက်သေဖြစ်လာစေဖို့ အလိုရှိပေသည်။ ဤနည်းဖြင့်သာ၊ ဘုရားသခင်သည် ဘုန်းအသရေ ရရှိလိမ့်မည်။ ဤအကြောင်းရင်း တစ်ခုတည်းကြောင့်၊ ဘုရားသခင်သည် ဣသရေလမြေ၌ အဆုံးသတ်လာခဲ့သော အမှုကို အဆင်းနီသော နဂါးကြီး ခွေလျက် လဲလျောင်းရာ မြေသို့ ယူဆောင်ခဲ့ပြီး၊ ထွက်ခွာပြီးနောက် နှစ်နှစ်ထောင်နီးပါးအကြာတွင် ကျေးဇူးတော်ခေတ်၏ အမှုကို ဆက်လက် လုပ်ဆောင်ရန် လူ့ဇာတိ တစ်ဖန်ခံယူလာပြီးဖြစ်သည်။ လူသား၏ ပကတိ မျက်စိတွင်၊ ဘုရားသခင်သည် လူ့ဇာတိ၌ အမှုသစ်ကို အစပျိုးနေပေသည်။ သို့သော် ဘုရားသခင်၏ အမြင်တွင်၊ သူသည် နှစ်ထောင်ပေါင်း အနည်းငယ် အဆက်ပြတ်သည့်ကာလတစ်ခု နောက်တွင်သာ၊ ပြီးလျှင် သူ့အမှု၏ တည်နေရာနှင့် အစီအစဉ်ထဲက ပြောင်းလဲမှု တစ်ခုဖြင့်သာ၊ ကျေးဇူးတော်ခေတ်၏ အမှုကို ဆက်လက် လုပ်ဆောင်နေခြင်း ဖြစ်သည်။ ယနေ့ အမှုတွင် ဇာတိခန္ဓာက ခံယူပြီးဖြစ်သည့် ပုံသဏ္ဌာန်သည် ယေရှုနှင့် လုံးဝ ကွဲပြားခြားနားပုံ ပေါ်သော်လည်း၊ ၎င်းတို့သည် တူညီသော အနှစ်သာရနှင့် ဇာစ်မြစ်မှ ဆင်းသက်ပြီး၊ တူညီသော ရင်းမြစ်မှ လာပေသည်။ ၎င်းတို့အနေဖြင့် အပြင်ပန်းတွင် ကွဲပြားခြားနားမှုများစွာ ရှိကောင်းရှိနိုင်သော်လည်း၊ ၎င်းတို့ အမှု၏ အတွင်းပိုင်း သမ္မာတရားများမှာ လုံးဝ ထပ်တူကျပေသည်။ စင်စစ်အားဖြင့် ခေတ်များသည် နေ့နှင့်ညသဖွယ် ခြားနားသည်။ ထို့ကြောင့် ဘုရားသခင်၏ အမှုသည် မပြောင်းလဲသည့် ပုံစံတစ်ခုနောက် အဘယ်သို့ လိုက်နိုင်မည်နည်း။ သို့မဟုတ် သူ့အမှု၏ မတူကွဲပြားသော အဆင့်များသည် မည်သို့ အချင်းချင်း နှောင့်ယှက်ဟန့်တားနိုင်ပါသနည်း။

ယေရှုသည် ယုဒအမျိုးသား တစ်ဦး၏ ပုံပန်းသဏ္ဌာန်ကို ယူဆောင်ခဲ့သည်၊ ယုဒလူမျိုးများ၏ ဝတ်စားဆင်ယင်မှု ထုံးတမ်းစဉ်လာနောက်လိုက်ခဲ့ပြီး၊ ယုဒအစားအစာကို စားရင်း ကြီးပြင်းခဲ့သည်။ ဤသည်မှာ သူ၏ သာမန် လူသားကဏ္ဍ ဖြစ်သည်။ သို့သော်လည်း ယနေ့ လူ့ဇာတိခံ ခန္ဓာသည် အာရှနိုင်ငံသားတစ်ဦး ပုံစံကို ယူဆောင်ကာ အဆင်းနီသော နဂါးကြီး၏ နိုင်ငံတွင် ကြီးပြင်းလေသည်။ ဤအရာများသည် ဘုရားသခင် လူ့ဇာတိခံယူခြင်း၏ ပန်းတိုင်နှင့် မည်သည့်နည်းနှင့်မျှ ဆန့်ကျင်ခြင်း မရှိပေ။ ယင်းထက်၊ ၎င်းတို့သည် ဘုရားသခင် လူ့ဇာတိခံခြင်း၏ စစ်မှန်သော အရေးပါမှုကို သာ၍ ပြည့်ဝသည့် စုံလင်ခြင်းဆီသို့ ဆောင်ကြဉ်းပေးရင်း၊ အချင်းချင်း ပြည့်စုံစေကြလေသည်။ လူ့ဇာတိခံ ခန္ဓာကို “လူသား”

သို့မဟုတ် "ခရစ်တော်" အဖြစ် ရည်ညွှန်းထားသည့်အတွက်၊ ယနေ့ခရစ်တော်၏ အပြင်ပန်းကို ယေရှုခရစ်တော်နှင့် တန်းတူ ပြော၍ မရနိုင်ပေ။ အဆုံးတွင်မူ၊ ဤလူ့ဇာတိသည် "လူသား" ဟု ခေါ်ဆိုခြင်းခံရပြီး၊ ဇာတိခန္ဓာ၏ ပုံသဏ္ဌာန် ရှိလေသည်။ ဘုရားသခင် အမှု၏ အဆင့်တိုင်းသည် အတော်အတန် နက်နဲမှုရှိသည့် အဓိပ္ပာယ် ပါရှိသည်။ ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲခံခဲ့ရသည့် အကြောင်းရင်းမှာ သူသည် အပြစ်သားများကို ရွေးနုတ်ရန် ဖြစ်သောကြောင့် ဖြစ်သည်။ သူသည် အပြစ်မရှိဘဲ ရှိနေခဲ့ရမည် ဖြစ်သည်။ သို့သော်လည်း သူသည် အပြစ်နှင့်ပြည့်သည့် လူ့ဇာတိ သဏ္ဌာန်ဖြစ်လာဖို့ အတင်းအကျပ်ပြုခံခဲ့ရပြီး အပြစ်သားများ၏ အပြစ်များကို ယူဆောင်ခဲ့ချိန် နောက်ဆုံးတွင်သာ၊ သူသည် ၎င်းတို့ကို ကျိန်ခြင်းခံ ကားတိုင်၊ ဘုရားသခင်က လူသားမျိုးနွယ်ကို ပြစ်တင်ဆုံးမခဲ့သည့် ကားတိုင်မှ ကယ်ဆယ်ခဲ့ပေသည်။ (ကားတိုင်သည် လူသားမျိုးနွယ်ကို ကျိန်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအတွက် ဘုရားသခင်၏ တန်ဆာပလာဖြစ်သည်။ ကျိန်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို ဖော်ပြသည့်အခါတိုင်းတွင်၊ ယင်းသည် အပြစ်သားများကို အထူးရည်ညွှန်းပြောဆိုခြင်းဖြင့် ဖြစ်သည်။) ရည်မှန်းချက်မှာ အပြစ်သားများအားလုံး နောင်တရရန်နှင့် ကားစင်တင်ခံရခြင်းအားဖြင့် ၎င်းတို့၏ အပြစ်များ ဝန်ခံစေဖို့ ထိုသို့ ပြုခဲ့ရပေသည်။ ဆိုလိုသည်မှာ၊ လူသားမျိုးနွယ် အားလုံးကို ရွေးနုတ်ခြင်းအတွက်၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲယူခဲ့သော ဇာတိခန္ဓာ၌ လူ့ဇာတိ ခံယူခဲ့ပြီး လူသားမျိုးနွယ် အားလုံး၏ အပြစ်များကို မိမိကိုယ်တိုင်ပေါ် ယူဆောင်ခဲ့သည်။ ဤအရာကို နေ့စဉ်သုံးစကားဖြင့် ဖော်ပြရမည် ဆိုပါက၊ သူသည် အပြစ်သားများ အားလုံးအတွက် အလဲအလှယ် အဖြစ် သန့်ရှင်းသော ဇာတိခန္ဓာကို ပူဇော်ခဲ့ခြင်းဖြစ်သည်၊ ယင်းမှာ စာတန်၏ နင်းချေခြင်း ခံထားရသော အပြစ်မဲ့သည့် လူသားမျိုးနွယ်တစ်ခုလုံးကို ဘုရားသခင်ထံ ပြန်အပ်ဖို့အလို့ငှာ စာတန်ကို "အသနားခံ" ရန် ၎င်း၏ ရှေ့မှောက်တွင် "အပြစ်ဖြေရာ ယဇ်" အဖြစ် ထားရှိခြင်းခံရသော ယေရှု၏ အဖြစ်နှင့် တူညီပေသည်။ ယင်းမှာ ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေ စွဲယူခြင်းသည် ကယ်တင်ခြင်း အမှု၏ ဤအဆင့်ကို ပြီးမြောက်ခြင်းအတွက် လိုအပ်ခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ လိုအပ်သော အခြေအနေတစ်ခု၊ ခမည်းတော် ဘုရားသခင်နှင့် စာတန် အကြားရှိ စစ်ပွဲ၌ "ငြိမ်းချမ်းရေး သဘောတူညီချက်" တစ်ခု ဖြစ်ခဲ့သည်။ ထိုအကြောင်းကြောင့် ယေရှုက စာတန်ထံ လွှဲအပ်ခံခဲ့ရသည့် နောက်တွင်သာ အမှု၏ ဤအဆင့် အဆုံးသတ်ခဲ့ရခြင်း ဖြစ်သည်။ သို့သော်၊ ယနေ့ ဘုရားသခင်၏ ရွေးနုတ်ခြင်း အမှုသည် ယခင်က အတုမရှိသည့် ကြီးကျယ်ခမ်းနားမှု အတိုင်းအတာတစ်ခုကို ရရှိပြီးဖြစ်ကာ စာတန်သည် တောင်းဆိုမှုများ

ပြုလုပ်ရန် နောက်ထပ် မူမမှန်သည့် အကြောင်းပြချက် မရှိပေ၊ ထို့ကြောင့် ဘုရားသခင်သည် လူ့ဇာတိ ခံယူဖို့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေ စွဲယူရန် မလိုအပ်တော့ပေ။ ဘုရားသခင်သည် ပင်ကိုအားဖြင့် သန့်ရှင်းကာ အပြစ်ကင်းသည့်အတွက်၊ ဤလူ့ဇာတိခံယူခြင်း၌ ဘုရားသခင်သည် ကျေးဇူးတော်ခေတ်၏ ယေရှု မဟုတ်တော့ပေ။ သို့သော်၊ သူသည် ခမည်းတော် ဘုရားသခင်၏ အလိုအတွက်၊ ပြီးလျှင် ခမည်းတော် ဘုရားသခင်၏ ဆန္ဒများကို ပြည့်စုံခြင်းသို့ ဆောင်ကြဉ်းဖို့အတွက်၊ လူ့ဇာတိခံယူ ရဆဲဖြစ်သည်။ ဤသည်မှာ အမှုအရာများကို ရှင်းပြခြင်းနှင့်သက်ဆိုင်သည့် ကျိုးကြောင်း ဆီလျော်မှုမရှိသော နည်းလမ်းတစ်ခု ကေန်မုချ ဖြစ်သည် မဟုတ်လော။ ဘုရားသခင်၏ လူ့ဇာတိ ခံယူခြင်းသည် ပြဋ္ဌာန်းထားသော စည်းမျဉ်းတစ်စုံကို လိုက်နာ ရမည်လော။

များစွာသောလူများသည် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းနှင့် ပတ်သက်သည့် ပရောဖက်ပြုချက်ကို ရှာတွေ့ရန် မျှော်လင့်ရင်း၊ သက်သေအထောက်အထားအတွက် သမ္မာကျမ်းစာတွင် ကြည့်ကြသည်။ ရှုပ်ထွေးပြီး အဆက်အစပ် အဆီအငေါ်မတည့်သော သူ၏ အတွေးအခေါ်များဖြင့် လူသားက ဘုရားသခင်သည် အချိန်ကြာမြင့်စွာကတည်းက သမ္မာကျမ်းစာထဲတွင် “အမှုပြုခြင်း” ကို ရပ်တန့်ခဲ့ပြီး အချိန်ကြာမြင့်စွာက သူ အသေးစိတ် စီမံချက်ရေးစွဲထားခဲ့သော်လည်း၊ ယင်းအကြောင်းကို လူသားအား မည်သည့်အခါကမျှ မပြောဖူးသည့် အမှုကို နှစ်ခြိုက်ခြင်းနှင့် ဆန္ဒဖြင့် ဆောင်ရွက်ရန် သမ္မာကျမ်းစာ၏ ဘောင်များကို ကျော်လွန်ကာ “ခုန်ထွက်ခဲ့” ပြီးဖြစ်သည်ကို မည်သို့ သိနိုင်မည်နည်း။ လူများသည် အသိစိတ် အလွန် ကင်းမဲ့နေကြသည်။ ဘုရားသခင်၏ စိတ်သဘောထားကိုသာ မြည်းစမ်းရုံမျှ မြည်းစမ်းပြီးနောက်၊ ၎င်းတို့သည် ဘုရားသခင်၏ အမှုကို စစ်ဆေးရန် မြင့်သောစင်မြင့်ပေါ် တက်ကာ လုံးဝ ခပ်တည်တည်ဖြင့် အဆင့်မြင့် “ဘီးတပ်ကုလားထိုင်” တစ်ခုတွင် ထိုင်ကြလေသည်၊ နေအောက်ရှိ အရာရာတိုင်းနှင့် ပတ်သက်၍ စကားကြီးစကားကျယ်နှင့် တောင်စဉ်ရေမရ အပြောအဆိုဖြင့် ဘုရားသခင်ကို ပညာပေးရန် စတင်ကြသည်အထိ လုပ်ဆောင်ကြလေသည်။ များစွာတို့ထဲမှ စာဖတ်မျက်မှန်တပ်လျက်နှင့် သူ၏မုတ်ဆိတ်ကို ပွတ်သပ်နေသည့် “လူအို” တစ်ဦးသည် တစ်သက်တာ သူ ဖတ်နေခဲ့ပြီးဖြစ်သည့် “နှစ်ချုပ်စာအုပ်ဟောင်း” (သမ္မာကျမ်းစာ)၏ အဝါရောင်သန်းသည့် စာမျက်နှာများကို ဖွင့်သည်။ ရေရွတ်သည့် စကားလုံးများ၊ အားမှန်ဖြင့် ဝင်းလက်ပုံရသည့် မျက်လုံးများဖြင့်၊ သူသည် ယခု ဗျာဒိတ်ကျမ်းကို လှန်လိုက်၊ ယခု ဒံယေလအနာဂတ္တိကျမ်းကို လှန်လိုက်ပြီးလျှင်၊ ယခု အယောက်တိုင်း ကောင်းစွာ သိရှိကြသည့် ဟေရှာယ အနာဂတ္တိကျမ်းကို လှန်လိုက်လုပ်နေသည်။ သေးငယ်သည့် စာလုံးများဖြင့် ထူထပ်စွာ

ပြည့်ကျပ်လျက်ရှိသည့် စာတစ်မျက်နှာပြီး နောက်တစ်မျက်နှာကို စူးစိုက်ကြည့်နေရင်း၊ သူသည် တိတ်တဆိတ် ဖတ်ရှုသည်၊ သူ၏ ဦးနှောက်က မရပ်မနား အသေအချာ စဉ်းစားနေလေသည်။ ရုတ်တရက် မုတ်ဆိတ်မွေးကို ပွတ်သပ်နေသည့် လက်မှာ ရပ်တန့်ကာ မုတ်ဆိတ်မွေးကို စတင်ဆွဲနေလေသည်။ မကြာခဏ မုတ်ဆိတ်မွေး ပြတ်သံကို ကြားရသည်။ ထိုသို့သော ပုံမှန်မဟုတ်သည့် အပြုအမူသည် အံ့အားသင့်စေ၏။ "အဘယ်ကြောင့် ထိုသို့သော အားအင်ကို သုံးသနည်း။ သူသည် မည်သည့်အကြောင်းကို အလွန် ဒေါသထွက်သနည်း။" ထိုလူအိုကို ပြန်ကြည့်မည်ဆိုပါက၊ သူ၏ မျက်ခုံးမွေးများသည် ယခု ကြမ်းတမ်းနေပြီ ဖြစ်သည်။ လူအိုသည် မှိုတက်နေပုံရသော စာမျက်နှာများကို သူ၏မျက်လုံးများဖြင့် စူးစူးစိုက်စိုက်ကြည့်နေသည်နှင့်အမျှ၊ ငွေရောင် မျက်ခုံးမွေးများသည် ငန်း၏ အမွေးအတောင်များသဖွယ် ဤလူအို၏ မျက်ခွံများမှ နှစ်စင်တီမီတာတိတိတွင် ကျနေသည်မှာ အမှတ်တမဲ့ ဖြစ်သွားသော်လည်း၊ လွန်စွာမှ ပြီးပြည့်စုံသည့်အလား ဖြစ်ပေသည်။ ထိုစာမျက်နှာများကိုပင် အကြိမ်များစွာ ပြန်လည်ဖတ်ရှုပြီးနောက်၊ သူသည် မထခုန်ဘဲ မနေနိုင်အောင်ဖြစ်ကာ သူ၏မျက်လုံးများမှ ထွက်နေသည့် ဝင်းလက်မှုက နှစ်ချုပ်စာအုပ်ကို မခွာဘဲ၊ တစ်ယောက်ယောက်နှင့် "အလာပသလ္လာပ"[၃] ပြောနေသည့်အလား စတင် တီးတိုးပြောဆိုလေသည်။ ရုတ်တရက် သူသည် လက်ရှိ စာမျက်နှာကို ပိတ်ကာ "အခြားကမ္ဘာ" ကို လှန်လှောလိုက်သည်။ သူ၏ လှုပ်ရှားမှုများမှာ လူများကို အံ့အားသင့်စေလုနီးပါးဖြစ်လျက် အလွန် အလျင်စလို[၄] ဖြစ်ပြီး ထိတ်လန့်ဖွယ်ရာဖြစ်လေသည်။ ယခု၊ မိမိ၏တွင်းထဲက ထွက်လာကာ လူအို၏ တိတ်တဆိတ်သည့် ကာလအတွင်း လွတ်လွတ်လပ်လပ် သွားလာရလောက်အောင် စိတ်အေးလက်အေး ရှိခါစ ကြွက်သည် လူအို၏ မမျှော်လင့်သော လှုပ်ရှားမှုများကြောင့် အလွန်ပင် အထိတ်တလန့် ဖြစ်ကာ တွင်းထဲကို အလျင်အမြန် ပြေးသွားပြီး မီးခိုးလုံးတစ်ခုကဲ့သို့ တွင်းထဲ ပျောက်ကွယ်သွားသည်၊ ဘယ်သောအခါမျှ တစ်ဖန်ပေါ်မလာတော့ပေ။ ယခုတွင် လူအို၏ ဘယ်လက်သည် ယင်း၏ တစ်ခဏ ဆိုင်းငံ့ထားသည့် မုတ်ဆိတ်မွေး အပေါ်အောက် ပွတ်သက်သည့် လှုပ်ရှားမှုကို ပြန်စတင်သည်။ သူသည် စားပွဲပေါ်တွင် စာအုပ်ကို ချန်ထားလျက် ထိုင်ခုံမှ ထလိုက်သည်။ တံခါးအတွင်း ဟနေသောနေရာနှင့် ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် လေသည် စာအုပ်ကို ပိတ်လိုက် ဖွင့်လိုက် တစ်ဖန် ပိတ်လိုက် ဖွင့်လိုက်ဖြစ်စေလျက် မညှာမတာ တိုက်ခိုက်ရင်း ဝင်လာသည်။ မြင်ကွင်းနှင့်ပတ်သက်၍ ဖော်ပြ၍ မရသော အထီးကျန်မှုတစ်ခုရှိပြီး၊ လေကိုဖြတ်သန်း၍ တရှဲရှဲ မြည်နေသော စာအုပ်၏ စာမျက်နှာများ အသံမှလွဲ၍ ဖန်ဆင်းခြင်းအားလုံး ဆိတ်ငြိမ်ကျသွားပုံရလေသည်။ လက်ကို နောက်သို့ ယှက်ထားလျက် သူသည်

အခန်းတစ်လျှောက် ခေါက်တုံ့ခေါက်ပြန် လျှောက်သည်၊ အခု ရပ်လိုက် အခု စလျှောက်လိုက်နှင့် မကြာခဏ သူ့ခေါင်းကိုခါကာ သူ၏ နှုတ်ဖြင့်၊ "အိုး ဘုရားသခင်။ ကိုယ်တော်သည် ထိုအရာကို အကယ် လုပ်သလား။" ဆိုသည့်စကားကို ထပ်ခါထပ်ခါ ရေရွတ်နေပုံရလေသည်။ သူသည် မကြာခဏ ခေါင်းညိတ်လျက်၊ "အိုး ဘုရားသခင်။ အဘယ်သူသည် ကိုယ်တော်၏ အမှုတော်ကို နားလည်နိုင်ပါသနည်း။ ကိုယ်တော်၏ ခြေရာများကို ရှာဖို့ ခက်သည် မဟုတ်ပါလား။ ကိုယ်တော်သည် ကောင်းမွန်သည့် အကြောင်းရင်းမရှိဘဲ ဒုက္ခဖြစ်စေဖို့ အမှုအရာများ မပြုလုပ်သည်ကို အကျွန်ုပ် ယုံသည်။" ဟုလည်း ပြောလေသည်။ ယခု၊ လူအိုသည် စိတ်အနှောင့်အယှက်ဖြစ်သည့် အသွင်နှင့် အလွန့်အလွန် နာကျင်ရသည့် မျက်နှာထားတစ်ခုကိုလည်း ပြရင်း၊ ဖြည်းဖြည်းချင်းနှင့် စဉ်းစဉ်းစားစား နှိုင်းနှိုင်းချိန်ချိန် တွက်ချက်ခြင်းတစ်ခုကို လုပ်တော့မည့်အလား၊ မျက်မှောင် တင်းတင်းကြုတ်ကာ သူ၏ မျက်လုံးများကို ဖျစ်ညှစ်ပိတ်လိုက်လေသည်။ သနားစရာ လူအိုပါတကား။ သူ၏ တစ်ဘဝလုံး အသက်ရှင် နေထိုင်ခဲ့ပြီးနောက်၊ အချိန် အလွန်နှောင်းမှ "ကံမကောင်းစွာ" ဤကိစ္စကို ကြုံတွေ့လာရသည်။ ယင်းနှင့်ပတ်သက်၍ အဘယ်အရာကို လုပ်နိုင်သနည်း။ ငါသည်လည်း ဘာလုပ်ရမှန်း မသိဖြစ်ကာ မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မစွမ်းသာပေ။ မည်သူသည် သူ၏ နှစ်ချုပ်စာအုပ်ဟောင်းကို သက်တမ်းရင့်ခြင်းဖြင့် တိုး၍ဝါလာအောင် လုပ်ခဲ့သနည်း။ မည်သူသည် သူ၏ မုတ်ဆိတ်နှင့် မျက်ခုံးမွေးများက သူ၏ မျက်နှာ အစိတ်အပိုင်းအမျိုးမျိုးကို မငဲ့မညှာ ဆီးနှင်းဖြူများကဲ့သို့ အားလုံးဖုံးအောင် လုပ်ခဲ့သနည်း။ ယင်းမှာ သူ၏ မုတ်ဆိတ်မွေးက သူ၏ ဝါရင့်မှုကို ကိုယ်စားပြုသည့်အလား ဖြစ်သည်။ သို့သော်လည်း လူသည် နှစ်ချုပ်စာအုပ်ဟောင်းတွင် ဘုရားသခင်၏ မျက်မှောက်တော်အား ရှာမည့်အဆင့်ထိတိုင် မိုက်မဲလာနိုင်မည်ကို မည်သူ သိနိုင်ခဲ့မည်နည်း။ နှစ်ချုပ်စာအုပ်ဟောင်းသည် စာရွက်ပေါင်း မည်မျှရှိနိုင်မည်နည်း။ ယင်းသည် ဘုရားသခင်၏ ဆောင်ရွက်ချက်များ အားလုံးကို အမှန်တကယ် လုံးဝ တိကျမှန်ကန်မှုဖြင့် မှတ်ထားနိုင်သလော။ အဘယ်သူက ထိုအရာကို အာမခံဝံသနည်း။ သို့သော် လူသားသည် နှုတ်ကပတ်တော်များကို စိတ်ဖြာလေ့လာကာ ချစ်တီးခေါင်းသန်းရှာခြင်း၅ အားဖြင့်၊ ထိုသို့ဖြင့် အသက်ထဲသို့ ဝင်ရောက်ဖို့ မျှော်လင့်ရင်း၊ ဘုရားသခင်၏ အသွင်အပြင်ကို ရှာကာ ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းရန် အမှန်တကယ် စဉ်းစားလေသည်။ ဤနည်းနှင့် အသက်ထဲ ဝင်ရောက်ရန် ကြိုးစားခြင်းသည် ထင်သလောက် လွယ်ကူသလော။ ဤသည်မှာ မတော်မတရား ယုတ္တိမရှိဆုံးသော မှားယွင်းသော ဆင်ခြင်ခြင်းမျိုး ဖြစ်သည် မဟုတ်လော။ သင်သည် ဤအရာကို ရယ်ဖွယ်ကောင်းသည်ဟု မမြင်သလော။

အောက်ခြေမှတ်စု(များ)-

၁။ "မရေမရာ" ဆိုသည်မှာ လူများသည် ဘုရားသခင်၏ အမှုတော်တွင် ရှင်းလင်းသော ထိုးထွင်အမြင်မရှိသည်ကို ညွှန်ပြသည်။

၂။ "မပြောပလောက်သော အစွမ်းရှိပြီး ကြီးစွာ သတိထား၍ အသုံးပြုရမည်" ဆိုသည်ကား ဇာတိပကတိ၏ အခက်အခဲများသည် အလွန်များကာ လုပ်ဆောင်ပြီးမြောက်သည့် အမှုတော်သည် အလွန်အမင်း နည်းပါးသည်ကို ရည်ညွှန်းသည်။

၃။ "အလာပသလ္လာပ" ဆိုသည်ကား လူများက ဘုရားသခင်၏ အမှုတော်ထဲ ရှာဖွေလေ့လာသောအခါ၊ ၎င်းတို့၏ အကျည်းတန်သော မျက်နှာအတွက် ဥပစာစကားတစ်ခု ဖြစ်သည်။

၄။ "အလျင်စလို" ဆိုသည်ကား သမ္မာကျမ်းစာကို ရည်ညွှန်းစဉ် "လူအို" ၏ စိတ်အားထက်သန်သည့်၊ အလျင်စလိုဖြစ်သော လှုပ်ရှားမှုများကို ရည်ညွှန်းသည်။

၅။ "နှုတ်ကပတ်တော်များကို စိတ်ဖြာလေ့လာကာ ချစ်တီးခေါင်းသန်းရှာခြင်း" ဆိုသည်ကား နှုတ်ကပတ်တော်များကို အသေးစိတ် ပိုင်းခြားသော်လည်း၊ သမ္မာတရားကိုမရှာ သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မသိသော ယုတ္တိအမှားများထဲတွင် ရှိကြသည့် ကျွမ်းကျင်သူများကို ပြက်ရယ်ပြုရန် သုံးထားခြင်းဖြစ်သည်။

# အမှုတော်နှင့် ဝင်ရောက်ခြင်း (၇)

လူသားချို့တဲ့သည့်အရာမှာ ဝိညာဉ်ရေးရာအသက်တာ၏ ထောက်ပံ့မှုနှင့် ဘုရားသခင်ကို သိရှိခြင်း အတွေ့အကြုံသာမက- သာ၍ပင် မရှိမဖြစ် အရေးကြီးသည့်အရာမှာ- ၎င်း၏ စိတ်သဘောထားထဲက ပြောင်းလဲမှုများ ဖြစ်သည်ကို နားလည်ရန် လူသားသည် ယနေ့ထိတိုင် အချိန်ယူခဲ့ရသည်။ မိမိကိုယ်တိုင်၏ မျိုးရိုးနှင့်ဆိုင်သည့် သမိုင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုတို့ကို လူသား၏ လုံးဝ မသိနားမလည်မှုကြောင့် အကျိုးဆက်မှာ လူသားသည် ဘုရားသခင်၏ အမှုနှင့် ပတ်သက်၍ မည်သည့်အရာမျှ လုံးဝ မသိပေ။ လူသားအနေဖြင့် မိမိစိတ်နှလုံး၏ နက်ရှိုင်းသောနေရာတွင် ဘုရားသခင်ကို သံယောဇဉ် ရှိနိုင်ရန် လူသားအားလုံးက မျှော်လင့်သော်လည်း၊ လူသား၏ ဇာတိပကတိသည် လွန်ကဲစွာ ဖောက်ပြန်ပျက်စီးပြီး၊ ထုံထိုင်းကာ အကင်းလည်းမပါးသောကြောင့်၊ ဤအရာက

လူသားအနေဖြင့် ဘုရားသခင်နှင့်သက်ဆိုင်၍ မည်သည့်အရာမျှ လုံးဝ မသိဖို့ ဖြစ်စေခဲ့သည်။ ယနေ့ လူသားတို့အလယ် ကြွလာခြင်းတွင်၊ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ နှစ်သန်းပေါင်းများစွာကြာ လူတို့၏ အတွေးများနှင့် စိတ်ဝိညာဉ်များအပြင်၊ ၎င်းတို့ စိတ်နှလုံးများ ထဲ၌ ရှိခဲ့ပြီးဖြစ်သော ဘုရားသခင်၏ ပုံသဏ္ဌာန်ကိုပါ ပြောင်းလဲစေဖို့ထက် အခြားမည်သည့်အရာမျှ မဟုတ်ပေ။ သူသည် လူသားကို စုံလင်စေဖို့ ဤအခွင့်အရေးကို ယူလိမ့်မည်ဖြစ်သည်။ ဆိုလိုသည်မှာ လူသား၏ အသိပညာအားဖြင့်၊ ဘုရားသခင်ကို သိရှိလာခြင်းတွင် ထူးထူးကဲကဲ အောင်မြင်သည့် အသစ်သော အစပြုခြင်းကို လူအားပြုလုပ်နိုင်စေရင်း၊ ထိုသို့ဖြင့် လူသား၏ စိတ်ဝိညာဉ် အသစ်ပြုပြင်ခြင်းနှင့် ပြောင်းလဲခြင်းတို့ကို ရရှိစေလျက်၊ ဘုရားသခင်သည် သူ့ကို လူတို့ သိရှိလာသည့် နည်းလမ်းနှင့် သူ့အပေါ် ၎င်းတို့ ထားရှိသော သဘောထားကို ပြောင်းလဲမည်ဖြစ်သည်။ သိမ်းပိုက်ခြင်းနှင့် အသစ်ပြုပြင်ခြင်းတို့သည် ပန်းတိုင်များ ဖြစ်စဉ်၊ ကိုင်တွယ် ဖြေရှင်းခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းသည် နည်းလမ်းများဖြစ်သည်။ မရေရာသော ဘုရားသခင်နှင့် ပတ်သက်၍ လူသား စွဲကိုင်ထားသော အယူသီးသည့် အတွေးများကို ပပျောက်စေခြင်းသည် ဘုရားသခင်၏ ထာဝရ ရည်ရွယ်ချက် ဖြစ်ပြီး မကြာသေးမီက ဤအရာသည် သူ့အဖို့ အရေးတကြီး ကိစ္စလည်း ဖြစ်လာခဲ့သည်။ လူအားလုံးသည် ဤကိစ္စကို ထည့်တွက် စဉ်းစားရာတွင် ရေရှည်အမြင် ရှိလျှင်ကောင်းလိမ့်မည်။ ဘုရားသခင်၏ ဤအရေးတကြီး ရည်ရွယ်ချက်သည် မကြာမီ အောင်မြင်ခြင်းသို့ ရောက်ရှိဖို့အလို့ငှာနှင့် ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏အမှု၏ နောက်ဆုံးအဆင့်သည် ပြည့်စုံခြင်းသို့ လုံးဝ ရောက်ရှိနိုင်ဖို့အလို့ငှာ၊ လူတစ်ဦးချင်းစီ၏ တွေ့ကြုံသည့်နည်းလမ်းကို ပြောင်းလဲလော့။ သင်တို့ ဘုရားသခင်ကို ပြုအပ်သည့် သစ္စာစောင့်သိခြင်းကို သူ့အား ပေးပြီး နောက်ဆုံးအကြိမ်အနေဖြင့် ဘုရားသခင်၏ စိတ်နှလုံးကို နှစ်သိမ့်မှုပေးလော့။ ညီအစ်ကို မောင်နှမများထဲတွင်၊ မည်သူမျှ ဤတာဝန်ဝတ္တရားကို ခေါင်းရှောင်ခြင်း သို့မဟုတ် ဟန်ဆောင်လုပ်ပြဖို့ ဟိတ်ဟန်ထုတ်ရုံမျှ မထုတ်လျှင် ကောင်းလိမ့်မည်။ ဘုရားသခင်သည် ဖိတ်ခေါ်ချက်ကို အဖြေပေးသည့်အနေနှင့် လူသား၏အခြေအနေကို ဖြောင်းတုံ့ပြန်မှုအနေဖြင့် ဤအကြိမ်တွင် လူ့ဇာတိဖြင့် ကြွလာပေသည်။ ဆိုလိုသည်မှာ၊ သူသည် လူသား လိုအပ်သော အရာဖြင့် လူသားကို ဖြည့်ဆည်းပေးရန် ကြွလာပေသည်။ လူသား၏ အရည်အချင်း သို့မဟုတ် ကောင်းမွန်သော သွန်သင်ပျိုးထောင်ပေးမှု မည်သို့ပင်ဖြစ်ပါစေ၊ တိုတိုပြောရလျှင် ဘုရားသခင်၏ မူလမျက်နှာသည် လူသား၏ စိတ်နှလုံး အတွင်းနက်ရှိုင်းသော နေရာများတွင် ခိုင်မြဲစွာ အမြစ်တွယ်ဖို့အလို့ငှာ၊ ဘုရားသခင်သည် လူသား၏အတွေးများနှင့် အယူအဆများကို

ပြောင်းလဲလျက်၊ လူသားကို သူ၏ နှုတ်ကပတ်တော်အား မြင်နိုင်စေမည်ဖြစ်ပြီး သူ၏ နှုတ်ကပတ်တော်မှ ဘုရားသခင်၏ တည်ရှိခြင်းနှင့် သရုပ်သကန်တို့ကို မြင်နိုင်စေကာ လူသားကို ဘုရားသခင်၏ စုံလင်စေခြင်းအား လက်ခံနိုင်စေမည်ဖြစ်သည်။ ဤသည်မှာ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏ တစ်ခုတည်းသော အလိုဆန္ဒ ဖြစ်သည်။ လူသား၏ မွေးရာပါသဘာဝသည် မည်မျှ ကြီးမြတ်ပါစေ၊ သို့မဟုတ် လူသား၏ အနှစ်သာရ မည်မျှညံ့ဖျင်းပါစေ သို့မဟုတ် လူသား၏ အပြုအမူသည် အတိတ်တွင် မည်သည့်အရာနှင့် အမှန်တကယ် တူခဲ့သည်ဖြစ်စေ၊ ဘုရားသခင်သည် ဤအရာများကို အရေးမထားပေ။ လူသားအနေဖြင့် ၎င်း၏ အတွင်းစိတ်နှလုံးထဲတွင် ရှိသည့် ဘုရားသခင်၏ ပုံသဏ္ဌာန်ကို လုံးလုံးလျားလျား အသစ်ဖြစ်စေဖို့ရန်နှင့် လူသားမျိုးနွယ်၏ အနှစ်သာရကို သိရှိလာဖို့ရန်နှင့်၊ ထိုသို့ဖြင့် လူသား၏ သဘောတရား ဆိုင်ရာ အမြင် ပြောင်းလဲခြင်းသို့ ရောက်ရှိဖို့ရန်နှင့် နက်ရှိုင်းသော နေရာများမှ ဘုရားသခင်ကို တောင့်တပြီး သူနှင့် ထာဝရ တွယ်တာမှုတစ်ခု နိုးကြားစေနိုင်ဖို့ရန်သာ သူ မျှော်လင့်ပေသည်။ ဤသည်မှာ လူသားကို ဘုရားသခင် ပြုသည့် တစ်ခုတည်းသော တောင်းဆိုချက်ဖြစ်သည်။

နှစ်ထောင်ပေါင်း အချို့ လွှမ်းခြုံသည့် ရှေးဟောင်းယဉ်ကျေးမှုနှင့် သမိုင်းနှင့်ဆိုင်သော အသိပညာသည် လူသား၏အတွေးအခေါ်၊ အယူအဆများနှင့် သူ၏ စိတ်ပိုင်းဆိုင်ရာ အမြင်တို့ကို အလွန်တင်းကျပ်စွာ ပိတ်ထားခဲ့သည်မှာ သြဇာမသက်ရောက်နိုင်သော အရာနှင့် မပျက်စီးနိုင်သောအရာ[၁] ဖြစ်စေဖို့ ဖြစ်သည်။ လူတို့သည် ဘယ်သောအခါမျှ အလင်း မမြင်နိုင်သည့် မြေအောက် အကျဉ်းတိုက်များထဲသို့ ဘုရားသခင်၏ နှင်ထုတ်ခြင်းကို ခံကြရပြီးဖြစ်သည့်အလားပင်၊ ငရဲ၏ ဆယ့်ရှစ်ခုမြောက် သံသရာထဲ၌ အသက်ရှင်ကြလေသည်။ ကံကျွေးချစနစ်ဆိုင်ရာ အတွေးအခေါ်သည် လူတို့ကို ဖိနှိပ်ထားလွန်းသည်မှာ ၎င်းတို့သည် အသက်ရှူနိုင်ရုံမျှဖြစ်ပြီး မွန်းကျပ်လျက်ရှိကြပေသည်။ ၎င်းတို့သည် ခုခံရန် ခွန်အား စိုးစဉ်းမျှပင် မရှိကြချေ။ ၎င်းတို့ လုပ်ဆောင်သမျှမှာ တိတ်ဆိတ်စွာ ခံရပ်ပြီးရင်း ခံရပ်ဖို့သာ ဖြစ်သည်။...မည်သူမျှ ဖြောင့်မတ်ခြင်းနှင့် တရားမျှတမှု အတွက် ရုန်းကန်ရန် သို့မဟုတ် ရပ်တည်ရန် လုံးဝမဝံ့ရဲကြချေ။ လူတို့သည် ကံကျွေးချစနစ်ဆိုင်ရာ ကျင့်ဝတ်များ၏ ထိုးနှက်မှုများနှင့် မတရားဖိနှိပ်မှုအောက်၌ တိရစ္ဆာန်တစ်ကောင်ထက် ဆိုးရွားသော အသက်တာကို တစ်နေ့ပြီးတစ်နေ့၊ တစ်နှစ်ပြီးတစ်နှစ် ရှင်သန်ကာမျှ ရှင်သန်ကြလေသည်။ ၎င်းတို့သည် လူ့လောကထဲတွင် ပျော်ရွှင်မှုကို ခံစားရန် ဘုရားသခင်ကို ရှာဖွေဖို့ မည်သည့်အခါမှ မတွေးတောဖူးကြပေ။ ယင်းမှာ လူတို့သည် ညှိုးနွမ်းခြောက်သွေ့သော ဝါညိုညို ဆောင်းဦးရွက်ကြွေများကဲ့သို့ ဖြစ်သည်အထိ ရိုက်ချခံကြရပြီး ဖြစ်သည်။ လူတို့သည်

အချိန်ကြာမြင့်စွာကတည်းက ၎င်းတို့၏ မှတ်ဉာဏ်ကို ဆုံးရှုံးခဲ့ကြပြီး ဖြစ်သည်။ ၎င်းတို့သည် လူ့လောကဟု ခေါ်ဆိုသော ငရဲနှင့်အတူ ပျက်စီးဆုံးရှုံးနိုင်ကြဖို့အလို့ငှာ နောက်ဆုံးသော နေ့ရက် ရောက်ရှိလာခြင်းကို စောင့်ဆိုင်းရင်း၊ ၎င်းတို့ တောင့်တသည့် နောက်ဆုံးသော နေ့ရက်သည် အေးအေးလူလူရှိသော ငြိမ်သက်ခြင်းကို လူသား မွေ့လျော်မည့် နေ့ရက်ဖြစ်သည့်အလား ဤငရဲတွင် ခိုကိုးရာမဲ့စွာ အသက်ရှင်ကြလေသည်။ ကံကျွေးချ စနစ်ဆိုင်ရာ ကျင့်ဝတ်များသည် လူသား၏ ခုခံရန် အစွမ်းတန်ခိုးကို သာ၍အားနည်းစေရင်း လူသား၏အသက်တာကို "မရဏနိုင်ငံ" ထဲသို့ ယူဆောင်သွားပြီဖြစ်သည်။ ဖိနှိပ်မှု မျိုးစုံတို့သည် လူသားကို ဘုရားသခင်ထံမှ ဝေးသထက်ဝေးသွားစေလျက်၊ မရဏထဲသို့ သာ၍နက်ရှိုင်းစွာ တစ်ဆင့်ပြီးတစ်ဆင့် ကျဆင်းဖို့ တွန်းလေသည်၊ ယနေ့ထိတိုင် ၎င်းသည် ဘုရားသခင်အဖို့ သူစိမ်းလုံးလုံးပင် ဖြစ်သွားပြီးဖြစ်ကာ ၎င်းတို့ဆုံတွေ့ကြသောအခါ သူ့ကို အလျင်အမြန် ရှောင်ရှားလေသည်။ လူသားသည် ဘုရားသခင်ကို မည်သည့် အခါတွင်မျှ မသိဖူးသကဲ့သို့ သူ့ကို ယခင်က မမြင်ဖူးသည့်အလား သူ့ကို အရေးမစိုက်ဘဲ တစ်ဖက်တွင် တစ်ကိုယ်တည်း ရပ်နေစေရစ်လေသည်။ သို့တိုင် ဘုရားသခင်သည် သူ၏ မချုပ်တည်းနိုင်သော အမျက်ဒေါသကို လူသားအပေါ် မည်သည့် အခါတွင်မျှ မကျရောက်စေဘဲလျက်၊ တိတ်ဆိတ်စွာ စောင့်ဆိုင်းရုံမျှ စောင့်ဆိုင်းရင်း၊ စကားတစ်ခွန်း မဟဘဲ၊ လူသားအနေဖြင့် နောင်တရရန်နှင့် အသစ်တဖန် စတင်ရန် လူ့အသက်တာ၏ ရှည်လျားသော ခရီးလမ်းတစ်လျှောက်လုံးတွင် ဘုရားသခင်သည် လူသားကို စောင်းဆိုင်းလျက်ရှိနေပြီးဖြစ်သည်။ ဘုရားသခင်သည် လူ့လောက၏ ဆင်းရဲဒုက္ခများကို လူသားနှင့်အတူ မျှဝေခံစားဖို့ လူ့လောကထဲသို့ အချိန်ကြာမြင့်စွာက ကြွလာခဲ့ပေသည်။ လူသားနှင့်အတူ အသက်ရှင်ပြီးဖြစ်သော နှစ်ကာလများအားလုံးတွင်၊ သူ၏ တည်ရှိခြင်းကို မည်သူမျှ ရှာဖွေတွေ့ရှိခြင်း မရှိလေပြီ။ ဘုရားသခင်သည် သူကိုယ်တိုင် ယူဆောင်လာသည့် အမှုကို ဆောင်ရွက်နေစဉ်တွင်၊ လူ့လောကထဲရှိ ယုတ်ညံ့ခြင်း၏ ဝေဒနာကို တိတ်တဆိတ် သည်းခံ၍သာ နေလေသည်။ သူသည် ယခင်က လူသား လုံးဝမကြုံတွေ့ဖူးသည့် ဆင်းရဲဒုက္ခများကို ကြုံရရင်း၊ ခမည်းတော် ဘုရားသခင်၏ အလိုနှင့် လူသားမျိုးနွယ်၏ လိုအပ်ချက်များအတွက် ဆက်လက်သည်းခံလေသည်။ လူသား၏ရှေ့မှောက်တွင် ဘုရားသခင်သည် လူသားကို တိတ်ဆိတ်စွာ စောင့်ဆိုင်းခဲ့ကာ လူသား၏ ရှေ့မှောက်တွင် သူသည် ခမည်းတော် ဘုရားသခင်၏ အလိုအတွက်နှင့် လူသားမျိုးနွယ်၏ လိုအပ်ချက်များအတွက်လည်း မိမိကိုယ်ကိုယ် နှိမ့်ချခဲ့သည်။ ရှေးဟောင်းယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် အသိပညာသည် လူသားကို ဘုရားသခင်၏ မျက်မှောက်မှ ခိုးကြောင်ခိုးဝှက် ခိုးယူသွားပြီးဖြစ်ကာ သူ့ကို

နတ်ဆိုးတို့၏ ရှင်ဘုရင်နှင့် ၎င်း၏ သားများထံ လွှဲအပ်လိုက်ပြီး ဖြစ်သည်။ စာအုပ်လေးအုပ်နှင့် ဂန္ထဝင်ကျမ်းငါးကျမ်း^က တို့သည် လူသား၏ အတွေးအခေါ်နှင့် အယူအဆတို့ကို အခြားသော ပုန်ကန်ခြင်းခေတ်ထဲသို့ ဆောင်ယူသွားပြီးဖြစ်ကာ၊ ထိုစာအုပ်၊ ဂန္ထဝင်မှတ်တမ်းတို့ကို ပြုစုခဲ့ကြသူများကို ယခင်ထက် တိုး၍ လွန်လွန်ကဲကဲ မြှောက်စားမှု ပေးစေရင်းနှင့် အကျိုးဆက်အနေဖြင့် ဘုရားသခင်နှင့် ပတ်သက်သည့် လူသား၏ အယူအဆများကို တိုး၍ ပိုမိုဆိုးရွားစေလေသည်။ လူသားက မသိဘဲနှင့်၊ နတ်ဆိုးတို့၏ ရှင်ဘုရင်သည် ဘုရားသခင်ကို လူသား၏ စိတ်နှလုံးမှ သနားကြင်နာမဲ့စွာ မောင်းထုတ်ပြီး၊ ထို့နောက် ယင်းကို ၎င်းကိုယ်တိုင် အားရဝမ်းသာဖြင့် သိမ်းပိုက်လေသည်။ ထိုအချိန်ကတည်းက၊ လူသားသည် နတ်ဆိုးတို့ ရှင်ဘုရင်၏ အကျည်းတန်ကာ ဆိုးယုတ်သော ဝိညာဉ်နှင့် မျက်နှာကို ပိုင်ဆိုင်လာခဲ့၏။ ဘုရားသခင်ကို မုန်းတီးခြင်းသည် ၎င်း၏ ရင်တွင်ပြည့်ကာ၊ လူသား လုံးဝ ဝါးမြိုခံခဲ့ရသည်အထိ နတ်ဆိုးများ၏ ရှင်ဘုရင်၏ မလိုတမာစိတ်သည် လူသားအတွင်းတွင် တစ်နေ့ပြီးတစ်နေ့ ပျံ့နှံ့လေသည်။ လူသားသည် လွတ်လပ်မှု အနည်းငယ်မျှ မရှိတော့သကဲ့သို့၊ နတ်ဆိုးတို့၏ ရှင်ဘုရင်၏ ထောင်ချောက်မှ လွတ်မြောက်ရန် နည်းလမ်း လုံးဝ မရှိခဲ့ပေ။ လူသားသည် ထိုနေရာတွင်ပင် အဖမ်းခံရပြီး၊ ၎င်း၏ မျက်မှောက်တွင် အညံ့ခံကာ ပြုလဲကျရှုံးမှုလွဲပြီး ရွေးချယ်စရာ မရှိခဲ့ပေ။ ကြာမြင့်စွာသောအချိန်က၊ လူသား၏ စိတ်နှလုံးနှင့် ဝိညာဉ်တို့သည် ကနဦးအဆင့်တွင် ရှိဆဲဖြစ်ခဲ့ချိန်တွင်၊ နတ်ဆိုးတို့၏ ရှင်ဘုရင်သည် လူသားကို "သိပ္ပံနှင့် နည်းပညာကို သင်ယူပါ။ ခေတ်နှင့်အမီလိုက်ခြင်း လေးချက်ကို နားလည်ပါ။ ပြီးလျှင် လောက၌ ဘုရားသခင်ဟူသည် မရှိ" ဟူသကဲ့သို့သော ယုတ္တိအမှားများကို သွန်သင်ရင်း၊ ယင်းအထဲ၌ ဘုရားမဲ့ဝါဒီနှင့်ဆိုင်သည့် အကျိတ်၏ အစေ့ကို စိုက်ပျိုးခဲ့သည်။ ထိုမျှသာမက၊ ၎င်းသည် မိမိတို့၏ နိုင်ငံအဖို့ သစ္စာရှိသည့် အမှုထမ်းခြင်းကို ပေးဖို့ရန် ကလေးဘဝမှ ပြင်ဆင်ထားဖို့ အယောက်စီတိုင်းကို တောင်းဆိုရင်း၊ "လှပသော ဇာတိမြေကို တည်ဆောက်ဖို့ ကျွန်ုပ်တို့၏ ဝီရိယရှိသော အားထုတ်မှုကို အမှီပြုကြစို့" ဟု အခွင့်အခါသင့်တိုင်း အော်ဟစ်လေသည်။ ဂုဏ်ပြုလေးစားမှုအားလုံးကို (ဆိုလိုသည်မှာ ဘုရားသခင်သည် လူသားမျိုးနွယ် အားလုံးကို သူ၏ လက်၌ ထိန်းသိမ်းထားခြင်းအတွက် ဘုရားသခင်နှင့်သက်ဆိုင်သော ဂုဏ်ပြုလေးစားမှုကို) မဆိုင်းမတွ ပိုင်စိုးပိုင်နင်း မိမိကိုယ်ကိုယ် ပေးသည့်နေရာဖြစ်သည့် ၎င်း၏ မျက်မှောက်သို့ လူသားသည် မရည်ရွယ်ပါဘဲနှင့် ခေါ်ဆောင်လာခြင်း ခံခဲ့ရလေသည်။ ၎င်းသည် မည်သည့်အခါတွင်မျှ ရှက်စိတ် တစ်ခုတစ်လေ မရှိခဲ့ပေ။ ထို့အပြင်၊ ၎င်းသည် ဘုရားသခင်၏လူတို့ကို အရှက်မရှိ ဖမ်းဆီးကာ၊ စားပွဲပေါ်သို့ ကြွက်တစ်ကောင်ကဲ့သို့ ခုန်တက်ကာ လူသားအား ၎င်းကို ဘုရားသခင်ကဲ့သို့ ကိုးကွယ်စေသည့် နေရာဖြစ်သော

၎င်း၏အိမ်ထဲသို့ ပြန်လည် တရွတ်တိုက် ဆွဲခေါ်လေသည်။ ထင်ရာစိုင်းသူတစ်ဦး ပါတကား။ ၎င်းသည် “လောကကြီး၌ ဘုရားသခင် ဟူသည် မရှိ။ လေသည် သဘာဝနိယာမများအရ အသွင်ပြောင်းလဲခြင်းများမှ လာသည်။ မိုးရေဆိုသည်မှာ ရေငွေ့က အေးသောအပူချိန်များနှင့် ဆုံတွေ့လျက်၊ ကမ္ဘာမြေပေါ်သို့ ကျသည့် မိုးစက်များအဖြစ်သို့ ငွေ့ရည်ဖွဲ့သည့်အခါ ဖြစ်လာသည်။ မြေငလျင်ဆိုသည်မှာ ဘူမိဗေဒဆိုင်ရာ ပြောင်းလဲခြင်းများကြောင့် ကမ္ဘာ့မျက်နှာပြင် တုန်ခါခြင်း ဖြစ်သည်၊ မိုးခေါင်ခြင်းဆိုသည်မှာ နေမင်း၏ မျက်နှာပြင်ပေါ်က အဏုမြူ ဒြပ်မှုန်များ ပြိုကွဲပျက်စီးမှုအားဖြင့် ဖြစ်ပေါ်လာသော လေထုထဲရှိ ခြောက်သွေ့မှုကြောင့် ဖြစ်သည်။ ဤအရာများသည် သဘာဝ ဖြစ်စဉ်များ ဖြစ်သည်။ ဤအရာအားလုံးတွင်၊ ဘုရားသခင်၏ လုပ်ဆောင်ချက် အဘယ်မှာ ရှိပါသနည်း” ဟူသကဲ့သို့သော မတော်တရော် တုန်လှုပ်ဖွယ် အရာများကို ဟစ်ကြော်လေသည်။ ၎င်းသည် အောက်ပါ ထွက်ဆိုချက်များကဲ့သို့သော မဖွင့်ဟသင့်သည့် ထွက်ဆိုချက်များကို ကြွေးကြော်သောသူများပင် ရှိလေသည်- “လူသားမှာ ရှေးအတိတ်ကာလက မျောက်ဝံများမှ ဆင်းသက်လာပြီး၊ ယနေ့ လောကကြီးသည် ခန့်မှန်းခြေအားဖြင့် လွန်ခဲ့သော ကပ်ကမ္ဘာမှ စတင်သည့် ရှေးကျသော လူ့အဖွဲ့အစည်းများ တစ်ခုပြီးတစ်ခုမှ လာသည်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ကြီးပွားခြင်း သို့မဟုတ် ကျရှုံးခြင်းသည် ထိုနိုင်ငံ၏ ပြည်သူများ လက်ထဲတွင် လုံးဝ မူတည်သည်” ဟူ၍ ဖြစ်သည်။ နောက်ခံအကြောင်းအရာတွင်၊ ၎င်းသည် လူသားကို ၎င်းအား ဂါရဝပြုစေဖို့ ယင်းကို နံရံပေါ်၌ ချိတ်ဆွဲစေသည် သို့မဟုတ် စားပွဲပေါ် တင်စေလေသည်။ ၎င်းက “ဘုရားသခင် မရှိ” ဟု ဟစ်အော်သည့် တစ်ချိန်တည်းတွင်၊ ဘုရားသခင်၏နေရာတွင် ရပ်တည်ပြီး နတ်ဆိုးတို့၏ ရှင်ဘုရင် အခန်းကဏ္ဍကို ခံယူလျက် ဘုရားသခင်ကို ကမ္ဘာ၏ အကန့်အသတ် အတိုင်းအတာ ပြင်ပသို့ ရုတ်တရက် ကြမ်းတမ်းစွာ တွန်းထုတ်ခြင်းဖြင့်၊ ၎င်းသည် မိမိကိုယ်ကိုယ် ဘုရားသခင်အဖြစ် သတ်မှတ်လေသည်။ ကျိုးကြောင်း လုံးဝ ကင်းမဲ့လှပေတကား။ ၎င်းသည် လူတစ်ယောက်ကို မခံမရပ်နိုင်အောင် ၎င်းအား တကယ်ကို မုန်းတီးစေသည်။ ဘုရားသခင်နှင့် ၎င်းတို့သည် မပြေနိုင်သော ရန်သူများဖြစ်ပုံရပြီး နှစ်ဦး အတူတကွ မတည်ရှိနိုင်ပေ။ ၎င်းသည် ပညတ်တရား လက်လှမ်းမမီသည့်ပြင်ပတွင် လွတ်လွတ်လပ်လပ် သွားလာစဉ်တွင်၊ ၎င်းသည် ဘုရားသခင်ကို မောင်းထုတ်ရန် ကျိတ်ကြံလေသည်။ ၎င်းမှာ နတ်ဆိုးတို့၏ ရှင်ဘုရင် ဖြစ်လိုက်လေသည်တကား။ ၎င်း၏ တည်ရှိမှုကို အဘယ်သို့ သည်းခံ၍ရနိုင်မည်နည်း။ ၎င်းသည် ဘုရားသခင်၏ အမှုကို ကမောက်ကမဖြစ်စေပြီး လုံးလုံး ဖရိုဖရဲ ဖြစ်ကျန်ရစ်စေသည်အထိ အနားယူမည်မဟုတ်သည်မှာ ၎င်းသည် ဘုရားသခင်ကို တမင်တကာ ဆန့်ကျင်ပြီး သာ၍ပင်

အင်တိုက်အားတိုက် ချဉ်းကပ်လျက်၊ ငါးသေလျှင်သေ သို့မဟုတ် ကွန်ပျူတာလျှင်ပျက်ဆိုသည်အထိ ဘုရားသခင်ကို အကြိတ်အနယ် နောက်ဆုံးပွဲသိမ်းသည်အထိ ဆန့်ကျင်လိုသည့်အလား ဖြစ်သည်။ ၎င်း၏ အကျည်းတန်သော မျက်နှာသည် ကြာမြင့်စွာကတည်းက လုံးလုံးလျားလျား ဖော်ထုတ်ခြင်းခံခဲ့ရပြီး ယခုတွင်မူ ပွန်းပဲ့ကာ ရိုက်ချိုးခံရပြီး၆ ဆိုးဆိုးရွားရွား အခြေအနေတွင် ရှိသော်လည်း၊ ၎င်းသည် ဘုရားသခင်ကို တစ်လုတ်စာ ဝါးမျိုခြင်းဖြင့်သာ မိမိ၏ စိတ်နှလုံးထဲတွင် လှောင်ထားသော အမုန်းကို သက်သာရာ ရစေနိုင်မည့်အလား၊ ဘုရားသခင်အပေါ် မိမိ၏ မုန်းတီးခြင်းကို လျှော့မည်မဟုတ်ပေ။ ဘုရားသခင်၏ ဤရန်သူကို ငါတို့သည် မည်သို့ သည်းခံနိုင်မည်နည်း။ ၎င်း၏ အမြစ်ဖြုတ် ချေမှုန်းခံရခြင်းနှင့် လုံးလုံးလျားလျား သုတ်သင်ခံရခြင်းသည်သာ ငါတို့အသက်တာ၏ အလိုဆန္ဒကို အောင်မြင်ခြင်းသို့ ရောက်ရှိစေလိမ့်မည်ဖြစ်သည်။ ၎င်းကို ဆက်လက် ပြေးလွှားသောင်းကျန်းခွင့် အဘယ်သို့ ပေးနိုင်ရမည်နည်း။ ယင်းသည် လူသားကို ဖောက်ပြန်ပျက်စီးစေပြီးဖြစ်သည်မှာ လူသားသည် ကောင်းကင်နေမင်းကို မသိသည့်အတိုင်းအတာ အထိဖြစ်ပြီး၊ ထုံထိုင်းကာ ခံစားချက်ကင်းမဲ့လာပြီဖြစ်သည်။ လူသားသည် ပုံမှန် လူသား ဆင်ခြင်တုံတရား ဆုံးရှုံးပြီဖြစ်သည်။ အနာဂတ်အတွက် စိုးရိမ်ပူပန်မှုအားလုံးကို ဖယ်ထုတ်ဖို့နှင့် ဘုရားသခင်၏ အမှုကို မကြုံစဖူးသော ခံညားထည်ဝါမှုသို့ အဆောတလျင် ရောက်ရှိစေခွင့်ပြုရန်၊ ၎င်းကို ဖျက်ဆီးဖို့နှင့် ၎င်းကို မီးရှို့ပစ်လိုက်ဖို့ ငါတို့၏ ဖြစ်တည်ခြင်း တစ်ခုလုံးကို အဘယ်ကြောင့် ငါတို့ မဆက်ကပ်ကြသနည်း။ ဤလူယုတ်မာ အုပ်စုသည် လူ့လောကထဲသို့ လာကြပြီး ယင်းကို ဝရုန်းသုန်းကားအခြေအနေသို့ အခြေဆိုက်စေပြီဖြစ်သည်။ ၎င်းတို့သည် လူသားတို့၏ အလောင်းကောင်များကို ဝါးမျိုနိုင်ဖို့အလို့ငှာ လူသားတို့ကို အစိတ်စိတ် အမွှာမွှာ ရိုက်ခတ်ခံရစေဖို့ တွန်းချရန် တိတ်တဆိတ် စီစဉ်ရင်း၊ လူသားမျိုးနွယ်အားလုံးကို ချောက်ကမ်းပါး အစွန်းသို့ ခေါ်ဆောင်ခဲ့ကြသည်။ ၎င်းတို့သည် အန်စာတစ်ချက်ပစ်ကာ အရာရာကို လောင်းကြေးထပ်ရင်း၇ ဘုရားသခင်၏ အစီအစဉ်ကို ဖြိုခွဲရန်နှင့် ဘုရားသခင်နှင့် ယှဉ်ပြိုင်မှုထဲသို့ ဝင်ရောက်ရန် အချည်းနှီး မျှော်လင့်လေသည်။ ဤသည်မှာ လုံးဝလွယ်ကူသည် မဟုတ်ချေ။ အဆုံးတွင်တော့၊ အယုတ်မာဆုံးသော ပြစ်မှုများအဖို့ အပြစ်ရှိသော နတ်ဆိုးတို့၏ ရှင်ဘုရင်အတွက် ကားတိုင်သည် ပြင်ဆင်ထားပြီး ဖြစ်သည်။ ဘုရားသခင်သည် လက်ဝါးကပ်တိုင်နှင့် မသက်ဆိုင်ပေ။ သူသည် ထိုကားတိုင်ကို မာရ်နတ်အတွက် ဘေးသို့ ပစ်လိုက်နှင့်ပြီး ဖြစ်သည်။ ဘုရားသခင်သည် ယခုမတိုင်မီ ယခင်ကြာမြင့်စွာ ကတည်းက အောင်နိုင်လျက် ထွက်ပေါ် ပြီးဖြစ်ကာ လူသားမျိုးနွယ်၏ အပြစ်များအပေါ် ပူဆွေးခြင်းကို

မခံစားရတော့ဘဲ၊ လူသားမျိုးနွယ် အားလုံးထံ ကယ်တင်ခြင်းကို ဆောင်ယူလာမည် ဖြစ်သည်။

ထိပ်ဖျားမှ အောက်ခြေအထိနှင့် အစအဦးမှ အဆုံးအထိ စာတန်သည် ဘုရားသခင်၏ အမှုကို နှောင့်ယှက်နေခဲ့ပြီးဖြစ်ကာ သူ့ကို ဆန့်ကျင်လျက် ပြုမူနေခဲ့ပြီး ဖြစ်သည်။ "ရှေးဟောင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်" နှင့် ပတ်သက်သည့် ဤပြောဆိုဆွေးနွေးခြင်း၊ အဖိုးထိုက်တန်သော "ရှေးဟောင်း ယဉ်ကျေးမှု၏ အသိပညာ"၊ "တာအိုဝါဒနှင့် ကွန်ဖြူးရှပ်ဝါဒတို့၏ သွန်သင်မှုများ"နှင့် "ကွန်ဖြူးရှပ်ဝါဒ၏ ဂန္ထဝင် ကျမ်းများနှင့် ကံကျွေးချစနစ်ဆန်သော ထုံးတမ်းများ" အားလုံးသည် လူသားကို ငရဲထဲသို့ ခေါ်ဆောင်သွားပြီးဖြစ်သည်။ မျက်မှောက်ခေတ် အဆင့်မြင့် သိပ္ပံပညာနှင့် နည်းပညာတို့အပြင် အလွန်တိုးတက်သော စက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးတို့ကို မည်သည့် နေရာမှာတွင်မျှ မတွေ့မြင်ရပေ။ ယင်းထက်၊ ၎င်း လုပ်ဆောင်သမျှမှာ ဘုရားသခင်၏အမှုကို တမင်တကာ နှောင့်ယှက်ရန်၊ ဆန့်ကျင်ရန်နှင့် ဖြိုဖျက်ရန်အလို့ငှာ ရှေးကာလ၏ "မှောက်ဝံများ" အားဖြင့် ဖြန့်ခဲ့သည့် ကံကျွေးချစနစ်ဆိုင်ရာ ထုံးတမ်းများကို အလေးပေးရန် ဖြစ်သည်။ ၎င်းသည် လူသားကို ယနေ့ထိတိုင် ဆက်လက် ဒုက္ခပေးသည်သာမက၊ လူသားကို အကောင်လိုက်ဝါးမျို[၆] ရန်ပင် ဆန္ဒရှိလေသည်။ ကံကျွေးချစနစ်နှင့်ဆိုင်သည့် ကိုယ်ကျင့်တရားနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ သွန်သင်မှုများကို တစ်ဆင့်ပေးခြင်းနှင့် ရှေးဟောင်း ယဉ်ကျေးမှု၏ အသိပညာကို လက်ဆင့်ကမ်းခြင်းတို့သည် လူသားကို နတ်ဆိုး အကြီး အသေးများအဖြစ်သို့ ပြောင်းလဲစေလျက်၊ လူသားမျိုးနွယ်ကို ကူးစက်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဘုရားသခင်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံသောသူ နည်းပါးပေသည်၊ ဘုရားသခင်၏ ကြွလာခြင်းကို အထူးအားရ ရွှင်လန်းစွာ ကြိုဆိုကြမည့်သူ နည်းပါးပေသည်။ လူသားမျိုးနွယ်၏ မျက်နှာသည် လူသတ်မည့်အကြံနှင့် ပြည့်နေပြီး နေရာတိုင်းတွင်၊ သတ်ဖြတ်လိုသည့် အငွေ့အသက်က လေထုထဲတွင် ပျံ့နှံ့နေသည်။ ၎င်းတို့သည် ဘုရားသခင်ကို ဤနယ်မြေမှ နှင်ထုတ်ရန် ကြိုးစားကြသည်၊ လက်ထဲတွင် ဓားများ၊ ဓါးရှည်များဖြင့်၊ ၎င်းတို့သည် ဘုရားသခင်ကို "အမြစ်ဖြတ်ချေမှုန်း" ရန် စစ်ပွဲအခင်းအကျင်းဖြင့် မိမိတို့ကိုယ်ကိုယ် စီမံကြလေသည်။ ဘုရားသခင်မရှိဟု လူသားသည် စဉ်ဆက်မပြတ် သွန်သင်ခြင်းခံရသည့်နေရာ၊ ရုပ်တုဆင်းတုများ ပျံ့နှံ့သည့်နေရာဖြစ်သည့် ဤနတ်ဆိုး၏ နယ်မြေအနှံ့ရှိ အားလုံးနှင့် အပေါ်လေထုသည် မီးလောင်နေသော စာရွက်များနှင့် အမွှေးနံ့သာတို့၏ ညှီစို့စို့အနံ့ဖြင့် စိမ့်ဝင်ပျံ့နှံ့နေပြီး ထိုအနံ့မှာ အသက်ရှူရကျပ်စေသည်အထိ အလွန်ပင်ထူထပ်ပေသည်။ ယင်းမှာ အဆိပ်ရှိသော မြွေ၏ ထွန့်ထွန့်လူးခြင်းဖြင့် လေနှင့်ပါလာသည့် အနည်အနှစ်တို့၏ အနံ့ဆိုးကဲ့သို့ဖြစ်သည်မှာ မပျို့အန်ဘဲ

မနေနိုင်သည်အထိ ဖြစ်သည်။ ဤအရာအပြင်၊ ဝေးကွာလှသော ငရဲမှ လာသည်ဟု ထင်ရသော အသံတစ်ခုဖြစ်သည့်၊ ကျမ်းစာများကို သံပြိုင်ရွတ်ဆိုနေကြသည့် ဆိုးယုတ်သော မကောင်းဆိုးဝါးများ၏ အသံကို ယဲ့ယဲ့ကြားရသည်မှာ ကျောမချမ်းဘဲမနေနိုင်သည်အထိ ဖြစ်သည်။ နယ်မြေကို ကာမဂုဏ်အာရုံ သာယာကြည်နူးမှု လောကကြီးတစ်ခုအဖြစ် ပြောင်းလဲသွားစေလျက်၊ ဤနယ်မြေထဲက နေရာတိုင်းတွင် သက်တံရောင်စုံရှိသည့် ရုပ်တုဆင်းတုများ ထားရှိသော်လည်း၊ နတ်ဆိုးများ၏ ရှင်ဘုရင်သည် ၎င်း၏ ယုတ်မာသော အကြံအစည် အောင်မြင်သွားသည့်အလား ကောက်ကျစ်စဉ်းလဲစွာ ရယ်မောပြီးရင်း ရယ်မောနေပေသည်။ ထိုအချိန်အတောအတွင်းတွင်၊ လူသားသည် လုံးဝ သတိမမူမိသကဲ့သို့ အသိမဲ့လာပြီး ရှုံးနိမ့်မှုဖြင့် သူ၏ဦးခေါင်း ငိုက်စိုက်ကျသည့် အခြေအနေအထိ နတ်ဆိုးက သူ့ကို ဖျက်ဆီးနှင့်ပြီးဖြစ်သည်ကို သူသည် မည်သည့် အရိပ်အမြွက်မျှ မသိပေ။ ၎င်းသည် ဘုရားသခင်နှင့်ပတ်သက်သည့် အရာတိုင်းကို တစ်ချက်တည်းနှင့် ရှင်းလင်းဖယ်ရှားရန်နှင့် ဘုရားသခင်ကို နောက်တစ်ဖန် ဖျက်ဆီးရမ်းကားပြီး လုပ်ကြံသတ်ဖြတ်ရန် ဆန္ဒရှိလေသည်။ ၎င်းသည် ဘုရားသခင်၏အမှုကို ဖြိုဖျက်ရန်နှင့် နှောင့်ယှက်ရန် ကြံစည်လေသည်။ ၎င်းသည် ဘုရားသခင်ကို တန်းတူအဆင့်အတန်း ဖြစ်ရန် အဘယ်သို့အခွင့်ပြုနိုင်မည်နည်း။ ကမ္ဘာမြေပေါ်တွင် လူတို့အကြား ၎င်း၏အလုပ်ကို ဘုရားသခင် “ဝင်ရောက်စွက်ဖက်ခြင်း” ကို ၎င်းသည် အဘယ်သို့ သည်းခံနိုင်မည်နည်း။ ၎င်း၏ အကျည်းတန်သော မျက်နှာကို ဖော်ထုတ်ရန် ဘုရားသခင်အား အဘယ်သို့နှင့် ခွင့်ပြုနိုင်မည်နည်း။ ၎င်း၏ အလုပ်ကို ဘုရားသခင်က ကစဉ့်ကလျားဖြစ်စေရန် ၎င်းသည် အဘယ်သို့ ခွင့်ပြုနိုင်မည်နည်း။ ဒေါသဖြင့် ယမ်းပုံမီးကျဖြစ်နေသော ဤနတ်ဆိုးသည် ကမ္ဘာမြေပေါ် ရှိ ၎င်း၏ အင်ပါယာနန်းတော်အပေါ် ဘုရားသခင်အား ထိန်းချုပ်ခွင့် အဘယ်သို့ ပေးနိုင်မည်နည်း။ ၎င်းထက် သာလွန်သော ကိုယ်တော်၏အင်အားကို ၎င်းသည် ဘယ်သို့ လိုလိုလားလား ဦးညွှတ်နိုင်မည်နည်း။ ၎င်း၏ အကျည်းတန်းသော မျက်နှာသည် အဖြစ်ကိုအဖြစ်အတိုင်း ဖော်ထုတ်ခံရပြီးဖြစ်သည်၊ သို့ဖြစ်၍ လူတစ်ဦးအနေဖြင့် ရယ်ရမည်၊ ငိုရမည်ဆိုသည်ကို မသိသကဲ့သို့ ယင်းသည် ပြောဆိုဖို့ရန် အမှန်တကယ် ခက်ခဲလေသည်။ ဤသည်မှာ ၎င်း၏ အနှစ်သာရဖြစ်သည် မဟုတ်လော။ အကျည်းတန်သော ဝိညာဉ်ဖြင့်၊ ၎င်းသည် မယုံနိုင်လောက်အောင်ပင် လှပသည်ဟု ၎င်းက ယုံကြည်ဆဲဖြစ်သည်။ ပြစ်မှုထဲက ဤကြံရာပါ? အုပ်စု။ ကမ္ဘာလောကသည် ပြောင်းလဲလွယ်ပြီး မတည်တံ့သော နေရာဖြစ်လာကာ၊ လူသား၏ နှလုံးသားသည် ကြောက်လန့်မှုနှင့် စိုးရိမ်ပူပန်မှုတို့ဖြင့် ပြည့်သည်အထိ ၎င်းတို့သည် အမှုအရာများကို အလွန် မွှေနှောက်ကြလျက်၊ ၎င်းတို့သည် အပျော်အပါး၌ မွေ့လျော်ရန်နှင့် ရုတ်ရုတ်သဲသဲဖြစ်စေဖို့ သေမျိုးဖြစ်သော

နယ်ပယ်ထဲသို့ ဆင်းသက်လာကာ၊ ၎င်းတို့သည် လူသားကို အလွန်ကစားခဲ့ကြသည်မှာ လူသား၏ သွင်ပြင်သည် အလွန့်အလွန် အကျည်းတန်လျက် စိုက်ကွင်း၏ လူမဆန်သော သားရဲတစ်ကောင်၏ သွင်ပြင်ဖြစ်လာပြီးဖြစ်ကာ၊ ယင်းမှ မူလက သန့်ရှင်းသောလူ၏ နောက်ဆုံး အရိပ်အယောင်သည် ပျောက်ဆုံးသွားပြီးဖြစ်သည်။ ထို့အပြင်၊ ၎င်းတို့သည် ကမ္ဘာမြေပေါ်တွင် အချုပ်အခြာအာဏာကို သိမ်းပိုက်ရန်ပင် ဆန္ဒရှိကြ၏။ ၎င်းတို့သည် ဘုရားသခင်၏ အမှုကို အလွန် ပိတ်ဆို့ကြသည်မှာ အရှေ့သို့ နည်းနည်းမျှ တိုးရန် အနိုင်နိုင်ဖြစ်ပြီး၊ ၎င်းတို့သည် လူသားကို ကြေးနီနှင့် သံမဏိတံတိုင်းများတမျှ တင်းကျပ်စွာ ပိတ်ထား၏။ များစွာသော ဆိုးရွားသည့် အပြစ်များကို ကျူးလွန်ပြီး များစွာသော ကပ်ဘေးဒုက္ခများ ဖြစ်စေပြီးနောက်၊ ၎င်းတို့သည် ပြစ်တင်ဆုံးမခြင်းမှလွဲ၍ အခြားတစ်စုံတစ်ရာကို မျှော်လင့်နေကြသေး သလော။ မကောင်းဆိုးဝါးများနှင့် ဆိုးယုတ်သော ဝိညာဉ်များသည် ကမ္ဘာမြေပေါ်၌ အချိန်ကာလတစ်ခုကြာအောင် ဒေါသတကြီး လျှောက်ရမ်းနေခဲ့ပြီး ဘုရားသခင်၏အလိုနှင့် အပင်ပန်းခံ အားထုတ်မှုတို့ကို ပိတ်ပင်ထားခဲ့သည်မှာ ၎င်းတို့သည် ထွင်းဖောက် မရနိုင်ပေ။ အမှန်ပင်၊ ဤသည်မှာ သေထိုက်သော အပြစ်ပါတကား။ ဘုရားသခင်သည် အဘယ်သို့ မစိုးရိမ်ဘဲနှင့် နေနိုင်မည်နည်း။ ဘုရားသခင်သည် အဘယ်သို့ အမျက်ဒေါသမထွက်ဘဲ နေနိုင်မည်နည်း။ ၎င်းတို့သည် ဘုရားသခင်၏အမှုကို ဆိုးရွားစွာ တားဆီးပြီး ဆန့်ကျင်ခဲ့ကြသည်။ ပုန်ကန်လိုက်လေတကား။ မကောင်းဆိုးဝါး ကြီးငယ်တို့သည်ပင် ခြသေ့်နောက် ထပ်ကျပ်မခွာလိုက်သည့် ခွေးအများကဲ့သို့ ပြုမူကြပြီး ၎င်းတို့ သွားကြသည်နှင့်အမျှ အတားအဆီးများကို ဖန်တီးရင်း ဆိုးယုတ်သော ရေစီးကြောင်းနောက် လိုက်ကြလေသည်။ သမ္မာတရားကို သိလျက်၊ ၎င်းတို့သည် သမ္မာတရားကို တမင်သက်သက် ဆန့်ကျင်ကြသည်၊ အဓမ္မလူများပါတကား။ ဤသည်မှာ ယခုတွင် ၎င်းတို့၏ ငရဲဘုရင်သည် မင်းမြောက်ပလ္လင်သို့ တက်ကြွခဲ့ပြီး ၎င်းတို့သည် အခြားသူများ အားလုံးကို အထင်အမြင်သေးခြင်းဖြင့် ဆက်ဆံရင်း ဘဝင်ခိုက် လာကြပြီး မိမိဘာသာ အားရကျေနပ်လာကြသည့်အလား ဖြစ်သည်။ ၎င်းတို့ထဲတွင် မည်မျှသည် သမ္မာတရားကို ရှာဖွေပြီး ဖြောင့်မတ်ခြင်းတရားကို လိုက်လျှောက်ကြသနည်း။ ၎င်းတို့ အားလုံးသည် ဘဝင်ခိုက်ကာ ကိုယ်ကျောကိုယ်သပ်ခြင်းဖြင့် ၎င်းတို့၏ ဦးခေါင်းများကို လှုပ်ယမ်းရင်းနှင့် ဒုက္ခပြဿနာမျိုးစုံကို လှုံ့ဆော်ရင်း၊ ဝက်များနှင့် ခွေးများထက် သာ၍မကောင်းသည့် နောက်ချေးပုံအလယ်တွင် နံဟောင်သော ယင်ကောင်တစ်အုပ်ကို ဦးဆောင်သော သားရဲများ ဖြစ်ကြသည်။ ၎င်းတို့သည် မိမိတို့ ကိုယ်တိုင်က နံဟောင်သော ယင်ကောင်များထက် မပိုသည်ကို မသိသလောက်ဖြစ်လျက်၊ ၎င်းတို့၏ ငရဲဘုရင်သည်

အားလုံးထဲမှ အကြီးမြတ်ဆုံးသော ရှင်ဘုရင်ဖြစ်သည်ဟု ယုံကြည်ကြလေသည်။ သို့သော်လည်း ၎င်းတို့သည် ဘုရားသခင်၏ တည်ရှိခြင်းကို အပုပ်ချဖို့ မိမိတို့၏မိဘများအဖြစ် ရှိနေကြသည့် ဝက်များနှင့် ခွေးများ၏ တန်ခိုးအာဏာကို အသုံးချကြသေးသည်။ အလွန်သေးငယ်သော ယင်ကောင်များအနေဖြင့်၊ ၎င်းတို့သည် ၎င်းတို့၏မိဘများကို သွားရှိသော ဝေလငါးများ၏ တမျှ ကြီးမားသည်ဟု ထင်မြင်ကြသည်။ ၎င်းတို့ကိုယ်တိုင်က သေးငယ်လှသော်လည်း၊ ၎င်းတို့၏မိဘများမှာ ၎င်းတို့ထက် အဆသန်းရာပေါင်းများစွာ သာ၍ကြီးမားသော မသန့်ရှင်းသည့် ဝက်များနှင့်ခွေးများ ဖြစ်သည်ကို မသိသလောက် ဖြစ်သည်။ မိမိတို့ကိုယ်တိုင်၏ နိမ့်ကျခြင်းကို သတိမမူဘဲလျက်၊ ၎င်းတို့သည် အနာဂတ်မျိုးဆက်များကို ပေါက်ပွားစေရန် အချည်းနှီး စဉ်းစားရင်း၊ အရှက်ရခြင်းကို သတိမမူဘဲ ဒေါသတကြီး လျှောက်ရမ်းဖို့ ထိုဝက်များနှင့် ခွေးများမှ ထွက်သော ပုပ်ပွသည့် အနံ့ဆိုးအပေါ် အားထားလေသည်။ ၎င်းတို့၏ ကျောပေါ်တွင် တောင်ပံစိမ်းများဖြင့်၊ (ဤသည်မှာ ဘုရားသခင်ကို ယုံကြည်သည်ဟု ၎င်းတို့ အခိုင်အမာဆိုခြင်းကို ရည်ညွှန်း၏)၊ ၎င်းတို့သည် သွေးနားထင်ရောက်ကြပြီး၊ နေရာတကာတွင် မိမိတို့၏ အလှတရားနှင့် ဆွဲဆောင်မှုတို့ကို ကြွားဝါကြသော်လည်း၊ မိမိတို့ ကိုယ်တိုင်၏ ခန္ဓာကိုယ်များပေါ်က မစင်ကြယ်မှုများကို လူသားအပေါ်သို့ လျှို့ဝှက်စွာ ပစ်ကြလေသည်။ ထို့အပြင်၊ ၎င်းတို့ကိုယ်တိုင်၏ မစင်ကြယ်မှုများကို ဖုံးကွယ်ရန် သက်တံရောင် တောင်ပံတစ်စုံကို ၎င်းတို့ အသုံးပြုနိုင်ကြသည့်အလား၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ်နှင့်ပတ်သက်၍ အလွန့်အလွန် ကျေနပ်နေကြပြီး၊ ဤနည်းများဖြင့် ၎င်းတို့သည် စစ်မှန်သော ဘုရားသခင်၏ တည်ရှိခြင်းအပေါ် သူတို့၏ ဖိနှိပ်ခြင်းကို ယူဆောင်လာကြလေသည် (ဤသည်မှာ ဘာသာရေးလောကထဲက ဖြစ်အင်များနောက်ကွယ်တွင် ဖြစ်နေသည့်အရာကို ရည်ညွှန်းသည်)။ ယင်ကောင်တစ်ကောင်၏ တောင်ပံများသည် နှစ်သက်ကြည်နူးဖွယ် လှပသလောက်၊ ယင်ကောင်ကိုယ်၌ကမူ နောက်ဆုံးတွင် အညစ်အကြေးများ နှင့်ပြည့်သော ဝမ်းဗိုက်နှင့် ရောဂါပိုးများနှင့် ဖုံးလွှမ်းနေသည့် ခန္ဓာကိုယ်ဖြင့် သေးငယ်သည့် သတ္တဝါတစ်ကောင်ထက် ဘာမျှ မပိုသည်ကို လူသားသည် မည်သို့သိမည်နည်း။ မိဘများအနေဖြင့် ၎င်းတို့၌ရှိကြသည့် ဝက်များနှင့်ခွေးများ၏ ခွန်အားကိုမှီ၍၊ ၎င်းတို့သည် နယ်မြေတစ်လျှောက် ၎င်းတို့၏ ကြမ်းကြုတ်ရက်စက်မှုတွင် အထိန်းအကွပ်မဲ့လျက် ဒေါသတကြီး ပတ်ရမ်းကြလေသည် (ဤသည်မှာ စစ်မှန်သောဘုရားသခင်နှင့် သမ္မာတရားကို ပုန်ကန်ဖို့ ဘုရားသခင်ကို နှိပ်စက်ညှဉ်းပန်းသည့် ဘာသာရေး အရာရှိများက တိုင်းနိုင်ငံအစိုးရ၏ အားကောင်းသော အထောက်အပံ့ကို အမှီပြုသည့် နည်းလမ်းကို ရည်ညွှန်း၏)။ ယင်းမှာ ယုဒလူမျိုး ဖာရိရှဲတို့၏

တစ္ဆေများသည် ဘုရားသခင်နှင့်အတူ အဆင်းနီသော နဂါးကြီး၏ တိုင်းနိုင်ငံ၊ ၎င်းတို့၏
အသိုက်ဟောင်းဆီသို့ ပြန်လာကြခဲ့သည့်အလား ဖြစ်သည်။ ၎င်းတို့သည် လွန်ခဲ့သော
နှစ်ထောင်ပေါင်း အချို့က ၎င်းတို့၏ အလုပ်ကို ပြန်လည်လုပ်ကိုင်ရင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း
နောက်တစ်လှည့်ကို စတင်ကြပြီ ဖြစ်သည်။ ဤအကျင့်ပျက်အုပ်စုသည် အဆုံးတွင်
ကမ္ဘာမြေပေါ်၌ ပျက်စီးကြဖို့ သေချာ၏။ နှစ်ထောင်ပေါင်းအချို့ကြာပြီးနောက်၊ မသန့်ရှင်းသော
ဝိညာဉ်များသည် သာ၍ပင် ကောက်ကျစ်လာပြီး လှည့်ဖြားတတ်လာပုံ ရလေသည်။
၎င်းတို့သည် ဘုရားသခင်၏ အမှုကို တိတ်တဆိတ် လျော့ပါးစေဖို့ နည်းလမ်းများကို
စဉ်ဆက်မပြတ် တွေးတော နေကြသည်။ လှည့်စားမှုများနှင့် မာယာပေါများစွာဖြင့်၊
၎င်းတို့သည် ဘုရားသခင်ကို အော်ဟစ်လုနီးပါးဖြစ်သည်အထိ ဆွပေးရင်း၊ လွန်ခဲ့သော
နှစ်ထောင်ပေါင်းအချို့က အဖြစ်ဆိုးကို ၎င်းတို့၏ မွေးရပ်ဌာနေတွင် ပြန်လည်လုပ်ဆောင်ရန်
ဆန္ဒရှိကြလေသည်။ ၎င်းတို့ကို အမြစ်ဖြတ်သုတ်သင်ခြင်းငှာ ဘုရားသခင်သည်
တတိယကောင်းကင်ဘုံသို့ ပြန်ကြွမသွားဖို့ရန် မိမိကိုယ်ကိုယ် မနည်းထိန်းနေရ၏။ လူသားသည်
ဘုရားသခင်ကို ချစ်ရန်အတွက်၊ သူသည် ဘုရားသခင်၏ အလိုကို သဘောပေါက်ရမည်၊
သူ၏ဝမ်းမြောက်မှုများနှင့် ဝမ်းနည်းခြင်းများကို သိရှိရမည်ဖြစ်ပြီး၊ သူစက်ဆုပ်သည့်အရာ
မည်သည့်အရာဖြစ်သည်ကို နားလည်ရမည် ဖြစ်သည်။ ဤအရာကို လုပ်ဆောင်ခြင်းသည်
လူသား၏ ဝင်ရောက်ခြင်းကို သာ၍ စေ့ဆော်လိမ့်မည်။ ဘုရားသခင်၏ အလိုဆန္ဒ
အောင်မြင်ခြင်းသို့ ရောက်ရှိနိုင်ဖို့အလို့ငှာ၊ လူသား၏ ဝင်ရောက်မှု မြန်ဆန်လေလေ၊
ဘုရားသခင်၏ အလိုသည် မြန်မြန် ဖြည့်ဆည်းခံရလေလေ ဖြစ်ပြီး၊ လူသားသည် နတ်ဆိုးတို့၏
ရှင်ဘုရင်ကို ရှင်းလင်းစွာ ရိပ်စားမိလေလေ ဖြစ်ကာ ဘုရားသခင်ထံ ချဉ်းကပ်လေလေ
ဖြစ်သည်။

အောက်ခြေမှတ်စု(များ)-

၁။ လူတို့အနေဖြင့် မိမိတို့၏ အသိပညာ၊ ယဉ်ကျေးမှုနှင့် ဝိညာဉ်ရေးရာ အမြင်များ တင်းကျပ်လွန်းသည်ကို ဆိုလိုရင်း၊ "မပျက်စီးနိုင်သောအရာ" ကို ဤနေရာတွင် သရော်သည့်စကားအဖြစ် ရည်ရွယ်သည်။

၂။ "ပညတ်တရား လက်လှမ်းမမီသည့်ပြင်ပတွင် လွတ်လွတ်လပ်လပ် သွားလာစဉ်တွင်" ဆိုသည်မှာ နတ်ဆိုးက ဒေါသပေါက်ကွဲပြီး လျှောက်ရမ်းသည်ကို ဖော်ညွှန်းပါသည်။

၃။ "လုံးလုံး ဖရိုဖရဲ" ဆိုသည်မှာ မာရ်နတ်၏ ကြမ်းကြုတ်သော အပြုအမူသည် မြင်ရန် မခံမရပ်နိုင်စရာ ဖြစ်ပုံကို

ရည်ညွှန်းသည်။

၄။ "ပွန်းပဲ့ကာ ရိုက်ချိုးခံရပြီး" ဆိုသည်မှာ နတ်ဆိုးတို့၏ရှင်ဘုရင်၏ အကျည်းတန်သော မျက်နှာကို ရည်ညွှန်းသည်။

၅။ "အန်စာတစ်ချက်ပစ်ကာ အရာရာကို လောင်းကြေးထပ်ရင်း" ဆိုသည်မှာ နောက်ဆုံးတွင် အနိုင်ရခြင်းငှာ မျှော်လင့်ချက်များဖြင့် လောင်းကြေးတစ်ခုတွင် မိမိ၏ ရှိသမျှငွေကို ပုံအောခြင်းဟု ဆိုလိုသည်။ ဤသည်မှာ နတ်ဆိုး၏ မကောင်းသည့် ယုတ်မာသော အကြံအစည်များအတွက် တင်စားမှုတစ်ခု ဖြစ်သည်။ ဤစကားအသုံးအနှုန်းကို သရော်သည့်အနေဖြင့် သုံးထားပေသည်။

၆။ "ဝါးမျို" ဆိုသည်မှာ လူတို့ကို အလုံးစုံ အဓမ္မပြုသော နတ်ဆိုးတို့ ရှင်ဘုရင်၏ ကြမ်းကြုတ်သည့် အပြုအမူကို ရည်ညွှန်းသည်။

၇။ "ပြစ်မှုထဲက ဤကြံရာပါ" ဆိုသည်မှာ "လူရမ်းကားတစ်သိုက်" နှင့် အမျိုးအစားတူသည်။

၈။ "ဒုက္ခပြဿနာမျိုးစုံကို လှုံ့ဆော်ရင်း" ဆိုသည်မှာ မာရ်နတ်နှင့်ဆိုင်သော လူတို့သည် ဘုရားသခင်၏ အမှုကို ဟန့်တားကာ ဆန့်ကျင်ရင်း မည်သို့ သောင်းကျန်းကြမ်းတမ်းပုံကို ရည်ညွှန်းသည်။

၉။ "သွားရှိသော ဝေလငါးများ" ဆိုသည်မှာ သရော်သည့်အနေဖြင့် သုံးထားခြင်း ဖြစ်သည်။ ယင်ကောင်များသည် သေးငယ်လွန်းလှသည်မှာ ဝက်များနှင့် ခွေးများသည် ၎င်းတို့အတွက် ဝေလငါးများတမျှ ကြီးမားပုံကို တင်စားခြင်း ဖြစ်သည်။

က။ စာအုပ်လေးအုပ်နှင့် ဂန္ထဝင်ကျမ်းငါးကျမ်းတို့သည် တရုတ်နိုင်ငံတွင် အားထားရသော ကွန်ဖြူးရှပ်ဝါဒ စာအုပ်များဖြစ်သည်။

# အမှုတော်နှင့် ဝင်ရောက်ခြင်း (၈)

၎င်းတို့၏ ကြီးမားသည့် စိတ်ဒဏ်ရာ ခံစားရပြီးဖြစ်သော နှလုံးသား ပြုပြင်ခံရပြီး၊ ထိုသို့ဖြင့် မကောင်းမှုဒုစရိုက်၏ အကြီးအကျယ် ထိခိုက်နစ်နာစေခြင်း ခံရပြီးဖြစ်သော ၎င်းတို့၏ ဝိညာဉ်ကို ကယ်နုတ်သည်အထိ လူအသီးသီး၏ စိတ်ဝိညာဉ်ကို ပြုပြင်ရန်၊ လူအသီးသီး၏ စိတ်ဝိညာဉ်ကို ပြောင်းလဲရန်အလို့ငှာ နောက်ဆုံးသော ကာလ ဘုရားသခင်၏ အမှုကို လုပ်ဆောင်ခြင်း ဖြစ်သည်ဟု ကြိမ်ဖန်များစွာ ငါပြောဆိုပြီးဖြစ်သည်။ ယင်းမှာ လူတို့၏ စိတ်ဝိညာဉ်များကို နိုးထစေရန်၊ ၎င်းတို့၏ အေးစက်သော နှလုံးသားများကို အရည်ပျော်

ကျစေရန်နှင့် ၎င်းတို့အား အားသစ်လောင်းခံရခွင့် ပေးရန်အလို့ငှာ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အကြီးမြတ်ဆုံးသော အလို ဖြစ်သည်။ လူသား၏ အသက်တာနှင့် အတွေ့အကြုံများ မည်မျှ မြင့်မားသည်၊ သို့မဟုတ် မည်မျှ နက်နဲသိမ်မွေ့သည်ဆိုသည်ကို ပြောဆိုခြင်းအား ဘေးဖယ်ထားလော့။ လူတို့၏ နှလုံးသားများ နိုးကြားစေခြင်း ခံရပြီးသောအခါ၊ ၎င်းတို့၏ အိပ်မက်များမှ ၎င်းတို့ နိုးထစေခြင်း ခံရပြီး အဆင်းနီသော နဂါးကြီးက ဖြစ်ပေါ်စေသည့် အန္တရာယ်ကို အပြည့်အဝ ကောင်းစွာ သိရှိကြသည့်အခါတွင်၊ ဘုရားသခင်၏ အမှုတော်နှင့်ဆိုင်သည့် အမှု ပြီးစီးပြီး ဖြစ်လိမ့်မည်။ ဘုရားသခင်၏အမှု ပြီးဆုံးသည့် နေ့ရက်သည် လူသားက ဘုရားသခင်အား ယုံကြည်ခြင်း၏ မှန်ကန်သောလမ်းကြောင်းပေါ်သို့ တရားဝင် စတင်သောနေ့ရက်လည်း ဖြစ်သည်။ ဤအချိန်တွင် ဘုရားသခင်၏ အမှုတော်သည် အဆုံးသတ်သို့ ရောက်လာပြီး ဖြစ်လိမ့်မည်- ဘုရားသခင် လူ့ဇာတိခံယူသော အမှုသည် လုံးလုံး ပြီးဆုံးသွားပြီး ဖြစ်လိမ့်မည်ဖြစ်ပြီး လူသားသည် သူ ဆောင်ရွက်သင့်သည့် တာဝန်ကို တရားဝင် စတင် ဆောင်ရွက်လိမ့်မည်— လူသားသည် သူ၏ အမှုတော်ကို ထမ်းဆောင်လိမ့်မည်။ ဤသည်တို့မှာ ဘုရားသခင် အမှု၏ အဆင့်များ ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ဤအရာများကို သိခြင်းနှင့်ဆိုင်သည့် အခြေခံအုတ်မြစ်အပေါ်တွင် အသင်တို့၏ ဝင်ရောက်ရန် လမ်းကြောင်းကို စမ်းတဝါးဝါး ရှာသင့်သည်။ ဤအရာအားလုံးသည် သင်တို့ နားလည်သင့်သည့်အရာ ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် မကောင်းဆိုးဝါးများ စုစည်းရာ ဤနေရာမှ- ရွေးနုတ်ခံရပြီးဖြစ်သည့်၊ အမှောင်အင်အားစုများ အောက်တွင် အသက်ရှင်ဆဲ ဖြစ်သကဲ့သို့ မိမိကိုယ်ကိုယ် မည်သည့်အခါတွင်မျှ မလှုံ့ဆော်ဖူးသည့်- လူသား၏ ပြည့်စုံသည့် ကယ်တင်ခြင်း ဖြစ်သည့်အတွက်၊ လူသား၏ ဝင်ရောက်ခြင်းသည် သူ၏ နှလုံးသား နက်နက်အတွင်း အပြောင်းအလဲများ ဖြစ်ပေါ် ပြီးသည့်အခါမှသာ တိုးတက်ပေလိမ့်မည်။ ယင်းမှာ အဆင်းနီသော နဂါးကြီးကို လုံးလုံး အလဲထိုးရင်း၊ ဘုရားသခင်၏ နိုင်ငံတော်ကို တည်ထောင်ကာ ဘုရားသခင်၏ စိတ်နှလုံးကို ဆောလျင်စွာ အနားယူစေရင်း၊ လူသည် နှစ်ပေါင်းထောင်ချီသည့် အပြစ်မှ လွတ်မြောက်ပြီး ဘုရားသခင်၏ ချစ်မြတ်နိုးခြင်း ခံရရန်အလို့ငှာ ဖြစ်သည်။ ယင်းသည် သင်တို့၏ ရင်ဘတ်ကို ဖောင်းကြွစေသော အမုန်းတရားကို မခွင်းမချန် ရင်ဖွင့်ရန်၊ ထိုမှိုတက်နေသော ရောဂါပိုးများကို အမြစ်ပြတ် သုတ်သင်ရှင်းလင်းရန်၊ နွားထီး သို့မဟုတ် မြင်းတစ်ကောင်၏ ဘဝနှင့် ခြားနားခြင်းမရှိသည့် ဤဘဝကို သင်တို့အား စွန့်ခွာခွင့်ပေးရန်၊ နောက်ထပ် ကျွန်တစ်ဦး မဖြစ်တော့ရန်၊ အဆင်းနီသော နဂါးကြီး၏ စိတ်ကြိုက် နင်းခြေခြင်းနှင့် အမိန့်ပေး စေခိုင်းခြင်း မခံရတော့ရန်

ဖြစ်သည်။ သင်တို့သည် ဤကျရှုံးသော တိုင်းနိုင်ငံနှင့် သက်ဆိုင်တော့မည် မဟုတ်၊ သင်တို့သည် အလွန်ယုတ်မာသည့် အဆင်းနီသော နဂါးကြီးနှင့် သက်ဆိုင်တော့မည် မဟုတ်သကဲ့သို့ ယင်း၏ ကျွန်ပြုခြင်းလည်း ခံရတော့မည် မဟုတ်ပေ။ မကောင်းဆိုးဝါးများ၏ အသိုက်သည် ဘုရားသခင်၏ အပိုင်းပိုင်း ဆုတ်ဖြဲခြင်းကို ဧကန်မုချ ခံရလိမ့်မည်ဖြစ်ပြီး သင်တို့သည် ဘုရားသခင်၏ နံဘေးတွင် ရပ်ရကြလိမ့်မည်— သင်တို့သည် ဘုရားသခင်နှင့် သက်ဆိုင်ကြပြီး ဤကျွန်များ၏ အင်ပါယာနှင့် မသက်ဆိုင်ကြပေ။ ဘုရားသခင်သည် ကြာမြင့်စွာကတည်းက ဤအမှောင် လူမှုအဖွဲ့အစည်းကို သူ၏ အရိုးများထိတိုင် စက်ဆုပ်ရွံရှာပြီး ဖြစ်သည်။ ဘုရားသခင်သည် အံသွားခဲကြိတ်သည်၊ ဤဆိုးယုတ်သည့် အလွန်ယုတ်မာသော မြွေအိုအနေဖြင့် တစ်ဖန် လုံးဝ မထကြွဖို့ရန်နှင့် လူသားကို တစ်ဖန် လုံးဝ မနှိပ်စက်ရန်အလို့ငှာ၊ ယင်းအပေါ် သူ၏ ခြေများကိုချဖို့ စိတ်ထက်သန်လေသည်။ ဘုရားသခင်သည် ယင်း၏ အတိတ်က လုပ်ရပ်များကို ခွင့်လွှတ်မည်မဟုတ်၊ လူသားအား ၎င်း၏ လှည့်ဖြားမှုကို သည်းခံလိမ့်မည် မဟုတ်သကဲ့သို့ ခေတ်ကာလများ တစ်လျှောက် ၎င်း၏ အပြစ် တစ်ခုစီတိုင်းအတွက် ဆပ်ပေးစေလိမ့်မည်။ ဘုရားသခင်သည် ဆိုးညစ်မှုအားလုံး၏ ဤခေါင်သူကြီးအား[၁] စိုးစဉ်းမျှ အသက်ရှူချောင်ခွင့် ပေးလိမ့်မည်မဟုတ်၊ သူသည် ၎င်းကို လုံးလုံးလျားလျား ဖျက်ဆီးလိမ့်မည်။

နှစ်ပေါင်းထောင်ချီကြာ ဤသည်မှာ ညစ်ညူးခြင်း၏ နယ်မြေ ဖြစ်လေပြီ။ ယင်းသည် မခံမရပ်နိုင်လောက်အောင် ညစ်ပတ်ပေရေသည်၊ စိတ်ဆင်းရဲမှုက ပိတ်ဆီးထားသည်၊ တစ္ဆေများသည် လှည့်စားရင်းနှင့် လှည့်ဖြားရင်း၊ အခြေအမြစ် မရှိသော စွပ်စွဲချက်များ ပြုရင်း၊ အကြင်နာမဲ့ကာ ရက်စက်ကြမ်းကြုတ်လျက်၊ ဤတစ္ဆေမြို့အား နင်းခြေရင်းနှင့် ယင်းကို အသေကောင်များဖြင့် ပြန့်ကျဲနေစေရစ်လျက်၊ နေရာတကာတွင် ထကြွသောင်းကျန်းကြလေသည်။ ယိုယွင်းပျက်စီးခြင်း၏ အပုပ်နံ့သည် နယ်မြေကို ဖုံးလွှမ်းပြီး လေထုတွင် စိမ့်ဝင်ပျံ့နှံ့ကာ၊ ယင်းသည် အလွန်အကျွံ စောင့်ကြပ်ခြင်းခံရ၏။[၂] မိုးကောင်းကင်များ အလွန်ရှိ လောကကြီးအား မည်သူ မြင်နိုင်သနည်း။ နတ်ဆိုးသည် လူသား၏ ခန္ဓာကိုယ် တစ်ခုလုံးကို တင်းကျပ်စွာ တုပ်နှောင်ထားသည်၊ သူ၏ မျက်လုံးနှစ်ခုလုံးကို ထုတ်ပစ်ပြီး၊ သူ၏နှုတ်ခမ်းများကို ခိုင်မြဲစွာ စေ့စေ့ပိတ်ထားလေသည်။ နတ်ဆိုးများ၏ မင်းသည် ထိုးဖောက်၍ မရနိုင်သော မကောင်းဆိုးဝါးတို့၏ နန်းတော် တစ်ခုအလား တစ္ဆေမြို့အပေါ် အနီးကပ် စောင့်ကြည့်မြဲစောင့်ကြည့်နေချိန်တွင်၊ နှစ်ထောင်ပေါင်း အချို့ကြာ ယနေ့ထက်ထိ သောင်းကျန်းပြီး ဖြစ်သည်။ ထိုအတောအတွင်းတွင်၊ ဤအစောင့်ခွေးအုပ်စုကို ဘုရားသခင်က ငြိမ်သက်ခြင်းနှင့်

ပျော်ရွှင်ခြင်း နေရာ မရှိဘဲ ဖြစ်စေရစ်လျက်၊ ၎င်းတို့ကို အလစ် ဖမ်းဆီးသွားပြီး ၎င်းတို့အားလုံးအား သုတ်သင်ပယ်ရှင်းမည်ကို အလွန်အမင်း ကြောက်ရွံ့နေကြလျက် စိန်းစိန်းဝါးဝါး ကြည့်သော မျက်လုံးများဖြင့် စိုက်ကြည့်နေကြလေသည်။ ဤသို့သော တစ္ဆေမြို့သားများသည် ဘုရားသခင်အား အဘယ်သို့ မြင်တွေ့ဖူးနိုင်မည်နည်း။ ၎င်းတို့သည် ဘုရားသခင်၏ ကြင်နာခြင်းနှင့် ချစ်မြတ်နိုးဖွယ်ကောင်းခြင်းတို့ကို မွေ့လျော်ဖူးကြသလော။ လူ့လောက၏ အရေးကိစ္စများနှင့် ပတ်သက်၍ ၎င်းတို့သည် မည်သည့် နားလည်မှု ရှိကြသနည်း။ ၎င်းတို့အထဲမှ မည်သူသည် ဘုရားသခင်၏ ထက်သန်သော အလိုကို နားလည်နိုင်သနည်း။ ထိုအခါ လူ့ဇာတိခံယူ ဘုရားသခင်သည် လုံးလုံး ကွယ်ဝှက်လျက် ရှိမြဲရှိနေသည်မှာ သိပ်အံ့သြစရာ မဟုတ်ချေ။ မကောင်းဆိုးဝါးများက အကြင်နာမဲ့ပြီး လူမဆန်သည့် ဤကဲ့သို့သော အမှောင်လူ့အဖွဲ့အစည်းတွင် မျက်တောင် တစ်ချက်မျှ မခတ်ဘဲ လူများကို သတ်သော နတ်ဆိုးတို့၏မင်းသည် ချစ်ခင်ဖွယ်ဖြစ်ပြီး ကြင်နာကာ သန့်လည်းသန့်ရှင်းသော ဘုရားသခင်၏ တည်ရှိမှုကို မည်သို့ သည်းခံနိုင်မည်နည်း။ ဘုရားသခင်၏ ကြွရောက်လာခြင်းကို ၎င်းသည် အဘယ်သို့ ဂုဏ်ပြုကာ သြဘာ ပေးနိုင်မည်နည်း။ ဤလက်ပါးစေတို့။ ၎င်းတို့သည် ကြင်နာခြင်းကို မုန်းတီးခြင်းဖြင့် ပြန်ဆပ်ကြသည်၊ ၎င်းတို့သည် ကြာမြင့်စွာကတည်းက ဘုရားသခင်အား အထင်အမြင်သေးကြပြီးဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင်အား ညှဉ်းပန်းနှိပ်စက်ကြသည်၊ ၎င်းတို့သည် အဆုံးစွန် ရိုင်းစိုင်းကြသည်၊ ၎င်းတို့သည် ဘုရားသခင်ကို အနည်းငယ်မျှ အရေးထားမှု မရှိကြပေ၊ ၎င်းတို့သည် အဓမ္မလုယူကာ လုယက်တိုက်ဖျက်ကြသည်၊ ၎င်းတို့သည် အသိတရား လုံးလုံး ပျောက်ဆုံးကြပြီးဖြစ်သည်၊ အသိတရား အလုံးစုံကို ၎င်းတို့ ဆန့်ကျင်ကြကာ အပြစ်မဲ့သောသူကို အသိစိတ်မဲ့ခြင်းသို့ သွေးဆောင်ကြလေသည်။ ရှေးကာလ၏ ဘိုးဘေး များလော။ ချစ်မြတ်နိုးရသော ခေါင်းဆောင်များလော။ ၎င်းတို့ အားလုံးသည် ဘုရားသခင်အား ဆန့်ကျင်ကြ၏။ ၎င်းတို့၏ ဝင်ရောက်စွက်ဖက်မှုသည် ကောင်းကင်အောက်ရှိ အရာခပ်သိမ်းကို မှောင်မိုက်ခြင်း နှင့် ပရမ်းပတာဖြစ်ခြင်း အခြေအနေတစ်ခုတွင် ချန်ထားပြီးဖြစ်၏။ ဘာသာရေး လွတ်လပ်မှုလော။ နိုင်ငံသားများ၏ တရားဝင် ရပိုင်ခွင့်များနှင့် အကျိုးစီးပွားများလော။ ယင်းတို့သည် အပြစ်ဖုံးကွယ်ခြင်းအတွက် လှည့်စားမှုများသာ ဖြစ်ကြသည်။ ဘုရားသခင်၏ အမှုကို မည်သူ လက်ခံယုံကြည်ပြီနည်း။ ဘုရားသခင်၏ အမှုအတွက် မည်သူသည် ၎င်းတို့၏ အသက်ကို စွန့်လွှတ်ပြီနည်း သို့မဟုတ် အသွေးသွန်းပြီးပြီနည်း။ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်ကြာ၊ မိဘများမှသည် သားသမီးများအထိ၊ ကျွန်ပြုခံရသော လူသားသည် ဘုရားသခင်အား မပြောမဆို ကျွန်ပြုကြပြီး

ဖြစ်သည်— အဘယ်သို့လျှင် ဤအရာသည် အမျက်ဒေါသကို မနှိုးဆော်ဘဲရှိနိုင်မည်နည်း။ နှစ်ထောင်ပေါင်းများစွာကြာသည့် အမုန်းတရားကို နှလုံးသားထဲတွင် စုစည်းထားသည်၊ ထောင်ချီနှစ်ကာလကြာ အပြစ်ရှိခြင်းကို နှလုံးသားထက်တွင် ရေးထွင်းထားသည်— အဘယ်သို့လျှင် ဤအရာသည် စက်ဆုပ်ရွံရှာခြင်းကို မလှုံ့ဆော်ဘဲ ရှိနိုင်မည်နည်း။ ဘုရားသခင်၏ရန်သူကို လုံးဝ ဇီဝိန်ချုပ်စေလျက် ၎င်းအား နောက်ထပ် သောင်းကျန်းခွင့်မပြုတော့သကဲ့သို့၊ ၎င်းဆန္ဒရှိသလောက် ပြဿနာများ နောက်ထပ် ဖန်တီးခွင့် မပေးတော့ဘဲ ဘုရားသခင်အတွက် လက်စားချေကြလော့။ ယခု အချိန်ကျပေပြီ။ ဤမကောင်းဆိုးဝါး၏ အကျည်းတန်သော မျက်နှာကို ဆုတ်ဖြဲဖို့ရန်နှင့် မျက်စိကွယ်စေခြင်း ခံခဲ့ရကာ ဆင်းရဲ ဒုက္ခနှင့် အခက်အခဲမျိုးစုံ ကြံ့ကြံ့ခံရပြီးဖြစ်သည့် လူများကို ၎င်းတို့၏ နာကျင်မှုမှ ထပြီး ဤဆိုးယုတ်သော နတ်ဆိုးအိုအား ကျောခိုင်းခွင့်ပေးရန် လူသားသည် ကြာမြင့်စွာကတည်းက သူ၏ ခွန်အား အားလုံးကို စုစည်းပြီးဖြစ်သည်၊ ဤအရာအတွက် သူ၏ အားထုတ်မှုအားလုံးကို ဆက်ကပ်မြှုပ်နှံပြီးဖြစ်ကာ အဖိုးအခတိုင်းကို ပေးဆပ်ပြီးဖြစ်သည်။ ဘုရားသခင်၏ အမှုအဖို့ ထိုသို့သော ထိုးဖောက်၍ မရနိုင်သည့် အတားအဆီးကို အဘယ်ကြောင့် ထူထောင်ရသနည်း။ ဘုရားသခင်၏ လူစုကို လှည့်ဖြားရန် အဘယ်ကြောင့် အမျိုးမျိုးသော လှည့်ကွက်များကို အသုံးချသနည်း။ စစ်မှန်သော လွတ်လပ်မှု၊ တရားဝင် ရပိုင်ခွင့်နှင့် အကျိုးစီးပွားတို့မှာ အဘယ်မှာနည်း။ တရားမျှတခြင်းကား အဘယ်မှာနည်း။ ကိုယ်စိတ်ချမ်းသာခြင်းကား အဘယ်မှာနည်း။ နွေးထွေးမှုကား အဘယ်မှာနည်း။ ဘုရားသခင်၏ လူများအား လှည့်စားရန် အဘယ်ကြောင့် လှည့်ဖြားတတ်သော အကြံအစည်များကို အသုံးပြုသနည်း။ ဘုရားသခင်၏ ကြွလာခြင်းကို ဖိနှိပ်ရန် အဘယ်ကြောင့် အင်အားသုံးရသနည်း။ ဘုရားသခင်အား သူဖန်ဆင်းခဲ့သည့် ကမ္ဘာမြေကြီးပေါ်တွင် အဘယ်ကြောင့် လွတ်လပ်စွာ သွားလာခွင့်မပြုရသနည်း။ ဘုရားသခင်အား ခေါင်းချစရာ နေရာမရှိသည့်တိုင်အောင် အဘယ်ကြောင့် လိုက်လံဖမ်းဆီးသနည်း။ လူသားတို့ အလယ်တွင် နွေးထွေးမှုကား အဘယ်မှာနည်း။ လူတို့အလယ်တွင် ကြိုဆိုခြင်းကား အဘယ်မှာနည်း။ ဘုရားသခင်၌ ထိုသို့သော အသည်းအသန် တောင့်တခြင်းအား အဘယ်ကြောင့် ဖြစ်စေသနည်း။ ဘုရားသခင်အား အဘယ်ကြောင့် အထပ်ထပ် အော်ခေါ်စေသနည်း။ ဘုရားသခင်အား သူ၏ ချစ်လှစွာသော သားအတွက် စိတ်ပူစေရန် အဘယ်ကြောင့် အတင်းအကျပ် ပြုရသနည်း။ ဤမှောင်မိုက်သော လူ့အဖွဲ့အစည်းတွင် ၎င်း၏ ဆိုးရွားသည့် အစောင့်ခွေးများတို့သည် အဘယ်ကြောင့် ဘုရားသခင်အား သူဖန်ဆင်းခဲ့သည့် ကမ္ဘာလောကအလယ်တွင် လွတ်လပ်စွာ ဝင်ထွက်သွားလာ ခွင့်မပြုရသနည်း။ နာကျင်မှုနှင့် ဆင်းရဲဒုက္ခတို့ အလယ်၌ အသက်ရှင်သော

လူသားသည် အဘယ်ကြောင့် နားမလည်ရသနည်း။ သင်တို့အတွက် ဘုရားသခင်သည် ကြီးစွာသော ညှဉ်းဆဲခြင်းကို ကြံ့ကြံ့ခံပြီးဖြစ်သည်၊ ကြီးစွာသော နာကျင်မှုဖြင့် သူသည် သူ၏ ချစ်လှစွာသောသား၊ သူ၏ အသွေးနှင့် အသားကို သင်တို့အား နှင်းအပ်ပြီးဖြစ်သည်— ထို့ကြောင့် သင်တို့သည် အဘယ်ကြောင့် မသိကျိုးကျွန်ပြုကြသေးသနည်း။ အယောက်တိုင်း၏ သိသာထင်ရှားသော အမြင်တွင်၊ သင်တို့သည် ဘုရားသခင်၏ ကြွရောက်လာခြင်းကို ငြင်းပယ်ကြပြီး ဘုရားသခင်၏ ခင်မင်ရင်းနှီးမှုကို ငြင်းခဲ့ကြ၏။ အဘယ်ကြောင့် သင်တို့သည် အလွန် လွန်လွန်ကဲကဲ ဖြစ်ကြသနည်း။ သင်တို့သည် ဤသို့သော မှောင်မိုက်သည့် လူ့အဖွဲ့အစည်းထဲတွင် မတရားမှုများကို ကြံ့ကြံ့ခံရန် လိုလားနေကြသလော။ နှစ်ထောင်ချီသော မုန်းတီးမှုဖြင့် သင်တို့၏ ဝမ်းဗိုက်များကို ဖြည့်ရမည့်အစား၊ သင်တို့သည် မိမိတို့ကိုယ်မိမိ နတ်ဆိုးတို့မင်း၏"ချေး" နှင့် အဘယ်ကြောင့် သိပ်ထည့်ကြသနည်း။

ဘုရားသခင်၏ အမှုအဖို့ အတားအဆီးများမှာ မည်မျှ ကြီးမားသနည်း။ တစ်ဦးတစ်လေက သိဖူးပါသလော။ အရိုးစွဲနေသည့် အယူသီးသော အသားအရောင်ခွဲခြားမှုဖြင့် ပိတ်လှောင်ခံထားရသည့် လူများကြောင့်၊ အဘယ်သူသည် ဘုရားသခင်၏ စစ်မှန်သော စရိုက်ကို သိကျွမ်းနိုင်စွမ်းရှိသနည်း။ အလွန်တိမ်ပြီး အဓိပ္ပာယ် မရှိသည့် ဤခေတ်နောက်ကျော့သော ယဉ်ကျေးမှုဆိုင်ရာ အသိပညာကြောင့်၊ ၎င်းတို့သည် ဘုရားသခင် ပြောဆိုခဲ့သော နှုတ်ကပတ်တော်များကို အဘယ်သို့ အပြည့်အဝ နားလည်နိုင်ကြမည်နည်း။ ၎င်းတို့အား မျက်နှာချင်းဆိုင် ပြောဆိုပြီး၊ ပါးစပ်ချင်းတေ့ကာ အားဖြည့်ပေးချိန်တွင်ပင်၊ ၎င်းတို့ မည်သို့ နားလည်နိုင်ကြမည်နည်း။ တစ်ခါတစ်ရံတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လျစ်လျူရှုခံရပြီးဖြစ်သည့်အလား ဖြစ်သည်။ လူများသည် တုံ့ပြန်မှု စိုးစဉ်းမျှ မရှိကြပေ၊ ၎င်းတို့၏ ဦးခေါင်းများကို လှုပ်ယမ်းကြပြီး မည်သည့်အရာကိုမျှ နားမလည်ကြချေ။ ဤအရာသည် အဘယ်သို့ စိတ်ပူစရာ မဖြစ်ဘဲ ရှိနိုင်မည်နည်း။ ဤ "အလှမ်းဝေး[၆] သည့်၊ ရှေးကျသော ယဉ်ကျေးမှုဆိုင်ရာ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာ" သည် ထိုသို့သော အသုံးမကျသည့် လူတစ်စုကို ပြုစုပျိုးထောင်ပြီးဖြစ်သည်။ ဤရှေးကျသော ယဉ်ကျေးမှု— အဖိုးတန်သော အမွေအနှစ်— ဆိုသည်မှာ အမှိုက်ပုံတစ်ခုပါတကား။ ယင်းသည် အမြဲ တည်တံ့သော အရှက်တရား တစ်ခု ဖြစ်လာခဲ့သည်မှာ ကြာပြီဖြစ်ပြီး ထုတ်ပြောပြရန် မထိုက်သင့်ပါတကား။ ယင်းသည် လူတို့ကို ဘုရားသခင်အား ဆန့်ကျင်ခြင်းနှင့်ဆိုင်သည့် လှည့်ကွက်များနှင့် နည်းနိဿယများကို သင်ပေးပြီးဖြစ်ကာ၊ အမျိုးသား ပညာရေး၏ "နည်းစနစ်ကျ၍ နူးညံ့သိမ်မွေ့သော လမ်းပြမှု"[၇] သည် လူများကို ဘုရားသခင်အား သာ၍ပင် မနာခံစေပြီး ဖြစ်သည်။ ဘုရားသခင်၏ အမှု အစိတ်အပိုင်း အသီးသီးသည် အလွန့်အလွန်

ခက်ခဲလှပြီး ကမ္ဘာပေါ်က သူ့အမှု၏ အဆင့်အသီးသီးသည် ဘုရားသခင်အား စိတ်သောက ရောက်နေစေပြီးဖြစ်သည်။ ကမ္ဘာပေါ်တွင် သူ၏ အမှုသည် ခက်ခဲလှသည်တကား။ ကမ္ဘာပေါ် ရှိ ဘုရားသခင်၏ အမှုအဆင့်များတွင် ကြီးစွာသော ဆင်းရဲဒုက္ခတို့ ပါဝင်သည်— လူသား၏ အားနည်းချက်၊ ချို့ယွင်းချက်များ၊ ကလေးဆန်မှု၊ မသိနားမလည်မှုနှင့် လူသားနှင့် သက်ဆိုင်သည့် အရာရာတိုင်းအတွက် ဘုရားသခင်သည် စေ့စပ်သေချာသော အစီအစဉ်များနှင့် စဉ်းစဉ်းစားစားလုပ်တတ်သော ထည့်သွင်းစဉ်းစားခြင်းတို့ကို ပြုလုပ်သည်။ လူသားသည် တစ်ဦးတစ်ယောက်က မခံချိမခံသာဖြစ်အောင် မလုပ်ဝံ့ သို့မဟုတ် ရန်မစဝံ့သော စက္ကူကျား တစ်ကောင်ကဲ့သို့ ဖြစ်သည်။ ထိလိုက်ရုံမျှဖြင့် သူသည် ပြန်ကိုက်လေသည်၊ သို့မဟုတ်ပါက လဲကျပြီး မိမိလမ်းကို ပျောက်တော့သည်၊ ယင်းမှာ အာရုံစူးစိုက်မှု အနည်းငယ်မျှ ဆုံးရှုံးလိုက်သည်နှင့် ဒုံရင်း အခြေအနေသို့ ပြန်ရောက်သည့်အလား၊ သို့မဟုတ်ပါက ဘုရားသခင်အား လျစ်လျူရှုသည့်အလား၊ သို့မဟုတ် သူ၏ ဝက်များ၊ ခွေးများနှင့်တူသည့် မိဘများထံသို့ ၎င်းတို့ ခန္ဓာကိုယ်များ၏ မစင်ကြယ်သော အရာများတွင် မွေ့လျော်ရန် ပြေးသွားသည့်အလား ဖြစ်လေသည်။ ကြီးမားသည့် အဟန့်အတားတစ်ခုပါတကား။ သူ၏ အမှု အဆင့်တိုင်းနီးပါးတွင်၊ ဘုရားသခင်သည် သွေးဆောင်ဖြားယောင်းခြင်း ခံရပြီး၊ အဆင့်တိုင်း နီးပါး၌ ကြီးစွာသော အန္တရာယ်ကို ဘုရားသခင် စွန့်စားရင်ဆိုင်ရသည်။ သူ၏ နှုတ်ကပတ်တော်များသည် စစ်မှန်ပြီး၊ ရိုးသားကာ မလိုတမာစိတ် မရှိပေ၊ သို့သော် မည်သူသည် ယင်းတို့ကို လက်ခံရန် လိုလားနေပါသနည်း။ မည်သူသည် အပြည့်အဝ ကျိုးနွံနာခံရန် လိုလားနေပါသနည်း။ ယင်းသည် ဘုရားသခင်၏ နှလုံးသားအား ကြေကွဲစေသည်။ သူသည် လူသားအတွက် နေ့ရောညပါ ပင်ပင်ပန်းပန်းလုပ်ဆောင်သည်၊ လူသား၏ အသက်တာအတွက် သူသည် ပူပန်သောကဖြင့် ပတ်ချာဝိုင်း ခံရပြီး၊ လူသား၏ အားနည်းချက်ကို သူ စာနာလေသည်။ သူ၏ အမှုအဆင့်အတိုင်းတွင် သူသည် သူပြောသော နှုတ်ကပတ်တော်တိုင်းအတွက် များစွာသော အလှည့်အပြောင်းများကို ကြွံကြွံခံရပြီးဖြစ်သည်။ သူသည် ဆုပ်လည်းဆူး၊ စားလည်းရူးသော အခြေအနေတွင် အမြဲရောက်ရပြီး၊ လူသား၏ အားနည်းမှု၊ မနာခံမှု၊ ကလေးဆန်မှုနှင့် ခုခံနိုင်မှု အားနည်းခြင်းတို့ကို....နေ့ရောညပါ အဖန်တလဲလဲ တွေးလေသည်။ ဤအရာကို မည်သူသည် သိဖူးသနည်း။ မည်သူ့ကို သူ ယုံကြည်စိတ်ချနိုင်သနည်း။ မည်သူသည် နားလည်နိုင်မည်နည်း။ သူသည် လူသား၏ အပြစ်များနှင့် လူသား၏ သတ္တိမရှိမှု၊ သူရဲဘောနည်းခြင်းကို အမြဲတစေ စက်ဆုပ်ရွံရှာပြီး၊ သူသည် လူသား၏ ခုခံနိုင်မှုမရှိခြင်းအတွက် အမြဲတစေ စိုးရိမ်ပူပန်ကာ လူသား၏ အရှေ့တွင်ရှိသည့် လမ်းကြောင်းအား ချင့်ချိန် စဉ်းစားလေသည်။ သူသည် လူသား၏

စကားများနှင့် လုပ်ဆောင်ချက်ကို လေ့လာသည်နှင့်အမျှ၊ သူသည် သနားကရုဏာနှင့် အမျက်ဒေါသတို့ဖြင့် အမြဲပြည့်ကာ ဤအရာများ၏ မြင်ကွင်းက သူ့နှလုံးသားထဲ နာကျင်မှု အမြဲဆောင်ကြဉ်းလေသည်။ အဆုံးတွင်တော့၊ အပြစ်မဲ့သော သူတို့သည် တိုး၍ ထုံထိုင်းကြပြီးဖြစ်သည်။ ဘုရားသခင်သည် ၎င်းတို့အတွက် အမှုအရာများကို အဘယ်ကြောင့် ခက်ခဲအောင် အမြဲပြုရမည်နည်း။ ချည့်နဲ့သော လူသားသည် ဖွဲ့လုံ့လ လုံး၀ ကင်းမဲ့လေသည်။ ဘုရားသခင်သည် သူ့အပေါ် ထိုသို့သော မရပ်စဲသော အမျက်ဒေါသ အဘယ်ကြောင့် အမြဲ ရှိသင့်သနည်း။ အားနည်းကာ အစွမ်းမဲ့သော လူသားသည် အသက်ပါခြင်း စိုးစဉ်းမျှ မရှိကြတော့ပေ။ အဘယ်ကြောင့် ဘုရားသခင်သည် သူ၏ မနာခံမှုအတွက် သူ့ကို အမြဲ အပြစ်ဆိုသင့်သနည်း။ ကောင်းကင်ဘုံရှိ ဘုရားသခင်၏ ခြိမ်းခြောက်မှုများကို မည်သူသည် ခံရပ်နိုင်သနည်း။ အဆုံးတွင် လူသားသည် အကြမ်းမခံသကဲ့သို့၊ လူသားအနေဖြင့် မိမိကိုယ်မိမိ ဖြည်းညှင်းစွာ ဆင်ခြင် သုံးသပ်နိုင်ရန်အလို့ငှာ၊ အသည်းအသန် ဘေးကျပ်နံကျပ် အခြေအနေများ့်ကို ရင်ဆိုင်ရလျက်၊ ဘုရားသခင်သည် သူ၏ အမျက်ဒေါသကို သူ့နှလုံးသား နက်နက်ထဲသို့ မြိုသိပ်ထားလိုက်ပြီဖြစ်သည်။ သို့တိုင် စိုးရိမ်ဖွယ်ဖြစ်သည့် ဒုက္ခ၌ရှိသော လူသားသည် ဘုရားသခင်၏ အလိုကို တန်ဖိုးထားလေးမြတ်မှု စိုးစဉ်းမျှ မရှိချေ။ လူသားသည် နတ်ဆိုးတို့၏ ဘုရင်အို၏ နင်းခြေခြင်းကို ခံရပြီးဖြစ်သည်၊ သို့သော် သူသည် လုံး၀ သတိမူမိပေ၊ သူသည် ဘုရားသခင်ကို အမြဲ ဆန့်ကျင်သည်၊ သို့မဟုတ်ပါက သူသည် ဘုရားသခင်အပေါ် ပူလည်းမပူသကဲ့သို့ အေးလည်းမအေးပေ။ ဘုရားသခင်သည် အလွန် များစွာသော နှုတ်ကပတ်တော်များကို ပြောဆိုပြီးဖြစ်သော်လည်း၊ မည်သူသည် ယင်းတို့ကို လေးလေးနက်နက် ခံယူဖူးသနည်း။ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားမလည်ပေ၊ သို့သော် သူသည် စိုးရိမ်ခြင်း မရှိသကဲ့သို့၊ တမ်းတခြင်းမရှိဘဲဖြစ်ကာ နတ်ဆိုးအို၏ အနှစ်သာရကို အမှန်တကယ် မသိရှိဖူးပေ။ လူတို့သည် မရဏာနိုင်ငံ၊ ငရဲထဲတွင် အသက်ရှင်ကြသော်လည်း၊ မိမိတို့ကိုယ်မိမိ ပင်လယ်ကြမ်းပြင်၏ နန်းတော်ထဲတွင် နေကြရသည်ဟု ယုံကြည်ကြလေသည်။ ၎င်းတို့သည် အဆင်းနီသော နဂါးကြီး၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံကြရသော်လည်း၊ မိမိတို့ကိုယ်ကိုယ် တိုင်းပြည်၏ “မျက်နှာသာပေးခြင်း” ခံရသည်[၆] ဟု တွေးထင်ကြလေသည်။ ၎င်းတို့သည် နတ်ဆိုး၏ ကဲ့ရဲ့လှောင်ပြောင်ခြင်းကို ခံကြရသော်လည်း၊ မိမိတို့ကိုယ်ကိုယ် ဇာတိပကတိ၏ အသာလွန်ဆုံးသော ပညာသားပါမှုကို ပျော်မွေ့ကြရသည်ဟု တွေးထင်ကြသည်။ ညစ်ပတ်ကာ အောက်တန်းကျသော ယုတ်ညံ့သူတစ်သိုက် ဖြစ်ကြသည်တကား။ လူသားသည် ကံမကောင်း အကြောင်းမလှမှုဖြင့် ကြုံရပြီး ဖြစ်သော်လည်း၊ သူသည် ယင်းကို မသိသကဲ့သို့၊

ဤမှောင်မိုက်သော လူ့အဖွဲ့အစည်းထဲတွင် ကံခေခြင်း တစ်ခုပြီးနောက်တစ်ခု ခံစားရ၍ လေသည်၊ သို့သော် သူသည် ယင်းကို လုံးဝ သတိမပြုမိသေးပေ။ သူသည် ကိုယ့်ကိုယ်ကိုယ် ညှာတာခြင်းနှင့် ကျွန်သဘောဆန်သော စိတ်သဘောထားမှ မိမိကိုယ်ကိုယ် မည်သည့်အချိန်တွင် ဖယ်ရှားလိမ့်မည်နည်း။ အဘယ်ကြောင့် သူသည် ဘုရားသခင်၏ နှလုံးသားအား အလွန် ဂရုမစိုက်ရသနည်း။ သူသည် ဤဖိနှိပ်မှုနှင့် ဒုက္ခဆင်းရဲကို တိတ်တဆိတ် လျစ်လျူရှုသလော။ အမှောင်မှ အလင်းသို့ သူပြောင်းလဲနိုင်သည့် နေ့ရက်ကို သူသည် မတောင့်တသလော။ ဖြောင့်မတ်ခြင်းနှင့် သမ္မာတရားတို့အပေါ် မတရားမှုများကို နောက်တစ်ဖန် ကုစားရန် သူသည် ဆန္ဒမရှိသလော။ လူတို့သည် သမ္မာတရားအား စွန့်ပယ်ကာ အမှန်တရားများအား ပြောင်းလဲပစ်သည်ကို သူသည် ကြည့်ရှုပြီး မည်သည့်အရာမျှ မလုပ်ဆောင်ဖို့ လိုလားနေသလော။ ဤညှဉ်းပန်းနှိပ်စက်မှုကို ကြံ့ကြံ့ခံမြဲ ကြံ့ကြံ့ခံရသည်ကို သူပျော်လေသလော။ သူသည် ကျွန်ဖြစ်ရန် လိုလားနေသလော။ သူသည် ဤကျရှုံးသော ပြည်ကြီး၏ ကျွန်များနှင့် အတူတကွ ဘုရားသခင်၏ လက်ထဲတွင် ပျက်စီးဆုံးရှုံးရန် လိုလားနေသလော။ သင်၏ စိတ်ဆုံးဖြတ်ချက်ကား အဘယ်မှာနည်း။ သင်၏ ရည်မှန်းချက်ကား အဘယ်မှာနည်း။ သင်၏ ဂုဏ်သိက္ခာကား အဘယ်မှာနည်း။ သင်၏ သမာဓိကား အဘယ်မှာနည်း။ သင်၏ လွတ်လပ်ခြင်းကား အဘယ်မှာနည်း။ သင်သည် နတ်ဆိုးတို့၏ ရှင်ဘုရင်၊ အဆင်းနီသော နဂါးကြီးအဖို့ သင်၏ဘဝ တစ်ခုလုံးကို စွန့်လွှတ်ရန်၈ သင် လိုလားနေသလော။ ၎င်းအား သင့်ကို သေသည်တိုင်အောင် ညှဉ်းဆဲခွင့်ပေးရသည်ကို သင် ပျော်ရွှင်သလော။ နက်နဲရာ၏ မျက်နှာပြင်သည် ပရမ်းပတာဖြစ်ကာ မှောင်မိုက်စဉ်တွင်၊ ထိုသို့သော ဒုက္ခဝေဒနာကို ခံစားနေရသော အများပြည်သူများသည် ကောင်းကင်ဘုံသို့ ဟစ်ကြွေးကြကာ ကမ္ဘာမြေကြီးကို တိုင်တန်းကြလေသည်။ မည်သည့်အချိန်တွင် လူသားသည် သူ၏ ဦးခေါင်းကို မြင့်မြင့် မော့နိုင်လိမ့်မည်နည်း။ လူသားသည် ပိန်လှီကာ ပိန်ချုံးချည့်နဲ့လေသည်၊ သူသည် ဤရက်စက်ပြီး ဖိနှိပ်ညှဉ်းပန်းသော နတ်ဆိုးနှင့် မည်သို့ ရင်ဆိုင်နိုင်မည်နည်း။ သူသည် တတ်နိုင်သည်နှင့် တစ်ပြိုင်နက် ဘုရားသခင်အား အဘယ်ကြောင့် သူ၏ အသက်တာကို မပေးရသနည်း။ အဘယ်ကြောင့် လူသားသည် ချီတုံချတုံဖြစ်သေးသနည်း။ ဘုရားသခင်၏ အမှုကို သူသည် မည်သည့် အချိန်တွင် ပြီးစီးနိုင်မည်နည်း။ ထိုသို့ဖြင့် ရောက်တတ်ရာရာ နှိပ်စက်ခံရာ ဖိနှိပ်ခံရလျက်၊ သူ၏ ဘဝ တစ်ခုလုံးသည် နောက်ဆုံးတွင် အချည်းနှီး ကုန်ဆုံးပြီးဖြစ်လိမ့်မည်။ အဘယ်ကြောင့် သူသည် ရောက်လာရန် ထိုသို့ အလောတကြီး ဖြစ်ပြီး၊ ထွက်ခွာသွားရန် ထိုသို့ အလျင်လိုရသနည်း။ ဘုရားသခင်အား ပေးရန် သူသည် အဘယ်ကြောင့် တန်ဖိုးရှိသောအရာ တစ်စုံတစ်ခုကို

မသိမ်းထားရသနည်း။ နှစ်ထောင်ချီ မုန်းတီးခြင်းကို သူသည် မေ့လျော့လေပြီလော။

များစွာသော လူတို့သည် ဘုရားသခင်၏ အချို့သော နှုတ်ကပတ်တော်များကို စက်ဆုပ်ရွံရှာကောင်း ရွံရှာပေမည်၊ သို့မဟုတ် ၎င်းတို့သည် ယင်းနှုတ်ကပတ်တော်များကို စက်ဆုပ်ရွံရှာခြင်းလည်း မရှိသကဲ့သို့ စိတ်ဝင်စားခြင်း မရှိ ဖြစ်ကောင်း ဖြစ်မည်။ မည်သို့ပင်ဆိုစေကာမူ အမှန်တရားများသည် ဖြစ်နိုင်ချေမရှိသော အကြောင်းပြချက် ဖြစ်မလာနိုင်ပေ။ အမှန်တရားများနှင့် ဆန့်ကျင်သည့် စကားလုံးများကို မည်သူမျှ မပြောနိုင်ပေ။ ဘုရားသခင်သည် ဤအချိန်တွင် ထိုသို့သော အမှုကို လုပ်ဆောင်ရန်၊ သူ အပြီးမသတ်ရသေးသည့် အမှုကို နိဂုံးချုပ်ရန်၊ ဤခေတ်အား အဆုံးသတ်တစ်ခုသို့ ဆောင်ကြဉ်းရန်၊ ဤခေတ်ကို တရားစီရင်ရန်၊ ဒုက္ခ ပင်လယ်ဝေသည့် လောကမှ အလွန်အမင်း အပြစ်ရှိသူများကို ကယ်တင်ကာ ၎င်းတို့ကို လုံးဝ အသွင်ပြောင်းလဲရန် လူ့ဇာတိခံယူပြီးဖြစ်သည်။ ယုဒလူမျိုးများသည် ဘုရားသခင်ကို ကားတိုင်တွင် သံမှိုရိုက်နှက်ခဲ့ကြသည်၊ ထိုသို့ဖြင့် ယုဒပြည်တွင် ဘုရားသခင်၏ ခရီးသွားခြင်းကို အဆုံးသတ်စေခဲ့သည်။ ထို့နောက် များမကြာမီမှာပင်၊ ဘုရားသခင်သည် အဆင်းနီသော နဂါးကြီး၏ တိုင်းပြည်ထဲသို့ တိတ်ဆိတ်စွာ ကြွရောက်လျက်၊ လူသားအလယ် နောက်တစ်ဖန် ကိုယ်တိုင်ကိုယ်ကျ ကြွလာခဲ့သည်။ အမှန်တွင် ယုဒပြည်နယ်၏ ဘာသာရေး အသိုင်းအဝိုင်းသည် ယေရှု၏ ပုံရိပ်ကို ၎င်းတို့၏ နံရံများထက် ကြာမြင့်စွာကတည်းက ချိတ်ဆွဲထားကြပြီးဖြစ်သကဲ့သို့၊ ၎င်းတို့၏ နှုတ်များမှ လူတို့က “သခင်ယေရှု ခရစ်တော်” ဟူ၍ ဟစ်ကြော်ကြပြီးဖြစ်သည်။ ယေရှုသည် အပြီးမသတ်ခဲ့ရသေးသည့် သူ၏ အမှု ဒုတိယအဆင့်ကို အဆုံးသတ်ရန် လူသားအလယ် ပြန်ကြွလာဖို့အလို့ငှာ သူ့ခမည်းတော်၏ အမိန့်ကို အချိန်ကြာမြင့်စွာကတည်းက လက်ခံခဲ့ပြီးဖြစ်သည်ကို ၎င်းတို့ စိုးစဉ်းမျှ မသိခဲ့ကြချေ။ အကျိုးဆက်အနေဖြင့်၊ လူတို့သည် သူ့ကို ကြည့်လေသောအခါ၊ အံ့ဩ မှင်တက်သွားကြသည်။ ခေတ်ကာလများစွာ ကုန်လွန်ခဲ့ပြီးဖြစ်သည့် လောကအလယ် သူသည် မွေးဖွားခဲ့ပြီးဖြစ်ကာ လူသားအလယ်တွင် သူသည် အလွန့်အလွန် သာမန်ဖြစ်သည့်သူတစ်ဦး၏ ပုံဖြင့် သူ ပေါ်ထွန်းခဲ့သည်။ အမှန်တွင်၊ ခေတ်များ ကုန်လွန်ပြီးဖြစ်သည်နှင့်အမျှ၊ သူသည် အသစ်တစ်ဖန် မွေးဖွားခဲ့ပြီး ဖြစ်သည့်အလား၊ သူ၏ အဝတ်အစားနှင့် အသွင်အပြင် တစ်ရပ်လုံးမှာ ပြောင်းလဲသွားပြီးဖြစ်သည်။ သူသည် ကားတိုင် ထက်မှ ဆင်းကြွလာခဲ့ပြီး ရှင်ပြန်ထမြောက်ခဲ့သော တကယ့် သခင်ယေရှု ခရစ်တော်သာ ဖြစ်သည်ကို လူတို့သည် မည်သို့ သိနိုင်ကြမည်နည်း။ ယေရှုသည် ယေဟောဝါနှင့် တူညီခြင်း မရှိသကဲ့သို့၊ သူသည် ထိခိုက်ဒဏ်ရာ၏ လက္ခဏာ စိုးစဉ်းမျှ မရှိပေ။ ယနေ့ခေတ်၏ ယေရှုသည် လွန်ခဲ့သော

အချိန်များ၏ ဟန်ပန်အမူအရာ မရှိသည်မှာ အချိန်ကြာမြင့်စွာကတည်းက ဖြစ်သည်။ လူတို့သည် သူ့အား မည်သို့ သိနိုင်မည်နည်း။ လှည့်ဖြားတတ်သော "သောမ" က သူသည် ရှင်ပြန်ထမြောက်သော ယေရှုဖြစ်သည်ကို အမြဲ သံသယဝင်ပြီး၊ မိမိ၏စိတ်အေးလက်အေးဖြစ်ဖို့ ယေရှု၏ လက်များပေါ်က သံမှိုစွဲရာများကို အမြဲမြင်ချင်သည်။ ယင်းတို့ကို မမြင်ရပါက၊ သူသည် အမြဲ မသင်္ကာမှု တိမ်တိုက်ပေါ် ရပ်တည်နေမည်ဖြစ်ပြီး သူ၏ခြေကို ခိုင်မာသော မြေပြင်ပေါ်တွင် ချထားနိုင်စွမ်း မရှိသကဲ့သို့၊ ယေရှုနောက်လိုက်နိုင်စွမ်း မရှိပေ။ သနားစဖွယ် "သောမ" ပါတကား— ယေရှုသည် ခမည်းတော် ဘုရားသခင်၏ တာဝန်ပေး စေခိုင်းထားသည့် အမှုကို လုပ်ဆောင်ရန် ကြွလာပြီးဖြစ်သည်ကို သူသည် မည်သို့ သိနိုင်မည်နည်း။ အဘယ်ကြောင့် ယေရှုသည် ကားစင်တင်ခံရခြင်း၏ အမာရွတ်များ ပါရှိဖို့ လိုအပ်သနည်း။ ကားစင်တင်ခံရခြင်း၏ အမာရွတ်များသည် ယေရှု၏ အမှတ်အသား ဖြစ်သလော။ သူသည် သူ့ခမည်းတော်၏ အလိုအတွက် အမှုပြုရန် ကြွလာပြီးဖြစ်သည်။ သူသည် လွန်ခဲ့သော နှစ်ထောင်ပေါင်း အချို့မှ ယုဒလူတစ်ဦးကဲ့သို့ အဘယ်ကြောင့် ဝတ်စားဆင်ယင်လျက် ကြွလာရမည်နည်း။ ဘုရားသခင်က လူ့ဇာတိ၌ ခံယူသော အသွင်သဏ္ဌာန်သည် ဘုရားသခင်၏ အမှုကို ဟန့်တားနိုင်မည်လော။ ဤသည်မှာ မည်သူ၏ သဘောတရား ဖြစ်သနည်း။ ဘုရားသခင် အမှုပြုသည့်အခါ၊ အဘယ်ကြောင့် လူသား၏ စိတ်ကူးစိတ်သန်းနှင့်အညီ ဖြစ်ရမည်နည်း။ သူ၏ အမှုတွင် ဘုရားသခင် အာရုံစိုက်သည့် တစ်ခုတည်းသော အရာမှာ ယင်းအနေဖြင့် အကျိုးသက်ရောက်မှုတစ်ခု ရှိရန် ဖြစ်သည်။ သူသည် ပညတ်တရားကို မလိုက်နာသကဲ့သို့၊ သူ၏ အလုပ်အဖို့ စည်းမျဉ်းများ မရှိပေ- လူသားသည် ယင်းကို မည်သို့ နားလည်သဘောပေါက်နိုင်မည်နည်း။ လူသားသည် သူ၏ အယူအဆများနှင့် စိတ်ကူးစိတ်သန်းများအပေါ် မှီခိုခြင်းအားဖြင့် ဘုရားသခင်၏ အမှုကို အဘယ်သို့ စေ့စေ့စပ်စပ် ထိုးထွင်းသိမြင်နိုင်မည်နည်း။ ထို့ကြောင့် သင်တို့သည် လျော့ပတ်စွာ နေသားကျပါက အကောင်းဆုံး ဖြစ်မည်။ အသေးအဖွဲအရာများအပေါ် ဇာချဲ့မနေကြနှင့်၊ ပြီးလျှင် သင်တို့အဖို့ အသစ်ဖြစ်သည့် အမှုအရာများကို ရေကြီးခွင်ကျယ် လုပ်မနေကြနှင့်— ဤအရာက သင့်အား မိမိကိုယ်ကိုယ် အရူးလုပ်ခြင်းနှင့် လူများက သင့်အား လှောင်ပြောင်ခြင်းကို ရပ်တန့်ပေးလိမ့်မည်။ သင်သည် ဤနှစ်များအားလုံးကြာ ဘုရားသခင်အား ယုံကြည်ပြီးဖြစ်သည်၊ သို့သော် သင်သည် ဘုရားသခင်ကို မသိရှိသေးပေ။ နောက်ဆုံးတွင် သင်သည် ပြစ်တင်ဆုံးမခြင်းထဲသို့ ထိုးဆင်းသွားသည်။ "ပထမတန်းစား"[၉] တွင် ထားရှိခံရသော သင်သည် ပြစ်တင်ဆုံးမခံရသူတို့၏ အတန်းစားများနှင့် သက်ဆိုင်သည်ဟု မှတ်ယူခြင်းခံရသည်။ သင်၏ သေးသိမ်လှသော လှည့်ကွက်များကို ထုတ်ကြွားရန် ပါးနပ်သော

နည်းလမ်းများကို အသုံးမပြုပါက၊ သင့်အတွက် အကောင်းဆုံး ဖြစ်ပေမည်။ သင်၏ အဝေးမှုန်ခြင်းက ထာဝရကာလ အဆက်ဆက်တိုင် ထွင်းဖောက်မြင်နိုင်စွမ်း ရှိသော ဘုရားသခင်ကို အမှန်တကယ် သိမြင် နိုင်ပါမည်လော။ သင်၏ အပေါ်ယံ အတွေ့အကြုံများက ဘုရားသခင်၏ အလိုကို အပြည့်အဝ ရိပ်မိခွင့် ပေးနိုင်မည်လော။ စိတ်ကြီးမဝင်နှင့်။ ဧကန် စင်စစ်၊ ဘုရားသခင်သည် လောကနှင့် မသက်ဆိုင်ပေ — ထို့ကြောင့် သူ၏ အမှုသည် အဘယ်သို့ သင် မျှော်လင့်ထားသကဲ့သို့ ဖြစ်နိုင်မည်နည်း။

အောက်ခြေမှတ်စု(များ)-

၁။ “ဆိုးညစ်မှုအားလုံး၏ ခေါင်သူကြီး” သည် နတ်ဆိုးအိုကို ရည်ညွှန်းသည်။ ဤစကားစုသည် အလွန်အမင်း မနှစ်သက်ခြင်းကို ဖော်ပြသည်။

၂။ “အခြေအမြစ် မရှိသော စွပ်စွဲချက်များ ပြုရင်း” သည် နတ်ဆိုးက လူတို့အား ဘေးပြုရန် သုံးသော နည်းစနစ်များကို ရည်ညွှန်းသည်။

၃။ “အလွန်အကျွံ စောင့်ကြပ်ခြင်း ခံရ၏” ဆိုသည်မှာ မာရ်နတ်က လူတို့အား နှိပ်စက်ဖိစီးရာတွင် သုံးသော နည်းစနစ်များသည် အထူးသဖြင့် ရက်စက်ပြီး၊ လူတို့ကို အလွန်တရာ ထိန်းချုပ်သည်မှာ ၎င်းတို့သည် လှုပ်ရှားရန် နေရာမရှိသည်ကို ညွှန်ပြသည်။

၄။ “အလှမ်းဝေး” ဆိုသည်ကို ပြောင်လှောင်သရော်သည့် သဘောနှင့် သုံးထားခြင်းဖြစ်သည်။

၅။ “နည်းစနစ်ကျ၍ နူးညံ့သိမ်မွေ့သော လမ်းပြမှု” ဆိုသည်ကို လှောင်ပြောင်သရော်သည့်သဘောဖြင့် သုံးထားခြင်း ဖြစ်သည်။

၆။ “‘မျက်နှာသာပေးခြင်း’ ခံရသည်” ဆိုသည်ကို ထုံထိုင်းပုံရပြီး ကိုယ့်ကိုယ်ကိုယ် သိခြင်းမရှိသော လူများကို သရော်လှောင်ပြောင်ရန် သုံးထားခြင်း ဖြစ်သည်။

၇။ “ကံခေခြင်း တစ်ခုပြီးနောက်တစ်ခု ခံစားရ” ဆိုသည်မှာ လူများသည် အဆင်းနီသော နဂါးကြီး၏ တိုင်ပြည်တွင် မွေးဖွားခဲ့ကြပြီး ၎င်းတို့သည် မိမိတို့၏ ဦးခေါင်းများကို မြင့်မြင့် မမော့နိုင်ကြခြင်းကို ညွှန်ပြသည်။

၈။ “သင်၏ဘဝ တစ်ခုလုံးကို စွန့်လွှတ်ရန်” ဆိုသည်မှာ ယုတ်ညံ့သော အဓိပ္ပာယ်တစ်ခုဖြင့် ဆိုလိုခြင်း ဖြစ်သည်။

၉။ “ပထမတန်းစား” ဆိုသည်ကို ဘုရားသခင်နောက် ထက်သန်ပြင်းပြစွာ လိုက်သော သူများကို

သရော်လှောင်ပြောင်ရန် သုံးထားခြင်း ဖြစ်သည်။

## အမှုတော်နှင့် ဝင်ရောက်ခြင်း (၉)

ခိုင်မာစွာအမြစ်တွယ်နေသော လူမျိုးစုရိုးရာများနှင့် စိတ်ပိုင်းဆိုင်ရာ သဘောထားအမြင်တို့သည် ဖြူစင်၍ ကလေးသဖွယ်ဖြစ်သော လူသား၏ဝိညာဉ်ကို ကာလကြာမြင့်သည့် အချိန်ကတည်းက မျှော်လင့်ချက်နည်းပါးစေခဲ့ပြီး စိတ်ခံစားမှု သို့မဟုတ် အတ္တစိတ် လုံးဝမရှိသည့်အလား ၎င်းတို့သည် လူ့သဘာဝ စိုးစဉ်းမျှမရှိဘဲ၊ လူသား၏စိတ်ဝိညာဉ်ကို တိုက်ခိုက်ခဲ့၏။ ဤမကောင်းဆိုးဝါးတို့၏ နည်းလမ်းများသည် လွန်ကဲစွာရက်စက်၍ "ပညာပေး"နှင့် "ပြုစုပျိုးထောင်ခြင်း" တို့သည် နတ်ဆိုးတို့၏မင်းမှ လူသားအား သတ်ဖြတ်သည့် အစဉ်အလာနည်းလမ်းဖြစ်သွားခဲ့သည့်အလား ဖြစ်သည်။ ၎င်း၏ "လေးနက်သည့် အဆုံးအမ"ကို အသုံးပြု၍ ၎င်းသည် လူသား၏ ယုံကြည်မှုကို ရရှိရန် သိုးရေကိုခြုံပြီးနောက် လူသားက ထိုင်းမှိုင်းလေးကန်စွာ အိပ်စက်သည့်အခါ၊ သူ့အား လုံးလုံးလျားလျား ဝါးမျိုဖို့ အခွင့်ကောင်းယူရန် ၎င်း၏အကျည်းတန်သောဝိညာဉ်ကို အပြည့်အဝ ဖုံးအုပ်ထား၏။ သနားစဖွယ် လူသားမျိုးနွယ်ပေတည်း။ ၎င်းတို့ကို ကျွေးမွေးပြုစုသည့် နိုင်ငံသည် နတ်ဆိုး၏နိုင်ငံဖြစ်ကြောင်း၊ ၎င်းတို့ကို ကျွေးမွေးပြုစုသူသည် အကယ်စင်စစ် ၎င်းတို့ကို ထိခိုက်သော ရန်သူဖြစ်ကြောင်းကို ၎င်းတို့ မည်သို့သိနိုင်ခဲ့မည်နည်း။ သို့ရာတွင် လူသားသည် လုံးဝ နိုးထခြင်း မရှိပေ၊ အဆာပြေ၊ ရေငတ်ပြေပြီးနောက် သူသည် သူ့အားကျွေးမွေးပြုစုသည့် သူ့"မိဘများ" ၏ "ကြင်နာမှု" ကို ကျေးဇူးပြန်ဆပ်ရန် ပြင်ဆင်၏။ ယင်းမှာ လူသား ဘယ်လို ဘယ်ပုံဟူသည်ပင် ဖြစ်၏။ သူ့အား ကျွေးမွေးပြုစုခဲ့သော ဘုရင်မင်းသည် သူ၏ရန်သူဖြစ်ကြောင်းကို ယနေ့ သူမသိသေးပေ။ ကမ္ဘာမြေကြီးသည် သေဆုံးသူတို့၏ အရိုးများဖြင့် ပြန့်ကျဲလျက်ရှိပြီး နတ်ဆိုးသည် အလွန်အမင်း စိတ်လှုပ်ရှားမှု၊ စိတ်တက်ကြွမှုဖြင့် မရပ်မနား ပျော်မြူးကာ "မြေအောက်ကမ္ဘာ" တွင် လူသား၏အသားကို ဆက်လက်ဝါးမျို၍ လူ့အရိုးစုများနှင့် သင်္ချိုင်းတွင် အတူနေကာ လူသား၏ စုတ်ပြတ်နေသော လူ့ကိုယ်ခန္ဓာမှ နောက်ဆုံးအကြွင်းအကျန်များကို စားရန် အချည်းနှီး ကြိုးစား၏။ သို့ရာတွင် လူသားသည် အစဉ်ပင် အသိဉာဏ်မဲ့လျက်ရှိ၍ မာရ်နတ်အား သူ၏ရန်သူအဖြစ် မည်သည့်အခါမျှ သဘောထားခဲ့ခြင်း မရှိဘဲ ယင်းအစား ၎င်းအား စိတ်နှလုံးအကြွင်းမဲ့ အစေခံ၏။ ဤကဲ့သို့သော အကျင့်စာရိတ္တ ပျက်စီးသော လူများသည် ဘုရားသခင်ကို သိနိုင်စွမ်း ရှိကို မရှိနိုင်ကြပေ။ လူ့ဇာတိခံယူ၍ ၎င်းတို့အကြားလာကာ သူ၏ကယ်တင်ခြင်း အမှုတော်

အားလုံးကို ဆောင်ရွက်နေခြင်းသည် ဘုရားသခင်အတွက် လွယ်ကူသလော။ မရဏနိုင်ငံအတွင်းသို့ ထိုးကျနှင့်ပြီးဖြစ်သော လူသားသည် ဘုရားသခင်၏ သတ်မှတ်ချက်များကို မည်သို့ ဖြည့်ဆည်းနိုင်မည်နည်း။ လူသား၏အလုပ်အတွက် ဘုရားသခင် ကြံ့ကြံ့ခံခဲ့သည့် အိပ်မပျော်သောညများမှာ များစွာဖြစ်၏။ အထက်အမြင့်အရပ်မှ အနိမ့်ဆုံးအနက်များအထိ ကိုယ်တော်သည် သူ၏နေ့ရက်များကို လူသားနှင့်အတူ ကျော်လွှန်ရန်၊ လူသားနေထိုင်သော အသက်ရှင်လျက် ငရဲရောက်နေသကဲ့သို့ ခံစားရသည့်အရပ်သို့ ဆင်းသက်လာခဲ့ကာ ကိုယ်တော်သည် လူသားအကြားယုတ်ညံ့မှုကို မည်သည့်အခါမျှ ညည်းညူခဲ့ဖူးခြင်းမရှိ၊ ထို့အပြင် လူသားအား ၎င်း၏နာခံမှု မရှိခြင်းအတွက် အပြစ်တင်ခဲ့ဖူးခြင်း မရှိဘဲ၊ သူ၏အမှုကို သူကိုယ်တိုင် ထမ်းဆောင်ရင်း အကြီးမားဆုံးသော အရှက်ကွဲခြင်းကို ကြံ့ကြံ့ခံတော်မူ၏။ ဘုရားသခင်သည် ငရဲနှင့် အဘယ်သို့ သက်ဆိုင်နိုင်အံ့နည်း။ ကိုယ်တော်သည် ကိုယ်တော်၏ အသက်တာကို ငရဲ၌ အဘယ်သို့ ကုန်ဆုံးနိုင်အံ့သနည်း။ သို့သော် လူသားမျိုးနွယ် တစ်ရပ်လုံးသည် သာ၍ဆောလျင်စွာ ချမ်းသာခြင်းသို့ ရောက်ရန် ကိုယ်တော်သည် လူသားမျိုးနွယ် တစ်ရပ်လုံးအတွက် ကမ္ဘာမြေကြီးသို့ လာရန် အရှက်ကွဲခြင်းကို ကြံ့ကြံ့ခံခဲ့ကာ တရားမျှတမှုမရှိခြင်းကို ခံခဲ့သည့်အပြင်၊ လူသားကို ကယ်တင်ရန် သူကိုယ်တိုင် “ငရဲ” နှင့် “မရဏနိုင်ငံ” အတွင်း၊ ကျားအောင်းဂူအတွင်းသို့ ဝင်ရောက်ခဲ့၏။ လူသားသည် ဘုရားသခင်အား ဆန့်ကျင်ရန် အဘယ်သို့ အရည်အချင်း မီသနည်း။ ဘုရားသခင်အကြောင်း မကျေမနပ်ပြောရန် ၎င်းတွင် မည်သည့်အကြောင်းရင်း ရှိသနည်း။ ဘုရားသခင်ကို ကြည့်ရန် သူသည် အဘယ်သို့ ရဲတင်း၍ အရှက်မရှိ မျက်နှာပြောင်တိုက်နိုင်မည်နည်း။ ကောင်းကင်ဘုံ၏ ဘုရားသခင်သည် အညစ်ပေဆုံးသော ဤဒုစရိုက်ပြည်သို့ လာရောက်ခဲ့ပြီး ကိုယ်တော်၏ မကျေနပ်မှုများကို မည်သည့်အခါမျှ ထွက်ပေါက်ရှာခဲ့ဖူးခြင်း သို့မဟုတ် လူသားအကြောင်း ညည်းညူခဲ့ခြင်း မရှိဘဲ၊ ယင်းအစား လူသား၏ ဒဏ်ရာဒဏ်ချက်များ[၁]နှင့် ဖိနှိပ်မှုတို့ကို တိတ်ဆိတ်စွာ လက်ခံ၏။ လူသား၏ မလျော်ကန်သော တောင်းဆိုမှုများကို မည်သည့်အခါမျှ တုံ့ပြန်ထိုးနှက်တိုက်ခိုက်ခြင်း မရှိ၊ လူသားအပေါ် လွန်ကဲသော တောင်းဆိုမှုများ မည်သည့်အခါမျှ မပြုခဲ့ဖူးသလို၊ လူသားအပေါ် မလျော်ကန်သော တောင်းဆိုမှုများ မည်သည့်အခါမျှ မပြုလုပ်ခဲ့ဖူးပေ၊ သူသည် သင်ကြားခြင်း၊ အသိဉာဏ် ပွင့်လင်းစေခြင်း၊ အပြစ်တင်ခြင်း၊ နှုတ်ကပတ်တော်များအား စစ်ဆေးခြင်း၊ သတိပေးခြင်း၊ အလေးအနက် တိုက်တွန်းခြင်း၊ နှစ်သိမ့်ခြင်း၊ တရားစီရင်ခြင်းနှင့် ထုတ်ဖော်ခြင်းစသည့် လူသား လိုအပ်သည့်အလုပ်ကို ညည်းညူမှုမရှိဘဲ၊ လုပ်ဆောင်ရုံသာ လုပ်ဆောင်၏။ ကိုယ်တော်၏

အဆင့်များအနက် အဘယ်အဆင့်သည် လူသား၏ ဘဝအတွက် မဟုတ်သနည်း။ ကိုယ်တော်သည် လူသား၏ မျှော်လင့်ချက်များနှင့် ကံကြမ္မာကို ဖယ်ရှားခဲ့သော်လည်း၊ ဘုရားသခင် ဆောင်ရွက်ခဲ့သည့် အဆင့်များအနက် မည်သည့်အဆင့်သည် လူသား၏ကံကြမ္မာအတွက် မဟုတ်ခဲ့သနည်း။ ၎င်းတို့အနက် မည်သည့်အဆင့်သည် လူသား၏ရှင်သန်နိုင်ရေးအတွက် မဟုတ်သနည်း။ ၎င်းတို့အနက် မည်သည့်အဆင့်သည် ဤဒုက္ခဝေဒနာနှင့် ညတမျှ မည်းနက်သော အမှောင်စွမ်းအားများ၏ ဖိနှိပ်ခြင်းတို့မှ လူသားအား လွတ်မြောက်စေရန် မဟုတ်ခဲ့သနည်း။ ၎င်းတို့အနက် မည်သည့်အဆင့်သည် လူသားအတွက် မဟုတ်သနည်း။ ချစ်ခင်ကြင်နာသော မိခင်၏ နှလုံးသားကဲ့သို့ဖြစ်သည့် ဘုရားသခင်၏ နှလုံးသားကို မည်သူ နားလည်နိုင်သနည်း။ ဘုရားသခင်၏ စိတ်အားထက်သန်သော နှလုံးသားကို မည်သူနားလည်နိုင်သနည်း။ ဘုရားသခင်၏ ပြင်းပြသောနှလုံးသားနှင့် ဇောသန်သော မျှော်လင့်ချက်များသည် အေးစက်သောနှလုံးသားများ၊ အကြင်နာ တရားမဲ့သော ဂရုမစိုက်သည့် မျက်လုံးများ၊ လူသား၏ ကြိမ်ဖန်တလဲလဲ အပြစ်ဖော်ဆိုးမခြင်းများနှင့် စော်ကားမှုများဖြင့် ကျေးဇူးဆပ်ခံခဲ့ရ၏၊ ထိခိုက်နာကျည်းစေသော ဝေဖန်ချက်များ၊ ထေ့လုံးငေါ့လုံးနှင့် သိမ်ငယ်စေမှုများဖြင့် ကျေးဇူးဆပ်ခံခဲ့ရ၏၊ လူသား၏ လှောင်ပြောင်သရော်ခြင်း၊ သူ၏ နင်းခြေစော်ကားခြင်းနှင့် ငြင်းပယ်ခြင်း၊ သူ၏ နားလည်သဘောပေါက်မှုလွဲခြင်းနှင့် ညည်းတွားခြင်း၊ စိတ်ဝမ်းကွဲခြင်းနှင့် ရှောင်ရှားခြင်းတို့ဖြင့် ကျေးဇူးဆပ်ခံခဲ့ရကာ လှည့်ဖြားမှု၊ တိုက်ခိုက်မှုများနှင့် ခါးသီးမှုတို့မှလွဲ၍ မည်သည့်အရာမျှမပါရှိဘဲ ကျေးဇူးဆပ်ခံခဲ့ရ၏။ နွေးထွေးသောစကားများသည် ရက်စက်ကြမ်းကြုတ်သော မျက်ခုံးများနှင့် လှုပ်ယမ်းနေသော လက်ချောင်း တစ်ထောင်တို့၏ အေးစက်သော ပမာမခန့်ပြုမှုတို့နှင့် ရင်ဆိုင်ခဲ့ရသည်။ ဘုရားသခင်သည် စိတ်အလိုကျသော နွားထီးပမာ ခေါင်းငုံ့လျက် လူတို့အား အစေခံကာ သည်းခံရုံသာ တတ်နိုင်၏။၂ ကိုယ်တော်သည် ကိုယ်တော်၏အဖထံမှ ထွက်ခွာခြင်း၏ နာကျင်မှုထက် အဆတစ်ထောင် ကြီးမားသည့် မချိမဆံ့ဝေဒနာကို အောင့်ခံရင်း၊ လူသား၏တိုက်ခိုက်မှုများနှင့် ချိုးဖျက်မှုများကို အောင့်ခံရင်းအပြင် လူသား၏ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြုပြင်ခြင်းတို့ကို ဟိုဖက်လိုမ့်၊ သည်ဖက်လိမ့်ဖြင့် အောင့်ခံရင်း ကိုယ်တော်သည် မြောက်မြားစွာသော နေများလများ၊ ကြယ်များနှင့် အကြိမ်ပေါင်း များစွာ ရင်ဆိုင်ခဲ့သည်၊ ကိုယ်တော်သည် အကြိမ်ပေါင်းများစွာ အရုဏ်တက်၍ ထွက်ခွာသွားကာ နေဝင်ဆည်းဆာမှ ပြန်လာခဲ့သည်။ ဘုရားသခင်၏ နှိမ့်ချမှုနှင့် ဖုံးကွယ်မှုသည် လူသား၏ အခြေအမြစ်မရှိသော အစွဲအလမ်း၊ လူသား၏ မတရားသောအမြင်များ၊ မတရားသော ဆက်ဆံမှုများနှင့် ကျေးဇူးဆပ် ခံရကာ၊ ကိုယ်တော်၏

မထင်မရှား တိတ်ဆိတ်စွာ အလုပ်လုပ်ပုံ၊ ကိုယ်တော်၏ စိတ်ရှည်ခြင်းနှင့် ကိုယ်တော်၏ သည်းခံခြင်းတို့သည် လူသား၏လောဘကြီးသော အကြည့်ဖြင့် ကျေးဇူးဆပ်ခံခဲ့ရသည်၊ လူသားသည် စိတ်မလုံမလဲမဖြစ်ဘဲ၊ ဘုရားသခင် သေသည်အထိ ခြေနှင့်ဆောင့်နင်းရန် ကြိုးစားကာ ဘုရားသခင်အား မြေကြီးအတွင်းသို့ နင်းခြေရန် ကြိုးစား၏။ ဘုရားသခင်အပေါ် ဆက်ဆံခြင်း၌ လူသား၏ သဘောထားသည် “ရှားပါးသော လိမ္မာကျွမ်းကျင်မှု” တစ်ရပ်ဖြစ်ပြီး လူသား၏အနိုင်ကျင့်ခြင်းနှင့် မထီမဲ့မြင်ပြုခြင်းတို့ကို ခံရသော ဘုရားသခင်သည် ထောင်သောင်းပေါင်း များစွာသောလူတို့၏ ခြေများ အောက်တွင် ပြားနေအောင် အဖိခံရချိန်၌ လူသားကိုယ်၌သည် အံမတုနိုင်သည့် ခေါင်းဆောင်တစ်ဦးဖြစ်မည့်အလား၊ အကြွင်းမဲ့အာဏာကို ရယူ[၄] လိုသည့်အလား၊ အခြေအရံများကို ခန်းဆီးနောက်ကွယ်မှ ဦးဆောင်ရန်၊ ဘုရားသခင်ကို တန်ပြန်တိုက်ခိုက်ခြင်း သို့မဟုတ် ဒုက္ခပေးခြင်း ပြုခွင့်မရှိသော တာဝန်သိ၍ စည်းကမ်းလိုက်နာသည့် ပရိတ်သတ်မျက်ကွယ်က ညွှန်ကြားရေးမှူးအဖြစ် ပြုလုပ်ရန် မြင့်မားစွာ ရပ်လျက်ရှိ၏။ ဘုရားသခင်သည် နောက်ဆုံးသောကေရာဇ်မင်း၏ အခန်းမှ ပါဝင်ရမည်၊ သူသည် လွတ်လပ်မှု လုံးဝကင်းမဲ့သည့် ရုပ်သေး[၅] ရုပ်တစ်ရုပ် ဖြစ်ရမည်။ လူသား၏ လုပ်ဆောင်ချက်များသည် ပြောပြ၍မရသဖြင့် သူသည် ဘုရားသခင်အား ဤအရာ၊ ထိုအရာ တောင်းဆိုရန် အရည်အချင်း မည်သို့ပြည့်မီသနည်း။ ၎င်းသည် ဘုရားသခင်အား အကြံပြုချက်များ အဆိုပြုရန် အရည်အချင်း မည်သို့ပြည့်မီသနည်း။ ဘုရားသခင်သည် သူ၏အားနည်းချက်များကို ထောက်ထားရေးအတွက် တောင်းဆိုရန် အရည်အချင်း မည်သို့ ပြည့်မီသနည်း။ သူသည် ဘုရားသခင်၏ သနားကရုဏာကို လက်ခံရရှိရန် မည်သို့ သင့်တော်သနည်း။ ဘုရားသခင်၏ သဘောထားကြီးမှုကို ထပ်ခါတလဲလဲ လက်ခံရရှိရန် မည်သို့ သင့်တော်သနည်း။ သူသည် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ထပ်ခါတလဲလဲ လက်ခံရရှိရန် မည်သို့သင့်တော်သနည်း။ သူ၏ ဩတပ္ပစိတ်သည် အဘယ်မှာနည်း။ ၎င်းသည် ရှေးအတိတ်တွင် ဘုရားသခင်၏ အသည်းကို ခွဲခဲ့ပြီး ထိုကြာမြင့်သည့် အချိန်ကတည်းက ဘုရားသခင်၏ နှလုံးသားကို အပိုင်းပိုင်းအစစ ထားခဲ့သည်။ အနည်းငယ်မျှသော နွေးထွေးမှုနှင့်ပင်ဖြစ်စေ လူသား သူ့အပေါ် စိတ်စေတနာရှိရန် မျှော်လင့်လျက် ဘုရားသခင်သည် လူသားအကြားသို့ စိတ်အားထက်သန်စွာ လာရောက်ခဲ့၏။ သို့ရာတွင် ဘုရားသခင်၏ နှလုံးသားသည် လူသား၏ နှစ်သိမ့်ခြင်းခံရရန် နှေးကွေး၏၊ ကိုယ်တော် လက်ခံရရှိသမျှမှာ တစ်မုဟုတ်ချင်း ကြီးထွားပြင်းထန်လာသည့်[၆] တိုက်ခိုက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုသာဖြစ်၏၊ လူသား၏ နှလုံးသားသည် လောဘရမ္မက်ကြီးလွန်း၏၊ သူ၏အလိုဆန္ဒသည် ကြီးမားလွန်း၍ သူသည် မည်သည့်အခါမှ အာသာပြေနိုင်မည် မဟုတ်ပေ၊

သူသည် အစဉ်ထိခိုက်နစ်နာစေ၍ မိုက်ရူးရဲဖြစ်၏၊ သူသည် ဘုရားသခင်အား မည်သည့်အခါမျှ လွတ်လပ်ခွင့် သို့မဟုတ် ပြောဆိုခွင့် မပေးဘဲ၊ ဘုရားသခင်အား အရှက်ခွဲခြင်းခံရရန်မှတစ်ပါး အခြားရွေးချယ်စရာ မပေးဘဲ၊ ၎င်းဆန္ဒရှိသည့်အတိုင်း ကိုယ်တော့်အား ခြယ်လှယ်ဖို့ လူသားကို ခွင့်ပေး၏။

ဖန်ဆင်းချိန်မှ ယခုတိုင် ဘုရားသခင်သည် နာကျင်မှု များစွာကို ကြံ့ကြံ့ခံခဲ့ကာ တိုက်ခိုက်မှုများစွာ ခံစားခဲ့ရ၏။ သို့သော် ယနေ့တွင်ပင် လူသားသည် ဘုရားသခင်အပေါ် ၎င်း၏ တောင်းဆိုမှုများကို လျှော့ပေါ့ခြင်း မရှိဘဲ၊ ဘုရားသခင်အား စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးဆဲ၊ ကိုယ်တော့်အပေါ် သည်းခံမှုလုံးဝ မရှိဆဲဖြစ်ကာ၊ ဘုရားသခင် လမ်းမှားသွားလိမ့်မည်၊ မြေကြီးပေါ် ရှိ ဘုရားသခင်သည် ရက်စက်ကာ ယုတ္တိတန်ခြင်းမရှိ၊ သို့မဟုတ် အထိန်းအချုပ်မဲ့ သောင်းကျန်းခြင်း သို့မဟုတ် ကိုယ်တော်သည် ဖြစ်ဖြစ်မြောက်မြောက် မရှိမည်ကို လွန်စွာကြောက်ရွံ့သည့်အလား ကိုယ်တော့်ကို အကြံပြုခြင်း၊ ဝေဖန်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းမှတစ်ပါး မည်သည့် အရာကိုမှ ပြုလုပ်ခြင်း မရှိပေ။ လူသားသည် ဘုရားသခင်အပေါ် ဤသို့သော သဘောထားမျိုး အမြဲရှိ၏။ ၎င်းမှာ ဘုရားသခင်အား ဝမ်းမနည်းစေဘဲ အဘယ်သို့ ရှိနိုင်မည်နည်း။ လူ့ဇာတိခံယူရာတွင် ဘုရားသခင်သည် ကြီးစွာသော နာကျင်မှုနှင့် အရှက်ကွဲမှုကို ကြံ့ကြံ့ခံခဲ့ရသည်၊ သို့ဖြစ်လျှင် လူသား၏ ပို့ချချက်များကို ဘုရားသခင်အား လက်ခံစေခြင်းမှာ မည်မျှသာ၍ ဆိုးရွားသနည်း။ လူသားအကြား ကိုယ်တော်ရောက်ရှိလာခြင်းသည် မရဏနိုင်ငံတွင် ထောင်ကျနေသည့်အလား၊ ကိုယ်တော့်အား လွတ်လပ်မှုအားလုံး ကင်းမဲ့စေ၏၊ ထို့အပြင် ကိုယ်တော်သည် ခုခံမှုစိုးစဉ်းမျှမရှိဘဲ၊ လူသား၏ ခွဲစိတ် စစ်ဆေးခြင်းကို လက်ခံခဲ့၏။ ဤသည်မှာ ရှက်ဖွယ် မဟုတ်လော။ သာမန်လူသားတစ်ဦး၏ မိသားစုအကြား လာရောက်ခဲ့ရာတွင် “ယေရှု” သည် အကြီးမားဆုံးသော မတရားမှုကို ခံခဲ့ရ၏။ သာ၍ ရှက်ဖွယ်ကောင်းသည်မှာ ကိုယ်တော်သည် ဖုန်ထူသော ဤလောကသို့လာခဲ့၍ အနိမ့်ကျဆုံးသော အနက်သို့ မိမိကိုယ်ကိုယ် နှိမ့်ချခဲ့ကာ သာမန်အဖြစ်ဆုံး၏ ဇာတိပကတိကို ခံယူခဲ့၏။ အမြင့်ဆုံးသော ဘုရားသခင်သည် နုံချာသော လူသားတစ်ဦး ဖြစ်လာခြင်း၌ ဒုက္ခအခက်အခဲ မခံရသလော။ ထို့အပြင် ကိုယ်တော် ထိုသို့လုပ်သည်မှာ လူသားမျိုးနွယ်အတွက် မဟုတ်သလော။ ကိုယ်တော်သည် သူ့အတွက်သူ စဉ်းစားသော အချိန်များ ရှိခဲ့ဖူးသလော။ ကိုယ်တော်သည် ယုဒလူတို့၏ ငြင်းပယ်ခြင်းခံရကာ အသတ်ခံရပြီးနောက်၊ လူတို့၏ ပြက်ရယ်ပြုခံရ၍ သရော်ခံရပြီးနောက်၊ ကောင်းကင်ဘုံအား ညည်းညူခြင်း သို့မဟုတ် မြေကြီးအား ကန့်ကွက်ခဲ့ခြင်းများ မည်သည့်အခါကမျှ မပြုခဲ့ပေ။ ယနေ့ နှစ်ထောင်ချီကြာ ဤအဖြစ်ဆိုးသည် ယုဒလူတို့နှင့်ဆင်သည့် လူတို့အကြား

ပြန်၍ပေါ်ထွန်းလာခဲ့ပြီ ဖြစ်သည်။ ၎င်းတို့သည် ဤအပြစ်များကိုပင် ကျူးလွန်ကြသည် မဟုတ်လော။ ဘုရားသခင်၏ ကတိတော်များကို လက်ခံရရှိရန် မည်သည့်အရာက လူသားအား အရည်အချင်းမီစေသနည်း။ ၎င်းသည် ဘုရားသခင်အား ဆန့်ကျင်ပြီးနောက် ကိုယ်တော်၏ ကောင်းချီးမင်္ဂလာတို့ကို လက်ခံသည် မဟုတ်လော။ လူသားသည် မည်သည့်အခါမျှ တရားစီရင်ခြင်းကို မရင်ဆိုင်ရသည်မှာ သို့မဟုတ် သမ္မာတရားကို ရှာဖွေခြင်းမပြုသည်မှာ အဘယ်ကြောင့်နည်း။ ဘုရားသခင် ပြုလုပ်သည့်အရာကို သူသည် မည်သည့်အခါမျှ စိတ်မဝင်စားသည်မှာ အဘယ်ကြောင့်နည်း။ သူ၏ဖြောင့်မတ်ခြင်းသည် အဘယ်မှာနည်း။ သူ၏တရားမျှတခြင်းသည် အဘယ်မှာနည်း။ သူသည် ဘုရားသခင်ကို ကိုယ်စားပြုရန် အတင့်ရဲသလော။ သူ၏တရားမျှတမှုစိတ်သည် အဘယ်မှာနည်း။ လူသား ချစ်မြတ်နိုးသည့်အရာ မည်မျှသည် ဘုရားသခင်ချစ်မြတ်နိုးသည့်အရာ ဖြစ်သနည်း။ လူသားသည် အရေးကြီးသည့် ကွဲပြားမှုများကို ခွဲခြားနိုင်ခြင်း မရှိပေ[၇]၊ သူသည် အမည်းနှင့်အဖြူကို အစဉ်ပင် ရောထွေး၏[၈]၊ သူသည် တရားမျှတမှုနှင့် သမ္မာတရားတို့ကို ဖိနှိပ်ကာ မတရားမှုနှင့် မဖြောင့်မတ်မှုတို့ကို လေထဲ မြှောက်ထား၏။ သူသည် အလင်းကို နှင်ထုတ်၍ အမှောင်ထုအလယ်၌ ခုန်ပေါက်မြူးထူးသည်။ သမ္မာတရားနှင့် တရားမျှတမှုတို့ကို ရှာဖွေသူတို့သည် ရှာဖွေမည့်အစား အလင်းကို မောင်းနှင်ထုတ်ကြ၏၊ ဘုရားသခင်ကို ရှာဖွေသူတို့သည် ၎င်းတို့၏ခြေအောက်၌ ကိုယ်တော့်ကို နင်းခြေကြကာ မိမိတို့ကိုယ်ကိုယ် ကောင်းကင်သို့ မြှင့်တင်ကြ၏။ လူသားသည် ဓားပြ[၉] တစ်ဦးနှင့် ခြားနားခြင်း မရှိပေ။ သူ၏ဆင်ခြင်တုံတရားကား အဘယ်မှာနည်း။ အဘယ်သူသည် အမှားအမှန်ခွဲခြားနိုင်သနည်း။ မည်သူသည် တရားမျှတမှုကို စွဲကိုင်ထားနိုင်သနည်း။ သမ္မာတရားအတွက် ဒုက္ခခံရန် အဘယ်သူသည် လိုလိုလားလား ရှိသနည်း။ လူတို့သည် ရက်စက်၍ ဆိုးယုတ်၏။ ဘုရားသခင်ကို လက်ဝါးကပ်တိုင်၌ ရိုက်ပြီးနောက် ၎င်းတို့သည် လက်ခုပ်တီးသြဘာ ပေးကြပြီး ၎င်းတို့၏ အထိန်းကွပ်မဲ့ အော်ဟစ်သံများသည် ရပ်စဲခြင်း မရှိပေ။ ထိုသူတို့သည် ကြက်များ၊ ခွေးများကဲ့သို့ ဖြစ်၏၊ လိမ်လည်လှည့်ဖြားရန် ပေါင်းကြံကြ၍ မကောင်းမှုပြုလုပ်ရန် ပူးပေါင်းကြံစည်ကြ၏၊ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံတော်ကို တည်ထောင်ခဲ့ပြီးကြ၍ ၎င်းတို့၏ ဝင်ရောက် စွက်ဖက်မှုများသည် မည်သည့်နေရာကိုမျှ သည်အတိုင်း မထားခဲ့ပေ၊ ၎င်းတို့၏မျက်စိများပိတ်လျက် မရပ်မနား အရူးအမူး အူကြ၏၊ ၎င်းတို့အားလုံးသည် ကျဉ်းကျပ်စွာ အတူတကွ နေကြလျက်၊ မရှင်းလင်းသော ဝန်းကျင်စရိုက်သွင်ပြင်သည် ပျားပန်းခပ်မျှ လှုပ်ရှားကာ ဖျတ်လတ်တက်ကြွလျက် ပျံ့နှံ့နေ၏၊ ထို့အပြင် မိမိတို့ကိုယ်ကိုယ် သူတစ်ပါးနှင့် ဆင်ကန်းတောတိုး တွယ်ကပ်သောသူများ ပေါ်ထွက်ပြီးရင်း ပေါ်ထွက်လျက်ရှိပြီး၊

၎င်းတို့အားလုံးသည် ၎င်းတို့ ဘိုးဘေးဘီဘင်များ၏ "အထင်ကရ" အမည်များကို အခိုင်အမာ စွဲကိုင်ထား၏။ ဤခွေးများနှင့်ကြက်များသည် ကာလကြာမြင့်စွာက ဘုရားသခင်အား မစဉ်းစားဘဲ၊ ဘုရားသခင်၏စိတ်နှလုံး၏ အခြေအနေကို မည်သည့်အခါကမျှ အထူးဂရုပြုခဲ့ခြင်း မရှိပေ။ လူသားသည် ခွေးတစ်ကောင် သို့မဟုတ် ကြက်တစ်ကောင်အလား ဖြစ်ပြီး အခြားခွေးတစ်ရာကို အူစေသည့် ဟောင်နေသော ခွေးတစ်ကောင်အလား ဖြစ်သည်ဟု ဘုရားသခင်ပြောသည်မှာ အံ့သြဖွယ်သိပ်မရှိလှပေ။ ဤနည်းဖြင့် သူသည် များစွာတို့၏ဝက်ဝက်ကွဲ ဩဘာပေးခြင်းဖြင့် ဘုရားသခင်၏ အမှုတော်ကို လက်ရှိနေ့ရက်သို့ ယူဆောင်ခဲ့ကာ၊ ဘုရားသခင်၏ အမှုတော်သည် မည်သို့ရှိသည်၊ တရားမျှတမှု ရှိမရှိ၊ ဘုရားသခင်သည် ခြေချစရာနေရာတစ်ခု ရှိမရှိ၊ မနက်ဖြန်သည် မည်သို့ရှိမည်၊ ၎င်းကိုယ်တိုင်၏နိမ့်ကျမှုနှင့် ၎င်းကိုယ်တိုင်၏ ညစ်ညမ်းမှုတို့ကို ဂရုမပြုပေ။ လူသားသည် အမှုအရာများကို မည်သည့်အခါကမှ ဤမျှမစဉ်းစားခဲ့ဖူးပေ၊ သူသည် နက်ဖြန်အတွက် မည်သည့်အခါကမျှ သူ့ကိုယ်သူ စိုးရိမ်ခဲ့ဖူးခြင်း မရှိပေ၊ ထို့အပြင် အကျိုးရှိသော အရာအားလုံးနှင့် အဖိုးတန်သော အရာအားလုံးကို သူကိုယ်တိုင်၏ ရင်ခွင်အတွင်း ထွေးပိုက်ခဲ့ကာ အစအနများနှင့် စားကြွင်းစားကျန်များ[၁၀] မှတစ်ပါး ဘုရားသခင်အတွက် မည်သည့်အရာမှ ချန်မထားပေ။ လူသားမျိုးနွယ်သည် ရက်စက်လှပေတကား။ သူသည် ဘုရားသခင်အတွက် မည်သည့်ခံစားမှုမှ မထားဘဲ၊ ဘုရားသခင်၏ အရာအားလုံးကို လျှို့ဝှက်စွာ ဝါးမျိုပြီးနောက်၊ သူသည် ဘုရားသခင်အား သူ၏အနောက်ဖက်ဝေးရာသို့ ပစ်လိုက်ကာ ကိုယ်တော်၏ တည်ရှိမှုအပေါ် ဆက်၍ဂရုမပြုတော့ပေ။ သူသည် ဘုရားသခင်၌ မွေ့လျော်သော်လည်း၊ ဘုရားသခင်ကို ဆန့်ကျင်ကာ ကိုယ်တော့်ကို ခြေအောက်နင်းခြေ၍၊ ထိုသို့ပြုလုပ်စဉ် သူ၏နှုတ်ကမူ ဘုရားသခင်အား ကျေးဇူးတင်လျက် ချီးမွမ်း၏၊ သူသည် ဘုရားသခင်ထံ ဆုတောင်းကာ ဘုရားသခင်အပေါ် မှီခိုစဉ်တွင် ဘုရားသခင်ကို လှည့်ဖြားခြင်းလည်း ပြု၏၊ သူသည် ဘုရားသခင်၏နာမကို "ချီးမြှောက်"၍ ဘုရားသခင်၏မျက်နှာတော်ကို မော်ကြည့်သော်လည်း၊ သူသည် ဘုရားသခင်၏ ပလ္လင်တော်အပေါ်၌ မျက်နှာပြောင်ဖြင့် အရှက်ကင်းမဲ့စွာထိုင်၍ ဘုရားသခင်၏ "မဖြောင့်မတ်မှု" ကို တရားစီရင်၏၊ ဘုရားသခင်၏ ကျေးဇူး သူ့အပေါ်တင်ရှိနေကြောင်း သူ၏နှုတ်မှ စကားများထွက်လာကာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သူကြည့်သော်လည်း၊ သူ၏စိတ်နှလုံး၌ သူသည် ဘုရားသခင်အား ဆဲရေးခြင်းများ ပစ်ပေါက်၏၊ သူသည် ဘုရားသခင်ကို "သည်းခံ" သော်လည်း ဘုရားသခင်အား ဖိနှိပ်ကာ၊ ဤသည်မှာ ဘုရားသခင်အတွက်ဟု သူ၏နှုတ်မှပြောသည်၊ သူ၏လက်ထဲတွင်

သူသည် ဘုရားသခင်၏ ဥစ္စာပစ္စည်းများကို ကိုင်ထား၍ သူ၏ပါးစပ်ထဲတွင် ဘုရားသခင် သူ့ကိုပေးခဲ့သည့်အစာကို သူဝါးသော်လည်း၊ သူ၏မျက်လုံးများသည် ဘုရားသခင်အပေါ် စိမ်းကား၍ ခံစားမှုကင်းမဲ့သောအကြည့်ဖြင့် ငေးစိုက်ကြည့်နေသည်မှာ ဘုရားသခင်တစ်ပါးလုံးကို လောဘတကြီး စားပစ်လိုသည့်အလားဖြစ်၏၊ သူသည် သမ္မာတရားကို ကြည့်သော်လည်း၊ ယင်းသည် စာတန်၏လှည့်စားမှုဟု မရမကပြော၏၊ သူသည် တရားမျှတမှုကို ကြည့်သော်လည်း ၎င်းကို မိမိကိုယ်ကို ငြင်းပယ်ချက်ဖြစ်စေရန် အတင်းအကျပ်ပြုလုပ်၏၊ သူသည် လူသား၏ လုပ်ဆောင်ချက်များကို ကြည့်ပြီး ယင်းတို့သည် ဘုရားသခင်၏ဖြစ်ခြင်းဟု ခိုင်ခိုင်မာမာပြော၏၊ သူသည် လူသား၏ ပင်ကိုအထုံပါရမီများကို ကြည့်ပြီး ၎င်းတို့သည် သမ္မာတရားဟု အခိုင်အမာပြော၏၊ သူသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို ကြည့်ပြီး ၎င်းတို့သည် မာနထောင်လွှားမှုနှင့် စိတ်ကြီးဝင်မှု၊ သကြဲ့န်အမြောက်နှင့် မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု ယူမှတ်ခြင်းဟု အခိုင်အမာပြော၏၊ လူသားသည် ဘုရားသခင်ကို ကြည့်သောအခါ၊ ကိုယ်တော့်ကို လူဟု အမည်တပ်ရန် အတင်းအကျပ်ပြုလုပ်၍ သူ့အား စာတန်နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းရှိသော ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ နေရာတွင် ထားရန် ကြိုးစား၏၊ ၎င်းတို့သည် ဘုရားသခင်၏ မိန့်မြွက်ချက်များ ဖြစ်ကြောင်းကို သူသည်အပြည့်အဝ ကောင်းမွန်စွာ သိသော်လည်း၊ ၎င်းတို့အား လူသားတစ်ဦး၏ ရေးသားချက်များ ဟူ၍မှတစ်ပါး အခြားမည်သည့်အရာဟုမျှ မခေါ်ပေ၊ ဝိညာဉ်တော်သည် ဇာတိပကတိ၌ ဖြစ်ပေါ်သည်၊ ဘုရားသခင်သည် လူ့ဇာတိခံယူသည်ကို သူအပြည့်အဝ ကောင်းမွန်စွာသိသော်လည်း၊ ဤဇာတိပကတိသည် စာတန်မှ ဆင်းသက်လာသူဟုသာ ပြော၏၊ ဘုရားသခင်သည် နှိမ့်ချ၍ မထင်မရှားရှိကြောင်းကို သူအပြည့်အဝ ကောင်းမွန်စွာသိသော်လည်း၊ စာတန်သည် အရှက်ခွဲခံရ၍ ဘုရားသခင်သည် အနိုင်ရခဲ့ကြောင်းကိုသာ ပြော၏။ အသုံးမကျသော လူများပေတည်း။ လူသားသည် အစောင့်ခွေးများကဲ့သို့ အစေခံရန်ပင် မထိုက်တန်ပေ။ သူသည် အမည်းနှင့်အဖြူ ခွဲခြားခြင်းမရှိဘဲ၊ အမည်းကို အဖြူဖြစ်အောင် တမင်ပင် မလိမ့်တစ်ပတ်လုပ်၏။ ဘုရားသခင်၏ လွတ်မြောက်ခြင်းနေ့ရက်ကို လူသား၏အင်အားစုများနှင့် လူသား၏ ဝန်းရံတပ်ချခြင်းသည် သည်းခံနိုင်မည်လော။ ဘုရားသခင်ကို တမင်ဆန့်ကျင်ပြီးနောက် လူသားသည် အနည်းငယ်မျှ ဂရုမစိုက်ပေ သို့မဟုတ် ကိုယ်တော့်ကို သတ်သည်အထိ ပြုလုပ်၍ ဘုရားသခင် သူ့ကိုယ်သူ ပြသရန်အခွင့် မပေးပေ။ ဖြောင့်မတ်ခြင်းသည် အဘယ်မှာနည်း။ ချစ်ခြင်းမေတ္တာသည် အဘယ်မှာနည်း။ သူသည် ဘုရားသခင်ဘေးတွင် ထိုင်ကာ ဒူးထောက်၍ ခွင့်လွှတ်ခြင်းကို တောင်းခံစေရန်၊ သူ၏အစီအမံ အားလုံးကို နာခံစေရန်၊ သူ၏

အကွက်ဆင်မှုအားလုံးကို သဘောတူ လိုက်လျောစေရန် ဘုရားသခင်အား တွန်းအားပေး၏၊ ထို့အပြင် သူသည် ဘုရားသခင်အား သူလုပ်သမျှ၌ ၎င်း၏ ဦးဆောင်မှုနောက်သို့ လိုက်၍လုပ်စေ၏။ သို့မဟုတ်ပါက သူသည် ဒေါသအလွန်ထွက်ကာ[၁၁] ယမ်းပုံမီးကျဖြစ်၏။ အမည်းကို အဖြူအဖြစ် မလိမ့်တစ်ပတ်လုပ်သည့် ဤသို့သော အမှောင်ထု လွှမ်းမိုးမှုအောက်တွင် ဘုရားသခင်သည် သောကမရောက်ဘဲ အဘယ်သို့ နေနိုင်မည်နည်း။ ကိုယ်တော်သည် မစိုးရိမ်ဘဲ အဘယ်သို့နေနိုင်မည်နည်း။ ဘုရားသခင်သည် သူ၏နောက်ဆုံး အလုပ်ကို စတင်သည့်အခါ၊ ယင်းသည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းသည့်အလုပ်နှင့် တူ၏ဟု အဘယ်ကြောင့် ပြောကြသနည်း။ လူသားတို့၏လုပ်ရပ်များသည် "ကြွယ်ဝလွန်း" ၏၊ "အစဉ်စီးဆင်းနေသော သက်စမ်းရေတွင်း" သည် လူသားနှလုံးသား၏ စိုက်ကွင်းကို စဉ်ဆက်မပြတ် "ဖြည့်တင်း" စဉ် လူသား၏ "သက်စမ်းရေတွင်း" သည် ကိုယ်ကျင့်သိက္ခာစောင့်စည်းမှု မရှိဘဲ[၁၂] ဘုရားသခင်နှင့် ယှဉ်ပြိုင်၏၊ ဤအရာနှစ်ခုသည် ညှိနှိုင်း၍မရပေ၊ ထို့အပြင် ၎င်းသည် ဘုရားသခင်ကိုယ်စား လူတို့ကို ပြစ်ဒဏ်မခံရခြင်း ပေးစဉ် လူသားသည် ပါဝင်ပတ်သက်သော အန္တရာယ်များကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ ၎င်းနှင့်ပူးပေါင်းဆောင်ရွက်၏။ မည်သည့် သက်ရောက်မှု ရှိသနည်း။ ကိုယ်တော်သည် လူတို့၏ အာရုံစိုက်ခံရမည်ကို အလွန်အမင်း ကြောက်ရွံ့ကာ၊ ဘုရားသခင်၏ သက်စမ်းရေတွင်းသည် လူသားအား ဖြားယောင်းသွေးဆောင်ပြီး၊ လူသားအား ရရှိမည်ကို ကြီးလေးစွာကြောက်ရွံ့သဖြင့် သူသည် ဘုရားသခင်အား အေးစက်စွာ ဘေးဖယ်လျက် လူတို့ ဂရုစိုက်ခြင်းမရှိသည့် အဝေးတွင် ကိုယ်တော့်ကိုထား၏။ ထို့ကြောင့် လောကနှင့် သက်ဆိုင်သည့် အရာများနှင့် နှစ်ပေါင်းများစွာ ကြုံတွေ့ပြီးနောက်၊ သူသည် ဘုရားသခင်ကို မသိကျိုးကျွန်ပြုကာ လျှို့ဝှက်ကြံစည်ပြီး ခြေပုန်းခုတ်သည့်အပြင် ဘုရားသခင်ကို သူ၏ပြင်းထန်စွာ ဝေဖန်ရာ ပစ်မှတ် ဖြစ်စေ၏။ ယင်းမှာ သူ၏အမြင်ထဲတွင် ဘုရားသခင်သည် သစ်တုံးတစ်တုံးကဲ့သို့ ဖြစ်သွားသည့်အလားဖြစ်၍ သူသည် ဘုရားသခင်အား ဆုပ်ကိုင်ကာ စစ်ဆေးခြင်းနှင့် သန့်စင်ခြင်း ခံယူစေခြင်းငှာ ကိုယ်တော့်ကို မီးထဲသို့ပစ်ချရန် အရှူးအမူးဖြစ်နေ၏။ ဘုရားသခင်၏ ကသိကအောက်ဖြစ်ခြင်းကို မြင်လျက် လူသားသည် သူ၏ရင်ကိုတီးကာ ရယ်မော၏၊ သူသည် ဝမ်းမြောက်၍ကခုန်ကာ ဘုရားသခင်သည်လည်း စစ်ဆေးခြင်း အတွင်းသို့ တွန်းချခံရသည်ဟု ပြောပြီး ဘုရားသခင်၏ မသန့်စင်မှုများကို သူသည် မီးမြိုက် သန့်စင်မည်ဟု ပြော၍ ဤသည်သာလျှင် မှုမှန်ကာ သင့်တင့်လျောက်ပတ်သည့်အလား၊ ဤသည်တို့သာလျှင် ကောင်းကင်ဘုံ၏ တရားမျှတ၍ ထိုက်သင့်သော နည်းနာများ ဖြစ်သည့်အလား ဖြစ်သည်။ လူသား၏ ဤကြမ်းတမ်းသည့်

အပြုအမူသည် တမင်ရည်ရွယ်ပုံရော၊ သတိမမူမိပုံပါရ၏။ လူသားသည် သူ၏ အကျည်းတန်သော မျက်နှာကိုရော၊ ကြောက်မက်ဖွယ်ကောင်းလျက် ညစ်ပေနေသည့်စိတ်ဝိညာဉ်ကိုပါ ထုတ်ဖော်သည့်အပြင် သူတောင်းစား တစ်ဦး၏ သနားစဖွယ်ကောင်းသော အသွင်ကိုပါ ထုတ်ဖော်၏။ ၎င်းသည် အနှံ့အပြား သောင်းကျန်းပြီးနောက် အလွန့်အလွန် သနားစဖွယ် ကောင်းသော ခွေးဘီလူးနှင့်ဆင်လျက် သနားစဖွယ် ရုပ်သွင်ဆောင်ကာ ကောင်းကင်ဘုံ၏ ခွင့်လွှတ်ခြင်းကို တောင်းခံ၏။ လူသားသည် မျှော်လင့်မထားသည့် နည်းလမ်းများနှင့် အစဉ်ပင်ပြုမူ၏၊ ၎င်းသည် "အခြားသူများကို ခြောက်လှန့်ရန် ကျား၏ကျောကို အစဉ်စီး၏က"၊ သူသည် ထိုဇာတ်ရုပ်ကို အမြဲပီပြင်အောင် သရုပ်ဆောင်နေ၏၊ သူသည် ဘုရားသခင်၏နှလုံးသားကို စိုးစဉ်းမျှပင် ထည့်သွင်း စဉ်းစားခြင်း မရှိသကဲ့သို့ သူ၏အနေအထားနှင့်လည်း မည်သည့် နှိုင်းယှဉ်မှုမျှ မပြုလုပ်ပေ။ ဘုရားသခင်မှ သူ့အပေါ် အမှားကျူးလွန်ခဲ့ကာ သူ့ကို ထိုကဲ့သို့ မဆက်ဆံသင့်သည့်အလား၊ ကောင်းကင်ဘုံသည် မျက်လုံးများ မရှိဘဲ၊ သူ့အတွက် အမှုအရာများကို တမင်ခက်ခဲအောင် ပြုလုပ်နေသည့်အလား သူသည် ဘုရားသခင်ကို တိတ်ဆိတ်စွာ ဆန့်ကျင်ခြင်းသာပြု၏။ ထို့ကြောင့် လူသားသည် ဆိုးယုတ်သည့် ကြံစည်မှုများကို အစဉ်ပင် လျှို့ဝှက်စွာ ဆောင်ရွက်ကာ ဘုရားသခင်အပေါ် သူ၏ တောင်းဆိုမှုများကို စိုးစဉ်းမျှပင် လျှော့ပေးခြင်းမရှိဘဲ၊ သရဲမရဲစီးနေသည့် မျက်လုံးများဖြင့် ကြည့်နေလျက် ဘုရားသခင်၏ လှုပ်ရှားမှုတိုင်းကို ဒေါသအမျက် ခြောင်းခြောင်းထွက်၍ စိန်းစိန်းဝါးဝါး ကြည့်ကာ သူသည် ဘုရားသခင်၏ရန်သူဖြစ်သည်ဟု တစ်ခါမျှ မစဉ်းစားဘဲ၊ ဘုရားသခင်သည် မြူကိုခွင်း၍ အမှုအရာများကို ရှင်းလင်းစေကာ သူ့အား "ကျား၏ခံတွင်းမှ" ကယ်တင်ပြီး သူ့ကိုယ်စား ကလဲ့စားချေသည့် နေ့ရက် ရောက်လာမည်ကို မျှော်လင့်လျက် ရှိသည်။ ယနေ့ပင်လျှင် လူတို့သည် ခေတ်များတစ်လျှောက် များစွာတို့ပါဝင်ခဲ့သည့် ဘုရားသခင်ကို ဆန့်ကျင်သော အခန်းကဏ္ဍတွင် သူတို့ ပါဝင်နေကြသည်ဟု မထင်ကြသေးပေ။ ၎င်းတို့လုပ်သမျှတိုင်းတွင် ၎င်းတို့ လမ်းလွဲသွားခဲ့သည်မှာ ကာလကြာမြင့်စွာကတည်းက ဖြစ်ကြောင်း၊ ၎င်းတို့ နားလည်ခဲ့သမျှသည် ကာလကြာမြင့်စွာကတည်းက ပင်လယ်များ၏ ဝါးမျိုခြင်းခံခဲ့ရပြီး ဖြစ်ကြောင်းကို ၎င်းတို့ မည်သို့သိနိုင်မည်နည်း။

သမ္မာတရားကို မည်သူ လက်ခံခဲ့ဖူးသနည်း။ ဘုရားသခင်အား မည်သူ လက်ကမ်းကြိုဆိုခဲ့ဖူးသနည်း။ ဘုရားသခင် ပေါ်ထွန်းလာရန် အဘယ်သူက ပျော်ရွှင်စွာဖြင့် တောင့်တဖူးသနည်း။ လူသား၏အပြုအမူသည် ကာလကြာမြင့်စွာကတည်းက ယိုယွင်းပျက်စီးခဲ့ပြီးဖြစ်ကာ သူ၏ဖျက်ဆီးရမ်းကားမှုကြောင့်၊ ဘုရားသခင်၏ ဗိမာန်တော်သည်

မှတ်မိစရာမရှိ ဖြစ်ကျန်ခဲ့သည်မှာ ကာလကြာမြင့်စွာကတည်းက ဖြစ်သည်။ သို့သော်လည်း လူသားသည် ၎င်းကိုယ်တိုင်၏အလုပ်ကို ဆက်လုပ်၍ ဘုရားသခင်အား အစဉ်ပင် အထင်အမြင်သေးလျက်ရှိ၏။ ဤသည်မှာ ဘုရားသခင်ကို ၎င်း၏ဆန့်ကျင်ခြင်းသည် ပုံသေသတ်မှတ်ထားပြီး ပြောင်းလဲ၍မရကာ၊ အကျိုးဆက်အနေဖြင့် ၎င်း၏စကားများနှင့် ပြုမူချက်များအပေါ် နှိပ်စက်မှုကို နောက်ထပ်ခံစားမည့်အစား ၎င်းသည် ကျိန်ဆဲခံမည့်အလား ဖြစ်၏။ ဤကဲ့သို့သောလူများသည် ဘုရားသခင်အား မည်သို့သိနိုင်မည်နည်း။ ၎င်းတို့သည် ဘုရားသခင်၌ မည်သို့ ချမ်းသာစွာနေနိုင်မည်နည်း။ ၎င်းတို့သည် ဘုရားသခင်၏ ရှေ့တော်မှောက်လာရန် မည်သို့ သင့်တော်နိုင်မည်နည်း။ ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်၌ မိမိကိုယ်ကိုယ် မြှုပ်နှံထားသည်မှာ မမှားကြောင်း သေချာ၏။ သို့သော် လူတို့သည် ၎င်းတို့ကိုယ်တိုင်၏ သွေးနှင့် မျက်ရည်များကို တစ်ကိုယ်ကောင်းမဆန်ဘဲ ဆက်ကပ်ထားစဉ်၊ ဘုရားသခင်၏အလုပ်နှင့် ဘုရားသခင်၏အလုံးစုံကို အမြဲပင် အဘယ်ကြောင့် မစဉ်းစားကြသနည်း။ လူတို့၏ တစ်ကိုယ်ကောင်းမဆန်ဘဲ မြှုပ်နှံသောစိတ်ဓာတ်သည် အဖိုးတန်သည်မှာ သေချာ၏။ သို့သော် ၎င်းတို့ငင်သည့် "ပိုးချည်" သည် ဘုရားသခင်ဖြစ်ခြင်းကို ကိုယ်စားပြုရန် လုံးဝတတ်နိုင်စွမ်း မရှိကြောင်းကို ၎င်းတို့ မည်သို့သိနိုင်မည်နည်း။ လူတို့၏ စေတနာကောင်းများသည် အဖိုးတန်၍ ရှားပါးသည်မှာ သေချာ၏။ သို့သော် ၎င်းတို့သည် "အဖိုးမဖြတ်နိုင်သောရတနာ[၁၃]"ကို မည်သို့မျိုချနိုင်မည်နည်း။ သင်တို့အကြား တစ်ဦးစီသည် သင်တို့၏အတိတ်ကို ပြန်လည် စဉ်းစားသင့်သည်- သင်တို့သည် နှလုံးသားကင်းမဲ့သော ပြစ်တင်ဆုံးမမှုနှင့် ကျိန်ဆဲခြင်းများတို့မှ အဘယ်ကြောင့် မည်သည့်အခါမျှ ကင်းကွာခဲ့ခြင်း မရှိသနည်း။ လူတို့သည် ကြီးကျယ်သောစကားလုံးများ၊ ဖြောင့်မတ်သော တရားစီရင်ခြင်းတို့နှင့် ဤသို့ "ရင်းနှီးသည့်ဆက်ဆံရေး" အဘယ်ကြောင့် အစဉ်ရှိသနည်း။ ဘုရားသခင်သည် ၎င်းတို့ကို အကယ်ပင် စမ်းသပ်နေသလော။ ဘုရားသခင်သည် ၎င်းတို့ကို တမင် စစ်ဆေးနေသလော။ ထို့အပြင် စစ်ဆေးခြင်းအလယ်တွင် လူတို့သည် မည်သို့ ဝင်ရောက်ကြသနည်း။ ထိုသူတို့သည် ဘုရားသခင်၏အလုပ်ကို စစ်မှန်စွာသိကြသလော။ လူတို့သည် ဘုရားသခင်၏အလုပ်နှင့် ၎င်းတို့ကိုယ်တိုင်၏ ဝင်ရောက်မှုမှ မည်သည့်သင်ခန်းစာများ ရရှိခဲ့ပြီးသနည်း။ ဘုရားသခင်၏ တိုက်တွန်းမှုကို လူတို့မမေ့လျော့ပါစေနှင့်၊ ထို့ပြင် ၎င်းတို့သည် ဘုရားသခင်၏ အလုပ်အတွင်းသို့ ထိုးထွင်းသိမြင်မှု ရှိနိုင်ပါစေ၊ ယင်းကို ရှင်းလင်းစွာ ခွဲခြား၍ ၎င်းတို့ကိုယ်တိုင်၏ ဝင်ရောက်မှုကို သင့်တော်စွာ စီမံခန့်ခွဲနိုင်ပါစေ။

အောက်ခြေမှတ်စု(များ)-

၁။ လူသားတို့၏ နာခံမှုမရှိခြင်းကို ဖော်ထုတ်ရန် “ဒဏ်ရာဒဏ်ချက်များ” ကို အသုံးပြုထား၏။

၂။ “ရက်စက် ကြမ်းကြုတ်သော မျက်ခုံးများနှင့် လှုပ်ယမ်းနေသော လက်ချောင်း တစ်ထောင်တို့၏ အေးစက်သော ပမာမခန့်ပြုမှုတို့နှင့် ရင်ဆိုင်ခဲ့ရသည်၊ ဘုရားသခင်သည် စိတ်အလိုကျသော နွားထီးပမာ ခေါင်းငုံ့လျက် လူတို့အား အစေခံကာ သည်းခံရုံသာ တတ်နိုင်၏” သည် မူလက ဝါကျတစ်ကြောင်းသာဖြစ်သော်လည်း၊ ဤနေရာတွင် ပိုရှင်းသွားရန် နှစ်ကြောင်းခွဲထားခြင်းဖြစ်သည်။ ပထမဝါကျသည် လူသား၏ပြုမူချက်များကို ရည်ညွှန်း၍ ဒုတိယဝါကျသည် ဘုရားသခင် ကြုံရသည့် ဒုက္ခခံစားမှုကို ညွှန်ပြကာ ဘုရားသခင်သည် နှိမ့်ချ၍ မမြင်ရကြောင်းကို ညွှန်ပြ၏။

၃။ “အခြေအမြစ်မရှိသော အစွဲအလမ်း” သည် လူသားတို့၏ နာခံမှုမရှိသော အပြုအမူကို ရည်ညွှန်း၏။

၄။ “အကြွင်းမဲ့အာဏာကို ရယူ” သည် လူတို့၏ နာခံမှုမရှိသော အပြုအမူကို ရည်ညွှန်း၏။ ၎င်းတို့သည် မိမိကိုယ်ကိုယ် မြှင့်တင်၏၊ အခြားသူများကို ထိပ်တုံးခတ်၏၊ ထိုသူတို့အား ၎င်းတို့နောက်သို့လိုက်စေ၍ ၎င်းတို့အတွက် ဒုက္ခခံစားစေ၏။ ၎င်းတို့သည် ဘုရားသခင်အပေါ် ရန်လိုသည့် အင်အားစုများဖြစ်၏။

၅။ ဘုရားသခင်ကို မသိသူများအား လှောင်ပြောင်ရန် “ရုပ်သေး” ကို အသုံးပြုထား၏။

၆။ လူတို့၏ နိမ့်ကျသောအပြုအမူကို မီးမောင်းထိုးပြရန် “တစ်မုဟုတ်ချင်း ကြီးထွားပြင်းထန်လာသည့်” ကို အသုံးပြုထား၏။

၇။ “အရေးကြီးသည့် ကွဲပြားမှုများကို ခွဲခြားနိုင်ခြင်း မရှိ” က လူတို့သည် ဘုရားသခင်၏အလိုတော်ကို စာတန်ဆန်သောအရာ အရာတစ်ခုအဖြစ် လိမ်သည့်အခါကို ညွှန်ပြ၏။ ယေဘုယျအားဖြင့် လူတို့ ဘုရားသခင်အား ငြင်းပယ်သည့် အပြုအမူကို ရည်ညွှန်းသည်။

၈။ “အမည်းနှင့်အဖြူကို အစဉ်ပင် ရောထွေး၏ဂ” သည် သမ္မာတရားကို ထင်ယောင်ထင်မှားမှုများနှင့် ရောထွေးပစ်ခြင်း၊ ဖြောင့်မတ်ခြင်းကို ဆိုးယုတ်မှုနှင့် ရောထွေးပစ်ခြင်းအား ရည်ညွှန်းသည်။

၉။ လူတို့သည် အသိဉာဏ်ကင်းမဲ့လျက် ထိုးထွင်းသိမြင်မှု ချို့တဲ့နေသည်ကို ညွှန်ပြရန် “ဓားပြ” ကို အသုံးပြုထာသည်။

၁၀။ လူတို့ ဘုရားသခင်အား ဖိနှိပ်သည့် အပြုအမူကို ညွှန်ပြရန် “အစအနများနှင့် စားကြွင်းစားကျန်များ” ကို အသုံးပြုထား၏။

၁၁။ "ဒေါသအလွန်ထွက်ကာ" သည် ဒေါသထွက်၍ စိတ်အနှောင့်အယှက် ဖြစ်နေသော လူသား၏ အကျည်းတန်သော မျက်နှာကို ရည်ညွှန်း၏။

၁၂။ "ကိုယ်ကျင့်သိက္ခာစောင့်စည်းမှု မရှိဘဲ" သည် လူတို့ မဆင်မခြင်ပြုမူ၍ ဘုရားသခင်အပေါ် စိုးစဉ်းမျှ ကြည်ညိုလေးစားမှု မရှိသည့်အခါကို ရည်ညွှန်းသည်။

၁၃။ "အဖိုးမဖြတ်နိုင်သောရတနာ" သည် ဘုရားသခင်၏ အလုံးစုံကို ရည်ညွှန်း၏။

က။ ဤသည်မှာ တရုတ် ဓလေ့သုံးစကားဖြစ်သည့် "ဟူးဂျားဟူးဝေ" ဟူသည့် မူရင်းစာသားအပေါ် အခြေခံ၍ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ယင်းမှာ မြေခွေးတစ်ကောင်က ကျားတစ်ကောင်၏ အဖော်ပြုပေးခြင်းအားဖြင့် လမ်းလျှောက်လာပြီး ကျားကခံယူထိုက်သည့် ကြောက်ရွံ့မှုနှင့် သြဇာကို "ငှားရမ်းအသုံးပြု" ကာ အခြားတိရစ္ဆာန်များကို ခြောက်လှန့်မောင်းထုတ်သည့် ပုံပြင်တစ်ပုဒ်ကို ရည်ညွှန်းသည်။ ဤသည်မှာ အခြားလူများကို ကြောက်လန့်စေရန် သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ရန်အတွက် တ်ခြားတစ်ဦးဦး၏ သြဇာကို "ငှားရမ်းအသုံးပြု" သော လူတို့ကို ရည်ရွယ်ပြောဆိုရန် ဤနေရာတွင် အသုံးပြုသည့် ဥပစာစကားတစ်ခု ဖြစ်သည်။

# အမှုတော်နှင့် ဝင်ရောက်ခြင်း (၁၀)

လူသားမျိုးနွယ်အတွက် ဤမျှတိုးတက်ပြီးဖြစ်သည်မှာ အစဉ်အလာ မရှိသော အခြေအနေတစ်ရပ်ဖြစ်၏။ ဘုရားသခင်၏ အမှုနှင့် လူသား၏ ဝင်ရောက်မှုတို့သည် ပခုံးချင်းယှဉ်လျက် တိုးတက်ကာ၊ ထိုသို့ဖြင့် ဘုရားသခင်၏ အမှုသည်လည်း ပြိုင်ဘက်ကင်းသည့် ကြီးကျယ်ခမ်းနားသော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ယနေ့ထိ လူသား၏ဝင်ရောက်မှုသည် လူသားက ယခင် မည်သည့်အခါကမျှ စိတ်မကူးခဲ့ဖူးသော အံ့သြဖွယ်ရာတစ်ခု ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် ယင်း၏အထွတ်အထိပ်သို့ ရောက်ရှိပြီးဖြစ်သည်- ပြီးလျှင် နောက်ပိုင်းတွင် "လူသား၏ဝင်ရောက်မှု"[၁] သည်လည်း ၎င်း၏အခေါင်အဖျားသို့ ရောက်ရှိပြီးဖြစ်သည်။ ဘုရားသခင်သည် သူ့ကိုယ်သူ တတ်နိုင်သမျှ နိမ့်ကျစေပြီးဖြစ်ကာ သူသည် လူသားမျိုးနွယ်ကို သို့မဟုတ် စကြဝဠာနှင့် အရာခပ်သိမ်းကို မည်သည့်အခါမျှ မကန့်ကွက်ဖူးပေ။ ထိုအတောအတွင်းတွင် လူသားသည် ဘုရားသခင်၏ဦးခေါင်းပေါ်တွင် ရပ်ကာ၊ ဘုရားသခင်ကို လူ၏ ဖိနှိပ်ခြင်းသည် ယင်း၏ အထွတ်အထိပ်သို့ ရောက်ရှိပြီးဖြစ်သည်။ အရာခပ်သိမ်းသည် ယင်း၏အထွတ်အထိပ်သို့

ရောက်ရှိပြီး ဖြစ်ကာ၊ ဖြောင့်မတ်ခြင်း နေ့ရက် ပေါ်ထွန်းဖို့အတွက် အချိန်ကျပြီဖြစ်သည်။ အဘယ်ကြောင့် မှုန်မှိုင်းနေမှုကို မြေပြင်ပေါ် ဆက်၍ဖုံးလွှမ်းခွင့်ပြုပြီး အမှောင်ကို လူအပေါင်းတို့အား ဆက်လွှမ်းခြုံခွင့် ပြုရသနည်း။ ဘုရားသခင်သည် နှစ်ပေါင်း ထောင်ပေါင်း အချို့ကြာ- နှစ်ကာလ အထောင်အသောင်းများစွာကြာ- စောင့်ကြည့်ပြီးဖြစ်ကာ သူ၏သည်းခံမှုသည် အချိန်ကြာမြင့်စွာကတည်းက အကန့်အသတ်သို့ ရောက်ရှိပြီး ဖြစ်သည်။ သူသည် လူသားမျိုးနွယ်၏ လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်နေပြီးဖြစ်သည်၊ လူသား၏ မဖြောင့်မတ်မှုသည် မည်မျှကြာအောင် သောင်းကျန်းမည်ကို စောင့်ကြည့်နေပြီးဖြစ်သည်၊ သို့သော် ကြာမြင့်စွာကတည်းက ထုံထိုင်းသွားပြီ ဖြစ်သော လူသားသည် မည်သည့် အရာကိုမျှ မခံစားရပေ။ ပြီးလျှင် အဘယ်သူသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို စောင့်ကြည့် လေ့လာဖူးပါသနည်း။ အဘယ်သူသည် ၎င်းတို့၏မျက်လုံးများကိုပင့်ကာ အဝေးသို့ စစ်ဆေးကြည့်ဖူးသနည်း။ အဘယ်သူသည် သေချာစွာ နားထောင်ဖူးသနည်း။ အဘယ်သူသည် အနန္တတန်ခိုးရှင်၏ လက်များတွင် ရှိဖူးသနည်း။ လူအားလုံးသည် စိတ်ကူးသက်သက် ကြောက်ရွံ့မှုများ၏ ဒုက္ခပေးခြင်းကို ခံကြရသည်။၂ မြက်ခြောက်နှင့် ကောက်ရိုးပုံသည် မည်သည့်အသုံးဝင်မှု ရှိသနည်း။ ၎င်းတို့လုပ်နိုင်သည့် တစ်ခုတည်းသောအရာမှာ လူ့ဇာတိခံဘုရားသခင်ကို သေသည်အထိ ညှဉ်းဆဲခြင်းသာဖြစ်သည်။ ၎င်းတို့သည် မြက်ခြောက်နှင့် ကောက်ရိုးပုံများသာဖြစ်သော်လည်း၊ ၎င်းတို့ "အကောင်းဆုံး"၃ လုပ်ဆောင်သည့် အရာတစ်ခု ရှိသေး၏။ ဘုရားသခင်အား သေသည်အထိ ညှဉ်းဆဲပြီးနောက် "ယင်းက လူတို့၏ နှလုံးသားများကို ဝမ်းမြောက်စေ၏" ဟု ဟစ်အော်ခြင်း ဖြစ်သည်။ ပုစွန်ဆိတ်စစ်သားများနှင့် ဂဏန်းဗိုလ်ချုပ်များ တစ်စုပေတည်း။ အံ့သြဖွယ်ရာပင် ရပ်စဲခြင်းမရှိ စီးဆင်းနေသော လူတို့အကြားတွင် ၎င်းတို့သည် ဘုရားသခင်ကို ထိုးဖောက်၍မရနိုင်သော ပိတ်ဆို့မှုဖြင့် ဝိုင်းရံထားလျက်၊ ဘုရားသခင်ကို အာရုံစိုက်ထားကြသည်။ ၎င်းတို့၏ စိတ်အားထက်သန်မှုသည် ယခင်ထက် သာ၍ပူစွာ လောင်မြိုက်နေ၏၊၄ ၎င်းတို့သည် ဘုရားသခင်အား နည်းနည်းမျှ လှုပ်၍မရအောင် လူစုလူဝေးဖြင့် ဝိုင်းရံထား၏။ ၎င်းတို့၏ လက်များထဲတွင်၊ ၎င်းတို့သည် လက်နက်အမျိုးစုံ ကိုင်ဆောင်ထားပြီး ၎င်းတို့၏ မျက်လုံးများက ဒေါသအပြည့်ဖြင့် ဘုရားသခင်အား ရန်သူတစ်ဦးကို ကြည့်သကဲ့သို့ ကြည့်ကြ၏၊ ၎င်းတို့သည် "ဘုရားသခင်အား ပြင်းပြင်းထန်ထန် တိုက်ခိုက် သတ်ဖြတ်" ရန် တရှူရှူဖြစ်နေကြ၏။ စိတ်ရှုပ်ဖွယ် ကောင်းလိုက်လေစွ။ လူသားနှင့် ဘုရားသခင်သည် ထိုသို့ မကျေအေးနိုင်သော ရန်သူများ အဘယ်ကြောင့် ဖြစ်လာလေပြီနည်း။ ချစ်မြတ်နိုးဖွယ် အကောင်းဆုံး ဘုရားသခင်နှင့် လူသားအကြားတွင် ငြိုးမာန်ဖွဲ့ခြင်း ရှိနိုင်မည်လော။

ဘုရားသခင်၏ လုပ်ရပ်များသည် လူသားအဖို့ အကျိုးမရှိ၍များ ဖြစ်နိုင်မည်လော။ ယင်းတို့သည် လူသားကို ထိခိုက်နစ်နာစေသလော။ ဘုရားသခင်က လူသား၏ပိတ်ဆို့မှုကို ချိုးဖောက်သွားကာ၊ တတိယ ကောင်းကင်ဘုံသို့ ပြန်သွားပြီး၊ နောက်တစ်ဖန် လူသားအား မြေအောက် အကျဉ်းတိုက်ထဲသို့ ပစ်ထားမည်ကို လူသားသည် အလွန်အမင်း ကြောက်ရွံ့လျက်၊ ဘုရားသခင်အပေါ် မမှိတ်မသုန် စိုက်ကြည့်နေသည်။ လူသားသည် ဘုရားသခင်ကို သတိထား၏၊ သူသည် ရင်တမမဖြစ်နေကာ၊ လူသားအလယ် ဘုရားသခင်ကို ချိန်ရွယ်ထားသည့် "စက်သေနတ်" တစ်ခုကို ကိုင်ရင်း၊ အဝေးတွင် မြေပြင်အနှံ့ လှုံ့လွန်လျက်ရှိ၏။ ယင်းမှာ ဘုရားသခင် စိုးစဉ်းမျှ လှုပ်ရှားလိုက်သည်နှင့်- သူ၏ ကိုယ်ခန္ဓာတစ်ခုလုံးနှင့် သူဝတ်ဆင်သမျှ အားလုံး- သူ၏အရာအားလုံးကို လူသားက ဖယ်ရှားပစ်ကာ မည်သည့်အရာမျှ ချန်မထားမည့်အလား ဖြစ်၏။ ဘုရားသခင်နှင့် လူသားကြားက ဆက်ဆံရေးသည် ပြုပြင်မရနိုင်ပေ။ ဘုရားသခင်သည် လူသားအဖို့ နားမလည်နိုင်စရာ ဖြစ်သည်။ သို့သော် လူသားသည် သူ၏မျက်လုံးများကို တမင်မှိတ်ထားကာ ငါ၏တည်ရှိခြင်းကို မြင်ရန် လုံးဝ လိုလားခြင်းမရှိဘဲနှင့် ငါ၏ တရားစီရင်ခြင်းကို သည်းမခံဘဲလျက်၊ ပေါ့တန်စွာ အချိန်ဖြုန်းနေသည်။ ထို့ကြောင့် လူသား မျှော်လင့်မထားသည့်အချိန်တွင်၊ ငါသည် တိတ်ဆိတ်စွာ အဝေးသို့လွင့်မျောသွားကာ လူသားနှင့် ပတ်သက်၍ မည်သူ မြင့်သည်၊ မည်သူ နိမ့်သည်ကို နှိုင်းယှဉ်တော့မည် မဟုတ်ပေ။ လူသားမျိုးနွယ်သည် အားလုံးအနက် အနိမ့်ကျဆုံးသော "တိရစ္ဆာန်" ဖြစ်ပြီး ငါသည် သူ့အား အလေးဂရုပြုလိုစိတ် မရှိတော့ပေ။ ငါသည် ငါ၏ ကျေးဇူးတော်တစ်ခုလုံးကို ငါငြိမ်းချမ်းစွာ နေထိုင်ရာအရပ်သို့ အချိန်ကြာမြင့်စွာ ကတည်းက ပြန်ယူသွားပြီးဖြစ်သည်။ လူသားသည် နာခံမှုမရှိလွန်းသည့်အတွက်၊ သူသည် ငါ၏အဖိုးတန်သော ကျေးဇူးတော်ကို နောက်ထပ်မွေ့လျော်ရန် မည်သည့်အကြောင်းရင်းရှိသနည်း။ ငါ့ကို ရန်လိုသော အင်အားစုများအပေါ် ငါ၏ကျေးဇူးတော်ကို အချည်းနှီး နှင်းအပ်ရန် ငါ လိုလားနေခြင်းမရှိ။ ငါသည် ငါ၏အဖိုးတန်သောအသီးတို့ကို စိတ်အားထက်သန်ကာ ငါ၏ပြန်လာခြင်းကို အလေးအနက် ကြိုဆိုသော ခါနာန်ပြည်မှ လယ်သမားများကို အပ်နှင်းမည်။ ကောင်းကင် ထာဝရကာလကြာ တည်မြဲနေရန်နှင့် ထိုထက်ပို၍ လူသားသည် မည်သည့်အခါမျှ အိုမင်းခြင်းမရှိရန်၊ ကောင်းကင်နှင့်လူသား ထာဝရ ငြိမ်သက်ခြင်းချမ်းသာတွင်ရှိရန်နှင့်၊ အစဉ်စိမ်းလန်းသော "ထိုထင်ရှူးနှင့် ကျောက်ပန်းပင်များ" က ဘုရားသခင်အား အစဉ်ထာဝရ အဖော်ပြုရန်နှင့် အကောင်းဆုံးခေတ်ထဲသို့ အတူတကွ ဝင်ရောက်ရာ၌ ကောင်းကင်ကို အစဉ်ထာဝရ အဖော်ပြုရန်သာ ငါဆန္ဒရှိ၏။

ငါသည် လူသားနှင့်အတူ နေ့ညများစွာ ကုန်ဆုံးပြီးဖြစ်သည်၊ လူသားနှင့်အတူ ကမ္ဘာလောကတွင် အတူတကွ ငါနေထိုင်ပြီးဖြစ်ကာ မည်သည့်အခါမျှ လူသားနှင့်သက်ဆိုင်သည့် တောင်းဆိုမှုများကိုမျှ နောက်ထပ် မပြုလေပြီ။ ငါသည် လူသားကို ရှေ့သို့ အစဉ်လမ်းပြရုံမျှ လမ်းပြ၏၊ ငါသည် လူသားကို လမ်းပြသည်မှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်သကဲ့သို့၊ လူသားမျိုးနွယ်၏ ကံကြမ္မာအတွက် ငါသည် စီမံခန့်ခွဲခြင်း အမှုကို မရပ်မနား ဆောင်ရွက်၏။ ကောင်းကင်ဘုံ၌ ရှိသော အဘ၏ အလိုကို အဘယ်သူ နားလည်ဖူးသနည်း။ မည်သူသည် ကောင်းကင်ဘုံနှင့်မြေကြီးအကြား ကူးသန်းလေပြီနည်း။ လူသားသည် ခေတ်နောက်ကျလွန်းကာ မည်သည့်အရာမျှ နားမလည်သည့်အတွက်၊ ငါသည် လူသား၏ "အိုမင်းသောအရွယ်" ကို သူနှင့် အတူ ကုန်ဆုံးရန် နောက်ထပ် ဆန္ဒမရှိတော့ပေ။ သူသိသည့် တစ်ခုတည်းသော အရာမှာ အခြားမည်သည့်အရာကိုမျှ အဖတ်မလုပ်၊ အခြားမည်သည့်ကိစ္စကိုမျှ မတွေးတောဘဲ၊ ငါခင်းကျင်းပြီးဖြစ်သည့် စားတော်ပွဲပေါ်တွင် တဝတပြဲစားခြင်း ဖြစ်သည်။ လူသားမျိုးနွယ်သည် တွန့်တိုလွန်းလှ၍၊ လူသားအလယ် ကျွက်ကျွက်ညံသံ၊ ဝမ်းနည်းပူဆွေးခြင်းနှင့် အန္တရာယ်တို့သည် ကြီးမားလွန်းလှ၏၊ ထို့ကြောင့် ငါသည် နောက်ဆုံးသောကာလအတွင်း ရရှိခဲ့သော အောင်မြင်ခြင်း၏ အဖိုးတန်သော အသီးအပွင့်များကို မျှဝေရန် ဆန္ဒမရှိပေ။ လူသားသည် ငါ့ကို မကြိုဆိုသည့်အတွက်၊ သူကိုယ်တိုင် ဖန်တီးထားပြီးဖြစ်သည့် ကြွယ်ဝသော ကောင်းချီးမင်္ဂလာများကို လူသား မွေ့လျော်ပါလေ့စေ- ငါသည် လူသားမျိုးနွယ်အား အဘယ်ကြောင့် အတင်းအကျပ် ဟန်ဆောင်အပြုံးတစ်ခု ပြုံးစေသင့်သနည်း။ ရေနေသတ္တဝါ တစ်ကောင်ကဲ့သို့ လူသားသည် နွေးထွေးမှု စိုးစဉ်းမျှ မရှိ၊ သူသည် အလောင်းကောင်ကဲ့သို့ဖြစ်ကာ၊ သူ၏သွေးကြောများတစ်လျှောက် စီးဆင်းသော သွေးသည်ပင် နှလုံးသားကို အေးစိမ့်စေသော ရေခဲကဲ့သို့ဖြစ်သည့်အတွက်၊ ကမ္ဘာလောက၏ နေရာတိုင်းသည် နွေးထွေးမှု ကင်းမဲ့နေ၏၊ လောက၏ ရှုခင်းအားလုံးအနှံ့တွင် နွေဦးကာလ၏ အရိပ်အယောင် တစ်စက်မျှ မရှိပေ။ နွေးထွေးမှု အဘယ်မှာနည်း။ လူသားသည် ဘုရားသခင်ကို အကြောင်းမဲ့ လက်ဝါးကပ်တိုင်၌ ရိုက်ထားပြီး၊ ထို့နောက်တွင် သူသည် စိုးစဉ်းမျှ ဒွိဟဖြစ်ခြင်းများ မခံစားရပေ။ မည်သူမျှ လုံးဝ နောင်တမရသေးသကဲ့သို့၊ ဤရက်စက်သည့် နိုင်လိုမင်းထက်ပြုသူများသည် ၎င်းတို့၏နှလုံးသားများ အတွင်းရှိ အမုန်းကို အဆုံးသတ်ရန်၊ လူသားကို နောက်တစ်ဖန် "အရှင်ဖမ်းဆီး"၍ ကာ သူ့အား ကွပ်မျက်ရေး သေနတ်တပ်ဖွဲ့ရှေ့ ခေါ်ဆောင်လာရန် စီစဉ်နေဆဲရှိ၏။ အန္တရာယ်ရှိသော ဤမြေတွင် ငါ ဆက်လက်နေခြင်းတွင် မည်သည့် အကျိုးကျေးဇူးရှိသနည်း။ ငါဆက်နေပါက၊ ငါသည် လူသားထံ မည်သည့်အခါကမျှ

ငြိမ်းချမ်းရေး ယူဆောင်မလာဖူးဘဲ၊ စစ်ပွဲသာ ယူဆောင်ဖူးသည့်အတွက်၊ လူသားထံ ငါဆောင်ကြဉ်းမည့် တစ်ခုတည်းသော အရာမှာ ပဋိပက္ခနှင့် အကြမ်းဖက်မှုဖြစ်ပြီး၊ ဒုက္ခ အဆုံးမဲ့ ဖြစ်လိမ့်မည်။ လူသားမျိုးနွယ်၏ နောက်ဆုံးသောကာလသည် စစ်ပွဲနှင့် ပြည့်နှက်ရမည်ဖြစ်ပြီး၊ လူသား၏ ခရီးပန်းတိုင်သည် အကြမ်းဖက်မှုနှင့် ပဋိပက္ခအလယ် ပြိုလဲရမည် ဖြစ်သည်။ လူသား၏ငြင်းပယ်မှုသည် ငါ့ကို "စိတ်မချမ်းမြေ့ခြင်း" သို့ တွန်းပို့ပြီးဖြစ်ကာ ငါသည် လူသား၏စစ်ပွဲများအပေါ် မကြည့်ရက်သည့်အတွက်၊ ငါသည် စစ်ပွဲ၏ "ဝမ်းမြောက်ပျော်ရွှင်ခြင်း" ကို "မျှဝေ" ခံစားရန် လိုလားနေခြင်း မရှိ၊ လူသား၏ သွေးထွက်သံယိုမှုနှင့် စွန့်လွှတ်မှုများကို ငါ အဖော်ပြုမည်မဟုတ်- လူသား စိတ်ကျေနပ်သည်အထိ တိုက်ခိုက်ပါစေ။ ငါနားလို၏၊ ငါအိပ်လို၏၊ သူ၏နောက်ဆုံး နေ့ရက်များအတွင်းတွင် မကောင်းဆိုးဝါးများက လူသားမျိုးနွယ်၏ အဖော်ဖြစ်ပါစေ။ ငါ၏အလိုကို မည်သူသိသနည်း။ ငါသည် လူသား၏ကြိုဆိုခြင်း မခံရသကဲ့သို့၊ သူသည် ငါ့ကို မည်သည့်အခါကမျှ မစောင့်ဆိုင်းဖူးသောကြောင့်၊ ငါသည် သူ့အား နှုတ်ဆက်ရုံသာ နှုတ်ဆက်နိုင်ပြီး သူ့ထံ လူသားမျိုးနွယ်၏ ခရီးပန်းတိုင်ကို အပ်နှင်းပြီး ငါ၏ ကြွယ်ဝမှုအားလုံးကို လူသားထံ ချန်ထားသည်၊ ငါ၏ဘဝကို လူသားအလယ် စိုက်ပျိုးသည်၊ ငါ့အသက်၏မျိုးစေ့ကို လူသား၏နှလုံးသားစိုက်ကွင်းတွင် စိုက်ပျိုးသည်၊ ထာဝရအမှတ်ရစရာများကို သူ့အား ချန်ထားပေးသည်၊ ငါ၏ချစ်ခြင်းမေတ္တာအားလုံးကို လူသားထံ ချန်ထားပြီး၊ ငါတို့ အချင်းချင်း တောင့်တကြသည့် ချစ်ခြင်းလက်ဆောင်အဖြစ်၊ ငါ့အထဲ၌ လူသား ချစ်ခင်မြတ်နိုးသော အရာအားလုံးကို လူသားအား ငါပေး၏။ ငါသည် လူသားအပေါ် ငါ၏အလုံးစုံ အပ်နှင်းနှင့်ပြီးဖြစ်သည့်အတွက်၊ ငါတို့ တစ်ဦးကိုတစ်ဦး ထာဝရ ချစ်စေချင်၏၊ ငါတို့၏ယမန်နေ့ကို ငါတို့ တစ်ဦးကိုတစ်ဦးပေးသည့် ကောင်းသောအရာ ဖြစ်စေချင်၏- လူသားသည် မည်သည့်ညည်းညူစရာများ ရှိနိုင်မည်နည်း။ ငါ့ဘဝ တစ်ခုလုံးကို လူသားထံ ငါ ချန်ထားနှင့်ပြီးဖြစ်ကာ၊ စကားတစ်ခွန်းမျှ မပြောဘဲ၊ ငါသည် လူသားမျိုးနွယ်အတွက် လှပသော ချစ်ခြင်းမေတ္တာမြေကို ထွန်ယက်ရန် ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်ပြီးဖြစ်သည်။ ငါသည် လူသားအပေါ် မည်သည့်အခါမျှ သာတူညီမျှဖြစ်သော တောင်းဆိုမှုတစ်ခုတစ်လေကို မပြုဖူးဘဲ၊ လူသား၏ စီမံခန့်ခွဲမှုများကိုသာ နာခံကာ လူသားမျိုးနွယ်အတွက် သာ၍လှပသော မနက်ဖြန်ကို ဖန်ဆင်းရုံမှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်လေပြီ။

ဘုရားသခင်၏အမှုသည် ကြွယ်ဝကာ များပြားသော်လည်း၊ လူသား၏ ဝင်ရောက်မှုသည် အလွန် ချို့တဲ့လွန်းလှ၏။ လူသားနှင့်ဘုရားသခင်တို့အကြား ဖက်စပ် "လုပ်ငန်း" တွင်

ယင်း၏အားလုံးနီးပါးသည် ဘုရားသခင်၏အမှု ဖြစ်သည်။ လူသား မည်မျှဝင်ရောက်ပြီးဖြစ်သည်ဆိုသည်အတွက်မူ သူသည် ပြစရာဘာမျှ မရှိလုနီးပါး ဖြစ်၏။ ဆင်းရဲမွဲတေလွန်းကာ မျက်စိကန်းသော လူသားသည် သူ၏လက်များထဲက "ရှေးဟောင်းလက်နက်များ" ဖြင့် သူ၏ အစွမ်းအစကို ယနေ့ ဘုရားသခင်နှင့်ယှဉ်၍ပင် တိုင်းတာ၏။ ဤ "ရှေးဦးမျောက်ဝံများ" သည် မတ်မတ်လမ်းလျှောက်နိုင်ရုံမျှသာရှိပြီး၊ ၎င်းတို့၏ "ဝတ်လစ်စားလစ်" ကိုယ်ခန္ဓာများဖြင့် ရှက်ရမှန်း မသိကြချေ။ ဘုရားသခင်၏ အမှုကို တန်ဖိုးဖြတ်ရန် မည်သည့်အရာသည် ၎င်းတို့အား အရည်အချင်း ပြည့်မီစေသနည်း။ ဤခြေလေးချောင်း မျောက်ဝံများစွာတို့၏ မျက်လုံးများသည် ဒေါသနှင့်ပြည့်လာကြပြီး၊ လောကကြီးက ယခင်တစ်ခါမျှ မမြင်ဖူးသော လူဝံများ၏ ပြိုင်ပွဲတစ်ရပ် အစပြုရန် ကြိုးစားရင်း၊ မြေပြင်အနှံ့ ကျော်ကြားလာမည့် လူဝံနှင့် ဘုရားသခင်အကြား နောက်ဆုံးသောကာလ ပြိုင်ပွဲကို ကျင်းပရန် ၎င်းတို့၏လက်ထဲတွင် ရှေးဟောင်း ကျောက်လက်နက်များဖြင့် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်နှင့် ဖက်ပြိုင်အံတုကြသည်။ ထို့အပြင် ဤမတ်တတ် တစ်ဝက်ရပ်သည့် ရှေးဟောင်းလူဝံ အများအပြားသည် မိမိဘာသာ ကျေနပ်အားရမှုဖြင့် ပြည့်လျှမ်းကြသည်။ သတ်ဖြတ်ရန် အကြံဖြင့် ပြည့်လျက်၊ ၎င်းတို့၏ မျက်နှာများကို ဖုံးအုပ်နေသော အမွှေးများသည် ကျပ်ခဲနေပြီး၊ ၎င်းတို့သည် ၎င်းတို့၏ရှေ့ခြေများကို မြှောက်ကြ၏။ ၎င်းတို့သည် ခေတ်သစ်လူသားအဖြစ် အပြည့်အဝ မပြောင်းလဲရသေးသဖြင့်၊ ပြွတ်သိပ်နေသော မြူနှင်းစက်များကဲ့သို့ ချွေးသီးများက ၎င်းတို့၏နဖူးကို ဖုံးအုပ်လျက် ၎င်းတို့သည် တစ်ခါတစ်ရံတွင် မတ်မတ်ရပ်၍ တစ်ခါတစ်ရံ တွားသွားကြ၏- ၎င်းတို့၏ စိတ်အားထက်သန်မှုသည် ပကတိအတိုင်း ရှင်းနေပြီး ဖြစ်သည်။ ၎င်း၏ ကြီးမားကာ နေ့ကွေးသည့် ခြေလက်အင်္ဂါလေးဘက်လုံး ထောက်ကာ ရပ်နေသည့်၊ ထိုးနှက်ချက်များကို တားဆီးရန် အနိုင်နိုင်ဖြစ်သကဲ့သို့၊ ပြန်လည် တိုက်ခိုက်နိုင်စွမ်းမရှိသည့် ၎င်းတို့၏အဖော်၊ အပြစ်ကင်းသော ရှေးဟောင်းလူဝံကို ကြည့်လျက်၊ ၎င်းတို့သည် မိမိကိုယ်ကို ချုပ်တည်းနိုင်ရုံမျှသာ ရှိနေကြသည်။ မျက်စိတစ်မှိတ်အတွင်း- မည်သည့်အရာဖြစ်ပျက်သည်ကို ကြည့်ရန် အချိန်မရှိမီ- ကြိုးဝိုင်းထဲရှိ "သူရဲကောင်း"သည် ခြေလက်အင်္ဂါများ လေထဲတွင်ရှိလျက်၊ မြေပြင်ကို တလိမ့်ခေါက်ကွေးကျလေသည်။ ထိုနှစ်များအားလုံး တစ်လျှောက် မြေပြင်ပေါ်တွင် အလွဲလွဲအချော်ချော် ပုံကျလျက်ရှိသည့် ထိုခြေလက်အင်္ဂါများသည် ရုတ်တရက် ဇောက်ထိုးလှန် ပြီးဖြစ်ကာ၊ ထိုလူဝံသည် ခုခံရန်ဆန္ဒမရှိတော့ပေ။ ဤအချိန်မှစ၍ ရှေ့လျှောက်၊ ရှေးအကျဆုံးလူဝံများသည် ကမ္ဘာ့မြေမျက်နှာပြင်မှ ဖယ်ရှားခံရလေသည်- ယင်းမှာ အမှန်တကယ် "ဝမ်းနည်းကြေကွဲဖွယ်"

ဖြစ်သည်။ ဤရှေးဟောင်းလူဝံသည် ထိုသို့ ရုတ်တရက် အဆုံးသတ်သွား၏။ လူသား၏ အံ့သြဖွယ်ရာ ကမ္ဘာလောကမှ ၎င်းသည် အဘယ်ကြောင့် အလွန်အဆောတလျင် အမြန်အဆုံးသတ်ခဲ့ရသနည်း။ အဘယ်ကြောင့် ၎င်း၏မဟာဗျူဟာ နောက်အဆင့်ကို ၎င်း၏အပေါင်းအဖော်များနှင့် မဆွေးနွေးခဲ့သနည်း။ မိမိ၏ခွန်အားကို ဘုရားသခင်နှင့်ယှဉ်၍ တိုင်းတာခြင်း၏ လျှို့ဝှက်ချက်ကို ချန်ထားခြင်းမရှိဘဲ၊ လောကကို ၎င်းနှုတ်ဆက်သွားသည်မှာ ဝမ်းနည်းဖွယ်ကောင်းလိုက်လေချင်း။ ထိုသို့သော လူဝံအိုအတွက် "ရှေးဟောင်း ယဉ်ကျေးမှုနှင့် အနုပညာ" တို့ကို ၎င်း၏ သားစဉ်မြေးဆက်များအဖို့ လက်ဆင့်ကမ်း မသွားဘဲ၊ တီးတိုးစကား တစ်ခွန်းမျှမဆိုဘဲ၊ သေဆုံးသွားဖို့မှာ ထောက်ထားစာနာမှု မရှိလိုက်လေတကား။ ၎င်း၏ချစ်ခြင်းမေတ္တာအကြောင်းကို ပြောပြဖို့ ၎င်းနှင့် အရင်းနှီးဆုံးသူများကို ၎င်း၏နံဘေးသို့ခေါ်ရန် အချိန်မရှိခဲ့ပေ၊ ၎င်းသည် ကျောက်ပြားတစ်ချပ်ပေါ်တွင် မှာကြားချက်များ မထားရစ်ခဲ့၊ ကောင်းကင်နေကို မသိမြင်ခဲ့သကဲ့သို့ ပြောမထွက်နိုင်အောင် ဆိုးရွားသော ၎င်း၏အခက်အခဲများအကြောင်း ဘာမျှမပြောခဲ့ပေ။ ၎င်း၏ နောက်ဆုံးထွက်သက်ကို ရှူရှိုက်သည်နှင့်အမျှ တောင့်နေသော ခြေလက်အင်္ဂါများသည် ကောင်းကင်ဘက်သို့ ညွှန်ပြနေသော သစ်ကိုင်းများကဲ့သို့ အထက်သို့ အစဉ်ထိုးထွက်ရင်း၊ ၎င်း၏မျက်လုံးများကို မပိတ်မီ၊ "ဘုရားသခင်ကို စိန်ခေါ်ရန် ကြိုးဝိုင်းအတွင်းသို့ မတက်နှင့်" ဟု ပြောရန် ၎င်း၏သေဆုံးခါနီး ကိုယ်ခန္ဓာနံဘေးသို့ ၎င်း၏သားစဉ်မြေးဆက်တို့ကို မခေါ်ပေ။ ကြည့်ရသည်မှာ ၎င်းသည် နာကျည်းခါးသီးသော သေဆုံးခြင်းနှင့် သေခဲ့ပုံရသည်။...ရုတ်တရက်၊ ကျယ်လောင်သော ရယ်မောခြင်းတစ်ရပ် ကြိုးဝိုင်းအောက်မှ ပွင့်ထွက်လာ၏၊ မတ်တတ် တစ်ဝက်ရပ်နေသော လူဝံတစ်ကောင်သည် စိတ်မထိန်းနိုင် ဖြစ်နေ၏၊ လူဝံအိုထက် ပို၍တိုးတက်သော တောဆိတ်များ သို့မဟုတ် အခြားသားရိုင်းကောင်ကို အမဲလိုက်ခြင်းအတွက် "ကျောက်တင်းပုတ်" တစ်ခုကို ကိုင်ရင်း၊ ၎င်း၏စိတ်ထဲတွင် ကောင်းစွာ တွေးတောထားသော အကြံအစည်တစ်ရပ်[၆] ဖြင့်၊ ၎င်းသည် ဒေါသအပြည့်ဖြင့် စည်းဝိုင်းအတွင်းသို့ ခုန်ဝင်လိုက်၏။ ယင်းမှာ ၎င်းသည် ချီးမွမ်းထိုက်သော တစ်စုံတစ်ရာကို ပြုလုပ်ပြီးသည့်အလား ဖြစ်၏။ ၎င်း၏ ကျောက်တင်းပုတ် "ခွန်အား" ကို အသုံးပြုလျက်၊ ၎င်းသည် "သုံးမိနစ်" ကြာ မတ်မတ် ရပ်နိုင်၏။ ဤတတိယ "ခြေ" ၏ "ခွန်အား" သည် ကြီးမားလှသည်တကား။ ယင်းသည် ကြီးမားသည့်၊ ကိုးယိုးကားယားနိုင်ကာ မိုက်မဲသော မတ်တတ်တစ်ဝက် သုံးမိနစ် ကြာရပ်နေသည့် လူဝံကို ထိန်းထားခဲ့၏- ဤကြည်ညိုကိုင်းရှိုင်းဖွယ်ရာ? လူဝံအိုကြီး အလွန် ဗိုလ်ကျနေသည်မှာ မထူးဆန်းပေ။ ရှေးဟောင်း ကျောက်ကိရိယာသည် "၎င်း၏ဂုဏ်သတင်းနှင့် ကိုက်ညီသည်" မှာ ထင်သည့်အတိုင်းပင်ဖြစ်၏။ ဓားရိုး၊ ဓားသွားနှင့် ဓားဖျားတို့ရှိသည်၊

တစ်ခုတည်းသော အပြစ်အနာအဆာမှာ ထိုဓားသွားအနေဖြင့် အရောင်စိုမှု ကင်းမဲ့ခြင်းသာ ဖြစ်၏- ယင်းမှာ ကြေကွဲဝမ်းနည်းဖွယ်ရာ ကောင်းလိုက်လေစွ။ အောက်၌ရှိနေသူများမှာ ထိရောက်စွာ မစွမ်းဆောင်နိုင်သော လက်အောက် ငယ်သားများဖြစ်ကာ ၎င်းမှာမူ ရဲရင့်သော လူစွမ်းကောင်းအလား သဘောထားရင်း၊ ၎င်းတို့ကို အထင်သေးသော အကြည့်ဖြင့် ကြိုးဝိုင်း အတွင်းရပ်နေသည့် ရှေးခေတ်ကာလများမှ "လူစွမ်းကောင်းငယ်လေး" ကို တစ်ဖန်ကြည့်လော့။ ၎င်း၏နှလုံးသားတွင် ၎င်းသည် စင်မြင့်ရှေ့၌ ရှိနေသူများကို တိတ်တဆိတ် စက်ဆုပ်ရွံရှာ၏။ "နိုင်ငံသည် ဒုက္ခရောက်နေပြီး ငါတို့ အသီးသီးသည် တာဝန်ရှိ၏၊ သင်တို့သည် အဘယ်ကြောင့် ရှောင်ရှားနေသနည်း။ နိုင်ငံသည် ကပ်ဘေးနှင့်ရင်ဆိုင်ရသည်ကို သင်တို့မြင်သော်လည်း၊ သွေးထွက်သံယို တိုက်ပွဲတွင် သင်တို့မပါဝင်လိုသည်များ ဖြစ်နိုင်မည်လော။ နိုင်ငံသည် ကပ်ဘေးဆိုက်လုနီးဖြစ်နေ၏- သင်တို့သည် ပထမဆုံး စိုးရိမ်စိတ် ပြကာ နောက်ဆုံးတွင် မိမိတို့ကိုယ်ကိုယ် မွေ့လျော်သူများ အဘယ်ကြောင့် မဟုတ်ကြသနည်း။ နိုင်ငံကျရှုံးကာ နိုင်ငံ၏ ပြည်သူ ပြည်သားများ ယိုယွင်းပျက်စီးခြင်းသို့ ကျရောက်သည်ကို သင်တို့ အဘယ်သို့ရပ်၍ ကြည့်နိုင်ကြသနည်း။ နိုင်ငံတော်ကို လက်အောက်ခံဘဝ ကျရောက်ခြင်းနှင့် ဆိုင်သည့် အရှက်ကို သင်တို့ခံရန် လိုလားနေကြသလော။ အသုံးမကျသော လူတစ်စုပါတကား။" ၎င်းသည် ဤအရာကို စဉ်းစားသည်နှင့်အမျှ၊ စင်အရှေ့တွင် ရန်ပွဲများဖြစ်ပွားကာ ၎င်း၏မျက်လုံးများသည် မီးတောက်များ ပစ်လွှတ်[၈] တော့မည့် အလား သာ၍ပင် ဒေါသထွက်လာ၏။ ၎င်းသည် လူတို့ပျော်စေရန် ဘုရားသခင်ကို သေခြင်းသို့ ပို့ဖို့ အရူးအမူးဖြစ်လျက်၊ ရန်ပွဲမစမီ ဘုရားသခင်ကို ကျရှုံးစေဖို့အတွက် တရှူရှူဖြစ်နေ၏။ ၎င်း၏ ကျောက်ကိရိယာသည် ကျော်ကြားထိုက်နိုင်သော်လည်း၊ ယင်းသည် ဘုရားသခင်အား မည်သည့်အခါမျှ ရန်မူနိုင်ခြင်း မရှိသည်ကို ၎င်းက မသိပေ။ ၎င်းသည် မိမိကိုယ်ကိုယ် ကာကွယ်ချိန်မရမီ၊ ၎င်းသည် လဲလျောင်းကာ ခြေပေါ်ရပ်ရန် အချိန်မရလိုက်မီ၊ မျက်စိနှစ်လုံးစလုံး အမြင်အာရုံဆုံးရှုံးလျက် ရှေ့ထိုးနောက်ငင် လူးပ်ယမ်းနေ၏။ ၎င်းသည် ၎င်း၏အိုမင်းသော ဘိုးဘေးဘီဘင်ထံသို့ တလိမ့်ခေါက်ကွေးကျကာ ပြန်မထပေ။ ရှေးဟောင်းလူဝံကို တင်းတင်း ဖမ်းဆုပ်လျက်၊ ၎င်းသည် အော်ဟစ်ခြင်း မပြုတော့သကဲ့သို့၊ ၎င်း၏နိမ့်ကျမှုကို ဝန်ခံကာ၊ ခုခံလိုသည့်ဆန္ဒ မရှိတော့ပေ။ ထိုသနားစဖွယ် လူဝံနှစ်ကောင်တို့သည် ကြိုးဝိုင်းရှေ့တွင် သေဆုံးကြ၏။ မျက်မှောက်ခေတ်အထိ ရှင်သန်ခဲ့သော လူသားမျိုးနွယ်၏ ဘိုးဘေးများသည် ဖြောင့်မတ်ခြင်း၏ နေပေါ်ထွက်လာသည့် နေ့ရက်တွင် မသိနားမလည်မှုဖြင့် သေဆုံးရသည်မှာ အကြောင်းမလှလိုက်လေစွ။ ၎င်းတို့သည် ထိုသို့ကြီးမားလှသော ကောင်းချီးမင်္ဂလာတစ်ရပ်ကို လျစ်လျူရှုခဲ့သည်မှာ - ၎င်းတို့၏

ကောင်းချီးမင်္ဂလာ နေ့ရက်တွင် နှစ်ထောင်ပေါင်းများစွာ စောင့်ဆိုင်းပြီးဖြစ်သည့် လူဝံများသည် ထိုကောင်းချီးမင်္ဂလာများကို နတ်ဆိုးတို့၏မင်းနှင့်အတူ "မွေ့လျော်ရန်" မရဏနိုင်ငံသို့ ၎င်းတို့ ယူသွားခွင့်ပေးသည်မှာ မိုက်မဲလိုက်လေစွ။ ဤကောင်းချီးမင်္ဂလာတို့ကို ၎င်းတို့၏ သားသမီးများနှင့် အတူမွေ့လျော်ရန် သက်ရှိတို့၏လောကတွင် အဘယ်ကြောင့်မထိန်းသိမ်းထားသနည်း။ ၎င်းတို့သည် ဒုက္ခကိုသာ မီးထွန်းရှာနေခြင်း ဖြစ်သည်။ အဆင့်အတန်း၊ ဂုဏ်သတင်းနှင့် ပကာသနအနည်းငယ်အတွက် ၎င်းတို့သည် ငရဲ၏ တံခါးများကို ဦးဆုံးဖွင့်ကာ ငရဲ၏သားများဖြစ်လာရန် အလုအယက် ကြိုးပမ်းရင်း၊ အသတ်ခံရသည့် ကံဆိုးခြင်းကို ခံစားကြသည်မှာ အချည်းနှီး ဖြစ်ပေသည်တကား။ ထိုသို့သော အဖိုးအခသည် အလွန်မလိုအပ်ပေ။ အလွန် "အမျိုးသား စိတ်ဓာတ်ပြည့်ဝ" ခဲ့သည့် ထိုသို့သော ဘိုးဘေးအိုတို့သည် မိမိတို့ကိုယ်ကိုယ် ငရဲတွင်ပိတ်ထားရင်းနှင့် ထိရောက်စွာ မစွမ်းဆောင်နိုင်သော လက်အောက်ငယ်သားများကို ပြင်ပတွင် ပိတ်ထားရင်း၊ "မိမိတို့ကိုယ်တိုင်အပေါ် တင်းကျပ်လွန်းသော်လည်း အခြားသူများအပေါ် အလွန်သည်းခံ" နိုင်သည်မှာ သနားစဖွယ်ပါတကား။ ဤကဲ့သို့သော "ပြည်သူတို့၏ ကိုယ်စားလှယ်များ" ကို မည်သည့်နေရာတွင် ရှာတွေ့နိုင်သနည်း။ "၎င်းတို့သားသမီးများ၏ သုခ" နှင့် "အနာဂတ်မျိုးဆက်များ၏ ငြိမ်းချမ်းသောဘဝများ" အတွက် ၎င်းတို့သည် ဘုရားသခင်ကို ဝင်ရောက် နှောင့်ယှက်ခွင့် မပြုပေ၊ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ဘဝများကို အလေးဂရုမပြုကြချေ။ အထိန်းအချုပ် မရှိဘဲ ၎င်းတို့သည် မရဏနိုင်ငံထဲသို့ စကားတစ်လုံးမျှ မပြောဘဲ ဝင်ရောက်ရင်း၊ ၎င်းတို့ကိုယ်ကိုယ် "အမျိုးသားအရေး" အတွက် ဆက်ကပ် မြှုပ်နှံကြလေသည်။ ထိုသို့သော အမျိုးသားရေးစိတ်ဓာတ်ကို မည်သည့်နေရာတွင် ရှာတွေ့နိုင်မည်နည်း။ ဘုရားသခင်နှင့် တိုက်ပွဲဝင်လျက်၊ ၎င်းတို့သည် မနက်ဖြန်နှင့်ပတ်သက်၍ စိုးရိမ်ဖို့မဆိုထားနှင့်၊ သေခြင်းတရားကိုပင် မကြောက်ကြသကဲ့သို့၊ သွေးထွက်သံယိုမှုကိုလည်း မကြောက်ကြပေ။ ၎င်းတို့သည် စစ်မြေပြင်ကို တကယ်ကို အသားကျကြသည်။ ၎င်းတို့၏ "ဆက်မြှုပ်နှံမှု စိတ်ဓာတ်" အတွက် ရရှိသည့် တစ်ခုတည်းသောအရာသည် ထာဝရနောင်တနှင့် အစဉ်တောက်လောင်နေသော ငရဲမီးလျှံများအားဖြင့် လောင်မြိုက်ခံရခြင်းသာ ဖြစ်သည်မှာ သနားစဖွယ်ဖြစ်ပေစွတကား။

စိတ်ဝင်စားဖွယ်ကောင်းလိုက်လေစွ။ ဘုရားသခင်၏ လူ့ဇာတိ ခံယူခြင်းသည် အဘယ်ကြောင့် အစဉ် လူတို့၏ ငြင်းပယ်ခြင်းကိုခံရပြီး ဝေဖန်ပုတ်ခတ်ခြင်းကို ခံရလေပြီနည်း။ လူတို့သည် အဘယ်ကြောင့် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းကို သိနားလည်မှုတစ်ခုတစ်လေ လုံးဝ မရှိရသနည်း။ ဘုရားသခင်သည် အချိန်မှား၍ လာခဲ့ခြင်းများဖြစ်နိုင်မည်လော။

ဘုရားသခင်သည် နေရာမှားသို့ လာခဲ့ခြင်းများ ဖြစ်နိုင်မည်လော။ ဘုရားသခင်သည် လူသား၏ “လက်ခံခြင်း လက်မှတ်” မပါဘဲ၊ တစ်ဦးတည်း လုပ်ဆောင်ပြီးဖြစ်သောကြောင့်၊ ဤအရာဖြစ်ခဲ့ခြင်းများ ဖြစ်နိုင်မည်လော။ လူသား၏ ခွင့်ပြုချက်မပါဘဲ၊ ဘုရားသခင်သည် သူ၏စိတ်ကို သူဆုံးဖြတ်ခဲ့သောကြောင့်များ ဖြစ်နိုင်မည်လော။ ဘုရားသခင်သည် ကြိုတင်အသိပေးခဲ့သည်ဟု အချက်အလက်များက ဖော်ပြသည်။ ဘုရားသခင်သည် လူ့ဇာတိခံယူခြင်း၌ အမှား မပြုခဲ့ပေ- သူသည် လူသား၏ခွင့်ပြုချက်ကို တောင်းခံရမည်လော။ ထို့အပြင် ဘုရားသခင်သည် အချိန်ကြာမြင့်စွာက လူသားအား သတိပေးခဲ့သည်၊ လူတို့ မေ့လျော့ပြီး ဖြစ်ကောင်း ဖြစ်ပေမည်။ လူသားသည် အချိန်ကြာမြင့်စွာကတည်းက စာတန်၏ အလွန် ဖောက်ပြန်ပျက်စီးစေခြင်းကို ခံရပြီးဖြစ်သည်မှာ သူသည် ဝိညာဉ်လောကတွင် ဖြစ်ပျက်နေသည့်အရာများကို မဆိုထားနှင့် ကောင်းကင်ဘုံအောက် ဖြစ်ပျက်နေသည့်အရာများထဲမှ မည်သည့်အရာကိုမှ နားမလည်နိုင်သည့်အတွက်၊ ၎င်းတို့ကို အပြစ်တင်ရမည် မဟုတ်ပေ။ လူသား၏ဘိုးဘေးဘီဘင်များဖြစ်သော လူဝံတို့သည် ကြိုးဝိုင်းအတွင်း သေဆုံးခဲ့ကြသည်မှာ ရှက်ဖွယ်ဖြစ်ပေသည်တကား၊ သို့သော် ဤသည်မှာ အံ့ဩဖွယ်ရာ မဟုတ်ပေ- ကောင်းကင်နှင့်မြေကြီးသည် မည်သည့်အခါကမျှ သဟဇာတ မဖြစ်ဖူးသကဲ့သို့၊ ကျောက်ဖြင့်ပြုလုပ်ထားသည့် စိတ်များရှိသော လူဝံတို့သည် ဘုရားသခင်အနေဖြင့် လူ့ဇာတိတစ်ဖန် ခံယူနိုင်မည်ကို အဘယ်သို့ စိတ်ကူး၍ရနိုင်မည်နည်း။ ဤသို့သော “၎င်း၏ အသက်ခြောက်ဆယ်အရွယ်” “အဖိုးအို” တစ်ယောက်သည် ဘုရားသခင် ပေါ်ထွန်းခြင်းနေ့ရက်တွင် သေဆုံးခဲ့သည်မှာ ဝမ်းနည်းဖွယ် ဖြစ်ပေသည်တကား။ ထိုသို့သောကြီးမားသည့် ကောင်းချီးမင်္ဂလာတစ်ခု ပေါ်ထွန်းခြင်းတွင် ကောင်းချီးမင်္ဂလာ ခံစားရခြင်းမရှိဘဲ၊ လောကကို ၎င်းက စွန့်ခွာသည်မှာ အံ့ဖွယ်တစ်ပါးဖြစ်သည် မဟုတ်လော။ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် ဘာသာတရား အားလုံးနှင့် ကဏ္ဍအားလုံးတစ်လျှောက် ဂယက်လှိုင်းပြင်းများ ပို့လွှတ်ပြီးဖြစ်သည်၊ ယင်းသည် ဘာသာရေးအသိုင်းအဝိုင်းများ၏ မူလစနစ်ကျမှုကို “ဖရိုဖရဲ” ဖြစ်စေပြီးဖြစ်ကာ၊ ဘုရားသခင် ပေါ်ထွန်းခြင်းကို တမ်းတသူများ၏ နှလုံးသားများကို တုန်လှုပ်စေပြီးဖြစ်သည်။ အဘယ်သူသည် မချစ်ခင်မကြင်နာသနည်း။ အဘယ်သူသည် ဘုရားသခင်ကိုတွေ့ရန် တောင့်တခြင်း မရှိသနည်း။ ဘုရားသခင်သည် လူသားအလယ် ကိုယ်တိုင်ကိုယ်ကျ နှစ်ပေါင်းများစွာကြာ ရှိပြီးဖြစ်သော်လည်း၊ လူသားသည် ယင်းကို မည်သည့်အခါကမျှ သဘောမပေါက်ဖူးပေ။ ယနေ့တွင် ဘုရားသခင်ကိုယ်တော်တိုင် ပေါ်ထွန်းပြီးဖြစ်ကာ သူ၏ကိုယ်ပိုင်လက္ခဏာကို လူထုများထံ ပြသပြီးဖြစ်၏- ဤအရာက လူသား၏နှလုံးသားကို ပျော်ရွှင်ဝမ်းမြောက်ခြင်း အဘယ်သို့ မဆောင်ကြဉ်းနိုင်မည်နည်း။

တစ်ခါက ဘုရားသခင်သည် လူသားနှင့် အတူ ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်းတို့ကို မျှဝေခံစားခဲ့ပြီး၊ ယနေ့ သူသည် လူသားမျိုးနွယ်နှင့် ပြန်လည်ပေါင်းစည်းပြီးဖြစ်ကာ၊ ကုန်လွန်သော အချိန်ကာလများ၏ ဇာတ်ကြောင်းများကို သူနှင့်အတူ မျှဝေခံစားလေသည်။ သူသည် ယုဒပြည်မှ ထွက်သွားပြီးနောက်၊ လူတို့သည် သူ၏အရိပ်အယောင်ကို ရှာမတွေ့နိုင်ခဲ့ကြပေ။ ၎င်းတို့သည် ယနေ့ သူနှင့်တစ်ဖန်ပြန်တွေ့ပြီးကာ သူနှင့်ပြန်လည် ပေါင်းစပ်ပြီးဖြစ်သည် မသိကြဘဲ၊ ဘုရားသခင်အား နောက်တစ်ကြိမ်တွေ့ဆုံရန် တမ်းတကြ၏။ ဤအရာက ယမန်နေ့၏ အတွေးများကို မလှုံ့ဆော်ဘဲ အဘယ်သို့နေနိုင်မည်နည်း။ ယနေ့မှ လွန်ခဲ့သော အနှစ်နှစ်ထောင်တွင်၊ ယုဒလူတို့မှ ဆင်းသက်လာသူ၊ ရှိမုန်ဗာယောနသည် ကယ်တင်ရှင်ယေရှုကို ရှုမြင်ခဲ့သည်၊ သူနှင့်တစ်စားပွဲတည်းတွင် စားခဲ့ပြီး၊ သူ့နောက်နှစ်ပေါင်းများစွာ လိုက်ခဲ့ပြီးနောက် သူ့အတွက် သာ၍ နက်ရှိုင်းသော ချစ်ခင်စိတ် ခံစားခဲ့ရသည်။ သူ့ကို အူထဲအသည်းထဲက ချစ်ခဲ့သည်။ သူသည် သခင်ယေရှုကို လေးလေးနက်နက် ချစ်ခဲ့၏။ အေးစိမ့်သော နွားစားခွက်တွင်မွေးဖွားခဲ့သည့် ရွှေဝါရောင် ဆံပင်ရှိသော ဤကလေးငယ်သည် မည်သို့ လူ့ဇာတိခံဘုရားသခင်၏ ပထမဆုံး ပုံရိပ်ဖြစ်သည်ကို ယုဒလူတို့က မသိခဲ့ကြပေ။ သူသည် ၎င်းတို့ကဲ့သို့ပင် ဖြစ်သည်ဟု ၎င်းတို့အားလုံး ထင်ခဲ့ကြသည်၊ သူသည် ကွဲပြားမှု တစ်ခုတစ်လေရှိသည်ဟု မည်သူမျှ မထင်ခဲ့ကြပေ- လူတို့သည် ဤသာမန်နှင့် ရိုးရိုး ယေရှုကို အဘယ်သို့ သတိပြုနိုင်ခဲ့ကြမည်နည်း။ ယုဒလူတို့သည် သူ့အား ထိုအချိန်ကာလ၏ ယုဒလူမျိုး သားတစ်ဦးအဖြစ် တွေးထင်ခဲ့ကြသည်။ မည်သူမျှ သူ့ကို ချစ်ဖွယ်ကောင်းသော ဘုရားသခင်ဟု မကြည်ညိုခဲ့ကြသကဲ့သို့၊ လူတို့သည် ၎င်းတို့အား ကြွယ်ဝကာ များပြားသော ကျေးဇူးတော်များ၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ပေးရန် တောင်းဆိုရင်း၊ သူ့အပေါ် ကျိုးကြောင်းမမြင်ဘဲ တောင်းဆိုမှုများသား ပြုလုပ်ခဲ့ကြသည်။ လူတို့က သူသည် သန်းကြွယ်သူဌေးတစ်ဦးကဲ့သို့၊ တစ်ဦးတစ်ယောက် ဆန္ဒရှိနိုင်သည့်အရာရာတိုင်း သူ့တွင် ရှိခဲ့သည်ဟုသာ သိခဲ့ကြသည်။ သို့ရာတွင် လူတို့သည် သူ့အား ချစ်ခင်မြတ်နိုးခံရသူ တစ်ဦးအဖြစ် မည်သည့်အခါကမျှ မဆက်ဆံခဲ့ပေ။ ထိုအချိန်က လူတို့သည် သူ့ကို မချစ်ခဲ့ကြသကဲ့သို့၊ သူ့ကို ဆန့်ကျင်ကန့်ကွက်ခြင်းကိုသာ ပြုခဲ့ကြပြီး၊ သူ့အပေါ် အကြောင်းမဲ့ တောင်းဆိုမှုများ ပြုခဲ့ကြသည်။ လူသားသည် သူ့ကို မသိသော်လည်း၊ သူသည် မည်သည့်အခါမျှ မခုခံခဲ့ဘဲ လူသားကို ကျေးဇူးတော်များ စဉ်ဆက်မပြတ် ပေးခဲ့၏။ သူသည် လူသားအား နွေးထွေးမှု၊ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာတို့ကို တိတ်ဆိတ်စွာပေးသည်မှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်သကဲ့သို့၊ ထိုထက်သာ၍

လူသားအား ပညတ်တရား၏ ချုပ်နှောင်မှုများမှ ဦးဆောင်ခေါ်သွားရင်း၊ လူသားကို လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းအသစ်များကို ပေးခဲ့သည်။ လူသားသည် သူ့ကို မချစ်ခဲ့ပေ၊ သူ့ကို အားကျရုံ အားကျပြီး၊ သူ၏ထူးကဲသော ပါရမီတို့ကို အသိအမှတ်ပြုခဲ့ရုံသာ ဖြစ်၏။ လူသားမျိုးနွယ်အလယ် လာခဲ့ချိန် ချစ်မြတ်နိုးဖွယ် ကောင်းသော ကယ်တင်ရှင်ယေရှုက ခံစားခဲ့ရသည့် အရှက်ရခြင်း အဘယ်မျှ ကြီးမားသည်ကို ကျိုးကြောင်းမမြင်သည့် လူသားမျိုးနွယ်သည် အဘယ်သို့သိနိုင်မည်နည်း။ မည်သူမျှ သူ၏ စိတ်သောကကို ထည့်သွင်းမစဉ်းစားခဲ့ပေ၊ ခမည်းတော် ဘုရားသခင်အတွက် သူ၏ချစ်ခြင်းမေတ္တာကို မည်သူမျှ မသိခဲ့သကဲ့သို့ သူ၏အထီးကျန်မှုကို မည်သူမျှ မသိနိုင်ခဲ့ပေ။ မာရိသည် သူ၏မွေးမိခင် ဖြစ်သော်လည်း၊ သူမသည် သနားကရုဏာနှင့် ပြည့်စုံသည့် သခင်ယေရှု၏ နှလုံးသားထဲက အတွေးများကို မည်သို့သိနိုင်မည်နည်း။ လူသားက ကြွကြွခံခဲ့သော ပြောမပြနိုင်သည့် ဆင်းရဲဒုက္ခအကြောင်းကို မည်သူသိခဲ့သနည်း။ သူ့အပေါ်တောင်းဆိုချက်များ ပြုပြီးသည့်နောက်၊ ထိုအချိန်က လူတို့သည် သူ့အား စိမ်းကားစွာ ဂရုမပြုတော့ဘဲ အပြင်သို့ စွန့်ပစ်လိုက်ကြ၏။ ထို့ကြောင့် သူသည် တစ်ရက်ပြီးတစ်ရက်၊ တစ်နှစ်ပြီးတစ်နှစ် ကြာရှည်ခြင်းနှင့် တိုတောင်းခြင်း နှစ်ခုလုံး ဖြစ်ခဲ့သည့် ခက်ခဲသော သုံးဆယ့်သုံးနှစ်ကြာ အသက်ရှင်ပြီးသည်အထိ နှစ်ပေါင်းများစွာ လွင့်မျောနေခဲ့ရင်း၊ လမ်းများပေါ်တွင် ဟိုဟိုသည်သည် သွားလာခဲ့ရသည်။ လူတို့သည် သူ့အားလိုအပ်ခဲ့ချိန်တွင်၊ ၎င်းတို့သည် သူ့အပေါ် တောင်းဆိုမှုများပြုရန် ကြိုးစားကြရင်း၊ ပြုံးနေသောမျက်နှာများဖြင့် ၎င်းတို့၏ အိမ်များထဲသို့ သူ့အားဖိတ်ခေါ် ခဲ့ကြသည်- ပြီးလျှင် သူသည် ၎င်းတို့ကို သူ၏ကူညီထောက်ပံ့မှု ပြုခဲ့ပြီးသည့်နောက်တွင်၊ ၎င်းတို့သည် သူ့ကို တံခါးပြင်ပသို့ ချက်ချင်း တွန်းထုတ်ခဲ့ကြ၏။ လူတို့သည် သူ၏နှုတ်မှထောက်ပံ့ပေးခဲ့သည့်အရာကို စားသုံးခဲ့ကြသည်၊ သူ၏သွေးကို သောက်ခဲ့ကြသည်၊ ၎င်းတို့အပေါ် သူ အပ်နှင်းခဲ့သည့် ကျေးဇူးတော်များကို မွေ့လျော်ခဲ့ကြသည်၊ သို့သော် ၎င်းတို့သည် မည်သူက ၎င်းတို့ကို ၎င်းတို့၏ အသက်တာများအား ပေးခဲ့လေပြီကို လုံး၀ မရှိခဲ့ဖူးကြသည့်အတွက်၊ သူ့အား ဆန့်ကျင်လည်း ဆန့်ကျင်ခဲ့ကြသည်။ နောက်ဆုံးတွင် ၎င်းတို့သည် သူ့ကို လက်ဝါးကပ်တိုင်၌ သံမှိုရိုက်ထားခဲ့ကြသော်လည်း၊ သူသည် အသံမထွက်ဘဲနေဆဲ ဖြစ်ခဲ့သည်။ ယနေ့တွင်ပင် သူသည် နှုတ်ဆိတ်နေဆဲဖြစ်၏။ လူတို့သည် သူ၏အသားကို စားသုံးကြသည်၊ သူ၏ အသွေးကို သောက်ကြသည်၊ ၎င်းတို့အတွက် သူ ပြုလုပ်ပေးသည့်အစာကို စားကြပြီး၊ ၎င်းတို့အတွက် သူဖွင့်ပေးပြီး ဖြစ်သည့်လမ်းကို လျှောက်ကြသည်၊ သို့သော် ၎င်းတို့သည် သူ့အားငြင်းပယ်ရန် ရည်ရွယ်ဆဲဖြစ်၏။ ၎င်းတို့သည် ၎င်းတို့အား ၎င်းတို့၏ ဘ၀များကို ပေးပြီးဖြစ်သည့် ဘုရားသခင်ကို ရန်သူကဲ့သို့ အမှန်တကယ်

ဆက်ဆံကြကာ၊ ထိုအစား ၎င်းတို့ကဲ့သို့ ကျွန်များအား ကောင်းကင်ဘုံရှိ အဘကဲ့သို့ ဆက်ဆံကြ၏။ ဤတွင် ၎င်းတို့သည် သူ့အား တမင်ဆန့်ကျင်ကြသည် မဟုတ်လော။ ယေရှုသည် လက်ဝါးကပ်တိုင်၌ အသေခံရန် အဘယ်သို့ လာခဲ့သနည်း။ သင်တို့သိသလော။ သူသည် သူနှင့် အရင်းနှီးဆုံးဖြစ်ကာ သူ့ကို စားသုံးခဲ့ပြီး သောက်သုံးခဲ့ကာ သူ့အား မေ့လျော့ခဲ့ပြီးဖြစ်သည့် ယုဒ၏ သစ္စာဖောက်ခြင်းကို ခံခဲ့ရသည် မဟုတ်လော။ ယေရှုသည် မထင်ရှားသော ပုံမှန် ဆရာတစ်ပါးထက် ဘာမျှမပိုသောကြောင့်၊ ယုဒသည် ယေရှုကို သစ္စာဖောက်ခဲ့သည် မဟုတ်လော။ ယေရှုသည် သာမန်ထက် ထူးကဲကြောင်းနှင့် ကောင်းကင်ဘုံနှင့် သက်ဆိုင်သူတစ်ဦး ဖြစ်ခဲ့သည်ကို လူတို့ အမှန်တကယ် မြင်တွေ့မြင်ခဲ့ပြီးဖြစ်ပါက၊ ၎င်းတို့သည် သူ၏ခန္ဓာကိုယ်တွင် ထွက်သက်ဝင်သက် မကျန်တော့သည်အထိ၊ နှစ်ဆယ့်လေးနာရီကြာ အရှင်လတ်လတ် လက်ဝါးကပ်တိုင်တွင် အဘယ်သို့ ရိုက်နှက်နိုင်ခဲ့ကြမည်နည်း။ ဘုရားသခင်အား မည်သူသိနိုင်သနည်း။ လူတို့သည် ဘုရားသခင်အား မရောင့်ရဲနိုင်သော လောဘဖြင့် မွေ့လျော်ခြင်းမှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်ကြဘဲ၊ ၎င်းတို့သည် သူ့အား မည်သည့်အခါမျှ မသိဖူးကြပေ။ ၎င်းတို့ကို အနည်းငယ် အလျှော့ပေးပါက ကမ်းတက်တတ်ကြပြီး၊ “ယေရှု” အား ၎င်းတို့၏အမိန့်များ၊ ၎င်းတို့၏ညွှန်ကြားချက်များကို လုံးဝ နာခံစေကြလေသည်။ ခေါင်းချစရာ မည်သည့်နေရာမျှ မရှိသော ဤလူသား အပေါ် သက်ညှာမှုပုံစံ တစ်ခုတစ်လေကို မည်သူ ပြသဖူးပါသနည်း။ ခမည်းတော် ဘုရားသခင်၏ တာဝန်ပေး စေခိုင်းချက်ကို ဖြည့်ဆည်းရန် မည်သူသည် သူနှင့်အင်အားပေါင်းစည်းရန် တွေးတောဖူးပါသနည်း။ မည်သူသည် သူ့အတွက် စဉ်းစားဖူးသနည်း။ မည်သူသည် သူ၏အခက်အခဲများကို စာနာထောက်ထားဖူးသနည်း။ ချစ်ခြင်းမေတ္တာ စိုးစဉ်းမျှ မရှိဘဲနှင့်၊ လူသားသည် သူ့အား ခေါက်တုံ့ခေါက်ပြန် လိမ်ချိုး၏။ လူသားသည် သူ၏အလင်းနှင့်အသက် မည်သည့်နေရာမှ လာသည်ကို မသိသကဲ့သို့၊ လူသားအလယ် နာကျင်မှုကို တွေ့ကြုံခံစားပြီးဖြစ်သည့် လွန်ခဲ့သော အနှစ်နှစ်ထောင်က “ယေရှု” ကို တစ်ဖန်ပြန်၍ မည်သို့ကားစင်တင်ရမည်ကို လျှို့ဝှက်စွာ ကြံစည်သည်မှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်ပေ။ “ယေရှု” သည် ထိုသို့သော မုန်းတီးမှုကို အမှန်တကယ် လှုံ့ဆော်သလော။ သူလုပ်ဆောင်ခဲ့သမျှအားလုံးသည် အချိန်ကြာမြင့်စွာက မေ့လျော့ခံရလေပြီလော။ နှစ်ထောင်ပေါင်းများစွာ ပေါင်းစည်းခဲ့သော မုန်းတီးမှုသည် အဆုံး၌ ပြင်ပသို့ ထိုးထွက်လိမ့်မည်။ အသင် ယုဒလူတို့နှင့် အတန်းစားတူသူတို့။ သင်တို့သည် “ယေရှု” အား ထိုမျှမုန်းရအောင် သူသည် သင်တို့ကို မည်သည့်အချိန်က ရန်လိုဖူးသနည်း။ သူသည် များစွာဆောင်ရွက်ပြီးဖြစ်ကာ များစွာပြောဆိုပြီးဖြစ်၏- ထိုအရာ တစ်ခုမျှ

သင်တို့၏အကျိုးအဖို့ မဟုတ်သလော။ အပြန်အလှန် မည်သည့်အရာမျှ တောင်းဆိုခြင်းမရှိဘဲ၊ သူသည် သင်တို့ကို သူ၏အသက်ပေးပြီးဖြစ်သည်၊ သူ၏ အလုံးစုံကို သင်တို့အား သူ ပေးပြီးဖြစ်သည်- သင်တို့သည် သူ့ကို အမှန်တကယ် အရှင်လတ်လတ် စားသုံးလိုသေးသလော။ သူသည် မည်သည့်အရာကိုမျှ ထိမ်ချန်ထားခြင်းမရှိဘဲ၊ လောကီဘုန်းအသရေ၊ လူသားအလယ် နွေးထွေးမှု၊ လူသားအလယ် ချစ်ခြင်းမေတ္တာ သို့မဟုတ် လူသားအလယ် ကောင်းချီးမင်္ဂလာအားလုံးကို တစ်ကြိမ်တစ်ခါမျှ မွေ့လျော်ခြင်းမရှိဘဲ၊ သူ၏အရာအားလုံးကို သင်တို့အားပေးပြီးဖြစ်သည်။ လူတို့သည် သူ့အပေါ် အလွန် ခက်ထန်ကြသည်၊ သူသည် ကမ္ဘာပေါ် ရှိ ကြွယ်ဝချမ်းသာမှုအားလုံးကို လုံး၀ မမွေ့လျော်ဖူးပေ၊ သူသည် သူ၏ စစ်မှန်ကာ၊ ပြင်းပြသော နှလုံးသားတစ်ခုလုံးကို လူသားအဖို့ ဆက်ကပ်မြှုပ်နှံထားသည်၊ သူ၏အလုံးစုံကို လူသားအဖို့ ဆက်ကပ်မြှုပ်နှံထားပြီးဖြစ်သည်- ပြီးလျှင် မည်သူသည် သူ့အား နွေးထွေးမှုပေးဖူးသနည်း။ မည်သူသည် သူ့အား နှစ်သိမ့်မှုပေးဖူးသနည်း။ လူသားသည် သူ့အပေါ် ဖိအားအားလုံး ပုံချပြီးဖြစ်သည်၊ သူ၏ကံမကောင်း အကြောင်းမလှသည့်ဖြစ်ရပ်အားလုံးကို သူ့အား ပေးပြီးဖြစ်သည်၊ လူသားအလယ် အကြောင်းမလှဆုံးသော အတွေ့အကြုံများကို သူ့အပေါ် အတင်းအကျပ်ပေးပြီးဖြစ်သည်၊ လူသားသည် မတရားမှု အားလုံးအတွက် သူ့ကို အပြစ်တင်ပြီး ယင်းကို သူက ဘာမျှမပြောဘဲ လက်ခံပြီးဖြစ်သည်။ သူသည် တစ်ဦးတစ်ယောက်အား ကန့်ကွက်ဖူးသလော။ သူသည် တစ်ဦးတစ်ယောက်ထံမှ နစ်နာကြေး အနည်းငယ် တောင်းခံဖူးသလော။ မည်သူသည် သူ့အပေါ် စာနာမှု တစ်ခုတစ်လေ ပြဖူးသနည်း။ ပုံမှန်လူတို့အနေဖြင့်၊ သင်တို့အနက် အဘယ်သူသည် ကြည်နူးဖွယ်ရာ ကလေးဘ၀ မရှိဖူးသနည်း။ အဘယ်သူသည် စိတ်ဝင်စားဖွယ်ကောင်းသော လူငယ်ဘ၀ မရှိဖူးသနည်း။ ချစ်မြတ်နိုးသူတို့၏ နွေးထွေးမှုကို မည်သူ မရှိလေသနည်း။ ဆွေမျိုးများနှင့် မိတ်ဆွေများ၏ ချစ်ခြင်းမေတ္တာ အဘယ်သူ မရှိသနည်း။ မည်သူသည် အခြားသူများ၏ လေးစားမှု မရှိသနည်း။ နွေးထွေးသည့်မိသားစုတစ်ခု အဘယ်သူမရှိသနည်း။ ၎င်းတို့ ယုံကြည်စိတ်ချရသူများ၏ နှစ်သိမ့်မှု အဘယ်သူ မရှိသနည်း။ ပြီးလျှင် သူသည် ဤအရာထဲမှ တစ်ခုတစ်လေကို မွေ့လျော်ဖူးသလော။ အဘယ်သူသည် သူ့ကို နွေးထွေးမှု အနည်းငယ် ပေးဖူးသနည်း။ အဘယ်သူသည် သူ့အား နှစ်သိမ့်မှု အနည်းငယ်မျှ ပေးဖူးသနည်း။ အဘယ်သူသည် သူ့အား လူသား ကိုယ်ကျင့်တရား အနည်းငယ် ပြသဖူးသနည်း။ အဘယ်သူသည် သူ့အပေါ် သည်းခံဖူးသနည်း။ ခဲယဉ်းသည့်ကာလများအတွင်းတွင် အဘယ်သူသည် သူနှင့်အတူ ရှိဖူးသနည်း။ အဘယ်သူသည် ခက်ခဲသောဘဝကို သူနှင့်အတူ ဖြတ်သန်းဖူးသနည်း။ လူသားသည် သူ့အပေါ် တောင်းဆိုချက်များကို မည်သည့်အခါကမျှ

လျှော့ပေါ့ခြင်း မရှိဖူးပေ။ လူ့လောကသို့ လာပြီးသည့်နောက်၊ သူသည် လူသား၏နွားထီး သို့မဟုတ် မြင်း၊ သူ၏အကျဉ်းသား ဖြစ်ရမည်ဖြစ်ပြီး သူ၏အလုံးစုံကို လူသားအား ပေးရမည့်အလား၊ လူသားသည် မည်သည့် သိက္ခာစောင့်စည်းမှုမျှ မရှိဘဲ သူ့အပေါ် တောင်းဆိုမှုများ ပြုလုပ်ရုံမျှ ပြုလုပ်လေသည်။ ထိုသို့မဟုတ်ပါက လူသားသည် သူ့အား မည်သည့်အခါမျှ ခွင့်လွှတ်လိမ့်မည် မဟုတ်၊ သူ့အပေါ် မည်သည့်အခါမျှ သက်ညှာမည်မဟုတ်၊ သူ့ကို ဘုရားသခင်ဟု မည်သည့်အခါမျှ ခေါ်လိမ့်မည်မဟုတ်သကဲ့သို့၊ မည်သည့်အခါမျှ သူ့ကို အထင်ကြီးလေးစားမည် မဟုတ်ပေ။ ဘုရားသခင်အား သေသည်အထိ ညှဉ်းဆဲခြင်းငှာ ပြင်ဆင်ထားပြီး၊ ထို့နောက်တွင်မှ ဘုရားသခင်အပေါ် သူ၏ တောင်းဆိုချက်များ ပြေလျှော့ပေးမည့်အလား၊ လူသားသည် ဘုရားသခင်အပေါ် ၎င်း၏သဘောထားနှင့်ပတ်သက်၍ အလွန် ပြင်းထန်လှ၏၊ သို့မဟုတ်ပါက လူသားသည် ဘုရားသခင်အပေါ် ၎င်း၏တောင်းဆိုချက်များနှင့်ဆိုင်သည့် စံနှုန်းများကို လုံးဝ လျှော့လိမ့်မည် မဟုတ်ပေ။ ဤကဲ့သို့သော လူသားသည် ဘုရားသခင်၏ စက်ဆုပ်ရွံရှာမှုကို မခံရဘဲ အဘယ်သို့ ရှိနိုင်မည်နည်း။ ဤသည်မှာ ယနေ့၏ အဖြစ်ဆိုး မဟုတ်သလော။ လူသား၏ အသိတရားကို မည်သည့် နေရာတွင်မျှ မမြင်ရပေ။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို သူ ပြန်ဆပ်မည်ဟု ပြောမြဲ ပြောနေသော်လည်း၊ သူသည် ဘုရားသခင်အား ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကာ သေသည်အထိ ညှဉ်းဆဲလေသည်။ ဤသည်မှာ ဘုရားသခင်နှင့်ဆိုင်သည့် ၎င်း၏ယုံကြည်ခြင်းအဖို့ ၎င်း၏ဘိုးဘေးဘီဘင်တို့မှ လက်ဆင့်ကမ်းခဲ့သည့် "လျှို့ဝှက်နည်းနာ" ဖြစ်သည် မဟုတ်သလော။ "ယုဒလူတို့" အား မတွေ့သည့်နေရာ မရှိသကဲ့သို့၊ ယနေ့တွင် ၎င်းတို့သည် အလားတူအလုပ်ကို လုပ်ဆောင်ကြဆဲ ဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင်ကို ဆန့်ကျင်ခြင်း အလုပ်တစ်ခုတည်းကို ဆောင်ရွက်နေကြဆဲဖြစ်သော်လည်း၊ ၎င်းတို့သည် ဘုရားသခင်အား ကြည်ညိုလေးစားနေကြသည်ဟု ယုံကြည်ကြသည်။ လူသား၏ ကိုယ်ပိုင် အမြင်များသည် ဘုရားသခင်အား မည်သို့သိနိုင်မည်နည်း။ ဇာတိပကတိ၌ အသက်ရှင်သော လူသားသည် ဝိညာဉ်မှလာသော လူ့ဇာတိခံဘုရားသခင်ကို ဘုရားသခင်အဖြစ် မည်သို့ ဆက်ဆံနိုင်မည်နည်း။ လူသားထဲမှ မည်သူသည် သူ့ကိုသိနိုင်မည်နည်း။ လူသားအလယ်တွင် သမ္မာတရားသည် အဘယ်မှာနည်း။ စစ်မှန်သော ဖြောင့်မတ်ခြင်းသည် အဘယ်မှာနည်း။ ဘုရားသခင်၏ စိတ်သဘောထားကို အဘယ်သူ သိနိုင်သနည်း။ ကောင်းကင်ဘုံရှိ ဘုရားသခင်နှင့် အဘယ်သူ ယှဉ်ပြိုင်နိုင်သနည်း။ သူသည် လူသားအလယ် ကြွလာပြီးချိန်တွင် ဘုရားသခင်ကို မည်သူမျှ မသိကြသေးသကဲ့သို့၊ သူသည် ငြင်းပယ်ခြင်းခံရပြီးဖြစ်သည်မှာ အံ့သြဖွယ်ရာ မဟုတ်ပေ။ လူသားသည် ဘုရားသခင်တည်ရှိခြင်းကို အဘယ်သို့

သည်းခံနိုင်မည်နည်း။ လောက၏အမှောင်ကို နှင်ထုတ်ရန် အလင်းကို သူအဘယ်သို့ ခွင့်ပြုနိုင်မည်နည်း။ ဤအရာအားလုံးသည် လူသား၏ ဂုဏ်ပြုအပ်သော ကိုးကွယ်ဆည်းကပ်မှု မဟုတ်သလော။ ဤသည်မှာ လူသား၏ဖြောင့်မတ်သော ဝင်ရောက်မှု မဟုတ်သလော။ ပြီးလျှင် ဘုရားသခင်၏ အမှုသည် လူသား ဝင်ရောက်မှုကို ဗဟိုပြုထားသည် မဟုတ်လော။ ငါသည် သင့်အား ဘုရားသခင်၏အမှုကို လူသားဝင်ရောက်မှုနှင့် ပေါင်းစည်းစေလိုပြီး၊ လူသားနှင့် ဘုရားသခင်အကြား ကောင်းမွန်သော ဆက်ဆံရေးတစ်ရပ် ထူထောင်စေလိုကာ လူသားက ထမ်းဆောင်သင့်သည့်တာဝန်ကို သင်၏ အကောင်းဆုံး အစွမ်းအစများဖြင့် ဆောင်ရွက်စေလိုသည်။ ဤနည်းဖြင့် ဘုရားသခင်၏ အမှုသည် နောက်ပိုင်းတွင် သူ၏ ဘုန်းထင်ရှားခြင်းဖြင့် ပြီးဆုံးရင်း၊ အဆုံးသတ်လိမ့်မည်ဖြစ်သည်။

အောက်ခြေမှတ်စု(များ)-

၁။ ဤနေရာရှိ “လူသား၏ ‘ဝင်ရောက်မှု’” သည် လူသား၏နာခံမှုမရှိသော အပြုအမူကို ညွှန်ပြသည်။ အပြုသဘောဆောင်သော- လူတို့၏ အသက်ဝင်ရောက်မှုကို ရည်ညွှန်းခြင်းထက်၊ ယင်းသည် ၎င်းတို့၏ အပျက်သဘောဆောင်သော အပြုအမူနှင့် လုပ်ရပ်များကို ရည်ညွှန်းသည်။ ယင်းသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်းတွင်ရှိသည့် လူသား၏ လုပ်ဆောင်ချက်များအားလုံးကို ယေဘုယျအားဖြင့် ရည်ညွှန်းသည်။

၂။ “စိတ်ကူးသက်သက် ကြောက်ရွံ့မှုများ၏ ဒုက္ခပေးခြင်းကို ခံကြရသည်” ဆိုသည်ကို လူသား၏ ဆုံးဖြတ်ချက်လွဲမှားသော လူ့သဘာဝ၏အသက်တာကို သရော်ရန် အသုံးပြုထား၏။ ယင်းသည် လူတို့က နတ်ဆိုးများနှင့် အတူ နေထိုင်သည့် လူသားမျိုးနွယ်၏ အကျည်းတန်သော အသက်တာအခြေအနေကို ရည်ညွှန်း၏။

၃။ “အကောင်းဆုံး” သည် သရော်သောအနေဖြင့် ပြောထားခြင်းဖြစ်သည်။

၄။ “စိတ်အားထက်သန်မှုသည် ယခင်ထက် သာ၍ပူစွာ လောင်မြိုက်နေ၏” ကို သရော်သည့်အနေဖြင့် ပြောဆိုထားခြင်းဖြစ်ပြီး၊ ယင်းသည် လူသား၏အကျည်းတန်သော အခြေအနေကို ရည်ညွှန်းသည်။

၅။ “အရှင်ဖမ်းဆီး” သည် လူသား၏ အကြမ်းဖက်ဖြစ်ကာ စက်ဆုပ်ဖွယ်ကောင်းသော အပြုအမူကို ရည်ညွှန်း၏။ လူသားသည် လူမဆန်သကဲ့သို့ ဘုရားသခင်အပေါ် စိုးစဉ်းမျှ ခွင့်လွှတ်တတ်ခြင်းမရှိသကဲ့သို့၊ သူ့အပေါ် ဖြစ်နိုင်ခြေမရှိသော တောင်းဆိုမှုများ ပြုလုပ်၏။

၆။ “စိတ်ထဲတွင် ကောင်းစွာ တွေးတောထားသော အကြံအစည်တစ်ရပ်” သည် သရော်သောအနေဖြင့်

ပြောဆိုထားခြင်းဖြစ်ပြီး၊ ဤအရာက လူတို့သည် မိမိတို့ကိုယ်ကိုယ် မသိရှိကြပုံနှင့် ၎င်းတို့၏ ဝိညာဉ်ရင့်ကျက်မှု အစစ်အမှန်ကို မသိနားမလည်ကြပုံ ရည်ညွှန်း၏။ ဤသည်မှာ ယုတ်ညံ့သော ပြောဆိုချက်ဖြစ်သည်။

၇။ "ကြည်ညိုကိုင်းရှိုင်းဖွယ်ရာ" သည် သရော်သောအနေဖြင့် ပြောထားခြင်းဖြစ်သည်။

၈။ "ပစ်လွှတ်" သည် ဘုရားသခင်၏ အနိုင်ယူခြင်း ခံရသည့်အခါ၊ ဒေါသအခိုးထွက်နေသော သူများ၏ အကျည်းတန်သော အခြေအနေကို ညွှန်ပြ၏။ ယင်းသည် ဘုရားသခင်အပေါ် ၎င်းတို့ ဆန့်ကျင်ခြင်း အတိုင်းအတာကို ညွှန်ပြ၏။

# ဘုရားသခင့်အမှုတော်၏ ရှုပါရုံ (၁)

ယောဟန်သည် ယေရှုအတွက် ခုနစ်နှစ် အမှုထမ်းခဲ့ပြီး ယေရှုရောက်လာချိန်တွင် လမ်းခင်းနှင့်ပြီးဖြစ်သည်။ ယင်းမတိုင်မီ၊ ယောဟန် ဟောကြားခဲ့သည့် ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို မြေတပြင်လုံးတွင် ကြားနေခဲ့ရပြီဖြစ်ပြီး၊ သို့ဖြစ်၍ ယင်းသည် ယုဒပြည်တစ်လျှောက် ပျံ့နှံ့နေခဲ့ပြီး၊ လူတိုင်းက သူ့ကို ပရောဖက်ဟု ခေါ်ဝေါ်နေခဲ့ကြသည်။ ထိုအချိန်က၊ ဟေရုဒ်မင်းကြီးသည် ယောဟန်ကို သတ်ပစ်လိုခဲ့သော်လည်း၊ လူအများက ယောဟန်ကို အထူး လေးစားခဲ့ကြသောကြောင့်၊ ဟေရုဒ်မင်းကြီးက ယောဟန်ကို သတ်ပစ်လျှင် လူများက သူ့ကို ဆန့်ကျင် ပုန်ကန်လာကြမည်ကို ကြောက်နေခဲ့၍ မသတ်ဝံ့ခဲ့ပေ။ ယောဟန် လုပ်ဆောင်ခဲ့သည့် အမှုမှာ သာမန်လူများအကြားတွင် အမြစ်တွယ်ခဲ့ပြီး ယုဒလူတို့ကို ယုံကြည်သူများ ဖြစ်လာစေခဲ့သည်။ သူသည် ခုနစ်နှစ်ကြာ ယေရှုအတွက် လမ်းခင်းခဲ့ပြီး ယေရှုက သူ့သာသနာတော်ကို စတင်သည့်အချိန်အထိ ဖြစ်သည်။ ထိုအကြောင်းကြောင့် ယောဟန်သည် ပရောဖက်အားလုံးအကြားတွင် အကြီးမြတ်ဆုံးပရောဖက် ဖြစ်ခဲ့သည်။ ယောဟန် အကျဉ်းချခံလိုက်ရသည့်နောက်မှသာ ယေရှုသည် သူ၏တရားဝင် အမှုတော်ကို စတင်ခဲ့သည်။ ယေရှု မတိုင်မီ၊ ဘုရားသခင်သည် မည်သည့်အခါမျှ၊ လူ့ဇာတိကို မခံယူခဲ့သောကြောင့်၊ ယောဟန် မတိုင်မီတွင် ဘုရားသခင်အတွက် လမ်းခင်းပေးခဲ့သူ မည်သူမျှမရှိခဲ့ဖူးပေ။ သို့ဖြစ်သောကြောင့်၊ ယောဟန် မတိုင်မီထိ ပရောဖက်များအားလုံး၌၊ သူသည် လူ့ဇာတိခံ ဘုရားအတွက် လမ်းခင်းပေးခဲ့သည့် တစ်ဦးတည်းသောသူ ဖြစ်ခဲ့ခြင်းဖြင့်၊ ယောဟန်သည် ဓမ္မသစ်နှင့် ဓမ္မဟောင်းနှစ်ခုလုံးအတွက် အကြီးမြတ်ဆုံးသောပရောဖက် ဖြစ်လာခဲ့သည်။ ယောဟန်သည် ယေရှု၏ ဗတ္တိဇံခံခြင်း မတိုင်မီ၊ ခုနစ်နှစ်ကြာ ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို စတင်ဖြန့်ကြက်ခဲ့သည်။

လူအများအတွက် သူ၏ လုပ်ဆောင်ခဲ့သည့် အလုပ်သည် ယေရှု၏ နောက်ဆက်တွဲ အမှုတော်၏ အထက်တွင် ရှိခဲ့ပုံရသော်လည်း၊ မည်သို့ပင်ဖြစ်စေကာမူ၊ သူသည် ပရောဖက် တစ်တပါးမျှသာ ဖြစ်သေး၏။ သူ လုပ်ဆောင်၊ ပြောကြားခဲ့သည်မှာ ဗိမာန်တော်အတွင်းတွင် မဟုတ်ခဲ့ဘဲ၊ ယင်း၏ ပြင်ပရှိ မြို့များနှင့် ရွာများတွင် ဖြစ်သည်။ သူ ထိုသို့ လုပ်ဆောင်ခဲ့သည်မှာ၊ ယုဒလူမျိုးများ အကြားတွင်၊ အထူးသဖြင့် ဆင်းရဲသူများအကြားတွင်၊ ဖြစ်ခဲ့သည်မှာ အမှန်ပေ၏။ ယောဟန်သည် လူ့အဖွဲ့အစည်း အထက်တန်းလွှာမှ လူများနှင့် ထိတွေ့ခဲ့ပြီး၊ ယုဒပြည်၏ သာမန် ပြည်သူတို့ အကြားမှာသာ ဧဝံဂေလိတရားကို ဖြန့်ကြက်ခဲ့သည်။ ယင်းသည် သခင်ယေရှုအတွက် မှန်ကန်သည့် လူများကို ပြင်ဆင်နိုင်ရန်နှင့် ကိုယ်တော် အမှုတော်ပြုရန်အတွက် သင့်တော်သည့် နေရာများကို ပြင်ဆင်ပေးဖို့ရန်အလို့ငှာ ဖြစ်သည်။ လမ်းခင်းပေးရန် ယောဟန်ကဲ့သို့သော ပရောဖက်ရှိသည့်အတွက်၊ သခင်ယေရှုသည် ရောက်လာသည်နှင့် တစ်ပြိုင်နက် လက်ဝါးကားတိုင်ဆီသွားရာ လမ်းခရီးပေါ် တိုက်ရိုက် စတင်နိုင်ခဲ့သည်။ ဘုရားသခင်က မိမိအမှုတော်ကို ဆောင်ရွက်ရန် လူ့ဇာတိခံယူလိုက်သည့် အခါ၊ သူသည် လူများအား ရွေးချယ်ခြင်းအမှုကို လုပ်ဆောင်ရန် မလိုအပ်ခဲ့သကဲ့သို့၊ လူများ သို့မဟုတ် အလုပ်လုပ်ရန် နေရာများကို သူကိုယ်တိုင် ရှာရန်လည်း မလိုအပ်ခဲ့ပေ။ သူကြွလာချိန်၌ ယင်းကဲ့သို့သော အလုပ်ကို မလုပ်ဆောင်ခဲ့ပေ၊ သင့်တော်သော ပုဂ္ဂိုလ်က သူရောက်မလာမီတွင် ထိုကဲ့သို့သော အရာများကို ပြင်ဆင်ပေးထားခဲ့ပြီး ဖြစ်သည်။ ယေရှုက သူ့အလုပ်ကို မစတင်မီတွင် ယောဟန်မှ ထိုအလုပ်ကို လုပ်ဆောင်ပြီးနှင့်ခဲ့ပြီ ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် လူ့ဇာတိခံ ဘုရားသခင်က မိမိအမှုကို လုပ်ဆောင်ရန် ကြွလာချိန်တွင်၊ သူ့ကို အချိန်ကြာစွာ စောင့်စားနေခဲ့ကြသူတို့အပေါ် ချက်ချင်းမဆိုင်းမတွ စတင်ပြီး လုပ်ဆောင်ခဲ့သည်။ ယေရှု ကြွလာခဲ့သည်မှာ လူသား၏ ပြုပြင်သည့်အလုပ်ကို လုပ်ရန် မဟုတ်ခဲ့ပေ။ သူကြွလာခဲ့သည်မှာ သူ့အနေနှင့် ဆောင်ရွက်ပေးရမည့် အမှုတော်ကို လုပ်ဆောင်ရန် အတွက်သာ ဖြစ်သည်၊ အခြားအရာ အားလုံးတို့သည် သူနှင့် မည်သို့မျှ သက်ဆိုင်မှု မရှိခဲ့ကြပေ။ ယောဟန် ရောက်ရှိလာသည့် အခါ၌၊ သခင် ယေရှု လုပ်ဆောင်မည့်အမှု၏ ရည်မှန်းထားသော ပုဂ္ဂိုလ်များ ဖြစ်လာနိုင်ဖို့ရန် ဗိမာန်တော်နှင့် ယုဒလူမျိုးများအထဲမှ ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားတော်ကို လက်ခံခဲ့ကြသည့် လူတစ်စုကို ထုတ်ပေးသည်မှလွဲ၍ ဘာမျှမလုပ်ဆောင်ခဲ့ပေ။ ယောဟန်သည် ခုနစ်နှစ်ကြာ လုပ်ဆောင်ခဲ့သည်၊ တနည်းဆိုရလျှင်၊ သူသည် ဧဝံဂေလိတရားတော်ကို ခုနစ်နှစ်ကြာ ဖြန့်ကြက်ခဲ့၏။ သူ၏ အလုပ်အတွင်းတွင်၊ အံ့ဖွယ်ရာ အရာများကို အများအပြား မပြုလုပ်ခဲ့ပေ၊ အဘယ်ကြောင့်ဆိုသော် ၎င်း၏ အလုပ်မှာ လမ်းခင်းပေးရသည့်

အလုပ်ဖြစ်သောကြောင့်၊ ပြင်ဆင်ပေးရသည့် အလုပ် ဖြစ်သောကြောင့် ဖြစ်သည်။ ယောဟန်သည် ကျန်သည့် လုပ်ဆောင်ချက်အားလုံးဖြစ်သည့် ယေရှု မှ လုပ်ဆောင်ပေးရမည့် အမှုမှာ၊ သူနှင့် မသက်ဆိုင်ခဲ့ပေ၊ သူသည် လူသားအား ကယ်တင်ခံရဖို့အလို့ငှာ သူ၏ အပြစ်များကို ဝန်ခံလျက် နောင်တရဖို့ကိုသာ တောင်းဆိုခဲ့ပြီး ဗတ္တိဇံပေးခဲ့သည်။ သူ ဆောင်ရွက်ပေးခဲ့သည်မှာ အမှုအသစ် ဖြစ်ပြီး လူသားတို့ ယခင်တုန်းက လုံးဝမလျှောက်ခဲ့ဖူးသည့် လမ်းခရီး ဖြစ်ခဲ့သော်လည်း၊ သူသည် ယေရှုအတွက် လမ်းခင်းပေးခြင်းသာ ဖြစ်ဆဲဖြစ်သည်။ သူသည် ကြိုတင်ပြင်ဆင်ခြင်းအမှုကို လုပ်ဆောင်ပေးခဲ့သည့် ပရောဖက်မျှသာ ဖြစ်ခဲ့ပြီး ယေရှု၏ အမှုကို လုပ်ဆောင်နိုင်စွမ်း မရှိပေ။ ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို ပထမဦးဆုံး ဟောကြားခဲ့သူမှာ ယေရှု မဟုတ်သော်လည်း၊ ထို့အပြင် သူသည် ယောဟန်မှ စတင်ပေးခဲ့သည့် လမ်းကြောင်းအတိုင်း ဆက်လျှောက်ခဲ့ခြင်း ဖြစ်သော်လည်း၊ သူ့အမှုကို ဆောင်ရွက်ပေးနိုင်မည့် အခြားသူ မည်သူမျှ မရှိခဲ့ဘဲ ယင်းအမှုက ယောဟန်၏ အမှု အထက်တွင် ရှိခဲ့၏။ ယေရှုသည် မိမိကိုယ်တိုင်၏ လမ်းခရီးကို မပြင်ဆင်နိုင်ခဲ့ပေ၊ ဘုရားသခင် ကိုယ်စား သူ့အမှုကို တိုက်ရိုက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်၊ ယောဟန်သည် နှစ်ပေါင်းမည်မျှပင် လုပ်ဆောင်ခဲ့သည်မဆို၊ သူသည် ပရောဖက်တစ်ပါး ဖြစ်ဆဲဖြစ်ပြီး လမ်းခင်းပေးခဲ့သူ ဖြစ်ဆဲဖြစ်သည်။ သူ့အမှု၏ အနှစ်သာရမှာ မတူသည့်အတွက်၊ ယေရှု လုပ်ဆောင်ခဲ့သည့် သုံးနှစ်ကြာ အမှုက ယောဟန်၏ ခုနစ်နှစ်ကြာခဲ့သည့် လုပ်ဆောင်ချက်ကို ကျော်လွန်ခဲ့သည်။ ယောဟန်၏ အမှု ပြီးဆုံးသွားချိန်ဖြစ်သည့် ယေရှုသူ့အမှုတော်ကို စတင်လုပ်ဆောင်ချိန်တွင်၊ သခင်ယေရှုမှ အသုံးပြုရန်အတွက် လုံလောက်သည့် လူများနှင့် နေရာများကို ယောဟန်မှ ပြင်ဆင်ပေးထားပြီ ဖြစ်ပြီး၊ ၎င်းတို့မှာ သခင်ယေရှုအနေဖြင့် သုံးနှစ်ကြာ အမှုတော်ကို စတင်ရန် လုံလောက်ခဲ့သည်။ ထို့ကြောင့်၊ ယောဟန်၏အလုပ် ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက်၊ သခင်ယေရှုသည် သူ၏အမှုတော်ကို တရားဝင် စတင်ခဲ့ပြီး၊ ယောဟန် ပြောကြားခဲ့သည့် စကားများက ဘေးဖယ်ခြင်းခံခဲ့ရပေသည်။ ယင်းမှာ ယောဟန် ဆောင်ရွက်ပေးခဲ့သည့် အလုပ်က ကူးပြောင်းခြင်းသက်သက်အတွက်သာ ဖြစ်ပြီး လူသားကို ကြီးထွားမှုအသစ်ဆီသို့ ခေါ်ဆောင်မည့် အသက်၏ နှုတ်ကပတ်တော်များ မဟုတ်ခဲ့သောကြောင့် ဖြစ်သည်။ နောက်ဆုံးတွင် သူ့စကားများမှာ ယာယီသုံးရန်သာ ဖြစ်ခဲ့ကြသည်။

ယေရှု လုပ်ဆောင်ခဲ့သည့်အမှုမှာ သဘာဝလွန် မဟုတ်ခဲ့ပေ၊ ယင်းအတွက် လုပ်ငန်းစဉ် ရှိခဲ့ပြီး၊ အားလုံးမှာ ဖြစ်ရိုးဖြစ်စဉ် နိယာမများနှင့်အညီ တိုးတက်ဖြစ်ပွားလာခဲ့သည်။ ယေရှုသည် သူ့ဘဝ၏ နောက်ဆုံးခြောက်လ ရောက်သည့်အခါ၊ သူလာခဲ့သည်မှာ ယင်းအမှုကို

လုပ်ဆောင်ရန်နှင့် လက်ဝါးကပ်တိုင်ပေါ်မှာ သံမှိုရိုက် ခံရရန်အတွက် ဖြစ်ခဲ့ကြောင်းကို သေချာပေါက် သိနေခဲ့သည်။ သူ ကားစင်တင် မခံရမီတွင်၊ ဂေသရှေမန် ဥယျာဉ်၌ သုံးကြိမ် ဆုတောင်းခဲ့သကဲ့သို့၊ ခမည်းတော် ဘုရားသခင်အား စဉ်ဆက်မပြတ် ရှိခိုးဆုတောင်းနေခဲ့ပါသည်။ ယေရှုသည် ဗတ္တိဇံခံပြီးနောက်၊ သုံးနှစ်ခွဲကြာ သူ့အမှုတော်ကို လုပ်ဆောင်လာခဲ့ပြီး၊ သူ၏ တရားဝင် အမှုမှာ နှစ်နှစ်ခွဲ ကြာခဲ့သည်။ ပထမနှစ်အတွင်းတွင် သူသည် စာတန်၏ စွပ်စွဲခြင်းခံခဲ့ရပြီး၊ လူသား၏ နှောင့်ယှက်ခြင်းခံခဲ့ရကာ လူသား၏ စုံစမ်းသွေးဆောင်ခြင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ ယေရှုသည် သူ့အမှုတော်ဆောင်ရွက်စဉ် များစွာသော စုံစမ်းသွေးဆောင်ခြင်းများကို ဖြတ်ကျော်ခဲ့ရသည်။ ယေရှု မကြာမီ ကားစင်တင်ခံရတော့မည့်အချိန် နောက်ဆုံး ခြောက်လ အတွင်း၊ သူသည် အသက်ရှင်သော ဘုရား၏သားတော် ဖြစ်ပြီး သူသည် ခရစ်တော် ဖြစ်ကြောင်း ပေတရု၏ နှုတ်မှ စကားများ ထွက်ပေါ်လာခဲ့သည်။ ထိုအချိန်ကျမှသာ သူ၏အမှုတော်ကို အားလုံး သိလာခဲ့ကြပြီး ထိုအချိန်မှသာ သူမည်သူဖြစ်ကြောင်း လူသိရှင်ကြား အသိပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင်၊ သူသည် သူ၏တပည့်တော်များအား လူသားဖို့အလို့ငှာ ကားစင်တင်ခံရဖို့ ရှိနေကြောင်းနှင့် သုံးရက်ကြာပြီးနောက် ပြန်ပြီး ထမြောက်လာမည် ဖြစ်ကြောင်း၊ ရွေးနှုတ်ခြင်း အမှုကို ဆောင်ရွက်ပေးရန် သူလာခဲ့ရသည်ဖြစ်ပြီး သူသည် ကယ်တင်ရှင်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ နောက်ဆုံး ခြောက်လတာကာလအတွင်း၌သာ သူသည် သူမည်သူဖြစ်ကြောင်းနှင့် သူလုပ်ဆောင်ရန် ရည်ရွယ်ခဲ့သည့် အမှုတော်ကို ထုတ်ဖော် ပြောကြားခဲ့သည်။ ယင်းသည် ဘုရားသခင်၏ အချိန်လည်းဖြစ်ခဲ့ပြီး၊ အမှုတော်ကို ယင်းကဲ့သို့ လုပ်ဆောင်ရန် ဖြစ်သည်။ ထိုစဉ်က ယေရှု၏အမှုတော်၏ တစ်စိတ်တစ်ပိုင်းမှာ ဓမ္မဟောင်းကျမ်းနှင့်အညီ ဖြစ်ပြီး၊ ပညတ်တော်ခေတ် အတွင်းက မောရှေ၏ ပညတ်တရားများနှင့် ယေဟောဝါ၏ နှုတ်ကပတ်တော်များနှင့်အညီလည်း ဖြစ်ခဲ့သည်။ ယေရှုသည် ၎င်းတို့ အားလုံးကို သူ၏အမှုတော်ဆိုင်ရာ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်ခဲ့သည်။ သူသည် တရားစရပ်များ၌ လူများအား တရားဟောကြားခဲ့ပြီး သွန်သင်ပေးခဲ့ကာ သူ့အပေါ် ရန်လိုနေခဲ့ကြသည့် ဖာရိရှဲများကို ပြစ်တင်ရန် ဓမ္မဟောင်းကျမ်းမှ ပရောဖက်များ၏ ကြိုတင်ဟောကြားချက်များကို အသုံးချခဲ့ပြီး၊ သူတို့၏ မနာခံမှုကို ထုတ်ဖော်ရန်နှင့် သူတို့ကို ရှုတ်ချရန် အတွက် ကျမ်းစာထဲက နှုတ်ကပတ်တော်များကို အသုံးချခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ယေရှု လုပ်ဆောင်ခဲ့သည်ကို စက်ဆုပ်ခဲ့ကြသည့်အတွက်၊ အထူးသဖြင့်၊ ယေရှု၏အမှုတော် အများအပြားတို့မှာ သမ္မာကျမ်းထဲက ပညတ်တရားများ နှင့် အညီ လုပ်ဆောင်ခဲ့ခြင်း မဟုတ်ကြဘဲ၊ ထို့အပြင် သူ

သွန်သင်ခဲ့သည့်အရာက သူတို့၏ ကိုယ်ပိုင် စကားလုံးများထက် ပိုမြင့်မြတ်ခဲ့ပြီး သမ္မာကျမ်းထဲက ပရောဖက်များ၏ ကြိုတင်ဟောကြားချက်များထက်ပင် ပိုမြင့်မားခဲ့သည့်အတွက် ဖြစ်သည်။ ယေရှု၏ အမှုတော်မှာ လူသား၏ ရွေးနှုတ်ခြင်းနှင့် ကားစင်တင်ခံရခြင်းအတွက်သာ ဖြစ်သည်၊ သို့ဖြစ်၍၊ လူသားတစ်ဦးဦးကို သိမ်းပိုက်ရန် သူသည် နောက်ထပ် နှုတ်ကပတ်တော်များကို ဟောကြားရန် မလိုအပ်ခဲ့ပေ။ လူသားကို သူသွန်သင်ပေးခဲ့သည့် အရာအထဲက အများအပြားသည် သမ္မာကျမ်းစာလာ နှုတ်ကပတ်တော်များမှ ဖြစ်ပြီး၊ သူ့အမှုတော်က သမ္မာကျမ်းစာများကို မကျော်လွန်ခဲ့သော်မှ၊ သူသည် ကားစင်တင်အသတ်ခံရခြင်းအမှုကို ပြီးအောင် ဆောင်ရွက်နိုင်စွမ်းရှိခဲ့သည်။ သူ့အမှုတော်မှာ နှုတ်ကပတ်တော်၏ အမှုတော် မဟုတ်ခဲ့ပေ၊ လူသားမျိုးနွယ်အား သိမ်းပိုက်ဖို့အလို့ငှာလည်း မဟုတ်ခဲ့ဘဲ၊ လူသားမျိုးနွယ်အား ရွေးနှုတ်ရန် ဖြစ်သည်။ သူသည် လူသားမျိုးနွယ်အတွက် အပြစ်ဖြေရာယဇ်အဖြစ်သာ ပြုမူခဲ့ပြီး လူသားမျိုးနွယ်အတွက် နှုတ်ကပတ်တော်၏ အရင်းအမြစ်အဖြစ် မပြုမူခဲ့ပေ။ လူသားကို သိမ်းပိုက်ခြင်းအမှုဖြစ်သည့် တစ်ပါးအမျိုးသားများ၏ အလုပ်ကို သူမလုပ်ဆောင်ခဲ့ဘဲ ဘုရားသခင် ရှိကြောင်းကို ယုံကြည်ကြသည့် လူများအကြားမှာ လုပ်ဆောင်ခဲ့သည့်အမှုဖြစ်သည့် ကားစင်တင်အသတ်ခံရခြင်း အမှုကို လုပ်ဆောင်ခဲ့သည်။ သူ၏ အမှုကို သမ္မာကျမ်းစာ၏ အခြေခံအုတ်မြစ်ပေါ်တွင် လုပ်ဆောင်ခဲ့သော်လည်း၊ ထို့အပြင် သူသည် ဖာရိရှဲများကို ရှုတ်ချရန် ပရောဖက်ဟောင်းများ၏ ဟောကြားချက်များကို အသုံးချခဲ့သော်လည်း၊ ၎င်းမှာ ကားစင်တင် အသတ်ခံရခြင်းအမှုတော်ကို ပြီးမြောက်စေရန်အတွက် လုံလောက်ခဲ့သည်။ အကယ်၍ ယနေ့အမှုကို သမ္မာကျမ်းစာထဲရှိ ပရောဖက်ဟောင်းများ၏ ဟောကြားချက်များ၏ အခြေခံအုတ်မြစ်ပေါ်တွင် လုပ်ဆောင်ကြဦးမည်ဆိုလျှင်၊ ဓမ္မဟောင်းကျမ်းထဲတွင် သင်တို့ တရုတ်လူမျိုးများ၏ မနာခံမှုနှင့် အပြစ်များအကြောင်း မှတ်တမ်းများ မပါဝင်သည့်အတွက်နှင့် ၎င်းထဲတွင် သင်တို့ အပြစ်များ၏သမိုင်းဟူ၍ မရှိသည့်အတွက်၊ သင်တို့ကို သိမ်းပိုက်ဖို့ရန်မှာ ဖြစ်နိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ ဤအမှုသည် သမ္မာကျမ်းထဲတွင် စွဲကျန်နေဆဲဖြစ်ပါက၊ သင်တို့သည် မည်သည့်အခါမျှ အလျှော့ပေးမည် မဟုတ်ပေ။ သမ္မာကျမ်းထဲတွင် ဣသရေလအမျိုးသားများ၏ သမိုင်းအနည်းအကျဉ်းသာ မှတ်တမ်းတင်ပေးခဲ့ပြီး၊ ထိုသမိုင်းသည် သင်တို့ ဆိုးသည် သို့မဟုတ် ကောင်းသည်ကို ၎င်းက သတ်မှတ် ပေးနိုင်စွမ်း မရှိသကဲ့သို့၊ သင်တို့ကို စီရင်နိုင်စွမ်းလည်း မရှိပေ။ ငါသည် သင်တို့ကို ဣသရေလအမျိုးသားတို့၏ သမိုင်းကို အခြေခံပြီး စီရင်ရန်ဖြစ်သည်ဟု စိတ်ကူးကြည့်ကြလော့—သင်တို့သည် ယနေ့ကဲ့သို့ပင် ငါ့နောက် လိုက်နေကြဦးမည်လော။

သင်တို့သည် မည်မျှခက်ခဲကြသည်ကို သင်တို့ သိကြသလော။ ဤအဆင့်၌ မည်သည့် နှုတ်ကပတ်တော်ကိုမျှ မပြောဆိုဘဲ နေပါက၊ သိမ်းပိုက်ခြင်းအမှုကို ပြီးမြောက်အောင် ပြုလုပ်ရန် မဖြစ်နိုင်ပေ။ ငါလာခဲ့သည်မှာ လက်ဝါးစင်ပေါ် သံမှိုရိုက်ခံရန် မဟုတ်သောကြောင့်၊ သင်တို့သိမ်းပိုက်ခြင်းခံရနိုင်ရန် ငါသည် သမ္မာကျမ်းစာနှင့် ကွဲပြားသည့် စကားလုံးများကို ပြောဆိုရမည်။ ယေရှုလုပ်ဆောင်ခဲ့သည့် အမှုမှာ ဓမ္မဟောင်းကျမ်းထက် တစ်ဆင့်မျှသာ ပိုမြင့်ခဲ့သည်၊ ခေတ်တစ်ခေတ်ကို စတင်ပေးရန်နှင့် ထိုခေတ်ကို ဦးဆောင်ပေးရန်အတွက် ၎င်းကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ "ပညတ်တရားများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်မဟုတ်။ ပြည့်စုံစေခြင်းငှါ ငါလာသတည်း။" ဆိုပြီး သူပြောခဲ့သည်မှာ မည်သည့် အတွက်ကြောင့်နည်း။ သို့ရာတွင် သူ၏အမှုတော်ထဲ၌ ဓမ္မဟောင်းကျမ်း၏ ဣသရေလအမျိုးသားများ လက်တွေ့ကျင့်သုံးခဲ့ကြသည့် ပညတ်တရားများ၊ ပညတ်တော်များနှင့် ကွဲပြားမှုများ များပြားခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် သူလာခဲ့သည်မှာ ပညတ်တရားကို နာခံရန် မဟုတ်ဘဲ၊ ၎င်းကို ပြည့်စုံစေရန် ဖြစ်သောကြောင့် ဖြစ်သည်။ ၎င်းကို ပြည့်စုံစေခြင်း လုပ်ငန်းစဉ်ထဲတွင် လက်တွေ့ကျသည့် အမှုအရာများစွာ ပါဝင်သည်- သူ့အမှုမှာ ပို၍လက်တွေ့ကျကာ ပို၍စစ်မှန်ခဲ့သည်၊ ထို့အပြင် ၎င်းမှာ သာ၍ အသက်ရှင်ပြီး၊ စည်းကမ်းများကို မစဉ်းစား မဆင်ခြင်ဘဲ လိုက်နာခြင်းလည်း မဟုတ်ပေ။ ဣသရေလ အမျိုးသားများတို့က ဥပုသ်နေ့ကို စောင့်ထိန်းခဲ့ကြသည် မဟုတ်လော။ ယေရှု ရောက်လာချိန်၌ သူသည် ဥပုသ်နေ့ကို စောင့်ထိန်းခဲ့ခြင်း မရှိခဲ့ပေ၊ အဘယ်ကြောင့်ဆိုသော် လူသားသည် ဥပုသ်နေ့ကို အစိုးရပြီး၊ ဥပုသ်နေ့ကို အစိုးရသူရောက်လာသည့်အခါ သူ့စိတ်ကြိုက် သူလုပ်ဆောင်လိမ့်မည်ဟု ပြောခဲ့သောကြောင့် ဖြစ်သည်။ သူသည် ဓမ္မဟောင်းကျမ်းထဲက ပညတ်တရားများကို ဖြည့်ဆည်းရန်နှင့် ပညတ်တရားများကို ပြောင်းလဲရန်အတွက် ကြွလာခြင်း ဖြစ်သည်။ ယနေ့ လုပ်ဆောင်ပြီးခဲ့သည့် အရာအားလုံးမှာ ပစ္စုပ္ပန်ကို အခြေခံထားသော်လည်း၊ ပညတ်တော်ခေတ်က ယေဟောဝါ၏အမှု၏ အခြေခံအုတ်မြစ်ပေါ်၌ အခြေခံထားဆဲ ဖြစ်ပြီး ယင်းအတိုင်းအတာကို မကျော်လွန်ပေ။ ဥပမာ မိမိနှုတ်ကို စောင့်ထိန်းရန်နှင့် သူများ သားမယားကို မပြစ်မှားရန်ဟူသည်တို့မှာ ဓမ္မဟောင်းကျမ်း၏ ပညတ်များဖြစ်သည် မဟုတ်လော။ ယနေ့တွင် သင်တို့ထံမှ တောင်းဆိုနေသည်များမှာ ပညတ်တော်ဆယ်ပါးသာ မကဘဲ၊ ယခင်က ကျင့်သုံးခဲ့ကြသည့် ပညတ်ချက်များနှင့် ပညတ်တော်များထက် ပို၍မြင့်မားသည့် ညွှန်ကြားချက် ပါဝင်ပေသည်။ သို့သော် ဘုရားသခင်၏ အမှုတော်၏ အဆင့်တစ်ခုစီကို ယခင်ကအဆင့်၏ အခြေခံအုတ်မြစ်အပေါ်၌ လုပ်ဆောင်ခြင်း ဖြစ်သည့်အတွက်၊ ထိုသို့ ပြောဆိုမှုက ယခင်က အရာများပယ်ဖျက်ခဲ့ပြီဟု မဆိုလိုပေ။

ယဇ်ပူဇော်ရန်၊ မိဘများကို ရိုသေစွာပြုရန်၊ ရုပ်တုများကို မကိုးကွယ်ရန်၊ အခြားသူတို့အား မစော်ကားရန်၊ သူတစ်ပါးကို မတိုက်ခိုက်ရန် သို့မဟုတ် မကျိန်ဆဲရန်၊ သူများ သားမယားကို မပြစ်မှားရန်၊ ဆေးလိပ် သို့မဟုတ် အရက် မသောက်ရန်၊ သေသောအရာများကို မစားရန်၊ သွေးကို မသောက်ရန် လူတို့အပေါ်သတ်မှတ်ထားခြင်းကဲ့သို့ ဣသရေလ အမျိုးသားများအား ယေဟောဝါက မိတ်ဆက်ပေးခဲ့သည့် အရာတို့မှာ ယနေ့တွင်ပင် သင်တို့၏ လက်တွေ့လုပ်ဆောင်မှု၏ အခြေခံအုတ်မြစ် ဖြစ်သည် မဟုတ်လော။ အတိတ်ကာလများ၏ အခြေခံအုတ်မြစ် အပေါ်မှာသာ အမှုများကို ယနေ့အထိ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အတိတ်ကပညတ်ချက်များကို မဖော်ပြတော့ဘဲ သင့်အား တောင်းဆိုချက် အသစ်များကို ပြုလုပ်ခဲ့သော်လည်း၊ ဤပညတ်ချက်များကို မပယ်ဖျက်ခဲ့ဘဲ ၎င်းတို့ကို ပို၍မြင့်မားသော အနေအထားသို့ မြှင့်တင်ခဲ့သည်။ ၎င်းတို့ကို ပယ်ဖျက်လိုက်ပြီဟု ဆိုလျှင် ယခင်ခေတ်မှာ ဟောင်းသွားပြီဟု ဆိုလိုခြင်းဖြစ်သော်လည်း၊ သင့်အနေနှင့် ထာဝရ လိုက်နာရမည့် ပညတ်တော် အချို့ရှိနေဆဲ ဖြစ်သည်။ အတိတ်က ပညတ်တော်များကို လက်တွေ့လုပ်ဆောင်ခဲ့ကြပြီး ဖြစ်သလို လူသား၏ ဖြစ်တည်မှု ဖြစ်လာနှင့်ခဲ့ပြီဖြစ်သည်၊ ထို့အပြင် “ဆေးလိပ် မသောက်ရ၊” “အရက်မသောက်ရ၊” စသဖြင့် ပညတ်တော်များကို အထူးအလေးပေးရန် မလိုတော့ပေ။ ဤအခြေခံအုတ်မြစ် အပေါ်၌၊ သင်တို့၏ ယနေ့ လိုအပ်ချက်များနှင့်အညီ၊ သင်တို့၏ ဝိညာဉ်အသက်တာနှင့်အညီ၊ ယနေ့၏အမှုနှင့်အညီ၊ ပညတ်ချက် အသစ်များကို ချမှတ်သည်။ ခေတ်သစ်၏ ပညတ်ချက်များကို ထုတ်ပြန်ကြေညာခြင်းမှာ ခေတ်ဟောင်း၏ ပညတ်ချက်များကို ပယ်ဖျက်ခြင်းဟု မဆိုလိုဘဲ၊ လူသား၏ လုပ်ဆောင်ချက်များကို ပိုပြီးပြည့်စုံစေရန်နှင့် လက်တွေ့နှင့်ပိုပြီးကိုက်ညီလာစေရန် အတွက် ထိုအခြေခံအုတ်မြစ်ပေါ်မှာ ၎င်းတို့ကို ပိုမြင့်မားလာအောင် မြှင့်တင်ပေးခြင်း ဖြစ်သည်။ အကယ်၍၊ ယနေ့တွင် သင်တို့သည် ဓမ္မဟောင်းကျမ်းထဲက ပညတ်ချက်များနှင့် ပညတ်တရားများကို၊ ဣသရေလ အမျိုးသားများကဲ့သို့ပင်၊ လိုက်နာစောင့်ထိန်းရန်သာ လိုအပ်ခဲ့မည်၊ ထို့အပြင် ယေဟောဝါမှ ချမှတ်ပေးခဲ့သည့် ပညတ်တရားများကို အာဂုံဆောင်ထားရန်ကိုပင် သင်တို့အပေါ် သတ်မှတ်ထားမည် ဆိုပါက၊ သင်တို့ ပြောင်းလဲလာနိုင်မည့် အလားအလာ မရှိနိုင်ပေ။ သင်တို့သည် ထိုကဲ့သို့သော ပညတ်ချက်အနည်းငယ်ကိုသာ စောင့်ထိန်းရန် သို့မဟုတ် မရေတွက်နိုင်သော ပညတ်ချက်များကို အာဂုံဆောင်ထားရန်သာ သတ်မှတ်ထားမည် ဆိုပါက၊ သင်တို့၏ သဘာဝဗီဇအဟောင်းသည် နက်ရှိုင်းစွာ နှစ်မြုပ်လျက် ရှိနေမည် ဖြစ်ပြီး ၎င်းကို အမြစ်ပြုတ်ရန် နည်းလမ်း ရှိမည်မဟုတ်ပေ။ သို့ဖြစ်၍ သင်တို့သည် အကျင့်စာရိတ္တ တိုး၍

ပျက်ပြားလာမည်ဖြစ်ပြီး သင်တို့အထဲက မည်သူမျှ နာခံလာမည် မဟုတ်ပေ။ ယင်းမှာ ရိုးရှင်းသည့် ပညတ်တော် အချို့ သို့မဟုတ် ရေတွက်မရနိုင်သည့် ပညတ်ချက်များသည် ယေဟောဝါ၏ လုပ်ဆောင်ချက်များကို သင်တို့ သိနားလည်အောင် လုပ်နိုင်စွမ်း မရှိဟု ဆိုလိုသည်။ သင်တို့သည် ဣသရေလအမျိုးသားများနှင့် မတူကြပေ- သူတို့သည် ပညတ်တရားများကို လိုက်နာရင်း ပညတ်တော်များကို အာဂုံဆောင်ရင်း ယေဟောဝါ၏ လုပ်ဆောင်ချက်များကို မြင်နိုင်ခဲ့ကြပြီး ကိုယ်တော်တစ်ပါးတည်းကိုသာ သူတို့ ဆက်ကပ်နိုင်ခဲ့ကြသည်။ သို့သော် သင်တို့သည် ဤအရာကို မစွမ်းဆောင်နိုင်ပေ၊ ထို့အပြင် ဓမ္မဟောင်းခေတ်မှ အချို့ပညတ်တော်များသည် သင်တို့အား သင်တို့၏ စိတ်နှလုံးများကို ပေးအပ်လာစေရန် သို့မဟုတ် သင်တို့ကို ကာကွယ်ပေးရန် လုပ်နိုင်စွမ်း မရှိကြဘဲ၊ ထိုသို့ပြုမည့်အစား သင်တို့ကို စည်းကမ်းလျော့ရဲလာစေပြီး သင်တို့ကို မရဏာနိုင်ငံအတွင်းသို့ ကျဆင်းစေလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါ၏အမှုမှာ သိမ်းပိုက်ခြင်းအမှု ဖြစ်ပြီး၊ သင်တို့၏ မနာခံမှုနှင့် သဘာဝဗီဇဟောင်းကို ချိန်ရွယ်ထားသည့် အတွက်ဖြစ်သည်။ ယေဟောဝါနှင့် ယေရှုတို့၏ ကြင်နာသည့် နှုတ်ကပတ်တော်များမှာ ယနေ့ စီရင်ချက်၏ ပြင်းထန်သည့် စကားလုံးများကို မီရန် များစွာ လိုပေသည်။ ယင်းကဲ့သို့သော ပြင်းထန်သည့် စကားလုံးများ မရှိကြပါက၊ နှစ်ပေါင်းထောင်ချီ၍ နာခံလာခဲ့ခြင်း မရှိခဲ့ကြသည့် သင်တို့ကဲ့သို့သော ‘ပါရဂူ’ များကို သိမ်းပိုက်ရန် မဖြစ်နိုင်ပေ။ ဓမ္မဟောင်းကျမ်းထဲက ပညတ်တော်များသည် သင်တို့အပေါ်အာဏာမရှိကြတော့သည်မှာ ကြာပြီ ဖြစ်ပြီး၊ ယနေ့၏စီရင်ချက်မှာ ပညတ်ချက်အဟောင်းများနှင့် စာလျှင် များစွာပို၍ အစွမ်းရှိပေသည်။ သင်တို့သည် အစအဦးက လူသားမျိုးနွယ် မဟုတ်ဘဲ၊ နှစ်ပေါင်း ထောင်ချီ အကျင့်ပျက်လာခဲ့သည့် လူသားမျိုးနွယ် ဖြစ်ကြသောကြောင့်၊ သင်တို့အတွက် အသင့်တော်ဆုံးမှာ မပြောပလောက်သော ပညတ်တရား၏ချုပ်ခြယ်မှုများ မဟုတ်ဘဲ စီရင်ချက်သာ ဖြစ်သည်။ ယခု လူသားအနေဖြင့်ကြိုးပမ်းရမည်မှာ ယနေ့ လူသား၏ လက်တွေ့ အခြေအနေနှင့်အညီ၊ ပစ္စုပ္ပန်လူသား၏ အရည်အချင်းနှင့် လူသား၏ တကယ့် ဝိညာဉ်အသက်တာနှင့်အညီ ဖြစ်ပြီး၊ သင်သည် အယူဝါဒများကို လိုက်နာရန်မလိုအပ်ပေ။ ဤသည်မှာ အပြောင်းအလဲများကို သင်၏ သဘာဝဗီဇ အဟောင်းဖြင့် ရယူနိုင်စေရန်နှင့် သင်၏ အယူအဆများကို သင့်အနေနှင့် ဖယ်ရှားနိုင်စေရန် အတွက်ဖြစ်သည်။ ပညတ်တော်များသည် စည်းကမ်းများ ဖြစ်သည်ဟု သင်ထင်သလော။ ၎င်းတို့မှာ လူသားနှင့်သက်ဆိုင်သည့် ပုံမှန် သတ်မှတ်ချက်များဖြစ်သည်ဟု ဆိုနိုင်သည်။ ၎င်းတို့သည် သင် လိုက်နာရမည့် စည်းကမ်းများ မဟုတ်ကြပေ။ ဆေးလိပ် မသောက်ရဆိုသည်ကို ဥပမာ အဖြစ်

ကြည့်ကြစို့— ၎င်းမှာ စည်းကမ်းလော။ ၎င်းမှာ စည်းကမ်း မဟုတ်ပေ။ ၎င်းမှာ သာမန် လူသားက သတ်မှတ်ထားသည့်အရာဖြစ်သည်။ ၎င်းမှာ စည်းကမ်း မဟုတ်ဘဲ၊ လူသားမျိုးနွယ် တစ်ရပ်လုံးအတွက် ချမှတ်ထားသည့်အရာတစ်ခုဖြစ်သည်။ ယနေ့၊ ချမှတ်ထားကြသည့် တစ်ဒါဇင်ခန့်ရှိ ပညတ်တော်များသည်လည်း စည်းကမ်းများ မဟုတ်ကြဘဲ သာမန်လူသား ရရှိဖို့ရန် သတ်မှတ်ထားသည့်အရာ ဖြစ်သည်။ လူတို့သည် ယင်းကဲ့သို့သော အရာများကို အတိတ်က မပိုင်ဆိုင်ခဲ့၊ မသိရှိခဲ့ကြပေ၊ သို့ဖြစ်၍ လူတို့သည် ၎င်းတို့ကို ယနေ့ ရယူရန် လိုအပ်နေကြခြင်း ဖြစ်ပြီး၊ ၎င်းတို့ကို စည်းကမ်းများဟု လက်ခံ၍မရပေ။ ပညတ်များသည် စည်းကမ်းများနှင့် မတူကြပေ။ ငါပြောဆိုနေသည့် စည်းကမ်းများမှာ အခမ်းအနားများ၊ လုပ်ရိုးလုပ်စဉ်များ သို့မဟုတ် လူသား၏ သွေဖယ်နေသော သို့မဟုတ် မှားယွင်းနေသော အလေ့အထများကို ရည်ညွှန်း၏၊ ၎င်းတို့မှာ လူသားအား အကူအညီမပေးသလို၊ သူ့ကိုအကျိုးမပေးသည့် စည်းမျဉ်းများနှင့် စည်းကမ်းချက်များ ဖြစ်ကြ၏၊ မည်သို့မျှ အဓိပ္ပာယ် မရှိသည့် ဆောင်ရွက်ပုံနည်းလမ်း ဖြစ်သည်။ ဤသည်မှာ စည်းကမ်းများ၏ စံနမူနာ ဖြစ်ပြီး၊ ယင်းကဲ့သို့သော စည်းကမ်းများမှာ လူသားအား မည်သည့် အကျိုးမျှ မပေးသည့်အတွက် စွန့်ပစ်ကြရမည်။ လူသားကို အကျိုးပြုသည့်အရာများသည့် လက်တွေ့ ကျင့်သုံးရမည့် အရာဖြစ်သည်။

## ဘုရားသခင့်အမှုတော်၏ ရူပါရုံ (၂)

နောင်တရရှိရေး ဧဝံဂေလိတရားကို ကျေးဇူးတော်ခေတ်၌ ဟောကြားခဲ့ပြီး၊ လူသားသည် ယုံကြည်ပါက ကယ်တင်ခြင်း ခံရမည်ဟု ထောက်ပံ့ပေးခဲ့သည်။ ယနေ့တွင် ကယ်တင်ခြင်းအစား သိမ်းပိုက်ခြင်းနှင့် စုံလင်ခြင်းအကြောင်းများကို ပြောဆိုခြင်းသာ ရှိသည်။ လူတစ်ဦးက ယုံကြည်လျှင် သူ၏မိသားစု တစ်စုလုံး ကောင်းချီးပေးခံရမည် သို့မဟုတ် တစ်ခါ ကယ်တင်ခံရပြီးပါက အစဉ်ကယ်တင်ခံရမည်ဟု မည်သည့်အခါမျှ မပြောဆိုခဲ့ဖူးပါ။ ယနေ့ခေတ်မှာ မည်သူမျှ ထိုစကားလုံးများကို ပြောဆိုမနေကြပေ၊ ထို့အပြင် ယင်းကဲ့သို့သော အရာများသည် ခေတ်မမီတော့ပေ။ ထိုအချိန်က ယေရှု၏ အမှုမှာ လူသားမျိုးနွယ်တစ်ရပ်လုံးကို ရွေးနှုတ်ရန် ဖြစ်သည်။ သူ့ကို ယုံကြည်သူအားလုံးတို့၏ အပြစ်များသည် ခွင့်လွှတ်ခြင်း ခံခဲ့ရသည်၊ သူ့ကို ယုံကြည်နေသရွေ့ သူက သင့်ကို ရွေးနှုတ်မည်၊ သင်သည် သူ့ကို ယုံကြည်ပါက သင်သည် အပြစ်သားတစ်ယောက် မဟုတ်တော့ဘဲ၊ သင်၏အပြစ်များ အားလုံး ဖြေလွှတ်ခြင်းခံရသည်။ ဤသည်မှာ ကယ်တင်ခံရခြင်းနှင့်

ယုံကြည်ခြင်းအားဖြင့် လျော့ကန်စေခြင်းဟူသည့် အဓိပ္ပာယ်ဖြစ်သည်။ သို့သော် ယုံကြည်ခဲ့ကြသည့် သူများအတွင်း၌ ဘုရားသခင်ကို ပုန်ကန်၍ ဆန့်ကျင်သည့်အရာ ကျန်နေသေးပြီး၊ ၎င်းကို တဖြည်းဖြည်းချင်း ဖယ်ရှားပစ်ရန် လိုခဲ့ပါသေးသည်။ ကယ်တင်ခြင်းဟူသည်မှာ လူသားသည် ယေရှု၏ ရယူခြင်းကို အပြည့်အဝ ခံခဲ့ပြီးပြီဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ လူသားသည် သူသည်အပြစ်တရားနှင့် မသက်ဆိုင်တော့ဘဲ၊ သူ၏ အပြစ်များခွင့်လွှတ်ခံရခြင်းကို ဆိုလိုသည်။ သင်ယုံကြည်ပြီဆိုပါက အပြစ်တရားနှင့် နောက်တစ်ဖန် မည်သည့်အခါမျှ သက်ဆိုင်တော့မည် မဟုတ်ချေ။ ထိုအချိန်က ယေရှုသည် သူ၏တပည့်များ နားလည်နိုင်စွမ်းမရှိသည့် အမှုများစွာကို လုပ်ဆောင်ခဲ့ပြီး၊ လူများ နားမလည်သည့် အရာများစွာက မိန့်ကြားခဲ့သည်။ ယင်းသည် ထိုစဉ်တုန်းက သူသည် မည်သည့် ရှင်းပြချက်မျှ မပေးခဲ့၍ ထိုသို့ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ သို့ဖြစ်၍ သူခွဲခွာသွားခဲ့သည့်နောက် နှစ်အချို့အကြာတွင် မဿဲက သူ၏ ဆွေစဉ်မျိုးဆက်စာရင်းကို ပြုစုခဲ့ပြီး အခြားသူများကလည်း လူသား၏ဆန္ဒအလျောက် အလုပ်များစွာ လုပ်ဆောင်ခဲ့ကြသည်။ ယေရှုသည် လူသားကို စုံလင်စေရန်နှင့် ရယူရန် လာခဲ့ခြင်းမဟုတ်ဘဲ၊ အမှု၏ အဆင့်တစ်ဆင့်ကို လုပ်ဆောင်ရန် လာခဲ့ခြင်းဖြစ်သည်- ယင်းသည် ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို ယူဆောင်လာရန်နှင့် လက်ဝါးကပ်တိုင်ပေါ် အသက်စွန့်သည့်အမှုကို ပြီးဆုံးအောင်လုပ်ဆောင်ရန် ဖြစ်သည်။ ထို့ကြောင့် ယေရှု ကားစင်တင်သတ်ခြင်းခံခဲ့ရပြီးသည်နှင့် သူ၏အမှုမှာ လုံးဝ အဆုံးသတ်သွားခဲ့သည်။ သို့သော် လက်ရှိအဆင့်ဖြစ်သည့် သိမ်းပိုက်ခြင်းအလုပ်တွင် သာ၍များသော နှုတ်ကပတ်တော်များကို ပြောကြားရပေမည်၊ သာ၍များသော အလုပ်ကို လုပ်ကိုင်ရပေမည်ဖြစ်ပြီး လုပ်ငန်းစဉ်များ မြောက်မြားစွာ ရှိရမည်ဖြစ်သည်။ ယေရှုနှင့် ယေဟောဝါတို့၏ အမှု၏ နက်နဲရာများကိုလည်း ထုတ်ဖော်ရပေမည်၊ သို့မှသာ လူသားအားလုံးတို့သည် သူတို့၏ ယုံကြည်မှုတွင် နားလည်မှုနှင့် ရှင်းလင်းမှု ရှိနိုင်ကြမည်ဖြစ်သည်၊ အကြောင်းမှာ ဤအရာသည် နောက်ဆုံးသောကာလ၏ အလုပ်ဖြစ်ပြီး နောက်ဆုံးသောကာလသည် ဘုရားသခင်၏အလုပ်၏အဆုံး၊ ဤအလုပ်၏ နိဂုံးကာလ ဖြစ်သောကြောင့် ဖြစ်သည်။ အမှု၏ ဤအဆင့်က သင့်အား ယေဟောဝါ၏ ပညတ်တရားနှင့် ယေရှု၏ ရွေးနှုတ်ခြင်းတို့ကို ရှင်းပြပေးမည်ဖြစ်ပြီး၊ အဓိကအားဖြင့် သင်သည် ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်၏ လုပ်ငန်းတစ်ခုလုံးကို နားလည်လျက် ဤအနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်၏ အရေးပါမှုနှင့် အနှစ်သာရအလုံးစုံကို တန်ဖိုးထားရန်၊ ယေရှုလုပ်ဆောင်ခဲ့သည့် အမှုနှင့် သူပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များ အားလုံး၏ ရည်ရွယ်ချက်ကို နားလည်ရန်နှင့် သင်၏

သမ္မာကျမ်းစာအပေါ် မျက်ကန်းယုံကြည်လက်ခံမှုနှင့် ကြည်ညိုမှုကိုပင်လျှင် နားလည်ရန် ဖြစ်သည်။ ၎င်းက သင့်အား ထိုအချက်များ အားလုံးကိုစေ့စပ်သေချာစွာ နားလည်လာစေလိမ့်မည်။ သင်သည် ယေရှုလုပ်ဆောင်ခဲ့သည့် အလုပ်ကိုရော ဘုရားသခင်၏ ယနေ့ အလုပ်ကိုပါ နားလည်လာလိမ့်မည်ဖြစ်သည်၊ သင်သည် သမ္မာတရား၊ အသက်နှင့် လမ်းခရီး အားလုံးတို့ကို သိနားလည်လျက် မြင်လိမ့်မည် ဖြစ်သည်။ ယေရှု လုပ်ဆောင်ခဲ့သည့် အလုပ်အဆင့်တွင် ယေရှုသည် အဘယ်ကြောင့် အဆုံးသတ်သည့် အလုပ်ကို မလုပ်ဘဲ ထွက်ခွာသွားခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် ယေရှုအလုပ်၏အဆင့်သည် အဆုံးသတ်ခြင်းအလုပ် မဟုတ်ခဲ့၍ ဖြစ်သည်။ သူသည် ကားတိုင်ပေါ် သံမှိုစွဲနှက်ခံရသည့်အချိန်တွင် သူ၏ နှုတ်ကပတ်တော်များသည်လည်း အဆုံးသတ်ခဲ့သည်၊ ကားတိုင်ပေါ် အသက်စွန့်ခဲ့ပြီးသည့်နောက် သူ၏ အလုပ်မှာ လုံးလုံးလျားလျား ပြီးဆုံးသွားခဲ့သည်။ လက်ရှိအဆင့်မှာ ကွဲပြားခြားနားသည်- နှုတ်ကပတ်တော်များကို အဆုံးတိုင်အောင် မိန့်ကြားပြီးသွားလျက် ဘုရားသခင်၏ လုပ်ဆောင်ချက် တစ်ရပ်လုံး ပြီးဆုံးသွားမှသာ သူ၏အလုပ်သည် ပြီးဆုံးလိမ့်မည်ဖြစ်သည်။ ယေရှု၏ လုပ်ဆောင်ချက်အဆင့်တွင် ထုတ်မပြောခဲ့သည့် သို့မဟုတ် အပြည့်အဝ မမိန့်ကြားခဲ့ဘဲ ကျန်ရစ်ခဲ့သည့် နှုတ်ကပတ်တော်များ မြောက်မြားစွာ ရှိခဲ့သည်။ သို့သော် ယေရှု၏ သာသနာမှာ နှုတ်ကပတ်တော်များနှင့် သက်ဆိုင်သည့်သာသနာ မဟုတ်သည့်အတွက် သူသည် မိန့်ကြားပြီးခဲ့သည့်အရာများ သို့မဟုတ် မမိန့်ကြားခဲ့သည့်အရာများကို အမှုမထားဘဲ၊ ကားတိုင်ပေါ် သံမှိုစွဲနှက်ခံရပြီးနောက်တွင် ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။ အမှု၏ ထိုအဆင့်မှာ အဓိကအားဖြင့် ကားတိုင်ပေါ် အသက်စွန့်ဖို့ရန်အတွက်ဖြစ်ပြီး ယနေ့အဆင့်နှင့် မတူချေ။ အလုပ်၏ လက်ရှိဤအဆင့်မှာ အဓိကအားဖြင့် ပြီးဆုံးစေရန်၊ အားလုံး ဖြေရှင်းရန်နှင့် အလုပ်အားလုံးကို နိဂုံးချုပ်ရန် ဖြစ်သည်။ အမှု၏ ဤအဆင့်မှာ အလုပ်အားလုံးကို အဆုံးသတ်ပြီး နှုတ်ကပတ်တော်များကို အသုံးပြုခြင်းဖြင့် အထမြောက်ပြီး ဖြစ်သည့်အတွက်၊ နှုတ်ကပတ်တော်များကို ၎င်းတို့၏အဆုံးထိ မြွက်ကြားမပေးလျှင် ဤအမှုနိဂုံးချုပ်ရန် ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ။ ထိုအချိန်က ယေရှုသည် လူသားနားလည်နိုင်စွမ်းမရှိသည့် အမှုများစွာကို ဆောင်ရွက်ခဲ့သည်။ သူသည် တိတ်တဆိတ် ထွက်ခွာသွားခဲ့ပြီး ယနေ့တွင် သူ၏ နှုတ်ကပတ်တော်များကို နားမလည်ကြသူ၊ သူတို့၏ နားလည်ခြင်းသည် မှားနေသော်ငြားလည်း သူတို့က မှန်ကန်သည်ဟု ယုံကြည်နေကြပြီး သူတို့ မှားနေကြောင်းကို မသိရှိကြသောသူ အများအပြား ရှိနေကြဆဲပင် ဖြစ်သည်။ နောက်ဆုံးတွင် ဤလက်ရှိအဆင့်သည် ဘုရားသခင်၏ အလုပ်ကို လုံးဝ အဆုံးသတ်၍ ၎င်း၏နိဂုံးကို စီစဉ်ပေးလိမ့်မည်ဖြစ်သည်။ အားလုံးက

ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်ကို နားလည်လျက် သိရှိလာလိမ့်မည်ဖြစ်သည်။ လူသားအတွင်းရှိ အယူအဆများ၊ သူ၏ ရည်ရွယ်ချက်များ၊ သူ၏ လွဲမှားနေသည့် နားလည်မှု၊ ယေဟောဝါနှင့် ယေရှုတို့၏ အမှုအပေါ် သူ၏အယူအဆများ၊ တစ်ပါးအမျိုးသားများအပေါ် သူ၏ အမြင်များနှင့် သူ၏ အခြားလွဲချော်မှုများနှင့် အမှားများမှာ အမှားပြင်ပေးခြင်း ခံရလိမ့်မည်ဖြစ်သည်။ ထို့နောက် လူသားသည် အသက်တာ၏ မှန်ကန်သောလမ်းကြောင်းများအားလုံး၊ ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အမှုအားလုံးနှင့် သမ္မာတရားတစ်ခုလုံးကို နားလည်လာလိမ့်မည်။ ထို့သို့ဖြစ်သည့်အခါ အမှု၏ လက်ရှိအဆင့်မှာ အဆုံးသတ်လိမ့်မည်။ ယေဟောဝါ၏အမှုမှာ ကမ္ဘာကို ဖန်ဆင်းခြင်းဖြစ်ပြီး ယင်းမှာ အစအဦး ဖြစ်သည်၊ အမှု၏ ယခုအဆင့်မှာမူ အမှု၏ အဆုံးဖြစ်ပြီး နိဂုံးဖြစ်သည်။ အစပိုင်းမှာ ဘုရားသခင်၏အမှုကို ဣသရေလ၏ ရွေးချယ်ခံရသည့် သူများကြားတွင် ဆောင်ရွက်ခဲ့ပြီး ထိုအရာမှာ နေရာအားလုံးထဲက အသန့်ရှင်းဆုံးနေရာ၌ ခေတ်သစ်တစ်ခု၏အစ ဖြစ်ခဲ့သည်။ အမှု၏ နောက်ဆုံးအဆင့်ကို နိုင်ငံများအားလုံးထဲမှ မသန့်ရှင်းဆုံးနိုင်ငံတွင် ဆောင်ရွက်ပြီး လောကကို တရားစီရင်လျက် ခေတ်ကြီးကို အဆုံးသတ်ရန် ဖြစ်သည်။ ပထမအဆင့်တွင် ဘုရားသခင်၏အမှုကို နေရာအားလုံးထဲမှ အတောက်ပဆုံးနေရာတွင် ဆောင်ရွက်ခဲ့ပြီး၊ နောက်ဆုံးအဆင့်ကိုမူ နေရာအားလုံးထဲမှ အမှောင်မိုက်ဆုံးနေရာတွင် ဆောင်ရွက်ခြင်းဖြစ်လျက် ဤအမှောင်ထုကို မောင်းထုတ်ပစ်ကာ အလင်းရောင်ကို ယူဆောင်ပေးပြီး လူအားလုံးကို သိမ်းပိုက်မည်ဖြစ်သည်။ နေရာအားလုံးထဲမှ မသန့်ရှင်းဆုံးနှင့် အမည်းမိုက်ဆုံးဖြစ်သော ဤနေရာမှ လူတို့ကို သိမ်းပိုက်ပြီး၍၊ လူထုတစ်ရပ်လုံးက စစ်မှန်သောဘုရားဖြစ်သည့် ဘုရားသခင်ရှိသည်ကို အသိအမှတ်ပြုပြီး လူတိုင်းသည် အကြွင်းမဲ့ လက်ခံယုံကြည်လာပြီးသောအခါ စကြဝဠာတစ်ခုလုံး၌ သိမ်းပိုက်ခြင်းအလုပ်ကို ဆောင်ရွက်ရန် ဤအချက်ကို အသုံးပြုမည်ဖြစ်သည်။ အမှု၏ ဤအဆင့်မှာ သင်္ကေတသဘောဆောင်သည်- ဤခေတ်၏အမှုကို ဆောင်ရွက်ပြီးသည်နှင့်၊ နှစ်ပေါင်း ၆၀၀၀ ကြာခဲ့သည့် စီမံခန့်ခွဲမှုအလုပ်သည် လုံး၀ အဆုံးသတ်လိမ့်မည်။ နေရာများ အားလုံးထဲမှ အမှောင်မိုက်ဆုံးနေရာ၌ ရှိသောသူတို့ကို သိမ်းပိုက်ပြီးသည်နှင့် အခြားနေရာတိုင်းတွင် အလားတူဖြစ်လာမည်မှာ ပြောစရာမလိုတော့ပေ။ သို့ဖြစ်၍ တရုတ်နိုင်ငံရှိ သိမ်းပိုက်ခြင်းအလုပ်ကသာလျှင် အဓိပ္ပာယ်ပြည့်ဝသည့် သင်္ကေတဖြင့်သရုပ်ဖော်မှု ပါရှိသည်။ တရုတ်နိုင်ငံသည် အမှောင်စွမ်းအားများအားလုံးကို ပုံဖော်နေပြီး တရုတ်နိုင်ငံမှ လူတို့သည် ဇာတိပကတိ၊ စာတန်နှင့် အသွေးအသားတို့နှင့် စပ်ဆိုင်သောသူများအားလုံးကို ကိုယ်စားပြုသည်။ တရုတ်ပြည်သူတို့သည် အဆင်းနီသော နဂါးကြီး၏ အများဆုံး

ဖျက်ဆီးခြင်းကို ခံရသောသူများ၊ ဘုရားသခင့်အပေါ် အပြင်းထန်ဆုံးသော ဆန့်ကျင်မှု ပြုသူများဖြစ်ပြီး၊ သူတို့၏ လူ့သဘာဝမှာ အနိမ့်ကျဆုံးနှင့် မသန့်စင်ဆုံး ဖြစ်သောကြောင့် သူတို့သည် ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်အားလုံး၏ နမူနာပုံစံ ဖြစ်သည်။ ထိုသို့ပြောလိုက်၍ အခြားနိုင်ငံများ၌ ပြဿနာများ လုံးဝမရှိဟု မဆိုလိုပါ၊ လူသား၏ အယူအဆများမှာ အားလုံးအတူတူပင်ဖြစ်သည်၊ ဤနိုင်ငံများမှ လူများသည် အရည်အသွေးကောင်းသူများ ဖြစ်ကောင်းဖြစ်နိုင်ကြသော်လည်း သူတို့သည် ဘုရားသခင်ကို မသိရှိကြပါက သူတို့သည် ဘုရားသခင်ကို ဆန့်ကျင်သူများ ဖြစ်ကြရပေမည်။ ဂျူးလူမျိုးများသည်လည်း ဘုရားသခင်ကို ဆန့်ကျင်ဖီဆန်ခဲ့ကြသည်မှာ အဘယ်ကြောင့်နည်း။ ဖာရိရှဲတို့သည်လည်း အဘယ့်ကြောင့် သူ့ကို ဆန့်ကျင်ခဲ့ကြသနည်း။ ယုဒက ယေရှုကို အဘယ့်ကြောင့် သစ္စာဖောက်ခဲ့သနည်း။ ထိုစဉ်က တပည့်တော်အများအပြားတို့သည် ယေရှုကို မသိကျွမ်းခဲ့ကြပေ။ ယေရှုသည် အဆုံးစီရင်ခံရပြီး ပြန်လည်ထမြောက်ခဲ့သည့် နောက်တွင် လူများသည် သူ့ကို မယုံကြည်ခဲ့ကြသေးသည်မှာ အဘယ်ကြောင့်နည်း။ လူသား၏ မနာခံခြင်းမှာ အားလုံးအတူတူပင် မဟုတ်လော။ တရုတ်ပြည်သူတို့ကို သာဓကတစ်ခုအဖြစ် ယူလိုက်ခြင်းမျှသာဖြစ်ပြီး၊ သူတို့ကို သိမ်းပိုက်ပြီးသည့် အချိန်တွင် သူတို့သည် စံပြပုံစံနှင့် နမူနာဖြစ်လာပြီး အခြားသူများအတွက် ကိုးကားမှီငြမ်းစရာ ဖြစ်လာမည်ဖြစ်သည်။ သင်တို့သည် ငါ့စီမံခန့်ခွဲမှုအစီအစဉ်၏ အဖြည့်တစ်ခု ဖြစ်သည်ဟု အဘယ့်ကြောင့် ငါအစဉ်တစိုက် ပြောလာခဲ့သနည်း။ ဖောက်ပြန်ပျက်စီးခြင်း၊ မစင်ကြယ်ခြင်း၊ မဖြောင့်မတ်ခြင်း၊ ဆန့်ကျင်ခြင်းနှင့် ပုန်ကန်ခြင်းများကို အပြည့်ဝဆုံး ပေါ်လွင်အောင်ပြသပြီး ၎င်းတို့၏ ပုံစံမျိုးစုံထဲတွင် ထုတ်ဖော်ထားသည်မှာ တရုတ်နိုင်ငံ၏ပြည်သူများ အတွင်း၌ဖြစ်သည်။ တစ်ဖက်တွင် သူတို့၏ အစွမ်းအစမှာ နိမ့်ကျနေလျက်၊ အခြားတစ်ဖက်တွင် သူတို့၏ အသက်တာများနှင့် စိတ်ဓာတ်မှာ ခေတ်နောက်ကျန်ရစ်နေပြီး သူတို့၏ အကျင့်များ၊ လူမှုဝန်းကျင်၊ မွေးဖွားရာမိသားစု၊ အားလုံးတို့မှာ နိမ့်ကျနေလျက် ခေတ်နောက်အကျဆုံး ဖြစ်နေသည်။ သူတို့၏ အဆင့်အတန်းသည်လည်း နိမ့်ကျသည်။ ဤနေရာ၌ အမှုသည် သင်္ကေတသဘောဆောင်ပြီး၊ ဤစမ်းသပ်ခြင်းအမှုကို အလုံးစုံ ဆောင်ရွက်ပြီးသည့်နောက်တွင် ဘုရားသခင်၏ နောက်ဆက်တွဲအလုပ်သည် များစွာ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ အလုပ်၏ ဤအဆင့်ကို အပြီးသတ်နိုင်လျှင် နောက်ဆက်တွဲအလုပ်မှာ ပြောစရာလိုအပ်မည်မဟုတ်ပါ။ အလုပ်၏ ဤအဆင့်ကို အထမြောက်အောင် ဆောင်ရွက်ပြီးသည်နှင့် ကြီးမားသောအောင်မြင်မှုကို အပြည့်အဝ ရယူပြီးလျက် စကြဝဠာတစ်ခုလုံးရှိ သိမ်းပိုက်ခြင်းအလုပ်သည် လုံးဝ အဆုံးသတ်လိမ့်မည်။

အမှန်အားဖြင့် သင်တို့အကြားရှိအမှုမှာ အောင်မြင်သည်နှင့် ယင်းသည် စကြာဝဠာတစ်ခုလုံး၌ အောင်မြင်သည့်သဘောနှင့် အတူတူပင် ဖြစ်လိမ့်မည်။ ဤသည်မှာ ငါသည် သင်တို့ကို စံပြပုံစံနှင့် နမူနာအဖြစ် ဆောင်ရွက်စေခြင်းအကြောင်းရင်း၏ ရည်ရွယ်ချက်ပင်ဖြစ်သည်။ ဤလူများအထဲ၌ ပုန်ကန်မှု၊ ဆန့်ကျင်မှု၊ မစင်ကြယ်ခြင်း၊ မဖြောင့်မတ်ခြင်း အားလုံးတို့ကို မြင်တွေ့ရပြီး၊ လူသားမျိုးနွယ်၏ ပုန်ကန်လိုစိတ်ရှိသမျှကို သူတို့အထဲတွင် ကိုယ်စားပြုထားလေသည်။ သူတို့သည် အမှန်ပင် မှတ်သားလောက်ပေသည်။ ဤအကြောင်းကြောင့် သူတို့ကို သိမ်းပိုက်ခြင်း၏ နမူနာအဖြစ် စံပြုထားပြီး၊ သူတို့ကို သိမ်းပိုက်လိုက်သည်နှင့် သူတို့သည် အခြားသောသူများအတွက် အလိုအလျောက် စံပြနမူနာ ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဣသရေလ နိုင်ငံ၌ လုပ်ကိုင်ခဲ့သည့် ပထမအဆင့်ထက် ပိုပြီး အရေးပါသည်ဟူ၍ ဘာတစ်ခုမျှ မရှိခဲ့ပေ- ဣသရေလ အမျိုးသားများသည် လူသားများ အားလုံးအနက် အသန့်ရှင်းဆုံးနှင့် ဖောက်ပြန်ပျက်စီးမှု အနည်းဆုံး ဖြစ်ခဲ့ကြ၍ ထိုတိုင်းပြည်မှာ စတင်ခဲ့သည့် ခေတ်သစ် အရုဏ်ဦးမှာ အရေးတကာ့ အရေးပါဆုံး ဖြစ်သည်။ လူသား၏ ဘိုးဘေးများသည် ဣသရေလမှ လာခဲ့ကြပြီး၊ ဣသရေလသည် ဘုရားသခင်၏အမှု စတင်မွေးဖွားရာနေရာ ဖြစ်သည်ဟု ပြောဆိုနိုင်သည်။ အစပိုင်းတွင် ယင်းလူမျိုးများသည် အသန့်ရှင်းဆုံး ဖြစ်ပြီး သူတို့ အားလုံးသည် ယေဟောဝါကို ကိုးကွယ်ခဲ့ကြလျက်၊ ၎င်းတို့အတွင်း၌ရှိသော ဘုရားသခင်၏ အမှုသည် အကြီးမားဆုံးသော ရလဒ်များကို ဖြစ်ထွန်းစေနိုင်ခဲ့သည်။ သမ္မာကျမ်း တစ်စောင်လုံးသည် ခေတ်နှစ်ခေတ်၏ အလုပ်ကို မှတ်တမ်းတင်ထား၏- တစ်ခုမှာ ပညတ်တရားခေတ်၏ အလုပ်နှင့် နောက်တစ်ခုမှာ ကျေးဇူးတော်ခေတ်၏ အလုပ် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းက ဣသရေလ အမျိုးသားများအတွက် ယေဟောဝါ၏ နှုတ်ကပတ်တော်များနှင့် ဣသရေလနိုင်ငံ၌ သူ၏ လုပ်ဆောင်ချက်များကို မှတ်တမ်းတင်လျက်၊ ဓမ္မသစ်ကျမ်းက ယုဒပြည်ရှိ ယေရှု၏ လုပ်ဆောင်ချက်ကို မှတ်တမ်းတင်ထားသည်။ သို့ရာတွင် သမ္မာကျမ်းစာထဲ၌ တရုတ်အမည်များ တစ်ခုမျှ မပါခြင်းမှာ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အမှု၏ ပထမအပိုင်းနှစ်ပိုင်းတို့ကို ဣသရေလနိုင်ငံမှာ လုပ်ဆောင်ခဲ့ပြီး ဣသရေလ ပြည်သူတို့သည် ရွေးချယ်ခြင်းခံရသည့် လူမျိုးများ ဖြစ်ခဲ့ကြသည်- ၎င်းတို့သည် ယေဟောဝါ၏ အမှုကို လက်ခံခဲ့ကြသည့် ပထမဦးဆုံး လူမျိုးများ ဖြစ်ခဲ့ကြသည်ဟု ဆိုလိုသည်။ သူတို့သည် လူသားမျိုးနွယ်အားလုံးတို့ထဲမှ ဖောက်ပြန်ပျက်စီးမှု အနည်းဆုံးသူများ ဖြစ်ခဲ့ကြပြီး၊ အစပိုင်းတွင် သူတို့သည် ဘုရားသခင်ကို ကြည်ညိုလိုသူများ၊ ဘုရားသခင်ကို ရိုသေလေးမြတ်လိုသူများ ဖြစ်ခဲ့ကြသည်။ သူတို့သည် ယေဟောဝါ၏ နှုတ်ကပတ်တော်များကို

နာခံခဲ့ကြပြီး၊ ဗိမာန်တော်တွင် အမြဲတမ်း အစေခံခဲ့ကြလျက် ယဇ်ပုရောဟိတ်များ၏ ဝတ်ရုံများ သို့မဟုတ် သရဖူများကို ဆင်ယင်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခဲ့ကြသည့် ပထမဦးဆုံးသော လူမျိုးများ ဖြစ်ခဲ့ကြပြီး ဘုရားသခင်၏ လုပ်ဆောင်ချက်ကို ခံစားခဲ့ရသည့် အစောဆုံး လူမျိုးများလည်း ဖြစ်ခဲ့ကြသည်။ ထိုလူများသည် လူသားတစ်ရပ်လုံး၏ နမူနာနှင့် စံပြပုံစံ ဖြစ်ခဲ့ကြသည်။ သူတို့သည် သန့်ရှင်းမှုနှင့် ဖြောင့်မတ်ခြင်း၏ နမူနာနှင့် စံပြပုံစံလည်း ဖြစ်ခဲ့ကြသည်။ ယောဘ၊ အာဗြဟံ၊ လောတ သို့မဟုတ် ပေတရုနှင့် တိမောသေ ကဲ့သို့သော ပုဂ္ဂိုလ်များ အားလုံးမှာ ဣသရေလ အမျိုးသားများ ဖြစ်ခဲ့ကြပြီး နမူနာများနှင့် စံပြပုံစံ အားလုံးတို့ အထဲက အသန့်ရှင်းဆုံးသူများ ဖြစ်ခဲ့ကြသည်။ ဣသရေလသည် လူသားမျိုးနွယ်အထဲမှာ ဘုရားသခင်ကို ကိုးကွယ်သည့် အစောဆုံး နိုင်ငံဖြစ်ခဲ့ပြီး ထိုနိုင်ငံမှနေပြီး ထွက်ပေါ်လာခဲ့ကြသည့် ဖြောင့်မတ်သည့် ပုဂ္ဂိုလ်များမှာ မည်သည့်ဒေသထက်မဆို ပိုများခဲ့သည်။ အနာဂတ်တွင် ဤဒေသတစ်ဝန်းလုံးရှိ လူသားမျိုးနွယ်ကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲပေးနိုင်ရန်အတွက် ဘုရားသခင်သည် သူတို့အပေါ် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ကျေးဇူးတော်ခေတ်ထဲတွင် ဣသရေလ ပြင်ပရှိ လူသားတို့အတွက် နမူနာနှင့် စံပြအဖြစ် အစေခံနိုင်ရန် သူတို့၏ အောင်မြင်မှုများနှင့် ယေဟောဝါကို ကိုးကွယ်ရာတွင် သူတို့၏ ဖြောင့်မတ်ခြင်းကို မှတ်တမ်းတင်ခဲ့သည်၊ ထို့အပြင် သူတို့၏ လုပ်ဆောင်ချက်များသည် နှစ်ထောင်ပေါင်းအချို့၏ အလုပ်ကို ထိန်းသိမ်းနိုင်ခဲ့ပြီး၊ ယနေ့ အထိပင်ဖြစ်သည်။

ကမ္ဘာကြီးကို အုတ်မြစ်ချပေးခဲ့သည့် နောက်တွင် ဘုရားသခင်အမှု၏ ပထမဆင့်ကို ဣသရေလ နိုင်ငံ၌ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်၊ ထို့ကြောင့် ဣသရေလသည် ကမ္ဘာပေါ်၌ ဘုရားသခင်၏ အမှု စတင်မွေးဖွားရာဒေသ ဖြစ်ပြီး ကမ္ဘာပေါ်က ဘုရားသခင် အမှု၏ အခြေခံရာ နေရာပင်ဖြစ်သည်။ ယေရှု၏ အမှုနယ်ပယ်ထဲတွင် ယုဒပြည် တစ်ခုလုံး ပါဝင်သည်။ သူ၏အလုပ်ကာလတွင်၊ သူသည် ယုဒပြည် အပြင်ဘက်တွင် မည်သည့်အမှုကိုမျှ မလုပ်ဆောင်ခဲ့သည့်အတွက် ထိုအကြောင်းကို ယုဒပြည် ပြင်ပတွင် သိရှိသူ နည်းပါးခဲ့သည်။ ယနေ့တွင်၊ ဘုရားသခင်၏ အမှုကို တရုတ်နိုင်ငံဆီသို့ ယူဆောင်လာခဲ့ပြီ ဖြစ်ပြီး ယင်းနယ်ပယ်သက်သက် အတွင်းမှာသာ ဆောင်ရွက်သည်။ ဤအဆင့်အတွင်းတွင် မည်သည့်အလုပ်ကိုမျှ တရုတ်နိုင်ငံ၏ ပြင်ပတွင် အစပျိုးခြင်း မရှိပေ။ တရုတ်နိုင်ငံ၏ အပြင်သို့ ထိုအလုပ် ပျံ့နှံ့မှုမှာ နောက်ပိုင်းတွင် ဖြစ်လာပေမည်။ အလုပ်၏ ဤအဆင့်မှာ ယေရှုအမှု၏ အဆင့်နောက်မှ လိုက်လာခြင်း ဖြစ်သည်။ ယေရှုသည် ရွေးနှုတ်ခြင်း အလုပ်ကို လုပ်ဆောင်ခဲ့ပြီး၊ ဤအဆင့်သည် ၎င်း၏ နောက်မှ လိုက်လာသည့်အလုပ် ဖြစ်သည်၊

ရွေးနှုတ်ခြင်းအမှုသည် ပြီးဆုံးသွားပြီဖြစ်ပြီး၊ ဤအဆင့်မှာ သန့်ရှင်းသော ဝိညာဉ်တော်မှ သန္ဓေတည်ပေးရန် မလိုအပ်တော့ပါ၊ အကြောင်းမှာ အလုပ်၏ ဤအဆင့်သည် ပြီးခဲ့သည့်အဆင့်နှင့် မတူသောကြောင့်၊ ထို့အပြင်၊ တရုတ်နိုင်ငံသည် ဣသရေလနိုင်ငံနှင့် မတူသည့်အတွက်ကြောင့် ဖြစ်သည်။ ယေရှုမှ လုပ်ဆောင်ပြီးခဲ့သည့် အလုပ်၏ အဆင့်မှာ ရွေးနှုတ်ခြင်း အလုပ် ဖြစ်သည်။ လူသားသည် ယေရှုကို တွေ့မြင်ပြီးသည့်နောက် များမကြာမီမှာ ယေရှု၏ အလုပ်သည် တစ်ပါးအမျိုးသားများသို့ ပျံ့နှံ့လာခဲ့သည်။ ယနေ့တွင် ဘုရားသခင်ကို ယုံကြည်သူများသည် အမေရိက၊ ယူကေနှင့် ရုရှားနိုင်ငံများမှာ အများအပြား ရှိကြသည်။ သို့ဖြစ်၍ တရုတ်နိုင်ငံမှာ ယုံကြည်သူများ ပိုနည်းနေရသည်မှာ အဘယ်ကြောင့်နည်း။ တရုတ်နိုင်ငံသည် အပိတ်ခံထားရဆုံး နိုင်ငံဖြစ်နေသောကြောင့် ဖြစ်သည်။ ယင်းအတွက်ကြောင့်၊ ဘုရားသခင်၏လမ်းခရီးကို လက်ခံရာတွင် တရုတ်နိုင်ငံသည် နောက်ဆုံးဖြစ်ခဲ့ပြီး၊ ထိုသို့ လက်ခံခဲ့သည်မှာ အမေရိကနှင့် ယူကေတို့ထက် များစွာမှ နောက်ကျခဲ့လျက်၊ ယခုတွင် နှစ်တစ်ရာပင် မပြည့်သေးပေ။ ဘုရားသခင်၏ အလုပ် ပြီးဆုံးသွားစေရန်နှင့် ဘုရားသခင်၏ အလုပ် အားလုံး ပြီးစီးပြီးဆုံး သွားစေရေးအတွက်၊ ဘုရားသခင် အလုပ်၏ နောက်ဆုံးအဆင့်ကို တရုတ်နိုင်ငံထဲတွင် ဆောင်ရွက်သည်။ ဣသရေလနိုင်ငံက ပြည်သူအားလုံးတို့သည် ယေဟောဝါကို သူတို့၏ သခင်ဟူ၍ ခေါ်ဆိုခဲ့ကြသည်။ ထိုစဉ်တုန်းက သူတို့သည် သူ့ကို သူတို့မိသားစု၏ ဦးစည်းအဖြစ် ခံယူခဲ့ကြပြီး၊ ဣသရေလသည် ရောမ မိသားစုကြီး ဖြစ်လာခဲ့ကာ၊ ထိုမိသားစုထဲက လူတိုင်းသည် သူတို့၏ သခင် ယေဟောဝါကို ကိုးကွယ်ခဲ့ကြသည်။ ယေဟောဝါ၏ ဝိညာဉ်တော်သည် သူတို့ရှေ့မှာ မကြာခဏ ပေါ်လာလျက် သူသည် သူတို့အား မြွက်ကြားပြီး အသံထွက်ပြောဆိုခဲ့သည်၊ သူတို့၏ ဘဝများကို လမ်းညွှန်ပေးရန် မိုးတိမ်တိုင်နှင့် အသံကို အသုံးပြုခဲ့သည်။ ထိုအချိန်က၊ ဝိညာဉ်တော်သည် သူ၏ လမ်းညွှန်ချက်များကို ဣသရေလ နိုင်ငံထဲတွင် မိမိပြောလိုသည်ကို အသံထွက်ပေးခဲ့၍၊ သူတို့က မိုးတိမ်များကို မြင်ခဲ့ကြရပြီး မိုးချုန်းသံများကို ကြားခဲ့သည်၊ ဤနည်းဖြင့် ယေဟောဝါက သူတို့၏ ဘဝကို နှစ်ထောင်ပေါင်းအချို့ လမ်းညွှန်ပေးခဲ့သည်။ သို့ဖြစ်၍၊ ဣသရေလ ပြည်သူတို့သာလျှင် ယေဟောဝါကို အစဉ်ပင် ဝတ်ပြုကိုးကွယ်လာခဲ့ကြသည်။ ယေဟောဝါသည် သူတို့၏ ဘုရားသခင် ဖြစ်သည်၊ သူသည် တစ်ပါးအမျိုးသားတို့၏ ဘုရားသခင် မဟုတ်ဟု ယုံကြည်ခဲ့ကြသည်။ ယင်းအချက်မှာ အံ့အားသင့်စရာ မဟုတ်ပေ၊ ယေဟောဝါသည် သူတို့ အကြား၌ နှစ်ပေါင်း ၄၀၀၀ နီးနီး လုပ်ဆောင်ခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ တရုတ်နိုင်ငံထဲတွင်မူ နှစ်ပေါင်းထောင်ချီ ထုံထိုင်းလေးကန်သော အိပ်စက်ခြင်းနောက်တွင်

ယိုယွင်းသောသူတို့သည် ယခုအခါကျမှ မိုးကောင်းကင်နှင့် မြေကြီးနှင့် အရာခပ်သိမ်းတို့သည် သဘာဝအလျောက် ပေါ်ပေါက်လာခဲ့ကြခြင်း မဟုတ်ဘဲ၊ ဖန်ဆင်းရှင်မှ ဖန်ဆင်းပေးခဲ့ခြင်း ဖြစ်သည်ကို သိရှိလာကြသည်။ ထိုဧဝံဂေလိတရားမှာ နိုင်ငံခြားမှ ရောက်ရှိလာခဲ့၍၊ အလွန်ခေတ်နောက်ကျ၍ တိုးတက်မှုကို မလိုလားသည့်စိတ် ရှိသော သူတို့က ထိုဧဝံဂေလိတရားကို လက်ခံကြသူ အားလုံးတို့သည် စိတ်မချရပေ၊ သူတို့သည် သူတို့၏ ဘိုးအေဖြစ်သည့် ဗုဒ္ဓကို သစ္စာဖောက်သည့် အမျိုးမစစ်သောခွေးများ ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။ ထို့အပြင်၊ ယင်းကဲ့သို့ ခေတ်နောက်ကျသည့်စိတ် ရှိသူ အများအပြားတို့က "တရုတ်လူမျိုးများသည် နိုင်ငံခြားသားများ၏ ဘုရားသခင်ကို မည်ကဲ့သို့ ယုံကြည်နိုင်ကြသနည်း၊ ထိုသူတို့သည် ကိုယ့်ဘိုးဘွားများကို သစ္စာဖောက်သည် မဟုတ်လော၊ သူတို့သည် မကောင်းမှုကို ကျူးလွန်နေကြခြင်းပင် မဟုတ်လော" ဟူ၍ မေးခွန်းထုတ်ကြသည်။ ယနေ့တွင် ယေဟောဝါသည် ၎င်းတို့၏ဘုရားသခင် ဖြစ်သည်ကို လူများမေ့သွားကြပေပြီ။ သူတို့သည် ဖန်ဆင်းရှင်ကို သိပ်မစဉ်းစားတော့ဘဲ၊ ယင်းအစား လူသားသည် မျောက်များမှ ဆင့်ကဲဖြစ်ပေါ်လာခဲ့ပြီး၊ သဘာဝလောကကြီးသည် သဘာဝအတိုင်း ပေါ်ပေါက်လာခဲ့သည်ဟူသော ဆင့်ကဲဖြစ်စဉ်ကို ယုံကြည်နေကြသည်။ လူသားတို့ စားသုံးနေကြသည့် အစားအစာကောင်းများကို သဘာဝမှ ထောက်ပံ့ပေးသည်၊ လူသား၏ အသက်ရှင်ခြင်းနှင့် သေဆုံးရခြင်းတွင် စီစဉ်တကျရှိသည်၊ ထို့အပြင် ယင်းတို့အားလုံးကို စီမံအုပ်ချုပ်နေသည့် ဘုရားသခင်မရှိဟူ၍ ယုံကြည်နေကြသည်။ ထို့အပြင် အရာခပ်သိမ်းကို ဘုရားသခင်မှ အုပ်စိုးနေခြင်းမှာ အယူသည်းမှုဖြစ်၍ သိပ္ပံနည်းမကျဟု ယုံကြည်နေကြသည့် ဘုရားမဲ့ဝါဒီ အများအပြား ရှိကြသေးသည်။ သို့သော် ဘုရားသခင်၏ အမှုကို သိပ္ပံပညာက အစားထိုးပြီး နေရာယူနိုင်မည်လော။ သိပ္ပံပညာသည် လူသားများကို စီမံအုပ်ချုပ်နိုင်မည်လော။ ဘုရားမဲ့ဝါဒအုပ်ချုပ်သော နိုင်ငံတစ်နိုင်ငံတွင် ဧဝံဂေလိတရားကို ဟောကြားရသည်မှာ လွယ်ကူသည့်တာဝန် မဟုတ်သကဲ့သို့ ဧရာမအခက်အခဲများ ပါဝင်နေသည်။ ယနေ့တွင် ဘုရားသခင်ကို ယင်းကဲ့သို့သော ပုံစံမျိုးဖြင့် ဆန့်ကျင်နေသူ အများအပြား ရှိနေကြသည် မဟုတ်လော။

ယေရှုက သူ၏အမှုကို လုပ်ဆောင်ရန် လာသောအခါ၊ လူများစွာတို့သည် သူ၏ လုပ်ဆောင်ချက်ကို ယေဟောဝါ၏ လုပ်ဆောင်ချက်နှင့် နှိုင်းယှဉ်ကြည့်ပြီး ၎င်းတို့ကို ကွဲလွဲသည်ဟု တွေ့မြင်ကြသည့်အခါ သူတို့သည် ယေရှုကို လက်ဝါးကပ်တိုင်ပေါ်သို့တင်ပြီး သံမှိုနှင့် ရိုက်ကပ်ခဲ့ကြသည်။ သူတို့သည် သူတို့နှစ်ဦး၏ လုပ်ဆောင်ချက်များအကြားတွင် အဘယ့်ကြောင့် ညီညွတ်မှုများကို မတွေ့ရှိခဲ့ကြသနည်း။ တစ်စိတ်တစ်ဒေသအားဖြင့် ၎င်းမှာ

ယေရှု လုပ်ဆောင်ခဲ့သည်မှာ အမှုအသစ် ဖြစ်ခဲ့သောကြောင့် ဖြစ်ပြီး၊ ယေရှုသည် သူ၏အလုပ်ကို မစတင်ခဲ့မီတွင် မည်သူကမျှ ယေရှု၏ သားစဉ်မြေးဆက်စာရင်းကို မရေးခဲ့ခြင်းကြောင့် ဖြစ်သည်။ တစ်ယောက်ယောက်က ရေးသားခဲ့မည်ဆိုလျှင် စိုးရိမ်စရာ ရှိခဲ့မည် မဟုတ်၊ ထို့အပြင် မည်သူက ယေရှုကို လက်ဝါးကပ်တိုင်ပေါ်သို့ သံမှိုဆွဲနှက်ခဲ့ကြ လိမ့်မည်နည်း။ မသေချာ ယေရှု၏ သားစဉ်မြေးဆက်စာရင်းကို ဆယ်စုနှစ် အနည်းငယ်စောပြီး ရေးခဲ့မည်ဆိုပါက၊ ယေရှုသည် ထိုကဲ့သို့ ကြီးစွာသောညှဉ်းပန်းနှိပ်စက်မှုကို ခံစားခဲ့ရမည် မဟုတ်ပေ။ ဟုတ်သည် မဟုတ်လော။ လူများက ယေရှု၏ သားစဉ်မြေးဆက်စာရင်းကို ဖတ်ရှုလိုက်ရသည်နှင့် ယေရှုသည် အာဗြဟံ၏ သားနှင့် ဒါဝိဒ်၏ ဇာစ်မြစ်ဖြစ်သည်ကို သိလိုက်ရသည်နှင့် သူတို့သည် ယေရှုအား ကွပ်မျက်ခြင်းကို ရပ်စဲပစ်ခဲ့ကြမည် ဖြစ်သည်။ သို့ဖြစ်သောကြောင့်၊ ယေရှု၏ သားစဉ် မြေးဆက်စာရင်းကို အလွန်နောက်ကျပြီးမှ ရေးခဲ့ခြင်းမှာ ဝမ်းနည်းစရာ မကောင်းပေဘူးလော။ ထို့အပြင် သမ္မာကျမ်းစာထဲ၌ ဘုရားသခင် အလုပ်၏ အဆင့်နှစ်ဆင့်ကိုသာ မှတ်တမ်းတင်ထားခြင်းမှာလည်း ဝမ်းနည်းစရာ ကောင်းလှသည်၊ ပညတ်တော်ခေတ်၏ အလုပ်က အဆင့်တစ်ဆင့် ဖြစ်ပြီး ကျေးဇူးတော်ခေတ်၏ အလုပ်က တစ်ဆင့် ဖြစ်သည်၊ တစ်ဆင့်က ယေဟောဝါ၏ အလုပ်ဖြစ်ပြီး၊ တစ်ဆင့်က ယေရှု၏ အလုပ်ဖြစ်သည်။ မဟာပရောဖက် တစ်ပါးပါးက ယနေ့၏ အလုပ်အကြောင်းကို ကြိုတင်၍ ပြောခဲ့မည်ဆိုလျှင် မည်မျှကောင်းလိုက်လိမ့်မည်နည်း။ သမ္မာကျမ်းစာထဲမှာ “နောက်ဆုံးသောကာလ၏ အလုပ်” ဟူသည့် အခန်းပိုကို ထည့်ရေးပေးခဲ့လျှင် ပိုကောင်းခဲ့မည် မဟုတ်လော။ လူသားသည် ယနေ့တွင် ထိုကဲ့သို့သော အခက်အခဲကို အဘယ်ကြောင့် ခံနေရသနည်း။ သင်တို့၌ ထိုသို့သော ခက်ခဲသည့် အချိန်များ ရှိခဲ့သည်။ အမုန်းခံထိုက်သည့်သူ တစ်ဦးဦးရှိသည်ဆိုပါက၊ နောက်ဆုံးသောကာလ၏ အလုပ်ကို ကြိုတင်ဟောမပေးခဲ့ကြသည့် ဟေရှာယနှင့် ဒံယလေတို့ ဖြစ်ကြသကဲ့သို့၊ တစ်စုံတစ်ယောက်ကို အပြစ်ဖို့ရမည့် ဆိုလျှင်၊ ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်း၏ သားစဉ်မြေးဆက်စာရင်းကို စောပြီး ရေးမပေးခဲ့ကြသည့် ဓမ္မသစ်ကျမ်း၏ တမန်တော်များပင် ဖြစ်သည်။ ယင်းအချက်မှာ မည်မျှ စိတ်ပျက်စရာ ကောင်းလိုက်သနည်း။ သင်တို့သည် နေရာအနှံ့ အထောက်အထားကို လိုက်ရှာကြရပြီး၊ နှုတ်ကပတ်တော်လေး တစ်ချို့တို့၏ အပိုင်းအစလေးများကို ရှာတွေ့ရလျှင်ပင် သင်တို့သည် ၎င်းတို့မှာ သက်သေထူပြချက် အမှန်ဟုတ်သည် ဆိုခြင်းအား မပြောနိုင်ကြသေး။ ရှက်စရာ ကောင်းလိုက်လေခြင်း။ ဘုရားသခင်သည် သူ၏ လုပ်ဆောင်ချက်များကို အဘယ်ကြောင့် အလွန်လျှို့ဝှက်ထားခဲ့သနည်း။ ယနေ့တွင်၊ လူများစွာတို့သည် ခိုင်လုံသည့်

အထောက်အထားများကို ရှာတွေ့ရန် လိုနေဆဲဖြစ်သော်လည်း သူတို့သည် ထိုအချက်ကို ငြင်းဆန်နိုင်စွမ်းလည်း မရှိကြပေ။ သို့ဖြစ်လျှင်၊ သူတို့ ဘာလုပ်သင့်သနည်း။ သူတို့သည် ဘုရားသခင်၏ နောက်ကို ပြတ်ပြတ်သားသား မလိုက်နိုင်ကြသကဲ့သို့၊ ထိုကဲ့သို့ သံသယစိတ်များနှင့်လည်း ရှေ့ကို မသွားနိုင်ကြ။ သို့ဖြစ်၍ "ပါးနပ်၍ အထုံပါရမီရှိသော" လူအများအပြားတို့က "စမ်းကြည့်ရေး" သဘောထားကို စွဲကိုင်ထားကြသည်။ ထိုအချက်မှာ အလွန်ပင် ကရိကထများလှသည်။ မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့က အနာဂတ်ကို ဟောကိန်းထုတ်နိုင်ခဲ့ကြလျှင် အမှုအရာများသည် များးစွာမှ သာ၍လွယ်ကူခဲ့မည် မဟုတ်လော။ ယောဟန်သည် နိုင်ငံတော်ထဲရှိ အသက်တာ၏ အတွင်းကျသော သမ္မာတရားကို မြင်တွေ့ခဲ့ရလျှင် ပိုကောင်းခဲ့ပေလိမ့်မည်၊ သူသည် ရူပါရုံများသာ မြင်ခဲ့ရပြီး ကမ္ဘာမြေကြီးပေါ် ရှိ စစ်မှန်ပြီး ဒြပ်ထည်ရှိသော အလုပ်ကို မမြင်ခဲ့ရခြင်းမှာ ဝမ်းနည်းစရာပင်။ ယင်းအချက်မှာ အထူးပင် စိတ်ပျက်စရာ ဖြစ်သည်။ ဘုရားသခင်က ဘာများလွဲမှားနေသနည်း။ ဘုရားသခင်၏ လုပ်ဆောင်ချက်မှာ ဣသရေလနိုင်ငံတွင် အထူးကောင်းမွန်ခဲ့သည့် နောက်မှာ၊ ဘုရားသခင်သည် ယခု တရုတ်နိုင်ငံကို အဘယ်ကြောင့်ရောက်လာခဲ့ပြီး၊ လူ့ဇာတိခံယူလျက် ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ရင်း လူများအကြားမှာ အဘယ့်ကြောင့် နေထိုင်ရနည်း။ ဘုရားသခင်သည် လူသားအပေါ် စာနာမှုမရှိလွန်းလေစွ။ ဘုရားသခင်သည် လူများကို ကြိုတင်ပြီး မပြောခဲ့သည့်အပြင်၊ ရုတ်တရက် သူ၏ ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ချက်ကို ယူဆောင်လာခဲ့သည်။ ထိုအချက်ကို တကယ့်ကို နားလည်မရနိုင်ပေ။ ဘုရားသခင် ပထမအကြိမ် လူ့ဇာတိ ခံယူခဲ့စဉ်တွင်၊ သမ္မာတရား၏ အတွင်းပိုင်းအားလုံးကို လူသားတို့အား ကြိုတင်မပြောကြားခဲ့၍ သူသည် အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရသည်။ ဘုရားသခင်သည် ထိုအဖြစ်ကို မေ့မသွားသည်မှာ သေချာသည် မဟုတ်လော။ သို့ဆိုလျှင် ယခုတစ်ကြိမ်မှာရော လူသားကို ယခုထိ မပြောရသေးသည်မှာ အဘယ်ကြောင့်နည်း။ ယနေ့တွင် သမ္မာကျမ်းစာထဲ၌ ကျမ်းပေါင်း ခြောက်ဆယ့်ခြောက်ကျမ်းသာ ရှိနေခြင်းမှာ သိပ်ကို ကံဆိုးလှသည်။ နောက်ဆုံးသော ကာလ၏ အလုပ်အကြောင်းကို ဟောပေးထားသည့် အနာဂတ္တိကျမ်း တစ်ကျမ်း လိုနေသေးသည်။ သင်တို့ရော ထိုသို့ မထင်ကြဘူးလော။ ယေဟောဝါ၊ ဟေရှာယနှင့် ဒါဝိဒ်တို့ပင် ယနေ့ကာလ၏ အလုပ်ကို မပြောပြခဲ့ကြပေ။ သူတို့သည် ပစ္စုပန်ကာလနှင့် သာ၍ဝေးသွားပြီ ဖြစ်လျက် အချိန်ကွာဟချက်မှာ နှစ်ပေါင်း ၄၀၀၀ ထက်ပင် ပိုသည်။ ယေရှုသည်လည်း ယနေ့ခေတ် အလုပ်အကြောင်းကို အပြည့်အဝ မဟောကြားခဲ့သည့်အပြင်၊ ပြောကြားခဲ့သည့် အနည်းငယ်ထဲတွင်လည်း လူသားတို့ ရှာတွေ့ခဲ့ကြသည့် အထောက်အထားများမှာ မလုံလောက်ပေ။ အကယ်၍ သင်သည် ယနေ့ကာလ၏အလုပ်ကို

ယခင်အလုပ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ယင်းနှစ်ခုကို တစ်ခုနှင့်တစ်ခု မည်ကဲ့သို့ ချိတ်ဆက်ရနိုင်မည်နည်း။ ယေဟောဝါ၏ အဆင့်တုန်းက လုပ်ဆောင်ခဲ့မှုမှာ ဣသရေလကို ဦးတည်ခဲ့သည် ဖြစ်၍၊ သင်သည် ယနေ့ကာလ၏ အလုပ်ကို ၎င်းနှင့် ယှဉ်ကြည့်မည်ဆိုလျှင်၊ ကွဲလွဲချက်များမှာ ပို၍ပင် ကြီးမား ပေလိမ့်မည်၊ ၎င်းတို့နှစ်ခုကို ယှဉ်ကြည့်၍ မရနိုင်ပေ။ သင်တို့က ဣသရေလနိုင်ငံမှလည်း မဟုတ်၊ ယုဒ လူမျိုးလည်း မဟုတ်- သင်၏ အရည်အချင်းနှင့် သင်နှင့်ဆိုင်သည့် အရာရာတိုင်းမှာ နိမ့်ကျနေသည်။ သင်သည် ကိုယ့်ကိုယ်ကိုယ် သူတို့နှင့်သွား၍ မည်ကဲ့သို့ ယှဉ်ကြည့်၍ ရနိုင်မည်နည်း။ ယှဉ်ကြည့်ရန်မှာ ဖြစ်နိုင်ပါသလော။ ယနေ့သည် နိုင်ငံတော်ခေတ် ဖြစ်သည်ကို သိ၍၊ ၎င်းမှာ ပညတ်တော်ခေတ်နှင့် ကျေးဇူးတော်ခေတ်တို့နှင့် ခြားနားသည်ကို သိလော့။ မည်သို့ပင်ဖြစ်စေကာမူ၊ ပုံသေနည်းကို အသုံးပြုဖို့ မကြိုးစားလေနှင့်။ ဘုရားသခင်ကို ယင်းကဲ့သို့သော ပုံသေနည်းဖြင့် ရှာ၍မရနိုင်ပေ။

ယေရှုသည် သူမွေးဖွားခဲ့သည့် နောက်ပိုင်း ၂၉ နှစ်အတွင်း မည်ကဲ့သို့ နေထိုင်ခဲ့သနည်း။ သမ္မာကျမ်းစာ ထဲတွင် ယေရှု၏ ကလေးဘဝနှင့် လူငယ်ဘဝ အကြောင်း ဘာကိုမျှ ရေးမှတ်မပေးထားပေ၊ ထိုဘဝများမှာ မည်သို့ဖြစ်ခဲ့မည်ဟု သင်သိသလော။ ယေရှု၌ ကလေးဘဝ သို့မဟုတ် လူငယ်ဘဝ မရှိခဲ့ဘဲ၊ သူမွေးလိုက်ချိန်တွင်ပင် အသက် ၃၀ ရှိလာခဲ့သည်များလော။ သင်သိသည်မှာ အထူးကိုနည်းနေ၍၊ ကိုယ့်အမြင်များကို ပြောရာတွင် ဂရုမစိုက်လွန်းဘဲ မနေနှင့်။ ထိုသို့ပြုလုပ်မှုမှာ သင့်အတွက် ဘာမျှမကောင်းနိုင်ပေ။ သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင် ရေးထားမှုအရ ယေရှု၏ နှစ် ၃၀ ပြည့် မွေးနေ့ မတိုင်မီတွင်၊ သူသည် ဗတ္တိဇံခံခဲ့ပြီး မာရ်နတ်၏ သွေးဆောင်မှုကို ရင်ဆိုင်စေရန်အတွက်ရေး သန့်ရှင်းသော ဝိညာဉ်တော်က တောနက်ကြီးထဲသို့ ခေါ်ဆောင်သွားခဲ့သည်ဆို၍ ပါသည်။ ထို့အပြင် ခရစ်ဝင်ကျမ်း လေးကျမ်းတို့က ယေရှု၏ သုံးနှစ်ခွဲကြာခဲ့သည့် အလုပ်ကို မှတ်တမ်းတင် ထားကြသည်။ ၎င်းထဲတွင် ယေရှု၏ ကလေးဘဝနှင့် လူငယ်ဘဝ ဆိုင်ရာမှတ်တမ်း မရှိသော်လည်း၊ ထိုအချက်က သူ့ထံ၌ ကလေးဘဝနှင့် လူငယ်ဘဝ မရှိခဲ့ခြင်းကို သက်သေထူမပေးပေ။ အစပိုင်းတွင် သူသည် ဘာမျှမလုပ်ဆောင်ခဲ့ဘဲ ပုံမှန်လူတယောက် ဖြစ်ခဲ့ခြင်းသာ ဖြစ်သည်။ သို့ဆိုလျှင် သူသည် ၃၃ နှစ်တိုင်တိုင် လူငယ်ဘဝ သို့မဟုတ် ကလေးဘဝမရှိဘဲ နေထိုင်ခဲ့သည်ဟု သင်ပြောနိုင်သလော။ သူသည် ရုတ်တရက် ၃၃ နှစ်ခွဲအရွယ်သို့ ရောက်လာနိုင်သလော။ ယေရှုအကြောင်း လူတို့စဉ်းစားသည့် ဤအရာဟူသမျှမှာ သဘာဝလွန်ပြီး လက်တွေ့မကျပေ။ လူ့ဇာတိခံယူသော ဘုရားသခင်သည် သာမန် ပုံမှန် လူ့သဘာဝရှိခြင်းမှာ ယုံမှားဖွယ်ရာ မဟုတ်သော်လည်း၊ သူသည် သူ၏ အလုပ်ကို

ဆောင်ရွက်သည့်အခါ ၎င်းသည် သူ၏ မပြည့်စုံသော လူ့သဘာဝနှင့် ပြည့်စုံသော ဘုရားသဘောသဘာဝတို့ဖြင့် တိုက်ရိုက် ဆောင်ရွက်သည်။ ယင်းကြောင့် လူများက ယနေ့ခေတ်၏ အလုပ်နှင့် ယေရှု၏ အလုပ်ကိုပင်၊ သံသယ ဖြစ်နေကြခြင်း ဖြစ်သည်။ ဘုရားသခင်က လူ့ဇာတိခံယူသည့် နှစ်ကြိမ်ကြား သူ၏ အလုပ်များမှာ ကွဲပြားခြားနားကြသော်လည်း၊ သူ၏ အနှစ်သာရသည် မကွဲပြားပေ။ မှန်ပါသည်၊ သင် ခရစ်ဝင်ကျမ်း လေးကျမ်း၏ မှတ်တမ်းများကို ဖတ်ကြည့်မည် ဆိုလျှင်၊ ခြားနားချက်များမှာ ကြီးမားလှသည်။ ယေရှု၏ ကလေးဘဝနှင့် လူငယ်ဘဝ နှစ်များဆီကို သင်မည်ကဲ့သို့ ပြန်သွားနိုင်မည်နည်း။ သင်သည် ယေရှု၏ ပုံမှန် လူ့သဘာဝကို မည်ကဲ့သို့ နားလည် နိုင်မည်နည်း။ သင်သည် ယနေ့ခေတ် ဘုရားသခင်၏ လူ့သဘာဝကို ကောင်းကောင်း နားလည်သူ ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း၊ ယေရှု၏ လူ့သဘာဝကို သင်လုံးဝ သဘောမပေါက်ဘဲ၊ သာ၍ပင် နားမလည်ချေ။ မဿဲကသာ မှတ်တမ်းမတင်ခဲ့ပါက၊ သင်သည် ယေရှု၏ လူ့သဘာဝ အကြောင်း အရိပ်အခြည်ကိုပင်လျှင် သိနိုင်စရာမရှိပေ။ ငါက သင့်ကို ယေရှု ဘဝဆိုင်ရာ အဖြစ်အပျက်များ၊ ယေရှု၏ ကလေးဘဝနှင့် လူငယ်ဘဝထဲက အတွင်းကျသော အမှန်တရားများကို ပြောပြသောအခါ၊ သင်က ခေါင်းခါလျက် “မဖြစ်နိုင်ဘူး။ ယေရှုဟာ အဲဒါမျိုး မဖြစ်နိုင်ခဲ့ဘူး။ သူ့ဆီမှာ လူ့သဘာဝ တစ်စုံတစ်ရာရှိဖို့မပြောနဲ့၊ အားနည်းချက် တစ်ခုမှ မရှိနိုင်ဘူး” ဟု ပြောဆိုမည် ဖြစ်သည်။ သင်သည် အော်ဟစ်ခြင်းပင် ပြုမည်ဖြစ်သည်။ သင်သည် ယေရှုကို နားမလည်သောကြောင့် ငါနှင့်ပတ်သက်သည့် အယူအဆများ သင်၌ ရှိရခြင်း ဖြစ်သည်။ ယေရှုသည် ဘုန်းတန်ခိုး အထူးရှိသည်၊ သူနှင့် ပတ်သက်လာလျှင် ဇာတိပကတိ တစ်ခုမျှ မပါဟု သင်က ယုံကြည်နေသည်။ သို့သော် အမှန်တရားမှာ အမှန်တရားပင် ဖြစ်သည်။ မည်သူကမျှ ဖြစ်ရပ်မှန်များ၏ သမ္မာတရားကို ဖီဆန်လျက် ပြောဆိုချင်မည် မဟုတ်ပေ၊ အကြောင်းမှာ ငါပြောသည့်အခါ ထိုအရာသည် သမ္မာတရားနှင့် ဆက်စပ်နေပြီး၊ မှန်းဆထင်ကြေး ပေးနေခြင်းမျိုး မဟုတ်သကဲ့သို့၊ ဟောကိန်းထုတ်မှုလည်း မဟုတ်ပေ။ ဘုရားသခင်သည် အလွန်မြင့်သည့် နေရာဆီသို့ တက်လှမ်းနိုင်သည်၊ ထို့အပြင်၊ ဘုရားသခင်သည် မဟာနက်ရှိုင်းသည့် နေရာတွင်လည်း ပုန်းကွယ်လျက် နေနိုင်သည်ဆိုခြင်းကို သိမှတ်လော့။ ဘုရားသခင်ကို သင်၏ အသိဉာဏ်ဖြင့် စိတ်ကူးကြည့်၍ မရနိုင်ပေ။ သူသည် သီးသန့်ပုဂ္ဂိုလ်တစ်ဦးက စိတ်ကူးရသည့် ကိုယ်ပိုင် ဘုရားသခင် မဟုတ်ဘဲ သက်ရှိ သတ္တဝါအားလုံးတို့၏ ဘုရားသခင်ဖြစ်သည်။

# ဘုရားသခင့်အမှုတော်၏ ရူပါရုံ (၃)

ဘုရားသခင် ပထမအကြိမ် လူ့ဇာတိခံယူခြင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲယူခြင်းမှ တစ်ဆင့်ဖြစ်ပြီး ဤသည်မှာ သူလုပ်ရန် ရည်ရွယ်ထားသော အလုပ်နှင့် သက်ဆိုင်သည်။ ကျေးဇူးတော်ခေတ်သည် ယေရှု၏ နာမဖြင့် စတင်ခဲ့သည်။ ယေရှုသည် သူ၏အမှုတော်ကို စတင် ဆောင်ရွက်သောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှု၏နာမကို စတင်၍ သက်သေခံခဲ့ပြီး၊ ယေဟောဝါ၏ နာမကို ထပ်မံပြောဆိုခြင်း မရှိတော့ပေ။ ယင်းအစား သန့်ရှင်းသော ဝိညာဉ်တော်သည် အဓိကအားဖြင့် ယေရှု၏ နာမအောက်တွင် အလုပ်သစ်ကို လက်ခံ ဆောင်ရွက်ခဲ့သည်။ သူ့ကို ယုံကြည်သူများ၏ သက်သေခံချက်သည် ယေရှုခရစ်တော်အတွက် သက်သေခံခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတို့လုပ်ခဲ့သော အလုပ်သည်လည်း ယေရှုခရစ်တော်အတွက် ဖြစ်သည်။ ဓမ္မဟောင်း ပညတ်တော်ခေတ် အဆုံးသတ်ခြင်း ဆိုသည်မှာ ယေဟောဝါ၏ နာမအောက်တွင် အဓိကအားဖြင့် ဦးစီးဦးရွက်ပြုခဲ့သော အလုပ် အဆုံးသတ်သို့ ရောက်ခဲ့ပြီးဖြစ်သည်ကို ဆိုလိုသည်။ ဤအချိန်မှစ၍ နောင်တွင်၊ ဘုရားသခင်၏ နာမသည် ယေဟောဝါ မဟုတ်တော့ချေ။ ယင်းအစား သူ့ကို ယေရှုဟုခေါ် ပြီး ဤနေရာမှစတင်၍ သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှု၏ နာမအောက်တွင် အဓိကအားဖြင့် အလုပ်စတင်ခဲ့သည်။ ထို့ကြောင့် ယနေ့တွင် ယေဟောဝါ၏ နှုတ်ကပတ်တော်များကို စားသောက်ကြဆဲဖြစ်ပြီး၊ ပညတ်တော်ခေတ်၏ အမှုအတိုင်း အရာရာကို လုပ်ဆောင်ဆဲဖြစ်သည့်လူများ— သင်တို့သည် စည်းမျဉ်းများကို ကျိုးကြောင်းမမြင်ဘဲ လိုက်နာနေသည် မဟုတ်လော။ သင်သည် အတိတ်တွင် တွယ်ငြိကြသည် မဟုတ်သလော။ သင်တို့သည် ယခုအခါတွင် နောက်ဆုံးသောကာလ ရောက်ရှိပြီးဖြစ်သည်ကို သိကြသည်။ ယေရှုလာသောအခါ သူ့ကို ယေရှုဟု ခေါ်လိမ့်ဦးမည်မှာ ဖြစ်နိုင်သလော။ ယေဟောဝါသည် ဣသရေလလူမျိုးတို့ကို မေရှိယကြွလာလိမ့်မည်ဖြစ်သော်လည်း၊ သူကြွလာသည့်အခါ သူ့ကို မေရှိယဟုမခေါ်ဘဲ ယေရှုဟုခေါ်လိမ့်မည်ဟု ပြောခဲ့သည်။ ယေရှုက သူ တစ်ဖန် ကြွလာမည်ဖြစ်ပြီး၊ သူသည် ထွက်ခွာခဲ့သည့်အတိုင်း ရောက်ရှိလာလိမ့်မည်ဟု ပြောခဲ့သည်။ ဤအရာများမှာ ယေရှု၏ နှုတ်ကပတ်တော်များ ဖြစ်ခဲ့သည်၊ သို့သော် သင်သည် ယေရှုထွက်ခွာသွားသည့် လမ်းကို မြင်ခဲ့ပါသလော။ ယေရှုသည် ဖြူသောမိုးတိမ်ကို စီးလျက် ထွက်ခွာခဲ့သော်လည်း၊ သူသည် လူအများကြား ကိုယ်တိုင်ကိုယ်ကျ မိုးတိမ်ဖြူစီးကာ ပြန်လာလိမ့်မည်မှာ ဖြစ်နိုင်သလော။ ထိုသို့ဖြစ်ခဲ့မည်ဆိုပါက သူ့ကို ယေရှုဟုခေါ်ဆဲ ဖြစ်မည်မဟုတ်လော။ ယေရှု တဖန် ကြွလာသောအခါ ခေတ်သည် ပြောင်းနှင့်ပြီး ဖြစ်လိမ့်မည်၊

ထို့ကြောင့် သူ့ကို ယေရှုဟု ခေါ် နိုင်ဦးမည်လော။ ဘုရားသခင်ကို ယေရှုနာမဖြင့်သာ သိ၍ရနိုင်သည်မှာ ဟုတ်ပါသလော။ ခေတ်သစ်တွင် သူသည် နာမသစ်ဖြင့် အခေါ် ခံရနိုင်သည် မဟုတ်လော။ လူပုဂ္ဂိုလ် တစ်ဦး၏ ရုပ်လွှာနှင့် သီးသန့် နာမတစ်ခုသည် ဘုရားသခင်ကို သူ၏ အလုံးစုံဖြင့် ကိုယ်စားပြုနိုင်ပါသလော။ ခေတ်တစ်ခုစီတွင်၊ ဘုရားသခင်သည် အမှုသစ်ကို လုပ်ဆောင်ပြီး နာမသစ်ဖြင့် ခေါ်ဆိုခံရသည်။ မတူသောခေတ်များတွင် သူသည် တူညီသော အမှုကို မည်သို့ လုပ်ဆောင်နိုင်မည်နည်း။ သူသည် မည်သို့ အဟောင်းကို ဖက်တွယ်ထားနိုင်မည်နည်း။ ယေရှုနာမကို ရွေးနုတ်ခြင်းအမှုအတွက် ခံယူထားခြင်းဖြစ်သည်၊ ထို့ကြောင့် နောက်ဆုံးသောကာလတွင် သူပြန်ကြွလာသောအခါ ထိုနာမဖြင့်ပင် သူ အခေါ် ခံရဆဲဖြစ်မည်လော။ သူသည် ရွေးနုတ်ခြင်းအမှုကို လုပ်ဆောင်ဦးမည်လော။ ယေဟောဝါနှင့် ယေရှုသည် တစ်လုံးတစ်ဝတည်းဖြစ်သော်လည်း၊ မတူညီသော ခေတ်များတွင် မတူညီသော နာမများဖြင့် ခေါ်ဆိုခံရသည်မှာ အဘယ်ကြောင့်နည်း။ ယင်းသို့ ခေါ်ဆိုခံရခြင်းမှာ ၎င်းတို့၏ အမှုနှင့်သက်ဆိုင်သည့် ခေတ်များက မတူညီသောကြောင့် ဖြစ်သည် မဟုတ်လော။ နာမတစ်ခုတည်းက ဘုရားသခင်ကို သူ၏ အလုံးစုံတွင် ကိုယ်စားပြုနိုင်မည်လော။ ထိုသို့ဖြစ်သောကြောင့် ဘုရားသခင်ကို မတူညီသော ခေတ်တစ်ခေတ်တွင် မတူသော နာမတစ်ခုဖြင့် ခေါ်ဆိုရမည်ဖြစ်ပြီး၊ သူသည် ခေတ်ကို ပြောင်းလဲရန်နှင့် ကိုယ်စားပြုရန် နာမကို အသုံးပြုရပေမည်။ အကြောင်းမှာ မည်သည့်နာမ တစ်ခုကမျှ ဘုရားသခင်ကိုယ်တိုင်ကို အပြည့်အဝ ကိုယ်စားမပြုနိုင်သောကြောင့် ဖြစ်ပြီး နာမတစ်ခုချင်းသည် သက်ဆိုင်ရာခေတ်တွင် ဘုရားသခင် စိတ်သဘောထား၏ ယာယီရှုထောင့်ကိုသာ ကိုယ်စားပြုနိုင်သောကြောင့် ဖြစ်သည်။ ယင်းနာမ လုပ်ရန် လိုအပ်သည့်အလုပ်ဟူသမျှအားလုံးမှာ သူ၏အမှုကို ကိုယ်စားပြုရန် ဖြစ်သည်။ သို့ဖြစ်ရာ၊ ဘုရားသခင်သည် ခေတ်တစ်ခုလုံးကို ကိုယ်စားပြုရန် သူ၏စိတ်သဘောထားနှင့် သင့်လျော်သည့် မည်သည့် နာမကိုမဆို ရွေးချယ်နိုင်သည်။ ယေဟောဝါ၏ခေတ် ဖြစ်သည်ဖြစ်စေ၊ သို့မဟုတ် ယေရှု၏ခေတ် ဖြစ်သည်ဖြစ်စေ၊ ခေတ်အသီးသီးသည် နာမတစ်ခုဖြင့် ကိုယ်စားပြုခြင်းခံရသည်။ ကျေးဇူးတော်ခေတ် အဆုံးတွင်၊ နောက်ဆုံးသောခေတ် ရောက်ရှိပြီးဖြစ်ကာ ယေရှုသည် ကြွလာနှင့်ပြီးဖြစ်သည်။ သူ့ကို အဘယ်သို့ ယေရှုဟု ခေါ် နိုင်ဦးမည်နည်း။ သူ့အနေဖြင့် လူများအလယ်တွင် ယေရှု၏ ပုံသဏ္ဍာန်ကို မည်သို့ ခံယူနိုင်ဦးမည်နည်း။ ယေရှုသည် နာဇရက်လူတစ်ဦး၏ ပုံရိပ်ထက် မပိုသည်ကို သင်မေ့သွားပြီလော။ ယေရှုသည် လူသားမျိုးနွယ်၏ ရွေးနုတ်သူသာ ဖြစ်သည်ကို သင်မေ့သွားပြီလော။ သူသည် နောက်ဆုံးသော ကာလတွင် သိမ်းပိုက်ခြင်းနှင့် လူကို စုံလင်စေခြင်းအမှုကို မည်သို့ ဆောင်ရွက်နိုင် မည်နည်း။ ယေရှုသည် ဖြူသော မိုးတိမ်ကို

စီးလျက် ထွက်ခွာသွားသည်— ဤသည်မှာ အမှန်တရား ဖြစ်သည်- သို့သော်လည်း သူသည် မည်သို့ လူများအလယ်တွင် ဖြူသော မိုးတိမ်ကိုစီးလျက် ပြန်လာပြီး ယေရှုဟု အခေါ် ခံရဆဲ ဖြစ်နိုင်မည်နည်း။ သူသည် ဖြူသော မိုးတိမ်စီးကာ အမှန်တကယ် ရောက်ရှိခဲ့ပါက၊ လူသားသည် သူ့ကို အဘယ်သို့ မမှတ်မိနိုင် ရမည်နည်း။ ကမ္ဘာတစ်ဝန်းရှိ လူများအားလုံးက သူ့ကို မှတ်မိမည် မဟုတ်လော။ ထိုသို့ဖြစ်ပါက ယေရှုတစ်ပါးတည်းသာ ဘုရားသခင် ဖြစ်မည် မဟုတ်လော။ ထိုသို့ဖြစ်ပါက ဘုရားသခင်၏ ပုံသဏ္ဌာန်သည် ယုဒတစ်ယောက်၏ သွင်ပြင်မျိုး ဖြစ်မည်ဖြစ်သည့်အပြင်၊ ထာဝရ တစ်ပုံစံတည်း ဖြစ်ပေမည်။ ယေရှုက သူထွက်ခွာသွားသကဲ့သို့ ပြန်ကြွလာမည်ဟု ပြောခဲ့သော်လည်း၊ သူ၏နှုတ်ကပတ်တော်များ၏ မှန်ကန်သော အဓိပ္ပာယ်ကို သင်သိပါသလော။ ဤသင်တို့အုပ်စုကို သူပြောပြသည်မှာ ဖြစ်နိုင်သလော။ သင်သိသမျှအားလုံးမှာ သူထွက်ခွာခဲ့သည့်အတိုင်း မိုးတိမ်ကိုတစ်ခု စီးလျက် သူ ရောက်ရှိလိမ့်မည် ဖြစ်သော်လည်း၊ ဘုရားသခင် ကိုယ်တော်တိုင်က သူ၏အမှုကို မည်သို့ လုပ်ဆောင်သည်ကို သင်အတိအကျ သိပါသလော။ သင်သည် အမှန်တကယ် မြင်နိုင်သည်ဆိုပါက၊ ယေရှုပြောခဲ့သော နှုတ်ကပတ်တော်များကို အဘယ်သို့ ရှင်းပြ ရမည်နည်း။ သူပြောခဲ့သည်မှာ- နောက်ဆုံးသောကာလတွင် လူသား ကြွလာသောအခါ၊ သူကိုယ်တိုင် သိလိမ့်မည်မဟုတ်၊ ကောင်းကင်တမန်များ သိလိမ့်မည်မဟုတ်၊ ကောင်းကင်ဘုံရှိ စေတမန်များ သိလိမ့်မည်မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ် အားလုံးက သိလိမ့်မည်မဟုတ်။ ခမည်းတော်သည်သာလျှင် သိလိမ့်မည်၊ ဆိုလိုသည်မှာ ဝိညာဉ်တော်သာလျှင် သိလိမ့်မည် ဟူ၍ ဖြစ်သည်။ လူသားကိုယ်တိုင်ပင် မသိသော်လည်း၊ သင်သည် မြင်နိုင် သိနိုင်သလော။ အကယ်၍ သင်သည် သင်၏ ကိုယ်ပိုင်မျက်စိများဖြင့် သိရှိကာ မြင်နိုင်စွမ်းရှိခဲ့မည်ဆိုပါက၊ ဤစကားလုံးများကို အချည်းနှီး ပြောမိပြီးဖြစ်လိမ့်မည် မဟုတ်လော။ ထိုအချိန်က ယေရှု အဘယ်အရာ ပြောခဲ့သနည်း။ “ထိုအချိန်နာရီကိုကား အဘယ်သူမျှမသိ။ ကောင်းကင်တမန် မသိ။ ငါ့ခမည်းတော်တပါးတည်းသာ သိတော်မူ၏။ လူသားသည် ကြွလာသောအခါ နောလေက်ထက်၌ ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်။...ထိုကြောင့် သင်တို့သည် ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့ မထင်မမှတ်သော အချိန်နာရီ၌ လူသားသည် ကြွလာလိမ့်မည်။” ထိုနေ့ရက် ရောက်လာသည့်အခါ၊ လူသား ကိုယ်တိုင်က သိလိမ့်မည် မဟုတ်ပေ။ လူသားဆိုသည်မှာ လူ့ဇာတိခံ ယူသော ဘုရားသခင်၊ ပုံမှန်နှင့် သာမန်လူတစ်ဦးကို ဆိုလိုသည်။ လူသား ကိုယ်တိုင်ပင် မသိသောကြောင့် သင်သည် မည်သို့ သိနိုင်မည်နည်း။ ယေရှုက သူသည် ထွက်ခွာသွားခဲ့ပြီးသည့်အတိုင်း သူ ရောက်ရှိလိမ့်မည်ဟု ပြောခဲ့သည်။ သူရောက်ရှိမည့် အချိန်ကို၊ သူကိုယ်တိုင်ပင်လျှင် မသိ၊ သို့ဖြစ်ရာ သူသည် သင့်ကို

ကြိုတင်အသိပေးနိုင်သလော။ သင်သည် သူ၏ ရောက်ရှိခြင်းကို မြင်နိုင်သလော။ ယင်းသည် ရယ်စရာ ပြက်လုံးတစ်ခု မဟုတ်လော။ ကမ္ဘာမြေသို့ ဘုရားသခင် ကြွလာသည့်အကြိမ်တိုင်းတွင် သူ၏ နာမ၊ သူ၏ လိင်၊ သူ၏ပုံသဏ္ဌာန်နှင့် သူ၏ အမှုတို့ကို ပြောင်းလဲသည်။ သူသည် သူ၏ အမှုကို ထပ်မလုပ်ပေ။ သူသည် အစဉ်အမြဲ အသစ်ဖြစ်ပြီး မည်သည့်အခါမျှ အိုဟောင်းခြင်းမရှိသော ဘုရားသခင် ဖြစ်သည်။ ယခင်က သူကြွလာခဲ့ချိန်တွင်၊ သူ့ကို ယေရှုဟု ခေါ်ခဲ့သည်။ ဤအကြိမ် သူ တစ်ဖန်ကြွလာသည့်အခါတွင် သူ့ကို ယေရှုဟု ခေါ်နိုင်သေးသလော။ ယခင်က သူကြွလာသောအခါ၊ သူသည် ယောကျ်ားဖြစ်သည်။ ဤအကြိမ်တွင်လည်း သူသည် ယောကျ်ား တစ်ဖန် ဖြစ်နိုင်ပါသလော။ ကျေးဇူးတော်ခေတ်အတွင်း သူ ကြွလာချိန်တွင် သူ၏ အမှုမှာ လက်ဝါးကားတိုင်တွင် သံမှိုရိုက်နှက်ခံရဖို့ ဖြစ်သည်။ သူ တစ်ဖန်ကြွလာသည့်အခါတွင်၊ လူသားမျိုးနွယ်ကို အပြစ်မှ ရွေးနုတ်ဆဲ ဖြစ်နိုင်သလော။ သူသည် လက်ဝါးကားတိုင်တွင် တစ်ဖန် သံမှိုရိုက်နှက်ခံရနိုင်သလော။ ယင်းသည် သူ၏ အမှုကို ထပ်လုပ်ခြင်း ဖြစ်မည် မဟုတ်လော။ ဘုရားသခင်သည် အစဉ်အမြဲ သစ်လွင်ပြီး မည်သည့်အခါမျှ မအိုဟောင်းသည်ကို သင်မသိသလော။ ဘုရားသခင်သည် မပြောင်းလဲနိုင်ဟု ပြောသူများရှိသည်။ ယင်းမှာ မှန်ပေ၏၊ သို့သော် ယင်းမှာ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အနှစ်သာရ မပြောင်းလဲနိုင်ခြင်းကို ရည်ညွှန်းပေသည်။ သူ၏ နာမနှင့် အမှုတွင် ပြောင်းလဲခြင်းသည် သူ၏ အနှစ်သာရ ပြောင်းလဲသွားပြီဟု သက်သေမပြပေ။ တစ်နည်းအားဖြင့်၊ ဘုရားသခင်သည် အစဉ်အမြဲ ဘုရားသခင်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ဤသည်မှာ မည်သည့်အခါမှ မပြောင်းလဲလိမ့်မည်မဟုတ်။ အကယ်၍ သင်က ဘုရားသခင်၏ အမှုသည် ပြောင်းလဲခြင်းမရှိဟု ဆိုပါက၊ သူသည် သူ၏ နှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်ကို အပြီးသတ်နိုင်မည်လော။ ဘုရားသခင်သည် ထာဝရ ပြောင်းလဲခြင်းမရှိကြောင်းကိုသာ သင်သိသော်လည်း၊ ဘုရားသခင်သည် အစဉ်အမြဲ အသစ်ဖြစ်ပြီး မည်သည့်အခါမျှ မအိုဟောင်းသည်ကို သင်သိပါသလော။ ဘုရားသခင်၏ အမှုသည် မပြောင်းလဲပါက၊ သူသည် လူသားမျိုးနွယ်ကို မျက်မှောက်ခေတ်ထိ တစ်လျှောက်လုံး ဦးဆောင်လျှင် ဦးဆောင်နိုင်ခဲ့သည် မဟုတ်လော။ ဘုရားသခင်သည် မပြောင်းလဲနိုင်ပါက၊ သူ ခေတ်နှစ်ခေတ်၏ အမှုကို လုပ်ဆောင်နှင့်ပြီး ဖြစ်သည်မှာ အဘယ်ကြောင့် ဖြစ်သနည်း။ သူ၏ အမှုသည် ရှေ့ဆက်တိုးတက်ရန် မည်သည့်အခါမျှ ရပ်တန့်ခြင်းမရှိ၊ ယင်းမှာ သူ၏ စိတ်သဘောထားကို လူသားထံ တဖြည်းဖြည်း ထုတ်ဖော်ပြပြီး ထုတ်ဖော်ပြသည့်အရာမှာ သူ၏ ပင်ကို စိတ်သဘောထား ဖြစ်သည်ဟု ဆိုရပေမည်။ အစဦးတွင် ဘုရားသခင်၏ စိတ်သဘောထားကို

လူသားထံမှ ကွယ်ဝှက်ထားခဲ့သည်၊ သူသည် လူသားထံ သူ၏ စိတ်သဘောထားကို မည်သည့်အခါမျှ ပွင့်လင်းစွာ ထုတ်ဖော်မပြခဲ့သကဲ့သို့ လူသည် သူနှင့်သက်ဆိုင်သည့် အသိပညာ တကယ်ကို မရှိခဲ့ပေ။ ဤအရာကြောင့် သူသည် သူ၏ စိတ်သဘောထားကို လူသားကို တဖြည်းဖြည်း ထုတ်ဖော်ပြရန် သူ၏ အမှုကို အသုံးပြုသည်၊ သို့သော် ဤနည်းဖြင့် အမှုပြုခြင်းသည် ဘုရားသခင်၏ စိတ်သဘောထားက ခေတ်တိုင်းတွင် ပြောင်းလဲသည်ဟု မဆိုလိုပေ။ ယင်းမှာ သူ၏ အလိုသည် အမြဲ ပြောင်းလဲနေသောကြောင့်၊ ဘုရားသခင်၏ စိတ်သဘောထားသည် စဉ်ဆက်မပြတ် ပြောင်းလဲနေသည်ဟု မဆိုလိုပေ။ ယင်းထက်၊ သူ၏ အမှုနှင့်သက်ဆိုင်သည့် ခေတ်များ မတူကွဲပြားသောကြောင့်၊ လူသားက သူ့ကို သိနိုင်ဖို့အလို့ငှာ ဘုရားသခင်သည် သူ၏ပင်ကို စိတ်သဘောထားကို အလုံးစုံ ယူဆောင်ပြီး၊ တစ်ဆင့်ပြီးတဆင့် လူသားထံ ဖော်ထုတ်ပြပေသည်။ သို့သော်လည်း ဤသည်မှာ ဘုရားသခင်သည် မူလက မည်သည့် သီးသန့် စိတ်သဘောထားမျှ မရှိ သို့မဟုတ် ကုန်လွန်သည့် ခေတ်များနှင့်အတူ သူ၏ စိတ်သဘောထား တဖြည်းဖြည်း ပြောင်းလဲသည့် သက်သေ လုံးဝ မဟုတ်ပေ- ထိုသို့သော သိနားလည်မှုတစ်ခုသည် မှားယွင်းပေမည်။ ဘုရားသခင်သည် သူ၏ ပင်ကိုဖြစ်ပြီး သီးသန့်ဖြစ်သော စိတ်သဘောထားကို- သူ၏ ဖြစ်ခြင်းကို— ခေတ်များ ကုန်လွန်သွားသည်နှင့်အညီ လူသားထံ ထုတ်ဖော်ပြသသည်။ ခေတ်တစ်ခေတ်၏ အမှုသည် ဘုရားသခင်၏ စိတ်သဘောထား တစ်ခုလုံးကို မဖော်ပြနိုင်ပေ။ သို့ဖြစ်ရာ "ဘုရားသခင်သည် အစဉ်အမြဲ အသစ်ဖြစ်ပြီး မည်သည့်အခါမျှ အိုဟောင်းခြင်းမရှိ။" ဆိုသည့် စကားများမှာ သူ၏ အမှုကို ရည်ညွှန်းပြီး "ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိ" ဆိုသည့် စကားများမှာ ဘုရားသခင်၏ ပင်ကိုအားဖြင့် အရာအားလုံးနှင့် ဖြစ်ခြင်းကို ရည်ညွှန်းပေသည်။ မည်သို့ပင်ဖြစ်စေ၊ သင်သည် နှစ်ခြောက်ထောင်အမှုကို အချက်တစ်ခုပေါ် မတည်နိုင်ပေ သို့မဟုတ် အသက်မဲ့သော စကားလုံးများဖြင့် ယင်းကို ဘောင်မခတ်နိုင်ပေ။ ယင်းမှာ လူ၏ တုံးအမှုဖြစ်သည်။ ဘုရားသခင်သည် လူ စိတ်ကူးသလောက် ရိုးရှင်းခြင်း မရှိသကဲ့သို့၊ သူ၏ အမှုသည် မည်သည့် ခေတ်တစ်ခုတွင်မျှ စွဲကျန်မနေနိုင်ပေ။ ဥပမာအားဖြင့် ယေဟောဝါသည် ဘုရားသခင်၏ နာမအဖြစ် အမြဲ ရပ်တည်မနေနိုင်ပေ။ ဘုရားသခင်သည် ယေရှု နာမအောက်တွင်လည်း သူ၏ အမှုကို လုပ်ဆောင်နိုင်သေး၏။ ဤသည်မှာ ဘုရားသခင်၏ အမှုသည် ရှေ့သို့ ဦးတည်ချက်ဖြင့် အမြဲ တိုးတက်နေသည့် လက္ခဏာတစ်ခု ဖြစ်သည်။

ဘုရားသခင်သည် အမြဲ ဘုရားသခင်ဖြစ်ပြီး၊ မည်သည့်အခါမျှ စာတန် ဖြစ်လာလိမ့်မည်မဟုတ်ပေ။ စာတန်သည် အစဉ်အမြဲ စာတန်ဖြစ်ပြီး မည်သည့်အခါမျှ ဘုရားသခင် ဖြစ်လာလိမ့်မည်မဟုတ်။ ဘုရားသခင်၏ ဉာဏ်ပညာ၊ ဘုရားသခင်၏

အံ့ဖွယ်ဖြစ်ခြင်း၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်၏ ဘုန်းအာနုဘော်သည် မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်ပေ။ သူ၏ အနှစ်သာရ၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းသည် မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်ပေ။ သို့သော်လည်း သူ၏ အမှုအတွက်မူ၊ သူသည် အစဉ်အမြဲ အသစ်ဖြစ်ပြီး မည်သည့်အခါမျှ အိုဟောင်းခြင်း မရှိသည့်အတွက်၊ ယင်းသည် ရှေ့သို့ ဦးတည်ချက်တစ်ခုဖြင့် အစဉ်အမြဲ တိုးတက်နေသည်၊ အစဉ်အမြဲ ပိုမို နက်ရှိုင်းနေပေသည်။ ခေတ်တိုင်းတွင် ဘုရားသခင်သည် နာမ အသစ်ကို ခံယူသည်၊ ခေတ်တိုင်းတွင် သူသည် အမှုသစ်ကို လုပ်ဆောင်ပြီး၊ ခေတ်တိုင်းတွင် သူသည် သူ၏ ဖန်ဆင်းခြင်းများကို သူ၏ အသစ်သော အလိုနှင့် အသစ်သော စိတ်သဘောထားကို မြင်ခွင့်ပေးလေသည်။ အကယ်၍ ခေတ်သစ်တွင် လူများသည် ဘုရားသခင်၏ စိတ်သဘောထားသစ် ဖော်ပြချက်ကို မမြင်နိုင်ကြပါက၊ ၎င်းတို့သည် သူ့ကို ကားတိုင်တွင် သံမှိုဖြင့် ထာဝရ ရိုက်နှက်မိကြမည် မဟုတ်လော။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့်၊ ၎င်းတို့သည် ဘုရားသခင်ကို အဓိပ္ပာယ် သတ်မှတ်လိုက်မည် မဟုတ်လော။ ဘုရားသခင်သည် ယောက်ျားတစ်ဦး အဖြစ်သာ လူ့ဇာတိ ခံယူလာခဲ့ပါက၊ လူများသည် သူ့ကို ယောက်ျားအဖြစ်၊ လူယောက်ျားများ၏ ဘုရားသခင်အဖြစ်၊ သတ်မှတ်လိုက်ကြမည် ဖြစ်ပြီး၊ သူ့ကို မိန်းမများ၏ ဘုရားသခင်အဖြစ် မည်သည့်အခါမျှ ယုံကြည်မည် မဟုတ်ပေ။ ထိုအခါ ယောက်ျားများက ဘုရားသခင်ကို ယောက်ျားများကဲ့သို့ တူညီသော လိင်ရှိသည်၊ ဘုရားသခင်သည် ယောက်ျားများ၏ ခေါင်းဆောင်ဖြစ်သည်ဟု ယူဆကြပေမည်- သို့သော် မိန်းမများနှင့်သက်ဆိုင်၍ မည်သည့်အရာ ဖြစ်သနည်း။ ယင်းသည် မမျှတပေ။ ယင်းသည် ဦးစားပေးဆက်ဆံမှု ဖြစ်သည် မဟုတ်လော။ ဤကိစ္စရပ်သည် မှန်ကန်ပါက၊ ဘုရားသခင် ကယ်တင်သော သူအားလုံးတို့သည် သူကဲ့သို့ ယောက်ျားများသာ ဖြစ်မည်ဖြစ်ပြီး၊ မိန်းမတစ်ဦးတစ်ယောက်မျှ ကယ်တင်ခံရမည် မဟုတ်ပေ။ ဘုရားသခင်က လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ချိန်တွင်၊ သူသည် အာဒံကို ဖန်ဆင်းခဲ့ပြီး ဧဝကို ဖန်ဆင်းခဲ့သည်။ သူသည် အာဒံ တစ်ဦးတည်းကိုသာ မဖန်ဆင်းခဲ့ဘဲ၊ ယောက်ျားနှင့် မိန်းမနှစ်ဦးလုံးကို သူ၏ သဏ္ဌာန်အတိုင်း ပြုလုပ်ခဲ့သည်။ ဘုရားသခင်သည် ယောက်ျားများ၏ ဘုရားသခင်သာ မဟုတ်...မိန်းမများ၏ ဘုရားသခင်လည်း ဖြစ်သည်။ ဘုရားသခင်သည် နောက်ဆုံးသောကာလတွင် အမှု၏ အသစ်သော အဆင့်တစ်ခုသို့ ဝင်ရောက်သည်။ သူသည် သူ၏စိတ်သဘောထားကို ပို၍ပင် ဖော်ပြလိမ့်မည်ဖြစ်ပြီး၊ ယင်းသည် ယေရှု၏ အချိန်ကာလနှင့် သက်ဆိုင်သည့် ကရုဏာတရားနှင့် ချစ်ခြင်းမေတ္တာတို့ ဖြစ်လိမ့်မည်မဟုတ်ပေ။ အမှုသစ်ကို လက်ရှိ လုပ်ဆောင်နှင့်ပြီ ဖြစ်သည့်အတွက်၊ ဤအမှုသစ်သည် စိတ်သဘောထားအသစ်နှင့်အတူ

ပါရှိလိမ့်မည်။ ထို့ကြောင့်၊ ဤအမှုကို ဝိညာဉ်တော်က လုပ်ဆောင်ခဲ့ပါက- ဘုရားသခင်သည် လူ့ဇာတိကို မခံယူခဲ့ဘဲ၊ ယင်းအစား လူသည် သူနှင့်ဆက်သွယ်ဖို့ နည်းလမ်း မရှိခဲ့စေဖို့အလို့ငှာ ဝိညာဉ်တော်က မိုးကြိုးမှတစ်ဆင့် တိုက်ရိုက် စကားပြောခဲ့ပါက၊ လူသည် သူ၏စိတ်သဘောထားကို သိနိုင်ပါမည်လော။ အမှုကို လုပ်ဆောင်ခဲ့သည်မှာ ဝိညာဉ်တော် တစ်ပါးတည်းဖြစ်ပါက၊ လူသည် ဘုရားသခင်၏ စိတ်သဘောထားကို သိရှိလာဖို့ ဖြစ်နိုင်မည် မဟုတ်ပေ။ ဘုရားသခင် လူ့ဇာတိခံယူလာချိန်တွင်၊ နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်လာပြီး သူက သူ၏စိတ်သဘောထား အလုံးစုံကို လူ့ဇာတိမှတစ်ဆင့် ဖော်ပြသည့်အခါတွင်သာ၊ လူတို့သည် ဘုရားသခင်၏ စိတ်သဘောထားကို မိမိတို့၏ ကိုယ်ပိုင်မျက်စိများဖြင့် ရှုမြင်နိုင်ကြလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် လူများအလယ်တွင် အမှန်တကယ်နှင့် စစ်မှန်စွာ အသက်ရှင်သည်။ သူသည် အမှန်တကယ်ရှိ၏။ လူသည် သူ၏စိတ်သဘောထားကို အမှန်တကယ် ထိတွေ့နိုင်သည်၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို ထိတွေ့နိုင်သည်။ ဤနည်းဖြင့်သာ လူသည် သူ့ကို အမှန်တကယ် သိရှိလာနိုင်သည်။ တစ်ချိန်တည်းတွင် "ဘုရားသခင်သည် ယောကျ်ားများ၏ ဘုရားသခင်ဖြစ်သလို မိန်းမများ၏ ဘုရားသခင်လည်းဖြစ်သည်။" ဆိုသည့် အမှုကိုလည်း ဘုရားသခင် ပြီးပြည့်စုံစေပြီးဖြစ်ကာ လူ့ဇာတိ၌ သူ၏ အမှုအလုံးစုံကို ပြီးမြောက်စေပြီးဖြစ်သည်။ သူသည် ခေတ်တစ်ခုတစ်လေရှိ အမှုကို ထပ်မလုပ်ပေ။ နောက်ဆုံးသောကာလ ရောက်ရှိပြီး ဖြစ်သည့်အတွက်၊ သူသည် နောက်ဆုံးသော ကာလတွင် သူလုပ်ဆောင်သော အမှုကို လုပ်ဆောင်လိမ့်မည်ဖြစ်ပြီး၊ နောက်ဆုံးသော ကာလတွင် သူ၏ စိတ်သဘောထားဖြစ်သည့် အလုံးစုံသော စိတ်သဘောထားကို ထုတ်ဖော်ပြလိမ့်မည်။ နောက်ဆုံးသော ကာလနှင့်သက်ဆိုင်၍ ပြောဆိုရာတွင်၊ ဤအရာမှာ ယေရှုက သင်တို့သည် ကပ်ဘေးကို ဧကန်မုချ ကြုံရမည်ဖြစ်ပြီး၊ ငလျင်လှုပ်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ကပ်ရောဂါတို့ကို ကြုံရလိမ့်မည်ဟု ပြောခဲ့သည့် သီးခြားခေတ် တစ်ခေတ်ကို ရည်ညွှန်းပေသည်၊ ယင်းက ဤသည်မှာ ခေတ်သစ် တစ်ခေတ်ဖြစ်ပြီး၊ အိုဟောင်းသော ကျေးဇူးတော်ခေတ် မဟုတ်တော့သည်ကို ပြသပေလိမ့်မည်။ အကယ်၍ လူများ ပြောသည့်အတိုင်း ဘုရားသခင်သည် မည်သည့်အခါမျှ မပြောင်းလဲ၊ သူ၏ စိတ်သဘောထားသည် အစဉ်အမြဲ သနားကြင်နာမှုနှင့် ချစ်ခြင်း ဖြစ်သည်၊ သူသည် လူသားကို ကိုယ်နှင့်အမျှ ချစ်ပြီး၊ လူတိုင်းကို ကယ်တင်ခြင်း ပေးကာ လူကို မည်သည့်အခါမျှ မမုန်းဟု ဆိုပါက၊ သူ၏အမှုသည် အဆုံးသို့ အစဉ် ရောက်နိုင်မည်လော။ ယေရှု ကြွလာခဲ့ပြီး အပြစ်သားအားလုံးအတွက် မိမိကိုယ်ကိုယ် စွန့်လွှတ်ရင်းနှင့် ယဇ်ပလ္လင်ထက်တွင် မိမိကိုယ်ကိုယ် ပူဇော်ရင်း၊ ကားတိုင်တွင် သံမှိုရိုက်ခံခဲ့ရချိန်တွင်၊ သူသည်

ရွေးနုတ်ခြင်း အမှုကို ပြည့်စုံစေနိုင်ခဲ့ပြီးဖြစ်ကာ ကျေးဇူးတော်ခေတ်ကို အဆုံးသတ်စေခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်ရာ ထိုခေတ်၏ အမှုကို နောက်ဆုံးသောကာလတွင် ထပ်လုပ်ခြင်း၏ ဆိုလိုချက်မှာ မည်သည့်အရာ ဖြစ်မည်နည်း။ တူညီသောအရာကို လုပ်ဆောင်ခြင်းသည် ယေရှု၏ အမှုကို ငြင်းပယ်ခြင်း ဖြစ်မည် မဟုတ်လော။ ဤအဆင့်တွင် သူ ကြွလာခဲ့ချိန်တွင် ဘုရားသခင်သည် ကားစင်တင်ခံရခြင်းအမှုကို မလုပ်ဆောင်ခဲ့ဘဲ၊ ချစ်ခင်ကာ သနားကြင်နာနေမြဲဖြစ်ပါက၊ သူသည် ခေတ်ကို အဆုံးသတ် နိုင်ပါမည်လော။ ချစ်မြတ်နိုးတတ်ပြီး သနားကြင်နာတတ်သော ဘုရားသခင်သည် ခေတ်ကို အဆုံးသတ် နိုင်ပါမည်လော။ ခေတ်ကို အဆုံးသတ်ခြင်းနှင့်ဆိုင်သည့် သူ၏ နောက်ဆုံး အမှုတွင်၊ ဘုရားသခင်၏ စိတ်သဘောထားသည် လူအားလုံးကို လူသိရှင်ကြား တရားစီရင်ရန်နှင့် သူ့ကို စစ်မှန်ရိုးသားသည့် စိတ်နှလုံးဖြင့် ချစ်သောသူတို့ကို စုံလင်စေရန်အလို့ငှာ မဖြောင့်မတ်သည့် အရာအားလုံးကို သူ ထုတ်ဖော်ပြသည့် ပြစ်တင်ဆုံးမခြင်း၊ တရားစီရင်ခြင်းနှင့်သက်ဆိုင်သည့် စိတ်သဘောထားတစ်ခု ဖြစ်သည်။ ဤသို့သော စိတ်သဘောထားသည်သာလျှင် ခေတ်ကို အဆုံးသတ်စေနိုင်သည်။ နောက်ဆုံးသော ကာလသည် ရောက်ရှိနှင့်ပြီ ဖြစ်သည်။ ဖန်ဆင်းခြင်းထဲက အရာအားလုံးသည် ၎င်းတို့၏ အမျိုးအစားအလိုက် ခွဲခြားခံရလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့၏ သဘာဝအပေါ် အခြေခံ၍ မတူကွဲပြားသော အမျိုးအစားများအဖြစ် ခွဲခြားခံရလိမ့်မည်။ ဤသည်မှာ ဘုရားသခင်က လူသားမျိုးနွယ်၏ အဆုံးသတ်နှင့် ၎င်းတို့၏ ပန်းတိုင်ကို ထုတ်ဖော်ပြသည့် အချိန် အခိုက်အတန့် ဖြစ်သည်။ အကယ်၍ လူတို့သည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို မကြုံကြရပါက၊ ၎င်းတို့၏ မနာခံမှုနှင့် မဖြောင့်မတ်မှုကို ဖော်ထုတ်ခြင်း နည်းလမ်းရှိလိမ့်မည် မဟုတ်ပေ။ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမှတစ်ဆင့်သာ ဖန်ဆင်းခြင်း အားလုံး၏ အဆုံးသတ်သည် ထုတ်ဖော်ပြ ခံရနိုင်ပေသည်။ လူသည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း ခံရသော အခါမှသာ သူ၏စရိုက်အမှန်ကို ပြသသည်။ မကောင်းမှု ပြုသူများကို မကောင်းသောသူများနှင့်အတူ၊ ကောင်းသောသူများကို ကောင်းသောသူများနှင့်အတူ ထားရှိလိမ့်မည်ဖြစ်ပြီး၊ လူသားမျိုးနွယ် အားလုံးသည် ၎င်းတို့၏ အမျိုးအစားအလိုက် ခွဲခြားခံရကြလိမ့်မည်။ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမှတစ်ဆင့်၊ မကောင်းသော သူများသည် အပြစ်ဒဏ်ပေးခံရပြီး ကောင်းသောသူများသည် ဆုလာဘ်များရရှိကာ လူအားလုံးတို့သည် ဘုရားသခင်၏ အုပ်စိုးခြင်းကို ခံကြရဖို့အလို့ငှာ၊ ဖန်ဆင်းခြင်း အားလုံး၏ အဆုံးသတ်သည် ထုတ်ဖော်ပြခံရလိမ့်မည်။ ဤအမှုအားလုံးကို ဖြောင့်မတ်သော ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမှတစ်ဆင့် ရရှိရပေမည်။ လူသား၏

ဖောက်ပြန်ပျက်စီးခြင်းသည် အမြင့်ဆုံးသို့ ရောက်ရှိပြီးဖြစ်ကာ သူ၏ မနာခံခြင်းသည် အလွန့်အလွန် ပြင်းထန်လာသောကြောင့်၊ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ အဓိကအားဖြင့် ပေါင်းစပ်ထားပြီး၊ နောက်ဆုံးသောကာလအတွင်းတွင် ထုတ်ဖော်ပြခံရသည့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားသည်သာ လူကို အပြည့်အဝ ပြောင်းလဲနိုင်ပြီး ပြည့်စုံစေနိုင်ပေသည်။ ဤစိတ်သဘောထားသည်သာ မကောင်းမှုကို ဖော်ထုတ်နိုင်ပြီး၊ ထိုသို့ဖြင့် မဖြောင့်မတ်သောသူအားလုံးကို ပြင်းထန်စွာ အပြစ်ပေးနိုင်သည်။ ထို့ကြောင့် ဤသို့သော စိတ်သဘောထားတစ်ခုသည် ခေတ်၏အရေးပါမှုနှင့် ပြည့်ဝပြီး၊ သူ့စိတ်သဘောထား၏ ထုတ်ဖော်ချက်နှင့် ဖော်ပြချက်သည် ခေတ်သစ် အသီးသီး၏ အမှုအတွက် ပေါ်လွင်ထင်ရှားလေသည်။ ယင်းမှာ ဘုရားသခင်သည် သူ၏စိတ်သဘောထားကို ထင်ရာမြင်ရာနှင့် အရေးပါမှုမရှိဘဲ ထုတ်ဖော်ပြသည် မဟုတ်ပေ။ အကယ်၍ နောက်ဆုံးသောကာလအတွင်း လူ၏အဆုံးသတ်ကို ထုတ်ဖော်ပြရာတွင် ဘုရားသခင်သည် လူသားကို ဖြောင့်မတ်သော တရားစီရင်မှု မခံရစေဘဲ၊ ယင်းထက် သည်းခံခြင်း၊ စိတ်ရှည်ခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ကို သူ့အားပြသရင်းနှင့် ဖြောင့်မတ်သော တရားစီရင်မှု တစ်စက်မျှမရှိဘဲ သူ၏အပြစ်များ မည်မျှကြီးမားသည်ဖြစ်စေ လူသားကို အပြစ်လွှတ်ပေးရင်း၊ လူသားအပေါ် အဆုံးမဲ့ ကရုဏာနှင့် ချစ်ခြင်းမေတ္တာတို့ကို ချပေးသနားဆဲဖြစ်ပြီး သူ့အပေါ် ဆက်လက် ချစ်ခင်ပါက၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုအားလုံးသည် မည်သည့်အချိန်တွင် အဆုံးသတ်ခြင်းသို့ ရောက်လိမ့်မည်နည်း။ ဤသို့သော စိတ်သဘောထားသည် လူတို့ကို လူသားမျိုးနွယ်၏ သင့်လျော်သော ပန်းတိုင်ထဲသို့ မည်သည့်အချိန်တွင်မှ ဦးဆောင်မည်နည်း။ ဥပမာအားဖြင့် အစဉ်အမြဲ ချစ်ခင်တတ်သော တရားသူကြီး၊ ကြင်နာသော မျက်နှာနှင့် နူးညံ့သော နှလုံးသားရှိသည့် တရားသူကြီးတစ်ဦးကို ကြည့်လော့။ သူသည် လူတို့ကို ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများ မည်သို့ပင်ရှိသည်ဖြစ်စေ ချစ်ပြီး ၎င်းတို့ မည်သူဖြစ်စေကာမူ သူသည် ၎င်းတို့ကို ချစ်ခင်ပြီး သည်းခံလေသည်။ ထိုသို့ဆိုပါက၊ သူသည် မျှတသော တရားစီရင်ချက်ကို မည်သည့်အခါတွင်မှ ချမှတ်နိုင်မည်နည်း။ နောက်ဆုံးသောကာလအတွင်းတွင် ဖြောင့်မတ်သော တရားစီရင်မှု သည်သာ လူသားကို ၎င်းတို့၏ အမျိုးအစားအလိုက် ခွဲခြားနိုင်ပြီး၊ လူကို နယ်ပယ်သစ်သို့ ဆောင်ယူနိုင်ပေသည်။ ဤနည်းဖြင့် ခေတ်တစ်ခုလုံးသည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့နှင့်သက်ဆိုင်သည့် ဖြောင့်မတ်သော စိတ်သဘောထားမှတစ်ဆင့် အဆုံးသို့ ရောက်ရှိပေသည်။

သူ၏ စီမံခန့်ခွဲမှု အလုံးစုံတစ်လျှောက် ဘုရားသခင်၏ အမှုသည် လုံးဝ ရှင်းလင်းပေသည်။

ကျေးဇူးတော်ခေတ်သည် ကျေးဇူးတော်ခေတ်ဖြစ်ပြီး၊ နောက်ဆုံးသော ကာလသည် နောက်ဆုံးသော ကာလ ဖြစ်သည်။ ခေတ်အသီးသီးတွင် ဘုရားသခင်သည် ထိုခေတ်ကို ကိုယ်စားပြုသည့် အမှုကို လုပ်ဆောင်သည့်အတွက် ခေတ်အသီးသီး ကြားတွင် သိသာသော ခြားနားမှုများ ရှိသည်။ နောက်ဆုံးသော ကာလ၏ အမှုကို လုပ်ဆောင်ပြီးရန်အတွက်၊ ခေတ်ကို အဆုံးသတ်သို့ ရောက်စေမည့် လောင်ကျွမ်းမှု၊ တရားစီရင်မှု၊ ပြစ်တင်ဆုံးမမှု၊ ဒေါသအမျက်နှင့် ဖျက်ဆီးမှုများ ရှိရမည် ဖြစ်သည်။ နောက်ဆုံးသောကာလသည် နောက်ဆုံးခေတ်ကို ရည်ညွှန်း၏။ နောက်ဆုံးခေတ် အတွင်းတွင်၊ ဘုရားသခင်သည် ခေတ်ကို အဆုံး မသတ်လိမ့်မည်လော။ ခေတ်ကို အဆုံးသတ်ရန်၊ ဘုရားသခင်သည် ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ခြင်းကို သူနှင့်အတူ ယူဆောင်ရမည်။ ထိုနည်းဖြင့်သာ သူသည် ခေတ်ကို အဆုံးသတ်သို့ ဆောင်ကြဉ်းနိုင်သည်။ ယေရှု၏ ရည်ရွယ်ချက်မှာ လူသားအနေဖြင့် ဆက်လက်ရှင်သန်နိုင်ရန်၊ ဆက်လက် အသက်ရှင်ရန်နှင့် ပိုမိုကောင်းမွန်သော နည်းလမ်းတစ်ခုဖြင့် ဆက်လက်တည်ရှိစေနိုင်ရန် အလို့ငှာ ဖြစ်ခဲ့သည်။ လူသားသည် ဆိုးယုတ်ခြင်းထဲသို့ သူ၏ ကျဆင်းခြင်းအား ရပ်တန့်ရန်နှင့် မရဏာနိုင်ငံနှင့် ငရဲတွင် ဆက်လက်အသက်မရှင်ဖို့အလို့ငှာ သူသည် လူကို အပြစ်မှ ကယ်တင်ခဲ့ပြီး၊ လူအား မရဏာနိုင်ငံနှင့် ငရဲတို့မှ ကယ်တင်ခြင်းအားဖြင့် ယေရှုသည် လူကို ဆက်လက် ရှင်သန်နေထိုင်ရန် အခွင့်ပေးခဲ့သည်။ ယခုတွင် နောက်ဆုံးသော ကာလသည် ဆိုက်ရောက်ပြီဖြစ်သည်။ ဘုရားသခင်သည် လူကို အမြစ်ဖြတ်သုတ်သင်မည်ဖြစ်ပြီး၊ လူသားမျိုးနွယ်ကို လုံး၀ ဖျက်ဆီးလိမ့်မည်၊ ဆိုလိုသည်မှာ သူသည် လူသားမျိုးနွယ်၏ ပုန်ကန်မှုကို အသွင်ပြောင်းလဲလိမ့်မည်ဖြစ်သည်။ ဤအကြောင်းရင်း အတွက်၊ အတိတ်က ကြင်နာသနားတတ်ပြီး ချစ်ခင်သော စိတ်သဘောထားဖြင့် ဘုရားသခင်သည် ခေတ်ကို အဆုံးသတ်ရန် သို့မဟုတ် သူ၏ နှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်အား အကျိုးဖြစ်ထွန်းခြင်းသို့ ဆောင်ကြဉ်းရန် ဖြစ်နိုင်မည် မဟုတ်ပေ။ ခေတ်တိုင်းသည် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် အထူးကိုယ်စားပြုခြင်းတစ်ခုကို အသားပေးပြီး၊ ခေတ်တိုင်းသည် ဘုရားသခင် လုပ်ဆောင်သင့်သည့် အမှု ပါဝင်လေသည်။ ထို့ကြောင့် ခေတ်အသီးသီးတွင် ဘုရားသခင် ကိုယ်တိုင် လုပ်ဆောင်သော အမှုတွင် သူ၏ စစ်မှန်သော စိတ်သဘောထား ဖော်ပြချက်ပါဝင်ပြီး၊ သူ၏ နာမနှင့် သူလုပ်ဆောင်သော အမှုနှစ်ခုလုံးသည် ခေတ်နှင့်အတူ ပြောင်းလဲလေသည်- ယင်းတို့သည် အားလုံး အသစ်ဖြစ်ကြ၏။ ပညတ်တော်ခေတ်အတွင်းတွင် လူသားမျိုးနွယ်အား လမ်းပြခြင်းအမှုကို ယေဟောဝါ၏ နာမအောက်တွင် လုပ်ဆောင်ခဲ့ပြီး၊ အမှု၏ပထမအဆင့်ကို ကမ္ဘာမြေပေါ်တွင်

အစပျိုးခဲ့သည်။ ဤအဆင့်တွင် အမှုသည် ဗိမာန်တော်နှင့် ယဇ်ပလ္လင်ကို တည်ဆောက်ခြင်း၊ ဣသရေလလူမျိုးတို့ကို လမ်းပြရန်နှင့် ၎င်းတို့အလယ်တွင် အလုပ်လုပ်ရန် ပညတ်တရားကို အသုံးပြုခြင်းတို့ ပါဝင်သည်။ ဣသရေလလူမျိုးတို့ကို လမ်းပြခြင်းအားဖြင့်၊ သူသည် ကမ္ဘာမြေပေါ် ရှိ သူ၏အမှုအတွက် အခြေစိုက်ရာတစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုအခြေစိုက်ရာ မှနေ၍ သူသည် သူ၏အမှုကို ဣသရေလကို ကျော်လွန်၍ တိုးချဲ့ခဲ့သည်၊ ယင်းမှာ နောင်မျိုးဆက်များက ယေဟောဝါသည် ဘုရားသခင်ဖြစ်ပြီး၊ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သူမှာ ယေဟောဝါဖြစ်သကဲ့သို့၊ သတ္တဝါအားလုံး၏ ဖန်ဆင်းရှင်မှာ ယေဟောဝါဖြစ်သည်ကို တဖြည်းဖြည်း သိရှိလာကြဖို့အလို့ငှာ၊ ဣသရေလမှစတင်လျက် သူသည် သူ၏အမှုကို အပြင်ဖက်သို့ ချဲ့ထွင်ခဲ့သည်ဟု ဆိုရပေမည်။ သူသည် သူ၏အမှုကို ဣသရေလလူတို့မှတစ်ဆင့် ၎င်းတို့ကို ကျော်လွန်၍ ပြင်ပသို့ ဖြန့်ကြက်သည်။ ဣသရေလနယ်မြေသည် ကမ္ဘာမြေပေါ်တွင် ယေဟောဝါအမှု၏ ပထမဆုံး သန့်ရှင်းသောနေရာ ဖြစ်ခဲ့ပြီး၊ ကမ္ဘာမြေပေါ်တွင် အမှုပြုဖို့ ဘုရားသခင် ပထမဆုံး သွားရောက်ခဲ့သောနေရာမှာ ဣသရေလနယ်မြေတွင် ဖြစ်သည်။ ယင်းမှာ ပညတ်တော်ခေတ်၏ အမှု ဖြစ်သည်။ ကျေးဇူးတော်ခေတ် အတွင်းတွင်၊ ယေရှုသည် လူကို ကယ်တင်သော ဘုရားသခင် ဖြစ်ခဲ့သည်။ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းမှာ ကျေးဇူးတော်၊ ချစ်ခြင်း မေတ္တာ၊ သနားကရုဏာ၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နှိမ့်ချခြင်း၊ စောင့်ရှောက်ခြင်းနှင့် သဘောထားကြီးခြင်းတို့ ဖြစ်ပြီး သူလုပ်ခဲ့သော အမှုအများအပြားမှာ လူသားကို ရွေးနုတ်ခြင်းအလို့ငှာ ဖြစ်ခဲ့သည်။ သူ၏ စိတ်သဘောထားသည် သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာအနက်မှ တစ်ခုဖြစ်ပြီး၊ သူသည် သနားကြင်နာတတ်ပြီး ချစ်မြတ်နိုးတတ်သောကြောင့်၊ ဘုရားသခင်သည် လူကို ကိုယ်နှင့်အမျှ ချစ်မြတ်နိုးလွန်းလှသည်မှာ သူသည် မိမိ၏ အလုံးစုံဖြင့် မိမိကိုယ်ကိုယ် ပူဇော်ခဲ့သည်အထိဖြစ်ခဲ့သည်ကို ပြသရန်အလို့ငှာ လူသားအတွက် ကားတိုင်တွင် သံမှိုရိုက်ခံခဲ့ရသည်။ ကျေးဇူးတော်ခေတ် အတွင်းတွင်၊ ဘုရားသခင်၏ နာမမှာ ယေရှုဖြစ်သည်၊ ယင်းမှာ ဘုရားသခင်သည် လူကို ကယ်တင်ခဲ့သော ဘုရားသခင်ဖြစ်ခဲ့ပြီး၊ သူသည် သနားကရုဏာနှင့်ပြည့်စုံသော ချစ်မြတ်နိုးတတ်သော ဘုရားသခင် ဖြစ်ခဲ့သည်ဟု ပြောရပေမည်။ ဘုရားသခင်သည် လူနှင့်အတူရှိခဲ့သည်။ သူ၏ချစ်ခြင်းမေတ္တာ၊ သူ၏သနားကရုဏာနှင့် သူ၏ကယ်တင်ခြင်းသည် လူတစ်ဦးချင်းစီနှင့်အတူ ပါရှိသည်။ ယေရှု၏ နာမနှင့် သူ၏ မျက်မှောက်ကို လက်ခံခြင်းအားဖြင့်သာ၊ လူသည် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ရရှိနိုင်သည်၊ သူ၏ကောင်းချီးမင်္ဂလာ၊ သူ၏ကြီးမားကာ များပြားလှသော ကျေးဇူးတော်များနှင့် သူ၏ ကယ်တင်ခြင်းတို့ကို ရရှိနိုင်သည်။ ယေရှု၏

ကားစင်တင်ခံရခြင်းမှတစ်ဆင့်၊ သူ့နောက်လိုက်သော သူအားလုံးသည် ကယ်တင်ခြင်းကို ရရှိခဲ့ကြပြီး၊ မိမိတို့၏ အပြစ်များမှာ ခွင့်လွှတ်ခြင်းခံခဲ့ကြရသည်။ ကျေးဇူးတော်ခေတ်အတွင်းတွင် ယေရှုသည် ဘုရားသခင်၏ နာမ ဖြစ်ခဲ့သည်။ တစ်နည်းအားဖြင့် ကျေးဇူးတော်ခေတ်၏ အမှုကို အဓိကအားဖြင့် ယေရှု၏ နာမအောက်တွင် လုပ်ဆောင်ခဲ့သည်။ ကျေးဇူးတော်ခေတ်အတွင်းတွင် ဘုရားသခင်ကို ယေရှုဟု ခေါ် ခဲ့သည်။ သူသည် ဓမ္မဟောင်းကျမ်းကို ကျော်လွန်သည့် အသစ်သော အမှု၏ အဆင့်ကို လက်ခံဆောင်ရွက်ခဲ့ပြီး၊ သူ၏ အမှုသည် ကားစင်တင်ခံရခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ ဤသည်မှာ သူ၏ အမှု အလုံးစုံဖြစ်သည်။ သို့ဖြစ်ရာ ပညတ်တော်ခေတ်အတွင်းတွင် ယေဟောဝါသည် ဘုရားသခင်၏ နာမဖြစ်ခဲ့ပြီး၊ ကျေးဇူးတော်ခေတ်တွင် ယေရှု၏ နာမသည် ဘုရားသခင်ကို ကိုယ်စားပြုခဲ့သည်။ နောက်ဆုံးသော ကာလအတွင်းတွင် သူ၏ နာမမှာ အနန္တတန်ခိုးရှင် ဘုရားသခင် ဖြစ်သည်— လူကို လမ်းပြရန်၊ လူကို သိမ်းပိုက်ရန်နှင့် လူကို ရရှိရန်နှင့် နောက်ဆုံးတွင် ခေတ်ကို အဆုံးသတ်သို့ ဆောင်ကြဉ်းရန် သူ၏တန်ခိုးကို အသုံးပြုသော အနန္တတန်ခိုးရှင် ဖြစ်သည်။ ခေတ်တိုင်းတွင် သူ၏ အမှု အဆင့်တိုင်းတွင် ဘုရားသခင်၏ စိတ်သဘောထားသည် ထင်ရှားမြင်သာပေသည်။

အစအဦးတွင် ဓမ္မဟောင်း ပညတ်တော်ခေတ်အတွင်း၌ လူသားအား လမ်းပြခြင်းသည် ကလေးသူငယ်၏ ဘဝနေထိုင်မှု ပုံစံကို လမ်းပြခြင်းနှင့် တူသည်။ အစောဆုံး လူသားမျိုးနွယ်သည် ယေဟောဝါ၏ မွေးကင်းစကလေး ဖြစ်၏။ ၎င်းတို့သည် ဣသရေလ လူမျိုးများ ဖြစ်ခဲ့သည်။ ၎င်းတို့သည် ဘုရားသခင်ကို မည်သို့ ရိုသေလေးမြတ်ရမည် သို့မဟုတ် ကမ္ဘာမြေပေါ်တွင် မည်သို့ အသက်ရှင်ရမည်ကို နားလည်ခြင်း မရှိကြပေ။ ယင်းမှာ ယေဟောဝါသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သည်၊ ဆိုလိုသည်မှာ သူသည် အာဒံနှင့် ဧဝကို ဖန်ဆင်းခဲ့သည်၊ သို့သော် ယေဟောဝါကို မည်သို့ ရိုသေလေးမြတ်ရမည် သို့မဟုတ် ကမ္ဘာမြေပေါ်တွင် ယေဟောဝါ၏ ပညတ်တရားများကို မည်သို့ လိုက်နာရမည်ကို နားလည်နိုင်ရန် စွမ်းရည်များကို ၎င်းတို့အား သူ မပေးခဲ့ဟု ဆိုရပေမည်။ အစဦးတွင် လူသည် ထိုသို့သော စွမ်းရည်များ မပိုင်ဆိုင်ခဲ့သည့်အတွက်၊ ယေဟောဝါ၏ တိုက်ရိုက် လမ်းပြမှုမရှိဘဲနှင့် မည်သူမျှ ဤအရာကို တိုက်ရိုက်မသိနိုင်ပေ။ လူက ယေဟောဝါသည် ဘုရားသခင် ဖြစ်သည်ကိုသာ သိခဲ့သော်လည်း၊ သူ့ကို မည်သို့ ရိုသေလေးမြတ်ရမည်၊ မည်သည့် အပြုအမူမျိုးကို သူ့ကို ရိုသေလေးမြတ်ခြင်းဟု ခေါ်သည်၊ မည်သည့် စိတ်မျိုးဖြင့် သူ့ကို ရိုသေလေးမြတ်ရမည်၊ သို့မဟုတ် သူ့ကို ရိုသေလေးမြတ်ရာတွင် မည်သည့်အရာကို ပူဇော်ဆက်ကပ်ရမည် ဆိုသည်တို့အတွက်မူ၊ လူသည် လုံးဝ မသိခဲ့ပေ။ လူသည် ယေဟောဝါ

ဖန်ဆင်းသော အရာများအားလုံး အလယ်တွင် မွေ့လျော်၍ရသည့် အရာကို မည်သို့ မွေ့လျော်ရမည်ကိုသာ သိသော်လည်း၊ ကမ္ဘာမြေပေါ်တွင် မည်သည့် ဘဝနေထိုင်မှုပုံစံမျိုးက ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးနှင့် ထိုက်တန်သည် ဆိုသည်အတွက်မူ၊ သူသည် အရိပ်အမြွက် ဘာဆိုဘာမျှ မသိခဲ့ချေ။ ၎င်းတို့ကို ညွှန်ကြားဖို့ တစ်စုံတစ်ယောက် မရှိဘဲနှင့်၊ ၎င်းတို့ကို ကိုယ်တိုင်ကိုယ်ကျ လမ်းပြဖို့ တစ်စုံတစ်ဦး မရှိဘဲနှင့်၊ ဤလူသားမျိုးနွယ်သည် လူ့သဘာဝနှင့် သင့်လျော်သော ဘဝနေထိုင်မှုပုံစံကို မည်သည့်အခါမျှ မှန်ကန်စွာ နေထိုင်ခဲ့မည် မဟုတ်ဘဲ၊ စာတန်၏ တိတ်တဆိတ် ဖမ်းဆီးခြင်းကိုသာ ခံခဲ့ရပေလိမ့်မည်။ ယေဟောဝါသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သည်၊ ယင်းမှာ သူသည် လူသားမျိုးနွယ်၏ ဘိုးဘေးဘီဘင်များဖြစ်သည့် အာဒံနှင့် ဧဝကို ဖန်ဆင်းခဲ့သော်လည်း၊ သူသည် ၎င်းတို့အပေါ် နောက်ထပ်မည်သည့် အသိဉာဏ် သို့မဟုတ် ဉာဏ်ပညာကိုမျှ မပေးခဲ့ဟု ဆိုရပေမည်။ ၎င်းတို့သည် ကမ္ဘာမြေပေါ်တွင် အသက်ရှင်နေနှင့်ခဲ့ကြသော်လည်း၊ ၎င်းတို့သည် အရာရာတိုင်းနီးပါးကို နားမလည်ခဲ့ပေ။ သို့ဖြစ်ရာ၊ ယေဟောဝါ၏ လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်း အမှုသည် တစ်ဝက်တစ်ပျက်သာ ပြီးစီးခဲ့ပြီး ပြည့်စုံရန် ဝေးသေးသည်။ သူသည် ရွှံ့စေးမှ လူ၏ပုံစံကိုသာ ပုံသွင်းခဲ့ကာ သူ၏ ဇီဝအသက်ကို မှုတ်သွင်းပေးခဲ့ပြီးဖြစ်သော်လည်း၊ သူ့ကို ရိုသေလေးမြတ်ရန် လုံလောက်သော အလိုဆန္ဒကို လူသားအပေါ် အပ်နှင်းခြင်း မရှိခဲ့ပေ။ အစဦးတွင် လူသည် သူ့ကို ရိုသေလေးမြတ်လိုစိတ်၊ သို့မဟုတ် သူ့ကို ကြောက်ရွံ့စိတ် မရှိခဲ့ပေ။ လူသည် သူ၏နှုတ်ကပတ်တော်များကို မည်သို့နားထောင်ရမည်ကိုသာ သိခဲ့သော်လည်း၊ ကမ္ဘာမြေပေါ်က ဘဝနေထိုင်မှုပုံစံ အတွက် အခြေခံ အသိပညာနှင့် လူသား ဘဝနေထိုင်မှုပုံစံ၏ ပုံမှန်စည်းမျဉ်းများကို မသိခဲ့ပေ။ သို့ဖြစ်ရာ ယေဟောဝါသည် လူယောကျ်ားနှင့် လူမိန်းမကို ဖန်ဆင်းခဲ့ပြီး၊ ခုနှစ်ရက်စီမံကိန်းကို ပြီးစီးခဲ့သော်လည်း၊ လူသားသည် အခွံတစ်ခုသာ ဖြစ်ခဲ့ပြီး၊ လူသားဖြစ်ခြင်း၏ လက်တွေ့အရှိတရား ကင်းမဲ့ခဲ့သည့်အတွက်၊ သူသည် လူသားအား ဖန်ဆင်းခြင်းကို မည်သည့်နည်းနှင့်မျှ မပြီးဆုံးခဲ့ပေ။ လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သူမှာ ယေဟောဝါဖြစ်သည်ကိုသာ လူသည် သိခဲ့သော်လည်း၊ ယေဟောဝါ၏ နှုတ်ကပတ်တော်များ သို့မဟုတ် ပညတ်တရားများအား မည်သို့လိုက်နာရမည်ကို အရိပ်အခြေမျှ သူမသိခဲ့ပေ။ သို့ဖြစ်ရာ လူသားမျိုးနွယ် တည်ရှိလာခဲ့သည့်နောက်တွင် ယေဟောဝါ၏အမှုမှာ ပြီးဆုံးရန် ဝေးသေးပေသည်။ လူသားမျိုးနွယ်အနေဖြင့် ကမ္ဘာမြေပေါ်တွင် အတူတကွ နေထိုင်နိုင်ပြီး သူ့ကို ရိုသေလေးမြတ်နိုင်ကြဖို့အလို့ငှာ၊ သူ၏လမ်းညွှန်မှုဖြင့် ၎င်းတို့သည် ကမ္ဘာမြေပေါ်တွင် ပုံမှန်လူသားဘဝနေထိုင်မှုပုံစံ၏ လမ်းကြောင်းအမှန်ပေါ်သို့ ဝင်ရောက်နိုင်ဖို့အလို့ငှာ၊ ၎င်းတို့ကို သူ၏ရှေ့မှောက် လာစေရန် သူ့အနေဖြင့် အပြည့်အဝ လမ်းပြဖို့ လိုအပ်နေဆဲဖြစ်ခဲ့သည်။

ဤနည်းဖြင့်သာ ယေဟောဝါ၏ နာမအောက်တွင် အဓိကအားဖြင့် ဦးစီးဦးရွက်ပြုသော အမှုသည် အပြည့်အဝ ပြီးဆုံးခဲ့ပေသည်၊ ဆိုလိုသည်မှာ ဤနည်းဖြင့်သာ ယေဟောဝါ၏ ကမ္ဘာလောကကို ဖန်ဆင်းခြင်း အမှုသည် အပြည့်အဝ အပြီးသတ်ခဲ့ပေသည်။ သို့ဖြစ်ရာ လူသားမျိုးနွယ်သည် ကမ္ဘာမြေပေါ်တွင် သူ၏အမိန့်များနှင့် ပညတ်တရားများကို လိုက်နာနိုင်ပြီး၊ ပုံမှန်လူသား ဘဝနေထိုင်မှုပုံစံ၏ လှုပ်ရှားမှုများအားလုံးတွင် ပါဝင်နိုင်ဖို့အလို့ငှာ၊ လူသားမျိုးနွယ်ကို ဖန်ဆင်းပြီးလျက်ဖြင့်၊ သူသည် ကမ္ဘာမြေပေါ်တွင် လူသားမျိုးနွယ်၏ ဘဝနေထိုင်မှုပုံစံကို နှစ်ထောင်ပေါင်းအချို့ကြာ လမ်းပြခဲ့ရပေသည်။ ထိုအခါမှသာ ယေဟောဝါ၏ အမှုသည် အပြည့်အဝ ပြီးစီးခဲ့ပေသည်။ သူသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းနောက်တွင် ဤအမှုကို ဆောင်ရွက်ခဲ့ပြီး ယာကုပ်၏ ခေတ်အထိ ယင်းကို ဆက်လက်လုပ်ဆောင်ခဲ့သည်၊ ထိုအချိန်တွင် သူသည် ယာကုပ်၏သား တစ်ဆယ့်နှစ်ယောက်ကို ဣသရေလမျိုးနွယ်စု တစ်ဆယ့်နှစ်ခုအဖြစ် ဖန်တီးခဲ့သည်။ ထိုအချိန်မှစ၍ ဣသရေလလူမျိုးအားလုံးတို့သည် ကမ္ဘာမြေပေါ်တွင် သူ တရားဝင်ဦးဆောင်လမ်းပြခဲ့သည့် လူသားမျိုးနွယ်စု ဖြစ်လာပြီး၊ ဣသရေလသည် သူ၏အမှုများကို သူလုပ်ဆောင်ခဲ့သည့် ကမ္ဘာမြေပေါ်က အထူးနေရာ ဖြစ်လာခဲ့သည်။ ကမ္ဘာမြေကြီးပေါ်တွင် သူမှ မွေးဖွားလာသော လူအားလုံးက သူကို မည်သို့ရိုသေလေးမြတ်ရမည်ဆိုသည်နှင့် ကမ္ဘာမြေကြီးပေါ်တွင် မည်သို့နေထိုင်ရမည်ကို သိရှိကြဖို့အလို့ငှာ၊ ယေဟောဝါသည် ဤလူများကို ကမ္ဘာပေါ်က သူ၏အမှုအား တရားဝင် လုပ်ဆောင်ခဲ့သည့် ပထမဆုံး လူစုဖြစ်စေခဲ့ပြီး၊ ၎င်းတို့ကို သာ၍ပင် ကြီးမားသော အမှု၏ အစအဖြစ် အသုံးပြုရင်း၊ ဣသရေလနယ်မြေ တစ်ခုလုံးကို သူ့အမှု၏ အစပြုရာအမှတ် ဖြစ်စေခဲ့သည်။ ထို့ကြောင့် ဣသရေလလူတို့၏ လုပ်ဆောင်ချက်များသည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများမှ လူများက လိုက်လျှောက်ရသော ပုံသက်သေဖြစ်လာခဲ့ပြီး၊ ဣသရေလလူများအကြား ပြောဆိုခဲ့သည့်အရာသည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများမှ လူများက နားထောင်ရသော စကားများ ဖြစ်လာခဲ့သည်။ ၎င်းတို့သည် ယေဟောဝါ၏ ပညတ်တရားများနှင့် ပညတ်ချက်များကို ပထမဆုံး ရရှိသူများဖြစ်သည့်အတွက်၊ ၎င်းတို့သည် ယေဟောဝါ၏ လမ်းခရီးများကို မည်သို့ရိုသေလေးမြတ်ရမည်ကို ပထမဆုံး သိရှိကြသူများလည်း ဖြစ်ခဲ့သည်။ ၎င်းတို့သည် ယေဟောဝါ၏ လမ်းခရီးများကို သိခဲ့ကြသည့် လူသားမျိုးနွယ်၏ ဘိုးဘေးဘီဘင်များ ဖြစ်ခဲ့ရုံသာမက၊ ယေဟောဝါက ရွေးချယ်ခဲ့သော လူသားမျိုးနွယ်၏ ကိုယ်စားပြုသူများလည်း ဖြစ်သည်။ ကျေးဇူးတော်ခေတ် ရောက်ရှိခဲ့ချိန်တွင်၊ ယေဟောဝါသည် လူကို ဤနည်းဖြင့် လမ်းမပြတော့ပေ။ လူသည် အပြစ်ပြုခဲ့ကြပြီးဖြစ်ကာ မိမိကိုယ်ကိုယ် အပြစ်သို့ စွန့်ပစ်ထားခဲ့ပြီး ဖြစ်သောကြောင့်၊ သူသည်

လူကို အပြစ်မှ ကယ်ဆယ်ရန် စတင်ခဲ့သည်။ ဤနည်းဖြင့် လူသည် အပြစ်မှ လုံးလုံးလျားလျား ကယ်တင်ခံရပြီးသည်အထိ သူသည် လူကို အပြစ်တင်ခဲ့သည်။ နောက်ဆုံးသောကာလတွင်၊ လူသည် ထိုသို့သော ဆိုးယုတ်ခြင်း အတိုင်းအတာတစ်ခုအထိ နစ်မြုပ်ပြီးဖြစ်သည်မှာ ဤအဆင့်၏ အမှုကို တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း မှတစ်ဆင့်သာ ဆောင်ရွက်နိုင်လေသည်။ ဤနည်းဖြင့်သာ အမှုကို ပြီးမြောက်နိုင်သည်။ ဤသည်မှာ ခေတ်အချို့၏ အမှုဖြစ်ပြီး ဖြစ်သည်။ တစ်နည်းအားဖြင့် ဘုရားသခင်သည် ခေတ်တစ်ခေတ်မှ တစ်ခေတ်ကို ခွဲခြားရန်နှင့် ယင်းတို့အကြား အပြောင်းအလဲ ပြုလုပ်ရန် သူ၏ နာမ၊ သူ၏အမှုနှင့် ဘုရားသခင်၏ ပုံသဏ္ဌာန် အမျိုးမျိုးတို့ကို အသုံးပြုသည်။ ဘုရားသခင်၏ နာမနှင့် သူ၏ အမှုသည် သူ၏ ခေတ်ကို ကိုယ်စားပြုပြီး၊ ခေတ်တိုင်းတွင် သူ၏ အမှုကို ကိုယ်စားပြုသည်။ ခေတ်တိုင်းတွင် ဘုရားသခင်၏ အမှုသည် အမြဲတူညီပြီး၊ သူ့ကို နာမတစ်ခုအားဖြင့် အမြဲ ခေါ်သည်ဆိုပါစို့၊ လူသည် သူ့ကို မည်သို့ သိရှိမည်နည်း။ ဘုရားသခင်ကို ယေဟောဝါဟု ခေါ်ရမည်ဖြစ်ပြီး၊ ယေဟောဝါဟုခေါ်သော ဘုရားမှလွဲ၍ အခြားနာမဖြင့်ခေါ်ဆိုသော မည်သူမဆိုသည် ဘုရား မဟုတ်ပေ။ သို့မဟုတ်ပါက ဘုရားသခင်သည် ယေရှုသာ ဖြစ်နိုင်ပြီး၊ ယေရှု နာမမှလွဲ၍ သူ့ကို အခြားမည်သည့် နာမနှင့်မျှ ခေါ်၍ရနိုင်မည် မဟုတ်ပေ။ ယေရှုမှလွဲ၍ ယေဟောဝါသည် ဘုရားမဟုတ်သကဲ့သို့၊ အနန္တတန်ခိုးရှင် ဘုရားသခင်သည်လည်း ဘုရားမဟုတ်ပေ။ လူက ဘုရားသခင်သည် အနန္တတန်ခိုးရှိသည်မှာ မှန်သော်လည်း၊ ဘုရားသခင်သည် လူနှင့်အတူရှိသော ဘုရားသခင်ဖြစ်ပြီး၊ ဘုရားသခင်သည် လူနှင့်အတူ ရှိသည့်အတွက် သူ့ကို ယေရှုဟု ခေါ်ရမည်ဟု ယုံကြည်လေသည်။ ဤသို့ ယုံကြည်ခြင်းသည် အယူဝါဒများကို လိုက်လျှောက်ခြင်းဖြစ်ပြီး ဘုရားသခင်ကို နယ်ပယ်တစ်ခုခုသို့ ဘောင်ခတ်ထားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ခေတ်တိုင်းတွင် ဘုရားသခင်လုပ်ဆောင်သော အမှု၊ သူ့ကို ခေါ်သော နာမနှင့် သူ ခံယူသော အဆင်းသဏ္ဌာန်- ယနေ့အထိ တစ်လျှောက်လုံး အဆင့်တိုင်းတွင် သူလုပ်ဆောင်သောအမှု- ဤအရာများသည် တစ်ခုတည်းသော စည်းမျဉ်းကို မလိုက်နာသကဲ့သို့၊ မည်သည့်ကန့်သတ်ချက်များနှင့်မျှ ကန့်သတ်မခံရပေ။ သူသည် ယေဟောဝါဖြစ်သည်၊ သို့သော် သူသည် ယေရှုလည်း ဖြစ်သည့်အပြင်၊ မေရှိယနှင့် အနန္တတန်ခိုးရှင် ဘုရားသခင်လည်း ဖြစ်သည်။ သူ၏အမှုသည် သူ၏ နာမ၌ လိုက်လျောညီထွေသော အပြောင်းအလဲများ နှင့်အတူ ဖြည်းညင်းသော အသွင်ပြောင်းလဲမှုကို ကြုံရနိုင်သည်။ မည်သည့်နာမ တစ်ခုတည်းကမျှ သူ့ကို အပြည့်အဝ ကိုယ်စားမပြုနိုင်သော်လည်း၊ သူ့ကိုခေါ်ဆိုသော ဤနာမ အားလုံးသည် သူ့ကိုကိုယ်စားပြုနိုင်ပြီး ခေတ်တိုင်းတွင် သူလုပ်ဆောင်သော အမှုသည် သူ၏စိတ်သဘောထားကို ကိုယ်စားပြုသည်။

နောက်ဆုံးသော ကာလ ရောက်ရှိချိန်တွင်၊ သင် ရှုမြင်သော ဘုရားသခင်သည် ယေရှုဖြစ်နေဆဲဖြစ်သည့်အပြင် သူသည် ဖြူသော မိုးတိမ်တစ်ခုကို စီးလာပြီး ယေရှု၏ သွင်ပြင် ရှိနေဆဲဖြစ်ကာ၊ သူပြောသော စကားများသည် ယေရှု၏ နှုတ်ကပတ်တော်များ ဖြစ်သည့်၊ "သင်တို့သည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်သင့်သည်၊ သင်တို့သည် အစာရှောင်ပြီး ဆုတောင်းသင့်သည်၊ ကိုယ်၏ အသက်ကို ချစ်ခင်မြတ်နိုးသကဲ့သို့ သင်တို့၏ရန်သူများကို ချစ်လော့၊ အခြားသူများကို သည်းခံလော့၊ ပြီးလျှင် စိတ်ရှည်ကာ နှိမ့်ချခြင်းရှိကြလော့။ သင်တို့သည် ငါ၏တပည့်တော်များ ဖြစ်မလာနိုင်မီ ဤအရာအားလုံးကို လုပ်ဆောင်ရမည်။ ဤအရာ အားလုံးကို လုပ်ဆောင်ခြင်းအားဖြင့်၊ သင်သည် ငါ၏နိုင်ငံတော်ထဲသို့ ဝင်ရောက်နိုင်မည်။" ဟူသည့် နှုတ်ကပတ်တော်များ ဖြစ်နေဆဲ ဆိုကြပါစို့။ ဤသည်မှာ ကျေးဇူးတော်ခေတ်၏ အမှုနှင့် သက်ဆိုင်မည် မဟုတ်လော။ သူပြောသောအရာသည် ကျေးဇူးတော်ခေတ်၏ လမ်းခရီး ဖြစ်မည် မဟုတ်လော။ သင်တို့သည် ဤနှုတ်ကပတ်တော်များကို ကြားခဲ့ရမည်ဆိုပါက၊ အဘယ်သို့ ခံစားရမည်နည်း။ ဤသည်မှာ ယေရှု၏ အမှုဖြစ်နေဆဲဟု ခံစားရမည် မဟုတ်လော။ ဤသည်မှာ ယင်းကို ထပ်လုပ်ခြင်း ဖြစ်မည် မဟုတ်လော။ လူသည် ဤအရာ၌ မွေ့လျော်မှု ရှာတွေ့နိုင်မည်လော။ ဘုရားသခင်၏ အမှုသည် ယခုကဲ့သို့သာ ဆက်လက်ရှိနေပြီး နောက်ထပ် မတိုးတက်တော့ဟု သင်တို့ ခံစားရပေမည်။ သူသည် တန်ခိုးများစွာသာ ရှိပြီး၊ လုပ်ဆောင်ဖို့ အသစ်သောအမှု နောက်ထပ်မရှိသကဲ့သို့၊ သူသည် သူ၏ တန်ခိုးကို အတတ်နိုင်ဆုံး အစွမ်းကုန် လုပ်ဆောင်ပြီးဖြစ်သည်။ ယခုမတိုင်မီ နှစ်ပေါင်း နှစ်ထောင်သည် ကျေးဇူးတော်ခေတ်ဖြစ်ခဲ့ပြီး၊ နှစ်ပေါင်း နှစ်ထောင်ကြာပြီးနောက်တွင် သူသည် ကျေးဇူးတော်ခေတ်၏ လမ်းခရီးကို ဟောကြားနေဆဲဖြစ်ပြီး လူများကို နောင်တရစေနေဆဲ ဖြစ်သည်။ လူများက၊ "ဘုရားသခင်၊ ကိုယ်တော့်သည် များလှစွာသော တန်ခိုးသာ ရှိပါ၏။ ကိုယ်တော်သည် အလွန် အမြော်အမြင်ရှိမည်ကို ကျွန်ုပ်ယုံကြည်ခဲ့သော်လည်း၊ ကိုယ်တော်သည် သည်းခံခြင်းကိုသာ သိပြီး စိတ်ရှည်ခြင်းကိုသာ စိတ်ဝင်စားသည်၊ ပြီးလျှင် ကိုယ်တော်သည် မိမိ၏ ရန်သူကို မည်သို့ ချစ်ရမည်ကိုသာ သိသည်၊ ထို့ထက် ဘာမျှမပို။" ဟု ပြောကြပေမည်။ လူ၏ စိတ်ထဲတွင်၊ ဘုရားသခင်သည် အစဉ်အမြဲ ကျေးဇူးတော်ခေတ်ထဲက သူ ဖြစ်ခဲ့သည့်အတိုင်း ဖြစ်ပေမည်၊ ပြီးလျှင် ဘုရားသခင်သည် ချစ်ခင်တတ်ပြီး သနားကရုဏာနှင့် ပြည့်စုံသည်ဟု လူက အစဉ်အမြဲ ယုံကြည်ပေမည်။ ဘုရားသခင်၏ အမှုသည် အစဉ်အမြဲ ဓာတ်ပြားဟောင်းကြီးသာ ပြန်ဖွင့်မည်ဟု သင်ထင်ပါသလော။ သို့ဖြစ်လျှင် သူ၏ အမှု ဤအဆင့်တွင် သူသည် ကားစင်တင်ခံရမည်မဟုတ်သကဲ့သို့၊ သင်တို့ မြင်သမျှနှင့် ထိတွေ့သမျှ အရာရာတိုင်းသည်

သင်တို့ စိတ်ကူးပြီးသည့် သို့မဟုတ် ကြားဖူးသည့် မည်သည့်အရာနှင့်မျှ တူမည် မဟုတ်ပေ။ ယနေ့တွင် ဘုရားသခင်သည် ဖာရိရှဲများနှင့် ပတ်သက်ခြင်းမရှိသကဲ့သို့၊ ကမ္ဘာလောကကိုလည်း သိခွင့်မပေးပေ၊ ပြီးလျှင် သူသည် တစ်ဖန် ကားစင်တင်ခံရလိမ့်မည် မဟုတ်သည့်အတွက် သူ့ကိုသိသောသူများမှာ သူ့နောက်သို့ လိုက်သော သင်တို့သာဖြစ်သည်။ ကျေးဇူးတော်ခေတ်အတွင်းတွင်၊ ယေရှုသည် သူ၏ ဧဝံဂေလိ အလုပ်အတွက် တိုင်းပြည်တစ်လျှောက်လုံး ပွင့်လင်းစွာ တရားဟောကြားခဲ့သည်။ ကိုယ်တော်သည် ကားစင်တင်ခံရခြင်း အမှုအတွက် ဖာရိရှဲများနှင့် ပတ်သက်ခဲ့သည်။ အကယ်၍ သူသည် ဖာရိရှဲများနှင့် မပတ်သက်ခဲ့ဘဲ၊ အာဏာရှိသော သူများက သူ့ကို မည်သည့်အခါကမျှ မသိရှိခဲ့ပါက၊ သူသည် မည်သို့ စီရင်ခံရပြီးနောက် သစ္စာဖောက်ခံရကာ ကားတိုင်တွင် သံမှိုရိုက်နှက်ခံရနိုင်မည်နည်း။ သို့ဖြစ်ရာ သူသည် ကားစင်တင်ခံရခြင်း အမှုအတွက် ဖာရိရှဲများနှင့် ပတ်သက်ခဲ့သည်။ ယနေ့တွင် ဖြားယောင်း သွေးဆောင်ခြင်းကို ရှောင်ရှားရန်အလို့ငှာ သူသည် သူ၏ အမှုကို တိတ်တဆိတ် လုပ်ဆောင်လေသည်။ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း နှစ်ကြိမ်တွင်၊ အမှုနှင့် အရေးပါမှုမှာ ကွာခြားပြီး အပြင်အဆင်သည်လည်း ခြားနားသည်၊ ထို့ကြောင့် သူလုပ်ဆောင်သည့် အမှုသည် မည်သို့ လုံးဝ တူညီနိုင်မည်နည်း။

"ကျွန်ုပ်တို့နှင့် အတူရှိသော ဘုရားသခင်" ဟူသည့် ယေရှု၏နာမသည် ဘုရားသခင်၏ စိတ်သဘောထားကို အလုံးစုံဖြင့် ကိုယ်စားပြုနိုင်မည်လော။ ယင်းသည် ဘုရားသခင်ကို ရှင်းလင်းစွာ ထုတ်ဖော်ပြနိုင်သလော။ ဘုရားသခင်သည် သူ၏ စိတ်သဘောထားကို ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့်၊ ဘုရားသခင်ကို ယေရှုဟုသာ ခေါ်ဆိုနိုင်ပြီး၊ အခြားနာမ မရှိနိုင်ဟု လူကဆိုပါက၊ ဤစကားလုံးများသည် ဧကန်အမှန် ပြစ်မှားစော်ကားခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့နှင့် အတူရှိသော ဘုရားသခင်ဟူသည့် ယေရှု နာမတစ်ခုတည်းသာ သူ၏အလုံးစုံဖြင့် ဘုရားသခင်ကို ကိုယ်စားပြုနိုင်သည်ဟု သင်ယုံကြည်ပါသလော။ ဘုရားသခင်ကို နာမ အများအပြားဖြင့် ခေါ်ဆို၍ ရကောင်းရနိုင်သော်လည်း၊ ဤနာမများအကြားတွင် ဘုရားသခင်၏ အရာအားလုံးကို အတိုဆုံးနှင့် အရှင်းဆုံး ဖော်ပြပေးနိုင်သော နာမတစ်ခုမျှမရှိ၊ ဘုရားသခင်ကို အပြည့်အဝ ကိုယ်စားပြုနိုင်သောနာမ တစ်ခုမျှ မရှိပေ။ ထို့ကြောင့် ဘုရားသခင်သည် နာမ အများအပြား ရှိသော်လည်း၊ ဘုရားသခင်၏ စိတ်သဘောထားက ကြွယ်ဝလွန်းသည်မှာ လူသား၏ သူ့ကို သိရှိနိုင်စွမ်းအား တကယ်ကို ကျော်လွန်သည့်အတွက် ဤနာမ အများအပြားသည် ဘုရားသခင်၏ စိတ်သဘောထားကို အပြည့်အဝ ရှင်းလင်းစွာ မဖော်ပြနိုင်ပေ။ လူသားသည် လူသားမျိုးနွယ်၏ ဘာသာစကားကို အသုံးပြုလျက်၊ ဘုရားသခင်ကို အပြည့်အဝ အတိုဆုံးနှင့် အရှင်းဆုံး

ဖော်ပြရန် မဖြစ်နိုင်ပေ။ လူသားမျိုးနွယ်ထံတွင် ဘုရားသခင်၏ စိတ်သဘောထား နှင့်ပတ်သက်၍ ၎င်းတို့သိသမျှအားလုံးကို အတိုဆုံးနှင့် အရှင်းဆုံး ဖော်ပြရန် အကန့်အသတ်ရှိသော ဝေါဟာရသာ ရှိသည်- ကြီးမြတ်သော၊ ဂုဏ်ရှိသော၊ အံ့သြဖွယ်ဖြစ်သော၊ ဉာဏ်မမီနိုင်သော၊ အထွတ်အထိပ်ဖြစ်သော၊ သန့်ရှင်းသော၊ ဖြောင့်မတ်သော၊ ဉာဏ်ပညာရှိသော စသဖြင့် ဖြစ်သည်။ စကားလုံးများ များလှပေစွ။ ဤအကန့်အသတ်ရှိသော ဝေါဟာရသည် လူက မျက်မြင်တွေ့ပြီး ဖြစ်သော ဘုရားသခင်၏ စိတ်သဘောထား အနည်းငယ်ကို ဖော်ပြနိုင်စွမ်း မရှိချေ။ အချိန်ကြာလာသည်နှင့်အမျှ အခြားသူများစွာက ၎င်းတို့၏ စိတ်နှလုံးများထဲက စိတ်အားထက်သန်မှုကို သာ၍ ကောင်းစွာ ဖော်ပြနိုင်သည်ဟု တွေးထင်ခဲ့ကြသည့် စကားလုံးများကို ဖြည့်စွက်ခဲ့ကြသည်။ ဘုရားသခင် ကြီးမြတ်လွန်းလှပေစွ။ ဘုရားသခင် သန့်ရှင်းလွန်းလှပေစွ။ ဘုရားသခင်သည် အလွန် ချစ်မြတ်နိုးဖွယ်ဖြစ်ပေစွတကား။ ယနေ့တွင် ဤသို့သော လူသား ပြောဆိုမှုများသည် ၎င်းတို့၏ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး ဖြစ်သော်လည်း၊ လူသည် မိမိတို့ကိုယ်ကိုယ် ဖော်ပြနိုင်စွမ်း မရှိသေးပေ။ သို့ဖြစ်ရာ လူအတွက် ဘုရားသခင်သည် နာမ အများအပြား ရှိသော်လည်း၊ ဘုရားသခင်သည် အမည်တစ်ခုမျှ မရှိပေ၊ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ ဖြစ်တည်မှုသည် အလွန် အလျှံပယ်ဖြစ်ပြီး၊ လူသား၏ ဘာသာစကားသည် ချွတ်ခြုံကျလွန်းသောကြောင့် ဖြစ်သည်။ သီးခြား စကားတစ်လုံး၊ သို့မဟုတ် နာမတစ်ခုသည် ဘုရားသခင်ကို သူ၏ အလုံးစုံဖြင့် ကိုယ်စားပြုဖို့ စွမ်းရည် မရှိပေ၊ ထို့ကြောင့် သူ၏နာမကို ပုံသေထား၍ ရနိုင်မည်ဟု သင်ထင်ပါသလော။ ဘုရားသခင်သည် အလွန်ကြီးမြတ်ပြီး အလွန် သန့်ရှင်းလွန်းသော်လည်း၊ သင်သည် ခေတ်သစ်အသီးသီးတွင် သူ၏နာမကို ပြောင်းလဲရန် ခွင့်မပြုဘဲနေမည်လော။ သို့ဖြစ်ရာ ဘုရားသခင်သည် သူ၏ကိုယ်ပိုင်အမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်သော ခေတ်တိုင်းတွင် သူသည် သူလုပ်ဆောင်ရန် ရည်ရွယ်သော အမှုကို အတိုဆုံးနှင့် အရှင်းဆုံး ဖော်ပြရန်အလို့ငှာ ထိုခေတ်နှင့် သင့်တော်သော နာမကို အသုံးပြုပေသည်။ ထိုခေတ်ထဲက သူ၏ စိတ်သဘောထားကို ကိုယ်စားပြုရန် သူသည် ယာယီ အရေးပါမှုကို ပိုင်ဆိုင်သော နာမတစ်ခုဖြစ်သည့် သီးသန့် နာမကို အသုံးပြုသည်။ ဤသည်မှာ ဘုရားသခင်က သူ၏ ကိုယ်ပိုင်စိတ်သဘောထားကို ဖော်ပြရန် လူသားမျိုးနွယ်၏ ဘာသာစကားကို အသုံးပြုခြင်းဖြစ်သည်။ သို့သော်ငြားလည်း ဝိညာဉ်ရေးရာ အတွေ့အကြုံများရှိပြီး ဘုရားသခင်ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ဖူးသော လူများစွာသည် ဤသီးသန့်နာမတစ်ခုသည် ဘုရားသခင်ကို သူ၏အလုံးစုံဖြင့် ကိုယ်စားပြုနိုင်စွမ်းရှိသည်ဟု ခံစားကြရသည်- အလိုလေး၊ ဤသည်မှာ ကူကယ်ရာမဲ့ပါသည်တကား- ထို့ကြောင့် လူသည်

ဘုရားသခင်ကို မည်သည့် နာမဖြင့်မျှ ခေါ်ဆိုခြင်းမပြုတော့ဘဲ၊ သူ့ကို “ဘုရားသခင်” ဟုသာ ခေါ်ကြလေသည်။ ယင်းမှာ လူသည် ဘုရားသခင်ကို မည်သို့ရှင်းပြရမည်ကို မသိသည့်အတွက်၊ လူ၏ စိတ်နှလုံးသည် ချစ်ခြင်းမေတ္တာဖြင့် ပြည့်နေသည့်တိုင် ကွဲလွဲခြားနားခြင်းများနှင့်လည်း ဝန်းရံခံနေရသည့်အလား ဖြစ်သည်။ ဘုရားသခင်၏ဖြစ်ခြင်းသည် အလွန်အလျှံပယ်ဖြစ်သည်မှာ ယင်းကို ဖော်ပြနိုင်သည့်နည်းလမ်း အကယ်ကို မရှိပေ။ ဘုရားသခင်၏ စိတ်သဘောထားကို အကျဉ်းချုပ်နိုင်သည့် တစ်ခုတည်းသော နာမ မရှိသကဲ့သို့၊ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို ဖော်ပြနိုင်သည့် တစ်ခုတည်းသော နာမ မရှိပေ။ အကယ်၍ တစ်စုံတစ်ယောက်က၊ “အတိအကျအားဖြင့် ကိုယ်တော်သည် မည်သည့်နာမတော်ကို သုံးသနည်း။” ဟု ငါ့ကို မေးပါက၊ “ဘုရားသခင်သည် ဘုရားသခင်ပင် ဖြစ်သည်။” ဟု ၎င်းတို့ကို ငါပြောမည်။ ယင်းသည် ဘုရားသခင်အတွက် အကောင်းဆုံး နာမ ဖြစ်သည် မဟုတ်လော။ ယင်းသည် ဘုရားသခင်၏ စိတ်သဘောထားကို အကောင်းဆုံး အချုပ်အားဖြင့် ဖော်ပြနိုင်ခြင်း မဟုတ်လော။ ဤသို့ဖြစ်၍ သင်တို့သည် အဘယ်ကြောင့် ဘုရားသခင်၏ နာမကို ရှာဖွေရန် လုံ့လများစွာ စိုက်ထုတ်နေကြသနည်း။ နာမတစ်ခုအတွက်၊ အစာမစား အိပ်လည်းမအိပ်ဘဲ၊ အဘယ်ကြောင့် ဦးနှောက်ခြောက်အောင် စဉ်းစားသင့်သနည်း။ ဘုရားသခင်ကို ယေဟောဝါ၊ ယေရှု၊ သို့မဟုတ် မေရှိယဟု မခေါ်သည့်နေ့ရက်သည် ရောက်လာလိမ့်မည်- သူသည် ဖန်ဆင်းရှင်သက်သက် ဖြစ်လိမ့်မည်။ ထိုအချိန်တွင်၊ ကမ္ဘာမြေကြီးပေါ် ရှိ သူ၏အမှုသည် အဆုံးသတ်သို့ ရောက်ရှိလာပြီး ဖြစ်ကာ၊ ယင်းနောက်တွင် သူ၏နာမများလည်း ရှိတော့မည် မဟုတ်သည့်အတွက်၊ ကမ္ဘာမြေကြီးပေါ်တွင် သူရယူခဲ့သည့် နာမများ အားလုံးသည် အဆုံးသတ်သို့ ရောက်ပေလိမ့်မည်။ ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက်သို့ အရာခပ်သိမ်း ရောက်လာချိန်တွင်၊ အလွန်သင့်လျော်သော်လည်း မပြည့်စုံသည့် နာမတစ်ခုကို သူသည် အဘယ်သို့ လိုအပ်သေးသနည်း။ သင်သည် ယခု ဘုရားသခင်၏ နာမကို ရှာဖွေနေဆဲလော။ ဘုရားသခင်ကို ယေဟောဝါဟုသာ ခေါ် နိုင်သည်ဟု သင်ပြောဝံ့ဆဲဖြစ်သလော။ ဘုရားသခင်ကို ယေရှုဟုသာ ခေါ် နိုင်သည်ဟု သင်ပြောဝံ့ဆဲလော။ ဘုရားသခင်ကို ပြစ်မှားစော်ကားခြင်း အပြစ်ကို သင်ခံနိုင်သလော။ ဘုရားသခင်သည် မူလအစက နာမ မရှိခဲ့သည်ကို သင်သိသင့်သည်။ သူသည် လုပ်ဆောင်ရမည့် အမှုရှိခဲ့ပြီး လူသားမျိုးနွယ်ကို စီမံခန့်ခွဲရမည်ဖြစ်သောကြောင့်၊ သူသည် နာမ တစ်ခု၊ သို့မဟုတ် နှစ်ခု၊ သို့မဟုတ် နာမများစွာကို ယူခဲ့ရခြင်းသာ ဖြစ်သည်။ သူ့ကို မည်သည့်နာမဖြင့် ခေါ်သည်ဖြစ်စေ- ယင်းကို သူကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်ခဲ့ခြင်း မဟုတ်လော။ ယင်းကို ဆုံးဖြတ်ပေးရန် သူသည်- သူ၏ဖန်ဆင်းခြင်းထဲမှ တစ်ဦးဖြစ်သည့်- သင့်ကို လိုအပ်သလော။ ဘုရားသခင်

အခေါ် ခံရသည့် နာမသည် လူသားမျိုးနွယ်၏ ဘာသာစကားဖြင့် လူက နားလည်နိုင်စွမ်း ရှိသည့်အရာနှင့် ကိုက်ညီသည့် နာမဖြစ်သော်လည်း၊ ဤနာမသည် လူက ခြုံငုံမိနိုင်သည့် အရာတစ်ခု မဟုတ်ပေ။ ကောင်းကင်ဘုံတွင် ဘုရားတစ်ပါးရှိသည်၊ သူ့ကို ဘုရားသခင်ဟုခေါ်သည်၊ သူသည် အလွန်အမြော်အမြင်ရှိသည့်၊ အလွန်ချီးမြှောက်ခြင်းခံရသည့်၊ အလွန်အံ့သြဖွယ်ကောင်းသည့်၊ အလွန်နက်နဲပြီး အနန္တတန်ခိုးနှင့် အလွန်ပြည့်စုံသည့် ကြီးမြတ်သော တန်းခိုးရှိသည့် ဘုရားသခင် ကိုယ်တိုင်ဖြစ်သည်ဟုသာ သင်ပြောနိုင်ပြီးနောက်၊ နောက်ထပ်ပို၍ သင်ဘာမျှမပြောနိုင်ပေ။ ဤနည်းနည်းလေးမှာ သင်သိနိုင်သမျှအကုန် ဖြစ်သည်။ ဤသို့ဖြစ်သဖြင့် ယေရှုဟူသည့် နာမမျှက ဘုရားသခင်ကိုယ်တိုင်ကို ကိုယ်စားပြုနိုင်ပါသလော။ နောက်ဆုံးသောကာလ ရောက်ရှိလာချိန်တွင်၊ အမှုပြုသူမှာ ဘုရားသခင် ဖြစ်နေဆဲဖြစ်သော်လည်း၊ ယင်းသည် မတူညီသည့် ခေတ်တစ်ခု ဖြစ်သည့်အတွက်၊ သူ၏နာမ ပြောင်းလဲရပေသည်။

ဘုရားသခင်သည် စကြဝဠာတစ်ခွင်လုံးနှင့် အထက်လောကတွင် အကြီးမြတ်ဆုံးဖြစ်ရာ၊ သူသည် သူ၏ လူ့ဇာတိ ပုံသဏ္ဌာန်ကို အသုံးပြုပြီး မိမိကိုယ်ကိုယ် အပြည့်အဝ ရှင်းပြနိုင်မည်လော။ ဘုရားသခင်သည် သူ၏ အမှု အဆင့်တစ်ခုကို လုပ်ဆောင်ရန် ဤလူ့ဇာတိဖြင့် မိမိကိုယ်ကိုယ် ယူတင်ဝတ်ဆင်လေသည်။ ဤလူ့ဇာတိ ပုံသဏ္ဌာန်တွင် အထူး အရေးပါမှုမရှိပေ၊ ခေတ်များ ကုန်လွန်ခြင်းနှင့် မည်သည့် ဆက်နွယ်မှုမျှ မရှိသကဲ့သို့ ဘုရားသခင်၏ စိတ်သဘောထားနှင့်လည်း မည်သို့မျှ မသက်ဆိုင်ပေ။ ယေရှုသည် သူ၏ပုံသဏ္ဌာန်ကို ကျန်ရှိနေစေဖို့ အဘယ်ကြောင့် ခွင့်မပြုခဲ့သနည်း။ သူသည် နောက်မျိုးဆက်များထံ လက်ဆင့်ကမ်းနိုင်ဖို့အလို့ငှာ လူသားအား သူ၏ပုံသဏ္ဌာန်ကို အဘယ်ကြောင့် ခြယ်မှုန်းခွင့် မပေးခဲ့သနည်း။ သူ၏ ပုံသဏ္ဌာန်က ဘုရားသခင်၏ ပုံသဏ္ဌာန်ဖြစ်သည်ကို လူတို့ အသိအမှတ်ပြုရန် အဘယ်ကြောင့် သူ ခွင့်မပြုခဲ့သနည်း။ လူသား၏ ပုံသဏ္ဌာန်ကို ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းခဲ့သော်လည်း၊ လူသား၏ သွင်ပြင်သည် မြင့်မြတ်သည့် ဘုရားသခင်၏ ပုံသဏ္ဌာန်ကို ကိုယ်စားပြုရန် ဖြစ်နိုင်ပါမည်လော။ ဘုရားသခင် လူ့ဇာတိခံလာချိန်တွင်၊ သူသည် ကောင်းကင်ဘုံမှနေ၍ သီးသန့် လူ့ဇာတိတစ်ခုထဲသို့ ကြွဆင်းရုံ မျှသာဖြစ်သည်။ လူ့ဇာတိထဲသို့ ကြွဆင်းသည်မှာ သူ၏ဝိညာဉ်တော် ဖြစ်ပြီး ယင်းမှတစ်ဆင့် သူသည် ဝိညာဉ်တော်၏ အလုပ်ကို လုပ်ဆောင် သည်။ လူ့ဇာတိတွင် ဖော်ပြသည်မှာ ဝိညာဉ်တော်ဖြစ်ပြီး လူ့ဇာတိဖြင့် သူ၏အမှုကို လုပ်ဆောင်သည်မှာ ဝိညာဉ်တော်ဖြစ်သည်။ လူ့ဇာတိ၌ လုပ်ဆောင်သည့် အမှုသည် ဝိညာဉ်တော်ကို အပြည့်အဝ ကိုယ်စားပြုပြီး၊ လူ့ဇာတိသည် အမှုအတွက်ဖြစ်သော်လည်း၊

လူ့ဇာတိ၏ ပုံသဏ္ဌာန်သည် ဘုရားသခင် ကိုယ်တိုင်၏ စစ်မှန်သည့် ပုံသဏ္ဌာန်အတွက် အစားထိုးတစ်ခု ဖြစ်သည်ဟု မဆိုလိုပေ။ ဤသည်မှာ ဘုရားသခင် လူ့ဇာတိခံလာသည့် ရည်ရွယ်ချက် သို့မဟုတ် အရေးပါမှု မဟုတ်ပေ။ လူတို့အနေဖြင့် သူ၏ လုပ်ဆောင်ချက်များကို မြင်နိုင်ဖို့၊ သူ၏ စိတ်သဘောထားကို နားလည်နိုင်ဖို့၊ သူ၏ နှုတ်ကပတ်တော်များကို ကြားရဖို့နှင့် သူ့အမှု၏ အံ့ဖွယ်ဖြစ်ခြင်းကို သိရှိနိုင်ဖို့အလို့ငှာ၊ လူ့ဇာတိ၌ သူ၏ အမှုကို သာ၍ ကောင်းစွာ စွမ်းဆောင်ရရှိဖို့၊ ဝိညာဉ်တော်က သူ၏ အမှုပြုခြင်းနှင့် သင့်တော်သည့် တည်မှီဖို့ နေရာတစ်ခုကို ရှာတွေ့နိုင်ဖို့အလို့ငှာ သူသည် လူ့ဇာတိခံလာခြင်း ဖြစ်ပေသည်။ သူ၏ နာမသည် သူ၏စိတ်သဘောထားကို ကိုယ်စားပြု၏၊ သူ့အမှုသည် သူ၏ ပင်ကိုလက္ခဏာကို ကိုယ်စားပြုသည်၊ သို့ရာတွင် သူ၏ လူ့ဇာတိ၌ ပေါ်ထွန်းခြင်းက သူ၏ပုံသဏ္ဌာန်ကို ကိုယ်စားပြုသည်ဟု သူ တစ်ခါမျှ မပြောခဲ့ပေ။ ယင်းသည် လူသား၏ အယူအဆတစ်ခုမျှသာဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ အရေးပါလှသည့် ကဏ္ဍများမှာ သူ၏နာမ၊ သူ၏အမှု၊ သူ၏စိတ်သဘောထားနှင့် သူ၏လိင်ဖြစ်မှုတို့ ဖြစ်သည်။ ဤအရာများကို ဤခေတ် သူ၏စီမံခန့်ခွဲမှုအား ကိုယ်စားပြုရန် အသုံးပြုလေသည်။ လူ့ဇာတိ၌ သူ၏ ပေါ်ထွန်းခြင်းသည် ထိုအချိန်က သူ၏ အမှုအတွက်မျှသာ ဖြစ်လျက်၊ သူ၏စီမံခန့်ခွဲမှုနှင့် ဆက်နွယ်မှုမရှိပေ။ သို့သော် လူ့ဇာတိခံယူသည့် ဘုရားသခင်အတွက် သီးခြား သွင်ပြင်မရှိရန်မှာ မဖြစ်နိုင်ပေ၊ ထို့ကြောင့် သူ၏သွင်ပြင်ကို သတ်မှတ်ရန် သင့်တော်သည့် မိသားစုကို သူရွေးချယ်သည်။ ဘုရားသခင်၏ သွင်ပြင်သည် အရေးပါမှုကို ကိုယ်စားပြုမှုများ ရှိခဲ့မည်ဆိုပါက၊ သူနှင့် မျက်နှာ အသွင်အပြင်များ တူသည့် လူများသည်လည်း ဘုရားသခင်ကို ကိုယ်စားပြုကြပေမည်။ ယင်းသည် ကမ်းကုန်သည့် အမှားကြီးတစ်ခု ဖြစ်မည်မဟုတ်လော။ ယေရှု၏ ပုံတူပန်းချီသည် လူက သူ့ကို ကိုးကွယ်ရန်အလို့ငှာ ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က၊ သန့်ရှင်းသော ဝိညာဉ်တော်သည် အထူး လမ်းညွှန်မှုများ မပေးခဲ့ပေ၊ ထို့ကြောင့် လူသည် ထိုပုံတူပန်းချီကို ယနေ့တိုင် လက်ဆင့်ကမ်းခဲ့သည်။ အမှန်တွင်၊ ဘုရားသခင်၏ မူလ ရည်ရွယ်ချက်အရ၊ လူသားသည် ဤအရာကို မပြုလုပ်ခဲ့သင့်ပေ။ ယေရှု၏ ပုံတူပန်းချီကို ယနေ့တိုင် ကျန်ရှိနေစေခဲ့သည်မှာ လူသား၏ စိတ်အားထက်သန်မှုသာ ဖြစ်သည်။ ဘုရားသခင်သည် ဝိညာဉ်တော် ဖြစ်ပြီး၊ သူ၏ ပုံသဏ္ဌာန်က နောက်ဆုံးစိစစ်ချက်တွင် မည်သည့်အရာ ဖြစ်သည်ကို လူသားသည် ဘယ်သောအခါမျှ ခြုံငုံမိနိုင်စွမ်းရှိမည် မဟုတ်ပေ။ သူ၏ပုံသဏ္ဌာန်ကို သူ၏စိတ်သဘောထားကသာ ကိုယ်စားပြုနိုင်သည်။ သူ၏နှာခေါင်း၊ သူ၏ပါးစပ်၊ သူ၏မျက်လုံးများ နှင့် သူ၏ဆံပင်တို့နှင့်သက်ဆိုင်သည့် သွင်ပြင်အတွက်မူ၊ ဤအရာများသည်

သင်၏ ခြုံငုံမိနိုင်စွမ်းကို ကျော်လွန်ပေသည်။ ယောဟန်ထံသို့ ဗျာဒိတ် ရောက်ရှိလာချိန်တွင်၊ လူသား၏ ပုံသဏ္ဌာန်ကို သူရှုမြင်ခဲ့ရသည်— ခံတွင်းတော်ထဲမှ ထက်သော သန်လျက်ထွက်၏၊ မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏၊ ခေါင်းတော်နှင့် ဆံပင်တော်သည် သိုးမွေးကဲ့သို့ ဖြူ၏၊ ခြေတော်သည်လည်း မီး၌ချွတ်ပြီးသော ကြေးဝါစစ်နှင့်တူပြီး၊ ရင်ဘတ်၌ ရွှေခါးပန်းကို စည်းလျက်ဖြစ်၏။ ယောဟန်၏ စကားများသည် အလွန့်အလွန် ထင်ရှားသော်လည်း၊ သူဖော်ပြခဲ့သည့် ဘုရားသခင်၏ ပုံသဏ္ဌာန်မှာ ဖန်ဆင်းခံတစ်ဦး၏ ပုံသဏ္ဌာန် မဟုတ်ပေ။ သူမြင်ခဲ့သည်မှာ ရူပါရုံတစ်ခုသာ ဖြစ်ပြီး၊ ရုပ်ဝတ္ထု လောကမှ လူတစ်ဦး၏ ပုံသဏ္ဌာန်မဟုတ်ပေ။ ယောဟန်က ရူပါရုံတစ်ခု မြင်တွေ့ခဲ့ပြီးဖြစ်သော်လည်း၊ ဘုရားသခင်၏ စစ်မှန်သော သွင်ပြင်ကို မျက်မြင်မတွေ့ခဲ့ရသေးပေ။ အဖန်ဆင်းခံတစ်ဦး ပုံသဏ္ဌာန်တစ်ခုဖြစ်လျက်၊ လူ့ဇာတိခံ ဘုရားသခင်၏ ပုံသဏ္ဌာန်မှာ ဘုရားသခင် စိတ်သဘောထားကို အလုံးစုံဖြင့် ကိုယ်စားမပြုနိုင်စွမ်း မရှိပေ။ ယေဟောဝါသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ချိန်တွင်၊ သူ၏ပုံသဏ္ဌာန်နှင့်အညီ လုပ်ဆောင်ခဲ့ပြီး၊ လူယောက်ျားနှင့် လူမိန်းမကို ဖန်ဆင်းခဲ့သည်ဟု သူပြောခဲ့သည်။ ထိုအချိန်က၊ သူသည် လူယောက်ျားနှင့် လူမိန်းမကို ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းခဲ့သည်ဟု ပြောခဲ့သည်။ လူယောက်ျား၏ ပုံသဏ္ဌာန်သည် ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့် ဆင်တူသော်လည်း၊ ဤသည်ကို လူယောက်ျား၏သွင်ပြင်သည် ဘုရားသခင်၏ ပုံသဏ္ဌာန် ဖြစ်သည်ဟု ဆိုသည့်အဓိပ္ပာယ်အဖြစ် ဖန်တီး၍မရပေ။ ဘုရားသခင်သည် မြင့်မြတ်လွန်း၊ ကြီးမြတ်လွန်း၊ အံ့ဖွယ်ကောင်း လွန်းပြီး နားလည်၍မရနိုင်သည့်အတွက် ဘုရားသခင်၏ ပုံသဏ္ဌာန်ကို အပြည့်အဝ စံနမူနာပြုဖို့ လူသားမျိုးနွယ်၏ ဘာသာစကားကို သင် အသုံးမပြုနိုင်ပေ။

ယေရှုသည် သူ၏အမှုကို လုပ်ဆောင်ရန် ကြွလာခဲ့ချိန်တွင်၊ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ညွှန်ကြားမှုအောက်တွင် ဖြစ်ခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော် အလိုရှိသည့်အတိုင်း သူ လုပ်ဆောင်ခဲ့ပြီး၊ ဓမ္မဟောင်း ပညတ်တော်ခေတ်အရ သို့မဟုတ် ယေဟောဝါ၏ အမှုအရ မဟုတ်ခဲ့ပေ။ ယေရှုလာရောက် လုပ်ဆောင်သည့် အမှုသည် ယေဟောဝါ၏ ပညတ်တရားများ သို့မဟုတ် ယေဟောဝါ၏ ပညတ်ချက်များကို လိုက်နာရန် မဟုတ်ခဲ့သော်လည်း၊ ယင်းတို့၏ ရင်းမြစ်မှာ တစ်ခုတည်းဖြစ်ပြီး တူညီပေသည်။ ယေရှု လုပ်ဆောင်ခဲ့သည့် အမှုသည် ယေရှု၏နာမကို ကိုယ်စားပြုခဲ့ပြီး၊ ယင်းသည် ကျေးဇူးတော်ခေတ်ကို ကိုယ်စားပြုခဲ့သည်။ ယေဟောဝါ လုပ်ဆောင်ခဲ့သည့် အမှုအတွက်မူ၊ ယင်းသည် ယေဟောဝါကို ကိုယ်စားပြုခဲ့ပြီး၊ ပညတ်တော်ခေတ်ကို ကိုယ်စားပြုခဲ့သည်။

၎င်းတို့၏အမှုမှာ မတူကွဲပြားသည့် ခေတ်များထဲက ဝိညာဉ်တော်တစ်ဦးတည်း၏ အမှု ဖြစ်ခဲ့သည်။ ယေရှု လုပ်ဆောင်ခဲ့သည့် အမှုသည် ကျေးဇူးတော် ခေတ်ကိုသာ ကိုယ်စားပြုနိုင်ခဲ့ပြီး၊ ယေဟောဝါ လုပ်ဆောင်ခဲ့သည့် အမှုသည် ဓမ္မဟောင်း ပညတ်တော်ခေတ်ကိုသာ ကိုယ်စားပြုနိုင်ခဲ့သည်။ ယေဟောဝါသည် ဣသရေလနှင့် အဲဂုတ္တုမှလူများနှင့် ဣသရေလတိုင်းပြည် အလွန် တိုင်းနိုင်ငံများအားလုံး၏ လူများကိုသာ လမ်းပြခဲ့သည်။ ဓမ္မသစ် ကျေးဇူးတော်ခေတ်ထဲက ယေရှု၏ အမှုသည် သူက ခေတ်ကို လမ်းပြခဲ့သည်နှင့်အမျှ ယေရှု နာမအောက်တွင်ရှိသည့် ဘုရားသခင်၏ အမှုဖြစ်သည်။ ယေရှု၏အမှုက ယေဟောဝါ၏ အမှုကိုအခြေခံခဲ့သည်၊ သူသည် မည်သည့် အမှုသစ်ကိုမျှ စတင်ခဲ့ခြင်းမရှိသကဲ့သို့ သူလုပ်ဆောင်ခဲ့သမျှ အားလုံးသည် ယေဟောဝါ၏ စကားများအတိုင်း၊ ယေဟောဝါ၏ အမှုနှင့် ဟေရှာယ၏ ပရောဖက်ပြုချက်များ အတိုင်းဖြစ်သည်ဟု သင်ပြောပါက၊ ယေရှုသည် လူ့ဇာတိခံယူသည့် ဘုရားသခင် ဖြစ်မည် မဟုတ်ပေ။ ဤနည်းဖြင့် သူ၏အလုပ်ကို သူလုပ်ဆောင်ခဲ့ပါက၊ သူသည် တမန်တော်တစ်ဦး သို့မဟုတ် ပညတ်တော်ခေတ်၏ အမှုတော်ဆောင်တစ်ဦး ဖြစ်ခဲ့ပြီးပေမည်။ ယင်းသည် သင်ပြောသည့်အတိုင်း ဖြစ်ပါက၊ ယေရှုသည် ခေတ်တစ်ခေတ်ကို စတင်ဆောင်ရွက်နိုင်ခဲ့မည် မဟုတ်သကဲ့သို့၊ အခြားမည်သည့် အမှုကိုမျှလည်း လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်ပေ။ ထိုနည်းတူစွာ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏အလုပ်ကို ယေဟောဝါမှတစ်ဆင့် အဓိကအားဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ယေဟောဝါမှတစ်ဆင့် ကလွဲ၍ သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့် အမှုသစ်ကိုမျှ လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်ပေ။ ယေရှု၏ အမှုကို ဤနည်းဖြင့် နားလည်ဖို့ဆိုသည်မှာ လူသားအတွက် မှားယွင်း၏။ ယေရှု လုပ်ဆောင်ခဲ့သည့် အမှုသည် ယေဟောဝါ၏ နှုတ်ကပတ်တော်များနှင့် ဟေရှာယ၏ ပရောဖက်ပြုချက်များအရ လုပ်ဆောင်ခဲ့သည်ဟု လူက ယုံကြည်ပါက၊ ယေရှုသည် လူ့ဇာတိခံ ဘုရားသခင်လော သို့မဟုတ် ပရောဖက်များထဲမှ တစ်ဦး ဖြစ်ခဲ့ပါသလော။ ဤအမြင်အရ၊ ကျေးဇူးတော်ခေတ် ရှိမည် မဟုတ်သကဲ့သို့၊ ယေရှု လုပ်ဆောင်ခဲ့သည့် အမှုသည် ကျေးဇူးတော် ခေတ်ကို ကိုယ်စားမပြုနိုင်ဘဲ၊ ဓမ္မဟောင်း ပညတ်တော်ခေတ်ကိုသာ ကိုယ်စားပြုနိုင်ခဲ့သည့်အတွက် ယေရှုသည်လည်း ဘုရားသခင်၏ လူ့ဇာတိခံခြင်း ဖြစ်မည် မဟုတ်ပေ။ ယေရှုသည် အမှုသစ် လုပ်ဆောင်ရန်၊ ခေတ်သစ်တစ်ခုကို စတင်ရန်၊ ဣသရေလ တိုင်းပြည်တွင် ယခင်က လုပ်ခဲ့သည့်အမှုကို ကျော်လွှားရန်နှင့် ဣသရေလတိုင်းပြည်တွင် ယေဟောဝါ လုပ်ခဲ့သည့် အမှုနှင့်အညီ မဟုတ်ဘဲ သို့မဟုတ် သူ၏ စည်းမျဉ်းဟောင်းများနှင့် အညီမဟုတ်ဘဲ သို့မဟုတ် မည်သည့် စည်းမျဉ်းစည်းကမ်းနှင့်မျှ ကိုက်ညီခြင်းမရှိဘဲ၊ ယင်းထက် သူလုပ်သင့်သည့်

အမှုသစ်ကို လုပ်ဆောင်ရန် သူ၏ အမှုကို ဆောင်ရွက်ဖို့ ကြွလာခဲ့ချိန်တွင်သာ ခေတ်သစ်တစ်ခေတ် ရှိနိုင်ပေသည်။ ဘုရားသခင် ကိုယ်တိုင် ခေတ်တစ်ခုကို စတင်ရန် ကြွလာပြီး၊ ဘုရားသခင် ကိုယ်တိုင်ပင် ခေတ်ကို အဆုံးသတ်သို့ ဆောင်ကြဉ်းရန် ကြွလာပေသည်။ လူသည် ခေတ်ကို အစပြုခြင်းနှင့် ခေတ်ကို အဆုံးသတ်ခြင်း အမှုကို လုပ်ဆောင်နိုင်စွမ်းမရှိချေ။ ယေရှုသည် သူကြွလာပြီးနောက် ယေဟောဝါ၏အမှုကို အဆုံးသတ်သို့ မဆောင်ကြဉ်းခဲ့ပါက၊ ယင်းမှာ သူသည် လူသားတစ်ဦးမျှသာဖြစ်ခဲ့ပြီး၊ ဘုရားသခင်ကို ကိုယ်စားပြုနိုင်စွမ်းမရှိသည့် သက်သေ ဖြစ်ခဲ့ပေမည်။ အတိအကျအားဖြင့် ယေရှုကြွလာခဲ့ပြီး ယေဟောဝါ၏အမှုကို အဆုံးသတ်ခဲ့သောကြောင့်၊ ယေဟောဝါ၏ အမှုကို ဆက်လက်လုပ်ဆောင်ခဲ့သည့်အပြင်၊ သူကိုယ်တိုင်၏ အမှုကို ဆောင်ရွက်ခဲ့ကြောင့်၊ ယင်းက ဤသည်မှာ ခေတ်သစ်တစ်ခုဖြစ်ပြီး ယေရှုသည် ဘုရားသခင် ကိုယ်တိုင်ပင် ဖြစ်သည်ကို သက်သေပြပေသည်။ ၎င်းတို့သည် အမှု၏ ကွဲပြားစွာ မတူသော အဆင့်နှစ်ဆင့်ကို လုပ်ဆောင်ခဲ့ကြပေသည်။ အဆင့်တစ်ဆင့်ကို ဗိမာန်တော်ထဲတွင် ဆောင်ရွက်ခဲ့ပြီး၊ အခြားတစ်ခုကို ဗိမာန်တော်ပြင်ပတွင် ဆောင်ရွက်ခဲ့သည်။ အဆင့်တစ်ခုက လူသား၏ အသက်တာကို ပညတ်တော်အတိုင်း ဦးဆောင်ရန်ဖြစ်ခဲ့ပြီး၊ အခြားတစ်ခုမှာ အပြစ်ဖြေရာယဇ်တစ်ခုကို ပူဇော်ရန်ဖြစ်ခဲ့သည်။ အမှု၏ ဤအဆင့် နှစ်ဆင့်သည် ထင်ထင်ရှားရှား ကွဲပြားကြသည်။ ဤအရာက ခေတ်သစ်ကို ခေတ်ဟောင်းမှ ခွဲခြားလိုက်ပြီး၊ ယင်းတို့သည် မတူညီသည့် ခေတ်နှစ်ခေတ်ဖြစ်သည်ဟု ပြောရန် လုံးဝမှန်ပေသည်။ ၎င်းတို့ အမှု၏ တည်နေရာသည် ကွဲပြားခဲ့ပြီး၊ ၎င်းတို့ အမှု၏ အကြောင်းအရာလည်း ကွဲပြားခဲ့သကဲ့သို့၊ ၎င်းတို့ အမှု၏ ရည်မှန်းချက်သည်လည်း ခြားနားကြသည်။ ထို့သို့ဖြင့် ယင်းတို့ကို ခေတ်နှစ်ခေတ်အဖြစ် ခွဲခြား၍ရနိုင်ပေသည်- ဓမ္မဟောင်းနှင့် ဓမ္မသစ်ဟူ၍ ဖြစ်သည်၊ ယင်းမှာ ခေတ်သစ်နှင့် ခေတ်ဟောင်းများဟု ပြော၍ရပေသည်။ ယေရှု ကြွလာခဲ့ချိန်တွင် သူသည် ဗိမာန်တော်ထဲသို့ မသွားခဲ့ပေ၊ ယင်းက ယေဟောဝါ၏ခေတ် အဆုံးသတ်ခဲ့ပြီးဖြစ်သည်ကို သက်သေပြပေသည်။ ဗိမာန်တော်ထဲက ယေဟောဝါ၏ အမှုသည် ပြီးစီးပြီးဖြစ်ကာ တစ်ဖန်လုပ်ဆောင်ရန် မလိုအပ်တော့သကဲ့သို့၊ ယင်းကို တစ်ဖန် လုပ်ဆောင်ခြင်းသည် ထပ်ကျော့ခြင်း ဖြစ်မည်ဖြစ်သောကြောင့်၊ သူသည် ဗိမာန်တော်ထဲသို့ မဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။ ဗိမာန်တော် ပြင်ပတွင် အမှုသစ်တစ်ခုကို စတင်ရင်းနှင့် လမ်းကြောင်းသစ်ကို စတင်ရင်း၊ ဗိမာန်တော်ကို စွန့်ခွာခြင်းအားဖြင့်သာ၊ သူသည် ဘုရားသခင်၏ အမှုကို အထွတ်အထိပ်သို့ ဆောင်ကြဉ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ သူ၏ အမှုကို လုပ်ဆောင်ရန် သူသည် ဗိမာန်တော်မှ ထွက်မသွားခဲ့ပါက၊ ဘုရားသခင်၏ အမှုသည် ဗိမာန်တော်၏

အခြေခံအုတ်မြစ်များပေါ်တွင် တန့်သွားပေမည်ဖြစ်ပြီး၊ အသစ်သော ပြောင်းလဲမှု တစ်ခုတစ်လေမျှ လုံး၀ ရှိလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ယေရှုကြွလာခဲ့ချိန်တွင် သူသည် ဗိမာန်တော်ထဲသို့ မဝင်ရောက်သကဲ့သို့ သူ၏အမှုကို ဗိမာန်တော်ထဲတွင် မလုပ်ဆောင်ခဲ့ပေ။ သူသည် သူ၏ အမှုကို ဗိမာန်တော်ပြင်ပတွင် လုပ်ဆောင်ခဲ့ပြီး၊ တပည့်တော်များကို ဦးဆောင်ရင်း၊ သူ၏အမှုကို လွတ်လွတ်လပ်လပ် လုပ်ဆောင်ခဲ့သည်။ သူ၏အမှုကို လုပ်ဆောင်ရန် ဗိမာန်တော်မှ ဘုရားသခင်၏ ထွက်ခွာခြင်းက ဘုရားသခင်တွင် အသစ်သော အစီအစဉ်တစ်ခု ရှိခဲ့သည်ကို ရည်ရွယ်ခဲ့ပေသည်။ သူ၏ အမှုမှာ ဗိမာန်တော်ပြင်ပတွင် ဦးစီးဦးရွက်ပြုရန်နှင့် ယင်း၏ အကောင်အထည်ဖော်ခြင်း ပုံစံတွင် ဘောင်ခတ်မခံရသည့် အမှုသစ်ဖြစ်ဖို့ ဖြစ်ခဲ့ပေသည်။ ယေရှု ရောက်ရှိလျှင်ရောက်ရှိချင်း၊ ဓမ္မဟောင်းခေတ်အတွင်းရှိ ယေဟောဝါ၏ အမှုကို အဆုံးသတ်သို့ သူဆောင်ကြဉ်းခဲ့သည်။ ၎င်းတို့ကို မတူညီသည့် နာမနှစ်မျိုးဖြင့် ခေါ်ဆိုခဲ့သော်လည်း၊ အမှု၏ အဆင့်နှစ်ဆင့်လုံးကို ပြီးမြောက်စေသည်မှာ ဝိညာဉ်တော် တစ်ပါးတည်း ဖြစ်ပြီး၊ လုပ်ဆောင်ခဲ့သည့် အမှုသည်လည်း အလျဉ်မပြတ်သည့်အမှု ဖြစ်သည်။ နာမက မတူညီသကဲ့သို့၊ အမှု၏ အကြောင်းအရာ ကွဲပြားသည်နှင့်အမျှ၊ ခေတ်သည် မတူညီခဲ့ပေ။ ယေဟောဝါ ကြွလာခဲ့ချိန်တွင်၊ ယင်းမှာ ယေဟောဝါ၏ ခေတ်ဖြစ်ခဲ့ပြီး၊ ယေရှု ကြွလာခဲ့သည့်ချိန်တွင် ယေရှု၏ခေတ် ဖြစ်ခဲ့သည်။ ထို့ကြောင့် ကြွလာခြင်းအသီးသီးနှင့်အတူ၊ ဘုရားသခင်သည် နာမတစ်ခုဖြင့် အခေါ် ခံရသည်၊ သူသည် ခေတ်တစ်ခုကို ကိုယ်စားပြုပြီး၊ လမ်းကြောင်းသစ်တစ်ခုကို စတင်လေသည်။ ပြီးလျှင် လမ်းသစ်အသီးသီးပေါ်တွင် သူသည် နာမသစ်တစ်ခုကို ခံယူသည်၊ ယင်းက ဘုရားသခင်သည် အမြဲအသစ်ဖြစ်ပြီး မည်သည့်အခါတွင်မျှ အိုဟောင်းမသွားသကဲ့သို့၊ သူ၏ အမှုသည် ရှေ့သို့ဦးတည်ချက်တစ်ခုဖြင့် မည်သည့်အခါမျှ တိုးတက်မှု မရပ်စဲသည်ကို ပြပေသည်။ သမိုင်းသည် အမြဲ ရှေ့သို့ရွေ့လျားနေပြီး၊ ဘုရားသခင်၏ အမှုသည် အမြဲ ရှေ့သို့ရွေ့လျားနေသည်။ သူ၏အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်က အဆုံးသတ်သို့ ရောက်ရန်အတွက်၊ ယင်းသည် ရှေ့သို့ဦးတည်ချက်တစ်ခုဖြင့် တိုးတက်မြဲတိုးတက်နေရမည်ဖြစ်သည်။ နေ့ရက်တိုင်းတွင် သူသည် အမှုသစ်ကို လုပ်ဆောင်ရမည်၊ နှစ်တိုင်း သူသည် အမှုသစ်ကို လုပ်ဆောင်ရမည်။ သူသည် လမ်းကြောင်းသစ်များကို စတင်ရမည်၊ ခေတ်သစ်များကို အစပျိုးရမည်၊ ပိုမိုကြီးမားသည့် အမှုသစ်ကို စတင်ရမည်ဖြစ်ပြီး၊ ဤအရာများနှင့်အတူ နာမအသစ်များနှင့် အမှုသစ်ကို ယူဆောင်လာရမည်။ အခိုက်အတန့် တစ်ခုမှ တစ်ခုသို့ ဘုရားသခင်၏ ဝိညာဉ်တော်သည် နည်းလမ်းဟောင်းများနှင့် စည်းမျဉ်းဟောင်းများကို မည်သည့်အခါတွင်မျှ မဖက်တွယ်ထားဘဲ၊

အမှုသစ်ကို လုပ်ဆောင်နေသည်။ သူ၏အမှုသည် မည်သည့်အခါတွင်မျှ မရပ်တန့်ခဲ့ဘဲ၊ ကုန်လွန်သည့် အခိုက်အတန့်တစ်ခုစီနှင့်အတူ ဖြစ်ပျက်လာနေလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် ပြောင်းလဲခြင်း မရှိဟု သင်ပြောလျှင်၊ ယေဟောဝါက ယဇ်ပရောဟိတ်များကို ဗိမာန်တော်ထဲတွင် သူ့အား အစေခံရန် စေခိုင်းခဲ့သော်လည်း၊ ယေရှုက သူကြွလာခဲ့ချိန်တွင် လူတို့ကို သူ့ကို ယဇ်ပရောဟိတ် အကြီးအကဲ ဖြစ်သည်၊ ပြီးလျှင် သူသည် ဒါဝိဒ်၏ အိမ်တော်မှဖြစ်ပြီး ယဇ်ပရောဟိတ် အကြီးအကဲနှင့် ကြီးမြတ်သည့် ရှင်ဘုရင်လည်း ဖြစ်သည်ကို လူများက ပြောဆိုခဲ့ကြသည့် အချက်ရှိသော်လည်း၊ သူသည် ဗိမာန်တော်ထဲသို့ အဘယ်ကြောင့် မဝင်ရောက်ခဲ့ပါသနည်း။ ပြီးလျှင် သူသည် အဘယ်ကြောင့် ယဇ်များကို မပူဇော်ခဲ့ပါသနည်း။ ဗိမာန်တော်ကို ဝင်ရောက်ခြင်း သို့မဟုတ် ဗိမာန်တော်ကို မဝင်ရောက်ခြင်း— ဤအရာ အားလုံးသည် ဘုရားသခင် ကိုယ်တိုင်၏ အလုပ်များ ဖြစ်သည် မဟုတ်လော။ လူတွေးထင်သကဲ့သို့ ယေရှုသည် တစ်ဖန်ကြွလာမည်ဖြစ်ပြီး၊ နောက်ဆုံးသော ကာလတွင် ယေရှုဟုပင် အခေါ် ခံရဆဲဖြစ်ကာ လူများအလယ်တွင် ယေရှု၏ ပုံသဏ္ဌာန်ဖြင့် ဆင်းသက်ကြွရင်း၊ ဖြူသော မိုးတိမ်ကိုစီးပြီး ကြွလာဆဲဖြစ်ပါက- ယင်းသည် သူ၏အမှုကို ပြန်ကျော့ခြင်း ဖြစ်သည် မဟုတ်လော။ သန့်ရှင်းသော ဝိညာဉ်တော်သည် အဟောင်းကို တွယ်ဖက်နိုင်စွမ်း ရှိပါသလော။ လူ ယုံကြည်သည့်အရာအားလုံးမှာ အယူအဆများဖြစ်ပြီး၊ လူ နားလည်သည့် အရာအားလုံးသည် တိုက်ရိုက်အဓိပ္ပာယ်အရနှင့် သူ၏ စိတ်ကူးစိတ်သန်းအရလည်း ဖြစ်ပေသည်။ ယင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်၏ အခြေခံသဘောတရားများနှင့် သဘောကွဲလွဲသကဲ့သို့၊ ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့်လည်း မကိုက်ညီပေ။ ဘုရားသခင်သည် ထိုနည်းလမ်းဖြင့် အမှုပြုမည် မဟုတ်ပေ။ ဘုရားသခင်သည် အလွန် မမိုက်မဲသကဲ့သို့ မတုံးအပေ၊ ပြီးလျှင် သူ၏အမှုသည် သင်တွေးထင်သကဲ့သို့ သိပ်မရိုးစင်းလှပေ။ လူ စိတ်ကူးသည့် အရာတိုင်းပေါ် အခြေခံပါက၊ ယေရှုသည် ဖြူသော မိုးတိမ်ကို စီးလျက် သင်တို့အလယ် ဆင်းကြွလာပေလိမ့်မည်။ သင်တို့သည် မိုးတိမ်ကိုစီးလျက် သူသည် ယေရှုဖြစ်သည်ဟု ပြောသောသူကို ရှုမြင်ရကြလိမ့်မည်။ သင်တို့သည် သူ၏လက်များမှ သံမှိုစွဲရာများကိုလည်း ရှုမြင်ရမည်ဖြစ်ပြီး၊ သူသည် ယေရှု ဖြစ်ကြောင်းကို သိကြရပေမည်။ ပြီးလျှင် သူက သင်တို့ကို တစ်ဖန် ကယ်တင်လိမ့်မည်ဖြစ်ပြီး၊ သင်တို့၏ အနန္တတန်ခိုးရှင် ဘုရားသခင် ဖြစ်ပေမည်။ သူသည် သင်တို့ကို ကယ်တင်မည်၊ သင်တို့အပေါ် နာမအသစ် အပ်နှင်းမည်ဖြစ်ပြီး၊ သင်တို့တစ်ဦးစီကို ကျောက်ဖြူတစ်ခု ပေးမည်၊ ထို့နောက်တွင် သင်တို့သည် ကောင်းကင်နိုင်ငံတော်ထဲသို့ ဝင်ရောက်ခွင့်ရကြလိမ့်မည်ဖြစ်ပြီး၊ ပရဒိသုဘုံသို့ ကြိုဆိုခံရလိမ့်မည်။ ထိုသို့သော

ယုံကြည်မှုများသည် လူသား၏ အယူအဆများ ဖြစ်သည် မဟုတ်သလော။ ဘုရားသခင်သည် လူသား၏ အယူအဆများအတိုင်း အမှုပြုသလော သို့မဟုတ် လူသား၏ အယူအဆများကို ဆန့်ကျင်လျက် အမှုပြုသလော။ လူသား၏ အယူအဆများအားလုံးသည် စာတန်ထံမှ ဆင်းသက်လာသည် မဟုတ်သလော။ လူသားအားလုံးသည် စာတန်အားဖြင့် ဖောက်ပြန်ပျက်စီးပြီးဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် သူ၏ အမှုကို လူသား၏ အယူအဆများအတိုင်း လုပ်ဆောင်ခဲ့ပါက၊ သူသည် စာတန်ဖြစ်လာမည် မဟုတ်လော။ သူသည် သူ၏ ဖန်ဆင်းခြင်းများနှင့် တစ်မျိုးတစ်စားတည်း ဖြစ်လာမည် မဟုတ်လော။ သူ၏ဖန်ဆင်းခံများသည် ယခုတွင် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို အလွန်ခံရပြီးဖြစ်သည်မှာ လူသားသည် စာတန်၏ ပြယုဂ်ဖြစ်လာပြီးဖြစ်သည့်အတွက်၊ ဘုရားသခင်သည် စာတန်၏ အမှုအရာများအတိုင်း အမှုပြုခဲ့မည်ဆိုပါက၊ သူသည် စာတန်နှင့် တစ်ဖွဲ့တည်း ဖြစ်ပေမည် မဟုတ်လော။ လူသည် ဘုရားသခင်၏ အမှုကို မည်သို့ နားလည်သဘောပေါက်နိုင်မည်နည်း။ ထို့ကြောင့် ဘုရားသခင်သည် လူ၏ အယူအဆများအတိုင်း မည်သည့်အခါတွင်မျှ အမှုပြုမည်မဟုတ်သကဲ့သို့ သင်စိတ်ကူးသည့် နည်းလမ်းများအတိုင်း မည်သည့်အခါတွင်မျှ အမှုပြုမည် မဟုတ်ပေ။ ဘုရားသခင် ကိုယ်တိုင်က သူသည် မိုးတိမ်စီးပြီး ကြွလာမည်ဟု ပြောခဲ့ကြောင်း ပြောသည့်သူများရှိသည်။ ဘုရားသခင်က မိမိကိုယ်ကိုယ် ထိုသို့ ပြောခဲ့သည်မှာ မှန်ပေသည်၊ သို့သော် ဘုရားသခင်၏ နက်နဲမှုများကို မည်သည့်လူသားကမျှ နားမလည်နိုင်သည်ကို သင်မသိသလော။ မည်သည့်လူသားကမျှ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မရှင်းပြနိုင်သည်ကို သင်မသိသလော။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းခံရပြီး အလင်းပေးခံရသည်ဟု သံသယစိုးစဉ်းမျှမရှိဘဲ သေချာပါသလော။ ထိုကဲ့သို့သော တိုက်ရိုက်ပုံစံဖြင့် ပြခြင်းက သန့်ရှင်းသောဝိညာဉ်တော် မဟုတ်ကြောင်း သေချာသလော။ သင့်ကို ညွှန်ကြားခဲ့သူမှာ သန့်ရှင်းသော ဝိညာဉ်တော်လော သို့မဟုတ် သင်၏ကိုယ်ပိုင် အယူအဆများက သင့်ကို ထိုသို့ တွေးတောဖို့ ဆိုက်ရောက်စေသလော။ သင်က၊ "ဤအရာကို ဘုရားသခင် ကိုယ်တိုင် ပြောခဲ့သည်။" ဟု ဆိုခဲ့သည်။ သို့ရာတွင် ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တိုင်းတာရန် ငါတို့၏ ကိုယ်ပိုင် အယူအဆများနှင့် ဉာဏ်များကို အသုံးပြု၍မရပေ။ ဟေရှာယ ပြောခဲ့သည့် နှုတ်ကပတ်တော်များမှာမူ၊ သူ၏ နှုတ်ကပတ်တော်များကို အကြွင်းမဲ့ သေချာမှုဖြင့် သင်ရှင်းပြနိုင်သလော။ သူ၏ နှုတ်ကပတ်တော်များကို သင် ရှင်းပြဝံ့သလော။ ဟေရှာယ၏ နှုတ်ကပတ်တော်များကို သင့်အနေဖြင့် မရှင်းပြဝံ့သည့်နောက်တွင်၊ ယေရှု၏ စကားများကို အဘယ်ကြောင့်

သင်ရှင်းပြဝံ့သနည်း။ မည်သူသည် သာ၍ ချီးမြှောက်ခြင်း ခံရသနည်း၊ ယေရှုလော သို့မဟုတ် ဟေရှာယလော။ အဖြေမှာ ယေရှုဖြစ်သည့်အတွက်၊ အဘယ်ကြောင့် ယေရှုက ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များကို သင်သည် အဘယ်ကြောင့် ရှင်းပြရသနည်း။ ဘုရားသခင်သည် သူ၏အမှုကို သင့်အား ကြိုတင်၍ ပြောပြမည်လော။ ဖန်ဆင်းခံ သတ္တဝါ တစ်ဦးမျှ မသိနိုင်၊ ကောင်းကင်မှ စေတမန်များပင် မသိနိုင်သကဲ့သို့၊ လူသားလည်း မသိနိုင်ပေ၊ သို့ဆိုလျှင် သင်သည် အဘယ်သို့ သိနိုင်မည်နည်း။ လူသည် ချို့တဲ့လွန်းလှသည်။ ယခု သင်တို့အတွက် အရေးကြီးသည်မှာ အမှု၏ အဆင့် သုံးဆင့်ကို သိရန်ဖြစ်သည်။ ယေဟောဝါ၏ အမှုမှသည် ယေရှု၏အမှုထိတိုင်၊ ပြီးလျှင် ယေရှု၏အမှုမှသည် ဤလတ်တလော အဆင့်ထိ၊ ဤအဆင့်သုံးဆင့်သည် ဘုရားသခင် စီမံခန့်ခွဲမှု အစမှအဆုံး တစ်ခုလုံးကို အလျဉ်မပြတ် အကျုံးဝင်ပြီး၊ ယင်းတို့အားလုံးသည် ဝိညာဉ်တော်တစ်ပါးတည်း၏ လုပ်ဆောင်မှု ဖြစ်သည်။ ကမ္ဘာကြီး၏ ဖန်ဆင်းခြင်းကတည်းက၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို စီမံခန့်ခွဲလျက် အမြဲ အမှုပြုနေသည်။ သူသည် အစနှင့် အဆုံးဖြစ်သည်၊ သူသည် အဦးဆုံးသောသူနှင့် နောက်ဆုံးသောသူ ဖြစ်ပြီး၊ သူသည် ခေတ်တစ်ခုကို အစပြုသူဖြစ်ပြီး၊ ခေတ်ကို အဆုံးသတ်သူ ဖြစ်သည်။ မတူညီသည့် ခေတ်များနှင့် မတူညီသည့် နေရာများတွင် အမှု၏ အဆင့်သုံးဆင့်သည် သိသိသာသာ ဝိညာဉ်တော်တစ်ပါးတည်း၏ လုပ်ဆောင်ချက်ဖြစ်ပေသည်။ ဤအဆင့်သုံးဆင့်ကို ခွဲခြားသူ အပေါင်းတို့သည် ဘုရားသခင်ကို ဆန့်ကျင်ရာတွင် ရပ်တည်သူများ ဖြစ်သည်။ ယခုတွင် ပထမအဆင့်မှ ယနေ့တိုင် အမှုများ အားလုံးသည် တစ်ပါးတည်းသော ဘုရားသခင်၏အမှု၊ တစ်ပါးတည်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ဖြစ်သည်ကို သင် နားလည်အပ်ပေသည်။ ဤအရာနှင့် သက်ဆိုင်၍ သံသယ မရှိနိုင်ပေ။

## သမ္မာကျမ်းစာနှင့် ပတ်သက်၍ (၁)

ဘုရားသခင်အား ယုံကြည်မှုနှင့် ပတ်သက်လာလျှင် သမ္မာကျမ်းစာကို မည်သို့ ချဉ်းကပ်ရမည်နည်း။ ၎င်းသည် အခြေခံကျသည့် မေးခွန်း တစ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့ ထိုမေးခွန်းကို ဆွေးနွေးနေကြရသည်မှာ မည်သည့် အကြောင်းကြောင့်နည်း။ အနာဂတ်တွင် သင်တို့သည် ဧဝံဂေလိတရားကို ဖြန့်ကြက်ပေးရင်း ဘုရားသခင်၏ နိုင်ငံတော်ခေတ်ကို တိုးချဲ့ပေးရမည်ဖြစ်၍၊ ဘုရားသခင်၏ ယနေ့အမှုတော်အကြောင်းကို ပြောကြားမှု သက်သက်သည် မလုံလောက်တော့၍ ဖြစ်သည်။ ဘုရားသခင်၏ အမှုကို တိုးချဲ့ပေးရန်အတွက်၊

သင်တို့သည် လူတို့၏ ဘာသာရေး အယူအဆဟောင်းများနှင့် ယုံကြည်မှု နည်းဟောင်းများကို ဖြေရှင်းပေးပြီး သူတို့ကို လုံး၀ လက်ခံယုံကြည်လျက် ကျန်ရစ်စေရန် ပိုအရေးကြီးသည်— ထိုအဆင့် ရောက်ရန် သမ္မာကျမ်းစာ ပါ၀င်လာသည်။ နှစ်ပေါင်းများစွာ ကြာအောင်၊ လူတို့၏ (ကမ္ဘာပေါ်က အဓိက ဘာသာကြီး သုံးခုအနက် တစ်ခုဖြစ်သည့် ခရစ်ယာန်ဘာသာ၏) အစဉ်အလာ နည်းလမ်းဖြင့် ယုံကြည်မှုသည် သမ္မာကျမ်းစာကို ဖတ်ရှုခြင်း ဖြစ်ခဲ့သည်။ သမ္မာကျမ်းစာမှ သွေဖည်ခြင်းသည် သခင်ကို မယုံကြည်မှုဖြစ်သည်၊ သမ္မာကျမ်းစာမှ သွေဖည်ခြင်းသည် အများနှင့်ကွဲလွဲဆန့်ကျင်ခြင်းနှင့် မိစ္ဆာဒိဋ္ဌိ ဖြစ်ပြီး၊ လူများ အခြားစာအုပ်များကို ဖတ်ရှုကြလျှင်ပင်၊ ယင်းစာအုပ်များ၏ အခြေခံအုတ်မြစ်မှာ သမ္မာကျမ်းစာအား ရှင်းလင်းဖော်ပြမှု ဖြစ်ရပေမည်။ ဆိုလိုသည်မှာ၊ သင်က သခင့်ကို ယုံကြည်လျှင်၊ သမ္မာကျမ်းစာကို ဖတ်ရှုရမည်၊ သမ္မာကျမ်းစာမှလွဲ၍ သမ္မာကျမ်းစာနှင့် မပတ်သက်သည့် မည်သည့် စာအုပ်ကိုမျှ သင် မကိုးကွယ်ရပေ။ သင်က ထိုသို့ ပြုလုပ်လျှင်၊ ဘုရားသခင်အား သစ္စာဖောက်နေခြင်း ဖြစ်သည်။ သမ္မာကျမ်းစာ ရှိသည့် အချိန်မှ စ၍၊ သခင့်အပေါ် လူတို့၏ ယုံကြည်မှုသည် သမ္မာကျမ်းစာအား ယုံကြည်မှုပင် ဖြစ်ခဲ့သည်။ လူများသည် သခင်ကို ယုံကြည်ကြသည်ဟု ပြောမည့်အစား၊ သူတို့သည် သမ္မာကျမ်းစာကို ယုံကြည်ကြသည်ဟု ပြောလျှင် ပိုကောင်းသည်။ သူတို့သည် သမ္မာကျမ်းစာကို စတင် ဖတ်ရှုနေကြပြီဟု ပြောမည့်အစား၊ သူတို့သည် သမ္မာကျမ်းစာကို စတင်ယုံကြည်နေကြပြီဟု ပြောလျှင် ပိုကောင်း မည်ဖြစ်ပြီး၊ သူတို့သည် သခင့်ရှေ့မှောက် ပြန်လာခဲ့ကြပြီဟု ပြောမည့်အစား သူတို့သည် သမ္မာကျမ်းစာရှေ့မှောက် ပြန်လာခဲ့ကြပြီဟု ပြောလျှင် ပိုကောင်းလိမ့်မည်။ ဤနည်းဖြင့်၊ လူတို့သည် သမ္မာကျမ်းစာကို ဘုရားသခင်သဖွယ်၊ ၎င်းသည် သူတို့၏ အသက်သွေးကြောသဖွယ် ကိုးကွယ်ကြပြီး၊ သမ္မာကျမ်းစာကို ဆုံးရှုံးခြင်းသည် သူတို့၏ အသက်ကို ဆုံးရှုံးရခြင်းနှင့် တူညီလေသည်။ လူများသည် သမ္မာကျမ်းစာကို ဘုရားသခင်ကဲ့သို့ပင် မြင့်မြတ်သည်ဟု မြင်ပြီး၊ ဘုရားသခင်ထက်ကိုပင် ပိုမြင့်မြတ်သည် ဟု မြင်သူများပင် ရှိကြသည်။ လူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုမပါဘဲ၊ သူတို့သည် ဘုရားသခင်ကို မခံစားနိုင်ကြဘဲ၊ ဆက်ပြီး အသက်ရှင် နေထိုင်နိုင်ကြသည်— သို့သော် သူတို့သည် သမ္မာကျမ်းစာ ပျောက်သွားပါက၊ သို့မဟုတ် သမ္မာကျမ်းစာထဲမှ နာမည်ကြီး အခန်းကြီးများနှင့်၊ ပြောဆိုချက်များ ပျောက်သွားပါက၊ သူတို့၏ အသက်များကို ဆုံးရှုံးသွားသည့်အလား ဖြစ်သည်။ သို့ဖြစ်၍၊ လူတို့က သခင်ကို ယုံကြည်သည်နှင့် တစ်ပြိုင်နက် သမ္မာကျမ်းစာကို စတင်ဖတ်ကြားပြီး၊ သမ္မာကျမ်းစာကို အာဂုံဆောင်ကြသည်၊ ပြီးလျှင် သမ္မာကျမ်းစာကို အာဂုံဆောင်လာနိုင်လေလေ၊ သူတို့သည် သခင်ကို

ချစ်ကြကြောင်းနှင့် ရောမယုံကြည်သူများ ဖြစ်ကြကြောင်း သက်သေပြနိုင်လေလေ ဖြစ်သည်။ သမ္မာကျမ်းစာကို ဖတ်ကြားလျက် အခြားသူတို့အား သမ္မာကျမ်းစာကို ပြောပြပေးနိုင်သူအားလုံးတို့သည် သူကောင်း ညီအစ်ကိုမောင်နှမများ ဖြစ်သည်။ ဤနှစ်များအားလုံးအတွင်း၊ လူတို့၏ သခင်အပေါ် ယုံကြည်မှုနှင့် သစ္စာရှိမှုကို သူတို့ သမ္မာကျမ်းစာကို သိရှိ နားလည်မှု ပမာဏဖြင့် တိုင်းတာခဲ့ကြသည်။ လူအများစုက သူတို့ မည်သည့် အတွက်ကြောင့် ဘုရားသခင်အား ယုံကြည်သင့်သည်ကို လည်းကောင်း၊ ဘုရားသခင်အား မည်သို့ ယုံကြည်ရမည်ကို လည်းကောင်း နားမလည်ကြဘဲ၊ သမ္မာကျမ်းစာ၏ အခန်းကြီးများကို အဓိပ္ပာယ်ဖွင့်ပေးရန် သဲလွန်စများကို မမြင်မကန်း ရှာသည်မှ လွဲပြီး မည်သည့်အရာမျှ မလုပ်ကြပေ။ လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်၏ ဦးတည်ရာလမ်းကြောင်းကို မည်သည့်အခါကမျှ မလိုက်ခဲ့ကြပေ၊ ကာလတစ်လျှောက်လုံး၌ ထိုသူတို့သည် သမ္မာကျမ်းစာကို အသည်းအသန် လေ့လာစူးစမ်းမှု မှလွဲပြီး မည်သည့်အရာမျှ မပြုခဲ့ပေ၊ ထို့အပြင်၊ သမ္မာကျမ်းစာ ပြင်ပတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ သာ၍သစ်သော လုပ်ဆောင်ချက်ကို မည်သူမျှ မည်သည့်အခါကမျှ ရှာမတွေ့ခဲ့ပေ၊ မည်သူမျှ သမ္မာကျမ်းစာမှ မသွေဖည်ခဲ့သလို၊ မည်သူမှ သမ္မာကျမ်းစာမှ သွေဖည်ဝံ့ခြင်းလည်း မရှိခဲ့ပေ။ လူတို့သည် ထိုနှစ်များအတွင်း သမ္မာကျမ်းစာကို လေ့လာခဲ့ကြသည်၊ သူတို့သည် ရှင်းလင်းချက် အမျိုးမျိုးကို စိတ်ကူးခဲ့ကြလျက် များစွာ ကြိုးစား အားထုတ်ခဲ့ကြသည်။ သမ္မာကျမ်းစာနှင့် ပတ်သက်၍ သဘောထား ကွဲလွဲချက်များလည်း အများအပြားရှိကြပြီး၊ ၎င်းတို့ကို မဆုံးနိုင်အောင် ငြင်းခုံနေကြသည်မှာ ယနေ့တွင် ဘာသာရေး ဂိုဏ်းဂဏပေါင်း နှစ်ထောင်ကျော်ပင် ဖွဲ့စည်းထူထောင် ထားခဲ့ပြီးသည်အထိ ဖြစ်သည်။ သူတို့အားလုံးသည် သမ္မာကျမ်းစာထဲတွင် အထူး ရှင်းလင်းချက်အချို့ကို သို့မဟုတ် ပို၍ နက်နဲသိမ်မွေ့သည့် လျှို့ဝှက်ဆန်းကြယ်သည့် အချက်များကို ရှာကြံလိုကြပြီး၊ ၎င်းကို စူးစမ်းလေ့လာလိုကာ၊ ၎င်းအထဲတွင် ယေဟောဝါ၏ ဣသရေလနိုင်ငံထဲက လုပ်ဆောင်ချက်၊ သို့မဟုတ် ယုဒနယ်ထဲက ယေရှု၏ လုပ်ဆောင်ချက်၊ သို့မဟုတ် အခြား မည်သူမျှ မသိသေးသည့် လျှို့ဝှက်ဆန်းကြယ်သည့် နောက်ထပ်အချက်များကို ရှာဖွေလိုကြသည်။ သမ္မာကျမ်းစာအား လူတို့၏ ချဉ်းကပ်ကြပုံမှာ စွဲလမ်းမှုနှင့် ယုံကြည်မှုသာရှိပြီး၊ သမ္မာကျမ်းစာ၏ အတွင်းဇာတ်လမ်း သို့မဟုတ် အနှစ်သာရနှင့် ပတ်သက်လာလျှင် မည်သူမျှ လုံးဝ ရှင်းလင်းစွာ မသိနိုင်ပါ။ ထို့ကြောင့်၊ သမ္မာကျမ်းစာနှင့် ပတ်သက်လာလျှင် ယနေ့ လူများသည် ဖော်ပြမရနိုင်အောင် အံ့သြရသည့် ခံစားချက်ရှိနေဆဲဖြစ်ပြီး သူတို့သည် သမ္မာကျမ်းစာကို ပို၍ပင် စွဲလမ်းနေကြပြီး ယုံကြည်နေကြသည်။ ယနေ့တွင်၊ လူတိုင်းက နောက်ဆုံးသောကာလ

အမှုတော်၏ ပရောဖက်ပြုချက်များကို သမ္မာကျမ်းစာထဲမှာ ရှာတွေ့လိုနေကြပြီး၊ ဘုရားသခင်သည် နောက်ဆုံးသောကာလအတွင်းတွင် မည်သည့်အမှုကို လုပ်ဆောင်သည်၊ ထို့အပြင် နောက်ဆုံးသော ကာလအတွက် မည်သည့် နိမိတ်လက္ခဏာများ ရှိကြသည် ဆိုသည်ကို ၎င်းတို့က သိလိုကြသည်။ ဤနည်းဖြင့်၊ သမ္မာကျမ်းစာကို သူတို့ကိုးကွယ်မှုသည် သာ၍ပင် ထက်သန်လာနေပြီး နောက်ဆုံးသောကာလသို့ ပို၍ နီးကပ်လာလေလေ သူတို့သည် သမ္မာကျမ်းစာထဲမှ ပရောဖက်ပြုချက်များကို၊ အထူးသဖြင့် နောက်ဆုံးသောကာလနှင့် ပတ်သက်သည့်အရာများကို အကျိုးအကြောင်းမဲ့စွာ ပို၍ လက်ခံယုံကြည်လာလေလေ ဖြစ်သည်။ သမ္မာကျမ်းစာကို ထိုကဲ့သို့ မျက်ကန်းယုံကြည်မှုဖြင့်၊ သမ္မာကျမ်းစာကို ထိုကဲ့သို့ အားကိုးခြင်းဖြင့်၊ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မရှာဖွေလိုတော့ပေ။ လူတို့၏ အယူအဆများထဲတွင်၊ သမ္မာကျမ်းစာကသာလျှင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် ယူဆောင်ပေးနိုင်သည်ဟု သူတို့ ယုံကြည်ကြသည်၊ ဘုရားသခင်၏ ခြေလှမ်းများကို သမ္မာကျမ်းစာထဲတွင်သာ သူတို့ တွေ့ရှိနိုင်သည်၊ ဘုရားသခင်၏ အမှု၏ နက်နဲရာများကို သမ္မာကျမ်းစာထဲတွင်သာ ဝှက်ထားသည်၊ မည်သည့်အခြားစာအုပ် သို့မဟုတ် လူများမဟုတ်ဘဲ၊ သမ္မာကျမ်းစာကသာလျှင် ဘုရားသခင်၏ အရာအားလုံးနှင့် ဘုရားသခင် အမှု အလုံးစုံကို ရှင်းလင်းပေးနိုင်သည်၊ သမ္မာကျမ်းစာသည် ကောင်းကင်ဘုံ အမှုကို ကမ္ဘာကြီးထံ ယူဆောင်ပေးနိုင်သည်၊ ထို့အပြင် သမ္မာကျမ်းစာသည် ခေတ်များကို စတင်နိုင်သကဲ့သို့ အဆုံးသတ်နိုင်သည်ဟုလည်း ယုံကြည်ကြသည်။ ဤအယူအဆများကြောင့်၊ လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ရှာဖွေလိုစိတ် မရှိကြတော့ပေ။ ထို့ကြောင့်၊ အတိတ်ကာလများက လူတို့ကို သမ္မာကျမ်းစာက မည်မျှပင် ကူညီပေးခဲ့ပါစေ၊ ၎င်းသည် ဘုရားသခင်၏ နောက်ဆုံးသောအမှုအတွက် အတားအဆီး တစ်ခု ဖြစ်လာသည်။ သမ္မာကျမ်းစာ မရှိဘဲ၊ လူတို့သည် ဘုရားသခင်၏ ခြေလှမ်းများကို အခြားတစ်နေရာမှာ ရှာနိုင်ကြမည် ဖြစ်သော်လည်း၊ ယနေ့တွင် ဘုရားသခင်၏ ခြေလှမ်းများကို သမ္မာကျမ်းစာက ထိန်းချုပ်ထားပြီး၊ ဘုရားသခင်၏ နောက်ဆုံးသော အမှုကို တိုးချဲ့ခြင်းသည် နှစ်ဆနှစ်ပြန် ခဲယဉ်းလာလျက်၊ လေထန်ရေဆန် ရုန်းကန်ရမှုတစ်ခု ဖြစ်တော့သည်။ အားလုံး ထိုသို့ဖြစ်လာရသည်မှာ၊ သမ္မာကျမ်းစာထဲက နာမည်ကြီးအခန်းများနှင့် မိန့်ကြားချက်များကြောင့် ဖြစ်သလို၊ သမ္မာကျမ်းစာထဲက အမျိုးမျိုးသော ပရောဖက်ပြုချက်များကြောင့်လည်း ဖြစ်သည်။ သမ္မာကျမ်းစာသည် လူများ၏ စိတ်ထဲမှာ ကိုးကွယ်ရာတစ်ခု ဖြစ်လာပြီး၊ ၎င်းသည် သူတို့၏ ဦးနှောက်များထဲ၌ ပဟေဠိတစ်ခု ဖြစ်လာ၍၊ ဘုရားသခင်သည် သမ္မာကျမ်းစာ၏ပြင်ပတွင် အမှုပြုနိုင်သည်ကို ၎င်းတို့ တကယ့်ကို

ယုံကြည်လက်ခံနိုင်စွမ်း မရှိကြပေ၊ လူတို့သည် ဘုရားသခင်ကို သမ္မာကျမ်းစာ၏ ပြင်ပတွင် ရှာတွေ့နိုင်ခြင်းကို ယုံကြည်နိုင်စွမ်း မရှိကြသည့်အပြင်၊ နောက်ဆုံးသော အမှုအတွင်းမှာ ဘုရားသခင်သည် သမ္မာကျမ်းစာက သွေဖည်လျက် အသစ်တစ်ဖန် စတင်နိုင်ခြင်းကို ယုံကြည်နိုင်စွမ်း သာ၍ပင် မရှိကြပေ။ လူတို့သည် ဤအရာကို မစဉ်းစားရဲကြပေ။ သူတို့သည် ၎င်းကို မယုံနိုင်ကြသလို၊ ၎င်းကို စိတ်ကူးကြည့်၍ပင် မရနိုင်ကြပေ။ လူတို့အနေနှင့် ဘုရားသခင်၏ အမှုသစ်ကို လက်ခံရေးတွင် သမ္မာကျမ်းစာသည် ဧရာမအဟန့်အတားတစ်ခု ဖြစ်လာကာ ဘုရားသခင်၏ ဤအမှုသစ် တိုးချဲ့ရေးအတွက် အခက်အခဲ ဖြစ်လာသည်။ သို့ဖြစ်၍ သင်တို့သည် သမ္မာကျမ်းစာထဲက အတွင်းဇာတ်လမ်းကို နားမလည်ပါက၊ သင်တို့သည် ဧဝံဂေလိတရားကို အောင်မြင်စွာ ဖြန့်ဝေနိုင်မည် မဟုတ်သကဲ့သို့၊ အမှုသစ်ကို သက်သေခံနိုင်စွမ်းလည်း ရှိမည် မဟုတ်ပေ။ ယနေ့တွင် သင်တို့သည် သမ္မာကျမ်းစာကို မဖတ်ရှုကြသော်လည်း၊ သင်တို့သည် ၎င်းကို လွန်စွာ ကြည်ကြည်သာသာ ရှိဆဲ ဖြစ်သည်၊ ဆိုလိုသည်မှာ၊ သမ္မာကျမ်းစာသည် သင်တို့ လက်ထဲမှာ ရှိချင်မှရှိနိုင်သော်လည်း၊ သင်တို့၏ အယူအဆ အများအပြားမှာမူ ၎င်းထဲမှနေပြီး လာခြင်း ဖြစ်သည်။ သင်တို့သည် သမ္မာကျမ်းစာ၏ ဇာစ်မြစ်ကို သို့မဟုတ် ဘုရားသခင်၏ ယခင် အမှုတော်အဆင့်နှစ်ခုနှင့် သက်ဆိုင်သည့် အတွင်းဇာတ်လမ်း အကြောင်းကို နားမလည်ကြပေ။ သင်တို့သည် သမ္မာကျမ်းစာကို မကြာခဏ မဖတ်သည့်တိုင်၊ သမ္မာကျမ်းစာကို နားလည်ကြရမည်၊ သင်တို့သည် သမ္မာကျမ်းစာဆိုင်ရာ မှန်ကန်သည့် အသိပညာများကို ရယူရမည်၊ ဤနည်းလမ်းဖြင့်သာလျှင် သင်တို့သည် ဘုရားသခင်၏ နှစ် ၆၀၀၀ စီမံခန့်ခွဲမှုအစီအစဉ် ဆိုသည်မှာ အဘယ်အရာ ဆိုသည်ကို သိနိုင်မည်ဖြစ်သည်။ သင်တို့သည် လူတို့ကို သိမ်းသွင်းစည်းရုံးရန် အတွက်၊ ဤရေစီးကြောင်းသည် စစ်မှန်သည့်လမ်းခရီး ဖြစ်ကြောင်းကို သူတို့ ဝန်ခံကြရေးအပြင်၊ ယနေ့ သင်လျှောက်နေသည့် လမ်းခရီးသည် သမ္မာတရား၏ လမ်းကြောင်း ဖြစ်လျက်၊ ၎င်းကို သန့်ရှင်းသော ဝိညာဉ်တော်မှ လမ်းညွှန်ပေးနေခြင်း ဖြစ်ပြီး မည်သည့်လူသားကမှ ၎င်းကို စတင်ခဲ့ခြင်း မရှိကြောင်းကို သူတို့ လက်ခံလာရေးအတွက်၊ ယင်းအချက်များကို သင်အသုံးပြုလိမ့်မည်။

ဘုရားသခင်သည် ပညတ်တော်ခေတ်၏ အမှုတော်ကို ဆောင်ရွက်ပြီးနောက်တွင်၊ ဓမ္မဟောင်းကျမ်း ထွက်ပေါ် ခဲ့ကာ၊ ထိုနောက်တွင် လူတို့သည် သမ္မာကျမ်းစာကို စတင်ဖတ်ရှုခဲ့ကြသည်။ ယေရှု ကြွလာပြီးနောက် သူက ကျေးဇူးတော်ခေတ်၏ အမှုတော်ကို ဆောင်ရွက်ခဲ့ပြီး၊ သူ့တမန်တော်များက ဓမ္မသစ်ကျမ်းကို ရေးသားခဲ့ကြသည်။ ထိုသို့ဖြင့် သမ္မာကျမ်းစာ၏ ဓမ္မဟောင်းကျမ်း နှင့် ဓမ္မသစ်ကျမ်းတို့ ထွက်ပေါ်လာပြီး၊ ယနေ့တိုင်အောင်ပင်

ဘုရားသခင်ကို ယုံကြည်သူများအားလုံးက သမ္မာကျမ်းစာကို ဖတ်နေခဲ့ကြသည်။ သမ္မာကျမ်းစာသည် သမိုင်းစာအုပ်တစ်အုပ်ဖြစ်သည်။ ၎င်း၌ ပရောဖက်များ၏ အနာဂတ်ဆိုင်ရာ ဟောကြားချက်တချို့ ပါဝင်ခဲ့သည်မှာ မှန်သော်လည်း၊ ထိုသို့သော ဟောကြားချက်များသည် သမိုင်းနှင့် လားလားမျှ မသက်ဆိုင်ပေ။ သမ္မာကျမ်းစာထဲမှာ ကဏ္ဍအမျိုးမျိုးပါဝင်သည်— ၎င်းထဲတွင် ပရောဖက်ပြုချက်များ သို့မဟုတ် ယေဟောဝါ၏ အမှုများ သို့မဟုတ် ရှင်ပေါလု၏ ဩဝါဒစာများသာ ပါခဲ့သည် မဟုတ်ပေ။ သမ္မာကျမ်းစာထဲ၌ အပိုင်းမည်မျှ ပါဝင်သည်ကို သင်တို့ သိရှိကြရမည်၊ ဓမ္မဟောင်းကျမ်းထဲ၌ ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း...စသဖြင့် ပါဝင်ပြီး ပရောဖက်များက ရေးသားသည့် အနာဂတ္တိကျမ်းများလည်း ရှိသေးသည်။ အဆုံးတွင်၊ ဓမ္မဟောင်းကျမ်းကို မာလခိကျမ်းဖြင့် အဆုံးသတ်ထားသည်။ ၎င်းသည် ယေဟောဝါမှ ဦးဆောင်ခဲ့သည့် ပညတ်တော်ခေတ်၏ အမှုကို မှတ်တမ်းတင်ထားသည်၊ ကမ္ဘာဦးကျမ်းမှ မာလခိကျမ်းအထိ ၎င်းသည် ပညတ်တော်ခေတ်၏ အမှုအားလုံး၏ ပြည့်စုံသော မှတ်တမ်းတစ်ခုဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ပညတ်တော်ခေတ် ကာလတုန်းက ယေဟောဝါ၏ လမ်းညွှန်မှုကို ခံယူခဲ့ကြသည့်လူများ ကြုံတွေ့ခဲ့ရသည့် အရာများအားလုံးကို မှတ်တမ်းတင်ထားသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်း ပညတ်တော်ခေတ် ကာလထဲတွင်၊ ယေဟောဝါမှ ပျိုးထောင်လေ့ကျင့်ပေးခဲ့သည့် များပြားလှသည့် ပရောဖက်များသည် ယေဟောဝါ၏ ကိုယ်စား ပရောဖက်ပြုချက်များကို ဟောကြားခဲ့ကြသည်၊ သူတို့သည် အမျိုးမျိုးသော လူမျိုးနွယ်စုများနှင့် တိုင်းနိုင်ငံများကို လမ်းညွှန်ချက်များ ပေးခဲ့ကြပြီး၊ ယေဟောဝါမှ ပြုမည့် အမှုကို ကြိုပြီး ဟောကြားခဲ့ကြသည်။ ထိုသို့ ပျိုးထောင်လေ့ကျင့်ပေးခြင်း ခံခဲ့ကြရသူ အားလုံးတို့အား ပရောဖက်ပြုခြင်းဝိညာဉ်ကို ယေဟောဝါမှ ပေးအပ်ခဲ့သည်- သူတို့သည် ယေဟောဝါထံမှ ရူပါရုံများကို မြင်နိုင်၍၊ ဘုရားသခင်၏အသံကို ကြားနိုင်ကြပြီး၊ ထို့ကြောင့် ဘုရားသခင်၏ စေ့ဆော်ခြင်းခံရပြီး အနာဂတ္တိကျမ်းများကို ရေးခဲ့ကြသည်။ သူတို့ လုပ်ခဲ့သည့် အလုပ်သည် ယေဟောဝါ၏ အသံကို ဖော်ပြချက် ဖြစ်ပြီး၊ ယေဟောဝါ၏ ပရောဖက်ပြုချက်ကို ဖော်ပြချက်ဖြစ်လျက်၊ ထိုစဉ်က ယေဟောဝါ၏အမှုက ဝိညာဉ်ကို အသုံးပြုပြီး လူများကို လမ်းညွှန်ပေးရုံမျှ ဖြစ်ခဲ့သည်၊ ဘုရားသခင်သည် ဇာတိပကတိ ဖြစ်မလာခဲ့ဘဲ၊ လူများသည် ဘုရားသခင်၏ မျက်နှာကို မမြင်ခဲ့ကြရပေ။ ထို့ကြောင့်၊ ဘုရားသခင်သည် သူ၏ အလုပ်ကို လုပ်ဆောင်ပေးရန် များစွာသော ပရောဖက်များကို ပျိုးထောင်လေ့ကျင့်ပေးခဲ့ပြီး သူတို့အား ဣသရေလနိုင်ငံထဲက လူမျိုးနွယ်စုတိုင်းနှင့် ဆွေမျိုးစုတိုင်းကို လက်ဆင့်ကမ်းရန် နိမိတ်များကိုပေးခဲ့သည်။ သူတို့၏ အလုပ်က

ပရောဖက်ပြုချက်ကို ဟောကြားပေးရန် ဖြစ်ပြီး၊ သူတို့ထဲက အချို့သူတို့သည် အခြားသူတို့အား ပြသပေးရန် ယေဟောဝါ၏ ညွှန်ကြားချက်များကို ချရေးခဲ့ကြပါသည်။ လူများအနေနှင့် ယေဟောဝါ၏ အံ့ဘွယ်ကောင်းမှုနှင့် ဉာဏ်ပညာတို့ကို မြင်တွေ့စေရန်အတွက် ယေဟောဝါသည် ထိုသူများကို ပရောဖက်ပြုချက်များ ဟောကြားရန်၊ အနာဂတ်၏အမှု သို့မဟုတ် ထိုကာလအတွင်း လုပ်ဆောင်ပေးဖို့ ရှိနေသေးသည့် အမှုကို ကြိုပြီး ဟောကြားရန် ပျိုးထောင်လေ့ကျင့်ပေးခဲ့သည်။ ယင်းအနာဂတ္တိကျမ်းများသည် သမ္မာကျမ်းစာထဲက အခြားကျမ်းများနှင့် အတော်များများ မတူကြပေ၊ ၎င်းတို့သည် ပရောဖက်ပြုခြင်းဝိညာဉ်ကို ရရှိခဲ့ကြသူများ— ယေဟောဝါထံမှ ရူပါရုံများ သို့မဟုတ် အသံများ လက်ခံရရှိခဲ့ကြရသူများမှ ဟောကြားခဲ့ကြသည့် သို့မဟုတ် ရေးသားခဲ့ကြသည့် စကားလုံးများ ဖြစ်သည်။ အနာဂတ္တိကျမ်းများမှအပ၊ ဓမ္မဟောင်းကျမ်းထဲ ပါရှိသမျှ အရာအားလုံးမှာ ယေဟောဝါက ၎င်း၏ အမှုကို ပြုပြီးသွားပြီးနောက် လူများက ပြုလုပ်ခဲ့ကြသည့် မှတ်တမ်းများ ဖြစ်သည်။ ကမ္ဘာဦးကျမ်းနှင့် ထွက်မြောက်ရာကျမ်းများကို ဟေရှာယအနာဂတ္တိကျမ်းနှင့် ဒံယေလ အနာဂတ္တိကျမ်းများနှင့် နှိုင်းယှဉ်၍ မရနိုင်သကဲ့သို့ပင်၊ ထိုကျမ်းများသည် ယေဟောဝါမှ ပျိုးထောင် လေ့ကျင့်ပေးခဲ့သည့် ပရောဖက်တို့ပြောကြားခဲ့သည့် ကြိုတင်ဟောကိန်းထုတ်ချက်များကို အစားထိုးနိုင်စွမ်း မရှိနိုင်ကြပေ။ အမှုတော်ကို မလုပ်ဆောင်မီ ပရောဖက်ပြုချက်များကို ပြောကြားခဲ့ခြင်း ဖြစ်သည်။ ကျန်သည့် ကျမ်းများကိုမူ အမှုတော် ဆောင်ရွက်ပြီးနောက်၊ လူများ တတ်စွမ်းနိုင်ခဲ့ကြသည်ကို ရေးသားခဲ့ခြင်း ဖြစ်သည်။ ထိုကာလက ပရောဖက်များသည် ယေဟောဝါ၏ စေ့ဆော်ပေးခြင်းခံခဲ့ရပြီး အချို့သော ပရောဖက်ပြုချက်များကို ပြောကြားခဲ့သည်၊ ၎င်းတို့သည် စကားအများအပြား ပြောကြားခဲ့ပြီး၊ ကျေးဇူးတော်ခေတ်ဆိုင်ရာ အရာများအပြင် ယေဟောဝါမှ လုပ်ဆောင်ရန် စီမံထားသည့် နောက်ဆုံးသောကာလ၌ ကမ္ဘာကြီးအား ဖျက်ဆီးမှု အကြောင်းကိုလည်း ပရောဖက်ပြုခဲ့ကြသည်။ ကျန်သည့် ကျမ်းများအားလုံးမှာ ယေဟောဝါက ဣသရေလနိုင်ငံတွင် ပြုခဲ့သည့်အမှုကို မှတ်တမ်းတင်ထားကြသည်။ သို့ဖြစ်၍၊ သင်တို့ သမ္မာကျမ်းစာကို ဖတ်ရှုသည့်အခါ၊ သင်တို့သည် ယေဟောဝါက ဣသရေလနိုင်ငံတွင် လုပ်ဆောင်ခဲ့သည့်အရာများကို အဓိကအားဖြင့် ဖတ်နေခြင်း ဖြစ်၏၊ သမ္မာကျမ်းစာ၏ ဓမ္မဟောင်းကျမ်းမှာ ဣသရေလနိုင်ငံအား လမ်းညွှန်ပေးရန် ယေဟောဝါ၏ အမှု၊ ဣသရေလ အမျိုးသားတို့ကို ဖာရောဘုရင်၏ သံခြေကျင်းများကို ဖယ်ရှားပေးလျက် တောထဲသို့ လမ်းပြရန် မောရှေကို ယေဟောဝါမှ အသုံးပြုခဲ့ခြင်းနှင့် နောက်ပိုင်း ခါနာန်ပြည်အတွင်း ဝင်ရောက်ခဲ့ပြီး ၎င်းနောက်အားလုံးက ခါနာန်ပြည်ရှိ သူတို့၏ ဘဝအကြောင်းကို

အဓိကအားဖြင့် မှတ်တမ်းတင်ထားလေသည်။ ထိုမှအပ အားလုံးသည် ဣသရေလနိုင်ငံတစ်ဝန်းလုံးတွင် ယေဟောဝါ၏ အမှုများ၏ မှတ်တမ်းများ စုစည်းထားခြင်း ဖြစ်သည်။ ဓမ္မဟောင်းကျမ်းထဲ မှတ်တမ်းတင်ထားသည့် အရာအားလုံးသည် ဣသရေလနိုင်ငံ၌ ယေဟောဝါ၏ အမှု၊ ယေဟောဝါက အာဒံနှင့် ဧဝကို ဖန်ဆင်းခဲ့သည့် ပြည်ထဲက ယေဟောဝါ ပြုခဲ့သည့် အမှုဖြစ်သည်။ ဘုရားသခင်က နောနောက်ပိုင်း ကမ္ဘာပေါ် ရှိ လူများကို တရားဝင် စတင်ဦးဆောင်လာခဲ့သည့် အချိန်မှစပြီး၊ ဓမ္မဟောင်းကျမ်းထဲ မှတ်တမ်းတင်ထားသမျှ အရာတိုင်းမှာ ဣသရေလနိုင်ငံက အမှုဖြစ်သည်။ ဣသရေလနိုင်ငံပြင်ပက အမှုတစ်ခုကိုမျှ မှတ်တမ်းတင်ထားခြင်း မရှိသည်မှာ အဘယ်ကြောင့်နည်း။ အကြောင်းမှာ ဣသရေလပြည်သည် လူသားမျိုးနွယ် အစပျိုးရာအရပ် ဖြစ်၍ ဖြစ်သည်။ အစအဦးတွင်၊ ဣသရေလမှအပ အခြားနိုင်ငံများ မရှိခဲ့ကြပေ၊ သို့ဖြစ်၍ ယေဟောဝါသည် အခြားနေရာတွင် အမှုမပြုခဲ့ပေ။ ထိုနည်းဖြင့်၊ သမ္မာကျမ်းစာ၏ ဓမ္မဟောင်းကျမ်းထဲ၌ မှတ်တမ်းတင်ထားသည်များမှာ ထိုစဉ်က ဣသရေလနိုင်ငံရှိ ဘုရားသခင်၏အမှုသက်သက်သာ ဖြစ်သည်။ ပရောဖက်များဖြစ်သည့် ဟေရှာယ၊ ဒံယေလ၊ ယေရမိနှင့် ယေဇကျေလတို့ ပြောကြားသည့် စကားလုံးများ...သူတို့၏ စကားလုံးများသည် ကမ္ဘာကြီးပေါ်က ဘုရားသခင်၏ အခြားအမှုကို ကြိုတင်ဟောကြားခဲ့၏၊ သူတို့သည် ယေဟောဝါဘုရားသခင် ကိုယ်တော်တိုင်၏ အမှုကို ကြိုတင်ဟောကြားခဲ့ကြသည်။ ယင်းအရာများ အားလုံး ဘုရားသခင်ထံမှ လာခဲ့၏၊ ယင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ဖြစ်ပြီး၊ ပရောဖက်များ၏ ဤကျမ်းစာအုပ်များမှအပ၊ အခြားအရာ အားလုံးသည် ထိုအချိန်က ယေဟောဝါ၏ အမှုကို လူတို့ကြုံတွေ့ခြင်းများ၏ မှတ်တမ်းတစ်ခုဖြစ်သည်။

ဖန်ဆင်းခြင်းအမှုသည် လူသားမျိုးနွယ် မရှိမီ ဖြစ်ပေါ် ခဲ့သော်လည်း၊ ကမ္ဘာဦးကျမ်းသည် လူသားမျိုးနွယ် ပေါ်လာခဲ့သည့် နောက်မှသာပေါ်လာခဲ့၏၊ ယင်းသည် မောရှေက ပညတ်တော်ခေတ်ထဲတွင် ရေးခဲ့သည့် ကျမ်းတစ်အုပ် ဖြစ်သည်။ ၎င်းမှာ သင်တို့အကြား ယနေ့ဖြစ်ပျက်သည့် အရာများနှင့် တူသည်- ၎င်းတို့ဖြစ်ပျက်သွားသည့် နောက်၊ အနာဂတ်တွင် လူများကို ပြသပေးရန် သင်တို့သည် ထိုအရာများကို ချရေးကြသည်၊ အနာဂတ်ထဲက လူများအတွက်မူ၊ သင် မှတ်တမ်းတင်ထားလိုက်သည့် အရာများက အတိတ်ကာလများတုန်းက ဖြစ်ပျက်ခဲ့သည့် အရာများ ဖြစ်သည်— ၎င်းတို့သည် သမိုင်းသက်သက်ပင် ဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ မှတ်တမ်းတင်ထားသည့် အရာများသည် ဣသရေလနိုင်ငံ၌ ယေဟောဝါ၏ အမှုဖြစ်ပြီး၊ ဓမ္မသစ်ကျမ်းထဲ မှတ်တမ်းတင်ထားသည့် အရာမှာ ကျေးဇူးတော်ခေတ်အတွင်း ယေရှု၏အမှု ဖြစ်သည်၊ ၎င်းတို့သည် မတူညီသည့် ခေတ်နှစ်ခေတ်၌ ဘုရားသခင်က

လုပ်ဆောင်ခဲ့သည့် အမှုကို မှတ်တမ်းတင်ထားကြ၏။ ဓမ္မဟောင်းကျမ်းက ပညတ်တော်ခေတ်အတွင်း ဘုရားသခင်၏ အမှုကို မှတ်တမ်းတင်၏၊ ထို့ကြောင့် ဓမ္မဟောင်းကျမ်းက သမိုင်းဝင်စာအုပ် ဖြစ်သော်လည်း၊ ဓမ္မသစ်ကျမ်းကမူ ကျေးဇူးတော်ခေတ် အမှု၏ ရလဒ်ဖြစ်သည်။ အမှုအသစ်ကို စတင်သည့်အခါ၊ ဓမ္မသစ်ကျမ်းသည်လည်း ခေတ်ဟောင်းသွားခဲ့၏— သို့ဖြစ်၍၊ ဓမ္မသစ်ကျမ်းသည်လည်း သမိုင်းဝင်စာအုပ်တစ်အုပ် ဖြစ်၏။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်းကဲ့သို့ စနစ်မကျသကဲ့သို့၊ အရာများစွာကိုလည်း ဓမ္မဟောင်းကျမ်းလောက် မှတ်တမ်းမတင်ထားသည်မှာ မှန်ပေသည်။ ယေဟောဝါ မိန့်ကြားခဲ့သည့် နှုတ်ကပတ်တော်များအားလုံးကို သမ္မာကျမ်းစာ၏ ဓမ္မဟောင်းကျမ်းထဲတွင် မှတ်တမ်းတင်ထားသော်လည်း၊ ယေရှု၏နှုတ်ကပတ်တော် အချို့တို့ကိုသာ ခရစ်ဝင်ကျမ်း လေးကျမ်းထဲတွင် မှတ်တမ်းတင်ထားသည်။ ယေရှုသည်လည်း အမှုများစွာ လုပ်ဆောင်ခဲ့သည်မှာ မှန်၏၊ သို့သော်လည်း၊ ၎င်းတို့ကို အသေးစိတ် မှတ်တမ်းမတင်ထားခဲ့ပေ။ ဓမ္မသစ်ကျမ်းထဲတွင် ထိုသို့ မှတ်တမ်းတင်မှု နည်းနေခြင်းမှာ ယေရှုလုပ်ဆောင်ခဲ့သည့် အမှု၏ ပမာဏကြောင့် ဖြစ်သည်၊ သုံးနှစ်ခွဲကြာ ကာလအတွင်း ကမ္ဘာကြီးပေါ်မှာ ယေရှုလုပ်ခဲ့သည့် အမှုပမာဏနှင့် တမန်တော်များ လုပ်ခဲ့ကြသည့် အမှုပမာဏမှာ ယေဟောဝါ၏ အမှုထက် များစွာမှ နည်းပါးခဲ့သည်။ သို့ဖြစ်သောကြောင့်၊ ဓမ္မသစ်ကျမ်းတွင်ဓမ္မဟောင်းကျမ်းထက် ကျမ်းစာအုပ်များ ပိုနည်းခြင်း ဖြစ်သည်။

သမ္မာကျမ်းစာသည် မည်ကဲ့သို့သော စာအုပ်မျိုးနည်း။ ဓမ္မဟောင်းကျမ်းသည် ပညတ်တော်ခေတ်အတွင်းက ဘုရားသခင်၏ အမှု ဖြစ်သည်။ သမ္မာကျမ်းစာ၏ ဓမ္မဟောင်းကျမ်းသည် ပညတ်တော်ခေတ်အတွင်းက ယေဟောဝါ၏ အမှုအားလုံးနှင့် သူ၏ ဖန်ဆင်းခြင်းအမှုကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ကျမ်းတစ်စောင်လုံးသည် ယေဟောဝါ ပြုခဲ့သည့် အမှုကို မှတ်တမ်းတင်ထားပြီး၊ နောက်ဆုံးတွင် မာလခိကျမ်းဖြင့် ယေဟောဝါ၏ အမှု၏ ဖြစ်စဉ်များကို အဆုံးသတ်ထားသည်။ ဓမ္မဟောင်းကျမ်းသည် ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အမှုနှစ်ခုကို မှတ်တမ်းတင် ထားသည်- တစ်ခုက ဖန်ဆင်းခြင်းအမှု ဖြစ်ပြီး၊ တစ်ခုက ပညတ်ကို ပြဋ္ဌာန်းခြင်းအမှု ဖြစ်သည်။ ထိုအမှုနှစ်ခုစလုံးကို ယေဟောဝါက ပြုခဲ့ခြင်း ဖြစ်သည်။ ပညတ်တော်ခေတ်သည် ယေဟောဝါ ဘုရားသခင်ဟူသော နာမဖြင့် လုပ်ဆောင်ခဲ့သည့် အမှုကို သရုပ်ဖော်သည်၊ အဓိကအားဖြင့် ယေဟောဝါ၏ နာမဖြင့် ဆောင်ရွက်ခဲ့သည့် အမှုတစ်ရပ်လုံး ဖြစ်သည်။ ထို့ကြောင့်၊ ဓမ္မဟောင်းကျမ်းသည် ယေဟောဝါ၏ အမှုကို မှတ်တမ်းတင်ထားပြီး ဓမ္မသစ်ကျမ်းမှာမူ အဓိကအားဖြင့် ယေရှု၏နာမဖြင့် လုပ်ဆောင်ခဲ့သည့် ယေရှု၏အမှုကို မှတ်တမ်းတင်ထား၏။ ယေရှု၏နာမ၏

အရေးပါမှုနှင့် သူပြုခဲ့သည့် အမှုကို ဓမ္မသစ်ကျမ်းထဲတွင် အများအားဖြင့် မှတ်တမ်းတင်ထားသည်။ ဓမ္မဟောင်းကျမ်း ပညတ်တော်ခေတ်အတွင်းတွင်၊ ယေဟောဝါသည် ဗိမာန်တော်နှင့် ယဇ်ပလ္လင်ကို ဣသရေလနိုင်ငံမှာ တည်ဆောက်ခဲ့ပြီး၊ ကမ္ဘာမြေကြီးပေါ် ရှိ ဣသရေလအမျိုးသားများ၏ ဘဝကို လမ်းညွှန် ပေးခဲ့သည်၊ သူတို့သည် ယေဟောဝါ၏ ရွေးချယ်ခံရသူများ၊ ကမ္ဘာကြီးပေါ်၌ ဘုရားသခင် ရွေးချယ်ခဲ့သည့် ပထမဦးဆုံး လူအုပ်စုဖြစ်ပြီး၊ သူတို့သည် ဘုရားသခင် စိတ်တော်နှင့်တွေ့ကာ ဘုရားသခင်ကိုယ်တိုင် ဦးဆောင်ခဲ့သည့် ပထမဦးဆုံး လူအုပ်စု ဖြစ်ကြောင်း သက်သေပြခဲ့သည်။ ဣသရေလနိုင်ငံမှ လူမျိုးနွယ်စု ဆယ့်နှစ်စုတို့သည် ယေဟောဝါ၏ ပထမဆုံး အရွေးခံများ ဖြစ်ခဲ့ကြသည့်အတွက်၊ သူသည် သူတို့၌ အမြဲ အမှုပြုခဲ့သည်မှာ၊ ပညတ်တော်ခေတ်က ယေဟောဝါ၏အမှု ပြီးဆုံးသွားသည့်အထိ ဖြစ်သည်။ အမှုတော်၏ဒုတိယအဆင့်သည် ဓမ္မသစ်ကျမ်းမှ ကျေးဇူးတော်ခေတ်၏ အမှုဖြစ်ပြီး၊ ယင်းကို ဣသရေလ နိုင်ငံထဲက လူမျိုးနွယ်စုဆယ့်နှစ်စုအနက် တစ်စုဖြစ်သည့် ယုဒလူမျိုးနွယ်စု အကြား၌ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဤအမှု၏ အတိုင်းအတာ ပိုသေးခဲ့ခြင်းက ယေရှုသည် လူ့ဇာတိခံယူခဲ့သည့် ဘုရားသခင် ဖြစ်သောကြောင့်ပင်တည်း။ ယေရှုသည် ယုဒပြည်တစ်ဝန်း၌သာ အမှုပြုခဲ့ပြီး၊ သုံးနှစ်ခွဲမျှသော အမှုကိုသာ ပြုခဲ့သည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်း၌ မှတ်တမ်း တင်ထားသည်မှာ ဓမ္မဟောင်းကျမ်းထဲတွင် မှတ်တမ်းတင်ထားသည့် အမှုပမာဏကို မည်သို့မျှ ကျော်လွန်၍ မရပေ။ ကျေးဇူးတော်ခေတ်ထဲက ယေရှု၏ အမှုကို အဓိကအားဖြင့် ခရစ်ဝင်ကျမ်း လေးကျမ်းထဲတွင် မှတ်တမ်းတင်ထားသည်။ ကျေးဇူးတော်ခေတ်မှ လူများ လျှောက်လှမ်းခဲ့ကြရသည့် လမ်းကြောင်းက သူတို့၏ ဘဝစိတ်သဘောထားတွင် အပေါ်ယံ အပြောင်းအလဲ အများဆုံး လမ်းကြောင်းဖြစ်၏၊ ၎င်းတို့အများစုကို ဩဝါဒစာများထဲတွင် မှတ်တမ်းတင်ထားသည်။ ထိုခေတ်ကာလက သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်ခဲ့ပုံကို ထိုဩဝါဒစာများတွင် ပြထားသည်။ (မှန်ပါသည်၊ ပေါလုသည် ပြစ်တင်ဆုံးမခြင်း ခံခဲ့ရသည်ဖြစ်စေ၊ ကံအကြောင်းမလှခြင်း၏ တိုက်ခိုက်ခံခဲ့ရသည်ဖြစ်စေ သူလုပ်ဆောင်ခဲ့သည့် အမှုကို သန့်ရှင်းသော ဝိညာဉ်တော်မှ သူ့ကို ညွှန်ကြားပေးခဲ့ခြင်း ဖြစ်သည်၊ သူသည် ထိုစဉ်က သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းခံခဲ့ရသူတစ်ယောက် ဖြစ်သည်၊ ပေတရုသည်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်း ခံခဲ့သည်၊ သို့သော်လည်း၊ သူသည် ပေါလုလောက် အလုပ် မလုပ်ခဲ့ပေ။ ပေါလုလုပ်ခဲ့သည့် အလုပ်တွင် လူသား၏ မစင်ကြယ်ခြင်း ပါရှိသော်လည်း၊ ထိုစဉ်တုန်းက သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်ခဲ့ပုံကို ပေါလုရေးခဲ့သည့် ဩဝါဒစာများမှ မြင်တွေ့နိုင်သည်၊ ပေါလုဦးဆောင်လမ်းပြခဲ့သည့်

လမ်းကြောင်းသည် သင့်တော်သည့် လမ်းကြောင်းဖြစ်သည်၊ မှန်ကန်သည်၊ ထို့အပြင် ၎င်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းကြောင်း ဖြစ်သည်။)

သင်က ပညတ်တော်ခေတ်၏ အလုပ်ကို ကြည့်လိုပြီး၊ ဣသရေလအမျိုးသားများ ယေဟောဝါ၏ လမ်းခရီးကို မည်သို့ လိုက်နာခဲ့ကြကြောင်းကို ကြည့်လိုလျှင်၊ သင်သည် ဓမ္မဟောင်းကျမ်းကို ဖတ်ရှုရမည်။ သင်သည် ကျေးဇူးတော်ခေတ်၏ အလုပ်ကို နားလည်လိုလျှင်၊ ဓမ္မသစ်ကျမ်းကို ဖတ်ရှုရမည်။ သို့သော်လည်း နောက်ဆုံးသောကာလ၏ အမှုကို သင် မည်သို့ မြင်သနည်း။ သင်သည် ယနေ့၏ဘုရားသခင်၏ ဦးဆောင်မှုကို လက်ခံလျက် ယနေ့၏အမှုတော်ထဲကို ဝင်ရောက်ကြရမည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် အမှုသစ်ဖြစ်ပြီး၊ မည်သူမျှ ယခင်က သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင် မထားခဲ့သောကြောင့် ဖြစ်သည်။ ယနေ့တွင် ဘုရားသခင်သည် လူ့ဇာတိခံယူပြီး တရုတ်နိုင်ငံ၌ အခြားရွေးကောက်ခံရသူများကို ရွေးထားပြီ ဖြစ်သည်။ ဘုရားသခင်သည် ထိုလူများ၌ အမှုပြုသည်၊ သူသည် ကမ္ဘာကြီးပေါ်က သူ၏အမှုတော်မှ ဆက်လက်ဆောင်ရွက်ပြီး၊ ကျေးဇူးတော်ခေတ်၏အမှုတော်မှ ဆက်ပြီး ဆောင်ရွက်သည်။ ယနေ့၏အမှုတော်သည် လူသားတို့ မည်သည့်အခါကမျှ မလျှောက်ဖူးသေးသည့် လမ်းကြောင်းဖြစ်ပြီး မည်သူကမှ မမြင်ဖူးသည့် လမ်းခရီးဖြစ်သည်။ ယင်းသည် ယခင် မည်သည့်အခါမျှ မလုပ်ခဲ့ဖူးသည့် အမှုတော်ဖြစ်သည်၊ ယင်းသည် ကမ္ဘာကြီးပေါ်က ဘုရားသခင်၏ နောက်ဆုံးအမှုတော် ဖြစ်သည်။ ထို့ကြောင့် ယခင် မည်သည့်အခါမျှ မလုပ်ခဲ့ဖူးသည့် အလုပ်သည် သမိုင်းမဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ပစ္စုပ္ပန်သည် ပစ္စုပ္ပန်သာဖြစ်ပြီး၊ အတိတ်ဖြစ်သွားရန် လိုသေး၍ ဖြစ်သည်။ ဘုရားသခင်သည် ပိုကြီးမားသည့်၊ ပိုသစ်သည့်အမှုကို ဣသရေလ၏ ပြင်ပ၊ ကမ္ဘာကြီးပေါ်မှာ ပြုလုပ်ခဲ့ပြီးကြောင်း၊ ထိုအမှုသည် ဣသရေလ၏ နယ်ပယ်အပြင်ထိ ကျော်လွန်နှင့်ပြီး၊ ပရောဖက်များ၏ ကြိုတင်ဟောကြားချက်များကို ကျော်လွန်လျက် ရောက်ရှိနှင့်ပြီးဖြစ်ကြောင်း၊ ယင်းသည် ပရောဖက်ပြုချက်များ၌ မပါဝင်သည့် အသစ်သော အံ့သြဖွယ်အမှု၊ ဣသရေလအပြင်ရှိ ပိုမိုသစ်လွင်သည့် အမှု၊ လူသားများ မည်သည့်အခါတွင်မျှ သိနားလည်နိုင်မည် မဟုတ်သကဲ့သို့ စိတ်ကူးနိုင်ကြမည် မဟုတ်သည့် အမှုဖြစ်ကြောင်းကို လူများက မသိကြပေ။ သမ္မာကျမ်းစာထဲ၌ ယင်းကဲ့သို့သောအမှု၏ ပြည့်စုံစွာ ရှင်းလင်းဖော်ပြထားသော မှတ်တမ်းများ မည်သို့ ပါဝင်နိုင်မည်နည်း။ မည်သူသည် ယနေ့အမှု၏ တစ်ချက်ချင်းစီကို မည်သည့် အရာကိုမျှ ထိန်ချန်မထားဘဲ၊ ကြိုတင်ပြီး မှတ်တမ်းတင်ပေးနိုင်ခဲ့မည်နည်း။ မည်သူကများ ဟောင်းနွမ်းလှသည့် ထိုစာအုပ်ထဲ၌ ယခုကဲ့သို့ ပိုမို ကြီးမြတ်ပြီး ပို၍ ဉာဏ်ပညာရှိကာ၊ အစဉ်အလာကို အာခံသည့် အမှုကို

မှတ်တမ်းတင်ပေးနိုင်ခဲ့မည်နည်း။ ယနေ့အမှုသည် သမိုင်းမဟုတ်ပေ၊ သို့ဖြစ်၍ သင်က ယနေ့၏လမ်းကြောင်း အသစ်အတိုင်း လျှောက်သွားချင်ပါက၊ သင်သည် သမ္မာကျမ်းစာမှ သွေဖည်ရမည်ဖြစ်သည်၊ သင်သည် သမ္မာကျမ်းစာထဲက အနာဂတ္တိကျမ်း စာအုပ်များ သို့မဟုတ် သမိုင်းကို ကျော်လွှန်ပြီးသွားရမည်။ သို့ဖြစ်မှသာ သင်သည် လမ်းကြောင်းအသစ်ကို မှန်ကန်စွာ လျှောက်နိုင်မည် ဖြစ်သည်၊ ထို့အပြင် ထိုအခါကျမှသာ သင်သည် လောကသစ်နှင့် အမှုသစ်ထဲကို ဝင်ရောက်နိုင်မည် ဖြစ်သည်။ ယနေ့ သင့်ကို သမ္မာကျမ်းစာ မဖတ်ကြားတော့ရန် မှာကြားနေရသည်မှာ၊ သမ္မာကျမ်းစာနှင့် ကွဲပြားသည့် အခြားအမှုတစ်ခု ရှိနေရသည်မှာ၊ ဘုရားသခင်က သမ္မာကျမ်းစာထဲ၌ ပိုသစ်ပြီး ပိုအသေးစိတ်ကျသည့် လက်တွေ့လုပ်ဆောင်မှုကို ရှာမကြည့်သည်မှာ၊ ၎င်းအစား သမ္မာကျမ်းစာ ပြင်ပ၌ ပိုကြီးမြတ်သည့်အမှု ရှိနေသည်မှာ အဘယ်ကြောင့်နည်း ဆိုသည်ကို သင် နားလည်ရမည်။ ဤသည်အားလုံးသည် သင်တို့ နားလည်သင့်သည့် အရာဖြစ်သည်။ သင်သည် အမှုအဟောင်းနှင့် အသစ်အကြား ခြားနားချက်ကို နားလည်ရမည်၊ ပြီးလျှင် သင်သည် သမ္မာကျမ်းစာကို မဖတ်သည့်တိုင်အောင် ၎င်းကို စိစစ်နိုင်စွမ်း ရှိရမည်၊ သို့မဟုတ်လျှင် သင်သည် သမ္မာကျမ်းစာကို ကိုးကွယ်မြဲ ကိုးကွယ်နေမည် ဖြစ်၍၊ သင်သည် အမှုသစ်ထဲကို ဝင်ရန်နှင့် အပြောင်းအလဲ အသစ်များကို ကြုံတွေ့ရန် ခဲယဉ်းလိမ့်မည်။ ပိုမြင့်မားသည့် လမ်းခရီး ရှိနေသောကြောင့်၊ နိမ့်ကျပြီး ဟောင်းနေသည့် လမ်းခရီးကို အဘယ့်ကြောင့် လေ့လာနေသနည်း။ ပိုသစ်သည့် မိန့်မြွက်ချက်များနှင့် ပိုသစ်သည့်အမှု ရှိနေလျှင်၊ သမိုင်းမှတ်တမ်း အဟောင်းများအကြားတွင် အဘယ့်ကြောင့် နေထိုင်နေသေးသနည်း။ မိန့်ကြားချက် အသစ်များက သင့်ကို ပံ့ပိုးပေးနိုင်သည်၊ ဤအချက်က ယင်းသည် အမှုသစ် ဖြစ်ကြောင်းကို သက်သေပြနေသည်၊ မှတ်တမ်းအဟောင်းများက သင့်ကိုဆန္ဒ ပြည့်ဝစေနိုင်ခြင်း၊ သင်၏လက်ရှိ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိဘဲ၊ ၎င်းတို့သည် သမိုင်းဖြစ်ပြီး ယခုအချိန် ယခုနေရာ၏ အမှုမဟုတ်ကြောင်းကို သက်သေပြနေသည်။ အမြင့်ဆုံးလမ်းခရီးသည် အသစ်ဆုံးအမှုဖြစ်ပြီး၊ အမှုသစ်နှင့်ဆိုလျှင် အတိတ်က လမ်းခရီး မည်မျှပင် မြင့်မားခဲ့ပါစေ၊ ၎င်းသည် လူတို့၏ ပြန်ပြောင်းဆင်ခြင် သုံးသပ်ချက်များ၏ သမိုင်းဖြစ်နေဆဲ ဖြစ်ပြီး၊ ရည်ညွှန်း ပြောဆိုချက်အဖြစ် ၎င်း၏တန်ဖိုးမှာ မည်သို့ပင်ရှိပါစေ၊ ယင်းသည် လမ်းခရီးဟောင်း ဖြစ်နေဆဲ ဖြစ်သည်။ ၎င်းကို "သန့်ရှင်းသည့် ကျမ်းစာအုပ်" ထဲ မှတ်တမ်းတင်ထားစေကာမူ၊ လမ်းခရီးဟောင်းသည် သမိုင်းဖြစ်သည်၊ "သန့်ရှင်းသည့် ကျမ်းစာအုပ်" ထဲမှာ မည်သို့မျှ ရေးမှတ် မထားသော်လည်း၊ လမ်းခရီးသစ်သည် ယခုအချိန် ယခုနေရာမှာ ရှိနေ၏။ ၎င်းလမ်းခရီးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ဖြစ်သည့် အတွက်ကြောင့်၊ သင့်ကို ကယ်တင်နိုင်ပြီး ဤလမ်းခရီးသည်

သင့်ကို ပြောင်းလဲနိုင်သည်။

သင်တို့သည် သမ္မာကျမ်းစာကို နားလည်ရမည်— ဤအလုပ်မှာ အရေးတကာ့ အရေးအကြီးဆုံး ဖြစ်သည်။ ယနေ့တွင် သင်သည် သမ္မာကျမ်းစာကို ဖတ်ရန် မလိုအပ်တော့ပေ၊ ၎င်းထဲတွင် အသစ်ဟူ၍ ဘာမျှ မရှိသောကြောင့် ဖြစ်သည်။ အားလုံးသည် အဟောင်းပင် ဖြစ်သည်။ သမ္မာကျမ်းစာသည် သမိုင်းအခြေခံသော စာအုပ်တစ်အုပ် ဖြစ်သည်၊ သင်သည် ဓမ္မဟောင်းကျမ်းကို ကျေးဇူးတော်ခေတ်ထဲတွင် စားသောက်ခဲ့မည်ဆိုလျှင်၊ ဓမ္မဟောင်းကျမ်း ခေတ်က သတ်မှတ်ထားခဲ့သည့် အရာကို ကျေးဇူးတော်ခေတ်ထဲတွင် လက်တွေ့ကျင့်သုံးခဲ့ပါက၊ ယေရှုသည် သင်တို့ကို ငြင်းပယ်ခဲ့ပြီး ရှုတ်ချခဲ့မည်ဖြစ်သည်၊ သင်က ဓမ္မဟောင်းကျမ်းကို ယေရှု၏အမှု၌ ကျင့်သုံးခဲ့လျှင် သင်သည် ဖာရိရှဲဖြစ်ခဲ့လိမ့်မည်။ သင်သည် ယနေ့တွင် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်း နှစ်ခုစလုံးကို စားသောက်ရန်အတွက် ပေါင်းစည်းကာ လက်တွေ့လုပ်ဆောင်မည်ဆိုလျှင်၊ ယနေ့၏ ဘုရားသခင်သည် သင့်ကို ရှုတ်ချလိမ့်မည်၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ယနေ့အလုပ်၌ နောက်ကျနေခဲ့မည် ဖြစ်သည်။ အကယ်၍ သင်သည် ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းကို စားသောက်လျှင်၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်း အပြင်၌ ရှိနေသူ ဖြစ်သည်။ ယေရှု၏ လက်ထက်၌၊ ယေရှုသည် ထိုစဉ်က သန့်ရှင်းသော ဝိညာဉ်တော်က သူ့ထဲတွင် အလုပ်လုပ်ခဲ့သည်နှင့်အညီ ယုဒလူများနှင့် သူ၏ နောက်သို့လိုက်သူများ အားလုံးကို လမ်းပြခဲ့သည်။ ယေရှုသည် မိမိပြုခဲ့သည့် အမှုများအတွက် သမ္မာကျမ်းစာကို အခြေခံအဖြစ် မခံယူခဲ့ဘဲ၊ မိမိ၏အမှုနှင့်အညီ ပြောဆိုခဲ့သည်။ သမ္မာကျမ်းစာထဲ မိန့်ဆိုထားသည်များကို သူဂရုမစိုက်ခဲ့သလို၊ သူ၏ နောက်လိုက်များကို ဦးဆောင်ရမည့် လမ်းကြောင်းကိုလည်း သမ္မာကျမ်းစာထဲမှာ မရှာခဲ့ပေ။ သူသည် စတင် အမှုပြုသည့်အခါမှစ၍ ဓမ္မဟောင်းကျမ်း၏ ပရောဖက်ပြုခြင်းများ၌ လုံးဝ မဖော်ပြထားခဲ့သည့် စကားတစ်လုံးဖြစ်သည့်- နောင်တရခြင်း လမ်းခရီးကို သူ ဖြန့်ဝေခဲ့လေသည်။ ယေရှုသည် သမ္မာကျမ်းစာနှင့်အညီ မပြုမူခဲ့သည့်အပြင်၊ သူသည် လမ်းကြောင်းအသစ်ကိုလည်း ဦးဆောင်လမ်းပြခဲ့ပြီး အမှုသစ်ကို ဆောင်ရွက်ခဲ့သည်။ ယေရှုက တရားဟောရာတွင် သမ္မာကျမ်းစာကို မည်သည့်အခါမျှ မကိုးကားခဲ့ပေ။ ပညတ်တော်ခေတ်အတွင်း၌၊ နာမကျန်းသော သူများကို ကုသပေးရန်နှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်းတို့နှင့် သက်ဆိုင်သော သူ၏ အံ့ဖွယ်အရာများကို မည်သူမျှ တစ်ခါမျှ လုပ်ပြနိုင်စွမ်း မရှိခဲ့ကြပေ။ ယေရှု၏ အမှု၊ သူ၏ သွန်သင်ချက်များနှင့် ပညတ်တော်ခေတ်တုန်းက မည်သည့် လူသားကိုမဆို ကျော်လွန်သည့် သူ့နှုတ်ကပတ်တော်များ၏ ဩဇာအာဏာနှင့် တန်ခိုးတော်တို့မှာလည်း

ထို့အတူပင်ဖြစ်ခဲ့ကြသည်။ ယေရှုက သူ၏ သာ၍သစ်သော အမှုကိုသာ လုပ်ခဲ့သည်၊ ထို့အပြင် လူအများအပြားတို့က သမ္မာကျမ်းစာကို အသုံးချပြီး သူ့ကို ပြစ်တင်ရှုတ်ချခဲ့ကြသည့်တိုင်အောင်၊ သူ့အား လက်ဝါးကပ်တိုင်ပေါ်ကို တင်၍ အဆုံးစီရင်ရန် ဓမ္မဟောင်းကျမ်းကိုပင် အသုံးပြုခဲ့ကြသည့်တိုင်အောင်၊ သူ၏ အမှုသည် ဓမ္မဟောင်းကျမ်းကို ကျော်လွန်သွားခဲ့သည်၊ ထိုသို့သာမဟုတ်ခဲ့လျှင်၊ လူများက သူ့ကို လက်ဝါးကပ်တိုင်ပေါ်၌ သံမှိုစွဲခဲ့ကြသည်မှာ အဘယ်ကြောင့်နည်း။ ထိုသို့ ဖြစ်ခဲ့ရသည်မှာ ဓမ္မဟောင်းကျမ်းထဲတွင် ယေရှု၏ သွန်သင်မှုများအပြင်၊ သူ၏ နာမကျန်းသော သူများကို ကုသပေးနိုင်စွမ်းနှင့် နတ်ဆိုးများကို နှင်ထုတ်ပေးနိုင်စွမ်းတို့အကြောင်း တစ်လုံးတစ်ပါဒမျှ မိန့်ကြားမထားခြင်းကြောင့် မဟုတ်သလော။ ယေရှု၏ အမှုသည် လမ်းကြောင်းအသစ်ဖြင့် ဦးဆောင်လမ်းပြရန်ဖြစ်သည်၊ သမ္မာကျမ်းစာနှင့် တိုက်ပွဲ တမင်ဆင်နွှဲရန် သို့မဟုတ် ဓမ္မဟောင်းကျမ်းကို တမင်မသုံးဘဲ ဖယ်ထားရန် မဟုတ်ပေ။ ယေရှုသည် သူ၏ အမှုတော်ကို ဆောင်ရွက်ဖို့နှင့်၊ ၎င်းကို တမ်းတ၍ ရှာဖွေခဲ့ကြသူတို့ထံသို့ အမှုသစ်ကို ယူဆောင်လာဖို့သက်သက် လာခဲ့ခြင်း ဖြစ်သည်။ ယေရှုသည် ဓမ္မဟောင်းကျမ်းကို ရှင်းပြရန် သို့မဟုတ် ယင်း၏ အမှုကို အတည်ပြုရန် လာခဲ့ခြင်း မဟုတ်ပေ။ ယေရှု၏ အမှုမှာ ပညတ်တော်ခေတ်ကို ဆက်လက်ပြီး ဖွံ့ဖြိုးစေရန် မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် သူ၏အမှုသည် သမ္မာကျမ်းစာကို အခြေခံထားခဲ့ခြင်း ရှိ မရှိ ထည့်သွင်း မစဉ်းစားထားသောကြောင့် ဖြစ်သည်။ ယေရှုသည် ၎င်းအနေနှင့် ပြုအပ်သည့်အမှုကို ဆောင်ရွက်ဖို့သက်သက် လာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်၊ ယေရှုသည် ဓမ္မဟောင်းကျမ်းထဲက ပရောဖက်ပြုချက်များကို ရှင်းမပြခဲ့သလို၊ ဓမ္မဟောင်းကျမ်း ပညတ်တော်ခေတ်၏ နှုတ်ကပတ်တော်များနှင့် အညီလည်း မဆောင်ရွက်ခဲ့ပေ။ သူသည် ဓမ္မဟောင်းကျမ်းက ဆိုထားသည်များကို လျစ်လျူရှုခဲ့သည်၊ ထိုကျမ်းသည် သူ၏အမှုနှင့် ကိုက်ညီခြင်း ရှိ၊ မရှိကို ဂရုမစိုက်ခဲ့ပေ၊ ထို့အပြင် အခြားသူတို့က သူ၏အမှုအကြောင်း မည်သည့်အရာများ သိရှိကြသည်၊ သို့မဟုတ် သူတို့က ၎င်းအား မည်သို့ ရှုတ်ချခဲ့ကြသည်ကိုလည်း ဂရုမစိုက်ခဲ့ပေ။ လူအများအပြားတို့က ဓမ္မဟောင်းကျမ်းထဲက ပရောဖက်တို့၏ ကြိုတင်ဟောကိန်းများကို အသုံးပြုပြီး ယေရှုကို ရှုတ်ချခဲ့ကြသော်လည်း၊ သူသည် လုပ်ဆောင်အပ်သည်များကိုသာ ဆက်ပြီးလုပ်ဆောင်ခဲ့သည်။ လူတို့အတွက်၊ ယေရှု၏ အမှုမှာ အခြေခံအကြောင်းရင်း မရှိသကဲ့သို့ ထင်စရာဖြစ်ခဲ့ပြီး၊ ဓမ္မဟောင်းကျမ်းထဲက မှတ်တမ်းများနှင့် မကိုက်ညီသည့် အချက်များ အများအပြား ရှိခဲ့ပုံ ထင်ရသည်။ ဤအချက်မှာ လူသား၏ အမှားဖြစ်သည် မဟုတ်လော။ ဘုရားသခင်၏ အမှုတွင် အယူဝါဒများကို အသုံးချဖို့ရန် လိုအပ်သလော။

ထို့အပြင် ဘုရားသခင်သည် ပရောဖက်များ၏ ကြိုတင်ဟောကိန်းများနှင့် အညီ လုပ်ကိုင်ရမည်လော။ အမှန်စင်စစ် ပိုကြီးမြတ်သည်က မည်သည့်အရာနည်း- ဘုရားသခင်လော၊ သမ္မာကျမ်းစာလော။ ဘုရားသခင်သည် မည်သည့်အတွက်ကြောင့် သမ္မာကျမ်းစာနှင့်အညီ အမှုပြုရမည်နည်း။ ဘုရားသခင်သည် သမ္မာကျမ်းစာကို ကျော်လွန်ခွင့် မရှိခြင်းကြောင့်များ ဖြစ်နိုင်သလော။ ဘုရားသခင်သည် သမ္မာကျမ်းစာမှ သွေဖည်လျက် အခြားအမှုကို မပြုနိုင်ပေဘူးလော။ ယေရှုနှင့် သူ၏ တပည့်များက ဥပုသ်နေ့ကို မစောင့်ထိန်းခဲ့ကြသည်မှာ အဘယ့်ကြောင့်နည်း။ ယေရှုသည် ဥပုသ်နေ့ကို စောင့်ထိန်းလျက် ဓမ္မဟောင်းကျမ်းလာ ပညတ်များကို လက်တွေ့လုပ်ဆောင်ခဲ့မည် ဆိုပါက၊ သူလာပြီးနောက် ယေရှုသည် ဥပုသ်နေ့ကို မစောင့်ထိန်းခဲ့ဘဲနှင့် ယင်းအစား ခြေကိုဆေးကြောခြင်း၊ ခေါင်းကိုဖုံးအုပ်ခြင်း၊ မုန့်ကိုချိုးဖဲ့ခြင်းနှင့် စပျစ်ရည်ကို သောက်သုံးခြင်း ပြုလုပ်ခဲ့သည်မှာ အဘယ်ကြောင့်နည်း။ ထိုအချက်များ အားလုံးသည် ဓမ္မဟောင်းကျမ်းလာ ပညတ်များ၌ ကင်းမဲ့နေသည် မဟုတ်လော။ ယေရှုက ဓမ္မဟောင်းကျမ်းကို လေးစားခဲ့သည်ဆိုလျှင်၊ သူသည် ထိုအယူဝါဒများကို ချိုးဖောက်ခဲ့သည်မှာ အဘယ်ကြောင့်နည်း။ ဦးစွာလာသည်မှာ ဘုရားသခင်လော၊ သမ္မာကျမ်းစာလော ဆိုသည်ကို သင် သိသင့်သည်။ ဥပုသ်နေ့၏ သခင်ဖြစ်လျက်၊ သူသည် သမ္မာကျမ်းစာ၏ သခင်ပါ မဖြစ်နိုင်လော။

ဓမ္မသစ်ကျမ်းကာလထဲက ယေရှုပြုသည့် အမှုသည် အမှုသစ်ကို စတင်ပေးခဲ့သည်- ယေရှုသည် ဓမ္မဟောင်းကျမ်းလာ အမှုတော်အတိုင်း မလုပ်ကိုင်ခဲ့သည့် အပြင်၊ ဓမ္မဟောင်းကျမ်းလာ ယေဟောဝါ ပြောသည့် နှုတ်ကပတ်တော်များကိုလည်း မကျင့်သုံးခဲ့ပေ။ ယေရှုသည် မိမိ၏ကိုယ်ပိုင်အမှုကို ပြုခဲ့ပြီး၊ ပိုသစ်သည့်အမှုကို ပြုခဲ့ကာ၊ ပညတ်ချက်ထက် ပိုမြင့်မားသည့်အမှုကို ပြုခဲ့သည်။ သို့ဖြစ်၍၊ သူသည်- “ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်ဟု မထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှါ ငါလာသည်မဟုတ်။ ပြည့်စုံစေခြင်းငှါ ငါလာသတည်း။” ဆိုခဲ့၏။ ထို့ကြောင့်၊ ယေရှု အထမြောက်အောင် ဆောင်ရွက်ပြီးခဲ့သည့် အရာနှင့်အညီ၊ များစွာသော အယူဝါဒများ ချိုးဖောက်ခံခဲ့ကြရသည်။ ဥပုသ်နေ့တွင် ယေရှုသည် တပည့်များကို ဂျုံစပါးလယ်ကွက်များကြား ခေါ်သွားခဲ့ပြီး စပါးအသီးအနှံများကို သူတို့ ကောက်စားခဲ့သည်။ ယေရှုသည် ဥပုသ်နေ့ကို မစောင့်ထိန်းခဲ့ဘဲ- “လူသားသည် ဥပုသ်နေ့ကို အစိုးရသည်ဟု မိန့်တော်မူ၏။” ထိုအချိန်က၊ ဣသရေလလူမျိုးများ၏ စည်းကမ်းများအရ၊ ဥပုသ်နေ့ကို မစောင့်ထိန်းသူကို ကျောက်တုံးများဖြင့် သတ်ခဲ့၏။ သို့သော် ယေရှုသည် ဗိမာန်တော်ထဲကိုလည်း မဝင်ခဲ့၊ ဥပုသ်နေ့ကိုလည်း မစောင့်ထိန်းခဲ့ပေ၊ ထို့အပြင် သူ၏အမှုကို

ဓမ္မဟောင်းကျမ်းခေတ်အတွင်းတွင် ယေဟောဝါမှ ပြခဲ့သည် မဟုတ်ပေ။ သို့ဖြစ်သောကြောင့်၊ ယေရှုပြခဲ့သည့် အမှုမှာ ဓမ္မဟောင်းကျမ်း၏ ပညတ်ချက်ကို ကျော်လွန်ခဲ့သည်၊ ဓမ္မဟောင်းကျမ်း၏ ပညတ်ချက်ထက် ပိုမြင့်မားခဲ့ပြီး ယင်းနှင့် ကိုက်ညီမှု မရှိခဲ့ပေ။ ကျေးဇူးတော်ခေတ်အတွင်း၌၊ ယေရှုသည် ဓမ္မဟောင်းကျမ်း၏ ပညတ်ချက်နှင့်အညီ အမှုပြခဲ့ခြင်း မဟုတ်ဘဲ၊ ထိုဩဝါဒများကို ချိုးဖောက်ခဲ့နှင့်ပြီးဖြစ်သည်။ သို့သော် ဣသရေလ အမျိုးသားတို့သည် သမ္မာကျမ်းစာကို အလွန်အကြူး ဖက်တွယ်ထားပြီး၊ ယေရှုကို ပြစ်တင်ရှုတ်ချခဲ့သည်၊ ဤသည်မှာ ယေရှု၏အမှုတော်ကို ငြင်းပယ်နေခြင်း မဟုတ်သလော။ ယနေ့ ဘာသာရေးလောကသည်လည်း သမ္မာကျမ်းစာကို အလွန်အကြူး ဖက်တွယ်ထားပြီး၊ အချို့သောသူတို့က "သမ္မာကျမ်းစာသည် သန့်ရှင်းသောစာအုပ်တစ်အုပ်ဖြစ်ပြီး ယင်းကို ဖတ်ရှုရမည်" ဟု ပြောဆိုကြသည်။ အချို့သောသူတို့က "ဘုရားသခင်၏ အမှုကို ထာဝရ ထိန်းသိမ်းထားရမည်၊ ဓမ္မဟောင်းကျမ်းသည် ဣသရေလလူမျိုးများနှင့် ထားရှိခဲ့သည့် ဘုရားသခင်၏ ပဋိညာဉ်ဖြစ်ပြီး၊ ၎င်းကို ဘေးဖယ်ထား၍ မရနိုင်၊ ဥပုသ်နေ့ရက်ကို အစဉ် စောင့်ထိန်းရမည်" ဟု ဆိုကြသည်။ သူတို့သည် ရယ်စရာ မကောင်းကြပေဘူးလော။ ယေရှုသည် အဘယ်ကြောင့် ဥပုသ်နေ့ရက်ကို မစောင့်ထိန်းခဲ့သနည်း။ သူသည် မကောင်းမှုကို ကျူးလွန်နေခဲ့သလော။ မည်သူက ယင်းကဲ့သို့သော အမှုအရာများကို စေ့စပ်သေချာစွာ နားလည်နိုင်သနည်း။ လူတို့သည် သမ္မာကျမ်းစာကို မည်သို့ပင် ဖတ်ရှုသည်ဖြစ်စေ၊ ၎င်းတို့၏ သဘောပေါက် နားလည်နိုင်စွမ်းများကို အသုံးပြုလျက် ဘုရားသခင်၏ အမှုကို သိနားလည်ရန် မဖြစ်နိုင်ပေ။ ထိုသူတို့သည် ဘုရားသခင်အကြောင်း စစ်မှန်သည့် အသိပညာကို မရရုံသာမက၊ ၎င်းတို့၏ အယူအဆများသည် သာ၍ပင် ထူးခြားစွာ ဆိုးရွားလာသည်မှာ ဘုရားသခင်ကို ၎င်းတို့သည် စတင်ဆန့်ကျင်သည်အထိ ဖြစ်လာလိမ့်မည်။ ယနေ့ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း မရှိခဲ့လျှင်၊ လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင်အယူအဆများကြောင့် ဖျက်ဆီးခြင်းခံကြရလျက် ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုများအကြား သေဆုံးကြလိမ့်မည်။

# သမ္မာကျမ်းစာနှင့် ပတ်သက်၍ (၂)

သမ္မာကျမ်းစာကို ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းဟူ၍လည်း ခေါ်ပေသည်။ "ဓမ္မသတ်ကျမ်း" ဟူသည့်အရာက မည်သည့်အရာ ရည်ညွှန်းသည်ကို သင် သိပါသလော။ ဓမ္မဟောင်းကျမ်းထဲရှိ "ဓမ္မသတ်ကျမ်း"သည် ယေဟောဝါက အဲဂုတ္တုလူတို့ကို သတ်ဖြတ်ပြီး ဣသရေလအမျိုးသားတို့ကို ဖာရောမင်းထံမှ ကယ်တင်သောအချိန်

ဣလသရေလအမျိုးသားတို့နှင့် သူပြုသည့် ပဋိညာဉ်မှ လာခြင်းဖြစ်သည်။ ဟုတ်ပေ၏၊ ဤပဋိညာဉ်၏ သက်သေမှာ တံခါးထုပ်ပေါ် လိမ်းကျံထားသည့် သိုးသငယ်၏ အသွေးဖြစ်ပြီး၊ ယင်းမှတဆင့် တံခါးဘောင်၏ ထိပ်နှင့် နံဘေးများပေါ်တွင် သိုးသငယ်၏ သွေးများ ရှိသောသူအားလုံးသည် ဣလသရေလအမျိုးသားများဖြစ်ကြောင်း၊ ဘုရားသခင်၏ ရွေးချယ်ထားသော လူများဖြစ်ပြီး ၎င်းတို့သည် ယေဟောဝါ၏ အသက်ချမ်းသာပေးခံရလိမ့်မည်ဖြစ်ကြောင်း ဆိုထားသည့် ပဋိညာဉ်တစ်ခုကို ဘုရားသခင်သည် လူနှင့်အတူ တည်ထောင်ခဲ့ပေသည် (အကြောင်းမူကား ထိုအချိန်က ယေဟောဝါသည် အဲဂုတ္တု၏ သားဦးများနှင့် သိုးနွားတိရစ္ဆာန်တို့၏ သားဦးများကို သတ်ဖြတ်တော့မည်ဖြစ်သောကြောင့်ပေတည်း)။ ဤပဋိညာဉ်တွင် အဓိပ္ပါယ် အဆင့်နှစ်ဆင့် ရှိလေသည်။ အဲဂုတ္တု၏ လူများ သို့မဟုတ် ခြံမွေးတိရစ္ဆာန်များထဲမှ အဘယ်သူမျှ ယေဟောဝါအားဖြင့် ကယ်ဆယ်ခံရလိမ့်မည် မဟုတ်ပေ။ သူသည် ၎င်းတို့၏ သားဦးများနှင့် သိုးများနှင့် ကျွဲနွားတိရစ္ဆာန်တို့၏ သားဦးများ အားလုံးကို သတ်ဖြတ်လိမ့်မည် ဖြစ်သည်။ ဤအကြောင်းကြောင့်၊ အနာဂတ္တိ ကျမ်းများစွာတွင် အဲဂုတ္တုလူတို့သည် ယေဟောဝါ၏ ပဋိညာဉ် အကျိုးဆက်တစ်ခုအနေဖြင့် ပြင်းပြင်းထန်ထန် ပြစ်တင်ဆုံးမခံရလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်ထားခဲ့ပေသည်။ ဤသည်မှာ ပဋိညာဉ်၏ ပထမအဆင့် အဓိပ္ပါယ်ဖြစ်သည်။ ယေဟောဝါသည် အဲဂုတ္တု၏ သားဦးများနှင့် ယင်း၏ ကျွဲနွားတိရစ္ဆာန် သားဦးများအားလုံးကို သတ်ဖြတ်ခဲ့ပြီး ဣလသရေလအမျိုးသားအားလုံးကို ချမ်းသာပေးခဲ့သည်၊ ဆိုလိုသည်မှာ ဣလသရေလ တိုင်းပြည်နှင့် ဆိုင်သော သူအားလုံးသည် ယေဟောဝါ၏ ချစ်ခင်မြတ်နိုးခြင်းကို ခံခဲ့ရပြီး အားလုံး အသက်ချမ်းသာပေးခံခဲ့ရပေသည်။ သူသည် ၎င်းတို့နှင့်အတူ ရေရှည်အလုပ်လုပ်ရန် ဆန္ဒရှိခဲ့ပြီး သိုးသငယ်၏ အသွေးကို အသုံးပြုလျက် ၎င်းတို့နှင့် ပဋိညာဉ်တစ်ခု တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍၊ ယေဟောဝါသည် ဣလသရေအမျိုးသားတို့ကို မသတ်ခဲ့သကဲ့သို့ ၎င်းတို့သည် အစဉ်ထာဝရ သူ၏ ရွေးချယ်ခြင်းခံရသောသူများ ဖြစ်လိမ့်မည်ဟု ဆိုခဲ့သည်။ ဣလသရေလအမျိုးသား ဆယ့်နှစ်မျိုးကြားတွင် သူသည် ပညတ်တော်ခေတ် တစ်ခုလုံးအတွက် သူ၏ အမှုကို စတင်ခဲ့သည်၊ ဣလသရေလအမျိုးသားတို့ထံ သူ၏ ပညတ်တရားအားလုံးကို ဖွင့်ဟခဲ့ပြီး ၎င်းတို့ထဲမှ ပရောဖက်များနှင့် တရားသူကြီးများကို ရွေးချယ်ခဲ့ကာ ၎င်းတို့သည် သူ့အမှု၏ အဓိကကျသောနေရာတွင် ရှိခဲ့ကြသည်။ ယေဟောဝါသည် ၎င်းတို့နှင့်အတူ ပဋိညာဉ်တစ်ခု ပြုလုပ်ခဲ့သည်- ခေတ်မပြောင်းလဲခဲ့သော်၊ သူသည် ရွေးချယ်ထားသော သူတို့အလယ်တွင်သာ အမှုပြုလိမ့်မည်ဖြစ်သည်။ ယောဟောဝါ၏ ပဋိညာဉ်မှာ မပြောင်းလဲနိုင်သောအရာဖြစ်သည်၊

အကြောင်းမူကား ယင်းသည် အသွေးဖြင့် ပြုလုပ်ထားပြီး သူ၏ ရွေးချယ်ထားသော လူတို့နှင့်အတူ တည်ထောင်ထားသောကြောင့် ဖြစ်ပေသည်။ သာ၍ အရေးကြီးသည်မှာ၊ ခေတ်တစ်ခုလုံးအတွက် သူ၏ အမှုကို အစပြုဖို့ အသုံးပြုရန် သင့်လျော်သော နယ်ပယ်နှင့် ရည်မှန်းချက်တို့ကို သူ ရွေးချယ်ခဲ့ပြီး ဖြစ်သည်၊ ထို့ကြောင့် လူတို့သည် ပဋိညာဉ်ကို အထူးသဖြင့် အရေးကြီးသည်ဟု မြင်ခဲ့ကြလေသည်။ ဤသည်မှာ ပဋိညာဉ်၏ အဓိပ္ပါယ် ဒုတိယအဆင့် ဖြစ်သည်။ ပဋိညာဉ် တည်ထောင်ခြင်း မတိုင်မီ ရှိခဲ့သည့် ကမ္ဘာဦးကျမ်းကို ခြွင်းချက်ထားလျက်၊ ဓမ္မဟောင်းကျမ်းထဲရှိ အခြားကျမ်းအုပ်များအားလုံးသည် ပဋိညာဉ် တည်ထောင်ပြီးနောက်ပိုင်း ဣသရေလအမျိုးသားတို့ကြား ဘုရားသခင်၏ အမှုကို မှတ်တမ်းတင်လေသည်။ အခါအားလျော်စွာ တပါးအမျိုးသားတို့၏ အဖြစ်အပျက်များ ရှိသည်မှာ မှန်ပေ၏၊ သို့သော် ခြုံငုံကြည့်လျှင်၊ ဓမ္မဟောင်းကျမ်းက ဣသရေလထဲ၌ ဘုရားသခင်၏ အမှုကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ဣသရေလအမျိုးသားတို့နှင့် ယေဟောဝါ၏ ပဋိညာဉ်ကြောင့်၊ ပညတ်တော်ခေတ်အတွင်း ရေးသားခဲ့သည့် ကျမ်းအုပ်များကို ဓမ္မဟောင်းကျမ်းဟု ခေါ် ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို ဣသရေလအမျိုးသားတို့နှင့်အတူ ပြုသည့် ယေဟောဝါ၏ ပဋိညာဉ်ကို အစွဲပြု၍ အမည်မှည့်ထားခြင်း ဖြစ်သည်။

ဓမ္မသစ်ကျမ်းကို ကားတိုင်ထက် သွန်းခဲ့သည့် ယေရှု၏ အသွေးနှင့် သူ့ကို ယုံကြည်သူအပေါင်းတို့နှင့်အတူပြုခဲ့သည့် သူ၏ပဋိညာဉ်ကို အစွဲပြု၍ အမည်မှည့်ထားခြင်းဖြစ်သည်။ ယေရှု၏ ပဋိညာဉ်မှာ ဤသို့ဖြစ်သည်- သူသွန်းခဲ့သည့် အသွေးကြောင့် သူတို့အပြစ်ဖြေလွှတ်ခြင်းခံရရန်အတွက် လူတို့သည် သူ့ကို ယုံကြည်ဖို့သာ ရှိပြီး၊ ထိုသို့ဖြင့် ၎င်းတို့ ကယ်တင်ခံရလိမ့်မည်ဖြစ်ကာ သူ့အားဖြင့် တဖန်ပြန်မွေးဖွားမည်ဖြစ်ပြီး အပြစ်သားများ ဖြစ်ကြတော့မည်မဟုတ်ပေ။ သူ၏ ကျေးဇူးတော်ကို ရရှိဖို့ရန် လူတို့သည် သူ့ကို ယုံကြည်ဖို့သာ ရှိပြီး ၎င်းတို့ သေဆုံးပြီးနောက် ငရဲတွင် ဆင်းရဲဒုက္ခခံရလိမ့်မည်မဟုတ်ပေ။ ကျေးဇူးတော်ခေတ်အတွင်း ရေးသားခဲ့သည့် ကျမ်းအုပ်များအားလုံးသည် ဤပဋိညာဉ်နောက်ပိုင်းတွင် ဖြစ်လာခဲ့ခြင်းဖြစ်ပြီး အထဲ၌ ပါရှိသည့် အမှုနှင့် မိန့်မြွက်ချက်များအားလုံးကို ၎င်းတို့အားလုံး မှတ်တမ်းတင်ထားလေသည်။ ၎င်းတို့သည် သခင်ယေရှု၏ ကားစင်တင်သတ်ခံရခြင်း သို့မဟုတ် ပဋိညာဉ် နှင့်ဆိုင်သော ကယ်တင်ခြင်းထက် ပိုမဖော်ပြပေ။ ၎င်းတို့အားလုံးသည် အတွေ့အကြုံများရှိကြသည့် သခင်၌ ညီအစ်ကိုများ ရေးသားထားသည့် ကျမ်းအုပ်များ ဖြစ်သည်။ ထို့ကြောင့် ဤကျမ်းအုပ်များကိုလည်း ပဋိညာဉ်ကို အစွဲပြု၍ အမည်မှည့်ထားလေသည်။ ၎င်းတို့ကို ဓမ္မသစ်ကျမ်းဟု ခေါ်ဆိုပေသည်။ ဤကျမ်းနှစ်ကျမ်းတွင် ပညတ်တော်ခေတ်နှင့်

ကျေးဇူးတော်ခေတ်သာ ပါဝင်ပြီး နောက်ဆုံးသော ခေတ်နှင့် ဆက်နွှယ်မှုမရှိပေ။ ထို့ကြောင့် သမ္မာကျမ်းစာသည် ယနေ့ နောက်ဆုံးသော ကာလ လူတို့အတွက် ကြီးကြီးမားမား အသုံးမဝင်လှပေ။ အလွန်ဆုံးအနေဖြင့်၊ ယင်းက ယာယီ ညွှန်းချက်တစ်ခုအနေဖြင့် အသုံးတော်ခံ၏၊ သို့သော် အခြေခံအားဖြင့် ယင်းသည် အသုံးဝင်သည့် တန်ဖိုး အနည်းငယ်သာ ရှိလေသည်။ သို့တိုင် ဘာသာရေးသမားများက ယင်းကို တန်ဖိုးအထားဆုံး ဖြစ်နေကြဆဲဖြစ်သည်။ ကျမ်းစာကို ၎င်းတို့ မသိကြ။ ကျမ်းစာကို မည်သို့ ရှင်းပြရမည်ကိုသာ သိကြပြီး ယင်း၏ မူလဇာစ်မြစ်ကို အခြေခံအားဖြင့် မသိကြချေ။ သမ္မာကျမ်းစာအပေါ် ၎င်းတို့၏ သဘောထားမှာ- ကျမ်းစာထဲရှိသမျှအရာတိုင်းသည် မှန်ကန်၏၊ ယင်းတွင် ချွတ်ယွင်းချက်များ သို့မဟုတ် အမှားများ မပါရှိပေဟူ၍ဖြစ်သည်။ ပထမဦးစွာ ကျမ်းစာသည် မှန်ကန်ပြီး အမှားကင်းမဲ့သည်ဟု ၎င်းတို့ ဆုံးဖြတ်လိုက်သောကြောင့်၊ ယင်းကို ကြီးမားသော စိတ်ပါဝင်စားမှုဖြင့် ၎င်းတို့ လေ့လာကာ ဆန်းစစ်ကြလေသည်။ ယနေ့ အမှု၏ အဆင့်ကို ကျမ်းစာထဲတွင် ကြိုတင်ဟောကိန်းထုတ်ထားခြင်း မရှိပေ။ ဤသည်မှာ နောက်ဆုံးသော အမှုဖြစ်သည့်အတွက်၊ နေရာများအားလုံးထဲမှ အမှောင်မိုက်ဆုံး နေရာ၌ သိမ်းပိုက်သည့် အမှုကို ဖော်ပြချက်တစ်ခုတစ်လေ လုံးဝမရှိပေ။ အမှု၏ ခေတ်ကာလသည် ကွဲပြားသောကြောင့်၊ ဤအမှု၏ အဆင့်သည် နောက်ဆုံးသော ကာလအတွင်း ပြီးစီးလိမ့်မည်ကို ယေရှုကိုယ်တိုင်ပင် မသိခဲ့ချေ- ထို့ကြောင့် နောက်ဆုံးသော ကာလ၏ လူတို့သည် ကျမ်းစာကို ဆန်းစစ်ခြင်းအားဖြင့် ဤအမှု၏ အဆင့်ကို ကျမ်းစာထဲတွင် အဘယ်သို့ ရှာတွေ့နိုင်မည်နည်း။

ကျမ်းစာကို ရှင်းပြကြသူ အများစုသည် ယုတ္တိတန်သော ကောက်ချက်ကို အသုံးပြုကြပြီး တကယ့် နောက်ခံ မရှိကြချေ။ ၎င်းတို့သည် အမှုအရာများစွာကို ကောက်ချက်ချဖို့ ဆင်ခြင်တွေးခေါ်မှုစနစ်ကို အသုံးချရုံမျှသာ ပြုလေသည်။ တစ်နှစ်ထက်တစ်နှစ်၊ အဘယ်သူမျှ ကျမ်းစာကို စိတ်ဖြာလေ့လာဆွေးနွေးဖို့ သို့မဟုတ် ကျမ်းစာကို ငြင်းပယ်ဖို့ မဝံ့ရဲခဲ့ကြ၊ အဘယ်ကြောင့်ဆိုသော် ဤစာအုပ်သည် “သန့်ရှင်းသော စာအုပ်” ဖြစ်ပြီး ယင်းကို ဘုရားသခင်ကဲ့သို့ လူတို့ ကိုးကွယ်ကြသောကြောင့် ဖြစ်သည်။ ဤအရာက ထောင်စုနှစ်အချို့ကြာ ဖြစ်နေခဲ့ပြီးဖြစ်သည်။ ဘုရားသခင်သည် အရေးမစိုက်ခဲ့သကဲ့သို့ မည်သူမျှ ကျမ်းစာ၏ အတွင်းပိုင်း ဇာတ်ကြောင်းကို ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ချေ။ ကျမ်းစာကို တန်ဖိုးထားခြင်းက ရုပ်တုဆင်းတု ကိုးကွယ်ခြင်းဖြစ်သည်ဟု ငါတို့ ပြောကြသော်လည်း ဤဘုရားတရားကိုင်းရှိုင်းသော ယုံကြည်သူများထဲမှ မည်သူမျှက ဤသို့ မမြင်ဝံ့ကြချေ၊ ပြီးလျှင် ၎င်းတို့က သင့်ကို ၊ “ညီအစ်ကို၊ ထိုသို့ မပြောနှင့်၊ ထိုသို့ပြောခြင်းသည် အလွန်ဆိုး၏၊ သင်သည် ဘုရားသခင်ကို ပြစ်မှားလိုက်လေခြင်း"ဟု ပြောလိမ့်မည်။ ထို့နောက်၊ နာကျင်သည့်

အမှုအယာ သူတို့ ပြုကြလိမ့်မည်- “အို သနားကရုဏာနှင့် ပြည့်စုံသော ကယ်တင်ခြင်း၏ အရှင် ယေရှု၊ သူ၏ အပြစ်များကို ခွင့်လွှတ်ပေးတော်မူပါ၊ ကိုယ်တော်သည် လူကို ချစ်သော သခင်ဖြစ်ပြီး ကျွန်ုပ်တို့အားလုံး အပြစ်ပြုမိသည့်အတွက် ကျေးဇူးပြု၍ ကျွန်ုပ်တို့ကို ကြီးမားသည့်သနားခြင်းကရုဏာပြတော်မူပါ၊ အာမင်။” ဤသည်မှာ ၎င်းတို့ “ဘာသာတရားကိုင်းရှိုင်း”လိုက်ပုံ ဖြစ်သည်။ သမ္မာတရားကို လက်ခံဖို့ ၎င်းတို့အတွက် အဘယ်ကြောင့် လွယ်ကူနိုင်မည်နည်း။ သင်၏ ပြောဆိုချက်က ၎င်းတို့ကို အလွန်အမင်း ထိတ်လန့်စေလိမ့်မည်။ ကျမ်းစာသည် လူသား စိတ်ကူးများနှင့် အယူအဆများဖြင့် စွန်းထင်းနိုင်သည်ကို အဘယ်သူမျှ တွေးဝံ့လိမ့်မည်မဟုတ်သကဲ့သို့ ဤအပြစ်အနာအဆာကို အဘယ်သူမျှ မြင်နိုင်မည် မဟုတ်ချေ။ ကျမ်းစာထဲရှိ အချို့သောအရာသည် လူပုဂ္ဂိုလ်တို့၏ အတွေ့အကြုံများနှင့် အသိပညာ ဖြစ်သည်၊ အချို့မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းဖြစ်ကာ၊ လူသား အသိဉာဏ်နှင့် အတွေးတို့ဖြင့် ရောနှောခြင်းလည်း ရှိပေသည်။ ဤအရာများတွင် ဘုရားသခင်သည် လုံးဝ ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့ပေ၊ သို့ရာတွင် အကန့်အသတ်တစ်ရပ်တော့ ရှိလေသည်- ဤအရာများသည် သာမန်လူတို့၏ အတွေးများထက် မပိုလွန်နိုင်သကဲ့သို့ ၎င်းတို့ ပိုလွန်မည်ဆိုလျှင်၊ ဘုရားသခင်၏ အမှုကို ၎င်းတို့ ဝင်ရောက်စွက်ဖက်ခြင်းနှင့် နှောင့်ယှက်နေခြင်း ဖြစ်ပေသည်။ သာမန်လူတို့၏ အတွေးထက် ပိုလွန်သည့်အရာသည် စာတန်၏ လုပ်ဆောင်ချက်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ယင်းက လူတို့ကို ၎င်းတို့၏ တာဝန်မှ ဖြုတ်ချသည့်အတွက် ယင်းသည် စာတန်၏ အလုပ်ဖြစ်ပြီး စာတန်မှ ညွှန်ကြားထားခြင်း ဖြစ်ကာ၊ ဤအခိုက်အတန့်တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသို့ပြုမူဖို့ သင့်ကို ခွင့်ပြုလိမ့်မည်မဟုတ်သောကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံတွင်၊ အချို့သော ညီအစ်ကို မောင်နှမတို့က၊ “ကျွန်ုပ် ထိုကဲ့သို့သော နည်းလမ်းဖြင့် အလုပ်လုပ်သည်မှာ အဆင်ပြေပါသလား”ဟု မေးကြသည်။ ၎င်းတို့၏ ဝိညာဉ်အသက်တာကို ငါ ကြည့်ကာ၊ “ အဆင်ပြေသည်”ဟု ငါ ပြော၏။ “ထိုကဲ့သို့သော နည်းလမ်းဖြင့် ကျွန်ုပ် အလုပ်လုပ်လျှင်၊ ကျွန်ုပ်၏ အခြေအနေသည် ပုံမှန်ဖြစ်ပါသလား” ဟု မေးသောသူအချို့လည်း ရှိ၏။ ပြီးလျှင် ငါက၊ “ဟုတ်ပေသည်၊ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖြစ်သည်၊ အထူး ပင် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖြစ်ပေသည်” ဟု ငါ ပြောသည်။ အခြားသူများက၊ “ကျွန်ုပ်ဤနည်းဖြင့် အလုပ်လုပ်လျှင် အဆင်ပြေပါသလား” ဟု ပြောသည်။ ပြီးလျှင် ငါက၊ “အဆင်မပြေပါ” ဟုပြောသည်။ ၎င်းတို့က၊ “သူ့အတွက် အဆင်ပြေပြီး အဘယ်ကြောင့် ကျွန်ုပ်အတွက် အဆင်မပြေသနည်း” ဟု ၎င်းတို့ ပြောကြသည်။ ပြီးလျှင် ငါက၊ “အဘယ့်ကြောင့်ဆိုသော် သင်

လုပ်ဆောင်နေသောအရာသည် စာတန်ထံမှလာသောကြောင့်၊ ယင်းက အနှောင့်အယှက်တစ်ခု ဖြစ်ပြီး၊ သင်၏ စိတ်ဓါတ်လှုံ့ဆော်မှု အရင်းအမြစ်သည် မှားယွင်းသွားသောကြောင့် ဖြစ်သည် ” ဟု ပြောသည်။ ကျေနပ်လောက်အောင် အလုပ် မဖြစ်သည့် အချိန်များစွာလည်းရှိပြီး ယင်းကို ညီအစ်ကို မောင်နှမများက မသိကြချေ။ နည်းလမ်းတစ်ရပ်ဖြင့် အလုပ်လုပ်ဖို့ အဆင်ပြေမပြေ အချို့က ငါ့ကို မေးကြပြီး၊ ၎င်းတို့၏ လုပ်ရပ်များက အနာဂတ် အမှုကို အနှောင့်အယှက် ဖြစ်စေမည်မဟုတ်သည်ကို ငါ မြင်သည့်အခါ၊ ကောင်းသည်ဟု ငါ ပြော၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်က လူတို့ကို နယ်ပယ်တစ်ခု ပေး၏။ လူတို့သည် သာမန်အတွေးနှင့် အားနည်းချက် ပိုင်ဆိုင်ပြီး ဇာတိအသွေးအသား လိုအပ်ချက်အချို့ရှိကြသည့်အတွက်၊ ၎င်းတို့တွင် တကယ့်ပြဿနာများရှိကြပြီး ၎င်းတို့၏ ဦးနှောက်များထဲတွင် အခြေခံအားဖြင့် ထိန်းချုပ်ရမည့်နည်းလမ်းမရှိသည့် အတွေးများရှိသည့်အတွက်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လိုအင်ဆန္ဒများကို လူတို့ အသေးစိတ် အတိအကျ လိုက်လျှောက်ဖို့မလိုချေ။ လူတို့ကို ငါ တောင်းဆိုသည့်အရာတိုင်းသည် အကန့်အသတ်တစ်ခုရှိ၏။ အချို့က ငါ၏ နှုတ်ကပတ်တော်များသည် ဒွိဟဖြစ်စေသည်၊ မည်သည့်နည်းလမ်းဖြင့်မဆို ပြုမူဖို့ ၎င်းတို့ကို ငါ ပြောနေသည်ဟု ယုံကြည်ကြသည်- ယင်းမှာ ငါ၏ သတ်မှတ်ချက်များတွင် သင့်လျော်သော အတိုင်းအတာတစ်ခုရှိသည်ကို သင် နားမလည်သောကြောင့် ဖြစ်သည်။ သင် စိတ်ကူးသကဲ့သို့ဖြစ်လျှင်- ခြွင်းချက်မရှိဘဲ လူအားလုံးကို တူညီသောတောင်းဆိုချက်ပြုပြီး ၎င်းတို့အားလုံး တူညီသော ဝိညာဉ်အသက်တာ ရရှိဖို့ ငါ တောင်းဆိုလျှင်- ဤသည်မှာ အလုပ်ဖြစ်လိမ့်မည်မဟုတ်။ ဤသည်မှာ မဖြစ်နိုင်သောအရာကို တောင်းဆိုနေခြင်း ဖြစ်ပြီး၊ ယင်းသည် လူသားအလုပ်၏ အခြေခံသဘောတရားဖြစ်သည်၊ ဘုရားသခင်၏အမှု၏ အခြေခံသဘောတရား မဟုတ်ပေ။ ဘုရားသခင်၏ အမှုသည် လူတို့၏ တကယ့် အခြေအနေများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတို့၏ မွေးရာပါ အရည်အချင်းအပေါ် အခြေခံလေသည်။ ဤသည်မှာ ဧဝံဂေလိ ဖြန့်ဝေခြင်း၏ အခြေခံသဘောတရားလည်း ဖြစ်သည်- သင်သည် သဘာဝအလျောက် ဖြစ်ခွင့်ပေးရင်း ဖြေးညင်းစွာ ရှေ့ဆက်ရမည်။ တစ်စုံတစ်ဦးကို သမ္မာတရားအား သင် ရှင်းရှင်းလင်းလင်း ပြောသည့်အခါမှသာ ၎င်းတို့ နားလည်ကြလိမ့်မည်ဖြစ်ပြီး ထိုအချိန်မှသာ ကျမ်းစာကို ၎င်းတို့ ဘေးဖယ်ထားနိုင်လိမ့်မည်။ ဘုရားသခင်သည် ဤအမှုအဆင့်ကို မလုပ်ဆောင်ပါက၊ အစဉ်အလာကို အဘယ်သူ စွန့်ပယ်နိုင်မည်နည်း။ အသစ်သော အမှုကို အဘယ်သူ လုပ်ဆောင်နိုင်မည်နည်း။ ကျမ်းစာ ပြင်ပတွင် အသစ်သော လမ်းကြောင်းကို အဘယ်သူ ရှာတွေ့နိုင်လိမ့်မည်နည်း။ လူတို့၏ ရိုးရာ အယူအဆများနှင့် ရှေးဆန်သော ကိုယ်ကျင့်တရားတို့က ဆိုးရွားလွန်းသောကြောင့်၊

ဤအရာများကို မိမိတို့ဘာသာ စွန့်လွှတ်ဖို့ ၎င်းတို့ အရည်အချင်း မရှိကြသကဲ့သို့၊ ထိုသို့လုပ်ဆောင်ရန် သတ္တိလည်းမရှိကြချေ။ ယင်းမှာ ယနေ့ လူတို့သည် ကျမ်းစာထဲက အသက်မရှိသော စကားများ၊ ၎င်းတို့၏ စိတ်နှလုံးများကို ပိုင်ဆိုင်ထားသည့် စကားများ အနည်းငယ်ဖြင့် ဖမ်းစားခံရပုံအကြောင်း ပင်မပါသေးပေ။ ကျမ်းစာကို ၎င်းတို့ အဘယ်သို့ စွန့်လွှတ်ဖို့ လိုလားနေနိုင်ကြသနည်း။ ကျမ်းစာပြင်ပရှိ နည်းလမ်းတစ်ခုကို ၎င်းတို့ အဘယ်သို့ အလွန်လွယ်ကူစွာ လက်ခံနိုင်ကြမည်နည်း။ ယင်းမှာ လူအားလုံး လုံးဝ ယုံကြည်လက်ခံကြဖို့အလို့ငှာ ကျမ်းစာ၏ အတွင်းပိုင်း ဇာတ်ကြောင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့်ဆိုင်သော အခြေခံသဘောတရားများကို သင် ရှင်းရှင်းလင်းလင်း မပြောနိုင်ပါက ဖြစ်ပေသည်- ယင်းသည် အဆုံးစွန် လိုအပ်သောအရာဖြစ်ပေသည်။ ဤသည်မှာ ဘာသာတရားအတွင်းရှိ အယောက်တိုင်းသည် ကျမ်းစာကို အမွန်အမြတ်ထားကြပြီး ဘုရားသခင်ကဲ့သို့ ကိုးကွယ်ကြသောကြောင့်ဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင်ကို ကျမ်းစာအတွင်း ဘောင်ခတ်ဖို့လည်း ကြိုးစားကြပြီး၊ ဘုရားသခင်ကို ကားတိုင်ထက် နောက်ထပ်တစ်ကြိမ် သံမှိုရိုက်ပြီးသောအခါမှသာ ၎င်းတို့၏ ရည်မှန်းချက်များ ၎င်းတို့ ရရှိမည့် အခြေအနေပင်လျှင် ဖြစ်ပေသည်။

# သမ္မာကျမ်းစာနှင့် ပတ်သက်၍ (၃)

သမ္မာကျမ်းစာထဲရှိသည့် အရာတိုင်းသည် ဘုရားသခင် ကိုယ်တိုင် ပြောခဲ့သည့် စကားလုံးများကို မှတ်တမ်းတင်ထားခြင်း မဟုတ်ပါ။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ ယခင်အမှု အဆင့်နှစ်ဆင့်အကြောင်းကို ရေးမှတ်ထားခြင်းသာဖြစ်ပြီး၊ ၎င်းတို့အနက် တစ်ပိုင်းမှာ ပရောဖက်များ၏ အနာဂတ္တိ ဟောကြားချက်များကို ရေးထားသည့် မှတ်တမ်းဖြစ်ပြီး၊ နောက်တစ်ပိုင်းမှာ ခေတ်အဆက်ဆက်၌ ဘုရားသခင် အသုံးပြုခဲ့သည့် လူများက အတွေ့အကြုံများနှင့် အသိပညာတို့ကို ရေးထားခြင်းဖြစ်သည်။ လူ၏ အတွေ့အကြုံများသည် လူ၏ အယူအဆများ၊ အသိပညာများနှင့် စွန်းထင်းနေကြပါသည်၊ ယင်းကို ရှောင်ရှား၍ မရနိုင်ပါ။ သမ္မာကျမ်းစာ၏ ကျမ်းအများအပြားသည် လူ၏ ခံယူချက်များ၊ ပုဂ္ဂိုလ်စွဲ သို့မဟုတ် အယူစွဲဖြင့် ဘက်လိုက်ပြီး ရှုမြင်သည့် လူ၏သဘောများ၊ လူ၏ အဓိပ္ပာယ်မရှိသည့် သဘောပေါက်နားလည်မှုများ ဖြစ်ကြသည်။ မှန်ပါသည်၊ စကားလုံးအများစုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းဖွင့်ပြမှုနှင့် အလင်းပေးမှု၏ ရလဒ်ဖြစ်ပြီး ၎င်းတို့သည် မှန်ကန်သည့် သိနားလည်မှုများ ဖြစ်ကြသည်။

သို့သော် ၎င်းတို့သည် သမ္မာတရား၏ လုံးဝတိကျသော ထုတ်ဖော်ပြခြင်းများဖြစ်သည်ဟု ပြော၍ မရနိုင်သေးပါ။ အချို့သော အရာများနှင့်ပတ်သက်လျှင် ၎င်းတို့၏ အမြင်များသည် ကိုယ်ပိုင် အတွေ့အကြုံမှ လာသောအသိ သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းဖွင့်ပြမှုသာ ဖြစ်သည်။ ပရောဖက်များ၏ အနာဂတ္တိဟောကြားချက်များသည် ဘုရားသခင် ကိုယ်တိုင် ညွှန်ကြားပေးခဲ့သော အရာများ ဖြစ်သည်။ ဟေရှာယ၊ ဒံယေလ၊ ဧရေမိနှင့် ယေဇကျေလတို့၏ ပရောဖက်ပြုချက်များသည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်ရိုက် ညွှန်ကြားချက်မှလာပေသည်၊ ဤလူတို့သည် မြင်သောသူများ ဖြစ်ခဲ့ကြပြီး၊ ပရောဖက်ပြုသည့် ဝိညာဉ်ကို ရရှိထားကြကာ သူတို့အားလုံးသည် ဓမ္မဟောင်းကျမ်း၏ ပရောဖက်များ ဖြစ်သည်။ ပညတ်တော်ခေတ် အတွင်း၌ ယေဟောဝါ၏ နှိုးဆော်မှုကို ရရှိခဲ့ကြသော ဤသူတို့သည် ယေဟောဝါက တိုက်ရိုက် ညွှန်ကြားသည့် ပရောဖက်ပြုချက် အများအပြားကို ဟောခဲ့ကြသည်။ ယေဟောဝါက သူတို့အထဲတွင် အဘယ်ကြောင့် အလုပ် လုပ်ခဲ့ပါသနည်း။ အဘယ်ကြောင့်နည်းဟုဆိုလျှင် အစ္စရေးလူမျိုးများသည် ဘုရားသခင် ရွေးချယ်သည့် လူများ ဖြစ်ခဲ့ကြပြီး၊ ပရောဖက်များ၏ အလုပ်သည် ထိုသူတို့အကြား၌ လုပ်ဆောင်ရမည်ဖြစ်သောကြောင့် ဖြစ်သည်။ ယင်းမှာ ပရောဖက်များသည် ထိုသို့သော ဗျာဒိတ်များကို ရရှိနိုင်သည့် အကြောင်းရင်း ဖြစ်သည်။ အမှန်တွင် သူတို့ကိုယ်တိုင်ကိုက သူတို့အားဖော်ပြခဲ့သည့် ဘုရားသခင်၏ ဗျာဒိတ်များကို နားမလည်ခဲ့ကြပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့၏ နှုတ်မှတဆင့် ထိုဗျာဒိတ်များကို ပြောကြားခဲ့သည်မှာ အနာဂတ်တွင် ထိုဗျာဒိတ်များကို လူတို့ နားလည်နိုင်စေရန်၊ ထိုအရာများသည် အမှန်တကယ်ပင် ဘုရား ဝိညာဉ်တော်၏ အလုပ်ဖြစ်ကြောင်းကို မြင်နိုင်စေရန်၊ ထိုအရာများသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ဖြစ်ကြောင်း၊ လူထံမှလာသော အရာများမဟုတ်ကြောင်းကို မြင်နိုင်စေရန်၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်နှင့်ဆိုင်သော အတည်ပြုချက်ကို ၎င်းတို့အားပေးရန် ဖြစ်သည်။ ကျေးဇူးတော်ခေတ် အတွင်း၌မူ၊ ယေရှု ကိုယ်တိုင် သူတို့ကိုယ်စား ဤအမှုအားလုံးကို လုပ်ပေးခဲ့သောကြောင့် လူတို့သည် အနာဂတ်ဟောကြားချက်များကို မဟောကြတော့ပေ။ သို့ဖြစ်လျှင် ယေရှုသည် ပရောဖက်တစ်ဦး ဖြစ်ခဲ့ပါသလော။ ယေရှုသည် ပရောဖက်တစ်ဦး ဖြစ်ခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ သို့သော်သူသည် တမန်တော်များ၏ အလုပ်ကိုပါ လုပ်ဆောင်နိုင်ခဲ့သူဖြစ်သည်။ ယေရှုသည် အနာဂတ်ကို ဟောကြားခြင်းနှင့် တရားဟောခြင်း နှစ်မျိုးစလုံးကို လုပ်နိုင်ခဲ့ပြီး တိုင်းပြည်အနှံ့တွင် လူများကို သွန်သင်ပေးနိုင်ခဲ့သည်။ သို့သော် ယေရှု လုပ်ဆောင်ခဲ့သည့် အမှုနှင့် ယေရှု ကိုယ်စားပြုခဲ့သည့် ပင်ကိုယ်လက္ခဏာမှာ မတူခဲ့ပေ။

သူသည် လူသားမျိုးနွယ်အားလုံးကို ရွေးနုတ်ကယ်တင်ရန်၊ လူကို အပြစ်မှ ကယ်တင်ရန် လာခဲ့သည်၊ သူသည် ပရောဖက် တစ်ဦး ဖြစ်ခဲ့သကဲ့သို့ တမန်တော် တစ်ဦးလည်း ဖြစ်သည်၊ ထို့ထက်ပိုသည်မှာ သူသည် ခရစ်တော် ဖြစ်ပေသည်။ ပရောဖက် တစ်ဦးသည် အနာဂတ်ကို ဟောကြားနိုင်သော်လည်း၊ ထိုသို့သော ပရောဖက်ကို ခရစ်တော်ဟု ဆို၍မရပေ။ ထိုစဉ်အချိန်က ယေရှုသည် ပရောဖက်ပြုချက် အများအပြား ပြောဆိုခဲ့သောကြောင့် ယေရှုကို ပရောဖက်တစ်ဦးဟု ခေါ်နိုင်သော်လည်း သူသည် ပရောဖက်တစ်ဦး ဖြစ်သောကြောင့် ခရစ်တော် မဟုတ်ဟု ပြော၍ မရပါ။ အကြောင်းမှာ သူသည် ဘုရားသခင် ကိုယ်တိုင်ကို ကိုယ်စားပြုကာ အမှု၏ အဆင့် တစ်ဆင့်ကို ထမ်းဆောင်ခဲ့ပြီး ယေရှု၏ ကိုယ်ပိုင်လက္ခဏာသည် ဟေရှာယနှင့် တခြားစီ ဖြစ်သောကြောင့် ဖြစ်သည်။ သူသည် ရွေးနုတ်ကယ်တင်သည့်အမှုကို ပြည့်စုံစေရန် လောကသို့ လာခဲ့ခြင်း ဖြစ်သည်။ သူသည် လူသား၏ အသက်အတွက်လည်း ထောက်ပံ့ပေးခဲ့ပြီး ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့ထံသို့ တိုက်ရိုက်လာခဲ့သည်။ သူလုပ်ဆောင်ခဲ့သည့် အမှု၌ ဘုရားသခင်၏ဝိညာဉ်တော်ထံမှ လှုံ့ဆော်ချက်များ သို့မဟုတ် ယေဟောဝါထံမှ လမ်းညွှန်ချက်များ မရှိခဲ့ပါ။ ယင်းအစား၊ ဝိညာဉ်တော်က တိုက်ရိုက် အလုပ်လုပ်ခဲ့ခြင်း ဖြစ်သည်— ယင်းက ယေရှုသည် ပရောက်ဖက် တစ်ဦး မဟုတ်ကြောင်းကို သက်သေပြရန် လုံလောက်ပေသည်။ သူလုပ်ဆောင်ခဲ့သည့် အမှုသည် ရွေးနုတ်ကယ်တင်သည့် အမှုဖြစ်သည်။ ယင်းနောက် ဒုတိယအလုပ်မှာ ပရောဖက်ပြုချက် ပြောဆိုခြင်းဖြစ်သည်။ သူသည် ပရောဖက် တစ်ဦး၊ တမန်တော်တစ်ဦး ဖြစ်၏၊ သို့သော် ယင်းထက် သူသည် ရွေးနုတ်ကယ်တင်သောသူ ဖြစ်သည်။ အနာဂတ်ကို ဟောကြားပေးခဲ့သူများသည် ပရောဖက်ပြုချက်ကိုသာ ပြောဆိုနိုင်ခဲ့ကြပြီး တခြား အလုပ်များကို လုပ်ဆောင်ရာ၌ ဘုရားသခင်၏ ဝိညာဉ်တော်ကို ကိုယ်စားပြုနိုင်စွမ်း မရှိခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် ယခင်က မည်သည့်ကမျှ မလုပ်ကိုင်ခဲ့ဘူးသည့် အလုပ် အများအပြားကို ယေရှု လုပ်ဆောင်ခဲ့ပြီး လူသားမျိုးနွယ်အား ရွေးနုတ်ကယ်တင်သည့် အလုပ်ကိုလည်း လုပ်ခဲ့သောကြောင့်၊ သူသည် ဟေရှာယကဲ့သို့သောသူများနှင့် မတူခဲ့ပါ။ လူတချို့တို့က ယနေ့ခေတ် ရေစီးကြောင်းကို လက်မခံကြသည်မှာ ယင်းသည် သူတို့အတွက် အတားအဆီးတစ်ခု ဖြစ်စေသောကြောင့် ဖြစ်သည်။ သူတို့က-

“ဓမ္မဟောင်းကျမ်းခေတ်မှာလည်း ပရောဖက် အများအပြားက နှုတ်ကပတ်တော်တွေ အများကြီး ပြောခဲ့ကြတယ်—ဒီတော့ အဲဒီ ပရောဖက်တွေကကော ဘာကြောင့် လူဇာတိခံယူတဲ့ ဘုရားသခင် မဟုတ်ခဲ့တာလဲ။ ယနေ့ခေတ် ဘုရားသခင်လည်း နှုတ်ကပတ်တော်တွေ ပြောတယ်—အဲဒါက သူဟာ လူဇာတိခံယူတဲ့ ဘုရားသခင်ဖြစ်တယ်လို့ သက်သေပြဖို့

လုံလောက်ပါသလား။ သင်က သမ္မာကျမ်းစာကို မချီးမြှောက်သလို လေ့လည်း မလေ့လာဘူး— ဒါဆို သူက လူဇာတိခံယူတဲ့ ဘုရားသခင် ဖြစ်တယ်လို့ သင်ဘာကို အခြေခံပြီး ပြောရသလဲ။ သူတို့ကို သန့်ရှင်းသော ဝိညာဉ်တော်က လမ်းညွှန်ပေးခဲ့တယ်လို့ သင်က ပြောတယ်။ ပြီးတော့ ဒီအမှုအဆင့်ကို ဘုရားသခင် ကိုယ်တိုင်က လုပ်ဆောင်နေတယ်လို့ သင်က ယုံကြည်တယ်— ဒါပေမဲ့ ဒီအရာအတွက် သင့်ရဲ့ အခြေပြုချက်က ဘာလဲ။ ယနေ့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်တွေအပေါ် သင် အာရုံစိုက်ထားပြီး သမ္မာကျမ်းစာကို ငြင်းပယ်လျက် ဘေးဖယ်ထားတယ်" ဟု ပြောကြသည်။ ထိုသို့လျှင် သင်သည် မိစ္ဆာဒိဋ္ဌိနှင့် အမျှားနှင့်ကွဲလွဲဆန့်ကျင်မှုကို ယုံကြည်သည်ဟုလည်း ပြောကြလေသည်။

သင်သည် နောက်ဆုံးကာလအတွင်းတွင် ဘုရားသခင်၏ အမှုကို သက်သေခံလိုလျှင် သမ္မာကျမ်းစာ၏ အတွင်းပိုင်း ဇာတ်လမ်း၊ သမ္မာကျမ်းစာ၏ ဖွဲ့စည်းပုံနှင့် သမ္မာကျမ်းစာ၏ အနှစ်သာရတို့ကို သိနားလည်ရမည်။ ယနေ့ခေတ်တွင် လူတို့က သမ္မာကျမ်းစာသည် ဘုရားသခင် ဖြစ်သည်၊ ဘုရားသခင်သည်လည်း သမ္မာကျမ်းစာ ဖြစ်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် သမ္မာကျမ်းစာထဲမှ စကားလုံးများသည်သာ ဘုရားသခင်ပြောကြားခဲ့သည့် စကားလုံးများ ဖြစ်ကြပြီး ထိုစကားလုံးများအားလုံးကို ဘုရားသခင် ပြောခဲ့သည်ဟုလည်း ယုံကြည်ကြသည်။ ဘုရားသခင်ကို ယုံကြည်ကြသည့် သူများသည် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများထဲက ကျမ်းပေါင်း ခြောက်ဆယ့်ခြောက်ကျမ်းကို လူများက ရေးခဲ့ကြသော်လည်း ထိုကျမ်းအားလုံးကို ဘုရားသခင်က မှုတ်သွင်းတော်မူခြင်းအားဖြင့် ပေးအပ်ခဲ့ပြီး သန့်ရှင်းသောဝိညာဉ်တော်၏ မိန့်မြွက်ချက်များနှင့်ဆိုင်သော မှတ်တမ်းတစ်ခု ဖြစ်သည်ဟုပင်လျှင် ယူဆကြသည်။ ဤသည်မှာ လူတို့၏ မှားယွင်းသော သဘောပေါက်နားလည်မှုဖြစ်ပြီး အချက်အလက်များနှင့် လုံးဝ ကိုက်ညီခြင်း မရှိကြပါ။ အမှန်တွင် အနာဂတ္တိကျမ်းများမှအပ ဓမ္မဟောင်းကျမ်းထဲမှ ကျမ်းအများစုသည် သမိုင်းမှတ်တမ်းများ ဖြစ်သည်။ ဓမ္မသစ်ကျမ်းထဲမှ ဩဝါဒစာအချို့သည် လူတို့၏ ဘဝအတွေ့အကြုံများမှ လာခြင်းဖြစ်ပြီး တစ်ချို့မှာ သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းဖွင့်ပြမှုကြောင့် လာခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ပေါလု၏ စာများသည် လူတစ်ဦး၏ လုပ်ဆောင်ချက်မှ ထွက်ပေါ်လာခဲ့ပြီး ၎င်းတို့ အားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းဖွင့်ပြမှုကြောင့် ပေါ်ပေါက်လာသော ရလဒ် ဖြစ်ကာ အသင်းတော်များအတွက် ရေးခဲ့သော စာများဖြစ်ပြီး အသင်းတော်မှ ညီအစ်ကိုမောင်နှမများကို နှိုးဆော်အားပေးသော စကားများ ဖြစ်သည်။ ထိုစကားများသည် သန့်ရှင်းသောဝိညာဉ်တော်က ပြောသောစကားများ မဟုတ်ပါ— ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်၏ ကိုယ်စား

မပြောနိုင်သကဲ့သို့ သူသည် ယောဟန် ရှုမြင်ခဲ့ရသော ရူပါရုံများကို မြင်ခဲ့ဖို့ရန်ဝေးစွ၊ ပရောဖက်တစ်ဦးပင် မဟုတ်ခဲ့ပါ။ ပေါလုရေးခဲ့သော ဩဝါဒစာများသည် ဧဖက်မြို့ ဖိလဒေလဖိမြို့ ဂလာတိပြည်နှင့် အခြားသော အသင်းတော်များအတွက် ရေးသောစာများ ဖြစ်သည်။ သို့ဖြစ်၍ ဓမ္မသစ်ကျမ်းထဲရှိ ပေါလု၏ ဩဝါဒစာများသည် အသင်းတော်များအတွက် ပေါလုရေးခဲ့သော ဩဝါဒစာများသာဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ စေ့ဆော်ချက်များလည်း မဟုတ်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်ရိုက် မိန့်မြွက်ချက်များလည်း မဟုတ်ပေ။ သူအလုပ်လုပ်နေစဉ် ကာလ၌ အသင်းတော်များအတွက် ရေးသားပေးခဲ့သော နှိုးဆော်သည့် စကားများ၊ နှစ်သိမ့်အားပေးသည့် စကားများသာ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ထိုအချိန်က ပေါလု၏ လုပ်ဆောင်မှု အများအပြားကို မှတ်တမ်းတင်ထားသည့် မှတ်တမ်းလည်း ဖြစ်သည်။ ၎င်းတို့သည် ထိုအချိန်က အသင်းတော်များ၏ ညီအစ်ကိုမောင်နှမများသည် သူ၏ အကြံပေးချက်များကို လိုက်လျှောက်ပြီး သခင်ယေရှု၏ နောင်တတရားလမ်းခရီးကို လိုက်နာကြဖို့အလို့ငှာ သခင်၌ ညီအစ်ကိုမောင်နှမများ အားလုံးအတွက် ရေးသားခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်အချိန်က ရှိခဲ့ကြသည့် အသင်းတော်များဖြစ်စေ၊ အနာဂတ်တွင် ရှိလာကြမည့် အသင်းတော်များဖြစ်စေ သူရေးခဲ့သည့်အရာများကို စားသောက်ကြရမည်ဟု တစ်ခါမျှ ပေါလု မပြောကြားခဲ့သကဲ့သို့ သူပြောသော စကားလုံးများအားလုံးသည် ဘုရားသခင်ထံမှ လာသော စကားများဖြစ်သည်ဟုလည်း မပြောခဲ့ပါ။ ထိုစဉ်အချိန်က အသင်းတော်များ၌ ဖြစ်နေသော အခြေအနေများနှင့်အညီ သူသည် ညီအစ်ကိုမောင်နှမများနှင့် ရင်းရင်းနှီးနှီး ပြောဆိုခဲ့ခြင်းသာ ဖြစ်ပြီး၊ သူတို့ကို နှိုးဆော်ရင်း သူတို့အထဲရှိ ယုံကြည်ခြင်းကို လှုံ့ဆော်ပေးခဲ့ခြင်း ဖြစ်သည်၊ လူများကို တရားဟောခြင်း သက်သက် သို့မဟုတ် သတိပေးရုံသက်သက်၊ နှိုးဆော်ခြင်းသက်သက် ဟောပြောခဲ့ခြင်းဖြစ်သည်။ သူပြောသော စကားများသည် သူ၏စိတ်ထဲရှိ ဝန်ထုပ်၊ ဝန်ပိုးမှ ဖြစ်လာသော စကားများ ဖြစ်ပြီး သူသည် ထိုစကားများဖြင့် လူတို့ကို ကူညီခဲ့သည်။ သူသည် ထိုစဉ်အချိန်က အသင်းတော်များ၏ တမန်တော်အလုပ်ကို သူလုပ်ဆောင်ခဲ့သည်။ သူသည် သခင်ယေရှု အသုံးပြုခဲ့သော အမှုဆောင်တစ်ဦး ဖြစ်သည်။ ထိုသို့ဖြစ်သောကြောင့် အသင်းတော်များအတွက် တာဝန်ကို သူယူရမည်ဖြစ်ပြီး အသင်းတော်များ၏ အလုပ်ကို ဆောင်ရွက်ရမည် ဖြစ်သည်၊ သူသည် ညီအစ်ကိုမောင်နှမများ၏ အခြေအနေကို လေ့လာသင်ယူခဲ့ရသည်၊ သို့ဖြစ်သောကြောင့် သူသည် သခင့်ထဲက ညီအစ်ကိုမောင်နှမအားလုံးထံသို့ ဩဝါဒစာများကို ရေးသားခဲ့ခြင်းဖြစ်သည်။ လူတို့အတွက် တည်ဆောက်စရာ ဖြစ်စေသော၊

အပြုသဘောဆောင်သော ပေါလု၏ စကားများ အားလုံးသည် မှန်သော်လည်း ထိုစကားများသည် သန့်ရှင်းသောဝိညာဉ်တော်၏ မိန့်မြွက်ချက်များကို ကိုယ်စားပြုသကဲ့သို့ ဘုရားသခင်ကိုလည်း ကိုယ်စား မပြုနိုင်ခဲ့ပေ။ ယင်းသည် လူတစ်ယောက်၏ အတွေ့အကြုံများနှင့်ဆိုင်သော မှတ်တမ်းတစ်ခုနှင့် လူတစ်ယောက်၏ သြဝါဒစာများကို အသင်းတော်များထံ သန့်ရှင်းသောဝိညာဉ်တော်ပြောသည့် စကားလုံးများသဖွယ် လူတို့ သဘောထားခြင်းသည် ကမ်းကုန်အောင် လွဲမှားသည့် ခံယူချက်ဖြစ်ပြီး ဘုရားသခင်အား အကြီးအကျယ် ပြစ်မှားစော်ကားခြင်းလည်း ဖြစ်သည်။ ဤအချက်သည် အသင်းတော်များအတွက် ရေးသားခဲ့သည့် ပေါလု၏ ရေးစာများနှင့် ပတ်သက်၍ အထူးမှန်ကန်သည်။ ၎င်း၏ ရေးစာများကို ထိုစဉ်အချိန်တုန်းက အသင်းတော် တစ်ခုချင်းစီ၏ အခြေအနေနှင့် အနေအထားများအပေါ် မူတည်ပြီး ညီအစ်ကိုမောင်နှမများအတွက် ရေးပေးခဲ့ခြင်းဖြစ်ပြီး သခင့်ထဲက ညီအစ်ကိုမောင်နှမများကို တိုက်တွန်းရန်ဖြစ်သည်။ ယေရှုသည် အာဗြဟံ၏ မျိုးဆက်ဖြစ်ကြောင်းကို ထိုသို့ရေးခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ရေးစာများသည် ထိုစဉ်တုန်းက ညီအစ်ကိုမောင်နှမများကို နိုးကြားထကြွလာစေရန် ရေးခဲ့သောစာများဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ပေါလု၏ ကိုယ်ပိုင်ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟု ဆိုနိုင်သလို၊ သန့်ရှင်းသောဝိညာဉ်တော်မှ ပေးအပ်ခဲ့သည့် တာဝန်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ မည်သို့ပင် ဖြစ်စေကာမူ သူသည် ထိုစဉ်အချိန်က အသင်းတော်များကို ဦးဆောင်လမ်းညွှန်ပေးခဲ့သည့် တမန်တော်၊ အသင်းတော်များအတွက် ရေးစာများကို ရေးသားပေးလျက် တိုက်တွန်းနှိုးဆော်ခဲ့သည့်သူ ဖြစ်ခဲ့သည်— ထိုသို့လုပ်ဆောင်ခြင်းသည် သူ့တာဝန် ဖြစ်ခဲ့သည်။ သူ၏ ကိုယ်ပိုင်လက္ခဏာမှာ အမှုဆောင်ခဲ့သည့် တမန်တော်မျှသာဖြစ်သည်၊ ဘုရားသခင် စေလွှတ်ခဲ့သည့် တမန်တော်မျှသာ ဖြစ်သည်၊ သူသည် ပရောဖက်တစ်ဦးလည်း မဟုတ်သကဲ့သို့ အနာဂတ်ကို ဟောကြားသူလည်း မဟုတ်ခဲ့ပါ။ သူ့အဖို့ သူ၏အလုပ်နှင့် ညီအစ်ကိုမောင်နှမများ၏ အသက်တာသည် အရေးတကာ့ အရေးကြီးဆုံး ဖြစ်ခဲ့သည်။ သို့ဖြစ်၍ သူသည် သန့်ရှင်းသော ဝိညာဉ်တော် ကိုယ်စား မပြောကြားနိုင်ခဲ့ပါ။ သူ့စကားများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ စကားများ မဟုတ်သည့်အပြင် ဘုရားသခင်၏ နှုတ်ကပတ်တော်များ ဖြစ်သည်ဟု သာ၍ပင် ပြောမရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ပေါလုသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးသာ ဖြစ်ပြီး၊ ဘုရားသခင်၏လူ့ဇာတိခံယူခြင်း မဟုတ်သည်မှာ သေချာသောကြောင့် ဖြစ်သည်။ ပေါလု၏ ကိုယ်ပိုင်လက္ခဏာသည် ယေရှုနှင့် မတူပါ။ ယေရှု ပြောခဲ့သော စကားများသည် သန့်ရှင်းသောဝိညာဉ်တော်၏ စကားများ၊ ဘုရားသခင်၏

စကားများ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ကိုယ်ပိုင်လက္ခဏာသည် ခရစ်တော် ဖြစ်သောကြောင့်— ဘုရားသခင်၏ သားဖြစ်သောကြောင့် ဖြစ်သည်။ ပေါလုသည် မည်သို့ ယေရှုနှင့် တူညီနိုင်ပါမည်နည်း။ အကယ်၍ လူတို့သည် ဓမ္မသစ်ကျမ်းမှ ဩဝါဒစာများ သို့မဟုတ် ပေါလု၏ စကားများကဲ့သို့သော စကားများကို သန့်ရှင်းသောဝိညာဉ်တော်၏ ပြောကြားချက်များအဖြစ် မြင်ကြပြီး ၎င်းတို့ကို ဘုရားကဲ့သို့ ကိုးကွယ်မည်ဆိုလျှင် လူတို့သည် အလွန်အမင်း မဆင်မခြင်ပြုမူနေခြင်း ဖြစ်သည်ဟုသာ ဆိုနိုင်ပေသည်။ သာ၍ ခပ်ကြမ်းကြမ်း ပြောရမည်ဆိုလျှင် ဤသည်မှာ ဘုရားသခင်ကို ပြစ်မှားစော်ကားနေကြခြင်းပင် ဖြစ်သည်မဟုတ်လော။ လူတစ်ယောက်က ဘုရားသခင်ကိုယ်စား မည်သို့ ပြောဆိုနိုင်ပါမည်နည်း။ ထို့အပြင် လူတို့သည် ပေါလု၏ ဩဝါဒစာများနှင့် သူပြောသော စကားများနှင့်ဆိုင်သော မှတ်တမ်းကို သန့်ရှင်းသော ကျမ်းစာ သို့မဟုတ် ကောင်းကင်ဘုံမှလာသော ကျမ်းစာဖြစ်သည့်အလား သတ်မှတ်ကာ ၎င်းတို့ရှေ့၌ မည်သို့ ပျပ်ဝပ်နိုင်သနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လူတစ်ယောက်က သာမန်ကာလျှံကာ ပြောနိုင်ပါမည်လော။ လူတစ်ယောက်က ဘုရားသခင်ကိုယ်စား မည်သို့ ပြောဆိုနိုင်ပါမည်နည်း။ သို့ဖြစ်၍ သင်ဘာပြောမည်နည်း၊ အသင်းတော်များအတွက် ပေါလုရေးခဲ့သော ဩဝါဒစာများသည် ၎င်း၏ ကိုယ်ပိုင်အတွေးအခေါ်များနှင့် မစွန်းထင်းဘဲ ရှိနေနိုင်မည်လော။ ၎င်းတို့သည် မည်သို့ လူ၏အတွေးအခေါ်များဖြင့် စွန်းထင်းမနေဘဲ ရှိနေနိုင်မည်နည်း။ ပေါလုသည် သူ၏ ပုဂ္ဂိုလ်ရေး အတွေ့အကြုံများနှင့် သူ၏ ကိုယ်ပိုင် အသိပညာပေါ်အခြေခံပြီး အသင်းတော်များအတွက် ဩဝါဒစာများကို ရေးခဲ့သည်။ ဥပမာ— ပေါလုက ဂလာတိ အသင်းတော်အတွက်ရေးသော ဩဝါဒစာသည် အာဘော်တစ်မျိုး ဖြစ်ပြီး၊ ပေတရု ရေးလိုက်သည့် နောက်စာတစ်ခုသည် နောက်အာဘော်တစ်မျိုး ဖြစ်သည်။ ၎င်းတို့အထဲမှ မည်သည့်စာသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ဖြစ်သနည်း။ မည်သူမျှ သေချာပေါက် မပြောနိုင်ပါ။ သို့ဖြစ်၍၊ သူတို့ နှစ်ဦးစလုံးသည် အသင်းတော်များအတွက် ဝန်ကို ထမ်းရွက်ခဲ့ကြသည်၊ သို့သော် သူတို့၏ ပေးစာများမှာမူ သူတို့၏ ဝိညာဉ်အသက်တာကို ကိုယ်စားပြုသည်၊ ထိုစာများသည် ညီအစ်ကိုမောင်နှမများအတွက် သူတို့၏ ပံ့ပိုးကူညီမှုကို လည်းကောင်း၊ အသင်းတော်များအတွက် သူတို့ ထမ်းခဲ့သော ဝန်ကိုလည်းကောင်း ကိုယ်စားပြုပေသည်။ ထိုစာများသည် လူ၏ အလုပ်ကိုသာ ဖော်ပြပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် လုံးဝ မဟုတ်ဟုသာ ပြောနိုင်ပါသည်။ သူ၏ ဩဝါဒစာများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ နှုတ်ကပတ်တော်များဖြစ်သည်ဟု သင်ပြောမည်ဆိုလျှင် သင်သည် အဓိပ္ပာယ်မဲ့သောသူဖြစ်ပြီး ဘုရားသခင်ကို

သင်ပြစ်မှားစော်ကားလိုက်ခြင်းဖြစ်သည်။ ပေါလု၏ သြဝါဒစာများနှင့် ဓမ္မသစ်ကျမ်းထဲက အခြားသော သြဝါဒစာများသည် မျက်မှောက်ခေတ် ဘာသာရေးကဏ္ဍမှ နာမည်ကြီး ပုဂ္ဂိုလ်များ၏ ကိုယ်တွေ့မှတ်တမ်းများနှင့် တူသည်။ ထိုအရာများသည် စောင့်ကြည့်သူ နီး၏ စာအုပ်များ သို့မဟုတ် လောရင့်စ်၏ အတွေ့အကြုံများ စသည်တို့နှင့် တန်းတူကြသည်။ ရိုးရိုးလေး ပြောရလျှင် မျက်မှောက်ခေတ် ဘာသာရေးကဏ္ဍမှ နာမည်ကြီး ပုဂ္ဂိုလ်များ၏ စာအုပ်များကို ဓမ္မသစ်ကျမ်းထဲကို ထည့်မပေးထားသော်လည်း ထိုပုဂ္ဂိုလ်များ၏ အနှစ်သာရမှာ အတူတူပင် ဖြစ်သည်။ ထိုသူတို့အားလုံးသည် အချိန်ကာလတစ်ခုအတွင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်က အသုံးပြုခဲ့သည့် ပုဂ္ဂိုလ်များ ဖြစ်ကြပြီး သူတို့သည် ဘုရားသခင်ကို တိုက်ရိုက် ကိုယ်စားမပြုနိုင်ခဲ့ကြပါ။

ဓမ္မသစ်ကျမ်း၏ ရှင်မဿဲခရစ်ဝင်ကျမ်းသည် ယေရှု၏ ဆွေစဉ်မျိုးဆက်စာရင်းကို မှတ်တမ်းတင်ထားသည်။ အစပိုင်းတွင် ယေရှုသည် အာဗြဟံနှင့် ဒါဝိဒ်၏ မျိုးဆက်တစ်ဦးဖြစ်သည်၊ ယောသပ်၏ သားဖြစ်သည်ဟု ဖော်ပြထားပြီး နောက်ပိုင်းတွင် ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်မှ ပဋိသန္ဓေတည်စေခဲ့သော သားဖြစ်သည်၊ အပျိုကညာမှ မွေးသူ ဖြစ်သည်ဟု ဆိုထားသည်။ တစ်နည်းအားဖြင့် ယေရှုသည် ယောသပ်၏ သားမဟုတ်၊ အာဗြဟံနှင့် ဒါဝိဒ်၏ မျိုးဆက်လည်းမဟုတ်ဟု ပြောလိုက်ခြင်း ဖြစ်နေသည်။ ယေရှု၏ ဆွေစဉ်မျိုးဆက်စာရင်း၌ ယေရှုကို ယောသပ်နှင့် ဆက်စပ်ကြောင်း ခိုင်ခိုင်မာမာ ဖော်ပြသော်လည်း ထို့နောက်တွင်ဆွေစဉ်မျိုးဆက်စာရင်းက ယေရှု မွေးဖွားသည့် ဖြစ်စဉ်ကို အစပြု မှတ်တမ်းတင်လေသည်။ သန့်ရှင်းသော ဝိညာဉ်တော်က မာရိ၌ ပဋိသန္ဓေတည်စေပြီး ယေရှုသည် အပျိုကညာမှ မွေးဖွားလာသူဖြစ်သည်၊ ယေရှုသည် ယောသပ်၏သား မဟုတ်ဟု ဖော်ပြထားသည်။ သို့သော်လည်း ဆွေစဉ်မျိုးဆက်စာရင်းတွင်မူ ယေရှုသည် ယောသပ်၏သားဖြစ်သည်ဟု ရှင်းရှင်းလင်းလင်း ရေးသား ဖော်ပြထားသည်။ အဆိုပါ ဆွေစဉ်မျိုးဆက်စာရင်းသည် ယေရှုအတွက် ရေးထားသောကြောင့် မျိုးဆက် လေးဆယ့်နှစ်ဆက်ကို မှတ်တမ်းတင် ဖော်ပြထားသည်။ ယောသပ်၏ မျိုးဆက်ဆီသို့ ရောက်သောအခါ ယောသပ်သည် မာရိ၏ ယောကျ်ားဖြစ်သည်ဟု ကမန်းကတန်း ဖော်ပြထားသည်။ ထိုစကားလုံးများမှာ ယေရှုသည် အာဗြဟံ၏ မျိုးဆက်ဖြစ်ကြောင်းကို သက်သေပြလိုသည့် စကားလုံးများ ဖြစ်နေသည်။ ထိုအချက်သည် ရှေ့နောက်မကိုက်ညီမှု မဟုတ်ပါလား။ ဆွေစဉ်မျိုးဆက်စာရင်းတွင် ယောသပ်၏ ဘိုးဘေးများကို ရှင်းရှင်းလင်းလင်း မှတ်တမ်းတင်ထားပြီး၊ ထိုမှတ်တမ်းသည် ယောသပ်၏ ဆွေစဉ်မျိုးဆက်စာရင်းဖြစ်သည်မှာ ထင်ရှားနေသည်။ သို့သော် မဿဲက ထိုစာရင်းသည် ယေရှု၏ ဆွေစဉ်မျိုးဆက်စာရင်း

ဖြစ်သည်ဟု မရမကဆိုထားသည်။ ထိုအချက်က ယေရှု၏ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေတည်ခြင်းကို ငြင်းပယ်နေခြင်းပင် မဟုတ်လော။ သို့ဖြစ်၍ မဿဲ၏ ဆွေစဉ်မျိုးဆက်စာရင်းသည် လူ၏ စိတ်ကူးမဟုတ်လော။ အဓိပ္ပာယ်မဲ့လှပေသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် မဿဲ၏ကျမ်းသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လုံးလုံးလျားလျား လာခဲ့ခြင်းမဟုတ်သည်ကို သင်သိနိုင်သည်။ ဘုရားသခင်သည် လောက၌ ဘိုးဘေးများမှတ်တမ်းရှိရမည်ဟု ယူဆသူတချို့ ရှိနိုင်ပါသည်။ အကျိုးဆက်အနေဖြင့် သူတို့သည် ယေရှုကို အာဗြဟံ၏ လေးဆယ့်နှစ်ယောက်မြောက်မျိုးဆက် အဖြစ် သတ်မှတ်ကြသည်။ ဤသည်မှာ အမှန်တကယ်ပင် အဓိပ္ပါယ် မရှိလှပါ။ ကမ္ဘာမြေပေါ်သို့ ရောက်ရှိလာပြီးနောက်တွင် ဘုရားသခင်၌ မည်သို့ ဘိုးဘေးများစာရင်း ရှိနိုင်ပါမည်နည်း။ ဘုရားသခင်၌ ဘိုးဘေးများစာရင်းရှိသည်ဟု သင်ကဆိုလျှင် သင်သည် ဘုရားသခင်ကို သူဖန်ဆင်းပေးခဲ့သူများနှင့် တပြေးညီ သတ်မှတ်လိုက်ခြင်းပင် မဟုတ်လော။ ဘုရားသခင်သည် ကမ္ဘာမြေနှင့် မသက်ဆိုင်သည့်အတွက် သူသည် ဖန်ဆင်းပေးသည့် အရှင်သခင် ဖြစ်သည်၊ သူသည် သွေးနှင့်သားနှင့် ဖြစ်သော်လည်း လူနှင့် ပင်ကိုယ်သဘာဝချင်း မတူပါ။ သင်သည် ဘုရားသခင်ကို သူဖန်ဆင်းခဲ့သော သတ္တဝါများနှင့် အမျိုးအစားခြင်း တူသူအဖြစ် အဘယ်သို့ သတ်မှတ်နိုင်သနည်း။ အာဗြဟံသည် ဘုရားသခင်ကို ကိုယ်စား မပြုနိုင်ခဲ့ပါ၊ သူသည် တစ်ချိန်က ယေဟောဝါ၏ အလုပ်၌ ပါဝင်ခဲ့သူသာ ဖြစ်သည်။ သူသည် ယေဟောဝါ နှစ်သက်သည့် သစ္စာရှိသော အစေခံတစ်ဦးသာ ဖြစ်သည်၊ အစ္စရေးလူမျိုး တစ်ဦးဖြစ်သည်။ သူသည် မည်သည့်နည်းဖြင့် ယေရှု၏ ဘိုးဘေးတစ်ဦး ဖြစ်နိုင်ပါမည်နည်း။

ယေရှု၏ ဆွေစဉ်မျိုးဆက်စာရင်းကို မည်သူက ရေးခဲ့သနည်း။ ယေရှု ကိုယ်တိုင် ရေးခဲ့ပါသလော။ ယေရှုကိုယ်တိုင်က သူတို့ကို “ငါ၏ ဆွေစဉ်မျိုးဆက်စာရင်းကို ရေးလော့”ဟု ခိုင်းခဲ့ပါသလော။ ယေရှုကို ကားတိုင်၌ သံမှိုရိုက်နှက်ပြီး နောက်ပိုင်းတွင် ထိုမှတ်တမ်းကို မဿဲက ရေးခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က ယေရှုသည် သူ၏ တပည့်များ နားမလည်နိုင်ခဲ့ကြသည့် အမှုအများအပြားကို လုပ်ဆောင်ခဲ့ပြီး မည်သို့မှ ရှင်းမပြခဲ့ပေ။ ယေရှု စွန့်ခွာသွားသည့် နောက်ပိုင်းတွင် ယေရှု၏ တပည့်များသည် နေရာတိုင်း၌ တရားဟောခြင်း၊ အမှုဆောင်ခြင်းတိုကို စတင်လုပ်ဆောင်ခဲ့ကြပြီး ထိုအမှု၏ အဆင့်အဖို့အလို့ငှာ သူတို့သည် စာစောင်များနှင့် ခရစ်ဝင်ကျမ်းစာအုပ်များကို စတင်ရေးသားခဲ့ကြသည်။ ဓမ္မသစ်ကျမ်းထဲမှ ခရစ်ဝင်ကျမ်းများကို ယေရှု ကားစင်တင်ခံခဲ့ရသည့်နောက် အနှစ်နှစ်ဆယ်မှ အနှစ်သုံးဆယ် အကြာတွင် ရေးခဲ့ခြင်း ဖြစ်သည်။ ထိုအချိန် မတိုင်မီက အစ္စရေးလူမျိုးများသည် ဓမ္မဟောင်းကျမ်းကိုသာ ဖတ်ရှုခဲ့ကြသည်။ ယင်းမှာ ကျေးဇူးတော်ခေတ်၏ အစပိုင်းမှ

လူများသည် ဓမ္မဟောင်းကျမ်းကို ဖတ်ရှုခဲ့ကြသည်ဟု ဆိုရပေမည်။ ဓမ္မသစ်ကျမ်းသည် ကျေးဇူးတော် ခေတ်အတွင်းတွင်သာ ပေါ်ပေါက်လာခဲ့သည်။ ယေရှု အလုပ်လုပ်ခဲ့သည့် အချိန်က ဓမ္မသစ်ကျမ်း မရှိခဲ့ပေ။ ယေရှု ရှင်ပြန်ထမြောက်ပြီးနောက် ကောင်းကင်သို့ ပျံတက်သွားပြီးနောက်တွင် လူတို့သည် ယေရှု၏ အမှုကို မှတ်တမ်းတင်ခဲ့ကြသည်။ ထိုအချိန်ကျမှသာ ခရစ်ဝင်ကျမ်း လေးကျမ်း၊ ထို့အပြင် ပေါလုနှင့် ပေတရုတို့၏ ရေးစာများနှင့် ဗျာဒိတ်ကျမ်းတို့ ရှိခဲ့လေသည်။ ယေရှု ကောင်းကင်သို့ တက်ကြွသွားခဲ့သည့်နောက်ပိုင်း နှစ်ပေါင်း သုံးရာကျော်ကြာချိန်တွင်၊ နောက်ပိုင်း မျိုးဆက်များသည် ဤမှတ်တမ်းမှတ်ရာများကို စုပေါင်း၍ ကောက်နုတ်စုစည်းခဲ့ကြပြီး၊ ထိုအခါမှသာ သမ္မာကျမ်းစာ၏ ဓမ္မသစ်ကျမ်း ရှိခဲ့ပေသည်။ ဤအလုပ် ပြီးစီးပြီးသည့်အခါမှသာ ဓမ္မသစ်ကျမ်း ရှိခဲ့ခြင်း ဖြစ်သည်၊ ယင်းသည် ယခင်က မရှိခဲ့ပေ။ ဘုရားသခင်သည် ထိုအလုပ်အားလုံးကို လုပ်ဆောင်ခဲ့ပြီး၊ ပေါလုနှင့် အခြား တမန်တော်တို့သည် နေရာအမျိုးမျိုး၌ရှိသည့် အသင်းတော်များထံ သြဝါဒစာများစွာ ရေးသားခဲ့ကြပြီးဖြစ်သည်။ ၎င်းတို့နောက်တွင် လူတို့သည် ၎င်းတို့၏ သြဝါဒစာများကို ပေါင်းလိုက်ပြီး၊ ဘုရားသခင်၏ နောက်ဆုံးသောကာလ အမှုကို ပရောဖက်ပြုထားသည့် ပတ်မုကျွန်း၌ ယောဟန် မှတ်တမ်းတင်ခဲ့သော အကြီးမားဆုံး ရူပါရုံကို ဖြည့်စွက်ခဲ့ကြသည်။ လူတို့သည် ယနေ့ခေတ် မိန့်မြွက်ချက်များနှင့် မတူသည့် ဤအစီအစဉ်ကို ပြုလုပ်ခဲ့ကြသည်။ ယနေ့ခေတ်တွင် ရေးမှတ်ထားသော အရာများသည် ဘုရားအမှု၏ ခြေလှမ်းများနှင့်အညီ ဖြစ်သည်။ ယနေ့ လူများ ကြုံတွေ့နေကြသော အရာများသည် ဘုရားသခင် ကိုယ်တိုင် လုပ်ဆောင်သည့် အလုပ်၊ ဘုရားသခင် ကိုယ်တိုင် မိန့်မြွက်သောစကားများဖြစ်သည်။ လူသားမျိုးနွယ်ဖြစ်သော သင့်အနေနှင့် ဝင်စွက်ဖက်ရန် မလိုပေ။ တိုက်ရိုက်လာသည့် စကားများသည် တစ်ဆင့်ပြီးတစ်ဆင့် စီစဉ်ထားသည့် စကားများ ဖြစ်ပြီး လူ၏ မှတ်တမ်းများနှင့် စီစဉ်ထားပုံချင်း မတူပါ။ လူတို့ မှတ်တမ်းတင်ခဲ့ကြသော အရာများသည် သူတို့၏ ပညာရေး အဆင့်အတန်းနှင့် လူ့အစွမ်းအစအပေါ်၌မူတည်သောအရာများ ဖြစ်သည်ဟု ပြောနိုင်ပါသည်။ သူတို့ မှတ်တမ်းတင်ခဲ့ကြသော အရာများသည် လူတို့၏ အတွေ့အကြုံများဖြစ်ပြီး တစ်ဦးချင်းဆီ၌ ကိုယ်ပိုင်မှတ်တမ်းတင်နည်းများနှင့်၊ သိနိုင်သည့် နည်းလမ်းများ ရှိသောကြောင့် ၎င်းတို့၏ မှတ်တမ်းများသည် တစ်ခုနှင့်တစ်ခု မတူကြပေ။ သို့ဖြစ်၍ သင်က သမ္မာကျမ်းစာကို ဘုရားသခင်အဖြစ် ကိုးကွယ်နေလျှင် သင်သည် အလွန်အမင်း ပညာမဲ့သူ၊ မိုက်မဲသူဖြစ်သည်။ ဘုရားသခင် ယနေ့ လုပ်ဆောင်သည့် အမှုကို သင်အဘယ်ကြောင့် မရှာဖွေသနည်း။ ဘုရားသခင်၏ အမှုကသာလျှင် လူကို ကယ်တင်နိုင်သည်။ သမ္မာကျမ်းစာသည် လူကို မကယ်တင်နိုင်ပါ။ လူတို့သည် ယင်းကို

နှစ်ပေါင်းထောင်နှင့်ချီပြီး ဖတ်ရှုနိုင်ခဲ့ကြသော်လည်း ယင်းတို့အထဲတွင် အပြောင်းအလဲ စိုးစဉ်းမျှရှိခဲ့မည် မဟုတ်ခဲ့ချေ။ သင်က သမ္မာကျမ်းစာကို ကိုးကွယ်နေလျှင် သန့်ရှင်းသောဝိညာဉ်၏ လုပ်ဆောင်ချက်ကို ဘယ်တော့မှ ရမည် မဟုတ်ပါ။ အစ္စရေးနိုင်ငံ၌ ဘုရားသခင် လုပ်ဆောင်သည့် အမှု၏ အဆင့်နှစ်ဆင့်စလုံးကို သမ္မာကျမ်းစာ၌ မှတ်တမ်းတင်ထားသည်။ ထို့ကြောင့် ဤမှတ်တမ်းများထဲမှ အမည်များ အားလုံးသည် အစ္စရေးလူမျိုးများ၏ အမည်များဖြစ်ပြီး အဖြစ်အပျက်များအားလုံးသည်လည်း အစ္စရေးနိုင်ငံ၌ ဖြစ်ခဲ့သည့် အဖြစ်အပျက်များ ဖြစ်နေရခြင်းဖြစ်သည်။ "ယေရှု"ဟူသည့် အမည်ပင်လျှင် အစ္စရေးအမည် ဖြစ်သည်။ ယနေ့ သင် သမ္မာကျမ်းစာကို ဆက်ဖတ်ရှုနေပါက၊ သင်သည် အစဉ်အလာကို လိုက်နာနေခြင်းပင် မဟုတ်လော။ သမ္မာကျမ်းစာ၏ ဓမ္မသစ်ကျမ်းထဲ၌ ရေးမှတ်ထားသော အရာများသည် ယုဒပြည်၏ အကြောင်းအရာများ ဖြစ်သည်။ မူရင်းစာများကို ဂရိဘာသာစကားနှင့် ဟေဗြဲဘာသာစကားဖြင့် ရေးထားပြီး ထိုစဉ်အချိန်က သူ့ကို ခေါ်ဆိုခဲ့ကြသည့် အမည်နှင့် ယေရှု၏ နှုတ်ကပတ်တော်များအားလုံးသည် လူဘာသာစကားနှင့် သက်ဆိုင်ပေသည်။ ယေရှုကို လက်ဝါးကပ်တိုင်မှာ သံနှင့်ရိုက်ခဲ့ကြစဉ်၊ ယေရှုက- ယေရှုက၊ "ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိ" ဟု ပြောဆိုခဲ့သည်။ ဤသည်မှာ ဟေဗြဲစကား မဟုတ်လော။ ဤသည်မှာ ယေရှုသည် ယုဒပြည်၌ လူ့ဇာတိခံယူခဲ့သောကြောင့်ဖြစ်၏၊ သို့သော် ထိုအချက်က ဘုရားသခင်သည် ဂျူးလူမျိုးဖြစ်ကြောင်း သက်သေမပြပေ။ ယနေ့တွင် ဘုရားသခင်သည် တရုတ်နိုင်ငံတွင် လူဇာတိကို ခံယူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် သူပြောဆိုသည့် အရာတိုင်းသည် တရုတ်ဘာသာစကားနှင့် ဖြစ်နေသည်မှာ သံသယဖြစ်စရာ မရှိပါ။ သို့သော် သူပြောသောစကားကို တရုတ်လို ဘာသာပြန်ထားသည့် သမ္မာကျမ်းစာနှင့် နှိုင်းယှဉ်ကြည့်၍ မရနိုင်ပေ။ အကြောင်းမူကား ဤနှုတ်ကပတ်တော်များ၏ ဇာတ်မြစ်ချင်း မတူသောကြောင့် ဖြစ်သည်။ တစ်ခုမှာ လူတို့ မှတ်တမ်းတင်ခဲ့ကြသည့် ဟေဗြဲဘာသာမှ ဖြစ်ပြီး၊ နောက်တစ်ခုမှာ ဝိညာဉ်တော်၏ တိုက်ရိုက် မိန့်မြွက်ချက်များမှ ရရှိလာခဲ့ခြင်းကြောင့် ဖြစ်သည်။ အဘယ်သို့ ခြားနားချက် လုံးဝ မရှိနိုင်မည်နည်း။

## သမ္မာကျမ်းစာနှင့် ပတ်သက်၍ (၄)

လူများစွာတို့သည် သမ္မာကျမ်းစာကို နားလည်ခြင်းနှင့် အဓိပ္ပာယ် ဖွင့်ဆိုနိုင်ခြင်းသည် မှန်ကန်သည့် လမ်းခရီးကို ရှာတွေ့ခြင်းနှင့် အတူတူပင် ဖြစ်သည်ဟု ယုံကြည်ကြသည်။

သို့သော်လည်း အမှန်တွင်၊ အမှုအရာများသည် အမှန်ပင် အလွန် ရိုးရှင်းသလော။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် သမိုင်းဆိုင်ရာမှတ်တမ်းတစ်ခု သက်သက်ဖြစ်ပြီး၊ ဘုရားသခင်၏ ယခင်အမှုအဆင့်နှစ်ဆင့်ဆိုင်ရာ သက်သေဖြစ်ကာ၊ ယင်းသည် ဘုရားသခင်၏အမှု၏ ရည်မှန်းချက်များနှင့်ဆိုင်သည့် သိနားလည်မှုကို သင့်ကို လုံးဝ မပေးကြောင်း သမ္မာကျမ်းစာ၏ အရှိတရားကို မည်သူမျှ မသိရှိချေ။ သမ္မာကျမ်းစာကို ဖတ်ရှုဖူးသူတိုင်းက ၎င်းသည် ပညတ်တော်ခေတ်နှင့် ကျေးဇူးတော်ခေတ် အတောအတွင်း ဘုရားသခင်၏အမှု အဆင့်နှစ်ဆင့်ကို မှတ်တမ်းတင်ထားခြင်း ဖြစ်ကြောင်း သိကြသည်။ ဓမ္မဟောင်းကျမ်းသည် ဣသရေလနိုင်ငံ၏ သမိုင်းနှင့် ဖန်ဆင်းခြင်းအချိန်မှစပြီး ပညတ်တော်ခေတ် ပြီးဆုံးသည်အထိ ယေဟောဝါ၏ လုပ်ဆောင်မှုကို မှတ်တမ်းတင်ထားသည်။ ဓမ္မသစ်ကျမ်းသည် ခရစ်ဝင်ကျမ်း လေးကျမ်းတွင်ပါရှိသည့် ကမ္ဘာမြေပေါ်တွင် ယေရှု၏ အလုပ်နှင့် ပေါလု၏ အလုပ်တို့ကို ဖော်ပြထားသည်- ဤအရာတို့သည် သမိုင်းဆိုင်ရာ မှတ်တမ်းများ မဟုတ်ပေလော။ အတိတ်ကာလက အရာများကို ယနေ့ဆီ တင်ပြခြင်းက ၎င်းတို့ကို သမိုင်းဖြစ်စေပြီး၊ ၎င်းတို့သည် မည်မျှပင် မှန်ကန်သည်ဖြစ်စေ စစ်မှန်သည်ဖြစ်စေ၊ သမိုင်းဖြစ်နေဆဲပင်ဖြစ်ပြီး၊ ဘုရားသခင်သည် သမိုင်းကို ပြန်လှည့်မကြည့်သည့်အတွက် သမိုင်းသည် ပစ္စုပ္ပန်ကို ကိုယ်စားမပြုနိုင်ချေ။ ထို့ကြောင့် သင်သည် သမ္မာကျမ်းစာကိုသာ နားလည်ပြီး၊ ဘုရားသခင်က ယနေ့ ဆောင်ရွက်လိုသည့် အမှုအကြောင်း ဘာမျှမသိပါက၊ ပြီးလျှင် သင်သည် ဘုရားသခင်ကို ယုံကြည်သော်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို မရှာဖွေပါက၊ သင်သည် ဘုရားသခင်အား ရှာဖွေခြင်းဆိုသည်မှာ အဘယ်အရာကို ဆိုလိုသည်ကို နားမလည်ပေ။ အကယ်၍ သင်သည် ဣသရေလသမိုင်းကို လေ့လာရန်၊ ဘုရားသခင်၏ ကောင်းကင်နှင့် မြေကြီးအား ဖန်ဆင်းခဲ့သည့် သမိုင်းကို သုတေသနပြုရန်အတွက် သမ္မာကျမ်းစာကို ဖတ်ရှုပါက၊ သင်သည် ဘုရားသခင်ကို မယုံကြည်ပေ။ သို့သော် ယနေ့တွင် သင်သည် ဘုရားသခင်ကို ယုံကြည်ပြီး အသက်ကို လိုက်စားသည့်အတွက်၊ ဘုရားသခင်နှင့်ဆိုင်သော အသိပညာကို လိုက်စားပြီး အသက်မဲ့သော စကားလုံးများနှင့် အယူဝါဒများ သို့မဟုတ် သမိုင်းကို နားလည်မှုအား မလိုက်စားသည့်အတွက်၊ သင်သည် ဘုရားသခင်၏ ယနေ့အလိုတော်ကို ရှာဖွေရမည် ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏အမှု၏ လမ်းညွှန်ချက်ကို ရှာဖွေရမည်ဖြစ်သည်။ အကယ်၍ သင်သည် ရှေးဟောင်းသုတေသန ပညာရှင်ဖြစ်လျှင် သမ္မာကျမ်းစာကို ဖတ်ရှုနိုင်သည်၊ သို့သော် သင်သည် ထိုကဲ့သို့သောသူ မဟုတ်၊ ဘုရားသခင်ကို ယုံကြည်သောသူများထဲမှ တစ်ဦးဖြစ်သည်၊ ထို့ကြောင့် သင်သည်

ဘုရားသခင်၏ ယနေ့အလိုတော်ကို ရှာဖွေပါက အကောင်းဆုံး ဖြစ်မည်။ သမ္မာကျမ်းစာကို ဖတ်ရှုခြင်းအားဖြင့်၊ အများဆုံးအနေနှင့် သင်သည် ဣသရေလသမိုင်းကို အနည်းငယ် နားလည်လိမ့်မည်၊ အာဗြဟံ၊ ဒါဝိဒ်နှင့် မောရှေတို့၏ ဘဝများအကြောင်းကို သိလိမ့်မည်၊ ၎င်းတို့က ယေဟောဝါကို ရိုသေလေးမြတ်ခဲ့ကြပုံ၊ ယေဟောဝါက သူ့ကို ဆန့်ကျင်ခဲ့ကြသူတို့အား မီးရှို့ပစ်ခဲ့ပုံနှင့် ထိုခေတ်ကာလမှ လူတို့ကို ယေဟောဝါ စကားပြောဆိုခဲ့ပုံတို့ကို သိလိမ့်မည်။ အတိတ်ကာလတုန်းက ဘုရားသခင်၏ အမှုအကြောင်းကိုသာ သင်ရှာတွေ့လိမ့်မည်။ သမ္မာကျမ်းစာ၏ မှတ်တမ်းများသည် ကနဦး ဣသရေလလူမျိုးတို့ ဘုရားသခင်အား မည်သို့ ရိုသေလေးမြတ်ခဲ့ကြပြီး ယေဟောဝါ၏ လမ်းညွှန်မှုအောက်၌ မည်သို့ နေထိုင်ခဲ့ကြသည် ဆိုသည်တို့နှင့် သက်ဆိုင်လေသည်။ ဣသရေလအမျိုးသားများသည် ဘုရားသခင်၏ ရွေးချယ်ခံလူများ ဖြစ်ခဲ့ကြ၍၊ သင်သည် ဓမ္မဟောင်းကျမ်းထဲတွင် ယေဟောဝါအား ဣသရေလအမျိုးသားများ အားလုံး၏ သစ္စာရှိခြင်း၊ ယေဟောဝါကို နာခံခဲ့ကြသူ အားလုံးတို့ကို သူက မည်သို့ စောင့်မပေးပြီး ကောင်းချီးမင်္ဂလာ ပေးခဲ့ခြင်းတို့ကို မြင်တွေ့ရမည် ဖြစ်သည်။ ဘုရားသခင်သည် ဣသရေလနိုင်ငံတွင် အမှုပြုခဲ့ချိန်တွင် သူသည် ကရုဏာနှင့် မေတ္တာတို့ဖြင့် ပြည့်နေခဲ့ပြီး လောင်သောမီးတောက်များကို ပိုင်ဆိုင်ကာ အနိမ့်ကျဆုံးသူမှ အားကြီးသောသူတို့အထိ ဣသရေလ အမျိုးသားအားလုံးသည် ယေဟောဝါကို ရိုသေလေးမြတ်ခဲ့ကြပြီး၊ ထို့ကြောင့် တစ်နိုင်ငံလုံး ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ ခံစားခဲ့ရသည်ကို သင် သိနိုင်သည်။ ယင်းမှာ ဓမ္မဟောင်းကျမ်းထဲတွင် မှတ်တမ်းတင်ထားသည့် ဣသရေလ၏သမိုင်း ဖြစ်ပေသည်။

သမ္မာကျမ်းစာသည် ဣသရေလ၌ ဘုရားသခင် ပြုသည့် အမှု၏ သမိုင်းမှတ်တမ်းဖြစ်ပြီး ရှေးခေတ် ပရောဖက်များ၏ အနာဂတ္တိဟောကြားချက် များစွာအပြင် ထိုအချိန်က သူ၏ အမှုတွင် ယေဟောဝါ၏ မိန့်မြွက်ချက်အချို့ကို မှတ်တမ်းတင်ထားပေသည်။ သို့ဖြစ်သောကြောင့် လူအားလုံးသည် (ဘုရားသခင်သည် သန့်ရှင်းပြီး ကြီးမြတ်သည့်အတွက်) ထိုကျမ်းစာကို သန့်ရှင်းသည့်အရာအဖြစ် ကြည်ညိုကြလေသည်။ ယင်းသည် ယေဟောဝါကို ၎င်းတို့၏ ရိုသေလေးမြတ်မှုနှင့် ဘုရားသခင်ကို ၎င်းတို့၏ ကြည်ညိုခြင်း၏ရလဒ် ဖြစ်သည်မှာ အမှန်ပင်ဖြစ်၏။ ထိုကျမ်းစာကို လူများက ယင်းကဲ့သို့သာ ရည်ညွှန်းကြခြင်းမှာ ဘုရားသခင်၏ ဖန်ဆင်းခံများသည် ၎င်းတို့၏ဖန်ဆင်းရှင်ကို အလွန်ကြောက်ရွံ့ပြီး ကြည်ညိုကြ၍ဖြစ်ကာ ဤကျမ်းအား ကောင်းကင်ဘုံနှင့်ဆိုင်သော ကျမ်းစာဟူ၍ပင် ခေါ်ဝေါ်သူများ ရှိကြသည်။ စင်စစ်အားဖြင့် ၎င်းသည် လူ့မှတ်တမ်းတစ်ခုမျှသာ ဖြစ်သည်။ ယင်းကို ယေဟောဝါက ကိုယ်တိုင်ကိုယ်ကျ အမည်ပေးထားခြင်း မဟုတ်သကဲ့သို့၊ ယေဟောဝါသည် သူဖန်တီးသည့်

အရာအတွက် ကိုယ်တိုင်ကိုယ်ကျ လမ်းမညွှန်ခဲ့ချေ။ တစ်နည်းပြောရလျှင်၊ ထိုကျမ်းစာကို ရေးခဲ့သူမှာ ဘုရားသခင် မဟုတ်ဘဲ လူသားများဖြစ်သည်။ သန့်ရှင်းသော သမ္မာကျမ်းစာဟူသည်မှာ လူများက ပေးခဲ့သည့် လေးစားထိုက်သော အမည်သာဖြစ်သည်။ ဤအမည်နာမမှာ ယေဟောဝါနှင့် ယေရှုတို့ အချင်းချင်း ဆွေးနွေးပြီးနောက် ဆုံးဖြတ်လိုက်ကြခြင်း မဟုတ်ပေ။ ယင်းသည် လူ၏ စိတ်ကူးတစ်ခုထက် ဘာမျှမပိုပေ။ အကြောင်းမှာ ထိုစာအုပ်ကို ယေဟောဝါ ရေးသားထားခြင်း မဟုတ်ဘဲ၊ ယေရှု ရေးသားခဲ့ခြင်း သာ၍မဟုတ်ပေ။ ထိုအစား၊ ၎င်းသည် များပြားလှသည့် ရှေးခေတ် ပရောဖက်များ၊ တမန်တော်များနှင့် ရှေ့ဖြစ်ဟောသူများမှ ပေးအပ်ခဲ့ကြသည့် ဖြစ်စဉ်များ ဖြစ်ပြီး၊ နောက်ပိုင်းမျိုးဆက်များက ရှေးခေတ် အရေးအသားအဖြစ် စုစည်း ပေးလိုက်ကြ၍၊ လူများအနေနှင့် အထူးကို သန့်ရှင်းသော ကျမ်းစာအုပ်ကြီး၊ အနာဂတ်မျိုးဆက်များက ဖော်ထုတ်ပေးဖို့ စောင့်ဆိုင်းနေကြသည့် နားမလည်နိုင်ကာ လေးနက်သည့် လျှို့ဝှက်ဆန်းကြယ်မှု များစွာပါဝင်သော ကျမ်းအုပ်တစ်အုပ်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ထိုသို့ဖြစ်သဖြင့်၊ လူတို့က ဤစာအုပ်သည် ကောင်းကင်ဘုံနှင့်ဆိုင်သော ကျမ်းစာဟု သာ၍ပင် ယုံကြည်လိုကြလေသည်။ ခရစ်ဝင်ကျမ်း လေးကျမ်းနှင့် ဗျာဒိတ်ကျမ်း စာအုပ်တို့ကို ပေါင်းထည့်လျက်၊ ထိုကျမ်းအပေါ် လူတို့၏ သဘောထားသည် အထူးသဖြင့် အခြားမည်သည့် စာအုပ်နှင့်မျှမတူဘဲ ခြားနားပြီး၊ ထိုသို့ဖြင့် အလွန် "သန့်ရှင်း" သောကြောင့် ဤ "ကောင်းကင်ဘုံနှင့်ဆိုင်သောစာအုပ်" ကို ခွဲခြမ်း ဆန်းစစ်ခြင်းကို အဘယ်သူမျှ မလုပ်ဝံ့ကြချေ။

လူတို့သည် သမ္မာကျမ်းစာကို ဖတ်သည်နှင့်တစ်ပြိုင်နက် လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်းမှန်ကို ထိုအထဲ၌ အဘယ်ကြောင့် ရှာတွေ့နိုင်ကြသနည်း။ သူတို့အနေနှင့် နားလည်မရနိုင်သည့်အရာများ အများအပြားကို အဘယ်ကြောင့် ရရှိနိုင်ကြသနည်း။ ယနေ့တွင် ငါသည် သမ္မာကျမ်းစာအား ဤနည်းဖြင့် စိတ်ဖြာ လေ့လာဆွေးနွေးနေပြီး ယင်းမှာ ငါသည် ထိုကျမ်းစာကို မုန်းသည်၊ သို့မဟုတ် ထိုကျမ်းစာ၏ကိုးကားချက် တန်ဖိုးကို ငြင်းဆိုသည်ဟု မဆိုလိုပေ။ သမ္မာကျမ်းစာ၏ ပင်ကိုတန်ဖိုးနှင့် ဇာစ်မြစ်များကို သင်နားလည်အောင် ရှင်းပြနေရခြင်းက သင်အမှောင်ထဲတွင် ရှိနေခြင်းကို ရပ်တန့်ရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် သမ္မာကျမ်းစာနှင့် ပတ်သက်ပြီး များပြားလှသော အမြင်များရှိကြကာ၊ အများစုက မှားယွင်းကြသည့်အတွက် ဖြစ်သည်။ ယခုကဲ့သို့သော နည်းလမ်းဖြင့် သမ္မာကျမ်းစာကို ဖတ်ရှုခြင်းက လူတို့အနေနှင့် ရသင့်သည့်အရာကို မရရှိရန် ဟန့်တားနေရုံသာမက၊ သာ၍ အရေးပါသည်မှာ ၎င်းသည် ငါပြုလုပ်ရန် ရည်ရွယ်သည့် အမှုကို နှောင့်ယှက်နေသည်။ ၎င်းသည် အနာဂတ် အလုပ်ကို အလွန့်အလွန် ဝင်ရောက်နှောင့်ယှက်ပြီး

ကောင်းကျိုးများ မပေးဘဲ၊ ဆိုးကျိုးများသာ ပေး၏။ သို့ဖြစ်၍၊ ငါသင်တို့ကို သွန်သင်နေသည့်အရာမှာ သမ္မာကျမ်းစာ၏ အနှစ်သာရနှင့် အတွင်းပိုင်း အကြောင်းအရာတို့ပင် ဖြစ်သည်။ ငါသည် သင့်အား သမ္မာကျမ်းစာကို မဖတ်ဖို့ သို့မဟုတ် ဟိုဟိုသည်သည် သွားကာ ထိုအရာက တန်ဖိုးမဲ့ကြောင်းကို ကြေညာဖို့ တောင်းဆိုနေခြင်း မဟုတ်ဘဲ၊ သင်၌ သမ္မာကျမ်းစာဆိုင်ရာ မှန်ကန်သည့် အသိပညာနှင့် အမြင် ရှိစေဖို့ရန်သာ ဖြစ်သည်။ အလွန်အကျွံ တစ်ဖက်သတ် မဆန်လေနှင့်။ သမ္မာကျမ်းစာသည် လူသားများက ရေးသားခဲ့သည့် သမိုင်းစာအုပ် ဖြစ်သော်ငြားလည်း၊ ၎င်းသည် ရှေးခေတ် သန့်ရှင်းသူများနှင့် ပရောဖက်များက ဘုရားသခင်အား အစေခံရာတွင် အသုံးပြုခဲ့သည့် အခြေခံသဘောတရား များစွာအပြင်၊ များမကြာမီကတမန်တော်များ ဘုရားသခင်ကို အစေခံရာ၌ အတွေ့အကြုံများကိုလည်း မှတ်တမ်းတင်လေသည်- ယင်းအချက်များ အားလုံးကို ဤလူတို့က အမှန်ပင် မြင်ကာ သိခဲ့ကြပြီး ဤခေတ် လူတို့အတွက် မှန်သော လမ်းခရီးကို လိုက်စားရာတွင် ရည်ညွှန်းချက်အဖြစ် အသုံးချနိုင်ပေသည်။ သို့ဖြစ်၍၊ သမ္မာကျမ်းစာကို ဖတ်ရှုခြင်းဖြင့် လူများသည် အခြားစာအုပ်များ၌ ရှာမတွေ့နိုင်သည့် အသက်လမ်းခရီးများစွာကို ရရှိနိုင်ကြသည်။ ဤလမ်းခရီးများသည် အတိတ်ကာလ ပရောဖက်များနှင့် တမန်တော်များ တွေ့ကြုံခဲ့ကြရသည့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်၏ အသက်လမ်းခရီးများ ဖြစ်ကြပြီး၊ နှုတ်ကပတ်တော် များစွာတို့သည် တန်ဖိုးရှိပြီး၊ လူတို့ လိုအပ်သည့်အရာကို ထောက်ပံ့ပေးနိုင်လေသည်။ သို့ဖြစ်သောကြောင့်၊ လူအားလုံးက သမ္မာကျမ်းစာ ဖတ်ရှုရခြင်းကို နှစ်သက်ကြသည်။ သမ္မာကျမ်းစာထဲတွင် သွယ်ဝှက်ထားသည်များ အလွန်များပြားသဖြင့်၊ ကျမ်းစာအပေါ် လူတို့၏ ရှုမြင်ပုံများသည် ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်ကြီးများ၏ ရေးသားချက်များအပေါ် ရှုမြင်ပုံများနှင့် မတူကြပေ။ သမ္မာကျမ်းစာသည် ခေတ်ဟောင်းနှင့် ခေတ်သစ်များထဲတွင် ယေဟောဝါနှင့် ယေရှုတို့ကို အစေခံခဲ့ကြသူများ၏ အတွေ့အကြုံများနှင့် အသိပညာများကို စုစည်းထားသည့် မှတ်တမ်းဖြစ်၍၊ နောက်ပိုင်း မျိုးဆက်များသည် ဉာဏ်အလင်းဖွင့်ပြမှု၊ အလင်းပေးမှုနှင့် လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းများကို များစွာ ရယူနိုင်ခဲ့ကြသည်။ သမ္မာကျမ်းစာသည် မည်သည့် ဝိညာဉ်ရေးရာပုဂ္ဂိုလ်ကြီးများ၏ ရေးသားချက်များထက်မဆို ပိုမြင့်မားရခြင်း၏ အကြောင်းရင်းမှာ ထိုသူတို့၏ ရေးသားချက် အားလုံးသည် သမ္မာကျမ်းစာထဲမှ ကောက်ယူထားခြင်း ဖြစ်ပြီး၊ သူတို့၏ အတွေ့အကြုံများ အားလုံးက သမ္မာကျမ်းစာထဲမှ လာကြခြင်း ဖြစ်ကာ၊ ၎င်းတို့အားလုံး သမ္မာကျမ်းစာကို ရှင်းပြသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍၊ လူတို့သည် မည်သည့် ဝိညာဉ်ရေးရာပုဂ္ဂိုလ်ကြီးများ၏ စာအုပ်များမှမဆို ထောက်ပံ့ခြင်းကို ရရှိနိုင်ကြသော်လည်း၊

သူတို့အတွက် သမ္မာကျမ်းစာသည် အလွန်မြင့်မားပြီး လေးနက်သည့်ပုံပေါ်သည့်အတွက် ကျမ်းစာကို ၎င်းတို့ ကိုးကွယ်နေကြဆဲ ဖြစ်သည်။ သမ္မာကျမ်းစာသည် ပေါလု၏ဩဝါဒစာများနှင့် ပေတရု၏ဩဝါဒစာများကဲ့သို့ အသက်နှင့်ဆိုင်သော နှုတ်ကပတ်တော်များပါသည့် ကျမ်းစာအုပ်များကို အတူတကွ စုစည်းပေးထားသော်လည်း၊ လူတို့သည် ထိုကျမ်းအုပ်များ၏ ထောက်ပံ့မှုနှင့် မစမှုတို့ကို ခံရနိုင်ကြသော်လည်း၊ ဤကျမ်းအုပ်များသည် ခေတ်မမီဆဲ ဖြစ်သည်၊ ခေတ်ဟောင်းနှင့်သာ သက်ဆိုင်ကြဆဲဖြစ်ပြီး၊ ၎င်းတို့သည် မည်မျှပင် ကောင်းမွန်စေကာမူ၊ ကာလတစ်ခု အတွက်သာ သင့်တော်ပြီး၊ ထာဝရသင့်တော်သည် မဟုတ်ပေ။ ဘုရားသခင်၏ အမှုသည် အစဉ်တိုးတက်လျက် ရှိသည့်အတွက်၊ ၎င်းသည် ပေါလုနှင့် ပေတရုတို့၏ ခေတ်၌သာ ရပ်တန့်မသွားနိုင်ခဲ့သကဲ့သို့၊ ယေရှု ကားစင်တင်ခံခဲ့ရသည့် ကျေးဇူးတော် ခေတ်ထဲတွင် ထာဝရ ကျန်ရှိမနေနိုင်ပေ။ သို့ဖြစ်၍၊ ဤစာအုပ်များသည် ကျေးဇူးတော် ခေတ်အတွက်သာ သင့်တော်ပြီး နောက်ဆုံးသောကာလ၏ နိုင်ငံတော်ခေတ်အတွက် မသင့်တော်ချေ။ ၎င်းတို့သည် ကျေးဇူးတော်ခေတ်မှ ယုံကြည်သူများကိုသာ ထောက်မပေးနိုင်ပြီး၊ နိုင်ငံတော်ခေတ်၏ သန့်ရှင်းသူများအတွက်မူ မထောက်မပေးနိုင်ပေ၊ ၎င်းတို့ မည်မျှ ကောင်းစေကာမူ၊ ခေတ်ကုန်သွားပြီဖြစ်ဆဲ ဖြစ်သည်။ ထိုအရာသည် ဣသရေလနိုင်ငံထဲတွင် ယေဟောဝါ၏ ဖန်ဆင်းခြင်း သို့မဟုတ် သူ၏အမှုများနှင့် အလားတူပင် ဖြစ်သည်။ ဤအမှု မည်မျှပင် ကြီးမြတ်စေကာမူ၊ ၎င်းသည် ခေတ်ကုန်လာဦးမည် ဖြစ်ပြီး ၎င်းခေတ် ကုန်လွန်သွားသည့်အချိန် ရောက်လာဦးမည် ဖြစ်သည်။ ဘုရားသခင်၏ အမှုသည်လည်း အလားတူပင် ဖြစ်သည်၊ ၎င်းသည် ကြီးမြတ်သည်၊ သို့သော် အဆုံးသတ်ရမည့် အချိန်ကျလိမ့်ဦးမည် ဖြစ်သည်၊ ၎င်းသည် တစ်ချိန်လုံး ဖန်ဆင်းခြင်း အမှုကြား၌ အစဉ်အမြဲ ရှိမနေနိုင်သကဲ့သို့၊ ကားစင်တင်ခံရခြင်း အမှုကြားတွင်လည်း အစဉ်အမြဲ ရှိမနေနိုင်ပေ။ ကားစင်တင်ခံရခြင်း အမှုသည် မည်မျှပင် ယုံကြည်လက်ခံစရာ ကောင်းပါစေ၊ ၎င်းသည် စာတန်ကို ချိုးနှိမ်ရာတွင် မည်မျှပင် ထိရောက်မှု ရှိခဲ့ပါစေ၊ စင်စစ်မှာမူ အမှုသည် အမှုအဖြစ် ရှိနေဆဲ၊ ခေတ်များသည်လည်း ခေတ်များအဖြစ် ရှိနေဆဲ ဖြစ်သည်။ ဖန်ဆင်းခြင်းရှိခဲ့ပြီး နောက်ဆုံးသော ကာလရှိရမည် ဖြစ်သောကြောင့် အမှုသည် အခြေခံအုတ်မြစ် တစ်ခုတည်းအပေါ်တွင် အစဉ်အမြဲ မနေနိုင်သကဲ့သို့၊ အချိန်ကာလများသည်လည်း မည်သည့်အခါမျှ မပြောင်းလဲဘဲ မရှိနိုင်ပေ။ ဤသည်မှာ ရှောင်လွှဲ၍ မရနိုင်ပေ။ ထို့ကြောင့်၊ ယနေ့တွင် ဓမ္မသစ်ကျမ်းထဲက အသက်နှင့်ဆိုင်သော နှုတ်ကပတ်တော်များဖြစ်သည့် တမန်တော်များ၏ ဩဝါဒစာများနှင့် ခရစ်ဝင်ကျမ်း လေးကျမ်းသည် သမိုင်းဆိုင်ရာ စာအုပ်များ

ဖြစ်လာကြလေပြီ၊ ၎င်းတို့သည် နှစ်ချုပ်စာအုပ် အဟောင်းများ ဖြစ်လာကြပြီးဖြစ်ကာ ခေတ်ဟောင်း နှစ်ချုပ်စာအုပ်များက လူများကို ခေတ်သစ်ထဲသို့ မည်သို့ ခေါ်ဆောင်သွားနိုင်မည်နည်း။ ဤနှစ်ချုပ် စာအုပ်များသည် လူတို့ကို အသက်ဖြင့် မည်သို့ပင် ထောက်ပံ့ပေးနိုင်ပါစေ၊ ၎င်းတို့သည် လူတို့ကို ကားတိုင်ဆီသို့ မည်သို့ပင် ခေါ်ဆောင်ပေးနိုင်ပါစေ၊ ၎င်းတို့သည် ခေတ်ကုန်သွားကြပြီ မဟုတ်လော။ ၎င်းတို့သည် တန်ဖိုးမဲ့နေကြပြီ မဟုတ်လော။ သို့ဖြစ်၍ သင်သည် ထိုနှစ်ချုပ်စာအုပ်များကို မျက်စိမှိတ် မယုံကြည်အပ်ဟု ငါပြော၏။ ၎င်းတို့သည် အလွန် ဟောင်းနွမ်းသွားကြပြီ၊ ၎င်းတို့သည် သင့်ကို အမှုအသစ်ဆီသို့ ခေါ်ဆောင် မပေးနိုင်ကြဘဲ၊ သင့်ကို ဝန်သာ ပိစေနိုင်၏။ ၎င်းတို့သည် သင့်အား အမှုသစ်နှင့် ဝင်ရောက်မှု အသစ်ဆီသို့ မခေါ်ဆောင်ပေးနိုင်ရုံသာမက၊ သင်တို့ကို အိုဟောင်းသော ဘာသာရေး အသင်းတော်များအတွင်း ခေါ်ဆောင်ပေသည် - ထိုသို့ဆိုပါက ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်းသည် ဆုတ်ယုတ်သွားနေသည် မဟုတ်လော။

သမ္မာကျမ်းစာက ရေးမှတ်ပေးထားသည်မှာ ရွေးကောက်ခံ ဣသရေလလူတို့ ပြုလုပ်ခဲ့သည့် အရာတစ်ချို့အပါအဝင် ဣသရေလနိုင်ငံ၌ ဘုရားသခင်၏အမှု ဖြစ်သည်။ ထည့်သွင်းရန် သို့မဟုတ် ချန်ထားရန် ရွေးချယ်ထားသည့် အပိုင်းအချို့ရှိသည် ဆိုစေကာမူ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ခွင့်မပြုခဲ့သော်လည်း အပြစ်မတင်ခဲ့ပေ။ သမ္မာကျမ်းစာသည် ဘုရားသခင်၏အမှုတော်၏ သမိုင်းလည်းဖြစ်သည့် ဣသရေလသမိုင်းသက်သက် ဖြစ်သည်။ ၎င်းထဲ၌ မှတ်တမ်းတင်ထားသည့် လူများ၊ ကိစ္စရပ်များနှင့် အကြောင်းအရာများ အားလုံးသည် စစ်မှန်ပြီး၊ ဟေရှာယ၊ ဒံယေလနှင့် အခြားပရောဖက်တို့၏ အနာဂတ္တိစကား၊ သို့မဟုတ် ယောဟန်၏ ရူပါရုံကျမ်းအုပ်မှလွဲ၍ ယင်းတို့ထဲက မည်သည်ကမျှ သင်္ကေတအဓိပ္ပာယ် မရှိခဲ့ပေ။ ကနဦး ဣသရေလလူတို့သည် အသိပညာပြည့်ဝခဲ့ပြီး ယဉ်ကျေးခဲ့ကြကာ၊ သူတို့၏ ရှေးခေတ် အသိပညာများနှင့် ယဉ်ကျေးမှုသည် အတော်အတန် မြင့်မားခဲ့၍၊ သူတို့ ရေးသားခဲ့ကြသည့် အရာများသည် ယနေ့ခေတ် လူတို့ ရေးသည့်အရာများထက် ပိုမြင့်မားခဲ့ကြသည်။ အကျိုးဆက်အနေဖြင့်၊ သူတို့ ဤစာအုပ်များကို ရေးသားနိုင်ခဲ့ကြခြင်းမှာ မည်သို့မျှ အံ့သြစရာမရှိပေ၊ အဘယ်ကြောင့်ဆိုသော် ယေဟောဝါသည် သူတို့အကြား၌ များစွာသော အရာများကို ဆောင်ရွက်ခဲ့ပြီး သူတို့ မြင်တွေ့ခဲ့ရသည်များက အထူးများပြားခဲ့သည့်အတွက် ဖြစ်သည်။ ဒါဝိဒ်သည် ယေဟောဝါ၏ အမှုများကို မိမိမျက်စိနှင့် တပ်အပ်မြင်ခဲ့ရပြီး ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရပြီး နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်သောအမှုများ အများအပြားကို မြင်ခဲ့ရသောကြောင့် သူသည် ယေဟောဝါ၏ လုပ်ဆောင်မှုများကို ချီးမွမ်းခြင်းအနေဖြင့် ဆာလံသီချင်းများကို ရေးသားခဲ့ခြင်း ဖြစ်သည်။

သူတို့သည် ဤကျမ်းစာအုပ်များကို အချို့သော အခြေအနေများတွင် ရေးသားနိုင်ခဲ့ကြခြင်း ဖြစ်ပြီး၊ သူတို့၌ ထူးခြားသည့်ပါရမီ ရှိခဲ့ခြင်းကြောင့် မဟုတ်ပေ။ သူတို့သည် ယေဟောဝါကို မြင်ခဲ့ကြသောကြောင့် ချီးမွမ်းခဲ့ကြသည်။ အကယ်၍ သင်တို့သည် ယေဟောဝါနှင့် သက်ဆိုင်၍ မည်သည့်အရာကိုမျှ မမြင်ခဲ့ရသကဲ့သို့ သူ၏တည်ရှိခြင်းကို သတိမမူမိပါက၊ သင်တို့သည် သူ့ကို မည်သို့ ချီးမွမ်းနိုင်ကြမည်နည်း။ သင်တို့က ယေဟောဝါကို မမြင်ခဲ့ဖူးပါက၊ သူ့အား အဘယ်သို့ ချီးမွမ်းရမည်ကို လည်းကောင်း၊ အဘယ်သို့ ဝတ်ပြုကိုးကွယ်ရမည်ကို လည်းကောင်း၊ သင်တို့ သိနိုင်မည် မဟုတ်သကဲ့သို့၊ သူ့ကို ထောမနာပြုထားသည့် သီချင်းများကို သာ၍ပင် ရေးနိုင်မည် မဟုတ်ပေ၊ ပြီးလျှင် ယေဟောဝါ၏ လုပ်ဆောင်ချက်အချို့ကို ဖန်တီးပေးရန် သင်တို့အား တောင်းဆိုခဲ့လျှင်လည်း သင်တို့သည် လုပ်နိုင်စွမ်း ရှိကြမည်မဟုတ်ပေ။ ယနေ့တွင် သင်တို့သည် ဘုရားသခင်ကို ချီးမွမ်း၍ ချစ်နိုင်ကြခြင်းမှာ သူ့ကို သင်တို့ မြင်ခဲ့ကြ၍ သူ၏ အလုပ်ကို တွေ့ကြုံခဲ့ကြရခြင်းကြောင့်လည်း ဖြစ်သည်၊ သင်တို့၏ အရည်အချင်း တိုးတက်ပါက၊ သင်တို့သည်လည်း ဒါဝိဒ်ကဲ့သို့ ဘုရားသခင်ကို ချီးမွမ်းရန် ကဗျာများကို ရေးနိုင်စွမ်း ရှိလိမ့်မည် မဟုတ်လော။

သန့်ရှင်းသော ဝိညာဉ်တော်၏ ယနေ့ လုပ်ဆောင်နေခြင်းများကို နားလည်ခြင်းမရှိဘဲ၊ သမ္မာကျမ်းစာကို နားလည်ခြင်း၊ သမိုင်းကို နားလည်ခြင်းသည်၊ မှားယွင်းနေသည်။ သင်သည် သမိုင်းကို လေ့လာရာ၌ အလွန်ကောင်းမွန်ခဲ့ပြီး အံ့သြချီးမွမ်းဖွယ် ကောင်းခဲ့သော်လည်း၊ သင်သည် သန့်ရှင်းသောဝိညာဉ်တော် ယနေ့ လုပ်ဆောင်နေသည့် အကြောင်းကို လုံးဝ နားမလည်ချေ။ ဤသည်မှာ မိုက်မဲမှု မဟုတ်လော။ အခြားသော သူတို့က သင့်ကို "ဘုရားသခင်သည် ယနေ့ မည်သည့်အရာ လုပ်ဆောင်နေသနည်း။ ယနေ့ သင်သည် မည်သည့်အရာထဲသို့ ဝင်ရောက်ရမည်နည်း။ သင်၏ဘဝလိုက်စားမှုက မည်သို့ရှိသနည်း၊ ဘုရားသခင်၏ အလိုတော်ကို သင် နားလည်သလော" ဟု မေးကြ၏။ သူတို့ မေးမြန်းသည့်အရာအတွက် သင်၌ အဖြေရှိလိမ့်မည် မဟုတ်ပေ၊ ထိုသို့ဆိုလျှင် သင် မည်သည်ကို သိသနည်း။ သင်က— "ကျွန်ုပ် သိသည့်အချက်မှာ ကျွန်ုပ်သည် ဇာတိပကတိကို ကျော်ခိုင်းလျက် ကိုယ့်ကိုယ်ကိုယ် သိနားလည်ရမည် ဆိုသည့်အချက်ပင် ဖြစ်သည်။" ဟုဆိုလိမ့်မည်။ ထို့နောက်မှာ သူတို့က "သင်သည် အခြားကော ဘာများ သိသနည်း" ဟု မေးလာလျှင်၊ သင်က ဘုရားသခင်၏ အစီအမံအားလုံးကို နာခံရမည်ကို သိပြီး၊ သမ္မာကျမ်းစာ၏ သမိုင်းကို အနည်းအကျဉ်း သိသည်ဟု ဆိုလိမ့်မည်ဖြစ်ပြီး၊ ဤမျှသာ ဖြစ်သည်။ ဤနှစ်များ တစ်လျှောက် ဘုရားသခင်အား ယုံကြည်မှုမှ သင်ရရှိခဲ့သည့် အရာအားလုံးမှာ ဤမျှသာလော။ ယင်းမှာ သင် နားလည်သမျှဖြစ်ပါက၊ သင်သည်

ချို့တဲ့လှသည်။ ထို့ကြောင့်၊ သင်တို့၏ မျက်မှောက်ဝိညာဉ်အသက်တာသည် သင်တို့အပေါ် ငါသတ်မှတ်သည့်အရာကို အခြေခံအားဖြင့် ရယူနိုင်စွမ်း မရှိသကဲ့သို့ သင်တို့ နားလည်သည့် သမ္မာတရားများသည် သင်တို့၏ ခွဲခြားနိုင်စွမ်းများနှင့်အတူ အလွန်နည်းပါးလှသည်၊ ဆိုလိုသည်မှာ၊ သင်တို့၏ ယုံကြည်မှုသည် အလွန်ပင် ပေါ့ပျက်လှသည်။ သင်တို့သည် သမ္မာတရားများ ပိုရှိရန် လိုအပ်သည်၊ သင်တို့သည် သာ၍များသော အသိပညာများကို လိုအပ်သည်၊ သင်တို့သည် တိုးပြီး မြင်ရန် လိုအပ်သည်၊ ထိုအခါမှသာ သင်တို့သည် ဧဝံဂေလိတရားကို ဖြန့်ဝေနိုင်လိမ့်မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ သင်တို့ စွမ်းဆောင်ရမည့်အရာ ဖြစ်သောကြောင့် ဖြစ်သည်။

# လက်တွေ့လုပ်ဆောင်ခြင်း (၁)

ယခင်က လူတို့ တွေ့ကြုံခဲ့သော လမ်းတွင် သွေဖည်မှုမြောက်မြားစွာ ရှိခဲ့ပြီး ၎င်းမှာ အဓိပ္ပာယ်ပင်မရှိခဲ့ချေ။ ၎င်းတို့သည် ဘုရားသခင်၏သတ်မှတ်ချက်များ၏ စံနှုန်းကို အမှန်တကယ် နားမလည်ခဲ့သောကြောင့် လူတို့၏အတွေ့အကြုံ လွဲချော်ခဲ့သည့် ကဏ္ဍများစွာ ရှိခဲ့သည်။ လူတို့အတွက် ဘုရားသခင် သတ်မှတ်သည့်အရာမှာ ၎င်းတို့အနေဖြင့် သာမန်လူ့သဘာဝဖြင့် အသက်ရှင်နေထိုင်နိုင်ရန်ဖြစ်သည်။ ဥပမာအားဖြင့် အစားအစာနှင့် အဝတ်အထည်နှင့်စပ်လျဉ်း၍ ခေတ်သစ်အစဉ်အလာကို လိုက်နာခြင်း၊ ဝတ်စုံ နှင့် လည်စီးတို့ကို ဝတ်ခြင်း၊ ခေတ်သစ် အနုပညာအကြောင်း အနည်းငယ် သင်ယူလေ့လာခြင်းတို့သည် ပြဿနာမရှိဘဲ၊ သူတို့၏ အားလပ်ချိန်တွင် အနုပညာ နှင့် ဖျော်ဖြေရေး အသက်တာ တစ်ခုဖြင့် အသက်ရှင်နိုင်သည်။ ၎င်းတို့သည် အမှတ်တရဓာတ်ပုံအချို့ ရိုက်နိုင်ပြီး၊ အသုံးတည့်သော အသိပညာအချို့တို့ကို ဖတ်ရှုရရှိနိုင်သည်၊ ထို့အပြင် အတန်အသင့်ကောင်းသော လူနေမှုပတ်ဝန်းကျင်တစ်ခုကို ရရှိနိုင်သည်။ ဤသည်မှာ သာမန်လူ့သဘာဝနှင့်ဆိုင်သော ဘဝတစ်ခုနှင့် လိုက်လျောညီထွေဖြစ်သော အရာများအားလုံး ဖြစ်သော်လည်း၊ လူများက ၎င်းတို့ကို ဘုရားသခင် အလွန်မုန်းတီးသောအရာ တစ်စုံတစ်ခုအဖြစ် မြင်ကြကာ၊ ထိုအရာများကို လုပ်ဆောင်ခြင်းမှ မိမိကိုယ်ကို ထိန်းသိမ်းကြသည်။ ၎င်းတို့၏လက်တွေ့လုပ်ဆောင်ချက်မှာ စည်းကမ်းအနည်းငယ်ကို ၎င်းတို့ပင်လျှင် လိုက်နာနေခြင်းဖြစ်ပြီး ဤအရာမှာ ၎င်းတို့ကို မြောင်းရေကဲ့သို့ မကြည်လင်သော ဘဝတစ်ခုကို မည်သည့်အဓိပ္ပာယ်မျှမရှိဘဲ အသက်ရှင်ရန် ဦးတည်၍ခေါ်ဆောင်ခြင်း ဖြစ်သည်။ အမှန်အားဖြင့် ဘုရားသခင်သည် လူတို့အား ထိုအရာကို

ပြုရန် မည်သည့်အခါမျှ သတ်မှတ်ခဲ့ခြင်းမရှိပေ။ လူတို့သည် ၎င်းတို့၏ကိုယ်ပိုင် စိတ်သဘောထားများကို လျှော့လိုကြပြီး ဘုရားသခင်နှင့် သာ၍နီးစေရန် ၎င်းတို့၏ဝိညာဉ်များထဲတွင် မရပ်မနား ဆုတောင်းကြသည်၊ ၎င်းတို့၏ဦးနှောက်ထဲတွင် ဘုရားသခင်နှင့်ဆိုင်သောအမှုအရာများကို အဆက်မပြတ် စဉ်းစားခြင်းဖြင့် အချိန်ကုန်လွန်စေသည်၊ ၎င်းတို့၏မျက်လုံးများသည် ဤအရာနှင့် ထိုအရာတို့ကို အဆက်မပြတ် ကြည့်၍ လေ့လာနေကြ၍ ဘုရားသခင်ထံ ၎င်းတို့၏ဆက်နွယ်မှုသည် တစ်နည်းနည်းဖြင့် ပြတ်သွားမည်ကို လွန်စွာကြောက်ရွံ့လျက်ရှိသည်။ ဤအရာအားလုံးမှာ လူသည် ၎င်းတို့ကိုယ်ကို ပေါင်းရုံးသောအရာများဖြစ်သည်၊ ၎င်းတို့မှာ လူက လူ့အတွက် ကိုယ်တိုင် ချမှတ်သောစည်းကမ်းများ ဖြစ်သည်။ အကယ်၍ သင်သည် သင်၏ကိုယ်ပိုင်အနှစ်သာရ သို့မဟုတ် မည်သည့်အဆင့်သို့ သင်ကိုယ်တိုင် ရောက်နိုင်ကြောင်းကို နားလည်သဘောပေါက်ခြင်းမရှိပါက ဘုရားသခင်သည် လူအတွက် သတ်မှတ်သောစံနှုန်းများမှာ မည်သည့်စံနှုန်းများ အတိအကျဖြစ်ကြောင်းကို သဘောပေါက်နိုင်လိမ့်မည် မဟုတ်ပေ၊ ထိုအခါ သင်သည် သင့်လျော်သော အတိုင်းအတာဖြင့် ပြုသောလက်တွေ့လုပ်ဆောင်ချက်တစ်ခုကို ရရှိလိမ့်မည် မဟုတ်ပေ။ သင်၏စိတ်သည် ဟိုဘက်ဒီဘက် အမြဲလှည့်နေပြီး ဝင်ရောက်ခွင့်ရစေရန် သင့်ကို အကူအညီပေးမည်ဟု သင် ထင်သော လက်တွေ့လုပ်ဆောင်ချက်တစ်စုံကို သင် အကျဉ်းချုပ်သည့်ရလဒ်နှင့်အတူ သင့်ကို ဘယ်လိုများ စေ့ဆော်နိုင်မည့်အကြောင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်း ခံမည့်အကြောင်း လေ့လာသင်ယူရန်နှင့် ဖြည်းဖြည်းနှင့်ဂရုတစိုက် စမ်း၍သွားရန် ဖြစ်နိုင်ခြေရှိသော နည်းလမ်းတိုင်းကို သင် စဉ်းစားသည်။ ဤနည်းဖြင့် သင် လက်တွေ့လုပ်ဆောင်သည့်အခါ သင့်ကို ဘုရားသခင် အတိအကျတောင်းဆိုသည့်အရာမှာ မည်သည့်အရာဖြစ်ကြောင်းကို သင်မသိပေ၊ သင်၏ကိုယ်ပိုင်နည်းဖြင့်သာ သင်လက်တွေ့လုပ်ဆောင်၍ လုံးဝ စိုးရိမ်သောကကင်းမဲ့သလို ခံစားရပြီး အဆုံးသတ်ကို ဂရုမစိုက်ပေ၊ သွေဖည်မှုနှင့် အမှားအယွင်းများ ရှိမရှိကို ဂရုစိုက်ရန်မှာ ဆိုရန်ပင်အကြောင်းမရှိပေ။ ဤနည်းဖြင့် သင် ဆက်သွားစဉ်တွင် သင်၏ လက်တွေ့လုပ်ဆောင်ချက်တွင် ဘုရားသခင်၏ချီးကျူးခြင်း၊ သန့်ရှင်းသောဝိညာဉ်တော် အတည်ပြုထောက်ခံခြင်းနှင့် ဘုရားသခင်၏ သတ်မှတ်ချက်များအားဖြင့် ရရှိသော အဆုံးသတ်အစရှိသည့် အရာမြောက်မြားစွာ ကင်းမဲ့လျက်နေသည်။ ၎င်းတွင် သာမန်လူ့အသိစိတ်နှင့် ဆင်ခြင်ဉာဏ် ကင်းမဲ့လျက်ရှိသည်။
သင်၏လက်တွေ့လုပ်ဆောင်ချက်မှာ စည်းကမ်းများကို လိုက်နာရုံမျှသာဖြစ်သည် သို့မဟုတ်

သင့်ကိုယ်သင် ကန့်သတ်ရန်၊ သင့်ကိုယ်သင် ထိန်းချုပ်ရန်အတွက် သင်၏ဝန်ထုပ်ဝန်ပိုးကို တမင်တကာ တိုးပွားစေသူမှာ သင်ဖြစ်သည်။ သို့သော်လည်း သင် လက်တွေ့လုပ်ဆောင်သောအရာ အများစုမှာ မလိုအပ်သော ကိစ္စ သို့မဟုတ် စောင့်ထိန်းမှုတစ်ခု ဖြစ်သည်ကို မသိဘဲ သင်သည် တစ်သဝေမတိမ်း လက်တွေ့လုပ်ဆောင်ပြီးပြီဟု ထင်နေသည်။ အခြေခံအားဖြင့် မိမိတို့၏စိတ်သဘောထားများကို ပြောင်းလဲခြင်းမရှိ၊ အသစ်သောအသိအမြင်နှင့် အသစ်သောဝင်ရောက်မှု မရှိဘဲ ဤကဲ့သို့ နှစ်ပေါင်းများစွာ လက်တွေ့လုပ်ဆောင်သောသူ များစွာရှိကြသည်။ ၎င်းတို့သည် အမှုမဲ့အမှတ်မဲ့ဖြင့် မလျော်ကန်သော၊ လူသားမဆန်သော အမှုအရာများကိုပြုသည့် အကြိမ်များစွာရှိပြီး လူတို့ကို သံသယဖြစ်စေပြီး နားမလည်နိုင်သော အမှုအရာများကိုပြုသည့် အကြိမ်များစွာရှိသည့် အဆင့်အထိပင်လျှင် ၎င်းတို့၏ ရိုင်းစိုင်းကြမ်းကြုတ်သော ဗီဇများကို ကြီးထွားစေခဲ့ကြသည်။ ဤကဲ့သို့သော လူအမျိုးအစားမှာ ပြောင်းလဲပြီးသောသူ တစ်စုံတစ်ဦးဖြစ်သလော။

နှိုင်းယှဉ်၍ဆိုပါက ယခုအချိန်သည် တစ်စုံတစ်ဦး၏ ရှေ့ဆက်ရမည့်လမ်းကို ရှာဖွေပြီး တွေးရသောခေတ်ကာလ မဟုတ်သည့်အတွက် လူတို့သည် ယခင်ကထက် လျော့နည်း၍ဆုတောင်းကြသည်။ ယခုအခါ ဗျာဒိတ်တော်ခေတ်၊ နိုင်ငံတော်ခေတ်ဖြစ်သည်၊ လူတို့အား အရာခပ်သိမ်းကို ရှင်းလင်းစွာ ပြောပြသည့် ထိုးထွင်းအမြင်များရှိသည့် ဘဝဖြစ်ပြီး လူတို့သည် အသက်တာတစ်လျှောက် ၎င်းတို့၏ လမ်းကို ဖြည်းဖြည်းနှင့်ဂရုတစိုက် စမ်း၍သွားရန် မလိုတော့ပေ။ အိမ်ထောင်ရေး၊ လောကီရေးရာကိစ္စများ၊ အသက်တာ၊ အစားအစာ၊ အဝတ်အထည်နှင့် အမိုးအကာ၊ လူလူချင်းဆက်ဆံမှုဆိုင်ရာ ဆက်နွယ်မှုများစသည့် ကဏ္ဍများ၊ တစ်စုံတစ်ဦးသည် ဘုရားသခင်၏အလိုကို ကျေနပ်စေသည့် နည်းလမ်းတစ်ခုဖြင့် အစေခံနိုင်ပုံ၊ တစ်စုံတစ်ဦးသည် ဇာတိပကတိကို မည်ကဲ့သို့ ပစ်ပယ်ခဲ့ပုံနှင့်စပ်လျဉ်း၍ .... ဤအရာများထဲမှာ မည်သည့်အရာကို သင်တို့အား မပြောရသေးသနည်း။ သင်တို့သည် သွား၍ရှာဖွေရန် လိုအပ်သေးသလော။ သင်တို့သည် ဆက်၍ဆုတောင်းရန် လိုအပ်သေးသလော။ အမှန်တကယ်ပင် မလိုအပ်ပေ။ အကယ်၍ သင်သည် ဤအရာများကို ဆက်၍လုပ်နေသေးပါက သင်သည် လုပ်ရိုးလုပ်စဉ် အလွှာနောက်တစ်ထပ်ကို ထည့်သွင်းနေခြင်းသာဖြစ်သည် မဟုတ်လော။ ၎င်းမှာ မလိုအပ်ပေ။ အဓိကမှာ သင်၌ စိတ်ဆုံးဖြတ်ချက် ရှိမရှိ ဖြစ်သည်။ လူအချို့သည် သိလျှက်နှင့် အမှားကျူးလွန်ကြပြီး လောကီလမ်း၌ လျှောက်ခြင်းမှာ မကောင်းကြောင်း၊ တစ်စုံတစ်ဦး၏အသက်တာကို ဆုံးပါးစေကြောင်းနှင့် ၎င်းတို့၏အသက်တာ တိုးတက်မှုကို နှောင့်နှေးစေကြောင်းကို ရှင်းလင်းစွာ သိကြသော်လည်း ၎င်းတို့သည် မလျှော့တမ်း

ဆက်၍ကျူးလွန်ကြသည်၊ ထို့အပြင် ၎င်းတို့သည် ဆုတောင်းခြင်းနှင့် ရှာဖွေခြင်းပြုပြီးနောက် ကျူးလွန်ကြသည်။ ဤသည်မှာ သိလျှက်နှင့် အမှားကျူးလွန်ခြင်းဖြစ်သည် မဟုတ်လော။ သွေးသားဆန္ဒနှင့်ဆိုင်သော သာယာမှုများကို စွဲလမ်းတောင့်တပြီး ကြွယ်ဝချမ်းသာမှုများကို တွယ်ဖက်ထားသောသူများကဲ့သို့ "ဘုရားသခင်။ ကိုယ်တော်သည် အကျွန်ုပ်ကို သွေးသားဆန္ဒများနှင့် ကြွယ်ဝချမ်းသာမှုများကို ဖက်တွယ်ရန် အခွင့်ပေးသလော။ ငွေကို ဤနည်းဖြင့် ရှာခြင်းမှာ ကျွန်ုပ်အတွက် ကိုယ်တော်၏အလိုတော် ဖြစ်သလော" ဟု ဆိုလျက် ဘုရားသခင်ထံ ဆုတောင်းကြသည်။ ဤသည်မှာ ဆုတောင်းရန် သင့်လျော်သော နည်းလမ်းတစ်ခု ဖြစ်သလော။ အကယ်၍ ဘုရားသခင်သည် ဤအရာများ၌ နှစ်သိမ့်ကျေနပ်မှု မရှိကြောင်းကို အပြည့်အဝ ကောင်းစွာသိပါက သင် လက်လျှော့သင့်သည်၊ သို့သော်လည်း ဤအရာများသည် ၎င်းတို့၏စိတ်နှလုံးထဲ၌ စွဲလျက်နေပြီး ၎င်းတို့သည် ဆုတောင်းခြင်းနှင့် ရှာဖွေခြင်းပြုကာ ၎င်းတို့ကို ဟုတ်မှန်ကြောင်း ဝန်ခံရန်နှင့် ဘုရားသခင်ကို ၎င်းတို့အား တုံ့ပြန်ချက်တစ်ခု ပေးရန် အကျပ်ကိုင်ကြသည်။ ထို့နောက် အသင်းတော်မှ ညီအစ်ကိုများနှင့် မောင်နှမများကို ၎င်းတို့ဘက်သို့ ခေါ်ဆောင်ကာ ၎င်းတို့၏ကိုယ်ပိုင် လွတ်လပ်သော နိုင်ငံတော်များကို တည်ထောင်ကြသောသူများ ရှိသည်။ ဤလုပ်ရပ်များမှာ ဘုရားသခင်ကို အာခံခြင်းဖြစ်ကြောင်း သင် အလွန်ကောင်းစွာ သိကြသော်လည်း သင်တို့သည် ရှာဖွေရန်နှင့် ဘုရားသခင်ထံ ဆုတောင်းရန် ဆက်၍သွားကြသေးသည်။ သင်သည် အလွန်အရေထူကြပြီး ဤကဲ့သို့ အမှုအရာများကို သင်ပြုသည့်အခါ ဘုရားသခင်ထံ မတုန်မလှုပ်နှင့် မဖြုံစတမ်း ဆက်၍ဆုတောင်းနိုင်ပုံရသည်။ သင်သည် အမှန်တကယ်ပင် အရှက်မရှိလိုက်လေချင်း။ လောကီလမ်းကြောင်း၌ လျှောက်ခြင်းအကြောင်းနှင့်ပတ်သက်၍ ဤအရာကို ယခင်က ဟောပြောခဲ့သည်မှာ ကြာလှပြီဖြစ်သည်။ ဘုရားသခင်သည် ၎င်းကို စက်ဆုပ်ရွံရှာသော်လည်း သင်သည် ဆက်၍ဆုတောင်းကာ "အိုဘုရားသခင်။ ကိုယ်တော်သည် ကျွန်ုပ်ကို လောကလမ်း၌ လျှောက်ရန် အခွင့်ပေးသလော။ ကျွန်ုပ်သည် ဤနည်းဖြင့် ကိုယ်တော်၏ အလိုတော်ကို ကျေနပ်စေနိုင်သလော။ အမှန်မှာ ကျွန်ုပ်၏ရည်မှန်းချက်မှာ မှန်ကန်ပါသည်။ ကျွန်ုပ်သည် ဤအရာကို ဇာတိပကတိအတွက် ပြုနေခြင်းမဟုတ်ပါ၊ ကိုယ်တော်၏ နာမတော် အရှက်မရစေရန်အတွက်သာ ၎င်းကို ကျွန်ုပ် ပြုခြင်းဖြစ်သည်၊ ကိုယ်တော်၏ ဘုန်းအတွက် ကျွန်ုပ် ပြုခြင်းဖြစ်သောကြောင့် လောကလူတို့သည် ကိုယ်တော်၏ဘုန်းကို ကျွန်ုပ်အထဲ၌ မြင်နိုင်မည်" ဟု ဆိုသည်။ ဤနည်းဖြင့် ဆုတောင်းခြင်းမှာ အဓိပ္ပာယ်မရှိသော ဝန်တစ်ထုပ်ပင် ဖြစ်သည်မဟုတ်လော။ သင် မရှက်သလော။ ထို့အပြင် ဤအရာသည် ပြုလုပ်ရန် အရေးပါသောအရာတစ်ခုဖြစ်သည်ဟု ထင်ခြင်းမှာ သင်သည် အမိုက်မဲဆုံးဖြစ်သည်

မဟုတ်သလော။ သင်သည် အလင်း၌ရှိသော ဘဝကို တွေ့ကြုံရန် အလိုမရှိဘဲ မှောင်မိုက်နှင့် ဆင်းရဲဒုက္ခ ရှိသော ဘဝကို တမင်တကာ မြည်းစမ်းသည်။ ထို့ကြောင့် သင်သည် ဒုက္ခဆင်းရဲခံရန် တောင်းဆိုနေခြင်းပင် မဟုတ်သလော။ ဝိညာဉ်အသက်တာ၊ သာမန်လူ့သဘာဝရှိသော အသက်တာကို မည်ကဲ့သို့ အသက်ရှင်ပုံအကြောင်း သင့်ကို ပြောပြခဲ့ပြီးဖြစ်၍ သမ္မာတရား၏ ရှုထောင့်အားလုံးကို သင့်အား ပြောပြခဲ့ပြီးဖြစ်သည်။ အကယ်၍ သင်သည် ၎င်းတို့ကို တစ်စုံတစ်ရာ နားမလည်ပါက ၎င်းကို တိုက်ရိုက် ဖတ်လော့။ သင်သည် သင်၏မျက်လုံးများကို ပိတ်၍ ဆုတောင်းရန် လိုအပ်နေသေးသလော။ အကယ်၍ သင်သည် သင်၏မျက်လုံးများကို ကောင်းကင်ဘုံသို့ မော့လျက် ဆက်၍ရှာဖွေနေပါက သင်သည် မရေရာသော ဘုရားသခင်တစ်ဆူကို ဆက်၍ ယုံကြည်နေခြင်း မဟုတ်သလော။ သင် ယခင်က သင်၏ရှာဖွေခြင်းနှင့် ဆုတောင်းခြင်းမှ ရလဒ်များကို မြင်ခဲ့ရပြီး သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏ဝိညာဉ်ကို အတော်အတန် စေ့ဆော်ခဲ့သည် အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ကျေးဇူးတော်ခေတ် ဖြစ်ခဲ့သောကြောင့်ဖြစ်သည်။ သင်သည် ဘုရားသခင်ကို မမြင်နိုင်ခဲ့သောကြောင့် သင်၏ ရှေ့ဆက်ရမည့်လမ်းကို စမ်းပြီး ထိုလမ်းကို ဆက်၍ရှာဖွေရန်မှအပ သင်၌ ရွေးချယ်စရာ မရှိခဲ့ပေ။ ယခုအခါ ဘုရားသခင်သည် လူတို့အကြား ကြွလာခဲ့ပြီး နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်လာခဲ့ပြီး ဖြစ်သည်။ သင်သည် ယခုအခါ ဘုရားသခင်ကို မြင်နိုင်သောကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် ယခင်က သူပြုခဲ့သည့်နည်းတူ ဆက်၍အမှုမပြုတော့ပေ။ ခေတ်ကာလ ပြောင်းလဲခဲ့ပြီဖြစ်သည့်နည်းတူ သန့်ရှင်းသောဝိညာဉ်တော် အမှုပြုသည့် နည်းလမ်းလည်း ပြောင်းလဲခဲ့လေပြီ။ ယခင်ကထက် လျော့၍ ဆုတောင်းခြင်းကို ပြုကောင်းပြုသော်လည်း၊ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်၌ ရှိခြင်းကြောင့် ယခုအခါ လူသည် ဘုရားသခင်ကို ချစ်ရန် အခွင့်အရေးတစ်ခု ရှိသည်။ လူသားမျိုးနွယ်သည် ဘုရားသခင်ကို ချစ်သောခေတ်ကာလထဲသို့ ဝင်ရောက်ခဲ့ပြီဖြစ်၍ ၎င်းတို့အတွင်း၌ ဘုရားသခင်နှင့် ပုံမှန်အားဖြင့် နီးစပ်နိုင်လေသည်- “အိုဘုရားသခင်။ ကိုယ်တော်သည် အမှန်တကယ်ပင် အလွန်ကောင်းမြတ်ပြီး ကိုယ်တော့်ကို အကျွန်ုပ် ချစ်လိုသည်။” သင်၏စိတ်နှလုံးအတွင်း ရှင်းလင်းပြီး ရိုးရှင်းသော စကားလုံးအနည်းငယ်သည် ဘုရားသခင်ကို ချစ်သော ချစ်ခြင်းမေတ္တာကို ဖော်ကျူးပြီး ၎င်းသည် သင်နှင့် ဘုရားသခင်အကြားရှိ ချစ်ခြင်းမေတ္တာကို နက်ရှိုင်းစေရန်သာဖြစ်သည်။ တစ်ခါတစ်ရံ သင်သည် သင့်ကိုယ်သင် “အိုဘုရားသခင်။ ကျွန်ုပ်သည် အဘယ်ကြောင့် အလွန် ဖောက်ပြန်ပျက်စီးရသနည်း” ဟု ဆိုကာ ပုန်ကန်မှုအချို့ကို ဖော်ပြကြောင်း သင် မြင်ကောင်းမြင်နိုင်မည်။ သင်သည် သင်၏မျက်လုံးတွင် မျက်ရည်များဖြင့် သင့်ကိုယ်သင်

အမှန်တကယ်ပင် ရိုက်နှက်လိုမည်ဖြစ်သည်။ ဤအချိန်တွင် သင်၏စိတ်နှလုံးသည် စိတ်ထိခိုက်ပြီး ပူဆွေးသောကရောက်ကြောင်း ခံစားရသော်လည်း ၎င်းကို ဖော်ပြရန် သင်၌ နည်းလမ်းရှိမည် မဟုတ်ပေ။ ဤသည်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ လက်ရှိအမှု ဖြစ်သော်လည်း ဤအရာမှာ အသက်ကို ရှာဖွေသောသူများသာ ရနိုင်သောအရာ တစ်စုံတစ်ခု ဖြစ်သည်။ သင်တို့အတွက် ဘုရားသခင်၌ ကြီးမားသော ချစ်ခြင်းမေတ္တာ ရှိပြီး၊ သင့်ထံတွင် အထူးခံစားချက်တစ်ခု ရှိသည်ဟု သင်တို့ ခံစားရသည်။ သင့်ထံတွင် ဆုတောင်းရန် ရှင်းလင်းသော စကားများ မရှိသော်ငြားလည်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာမှာ ပင်လယ်သမျှ နက်ရှိုင်းသည်ဟု သင်အမြဲခံစားရသည်။ ဤဖြစ်တည်မှု အခြေအနေကို ဖော်ပြရန် သင့်တော်သည့် စကားများမရှိဘဲ၊ ဤသည်မှာ ဝိညာဉ်ထဲတွင် မကြာခဏ ဖြစ်ပေါ်သော အခြေအနေတစ်ခု ဖြစ်သည်။ ဘုရားသခင်ထံ သာ၍နီးရန် ရည်ရွယ်ချက်များဖြင့် သင်တို့၏ စိတ်နှလုံးအတွင်း ဤကဲ့သို့ ဆုတောင်းချက်နှင့် မိတ်သဟာယဖွဲ့ခြင်းမှာ သာမန် ဖြစ်သည်။

လူတို့သည် စမ်းတဝါးဝါးလုပ်ပြီး ရှာဖွေခဲ့ရသည့်အချိန်မှာ ယခုတွင် ကုန်လွန်သွားပြီး ၎င်းက သူတို့အနေဖြင့် ဆုတောင်းရန်နှင့် ရှာဖွေရန် မလိုတော့ပါဟု ဆိုလိုခြင်း မဟုတ်သည့်အပြင် ၎င်းမှာ အမှုကို ဆက်၍မလုပ်မီ ဘုရားသခင်၏အလိုတော်သည် သူ့ဘာသာသူ ထုတ်ဖော်ရန် လူတို့က စောင့်ဆိုင်းရန် မလိုသည့် အကြောင်းအရာလည်း မဟုတ်ပေ၊ ဤအရာများမှာ လူတို့၏တလွဲနားလည်မှုများသာ ဖြစ်သည်။ ဘုရားသခင်သည် လူတို့နှင့်အတူ နေထိုင်ရန် ၎င်းတို့အကြား ကြွလာခဲ့ပြီး လူတို့၏ အလင်း၊ လူတို့၏အသက်နှင့် လူတို့၏လမ်းခရီး ဖြစ်ခဲ့၍ ဤအရာမှာ အမှန်တရားဖြစ်သည်။ ကမ္ဘာမြေကြီးသို့ ဘုရားသခင် ကြွလာခြင်းတွင် သူသည် ၎င်းတို့ မွေ့လျော်ဖို့အတွက် ၎င်းတို့၏ဝိညာဉ်အသက်တာနှင့် ကိုက်ညီသည့် လက်တွေ့ကျသော နည်းလမ်းတစ်ခုနှင့် အသက်ကို လူတို့ထံ အသေအချာ ယူဆောင်လာသည်၊ သူသည် လူတို့၏ လက်တွေ့လုပ်ဆောင်မှု နည်းလမ်းများအားလုံးကို ဖျက်ဆီးရန် ကြွလာခဲ့ခြင်းမဟုတ်ပေ။ လူတို့သည် ၎င်းတို့၏ ရှေ့ဆက်ရမည့်လမ်းကို စိမ်း၍ ရှာဖွေရန် မလိုအပ်တော့ပေ အဘယ်ကြောင့်ဆိုသော် ဤအရာကိုအမှုပြုရန်နှင့် သူ၏နှုတ်ကပတ်တော်ကို မိန့်ရန် ကမ္ဘာမြေကြီးပေါ်သို့ ဘုရားသခင်၏ ကြွလာခြင်းအားဖြင့် အစားထိုးခဲ့ပြီးသောကြောင့် ဖြစ်သည်။ သူသည် လူတို့ကို မှေးမှိန်သော မှောင်မိုက်အသက်တာမှ လွတ်မြောက်စေရန်နှင့် အလင်း၌ရှိသော အသက်ကို ပေးရန် ကြွလာခဲ့ခြင်းဖြစ်သည်။ လက်ရှိအမှုမှာ အမှုအရာများကို ရှင်းလင်းစွာ ညွှန်ပြရန်၊ ရှင်းလင်းစွာ ပြောရန်၊ လူတို့ကို တိုက်ရိုက်စကားပြောရန်နှင့် အမှုအရာများကို တိကျပြတ်သားစွာ အနက်ဖွင့်ရန် ဖြစ်သောကြောင့် လူတို့သည်

ဤအရာများကို လက်တွေ့လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ယေဟောဝါဘုရားသခင်သည် အစ္စရေးလူမျိုးကို ဦးဆောင်ခဲ့ပြီး ၎င်းတို့အား မည်ကဲ့သို့ ယဇ်ပူဇော်ပုံနှင့် ဗိမာန်တော် မည်ကဲ့သို့ တည်ဆောက်ပုံကို ပြောပြသကဲ့သို့ပင် သင်သည် သခင်ယေရှု ထွက်ခွာခဲ့ပြီးနောက် သင် ပြုခဲ့သည့်နည်းတူ ရှာဖွေသော အသက်တာဖြင့် သင် ဆက်၍ အသက်ရှင်ရန် မလိုအပ်တော့ပေ။ သင်တို့သည် ဇဝ်ဂလိတရားကို ဖြန့်သည့် အနာဂတ်အမှုအတွက် သင်တို့၏ လမ်းကို စမ်းရန် လိုအပ်သလော။ သင်တို့ မည်ကဲ့သို့ အသက်ရှင်ရမည်ကို သိရန်အတွက် သင်တို့၏ လမ်းကို စမ်းရန် လိုအပ်သလော။ သင်တို့၏ တာဝန်များကို မည်ကဲ့သို့ လုပ်ဆောင်သင့်ပုံကို သိရန်အတွက် သင်တို့၏ လမ်းကို စမ်းရန် လိုအပ်သလော။ သင်တို့သည် မည်ကဲ့သို့ သက်သေခံသင့်ကြောင်းကို သိခြင်းကြောင့် သင်တို့သည် မြေပေါ်၌ သင်တို့ကိုယ်ကို ပြပ်ဝပ်လျက် သွား၍ ရှာဖွေရန် သင်တို့အတွက် လိုအပ်သလော။သင်တို့ မည်ကဲ့သို့ ဝတ်ဆင်သင့်ကြောင်း သို့မဟုတ် အသက်ရှင်သင့်ကြောင်းကို သိရန် သင်တို့ အစာရှောင်ရန်နှင့် ဆုတောင်းရန် သင်တို့အတွက် လိုအပ်သလော။ သင်တို့သည် သိမ်းပိုက်ခြင်းကို မည်ကဲ့သို့ လက်ခံသင့်ကြောင်းကို သိရန် ကောင်းကင်ဘုံရှိ ဘုရားသခင်ထံ သင်တို့၏ဆုတောင်းချက်များ၌ အပတ်တကုပ်ကြိုးစားရန် သင်တို့အတွက် လိုအပ်သလော။ သင်တို့ မည်ကဲ့သို့ နာခံသင့်ကြောင်းကို သိရန် မရပ်မနား တစ်နေကုန်တစ်နေခန်းနှင့် ညလုံးပေါက် ဆုတောင်းရန် သင်တို့အတွက် လိုအပ်သလော။ သင်တို့ နားမလည်ကြသောကြောင့် သင်တို့သည် လက်တွေ့လုပ်ဆောင်နိုင်ခြင်း မရှိကြောင်း ပြောသောသူများမှာ သင်တို့အထဲတွင် များစွာရှိသည်။ လူတို့သည် ယနေ့၏အမှုကို အမှန်တကယ်ပင် အလေးထားခြင်း မရှိပေ။ ဤအရာများစွာကို ငါ ယခင်က ပြောခဲ့ပြီးသည်မှာ ကြာပြီဖြစ်သည်၊ သင်တို့ အလေးမထားခြင်းသာ ဖြစ်သဖြင့် သင်တို့ မသိကြသည်မှာ မဆန်းပါ။ ယနေ့ခေတ်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် ဝမ်းမြောက်ခြင်းကို ခံစားရစေရန် လူတို့ကို ဆက်၍ စေ့ဆော်ပေးပြီး သူသည် လူတို့အကြား၌ နေထိုင်သည်မှာ အမှန်တကယ်ပင် ဖြစ်သည်။ ဤသည်မှာ သင်၏အသက်တာတွင် မကြာခဏ ဖြစ်ပေါ်သော အထူးဖြစ်ပြီး နှစ်လိုဖွယ်ကောင်းသော ခံစားချက်အချို့၏ အရင်းအမြစ် ဖြစ်သည်။ ဘုရားသခင်သည် အလွန် ချစ်မြတ်နိုးဖွယ်ကောင်းကြောင်းနှင့် ဘုရားသခင်ထံ ဤကဲ့သို့ ဆုမတောင်းဘဲမနေနိုင်သည့် နေ့ရက်တစ်ရက်သို့ ဝေးဝေးတစ်ကြိမ် ရောက်သည့်အချိန်တိုင်း “အိုဘုရားသခင်။ ကိုယ်တော်၏ချစ်ခြင်းမှာ အလွန်လှပပြီး ကိုယ်တော်၏ ပုံသဏ္ဌာန်မှာ အလွန်ကြီးမားပါ၏။ ကိုယ်တော်ကို ကျွန်ုပ် သာ၍ နက်ရှိုင်းစွာ ချစ်လိုပါသည်။ ကျွန်ုပ်၏ အသက်တာတစ်ခုလုံးကို အသုံးပြုရန်အတွက် ကျွန်ုပ်ဖြစ်တည်သမျှကို ဆက်ကပ်ရန် အလိုရှိပါသည်။

ကိုယ်တော်ံ့အဖို့အလို့ငှာ ဖြစ်သမျှကာလပတ်လုံး အရာခပ်သိမ်းကို ကိုယ်တော့်ထံ ကျွန်ုပ် ဆက်ကပ်လိုပါသည်၊ ထိုမှသာ ကိုယ်တော့်ကို ကျွန်ုပ် ချစ်နိုင်မည်ဖြစ်သည်....” ဟု ဆုတောင်းကြသည်။ ဤသည်မှာ သင့်ကို သန့်ရှင်းသောဝိညာဉ်တော်ပေးသော ဝမ်းမြောက်ခြင်း ခံစားချက်တစ်ခု ဖြစ်သည်။ ၎င်းမှာ အသိဉာဏ်ဖွင့်ပြခြင်း မဟုတ်သည့်အပြင် အလင်းပေးခြင်းလည်း မဟုတ်ပေ၊ ၎င်းမှာ လွန်စွာစိတ်လှုပ်ရှားမှုတစ်ခုပင် ဖြစ်သည်။ ဤကဲ့သို့ အတွေ့အကြုံမျိုးသည် သင်တို့၏ အလုပ်သို့ သွားသောလမ်းပေါ်၌စသဖြင့် မကြာခဏ ဖြစ်ပေါ်လိမ့်မည်။ သင်သည် ဆုတောင်းပြီး ဘုရားသခင်နှင့် အလွန်ရင်းနှီးလာသဖြင့် သင်၏မျက်နှာတွင် မျက်ရည်များရွဲစိုကာ၊ အလွန်စေ့ဆော်ခံရသဖြင့် သင့်ကိုယ်သင် မထိန်းချုပ်နိုင်ဘဲ သင်၏စိတ်နှလုံးထဲမှ စိတ်အားထက်သန်မှုအားလုံးကို ဖော်ပြနိုင်သည့် သင့်လျော်သောပတ်ဝန်းကျင်များကို ရှာရန် သင်လိုလားတောင့်တလိမ့်မည် .... တစ်ခါတစ်ရံ ပွဲလမ်းသဘင်တစ်ခု၌ သင်ရှိနေပြီး သင်ခံစားရသောချစ်ခြင်းမေတ္တာမှာ အလွန်များသောကြောင့် သင်၏ကုသိုလ်ကံမှာ ရိုးရိုး လုံးဝမဟုတ်ကြောင်းကို သင်ခံစားရလိမ့်မည်ဖြစ်၍ သင်သည် အခြားသူများထက် တန်ဖိုးရှိကြောင်းကို ပို၍ခံစားရလိမ့်မည်။ ဘုရားသခင်သည် သင့်ကို ချီးမြှောက်နေကြောင်း၊ ဤသည်မှာ သင့်အတွက် ဘုရားသခင်၏ ကြီးမားသောချစ်ခြင်းမေတ္တာဖြစ်ကြောင်းကို သင် အလွန်အမင်း သိလိမ့်မည်။ သင်တို့၏စိတ်နှလုံးထဲမှ အတွင်းဆုံးချောင်ကြိုချောင်ကြား၌ ဘုရားသခင်နှင့်ပတ်သက်ပြီး ဖော်ပြ၍မရသော၊ ဖတ်၍မရသော ချစ်ခြင်းမေတ္တာ ရှိကြောင်းကို သင်ခံစားရလိမ့်မည်၊ သင်သည် ၎င်းကို သိသော်လည်း ဖော်ပြရန် နည်းလမ်းမရှိသကဲ့သို့ ဖြစ်၍ သင့်ကို အမြဲသံသယဖြစ်စေသော်လည်း ၎င်းကို လုံးလုံးလျားလျား ဖော်ပြနိုင်ခြင်း မရှိပေ။ ဤကဲ့သို့ အချိန်များတွင် သင်သည် မည်သည့်နေရာ၌ ရှိကြောင်းကိုပင် မေ့လျော့မည်ဖြစ်ပြီး၊ “အို ဘုရားသခင်။ ကိုယ်တော်သည် အလွန်ပင် ဉာဏ်မမီနိုင်ဖွယ်နှင့် အလွန်ပင် ချစ်မြတ်နိုးဖွယ် ကောင်းပါတကား” ဟူ၍ သင် ထုတ်ပြောမိလိမ့်မည်။ ဤအရာက လူတို့ကို အကြံအိုက်စေမည်ဖြစ်သော်လည်း ဤကဲ့သို့သော အရာများအားလုံးမှာ အတော်ပင် မကြာခဏ ဖြစ်ပျက်တတ်လေသည်။ သင်တို့သည် ဤအရာမျိုးကို ကြိမ်ဖန်များစွာ ကြုံတွေ့ပြီးဖြစ်သည်။ ဤသည်မှာ ယနေ့ သင့်ကို သန့်ရှင်းသောဝိညာဉ်တော် ပေးခဲ့ပြီးသောအသက်တာဖြစ်ပြီး သင် ယခု နေထိုင်ရှင်သန်သင့်သော အသက်တာပင် ဖြစ်သည်။ ၎င်းမှာ သင်တို့အား အသက်တာ ရှင်သန်ခြင်းမှ ရပ်တန့်ရန် မဟုတ်ဘဲ သင်အသက်ရှင်သော ပုံစံ ပြောင်းလဲခြင်းဖြစ်သည်။ ၎င်းမှာ ထုတ်ဖော်ပြောပြ၍ သို့မဟုတ် ဖော်ပြ၍ မရနိုင်သော ခံစားချက်တစ်ခုဖြစ်သည်။ ၎င်းမှာ လူ၏စစ်မှန်သောခံစားချက်လည်း

ဖြစ်၍ ၎င်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏အမှု ပို၍ပင်ဖြစ်သည်။ ၎င်းသည် သင်၏စိတ်နှလုံးထဲ၌ သင့်ကို နားလည်စေသော်လည်း သင့်အနေဖြင့် မည်သူ့ကိုမျှ ရှင်းရှင်းလင်းလင်း ဖော်ပြရန် လုံးဝ နည်းလမ်းမရှိပေ။ သင်သည် စကားနှေး၍ သို့မဟုတ် စကားထစ်သောကြောင့် မဟုတ်ဘဲ ၎င်းမှာ စကားလုံးများဖြင့် ထုတ်ဖော်ပြောပြ၍ မရနိုင်သောခံစားချက်မျိုး ဖြစ်သည်။ သူသည် ဤအရာများကို ယနေ့ သင့်အား မွေ့လျော်ခံစားခွင့်ပေးသည့်အကြောင်းမှာ ဤအရာသည် သင်အသက်ရှင်သင့်သော အသက်တာဖြစ်ခြင်းကြောင့်ဖြစ်သည်။ သင်၏အခြားအသက်တာသည် ဗလာနတ္ထိ မဟုတ်ခြင်းမှာ အမှန်ပင်ဖြစ်၍ ဤနည်းဖြင့် စေ့ဆော်ခြင်းကို ခံရုံမျှသာခံခြင်းမှာ သင်၏အသက်တာထဲမှ ဝမ်းမြောက်ခြင်းတစ်မျိုး ဖြစ်လာပြီး ယင်းဝမ်းမြောက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ယင်းကဲ့သို့ အစပျိုးပေးခြင်းများကို သင်အမြဲ မွေ့လျော်ရန် အလိုရှိသောအကြောင်းဖြစ်စေသည်။ သို့သော်လည်း ဤနည်းဖြင့် စေ့ဆော်ခံရခြင်းဖြင့် သင်သည် သင့်ကိုယ်သင် ဇာတိပကတိနှင့် အဆက်ဖြတ်ကာ တတိယကောင်းကင်ဘုံသို့ သွားနိုင်ခြင်း သို့မဟုတ် ကမ္ဘာပတ်ခရီးထွက်နိုင်ခြင်း မဟုတ်ကြောင်းကို သင် နားလည်သင့်သည်၊ ၎င်းမှာ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို သင် ယနေ့ ခံစားနိုင်ရန်၊ ယနေ့တွင် ဘုရားသခင်၏အမှု၏ အဓိပ္ပာယ်ကို တွေ့ကြုံရန်၊ ဘုရားသခင်၏ စောင့်ရှောက်မှုနှင့် အကာအကွယ်ကို ပြန်လည်ခံစားရရန်ပင် ဖြစ်သည်။ ဤအရာအားလုံးမှာ သင်တို့သည် ဘုရားသခင် ယနေ့ပြုသောအမှုအကြောင်းကို ပို၍အသိရှိစေရန်အတွက် ဖြစ်ပြီး သင် ယနေ့ မွေ့လျော်သော ဘုရားသခင်ကို ချစ်သောချစ်ခြင်းမေတ္တာကို ခံစားရရန်နှင့် တွေ့ကြုံစေရန်အတွက် ဖြစ်သည်၊ ဤသည်မှာ ဤအမှု၏ရည်မှန်းချက်ပင်ဖြစ်သည်။

တစ်စုံတစ်ဦး၏ လမ်းကို ရှာဖွေပြီး စမ်းသောအသက်တာမှာ ဘုရားသခင် လူ့ဇာတိမခံယူသေးသည့် အချိန်ကဖြစ်ခဲ့သည်။ ထိုအချိန်က လူတို့သည် ဘုရားသခင်ကို မမြင်နိုင်ခဲ့ကြသဖြင့် ၎င်းတို့၏လမ်းကို ရှာဖွေပြီး စမ်းရန်မှအပ ရွေးချယ်စရာ မရှိခဲ့ကြပေ။ ယနေ့တွင် သင်သည် ဘုရားသခင်ကို မြင်နိုင်ပြီး သင် မည်ကဲ့သို့ လက်တွေ့လုပ်ဆောင်သင့်ကြောင်းကို တိုက်ရိုက် ပြောခြင်းကြောင့် သင်သည် သင်၏ လမ်းကို စမ်းကြည့်ရန် သို့မဟုတ် ရှာဖွေရန် နောက်ထပ် မလိုတော့ပေ။ သူ ဦးဆောင်သော လမ်းကြောင်းမှာ သမ္မာတရားလမ်း ဖြစ်ပြီး လူကို သူ ပြောသောအရာ၊ လူ လက်ခံရရှိသောအရာမှာ အသက်နှင့် သမ္မာတရားဖြစ်သည်။ သင်၌ လမ်းခရီး၊ အသက်နှင့် သမ္မာတရား ရှိသောကြောင့် အခြားနေရာ၌ သွား၍ ရှာရန် အဘယ်လိုအပ်သနည်း။ သန့်ရှင်းသောဝိညာဉ်တော်သည် အမှု၏အဆင့်နှစ်ဆင့်ကို တစ်ပြိုင်နက်တည်း မပြုနိုင်ပေ။

အကယ်၍ ငါ၏နှုတ်ကပတ်တော်ကို ငါပြောဆိုပြီးနောက်တွင် လူတို့သည် ဆုတောင်းရန်နှင့် ရှာဖွေရန် လိုသေးပါက ငါပြုသောအမှု၏ ဤအဆင့်မှာ အချည်းနှီးပြုခဲ့ခြင်းဖြစ်ကြောင်း ဆိုလိုလိမ့်မည်မဟုတ်လော။ ငါသည် ငါ၏နှုတ်ကပတ်တော်ကို ပြောပြီးကောင်းပြောပြီးသော်လည်း လူတို့သည် အလျှင်း နားမလည်ကြသေးခြင်းမှာ ၎င်းတို့၏ အရည်အသွေး ကင်းမဲ့သောကြောင့် ဖြစ်သည်။ အသက်တော်အသက်တာနှင့် တစ်ဦးနှင့်တစ်ဦး မိတ်သဟာယဖွဲ့ခြင်းအားဖြင့် ဤပြဿနာကို ဖြေရှင်းနိုင်ပါသည်။ ယခင်က လူ့ဇာတိခံယူသောဘုရားသခင်သည် အမှုကို စတင်ခြင်း မရှိခဲ့သဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် ယင်းအချိန်က ထိုနည်းဖြင့် အမှုပြုခဲ့ပြီး အမှုကို ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က သန့်ရှင်းသောဝိညာဉ်တော်သည် အမှန်တကယ် အမှုပြုခဲ့သော်လည်း ယခုအခါ အမှုပြုနေသူမှာ လူ့ဇာတိခံယူသော ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော် ပြုသောအမှု၏ နေရာကို ယူခဲ့ပြီးဖြစ်သည်။ ယခင်က လူတို့ ဆုတောင်းခဲ့သည့်အခါ ၎င်းတို့သည် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ အပြစ်တင်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို ခံစားခဲ့ကြပြီး ဤအရာအားလုံးမှာ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုနှင့် သက်ဆိုင်သည်။ ယခုအခါ ဤအနေအထားများမှာ ရှားပါးပြီဖြစ်သည်။ ပေတရု ဆုတောင်းခဲ့သည့်အခါ သူသည် ငြိမ်သက်ခြင်း သို့မဟုတ် အပြစ်တင်ခြင်း ခံစားချက်များ အဘယ်ကြောင့် ရှိခဲ့ပြီး ပေါလုနှင့် အခြားသူများ ဆုတောင်းခဲ့ကြသည့်အခါ ထိုနည်းတူ အဘယ်ကြောင့် ခံစားခဲ့ကြသနည်း။ အဘယ်ကြောင့်ဆိုသော် ၎င်းမှာ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို မမြင်ရသေးသော အချိန်ဖြစ်ခဲ့သာမက ၎င်းမှာ ဘုရားသခင် မတူညီသောအမှုပြုခဲ့သော ကျေးဇူးတော်ခေတ်အတွင်း ဖြစ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခေတ်ကာလတစ်ခုတွင် အမှုတစ်မျိုးကိုသာပြုနိုင်သည်။ အကယ်၍ သူသည် အမှုနှစ်မျိုးကို တစ်ပြိုင်နက်တည်း ပြုခဲ့ပါက၊ ဇာတိပကတိသည် တစ်မျိုးပြု၍ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့အတွင်း အခြားတစ်မျိုးကို ပြုမည် ဖြစ်ပြီး အကယ်၍ ဇာတိပကတိ ပြောသောအရာမှာ မခိုင်လုံဘဲ ဝိညာဉ်တော် ပြောသောအရာမှာ ခိုင်လုံခဲ့ပါက ခရစ်တော်၌ ပြောစရာ သမ္မာတရား၊ လမ်းခရီး သို့မဟုတ် အသက် တစ်စုံတစ်ရာ ရှိခဲ့လိမ့်မည်မဟုတ်ပေ။ ဤအရာသည် ရှေ့နောက်မညီခြင်းတစ်ခု ဖြစ်မည်။ သန့်ရှင်းသော ဝိညာဉ်တော်က ဤကဲ့သို့ အမှုပြုနိုင်မည်လော။ ဘုရားသခင်သည် အနန္တတန်ခိုးရှိပြီး ခပ်သိမ်းသော ဉာဏ်ပညာရှိသည်၊ သန့်ရှင်းပြီး ဖြောင့်မတ်သည်၊ ထို့ပြင် သူသည် မည်သည့်အမှားကိုမျှ လုံးဝပြုလုပ်လိမ့်မည် မဟုတ်ပေ။

လူတို့သည် အလွန်အမင် လမ်းလွဲခဲ့ကြပြီး ၎င်းတို့၏အတိတ်က အတွေ့အကြုံထဲတွင်

အမှားများစွာကို ပြုခဲ့ကြသည်။ သာမန်လူ့သဘာဝ ရှိသော လူများ၌ ရှိရန်နှင့် ပြုလုပ်ရန် ရည်ရွယ်ခဲ့သော အရာအချို့မှုလက ရှိခဲ့သည်၊ သို့မဟုတ် လူ့ဘဝတွင် မြင်တွေ့ရန် ရည်ရွယ်ခဲ့သော ရှောင်လွှဲရန်ခက်သည့် အမှားများ ရှိခဲ့ပြီး ဤအရာများကို ဆိုးဝါးစွာ ပြုခဲ့မိသည့်အခါ ၎င်းတို့သည် ယင်းအတွက် တာဝန်ကို ဘုရားသခင်ထံ တင်ခဲ့ကြသည်။ မိမိနေအိမ်၌ ဧည့်သည်များကို လက်ခံခဲ့သော ညီအစ်မတစ်ဦး ရှိခဲ့သည်။ သူမ ပေါင်းခဲ့သော ပေါက်စီများမှာ ကောင်းစွာ မပေါင်းထားသဖြင့် သူမက “ဤအရာသည် ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဘုရားသခင်သည် ကျွန်ုပ်၏ အချည်းနှီးသောစိတ်နှလုံးကို ရိုက်နှက်ဆုံးမနေခြင်းဖြစ်သည်။ အကျွန်ုပ်သည် အလွန်အချည်းနှီးဖြစ်သည်” ဟု စဉ်းစားခဲ့သည်။ အမှန်မှာ လူတို့၏ သာမန် တွေးပုံတွေးနည်းနှင့်စပ်လျဉ်းပါက ဧည့်သည်များ ရောက်လာသောအခါ သင်သည် မည်သည့်အရာကို ပထမဦးစွာ လုပ်ရမှန်း မသိဖြစ်၍ သင်လုပ်နေသော အရာများကို စနစ်တကျစီမံပြီးခြင်း မရှိဘဲ စိတ်လှုပ်ရှားပြီး အလောတကြီး လုပ်သဖြင့် အကယ်၍ ရလဒ်မှာ ထမင်းအိုး မတူးသော်လည်း သင်၏ဟင်းများမှာ အလွန်ဆားငန်သွားလေသည်။ သာမန်အားဖြင့် ဧည့်သည်များမရှိပါက သင်အဆင်ပြေသော်လည်း လူအများ ရောက်လာသည့်အခါ အားလုံး အလွဲလွဲအချော်ချော် ဖြစ်ကုန်သည်။ ဤအခြေအနေမှာ စိတ်လှုပ်ရှားမှု ခံစားချက်များကြောင့် ဖြစ်ပေါ်ခြင်း ဖြစ်သော်လည်း လူတို့က “ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်း” ဖြစ်သည်ဟု ခန့်မှန်းတတ်ကြသည်။ အမှန်အားဖြင့် ဤအရာသည် လူ့ဘဝထဲမှာ အမှားများနှင့် သက်ဆိုင်သည်။ အကယ်၍ သင်သည် ဘုရားသခင်ကို မယုံကြည်ခဲ့ပါက ဤအရာမျိုးကို သင်လည်း မကြုံတွေ့နိုင်မည်လော။ ဤကဲ့သို့ အမှုအရာမျိုးမှာ မကြာခဏ ဖြစ်သော ဖြစ်ရပ်တစ်ခု မဟုတ်သလော။ လူတို့၏အမှားများနှင့်သက်ဆိုင်သော အမှုအရာများစွာ ရှိသည်၊ လူတို့သည် အမှားများကို ပြုကြသော်လည်း ၎င်းတို့မှာ သန့်ရှင်းသောဝိညာဉ်တော် ပြုလုပ်ခြင်း မဟုတ်သည့်အပြင် ၎င်းတို့မှာ ဘုရားသခင်နှင့် မသက်ဆိုင်ပေ။ သင် အစာစားသည့်အခါ သင်၏လျှာကို သင် ကိုက်မိသကဲ့သို့ပင် ဖြစ်သည်၊ ဤအရာမှာ ဘုရားသခင်၏ပြစ်တင်ဆုံးမခြင်း ဖြစ်နိုင်သလော။ ဘုရားသခင်၏ပြစ်တင်ဆုံးမခြင်းမှာ မူအရဖြစ်ပြီး ပုံကန်ပြစ်မှားမှုကို သင် သိလျက်နှင့်ကျူးလွန်သောအခါ အများအားဖြင့် မြင်ရသည်။ ဘုရားသခင်သည် သူ၏နာမ ပါဝင်သော၊ သို့မဟုတ် သူ၏သက်သေခံချက် သို့မဟုတ် သူ၏အမှုနှင့်သက်ဆိုင်သော အမှုအရာများအပေါ် လူတို့ကို ပြစ်တင်ဆုံးမခြင်းဖြစ်သည်။ လူတို့သည် ၎င်းတို့ ပြုသောအရာများကို အတွင်း၌ သိသောအသိ ရှိသည်အထိ ယခုအခါ သမ္မာတရားကို အလုံအလောက် နားလည်ကြသည်၊ ဥပမာအားဖြင့်၊

အကယ်၍ သင်သည် အသင်းတော်ငွေကို အလွဲသုံးစားလုပ်ပါက သို့မဟုတ် မဆင်မခြင် သင်သုံးစွဲပါက သင် မည်သည့်အရာကိုမျှ ခံစားနိုင်ခြင်းမရှိသလော။ ထိုအရာကို သင်လုပ်သည့်အခါ တစ်စုံတစ်ရာကို သင် ခံစားရလိမ့်မည်ဖြစ်သည်။ တစ်စုံတစ်ခုကို လုပ်ပြီးနောက်တွင် တစ်စုံတစ်ရာကို စတင်ခံစားရခြင်းမှာ မဖြစ်နိုင်ပေ။ သင်၏သြတ္တပ္ပစိတ်ကို ဆန့်ကျင်၍ သင်ပြုသောအမှုအရာများ အကြောင်းကို သင်၏စိတ်နှလုံးထဲတွင် သင် ရှင်းလင်းစွာသိသည်။ ၎င်းတို့သည် သမ္မာတရားကို ရှင်းရှင်းလင်းလင်း သိကောင်းသိနိုင်သော်လည်း အယောက်တိုင်း၌ ၎င်းတို့၏ကိုယ်ပိုင် အကြိုက်များ ရှိခြင်း၊ ၎င်းတို့သည် ၎င်းတို့ကိုယ်ကို အလိုလိုက်ခြင်းကြောင့် ၎င်းတို့သည် တစ်စုံတစ်ရာကို ပြုပြီးနောက်တွင် ၎င်းတို့၌ သိသာထင်ရှားသော အပြစ်တင်သည့် ခံစားချက်မျိုး မရှိကြပေ။ အကယ်၍ ၎င်းတို့သည် အမှားကျူးလွန်သည့်အချိန်က ပြစ်တင်ဆုံးမခြင်းကို မခံရပါက နောက်ပိုင်းတွင် မည်သည့် ပြစ်တင်ဆုံးမခြင်း ရှိလာနိုင်သနည်း။ ငွေအားလုံးကို ဖြုန်းတီးပြီးနောက်တွင် မည်သည့်ပြစ်တင်ဆုံးမခြင်း ရှိနိုင်သလော။ ၎င်းတို့သည် ၎င်းတို့ပြုသောအရာကို ပြုသောအချိန်တွင် အပြည့်အဝ သတိပြုမိပြီး အပြစ်တင်ကြောင်း ခံစားရသည်။ အကယ်၍ သင် နားမထောင်ပါက ဘုရားသခင်သည် သင့်ကို အရေးစိုက်မည်မဟုတ်ပေ။ ဖြောင့်မတ်သောတရားစီရင်ခြင်း ကျရောက်သည့်အချိန်တွင် အယောက်တိုင်းသည် ၎င်းတို့၏လုပ်ရပ်များနှင့်အညီ ဒဏ်ခတ်ခြင်းကို ခံရလေမည်။ ဆင်ခြင်တုံတရားနှင့် သြတ္တပ္ပစိတ်ရှိသောသူတစ်စုံတစ်ဦးဖြစ်သော သာမန်လူတစ်ဦးအနေဖြင့် သင်သည် သင် လုပ်သမျှကို သိသည်၊ အထူးသဖြင့် သင် အမှားတစ်စုံတစ်ခု ပြုလုပ်မိသောအခါတွင် ဖြစ်သည်။ အသင်းတော်ထဲတွင် ငွေအလွဲသုံးစားလုပ်သော လူအချို့ရှိနေသေးသလော။ အမျိုးသားများနှင့် အမျိုးသမီးများအကြားတွင် ရှင်းလင်းစွာ နယ်နိမိတ်များ မထားသောလူအချို့ ရှိနေသေးသလော။ တရားစီရင်ခြင်း၊ အာခံခြင်းနှင့် အမှုအရာများကို လျှို့ဝှက်စွာ ဖြိုဖျက်ခြင်းပြုသော လူအချို့ရှိနေသေးသလော။ သင်တို့သည် အရာခပ်သိမ်း၌ အဘယ်ကြောင့် အဆင်ပြေနေသေးသနည်း။ သင်တို့အားလုံး၌ အသိ၊ ခံစားချက်များနှင့် သင်တို့၏စိတ်နှလုံးထဲတွင် အပြစ်တင်ခြင်း ရှိသောကြောင့် သင်တို့သည် တစ်ခါတစ်ရံတွင် ပြစ်တင်ဆုံးမခြင်းနှင့် စစ်ဆေးခြင်းကို ခံရခြင်းဖြစ်သည်။ လူတို့မှာ အလွန်အရှက်မဲ့ခြင်းသာ ဖြစ်လေစွ။ အကယ်၍ ၎င်းတို့အပေါ် အပြစ်ဒဏ်ပေးခြင်းသည် အမှန်တကယ် ကျရောက်မည်ဆိုပါက ၎င်းတို့သည် ဤနည်းဖြင့် ဆက်၍လုပ်တွေ့လုပ်ဆောင်ဝံ့မည်လော။ သြတ္တပ္ပစိတ်ရှိသော လူများသည် တစ်စုံတစ်ရာကို ပြုသည့်အခါ ၎င်းတို့၏သြတ္တပ္ပစိတ်ကို အနည်းငယ် စူးမိပါက ၎င်းတို့သည် ပူပန်မှုကို ခံစားရသောကြောင့် ၎င်းတို့သည်

၎င်းတို့၏လူ့ဇာတိကို ပစ်ပယ်နိုင်မည်ဖြစ်သည်။ အမျိုးသားများနှင့် အမျိုးသမီးများအကြား ဒုစရိုက်အပြစ်များကို ကျူးလွန်သောသူများကဲ့သို့ပင် ဖြစ်သည်။ ၎င်းတို့သည် ထိုစဉ်အချိန်က ၎င်းတို့ လုပ်သည့်အရာကို သတိပြုမိကြသော်လည်း ၎င်းတို့၏တဏှာရာဂမှာ အလွန်ကြီးမားပြီး ၎င်းတို့သည် ၎င်းတို့ကိုယ်ကို မထိန်းချုပ်နိုင်ကြပေ။ သန့်ရှင်းသောဝိညာဉ်တော်သည် ဆုံးမပဲ့ပြင်ခြင်းကို ပေးသော်လည်း ၎င်းမှာ အရာမရောက်သဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို အနှောင့်အယှက်မပေးတော့ချေ။ ထိုအချိန်တွင် အကယ်၍ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို ဆုံးမပဲ့ပြင်ခြင်း၊ အပြစ်တင်ခြင်း သို့မဟုတ် သင်၏ဇာတိပကတိအပေါ် တစ်စုံတစ်ရာ ပြုခြင်း မရှိခဲ့ပါက နောက်ပိုင်းတွင် မည်သည့် အပြစ်တင်ခြင်း လာနိုင်သနည်း။ မှားယွင်းသည့် အရာကို ပြုပြီးခဲ့ပြီ- ထိုနေရာတွင် မည်သည့် ဆုံးမပဲ့ပြင်ခြင်း ရှိနိုင်သနည်း။ ယင်းက သူတို့သည် အလွန်အရှက်ကင်းမဲ့ပြီး၊ လူ့သဘာဝ ကင်းမဲ့ကာ၊ ကျိန်ဆဲခြင်း နှင့် အပြစ်ဒဏ်ပေးခြင်းတို့ကို ထိုက်တန်ကြောင်း သက်သေပြခြင်းသာဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မလိုအပ်ဘဲ အမှုမပြုပေ။ အကယ်၍ သင်သည် သမ္မာတရားကို ကောင်းစွာသိသော်လည်း ပူးပေါင်းဆောင်ရွက်ခြင်း မရှိဘဲ အရာအားလုံးကို လုပ်နိုင်စွမ်းရှိပါက ထိုမကောင်းသောအကောင်နှင့်အတူ သင် အပြစ်ပေးခြင်းကို ခံရမည့်နေ့ရက် ရောက်လာသည်အထိ စောင့်ဆိုင်းနိုင်ပါသည်။ ဤသည်မှာ သင့်အတွက် အကောင်းဆုံးသော နိဂုံးဖြစ်လေတကား။ ယခုအခါ ငါသည် သြတ္တပ္ပစိတ်အကြောင်းကို ထပ်ကာတလဲလဲ ဟောပြောခဲ့ပြီးသည်၊ ဤအရာမှာ အနိမ့်ဆုံး စံနှုန်းဖြစ်သောကြောင့် ဖြစ်သည်။ သြတ္တပ္ပစိတ် မရှိပါက လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်ခြင်းကို ဆုံးရှုံးမည်ဖြစ်၍ ၎င်းတို့သည် ၎င်းတို့အလိုရှိသည့်အတိုင်း ပြုနိုင်မည်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦး၌ သြတ္တပ္ပစိတ် အမှန်တကယ် ရှိပါက သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့ကို အပြစ်တင်သည့်အခါ ၎င်းတို့သည် အတွင်းတိုက်ပွဲတစ်ခုကို ဖြတ်သတ်ရပြီးနောက် ၎င်းတို့သည် အလွန်ကြီးလေးသောအရာ တစ်စုံတစ်ခုကို ပြုရန် အလားအလာ ရှိမည်မဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်သည် မည်သို့ပင် ဆုံးမပဲ့ပြင်ပြီး ပြစ်တင်ဆုံးမပါစေ ယေဘုယျအားဖြင့်ဆိုပါက လူတို့အားလုံးသည် အမှားတစ်စုံတစ်ရာကို ပြုသည့်အခါ ၎င်းတို့၌ ခံစားချက်အနည်းငယ် ရှိကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် လူတို့သည် ယခုအခါ သမ္မာတရား အမျိုးပေါင်းစုံကို နားလည်ကြပြီ ဖြစ်၍ ၎င်းတို့ လက်တွေ့လုပ်ဆောင်ခြင်း မရှိပါက ၎င်းမှာ ၎င်းတို့နှင့်ဆိုင်သော ကိစ္စဖြစ်သည်။ ငါသည် လူတို့ကို ဤကဲ့သို့ တုံ့ပြန်ခြင်း မပြုသည့်အပြင် ၎င်းတို့အတွက် မျှော်လင့်ချက် တစ်စုံတစ်ရာ မထားပေ။ သင် သဘောရှိသည့်အတိုင်း

သင်ပြုပါလေ။

လူအချို့သည် စုဝေးကြပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကို တစ်ဖက်တွင်ထားကာ ဤလူ သို့မဟုတ် ထိုလူသည် မည်ကဲ့သို့ ဖြစ်ကြောင်း အမြဲပြောတတ်ကြသည်။ အနည်းငယ် သိမြင်တတ်ခြင်းမှာ အမှန်ပင် ကောင်းပါသည်၊ အဘယ်ကြောင့်ဆိုသော် သင် မည်သည့်နေရာသို့ သွားပါစေ သင်သည် အလွယ်တကူ အလိမ်ခံရမည်၊ အလွယ်တကူ လှည့်စားခြင်း သို့မဟုတ် အရှုးလုပ်ခြင်းကို ခံရလိမ့်မည် မဟုတ်ပေ၊ ဤအရာမှာ လူတို့ ပိုင်ဆိုင်သင့်သော လက္ခဏာသွင်ပြင်တစ်ခုလည်း ဖြစ်သည်။ သို့သော်လည်း ဤလက္ခဏာသွင်ပြင်သည် အပျက်သဘောဆန်သော အရာများနှင့်သက်ဆိုင်သဖြင့် ၎င်းကိုသာ လုံးဝဥဿုံ အာရုံမပြုသင့်ပေ။ သင်၏မျက်လုံးများသည် လူအများအပေါ်၌ အမြဲ စူးစိုက်၍မထားသင့်ပေ။ သန့်ရှင်းသောဝိညာဉ်တော် မည်ကဲ့သို့ အမှုပြုပုံအကြောင်း သင်၏အသိမှာ ယခုအခါ အလွန်နည်းပါးသည်၊ ဘုရားသခင်အပေါ် သင်၏ယုံကြည်မှုမှာ အလွန်အပေါ်ယံဆန်ပြီး သင်၌ အပြုသဘောဆောင်သော အရာအနည်းငယ်သာ ရှိသည်။ သင် ယုံကြည်သောသူမှာ ဘုရားသခင်ဖြစ်သည်၊ သင် နားလည်ရန်လိုအပ်သောသူမှာ ဘုရားသခင် ဖြစ်သည်၊ စာတန်မဟုတ်ပေ။ အကယ်၍ သင်သည် စာတန် မည်ကဲ့သို့ အလုပ်လုပ်ပုံနှင့် ဝိညာဉ်ဆိုးများ အလုပ်လုပ်သည့် နည်းလမ်းအားလုံး အကြောင်းကိုသာ သိပြီး ဘုရားသခင်အကြောင်းကို တစ်စုံတစ်ရာ မသိပါက ဤအရာမှာ မည်သည့် အဓိပ္ပာယ်ရှိမည်နည်း။ ၎င်းမှာ သင် ယနေ့ ယုံကြည်သောဘုရားသခင် ဖြစ်သည်မဟုတ်လော။ သင်၏အသိတွင် အပြုသဘောဆန်သော ဤအရာများ အဘယ်ကြောင့် မပါဝင်သနည်း။ သင်သည် ဝင်ရောက်မှု၏ အပြုသဘောဆန်သောရှုထောင့်ကို တကယ်ပင် အာရုံစိုက်ခြင်း မရှိသည့်အပြင် ၎င်းနှင့်ပတ်သက်၍ သင်နားလည်သဘောပေါက်ခြင်း မရှိပေ၊ ထို့ကြောင့် သင် ရလိုသောအရာမှာ အဘယ်အရာများ ဖြစ်သနည်း။ သင်သည် အဘယ်သို့ ရှာဖွေသင့်ကြောင်းကို မသိသလော။ သင်သည် အပျက်သဘောဆောင်သည့် ရှုထောင့်များစွာ အကြောင်း သိထားသော်လည်း ဝင်ရောက်မှု၏ အပြုသဘောဆန်သော ရှုထောင့်ပါဝင်သော ကွက်လပ်တစ်ခုကို သင် ရေးဆွဲသောကြောင့် သင်၏ဝိညာဉ်အသက်တာသည် အဘယ်သို့ ကြီးထွားနိုင်ဦးမည်နည်း။ အကယ်၍ တစ်စုံတစ်ဦးသည် စာတန်နှင့်တိုက်သည့် တိုက်ပွဲအကြောင်းကိုသာ ပြောပါက ထိုလူ၌ တိုးတက်မှုအတွက် မည်သည့် အနာဂတ်အလားအလာများ ရှိလိမ့်မည်နည်း။ သင်၏ဝင်ရောက်မှုမှာ အလွန်ခေတ်ကုန်ပြီမဟုတ်လော။ အကယ်၍ သင်သည် ဤနည်းဖြင့် လုပ်ဆောင်ပါက လက်ရှိမှုမှ မည်သည့်အရာများကို သင် ရနိုင်မည်နည်း။ ယခုအချိန်တွင်

အဓိကကျသောအရာမှာ ဘုရားသခင်သည် မည်သည့်အရာကို ပြုလိုကြောင်းကို သင်နားလည်ရန်၊ လူသည် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်သင့်ပုံ၊ ၎င်းတို့သည် ဘုရားသခင်ကို မည်ကဲ့သို့ ချစ်သင့်ပုံ၊ ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို မည်ကဲ့သို့ နားလည်သင့်ပုံ၊ ၎င်းတို့သည် ဘုရားသခင် ယနေ့ ပြောသောနှုတ်ကပတ်တော်များကို မည်ကဲ့သို့ ဝင်ရောက်သင့်ပုံ၊ ၎င်းတို့ကို မည်ကဲ့သို့ ဖတ်ရှုသင့်ပုံ၊ နားလည်သင့်ပုံနှင့် တွေ့ကြုံသင့်ပုံ၊ ၎င်းတို့သည် ဘုရားသခင်၏အလိုကို မည်ကဲ့သို့ ကျေနပ်စေသင့်ပုံ၊ ဘုရားသခင်၏ အလျှင်းသိမ်းပိုက်ခြင်းကို မည်ကဲ့သို့ ခံသင့်ပုံနှင့် ဘုရားသခင်ရှေ့တွင် မည်ကဲ့သို့ နာခံသင့်ပုံ .... ဤအရာများမှာ ယခု ဝင်ရောက်သင့်သောအရာများ ဖြစ်သောကြောင့် သင်သည် ဤအရာများအပေါ် အာရုံပြုသင့်သည်။ သင် နားလည်သလော။ လူတို့၏ ထိုးထွင်းသိမြင်မှုကိုသာ အာရုံပြုပါက အဘယ်အကျိုးရှိမည်နည်း။ သင်သည် ဤနေရာတွင် စာတန်ကို သတိပြုမိနိုင်သည်၊ ထိုနေရာတွင် ဝိညာဉ်ဆိုးများကို သတိပြုမိနိုင်သည်၊ သင်သည် အရာများစွာကို သတိပြုမိနိုင်ပြီး ဝိညာဉ်ဆိုးများအကြောင်း အစုံအလင် အသိရှိနိုင်ပြီး တစ်ကောင်ကို သင် မြင်လျှင်မြင်ချင်း သိနိုင်ပေသည်။ သို့သော်လည်း အကယ်၍ သင်သည် ဘုရားသခင်၏အမှုအကြောင်းကို တစ်စုံတစ်ရာမျှ မပြောနိုင်ပါက သင်၏ထိုးထွင်းသိမြင်မှုသည် ဘုရားသခင်အပေါ် သင်၏သိခြင်းကို အစားထိုးနိုင်သလော။ ငါသည် ယခင်က ဝိညာဉ်ဆိုးများ၏အလုပ် ဖော်ပြချက်များနှင့်ပတ်သက်၍ မိတ်သဟာယဖွဲ့ခဲ့ဖူးသော်လည်း ဤအရာမှာ အဓိကကျသောအရာတစ်ခု မဟုတ်ပေ။ ဤအရာမှာ မိုက်မဲသောအမှုအရာများကို ပြုမိခြင်းနှင့် ဘုရားသခင်၏အမှုကို အနှောင့်အယှက်ပေးခြင်းကို ရှောင်ရန်အတွက် ဘုရားသခင်ကို အစေခံသောသူများ ပိုင်ဆိုင်သင့်သော ရှုထောင့်တစ်ခု ဖြစ်သောကြောင့် လူတို့သည် အနည်းငယ်ထိုးထွင်းသိမြင်မှုလည်း ရှိသင့်သည်။ သို့သော်လည်း ဘုရားသခင်၏အမှုအကြောင်း အသိရှိခြင်းနှင့် ဘုရားသခင်၏အလိုကို နားလည်ခြင်းမှာ အရေးအကြီးဆုံး အရာအဖြစ် ဆက်လက်တည်ရှိလျက်နေသည်။ ဘုရားသခင်၏အမှု၏ ဤအဆင့်အကြောင်း သင်၌ မည်သည့် သိခြင်းရှိသနည်း။ ဘုရားသခင်ပြုသောအရာမှာ မည်သည့်အရာဖြစ်ကြောင်း၊ ဘုရားသခင်၏အလိုမှာ မည်သည့်အရာဖြစ်ကြောင်းနှင့် သင်၏ ချို့ယွင်းချက်များမှာ မည်သည့်အရာများ ဖြစ်ကြောင်းနှင့် သင့်ကိုယ်သင် အသင့်ပြင်ဆင်သင့်သော အရာများမှာ မည်သည့်အရာများ ဖြစ်ကြောင်းကို သင်ပြောနိုင်သလော။ သင်၏ အသစ်အဖြစ်ဆုံးသော ဝင်ရောက်မှုမှာ မည်သည့်အရာဖြစ်ကြောင်း သင်ပြောနိုင်သလော။ သင်၏ ယခင်က ဝင်ရောက်မှုများတွင် မည်သည့်အရာမှာ လမ်းလွဲခြင်းများနှင့် အမှားများဖြစ်ကြောင်းနှင့်

မည်သည့်ဝင်ရောက်မှုများမှာ ခေတ်ကုန်ခဲ့ပြီဖြစ်ကြောင်း သင် နားလည်သင့်သည်။ သင်၏ အသစ်သောဝင်ရောက်မှုများတွင် သင်သည် အသီးကို ရိတ်သိမ်းပြီး အသိအမြင်ကို ရနိုင်စွမ်းရှိသင့်သည်။ မသိချင်ယောင် မဆောင်နှင့်၊ သင်၏အတွေ့အကြုံနှင့် အသိအမြင်ကို နက်ရှိုင်းစေရန် သင်၏အသစ်သောဝင်ရောက်မှုများ၌ ပို၍ကြိုးပမ်းအားထုတ်ရမည် ဖြစ်၍ အထူးသဖြင့် သင်၏ အသစ်အဖြစ်ဆုံးသောဝင်ရောက်မှုများနှင့် တွေ့ကြုံရန်အတွက် အမှန်ကန်ဆုံးနည်းလမ်းကို ပို၍ပင် နားလည်ပိုင်နိုင်ရမည်ဖြစ်သည်။ သင်သည် ခေတ်ကုန်သော သင်၏လက်တွေ့လုပ်ဆောင်မှု နည်းလမ်းများကို မည်ကဲ့သို့ ပစ်ပယ်ပြီး အတွေ့အကြုံအသစ်ထဲ မည်ကဲ့သို့ဝင်ရောက်ပုံကိုလည်း သိရမည်။ အထူးသဖြင့် သင်သည် သင်၏ယခင်က ခေတ်ကုန်ပြီး လမ်းလွဲခဲ့သော လက်တွေ့လုပ်ဆောင်ချက်၊ အမှုအသစ်နှင့် ဝင်ရောက်မှုအသစ်ကို သိမြင်သင့်သည်။ ဤအရာများမှာ ယခု သင် အရေးတကြီး နားလည်ရန်နှင့် ဝင်ရောက်ရန် လိုအပ်သောအရာများ ဖြစ်သည်။ သင်၏ဝင်ရောက်မှုအဟောင်းများနှင့် အသစ်များအကြားရှိ ကွာခြားချက်များနှင့် ဆက်နွယ်မှုကို သင်နားလည်ရမည်။ အကယ်၍ သင် ဤအရာများကို နားလည်သဘောပေါက်ခြင်း မရှိပါက သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏အမှုကို အမီလိုက်နိုင်စွမ်းရှိမည် မဟုတ်သောကြောင့် သင်၌ တိုးတက်ရန် လမ်းရှိလိမ့်မည်မဟုတ်ပေ။ သင်၏အတိတ်မှ ဝင်ရောက်မှုများစွာနှင့် အတွေ့အကြုံသည် လမ်းလွဲပြီး မှားယွင်းသော လက်တွေ့လုပ်ဆောင်မှုပုံစံတစ်ခုနှင့်ဆက်စပ်ခဲ့ခြင်းဖြစ်၍ ၎င်းထဲမှ များစွာသည် အတိတ်ကာလတစ်ခု နှင့်သက်ဆိုင်သော တွေ့ကြုံသည့်နည်းလမ်းတစ်ခု ဖြစ်ခဲ့သည်၊ သင်သည် ဤအရာများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းသင့်ကြောင်းကို နားလည်ရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပုံမှန် စားသောက်ခြင်းအားဖြင့်လည်းကောင်း၊ ပုံမှန်မိတ်သဟာယဖွဲ့ခြင်းနှင့် ၎င်းတို့ကို အသုံးပြုခြင်းအားဖြင့်လည်းကောင်း သင်သည် ခေတ်ကုန်ပြီဖြစ်သော ယခင်က သင်၏လက်တွေ့လုပ်ဆောင်မှု ပုံစံများနှင့် သင်၏ မိရိုးဖလာ အယူအဆဟောင်းများကို ပြောင်းလဲပစ်နိုင်ရမည်၊ ထိုမှသာ သင်သည် အသစ်သော လက်တွေ့လုပ်ဆောင်မှုကို စတင်နိုင်ပြီး အသစ်သောအမှုကို စတင်လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ဤအရာများမှာ သင် ရရှိသင့်သော အရာများဖြစ်သည်။ အလွန်အသေးငယ်ဆုံး ပမာဏအထိ သင့်ကိုယ်သင် နားလည်ရန် သင့်ကို ငါယခု တောင်းဆိုနေခြင်းမဟုတ်ပေ၊ ဤအရာအပေါ် အလွန်အလေးအနက်ထားရန် ငါတောင်းဆိုနေခြင်းမဟုတ်ပေ။ ထိုသို့မဟုတ်ဘဲ ငါသည် သင်၏ ဝင်ရောက်မှုနှင့် အပြုသဘောဆန်သော ရှုထောင့်အကြောင်း အသိအမြင်အပေါ် အလေးအနက်ထားရန် တောင်းဆိုနေခြင်းဖြစ်သည်။ သင်သည် သင့်ကိုယ်သင် သိနိုင်သော်လည်း ၎င်းမှာ သင်၏ဝိညာဉ်အသက်တာ ဖြစ်သည်ဟု ကောက်ချက်ချ၍မရပေ။

သို့သော်လည်း အကယ်၍ သင်သည် သင်၏ ယခင်က ကိုယ်ပိုင်အယူအဆများ သို့မဟုတ် နားလည်မှုလွဲမှားခြင်းတို့ကို သိမြင်နိုင်စွမ်း ရှိသည့် အခြေအနေအထိ လက်တွေ့လုပ်ဆောင်ခြင်းနှင့် အမှုအသစ်ထဲ ဝင်ရောက်မှုကို တွေ့ကြုံခံစားနိုင်ပါက ဤသည်မှာ သင်၏စစ်မှန်သော ဝိညာဉ်အသက်တာပင် ဖြစ်ပြီး ၎င်းမှာ သင်ပိုင်ဆိုင်သင့်သော အရာတစ်စုံတစ်ခု ဖြစ်သည်။ ဤအရာများမှာ သင်တို့ အယောက်တိုင်း ရရှိသင့်သော အရာများပင်ဖြစ်သည်။

သင်တို့သည် မည်ကဲ့သို့ လက်တွေ့လုပ်ဆောင်ရမည်ကို အမှန်တကယ်ပင် မသိသော အရာများစွာ ရှိသည်၊ သန့်ရှင်းသောဝိညာဉ်တော် မည်ကဲ့သို့ အမှုပြုပုံဆိုပါက ပြောရန်ပင်မလိုတော့ပေ။ တစ်ခါတစ်ရံ သင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို သိသာထင်ရှားစွာ နာခံခြင်းမရှိသော အရာတစ်စုံတစ်ခုကို ပြုသည်။ သင်၏ စားသောက်ခြင်းအားဖြင့် အမှုအရာ၏ နိယာမကို သင် နားလည်သဘောပေါက်နှင့်ပြီ ဖြစ်သောကြောင့် သင်သည် အတွင်း၌ အပြစ်တင်သော ခံစားချက်တစ်ခုနှင့် ပူပန်သောကကို ခံစားရပြီး ဤသည်မှာ သမ္မာတရားကို သိခြင်းအကြောင်းကြောင့် တစ်စုံတစ်ဦး ခံစားရမည့် ခံစားချက်တစ်ခု အမှန်ပင်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းနှင့် ယနေ့နှုတ်ကပတ်တော်များနှင့်အညီ မလုပ်ဆောင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို အဟန့်အတားဖြစ်စေပြီး တစ်စုံတစ်ဦးသည် အတွင်း၌ သေချာပေါက် ပူပန်သောကကို ခံစားရလိမ့်မည်ဖြစ်သည်။ သင်သည် ဤရှုထောင့်၏နိယာမများကို နားလည်သော်လည်း ထိုနည်းအတိုင်း လက်တွေ့လုပ်ဆောင်ခြင်း မရှိသောကြောင့် အတွင်း၌ အပြစ်တင်သောခံစားချက်တစ်ခုကို ခံစားရခြင်းဖြစ်သည်။ သို့သော်လည်း အကယ်၍ သင်သည် ဤနိယာမကို နားလည်ခြင်းမရှိဘဲ သမ္မာတရား၏ ဤရှုထောင့်ကို တကယ်ပင် စားသောက်ပြီးခြင်း မရှိပါက၊ အကယ်၍ သင်သည် ၎င်းကို လုံးလုံးလျားလျား မသိပါက သင်သည် ဤကိစ္စနှင့်ပတ်သက်၍ အပြစ်တင်သောအသိတစ်ခုကို မခံစားရမည်မှာ သေချာပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အပြစ်တင်ခြင်းကို ထုတ်လုပ်ခြင်းမှာ အခြေအနေအပေါ် မူတည်သည်။ သင်သည် ဆုမတောင်းရသေးခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပူးပေါင်းဆောင်ရွက်မှု မရှိသေးခြင်း၊ သင့်အထဲ၌ သင် ထမ်းသော ဝန်ထုပ်ဝန်ပိုးကို မလွတ်ရသေးခြင်းကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏အမှုကို သင် ကြန့်ကြာစေခဲ့ပြီဟု သင်ထင်သည်။ အမှန်အားဖြင့် ၎င်းမှာ ကြန့်ကြာနိုင်ခြင်း မရှိပေ၊ ထို့အပြင် အကယ်၍ သင်သည် တစ်စုံတစ်ခုကို မပြောပါက သန့်ရှင်းသောဝိညာဉ်တော်သည် အခြားသူတစ်စုံတစ်ဦးကို လှုံ့ဆော်ပြီး ပြောစေမည်၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏

ချုပ်ထိန်းခြင်းကို မခံပေ။ သင်သည် ဘုရားသခင်အပေါ် စိတ်မကောင်းဖြစ်ပြီး ဤသည်မှာ သင်ခံစားသင့်သော အရာတစ်စုံတစ်ခုပင် ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်သည် ၎င်းကို မည်သို့မျှ မထင်ဘဲ ၎င်းသည် အတိတ်ဖြစ်လေသည်။ သင်သည် တစ်စုံတစ်ရာ ရသည် မရသည်မှာ သင်၏ အရေးကိစ္စဖြစ်သည်။ တစ်ခါတစ်ရံ သင်၏သြတ္တပ္ပစိတ်သည် စွပ်စွဲချက်များကို ခံစားရသကဲ့သို့ ခံစားရသော်လည်း ဤသည်မှာ အသိဉာဏ်ပွင့်လင်းစေခြင်း သို့မဟုတ် အလင်းပေးခြင်း မဟုတ်သည့်အပြင် ၎င်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ အပြစ်တင်ခြင်းလည်း မဟုတ်ပေ။ ၎င်းမှာ သင်၏သြတ္တပ္ပစိတ်ထဲမှ ခံစားချက်တစ်ခုဖြစ်သည်။ အကယ်၍ ၎င်းသည် ဘုရားသခင်၏နာမ၊ ဘုရားသခင်၏ သက်သေခံချက် သို့မဟုတ် ဘုရားသခင်၏အမှု ပါဝင်ပြီး သင်သည် လွန်ကျူးစွာပြုမူပါက သူသည် သင့်ကို သက်ညှာမည် မဟုတ်ပေ။ သို့သော်လည်း ၎င်း၌ အကန့်အသတ်တစ်ခု ရှိပြီး ထုတ်ဖော်ပြောဆိုရန်ပင် အနည်းငယ်မျှ မထိုက်တန်သော အရာများနှင့်စပ်လျဉ်းပါက သူသည် သင့်ကို စိတ်အနှောင့်အယှက်ပေးမည် မဟုတ်ပေ၊ သူသည် သင့်ကို လျစ်လျူရှုမည်ဖြစ်သောကြောင့် ဤအရာမှာ သင်၏သြတ္တပ္ပစိတ်ထဲတွင် ခံစားသင့်သောအရာ တစ်စုံတစ်ခု ဖြစ်သည်။ အချို့အမှုအရာများမှာ သာမန်လူ့သဘာဝရှိသော လူများ ပြုလုပ်ရန်အတွက် ဖြစ်ပြီး အချို့မှာ သာမန်လူ့ဘဝ၏ ကိစ္စများဖြစ်သည်။ ဥပမာအားဖြင့် သင်သည် သင်၏ပေါက်စီကို မှန်ကန်စွာ မပေါင်းဘဲ သင့်ကို ဘုရားသခင် ဆုံးမပဲ့ပြင်သည်ဟု ဆိုသည်၊ ဤသည်မှာ ပြောရန် လုံးလုံးလျားလျား မလျော်ကန်သောအရာဖြစ်သည်။ ဘုရားသခင်ကို သင် မယုံကြည်ခဲ့မီအချိန်က ဤအရာမျိုး မကြာခဏ ဖြစ်ခဲ့သည်မဟုတ်လော။ ထိုစဉ်အချိန်က သင်တို့ကို ဆုံးမပဲ့ပြင်နေသည်မှာ စာတန် ဖြစ်ခဲ့သလော။ အမှန်အားဖြင့် အကယ်၍ သင်သည် ဤကိစ္စကို ပို၍လက်တွေ့လုပ်ဆောင်ပါက သင်သည် အမှားများကို ပြုမိရန် အလားအလာနည်းလေမည်၊ အမှားများကို ပြုသောအရာမှာ သင်၏ဦးနှောက်သာ ဖြစ်သည်။ ၎င်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်ခြင်း ဖြစ်ပုံရသည်ဟု သင် ထင်သော်လည်း (ခြွင်းချက် အခြေအနေအချို့မှအပ) အမှန်တကယ်မှာ မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ဤအမှုကို သန့်ရှင်းသောဝိညာဉ်တော် အပြည့်အဝ လုပ်ဆောင်ထားခြင်း မရှိဘဲ ထိုအရာများမှာ လူတို့၌ရှိသော ခံစားချက်များသာ ဖြစ်သည်။ သို့သော်လည်း ယင်းကဲ့သို့ တွေးခြင်းမှာ ဘုရားသခင်အပေါ် မှန်သော ယုံကြည်မှု ရှိသောသူများ ပြုသင့်သောအရာ ဖြစ်သည်။ သင်သည် ဘုရားသခင်ကို မယုံကြည်ခဲ့ပါက ဤကဲ့သို့ သင် တွေးနိုင်ခဲ့မည်မဟုတ်ပေ။ သင်သည် ဘုရားသခင်ကို ယုံကြည်လာခဲ့သည့်အခါ သင်၏စိတ်နှလုံးသည် ဤကိစ္စနှင့်စပ်လျဉ်း၍ ကြိုးပမ်းအားထုတ်မှုကို သုံးစွဲခဲ့ပြီး သင်သည် အမှုမဲ့အမှတ်မဲ့ ယင်းကဲ့သို့ စတင်ကာ

တွေးခဲ့သည်။ ဤအရာမှာ သာမန်လူတို့၏ ဉာဏ်မှ ဖြစ်ပေါ်လာခြင်း ဖြစ်၍ ၎င်းသည် ၎င်းတို့၏စိတ်နေစိတ်ထား၏ အကျိုးသက်ရောက်မှုနှင့်လည်း သက်ဆိုင်သည်။ သို့သော်လည်း သင့်ကို ငါပြောပါရစေ၊ ဤသည်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ အမှု၏ အတိုင်းအတာအောက်၌ ရှိသောအရာ တစ်စုံတစ်ခု မဟုတ်ပေ။ ဤရှုထောင့်မှာ သန့်ရှင်းသောဝိညာဉ်တော်က လူတို့ကို ၎င်းတို့၏ အတွေးအခေါ်အားဖြင့် ပေးသော သာမန်တုံ့ပြန်မှုတစ်ခုနှင့် သက်ဆိုင်သည်၊ သို့သော်လည်း ဤတုံ့ပြန်မှုမှာ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုမဟုတ်ကြောင်းကို သင်နားလည်ရမည်။ ဤကဲ့သို့ "အသိပညာ" ရှိခြင်းမှာ သင်၌ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုရှိကြောင်းကို သက်သေပြခြင်းမဟုတ်ပေ။ သင်၏ အသိပညာသည် သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် မသက်ဆိုင်ပေ၊ ၎င်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုဖြစ်သည်ဟုဆိုပါက ပြောရန်ပင်မလိုတော့ပေ။ ၎င်းမှာ လူတို့၏ သာမန် တွေးခေါ် ခြင်း၏ တုံ့ပြန်မှုတစ်ခုမျှသာ ဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်း သို့မဟုတ် အလင်းပေးခြင်းနှင့် လုံးဝသက်ဆိုင်ခြင်း မရှိပေ။ ၎င်းတို့မှာ လုံးလုံးလျားလျား မတူညီသောအရာ နှစ်ခုဖြစ်ပြီး ၎င်းကို သန့်ရှင်းသောဝိညာဉ်တော်က အပြည့်အဝ ပြုထားခြင်း မဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့ကို အသိဉာဏ်ပွင့်လင်းစေရန် ပြုသောအခါ သူသည် ယေဘုယျအားဖြင့် ၎င်းတို့ကို ဘုရားသခင်၏အမှုအကြောင်း၊ ၎င်းတို့၏ စစ်မှန်သောဝင်ရောက်မှု နှင့် စစ်မှန်သောအခြေအနေအကြောင်း အသိပညာတစ်ခုကို ပေးပြီး ၎င်းတို့အား စိတ်ဆုံးဖြတ်ချက်ကိုလည်း ပေး၍ ၎င်းတို့အား ဘုရားသခင်၏ စိတ်ထက်သန်သော ရည်ရွယ်ချက်နှင့် လူတို့အတွက် ယနေ့ သူ၏သတ်မှတ်ချက်များကို နားလည်စေသည်၊ သူသည် ၎င်းတို့အား လမ်းအားလုံးကို ဖွင့်ရန် စိတ်ဆုံးဖြတ်ချက်ကို ပေးသည်။ လူတို့သည် သွေးထွက်သံယိုမှုနှင့် အနစ်နာခံမှုကို ကြုံရသည့်အခါတွင်လည်း ၎င်းတို့သည် ဘုရားသခင်အတွက် လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ၎င်းတို့သည် နှိပ်စက်ညှဉ်းပန်းမှုနှင့် အခက်အခဲဘေးဒုက္ခကို ရင်ဆိုင်ရသည့်အခါတွင်လည်း ဘုရားသခင်ကို ဆက်၍ ချစ်ပြီး ဝမ်းနည်းမှုများ မရှိဘဲ ဘုရားသခင်အတွက် သက်သေခံရမည်။ ယင်းကဲ့သို့ စိတ်ဆုံးဖြတ်ချက်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ အစပျိုးပေးခြင်း ဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်၏ အမှုဖြစ်သည်၊ သို့သော်လည်း ကုန်လွန်သော အခိုက်အတန့်တိုင်းတွင် သင်၌ ယင်းကဲ့သို့ အစပျိုးပေးခြင်း မရှိသည်ကို သိလော့။ တစ်ခါတစ်ရံ အစည်းအဝေးများ၌ သင်သည် အလွန်အမင်း စေ့ဆော်ခြင်းနှင့် လှုံ့ဆော်ခြင်းကို ခံရကြောင်း ခံစားရပြီး သင်သည် အကြီးအကျယ် ချီးမွမ်းပြီး ကခုန်လေသည်။ အခြားသူများ

မိတ်သဟာယဖွဲ့နေသည့်အရာအကြောင်းကို သင်၌ မယုံကြည်နိုင်လောက်သော အသိအမြင်တစ်ခု ရှိကြောင်း သင်ခံစားရသည်၊ သင်သည် အတွင်း၌ အသစ်စက်စက် ဖြစ်သကဲ့သို့ ခံစားရပြီး သင်၏စိတ်နှလုံးသည် ဗလာနတ္တိဖြစ်သော ခံစားချက်တစ်စုံတစ်ရာ မရှိဘဲ ရာနှုန်းပြည့် ရှင်းလင်းနေကြောင်းကို ခံစားရမည်ဖြစ်သည်၊ ဤအရာအားလုံးမှာ သန့်ရှင်းသောဝိညာဉ်တော်၏အမှုနှင့်သက်ဆိုင်သည်။ အကယ်၍ သင်သည် ဦးဆောင်သောသူတစ်စုံတစ်ဦး ဖြစ်ပြီး အမှုပြုရန် အသင်းတော်သို့ သင်သွားသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို ထူးခြားသော အသိဉာဏ်ပွင့်စေခြင်းနှင့် အလင်းပေးခြင်းကို ပေးပြီး သင်၏အမှု၌ အလွန့်အလွန် စိတ်အားထက်သန်စေခြင်း၊ တာဝန်သိတတ်ခြင်းနှင့် အလေးအနက်ထားခြင်းကို ဖြစ်စေပါက ဤအရာမှာ သန့်ရှင်းသောဝိညာဉ်တော်၏အမှုနှင့် သက်ဆိုင်ခြင်းပင်ဖြစ်သည်။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် “ဤသည်တို့မှာ အချို့အရာများဖြစ်သည်” ဟု ဆိုထားသည်။

# လက်တွေ့လုပ်ဆောင်ခြင်း (၂)

လွန်ခဲ့သောအချိန်ကာလများတွင်၊ လူတို့သည် အချိန်တိုင်း၌ ဘုရားသခင်နှင့်အတူ ရှိရန်နှင့် ဝိညာဉ်အတွင်းတွင် အသက်ရှင်ရန် မိမိတို့ကိုယ်မိမိတို့ လေ့ကျင့်ခဲ့ကြသည်။ ယနေ့၏ လက်တွေ့လုပ်ဆောင်မှုနှင့် နှိုင်းယှဉ်ကြည့်ပါက၊ ယင်းသည် ရိုးရှင်းသော ဝိညာဉ်ရေးရာ လေ့ကျင့်မှု ပုံစံတစ်ခု ဖြစ်သည်။ ယင်းသည် လူတို့အနေဖြင့် အသက်၏ လမ်းကြောင်းမှန်ပေါ် မဝင်ရောက်မီ အပေါ်ယံတန်ဆုံးနှင့် အရိုးရှင်းဆုံး လက်တွေ့လုပ်ဆောင်မှု နည်းလမ်း ဖြစ်ပြီး၊ လူတို့၏ယုံကြည်ခြင်း၌ လက်တွေ့လုပ်ဆောင်ခြင်း၏ တကယ့် ပထမဦးဆုံးသော အဆင့် ဖြစ်သည်။ အကယ်၍ လူများသည် မိမိတို့၏ အသက်တာများ၌ ဤလက်တွေ့လုပ်ဆောင်မှုမျိုးအပေါ် အစဉ်အမြဲ အမှီပြုပါက၊ ၎င်းတို့အနေဖြင့် ခံစားချက်များစွာ ရှိလိမ့်မည်ဖြစ်ပြီး အမှားများ ပြုလုပ်မိနိုင်ဖွယ်ရှိကာ မှန်ကန်သောအသက် အတွေ့အကြုံများထဲသို့ ဝင်ရောက်ခြင်းငှာ တတ်စွမ်းနိုင်လိမ့်မည် မဟုတ်ချေ။ ၎င်းတို့သည် မိမိတို့၏ စိတ်ဝိညာဉ်များကို လေ့ကျင့်ရုံမျှသာ တတ်နိုင်လိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့၏

စိတ်နှလုံးများ၌ ဘုရားသခင်ထံ ပုံမှန်အားဖြင့် တိုးဝင်ချဉ်းကပ်နိုင်လိမ့်မည် ဖြစ်ကာ ဘုရားသခင်ကို ၎င်းတို့နှင့်အတူ ရှိစေခြင်းဖြင့် ကြီးမားလှသော ဝမ်းမြောက်မှုကို အမြဲ ရှာတွေ့လိမ့်မည်ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်နှင့် ၎င်းတို့ အတူရှိခြင်းတည်းဟူသော နယ်ပယ်ငယ်လေး၌ မိမိတို့ကိုယ်ကိုယ် ကန့်သတ်ထားကြလိမ့်မည် ဖြစ်ပြီး၊ သာ၍နက်နဲသည့် မည်သည့်အရာကိုမျှ ရယူနိုင်ကြလိမ့်မည်မဟုတ်ပေ။ ဤနယ်နိမိတ်များ အတွင်း အသက်ရှင်သော လူများသည် ကြီးမားသော မည်သည့် တိုးတက်မှုကိုမျှ ပြုလုပ်နိုင်စွမ်း မရှိကြပေ။ မည်သည့်အချိန်၌မဆို ၎င်းတို့အနေဖြင့်၊ "အိုး သခင်ယေရှု။ အာမင်။" ဟု အော်ဟစ်တတ်ကြသည်။ ၎င်းတို့သည် နေ့တိုင်းနီးပါး ဤကဲ့သို့ ဖြစ်ကြသည်- ယင်းသည် အတိတ်ကာလများ၏ လက်တွေ့လုပ်ဆောင်မှု ဖြစ်ပြီး၊ အချိန်တိုင်းတွင် စိတ်ဝိညာဉ်၌ အသက်ရှင်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်။ ယင်းသည် အောက်တန်းကျသည် မဟုတ်လော။ ယနေ့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေးဆဖို့ အချိန်ကျသောအခါတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေးဆခြင်းအပေါ်သာ အာရုံစိုက်လော့။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဖို့ အချိန်ကျသောအခါ၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းအပေါ်သာ အာရုံစိုက်လော့။ သင်၏တာဝန်ကို ထမ်းဆောင်ဖို့ အချိန်ဖြစ်သောအခါ၊ သင့်တာဝန်ကိုသာ ထမ်းဆောင်လော့။ ဤသို့သော လက်တွေ့လုပ်ဆောင်ခြင်းသည် အမှန်တကယ် အတော်အတန် လွတ်လပ်မှု ရှိလေသည်။ ယင်းက သင့်ကို လွတ်မြောက်စေသည်။ ယင်းသည် ဘာသာရေးသမားဟောင်းများ ဆုတောင်းပြီး ကျေးဇူးချီးမွမ်းသည့်ပုံနှင့် မတူပေ။ ဟုတ်ပေ၏၊ ယခင်က ဤသည်မှာ ယုံကြည်သူများ၏ လက်တွေ့လုပ်ဆောင်မှု ဖြစ်ခဲ့သော်လည်း၊ ယခုတွင် ဤနည်းလမ်းဖြင့် လက်တွေ့လုပ်ဆောင်ခြင်းသည် အလွန်ခေတ်နောက်ကျပေသည်။ ဘုရားသခင်၏အမှုသည် ယခုတွင် ပိုမိုမြင့်မားသော အဆင့်တွင်ရှိပြီး၊ ယနေ့ ပြောဆိုသည့် အရာ၊ "ဘုရားသခင်ကို တကယ့်အသက်တာထဲသို့ ခေါ်ဆောင်လာခြင်း" ဟူသည်မှာ လက်တွေ့လုပ်ဆောင်မှု၏ အရေးကြီးဆုံးသော ရှုထောင့် ဖြစ်သည်။ ဤသည်မှာ လူတို့အနေဖြင့် မိမိတို့၏ တကယ့်အသက်တာများထဲတွင် ပိုင်ဆိုင်ရန် မျှော်လင့်ထားသည့် ပုံမှန်လူ့သဘာဝဖြစ်ပြီး၊ ၎င်းတို့၏ ပုံမှန်လူသဘာဝထဲတွင် လူတို့ ပိုင်ဆိုင်သင့်သည်မှာ ယနေ့ ဘုရားသခင်ပြောသော နှုတ်ကပတ်တော်များ အားလုံး ဖြစ်သည်။ ဘုရားသခင်၏ ဤနှုတ်ကပတ်တော်များကို တကယ့် အသက်တာထဲသို့ ယူဆောင်လာခြင်းသည် "တကယ့်အသက်တာထဲသို့ ဘုရားသခင်ကို ခေါ်ဆောင်လာခြင်း" ၏ လက်တွေ့ကျသော အဓိပ္ပါယ် ဖြစ်သည်။ ယနေ့တွင် လူတို့သည် အခြေခံအားဖြင့် အောက်ပါအချက်များနှင့် မိမိတို့ကိုယ်ကိုယ် ပြင်ဆင်သင့်ကြ၏-

အချက်တစ်ခုအနေဖြင့်၊ ၎င်းတို့၏ အရည်အချင်းကို တိုးတက်စေရမည်၊ ပညာတတ်မြောက်ရမည်ဖြစ်ပြီး၊ ၎င်းတို့၏ စာဖတ်ခြင်းနှင့် သဘောပေါက်နားလည်မှု စွမ်းရည်များ တိုးတက်စေရမည်။ အခြားအချက်အနေဖြင့်၊ ၎င်းတို့သည် ပုံမှန်လူတစ်ဦး၏ အသက်တာကို နေထိုင်ရမည်။ သင်သည် ကမ္ဘာလောကမှ ဘုရားသခင်၏ ရှေ့မှောက်သို့ လာပြီးရုံသာ ရှိသေးသည်။ သင်သည် ပထမဦးစွာ သင်၏ စိတ်နှလုံးကို ဘုရားသခင်၏ ရှေ့မှောက်တွင် ငြိမ်သက်စေရန် လေ့ကျင့်ရမည်။ ဤသည်မှာ လက်တွေ့လုပ်ဆောင်ခြင်း၏ တကယ့်အစ ဖြစ်ပြီး၊ သင်၏ အသက်စိတ်သဘောထား၌ ပြောင်းလဲမှုကို ရရှိရာတွင် ပထမခြေလှမ်းလည်း ဖြစ်သည်။ အချို့လူတို့သည် ၎င်းတို့၏ လက်တွေ့လုပ်ဆောင်ခြင်း၌ အတော်အတန် အလိုက်သင့် နေထိုင်တတ်ကြသည်။ ၎င်းတို့သည် လက်တွေ့အရှိတရားတွင် ၎င်းတို့ နားလည်သင့်သည့် လက်တွေ့လုပ်ဆောင်ခြင်း သမ္မာတရားများနှင့် အခြေခံသဘောတရားများကို နားလည်သဘောပေါက်ရင်း၊ အလုပ် လုပ်နေစဉ် သမ္မာတရားကို တွေးဆကြလေသည်။ ရှုထောင့်တစ်ခုမှာ သင့်အနေဖြင့် ပုံမှန်လူ့အသက်တာ ရှိရမည်ဖြစ်ပြီး၊ အခြားရှုထောင့်မှာ သမ္မာတရားထဲသို့ ဝင်ရောက်မှု ရှိရမည်ဖြစ်သည်။ ဤအရာအားလုံးသည် တကယ့်အသက်တာအတွက် အကောင်းဆုံးသော လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်။

လူတို့၏ တကယ့်အသက်တာများထဲသို့ ဘုရားသခင်ကို ခေါ်ဆောင်လာခြင်းသည် ဘုရားသခင်ကို ၎င်းတို့ ကိုးကွယ်ရန်၊ ဘုရားသခင်ကို သိရှိရန် ကြိုးစားဖို့နှင့် ပုံမှန် လူ့သဘာဝအတွင်းတွင် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် လိုအပ်ပေသည်။ ယင်းမှာ ၎င်းတို့သည် တစ်စုံတစ်ခုကို လုပ်ဆောင်သည့်အချိန်တိုင်း၊ ဘုရားသခင်ထံ လုံးဝဆုတောင်းရန် လိုအပ်သည်၊ ၎င်းတို့ ဆုမတောင်းပါက မကောင်းဘဲ ဘုရားသခင်အား ကျေးဇူးကြွေးတင်သည်ဟု ၎င်းတို့ ခံစားသင့်သည်ဟူ၍ မဟုတ်ပေ။ မျက်မှောက်ခေတ်၏ လက်တွေ့လုပ်ဆောင်မှုသည် ထိုသို့မဟုတ်ပေ။ ယင်းမှာ အမှန်တကယ် သက်သောင့်သက်သာဖြစ်ပြီး ရိုးရှင်းပေသည်။ ယင်းက လူတို့အနေဖြင့် အယူဝါဒများကို လိုက်နာဖို့ မလိုအပ်ပေ။ ထို့ထက်၊ လူအသီးသီးသည် မိမိတို့၏ တစ်ဦးချင်း ဝိညာဉ်ရင့်ကျက်မှုနှင့်အညီ ပြုမူသင့်ပေသည်။ အကယ်၍ သင်၏မိသားစုဝင်များသည် ဘုရားသခင်ကို မယုံကြည်ပါက၊ ၎င်းတို့ကို မယုံကြည်သူများအဖြစ် သဘောထားပြီး၊ အကယ်၍ ၎င်းတို့ ယုံကြည်ပါက၊ ၎င်းတို့ကို ယုံကြည်သူများအဖြစ် သဘောထားလော့။ ချစ်ခြင်းမေတ္တာနှင့် စိတ်ရှည်ခြင်းတို့ကို မကျင့်သုံးနှင့်၊ ထို့ထက် ဉာဏ်ပညာကို ကျင့်သုံးလော့။ လူအချို့သည် ဟင်းသီးဟင်းရွက်များ ဝယ်ရန် အပြင်ထွက်ကြပြီး ၎င်းတို့ လမ်းလျှောက်နေစဉ်၊ "အိုး ဘုရားသခင်၊ ယနေ့ ကျွန်ုပ်ကို

မည်သည့် ဟင်းသီးဟင်းရွက်များ ကိုယ်တော် ဝယ်စေမည်နည်း။ ကိုယ်တော်၏ မစမှုကို ကျွန်ုပ် တောင်းခံပါ၏။ ဘုရားသခင်က အရာရာတိုင်းတွင် ကျွန်ုပ်တို့ သူ၏နာမတော်ကို ထင်ရှားစေဖို့နှင့် ကျွန်ုပ်တို့အားလုံး သက်သေခံဖို့ တောင်းဆိုသည်၊ ထို့ကြောင့် ဈေးသည်က ကျွန်ုပ်ကို ပုပ်သိုးသောအရာတစ်ခု ပေးလျှင်ပင်၊ ဘုရားသခင်ကို ကျွန်ုပ် ကျေးဇူးတင်ဦးမည်ဖြစ်သည်- ကျွန်ုပ် သည်းညည်းခံပါမည်။ ဘုရားသခင်ကို ယုံကြည်သော ကျွန်ုပ်တို့သည် ဟင်းသီးဟင်းရွက်များထဲမှ ကောက်ကာ ရွေး၍ မဖြစ်” ဟု တီးတိုးပြောလေသည်။ ဤအရာလုပ်ဆောင်ခြင်းသည် သက်သေခံခြင်း ဖြစ်သည်ဟု ၎င်းတို့ထင်ကြပြီး အကျိုးဆက်မှာ ၎င်းတို့သည် ပုပ်သိုးနေသော ဟင်းသီးဟင်းရွက်တစ်စည်းကို ဝယ်ရန် ငွေသုံးကြပေသည်၊ သို့သော် ၎င်းတို့က- “အိုး ဘုရားသခင်၊ ကိုယ်တော်က ဤပုပ်သိုးနေသော ဟင်းသီးဟင်းရွက်များကို လက်ခံနိုင်စရာဖြစ်သည်ဟု မြင်သရွေ့ ကျွန်ုပ် စားပါမည်” ဟု ဆုတောင်းကာ ပြောကြဆဲဖြစ်သည်။ ထိုသို့သော လက်တွေ့လုပ်ဆောင်မှုသည် အဓိပ္ပါယ်မဲ့သည် မဟုတ်လော။ ယင်းသည် အယူဝါဒတစ်ခုကို လိုက်လျှောက်နေခြင်း မဟုတ်လော။ ယခင်က၊ လူတို့သည် အချိန်တိုင်းတွင် ဝိညာဉ်၌ အသက်ရှင်ရန် လေ့ကျင့်ခဲ့ကြသည်- ဤသည်မှာ ကျေးဇူးတော်ခေတ်၌ ယခင် လုပ်ဆောင်ခဲ့သည့် အမှုနှင့် ဆက်နွယ်နေပေသည်။ ဘာသာတရား ကိုင်းရှိုင်းခြင်း၊ နှိမ့်ချခြင်း၊ ချစ်ခြင်း၊ စိတ်ရှည်ခြင်း၊ အရာခပ်သိမ်းအတွက် ကျေးဇူးတော်ချီးမွမ်းခြင်း— ဤအရာများသည် ကျေးဇူးတော်ခေတ်၌ ယုံကြည်သူတိုင်းကို တောင်းဆိုခဲ့သည့် အရာများ ဖြစ်သည်။ ထိုအချိန်တွင်၊ လူတို့သည် အရာခပ်သိမ်း၌ ဘုရားသခင်ကို ဆုတောင်းခဲ့ကြသည်။ အဝတ်အစားများ ၎င်းတို့ ဝယ်သောအခါ ဆုတောင်းကြပြီး၊ တွေ့ဆုံပွဲတစ်ခုကို အကြောင်းကြား ခံရသောအခါ ၎င်းတို့က၊ “အို ဘုရားသခင်၊ ကိုယ်တော် ကျွန်ုပ်ကို သွားစေမည်လော၊ ဒါမှမဟုတ် မသွားစေမည်လော။ ကိုယ်တော် ကျွန်ုပ်ကို သွားစေပါက၊ ကျွန်ုပ်အတွက် ချောမွေ့သောလမ်းကို ပြင်ဆင်ပေးတော်မူပါ။ အကယ်၍ ကိုယ်တော် ကျွန်ုပ်ကို မသွားစေပါက၊ ကျွန်ုပ်ကို ခလုတ်တိုက်ကာ လဲကျစေပါ” ဟုလည်း ဆုတောင်းကြသည်။ ၎င်းတို့သည် ဆုတောင်းနေရင်း ဘုရားသခင်ကို အသနားခံကြကာ၊ ဆုတောင်းပြီးနောက်တွင် စိတ်တထင့်ထင့် ခံစားရကာ မသွားဘဲနေကြသည်။ အချို့သော ညီအစ်မများသည် စုဝေးပွဲများမှ အိမ်ပြန်လာသောအခါ ၎င်းတို့၏ မယုံကြည်သော ခင်ပွန်းသည်များ၏ ရိုက်နှက်ခြင်းများ ခံရကောင်း ခံရလိမ့်မည်ကို ကြောက်ရွံ့ကာ ၎င်းတို့ဆုတောင်းသည့်အချိန်တွင် စိုးရိမ်ပူပန်မှုကို ခံစားရပြီး၊ ထို့ကြောင့် စုဝေးပွဲများသို့ မသွားကြပေ။ အမှန်တွင် ၎င်းတို့သွားခဲ့ပါက မည်သည့်အရာမှ ဖြစ်ပျက်ခဲ့လိမ့်မည် မဟုတ်သည့်အချိန်တွင်၊ ၎င်းတို့က ဤအရာသည် ဘုရားသခင်၏

အလိုတော်ဖြစ်မည်ဟု သူတို့ယုံကြည်ခဲ့ကြလေသည်။ အကျိုးဆက်မှာ ၎င်းတို့သည် စုဝေးပွဲတစ်ခုကို လွတ်သွားခဲ့ကြခြင်း ဖြစ်သည်။ ဤအရာအားလုံးသည် လူတို့၏ မသိနားမလည်မှု၏ ရလဒ် ဖြစ်ပေသည်။ ဤနည်းလမ်းဖြင့် လက်တွေ့လုပ်ဆောင်သော လူများအားလုံးသည် ၎င်းတို့ကိုယ်တိုင်၏ စိတ်ခံစားချက်များဖြင့် အသက်ရှင်ကြသည်။ ဤလက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းသည် အလွန်မှားယွင်းပြီး အဓိပ္ပါယ်မဲ့ကာ မရေရာမှုဖြင့် လွှမ်းမိုးခံရပေသည်။ အလွန်များလှစွာသော ၎င်းတို့၏ ပုဂ္ဂိုလ်ရေး ခံစားချက်များနှင့် အတွေးများ ရှိပေသည်။ အကယ်၍ သင်သည် တွေ့ဆုံပွဲတစ်ခု အသိပေးခံရပါက၊ သွားလော့။ ဘုရားသခင်ကို ဆုတောင်းရန် နောက်ထပ် မလိုအပ်ပေ။ ဤသည်မှာ မရိုးရှင်းပေဘူးလော။ အကယ်၍ သင်သည် ယနေ့ အဝတ်အစားတစ်ခု ဝယ်ဖို့လိုလျှင် အပြင်သို့ တန်းသွားကာ ဝယ်ယူလော့။ ဘုရားသခင်ကို ဆုတောင်းပြီး၊ "အိုး ဘုရားသခင်၊ ကိုယ်တော် ကျွန်ုပ်ကို သွားခိုင်းမည်လော၊ သို့မဟုတ် မသွားခိုင်းဘဲနေမည်လော။ ကျွန်ုပ် မရှိသည့်အချိန်တွင် ညီအစ်ကို မောင်နှမများထဲမှ တစ်ဦး လာပါက မည်သို့ဖြစ်မည်နည်း" ဟု မပြောလေနှင့်။ သင်သည် ညီအစ်ကို သို့မဟုတ် ညီအစ်မတစ်ဦး လာမည်စိုးသောကြောင့် မသွားသော်လည်း၊ ရလဒ်မှာ ညနေခင်းရောက်လာပြီး မည်သူမျှ မလာခဲ့ခြင်းဖြစ်သည်။ ကျေးဇူးတော်ခေတ်၌ပင် ဤလက်တွေ့လုပ်ဆောင်မှု နည်းလမ်းသည် သွေဖည်ပြီး မှားယွင်းခဲ့သည်။ ထို့ကြောင့်၊ အကယ်၍ လူတို့သည် ကုန်လွန်သွားသော ကာလများ၌ကဲ့သို့ လက်တွေ့လုပ်ဆောင်ပါက၊ ၎င်းတို့၏ အသက်တာတွင် အပြောင်းအလဲ ရှိလိမ့်မည် မဟုတ်ပေ။ ၎င်းတို့သည် ဖြစ်လာသမျှကို မသိနားမလည်စွာ ကြိတ်မှိတ်လက်ခံရုံသာ လက်ခံကြမည်ဖြစ်ပြီး၊ ချင့်ချိန်နိုင်စွမ်းကို အရေးစိုက်ကြမည် မဟုတ်သကဲ့သို့၊ ကြောင်းကျိုးမမြင်ဘဲ နာခံကာ သည်းခံသည်မှလွဲ၍ မည်သည့်အရာမျှ လုပ်ဆောင်ကြမည် မဟုတ်ပေ။ ထိုအချိန်က လူတို့သည် ဘုရားသခင်ကို ဘုန်းထင်ရှားစေခြင်းတွင် အာရုံစိုက်ခဲ့ကြ၏- သို့သော် ၎င်းတို့သည် လက်တွေ့ကျသည့် မည်သည့်အရာကိုမျှ အသက်ရှင်နေထိုင်ခဲ့ခြင်း မရှိသည့်အတွက် ဘုရားသခင်သည် သူတို့ထံမှ ဘုန်းအသရေ လုံးဝမရရှိခဲ့ပေ။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ချုပ်ထိန်းရုံမျှ ချုပ်ထိန်းခဲ့ကြပြီး ၎င်းတို့၏ ပုဂ္ဂိုလ်ရေး အယူအဆများအတိုင်း မိမိတို့ကိုယ်ကိုယ် ကန့်သတ်ခဲ့ကြကာ နှစ်ပေါင်းများစွာ လက်တွေ့လုပ်ဆောင်ခြင်းကပင် ၎င်းတို့၏ အသက်တာထဲ၌ အပြောင်းအလဲ မဖြစ်စေခဲ့ပေ။ ၎င်းတို့သည် သည်းခံရန်၊ နှိမ့်ချရန်၊ ချစ်ရန်နှင့် ခွင့်လွှတ်ရန်သာ သိခဲ့ကြသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ဉာဏ်အလင်းပေးခြင်း စိုးစဉ်းမျှပင် မရှိခဲ့ကြပေ။ လူတို့သည် ထိုနည်းဖြင့် ဘုရားသခင်ကို မည်သို့ သိနိုင်မည်နည်း။ ပြီးလျှင် ၎င်းတို့သည် ဘုရားသခင်ကို အမှန်တကယ် မည်သို့ ဘုန်းထင်ရှားစေနိုင်မည်နည်း။

လူများသည် ၎င်းတို့၏ တကယ့်အသက်တာများထဲနှင့် ၎င်းတို့၏ ပုံမှန် လူသား အသက်တာများထဲသို့ ဘုရားသခင်ကို ခေါ်ဆောင်လာမှသာ ၎င်းတို့သည် ဘုရားသခင်၌ ယုံကြည်ခြင်း လမ်းကြောင်းမှန်ထဲသို့ ဝင်ရောက်နိုင်ပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင်တို့ကို ယနေ့ ဦးဆောင်၏။ လွန်ခဲ့သော အချိန်ကာလများ၌ကဲ့သို့ ကြိုးစားရန်နှင့် စမ်းတဝါးဝါးရှာရန် မလိုအပ်ပေ။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတိုင်း လက်တွေ့လုပ်ဆောင်နိုင်ပြီး၊ ငါထုတ်ဖော်ပြီး ဖြစ်သော လူသား၏ အခြေအနေများနှင့်အညီ မိမိကိုယ်ကိုယ် ဆန်းစစ်ကာ တိုင်းတာနိုင်သောအခါ၊ ပြောင်းလဲမှုကို သင် ရရှိနိုင်မည်ဖြစ်သည်။ ဤသည်မှာ အယူဝါဒမဟုတ်ဘဲ လူသားကို ဘုရားသခင် တောင်းဆိုသော အရာ ဖြစ်သည်။ ယနေ့ အမှုအရာများ မည်သို့ရှိသည်ကို သင့်အား ငါ ပြောမည်- ငါ၏ နှုတ်ကပတ်တော်များအတိုင်း ပြုမူခြင်းကိုသာ စိတ်ဝင်စားလော့။ သင့်အပေါ် ငါ၏ သတ်မှတ်ချက်များကို သာမန် လူတစ်ဦး၏ လိုအပ်ချက်များနှင့်အပေါ် အခြေခံထားသည်။ ငါသည် သင့်ကို ငါ၏ နှုတ်ကပတ်တော်များအား ပြောပြီးဖြစ်၏။ ထိုနှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်းအပေါ် သင် အာရုံစိုက်သရွေ့ သင်သည် ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီလိမ့်မည်။ ယခုအချိန်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတွင်း အသက်ရှင်ခြင်း အချိန်ကာလ ဖြစ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် အရာရာကို ရှင်းပြပြီးဖြစ်သည်၊ အားလုံးကို ရှင်းလင်းစေပြီးဖြစ်ကာ ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် သင်အသက်ရှင်သရွေ့ သင်သည် လုံးဝလွတ်လပ်ပြီး လွတ်မြောက်သော အသက်တာတစ်ခုကို နေထိုင်လိမ့်မည် ဖြစ်သည်။ အတိတ်ကာလတွင်၊ လူတို့သည် ၎င်းတို့၏ တကယ့် အသက်တာများထဲသို့ ဘုရားသခင်ကို ခေါ်ဆောင်လာကြသည့်အခါ၊ ၎င်းတို့သည် များလွန်းလှစွာသော အယူဝါဒနှင့် ဘာသာရေးလေ့တို့ကို လက်တွေ့လုပ်ဆောင်ကာ ဖြတ်သန်းခဲ့ကြသည်။ အသေးအဖွဲ့ကိစ္စများ၌ပင် ၎င်းတို့သည် ရှင်းလင်းစွာဖော်ပြထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဘေးဖယ်ပြီး ထိုနှုတ်ကပတ်တော်များကို ဖတ်ရှုရန် လျစ်လျူရှုနေခဲ့ကြကာ ဆုတောင်းပြီး ရှာဖွေကြသည်။ ထို့အစား၊ ၎င်းတို့သည် အကျိုးသက်ရောက်မှုမရှိသည့် ရလဒ်ဖြင့်- ၎င်းတို့၏ အားထုတ်မှုအားလုံးကို ရှာဖွေခြင်း၌ ဆက်ကပ်မြှုပ်နှံခဲ့ကြသည်။ ဥပမာ အစားအသောက်နှင့် အဝတ်အစားကိစ္စများကို ကြည့်လော့- သင့်အတွက် အရာရာကို ဘုရားသခင် ရွေးချယ်ပေးဖို့ တောင်းလျှောက်ရင်း၊ သင်သည် ဆုတောင်းကာ ဤကိစ္စများကို ဘုရားသခင်၏ လက်ထဲ၌ထားလေသည်။ ဤစကားများကို ဘုရားသခင် ကြားသောအခါ သူက၊ “ထိုသို့သော မဖြစ်စလောက် အသေးစိတ်များကို ငါစိတ်ဝင်စားဖို့ လိုသလော။ သင့်အတွက်

ငါဖန်ဆင်းခဲ့သည့် ပုံမှန်လူ့သဘာဝနှင့် ဆင်ခြင်တုံတရားတို့မှာ ဘယ်ရောက် သွားကြပြီနည်း” ဟု ပြောလိမ့်မည်။ တစ်ခါတစ်ရံ တစ်စုံတစ်ဦးသည် ၎င်းတို့၏အပြုအမူများတွင် အမှားလုပ်မိတတ်သည်။ ထိုအခါ ၎င်းတို့သည် ဘုရားသခင်ကို ပြစ်မှားစော်ကားမိပြီဟု ယုံကြည်ကြပြီး ၎င်းတို့ ချုပ်တည်းလာကြသည်။ အချို့လူများ၏ အခြေအနေများမှာ အင်မတန် ကောင်းသော်လည်း၊ ၎င်းတို့သည် သေးငယ်သော အရာတစ်စုံတစ်ခုကို မမှန်မကန် လုပ်မိသောအခါ ဘုရားသခင်သည် ၎င်းတို့ကို ပြစ်တင်ဆုံးမနေသည်ဟု ယုံကြည်ကြလေသည်။ အမှန်တွင်၊ ဤသည်မှာ ဘုရားသခင်၏ လုပ်ဆောင်ချက် မဟုတ်ဘဲ လူတို့ ကိုယ်တိုင်၏စိတ်များ၏ လွှမ်းမိုးမှုသာ ဖြစ်သည်။ တစ်ခါတစ်ရံ၊ သင် ကြုံတွေ့ခံစားရပုံနှင့်ပတ်သက်၍ မည်သည့်အရာမျှ မမှားယွင်းသော်လည်း၊ အခြားလူများက သင်သည် မှန်ကန်စွာ တွေ့ကြုံခံစားခြင်းမရှိဟု ပြောဆိုကြပြီး၊ ထို့ကြောင့် သင်သည် ပိတ်မိသွားလေသည်- သင်သည် အပျက်သဘောဆောင်လာပြီး အတွင်းတွင် မှောင်မိုက်လာသည်။ ယေဘုယျအားဖြင့်၊ လူတို့သည် ဤနည်းဖြင့် အပျက်သဘောဆောင်သောအခါ၊ ၎င်းတို့သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်း ခံနေရသည်ဟု ယုံကြည်ကြသော်လည်း ဘုရားသခင်က- “ငါသည် သင်၌ အဘယ်ပြစ်တင်ဆုံးမခြင်းအမှုကိုမျှ မပြုရသေးပေ။ အဘယ်သို့ သင်သည် ငါ့ကို ထိုသို့ အပြစ်တင်နိုင်ရသနည်း” ဟု ပြောသည်။ လူများသည် လွယ်ကူလွန်းလှစွာ အပျက်သဘောဆောင်လာတတ်ကြသည်။ ၎င်းတို့သည် မကြာခဏလည်း အလွန်ထိခိုက်လွယ်ပြီး ဘုရားသခင်ကို မကြာခဏ ညည်းညူတတ်ကြသည်။ ဘုရားသခင်သည် သင့်ကို ထိုနည်းဖြင့် ဆင်းရဲဒုက္ခခံစားဖို့ရန် မတောင်းဆိုပေ၊ သို့သော် သင်သည် မိမိကိုယ်ကိုယ် ထိုအခြေအနေထဲသို့ ကျရောက်စေသည်။ ထိုသို့သော ဆင်းရဲဒုက္ခ ခံစားခြင်းမျိုး၌ တန်ဖိုး လုံးဝမရှိပေ။ လူတို့သည် ဘုရားသခင် လုပ်ဆောင်သည့်အမှုကို မသိကြသကဲ့သို့၊ အမှုအရာများစွာတွင် ၎င်းတို့ အသိမဲ့ကြပြီး ရှင်းရှင်းလင်းလင်း မမြင်နိုင်ကြပေ၊ ထို့ကြောင့် ၎င်းတို့သည် မိမိတို့ကိုယ်တိုင်၏ အယူအဆများနှင့် စိတ်ကူးများ၌ ယခင်ထက် ပို၍ပင် နက်နက်ရှိုင်းရှိုင်း ရစ်ပတ်တွယ်ငြိလာကြလျက် ပိတ်မိသွားကြလေသည်။ လူအချို့က အမှုအရာအားလုံးနှင့် ကိစ္စအားလုံးသည် ဘုရားသခင်၏ လက်၌ရှိသည်ဟု ပြောကြသည်- ထို့သို့ဆိုလျှင် ဘုရားသခင်သည် လူများ အပျက်သဘောဆောင်ကြသောအခါ မသိနိုင်ပါသလော။ ဘုရားသခင် သိသည်မှာ ဟုတ်ပေ၏။ သင်သည် လူသား၏ အယူအဆများထဲတွင် အမိခံရသောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အထဲ၌ အလုပ်လုပ်ရန် မဖြစ်နိုင်ပေ။ ကြိမ်ဖန်များစွာ၊ လူအချို့သည် အပျက်သဘောဆောင်သော

အခြေအနေထဲတွင် ပိတ်မိသွားကြသော်လည်း၊ ငါသည် ငါ၏အလုပ်ကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်သည်။ သင်သည် အပျက်သဘောဆောင်သည်ဖြစ်စေ အပြုသဘောဆောင်သည်ဖြစ်စေ၊ ငါသည် သင်၏ဘောင်ခတ်ခြင်း မခံရပေ- သို့သော် ငါပြောသော နှုတ်ကပတ်တော်များစွာနှင့် ငါပြုသည့် ပမာဏကြီးမားသော အမှုတို့သည် လူတို့၏ အခြေအနေများနှင့်အညီ တစ်ခုနှင့်တစ်ခု နီးကပ်စွာ ဆက်နွှယ်နေပေသည်။ သင် အပျက်သဘောဆောင်သောအခါ၊ ဤအရာက သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို မပိတ်ဆို့ပေ။ ပြစ်တင်ဆုံးမခြင်းနှင့် သေခြင်း၏စမ်းသပ်မှု ကာလအတွင်းတွင်၊ လူတို့သည် အပျက်သဘောဆောင်သော အခြေအနေတစ်ခု၌ အားလုံး အမိခံခဲ့ကြရသော်လည်း၊ ဤအရာသည် ငါ၏အမှုကို မပိတ်ဆို့ခဲ့ပေ။ သင် အပျက်သဘောဆောင်သောအခါ သန့်ရှင်းသော ဝိညာဉ်တော်သည် အခြားလူများ၌ လုပ်ဆောင်ရန်လိုအပ်သည့် အရာကို ဆက်လက် လုပ်ဆောင်နေခဲ့သည်။ သင့်အနေဖြင့် ရှာဖွေခြင်းကို တစ်လကြာ ရပ်တန့်ကောင်းရပ်တန့်နိုင်သော်လည်း၊ ငါသည် ဆက်လက် အမှုပြုလျက်ရှိသည်- လက်ရှိအချိန်၌ ဖြစ်စေ၊ အနာဂတ်၌ဖြစ်စေ သင်လုပ်သည့်အရာ မည်သည့်အရာမဆို၊ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို မရပ်တန့်စေနိုင်ပေ။ အပျက်သဘောဆောင်သော အခြေအနေအချို့မှာ လူသား၏ အားနည်းချက်မှ လာသည်။ လူတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းဖို့ သို့မဟုတ် ယင်းတို့ကို သဘောပေါက်ဖို့ရန် အမှန်တကယ် မစွမ်းဆောင်နိုင်ဟု ယုံကြည်ကြသောအခါ၊ ၎င်းတို့ အပျက်သဘောဆောင်လာကြသည်။ ဥပမာအားဖြင့် ပြစ်တင်ဆုံးမခြင်း အချိန်အတောအတွင်းတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ပြစ်တင်ဆုံးမခြင်းအလယ်၌ ဘုရားသခင်အား ချစ်ခြင်းအကြောင်းကို အတိုင်းအတာတစ်ခုအထိ ပြောသော်လည်း၊ လူတို့သည် မိမိတို့ကိုယ်ကိုယ် တတ်စွမ်းနိုင်ခြင်းမရှိဟု ယုံကြည်ခဲ့ကြသည်။ ၎င်းတို့သည် အထူးသဖြင့် ဝမ်းနည်းပြီး ၎င်းတို့၏ ဇာတိကပတိသည် စာတန်၏ အလွန်အမင်း ဖောက်ပြန်ဖျက်ဆီးခြင်း ခံခဲ့ရပြီး ၎င်းတို့၏ အရည်အချင်း အလွန်ညံ့ဖျင်းသည်ဟု မြည်တမ်းခဲ့ကြလေသည်။ ဤပတ်ဝန်းကျင်ထဲတွင် ၎င်းတို့ မွေးဖွားခဲ့ကြသည်မှာ အင်မတန် ဝမ်းနည်းစရာဖြစ်သည်ဟု ခံစားခဲ့ကြသည်။ ပြီးလျှင် လူအချို့က ဘုရားသခင်ကို ယုံကြည်ရန်နှင့် ဘုရားသခင်ကိုသိရန် ၎င်းတို့အတွက် အလွန်နောက်ကျသွားပြီဖြစ်ပြီး၊ စုံလင်စေခြင်းခံရဖို့ ၎င်းတို့ မထိုက်တန်ကြဟု ခံစားခဲ့ကြသည်။ ဤအရာအားလုံးသည် ပုံမှန် လူသားအခြေအနေများ ဖြစ်သည်။

လူ၏ဇာတိပကတိသည် စာတန်နှင့်သက်ဆိုင်ပြီး၊ ပုန်ကန်လိုသော စိတ်သဘောထားများနှင့်

ပြည့်နှက်သည်၊ ယင်းသည် မနှစ်မြို့ဖွယ်ဖြစ်စွာ ညစ်ညမ်းပြီး၊ မသန့်ရှင်းသော အရာတစ်ခုဖြစ်သည်။ လူတို့သည် ဇာတိပကတိ၏ မွေ့လျော်မှုကို အလွန့်အလွန် တပ်မက်ကြပြီး ဇာတိပကတိ၏ သရုပ်သကန်များ အလွန့်အလွန် ရှိလေသည်။ ဤသည်မှာ ဘုရားသခင်သည် လူသား၏ ဇာတိပကတိကို အတိုင်းအတာတစ်ခုထိ စက်ဆုပ်ရွံရှာသည့် အကြောင်းရင်းဖြစ်သည်။ လူတို့သည် စာတန်၏ ညစ်ညမ်းသော၊ ဖောက်ပြန်ပျက်စီးသော အမှုအရာများကို စွန့်ပစ်သောအခါ ဘုရားသခင်၏ ကယ်တင်ခြင်းကို ၎င်းတို့ရရှိကြလေသည်။ သို့သော်လည်း ၎င်းတို့သည် ညစ်ညမ်းမှုနှင့် ဖောက်ပြန်ပျက်စီးခြင်းတို့ကို မထုတ်ပစ် သေးပါက၊ ၎င်းတို့သည် စာတန်၏ အုပ်စိုးမှုအောက်၌ အသက်ရှင် နေကြဆဲဖြစ်သည်။ လူတို့၏ သူတစ်ပါးကို ဒုက္ခပေးခြင်း၊ လှည့်ဖြားခြင်းနှင့် ကောက်ကျစ်ခြင်းအားလုံးသည် စာတန်နှင့်ဆိုင်သည့် အရာများဖြစ်သည်။ သင့်အား ဘုရားသခင်ကယ်တင်ခြင်းသည် သင့်ကို စာတန်၏ ဤအရာများမှ ကယ်ထုတ်ရန်ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် မမှားနိုင်ပေ။ ယင်းသည် လူတို့ကို အမှောင်မှ ကယ်တင်ဖို့ရန်သာ လုပ်ဆောင်ပေသည်။ သင်သည် အတိုင်းအတာတစ်ခုအထိ ယုံကြည်ပြီး ဖြစ်ကာ၊ မိမိကိုယ်ကိုယ် ဇာတိပကတိ၏ ဖောက်ပြန်ပျက်စီးခြင်းမှ ထုတ်ပစ်နိုင်ပြီး၊ ဤဖောက်ပြန်ပျက်စီးခြင်း၏ ချုပ်နှောင်ခြင်း မခံရတော့သောအခါတွင်၊ သင်သည် ကယ်တင်ခံရပြီး ဖြစ်လိမ့်မည် မဟုတ်လော။ သင်သည် စာတန်၏ အုပ်စိုးမှုအောက်၌ အသက်ရှင်သောအခါ သင်သည် ဘုရားသခင်ကို ထင်ရှားစေခြင်းငှာ မတတ်စွမ်းနိုင်ပေ၊ သင်သည် ညစ်ညမ်းသော အရာတစ်ခုဖြစ်ပြီး ဘုရားသခင်၏ အမွေဉစ္စာကို မရရှိနိုင်ပေ။ သင်သည် သန့်စင်ခံရပြီး စုံလင်စေခြင်း ခံရသည်နှင့်တစ်ပြိုင်နက်၊ သင်သည် သန့်ရှင်းလိမ့်မည်၊ ပုံမှန်လူတစ်ဦး ဖြစ်လိမ့်မည် ဖြစ်ပြီး၊ သင်သည် ဘုရားသခင်၏ ကောင်းချီးပေးခြင်း ခံရမည်ဖြစ်ကာ ဘုရားသခင်အဖို့ နှစ်သက်ဖွယ်ဖြစ်လိမ့်မည်။ ယနေ့ ဘုရားသခင် လုပ်ဆောင်သောအမှုသည် ကယ်တင်ခြင်းဖြစ်ပြီး၊ ထို့ပြင် ယင်းသည် တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ခြင်း ဖြစ်သည်။ ယင်းတွင် ရှုထောင့်များစွာ ရှိသည်။ ဘုရားသခင်၏ မိန့်မြွက်ချက်များတွင် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအပြင်၊ ကျိန်ခြင်းများ ပါရှိသည်ကို သင်တို့အားလုံး သိမြင်ကြ၏။ ငါသည် အကျိုးသက်ရောက်မှုတစ်ခု ရရှိရန်၊ လူတို့အား မိမိတို့ကိုယ်ကိုယ် သိစေရန်နှင့် လူတို့ကို မသတ်ဖို့ရန်အလို့ငှာ စကားပြောပေသည်။ ငါ၏ စိတ်နှလုံးသည် သင်တို့အဖို့ ဖြစ်၏။ စကားပြောဆိုခြင်းသည် ငါအမှုပြုသည့် နည်းလမ်းများမှ တစ်ခုဖြစ်သည်။ နှုတ်ကပတ်တော်များမှတစ်ဆင့် ငါသည် ဘုရားသခင်၏ စိတ်သဘောထားကို ဖော်ပြပြီး ဘုရားသခင်၏ အလိုတော်ကို သင်တို့အား နားလည်ခွင့်ပေးသည်။ သင်၏ ဇာတိပကတိသည်

သေဆုံးကောင်း သေဆုံးနိုင်သော်လည်း၊ သင်၌ စိတ်နှင့် ဝိညာဉ်ရှိသည်။ အကယ်၍ လူတို့တွင် ခန္ဓာကိုယ်သာ ရှိခဲ့ပါက၊ ၎င်းတို့၏ ယုံကြည်ခြင်း၌ အဓိပ္ပါယ်ရှိမည် မဟုတ်သကဲ့သို့ ငါလုပ်ဆောင်ပြီးဖြစ်သည့် ဤအမှုအားလုံးတွင်လည်း မည်သည့်အဓိပ္ပါယ်မျှ ရှိမည်မဟုတ်ပေ။ ယနေ့တွင်၊ ငါသည် တစ်နည်းဖြင့် စကားပြောပြီးနောက် နောက်တစ်နည်းဖြင့် ပြောဆိုသည်။ အချိန်တစ်ခုကြာ ငါသည် လူများအပေါ် အလွန့်အလွန် မုန်းတီးပြီး၊ ထို့နောက် အချိန်တစ်ခုကြာ ငါသည် အလွန့်အလွန် ချစ်မြတ်နိုးလေသည်။ ငါသည် ဤအရာအားလုံးကို သင်၏ စိတ်သဘောထားများ၌ ပြောင်းလဲမှု ရရှိရန်အပြင်၊ ဘုရားသခင်၏ အမှုနှင့်ဆိုင်သော သင်တို့၏ အယူအဆများကို ပြောင်းလဲစေရန် လုပ်ဆောင်ခြင်း ဖြစ်ပေသည်။

နောက်ဆုံးသောကာလသည် ရောက်ရှိလာပြီဖြစ်ပြီး ကမ္ဘာအနှံ့ရှိ နိုင်ငံများသည် ဝရုန်းသုန်းကား အခြေအနေတွင် ရှိနေသည်။ နိုင်ငံရေး ကစဉ့်ကလျားဖြစ်ခြင်း ရှိသည်၊ အစာခေါင်းပါးမှုများ၊ ကပ်ရောဂါများ၊ ရေလွှမ်းမိုးမှုများ.နှင့် မိုးခေါင်မှုများသည် နေရာအနှံ့ ဖြစ်ပေါ်လျက် ရှိသည်။ လူသား၏ကမ္ဘာ၌ ရုတ်တရက်ဖြစ်ပွားသည့်ကပ်ဘေး ရှိသည်။ ကောင်းကင်ဘုံသည်လည်း ဘေးဒုက္ခကို စေလွှတ်ပြီးဖြစ်သည်။ ဤအရာများသည် နောက်ဆုံးသောကာလ၏ လက္ခဏာရပ်များ ဖြစ်သည်။ သို့သော်လည်း လူများအဖို့ ယင်းသည် ပျော်ရွှင်မြူးထူးခြင်းနှင့် ခမ်းနားထည်ဝါခြင်း ပို၍ပို၍ ဖြစ်လာနေသော လောကနှင့် တူပုံရသည်။ လူတို့၏ စိတ်နှလုံးအားလုံးသည် ထိုအရာထံ ဆွဲဆောင်ခံရကာ များစွာသော လူတို့သည် ပိတ်မိနေကြပြီး ထိုအရာမှ သူတို့ကိုယ်သူတို့ မလွတ်မြောက်စေနိုင်ကြပေ။ လူမြောက်မြားစွာတို့သည် လှည့်စားမှုနှင့် မှော်အတတ်၌ ပါဝင်သောသူတို့၏ လှည့်ဖြားခြင်းကို ခံရလိမ့်မည်ဖြစ်သည်။ အကယ်၍ သင်သည် တိုးတက်ဖို့အတွက် မကြိုးပမ်းဘဲ၊ စံနမူနာများ မရှိသကဲ့သို့ မှန်ကန်သောလမ်းပေါ် မိမိကိုယ်ကိုယ် အမြစ်တွယ်မထားပါက၊ အပြစ်၏ လှိုင်းတံပိုးထခြင်းဖြင့် သင် ဖယ်ရှားခံရလိမ့်မည် ဖြစ်သည်။ တရုတ်နိုင်ငံသည် နိုင်ငံများအားလုံးအနက် ခေတ်နောက်အကျဆုံး ဖြစ်သည်။ ယင်းသည် အဆင်းနီသောနဂါးကြီး ရစ်ခွေလျက် လဲလျောင်းသော မြေဖြစ်သည်၊ ယင်းသည် ရုပ်တုများကို ကိုးကွယ်သောသူများနှင့် မှော်အတတ်တွင် ပါဝင်သောသူများ အများဆုံးရှိပြီး၊ ဘုံကျောင်းများ အများဆုံးရှိကာ၊ ညစ်ညူးသော မကောင်းဆိုးရွားများ နေထိုင်သော နေရာတစ်ခု ဖြစ်သည်။ သင်သည် ထိုနေရာ၌ မွေးခဲ့၏၊ ထိုနေရာအားဖြင့် သင်သည် ပညာတတ်မြောက်ခဲ့ပြီး၊ ယင်း၏ လွှမ်းမိုးမှုဖြင့် ပြည့်နှက်ခဲ့သည်။ သင်သည် ယင်း၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရကာ ညှဉ်းပန်းနှိပ်စက်ခြင်း ခံခဲ့ရသည်၊ သို့သော် နိုးထစေခြင်း ခံရပြီးနောက်တွင် သင်သည် ထိုအရာကို စွန့်လွှတ်ပြီး၊ ဘုရားသခင်၏ လုံးဝ ရယူခြင်းကို ခံရသည်။ ဤသည်မှာ ဘုရားသခင်၏ဘုန်းအသရေဖြစ်ပြီး၊

ဤသည်မှာ အမှု၏ ဤအဆင့်က ကြီးမားသော အရေးပါမှုရှိသည့် အကြောင်းရင်းဖြစ်သည်။ ဘုရားသခင်သည် ဤမျှကြီးမားသော အတိုင်းအတာရှိသည့် အမှုကို လုပ်ဆောင်ပြီး ဖြစ်သည်၊ နှုတ်ကပတ်တော်များစွာ ပြောဆိုပြီးဖြစ်ကာ၊ သူသည် သင်တို့ကို နောက်ဆုံးတွင် လုံးဝ ရယူလိမ့်မည်ဖြစ်သည်- ဤသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့်ဆိုင်သည့် အမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သင်တို့သည် ဘုရားသခင်နှင့် စာတန် စစ်ပွဲ၏ "အောင်ပွဲလက်ရပစ္စည်းများ" ဖြစ်သည်။ သမ္မာတရားကို သင် သာ၍နားလည်ပြီး သင်၏ အသင်းတော်အသက်တာ ပို၍ ကောင်းမွန်လေလေ၊ အဆင်းနီသော နဂါးကြီးသည် ရှုံးနိမ့်ရလေလေ ဖြစ်သည်။ ဤအရာများအားလုံးသည် ဝိညာဉ်လောက၏ ကိစ္စရပ်များဖြစ်သည်- ယင်းတို့သည် ဝိညာဉ်လောက၏ တိုက်ပွဲများဖြစ်ပြီး၊ ဘုရားသခင် အောင်နိုင်သည့်အခါ စာတန်သည် အရှက်ရပြီး လဲကျလိမ့်မည်။ ဘုရားသခင်၏အမှု၏ ဤအဆင့်သည် ကြီးမားသော အရေးပါမှုရှိသည်။ သင်တို့အနေဖြင့် စာတန်၏ လွှမ်းမိုးမှုမှ လွတ်မြောက်နိုင်ကြဖို့၊ သန့်ရှင်းသော မြေတွင် အသက်ရှင်နိုင်ကြဖို့၊ ဘုရားသခင်၏ အလင်းတွင် အသက်ရှင်နိုင်ကြဖို့နှင့် အလင်း၏ ဦးဆောင်မှုနှင့် လမ်းပြမှုတို့ ရှိနိုင်ကြဖို့အလို့ငှာ၊ ဘုရားသခင်သည် ထိုသို့သော ရောမအတိုင်းအတာဖြင့် အမှုကို လုပ်ဆောင်ပြီး ဤလူစုကို လုံးဝ ကယ်တင်လေသည်။ ထို့နောက် သင်၏ အသက်တာအဖို့ အဓိပ္ပါယ်ရှိသည်။ သင်တို့စားသည့်အရာနှင့် ဝတ်သည့်အရာသည် မယုံကြည်သူများနှင့် ခြားနားသည်။ သင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မွေ့လျော်ပြီး အဓိပ္ပါယ်ရှိသော အသက်တာကို နေထိုင်သည်- ပြီးလျှင် ၎င်းတို့သည် မည်သည့်အရာကို မွေ့လျော်ကြသနည်း။ ၎င်းတို့သည် ၎င်းတို့၏ "ဘိုးဘေးပိုင် အမွေအနှစ်" နှင့် သူတို့၏ "အမျိုးသားရေးစိတ်ဓာတ်" တို့ကိုသာ မွေ့လျော်ကြသည်။ ၎င်းတို့သည် လူ့သဘာဝ စိုးစဉ်းကလေးမျှပင် မရှိကြလေပြီ။ သင်တို့၏ အဝတ်အစားများ၊ စကားများနှင့် အပြုအမူများသည် ၎င်းတို့နှင့် လုံးဝခြားနားသည်။ နောက်ဆုံးတွင်၊ သင်တို့သည် ညစ်ညူးခြင်းမှ လုံးဝ လွတ်မြောက်ကြလိမ့်မည်၊ စာတန်၏ သွေးဆောင်ခြင်းတွင် နောက်ထပ် အမိခံရတော့မည် မဟုတ်သကဲ့သို့ ဘုရားသခင်၏ နေ့စဉ်ထောက်ပံ့မှုကို ရရှိကြလိမ့်မည် ဖြစ်သည်။ သင်တို့သည် အစဉ်မပြတ် သတိထားသင့်သည်။ သင်တို့သည် ညစ်ညမ်းသောနေရာ၌ အသက်ရှင်ကြသော်လည်း၊ ညစ်ညမ်းမှုနှင့် မစွန်းထင်းကြသကဲ့သို့ ဘုရားသခင်၏ ကြီးမားသော ကွယ်ကာမှုကို ရရှိလျက် ဘုရားသခင်နှင့်အတူ အသက်ရှင်နိုင်ကြလေသည်။ ဘုရားသခင်သည် သင်တို့ကို ဤအဝါရောင်မြေ ပေါ်တွင် အားလုံးထဲမှ ရွေးချယ်ထားလေသည်။ သင်တို့သည် ကောင်းချီး အခံစားရဆုံးလူများ ဖြစ်ကြသည် မဟုတ်လော။ သင်သည် ဖန်ဆင်းခံ သတ္တဝါတစ်ဦး

ဖြစ်သည်- သင်သည် ဘုရားသခင်ကို ကိုးကွယ်သင့်ပြီး အဓိပ္ပါယ်ရှိသော အသက်တာကို လိုက်စားရှာဖွေသင့်သည်မှာ အမှန်ပင် ဖြစ်ပေသည်။ အကယ်၍ သင်သည် ဘုရားသခင်ကို မကိုးကွယ်ဘဲ ညစ်ညမ်းသော သင်၏ ဇာတိပကတိအထဲ၌ အသက်ရှင်ပါက၊ သင်သည် လူ့အဝတ်အစားဖြင့် သားရဲတိရစ္ဆာန် တစ်ကောင်သာ ဖြစ်သည်မဟုတ်လော။ သင်သည် လူသားတစ်ဦး ဖြစ်သည့်အတွက်၊ သင့်ကိုယ်သင် ဘုရားသခင်အတွက် အသုံးခံသင့်ပြီး ဆင်းရဲဒုက္ခအားလုံးကို ခံရပ်သင့်ပေသည်။ သင်သည် ယနေ့ခံစားရသော ဆင်းရဲဒုက္ခအနည်းငယ်ကို ဝမ်းမြောက်စွာနှင့် အသေအချာ လက်ခံသင့်ပြီး ယောဘနှင့် ပေတရုကဲ့သို့ အဓိပ္ပါယ်ရှိသော အသက်တာတစ်ခုကို အသက်ရှင်သင့်သည်။ ဤကမ္ဘာလောကတွင်၊ လူသားသည် နတ်ဆိုး၏ အဝတ်အထည်ကို ဆင်မြန်းသည်၊ နတ်ဆိုးထံမှ အစားအစာကို စားပြီး၊ ယင်း၏ ညစ်ညမ်းခြင်း၌ လုံးလုံးလျားလျား နင်းချေခြင်းခံလာရလျက်၊ နတ်ဆိုး၏ ကြိုးဆွဲရာကလျက် အလုပ်လုပ်ကာ အစေခံလေသည်။ သင်သည် အသက်၏အဓိပ္ပါယ်ကို သဘောမပေါက်ပါက သို့မဟုတ် စစ်မှန်သော လမ်းခရီးကို မရရှိပါက၊ ဤသို့အသက်ရှင်ခြင်း၌ မည်သည့် အဓိပ္ပာယ် ရှိသနည်း။ သင်တို့သည် လမ်းကြောင်းမှန်ကို လိုက်စားရှာဖွေသောသူများ၊ တိုးတက်မှုကို ရှာဖွေသောသူများ ဖြစ်ကြသည်။ သင်တို့သည် အဆင်းနီသောနဂါးကြီး၏ တိုင်းနိုင်ငံထဲတွင် ထမြောက်ကြသူများ၊ ဘုရားသခင်က ဖြောင့်မတ်သည်ဟု ခေါ်ဆိုသောသူများ ဖြစ်ကြသည်။ ယင်းမှာ အဓိပ္ပါယ်အရှိဆုံး အသက်တာ ဖြစ်သည် မဟုတ်လော။

## လူ့ဇာတိခံယူခြင်း၏ နက်နဲရာအချက် (၁)

ကျေးဇူးတော်ခေတ်တွင်၊ ယောဟန်သည် ယေရှုအတွက် လမ်းခင်းပေးခဲ့သည်။ သူသည် ဘုရားသခင် ကိုယ်တော်တိုင်၏ အလုပ်ကို မလုပ်နိုင်ခဲ့ဘဲ လူသား၏ တာဝန်ကို ဖြည့်ဆည်းရုံမျှ ဖြည့်ဆည်းခဲ့သည်။ ယောဟန်သည် သခင်၏ရှေ့ပြေး ဖြစ်ခဲ့သော်လည်း၊ သူသည် ဘုရားသခင်ကို ကိုယ်စားမပြုနိုင်ခဲ့ပေ။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းကို ခံရသော လူသားတစ်ဦးသာ ဖြစ်သည်။ ယေရှု ဗတ္တိဇံခံပြီးနောက် သန့်ရှင်းသော ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ သူ့အပေါ်သို့ ဆင်းသက်ခဲ့သည်။ ထို့နောက် ယေရှုသည် သူ၏ အလုပ်ကို စတင်ခဲ့သည်၊ ဆိုလိုသည်မှာ သူသည် ခရစ်တော်၏ အမှုတော်ကို စတင်ခဲ့လေသည်။ သူကြွလာခဲ့သည်မှာ ဘုရားသခင်ထံမှ ဖြစ်သောကြောင့် သူသည် ဘုရားသခင်၏ သွင်ပြင်လက္ခဏာ ဆောင်ခဲ့သည်။ ဤမတိုင်မီ သူ၏ယုံကြည်ခြင်းသည် မည်ကဲ့သို့ပင်

ဖြစ်နေခဲ့ပါစေ- သူ၏ယုံကြည်ခြင်းသည် တစ်ခါတစ်ရံ အားနည်းကောင်း အားနည်းမည်၊ သို့မဟုတ် တစ်ခါတစ်ရံ ခိုင်မာကောင်း ခိုင်မာမည်— အားလုံးသည် ယေရှု သူ၏သာသနာကို မဆောင်ရွက်မီ သူ အသက်ရှင်ခဲ့သည့် သာမန် လူသားအသက်တာနှင့် သက်ဆိုင်ပေသည်။ သူ ဗတ္တိဇံ ခံပြီးနောက် (ယင်းမှာ ဘိသိက်ခံပြီးနောက်ဖြစ်သည်)၊ ဘုရားသခင်၏ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် သူနှင့်အတူ ချက်ချင်း ရှိကြပြီး၊ ထို့ကြောင့် သူသည် သူ၏ သာသနာကို စတင်ခဲ့လေသည်။ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကို လုပ်ဆောင်နိုင်ခဲ့သည်၊ အံ့သြဖွယ်ရာများကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ သူသည် ဘုရားသခင်ကိုယ်တော်တိုင်၏ ကိုယ်စား တိုက်ရိုက် လုပ်ဆောင်နေခဲ့သောကြောင့် တန်ခိုးနှင့် သြဇာအာဏာတို့ ရှိခဲ့လေသည်။ ဝိညာဉ်တော်၏ အလုပ်ကို သူသည် ကိုယ်စားလုပ်ဆောင်နေခဲ့ပြီး၊ ဝိညာဉ်တော်၏ အသံကို ဖော်ပြနေခဲ့သည်။ ထို့ကြောင့် သူသည် ဘုရားသခင် ကိုယ်တော်တိုင်ပင် ဖြစ်ခဲ့လေသည်။ ဤကား ငြင်းဆန်၍မရသော အရာဖြစ်သည်။ ယောဟန်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းခံရသည့် သူတစ်ဦး ဖြစ်သည်။ သူသည် ဘုရားသခင်ကို ကိုယ်စားမပြုနိုင်သကဲ့သို့ ဘုရားသခင်ကို ကိုယ်စားပြုရန်လည်း မဖြစ်နိုင်ပေ။ သူသည် ထိုသို့ပြုလုပ်ရန် ဆန္ဒရှိခဲ့ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အား လုပ်ဆောင်ခွင့်ပြုမည် မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် ကိုယ်တော်တိုင် ပြီးမြောက်ရန် ရည်ရွယ်ထားသည့် အမှုကို သူမဆောင်ရွက်နိုင်သည့်အတွက် ဖြစ်သည်။ သူ့အထဲတွင် လူသား၏ဆန္ဒများစွာ သို့မဟုတ် သွေဖည်သောအရာတစ်ခုခု ရှိကောင်းရှိလိမ့်မည်၊ မည်သည့် အခြေအနေတွင်မျှ သူသည် ဘုရားသခင်ကို တိုက်ရိုက်ကိုယ်စား ပြုနိုင်မည် မဟုတ်။ သူ၏ အမှားများနှင့် မမှန်ကန်မှုများက သူ့ကိုသာ ကိုယ်စားပြုနေသော်လည်း၊ သူ၏အမှုသည် သန့်ရှင်းသော ဝိညာဉ်တော်ကို ကိုယ်စားပြုခဲ့ပေသည်။ သို့သော်၊ သူ၏ အရာအားလုံးသည် ဘုရားသခင်ကို ကိုယ်စားပြုသည်ဟု သင်ပြော၍မရပေ။ သူ၏ သွေဖည်မှုနှင့် မမှန်ကန်မှုတို့ကလည်း ဘုရားသခင်ကို ကိုယ်စားပြုနိုင်မည်လော။ လူသားကို ကိုယ်စားပြုရာတွင် မမှန်ကန်ခြင်းမှာ ပုံမှန်ဖြစ်သည်၊ သို့သော် ဘုရားသခင်ကို ကိုယ်စား ပြုရာတွင် သွေဖည်ပါက၊ ယင်းသည် ဘုရားသခင်ကို အရှက်ရစေခြင်း ဖြစ်လိမ့်မည် မဟုတ်လော။ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်ကို ပြစ်မှားစော်ကားခြင်း ဖြစ်လိမ့်မည်မဟုတ်လော။ လူသည် အခြားသူများ၏ ချီးမြှောက်ခြင်းခံရသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့ကို ဘုရားသခင်နေရာတွင် ရပ်တည်ရန် တော်ရုံတန်ရုံ ခွင့်မပြုပေ။ သူသည် ဘုရားသခင် မဟုတ်ပါက၊ အဆုံးတွင် ခိုင်မြဲစွာ ရပ်တည်နိုင်မည် မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားကို သူနှစ်သက်သည့်အတိုင်း

ဘုရားသခင်ကို ကိုယ်စားပြုရန် ခွင့်မပြုပေ။ ဥပမာအားဖြင့်၊ ယောဟန်ကို သက်သေခံခဲ့သည်မှာ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပြီး ယေရှုကို လမ်းကြောင်းခင်းပေးသူတစ်ဦးအဖြစ် သူ့ကို ထုတ်ဖော်ပြခဲ့သည်မှာလည်း သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်၊ သို့သော် သူ့အပေါ် သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်ခဲ့သည့် အမှုကို ကောင်းစွာ ချင့်ချိန်ထားခဲ့၏။ ယောဟန်ကို စေခိုင်းခဲ့သမျှမှာ ယေရှုအတွက် လမ်းခင်းပေးသူဖြစ်ရန်၊ သူ့အတွက် လမ်းခရီးကို ပြင်ဆင်ပေးရန် ဖြစ်သည်။ ဆိုလိုသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် လမ်းခင်းပေးရာတွင်သာ ယောဟန်၏ အလုပ်ကိုအတည်ပြုခဲ့ပြီး၊ ထိုသို့သော အလုပ်ကို လုပ်ဆောင်ဖို့သာ သူ့ကို ခွင့်ပြုခဲ့ပေသည်- အခြားသော အလုပ်ကိုလုပ်ဖို့ ခွင့်မပြုခဲ့ပေ။ ယောဟန်သည် ဧလိယကို ကိုယ်စားပြုခဲ့ပြီး လမ်းခင်းပေးခဲ့သည့် ပရောဖက်တစ်ဦးကို ကိုယ်စားပြုခဲ့သည်။ ဤအရာတွင်သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့ကို အတည်ပြုခဲ့သည်။ သူ၏ အလုပ်သည် လမ်းခင်းပေးဖို့ ဖြစ်နေသရွေ့ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့ကို အတည်ပြုခဲ့သည်။ သို့သော်၊ သူသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်ကြောင်း အခိုင်အမာဆိုခဲ့ပြီး ရွေးနုတ်ခြင်းအမှုကို အပြီးသတ်ဖို့ လာခဲ့ခြင်းဖြစ်သည်ဟု ဆိုခဲ့ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့ကို ဆုံးမပဲ့ပြင်ခဲ့ရပေမည်။ ယောဟန်၏ အလုပ်သည် မည်မျှပင် ကြီးမြတ်ပါစေ၊ ပြီးလျှင် ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အတည်ပြုခြင်းကို ရလင့်ကစား၊ သူ၏ အလုပ်သည် နယ်နိမိတ် ကင်းမဲ့သည် မဟုတ်ချေ။ သူ၏လုပ်ဆောင်မှုကို သန့်ရှင်းသော ဝိညာဉ်တော်က ဧကန်အမှန် အတည်ပြုခဲ့သည်မှာ မှန်ပါ၏၊ သို့သော်၊ ထိုအချိန်တွင် သူ့ကိုပေးခဲ့သည့် တန်ခိုးမှာ သူ၏လမ်းခင်းပေးခြင်း အထိသာ ကန့်သတ်ထားခဲ့ပေသည်။ သူသည် လမ်းခင်းပေးသည့် ယောဟန်သာ ဖြစ်ပြီး ယေရှုမဟုတ်သည့်အတွက် အခြား မည်သည့်အလုပ်ကိုမျှ လုံးဝ မလုပ်ဆောင်နိုင်ခဲ့ပေ။ ထို့ကြောင့်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ သက်သေခံချက်မှာ အဓိကသော့ချက် ဖြစ်သည်၊ သို့သော်လည်း လူသား လုပ်ဆောင်ရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော် အခွင့်ပေးသည့် အလုပ်မှာ ပို၍ပင် အရေးပါလှပေသည်။ ယောဟန်သည် ထိုအချိန်က ထူးကဲသော သက်သေကို ရရှိခဲ့ပြီးဖြစ်သည် မဟုတ်လော။ သူ၏ အလုပ်သည်လည်း ကြီးမြတ်ခဲ့သည် မဟုတ်သလော။ သို့သော် သူသည် သန့်ရှင်းသော ဝိညာဉ်တော် အသုံးပြုသည့် လူသားတစ်ဦးမျှသာ ဖြစ်ပြီး ဘုရားသခင်ကို တိုက်ရိုက် ကိုယ်စားမပြုနိုင်ခဲ့သောကြောင့် သူလုပ်ဆောင်ခဲ့သည့် အလုပ်သည် အကန့်အသတ်ရှိခဲ့သည့်အတွက် ယေရှု၏ အလုပ်ကို မကျော်လွန်နိုင်ခဲ့ပေ။ သူလမ်းခင်းသည့် အလုပ် ပြီးစီးပြီးနောက်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏ သက်သေခံချက်ကို အတည်မပြုပေးတော့ပေ၊ မည်သည့် အလုပ်သစ်မျှသူ့နောက် လိုက်မလာတော့သကဲ့သို့

ဘုရားသခင် ကိုယ်တော်တိုင်၏အမှု စတင်ခဲ့ချိန်တွင် သူထွက်ခွာသွားခဲ့သည်။

ဆိုးညစ်သော ဝိညာဉ်များ၏ ဝင်ပူးခြင်းကို ခံရပြီး "ငါသည် ဘုရားဖြစ်သည်" ဟု အာပေါင်အာရင်းသန်သန် ကြွေးကြော်ကြသူ အချို့ရှိ၏။ သို့ရာတွင် သူတို့သည် မိမိတို့ကိုယ်စားပြုသည့်အရာတွင် မှားယွင်းကြသည့်အတွက် အဆုံး၌ ထုတ်ဖော်ခြင်းကို ခံကြရသည်။ သူတို့သည် စာတန်ကို ကိုယ်စားပြုပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့ကို အရေးမထားပေ။ သင်သည် မိမိကိုယ်ကိုယ်မည်မျှပင် မြင့်မားစွာ ချီးမြှောက်သည်ဖြစ်စေ၊ သို့မဟုတ် မည်မျှပင် ပြင်းပြင်းထန်ထန် ဟစ်ကြွေးသည်ဖြစ်စေ၊ သင်သည် ဖန်ဆင်းခံတစ်ဦး ဖြစ်နေဆဲဖြစ်ပြီး၊ စာတန်နှင့် သက်ဆိုင်သောသူ ဖြစ်သည်။ "ငါသည် ဘုရားသခင်ဖြစ်သည်၊ ငါသည် ဘုရားသခင်၏ ချစ်တော်မူသော သားတော်ဖြစ်သည်" ဟု ဘယ်သောအခါမျှ ငါမဟစ်ကြွေးပေ။ သို့သော် ငါပြုသည့်အမှုသည် ဘုရားသခင်၏ အမှုဖြစ်၏။ ငါဟစ်အော်ဖို့ လိုသလော။ ချီးမြှောက်ခြင်း မလိုအပ်ပေ။ ဘုရားသခင်သည် သူ၏အလုပ်ကို သူကိုယ်တိုင်လုပ်ပြီး၊ လူသားက သူ့ကို အဆင့်အတန်းတစ်ခု နှင်းအပ်ပေးရန်၊ သို့မဟုတ် ချီးမြှောက်သည့် ဂုဏ်ပုဒ်တစ်ခုပေးရန် မလိုအပ်ပေ။ သူ၏ အမှုက သူ၏ ကိုယ်ပိုင်လက္ခဏာနှင့် အဆင့်အတန်းကို ကိုယ်စားပြုပေသည်။ ဗတ္တိဇံမခံမီတွင် ယေရှုသည် ဘုရားသခင်ကိုယ်တော်တိုင် မဟုတ်ခဲ့လေသလော။ သူသည် လူ့ဇာတိခံယူထားသည့် ဘုရားသခင် မဟုတ်ခဲ့လေသလော။ သူသည် သက်သေကို ရရှိပြီးနောက်မှသာ ဘုရားသခင်၏ တစ်ပါးတည်းသောသားတော် ဖြစ်လာခဲ့သည်ဟု ပြော၍မရနိုင်သည်ကား ဧကန်မုချ ဖြစ်၏။ သူသည် မိမိ၏အမှုကို မစတင်မီ အချိန်ကြာမြင့်စွာကတည်းက၊ ယေရှုဟု အမည်တွင်သည့် လူတစ်ဦး ရှိခဲ့သည် မဟုတ်လော။ သင်သည် အသစ်သော လမ်းကြောင်းများကို မဆောင်ကြဉ်းနိုင် သို့မဟုတ် ဝိညာဉ်တော်ကို ကိုယ်စားမပြုနိုင်ပေ။ သင်သည် ဝိညာဉ်တော်၏ အလုပ် သို့မဟုတ် သူပြောသည့် နှုတ်ကပတ်တော်များကို သင်မဖော်ပြနိုင်။ ဘုရားသခင် ကိုယ်တော်တိုင်၏အမှုကို သင် မလုပ်ဆောင်နိုင်သကဲ့သို့ ဝိညာဉ်တော်၏ အလုပ်ကို သင်မလုပ်နိုင်ပေ။ ဘုရားသခင်၏ ဉာဏ်ပညာ၊ အံ့ဖွယ်ရာနှင့် ဉာဏ်မမီနိုင်မှုများ၊ ပြီးလျှင် လူသားကို ဘုရားသခင် ပြစ်တင်ဆုံးမသည့် စိတ်သဘောထား အလုံးစုံ- ဤအရာအားလုံးသည် သင်၏ ဖော်ပြနိုင်စွမ်းကို ကျော်လွန်သည်။ သို့ဖြစ်ရာ ဘုရားသခင်ဖြစ်သည်ဟု အခိုင်အမာဆိုရန် ကြိုးစားခြင်းသည် အချည်းနှီး ဖြစ်လိမ့်မည်၊ သင်သည် နာမည်သာရှိပြီး မည်သည့် အနှစ်သာရမျှ ရှိလိမ့်မည်မဟုတ်။ ဘုရားသခင် ကိုယ်တော်တိုင် လာပြီးဖြစ်သော်လည်း၊ မည်သူမျှ သူ့ကိုမမှတ်မိပေ၊ သို့သော် သူသည် သူ၏အလုပ်ကို ဆက်လက်လုပ်ဆောင်ပြီး၊ ဝိညာဉ်တော်ကို ကိုယ်စားပြုခြင်းကိုလည်း ဆက်လက်

လုပ်ဆောင်သည်။ သင့်အနေဖြင့် သူ့ကို လူသားဟုခေါ်သည်ဖြစ်စေ ဘုရားသခင်ဟု ခေါ်သည်ဖြစ်စေ၊ သခင်ဟုခေါ်သည်ဖြစ်စေ ခရစ်တော်ဟု ခေါ်သည်ဖြစ်စေ၊ သို့မဟုတ် သူ့ကို အစ်မဟု ခေါ်သည်ဖြစ်စေ၊ အရေးမကြီးပေ။ သို့သော်လည်း သူပြသည့်အမှုမှာ ဝိညာဉ်တော်၏ အလုပ်ဖြစ်ပြီး၊ ဘုရားသခင် ကိုယ်တော်တိုင်၏ အလုပ်ကို ကိုယ်စားပြုသည်။ လူသားက သူ့ကို ခေါ်ဆိုသည့် အမည်နာမကို သူဂရုမစိုက်ပေ။ ထိုအမည်နာမသည် သူ၏အလုပ်ကို အဆုံးအဖြတ်ပေးနိုင်သလော။ သင်သူ့ကို မည်သို့ခေါ်သည်ဖြစ်စေ၊ ဘုရားသခင်နှင့် ပတ်သက်သရွေ့ သူသည် ဘုရားသခင်၏ဝိညာဉ်တော်၏ လူ့ဇာတိခံ ကိုယ်ခန္ဓာ ဖြစ်သည်။ သူသည် ဝိညာဉ်တော်ကို ကိုယ်စားပြုပြီး ဝိညာဉ်တော်၏ထောက်ခံမှုကို ရသည်။ အကယ်၍ သင်သည် ခေတ်သစ်တစ်ခုအတွက် လမ်းခရီး မဖန်တီးနိုင်ပါက၊ ခေတ်ဟောင်းကို အဆုံးမသတ်နိုင်ပါက၊ ခေတ်သစ်ကို မဖွင့်လှစ်ပေးနိုင်ပါက၊ အသစ်သော အလုပ်ကို မလုပ်ဆောင်နိုင်ပါက၊ သင့်ကို ဘုရားသခင်ဟု ခေါ်၍မရပေ။

သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းကို ခံရသည့် လူသားတစ်ဦးကပင် ဘုရားသခင် ကိုယ်တော်တိုင်ကို ကိုယ်စား မပြုနိုင်ချေ။ ထိုသို့သောလူသားသည် ဘုရားသခင်ကို ကိုယ်စားမပြုနိုင်ဟု ဆိုလိုသည်သာမက၊ သူလုပ်ဆောင်သည့် အလုပ်သည်လည်း ဘုရားသခင်ကို တိုက်ရိုက် ကိုယ်စားမပြုနိုင်ဟု ဆိုလိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်၊ လူသား၏ အတွေ့အကြုံကို ဘုရားသခင်၏ စီမံခန့်ခွဲမှုအတွင်းတွင် တိုက်ရိုက်နေရာပေး၍ မရသကဲ့သို့၊ ယင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ကိုယ်စားမပြုနိုင်ပေ။ ဘုရားသခင် ကိုယ်တော်တိုင် လုပ်ဆောင်သော အလုပ်သည်၊ သူကိုယ်တိုင်၏ စီမံခန့်ခွဲမှု အစီအစဉ်ထဲတွင် လုပ်ဆောင်ရန် သူရည်ရွယ်ထားသည့် အလုပ်ဖြစ်ပြီး ကြီးမြတ်သည့် စီမံခန့်ခွဲမှုနှင့် ဆက်စပ်ပေသည်။ လူသားက ဆောင်ရွက်သည့် အလုပ်သည် ၎င်းတို့တစ်ဦးချင်းစီ၏ အတွေ့အကြုံကို ထောက်ပံ့ပေးခြင်း ပါဝင်သည်။ သူ့ရှေ့တွင် သွားပြီးသူများ လျှောက်ခဲ့ကြသည့်အတွေ့အကြုံ လမ်းကြောင်းကို ကျော်လွန်၍ အသစ်သော လမ်းကြောင်းကို ရှာတွေ့ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုအောက်တွင်ရှိစဉ်တွင် ၎င်းတို့၏ညီအစ်ကို မောင်နှမများကို လမ်းပြခြင်းတို့ ပါဝင်သည်။ ဤလူများ ထောက်ပံ့ပေးသည့်အရာမှာ ၎င်းတို့တစ်ဦးချင်းစီ၏ အတွေ့အကြုံ၊ သို့မဟုတ် ဝိညာဉ်ရေးရာ လူတို့၏ ဝိညာဉ်ရေးရာ အရေးအသားများ ဖြစ်သည်။ ဤလူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းကို ခံရသော်လည်း၊ ၎င်းတို့ လုပ်ဆောင်သည့် အလုပ်သည် အနှစ်ခြောက်ထောင် အစီအစဉ်ထဲက ကြီးမြတ်သည့် စီမံခန့်ခွဲမှုအမှုနှင့် ဆက်နွယ်မှုမရှိပေ။ ၎င်းတို့သည် ၎င်းတို့ ဆောင်ရွက်နိုင်သည့် လုပ်ငန်းတာဝန်များ ဆုံးခန်းတိုင်သွားသည်အထိ၊

သို့မဟုတ် ၎င်းတို့၏ အသက်တာများ အဆုံးသတ်သည်အထိ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းထဲတွင် လူတို့ကို ဦးဆောင်ရန် မတူညီသည့် ခေတ်ကာလများ၌ သန့်ရှင်းသော ဝိညာဉ်တော်က မြှင့်တင်ခဲ့သည့် သူများသာ ဖြစ်ကြသည်။ ၎င်းတို့လုပ်ဆောင်သည့် အလုပ်မှာ ဘုရားသခင်ကိုယ်တော်တိုင်အတွက် သင့်တော်သည့် လမ်းကြောင်းကို ပြင်ဆင်ပေးရန်၊ သို့မဟုတ် ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်ကိုယ်တော်တိုင်၏ စီမံခန့်ခွဲမှုနှင့်ဆိုင်သော ကဏ္ဍတစ်ခုခုကို ဆက်လက်လုပ်ဆောင်ရန်သာ ဖြစ်သည်။ ဤလူများသည် မိမိတို့ကိုယ်၌အားဖြင့် ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့်ဆိုင်သည့် သာ၍ကြီးမားသော အလုပ်ကို မလုပ်နိုင်ကြသကဲ့သို့၊ အသစ်သော ထွက်ပေါက်များကိုပင် မဖွင့်နိုင်ကြသည့်အပြင်၊ ၎င်းတို့ထဲမှ မည်သူမျှသည် ယခင်ခေတ်ကာလမှ ဘုရားသခင်၏ အမှုအားလုံးကို အဆုံးသတ်စေရန် သာ၍ပင် မလုပ်နိုင်ချေ။ ထို့ကြောင့် ၎င်းတို့လုပ်သည့် အလုပ်သည် ဖန်ဆင်းခံ သတ္တဝါက မိမိ၏လုပ်ငန်းဆောင်တာကို ဆောင်ရွက်ခြင်းကိုသာ ကိုယ်စားပြုပြီး၊ ဘုရားသခင်ကိုယ်တိုင်က သူ၏အမှုတော်ကို ဆောင်ရွက်ခြင်းအား ကိုယ်စားမပြုနိုင်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့လုပ်ဆောင်သော အလုပ်သည် ဘုရားသခင်ကိုယ်တော်တိုင်က လုပ်ဆောင်ခဲ့သည့် အမှုနှင့် မတူသောကြောင့် ဖြစ်သည်။ ခေတ်သစ်တစ်ခေတ်ကို ဖွင့်လှစ်ပေးသည့် အလုပ်သည် ဘုရားသခင်ကိုယ်စား လူသားက ပြုလုပ်နိုင်သော အရာတစ်ခု မဟုတ်ချေ။ ယင်းကို ဘုရားသခင် ကိုယ်တော်တိုင်မှလွဲ၍ အခြားမည်သူမျှ မပြုလုပ်နိုင်ပေ။ လူသား လုပ်ဆောင်သည့် အလုပ်အားလုံးသည် ဖန်ဆင်းခံသတ္တဝါတစ်ဦးအနေဖြင့် သူ၏တာဝန်ကို ဆောင်ရွက်ခြင်း ပါဝင်ပြီး သန့်ရှင်းသော ဝိညာဉ်တော်က သူ့ကို တို့ထိသည့်အခါ၊ သို့မဟုတ် ဉာဏ်အလင်းပေးသည့်အခါ လုပ်ဆောင်ခြင်းဖြစ်သည်။ ဤလူများက ထောက်ပံ့ပေးသည့် လမ်းပြမှုမှာ နေ့စဉ်အသက်တာ၌ လူကို လက်တွေ့လုပ်ဆောင်သည့် လမ်းကြောင်းနှင့် ဘုရားသခင်၏ အလိုတော်နှင့်အညီ မည်သို့ပြုမူသင့်သည်တို့ကို ပြပေးခြင်း လုံးလုံးလျားလျား ပါဝင်လေသည်။ လူသား၏အလုပ်၌ ဘုရားသခင်၏ စီမံခန့်ခွဲမှု မပါဝင်သကဲ့သို့ ဝိညာဉ်တော်၏ အလုပ်ကိုလည်း ကိုယ်စားမပြုပေ။ ဥပမာတစ်ခုအနေဖြင့်၊ မျက်မြင်သက်သေ လီ (Lee) နှင့် စောင့်ကြပ်ကြည့်ရှုသူ နီ (Nee) တို့၏အလုပ်မှာ လမ်းပြရန်ဖြစ်သည်။ လမ်းသစ်ဖြစ်စေ လမ်းဟောင်းဖြစ်စေ၊ အလုပ်သည် သမ္မာကျမ်းစာအတွင်းတွင် ရှိနေခြင်း သဘောတရားအပေါ် အခြေခံခဲ့လေသည်။ ဒေသခံအသင်းတော်ကို ပြန်လည်ပြုပြင်ဖို့ဖြစ်စေ၊ ဒေသခံအသင်းတော်ကို တည်ဆောက်ဖို့ဖြစ်စေ၊ ၎င်းတို့၏အလုပ်မှာ အသင်းတော်များကို တည်ထောင်ခြင်းနှင့် သက်ဆိုင်လေသည်။ သူတို့လုပ်ဆောင်သည့် အလုပ်သည် ယေရှုနှင့် သူ၏တမန်တော်များက

မပြီးပြတ်ဘဲ ကျန်ခဲ့သည့် အလုပ်၊ သို့မဟုတ် ကျေးဇူးတော်ခေတ်တွင် ဆက်လက် မဖြစ်ပေါ် ခဲ့သည့် အလုပ်ကို ဆက်လုပ်ခြင်း ဖြစ်သည်။ သူတို့အလုပ်၌ သူတို့လုပ်ဆောင်ခဲ့သည့်အရာမှာ ယေရှုက သူ၏နောင်လာမျိုးဆက်များကို သူ၏ကနဦးအမှုတွင် တောင်းဆိုခဲ့သည့် ခေါင်းဖုံးခြင်း၊ ဗတ္တိဇံခံခြင်း၊ မုန့်ကိုချိုးဖဲ့ခြင်း၊ သို့မဟုတ် စပျစ်ရည်သောက်ခြင်း စသည်တို့ကို ပြန်လည်ဖော်ထုတ်ရန် ဖြစ်သည်။ ၎င်းတို့၏အလုပ်သည် ကျမ်းစာကို ထိန်းသိမ်းရန်နှင့် ကျမ်းစာအတွင်းရှိ လမ်းကြောင်းများကို ရှာဖွေရန်ဖြစ်သည်ဟု ဆိုနိုင်သည်။ သူတို့သည် အသစ်ဖြစ်သော မည်သည့်တိုးတက်မှုကိုမျှ လုပ်ဆောင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ၎င်းတို့၏အလုပ်တွင် ကျမ်းစာအတွင်းရှိ လမ်းသစ်များအပြင် သာ၍ ကောင်းမွန်ပြီး သာ၍ လက်တွေ့ကျသည့် ကျင့်ကြံမှုများကို ရှာဖွေတွေ့ရှိခြင်းကိုသာ မြင်တွေ့နိုင်သည်။ သို့သော် ၎င်းတို့၏အလုပ်ထဲတွင် ဘုရားသခင်၏ လက်ရှိအလိုတော်ကို မမြင်တွေ့နိုင်ဘဲ၊ နောက်ဆုံးသောကာလ၌ ဘုရားသခင် လုပ်ဆောင်ရန် စီစဉ်ထားသည့် အသစ်သော အမှုကို သာ၍ပင် မတွေ့နိုင်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သူတို့လျှောက်သည့် လမ်းကြောင်းသည် လမ်းဟောင်းတစ်ခု ဖြစ်နေဆဲဖြစ်သောကြောင့် ဖြစ်သည်- အသစ်ပြုပြင်ခြင်းနှင့် တိုးတက်မှုတစ်ခုမျှ မရှိပေ။ ၎င်းတို့သည် ယေရှု၏ ကားစင်တင်ခံရခြင်း အချက်ကို ဆက်လက်စွဲကိုင်ထားကြသည်၊ လူများကို နောင်တရ၍ မိမိတို့၏ အပြစ်များကိုဝန်ခံရန် တောင်းဆိုသည့် ကျင့်ကြံမှုကို ဆက်လက်လိုက်နာကြသည်၊ အဆုံးတိုင်အောင် ကြံ့ကြံ့ခံသောသူသည် ကယ်တင်ခံရလိမ့်မည်ဟူသည့် ဆိုရိုးစကားများနှင့် ယောက်ျားသည် မိန်းမ၏ ဦးခေါင်းဖြစ်ပြီး၊ မိန်းမသည် မိမိခင်ပွန်းကို နာခံရမည်ဟူသည့် ဆိုရိုးစကားများနှင့် ညီအစ်မများသည် တရားမဟောရဘဲ နာခံရုံ နာခံရမည်ဆိုသည့် ရိုးရာ အယူအဆကို ဆက်လက်စောင့်ထိန်းကြလေသည်။ အကယ်၍ ထိုသို့သော ဦးဆောင်မှုပုံစံကို ဆက်လက်လိုက်နာမည်ဆိုပါက၊ သန့်ရှင်းသောဝိညာဉ်တော်သည် အမှုသစ်ကို ဘယ်သောအခါမျှ လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်၊ လူတို့ကို အယူဝါဒများထဲမှ လွတ်မြောက်စေနိုင်မည် မဟုတ်သကဲ့သို့ ၎င်းတို့ကို လွတ်လပ်မှုနှင့် လှပမှု နယ်ပယ်ထဲသို့ ဦးဆောင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ခေတ်ကို ပြောင်းလဲစေသည့် ဤအမှုအဆင့်ကို ဘုရားသခင်ကိုယ်တော်တိုင်က လုပ်ဆောင်ပြီး ပြောဆိုရမည် ဖြစ်သည်၊ သို့မဟုတ်ပါက မည်သည့်လူသားကမျှ သူ့ကိုယ်စား မလုပ်ဆောင်နိုင်ပေ။ ဤအထိ၊ ဤရေစီးကြောင်းပြင်ပရှိ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်အားလုံးသည် လုံးဝဥဿုံ ရပ်တန့်သွားပြီးဖြစ်ကာ သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းကိုခံရသော သူများသည် မိမိတို့၏ ရပ်တည်ရာများ ပျောက်ဆုံးသွားပြီးဖြစ်သည်။ ထို့ကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသုံးပြုခြင်းကို

ခံရသည့် လူတို့၏ အလုပ်သည် ဘုရားသခင်ကိုယ်တော်တိုင် လုပ်ဆောင်သည့် အလုပ်နှင့် တူညီမှုမရှိသည့်အတွက်၊ ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာများနှင့် မည်သူ၏ကိုယ်စား သူတို့လုပ်ကိုင်သည်ဟူသည့် အကြောင်းအရာများသည်လည်း ထိုကဲ့သို့ပင် ကွဲပြားမှုရှိကြသည်။ ဤသို့ဖြစ်ရခြင်းမှာ သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်ရန် ရည်ရွယ်သောအမှုသည် ကွဲပြားသောကြောင့် ဖြစ်ပြီး၊ သို့ဖြစ်၍ အလားတူလုပ်ဆောင်သူများသည် မတူညီသည့် ကိုယ်ပိုင်လက္ခဏာများနှင့် အဆင့်အတန်းများ အပ်နှင်းခြင်းခံရလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းခံရသည့် လူတို့သည် ဆန်းသစ်သည့် အလုပ်အချို့ကိုလည်း လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်ပြီး၊ ယခင်ခေတ်က လုပ်ဆောင်ခဲ့သည့် အလုပ်အချို့ကိုလည်း ဖယ်ရှားကောင်းဖယ်ရှားနိုင်၏၊ သို့သော်လည်း ၎င်းတို့လုပ်ဆောင်သည့် အရာသည် အသစ်သော ခေတ်ထဲရှိ ဘုရားသခင်၏ စိတ်သဘောထားနှင့် အလိုတော်ကို ဖော်ပြနိုင်ခြင်း မရှိပေ။ ယခင်ခေတ်က အလုပ်ကို ဖယ်ရှားရန်သာ ၎င်းတို့လုပ်ဆောင်ကြပြီး၊ ဘုရားသခင်ကိုယ်တော်တိုင်၏ စိတ်သဘောထားကို တိုက်ရိုက်ကိုယ်စားပြုရန် ရည်ရွယ်သည့် အသစ်သောအလုပ်ကို လုပ်ဆောင်ရန် မဟုတ်ပေ။ ထို့ကြောင့်၊ ၎င်းတို့သည် ခေတ်မမီတော့သည့် လက်တွေ့လုပ်ဆောင်မှုမည်မျှကို ပယ်ဖျက်သည်ဖြစ်စေ၊ သို့မဟုတ် လက်တွေ့လုပ်ဆောင်မှုအသစ် မည်မျှကို ၎င်းတို့ စတင်ကြသည်ဖြစ်စေ၊ ၎င်းတို့သည် လူသားနှင့် ဖန်ဆင်းခံသတ္တဝါများကိုသာ ကိုယ်စားပြုဆဲဖြစ်သည်။ သို့သော် ဘုရားသခင်ကိုယ်တော်တိုင် အမှုကို ဆောင်ရွက်သည့်အခါ၊ သူသည် ခေတ်ဟောင်း၏ လက်တွေ့လုပ်ဆောင်မှုများအား ပယ်ဖျက်ခြင်းကို ပွင့်လင်းစွာ မကြေညာပေ၊ သို့မဟုတ် ခေတ်သစ်တစ်ခု၏ စတင်မှုကို တိုက်ရိုက် မကြေညာချေ။ သူသည် မိမိ၏အမှုတွင် ပွင့်လင်းကာ ဖြောင့်မတ်လေသည်။ သူရည်ရွယ်သည့် အလုပ်ကို ဆောင်ရွက်ရာ၌ သူသည် ပွင့်လင်း၏။ ဆိုလိုသည်မှာ၊ သူ ဆောင်ကြဉ်းပြီးဖြစ်သည့် အမှုကို သူ တိုက်ရိုက်ဖော်ပြသည်၊ သူ၏ ဖြစ်တည်ခြင်းနှင့် စိတ်သဘောထားကို ဖော်ပြလျက် နဂိုမူလ ရည်ရွယ်ထားသည့်အတိုင်း သူ၏အမှုကို တိုက်ရိုက် လုပ်ဆောင်လေသည်။ လူသား၏ အမြင်အရ၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏အလုပ်တို့သည်လည်း ယခင်ခေတ်များထဲက အမှုများနှင့် ကွာခြားပေသည်။ သို့သော်၊ ဘုရားသခင် ကိုယ်တိုင်၏ ရှုထောင့်မှ၊ ဤသည်မှာ သူ့အမှု၏အဆက်နှင့် ရှေ့ဆက်တိုးတက်မှု တစ်ခုမျှသာ ဖြစ်သည်။ ဘုရားသခင်ကိုယ်တော်တိုင် အမှုပြုသည့်အခါ၊ သူသည် မိမိ၏နှုတ်ကပတ်တော်ကို ထုတ်ဖော်ပြပြီး၊ အသစ်သော အမှုကို တိုက်ရိုက် ယူဆောင်လာလေသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ လူသား လုပ်ဆောင်သည့်အခါတွင်၊ ယင်းသည် စဉ်းစားချင့်ချိန်မှုနှင့် လေ့လာမှုမှတဆင့် ဖြစ်သည်၊

သို့မဟုတ် ယင်းသည် အခြားသူများ၏ လုပ်ဆောင်မှုအပေါ် တည်ဆောက်ထားသည့် လက်တွေ့လုပ်ဆောင်မှုနှင့် ဆိုင်သည့် အသိပညာနှင့် စနစ်တကျရှိစေခြင်းတို့ကို တိုးချဲ့ခြင်းတစ်ခု ဖြစ်သည်။ ဆိုလိုသည်မှာ၊ လူသား လုပ်ဆောင်သည့် အလုပ်၏အနှစ်သာရသည် အခြေခိုင်သောအမိန့်ကို နာခံရန်နှင့် "လမ်းဟောင်းများကို ဖိနပ်အသစ်များဖြင့် လျှောက်လမ်းရန်" ဖြစ်သည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းကိုခံရသော လူသားများ လျှောက်သည့်လမ်းကြောင်းပင်လျှင်၊ ဘုရားသခင်ကိုယ်တော်တိုင် အစပျိုးခဲ့သည့် အရာအပေါ် တည်ဆောက်ထားသည်ဟု ဆိုလိုသည်။ ထို့ကြောင့် နောက်ဆုံးအနှစ်ချုပ်လိုက်က၊ လူသားသည် လူသားသာဖြစ်ပြီး၊ ဘုရားသခင်က ဘုရားသခင် ဖြစ်ဆဲဖြစ်သည်။

ဣဇာက်သည် အာဗြဟံမှ မွေးဖွားလာသကဲ့သို့ ယောဟန်သည်လည်း ကတိတော်အားဖြင့် မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။ သူသည် ယေရှုအတွက် လမ်းခင်းပေးခဲ့ပြီး များစွာသောအလုပ်ကို လုပ်ခဲ့သော်လည်း၊ သူသည် ဘုရားသခင် မဟုတ်ပေ။ ယင်းထက်၊ သူသည် ယေရှုအတွက် လမ်းသာခင်းပေးခဲ့သောကြောင့်၊ ပရောဖက်များထဲမှ တစ်ဦး ဖြစ်ခဲ့ပေသည်။ သူ၏အလုပ်သည်လည်း ကြီးမြတ်ခဲ့ပြီး၊ ယေရှုသည် သူ၏အမှုကို တရားဝင် စတင်ခဲ့သည်မှာ ယောဟန်က လမ်းခင်းပေးခဲ့ပြီးသည့် နောက်မှသာ ဖြစ်သည်။ အနှစ်သာရအားဖြင့်၊ သူသည် ယေရှုအတွက်သက်သက် လုပ်ကိုင်ပေးခဲ့ခြင်းဖြစ်ပြီး၊ သူလုပ်ခဲ့သည့် အလုပ်သည် ယေရှု၏အမှုကို အစေခံခြင်းဖြစ်သည်။ လမ်းခင်းပေးခြင်းကို သူ ပြီးဆုံးခဲ့သည့်နောက်၊ ယေရှုသည် သာ၍ သစ်လွင်သည့်၊ သာ၍ ခိုင်ခံ့ပြီး သာ၍အသေးစိတ်ကျသည့် သူ၏အမှုကို စတင်ခဲ့လေသည်။ ယောဟန်သည် အမှု၏အစပိုင်းကိုသာ လုပ်ဆောင်ခဲ့သည်။ အသစ်သောအမှု၏ သာ၍ကြီးမြတ်သည့် အပိုင်းကို ယေရှုက လုပ်ဆောင်ခဲ့လေသည်။ ယောဟန်သည် အမှုသစ်ကိုလည်း လုပ်ဆောင်ခဲ့၏၊ သို့သော် သူသည် ခေတ်သစ်တစ်ခုကို ဖွင့်ပေးခဲ့သူ မဟုတ်ခဲ့ပေ။ ယောဟန်သည် ကတိတော်အားဖြင့် မွေးဖွားခဲ့ပြီး သူ့အမည်ကို ကောင်းကင်တမန်က ပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က အချို့သည် သူ့ဖခင်အမည် ဇာခရိကို အစွဲပြုပြီး သူ့ကိုအမည်ပေးလို ခဲ့ကြသော်လည်း၊ သူ၏မိခင်က "ဤကလေးကို ထိုအမည် ခေါ်၍မရပါ။ သူ့ကို ယောဟန်ဟု ခေါ်ရမည်" ဟု ထုတ်ပြောခဲ့သည်။ ဤအရာအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမိန့်အရ ဖြစ်ခဲ့သည်။ ယေရှုကိုလည်း သန့်ရှင်းသော ဝိညာဉ်တော်၏ အမိန့်အရ အမည်ပေးခဲ့ခြင်း ဖြစ်သည်။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်မှ မွေးဖွားခဲ့ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သူသည် ကတိတော်ရှိထားခဲ့လေသည်။ ယေရှုသည် ဘုရားသခင်၊ ခရစ်တော်နှင့် လူသား ဖြစ်ခဲ့သည်။ သို့သော် ယောဟန်၏

အလုပ်သည်လည်း ကြီးမြတ်ပါလျက် သူ့ကို ဘုရားသခင်ဟု အဘယ်ကြောင့် မခေါ်သနည်း။ ယေရှုပြုခဲ့သည့် အလုပ်နှင့် ယောဟန် ပြုခဲ့သည့် အလုပ်နှစ်ခုအကြား ခြားနားမှု အတိအကျမှာ အဘယ်နည်း။ ယောဟန်သည် ယေရှုအတွက် လမ်းခင်းပေးခဲ့သူတစ်ဦး ဖြစ်သည်မှာ တစ်ခုတည်းသော အကြောင်းပြချက်လော။ သို့မဟုတ် ဘုရားသခင်က ဤအရာကို ရှေးမဆွက ခွဲခန့်မှတ်သားထား၍လော။ ယောဟန်သည်လည်း၊ "နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ" ဟု ပြောခဲ့ပြီး၊ ကောင်းကင်နိုင်ငံတော် ဧဝံဂေလိတရားကို ဟောကြားခဲ့သော်လည်း၊ သူ၏ အလုပ်သည် နောက်ထပ် တိုးတက်ခြင်းမရှိခဲ့သကဲ့သို့ စတင်ရုံမျှ ဖြစ်ခဲ့လေသည်။ ဆန့်ကျင်ဖက်အနေဖြင့်၊ ယေရှုသည် ခေတ်သစ်တစ်ခုကို ဖွင့်ပေးခဲ့သည့်အပြင် ခေတ်ဟောင်းကို အဆုံးသတ်ခဲ့၏၊ သို့သော် သူသည် ဓမ္မဟောင်းကျမ်း၏ ပညတ်တရားကိုလည်း ပြည့်စုံစေခဲ့သည်။ သူပြုခဲ့သည့် အမှုသည် ယောဟန်၏ အမှုထက် သာ၍ကြီးမြတ်သည့်အပြင်၊ သူသည် လူသားမျိုးနွယ်အားလုံးကို ရွေးနှုတ်ရန် ကြွလာခဲ့ခြင်းဖြစ်သည်— သူသည် ထိုအမှုအဆင့်ကို ပြီးမြောက်ခဲ့သည်။ ယောဟန်အတွက်မူ၊ သူသည် လမ်းခရီးသက်သက် ပြင်ဆင်ပေးခဲ့သည်။ သူ၏ အလုပ်သည် ကြီးမြတ်သော်လည်း၊ သူပြောခဲ့သည့် စကားလုံးများပြား၍၊ သူ့နောက်သို့လိုက်သည့် တပည့်များစွာ ရှိခဲ့သော်လည်း၊ သူ၏အလုပ်သည် လူသားထံ အသစ်သောစတင်ခြင်းကို ယူဆောင်ပေးခြင်းထက် မပိုပေ။ လူသားသည် သူ့ထံမှ အသက်၊ လမ်းခရီး သို့မဟုတ် သာ၍ နက်ရှိုင်းသော သမ္မာတရားများကို ဘယ်သောအခါမျှ မရခဲ့သကဲ့သို့၊ သူမှတစ်ဆင့် ဘုရားသခင်၏ အလိုတော်ကို သိနားလည်ခြင်း မရရှိခဲ့ပေ။ ယောဟန်သည် ယေရှု၏အမှုအတွက် အသစ်သောနယ်ပယ်ကို ဖွင့်ပေးခဲ့ပြီး ရွေးချယ်ခြင်းခံရသူကို ပြင်ဆင်ပေးခဲ့သည့် ကြီးမြတ်သည့် ပရောဖက် (ဧလိယ) ဖြစ်သည်။ သူသည် ကျေးဇူးတော်ခေတ်၏ ရှေ့ပြေးတစ်ဦး ဖြစ်ခဲ့သည်။ ထိုသို့သောအကြောင်းအရာများကို ၎င်းတို့၏ သာမန်လူသားဟန်ပန်များကို လေ့လာရုံဖြင့် မသိမမြင်နိုင်ပေ။ ယောဟန်သည် အတော်အတန် ကြီးမားသည့် အလုပ်ကို ဆောင်ရွက်ခဲ့ပြီး၊ ထို့ပြင် သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ကတိတော်ရှိထားခဲ့ကာ သူ၏လုပ်ဆောင်မှုကို သန့်ရှင်းသော ဝိညာဉ်တော်က ထိန်းသိမ်းခဲ့သည့်အတွက် ဤသည်မှာ သာ၍ လျော်ကန်ပေသည်။ ဤသို့ဖြစ်ခြင်းကြောင့်၊ လူတစ်ဦး၏ အပြင်ပန်း သွင်ပြင်များမှ သူ၏အနှစ်သာရကို မပြောနိုင်သကဲ့သို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ စစ်မှန်သည့် သက်သေခံချက်က မည်သည့်အရာဖြစ်သည်ကို သေချာစေရန် လေ့လာစိစစ်ဖို့ နည်းလမ်းတစ်ခုတစ်လေ မရှိသည့်အတွက်၊ ၎င်းတို့ လုပ်ဆောင်သည့် အလုပ်မှတဆင့်သာ ၎င်းတို့၏ သက်ဆိုင်ရာ ကိုယ်ပိုင်လက္ခဏာများကို ခွဲခြားနိုင်ပေသည်။

ယောဟန် လုပ်ဆောင်ခဲ့သည့် အလုပ်နှင့် ယေရှုပြုခဲ့သည့် အမှုတို့သည် တူညီမှုမရှိသကဲ့သို့ သဘာဝခြင်းလည်း ခြားနားပေသည်။ ဤအရာမှ ယောဟန်သည် ဘုရားသခင် ဟုတ်၊ မဟုတ်ဆိုသည်ကို ဆုံးဖြတ်နိုင်ပေသည်။ ယေရှု၏အမှုသည် စတင်ရန်၊ ဆက်လက်လုပ်ဆောင်ရန်၊ အဆုံးသတ်ရန်နှင့် ဖြစ်ထွန်းစေရန် ဖြစ်သည်။ ဤအဆင့်တစ်ဆင့်ချင်းစီကို သူ ဆောင်ရွက်ခဲ့သည်၊ ယောဟန်၏ အလုပ်မှာမူ အစပြုခြင်းထက် ဘာမျှမပိုခဲ့ပေ။ အစတွင် ယေရှုသည် ဧဝံဂေလိတရားကို ဖြန့်ဝေပြီး၊ နောင်တတရား လမ်းခရီးကို ဟောပြောခဲ့သည်၊ ထို့နောက် ဆက်လက်၍ လူသားကို ရေနှစ်ခြင်းပေးခဲ့သည်၊ နာမကျန်းဖြစ်သူများကို ကုသပျောက်ကင်းစေပြီး နတ်ဆိုးများကို နှင်ထုတ်ခဲ့သည်။ အဆုံးတွင်၊ လူသားမျိုးနွယ်ကို အပြစ်မှ ရွေးနုတ်ခဲ့ပြီး ခေတ်တစ်ခုလုံးအတွက် သူ၏အမှုကို အဆုံးသတ်ခဲ့သည်။ သူသည် လူသားကို တရားဟောကြားခဲ့ပြီး ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားတော်ကို ဖြန့်ဝေရင်း နေရာတိုင်းကိုလည်း သွားခဲ့သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ သူနှင့် ယောဟန်သည် တူညီကြ၏၊ မတူညီခြင်းမှာ ယေရှုသည် ခေတ်သစ်ကို ဖွင့်ပေးခဲ့ပြီး၊ ကျေးဇူးတော်ခေတ်ကို လူသားထံ ယူဆောင်လာပေးခဲ့ခြင်း ဖြစ်သည်။ ကျေးဇူးတော်ခေတ်တွင် လူသား လက်တွေ့လုပ်ဆောင်သင့်သည့် အရာနှင့် လိုက်လျှောက်သင့်သည့် လမ်းခရီးနှင့်ပတ်သက်သည့် နှုတ်ကပတ်တော်သည် သူ၏နှုတ်မှ ထွက်လာခဲ့ပြီး၊ အဆုံးတွင် ရွေးနုတ်ခြင်းအမှုကို သူအဆုံးသတ်ခဲ့သည်။ ယောဟန်သည် ဤအလုပ်ကို ဘယ်သောအခါမျှ လုပ်ဆောင်နိုင်ခဲ့မည်မဟုတ်ပေ။ ထို့ကြောင့်၊ ဘုရားသခင်ကိုယ်တော်တိုင်၏ အမှုကို လုပ်ဆောင်ခဲ့သူမှာ ယေရှုဖြစ်ပြီး၊ ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်ပြီး ဘုရားသခင်ကို တိုက်ရိုက်ကိုယ်စားပြုသူမှာ သူ ဖြစ်လေသည်။ ကတိတော်အားဖြင့် မွေးဖွားခဲ့သူများ၊ ဝိညာဉ်တော်အားဖြင့် မွေးဖွားခဲ့သူများ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အတည်ပြုခြင်းခံရသူများနှင့် လမ်းသစ်များ ဖွင့်ပေးသောသူများ အားလုံးတို့သည် ဘုရားသခင်ပင်ဖြစ်သည်ဟု လူသား၏ အယူအဆများက ဆိုကြသည်။ ဤသုံးသပ်ဆင်ခြင်မှုအရ၊ ယောဟန်သည်လည်း ဘုရားသခင် ဖြစ်လိမ့်မည်ဖြစ်ပြီး မောရှေ၊ အာဗြဟံနှင့် ဒါဝိဒ်...သူတို့အားလုံးသည်လည်း ဘုရားသခင် ဖြစ်လိမ့်မည်။ ဤအရာသည် ပြောင်မြောက်သော ပြက်လုံးတစ်ခု မဟုတ်လော။

သူ၏ အမှုကို မဆောင်ရွက်မီတွင်၊ ယေရှုသည်လည်း သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်သမျှနှင့်အညီ ပြုမူခဲ့သည့် ပုံမှန်လူသားတစ်ဦးသာ ဖြစ်သည်။ ထိုအချိန်က သူသည် သူ၏ ကိုယ်ပိုင်လက္ခဏာကို သတိပြုမိသည်ဖြစ်စေ၊ မပြုမိသည်ဖြစ်စေ၊ ဘုရားသခင်ထံမှ လာသမျှအားလုံးကို သူနာခံခဲ့သည်။ သူ၏ အမှုကို မစတင်မီတွင် သန့်ရှင်းသော

ဝိညာဉ်တော်သည် သူ၏ ကိုယ်ပိုင်လက္ခဏာကို ဘယ်သောအခါမျှ မထုတ်ဖော်ခဲ့ပေ။ ထိုစည်းမျဉ်းများနှင့် ထိုပညတ်တော်များကို သူပယ်ဖျက်ခဲ့သည်မှာ သူ၏သာသနာ စတင်ပြီးနောက်မှသာ ဖြစ်ပြီး၊ သူ၏ နှုတ်ကပတ်တော်များက ဩဇာအာဏာနှင့် တန်ခိုးတို့ဖြင့် ပြည့်လျှမ်းလာသည်မှာ သူ၏သာသနာကို တရားဝင်စတင် ဆောင်ရွက်လာသည့် အချိန်မှသာ ဖြစ်သည်။ သူသည် သူ၏သာသနာကို စတင်ပြီးမှသာ ခေတ်သစ်ကို ဆောင်ယူဖို့ဖြစ်သည့် သူ၏ အမှု စတင်ခဲ့လေသည်။. ဤဖြစ်ရပ်မတိုင်မီတွင်၊ သူ၏အတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော်သည် ၂၉ နှစ်မျှ ကွယ်ဝှက်နေခဲ့သည်၊ ထိုအတောအတွင်းတွင် သူသည် လူသားတစ်ဦးကိုသာ ကိုယ်စားပြုခဲ့ပြီး ဘုရားသခင်၏ ကိုယ်ပိုင်လက္ခဏာ မရှိခဲ့ပေ။ ဘုရားသခင်၏အမှုသည် သူ၏သာသနာလုပ်ငန်းအား လုပ်ဆောင်ခြင်းနှင့် ဆောင်ရွက်ခြင်းဖြင့် စတင်ခဲ့သည်၊ လူသားက သူ့ကို အဘယ်မျှသိသည် ဆိုသည်နှင့် သက်ဆိုင်ခြင်းမရှိဘဲ သူ၏ အတွင်းစိတ် အစီအစဉ်အတိုင်း သူ၏ အမှုကို လုပ်ဆောင်ခဲ့ပြီး၊ သူလုပ်ဆောင်ခဲ့သည့် အမှုသည် ဘုရားသခင်ကိုယ်တော်တိုင်ကို တိုက်ရိုက် ကိုယ်စားပြုခြင်း ဖြစ်သည်။ ထိုအချိန်တွင် ယေရှုသည် သူ၏အနားပတ်ဝန်းကျင်မှ လူများကို "သင်တို့လည်း ငါ့ကို အဘယ်သူဖြစ်သည် ဆိုကြသနည်း" ဟုမေးခဲ့သည်။ "ကိုယ်တော်သည် ပရောဖက်များထဲမှ အကြီးမြတ်ဆုံးဖြစ်ပြီး ကျွန်ုပ်တို့၏ ကောင်းမြတ်သည့် သမားတော်ဖြစ်သည်" ဟု သူတို့ဖြေကြားခဲ့သည်။ အချို့က "ကိုယ်တော်သည် ကျွန်ုပ်တို့၏ ယဇ်ပရောဟိတ်မင်း ဖြစ်သည်" စသည်ဖြင့်၊ ဖြေဆိုခဲ့ကြသည်။ အမျိုးမျိုးသော အဖြေများကို ပေးခဲ့ကြသည်၊ အချို့က သူသည် ယောဟန်ဖြစ်သည်၊ သူသည် ဧလိယဖြစ်သည်ဟုပင် ဆိုကြသည်။ ထို့နောက် ယေရှုသည် ရှိမုန်ပေတရုဆီသို့ လှည့်၍ "သင်သည် ငါ့ကို အဘယ်သူဖြစ်သည် ဆိုသနည်း" ဟုမေးခဲ့ရာ၊ ပေတရုက၊ "ကိုယ်တော် သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်" ဟု ဖြေကြားခဲ့သည်။ ထိုအချိန်မှစ၍ သူသည် ဘုရားသခင် ဖြစ်ကြောင်းကို လူတို့ သတိပြုမိ လာကြသည်။ ယေရှု၏ ပင်ကိုယ်လက္ခဏာ ထင်ရှားလာခဲ့ချိန်တွင်၊ ဤအရာကို ပထမဦးဆုံး သိလာခဲ့သူမှာ ပေတရုဖြစ်ပြီး၊ သူ၏နှုတ်ဖျားမှ ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။ ထို့နောက်၊ ယေရှုက၊ "သင်ပြောသမျှတို့သည် အသွေးအသားအားဖြင့် ထုတ်ဖော်ခဲ့ခြင်း မဟုတ်၊ သို့သော် ငါ့ခမည်းတော်က ထုတ်ဖော်ခြင်းဖြစ်သည်။" ဟု ယေရှုက ထွက်ဆိုခဲ့သည်။ သူသည် ဗတ္တိဇံခံပြီးနောက်၊ ဤအရာကို အခြားသူများ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ သူလုပ်ဆောင်ခဲ့သည့် အလုပ်မှာ ဘုရားသခင်၏ ကိုယ်စားဖြစ်သည်။ သူသည် သူ၏အလုပ်ကို လုပ်ဆောင်ရန်အလို့ငှာ ကြွလာခဲ့ခြင်းဖြစ်ပြီး၊ သူ၏ ပင်ကိုယ်လက္ခဏာကို ထုတ်ဖော်ရန်မဟုတ်ခဲ့ပေ။ ပေတရုက ထိုစကားများကို ပြောဆိုပြီးမှသာလျှင် လူများက သူ၏

ပင်ကိုယ်လက္ခဏာကို ပွင့်လင်းစွာ သိရှိလာခဲ့ခြင်း ဖြစ်သည်။ သူသည် ဘုရားသခင်ကိုယ်တော်တိုင်ပင် ဖြစ်သည်ကို သင့်အနေဖြင့် သတိထားမိခဲ့သည်ဖြစ်စေ၊ သတိမထားမိခဲ့သည်ဖြစ်စေ၊ အချိန်တန်သည့်အခါ သူက သူ၏အမှုကို စတင်ခဲ့သည်။ သင့်အနေဖြင့် ယင်းကို သိခဲ့သည်ဖြစ်စေ၊ မသိခဲ့သည်ဖြစ်စေ၊ သူသည် ယခင်အတိုင်း သူ၏အမှုကို ဆက်လက် လုပ်ဆောင်ခဲ့သည်။ သင်က ထိုအရာကို ငြင်းပယ်ခဲ့မည်ဆိုလျှင်ပင်၊ သူသည် မိမိ၏အမှုကို ဆောင်ရွက်လိမ့်ဦးမည်ဖြစ်ပြီး၊ ထိုသို့ လုပ်ရမည့်အချိန်ရောက်သည့်အခါ သူလုပ်ဆောင်လိမ့်မည် ဖြစ်သည်။ သူသည် မိမိ၏အလုပ်ကို လုပ်ဆောင်ရန်နှင့် မိမိ၏ အမှုတော်ကို ဆောင်ရွက်ရန် ကြွလာခဲ့သည်ဖြစ်ပြီး၊ လူသားက သူ၏ဇာတိပကတိကို သိနိုင်ဖို့ရန်မဟုတ်ဘဲ၊ လူ့အနေဖြင့် သူ၏အမှုကို ရရှိဖို့ ဖြစ်သည်။ ယနေ့အမှု၏အဆင့်သည် ဘုရားသခင်ကိုယ်တော်တိုင်၏ အမှုဖြစ်သည်ကို သင် သတိပြုရန် ပျက်ကွက်ခဲ့ပါက၊ ယင်းမှာ သင်သည် ရူပါရုံကင်းမဲ့သောကြောင့် ဖြစ်သည်။ သို့ဖြစ်စေကာမူ၊ ဤအမှုအဆင့်ကို သင်သည် ငြင်းပယ်၍ မရနိုင်ပေ။ ထိုအရာကို သင် သတိပြုရန် ပျက်ကွက်ခြင်းက သန့်ရှင်းသော ဝိညာဉ်တော်သည် အလုပ်လုပ်မနေ၊ သို့မဟုတ် သူ၏အလုပ်က မှားယွင်းနေသည်ဟူသည်ကို သက်သေမပြပေ။ လက်ရှိအမှုကို သမ္မာကျမ်းစာထဲမှ ယေရှု၏အမှုနှင့်ယှဉ်၍ စစ်ဆေးပြီး ဤအမှု အဆင့်ကို ငြင်းပယ်ရန်အတွက် မည်သည့်ကွဲလွဲမှုမျိုးများကိုမဆို အသုံးပြုကြသည့်သူများပင် ရှိလေသည်။ ဤသည်မှာ မျက်ကန်းများ၏ လုပ်ရပ်မဟုတ်လော။ သမ္မာကျမ်းစာထဲတွင် မှတ်သားထားသည့် အရာများသည် အကန့်အသတ်ရှိ၏။ ၎င်းတို့သည် ဘုရားသခင်၏ လုပ်ဆောင်မှုကို အလုံးစုံ ကိုယ်စားမပြုနိုင်ပေ။ ခရစ်ဝင်ကျမ်း လေးကျမ်းသည် ယေရှုက သဘောသဖန်းပင်ကို ကျိန်ဆိုခြင်း၊ ပေတရုက သခင်ကို သုံးကြိမ်တိုင်အောင် ငြင်းပယ်ခြင်း၊ သူ၏ လက်ဝါးကားတိုင်ပေါ် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း ပြီးနောက် နောက်လိုက်တပည့်တော်များရှေ့တွင် ယေရှု၏ ကိုယ်ထင်ပြခြင်း၊ အစာရှောင်ခြင်းအကြောင်း သွန်သင်မှု၊ ဆုတောင်းခြင်းအကြောင်း သွန်သင်မှု၊ ကွာရှင်းခြင်းအကြောင်း သွန်သင်မှု၊ ယေရှု၏မွေးဖွားခြင်းနှင့် ဆွေစဉ်မျိုးဆက်စာရင်း၊ တပည့်တော်များကို ယေရှုခန့်အပ်ခြင်း စသည့် ဖြစ်ပျက်မှုများကို အရေအတွက် ကန့်သတ်ချက်ဖြင့် ရေးထားသော အခန်းကြီးများ အားလုံး တစ်ရာထက် လျော့နည်းလေသည်။ သို့သော်၊ ယနေ့ အမှုကို ယင်းတို့နှင့် နှိုင်းယှဉ်လျက်ပင် လူသားသည် ယင်းတို့ကို ရတနာများကဲ့သို့ တန်ဖိုးထားကြသည်။ ယေရှုသည် မွေးဖွားလာသည့် အချိန်မှစ၍ များစွာသော အလုပ်ကို လုပ်ဆောင်ခဲ့သည်ဟုပင် သူတို့ ယုံကြည်ကြသည်။ ဘုရားသခင်က ဤမျှသာ လုပ်နိုင်စွမ်းရှိပြီး နောက်ထပ်

ဘာမျှမလုပ်တော့သည့်အလား၊ ယေရှုက သူ၏ဘဝတွင် လုပ်ခဲ့သည့် အလုပ်အားလုံးမှာ ထိုမျှသာဖြစ်သည်ဟုပင် ၎င်းတို့ ယုံကြည်ကြလေသည်။ ဤသည်မှာ ရယ်စရာ မကောင်းသလော။

ယေရှု ကမ္ဘာမြေကြီးပေါ်တွင် ရှိခဲ့သည့်ကာလမှာ သုံးဆယ့်သုံးနှစ်ခွဲ ဖြစ်သည်။ ယင်းမှာ သူသည် ကမ္ဘာမြေကြီးပေါ်တွင် သုံးဆယ့်သုံးနှစ်ခွဲ နေထိုင်ခဲ့ခြင်းဖြစ်သည်။ ဤအချိန်ကာလ၏သုံးနှစ်ခွဲသာ သူ၏ အမှုတော်ကို ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည်၊ ကျန်သည့်အချိန်များတွင် သူသည် သာမန်လူသား အသက်တာဖြင့်သာ နေထိုင်ခဲ့သည်။ အစတွင်၊ သူသည် တရားဇရပ်၌ ဝတ်ပြုစည်းဝေးများကို တက်ရောက်ခဲ့ပြီး၊ ထိုနေရာ၌ ယဇ်ပရောဟိတ်များ၏ ကျမ်းစာ ရှင်းလင်းဖော်ပြခြင်းနှင့် အခြားသူများ၏ တရားဟောချက်များကို နားထောင်ခဲ့သည်။ သူသည် ကျမ်းစာနှင့် ဆိုင်သည့် အသိပညာများစွာ ရရှိခဲ့သည်။ သူသည် ထိုသို့သော အသိပညာဖြင့် မွေးဖွားလာခဲ့ခြင်း မဟုတ်ခဲ့ပေ၊ ယင်းကို ဖတ်ရှုခြင်းနှင့် နားထောင်ခြင်းမှတစ်ဆင့်သာ ရရှိခဲ့ခြင်းဖြစ်သည်။ သူသည် တစ်ဆယ့်နှစ်နှစ် အရွယ်တွင် တရားဇရပ်၌ သွန်သင်သူများကို မေးခွန်းများမေးခဲ့သည်ကို သမ္မာကျမ်းစာထဲတွင် ရှင်းလင်းစွာ ရေးမှတ်ထားသည်။ ရှေးခေတ်ပရောဖက်များ၏ ပရောဖက်ပြုချက်များမှာ အဘယ်နည်း။ မောရှေ၏ ပညတ်တော်များနှင့် သက်ဆိုင်သည့်အရာမှာ အဘယ်နည်း။ ဓမ္မဟောင်းကျမ်းမှာ အဘယ်နည်း။ ဗိမာန်တော်ထဲတွင် ယဇ်ပရောဟိတ် ဝတ်ရုံများဝတ်ဆင်ထားသည့် ဘုရားသခင်ကို အစေခံနေသည့် လူသားမှာ အဘယ်အရာဖြစ်သနည်း။...သူသည် အသိပညာ သို့မဟုတ် သိနားလည်ခြင်း မရှိခဲ့သည့်အတွက် မေးခွန်းများစွာ မေးခဲ့သည်။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သန္ဓေတည်ခဲ့ခြင်း ဖြစ်သော်လည်း၊ သူသည် လုံးဝပုံမှန်လူသား တစ်ဦးကဲ့သို့ မွေးဖွားခဲ့ခြင်း ဖြစ်သည်။ သူ့တွင် ထူးခြားသည့် သွင်ပြင်လက္ခဏာ အချို့ရှိသော်လည်း၊ သူသည် ပုံမှန်လူသားတစ်ဦးပင် ဖြစ်နေသေး၏။ သူ၏ ဝိညာဉ်ရင့်ကျက်မှုနှင့် အသက်အရွယ် အချိုးအစားအတိုင်း သူ၏အသိဉာဏ် အဆက်မပြတ် ကြီးထွားခဲ့ပြီး၊ ပုံမှန်လူသားတစ်ဦး၏ဘဝ အဆင့်များကို သူ ဖြတ်သန်းခဲ့သည်။ လူတို့၏စိတ်ကူးထဲတွင်၊ ယေရှုသည် ကလေးဘဝနှင့် ဆယ်ကျော်သက်ဘဝတို့ကို မတွေ့ကြုံခဲ့ရပေ။ မွေးသည်နှင့်တစ်ပြိုင်နက် သူသည် အသက်သုံးဆယ်အရွယ် လူသားတစ်ဦး၏ ဘဝကို စတင်အသက်ရှင်ခဲ့ရပြီး သူ၏အမှု ပြီးပြည့်စုံသည်နှင့် ကားစင်တင်သတ်ခံခဲ့ရသည်ဟု လူတို့ယူဆထားသည်။ ပုံမှန်လူသားတစ်ဦး၏ ဘဝတွင်ရှိသည့် အဆင့်များကို မဖြတ်သန်းခဲ့ရသည်မှာ သေချာသလောက် ဖြစ်သည်။ သူသည် အခြားလူတို့နှင့် အစာလည်းမစား၊

ပေါင်းသင်းခြင်းလည်း မရှိသကဲ့သို့ လူတို့အနေဖြင့် သူ့ကို ဖျတ်ခနဲ မြင်ဖို့မှာ မလွယ်ကူခဲ့ပေ။ သူသည် ဘုရားသခင် ဖြစ်သောကြောင့်၊ သူ့ကို မြင်ခဲ့သူများအား ကြောက်လန့်စေမည့် လူထူးဆန်းတစ်ဦး ဖြစ်ကောင်းဖြစ်ခဲ့ပေမည်။ လူ့ဇာတိခံယူသည့် ဘုရားသခင်သည် ပုံမှန်လူသားတစ်ဦး နေထိုင်သကဲ့သို့ လုံးဝ မနေထိုင်ဟု လူတို့က ယုံကြည်ကြသည်။ သူသည် သန့်ရှင်းသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အတွက် သူသည် သူ၏ သွားတိုက်စရာမလို သို့မဟုတ် သူ၏ မျက်နှာသစ်စရာမလိုဘဲ သန့်ရှင်းနေသည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ ဤအရာများသည် လူသား၏ အယူအဆများသက်သက် မဟုတ်ပါသလော။ သမ္မာကျမ်းစာသည် ယေရှု၏ အသက်တာကို လူသားတစ်ဦးအဖြစ် မှတ်တမ်းတင်ထားခြင်း မရှိဘဲ၊ သူ၏ အမှုကိုသာ မှတ်တမ်း တင်ခဲ့သည်၊ သို့ရာတွင် ဤအရာက သူသည် ပုံမှန်လူ့သဘောသဘာဝ မရှိခဲ့၊ သို့မဟုတ် အသက် သုံးဆယ် မတိုင်မီတွင် သူသည် လူသား၏ သာမန်လူသားသဘာဝ မရှိ သို့မဟုတ် အသက်သုံးဆယ် မတိုင်မီ သာမန် လူသားဘဝကို အသက်မရှင်ခဲ့ဟု သက်သေမပြပေ။ သူသည် အသက် ၂၉ နှစ်တွင် သူ၏အမှုကို တရားဝင် စတင်ခဲ့သော်လည်း၊ ထိုအသက်အရွယ်မတိုင်မီ လူသားတစ်ဦးအဖြစ် သူ၏ အသက်တာတစ်ခုလုံးကို သင် မဖယ်ရှားပစ်နိုင်ချေ။ သမ္မာကျမ်းစာသည် ၎င်း၏မှတ်တမ်းများမှ ထိုကာလကို ချန်လှပ်ထားရုံမျှသာ ဖြစ်သည်။ ယင်းသည် သူ၏ ပုံမှန်လူသားဘဝဖြစ်ပြီး သူ၏ ဘုရားသဘာဝနှင့်ဆိုင်သော အမှုကာလမဟုတ်သည်နှင့်အမျှ၊ ထိုအရာကို ရေးချထားရန် မလိုအပ်ခဲ့ပေ။ ယေရှု၏ဗတ္တိဇံ မတိုင်မီတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် တိုက်ရိုက် အလုပ်မလုပ်ခဲ့ဘဲ ယေရှုက သူ၏အမှုကို ထမ်းဆောင်ရန် အချိန်စေ့သည့် နေ့ရက်အထိ ယေရှု၏ အသက်တာတွင် ပုံမှန်လူသား တစ်ဦးအဖြစ် သူ့ကို ထိန်းသိမ်းမျှရုံ ထိန်းသိမ်းခဲ့သည်။ သူသည် လူ့ဇာတိခံဘုရားသခင် ဖြစ်သော်လည်း၊ ရင့်ကျက်ခြင်းဖြစ်စဉ်ကို ပုံမှန်လူသားတစ်ဦးကဲ့သို့ ကြုံခဲ့ရသည်။ ဤရင့်ကျက်ခြင်းဖြစ်စဉ်ကို သမ္မာကျမ်းစာမှ ချန်လှပ်ထားသည်။ ယင်းက ဘဝတွင် လူသား၏ ဖွံ့ဖြိုးမှုကို ကြီးမားသော အထောက်အပံ့ မပေးနိုင်သောကြောင့် ချန်လှပ်ခဲ့ခြင်း ဖြစ်သည်။ သူ၏ ဗတ္တိဇံခံယူခြင်း မတိုင်မီ ကာလသည် နိမိတ်လက္ခဏာနှင့် အံ့ဖွယ်ရာများကို သူ မလုပ်ဆောင်ခဲ့သည့် ကွယ်ဝှက်ထားသော ကာလတစ်ခု ဖြစ်ခဲ့သည်။ ယေရှု၏ ဗတ္တိဇံခံခြင်း နောက်မှသာ သူသည် ကျေးဇူးတော်၊ သမ္မာတရား၊ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာ အလျှံပယ်ဖြစ်ကာ ပြည့်ဝစွာပါဝင်သည့် အမှုဖြစ်သော လူသားမျိုးနွယ်၏ ရွေးနုတ်ခြင်းနှင့်ဆိုင်သည့် အမှုအားလုံးကို စတင်ခဲ့လေသည်။ ဤအမှု၏အစသည် အတိအကျအားဖြင့် ကျေးဇူးတော်ခေတ်၏ အစလည်း ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ယင်းကို ရေးမှတ်ထားပြီး မျက်မှောက်ကာလသို့ လက်ဆင့်ကမ်းခဲ့ခြင်း

ဖြစ်သည်။ ယင်းသည် ကျေးဇူးတော်ခေတ်ထဲတွင် ရှိသူတို့ ကျေးဇူးတော်ခေတ်၏ လမ်းကြောင်းနှင့် ကားတိုင်လမ်းကြောင်းတို့ကို နင်းလျှောက်ရန်အတွက် ထွက်လမ်းတစ်ခုကို ဖွင့်ပေးဖို့နှင့် အားလုံးကို အောင်မြင်စေဖို့ ဖြစ်သည်။ ယင်းသည် လူသား ရေးမှတ်ထားသည့် မှတ်တမ်းများမှ လာသော်လည်း၊ နေရာအနှံ့ သေးငယ်သော အမှားများ ရှာတွေ့ရသည်မှအပ အားလုံးမှာ အမှန်တရား ဖြစ်ပေသည်။ သို့သော်လည်း၊ ဤမှတ်တမ်းများကို မှန်ကန်မှုမရှိဟု ပြော၍ မရနိုင်ပေ။ မှတ်သားထားသည့် ကိစ္စရပ်များမှာ လုံး၀ အဖြစ်မှန်ဖြစ်၏၊ ယင်းတို့ကို ရေးမှတ်ရာတွင်သာ လူတို့ အမှားများ လုပ်မိကြခြင်း ဖြစ်သည်။ ယေရှုသည် ရိုးရိုးသာမန်လူ့သဘာ၀ရှိသူတစ်ဦး ဖြစ်ခဲ့ပါက၊ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်အမှုများကို မည်ကဲ့သို့ လုပ်နိုင်ခဲ့မည်နည်းဟု ပြောမည့်သူအချို့ရှိသည်။ ယေရှုကြုံခဲ့ရသည့် ရက်လေးဆယ် စုံစမ်းသွေးဆောင်ခြင်းသည် အံ့သြဖွယ်ကောင်းသည့် နိမိတ်လက္ခဏာ တစ်ခု၊ ပုံမှန်လူသားတစ်ဦးက ရရှိနိုင်စွမ်း ရှိလိမ့်မည်မဟုတ်သည့် အရာတစ်ခု ဖြစ်သည်။ သူ၏ ရက်လေးဆယ် စုံစမ်းသွေးဆောင်ခြင်းသည် သန့်ရှင်းသော ၀ိညာဉ်တော်၏ လုပ်ဆောင်မှု သဘောသဘာ၀တွင် ရှိခဲ့သည်။ သို့ဆိုလျှင် သူ၏ အထဲတွင် သဘာ၀လွန်သည့်အရာ နည်းနည်းမျှ မရှိခဲ့ဟု အဘယ်သို့ ပြောနိုင်မည်နည်း။ သူ၏ နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်အမှုများကို လုပ်ဆောင်သည့် အစွမ်းအစက သူသည် ထူးကဲသာလွန်သော လူတစ်ဦးဖြစ်ပြီး ပုံမှန်လူသားတစ်ဦး မဟုတ်သည်ကို သက်သေမပြပေ။ ယင်းသည် သန့်ရှင်းသော ၀ိညာဉ်တော်က သူကဲ့သို့သော ပုံမှန်လူသားတစ်ဦးထဲတွင် အလုပ်လုပ်ပြီး၊ ထိုသို့ဖြင့် သူ့အား နိမိတ်လက္ခဏာများကို ဆောင်ရွက်ပြီး သာ၍ကြီးမြတ်သည့် အမှုကို လုပ်ဆောင်စေနိုင်ခဲ့ခြင်းမျှသာ ဖြစ်သည်။ ယေရှုသည် သူ၏အမှုတော်ကို မဆောင်ရွက်မီတွင်၊ သို့မဟုတ် သမ္မာကျမ်းစာထဲတွင် ပြောသည့်အတိုင်း၊ သူ့အပေါ်သို့ သန့်ရှင်းသော၀ိညာဉ်တော် မဆင်းသက်မီတွင် ယေရှုသည် ပုံမှန်လူသားတစ်ဦးသာ ဖြစ်ခဲ့ပြီး ဘယ်လိုမှ သဘာ၀လွန် မဖြစ်နိုင်ပေ။ သန့်ရှင်းသော၀ိညာဉ်တော် သူ့အပေါ် ဆင်းသက်သည့်အခါ၊ ဆိုလိုသည်မှာ၊ သူသည် သူ၏သာသနာလုပ်ငန်း ဆောင်ရွက်ခြင်း စတင်သည့်အခါ၊ သူသည် တန်ခိုးနှင့် ပြည့်၀သွားခဲ့သည်။ ဤသို့ဖြင့်၊ ဘုရားသခင်၏ လူ့ဇာတိခံယူသည့် ခန္ဓာသည် သာမန်လူ့သဘာ၀ မရှိဟု လူသားက ယုံကြည်လာခဲ့၏၊ ထို့အပြင် လူ့ဇာတိခံ ဘုရားသခင်သည် ဘုရားသဘာ၀သာ ရှိပြီး လူ့သဘောသဘာ၀ မရှိဟု သူက တလွဲထင်လေသည်။ သေချာသည်မှာ ဘုရားသခင်သည် သူ၏ အမှုကို ပြုဖို့ ကမ္ဘာမြေသို့ ကြွလာချိန်တွင်၊ လူသား မြင်သမျှမှာ သဘာ၀လွန်ဖြစ်ရပ်များ ဖြစ်သည်။ သူ၏အမှုနှင့် သူ၏နှုတ်ကပတ်တော်များသည် ၎င်းတို့အဖို့ နားမလည်နိုင်စရာနှင့်

မရနိုင်သည့်အရာဖြစ်သည်အတွက် မိမိတို့၏ မျက်စိများဖြင့် မြင်သည့်အရာနှင့် မိမိတို့၏နားများဖြင့် ကြားသည့်အရာတို့သည် အားလုံး သဘာဝလွန်များ ဖြစ်ကြလေသည်။ ကောင်းကင်မှ တစ်စုံတစ်ရာကို မြေကြီးပေါ်သို့ ဆောင်ယူလာပါက၊ ယင်းမှာ သဘာဝလွန်သည့်အရာမှလွဲ၍ မည်သည့်အရာ ဖြစ်နိုင်မည်နည်း။ လူသားအဖို့ နားမလည်နိုင်သကဲ့သို့ ဉာဏ်မမီနိုင်သည့် နက်နဲမှုများဖြစ်သော၊ အလွန်တရာမှ ၎င်းတို့သည် အလွန် အံ့ဖွယ်ရာနှင့် ဉာဏ်အမြော်အမြင်ရှိလှသော၊ ကောင်းကင်နိုင်ငံတော်၏ နက်နဲမှုများကို ကမ္ဘာမြေသို့ ဆောင်ယူခဲ့သည့်အခါ- ၎င်းတို့အားလုံးသည် သဘာဝလွန်အရာများ ဖြစ်ကြသည် မဟုတ်လော။ သို့သော်၊ ထိုအရာသည် မည်မျှ သဘာဝလွန်ဖြစ်နေပါစေ အရာခပ်သိမ်းကို သူ၏ သာမန်လူ့သဘာဝအတွင်းတွင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်းကို သင်သိသင့်သည်။ ဘုရားသခင်၏ လူ့ဇာတိခံယူသည့် ခန္ဓာသည် လူ့သဘာဝနှင့် ပြည့်ဝနေသည်၊ သို့မဟုတ်ပါက၊ သူသည် ဘုရားသခင်၏ လူ့ဇာတိခံယူထားသည့်ခန္ဓာ ဖြစ်မည်မဟုတ်ပေ။ ယေရှုသည် သူ၏ အချိန်ကာလတွင် ကြီးမြတ်သည့် နိမိတ်လက္ခဏာများစွာကို ဆောင်ရွက်ခဲ့သည်။ ထိုအချိန်က ဣသရေလအမျိုးသားများ တွေ့ရသည်မှာ သဘာဝလွန် အမှုအရာများဖြင့် ပြည့်ခဲ့သည်။ သူတို့သည် ကောင်းကင်တမန်များနှင့် တမန်များကို ရှုမြင်ရပြီး၊ ယေဟောဝါ၏ အသံကို ကြားခဲ့ရသည်။ ဤအရာများ အားလုံးသည် သဘာဝလွန်များ မဟုတ်ခဲ့ပါသလော။ သေချာသည်မှာ ယနေ့တွင် လူသားကို သဘာဝလွန်သည့် အမှုအရာများဖြင့် လှည့်ဖြားသည့် ဆိုးညစ်သော ဝိညာဉ်အချို့ ရှိပေသည်။ ယင်းမှာ သန့်ရှင်းသောဝိညာဉ်တော်က လက်ရှိ လုပ်ဆောင်ခြင်းမရှိသည့် အလုပ်မှတစ်ဆင့် လူကို လှည့်ဖြားဖို့ သူတို့အပိုင်းမှ တုပခြင်းသာ ဖြစ်သည်။ လူများစွာတို့သည် နိမိတ်လက္ခဏာများကို ဆောင်ရွက်ကြပြီး နာမကျန်းဖြစ်သူများကို အနာရောဂါပျောက်ကင်းစေကာ နတ်ဆိုးများကို နှင်ထုတ်ကြသည်။ မျက်မှောက်ခေတ်တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသို့သောအလုပ်ကို မလုပ်ဆောင်တော့သည့်အတွက်၊ ဤအရာများသည် နတ်ဆိုးများ၏ လုပ်ဆောင်ချက်သာ ဖြစ်သည်၊ ပြီးလျှင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ထိုအချိန်မှစ၍ လိုက်လံတုပကြသူများ အားလုံးသည် ဧကန်စင်စစ် ဆိုးညစ်သော ဝိညာဉ်များဖြစ်ကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်က ထိုသို့သော ပုံစံဖြင့် မလုပ်ဆောင်သော်လည်း ထိုအချိန်က ဣသရေလတွင် လုပ်ဆောင်သည့် အလုပ်အားလုံးမှာ သဘာဝလွန်သည့် သဘာဝတစ်ခု၏ လုပ်ဆောင်ချက်ဖြစ်ပြီး၊ ယခုတွင် ထိုသို့သော လုပ်ဆောင်ချက် တစ်ခုသည် စာတန်၏ တုပခြင်းနှင့် အယောင်ဆောင်ခြင်းဖြစ်ကာ သူ၏ နှောင့်ယှက်မှုဖြစ်သည်။ သို့ရာတွင်၊ သင့်အနေဖြင့် သဘာဝလွန်ဖြစ်ရပ် ဟူသမျှက ဆိုးညစ်သော ဝိညာဉ်များထံမှ လာသည်ဟု

ပြော၍မရနိုင်ပေ- ဤကား ဘုရားသခင်၏အမှု၏ ခေတ်အပေါ်တွင် မူတည်ပေမည်။ မျက်မှောက်ခေတ်တွင် လူ့ဇာတိခံဘုရားသခင်မှ လုပ်ဆောင်သည့် အမှုကို စဉ်းစားကြည့်လော့။ ယင်း၏ မည်သည့်ရှုထောင့်သည် သဘာဝလွန်ဖြစ်ရပ် မဟုတ်သနည်း။ သူ၏ နှုတ်ကပတ်တော်များသည် သင့်အဖို့ နားမလည်နိုင်စရာဖြစ်ပြီး မရရှိနိုင်သည့်အရာဖြစ်ကာ သူ လုပ်ဆောင်သည့် အမှုကို မည်သည့်လူသားမျှ မလုပ်ဆောင်နိုင်ပေ။ သူ နားလည်သည့် အရာကို လူသားက နားမလည်နိုင်သကဲ့သို့ သူ၏ အသိပညာအနေနှင့် အဘယ်ကလာသည်ကို လူသားက မသိပေ။ "ကျွန်ုပ်သည်လည်း ကိုယ်တော်ကဲ့သို့ပင် ပုံမှန်လူသား ဖြစ်၏၊ သို့သော် ကိုယ်တော် သိသည့်အရာကို ကျွန်ုပ်မသိသည်မှာ အဘယ်ကြောင့်နည်း။ ကျွန်ုပ်သည် အသက်ပိုကြီးရင့်၍ အတွေ့အကြုံလည်း သာ၍ ကြွယ်ဝ၏၊ သို့တိုင် ကျွန်ုပ်မသိသောအရာကို ကိုယ်တော်က အဘယ်သို့ သိနိုင်သနည်း။" ဟု ဆိုသော သူအချို့ ရှိ၏။ လူသားနှင့် ပတ်သက်သရွေ့ ဤအရာအားလုံးသည် လူသားမှ မရရှိနိုင်သည့် အရာတစ်ခု ဖြစ်သည်။ ထို့နောက်၊ "ဣသရေလတွင် ဆောင်ရွက်ခဲ့သည့် အလုပ်ကို မည်သူကမျှ မသိကြပါ၊ သမ္မာကျမ်းစာကို ရှင်းလင်းဖော်ပြသူများကပင် ရှင်းပြချက် မပေးနိုင်ပါ။ ကိုယ်တော်က အဘယ်ကြောင့် သိပါသနည်း" ဟူ၍ ဆိုသည့် သူများရှိပေသည်။ ဤအရာအားလုံးသည် သဘာဝလွန်ကိစ္စရပ်များ မဟုတ်ပါသလော။ အံ့ဖွယ်အရာများနှင့်ဆိုင်သည့် အတွေ့အကြုံ သူ၌ မရှိသော်လည်း အရာအားလုံးကို သူသိ၏။ သူသည် သမ္မာတရားကို အဆုံးစွန် အခက်အခဲမရှိ ပြောဆို၊ ဖော်ပြသည်။ ဤသည်မှာ သဘာဝလွန်ဖြစ်ရပ် မဟုတ်လော။ သူ၏ အမှုသည် လူ့ဇာတိက ကြိုးပမ်းရရှိနိုင်သည်ထက် ပိုလွန်ပေသည်။ ယင်းသည် အသွေးအသား ခန္ဓာရှိသည့် လူသားတိုင်း၏ အတွေးက ကြိုးပမ်း၍မရရှိနိုင်သကဲ့သို့ လူ့စိတ်၏ ဆင်ခြင်တုံတရားအဖို့ လုံးဝ စိတ်ကူးကြံစည်၍ ရနိုင်သောအရာ မဟုတ်ပေ။ သူသည် ဘယ်သောအခါမျှ ကျမ်းစာကို မဖတ်ဖူးသော်လည်း၊ ဣသရေလ၌ ဘုရားသခင်၏ အမှုကို သူနားလည်သည်။ သူသည် မြေကြီးပေါ်တွင် ရပ်၍ စကားပြောသော်လည်း၊ တတိယကောင်းကင်နှင့်ဆိုင်သည့် နက်နဲမှုများကို သူ ပြောဆိုလေသည်။ လူသားသည် ဤနှုတ်ကပတ်တော်များကို ဖတ်ရှုသည့်အခါ၊ "ဤသည်မှာ တတိယကောင်းကင်ဘုံ၏ ဘာသာစကား မဟုတ်လော" ဟူသည့် ခံစားချက်က သူ့ကို လွှမ်းမိုးပေလိမ့်မည်။ ဤအရာအားလုံးသည် သာမန်လူသားတစ်ဦး ရရှိနိုင်စွမ်းရှိသည့်အရာထက် ကျော်လွန်နေသည့်ကိစ္စများ ဖြစ်သည် မဟုတ်လော။ ထိုအချိန်၌ အရက်လေးဆယ် အစာရှောင်ခြင်းကို ယေရှု ကျော်ဖြတ်ခဲ့ရသည့်အချိန်တွင် ယင်းသည် သဘာဝလွန်ဖြစ်ရပ် မဟုတ်လော။ အရက်လေးဆယ် အစာရှောင်ခြင်းက လုံးဝ သဘာလွန်ဖြစ်ရပ်၊ နတ်ဆိုးများ၏

လုပ်ရပ်တစ်ခုဟု သင်ပြောပါက၊ သင်သည် ယေရှုကို ရှုတ်ချမိပြီး ဖြစ်သည် မဟုတ်လော။ သူ၏အမှုတော်ကို မဆောင်ရွက်မီတွင်၊ ယေရှုသည် ပုံမှန်လူသားတစ်ဦးကဲ့သို့ ဖြစ်ခဲ့သည်။ သူသည်လည်း ကျောင်းတက်ခဲ့သည်။ သူသည် စာဖတ်၊ စာရေးနိုင်ရန် အခြားမည်သို့လျှင် သင်ယူနိုင်ခဲ့မည်နည်း။ ဘုရားသခင် လူ့ဇာတိခံသည့် အချိန်တွင်၊ ဇာတိပကတိထဲတွင် သန့်ရှင်းသော ဝိညာဉ်တော် ကွယ်ဝှက်နေခဲ့သည်။ သို့သော်လည်း၊ ပုံမှန်လူသားတစ်ဦး ဖြစ်သည့်အတွက်၊ ကြီးထွားမှုနှင့် ရင့်ကျက်မှု ဖြစ်စဉ်ကို ကြုံရဖို့ သူ့အတွက် လိုအပ်ခဲ့ပြီး၊ သူ၏ သိမြင်တတ်သော စွမ်းရည်သည် ရင့်ကျက်ကာ အမှုအရာများကို ပိုင်းခြားသိမြင်နိုင်ခြင်း မရှိမချင်း သူ့ကို ပုံမှန်လူတစ်ဦး အဖြစ် မမှတ်ယူနိုင်ပေ။ သူ၏လူ့သဘောသဘာဝ ရင့်ကျက်လာခဲ့သည့်နောက်မှသာ၊ သူသည် မိမိ၏ အမှုတော်ကို ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ သူ၏ သာမန်လူ့သဘောသဘာဝက မရင့်ကျက်သေးသကဲ့သို့ သူ၏ဆင်ခြင်တုံတရားက စိတ်မချသေးစဉ်တွင် မည်သို့လျှင် သူသည် မိမိ၏သာသနာလုပ်ငန်းကို ဆောင်ရွက်နိုင်မည်နည်း။ သေချာသည်မှာ၊ သူ့အသက် ခြောက်နှစ် သို့မဟုတ် ခုနှစ်နှစ် အရွယ်တွင် သူ၏ အမှုတော်ကို ဆောင်ရွက်ရန် သူ့ကိုမျှော်လင့်၍ မရနိုင်ပေ။ ဘုရားသခင်သည် ပထမဆုံးအကြိမ် လူ့ဇာတိခံယူသည့်အချိန်တွင် မိမိကိုယ်ကိုယ် အဘယ့်ကြောင့် ပွင့်ပွင့်လင်းလင်း မထင်ရှားစေခဲ့သနည်း။ ယင်းမှာ သူ့ဇာတိပကတိ၏ လူ့သဘောသဘာဝသည် မရင့်ကျက်သေးသောကြောင့်၊ သူ၏ ဇာတိပကတိနှင့်ဆိုင်သော သိမြင်တတ်သည့် ဖြစ်စဉ်များအပြင် ဤဇာတိပကတိ၏ သာမန်လူ့သဘောသဘာဝကို သူအပြည့်အဝ မရရှိသေးသောကြောင့် ဖြစ်သည်။ ဤအကြောင်းကြောင့်၊ သူသည် သူ၏ အမှုကို မစတင်နိုင်မီတွင် ဇာတိပကတိ၌ သူ၏ အမှုကို တာဝန်ယူဆောင်ရွက်ဖို့ လုံလုံလောက်လောက် ပြင်ဆင်ထားသည်အထိ ပုံမှန် လူ့သဘောသဘာဝနှင့် ပုံမှန်လူတစ်ဦး၏ အခြေခံအသိဉာဏ်ကို ပိုင်ဆိုင်ထားဖို့မှာ သူ့အတွက် လုံးဝ မရှိမဖြစ် လိုအပ်ချက် ဖြစ်သည်။ သူသည် ဤအလုပ်တာဝန်အဖို့ မသင့်တော်ပါက၊ သူ့အနေဖြင့် ဆက်လက်၍ ကြီးထွားကာ ရင့်ကျက်ဖို့ရန် လိုအပ်ပေသည်။ ယေရှုသည် အသက် ခုနှစ်နှစ် သို့မဟုတ် ရှစ်နှစ်အရွယ်တွင် သူ၏အမှုကို စတင်ခဲ့မည်ဆိုပါက၊ လူသားသည် သူ့ကို ပါရမီရှင်ကလေးအဖြစ် သတ်မှတ်ခဲ့မည် မဟုတ်လော။ လူအားလုံးက သူ့ကို ကလေးသူငယ်ဟု တွေးထင်ခဲ့မည် မဟုတ်လော။ မည်သူက သူ့ကို လက်ခံယုံကြည်နိုင်စရာဟု မြင်မည်နည်း။ အနောက်ကနေ၍ မိမိရပ်ခဲ့သည့် စင်မြင့်ထက် ပို၍အရပ်မမြင့်သည့် အသက် ခုနစ်နှစ် သို့မဟုတ် ရှစ်နှစ်အရွယ် ကလေးတစ်ယောက်— သူသည် တရားဟောပြောရန် သင့်တော်ခဲ့မည်လော။ သူ၏ သာမန်လူ့သဘာဝ မရင့်ကျက်မီတွင်၊ သူသည် တာဝန်ကို လုပ်နိုင်စွမ်း မရှိခဲ့ပေ။ မရင့်ကျက်သေးသည့်

သူ၏လူ့သဘာဝနှင့် ပတ်သက်သရွေ့ အလုပ်၏ အစိတ်အပိုင်း တော်တော်များများကို တကယ်ပင် မစွမ်းဆောင်နိုင်ပေ။ ဘုရားသခင်၏ လူ့ဇာတိခံယူသည့် ဝိညာဉ်တော်၏ အမှုသည်လည်း ယင်း၏ ကိုယ်ပိုင်အခြေခံသဘောတရားများဖြင့် ထိန်းချုပ်ထားလေသည်။ သူသည် သာမန်လူ့သဘာဝနှင့် ပြည့်စုံသောအခါမှသာ အလုပ်ကို တာဝန်ယူနိုင်ပြီး ခမည်းတော်၏ တာဝန်ကို လက်ခံနိုင်ပေသည်။ ထိုအခါမှသာ သူသည် မိမိ၏အမှုကို စတင်နိုင်ပေသည်။ သူ၏ကလေးဘဝတွင် ယေရှုသည် ရှေးယခင်အချိန်က ဖြစ်ပျက်ခဲ့သည့်အရာများစွာနှင့် ပတ်သက်၍ မည်သည့်အရာကိုမျှ တကယ့်ကို နားမလည်နိုင်ခဲ့ပေ၊ ပြီးလျှင် တရားဇရပ်တွင် သွန်သင်သူများအား မေးမြန်းခြင်းမှတစ်ဆင့်သာ သူနားလည်လာခဲ့ခြင်း ဖြစ်သည်။ စကားပြောဆိုတတ်သည်နှင့် တစ်ပြိုင်နက် သူ၏အမှုကို သူစတင်လုပ်ဆောင်ခဲ့ပါက၊ အမှားများ မလုပ်မိဖို့မှာ သူ့အတွက် အဘယ်သို့ ဖြစ်နိုင်မည်နည်း။ ဘုရားသခင်သည် အမှားများ လုပ်ဖို့ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ ထို့ကြောင့်၊ သူသည် အလုပ်လုပ်နိုင်ပြီးမှသာ သူ၏အလုပ်ကို စတင်ခဲ့သည်။ အပြည့်အဝတာဝန်မယူနိုင်သရွေ့ မည်သည့်အလုပ်ကိုမျှ သူမစတင်ခဲ့ပေ။ အသက် ၂၉ နှစ်အရွယ်တွင် ယေရှုသည် အတော်ရင့်ကျက်နှင့်နေပြီ ဖြစ်ကာ၊ သူ၏လူ့သဘာဝသည် သူလုပ်ရမည့်အလုပ်ကို တာဝန်ယူရန် လုံလောက်နေပြီ ဖြစ်သည်။ ထိုအခါမှသာလျှင် ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ့အထဲတွင် တရားဝင် စတင်အမှုပြုလေသည်။ ထိုအချိန်တွင် ယောဟန်သည် ကိုယ်တော်အတွက် လမ်းဖွင့်ပေးရန် ခုနစ်နှစ်ကြာ ပြင်ဆင်ခဲ့ပြီး၊ သူ၏အလုပ် အဆုံးသတ်သည်နှင့် ထောင်သွင်းအကျဉ်းချခြင်း ခံခဲ့ရသည်။ ထို့နောက်တွင် ယေရှုထံသို့ ဝန်ထုပ်ဝန်ပိုး တစ်ခုလုံးကျလာခဲ့သည်။ အကယ်၍ သူသည် အသက် ၂၁ သို့မဟုတ် ၂၂ အရွယ်၊ သူ၏လူ့သဘောသဘာဝ နည်းနေသေးပြီး လူငယ်ဘဝသို့ ချဉ်းနင်း ဝင်ရောက်လာခါစပင် ရှိကာ သူနားမလည်သည့် အရာများစွာ ရှိချိန်ဖြစ်သည့် ထိုအချိန်တွင် ဤအလုပ်ကို တာဝန်ယူခဲ့ပါက၊ ထိန်းချုပ်နိုင်စွမ်း ရှိခဲ့မည် မဟုတ်ပေ။ ထိုအချိန်တွင် ယေရှုက သူ၏ အမှုကို မစတင်မီ ယောဟန်အနေဖြင့် အချိန်အနည်းငယ်ကြာ မိမိ၏ အလုပ်ကို ဆောင်ရွက်နှင့်ခဲ့ပြီးဖြစ်ကာ၊ ယင်းအချိန်တွင် ယေရှုသည် လူလတ်ပိုင်း ရောက်နှင့်ပြီး ဖြစ်လေသည်။ ထိုအသက်အရွယ်တွင် သူ၏ သာမန် လူ့သဘောသဘာဝသည် သူလုပ်ဆောင်ရမည့် အလုပ်ကို တာဝန်ယူရန် လုံလောက်နေပြီဖြစ်သည်။ ယခုတွင် လူ့ဇာတိခံယူသော ဘုရားသခင်၌လည်း သာမန် လူ့သဘောသဘာဝ ရှိပြီဖြစ်ကာ သင်တို့ထဲမှ သာ၍ အသက်ကြီးသူတို့နှင့် နှိုင်းယှဉ်လျှင် မရင့်ကျက်သေးသော်လည်း၊ ဤသာမန်လူ့သဘာဝသည် သူ၏ အလုပ်ကို တာဝန်ယူရန် လုံလောက်နေပြီဖြစ်သည်။ ယနေ့အမှု ဝန်းကျင် အခြေအနေများက ယေရှု၏ အချိန်ကာလက

အခြေအနေများနှင့် အပြည့်အဝ မတူပေ။ ယေရှုသည် အဘယ်ကြောင့် တပည့်တော် ဆယ့်နှစ်ပါးကို ရွေးချယ်ခဲ့ပါသနည်း။ ယင်းသည် သူ၏ အမှုကို ထောက်ပံ့ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် သက်သက် ဖြစ်သည်။ တစ်ဖက်တွင်၊ ထိုအချိန်က သူ၏ အမှုအတွက် အခြေခံအုတ်မြစ်ကို ချရန်ဖြစ်ပြီး၊ အခြားတစ်ဖက်တွင်မူ နောက်လာမည့် နေ့ရက်များထဲက သူ၏အမှုအတွက် အခြေခံအုတ်မြစ်ကို ချရန်ဖြစ်သည်။ ထိုအချိန်က အမှုနှင့်အညီ၊ တပည့်တော် ဆယ့်နှစ်ပါးကို ရွေးချယ်ရန်မှာ ဘုရားသခင် ကိုယ်တော်တိုင်၏ လိုအင်ဆန္ဒဖြစ်သကဲ့သို့ ယေရှု၏ လိုအင်ဆန္ဒလည်း ဖြစ်ခဲ့ပေသည်။ တပည့်တော် ဆယ့်နှစ်ပါးကို ရွေးချယ်ပြီးနောက် တရားဟောဖို့ နေရာတကာသို့ သူ ဦးဆောင်ခေါ်သွားသင့်သည်ဟု သူယုံကြည်ခဲ့သည်။ သို့သော် ယနေ့တွင် သင်တို့အကြား ဤအရာ မလိုအပ်တော့ပေ။ လူ့ဇာတိခံ ဘုရားသခင်သည် ဇာတိပကတိ၌ အလုပ်လုပ်သည့်အခါ၊ အခြေခံသဘောတရားများစွာ ရှိပြီး၊ လူသား တကယ်ကို နားမလည်နိုင်သည့် အရာများစွာ ရှိလေသည်။ လူသားသည် ဘုရားသခင်ကို အကဲဖြတ်ရန် သို့မဟုတ် ဘုရားသခင်ကို လွန်ကဲသည့် တောင်းဆိုမှုများပြုရန် မိမိ၏ကိုယ်ပိုင် အယူအဆများကို စဉ်ဆက်မပြတ် အသုံးပြုလေသည်။ သို့သော်လည်း ယနေ့ထိ၊ လူများစွာတို့သည် မိမိတို့၏ အသိပညာမှာ မိမိတို့၏ အယူအဆများဖြင့်သာ ဖွဲ့စည်းထားသည်ကို လုံးဝ မသိကြပေ။ မည်သည့်ခေတ် သို့မဟုတ် မည်သည့် နေရာတွင် ဘုရားသခင် လူ့ဇာတိခံယူသည်ဖြစ်စေ၊ ဇာတိပကတိ၌ သူ၏ အမှုအတွက် အခြေခံသဘောတရားများမှာ မပြောင်းလဲဘဲ ရှိ နေပါသည်။ သူသည် လူ့ဇာတိခံယူသော်လည်း ဇာတိပကတိကို ကျော်လွန်၍ အလုပ်လုပ်ရန်မှာ မရနိုင်ပေ။ သူသည် လူ့ဇာတိခံသော်လည်း ဇာတိပကတိ၏ သာမန်လူ့သဘာဝအတွင်းတွင် အလုပ်မလုပ်ရန်မှာ သာ၍ပင် မရနိုင်ပေ။ သို့မဟုတ်ပါက၊ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း အဓိပ္ပာယ်သည် အချည်းနှီးအဖြစ်သို့ ပပျောက်သွားလိမ့်မည်ဖြစ်ပြီး၊ လူ့ဇာတိခံယူသည့် နှုတ်ကပတ်တော်သည် လုံးဝ အဓိပ္ပာယ်မဲ့သွားပေလိမ့်မည်။ ထို့ပြင်၊ ကောင်းကင်ဘုံ၌ ရှိသော ခမည်းတော် (ဝိညာဉ်တော်) သာလျှင် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းကို သိရှိပြီး၊ အခြားမည်သူမျှ၊ လူ့ဇာတိခံယူသူ ကိုယ်တိုင်ပင် သို့မဟုတ် ကောင်းကင်ဘုံ၏တမန်များပင် မသိရှိပေ။ ဤသို့ဖြစ်၍၊ လူ့ဇာတိ၌ ဘုရားသခင်၏ အမှုသည် ပိုပြီးသာမန်ဖြစ်ကာ နှုတ်ကပတ်တော်သည် ကေန်အမှန် လူ့ဇာတိ ခံယူပြီးဖြစ်သည်ကို ပိုပြီးထင်ရှားစေနိုင်ပြီး ဇာတိပကတိဆိုသည်မှာ ရိုးရိုးသာမန် လူသားတစ်ဦးဟု အဓိပ္ပါယ်ရပေသည်။

အချို့က၊ "ခေတ်ကာလကို ဘုရားသခင် ကိုယ်တော်တိုင်က အဘယ်ကြောင့် ဖွင့်ပေးရမည်နည်း။

ဘုရားသခင်၏ ကိုယ်စား ဖန်ဆင်းခံသူတစ်ဦးက မရပ်တည်ပေးနိုင်သလော။” ဟု စဉ်းစားကောင်း စဉ်းစားမည်။ ဘုရားသခင်သည် ခေတ်သစ်ကို ဖွင့်ပေးခြင်း ရည်ရွယ်ချက်ကို ဖော်ပြရန်အတွက် လူ့ဇာတိခံယူလာခဲ့သည်ကို သင်တို့အားလုံး သတိပြုမိကြပြီး၊ ခေတ်သစ်ကို သူဖွင့်ပေးသည့်အချိန်တွင် သူသည် တစ်ချိန်တည်းတွင် ခေတ်ဟောင်းကို အဆုံးသတ်လိမ့်မည်မှာ မှန်ပေ၏။ ဘုရားသခင်သည် အစနှင့်အဆုံး ဖြစ်သည်။ သူ၏ အမှုကို စတင်လှုပ်ရှားစေသည်မှာ သူကိုယ်တိုင်ဖြစ်ပြီး၊ ထို့ကြောင့် အရင်ခေတ်ကို အဆုံးသတ်သူမှာလည်း သူကိုယ်တိုင်ဖြစ်ရပေမည်။ ယင်းသည် စာတန်ကို သူ အောင်နိုင်ခြင်းနှင့် ကမ္ဘာမြေကြီးကို သူ၏သိမ်းပိုက်ခြင်း၏ သက်သေဖြစ်သည်။ အချိန်တိုင်းတွင် သူကိုယ်တိုင် လူသားအကြား အမှုပြုလေသည်၊ ယင်းသည် အသစ်သော စစ်ပွဲတစ်ခု၏ အစဖြစ်ပေသည်။ အသစ်သော အမှု၏အစ မရှိဘဲနှင့်၊ အမှုဟောင်း၏ နိဂုံးသည် အလိုအလျောက်ပင် ရှိလိမ့်မည် မဟုတ်ပေ။ အမှုဟောင်း၏ နိဂုံးမရှိသည့်အခါ၊ စာတန်နှင့် တိုက်ပွဲသည် အဆုံးသတ်သို့ ရောက်မလာသေးကြောင်း သက်သေဖြစ်သည်။ ဘုရားသခင် ကိုယ်တော်တိုင်လာပြီး လူသားကြားတွင် အမှုသစ်ပြုမှသာလျှင်၊ လူသားသည် စာတန်၏အုပ်စိုးမှုကို လုံးဝချိုးဖောက်ပြီး အသက်တာသစ်နှင့် စတင်မှု အသစ်ကို ရရှိနိုင်ပေသည်။ သို့မဟုတ်ပါက၊ လူသားသည် ခေတ်ဟောင်းတွင် ထာဝရအသက်ရှင်နေထိုင်နေပြီး စာတန်၏ လွှမ်းမိုးမှုဟောင်း အောက်၌သာ ထာဝရနေရလိမ့်မည် ဖြစ်သည်။ ဘုရားသခင်ဦးဆောင်ခဲ့သည့် ခေတ်ကာလတိုင်းနှင့်အတူ၊ လူသားအချို့က လွတ်မြောက်သွားပြီး ထိုသို့ဖြင့်၊ လူသားသည် ခေတ်သစ်ဆီသို့ ဘုရားသခင်၏ အမှုနှင့်အတူ တက်လှမ်းလေသည်။ ဘုရားသခင်၏ အောင်မြင်မှုဟူသည်မှာ သူ့နောက် လိုက်လျှောက်သည့် သူအားလုံး၏ အောင်မြင်မှုဟု ဆိုလိုပေသည်။ အဖန်ဆင်းခံ လူသားမျိုးနွယ်အား ခေတ်ကာလကို အဆုံးသတ်ခြင်းတာဝန် ပေးမည်ဆိုလျှင်၊ လူသား၏ ရှုထောင့်အမြင်မှဖြစ်စေ သို့မဟုတ် စာတန်၏ ရှုထောင့်အမြင်မှ ဖြစ်စေ၊ ဤအရာသည် ဘုရားသခင်ကို နာခံသည့် လုပ်ရပ်တစ်ခု မဟုတ်ဘဲ၊ ဘုရားသခင်ကို ဆန့်ကျင်သည့် လုပ်ရပ် သို့မဟုတ် သစ္စာဖောက်သည့် လုပ်ရပ်တစ်ခုသာ ဖြစ်လိမ့်မည်၊ ပြီးလျှင် လူသား၏ အလုပ်သည် စာတန်အတွက် တန်ဆာပလာတစ်ခု ဖြစ်သွားပေလိမ့်မည်။ လူသားအနေဖြင့် ဘုရားသခင်ကိုယ်တော်တိုင် ဖွင့်လှစ်သည့် ခေတ်တစ်ခုထဲတွင် ဘုရားသခင်ကို နာခံမှုရှိပြီး လိုက်လျှောက်မှသာ၊ စာတန်က အပြည့်အဝ ယုံကြည်လက်ခံနိုင်ပေမည်၊ အဘယ်ကြောင့်ဆိုသော် ယင်းသည် အဖန်ဆင်းခံတစ်ဦး၏ တာဝန်ဖြစ်သည့်အတွက် ဖြစ်သည်။ ထို့ကြောင့် သင်တို့အနေဖြင့် လိုက်လျှောက်ရန်နှင့် နာခံရန်သာ လိုအပ်ပြီး နောက်ထပ် ဘာကိုမျှ

သင်တို့ကို တောင်းဆိုခြင်းမရှိဟု ငါဆိုခြင်း ဖြစ်၏။ ဤသည်မှာ အသီးသီးက မိမိ၏တာဝန်ကို ထိန်းသိမ်းထားခြင်းနှင့် အသီးသီးက မိမိ၏ သက်ဆိုင်ရာ လုပ်ငန်းဆောင်တာကို ဆောင်ရွက်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ ဘုရားသခင်သည် သူကိုယ်တိုင်၏ အလုပ်ကိုလုပ်ပြီး၊ လူသားက သူ့ကိုယ်စား လုပ်ပေးရန် မလိုအပ်သကဲ့သို့ ဖန်ဆင်းခံများ၏ အလုပ်တွင်လည်း သူပါဝင်ပတ်သက်ခြင်း မရှိပေ။ လူသားသည် မိမိကိုယ်တိုင်၏ တာဝန်ကို ဆောင်ရွက်ပြီး ဘုရားသခင်၏ အမှုတွင် ပါဝင်ပတ်သက်ခြင်း မရှိ။ ဤအရာသည်သာ စစ်မှန်သည့် နာခံခြင်းဖြစ်ပြီး၊ စာတန်ကို အနိုင်ယူခြင်းသက်သေ ဖြစ်သည်။ ဘုရားသခင် ကိုယ်တိုင် ခေတ်သစ်ကို ဖွင့်လှစ်ပေး ပြီးနောက်၊ သူကိုယ်တိုင်သည် လူသားများအကြားတွင် အမှုပြုရန် ကြွဆင်းလာခြင်း မရှိတော့ချေ။ ထိုအခါမှသာ လူသားသည် မိမိ၏တာဝန်ကို ဆောင်ရွက်ရန်နှင့် ဖန်ဆင်းခံတစ်ဦးအနေဖြင့် သူ၏တာဝန်ကို ထမ်းရွက်ရန် ခေတ်သစ်ထဲသို့ တရားဝင် လှမ်းလာခြင်း ဖြစ်သည်။ ဤအရာများသည် မည်သူမျှ မချိုးဖောက်ရသော ဘုရားသခင် အမှုပြုသည့် အခြေခံသဘောတရားများဖြစ်သည်။ ဤနည်းလမ်းဖြင့် လုပ်ဆောင်ခြင်းသည်သာလျှင် သင့်တင့်လျောက်ပတ်မှုရှိပြီး လျော်ကန်ပေသည်။ ဘုရားသခင်၏ အလုပ်ကို ဘုရားသခင်ကိုယ်တော်တိုင်က လုပ်ဆောင်ရမည်ဖြစ်သည်။ သူ၏အမှုကို စတင်လှုပ်ရှားစေသူမှာ သူဖြစ်ပြီး သူ၏ အမှုကို အဆုံးသတ်သူမှာ သူဖြစ်၏။ အမှုကို စီစဉ်သူမှာ သူဖြစ်ပြီး၊ ယင်းအား စီမံခန့်ခွဲသူမှာ သူ ဖြစ်သည်၊ ထို့ထက်မက အမှုကို အောင်မြင်စေသူမှာ သူပင် ဖြစ်ပေသည်။ သမ္မာကျမ်းစာထဲတွင် "ငါသည်အစနှင့် အဆုံးဖြစ်သည်၊ ငါသည် ပျိုးကြဲသောသူနှင့် စပါးရိတ်သောသူဖြစ်သည်" ဟု ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။ သူ၏ စီမံခန့်ခွဲခြင်းနှင့်ဆိုင်သည့် အမှုနှင့် ဆက်စပ်သမျှကို ဘုရားသခင်ကိုယ်တော်တိုင် လုပ်ဆောင်လေသည်။ သူသည် အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်ကို အုပ်ချုပ်သူဖြစ်သည်။ အရာအားလုံးကို ထိန်းချုပ်ထားသူမှာ သူ ဖြစ်သည့်အတွက်၊ မည်သူမျှ ဘုရားသခင်ကိုယ်စား သူ၏အမှုကို မလုပ်ဆောင်နိုင်သကဲ့သို့ သူ၏ အမှုကို မည်သူမျှ အဆုံးမသတ်စေနိုင်ပေ။ ကမ္ဘာမြေကြီးကို ဖန်ဆင်းပြီးနောက်၊ သူသည် ကမ္ဘာလောကတစ်ခုလုံးကို သူ၏အလင်းထဲတွင် အသက်ရှင်ဖို့ ဦးဆောင်မည်ဖြစ်ပြီး၊ ခေတ်တစ်ခုလုံးကိုလည်း အဆုံးသတ်လိမ့်မည်၊ ထိုသို့ဖြင့် သူ၏ အစီအစဉ်တစ်ခုလုံးကို အောင်မြင်စေလိမ့်မည်ဖြစ်သည်။

## လူ့ဇာတိခံယူခြင်း၏ နက်နဲရာအချက် (၂)

ယုဒပြည်၌ ယေရှုအမှုပြုခဲ့ချိန်တွင် ပွင့်လင်းစွာ သူ လုပ်ဆောင်ခဲ့သည်၊ သို့သော် ယခုတွင် ငါသည် သင်တို့အလယ်တွင် တိတ်တဆိတ် အမှုပြုကာ စကားပြောသည်။ မယုံကြည်သူများသည် ယင်းကို လုံးဝ သတိမပြုမိကြချေ။ သင်တို့အလယ် ငါ၏အမှုသည် အပြင်ဘက်၌ ရှိသူများအဖို့ ပိတ်ထားလျက်ရှိသည်။ ဤနှုတ်ကပတ်တော်များ၊ ပြစ်တင်ဆုံးမခြင်းများနှင့် တရားစီရင်မှုများကို သင်တို့သာ သိကြပြီး အခြားသောသူများက မသိကြပေ။ ဤအမှုအားလုံးကို သင်တို့အလယ်တွင် ဆောင်ရွက်ခြင်းဖြစ်ပြီး၊ သင်တို့အဖို့သာ ဖွင့်ဟထားပေသည်။ အချိန်မကျသေးသည့်အတွက် ယင်းကို မယုံကြည်သူများထဲမှ မည်သူမျှ မသိပေ။ ဤနေရာ၌ရှိသော လူများသည် ပြစ်တင်ဆုံးမခြင်းများကို ကြံ့ကြံ့ခံပြီးနောက် စုံလင်စေခြင်းခံရရန် နီးစပ်ကြသော်လည်း၊ အပြင်တွင်ရှိကြသူများက ဤအရာနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှ မသိကြချေ။ ဤအမှုသည် အလွန် ကွယ်ဝှက်လွန်းလှပေသည်။ ၎င်းတို့အဖို့၊ ဘုရားသခင် လူ့ဇာတိခံယူသည်မှာ ဖုံးကွယ်ထားလျက်ရှိသော်လည်း၊ ဤရေစီးကြောင်းအတွင်း၌ ရှိသောသူများအဖို့မူ သူသည် ဖွင့်ဟထားသည်ဟု ပြော၍ရပေသည်။ ဘုရားသခင်၌ အရာအားလုံး ဖွင့်ထားသော်လည်း၊ အရာအားလုံး ထုတ်ဖော်ပြထားသော်လည်း၊ အရာအားလုံး လွတ်လပ်သော်လည်း၊ ဤအရာသည် သူ့ကို ယုံကြည်သော သူများအတွက်သာ မှန်ကန်ပေသည်။ ကျန်သောသူများ ဖြစ်သည့် မယုံကြည်သူများနှင့် ပတ်သက်သရွေ့ မည်သည့်အရာကိုမျှ အသိပေးခြင်း မရှိပေ။ သင်တို့အလယ်နှင့် တရုတ်ပြည်တွင် လတ်တလော လုပ်ဆောင်လျက်ရှိသည့် အမှုသည် ၎င်းတို့ မသိစေဖို့၊ တင်းတင်းကြပ်ကြပ် ပိတ်ထားလျက်ရှိသည်။ ဤအမှုကို ၎င်းတို့ သိရှိလာခဲ့ပါလျှင်လည်း၊ ၎င်းတို့ လုပ်မည့်အရာ ဟူသမျှမှာ ယင်းကို ရှုတ်ချပြီး ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံစေဖို့သာ ဖြစ်ပေသည်။ ယင်းကို ၎င်းတို့ ယုံကြည်ကြမည် မဟုတ်ပေ။ ဤခေတ်နောက်အကျန်ဆုံးနေရာဖြစ်သည့် အဆင်းနီသော နဂါးကြီး၏ တိုင်းနိုင်ငံတွင် အလုပ်လုပ်ရန်မှာ လွယ်ကူသည့် အလုပ် မဟုတ်ပေ။ ဤအမှုကို လူပုံအလယ်တွင် ထားမည်ဆိုပါက၊ ဆက်လက်လုပ်ဆောင်ရန် ဖြစ်နိုင်မည် မဟုတ်ချေ။ အမှု၏ ဤအဆင့်ကို ဤနေရာတွင် တကယ်ကို ဆောင်ရွက်၍မရနိုင်ပေ။ ဤအလုပ်ကို လူပုံအလယ်တွင် ဆောင်ရွက်ခဲ့မည်ဆိုပါက၊ ယင်းကို ရှေ့ဆက်လုပ်ဆောင်ရန် ၎င်းတို့ မည်သို့ခွင့်ပြုနိုင်မည်နည်း။ ဤအရာက အမှုကို သာ၍ ကြီးမားသည့်အန္တရာယ်အောက်သို့ ရောက်ရှိစေမည်မဟုတ်လော။ ဤအမှုကို ဖုံးကွယ်ထားခြင်းမရှိဘဲ၊ ယင်းထက် မကျန်းမာသူများကို အံ့ဘနန်း ကျန်းမာစေပြီး နတ်ဆိုးများကိုလည်း နှင်ထုတ်ခဲ့သည့် ယေရှု၏အချိန်ကာလကဲ့သို့ ဆောင်ရွက်မည်ဆိုပါက၊ ယင်းကို နတ်ဆိုးများက

အချိန်ကြာမြင့်စွာက "အကျဉ်းသား" ဖြစ်စေပြီးဖြစ်မည် မဟုတ်လော။ ၎င်းတို့သည် ဘုရားသခင်၏ တည်ရှိခြင်းကို သည်းခံနိုင်ကြမည်လော။ ယခုတွင် တရားဇရပ်များထဲသို့ တရားဟောရန်နှင့် ဩဝါဒပေးရန် ဝင်ရောက်မည် ဆိုပါက၊ ငါသည် အချိန်ကြာမြင့်စွာက အစိတ်စိတ်အမြွှာအမြွှာ ပစ်ပေါက်ခံရပြီးဖြစ်မည် မဟုတ်လော။ ဤအရာ ဖြစ်အပျက်ခဲ့ပါက၊ ငါ၏အမှုကို မည်သို့ ဆက်လက် ဆောင်ရွက်နိုင်မည်နည်း။ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပွင့်လင်းစွာ လုံးဝ မပြသသည့် အကြောင်းရင်းမှာ ဖုံးကွယ်ခြင်းအတွက် ဖြစ်သည်။ ထို့ကြောင့်၊ မယုံကြည်သူများအဖို့ ငါ၏အမှုကို မြင်၍မရ၊ သိ၍မရ၊ သို့မဟုတ် ရှာဖွေတွေ့ရှိ၍လည်း မရပေ။ အမှု၏ ဤအဆင့်ကို ကျေးဇူးတော်ခေတ်တွင် ယေရှုလုပ်ခဲ့သည်နည်းတူ လုပ်ဆောင်ခဲ့မည် ဆိုပါက၊ ယခုကဲ့သို့ အလွန် တည်တည်ငြိမ်ငြိမ် ရှိနိုင်မည် မဟုတ်ပါ။ ထို့ကြောင့်၊ ဤကဲ့သို့ လျှို့ဝှက်စွာ အလုပ်လုပ်ခြင်းသည် သင်တို့နှင့် အမှုအဖို့ တစ်ပေါင်းတစ်စည်းတည်း အကျိုးရှိလေသည်။ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏အမှု အဆုံးသတ်လာသည့်ချိန်တွင်၊ ဆိုလိုသည်မှာ ဤလျှို့ဝှက်သောအမှု နိဂုံးချုပ်သည့် အချိန်တွင်၊ အမှု၏ ဤအဆင့်သည် လူပုံအလယ် ဖြုန်းခနဲ ဖြစ်ပွားလိမ့်မည်။ တရုတ်ပြည်တွင် အောင်မြင်သူတစ်စုရှိသည်ကို အားလုံး သိကြလိမ့်မည်။ လူ့ဇာတိခံလာသည့် ဘုရားသခင်သည် တရုတ်ပြည်တွင် ရှိပြီး သူ၏အမှုသည် အဆုံးသို့ ရောက်ရှိပြီး ဖြစ်သည်ကို အားလုံး သိကြလိမ့်မည်။ ထိုအခါမှသာ လူသားက တဖြည်းဖြည်း သဘောပေါက်လိမ့်မည်- တရုတ်ပြည်သည် အဘယ်ကြောင့် မကျဆင်းသေးသနည်း သို့မဟုတ် မပြိုလဲသေးသနည်း။ လက်စသတ်တော့ ဘုရားသခင်သည် သူ၏အမှုကို တရုတ်ပြည်တွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နေပြီး လူတစ်စုကို အောင်မြင်သူများအဖြစ် စုံလင်စေပြီး ဖြစ်ပေသည်။

လူ့ဇာတိခံသည့် ဘုရားသခင်သည် သူ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ချိန်တွင်၊ ဤကာလအတွင်းတွင် သူ့နောက်လိုက်သော လူတစ်စုထံသို့သာ မိမိကိုယ်မိမိ ပြပြီး ဖန်ဆင်းခံ သတ္တဝါအားလုံးထံသို့ မပြပေ။ သူသည် သူ၏ အမှု အဆင့်တစ်ဆင့်ကို စုံလင်စေရန်သာ လူ့ဇာတိ ခံယူခဲ့ပြီး၊ သူ၏ ပုံသဏ္ဌာန်ကို လူသားထံပြရန်အတွက် မဟုတ်ပေ။ သို့သော်လည်း သူ၏အမှုကို သူကိုယ်တိုင် ဆောင်ရွက်ရမည် ဖြစ်သောကြောင့်၊ ဇာတိခန္ဓာဖြင့် ထိုသို့ လုပ်ဆောင်ရန် သူ့အတွက် လိုအပ်ပေသည်။ ဤအမှု အဆုံးသတ်သည့်အခါ၊ သူသည် လူ့လောကမှ ထွက်ခွာလိမ့်မည် ဖြစ်သည်။ လာမည့်အမှု၏ လမ်းကို အတားအဆီးဖြစ်စေမိမည် စိုးသည့်အတွက် သူသည် လူသားမျိုးနွယ်အလယ်တွင် ရေရှည် ရှိမနေနိုင်ပေ။ အကြောင်းမှာ ဘုရားသခင်၏ ပုံသဏ္ဌာန်ကို သူ၏စိတ်သဘောထားမှုတစ်ဆင့်သာ ပြသ၍ရနိုင်ပြီး သူ၏ လူ့ဇာတိခံ ခန္ဓာ၏ ပုံသဏ္ဌာန်က အစားထိုး၍ မရနိုင်သည့်အတွက် လူအမြောက်အများထံ သူ

ထင်ရှားစေသည်မှာ သူ၏ဖြောင့်မတ်သော စိတ်သဘောထားနှင့် သူ၏လုပ်ဆောင်မှုများ အားလုံးဖြစ်ကာ၊ သူ လူ့ဇာတိနှစ်ကြိမ်ခံယူချိန်က ပုံသဏ္ဌာန်မဟုတ်ပေ။ သူ၏ ဇာတိခန္ဓာ ပုံသဏ္ဌာန်ကို လူအရေအတွက် အကန့်အသတ်တစ်ခု ဆီသို့သာ၊ လူ့ဇာတိ၌ သူအလုပ်လုပ်နေစဉ် သူ့နောက်ကိုလိုက်သော သူများထံသို့သာ ပြသလေသည်။ ဤသည်မှာ ယခု ဆောင်ရွက်နေသော အမှုကို လျှို့ဝှက်စွာလုပ်ဆောင်ရသည့် အကြောင်းရင်း ဖြစ်သည်။ ထိုနည်းတူ ယေရှုသည် သူ၏အမှုကို လုပ်ဆောင်ခဲ့ချိန်တွင်၊ ဂျူးလူမျိုးများထံသာ မိမိကိုယ်ကိုယ် ပြသခဲ့ပြီး၊ အခြားမည်သည့် တိုင်းနိုင်ငံကိုမျှ မိမိကိုယ်မိမိ လူသိရှင်ကြား လုံးဝ မပြခဲ့ပေ။ ထို့ကြောင့် သူ၏အမှုကို လက်စသတ်ခဲ့ပြီးသည်နှင့်တစ်ပြိုင်နက် သူသည် လူ့လောကမှ ချက်ချင်းထွက်ခွာခဲ့ပြီး မနေထိုင်ခဲ့ပေ။ နောက်ပိုင်းတွင် လူသားထံ မိမိကိုယ်မိမိ ပြခဲ့သူမှာ ဤလူသား ပုံသဏ္ဌာန်ဖြစ်သည့် သူမဟုတ်ခဲ့ဘဲ၊ အမှုကို တိုက်ရိုက်ဆောင်ရွက်ခဲ့သော သန့်ရှင်းသောဝိညာဉ်တော် ဖြစ်လေသည်။ လူ့ဇာတိခံယူသော ဘုရားသခင်၏အမှု လုံးဝ ပြီးစီးသည်နှင့်တစ်ပြိုင်နက်၊ သေမျိုးဖြစ်သော လောကမှ သူထွက်ခွာလိမ့်မည်ဖြစ်ပြီး၊ လူ့ဇာတိ၌ သူ ရှိခဲ့ချိန် လုပ်ဆောင်ခဲ့သည့် အရာနှင့်တူညီသည့် မည်သည့်အမှုကိုမျှ သူ တစ်ဖန် လုံးဝ လုပ်ဆောင်လိမ့်မည်မဟုတ်ပေ။ ဤအရာပြီးသည့်နောက်တွင်၊ အမှုအားလုံးကို သန့်ရှင်းသောဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်လေသည်။

ဤကာလအတောအတွင်းတွင်၊ လူသားသည် သူ၏ အသွေးအသား ခန္ဓာ၏ ပုံသဏ္ဌာန်ကို မမြင်နိုင်ပေ။ သူသည် လူသားထံ မိမိကိုယ်မိမိ လုံးဝမပြဘဲ၊ ထာဝရ ကွယ်ဝှက်နေလေသည်။ လူ့ဇာတိခံယူသော ဘုရားသခင်၏အမှုအတွက် အချိန်သည် အကန့်အသတ်ရှိ၏။ ယင်းကို တိကျသော ခေတ်၊ ကာလ၊ တိုင်းနိုင်ငံနှင့် တိကျသော လူများအလယ်တွင် ဆောင်ရွက်ပေသည်။ ဤအမှုသည် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းကာလ အတောအတွင်းက အမှုကိုသာ ကိုယ်စားပြုပြီး ထိုခေတ်အဖို့ သီးသန့်ဖြစ်ပေသည်။ ယင်းသည် သီးသန့် ခေတ်တစ်ခေတ်ထဲက ဘုရားသခင်၏ ဝိညာဉ်တော်၏အမှုကို ကိုယ်စားပြုပြီး သူ၏ အမှုအလုံးစုံကို ကိုယ်စားမပြုပေ။ ထို့ကြောင့်၊ လူ့ဇာတိခံယူသော ဘုရားသခင်၏ ပုံသဏ္ဌာန်ကို လူအားလုံးထံ ပြသမည် မဟုတ်ပေ။ လူအမြောက်အများထံသို့ ပြသသည့်အရာမှာ သူ လူ့ဇာတိနှစ်ကြိမ် ခံယူတုန်းက သူ၏ပုံသဏ္ဌာန်ထက် ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် သူ၏ စိတ်သဘောထားအလုံးစုံ ဖြစ်ပေသည်။ လူသားထံ ပြသသည်မှာ ပုံသဏ္ဌာန်တစ်ခုမဟုတ်သကဲ့သို့ ပုံသဏ္ဌာန်နှစ်ခု ပေါင်းစည်းခြင်းလည်း မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်သည် သူ လုပ်ဆောင်ရမည့် အမှုကို လုပ်ဆောင်ရန်သာ ကြွလာပြီး လူတို့ထံ မိမိ၏ပုံသဏ္ဌာန်ကိုပြရန် မဟုတ်သည့်အတွက်၊ ဘုရားသခင်၏ လူ့ဇာတိခံယူသော ခန္ဓာသည်

သူလုပ်ဆောင်ဖို့ လိုအပ်သည့်အမှုကို ပြီးဆုံးသည်နှင့် ကမ္ဘာပေါ်မှ ထွက်ခွာသင့်သည်မှာ အလွန် အရေးကြီးပေသည်။ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုကို ဘုရားသခင်က လူ့ဇာတိကိုနှစ်ကြိမ်ခံယူခြင်းဖြင့် ပြည့်စုံစေနှင့်ပြီး ဖြစ်သော်လည်း၊ ယခင်က သူ့ကို လုံးဝ မမြင်ဖူးသော မည်သည့် တိုင်းနိုင်ငံထံသို့မဆို မိမိကိုယ်မိမိ ပွင့်လင်းစွာ ပြဦးမည် မဟုတ်ပေ။ ယေရှုသည် ဖြောင့်မတ်ခြင်းနေမင်းအဖြစ် မိမိကိုယ်မိမိ ဂျူးလူမျိုးများထံသို့ မည်သည့်အခါမျှ တစ်ဖန် ဖော်ပြလိမ့်မည် မဟုတ်သကဲ့သို့၊ သံလွင်တောင်ပေါ်သို့ တက်ကြွပြီး လူအားလုံးထံ ပေါ်လာလိမ့်မည်လည်း မဟုတ်ပေ။ ဂျူးလူမျိုးများက မြင်ရပြီးသမျှ အားလုံးမှာ ယုဒပြည်တွင် သူ၏ အချိန်ကာလအတောအတွင်း ယေရှု၏ပုံတူ ဖြစ်ပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သူ၏ လူ့ဇာတိခံယူခြင်းတွင် ယေရှု၏အမှုသည် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်က အဆုံးသတ်ခဲ့သောကြောင့် ဖြစ်သည်။ လူ့ဇာတိခံလာသည့် ယေရှု၏ ပုံသဏ္ဌာန်သည် ဂျူးလူမျိုးတစ်ဦး၏ ပုံသဏ္ဌာန်မျှဖြစ်ပြီး ယောဟန်မြင်ခဲ့သည့် လူသား၏ ပုံသဏ္ဌာန် မဟုတ်သည့်အတွက်၊ သူသည် ဂျူးလူမျိုးတစ်ဦး၏ ပုံသဏ္ဌာန်၌ မိမိကိုယ်ကိုယ် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများထံသို့ ပြဖို့မဆိုလေနှင့်၊ ဂျူးလူမျိုးတစ်ဦး၏ ပုံသဏ္ဌာန်ဖြင့် ယုဒပြည်သို့ပင် ပြန်လာလိမ့်မည် မဟုတ်ပေ။ သူ တစ်ဖန် ပြန်ကြွလာမည်ဟု သူ၏နောက်လိုက်များထံ ယေရှုကတိပေးခဲ့သော်လည်း၊ ဂျူးလူမျိုး တစ်ဦး၏ ပုံသဏ္ဌာန်ဖြင့် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများတွင် ရှိကြသူများထံ မိမိကိုယ်မိမိ သက်သက်ပြလိမ့်မည် မဟုတ်ပေ။ လူ့ဇာတိခံယူသော ဘုရားသခင်၏အမှုသည် ခေတ်တစ်ခုကို ဖွင့်ဖို့ဖြစ်သည်ကို သင်တို့သိသင့်သည်။ ဤအမှုသည် နှစ်အနည်းငယ်အထိ ကန့်သတ်ထားပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်၏ အမှုအားလုံးကို သူ မပြည့်စုံစေနိုင်ပေ။ ထိုနည်းတူစွာ၊ ဂျူးလူမျိုးတစ်ဦးအဖြစ် ယေရှု၏ပုံသဏ္ဌာန်သည် ယုဒပြည်တွင် သူ အမှုပြုခဲ့သည်နှင့်အမျှ ဘုရားသခင်၏ပုံသဏ္ဌာန်ကိုသာ ကိုယ်စားပြုနိုင်ပြီး ကားစင်တင်ခံရခြင်း အမှုကိုသာ သူ လုပ်ဆောင်နိုင်လေသည်။ ယေရှုသည် လူ့ဇာတိ၌ ရှိခဲ့သည့် အချိန်ကာလအတောအတွင်းတွင်၊ ခေတ်ကို အဆုံးသတ်သို့ ဆောင်ကြဉ်းခြင်း သို့မဟုတ် လူသားမျိုးနွယ်ကို ဖျက်ဆီးခြင်းအမှုအား သူ မလုပ်ဆောင်နိုင်ခဲ့ပေ။ ထို့ကြောင့် သူသည် ကားစင်တင်ခံရပြီး၊ သူ၏အမှုကို အဆုံးသတ်ပြီးသည့်နောက်တွင် အထက်အရပ်သို့ တက်ကြွခဲ့ကာ လူသားထံမှ မိမိကိုယ်မိမိ ထာဝရ ဖုံးကွယ်ထားခဲ့သည်။ ထိုအချိန်မှစ၍ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများမှ သစ္စာရှိသော ယုံကြည်သူများသည် သခင်ယေရှု၏ သရုပ်သကန်ကို မတွေ့မြင်နိုင်ခဲ့ကြဘဲ၊ နံရံပေါ်တွင် ကပ်ထားသော သူ၏ပုံတူကိုသာ တွေ့မြင်နိုင်ခဲ့ကြသည်။ ဤပုံတူသည် လူသားက ရေးဆွဲခဲ့သည့် ပုံတူတစ်ခုသာဖြစ်ပြီး၊ ဘုရားသခင်ကိုယ်တိုင်က လူသားထံ ပြခဲ့သည့်

ပုံသဏ္ဍာန်မဟုတ်ပေ။ ဘုရားသခင်သည် သူ လူ့ဇာတိနှစ်ကြိမ် ခံယူခဲ့ချိန်တုန်းက သူ၏ပုံသဏ္ဍာန်ဖြင့် လူအမြောက်အမြားထံသို့ မိမိကိုယ်မိမိ ပွင့်လင်းစွာ ပြသလိမ့်မည်မဟုတ်ပေ။ လူသားမျိုးနွယ် အလယ်တွင် သူလုပ်ဆောင်သော အမှုသည် သူ၏စိတ်သဘောထားကို ၎င်းတို့အား နားလည်ခွင့်ပေးရန် ဖြစ်သည်။ ဤအရာအားလုံးကို မတူညီသောခေတ်များ၏ အမှုအားဖြင့် လူသားထံသို့ ပြသလေသည်။ ယင်းကို ယေရှု၏ သရုပ်သကန်မှတစ်ဆင့် ဆိုသည်ထက်၊ သူ သိရှိစေပြီးဖြစ်သည့် သူ၏ စိတ်သဘောထားနှင့် သူ လုပ်ဆောင်ပြီးဖြစ်သည့် အမှုတို့မှတစ်ဆင့် ပြီးမြောက်စေခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ ပုံသဏ္ဍာန်ကို လူ့ဇာတိခံယူသော ပုံသဏ္ဍာန်မှတစ်ဆင့် မဟုတ်ဘဲ၊ ယင်းထက် ပုံသဏ္ဍာန်နှင့် သွင်ပြင်နှစ်ခုလုံးရှိသည့် လူ့ဇာတိခံယူသော ဘုရားသခင် လုပ်ဆောင်သည့် အမှုမှတစ်ဆင့် သိရှိစေခြင်း ဖြစ်ပေသည်။ ပြီးလျှင် သူ၏အမှုမှတစ်ဆင့် သူ၏ပုံသဏ္ဍာန်ကို ပြသခြင်းဖြစ်ပြီး၊ သူ၏စိတ်သဘောထားကို သိရှိစေခြင်း ဖြစ်ပေသည်။ ဤသည်မှာ လူ့ဇာတိ၌ သူလုပ်ဆောင်လိုသည့် အမှု၏ အရေးပါမှု ဖြစ်သည်။

ဘုရားသခင်၏ လူ့ဇာတိနှစ်ကြိမ်ခံယူခြင်း အမှု အဆုံးသတ်သို့ ရောက်လာသည်နှင့်တစ်ပြိုင်နက်၊ သူသည် သူ၏ပုံသဏ္ဍာန်ကို လူအမြောက်အမြားအား မြင်ခွင့်ပေးရင်း၊ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများတစ်လျှောက် သူ၏ဖြောင့်မတ်သော စိတ်သဘောထားကို စတင်ပြသလိမ့်မည်ဖြစ်သည်။ သူသည် သူ၏စိတ်သဘောထားကို ပေါ်လွင်ထင်ရှားစေလိမ့်မည်ဖြစ်ပြီး၊ ဤနည်းလမ်းဖြင့် မတူညီသော လူအတန်းအစားများ၏ အဆုံးသတ်များကို ထင်ရှားစေလိမ့်မည်၊ ထိုသို့ဖြင့် ခေတ်ဟောင်းကို အဆုံးသို့ လုံးဝ ရောက်ရှိစေမည်ဖြစ်သည်။ လူ့ဇာတိ၌ သူ၏အမှုကို ကြီးမားသည့် တစ်ပြင်တစ်ခွင် တစ်လွှား မတိုးချဲ့ရသည့် အကြောင်းအရင်းမှာ (ယေရှုက ယုဒပြည်၌သာ အလုပ်လုပ်ခဲ့သကဲ့သို့၊ ယနေ့တွင် ငါသည် သင်တို့အလယ်တွင်သာ အလုပ်လုပ်သည်) လူ့ဇာတိ၌ သူ၏အမှုသည် နယ်နိမိတ်များနှင့် အကန့်အသတ်များ ရှိသောကြောင့်ဖြစ်သည်။ သူသည် ရိုးရိုးသာမန်လူ့ဇာတိပုံသဏ္ဍာန်ဖြင့် တိုတောင်းသော အမှုတစ်ခုကို လုပ်ဆောင်ရုံမျှ လုပ်ဆောင်နေ ပေသည်။ သူသည် ထာဝရနှင့်သက်ဆိုင်သည့် အမှု၊ သို့မဟုတ် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများမှ လူများထံ ပေါ်ထွန်းခြင်းအမှုကို လုပ်ဆောင်ရန် ဤလူ့ဇာတိခံ ခန္ဓာကို အသုံးပြုနေခြင်းမဟုတ်ပေ။ လူ့ဇာတိ၌ရှိသည့် အမှုသည် နယ်ပယ်အရသာ (ယုဒပြည်၌သာ သို့မဟုတ် သင်တို့အလယ်တွင်သာ အမှုပြုခြင်းကဲ့သို့) ကန့်သတ်၍ ရနိုင်ပြီး၊ ဤနယ်နိမိတ်များ အတွင်း ဆောင်ရွက်သော အမှုအားဖြင့် ယင်း၏နယ်ပယ်ကို တိုးချဲ့၍ရနိုင်ပေသည်။ ဟုတ်ပေ၏၊ တိုးချဲ့ခြင်းအမှုကို

သူ၏ဝိညာဉ်တော်က တိုက်ရိုက်ဆောင်ရွက်ရမည် ဖြစ်ပြီး၊ ထို့နောက်တွင် သူ၏ လူ့ဇာတိခံ ခန္ဓာ၏ အမှု ဖြစ်တော့မည် မဟုတ်ပေ။ အကြောင်းမှာ လူ့ဇာတိ၌ လုပ်ဆောင်သည့် အမှုသည် နယ်နိမိတ်များရှိပြီး စကြဝဠာ၏ နေရာအားလုံးသို့ တိုးချဲ့ထားခြင်းမရှိပေ- ဤအရာကို ယင်းက မပြီးမြောက်နိုင်ပေ။ လူ့ဇာတိ၌ လုပ်ဆောင်သည့် အမှုမှတစ်ဆင့်၊ နောက်လာမည့်အမှုကို သူ၏ဝိညာဉ်တော်က ဆောင်ရွက်လေသည်။ ထို့ကြောင့် လူ့ဇာတိ၌ လုပ်ဆောင်သည့် အမှုသည် အချို့နယ်နိမိတ်များအတွင်းတွင် ဆောင်ရွက်သည့် အဖွင့် သဘောသဘာဝရှိသည့် အမှုဖြစ်သည်။ ဤအရာပြီးသည့်နောက်တွင် ဤအမှုနှင့်ပတ်သက်၍ ဆက်လက် ဆောင်ရွက်သည်မှာ သူ၏ဝိညာဉ်တော် ဖြစ်သည့်အပြင် သူသည် ကျယ်ပြန့်သော အတိုင်းအတာဖြင့် ထိုသို့ လုပ်ဆောင်လေသည်။

ဤကမ္ဘာမြေပေါ် လုပ်ဆောင်ရန် ဘုရားသခင် ကြွလာသည့် အမှုမှာ ခေတ်ကို လမ်းပြရန်၊ ခေတ်သစ်ကို ဖွင့်ကာ ခေတ်ဟောင်းကို အဆုံးသတ်ရန်သာ ဖြစ်သည်။ သူသည် ကမ္ဘာပေါ်တွင် လူ့ဘဝ၏သက်တမ်းကို အသက်ရှင်နေထိုင်ရန်၊ လူ့လောက၏ ဘဝနှင့်သက်ဆိုင်သည့် ဝမ်းမြောက်မှုများနှင့် ဝမ်းနည်းမှုတို့ကို သူကိုယ်တိုင်တွေ့ကြုံခံစားရန်၊ သို့မဟုတ် သူ၏လက်ဖြင့် လူတစ်ဦးဦးကို စုံလင်စေရန် သို့မဟုတ် လူတစ်ဦးဦးကို သူ ကြီးထွားသည်နှင့်အမျှ ကိုယ်တိုင်ကိုယ်ကျ စောင့်ကြည့်ရန် ကြွလာခြင်း မဟုတ်ပေ။ ဤသည်မှာ သူ၏အလုပ်မဟုတ်ပေ။ သူ၏အလုပ်မှာ ခေတ်သစ်တစ်ခုကို စတင်ပြီး၊ ခေတ်ဟောင်းကို အဆုံးသတ်ရန်မျှသာ ဖြစ်သည်။ ဆိုလိုသည်မှာ၊ သူသည် လူကိုယ်တိုင် ခေတ်တစ်ခုကို စတင်မည်၊ လူကိုယ်တိုင် အခြားသောခေတ်ကို အဆုံးသတ်ပြီး သူ၏ အမှုကို လူကိုယ်တိုင် ဆောင်ရွက်ခြင်းအားဖြင့် စာတန်ကို အနိုင်ယူလိမ့်မည်ဖြစ်သည်။ လူကိုယ်တိုင် သူ၏အမှုကို ဆောင်ရွက်သည့်အချိန်တိုင်းတွင်၊ ယင်းမှာ စစ်မြေပြင်ပေါ် သူ ခြေချနေသည့်အလား ဖြစ်သည်။ ဦးစွာပထမ သူသည် လောကကို နှိမ်နင်းပြီး လူ့ဇာတိ၌ ရှိစဉ်တွင် စာတန်ကို အောင်နိုင်သည်။ သူသည် ဘုန်းအသရေအားလုံးကို ပိုင်ဆိုင်ရယူပြီး၊ နှစ်ပေါင်းနှစ်ထောင်နှင့် ဆိုင်သည့် အမှုတစ်ခုလုံးပေါ်က ကန့်လန့်ကာကို မတင်သည်၊ ထိုသို့ ပြုလုပ်ခြင်းဖြင့် ကမ္ဘာပေါ်တွင်ရှိသော လူအားလုံးက နင်းလျှောက်ရန် မှန်ကန်သောလမ်းကြောင်းရှိပြီး၊ အသက်ရှင်ဖို့ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း အသက်တာတစ်ခု ရှိကြဖို့ ဖြစ်ပေသည်။ သို့သော် အဆုံးတွင် ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး လူသားနှင့် မတူသည့်အတွက်၊ ဘုရားသခင်သည် ကမ္ဘာပေါ်တွင် လူသားနှင့် ကြာမြင့်စွာ အသက်မရှင်နိုင်ပေ။ သူသည် ပုံမှန်လူတစ်ဦး၏ သက်တမ်းကို အသက်မရှင်နိုင်ပေ၊ ဆိုလိုသည်မှာ သူ၏လူ့ဘဝကို အားဖြည့်ရန် ပုံမှန်လူတစ်ဦး၏ ပုံမှန်

လူ့သဘာဝနှင့်သက်ဆိုင်သည့် အနည်းဆုံး အစိတ်အပိုင်းတစ်ခုသာ ရှိသည့်အတွက်၊ သာမန်လူတစ်ဦးအဖြစ် ကမ္ဘာပေါ်တွင် သူ မနေထိုင်နိုင်ပေ။ တစ်နည်းအားဖြင့် ဘုရားသခင်သည် ကမ္ဘာပေါ်တွင် မည်သို့ မိသားစုတစ်ခုကို စတင်ကာ အလုပ်တစ်ခု ရှိပြီး၊ ကလေးများကို ပြုစုပျိုးထောင်နိုင်မည်နည်း။ ဤသည်မှာ သူ့အဖို့ ဂုဏ်သရေပျက်ခြင်း ဖြစ်မည် မဟုတ်လော။ သူသည် သာမန်လူ့သဘာဝ အပ်နှင်းခံထားရသည်မှာ ပုံမှန်ပုံစံတစ်ခုဖြင့် အမှုကို လုပ်ဆောင်ခြင်း ရည်ရွယ်ချက်အတွက်သာ ဖြစ်ပြီး၊ ပုံမှန်လူတစ်ဦးကဲ့သို့ သူ့ကို မိသားစုတစ်ခုနှင့် အလုပ်တစ်ခု ရှိနိုင်စေဖို့ မဟုတ်ပေ။ သူ၏ ပုံမှန်အသိစိတ်၊ ပုံမှန်ဉာဏ်နှင့် သူ၏ ခန္ဓာနှင့်သက်ဆိုင်သည့် ပုံမှန်အစာစားခြင်းနှင့် ဝတ်စားခြင်းတို့သည် သာမန်လူ့သဘာဝတစ်ခု သူရှိသည်ကို သက်သေပြရန် လုံလောက်ပေသည်။ သူသည် ပုံမှန်လူ့သဘာဝဖြင့် ဖြည့်ဆည်းထားသည်ကို သက်သေပြရန်အလို့ငှာ မိသားစုတစ်ခု သို့မဟုတ် အလုပ်အကိုင်တစ်ခုရှိဖို့ သူ့အတွက် မလိုအပ်ပေ။ ဤသည်မှာ လုံးဝ လိုအပ်လိမ့်မည် မဟုတ်။ ကမ္ဘာပေါ်သို့ ဘုရားသခင်၏ ကြွလာခြင်းသည် နှုတ်ကပတ်တော်က လူ့ဇာတိ ခံယူခြင်းဖြစ်သည်။ သူသည် လူသားကို သူ၏နှုတ်ကပတ်တော်အား တကယ်ကို နားလည်ခွင့်နှင့် သူ၏ နှုတ်ကပတ်တော်များကို မြင်ခွင့်ပေးနေသည်၊ ယင်းမှာ လူ့ဇာတိအားဖြင့် ဆောင်ရွက်သည့် အမှုကို လူအား တွေ့မြင်ခွင့်ပေးခြင်း ဖြစ်သည်။ သူ၏ ရည်ရွယ်ချက်မှာ လူတို့အနေဖြင့် သူ၏လူ့ဇာတိကို အချို့နည်းလမ်းဖြင့် ဆက်ဆံဖို့အတွက် မဟုတ်ဘဲ၊ အဆုံးအထိ လူသားက နာခံဖို့အတွက်သာ ဖြစ်သည်၊ ယင်းမှာ သူ၏နှုတ်မှ ထုတ်ပြန်သည့် နှုတ်ကပတ်တော်အားလုံးကို နာခံရန်နှင့် သူလုပ်ဆောင်သည့် အမှုအားလုံးကို ကျိုးနွံနာခံရန် ဖြစ်သည်။ သူသည် လူ့ဇာတိဖြင့် အလုပ်လုပ်နေခြင်းမျှသာ ဖြစ်သည်။ သူသည် လူသားအား သူ၏ လူ့ဇာတိ၏ ကြီးမြတ်မှုနှင့် သန့်ရှင်းမှုတို့ကို ချီးမြှောက်ရန် တမင်တကာ တောင်းဆိုနေခြင်း မဟုတ်ဘဲ၊ ယင်းအစား သူ၏ အမှုနှင့် သက်ဆိုင်သည့် ဉာဏ်ပညာနှင့် သူစွဲကိုင်သည့် ဩဇာအာဏာ အားလုံးကို လူသားထံ ပြသနေခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် ထင်ရှားသော လူ့သဘာဝရှိသော်လည်း၊ သူသည် ကြေညာခြင်းများ မပြုသကဲ့သို့ သူလုပ်သင့်သည့် အမှုအပေါ်သာ အာရုံစိုက်လေသည်။ ဘုရားသခင်သည် လူ့ဇာတိကိုခံယူသော်လည်း၊ သူ၏ ပုံမှန်လူ့သဘာဝကို မကြေညာ သို့မဟုတ် သက်သေမခံဘဲ၊ ယင်းအစား သူ လုပ်ဆောင်ရန် ဆန္ဒရှိသည့် အမှုကို အဘယ်ကြောင့် သက်သက် ဆောင်ရွက်သည်ကို သင်တို့ သိသင့်ပါသည်။ ထို့ကြောင့် လူ့ဇာတိခံ ဘုရားသခင်ထံမှ သင်တို့ တွေ့မြင်နိုင်သမျှအားလုံးမှာ ဘုရားသဘာဝအားဖြင့် သူ ဖြစ်သည့်အရာ ဖြစ်ပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သူ တတ်စွမ်းသမျှ ဖြစ်သည့်အရာမှာ လူက

အတုယူရန်အတွက် ဖြစ်သည်ဟု မည်သည့်အခါတွင်မျှ သူ ထုတ်ဖော်မပြောသောကြောင့် ဖြစ်သည်။ လူက လူများကို ဦးဆောင်သည့်အခါမှသာ သူ တတ်စွမ်းနိုင်သမျှကို သူ ပြောဆိုသည်၊ ၎င်းတို့၏လေးစားမှုနှင့် ကျိုးနွံနာခံခြင်းကို ရရှိဖို့ သာ၍ ကောင်းပြီး ထိုသို့ဖြင့် အခြားသူများကို ခေါင်းဆောင်မှု ရရှိဖို့ သာ၍ ကောင်းပေသည်။ ဆန့်ကျင်ဘက် အနေဖြင့် ဘုရားသခင်သည် သူ၏အမှု တစ်ခုတည်းမှတစ်ဆင့် (ယင်းမှာ လူက မရနိုင်သော အမှု ဖြစ်သည်) လူကို သိမ်းပိုက်လေသည်။ သူနှင့်ပတ်သက်၍ လူ၏ လေးစားခြင်းခံရဖို့ သို့မဟုတ် လူအား သူ့ကို မြတ်နိုးကြည်ညိုစေဖို့ အကြောင်းမရှိပေ။ သူလုပ်ဆောင်သမျှအားလုံးမှာ သူ့ကို ရိုသေလေးမြတ်သည့် ခံစားချက်တစ်ခု သို့မဟုတ် သူ၏ ဉာဏ်မမီနိုင်ခြင်း သဘောနှင့်သက်ဆိုင်သည့် အသိစိတ်တစ်ခုကို လူ့အထဲသို့ သွတ်သွင်းခြင်း ဖြစ်သည်။ ဘုရားသခင်သည် လူကို အထင်ကြီးစေခြင်းငှာ မလိုအပ်ပေ။ သူ လိုအပ်သမျှမှာ သင်တို့အနေဖြင့် သူ၏စိတ်သဘောထားကို မျက်မြင်ကြုံတွေ့ပြီးသည် နှင့်တစ်ပြိုင်နက် သူ့ကို ရိုသေလေးမြတ်ရန်သာ ဖြစ်သည်။ ဘုရားသခင် လုပ်ဆောင်သည့် အမှုသည် သူ၏ ကိုယ်ပိုင်အမှုဖြစ်သည်။ သူ၏ကိုယ်စား လူသားက မလုပ်ဆောင်နိုင်သကဲ့သို့ လူသားက မအောင်မြင်နိုင်ပေ။ ဘုရားသခင် ကိုယ်တိုင်သာ သူ၏အမှုကို လုပ်ဆောင်နိုင်ပြီး၊ လူသားကို ဘဝသစ်များဆီသို့ ဦးဆောင်ဖို့ ခေတ်သစ်ကို ဖွင့်လှစ်ပေးနိုင်သည်။ သူ လုပ်ဆောင်သည့်အမှုမှာ လူသားကို အသက်တာသစ်တစ်ခု ပိုင်ဆိုင်လာနိုင်စေဖို့နှင့် ခေတ်သစ်တစ်ခုထဲသို့ ဝင်ရောက်နိုင်စေဖို့ ဖြစ်သည်။ အမှု၏ ကျန်သည့်အရာများကို အခြားသူများက လေးစားရသည့် ပုံမှန်လူ့သဘာဝရှိသောသူတို့ထံ လွှဲအပ်ထားပေသည်။ ထို့ကြောင့် ကျေးဇူးတော်ခေတ်တွင် အနှစ်နှစ်ထောင် အမှုကို လူ့ဇာတိ၌ရှိသည့် နှစ်ပေါင်း ၃၃ နှစ်ထဲမှ သုံးနှစ်ခွဲမျှအချိန်တွင် သူက ပြည့်စုံစေခဲ့သည်။ ဘုရားသခင်သည် သူ၏အမှုကို ဆောင်ရွက်ရန် ကမ္ဘာမြေပေါ်သို့ ကြွလာချိန်တွင်၊ သူသည် အနှစ်နှစ်ထောင် သို့မဟုတ် ခေတ်တစ်ခုလုံး၏ အမှုကို အတိုတောင်းဆုံးသော နှစ်အနည်းငယ် သက်တမ်းအတွင်းတွင် အမြဲ ပြည့်စုံစေလေသည်။ သူသည် နှောင့်နှေးခြင်းမရှိသကဲ့သို့ တန့်နေခြင်း မရှိပေ။ သူသည် တိုတောင်းသောနှစ်အနည်းငယ်အတွင်း ပြည့်စုံစေဖို့ နှစ်ပေါင်းများစွာနှင့်သက်ဆိုင်သည့် အမှုကို သူက တကယ်ကို အကျဉ်းချုံးလုပ်ဆောင်လေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူကိုယ်တိုင် သူလုပ်ဆောင်သည့်အမှုသည် ထွက်မြောက်ရာလမ်းသစ်ကို ဖွင့်ခြင်းနှင့် ခေတ်သစ်တစ်ခုကို ဦးဆောင်ခြင်းအတွက် အပြည့်အဝ ဖြစ်သောကြောင့်တည်း။

# လူ့ဇာတိခံယူခြင်း၏ နက်နဲရာအချက် (၃)

ဘုရားသခင်သည် သူ၏အမှုကို ဆောင်ရွက်သည့်အခါ၊ သူသည် တည်ဆောက်ခြင်း တစ်ခုခု သို့မဟုတ် လှုပ်ရှားမှုများတစ်ခုခုတွင် ပါဝင်ရန် ကြွလာခြင်းမဟုတ်ဘဲ သူ၏အမှုတော်ကို ဖြည့်ဆည်းရန် ကြွလာခြင်းဖြစ်သည်။ သူ လူ့ဇာတိခံယူသည့်အကြိမ်တိုင်းတွင်၊ ယင်းမှာ အမှု၏အဆင့်တစ်ခု ပြီးမြောက်ရန်နှင့် ခေတ်သစ်တစ်ခုကို စတင် ဖွင့်လှစ်ရန်သာ ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အတွက် လေ့ကျင့်မှု ရှိသည်နှင့်အမျှ နိုင်ငံတော်ခေတ် ရောက်ရှိပြီဖြစ်သည်။ အမှု၏ ဤအဆင့်မှာ လူ၏အလုပ် မဟုတ်ပေ၊ ယင်းသည် လူသားကို သီးသန့် အတိုင်းအတာ တစ်ခုအထိ ပြုပြင်ရန် မဟုတ်ဘဲ၊ ဘုရားသခင်၏ အမှုအစိတ်အပိုင်းတစ်ခုကို စုံလင်စေရန်သာဖြစ်သည်။ သူလုပ်ဆောင်သောအရာမှာ လူ၏အလုပ် မဟုတ်၊ ယင်းသည် ကမ္ဘာမြေကြီးကို မစွန့်ခွာမီ လူကို အမှုပြုရာ၌ ရလဒ်တစ်ခုခုကို ရရှိရန် မဟုတ်ပေ။ ယင်းမှာ သူ၏အမှုတော်ကို ဖြည့်ဆည်းရန်နှင့် သူ လုပ်ဆောင်ရမည့်အမှုကို ပြီးစီးရန်ဖြစ်သည်၊ ယင်းသည် ကမ္ဘာမြေကြီးပေါ်က သူ၏အမှုအတွက် သင့်လျော်သော အစီအစဉ်များကို ပြုလုပ်ရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုန်းထင်ရှားလာစေရန် ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်၏အမှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းကိုခံရသော လူတို့၏ အလုပ်နှင့် မတူပေ။ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်၌ သူ၏အမှုကို လုပ်ဆောင်ရန် ကြွလာသည့်အခါ၊ သူသည် သူ၏အမှုတော် ပြည့်စုံခြင်းကိုသာ သူပူပန်၏။ သူ၏အမှုတော်နှင့်မဆက်နွယ်သည့် အခြားကိစ္စရပ် အားလုံးအတွက်မူ၊ သူသည် မသိကျိုးကျွန် ပြုသည်အထိ၊ မပါဝင်သလောက်ဖြစ်နီးပါး ဖြစ်လေသည်။ သူသည် သူ လုပ်ဆောင်သင့်သော အမှုကို လုပ်ဆောင်ရုံမျှ လုပ်ဆောင်ပြီး၊ လူ လုပ်ဆောင်သင့်သောအမှုနှင့်ပတ်သက်၍ သူသည် ပူပန်မှုမရှိဆုံးဖြစ်၏။ အခြားသောကိစ္စမှန်သမျှမှာ သူ၏ပိုင်နက်ပြင်ပ၌ ရှိသည့်အလား၊ သူပြုသောအမှုသည် သူရှိသည့် ခေတ်၊ သူ ဖြည့်ဆည်းသင့်သည့် အမှုတော်နှင့်သာ လုံးဝဥဿုံ သက်ဆိုင်လေသည်။ သူသည် လူသားမျိုးနွယ်ထဲမှ တစ်ဦးအဖြစ် အသက်ရှင်ခြင်းနှင့်ပတ်သက်သည့် ပို၍အခြေခံကျသော အသိဖြင့် မိမိကိုယ်ကိုယ် ဖြည့်ဆည်းခြင်း မရှိသကဲ့သို့၊ နောက်ထပ်လူမှုရေးရာကျွမ်းကျင်မှုများကို သင်ယူခြင်း၊ လူတို့နားလည်သော အခြားမည်သည့်အရာမဆိုဖြင့် မိမိကိုယ်ကိုယ် ပြင်ဆင်ခြင်းလည်း မရှိပေ။ လူသားတို့ ပိုင်ဆိုင်သင့်သောအရာ မှန်သမျှကို သူသည် စိတ်ဝင်စားခြင်း လုံးဝမရှိဘဲ၊ သူသည် သူ၏တာဝန်ဖြစ်သော အမှုကိုသာ လုပ်ဆောင်လေသည်။ ထို့ကြောင့် လူက မြင်သည့်အတိုင်း လူ့ဇာတိခံ ဘုရားသခင်သည် မပြည့်စုံလွန်း လှသည်မှာ လူသား ပိုင်ဆိုင်သင့်သည့်

အမှုအရာများစွာကိုပင် သူက အလေးဂရုမပြုသည်သာမက၊ ထိုသို့သော ကိစ္စရပ်များကို သိနားလည်မှု မရှိပေ။ ဘဝနှင့်ပတ်သက်သည့် အသိပညာအပြင် တစ်ကိုယ်ရေ အပြုအမူနှင့် အခြားသူများနှင့် အပြန်အလှန်ဆက်ဆံရေးတို့ကို ထိန်းချုပ်သော စည်းမျဉ်းများကဲ့သို့သော အမှုအရာများသည် သူနှင့် ဆက်နွယ်မှုမရှိဟု ထင်ရ၏။ သို့သော်လည်း သင်သည် လူ့ဇာတိခံယူသောဘုရားသခင်ထံမှ ပုံမှန်မဟုတ်ခြင်း၏ အရိပ်အမြွက် အနည်းငယ်ကိုမျှ သတိမပြုမိနိုင်ပေ။ ဆိုလိုသည်မှာ သူ၏လူ့သဘာဝသည် သူ့အား အမှန်နှင့်အမှားကို ခွဲခြားနိုင်စွမ်း ပေးရင်း၊ ပုံမှန်လူတစ်ဦးအဖြစ် သူ၏အသက်တာနှင့် သူ့ဦးနှောက်၏ ပုံမှန်တွေးခေါ်ဆင်ခြင်ခြင်းကို ထိန်းသိမ်းခြင်းသာ ဖြစ်သည်။ သို့သော်လည်း သူသည် လူ (ဖန်ဆင်းခံသတ္တဝါများ) တစ်ဦးတည်းက ပိုင်ဆိုင်သင့်သည့်အရာများ ဖြစ်သည့် အခြား မည်သည့်အရာမဆိုဖြင့် ဖြည့်ဆည်းထားခြင်းမရှိချေ။ ဘုရားသခင်သည် သူ၏ကိုယ်ပိုင်အမှုတော်ကို ဖြည့်ဆည်းဖို့သာ လူ့ဇာတိခံယူပေသည်။ သူ၏အမှုသည် ခေတ်ကာလတစ်ခုလုံးကို ရည်ညွှန်းခြင်းဖြစ်၏၊ လူတစ်ဦးတစ်ယောက် သို့မဟုတ် နေရာတစ်ခုတစ်လေမျှကိုသာ မဟုတ်ဘဲ၊ စကြဝဠာတစ်ခုလုံးကို ရည်ညွှန်းခြင်းဖြစ်၏။ ဤသည်မှာ သူ၏အမှုတော် ဦးတည်ချက်ဖြစ်ပြီး၊ သူအမှုပြုသော အခြေခံသဘောတရား ဖြစ်သည်။ ဤအရာကို မည်သူမျှ ပြောင်းလဲ၍ မရသကဲ့သို့၊ လူသားသည် ယင်း၌ ပါဝင်ပတ်သက်လာရန် မဖြစ်နိုင်ပေ။ ဘုရားသခင် လူ့ဇာတိခံယူသည့် အကြိမ်အသီးသီးတွင်၊ ထိုခေတ်၏အမှုကို သူနှင့်အတူ ဆောင်ကြဉ်းပြီး၊ လူက သူ့ကို သာ၍ ကောင်းစွာ နားလည်ကာ သူနှင့် ပတ်သက်၍ ထိုးထွင်းသိမြင်မှု ရရှိနိုင်စေရန်အလို့ငှာ လူနှင့်အတူ အနှစ်နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ် သို့မဟုတ် အနှစ်ခုနှစ်ဆယ်၊ ရှစ်ဆယ်ပင် နေထိုင်ခြင်းငှာ သူသည် ရည်ရွယ်ချက် မရှိပေ။ ယင်းကို မလိုအပ်ချေ။ ထိုသို့ လုပ်ဆောင်ခြင်းသည် ဘုရားသခင်၏ ပင်ကိုစိတ်သဘောထားနှင့် သက်ဆိုင်သည့် လူသား၏အသိကို မည်သို့မျှ နက်ရှိုင်းစေရန် ဖြစ်နိုင်လိမ့်မည် မဟုတ်၊ ယင်းအစား လူသား၏အယူအဆများကိုသာ တိုးစေမည်ဖြစ်ပြီး၊ လူသား၏ အယူအဆများနှင့် အတွေးများကို အသေစွဲထားလာရန်သာ ဖြစ်စေလိမ့်မည်။ ထို့ကြောင့် သင်တို့အားလုံးသည် လူ့ဇာတိခံ ဘုရားသခင်၏အမှုက အဘယ်အရာဖြစ်သည်ကို အတိအကျ နားလည်အပ်ပေသည်။ "ငါလာခဲ့သည်မှာ ပုံမှန်လူသားတစ်ဦး၏ အသက်တာကို တွေ့ကြုံရန်မဟုတ်။" ဟု သင်တို့အား ငါပြောခဲ့သော နှုတ်ကပတ်တော်များကို၊ သင်တို့အနေဖြင့် ဧကန်မုချ နားမလည်၍ မရပေ။ "ဘုရားသခင်သည် ပုံမှန်လူတစ်ဦး၏အသက်တာကို အသက်ရှင်ရန် ကမ္ဘာမြေသို့ ကြွလာခြင်းမဟုတ်။" ဟူသော နှုတ်ကပတ်တော်တို့ကို သင်တို့ မေ့လျော့ကြပြီလော။ လူ့ဇာတိခံယူရာ၌ ဘုရားသခင်၏ရည်ရွယ်ချက်ကို သင်တို့

နားမလည်ကြသကဲ့သို့ "ဘုရားသခင်သည် ဖန်ဆင်းခံတစ်ဦး၏ဘဝကို တွေ့ကြုံခံစားခြင်းငှာ ရည်ရွယ်ချက်ဖြင့် ကမ္ဘာမြေကြီးပေါ် အဘယ်သို့ ကြွလာနိုင်မည်နည်း။" ဆိုခြင်း၏ အဓိပ္ပာယ်ကိုလည်း သင်တို့ မသိကြပေ။ ဘုရားသခင်သည် သူ၏ အမှုကို ပြည့်စုံစေဖို့ တစ်ခုတည်းဖြင့် ကမ္ဘာမြေပေါ်သို့ ကြွလာပြီး၊ ထို့ကြောင့် ကမ္ဘာမြေပေါ်က သူ၏အမှုသည် သက်တမ်းတိုခြင်းဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်အနေဖြင့် သူ၏ဇာတိခန္ဓာအား အသင်းတော်ကို ဦးဆောင်မည့် သာလွန်သော လူသားတစ်ဦးအဖြစ်သို့ ပြုစုပျိုးထောင်ပေးစေခြင်းငှာ ရည်ရွယ်ချက်ဖြင့် ကမ္ဘာမြေကြီးပေါ်သို့ သူ ကြွလာခြင်းမဟုတ်ပေ။ ဘုရားသခင်သည် ကမ္ဘာမြေပေါ်သို့ ကြွလာသောအခါတွင်၊ ယင်းသည် နှုတ်ကပတ်တော်က လူ့ဇာတိ ခံယူလာခြင်းဖြစ်သည်။ သို့သော် လူသည် သူ၏အမှုကို မသိဘဲ၊ အမှုအရာများကို သူနှင့် အတင်းအကျပ် ပတ်သက်စပ်ဆိုင်စေကြ၏။ သို့သော် ဘုရားသခင်သည် "လူ့ဇာတိခံယူသော နှုတ်ကပတ်တော်" ဖြစ်ပြီး၊ ဘုရားသခင်၏အခန်းကဏ္ဍကို တဒင်္ဂ တာဝန်ယူရန် ဘုရားသခင်ဝိညာဉ်တော်၏ ပျိုးထောင်ခြင်းခံပြီးဖြစ်သည့် ဇာတိခန္ဓာ တစ်ခု မဟုတ်သည်ကို သင်တို့အားလုံး နားလည်သင့်သည်။ ဘုရားသခင်ကိုယ်တိုင်သည် ပျိုးထောင်ခြင်း၏ ရလဒ်မဟုတ်ဘဲ၊ လူ့ဇာတိခံယူသော နှုတ်ကပတ်တော်ဖြစ်ကာ၊ ယနေ့တွင် သူသည် သင်တို့အားလုံးအလယ်၌ သူ၏အမှုကို တရားဝင် ဆောင်ရွက်နေပေသည်။ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် စစ်မှန်သော အမှန်တရားတစ်ခုဖြစ်သည်ကို သင်တို့အားလုံးသိကြပြီး၊ အသိအမှတ်ပြုကြသော်လည်း၊ သင်တို့သည် ယင်းကို နားလည်ကြသည့်အလား ပြုမူကြပေသည်။ လူ့ဇာတိခံ ဘုရားသခင်၏ အမှုမှသည် သူ၏ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုနှင့် အနှစ်သာရအထိ သင်တို့သည် ဤအရာများကို အနည်းငယ်မျှ သဘောမပေါက်နိုင်ကြသကဲ့သို့ မှတ်မိသရွေ့ နှုတ်ကပတ်တော်တို့ကို ရှွန်းရှွန်းဝေအောင် ရွတ်ဆိုပြခြင်းဖြင့် အခြားသူများနောက် လိုက်ကြ၏။ လူ့ဇာတိခံ ဘုရားသခင်ကို သင်စိတ်ကူးသည့်အတိုင်း ဖြစ်မည်ဟု သင် ယုံကြည်ပါသလော။

ဘုရားသခင်သည် ခေတ်ကို ဦးဆောင်ရန်နှင့် အမှုသစ်ကို စတင်လှုပ်ရှားစေရန် တစ်ခုတည်းဖြင့် လူ့ဇာတိခံယူလာပေသည်။ ဤအချက်ကို သင်တို့ နားလည်ရန် လိုအပ်သည်။ ဤသည်မှာ လူသား၏လုပ်ငန်းတာဝန်နှင့် များစွာကွာခြားပြီး၊ ထိုနှစ်ခုကို တစ်ချိန်တည်းတွင် ဖော်ပြရန် မဖြစ်နိုင်ချေ။ လူသားသည် အလုပ်ကို ဆောင်ရွက်ရန် အသုံးပြုခြင်း မခံရနိုင်မီတွင် အချိန်ကာလကြာမြင့်စွာ ပျိုးထောင်ခံရဖို့နှင့် စုံလင်စေခြင်းခံရဖို့ လိုအပ်ပြီး၊ လိုအပ်သည့် လူ့သဘာဝမျိုးသည် အထူးသဖြင့် အဆင့်အတန်းမြင့်သည့် အရာမျိုးတစ်ခု ဖြစ်၏။ လူသည်

ပုံမှန် လူ့သဘာဝ၏ အသိစိတ်ကို ထိန်းနိုင်ရမည်သာမက၊ အခြားသူများနှင့် ဆက်နွှယ်ရာတွင် သူ၏အပြုအမူကို ထိန်းချုပ်သည့် အခြေခံသဘောတရားများနှင့် စည်းမျဉ်းများစွာကိုလည်း နောက်ထပ် နားလည်ရမည်ဖြစ်သည်၊ ထို့အပြင် သူသည် ဉာဏ်ပညာနှင့် လူ၏ကျင့်ဝတ်ဆိုင်ရာ အသိပညာအကြောင်းကို သာ၍ပင် လေ့လာသင်ခြင်းဆီသို့ စိတ်နှစ်မြှုပ်ထားရမည်ဖြစ်သည်။ ဤသည်မှာ လူသားအနေဖြင့် ဖြည့်ဆည်းထားသင့်သော အရာများဖြစ်၏။ သို့သော် ဘုရားသခင်၏ အမှုသည် လူသားကို ကိုယ်စားမပြုသကဲ့သို့၊ လူသား၏အမှုလည်း မဟုတ်သည့်အတွက် ဤသည်မှာ လူ့ဇာတိခံယူသော ဘုရားသခင် အတွက် မဟုတ်လုပေ။ ထို့ထက် ယင်းသည် သူ၏ ဖြစ်တည်ခြင်းနှင့်သက်ဆိုင်သည့် တိုက်ရိုက်ဖော်ပြချက်တစ်ခုနှင့် သူပြုသင့်သောအမှုနှင့် သက်ဆိုင်သည့် တိုက်ရိုက် အကောင်အထည် ဖော်မှုတစ်ခု ဖြစ်သည်။ (သဘာဝအားဖြင့် သူ၏အမှုကို သာမန်ကာလျှံကာနှင့် ကြုံရာကျပန်း မဟုတ်ဘဲ၊ သင့်လျော်သော အချိန်တွင် ဆောင်ရွက်ပြီး၊ သူ၏အမှုတော်ကို ဖြည့်ဆည်းဖို့ အချိန်ရောက်သောအခါတွင် အစပြုပေသည်။) သူသည် လူ၏အသက်တာ သို့တည်းမဟုတ် လူ၏အလုပ်တွင် ပါဝင်ပတ်သက်ခြင်းမရှိပေ၊ ဆိုလိုသည်မှာ သူ၏လူ့သဘာဝသည် ဤအရာတစ်ခုတစ်လေဖြင့် (ဤအရာက သူ၏အမှုကို ထိခိုက်စေခြင်းမရှိသော်လည်း) ဖြည့်ဆည်း ထားခြင်းမရှိပေ။ သူ့အတွက် ထိုသို့ လုပ်ဆောင်ဖို့ အချိန်ကျသည့်အခါတွင်၊ သူသည် သူ၏အမှုတော်ကို ဖြည့်ဆည်းရုံသာ ဖြစ်သည်။ သူ၏အဆင့်အတန်း မည်သည့်အရာဖြစ်သည်ဖြစ်စေ၊ သူသည် သူ လုပ်ဆောင်သင့်သော အမှုဖြင့် ရှေ့သို့သာ ဆက်တိုး၏။ သူနှင့် သက်ဆိုင်၍ လူက မည်သည့်အရာသိသည်ဖြစ်စေ၊ ပြီးလျှင် သူနှင့်သက်ဆိုင်သည့် လူသား၏ အယူအဆက မည်သည့်အရာ ဖြစ်ပါစေ၊ သူ၏အမှုသည် အလျှင်းထိခိုက်ခြင်းမရှိပေ။ ဥပမာအားဖြင့် ယေရှုသည် သူ၏အမှုကို ဆောင်ရွက်ခဲ့အချိန်တွင် သူသည် မည်သူဖြစ်သည်ကို အဘယ်သူမျှ တိတိကျကျ မသိရှိခဲ့သော်လည်း၊ သူသည် သူ၏အမှုဖြင့် ရှေ့သို့သာ ဆက်တိုးခဲ့၏။ ဤအရာထဲမှ မည်သည့်အရာကမျှ သူပြုသင့်သောအမှုကို ဆောင်ရွက်ရာ၌ မတားဆီးခဲ့ပေ။ ထို့ကြောင့် သူသည် သူ၏ ကိုယ်ပိုင် ပင်ကိုလက္ခဏာကို အစတွင် ဝန်မခံခဲ့ သို့မဟုတ် မကြေညာခဲ့သကဲ့သို့ လူကို သူ့နောက်သို့သာ လိုက်စေခဲ့၏။ ပင်ကိုအားဖြင့် ဤသည်မှာ ဘုရားသခင်၏နှိမ့်ချမှု ဖြစ်ခဲ့ရုံသာမက၊ ဘုရားသခင်က လူ့ဇာတိ၌ အမှုပြုခဲ့သော နည်းလမ်းလည်း ဖြစ်ခဲ့၏။ လူသားသည် ပကတိမျက်စိဖြင့် သူ့ကို မှတ်မိသိရှိနိုင်ခြင်း မရှိသည့်အတွက်၊ သူသည် ဤနည်းဖြင့်သာ အမှုကို ပြုနိုင်ခဲ့၏။ အကယ်၍ လူသည် သူ့အား မှတ်မိသိရှိခဲ့ပြီးဖြစ်လျှင်ပင်၊ သူ၏အမှုတွင် လူသားသည် ကူညီနိုင်ပြီး ဖြစ်မည်မဟုတ်ပေ။ ထို့အပြင်၊ သူသည် လူတို့အနေဖြင့် သူ၏

လူ့ဇာတိကို သိလာစေရန်အလို့ငှာ လူ့ဇာတိခံယူခဲ့ခြင်း မဟုတ်ပေ။ ယင်းမှာ သူ၏အမှုတော်ကို ဆောင်ရွက်ပြီး ဖြည့်ဆည်းရန် ဖြစ်ခဲ့သည်။ ဤအကြောင်းရင်းကြောင့်၊ သူ၏ ပင်ကိုလက္ခဏာကို လူသိရှင်ကြား ဖြစ်စေခြင်းအား သူအလေးမပေးခဲ့ခြင်း ဖြစ်သည်။ သူပြုသင့်သော အမှုအားလုံးကို ပြည့်စုံစေခဲ့ပြီးသည့်အချိန်တွင်၊ သူ၏ ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းတစ်ခုလုံးသည် လူသားအဖို့ အလိုအလျောက် ရှင်းလင်းလာခဲ့၏။ လူ့ဇာတိခံ ဘုရားသခင်သည် နှုတ်ဆိတ်လျက်နေပြီး၊ မည်သည့်ထုတ်ဖော်ချက်ကိုမျှ လုံးဝ မပြုပေ။ သူသည် လူသားကို အရေးမစိုက်သကဲ့သို့၊ လူသားအနေဖြင့် သူ၏နောက်သို့လိုက်ရာတွင် မည်သို့ရှိသည်ကိုလည်း အရေးမစိုက်ဘဲ၊ သူ၏အမှုတော်ကို ဖြည့်ဆည်းခြင်းနှင့် သူပြုသင့်သော အမှုကို ဆောင်ရွက်ခြင်းဖြင့် ရှေ့သို့သာ ဆက်တိုး၏။ သူ၏အမှုတော် လမ်းကြောင်း၌ မည်သူမျှ မတားဆီးနိုင်ပေ။ သူ၏အမှုကို အဆုံးသတ်ရန် သူ့အတွက် အချိန်ကျလာသည့်အခါတွင်၊ ယင်းအမှုသည် သေချာပေါက် အဆုံးသတ်ရလိမ့်မည်ဖြစ်ပြီး၊ အဆုံးသို့ ရောက်ရှိလိမ့်မည်ဖြစ်ကာ၊ မည်သူကမျှ အခြားနည်းဖြင့် ဆုံးဖြတ် မပေးနိုင်ချေ။ သူ၏အမှုပြီးဆုံးရာတွင် လူသားထံမှ သူထွက်ခွာသည့် နောက်တွင်သာ လူသားသည် လုံးဝ မရှင်းလင်းသေးသော်လည်း၊ သူပြုသောအမှုကို နားလည်လိမ့်မည် ဖြစ်သည်။ သူ၏ အမှုကို ပထမဦးဆုံး ဆောင်ရွက်ခဲ့သည့် ရည်ရွယ်ချက်ကို အပြည့်အဝ နားလည်ဖို့ လူသားအတွက် အချိန်ကြာမြင့်ပေလိမ့်မည်။ တစ်နည်းအားဖြင့် လူ့ဇာတိခံ ဘုရားသခင်၏ ခေတ်နှင့်သက်ဆိုင်သည့် အမှုကို နှစ်ပိုင်းခွဲခြားထား၏။ တစ်ပိုင်းသည် ဘုရားသခင် ကိုယ်တိုင်၏ လူ့ဇာတိခံ ခန္ဓာ ပြုသည့်အမှုနှင့် လူ့ဇာတိခံယူသော ဘုရားသခင် ကိုယ်တိုင်၏ လူ့ဇာတိခံ ခန္ဓာက ပြောဆိုသည့် နှုတ်ကပတ်တော်များ ပါရှိ၏။ သူ၏ လူ့ဇာတိ အမှုတော် လုံးဝ ပြည့်စုံသည့်နှင့်တစ်ပြိုင်နက်၊ အမှု၏ အခြားအစိတ်အပိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အသုံးပြုခြင်း ခံရသောသူများက လုပ်ဆောင်ရန် ကျန်ရှိလေသည်။ ဘုရားသခင်သည် လမ်းခရီးကို ဖွင့်ပေးနှင့်ပြီးဖြစ်သည့်အတွက်၊ လူသားအနေဖြင့် သူ၏အလုပ်ကို ကျေပွန်အောင် လုပ်ဆောင်သင့်သည်မှာ ဤအချိန် ဖြစ်ပြီး၊ ယင်းအား လူသား ကိုယ်တိုင် လျှောက်လှမ်းရန် လိုအပ်ပေသည်။ ဆိုလိုသည်မှာ လူ့ဇာတိခံ ဘုရားသခင်သည် အမှု၏အစိတ်အပိုင်းတစ်ခုကို ဆောင်ရွက်ပြီးနောက်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းကို ခံရသူများသည် ဤအမှုကို ဆက်ခံကြလိမ့်မည်ဖြစ်၏။ ထို့ကြောင့် လူသားသည် ဤအဆင့်၌ အဓိကအားဖြင့် လူ့ဇာတိခံ ဘုရားသခင် ဆောင်ရွက်ရမည့်အမှုက မည်သည့်အရာ ဖြစ်ပေါ်စေသည်ကို သိသင့်ပြီး၊ ဘုရားသခင် လူ့ဇာတိခံလာခြင်း၏ အရေးပါမှုက မည်သည့်အရာဖြစ်ပြီး သူပြုသင့်သောအမှုမှာ မည်သည့်အရာဖြစ်သည်တို့ကို

အတိအကျ နားလည်ရမည်ဖြစ်ကာ လူသားအပေါ် ပြုသော တောင်းဆိုချက်များ အတိုင်း ဘုရားသခင်ကို တောင်းဆိုချက်များ မပြုရ။ ဤတွင် လူ၏အမှား၊ သူ၏အယူအဆနှင့် ထိုမျှမက သူ၏မနာခံခြင်းတို့ တည်ရှိပေ၏။

ဘုရားသခင်သည် သူ၏လူ့ဇာတိကို လူအား သိခွင့်ပေးခြင်း သို့တည်းမဟုတ် လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိခန္ဓာနှင့် လူသား၏ ဇာတိပကတိကြားမှ ကွဲပြားခြားနားချက်များကို လူအား ခွဲခြားခွင့်ပေးဖို့ ရည်ရွယ်ချက်ဖြင့် လူ့ဇာတိခံယူခြင်း မဟုတ်သကဲ့သို့၊ လူ၏ ချင့်ချိန်နိုင်စွမ်းကို လေ့ကျင့်ပေးရန် လူ့ဇာတိခံယူခြင်းလည်းမဟုတ်၊ ပြီးလျှင် လူအား ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာကို ကိုးကွယ်ခွင့်ပေးလျက်၊ ထိုသို့ဖြင့် ကြီးစွာသော ဘုန်းထင်ရှားခြင်း ရရှိရန်အလို့ငှာ ရည်ရွယ်ချက်ဖြင့် သာ၍ပင် ထိုသို့ သူ မလုပ်ဆောင်ပေ။ ဤအရာများထဲမှ မည်သည့်အရာမျှသည် လူ့ဇာတိခံယူရာ၌ ဘုရားသခင်၏ မူလရည်ရွယ်ချက် မဟုတ်ပေ။ ဘုရားသခင်သည် လူသားကို ပြစ်တင်ရှုတ်ချရန် လူ့ဇာတိခံလာခြင်း မဟုတ်သကဲ့သို့၊ လူသားကို တမင်သက်သက် ထုတ်ဖော်ပြရန်လည်းကောင်း၊ လူသားအတွက် အမှုအရာများ ခက်ခဲစေရန်လည်းကောင်း လူ့ဇာတိခံလာခြင်း မဟုတ်ပေ။ ဤအရာများထဲမှ မည်သည့်အရာမျှ ဘုရားသခင်၏ မူလရည်ရွယ်ချက် မဟုတ်ချေ။ ဘုရားသခင် လူ့ဇာတိခံလာသည့်အကြိမ်တိုင်းတွင်၊ ယင်းသည် ရှောင်လွှဲ၍မရသည့် အမှုပုံစံတစ်ခု ဖြစ်သည်။ သူ၏ သာ၍ကြီးမားသော အမှုနှင့် သာ၍ကြီးမားသော စီမံခန့်ခွဲမှုအတွက် သူ လုပ်ဆောင်သည့်အတိုင်း သူ ပြုမူခြင်းဖြစ်ပြီး၊ လူသား စိတ်ကူးသော အကြောင်းပြချက်များအတွက် မဟုတ်ပေ။ ဘုရားသခင်သည် သူ၏ အမှုက လိုအပ်သည်နှင့်အမျှ ကမ္ဘာမြေပေါ်သို့ ကြွလာခြင်းသာဖြစ်ပြီး၊ လိုအပ်မှသာ ကြွလာခြင်း ဖြစ်သည်။ သူသည် ကမ္ဘာမြေကြီးပေါ်တွင် လှည့်ပတ်ကြည့်ခြင်း သက်သက် ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ၊ သူပြုသင့်သောအမှုကို ဆောင်ရွက်ရန် ကြွလာခြင်း ဖြစ်ပေသည်။ သို့မဟုတ်ပါက သူသည် ဤအမှုကို ဆောင်ရွက်ရန် ထိုမျှလေးလံသောဝန်တစ်ခုကို အဘယ့်ကြောင့် ခံယူပြီး၊ ထိုမျှကြီးမားသည့် စွန့်စားမှုတို့ကို အဘယ့်ကြောင့် လက်ခံမည်နည်း။ ဘုရားသခင်သည် လူ့ဇာတိ ခံယူရမည့် အချိန်တွင်သာ လူ့ဇာတိခံယူခြင်းဖြစ်ပြီး၊ အတုမဲ့ အရေးပါမှုအမြဲ ရှိလေသည်။ အကယ်၍ ယင်းသည် သူ့ကို လူတို့အား မြင့်ခွင့်ပေးခြင်းနှင့် ၎င်းတို့၏အမြင်များကို ကျယ်စေရန် အတွက်သာ ဖြစ်ခဲ့ပါက၊ သူသည် လူတို့အလယ် မည်သည့်အခါမျှ အလွန်ပေါ့တန်စွာ ကြွလာမည်မဟုတ်သည်မှာ လုံးဝ သေချာပေသည်။ သူသည် သူ၏စီမံခန့်ခွဲမှုနှင့် သာ၍ကြီးမားသော သူ၏အမှုအတွက်၊ ပြီးလျှင် သာ၍များသော လူသားမျိုးနွယ်ကို ရရှိနိုင်ရန်အလို့ငှာ ကမ္ဘာမြေသို့ ကြွလာခြင်း ဖြစ်သည်။ သူသည် ခေတ်ကို

ကိုယ်စားပြုရန် ကြွလာ၏၊ စာတန်ကို အနိုင်ယူရန် ကြွလာပြီး၊ စာတန်ကို အနိုင်ယူရန်အလို့ငှာ သူသည် မိမိကိုယ်ကိုယ် လူ့ဇာတိဖြင့် ယူတင်ဝတ်ဆင်လေသည်။ ထိုမျှမက သူသည် လူသားမျိုးနွယ် တစ်ရပ်လုံးကို ၎င်းတို့၏ အသက်တာများအား ရှင်သန်ရာ၌ လမ်းပြရန်အလို့ငှာ ကြွလာခြင်းဖြစ်သည်။ ဤအရာအားလုံးသည် သူ၏စီမံခန့်ခွဲမှုနှင့် သက်ဆိုင်ပြီး၊ ယင်းသည် စကြဝဠာ တစ်ခုလုံး၏အမှုနှင့် သက်ဆိုင်၏။ အကယ်၍ ဘုရားသခင်သည် သူ၏လူ့ဇာတိကို လူအား သိရှိလာခွင့်ပေးရန်နှင့် လူတို့၏ မျက်လုံးများကို ဖွင့်ပေးရန်မျှသာ လူ့ဇာတိခံယူလာခဲ့ပါက၊ သူသည် အဘယ်ကြောင့် တိုင်းနိုင်ငံအားလုံးသို့ ခရီးမသွားဘဲ နေမည်နည်း။ ဤသည်မှာ အလွန့်အလွန် လွယ်ကူသော ကိစ္စတစ်ခု ဖြစ်မည် မဟုတ်လော။ သို့သော် သူသည် ထိုသို့ မပြုခဲ့ပေ၊ ယင်းအစား အခြေချရန်နှင့် သူပြုသင့်သောအမှုကို စတင်ရန် သင့်လျော်သော နေရာတစ်ခုကို သူရွေးချယ်ခဲ့၏။ ဤလူ့ဇာတိတစ်ခုတည်းသည်သာ အတော် အရေးပါမှုရှိ၏။ သူသည် ခေတ်တစ်ခုလုံးကို ကိုယ်စားပြုသကဲ့သို့၊ ခေတ်တစ်ခုလုံး၏ အမှုကို ဆောင်ရွက်လေသည်။ သူသည် ယခင်ခေတ်ကို အဆုံးသတ်စေသကဲ့သို့၊ ခေတ်သစ်ကို ဖွင့်လှစ်ပေး၏။ ဤအရာအားလုံးသည် ဘုရားသခင်၏စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်ပြီး၊ ဤအရာအားလုံးသည် ဘုရားသခင်က ဆောင်ရွက်ဖို့ ကမ္ဘာမြေပေါ် ကြွလာသည့် အမှု၏ အဆင့်တစ်ခုနှင့်သက်ဆိုင်သည့် အရေးပါမှု ဖြစ်သည်။ ယေရှုသည် ကမ္ဘာမြေသို့ ကြွလာခဲ့ချိန်တွင်၊ သူသည် နှုတ်ကပတ်တော်အချို့ကိုသာ ပြောဆိုခဲ့ပြီး၊ အမှုအချို့ကိုသာ ဆောင်ရွက်ခဲ့၏။ သူသည် လူ၏အသက်တာကို စိတ်မဝင်စားခဲ့သကဲ့သို့၊ သူ၏အမှုကို ပြည့်စုံစေခဲ့ပြီးသည်နှင့်တစ်ပြိုင်နက် ထွက်ခွာသွားခဲ့သည်။ ယနေ့တွင်၊ ငါသည် သင်တို့အား ငါ၏နှုတ်ကပတ်တော်များကို ပြောဆိုခြင်းနှင့် လက်ဆင့်ကမ်းခြင်း ပြီးစီးချိန်တွင်၊ ပြီးလျှင် သင်တို့အားလုံး နားလည်ပြီးဖြစ်သည့်အချိန်တွင်၊ သင်တို့၏အသက်တာ မည်သို့ရှိမည်ဖြစ်စေ ငါ၏အမှုထဲက ဤအဆင့်သည် အဆုံးသတ်ပြီး ဖြစ်ပေလိမ့်မည်။ အနာဂတ်တွင် ငါ၏အမှုထဲက ဤအဆင့်ကို ဆက်၍လုပ်ဆောင်မည့် လူအချို့နှင့် ဤနှုတ်ကပတ်တော်များနှင့်အညီ ကမ္ဘာမြေပေါ်တွင် ဆက်လက်အမှုပြုမည့် လူအချို့ ရှိရပေမည်။ ထိုအချိန်တွင် လူသား၏အလုပ်နှင့် လူသား၏တည်ဆောက်မှုသည် စတင်လိမ့်မည်။ သို့သော်လည်း လက်ရှိတွင် ဘုရားသခင်သည် သူ၏အမှုတော်ကို ဖြည့်ဆည်းရန်နှင့် သူ၏အမှု အဆင့်တစ်ဆင့်ကို ပြည့်စုံစေရန်အလို့ငှာ၊ သူ၏အမှုကိုသာ လုပ်ဆောင်လေသည်။ ဘုရားသခင်သည် လူသား၏နည်းဟန်နှင့် မတူသည့် နည်းဟန် တစ်ခုဖြင့် အမှုပြုသည်။ လူသားသည် ဝတ်ပြုပွဲများနှင့် ဆွေးနွေးပွဲများကို နှစ်သက်ပြီး၊ ဟိတ်ဟန်ကို အရေးထား ကြသော်လည်း၊ ဘုရားသခင်

အရှုံမုန်းဆုံးသောအရာမှာမူ လူသား၏ ဝတ်ပြုပွဲများနှင့် တွေ့ဆုံပွဲများ အတိအကျ ဖြစ်ပေသည်။ ဘုရားသခင်သည် လူသားနှင့် ရိုးရိုး စကားလက်ဆုံပြောပြီး စကားပြောဆို၏။ ဤသည်မှာ ဘုရားသခင်၏အမှုဖြစ်သည်၊ ယင်းသည် ထူးခြားစွာ ချုပ်ချယ်မှုကင်းပြီး၊ သင်တို့ကိုလည်း လွတ်မြောက် စေလေသည်။ သို့သော်လည်း ငါသည် သင်တို့နှင့် စည်းဝေးရခြင်းကို လုံးလုံးရွံမုန်း၏၊ ပြီးလျှင် သင်တို့ကဲ့သို့ ပုံစံသွင်းခံထားရသော အသက်တာတစ်ခုကို ငါသည် ကျင့်သားရမလာနိုင်ပေ။ ငါသည် စည်းမျဉ်းများကို အရွံမုန်းဆုံးဖြစ်သည်။ ယင်းတို့သည် လူသားကို သူ၏မျက်လုံးက သင့်အား တည့်တည့် ငေးစိုက်ကြည့်နေရင်း၊ လှုပ်ရှားမှုတစ်ခုပြုဖို့ စကားပြောဆိုဖို့နှင့် သီချင်းဆိုဖို့ စိုးရွံ့စေသည့် အဆင့်ထိ လူသားအပေါ် ချုပ်ချယ်မှုများ ထားရှိလေသည်။ ငါသည် သင်တို့၏ တွေ့ဆုံစည်းဝေးခြင်း ပုံစံကို လုံးလုံးရွံမုန်းသကဲ့သို့၊ ကြီးမားသော လူစုလူဝေးများကို အလျှင်းရွံမုန်း၏။ ဤသို့သော ရှင်သန်နေထိုင်ပုံသည် ချုပ်နှောင်ခံထားရသလို ခံစားစေပြီး၊ သင်တို့သည် များပြားလှသော ဟိတ်ဟန်များနှင့် များပြားလှသော စည်းကမ်းများကို လိုက်နာကြသည့်အတွက်၊ ငါသည် သင်တို့နှင့်အတူ ဤနည်းဖြင့် စည်းဝေးရန် ရှင်းရှင်းငြင်းပယ်သည်။ အကယ်၍ သင်တို့ကို လူတို့အား ဦးဆောင်ခွင့်ပေးမည်ဆိုပါက၊ သင်တို့သည် လူအားလုံးကို စည်းမျဉ်းများ ကြီးစိုးရာနယ်ထဲသို့ ဦးဆောင်သွားမည်ဖြစ်ကာ၊ ၎င်းတို့သည် သင်တို့၏ခေါင်းဆောင်မှုအောက်၌ စည်းမျဉ်းများကို ဖယ်ထား၍ရမည် မဟုတ်ပေ။ ယင်းအစား ဘာသာတရား၏ သွင်ပြင်သည် ယခင်ထက် သာ၍ ပြင်းထန်လာရုံသာရှိမည်ဖြစ်ပြီး၊ လူသား၏ အလေ့အထများသည်လည်း တိုးပွားမြဲတိုးပွားနေမည် ဖြစ်သည်။ လူအချို့သည် ၎င်းတို့ စည်းဝေးကြသည့်အခါ၊ တရားဟောခြင်းနှင့် စကားပြောခြင်းကို ဆက်ကြပြီး၊ မည်သည့်အခါမျှ မငြီးငွေ့ကြသကဲ့သို့၊ အချို့သည် ဆယ်ရက်ကျော်ကြာ မရပ်မနားတမ်း ဆက်လက် တရားဟောပြောနိုင်ကြလေသည်။ ဤအရာအားလုံးကို လူသား၏ ကြီးမားသော ဝတ်ပြုပွဲများနှင့် တွေ့ဆုံပွဲများဟု ယူဆထားပေသည်။ ယင်းတို့သည် စားသောက်ခြင်းအသက်တာ၊ မွေ့လျော်ခြင်း အသက်တာ၊ သို့တည်းမဟုတ် လွတ်လပ်နေသော စိတ်ဝိညာဉ်၏ အသက်တာနှင့် ပတ်သက်ခြင်းမရှိပေ။ ဤအရာ အားလုံးသည် တွေ့ဆုံပွဲများ ဖြစ်၏။ သင်တို့၏ လုပ်ဖော်ဆောင်ဖက် တွေ့ဆုံပွဲများအပြင်၊ ဝတ်ပြုပွဲများ ကြီးငယ်ဟူသမျှတို့သည် ငါ့အဖို့ စက်ဆုပ်စရာဖြစ်ပြီး၊ ငါသည် ယင်းတို့ကို မည်သည့်အခါမျှ စိတ်မဝင်စားလေပြီ။ ဤသည်မှာ ငါအမှုပြုသော အခြေခံသဘောတရား ဖြစ်သည်။ ငါသည် ဝတ်ပြုပွဲများအတွင်းတွင် တရားဟောပြောရန် ဆန္ဒမရှိသကဲ့သို့၊ ကြီးမားသော

လူထုစည်းဝေးပွဲ၌လည်း မည်သည့်အရာကိုမျှ ထုတ်ဖော်ပြောဆိုရန် ဆန္ဒမရှိပေ၊ ပြီးလျှင် သင်တို့အားလုံးကို ရက်အနည်းငယ်ကြာ အထူးဆွေးနွေးပွဲ တစ်ခုအတွက် စုဝေးရန်ဖိတ်ကြားဖို့ သာ၍ပင် ဆန္ဒမရှိချေ။ သင်တို့အားလုံးသည် တွေ့ဆုံပွဲတစ်ခု၌ ဣန္ဒြေရရနှင့် မွန်မွန်ရည်ရည် ထိုင်သင့်သည်ကို ငါ သဘောတူရန် အကြောင်းမတွေ့ပေ။ သတ်မှတ်ထားသည့် ဟိတ်ဟန်တစ်ခုခု၏ ကန့်သတ်မှုများအတွင်း၌ သင်တို့ အသက်ရှင်ကြသည်ကို မြင်ရခြင်းအား ငါစက်ဆုပ်၏၊ ပြီးလျှင် ထို့မျှမက ငါသည် သင်တို့၏ ထိုသို့သော အခမ်းအနားတစ်ခု၌ ပါဝင်ရန် ငြင်းဆန်သည်။ ဤအရာကို သင်တို့က သာ၍လုပ်ဆောင်လေလေ၊ ငါသည် သာ၍ရွံမုန်းလေ ဖြစ်သည်။ ငါသည် သင်တို့၏ ဤအခမ်းအနားများနှင့် စည်းမျဉ်းများအပေါ် အနည်းငယ်မျှ စိတ်ဝင်စားခြင်းမရှိ။ သင်တို့က ထိုအရာများမှ မည်မျှကောင်းမွန်သည့် အလုပ်တစ်ခုကို ဖန်တီးကြသည်ဖြစ်စေ၊ ထိုအရာအားလုံးကို ရွံမုန်းစရာဟု ငါမြင်၏။ ယင်းမှာ သင်တို့၏ စီစဉ်မှုများ မသင့်လျော်သည် မဟုတ်၊ သို့မဟုတ် သင်တို့ အလွန်နိမ့်ကျသည် မဟုတ်ပေ။ ငါသည် သင်တို့၏ အသက်ရှင်နေထိုင်ပုံကို ရွံမုန်းခြင်းသာဖြစ်ပြီး၊ ထို့မျှမက ငါသည် ထိုအရာကို ကျင့်သား ရမလာနိုင်ပေ။ သင်တို့သည် ငါပြုချင်သောအမှုကို အနည်းငယ်မျှပင် နားမလည်ကြချေ။ ယခင်တုန်းက ယေရှုသည် သူ၏ အမှုကို လုပ်ဆောင်ခဲ့ချိန်တွင်၊ အချို့သော နေရာ၌ တရားဒေသနာ ဟောကြားပြီးသည့်နောက်၊ သူသည် သူ၏တပည့်တော်များကို မြို့ပြင်သို့ ဦးဆောင်သွားပြီး၊ ၎င်းတို့ နားလည်အပ်သော လမ်းခရီးများအကြောင်းကို ၎င်းတို့နှင့်အတူ ပြောဆိုခဲ့၏။ သူသည် ထိုသို့သော ပုံစံဖြင့် မကြာခဏ အမှုပြုခဲ့သည်။ လူအမြောက်အများအလယ်တွင် သူ၏ အမှုသည် အတော် နည်းပါးခဲ့သည်။ သင်တို့ သူ့ကို တောင်းလျှောက်သည့်အရာနှင့်အညီ၊ လူ့ဇာတိခံ ဘုရားသခင်သည် ပုံမှန်လူသားတစ်ဦး၏ အသက်တာ မရှိသင့်ပေ။ သူသည် သူ၏အမှုကို ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ထိုင်နေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ လမ်းလျှောက်နေသည်ဖြစ်စေ သူသည် စကားပြောဆိုရမည်ဖြစ်၏။ သူသည် အချိန်တိုင်း အမှုပြုရမည် ဖြစ်ကာ၊ သူ၏ “လည်ပတ်ခြင်းများ” ကို မည်သည့်အခါမျှ ရပ်တန့်၍ မရပေ၊ သို့မဟုတ်ပါက သူသည် သူ၏တာဝန်များကို လျစ်လျူရှုနေမိပေမည်။ လူသား၏ ဤတောင်းဆိုချက်တို့သည် လူသားအသိနှင့် ဆီလျော်ပါ၏လော။ သင်တို့၏ သမာဓိမှာ အဘယ်မှာနည်း။ သင်တို့သည် အလွန်များလှစွာ တောင်းဆိုကြသည် မဟုတ်လော။ ငါအမှုပြုသည်နှင့်အမျှ ငါ့ကို ဆန်းစစ်ရန် သင့်ကို ငါ လိုအပ်သလော။ ငါသည် ငါ၏အမှုတော်ကို ဖြည့်ဆည်းသည်နှင့်အမျှ ကြီးကြပ်ရန် သင့်ကို ငါလိုအပ်သလော။ မည်သည့်အမှုကို ငါပြုသင့်ပြီး၊ မည်သည့်အချိန်တွင် ပြုသင့်သည်ကို ငါသည် ကောင်းစွာသိ၏။ အခြားသူတို့ ဝင်ရောက်စွက်ဖက်ရန် မလိုအပ်ပေ။ ငါသည် များစွာ လုပ်ဆောင်ပြီးခြင်းမရှိဟု သင်တို့အဖို့

ထင်ကောင်းထင်ရမည် ဖြစ်သော်လည်း၊ ယင်းအချိန်၌ ငါ၏အမှုသည် အဆုံးတစ်ခုသို့ရောက်ပြီ ဖြစ်သည်။ ခရစ်ဝင်ကျမ်းလေးကျမ်းထဲက ယေရှု၏ နှုတ်ကပတ်တော်များကို ဥပမာယူလော့- ယင်းတို့သည်လည်း အကန့်အသတ်ရှိခဲ့သည် မဟုတ်လော။ ထိုအချိန်က ယေရှုသည် တရားဇရပ်သို့ဝင်ပြီး တရားဒေသနာ ဟောပြောခဲ့ချိန်တွင်၊ သူသည် အများဆုံး မိနစ်အနည်းငယ်အတွင်း ပြီးစီးခဲ့သကဲ့သို့၊ သူစကားပြောဆိုပြီးချိန်တွင်၊ သူ၏တပည့်တော်များကို လှေပေါ်သို့ဦးဆောင်ခေါ်သွားခဲ့ပြီး မည်သည့်ရှင်းပြချက်မျှမရှိဘဲ ထွက်ခွာခဲ့သည်။ အများအားဖြင့်၊ တရားဇရပ်အတွင်းရှိသူတို့သည် ဤအရာကို ၎င်းတို့ချင်းကြားတွင် ဆွေးနွေးခဲ့ကြသော်လည်း၊ ယေရှုသည် ယင်းနှင့် ပတ်သက်မှုမရှိခဲ့ပေ။ ဘုရားသခင်သည် သူ လုပ်ဆောင်သင့်သော အမှုကိုသာ လုပ်ဆောင်ပြီး၊ ဤသည်အပြင် အခြားမည်သည့်အရာကိုမျှ မလုပ်ဆောင်ပေ။ ယခုတွင် များစွာသောသူတို့သည် ငါ့အား တစ်ရက်လျှင် အနည်းဆုံး နာရီအချို့ကြာ၊ သာ၍ စကားပြောပြီး သာ၍ ဆွေးနွေးစေချင်ကြသည်။ သင်တို့ မြင်သည့်အတိုင်းဆိုပါက၊ ဘုရားသခင်သည် စကားမပြောဆိုပါက ဘုရားသခင်အဖြစ်မှ ရပ်စဲပြီး၊ စကားပြောဆိုသောသူသာလျှင် ဘုရားသခင်ဖြစ်ပေသည်။ သင်တို့ အားလုံး မျက်ကန်းဖြစ်ကြပေသည်တကား။ အားလုံး အရိုင်းအစိုင်းများ ဖြစ်ပေသည်တကား။ သင်တို့အားလုံးသည် အသိစိတ်မရှိသည့် မသိနားမလည်သော အရာများပေတကား။ သင်တို့သည် များလှစွာသော အယူအဆများ ရှိကြသည်တကား။ သင်တို့၏ တောင်းဆိုချက်များက လွန်လွန်းလှ၏။ သင်တို့သည် လူသားမဆန်ကြ။ ဘုရားသခင် မည်သည့်အရာဖြစ်သည်ကို သင်တို့ အနည်းငယ်မျှ နားမလည်ကြ။ ဟောပြောသူများနှင့် အာဝဇ္ဇန်းရှင်သူများအားလုံးကို ဘုရားသခင်ဟု သင်တို့ ယုံကြည်ကြပြီး၊ သင်တို့အား နှုတ်ကပတ်တော်များဖြင့် ထောက်ပံ့ပေးရန် လိုလားလျက်ရှိသည့် မည်သူကိုမဆို သင်တို့၏ ဖခင်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ငါ့ကို ပြောကြလော့၊ သင်တို့၏ "ကောင်းမွန်စွာ ဖွံ့စည်းထားသော" အင်္ဂါရပ်များနှင့် "ထူးခြားသော" ပုံပန်းရှိသည့် သင်တို့အားလုံးသည် အသိစိတ် အနည်းငယ်မျှပင် ရှိကြသေးသလော။ ကောင်းကင်နေမင်းကို သင်တို့သိကြသေးသလော။ သင်တို့တစ်ဦးချင်းစီသည် လောဘကြီးပြီး အကျင့်ပျက်သော အရာရှိတစ်ဦးနှင့်တူ၏၊ ထို့ကြောင့် သင်တို့သည် အသိစိတ်ကို မည်သို့မြင်နိုင်မည်နည်း။ သင်တို့သည် အမှန်နှင့်အမှားကို မည်သို့ ခွဲခြားနိုင်မည်နည်း။ ငါသည် သင်တို့အပေါ် များစွာအပ်နှင်းပြီး ဖြစ်သော်လည်း၊ သင်တို့အထဲမှ မည်မျှသည် ယင်းအပေါ် တန်ဖိုးထားဖူးပါသနည်း။ မည်သူသည် ယင်းကို အပြည့်အဝ ပိုင်ဆိုင်ထားသနည်း။ သင်တို့ ယနေ့ လျှောက်နေသောလမ်းကို ဖွင့်ပေးခဲ့သူမှာ မည်သူဖြစ်သည်ကို သင်တို့သည် မသိကြ၊

ထို့ကြောင့် ငါ့အား အဓိပ္ပာယ်မရှိသကဲ့သို့ ယုတ္တိမတန်သော တောင်းဆိုချက်များကို ပြုလုပ်ရင်း၊ သင်တို့သည် ငါ့အား ဆက်၍တောင်းဆိုမှုများ ပြုကြ၏။ သင်တို့သည် ရှက်ကိုးရှက်ကန်းဖြစ်လျက် နီမြန်းကြသည် မဟုတ်လော။ ငါသည် လုံလောက်စွာ မပြောလေပြီလော။ ငါသည် လုံလောက်စွာ မပြုလေပြီလော။ သင်တို့ထဲမှ မည်သူသည် ငါ၏ နှုတ်ကပတ်တော်များကို ရတနာတစ်ပါးအဖြစ် အမှန်တကယ် မြတ်နိုးနိုင်သနည်း။ သင်တို့သည် ငါ၏မျက်မှောက်တွင် ရှိချိန်တွင် ငါ့ကို မျက်နှာချိုသွေးကြသော်လည်း၊ မျက်မှောက်၌မရှိသောအခါ သင်တို့သည် မုသားဆိုကာ လှည့်စားကြ၏။ သင်တို့၏ လုပ်ရပ်များသည် အလွန်စက်ဆုပ်ဖွယ်ကောင်းပြီး၊ ယင်းတို့သည် ငါ့ကို ရွံရှာစေ၏။ သင်တို့သည် ငါ့အား ပြောဆိုရန်၊ အမှုပြုရန် တောင်းဆိုသည်မှာ၊ သင်တို့၏အသက်တာများကို ပြောင်းလဲစေခြင်း အတွက် မဟုတ်ဘဲ၊ သင်တို့၏မျက်စိများကို အစာကျွေးရန်နှင့် သင်တို့၏အမြင်များကို ကျယ်ပြန့်စေရန်ဟူသော အကြောင်းရင်း အတွက်သာ ဖြစ်သည်ကို ငါသိသည်။ သင်တို့ကို ငါ များစွာ စကားပြောဆိုပြီးလေပြီ။ သင်တို့၏အသက်တာများသည် အချိန်ကြာမြင့်စွာက ပြောင်းလဲပြီးဖြစ်သင့်ပေသည်၊ သို့ဆိုလျှင် သင်တို့သည် ယခုပင်လျှင် အဘယ်ကြောင့် သင်တို့၏ အခြေအနေဟောင်းသို့ ပြန်ရောက်မြဲ ပြန်ရောက်နေကြသေးသနည်း။ ငါ၏နှုတ်ကပတ်တော်များသည် သင်တို့ထံမှ လုယူခြင်းခံရကာ၊ သင်တို့သည် ထိုနှုတ်ကပတ်တော်များကို မရရှိခဲ့ခြင်းဖြစ်နိုင်သလော။ အမှန်အတိုင်းဆိုရလျှင် သင်တို့ကဲ့သို့ ယိုယွင်းဆုတ်ယုတ်သူများကို ငါသည် နောက်ထပ် မပြောဆိုချင်တော့ပေ- ယင်းသည် အချည်းနှီး ဖြစ်လိမ့်မည်။ ငါသည် အလွန်အလဟဿဖြစ်သည့် အမှုကို ပြုရန် ဆန္ဒမရှိပေ။ သင်တို့သည် သင်တို့၏အမြင်များကို ချဲ့ထွင်ရန် သို့မဟုတ် မျက်စိအရသာခံရန်သာ အလိုရှိကြပြီး၊ အသက်ကိုရရန် အလိုမရှိကြပေ။ သင်တို့အားလုံးသည် မိမိတို့ကိုယ်ကိုယ် လှည့်ဖြား နေကြပေသည်။ သင်တို့ကို ငါမေးသည်၊ သင်တို့ကို မျက်နှာချင်းဆိုင် ငါပြောဆိုပြီးဖြစ်သည့်အရာများထဲမှ မည်မျှကို သင်တို့ လက်တွေ့လုပ်ဆောင်ပြီးပြီနည်း။ သင်တို့လုပ်ဆောင်သမျှ အရာအားလုံးမှာ အခြားသူများကို လှည့်စားရန် ပရိယာယ်များ ဆင်ခြင်း ဖြစ်၏။ သင်တို့ထဲမှ ပွဲကြည့်ပရိသတ်များကဲ့သို့ ကြည့်ရှုရခြင်းကို မွေ့လျော်ကြသူများအား ငါရွံမုန်း၏၊ ပြီးလျှင် သင်တို့၏ သိချင်စိတ်ပြင်းပြခြင်းမှာ လွန်စွာ စက်ဆုပ်ဖွယ်ကောင်းသည်ကို ငါ မြင်သည်။ အကယ်၍ သင်တို့သည် မှန်သော လမ်းခရီးကို ရှာရန် သို့မဟုတ် သမ္မာတရားကို ဆာငတ်ရန် ဤနေရာတွင် မရှိပါက၊ သင်တို့သည် ငါ၏မုန်းတီးစက်ဆုပ်ခြင်းကို ခံရသူများ ဖြစ်၏။ သင်တို့သည် သင်တို့၏သိချင်စိတ်ပြင်းပြခြင်းကို ဖြည့်ဆည်းရန် သို့မဟုတ် သင်တို့၏လောဘလိုအင်များကို

တစ်ခုမဟုတ်တစ်ခု ဖြည့်ဆည်းရန် တစ်ခုတည်းအတွက် ငါ စကားပြောဆိုသည်ကို နားထောင်ကြမှန်း ငါသိသည်။ သင်တို့သည် သမ္မာတရား၏တည်ရှိခြင်း သို့မဟုတ် အသက်ထဲသို့ ဝင်ရောက်ခြင်း အတွက် မှန်သောလမ်းကြောင်းကို စူးစမ်းရှာဖွေခြင်းနှင့် သက်ဆိုင်၍ အတွေးမရှိကြပေ။ ဤလိုအပ်ချက်တို့သည် သင်တို့အလယ် တကယ်ကို မတည်ရှိပေ။ သင်တို့ လုပ်ဆောင်သမျှမှာ ဘုရားသခင်အား သင်တို့ လေ့လာကာ သဘောကျရသည့် ကစားစရာတစ်ခုအဖြစ် သဘောထားခြင်း ဖြစ်သည်။ သင်တို့သည် အသက်ကို ရှာဖွေရန် စိတ်ထက်သန်ပြင်းပြမှု အလွန်နည်းပါးသော်လည်း၊ စူးစမ်းချင် စိတ်ပြင်းပြဖို့ ဆန္ဒ အမြောက်အမြား ရှိကြသည်။ ထိုသို့သော လူတို့ကို အသက်လမ်းအား ရှင်းပြခြင်းသည် လေထဲသို့ စကားပြောခြင်းနှင့် သဘောညီမျှ၏။ ငါသည် လုံးဝမပြောလျှင်ပင် ကောင်းဦးမည်။ သင်တို့ကို ငါပြောသည်- အကယ်၍ သင်တို့သည် သင်တို့၏ စိတ်နှလုံးအတွင်းရှိ ဟာကွက်ကိုဖြည့်ရန် ရှာကြံနေရုံမျှသာ ရှိပါက၊ သင်တို့သည် ငါ့ထံသို့မလာသည်က အကောင်းဆုံးဖြစ်ပေမည်။ သင်တို့သည် အသက် ရရှိခြင်းအပေါ် အလေးထားသင့်သည်။ မိမိတို့ကိုယ်ကိုယ် မလှည့်စားကြနှင့်။ သင်တို့၏သိချင်စိတ်ပြင်းပြမှုအား သင်တို့၏အသက်ကို လိုက်စားရှာဖွေမှုအတွက် အခြေခံအကြောင်းရင်း အဖြစ် မမှတ်ယူသင့်ပေ၊ သို့မဟုတ် သင်တို့ကို ပြောဆိုရန် ငါ့အား တောင်းဆိုခြင်းအတွက် မူမမှန်သော အကြောင်းပြချက်တစ်ခုအဖြစ် အသုံးမပြုသင့်ပေ။ ဤအရာအားလုံးမှာ သင်တို့အနေဖြင့် လွန်စွာကျွမ်းကျင်သော ပရိယာယ်များ ဖြစ်သည်။ သင့်ကို တစ်ဖန် ငါမေးသည်- သင့်ကို ဝင်ရောက်ရန် ငါ စေခိုင်းထားသည့်အရာ၏ မည်မျှကို သင် အမှန်တကယ် ဝင်ရောက်ပြီးပြီနည်း။ သင့်အား ငါပြောပြီးသော အရာအားလုံးကို သင် သဘောပေါက်ပြီးပြီလော။ သင့်ထံ ငါပြောပြီးသောအရာအားလုံးကို သင်သည် လက်တွေ့လုပ်ဆောင်နိုင်ပြီလော။

ခေတ်တိုင်း၏အမှုကို ဘုရားသခင်ကိုယ်တိုင်က အစပြုခြင်း ဖြစ်သော်လည်း၊ ဘုရားသခင်သည် မည်သို့သောနည်းလမ်းဖြင့် အမှုပြုသည်ဖြစ်စေ၊ သူသည် လှုပ်ရှားမှုတစ်ခုကို စတင်ရန် သို့မဟုတ် အထူးဆွေးနွေးပွဲများကို ကျင်းပရန် သို့မဟုတ် သင်တို့ကိုယ်စား အဖွဲ့အစည်း အမျိုးအစားတစ်ခုတစ်လေကို တည်ထောင်ရန် ကြွလာခြင်းမဟုတ်သည်ကို သင်သိသင့်၏။ သူပြုသင့်သောအမှုကို ဆောင်ရွက်ရန် တစ်ခုတည်းဖြင့် သူကြွလာပေသည်။ သူ၏အမှုသည် မည်သည့်လူသား၏ အကန့်အသတ်ကိုမျှ ခံရခြင်းမရှိပေ။ သူသည် သူ၏အမှုကို သူ ဆန္ဒရှိသည့်အတိုင်း ပြု၏။ လူသားက ယင်းကို မည်သို့တွေးသည်ဖြစ်စေ၊ မည်သို့သိသည်ဖြစ်စေ၊ သူသည် သူ၏အမှု ဆောင်ရွက်ရန်ကိုသာ အလေးထားသည်။

ကမ္ဘာလောကကို ဖန်ဆင်းခြင်းမှ ပစ္စုပ္ပန်ကာလအထိ၊ အမှု၏ အဆင့်သုံးဆင့် အမြဲ ရှိပြီးဖြစ်သည်။ ယေဟောဝါမှသည် ယေရှုအထိ၊ ပြီးလျှင် ပညတ်တော်ခေတ်မှသည် ကျေးဇူးတော်ခေတ်အထိ၊ ဘုရားသခင်သည် လူသားအတွက် အထူးဆွေးနွေးပွဲတစ်ခုကို မည်သည့်အခါမျှ မကျင်းပဖူးသကဲ့သို့၊ တစ်ကမ္ဘာလုံးဆိုင်ရာ အထူးအလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို ကျင်းပပြီး၊ ထိုသို့ဖြင့် သူ၏အမှုနယ်ပယ်ကို ချဲ့ထွင်ရန်အလို့ငှာ လူသားမျိုးနွယ်အားလုံးကို အတူတကွ စုဝေးစေခြင်းလည်း မရှိဖူးပေ။ သူပြုသမျှမှာ သင့်လျော်သောအချိန်နှင့် သင့်လျော်သောနေရာတစ်ခုတွင် ခေတ်တစ်ခုလုံး၏ ကနဦးအမှုကို ဆောင်ရွက်ရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ခေတ်တစ်ခုကို ဖွင့်လှစ်ပေးကာ၊ လူသားမျိုးနွယ်အား ၎င်းတို့၏အသက်တာများကို မည်သို့ အသက်ရှင်ရမည်ဆိုသည့် အရာထဲသို့ ဦးဆောင်ခြင်း ဖြစ်သည်။ အထူးညီနိူင်းဆွေးနွေးပွဲများသည် လူသား၏ ဝတ်ပြုပွဲများ ဖြစ်သည်။ အားလပ်ရက်များကို ဆင်နွှဲရန် လူတို့အား အတူတကွ စုဝေးစေခြင်းသည် လူသား၏အလုပ်ဖြစ်သည်။ ဘုရားသခင်သည် အားလပ်ရက်များကို စောင့်ထိန်းလိုက်နာခြင်းမရှိသည့်အပြင်၊ ယင်းတို့ကို စက်ဆုပ်စရာဖြစ်သည်ဟု မြင်၏။ သူသည် အထူးညီနိူင်းဆွေးနွေးပွဲများကို မကျင်းပသကဲ့သို့၊ ထို့အပြင် ယင်းတို့ကို စက်ဆုပ်စရာဟု မြင်လေသည်။ ယခု သင်သည် လူ့ဇာတိခံ ဘုရားသခင် လုပ်ဆောင်သည့် အမှုက အတိအကျ မည်သည့်အရာဖြစ်သည်ကို သိသင့်ပေသည်။

## လူ့ဇာတိခံယူခြင်း၏ နက်နဲရာအချက် (၄)

သင်တို့သည် သမ္မာကျမ်းစာ နောက်ကွယ်က အဖြစ်အပျက်နှင့် ယင်း၏ အကောင်အထည်ဖော်ခြင်းတို့ကို သိသင့်သည်။ ဤအသိပညာသည် ဘုရားသခင်၏ အမှုသစ်ကို လက်မခံသေးသူများ နှင့် မသက်ဆိုင်ပေ။ ၎င်းတို့ မသိကြ။ သင်သည် အနှစ်သာရနှင့် ဆိုင်သည့် ဤကိစ္စရပ်များကို ၎င်းတို့အား ထင်ထင်ရှားရှား ပြောဆိုခဲ့မည်ဆိုပါက၊ ၎င်းတို့သည် သမ္မာကျမ်းစာနှင့် ပတ်သက်၍ သင်နှင့်အတူ စည်းကမ်းကြီးသူများ ဖြစ်မည် မဟုတ်တော့ပေ။ ၎င်းတို့သည် ပရောဖက်ပြုထားသည့်အရာများကို စဉ်ဆက်မပြတ် ရှာဖွေလေ့လာနေကြသည်။ ဤထုတ်ပြန်ချက် ဖြစ်လာပြီးပြီလော။ ထိုထုတ်ပြန်ချက် ဖြစ်လာပြီးပြီလော။ ၎င်းတို့၏ ဧဝံဂေလိတရားကို လက်ခံမှုသည် သမ္မာကျမ်းစာနှင့်အညီ ဖြစ်ပြီး၊ ၎င်းတို့သည် ဧဝံဂေလိကို သမ္မာကျမ်းစာအတိုင်း ဟောပြောကြသည်။ ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်မှုသည်

သမ္မာကျမ်းစာ၏ စကားလုံးများအပေါ် တည်ထားသည်။ သမ္မာကျမ်းစာမရှိဘဲနှင့်၊ ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်ကြလိမ့်မည် မဟုတ်။ ဤသည်မှာ သမ္မာကျမ်းစာကို သိမ်ဖျင်းစွာ စေ့စေ့စပ်စပ် စစ်ဆေးခံရစေလျက်၊ ၎င်းတို့ အသက်ရှင်သော ပုံစံဖြစ်သည်။ သမ္မာကျမ်းစာကို ၎င်းတို့ နောက်တစ်ဖန် ရှာဖွေလေ့လာပြီး သင့်ကို ရှင်းပြချက်များ တောင်းဆိုသည့်အခါ၊ သင်က "ပထမဦးစွာ၊ ထုတ်ပြန်ချက် အသီးသီးကို အတည်ပြု မစစ်ဆေးဘဲ နေကြစို့။ ထိုအစား သန့်ရှင်းသော ဝိညာဉ်တော် မည်သို့ အလုပ်လုပ်သည်ကို ကြည့်ကြစို့။ ကျွန်ုပ်တို့ လျှောက်သော လမ်းကြောင်းသည် ဧကန်အမှန် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ် ဟုတ်မဟုတ်ကို သိရဖို့ ယင်းကို ယူပြီး သမ္မာတရားနှင့် နှိုင်းယှဉ် ကြည့်ကြစို့၊ ပြီးလျှင် ထိုသို့သော လမ်းကြောင်းသည် မှန်ကန်ခြင်း ရှိ မရှိဆိုသည်ကို စစ်ဆေးရန် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို အသုံးပြုကြစို့။ ဤထုတ်ပြန်ချက်သည် သို့မဟုတ် ထိုထုတ်ပြန်ချက်သည် ကြိုတင်ဟောကိန်းထုတ်ထားသည့်အတိုင်း ဖြစ်လာပြီးခြင်း ရှိ မရှိ ဆိုသည်အတွက်မူ၊ ကျွန်ုပ်တို့ လူသားများသည် ဝင်ရောက်မစွက်ဖက်သင့်ပေ။ ယင်းအစား သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်နှင့် ဘုရားသခင် လုပ်ဆောင်နေပြီးဖြစ်သည့် နောက်ဆုံးအမှုတို့ကို ပြောသည်မှာ ကျွန်ုပ်တို့အတွက် ပိုကောင်းပေသည်။" ဟု ပြောသည်။ သမ္မာကျမ်းစာထဲရှိ ပရောဖက်ပြုချက်များသည် ထိုအချိန်က ပရောဖက်များအားဖြင့် တစ်ဆင့်ပေးပို့ခဲ့သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ဘုရားသခင် အသုံးပြုခဲ့သည့် လူသားများက လှုံ့ဆော်မှု ရရှိလျက်၊ ရေးသားခဲ့ကြသည့် စကားများ ဖြစ်သည်။ ထိုစကားများကို ဘုရားသခင် ကိုယ်တိုင်သာ ရှင်းပြနိုင်သည်၊ ထိုစကားများ၏ အဓိပ္ပာယ်ကို သန့်ရှင်းသောဝိညာဉ်တော်ကသာ သိစေနိုင်ပြီး ဘုရားသခင် ကိုယ်တိုင်ကသာ တံဆိပ်ခုနစ်ချက်ကို ချိုးဖျက်နိုင်ကာ စာစောင်ကို ဖွင့်နိုင်သည်။ သင်က- "သင်သည် ဘုရားသခင် မဟုတ်သကဲ့သို့၊ ကျွန်ုပ်သည်လည်း မဟုတ်သောကြောင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သူက ပေါ့ပေါ့တန်တန် ရှင်းပြဝံ့သနည်း။ ထိုနှုတ်ကပတ်တော်များကို သင် ရှင်းပြဝံ့ပါသလား။ ပရောဖက်များ ဖြစ်သော ယေရမိ၊ ယောဟန်နှင့် ဧလိယ တို့လာခဲ့ကြလျှင်ပင်၊ ၎င်းတို့သည် သိုးသငယ် မဟုတ်သည့်အတွက်၊ ထိုနှုတ်ကပတ်တော်များကို ကြိုးစားကာ ရှင်းပြဝံ့မည် မဟုတ်ပါ။ သိုးသငယ်သည်သာ တံဆိပ်ခုနစ်ချက်ကို ချိုးဖျက်နိုင်ပြီး စာစောင်ကို ဖွင့်နိုင်ကာ၊ သူ၏ နှုတ်ကပတ်တော်များကို အခြားသူမည်သူမျှ ရှင်းမပြနိုင်ပါ။ ကျွန်ုပ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရှင်းပြဝံ့ဖို့ မဆိုထားနှင့်၊ ဘုရားသခင်၏ နာမတော်ကို မလုယူဝံ့ပါ။ ကျွန်ုပ်သည် ဘုရားသခင်အား နာခံသူတစ်ဦးသာ ဖြစ်နိုင်သည်။ သင်က ဘုရားသခင်လား။ ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါများထဲမှ မည်သူမျှ စာစောင်ကို မဖွင့်ဝံ့သကဲ့သို့

ထိုနှုတ်ကပတ်တော်များကိုလည်း ရှင်းမပြဝံ့ပါ၊ ထို့ကြောင့် ကျွန်ုပ်သည်လည်း ရှင်းမပြဝံ့ပါ။ သင်သည် ယင်းတို့ကို ရှင်းပြရန် မကြိုးစားသင့်ပါ။ မည်သူမျှ ထိုအရာများကို ရှင်းပြရန် မကြိုးစားသင့်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် အကြောင်းကို ပြောကြပါစို့။ ဤမျှကို လူသား လုပ်ဆောင်နိုင်ပါသည်။ ကျွန်ုပ်သည် ယေဟောဝါနှင့် ယေရှု၏ အလုပ်ကို အနည်းငယ်သာ သိသည်၊ သို့ရာတွင် ကျွန်ုပ်သည် ထိုသို့သော အလုပ်နှင့်သက်ဆိုင်သည့် ကိုယ်ပိုင် အတွေ့အကြုံ မရှိသည်နှင့်အမျှ ကျွန်ုပ်သည် ယင်းနှင့်ပတ်သက်၍ အတိုင်းအတာ အနည်းငယ်မျှသာ ပြောနိုင်သည်။ ဟေရှာယ သို့မဟုတ် ယေရှုက မိမိတို့ အချိန်ကာလတွင် ပြောခဲ့သော နှုတ်ကပတ်တော်များ၏ အဓိပ္ပာယ်အတွက်မူ၊ ကျွန်ုပ်သည် ရှင်းလင်းချက် ထုတ်မည် မဟုတ်ပါ။ ကျွန်ုပ်သည် သမ္မာကျမ်းစာကို မလေ့လာဘဲ၊ ယင်းထက် ဘုရားသခင်၏ လက်ရှိ အလုပ်နောက်ကို လိုက်သည်။ သင်သည် သမ္မာကျမ်းစာကို စာစောင်ငယ်အဖြစ် အမှန်တကယ် မှတ်ယူသော်လည်း၊ ယင်းသည် သိုးသငယ်ကသာ ဖွင့်နိုင်သည့် အရာတစ်ခု ဖြစ်သည် မဟုတ်လော။ သိုးသငယ်မှလွဲ၍ အဘယ်သူသည် ယင်းကို ဖွင့်နိုင်ပါသနည်း။ သင်သည် သိုးသငယ်မဟုတ်သကဲ့သို့၊ ကျွန်ုပ်သည်လည်း ဘုရားသခင် ကိုယ်တော်တိုင်အဖြစ် အခိုင်အမာ ပြောဆိုရန် ပို၍ပင် မဝံ့ရဲသောကြောင့်၊ သမ္မာကျမ်းစာကို စိစစ်ခြင်း သို့မဟုတ် ကောင်းကောင်း လေ့လာဆန်းစစ်ခြင်း မလုပ်ကြပါစို့နှင့်။ ဘုရားသခင် ကိုယ်တိုင် လုပ်ဆောင်သည့် လက်ရှိ အမှုဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်သော အလုပ်ကို ဆွေးနွေးသည်က ပို၍ကောင်းသည်။ ယနေ့ ကျွန်ုပ်တို့ လျှောက်လှမ်းသော လမ်းသည် မှန်ကန်ခြင်း ရှိ မရှိဆိုသည်ကို အတည်ပြုစစ်ဆေးဖို့ အသုံးပြုလျက်၊ ဘုရားသခင် အမှုပြုသည့် အခြေခံသဘောတရားများက မည်သည့်အရာ ဖြစ်သည်ဆိုသည်နှင့် သူ၏ အမှု အနှစ်သာရက မည်သည့်အရာ ဖြစ်သည်ဆိုသည်တို့ကို ကြည့်ကြစို့၊ ပြီးလျှင် ဤနည်းဖြင့် ယင်းကို သေချာစေကြစို့။" ဟု ပြောသည်။ အကယ်၍ သင်တို့သည် အထူးသဖြင့် ဘာသာရေး လောကထဲရှိသူတို့ကို ဧဝံဂေလိတရား ဟောပြောလိုပါက၊ သမ္မာကျမ်းစာကို နားလည်ရမည် ဖြစ်ပြီး ယင်း၏ အတွင်းပိုင်း အဖြစ်အပျက် ကျွမ်းကျင်ပိုင်နိုင်မှု ရှိရမည်။ သို့မဟုတ်ပါက သင်တို့အတွက် ဧဝံဂေလိတရား ဟောပြောရန် နည်းလမ်းရှိမည် မဟုတ်ပေ။ သင်သည် အရေးကြီးဆုံးသော အချက်များကို ကျွမ်းကျင်ပိုင်နိုင်ပြီး သမ္မာကျမ်းစာ၏ အသက်မဲ့သော စကားလုံးများကို သိမ်ဖျင်းသော နည်းလမ်းဖြင့် စေ့စေ့စပ်စပ်ကြည့်ရှု စစ်ဆေးခြင်းကို ရပ်စဲသော်လည်း၊ ဘုရားသခင်၏ အမှုနှင့် အသက် သမ္မာတရားကိုသာ ပြောသည်နှင့်တစ်ပြိုင်နက်၊ သင်သည် မှန်ကန်သော စိတ်နှလုံးနှင့် ရှာဖွေသူတို့ကို ရယူနိုင်လိမ့်မည်။

ယေဟောဝါ၏ အမှု၊ သူထားရှိသော ပညတ်တရားများနှင့် လူသားများကို ၎င်းတို့၏ အသက်တာများ ရှင်သန်ခြင်းတွင် ိုု လမ်းပြသည့် အခြေခံသဘောတရားများ၊ ပညတ်တော်ခေတ်တွင် သူလုပ်ဆောင်သော အမှု၏ အကြောင်းအရာ၊ သူ၏ ပညတ်တရားများကို သူ ထားရှိခြင်း၏ အရေးပါမှု၊ ကျေးဇူးတော်ခေတ်အဖို့ သူ့အမှု၏ အရေးပါမှုနှင့် ဤနောက်ဆုံး အဆင့်တွင် မည်သည့် အမှု ဘုရားသခင် လုပ်ဆောင်သည်- ဤအရာတို့သည် သင်တို့ နားလည်သင့်သည့် အရာများ ဖြစ်သည်။ ပထမအဆင့်သည် ပညတ်တော်ခေတ်၏ အမှုဖြစ်သည်၊ ဒုတိယသည် ကျေးဇူးတော်ခေတ်၏ အမှုဖြစ်ပြီး၊ တတိယသည် နောက်ဆုံးသောကာလ၏ အမှုဖြစ်သည်။ သင်တို့သည် ဘုရားသခင်အမှု၏ ဤအဆင့်များကို ရှင်းလင်းနေရမည်။ အစမှအဆုံးအထိ၊ စုစုပေါင်း အဆင့် သုံးဆင့်ရှိသည်။ အမှု၏ အဆင့်အသီးသီးနှင့်ဆိုင်သည့် အနှစ်သာရမှာ အဘယ်နည်း။ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်၏ အမှုတွင် အဆင့်မည်မျှ ဆောင်ရွက်ပါသနည်း။ ဤအဆင့်များကို မည်သို့ ဆောင်ရွက်ပြီး အသီးသီးကို ယင်း၏ သီးသန့်နည်းလမ်းဖြင့် အဘယ်ကြောင့် ဆောင်ရွက်ပါသနည်း။ ဤအရာအားလုံးမှာ အရေးပါလှသော မေးခွန်းများ ဖြစ်သည်။ ခေတ်အသီးသီး၏ အမှုသည် သရုပ်ဖော်ခြင်းဆိုင်ရာ တန်ဖိုး ရှိသည်။ ယေဟောဝါသည် မည်သည့် အမှုကို လုပ်ဆောင်ခဲ့သနည်း။ သူသည် အဘယ်ကြောင့် ထိုသီးသန့်နည်းလမ်းဖြင့် လုပ်ဆောင်ခဲ့သနည်း။ သူ့ကို အဘယ်ကြောင့် ယေဟောဝါဟု ခေါ်သနည်း။ တစ်ဖန် ယေရှုသည် ကျေးဇူးတော်ခေတ်တွင် မည်သည့်အမှုကို ဆောင်ရွက်ခဲ့ပြီး၊ ယင်းကို မည်သည့်ပုံစံဖြင့် လုပ်ဆောင်ခဲ့သနည်း။ အမှု၏ အဆင့်အသီးသီးနှင့် ခေတ်အသီးသီးက ဘုရားသခင် စိတ်သဘောထား၏ မည်သည့် ရှုထောင့်များကို ကိုယ်စားပြုသနည်း။ ပညတ်တော်ခေတ်တွင် သူ၏ စိတ်သဘောထား၏ မည်သည့်ရှုထောင့်များကို ဖော်ပြခဲ့သနည်း။ ကျေးဇူးတော်ခေတ်တွင် မည်သည့်ရှုထောင့်နည်း။ ပြီးလျှင် နောက်ဆုံး ကာလတွင် မည်သည့်ရှုထောင့်နည်း။ ဤသည်တို့သည် သင်တို့ ရှင်းလင်းနေရမည့် ပဓာနကျသော မေးခွန်းများ ဖြစ်သည်။ ဘုရားသခင်၏ စိတ်သဘောထား တစ်ခုလုံးသည် အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ် တစ်လျှောက်တွင် ထုတ်ဖော်ပြပြီးဖြစ်သည်။ ယင်းကို နောက်ဆုံးသော ခေတ်၏ ဤကာလတွင် မဆိုထားနှင့်၊ ကျေးဇူးတော်ခေတ်တွင်သာ ထုတ်ဖော်ပြထားခြင်း မဟုတ်သကဲ့သို့ ပညတ်တော်ခေတ်တွင်သာလည်း ထုတ်ဖော်ပြထားခြင်း မဟုတ်ပေ။ နောက်ဆုံးကာလတွင် ဆောင်ရွက်သော အမှုသည် တရားစီရင်ခြင်း၊ အမျက်ဒေါသနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို ကိုယ်စားပြုသည်။ နောက်ဆုံးသောကာလတွင် ဆောင်ရွက်သော အမှုသည် ပညတ်တော်ခေတ်၏ အမှု သို့မဟုတ် ကျေးဇူးတော်ခေတ်၏ အမှုကို အစားမထိုးနိုင်ပေ။

သို့ရာတွင် အဆင့်သုံးဆင့်သည် ဆက်သွယ်လျက် တစ်ခုတည်းအဖြစ် ပုံဖော်ပြီး၊ အားလုံးသည် ဘုရားသခင် တစ်ပါးတည်း၏ အမှု ဖြစ်သည်။ ပင်ကိုအားဖြင့် ဤအမှု၏ အကောင်အထည်ဖော်မှုကို သီးခြားခေတ်များအဖြစ်သို့ ပိုင်းခြား ထားပေသည်။ နောက်ဆုံးသောကာလတွင် လုပ်ဆောင်သောအမှုသည် အရာခပ်သိမ်းကို အဆုံးတစ်ခုသို့ ဆောင်ကြဉ်း၏။ ပညတ်တော်ခေတ်တွင် လုပ်ဆောင်သော အရာသည် အစပြုခြင်း အမှုဖြစ်သည်။ ပြီးလျှင် ကျေးဇူးတော်ခေတ်၌ လုပ်ဆောင်သော အရာသည် ရွေးနုတ်ခြင်းအမှု ဖြစ်သည်။ ဤအနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံးရှိ အမှု၏ ရူပါရုံများအတွက်မူ၊ မည်သူမျှ ထိုးထွင်းသိမြင်မှု သို့မဟုတ် သိနားလည်ခြင်းတို့ မရရှိနိုင်သကဲ့သို့၊ ဤရူပါရုံများသည် ပဟေဋ္ဌိများအဖြစ် ဆက်ရှိနေသည်။ နောက်ဆုံးသော ကာလတွင် နိုင်ငံတော်ခေတ်ကို ဖွင့်လှစ်ပေးရန် အလို့ငှာ နှုတ်ကပတ်တော်နှင့်ဆိုင်သော အမှုကိုသာ ဆောင်ရွက်ခြင်း ဖြစ်သော်လည်း၊ ယင်းသည် ခေတ်အားလုံးကို ကိုယ်စားမပြုပေ။ နောက်ဆုံးသောကာလသည် နောက်ဆုံးသောကာလထက် မပိုသကဲ့သို့ နိုင်ငံတော်ခေတ်ထက်လည်း မပိုပေ၊ ပြီးလျှင် ယင်းတို့သည် ကျေးဇူးတော်ခေတ် သို့မဟုတ် ပညတ်တော်ခေတ်တို့ကို ကိုယ်စားမပြုပေ။ နောက်ဆုံးသောကာလ အတွင်းတွင် အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်ထဲက အမှုအားလုံးကို သင်တို့ထံ ထုတ်ဖော်ပြသလေသည်။ ဤသည်မှာ နက်နဲမှုကို ဖော်ထုတ်ပြသခြင်း ဖြစ်သည်။ ဤနက်နဲမှုမျိုးသည် မည်သည့် လူကမျှ ထုတ်ဖော်မပြနိုင်သည့် အရာတစ်ခု ဖြစ်သည်။ လူသားသည် သမ္မာကျမ်းစာနှင့်ဆိုင်သည့် မည်မျှ ကြီးမားသော သိနားလည်မှုရှိပါစေ၊ လူသားသည် သမ္မာကျမ်းစာ၏ အနှစ်သာရကို နားမလည်သည့်အတွက် ယင်းသည် စကားလုံးများထက် ဘာမျှမပိုပေ။ သမ္မာကျမ်းစာကို ဖတ်ရှုရာတွင်၊ လူသည် သမ္မာတရား အချို့ကို နားလည်ကောင်း နားလည်နိုင်သည်၊ စကားလုံးအချို့ကို ရှင်းပြကောင်း ရှင်းပြနိုင်သည် သို့မဟုတ် ကျော်ကြားသော ကျမ်းပိုဒ်အချို့နှင့် အခန်းကြီးအချို့ကို ကောင်းကောင်း လေ့လာဆန်းစစ်နိုင်သည်၊ သို့သော်လည်း လူအားလုံး မြင်သည်မှာ အသက်မရှိသော စကားလုံးများသာ ဖြစ်ပြီး ယေဟောဝါနှင့် ယေရှုတို့ အမှု၏ မြင်ကွင်းများ မဟုတ်သည့်အတွက် ထိုစကားလုံးများတွင် ပါဝင်သော အဓိပ္ပာယ်ကိုမူ သူသည် မည်သည့်အခါမျှ ထုတ်ယူနိုင်မည် မဟုတ်သကဲ့သို့၊ လူသားသည် ဤအမှု၏ နက်နဲမှုကို ဖြေရှင်းခြင်းငှာ နည်းလမ်းမရှိပေ။ သို့ဖြစ်ရာ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်၏ နက်နဲမှုသည် အကြီးမားဆုံး နက်နဲမှု ဖြစ်သည်၊ လူသားအဖို့ အနက်နဲဆုံး ကွယ်ဝှက်ထားပြီး လုံးလုံးလျားလျား နားမလည်နိုင်သည့်အရာ ဖြစ်သည်။ ဘုရားသခင်က လူသားကို ကိုယ်တိုင် ရှင်းပြပြီး

ထုတ်ဖော်မပြပါက၊ မည်သူမျှ ဘုရားသခင်၏ အလိုကို သဘောမပေါက်နိုင်ပေ။ သို့မဟုတ်ပါက၊ ဤအရာတို့သည် အလုံပိတ်ထားသော နက်နဲရာများအဖြစ် အစဉ်အမြဲ ကျန်ရှိလျက်၊ လူသားအဖို့ အစဉ်အမြဲ ပဟေဋ္ဌိ ဖြစ်ကျန်လိမ့်မည် ဖြစ်သည်။ ဘာသာရေးလောကထဲ လူတို့သည် အကြောင်းမဟုတ်ပေ။ ယနေ့ သင်တို့ကို ပြောပြထားပြီး မဟုတ်ပါက၊ ယင်းကို သင်တို့လည်း သဘောပေါက်ပြီးဖြစ်မည် မဟုတ်။ ဤအနှစ်ခြောက်ထောင် အမှုသည် ပရောဖက်များ၏ ပရောဖက်ပြုချက် အားလုံးထက် သာ၍ နက်နဲသည်။ ဤနက်နဲမှုကို နောက်ဆုံးသောခေတ်တွင်သာ ဖွင့်ဟထားပြီး ယခင်က လုံးဝ ထုတ်ဖော်မပြဖူးသည့်အတွက်၊ ယင်းသည် ဖန်ဆင်းခြင်းမှသည် လက်ရှိအထိ အကြီးမားဆုံးသော နက်နဲမှု ဖြစ်ပြီး၊ ခေတ်များတစ်လျှောက် ပရောဖက်များထဲမှ မည်သူမျှ ယင်းကို တစ်ကြိမ်တစ်ခါမျှ သဘောမပေါက်နိုင်ဖူးကြချေ။ သင်တို့သည် ဤနက်နဲမှုကို သဘောပေါက်နိုင်ပါက၊ ပြီးလျှင် ယင်းကို အလုံးစုံဖြင့် ရရှိနိုင်ပါက၊ ဘာသာရေး ပုဂ္ဂိုလ်များအားလုံးသည် ဤနက်နဲမှုအားဖြင့် နှိမ်နင်းခံရကြလိမ့်မည် ဖြစ်သည်။ ဤအရာသည်သာလျှင် ရူပါရုံများထဲမှ အကြီးမြတ်ဆုံး ဖြစ်သည်။ ယင်းသည် လူသားက သဘောပေါက်ဖို့ အပြင်းပြဆုံး တောင့်တသည့်အရာ ဖြစ်သော်လည်း၊ သူ့အဖို့ မရှင်းလင်းဆုံးသောအရာလည်း ဖြစ်သောကြောင့် ဖြစ်သည်။ သင်တို့သည် ကျေးဇူးတော်ခေတ်တွင် ရှိသောအခါ၊ သင်တို့သည် ယေရှု သို့မဟုတ် ယေဟောဝါ လုပ်ဆောင်ခဲ့သည့် အမှုက မည်သည့်အရာ ဖြစ်သည်ကို သင်တို့ မသိခဲ့ကြပေ။ ယေဟောဝါသည် အဘယ်ကြောင့် ပညတ်တော်များကို ချမှတ်သည်၊ သူက အဘယ်ကြောင့် လူထုကို ပညတ်တော်များအား စောင့်ထိန်းရန် စေခိုင်းခဲ့သည်၊ သို့မဟုတ် ဗိမာန်တော်ကို အဘယ်ကြောင့် တည်ဆောက်ခဲ့ရမည်တို့ကို နားမလည်ခဲ့ကြသကဲ့သို့၊ ဣသရေလ လူမျိုးတို့ကို အဲဂုတ္တုပြည်မှ တောထဲသို့ ခေါ်သွားခံခဲ့ရပြီးနောက် ခါနာန်ပြည်သို့ အဘယ်ကြောင့် ခေါ်ဆောင်သွားခံခဲ့ရသည်ကို သာ၍ နားမလည်နိုင်သေးချေ။ ဤနေ့သို့ မရောက်မီအထိ ဤကိစ္စများကို ထုတ်ဖော်ပြမထားလေပြီ။

နောက်ဆုံးသောကာလရှိ အလုပ်သည် အဆင့်သုံးဆင့်အနက်မှ နောက်ဆုံးအဆင့်ဖြစ်သည်။ ယင်းသည် နောက်ထပ်ခေတ်သစ်၏ အမှုဖြစ်ပြီး စီမံခန့်ခွဲခြင်း အမှု အလုံးစုံကို ကိုယ်စားမပြုပေ။ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်ကို အမှု၏အဆင့် သုံးဆင့်အဖြစ်သို့ ခွဲခြားထားသည်။ မည်သည့်တစ်ခုတည်းကမျှ ခေတ်သုံးခေတ်၏အမှုကို ကိုယ်စားမပြုနိုင်ဘဲ၊ တစ်ခုလုံး၏ အစိတ်အပိုင်း တစ်ခုကိုသာ ကိုယ်စားပြုနိုင်သည်။ ယေဟောဝါဟူသော အမည်သည် ဘုရားသခင်၏ စိတ်သဘောထား တစ်ခုလုံးကို

ကိုယ်စားမပြုနိုင်ပေ။ ပညတ်တော်ခေတ်တွင် သူ့အလုပ်ကို သူ ဆောင်ရွက်ခဲ့သည်ဟူသည့် အချက်က ဘုရားသခင်သည် ပညတ်တော် အောက်၌သာ ဘုရားသခင် ဖြစ်နိုင်သည်ဟု သက်သေမပြပေ။ ယေဟောဝါသည် လူသားကို ဗိမာန်တော်နှင့် ယဇ်ပလ္လင်များကို ဆောက်လုပ်ဖို့ စေခိုင်းလျက်၊ လူသားအတွက် ပညတ်တရားများကို ပြဋ္ဌာန်းပြီး ပညတ်ချက်များကို ထုတ်ပြန် ကြေညာခဲ့သည်။ သူလုပ်ဆောင်ခဲ့သော အမှုသည် ပညတ်တော်ခေတ်ကိုသာ ကိုယ်စားပြုသည်။ သူလုပ်ဆောင်ခဲ့သော ဤအမှုသည် ဘုရားသခင်မှာ လူသားအား ပညတ်တော်ကို စောင့်ရှောက်ရန်သာ စေခိုင်းသော ဘုရားသခင်၊ သို့မဟုတ် ဗိမာန်တော်ထဲ၌ ရှိသော ဘုရားသခင်၊ သို့မဟုတ် ယဇ်ပလ္လင်ရှေ့၌ ရှိသော ဘုရားသခင်သာ ဖြစ်သည်ဟု သက်သေမပြပေ။ ဤသို့ပြောရန်မှာ မမှန်ကန်ပေ။ ပညတ်တော်အောက် လုပ်ဆောင်သော အမှုသည် ခေတ်တစ်ခေတ်ကိုသာ ကိုယ်စားပြုနိုင်သည်။ သို့ဖြစ်ရာ ဘုရားသခင်သည် ပညတ်တော်ခေတ်တွင်သာ အမှုကို လုပ်ဆောင်ခဲ့ပါက၊ လူသည် "ဘုရားသခင်သည် ဗိမာန်တော်ထဲက ဘုရားသခင် ဖြစ်ပြီး၊ ဘုရားသခင်ကို အစေခံရန်အလို့ငှာ ကျွန်ုပ်တို့သည် ယဇ်ပရောဟိတ် ဝတ်ရုံဝတ်ပြီး ဗိမာန်တော်ထဲသို့ ဝင်ကြရမည်။" ဟု ပြောလျက်၊ ဘုရားသခင်ကို အဓိပ္ပာယ်ဖွင့်ပေလိမ့်မည်။ ကျေးဇူးတော်ခေတ်ထဲက အမှုကို မည်သည့်အခါကမျှ မဆောင်ရွက်ခဲ့ဖူးသကဲ့သို့၊ ပညတ်တော်ခေတ်သည် လက်ရှိအချိန်ထိ ဆက်လက် တည်ရှိနေခဲ့မည်ဆိုပါက၊ ဘုရားသခင်သည် သနားကြင်နာတတ်ပြီး ချစ်ခင်တတ်သည်ကိုလည်း လူက သိလိမ့်မည် မဟုတ်ပေ။ ပညတ်တော်ခေတ်ထဲက အမှုသည် မလုပ်ဆောင်ပြီးခဲ့ဘဲ၊ ယင်းအစား ကျေးဇူးတော်ခေတ်ထဲက အမှုကိုသာ လုပ်ဆောင်ပြီးခဲ့ပါက၊ လူအားလုံး သိကြမည်မှာ ဘုရားသခင်သည် လူသားကို ရွေးနုတ်ရုံသာ ရွေးနုတ်နိုင်ပြီး၊ လူသား၏ အပြစ်များကို ခွင့်လွှတ်ပေးရုံသာ ခွင့်လွှတ်ပေးနိုင်သော ဘုရားသခင် ဖြစ်သည် ဟူ၍ ဖြစ်သည်။ လူသားက ဘုရားသခင်သည် သန့်ရှင်းပြီး အပြစ်ကင်းသည်၊ ပြီးလျှင် သူသည် လူသားအတွက် မိမိကိုယ်ကိုယ် စွန့်လွှတ်နိုင်ပြီး ကားစင်တင်ခြင်းခံနိုင်သည်ဟုသာ သိပေမည်။ လူသည် ဤအရာများကိုသာ သိမည်ဖြစ်သော်လည်း၊ အခြားမည်သည့်အရာကိုမျှ နားလည်ခြင်း ရှိမည်မဟုတ်ပေ။ သို့ဖြစ်ရာ ခေတ်အသီးသီးသည် ဘုရားသခင်၏ စိတ်သဘောထား၏ အစိတ်အပိုင်းတစ်ခုကို ကိုယ်စားပြုသည်။ ပညတ်တော်ခေတ်၌ ဘုရားသခင်၏ စိတ်သဘောထား၏ မည်သည့်ရှုထောင့်အား ကိုယ်စားပြုသည်၊ ကျေးဇူးတော်ခေတ်၌ မည်သည့်ရှုထောင့်များကို ကိုယ်စားပြုသည်၊ ယခုခေတ်၌ မည်သည့်ရှုထောင့်များကို ကိုယ်စားပြုသည်တို့အတွက်မူ- အဆင့်သုံးဆင့်အားလုံးကို တစ်ခုတည်းအဖြစ်

ပေါင်းစပ်သည့်အခါတွင်သာ ၎င်းတို့သည် ဘုရားသခင်၏ စိတ်သဘောထားအလုံးစုံကို ထုတ်ဖော်ပြနိုင်ပေသည်။ လူသည် အဆင့်သုံးဆင့်လုံးကို သိရှိလာသည့်အခါတွင်သာ၊ ယင်းကို အပြည့်အဝ နားလည်နိုင်ပေသည်။ အဆင့်သုံးဆင့်အနက် မည်သည့် အဆင့်ကိုမျှ ချန်လှပ်၍ မရပေ။ သင်သည် ဤအမှု၏ အဆင့် သုံးဆင့်ကို သိရှိလာသည့်နောက်တွင်သာ ဘုရားသခင်၏ စိတ်သဘောထား အလုံးစုံကို မြင်ရလိမ့်မည်။ ပညတ်တော်ခေတ်တွင် ဘုရားသခင်က သူ၏အမှုကို ပြီးစီးခဲ့သည်ဆိုသည့်အချက်က သူသည် ပညတ်တော်အောက်က ဘုရားသခင်သာလျှင် ဖြစ်သည်ကို သက်သေမပြသကဲ့သို့ ရွေးနုတ်ခြင်းအမှုကို သူ ပြီးစီးခဲ့သည် ဆိုသည့်အချက်က ဘုရားသခင်သည် လူသားမျိုးနွယ်ကို အစဉ်ထာဝရ ရွေးနုတ်မည်ဟု မဆိုလိုပေ။ ဤအရာအားလုံးသည် လူက ကောက်ချက်ချသည့် ကောက်ချက်များသာ ဖြစ်ပေသည်။ ကျေးဇူးတော်ခေတ် အဆုံးသို့ရောက်လာလျက်ဖြင့်၊ ဘုရားသခင်သည် ကားတိုင်နှင့်သာ သက်ဆိုင်ပြီး၊ ကားတိုင်တစ်ခုတည်းက ဘုရားသခင်၏ ကယ်တင်ခြင်းကို ကိုယ်စားပြုသည်ဟု သင် ပြော၍မရပေ။ ထိုသို့ပြုရန်မှာ ဘုရားသခင်ကို အဓိပ္ပာယ် ဖွင့်ဆိုခြင်း ဖြစ်လိမ့်မည်။ လက်ရှိအဆင့်တွင် ဘုရားသခင်သည် နှုတ်ကပတ်တော်၏ အမှုကို အဓိက လုပ်ဆောင်နေသော်လည်း၊ ဘုရားသခင်သည် လူသားကို သနားကရုဏာ လုံးဝ မရှိသကဲ့သို့ သူ ဆောင်ကြဉ်းပြီးသမျှမှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သာ ဖြစ်သည်ဟု သင် ပြော၍မရပေ။ နောက်ဆုံးကာလထဲက အမှုသည် လူသားမျိုးနွယ်၏ ခရီးဆုံးပန်းတိုင်နှင့် အဆုံးသတ်၊ ပြီးလျှင် လူသားမျိုးနွယ်အလယ် ကယ်တင်ခြင်း အမှုအားလုံး၏ အဆုံးသတ်ကို ထုတ်ဖော်ပြရန်အလို့ငှာ၊ ယေဟောဝါနှင့် ယေရှုတို့၏အမှုနှင့် လူတို့ နားမလည်သော နက်နဲမှုအားလုံးကို ဖွင့်ချလေသည်။ နောက်ဆုံးသောကာလထဲက အမှု၏ ဤအဆင့်သည် အရာရာကို အဆုံးတစ်ခုသို့ ဆောင်ကြဉ်းသည်။ ယင်းတို့၏ နက်နဲမှုများအထိ လူသားအား လေ့လာစူးစမ်းခွင့်ပေးပြီး သူ၏ စိတ်နှလုံးထဲတွင် လုံးဝ ရှင်းလင်းသော သိနားလည်မှု တစ်ခု ရှိခွင့်ပေးရန် လူသား နားမလည်သည့် နက်နဲသောအရာ အားလုံးကို ဖြေရှင်းရန် လိုအပ်ပေသည်။ ထိုအခါတွင်သာ လူသားမျိုးနွယ်သည် အမျိုးအစားအလိုက် ခွဲခြားခံရနိုင်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် ထို့နောက်တွင် အဆုံးသတ်သို့ ရောက်လာပြီးဖြစ်မည် ဖြစ်သည့်အတွက်၊ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ် ပြီးစီးသည့်နောက်တွင်သာ ဘုရားသခင်၏ စိတ်သဘောထားကို လူသားက အလုံးစုံ နားလည်လာလိမ့်မည် ဖြစ်သည်။ ယခုတွင် သင်တို့သည် နောက်ဆုံးကာလထဲက ဘုရားသခင်၏ အမှုကို တွေ့ကြုံကြပြီး ဖြစ်သည့်အတွက်၊ ဘုရားသခင်၏ စိတ်သဘောထားသည် မည်သည့်အရာ ဖြစ်သနည်း။ ဘုရားသခင်သည်

နှုတ်ကပတ်တော်များကိုသာ ပြောပြီး နောက်ထပ် မည်သည့်အရာမျှ မပြုသော ဘုရားသခင် ဖြစ်သည်ဟု သင် ပြောဝံ့ပါသလော။ သင်သည် ထိုသို့သော သုံးသပ်ချက်ကို ပေးဝံ့မည် မဟုတ်ပေ။ အချို့က ဘုရားသခင်သည် နက်နဲမှုများကို ဖွင့်ဟသည့် ဘုရားဖြစ်သည်၊ ဘုရားသခင်သည် သိုးသငယ်ဖြစ်ပြီး တံဆိပ်ခုနှစ်ချက်ကို ချိုးဖျက်သူ ဖြစ်သည်ဟု ပြောကြပေမည်။ သို့သော် မည်သူမျှ ထိုသို့သော ကောက်ချက် မပေးဝံ့ပေ။ အခြားသူတို့က ဘုရားသခင်သည် လူ့ဇာတိခံ ခန္ဓာဖြစ်သည်ဟု ပြောကောင်းပြောကြမည် ဖြစ်သော်လည်း ဤသည်မှာ မှန်ဦးမည် မဟုတ်။ အချို့က လူ့ဇာတိခံ ဘုရားသခင်သည် နှုတ်ကပတ်တော်များသာ ပြောပြီး နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို မလုပ်ဆောင်ဟု ပြောကောင်းပြောပေဦးမည် ဖြစ်သော်လည်း၊ သင်သည် ဤနည်းဖြင့် သာ၍ပင် ပြောဝံ့မည် မဟုတ်ပေ၊ ယေရှုသည် လူ့ဇာတိခံလာခဲ့ပြီး နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာအမှုများကို ပြုခဲ့သည့်အတွက်၊ ထို့ကြောင့် သင်သည် ဘုရားသခင်ကို ပေါ့ပေါ့တန်တန် အဓိပ္ပာယ် ဖွင့်ဆိုဝံ့မည် မဟုတ်ပေ။ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်တစ်လျှောက်လုံးတွင် လုပ်ဆောင်ခဲ့သော အမှုအားလုံးသည် ယခုမှသာ အဆုံးတစ်ခုသို့ ရောက်လာပြီဖြစ်သည်။ ဤအမှုများအားလုံးကို လူသားထံ ထုတ်ဖော်ပြပြီး လူသားမျိုးနွယ်အလယ် ဆောင်ရွက်ပြီးသည့် နောက်တွင်သာ လူသားမျိုးနွယ်သည် ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်း အားလုံးတို့ကို သိလိမ့်မည် ဖြစ်သည်။ ဤအဆင့်၏ အမှု အပြည့်အဝ ပြီးစီးသည့်အခါတွင်၊ လူသား နားမလည်သည့် နက်နဲမှုအားလုံး ထုတ်ဖော်ပြပြီး ဖြစ်လိမ့်မည်၊ ယခင်က နားမလည်ခဲ့သော သမ္မာတရား အားလုံးသည် ရှင်းလင်းပြီးဖြစ်လိမ့်မည် ဖြစ်သကဲ့သို့၊ လူသားမျိုးနွယ်အား ၎င်းတို့၏ အနာဂတ် လမ်းကြောင်းနှင့် ခရီးဆုံး ပန်းတိုင်တို့ကို ပြောပြပြီး ဖြစ်လိမ့်မည်။ ဤသည်မှာ လက်ရှိခေတ်တွင် လုပ်ဆောင်ရမည့် အမှုတစ်ခုလုံး ဖြစ်သည်။ ယနေ့ လူသား လျှောက်လှမ်းသော လမ်းကြောင်းသည် ကားတိုင် လမ်းကြောင်းဖြစ်ပြီး ဆင်းရဲဒုက္ခနှင့်ဆိုင်သော လမ်းကြောင်း ဖြစ်သော်လည်း၊ ယနေ့ လူသား လက်တွေ့လုပ်ဆောင်သည့်အရာနှင့် သူစားသောက်ပြီး မွေ့လျော် ခံစားသည့်အရာတို့သည် ပညတ်တော်အောက်နှင့် ကျေးဇူးတော်ခေတ်ထဲတွင် လူသားကို ဖြစ်ပျက်ခဲ့သည့်အရာနှင့် အလွန် ကွာခြားပေသည်။ ဤနေ့တွင် လူသားအပေါ် တောင်းဆိုသည့် အရာသည် အတိတ်ကာလကနှင့် မတူသကဲ့သို့ ပညတ်တော်ခေတ်တွင် လူသားအပေါ် တောင်းဆိုသည့်အရာနှင့် ပို၍ပင် မတူညီပေ။ ဣသရေလ၌ ဘုရားသခင်က သူ၏အမှု လုပ်ဆောင်နေခဲ့ချိန် ပညတ်တော် အောက်တွင် လူသားအပေါ် အဘယ်အရာ

တောင်းဆိုခဲ့ပါသနည်း။ ယင်းမှာ လူသားက ဥပုသ်နေ့နှင့် ယေဟောဝါ၏ ပညတ်တော်များကို ထိန်းသိမ်းသင့်သည်ဆိုသည်ထက် မပိုခဲ့ပေ။ မည်သူမျှ ဥပုသ်နေ့တွင် အလုပ်လုပ်ခြင်း သို့မဟုတ် ယေဟောဝါ၏ ပညတ်တော်များကို ဖောက်ဖျက်ခြင်း မလုပ်ခဲ့ကြပေ။ သို့ရာတွင် ယခု ထိုသို့ မဟုတ်ပေ။ ဥပုသ်နေ့တွင် လူသည် အလုပ်လုပ်သည်၊ စုဝေးပြီး ပုံမှန်အတိုင်း ဆုတောင်းသည်၊ ပြီးလျှင် မည်သည့် ကန့်သတ်မှုမှ သူ့အပေါ် ချမှတ်မထားပေ။ ကျေးဇူးတော်ခေတ်ထဲက လူများသည် ဗတ္တိဇံခံခဲ့ကြရပြီး၊ ၎င်းတို့ကို သူတို့ကို အစာရှောင်ရန်၊ မုန့်ချိုးဖွဲ့ရန်၊ စပျစ်ရည် သောက်ရန်၊ ၎င်းတို့၏ ဦးခေါင်းများကို ဖုံးအုပ်ရန်နှင့် အခြားသူများ၏ ခြေများကို ဆေးကြောပေးရန် နောက်ထပ် စေခိုင်းခံခဲ့ရသည်။ ယခုတွင် ဘုရားသခင်၏ အမှုသည် ယခင်ထက် တိုး၍ နက်ရှိုင်းလာပြီး လူသား၏ ဝင်ရောက်မှုသည် ပိုမို မြင့်မားလာခဲ့သည့်အတွက်၊ ဤစည်းမျဉ်းများကို ပယ်ဖျက်ထားပြီးဖြစ်သော်လည်း၊ လူသားနှင့်ပတ်သက်၍ သာ၍ ကြီးမားသော တောင်းဆိုမှုများ ပြုထားပေသည်။ အတိတ်တွင် ယေရှုသည် လူသား အပေါ် သူ၏ လက်ကိုတင်၍ ဆုတောင်းခဲ့သော်လည်း၊ ယခုအခါ အရာရာကို ပြောထားပြီးဖြစ်ရာ၊ လက်များတင်ခြင်းသည် အဘယ်အသုံးဝင်ပါသနည်း။ နှုတ်ကပတ်တော်များ တစ်ခုတည်းဖြင့် ရလဒ်များကို ရရှိနိုင်သည်။ အတိတ်က သူသည် လူသားအပေါ် လက်တင်ခဲ့ချိန်တွင်၊ လူသားကို ကောင်းချီးပေးရန်နှင့် သူ၏ အနာရောဂါများကို ငြိမ်းစေရန်လည်း ဖြစ်ခဲ့သည်။ ဤသည်မှာ ထိုအချိန်က သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်ခဲ့ပုံ ဖြစ်ခဲ့သော်လည်း၊ ယခုအခါ ထိုသို့ မဟုတ်ချေ။ ယခုတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် အလုပ်လုပ်ဖို့ရန်နှင့် ရလဒ်များ စွမ်းဆောင်ရရှိဖို့အလို့ငှာ နှုတ်ကပတ်တော်များကို အသုံးပြုသည်။ သူ၏ နှုတ်ကပတ်တော်များကို သင်တို့အဖို့ ရှင်းလင်းစေပြီးဖြစ်သကဲ့သို့၊ သင်တို့သည် သင်တို့ကို ပြောထားပြီးသည့်အတိုင်းပင် ယင်းတို့ကို လက်တွေ့လုပ်ဆောင်သင့်ပေသည်။ သူ၏ နှုတ်ကပတ်တော်များသည် သူ၏ အလိုဖြစ်သည်။ ယင်းတို့သည် သူလုပ်ဆောင်လိုသည့် အလုပ်ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်များမှတစ်ဆင့် သင်သည် သူ၏ အလိုနှင့် ကြိုးပမ်းရရှိဖို့ သူက သင့်ကို စေခိုင်းသည့်အရာကို သင် နားလည်လိမ့်မည်ဖြစ်ပြီး၊ လက်တင်ရန် လိုအပ်မှုတစ်ခုတစ်လေ မရှိဘဲ၊ သူ၏ နှုတ်ကပတ်တော်များကို သင်သည် တိုက်ရိုက်သာ လက်တွေ့လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်ပေသည်။ အချို့က “ကိုယ်တော်၏ လက်ကို ကျွန်ုပ်အပေါ်သို့ တင်ပါ။ ကိုယ်တော်၏ ကောင်းချီးမင်္ဂလာများကို ကျွန်ုပ် ရရှိနိုင်ဖို့နှင့် ကိုယ်တော့်ကို ကျွန်ုပ်အပေါ်သို့ တင်တော်မူပါ။”ဟု ပြောကောင်းပြောနိုင်သည်။ ဤအရာအားလုံးမှာ အတိတ်က ခေတ်မမီတော့သော အလေ့အထများ ဖြစ်ပြီး ခေတ်ပြောင်းလာပြီး ဖြစ်သည့်အတွက် ယခုအခါ

အသုံးမဝင်တော့ပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကြိုရာကျပန်း အလုပ် မလုပ်သကဲ့သို့ ချမှတ်ထားသော စည်းမျဉ်းများအရလည်း အလုပ်မလုပ်ဘဲ၊ ခေတ်နှင့်အညီ အလုပ်လုပ်သည်။ ခေတ်က ပြောင်းလဲပြီးဖြစ်သကဲ့သို့ ခေတ်သစ်သည် ယင်းနှင့်အတူ အမှုသစ်ကို သေချာပေါက် ယူဆောင်လာပေသည်။ ဤသည်မှာ အမှု၏ အဆင့်တိုင်းနှင့်သက်ဆိုင်၍ မှန်ကန်သောကြောင့် သူ၏ အမှုကို မည်သည့်အခါမျှ ထပ်မကျော့ပေ။ ကျေးဇူးတော်ခေတ်တွင် ယေရှုသည် နာမကျန်းမှုကို အနာငြိမ်းစေခြင်း၊ နတ်ဆိုးများကို နှင်ထုတ်ခြင်း၊ လူအတွက် ဆုတောင်းပေးရန်နှင့် လူကို ကောင်းချီးပေးရန် သူ့အပေါ် လက်ကို တင်ခြင်းတို့ကဲ့သို့သော အလုပ်မျိုးကို ပမာဏအတော်အတန် လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် မျက်မှောက်ခေတ်တွင် ထိုသို့ တစ်ဖန်လုပ်ဆောင်ရန်မှာ အဓိပ္ပာယ်ရှိမည် မဟုတ်ချေ။ ယင်းသည် ကျေးဇူးတော်ခေတ်ဖြစ်ခဲ့ပြီး လူသားအတွက် မွေ့လျော်ရန် လုံလောက်သော ကျေးဇူးတော်ရှိခဲ့သည့်အတွက်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုအချိန်က ထိုနည်းလမ်းဖြင့် အလုပ်လုပ်ခဲ့သည်။ လူသားထံမှ မည်သည့် ပေးဆပ်မှုမျိုးကိုမျှ မတောင်းဆိုခဲ့သကဲ့သို့၊ သူ့တွင် ယုံကြည်ခြင်း ရှိခဲ့သရွေ့ ကျေးဇူးတော် ရရှိမည် ဖြစ်သည်။ အားလုံးသည် အလွန် ကျေးဇူးပြုခြင်းဖြင့် ဆက်ဆံခံခဲ့ကြရသည်။ ယခုတွင် ခေတ်ပြောင်းသွားပြီဖြစ်ပြီး ဘုရားသခင်၏ အမှုသည် နောက်ထပ် ရှေ့ဆက်တိုးတက်ပြီးဖြစ်သည်။ လူသား၏ ပုန်ကန်မှုနှင့် ၎င်း၏ အတွင်းရှိ မသန့်ရှင်းသည့်အရာများကို သန့်စင်ပစ်စေသည်မှာ သူ၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမှတစ်ဆင့် ဖြစ်သည်။ ယင်းအဆင့်သည် ရွေးနုတ်ခြင်း၏ အဆင့်ဖြစ်လျက်၊ လူသည် အပြစ်မှ ရွေးနုတ်ခံရကာ ကျေးဇူးတော်အားဖြင့် ၎င်း၏ အပြစ်များ ခွင့်လွှတ်ခံရနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် လူသားအတွက် မွေ့လျော်ခံစားဖို့ လုံလောက်သော ကျေးဇူးတော်ကို ပြသရင်း ထိုနည်းလမ်းဖြင့် အမှုပြုအပ်ခဲ့သည်။ နောက်ပိုင်းတွင် လူသားမျိုးနွယ်သည် ကယ်တင်ခံရဖို့အလို့ငှာ၊ ဤလက်ရှိအဆင့်သည် ပြစ်တင်ဆုံးမခြင်း၊ တရားစီရင်ခြင်း၊ နှုတ်ကပတ်တော်များ၏ ပြင်းစွာရိုက်နှက်ခြင်းအပြင် နှုတ်ကပတ်တော်များ၏ ပဲ့ပြင် ဆုံးမခြင်းနှင့် ထုတ်ဖော်ပြခြင်းတို့အားဖြင့် လူသားအတွင်းရှိ မဖြောင့်မတ်မှုများကို ဖော်ထုတ်ပေးသည်။ ဤသည်မှာ ရွေးနုတ်ခြင်းထက် သာ၍ ခြေခြေမြစ်မြစ်ရှိသော အမှု ဖြစ်သည်။ ကျေးဇူးတော်ခေတ်ထဲက ကျေးဇူးတော်သည် လူသား၏ မွေ့လျော်ခံစားခြင်းအတွက် လုံလောက်ခဲ့သည်။ ယခုတွင် လူသားသည် ဤကျေးဇူးတော်ကို မွေ့လျော်ခံစားနှင့်ပြီးဖြစ်ရာ၊ သူသည် ယင်းကို မွေ့လျော်ခံစားရဖို့ မရှိတော့ပေ။ ဤအမှုသည် ယင်း၏ အချိန်ကာလကို လွန်သွားပြီဖြစ်သကဲ့သို့ လုပ်ဆောင်ရန် မဟုတ်တော့ပေ။ ယခုတွင် လူသည် နှုတ်ကပတ်တော်၏ တရားစီရင်ခြင်းမှတစ်ဆင့် ကယ်တင်ခြင်းခံရဖို့ ဖြစ်သည်။

လူသည် တရားစီရင်ခံရပြီးနောက်၊ ပြစ်တင်ဆုံးမခံရကာ စစ်ဆေးခံရပြီးသည့်နောက်တွင်၊ သူ၏ စိတ်သဘောထားသည် ထိုသို့ဖြင့် ပြောင်းလဲသွားပေသည်။ ဤသည်မှာ ငါပြောဆိုပြီးဖြစ်သည့် နှုတ်ကပတ်တော်များကြောင့် ဖြစ်သည် မဟုတ်လော။ အမှု၏ အဆင့်အသီးသီးသည် လူသားမျိုးနွယ် တစ်ရပ်လုံး၏ တိုးတက်မှုနှင့် ခေတ်တို့နှင့် အညီ လုပ်ဆောင်ထားခြင်း ဖြစ်သည်။ အမှုသည် လုံးလုံး အရေးပါပြီး၊ လူသားမျိုးနွယ်အနေဖြင့် ကောင်းမွန်သော ခရီးပန်းတိုင်တစ်ခု အနာဂတ်တွင် ရှိနိုင်ဖို့ရန်နှင့် လူသားမျိုးနွယ်သည် အဆုံးတွင် အမျိုးအစားအလိုက် ခွဲခြားခံရနိုင်ဖို့အလို့ငှာ နောက်ဆုံးသော ကယ်တင်ခြင်းအတွက် အားလုံးကို လုပ်ဆောင်ခြင်း ဖြစ်သည်။

နောက်ဆုံးသောကာလ၏ အမှုသည် နှုတ်ကပတ်တော်များကို ပြောဆိုရန် ဖြစ်သည်။ နှုတ်ကပတ်တော်များအားဖြင့် လူတွင် ကြီးမားသော အပြောင်းအလဲများ သက်ရောက်နိုင်သည်။ ဤနှုတ်ကပတ်တော်များကို လက်ခံခြင်းဖြင့် ဤလူများတွင် ယခု သက်ရောက်သော အပြောင်းအလဲများသည် ကျေးဇူးတော်ခေတ်၏ နိမိတ်လက္ခဏာများ နှင့် အံ့သြဖွယ်ရာများကို လက်ခံသောသူများပေါ် သက်ရောက်ခဲ့သော အပြောင်းအလဲများထက် များစွာ ပိုမို ကြီးမားလှသည်။ အကြောင်းမှာ ကျေးဇူးတော်ခေတ်တွင် မကောင်းဆိုးဝါးများသည် လက်တင်ခြင်းနှင့် ဆုတောင်းခြင်းများဖြင့် လူသားထံမှ နှင်ထုတ်ခြင်းခံခဲ့ရသော်လည်း၊ လူသားအတွင်းရှိ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများမှာ ကျန်ရှိနေဆဲ ဖြစ်ခဲ့သည်။ လူသည် သူ၏အနာရောဂါမှ ကုသပျောက်ကင်းခဲ့ပြီး သူ၏အပြစ်များ ခွင့်လွှတ်ခြင်း ခံခဲ့ရသော်လည်း၊ ၎င်းအတွင်းရှိ ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သော စိတ်သဘောထားများကို မည်သို့ ဖယ်ရှားရမည်ဆိုသည်အတွက်မူ၊ ဤအမှုကို လုပ်ဆောင်ဖို့ ရှိသေး၏။ လူသည် သူ၏ယုံကြည်ခြင်းအတွက် ကယ်တင်ခံရပြီး သူ့အပြစ်များ ခွင့်လွှတ်ခြင်းခံခဲ့ရသော်လည်း၊ လူ၏အပြစ်နှင့်ပြည့်သော သဘာဝသည် ပပျောက်စေခြင်း မရှိခဲ့သကဲ့သို့ ၎င်းအတွင်းရှိ ကျန်ရှိနေဆဲ ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်၏ ဆောင်ကြဉ်းပေးမှုအားဖြင့် လူ၏အပြစ်များသည် ခွင့်လွှတ်ခြင်း ခံခဲ့ရသော်လည်း၊ ဤအရာက လူသည် သူ၏အတွင်း၌ အပြစ်မရှိတော့ဟု မဆိုလိုပေ။ လူ၏အပြစ်များကို အပြစ်ဖြေရာယဇ်မှတစ်ဆင့် ခွင့်လွှတ်ခံရနိုင်သော်လည်း၊ လူသားကို နောက်ထပ် အပြစ်မပြုနိုင်တော့ရန် မည်သို့ ပြုလုပ်ရမည်ဆိုသည်နှင့် သူ၏ အပြစ်နှင့်ပြည့်သော သဘာဝကို မည်သို့ လုံးဝ ပပျောက်စေပြီး ပြောင်းလဲစေရမည်ဆိုသည်တို့အတွက်မူ၊ သူသည် ဤပြဿနာကို ဖြေရှင်းရန် မဖြစ်နိုင်ပေ။ လူသား၏ အပြစ်များ ခွင့်လွှတ်ခံခဲ့ရပြီး ဤသည်မှာ ဘုရားသခင်၏ ကားစင်တင်ခံရခြင်း အမှုကြောင့် ဖြစ်သော်လည်း၊ လူသည် သူ၏

အိုဟောင်းသည့် ဖောက်ပြန် ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထား အတွင်းတွင် ဆက်လက် အသက်ရှင်ခဲ့သည်။ ဤသို့ဖြစ်ရာ၊ လူ၏အပြစ်နှင့်ပြည့်သော သဘာဝကို တစ်ဖန် လုံးဝ ထွက်ပေါ်မလာဖို့ လုံးဝ ပပျောက်စေရန်၊ ထိုသို့ဖြင့် လူသား၏ စိတ်သဘောထားကို ပြောင်းလဲနိုင်စေရန်အလို့ငှာ၊ လူကို သူ၏ ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သော စိတ်သဘောထားမှ လုံးဝ ကယ်တင်ရမည် ဖြစ်သည်။ ဤအရာက လူသည် အသက်တာတွင် ကြီးထွားမှု လမ်းကြောင်းကို သဘောပေါက်ရန်၊ အသက်၏ လမ်းခရီးကို သဘောပေါက်ရန်နှင့် သူ၏ စိတ်သဘောထားကို ပြောင်းလဲဖို့ နည်းလမ်းကို သဘောပေါက်ရန် လိုအပ်ပေသည်။ ထို့အပြင် လူ၏စိတ်သဘောထားကို တဖြည်းဖြည်း ပြောင်းလဲနိုင်စေရန်နှင့် သူသည် အလင်း၏ ထွန်းလင်းမှုအောက်တွင် အသက်ရှင်နိုင်ရန်အလို့ငှာ၊ သူ လုပ်ဆောင်သမျှအားလုံး ဘုရားသခင်၏ အလိုနှင့် ကိုက်ညီနိုင်ဖို့အလို့ငှာ၊ သူ၏ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထားကို ဖယ်ရှားပစ်နိုင်ရန်နှင့် စာတန်၏ အမှောင်စွမ်းအားမှ ချိုးဖောက်လွန်မြောက်နိုင်ရန်၊ ထိုသို့ဖြင့် အပြစ်မှ အပြည့်အဝ လွတ်လာနိုင်ရန်အလို့ငှာ၊ လူသည် ဤလမ်းကြောင်းနှင့်အညီ ဆောင်ရွက်ဖို့ လိုအပ်ပေသည်။ ထိုအခါမှသာ လူသည် ပြီးပြည့်စုံသည့် ကယ်တင်ခြင်း ရရှိလိမ့်မည်။ ယေရှုသည် သူ၏အမှုကို လုပ်ဆောင်နေခဲ့သည့်အချိန်တွင်၊ သူနှင့်ပတ်သက်သည့် လူ၏ အသိပညာသည် ဝေဝါးပြီး မရှင်းမလင်း ဖြစ်နေဆဲ ဖြစ်ခဲ့သည်။ လူသားက သူ့ကို ဒါဝိဒ်၏သားတော်အဖြစ် အမြဲ ယုံကြည်ခဲ့ပြီး၊ သူ့ကို ကြီးမြတ်သော ပရောဖက်အဖြစ်၊ လူသား၏ အပြစ်များကို ရွေးနုတ်ခဲ့သော စေတနာရှိသော အရှင်သခင်အဖြစ် ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အချို့က ၎င်းတို့၏ ယုံကြည်ခြင်း ခွန်အားအပေါ် သူ့ဝတ်ရုံ၏ အစွန်းကို ထိတွေ့ခြင်းမှ အနာရောဂါငြိမ်းခဲ့ကြသည်။ မျက်စိကန်းသူ မြင်နိုင်ခဲ့ပြီး သေသူပင် အသက်ပြန်ရှင်နိုင်ခဲ့သည်။ သို့ရာတွင် လူသည် မိမိကိုယ်ကိုယ်အတွင်း နက်ရှိုင်းစွာ အမြစ်တွယ်သည့် ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထားကို ရှာဖွေမတွေ့ရှိနိုင်ခဲ့သကဲ့သို့ ယင်းကို မည်သို့ စွန့်ပစ်ရမည်ကိုလည်း မသိခဲ့ပေ။ လူသည် ဇာတိပကတိ၏ ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်မှု၊ မိသားစုဝင်တစ်ဦး၏ ယုံကြည်ခြင်းက မိသားစုတစ်ခုလုံးအပေါ် ကောင်းချီးမင်္ဂလာဆောင်ကြဉ်းခြင်း၊ နာမကျန်းမှုကို ပျောက်ကင်းစေခြင်း စသည်တို့ကဲ့သို့သော ကျေးဇူးတော်များစွာကို ရရှိခဲ့သည်။ ကျန်သည့်အရာများမှာ လူ၏ကောင်းသော လုပ်ဆောင်ချက်များနှင့် သူ၏ ဘုရားတရား ကိုင်းရှိုင်းသော အသွင်အပြင်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ဤအရာများကို အခြေခံ၍ အသက်ရှင်နိုင်ပါက၊ ၎င်းတို့ကို လက်သင့်ခံ၍ရနိုင်သော ယုံကြည်သူအဖြစ် သတ်မှတ်ခဲ့ကြသည်။ ဤယုံကြည်သူမျိုးများသာ

သေဆုံးပြီးနောက် ကောင်းကင်ဘုံသို့ ဝင်ရောက်နိုင်ပေသည်၊ ယင်းမှာ ၎င်းတို့ ကယ်တင်ခြင်းခံခဲ့ရသည်ဟု ဆိုလိုခဲ့ပေသည်။ သို့ရာတွင် ဤလူများက ၎င်းတို့၏ တစ်သက်တာတွင် အသက်၏လမ်းခရီးကို လုံးဝ နားမလည်ခဲ့ကြပေ။ ၎င်းတို့ လုပ်ဆောင်ခဲ့သမျှအားလုံးမှာ အပြစ်များကို ကျူးလွန်ပြီးနောက် ၎င်းတို့၏ စိတ်သဘောထား ပြောင်းလဲရန် မည်သည့်လမ်းကြောင်းမျှ မရှိဘဲ၊ အတောမသတ်သော သံသရာစက်ဝိုင်းတစ်ခုထဲတွင် ၎င်းတို့၏ အပြစ်များကို ဝန်ချရန် ဖြစ်ခဲ့သည်။ ယင်းမှာ ကျေးဇူးတော်ခေတ်တွင် ရှိသော လူ၏အခြေအနေဖြစ်ခဲ့သည်။ လူသည် ပြည့်စုံသော ကယ်တင်ခြင်းကို ရရှိပြီးဖြစ်ပါသလော။ မရရှိပေ။ ထို့ကြောင့် အမှု၏ ထိုအဆင့် ပြီးဆုံးခဲ့သည့်နောက်တွင်၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း အမှု ကျန်ရှိခဲ့သေးသည်။ ဤအဆင့်သည် လူကို နှုတ်ကပတ်တော်အားဖြင့် ဖြူစင်စေရန်ဖြစ်ပြီး ထိုသို့ဖြင့် လိုက်လျှောက်ရမည့် လမ်းကြောင်းကို သူ့အား ပေးရန် ဖြစ်သည်။ လူသား၏ အပြစ်နှင့်ပြည့်သော သဘာဝကို ပပျောက်စေနိုင်ခဲ့မည် မဟုတ်သကဲ့သို့၊ လူသားသည် သူ့အပြစ်များ ခွင့်လွှတ်ခံရခြင်းတွင်သာ လုံးဝဥဿုံရပ်တန့်လာမည် ဖြစ်သည့်အတွက်၊ အကယ်၍ နတ်ဆိုးများကို နှင်ထုတ်ခြင်းကိုဆက်လက် လုပ်ဆောင်ခဲ့ပါက၊ ဤအဆင့်သည် အကျိုးဖြစ်ထွန်းမည် မဟုတ်သကဲ့သို့ အဓိပ္ပာယ်လည်းရှိမည် မဟုတ်ပေ။ ကားစင်တင်ခံရခြင်း အမှုသည် အဆုံးသို့ ရောက်ရှိလာပြီးဖြစ်သကဲ့သို့၊ ဘုရားသခင်သည် စာတန်အပေါ် အောင်နိုင်ပြီးဖြစ်သည့်အတွက်၊ အပြစ်ဖြေရာယဇ်မှတစ်ဆင့် လူသည် သူ၏အပြစ်များ ခွင့်လွှတ်ခြင်း ခံခဲ့ရသည်။ သို့ရာတွင် လူ၏ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားသည် သူ့အတွင်းတွင် ကျန်ရှိနေဆဲဖြစ်သည်၊ လူသည် အပြစ်ပြုနိုင်ဆဲဖြစ်ပြီး ဘုရားသခင်ကို ဆန့်ကျင်နိုင်ဆဲဖြစ်ကာ၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို မရယူသေးပေ။ ယင်းမှာ အမှု၏ ဤအဆင့်တွင် ဘုရားသခင်သည် လူသားကို မှန်ကန်သော လမ်းကြောင်းနှင့်အညီ လက်တွေ့လုပ်ဆောင်စေလျက်၊ လူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ဖော်ထုတ်ရန် နှုတ်ကပတ်တော်ကို အသုံးပြုရသည့် အကြောင်းရင်း ဖြစ်သည်။ ယခုတွင် လူ၏အသက်တာကို တိုက်ရိုက်ပံ့ပိုးပြီး လူ၏ စိတ်သဘောထားကို လုံးဝ အသစ်ပြုပြင်စေနိုင်သည်မှာ နှုတ်ကပတ်တော် ဖြစ်သည့်အတွက်၊ ဤအဆင့်သည် ယခင်အဆင့်ထက် ပိုမို အဓိပ္ပာယ်ရှိသည့်အပြင် အကျိုးလည်း ပိုမို ဖြစ်ထွန်းလေသည်။ ယင်းသည် များစွာ သာ၍ စေ့စပ်သေချာသော အမှု၏ အဆင့်တစ်ခု ဖြစ်သည်။ သို့ဖြစ်ရာ နောက်ဆုံးသောကာလတွင် လူ့ဇာတိကို ခံယူခြင်းသည် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုကို ပြည့်စုံစေပြီးဖြစ်သကဲ့သို့၊ လူသား၏ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏

စီမံခန့်ခွဲမှု အစီအစဉ်ကို လုံးဝ ပြီးဆုံးစေပြီး ဖြစ်သည်။

ဘုရားသခင်၏ဝိညာဉ်တော်ကို လူသားက ထိတွေ့နိုင်ခြင်း၊ မြင်နိုင်ခြင်း မရှိသကဲ့သို့ လူသားသည် တိုးဝင်ချဉ်းကပ်နိုင်ခြင်းလည်း မရှိသည့်အတွက်၊ ဘုရားသခင်၏ လူကိုကယ်တင်ခြင်းသည် ဝိညာဉ်တော်၏ နည်းစနစ်နှင့် ဝိညာဉ်တော်၏ ပင်ကိုလက္ခဏာတို့ကို တိုက်ရိုက် အသုံးပြု၍ လုပ်ဆောင်ခြင်း မဟုတ်ပေ။ သူ့အနေဖြင့် ဝိညာဉ်တော်၏ ပြုမူပုံကို တိုက်ရိုက် အသုံးပြုလျက် လူသားကို ကယ်တင်ရန် ကြိုးစားခဲ့ပါက၊ လူသားသည် သူ၏ကယ်တင်ခြင်းကို လက်ခံရရှိနိုင်မည် မဟုတ်ပေ။ အကယ်၍ ဘုရားသခင်သည် ဖန်ဆင်းခံ လူသားတစ်ဦး၏ အပြင်ပန်း ပုံသဏ္ဍာန်ကိုသာ မယူတင် မဝတ်ဆင်ခဲ့ပါက၊ လူသားအတွက် ဤကယ်တင်ခြင်းကို ရရှိဖို့ မဖြစ်နိုင်ပေ။ အကြောင်းမှာ မည်သူ တစ်ဦးတစ်ယောက်ကမျှ ယေဟောဝါ၏ တိမ်အနီးသို့ မသွားနိုင်ကြသလောက်၊ လူသည် သူ့ကို ချဉ်းကပ်ခြင်းငှာ မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ ဖန်ဆင်းခံ လူသားတစ်ဦး ဖြစ်လာခြင်းအားဖြင့်သာလျှင်၊ ဆိုလိုသည်မှာ သူ၏ နှုတ်ကပတ်တော်များကို သူဖြစ်လာတော့မည့် ဇာတိခန္ဓာအထဲသို့ ထားရှိခြင်းအားဖြင့်သာလျှင်၊ သူ့နောက်လိုက်သော သူအားလုံးထဲသို့ သူသည် နှုတ်ကပတ်တော်ကို ကိုယ်တိုင်ကိုယ်ကျ အမှုပြုစေနိုင်ပေသည်။ ထိုအခါမှသာလျှင် လူသည် သူ၏နှုတ်ကပတ်တော်ကို ကိုယ်တိုင်ကိုယ်ကျ မြင်နိုင်ကာ ကြားနိုင်သည့်အပြင်၊ သူ၏နှုတ်ကပတ်တော် ပိုင်ဆိုင်ခြင်းထဲသို့ ဝင်ရောက်နိုင်ပြီး၊ ဤနည်းဖြင့် အပြည့်အဝ ကယ်တင်ခံရနိုင်ပေသည်။ အကယ်၍ ဘုရားသခင်သည် လူ့ဇာတိကို မခံယူခဲ့ပါက၊ အသွေးအသားရှိသော မည်သူကမျှ ထိုသို့သော ကြီးမြတ်သည့် ကယ်တင်ခြင်းကို ရရှိနိုင်မည် မဟုတ်သကဲ့သို့ မည်သည့်လူသားတစ်ဦး တစ်ယောက်ကမျှ ကယ်တင်ခံရမည် မဟုတ်ပေ။ ဘုရားသခင်၏ ဝိညာဉ်တော်သည် လူမျိုးနွယ်အလယ်တွင် တိုက်ရိုက် အလုပ်လုပ်ခဲ့ပါက၊ လူသားမျိုးနွယ်အားလုံးသည် ဒဏ်ခတ်ခံရမည် ဖြစ်သည် သို့မဟုတ်ပါက ဘုရားသခင်နှင့် ထိတွေ့ဆက်ဆံရန် မဖြစ်နိုင်ဘဲလျက်၊ ၎င်းတို့သည် စာတန်၏ လုံးဝ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရကြမည် ဖြစ်သည်။ ပထမ လူ့ဇာတိခံယူခြင်းသည် လူသားကို အပြစ်မှရွေးနုတ်ရန်၊ ယေရှု၏ ဇာတိခန္ဓာမှတစ်ဆင့် လူသားကို ရွေးနုတ်ရန် ဖြစ်ခဲ့သည်၊ ဆိုလိုသည်မှာ သူသည် ကားတိုင်မှ လူကို ကယ်တင်ခဲ့သော်လည်း၊ ဖောက်ပြန်ပျက်စီးနေသော ဆိုးယုတ်သည့် စိတ်သဘောထားသည် လူ့အတွင်းတွင် ကျန်ရှိခဲ့သေး၏။ ဒုတိယ လူ့ဇာတိခံယူခြင်းသည် အပြစ်ဖြေရာ ယဇ်အဖြစ် အသုံးတော်ခံရန် မဟုတ်တော့ဘဲ၊ ထို့ထက် အပြစ်မှ ရွေးနုတ်ခံထားရသူတို့ကို အပြည့်အဝ ကယ်တင်ရန် ဖြစ်သည်။ ခွင့်လွှတ်ခြင်း ခံရသူတို့သည် ၎င်းတို့၏အပြစ်များမှ ကယ်ဆယ်ခံရပြီး အပြည့်အဝ

သန့်ရှင်းစေခြင်းခံရနိုင်ကာ၊ ပြောင်းလဲသော စိတ်သဘောထားတစ်ခုကို ရရှိခြင်းဖြင့် စာတန်၏ အမှောင်စွမ်းအားမှ လွတ်မြောက်ပြီး ဘုရားသခင်၏ ပလ္လင်ရှေ့သို့ ပြန်လာနိုင်ကြဖို့အလို့ငှာ ဤအရာကို လုပ်ဆောင်ခြင်း ဖြစ်သည်။ ဤနည်းဖြင့်သာ လူသားသည် အပြည့်အဝ သန့်ရှင်းခြင်း ခံရနိုင်သည်။ ပညတ်တော်ခေတ် ပြီးဆုံးလာခဲ့ပြီး ကျေးဇူးတော်ခေတ်ဖြင့် အစပြုခြင်းနောက်တွင်၊ ဘုရားသခင်သည် ကယ်တင်ခြင်း အမှုကို စတင်ခဲ့သည်၊ ယင်းသည် ဘုရားသခင်က လူသားမျိုးနွယ်ကို ၎င်းတို့၏ ပုန်ကန်မှုအတွက် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းဖြင့် လူသားမျိုးနွယ်ကို လုံးဝ သန့်စင်စေမည့် အချိန်ဖြစ်သည့် နောက်ဆုံးသောကာလအထိ ဆက်လက် လုပ်ဆောင်လေသည်။ ထိုအခါမှသာ ဘုရားသခင်သည် သူ၏ကယ်တင်ခြင်း အမှုကို အဆုံးသတ်လိမ့်မည် ဖြစ်ပြီး ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဝင်ရောက်လိမ့်မည်။ သို့ဖြစ်ရာ အမှု၏ အဆင့်သုံးဆင့်တွင် ဘုရားသခင်သည် လူသားအလယ် သူ၏ အမှုကို ကိုယ်တိုင် ဆောင်ရွက်ရန် နှစ်ကြိမ်သာ လူ့ဇာတိခံယူခဲ့သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် အမှု၏ အဆင့်သုံးဆင့်တွင် တစ်ဆင့်သည်သာလျှင် လူသားတို့ကို ၎င်းတို့၏အသက်တာများအား အသက်ရှင်နေထိုင်ရာတွင် လမ်းပြရန်ဖြစ်စဉ်တွင်၊ အခြားနှစ်ဆင့်မှာ ကယ်တင်ခြင်းအမှု ပါရှိသောကြောင့်ဖြစ်သည်။ လူ့ဇာတိခံခြင်းအားဖြင့်သာ ဘုရားသခင်သည် လူသားနှင့်အတူ အသက်ရှင်နိုင်သည်၊ ကမ္ဘာလောက၏ ဆင်းရဲဒုက္ခကို တွေ့ကြုံနိုင်ပြီး၊ ပုံမှန်ဇာတိခန္ဓာထဲတွင် အသက်ရှင်နိုင်သည်။ ဤနည်းဖြင့်သာ သူသည် လူတို့ကို ဖန်ဆင်းခံသတ္တဝါများအနေဖြင့် ၎င်းတို့လိုအပ်သည့် လက်တွေ့ကျသော နည်းလမ်းဖြင့် ထောက်ပံ့ပေးနိုင်သည်။ လူသားက ဘုရားသခင်၏ ပြည့်ဝသည့် ကယ်တင်ခြင်းကို ရရှိသည်မှာ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းမှတစ်ဆင့်ဖြစ်ပြီး၊ သူ၏ဆုတောင်းခြင်းများ အဖြေပေးခြင်းဖြင့် ကောင်းကင်ဘုံမှ တိုက်ရိုက် ရရှိခြင်း မဟုတ်ပေ။ အကြောင်းမှာ ဇာတိခန္ဓာရှိသည့် လူသားသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို ချဉ်းကပ်ရန်မဆိုထားနှင့် ဘုရားသခင်၏ ဝိညာဉ်တော်ကို မြင်တွေ့ရန်ပင် မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ လူသားအနေဖြင့် ထိတွေ့ဆက်ဆံလာနိုင်သည့်အရာ အားလုံးမှာ ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာကိုယ်သာဖြစ်ပြီး ဤနည်းဖြင့်သာလျှင် လူသားသည် လမ်းခရီးများအားလုံးနှင့် သမ္မာတရားအားလုံးကို သဘောပေါက်နိုင်ကာ ပြည့်ဝသော ကယ်တင်ခြင်းကို ရရှိနိုင်သည်။ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်းသည် လူသား၏ အပြစ်များကို သန့်စင်ဖယ်ရှားရန်နှင့် လူသားကို အပြည့်အဝ သန့်စင်စေရန် လုံလောက်လိမ့်မည်။ သို့ဖြစ်ရာ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်းနှင့်အတူ လူ့ဇာတိ၌ ဘုရားသခင်၏အမှု အလုံးစုံသည် အဆုံးတစ်ခုသို့ ရောက်ရှိသွားလိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း အရေးပါမှုသည် ပြည့်စုံ

သွားလိမ့်မည်။ ထိုအချိန်မှစ၍ လူ့ဇာတိ၌ ဘုရားသခင်၏ အမှုသည် အဆုံးတစ်ခုသို့ လုံးဝ ရောက်လာပြီးဖြစ်လိမ့်မည်။ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်းနောက်တွင်၊ သူသည် သူ၏အမှုအတွက် တတိယအကြိမ် လူ့ဇာတိခံလာလိမ့်မည် မဟုတ်ပေ။ အကြောင်းမှာ သူ၏စီမံခန့်ခွဲမှု အလုံးစုံသည် အဆုံးတစ်ခုသို့ ရောက်လာပြီး ဖြစ်လိမ့်မည် ဖြစ်သောကြောင့်တည်း။ နောက်ဆုံးသော ကာလ၏ လူ့ဇာတိခံယူခြင်းသည် သူ၏ ရွေးချယ်ထားသော လူတို့ကို အပြည့်အဝ ရယူပြီးဖြစ်လိမ့်မည် ဖြစ်ပြီး၊ နောက်ဆုံးသော ကာလရှိ လူသားမျိုးနွယ်သည် ၎င်းတို့၏ အမျိုးအစားအလိုက် ခွဲခြားခြင်း အားလုံး ခံကြရပြီးဖြစ်ပေလိမ့်မည်။ သူသည် ကယ်တင်ခြင်းအမှုကို လုပ်ဆောင်တော့မည် မဟုတ်သကဲ့သို့၊ မည်သည့်အမှုကိုမျှ ဆောင်ရွက်ရန် လူ့ဇာတိသို့ ပြန်လာလိမ့်မည် မဟုတ်ပေ။ နောက်ဆုံးသောကာလ၏ အမှုတွင်၊ နှုတ်ကပတ်တော်သည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်အမှုများ၏ ထင်ရှားပြသခြင်းထက် ပိုမို တန်ခိုးကြီးမားပြီး၊ နှုတ်ကပတ်တော်၏ သြဇာအာဏာသည် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်အမှုများ၏ သြဇာအာဏာကို ကျော်လွန်သည်။ နှုတ်ကပတ်တော်သည် လူသား၏ စိတ်နှလုံးထဲ နက်ရှိုင်းစွာ မြှုပ်နှံထားသော ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားများ အားလုံးကို ဖော်ထုတ်သည်။ သင်သည် မိမိဘာသာ ထိုအရာများကို သတိပြုမိဖို့ ဖြစ်နိုင်မည်မဟုတ်။ ယင်းတို့ကို နှုတ်ကပတ်တော်မှတစ်ဆင့် သင့်ရှေ့၌ ဖွင့်ချထားသည့်အခါတွင်၊ သင်သည် အလိုအလျောက် ယင်းတို့ကို ရှာတွေ့လာလိမ့်မည်။ ထိုအရာများကို သင်သည် ငြင်းပယ်နိုင်မည် မဟုတ်သကဲ့သို့ သင်သည် လုံးဝဥဿုံ လက်ခံယုံကြည်လိမ့်မည်။ ဤသည်ကား နှုတ်ကပတ်တော်၏ သြဇာအာဏာ မဟုတ်လော။ ဤသည်မှာ ယနေ့ နှုတ်ကပတ်တော်၏ အမှုက ရရှိသည့် ရလဒ် ဖြစ်သည်။ သို့ဖြစ်ရာ လူသားသည် သူ၏အပြစ်များမှ အပြည့်အဝ ကယ်တင်ခံရသည်မှာ အနာရောဂါ ငြိမ်းစေခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်းတို့မှတစ်ဆင့် မဟုတ်သကဲ့သို့၊ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်အမှုများကို ထင်ရှားပြသခြင်းအားဖြင့်လည်း သူသည် အပြည့်အဝ စုံလင်စေခြင်း မခံရနိုင်ပေ။ အနာရောဂါ ငြိမ်းစေခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ရန် သြဇာအာဏာသည် လူအား ကျေးဇူးတော်ကိုသာ ပေးနိုင်သည်၊ သို့သော် လူသား၏ ဇာတိပကတိသည် စာတန်နှင့် သက်ဆိုင်ဆဲ ဖြစ်ပြီး၊ လူ့အတွင်းတွင် ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထား ကျန်ရှိနေဆဲဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော်၊ သန့်ရှင်းစေခြင်း မခံရသေးသောအရာသည် အပြစ်နှင့် ညစ်ညူးမှုတို့နှင့် နီးနွယ်ဆဲ ဖြစ်ပေသည်။ လူသားသည် နှုတ်ကပတ်တော်၏ ဆောင်ကြဉ်းမှုဖြင့် သန့်စင်စေခြင်းခံရသည့် နောက်မှသာ သူသည် ဘုရားသခင်၏ ရယူခြင်းကို ခံရနိုင်ပြီး

သန့်ရှင်းစင်ကြယ်စေခြင်း ခံရလာနိုင်ပေသည်။ လူသားထဲ နတ်ဆိုးများကို နှင်ထုတ်ပြီး သူသည် ရွေးနုတ်ခံခဲ့ရသည့်နောက်တွင်၊ ဤသည်မှာ သူသည် စာတန်လက်ထဲမှ ဆွဲလုယူခြင်း ခံခဲ့ရပြီး၊ ဘုရားသခင်ထံသို့ ပြန်လာခဲ့သည်ကိုသာ ဆိုလိုသည်။ သို့ရာတွင် ဘုရားသခင်အားဖြင့် သန့်ရှင်းစေခြင်း သို့မဟုတ် ပြောင်းလဲစေခြင်းကို မခံရဘဲနှင့်၊ သူသည် ဖောက်ပြန်ပျက်စီးသော လူအဖြစ် ရှိနေသည်။ လူသားအတွင်းတွင် ညစ်ညမ်းခြင်း၊ ဆန့်ကျင်ခြင်းနှင့် ပုန်ကန်ခြင်းတို့ ရှိနေဆဲ ဖြစ်သည်။ လူသည် ရွေးနုတ်ခြင်းမှတစ်ဆင့် ဘုရားသခင်ထံ ပြန်လာခဲ့ခြင်းသာ ဖြစ်သော်လည်း၊ သူသည် ဘုရားသခင်နှင့် ပတ်သက်သည့် အသိပညာ စိုးစဉ်းမျှ မရှိသကဲ့သို့၊ ဘုရားသခင်ကို ခုခံပြီး သစ္စာဖောက်နိုင်စွမ်း ရှိနေဆဲ ဖြစ်သည်။ လူသည် ရွေးနုတ်ခြင်း မခံရမီတွင်၊ စာတန်၏ အဆိပ်အများအပြားသည် သူ့အတွင်းတွင် အခိုင်အမာ တည်ထားနှင့်ပြီးဖြစ်သကဲ့သို့ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို နှစ်ထောင်ချီ ခံရပြီးနောက်တွင်၊ လူသည် သူ့အတွင်းတွင် ဘုရားသခင်ကို ဆန့်ကျင်သည့် အခြေခိုင်သည့် သဘာဝ ရှိလေသည်။ သို့ဖြစ်ရာ လူသားသည် ရွေးနုတ်ခံရပြီးသည့်အချိန်တွင်၊ ယင်းသည် လူကို အဖိုးအခကြီးစွာ ပေးဝယ်ထားသည့် ရွေးနုတ်ခြင်း ကိစ္စတစ်ခုထက် ဘာမျှမပိုဘဲ၊ သူ့အတွင်းရှိ အဆိပ်သင့်သော သဘာဝမှာ သုတ်သင်ပယ်ရှင်းခြင်းကို မခံရသေးပေ။ အလွန် ညစ်ညမ်းလှသော လူသည် ဘုရားသခင်ကို အစေခံရန် မထိုက်တန်မီတွင် ပြောင်းလဲခြင်းကို ကြုံရမည် ဖြစ်သည်။ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့်ဆိုင်သည့် ဤအမှုအားဖြင့်၊ လူသည် သူကိုယ်တိုင်အတွင်းရှိ ညစ်ညူးပြီး ဖောက်ပြန်ပျက်စီးသည့် အနှစ်သာရကို အပြည့်အဝ သိလာလိမ့်မည် ဖြစ်ပြီး၊ သူသည် လုံးဝ ပြောင်းလဲနိုင်လိမ့်မည် ဖြစ်ပြီး သန့်ရှင်းလာလိမ့်မည်။ ဤနည်းဖြင့်သာ လူသည် ဘုရားသခင်၏ ပလ္လင်တော် ရှေ့မှောက်သို့ ပြန်လာရန် ထိုက်တန်နိုင်ပေသည်။ ယနေ့ လုပ်ဆောင်သည့် အမှုအားလုံးသည် လူသားက သန့်ရှင်းစေခြင်းခံရနိုင်ကာ ပြောင်းလဲစေခြင်း ခံရနိုင်ဖို့အလို့ငှာ ဖြစ်သည်။ နှုတ်ကပတ်တော်အားဖြင့် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းမှတစ်ဆင့်အပြင်၊ စစ်ဆေးခြင်းမှတစ်ဆင့်လည်း လူသားသည် သူ၏ ဖောက်ပြန်ပျက်စီးခြင်းကို ဖယ်ရှားသန့်စင်နိုင်ပြီး ဖြူစင်စေခြင်း ခံရနိုင်ပေသည်။ အမှု၏ ဤအဆင့်ကို ကယ်တင်ခြင်း၏အမှုဟု ယူဆခြင်းထက်၊ ယင်းသည် သန့်ရှင်းစင်ကြယ်စေခြင်း၏ အမှုဟု ပြောရန်မှာ ပိုမို ဆီလျော်ပေမည်။ အမှန်တွင် ဤအဆင့်သည် သိမ်းပိုက်ခြင်းအဆင့် ဖြစ်သည့်အပြင် ကယ်တင်ခြင်းအမှုထဲက ဒုတိယ အဆင့်လည်း ဖြစ်သည်။ လူသည် ဘုရားသခင်၏ ရယူခံရခြင်း အဖြစ်သို့ ရောက်ရှိသည်မှာ နှုတ်ကပတ်တော်အားဖြင့် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့မှတစ်ဆင့် ဖြစ်ပြီး လူသား၏ စိတ်နှလုံးအတွင်းရှိ

မသန့်စင်မှုများ၊ အယူအဆများ၊ ကြံရွယ်ချက်များနှင့် တစ်ဦးချင်း ပြင်းပြသောဆန္ဒများ အားလုံး လုံးဝ ထုတ်ဖော်ပြခံရသည်မှာ စစ်ဆေးဖို့၊ တရားစီရင်ဖို့နှင့် ဖွင့်ဟဖို့ နှုတ်ကပတ်တော်ကို အသုံးပြုခြင်းမှတစ်ဆင့် ဖြစ်ပေသည်။ လူသားအားလုံးသည် သူ့အပြစ်များမှ ခွင့်လွှတ်ခြင်းနှင့် ရွေးနုတ်ခြင်းကို ခံရပြီးဖြစ်ကောင်း ဖြစ်နိုင်သည့်အတွက်၊ ဘုရားသခင်သည် လူ၏ ဒုစရိုက်ကျူးလွန်ခြင်းများကို မအောက်မေ့ခြင်းနှင့် လူသားကို သူ၏ ဒုစရိုက်ကျူးလွန်ခြင်းများ နှင့်အညီ မဆက်ဆံခြင်း ဟုသာ မှတ်ယူ၍ ရနိုင်ပေသည်။ သို့ရာတွင် ဇာတိ၏ ခန္ဓာဖြင့် အသက်ရှင်သည့် လူသားသည် အပြစ်မှ လွတ်မြောက်ခြင်း မခံရသေးသည့်အခါ၊ သူသည် ဖောက်ပြန်ပျက်စီးသည့် ဆိုးယုတ်သော စိတ်သဘောထားကို မပြီးနိုင် မဆုံးနိုင် ထုတ်ဖော်ပြလျက်၊ အပြစ်ကိုသာ ဆက်လုပ်နိုင်သည်။ ဤအရာက အပြစ်ပြုခြင်းနှင့် ခွင့်လွှတ်ခြင်းနှင့်ဆိုင်သည့် အဆုံးမရှိသော သံသရာတစ်ခု ဖြစ်သည့် လူများ အသက်ရှင် နေထိုင်သည့် အသက်တာ ဖြစ်သည်။ လူသားမျိုးနွယ် အများစုသည် ညနေတွင် အပြစ်ဝန်ချရန်သာ နေ့ပိုင်းတွင် အပြစ်လုပ်ကြသည်။ ဤနည်းဖြင့် အပြစ်ဖြေရာယဇ်သည် လူအတွက် အစဉ်အမြဲ ထိရောက်သော်လည်း၊ ယင်းသည် လူကို အပြစ်မှ ကယ်တင်နိုင်လိမ့်မည် မဟုတ်ပေ။ လူသားသည် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား ရှိဆဲဖြစ်သည့်အတွက်၊ ကယ်တင်ခြင်း အမှု၏ ထက်ဝက်သာ ပြီးစီးသေးသည်။ ဥပမာအားဖြင့်၊ လူများက ၎င်းတို့သည် မောဘမှ ဆင်းသက်ခဲ့ကြသည်ကို သဘောပေါက်ကြသည့်အခါ၊ ၎င်းတို့သည် စောဒကတက်သည့် စကားများကို တင်လျှောက်ခဲ့ကြသည်၊ အသက်ကို လိုက်စားခြင်းအား ရပ်စဲခဲ့ကြပြီး၊ လုံးဝ အပျက်သဘောဆောင် လာခဲ့ကြသည်။ ဤအရာက လူသားမျိုးနွယ်သည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် အပြည့်အဝ မကျိုးနွံမနာခံနိုင်ဆဲ ဖြစ်သည်ကို ပြသသည် မဟုတ်လော။ ဤသည်မှာ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထား အတိအကျ ဖြစ်သည် မဟုတ်လော။ သင်သည် ပြစ်တင်ဆုံးမခြင်းကို ခံရခြင်း မရှိခဲ့ချိန်တွင်၊ သင်၏ လက်များသည် အခြားသူများထက် ယေရှု၏ လက်များထက်ပင် သာ၍ မြင့်အောင် မြှောက်ထားခဲ့သည်။ ပြီးလျှင် သင်သည် ကျယ်လောင်သော အသံဖြင့်၊ "ဘုရားသခင်၏ ချစ်မြတ်နိုးသော သားဖြစ်ပါစေ။ ဘုရားသခင်၏ အကျွမ်းဝင်သူ ဖြစ်ပါစေ၊ ကျွန်ုပ်တို့သည် စာတန်ကို ပျပ်ဝပ်ဖို့ထက် အသေခံကြမည်။ စာတန်အိုကို တော်လှန်ကြ။ အဆင်းနီသော နဂါးကြီးကို တော်လှန်ကြ။ အဆင်းနီသော နဂါးကြီးသည် တန်ခိုးအာဏာမှ လက်မှိုင်ချလျက် ကျဆင်းပါစေ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပြည့်စုံပါစေသော်။"ဟု အော်သည်။ သင်၏ အော်ဟစ်မှုများသည် အခြားသူများ အားလုံးထက် ပိုမို ကျယ်လောင်သည်။ သို့သော်လည်း ထို့နောက်တွင် ပြစ်တင်ဆုံးမခြင်း

အချိန်ကာလ ရောက်လာခဲ့ပြီး နောက်တစ်ဖန် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားက ထုတ်ဖော်ပြခံရလေသည်။ ထိုအခါ ၎င်းတို့၏ ဟစ်အော်မှုများ ရပ်စဲသွားခဲ့ပြီး၊ ၎င်းတို့၏ စိတ်ဆိုးဖြတ်ချက် ကျရှုံးသွားခဲ့သည်။ ဤသည်မှာ လူ၏ ဖောက်ပြန်ပျက်စီးခြင်း ဖြစ်သည်။ အပြစ်ထက်ပို၍ နက်ရှိုင်းနေလျက်၊ ယင်းသည် စာတန်က အခိုင်အမာတည်ထားသည့်အရာတစ်ခု ဖြစ်ပြီး၊ လူသား၏ အတွင်းတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ခဲ့သည်။ လူသားအတွက် သူ၏ အပြစ်များကို သတိပြုမိလာရန်မှာ မလွယ်ကူချေ။ သူသည် သူကိုယ်တိုင်၏ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ထားသော သဘာဝကို သတိမပြုမိနိုင်သကဲ့သို့ ဤရလဒ်ကို ရရှိဖို့အလို့ငှာ နှုတ်ကပတ်တော်၏ တရားစီရင်ခြင်းအပေါ် သူ မှီခိုရမည်ဖြစ်သည်။ ထို့သို့ဖြင့်သာ လူသည် ဤအချိန်မှစ၍ နောက်ပိုင်းတွင် တဖြည်းဖြည်း ပြောင်းလဲလာနိုင်သည်။ လူသည် သူ၏ မူလ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို နားလည်ခြင်း မရှိခဲ့သောကြောင့်၊ ထိုသို့ အော်ဟစ်ခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ လူ့အတွင်း၌ရှိသော မသန့်စင်မှုများ ဖြစ်သည်။ ထိုသို့သော ရှည်ကြာသည့် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း ကာလတစ်လျှောက်တွင်၊ လူသည် တင်းမာမှုရှိသော အခြေအနေ တစ်ခုတွင် အသက်ရှင်ခဲ့ရသည်။ ဤအရာအားလုံးကို နှုတ်ကပတ်တော်၏ ဆောင်ကြဉ်းပေးမှုဖြင့် စွမ်းဆောင်ရရှိခဲ့သည် မဟုတ်လော။ အစေခံသူများနှင့်ဆိုင်သည့် စမ်းသပ်မှုများမတိုင်မီတွင် သင်သည်လည်း အလွန်ကျယ်လောင်သော အသံဖြင့် ဟစ်အော်ခဲ့သည် မဟုတ်လော။ “နိုင်ငံတော်ထဲသို့ ဝင်ရောက် ကြလော့။ ဤနာမတော်ကို လက်ခံသူအားလုံးတို့သည် နိုင်ငံတော်ထဲသို့ ဝင်ရောက်ကြလိမ့်မည်။ အားလုံးသည် ဘုရားသခင်၌ ပါဝင်ကြလိမ့်မည်။” အစေခံသူများနှင့်ဆိုင်သည့် စမ်းသပ်မှု ရောက်လာသည့်အခါတွင်၊ သင်သည် မအော်ဟစ်တော့ပေ။ တကယ့်အစတွင်၊ အားလုံးက “အို ဘုရားသခင်။ ကိုယ်တော် ကျွန်ုပ်ကို မည်သည့်နေရာ၌ ထားသည်ဖြစ်စေ၊ ကိုယ်တော်၏ လမ်းကြောင်း ပေးခြင်းခံလျက်၊ ကျွန်ုပ်သည် ကိုယ်တော်ကို ကျိုးနွံနာခံပါမည်။” ဟု ဟစ်အော်ခဲ့ကြသည်။ “မည်သူသည် ငါ၏ ပေါလု ဖြစ်မည်နည်း။” ဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုသောအခါ၊ လူတို့က “ကျွန်ုပ် ဖြစ်လိုပါသည်။”ဟု ပြောကြသည်။ ထို့နောက် ၎င်းတို့က “ပြီးလျှင် ယောဘ၏ ယုံကြည်ခြင်းကား အဘယ်နည်း။” ဟူသော နှုတ်ကပတ်တော်များကို မြင်ခဲ့ကြပြီး၊ “ကျွန်ုပ်သည် ယောဘ၏ ယုံကြည်ခြင်းကို မိမိဘာသာ ခံယူလိုပါသည်။ ဘုရားသခင် ကျွန်ုပ်ကို စမ်းသပ်တော်မူပါ။” ဟုပြောခဲ့ကြသည်။ အစေခံသူများနှင့်ဆိုင်သည့် စမ်းသပ်မှု ရောက်လာသည့်အခါတွင်၊ ၎င်းတို့သည် ချက်ချင်း လဲပြိုသွားကြပြီး၊ တစ်ဖန် ပြန်မရပ်နိုင်ကြချေ။ ထို့နောက်တွင် ၎င်းတို့၏ စိတ်နှလုံးများထဲက မသန့်စင်မှုများသည်

နည်းနည်းချင်း တဖြည်းဖြည်း လျော့လာခဲ့သည်။ ဤအရာကို နှုတ်ကပတ်တော်မှတစ်ဆင့် စွမ်းဆောင်ရရှိခဲ့သည် မဟုတ်လော။ သို့ဆိုလျှင် ယနေ့ သင်တို့ တွေ့ကြုံပြီးသည့် အရာများမှာ နှုတ်ကပတ်တော်မှ တစ်ဆင့် စွမ်းဆောင်ရရှိသော ရလဒ်များ ဖြစ်ပြီး ယေရှု၏ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာ အမှုများနှင့်ဆိုင်သည့် အမှုမှတစ်ဆင့် စွမ်းဆောင်ရရှိခဲ့သည့် အရာများထက်ပင် သာ၍ ကြီးမားသည်။ သင် မြင်သည့် ဘုရားသခင်၏ ဘုန်းသရေနှင့် သင် မြင်သည့် ဘုရားသခင် ကိုယ်တော်တိုင်၏ ဩဇာအာဏာတို့သည် ကားစင်တင်ခံရခြင်းအားဖြင့်၊ အနာရောဂါ ငြိမ်းစေခြင်းနှင့် နတ်ဆိုး များကို နှင်ထုတ်ခြင်းအားဖြင့် မြင်တွေ့ရုံမျှ မြင်တွေ့ရသည်မဟုတ်ဘဲ၊ နှုတ်ကပတ်တော်၏ တရားစီရင်ခြင်းအားဖြင့် သာ၍ပင် ထိုသို့ မြင်တွေ့ရပေသည်။ ဤအရာက ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုးတို့သည် နိမိတ်လက္ခဏာများ ပြုခြင်း၊ အနာရောဂါ ငြိမ်းစေခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်းတို့သာ ပါရှိသည် မဟုတ်ဘဲ၊ ဘုရားနှုတ်ကပတ်တော်၏ တရားစီရင်ခြင်းသည် ဘုရားသခင်၏ ဩဇာအာဏာကို သာ၍ ကိုယ်စားပြုနိုင်ပြီး သူ၏ အနန္တတန်ခိုးကို သာ၍ ထုတ်ဖော်ပြပြုနိုင်ပေသည်။

ယခု လူသားက စွမ်းဆောင်ရရှိသည့်အရာများ- လူ၏ လက်ရှိ ဝိညာဉ်ရင့်ကျက်မှု၊ အသိပညာ၊ ချစ်ခြင်းမေတ္တာ၊ သစ္စာစောင့်သိမှု၊ နာခံမှုနှင့် ထိုးထွင်းသိမြင်မှု- ဤအရာတို့သည် နှုတ်ကပတ်တော်၏ တရားစီရင်ခြင်းမှတစ်ဆင့် ကြိုးပမ်းရရှိသော ရလဒ်များ ဖြစ်သည်။ သင့်အနေဖြင့် ယနေ့ထိတိုင် သစ္စာစောင့်သိမှု ရှိနိုင်ခြင်းနှင့် ဆက်လက် ရပ်တည်နေနိုင်ခြင်းတို့ကို နှုတ်ကပတ်တော်၏ ဆောင်ကြဉ်းပေးမှု မှတစ်ဆင့် ကြိုးပမ်းရရှိပေသည်။ ယခုတွင် လူသည် လူ့ဇာတိခံ ဘုရားသခင်၏ အမှုက ကေန်အမှန် ထူးခြားသကဲ့သို့၊ ထိုအထဲတွင် လူသားက ကြိုးပမ်းမရရှိနိုင်သောအရာ အများအပြား ရှိကာ၊ နက်နဲမှုများနှင့် အံ့ဩဖွယ်ရာများ ရှိသည်ကို မြင်ရလေသည်။ သို့ဖြစ်ရာ များစွာတို့သည် ကျိုးနွံနာခံကြပြီးဖြစ်သည်။ အချို့သောသူများသည် ၎င်းတို့မွေးဖွားသည့် နေ့ရက်ကတည်းက မည်သည့်လူကိုမျှ ကျိုးနွံနာခံဖူးခြင်း မရှိဘဲ၊ ယနေ့ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့မြင်သည့်အခါ၊ ၎င်းတို့ ထိုသို့ပြုမူသည်ကို သတိမထားမိဘဲ အပြည့်အဝ ကျိုးနွံနာခံကြပြီး၊ အခြားမည်သည့်အရာကိုမျှ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးရန် သို့မဟုတ် ပြောဆိုရန် အရဲမစွန့်ကြချေ။ လူသားမျိုးနွယ်သည် နှုတ်ကပတ်တော် အောက်သို့ ကျရောက်ကြပြီးဖြစ်ကာ နှုတ်ကပတ်တော်၏ တရားစီရင်ခြင်း အောက်တွင် ပျပ်ဝပ်လျက် ရှိနေသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် လူသားထံ တိုက်ရိုက်စကားပြောဆိုခဲ့ပါက၊ လူသားမျိုးနွယ်သည် ဒမာသက်မြို့သို့ သွားရာလမ်းတွင် ပေါလုသည် အလင်းရောင်ထဲ၌ မြေကြီးပေါ် လဲကျသွားသကဲ့သို့ပင်၊ ထုတ်ဖော်ပြခြင်း

နှုတ်ကပတ်တော်များမရှိဘဲ လဲကျလျက်၊ အားလုံးက အသံတော်ကို ကျိုးနွံနာခံကြပေမည်။ ဘုရားသခင်သည် ဤနည်းဖြင့် ဆက်လက်အမှုပြုခဲ့ပါက၊ လူသည် နှုတ်ကပတ်တော်၏ တရားစီရင်ခြင်း မှတစ်ဆင့် သူ၏ကိုယ်ပိုင်ဖောက်ပြန်ပျက်စီးမှုကို မည်သည့်အခါမျှ သိလာနိုင်မည် မဟုတ်သကဲ့သို့၊ ထိုသို့ဖြင့် ကယ်တင်ခြင်းကို ရရှိမည် မဟုတ်ပေ။ လူ့ဇာတိခံယူခြင်းမှ တစ်ဆင့်သာလျှင်၊ နားရှိသော သူအားလုံးတို့သည် သူ၏နှုတ်ကပတ်တော်များကို ကြားနိုင်ပြီး နှုတ်ကပတ်တော်အားဖြင့် သူ၏ တရားစီရင်ခြင်းအမှုကို ရရှိနိုင်ကြဖို့အလို့ငှာ၊ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို လူသားအယောက်စီတိုင်း၏ နားများထဲသို့ ကိုယ်တိုင်ကိုယ်ကျ ပေးပို့နိုင်သည်။ ဤအရာသည်သာ လူသားကို ကျိုးနွံနာခံစေခြင်း အဖြစ်သို့ ခြောက်လှန့်ရန် ဝိညာဉ်တော်က ထင်ရှားခြင်းထက်၊ သူ၏နှုတ်ကပတ်တော်အားဖြင့် စွမ်းဆောင်ရရှိသောရလဒ် ဖြစ်သည်။ လူသည် အသိအမှတ်ပြုပြီး ပြောင်းလဲနိုင်ရန် အလို့ငှာ၊ နှစ်ပေါင်းများစွာ အတွင်းတွင် နက်ရှိုင်းစွာ ကွယ်ဝှက်ထားသည့် လူ၏ စိတ်သဘောထားဟောင်းများကို အပြည့်အဝ ဖော်ထုတ်ပေးနိုင်သည်မှာ၊ ဤလက်တွေ့ကျသော်လည်း ထူးခြားသည့် အမှုမှတစ်ဆင့်သာ ဖြစ်ပေသည်။ ဤအရာများသည် လက်တွေ့ကျသည့် နည်းဟန်ဖြင့် စကားပြောဆိုခြင်းနှင့် တရားစီရင်ခြင်းကို စီမံဆောင်ရွက်သည့် လူ့ဇာတိခံ ဘုရားသခင်၏ လက်တွေ့ကျသော အမှုအားလုံးဖြစ်သည်၊ သူသည် လူအပေါ် တရားစီရင်ခြင်း၏ ရလဒ်များကို နှုတ်ကပတ်တော်အားဖြင့် စွမ်းဆောင်ရရှိသည်။ ဤသည်မှာ လူ့ဇာတိခံ ဘုရားသခင်၏ သြဇာအာဏာနှင့် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းနှင့်ဆိုင်သော အရေးပါမှု ဖြစ်သည်။ ယင်းကို လူ့ဇာတိခံ ဘုရားသခင်၏ သြဇာအာဏာကို သိရှိစေဖို့၊ နှုတ်ကပတ်တော်၏ အမှုအားဖြင့် စွမ်းဆောင်ရရှိသော ရလဒ်များကို သိရှိစေဖို့နှင့် ဝိညာဉ်တော်သည် လူ့ဇာတိခံယူပြီး လူကို နှုတ်ကပတ်တော်အားဖြင့် တရားစီရင်ခြင်းမှတစ်ဆင့် သူ၏သြဇာအာဏာအား ပြသပြီးဖြစ်သည်ကို သိရှိစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ သူ၏ ဇာတိခန္ဓာသည် သာမန်နှင့် ပုံမှန်လူ့သဘာဝ၏ ပြင်ပသဏ္ဌာန် ဖြစ်သော်လည်း၊ ယင်းသည် သူသည် သြဇာအာဏာနှင့် ပြည့်ဝကြောင်း၊ သူသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်ကြောင်းနှင့် သူ၏ နှုတ်ကပတ်တော်များသည် ဘုရားသခင် ကိုယ်တော်တိုင်၏ ဖော်ပြချက် ဖြစ်ကြောင်းတို့ကို လူသားအားပြသသည့် သူ၏နှုတ်ကပတ်တော်များက စွမ်းဆောင်ရရှိသော ရလဒ်များဖြစ်သည်။ ဤနည်းလမ်းအားဖြင့် သူသည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ကြောင်း၊ သူသည် လူ့ဇာတိခံယူသော ဘုရားသခင်ကိုယ်တိုင် ဖြစ်ကြောင်း၊ သူ့ကို မည်သူမျှ ပုန်ကန်ပြစ်မှားဖို့ မဟုတ်ကြောင်းနှင့် နှုတ်ကပတ်တော်အားဖြင့် သူ၏ တရားစီရင်ခြင်းကို မည်သူမျှ မကျော်လွှားနိုင်သကဲ့သို့၊ မည်သည့် အမှောင် အင်အားစုကမျှ

သူ၏ဩဇာအာဏာအပေါ် မလွှမ်းမိုးနိုင် ကြောင်းကို လူသားမျိုးနွယ် အားလုံးထံ ပြသပေသည်။ သူသည် လူ့ဇာတိကိုခံသည့် နှုတ်ကပတ်တော် ဖြစ်သောကြောင့်၊ သူ၏ဩဇာအာဏာကြောင့်၊ ပြီးလျှင် နှုတ်ကပတ်တော်အားဖြင့် သူ၏တရားစီရင်ခြင်းတို့ကြောင့် လူသည် သူ့ကို လုံး၀ ကျိုးနွံနာခံသည်။ သူ၏ လူ့ဇာတိခံ ခန္ဓာအားဖြင့် ဆောင်ကြဉ်းခဲ့သည့် အမှုသည် သူပိုင်ဆိုင်သော ဩဇာအာဏာ ဖြစ်သည်။ သူ လူ့ဇာတိခံယူသည့်အကြောင်းရင်းမှာ လူ့ဇာတိသည်လည်း ဩဇာအာဏာကို ပိုင်ဆိုင်နိုင်သောကြောင့် ဖြစ်ပြီး၊ သူသည် လူသားတို့အလယ်တွင် လက်တွေ့ကျသော နည်းတစ်ခု၊ လူသားအဖို့ မြင်၍ရနိုင်ကာ လက်ဆုပ်လက်ကိုင်ပြနိုင်သည့် နည်းလမ်းတစ်ခုဖြင့် အမှုကို ဆောင်ရွက်နိုင်စွမ်းရှိသောကြောင့်၊ ဖြစ်လေသည်။ ဤအမှုသည် ဩဇာအာဏာအားလုံးကို ပိုင်ဆိုင်သော ဘုရားသခင်၏ ဝိညာဉ်တော်က တိုက်ရိုက်လုပ်ဆောင်သော အမှုထက် များစွာ ပိုမို လက်တွေ့ကျပြီး ယင်း၏ ရလဒ်များသည်လည်း သိသာထင်ရှားလေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာသည် လက်တွေ့ကျသော နည်းလမ်းဖြင့် စကားပြောဆိုနိုင်ပြီး အမှုပြုနိုင်သောကြောင့် ဖြစ်သည်။ သူ၏ လူ့ဇာတိခန္ဓာ၏ ပြင်ပသဏ္ဌာန်သည် မည်သည့် ဩဇာအာဏာကိုမျှ စွဲကိုင်ထားခြင်း မရှိသကဲ့သို့ လူသားအနေဖြင့် ချဉ်းကပ်၍ရနိုင်သည်၊ သူ၏ အနှစ်သာရမှာမူ ဩဇာအာဏာကို သယ်ဆောင်ထားသော်လည်း၊ သူ၏ ဩဇာအာဏာသည် မည်သူအဖို့မျှ မြင်၍မရနိုင်ပေ။ သူသည် စကားပြောဆိုပြီး အမှုပြုသောအခါတွင်၊ လူသည် သူ၏ အခွင့်အာဏာ၏ တည်ရှိမှုကို သတိမပြုမိနိုင်ပေ။ ဤအရာက လက်တွေ့ကျသော သဘာ၀နှင့်ဆိုင်သည့် အမှုကို လုပ်ဆောင်ရာ၌ သူကို လွယ်ကူချောမောစေသည်။ ဤလက်တွေ့ကျသော အမှုအားလုံးသည် ရလဒ်များ စွမ်းဆောင် ရရှိနိုင်သည်။ သူသည် အခွင့်အာဏာအား ကိုင်စွဲထားသည်ကို မည်သည့်လူကမျှ မသိသော်လည်း၊ သို့မဟုတ် သူသည် ပုန်ကန်ပြစ်မှားခံရဖို့ မဟုတ်သည်ကို မမြင်နိုင်သော်လည်း၊ သို့မဟုတ် သူ၏အမျက်ဒေါသကို မမြင်နိုင်သော်လည်း၊ သူသည် သူ၏ ဖုံးကွယ်ထားသော ဩဇာအာဏာ၊ သူ၏ ကွယ်ဝှက်ထားသော အမျက်ဒေါသနှင့် သူ ပွင့်ပွင့်လင်းလင်း ပြောဆိုသည့် နှုတ်ကပတ်တော်များမှတစ်ဆင့် သူသည် သူ၏နှုတ်ကပတ်တော်များ၏ ရည်ရွယ်ထားသော ရလဒ်များကို စွမ်းဆောင်ရရှိလေသည်။ တစ်နည်းအားဖြင့်၊ သူ၏အသံနေအသံထား၊ သူ့ဟောပြောချက် ပြင်းထန်မှုနှင့် သူ့နှုတ်ကပတ်တော်များ၏ ဉာဏ်ပညာ အားလုံးမှတစ်ဆင့် လူသည် လုံး၀ ယုံကြည်လက်ခံရပေသည်။ ဤနည်းဖြင့် လူသည် အမြင်အားဖြင့် ဩဇာအာဏာ ရှိပုံမရသော လူ့ဇာတိခံ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျိုးနွံနာခံ၍၊ ထိုသို့ဖြင့် လူသားကို ကယ်တင်ခြင်းနှင့်ဆိုင်သည့် ဘုရားသခင်၏ ရည်မှန်းချက်ကို ဖြည့်ဆည်းလေသည်။ ဤသည်မှာ

သူ၏လူ့ဇာတိခံယူခြင်းနှင့်ဆိုင်သည့် အရေးပါမှု၏ အခြားသောရှုထောင့်ဖြစ်သည်- ယင်းမှာ လူသားသည် ဘုရားနှုတ်ကပတ်တော်၏ တန်ခိုးကို မျက်မြင်တွေ့ကြုံနိုင်ဖို့လို့ငှာ၊ သာ၍ လက်တွေ့ကျစွာ ပြောဆိုရန်နှင့် သူ့နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားကို လူသားအပေါ်သို့ အကျိုးသက်ရောက်မှု ရှိစေရန် ဖြစ်သည်။ ထို့ကြောင့် ဤအမှုကို လူ့ဇာတိခံယူခြင်းအားဖြင့် မလုပ်ဆောင်ခဲ့ပါက၊ ရလဒ်များ စိုးစဉ်မျှ စွမ်းဆောင်ရရှိမည် မဟုတ်သကဲ့သို့၊ အပြစ်သားများကို အပြည့်အဝ ကယ်တင်နိုင်မည် မဟုတ်ပေ။ အကယ်၍ ဘုရားသခင်သည် လူ့ဇာတိမခံယူခဲ့ပါက၊ သူသည် လူသားအဖို့ မြင်၍မရနိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင် ပြ၍လည်း မရနိုင်သည့် ဝိညာဉ်တော်အဖြစ် ကျန်ရှိနေမည် ဖြစ်သည်။ လူသားသည် ဇာတိပကတိရှိသည့် ဖန်ဆင်းခံ ဖြစ်လျက်၊ သူနှင့် ဘုရားသခင်သည် မတူညီသော လောကများနှင့် သက်ဆိုင်ကြပြီး မတူကွဲပြားသော သဘာဝများကို ပိုင်ဆိုင်ကြသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဇာတိပကတိရှိသည့် လူသားနှင့် သဟဇာတ မဖြစ်သကဲ့သို့၊ လူသားသည် ဝိညာဉ်တစ်ပါးအဖြစ်သို့ ပြောင်းလဲနိုင်စွမ်း မရှိသည်ကို ပြောစရာပင် မလိုဘဲ၊ ၎င်းတို့အကြားတွင် ဆက်ဆံရေးများ တည်ဆောက်ရန် တကယ့်ကို မဖြစ်နိုင်ပေ။ ဤသို့ဖြစ်ရာ၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ၏မူလအမှုကို လုပ်ဆောင်ရန်အလို့ငှာ ဖန်ဆင်းခံ သတ္တဝါတစ်ဦး ဖြစ်လာရမည် ဖြစ်သည်။ ဘုရားသခင်သည် အမြင့်ဆုံးသောနေရာသို့ တက်ကြွ သွားနိုင်သကဲ့သို့၊ လူသားမျိုးနွယ်အလယ်တွင် အလုပ်လုပ်ရင်းနှင့် ၎င်းတို့အလယ်၌ အသက်ရှင်ရင်း၊ ဖန်ဆင်းခံ လူသားတစ်ဦးဖြစ်လာရန် မိမိကိုယ်ကိုယ် နှိမ့်ချနိုင်သည်၊ သို့သော် လူသားသည် အနိမ့်ဆုံးသော နေရာသို့ ဆင်းသက်နိုင်ဖို့ မဆိုထားနှင့်၊ အမြင့်ဆုံးသောနေရာသို့ မတက်နိုင်သကဲ့သို့ ဝိညာဉ်တစ်ပါးလည်း မဖြစ်လာနိုင်ပေ။ ဤသည်မှာ ဘုရားသခင်က သူ၏အမှုကို ဆောင်ရွက်ရန် လူ့ဇာတိကို ခံယူရမည့် အကြောင်းရင်း ဖြစ်သည်။ ထိုနည်းတူ ပထမအကြိမ် လူ့ဇာတိ ခံယူစဉ်အတောအတွင်းတွင်၊ လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိခန္ဓာသည်သာ သူ၏ကားစင်တင် ခံရခြင်းမှတစ်ဆင့် လူသားကို ရွေးနုတ်နိုင်ခဲ့သည်၊ ဘုရားသခင်၏ ဝိညာဉ်တော်အတွက်မူ လူသားအတွက် အပြစ်ဖြေရာယဇ်အဖြစ် ကားစင်တင်ခံရဖို့ ဆိုသည်မှာ ဖြစ်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူသားအတွက် အပြစ်ဖြေရာ ယဇ်အနေနှင့် အစေခံရန် တိုက်ရိုက် လူ့ဇာတိ ခံယူနိုင်ခဲ့သော်လည်း၊ လူသားသည် ဘုရားသခင်က သူ့အတွက် ပြင်ဆင်ထားပေးသော အပြစ်ဖြေရာယဇ်ကို ယူဆောင်ရန် ကောင်းကင်ဘုံသို့ တိုက်ရိုက် တက်မသွားနိုင်ပေ။ ဤသို့ဖြစ်ရာ လူသားသည် အပြစ်ဖြေရာယဇ်ကို ရရှိနိုင်ရန် မဆိုထားနှင့်၊ သူသည် ကျဆုံးခဲ့ပြီးဖြစ်သည့်အပြင် လူသားသည် ကောင်းကင်ဘုံသို့ တကယ်ကို တက်မသွားနိုင်သည့်အတွက်၊ ဖြစ်နိုင်သမျှမှာ

ဤကယ်တင်ခြင်းကို ရယူရန် လူသားအား ကောင်းကင်ဘုံသို့ မတက်စေဘဲ၊ ကောင်းကင်နှင့် မြေကြီးအကြား အကြိမ်အနည်းငယ် ခေါက်တုံ့ခေါက်ပြန် သွားလာပေးရန် ဘုရားသခင်ကို တောင်းဆိုရန်သာ ဖြစ်ပေမည်။ ထို့ကြောင့် ယေရှုအတွက် လူသားမျိုးနွယ်အလယ် ကြွလာပြီး လူသားက တကယ်ကို မပြီးမြောက်မအောင်မြင်နိုင်သည့် အမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရန် လိုအပ်ခဲ့သည်။ ဘုရားသခင် လူ့ဇာတိခံယူသည့်အကြိမ်တိုင်းတွင်၊ ယင်းသည် အကြွင်းမဲ့ လိုအပ်မှုကြောင့် ဖြစ်သည်။ အကယ်၍ မည်သည့် အဆင့်ကိုမဆို ဘုရားသခင်၏ ဝိညာဉ်တော်က တိုက်ရိုက်လုပ်ဆောင်နိုင်ခဲ့မည် ဆိုပါက၊ သူသည် လူ့ဇာတိခံယူရခြင်း၏ သိက္ခာကျခြင်း အဖြစ်သို့ ကျိုးနွံနာခံပြီးဖြစ်မည် မဟုတ်ပေ။

အမှု၏ ဤနောက်ဆုံးအဆင့်တွင် ရလဒ်များကို နှုတ်ကပတ်တော်၏ ဆောင်ကြဉ်းမှုဖြင့် စွမ်းဆောင်ရရှိပေသည်။ နှုတ်ကပတ်တော်မှတစ်ဆင့် လူသည် နက်နဲမှုများစွာနှင့် အတိတ်မျိုးဆက်များတစ်လျှောက် ဘုရားသခင်လုပ်ဆောင်ခဲ့သော အမှုတို့ကို နားလည်လာသည်။ နှုတ်ကပတ်တော်မှတစ်ဆင့် လူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းကို ခံရသည်။ နှုတ်ကပတ်တော်မှတစ်ဆင့်၊ လူသည် ယခင်မျိုးဆက်များက မည်သည့်အခါမျှ လုံးဝ မဖြေရှင်းဖူးသည့် နက်နဲမှုများအပြင်၊ အတိတ်အချိန်ကာလများမှ ပရောဖက်များနှင့် တမန်တော်များ၏ အလုပ်နှင့် ၎င်းတို့အလုပ်လုပ်ရာတွင် အသုံးပြုခဲ့သည့် အခြေခံသဘောတရားများကို နားလည်လာသည်။ နှုတ်ကပတ်တော်မှတစ်ဆင့်၊ လူသည် ဘုရားသခင်ကိုယ်တော်တိုင်၏ စိတ်သဘောထားအပြင် လူ၏ ပုန်ကန်မှုနှင့် ခုခံခြင်းတို့ကိုလည်း နားလည်လာပြီး၊ သူကိုယ်တိုင်၏ အနှစ်သာရကို သိနားလည်လာသည်။ အမှု၏ ဤအဆင့်များမှတစ်ဆင့်၊ ပြီးလျှင် ပြောကြားခဲ့သော နှုတ်ကပတ်တော်များအားလုံးမှတစ်ဆင့်၊ လူသည် ဝိညာဉ်တော်၏ အလုပ်၊ ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာ လုပ်ဆောင်သည့် အမှုနှင့် ထို့ထက်ပင်သာ၍ သူ၏ အလုံးစုံသော စိတ်သဘောထားကို သိလာသည်။ ဘုရားသခင်၏ အနှစ်ခြောက်ထောင်ကျော်ကြာ စီမံခန့်ခွဲခြင်း အမှုနှင့်ဆိုင်သည့် သင်၏ အသိပညာကိုလည်း နှုတ်ကပတ်တော်မှတစ်ဆင့် ရရှိပေသည်။ သင်၏ ယခင်က အယူအဆများနှင့် ယင်းတို့ကို ဘေးဖယ်ထားရာ၌ သင်၏ အောင်မြင်မှုနှင့်ဆိုင်သော အသိပညာသည်လည်း နှုတ်ကပတ်တော် မှတစ်ဆင့် ကြိုးပမ်းရရှိခဲ့သည်မဟုတ်လော။ ယခင်အဆင့်တွင်၊ ယေရှုသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြုခဲ့သော်လည်း၊ ဤအဆင့်တွင် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများ မရှိပေ။ ဘုရားသခင်သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို အဘယ်ကြောင့် ထုတ်ဖော်မပြသည်နှင့်ဆိုင်သည့် သင်၏နားလည်မှုသည်လည်း နှုတ်ကပတ်တော်မှတစ်ဆင့်

ရရှိသည်မဟုတ်လော။ ထို့ကြောင့် ဤအဆင့်တွင် ပြောဆိုထားသော နှုတ်ကပတ်တော်တို့သည် အတိတ်မျိုးဆက်များမှ တမန်တော်များနှင့် ပရောဖက်များ လုပ်ဆောင်ခဲ့ကြသော အလုပ်ကို ကျော်လွန်သည်။ ပရောဖက်များ ပြောကြားခဲ့ကြသော ပရောဖက်ပြုချက်များသည်ပင်လျှင် ဤရလဒ်ကို မရရှိနိုင်ဖူးပေ။ ပရောဖက်များသည် ပရောဖက်ပြုချက်များကိုသာ ပြောဆိုခဲ့ကြသည်၊ ၎င်းတို့သည် အနာဂတ်တွင် မည်သည့်အရာ ဖြစ်မည်ဆိုသည်ကို ပြောဆိုခဲ့ကြသော်လည်း၊ ထိုအချိန်က ဘုရားသခင် လုပ်ဆောင်ရန် ဆန္ဒရှိခဲ့သည့် အမှုကို မပြောဆိုခဲ့ကြပေ။ ၎င်းတို့သည် အသက်ကို အပ်နှင်းရန် မဆိုထားနှင့်၊ လူသားမျိုးနွယ်ကို ၎င်းတို့၏ အသက်တာများတွင် ဦးဆောင်လမ်းပြရန် သို့မဟုတ် လူသားမျိုးနွယ် အပေါ် သမ္မာတရားများ အပ်နှင်းရန် သို့မဟုတ် ၎င်းတို့ထံ နက်နဲမှုများကို ထုတ်ဖော်ပြရန် မပြောဆိုခဲ့ကြချေ။ ဤအဆင့်တွင် ပြောဆိုခဲ့သော စကားများထဲတွင်၊ ပရောဖက်ပြုချက်နှင့် သမ္မာတရားများ ရှိသော်လည်း၊ ဤစကားများသည် အဓိကအားဖြင့် လူသားအပေါ် အသက်ကို အပ်နှင်းရန် အသုံးတော်ခံကြလေသည်။ လက်ရှိ စကားများမှာ ပရောဖက်များ၏ ပရောဖက်ပြုချက်များနှင့် မတူပေ။ ဤသည်မှာ လူ၏ အသက်တာအတွက်၊ လူ၏ အသက် စိတ်သဘောထားကို ပြောင်းလဲရန်ဖြစ်သည့် အမှု၏ အဆင့်တစ်ခု ဖြစ်ပြီး၊ ပရောဖက်ပြုချက်များကို ပြောဆိုခြင်းအတွက် မဟုတ်ပေ။ ပထမအဆင့်မှာ ယေဟောဝါ၏ အမှုဖြစ်ခဲ့သည်- သူ၏ အမှုမှာ ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်ကို ကိုးကွယ်ရန် လူသားအတွက် လမ်းကြောင်းတစ်ခု ပြင်ဆင်ပေးရန် ဖြစ်ခဲ့သည်။ ယင်းမှာ ကမ္ဘာမြေပေါ် ရှိ အမှုအတွက် မူလနေရာတစ်ခုကို ရှာတွေ့ဖို့ အစပြုခြင်း အမှု ဖြစ်ခဲ့သည်။ ထိုအချိန်တွင် ယေဟောဝါက ဣသရေလ လူမျိုးတို့ကို ဥပုသ်နေ့အား စောင့်ထိန်းရန်၊ ၎င်းတို့၏ မိဘများကို ရိုသေရန်နှင့် အချင်းချင်း ငြိမ်းချမ်းစွာ အသက်ရှင်ရန် သွန်သင်ပေးခဲ့သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က လူတို့သည် လူကို မည်သည့်အရာဖြင့် ဖွဲ့စည်းထားသည်ကို နားမလည်ခဲ့သကဲ့သို့၊ ကမ္ဘာမြေကြီးပေါ်တွင် မည်သို့ အသက်ရှင်ရမည် နားမလည်ခဲ့သောကြောင့် ဖြစ်သည်။ သူ့အတွက် အမှု၏ ပထမအဆင့်အတွင် လူသားမျိုးနွယ်အား ၎င်းတို့၏ အသက်တာများကို အသက်ရှင်နေထိုင်ရာတွင် လမ်းပြရန် လိုအပ်ခဲ့ပေသည်။ ယေဟောဝါက ၎င်းတို့ကို ပြောကြားသည့်အရာအားလုံးအား လူသားမျိုးနွယ်က ယခင်က မသိရှိခဲ့ကြသေးပေ သို့မဟုတ် ၎င်းတို့၏ ပိုင်ဆိုင်မှုတွင် မရှိခဲ့သေးပေ။ ထိုအချိန်က ဘုရားသခင်သည် ပရောဖက်များစွာကို ပရောဖက်ပြုချက်များ ပြောဆိုရန် ပျိုးထောင်ပေးခဲ့ပြီး၊ ၎င်းတို့အားလုံးသည် ယေဟောဝါ၏ လမ်းပြမှုအောက်တွင် ထိုသို့ လုပ်ဆောင်ခဲ့ကြသည်။ ဤသည်မှာ ဘုရားသခင်၏ အမှုထဲက အချက်တစ်ချက်သာ

ဖြစ်သည်။ ပထမဆင့်တွင်၊ ဘုရားသခင်သည် လူ့ဇာတိမခံယူခဲ့သောကြောင့်၊ သူသည် လူမျိုးနွယ်စုနှင့် တိုင်းနိုင်ငံအားလုံးကို ပရောဖက်များမှ တစ်ဆင့် ညွှန်ကြားခဲ့သည်။ ယေရှုသည် သူ၏ အချိန်ကာလတွင် အမှုပြုခဲ့ချိန်တွင်၊ သူသည် မျက်မှောက်ခေတ်လောက် စကားမပြောခဲ့ချေ။ နောက်ဆုံးသော ကာလတွင် နှုတ်ကပတ်တော်၏ အမှုနှင့်ဆိုင်သော ဤအဆင့်ကို အတိတ် ခေတ်များနှင့် မျိုးဆက်များတွင် မည်သည့်အခါမျှ မလုပ်ဆောင်ဖူးသေးပေ။ ဟေရှာယ၊ ဒံယေလနှင့် ယောဟန်တို့သည် ပရောဖက်ပြုချက်များစွာ ပြောဆိုခဲ့သော်လည်း၊ ၎င်းတို့၏ ပရောဖက်ပြုချက်များသည် ယခု ပြောဆိုသော နှုတ်ကပတ်တော်များနှင့် လုံးဝ ခြားနားသည်။ ၎င်းတို့ ပြောဆိုခဲ့သည့်အရာများမှာ ပရောဖက်ပြုချက်များသာ ဖြစ်သော်လည်း၊ ယခု ပြောဆိုသော နှုတ်ကပတ်တော်များမှာ ထိုသို့မဟုတ်ပေ။ ငါသည် ယခု ငါ ပြောဆိုသည့်အရာအားလုံးကို ပရောဖက်ပြုချက်များအဖြစ် ပြောင်းလဲခဲ့မည်ဆိုပါက၊ သင်တို့ နားလည်နိုင်မည်လော။ အကယ်၍ ငါပြောဆိုသော အရာသည် ငါမရှိတော့သည့်နောက် ကိစ္စရပ်များ ဖြစ်သည်ဆိုပါက၊ သင် မည်သို့ သိနားလည်မှု ရရှိနိုင်မည်နည်း။ နှုတ်ကပတ်တော်၏ အမှုသည် ယေရှု၏ အချိန် သို့မဟုတ် ပညတ်တော်ခေတ်တွင် မည်သည့်အခါမျှ မလုပ်ဆောင်ခဲ့ပေ။ အချို့က "ယေဟောဝါသည်လည်း သူ၏ အမှုနှင့်ဆိုင်သည့် အချိန်ကာလတွင် နှုတ်ကပတ်တော်များ ပြောဆိုခဲ့သည် မဟုတ်လော။ ယေရှုသည် အနာရောဂါ ပျောက်ကင်းစေခြင်း၊ နတ်ဆိုးများကို နှင်ထုတ်ခြင်းနှင့် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ပြုခြင်းအပြင် သူအမှုပြုနေခဲ့သည့် ထိုအချိန်တွင် နှုတ်ကပတ်တော်များကိုလည်း ပြောဆိုခဲ့သည် မဟုတ်လော။" ဟု ပြောကောင်းပြောပေမည်။ နှုတ်ကပတ်တော်များကို မည်သို့ ပြောဆိုသည်ဆိုရာတွင် ခြားနားချက်များ ရှိသည်။ ယေဟောဝါ မိန့်မြွက်ခဲ့သည့် နှုတ်ကပတ်တော်များ၏ အနှစ်သာရမှာ အဘယ်နည်း။ သူသည် လူသားမျိုးနွယ်ကို ကမ္ဘာမြေပေါ်၌ ၎င်းတို့၏ အသက်တာများအား နေထိုင်ရာတွင်သာ လမ်းပြနေခဲ့သည်၊ ယင်းသည် အသက်တာထဲက ဝိညာဉ်ရေးရာ ကိစ္စရပ်များ မပါဝင်ခဲ့ပေ။ ယေဟောဝါ စကားပြောဆိုသည့်အခါ၊ ယင်းသည် နေရာတကာရှိ လူတို့ကို ညွှန်ကြားရန် ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုထားသနည်း။ "ညွှန်ကြားသည်" ဆိုသည့်စကားမှာ တိကျပြတ်သားစွာနှင့် တိုက်ရိုက် အမိန့်ပေးသည်ကို ဆိုလိုပါသည်။ သူသည် လူကို အသက် မထောက်ပံ့ခဲ့ပေ။ ယင်းထက် သူသည် လူကို လက်ဖြင့် ဆောင်ယူခဲ့ပြီး သူ့ကို မည်သို့ ရိုသေလေးမြတ်ရမည်ကိုသာ ပုံဆောင်ဝတ္ထုနည်းလမ်းသိပ်မပါဘဲ သွန်သင်ခဲ့သည်။ ဣသရေလတွင် ယေဟောဝါပြုခဲ့သည့် အမှုသည် လူသားကို ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် ပဲ့ပြင်ဆုံးမရန် သို့မဟုတ် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို ပေးရန် မဟုတ်ခဲ့ပေ၊

ယင်းမှာ လူသားကို လမ်းပြရန် ဖြစ်သည်။ ယေဟောဝါက တောထဲတွင် မန္နမုန့်ကို စုဆောင်းရန် သူ၏ လူတို့ကို ပြောဖို့ မောရှေကို အမိန့်ပေးခဲ့သည်။ နေမထွက်မီ နံနက်တိုင်းတွင်၊ ၎င်းတို့သည် ထိုနေ့ ၎င်းတို့အတွက် စားလောက်ရုံမျှသာ မန္နမုန့်များကို စုကြရသည်။ မန္နမုန့်များသည် မှိုတက်ကုန်မည် ဖြစ်သည်နှင့်အမျှ နောက်နေ့ထိ သိမ်းဆည်းထား၍ မရနိုင်ပေ။ သူသည် လူတို့ကို ဩဝါဒမပေးခဲ့ပေ သို့မဟုတ် ၎င်းတို့၏ သဘာဝများကို မဖော်ထုတ်ခဲ့သကဲ့သို့ ၎င်းတို့၏ စိတ်ကူးများနှင့် အတွေးများကိုလည်း မဖော်ထုတ်ခဲ့ပေ။ သူသည် လူတို့ကို မပြောင်းလဲခဲ့ဘဲ ၎င်းတို့၏ အသက်တာများကို နေထိုင်အသက်ရှင်ရာတွင် ၎င်းလမ်းပြခဲ့သည်။ ထိုအချိန်က လူတို့သည် ကလေးသူငယ်များအလား မည်သည့်အရာကိုမျှ နားလည်ခြင်း မရှိသကဲ့သို့၊ အခြေခံ သဘာဝလှုပ်ရှားမှုနှင့် ကျိုးကြောင်းဆက်စပ်သော အခြေခံ လှုပ်ရှားမှုအချို့ကိုသာ လုပ်နိုင်စွမ်းရှိခဲ့ကြသည်၊ ထို့ကြောင့် ယေဟောဝါသည် လူထုတို့ကို လမ်းပြရန် ပညတ်တရားများကိုသာ ထုတ်ပြန်ကြေငြာခဲ့သည်။

မှန်ကန်သော စိတ်နှလုံးဖြင့် ရှာဖွေသူအားလုံးသည် ယနေ့တွင် လုပ်ဆောင်သည့် အမှုနှင့်ဆိုင်သည့် အသိပညာကို ရရှိစေနိုင်ရန်နှင့် လုံးလုံးလျားလျား လက်ခံယုံကြည်နိုင်ရန်အလို့ငှာ၊ ဧဝံဂေလိတရားကို ဖြန့်ဝေဖို့ သင်သည် ခေတ်အသီးသီးတွင် လုပ်ဆောင်သည့် အမှု၏ အတွင်းပိုင်း ဇာတ်လမ်း၊ အနှစ်သာရနှင့် အရေးပါမှုတို့ကို ရှင်းလင်းသည့် သိနားလည်မှုတစ်ခုသို့ ရောက်ရှိရမည်။ သင်၏ မိတ်သဟာယကို ကြားနာခြင်းအားဖြင့် အခြားသူတို့သည် ယေဟောဝါ၏ အမှု၊ ယေရှု၏ အမှုနှင့် ထို့ထက်ပို၍ ယနေ့ ဘုရားသခင်၏ အမှုအားလုံးအပြင်၊ အမှု၏ အဆင့် သုံးဆင့်ကြားက ဆက်နွှယ်မှုများနှင့် ကွာခြားချက်များကို နားလည်လာနိုင်ရန်အလို့ငှာ ယင်းကို ပြုလော့။ ၎င်းတို့ နားထောင်ပြီးသည့်အခါတွင်၊ အဆင့်သုံးဆင့်သည် အချင်းချင်း မနှောင့်ယှက်ကြဘဲ၊ အားလုံးသည် ဝိညာဉ်တော်တစ်ပါးတည်း၏ အလုပ်ဖြစ်သည်ကို အခြားသူတို့ မြင်ကြဖို့အလို့ငှာ ယင်းကို ပြုလော့။ ၎င်းတို့သည် မတူကွဲပြားသည့် ခေတ်များတွင် အမှုပြုခဲ့ကြသော်လည်း၊ ၎င်းတို့ ဆောင်ရွက်သည့် အမှု၏ ပါဝင်သည့်အကြောင်းအရာ ကွဲပြားပြီး ၎င်းတို့ ပြောဆိုသည့် စကားများက မတူကွဲပြားကြသော်လည်း၊ ၎င်းတို့ အမှုပြုသည့် အခြေခံသဘောတရားများက တစ်ခုတည်းပင် ဖြစ်သည်။ ဤအရာတို့သည် ဘုရားသခင်နောက်လိုက်သော လူအားလုံး နားလည်သင့်သည့် အကြီးမားဆုံးသော ရူပါရုံများ ဖြစ်သည်။

# လူ့ဇာတိခံယူခြင်းနှစ်ကြိမ်သည် လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်ကို

# ပြည့်စုံစေသည်

ဘုရားသခင်လုပ်ဆောင်ခဲ့သည့် အမှုအဆင့်အသီးသီးတို့၌ ၎င်းတို့၏ကိုယ်ပိုင်လက်တွေ့ကျသော ရည်ရွယ်ချက်ရှိသည်။ ထိုစဉ်အချိန်က ယေရှုကြွလာခဲ့သောအခါ၊ သူသည် အမျိုးသားတစ်ဦး ဖြစ်ခဲ့သည်၊ ယခုတစ်ကြိမ် ဘုရားသခင်ကြွလာသောအခါမူ သူသည် အမျိုးသမီးတစ်ဦးဖြစ်သည်။ ဤအရာမှ ဘုရားသခင်သည် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးလုံးကို သူ၏အမှုအတွက် ဖန်ဆင်းခဲ့သည်ဆိုခြင်းကို သင်မြင်နိုင်သည်၊ ထို့ပြင် သူ့ထံတွင် ကျားမခွဲခြားခြင်း မရှိပေ။ သူ၏ဝိညာဉ်တော် ကြွလာသည့်အခါတွင် သူ့အနေဖြင့် သူနှစ်သက်သည့် မည်သည့်ဇာတိခန္ဓာကိုမဆို ခံယူနိုင်ပြီး သူ့ကို ကိုယ်စားပြုနိုင်သည့် ဇာတိခန္ဓာကို ခံယူနိုင်ပေသည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဘုရားသခင်ခံယူသော ဇာတိခန္ဓာဖြစ်နေသရွေ့ ယင်းသည် ဘုရားသခင်ကို ကိုယ်စားပြုနိုင်သည်။ အကယ်၍ ယေရှုကြွလာခဲ့သည့် အချိန်တွင် သူ့အနေဖြင့် အမျိုးသမီးအသွင်နှင့် ပေါ်လာခဲ့ပါလျှင်၊ တစ်နည်းအားဖြင့် အကယ်၍ သားယောကျ်ားမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေတည်သော သမီးမိန်းကလေးဖြစ်ခဲ့လျှင် အမှု၏ထိုအဆင့်သည် ထပ်တူညီစွာ ပြီးပြည့်စုံခဲ့မည်ပင် ဖြစ်သည်။ အကယ်၍ ထိုကဲ့သို့သာ ဖြစ်ခဲ့မည်ဆိုပါက၊ အမှု၏ ယခုလက်ရှိအဆင့်ကို အမျိုးသားက ပြီးမြောက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး၊ အမှုသည်လည်း ထပ်တူညီစွာပင် ပြီးမြောက်လာမည်ဖြစ်သည်။ အဆင့်အသီးသီးတွင် လုပ်ဆောင်ခဲ့သော အမှုသည် ညီတူညီမျှပင် အရေးပါသည်။ မည်သည့်အဆင့်၏ အမှုကမျှ ထပ်ကျော့မပြန်သကဲ့သို့ အခြားအဆင့်တစ်ခုနှင့်လည်း ကွဲပြားဆန့်ကျင်ခြင်း မရှိချေ။ ထိုအချိန်က ယေရှုသည် သူ၏အမှုကို လုပ်ဆောင်ရာ၌ တစ်ပါးတည်းသောသားတော်ဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းကို ခံခဲ့ရသည်၊ ထို့ပြင် "သား" ဆိုသည့်အရာမှာ အမျိုးသားကို ညွှန်းဆိုနေခြင်းပင် ဖြစ်သည်။ သို့ဖြစ်လျှင် ဤအဆင့်တွင် အဘယ်ကြောင့် တစ်ပါးတည်းသောသားတော်သည် ဖော်ပြခြင်းမခံရသနည်း။ အဘယ်ကြောင့်ဆိုသော် အမှု၏လိုအပ်မှုများသည် ယခုအခါတွင် ယေရှုကဲ့သို့ မဟုတ်ဘဲ ကျားမပြောင်းလဲရန် လိုအပ်လာသောကြောင့်ဖြစ်သည်။ ဘုရားသခင်အတွက်မူ ကျားမကွဲပြားခြင်း မရှိပေ။ သူသည် သူ၏စိတ်ဆန္ဒရှိသည့်အတိုင်း သူ၏အမှုကို လုပ်ဆောင်သည်၊ ထို့ပြင် သူ၏အမှုကို လုပ်ဆောင်ရာတွင် သူသည် မည်သည့်ချုပ်နှောင်ကန့်သတ်မှုကိုမျှ မခံရဘဲ အထူးသဖြင့် လွတ်လပ်ပေသည်။ မည်သို့ပင်ဖြစ်စေကာမူ အမှု၏အဆင့်တိုင်းတွင် ၎င်းတို့၏ကိုယ်ပိုင်လက်တွေ့ကျသော ရည်ရွယ်ချက်ရှိသည်။ ဘုရားသခင်သည် နှစ်ကြိမ်နှစ်ခါ

လူ့ဇာတိခံယူခဲ့သည်၊ ထို့ကြောင့် နောက်ဆုံးသောကာလတွင် သူ၏လူ့ဇာတိခံယူခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်သည်မှာ ပြောစရာပင် မလိုပေ။ သူသည် သူ၏ဆောင်ရွက်ချက်များကို ထုတ်ဖော်ရန် ကြွလာခဲ့သည်။ အကယ်၍ ဤအဆင့်တွင် သူသည် လူသားတို့ မျက်မြင်တွေ့ရန်အလို့ငှာ အမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရန်အတွက် လူ့ဇာတိကို မခံယူခဲ့လျှင် လူသားတို့သည် သူတို့၏ အယူအဆများအတိုင်း ဘုရားသခင်သည် လူယောက်ျားသာဖြစ်သည်၊ လူမိန်းမ မဟုတ်ဟူသော အယူအဆကို ထာဝစဉ် လက်ကိုင်ထားမည်သာ ဖြစ်သည်။ ဤအရာများမတိုင်မီတွင် လူသားမျိုးနွယ်အားလုံးသည် ဘုရားသခင်မှာ အမျိုးသားသာလျှင် ဖြစ်နိုင်သည်၊ အမျိုးသမီးကို ဘုရားသခင်ဟု ခေါ်ဆို၍ မရနိုင်ဟူ၍ ယုံကြည်ထားကြသည်၊ အကြောင်းမှာ လူသားမျိုးနွယ်အားလုံးသည် ယောက်ျားများမှာ မိန်းမများအပေါ်တွင် အုပ်စိုးရသော အာဏာရှိသည်ဟု မှတ်ယူကြ၍ပင် ဖြစ်သည်။ ယောက်ျားများမှလွဲ၍ မည်သည့်အမျိုးသမီးမျှ အုပ်စိုးခြင်း အခွင့်အာဏာကို မခံယူထိုက်ဟူ၍ သူတို့ထင်မြင်ယူဆထားကြသည်။ ထိုမျှသာမက ယောက်ျားသည် မိန်းမတို့၏ ဦးခေါင်းဖြစ်ပြီး မိန်းမများသည် ယောက်ျားများကို နာခံရမည်ဖြစ်ကာ သူတို့ထက် သာလွန်နေ၍မရဟူ၍ပင် သူတို့ပြောကြသည်။ အတိတ်ကာလများက ယောက်ျားသည် မိန်းမ၏ဦးခေါင်းဖြစ်ရမည်ဟု ပြောခဲ့သောအချိန်တွင် ထိုစကားသည် မြွေ၏လှည့်ဖြားခြင်းကို ခံခဲ့ရသည့် အာဒံနှင့် ဧဝကို ရည်ညွှန်းပြောခဲ့ခြင်းဖြစ်ပြီး ကမ္ဘာဦးအစက ယေဟောဝါဖန်ဆင်းခဲ့သည့် လူယောက်ျားနှင့် လူမိန်းမကို ပြောခြင်းမဟုတ်ပေ။ မှန်ပေသည်၊ အမျိုးသားများသည် သူ၏မိသားစုကို ကျွေးမွေးထောက်ပံ့ရသကဲ့သို့ပင် အမျိုးသမီးများသည်လည်း သူတို့၏ အမျိုးသားများကို နာခံ၍ ချစ်ခင်ကြင်နာရမည် ဖြစ်သည်။ ဤအရာတို့မှာ လူသားမျိုးနွယ်က ကမ္ဘာကြီးပေါ် ရှိ သူတို့၏အသက်တာများတွင် လိုက်နာရမည့် ယေဟောဝါချမှတ်ထားသော စီရင်ထုံးဖွဲ့ချက်များနှင့် ဥပဒေသများပင်ဖြစ်သည်။ ယေဟောဝါသည် လူမိန်းမကို "ကိုယ့်ခင်ပွန်း၏ အလိုသို့လိုက်၍ သူ၏အုပ်စိုးခြင်းကိုလည်း ခံရမည်" ဟုပြောခဲ့သည်။ ထိုကဲ့သို့ သူပြောဆိုခဲ့သည်မှာ လူသားမျိုးနွယ်သည် (လူယောက်ျားနှင့် လူမိန်းမနှစ်ဦးလုံးကို ဆိုလိုသည်) ယေဟောဝါ၏ အုပ်စိုးမှုအောက်တွင် သာမန်အသက်တာဖြင့် အသက်ရှင်နိုင်ရန်ဖြစ်ပြီး ထိုသို့အားဖြင့် လူသားမျိုးနွယ်၏ အသက်တာများသည် ဖွဲ့စည်းတည်ဆောက်မှု ရှိနေရန်နှင့် သူတို့၏ သင့်လျော်ကောင်းမွန်သည့် စနစ်ကျနမှုမှ မကျဆင်းသွားရန်ဖြစ်သည်။ ထို့ကြောင့် ယေဟောဝါသည် ယောက်ျားနှင့် မိန်းမတို့ မည်သို့လုပ်ဆောင်ရမည်ဆိုသည်နှင့်ပတ်သက်၍ သင့်လျော်သည့် စည်းမျဉ်းဥပဒေများကို ချမှတ်ပေးခဲ့သည်၊ သို့သော်လည်း ဤအရာသည်

လောကကမ္ဘာပေါ်တွင် အသက်ရှင်နေထိုင်ကြသည့် ဖန်ဆင်းခံသတ္တဝါများအတွက်သာဖြစ်ပြီး ဘုရားသခင်ခံယူသော ဇာတိခန္ဓာနှင့် သက်ဆိုင်ခြင်း လုံးဝမရှိချေ။ ဘုရားသခင်သည် သူဖန်ဆင်းထားသော အရာများနှင့် အဘယ်ကဲ့သို့ တူညီနေနိုင်မည်နည်း။ သူ၏နှုတ်ကပတ်တော်များသည် သူဖန်ဆင်းခဲ့သည့် လူသတ္တဝါများကိုသာ ရည်ညွှန်းထားခြင်းဖြစ်သည်၊ လူသားမျိုးနွယ်တို့အနေဖြင့် ပုံမှန်အသက်တာများကို ရှင်သန်နေထိုင်နိုင်ရန်အလို့ငှာ ယောက်ျားမိန်းမတို့အတွက် စည်းမျဉ်းများကို ဘုရားသခင်ထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ အစအဦး၌ ယေဟောဝါသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သောအခါ၊ သူသည် လူနှစ်မျိုးကို ဖန်ဆင်းခဲ့သည်၊ ထိုနှစ်မျိုးမှာ အမျိုးသားနှင့် အမျိုးသမီးပင်ဖြစ်သည်၊ ထို့ကြောင့် သူခံယူသည့် ဇာတိခန္ဓာများလည်း အမျိုးသားနှင့် အမျိုးသမီးဟူ၍ ကွဲပြားသည်။ သူ့အနေဖြင့် သူ၏အမှုကို အာဒံနှင့် ဧဝတို့ကိုပြောခဲ့သည့် သူ၏နှုတ်ကပတ်တော်များအပေါ်တွင်မူတည်၍ ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ပေ။ နှစ်ကြိမ်နှစ်ခါ လူ့ဇာတိကိုခံယူခြင်းသည် လူသားမျိုးနွယ်ကို ရှေးဦးစွာ သူဖန်ဆင်းခဲ့စဉ်အချိန်က သူ၏အတွေးနှင့်အညီပင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော်၊ ဘုရားသခင်သည် သူ၏နှစ်ကြိမ်လူ့ဇာတိခံယူသည့်အမှုကို အမျိုးသားနှင့် အမျိုးသမီးတို့အပေါ် အခြေခံ၍ ထိုသူတို့ ဖောက်ပြန်ဖျက်ဆီးခြင်း မခံရမီ ပြီးပြည့်စုံအောင် လုပ်ခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ လူသားမျိုးနွယ်အနေဖြင့် မြွေ၏လှည့်ဖြားခြင်းကို ခံခဲ့ရပြီးသော အာဒံနှင့် ဧဝတို့ကို ယေဟောဝါပြောခဲ့သည့် နှုတ်ကပတ်တော်များကိုယူ၍ ယင်းတို့ကို ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း အမှုအပေါ်၌ အသုံးချမည်ဆိုလျှင် ယေရှုသည်လည်း သူလုပ်ထိုက်သည့်အတိုင်း သူ၏ဇနီးမယားကို ချစ်ခဲ့ရလိမ့်မည် မဟုတ်လော။ ဤနည်းအားဖြင့်ဆိုလျှင် ဘုရားသခင်သည် ဘုရားသခင် ဖြစ်ပါဦးမည်လော။ ထိုကဲ့သို့ဖြစ်သည်ဆိုလျှင်လည်း သူ့အနေဖြင့် သူ၏အမှုကို ပြီးမြောက်အောင် လုပ်ဆောင်၍ ရနိုင်ပါဦးမည်လော။ အကယ်၍သာ ဘုရားသခင်ခံယူသော ဇာတိခန္ဓာသည် အမျိုးသမီးဖြစ်နေသည်မှာ မှားယွင်းသည်ဆိုလျှင် ဘုရားသခင်က လူမိန်းမကို ဖန်ဆင်းခဲ့ခြင်းမှာ အကြီးမားဆုံးသော မဟာအမှားကြီး ဖြစ်နေခဲ့လိမ့်မည် မဟုတ်လော။ လူသားတို့အနေဖြင့် ဘုရားသခင်သည် လူမိန်းမအသွင်ဖြင့် လူ့ဇာတိကိုခံယူခြင်းမှာ မှားယွင်းသည်ဟု ယုံကြည်နေဆဲဖြစ်လျှင် ထိမ်းမြားစုံဖက်ခြင်းကို မပြုခဲ့ဘဲ သူ၏ဇနီးမယားကို ချစ်၍မရနိုင်ခဲ့သော ယေရှုသည်လည်း ယခုလက်ရှိ လူ့ဇာတိခံယူခြင်းကဲ့သို့ပင် မှားယွင်းနေမည် မဟုတ်လော။ သင့်အနေဖြင့် ဧဝအား ယေဟောဝါပြောခဲ့သည့် နှုတ်ကပတ်တော်ကိုယူ၍ လက်ရှိအချိန်တွင်ရှိသည့် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း အမှန်တရားကို

တိုင်းထွာသည့်အတွက် ကျေးဇူးတော်ကာလတွင် လူ့ဇာတိခံယူခဲ့သည့် သခင်ယေရှုကို အာဒံအား ယေဟောဝါပြောခဲ့သည့် နှုတ်ကပတ်တော်ကိုယူ၍ သင်သည် ဝေဖန်မည်ပင်ဖြစ်သည်။ ယင်းတို့မှာ တစ်ခုတည်းဖြစ်ပြီး တူညီကြသည် မဟုတ်လော။ သင့်အနေဖြင့် သခင်ယေရှုအား မြွေ၏လှည့်ဖြားမှုကို မခံရသည့် လူယောကျ်ားကို အကြောင်းပြု၍ တိုင်းတာသည်ဆိုလျှင် သင့်အနေဖြင့် ယနေ့ကာလ လူ့ဇာတိကိုခံယူခြင်း၏ အမှန်တရားကိုမြွေ၏လှည့်ဖြားမှုကို ခံခဲ့ရသည့် လူမိန်းမကို အကြောင်းပြု၍ တိုင်းတာဆုံးဖြတ်ရမည်မဟုတ်။ ထိုသို့လုပ်ဆောင်လျှင် ထိုအရာသည် တရားလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်ကို ထိုနည်းလမ်းဖြင့် တိုင်းတာခြင်းက သင်၌ ဆင်ခြင်တုံတရား ကင်းမဲ့ကြောင်း သက်သေပြသည်။ ယေဟောဝါသည် နှစ်ကြိမ်တိုင်တိုင် လူ့ဇာတိကို ခံယူစဉ်တွင် သူ့ဇာတိခန္ဓာ၏ မိန်းမဖြစ်ခြင်း၊ ယောကျ်ားဖြစ်ခြင်းတို့သည် မြွေ၏လှည့်ဖြားခြင်းကို မခံရသည့် ယောကျ်ား၊ မိန်းမတို့နှင့်သာ သက်ဆိုင်သည်။ မြွေ၏လှည့်ဖြားခြင်းကို မခံရသည့် လူယောကျ်ားနှင့် မိန်းမတို့နှင့်အညီ နှစ်ကြိမ်တိုင် သူလူ့ဇာတိခံယူခဲ့ခြင်းဖြစ်သည်။ ယေရှု၏ လူယောကျ်ားဖြစ်ခြင်းသည် မြွေ၏လှည့်ဖြားခြင်းကို ခံခဲ့ရသည့် အာဒံနှင့် တူညီနေသည်ဟု မထင်နှင့်။ လူယောကျ်ားဖြစ်ခြင်းနှစ်ခုတို့သည် လုံးဝပတ်သက်ခြင်း မရှိသကဲ့သို့ ထိုသူနှစ်ဦးသည် လုံးဝခြားနားသည့် သဘာဝဗီဇနှစ်ခုရှိသည့် အမျိုးသားများဖြစ်ကြသည်။ ယေရှု၏ လူယောကျ်ားဖြစ်ခြင်းမှာ သူသည် အမျိုးသမီးများအားလုံး၏ ဦးခေါင်းဖြစ်သော်လည်း အမျိုးသားများအားလုံး၏ ဦးခေါင်းမဟုတ်သည်ကို သက်သေပြခြင်းမျိုး မဟုတ်သည်မှာ သေချာသည် မဟုတ်လော။ သူသည် ယုဒလူမျိုးအားလုံးတို့၏ (အမျိုးသား၊ အမျိုးသမီး အားလုံးအပါအဝင်) ရှင်ဘုရင်မဟုတ်လော။ သူသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်တော်မူသည်၊ သူသည် မိန်းမအပေါင်းတို့၏ ဦးခေါင်းသာလျှင်မဟုတ်ဘဲ ယောကျ်ားသားများ အားလုံးတို့၏ ဦးခေါင်းလည်းဖြစ်သည်။ သူသည် ဖန်ဆင်းခံသတ္တဝါများအားလုံးတို့၏ အရှင်သခင် ဖြစ်သကဲ့သို့ ထိုအရာများအားလုံးတို့၏ ဦးခေါင်းလည်းဖြစ်သည်။ ယေရှု၏ ယောကျ်ားဖြစ်မှုသည် မိန်းမအားလုံးတို့၏ ဦးခေါင်းဖြစ်ခြင်း၏ အမှတ်အသားဖြစ်ကြောင်း သင်အဘယ်ကဲ့သို့ သတ်မှတ်နိုင်သနည်း။ ထိုအရာသည် ဘုရားသခင်ကို ပြစ်မှားခြင်းပင် ဖြစ်မည်မဟုတ်လော။ ယေရှုသည် ဖောက်ပြန်ဖျက်ဆီးခြင်း မခံရသည့် လူယောကျ်ားတစ်ဦးပင် ဖြစ်သည်။ သူသည် ဘုရားသခင်ဖြစ်သည်၊ သူသည် ခရစ်တော်ဖြစ်ကာ၊ သူသည် အရှင်သခင်ဖြစ်သည်။ ထိုသူသည် မည်ကဲ့သို့သောနည်းဖြင့် ဖောက်ပြန်ဖျက်ဆီးခြင်း ခံရသည့် အာဒံနှင့် တူနိုင်ပါမည်နည်း။ ယေရှုသည် ဘုရားသခင်၏ အသန့်ရှင်းဆုံးသော ဝိညာဉ်တော်မှ

ဝတ်ဆင်ထားသည့် ဇာတိခန္ဓာပင်ဖြစ်သည်။ သူသည် အာဒံ၏ လူယောက်ျားဖြစ်မှုကို ပိုင်ဆိုင်ထားသည့် ဘုရားသခင်ဖြစ်သည်ဟု သင့်အနေဖြင့် အဘယ်ကဲ့သို့ ပြောနိုင်သနည်း။ ထိုသို့ဆိုပါက၊ ဘုရားသခင်၏ လုပ်ဆောင်မှု အားလုံးသည် မှားယွင်းနေလိမ့်မည် မဟုတ်လော။ ယေဟောဝါသည် မြွေ၏လှည့်ဖြားခြင်းကို ခံခဲ့ရသည့် အာဒံ၏ယောက်ျားဖြစ်မှုနှင့် ဖွဲ့စည်းထားသော ယေရှု၏အထဲသို့ ပေါင်းစပ်နိုင်ခဲ့ပါမည်လော။ လက်ရှိကာလ၏ လူ့ဇာတိခံယူခြင်းသည် ယေရှုနှင့် လိင်အမျိုးအစားကွဲပြားသော်လည်း သဘောသဘာဝအရ ယေရှုနှင့်တူညီသည့် လူ့ဇာတိခံယူသော ဘုရားသခင်အမှု၏ အခြားသော သာဓကတစ်ခုပင် မဟုတ်လော။ မိန်းမသည် မြွေ၏လှည့်ဖြားခြင်းကို ပထမဦးဆုံး ခံခဲ့ရသည့်သူဖြစ်သောကြောင့် လူ့ဇာတိခံယူသော ဘုရားသခင်သည် အမျိုးသမီး မဖြစ်နိုင်ပါဟု သင့်အနေဖြင့် ပြောရဲသေးသလော။ မိန်းမသည် မသန့်ရှင်းဆုံးသောအရာနှင့် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးခြင်း အရင်းအမြစ်ဖြစ်သည့်အတွက် ဘုရားသခင်သည် အမျိုးသမီးအဖြစ် လူ့ဇာတိခံယူရန် လုံးဝမဖြစ်နိုင်ဟု သင်ပြောရဲသေးသလော။ “မိန်းမတို့သည် ယောက်ျားများကို အမြဲတမ်းနာခံရမည်ဖြစ်ပြီး သူတို့သည် ဘုရားသခင်ကို တိုက်ရိုက်ကိုယ်စားပြုခြင်း၊ သို့မဟုတ် ထင်ရှားဖော်ပြခြင်းမျိုး မည်သည့်အခါမျှ မလုပ်ရ” ဟု သင်သည် ဆက်လက်၍ ပြောဝံ့သေးသလော။ ယခင်က သင်သည် နားမလည်ဘဲ ရှိနေခဲ့သည်၊ ယခုတွင်မူ သင်သည် ဘုရားသခင်၏ လုပ်ဆောင်မှုများကို ပြစ်မှားနိုင်မည်လော၊ အထူးသဖြင့် ဘုရားသခင် ခံယူသော ဇာတိခန္ဓာကို ပြစ်မှားနိုင်မည်လော။ အကယ်၍ သင်သည် ဤအချက်ကို မရှင်းလင်းပါက၊ သင်၏လျှာကို ထိန်းချုပ်လျှင် သာ၍ကောင်းပေမည်၊ သို့မဟုတ်ပါက သင်၏မိုက်မဲမှုနှင့် မသိနားမလည်မှုသည် ထုတ်ဖော်ခြင်းခံရကာ သင်၏ ရုပ်ဆိုးအကျည်းတန်မှုသည်လည်း ဖော်ထုတ်ခြင်းခံရလိမ့်မည်ဟု စိုးရိမ်စရာရှိ၏။ သင်သည် အရာအားလုံးကို နားလည်နေသည်ဟု သင့်ကိုယ်သင် ထင်မှတ်မထားနှင့်။ သင်မြင်တွေ့ခဲ့ရသည့် အရာအားလုံးနှင့် သင်တွေ့ကြုံခဲ့ရသည့် အရာများအားလုံးတို့သည် သင့်အနေဖြင့် ငါ့စီမံခန့်ခွဲမှု အစီအစဉ်၏ တစ်ထောင်ပုံ တစ်ပုံကိုမျှ နားလည်နိုင်ရန်အလို့ငှာ လုံလောက်မှုမရှိဟု ငါပြောသည်။ ထို့ကြောင့် သင်သည် အဘယ်ကြောင့် မာန်တက်စွာ လုပ်ဆောင်နေသနည်း။ သင်၏ အနည်းငယ်မျှသော အရည်အချင်းနှင့် သေးနုပ်သော အသိပညာတို့သည် ယေရှုက သူ၏အမှုတွင် အသုံးပြုရန်အတွက်မူ တစ်စက္ကန့်စာခန့်မျှပင် လုံလောက်မှုရှိမည် မဟုတ်ပေ။ သင်၌ အမှန်တကယ်တွင် အတွေ့အကြုံ မည်မျှရှိသနည်း။ သင့်ဘဝတစ်လျှောက်လုံးတွင် သင်မြင်တွေ့ခဲ့ရသည့် အရာများ၊ သင်ကြားခဲ့ရသည့် အရာများအားလုံးနှင့် သင်စဉ်းစားတွေးခေါ် ခဲ့သည့် အရာများသည် တစ်ခဏအတွင်း ငါလုပ်ဆောင်သည့်

အရာများထက် နည်းနေသေးသည်။ သင့်အနေဖြင့် ဝေဖန်ခြင်းနှင့် အပြစ်ရှာခြင်းမပြုလျှင် အကောင်းဆုံးဖြစ်မည်။ သင့်အနေဖြင့် သင့်စိတ်ကြိုက် မာနထောင်လွှားနိုင်သည်၊ သို့သော် သင်သည် ပုရွက်ဆိတ်ထက် သေးငယ်သည့် ဖန်ဆင်းခံသတ္တဝါပင် ဖြစ်သည်။ သင်၏ဝမ်းဗိုက်ထဲတွင် ရှိသမျှသော အရာများအားလုံးသည် ပုရွက်ဆိတ်တစ်ကောင်၏ ဗိုက်ထဲတွင်ရှိသည့် အရာထက်ပင် နည်းနေသေးသည်။ သင်၌ အတွေ့အကြုံနှင့် ဝါရင့်ခြင်းတို့ ရှိသည်ဆိုရုံနှင့် သင်သည် လွန်လွန်ကဲကဲ လက်ဟန်ခြေဟန်ပြပြီး၊ ကြီးကျယ်သည့် စကားများကို ပြောဆိုခွင့်ရှိသည်ဟု ထင်မှတ်မနေနှင့်။ သင်၏ အတွေ့အကြုံနှင့် ဝါရင့်ခြင်းတို့သည် ငါမြွက်ဆိုထားသည့် နှုတ်ကပတ်တော်များ၏ ထုတ်ကုန်ပင်ဖြစ်သည် မဟုတ်လော။ သင်၏လုပ်ဆောင်မှုနှင့် ကြိုးစားအားထုတ်မှုတို့ကြောင့် ထိုအရာတို့ကို သင်ရရှိသည်ဟု ထင်မှတ်နေသလော။ ယနေ့ ငါလူ့ဇာတိခံယူခဲ့ကြောင်းကို သင်တွေ့မြင်သည်၊ ထိုအရာတစ်ခုတည်းကြောင့်ပင် သင်၌ အယူအဆများစွာ ရှိနေသည်၊ ယင်းမှထွက်လာသည့် အယူအဆများမှာ အဆုံးမရှိပေ။ ငါ၏ လူ့ဇာတိခံယူခြင်းကြောင့်သာ မဟုတ်လျှင် သင့်အနေဖြင့် သာမန်ထက် လွန်ကဲသော အရည်အချင်းများ ရှိနေစေကာမူ၊ သင်၌ အယူအဆများစွာ ရှိနေမည်မဟုတ်ပေ၊ ထိုအရာများမှ သင်၏အယူအဆများ ထွက်ပေါ်လာသည် မဟုတ်လော။ အကယ်၍ ယေရှုသည် ထိုပထမအကြိမ်တွင် လူ့ဇာတိမခံယူခဲ့လျှင် သင့်အနေဖြင့် လူ့ဇာတိခံယူခြင်းကို သိပင်သိနိုင်မည်လော။ ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်းကို ဝေဖန်ရန်အတွက် ကြိုးစားနေသည့် ရိုင်းစိုင်းသောစိတ်များ သင်၌ရှိနေခြင်းမှာ ထိုပထမအကြိမ် လူ့ဇာတိခံယူခြင်းက သင့်ကို အသိပညာများ ပေးခဲ့သောကြောင့် မဟုတ်လော။ အဘယ်ကြောင့်နှင့် သင်သည် နာခံမှုရှိသော နောက်လိုက်ဖြစ်ရမည့်အစား၊ ထိုအရာများကို လေ့လာဖို့ရန်အတွက် ကြိုးစားနေရသနည်း။ သင့်အနေဖြင့် ဤရေစီးကြောင်းထဲသို့ ဝင်ရောက်လာပြီး လူ့ဇာတိခံယူသော ဘုရားသခင်၏ ရှေ့တော်သို့ လာသောအခါတွင်၊ သူ့ကိုသုတေသနပြုဖို့ရန် သူသည်သင့်ကို အခွင့်ပေးမည်လော။ သင့်အနေဖြင့် သင့်မိသားစု၏ရာဇဝင်ကို သုတေသနပြုနိုင်သည်၊ သို့သော်လည်း သင့်အနေဖြင့် ဘုရားသခင်၏ "မိသားစုရာဇဝင်" ကို သုတေသနပြုရန် ကြိုးစားမည်ဆိုလျှင်၊ ယနေ့ကာလ၏ ဘုရားသခင်သည် ထိုကဲ့သို့သော လေ့လာမှုကိုပြုရန် သင့်ကို ခွင့်ပြုမည်လော။ သင်သည် မျက်ကန်းနေသည် မဟုတ်လော။ သင်သည် မိမိကိုယ်မိမိ အထင်အမြင်သေးခံရအောင် လုပ်ဆောင်နေသည် မဟုတ်လော။

အကယ်၍ ယေရှု၏အမှုသည် ဤနောက်ဆုံးသောကာလ၏ အမှုအဆင့်က ဖြည့်စွက်မပေးဘဲ လုပ်ဆောင်ပြီးစီးခဲ့သည်ဆိုလျှင်၊ လူသားများသည် ယေရှုသာလျှင် ဘုရားသခင်၏

တစ်ပါးတည်းသောသားတော်ဖြစ်သည်၊ တစ်နည်းအားဖြင့်ဆိုသော်၊ ဘုရားသခင်တွင် သားတော်တစ်ပါးတည်းရှိသဖြင့်၊ ၎င်းနောက်မှ အခြားအမည်နာမတစ်ခုနှင့် ကြွလာသည့် မည်သူမဆိုသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ရန် မဆိုထားနှင့်၊ ဘုရားသခင်၏ တစ်ပါးတည်းသောသားတော် မဖြစ်နိုင်ဟူသည့် အယူအဆကို ထာဝရဖက်တွယ်ထားကြလိမ့်မည်။ လူသားများတွင် ရှိနေသည့် အယူအဆတစ်ခုမှာ အပြစ်ဖြေရာယဇ်အဖြစ် အစေခံသောသူ၊ သို့မဟုတ် ဘုရားသခင်၏ကိုယ်စား တန်ခိုးကို ရရှိထားသောသူနှင့် လူသားမျိုးနွယ်အားလုံးကို ရွေးနုတ်သောသူ မည်သူမဆိုသည် ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်ဖြစ်သည် ဟူ၍ပင်ဖြစ်သည်။ ကြွလာသောသူသည် လူယောက်ျားဖြစ်နေသရွေ့ ထိုသူအား ဘုရားသခင်၏ တစ်ဦးတည်းသော သားတော်နှင့် ဘုရားသခင်ကို ကိုယ်စားပြုသူအဖြစ် မှတ်ယူရမည်ဟု ယုံကြည်ကြသော လူအချို့ရှိသည်။ ယေရှုသည် ယေဟောဝါ၏ သားတော်ဖြစ်ပြီး တစ်ပါးတည်းသော သားတော်ဖြစ်သည်ဟူ၍ ပြောကြသော လူအချို့ပင်ရှိသည်။ ထိုသို့သောအယူအဆများမှာ လွန်ကဲလှသည် မဟုတ်ပေလော။ အကယ်၍သာ ဤလုပ်ဆောင်မှုအဆင့်သည် နောက်ဆုံးသောခေတ်တွင်မှ ဆောင်ရွက်၍ မပြီးလျှင် ဘုရားသခင်နှင့်ပတ်သက်၍ လူသားမျိုးနွယ် တစ်ရပ်လုံးသည် အမှောင်ထုအရိပ်အောက်တွင် ဖုံးကွယ်ထားခြင်းခံနေရမည် ဖြစ်သည်။ ဤကဲ့သို့သာ ဖြစ်ခဲ့မည်ဆိုလျှင်၊ ယောက်ျားသည် မိန်းမထက် မြင့်မြတ်သည်ဟု မိမိကိုယ်မိမိ တွေးထင်လိမ့်မည်ဖြစ်ပြီး၊ မိန်းမတို့သည်လည်း မည်သည့်အခါမျှ ခေါင်းဖော်ဝံ့လိမ့်မည် မဟုတ်ချေ၊ ထိုသို့ဆိုလျှင် မိန်းမတစ်ယောက်တစ်လေမျှ ကယ်တင်ခြင်း ခံရလိမ့်မည်လည်း မဟုတ်ပေ။ ဘုရားသခင်သည် ယောက်ျားတစ်ဦးဖြစ်သည်၊ ထို့ပြင် ဘုရားသခင်သည် မိန်းမများကို အစဉ် မနှစ်သက်ဘဲ သူတို့အား ကယ်တင်ခြင်းကို ပေးသနားမည်မဟုတ်ဟု လူတို့က အမြဲယုံကြည်ကြသည်။ ဤသို့သာဆိုလျှင် ယေဟောဝါဖန်ဆင်းခဲ့ပြီး ဖောက်ပြန်ဖျက်ဆီးခြင်း ခံခဲ့ရသည့် လူမိန်းမများအနေဖြင့် ကယ်တင်ခံရမည့် အခွင့်အရေးကို ဘယ်သောအခါမျှ မရရှိနိုင်မည်မှာ မှန်နေလိမ့်မည်မဟုတ်လော။ ထို့နောက် ယေဟောဝါအနေဖြင့် လူမိန်းမကိုဖန်ဆင်းခဲ့ခြင်း၊ ဧဝကို ဖန်ဆင်းခဲ့ခြင်းသည် အဓိပ္ပာယ်မရှိ ဖြစ်သွားလိမ့်မည် မဟုတ်လော။ ပြီးလျှင် လူမိန်းမသည် ထာဝရကာလတိုင် ပျက်စီးသွားမည် မဟုတ်လော။ ထိုအကြောင်းကြောင့် နောက်ဆုံးသောကာလရှိ အမှု၏အဆင့်ကို လူမိန်းမကိုသာ မဟုတ်ဘဲ လူသားမျိုးနွယ် အားလုံးကို ကယ်တင်နိုင်ရန်အတွက် လုပ်ဆောင်ရမည်ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် အမျိုးသမီးအဖြစ် လူ့ဇာတိခံယူခဲ့မည်ဆိုပါလျှင် ယင်းမှာ လူမိန်းမကို ကယ်တင်ရန်အလို့ငှာသာ

ဖြစ်လိမ့်မည်ဟု တစ်ဦးဦးက တွေးထင်ပါလျှင် ထိုသူမှာ ဧကန်စင်စစ် မိုက်မဲသောသူပင်ဖြစ်လိမ့်မည်။

ယနေ့ကာလ၏ အမှုသည် ကျေးဇူးတော်ခေတ်၏အမှုကို ရှေ့သို့တွန်းပို့ပေးသည်၊ ဆိုလိုသည်မှာ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်တစ်ရပ်လုံးအောက်၌ပြုသော အမှုသည် ရှေ့သို့တိုးလာခြင်း ဖြစ်သည်။ ကျေးဇူးတော်ခေတ်သည် အဆုံးသတ်သွားပြီဖြစ်သော်လည်း ဘုရားသခင်၏အမှု၌ တိုးတက်မှုရှိသည်။ အမှု၏ ဤအဆင့်သည် ကျေးဇူးတော်ခေတ်နှင့် ပညတ်တော်ခေတ်တို့အပေါ်တွင် အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်ဟု အဘယ့်ကြောင့် ငါသည် ထပ်တလဲလဲ ပြောသနည်း။ အဘယ်ကြောင့်ဆိုသော် ယနေ့၏အမှုသည် ကျေးဇူးတော်ခေတ်တွင် လုပ်ဆောင်ခဲ့သော အမှု၏အဆက်ဖြစ်ပြီး ပညတ်တော်ခေတ်တွင် လုပ်ဆောင်ခဲ့သော အမှုအပေါ် တိုးတက်လာမှုလည်း ဖြစ်သောကြောင့်ဖြစ်သည်။ ထိုအဆင့်သုံးခုမှာ တစ်ခုနှင့်တစ်ခု တင်းကျပ်စွာ ဆက်နွှယ်လျက်ရှိနေပြီး ကွင်းဆက်တစ်ခုနှင့်တစ်ခု နီးကပ်စွာ ချိတ်ဆက်နေသည်။ အမှု၏ ဤအဆင့်သည် ယေရှုလုပ်ဆောင်ခဲ့သည့် အမှုအပေါ်တွင် အခြေခံထားသည်ဟု အဘယ်ကြောင့် ငါပြောသနည်း။ အကယ်၍သာ ဤအဆင့်သည် ယေရှုလုပ်ဆောင်ခဲ့သည့် အမှုအပေါ်တွင် အခြေမခံထားလျှင် ဤအဆင့်တွင် နောက်ထပ်တစ်ကြိမ် ကားစင်တင်သတ်ခြင်း တစ်ခု ဖြစ်ပျက်ရန် လိုလိမ့်မည်ဖြစ်ကာ၊ ပြီးခဲ့သောအဆင့်၏ ရွေးနုတ်ခြင်းအမှုကိုလည်း နောက်ထပ်ပြန်၍ လုပ်ဆောင်ရလိမ့်မည်ဖြစ်သည်။ ဤသည်မှာ အဓိပ္ပာယ်ရှိမည် မဟုတ်ပေ။ ထို့ကြောင့် အမှုသည် လုံးဝပြီးဆုံးသွားခြင်း မဟုတ်ဘဲ ခေတ်သည် ရှေ့သို့တိုးလာခြင်းဖြစ်ပြီး အမှု၏အဆင့်အတန်းသည် ယခင်ကထက် သာ၍မြင့်မားလာခြင်း ဖြစ်သည်။ အမှု၏ ဤအဆင့်သည် ပညတ်တော်ခေတ်၏ အုတ်မြစ်ပေါ်တွင်နှင့် ယေရှုအမှု၏ ကျောက်ပေါ်တွင် တည်ထားခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဘုရားသခင်၏အမှုကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ယခုအဆင့်သည် အသစ်သော အစပြုခြင်းမဟုတ်ပေ။ အမှု၏ အဆင့်သုံးဆင့်စလုံး ပေါင်းစည်းခြင်းကိုသာလျှင် အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်ဟု မှတ်ယူနိုင်မည် ဖြစ်သည်။ ယခုအဆင့်၏ အမှုကို ကျေးဇူးတော်ခေတ်အမှု၏ အုတ်မြစ်ပေါ်တွင် အခြေခံလုပ်ဆောင်ထားခြင်း ဖြစ်သည်။ အကယ်၍ အမှု၏ ဤအဆင့်နှစ်ခုသည် ဆက်စပ်မှုမရှိလျှင် ကားတိုင်ပေါ်၌ အသေခံခြင်းသည် ယခုအဆင့်တွင် အဘယ်ကြောင့် ပြန်လည်၍ မဖြစ်လာသနည်း။ ငါသည် လူသား၏အပြစ်များကို သယ်ဆောင်ခြင်းမပြုဘဲ၊ ထိုအစား လူသားကို တိုက်ရိုက်တရားစီရင်ရန်နှင့် ပြစ်တင်ဆုံးမရန် ငါကြွလာသည်မှာ အဘယ်ကြောင့်နည်း။

အကယ်၍ လူသားများကို တရားစီရင်ရန်နှင့် ပြစ်တင်ဆုံးမရန်ဖြစ်သည့် ငါ၏အမှုနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ပဋိသန္ဓေစွဲယူခြင်းအားဖြင့် မဟုတ်ဘဲ ငါ၏ယခုကြွလာခြင်းတို့သည် ကားတိုင်ပေါ်တွင် အသေခံခြင်းကို ခြေရာခံမလိုက်လျှင် ငါသည် လူသားကို ပြစ်တင်ဆုံးမရန် အရည်အချင်း ပြည့်မီလိမ့်မည် မဟုတ်ပေ။ ငါသည် ယေရှုနှင့် တစ်ကိုယ်တည်းဖြစ်သောကြောင့်သာလျှင် လူသားများကို ပြစ်တင်ဆုံးမဖို့ရန်နှင့် တရားစီရင်ရန်အလို့ငှာ ငါသည် တိုက်ရိုက်ကြွလာခြင်းဖြစ်သည်။ ဤအဆင့်၏အမှုကို ယခင်အဆင့်၏ အမှုအပေါ်တွင် လုံးလုံးလျားလျားတည်ဆောက်ထားသည်။ ထို့အတွက်ကြောင့် ဤအမှုမျိုးကသာလျှင် လူသားများကို ကယ်တင်ခြင်းသို့ တစ်ဆင့်ပြီးတစ်ဆင့် ပို့ဆောင်နိုင်ခြင်းဖြစ်သည်။ ယေရှုနှင့် ငါသည် ဝိညာဉ်တော် တစ်ပါးတည်းမှလာသည်။ ငါတို့နှစ်ဦးသည် ဇာတိခန္ဓာအားဖြင့် ဆက်စပ်မှုမရှိသော်လည်း ငါတို့၏ဝိညာဉ်များမှာမူ တစ်လုံးတစ်ဝတည်းပင်ဖြစ်သည်။ ငါတို့လုပ်ဆောင်သည့် အကြောင်းအရာနှင့် ငါတို့လုပ်ဆောင်သော အမှုသည် တူညီမှုမရှိသော်လည်း ငါတို့၏ အနှစ်သာရသည် အတူတူပင်ဖြစ်သည်။ ငါတို့၏ ဇာတိခန္ဓာတို့သည် ခြားနားသော ပုံသဏ္ဌာန်များကို ဆောင်သော်လည်း ထိုအရာသည် ခေတ်ကာလ၏ အပြောင်းအလဲနှင့် ငါတို့အမှု၏ တောင်းဆိုမှုတို့ မတူညီခြင်းကြောင့်ဖြစ်သည်။ ငါတို့၏ အမှုတော်များသည် တူညီမှုမရှိပေ၊ ထို့ကြောင့် ငါတို့ဖော်ဆောင်လာသော အမှုနှင့် လူသားကို ငါတို့ထုတ်ဖော်ပြသသော စိတ်သဘောထားသည်လည်း ခြားနားလေသည်။ ထိုအကြောင်းကြောင့် ယနေ့ လူသားများမြင်သောအရာနှင့် နားလည်သောအရာသည် အတိတ်ကကဲ့သို့ မဟုတ်တော့ချေ၊ ယင်းသို့ဖြစ်ရခြင်းမှာ ခေတ်ကာလ အပြောင်းအလဲကြောင့်ဖြစ်သည်။ သူတို့၏ လိင်အမျိုးအစားနှင့် သူတို့ဇာတိခန္ဓာများ၏ ပုံသဏ္ဌာန်သည် ကွဲပြားလျက်ရှိကာ သူတို့သည် မိသားစုတစ်ခုတည်းတွင် သာမက၊ အချိန်ကာလတစ်ခုတည်းတွင် မွေးဖွားလာခြင်း မဟုတ်လင့်ကစား သူတို့၏ဝိညာဉ်များသည် တစ်ပါးတည်းပင်ဖြစ်သည်။ သူတို့၏ဇာတိခန္ဓာများသည် မျိုးရိုး၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအရ မည်သည့်သွေးသားတော်စပ်မှုမျိုးမျှ မရှိလင့်ကစား သူတို့သည် မတူညီသော အချိန်ကာလနှစ်ခုအတွင်း ဘုရားသခင်ခံယူထားသော ဇာတိခန္ဓာများ ဖြစ်သည်ဆိုသည့် အချက်ကိုမူ ငြင်းပယ်၍မရပေ။ သူတို့သည် တူညီသောသွေးသားမျိုးရိုးမှ မဟုတ်သည့်အပြင် လူတို့၏ဘုံဘာသာစကား တစ်ခုတည်းကို အတူမပြောသော်လည်း (တစ်ဦးသည် ယုဒလူမျိုးတို့၏ ဘာသာစကားကိုပြောသည့် အမျိုးသားဖြစ်ပြီး၊ နောက်တစ်ဦးသည် တရုတ်ဘာသာစကားကိုသာ ပြောသည့် အမျိုးသမီးဖြစ်သည်) သူတို့သည် ဘုရားသခင်

ခံယူထားသည့် ဇာတိခန္ဓာများဖြစ်သည် ဆိုသည့်အချက်မှာ ငြင်းမရနိုင်သည့် အမှန်တရားပင်ဖြစ်သည်။ ဤအကြောင်းရင်းများကြောင့် သူတို့သည် မတူညီသည့် နိုင်ငံများတွင်နေထိုင်ပြီး သူတို့တစ်ဦးစီ လုပ်သင့်လုပ်ထိုက်သည့် အမှုကို မတူကွဲပြားသည့် အချိန်အပိုင်းအခြားတို့တွင် လုပ်ဆောင်ခြင်းဖြစ်သည်။ သူတို့၏ဝိညာဉ်သည် အတူတူပင်ဖြစ်ပြီး၊ သူတို့သည် တူညီသော အနှစ်သာရတို့ကို ပိုင်ဆိုင်ကြသော်ငြားလည်း သူတို့ဇာတိခန္ဓာများ၏ အပြင်ပန်းသဏ္ဍာန်တို့အကြားတွင် တူညီမှုများဟူ၍ ဘာဆိုဘာမျှ မရှိပေ။ သူတို့၌ တူညီသော လူ့သဘာဝသာ ရှိကြသည်၊ သို့သော်လည်း သူတို့ဇာတိခန္ဓာများ၏ အပြင်ရုပ်သဏ္ဍာန်ပိုင်းဆိုင်ရာနှင့် သူတို့မွေးဖွားလာသည့် အခြေအနေများအရဆိုပါက သူတို့သည် တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ ထိုအရာများသည် သူတို့၏ သက်ဆိုင်ရာအမှု၊ သို့မဟုတ် သူတို့အပေါ်ထားရှိသော လူသား၏သိခြင်းအပေါ် အကျိုးသက်ရောက်မှုမရှိပေ၊ အကြောင်းမှာ နောက်ဆုံးပိတ်ခြုံငုံဆန်းစစ်သော် သူတို့သည် တူညီသော ဝိညာဉ်တော်ပင်ဖြစ်ပြီး မည်သည့်အရာကမျှ သူတို့ကို ခွဲခြား၍မရနိုင်သောကြောင့် ဖြစ်သည်။ သူတို့သည် သွေးသားအရ ဆက်စပ်မှုမရှိသော်လည်း သူတို့၏ဖြစ်တည်မှု တစ်ခုလုံးသည် သူတို့၏ဝိညာဉ်တော်များ၏ စောင့်ရှောက်မှုအောက်တွင် ရှိနေပြီး၊ ထိုအရာသည် သူတို့ကို မတူညီသောအချိန်ကာလများတွင် မတူညီသောအမှုကို ခွဲခန့်ပေးပြီး၊ သူတို့၏ ဇာတိခန္ဓာများကိုလည်း မတူညီသော မျိုးရိုးများသို့ ခွဲခန့်ပေးသည်။ ယေဟောဝါ၏ ဝိညာဉ်တော်သည် ယေရှုဝိညာဉ်တော်၏ ဖခင်မဟုတ်သကဲ့သို့၊ ယေရှု၏ ဝိညာဉ်တော်သည်လည်း ယေဟောဝါဝိညာဉ်တော်၏ သားမဟုတ်ပေ၊ သူတို့သည် တစ်လုံးတစ်ဝတည်းပင် ဖြစ်ကြပြီး တူညီသောဝိညာဉ်တော်ပင် ဖြစ်သည်။ ထိုနည်းတူစွာပင် ယနေ့ကာလ၏ လူ့ဇာတိခံယူသော ဘုရားသခင်နှင့် ယေရှုသည် သွေးသားအားဖြင့် ဆက်စပ်မှုမရှိသော်လည်း၊ သူတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်ကြသည်။ အကြောင်းမှာ သူတို့၏ ဝိညာဉ်များသည်လည်း တစ်ပါးတည်း ဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် သနားခြင်းနှင့် ချစ်ခင်ကြင်နာခြင်းအမှုကို လုပ်ဆောင်နိုင်သကဲ့သို့ လူသားတို့အပေါ် ဖြောင့်မတ်သော တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း အမှုကိုလည်း လုပ်ဆောင်နိုင်ပြီးလျှင်၊ လူသားများအပေါ် ကျိန်ဆဲသောအမှုကိုလည်း ပြုနိုင်သည်၊ အဆုံးတွင် သူသည် ကမ္ဘာလောကကြီးကို ဖျက်ဆီးခြင်းနှင့် ဆိုးယုတ်သောသူများကို အပြစ်ဒဏ်ခတ်ခြင်း အမှုကို လုပ်ဆောင်နိုင်သည်။ ထိုအရာများအားလုံးကို သူကိုယ်တိုင်လုပ်ဆောင်သည် မဟုတ်လော။ ဤသည်မှာ ဘုရားသခင်၏ အတိုင်းအဆမဲ့တန်ခိုးပင် မဟုတ်သလော။ သူသည် လူသားအတွက် ဥပဒေသများကို ပြဋ္ဌာန်းခြင်းနှင့် လူသားအတွက် ပညတ်တော်များ

ထုတ်ပြန်ခြင်း နှစ်ခုစလုံးကို လုပ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် သူသည် အစောပိုင်း ဣသရေလလူမျိုးများကို ကမ္ဘာကြီးပေါ်တွင် အသက်ရှင်နေထိုင်ရာ၌ ဦးဆောင်ပေးနိုင်ခဲ့ပြီး၊ သူ၏အုပ်စိုးမှုအောက်တွင် ဣသရေလလူမျိုးများကို ထိန်းသိမ်းထားပြီး ဗိမာန်တော်နှင့် ယဇ်ပလ္လင်များ တည်ဆောက်ဖို့ရန်အတွက် လမ်းပြပေးနိုင်ခဲ့သည်။ သူ၏အာဏာကြောင့် သူသည် ဣသရေလလူမျိုးများနှင့် ကမ္ဘာပေါ်တွင် နှစ်ပေါင်းနှစ်ထောင်တိုင်တိုင် နေထိုင်ခဲ့သည်။ ဣသရေလလူမျိုးများသည် သူ့ကို မပုန်ကန်ရဲခဲ့ပေ၊ ထိုသူအားလုံးတို့သည် ယေဟောဝါကို ကြောက်ရွံ့ပြီး သူ၏ပညတ်တော်များကို စောင့်ထိန်းခဲ့ကြသည်။ ထိုအရာမှာ သူ၏အာဏာနှင့် အနန္တတန်ခိုးကို အရင်းခံ၍ လုပ်ဆောင်ခဲ့သော အမှုဖြစ်သည်။ ထို့နောက် ကျေးဇူးတော်ခေတ်တွင် ယေရှုသည် ကျဆုံးသွားပြီးသော လူသားမျိုးနွယ်တစ်ရပ်လုံးကို (ဣသရေလလူမျိုးများသာမဟုတ်) ရွေးနုတ်ရန်အလို့ငှာ ကြွဆင်းလာခဲ့သည်။ သူသည် လူသားများကို သနားခြင်းနှင့် ချစ်ခြင်းကရုဏာကို ပြသခဲ့သည်။ ကျေးဇူးတော်ခေတ်တွင် လူသားများ မြင်တွေ့ခဲ့ရသည့် ယေရှုသည် ချစ်ခြင်းကရုဏာနှင့် ပြည့်နှက်နေခဲ့ပြီး လူသားများကို အစဉ်အမြဲ ချစ်သောသူဖြစ်ခဲ့သည်၊ အကြောင်းမှာ သူသည် လူသားမျိုးနွယ်ကို အပြစ်မှ ကယ်တင်ရန်အလို့ငှာ ကြွလာသောကြောင့်ဖြစ်သည်။ သူ၏ ကားတိုင်ပေါ်အသေခံခြင်းသည် လူသားမျိုးနွယ်ကို အပြစ်မှ လုံးလုံးလျားလျား ရွေးနုတ်ခဲ့သည်အထိ လူသားများ၏ အပြစ်များကို သူခွင့်လွှတ်နိုင်ခဲ့သည်။ ထိုအချိန်ကာလတွင် ဘုရားသခင်သည် လူသားတို့၏ရှေ့တွင် သနားခြင်းနှင့် ချစ်ခြင်းကရုဏာတို့နှင့် ပေါ်ထွန်းလာခဲ့သည်၊ ဆိုလိုသည်မှာ သူသည် လူသားတို့အတွက် အပြစ်ဖြေရာယဇ်ဖြစ်ခဲ့ပြီး လူသားတို့ ထာဝရခွင့်လွှတ်ခြင်းကို ရရှိနိုင်ရန်အလို့ငှာ သူတို့၏ အပြစ်များအတွက် ကားတိုင်ပေါ်တွင် အသေခံခဲ့သည်။ သူသည် သနားခြင်း၊ ကရုဏာ၊ သည်းခံခြင်းနှင့် ချစ်ခြင်းမေတ္တာတို့နှင့် ပြည့်ဝခဲ့သည်။ ထို့ပြင် ကျေးဇူးတော်ခေတ်အတွင်း ယေရှု၏နောက်သို့ လိုက်ခဲ့သောသူများသည်လည်း ထိုနည်းတူစွာ အရာရာ၌ သည်းခံနိုင်ပြီး ချစ်နိုင်ရန် ကြိုးစားခဲ့ကြသည်။ သူတို့၌ စိတ်ရှည်ခြင်းရှိပြီး၊ ရိုက်နှက်ခြင်း၊ ကျိန်ဆဲခြင်း၊ သို့မဟုတ် ခဲနှင့်ပေါက်ခြင်း ခံရသည့်အခါတွင်ပင် သူတို့သည် ဘယ်သောအခါမျှ ပြန်လည်မတိုက်ခိုက်ခဲ့ပေ။ သို့သော် နောက်ဆုံးသောအဆင့်တွင် ဤကဲ့သို့ မဟုတ်နိုင်တော့ပေ။ ယေရှုနှင့် ယေဟောဝါသည် ဝိညာဉ်တော်တစ်ပါးတည်းနှင့် ဆိုင်သော်လည်း သူတို့နှစ်ဦး၏ အလုပ်သည် အလုံးစုံ မတူညီပေ။ ယေဟောဝါ၏အမှုမှာ ခေတ်ကာလကို အဆုံးမသတ်ပေးခဲ့ပေ၊ ထိုအစား ကမ္ဘာပေါ်တွင်ရှိသည့် လူသားမျိုးနွယ်၏ အသက်တာကို စတင်လမ်းဖွင့်ပေးလျက် ခေတ်ကာလကို လမ်းပြခဲ့သည်။ ယနေ့ကာလ၏ အမှုမှာမူ

အကြီးအကျယ် ဖောက်ပြန်ပျက်စီးနေသည့် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများတွင်ရှိနေသော သူများကို သိမ်းပိုက်ရန်အတွက်ဖြစ်ပြီး၊ တရုတ်ပြည်ရှိ ဘုရားသခင် ရွေးချယ်ထားသောသူများကိုသာမဟုတ်ဘဲ စကြဝဠာတစ်ခုလုံးနှင့် လူသားမျိုးနွယ်အားလုံးကို ဦးဆောင်လမ်းပြဖို့ရန်အတွက်ပင်ဖြစ်သည်။ ဤအမှုကို တရုတ်တစ်နိုင်ငံထဲတွင်သာ လုပ်ဆောင်နေသည်ဟု သင့်အတွက် ထင်ကောင်းထင်ရပေမည်၊ သို့သော်လည်း အမှန်တကယ်တွင်မူ ထိုအမှုသည် တိုင်းတစ်ပါးသို့ စတင်ပျံ့နှံ့လျက် ရှိနေပြီးဖြစ်သည်။ တရုတ်နိုင်ငံပြင်ပမှ လူများသည် စစ်မှန်သော လမ်းခရီးကို အဘယ့်ကြောင့် အထပ်ထပ်အခါခါ ဖွေရှာကြသနည်း။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်တော်သည် အားထုတ်ဆောင်ရွက်နေပြီးသားဖြစ်ပြီး၊ ယနေ့ပြောသော နှုတ်ကပတ်တော်များသည် စကြဝဠာတစ်ခုလုံးရှိ လူသားများအတွက် ရည်ညွှန်းထားသောကြောင့်ဖြစ်သည်။ ဤသို့အားဖြင့် အမှု၏တစ်ဝက်ကို လုပ်ဆောင်နေပြီဖြစ်သည်။ ကမ္ဘာကြီးကို ဖန်ဆင်းခဲ့သည့်အချိန်မှစပြီး လက်ရှိကာလအထိ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဤအမှုကြီးကို စတင်လှုပ်ရှားစေခဲ့ပြီ ဖြစ်သည်၊ ထို့ပြင် ခြားနားသော ခေတ်ကာလများအတွင်းနှင့် ကွဲပြားသော တိုင်းနိုင်ငံများအကြားတွင် ကွဲပြားခြားနားသော အမှုကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ခေတ်ကာလအသီးသီး၏ လူသားများသည် ဘုရားသခင်၏ ကွဲပြားခြားနားသော စိတ်သဘောထားတစ်ခုကို မြင်တွေ့ခဲ့ကြရပြီး၊ ယင်းကို သူလုပ်ဆောင်သော ကွဲပြားခြားနားသည့် အမှုမှတစ်ဆင့် အလိုအလျောက် ထုတ်ဖော်ထားခြင်းဖြစ်သည်။ သူသည် သနားခြင်းနှင့် ချစ်ခြင်းကရုဏာ ပြည့်ဝနေသည့် ဘုရားသခင်ဖြစ်သည်။ သူသည် လူသားအတွက် အပြစ်ဖြေရာယဇ်ဖြစ်ပြီး လူသား၏ သိုးထိန်းလည်းဖြစ်သည်။ သို့သော်လည်း သူသည် လူသားများ၏ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ခြင်းလည်း ဖြစ်သည်။ သူသည် လူသားများ ကမ္ဘာကြီးပေါ်တွင် နှစ်ပေါင်းနှစ်ထောင် အသက်ရှင်နေထိုင်ရန် ဦးဆောင်လမ်းပြပေးနိုင်ခဲ့ပြီး ဖောက်ပြန်ပျက်စီးနေသည့် လူသားမျိုးနွယ်ကိုလည်း အပြစ်မှ ရွေးနုတ်ပေးနိုင်ခဲ့သည်။ ယနေ့ သူသည် သူ့ကိုမသိသည့် လူသားမျိုးနွယ်ကို သိမ်းပိုက်နိုင်ပြီး၊ အားလုံးက သူ့ကို အပြည့်အဝ ကျိုးနွံနာခံရန်အလို့ငှာ သူတို့ကို သူ၏ အုပ်စိုးခြင်းအောက်သို့ ပျပ်ဝပ်စေနိုင်သည်။ အဆုံးတွင် ဘုရားသခင်သည် လူတို့ကို သူသည် သနားခြင်းနှင့် ချစ်ခြင်းကရုဏာနှင့်ပြည့်သော ဘုရားသခင်သာ မဟုတ်သည်ကိုလည်းကောင်း၊ ဉာဏ်ပညာနှင့် အံ့သြဖွယ်ရာများပြည့်သော ဘုရားသခင်သာမဟုတ်သည်ကိုလည်းကောင်း၊ သန့်ရှင်းသော ဘုရားသခင်သာ မဟုတ်သည်သာမက လူသားကို တရားစီရင်သော

ဘုရားသခင်လည်းဖြစ်ကြောင်းကိုလည်းကောင်း ပြသရန်အတွက် စကြဝဠာတစ်ခုလုံးရှိ လူသားတို့အထဲတွင် ရှိနေသည့် မစင်ကြယ်သည့်အရာများနှင့် မဖြောင့်မတ်သည့်အရာအားလုံးတို့ကို မီးရှို့ဖျက်ဆီးပစ်လိမ့်မည် ဖြစ်သည်။ လူသားမျိုးနွယ်အကြားတွင်ရှိသည့် ဆိုးယုတ်သည့် သူများအတွက် သူသည် မီးရှို့ဖျက်ဆီးခြင်း၊ တရားစီရင်ခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းပင်ဖြစ်ပြီး၊ စုံလင်စေခြင်း ခံရမည့်သူများအတွက်မူ သူသည် ဆင်းရဲဒုက္ခ၊ စစ်ဆေးပြုပြင်ခြင်းနှင့် စမ်းသပ်ခြင်းတို့ ဖြစ်သည်သာမက နှစ်သိမ့်ခြင်း၊ အစာအာဟာရ၊ နှုတ်ကပတ်တော်အားဖြင့် ထောက်ပံ့ခြင်း၊ ကိုင်တွယ်ဆုံးမခြင်းနှင့် ပြုပြင်ခြင်းလည်းဖြစ်ပေသည်။ ထို့ပြင် သုတ်သင်ရှင်းလင်းခြင်းခံရသောသူများအတွက် သူသည် အပြစ်ဒဏ်ပေးခြင်းနှင့် ဒဏ်ခတ်ခြင်းဖြစ်သည်။ ငါ့ကိုပြောလော့၊ ဘုရားသခင်သည် အနန္တတန်ခိုးရှိသည် မဟုတ်သလော။ သင်တွေးထင်သကဲ့သို့ ကားတိုင်ထက်တွင် အသေခံရုံသာ မဟုတ်ဘဲ သူသည် အမှုအားလုံးနှင့် မည်သည့်အမှုကိုမဆို တတ်စွမ်းနိုင်သည်။ သင်သည် ဘုရားသခင်ကို အထင်သေးလွန်းသည်တကား။ သူတတ်နိုင်သည့် အရာအားလုံးမှာ လူသားမျိုးနွယ်တစ်ရပ်လုံးကို ကားတိုင်ပေါ်တွင် သူ၏အသေခံခြင်းဖြင့် ရွေးနုတ်ခြင်းသာ ဖြစ်သည်ဟု သင်ယုံကြည်နေသလော။ ထိုသို့ပြီးလျှင် သင်သည် အသက်ပင်၏အသီးကိုစားပြီး အသက်ရေစီးရာမြစ်မှ ရေကိုသောက်သုံးရန် သူ့နောက်သို့ ကောင်းကင်ဘုံထိ လိုက်ဦးမည်လော။...ထိုမျှလောက် ရိုးရှင်းနိုင်သလော။ ငါ့ကို ပြောပြလော့၊ သင်သည် မည်သည့်အရာကို ပြီးမြောက်အောင် လုပ်ဆောင်ခဲ့ပြီနည်း။ ယေရှု၏အသက်တာ သင့်ထံတွင် ရှိနေပြီလော။ သင်သည် အမှန်ပင် သူ့အားဖြင့် ရွေးနုတ်ခြင်းခံခဲ့ရသည်၊ သို့သော် ကားတိုင်ပေါ်တွင် အသေခံခြင်းသည် ယေရှုကိုယ်တော်တိုင်၏ အမှုပင်ဖြစ်သည်။ သင်သည် လူသားတစ်ဦးအနေဖြင့် မည်သည့် တာဝန်ဝတ္တရားကို ဖြည့်ဆည်းပြီးခဲ့ပြီနည်း။ သင်၌ အပြင်ပန်း ဘာသာတရား ကိုင်းရှိုင်းမှုသာရှိပြီး သူ၏လမ်းစဉ်ကို သင်နားမလည်ပေ။ ယင်းသည် သူ့ကို သင်ပေါ်လွင်စေသည့်နည်းပေလော။ အကယ်၍ သင်သည် ဘုရားသခင်၏အသက်ကို ရရှိမထားလျှင်၊ သို့မဟုတ် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထား အလုံးစုံကို တွေ့မြင်မထားလျှင်၊ သင့်အနေဖြင့် အသက်ကိုပိုင်ဆိုင်သောသူတစ်ဦးဖြစ်သည်ဟု ပြောဆို၍ မရနိုင်သကဲ့သို့၊ ကောင်းကင်နိုင်ငံတော်၏ တံခါးဝကို ဖြတ်ကျော်သွားဖို့ရန် သင်ထိုက်တန်မည်မဟုတ်ပေ။

ဘုရားသခင်သည် ဝိညာဉ်တော်တစ်ပါးဖြစ်သည်သာမက သူသည် လူ့ဇာတိလည်း ခံယူနိုင်သည်။ ထို့အပြင် သူသည် ဘုန်းတော်၏ ခန္ဓာကိုယ်ပင်ဖြစ်သည်။ သင်တို့သည် ယေရှုကို မမြင်ဖူးကြသော်လည်း ဣသရေလလူမျိုးတို့သည်၊ ထိုခေတ်မှ ယုဒလူမျိုးတို့သည် သူ့ကို

မျက်မြင်တွေ့ခဲ့ကြသည်။ အစအဦးတွင် သူသည် အသွေးအသား ခန္ဓာကိုယ် ရှိခဲ့သော်လည်း ကားတိုင်ထက်တွင် သူအသေခံပြီးသည့်နောက် သူသည် ဘုန်းတော်၏ ခန္ဓာကိုယ်ဖြစ်လာခဲ့သည်။ သူသည် အလုံးစုံကို လွှမ်းခြုံသော ဝိညာဉ်တော်ဖြစ်ပြီး နေရာတိုင်းတွင် အမှုကို လုပ်ဆောင်နိုင်သည်။ သူသည် ယေဟောဝါ၊ သို့မဟုတ် ယေရှု၊ သို့မဟုတ် မေရှိယဖြစ်နိုင်ပြီး၊ နောက်ဆုံးတွင် သူသည် အနန္တတန်ခိုးရှင် ဘုရားသခင်လည်း ဖြစ်လာနိုင်သည်။ သူသည် ဖြောင့်မတ်ခြင်း၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းဖြစ်သည်၊ သူသည် ကျိန်ခြင်းနှင့် အမျက်ဒေါသလည်း ဖြစ်သည်၊ သို့သော်လည်း သူသည် သနားခြင်းနှင့် ချစ်ခြင်းကရုဏာလည်းဖြစ်သည်။ သူလုပ်ဆောင်ခဲ့သည့် အမှုအားလုံးတို့သည် သူ့ကို ကိုယ်စားပြုရန် တတ်စွမ်းနိုင်သည်။ သူသည် မည်သို့သောဘုရားမျိုးဖြစ်သည်ဟု သင်ပြောသနည်း။ သင့်အနေဖြင့် မရှင်းပြနိုင်ပေ။ သင် အမှန်တကယ် မရှင်းပြနိုင်ပါက၊ ဘုရားသခင်နှင့် ပတ်သက်၍ ကောက်ချက်ချခြင်းများ မပြုသင့်ပေ။ ဘုရားသခင်သည် အဆင့်တစ်ခုတွင် ရွေးနုတ်ခြင်းအမှုကို လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် ဘုရားသခင်သည် သနားခြင်းနှင့် ချစ်ခြင်းကရုဏာဖြင့် ပြည့်ဝသော ဘုရားသခင် အစဉ်အမြဲဖြစ်သည်ဟု ကောက်ချက်မချနှင့်။ သူသည် သနားခြင်းနှင့် ချစ်ခြင်းကရုဏာပြည့်ဝသည့် ဘုရားသခင်သာဖြစ်သည်ဟု သင်သည် သေချာပေါက် ပြောနိုင်သလော။ အကယ်၍ သူသည် သနားကရုဏာနှင့် ချစ်ခြင်းမေတ္တာပြည့်ဝသည့် ဘုရားသခင်မျှသာ ဖြစ်သည်ဆိုလျှင်၊ နောက်ဆုံးသောကာလတွင် ခေတ်ကာလကို အဘယ်ကြောင့် သူအဆုံးသတ်လိမ့်မည်နည်း။ အဘယ်ကြောင့် ကပ်ဘေးအမြောက်အမြားကို ချပေးမည်နည်း။ လူတို့၏ အယူအဆများနှင့် အတွေးအခေါ်များအရ၊ လူသားမျိုးနွယ်ဝင် အယောက်စီတိုင်း ကယ်တင်ခြင်းခံရနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် အဆုံးတိုင်အောင် သနားကရုဏာနှင့် ချစ်ခြင်းမေတ္တာပြည့်ဝနေသင့်သည်။ သို့ရာတွင် နောက်ဆုံးသောကာလတွင် ဘုရားသခင်သည် သူ့အား ရန်သူတစ်ယောက်အဖြစ် သဘောထားသည့် ဤဆိုးယုတ်သော လူသားမျိုးနွယ်ကို ဖျက်ဆီးဖို့ ငလျင်၊ ကပ်ရောဂါနှင့် အငတ်ဘေးတို့ကဲ့သို့သော ကြီးစွာသော ဘေးဒုက္ခများကို အဘယ့်ကြောင့် ကျရောက်စေသနည်း။ ထိုသို့သော ကပ်ဘေးများကို လူသားများအား အဘယ်ကြောင့် သူခံစားစေသနည်း။ သူသည် မည်သို့သောဘုရားမျိုးဖြစ်သည်နှင့်ပတ်သက်၍ သင်တို့အထဲတွင် မည်သူမျှ မပြောဝံ့၊ မည်သူမျှ မရှင်းပြနိုင်ကြပေ။ သူသည် ဝိညာဉ်တော်ဖြစ်သည်ဟု သင်သေချာပြောရဲသလော။ သူသည် ယေရှု၏ဇာတိခန္ဓာသာ ဖြစ်သည်ဟု သင်ပြောရဲသလော။ ထို့ပြင် သူသည် လူသားအတွက် ကားတိုင်ပေါ်တွင် ထာဝရ အသေခံပေးမည့် ဘုရားသခင်ဖြစ်သည်ဟု သင်ပြောရဲသလော။

## သုံးပါးတစ်ဆူ တည်ရှိပါသလော

ယေရှု လူ့ဇာတိခံယူခြင်းနှင့် သက်ဆိုင်သည့် အမှန်တရား ဖြစ်တည်လာပြီးနောက်တွင် လူသည် ဤသို့ယုံကြည်ခဲ့သည်- ကောင်းကင်ဘုံ၌ ခမည်းတော်သာ ရှိသည်မဟုတ်ဘဲ၊ သားတော်လည်း ရှိပြီး၊ ဝိညာဉ်တော်ပင် ရှိသည်ဟူ၍ဖြစ်သည်။ ကောင်းကင်ဘုံ၌ ဤသို့သော ဘုရားသခင် တစ်ပါးရှိသည်- ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့ ဖြစ်သည့် သုံးပါးတစ်ဆူ ဘုရားသခင်ရှိသည်ဟူသည်မှာ လူက ကိုင်စွဲထားသော သမားရိုးကျ အယူအဆ ဖြစ်သည်။ လူသားမျိုးနွယ် အားလုံးက ဤအယူအဆများရှိသည်- ဘုရားသခင်သည် တစ်ဆူတည်းသော ဘုရားသခင် ဖြစ်သော်လည်း၊ အစိတ်အပိုင်းသုံးခု ဖွဲ့စည်းထားသည်၊ သမားရိုးကျ အယူအဆများတွင် ဆိုးဆိုးရွားရွား အမြစ်တွယ်နေသော အရာအားလုံးမှာ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဟူ၍ ဖြစ်သည်။ ထိုအစိတ်အပိုင်း သုံးခုက ဖန်တီးသည့် တစ်ပါးသည် ဘုရားသခင်၏ အလုံးစုံဖြစ်သည်။ သန့်ရှင်းသော ခမည်းတော်မပါဘဲနှင့်၊ ဘုရားသခင်သည် တစ်လုံးတစ်ဝတည်း မဖြစ်နိုင်။ အလားတူ၊ သားတော် သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော် မပါဘဲနှင့်လည်း ဘုရားသခင်သည် တစ်လုံးတစ်ဝတည်း မဖြစ်နိုင်။ ၎င်းတို့၏ အယူအဆများထဲတွင် ခမည်းတော်တစ်ပါးတည်း သို့တည်းမဟုတ် သားတော်တစ်ပါးတည်းကို ဘုရားသခင်ကိုယ်တော်တိုင်အဖြစ် ယူဆ၍ မရဟု ၎င်းတို့ ယုံကြည်ကြသည်။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော် အတူတကွ ဖြစ်မှသာလျှင် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ဟု မှတ်ယူနိုင်သည်။ ယခုတွင် ဘာသာရေး ယုံကြည်သူများ အားလုံးနှင့် သင်တို့အထဲမှ နောက်လိုက် အသီးသီးပင်လျှင် ဤယုံကြည်မှုကို စွဲကိုင်ထားကြသည်။ သို့သော် သင်တို့သည် ဘုရားသခင်ကိုယ်တော်တိုင်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှုပ်ထွေးခြင်း မြူထဲတွင် အမြဲရှိကြသည့်အတွက်၊ ဤယုံကြည်မှု မှန်ကန်ခြင်း ရှိ မရှိဆိုသည်အတွက်မူ၊ မည်သူမျှ ရှင်းမပြနိုင်ကြပေ။ သင်တို့သည် ဘာသာရေး အယူအဆများအားဖြင့် အလွန် ဆိုးဆိုးရွားရွား ကူးစက်ခံထားရသည့်အတွက်၊ ဤအရာများသည် အယူအဆများသာ ဖြစ်သော်လည်း၊ ယင်းတို့ မှန်သည်၊ သို့မဟုတ် မှားသည် ဆိုသည်ကို သင်တို့ မသိချေ။ သင်တို့သည် ဘာသာတရား၏ ဤသမားရိုးကျ အယူအဆများကို အလွန် နက်နက်ရှိုင်းရှိုင်း လက်ခံထားပြီးဖြစ်ကာ၊ ဤအဆိပ်အတောက်သည် သင်တို့အထဲတွင် အလွန် နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ပြီးဖြစ်သည်။ ထို့ကြောင့် သုံးပါးတစ်ဆူ ဘုရားသခင်သည် တကယ်ကို မတည်ရှိသည့်အတွက်၊ ဤကိစ္စတွင်လည်း သင်တို့သည် မသိမသာ ဖျက်ဆီးတတ်သည့် ဤလွှမ်းမိုးမှုကို မလွန်ဆန်နိုင်ကြလေပြီ။ ဆိုလိုသည်မှာ ခမည်းတော်၊

သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့နှင့်ဆိုင်သည့် သုံးပါးတစ်ဆူ တကယ်ကို မတည်ရှိပေ။ ဤအရာ အားလုံးသည် လူ၏ သမားရိုးကျ အယူအဆများ သက်သက်ဖြစ်ပြီး၊ လူ၏ မှားယွင်းသော ယုံကြည်မှုများ ဖြစ်သည်။ များစွာသော ရာစုနှစ်များ တစ်လျှောက်တွင်၊ လူ၏စိတ်ထဲတွင် အယူအဆများဖြင့် ရုပ်လုံးဖော်ထားသော၊ လူက လုပ်ကြံဖန်တီးထားပြီး၊ ယခင်က လုံးဝ မမြင်ဖူးသည့် ဤသုံးပါးတစ်ဆူကို လူက ယုံကြည်ထားပြီး ဖြစ်သည်။ ဤများစွာသော နှစ်များတစ်လျှောက်တွင် သုံးပါးတစ်ဆူ၏ "စစ်မှန်သော အဓိပ္ပာယ်" ကို ရှင်းပြကြပြီးဖြစ်သည့် သမ္မာကျမ်းစာ ရှင်းလင်းဖော်ပြသူများစွာရှိထားပြီးဖြစ်သော်လည်း၊ ထိုသို့သော ထင်ရှားသော အနှစ်သာရတူညီသည့် ပုဂ္ဂိုလ်သုံးဦးအဖြစ် သုံးပါးတစ်ဆူ ဘုရားသခင်နှင့်ဆိုင်သည့် ရှင်းပြချက်များသည် မရေရာသကဲ့သို့ မရှင်းလင်းဘဲ၊ လူအားလုံးသည် ဘုရားသခင်၏ "တည်ဆောက်ပုံ" ကြောင့်၊ စိတ်ရှုပ်ထွေးခဲ့ကြသည်။ မည်သည့် ကြီးမြတ်သည့် ပုဂ္ဂိုလ်များကမျှ စေ့စပ်သေချာသော ရှင်းပြချက်များ ပေးနိုင်ခြင်း မရှိကြလေပြီ။ ရှင်းပြချက် အများစုသည် တွေးခေါ်မြော်မြင်မှုနှင့် စာဖြင့်ရေးသားချက်တို့အရ လက်သင့်ခံနိုင်ဖွယ်ဖြစ်သော်လည်း၊ မည်သည့် လူတစ်ဦးတစ်ယောက်ကမျှ ယင်း၏ အဓိပ္ပာယ်နှင့်သက်ဆိုင်သည့် ပြည့်ဝရှင်းလင်းသော သိနားလည်မှု မရှိကြပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် လူက ၎င်း၏ နှလုံးသားထဲတွင် စွဲကိုင်ထားသော ဤကြီးမြတ်သည့် သုံးပါးတစ်ဆူ ဆိုသည်မှာ တကယ်ကို မတည်ရှိသောကြောင့် ဖြစ်သည်။ အကြောင်းမှာ မည်သူကမျှ ဘုရားသခင်၏ စစ်မှန်သော မျက်နှာကို မမြင်ဖူးကြသကဲ့သို့၊ ဘုရားသခင် ကျိန်းဝပ်ရာနေရာတွင် မည်သည့်အရာများ ရှိသည်ကို ဆန်းစစ်ရန်၊ "ဘုရားသခင်၏ အိမ်တော်" တွင် မျိုးဆက်များ ကုဋေကုဋာပေါင်း မည်မျှရှိသည်ကို အတိအကျ ဆုံးဖြတ်ရန် သို့မဟုတ် ဘုရားသခင်၏ ပင်ကိုဖွဲ့စည်းတည်ဆောက်ပုံတွင် အစိတ်အပိုင်း မည်မျှပါဝင်သည်ကိုသာ စုံစမ်းစစ်ဆေးဖို့ ဘုရားသခင်၏ ဘုံဗိမာန်သို့ အလည်အပတ်အတွက် တက်ရောက်ရလောက်အောင် မည်သူမျှ ကံမကောင်းကြသေးသောကြောင့် ဖြစ်သည်။ ဆန်းစစ်ရန် အဓိက လိုအပ်သည့်အရာမှာ ဤသို့ဖြစ်သည်- ခမည်းတော်၊ သားတော်အပြင် သန့်ရှင်းသော ဝိညာဉ်တော်၏ ခေတ်၊ ပုဂ္ဂိုလ်အသီးသီး၏ သက်ဆိုင်ရာ အသွင်အပြင်၊ ၎င်းတို့၏ ခွဲထွက်ပုံ အတိအကျနှင့် ၎င်းတို့ တစ်ဆူတည်း မည်သို့ဖြစ်သည်တို့ ဖြစ်သည်။ အကြောင်းမလှစွာ၊ ဤနှစ်များစွာအတွင်းတွင်၊ လူတစ်ဦးတစ်ယောက်ကမျှ ဤကိစ္စရပ်များ၏ အမှန်တရားကို မပိုင်းဖြတ်နိုင်သေးချေ။ မည်သည့် လူတစ်ဦးတစ်ယောက်ကမျှ ကောင်းကင်ဘုံသို့ အလည်အပတ်အတွက် တစ်ကြိမ်တစ်ခါမျှ မတက်ရောက်ဖူးသကဲ့သို့၊ သုံးပါးတစ်ဆူအကြောင်း အလေးထားကြသည့် ထက်သန်ပြီး ဘုရားတရား ကိုင်းရှိုင်းကြသည့်

ဘာသာရေး ယုံကြည်သူများအားလုံးထံ ကိစ္စရပ်၏ အမှန်တရားနှင့် ပတ်သက်၍ သတင်းပို့ရန်အလို့ငှာ လူသားမျိုးနွယ်အားလုံးအတွက် "စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ" တစ်ခုဖြင့် မည်သူမျှ ပြန်မလာကြဖူးသည့်အတွက်၊ ယင်းတို့အားလုံးသည် ထင်ကြေးသက်သက် ဖြစ်ပေသည်။ ဟုတ်ပေ၏၊ ထိုသို့သော အယူအဆများကို ဖြစ်ပေါ်စေခြင်းအတွက်၊ လူအပေါ် အပြစ်ဖို့၍ မရပေ၊ အကြောင်းမှာ ခမည်းတော် ယေဟောဝါသည် လူသားမျိုးနွယ်ကို သူဖန်ဆင်းချိန်တွင် အဘယ့်ကြောင့် သားတော် ယေရှုကို သူနှင့်အတူ မပါရှိစေခဲ့ပါသနည်း။ အကယ်၍ အစအဦး၌ အရာအားလုံးကို ယေဟောဝါနာမဖြင့် လုပ်ဆောင်ပြီးခဲ့မည်ဆိုပါက၊ ပို၍ ကောင်းခဲ့လိမ့်မည်ဖြစ်ပေသည်။ အကယ်၍ အပြစ်ဖို့ရမည် ဆိုပါက၊ ဖန်ဆင်းခြင်းအချိန်တွင် သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်အား သူ၏ ရှေ့မှောက်သို့ မခေါ်ခဲ့ဘဲ၊ ယင်းထက် သူ၏အလုပ်ကို တစ်ဦးတည်း လုပ်ဆောင်ခဲ့သော ယေဟောဝါ ဘုရားသခင်၏ တဒင်္ဂ သတိလစ်ဟင်းမှုအပေါ် အပြစ်ဖို့ပါလေ့စေ။ အကယ်၍ သူတို့အားလုံး တစ်ပြိုင်တည်း အလုပ်လုပ်ခဲ့ပြီးဖြစ်ပါက၊ သူတို့သည် တစ်ဆူတည်း ဖြစ်လာခဲ့မည် မဟုတ်လော။ အကယ်၍ အစအဦးမှ အဆုံးတိုင်အောင် ယေဟောဝါ၏ နာမတစ်ခုသာရှိခဲ့ပြီး၊ ကျေးဇူးတော်ခေတ်မှ ယေရှုနာမ မရှိခဲ့ပါက၊ သို့မဟုတ် ယင်းခေတ်တွင်ပင် သူ့အား ယေဟောဝါဟူ၍သာ ခေါ်ဆိုဆဲဖြစ်ခဲ့မည် ဆိုပါက၊ ဘုရားသခင်သည် လူသားမျိုးနွယ်၏ ဤခွဲခြားခြင်းဒုက္ခမှ လွတ်ပြီးဖြစ်မည် မဟုတ်လော။ ဤအရာအားလုံးအတွက် ယေဟောဝါကို အပြစ်တင်၍ မရသည်မှာ သေချာပါသည်။ အပြစ်ဖို့ရမည် ဆိုပါက၊ လူအား ဘုရားသခင်မှာ မည်သူဖြစ်သည်ကို အတိအကျ မသိနိုင်စေဖို့ စိတ်ရှုပ်ထွေးစေကာ မရှင်းမလင်းဖြစ်စေလျက်၊ နှစ်ထောင်ပေါင်း များစွာကြာ သူ၏ အလုပ်အား ယေဟောဝါ၏ နာမ၊ ယေရှု၏ နာမနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ နာမနှင့်ပင် ဆက်လက် လုပ်ဆောင်ခဲ့သည့် သန့်ရှင်းသော ဝိညာဉ်တော်ကို အပြစ်ဖို့ပါလေ့စေ။ အကယ်၍ သန့်ရှင်းသော ဝိညာဉ်တော် ကိုယ်တိုင်သည် အဆင်းသဏ္ဌာန် သို့မဟုတ် ပုံရိပ်မပါဘဲနှင့် ထို့အပြင် ယေရှုကဲ့သို့သော နာမမပါဘဲနှင့် လုပ်ခဲ့ပြီးဖြစ်ကာ၊ လူသည် မိုးချုန်းသံများကိုသာ ကြားရလျက်၊ သူ့အား ထိတွေ့၍မရသကဲ့သို့ မမြင်နိုင်ခဲ့ပါက၊ ဤအလုပ်မျိုးသည် လူသားမျိုးနွယ်အတွက် သာ၍ အကျိုးရှိပြီးဖြစ်မည် မဟုတ်လော။ ယခုတွင် မည်သည့်အရာကို လုပ်၍ရနိုင်သနည်း။ လူ၏ အယူအဆများ စုဆောင်းထားသည်မှာ တောင်ကဲ့သို့ မြင့်မားပြီး ပင်လယ်ကဲ့သို့ ကျယ်ပြန့်လှသည်၊ မျက်မှောက်ခေတ်၏ ဘုရားသခင်သည် ယင်းတို့ကို သည်းမခံနိုင်တော့သကဲ့သို့၊ ဘာလုပ်ရမှန်းမသိ လုံးဝ ဖြစ်သွားသည့် အတိုင်းအတာထိ ဖြစ်သည်။ ယေဟောဝါ၊ ယေရှုနှင့် ၎င်းတို့အကြား သန့်ရှင်းသော ဝိညာဉ်တော်သာ ရှိသော အတိတ်ကာလတွင်၊ လူသည် မည်သို့

နိုင်နိုင်နင်းနင်း ကိုင်တွယ်ရမည်ဆိုသည်တွင် လုံးဝ ဘာလုပ်ရမှန်းမသိ ဖြစ်နှင့်ခဲ့ပြီးသား ဖြစ်ပြီး၊ ယခုတွင် ဘုရားသခင်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်ဟုပင် ပြောဆိုသော နောက်ထပ် အနန္တတန်ခိုးရှင် ရှိလေသည်။ သူသည် မည်သူဖြစ်သည်ဆိုသည်နှင့် သုံးပါးတစ်ဆူ၏ မည်သည့်ပုဂ္ဂိုလ်ထဲတွင် နှစ်ပေါင်းမည်မျှကြာ ရောယှက် နေခဲ့သည် သို့မဟုတ် ကွယ်ဝှက်နေခဲ့သည်ကို မည်သူသိသနည်း။ လူသည် ဤအရာကို မည်သို့ ခံယူနိုင်မည်နည်း။ သုံးပါးတစ်ဆူ ဘုရားသခင် တစ်ခုတည်းသည် ရှင်းပြရန် လူသည် တစ်သက်တာလောက် အချိန်ယူခဲ့ရသည်၊ သို့သော် ယခုတွင် "လေးပါးတစ်ဆူ" ရှိသည်။ ဤအရာကို မည်ကဲ့သို့ ရှင်းပြနိုင်မည်နည်း။ သင်ရှင်းပြနိုင်သလော။ ညီအစ်ကို မောင်နှမတို့။ ထိုသို့သော ဘုရားသခင်ကို သင်တို့သည် ယနေ့ထိ မည်သို့ ယုံကြည်ကြလေပြီနည်း။ သင်တို့ကို ငါချီးကျူးပါသည်။ သုံးပါးတစ်ဆူ ဘုရားသခင်ကို မနည်းလက်ခံယူခဲ့ရသည်၊ သင်တို့သည် ဤလေးပါးတစ်ဆူအားလည်း ယင်းကဲ့သို့ မယိမ်းယိုင်သော ယုံကြည်ခြင်းမျိုး အဘယ်သို့ ဆက်လက်ထားရှိနိုင်မည်နည်း။ သင်တို့သည် ထွက်သွားရန် တိုက်တွန်းခြင်းခံရသော်လည်း၊ သင်တို့ ငြင်းဆို၏။ စိတ်ကူး၍ မရနိုင်လောက်အောင်ပင်တည်း။ သင်တို့သည် အမှန်တကယ် တစ်မူထူးကြ၏။ လူတစ်ဦးသည် ဘုရားလေးပါးကို ယုံကြည်သည်အထိ လုပ်ဆောင် နိုင်သော်လည်း၊ ယင်းကို လုံးဝ နားမလည်နိုင်ပေ။ ဤအရာကို အံ့ဖွယ်အမှု တစ်ခု ဖြစ်သည်ဟု သင်တို့ မထင်သလော။ သင်တို့သည် ထိုသို့သော ကြီးမြတ်သည့် အံ့ဖွယ်အမှုကို ပြုနိုင်သည် ဆိုသည်ကို ငါမသိခဲ့ပေ။ အမှန်တွင်၊ သုံးပါးတစ်ဆူ ဘုရားသခင်သည် ဤစကြဝဠာကြီးထဲ မည်သည့်နေရာတွင်မျှ တည်ရှိမနေဟု သင်တို့ကို ငါ ပြောပါရစေ။ ခမည်းတော်နှင့် သားတော်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို တန်ဆာပလာတစ်ခုအဖြစ် အတူပူးတွဲ အသုံးပြုသည်ဆိုသည့် အယူအဆတစ်ခု ရှိဖို့မဆိုထားနှင့်၊ ဘုရားသခင်၌ ခမည်းတော်နှင့် သားတော်ဟူ၍ မရှိပေ။ ဤအရာအားလုံးသည် အကြီးမားဆုံးသော အတွေးမှား တစ်ခုဖြစ်ပြီး၊ ဤလောကကြီးထဲတွင် အမှန်တကယ် တည်ရှိမနေပေ။ သို့သော်ငြားလည်း သင်တို့၏ စိတ်များသည် ရိုးစင်းလွန်းသည် မဟုတ်ဘဲ၊ သင်တို့၏ အတွေးအခေါ်များသည် ဆင်ခြင်တုံတရား မမဲ့သည့်အတွက်၊ ထိုသို့သော အတွေးမှားတွင်ပင် ယင်း၏ မူလရင်းမြစ်ရှိပြီး အခြေအမြစ် လုံးဝမရှိခြင်း မဟုတ်ပေ။ ထို့ထက် ယင်းတို့သည် အတော်အတန် သင့်လျော်ပြီး ထွင်ဉာဏ်ကောင်းသည့်အတွက် ၎င်းတို့အား မည်သည့် စာတန်ကမျှပင် မထိုးဖောက်နိုင်ပေ။ သနားဖွယ် ကောင်းသည်မှာ ဤအတွေးအခေါ်များ အားလုံးသည် အတွေးမှားများသာ ဖြစ်ပြီး တကယ်ကို တည်ရှိမနေပေ။ သင်တို့သည် စစ်မှန်သည့် အမှန်တရားကို လုံးဝ မမြင်ကြလေပြီ။ သင်တို့သည် မှန်းဆခြင်းများနှင့် စိတ်ကူးများကိုသာ ပြုနေကြခြင်း ဖြစ်ပြီး၊

အခြားသူများ၏ယုံကြည်မှုကို လှည့်ဖြားလျက် ရယူဖို့နှင့် ၎င်းတို့အနေဖြင့် သင်တို့၏ ကြီးမြတ်ပြီး ကျော်ကြားသော "ကျွမ်းကျင် သွန်သင်ချက်များ" ကို ၎င်းတို့ ယုံကြည်လာကြစေရန်အလို့ငှာ အသိဉာဏ် သို့မဟုတ် ဆင်ခြင်တုံတရား မရှိသည့် အမိုက်မဲဆုံးသော လူများအပေါ် လွှမ်းမိုးမှုရယူရန် ယင်းကို အဖြစ်အပျက်တစ်ခုထဲသို့ လုံးလုံး လုပ်ကြံဖန်တီးကြသည်။ ဤအရာသည် သမ္မာတရား ဖြစ်သလော။ ဤအရာသည် လူ လက်ခံရရှိသင့်သည့် အသက်၏ လမ်းခရီးလော။ ထိုအရာအားလုံး အဓိပ္ပာယ်မရှိချေ။ စကားလုံးတစ်လုံးမျှ သင့်လျော်ခြင်း မရှိပေ။ ဤနှစ်များစွာ တစ်လျှောက်တွင်၊ ဘုရားတစ်ပါးတည်းက ဘုရားသုံးပါးအဖြစ်သို့ ပွင့်ပွင့်လင်းလင်း ခွဲခြားခံရပြီးဖြစ်သည့် အတိုင်းအတာအထိ မျိုးဆက်အသီးသီးက သာ၍ အနုစိတ်သထက် အနုစိတ်အောင် ခွဲရင်းဖြင့် ဘုရားသခင်ကို သင်တို့က ဤနည်းဖြင့် ခွဲခဲ့ကြသည်။ ယခုတွင်မူ သင်တို့သည် ဘုရားသခင်ကို အနုစိတ်လွန်းစွာ ခွဲကြပြီးဖြစ်သည့်အတွက်၊ သူ့ကို တစ်ပါးတည်း အဖြစ်သို့ ပြန်လည် ပေါင်းစပ်ရန်ဆိုသည်မှာ လူသားအတွက် တကယ့်ကို မဖြစ်နိုင်ချေ။ အလွန် နောက်မကျခင် ငါ၏မဆိုင်းမတွ လုပ်ဆောင်ခြင်းကြောင့်သာ မဟုတ်ပါက၊ သင်တို့သည် ဤနည်းလမ်းအတိုင်း အရှက်မရှိ မည်မျှ ကြာကြာ ဆက်သွားကြမည်မှာ ပြောဖို့ခက်သည်။ ဤနည်းဖြင့် ဘုရားသခင်ကို ဆက်လက်ခွဲဖို့ရန်မှာ၊ သူသည် သင်တို့၏ ဘုရားသခင်အဖြစ် မည်သို့ ဆက်ဖြစ်နိုင်သေးသနည်း။ သင်တို့သည် ဘုရားသခင်အား အသိအမှတ်ပြုကြဦးမည်လော။ သင်တို့သည် သူ့ကို သင်တို့၏ ဖခမည်းတော်အဖြစ် အသိအမှတ်ပြုပြီး သူ့ထံသို့ လှည့်ပြန်ကြဦးမည်လော။ ငါသည် အနည်းငယ် နောက်ကျ၍ ရောက်ရှိခဲ့ပြီး ဖြစ်မည်ဆိုပါက၊ သင်တို့သည် "ခမည်းတော်နှင့် သားတော်"၊ ယေဟောဝါနှင့် ယေရှုကို ဣသရေလသို့ ပြန်ပို့ပြီး၊ သင်တို့ကိုယ်တိုင်က ဘုရားသခင်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုကြဖွယ် ရှိသည်။ ကံအားလျော်စွာ၊ ယခုသည် နောက်ဆုံးသော ကာလဖြစ်၏။ နောက်ဆုံးတွင် ငါရှည်ကြာစွာ စောင့်ခဲ့ရသော ဤနေ့ရက်သည် ရောက်လာပြီဖြစ်ပြီး၊ ငါ ကိုယ်တိုင်၏ လက်ဖြင့် အမှု၏ ဤအဆင့်ကို ငါဆောင်ရွက်ခဲ့သည့် နောက်ပိုင်းတွင်သာ သင်တို့၏ ဘုရားသခင် ကိုယ်တိုင်အား ခွဲခြင်းသည် ရပ်တန့်ပြီးဖြစ်ပေမည်။ ဤအတွက်ကြောင့် မဟုတ်ပါက၊ သင်တို့သည် သင်တို့အလယ်မှ စာတန်များ အားလုံးကိုပင် ဝတ်ပြုကိုးကွယ်ခြင်းအတွက် သင်တို့၏ စားပွဲများအပေါ် ထားရှိရင်း၊ သင်တို့ အရှိန်မြှင့်ကြပြီး ဖြစ်ပေမည်။ ဤသည်မှာ သင်တို့၏ လှည့်ဖြားမှု ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကို သင်တို့၏ ခွဲခြင်းနည်းလမ်း ဖြစ်သည်။ ယခု သင်တို့သည် ထိုသို့ ဆက်လုပ်မည်လော။ သင်တို့အား ငါမေးပါရစေ- ဘုရားသခင် မည်မျှရှိပါသနည်း။ အဘယ်ဘုရားသခင်သည် သင့်ထံ

ကယ်တင်ခြင်း ဆောင်ကြဉ်း ပေးမည်နည်း။ သင်တို့ အမြဲ ဆုတောင်းလေ့ရှိသည်မှာ ပထမ ဘုရားသခင်လော၊ ဒုတိယလော သို့မဟုတ် တတိယလော။ ၎င်းတို့ထဲမှ မည်သူကို သင်တို့ အမြဲယုံကြည်သနည်း။ ခမည်းတော်လော။ သို့မဟုတ် သားတော်လော။ သို့မဟုတ် ဝိညာဉ်တော်လော။ သင်ယုံကြည်သောသူမှာ အဘယ်သူဖြစ်သည်ကို ငါ့အားပြောပြလော့။ ဘုရားသခင်အား ယုံကြည်သည်ဟု စကားလုံးတိုင်းဖြင့် သင် ပြောသော်ငြားလည်း၊ သင်တို့ အမှန်ယုံကြည်သောအရာမှာ သင်၏ ကိုယ်ပိုင် ဦးနှောက်များ ဖြစ်သည်။ သင်တို့သည် သင်တို့၏ နှလုံးသားများထဲတွင် ဘုရားသခင် တကယ်ကို မရှိပေ။ သို့သော်ငြားလည်း သင်တို့၏ စိတ်များထဲတွင် ထိုသို့သော “သုံးပါးတစ်ဆူများ” များစွာ ရှိကြ၏။ သင်တို့ သဘောမတူကြပါသလော။

အကယ်၍ အမှု၏ အဆင့်သုံးဆင့်ကို သုံးပါးတစ်ဆူနှင့်ဆိုင်သည့် ဤအယူအဆနှင့်အညီ အကဲဖြတ်ပါက၊ အသီးသီး ဆောင်ရွက်ခဲ့သော အမှုများ မတူညီသည့်အတွက် ဘုရားသခင် သုံးပါးရှိရပေမည်။ အကယ်၍ သင်တို့အထဲတွင် သုံးပါးတစ်ဆူ အမှန်တကယ် တည်ရှိသည်ဟု ပြောဆိုသူရှိပါက၊ ပုဂ္ဂိုလ်သုံးပါးထဲရှိ ဤဘုရားသခင်တစ်ဆူသည် မည်သည့်အရာ အတိအကျဖြစ်သည်ကို ရှင်းပြလော့။ သန့်ရှင်းသော ခမည်းတော် ဆိုသည်မှာ အဘယ်နည်း။ သားတော်ဆိုသည်မှာ အဘယ်နည်း။ သန့်ရှင်းသော ဝိညာဉ်တော် ဆိုသည်မှာ အဘယ်နည်း။ ယေဟောဝါသည် သန့်ရှင်းသော ခမည်းတော်လော။ ယေရှုသည် သားတော်လော။ သို့ဆိုလျှင် သန့်ရှင်းသော ဝိညာဉ်တော်မှာ မည်သည့်အရာဖြစ်သနည်း။ ခမည်းတော်သည် ဝိညာဉ်တော်ဖြစ်သည် မဟုတ်လော။ သားတော်၏ အနှစ်သာရသည်လည်း ဝိညာဉ်တော် ဖြစ်သည် မဟုတ်လော။ ယေရှု၏ အမှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုဖြစ်သည် မဟုတ်လော။ ထိုအချိန်က ယေဟောဝါ၏ အမှုကို ယေရှုကဲ့သို့ အလားတူ ဝိညာဉ်တော်က ဆောင်ရွက်ခဲ့သည် မဟုတ်လော။ ဘုရားသခင်သည် ဝိညာဉ်တော်များ မည်မျှရှိနိုင်သနည်း။ သင်၏ ရှင်းပြချက်အရ၊ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော် ပုဂ္ဂိုလ်သုံးပါးတို့သည် တစ်ဆူဖြစ်သည်၊ သို့ဆိုပါက ဝိညာဉ်တော် သုံးပါးရှိပေသည်၊ သို့သော် ဝိညာဉ်တော် သုံးပါးရှိခြင်းသည် ဘုရားသခင်သုံးဆူ ရှိသည်ဟု ဆိုလိုသည်။ ဤသည်မှာ စစ်မှန်သော ဘုရားသခင် တစ်ဆူမျှမရှိဟု ဆိုလိုပေသည်။ ဤသို့သော ဘုရားသခင်မျိုးသည် အဘယ်သို့ ဘုရားသခင်၏ ပင်ကိုအနှစ်သာရ ဆက်ရှိနိုင်ဦးမည်နည်း။ ဘုရားသခင် တစ်ဆူတည်းသာ ရှိသည်ဟု သင်လက်ခံပါက၊ သူသည် အဘယ်သို့ သားတော်တစ်ပါးနှင့် ခမည်းတော်တစ်ပါး ရှိနိုင်သနည်း။ ဤအရာအားလုံးသည် သင်၏ အယူအဆများ မဟုတ်လော။ ဘုရားသခင် တစ်ဆူတည်းသာ ရှိသည်၊ ဤဘုရားသခင်တွင်

ပုဂ္ဂိုလ်တစ်ပါးတည်းနှင့် ဘုရားသခင်၏ ဝိညာဉ်တော် တစ်ပါးတည်း ရှိသည်မှာ သမ္မာကျမ်းစာထဲ၌ "သန့်ရှင်းသော ဝိညာဉ်တော် တစ်ပါးတည်းသာရှိ၍ ဘုရားသခင် တစ်ဆူတည်းသာ ရှိတော်မူ၏။" ဟူ၍ ရေးသားသကဲ့သို့ ဖြစ်ပေသည်။ သင်ပြောသည့် ခမည်းတော်နှင့်၊ သားတော် တည်ရှိသည်ဖြစ်စေ၊ မတည်ရှိသည်ဖြစ်စေ၊ စင်စစ်တွင် ဘုရားသခင် တစ်ဆူတည်းသာ ရှိပြီး၊ သင်တို့ယုံကြည်သော ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အနှစ်သာရသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အနှစ်သာရ ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်သည် ဝိညာဉ်တော်ဖြစ်၏၊ သို့သော် သူသည် လူ့ဇာတိခံယူနိုင်ပြီး လူတို့အလယ် နေထိုင်နိုင်သည့်အပြင် အရာအားလုံး၏ အထက်၌ ရှိနေနိုင်သည်။ သူ၏ ဝိညာဉ်တော်သည် အလုံးစုံ အပါအဝင်ဖြစ်ပြီး နေရာတိုင်းတွင် ရှိသည်။ သူသည် ဇာတိခန္ဓာထဲနှင့် စကြဝဠာအထက်တွင် တစ်ပြိုင်နက်တည်း ရှိနေနိုင်သည်။ လူအားလုံးက ဘုရားသခင်သည် စစ်မှန်သော တစ်ဆူတည်းသော ဘုရားသခင် ဖြစ်သည်ဟု ပြောကြသည့်အတွက်၊ မည်သူမျှ စိတ်ထင်တိုင်း ခွဲ၍မရသည့် ဘုရားသခင်တစ်ဆူတည်း ရှိပေသည်။ ဘုရားသခင်သည် တစ်ပါးတည်းသော ဝိညာဉ်တော် ဖြစ်ပြီး၊ တစ်ပါးတည်းသော ပုဂ္ဂိုလ် ဖြစ်ကာ၊ ယင်းသည် ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်သည်။ အကယ်၍ သင်တို့ ပြောကြသည့်အတိုင်း၊ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော် ဟူ၍ ဖြစ်ပါက၊ ၎င်းတို့သည် ဘုရားသခင် သုံးဆူဖြစ်နေသည် မဟုတ်လော။ သန့်ရှင်းသော ဝိညာဉ်တော်က တစ်ပါးဖြစ်ပြီး၊ သားတော်က အခြားတစ်ပါး၊ ခမည်းတော်ကလည်း နောက်တစ်ပါး ဖြစ်နေပေသည်။ ၎င်းတို့၏ ဇာတိအဖြစ်တော်များသည် ကွဲပြားပြီး ၎င်းတို့၏ အနှစ်သာရများ ကွဲပြားပေသည်။ ထို့ကြောင့် ၎င်းတို့အသီးသီးသည် ဘုရားသခင် တစ်ဆူတည်း၏ အစိတ်အပိုင်းများ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဝိညာဉ်တော် တစ်ပါး ဖြစ်သည်။ ဤသည်မှာ လူသားအတွက် နားလည်ရန် လွယ်ကူသည်။ ဤသို့ဖြစ်ပါက၊ ခမည်းတော်သည် ဝိညာဉ်တော်သည် သာ၍ပင် ဖြစ်သေးသည်။ သူသည် ကမ္ဘာမြေသို့ မည်သည့်အခါမျှ မဆင်းသက်ခဲ့သည် သာမက၊ မည်သည့်အခါမျှ လူ့ဇာတိ မခံယူဖူးပေ။ သူသည် လူ၏ နှလုံးသားထဲက ယေဟောဝါ ဘုရားသခင်ဖြစ်ပြီး၊ သေချာပေါက် ဝိညာဉ်တော်လည်း ဖြစ်၏။ သို့ဆိုလျှင် သူနှင့် သန့်ရှင်းသော ဝိညာဉ်တော် ကြားရှိ ဆက်နွယ်မှုသည် အဘယ်နည်း။ ယင်းမှာ ခမည်းတော်နှင့် သားတော်ကြားရှိ ဆက်နွယ်မှုလော။ သို့တည်းမဟုတ် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ခမည်းတော်၏ ဝိညာဉ်တော်ကြားရှိ ဆက်နွယ်မှုလော။ ဝိညာဉ်တော် အသီးသီး၏ အနှစ်သာရသည် အတူတူ ဖြစ်သလော။ သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်၏ တန်ဆာပလာ တစ်ခုလော။

ဤအရာအား မည်ကဲ့သို့ ရှင်းပြ၍ရနိုင်သနည်း။ ထို့နောက်တွင် သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်အကြားရှိ ဆက်နွယ်မှုသည် အဘယ်နည်း။ ယင်းသည် ဝိညာဉ်တော်နှစ်ပါးကြားရှိ ဆက်နွယ်မှုလော၊ သို့မဟုတ် လူသားတစ်ဦးနှင့် ဝိညာဉ်တော်တစ်ပါးကြားက ဆက်နွယ်မှုလော။ ဤအရာအားလုံးသည် မည်သည့်ရှင်းပြချက်မျှမရှိသော ကိစ္စရပ်များဖြစ်သည်။ အကယ်၍ ၎င်းတို့ အားလုံးသည် ဝိညာဉ်တော် တစ်ပါးတည်း ဆိုပါက၊ ၎င်းတို့သည် ဝိညာဉ်တော်တစ်ပါးတည်းကို ပိုင်ဆိုင်ကြသည့်အတွက်၊ ပုဂ္ဂိုလ်သုံးပါးအကြောင်း ပြော၍မရနိုင်ပေ။ အကယ်၍ ၎င်းတို့သည် ကွဲပြားသော ပုဂ္ဂိုလ်သုံးပါးဖြစ်ပါက၊ ၎င်းတို့၏ ဝိညာဉ်တော်များသည် အစွမ်းခွန်အားတွင် ကွဲပြားမည် ဖြစ်ပြီး၊ ၎င်းတို့သည် တကယ်ကို ဝိညာဉ်တော် တစ်ပါးတည်း မဖြစ်နိုင်ပေ။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့နှင့်သက်ဆိုင်သည့် ဤအယူအဆသည် အဓိပ္ပာယ်မရှိဆုံးဖြစ်သည်။ ဤအရာက ဘုရားသခင်အား ပိုင်းစိတ်ကာ သူ့ကို အသီးသီး အဆင့်အတန်းနှင့် ဝိညာဉ်တော်ပါရှိလျက် ပုဂ္ဂိုလ်သုံးပါးအဖြစ်သို့ ခွဲလိုက်သည်။ သို့ဆိုလျှင် သူသည် အဘယ်သို့ ဝိညာဉ်တော်တစ်ပါးနှင့် ဘုရားသခင် တစ်ဆူတည်း ဖြစ်နိုင်သေးသနည်း။ ငါ့ကိုပြောလော့၊ ကောင်းကင်၊ မြေကြီးနှင့် ယင်းတို့အတွင်းရှိ အရာခပ်သိမ်းကို ခမည်းတော်၊ သားတော် သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်က ဖန်ဆင်းခဲ့ခြင်း ဖြစ်သလော။ အချို့က ၎င်းတို့ အားလုံး အတူတကွ ဖန်ဆင်းခဲ့သည်ဟု ပြောကြသည်။ သို့ဆိုလျှင် လူသားမျိုးနွယ်အား မည်သူက ရွေးနုတ်ခဲ့သနည်း။ သန့်ရှင်းသော ဝိညာဉ်တော်လော၊ သားတော်လော၊ သို့တည်းမဟုတ် ခမည်းတော်လော။ လူသားမျိုးနွယ်အား ရွေးနုတ်ခဲ့သူမှာ သားတော်ဖြစ်သည်ဟု အချို့က ဆိုကြသည်။ သို့ဆိုလျှင် အနှစ်သာရအရ သားတော်သည် အဘယ်သူ ဖြစ်သနည်း။ သူသည် ဘုရားသခင် ဝိညာဉ်တော်၏ လူ့ဇာတိခံယူခြင်း ဖြစ်သည် မဟုတ်ပေလော။ လူ့ဇာတိခံယူခြင်းက ကောင်းကင်ဘုံရှိ ဘုရားသခင်ကို ခမည်းတော်၏ နာမဖြင့် ဖန်ဆင်းခံလူတစ်ဦး၏ ရှုထောင့်မှ ခေါ်ဆိုသည်။ ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ပဋိသန္ဓေတည်ခြင်းမှတစ်ဆင့် မွေးဖွားခဲ့သည်ကို သင် သတိမပြုမိသလော။ သူ၏အတွင်းတွင် သန့်ရှင်းသော ဝိညာဉ်တော် ရှိသည်။ သင်မည်သည့်အရာ ပြောဆိုသည်ဖြစ်စေ၊ သူသည် ဘုရားသခင်၏ ဝိညာဉ်တော်၏ လူ့ဇာတိခံယူခြင်း ဖြစ်သည့်အတွက်၊ ကောင်းကင်ဘုံရှိ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်နေဆဲဖြစ်သည်။ သားတော်နှင့်ဆိုင်သည့် ဤစိတ်ကူးသည် တကယ်ကို မမှန်ပေ။ အမှုအားလုံးကို ဆောင်ရွက်သူမှာ ဝိညာဉ်တော် တစ်ပါးတည်းသာ ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်သည့် ဘုရားသခင် ကိုယ်တိုင်သည်သာ သူ၏ အမှုကို ဆောင်ရွက်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည်

မည်သူနည်း။ ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်သည် မဟုတ်လော။ ယင်းမှာ ယေရှု၏ အထဲ၌ အလုပ်လုပ်သော သန့်ရှင်းသော ဝိညာဉ်တော် မဟုတ်လော။ အကယ်၍ အမှုအား သန့်ရှင်းသော ဝိညာဉ်တော်က (ယင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်သည်) ဆောင်ရွက်ခဲ့ခြင်း မရှိပါက၊ သူ၏ အမှုသည် ဘုရားသခင် ကိုယ်တော်တိုင်အား ကိုယ်စားပြုနိုင်ခဲ့မည်လော။ ယေရှုသည် သူဆုတောင်းသည့်အခါ၊ ကောင်းကင်ဘုံရှိ ဘုရားသခင်ကို ခမည်းတော်၏ နာမဖြင့် ခေါ်ဆိုခဲ့ချိန်တွင်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သာမန်နှင့် ရိုးရိုးဇာတိခန္ဓာကို ယူတင်ဝတ်ဆင် ထားခဲ့ပြီး၊ ဖန်ဆင်းခံ သက်ရှိတစ်ဦး၏ အပြင်ပန်းသဏ္ဍာန် ရှိခဲ့သောကြောင့်သာ၊ ဖန်ဆင်းခံ လူသားတစ်ဦး၏ ရှုထောင့်မှ ဤအရာကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ သူ၏အတွင်း၌ ရှိသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်ခဲ့လျှင်ပင်၊ သူ၏အပြင်ပန်း သွင်ပြင်သည် ပုံမှန်လူသား တစ်ဦး၏ သွင်ပြင်ဖြစ်နေဆဲ ဖြစ်ခဲ့သည်။ တစ်နည်းအားဖြင့်၊ သူသည် ယေရှုကိုယ်တိုင် အပါအဝင်၊ လူများအားလုံး ပြောဆိုကြသော “လူသား” ဖြစ်လာခဲ့ပြီးဖြစ်သည်။ သူ့ကို လူသားဟု ခေါ်ဆိုသည်ကို ထောက်ဆလျှင်၊ သူသည် သာမန်လူတို့၏ ပုံမှန်မိသားစုထဲတွင် မွေးဖွားလာခဲ့သော လူပုဂ္ဂိုလ်တစ်ဦး (ယောကျ်ား ဖြစ်စေ၊ မိန်းမဖြစ်စေ၊ မည်သည့် အခြေအနေတွင်မဆို သက်ရှိလူသား၏ အပြင်ပန်း အကာနှင့်ဖြစ်သည်) ဖြစ်သည်။ ထို့ကြောင့် ယေရှုက ကောင်းကင်ဘုံရှိ ဘုရားသခင်ကို ခမည်းတော်ဟူသည့် နာမဖြင့် ခေါ်ဆိုခြင်းမှာ သင်တို့သည် ကနဦးတွင် သူ့အား ခမည်းတော်ဟု ခေါ်ဆိုခဲ့ခြင်းနှင့် တူပေသည်။ သူသည် ဖန်ဆင်းခံ လူသားတစ်ဦး၏ ရှုထောင့်မှ ထိုသို့ ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။ သင်တို့အား အလွတ်ကျက်မှတ်ရန် ယေရှုမှ သွန်သင်ပေးခဲ့သော ပဌနာတော်ကို သင်တို့ မှတ်မိကြသေးသလော။ “ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့၏ အဖ...” သူသည် လူအားလုံးကို ကောင်းကင်ဘုံမှ ဘုရားသခင်အား ခမည်းတော်၏ နာမနှင့် ခေါ်ဆိုရန် စေခိုင်းခဲ့သည်။ သူသည်လည်း ဘုရားသခင်အား ခမည်းတော်ဟု ခေါ်ဆိုခဲ့သည့်အတွက်၊ သူသည် သင်တို့အားလုံးနှင့်တန်းတူ ရပ်တည်သူတစ်ဦး၏ ရှုထောင့်မှ ထိုသို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ သင်သည် ကောင်းကင်ဘုံရှိ ဘုရားသခင်အား ခမည်းတော်၏ နာမနှင့် ခေါ်ဆိုခဲ့သည့်အတွက်၊ ဤအရာက ယေရှုသည် မိမိကိုယ်ကိုယ် သင်တို့နှင့် အဆင့်အတန်းတူသည့်အဖြစ်နှင့် ကမ္ဘာပေါ်တွင် ဘုရားသခင်၏ ရွေးချယ် ခံရသည့် လူသားတစ်ဦးအဖြစ် (ဆိုလိုသည်မှာ ဘုရားသခင်၏ သားတော် အနေနှင့်) ရှုမြင်ခဲ့သည်ကို ပြပေသည်။ သင်တို့သည် ဘုရားသခင်အား “ခမည်းတော်” ဟု ခေါ်ဆိုပါက၊ ဤသည်မှာ သင်တို့သည် ဖန်ဆင်းခံ သတ္တဝါတစ်ဦး ဖြစ်သောကြောင့် မဟုတ်လော။ ယေရှု၏ သြဇာအာဏာသည် ကမ္ဘာပေါ်တွင်

မည်မျှ ကြီးမားစေကာမူ၊ ကားစင်တင်ခြင်း မတိုင်မီတွင်၊ သူ၏ အမှုကို မပြီးစီးသေးသည့်အတွက် သူသည် သန့်ရှင်းသော ဝိညာဉ်တော် (ယင်းမှာ ဘုရားသခင်ဖြစ်သည်) အုပ်စိုးသည့် လူသား တစ်ဦးမျှသာ ဖြစ်ပြီး၊ ကမ္ဘာမြေ၏ ဖန်ဆင်းခံ သတ္တဝါများထဲမှ တစ်ဦး ဖြစ်ခဲ့သည်။ ထို့ကြောင့် ကောင်းကင်ဘုံရှိ ဘုရားသခင်အား ခမည်းတော်ဟု သူ၏ခေါ်ဆိုခြင်းသည် လုံးဝဉသုံ သူ၏ နှိမ့်ချခြင်းနှင့် နာခံခြင်း ဖြစ်ခဲ့သည်။ သို့သော် ဘုရားသခင်အား (ကောင်းကင်ဘုံမှ ဝိညာဉ်တော်ကို ဆိုလိုသည်) သူ၏ ထိုသို့ပုံစံဖြင့် ခေါ်ဆိုခြင်းက သူသည် ကောင်းကင်ဘုံရှိ ဘုရားသခင် ဝိညာဉ်တော်၏ သားတော်ဖြစ်ခဲ့သည်ဟု သက်သေမပြပေ။ ထို့ထက် ယင်းမှာ သူသည် မတူကွဲပြားသော လူတစ်ဦး ဖြစ်ခဲ့သည်မဟုတ်ဘဲ၊ သူ၏ ရှုထောင့်က သက်သက် ကွဲပြားခြားနားခဲ့ခြင်း ဖြစ်သည်။ ကွဲပြားသော ပုဂ္ဂိုလ်များ တည်ရှိခြင်းသည် အတွေးမှားတစ်ခု ဖြစ်သည်။ သူ၏ ကားစင်တင်ခံရခြင်း မတိုင်မီတွင်၊ ယေရှုသည် ဇာတိပကတိ၏ ကန့်သတ်ချက်များဖြင့် ဖွဲ့နှောင်ထားခံရသည့် လူသားတစ်ဦးမျှသာ ဖြစ်ခဲ့ပြီး၊ ဝိညာဉ်တော်၏ သြဇာအာဏာကို အပြည့်အဝ မပိုင်ဆိုင်ခဲ့ပေ။ ယင်းမှာ သူသည် အဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ ရှုထောင့်မှသာ ခမည်းတော် ဘုရားသခင်၏ အလိုကို ရှာဖွေနိုင်ခဲ့သည့် အကြောင်းရင်းဖြစ်သည်။ ယင်းမှာ ဂေသရှေမန် ဥယျာဉ်တွင် သုံးကြိမ်သုံးခါ သူဆုတောင်းခဲ့သည့်အတိုင်း ဖြစ်သည်- "အကျွန်ုပ် အလိုရှိသည် အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည် အတိုင်း ဖြစ်ပါစေသော။" သူသည် ကားတိုင်ပေါ် အတင်မခံခဲ့ရမီတွင်၊ ယုဒလူမျိုးများ၏ ရှင်ဘုရင်မျှသာ ဖြစ်ခဲ့သည်။ သူသည် ခရစ်တော်၊ လူသားဖြစ်ခဲ့ပြီး၊ ဘုန်းအသရေနှင့်ဆိုင်သည့် ကိုယ်မဟုတ်ခဲ့ပေ။ ယင်းမှာ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ ရပ်တည်ချက်မှ သူသည် ဘုရားသခင်အား ခမည်းတော်ဟု ခေါ်ဆိုခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ယခုတွင် ဘုရားသခင်ကို ခမည်းတော်ဟု ခေါ်ဆိုသူအားလုံး သားတော်ဖြစ်သည်ဟု သင်ပြော၍ မရနိုင်ပေ။ ဤအရာသည် မှန်ကန်ပါက၊ ယေရှုက သင်တို့ကို ပဌနာတော် သင်ပေးသည်နှင့်တစ်ပြိုင်နက်၊ သင်တို့ အားလုံးသည် သားတော် ဖြစ်လာကြပြီးဖြစ်မည် မဟုတ်လော။ သင်တို့ လက်မခံသေးပါက၊ ငါ့ကိုပြောကြလော့၊ ခမည်းတော် (အဖ)ဟု သင်တို့ ခေါ်ဆိုသူမှာ မည်သူနည်း။ အကယ်၍ သင်တို့သည် ယေရှုကို ရည်ညွှန်းနေပါက၊ သင်တို့အဖို့ ယေရှု၏ ခမည်းတော်သည် မည်သူဖြစ်သနည်း။ ယေရှု ထွက်ခွာသွားပြီး နောက်တွင်၊ ခမည်းတော်နှင့် သားတော်တို့နှင့် ဆိုင်သည့် ဤစိတ်ကူး မရှိတော့ပေ။ ဤစိတ်ကူးသည် ယေရှု လူ့ဇာတိခံယူသည့် နှစ်ကာလများအတွက်သာ သင့်လျော်ခဲ့သည်။ အခြား အခြေအနေ အားလုံးအောက်တွင်၊ သင်က ဘုရားသခင်အား ခမည်းတော်ဟု ခေါ်ဆိုသောအခါ၊ ဖန်ဆင်းခြင်း၏ သခင်နှင့် ဖန်ဆင်းခံ သတ္တဝါတို့အကြား

ဆက်နွှယ်မှုတစ်ခု ဖြစ်သည်။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်သည့် ဤသုံးပါးတစ်ဆူ စိတ်ကူးရပ်တည်နိုင်သည့် အချိန်ကာလ မရှိပေ။ ယင်းသည် ခေတ်ကာလများ တစ်လျှောက် မြင်ရခဲ့သော အတွေးမှားတစ်ခုဖြစ်ပြီး မတည်ရှိပေ။

ဤအရာက လူအများစုအတွက် ကမ္ဘာဦးကျမ်းမှ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှတ်ရကောင်း အမှတ်ရစေနိုင်သည်- "ငါတို့ ပုံသဏ္ဌာန်နှင့်အညီ တစ်သဏ္ဌာန်တည်း လူကို ဖန်ဆင်းကြစို့။" ဘုရားသခင်သည် "ငါတို့" ပုံသဏ္ဌာန်နှင့် အညီ တစ်သဏ္ဌာန်တည်း လူကို ဖန်ဆင်းကြစို့ဟု ပြောသည်ကို ထောက်ဆလျှင်၊ "ငါတို့" သည် နှစ်ပါး သို့မဟုတ် နှစ်ပါးထက် ပိုသည်ကို ညွှန်ပြ၏။ သူက "ငါတို့" ဟု ဖော်ပြခဲ့သည့်အတွက်၊ ဘုရားသခင် တစ်ဆူတည်းသာ ရှိသည် မဟုတ်ပေ။ ဤနည်းဖြင့် လူသည် စိတ်ကူးသက်သက်ဖြစ်သည့် ကွဲပြားသည့် ပုဂ္ဂိုလ်များကို စတင် တွေးထင်ခဲ့ပြီး၊ ဤနှုတ်ကပတ်တော်များမှ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့နှင့်ဆိုင်သည့် ထင်မြင်ယူဆချက် ပေါ်ပေါက်လာခဲ့သည်။ သို့ဆိုလျှင် ခမည်းတော်သည် မည်သည့်အရာနှင့် တူသနည်း။ သားတော်သည် မည်သည့်အရာနှင့် တူသနည်း။ သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့်အရာနှင့် တူသနည်း။ ယနေ့ခေတ်၏ လူသားမျိုးနွယ်အား သုံးပါးစလုံး အတူတကွ ပေါင်းထားသော ပုံသဏ္ဌာန် တစ်ခုဖြင့် ဖန်ဆင်းခဲ့သည်မှာ ဖြစ်နိုင်မည်လော။ သို့ဆိုလျှင် လူ၏ ပုံသဏ္ဌာန်သည် ခမည်းတော်နှင့် သားတော်၏ ပုံသဏ္ဌာန်နှင့်တူသလော သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်၏ ပုံသဏ္ဌာန်နှင့် တူသလော။ ဘုရားသခင်၏ ပုဂ္ဂိုလ်များထဲမှ မည်သည့်ပုဂ္ဂိုလ်သည် လူသား၏ ပုံသဏ္ဌာန် ဖြစ်သနည်း။ လူသား၏ ဤထင်မြင်ယူဆချက်သည် တကယ်ကို မမှန်ကန်သကဲ့သို့ အဓိပ္ပာယ်မရှိပေ။ ယင်းမှာ ဘုရားသခင် တစ်ပါးကို အချို့သော ဘုရားသခင်များအဖြစ်သို့သာ ခွဲနိုင်သည်။ မောရှေက ကမ္ဘာဦးကျမ်းကို ရေးခဲ့သည့် အချိန်တွင်၊ ယင်းမှာ ကမ္ဘာကြီးအား ဖန်ဆင်းခြင်းနောက် လူသားမျိုးနွယ်အား ဖန်ဆင်းပြီး နောက်ပိုင်းတွင် ဖြစ်ခဲ့သည်။ ကမ္ဘာကြီး စတင်ခဲ့သည့်အချိန် အစအဦး၌ မောရှေသည် ရှိမနေခဲ့ပေ။ များစွာကြာပြီး နောက်ပိုင်းတွင်မှ မောရှေသည် ကျမ်းစာကို ရေးသားခဲ့ခြင်းဖြစ်သည်၊ ထို့ကြောင့် စကားပြောခဲ့သည်မှာ ကောင်းကင်ဘုံရှိ ဘုရားသခင်ဖြစ်သည်ဟု သူမည်သို့ သိနိုင်ခဲ့မည်နည်း။ ဘုရားသခင်သည် ကမ္ဘာလောကအား မည်ကဲ့သို့ ဖန်ဆင်းခဲ့သည်ဆိုသည်နှင့် ပတ်သက်သည့် နားလည်သဘောပေါက်မှု အရိပ်အမြွက်မျှ သူ့ထံတွင် မရှိခဲ့ပေ။ သမ္မာကျမ်းစာ၏ ဓမ္မဟောင်းကျမ်းတွင် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့အား ဖော်ပြချက် ဘာမျှမရှိပေ၊ စစ်မှန်သည့် တစ်ဆူတည်းသော ဘုရားသခင်ဖြစ်သည့် ယေဟောဝါမှ ဣသရေလတွင် သူ၏ အမှုအား

ဆောင်ရွက်နေခဲ့သည်ကိုသာ ဖော်ပြထားသည်။ ခေတ်များ ပြောင်းလဲသည်နှင့်အမျှ၊ သူ့ကို မတူကွဲပြားသော နာမများဖြင့် ခေါ်ဆိုထားသည်၊ သို့သော် ဤအရာက နာမအသီးသီးသည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်တစ်ပါးကို ရည်ညွှန်းသည်ဟု သက်သေမပြနိုင်ပေ။ ဤအရာသည် မှန်ကန်ပါက၊ ဘုရားသခင်၌ မရေမတွက်နိုင်သော ပုဂ္ဂိုလ်များ ရှိမည် မဟုတ်လော။ ဓမ္မဟောင်းကျမ်းတွင် ရေးသားထားသော အရာမှာ ယေဟောဝါ၏ အမှု၊ ပညတ်တော်ခေတ်၌ စတင်ခြင်းအတွက် ဘုရားသခင် ကိုယ်တော်တိုင်၏ အမှုအဆင့်တစ်ခု ဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ အမှုဖြစ်ခဲ့ပြီး၊ သူပြောဆိုသည့်အတိုင်း ဖြစ်ခဲ့ကာ သူ အမိန့်ပေးခဲ့သည်အတိုင်း တည်မြဲခဲ့သည်။ မည်သည့်အချိန်တွင်မျှ ယေဟောဝါက သူသည် အမှုဆောင်ရွက်ဖို့ ကြွလာသော ခမည်းတော် ဖြစ်ကြောင်း မပြောခဲ့သကဲ့သို့၊ လူသားမျိုးနွယ်အား ရွေးနုတ်ရန် သားတော်ကြွလာခြင်းကို တစ်ကြိမ်တစ်ခါမျှ ပရောဖက်မပြုခဲ့ပေ။ ယေရှု၏ အချိန်ကာလ ရောက်လာသောအခါတွင်၊ လူသားမျိုးနွယ်အား ရွေးနုတ်ရန် ဘုရားသခင်သည် လူ့ဇာတိ ခံယူခဲ့ပြီးဖြစ်သည်ဟုသာ ပြောခဲ့ပြီး၊ ကြွလာခဲ့ပြီးသူမှာ သားတော် ဖြစ်သည်ဆိုသည်ကို မပြောခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ခေတ်ကာလများသည် မတူကြသကဲ့သို့၊ ဘုရားသခင် ကိုယ်တော်တိုင် လုပ်ဆောင်သော အမှုသည်လည်း ကွဲပြားသောကြောင့်၊ သူသည် သူ၏ အမှုကို မတူကွဲပြားသော နယ်ပယ်များအတွင်းတွင် လုပ်ဆောင်ရန် လိုအပ်ပေသည်။ ဤနည်းဖြင့်၊ သူကိုယ်စားပြုသော ပင်ကိုလက္ခဏာသည်လည်း ကွဲပြားသွားသည်။ လူက ယေဟောဝါသည် ယေရှု၏ ခမည်းတော်ဖြစ်သည်ဟု ယုံကြည်သည်၊ သို့သော် “ငါတို့သည် ဘယ်သောအခါမျှ ခမည်းတော်နှင့် သားတော်ဟူ၍ ခွဲခြားမနေ။ ငါနှင့် ကောင်းကင်ဘုံရှိ ခမည်းတော်သည် တစ်ဦးတည်း ဖြစ်၏။ ခမည်းတော်သည် ငါ၌ရှိတော်မူ၍ ငါသည်လည်း ခမည်းတော်၌ ရှိ၏၊ သားတော်ကို မြင်သောသူသည်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော ခမည်းတော်ကို မြင်၏။” ဟုပြောဆိုခဲ့သည့် ယေရှုက ဤအရာကို အသိအမှတ်မပြုခဲ့ပေ။ အနှစ်ချုပ်အားဖြင့်၊ ခမည်းတော်ဖြစ်စေ၊ သားတော်ဖြစ်စေ၊ ၎င်းတို့သည် သီးခြား ပုဂ္ဂိုလ်များအဖြစ်သို့ ခွဲခြားမခံရဘဲ၊ ဝိညာဉ်တော် တစ်ပါးတည်းဖြစ်သည်။ လူက ရှင်းပြရန် ကြိုးစားသည်နှင့်တစ်ပြိုင်နက်၊ ကိစ္စရပ်များသည် ကွဲပြားသော ပုဂ္ဂိုလ်များနှင့်ဆိုင်သည့် ထင်မြင်ယူဆချက်အပြင် ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့ အကြားရှိ ဆက်နွယ်မှုတို့ဖြင့် ရှုပ်ထွေးသွား၏။ လူသည် သီးခြား ပုဂ္ဂိုလ်များနှင့်သက်ဆိုင်၍ ပြောသောအခါတွင်၊ ဤသည်မှာ ဘုရားသခင်အား ရုပ်ဝါဒသဘောသို့ သွင်းလိုက်သည် မဟုတ်လော။ လူသည် ပုဂ္ဂိုလ်များအား ပထမ၊ ဒုတိယနှင့် တတိယဟူ၍ပင် သတ်မှတ်ကြသည်။ ဤအရာ အားလုံးသည် လူ၏ စိတ်ကူးစိတ်သန်းများသာ ဖြစ်ကြပြီး၊ ရည်ညွှန်းခြင်းငှာ

မထိုက်တန်သကဲ့သို့ လုံးဝ လက်တွေ့မကျပေ။ အကယ်၍ သင်သည် ထိုသူ့ကို "ဘုရားသခင် ဘယ်နှစ်ပါး ရှိသနည်း။" ဟု မေးခဲ့ပါက၊ ထိုသူက ဘုရားသခင်သည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်သည့် သုံးပါးတစ်ဆူဖြစ်သည်- စစ်မှန်သော ဘုရားတစ်ဆူ ဖြစ်သည်ဟု ပြောပေမည်။ သင်က "ခမည်းတော် ဆိုသည်မှာ မည်သူနည်း။" ဟု တစ်ဖန် မေးခဲ့ပါက၊ ထိုသူက၊ "ခမည်းတော်သည် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်သည်၊ သူသည် အရာအားလုံးကို ကွပ်ကဲပြီး ကောင်းကင်ဘုံ၏ အရှင်သခင် ဖြစ်သည်။" ဟု ပြောပေမည်။ "သို့ဆိုလျှင် ယေဟောဝါသည် ဝိညာဉ်တော် ဖြစ်သလော။" ဟု သင်မေးမည်ဆိုပါက၊ ထိုသူက "ဟုတ်သည်" ဟု ပြန်ဖြေမည်။ ထို့နောက် သင်က "သားတော်သည် မည်သူနည်း။" ဟု ထိုသူကို မေးမည်ဆိုပါက၊ ယေရှုမှာ သားတော် အမှန်ဖြစ်သည်ဟု ထိုသူက ပြောပေမည်။ "ဤသို့ဆိုလျှင် ယေရှု၏ အဖြစ်အပျက်ကား မည်သည့်အရာဖြစ်သနည်း။ မည်သည့်နေရာမှ သူလာခဲ့သနည်း။" ဟု မေးမည် ဆိုပါက၊ ထိုသူက "ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ပဋိသန္ဓေ စွဲယူခြင်းမှတစ်ဆင့် မာရိထံ မွေးဖွားခဲ့သည်။" ဟု ပြောပေမည်။ သို့ဆိုလျှင် သူ၏ အနှစ်သာရသည်လည်း ဝိညာဉ်တော် ဖြစ်သည် မဟုတ်လော။ သူ၏အလုပ်သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်အား ကိုယ်စားပြုခြင်း ဖြစ်သည် မဟုတ်လော။ ယေဟောဝါသည် ဝိညာဉ်တော်ဖြစ်သည်၊ ထို့ကြောင့် ယေရှု၏ အနှစ်သာရသည်လည်း ဝိညာဉ်တော် ဖြစ်သည်။ ယခုနောက်ဆုံးသော ကာလတွင်၊ အမှုပြုနေသေးသည်မှာ ဝိညာဉ်တော် ဖြစ်သည်ကို ပြောစရာပင်မလိုပေ၊ ၎င်းတို့သည် အဘယ်သို့ မတူကွဲပြားသော ပုဂ္ဂိုလ်များ ဖြစ်နိုင်မည်နည်း။ ကွဲပြားခြားနားသော ရှုထောင့်များမှ ဝိညာဉ်တော်၏ အလုပ်အား ဆောင်ရွက်နေသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော် သက်သက် ဖြစ်သည် မဟုတ်လော။ ထိုသို့ဖြင့် ပုဂ္ဂိုလ်များကြားတွင် ကွဲပြားချက် မရှိပေ။ ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေတည်ခဲ့သည်၊ မလွဲဧကန် သူ၏ အမှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် အတိအကျ ဖြစ်ပေသည်။ ယေဟောဝါက ဆောင်ရွက်ခဲ့သည့် အမှု၏ ပထမအဆင့်တွင်၊ သူသည် လူ့ဇာတိ မခံယူခဲ့သကဲ့သို့၊ လူ့ထံသို့လည်း မပေါ်ထွန်းခဲ့ပေ။ ထို့ကြောင့် လူသည် သူ၏ မည်သည့်အသွင်ပြင်ကို လုံးဝ မမြင်ခဲ့ရပေ။ သူသည် မည်မျှ ကြီးမြတ်ကာ မည်မျှမြင့်မားခဲ့သည်ဖြစ်စေ၊ သူသည် ဝိညာဉ်တော်၊ လူအား ဦးစွာ ဖန်ဆင်းခဲ့သည့် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်နေဆဲ ဖြစ်သည်။ ဆိုလိုသည်မှာ သူသည် ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်ခဲ့သည်။ သူသည် မိုးတိမ်များ အလယ် လူသားအား စကားပြောခဲ့ချိန်တွင်၊ သူသည် ဝိညာဉ်တော်မျှသာ ဖြစ်ခဲ့သည်။ သူ၏ အသွင်အပြင်ကို မည်သူမျှ မျက်မြင် မတွေ့ခဲ့ကြရပေ။ ကျေးဇူးတော်ခေတ်တွင်သာ

ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ့ဇာတိဖြစ်လာခဲ့ပြီး၊ ယုဒနယ်တွင် လူ့ဇာတိ ခံယူခဲ့သည့်အခါတွင်သာ လူသည် ပထမဦးဆုံးအနေနှင့် လူ့ဇာတိခံယူခြင်း၏ ပုံသဏ္ဌာန်ကို ယုဒလူတစ်ဦးအဖြစ် တွေ့မြင်ခဲ့ရပေသည်။ ယေဟောဝါ၏ ခံစားချက်အား အာရုံခံ၍ မရနိုင်ခဲ့ပေ။ သို့သော် သူသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေတည်ခဲ့ပြီး၊ ဆိုလိုသည်မှာ ယေဟောဝါ ကိုယ်တော်တိုင်၏ ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေတည်ခဲ့ပြီး၊ ယေရှုသည် ဘုရားသခင် ဝိညာဉ်တော်၏ ပြယုဂ်အဖြစ် မွေးဖွားလာခဲ့ဆဲဖြစ်သည်။ လူက ပထမအဦးဆုံး မြင်ခဲ့ရသော အရာမှာ ယေရှုအပေါ်သို့ ချိုးငှက်အဖြစ် ဆင်းသက်နေသည့် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်သည်။ ယင်းမှာ ယေရှုအဖို့ သီးသန့်ဝိညာဉ်တော် မဟုတ်ခဲ့ဘဲ၊ ယင်းထက် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်ခဲ့သည်။ သို့ဆိုလျှင် ယေရှု၏ ဝိညာဉ်တော်ကို သန့်ရှင်းသော ဝိညာဉ်တော်မှ ခွဲ၍ ရနိုင်သလော။ အကယ်၍ ယေရှုသည် ယေရှု၊ သားတော် ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်ပါက၊ ၎င်းတို့သည် အဘယ်သို့ တစ်ပါးတည်း ဖြစ်နိုင်မည်နည်း။ ထိုသို့ဖြစ်ပါက အမှုကို ဆောင်ရွက်နိုင်ခဲ့မည် မဟုတ်ပေ။ ယေရှုအတွင်းရှိ ဝိညာဉ်တော်၊ ကောင်းကင်ဘုံရှိ ဝိညာဉ်တော်နှင့် ယေဟောဝါ၏ ဝိညာဉ်တော်တို့သည် တစ်ပါးတည်းသာ ဖြစ်သည်။ ယင်းကို သန့်ရှင်းသော ဝိညာဉ်တော်၊ ဘုရားသခင်၏ ဝိညာဉ်တော်၊ ခုနစ်ဆပြင်းသော ဝိညာဉ်တော်နှင့် အလုံးစုံ ခြုံလွှမ်းသော ဝိညာဉ်တော်ဟူ၍ ခေါ်ဆို၍ရနိုင်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အလုပ်များစွာ ဆောင်ရွက်နိုင်သည်။ သူသည် ကမ္ဘာလောကကို ဖန်ဆင်းနိုင်ပြီး၊ ယင်းကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးနိုင်သည်။ သူသည် လူသားမျိုးနွယ် အားလုံးကို ရွေးနုတ်နိုင်သည့်အပြင်၊ လူသားမျိုးနွယ် အားလုံးကိုလည်း သိမ်းပိုက်ကာ ဖျက်ဆီးနိုင်သည်။ ဤအလုပ်အားလုံးကို ဘုရားသခင် ကိုယ်တော်တိုင်က ဆောင်ရွက်ပြီး သူ၏ကိုယ်စား ဘုရားသခင်၏ အခြားမည်သည့်ပုဂ္ဂိုလ်ကမျှ လုပ်ဆောင်ရပြီး မဖြစ်နိုင်ပေ။ သူ၏ဝိညာဉ်တော်အား ယေဟောဝါ၊ ယေရှုနှင့် အနန္တတန်ခိုးရှင် ဟူသည့်နာမဖြင့် ခေါ်ဆိုနိုင်သည်။ သူသည် သခင်ဖြစ်ပြီး၊ ခရစ်တော်ဖြစ်သည်။ သူသည် လူသားလည်း ဖြစ်လာနိုင်သည်။ သူသည် ကောင်းကင်ဘုံ၌ရှိပြီး မြေကြီးပေါ်၌လည်း ရှိသည်။ သူသည် စကြဝဠာများအထက်နှင့် လူထုများအလယ်တွင် ရှိသည်။ သူသည် ကောင်းကင်နှင့် မြေကြီး၏ တစ်ဦးတည်းသော အရှင်သခင် ဖြစ်သည်။ ဖန်ဆင်းခြင်းအချိန်မှ ယခုအထိ၊ ဤအမှုကို ဘုရားသခင်ကိုယ်တော်တိုင်၏ ဝိညာဉ်တော်က ဆောင်ရွက်ပြီးဖြစ်သည်။ ကောင်းကင်ဘုံရှိ အလုပ်ဖြစ်စေ၊ လူ့ဇာတိထဲက အလုပ်ဖြစ်စေ၊ အားလုံးကို သူကိုယ်တိုင်၏ ဝိညာဉ်တော်က ဆောင်ရွက်ပေသည်။ ကောင်းကင်ဘုံတွင် ဖြစ်စေ၊ မြေကြီးပေါ်တွင် ဖြစ်စေ၊ ဖန်ဆင်းခံ

သတ္တဝါအားလုံးသည် သူ၏ အနန္တလက်ဝါးတွင် ရှိကြသည်။ ဤအရာအားလုံးသည် ဘုရားသခင်ကိုယ်တော်တိုင်၏ အမှု ဖြစ်ပြီး၊ သူ၏ ကိုယ်စား အခြားမည်သူကမျှ လုပ်ဆောင်၍မရနိုင်ပေ။ ကောင်းကင်ဘုံတွင်၊ သူသည် ဝိညာဉ်တော်ဖြစ်ပြီးသော်လည်း၊ ဘုရားသခင် ကိုယ်တော်တိုင်လည်း ဖြစ်သည်။ လူတို့အလယ်တွင် သူသည် လူ့ဇာတိဖြစ်သော်လည်း၊ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်နေဆဲဖြစ်သည်။ သူ့ကို ရာထောင်ချီသော နာမများဖြင့် ခေါ်ဆိုကောင်း ခေါ်ဆိုနိုင်သော်လည်း၊ သူသည် သူကိုယ်တိုင် ဖြစ်နေသေးပြီး၊ အမှု အားလုံးသည် သူ၏ ဝိညာဉ်တော်၏ တိုက်ရိုက် ဖော်ပြချက် ဖြစ်သည်။ သူ၏ ကားစင်တင်ခံရခြင်းမှတစ်ဆင့် လူသားမျိုးနွယ် အားလုံးနှင့်ဆိုင်သည့် ရွေးနုတ်ခြင်းသည် သူ၏ ဝိညာဉ်တော်၏ တိုက်ရိုက် အလုပ် ဖြစ်ခဲ့ပြီး၊ နောက်ဆုံးသော ကာလအတွင်းတွင် တိုင်းနိုင်ငံအားလုံးနှင့် နယ်မြေအားလုံးထံ ကြွေးကြော်ခြင်းလည်း ဖြစ်သည်။ တစ်ချိန်လုံး၊ ဘုရားသခင်ကို အနန္တတန်ခိုးရှိသကဲ့သို့ စစ်မှန်သည့် တစ်ဆူတည်းသော ဘုရားသခင်၊ အလုံးစုံ လွှမ်းခြုံသော ဘုရားသခင်ဟုသာ ခေါ်ဆို၍ရနိုင်သည်။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့နှင့်ဆိုင်သည့် ဤထင်မြင်ယူဆချက်ကို မဆိုထားနှင့်၊ ကွဲပြားသော ပုဂ္ဂိုလ်များ မတည်ရှိပေ။ ကောင်းကင်နှင့် မြေကြီးပေါ်တွင် ဘုရားသခင် တစ်ဆူတည်းသာ ရှိသည်။

ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်သည် အနှစ်ခြောက်ထောင် သက်တမ်းရှိပြီး၊ သူ့အမှု၏ ကွဲပြားခြားနားမှုများအပေါ် အခြေခံ၍ ခေတ်သုံးခေတ်အဖြစ်သို့ ခွဲခြားထားသည်။ ပထမခေတ်သည် ဓမ္မဟောင်း ပညတ်တော်ခေတ်ဖြစ်သည်၊ ဒုတိယခေတ်သည် ကျေးဇူးတော်ခေတ် ဖြစ်ပြီး၊ တတိယခေတ်မှာ နောက်ဆုံးသော ကာလနှင့် သက်ဆိုင်သည့်ခေတ်- နိုင်ငံတော်ခေတ်ဖြစ်သည်။ ခေတ်အသီးသီးတွင် ကွဲပြားခြားနားသော ပင်ကိုလက္ခဏာတစ်ခုကို ဖော်ပြထား၏။ ဤသည်မှာ အမှုထဲက ကွဲပြားခြားနားမှု၊ ဆိုလိုသည်မှာ၊ အမှု၏ သတ်မှတ်ချက်များကြောင့်သာ ဖြစ်သည်။ ပညတ်တော်ခေတ်အတွင်းရှိ အမှု၏ ပထမအဆင့်ကို ဣသရေလပြည်တွင် ဆောင်ရွက်ခဲ့ပြီး၊ ရွေးနုတ်ခြင်းအမှုကို အဆုံးသတ်ခြင်းနှင့်ဆိုင်သည့် ဒုတိယ အဆင့်ကို ယုဒပြည်တွင် ဆောင်ရွက်ခဲ့သည်။ ရွေးနုတ်ခြင်း အမှုအတွက် ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ပဋိသန္ဓေစွဲယူခြင်းမှတစ်ဆင့် တစ်ပါးတည်းသော သားတော်အဖြစ် မွေးဖွားခဲ့သည်။ ဤအရာအားလုံးသည် အမှု၏ သတ်မှတ်ချက်များကြောင့် ဖြစ်သည်။ နောက်ဆုံးသော ကာလတွင် ဘုရားသခင်သည် ၎င်းတို့အလယ် သူ၏ နာမတော် ကြီးမြတ်နိုင်ဖို့အလို့ငှာ သူ၏အမှုအား တစ်ပါးအမျိုးသား တိုင်းနိုင်ငံများထဲသို့ ချဲ့ထွင်ရန်နှင့် ထိုနေရာရှိ လူတို့ကို

သိမ်းပိုက်ရန် ဆန္ဒရှိလေသည်။ သမ္မာတရားအားလုံးကို သိနားလည်ခြင်းနှင့် ဝင်ရောက်ခြင်းထဲသို့ လူသားကို လမ်းပြရန် သူ ဆန္ဒရှိသည်။ ဤအမှုအားလုံးကို ဝိညာဉ်တော်တစ်ပါးတည်းက ဆောင်ရွက်ခြင်း ဖြစ်သည်။ သူသည် မတူကွဲပြားသော ရှုထောင့်များမှ ထိုသို့ လုပ်ကောင်း လုပ်နိုင်သော်လည်း၊ အမှု၏ သဘာဝနှင့် အခြေခံသဘောတရားများမှာ တူနေဆဲဖြစ်သည်။ ၎င်းတို့ ဆောင်ရွက်ခဲ့သော အမှု၏သဘာဝနှင့် အခြေခံသဘောတရားများကို သင် လေ့လာစောင့်ကြည့်သည်နှင့်တစ်ပြိုင်နက်၊ အားလုံးကို ဝိညာဉ်တော် တစ်ပါးတည်းက ဆောင်ရွက်သည်ကို သင်သိလိမ့်မည်။ အချို့က "ခမည်းတော်သည် ခမည်းတော်ဖြစ်ပြီး၊ သားတော်က သားတော်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်ပြီး၊ အဆုံးတွင် ၎င်းတို့သည် တစ်ဦးတည်း ဖြစ်ကြလိမ့်မည်။" ဟု ဆိုကောင်း ဆိုနိုင်သေးသည်။ သို့ဆိုလျှင် သင်သည် ၎င်းတို့ကို တစ်ဦးတည်းအဖြစ် မည်သို့ဖြစ်စေသင့်သနည်း။ ခမည်းတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်သည် အဘယ်ကဲ့သို့ တစ်ဦးတည်း ဖြစ်နိုင်မည်နည်း။ အကယ်၍ ၎င်းတို့သည် ပင်ကိုအားဖြင့် နှစ်ပါးဖြစ်ခဲ့သည်ဆိုပါက၊ ၎င်းတို့ကို မည်သို့ ပေါင်းစပ်သည်ဖြစ်စေ၊ အစိတ်အပိုင်းနှစ်ခု ဖြစ်ဆဲရှိကြမည် မဟုတ်လော။ သင်သည် ၎င်းတို့အား တစ်ဦးတည်း ဖြစ်စေခြင်းအကြောင်း ပြောဆိုရာတွင်၊ ယင်းမှာ ကွဲပြားသော အစိတ်အပိုင်းနှစ်ခုကို တစ်လုံးတစ်ဝတည်း ဖြစ်စေရန် ပေါင်းစည်းခြင်း သက်သက်ဖြစ်သည် မဟုတ်လော။ သို့သော် ၎င်းတို့သည် တစ်လုံးတစ်ဝတည်း မဖြစ်မီတွင် အစိတ်အပိုင်းနှစ်ခု ဖြစ်ခဲ့သည် မဟုတ်လော။ ဝိညာဉ်တော်အသီးသီးသည် ခြားနားသော အနှစ်သာရ တစ်ခုရှိပြီး၊ ဝိညာဉ်တော် နှစ်ပါးကိုလည်း တစ်ပါးတည်း အဖြစ်သို့ ပြုလုပ်၍ မရနိုင်ပေ။ ဝိညာဉ်တော်သည် ရုပ်ဝတ္ထုအရာတစ်ခု မဟုတ်သကဲ့သို့၊ ရုပ်ဝတ္ထု လောကကြီးထဲက မည်သည့်အရာနှင့်မျှ မတူပေ။ လူသားက မြင်သကဲ့သို့၊ ခမည်းတော်သည် ဝိညာဉ်တော် တစ်ပါးဖြစ်ပြီး၊ သားတော်သည် နောက်ထပ် တစ်ပါးဖြစ်ကာ၊ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း နောက်တစ်ပါး ဖြစ်ပြီး၊ ဝိညာဉ်တော် သုံးပါးကို ဖန်ခွက်သုံးခွက်ထဲမှ ရေများကဲ့သို့ တစ်လုံးတစ်ဝတည်းအဖြစ်သို့ ရောနှောလိုက်ခြင်း ဖြစ်သည်။ ထိုအခါ သုံးပါးသည် တစ်ပါးတည်းဖြစ်သွားသည် မဟုတ်လော။ ဤသည်မှာ မှားယွင်းသော ရှင်းပြချက် သက်သက်ပင်တည်း။ ဤသည်မှာ ဘုရားသခင်အား ခွဲခြင်း ဖြစ်သည် မဟုတ်လော။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့ကို အဘယ်သို့ တစ်ဦးတည်း ဖြစ်စေ၍ ရနိုင်သနည်း။ ၎င်းတို့သည် ကွဲပြားခြားနားသော သဘာဝများနှင့် အစိတ်အပိုင်း သုံးခု ဖြစ်ကြသည် မဟုတ်လော။ "ဘုရားသခင်က ယေရှုကို သူ၏ချစ်သောသားဟု ပွင့်လင်းစွာ

ဖော်ပြခဲ့သည် မဟုတ်လော။” ဟု ဆိုကြသော သူအချို့ရှိကြသေးသည်။ ယေရှုသည် ဘုရားသခင်၏ နှစ်သက်မြတ်နိုးရာ ချစ်သား ဖြစ်သည်- ဤအရာကို ဘုရားသခင် ကိုယ်တော်တိုင် သေချာပေါက် ပြောခဲ့ပေသည်။ ယင်းမှာ ဘုရားသခင်သည် မိမိကိုယ်ကိုယ် သက်သေခံခြင်း ဖြစ်သည်၊ သို့သော် ကောင်းကင်ဘုံရှိ ဝိညာဉ်တော်က သူကိုယ်တိုင်၏ လူ့ဇာတိခံယူခြင်းကို သက်သေခံနေခြင်း ဟူသည့် ကွဲပြားခြားနားသော ရှုထောင့်မှသာ ဖြစ်သည်။ ယေရှုသည် သူ၏ လူ့ဇာတိ ခံယူခြင်း ဖြစ်ပြီး၊ ကောင်းကင်ဘုံရှိ သူ၏ သားတော်မဟုတ်ပေ။ သင်နားလည်ပါ၏လော။ “ငါသည် ခမည်းတော်၌ရှိသည်ကိုငှင်း၊ ခမည်းတော်သည် ငါ၌ ရှိတော်မူသည်ကိုငှင်း၊” ဟူသော ယေရှု၏ စကားများသည် ၎င်းတို့မှာ ဝိညာဉ်တော် တစ်ပါးတည်း ဖြစ်သည်ကို ညွှန်းပြသည် မဟုတ်လော။ လူ့ဇာတိခံယူခြင်းကြောင့်သာ ၎င်းတို့သည် ကောင်းကင်နှင့် မြေကြီးကြားတွင် ခွဲခွာနေရခြင်း ဖြစ်သည် မဟုတ်လော။ လက်တွေ့အရှိတရားတွင်၊ ၎င်းတို့သည် တစ်ပါးတည်း ဖြစ်နေဆဲ ဖြစ်သည်။ မည်သို့ပင် ဖြစ်စေကာမူ၊ ယင်းသည် ဘုရားသခင်က မိမိကိုယ်ကိုယ် သက်သေခံခြင်း သက်သက် ဖြစ်သည်။ ခေတ်များထဲက အပြောင်းအလဲ၊ အမှု၏ သတ်မှတ်ချက်များနှင့် သူ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ ကွဲပြားခြားနားသော အဆင့်များကြောင့်၊ သူ့ကို လူကခေါ်ဆိုသော နာမတော်သည်လည်း ကွဲပြားခြားနားပေသည်။ အမှု၏ ပထမအဆင့်အား ဆောင်ရွက်ရန် သူကြွလာခဲ့ချိန်တွင်၊ သူ့ကို ယေဟောဝါ၊ ဣသရေလလူမျိုးများ၏ သိုးထိန်းဟူ၍သာ ခေါ်၍ရနိုင်ခဲ့သည်။ ဒုတိယအဆင့်တွင်၊ လူ့ဇာတိခံ ဘုရားသခင်ကို သခင်နှင့် ခရစ်တော် ဟူ၍သာ ခေါ်ဆို၍ရနိုင်ခဲ့သည်။ သို့သော် ထိုအချိန်တွင်၊ ကောင်းကင်ဘုံရှိ ဝိညာဉ်တော်က သူသည် ဘုရားသခင်၏ ချစ်မြတ်နိုးသောသား ဟူ၍သာ ဖော်ပြခဲ့ပြီး၊ ဘုရားသခင်၏ တစ်ဦးတည်းသော သားတော်ဟူသော သူ၏ဖြစ်ခြင်းနှင့်ပတ်သက်၍ မည်သည့် ဖော်ပြချက်မှ မပြုခဲ့ပေ။ ဤသည်မှာ တကယ်ကို မဖြစ်ပျက်ခဲ့ပေ။ အဘယ်သို့ ဘုရားသခင်သည် ကလေးတစ်ဦးတည်းသာ ရှိနိုင်မည်နည်း။ သို့ဆိုလျှင် ဘုရားသခင်သည် လူသား ဖြစ်လာပြီးဖြစ်မည် မဟုတ်လော။ သူသည် လူ့ဇာတိခံယူခြင်း ဖြစ်ခဲ့သောကြောင့်၊ သူ့ကို ဘုရားသခင်၏ ချစ်သောသားဟု ခေါ်ဆိုခဲ့ပြီး၊ ဤအရာမှ ခမည်းတော်နှင့် သားတော်ကြားက ဆက်နွယ်မှု ဖြစ်လာပေသည်။ ယင်းမှာ ကောင်းကင်နှင့် မြေကြီးကြားရှိ ခြားနားခြင်းကြောင့် သက်သက် ဖြစ်သည်။ ယေရှုသည် လူ့ဇာတိ၏ ရှုထောင့်မှ ဆုတောင်းခဲ့သည်။ သူသည် ထိုသို့သော ပုံမှန်လူသားသဘာဝ၏ ဇာတိပကတိကို ယူတင် ဝတ်ဆင်ထားခဲ့ပြီးဖြစ်သည့် အတွက်၊ “ငါ၏ အပြင်ပန်းအကာသည် ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ အရာသာ ဖြစ်သည်။ ငါသည် ဤကမ္ဘာမြေသို့ ကြွလာရန် လူ့ဇာတိအား ယူတင်ဝတ်ဆင်သည့်အတွက်၊ ယခုတွင်

ငါသည် ကောင်းကင်ဘုံနှင့် အလွန့်အလွန် ဝေးကွာလျက်ရှိ၏။" ဟုသူပြောခဲ့သည်မှာ လူ့ဇာတိ၏ ရှုထောင့်မှ ဖြစ်သည်။ ဤအကြောင်းရင်းကြောင့်၊ သူသည် ခမည်းတော် ဘုရားသခင်အား ဇာတိပကတိ၏ ရှုထောင့်မှသာ ဆုတောင်းနိုင်ခဲ့သည်။ ဤသည်မှာ သူ၏တာဝန် ဖြစ်ခဲ့ပြီး၊ ယင်းမှာ လူ့ဇာတိခံ ဘုရားသခင်၏ ဝိညာဉ်တော်က ဖြည့်ဆည်းထားသင့်သည့် အရာ ဖြစ်သည်။ သူသည် ခမည်းတော်အား လူ့ဇာတိ၏ ရှုထောင့်မှ ဆုတောင်းခဲ့သောကြောင့်သာ၊ သူသည် ဘုရားသခင် မဟုတ်ဟု ပြော၍မရနိုင်ပေ။ သူသည် ဝိညာဉ်တော်၏ လူ့ဇာတိခံယူခြင်းသာ ဖြစ်ပြီး၊ သူ၏ အနှစ်သာရသည် ဝိညာဉ်တော် ဖြစ်နေဆဲ ဖြစ်သည့်အတွက်၊ သူသည် ဘုရားသခင်၏ ချစ်သားဟု ခေါ်ဆိုခံခဲ့ရသော်လည်း၊ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ဆဲဖြစ်ခဲ့သည်။ လူတို့က သူသည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ပါက၊ အဘယ်ကြောင့် ဆုတောင်းခဲ့သနည်းဟု တွေးကြသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သူသည် လူ့ဇာတိခံ ဘုရားသခင်၊ လူ့ဇာတိအတွင်း အသက်ရှင်သည့် ဘုရားသခင် ဖြစ်ခဲ့ပြီး၊ ကောင်းကင်ဘုံရှိ ဝိညာဉ်တော် မဟုတ်ခဲ့သောကြောင့် ဖြစ်သည်။ လူတို့မြင်သည့်အတိုင်း၊ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော် အားလုံးသည် ဘုရားသခင်ဖြစ်သည်။ သုံးပါးလုံးက တစ်ပါးတည်း ဖြစ်စေသည်ကိုသာ တစ်ဆူတည်းသော စစ်မှန်သည့် ဘုရားသခင်ဟု မှတ်ယူနိုင်ပြီး၊ ဤနည်းဖြင့် သူ၏ တန်ခိုးသည် ထူးခြားစွာ ကြီးမားသွားသည်။ ဤနည်းဖြင့်သာ သူသည် ခုနှစ်ဆပြင်းသော ဝိညာဉ်တော် ဖြစ်သည်ဟု ပြောဆိုကြသော သူအချို့ရှိသေးသည်။ သူ၏ ကြွလာခြင်းနောက် သားတော် ဆုတောင်းခဲ့ချိန်တွင်၊ သူ ဆုတောင်းခဲ့သည်မှာ ဝိညာဉ်တော်ထံ ဖြစ်သည်။ လက်တွေ့အရှိတရားတွင်၊ သူသည် ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ ရှုထောင့်မှ ဆုတောင်းနေခဲ့ပေသည်။ အကြောင်းမှာ လူ့ဇာတိသည် အလုံးစုံ မဟုတ်သည့်အတွက်၊ သူသည် လူ့ဇာတိ ဖြစ်လာခဲ့ချိန်တွင် အလုံးစုံ မဖြစ်ခဲ့သကဲ့သို့ အားနည်းချက်များစွာ ရှိခဲ့ပြီး၊ လူ့ဇာတိ၌ သူ၏အမှုကို ဆောင်ရွက်ခဲ့ချိန်တွင် သူသည် များစွာ ဒုက္ခခံခဲ့ရသည်။ ယင်းမှာ သူသည် သူ၏ ကားစင်တင်ခံရခြင်း မတိုင်မီတွင် ခမည်းတော် ဘုရားသခင်ထံ သုံးကြိမ်သုံးခါ ဆုတောင်းခဲ့သည့်အပြင်၊ ယင်းမတိုင်မီတွင် အကြိမ်များစွာ ဆုတောင်းခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ သူသည် သူ၏ တပည့်တော်များအလယ်တွင် ဆုတောင်းခဲ့သည်။ တောင်ပေါ်တွင် တစ်ဦးတည်းလည်း သူ ဆုတောင်းခဲ့သည်။ သူသည် ငါးဖမ်းလှေပေါ်တွင် ဆုတောင်းခဲ့သည်။ မြောက်မြားလှစွာသော လူအုပ်ကြီးအလယ်တွင် သူဆုတောင်းခဲ့သည်။ မုန့်အား ချိုးဖဲ့သောအခါတွင် သူဆုတောင်းခဲ့သည်။ ပြီးလျှင် အခြားသူများအား သူကောင်းချီးပေးနေချိန်တွင် ဆုတောင်းခဲ့သည်။ သူသည် အဘယ်ကြောင့် ထိုသို့ ပြုခဲ့သနည်း။ သူဆုတောင်းခဲ့သည့်သူမှာ ဝိညာဉ်တော် ဖြစ်သည်။ သူသည်

ဇာတိပကတိ၏ ရှုထောင့်မှ ဝိညာဉ်တော်၊ ကောင်းကင်ဘုံရှိ ဘုရားသခင်ထံ ဆုတောင်းခဲ့ပေသည်။ ထို့ကြောင့် လူ၏ ရှုထောင့်မှ၊ ယေရှုသည် အမှု၏ ထိုအဆင့်တွင် သားတော် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ သို့သော် ဤအဆင့်တွင်၊ သူသည် ဆုမတောင်းပေ။ ဤသည်မှာ အဘယ်ကြောင့်နည်း။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သူထုတ်ဆောင်သည့် အရာသည် နှုတ်ကပတ်တော်၏ အမှုနှင့် နှုတ်ကပတ်တော်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ ဖြစ်သောကြောင့် ဖြစ်သည်။ သူသည် ဆုတောင်းခြင်းများ မလိုအပ်သကဲ့သို့ သူ၏ အမှုတော်သည် စကားပြောရန် ဖြစ်သည်။ သူသည် လက်ဝါးကားတိုင်ထက် အတင်မခံရသကဲ့သို့၊ အာဏာရှိသော သူများလက်ထဲသို့ လူ၏ လွှဲအပ်ခြင်းလည်း မခံရပေ။ သူသည် သူ၏ အမှုကို ရိုးစင်းစွာ ဆောင်ရွက်သည်။ ယေရှု ဆုတောင်းခဲ့သည့်အချိန်တွင်၊ သူသည် ခမည်းတော် ဘုရားသခင်အား ကောင်းကင်နိုင်ငံတော် ဆင်းသက် လာခြင်းအတွက်၊ ခမည်းတော်၏ အလို ပြည့်စုံနိုင်ရန်အတွက်နှင့် လာမည့် အမှုအတွက် ဆုတောင်းခဲ့ခြင်း ဖြစ်သည်။ ဤအဆင့်တွင် ကောင်းကင်နိုင်ငံတော်သည် ဆင်းသက်နှင့်ပြီး ဖြစ်သည်၊ ထို့ကြောင့် သူသည် ဆုတောင်းရန် လိုသေးသလော။ သူ၏ အမှုသည် ခေတ်ကို အဆုံးသတ် တစ်ခုသို့ ဆောင်ကြဉ်းရန် ဖြစ်ပြီး၊ နောက်ထပ် ခေတ်အသစ်များ မရှိတော့သောကြောင့်၊ နောက်တစ်ဆင့်အတွက် ဆုတောင်းရန် လိုအပ်မှု ရှိပါသလော။ အားတော့နာပါရဲ့ လိုအပ်မှု မရှိပေ။

လူ၏ ရှင်းပြချက်များတွင် ဆန့်ကျင်ကွဲလွဲမှု များစွာရှိသည်။ အမှန်တွင် ဤအရာအားလုံးသည် လူ၏ အယူအဆများသာ ဖြစ်သည်။ နောက်ထပ် စေ့စေ့စပ်စပ် စစ်ဆေးခြင်း မရှိဘဲနှင့်၊ ယင်းတို့ မှန်ကန်သည်ဟု သင်တို့အားလုံး ယုံကြည်ပေမည်။ ဘုရားသခင်ကို သုံးပါးတစ်ဆူ အဖြစ် ဤထင်မြင်ယူဆချက်သည် လူ၏ အယူအဆသာဖြစ်သည်ကို သင်တို့ မသိသလော။ လူနှင့်သက်ဆိုင်သည့် မည်သည့် အသိပညာမျှ ပြည့်ဝပြီး စေ့စပ်သေချာခြင်း မရှိပေ။ အမြဲ မစင်ကြယ်မှုများရှိပြီး၊ လူသည် ထင်မြင်ယူဆချက် အလွန်များလှပေသည်။ ဤအရာက ဖန်ဆင်းခံ သတ္တဝါတစ်ဦးသည် ဘုရားသခင်၏ အမှုအား တကယ်ကို မရှင်းပြနိုင်သည်ကို ဖော်ပြပေသည်။ လူ၏ စိတ်ထဲတွင် များစွာရှိနေပြီး အားလုံးသည် သမ္မာတရားနှင့် သဘောကွဲလွဲသော တွေးခေါ်ဆင်ခြင်မှုနှင့် အတွေးများမှ လာခြင်း ဖြစ်သည်။ သင်၏ ဆင်ခြင်တွေးခေါ်မှုစနစ်သည် ဘုရားသခင်၏ အမှုကို စေ့စေ့စပ်စပ် ပိုင်းခြားစိတ်ဖြာနိုင်သလော။ သင်သည် ယေဟောဝါ၏ အမှုအားလုံးထဲသို့ ထိုးထွင်းသိမြင်မှုတစ်ခု ရရှိနိုင်သလော။ ယင်းကို လုံးဝ ရိပ်စားမိနိုင်သူမှာ လူသားအနေဖြင့် သင်ဖြစ်သလော၊ သို့မဟုတ် ကမ္ဘာအဆက်ဆက် မြင်နိုင်သောသူမှာ ဘုရားသခင်

ကိုယ်တိုင်ဖြစ်သလော။ ရှေးယခင် ထာဝရကာလမှ နောင်လာမည့် ထာဝရ ကာလတိုင်အောင် မြင်နိုင်သောသူမှာ သင်ဖြစ်သလော၊ သို့တည်းမဟုတ် ထိုသို့ ပြုနိုင်သောသူမှာ ဘုရားသခင်ပေလော။ သင် မည်သည့်အရာ ပြောသနည်း။ ဘုရားသခင်အကြောင်း ရှင်းပြရန် သင် မည်သို့ထိုက်တန်ရသနည်း။ သင့်ရှင်းပြချက်သည် မည်သည့်အခြေခံအကြောင်းရင်းပေါ်တွင် ရှိသနည်း။ သင်သည် ဘုရားသခင်လော။ ကောင်းကင်၊ မြေကြီးနှင့် ထိုအထဲရှိ အရာခပ်သိမ်းကို ဖန်ဆင်းထားခဲ့သူမှာ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ ဤအရာကို လုပ်ဆောင်ခဲ့သူမှာ သင်မဟုတ်၊ ထို့ကြောင့် သင်သည် မမှန်ကန်သော ရှင်းပြချက်များကို အဘယ်ကြောင့် ပေးနေရသနည်း။ ယခုတွင် သင်သည် သုံးပါးတစ်ဆူ ဘုရားသခင်ကို ဆက်ယုံကြည်သေးသလော။ ဤနည်းလမ်းသည် အလွန် ကိုယ်ရောစိတ်ပါ ပင်ပန်းသည်ဟု သင် မထင်သလော။ ဘုရားသခင် သုံးပါးမဟုတ်ဘဲ၊ တစ်ပါးတည်းကိုသာ ယုံကြည်ရန်မှာ သင့်အတွက် အကောင်းဆုံး ဖြစ်မည်။ သခင်၏ ဝန်သည်ပေါ့သည့်အတွက်၊ ပေါ့ပါးရသည်မှာ အကောင်းဆုံး ဖြစ်သည်။

# လက်တွေ့လုပ်ဆောင်ခြင်း (၃)

သင်တို့သည် အမှီအခိုကင်းစွာ အသက်ရှင်ဖို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မိမိတို့ဘာသာ စားသောက်နိုင်ဖို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မိမိတို့ကိုယ်တိုင် တွေ့ကြုံဖို့နှင့် အခြားသူများ၏ ဦးဆောင်မှုမရှိဘဲ ပုံမှန် ဝိညာဉ်ရေးရာ အသက်ကို နေထိုင်ဖို့ အစွမ်းအစ ရှိရမည်။ သင်တို့သည် ယနေ့ ဘုရားသခင် ပြောဆိုသော နှုတ်ကပတ်တော်များအပေါ် အမှီပြုနိုင်ရမည်၊ စစ်မှန်သော အတွေ့အကြုံထဲသို့ ဝင်ရောက်နိုင်ရမည်ဖြစ်ပြီး၊ စစ်မှန်သော ထိုးထွင်းအမြင်များ ရရှိနိုင်ရမည်။ ဤအရာကို လုပ်ဆောင်ခြင်းဖြင့်သာ သင်သည် ခိုင်မာစွာ ရပ်တည်နိုင်လိမ့်မည်။ ယနေ့တွင်၊ လူများစွာတို့သည် အနာဂတ် ဘေးဒုက္ခဆင်းရဲခြင်းများနှင့် စမ်းသပ်မှုများကို အပြည့်အဝ နားမလည်ကြချေ။ အနာဂတ်တွင်၊ လူအချို့သည် ဘေးဒုက္ခဆင်းရဲခြင်းများကို ကြုံတွေ့ရလိမ့်မည်ဖြစ်ပြီး၊ အချို့သည် အပြစ်ဒဏ်ပေးခြင်းကို ကြုံတွေ့ရလိမ့်မည်။ ဤအပြစ်ဒဏ်ပေးခြင်းသည် သာ၍ ပြင်းထန်လိမ့်မည်။ ယင်းသည် အမှန်တရားများ ရောက်လာခြင်း ဖြစ်လိမ့်မည်။။ ယနေ့တွင်၊ သင်ကြုံတွေ့သမျှ၊ လက်တွေ့လုပ်ဆောင်သမျှ နှင့် ထင်ရှားစေသမျှအားလုံးသည် အနာဂတ်၏ စမ်းသပ်မှုများအတွက် အခြေခံအုတ်မြစ် ချပေးပြီး၊ အနည်းဆုံး အနေဖြင့်၊ သင်သည် အမှီအခိုကင်းစွာ အသက်ရှင်နိုင်ရမည်။ ယနေ့တွင်၊

အသင်းတော်ထဲမှ များစွာသောသူတို့နှင့် စပ်လျဉ်းသော အခြေအနေသည် ယေဘုယျအားဖြင့် အောက်ပါအတိုင်း ဖြစ်သည်- အလုပ်ကို လုပ်ဆောင်ဖို့ ခေါင်းဆောင်များနှင့် အလုပ်သမားများ ရှိပါက၊ ၎င်းတို့ ပျော်ရွှင်ကြပြီး၊ မရှိပါက၊ မပျော်ရွှင်ကြချေ။ ၎င်းတို့သည် အသင်းတော်၏ အလုပ်ကို အရေးမထားသည်သာမက၊ ၎င်းတို့ကိုယ်တိုင်၏ ဝိညာဉ်ရေးရာ အသက်တာများကိုလည်း အရေးမထားသကဲ့သို့၊ ဝန်ထုပ် အနည်းငယ်မျှ မရှိကြချေ။- ၎င်းတို့သည် ဟန်ဟောင်ငှက်[a] ကဲ့သို့ တော်စွလျော်စွ ကြုံရာကျပန်းနေကြသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင်၊ များစွာသော သူတို့သည် အခြေခံအားဖြင့် စုံလင်စေခြင်းခံရဖို့ မထိုက်တန်ကြ သည့်အတွက်၊ လူများစွာတွင် ငါလုပ်ဆောင်ခဲ့သော အမှုသည် သိမ်းပိုက်ခြင်း အမှုမျှသာ ဖြစ်သည်။ လူနည်းစုသာ စုံလင်စေခြင်း ခံရနိုင်ပေသည်။ ဤနှုတ်ကပတ်တော်ကို ကြားပြီးနောက် သင်က၊ "ဘုရားသခင် လုပ်ဆောင်သော အမှုသည် လူတို့ကို သိမ်းပိုက်ရန်သာ ဖြစ်သည့်အတွက်၊ ကျွန်ုပ် ဝတ်ကျေတမ်းကျေသာ လိုက်လျှောက်မည်" ဟု စဉ်းစားပါက၊ ထိုသို့သော သဘောထားသည် အဘယ်သို့ လက်ခံနိုင်ဖွယ် ဖြစ်နိုင်မည်နည်း။ သင်တို့သည် အသိစိတ် အမှန်တကယ် ပိုင်ဆိုင်ပါက၊ သင်သည် ဝန်ထုပ်တစ်ခုနှင့် တာဝန်သိစိတ်တစ်ခု ရှိရမည်ဖြစ်သည်။ သင့်အနေဖြင့်၊ "အကျွန်ုပ် အသိမ်းပိုက်ခံရမည် ဖြစ်စေ၊ စုံလင်စေခြင်း ခံရမည် ဖြစ်စေ၊ သက်သေခံချက်၏ ဤအဆင့်ကို မှန်ကန်စွာ ကျွန်ုပ် သက်သေခံရမည်" ဟု သင်ပြောရမည်။ ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါတစ်ဦး အနေနှင့်၊ လူတစ်ဦးသည် ဘုရားသခင်၏ လုံးဝ သိမ်းပိုက်ခြင်းခံရနိုင်ပြီး၊ ဘုရားသခင်ကို ချစ်သော စိတ်နှလုံးတစ်ခုဖြင့်၊ ပြီးလျှင် မိမိကိုယ်ကိုယ် ဘုရားသခင်ထံ လုံးဝ ဆက်ကပ်ခြင်းဖြင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြန်ပေးဆပ်ရင်း နောက်ဆုံးတွင် ဘုရားသခင်ကို စိတ်ကျေနပ်စေနိုင်လာပေသည်။ ဤသည်မှာ လူသား၏ တာဝန်ဝတ္တရား ဖြစ်သည်၊ လူသားက ထမ်းဆောင်သင့်သည့် ဝတ္တရား ဖြစ်ပြီး၊ လူသားက သယ်ဆောင်သင့်သည့် ဝန်ထုပ်ဖြစ်ကာ ဤစေခိုင်းချက်ကို လူသားက ပြည့်စုံစေရမည်ဖြစ်သည်။ ထိုအခါမျှသာ သူသည် ဘုရားသခင်ကို ကေန်အမှန် ယုံကြည်ပေသည်။ ယနေ့တွင်၊ အသင်းတော်ထဲ၌ သင်လုပ်ဆောင်သည့် အရာသည် သင်၏တာဝန်ကို ဖြည့်ဆည်းခြင်းလော။ ဤသည်မှာ သင်သည် ဝန်လေးခြင်းရှိမရှိ ဆိုသည့်အပေါ် မူတည်ပြီး၊ သင်၏ ကိုယ်ပိုင်အသိပညာပေါ်တွင် မူတည်ပေသည်။ ဤအမှုကို တွေ့ကြုံခြင်းတွင်၊ လူသားသည် သိမ်းပိုက်ခြင်းခံရပြီး စစ်မှန်သည့် အသိပညာရှိပါက၊ ၎င်းသည် ၎င်း၏ကိုယ်ပိုင် တက်လမ်းများ၊ သို့မဟုတ် ကံကြမ္မာကို ပဓာနမထားဘဲ နာခံနိုင်စွမ်း ရှိလိမ့်မည်။ အသင်လူတို့သည် ဤအရာထက် သာ၍ မည်သည့်အရာမျှ မတတ်စွမ်းနိုင်သကဲ့သို့ သာ၍ မြင့်မားသော မည်သည့်

တောင်းဆိုချက်များကိုမျှ မပြည့်စုံစေနိုင်သည့်အတွက်၊ ဤနည်းဖြင့်၊ ဘုရားသခင်၏ ကြီးမြတ်သော အမှုသည် အလုံးစုံ ပြည့်မြောက်လိမ့်မည်။ သို့သော်လည်း အနာဂတ်တွင်၊ လူအချို့သည် စုံလင်စေခြင်း ခံရလိမ့်မည်။ ၎င်းတို့၏ အရည်အချင်း တိုးတက်လိမ့်မည်၊ ၎င်းတို့၏ စိတ်ဝိညာဉ်များ၌ သာ၍ နက်နဲသော အသိပညာကို ရှိကြလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့၏ အသက်တာများ ကြီးထွားကြလိမ့်မည် ... သို့သော် အချို့သည် ဤအရာကို လုံးဝ ရရှိနိုင်စွမ်းမရှိကြ၊ ထို့ကြောင့် ကယ်တင်၍ မရနိုင်ပေ။ ၎င်းတို့ ကယ်တင်၍ မရနိုင်ဟု ငါပြောရသည့် အကြောင်းအရင်း ရှိသည်။ အနာဂတ်တွင်၊ အချို့သည် သိမ်းပိုက်ခြင်း ခံရလိမ့်မည်၊ အချို့သည် ပယ်ရှင်းခြင်း ခံရလိမ့်မည်၊ အချို့သည် စုံလင်စေခြင်း ခံရလိမ့်မည်ဖြစ်ပြီး၊ အချို့မှာ အသုံးပြုခံရကြလိမ့်မည်ဖြစ်သည်- ထို့ကြောင့် အချို့သည် ဘေးဒုက္ခဆင်းရဲခြင်းကို တွေ့ကြုံကြလိမ့်မည်၊ အချို့သည် (သဘာဝကပ်ဘေးများနှင့် လူလုပ် ကံအကြောင်းမလှသည့် ဖြစ်ရပ်နှစ်ခုလုံး) အပြစ်ဒဏ်ပေးခြင်းကို တွေ့ကြုံရကြလိမ့်မည်၊ အချို့မှာ ပယ်ရှင်းခံရကြလိမ့်မည် ဖြစ်ပြီး၊ အချို့သည် အသက်ရှင် ကျန်ရစ်ကြလိမ့်မည်။ ဤတွင်၊ အုပ်စုအသီးသီးသည် လူတစ်မျိုးကို ကိုယ်စားပြုရင်း၊ အသီးသီးသည် အမျိုးအစားအလိုက် ခွဲခြားခြင်းခံရကြလိမ့်မည်။ လူအားလုံး သုတ်သင်ပယ်ရှင်းခံရမည် မဟုတ်သကဲ့သို့၊ လူအားလုံးသည်လည်း စုံလင်စေခြင်း ခံရကြမည် မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် တရုတ်လူမျိုးတို့၏ အရည်အချင်းသည် အလွန် ညံ့ဖျင်းသောကြောင့် ဖြစ်ပြီး ၎င်းတို့ထဲတွင် ပေါလုကဲ့သို့ မိမိကိုယ်ကိုယ် သိခြင်းမျိုး ပိုင်ဆိုင်သူ အနည်းငယ်သာ ရှိသောကြောင့် ဖြစ်သည်။ သင်တို့ထဲတွင်၊ အနည်းငယ်သည် ပေတရုကဲ့သို့ ဘုရားသခင်ကို ချစ်ရန် စိတ်ပိုင်းဖြတ်ချက် သို့မဟုတ် ယောဘ၌ ရှိခဲ့သည့်အတိုင်း အလားတူ ယုံကြည်ချက်မျိုး ရှိကြသည်။ ဒါဝိဒ် လုပ်ဆောင်ခဲ့သကဲ့သို့ ယေဟောဝါကို ကြောက်ရွံ့ပြီး အစေခံသူ၊ တူညီသည့် သစ္စာစောင့်သိမှု အဆင့်ရှိသူ၊ သင်တို့ထဲတွင် ရှိခဲ့ပေသည်။ သင်တို့သည် သနားစရာ ကောင်းလှပေသည်တကား။

ယနေ့တွင် စုံလင်စေခြင်းခံရခြင်းကို ဆွေးနွေးခြင်းသည် ရှုထောင့်တစ်ခုသာ ဖြစ်သည်။ မည်သို့ပင် ဖြစ်ပါစေ၊ သင်တို့သည် ဤသက်သေခံချက်အဆင့်ကို မှန်ကန်စွာ သက်သေခံရမည်။ အကယ်၍ ဗိမာန်တော်၌ ဘုရားသခင်ကို အစေခံရန် သင်တို့ စေခိုင်းခံရပါက၊ သင်တို့သည် မည်ကဲ့သို့ ထိုသို့လုပ်ဆောင်မည်နည်း။ သင်သည် ယဇ်ပရောဟိတ်တစ်ပါး မဟုတ်သကဲ့သို့၊ သားဦးများ သို့မဟုတ် ဘုရားသခင်၏ သားများ၏ အဆင့်အတန်း မရှိပါက၊ သစ္စာစောင့်သိနိုင်ဦးမည်လော။ နိုင်ငံတော် ကျယ်ပြန့်စေခြင်း အလုပ်တွင် သင်၏ အားထုတ်မှုအားလုံးကို သုံးနိုင်ဦးမည်လော။ ဘုရားသခင်၏

တာဝန်ပေးစေခိုင်းချက်နှင့်ဆိုင်သည့် အလုပ်ကို သင် မှန်ကန်စွာ လုပ်ဆောင်နိုင်စွမ်း ရှိဦးမည်လော။ သင်၏ အသက်တာ မည်မျှ ကြီးထွားပြီးဖြစ်သည်ကို ပဓာနမထားဘဲ၊ ယနေ့၏ အမှုသည် သင့်ကို အတွင်း၌ အပြည့်အဝ ယုံကြည်လက်ခံဖို့နှင့် သင်၏ အယူအဆများအားလုံးကို ဘေးဖယ်ထားဖို့ ဖြစ်စေလိမ့်မည်။ အသက်အား လိုက်စားဖို့ လိုအပ်သည့်အရာ သင်၌ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘုရားသခင်၏ အမှုသည် သင့်ကို အပြည့်အဝ လက်ခံယုံကြည်စေလိမ့်မည်။ လူအချို့က၊ "အကျွန်ုပ်သည် ဘုရားသခင်ကို ယုံကြည်ရုံမျှယုံကြည်ပြီး၊ အသက်ကို လိုက်စားရှာဖွေရန်ဆိုသည်မှာ မည်သည့်အရာဆိုလိုသည်ကို ကျွန်ုပ် နားမလည်ပါ" ဟု ဆိုကြသည်။ ပြီးလျှင် အချို့က "ဘုရားသခင်၌ ကျွန်ုပ်၏ ယုံကြည်ခြင်းတွင် ကျွန်ုပ်သည် စိတ်ရှုပ်ထွေးသည်။ အကျွန်ုပ် စုံလင်စေခြင်း မခံနိုင်သည်ကို ကျွန်ုပ် သိပါသည်၊ ထို့ကြောင့် ပြစ်တင်ဆုံးမခြင်းကို ခံရန် ကျွန်ုပ် အသင့်ရှိပါသည်" ဟု ဆိုကြသည်။ ပြစ်တင်ဆုံးမခြင်းခံရန် သို့မဟုတ် ဖျက်ဆီးခြင်းခံရန် အသင့်ရှိသော ဤကဲ့သို့ လူများကိုပင်လျှင်၊ ယနေ့၏ အမှုကို ဘုရားသခင် ဆောင်ရွက်သည်ကို အသိအမှတ် ပြုစေရမည်လည်း ဖြစ်သည်။ အချို့ကလည်း၊ "စုံလင်စေခြင်းခံရဖို့ ကျွန်ုပ် မတောင်းဆိုပါ၊ သို့သော် ယနေ့တွင် ဘုရားသခင်၏ လေ့ကျင့်ပေးခြင်း အားလုံးကိုလက်ခံရန် ကျွန်ုပ် လိုလားနေပြီး၊ ပုံမှန် လူ့သဘာဝကို အသက်ရှင်နေထိုင်ဖို့၊ ကျွန်ုပ်၏ အရည်အချင်းကို တိုးတက်စေဖို့နှင့် ဘုရားသခင်၏ စီစဉ်မှုများအားလုံးကို နာခံဖို့ လိုလားလျက်ရှိပါသည်…" ဟု ဆိုကြသည်။ ဤအရာတွင်၊ ၎င်းတို့သည် သိမ်းပိုက်ခြင်း ခံကြရပြီးဖြစ်ကာ သက်သေခံကြပြီး ဖြစ်သည်၊ ယင်းက ဤလူများအတွင်း၌ ဘုရားသခင်၏အမှုနှင့် သက်ဆိုင်သည့် အသိပညာတစ်ချို့ရှိသည်ကို သက်သေပြပေသည်။ အမှု၏ဤအဆင့်ကို အလွန့်အလွန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပြီးဖြစ်ကာ၊ အနာဂတ်တွင် နိုင်ငံရပ်ခြား၌ သာ၍ပင် လျင်မြန်စွာ ဆောင်ရွက်လိမ့်မည်ဖြစ်သည်။ ယနေ့တွင် နိုင်ငံရပ်ခြားရှိ လူတို့သည် အနည်းငယ်မျှ မစောင့်ဆိုင်းနိုင်ကြပေ၊ ၎င်းတို့အားလုံးသည် တရုတ်ပြည်သို့ အပြေးအလွှားသွားကြလေသည်- ထို့ကြောင့် သင်တို့သည် စုံလင်စေခြင်း မခံရနိုင်ပါက၊ နိုင်ငံရပ်ခြားမှ လူတို့အား ကြန့်ကြာစေလိမ့်မည်ဖြစ်သည်။ ထိုအချိန်တွင်၊ သင်တို့ မည်မျှကောင်းမွန်စွာ ဝင်ရောက်ပြီးသည်ဖြစ်စေ၊ သို့မဟုတ် သင်တို့ မည်သည့်အရာကဲ့သို့ ဖြစ်ကြပါစေ၊ အချိန်တန်လျှင် ငါ၏ အမှုသည် အဆုံးသတ်ကာ ပြည့်စုံလိမ့်မည်ဖြစ်သည်။ ငါ၏ အမှုသည် သင်တို့အားဖြင့် နှောင့်နှေးလိမ့်မည်မဟုတ်။ ငါသည် လူသားမျိုးနွယ် အားလုံးနှင့်ဆိုင်သည့် အမှုကို လုပ်ဆောင်ပြီး၊ သင်တို့နှင့်ပတ်သက်၍ နောက်ထပ် မည်သည့်အချိန်မျှ ကုန်ဆုံးဖို့ ငါ့အတွက် မလိုအပ်ပေ။ သင်တို့သည် မိမိကိုယ်ကို သိခြင်း ကင်းမဲ့လွန်းကြလျက်၊

အလွန်မတက်ကြွလွန်းကြပေ။ သင်တို့သည် စုံလင်စေခြင်းခံရဖို့ မထိုက်တန်ကြ- သင်တို့သည် မည်သည့်အလားအလာမျှ မရှိသလောက် ဖြစ်သည်။ အနာဂတ်တွင်၊ လူတို့သည် ဆက်လက် လျော့ရဲလွန်းကာ ဖြစ်ကတတ်ဆန်းနိုင်ပြီး၊ ၎င်းတို့၏ အရည်အချင်းကို တိုးတက်ခြင်းငှာ မတတ်စွမ်းနိုင်မြဲရှိလျှင်ပင်၊ ဤအရာသည် စကြဝဠာတစ်ခုလုံး၏ အမှုကို ကြန့်ကြာစေမည်မဟုတ်ပေ။ ဘုရားသခင်၏ အမှု အပြီးသတ်ဖို့အတွက် အချိန်ကျလာသည့်အခါတွင်၊ ယင်းသည် အပြီးသတ်လိမ့်မည်ဖြစ်ပြီး၊ လူတို့ ပယ်ရှင်းခံရဖို့အတွက် အချိန်ကျလာသည့်အခါတွင်၊ ၎င်းတို့ ပယ်ရှင်းခံရလိမ့်မည်။ ဟုတ်ပေ၏၊ စုံလင်စေခြင်း ခံရသင့်သော သူများနှင့် စုံလင်စေခြင်းငှာ ထိုက်တန်သော သူများသည်လည်း စုံလင်စေခြင်းခံရလိမ့်မည်- သို့သော် သင်တို့သည် အမှန်တကယ် မျှော်လင့်ချက် မရှိပါက၊ ဘုရားသခင်၏ အမှုသည် သင်တို့ကို စောင့်လိမ့်မည်မဟုတ်။ နောက်ဆုံးတွင်၊ သင်သည် သိမ်းပိုက်ခြင်းခံရပါက၊ ဤအရာကိုလည်း သက်သေခံခြင်းအဖြစ် ယူဆနိုင်သည်။ သင်တို့ကို ဘုရားသခင် တောင်းဆိုသည့်အရာတွင် ကန့်သတ်ချက်များ ရှိ၏။ လူက ရရှိနိုင်သည့် ဝိညာဉ်ရင့်ကျက်မှု၏ မည်သည့်အထွတ်အထိပ်မဆိုသည် သူ့ကို တောင်းဆိုထားသည့် သက်သေခံချက်၏ အထွတ်အထိပ်ဖြစ်သည်။ ထိုအရာသည် လူသားက စိတ်ကူးသကဲ့သို့ ထိုသို့သောသက်သေခံချက်သည် အလွန်မြင့်မားဆုံးသော ကန့်သတ်ချက်များထိ ရောက်ရှိလိမ့်မည်၊ ပြီးလျှင် ယင်းသည် ထူးကဲလိမ့်မည်ဟူ၍ မဟုတ်ပေ- အသင် တရုတ်လူမျိုးများထဲတွင် ဤအရာကို ရရှိနိုင်ဖို့ နည်းလမ်းမရှိပေ။ ငါသည် သင်တို့နှင့် ဤတစ်ချိန်လုံး ထိတွေ့ပြီးဖြစ်ကာ သင်တို့ ကိုယ်တိုင်လည်း ဤအရာကို မြင်တွေ့ကြပြီးဖြစ်သည်- ငါသည် သင်တို့ကို မခုခံဖို့၊ မပုန်ကန်ဖို့၊ အနှောင့်အယှက်ဖြစ်စေသည့် အရာများ မပြုလုပ်ဖို့ သို့မဟုတ် ငါ၏ နောက်ကွယ်တွင် ဖျက်လိုဖျက်ဆီးမလုပ်ဖို့ ပြောပြီး ဖြစ်သည်။ ငါသည် ဤအကြိမ်များစွာ ဤအရာနှင့်ပတ်သက်၍ လူတို့ကို ဝေဖန်ပြီးဖြစ်သော်လည်း၊ ယင်းသည်ပင် မလုံလောက်ပေ- အချို့သည် စိတ်မလုံမလဲဖြစ်ခြင်း တစ်ခုတစ်လေမျှမရှိဘဲ၊ ငါ့ကို တိတ်တဆိတ် ခုခံကြစဉ်တွင်၊ ၎င်းတို့သည် လှည့်လိုက်သည့်အခိုက်တွင်ပင် ပြောင်းလဲကြလေသည်။ ဤအရာ တစ်စုံတစ်ရာကိုမျှ ငါ မသိဟု သင် ထင်သလော။ သင်သည် ငါ့အတွက် ပြဿနာဖြစ်စေပြီး၊ ထိုအရာမှ မည်သည့်အရာမျှ ဖြစ်လာမည်မဟုတ်ဟု သင် ထင်သလော။ သင်သည် ငါ၏ အမှုကို ငါ့နောက်ကွယ်တွင် ဖြိုချဖျက်ဆီးရန် ကြိုးစားသောအခါ၊ ငါမသိဟု သင်ထင်သလော။ သင်၏ သေးနုပ်လှသော ပရိယာယ်များသည် သင်၏ စရိုက်လက္ခဏာအတွက် အစားဝင်ပေးနိုင်မည်ဟု သင် ထင်သလော။ သင်သည် အမြဲ နာခံတတ်ပုံပေါ်သော်လည်း၊ တိတ်တဆိတ်

သစ္စာဖောက်တတ်သည်၊ သင်သည် မကောင်းသောအတွေးများကို သင်၏ စိတ်နှလုံးတွင် ကွယ်ဝှက်ထားပြီး၊ သေခြင်းသည်ပင် သင်ကဲ့သို့သော လူများအတွက် လုံလောက်သော ပြစ်ဒဏ်ပေးခြင်း မဟုတ်ပေ။ သင်၏အထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်ပြုသော သေးငယ်သည့် အမှုအချို့သည် ငါ့အတွက် သင်၏ ကြည်ညိုခြင်းကို အစားထိုးနိုင်သည်ဟု သင်ထင်သလော။ ကောင်းကင်ဘုံသို့ အော်ခေါ်ခြင်းမှတစ်ဆင့် ဉာဏ်အလင်းပေးခြင်းကို သင် ရရှိခဲ့သည်ဟု ထင်ပါသလော။ သင်သည် ရှက်ရကောင်းမှန်း မသိပေ။ သင်သည် အလွန် အသုံးမကျသောသူ ဖြစ်၏။ သင်၏ ကောင်းမှု တို့သည် ကောင်းကင်ဘုံသို့ ရောက်ရှိနေပြီး အပြန်အလှန်အနေဖြင့် သူသည် ခြွင်းချက်တစ်ခုအဖြစ် သင့်အား သင့်တင့်သော အရည်အချင်းတို့ကို ပေးအပ်လျက် သင့်အား အပြောကောင်းစေပြီး သူတစ်ပါးတို့ကို လှည့်စားခွင့်၊ ငါ့ကို လှည့်စားခွင့်ပေးသည်ဟု သင် ထင်သလော။ သင်သည် မလျော်ကန်လိုက်လေစွ။ သင်၏ ဉာဏ်အလင်းပေးခံရခြင်းသည် မည်သည့်နေရာမှ လာသည်ကို သင် သိသလော။ သင်သည် မည်သူ၏ အစာကို စားသုံးပြီး အရွယ်ရောက်လာကြသည်ကို သင်သိသလော။ သင်သည် လွန်ကဲလိုက်လေစွ။ သင်တို့ထဲမှ အချို့သည် လေးနှစ် သို့မဟုတ် ငါးနှစ်ကြာ ကိုင်တွယ်ဖြေရှင်းခံရပြီးနောက် ပြောင်းလဲပင်မပြောင်းလဲကြသေးသကဲ့သို့ ဤကိစ္စရပ်များနှင့် ပတ်သက်၍ သင်တို့ ရှင်းလင်းကြပေသည်။ သင်တို့သည် သင်တို့၏သဘာဝနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း သိသင့်ပြီး တစ်နေ့ သင်တို့ အစွန့်ပစ်ခံရသည့်အခါ မကန့်ကွက်ကြနှင့်။ ၎င်းတို့၏အစေခံမှုတွင် အထက်တွင်ရှိသောသူနှင့် အောက်၌ရှိသောသူနှစ်ဦးလုံးကို လှည့်ဖြားသော သူအချို့သည် များစွာ ကိုင်တွယ်ဖြေရှင်းခံကြရပြီး ဖြစ်သည်။ အချို့သည်လည်း ငွေကို အလိုကြီးသောကြောင့် မနည်းသော အတိုင်းအတာဖြင့် ကိုင်တွယ်ဖြေရှင်းခံရကြပြီးဖြစ်သည်။ အချို့သည် ယောကျ်ားနှင့် မိန်းမကြား နယ်နိမိတ်များကို ရှင်းရှင်းလင်းလင်း မထိန်းထားကြသောကြောင့်လည်း၊ မကြာခဏ ကိုင်တွယ်ဖြေရှင်း ခံရကြပြီးဖြစ်သည်။ အချို့တို့သည် ပျင်းရိကာ ဇာတိပကတိကိုသာ အရေးထားပြီး၊ အသင်းတော်များသို့ လည်ပတ်သောအခါ အခြေခံ သဘောတရားများအတိုင်း မပြုမူကြသောကြောင့် များစွာ ကိုင်တွယ်ဖြေရှင်းခံရကြပြီး ဖြစ်သည်။ အချို့တို့သည် ၎င်းတို့ သွားလေရာရာ၌ သက်သေမခံနိုင်ကြသောကြောင့်၊ တစ်ဇွတ်ထိုးနှင့် မဆင်မခြင်ပြုမူကာ အပြစ်များကို သိလျက်နှင့်ပင် ကျူးလွန်ကြ သောကြောင့်၊ ဤအရာနှင့်ပတ်သက်၍ အကြိမ်များစွာ သတိပေးခံရကြပြီး ဖြစ်သည်။ စည်းဝေးပွဲများအတွင်းတွင် အခြားသူတိုင်းထက် သာလွန်သကဲ့သို့ ပြုမူရင်း၊ သမ္မာတရား၏ စစ်မှန်မှု စိုးစဉ်းမျှမရှိဘဲ ၎င်းတို့၏ညီအစ်ကို

မောင်နှမများကို လှို့ဝှက်ကြံစည်ပြီး ပြိုင်ဆိုင်လျက်၊ နှုတ်ကပတ်တော်များနှင့် အယူဝါဒများကို ဆွေးနွေးရုံမျှ ဆွေးနွေးသောသူအချို့- ၎င်းတို့သည် ဤအရာကြောင့် မကြာခဏ ဖော်ထုတ်ခံရပြီး ဖြစ်သည်။ ငါသည် ဤနှုတ်ကပတ်တော်များကို သင်တို့အား အကြိမ်များစွာ ပြောဆိုပြီးဖြစ်ကာ၊ ယနေ့တွင် ဤအရာကို ငါ နောက်ထပ်ပြောတော့မည်မဟုတ်- သင်တို့ လုပ်ချင်သည့်အရာကို လုပ်ဆောင်ကြလော့။ သင်တို့ ကိုယ်တိုင် ဆုံးဖြတ်ကြလော့။ လူများစွာတို့သည် ယုံကြည်သူဖြစ်လာကတည်းက ကိုင်တွယ်ဖြေရှင်းခြင်း ခံရလျက် ဤနည်းဖြင့် ကိုင်တွယ်ဖြေရှင်းခြင်းကို တစ်နှစ်၊ နှစ်နှစ်ခံရသူရှိသကဲ့သို့ အချို့သူများက သုံးလေးနှစ် ကြာမြင့်ခဲ့စဉ်တွင် အချို့သူများက ဆယ်စုနှစ်တစ်စုကြာ တွေ့ကြုံခံစားရသော်လည်း၊ ယနေ့တိုင် ၎င်းတို့အထဲတွင် ပြောင်းလဲမှု အနည်းငယ်သာ ရှိလေသည်။ သင် မည်သို့ သဘောရသနည်း၊ သင်သည် ဝက်နှင့် တူသည်မဟုတ်လော။ ဘုရားသခင်သည် သင့်အဖို့ မတရားသည်များ ဖြစ်နိုင်သလော။ သင်တို့သည် အဆင့်တစ်ခုခုသို့ ရောက်ရှိနိုင်စွမ်းမရှိပါက၊ ဘုရားသခင်၏ အမှု အပြီးသတ်လိမ့်မည်မဟုတ်ဟု မထင်နှင့်။ သင်တို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းမရှိပါက၊ ဘုရားသခင်သည် သင်တို့ကို စောင့်ဆိုင်းလိမ့်ဦးမည်လော။ သင့်ကို ငါရှင်းရှင်းပြောမည်— ဤသည်မှာ မမှန်ပေ။ အမှုအရာများနှင့် သက်ဆိုင်၍ ထိုသို့သော အားတက်စဖွယ် အမြင်မျိုး မရှိနှင့်။ ယနေ့၏ အမှုအဖို့ အချိန် အကန့်အသတ် ရှိပြီး၊ ဘုရားသခင်သည် သင်နှင့် ဆော့ကစားနေသည်သာ မဟုတ်။ ယခင်က၊ အစေခံသူများ၏ စမ်းသပ်မှုကို တွေ့ကြုံခြင်းနှင့် ပတ်သက်လာသည့်အခါ၊ လူတို့က ၎င်းတို့အနေဖြင့် ဘုရားသခင်အား ၎င်းတို့၏ သက်သေခံချက်တွင် ခိုင်ခိုင်မာမာ ရပ်တည်ပြီး သူ၏ သိမ်းပိုက်ခြင်းကို ခံရကြမည်ဆိုပါက၊ ၎င်းတို့သည် အဆင့်တစ်ခုခုသို့ ရောက်ရှိခဲ့ရမည်ဖြစ်သည်- ၎င်းတို့သည် လိုလိုလားလားနှင့် ဝမ်းမြောက်ဝမ်းသာ အစေခံသူများ ဖြစ်ရမည်ဖြစ်ပြီး၊ ဘုရားသခင်အား နေ့စဉ် ချီးမွမ်းရမည်ဖြစ်ကာ၊ နည်းနည်းမျှ မထိန်းမသိမ်းနိုင် သို့မဟုတ် ဖြစ်ကတတ်ဆန်း မဖြစ်ရဟု ထင်ခဲ့ကြသည်။ ထိုအခါမှသာ ၎င်းတို့အနေဖြင့် အမှန်တကယ် အစေခံသူတစ်ဦး ဖြစ်လိမ့်မည်ဟု ထင်ခဲ့ကြသည်၊ သို့သော် ယင်းမှာ အမှန်တကယ် ဖြစ်ပါသလော။ ထိုအချိန်က၊ အမျိုးမျိုးသော လူတို့သည် ထုတ်ဖော်ခံခဲ့ကြရသည်။ ၎င်းတို့က အပြုအမူမျိုးစုံကို ထုတ်ဖော်ပြသခဲ့ကြသည်။ အချို့က ညည်းညူခဲ့ကြသည်၊ အချို့က အယူအဆများကို ဖြန့်ဖြူးခဲ့ကြသည်၊ အချို့က တွေ့ဆုံပွဲများ တက်ရောက်ခြင်းကို ရပ်တန့်ခဲ့ကြပြီး၊ အချို့က အသင်းတော်၏ ငွေကိုပင် ပေးဝေခဲ့ကြသည်။ ညီအစ်ကိုမောင်နှမများသည် တစ်ဦးအပေါ်တစ်ဦး လှို့ဝှက်ကြံစည်နေခဲ့ကြသည်။ ယင်းသည် ကြီးစွာသော

လွတ်မြောက်ခြင်းတစ်ခု အမှန်တကယ် ဖြစ်ခဲ့သော်လည်း၊ ယင်းနှင့် ပတ်သက်၍ ကောင်းသည့်အရာတစ်ခု ရှိခဲ့သည်- မည်သူမျှ နောက်မဆုတ်ခဲ့ကြပေ။ ဤသည်မှာ အခိုင်မာဆုံးသော အချက် ဖြစ်သည်။ ဤအရာကြောင့် ၎င်းတို့သည် စာတန်ရှေ့တွင် သက်သေတစ်ဆင့်ကို ခံခဲ့ကြပြီး၊ နောက်ပိုင်းတွင် ဘုရားသခင်၏ လူမျိုးနှင့်ဆိုင်သော ကိုယ်ပိုင်လက္ခဏာကို ရရှိခဲ့ကြကာ၊ ယနေ့ထိတိုင် အောင်မြင်ကြပြီး ဖြစ်သည်။ ဘုရားသခင်၏ အမှုကို သင် စိတ်ကူးသကဲ့သို့ ဆောင်ရွက်သည် မဟုတ်၊ ယင်းအစား၊ အချိန်တန်သည့်အခါ၊ မည်သည့်အဆင့်သို့ သင် ရောက်ရှိပြီးသည်ဖြစ်စေ အမှုသည် အဆုံးသတ်လိမ့်မည်ဖြစ်သည်။ လူအချို့က၊ "ဤသို့ ပြုမူခြင်းအားဖြင့်၊ ကိုယ်တော်သည် လူများကို မကယ်တင်ပါ၊ သို့မဟုတ် မချစ်ပါ- ကိုယ်တော်သည် ဖြောင့်မတ်သော ဘုရားသခင် မဟုတ်" ဟု ပြောကောင်း ပြောနိုင်သည်။ သင့်ကို ငါရှင်းရှင်းပြောမည်- ယနေ့ ငါ၏အမှု၏ အချက်အချာမှာ သင့်ကို သိမ်းပိုက်ခြင်းနှင့် သင့်ကို သက်သေခံစေခြင်း ဖြစ်သည်။ သင့်ကို ကယ်တင်ခြင်းသည် အဖြည့်မျှသာ ဖြစ်သည်၊ သင် အကယ်တင်ခံရနိုင်ခြင်း ရှိမရှိဆိုသည်မှာ သင်၏ ကိုယ်ပိုင် အားထုတ်မှုအပေါ် မူတည်ပြီး ငါနှင့် ဆက်နွယ်ခြင်းမရှိပေ။ သို့သော် ငါသည် သင့်ကို သိမ်းပိုက်ရမည်ဖြစ်သည်။ ငါ့ကို လုံးဝထိန်းချုပ်ဖို့ မကြိုးစားနှင့်- ယနေ့ ငါသည် အမှုပြုပြီး သင့်ကို ကယ်တင်၏၊ ပြောင်းပြန် မဟုတ်ပေ။

ယနေ့ သင်တို့ နားလည်လာရသော အရာသည် သမိုင်းတစ်လျှောက် စုံလင်စေခြင်း မခံခဲ့ရသည့် မည်သူမဆို၏ နားလည်မှုထက် သာ၍ မြင့်မားပေသည်။ စမ်းသပ်မှုများနှင့်ဆိုင်သည့် သင်၏ အသိပညာဖြစ်စေ၊ ဘုရားသခင်၌ ယုံကြည်ခြင်းဖြစ်စေ၊ အားလုံးသည် ဘုရားသခင်၌ ယုံကြည်သူ မည်သူမဆိုထက် သာ၍ မြင့်မားလေသည်။ သင်တို့ နားလည်သော အရာများမှာ ပတ်ဝန်းကျင်များနှင့်ဆိုင်သော စမ်းသပ်မှုများကို သင်တို့ မကြုံမီ သိလာသည့် အရာများဖြစ်သော်လည်း၊ သင်တို့၏ တကယ့် ဝိညာဉ်ရင့်ကျက်မှုသည် ထိုအရာများနှင့် လုံးဝ သဟဇာတမဖြစ်ပေ။ သင်တို့ သိသောအရာသည် သင်တို့ လက်တွေ့ လုပ်ဆောင်သော အရာထက် သာ၍ မြင့်မားသည်။ ဘုရားသခင်ကို ယုံကြည်သောသူတို့သည် ဘုရားသခင်ကို ချစ်သင့်ပြီး၊ ကောင်းချီးမင်္ဂလာများအတွက်မဟုတ်ဘဲ ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းဖို့သာ ကြိုးပမ်းသင့်သည်ဟု သင်တို့ ပြောသော်လည်း၊ သင်တို့၏ အသက်တာတွင် ပေါ်လွင်ထင်ရှားသည့် အရာများမှာ ဤအရာနှင့် တခြားစီဖြစ်နေပြီး အလွန်စွန်းထင်းလေပြီဖြစ်သည်။ လူအများစုသည် ငြိမ်သက်ခြင်းနှင့် အခြားသော အကျိုးကျေးဇူးများအတွက် ဘုရားသခင်ကို ယုံကြည်ကြသည်။ သင်၏ အကျိုးအဖို့မဟုတ်ပါက၊ ဘုရားသခင်ကို သင်မယုံကြည်သကဲ့သို့၊ ဘုရားသခင်၏

ကျေးဇူးတရားများကို သင်မရရှိနိုင်ပါက၊ သင် သုန်မှုန်လေသည်။ သင်ပြောပြီးသောအရာသည် သင်၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု မည်သို့ဖြစ်နိုင်မည်နည်း။ ကလေးများ နေမကောင်းဖြစ်ခြင်း၊ ချစ်ရသူများ ဆေးရုံတက်ရခြင်း၊ သီးနှံဖြစ်ထွန်းမှုများ ညှိုးဖျော့ခြင်းနှင့် မိသားစုဝင်များ၏ ဖိနှိပ်ညှဉ်းဆဲမှုခံရခြင်းကဲ့သို့သော ရှောင်လွှဲ၍မရသည့် မိသားစု အဖြစ်အပျက်များနှင့် ပတ်သက်လာသည့်အခါ၊ ဤမကြာခဏ နေ့စဉ်ဖြစ်ပွားမှုများသည်ပင် သင့်အတွက် လွန်လွန်းလှပေသည်။ ထိုသို့သော အရာများ ဖြစ်ပျက်သည့်အခါ၊ ရုတ်တရက် ထိန်းမနိုင် သိမ်းမရအောင် ကြောက်စိတ်ဝင်ကာ၊ မည်သည့်အရာ လုပ်ဆောင်ရမည်ကို သင် မသိပေ- ပြီးလျှင် အချိန်အများစုတွင်၊ သင်သည် ဘုရားသခင်နှင့် ပတ်သက်၍ ညည်းတွားလေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များက သင့်အား လှည့်စားသည်၊ ဘုရားသခင်၏ အမှုက သင့်ကို မထီလေးစားပြုသည်ဟု သင် မကျေမနပ်ပြောသည်။ ထိုသို့သော အတွေးများ သင်တို့၌ မရှိသလော။ သင်တို့အလယ်တွင် ထိုသို့သော အရာများ ရံဖန်ရံခါမျှသာ ဖြစ်သည်ဟု သင် ထင်သလော။ ထိုသို့သော အဖြစ်အပျက်များကြားတွင် သင်သည် နေ့စဉ် အသက်ရှင်ရင်း အချိန်ကုန်ဆုံးလေသည်။ သင်သည် ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်းနှင့်ဆိုင်သည့် အောင်မြင်မှုနှင့် ဘုရားသခင်၏ အလိုကို မည်သို့ ဖြည့်ဆည်းရမည်ကို အနည်းငယ်မျှ သင် မတွေးတောပေ။ သင်တို့၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှုသည် ငယ်လွန်းသည်၊ ကြက်ပေါက်စကလေး၏ အရွယ်ထက်ပင် ပို၍ ငယ်သည်။ သင်၏ မိသားစု၏လုပ်ငန်းတွင် ငွေအရှုံးပေါ်သည့်အခါ ဘုရားသခင်ကို သင် ညည်းတွားသည်၊ ဘုရားသခင်၏ ကွယ်ကာမှုမရှိသည့် ပတ်ဝန်းကျင်တွင် သင်ရှိနေသည်ကို သင်တွေ့ရသည့်အခါ၊ ဘုရားသခင်ကို သင် ညည်းတွားဆဲ ဖြစ်ပြီး၊ သင်၏ ကြက်ကလေးများထဲမှ တစ်ကောင် သေသည့်အခါ သို့မဟုတ် နွားခြံထဲက နွားအိုကြီးတစ်ကောင် ဖျားနာသည့်အခါတွင်ပင် သင် ညည်းတွားလေသည်။ သင်၏သား အိမ်ထောင်ပြုရန် အချိန်တန်သော်လည်း၊ သင်၏မိသားစု၌ ငွေကြေးအလုံအလောက် မရှိသည့်အခါတွင် သင် ညည်းတွားသည်။ သင်သည် ဧည့်ဝတ်ပြုခြင်းတာဝန်ကို ဆောင်ရွက်ချင်သော်လည်း၊ ယင်းကို အကုန်အကျ မတတ်နိုင်ပေ၊ ထိုအခါ၌လည်း သင်ညည်းတွားလေသည်။ သင်သည် ညည်းတွားမှုများနှင့် ပြည့်လျှံလျက်ရှိပြီး ဤအရာကြောင့် သင်သည် တစ်ခါတစ်ရံ တွေ့ဆုံပွဲများကို မတက်ရောက်ပေ၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များကိုလည်း မစားသောက်ပေ၊ တစ်ခါတစ်ရံ အချိန်ကြာမြင့်စွာ သင်သည် အပျက်သဘောဆောင်လေသည်။ ယနေ့ သင်၌ ဖြစ်ပျက်သည့် မည်သည့်အရာမျှ သင်၏ တက်လမ်းများ သို့မဟုတ် ကံကြမ္မာနှင့် မည်သည့်ဆက်နွှယ်မှုမျှ မရှိပေ။ သင်သည်

ဘုရားသခင်ကို မယုံကြည်ခဲ့လျှင်ပင်လည်း၊ ဤအရာများ ဖြစ်ပျက်လိမ့်မည်ဖြစ်သည်၊ သို့သော် ယနေ့တွင် သင်သည် ထိုအရာများအတွက်တာဝန်ကို ဘုရားသခင်ကို ကမ်းပေးပြီး၊ ဘုရားသခင်က သင့်ကို ဖယ်ရှင်းလေပြီဟု ခိုင်ခိုင်မာမာ ပြောဆိုလေသည်။ သင်၏ ဘုရားသခင်၌ယုံကြည်မှုရော၊ အဘယ်သို့နည်း။ သင်၏ အသက်တာကို အမှန်တကယ် ဆက်ကပ်ပြီးပြီလော။ သင်တို့သည် ယောဘကဲ့သို့ အလားတူ စမ်းသပ်ခြင်းကို ခံစားခဲ့ရပါက၊ ယနေ့ ဘုရားသခင် နောက်လိုက်သော သင်တို့ထဲတွင် မည်သူမျှ ခိုင်ခိုင်မာမာ ရပ်တည်နိုင်လိမ့်မည် မဟုတ်၊ သင်တို့အားလုံး ပြိုလဲကြမည်ဖြစ်သည်။ ထို့အပြင် သင်တို့နှင့် ယောဘ အကြားတွင် အင်မတန် တကယ့်ကို ကွာခြားနေပေသည်။ ယနေ့တွင် သင်တို့၏ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများ ထက်ဝက် အသိမ်းယူခံရပါက၊ ဘုရားသခင်၏ တည်ရှိခြင်းကို သင် ငြင်းဝံ့လိမ့်မည်။ သင်တို့၏ သား သို့မဟုတ် သမီးကို သင်တို့ထံမှ ယူသွားခံရပါက၊ သင်တို့သည် မတရားဟု အော်ဟစ်ရင်း လမ်းများပေါ် ပြေးကြလိမ့်မည်။ အကယ်၍ သင်၏ အသက်မွေးဝမ်းကျောင်းပြုရန် တစ်ခုတည်းသောနည်းလမ်းသည် လမ်းဆုံးရောက်ပါက၊ သင်သည် ကြိုးစားကာ ဘုရားသခင်နှင့် ဆွေးနွေးလိမ့်မည်ဖြစ်သည်။ သင့်ကို ကြောက်လန့်စေရန် အစတွင် အဘယ်ကြောင့် နှုတ်ကပတ်တော်များစွာ ငါပြောဆိုခဲ့သည်ကို သင် မေးလိမ့်မည်။ ထိုသို့သော အချိန်များတွင် သင်တို့ မလုပ်ဝံ့မည့်အရာ မည်သည့်အရာမျှ မရှိပေ။ ဤအရာက သင်တို့သည် စစ်မှန်သော ထိုးထွင်းအမြင်များ တစ်ခုတလေမျှ မရရှိသေးသကဲ့သို့ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု မရှိကြသေးသည်ကို ပြသပေသည်။ ထို့ကြောင့်၊ သင်တို့သည် အလွန်များစွာ သိကြသည့်အတွက် သင်တို့အထဲက စမ်းသပ်မှုများသည် အလွန်ကြီးမား၏၊ သို့သော် သင် အမှန်တကယ် နားလည်သည့်အရာမှာ သင်တို့ သတိပြုမိသော အရာ၏ တစ်ထောင်ပုံ တစ်ပုံပင် မရှိချေ။ နားလည်ခြင်းနှင့် အသိပညာ၌သာ မရပ်တန့်ကြနှင့်။ သင်တို့ မည်မျှ အမှန်တကယ် လက်တွေ့လုပ်ဆောင်နိုင်သည်၊ သင်တို့၏ ကိုယ်တိုင် ကြိုးပမ်းလုပ်ဆောင်မှု၏ ချွေးမှတစ်ဆင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းနှင့် အလင်းပြခြင်း မည်မျှ ရရှိခဲ့သည်ဆိုသည်နှင့် သင်တို့၏ လက်တွေ့လုပ်ဆောင်မှုများထဲမှ မည်မျှတွင် သင်တို့၏ ကိုယ်ပိုင် စိတ်ဆုံးဖြတ်ချက်ကို ပြီးမြောက်စေပြီးဖြစ်သည် ဆိုသည်တို့ကို သင် မြင်လျှင် အကောင်းဆုံး ဖြစ်သည်။ သင်၏ ဝိညာဉ်ရင့်ကျက်မှုနှင့် လက်တွေ့လုပ်ဆောင်မှုကို သင်အလေးအနက် ထားသင့်သည်။ ဘုရားသခင်၌ သင်၏ ယုံကြည်မှုတွင်၊ မည်သည့်အတွက်မျှ ဟန်ဆောင်လုပ်ပြရုံမျှ လုပ်ပြရန် သင် မကြိုးစားသင့်ပေ- နောက်ဆုံးတွင် သမ္မာတရားနှင့် အသက်ကို သင်ရယူနိုင်ခြင်း ရှိ၊ မရှိ ဆိုသည်မှာ သင်ကိုယ်တိုင်၏ အားထုတ်မှုအပေါ်

မူတည်ပေသည်။

အောက်ခြေမှတ်စု(များ)-

က။ ဟန်ဟောင်ငှက် ပုံပြင်သည် အီစွတ် ပုံပြင်များထဲမှ ပုရွက်ဆိတ်နှင့် နှံကောင်ပုံပြင်နှင့် အလွန် တူသည်။ ဟန်ဟောင်ငှက်သည် သူ၏ အိမ်နီးချင်း ငှက်ဖြစ်သော သပိတ်လွယ်ငှက်က မည်မျှပင် အထပ်ထပ် သတိပေးစေကာမူ ရာသီဥတုနွေးထွေးစဉ် အသိုက်ဆောက်မည့်အစား အိပ်စက်ရန် သာ၍ နှစ်သက်ခဲ့သည်။ ဆောင်းဥတု ရောက်သည့်အခါတွင်၊ ထိုငှက်သည် အေးခဲကာ သေဆုံးသွားလေသည်။

# လက်တွေ့လုပ်ဆောင်ခြင်း (၄)

ယနေ့တွင် ငါပြောဆိုသော ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့သည် သင်ယုံကြည်၍ နားလည်ထားသည့် အရာများနှင့် တူညီခြင်း မရှိကြပါ။ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း ဆိုသည်မှာ တစ်နေ့လုံး ပျော်ရွှင်နေခြင်း၊ သင့်မိသားစုထဲတွင် ကံဆိုးခြင်း သို့မဟုတ် အနာရောဂါ ကင်းမဲ့ခြင်း၊ သင်၏ နှလုံးသားတွင်း ဝမ်းနည်းခြင်း၏ ခံစားမှုစိုးစဉ်းမျှမရှိဘဲ၊ အစဉ်အမြဲ ကျေနပ်နေခြင်းနှင့် သင်၏အသက်တာ တိုးတက်သည့် အတိုင်းအတာသည် မည်သို့ပင် ဖြစ်နေစေကာမူ ဖော်မပြနိုင်သော ဝမ်းမြောက်ခြင်း ခံစားမှု ရှိနေခြင်းကို ဆိုလိုသည်ဟု သင်ထင်ခဲ့သည်။ ယင်းသည် လစာတိုးခြင်းနှင့် သင်၏သား တက္ကသိုလ် စတင် တက်ရောက်ခြင်းတို့အပြင် ဖြစ်ခဲ့သည်။ ဤအမှုအရာများကို စိတ်ထဲတွင်ထားရင်း သင်သည် ဘုရားသခင်ထံ ဆုတောင်းပြီး၊ ဘုရားသခင်၏ ကျေးဇူးတော်မှာ အလွန်ပင် ကြီးမြတ်ခဲ့ကြောင်း တွေ့မြင်သဖြင့် သင်သည် အလွန်တရာ ဝမ်းမြောက်ကာ ပါးစပ်နားရွက်ချိတ်အောင် ပြုံးပြီး ဘုရားသခင်အား ကျေးဇူးတင်ခြင်းကို ရပ်တန့်၍ မရနိုင်ခဲ့ပေ။ ထိုသို့သော ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်တော်ကိုရရှိခြင်းနှင့် အတူလာသော စစ်မှန်သည့် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း မဟုတ်ချေ။ ယင်းအစား ထိုအရာသည် ဇာတိပကတိ၏ကျေနပ်မှု၏အကျိုးဆက် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း ဖြစ်သည်။ ယနေ့သည် မည်သည့်ခေတ် ဖြစ်သည်ကို သင်သည် နားလည်သင့်သည်။ ယင်းသည် ကျေးဇူးတော်ခေတ် မဟုတ်၊ သင်၏ ဝမ်းဗိုက်ကို ပေါင်မုန့်နှင့် ဖြည့်ခြင်းငှာ ကြိုးပမ်းသည့် အချိန်လည်း မဟုတ်တော့ပေ။ သင်၏ မိသားစုသည် အစစအရာရာ

အဆင်ပြေနေသည့်အတွက် သင်သည် အလွန်ပင် ဝမ်းမြောက်ကောင်း ဝမ်းမြောက်လိမ့်မည်၊ သို့သော် သင်၏ အသက်တာသည် ၎င်း၏ နောက်ဆုံးသော ထွက်သက်ကို အငမ်းမရ ရှူရှိုက်နေလေပြီ။ ဤအတွက်ကြောင့် သင်၏ ဝမ်းမြောက်ခြင်းသည် မည်မျှပင် ကြီးမားနေပါစေ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်နှင့်အတူ မရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်တော် ရရှိရန်မှာ ရိုးစင်းပေသည်- သင်လုပ်သင့်သည့် အရာကို သင့်တင့်လျောက်ပတ်စွာ လုပ်ဆောင်လော့၊ လူသားတစ်ဦး၏ တာဝန်နှင့် လုပ်ငန်းဆောင်တာကို ကောင်းမွန်စွာ ထမ်းဆောင်လော့၊ ထို့အပြင် သင်၏ ချွတ်ယွင်းချက်များကို ထေမိရန် သင်လိုအပ်သော အရာများနှင့် သင့်ကိုယ်သင် ပြည့်စုံနိုင်စေလော့။ အကယ်၍ သင့်တွင် သင်ကိုယ်တိုင်၏အသက်တာအတွက် ဝန်ထုပ်တစ်ခု အမြဲရှိပြီး သင်သည် သမ္မာတရား တစ်ခုကို သဘောပေါက်မိခဲ့ခြင်း သို့မဟုတ် ဘုရားသခင်၏ လက်ရှိအလုပ်ကို နားလည်ခဲ့သောကြောင့် ပျော်ရွှင်သည်ဆိုလျှင်၊ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်တော် စစ်မှန်စွာ ရှိခြင်းဖြစ်သည်။ သို့မဟုတ် အကယ်၍ တစ်ခါတစ်ရံတွင် သင်သည် မည်သို့ တွေ့ကြုံခံစားရမည်ကို မသိသော ပြဿနာတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ရသောကြောင့် သို့မဟုတ် မိတ်သဟာယဖွဲ့သွားသော သမ္မာတရားတစ်ခုကို နားမလည်သောကြောင့် စိုးရိမ်ကြောင့်ကြမှု ရုတ်တရက်ပေါ်ပေါက်သည် ဆိုပါက ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်နှင့်အတူရှိခြင်းကို သက်သေပြသည်။ ဤသည်တို့မှာ အသက်တာ အတွေ့အကြုံ၏ ဖြစ်နေကျ အခြေအနေများ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏မျက်မှောက်တော် ရှိခြင်းနှင့် မရှိခြင်းတို့အကြား ကွဲပြားခြားနားချက်ကို သင်နားလည်ရမည်ဖြစ်ပြီး ဤအရာနှင့်ပတ်သက်၍ သင်၏ အမြင်သည် အလွန်အမင်း ရိုးစင်းလွန်းခြင်း မရှိရ။

ယခင်က သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်တော် ရှိခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် ရှိခြင်းသည် ကွဲပြားခြားနားကြောင်းကို ပြောခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်တော်ရှိခြင်း၏ ပုံမှန်အခြေအနေသည် ပုံမှန်အတွေးများ၊ ပုံမှန်အသိစိတ်နှင့် သာမန်လူ့သဘာဝရှိခြင်းတွင် ထင်ရှားပြသခဲ့သည်။ လူပုဂ္ဂိုလ်တစ်ဦး၏ စရိုက်သည် ယခင်ဖြစ်နေကျအတိုင်းသာ ဆက်ရှိမည်၊ သို့သော် ၎င်းတို့၏ အတွင်းတွင် ငြိမ်သက်ခြင်းရှိလိမ့်မည် ဖြစ်ပြီး အပြင်ပန်းတွင် သန့်ရှင်းသူတစ်ပါး၏ တင့်တယ်လျောက်ပတ်သော အမူအကျင့် ရှိပေလိမ့်မည်။ ဤသည်မှာ ၎င်းတို့နှင့်အတူ သန့်ရှင်းသော ဝိညာဉ်တော် ရှိနေသည့်အခါ၊ ၎င်းတို့ဖြစ်နေမည့်ပုံတည်း။ တစ်စုံတစ်ဦးတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်တော် ရှိသောအခါ၊ ၎င်းတို့၏တွေးခေါ်မှုသည် ပုံမှန်ဖြစ်၏။ ၎င်းတို့သည် ဆာလောင်သည့် အချိန်တွင် စားချင်သည်၊ ၎င်းတို့ ရေဆာသည့်

အချိန်တွင် ရေသောက်ချင်သည်။... သာမန်လူ့သဘာဝ၏ ထိုသို့သော သရုပ်သကန်များသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းရခြင်း မဟုတ်၊ ၎င်းတို့သည် လူတို့၏ ပုံမှန်တွေးခေါ်မှု ဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်တော် ရှိခြင်း၏ ပုံမှန် အခြေအနေ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်တော် ရှိသောသူများသည် ဆာလောင်မွတ်သိပ်ခြင်းကို မသိရ၊ မောပန်းခြင်းကို မခံစားရဘဲ၊ ၎င်းတို့သည် မိသားစု အကြောင်းလည်း မစဉ်းစားကြဟန်တူကာ၊ ထိုသူတို့သည် ၎င်းတို့ကိုယ်၎င်းတို့ ဇာတိပကတိမှ လုံးလုံးနီးပါး ခွဲခြားထားပြီး ဖြစ်ကြသည်ဟု အချို့သော လူများက မှားယွင်းစွာ ယုံကြည်ကြသည်။ စင်စစ်အားဖြင့်မူ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့နှင့်အတူ ရှိလေလေ၊ ၎င်းတို့သည် ပုံမှန်ဖြစ်လေလေ ဖြစ်၏။ ၎င်းတို့သည် ဒုက္ခခံရန်နှင့် အမှုအရာများကို ဘုရားသခင်အတွက် စွန့်လွှတ်ရန်၊ ၎င်းတို့ကိုယ်၎င်းတို့ ဘုရားသခင်အတွက် အသုံးပြုရန်၊ ဘုရားသခင်ကို သစ္စာရှိရန် သိကြသည်။ ထို့အပြင် ၎င်းတို့သည် အစားအစာနှင့် အဝတ်အစားများ အကြောင်းကိုလည်း တွေးကြပေသည်။ တစ်နည်းဆိုရလျှင် ၎င်းတို့သည် လူတို့တွင်ရှိသင့်သည့် သာမန် လူ့သဘာဝ၏ အဘယ်အရာတစ်ခုကိုမျှ ဆုံးရှုံးခြင်းမရှိဘဲ၊ ယင်းအစား ဆင်ခြင်တုံတရားကို အထူးသဖြင့် ပိုင်ဆိုင်ကြလေသည်။ တစ်ခါတစ်ရံ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီး ဘုရားသခင်၏အလုပ်ကို ချင့်ချိန်တွေးဆ၏၊ ၎င်းတို့၏ နှလုံးသားများအတွင်း ယုံကြည်သက်ဝင်ခြင်းရှိလျက် ၎င်းတို့သည် သမ္မာတရားကို ရရှိအောင် အားထုတ်ရန် လိုလိုလားလား ရှိကြလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် ဤအုတ်မြစ်ပေါ်တွင် အခြေခံထားသည်မှာ မှန်ပေ၏။ အကယ်၍ လူတို့သည် ပုံမှန် တွေးခေါ်မှု မရှိကြပါက၊ ၎င်းတို့တွင် ဆင်ခြင်တုံတရား မရှိပေ၊ ယင်းသည် ပုံမှန် အခြေအနေ မဟုတ်ပေ။ လူတို့၌ ပုံမှန် တွေးခေါ်မှု ရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့နှင့် အတူရှိသောအခါ၊ ၎င်းတို့သည် ပုံမှန်လူတစ်ဦး၏ ဆင်ခြင်တုံတရားကို မလွဲကေန်ပင် ပိုင်ဆိုင်ပြီး၊ ထို့ကြောင့် ၎င်းတို့၌ ပုံမှန်အခြေအနေရှိသည်။ ဘုရားသခင်၏ အလုပ်ကို တွေ့ကြုံခံစားရာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် ရှိခြင်းသည် တစ်ခါတစ်ရံ ဖြစ်ပေါ်သော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်တော်ရှိခြင်းမှာမူ တစ်ချိန်လုံးနီးပါးဖြစ်၏။ လူတို့၏ ဆင်ခြင်တုံတရားနှင့် တွေးခေါ်မှုတို့ ပုံမှန်ဖြစ်နေပြီး ၎င်းတို့၏ အခြေအနေများသည် ပုံမှန်ဖြစ်နေသမျှ ကာလပတ်လုံး သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့နှင့်အတူ ဧကန်မုချပင် ရှိလိမ့်မည်။ လူတို့၏ဆင်ခြင်တုံတရားနှင့် တွေးခေါ်မှုတို့ ပုံမှန် မဟုတ်ကြသောအခါတွင်မူ၊ ၎င်းတို့၏ လူ့သဘာဝသည်လည်း ပုံမှန် မဟုတ်ချေ။ အကယ်၍ ဤအခိုက်အတန့်တွင် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည် သင့်အထဲတွင် ရှိပါက၊

သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ဇကန်မုချပင် သင်နှင့်အတူရှိနေလိမ့်မည်။ သို့သော် အကယ်၍ သန့်ရှင်းသောဝိညာဉ်တော်သည် သင်နှင့်အတူ ရှိနေလျှင် သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲတွင် သေချာပေါက် အလုပ်လုပ်နေသည်နှင့် အလားမတူပေ၊ အကြောင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် အထူး အချိန်အခါများ၌ အလုပ်လုပ်သောကြောင့် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်တော် ရှိခြင်းသည် လူတို့၏ ပုံမှန် တည်ရှိမှုကိုသာ ထိန်းသိမ်းပေးနိုင်၏၊ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် အချို့သော အချိန်အခါများတွင်သာ အလုပ်လုပ်သည်။ သာဓက အနေဖြင့် အကယ်၍ သင်သည် ခေါင်းဆောင်တစ်ဦး သို့မဟုတ် လုပ်သားတစ်ဦးဖြစ်လျှင်၊ သင်သည် အသင်းတော်ကို ရေလောင်းပြီး အာဟာရကျွေးမွေးသောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် အခြားသူများအတွက် စိတ်ဓာတ်မြှင့်တင်ပေးပြီး အချို့သော သင့်ညီအစ်ကိုမောင်နှမများ၏ လက်တွေ့ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် နှုတ်ကပတ်တော်အချို့ထံ သင့်အား ဉာဏ်အလင်း ရစေလိမ့်မည်၊ ထိုသို့သော အချိန်များတွင် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်နေသည်။ တစ်ခါတစ်ရံ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်စားသောက်နေချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် အထူးသဖြင့် ဆီလျော်သော နှုတ်ကပတ်တော်အချို့နှင့် သင့်ကို ဉာဏ်အလင်းရစေသောအခါ သင်ကိုယ်တိုင်၏ အခြေအနေများနှင့် ပတ်သက်သော သာ၍ကြီးမားသည့် အသိပညာကို သင့်အား ရစေလေသည်၊ ဤသည်မှာလည်း သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် ဖြစ်လေသည်။ တစ်ခါတစ်ရံ ငါပြောဆိုသောအခါ သင်တို့နားထောင်ကြပြီး သင်တို့ကိုယ်တိုင်၏ အခြေအနေများကို ငါ၏နှုတ်ကပတ်တော်များနှင့်ယှဉ်၍ သင်တို့ တိုင်းထွာချင့်ချိန်နိုင်ကြပြီး၊ တစ်ခါတစ်ရံ သင်တို့သည် တို့ထိခံရသည်၊ သို့မဟုတ် စေ့ဆော်ခံရသည်၊ ဤအရာအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့အထဲ၌ တစ်ချိန်လုံး အလုပ်လုပ်နေသည်ဟု အချို့သော လူများက ပြောကြသည်။ ဤသည်မှာ မဖြစ်နိုင်ပေ။ အကယ်၍ ၎င်းတို့က သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့နှင့်အတူ အစဉ်အမြဲ ရှိနေသည်ဟု ပြောမည်ဆိုပါက၊ ယင်းသည် လက်တွေ့ကျပေလိမ့်မည်။ အကယ်၍ ၎င်းတို့က ၎င်းတို့၏ တွေးခေါ်ခြင်းနှင့် အသိစိတ်တို့သည် အချိန်တိုင်း ပုံမှန်ဖြစ်နေသည်ဟု ပြောမည်ဆိုပါက ယင်းသည်လည်း လက်တွေ့ကျနေမည်ဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့နှင့်အတူ ရှိနေကြောင်းကို ယင်းက ပြသပေလိမ့်မည်။ အကယ်၍ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့အတွင်း၌

အစဉ်အမြဲ အလုပ်လုပ်နေကာ၊ ဘုရားသခင်၏ ဉာဏ်အလင်းပေးခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ တို့ထိခြင်းကို တစ်ချိန်လုံး ခံစားနေရပြီး၊ အချိန်တိုင်းတွင် အသစ်သော အသိပညာရရှိသည်ဟု ပြောပါက၊ ဤသည်မှာ မည်သည့်နည်းနှင့်မျှ ပုံမှန်မဟုတ်ချေ။ ဤသည်မှာ လုံးလုံးလျားလျား သဘာဝလွန်အရာ ဖြစ်သည်။ ယင်းသို့သော လူများသည် နတ်ဆိုးများ ဖြစ်ကြသည်မှာ သံသယ စိုးစဉ်းမျှ ဖြစ်စရာမလိုချေ။ ဘုရားသခင်၏ဝိညာဉ်တော် လူ့ဇာတိထဲသို့ ကြွလာသောအခါတွင်ပင်၊ သူစားရမည့် အချိန်များနှင့် အနားယူရမည့် အချိန်များ ရှိပေသည်၊ လူသားများဆိုလျှင် ဆိုဖွယ်ရာ မရှိပြီ။ နတ်ဆိုးများ၏ စွဲကပ်ခြင်းခံရပြီးသူများသည် ဇာတိပကတိ၏အားနည်းချက် မရှိသည့်ပုံ ပေါက်လေသည်။ ၎င်းတို့သည် အရာခပ်သိမ်းကို စွန့်လွှတ်ရန်နှင့် စွန့်ပစ်ရန် တတ်စွမ်းနိုင်ပြီး၊ ၎င်းတို့သည် စိတ်ခံစားချက်များ ကင်းမဲ့ကြကာ ညှဉ်းဆဲခြင်းကို ကြံ့ကြံ့ခံခြင်းငှာ တတ်နိုင်စွမ်းရှိပြီးလျှင် စိုးစဉ်းမျှ မောပန်းနွမ်းနယ်ခြင်းကို မခံစားရဘဲရှိသည်မှာ ၎င်းတို့သည် ဇာတိပကတိကို လွန်မြောက် သွားသည့်အလားပင် ဖြစ်သည်။ ဤသည်မှာ အလွန်အမင်း သဘာဝလွန်သည် မဟုတ်သလော။ နတ်ဆိုးများ၏ အလုပ်သည် သဘာဝလွန် ဖြစ်၏၊ ထိုသို့သောအရာများကို မည်သည့်လူသားမျှ ရရှိအောင် မစွမ်းဆောင်နိုင်ချေ။ ထိုးထွင်းသိမြင်မှု ကင်းမဲ့သောသူများက ယင်းသို့သောလူများကို မြင်သည့်အခါ အားကျကြ၏- ထိုသူတို့သည် ဘုရားသခင်ကို ယုံကြည်ခြင်း၌ အလွန့်အလွန် အားမာန်ရှိပြီး ကြီးမားသော ယုံကြည်ခြင်းရှိကာ အားနည်းချက်၏လက္ခဏာ စိုးစဉ်းမျှကို မည်သည့်အခါမှ မပြကြဟု ၎င်းတို့က ပြောဆိုကြသည်။ စင်စစ်တွင်မူ ယင်းတို့သည် နတ်ဆိုးအလုပ်၏ သရုပ်သကန်များချည်းသာ ဖြစ်ကြ၏။ အဘယ်ကြောင့်ဆိုသော် သာမန်လူတို့တွင် မလွဲဧကန်ပင် လူသား၏ အားနည်းချက်များ ရှိကြသောကြောင့် ဖြစ်သည်၊ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်တော် ရှိသောသူများ၏ ပုံမှန်အခြေအနေ ဖြစ်သည်။

မိမိ၏ သက်သေခံချက်၌ ခိုင်ခံ့စွာ ရပ်တည်ရန်ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။ လူအချို့က ၎င်းတို့သည် လက်ရှိအတိုင်းသာ လိုက်လျှောက်ပြီး အသက်ကို ရခြင်းငှာ တတ်စွမ်းနိုင်သည်၊ မတတ်စွမ်းနိုင်သည်နှင့် ပတ်သက်ပြီး စိတ်မဝင်စားကြပါဟု ဆိုကြသည်၊ ၎င်းတို့သည် အသက်ကို လိုက်မရှာပေ၊ သို့သော် ၎င်းတို့သည် ဆုတ်ခွာခြင်းလည်း မရှိပေ။ အမှု၏ ဤအဆင့်ကို ဘုရားသခင်က ဆောင်ရွက်တော်မူသည်ကိုသာ ၎င်းတို့ အသိအမှတ်ပြုကြသည်။ ဤသည်မှာ ၎င်းတို့၏ သက်သေခံချက်၌ ကျရှုံးခြင်း မဟုတ်သလော။ ဤကဲ့သို့သောလူတို့သည် သိမ်းပိုက်ခံရပြီးခြင်းကိုပင် သက်သေမခံကြ။ သိမ်းပိုက်ခြင်း ခံရပြီးသူများသည် အခြားအရာများ မည်သို့ပင်ဖြစ်နေပါစေ လိုက်လျှောက်ကြပြီး အသက်အား

လိုက်ရှာခြင်းငှာလည်း တတ်နိုင်ကြသည်။ ၎င်းတို့သည် လက်တွေ့ကျသော ဘုရားသခင်ကို ယုံကြည်သည်သာမကဘဲ ဘုရားသခင်၏စီစဉ်ခြင်းများ အားလုံးကိုလည်း လိုက်လျှောက်ရန် သိကြသည်။ ယင်းသို့သော သူများသည် သက်သေခံသောသူများ ဖြစ်ကြသည်။ သက်သေမခံသော သူများသည် အသက်ကို မည်သည့်အခါမျှ လိုက်မရှာခဲ့ဖူးကြဘဲ တော်စွလျော်စွ ကြုံရာကျပန်းနေခြင်းဖြင့် လိုက်လျှောက်ဆဲ ဖြစ်ကြသည်။ သင်သည် လိုက်လျှောက်ကောင်း လိုက်လျှောက်သော်လည်း ယင်းမှာ သင်သည် သိမ်းပိုက်ခြင်းခံရပြီးကြောင်း မဆိုလိုပေ၊ အကြောင်းမှာ သင်သည် ယနေ့ ဘုရားသခင်၏ အမှုကို လုံးဝနားမလည်သောကြောင့် ဖြစ်သည်။ သိမ်းပိုက်ခံရရန်အလို့ငှာ အချို့သော သတ်မှတ်ချက်များနှင့် ပြည့်မီရမည်။ လိုက်လျှောက်သောသူအားလုံး သိမ်းပိုက်ခံရသည် မဟုတ်၊ အကြောင်းမှာ သင်၏ စိတ်နှလုံးတွင် ယနေ့၏ ဘုရားသခင်နောက်ကို အဘယ်ကြောင့် သင်သည် လိုက်လျှောက်ရမည်နှင့် ပတ်သက်၍ သင်အဘယ်အရာကိုမျှ နားမလည်သကဲ့သို့၊ သင်သည် ယနေ့အထိ မည်ကဲ့သို့ ရောက်လာခဲ့သည်နှင့် မည်သူသည် သင့်အား ယနေ့ထိတိုင် ထောက်မပေးနေသည်ကို သင် မသိသောကြောင့် ဖြစ်သည်။ အချို့သူများ၏ ဘုရားသခင်အား ယုံကြည်သက်ဝင်ခြင်းအပေါ် လက်တွေ့လုပ်ဆောင်မှုသည် အမြဲနားဝေတိမ်တောင်ဖြစ်ပြီး စိတ်ရှုပ်ထွေးနေကြ၏။ ထို့ကြောင့် လိုက်လျှောက်ခြင်းက သင့်တွင် သက်သေခံခြင်းရှိသည်ဟု သေချာပေါက် မဆိုလိုပေ။ စစ်မှန်သော သက်သေခံချက်သည် အတိအကျအားဖြင့် အဘယ်နည်း။ ဤနေရာတွင် ပြောသော သက်သေခံချက်တွင် နှစ်ပိုင်းရှိသည်- တစ်ပိုင်းမှာ သိမ်းပိုက်ခံရပြီးခြင်းကို သက်သေခံခြင်းဖြစ်ပြီး၊ အခြားတစ်ပိုင်းမှာ စုံလင်စေခြင်း ခံရပြီးသည်ကို သက်သေခံခြင်းဖြစ်သည် (ယင်းမှာ အနာဂတ်၏ သာ၍ကြီးမားသော စမ်းသပ်မှုများနှင့် ကြီးစွာသော ဆင်းရဲဒုက္ခများ နောက်လိုက်သည့် သက်သေခံချက်ပင် ဖြစ်လိမ့်မည်မှာ မှန်ပေသည်)။ တစ်နည်းဆိုရလျှင် သင်သည် ကြီးစွာသော ဆင်းရဲဒုက္ခများနှင့် စမ်းသပ်မှုများ အတောအတွင်း ခိုင်ခံ့စွာရပ်တည်ခြင်းငှာ တတ်စွမ်းနိုင်သည်ဆိုပါလျှင်၊ သင်သည် သက်သေခံချက်၏ ဒုတိယအဆင့်ကို ပေးခဲ့ပြီး ဖြစ်လိမ့်မည်။ ယနေ့တွင် အရေးပါလှသော အရာမှာ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း၏ စမ်းသပ်မှုများ ဖြစ်စဉ်တိုင်းအတောအတွင်း၌ မြဲမြံစွာ ရပ်တည်ရန် တတ်စွမ်းနိုင်ခြင်းဟူသည့် သက်သေခံချက်၏ ပထမအဆင့် ဖြစ်သည်။ ဤသည်မှာ သိမ်းပိုက်ခံနေရခြင်း၏ သက်သေခံချက် ဖြစ်သည်။ ယင်းမှာ ယနေ့သည် သိမ်းပိုက်ခြင်း အချိန် ဖြစ်သောကြောင့် ဖြစ်သည်။ (မျက်မှောက်အချိန်သည် ဘုရားသခင်၏ ကမ္ဘာပေါ်၌အမှု၏ အချိန်ဖြစ်သည်ကို သင်သိသင့်သည်။ လူ့ဇာတိခံယူသောဘုရားသခင်၏ ကမ္ဘာပေါ်၌ အဓိကအမှုသည်

သူ့နောက်လိုက်သော ကမ္ဘာပေါ် ရှိ ဤလူစုအား တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအားဖြင့် သိမ်းပိုက်ခြင်း ဖြစ်သည်)။ သင်သည် သိမ်းပိုက်ခံရပြီးခြင်းကို သက်သေခံခြင်းငှာ တတ်စွမ်းခြင်း ရှိ၊ မရှိ ဆိုသည်မှာ သင်သည် အဆုံးတိုင်အောင် လိုက်လျှောက် နိုင်ခြင်းရှိ၊ မရှိဟူသည့် အပေါ်တွင် မူတည်နေသည်သာမကဘဲ၊ သာ၍ အရေးကြီးသည်မှာ သင်သည် ဘုရားသခင်၏အမှု၏ အဆင့်အသီးသီးကို တွေ့ကြုံခံစားရာတွင် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို စစ်မှန်စွာ နားလည်နိုင်စွမ်း ရှိ၊ မရှိနှင့် သင်သည် ဤအမှုတစ်ခုလုံးကို စစ်မှန်စွာ သဘောပေါက်ခြင်း ရှိ၊ မရှိအပေါ်တွင်လည်း မူတည်နေပေသည်။ တကယ့်အဆုံးတိုင်အောင် လိုက်လျှောက်ရုံမျှနှင့် သင်သည် လွတ်ထွက်နိုင်လိမ့်မည် မဟုတ်ပေ။ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း၏ ဖြစ်စဉ်တိုင်း၏ အတောအတွင်း၌ သင်သည် လိုလိုလားလားနှင့် အညံ့ခံရန် တတ်စွမ်းနိုင်ရမည် ဖြစ်ပြီး သင်တွေ့ကြုံခံစားရသည့် အမှု၏ အဆင့်အသီးသီးကို စစ်မှန်စွာ နားလည်နိုင်စွမ်းရှိရမည် ဖြစ်ကာ ဘုရားသခင်၏ စိတ်သဘောထားကို သိခြင်းနှင့် နာခံခြင်းတို့ကို တတ်စွမ်းနိုင်ရမည် ဖြစ်သည်။ ဤသည်မှာ သင်သက်သေခံရန် လိုအပ်သည့် သိမ်းပိုက်ခံရပြီးခြင်း၏ အန္တိမသက်သေခံချက်ပင် ဖြစ်သည်။ သိမ်းပိုက်ခံရခြင်း၏ သက်သေခံချက် ဟူသည်မှာ အဓိကအားဖြင့် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းနှင့် ပတ်သက်သည့် သင်၏ အသိပညာကို ရည်ညွှန်းသည်။ ဤသက်သေခံခြင်း အဆင့်သည် ဘုရားသခင် လူ့ဇာတိခံယူခြင်းထံသို့ ဖြစ်သည်မှာ အထူးအရေးကြီး၏။ လောကရှိလူတို့ ရှေ့မှောက် သို့မဟုတ် အာဏာစွဲကိုင်သူတို့ ရှေ့မှောက်တွင် သင်မည်သည့်အရာ ပြုလုပ်သည် သို့မဟုတ် ပြောဆိုသည်မှာ အရေးမကြီးပေ၊ သင်သည် ဘုရားသခင်၏နှုတ်မှ နှုတ်ကပတ်တော်အားလုံးနှင့် သူ၏အမှုအားလုံးကို နာခံနိုင်စွမ်းရှိ၊ မရှိက အရာခပ်သိမ်းထက် သာ၍အရေးကြီးသည်။ ထို့ကြောင့် သက်သေခံချက်၏ ဤအဆင့်သည် စာတန်နှင့် ဘုရားသခင်၏ ရန်သူများအားလုံး—ဘုရားသခင်သည် ဒုတိယအကြိမ် လူ့ဇာတိ ခံယူလိမ့်မည် ဆိုခြင်းနှင့် သာ၍ပင်ကြီးမြတ်သော အလုပ်ကို လုပ်ဆောင်ရန် ကြွလာလိမ့်မည် ဆိုခြင်းကို မယုံကြည်ကြသည့်အပြင် လူ့ဇာတိသို့ ဘုရားသခင် ပြန်လာခြင်း၏ အမှန်တရားကို မယုံကြည်သည့် နတ်ဆိုးများနှင့် ရန်လိုသူများကို ရည်ရွယ်သည်။ တစ်နည်းဆိုရလျှင် ယင်းသည် ဘုရားသခင်လူ့ဇာတိခံယူခြင်းကို မယုံကြည်ကြသော ရန်သူများ အားလုံး ဖြစ်ကြသည့် အန္တိခရစ်များ အားလုံးကို ရည်ရွယ်ခြင်း ဖြစ်သည်။

ဘုရားသခင်အကြောင်းတွေးခြင်းနှင့် ဘုရားသခင်ကိုတမ်းတခြင်းက သင်သည် ဘုရားသခင်၏ သိမ်းပိုက်ခြင်းခံရပြီး ဖြစ်ကြောင်းကို သက်သေမပြပေ။ ဘုရားသခင်သည် လူ့ဇာတိခံယူသော

နှုတ်ကပတ်တော် ဖြစ်သည်ကို သင်ယုံကြည်ခြင်း ရှိ၊ မရှိ၊ နှုတ်ကပတ်တော်သည် လူ့ဇာတိခံယူပြီး ဖြစ်ကြောင်းကို သင်ယုံကြည်ခြင်း ရှိ၊ မရှိနှင့် ဝိညာဉ်တော်သည် နှုတ်ကပတ်တော် ဖြစ်လာပြီး နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်လာခဲ့ပြီးသည်ကို သင် ယုံကြည်ခြင်း ရှိ၊ မရှိတို့အပေါ်တွင် ယင်းက မူတည်ပေသည်။ ဤသည်မှာ အဓိက သက်သေခံချက် ဖြစ်သည်။ သင်မည်ကဲ့သို့ လိုက်လျှောက်သည် ဆိုခြင်းကား အရေးမပါသကဲ့သို့၊ သင်သည် သင့်ကိုယ်သင် မည်ကဲ့သို့ အသုံးခံသည် ဆိုခြင်းလည်း အရေးပါခြင်း မရှိ။ နှုတ်ကပတ်တော်မှာ လူ့ဇာတိခံယူပြီး သမ္မာတရား၏ဝိညာဉ်တော်သည် လူ့ဇာတိထဲ၌ အကောင်အထည် ပေါ်လာပြီးဖြစ်သည်- သမ္မာတရား၊ လမ်းခရီးနှင့် အသက် အားလုံးတို့သည် လူ့ဇာတိ၌ ကြွလာပြီးလျှင် ဘုရားသခင်၏ဝိညာဉ်တော်သည် မြေကြီးပေါ်သို့ ဧကန်အမှန်ပင် ရောက်ရှိပြီးဖြစ်ကာ ဝိညာဉ်တော်သည် လူ့ဇာတိ၌ ကြွလာပြီးဖြစ်သည် ဆိုခြင်းကို ဤသာမန် လူ့သဘာဝမှ ရှာဖွေတွေ့ရှိခြင်း၌ သင်တတ်နိုင်ခြင်း ရှိ၊ မရှိသာ အရေးပါလှ၏။ အပေါ်ယံ သဘောအားဖြင့် ယင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲခြင်းနှင့် ကွဲပြားခြားနားပုံ ပေါက်သော်လည်း၊ ဝိညာဉ်တော်သည် လူ့ဇာတိတွင် အကောင်အထည်ပေါ် ပြီး ဖြစ်ကြောင်းအပြင် နှုတ်ကပတ်တော်သည် လူ့ဇာတိခံယူပြီး ဖြစ်ကြောင်းနှင့် နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ပေါ် ပြီး ဖြစ်ကြောင်းကို ဤအမှုတွင် သင်သည် သာ၍ ရှင်းလင်းစွာ တွေ့မြင်နိုင်ကာ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။" ဟူသော နှုတ်ကပတ်တော်များ၏ စစ်မှန်သည့် အနက်အဓိပ္ပာယ်ကို သင် နားလည်နိုင်မည် ဖြစ်သည်။ ထို့အပြင် သင်သည် ယနေ့ နှုတ်ကပတ်တော်မှာ ဘုရားသခင်ဖြစ်သည်ကို နားလည်ရမည်ဖြစ်ပြီး နှုတ်ကပတ်တော်သည် လူ့ဇာတိခံယူသည်ကို သင် ရှုမြင်ရမည် ဖြစ်သည်။ ဤသည်မှာ သင်ပေးနိုင်သည့် အကောင်းဆုံးသော သက်သေခံချက်ပင် ဖြစ်သည်။ သင်သည် ဘုရားသခင် လူ့ဇာတိခံယူခြင်းနှင့် ပတ်သက်သည့် စစ်မှန်သော အသိပညာအား ပိုင်ဆိုင်သည် ဆိုခြင်းကို ဤအရာက သက်သေပြသည်- သင်သည် သူ့ကို သိနိုင်သည်သာမကဘဲ၊ ယနေ့ သင် လျှောက်သော လမ်းခရီးမှာ အသက်၏ လမ်းခရီးနှင့် သမ္မာတရား၏ လမ်းခရီး ဖြစ်သည်ကိုလည်း သင် သတိမူမိသည်။ ယေရှု လုပ်ဆောင်ခဲ့သည့် အမှုအဆင့်သည် "နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏" ၏ အနှစ်သာရကိုသာ ဖြည့်ဆည်းခဲ့သည်- ဘုရားသခင်၏ သမ္မာတရားသည် ဘုရားသခင်နှင့် ရှိခဲ့ပြီး ဘုရားသခင်၏ ဝိညာဉ်တော်မှာ လူ့ဇာတနှင့် ရှိခဲ့ကာ ထိုလူ့ဇာတိထံမှ ခွဲထုတ်၍ မရနိုင်ခဲ့ပေ၊ ဆိုလိုသည်မှာ လူ့ဇာတိခံယူသော ဘုရားသခင်၏ ဇာတိပကတိသည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့်

အတူရှိခဲ့ကာ ယင်းသည် လူ့ဇာတိခံယူသော ယေရှုမှာ ဘုရားသခင်၏ ပထမဆုံးသော လူ့ဇာတိခံယူခြင်းဖြစ်သည် ဆိုခြင်း၏ သာ၍ ကြီးမားသော သက်သေပင်ဖြစ်သည်။ အမှု၏ ဤအဆင့်သည် "နှုတ်ကပတ်တော်သည် လူ့ဇာတိခံယူ၏" ၏ သိုဝှက်ထားသော အနက်အဓိပ္ပာယ်ကို တိကျစွာ ဖြည့်ဆည်းခဲ့ပြီး၊ "နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏" အတွက် သာ၍နက်ရှိုင်းသည့် အနက်အဓိပ္ပာယ်ကို ပေးခဲ့ကာ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏" ဟူသည့် နှုတ်ကပတ်တော်များကို သင့်အနေဖြင့် ခိုင်မာစွာယုံကြည်ရန် ခွင့်ပြုပေးလေသည်။ ဆိုလိုသည်မှာ ဖန်ဆင်းခြင်းကာလတွင် ဘုရားသခင်၌ နှုတ်ကပတ်တော်များ ရှိသည်၊ သူ၏ နှုတ်ကပတ်တော်များမှာ သူနှင့်အတူရှိခဲ့ကာ သူ့ထံမှ ခွဲထုတ်၍ မရခဲ့ဘဲ၊ နောက်ဆုံးသောခေတ်တွင် သူက သူ၏ နှုတ်ကပတ်တော်များ၏ တန်ခိုးနှင့် ဩဇာအာဏာကို သာ၍ပင် ရှင်းလင်းစေပြီး လူသားအား သူ့လမ်းခရီးများ အားလုံးကို မြင်တွေ့ရန်၊ သူ၏ နှုတ်ကပတ်တော်များ အားလုံးကို ကြားခွင့်ပေးသည်။ ယင်းသည် နောက်ဆုံးသောခေတ်၏ အလုပ် ဖြစ်သည်။ သင်သည် ဤအရာများကို အူမချေးခါးမကျန် နားလည်လာရမည် ဖြစ်သည်။ ဇာတိပကတိကို သိရှိခြင်းမှာ အရေးကြီးဆုံး မဟုတ်ဘဲ၊ နှုတ်ကပတ်တော်နှင့် ဇာတိပကတိကို မည်သို့နားလည်သည် ဆိုခြင်းက အရေးကြီးဆုံး ဖြစ်၏။ ဤသည်မှာ သင်ပေးရမည့် သက်သေခံချက် ဖြစ်ပြီး၊ လူတိုင်း သိရမည့်အရာ ဖြစ်သည်။ ဤသည်မှာ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်း၏ အမှု- ထို့ပြင် ဘုရားသခင် လူ့ဇာတိခံယူသည့် နောက်ဆုံးအကြိမ် ဖြစ်သောကြောင့် ယင်းသည် လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်ကို လုံးလုံးလျားလျား စုံလင်စေကာ ဇာတိပကတိ၌ ဘုရားသခင်၏ အမှုအားလုံးကို ထုတ်ဆောင်လျက် စေ့စေ့စပ်စပ် ဆောင်ရွက်ပြီး ဇာတိပကတိ၌ ဘုရားသခင်၏ဖြစ်ခြင်းခေတ်ကို အဆုံးသတ်စေသည်။ ထို့ကြောင့် သင်သည် လူ့ဇာတိခံယူခြင်း၏ အနက်အဓိပ္ပာယ်ကို သိရှိရမည်။ သင်သည် အဘယ်မျှလောက် ကိစ္စများမြောင်ကို ပြုလုပ်သည် သို့မဟုတ် အခြားသော အပြင်ပန်း ကိစ္စရပ်များကို မည်ကဲ့သို့ ကောင်းမွန်စွာ သင် ဆောင်ရွက်သည် ဆိုခြင်းမှာ အရေးမပါပါ။ အရေးပါသည့် အရာမှာ သင်သည် လူ့ဇာတိခံယူသော ဘုရားသခင်၏ ရှေ့မှောက်တွင် စစ်မှန်စွာ ကျိုးနွံနာခံ၍ သင်၏ ဖြစ်တည်ခြင်း တစ်ရပ်လုံးကို ဘုရားသခင်ထံ ပေးအပ်မြှုပ်နှံကာ သူ၏နှုတ်မှ လာသည့် နှုတ်ကပတ်တော် အားလုံးကို နာခံနိုင်ခြင်းငှာ တတ်စွမ်းနိုင်ခြင်း ရှိ၊ မရှိသာဖြစ်သည်။ ဤသည်မှာ သင်လုပ်ဆောင်သင့်သည့် အရာဖြစ်ပြီး သင် လိုက်နာကျင့်သုံးရမည့် အရာဖြစ်သည်။

သက်သေခံချက်၏ နောက်ဆုံးအဆင့်မှာ သင်သည် စုံလင်စေခြင်း ခံရနိုင်၊ မခံရနိုင်ကို

သက်သေခံခြင်းဖြစ်သည်၊ ဆိုလိုသည်မှာ လူ့ဇာတိခံယူသော ဘုရားသခင်၏ နှုတ်မှ ပြောကြားသည့် နှုတ်ကပတ်တော်များ အားလုံးကို နားလည်သဘောပေါက်ပြီးနောက် သင်သည် ဘုရားသခင် အကြောင်း အသိပညာကို ပိုင်ဆိုင်လာပြီး သူ့အကြောင်း ယုံမှားမရှိ ဖြစ်လာကာ သင်သည် ဘုရားသခင်၏နှုတ်မှ နှုတ်ကပတ်တော်များ အားလုံးကို အသက်ရှင်နေထိုင်ပြီး ဘုရားသခင်မှ သင့်အား တောင်းဆိုသော အခြေအနေများကို စွမ်းဆောင်ရရှိခြင်း ဖြစ်သည်၊ ပေတရု၏ အမှုအရာနှင့် ယောဘ၏ ယုံကြည်ခြင်းကဲ့သို့ ဖြစ်သည်၊ ဤသို့ဖြစ်သည်မှာ သေသည်တိုင်အောင် နာခံနိုင်ခြင်း၊ သူ့ထံသို့ မိမိကိုယ်မိမိ လုံးလုံးလျားလျားပင် ပေးဆပ်နိုင်ခြင်းနှင့် စံသတ်မှတ်ချက်နှင့်ညီသော လူသား၏ပုံရိပ်ကို အဆုံးတွင် စွမ်းဆောင်ရရှိခြင်း ဖြစ်၏၊ ဆိုလိုသည်မှာ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို ကြုံတွေ့ရပြီးနောက် သိမ်းပိုက်ခြင်း နှင့် စုံလင်စေခြင်းတို့ ခံရပြီးသော တစ်စုံတစ်ဦး၏ ပုံသဏ္ဍာန်ဖြစ်သည်။ ဤသည်မှာ ယင်းမှာ အန္တိမ သက်သေခံချက် ဖြစ်သည်၊ အဆုံးတွင် စုံလင်ခြင်း ခံရပြီးသော သူတစ်ယောက်မှ ခံသင့်သည့် သက်သေခံချက်ဖြစ်သည်။ ဤသည်တို့မှာ သင်မှ ပေးသင့်သည့် သက်သေခံချက်၏ အဆင့်နှစ်ဆင့် ဖြစ်ပြီး ၎င်းတို့သည် အပြန်အလှန် ဆက်နွယ်နေကြကာ တစ်ဆင့်ချင်းသည် မရှိမဖြစ်ပင် ဖြစ်သည်။ သို့သော် သင်သိရမည့် အရာတစ်ခု ရှိသည်။ သင့်ထံမှ ယနေ့ငါလိုအပ်သည့် သက်သေခံချက်မှာ လောကကြီး၏ လူများကို ရွေးရှုထားခြင်း မဟုတ်သကဲ့သို့ မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ရွေးရှုထားခြင်းလည်း မဟုတ်ဘဲ သင့်အား ငါတောင်းဆိုသော အရာထံသို့သာ ရွေးရှုထားခြင်း ဖြစ်သည်။ သင်သည် ငါ့ကို ကျေနပ်စေခြင်းငှာ တတ်စွမ်းနိုင်ခြင်း ရှိ၊ မရှိနှင့် သင်တို့ တစ်ဦးချင်းစီတိုင်းအပေါ် ငါ၏သတ်မှတ်ချက် စံချိန်များနှင့် လုံးလုံးလျားလျား ပြည့်မီခြင်း ရှိ၊ မရှိတို့အားဖြင့် ယင်းကို တိုင်းတာသည်။ ဤသည်မှာ သင်တို့ နားလည်သင့်သည့် အရာဖြစ်၏။

# လက်တွေ့လုပ်ဆောင်ခြင်း (၅)

ကျေးဇူးတော်ခေတ်အတောအတွင်း၌ ယေရှုသည် နှုတ်ကပတ်တော်အချို့ကို မိန့်မြွက်ခဲ့ပြီး အမှု၏အဆင့်တစ်ဆင့်ကို လုပ်ဆောင်ခဲ့သည်။ ယင်းတို့အားလုံး၌ ဆက်စပ်အကြောင်းအရာတစ်ခုရှိခဲ့၏၊ ထို့ပြင် ယင်းတို့အားလုံးက ထိုအချိန်ကာလမှ လူတို့၏အခြေအနေများအတွက် သင့်လျော်ခဲ့ကြလေသည်၊ ယေရှုသည် ထိုအချိန်ကာလမှ ဆက်စပ်အကြောင်းအရာနှင့် လိုက်လျောညီထွေရှိရှိ ပြောဆိုလုပ်ကိုင်ခဲ့သည်။

ပရောဖက်ပြုချက်အချို့ကိုလည်း သူပြောဆိုခဲ့၏။ သမ္မာတရား၏ ဝိညာဉ်တော်သည် နောက်ဆုံးသောကာလအတောအတွင်းတွင် ကြွလာမည်ဖြစ်ပြီး၊ အမှု၏အဆင့်တစ်ဆင့်ကို လုပ်ဆောင်မည်ဖြစ်ကြောင်းကို သူပရောဖက်ပြုခဲ့၏။ ထိုခေတ်အတောအတွင်း၌ သူကိုယ်တိုင်လုပ်ကိုင်ခဲ့ရမည့် အမှုထက်ပို၍ ဘာကိုမျှ သူနားမလည်ခဲ့ဟု ဆိုလိုသည်၊ လူ့ဇာတိခံယူသော ဘုရားသခင်က ယူဆောင်လာခဲ့သည့် အမှုသည် တစ်နည်းဆိုရသော် အကန့်အသတ်ရှိသည်။ ဤအကြောင်းကြောင့် သူရှိနေသောခေတ်၏ အမှုကိုသာ သူလုပ်ကိုင်ပြီး သူနှင့်ဆက်နွယ်မှုမရှိသည့် အခြားအမှုကို မလုပ်ကိုင်ပေ။ ထိုအချိန်ကာလတွင် ယေရှုသည် ခံစားမှုများ၊ သို့မဟုတ် ရူပါရုံများနှင့်အညီ အမှုမပြုခဲ့ဘဲ အချိန်ကာလ၊ ဆက်စပ်အကြောင်းအရာနှင့် လိုက်လျောညီထွေရှိရှိသာ အမှုပြုခဲ့၏။ မည်သူကမျှ သူ့ကို မဦးဆောင်ပေးခဲ့၊ သို့မဟုတ် လမ်းမပြပေးခဲ့ချေ။ သူ့အမှုတစ်ခုလုံးသည် သူ၏ကိုယ်ပိုင်ဖြစ်ခြင်းပင် ဖြစ်ခဲ့သည်- ယင်းမှာ ဘုရားသခင်၏ လူ့ဇာတိခံယူသော ဝိညာဉ်တော်က လုပ်ဆောင်ထိုက်သည့် အမှုဖြစ်ခဲ့ပြီး၊ ယင်းမှာ လူ့ဇာတိခံယူခြင်းက ဆောင်ကြဉ်းပေးခဲ့သည့် အမှုအားလုံးဖြစ်ခဲ့သည်။ ယေရှုသည် သူကိုယ်တိုင်မြင်ခဲ့ပြီး ကြားခဲ့ရသည့်အရာနှင့်အညီသာ အမှုပြုခဲ့သည်။ တစ်နည်းဆိုရလျှင် ဝိညာဉ်တော်သည် တိုက်ရိုက်အမှုပြုခဲ့လေ၏၊ သူ့ထံသို့ တမန်များ ပေါ်လာရန်နှင့် သူ့ကို အိပ်မက်များပေးရန် မလိုအပ်ခဲ့သကဲ့သို့၊ ကြီးစွာသောအလင်းကို သူ့အပေါ်ထွန်းလင်းစေပြီး သူ့ကိုမြင်ခွင့်ပေးရန်လည်း မလိုအပ်ခဲ့ပေ။ သူသည် အထိန်းအချုပ်မရှိဘဲ လွတ်လပ်စွာ အမှုပြုခဲ့သည်၊ ဤသို့ဖြစ်ရခြင်းမှာ သူ၏အမှုသည် ခံစားမှုများအပေါ် အခြေပြုထားခြင်း မဟုတ်သောကြောင့်ဖြစ်သည်။ တစ်နည်းဆိုရလျှင် သူအမှုပြုခဲ့သည့်အခါ သူသည် စမ်းတဝါးဝါးနှင့် မှန်းဆလုပ်ခဲ့ခြင်းမဟုတ်ဘဲ၊ သူ၏ကိုယ်ပိုင်အကြံအစည်များနှင့် သူ၏ကိုယ်ပိုင်မျက်လုံးများဖြင့် မြင်တွေ့ခဲ့ရသည့် အရာများနှင့်အညီ လုပ်ကိုင်ပြောဆိုရင်း၊ သူ့နောက်ကိုလိုက်ခဲ့ကြသည့် တပည့်တော်တစ်ဦးတစ်ယောက်စီအတွက် လက်ငင်းအထောက်အပံ့ကို စီစဉ်ပေးရင်းဖြင့် အမှုအရာများကို အလွယ်တကူ ပြီးမြောက်စေခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏အမှုနှင့် လူတို့၏အလုပ်အကြားရှိ ကွာခြားချက်ပင်ဖြစ်သည်- လူတို့အလုပ်လုပ်သောအခါ ၎င်းတို့သည် သာ၍နက်ရှိုင်းသော ဝင်ရောက်မှုကို ရရှိနိုင်ရန် အခြားသူများက ချထားခဲ့သော အခြေခံအုတ်မြစ်ကို အခြေပြု၍ အစဉ်အမြဲ အတုခိုးလျက် စဉ်းစားချင့်ချိန်လျက်ဖြင့် ရှာဖွေပြီး စမ်းတဝါးဝါး လိုက်လုပ်ကြသည်။ ဘုရားသခင်၏အမှုသည် သူဖြစ်ခြင်း၏ ထောက်ပံ့ပေးခြင်းပင်ဖြစ်သည်၊ ထို့အပြင် သူကိုယ်တိုင်ပြုထိုက်သည့် အမှုကို သူလုပ်ကိုင်သည်။ မည်သည့်လူသား၏အလုပ်မှ

အသိပညာကိုမျှ အသုံးပြုပြီး အသင်းတော်အတွက် အထောက်အပံ့များကို သူမစီစဉ်ပေးပေ။ ထိုအစား သူသည် လူတို့၏အခြေအနေများကို အခြေပြု၍ လက်ရှိအမှုကို လုပ်ကိုင်သည်။ ထို့ကြောင့် ဤနည်းလမ်းဖြင့် အမှုပြုခြင်းသည် လူတို့လုပ်ကိုင်သည့် အလုပ်ထက် အဆပေါင်း ထောင်ချီ၍ ပိုလွတ်လပ်ပေသည်။ လူတို့အတွက်မူ ဘုရားသခင်သည် မိမိ၏တာဝန်ဝတ္တရားကို မလိုက်နာဘဲ မိမိစိတ်ကြိုက် အမှုပြုသည်ဟုပင် မြင်ရနိုင်သည်- သို့သော်လည်း သူလုပ်ကိုင်သည့် အမှုအားလုံးသည် အသစ်ဖြစ်၏။ သို့တိုင်အောင် လူ့ဇာတိခံယူသော ဘုရားသခင်၏အမှုသည် မည်သည့်အခါမျှ ခံစားမှုများအပေါ် အခြေမပြုထားသည်ကို သင်သိရမည်။ ထိုအချိန်ကာလက ယေရှုအနေဖြင့် ကားစင်တင်သတ်ခံရခြင်းဖြစ်သည့် သူ၏အမှုကို အပြီးသတ်ခဲ့ပြီးသည့်နောက်၊ ယေရှုနောက်သို့ လိုက်ခဲ့ကြသည့် တပည့်တော်များအနေဖြင့် ၎င်းတို့၏တွေ့ကြုံခြင်း၌ အဆင့်တစ်ခုသို့ ရောက်သွားသောအခါ၊ ဘုရားသခင်၏နေ့ရက်သည် လာနေပြီဖြစ်ကြောင်း၊ ထို့အပြင် မကြာမီတွင် သခင်နှင့် တွေ့ဆုံရမည်ဖြစ်ကြောင်းကို ၎င်းတို့ခံစားခဲ့ကြရသည်။ ယင်းမှာ ၎င်းတို့၌ရှိခဲ့သည့် ခံစားမှုဖြစ်သည်၊ ထို့အပြင် ၎င်းတို့အတွက်မူ ဤခံစားမှုသည် အဆုံးစွန် အရေးပါဆုံးသောအရာဖြစ်ခဲ့၏။ သို့သော် စင်စစ်အားဖြင့် လူတို့အတွင်းရှိ ခံစားမှုများသည် ယုံကြည်အားထား၍ မရပေ။ ၎င်းတို့အနေဖြင့် ၎င်းတို့သည် လမ်းအဆုံးသို့ရောက်ခါနီး ဖြစ်ကောင်းဖြစ်နေနိုင်သည်ဟု ခံစားခဲ့ကြရသည်၊ သို့တည်းမဟုတ် ၎င်းတို့လုပ်ကိုင်ခဲ့သမျှနှင့် ဝေဒနာခံစားခဲ့ရသမျှသည် ဘုရားသခင်က ချမှတ်ဆုံးဖြတ်ထားခြင်းဖြစ်သည်ဟု ခံစားခဲ့ကြရသည်။ ပေါလုသည်လည်း သူ့အနေဖြင့် ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီးပြီ၊ တိုက်လှန်ခြင်းကို ပြုပြီးပြီ၊ ထို့အပြင် သူ့အတွက် ဓမ္မသရဖူသည် သိုထားလျက်ရှိပြီဟု ပြောဆိုခဲ့သည်။ ယင်းမှာ သူခံစားခဲ့ရပုံ ဖြစ်သည်၊ ထို့အပြင် သူသည် ဤအရာကို သြဝါဒစာစောင်များတွင် ထည့်ရေးခဲ့ပြီး ထိုစာစောင်များကို အသင်းတော်များထံ ပေးပို့ခဲ့သည်။ ထိုလုပ်ရပ်များသည် အသင်းတော်များအတွက် သူထမ်းဆောင်ထားရသော ဝန်ထုပ်ဝန်ပိုးမှ လာခြင်းဖြစ်သဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လျစ်လျူရှုခြင်းကို ခံခဲ့ရ၏။ ထိုစကားများကို ပေါလုပြောခဲ့သောအခါက သူ၌ စိုးရိမ်ပူပန်သည့်စိတ် မရှိခဲ့သကဲ့သို့ မည်သည့်အပြစ်ဆိုခြင်းကိုမျှလည်း မခံစားခဲ့ရပေ၊ ထို့ကြောင့် ထိုအရာများသည် အလွန်သာမန်ကျပြီး အတော်အတန်မှန်ကန်သည်ဟု သူထင်မြင်ယူဆခဲ့သည်၊ ထို့အပြင် ယင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာသည်ဟုလည်း သူထင်မြင်ယူဆခဲ့၏။ သို့သော် ယနေ့ခေတ်မှ ရှုမြင်ကြည့်ပါက၊ ယင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်မှ လာခဲ့ခြင်း လုံးဝမဟုတ်ပေ။ ယင်းတို့သည် လူသားတစ်ယောက်၏ အတွေးမှားများသာဖြစ်၏။

လူတို့အတွင်း၌ အတွေးမှားများ အများအပြားရှိ၏၊ ထို့အပြင် ထိုအရာများ ဖြစ်ပွားသောအခါ ဘုရားသခင်သည် ယင်းတို့ကို အာရုံစိုက်မနေပေ၊ သို့မဟုတ် မည်သည့်ထင်မြင်ချက်ကိုမျှ မဖော်ပြပေ။ သန့်ရှင်းသော ဝိညာဉ်တော်အမှု၏ အများစုကို လူတို့၏ခံစားမှုများမှတစ်ဆင့် လုပ်ဆောင်သည်မဟုတ်ချေ- ဘုရားသခင် လူ့ဇာတိမခံယူမီ ခက်ခဲကြမ်းတမ်းပြီး မှောင်မိုက်သည့် အချိန်များမှလွဲ၍၊ သို့တည်းမဟုတ် တမန်တော်များ၊ သို့မဟုတ် အမှုတော်ဆောင်များမရှိသည့် ကာလအပိုင်းအခြားမှလွဲ၍ သန့်ရှင်းသော ဝိညာဉ်တော်သည် လူတို့၏ခံစားမှုများအတွင်း အမှုမပြုပေ။ ထိုအဆင့်အတောအတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော်၏အမှုသည် လူတို့အား အချို့သော အထူးခံစားမှုများကို ပေးလေသည်။ ဥပမာအားဖြင့်- လူတို့၌ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ လမ်းပြမှုမရှိသည့်အချိန်တွင် ၎င်းတို့သည် ဆုတောင်းသောအခါ၌ ပြောမပြနိုင်သော ပျော်ရွှင်သည့်စိတ်ကို ခံစားကြရသည်၊ ၎င်းတို့၏ နှလုံးသားများထဲ၌ သာယာကြည်နူးမှု စိတ်ခံစားချက် ရှိကြ၏၊ ထို့အပြင် ၎င်းတို့သည် ငြိမ်းချမ်း၍ စိတ်သက်သာရာရကြသည်။ ၎င်းတို့၌ နှုတ်ကပတ်တော်များ၏ လမ်းပြမှုရှိသွားသည်နှင့် လူတို့သည် မိမိတို့၏ဝိညာဉ်များ၌ တောက်ပမှုတစ်ခုကို ခံစားကြရ၏၊ ၎င်းတို့၏ လုပ်ဆောင်ချက်များ၌ လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းတစ်ခု ရှိကြသည်၊ ထို့အပြင် အလိုအလျောက်ပင် ၎င်းတို့၌ ငြိမ်းချမ်းမှုနှင့် စိတ်သက်သာရာရမှုဟူသည့် ခံစားချက်များလည်း ရှိကြသည်။ လူတို့သည် အန္တရာယ်နှင့် ကြုံကြိုက်သောအခါ၊ သို့မဟုတ် အချို့သောအရာများကို လုပ်ဆောင်ခြင်းမှ ၎င်းတို့ကို ဘုရားသခင်တားသောအခါ ၎င်းတို့၏ စိတ်နှလုံးများတွင် ၎င်းတို့သည် ရတက်မအေးဖြစ်ကြပြီး နေမထိထိုင်မသာဖြစ်ကြသည်။ ဤသည်တို့မှာ သန့်ရှင်းသော ဝိညာဉ်တော်က လူကိုပေးသော ခံစားချက်များ လုံးလုံးလျားလျားဖြစ်ကြ၏။ သို့သော်လည်း ရန်လိုသော ပတ်ဝန်းကျင်တစ်ရပ်က လူတို့ကို ထူးခြားစွာ စိုးရိမ်စေပြီး ရှက်ကြောက်စေလျက် ကြောက်ရွံ့ပူပန်မှု အခြေအနေတစ်ရပ်ကို ပေါ်ပေါက်စေပါက၊ ယင်းသည် လူ့သဘာဝ၏ သာမန်ဖော်ပြချက်တစ်ရပ်သာဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့် ဆက်စပ်မှုမရှိပေ။

လူတို့သည် အစဉ်သဖြင့် မိမိတို့၏ ကိုယ်ပိုင်ခံစားမှုများအလယ်၌သာ နေထိုင်ကြပြီး၊ ထိုသို့နေလာခဲ့ကြသည်မှာလည်း နှစ်ပေါင်းများစွာကြာနေပြီဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏စိတ်နှလုံးများအတွင်း၌ ငြိမ်းချမ်းနေသောအခါ၊ (၎င်းတို့၏ လိုလိုလားလားရှိမှုကို ငြိမ်းချမ်းသော ခံစားချက်အဖြစ် ထင်မြင်ယူဆကြရင်း) ဆောင်ရွက်ပြုမူကြသည်၊ ထို့ပြင် ၎င်းတို့၏စိတ်နှလုံးများအတွင်း၌ ငြိမ်းချမ်းမနေသောအခါ၌မူ၊ (၎င်းတို့၏ စိတ်မပါခြင်း၊ သို့မဟုတ် မနှစ်သက်ခြင်းကို စိုးရိမ်ပူပန်သော ခံစားချက်အဖြစ် ထင်မြင်ယူဆကြရင်း)

မဆောင်ရွက်မပြုမူကြပေ။ အကယ်၍ အမှုအရာများက ချောချောမောမော ဖြစ်နေပါက၊ ယင်းမှာ ဘုရားသခင်၏ အလိုတော်ဖြစ်သည်ဟု ၎င်းတို့က ထင်ကြသည်။[၈] (စင်စစ်အားဖြင့် ယင်းမှာ အလွန်ချောချောမောမောနှင့် ဖြစ်ခဲ့သင့်သည့်အရာဖြစ်သည်၊ ယင်းသည် အမှုအရာများ၏ သဘာဝနိယာမ ဖြစ်သောကြောင့်တည်း။) အမှုအရာများက ချောချောမောမော မဖြစ်သောအခါ ယင်းမှာ ဘုရားသခင်၏ အလိုတော်မဟုတ်ဟု ၎င်းတို့က ထင်ကြသည်။[၉] ချောချောမောမောမဖြစ်သည့် တစ်စုံတစ်ရာနှင့် ၎င်းတို့ကြုံကြိုက်ကြရသောအခါ ၎င်းတို့က ရပ်တန့်သွားကြသည်။ ထိုသို့သော ခံစားမှုများသည် တိကျသေချာမှု မရှိပေ၊ ထို့အပြင် ထိုခံစားမှုများနှင့်အညီ ဆောင်ရွက်ပြုမူခြင်းသည် များစွာသော ကြန့်ကြာမှုများကို ဖြစ်စေလိမ့်မည်။ ဥပမာအားဖြင့်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရာတွင် အခက်အခဲများ သေချာပေါက် ရှိလိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ရာ၌ အခက်အခဲများ သာ၍ရှိနေလိမ့်မည်။ အပြုသဘောဆောင်သောအရာ အများအပြားကို အကောင်အထည်ဖော်ရန် ခက်ခဲပေလိမ့်မည်။ "ပျော်ရွှင်ခြင်းသို့ သွားရာလမ်းသည် အနှောင့်အယှက်များဖြင့် ပြန့်ကျဲနေ၏" ဟူသော ဆိုရိုးစကားအတိုင်းပင် ဖြစ်သည်။ လူတို့သည် ၎င်းတို့၏လက်တွေ့အသက်တာများ၌ များလှစွာသော ခံစားမှုများ ရှိနေကြပြီး၊ ယင်းက ၎င်းတို့ကို မကြာခဏပင် ဘာလုပ်ရ၊ ဘာပြောရမှန်းမသိ ဖြစ်နေစေလျက် အမှုအရာအများအပြားနှင့်ပတ်သက်၍ မသေချာမရေရာဘဲ ရှိနေစေ၏။ လူတို့သည် သမ္မာတရားကို နားမလည်နိုင်လျှင် ၎င်းတို့အတွက် မည်သည့်အရာကမျှ မရှင်းလင်းပေ။ သို့သော်လည်း ယေဘုယျအားဖြင့် ၎င်းတို့သည် မိမိတို့၏ခံစားချက်များနှင့်အညီ ဆောင်ရွက်ပြုမူသည့်အခါ၊ သို့မဟုတ် စကားပြောသည့်အခါ ယင်းသည် အဓိက အခြေခံသဘောတရားများကို ချိုးဖောက်သောအရာ မဟုတ်သရွေ့ သန့်ရှင်းသော ဝိညာဉ်တော်သည် လုံးဝမတုံ့ပြန်ချေ။ ယင်းမှာ ပေါလုက ခံစားခဲ့ရသော "ဓမ္မသရဖူ" နှင့်တူသည်- နှစ်ပေါင်းများစွာတိုင်အောင် ပေါလု၏ခံစားမှုများက မှားယွင်းနေသည်ဟူ၍ မည်သူကမျှ မထင်ခဲ့ကြသကဲ့သို့ ပေါလုကိုယ်၌ကလည်း သူ၏ခံစားမှုများမှာ မှားနေသည်ဟူ၍ မခံစားခဲ့ဖူးပေ။ လူတို့၏ခံစားမှုများက အဘယ်နေရာမှ လာသနည်း။ ထိုခံစားမှုတို့မှာ ၎င်းတို့၏ဦးနှောက်များမှလာသော တုံ့ပြန်ချက်များဖြစ်သည်မှာ မှန်ပေ၏။ ကွဲပြားခြားနားသော ခံစားမှုများသည် ကွဲပြားခြားနားသော ပတ်ဝန်းကျင်များနှင့် ကွဲပြားခြားနားသော ကိစ္စရပ်များအရ ထွက်ပေါ်လာခြင်းဖြစ်သည်။ အချိန်အတော်များများတွင် လူတို့သည် လူသားဆင်ခြင်တွေးခေါ်မှုနှင့် ကောက်ချက်များချကြပြီး ထိုအရာမှတစ်ဆင့် ပုံသေနည်းတစ်စုံရရန်ပြုကြကာ၊ ယင်းက များပြားလှသော လူသားခံစားမှုများကို

ထွက်ပေါ်စေ၏။ သတိမထားမိလိုက်ပါဘဲနှင့် လူတို့သည် ၎င်းတို့၏ကိုယ်ပိုင် ယုတ္တိတန်သော ကောက်ချက်များအတွင်းသို့ ဝင်ရောက်သွားကြပြီး၊ ဤနည်းအားဖြင့် ဤခံစားမှုများသည် လူတို့အနေဖြင့် မိမိတို့အသက်တာများတွင် မှီခိုအားထားရသောအရာ ဖြစ်လာလေသည်၊ ယင်းတို့က ပေါလု၏ "ဓမ္မသရဖူ" ကဲ့သို့၊ သို့တည်းမဟုတ် သက်သေလီ၏ "သခင်နှင့် လေထဲတွင် တွေ့ဆုံခြင်း" ကဲ့သို့ လူတို့၏အသက်တာများတွင် စိတ်ခံစားမှုဆိုင်ရာ အထောက်အကူတစ်ခု ဖြစ်လာသည်။ ဘုရားသခင်၌ လူသား၏ ဤခံစားမှုများကို ကြားဝင်နိုင်မည့် နည်းလမ်းမှာ မရှိသလောက်နီးပါးဖြစ်သဖြင့် ယင်းတို့ကို ယင်းတို့ဖြစ်ပေါ်မည့်အတိုင်း ဖြစ်ပေါ်ခွင့် ပေးရလေသည်။ ယနေ့တွင် သမ္မာတရား၏ ကဏ္ဍအမျိုးမျိုးနှင့်ပတ်သက်၍ သင့်ကို ထင်ထင်ရှားရှားပင် ငါပြောခဲ့ပြီ။ အကယ်၍ သင်သည် မိမိခံစားမှုများအတိုင်း ဆက်သွားနေပါက မရေရာမှုအလယ်တွင် သင်နေထိုင်နေဆဲပင်ဖြစ်သည် မဟုတ်လော။ သင်သည် သင့်အတွက် ရှင်းလင်းစွာ ခင်းကျင်းပြပေးထားသည့် နှုတ်ကပတ်တော်များကို လက်မခံဘဲ၊ သင်၏ကိုယ်ပိုင်ခံစားမှုများအပေါ် အမြဲပင် မှီခိုအားထားနေသည်။ ဤတွင် သင်သည် ဆင်တစ်ကောင်ကို စမ်းကြည့်နေသော လူကန်းတစ်ယောက်နှင့် တူသည်မဟုတ်လော။ ထိုသို့ဖြင့် အဆုံးတွင် သင်သည် အဘယ်အရာကို ရရှိလိမ့်မည်နည်း။

လူ့ဇာတိခံယူသော ဘုရားသခင်က ယနေ့ဆောင်ရွက်သော အမှုအားလုံးသည် စစ်မှန်၏။ ဤသည်မှာ သင်ခံစား၍ ရနိုင်သောအရာ မဟုတ်ပေ၊ သို့တည်းမဟုတ် သင်စိတ်ကူး၍ ရနိုင်သောအရာ မဟုတ်ပေ၊ သင့်အနေဖြင့် ကောက်ချက်ချ၍ ရနိုင်သောအရာလည်း သာ၍ပင်မဟုတ်ပေ- ယင်းမှာ သင့်အပေါ်သို့ အချက်အလက်များ ကျရောက်လာသောအခါမှသာ သင်နားလည်နိုင်မည့်အရာ ဖြစ်သည်။ တစ်ခါတစ်ရံတွင် အချက်အလက်များ ကျရောက်လာသောအခါ၌ပင် သင်သည် ရှင်းလင်းစွာ မမြင်နိုင်သေးဘဲ ရှိနေ၏၊ ထို့ပြင် ဖြစ်ပျက်နေသည့်အရာ၏ စစ်မှန်သော အချက်အလက်များနှင့်ပတ်သက်၍ ကြီးစွာသော ကြည်လင်ပြတ်သားမှု ရှိလာစေရန် ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ မလုပ်ဆောင်သရွေ့ လူတို့အနေဖြင့် နားလည်လိမ့်မည် မဟုတ်ပေ။ ထိုအချိန်ကာလက ယေရှုနောက်ကို လိုက်ကြကုန်သော တပည့်တော်များအကြားတွင် များစွာသော အတွေးမှားများ ရှိခဲ့ကြလေသည်။ ဘုရားသခင်၏နေ့ရက်သည် ဆိုက်ရောက်ခါနီးပြီဖြစ်ကြောင်းနှင့် ၎င်းတို့သည် များမကြာမီတွင် သခင့်အတွက် အသေခံရမည်ဖြစ်ပြီး သခင်ယေရှုကို တွေ့ဆုံနိုင်မည်ဖြစ်ကြောင်း ၎င်းတို့ထင်မြင်ယူဆခဲ့ကြသည်။ ဤခံစားမှုကြောင့် ပေတရုသည် ခုနစ်နှစ်လုံးလုံး စောင့်စားခဲ့၏- သို့သော်လည်း ထိုအရာက မရောက်လာခဲ့ပေ။ ၎င်းတို့သည်

မိမိတို့၏အသက်တာများမှာ ရင့်ကျက်ပြီးပြီဟု ခံစားခဲ့ကြသည်၊ ၎င်းတို့အတွင်းရှိ ခံစားမှုများသည် တိုးပွားလာပြီး ဤခံစားမှုများသည် ပို၍ပြင်းထန်လာခဲ့သည်၊ သို့သော်လည်း ၎င်းတို့သည် ကျရှုံးမှုများစွာကို ကြုံတွေ့ခဲ့ကြရပြီး မအောင်မြင်နိုင်ခဲ့ကြပေ။ ၎င်းတို့ကိုယ်၌ကပင် အဘယ်အရာဖြစ်ပျက်နေသည်ကို မသိခဲ့ကြချေ။ သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ကေန်အမှန် လာခဲ့သောအရာသည် မပြည့်စုံဘဲ ရှိနိုင်မည်လော။ လူတို့၏ ခံစားမှုများသည် ယုံကြည်အားထား၍ မရပေ။ လူတို့၌ ၎င်းတို့ကိုယ်ပိုင် အတွေးများနှင့် အကြံအစည်များ ရှိကြသောကြောင့် ၎င်းတို့သည် ထိုအချိန်က ဆက်စပ်အကြောင်းအရာနှင့် အခြေအနေများကို အခြေပြု၍ အတွေးနှီးနှောယ်ဆက်စပ်မှုများ တစ်ပုံတစ်ခေါင်းကို ဖန်တီးကြ၏။ အထူးသဖြင့် အတွေးအခေါ်များ သင့်တင့်ကောင်းမွန်သော လူတို့၌ တစ်စုံတစ်ခု ဖြစ်ပျက်သောအခါ ၎င်းတို့သည် အလွန်အမင်း စိတ်ထက်သန်တက်ကြွလာကြပြီး အတွေးနှီးနှောယ်ဆက်စပ်မှုများ တစ်ပုံတစ်ခေါင်းကို မဖန်တီးဘဲ မနေနိုင်ကြချေ။ ဤအရာက နှစ်ပေါင်းများစွာ လောကကြီးနှင့် ကိုင်တွယ်ဆက်ဆံပြီးနောက်တွင် မိမိတို့၏အတွေးနှီးနှောယ်ဆက်စပ်မှုများက သာ၍ပင် ပေါ်များလာသည့်၊ မြင့်မြတ်သော အသိပညာနှင့် သီအိုရီများရှိကြသည့် "ကျွမ်းကျင်ပညာရှင်များ" နှင့် အထူးသဖြင့် သက်ဆိုင်သည်၊ ၎င်းတို့သတိမထားမိလိုက်ပါဘဲနှင့် ထိုအရာများက ၎င်းတို့၏ စိတ်နှလုံးများကို လွှမ်းယူလိုက်ကြပြီး ၎င်းတို့၏ အလွန်အမင်း အားကောင်းသော ခံစားမှုများ ဖြစ်လာကြသည်၊ ထို့အပြင် ၎င်းတို့သည် ထိုအရာများကို အားရကျေနပ်ကြလေသည်။ လူတို့အနေဖြင့် တစ်စုံတစ်ခုကို လုပ်ကိုင်လိုသောအခါ ခံစားမှုများနှင့် စိတ်ကူးစိတ်သန်းများသည် ၎င်းတို့အထဲတွင် ပေါ်လာကြမည်ဖြစ်ပြီး ထိုအရာများမှာ မှန်ကန်သည်ဟု ၎င်းတို့က ထင်ကြပေလိမ့်မည်။ နောက်ပိုင်းတွင် ထိုအရာများက ပြည့်စုံလာခြင်း မရှိသည်ကို ၎င်းတို့မြင်ကြသောအခါ၊ အဘယ်အရာက လွဲချော်သွားခဲ့သည်ကို ၎င်းတို့အနေဖြင့် အဖြေမရှာနိုင်ကြချေ။ ဘုရားသခင်သည် သူ၏အစီအစဉ်ကို ပြောင်းလိုက်ပြီဟု ၎င်းတို့ယုံကြည်ကောင်း ယုံကြည်နိုင်သည်။

လူအားလုံး၌ ခံစားမှုများရှိနေခြင်းသည် ရှောင်လွှဲ၍မရပေ။ ပညတ်တော်ခေတ်အတောအတွင်း လူများစွာတို့၌လည်း အချို့သော ခံစားမှုများ ရှိခဲ့ကြသည်၊ သို့သော်လည်း ၎င်းတို့၏ ခံစားမှုများအတွင်းရှိ အမှားများသည် ယနေ့ခေတ် လူများထက် ပိုနည်းပါး၏။ ဤသို့ဖြစ်ရခြင်းမှာ ယခင်က လူတို့သည် ယေဟောဝါ၏ ပေါ်ထွန်းခြင်းကို မြင်နိုင်ခဲ့ကြသောကြောင့်ဖြစ်သည်၊ ၎င်းတို့သည် တမန်များကို မြင်နိုင်ခဲ့ကြပြီး အိပ်မက်များကို မြင်မက်ခဲ့ကြသည်။ ယနေ့ခေတ်လူများမှာမူ ရူပါရုံများ၊ သို့တည်းမဟုတ် တမန်များကို

မြင်နိုင်စွမ်း မရှိကြချေ၊ ထိုအကြောင်းကြောင့် ၎င်းတို့၏ခံစားမှုများတွင်ရှိ အမှားများ
တိုးပွားလာခြင်းဖြစ်၏။ ယနေ့ခေတ်လူတို့သည် တစ်စုံတစ်ခုက အထူးသဖြင့်
မှန်ကန်နေသည်ဟု ခံစားရပြီး ထိုအရာကို သွား၍ လက်တွေ့လုပ်ဆောင်သောအခါ
သန့်ရှင်းသော ဝိညာဉ်တော်က ၎င်းတို့ကို အပြစ်မဆိုပေ၊ သို့ဖြစ်၍ ၎င်းတို့သည် အတွင်း၌
အလွန်အမင်း ငြိမ်းချမ်းကြ၏။ ဖြစ်ပျက်ပြီးနောက်ပိုင်းတွင်မှ ပြောဆိုဆွေးနွေးခြင်းအားဖြင့်၊
သို့မဟုတ် ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းအားဖြင့်သာ
၎င်းတို့မှားခဲ့ကြသည်ကို ၎င်းတို့တွေ့ရှိကြလေသည်။ ဤအရာ၏ရှုထောင့်တစ်ရပ်မှာ လူတို့ထံ
ပေါ်ထွန်းလာသော တမန်များ မရှိခြင်း၊ အိပ်မက်များ အလွန်ရှားပါးလွန်းခြင်း၊ ထို့အပြင်
လူတို့သည် မိုးကောင်းကင်တွင် ရူပါရုံများနှင့် သက်ဆိုင်သည့် မည်သည့်အရာကိုမျှ
မမြင်ကြရခြင်းဖြစ်သည်။ အခြားရှုထောင့်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် လူတို့အတွင်း၌
သူ၏အပြစ်ဆိုမှုများနှင့် ဆုံးမပဲ့ပြင်မှုတို့ကို မတိုးမြှင့်ခြင်းဖြစ်သည်၊ ၎င်းတို့အတွင်း၌
သန့်ရှင်းသော ဝိညာဉ်တော်၏အမှုဆိုသည်မှာ မရှိသလောက်နည်းပါး၏။ ဤအကြောင်းကြောင့်
လူတို့အနေဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မစားမသောက်ပါက၊ သမ္မာတရားကို
လက်တွေ့ကျသောနည်းလမ်းဖြင့် မရှာဖွေပါက၊ ထို့အပြင်
လက်တွေ့လုပ်ဆောင်ခြင်းလမ်းကြောင်းကို နားမလည်ပါက၊ ၎င်းတို့သည် မည်သည့်အရာကိုမျှ
ရိတ်သိမ်းရလိမ့်မည်မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုဆိုင်ရာ
အခြေခံသဘောတရားများမှာ အောက်ပါအတိုင်းဖြစ်၏- သူသည် သူ၏အမှုမပါဝင်သော
အရာများကို အာရုံမစိုက်ပေ၊ အကယ်၍ တစ်စုံတစ်ခုသည် သူ၏စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း၌
မရှိပါက သူသည် လူတို့ကို ၎င်းတို့စိတ်ကြိုက် ပြဿနာလုပ်ခွင့်ပေးလျက်၊ မည်သည့်အခါမျှ
လုံးဝမစွက်ဖက်၊ သို့မဟုတ် ကြားမဝင်ပေ။ သင့်အနေဖြင့် သင့်စိတ်ကြိုက်
ဆောင်ရွက်ပြုမူနိုင်သည်၊ သို့သော်လည်း သင့်အနေဖြင့် ကြောက်စိတ်မွှန်ပြီး ဘာလုပ်ရ၊
ဘာကိုင်ရမှန်း မသိသည်ကို ကြုံရမည့် နေ့ရက်သည် ရောက်လာလိမ့်မည်။ ဘုရားသခင်သည်
သူ၏ကိုယ်ပိုင်ဇာတိခန္ဓာထဲ၌သာ စွဲစွဲမြဲမြဲ အမှုပြုနေပြီး လူသား၏အလုပ်ကို မည်သည့်အခါမျှ
ဝင်ရောက်မစွက်ဖက်ပေ။ ထိုအစား သူသည် လူ့လောကနှင့် ခပ်ခွာခွာနေပြီး
သူလုပ်သင့်သည့်အမှုကို လုပ်ဆောင်၏။ သင့်အနေဖြင့် ယနေ့တွင် မှားယွင်းသောအရာ
တစ်စုံတစ်ရာကို လုပ်ကိုင်ပါက အပြစ်ဆိုခံရမည် မဟုတ်သကဲ့သို့ မနက်ဖြန်၌
ကောင်းမွန်သောအရာ တစ်စုံတစ်ရာကို လုပ်ကိုင်ပါကလည်း ဆုချခံရမည် မဟုတ်ပေ။
ဤအရာများသည် လူ့ကိစ္စရပ်များဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏အမှုနှင့် စိုးစဉ်းမျှပင်
ဆက်နွယ်မှုမရှိချေ- ဤအရာသည် ငါ့အမှု၏နယ်ပယ်အတွင်း၌ လုံးဝမရှိပေ။

ပေတရုအလုပ်လုပ်နေခဲ့သည့် ထိုအချိန်ကာလတွင် သူသည် စကားများစွာ ပြောဆိုခဲ့ပြီး အလုပ်အများအပြားကို လုပ်ကိုင်ခဲ့သည်။ ထိုအရာတစ်ခုတလေကမျှ လူ့အကြံအစည်များမှ လာခဲ့ခြင်းမဟုတ်သည်မှာ ဖြစ်နိုင်သလော။ ယင်းအနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လုံးလုံးလျားလျား လာရန်မှာ မဖြစ်နိုင်ပေ။ ပေတရုသည် ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါတစ်ဦးမျှသာ ဖြစ်သည်၊ သူသည် နောက်လိုက်တစ်ဦးဖြစ်ခဲ့သည်၊ သူသည် ပေတရုဖြစ်သည်၊ ယေရှုမဟုတ်ပေ၊ ထို့ပြင် သူတို့၏အနှစ်သာရများမှာ မတူညီကြပေ။ ပေတရုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ စေလွှတ်ခြင်းကို ခံခဲ့ရသော်ငြားလည်း၊ သူလုပ်ကိုင်ခဲ့သော အရာအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာခဲ့သည်ကား မဟုတ်ချေ၊ အကြောင်းမှာ အဆုံးမှာတော့ သူသည် လူသားတစ်ဦးသာ ဖြစ်နေ၍ဖြစ်သည်။ ပေါလုသည်လည်း စကားများစွာကို ပြောဆိုခဲ့ပြီး၊ အသင်းတော်များထံသို့ ပမာဏမနည်းလှသော ဩဝါဒစာစောင်များကို ရေးသားခဲ့သည်၊ ယင်းတို့အထဲမှ အချို့တို့ကို သမ္မာကျမ်းစာထဲ၌ စုစည်းထား၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့်ထင်မြင်ချက်များကိုမျှ မဖော်ပြခဲ့ပေ၊ အကြောင်းမှာ ထိုအချိန်က ပေါလုအနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းကို ခံနေရသည့်အချိန် ဖြစ်သောကြောင့်ဖြစ်သည်။ ပေါလုသည် အတွေ့အကြုံအချို့နှင့် အသိပညာအချို့ကို ရရှိခဲ့သည်၊ ထို့ပြင် သူသည် ထိုအရာတို့ကို ချရေးခဲ့ကာ သခင်၌တည်သော သူ၏ညီအစ်ကိုမောင်နှမများထံ ယင်းတို့ကို လက်ဆင့်ကမ်းပေးခဲ့သည်။ ယေရှု၌ မည်သည့်တုံ့ပြန်မှုမျှ မရှိခဲ့ချေ။ သန့်ရှင်းသော ဝိညာဉ်တော်က ပေါလုကို ထိုအချိန်၌ အဘယ်ကြောင့်မတားခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် လူတို့၏ ပုံမှန်အတွေးများထဲမှ ပေါ်ပေါက်လာသည့် မစင်ကြယ်ခြင်းအချို့ ရှိသောကြောင့် ဖြစ်သည်၊ ယင်းမှာ ရှောင်လွှဲ၍မရပေ။ ထို့အပြင် ပေါလု၏လုပ်ရပ်များသည် ဝင်ရောက်စွက်ဖက်ခြင်းတစ်ရပ်၊ သို့မဟုတ် နှောင့်ယှက်ခြင်းတစ်ရပ်ဖြစ်သည့် အတိုင်းအတာအထိ မရောက်ရှိခဲ့ချေ။ လူ့သဘာဝ၏ ဤကဲ့သို့သော အလုပ်အမျိုးအစားအချို့ ရှိလာသောအခါ၊ လူတို့က ယင်းကို အလွယ်တကူ လက်ခံနိုင်ကြလေသည်။ ပုံမှန်လူ့အတွေးများ၏ မစင်ကြယ်ခြင်းများသည် မည်သည့်အရာကိုမျှ ဝင်ရောက်စွက်ဖက်ခြင်း မရှိပါက၊ ယင်းတို့ကို ပုံမှန်အဖြစ်သာ မှတ်ယူ၏။ တစ်နည်းဆိုရလျှင် ပုံမှန်အတွေးများရှိသော လူအားလုံးတို့သည် ထိုနည်းဖြင့် တွေးတောနိုင်စွမ်း ရှိကြလေသည်။ လူတို့သည် ဇာတိပကတိထဲ၌ အသက်ရှင်ကြသောအခါ၊ ၎င်းတို့တွင် ၎င်းတို့ကိုယ်ပိုင်အတွေးများ ရှိကြလင့်ကစား ယင်းတို့ကို သုတ်သင်ဖယ်ရှားပစ်ရန် နည်းလမ်းမရှိပေ။ သို့သော်လည်း ဘုရားသခင်၏အမှုကို အချိန်ကာလတစ်ခုအထိ

တွေ့ကြုံပြီး၍ သမ္မာတရားအချို့ကို နားလည်ပြီးနောက်တွင်၊ လူတို့၏ဦးနှောက်များ၌ ဤအတွေးများ လျော့နည်းလာပေလိမ့်မည်။ ၎င်းတို့သည် ပို၍များပြားသော အမှုအရာတို့ကို တွေ့ကြုံပြီးသောအခါ၊ ရှင်းလင်းစွာ မြင်နိုင်ကြလိမ့်မည်ဖြစ်ပြီး ထိုအကြောင်းကြောင့် အမှုအရာများကို နှောင့်ယှက်ခြင်းမှာ သာ၍နည်းလာပေလိမ့်မည်။ တစ်နည်းဆိုရလျှင် လူတို့၏ စိတ်ကူးစိတ်သန်းများနှင့် ယုတ္တိတန်သော ကောက်ချက်များသည် ချေပခံရသောအခါ၊ ၎င်းတို့၏ မူမမှန်သည့် ခံစားမှုများသည် လျော့နည်းသွားပေလိမ့်မည်။ ဇာတိပကတိထဲ၌ အသက်ရှင်ကြသောသူအားလုံးတွင် မိမိတို့၏ကိုယ်ပိုင်အတွေးများ ရှိကြ၏၊ သို့သော်လည်း အဆုံးမှာတော့ ၎င်းတို့၏ ကိုယ်ပိုင်အတွေးများက ၎င်းတို့ကို မနှောင့်ယှက်နိုင်တော့သည့် အတိုင်းအတာအထိ ဘုရားသခင်က သူတို့ကို ပြုလုပ်လိမ့်မည်ဖြစ်သည်၊ ၎င်းတို့သည် မိမိတို့၏အသက်တာများ၌ ခံစားမှုများအပေါ် မှီခိုအားထားတော့မည် မဟုတ်ပေ၊ ၎င်းတို့၏ ဝိညာဉ်အသက်တာအမှန်သည် ကြီးထွားလာပေလိမ့်မည်၊ ထို့အပြင် ၎င်းတို့သည် လက်တွေ့အရှိတရားအတွင်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ အသက်ရှင်နေထိုင်နိုင်ကြမည်ဖြစ်ပြီး၊ မရေရာသောအရာ၊ သို့မဟုတ် အနှစ်မဲ့သောအရာတို့ကို လုပ်ကိုင်ကြတော့မည် မဟုတ်ပေ၊ ထို့နောက်တွင် ၎င်းတို့သည် အနှောင့်အယှက်များကို ဖြစ်စေသော အမှုအရာများကို လုပ်ကြလိမ့်မည်မဟုတ်။ ဤနည်းအားဖြင့် ၎င်းတို့၏ အတွေးမှားများသည် ရှိတော့မည် မဟုတ်ဘဲ၊ ဤအချိန်မှစ၍ ၎င်းတို့၏ လုပ်ရပ်များသည် ၎င်းတို့၏ ဝိညာဉ်အသက်တာအမှန် ဖြစ်ကြပေလိမ့်မည်။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "၎င်းတို့က ထင်ကြသည်" ဟူသော စကားစု မပါဝင်ပါ။

ခ။ မူရင်းစာသားတွင် "၎င်းတို့က ထင်ကြသည်" ဟူသော စကားစု မပါဝင်ပါ။

# သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းသမ္မာတရား (၁)

စာတန်၏ နက်ရှိုင်းစွာဖျက်ဆီးခံခဲ့ရသော လူသားမျိုးနွယ်သည် ဘုရားသခင်တစ်ဆူ ရှိသည်ကိုမသိဘဲ ဘုရားသခင်ကို ကိုးကွယ်ခြင်းအား ရပ်စဲခဲ့သည်။ ကနဦးအစ အာဒံနှင့် ဧဝတို့ ဖန်ဆင်းခံရချိန်တွင် ယေဟောဝါ၏ ဘုန်းအသရေနှင့် ယေဟောဝါ၏ သက်သေခံချက်တို့သည်

အမြဲရှိနေခဲ့၏။ သို့သော် ဖျက်ဆီးခြင်းခံရပြီးနောက် အယောက်တိုင်းက ဘုရားသခင်ကို ပုန်ကန်ပြီး သူ့ကို ကြောက်ရွံ့ခြင်းအား လုံးဝရပ်တန့်ခဲ့ကြသောကြောင့် လူသားသည် ဘုန်းအသရေနှင့် သက်သေခံချက်တို့ကို ဆုံးရှုံးခဲ့လေသည်။ ဖန်ဆင်းခံများကြားတွင် သက်သေရှိဖို့ရန်အတွက် ယနေ့ သိမ်းပိုက်ခြင်းအလုပ်မှာ သက်သေခံချက်အားလုံးနှင့် ဘုန်းအသရေအားလုံးကို ပြန်လည်ရယူရန်ဖြစ်ပြီး လူသားများအားလုံး ဘုရားသခင်ကို ကိုးကွယ်စေဖို့ဖြစ်သည်။ ဤသည်မှာ ဤလုပ်ငန်းအဆင့်တွင် လုပ်ဆောင်ရန် လိုအပ်သည့်အရာ ဖြစ်သည်။ လူသားမျိုးနွယ်ကို အတိအကျအားဖြင့် မည်ကဲ့သို့ သိမ်းပိုက်ရမည်နည်း။ လူသားကို အပြည့်အဝ လက်ခံယုံကြည်စေဖို့ ဤအဆင့်၏ နှုတ်ကပတ်တော်များ၏ လုပ်ဆောင်ချက်ကို အသုံးပြုခြင်းဖြင့်၊ သူ့အား လုံးဝနာခံစေရန်အလို့ငှာ ထုတ်ဖော်ခြင်း၊ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် မငဲ့ညာဘဲ ကျိန်ဆဲခြင်းတို့ကို အသုံးပြုခြင်းဖြင့်၊ သူသည် လူသားမျိုးနွယ်၏ မဖြောင့်မတ်ခြင်းနှင့်ညစ်ညမ်းမှုကို သိရှိနိုင်ရန် လူသား၏ပုန်ကန်မှုကို ဖွင့်ပြခြင်းနှင့် သူ၏ခုခံမှုကို တရားစီရင်ခြင်းအားဖြင့်ဖြစ်ပြီး၊ ထို့ကြောင့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်နေသဘောထားအား မီးမောင်းထိုးပြရန် ယင်းအရာများကို အသုံးပြုရမည်ဖြစ်သည်။ လူသားကိုသိမ်းပိုက်ပြီး သူ့ကို အပြည့်အဝ လက်ခံယုံကြည်စေသည်မှာ အဓိကအားဖြင့် ဤနှုတ်ကပတ်တော်များမှတစ်ဆင့် ဖြစ်သည်။ နှုတ်ကပတ်တော်များသည် လူသားမျိုးနွယ်ကို အဆုံးစွန်သိမ်းပိုက်ခြင်း၏ လမ်းစဉ်ဖြစ်ပြီး သိမ်းပိုက်ခြင်းကို လက်ခံသောသူအားလုံးက သူ၏နှုတ်ကပတ်တော်များ၏ ရိုက်နှက်မှုနှင့် တရားစီရင်မှုကို လက်ခံရမည်ဖြစ်သည်။ ယနေ့စကားပြောခြင်း၏ လုပ်ငန်းစဉ်သည် သိမ်းပိုက်ခြင်းလုပ်ငန်းစဉ် ဟုတ်ပေသည်။ လူတို့သည် အတိအကျအားဖြင့် မည်သို့ ပူးပေါင်းလုပ်ဆောင်သင့်သနည်း။ ဤနှုတ်ကပတ်တော်များကို စားသောက်ပုံကို သိခြင်းနှင့် ၎င်းတို့ကို နားလည်သဘောပေါက်ခြင်းတို့အားဖြင့် ဖြစ်သည်။ လူတို့ သိမ်းပိုက်ခံရပုံနှင့်ပတ်သက်၍မူ ယင်းသည် လူတို့ ၎င်းတို့ကိုယ်တိုင် ပြုလုပ်နိုင်သည့်အရာ တစ်ခု မဟုတ်ပေ။ သင်ပြုလုပ်နိုင်သည်မှာ ဤနှုတ်ကပတ်တော်များကို စားသောက်ခြင်းအားဖြင့် သင်တို့၏ ဖောက်ပြန်ပျက်စီးခြင်းနှင့် ဆိုးယုတ်ညစ်ညမ်းမှု၊ သင်တို့၏ ပုန်ကန်ခြင်းနှင့် မဖြောင့်မတ်ခြင်းတို့ကို သိရှိလာကာ ဘုရားသခင့်ရှေ့မှောက်တွင် လဲကျကြရန်သာ ဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ အလိုတော်ကို နားလည်သဘောပေါက်ပြီးနောက် ယင်းကို လက်တွေ့လုပ်ဆောင်နိုင်ကာ၊ အကယ်၍ သင်၌ ရူပါရုံရှိပြီး ဤနှုတ်ကပတ်တော်များကို လုံးလုံးလျားလျားနာခံနိုင်လျှင်၊ ထို့အပြင် မည်သည့်ရွေးချယ်မှုကိုမျှ ကိုယ်တိုင် မပြုလုပ်ဘဲနေနိုင်လျှင် သင်သည် သိမ်းပိုက်ခြင်းခံရပြီး

ဖြစ်လိမ့်မည်။ ထို့ပြင် ဤနှုတ်ကပတ်တော်များ၏ အကျိုးဆက်ပင် ဖြစ်လိမ့်မည်။ လူသားမျိုးနွယ်သည် သက်သေခံချက်ကို အဘယ်ကြောင့် ဆုံးရှုံးခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် မည်သူမျှ ဘုရားသခင်၌ ယုံကြည်ချက်မရှိ၊ လူတို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်အတွက် နေရာမရှိသည့်အတွက် ဖြစ်သည်။ လူသားမျိုးနွယ်ကို သိမ်းပိုက်ခြင်းဆိုသည်မှာ လူသားမျိုးနွယ်၏ ယုံကြည်ခြင်းကို ပြန်လည်ထိန်းသိမ်းပေးခြင်းဖြစ်သည်။ လူတို့သည် သာမန်လောကဘက်သို့ အမြဲတမ်း ဒရောသောပါး ပြေးလိုကြသည်၊ များပြားလွန်းလှသော မျှော်လင့်ချက်များ သိုထားကြသည်၊ သူတို့၏အနာဂတ်အတွက် အဆမတန် လိုချင်ကြပြီး အလွန်အကျွံတောင်းဆိုချက်များ များစွာရှိကြသည်။ သူတို့သည် သူတို့၏ ဇာတိပကတိအကြောင်း အမြဲတွေးတောနေကြ၏၊ ဇာတိပကတိအတွက် စီစဉ်နေကြပြီး ဘုရားသခင်အပေါ် ယုံကြည်မှုနည်းလမ်း ရှာဖွေရာ၌ လုံးဝစိတ်မဝင်စားကြပေ။ သူတို့စိတ်နှလုံးများသည် စာတန်၏လုယူခြင်းကို ခံကြရပြီးဖြစ်သည်။ ဘုရားအပေါ် သူတို့၏ချစ်ကြောက်ရိုသေခြင်း ပျောက်ဆုံးခဲ့ကြပြီဖြစ်ပြီး သူတို့သည် စာတန်ကို စွဲလမ်းနေကြသည်။ သို့သော် လူသားကို ဘုရားသခင်က ဖန်ဆင်းထားခြင်းဖြစ်သည်။ သို့အတွက်ကြောင့် လူသားက သက်သေခံချက် ဆုံးရှုံးခဲ့ပြီဖြစ်သည်၊ ဆိုလိုသည်မှာ သူသည် ဘုရားသခင်၏ ဘုန်းတော်ကို ဆုံးရှုံးခဲ့ပြီဖြစ်သည်။ လူသားမျိုးနွယ်ကို သိမ်းပိုက်ခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်အပေါ် လူသား၏ ချစ်ကြောက်ရိုသေခြင်း ဘုန်းအသရေကို ပြန်လည်ထိန်းသိမ်းရန် ဖြစ်သည်။ ဤသို့ဆို၍ ရသည်- ဘဝကို မလိုက်လျှောက်သောသူ များစွာရှိသည်။ လိုက်လျှောက် သူအချို့ ရှိမည်ဆိုလျှင်ပင် အရေအတွက်က လက်တစ်ဆုပ်စာသာ ဖြစ်သည်။ လူတို့သည် သူတို့၏အနာဂတ်အကြောင်းများကိုသာ အာရုံစိုက်နေကြပြီး အသက်ကို အနည်းငယ်မျှ အာရုံစိုက်တတ်ကြသည် မဟုတ်ပေ။ လူအချို့တို့သည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ကာ ခုခံကြပြီး သူ၏နောက်ကွယ်တွင် သူ့ကို ဝေဖန်ကြကာ သမ္မာတရားကို လက်တွေ့ မကျင့်ဆောင်ကြပေ။ ဤလူတို့ကို ယခု လစ်လျူရှုထားသည်။ ဤပုန်ကန်ခြင်း၏သားများကို ယာယီအားဖြင့် မည်သည့်အရာမျှ မပြုသော်လည်း အနာဂတ်၌ သင်သည် ငိုကြွေးရင်း၊ အံကြိတ်ရင်းဖြင့် မှောင်မိုက်၌ အသက်ရှင်ရလိမ့်မည်။ အလင်းထဲ၌ အသက်ရှင်ချိန်တွင် သင်သည် ယင်း၏ အဖိုးတန်မှုကို မသိ၊ သို့သော် အမှောင်ညဉ့်၌ သင်ရှင်သန်နေသည်နှင့် တစ်ပြိုင်နက် ၎င်း၏ အဖိုးတန်မှုကို သိမည်ဖြစ်ပြီး၊ ထိုအခါ သင် ဝမ်းနည်းလိမ့်မည်။ သင်သည် ယခုအဆင်ပြေနေသော်လည်း သင်ဝမ်းနည်းရမည့်နေ့ရက် ရောက်လာလိမ့်မည်။ ထိုနေ့ရက်ရောက်လာပြီး မှောင်မိုက်သက်ဆင်းကာ အလင်း နောက်ထပ်မရှိတော့သည့်အချိန်

သင်၏နောင်တ သိပ်နောက်ကျလိမ့်မည်။ ထိုသို့ဖြစ်ရသည့် အကြောင်းမှာ ပစ္စုပ္ပန်အမှုကို သင်နားမလည်သေးဘဲ ရှိခြင်းကြောင့် ယခုသင်၌ရှိသည့်အချိန်ကို မြတ်နိုးတန်ဖိုးထားဖို့ သင်ပျက်ကွက်သည့်အတွက် ဖြစ်သည်။ စကြဝဠာတစ်ခုလုံးနှင့်ဆိုင်သော အလုပ် စတင်သည်နှင့် တစ်ပြိုင်နက်၊ ဆိုလိုသည်မှာ ယနေ့ ငါမိန့်ဆိုနေသောအရာအားလုံး အမှန်ဖြစ်လာသောအခါ လူများစွာတို့သည် မိမိတို့၏ဦးခေါင်းများကို ကိုင်ကာ မချိတင်ကဲဝေဒနာ မျက်ရည်များ ငိုကြွေးကြလိမ့်မည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ၎င်းတို့သည် ငိုကြွေးခြင်းနှင့် အံကြိတ် ခြင်းတို့ဖြင့် မှောင်မိုက်ထဲသို့ လဲကျခြင်း မဟုတ်သလော။ အသက်ကို အမှန်တကယ် လိုက်စား၍ စုံလင်စေခြင်းခံရသူ အားလုံးကို အသုံးပြုနိုင်ကြသော်လည်း အသုံးပြုရန် မသင့်လျော်သော ပုန်ကန်ခြင်း၏ သားအားလုံးသည် မှောင်မိုက်ထဲသို့ လဲကျကြသည်။ ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို ဆုံးရှုံးပြီး မည်သည့်အရာကိုမျှ နားမလည်ဘဲ ရှိကြမည်။ အပြစ်ဒဏ်ထဲသို့ ကျရောက်စေခြင်း ခံရခဲ့သဖြင့်၊ ၎င်းတို့သည် ထိုကဲ့သို့ ရှိုက်ငိုခြင်းဖြင့် ဖိစီးနှိပ်စက်ခံရကြလိမ့်မည်။ သင်သည် အလုပ်၏ ဤအဆင့်၌ အဆင်သင့်ဖြစ်ပြီး သင့်အသက်တာ ရင့်ကျက်ပြီဆိုလျှင် အသုံးပြုခံရရန် သင့်လျော်သောသူ ဖြစ်ပေသည်။ အကယ်၍ သင်သည် အဆင်သင့်မရှိလျှင် အလုပ်၏နောက်တစ်ဆင့်အတွက် သင့်ကိုပြင်ဆင်ထားလျှင်ပင် သင်သည် အသုံးပြုရန် သင့်လျော်မည်မဟုတ်ပေ။ ဤအခြေအနေတွင် သင့်ကိုယ်သင် ပြင်ဆင်ချင်လျှင်ပင် အခွင့်အလမ်း နောက်တစ်ခု ရလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်က ထွက်ခွာသွားပြီး ဖြစ်လိမ့်မည်၊ ယခု သင့်ရှေ့၌ ရှိသော အခွင့်အလမ်းမျိုးကို တွေ့ရန် သင်အဘယ်သို့ သွားနိုင်မည်နည်း၊ ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ ပေးသော စွမ်းဆောင်မှုကို လက်ခံရရှိရန် သင်အဘယ်သို့ သွားနိုင်မည်နည်း။ ထိုအချိန်တွင် ဘုရားသခင်သည် ကိုယ်တိုင်ကိုယ်ကျ စကားပြောနေလိမ့်မည်မဟုတ်၊ သို့မဟုတ် ထုတ်ဖော်ပြောဆိုမည် မဟုတ်ပေ။ သင်လုပ်နိုင်သည်မှာ ယနေ့ ပြောလျက်ရှိသည့်အရာကို ဖတ်ရှုနိုင်ခြင်းသာ ဖြစ်လိမ့်မည်။ ထိုအခါ သင်မည်သို့ အလွယ်တကူ နားလည်နိုင်မည်နည်း။ အနာဂတ်ဘဝက ယနေ့ဘဝထက် မည်သို့ ပိုကောင်းနိုင်လိမ့်မည်နည်း။ ထိုချိန်တွင် သင်သည် ငိုကြွေး၍ အံကြိတ်ကာ အသက်ရှင်လျက် သေနေခြင်းကို ခံစားနေရမည် မဟုတ်လော။ ကောင်းချီးမင်္ဂလာများကို သင့်အား ယခု ပေးအပ်လျက်ရှိသော်လည်း ၎င်းတို့ကို မည်သို့မွေ့လျော်ရမည်ကို သင်မသိပေ။ သင်သည် ကောင်းချီးခံစားရခြင်း၌ ရှင်သန်နေသော်လည်း သင်က မသိဘဲ ရှိနေသည်။ ဤအရာက သင်သည် ဝေဒနာခံစားရကိန်း ကြုံရမည်ကို သက်သေထူသည်။ လက်ရှိတွင် လူအချို့က ခုခံကြပြီး၊ အချို့က ပုန်ကန်ကြကာ၊ အချို့က တစ်ခု မဟုတ် တစ်ခု လုပ်ကြသည်။

ငါသည် သင့်ကို ယတိပြတ် လစ်လျူရှုသည်၊ သို့သော် သင်တို့ပြုနေသည့် အမှုကိစ္စများကို ငါ သတိမထားမိဘူးဟု မထင်လေနှင့်။ သင်တို့၏အနှစ်သာရကို ငါသည် နားမလည်သလော။ အဘယ်ကြောင့် ငါ့ကို တိုက်ခိုက်မြဲ တိုက်ခိုက်နေကြသနည်း။ သင့်အဘို့အလို့ငှာ အသက်နှင့် ကောင်းချီးမင်္ဂလာနောက်သို့ လိုက်လျှောက်ရန် ဘုရားသခင်ကို သင်မယုံကြည်သလော။ သင်ယုံကြည်ခြင်းရှိသည်မှာ သင့်အဘို့လို့ငှာ မဟုတ်လော။ ယခုအချိန်၌ ငါသည် စကားပြောဆိုခြင်းအားဖြင့်သာ သိမ်းပိုက်ခြင်းအလုပ်ကို လုပ်ဆောင်နေသည်။ ဤသိမ်းပိုက်ခြင်းအလုပ် အဆုံးသတ်သည်နှင့် သင်၏နိဂုံးသည်လည်း သိသာလိမ့်မည်။ ငါသည် သင့်အား အတိအလင်း ပြောရမည်လော။

လက်ရှိသိမ်းပိုက်ခြင်းအလုပ်သည် လူသား၏ဘဝနိဂုံး အဘယ်အရာဖြစ်လိမ့်မည်ကို ထင်ရှားစေရန် ရည်ရွယ်သည်။ ယနေ့ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် နောက်ဆုံးသောကာလ၏ ကြီးမြတ်သော ပလ္လင်ဖြူရှေ့ တရားစီရင်ခြင်းဖြစ်သည်ဟု အဘယ်ကြောင့် ငါ ပြောရသနည်း။ သင် ဤအရာကို မမြင်သလော။ သိမ်းပိုက်ခြင်းအလုပ်က အဘယ်ကြောင့် နောက်ဆုံးအဆင့် ဖြစ်သနည်း။ ထိုအရာမှာ လူတန်းစားအသီးသီး မည်သို့ဇာတ်သိမ်းမည်ကို ထင်ရှားစေဖို့ အတိအကျပင် မဟုတ်လော။ ထိုအရာမှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့နှင့်သက်ဆိုင်သော သိမ်းပိုက်ခြင်းလုပ်ငန်းစဉ်အတွင်း၊ လူတိုင်းကို မိမိ၏ သရုပ်မှန်အား ပြသခွင့်ပြုပြီး၊ ထိုနောက်တွင် အမျိုးအစားအတိုင်း ခွဲခြားခြင်းခံရစေဖို့ မဟုတ်သလော။ ဤသည်မှာ လူသားမျိုးနွယ်ကို သိမ်းပိုက်သည်ဟု ဆိုသည်ထက်၊ လူအဆင့်အတန်း အသီးသီး အဘယ်သို့ ဇာတ်သိမ်းမည်ကို ပြသည်ဟုဆိုလျှင် ပိုကောင်းလိမ့်မည်။ ဤသည်မှာ လူတို့၏အပြစ်များကို တရားစီရင်ခြင်းနှင့် ၎င်းနောက် လူ့အဆင့်အတန်းများအမျိုးမျိုးကို ဖော်ပြပြီး၊ ထိုသို့ဖြင့် ၎င်းတို့ ဆိုးယုတ်သည် သို့မဟုတ် ဖြောင့်မတ်သည်ကို ဆုံးဖြတ်ပေးခြင်း ဖြစ်သည်။ သိမ်းပိုက်ခြင်းအလုပ်ပြီးသည့်နောက်တွင် အကောင်းအတွက် ဆုလာဘ်ပေးခြင်းနှင့် အဆိုးအတွက် ပြစ်ဒဏ်ပေးခြင်းအလုပ် လာသည်။ အပြည့်အဝနာခံသောလူများ၊ ဆိုလိုသည်မှာ လုံးလုံးလျားလျား သိမ်းပိုက်ခံရသူများသည် စကြဝဠာတစ်ခုလုံးသို့ ဘုရားသခင်၏အလုပ်အား ဖြန့်ဝေခြင်းဟူသည့် နောက်တစ်ဆင့်၌ နေရာချထားခံကြရမည်၊ သိမ်းပိုက်မခံရသောသူတို့သည် မှောင်မိုက်၌ နေရာချထားခံရမည်ဖြစ်ပြီး ဘေးဒုက္ခနှင့် တွေ့ကြုံကြရမည်ဖြစ်သည်။ ဤသို့ ခွဲခြားသတ်မှတ်ခံရမည်၊ အဆိုးလုပ်သူများသည် နောက်တစ်ဖန် မည်သည့်အခါတွင်မျှ နေ၏အလင်း မရှိဘဲ၊ ဆိုးညစ်မှုနှင့် စုဖွဲ့ခံကြရမည်၊ ဖြောင့်မတ်သူတို့သည် အလင်းကိုရရှိကာ အလင်းထဲ၌ ထာဝရအသက်ရှင်သွားဖို့ ကောင်းမြတ်မှုနှင့် စုဖွဲ့ခံကြရမည်။

အရာအားလုံးအတွက် အဆုံးသည် နီးလာပြီဖြစ်သည်၊ လူသား၏နိဂုံးကို သူ၏မျက်လုံးများအား ရှင်းရှင်းလင်းလင်း ပြသပြီးဖြစ်ပြီး၊ အရာအားလုံးသည် အမျိုးအစားအတိုင်း ခွဲခြားသတ်မှတ်ခံရလိမ့်မည်။ ထိုသို့ဖြစ်လျှင် လူတို့သည် အသီးသီး အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခြင်း၏ မချိတင်ကဲဝေဒနာမှ အဘယ်သို့ လွတ်မြောက်နိုင်မည်နည်း။ အရာအားလုံးအတွက် အဆုံးသတ် နီးကပ်လာချိန်တွင် လူ့အဆင့်အတန်းအသီးသီး၏ နိဂုံးအား ဖွင့်ပြပြီး၊ ယင်းကို စကြဝဠာတစ်ခွင်လုံးအား သိမ်းပိုက်ခြင်းအလုပ်အတွင်း၌ (လက်ရှိအလုပ်မှစ၍ သိမ်းပိုက်ခြင်းအလုပ်အားလုံး အပါအဝင်) လုပ်ဆောင်သည်။ လူသားမျိုးနွယ်တစ်ခုလုံး၏ နိဂုံးကို ဖွင့်ပြခြင်းသည် တရားစီရင်ရာပလ္လင်ရှေ့မှောက်တွင် ပြစ်တင်ဆုံးမခြင်း လုပ်ငန်းစဉ်အတွင်းနှင့် နောက်ဆုံးသောကာလ သိမ်းပိုက်ခြင်း လုပ်ငန်းစဉ်အတွင်း၌ လုပ်ဆောင်သည်။ လူတို့အား အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခြင်းသည် လူတို့ကို သူတို့၏ မူလအဆင့်အတန်းများသို့ ပြန်ပို့ခြင်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းချိန်၌ လူသားတစ်မျိုးတည်းသာ ရှိခဲ့သည်။ တစ်ခုတည်းသော ခွဲခြားမှုမှာ ယောကျ်ားနှင့် မိန်းမအကြားသာ ဖြစ်သည်။ ကွဲပြားသော လူအမျိုးအစားများစွာ မရှိခဲ့ပေ။ နှစ်ထောင်ပေါင်းများစွာ ဖောက်ပြန်ပျက်စီးပြီး နောက်တွင်သာ ကွဲပြားခြားနားသော လူ့အဆင့်အတန်းများ ပေါ်ထွက်လာကြခြင်းဖြစ်ပြီး၊ အချို့က ညစ်ညူးသော နတ်ဆိုးတို့၏ အုပ်စိုးမှုအောက် ရောက်ရှိကြပြီးလျှင်၊ အချို့မှာ ဆိုးယုတ်သောနတ်ဆိုးများ၏ အုပ်စိုးမှုအောက်၊ အသက်လမ်းစဉ်ကို လိုက်လျှောက်သောသူအချို့မှာ အနန္တတန်ခိုးရှင်၏ အုပ်စိုးမှုအောက်တွင် ဖြစ်သည်။ ဤနည်းလမ်းအားဖြင့်သာလျှင် အဆင့်အတန်းများက လူတို့ကြားတွင် တဖြည်းဖြည်း ဖြစ်တည်လာပြီး၊ ဤကဲ့သို့သာလျှင် လူသား၏ ကြီးမားသောမိသားစုအတွင်း၌ လူတို့သည် အဆင့်အတန်းများ ခွဲထွက်လာကြသည်။ လူအားလုံးက ကွဲပြားသော “ဖခင်များ” ရှိလာကြသည်၊ လူသားသည် ပုန်ကန်လွန်းသောကြောင့် အနန္တတန်ခိုးရှင်၏ အုပ်စိုးမှုအောက် လူတိုင်း လုံးလုံးလျားလျားရှိလာသည် မဟုတ်ပေ။ ဖြောင့်မတ်သော တရားစီရင်ခြင်းက လူပုဂ္ဂိုလ်အမျိုးအစားတစ်ခုစီ၏ နဂိုအစစ်အမှန်ကို ဖွင့်ပြပြီး မည်သည့်အရာကိုမျှ ကွယ်ဝှက်မထားပေ။ လူတိုင်း အလင်း၌ မိမိ၏ မျက်နှာအမှန်ကို ပြသသည်။ ဤအခိုက်တွင် လူသည် နဂိုမူလက ဖြစ်ခဲ့သည့်အတိုင်း မဟုတ်တော့ဘဲ သူ၏ဘိုးဘေးများနှင့် နဂိုသဏ္ဌာန်တူညီမှု ပျောက်ကွယ်ခဲ့သည်မှာ ရှည်ကြာခဲ့ပြီ၊ အဘယ့်ကြောင့်ဆိုသော် အာဒံနှင့် ဧဝတို့၏ မရေတွက်နိုင်သော သားစဉ်မြေးဆက်တို့သည် ကောင်းကင်ကနေကို နောက်တဖန်လုံးဝ မသိမမြင်ရဖို့ စာတန်၏ ဖမ်းဆီးခြင်းကို ခံခဲ့ကြရပြီး၊ လူတို့သည် စာတန်၏ အဆိပ်အမျိုးမျိုးတို့နှင့် ပြည့်နေခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့်

လူတို့တွင် သူတို့၏ သင့်လျော်သောခရီးပန်းတိုင်များ ရှိကြသည်။ ထို့ပြင် သူတို့၏ မတူညီသောအဆိပ်များပေါ် အခြေခံပြီး သူတို့ကို အမျိုးအစားအလိုက် အတန်းစားခွဲခြားထားခြင်းဖြစ်သည်၊ ဆိုလိုသည်မှာ သူတို့ကို ယနေ့ သိမ်းပိုက်ထားသော အတိုင်းအတာအားဖြင့် ခွဲခြားထားခြင်း ဖြစ်သည်။ လူသား၏နိဂုံးသည် ကမ္ဘာမြေဖန်ဆင်းခြင်းကတည်းက ခွဲခန့်မှတ်သားထားခဲ့သည့် အရာတစ်ခု မဟုတ်ပေ။ ဤသည်မှာ အစအဦးတွင် "လူသားမျိုးနွယ်" ဟု စုပေါင်းခေါ်ဝေါ်သည့် အတန်းအစားတစ်ခုသာ ရှိခဲ့သောကြောင့်ဖြစ်သည်။ ပြီးလျှင် အစ၌ လူသားသည် စာတန်၏ ဖျက်ဆီးခြင်း မခံခဲ့ရသည့်အပြင်၊ သူတို့အပေါ် မည်သည့် မှောင်မိုက်မှု ကျရောက်ခြင်း မရှိဘဲ ဘုရားသခင်၏ အလင်းထဲ၌ လူအားလုံး အသက်ရှင်နေထိုင်ခဲ့ကြသည်။ သို့သော် လူသည် စာတန်၏ ဖျက်ဆီးခြင်းခံခဲ့ရပြီးနောက် လူတို့၏ အတန်းအစားနှင့် အမျိုးအစားအားလုံး ကမ္ဘာမြေတစ်ပြင်လုံးသို့ ပျံ့နှံ့ခဲ့လေသည်— ယောကျ်ားနှင့် မိန်းမတို့ဖြင့် ဖွဲ့တည်ထားသော "လူသားမျိုးနွယ်" ဟု စုပေါင်းခေါ်ဝေါ်သည့် မိသားစုမှလာသော လူတို့၏ အတန်းအစားနှင့် အမျိုးအစားများအားလုံးပင် ဖြစ်သည်။ သူတို့အားလုံးကို သူတို့၏ အကြီးရင့်ဆုံး ဘိုးဘေးများ— ယောကျ်ားနှင့်မိန်းမ ပါဝင်သည့် လူသားမျိုးနွယ် (၎င်းမှာ သူတို့၏ အကြီးရင့်ဆုံး ဘိုးဘေးများဖြစ်သည့် မူရင်း အာဒံနှင့်ဧဝတို့)- မှ လမ်းလွဲသွားဖို့ သူတို့၏ ဘိုးဘေးဘီဘင်များက ဦးဆောင်ခဲ့ကြသည်။ ထိုအချိန်က ဣသရေလအမျိုးသားများသည်သာ မြေကြီးပေါ် အသက်ရှင်နေထိုင်ဖို့ ယေဟောဝါ ဦးဆောင်နေခဲ့သည့် တစ်ခုတည်းသောလူမျိုး ဖြစ်ခဲ့သည်။ ထို့နောက်တွင် ဣသရေလတစ်ခုလုံးမှ (မူရင်းမိသားစုမျိုးရိုးစုမှဟု ဆိုလိုသည်) ထွက်ပေါ်လာသော လူအမျိုးမျိုးတို့သည် ယေဟောဝါ၏ လမ်းပြမှုကို ဆုံးရှုံးခဲ့ကြသည်။ လူ့လောက၏ ကိစ္စရပ်များကို လုံးဝမသိသည့် ဤအစောပိုင်းလူမျိုးများသည် နောက်ပိုင်းတွင် သူတို့တောင်းဆိုခဲ့ကြသည့် နယ်မြေများတွင် နေထိုင်ရန် သူတို့၏ဘိုးဘေးများနှင့်အတူ လိုက်သွားခဲ့ကြပြီး ယင်းသည် ယနေ့ထက်တိုင် ဆက်၍ဖြစ်နေသည်။ ထို့ကြောင့် သူတို့သည် ယေဟောဝါထံမှ မည်သို့လမ်းလွဲခဲ့ကြပြီး အမျိုးမျိုးသော ညစ်ညူးသည့် နတ်ဆိုးများနှင့် ဆိုးယုတ်သော ဝိညာဉ်တို့၏ ဖျက်ဆီးခြင်း မည်သို့ခံခဲ့ကြရသည်ကို မသိဘဲ ရှိနေကြဆဲဖြစ်၏။ ကြီးလေးစွာဖျက်ဆီးခံရပြီး ယခုတိုင် အဆိပ်သင့်သောသူတို့၊ အခြေခံအားဖြင့် ကယ်ဆယ်၍မရနိုင်သော သူတို့သည် သူတို့ကို ဖျက်ဆီးခဲ့သော ညစ်ညူးသည့် နတ်ဆိုးများဖြစ်သော သူတို့၏ဘိုးဘေးတို့နှင့် သွားကြရုံမှလွဲ၍ အခြားရွေးချယ်စရာရှိမည် မဟုတ်ပေ။ အခြေခံအားဖြင့် ကယ်ဆယ်၍ရနိုင်သော သူတို့သည် လူသားမျိုးနွယ်၏ သင့်လျော်သော ခရီးပန်းတိုင်သို့ သွားလိမ့်မည်၊ ဆိုလိုသည်မှာ ကယ်တင်ခံရသူနှင့်

သိမ်းပိုက်ခံရသူတို့အတွက် သီးသန့်ထားရှိသော အဆုံးသတ်သို့ ဖြစ်သည်။ ကယ်တင်ခြင်းခံရနိုင်သော သူတို့ကို ကယ်တင်ရန်အတွက် အရာအားလုံးကို လုပ်ဆောင်မည်ဖြစ်သည်၊ သို့သော် အရေထူပြီး ကုသ၍မရနိုင်သောသူတို့အဘို့ သူတို့၏ တစ်ခုတည်းသော ရွေးချယ်စရာမှာ ဆုံးမပြစ်တင်ခြင်း၏ အနက်ဆုံးတွင်းထဲသို့ သူတို့၏ ဘိုးဘေးများနောက်မှ လိုက်ကြဖို့သာ ဖြစ်လိမ့်မည်။ သင်၏နိဂုံးကို အစအဦးကတည်းက ခွဲခန့်မှတ်သားထားခဲ့ပြီး ယခုမှသာ ဖွင့်ပြသည်ဟု မထင်လေနှင့်။ သင်ထိုသို့ထင်လျှင် လူသားမျိုးနွယ်၏ ကနဦးဖန်ဆင်းခြင်းအတွင်း သီးခြားစာတန်အတန်းအစား မဖန်ဆင်းခဲ့သည်ကို သင်မေ့လျော့ပြီလော။ အာဒံ နှင့် ဧဝဖြင့် ဖွဲ့တည်ထားသည့် တစ်ခုတည်းသော လူသားမျိုးနွယ်အား ဖန်ဆင်းခဲ့သည် (ယောကျာ်းနှင့် မိန်းမသာ ဖန်ဆင်းခံခဲ့ရသည်ဟု ဆိုလိုသည်) ကို သင်မေ့လျော့ပြီလော။ သင်တို့သည် အစအဦး၌ စာတန်မှ ဆင်းသက်လာသူဖြစ်ခဲ့လျှင် ယင်းမှာ ယေဟောဝါ လူသားကို ဖန်ဆင်းသောအခါ သူ၏ဖန်ဆင်းခြင်း၌ စာတန်အုပ်စုတစ်စု သူထည့်သွင်းခဲ့သည်ဟု ဆိုလိုလိမ့်မည်မဟုတ်လော။ ထိုကဲ့သို့သော အရာတစ်ခုကို သူလုပ်ဆောင်ခဲ့နိုင်မည်လော။ သူသည် မိမိ၏သက်သေခံချက်အဘို့အလို့ငှာ လူသားကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်၊ သူသည် မိမိဘုန်းအသရေအဘို့အလို့ငှာ လူသားကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ သူ့ကို တမင်တကာ ခုခံရန် စာတန်၏နောင်လာနောက်သား လူတန်းစားတစ်ခုကို အဘယ်ကြောင့် သူဖန်ဆင်းမည်နည်း။ ယေဟောဝါသည် ဤကဲ့သို့သော အရာတစ်ခုကို လုပ်ဆောင်ခဲ့နိုင်မည်လော။ အကယ်၍ သူလုပ်ဆောင်ခဲ့လျှင် သူသည် ဖြောင့်မတ်သောဘုရားဖြစ်သည်ဟု မည်သူဆိုနိုင်လိမ့်မည်နည်း။ သင်တို့အချို့သည် အဆုံး၌ စာတန်နှင့်အတူ သွားရလိမ့်မည်ဟု ငါယခုဆိုသောအခါ၊ သင်သည် အစအဦးကတည်းက စာတန်နှင့် ရှိခဲ့သည်ဟု မဆိုလိုပေ၊ ထို့ထက် သင်သည် အလွန်နိမ့်ကျအောင် နစ်မြုပ်ခဲ့ကြသဖြင့် ဘုရားသခင် သင့်ကိုကယ်တင်ဖို့ ကြိုးစားလျှင်သော်မှ ထိုကယ်တင်ခြင်းကို သင်မရယူနိုင်ခဲ့ဟု ဆိုလိုခြင်းဖြစ်သည်။ သင့်ကို စာတန်နှင့်အတူ မျိုးတူသတ်မှတ်ဖို့မှလွဲ၍ ရွေးချယ်စရာမရှိပေ။ ဤသည်မှာ သင်သည် ကယ်ဆယ်၍ မရနိုင်သောကြောင့်ဖြစ်ပြီး ဘုရားသခင် သင့်အပေါ် မဖြောင့်မတ်သောကြောင့်မဟုတ်၊ ဘုရားသခင်က သင်၏ကံကြမ္မာကို စာတန်၏ ပြယုဂ်တစ်ခုအဖြစ် တမင်တကာ သတ်မှတ်ပြီးနောက် စာတန်နှင့်အတူ သင့်ကို မျိုးတူသတ်မှတ်ကာ တမင်သက်သက် သင့်ကို ဝေဒနာခံစားစေလို၍ မဟုတ်ပေ။ ထိုအရာသည် သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းကျကျ အမှန်တရားမဟုတ်ပေ။ ထိုအရာသည် သင်ယုံကြည်သည့် အရာဖြစ်လျှင် သင်၏နားလည်သဘောပေါက်မှုက အလွန် တစ်ဖက်သတ်ဆန်လှသည်တကား။

သိမ်းပိုက်ခြင်း၏ နောက်ဆုံးအဆင့်မှာ လူတို့ကို ကယ်တင်ရန်နှင့် လူတို့၏ နိဂုံးများကိုလည်း ထုတ်ဖော်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ယင်းသည် တရားစီရင်ခြင်းအားဖြင့် လူတို့၏ ဆုတ်ယုတ်လာမှုကို ထုတ်ဖော်ပြီး ထိုသို့ဖြင့် သူတို့ကို နောင်တရစေကာ ထစေပြီး အသက်နှင့်လူ့ဘဝ၏ လမ်းကြောင်းအမှန်ကို လိုက်စေရန်ဖြစ်သည်။ ထိုအရာမှာ ထုံပြီး တုံးသော လူတို့၏ စိတ်နှလုံးများကို နှိုးရန်နှင့် တရားစီရင်ခြင်းအားဖြင့် သူတို့၏ အတွင်းပုန်ကန်မှုကို ပြသရန်ဖြစ်သည်။ သို့သော် လူတို့သည် နောင်တမရနိုင်သေးဘဲ၊ လူ့ဘဝ၏ လမ်းကြောင်းအမှန်ကို မလိုက်နိုင်သေးဘဲလျက် ဤဖောက်ပြန်ပျက်စီးမှုများကို မစွန့်ပစ်နိုင်သေးလျှင် သူတို့သည် ကယ်ဆယ်မရနိုင်ဘဲ စာတန်က မျိုချလိမ့်မည်။ ဤသည်မှာ လူတို့ကို ကယ်တင်ရန်နှင့် သူတို့၏ နိဂုံးများကိုလည်း ပြသရန် ဘုရားသခင်၏ သိမ်းပိုက်ခြင်း၏ အရေးပါမှုဖြစ်သည်။ ကောင်းသော နိဂုံးများ၊ မကောင်းသော နိဂုံးများ— ယင်းတို့အားလုံးကို သိမ်းပိုက်ခြင်းအလုပ်အားဖြင့် ထုတ်ဖော်ပြသသည်။ လူတို့ ကယ်တင်ခံရမည် သို့မဟုတ် ကျိန်ဆဲခံရမည် ဟူသည့်အရာသည် သိမ်းပိုက်ခြင်းအလုပ် အတောအတွင်း၌ အားလုံး ထုတ်ဖော်ခံရမည်ဖြစ်သည်။

နောက်ဆုံးသောကာလသည် ခပ်သိမ်းသောအရာကို သိမ်းပိုက်ခြင်းအားဖြင့် အမျိုးအစားအလိုက် သတ်မှတ်ခံရမည့်အချိန် ဖြစ်သည်။ သိမ်းပိုက်ခြင်းသည် နောက်ဆုံးသောကာလ၏ အလုပ်ဖြစ်သည်၊ တစ်နည်းအားဖြင့်ဆိုလျှင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အပြစ်များကို စီရင်ခြင်းသည် နောက်ဆုံးသောကာလ၏ အလုပ်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် လူများကို မည်သို့ အမျိုးအစား သတ်မှတ်နိုင်မည်နည်း။ သင်တို့အကြား လုပ်ဆောင်လျက်ရှိသော အမျိုးအစားသတ်မှတ်ခြင်း အမှုသည် စကြဝဠာတစ်ခွင်လုံး၌ ဤကဲ့သို့သောအလုပ်၏ အစဖြစ်သည်။ ဤနောက်တွင်ကား တိုင်းပြည်များအားလုံးနှင့် လူမျိုးအားလုံးသည်လည်း သိမ်းပိုက်ခြင်းအလုပ်ကို ခံစားရကြလိမ့်မည်။ ဤသည်မှာ ဖန်ဆင်းရာထဲ၌ရှိသော ပုဂ္ဂိုလ်တိုင်း တရားစီရင်ခံရဖို့ တရားစီရင်ရာပလ္လင်ရှေ့သို့ လာကြပြီး အမျိုးအစားအလိုက် သတ်မှတ်ခံရမည်ကို ဆိုလိုသည်။ အဘယ်ပုဂ္ဂိုလ်နှင့် အဘယ်အရာမျှ ဤပြစ်တင်ဆုံးမခြင်း နှင့် တရားစီရင်ခြင်းကို ကြုံရခြင်းမှ မလွတ်မြောက်နိုင်သကဲ့သို့ အဘယ်ပုဂ္ဂိုလ်နှင့် အဘယ်အရာမျှ ဤအမျိုးအစားအလိုက် သတ်မှတ်ခြင်းကို မလွတ်မြောက်နိုင်ပေ၊ အယောက်တိုင်း အမျိုးအစားသတ်မှတ်ခံရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်းတို့အတွက် အဆုံးသတ်နီးလာပြီး၊ ကောင်းကင်နှင့်မြေကြီးပေါ် ရှိ ခပ်သိမ်းသောအရာတို့သည် သူတို့၏နိဂုံးသို့ ရောက်ရှိပြီ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ လူသားသည် လူ၏တည်ရှိမှု၏နောက်ဆုံးသောကာလများမှ

အဘယ်သို့ လွတ်မြောက်နိုင်မည်နည်း။ ထို့ကြောင့် သင်တို့၏ မနာခံမှုလုပ်ရပ်များသည် မည်မျှကြာကြာ ဆက်လက် ရှိနေနိုင်မည်နည်း။ သင်တို့၏ နောက်ဆုံးသောကာလ ရောက်အံ့ဆဲဆဲ ဖြစ်သည်ကို သင်တို့ မမြင်သလော။ ဘုရားသခင်ကို ချစ်ကြောက်ရိုသေပြီး သူပေါ်ထွန်းလာဖို့ တောင့်တသူတို့အနေဖြင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ပေါ်ထွန်းသည့် နေ့ရက်ကို မည်သို့ မမြင်နိုင်သနည်း။ ကောင်းမြတ်မှုအတွက် နောက်ဆုံးဆုလာဘ်ကို သူတို့ မည်သို့ မရရှိဘဲ နေနိုင်သနည်း။ သင်သည် ကောင်းသောအမှုကို ပြုသောသူတစ်ဦးလော၊ သို့မဟုတ် ဆိုးယုတ်သောအမှုကို ပြုသောသူတစ်ဦးလော။ သင်သည် ဖြောင့်မတ်သော တရားစီရင်ခြင်းကို လက်ခံပြီးနောက် နာခံသောသူတစ်ဦးလော၊ သို့မဟုတ် ဖြောင့်မတ်သော တရားစီရင်ခြင်းကို လက်ခံပြီးနောက်တွင် ကျိန်ဆိုခြင်း ခံရသောသူလော။ သင်သည် အလင်း၌ တရားစီရင်ရာ ပလ္လင်တော်ရှေ့တွင် အသက်ရှင်သလော သို့မဟုတ် မှောင်မိုက်မှုအလယ် မရဏနိုင်ငံ၌ သင် အသက်ရှင်သလော။ သင်၏နိဂုံးက ဆုလာဘ်ရသောသူတစ်ဦး သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းခံရသူတစ်ဦးဟု အရှင်းလင်းဆုံး သိထားသူကား သင်ကိုယ်တိုင်ပင် မဟုတ်သလော။ ဘုရားသခင်ဖြောင့်မတ်သည်ဟု အရှင်းလင်းဆုံးသိပြီး အနက်ရှိုင်းဆုံး နားလည်သဘောပေါက်သောသူကား သင်ပင် မဟုတ်လော။ ထို့ကြောင့် အမှန်တကယ်အားဖြင့်၊ သင်၏အမူအကျင့်နှင့် သင်၏စိတ်နှလုံးတို့ကား အဘယ်သို့နည်း။ သင့်ကို ယနေ့ ငါသိမ်းပိုက်သည်နှင့်အညီ၊ သင်၏ အပြုအမူက ဆိုးညစ်သည် သို့မဟုတ် ကောင်းမြတ်သည်ဟု သင့်အတွက် ငါရှင်းလင်းဖော်ပြရန် အမှန်တကယ်ပင် လိုအပ်သလော။ ငါ့အတွက် အဘယ်မျှလောက် သင်စွန့်လွှတ်ခဲ့ပြီးသနည်း။ ငါ့ကို အဘယ်မျှလောက် နက်နက်ရှိုင်းရှိုင်း သင်ကိုးကွယ်သနည်း။ သင် ငါ့အပေါ် အဘယ်သို့ပြုမူသည်ကို သင်ကိုယ်တိုင် အရှင်းလင်းဆုံးသိသည် မဟုတ်လော။ အဆုံး၌ သင်မည်သို့ အဆုံးသတ်လိမ့်မည်ကို မည်သူမဆိုထက် သင်ပို၍ကောင်းကောင်း သိသင့်သည်။ ငါအမှန်ဆိုသည်ကား ငါသာ လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ပြီး သင့်ကို ဖန်ဆင်းခဲ့သည်၊ သို့သော် သင်တို့ကို ငါ စာတန်လက်သို့ မအပ်ခဲ့သလို သင်တို့ ငါ့ကို ပုန်ကန်ခြင်း သို့မဟုတ် အတိုက်အခံခြင်းအတွက် ငါ၏ ပြစ်ဒဏ်ပေးခြင်းခံရရန်လည်း ငါ ရည်ရွယ်ချက်ရှိရှိ သင်တို့ကို မလုပ်ခဲ့ပေ။ သင်တို့ စိတ်နှလုံးများ အလွန်အမင်း မာကြောပြီး သင်တို့ အမူအကျင့်က အလွန်အမင်း စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသောကြောင့် ဤဘေးဒုက္ခ ဝေဒနာအားလုံး ဖြစ်ကြသည် မဟုတ်လော။ ထို့ကြောင့် သင်တို့ကြုံတွေ့မည့် နိဂုံးမျိုးကို သင်တို့ကိုယ်တိုင် ဆုံးဖြတ်သည် မဟုတ်လော။ သင်တို့ မည်သို့ အဆုံးသတ်မည်ကို မည်သူမဆိုထက် သင်တို့စိတ်နှလုံးများထဲ၌ သင်တို့ပိုသိကြသည် မဟုတ်လော။ လူတို့ကို ငါ သိမ်းပိုက်သည့် အကြောင်းရင်းမှာ သူတို့ကို

ဖော်ထုတ်ရန်နှင့် သင်အား ကယ်တင်ခြင်းကို ပိုမိုကောင်းမွန်စွာ ယူဆောင်လာရန် ဖြစ်သည်။ သင့်အား ဆိုးယုတ်သောအရာကို လုပ်စေဖို့ သို့မဟုတ် ပျက်ဆီးခြင်းငရဲထဲသို့ သင့်ကို တမင်တကာ လျှောက်စေဖို့ မဟုတ်ပေ။ အချိန်ကျရောက်လာသောအခါ သင်၏ များစွာသော ဒုက္ခဝေဒနာ၊ သင်၏ ငိုကြွေးခြင်းနှင့် အံကြိတ်ခြင်းအားလုံး— ထိုအရာအားလုံးသည် သင်၏ အပြစ်များကြောင့် ဖြစ်လိမ့်မည် မဟုတ်လော။ ထို့ကြောင့် သင်ကိုယ်တိုင်၏ ကောင်းမြတ်ခြင်း သို့မဟုတ် သင်ကိုယ်တိုင်၏ ဆိုးယုတ်ခြင်းက သင့်အပေါ် အကောင်းဆုံးသော တရားစီရင်ခြင်း မဟုတ်လော။ ယင်းသည် သင်၏ နိဂုံး ဖြစ်မည့်အရာအတွက် အကောင်းဆုံးသက်သေအထောက်အထား မဟုတ်လော။

ယခုအချိန်တွင် ၎င်းတို့၏ ပုန်ကန်သော စိတ်သဘောထားအားလုံးကို ဖွင့်ချရန်နှင့် ၎င်းတို့၏ အကျည်းတန်မှုအားလုံးကို ဖော်ထုတ်ရန် တရုတ်ပြည်၌ရှိသော ဘုရားသခင် ရွေးကောက်ထားသော လူတို့ထဲတွင် ငါ အမှုပြု၏။ ဤအရာကား ငါပြောရန်လိုအပ်သမျှကို ပြောရန် နောက်ခံအကြောင်းအရာ ဖြစ်သည်။ ထို့နောက် စကြဝဠာတစ်ခုလုံးကို သိမ်းပိုက်ခြင်းနှင့်ဆိုင်သော အလုပ်၏ နောက်တစ်ဆင့်ကို ငါပြုသည့်အခါ စကြဝဠာတစ်ခုလုံးရှိ လူတိုင်း၏ မတရားသောအမှုကို စစ်ကြောစီရင်ရန် သင်တို့အပေါ် ငါ၏ဝေဖန်ပိုင်းခြားနိုင်စွမ်းကို အသုံးပြုမည်၊ အဘယ်ကြောင့်ဆိုသော် လူသားမျိုးနွယ်ကြားတွင် အသင် လူတို့သည် ပုန်ကန်တတ်သောသူတို့၏ ကိုယ်စားလှယ်များ ဖြစ်ကြခြင်းကြောင့် ဖြစ်သည်။ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ခြင်း မရှိသူတို့သည် အဖြည့်ခံများနှင့် အသုံးတော်ခံများသာ ဖြစ်သွားလိမ့်မည်၊ သို့သော် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်သော သူတို့မူကား အသုံးပြုခြင်း ခံရကြမည်။ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ခြင်း မရှိသူတို့သည် အဖြည့်ခံများ အဖြစ်သာ အသုံးတော်ခံမည်ဟု ငါ အဘယ်ကြောင့် ပြောသနည်း။ ယင်းသည် ငါ၏ လက်ရှိနှုတ်ကပတ်တော်များနှင့် အလုပ်အားလုံးတို့သည် သင်တို့၏နောက်ခံကို ပစ်မှတ်ထားကြပြီး သင်တို့သည် လူသားမျိုးနွယ်အားလုံး အကြားတွင် ပုန်ကန်တတ်သောသူတို့၏ ကိုယ်စားလှယ်များနှင့် သရုပ်သကန် ဖြစ်လာခဲ့ကြခြင်းကြောင့် ဖြစ်သည်။ နောက်ပိုင်းတွင် ငါသည် သင်တို့ကို သိမ်းပိုက်သော ဤနှုတ်ကပတ်တော်များကို ပြည်ပနိုင်ငံများသို့ ယူဆောင်သွားပြီး ထိုအရပ်၌ရှိသော လူတို့ကို သိမ်းပိုက်ရန် အသုံးပြုမည်ဖြစ်သည်။ သို့သော်လည်း သင်သည် သူတို့ကို ရရှိခဲ့လိမ့်မည် မဟုတ်။ ယင်းက သင့်ကို အဖြည့်ခံတစ်ခု ဖြစ်စေသည် မဟုတ်လော။ လူသားမျိုးနွယ်အားလုံး၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများ၊ လူသား၏ ပုန်ကန်သော လုပ်ရပ်များနှင့် လူသား၏ အကျည်းတန်သော ပုံရိပ်များနှင့် မျက်နှာများ၊ ၎င်းတို့အားလုံးတို့သည် သင်တို့ကို

သိမ်းပိုက်ရန် အသုံးပြုသော နှုတ်ကပတ်တော်များထဲ၌ ယနေ့ မှတ်တမ်းတင်ထားသည်။ ထို့နောက်တွင် သင်တို့သည် နမူနာနှင့် သာဓက ဖြစ်ကြခြင်းကြောင့် တိုင်းနိုင်ငံတိုင်း၏ လူများနှင့် ဘာသာရေးဂိုဏ်းတိုင်းကို သိမ်းပိုက်ဖို့ ဤနှုတ်ကပတ်တော်များကို ငါအသုံးပြုမည်။ သို့သော်လည်း ငါသည် သင်တို့ကို ရည်ရွယ်ချက်ရှိရှိ စွန့်ပစ်ဖို့ အစပြုခဲ့ခြင်း မဟုတ်ပေ၊ သင်၏ လိုက်လျှောက်မှုတွင် သင် ကောင်းစွာ လုပ်ဆောင်ရန် ပျက်ကွက်၍ သင်သည် ကုသ၍မရနိုင်သူအဖြစ် သင်သက်သေပြသောကြောင့် သင်သည် အသုံးတော်ခံတစ်ခုနှင့် အဖြည့်ခံတစ်ခု ဖြစ်ရုံမျှသာ ဖြစ်လိမ့်မည် မဟုတ်လော။ စာတန်၏အကြံအစည်များပေါ် အခြေခံပြီး ငါ၏ဉာဏ်ပညာကို ကျင့်သုံးသည်ဟု တစ်ချိန်က ငါဆိုခဲ့၏။ အဘယ်ကြောင့် ထိုသို့ ငါဆိုသနည်း။ ယင်းက ယခု ငါပြောနေ၊ လုပ်နေသောအရာ၏ နောက်ကွယ်က သမ္မာတရား မဟုတ်လော။ သင်သည် ပိုမိုကောင်းမွန်အောင် မလုပ်ဆောင်နိုင်လျှင်၊ စုံလင်ခြင်းမခံရဘဲ ထိုအစား အပြစ်ပေးခံရလျှင် သင်သည် အဖြည့်ခံတစ်ခု ဖြစ်လာလိမ့်မည် မဟုတ်လော။ သင်အသက်ရှင်နေစဉ် သင့်အနေဖြင့် ဝေဒနာများစွာ ခံစားခဲ့ပြီးဖြစ်နိုင်သည်၊ သို့သော် ဘာကိုမျှ သင်နားမလည်သေး၊ အသက်အကြောင်း အရာခပ်သိမ်းကို သင်မသိဘဲ ဖြစ်နေသည်။ သင်သည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို ခံရပြီးဖြစ်သော်လည်း သင်သည် လုံးဝ မပြောင်းလဲသေး သကဲ့သို့ သင်၏အတွင်းနက်နဲရာတွင် သင်သည် အသက်ကိုမရရှိသေးပေ။ သင်၏အလုပ်ကို စမ်းသပ်ဖို့ အချိန်ကျရောက်လာသောအခါ မီးတမျှ ပြင်းထန်သော စမ်းသပ်ခြင်းနှင့် သာ၍ပင်ကြီးမားသော ဆင်းရဲဒုက္ခကို သင်ခံစားရမည်။ ဤမီးက သင်၏ဖြစ်တည်ခြင်း တစ်ခုလုံးကို ပြာမှုန်များအဖြစ်သို့ ပြောင်းသွားစေလိမ့်မည်။ အသက်မပိုင်သော သူတစ်ဦး၊ အတွင်း၌ ရွှေစင်တစ်အောင်စမျှ မရှိသော သူတစ်ဦး၊ ဟောင်းနွမ်းပျက်စီးသော စိတ်သဘောထားနှင့် ကပ်ငြိဆဲသူတစ်ဦးနှင့် အဖြည့်ခံအဖြစ်၌ ကောင်းမြတ်သော အလုပ်တစ်ခုကိုပင် မလုပ်နိုင်သောသူတစ်ဦး ဖြစ်သည်နှင့်အညီ သင်သည် အဘယ်သို့ ဖယ်ရှားခြင်း မခံရနိုင်မည်နည်း။ တစ်ပြားမတန်သကဲ့သို့ အသက်မပိုင်သောသူ တစ်ဦးသည် သိမ်းပိုက်ခြင်းအမှုအတွက် အသုံးဝင်မှု တစ်စုံတစ်ရာ ရှိနိုင်ပါသလော။ ထိုအချိန်ရောက်လာသောအခါ သင်တို့၏ နေ့ရက်ကာလများသည် နောဧနှင့် သောဒုံတို့၏ နေ့ရက်ကာလများထက် ပိုခက်ခဲလိမ့်မည်ဖြစ်သည်။ သင်၏ ဆုတောင်းချက်များသည် ထိုအခါတွင် သင့်ကို ကောင်းကျိုးပြုလိမ့်မည်မဟုတ်။ ကယ်တင်ခြင်းအလုပ် အဆုံးသတ်ပြီးနှင့်ပြီး ဖြစ်သည့်အခါတွင်၊ သင်သည် နောက်မှပြန်လာ၍ အသစ်တဖန် နောင်တရနိုင်မည်နည်း။ ကယ်တင်ခြင်းအလုပ်အားလုံး ပြီးမြောက်သည်နှင့် တစ်ပြိုင်နက် နောက်ထပ် ကယ်တင်ခြင်းအလုပ် ရှိတော့မည် မဟုတ်။ ရှိမည့်အရာမှာ ဆိုးယုတ်သောသူကို

တရားစီရင်ခြင်းအလုပ် စတင်ခြင်းဖြစ်သည်။ သင်သည် ခုခံသည်၊ ပုန်ကန်သည်၊ ပြီးလျှင် သင်သည် ဆိုးညစ်မှန်းသိသောအရာများကို လုပ်သည်။ သင်သည် ပြင်းထန်သော ပြစ်ဒဏ်စီရင်ခြင်း၏ ပစ်မှတ် မဟုတ်လော။ ယနေ့ ဤအရာကို သင့်အတွက် ငါရှင်းအောင်ပြောနေသည်။ နားမထောင်ဖို့ သင်ရွေးချယ်လျှင်၊ နောက်ပိုင်းတွင် သင့်အပေါ်သို့ ဘေးဒုက္ခ ကျရောက်သည့်အခါ၊ ထိုအခါမှ သင်စတင်နောင်တရပြီး စတင်ယုံကြည်လျှင် နောက်ကျလွန်းလိမ့်မည် မဟုတ်လော။ ငါသည် သင့်ကို ယနေ့ နောင်တရဖို့အခွင့်အရေး ပေးနေသော်လည်း သင်သည် နောင်တရရန် ဆန္ဒမရှိ။ သင်သည် အဘယ်မျှကြာ စောင့်ဆိုင်းချင်သနည်း။ ပြစ်တင်ဆုံးမခြင်း နေ့ရက်တိုင်အောင်လော။ ယနေ့ ငါသည် သင်၏ အတိတ်က ကျူးလွန်ခြင်းများကို မအောက်မေ့ပေ။ ငါသည် သင်၏ အပြုသဘော ဘက်သို့သာ ကြည့်ဖို့ရန် အပျက်သဘောမှ အဝေးသို့လှည့်ရင်း သင့်ကို အဖန်ဖန် ငါ ခွင့်လွှတ်၏၊ အဘယ့်ကြောင့်ဆိုသော် ငါ၏ လက်ရှိ နှုတ်ကပတ်တော်အားလုံးနှင့် အလုပ်အားလုံးတို့သည် သင့်ကို ကယ်တင်ဖို့ရန်ဖြစ်ပြီး သင့်အပေါ်မကောင်းသော ရည်ရွယ်ချက် ငါ၌မရှိပေ။ သို့သော် သင်သည် ဝင်ရောက်ရန် ငြင်းဆန်၏၊ မကောင်းသောအရာမှ ကောင်းသောအရာကို သင်မခွဲခြားနိုင်သကဲ့သို့ ကြင်နာမှုကို မည်သို့တန်ဖိုးထားရမည်ကို သင်မသိပေ။ ယင်းသို့သောသူတို့သည် ပြစ်ဒဏ်ပေးခြင်းနှင့် ဖြောင့်မတ်သော ဒဏ်ခတ်ခြင်းကိုသာ စောင့်ဆိုင်းနေသည် မဟုတ်လော။

မောရှေက ကျောက်တုံးကို ရိုက်ခဲ့သည့်အခါ ယေဟောဝါပေးသနားသောရေ ပန်းထွက်လာခဲ့ခြင်းသည် သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ဒါဝိဒ်သည် နှလုံးသားထဲ ရွှင်လန်းခြင်း အပြည့်နှင့် ငါယေဟောဝါကို ချီးမွမ်း၍ စောင်းတီးခဲ့သောအခါ သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ယောဘသည် တောင်များအပေါ် ပြည့်လျှံနေသော သူ၏ခြံမွေးတိရစ္ဆာန်နှင့် သူ၏ မပြောပြနိုင်လောက်သော စည်းစိမ်ချမ်းသာများ ဆုံးရှုံးသွားခဲ့ပြီး သူ၏ခန္ဓာကိုယ်သည် အနာစိမ်းများနှင့် ဖုံးလွှမ်းခံခဲ့ရသောအခါ သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ သူသည် ယေဟောဝါဖြစ်သော ငါ၏အသံကို ကြားနိုင်ခဲ့ပြီး၊ ငါ၏ ဘုန်းအာနုဘော်ကို မြင်နိုင်ခဲ့သောအခါ သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ပေတရုသည် ယေရှုခရစ်တော်နောက် လိုက်နိုင်ခဲ့ခြင်းမှာလည်း သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ သူသည် ငါ့အတွက်ကြောင့် ကားတိုင်ပေါ်မှာ သံမှိုစွဲနှက်ခြင်းခံရပြီး ကောင်းမြတ်သော သက်သေခံနိုင်ခဲ့သည်မှာလည်း သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ယောဟန်သည် လူသား၏ ကြီးမြတ်သော ပုံသဏ္ဌာန်ကို မြင်တွေ့ခဲ့သောအခါ သူ၏ ယုံကြည်ခြင်းအားဖြင့် ဖြစ်သည်။ သူသည် နောက်ဆုံးသော ကာလ၏ ရူပါရုံကို မြင်ခဲ့ရသည်မှာလည်း သူ၏

ယုံကြည်ခြင်းအားဖြင့် သာ၍ပင် ဖြစ်သည်။ မြောက်မြားလှစွာသော တစ်ပါးအမျိုးသား တိုင်းနိုင်ငံများဟုဆိုသော ထိုတိုင်းနိုင်ငံများသည် ငါ၏ ထုတ်ဖော်ခြင်းရပြီး လူသားများအကြားတွင် ငါ၏အမှုကို ပြုဖို့ရန်အတွက် ဇာတိခန္ဓာနှင့် ငါဆင်းကြွလာခဲ့သည်ဆိုခြင်းကို သိလာရသည့် အကြောင်းရင်းသည်လည်း ၎င်းတို့၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ငါ၏ ကြမ်းတမ်းသော စကားလုံးများဖြင့် ရိုက်ခတ်ခံရသော်လည်း ၎င်းတို့အားဖြင့် နှစ်သိမ့်မှုခံရသောသူတို့နှင့် ကယ်တင်ခံရသောသူတို့အားလုံး— ၎င်းတို့အားလုံး မိမိတို့၏ ယုံကြည်ချက်ကြောင့် ထိုသို့ပြုခဲ့ကြသည် မဟုတ်လော။ လူတို့သည် ၎င်းတို့၏ ယုံကြည်ခြင်းကြောင့် အမှုအရာများစွာကို ရရှိခဲ့ကြသည်။ ယင်းသည် ကောင်းချီးမင်္ဂလာတစ်ရပ် အမြဲမဟုတ်ပေ။ ဒါဝိဒ် ခံစားခဲ့ရသော ပျော်ရွှင်မှုနှင့် ဝမ်းမြောက်ခြင်းမျိုးကို မခံစားခဲ့ရဘဲ ရှိချင်ရှိနိုင်သည်၊ သို့မဟုတ် မောရှေပြုသကဲ့သို့ ယေဟောဝါအား ရေပေးကမ်းစေခြင်း မရှိဘဲ ဖြစ်နိုင်သည်။ ဥပမာအားဖြင့်၊ ယောဘသည် သူ၏ယုံကြည်ခြင်းကြောင့် ယေဟောဝါ၏ ကောင်းကြီးပေးခြင်းခံခဲ့ရသော်လည်း၊ သူသည် ကပ်ဆိုက်မှုကိုလည်း ခံစားခဲ့ရသည်။ သင့်အနေဖြင့် ကောင်းချီးမင်္ဂလာ ခံစားရသည်ဖြစ်စေ ကပ်ဆိုက်မှု ခံစားရသည်ဖြစ်စေ၊ နှစ်ခုလုံးသည် မင်္ဂလာရှိသော ဖြစ်ရပ်များ ဖြစ်ကြသည်။ ယုံကြည်ခြင်းမရှိလျှင် သင်တို့သည် ဤသိမ်းပိုက်ခြင်းအလုပ်ကို ရရှိနိုင်လိမ့်မည်မဟုတ်၊ ယနေ့ သင်တို့မျက်မှောက်၌ ပြသသော ယေဟောဝါ၏ လုပ်ဆောင်ချက်များကို သာ၍ပင်မမြင်နိုင်ပေ။ သင်တို့ မြင်တွေ့နိုင်လိမ့်မည် မဟုတ်သလို ရရှိနိုင်စွမ်း သာ၍ပင် မရှိနိုင်ပေ။ ဤကပ်ဆိုက်မှုများ၊ ဤဘေးဒုက္ခများနှင့် တရားစီရင်ခြင်းအားလုံး— ဤအရာများ သင့်အပေါ်သို့ မကျရောက်ခဲ့လျှင် ယနေ့ ယေဟောဝါ၏ လုပ်ဆောင်မှုများကို သင် မြင်နိုင်လိမ့်မည်လော။ ယနေ့ သင်တို့ အသိမ်းပိုက်ခံရဖို့ အခွင့်ပေးသည်မှာ ယုံကြည်ခြင်း ဖြစ်ပြီး၊ သိမ်းပိုက်ခံနေရခြင်းက ယေဟောဝါ၏ လုပ်ဆောင်မှုတိုင်းကို ယုံကြည်ရန် သင့်ကို အခွင့်ပေးခြင်းဖြစ်သည်။ ဤပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမျိုးကို ယုံကြည်ခြင်းကြောင့်သာ သင်လက်ခံရရှိခြင်းဖြစ်သည်။ ဤပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းအားဖြင့် သင်သည် သိမ်းပိုက်ခံရပြီး စုံလင်ခြင်းသို့ရောက်ရှိသည်။ ယနေ့ သင်လက်ခံရရှိသော ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမျိုး မရှိလျှင် သင်၏ယုံကြည်ခြင်းသည် အချည်းနှီးဖြစ်လိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် သင်သည် ဘုရားသခင်ကို သိမည် မဟုတ်သောကြောင့် ဖြစ်သည်။ သင်သည် သူ့ကို အဘယ်မျှလောက် ယုံကြည်သည်ဖြစ်စေ သင့်ယုံကြည်ခြင်းသည် စစ်မှန်မှု၌ အခြေခံမထားသော အနှစ်မဲ့ဖော်ပြချက်သာ ဖြစ်နေဦးမည်ဖြစ်သည်။ သင့်ကို

လုံးလုံးလျားလျားနာခံစေသော အလုပ်ဖြစ်သည့် ဤသိမ်းပိုက်ခြင်းအလုပ်ကို သင်လက်ခံရရှိပြီးမှသာလျှင် သင်၏ ယုံကြည်ခြင်းသည် စစ်မှန်လာပြီး ယုံကြည်စိတ်ချရလာကာ သင်၏ စိတ်နှလုံးသည် ဘုရားသခင်ဘက်သို့ လှည့်ခြင်းဖြစ်သည်။ ဤ "ယုံကြည်ခြင်း" ဟူသော စကားလုံးကြောင့် သင်သည် ကြီးမားသော တရားစီရင်ခြင်းနှင့် ကျိန်ဆဲခြင်းကိုခံရသော်လည်း သင့်မှာ စစ်မှန်သော ယုံကြည်ခြင်းရှိပြီး အမှန်ကန်ဆုံး၊ အစစ်မှန်ဆုံးနှင့် အဖိုးတန်ဆုံးသောအရာကို သင်လက်ခံရရှိခြင်း ဖြစ်ပေသည်။ ဤသို့ဖြစ်ရသည်မှာ တရားစီရင်ခြင်းဖြစ်စဉ်အထဲ၌သာ ဘုရားသခင်၏ ဖန်ဆင်းခံများ၏ နောက်ဆုံးပန်းတိုင်ကို သင်မြင်ရသောကြောင့် ဖြစ်သည်။ ဖန်ဆင်းရှင်က အချစ်ခံရဖို့ဖြစ်သည်ကို သင်မြင်ရသည်မှာ ဤတရားစီရင်ခြင်းထဲ၌ ဖြစ်သည်၊ သင်သည် ဘုရားသခင်၏ လက်တော်ကိုမြင်ရသည်မှာ ထိုသို့သော သိမ်းပိုက်ခြင်းအလုပ်ထဲ၌ ဖြစ်သည်၊ လူ့အသက်တာကို သင်အပြည့်အဝ နားလည်သဘောပေါက်လာသည်မှာ ဤသိမ်းပိုက်ခြင်းထဲ၌ ဖြစ်သည်၊ သင်သည် လူ့အသက်၏ မှန်ကန်သောလမ်းကို ရပြီး "လူသား" ၏ စစ်မှန်သော အဓိပ္ပါယ်ကို နားလည်သဘောပေါက်လာသည်မှာ ဤသိမ်းပိုက်ခြင်းထဲ၌ ဖြစ်သည်။ သင်သည် အနန္တတန်ခိုးရှင်နှင့် သူ၏ လှပပြီး ဘုန်းအသရေရှိသော မျက်နှာတော်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ဖူးတွေ့ရသည်မှာ ဤသိမ်းပိုက်ခြင်းထဲ၌သာ ဖြစ်သည်၊ သင်သည် လူသား၏ ဇာစ်မြစ်ကို သိပြီး လူသားမျိုးနွယ်အားလုံး၏ "ထာဝရရှင်သန်သော သမိုင်း" ကို နားလည်ရသည်မှာ ဤသိမ်းပိုက်ခြင်းအလုပ်၌ ဖြစ်သည်။ လူသားမျိုးနွယ်၏ ဘိုးဘေးများနှင့် လူသားမျိုးနွယ်၏ ပျက်စီးခြင်း ဇာစ်မြစ်ကို သင်နားလည်လာရသည်မှာ ဤသိမ်းပိုက်ခြင်းအလုပ်ထဲ၌ ဖြစ်သည်။ ဝမ်းမြောက်ခြင်းနှင့် နှစ်သိမ့်ခြင်းသာမက အဆုံးမဲ့ ပြစ်တင်ဆုံးမမှု၊ ပြစ်ဒဏ်ပေးခြင်းနှင့် ဖန်ဆင်းရှင်မှ အဖန်ဆင်းခံ လူသားမျိုးနွယ်အား အပြစ်တင်သည့် နှုတ်ကပတ်တော်များကို သင်လက်ခံရရှိသည်မှာ ဤသိမ်းပိုက်ခြင်းထဲ၌ ဖြစ်သည်၊ သင်ကောင်းချီးမင်္ဂလာများအပြင် လူသားရရှိသင့်သည့် ဘေးဒုက္ခများကိုလည်း လက်ခံရရှိသည်မှာ ဤသိမ်းပိုက်ခြင်းထဲ၌ ဖြစ်သည်။...ဤအရာအားလုံးသည် သင်၏ ယုံကြည်ခြင်းအနည်းငယ်ကြောင့် ဖြစ်သည် မဟုတ်လော။ ထို့အပြင် ဤအရာများ ရရှိပြီးနောက် သင်၏ ယုံကြည်ခြင်း ကြီးထွားခဲ့သည် မဟုတ်လော။ သင်သည် ကြီးမားသည့် ပမာဏတစ်ခု ရရှိခဲ့သည် မဟုတ်လော။ သင့်အနေဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြားပြီး ဘုရားသခင်၏ ဉာဏ်ပညာကို မြင်တွေ့ခဲ့သည်သာမက သူ့အလုပ်၏ အဆင့်တစ်ခုစီကိုလည်း ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားခဲ့ရပြီ ဖြစ်သည်။ သင့်အနေဖြင့် ယုံကြည်ခြင်းမရှိခဲ့လျှင် ဤပြစ်တင်ဆုံးမမှုမျိုး သို့မဟုတ် ဤတရားစီရင်ခြင်းမျိုးကို

သင်ခံစားရမည်မဟုတ်ဟု သင်ပြောကောင်း ပြောလိမ့်မည်။ သို့သော် သင်သိသင့်သည်မှာ ယုံကြည်ခြင်းမရှိလျှင် အနန္တတန်ခိုးရှင်ထံမှ ဤပြစ်တင်ဆုံးမမှုမျိုး သို့မဟုတ် ဤပြုစုစောင့်ရှောက်မှုမျိုးကို သင်လက်ခံရရှိနိုင်လိမ့်မည် မဟုတ်သည်သာမက ဖန်ဆင်းရှင်ကို မြင်တွေ့ဖို့ အခွင့်အလမ်းကိုလည်း သင်ထာဝရ ဆုံးရှုံးလိမ့်မည် ဖြစ်သည်။ သင်သည် လူသားမျိုးနွယ်၏ မူလအစကို ဘယ်သောအခါမျှ သိလိမ့်မည်မဟုတ်သလို လူ့အသက်တာ၏ အရေးပါမှုကိုလည်း လုံးဝ နားလည်လိမ့်မည် မဟုတ်။ သင့်ကိုယ်ခန္ဓာ သေဆုံးပြီး သင်၏ဝိညာဉ်ထွက်ခွာလျှင်ပင် ဖန်ဆင်းရှင်၏ လုပ်ဆောင်မှုအားလုံးကို သင် နားလည်လိမ့်ဦးမည် မဟုတ်ပေ။ လူသားမျိုးနွယ်ကို ဖန်ဆင်းပြီးနောက် ဖန်ဆင်းရှင်သည် ကမ္ဘာမြေကြီးပေါ် ဤမျှ ကြီးမားသော အလုပ်ကို လုပ်ဆောင်တော်မူခဲ့သည်ကို သင် သာ၍ပင် သိမည်မဟုတ်ပေ။ သူဖန်ဆင်းသော လူသားမျိုးနွယ်၏ အဖွဲ့ဝင်တစ်ဦးအဖြစ် သင်သည် မသိနားမလည်စွာဖြင့် မှောင်မိုက်ထဲသို့ ဤသို့လဲကျပြီး ထာဝရ ပြစ်ဒဏ်စီရင်ခြင်းကို ခံစားလိုသလော။ သင်သည် ယနေ့ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ခြင်းတို့မှ သင့်ကိုယ်သင် ခွဲခွာမည်ဆိုပါက၊ သင်မည်သည့်အရာနှင့် တွေ့ဆုံမည်နည်း။ လက်ရှိတရားစီရင်ခြင်းမှ ကွဲကွာသည်နှင့်တပြိုင်နက် ဤခက်ခဲသောဘဝမှ သင်လွတ်မြောက်နိုင်လိမ့်မည်ဟု ထင်သလော။ "ဤအရပ်" ကို သင်စွန့်ခွာလျှင် သင်ကြုံတွေ့ရမည့်အရာမှာ နတ်ဆိုးပေးသည့် နာကျင်သောညှဉ်းဆဲခြင်း သို့မဟုတ် ရက်စက်သော ညှဉ်းပန်းနှိပ်စက်ခြင်းများ ဖြစ်သည်မှာ အမှန်မဟုတ်လော။ သည်းမခံနိုင်သော နေ့နှင့်ညများကို သင် ရင်ဆိုင်နိုင်သလော။ ယနေ့ ဤတရားစီရင်ခြင်းမှ သင်လွတ်မြောက်သောကြောင့် အနာဂတ်ညှဉ်းပန်းနှိပ်စက်ခြင်းကို သင်ထာဝရ ရှောင်လွှဲနိုင်သည်ဟု သင်ထင်သလော။ သင့်လမ်း၌ အဘယ်အရာ လာလိမ့်မည်နည်း။ သင်မျှော်လင့်သော ရှန်ဂရီလာ အမှန်ပင် ဖြစ်နိုင်သလော။ သင်သည် ယခုသင်ပြုနေသကဲ့သို့ လက်တွေ့ဘဝမှ အဝေးသို့ ပြေးရုံဖြင့်သာ နောက်နောင် ထာဝရ ပြစ်တင်ဆုံးမမှုမှ သင် လွတ်မြောက်နိုင်သည်ဟု ထင်သလော။ ယနေ့ပြီးနောက် ဤအခွင့်အလမ်းမျိုးနှင့် ဤကောင်းချီးမင်္ဂလာမျိုး နောက်တဖန် သင်ရှာတွေ့နိုင်လိမ့်ဦးမည်လော။ သင့်အပေါ် ဘေးဥပဒ်ကျရောက်သောအခါ ၎င်းတို့ကို သင်ရှာတွေ့နိုင်လိမ့်မည်လော။ လူသားမျိုးနွယ်အားလုံး ချမ်းသာထဲသို့ ဝင်ရောက်သောအခါ ၎င်းတို့ကို သင်ရှာတွေ့နိုင်လိမ့်မည်လော။ သင်၏ လက်ရှိပျော်ရွှင်သောဘဝနှင့် သဟဇာတဖြစ်သော သင့်မိသားစုငယ်လေး— ၎င်းတို့က သင်၏အနာဂတ် ထာဝရ ပန်းတိုင်ကို အစားထိုးနိုင်သလော။ သင့်အနေဖြင့် စစ်မှန်သော ယုံကြည်ခြင်း ရှိလျှင်၊ သင်၏ ယုံကြည်ခြင်းအားဖြင့် ကြီးစွာ ရရှိလျှင် ထိုအရာအားလုံးသည်— အဖန်ဆင်းခံ

သတ္တဝါတစ်ခုဖြစ်သော— သင်ရရှိသင့်သည့် အရာဖြစ်ပြီး ကနဦးကတည်းက သင်၌ ရှိခဲ့သင့်သော အရာလည်း ဖြစ်သည်။ သင်၏ယုံကြည်ခြင်းနှင့်ဘဝအတွက် မည်သည့်အရာမျှ ဤသိမ်းပိုက်ခြင်းမျိုးထက် သာ၍အကျိုးမပြုပေ။

ယနေ့ သိမ်းပိုက်ခြင်းခံရသူတို့အား ဘုရားသခင် တောင်းဆိုသောအရာ မည်သည့်အရာဖြစ်သည်၊ စုံလင်စေခြင်းခံရသူတို့အပေါ် သူ၏ စိတ်သဘောထား မည်သို့ရှိသည်နှင့် လက်ရှိအချိန်တွင် သင်အဘယ်အရာအတွင်းသို့ ဝင်ရောက်သင့်သည် ဆိုသည်တို့ကို သင်နားလည်ရန် လိုသည်။ အချို့အရာများကို သင်အနည်းငယ်သာ နားလည်ရန် လိုသည်။ ဘုရားသခင်၏ နက်နဲမှုများအပေါ် ဟောပြောချက် အချို့ကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးရန် မလိုပေ။ ၎င်းတို့သည် အသက်အတွက် များစွာ အထောက်အကူမပြုဘဲ ၎င်းတို့အား တစ်ချက် ကြည့်ရန်သာ လိုအပ်၏။ အာဒံနှင့် ဧဝတို့၏ နက်နဲမှု ကဲ့သို့သော နက်နဲသောအရာများကို- ထိုစဉ်က အာဒံနှင့် ဧဝတို့၏ရည်ရွယ်ချက်မှာ မည်သည့်အရာဖြစ်သည်နှင့် ယနေ့ ဘုရားသခင် ပြုလုပ်လိုသည့်အလုပ်က မည်သည့်အရာဖြစ်သည်ကို— သင်ဖတ်နိုင်သည်။ လူသားကို သိမ်းပိုက်ခြင်းနှင့် စုံလင်စေခြင်းတို့တွင် ဘုရားသခင်က လူသားကို အာဒံနှင့် ဧဝတို့ ရှိခဲ့ကြသည့် ပုံစံသို့ ပြန်သွားစေချင်ကြောင်း သင်နားလည်ရန် လိုသည်။ ဘုရားသခင်၏စံများကိုမီရန် ရရှိရမည့် စုံလင်ခြင်း အဆင့်ကို သင်၏စိတ်နှလုံးတွင် ကောင်းစွာသိသင့်ပြီး၊ ၎င်းနောက် ယင်းကိုရရှိရန် သင်ကြိုးစားရမည်။ ဤသည်မှာ သင်၏ လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဆက်စပ်နေပြီး သင် နားလည်သဘောပေါက်သင့်သည့် အရာဖြစ်သည်။ ဤကိစ္စရပ်များအပေါ် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်အညီ ဝင်ရောက်ရေးအတွက် သင်ကြိုးစားပါက လုံလောက်ပေသည်။ “လူသားမျိုးနွယ်၏ သမိုင်းတိုးတက်မှုက နှစ်ပေါင်း သောင်းနှင့်ချီပြီး ကြာရှည်သည်”ဟု သင်ဖတ်ရသောအခါ သင် စူးစမ်းချင်လာသည်၊ ထို့ကြောင့် ညီအစ်ကို မောင်နှမများနှင့် ထိုအရာကို သဘောပေါက်နားလည်ဖို့ သင်ကြိုးစားသည်။ “လူသားမျိုးနွယ်၏ တိုးတက်မှုက နှစ်ခြောက်ထောင် ခြေရာကောက်နိုင်သည်ဟု ဘုရားသခင် ပြောသည် မဟုတ်လော။ ဤနှစ်သောင်းချီဆိုသည့် အကြောင်းက အဘယ်နည်း။” ဤမေးခွန်းကို နားလည်ဖို့ ကြိုးစားခြင်းသည် အဘယ်သို့အသုံးဝင်သနည်း။ ဘုရားသခင် ကိုယ်တော်တိုင် နှစ်သောင်းချီ သို့မဟုတ် နှစ်သန်းပေါင်းရာချီပြီး အလုပ်လုပ်နေခဲ့သည်ဖြစ်စေ— ဤအရာကို သင်သိရန် သူလိုမည်လော။ ဤအရာသည် ဖန်ဆင်းခံတစ်ဦး ဖြစ်သည့် သင့်အနေနှင့် သိဖို့ လိုသောအရာ မဟုတ်ပေ။ ဤကဲ့သို့သော ပြောဆိုမှုမျိုးကို သင့်ကိုယ်သင် ခဏတာ စဉ်းစားခွင့်ပြုရန်သာ လိုအပ်ပြီး၊ ယင်းသည် ရူပါရုံတစ်ခုအလား ထိုအရာကို နားလည်ဖို့ မကြိုးစားလေနှင့်။

အဘယ်အရာအတွင်းသို့ သင်ဝင်ရောက်သင့်သည် ဆိုသည့်အရာနှင့် ယနေ့ နားလည်သင့်သည့်အရာကို သင်သိရန် လိုသည်။ ထို့နောက် ယင်းကို ခိုင်မာစွာ နားလည်သဘောပေါက်ရန် လိုသည်။ ထိုအခါမှသာ သင်သည် သိမ်းပိုက်ခံရလိမ့်မည်။ အထက်ပါအကြောင်းအရာကို ဖတ်ရှုပြီးနောက်တွင် သင်၌ သာမန် တုန့်ပြန်မှုရှိသင့်သည်၊ ဘုရားသခင်သည် စိုးရိမ်ပူပန်မှုဖြင့် တောက်လောင် နေ၏။ သူသည် ကျွန်ုပ်တို့အား သိမ်းပိုက်လိုပြီး ဘုန်းအသရေနှင့် သက်သေကို ရလိုသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် သူနှင့်အတူ မည်သို့ ပူပေါင်းလုပ်ဆောင်သင့်သနည်း။ သူ့အားဖြင့် လုံးလုံးသိမ်းပိုက်ခံရပြီး သူ၏ သက်သေဖြစ်လာဖို့ရန် ကျွန်ုပ်တို့ မည်သည့်အရာကို လုပ်ဆောင်ရမည်နည်း။ ဘုရားသခင်ကို ဘုန်းအသရေရစေရန် ကျွန်ုပ်တို့ မည်သည့်အရာ လုပ်ဆောင်ရမည်နည်း။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ဘုရားသခင်၏ အုပ်စိုးမှုအောက်၌ အသက်ရှင်ပြီး စာတန်၏ အုပ်စိုးမှုအောက် အသက်မရှင်စေဖို့ရန် မည်သည့်အရာ လုပ်ဆောင်ရမည်နည်း။ ဤသည်မှာ လူတို့ စဉ်းစားနေသင့်သော အရာဖြစ်သည်။ သင်တို့တစ်ဦးစီတိုင်းသည် ဘုရားသခင်၏ သိမ်းပိုက်ခြင်း၏ အရေးပါမှုအပေါ် ရှင်းရှင်းလင်းလင်း ဖြစ်သင့်သည်။ ယင်းမှာ သင်တို့၏ တာဝန်ဖြစ်၏။ ဤရှင်းလင်းပြတ်သားမှုကို ရရှိပြီးနောက်မှသာ သင်တို့ ဝင်ခွင့်ရလိမ့်မည်၊ အလုပ်၏ဤအဆင့်ကို သင်တို့သိလိမ့်မည်ဖြစ်ပြီး သင်တို့သည် လုံးလုံးနာခံမှု ရှိလာလိမ့်မည်ဖြစ်သည်။ သို့မဟုတ်လျှင်၊ စစ်မှန်သော နာခံမှုကို သင်တို့ ရရှိမည်မဟုတ်ပေ။

## သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းသမ္မာတရား (၂)

သင်တို့သည် ရှင်ဘုရင်များကဲ့သို့ အုပ်စိုးဖို့ ကြိုးစားလေ့ရှိခဲ့ကြပြီး ဤအရာကို ယနေ့ လုံးလုံးလျားလျား လက်မလွှတ်နိုင်ကြသေးပေ။ ကောင်းကင်ကို ကိုင်မထားပြီး ကမ္ဘာမြေကြီးကို ထောက်ခံထားဖို့ သင်သည် ရှင်ဘုရင်များကဲ့သို့ အုပ်စိုးဖို့ ဆန္ဒရှိဆဲဖြစ်၏။ ယခု ဤမေးခွန်းကို စဉ်းစားလော့- ထိုသို့သော အရည်အချင်းများကို သင် ပိုင်ဆိုင်သလော။ သင်သည် လုံးဝ အသိတရားမဲ့သည် မဟုတ်လော။ သင်တို့ရှာဖွေပြီး အာရုံစိုက်သောအရာမှာ လက်တွေ့ကျသလော။ သင်တို့သည် သာမန် လူ့သဘာဝကိုပင် မပိုင်ဆိုင်ကြပေ- ယင်းမှာ ရင်နင့်စဖွယ် ဖြစ်သည် မဟုတ်လော။ ထို့ကြောင့် ယနေ့တွင် ငါသည် သိမ်းပိုက်ခံရခြင်း၊ သက်သေခံခြင်း၊ သင်၏ အရည်အချင်းကို တိုးတက်စေခြင်းနှင့် စုံလင်စေခြင်း လမ်းကြောင်းထဲသို့ ဝင်ရောက်ခြင်းကိုသာ ပြောဆိုပြီး အခြားမည်သည့် အရာကိုမျှ မပြောဆိုပေ။ လူအချို့သည် သမ္မာတရားစစ်စစ်ကို ငြီးငွေ့ကြပြီး သာမန်လူ့သဘာဝနှင့်

လူတို့၏အရည်အချင်း တိုးတက်စေခြင်းနှင့်ဆိုင်သည့် ဤပြောဆိုချက်အားလုံးကို မြင်သည့်အခါ၊ ၎င်းတို့ တွန့်ဆုတ်ကြသည်။ သမ္မာတရားကို မချစ်သောသူတို့သည် စုံလင်စေဖို့ မလွယ်ကူပေ။ ယနေ့ သင်တို့ ဝင်ရောက်ပြီး ဘုရားသခင်၏ အလိုအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သရွေ့၊ သင်သည် ဖယ်ရှားသုတ်သင်ခြင်း ခံရနိုင်မည်လော။ ဘုရားသခင်သည် တရစပ်ပြည်မတွင် အလွန် များလှစွာသော အမှုကို- ကြီးမားသည့် အတိုင်းအတာဖြင့်- လုပ်ဆောင်ပြီးသည့်နောက်တွင်၊ ပြီးလျှင်သူသည် နှုတ်ကပတ်တော်များစွာ ပြောဆိုပြီးချိန်တွင်၊ လမ်းတစ်ဝက်၌ သူသည် လက်လျှော့နိုင်မည်လော။ သူသည် လူတို့ကို အနက်ဆုံးသော တွင်းထဲသို့ ဦးဆောင်နိုင်မည်လော။ ယနေ့တွင် အရေးကြီးသော အချက်မှာ သင်သည် လူသား၏အနှစ်သာရကို သိရှိရမည် ဖြစ်ပြီး၊ မည်သည့်အရာထဲသို့ သင်တို့ ဝင်ရောက်ရမည်ကို သိရမည် ဖြစ်သည်။ သင်သည် အသက်ထဲသို့ ဝင်ရောက်ခြင်းနှင့် စိတ်သဘောထား၌ အပြောင်းအလဲများ၊ မည်သို့ အမှန်တကယ် သိမ်းပိုက်ခံရမည် ဆိုသည်နှင့်၊ မည်သို့ဘုရားသခင်ကို အပြည့်အဝ နာခံရမည်၊ ဘုရားသခင်အဖို့ နောက်ဆုံး သက်သေခံချက်ကို မည်သို့ ပြုရမည်ဆိုသည်နှင့် သေသည်အထိ နာခံမှုကို မည်သို့ စွမ်းဆောင်ရရှိရမည်ဆိုသည်တို့ကို သိရှိရမည် ဖြစ်သည်။ သင်သည် ဤအရာများအပေါ် အာရုံစိုက်ရမည်ဖြစ်ပြီး၊ လက်တွေ့မကျသည့်အရာ သို့မဟုတ် အရေးမပါသော အရာကို ပထမဦးစွာ ဘေးဖယ်ကာ လျစ်လျူရှုရမည် ဖြစ်သည်။ ယနေ့တွင် သင့်အနေဖြင့် မည်သို့ သိမ်းပိုက်ခံရမည်ဆိုသည်နှင့် သိမ်းပိုက် ခံရပြီးနောက် လူတို့အနေဖြင့် မည်သို့ ပြုမူနေထိုင်ကြသည်ကို သိသင့်သည်။ သင့်အနေဖြင့် သိမ်းပိုက်ခံရပြီး ဖြစ်သည်ဟု ပြောကောင်း ပြောနိုင်သော်လည်း၊ သေသည်အထိ သင် နာခံနိုင်ပါသလော။ အလားအလာများ တစ်ခုတစ်လေ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ တကယ့်အဆုံးထိ သင် လိုက်နာနိုင်ရမည် ဖြစ်ပြီး ပတ်ဝန်းကျင်ကို ပဓာနမထားဘဲ၊ ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်းကို မဆုံးရှုံးရ။ နောက်ဆုံးတွင်၊ သက်သေခံချက်နှင့်ဆိုင်သည့် ရှုထောင့်နှစ်ခုကို သင် စွမ်းဆောင်ရရှိရမည်- ယောဘ၏ သက်သေခံချက်- သေသည်အထိ နာခံခြင်းနှင့်၊ ပေတရု၏ သက်သေခံချက်- ဘုရားသခင်ကို အထွတ်အထိပ် ချစ်ခြင်းတို့ ဖြစ်သည်။ ရှုထောင့် တစ်ခုအနေဖြင့်၊ သင်သည် ယောဘကဲ့သို့ ဖြစ်ရမည်- သူသည် ရုပ်ဝတ္ထုပိုင်ဆိုင်မှု အားလုံးကို ဆုံးရှုံးသွားခဲ့ပြီး၊ အသွေးအသား နာကျင်မှုဖြင့် ဝန်းရံဖိစီးခြင်း ခံခဲ့ရသော်လည်း ယေဟောဝါ၏ အမည်နာမကို မစွန့်လွှတ်ခဲ့ပေ။ ဤသည်မှာ ယောဘ၏ သက်သေခံချက် ဖြစ်သည်။ ပေတရုသည် ဘုရားသခင်ကို သေသည့်တိုင်အောင် ချစ်နိုင်ခဲ့သည်။ သူသည် ကားစင်တင်ခံရပြီး သူ၏ သေခြင်းကို ရင်ဆိုင်ခဲ့ရချိန်တွင်၊ ဘုရားသခင်ကို သူ ချစ်ဆဲ ဖြစ်သည်။ သူ၏ကိုယ်ပိုင်ရှေ့ရေးကို

မစဉ်းစားခဲ့၊ သို့မဟုတ် နှစ်သက်ဖွယ် မျှော်လင့်ချက်များ သို့မဟုတ် လွန်ကဲသော အတွေးများနောက် မလိုက်ခဲ့ဘဲ၊ ဘုရားသခင်ကို ချစ်ဖို့နှင့် ဘုရားသခင်၏ စီစဉ်မှုများအားလုံးကို လိုက်နာဖို့သာ သူကြိုးစားခဲ့သည်။ ယင်းမှာ သင့်အနေဖြင့် သက်သေခံပြီးဖြစ်သည်ဟု မမှတ်ယူမီ၊ သိမ်းပိုက်ခြင်းခံရပြီးနောက် စုံလင်စေခြင်းခံရပြီး သူတစ်ဦး ဖြစ်မလာမီ၊ သင် စွမ်းဆောင်ရရှိရမည့် စံနှုန်း ဖြစ်သည်။ ယနေ့တွင် လူတို့အနေဖြင့် ၎င်းတို့ကိုယ်တိုင်၏ အနှစ်သာရနှင့် အဆင့်အတန်းကို အမှန်တကယ် သိခဲ့ကြပါက၊ ၎င်းတို့သည် ရှေ့ရေးနှင့် မျှော်လင့်ချက်များကို ရှာဖွေကြဦးမည်လော။ သင် သိထားသင့်သည်မှာ ဤအရာဖြစ်သည်- ဘုရားသခင်က ကျွန်ုပ်ကို စုံလင်စေသည်ဖြစ်စေ၊ စုံလင်စေခြင်း မပြုသည်ဖြစ်စေ ဘုရားသခင် နောက်ကို ကျွန်ုပ် လိုက်ရမည်။ ယခု ဘုရားသခင် လုပ်ဆောင်သော အရာတိုင်းသည် ကောင်းမြတ်ပြီး ကျွန်ုပ်အတွက် လုပ်ဆောင်ခြင်း ဖြစ်ကာ ကျွန်ုပ်တို့၏ စိတ်သဘောထား ပြောင်းလဲနိုင်ဖို့အလို့ငှာနှင့် စာတန်၏ စွမ်းအားမှ မိမိကိုယ်ကိုယ် ဖယ်ရှားနိုင်ဖို့အလို့ငှာ၊ ညစ်ညမ်းသောမြေတွင် ကျွန်ုပ်တို့ မွေးဖွားစေသော်လည်း၊ မစင်ကြယ်မှုမှ မိမိကိုယ်ကိုယ် ဖယ်ရှားခွင့်ပေးဖို့၊ ညစ်ညူးမှုနှင့် စာတန်၏ စွမ်းအားကို ခါချပြီး ချန်ထားစေနိုင်ဖို့ ဖြစ်သည်။ ဟုတ်ပေ၏၊ ဤသည်မှာ သင်နှင့်သက်ဆိုင်၍ လိုအပ်သောအရာ ဖြစ်သော်လည်း ဘုရားသခင်အတွက်မှာ ယင်းသည် သိမ်းပိုက်ခြင်းမျှသာ ဖြစ်ပြီး၊ လူတို့အနေဖြင့် ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှု အားလုံးကို လိုက်နာကာ ကျိုးနွံနာခံရန် စိတ်ဆုံးဖြတ်ချက် ရှိကြဖို့အလို့ငှာ လုပ်ဆောင်ခြင်း ဖြစ်သည်။ ဤနည်းဖြင့် အမှုအရာများ အထမြောက်လိမ့်မည် ဖြစ်သည်။ ယနေ့တွင် လူအများစုသည် သိမ်းပိုက်ခံရနှင့်ပြီး ဖြစ်သော်လည်း၊ ၎င်းတို့အတွင်းတွင် ပုန်ကန်လိုပြီး မနာခံသော အရာများစွာ ရှိနေဆဲဖြစ်၏။ လူတို့၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှုသည် အလွန် သေးငယ်ဆဲဖြစ်ပြီး၊ မျှော်လင့်ချက်များနှင့် အလားအလာများ ရှိမှသာ ၎င်းတို့သည် အားမာန်အပြည့် ဖြစ်လာနိုင်ကြပေသည်။ မျှော်လင့်ချက်များနှင့် အလားအလာများ ကင်းမဲ့ပါက၊ ၎င်းတို့သည် အပျက်သဘောဆောင်လာကြပြီး ဘုရားသခင်ကို စွန့်ရန်ပင် စဉ်းစားကြ၏။ ထို့အပြင် လူတို့သည် သာမန် လူ့သဘောသဘာဝကို အသက်ရှင်နေထိုင်ဖို့ ကြိုးစားရန် ကြီးမားသည့် ဆန္ဒမရှိကြပေ။ ဤသည်မှာ လက်မခံနိုင်ဖွယ် ဖြစ်သည်။ ထို့ကြောင့် သိမ်းပိုက်ခြင်း အကြောင်းကို ငါပြောဆိုရဦးမည်။ အမှန်တွင် စုံလင်ခြင်းသည် သိမ်းပိုက်ခြင်းနှင့် တစ်ချိန်တည်းတွင် ဖြစ်ပွား၏- သင့်အနေဖြင့် သိမ်းပိုက်ခံရသည်နှင့်အမျှ၊ စုံလင်စေခြင်းခံရခြင်း၏ ပထမဦးဆုံးသော အကျိုးတရားများကိုလည်း စွမ်းဆောင်ရရှိပေသည်။ သိမ်းပိုက်ခံရခြင်းနှင့် စုံလင်စေခြင်းခံရခြင်းတို့ကြား ခြားနားချက်

တစ်ခုရှိသည့်နေရာတွင်၊ ယင်းမှာ လူတို့အထဲရှိ ပြောင်းလဲခြင်း အဆင့်နှင့်အညီ ဖြစ်သည်။ သိမ်းပိုက်ခံရခြင်းသည် စုံလင်စေခြင်း ခံရခြင်း၏ ပထမအဆင့်ဖြစ်ပြီး ၎င်းတို့ လုံးဝ စုံလင်စေခြင်း ခံရပြီးဖြစ်သည်ဟု မဆိုလိုသကဲ့သို့၊ ၎င်းတို့ကို ဘုရားသခင်က လုံးဝ ရယူပြီးဖြစ်သည်ဟုလည်း သက်သေမပြပေ။ လူတို့ သိမ်းပိုက်ခံရပြီးသည့်နောက်တွင်၊ ၎င်းတို့၏ စိတ်သဘောထားထဲတွင် ပြောင်းလဲမှု အချို့ ရှိသော်လည်း၊ ထိုသို့သော ပြောင်းလဲမှုများသည် ဘုရားသခင်က လုံးဝ ရယူပြီးဖြစ်သည့် လူတို့အထဲရှိ ပြောင်းလဲမှုများနှင့် အလွန် အလှမ်းဝေးပေသည်။ ယနေ့တွင် လုပ်ဆောင်ပြီးသည့်အရာမှာ လူတို့ကို စုံလင်စေခြင်း၏ ကနဦး အမှု- ၎င်းတို့ကို သိမ်းပိုက်ခြင်း- ဖြစ်ပြီး၊ သင့်အနေဖြင့် သိမ်းပိုက်ခံရခြင်းကို စွမ်းဆောင်မရရှိနိုင်ပါက၊ ဘုရားသခင်၏ စုံလင်စေခြင်းခံရခြင်းနှင့် လုံးဝ ရယူခြင်းတို့ကို မည်သည့်နည်းနှင့်မျှ ခံရလိမ့်မည် မဟုတ်ပေ။ သင့်အနေဖြင့် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း နှုတ်ကပတ်တော် အနည်းငယ်မျှသာ ရရှိလိမ့်မည်၊ သို့သော် ယင်းတို့သည် သင်၏ စိတ်နှလုံးကို အပြည့်အဝ ပြောင်းလဲနိုင်စွမ်း ရှိမည် မဟုတ်ပေ။ ထို့ကြောင့် သင်သည် သုတ်သင်ပယ်ရှင်းခံရသူများထဲမှ တစ်ဦး ဖြစ်လိမ့်မည်။ ယင်းမှာ စားပွဲပေါ်က ခမ်းနားသည့် စားတော်ပွဲကိုသာ မြင်ရပြီး မစားမသောက်ရခြင်းနှင့် ခြားနားလိမ့်မည် မဟုတ်ပေ။ ယင်းမှာ သင့်အတွက် ဝမ်းနည်းဖွယ် ဖြစ်ရပ်တစ်ခု မဟုတ်လော။ ထို့ကြောင့် သင့်အနေဖြင့် ပြောင်းလဲမှုများကို ရှာဖွေရမည်- သိမ်းပိုက်ခံရခြင်းဖြစ်စေ၊ စုံလင်စေခြင်း ခံရခြင်းဖြစ်စေ၊ နှစ်ခုလုံးသည် သင့်အထဲ၌ ပြောင်းလဲမှုများ ရှိသည် မရှိသည်ဆိုသည်နှင့်၊ သင်သည် နာခံခြင်း ရှိ မရှိဆိုသည်တို့နှင့် ဆက်နွယ်ပြီး၊ ဤအရာက သင်သည် ဘုရားသခင်၏ ရယူခံရနိုင်ခြင်း ရှိ မရှိဆိုသည်ကို ဆုံးဖြတ် ပေးလေသည်။ “သိမ်းပိုက်ခံရခြင်း” နှင့် “စုံလင်စေခြင်း ခံရခြင်း” တို့သည် ပြောင်းလဲခြင်းနှင့် နာခံမှုတို့၏ အတိုင်းအတာအပြင်၊ ဘုရားသခင်ကို ချစ်သော သင်၏ချစ်ခြင်းမေတ္တာ မည်မျှ ဖြူစင်သည်ဆိုသည့်အပေါ် တကယ်ကို အခြေခံသည်ကို သိလော့။ ယနေ့ လိုအပ်သည်မှာ သင့်အနေဖြင့် လုံးဝ စုံလင်စေခြင်းခံရနိုင်ဖို့ ဖြစ်သော်လည်း၊ အစအဦးတွင် သင့်အနေဖြင့် သိမ်းပိုက်ခံရမည် ဖြစ်သည်- သင်၌ ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ခြင်းနှင့်ဆိုင်သည့် လုံလောက်သော အသိပညာ ရှိရမည်၊ လိုက်လျှောက်ဖို့ ယုံကြည်ခြင်းရှိရမည် ဖြစ်ပြီး၊ ပြောင်းလဲမှုကို ရှာဖွေပြီး ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာကို ရှာဖွေသောသူ ဖြစ်ရမည်။ ထိုအခါမှသာ သင့်အနေဖြင့် စုံလင်စေခြင်းခံရရန် ကြိုးစားသောသူ ဖြစ်လိမ့်မည်။ စုံလင်စေခြင်းခံရသည့် ဖြစ်စဉ်တွင် သင်သည် သိမ်းပိုက်ခံရလိမ့်မည် ဖြစ်ပြီး သိမ်းပိုက်ခံရသည့် ဖြစ်စဉ်တွင် သင်သည် စုံလင်စေခြင်းခံရလိမ့်မည် ဖြစ်သည်ကို သင်တို့ နားလည်သင့်၏။ ယနေ့တွင် သင်သည်

စုံလင်စေခြင်းခံရဖို့ ကြိုးစားနိုင်သည်၊ သို့မဟုတ် သင်၏ အပြင်ပန်း လူ့သဘာဝတွင် ပြောင်းလဲမှုများနှင့် သင်၏ အရည်အချင်း၌ တိုးတက်မှုများကို ရှာဖွေနိုင်သော်လည်း၊ အဓိက အရေးကြီးသည်မှာ ယနေ့ ဘုရားသခင် လုပ်ဆောင်သော အရာတိုင်းသည် အဓိပ္ပာယ်ရှိပြီး အကျိုးကျေးဇူးရှိသည်ကို သင် နားလည်နိုင်ဖို့ ဖြစ်သည်- ယင်းက ညစ်ညမ်းသောမြေတွင် မွေးဖွားသော သင့်အား ညစ်ညမ်းမှုမှ လွတ်မြောက်စေနိုင်ပြီး ယင်းကို ဖယ်ရှားစေနိုင်သည်၊ ယင်းက စာတန်၏ စွမ်းအားကို သင့်အား အနိုင်ယူစေနိုင်ပြီး၊ စာတန်၏ မှောင်မိုက်သော စွမ်းအားကို ချန်ထားစေနိုင်လေသည်။ ဤအရာများကို အာရုံစိုက်ခြင်းဖြင့်၊ သင်သည် ဤညစ်ညမ်းသောမြေ၌ ကွယ်ကာခံရပေသည်။ နောက်ဆုံးတွင်၊ သင်သည် မည်သည့်သက်သေကို ပေးရန် တောင်းဆိုခံရလိမ့်မည်နည်း။ သင်သည် ညစ်ညမ်းသော မြေတွင် မွေးဖွားသော်လည်း၊ မည်သည့်အခါမျှ တစ်ဖန် ညစ်ညူးမှုဖြင့် ညစ်ပေခြင်း မရှိဖို့၊ စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်သော်လည်း၊ သင့်ကိုယ်သင် စာတန်၏စွမ်းအား ကင်းမဲ့ဖို့၊ စာတန်၏ ပိုင်ဆိုင်ခြင်းမခံရသကဲ့သို့၊ နှောင့်ယှက်ခြင်းလည်း မခံရဖို့ရန်နှင့် အနန္တတန်ခိုးရှင်၏ လက်ထဲတွင် အသက်ရှင်ဖို့၊ သင်သည် သန့်ရှင်းလာနိုင်လေသည်။ ဤသည်မှာ သက်သေခံချက်နှင့် စာတန်နှင့် တိုက်ပွဲတွင် အောင်မြင်ခြင်း သက်သေဖြစ်သည်။ သင်သည် စာတန်ကို စွန့်ပစ်နိုင်သည်၊ သင် အသက်ရှင် နေထိုင်သည့်အရာတွင် စာတန်ဆန်သော စိတ်သဘောထားကို ထုတ်ဖော်မပြတော့ဘဲ၊ ယင်းအစား လူသားကို ဖန်ဆင်းချိန်တွင် ဘုရားသခင်က လူသားအား ရရှိရန် တောင်းဆိုခဲ့သည့်အရာ- ပုံမှန်လူ့သဘောသဘာဝ၊ ပုံမှန် အသိစိတ်၊ ပုံမှန် ထိုးထွင်းသိမြင်မှု၊ ဘုရားသခင်ကိုချစ်ဖို့ ပုံမှန် သန္နိဋ္ဌာန်နှင့် ဘုရားသခင်အား သစ္စာစောင့်သိခြင်းတို့ကို သင် အသက်ရှင်နေထိုင်ပေသည်။ ယင်းမှာ ဘုရားသခင်၏ အဖန်ဆင်းခံ တစ်ဦး၏ ထွက်ဆိုသည့် သက်သေခံချက် ဖြစ်သည်။ သင်က၊ "ကျွန်ုပ်တို့သည် ညစ်ညမ်းသည့်မြေတစ်ခုတွင် မွေးဖွားကြသော်လည်း၊ ဘုရားသခင်၏ ကွယ်ကာမှု၊ သူ၏ ဦးဆောင်မှုကြောင့်၊ ပြီးလျှင် ကျွန်ုပ်တို့ကို သူ သိမ်းပိုက်ပြီး ဖြစ်သောကြောင့် စာတန်၏ စွမ်းအားကို ကျွန်ုပ်တို့ ဖယ်ရှားပြီး ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့ နာခံနိုင်ကြသည်မှာလည်း ဘုရားသခင်၏ သိမ်းပိုက်ခံရခြင်း၏ အကျိုးရလဒ်ဖြစ်ပြီး ယင်းသည် ကျွန်ုပ်တို့ ကောင်းမြတ်သောကြောင့်၊ သို့မဟုတ် ဘုရားသခင်ကို ကျွန်ုပ်တို့ အလိုအလျောက် ချစ်ခဲ့သောကြောင့် မဟုတ်ပေ။ ယနေ့ ငါတို့ သိမ်းပိုက်ခံရသည်မှာ၊ သူ့အဖို့ သက်သေခံနိုင်ပြီး သူ့ကို အစေခံနိုင်သည်မှာ ဘုရားသခင်က ကျွန်ုပ်တို့ကို ရွေးချယ်ပြီး ရှေးမဆွက ခွဲခန့်မှတ်သား ထားခဲ့သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ ကယ်တင်ခံရပြီး စာတန်၏ အုပ်စိုးမှုမှ ကယ်လွှတ်ခံရပြီးဖြစ်ကာ ညစ်ညူးမှုကို ချန်ရစ်ထားနိုင်ပြီး အဆင်းနီးသော နဂါးကြီး၏

တိုင်းပြည်တွင် သန့်စင်ခံရနိုင်ကြသည်မှာလည်း သူသည် ကျွန်ုပ်တို့ကို ရွေးပြီး ကွယ်ကာခဲ့သောကြောင့် ဖြစ်သည်။” ဟု ဆိုပေသည်။ ထို့အပြင် အပြင်ပန်းအားဖြင့် သင် အသက်ရှင်နေထိုင်သောအရာက သင်သည် ပုံမှန် လူ့သဘောသဘာဝကို ပိုင်ဆိုင်သည်ကို ပြသသည်၊ သင် ပြောဆိုသည့်အရာတွင် အသိစိတ်ရှိပြီး သင်သည် ပုံမှန်လူတစ်ဦး၏ ပုံသဏ္ဌာန်အတိုင်း အသက်ရှင်နေထိုင်ပေသည်။ အခြားသူများက သင့်ကို မြင်သည့်အခါ၊ “ဤသည်မှာ အဆင်းနီသော နဂါးကြီး၏ ပုံရိပ်မဟုတ်သလော။” ဟု ၎င်းတို့ကို သင် မဆိုစေသင့်ပေ။ ညီအစ်မများ၏ အကျင့်စရိုက်က ညီအစ်မနှင့် လျော်ကန်ခြင်းမရှိ၊ ညီအစ်ကိုများ၏ အကျင့်စရိုက်က ညီအစ်ကိုနှင့် လျော်ကန်ခြင်း မရှိသကဲ့သို့၊ သင်သည် သန့်ရှင်းသူတို့၏ တင့်တယ်လျောက်ပတ်သော အကျင့်စရိုက်များ တစ်ခုမျှ မရှိပေ။ ထိုအခါ လူတို့က၊ “ဘုရားသခင်က သူတို့ကို မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်သည်ဟု ဆိုသည်မှာ အံ့ဩစရာ မရှိပါ။ သူသည် လုံးဝမှန်ကန်ပေ၏။” ဟု ဆိုကြလိမ့်မည်။ အကယ်၍ လူများက သင့်ကို ကြည့်ပြီး၊ “ဘုရားသခင်က သင်တို့ကို မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်သည်ဟု ဆိုသော်လည်း၊ သင်တို့ အသက်ရှင်နေထိုင်နေသည့်အရာက သင်တို့သည် စာတန်၏ စွမ်းအားကို နောက်ချန်ထားပြီးဖြစ်သည်ကို သက်သေပြသည်။ ထိုအရာများက သင်တို့အထဲတွင် ရှိနေဆဲဖြစ်သော်လည်း၊ သင်တို့သည် ၎င်းတို့ကို ကျော်ခိုင်းနိုင်သည်၊ ဤအရာက သင်တို့သည် လုံးဝသိမ်းပိုက်ခံရပြီး ဖြစ်သည်ကို ပြသည်။”ဟု ဆိုပါက၊ သိမ်းပိုက်ခြင်းခံရပြီး ကယ်တင်ခြင်းခံရသော သင်တို့က၊ “ကျွန်ုပ်တို့သည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်သည်မှာ မှန်သော်လည်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကယ်တင်ခံရပြီး ဖြစ်သည်၊ မောဘ၏ သားစဉ်မြေးဆက်များသည် အတိတ်က စွန့်ပစ်ခံခဲ့ရကာ ကျိန်ခြင်းခံခဲ့ရပြီး၊ တစ်ပါးအမျိုးသားတို့အလယ်တွင် ဣသရေလလူမျိုးများ၏ နယ်နှင်ဒဏ်ပေးခြင်းခံခဲ့ရသော်လည်း၊ ယနေ့ ကျွန်ုပ်တို့ကို ဘုရားသခင် ကယ်တင်ခဲ့လေသည်။ လူအားလုံးထဲတွင် ကျွန်ုပ်တို့သည် ဖောက်ပြန်ပျက်စီးဆုံးဖြစ်ကြသည်မှာ မှန်ပေသည်- ဤအရာကို ဘုရားသခင်က အမိန့်ပေးထားခြင်းဖြစ်သည်၊ ဤသည်မှာ အမှန်တရား ဖြစ်ပြီး အားလုံး ငြင်းမရသောအရာ ဖြစ်သည်။ သို့သော် ယနေ့တွင် ထိုလွှမ်းမိုးမှုမှ ကျွန်ုပ်တို့ လွတ်မြောက်ပြီး ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘိုးဘေးများကို မုန်းတီးစက်ဆုပ်ကြပြီး ဘုရားသခင်၏ အလိုအတိုင်း ဆောင်ရွက်ရင်းနှင့် ကျွန်ုပ်တို့နှင့်ဆိုင်သည့် သူ၏ သတ်မှတ်ချက်များကို စွမ်းဆောင်ရရှိရင်း၊ ပြီးလျှင် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းခြင်းအား ရရှိရင်း၊ ကျွန်ုပ်တို့ ဘိုးဘေးများကို ကျော်ခိုင်းစွန့်ခွာဖို့၊ လုံးဝ စွန့်ပစ်ဖို့နှင့် ဘုရားသခင်၏ အစီအစဉ်များ အားလုံးကို လိုက်နာဖို့ လိုလိုလားလား ရှိကြသည်။ မောဘသည်

ဘုရားသခင်ကို သစ္စာဖောက်ခဲ့ပါသည်၊ ဘုရားသခင်၏ အလိုအတိုင်း သူမဆောင်ရွက်ခဲ့သကဲ့သို့ ဘုရားသခင်၏ မုန်းတီးခြင်းကို ခံခဲ့ရသည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏ စိတ်နှလုံးကို ဂရုစိုက်ရမည် ဖြစ်ပြီး ယနေ့တွင် ဘုရားသခင်၏ အလိုကို ကျွန်ုပ်တို့ နားလည်သည့်အတွက်၊ ဘုရားသခင်ကို ကျွန်ုပ်တို့ သစ္စာမဖောက်နိုင်သကဲ့သို့ ကျွန်ုပ်တို့၏ ဘိုးဘေးဟောင်းများကို စွန့်ပယ်ရမည် ဖြစ်သည်။" ဟု ဆိုမည် ဖြစ်သည်။ ယခင်က အဆင်းနီသော နဂါးကြီးကို စွန့်ပယ်ဖို့အကြောင်း ငါပြောခဲ့ပြီး၊ ယနေ့တွင် အဓိကမှာ လူတို့၏ဘိုးဘေးဟောင်းများကို စွန့်ပယ်ခြင်း အကြောင်း ဖြစ်သည်။ ဤသည်မှာ လူတို့ သိမ်းပိုက်ခြင်း၏ သက်သေခံချက် တစ်ခုဖြစ်ပြီး ယနေ့ သင် မည်သို့ ဝင်ရောက်သည် ဖြစ်စေ၊ ဤကဏ္ဍ၌ သင်၏သက်သေခံချက် ချို့တဲ့မနေရ။

လူတို့၏ အရည်အချင်းက ညံ့ဖျင်းလွန်းလှပြီး ၎င်းတို့သည် ပုံမှန် လူ့သဘာဝ အလွန်ကင်းမဲ့သည်၊ ၎င်းတို့၏ တုန့်ပြန်မှုမှာ နှေးကွေးလွန်းပြီး လေးလံလွန်းလှပေသည်၊ စာတန်၏ ဖောက်ပြန်ပျက်စီးခြင်းသည် ၎င်းတို့ကို ထုံကာ ထိုင်းမှိုင်းသွားစေပြီး ၎င်းတို့အနေဖြင့် တစ်နှစ်၊ နှစ်နှစ်အတွင်း အပြည့်အဝ မပြောင်းလဲနိုင်သော်လည်း၊ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ဆုံးဖြတ်ချက် ရှိရပေမည်။ ဤသည်မှာလည်း စာတန်ရှေ့တွင် သက်သေခံချက်တစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ယနေ့ သက်သေခံချက်မှာ လက်ရှိ သိမ်းပိုက်ခြင်း အမှုအားဖြင့် စွမ်းဆောင်ရရှိသည့် ရလဒ် ဖြစ်သည့်အပြင်၊ အနာဂတ် နောက်လိုက်များအတွက် နမူနာနှင့် စံပုံစံတစ်ခု ဖြစ်သည်။ အနာဂတ်တွင်၊ ယင်းသည် တိုင်းနိုင်ငံ အားလုံးသို့ ပျံ့နှံ့သွားမည် ဖြစ်သည်။ တရုတ်ပြည်တွင် လုပ်ဆောင်နေသော အမှုသည် တိုင်းနိုင်ငံများ အားလုံးသို့ ပျံ့နှံ့သွားလိမ့်မည်။ မောဘ၏ သားစဉ်မြေးဆက်များသည် ကမ္ဘာ့ လူမျိုးအားလုံးထဲမှ အနိမ့်ကျဆုံး ဖြစ်သည်။ လူအချို့က၊ "ဟာမ၏ သားစဉ်မြေးဆက်များက အနိမ့်ကျဆုံး ဖြစ်သည်မဟုတ်လော။" ဟု မေးကြသည်။ အဆင်းနီသော နဂါးကြီး၏ သားသမီးနှင့် ဟာမ၏ သားစဉ်မြေးဆက်တို့သည် ကွဲပြားသော ကိုယ်စားပြု အရေးပါမှုများ ရှိကြပြီး ဟာမ၏ သားစဉ်မြေးဆက်များက ကွဲပြားသော အကြောင်းအရာ တစ်ခု ဖြစ်သည်။ ၎င်းတို့ မည်သို့ ကျိန်ခြင်းခံရသည်ဖြစ်စေ၊ ၎င်းတို့သည် နောဧ၏ သားစဉ်မြေးဆက်များ ဖြစ်ကြဆဲ ဖြစ်သည်။ ထိုအတောအတွင်းတွင် မောဘ၏ ဇာစ်မြစ်များက မသန့်စင်ပေ။ မောဘသည် လိင်ကိစ္စ မှောက်မှားခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး ဤအရာ၌ ခြားနားမှု ရှိပေသည်။ နှစ်ဦးလုံး ကျိန်ခြင်းခံခဲ့ရသော်လည်း၊ ၎င်းတို့၏ အဆင့်အတန်းများ မတူညီကြပေ။ ထို့ကြောင့် မောဘ၏ သားစဉ် မြေးဆက်တို့သည် လူအားလုံးထဲတွင် အနိမ့်ကျဆုံး ဖြစ်သည်- ပြီးလျှင် လူများအားလုံးထဲမှ အနိမ့်ကျဆုံး လူတို့ကို သိမ်းပိုက်ခြင်းထက် သာ၍ ဘဝင်ကျစရာ အချက်

ရှိနိုင်မည် မဟုတ်ပေ။ နောက်ဆုံးသောကာလ၏ အမှုသည် စည်းမျဉ်းအားလုံးကို ချိုးဖောက်ပြီး သင်သည် ကျိန်ခြင်းခံရသည်ဖြစ်စေ အပြစ်ပေးခြင်း ခံရသည်ဖြစ်စေ၊ ငါ၏အမှုကို သင် ကူညီပြီး၊ ယနေ့သိမ်းပိုက်ခြင်း အမှုအတွက် အကျိုးရှိသရွေ့ ပြီးလျှင် သင်သည် မောဘ၏ သားစဉ်မြေးဆက်တစ်ဦး သို့မဟုတ် အဆင်းနီသော နဂါးကြီး၏ သားသမီး ဖြစ်သည်ဖြစ်စေ၊ အမှု၏ ဤအဆင့်တွင် ဘုရားသခင်၏ ဖန်ဆင်းခံတစ်ဦး၏ တာဝန်ကို သင် ဆောင်ရွက်ကာ သင် တတ်နိုင်သမျှ အကောင်းဆုံး လုပ်ဆောင်သရွေ့ ထိုက်သင့်သော အကျိုးကို ရရှိလိမ့်မည် ဖြစ်သည်။ သင်သည် အဆင်းနီသော နဂါးကြီး၏ သားသမီးဖြစ်ပြီး မောဘ၏ သားစဉ်မြေးဆက် ဖြစ်၏။ အချုပ်အားဖြင့် အသွေးအသားရှိသူ အားလုံးသည် ဘုရားသခင်၏ ဖန်ဆင်းခံများဖြစ်ကြပြီး ဖန်ဆင်းရှင်က ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ သင်သည် ဘုရားသခင်၏ ဖန်ဆင်းခံတစ်ဦး ဖြစ်သည်၊ သင်သည် မည်သည့် ရွေးချယ်စရာမျှ မရှိသင့်သကဲ့သို့ ဤသည်မှာ သင်၏တာဝန် ဖြစ်သည်။ ဟုတ်ပေ၏၊ ယနေ့တွင် ဖန်ဆင်းရှင်၏ အမှုကို စကြဝဠာတစ်ခွင်လုံးတွင် ညွှန်ကြား ထားပေသည်။ သင်သည် မည်သူ့ထံမှ ဆင်းသက်လာသည်ဖြစ်စေ၊ အားလုံးအထက်တွင် သင်သည် ဘုရားသခင်၏ အဖန်ဆင်းခံများထဲမှ တစ်ဦးဖြစ်သည်၊ မောဘ၏ သားစဉ်မြေးဆက်များဖြစ်သည့် သင်တို့သည် ဘုရားသခင်၏ အဖန်ဆင်းခံများ၏ အစိတ်အပိုင်း ဖြစ်ပေသည်၊ တစ်ခုတည်းသော ကွာခြားချက်မှာ သင်တို့သည် တန်ဖိုးသာ၍နည်းသည်ဟူသော အချက်သာ ဖြစ်သည်။ ယနေ့တွင် ဘုရားသခင်၏ အမှုသည် ဖန်ဆင်းခံ အားလုံးအလယ်တွင် ဆောင်ရွက်ပြီး စကြဝဠာ တစ်ခွင်လုံးသို့ ရည်ရွယ်ထားသည့်အတွက်၊ ဖန်းဆင်ရှင်သည် သူ၏ အမှုကို လုပ်ဆောင်ရန် မည်သူတို့ကိုမဆို၊ မည်သည့် ကိစ္စရပ်များကိုမဆို သို့မဟုတ် မည်သည့် အမှုအရာများကိုမဆို လွတ်လပ်စွာ ရွေးချယ်နိုင်ပေသည်။ သင့်အနေဖြင့် မည်သူ့ထံမှ ဆင်းသက်ခဲ့လေ့ရှိသည်ဆိုသည်ကို သူ ဂရုမစိုက်ပေ။ သင်သည် သူ၏ ဖန်ဆင်းခံတစ်ဦးဖြစ်သရွေ့ ပြီးလျှင် သင်သည် သူ၏- သိမ်းပိုက်ခြင်းနှင့် သက်သေခံခြင်း- အမှုအဖို့ အကျိုးရှိသရွေ့ သူသည် မည်သည့် တုံ့ဆိုင်းခြင်းမျှမရှိဘဲ သူ၏အမှုကို သင့်အထဲ၌ ဆောင်ရွက်လိမ့်မည် ဖြစ်သည်။ ဤအရာက ဘုရားသခင်သည် တစ်ပါးအမျိုးသားအလယ်၊ အထူးသဖြင့် ကျိန်ခြင်းခံရကာ နိမ့်ကျသူများအလယ်တွင် မည်သည့်အခါတွင်မျှ အမှုပြုလိမ့်မည်မဟုတ်၊ ကျိန်ခြင်းခံရပြီးသော သူများအတွက်၊ ၎င်းတို့ထံမှလာသည့် အနာဂတ် မျိုးဆက်အားလုံးသည်လည်း မည်သည့် ကယ်တင်ခြင်း အခွင့်အရေးမျှ လုံးဝ မရှိဘဲနှင့် ထာဝရ ကျိန်ခြင်းခံလိမ့်မည်၊ ဘုရားသခင်သည် တစ်ပါးအမျိုးသား နယ်မြေတွင် မည်သည့်အခါတွင်မျှ ဆင်းကြွကာ အမှုပြုလိမ့်မည် မဟုတ်သကဲ့သို့ သူသည် သန့်ရှင်းသည့်အတွက်

ညစ်ညမ်းသောမြေတွင် လုံးဝ ခြေချမည် မဟုတ်ဟူသော လူတို့၏ ထုံးတမ်းအစဉ်အလာ အယူအဆများကို ချေဖျက်လေသည်။ ဤအယူအဆများအားလုံးသည် နောက်ဆုံးသောကာလတွင် ဘုရားသခင်၏အမှုအားဖြင့် ချေဖျက်ခံရပြီးဖြစ်သည်။ ဘုရားသခင်သည် ဖန်ဆင်းခံသတ္တဝါ အားလုံး၏ ဘုရားသခင် ဖြစ်သည်၊ သူသည် မိုးကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့အပေါ် အစိုးရပြီး၊ ဣသရေလလူမျိုးတို့၏ ဘုရားသခင်မျှသာ မဟုတ်သည်ကို သိလော့။ ထို့ကြောင့် တရုတ်ပြည်ထဲက ဤအမှုသည် အဆုံးစွန် အရေးပါပြီး ယင်းသည် တိုင်းနိုင်ငံအားလုံးအလယ် ပျံ့နှံ့လိမ့်မည် မဟုတ်လော။ အနာဂတ်၏ ကြီးမြတ်သော သက်သေခံချက်ကို တရုတ်ပြည်၌သာ ကန့်သတ်ထားလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် သင်တို့ကိုသာ သိမ်းပိုက်ပါက၊ နတ်ဆိုးတို့သည် လက်ခံယုံကြည်နိုင်ကြမည်လော။ သိမ်းပိုက်မှုခံရခြင်း သို့မဟုတ် ဘုရားသခင်၏ ကြီးမြတ်သည့်တန်ခိုးကို ၎င်းတို့ နားမလည်ကြသကဲ့သို့၊ စကြဝဠာ တစ်ဝှမ်းလုံး ဘုရားသခင် ရွေးချယ်ထားသော လူတို့က ဤအမှု၏ အဆုံးစွန်သော အကျိုးများကို ရှုမြင်သည့်အခါမှသာ ဖန်ဆင်းခံ သတ္တဝါအားလုံး သိမ်းပိုက်ခံရကြလိမ့်မည် ဖြစ်သည်။ မောဘ၏ သားစဉ်မြေးဆက်များထက် ခေတ်နောက်ကျန်သောသူ သို့မဟုတ် ဖောက်ပြန်ပျက်စီးသူ မည်သူမျှ မရှိပေ။ ဤလူများ သိမ်းပိုက်ခံရနိုင်မှသာ- ဖောက်ပြန်အပျက်စီးဆုံးသူများ၊ ဘုရားသခင်ကို အသိအမှတ်မပြုသူ သို့မဟုတ် ဘုရားသခင် တစ်ပါးရှိသည်ကို မယုံကြည်သောသူတို့ သိမ်းပိုက်ခံရပြီး၊ ၎င်းတို့နှုတ်များဖြင့် ဘုရားသခင်ကို အသိအမှတ်ပြုနိုင်မှသာ၊ သူ့ကို ချီးမွမ်းနိုင်ပြီး ချစ်နိုင်မှသာ- ဤသည်မှာ သိမ်းပိုက်ခြင်း၏ သက်သေခံချက် ဖြစ်လိမ့်မည်။ သင်တို့သည် ပေတရု မဟုတ်သော်လည်း၊ ပေတရု၏ အသွင်အတိုင်း အသက်ရှင်နေထိုင်ကြသည်၊ ပေတရုနှင့် ယောဘတို့၏ သက်သေခံချက်ကို ပိုင်ဆိုင်နိုင်ကြပြီး၊ ဤသည်မှာ အကြီးမားဆုံး သက်သေ ဖြစ်ပေသည်။ နောက်ဆုံးတွင် သင်က "ကျွန်ုပ်တို့သည် ဣသရေလအမျိုး မဟုတ်သော်လည်း၊ စွန့်ပစ်ခံရသည့် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်ကြပါသည်၊ ၎င်း၏အရည်အချင်းကို ကျွန်ုပ်တို့ တတ်စွမ်းနိုင်ခြင်း မရှိသည့် ပေတရု မဟုတ်ဘဲ၊ ယောဘလည်း မဟုတ်ပါ၊ ဘုရားသခင်အတွက် ဆင်းရဲဒုက္ခခံဖို့နှင့် မိမိကိုယ်ကိုယ် ဘုရားသခင်ထံ ဆက်ကပ်ဖို့ ပေါလု၏ စိတ်ဆုံးဖြတ်ချက်နှင့်ပင် ကျွန်ုပ်တို့ နှိုင်းယှဉ်၍ မရပါ၊ ပြီးလျှင် ကျွန်ုပ်တို့သည် အလွန် ခေတ်နောက်ကျကြသည်၊ ထို့ကြောင့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို မွေ့လျော်ဖို့ အရည်အချင်း မပြည့်မီကြပါ။ ယနေ့ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချီမခဲ့ဆဲ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ စိတ်ကျေနပ်စေရမည် ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် လုံလောက်သော အရည်အသွေး သို့မဟုတ်

အရည်အချင်းများ မရှိသော်လည်း၊ ဘုရားသခင်၏ အလိုကို ဖြည်ဆည်းဖို့ လိုလိုလားလား ရှိနေကြပါသည်- ဤသန္နိဋ္ဌာန် ကျွန်ုပ်တို့၌ ရှိသည်။ ကျွန်ုပ်တို့သည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်ကြပြီး ကျိန်ခြင်းခံခဲ့ရပါသည်။ ဤသည်မှာ ဘုရားသခင်က အမိန့်ပေးထားခဲ့ခြင်း ဖြစ်ကာ ကျွန်ုပ်တို့ ပြောင်းလဲနိုင်စွမ်း မရှိပါ၊ သို့သော် ကျွန်ုပ်တို့၏ အသက်ရှင်နေထိုင်ခြင်းနှင့် ကျွန်ုပ်တို့၏ အသိပညာတို့က ပြောင်းလဲနိုင်ပြီး ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းဖို့ ကျွန်ုပ်တို့ သန္နိဋ္ဌာန် ချထားကြပါသည်။" ဟု ဆိုလိမ့်မည်။ သင်၌ ဤသန္နိဋ္ဌာန် ရှိသောအခါ၊ ယင်းက သင်သည် သိမ်းပိုက်ခံခဲ့ခြင်း အဖြစ်ကို သက်သေခံခဲ့ပြီးဖြစ်ကြောင်း သက်သေပြပေလိမ့်မည်။

## သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းသမ္မာတရား (၃)

သိမ်းပိုက်ခြင်းအလုပ်၏ ရည်ရွယ်ထားသည့် ရလဒ်မှာ အဖြစ်ချင်ဆုံး အနေဖြင့်၊ လူသား၏ ဇာတိပကတိအနေဖြင့် နောက်ထပ် မပုန်ကန်တော့ဖို့ အတွက် ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်နှင့်သက်ဆိုင်သည့် အသစ်သော အသိပညာကို လူ့စိတ်က ရရှိရန်အတွက်၊ လူ၏စိတ်နှလုံးက ဘုရားသခင်ကို လုံးလုံးလျားလျား နာခံရန်အတွက် ဖြစ်ပြီး၊ လူသားအနေဖြင့် ဘုရားသခင်အတွက်ဖြစ်ဖို့ ဆန္ဒပြင်းပြရန်အတွက် ဖြစ်သည်။ လူတို့သည် ၎င်းတို့၏ပင်ကိုစရိုက်၊ သို့မဟုတ် ဇာတိပကတိ ပြောင်းလဲသည့်အခါ၊ သိမ်းပိုက်ခံရခြင်းအဖြစ် မယူဆကြပေ။ လူသား၏ အတွေး၊ လူသား၏အသိဉာဏ်နှင့် အသိစိတ်တို့ပြောင်းလဲသောအခါ၊ ဆိုလိုသည်မှာ သင်၏စိတ်ပိုင်းဆိုင်ရာ သဘောထားတစ်ခုလုံး ပြောင်းလဲသည့်အခါ- ယင်းသည် ဘုရားသခင်၏ သိမ်းပိုက်ခြင်းကို သင် ခံရပြီးဖြစ်သည့်အချိန် ဖြစ်လိမ့်မည်။ သင်သည် နာခံရန် စိတ်ဆုံးဖြတ်ထားပြီး အသစ်သောစိတ်နေစိတ်ထားကို မွေးပြီးသည့်အခါ၊ သင်၏ကိုယ်ပိုင်အယူအဆများ သို့မဟုတ် ရည်ရွယ်ချက်များ တစ်ခုတစ်လေကိုမျှ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုထဲသို့ သင် ယူဆောင်မလာတော့သည့်အခါ၊ ပြီးလျှင် သင်၏ဦးနှောက်က ပုံမှန် စဉ်းစားနိုင်သည့်အခါ- ဆိုလိုသည်မှာ သင်သည် ဘုရားသခင်အတွက် စိတ်နှလုံးအကြွင်းမဲ့ မိမိကိုယ်ကိုယ် အသုံးပြုနိုင်သည့်အခါ- သင်သည် အပြည့်အဝ သိမ်းပိုက်ခံရသည့် လူစားမျိုး ဖြစ်ပေသည်။ ဘာသာတရားတွင်၊ များစွာသောလူတို့သည် ၎င်းတို့၏ဘဝများ တစ်လျှောက် ဆင်းရဲဒုက္ခများစွာ ခံစားကြရ၏- ၎င်းတို့သည် မိမိတို့၏ခန္ဓာကိုယ်များကို ချုပ်နှိမ်ပြီး မိမိတို့၏ကားတိုင်ကို ထမ်းကာ တကယ့်သေခါနီးအချိန်တွင်ပင် ဆက်လက် ဆင်းရဲဒုက္ခခံကာ ကြံ့ကြံ့ခံကြလေသည်။

အချို့သည် ၎င်းတိုသေသည့် မနက်တွင် အစာရှောင်နေကြသေးသည်။ ၎င်းတို့၏ ဘဝတစ်လျှောက်လုံး ဆင်းရဲဒုက္ခအပေါ်သာ အာရုံစိုက်ရင်း၊ ကောင်းသောအစာနှင့် ကောင်းသောအဝတ်အစားတို့ကို ငြင်းပယ်ကြလေသည်။ ၎င်းတို့သည် မိမိတို့၏ကိုယ်ခန္ဓာကို ချိုးနှိမ်နိုင်ကြပြီး မိမိတို့၏ဇာတိပကတိကို စွန့်လွှတ်နိုင်ကြသည်။ ဆင်းရဲဒုက္ခကို သည်းခံခြင်းအတွက်ဖြစ်သည့် ၎င်းတို့၏ စိတ်ဓာတ်သည် ချီးကျူးထိုက်ပေသည်။ သို့သော်လည်း၊ ၎င်းတို့၏အတွေး၊ ၎င်းတို့၏ အယူအဆများ၊ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ သဘောထားနှင့် ဇကန်အမှန် သဘာဝဟောင်းတို့သည် အနည်းငယ်မျှ ကိုင်တွယ်ဖြေရှင်းခြင်း မခံရသေးပေ။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ်နှင့် ပတ်သက်၍ စစ်မှန်သည့် အသိပညာ တစ်ခုတစ်လေမျှ မရှိပေ။ ဘုရားသခင်နှင့်ပတ်သက်၍ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ ပုံရိပ်သည် စိတ်ကူးသက်သက်၊ မရေရာသောဘုရားသခင်၏ အစဉ်အလာပုံရိပ်တစ်ခု ဖြစ်ပေသည်။ ဘုရားသခင်အတွက် ဆင်းရဲဒုက္ခကိုခံရန် ၎င်းတို့၏ ဆုံးဖြတ်ချက်သည် ၎င်းတို့၏စိတ်အားထက်သန်မှုနှင့် ၎င်းတို့၏ အပြုသောဆောင်သော သဘာဝဗီဇများမှ လာသည်။ ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်ကြသော်လည်း၊ ဘုရားသခင်ကို နားမလည်ကြသကဲ့သို့ သူ၏အလိုကိုလည်း မသိကြပေ။ ၎င်းတို့သည် ဘုရားသခင်အတွက် အလုပ်လုပ်ရုံမျှလုပ်ပြီး ကျိုးကြောင်းမမြင်ဘဲ ဆင်းရဲဒုက္ခခံကြလေသည်။ ၎င်းတို့သည် ချင့်ချိန်နိုင်စွမ်းဖြင့် ဆောင်ရွက်ခြင်းအပေါ် မည်သို့မျှ တန်ဖိုးမထားကြပေ၊ ဘုရားသခင်နှင့် သက်ဆိုင်သည့် အသိပညာကို မည်သို့ ရရှိမည်ကို ၎င်းတို့ သိဖို့မဆိုထားနှင့်၊ ၎င်းတို့၏ အစေခံမှုက ဘုရားသခင်၏အလိုကို အမှန်တကယ် ဖြည့်ဆည်းပေးသည်ကို မည်သို့ သေချာစေရမည်ဆိုသည်နှင့်ပတ်သက်၍ အနည်းအကျဉ်းသာ ဂရုစိုက်ကြလေသည်။ ၎င်းတို့ အစေခံသည့် ဘုရားသခင်သည် သူ၏ နဂိုမူလ ပုံရိပ်တွင် ရှိသည့် ဘုရားသခင်မဟုတ်ဘဲ၊ ဒဏ္ဍာရီဖြင့် ပိတ်ဖုံးခံရသည့် ဘုရားသခင်တစ်ပါး၊ ၎င်းတို့၏ ကိုယ်ပိုင်စိတ်ကူးစိတ်သန်း၏ ရလဒ်တစ်ခု၊ ၎င်းတို့ ကြားဖူးရုံသာ ကြားဖူးသည့် သို့မဟုတ် စာပေများတွင် တွေ့ရသည့် ဘုရားသခင် ဖြစ်သည်။ ထို့နောက်၊ ၎င်းတို့သည် ဘုရားသခင်အတွက် ဆင်းရဲဒုက္ခခံဖို့ မိမိတို့၏ တီထွင်တတ်သော စိတ်ကူးများနှင့် ဘုရားတရားကိုင်းရှိုင်းမှုတို့ကို အသုံးပြုပြီး ဘုရားသခင် လုပ်ဆောင်လိုသည့် အလုပ်ကို တာဝန်ယူဆောင်ရွက်ကြလေသည်။ ၎င်းတို့၏ အစေခံမှုသည် အလွန် မတိကျလွန်းသည်မှာ၊ လက်တွေ့အားဖြင့် ၎င်းတို့ထဲမှ မည်သူမျှ ဘုရားသခင်၏အလိုနှင့်အညီ အမှန်တကယ် အစေမခံနိုင်ကြချေ။ ၎င်းတို့ မည်မျှ ဝမ်းမြောက်ဝမ်းသာ ဆင်းရဲဒုက္ခခံသည်ကို ပဓာနမထားဘဲ၊ ၎င်းတို့သည် ဘုရားသခင်၏ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်း၊ စစ်ဆေးခြင်းနှင့် စုံလင်စေခြင်းတို့ကို မကြုံရသေးသကဲ့သို့၊

သမ္မာတရားကို အသုံးပြုလျက် မည်သူမျှ ၎င်းတို့ကို လမ်းမပြသေးသောကြောင့်၊ အစေခံခြင်းအပေါ် ၎င်းတို့၏ မူလရှုထောင့်အမြင်နှင့် ဘုရားသခင်အပေါ် ၎င်းတို့၏ စိတ်ပုံရိပ်တို့သည် မပြောင်းလဲဘဲ ရှိနေသည်။ ၎င်းတို့သည် ကယ်တင်ရှင်ယေရှုကို ယုံကြည်ကြလျှင်ပင်၊ ၎င်းတို့ထဲမှ မည်သူမျှ ကယ်တင်ရှင်ကို မမြင်ဖူးကြချေ။ ၎င်းတို့သည် သူ့ကို ဒဏ္ဍာရီနှင့် တစ်ဆင့်စကားတို့မှတစ်ဆင့်သာ သိကြသည်။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့၏ အစေခံမှုသည် မျက်စိကန်းသောလူက သူ၏ ဖခင်ကို အစေခံသကဲ့သို့ မျက်စိမှိတ်လျက်နှင့် ကြုံရာအစေခံခြင်းသဘော သက်ရောက်သည်ထက် မပိုပေ။ နောက်ဆုံးတွင်၊ ထိုသို့သော အစေခံမှုဖြင့် မည်သည့်အရာကို ရရှိနိုင်သနည်း။ ပြီးလျှင် မည်သူက ယင်းကို လက်ခံမည်နည်း။ အစမှအဆုံးထိ တစ်လျှောက်လုံး ၎င်းတို့၏ အစေခံမှုသည် တူမြဲတူညီလေသည်။ ၎င်းတို့သည် လူလုပ်သင်ခန်းစာများကိုသာ ရရှိကြပြီး ၎င်းတို့၏အစေခံခြင်းကို ၎င်းတို့၏သဘာဝကျမှုနှင့် ၎င်းတို့၏ ကိုယ်ပိုင်နှစ်သက်မှုများအပေါ်သာ အခြေခံကြသည်။ ဤအရာက မည်သည့်ဆုလာဘ်ကို ဆောင်ကြဉ်း နိုင်သနည်း။ ယေရှုကို တွေ့မြင်ခဲ့သည့် ပေတရုပင် ဘုရားသခင်၏ အလိုနှင့်အညီ မည်သို့ အစေခံရမည်ကို မသိခဲ့ပေ။ သူသည် ဤအရာကို နောက်ဆုံး သူ၏ အိုမင်းသော အသက်အရွယ်၌သာ သိရှိလာခဲ့သည်။ ဤအရာက ကိုင်တွယ်ဖြေရှင်းခြင်း သို့မဟုတ် ပြုပြင်ခြင်းကို စိုးစဉ်းမျှ မခံစားဖူးသကဲ့သို့၊ ၎င်းတို့ကို ဦးဆောင်လမ်းပြနေသည့်သူ မည်သူမျှ မရှိကြသည့် ထိုမျက်စိကန်းသော လူများနှင့်ပတ်သက်၍ မည်သည့်အရာကို ပြောဆိုသနည်း။ ယနေ့ သင်တို့ထဲမှ များစွာသောသူတို့၏ အစေခံခြင်းသည် ထိုမျက်စိကန်းသော လူများ၏အစေခံခြင်းနှင့် တူသည် မဟုတ်လော။ တရားစီရင်ခြင်းကို မရရှိသေးသောသူများ၊ ပြုပြင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းကို မရရှိသေးသောသူများနှင့် မပြောင်းလဲသေးသော သူများအားလုံး- ၎င်းတို့အားလုံးသည် မစုံလင်သောသိမ်းပိုက်ခြင်း ခံရသည် မဟုတ်လော။ ထိုသို့သော လူတို့သည် မည်သည့်အသုံးဝင်မှု ရှိပါသနည်း။ သင်၏အတွေး၊ သင်၏ ဘဝနှင့်ဆိုင်သော အသိပညာနှင့်၊ ဘုရားသခင်နှင့်ဆိုင်သော အသိပညာတို့သည် အသစ်သောပြောင်းလဲခြင်း မပြသကဲ့သို့၊ မည်သည့်အရာကိုမျှ အမှန်တကယ် သင် မရရှိပါက၊ သင်၏အစေခံမှုတွင် ထူးခြားသော မည်သည့်အရာကိုမျှ လုံးဝ ရရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်၏အမှုနှင့် သက်ဆိုင်သော ရူပါရုံနှင့် အသစ်သော အသိပညာ မရှိပါက၊ သင်သည် သိမ်းပိုက်မခံရနိုင်ပေ။ ထိုအခါ သင်၏ ဘုရားသခင်နောက်လိုက်သည့်နည်းလမ်းသည် ဆင်းရဲဒုက္ခခံပြီး အစာရှောင်သော သူများကဲ့သို့ ဖြစ်လိမ့်မည်- တန်ဖိုးအနည်းငယ်မျှသာ ရှိလိမ့်မည်။ သူတို့၏အစေခံခြင်းအမှုသည် အချည်းနှီးဖြစ်သည်ဟု ငါပြောရသည်မှာ

၎င်းတို့လုပ်ဆောင်သည့်အရာတွင် သက်သေခံချက် အနည်းငယ်သာရှိသောကြောင့် အတိအကျ ဖြစ်သည်။ ၎င်းတို့သည် မိမိတို့၏ဘဝများကို ဆင်းရဲဒုက္ခခံစားရင်းနှင့် ထောင်ထဲတွင် ထိုင်ရင်း ကုန်လွန်ကြလေသည်။ ၎င်းတို့သည် အစဉ် သည်းခံလျက်ရှိကြသည်၊ ချစ်ခင်လျက်ရှိကြပြီး၊ ကားတိုင်ကို အစဉ်ထမ်းရွက်ကြလေသည်၊ ၎င်းတို့သည် လောက၏ လှောင်ပြောင်မှုခံရကာ ငြင်းပယ်ခြင်း ခံရကြသည်၊ ခက်ခဲမှုမှန်သမျှကို ၎င်းတို့ တွေ့ကြုံကြပြီး အဆုံးတိုင် ၎င်းတို့ နာခံကြသော်လည်း၊ သိမ်းပိုက်မခံကြရသေးသကဲ့သို့ သိမ်းပိုက်ခံရခြင်းအဖို့ သက်သေခံချက်ကို မပေးနိုင်ကြပေ။ ၎င်းတို့သည် များစွာ ဆင်းရဲဒုက္ခခံရပြီးဖြစ်သော်လည်း၊ အတွင်းတွင် ဘုရားသခင်ကို ၎င်းတို့ လုံးဝ မသိကြပေ။ ၎င်းတို့၏ အတွေးဟောင်း၊ အယူအဆဟောင်းများ၊ ဘာသာရေး ကျင့်ကြံမှုများ၊ လူလုပ် အသိပညာနှင့် လူသား စိတ်ကူးများထဲမှ မည်သည့်အရာမျှ ကိုင်တွယ်ဖြေရှင်းခြင်း မခံရသေးပေ။ ၎င်းတို့အထဲတွင် အသစ်သော အသိပညာ၏ အရိပ်အယောင် အနည်းငယ်မျှ မရှိချေ။
ဘုရားသခင်နှင့်သက်ဆိုင်သည့် ၎င်းတို့၏ အသိပညာသည် စိုးစဉ်းမျှ မမှန်ကန် သို့မဟုတ် မတိကျပေ။ ၎င်းတို့သည် ဘုရားသခင်၏ အလိုကို နားလည်မှုလွဲကြပေပြီ။ ဤအရာက ဘုရားသခင်ကို အစေခံသလော။ အတိတ်တွင် ဘုရားသခင်နှင့်သက်ဆိုင်သော သင်၏ အသိပညာ မည်သည့်အရာဖြစ်ပါစေ၊ ယင်းသည် ယနေ့တွင် အလားတူဖြစ်မြဲဖြစ်ပြီး၊ ဘုရားသခင် မည်သည့်အရာ လုပ်ဆောင်သည် ဖြစ်စေ သင်သည် ဘုရားသခင်နှင့်သက်ဆိုင်သော သင်၏ အသိပညာကို သင်၏ ကိုင်ပိုင် အယူအဆများအပေါ် ဆက်လက်အခြေခံပါက၊ ဆိုလိုသည်မှာ၊ သင်သည် ဘုရားသခင်နှင့်သက်ဆိုင်သည် သစ်လွင်၊ စစ်မှန်သော အသိပညာကို မပိုင်ဆိုင်ပါက၊ ပြီးလျှင် ဘုရားသခင်၏ စစ်မှန်သောပုံသဏ္ဍာန်နှင့် စိတ်သဘောထားတို့ကို သင် သိရှိရန် ပျက်ကွက်ပါက၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏ အသိပညာသည် ရှေးရိုးစွဲ၊ အယူသီးသော အတွေး၏ ဦးဆောင်လမ်းပြမှုကို ခံရဆဲဖြစ်ပြီး၊ လူသား၏ စိတ်ကူးနှင့် အယူအဆများမှ ပေါက်ဖွားဆဲဖြစ်ပါက၊ သင်သည် သိမ်းပိုက်မခံရသေးပေ။ သင်တို့အနေဖြင့် သိနိုင်ကြဖို့အလို့ငှာ၊ ဤအသိပညာသည် သင်တို့ကို သာ၍သစ်လွင်၊ မှန်ကန်တိကျသော အသိပညာဆီသို့ ဦးဆောင်လမ်းပြနိုင်ဖို့အလို့ငှာ ဤနှုတ်ကပတ်တော်များ အားလုံးကို ယနေ့ သင့်အား ငါပြောရပေသည်။ အသစ်သော အသိပညာကို သင် ပိုင်ဆိုင်နိုင်ဖို့အလို့ငှာလည်း၊ ငါသည် သင့်အထဲရှိ အယူအဆဟောင်းများနှင့် သိရှိခြင်း နည်းလမ်းဟောင်းများကို အမြစ်ဖြတ်ဖို့ရန်၊ ဤနှုတ်ကပတ်တော်များကို ပြောရပေသည်။ ငါ၏ နှုတ်ကပတ်တော်များကို သင်အမှန်တကယ် စားသောက်ပါက၊ သင်၏ အသိပညာသည် အတော် ပြောင်းလဲလိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏

နှုတ်ကပတ်တော်များကို နာခံခြင်းစိတ်နှလုံးဖြင့် သင် စားသောက်သရွေ့ သင်၏ရှုထောင့်အမြင် ပြောင်းပြန်ဖြစ်သွားလိမ့်မည်။ သင်သည် အထပ်ထပ် ပြစ်တင်ဆုံးမခြင်းများကို လက်ခံနိုင်သရွေ့ သင်၏စိတ်နေစိတ်ထား အဟောင်းသည် တဖြည်းဖြည်း ပြောင်းလဲသွားမည် ဖြစ်သည်။ သင်၏ စိတ်နေစိတ်ထားအဟောင်းသည် အသစ်သော စိတ်နေစိတ်ထားဖြင့် လုံးလုံးလျားလျား အစားထိုးခံရသရွေ့ သင်၏ လက်တွေ့လုပ်ဆောင်ခြင်းသည်လည်း လျော်ညီစွာ ပြောင်းလဲလိမ့်မည် ဖြစ်သည်။ ဤနည်းဖြင့်၊ သင်၏အစေခံခြင်းသည် ရည်ရွယ်သည့်အရာကို တိုး၍ ရရှိလာမည်၊ ဘုရားသခင်၏အလိုကို တိုး၍ ဖြည့်ဆည်းနိုင်မည် ဖြစ်သည်။ သင်၏ဘဝ၊ လူ့ဘဝနှင့် သက်ဆိုင်သည့် သင်၏အသိပညာနှင့်၊ ဘုရားသခင်နှင့် ပတ်သက်သည့် သင်၏အယူအဆများစွာတို့ကို သင်ပြောင်းလဲနိုင်ပါက၊ သင်၏သဘာဝကျခြင်းသည် တဖြည်းဖြည်း ပျောက်ကွယ်သွားမည် ဖြစ်သည်။ ဤအရာနှင့် ဤအရာသည်သာ လူတို့ကို ဘုရားသခင် သိမ်းပိုက်သည့်အခါ၊ ရရှိသည့် အကျိုးသက်ရောက်မှုဖြစ်သည်၊ ယင်းသည် လူတို့အထဲတွင် ဖြစ်ပွားသည့် ပြောင်းလဲမှုဖြစ်ပေသည်။ အကယ်၍ ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်းတွင် သင်သိသမျှအကြောင်းသည် သင်၏ ခန္ဓာကိုယ်ကို ချိုးနှိမ်ခြင်း၊ ကြံ့ကြံ့ခံခြင်းနှင့် ဆင်းရဲဒုက္ခခံခြင်းတို့သာ ဖြစ်ပြီး၊ မည်သူ့အတွက် လုပ်ဆောင်သည်ကို မဆိုထားနှင့်၊ ဤအရာ မှန်သည် မှားသည်ကို သင် မသိပါက၊ ထိုသို့သော လက်တွေ့လုပ်ဆောင်မှုသည် ပြောင်းလဲမှုဆီသို့ မည်သို့ ဦးတည်စေနိုင်မည်နည်း။

သင်တို့ကို ငါတောင်းဆိုသည့်အရာသည် သင်တို့၏ဇာတိပကတိကို ကျေးကျွန်ဘဝဖြင့် ထိန်းသိမ်းရန် သို့မဟုတ် သင်တို့၏ဦးနှောက်ကို ထင်ရာမြင်ရာအတွေးများကို စဉ်းစားခြင်းမှ တားဆီးရန် မဟုတ်သည်ကို နားလည်ကြလော့။ ဤအရာသည် အမှု၏ရည်ရွယ်ချက် မဟုတ်သကဲ့သို့၊ ယခု လုပ်ဆောင်ဖို့လိုအပ်သည့် အလုပ်လည်း မဟုတ်ပေ။ ယခု၊ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ပြောင်းလဲနိုင်ဖို့အလို့ငှာ အပြုသဘောဆောင်သော ရှုထောင့်မှ အသိပညာရှိရမည်ဖြစ်သည်။ အလိုအပ်ဆုံးသော လုပ်ဆောင်ချက်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြင့် သင်တို့ကိုယ်သင်တို့ ပြင်ဆင်ရန် ဖြစ်သည်၊ ဆိုလိုသည်မှာ ယခု သင်တို့၏ရှေ့တွင်ရှိသော သမ္မာတရားနှင့် ရူပါရုံဖြင့် မိမိတို့ကိုယ်မိမိတို့ အပြည့်အဝ ပြင်ဆင်ပြီးနောက် ရှေ့ဆက်ပြီး ၎င်းတို့ကို လက်တွေ့လုပ်ဆောင်ရန် ဖြစ်သည်။ ဤသည်မှာ သင်တို့၏တာဝန် ဖြစ်၏။ သာ၍ပင် ကြီးမားသော အလင်းပေးခြင်းကို ရှာဖွေကာ ရရှိရန် သင်တို့ကို ငါ တောင်းဆိုခြင်း မဟုတ်ပေ။ လက်ရှိတွင် ယင်းအတွက် ဝိညာဉ်ရင့်ကျက်မှု သင်တို့၌ တကယ်ကို မရှိကြချေ။ သင်တို့ထံမှ လိုအပ်သည့်အရာမှာ ဘုရားသခင်၏

နှုတ်ကပတ်တော်များကို စားသောက်ဖို့ သင်တို့ တတ်နိုင်သမျှ လုပ်ဆောင်ရန် ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏ အမှုကို သိနားလည်ရမည်ဖြစ်ပြီး၊ သင်တို့၏သဘာဝဗီဇ၊ သင်တို့၏ အနှစ်သာရနှင့် သင်တို့၏ ထိုအသက်တာဟောင်းတို့ကို သိရမည်ဖြစ်သည်။ အထူးသဖြင့်၊ အတိတ်က မှားယွင်းသော လက်တွေ့လုပ်ဆောင်မှုများနှင့် သင်တို့ပါဝင်ပတ်သက်သည့် လူသားလုပ်ဆောင်မှုများကို သိရန် လိုအပ်သည်။ ပြောင်းလဲရန်၊ သင်တို့၏အတွေးကို ပြောင်းလဲခြင်းဖြင့် စတင်ရမည်။ ပထမဦးစွာ၊ သင်တို့၏အတွေးဟောင်းကို အတွေးအသစ်ဖြင့် အစားထိုးလော့၊ ပြီးလျှင် သင်တို့၏ အတွေးသစ်ကို သင်တို့၏စကားများ၊ လုပ်ရပ်များနှင့် သင်တို့၏အသက်တာကို စိုးမိုးစေလော့။ ဤသည်မှာ ယနေ့ သင်တို့ အသီးသီးကို တောင်းဆိုသည့်အရာ ဖြစ်သည်။ ကျိုးကြောင်းမမြင်ဘဲ လက်တွေ့မလုပ်ဆောင်နှင့် သို့မဟုတ် ကျိုးကြောင်းမမြင်ဘဲ မလိုက်လျှောက်နှင့်။ သင်တို့အနေဖြင့် အခြေခံအကြောင်းရင်းနှင့် ရည်မှန်းချက်တစ်ခု ရှိရမည်။ မိမိတို့ကိုယ်ကိုယ် အရူးမလုပ်ကြနှင့်။ ဘုရားသခင်၌ သင်တို့၏ ယုံကြည်မှုသည် မည်သည့်အရာအတွက် အတိအကျ ဖြစ်သည်၊ ယင်းမှ မည်သည့်အရာကို ရရှိသင့်သည်ဆိုသည်နှင့် ယခု မည်သည့်အရာတွင် သင်တို့ ဝင်ရောက်သင့်သည်တို့ကို သိရှိသင့်ပေသည်။ ဤအရာအားလုံးအား သင် သိဖို့မှာ အလွန် အရေးကြီးပေသည်။

လက်ရှိတွင် သင်တို့ဝင်ရောက်သင့်သည့်အရာမှာ သင်တို့၏ဘဝကို တိုးမြှင့်ခြင်းနှင့် သင်တို့၏ အရည်အချင်းကို မြှင့်တင်ခြင်း ဖြစ်သည်။ ထို့ပြင်၊ သင်တို့၏ အတိတ်မှ ရှုထောင့်အဟောင်းများကို ပြောင်းလဲဖို့၊ သင်တို့၏ အတွေးကို ပြောင်းလဲဖို့နှင့် သင်တို့၏အယူအဆများကို ပြောင်းလဲဖို့ လိုအပ်သည်။ သင်တို့၏ ဘဝတစ်ခုလုံး အသစ်ပြုပြင်ဖို့ လိုအပ်သည်။ ဘုရားသခင်၏လုပ်ဆောင်မှုများနှင့် သက်ဆိုင်သော သင်၏ အသိပညာ ပြောင်းလဲသည့်အခါ၊ ဘုရားသခင်ပြောသည့် အရာရာတိုင်း၏ သမ္မာတရားနှင့်သက်ဆိုင်သော အသိပညာသစ်တစ်ခု သင်၌ ရှိသည့်အခါ၊ ပြီးလျှင် သင့်အတွင်းရှိ အသိပညာ တိုးမြှင့်ခံရသည့်အခါ၊ သင်၏ဘဝသည် သာ၍ ကောင်းမွန်ဖို့ ပြောင်းလဲလိမ့်မည်ဖြစ်သည်။ ယခု လူတို့ လုပ်ဆောင်ကာ ပြောဆိုသမျှတိုင်းသည် လက်တွေ့ကျ၏။ ဤအရာတို့သည် အယူဝါဒများ မဟုတ်ဘဲ၊ ယင်းထက် မိမိတို့၏ဘဝအတွက် လူတို့ လိုအပ်သည့်အရာများဖြစ်ပြီး၊ ၎င်းတို့ ပိုင်ဆိုင်သင့်သည့်အရာ ဖြစ်သည်။ ဤသည်မှာ သိမ်းပိုက်ခြင်းအမှုအတွင်း လူတို့၌ဖြစ်ပျက်သည့် ပြောင်းလဲခြင်း၊ လူတို့ တွေ့ကြုံခံစားသင့်သည့် ပြောင်းလဲခြင်းဖြစ်ပြီး၊ ယင်းသည် ၎င်းတို့ သိမ်းပိုက်ခံရပြီးနောက် အကျိုးဆက်ဖြစ်သည်။ သင်သည် သင်၏အတွေးကို ပြောင်းလဲပြီးသည့်အခါ၊ အသစ်သော

စိတ်သဘောထားကို မွေးပြီးသည့်အခါ၊ သင်၏အယူအဆများ၊ ရည်ရွယ်ချက်များနှင့် သင်၏ အတိတ်က အကျိုးသင့်အကြောင်းသင့် ဆင်ခြင်မှုများကို ပယ်ဖျက်ပြီးသည့်အခါ၊ သင့်အတွင်းရှိ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်သည့်အရာများကို စွန့်ပစ်ပြီး၊ ဘုရားသခင်၌ ယုံကြည်ခြင်းနှင့် သက်ဆိုင်သည့် အသစ်သော အသိပညာကို ရရှိပြီးသည့်အခါတွင်၊ သင်ပေးသည့် သက်သေခံချက်များသည် တိုးမြှင့်ခြင်းခံရလိမ့်မည်ဖြစ်ပြီး၊ သင်၏ဖြစ်တည်မှုတစ်ခုလုံး အမှန်တကယ် ပြောင်းလဲပြီးဖြစ်လိမ့်မည်။ ဤအရာအားလုံးသည် လက်တွေ့အကျဆုံး ဖြစ်သည်၊ အစစ်မှန်ဆုံး ဖြစ်ပြီး၊ အမှုအရာများထဲမှ အခြေခံအကျဆုံး ဖြစ်သည်- အတိတ်က လူတို့ သဘောပေါက်ရန် ခက်ခဲသောအရာများဖြစ်ပြီး၊ ပါဝင်ပတ်သက်ရန် ၎င်းတို့ တတ်စွမ်းနိုင်ခြင်းမရှိသော အရာများ ဖြစ်သည်။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် အစစ်အမှန် ဖြစ်သည်။ သင်သည် အတိတ်က သမ္မာကျမ်းစာကို မည်သို့ အတိအကျ နားလည်ခဲ့ပါသနည်း။ ယနေ့ အလျင်အမြန် နှိုင်းယှဉ်ချက်တစ်ခုက သင့်ကို ပြောပြလိမ့်မည်။ အတိတ်က သင်သည် မောရှေ၊ ပေတရု၊ ပေါလု သို့မဟုတ် ကျမ်းစာဆိုင်ရာ ထွက်ဆိုချက်များနှင့် ရှုထောင့်များကို စိတ်ဖြင့် ချီးမြှောက်ခဲ့ပြီး ၎င်းတို့ကို ဖျာလိုလိပ် ထိပ်ပေါ်တင်ထားခဲ့သည်။ ယခုတွင်၊ ကျမ်းစာကို ဖျာလိုလိပ် ထိပ်ပေါ်တင်ထားဖို့ သင့်ကို တောင်းဆိုပါက၊ သင်ပြုလုပ်မည်လော။ သမ္မာကျမ်းစာသည် လူသားရေးသားသည့် မှတ်တမ်းများစွာနှင့် ပါဝင်လွန်းလှပြီး၊ သမ္မာကျမ်းစာသည် ဘုရားသခင်၏အမှု အဆင့်နှစ်ဆင့်နှင့်သက်ဆိုင်သည့် လူသား၏ ဖြစ်စဉ် ဖော်ပြချက်သာ ဖြစ်သည်ကို သင် မြင်ရပေမည်။ ယင်းသည် သမိုင်းစာအုပ် တစ်အုပ်ဖြစ်သည်။ ဤသည်မှာ ယင်းနှင့် သက်ဆိုင်သည့် သင်၏အသိပညာ ပြောင်းလဲပြီးဖြစ်သည်ဟု ဆိုလိုသည်မဟုတ်လော။ ယနေ့တွင် မဿဲခရစ်ဝင်ကျမ်းထဲက ပေးထားသည့် ယေရှု၏မျိုးရိုးစဉ်ဆက်ကို ကြည့်ပါက၊ "ယေရှု၏ မျိုးရိုးစဉ်ဆက်လား။ အဓိပ္ပာယ်မရှိပါတကား။ ဤသည်မှာ ယောသပ်၏ မျိုးရိုးစဉ်ဆက်ဖြစ်၏၊ ယေရှု၏ မျိုးရိုးစဉ်ဆက် မဟုတ်ပါ။ ယေရှုနှင့် ယောသပ်ကြားတွင် ဆက်နွယ်မှုမရှိပါ။" ဟု သင်ပြောပေမည်။ ယခုတွင် သမ္မာကျမ်းစာကို သင်ကြည့်ရှုသည့်အခါ၊ ယင်းနှင့်သက်ဆိုင်သည့် သင်၏ အသိပညာသည် မတူညီပေ၊ ဆိုလိုသည်မှာ သင်၏ရှုထောင့်အမြင် ပြောင်းလဲပြီးဖြစ်ကာ၊ သင်သည် ရှေးဘာသာရေး ပညာရှင်များထက် သာ၍မြင့်မားသည့် အသိပညာအဆင့် ရှိပေသည်။ ဤမျိုးရိုးစဉ်ဆက်နှင့်ပတ်သက်၍ အရေးကြီးသည့် အချက်များရှိသည်ဟု တစ်စုံတစ်ယောက်က ပြောခဲ့မည်ဆိုပါက၊ "ယင်းတွင် မည်သည့်အရာ အရေးကြီးသနည်း။ ဆက်၍ ရှင်းပြပါ။ ယေရှုနှင့် ယောသပ်သည် ဆက်နွယ်မှု မရှိပါ။ ယင်းကို သင် မသိပါသလား။ ယေရှုသည် မျိုးရိုးစဉ်ဆက် ရှိနိုင်ပါသလား။ ယေရှုသည်

အဘယ်သို့ ဘိုးဘေးများ ရှိနိုင်မည်နည်း။ သူသည် အဘယ်သို့ လူသား၏ သားစဉ်မြေးဆက် ဖြစ်နိုင်မည်နည်း။ သူ၏ လူ့ဇာတိသည် မာရိထံမှ မွေးဖွားခဲ့ခြင်း ဖြစ်သည်။ သူ၏ ဝိညာဉ်သည် ဘုရားသခင်၏ ဝိညာဉ်ဖြစ်သည်၊ လူသား၏ ဝိညာဉ် မဟုတ်ပါ။ ယေရှုသည် ဘုရားသခင်၏ ချစ်လှစွာသော သားဖြစ်၏၊ ထို့ကြောင့် သူသည် မျိုးရိုးစဉ်ဆက် ရှိနိုင်ပါသလား။ ကမ္ဘာမြေပေါ် ရှိစဉ်တွင် ယေရှုသည် လူသားမျိုးနွယ်ဝင်တစ်ဦး မဟုတ်ခဲ့ပါ၊ ထို့ကြောင့် သူသည် အဘယ်သို့ မျိုးရိုးစဉ်ဆက် ရှိနိုင်မည်နည်း။" ဟု သင်တုံ့ပြန်ပေမည်။ သင်သည် သင် နားလည်ပြီးဖြစ်သည့် အရာကို ဝေမျှရင်း၊ မျိုးရိုးစဉ်ဆက်ကို စိစစ်ပြီး သမ္မာတရားကို ရှင်းလင်းစွာ ရှင်းပြသည့်အခါ၊ သင် ဤအရာကို ရှင်းပြပေးနေသည့် လူသည် မှင်တက်ရစ်ပေလိမ့်မည်။ အချို့က ကျမ်းစာကို မှီငြမ်းပြီး၊ "ယေရှုတွင် မျိုးရိုးစဉ်ဆက်တစ်ခု ရှိပါသည်။ ယနေ့ သင်၏ ဘုရားသခင်သည် မျိုးရိုးစဉ်ဆက်ရှိပါသလား" ဟု သင့်ကို မေးလိမ့်မည်။ ထိုအခါ၊ သင်သည် အားလုံးထဲမှ အစစ်မှန်ဆုံးသော သင်၏အသိပညာကို ၎င်းတို့အား ပြောပြလိမ့်မည်ဖြစ်ပြီး၊ ဤနည်းဖြင့် သင်၏အသိပညာသည် အကျိုးတရားတစ်ခု ရရှိပေလိမ့်မည်။ အမှန်တွင်၊ ယေရှုသည် အာဗြဟံနှင့် ဆက်နွယ်မှုရှိဖို့မဆိုထားနှင့်၊ ယောသပ်နှင့် ဆက်နွယ်မှု မရှိပေ။ သူသည် ဣသရေလတွင် မွေးဖွားခဲ့ခြင်းသာ ဖြစ်သည်။ သို့သော်၊ ဘုရားသခင်သည် ဣသရေလလူမျိုးတစ်ဦး သို့မဟုတ် ဣသရေလ လူမျိုးများမှ ဆင်းသက်လာသူတစ်ဦး မဟုတ်ပေ။ ယေရှုသည် ဣသရေလတွင် မွေးဖွားခဲ့သောကြောင့်သာ၊ ဘုရားသခင်သည် ဣသရေလအမျိုးများ၏ဘုရားသာ ဖြစ်သည်ဟု မဆိုလိုပေ။ လူ့ဇာတိခံခြင်း အမှုကို သူ ဆောင်ရွက်သည်မှာ သူ၏ အမှုအတွက်သာ ဖြစ်သည်။ ဘုရားသခင်သည် စကြဝဠာတစ်လျှောက်လုံး ဖန်ဆင်းခြင်းအားလုံး၏ ဘုရားသခင် ဖြစ်သည်။ ဘုရားသခင်သည် ပထမဦးစွာ သူ၏ အမှုအဆင့်တစ်ခုကို ဣသရေလတွင်သာ ဆောင်ရွက်ခြင်း ဖြစ်သည်၊ ယင်းနောက်တွင် တစ်ပါးအမျိုးသား နိုင်ငံများအလယ်တွင် ဘုရားသခင် စတင်အမှုပြုခဲ့သည်။ သို့သော်၊ လူတို့သည် ယေရှုကို ဣသရေလ အမျိုး၏ဘုရားသခင်အဖြစ် ယူဆခဲ့ကြပြီး၊ ထို့အပြင် ဣသရေလ အမျိုးများထဲနှင့် ဒါဝိဒ်၏ သားစဉ်မြေးဆက်ထဲတွင် သူ့ကို ထားရှိခဲ့ကြလေသည်။ နောက်ဆုံးသောကာလတွင် ယေဟောဝါ၏ အမည်နာမသည် တစ်ပါးအမျိုးသားတိုင်းနိုင်ငံများအလယ် ကြီးမြတ်လိမ့်မည်ဟု ကျမ်းစာက ပြောသည်၊ ဆိုလိုသည်မှာ၊ နောက်ဆုံးသောကာလအတွင်းတွင်၊ ဘုရားသခင်သည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအလယ်တွင် အမှုပြုမည် ဖြစ်သည်။ ယုဒပြည်တွင် ဘုရားသခင် လူ့ဇာတိခံခဲ့သည်မှာ ဘုရားသခင်သည် ယုဒလူမျိုးများကိုသာ ချစ်သည်ဟု ရည်ညွှန်းခြင်းမဟုတ်ပေ။ အမှုက လိုအပ်သောကြောင့်သာ ထိုနေရာတွင် သူ မွေးဖွားခဲ့ခြင်း

ဖြစ်သည်။ (ဣလသရေလအမျိုးသည် သူ၏ရွေးကောက်ခြင်းခံရသည့် လူမျိုးများ ဖြစ်သောကြောင့်) ဘုရားသခင်သည် ဣလသရေလတွင်သာ လူ့ဇာတိ ခံယူနိုင်ခဲ့ခြင်းဖြစ်သည်မှာ မမှန်ပေ။ ဘုရားသခင်၏ ရွေးကောက်ခြင်း ခံရသည့် လူများကို တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအလယ်တွင်လည်း တွေ့ရှိရသည် မဟုတ်လော။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများထိ အမှုကို တိုးချဲ့သည်မှာ ယုဒပြည်တွင် အမှုပြုခြင်းကို ယေရှု အပြီးသတ် ပြီးသည့်နောက်တွင် ဖြစ်ခဲ့ပေသည်။ (ဣလသရေလလူမျိုးများသည် ဣလသရေလမှလွဲ၍ တိုင်းနိုင်ငံအားလုံးကို “တစ်ပါးအမျိုးသားနိုင်ငံများ” ဟု ခေါ်ဝေါ် ခဲ့ကြသည်။) အမှန်တွင်၊ ထိုတစ်ပါးအမျိုးသားနိုင်ငံများတွင်လည်း ဘုရားသခင်၏ ရွေးကောက်ခြင်းခံရသည့် လူများ နေထိုင်ခဲ့ကြပေသည်။ ထိုအချိန်က ထိုနေရာများတွင် မည်သည့်အမှုမျှ မလုပ်ဆောင်သေးခြင်းသာ ဖြစ်သည်။ လူတို့သည် ဣလသရေလအပေါ် ထိုသို့အလေးထားရခြင်းမှာ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအလယ်တွင် မည်သည့်အမှုမျှ လုပ်ဆောင်နေခြင်း မရှိစဉ်တွင်၊ ဣလသရေလ၌ အမှု၏ ပထမနှစ်ဆင့် ဖြစ်ပျက်ခဲ့သောကြောင့် ဖြစ်သည်။ တစ်ပါးအမျိုးသားနိုင်ငံများထဲက အမှုသည် ယနေ့တွင်သာ စတင်နေပေသည်၊ ယင်းမှာ လူတို့အနေဖြင့် လက်ခံရန် အလွန်ခက်ခဲသည့်အကြောင်းရင်း ဖြစ်သည်။ ဤအရာအားလုံးကို ရှင်းလင်းစွာ သင်နားလည်နိုင်ပါက၊ ယင်းကို သင် မှန်ကန်စွာ စိတ်တွင်စွဲမှတ်ပြီး အလေးထားနိုင်ပါက၊ ယနေ့ဘုရားသခင်နှင့် အတိတ်ကာလ၏ ဘုရားသခင်နှင့်သက်ဆိုင်သော မှန်ကန်တိကျသည့် အသိပညာတစ်ခု သင်၌ ရှိလိမ့်မည်ဖြစ်ပြီး၊ ဤအသစ်သော အသိပညာသည် သမိုင်းတစ်လျှောက် သန့်ရှင်းသူများအားလုံး ပိုင်ဆိုင်ခဲ့ကြသည့် ဘုရားသခင်နှင့် သက်ဆိုင်သော အသိပညာထက် သာ၍ မြင့်မားပေလိမ့်မည်။ သင်သည် ယနေ့၏အမှုကို တွေ့ကြုံခံစားပြီး ယနေ့ ဘုရားသခင်၏ကိုယ်ပိုင် မိန့်မြွက်ချက်များကို ကြားရသော်လည်း၊ ဘုရားသခင်၏အလုံးစုံနှင့် သက်ဆိုင်သောအသိပညာ မရှိပါက၊ သင်၏အားထုတ်ခြင်းသည် ရှိမြဲရှိခဲ့သည့်အတိုင်း ဆက်လက်ရှိနေပြီး၊ အသစ်သော အရာတစ်ခုတစ်လေဖြင့် အစားထိုးထားခြင်း မရှိပါက၊ ပြီးလျှင် အထူးသဖြင့် သင်သည် ဤသိမ်းပိုက်ခြင်းအမှု အားလုံးကို တွေ့ကြုံခံစား ရသော်လည်း၊ နောက်ဆုံးတွင် သင့်အထဲ၌ မည်သည့်ပြောင်းလဲမှုကိုမျှ မတွေ့ရှိနိုင်ပါက၊ သင်၏ ယုံကြည်ခြင်းသည် မိမိတို့၏ဆာလောင်မှုကို ဖြည့်ဆည်းဖို့ မုန့်ကိုသာ ရှာကြသောသူတို့၏ ယုံကြည်ခြင်းနှင့် တူညီသည် မဟုတ်လော။ ထိုအခြေအနေတွင်၊ သိမ်းပိုက်ခြင်းအမှုသည် သင်၏ အထဲတွင် မည်သည့် သက်ရောက်မှုမျှ ရှိလိမ့်မည်မဟုတ်ပေ။ ထိုအခါ သင်သည် သုတ်သင်ဖယ်ရှင်းခြင်း ခံရမည့်သူများထဲမှ တစ်ဦး ဖြစ်သွားလိမ့်မည် မဟုတ်လော။

သိမ်းပိုက်ခြင်းအမှုအားလုံး အဆုံးသတ်သည့်အခါတွင်၊ ဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်သာ မဟုတ်ဘဲ၊ ဖန်ဆင်းခြင်းအားလုံးတို့၏ ဘုရားသခင်ဖြစ်သည်ကို သင်တို့ နားလည်ဖို့ အရေးကြီးပေသည်။ သူသည် ဣသရေလအမျိုးကိုသာမဟုတ်ဘဲ၊ လူသားမျိုးနွယ်အားလုံးကို ဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် ဣသရေလအမျိုးတို့၏ဘုရားသာ ဖြစ်သည်၊ သို့မဟုတ် ဣသရေလ ပြင်ပရှိ မည်သည့်တိုင်းနိုင်ငံတွင်မဆို လူ့ဇာတိခံယူရန်မှာ ဘုရားသခင်အတွက် မဖြစ်နိုင်ဟု သင်ပြောပါက၊ သင်သည် သိမ်းပိုက်ခြင်းအလုပ် ဖြစ်စဉ်အတွင်းတွင် မည်သည့်အသိပညာကိုမျှ မရရှိသေးသကဲ့သို့၊ ဘုရားသခင်သည် သင်၏ ဘုရားသခင်ဖြစ်သည်ကို နည်းနည်းမျှပင် သင် အသိအမှတ်မပြုပေ။ ဘုရားသခင်သည် ဣသရေလမှ တရုတ်ပြည်သို့ ရွှေ့ပြောင်းပြီး သင်၏ဘုရားသခင်ဖြစ်ရန် အတင်းအကျပ် ပြုခံရသည်ဟု သင် လက်ခံရုံမျှလက်ခံပေသည်။ ဤသည်မှာ အမှုအရာများကို သင် ရှုမြင်သည့်ပုံဖြစ်နေသေးပါက၊ ငါ၏ အမှုသည် သင့်အထဲတွင် အချည်းနှီးဖြစ်ပြီး ငါပြောပြီးသည့် အရာတစ်ခုကိုမျှ သင်နားမလည်သေးပေ။ နောက်ဆုံးတွင် ငါ့အတွက် သင့်တော်သည့် ဘိုးဘေးများကို ရှာရင်း- ဘုရားသခင်သည် သူ၏လူ့ဇာတိ နှစ်ကြိမ်ခံယူခြင်းအတွက် မျိုးရိုးစဉ်ဆက်နှစ်ခု ရှိသည်ဆိုသကဲ့သို့သော- ငါ၏ "မှန်ကန်သော" မိဘဘိုးဘွားကို ရှာရင်း၊ မဿဲလုပ်ဆောင်ခဲ့သကဲ့သို့ သင်သည် ငါ့အတွက် နောက်ထပ်မျိုးရိုးစဉ်ဆက်တစ်ခုကို ရေးသားပါက- ယင်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ပြက်လုံး ဖြစ်မည် မဟုတ်လော။ ငါ့ကို မျိုးရိုးစဉ်ဆက်တစ်ခု ရှာဖွေပေးခဲ့သည့် ဤ "ရည်ရွယ်ချက်ကောင်း ရှိသောလူ" ဖြစ်သည့် သင်သည် ဘုရားသခင်ကို ခွဲခြားသောသူတစ်ယောက် ဖြစ်သွားပြီ မဟုတ်လော။ ဤအပြစ်၏ဝန်ကို သင် လက်ခံနိုင်ပါသလော။ ဤသိမ်းပိုက်ခြင်းအမှု အားလုံးနောက်တွင် ဘုရားသခင်သည် ဖန်ဆင်းခြင်းအားလုံးတို့၏ ဘုရားသခင်ဖြစ်သည်ကို သင်မယုံကြည်သေးပါက၊ ဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်သာ ဖြစ်သည်ဟု သင် တွေးထင်ဆဲဖြစ်ပါက၊ သင်သည် ဘုရားသခင်ကို ပွင့်လင်းစွာ ခုခံသော သူတစ်ဦး ဖြစ်သည်မဟုတ်လော။ ယနေ့ သင့်ကို သိမ်းပိုက်ခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်သည် သင်၏ဘုရားသခင်ဖြစ်သကဲ့သို့၊ အခြားသူတို့၏ဘုရားသခင်လည်း ဖြစ်ကာ၊ အရေးကြီးဆုံးအနေဖြင့် သူသည် သူ့ကိုချစ်သောသူအားလုံး၏ ဘုရားသခင်ဖြစ်ပြီး ဖန်ဆင်းခြင်းအားလုံးတို့၏ဘုရားသခင် ဖြစ်သည်ကို သင့်အား အသိအမှတ်ပြုစေရန်ဖြစ်သည်။ သူသည် ဣသရေလအမျိုးများ၏ ဘုရားသခင်ဖြစ်ပြီး အဲဂုတ္တုလူမျိုးများ၏ ဘုရားသခင် ဖြစ်သည်။ သူသည် ဗြိတိသျှလူမျိုးတို့၏ ဘုရားသခင်ဖြစ်ပြီး အမေရိကန်လူမျိုးများ၏

ဘုရားသခင် ဖြစ်သည်။ သူသည် အာဒံနှင့်ဧဝတို့၏ ဘုရားသခင်ဖြစ်ရုံသာ မဟုတ်ဘဲ၊ ၎င်းတို့၏ သားစဉ်မြေးဆက်များ အားလုံး၏ ဘုရားသခင်လည်း ဖြစ်သည်။ သူသည် ကောင်းကင်၌ ရှိသော အရာအားလုံးနှင့် မြေကြီးပေါ်၌ရှိသော အရာအားလုံးတို့၏ ဘုရားသခင် ဖြစ်သည်။ ဣသရေလလူမျိုးများဖြစ်စေ တစ်ပါးအမျိုးသားများဖြစ်စေ၊ မိသားစု အားလုံးသည် တစ်ဆူတည်းသော ဘုရားသခင်၏ လက်တွင် ရှိကြသည်။ သူသည် ဣသရေလတွင် နှစ်ထောင်ပေါင်းအချို့ကြာ အမှုပြုခဲ့ပြီး ယုဒပြည်တွင် တစ်ချိန်က မွေးဖွားခဲ့သည်သာမက၊ ယနေ့တွင် သူသည် အဆင်းနီသော နဂါးကြီး ရစ်ခွေလဲလျောင်းသော နေရာဖြစ်သည့် တရုတ်ပြည်တွင် ဆင်းသက်လေသည်။ ယုဒပြည်တွင် မွေးဖွားခြင်းက သူ့ကို ယုဒလူမျိုးတို့၏ရှင်ဘုရင် ဖြစ်စေပါက၊ သင်တို့အားလုံးအလယ်တွင် ယနေ့ ဆင်းသက်ခြင်းသည် သူ့ကို သင်တို့အားလုံး၏ ဘုရားသခင် ဖြစ်စေသည် မဟုတ်လော။ သူသည် ဣသရေလအမျိုးများကို ဦးဆောင်ခဲ့ပြီး ယုဒပြည်တွင် မွေးဖွားခဲ့သကဲ့သို့ သူသည် တစ်ပါးအမျိုးသားပြည် တစ်ခုတွင်လည်း မွေးဖွားလေပြီဖြစ်သည်။ သူ၏အမှုအားလုံးကို သူဖန်ဆင်းသည့် လူသားမျိုးနွယ်တစ်ခုလုံးအတွက် လုပ်ဆောင်သည် မဟုတ်လော။ သူသည် ဣသရေလအမျိုးတို့ကို အဆတစ်ရာချစ်ပြီး တစ်ပါးအမျိုးသားတို့ကို အဆတစ်ထောင် စက်ဆုပ်ရွံရှာသလော။ ယင်းမှာ သင်တို့၏အယူအဆ မဟုတ်လော။ ဘုရားသခင်သည် သင်တို့၏ ဘုရားသခင် မည်သည့်အခါမျှ မဖြစ်ခဲ့သည်မှာ မမှန်ကန်ဘဲ၊ ယင်းထက် သင်တို့သည် သူ့ကို အသိအမှတ်မပြုခဲ့ခြင်းသာ ဖြစ်သည်။ ဘုရားသခင်သည် သင်တို့၏ ဘုရားဖြစ်ရန် လိုလားခြင်းမရှိသည်မှာ မမှန်ကန်ဘဲ၊ ယင်းထက် သင်တို့သည် သူ့ကို ငြင်းပယ်ခြင်းသာ ဖြစ်သည်။ အဖန်ဆင်းခံများထဲတွင် မည်သူသည် အနန္တတန်ခိုးရှင်၏ လက်တွင် မရှိသနည်း။ ယနေ့ သင်တို့ကို သိမ်းပိုက်ခြင်းတွင် ရည်မှန်းချက်မှာ ဘုရားသခင်သည် သင်တို့၏ ဘုရားသခင်သာဖြစ်သည်ကို သင်တို့အား အသိအမှတ်ပြုစေဖို့သာ ဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် ဣသရေလအမျိုးတို့၏ ဘုရားသခင်သာ ဖြစ်သည်ဟု သင်တို့ ခံယူထားဆဲဖြစ်ပြီး၊ ဣသရေလရှိ ဒါဝိဒ်၏အိမ်တော်သည် ဘုရားသခင်၏မွေးဖွားခြင်း ဇာစ်မြစ်ဖြစ်သည်ဟု ခံယူထားဆဲဖြစ်ပါက၊ ပြီးလျှင် မည်သည့်တစ်ပါးအမျိုးသားမိသားစုကမျှ ယေဟောဝါ၏ အမှုကို ကိုယ်တိုင်ကိုယ်ကျ ရရှိနိုင်ဖို့မဆိုထားနှင့်၊ ဣသရေလမှအပ မည်သည့်နိုင်ငံမျှ ဘုရားသခင်ကို "မွေးဖွားရန်" အရည်အချင်းမပြည့်မီဟု ခံယူထားဆဲဖြစ်ပါက- ဤသို့ သင် တွေးထင်ဆဲဖြစ်ပါက၊ ယင်းက သင့်ကို ခေါင်းမာသော ခုခံသူတစ်ဦးဖြစ်စေသည် မဟုတ်လော။ ဣသရေလအပေါ် အမြဲ အစွဲအလမ်းမကြီးနှင့်။ ဘုရားသခင်သည် သင်တို့ကြားတွင် ယနေ့ ရှိ၏။ မိုးပေါ်သို့လည်း သင် ကြည့်ပြီးရင်း ကြည့်မနေသင့်ပေ။

ကောင်းကင်ရှိ သင်၏ဘုရားသခင်ကို တမ်းတနေခြင်းကို ရပ်လော့။ ဘုရားသခင်သည် သင်တို့အလယ် ကြွလာပြီးဖြစ်သည်၊ ထို့ကြောင့် သူသည် အဘယ်သို့ ကောင်းကင်တွင် ရှိနိုင်မည်နည်း။ သင်သည် ဘုရားသခင်ကို ကာလကြာမြင့်စွာ မယုံကြည်ကြသေးသော်လည်း၊ သူနှင့်ပတ်သက်၍ သင်၌ အယူအဆများစွာရှိသည်မှာ ဣသရေလအမျိုးများ၏ ဘုရားသခင်သည် သင်တို့ကို သူ၏ မျက်မှောက်ဖြင့် ကျေးဇူးပြုဖို့ အရေးတယူလုပ်မည်ဟု တစ်ခဏမျှ သင်မတွေးဝံ့သည်အထိ ဖြစ်သည်။ သင်တို့သည် မခံနိုင်လောက်အောင် ညစ်ညူးကြပုံကို ထောက်ဆလျှင်၊ ဘုရားသခင် ကိုယ်တိုင်ကိုယ်ကျ ပေါ်ထွန်းခြင်းကို သင် မည်သို့ မြင်နိုင်မည်အကြောင်းအား သင်တို့ သာ၍ပင် မတွေးဝံ့ကြချေ။ ဘုရားသခင်သည် တစ်ပါးအမျိုးသားမြေတွင် ကိုယ်တိုင်ကိုယ်ကျ မည်သို့ဆင်းသက်နိုင်မည်ကိုလည်း သင်တို့ မတွေးဖူးကြပေ။ သူသည် သိနတောင်ပေါ် သို့မဟုတ် သံလွင်တောင်ပေါ်တွင် ဆင်းသက်ပြီး ဣသရေလလူမျိုးများထံ ပေါ်ထွန်းသင့်ပေသည်။ တစ်ပါးအမျိုးသားများ (ဆိုလိုသည်မှာ ဣသရေလပြင်ပရှိ လူမျိုးများ) သည် ဘုရားသခင်၏ စက်ဆုပ်ရွံရှာခြင်းခံရသူများ ဖြစ်သည် မဟုတ်လော။ သူတို့ကြားတွင် သူသည် မည်သို့ ကိုယ်တိုင်ကိုယ်ကျ အမှုပြုနိုင်မည်နည်း။ ဤအရာအားလုံးသည် နှစ်ပေါင်းများစွာအတွင်း သင်တို့ ထားရှိကြပြီးဖြစ်သည့် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် အယူအဆများ ဖြစ်သည်။ ယနေ့ သင်တို့ကို သိမ်းပိုက်ခြင်း၏ ရည်ရွယ်ချက်မှာ သင်တို့၏ဤအယူအဆများကို အစိတ်စိတ်အမြွာမြွာ ခွဲရန် ဖြစ်သည်။ ထို့ကြောင့်၊ သိနာတောင်ပေါ် သို့မဟုတ် သံလွင်တောင်ပေါ်တွင် မဟုတ်ဘဲ ယခင်က သူဦးဆောင်ခဲ့ဖူးခြင်း မရှိသည့် လူများကြားဖြစ်သည့်- သင်တို့ကြားတွင် ဘုရားသခင် ကိုယ်တိုင်ကိုယ်ကျ ပေါ်ထွန်းခြင်းကို သင်တို့ ရှုမြင်ကြရပေသည်။ ဘုရားသခင်သည် ဣသရေလတွင် သူ၏အမှု အဆင့်နှစ်ဆင့်ကို ဆောင်ရွက်ပြီးနောက်တွင်၊ ဣသရေလလူမျိုးများနှင့် တစ်ပါးအမျိုးသား အားလုံးတို့က ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်မှာ မှန်ကန်သော်လည်း၊ သူသည် တစ်ပါးအမျိုးသားများ၏ ဘုရားဖြစ်ရန် မဟုတ်ဘဲ၊ ဣသရေလလူမျိုးများ၏ ဘုရားဖြစ်ရန်သာ လိုလားလျက်ရှိသည်ဟူသော အယူအဆကို ထပ်တူထပ်မျှ သိုထားလာခဲ့ကြသည်။ ဣသရေလအမျိုးများက အောက်ပါအတိုင်း ယုံကြည်ကြ၏- ဘုရားသခင်သည် တစ်ပါးအမျိုးသားများ ဖြစ်သော သင်တို့၏ ဘုရားသခင် မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ ဘုရားသခင်သာ ဖြစ်နိုင်သည်၊ ပြီးလျှင် သင်တို့သည် ယေဟောဝါကို မကြည်ညိုကြပေ၊ ထို့ကြောင့်- ကျွန်ုပ်တို့၏ ဘုရားသခင်ဖြစ်သော- ယေဟောဝါသည် သင်တို့ကို စက်ဆုပ်ရွံရှာသည်ဟု ဖြစ်ပေသည်။ ယုဒလူမျိုးများသည်လည်း အောက်ပါအတိုင်း ယုံကြည်ကြ၏- သခင်ယေရှုသည် ကျွန်ုပ်တို့

ယုဒလူမျိုးတို့၏ အသွင်ကိုဆောင်ပြီး ယုဒလူမျိုးတို့၏ အမှတ်အသားကို ဆောင်သည့် ဘုရားသခင် ဖြစ်သည်။ ဘုရားသခင် အမှုပြုသည်မှာ ကျွန်ုပ်တို့အလယ်တွင် ဖြစ်သည်။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့် ကျွန်ုပ်တို့၏ပုံသဏ္ဍာန်သည် ဆင်တူသည်။ ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့် နီးစပ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ ယုဒလူမျိုးများ၏ ရှင်ဘုရင်ဖြစ်သည်။ တစ်ပါးအမျိုးသားတို့သည် ထိုသို့သော ကြီးမားသည့် ကယ်တင်ခြင်းကို ရရှိရန် အရည်အချင်း မပြည့်မီကြပေ။ သခင်ယေရှုသည် ကျွန်ုပ်တို့ယုဒလူမျိုးများအတွက် အပြစ်ဖြေရာယဇ် ဖြစ်သည်ဟူ၍ ဖြစ်ပေသည်။ ဣသရေလအမျိုးများနှင့် ယုဒလူမျိုးများက ဤအယူအဆများအားလုံး ထားရှိခဲ့ကြသည်မှာ အမှု၏ ထိုအဆင့်နှစ်ဆင့်အရသာ ဖြစ်ခဲ့ပေသည်။ ၎င်းတို့သည် ဘုရားသခင်ကို တစ်ပါးအမျိုးသားတို့၏ ဘုရားသခင်လည်း ဖြစ်ခွင့် မပေးဘဲလျက်၊ ဗိုလ်ကျလျက် ဘုရားသခင်ကို မိမိတို့ပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုကြလေသည်။ ဤနည်းဖြင့်၊ ဘုရားသခင်သည် တစ်ပါးအမျိုးသားများ၏ နှလုံးသားများတွင် ကွက်လပ်တစ်ခု ဖြစ်လာခဲ့သည်။ ဤသည်မှာ ဘုရားသခင်သည် တစ်ပါးအမျိုးသားများ၏ ဘုရားသခင် မဖြစ်ချင်သကဲ့သို့ သူသည် ဣသရေလလူမျိုးများ- သူ၏ ရွေးချယ်ခြင်းခံရသောလူများ- နှင့် ယုဒလူမျိုးများ၊ အထူးသဖြင့် သူ့နောက်လိုက်ခဲ့သည့် တပည့်တော်များကိုသာ နှစ်သက်သည်ဟု အယောက်တိုင်း ယုံကြည်လာခဲ့ကြသောကြောင့် ဖြစ်သည်။ ယေဟောဝါနှင့် ယေရှု ပြုခဲ့သည့်အမှုသည် လူသားမျိုးနွယ်အားလုံး၏ ရှင်သန်ခြင်းအတွက် ဖြစ်သည်ကို သင်တို့ မသိကြသလော။ ဘုရားသခင်သည် ဣသရေလပြင်ပတွင် မွေးဖွားသော သင်တို့အားလုံး၏ ဘုရားသခင် ဖြစ်သည်ကို ယခု သင်တို့ အသိအမှတ်ပြုကြသလော။ ယနေ့တွင် ဘုရားသခင်သည် သင်တို့အလယ် ဤနေရာ၌ ရှိသည် မဟုတ်လော။ ဤအရာသည် အိပ်မက်မဖြစ်နိုင်ပေ၊ ဖြစ်နိုင်သလော။ ဤလက်တွေ့အရှိတရားကို သင်တို့လက်မခံကြသလော။ သင်တို့သည် ထိုအရာကို မယုံကြည်ရဲကြ သို့မဟုတ် မစဉ်းစားရဲကြပေ။ ထိုအရာကို သင်တို့ မည်သို့မြင်ကြသည်ဖြစ်စေ၊ ဘုရားသခင်သည် သင်တို့အလယ် ဤနေရာတွင် ရှိသည် မဟုတ်လော။ ဤနှုတ်ကပတ်တော်များကို ယုံကြည်ရန် သင်တို့ စိုးရွံ့နေသေးသလော။ ဤနေ့မှစ၍၊ သိမ်းပိုက်ခြင်းခံသော လူများအားလုံးနှင့် ဘုရားသခင်၏ နောက်လိုက်များဖြစ်ရန် ဆန္ဒရှိသူများအားလုံးသည် ဘုရားသခင်၏ ရွေးချယ်ခြင်းခံရသောလူများ ဖြစ်ကြသည် မဟုတ်လော။ ယနေ့ နောက်လိုက်များဖြစ်သော သင်တို့ အားလုံးသည် ဣသရေလပြင်ပရှိ ရွေးချယ်ခြင်းခံရသောသူများ ဖြစ်ကြသည် မဟုတ်လော။ သင်တို့၏ အဆင့်အတန်းသည် ဣသရေလအမျိုးများကဲ့သို့ အလားတူ

ဖြစ်ကြသည် မဟုတ်လော။ ဤအရာအားလုံးသည် သင်တို့ သတိပြုသင့်သည့်အရာများ ဖြစ်သည် မဟုတ်လော။ ဤသည်မှာ သင်တို့ကို သိမ်းပိုက်ခြင်းအမှု၏ ရည်မှန်းချက် မဟုတ်လော။ သင်တို့သည် ဘုရားသခင်ကို မြင်နိုင်ကြသည့်အတွက်၊ သူသည် အစအဦးမှ အနာဂတ်ထဲထိ သင်တို့၏ဘုရားသခင် ထာဝရဖြစ်လိမ့်မည်။ သင်တို့အားလုံးသည် သူ၏နောက်သို့ လိုက်ရန်နှင့် သူ၏သစ္စာစောင့်သိပြီး နာခံသော ဖန်ဆင်းခံများဖြစ်ရန် လိုလားလျက်ရှိနေကြသရွေ့ သူသည် သင်တို့ကို စွန့်ပစ်လိမ့်မည် မဟုတ်ပေ။

လူတို့သည် ဘုရားသခင်ကို ချစ်ရန် မည်မျှ စိတ်ပြင်းပြကြသည် ဖြစ်စေ မပြင်းပြသည်ဖြစ်စေ၊ ယနေ့ထိ သူ့နောက်လိုက်ရာတွင်မူ ၎င်းတို့သည် ယေဘုယျအားဖြင့် နာခံကြပြီးဖြစ်သည်။ ဤအမှု၏အဆင့် ပြီးဆုံးသည့်အခါ၊ နောက်ဆုံးမှသာ ၎င်းတို့သည် လုံးလုံးလျားလျား နောင်တရကြလိမ့်မည် ဖြစ်သည်။ ယင်းမှာ လူတို့ အမှန်တကယ် သိမ်းပိုက်ခြင်း ခံသည့်အချိန် ဖြစ်သည်။ ယခု၊ ၎င်းတို့သည် သိမ်းပိုက်ခြင်းခံရသည့် ဖြစ်စဉ်တွင်သာ ရှိကြသည်။ အမှု အဆုံးသတ်သည်နှင့် ၎င်းတို့သည် စုံလင်စွာ သိမ်းပိုက်ခြင်း ခံရကြမည် ဖြစ်သော်လည်း၊ ယခု ဤသို့မဟုတ်ပေ။ အယောက်တိုင်း ယုံကြည်လက်ခံကြလျှင်ပင်၊ ယင်းသည် ၎င်းတို့အနေဖြင့် လုံးလုံးလျားလျား သိမ်းပိုက်ခံရပြီးဖြစ်သည်ဟု မဆိုလိုပေ။ ဤသည်မှာ လက်ရှိ၌၊ လူတို့သည် နှုတ်ကပတ်တော်များကိုသာ မြင်ကြပြီးဖြစ်ကာ တကယ့် အဖြစ်အပျက်များကို မမြင်ကြသေးသကဲ့သို့၊ မည်မျှပင် ၎င်းတို့ နက်ရှိုင်းစွာ ယုံကြည်ကြပါစေ၊ မသေမချာ ဖြစ်မြဲဖြစ်ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူတို့သည် နှုတ်ကပတ်တော်များ လက်တွေ့အရှိတရား ဖြစ်လာခြင်းတည်းဟူသော နောက်ဆုံး တကယ့်အဖြစ်အပျက်များဖြင့်သာ လုံးလုံးလျားလျား သိမ်းပိုက်ခံကြရမည် ဖြစ်သည်။ ယခု၊ ဤလူတို့သည် ယခင်က ၎င်းတို့ မကြားဖူးသည့် နက်နဲမှုများစွာကို ကြားကြရသောကြောင့် သိမ်းပိုက်ခံရကြပေသည်။ သို့သော်၊ ၎င်းတို့တစ်ဦးချင်းစီ၏ အတွင်းတွင်၊ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်တိုင်း အမှန်ဖြစ်လာခြင်းကို ၎င်းတို့အား မြင်ခွင့်ပေးသည့် တကယ့်အဖြစ်အပျက်အချို့ကို ရှာဖွေနေကြဆဲ၊ စောင့်ဆိုင်းနေကြဆဲ ဖြစ်သည်။ ထိုအခါမှသာ ၎င်းတို့သည် လုံးဝ ယုံကြည်လက်ခံကြမည် ဖြစ်သည်။ နောက်ဆုံးတွင် အမှန်ဖြစ်လာသည့် ဤတကယ့်အဖြစ်အပျက်များကို အားလုံး မြင်ကြပြီးဖြစ်ကာ၊ ဤလက်တွေ့အရှိတရားများက ၎င်းတို့ကို စိတ်ချစေနိုင်သည့် အခါမှသာ၊ ၎င်းတို့သည် ၎င်းတို့၏နှလုံးသားများ၊ ၎င်းတို့၏စကားနှင့် ၎င်းတို့၏အမြင်များတွင် လက်ခံယုံကြည်မှုကို ပြသကြလိမ့်မည် ဖြစ်ပြီး၊ လှိုက်လှိုက်လှဲလှဲ လုံးလုံးလျားလျား လက်ခံယုံကြည်ကြလိမ့်မည် ဖြစ်သည်။ ယင်းမှာ လူ၏သဘာဝဗီဇ ဖြစ်သည်။ နှုတ်ကပတ်တော်များအားလုံး အမှန်တကယ် ဖြစ်လာသည်ကို

သင်တို့ မြင်ရန် လိုအပ်သည်၊ တကယ့်အဖြစ်အပျက်အချို့ဖြစ်ပျက်နေသည်ကို သင်တို့မြင်ရန်လိုအပ်ပြီး၊ အချို့သောလူများအပေါ် ဘေးဒုက္ခ ကျရောက်နေသည်ကို သင်တို့မြင်ရန် လိုအပ်သည်၊ ထို့နောက် သင်တို့သည် အတွင်းစိတ်ထဲက လုံးဝ လက်ခံယုံကြည်ကြလိမ့်မည် ဖြစ်သည်။ ယုဒလူမျိုးများကဲ့သို့ သင်တို့သည် နိမိတ်များနှင့် အံ့သြဖွယ်ရာများ မြင်ခြင်းတွင် အာရုံရောက်နေကြ၏။ သို့သော်၊ သင်တို့သည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများရှိသည်ကို စဉ်ဆက်မပြတ် မမြင်သကဲ့သို့ သင်တို့၏အမြင်များကို ကြီးမားစွာ ပွင့်စေရန် ရည်ရွယ်သည့် လက်တွေ့အရှိတရားများ ဖြစ်ပျက်နေသည်ကိုလည်း မမြင်နိုင်ကြပေ။ တစ်စုံတစ်ဦး ကောင်းကင်မှ ဆင်းသက်နေသည်ဖြစ်စေ၊ မိုးတိမ်တိုင်တစ်ခုက သင်တို့ကို စကားပြောနေသည်ဖြစ်စေ၊ သင်တို့အထဲမှ တစ်ဦးအပေါ် မကောင်းဆိုးဝါး နှင်ခြင်းကို ငါဆောင်ရွက်နေသည်ဖြစ်စေ၊ သင်တို့အလယ်တွင် မိုးခြိမ်းသံကဲ့သို့ ငါအသံမြည်ဟိန်းနေသည်ဖြစ်စေ ဤအဖြစ်အပျက်မျိုးကို သင်တို့ အမြဲ မြင်ချင်ကြခဲ့ပြီး အမြဲ မြင်ချင်ကြလိမ့်ဦးမည်ဖြစ်သည်။ ဘုရားသခင်ကို ယုံကြည်ခြင်း၌ သင်တို့၏အကြီးမားဆုံး ဆန္ဒမှာ သင်တို့ထံ ဘုရားသခင်ကိုယ်တိုင် ကြွလာပြီး နိမိတ်လက္ခဏာတစ်ခုပြရန် ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုအခါ သင်တို့ စိတ်ကျေနပ်ကြလိမ့်မည်။ အသင်လူတို့ကို သိမ်းပိုက်ရန်၊ ကမ္ဘာလောက၏ဖန်ဆင်းခြင်းနှင့် ဆင်တူသော အမှုကို ငါ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ထို့အပြင် နိမိတ်လက္ခဏာတစ်မျိုးမျိုးကို ပြရပေမည်။ ထိုအခါ၊ သင်တို့၏နှလုံးသားများသည် လုံးဝ သိမ်းပိုက်ခြင်းခံရကြလိမ့်မည် ဖြစ်သည်။

## သိမ်းပိုက်ခြင်းအလုပ်၏ အတွင်းသမ္မာတရား (၄)

စုံလင်စေခြင်းခံရဖို့ဟူသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ သိမ်းပိုက်ခြင်း ခံရဖို့ဟူသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ လူတို့အနေဖြင့် သိမ်းပိုက်ခြင်းခံရဖို့အတွက် မည်သည့်စံများကို ပြည့်မီရမည်နည်း။ ပြီးလျှင် ၎င်းတို့သည် စုံလင်စေခြင်း ခံရဖို့အတွက် မည်သည့် စံများကို ပြည့်မီရမည်နည်း။ သိမ်းပိုက်ခြင်းနှင့် စုံလင်စေခြင်း နှစ်ခုလုံးမှာ လူသားကို ၎င်း၏မူလပုံသဏ္ဌာန်သို့ ပြန်လည် ဖြစ်သွားစေနိုင်ဖို့နှင့် ၎င်း၏ ဖောက်ပြန်ပျက်စီးကာ စာတန်ဆန်သော စိတ်သဘောထားနှင့် စာတန်၏လွှမ်းမိုးမှုမှ ၎င်းကို လွတ်မြောက်စေနိုင်ဖို့အလို့ငှာ၊ လူသားကို စုံလင်စေခြင်း ရည်ရွယ်ချက်အတွက် ဖြစ်သည်။ ဤသိမ်းပိုက်ခြင်းသည် လူသား၌ အမှုပြုခြင်း ဖြစ်စဉ်တွင် စောစီးစွာ ဖြစ်ပေသည်။ စင်စစ်၊

ယင်းသည် အမှု၏ ပထမအဆင့် ဖြစ်သည်။ စုံလင်စေခြင်းသည် ဒုတိယအဆင့် ဖြစ်ပြီး အဆုံးသတ်သည့်အမှု ဖြစ်သည်။ လူသားတိုင်းသည် သိမ်းပိုက်ခြင်း ဖြစ်စဉ်ကို ကြုံရမည်။ သို့မဟုတ်ပါက ၎င်းတို့သည် ဘုရားသခင်ကို သိရှိရန် နည်းလမ်း ရှိမည်မဟုတ်သကဲ့သို့ ဘုရားသခင်တစ်ပါး ရှိသည်ကိုလည်း သိမည် မဟုတ်၊ ဆိုလိုသည်မှာ၊ ဘုရားသခင်ကို အသိအမှတ်ပြုဖို့ ၎င်းတို့အတွက် ဖြစ်နိုင်မည်မဟုတ်ပေ။ ပြီးလျှင် လူတစ်ဦးသည် ဘုရားသခင်ကို အသိအမှတ်မပြုပါက၊ ၎င်းတို့သည် စုံလင်စေခြင်းအတွက် စံများကို မပြည့်မီကြသည့်အတွက်၊ ဘုရားသခင်၏ စုံလင်စေခြင်းခံရရန်လည်း ၎င်းတို့အတွက် မဖြစ်နိုင်ပေ။ သင်သည် ဘုရားသခင်ကို အသိအမှတ်ပင် မပြုပါက၊ သူ့ကို သင် မည်သို့ သိရှိနိုင်မည်နည်း။ သူ့နောက်ကို သင် မည်သို့ လိုက်နိုင်မည်နည်း။ သင်သည် သူ့ကို စိတ်ကျေနပ်စေရန် ယုံကြည်ခြင်းရှိဖို့ မဆိုထားနှင့်၊ သူ့အဖို့ သက်သေခံနိုင်မည်လည်း မဟုတ်ပေ။ ထို့ကြောင့် စုံလင်စေခြင်း ခံလိုသောသူ မည်သူမဆိုအတွက်၊ ပထမအဆင့်မှာ သိမ်းပိုက်ခြင်းအမှုကို ကြုံဖို့ ဖြစ်သည်။ ဤသည်မှာ ပထမဦးဆုံး သတ်မှတ်ချက် ဖြစ်သည်။ သို့သော် သိမ်းပိုက်ခြင်းနှင့် စုံလင်စေခြင်း နှစ်ခုလုံးသည် လူတို့၌ အမှုပြုဖို့နှင့် ၎င်းတို့ကို ပြောင်းလဲစေဖို့ဖြစ်သကဲ့သို့၊ အသီးသီးသည် လူသားကို စီမံခန့်ခွဲခြင်းအမှု၏ အစိတ်အပိုင်း ဖြစ်ပေသည်။ အဆင့်နှစ်ဆင့်လုံးသည် တစ်စုံတစ်ဦးကို ပြည့်စုံစေဖို့ လိုအပ်ပြီး၊ တစ်ခုကိုမျှ လျစ်လျူရှု၍ မရပေ။ "သိမ်းပိုက်ခံရခြင်း" သည် ကြားရသည်မှာ သိပ်နားထောင်မကောင်းသည်မှာ မှန်သော်လည်း၊ အမှန်တွင် တစ်စုံတစ်ဦးကို သိမ်းပိုက်ခြင်း ဖြစ်စဉ်သည် ၎င်းတို့ကို ပြောင်းလဲခြင်း ဖြစ်စဉ်ဖြစ်သည်။ သင်သည် သိမ်းပိုက်ခြင်းခံရပြီးသည်နှင့် တစ်ပြိုင်နက်၊ သင်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို လုံး၀ အမြစ်ဖြတ်ကောင်း မဖြတ်ရနိုင်သေးပေ၊ သို့သော် ထိုအရာကို သင် သိရှိပြီး ဖြစ်လိမ့်မည်။ သိမ်းပိုက်ခြင်း အမှုမှတစ်ဆင့်၊ သင်သည် သင်၏ နိမ့်ကျသော လူ့သဘာ၀အပြင်၊ သင်ကိုယ်တိုင်၏ မနာခံမှု အများစုကို သိရှိလာပြီး ဖြစ်လိမ့်မည်။ သင်သည် ဤအရာများကို သိမ်းပိုက်ခြင်း အမှု၏ တိုတောင်းသော အချိန်ကာလအတွင်းတွင် စွန့်ပစ်နိုင်မည် မဟုတ်သော်လည်း သို့မဟုတ် ပြောင်းလဲနိုင်မည်မဟုတ်သော်လည်း၊ ထိုအရာများကို သင်သိလာလိမ့်မည်ဖြစ်ပြီး၊ ဤအရာက သင်၏ စုံလင်ခြင်းအတွက် အခြေခံအုတ်မြစ်ကို ချပေးလိမ့်မည် ဖြစ်သည်။ ထိုသို့ဖြစ်သဖြင့်၊ လူတို့အနေဖြင့် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်ထံ အပြည့်အ၀ ပေးအပ်နိုင်ဖို့အလို့ငှာ လူတို့ကို ပြောင်းလဲဖို့၊ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စာတန်ဆန်သည့် စိတ်သဘောထားကို ဖယ်ရှားဖို့ သိမ်းပိုက်ခြင်းနှင့် စုံလင်စေခြင်းနှစ်ခုလုံးကို လုပ်ဆောင်ခြင်း ဖြစ်သည်။ သိမ်းပိုက်ခံရခြင်းသည်

လူတို့၏ စိတ်သဘောထားများကို ပြောင်းလဲရာတွင် ပထမအဆင့်မျှသာ ဖြစ်သည့်အပြင် လူတို့အနေဖြင့် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်ထံ အပြည့်အဝ ပေးအပ်ရာတွင်လည်း ပထမအဆင့် ဖြစ်ပြီး၊ ယင်းသည် စုံလင်စေခြင်းအဆင့်ထက် သာ၍ နိမ့်ကျပေသည်။ သိမ်းပိုက်ခံရသည့် လူတစ်ဦး၏ အသက်စိတ်သဘောထားသည် စုံလင်ခံရသော လူတစ်ဦး၏ အသက်စိတ်သဘောထားထက် ပြောင်းလဲမှု များစွာသာ၍ လျော့နည်းပေသည်။ သိမ်းပိုက်ခံရခြင်းနှင့် စုံလင်စေခြင်း ခံရခြင်းသည် သဘောတရားအရ အချင်းချင်း ကွဲပြားခြားနားပေသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အမှု၏ မတူညီသော အဆင့်များဖြစ်သောကြောင့်လည်းကောင်း၊ ၎င်းတို့သည် လူများကို ကွဲပြားသော စံများ ထိန်းသိမ်းစေသောကြောင့်လည်းကောင်း ဖြစ်သည်၊ သိမ်းပိုက်ခြင်းသည် လူတို့အား သာ၍နိမ့်သော စံများကို ထိန်းသိမ်းစေသော်လည်း၊ စုံလင်စေခြင်းကမူ လူတို့ကို သာ၍ မြင့်မားသော စံများ ထိန်းသိမ်းစေသောကြောင့် ဖြစ်သည်။ စုံလင်စေခြင်း ခံရသူများသည် ဖြောင့်မတ်သောလူများ၊ သန့်ရှင်းစေခြင်းခံရကာ ဖြူစင်သော လူများ ဖြစ်သည်။ ၎င်းတို့သည် လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းအမှု၏ ပုံပေါ်လာခြင်းများ သို့မဟုတ် နောက်ဆုံး ရလဒ်များ ဖြစ်သည်။ ၎င်းတို့သည် စုံလင်သော လူသားများ မဟုတ်သော်လည်း၊ အဓိပ္ပာယ်ရှိသော အသက်တာများကို အသက်ရှင်ရန် ကြိုးစားကြသည့် လူများ ဖြစ်သည်။ ထိုအချိန်အတောအတွင်းတွင်၊ သိမ်းပိုက်ခြင်း ခံရသူများသည် ဘုရားသခင်၏ တည်ရှိခြင်းကို စကားဖြင့်သာ အသိအမှတ်ပြုကြ၏။ ဘုရားသခင်သည် လူ့ဇာတိခံယူပြီး ဖြစ်သည်၊ နှုတ်ကပတ်တော်သည် လူဇာတိ၌ ပေါ်လာပြီးဖြစ်ကာ၊ ဘုရားသခင်သည် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း အမှုကို ပြုဖို့ ကမ္ဘာမြေသို့ ကြွလာပြီးဖြစ်သည်ကို ၎င်းတို့ အသိအမှတ်ပြုကြသည်။ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမမှု၊ သူ၏ ဒဏ်ခတ်ခြင်းနှင့် စစ်ဆေးမှု အားလုံးသည် လူသားအဖို့ အကျိုးရှိသည်ကိုလည်း ၎င်းတို့ အသိအမှတ်ပြုကြသည်။ ၎င်းတို့သည် မကြာသေးခင်ကမှသာ အတော်အတန် လူသားပုံသဏ္ဌာန် စတင်ရှိကြခြင်း ဖြစ်သည်။ ၎င်းတို့သည် ဘဝနှင့် ပတ်သက်၍ ထိုးထွင်းသိမြင်မှုအချို့ ရှိကြသော်လည်း၊ ယင်းသည် ၎င်းတို့အဖို့ မထင်မရှားဖြစ်နေဆဲ ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော်၊ ၎င်းတို့သည် လူ့သဘာဝကို ခုတင် စတင်ပိုင်ဆိုင်နေကြခြင်းသာ ဖြစ်သည်။ ယင်းမှာ သိမ်းပိုက်ခံရခြင်း၏ အကျိုးတရားများ ဖြစ်သည်။ လူတို့သည် စုံလင်စေခြင်း လမ်းကြောင်းပေါ်သို့ ခြေချသောအခါတွင်၊ ၎င်းတို့၏ ဟောင်းနွမ်းသော စိတ်သဘောထား ပြောင်းလဲဖို့ ဖြစ်နိုင်လာသည်။ ထို့အပြင်၊ ၎င်းတို့၏ အသက်တာသည် ဆက်လက်ကြီးထွားပြီး၊ သမ္မာတရားထဲသို့ သာ၍နက်ရှိုင်းစွာ ၎င်းတို့

တဖြည်းဖြည်း ဝင်ရောက်ကြလေသည်။ ၎င်းတို့သည် လောကနှင့် သမ္မာတရားကို မလိုက်စားသောသူ အားလုံးအား စက်ဆုပ်ရွံရှာ နိုင်ကြ၏။ အထူးသဖြင့် မိမိတို့ကိုယ်ကိုယ် စက်ဆုပ် ရွံရှာကြသည်၊ သို့သော် ထို့ထက်ပို၍၊ မိမိတို့ကိုယ်ကိုယ် ရှင်းလင်းစွာ သိရှိကြလေသည်။ ၎င်းတို့သည် သမ္မာတရားဖြင့် အသက်ရှင်ရန် လိုလားနေကြပြီး၊ သမ္မာတရားကို လိုက်စားဖို့ကို မိမိတို့၏ ရည်မှန်းချက် ဖြစ်စေကြလေသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်၏ ဦးနှောက်မှ ဖြစ်ပေါ်သော အတွေးများအတွင်းတွင် အသက်ရှင်ဖို့ လိုလားလျက် မရှိကြသကဲ့သို့ လူသား၏ မိမိကိုယ်ကိုယ် ဖြောင့်မတ်သည်ဟု မှတ်ယူခြင်း၊ မောက်မာခြင်းနှင့် မိမိကိုယ်ကိုယ် စိတ်ကြီးဝင်ခြင်းတို့ကို စက်ဆုပ်ရွံရှာမှု ခံစားရလေသည်။ ၎င်းတို့သည် အားကောင်းသည့် ရည်မွန်သော အသိစိတ်ဖြင့် စကားပြောဆိုကြသည်၊ ချင့်ချိန်နိုင်စွမ်းနှင့် ဉာဏ်ပညာဖြင့် အမှုအရာများကို ကိုင်တွယ်ကြပြီး၊ ဘုရားသခင်ကို သစ္စာစောင့်သိကာ နာခံကြလေသည်။ ၎င်းတို့သည် ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ခြင်း ဖြစ်စဉ်တစ်ခုကို တွေ့ကြုံရပါက၊ ၎င်းတို့သည် မတုန်မလှုပ် ဖြစ်ခြင်း သို့မဟုတ် အားနည်းခြင်း ဖြစ်လာကြရုံသာမက၊ ဘုရားသခင်ထံမှလာသော ဤပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ခြင်းအတွက် ကျေးဇူးတင်ရှိတတ်ကြလေသည်။ ၎င်းတို့သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ခြင်း မပါဘဲ၊ မဖြစ်နိုင်သကဲ့သို့ ယင်းသည် ၎င်းတို့အား ကွယ်ကာသည်ကို ၎င်းတို့ ယုံကြည်ကြလေသည်။ ၎င်းတို့သည် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ဆာလောင်မှုကို ဖြည့်ဆည်းရန် မုန့်ကိုရှာဖွေခြင်းတို့နှင့်ဆိုင်သည့် ယုံကြည်ခြင်းကို မလိုက်စားကြပေ။ ဇာတိပကတိနှင့်ဆိုင်သော တစ်ခဏတာ ပျော်ရွှင်မှုများကိုလည်း ၎င်းတို့ မလိုက်စားကြချေ။ ဤသည်မှာ စုံလင်စေခြင်းခံရသူတို့၌ ဖြစ်ပေါ်သည့်အရာ ဖြစ်သည်။ လူတို့သည် သိမ်းပိုက်ခံရပြီးနောက်တွင်၊ ဘုရားသခင်တစ်ပါး ရှိသည်ကို အသိအမှတ် ပြုကြသော်လည်း၊ ဘုရားသခင်၏ တည်ရှိခြင်းကို ၎င်းတို့ အသိအမှတ်ပြုသည့်အချိန်တွင် ၎င်းတို့၌ထင်ရှားသည့်အရာတွင် အကန့်အသတ်များ ရှိပေသည်။ နှုတ်ကပတ်တော် လူ့ဇာတိတွင် ပေါ်ထွန်းခြင်းသည် အမှန်တကယ် မည်သည့်အရာကို ဆိုလိုပါသနည်း။ လူ့ဇာတိခံယူခြင်းသည် မည်သည့်အရာကို ဆိုလိုပါသနည်း။ လူ့ဇာတိခံ ဘုရားသခင်သည် မည်သည့်အရာကို လုပ်ဆောင်ပြီးဖြစ်သနည်း။ သူ့အမှု၏ ရည်မှန်းချက်နှင့် အရေးပါမှုမှာ မည်သည့်အရာ ဖြစ်သနည်း။ သူ၏ အမှုများစွာကို တွေ့ကြုံပြီးနောက်တွင်၊ လူ့ဇာတိ၌ သူ၏ လုပ်ဆောင်ချက်များကို တွေ့ကြုံပြီးနောက်တွင် သင်သည် မည်သည့်အရာကို ရရှိပြီးဖြစ်သနည်း။ ဤအရာများအားလုံးကို သင်နားလည်ပြီးနောက်တွင်သာ သင်သည် သိမ်းပိုက်ခြင်းခံရလိမ့်မည်။ ဘုရားသခင်တစ်ပါး

ရှိသည်ကို အသိအမှတ်ပြုသည်ဟု သင်သည် ပြောရုံမျှပြောသော်လည်း၊ သင် ပစ်ပယ်သင့်သည့် အရာကို မပစ်ပယ်ပါက၊ ပြီးလျှင် သင်စွန့်လွှတ်သင့်သည့် ဇာတိပကတိဆိုင်ရာ ပျော်ရွှင်မှုများကို မစွန့်လွှတ်ဘဲ၊ ယင်းအစား၊ ဇာတိပကတိဆိုင်ရာ သက်သောင့်သက်သာ ဖြစ်မှုများကို သင် အမြဲတပ်မက်ခဲ့သည့်အတိုင်း ဆက်လက် တပ်မက်နေပါက၊ ပြီးလျှင် ညီအစ်ကို မောင်နှမများအပေါ် မည်သည့် မလိုမုန်းထားမှုကိုမျှ လက်မလွှတ်နိုင်သကဲ့သို့ ရိုးရှင်းသော လက်တွေ့လုပ်ဆောင်မှုများစွာကို ဆောင်ရွက်ရာတွင် မည်သည့် အဖိုးအခမျှ မပေးပါက၊ ဤအရာက သင်သည် သိမ်းပိုက်ခြင်း မခံရသေးသည်ကို သက်သေပြပေသည်။ ထိုအခြေအနေတွင်၊ သင်နားလည်သော အရာများစွာ ရှိလျှင်ပင်၊ အားလုံးသည် အချည်းနှီး ဖြစ်လိမ့်မည်။ သိမ်းပိုက်ခြင်း ခံရသောသူများသည် ကနဦး ပြောင်းလဲမှုအချို့နှင့် ကနဦး ဝင်ရောက်မှုတို့ကို ရရှိသည့် လူများ ဖြစ်ကြလေသည်။ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို ကြုံတွေ့ခံစားခြင်းသည် လူတို့ကို ဘုရားသခင်နှင့်သက်ဆိုင်သော အသိပညာနှင့် သမ္မာတရားအား ကနဦး သိနားလည်ခြင်းတို့ကို ပေး၏။ သာ၍နက်ရှိုင်းသည့်၊ သာ၍ အသေးစိတ်ကျသော သမ္မာတရားများ၏ လက်တွေ့အရှိတရားထဲသို့ အပြည့်အဝ ဝင်ရောက်ခြင်းငှာ သင် မတတ်စွမ်းနိုင်သော်လည်း၊ သင်၏ တကယ့်အသက်တာထဲတွင် သင်၏ ဇာတိပကတိဆိုင်ရာ ပျော်ရွှင်မှုများ သို့မဟုတ် သင်၏ ပုဂ္ဂိုလ်ရေး အဆင့်အတန်းတွင် ပါဝင်ခြင်းကဲ့သို့သော အခြေခံမျှသာဖြစ်သည့် သမ္မာတရားများစွာကို သင် လက်တွေ့ လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။ ဤအရာအားလုံးသည် သိမ်းပိုက်ခြင်း ဖြစ်စဉ်အတွင်းတွင် လူတို့၌ ရရှိသည့် အကျိုးတရား ဖြစ်ပေသည်။ စိတ်သဘောထား၌ ပြောင်းလဲခြင်းများကိုလည်း သိမ်းပိုက်ခံရသော သူတို့တွင် တွေ့မြင်ရလေသည်။ ဥပမာအားဖြင့်၊ ၎င်းတို့ ဝတ်ဆင်ကာ မိမိတို့ကိုယ်ကိုယ် အသွင်ဆောင်သည့်ပုံနှင့် ၎င်းတို့ အသက်ရှင်ပုံ- ဤအရာများအားလုံး ပြောင်းလဲနိုင်ပေသည်။ ဘုရားသခင်၌ ယုံကြည်ခြင်းအပေါ် ၎င်းတို့၏ ရှုထောင့်အမြင် ပြောင်းလဲသည်၊ ၎င်းတို့၏ လိုက်စားရှာဖွေမှု ရည်မှန်းချက်များနှင့် ပတ်သက်၍ ၎င်းတို့ ရှင်းလင်းကြပြီး၊ သာ၍ မြင့်မားသည့် ရည်မှန်းချက်များ ၎င်းတို့ရှိကြလေသည်။ သိမ်းပိုက်ခြင်း အမှုအတွင်းတွင်၊ အလားတူ လိုက်လျောညီထွေသော ပြောင်းလဲမှုများလည်း ၎င်းတို့၏ အသက်စိတ်သဘောထား၌ ဖြစ်ပေါ်၏။ ပြောင်းလဲမှုများရှိသော်လည်း၊ ယင်းတို့သည် ပေါ့တန်သည်၊ ပဏာမဖြစ်ပြီး စိတ်သဘောထား၌ ပြောင်းလဲမှုများနှင့် စုံလင်စေခြင်းခံရပြီးသူတို့၏ လိုက်စားရှာဖွေမှု ရည်မှန်းချက်များထက် သာ၍ နိမ့်ကျလေသည်။ စုံလင်ခံရခြင်း ဖြစ်စဉ်တွင်၊ လူတစ်ဦး၏ စိတ်သဘောထား လုံးဝ မပြောင်းလဲသကဲ့သို့ မည်သည့်သမ္မာတရားကိုမျှ ၎င်းတို့ မရရှိပါက၊ ဤလူသည် အမှိုက်ဖြစ်ပြီး လုံးဝ အသုံးမဝင်ပေ။

သိမ်းပိုက်ခြင်း မခံရသေးသောလူများသည် စုံလင်စေခြင်း မခံရနိုင်။ လူတစ်ဦးသည် သိမ်းပိုက်ခံရဖို့သာ ကြိုးစားပါက၊ ၎င်း၏ စိတ်သဘောထားများသည် အလားတူ လိုက်လျောညီထွေသော ပြောင်းလဲမှုအချို့ကို သိမ်းပိုက်ခြင်းအမှုအတွင်းတွင် ထုတ်ဖော်ပြလျှင်ပင်၊ ၎င်းတို့သည် အပြည့်အဝ စုံလင်စေခြင်း မခံရနိုင်ပေ။ ၎င်းတို့သည် ၎င်းတို့ ရရှိခဲ့သည့် ကနဦး သမ္မာတရားများကိုလည်း ဆုံးရှုံးကြလိမ့်မည်။ သိမ်းပိုက်ခံရသူများနှင့် စုံလင်စေခြင်းခံရသူများ၌ရှိသည့် စိတ်သဘောထားများထဲက ပြောင်းလဲမှု ပမာဏအတွင်းတွင် ကြီးမားသော ကွာခြားမှုတစ်ခု ရှိ၏။ သို့သော် သိမ်းပိုက်ခံရခြင်းသည် ပြောင်းလဲမှု၌ ပထမအဆင့် ဖြစ်သည်။ ယင်းသည် အခြေခံအုတ်မြစ် ဖြစ်သည်။ ဤအသိပညာသည် တရားစီရင်ခြင်းမှလာပြီး ထိုသို့သော တရားစီရင်ခြင်းသည် သိမ်းပိုက်ခြင်းအမှု၏ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်သည့်အတွက်၊ ဤကနဦးပြောင်းလဲမှု မရှိခြင်းသည် လူတစ်ဦးက ဘုရားသခင်ကို အမှန်တကယ် လုံးဝ မသိသည့် သက်သေ ဖြစ်ပေသည်။ ထိုသို့ဖြစ်သဖြင့်၊ စုံလင်စေခြင်းခံရသူအားလုံးသည် ပထမဦးစွာ သိမ်းပိုက်ခြင်းခံရမည်ဖြစ်သည်။ သို့မဟုတ်ပါက၊ ၎င်းတို့ စုံလင်စေခြင်း ခံရဖို့ မဖြစ်နိုင်ချေ။

လူ့ဇာတိခံ ဘုရားသခင်ကို အသိအမှတ်ပြုသည်၊ ပြီးလျှင် လူ့ဇာတိတွင် နှုတ်ကပတ်တော်၏ ပေါ်ထွန်းခြင်းကို အသိအမှတ်ပြုသည်ဟု သင် ဆိုသော်လည်း၊ သင်သည် သူ၏ နောက်ကွယ်၌ သူတောင်းဆိုသည့်အရာနှင့် ဆန့်ကျင်သည့် အချို့သော အရာများကို လုပ်ဆောင်ပြီး၊ သင်၏စိတ်နှလုံးထဲတွင် သူ့ကိုကြောက်ရွံ့မှု မရှိချေ။ ဤသည်မှာ ဘုရားသခင်ကို အသိအမှတ်ပြုခြင်းလော။ သူပြောသည့်အရာကို သင် အသိအမှတ်ပြုသော်လည်း၊ သင်လုပ်ဆောင်နိုင်သည့် အရာကို လက်တွေ့မလုပ်ဆောင်သကဲ့သို့၊ သူ၏နည်းလမ်းကိုလည်း သင် မလိုက်နာချေ။ ဤသည်မှာ ဘုရားသခင်ကို အသိအမှတ်ပြုခြင်းလော။ ပြီးလျှင် သင်သည် သူ့ကို အသိအမှတ်ပြုသော်လည်း၊ သင်၏ပုံသေ အတွေးအခေါ်သည် ချစ်ကြောက်ရိုသေခြင်းနှင့် သက်ဆိုင်သောအရာ လုံးဝ မဟုတ်ဘဲ၊ သူ့အပေါ် သတိထားခြင်းနှင့်ဆိုင်သည့် အရာတစ်ခုတည်းသာ ဖြစ်သည်။ သင်သည် သူ၏အမှုကို မြင်ပြီး အသိအမှတ်ပြုကာ သူသည် ဘုရားသခင်ဖြစ်သည်ကို သိရှိသော်လည်း၊ ဆက်၍ စိတ်မပါ့တပါဖြစ်ပြီး လုံးဝ မပြောင်းလဲပါက၊ သင်သည် သိမ်းပိုက်ခြင်း မခံရသေးသော လူစားမျိုး ဖြစ်ပေသည်။ သိမ်းပိုက်ခြင်း ခံပြီးသူများသည် ၎င်းတို့ လုပ်ဆောင်နိုင်သမျှအားလုံးကို လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ၎င်းတို့သည် သာ၍ မြင့်မားသော သမ္မာတရားများထဲသို့ မဝင်ရောက်နိုင်ကြသကဲ့သို့၊ ဤသမ္မာတရားများကို ၎င်းတို့ လက်လှမ်းမမီနိုင်သော်လည်း၊ ထိုသို့သော လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ဤအရာကို ရရှိရန်

လိုလားလျက်ရှိကြပေသည်။ ၎င်းတို့ လက်တွေ့လုပ်ဆောင်နိုင်သည့် အရာတွင် အတိုင်းအတာနှင့် ကန့်သတ်မှုများရှိသည်မှာ ၎င်းတို့ လက်ခံနိုင်သည့်အရာတွင် ကန့်သတ်မှုများ ရှိသောကြောင့် ဖြစ်သည်။ သို့သော် အနည်းဆုံးအနေဖြင့် ၎င်းတို့ လုပ်နိုင်သမျှအားလုံးကို လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ယင်းကို သင် ရရှိနိုင်ပါက၊ ဤသည်မှာ သိမ်းပိုက်ခြင်း အမှုကြောင့် ရရှိခဲ့သည့် အကျိုးတရားတစ်ခု ဖြစ်ပေသည်။ သင့်အနေဖြင့်၊ "လူသားက မပြောနိုင်သည့် နှုတ်ကပတ်တော်များစွာကို သူပြောဆိုနိုင်သည်ကို ထောက်ဆလျှင်၊ သူသည် ဘုရားသခင် မဟုတ်ပါက မည်သူနည်း။" ဟု ပြောသည်ဆိုပါစို့။ ထိုသို့သော အတွေးမျိုးက သင်သည် ဘုရားသခင်ကို အသိအမှတ်ပြုသည်ဟု မဆိုလိုပေ။ ဘုရားသခင်ကို သင် အသိအမှတ်ပြုပါက၊ ယင်းကို သင်၏ တကယ့်လုပ်ရပ်များမှတစ်ဆင့် သင် ပြသရပေမည်။ အသင်းတော် တစ်ခုကို ဦးဆောင်သော်လည်း၊ ဖြောင့်မတ်ခြင်းတရားကို လက်တွေ့မလုပ်ဆောင်ပါက၊ သင်သည် ငွေနှင့် ချမ်းသာကြွယ်ဝမှုကို မက်မောတောင့်တပြီး အသင်းတော်၏ ရန်ပုံငွေများကို မိမိကိုယ်ကိုယ်အတွက် အမြဲ အိတ်ကပ်ထဲ ထည့်ပါက၊ ဤသည်မှာ ဘုရားသခင်ရှိသည်ဟု အသိအမှတ်ပြုခြင်းလော။ ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်ပြီး သူသည် ချစ်ကြောက်ရိုသေထိုက်ပေသည်။ ဘုရားသခင် ရှိသည်ဟု သင်အမှန်တကယ် အသိအမှတ်ပြုပါက၊ မည်သို့ မကြောက်ရွံ့ဘဲ နေနိုင်သနည်း။ သင်သည် ထိုသို့သော စက်ဆုပ်ဖွယ်ကောင်းသည့် လုပ်ရပ်များကို ကျူးလွန်နိုင်စွမ်းရှိပါက၊ သူ့ကို အမှန်တကယ် သင် အသိအမှတ်ပြုသလော။ သင် ယုံကြည်သည်မှာ ဘုရားသခင်လော။ သင်ယုံကြည်သည်မှာ မရေရာသော ဘုရားသခင် တစ်ပါးဖြစ်၏။ ယင်းမှာ သင် မကြောက်ရွံ့ရသည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်ကို အမှန်တကယ် အသိအမှတ်ပြုပြီး သိရှိသူများအားလုံးသည် သူ့ကို ကြောက်ရွံ့ကြပြီး သူ့ကို ဆန့်ကျင်သည့် သို့မဟုတ် ၎င်းတို့၏ အသိစိတ်များကို ချိုးဖောက်သည့် မည်သည့်အရာကိုမဆို လုပ်ဆောင်မိမည်ကို စိုးရွံ့ကြသည်။ အထူးသဖြင့် ဘုရားသခင်၏ အလိုနှင့် ဆန့်ကျင်သည်ဟု ၎င်းတို့ သိရှိထားကြသည့် မည်သည့်အရာကိုမဆို လုပ်ဆောင်မိမည်ကို စိုးရွံ့ကြလေသည်။ ဤအရာကိုသာ ဘုရားသခင်၏တည်ရှိခြင်းကို အသိအမှတ်ပြုခြင်းအဖြစ် မှတ်ယူနိုင်ပေသည်။ သင့်ကို သင်၏ မိဘများက ဘုရားသခင်ကို ယုံကြည်ခြင်းမှ တားဆီးဖို့ ကြိုးစားသည့်အခါ၊ သင် မည်သည့်အရာ လုပ်ဆောင်သင့်သနည်း။ မယုံကြည်သော သင်၏ လင်ယောကျ်ားသည် သင့်အပေါ် ကောင်းသည့်အခါ၊ သင် မည်သို့ ဘုရားသခင်ကို ချစ်သင့်သနည်း။ ညီအစ်ကိုမောင်နှမများက သင့်ကို စက်ဆုပ်ရွံရှာသည့်အခါ၊ ဘုရားသခင်ကို သင် မည်သို့ ချစ်သင့်သနည်း။ သူ့ကို သင် အသိအမှတ်ပြုပါက၊ ဤကိစ္စရပ်များတွင် သင်သည် သင့်လျော်စွာ ပြုမူလိမ့်မည်ဖြစ်ပြီး လက်တွေ့အရှိတရားကို

အသက်ရှင်နေထိုင်လိမ့်မည် ဖြစ်သည်။ သင်သည် ခိုင်လုံသော လုပ်ရပ်များကို လုပ်ဆောင်ရန် ပျက်ကွက်သော်လည်း၊ ဘုရားသခင်၏ တည်ရှိမှုကို သင် အသိအမှတ်ပြုသည်ဟုသာ ပြောဆိုပါက၊ သင်သည် အပြောသမားတစ်ဦးသာ ဖြစ်ပေသည်။ သူ့ကို ယုံကြည်ပြီး သူ့ကို အသိအမှတ်ပြုသည်ဟု သင်ပြောသော်လည်း၊ မည်သည့် နည်းလမ်းဖြင့် သင်သည် သူ့ကို အသိအမှတ် ပြုသနည်း။ သူ့ကို မည်သည့်နည်းလမ်းဖြင့် သင် ယုံကြည်သနည်း။ သူ့ကို သင် ကြောက်ရွံ့သလော။ သူ့ကို သင် ချစ်ကြောက်ရိုသေသလော။ သင်သည် သူ့ကို အတွင်းစိတ်ထဲက ချစ်သလော။ သင်သည် စိတ်သောက ရောက်ပြီး အားကိုးဖို့ တစ်ဦးမျှ မရှိသောအခါ၊ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းမှုကို သင် ခံစားမိသော်လည်း၊ နောက်ပိုင်းတွင် ယင်းနှင့်ပတ်သက်၍ အားလုံးကို သင် မေ့လျော့၏။ ယင်းသည် ဘုရားသခင်ကို ချစ်ခြင်း မဟုတ်သကဲ့သို့ ဘုရားသခင်၌ ယုံကြည်ခြင်းလည်း မဟုတ်ပေ။ နောက်ဆုံးတွင် ဘုရားသခင်သည် လူသားအား မည်သည့်အရာကို ရရှိစေလိုသနည်း။ သင်ကိုယ်တိုင်၏ အရေးပါမှုကို အလွန်အထင်ကြီးလေးစားခြင်း၊ အသစ်သောအရာများကို သင်ယူပြီး နားလည်ဖို့ မြန်ဆန်သည်ဟု ခံစားရခြင်း၊ အခြားသူများကို ထိန်းချုပ်ခြင်း၊ အခြားသူများအပေါ် အထင်သေးခြင်း၊ လူတို့ကို ၎င်းတို့၏ သွင်ပြင်ဖြင့် ဝေဖန်အကဲဖြတ်ခြင်း၊ မာယာကင်းသော လူများကို အနိုင်ကျင့်ခြင်း၊ အသင်းတော် ငွေကို တပ်မက်ခြင်း စသည်ကဲ့သို့သော ငါ ပြောဆိုခဲ့သည့် အခြေအနေအားလုံး- ဤဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများအားလုံးသည် တစ်စိတ်တစ်ဒေသအားဖြင့် သင့်ထံမှ ဖယ်ရှားခံရပြီးသည့်အခါမှသာ၊ သင်၏ သိမ်းပိုက်ခံရခြင်းသည် ပေါ်လွင်ထင်ရှားလိမ့်မည်ဖြစ်သည်။

အသင်လူတို့အပေါ် ပြုသော သိမ်းပိုက်ခြင်းအမှုသည် အနက်ရှိုင်းဆုံးသော အရေးပါမှုနှင့် သက်ဆိုင်ပေသည်- တစ်ဖက်၌ ဤအမှု၏ ရည်ရွယ်ချက်မှာ လူတစ်စုကို စုံလင်စေဖို့ ဆိုလိုသည်မှာ- အဦးသီးသော အသီးများဟု အမိပ္ပါယ်ရသည့် စုံလင်စေခြင်းခံရသည့် ပထမ လူတစ်စုအဖြစ်- အောင်မြင်သောသူများ ဖြစ်လာနိုင်ကြဖို့အလို့ငှာ ၎င်းတို့ကို စုံလင်စေဖို့ ဖြစ်သည်။ အခြားတစ်ဖက်တွင်၊ ယင်းသည် ဖန်ဆင်းခံသတ္တဝါများအား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မွေ့လျော်ခံစားခွင့်ပေးဖို့၊ ဘုရားသခင်၏ ပြည့်ဝကာ အကြီးမြတ်ဆုံးသော ကယ်တင်ခြင်းကို ရရှိခွင့်ပေးဖို့၊ လူသားကို ကရုဏာနှင့် မေတ္တာသာမက၊ သာ၍ အရေးကြီးသည်မှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို မွေ့လျော်ခံစားခွင့်ပေးဖို့ဖြစ်သည်။ ကမ္ဘာလောကကို ဖန်ဆင်းခြင်းမှ ယခုအချိန်ထိ၊ သူ၏အမှု၌ ဘုရားသခင် လုပ်ဆောင်ပြီးသမျှအားလုံးသည် လူသားအတွက် မည်သည့်မုန်းတီးခြင်းမျှ မရှိဘဲ၊

ချစ်ခြင်းမေတ္တာ ဖြစ်သည်။ သင်တွေ့မြင်ပြီးဖြစ်သည့် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းပင် သာ၍မှန်ကန်ပြီး သာ၍စစ်မှန်သော ချစ်ခြင်းမေတ္တာ၊ လူ့ဘဝ၏ မှန်သောလမ်းကြောင်းပေါ်သို့ လူတို့ကို ဦးဆောင်လမ်းပြသော ချစ်ခြင်းမေတ္တာ ဖြစ်ပေသည်။ နောက်ထပ်တစ်ဖက်တွင်၊ ယင်းသည် စာတန်၏ရှေ့တွင် သက်သေခံဖို့ ဖြစ်ပေသည်။ ပြီးလျှင်နောက်တစ်ဖက်၌၊ ယင်းသည် အနာဂတ် ဧဝံဂေလိတရားအလုပ်ကို ဖြန့်ဝေခြင်းအတွက် အုတ်မြစ်တစ်ခု ချရန်ဖြစ်သည်။ လူတို့သည် မည်သို့ အသက်ရှင်ရမည်ကို မသိကြသည့်အပြင် လမ်းပြမှုမရှိဘဲ သင်သည် အနှစ်မဲ့သော အသက်တာများကိုသာ အသက်ရှင်ကြလိမ့်မည် ဖြစ်ပြီး သင်၏ အသက်တာသည် တန်ဖိုး သို့မဟုတ် အဓိပ္ပာယ် ကင်းမဲ့လိမ့်မည်ဖြစ်ကာ၊ ပုံမှန်လူတစ်ဦးဖြစ်ခြင်းငှာ သင် လုံးဝ တတ်စွမ်းနိုင်လိမ့်မည် မဟုတ်သည့်အတွက်၊ လူတို့အနေဖြင့် သာမန်လူများအဖြစ် အသက်ရှင်နိုင်ကြဖို့အလို့ငှာ၊ သူလုပ်ဆောင်ပြီးသမျှ အမှုအားလုံးသည် လူတို့ကို လူ့အသက်တာ၏ မှန်သောလမ်းကြောင်းပေါ်သို့ ဦးဆောင်ရန် ရည်ရွယ်ချက်အတွက် ဖြစ်ပေသည်။ ဤသည်မှာ လူသားကို သိမ်းပိုက်ခြင်း၏ အနက်ရှိုင်းဆုံးသော အရေးပါမှုဖြစ်သည်။ သင်တို့အားလုံးသည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်ကြ၏။ သင်တို့၌ သိမ်းပိုက်ခြင်းအမှုကို ဆောင်ရွက်သည့်အခါတွင်၊ ယင်းသည် ကြီးမားသော ကယ်တင်ခြင်း ဖြစ်ပေသည်။ သင်တို့အားလုံးသည် အပြစ်တရားနှင့် ကာမဂုဏ်လွန်ကျူးသော နယ်မြေတစ်ခုတွင် အသက်ရှင်ကြပြီး၊ သင်တို့အားလုံးသည် ကာမဂုဏ်လွန်ကျူးကာ အပြစ်နှင့်ပြည့်သော သူများဖြစ်ကြလေသည်။ ယနေ့တွင်၊ သင်တို့သည် ဘုရားသခင်ကို မကြည့်နိုင်သည်သာမက၊ သာ၍အရေးကြီးသည်မှာ၊ သင်တို့သည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို ရရှိပြီးဖြစ်သည်၊ အမှန်တကယ် နက်နဲသော ကယ်တင်ခြင်းကို သင်တို့ ရရှိပြီးဖြစ်သည်၊ ဆိုလိုသည်မှာ၊ သင်တို့သည် ဘုရားသခင်၏ အကြီးမြတ်ဆုံးသော ချစ်ခြင်းမေတ္တာကို ရရှိပြီးဖြစ်ပေသည်။ သူ လုပ်ဆောင်သမျှအားလုံးတွင်၊ ဘုရားသခင်သည် သင်တို့အပေါ် အမှန်တကယ် ချစ်ခင်ပေသည်။ သူသည် မကောင်းသော ရည်ရွယ်ချက် လုံးဝ မရှိပေ။ သင်တို့အနေဖြင့် မိမိတို့ကိုယ်ကိုယ် ဆန်းစစ်ပြီး ဤကြီးမားလှသော ကယ်တင်ခြင်းကို ရရှိဖို့အလို့ငှာ၊ သင်တို့၏ အပြစ်များကြောင့် သင်တို့ကို သူ တရားစီရင်ခြင်း ဖြစ်သည်။ ဤအရာအားလုံးကို လူသားအား စုံလင်စေခြင်းတည်းဟူသော ရည်ရွယ်ချက်အတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။ အစမှ အဆုံးတိုင်၊ ဘုရားသခင်သည် လူသားကိုကယ်တင်ဖို့ အစွမ်းကုန် လုပ်ဆောင်နေခဲ့ပြီးဖြစ်ကာ၊ သူ၏ လက်များဖြင့် ဖန်ဆင်းခဲ့သော လူသားများကို လုံးဝ ဖျက်ဆီးရန် ဆန္ဒမရှိပေ။ ယနေ့တွင်၊ သူသည် သင်တို့အလယ် အမှုပြုရန် ကြွလာပြီးဖြစ်ကာ၊ ထိုသို့သော ကယ်တင်ခြင်းသည် သာ၍ပင်

ကြီးမားသည် မဟုတ်လော။ သူသည် သင်တို့ကို မုန်းခဲ့ပါက၊ သင်တို့ကို သူကိုယ်တိုင် လမ်းပြရန် ထိုမျှအရေးပါမှု အတိုင်းအတာရှိသော အမှုကို လုပ်ဆောင်လိမ့်ဦးမည်လော။ သူသည် အဘယ်ကြောင့် ထိုသို့ ဆင်းရဲဒုက္ခခံရမည်နည်း။ ဘုရားသခင်သည် သင်တို့ကို မမုန်းပေ သို့မဟုတ် သင်တို့အပေါ် မကောင်းသော မည်သည့်ရည်ရွယ်ချက်မျှ မရှိပေ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အစစ်မှန်ဆုံး ချစ်ခြင်းမေတ္တာ ဖြစ်သည်ကို သင်တို့သိသင့်သည်။ လူတို့ကို တရားစီရင်ခြင်းမှတစ်ဆင့် သူ ကယ်တင်ရသည်မှာ လူတို့ မနာခံသောကြောင့်သာ ဖြစ်ပေသည်။ ဤအတွက်သာ မဟုတ်ပါက၊ ၎င်းတို့ကို ကယ်တင်ခြင်းသည် ဖြစ်နိုင်မည်မဟုတ်ပေ။ သင်တို့သည် မည်သို့အသက်ရှင်ရမည်ကို မသိသကဲ့သို့၊ မည်သို့အသက်ရှင်ရမည်ကို သတိပင် မမူမိသောကြောင့်၊ ပြီးလျှင် သင်တို့သည် ကာမဂုဏ် လွန်ကျူးကာ အပြစ်နှင့်ပြည့်သော ဤနယ်မြေတွင် အသက်ရှင်ပြီး၊ သင်တို့ကိုယ်တိုင်သည် ကာမဂုဏ်လွန်ကျူးကာ ညစ်ညူးသော နတ်ဆိုးများဖြစ်ကြသောကြောင့်၊ ဘုရားသခင်သည် သင်တို့ကို သာ၍ အကျင့်ပျက်လာခွင့် မပေးရက်ပေ၊ စာတန်၏ သဘောရှိ နင်းခြေခြင်းကို ခံရလျက်၊ ဤညစ်ညူးသောနယ်မြေ၌ ယခု သင်တို့ အသက်ရှင်သည့်အတိုင်း၊ အသက်ရှင်နေကြသည်ကို မကြည့်ရက်သကဲ့သို့၊ မရဏာနိုင်ငံထဲသို့ သင်တို့ကို ကျဆင်းခွင့် မပေးရက်နိုင်ပေ။ ဘုရားသခင်သည် ဤလူစုကိုသာ ရရှိချင်ပြီး သင်တို့ကို လုံးလုံးလျားလျား ကယ်တင်ချင်၏။ ဤသည်မှာ သင်တို့အပေါ် သိမ်းပိုက်ခြင်းအမှုကို လုပ်ဆောင်ခြင်း၏ အဓိက ရည်ရွယ်ချက် ဖြစ်သည်- ယင်းမှာ ကယ်တင်ခြင်းအတွက်သာ ဖြစ်သည်။ သင့်အပေါ်၌ ပြုထားသမျှ အားလုံးသည် ချစ်ခြင်းမေတ္တာနှင့် ကယ်တင်ခြင်း ဖြစ်သည်ကို သင်မမြင်နိုင်လျှင်၊ ယင်းသည် လူကို ညှဉ်းဆဲဖို့ နည်းစနစ်တစ်ခု၊ နည်းလမ်းတစ်ခုသာဖြစ်ပြီး ယုံကြည်စိတ်ချ၍မရသော အရာတစ်ခု ဖြစ်သည်ဟု သင်ထင်ပါက၊ သင်သည် နာကျင်မှုနှင့် အခက်အခဲများကိုခံရန် သင်၏လောကသို့ ပြန်သွားပါက သာ၍ကောင်းပေမည်။ အကယ်၍ သင်သည် ဤရေစီးကြောင်း၌ ရှိရန်နှင့် ဤတရားစီရင်ခြင်းနှင့် ဤအလွန်ကြီးမားသော ကယ်တင်ခြင်းကို မွေ့လျော်ရန်၊ ဤကောင်းချီးမင်္ဂလာများအားလုံး၊ လူ့လောကတွင် မည်သည့်နေရာတွင်မျှ ရှာမတွေ့နိုင်သည့် ကောင်းချီးမင်္ဂလာများကို မွေ့လျော်ရန်နှင့် ဤချစ်ခြင်းမေတ္တာကို မွေ့လျော်ခံစားရန် လိုလားလျက်ရှိပါက၊ ကောင်းကောင်း နေလော့။ သင့်အနေဖြင့် စုံလင်စေခြင်းခံရနိုင်ဖို့အလို့ငှာ၊ သိမ်းပိုက်ခြင်းအမှုကို လက်ခံရန် ဤရေစီးကြောင်း၌ နေလော့။ ယနေ့တွင်၊ သင်သည် ဘုရားသခင်၏ တရားစီရင်ခြင်းကြောင့် နာကျင်မှုနှင့် စစ်ဆေးမှု အနည်းငယ်ကို ခံစားကောင်း ခံစားရနိုင်သော်လည်း၊ ဤနာကျင်မှုကို ခံစားခြင်းတွင် တန်ဖိုးနှင့်အဓိပ္ပာယ် ရှိလေသည်။ လူတို့သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ခြင်းအားဖြင့် စစ်ဆေးခံရကာ

ရက်စက်စွာ ဖော်ထုတ်ခံရသော်လည်း- ရည်မှန်းချက်မှာ ၎င်းတို့အပြစ်များအတွက် ၎င်းတို့ကို အပြစ်ပေးခြင်း၊ ၎င်းတို့၏ ဇာတိပကတိကို အပြစ်ပေးခြင်း ဖြစ်ပြီး- ဤအမှုထဲက မည်သည့်အရာမျှသည် ၎င်းတို့၏ ဇာတိပကတိကို ပျက်စီးခြင်းသို့ စီရင်ဖို့ မရည်ရွယ်ထားပေ။ နှုတ်ကပတ်တော်၏ ပြင်းထန်သော ထုတ်ဖော်ပြမှုများအားလုံးသည် သင့်ကို မှန်သောလမ်းကြောင်းပေါ်သို့ ဦးဆောင်ရန် ရည်ရွယ်ချက်အတွက် ဖြစ်ပေသည်။ သင်တို့သည် ဤအမှုနှင့် သက်ဆိုင်၍ အလွန်များစွာ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံပြီးဖြစ်ကာ၊ ယင်းသည် သိသာထင်ရှားစွာ သင်တို့ကို ဆိုးယုတ်သော လမ်းကြောင်းတစ်ခုပေါ်သို့ မဆိုက်ရောက်စေခဲ့လေပြီတကား။ ထိုအရာအားလုံးသည် သင့်ကို ပုံမှန် လူ့သဘာဝအား အသက်ရှင်နေထိုင်စေဖို့ ဖြစ်ပြီး၊ ထိုအရာအားလုံးကို သင်၏ပုံမှန်လူ့သဘာဝဖြင့် ရရှိနိုင်ပေသည်။ ဘုရားသခင်၏ အမှုအဆင့်တိုင်းသည် သင်၏လိုအပ်ချက်များအပေါ် အခြေပြုပြီး၊ သင်၏ အားနည်းချက်များအရ ဖြစ်ကာ သင်၏ တကယ့် ဝိညာဉ်ရင့်ကျက်မှုအရ ဖြစ်ပြီး၊ မခံနိုင်သောဝန်ကို သင်တို့အပေါ်၌ မထားရှိပေ။ ဤအရာသည် ယနေ့ သင့်အဖို့ မရှင်းလင်းသကဲ့သို့၊ ငါသည် သင့်အပေါ်၌ ခက်ထန်လျက်ရှိသည့်အလား သင် ခံစားရကာ၊ စင်စစ် သင့်ကို ငါ နေ့စဉ် ပြစ်တင်ဆုံးမကာ၊ တရားစီရင်ပြီး အပြစ်တင်သည့်အကြောင်းရင်းမှာ သင့်ကို ငါ မုန်းသောကြောင့် ဖြစ်သည်ဟု သင် အမြဲ ယုံကြည်ပေသည်။ သို့သော် သင် ခံစားရသည်မှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း ဖြစ်သော်လည်း၊ ဤသည်မှာ အမှန်တွင် သင့်အတွက် ချစ်ခြင်းမေတ္တာဖြစ်ပြီး၊ အကြီးမားဆုံးသော ကွယ်ကာမှု ဖြစ်သည်။ ဤအမှု၏ သာ၍ နက်ရှိုင်းသော အဓိပ္ပာယ်ကို သင် သဘောမပေါက်နိုင်ပါက၊ သင့်အနေဖြင့် ဆက်လက် တွေ့ကြုံခံစားဖို့ ဖြစ်နိုင်မည်မဟုတ်ပေ။ ဤကယ်တင်ခြင်းသည် သင့်ကို ကိုယ်စိတ်ချမ်းသာခြင်း ဆောင်ကြဉ်းပေးသင့်ပေသည်။ အသိစိတ် ဝင်လာဖို့ မငြင်းနှင့်။ ဤအထိ ရောက်ရှိပြီးဖြစ်သဖြင့်၊ သိမ်းပိုက်ခြင်းအမှု၏ အရေးပါမှုသည် သင့်အဖို့ သိသာထင်ရှားသင့်သကဲ့သို့၊ ယင်းနှင့်ပတ်သက်၍ ထင်မြင်ချက်များကို တစ်နည်းနည်းဖြင့် သင် မစွဲကိုင်သင့်တော့ပေ။

# လက်တွေ့လုပ်ဆောင်ခြင်း (၆)

ယခုခေတ်တွင် လူများစွာသည် ပေတရု၏ ဆင်ခြင်တုံတရားကို ရရှိဖို့နေနေသာသာ၊ ပေါလု၏ ဆင်ခြင်တုံတရားကိုပင် ရရှိနိုင်ခြင်း မရှိကြပေ။ ၎င်းတို့၌ ပေါလု၏ မိမိကိုယ်ကို သိသောအသိပင် မရှိကြချေ။ ပေါလုသည် သခင်ယေရှုကို နှိပ်စက်ညှဉ်းပန်းခဲ့သည့်အတွက်

သခင်၏ ဆုံးမခြင်းကို ခံခဲ့ရသော်လည်း၊ နောက်ပိုင်းတွင် သခင်အတွက် လုပ်ဆောင်ရန်နှင့် ဒုက္ခဆင်းရဲခံရန် သူဆုံးဖြတ်ခဲ့သည်။ ယေရှုက သူ့ကို အနာရောဂါတစ်ခု ပေးခဲ့၏၊ ထို့ပြင် နောက်ပိုင်းတွင် ပေါလုအနေဖြင့် စတင် အလုပ်လုပ်ကိုင်ခဲ့သောအခါ ဤအနာရောဂါကို သူဆက်လက် ခံစားခဲ့ရသည်။ သူ့ကိုယ်၌ စူးသောဆူးရှိသည်ဟု အဘယ်ကြောင့် ပေါလုပြောခဲ့သနည်း။ စူးသောဆူးဆိုသည်မှာ စင်စစ်အားဖြင့် အနာရောဂါဖြစ်သည်- ထို့ပြင် ပေါလုအတွက် ယင်းမှာ သေလောက်သော အားနည်းချက် ဖြစ်၏။ သူ့အနေဖြင့် မည်ရွေ့မည်မျှသော အလုပ်ကို လုပ်ကိုင်ခဲ့သည် ဖြစ်စေ၊ သို့တည်းမဟုတ် ဒုက္ခခံရန်အတွက် သူ၏ စိတ်ပိုင်းဖြတ်ထားမှုမှာ မည်မျှပင် ကြီးမားသည်ဖြစ်စေ ထိုစူးသောဆူးကို သူမဖယ်ရှားနိုင်ခဲ့ချေ။ သို့တိုင်အောင် ပေါလုသည် ယခုခေတ်မှ သင်တို့ထက် အရည်အချင်း ပို၍သာခဲ့သည်၊ ထို့အပြင် သူ၌ မိမိကိုယ်ကို သိခြင်းလည်းရှိပြီး သင်တို့ထက် ဆင်ခြင်တုံတရား ပို၍ရှိခဲ့သည်။ ပေါလုသည် ယေရှု၏ဆုံးမခြင်းကို ခံခဲ့ရပြီးနောက်၊ သူသည် ယေရှု၏ တပည့်တော်များအား ညှဥ်းပန်းနှိပ်စက်ခြင်းကို ရပ်တန့်ခဲ့ပြီး ယေရှုအတွက် စတင်၍ တရားဟောကာ ဒုက္ခဆင်းရဲခံခဲ့သည်။ ဒုက္ခဆင်းရဲခြင်းကို ကြံ့ကြံ့ခံရန် မည်သည့်အရာက သူ့ကို လှုံ့ဆော်ခဲ့သနည်း။ ပေါလုသည် သူ့အနေဖြင့် ကြီးစွာသော အလင်းကို ရှုမြင်ခဲ့ပြီးသောကြောင့် သခင်ယေရှုအတွက် သက်သေခံရမည် ဟူ၍လည်းကောင်း၊ ယေရှု၏ တပည့်တော်များကို ဆက်လက်၍ ညှဥ်းပန်းနှိပ်စက်ခြင်း၊ ထို့အပြင် ဘုရားသခင်၏အမှုကို ဆက်လက်၍ ဆန့်ကျင်ခြင်း မပြုရတော့ဟူ၍လည်းကောင်း ယုံကြည်ခဲ့သည်။ ဘာသာရေး ထဲတွင် ပေါလုသည် ရာထူးကြီးသော ပုဂ္ဂိုလ်များထဲမှ တစ်ဦးဖြစ်ခဲ့သည်။ သူသည် အလွန်နှံ့စပ်ပြီး ဆုကျေးဇူးနှင့် ပြည့်စုံသောသူတစ်ဦး ဖြစ်ခဲ့သည်၊ သာမန်လူများကို သူအထင်သေးခဲ့ပြီး၊ သူ၌ လူအများစုထက် ပိုခိုင်မာသော ပင်ကိုစရိုက်တစ်ခုရှိခဲ့သည်။ သို့သော်လည်း "ကြီးစွာသောအလင်း" သည် သူ့အပေါ် ထွန်းလင်း ပြီးသောအခါ သူသည် သခင်ယေရှုအတွက် အလုပ်လုပ်ဆောင် နိုင်ခဲ့သည်၊ ဘုရားသခင်အတွက် ဒုက္ခဆင်းရဲခံရန်နှင့် သူ့ကိုယ်သူ ဘုရားသခင်ထံ ဆက်ကပ်ရန် သူဆုံးဖြတ်နိုင်ခဲ့ပြီး၊ ဤအရာက သူ၌ ဆင်ခြင်တုံတရား ရှိကြောင်းကို သက်သေပြခဲ့သည်။ သူသည် ယေရှု၏တပည့်တော်များကို ညှဥ်းပန်းနှိပ်စက်ပြီး ဖမ်းဆီးချုပ်နှောင်နေခဲ့သည့်အချိန်တွင် ယေရှုသည် သူ့ထံ ပေါ်ထွန်းလာခဲ့ပြီး "ပေါလု၊ အဘယ်ကြောင့် သင်ငါ့ကို ညှဥ်းပန်းနှိပ်စက်သနည်း" ဟု ဆိုခဲ့သည်။ ပေါလုကလည်း ချက်ချင်း ပျပ်ဝပ်လျက် "သခင်၊ ကိုယ်တော်သည် အဘယ်သူနည်း" ဟု ပြောခဲ့သည်။ ကောင်းကင်မှအသံက "ငါကား သင်ညှဥ်းဆဲသော ယေရှုဖြစ်သတည်း" ဟု ဆိုခဲ့သည်။ ပေါလုသည် ရုတ်တရက် နိုးကြားသွားခဲ့၏၊ ထိုအခါမှသာ ယေရှုသည် ခရစ်တော် ဖြစ်ကြောင်း၊

ဘုရားသခင်ဖြစ်ကြောင်းကို သူသိခဲ့သည်။ “ငါနာခံမှုဖြစ်မည်။ ဘုရားသခင်သည် ငါ့အား ဤကျေးဇူးတော်ကို ပေးသနားခဲ့၏- ငါသည် ယေရှုကို ဤကဲ့သို့ညှဉ်းပန်းနှိပ်စက်ခဲ့မိ၏၊ သို့သော် ကိုယ်တော်သည် ငါ့ကို ဆုံးမခဲ့ခြင်း မရှိသကဲ့သို့ ကျိန်ဆဲခဲ့ခြင်းလည်း မရှိပေ။ ကိုယ်တော့်အတွက် ငါဒုက္ခဆင်းရဲခံရမည်။” သူ့အနေဖြင့် သခင်ယေရှုခရစ်တော်ကို ညှဉ်းပန်းနှိပ်စက်ခဲ့ပြီး ယခုတွင် သူ၏တပည့်တော်များအား သတ်ဖြတ်နေကြောင်း၊ သို့သော်လည်း ဘုရားသခင်သည် သူ့ကို မကျိန်ဆဲခဲ့ဘဲ သူ့အပေါ်သို့ အလင်းကို ထွန်းလင်းပေးခဲ့ကြောင်းတို့ကို ပေါလုသည် လက်ခံသွားခဲ့၏။ ဤအရာသည် သူ့ကို လှုံ့ဆော်ခဲ့ပြီး၊ သူက “ငါသည် ကိုယ်တော်၏မျက်နှာကို မော်၍မကြည့်ခဲ့သော်လည်း ကိုယ်တော်၏အသံတော်ကို ငါကြားခဲ့ရပြီး သူ၏ကြီးစွာသောအလင်းကို ရှုမြင်ခဲ့ရပြီ။ ဘုရားသခင်သည် ငါ့ကို အမှန်တကယ် ချစ်ကြောင်း၊ ထို့အပြင် သခင်ယေရှုခရစ်တော်သည် လူသားအပေါ် သနားခြင်း ကရုဏာရှိပြီး လူသား၏အပြစ်များကို ထာဝရခွင့်လွှတ်သော ဘုရားသခင် ဧကန်အမှန် ဖြစ်ကြောင်းကို ယခုမှသာ ငါစစ်မှန်စွာ မြင်ရပြီ။ ငါသည် အပြစ်သားတစ်ဦး ဖြစ်ကြောင်းကို စစ်မှန်စွာ ငါမြင်ပြီ” ဟု ဆိုခဲ့သည်။ နောက်ပိုင်းတွင် ဘုရားသခင်သည် အမှုပြုရန်အတွက် ပေါလု၏ဆုကျေးဇူးများကို အသုံးပြုခဲ့သော်လည်း၊ ဤအရာကို လောလောဆယ် မေ့ထားလော့။ ထိုအချိန်က သူ၏ဆုံးဖြတ်ချက်၊ သူ၏ ပုံမှန်လူ့အသိစိတ်နှင့် သူ၏မိမိကိုယ်ကို သိခြင်းတို့ကို- သင်တို့သည် ရရှိနိုင်စွမ်း မရှိကြပေ။ ယနေ့တွင် သင်တို့သည် အလင်းမြောက်မြားစွာကို ရခဲ့ကြပြီ မဟုတ်လော။ ဘုရားသခင်၏ စိတ်သဘောထားသည် ဘုန်းအာနုဘော်၊ အမျက်ဒေါသ၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ ဖြစ်ကြောင်းကို လူများစွာတို့သည် ရှုမြင်ခဲ့ကြပြီ မဟုတ်လော။ ကျိန်ဆဲခြင်းများ၊ စမ်းသပ်မှုများနှင့် စစ်ဆေးခြင်းများသည် လူတို့အပေါ် အကြိမ်များစွာ ကျရောက်ခဲ့ပြီ မဟုတ်လော၊ ၎င်းတို့သည် မည်သည့်အရာတို့ကို သင်ယူခဲ့ကြပြီနည်း။ သင်သည် ဆုံးမပဲ့ပြင်ခံရပြီး ကိုယ်တွယ်ဖြေရှင်းခံရခြင်းတို့မှ မည်သည့် အရာကို ရခဲ့ပြီနည်း။ ပြင်းထန်သော နှုတ်ကပတ်တော်များ၊ ရိုက်နှက်ခြင်းနှင့် တရားစီရင်ခြင်းတို့သည် သင့်အပေါ် အကြိမ်များစွာ ကျရောက်ခဲ့ပြီး ဖြစ်သော်လည်း သင်သည် ၎င်းတို့ကို အရေးမစိုက်ချေ။ ပေါလု၌ရှိခဲ့သော အနည်းငယ်သော ဆင်ခြင်တုံတရားမျှပင် သင့်၌ မရှိပေ၊ သင်သည် အလွန့်အလွန် ဆုတ်ယုတ်နေသည် မဟုတ်လော။ ပေါလုရှင်းလင်းစွာ မမြင်ခဲ့သော အရာများစွာလည်း ရှိခဲ့သည်။ သူ့အပေါ် အလင်းထွန်းလင်းခဲ့ကြောင်းကိုသာ သူသိခဲ့ပြီး၊ သူသည် ဆုံးမခြင်းကို ခံခဲ့ရကြောင်းကို မသိခဲ့ပေ၊ သူ့အပေါ် အလင်းထွန်းလင်းပြီးနောက် သူသည် ဘုရားသခင်အတွက် သူ့ကိုယ်သူ အသုံးခံရမည်၊ ဘုရားသခင်အတွက် ဒုက္ခဆင်းရဲ

ခံရမည်၊ သခင်ယေရှုခရစ်တော်အတွက် လမ်းခင်းပေးရန် အရာခပ်သိမ်းကို လုပ်ဆောင်ရမည်၊ ထို့အပြင် သခင်၏ ရွေးနုတ်ခံရရန်အလို့ငှာ ပို၍များပြားသော အပြစ်သားများကို ရယူရမည်ဟု သူကိုယ်တိုင် ထင်မြင်ယူဆခဲ့သည်။ ဤသည်မှာ သူ၏ဆုံးဖြတ်ချက်ဖြစ်ပြီး သူ့အလုပ်၏ တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်ခဲ့သည်၊ သို့သော်လည်း သူအလုပ် လုပ်ခဲ့သောအခါ အနာရောဂါက သူသေဆုံးချိန်အထိ သူ့ကို စွန့်ခွာမသွားခဲ့ပေ။ ပေါလုသည် နှစ်ပေါင်းနှစ်ဆယ်ကျော် အလုပ်လုပ်ခဲ့သည်။ သူသည် မြောက်မြားစွာ ဒုက္ခဆင်းရဲ ခံခဲ့ရပြီး၊ ကြီးစွာသော ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဘေးဒုက္ခ များစွာကို ခံစားခဲ့ရ၏၊ သို့သော်လည်း ဤအရာများမှာ ပေတရု၏ စမ်းသပ်မှုများထက် နည်းသည်မှာ အမှန်ပင် ဖြစ်သည်။ သင်တို့သည် ပေါလု၏ ဆင်ခြင်တုံတရားကိုပင် ပိုင်ဆိုင်ခြင်းမရှိပါက အဘယ်မျှ သနားစဖွယ်ကောင်းသနည်း။ ဤသို့ဖြစ်နေသောကြောင့် ဘုရားသခင်သည် သင်တို့အပေါ် သာ၍ကြီးသောအမှုကို အဘယ်သို့ စတင်လုပ်ဆောင် နိုင်မည်နည်း။

ပေါလုသည် ဧဝံဂေလိတရားကို ဖြန့်ဝေခဲ့စဉ် ကြီးစွာသော ညှဉ်းဆဲခြင်းကို ခံခဲ့ရသည်။ ထိုအချိန်က သူပြုခဲ့သောအမှု၊ သူ၏ဆုံးဖြတ်ချက်၊ ယုံကြည်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်းမေတ္တာ၊ သည်းခံခြင်းနှင့် နှိမ့်ချခြင်းတို့အပြင်၊ သူအသက်ရှင်နေထိုင်ခဲ့သော အခြားပြင်ပအရာများစွာတို့သည် ယနေ့ခေတ်မှ သင်တို့ထက် ပို၍အဆင့်မြင့်ခဲ့သည်။ ပို၍ ခက်ထန်စွာဆိုရသော် သင်တို့အတွင်းတွင် ပုံမှန် အသိစိတ် မရှိပေ။ သင်သည် အသိတရား သို့မဟုတ် လူ့သဘာဝ တစ်စုံတစ်ရာမျှပင် ပိုင်ဆိုင်ခြင်းမရှိ။ သင်တို့သည် အလွန် ချို့တဲ့လှပေသည်။ ထို့ကြောင့် အချိန်များစွာတွင် သင်တို့ အသက်ရှင်နေထိုင်သည့်အရာ၌ ပုံမှန် အသိစိတ် မတွေ့ရသကဲ့သို့ မိမိကိုယ်ကိုယ် သိခြင်း၏ အရိပ်လက္ခဏာ မရှိပေ။ ပေါလုသည် ခန္ဓာကိုယ် နာမကျန်းဖြစ်ခြင်းကို ထိုအချိန်က ခံစားခဲ့ရသော်လည်း၊ သူသည် ဆုတောင်းမြဲ ဆုတောင်းနေခဲ့ကာ ကြိုးစားမြဲ ကြိုးစားနေခဲ့၏- "ဤနာမကျန်းခြင်းမှာ မည်သည့်အရာ အမှန်တကယ် ဖြစ်သနည်း။ ငါသည် သခင်အတွက် ဤအလုပ်အားလုံးကို လုပ်ခဲ့ပြီးဖြစ်သည်၊ ဤရောဂါသည် ငါ့ထံမှ အဘယ်ကြောင့် မထွက်သွားသနည်း။ သခင်ယေရှုသည် ငါ့ကို စမ်းသပ်နေခြင်း ဖြစ်နိုင်သလော။ ကိုယ်တော်သည် ငါ့ကို ဆုံးမထားခြင်း ဖြစ်သလော။ အကယ်၍ ကိုယ်တော်သည် ငါ့ကို ဆုံးမခဲ့သော်၊ ငါသည် ထိုစဉ်အချိန်က သေဆုံးခဲ့မည်ဖြစ်ပြီး သူ့အတွက် ဤအလုပ်အားလုံးကို လုပ်နိုင်စွမ်းရှိမည် မဟုတ်သကဲ့သို့ မြောက်မြားစွာသော အလင်းကိုလည်း ရရှိနိုင်ခဲ့မည် မဟုတ်ပေ။ ကိုယ်တော်သည်လည်း ငါ၏ ဆုံးဖြတ်ချက်ကို ပြည့်မြောက်ခဲ့သည်။" ဤနာမကျန်း ဖြစ်ခြင်းသည် ဘုရားသခင်က မိမိအပေါ် စမ်းသပ်နေခြင်း ဖြစ်ကြောင်း၊ မိမိ၏ယုံကြည်ခြင်းနှင့် စိတ်စွမ်းအားကို မီးဆေးနေခြင်း ဖြစ်ကြောင်း

ပေါလုအမြဲခံစားခဲ့ရသည်၊ ပေါလုမြင်ခဲ့ပုံမှာ ဤကဲ့သို့ဖြစ်သည်။ လက်တွေ့တွင် သူ၏နာမကျန်းဖြစ်ခြင်းမှာ သခင်ယေရှု သူ့ကိုဆုံးမသည့်အခါက၊ ကျန်ခဲ့သော နောက်ဆက်တွဲတစ်ခုပင် ဖြစ်ခဲ့သည်။ ၎င်းသည် သူ့အား စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုအောက်သို့ ရောက်စေခဲ့ပြီး၊ သူ၏ပုန်ကန်မှုကို ထိန်းခဲ့သည်။ အကယ်၍ သင်တို့သည် ပေါလု၏ အခြေအနေမျာထဲ၌ ရောက်ရှိနေပါက သင်တို့ အဘယ်သို့ လုပ်မည်နည်း။ သင်၏ ဆုံးဖြတ်ချက်နှင့် ဒုက္ခဆင်းရဲခံနိုင်စွမ်းသည် ပေါလု၏ ဆုံးဖြတ်ချက်နှင့် ဒုက္ခဆင်းရဲခံနိုင်စွမ်းကို မီနိုင်သလော။ အကယ်၍ သင်တို့သည် ယနေ့ နာမကျန်းဖြစ်ခြင်းအချို့ကို ခံရပါက၊ သို့မဟုတ် ကြီးမားသော စမ်းသပ်မှုတစ်ခုကို ကြုံရပါက၊ ထို့အပြင် သင်တို့သည် ဒုက္ခခံစားရရန် ပြုခြင်းခံရပါက၊ သင်တို့သည် မည်ကဲ့သို့ဖြစ်ကြလိမ့်မည်ကို မည်သူသိမည်နည်း။ အကယ်၍ သင်တို့သည် ငှက်လှောင်အိမ် တစ်ခုထဲတွင် ပိတ်လှောင်ခံရပြီး အထောက်အပံ့များကို အဆက်မပြတ် ရမည်ဆိုပါက၊ သင်တို့ အဆင်ပြေကြလိမ့်မည်။ ထိုသို့မဟုတ်ပါက သင်တို့သည် လူ့သဘာဝကင်းမဲ့သော ဝံပုလွေများကဲ့သို့ ဖြစ်ကြလိမ့်မည်။ ထို့ကြောင့် သင်တို့သည် အနည်းငယ်သော အချုပ်အချယ်၊ သို့မဟုတ် အခက်အခဲတစ်ခုကို ကြုံရသည့်အခါ ၎င်းမှာ သင်တို့အတွက် ကောင်းသည်၊ အကယ်၍ သင်တို့သည် လွယ်ကူသက်သာသော အချိန်တစ်ခုကို ပေးခြင်းခံရပါက၊ သင်တို့သည် ပျက်စီးကြလိမ့်မည်ဖြစ်၍ သင်တို့သည် မည်ကဲ့သို့ အကာအကွယ်ပေးခြင်းကို ခံနိုင်ကြမည်နည်း။ ယနေ့တွင် သင်တို့သည် ပြစ်တင်ဆုံးမခံရခြင်း၊ တရားစီရင်ခံရခြင်းနှင့် ကျိန်ဆဲခံရခြင်းကြောင့် အကာအကွယ်ပေးခြင်းကို ခံကြရခြင်း ဖြစ်သည်။ သင်တို့သည် များစွာဒုက္ခခံစားထားသောကြောင့် ကာကွယ်ခံရခြင်းဖြစ်သည်။ ထိုသို့မဟုတ်လျှင် သင်တို့သည် ကြာနှင့်ပြီကတည်းက ဆိုးယုတ်ခြင်းထဲသို့ ကျဆင်းခဲ့မည် ဖြစ်သည်။ ဤသည်မှာ သင်တို့အတွက် အမှုအရာများကို တမင်တကာ ခက်ခဲအောင်လုပ်နေခြင်း မဟုတ်ပေ၊ လူသား၏ သဘာဝမှာ ပြောင်းလဲရန် ခက်ခဲပြီး လူတို့၏ စိတ်သဘောထားများကို ပြောင်းလဲရန် ဤနည်းဖြင့်သာ ဖြစ်ရမည်။ ယနေ့ သင်တို့၌ ပေါလု၏ အသိစိတ်၊ သို့မဟုတ် ဆင်ခြင်တုံတရားကိုပင် ပိုင်ဆိုင်ခြင်း မရှိသည့်အပြင်၊ သူ၏မိမိကိုယ်ကို သိခြင်းပင် မရှိကြပေ။ သင်တို့ကို အမြဲတစေ ဖိအားပေးရန် လိုအပ်ပြီး၊ သင်တို့၏ ဝိညာဉ်များ နိုးထစေရန် သင်တို့သည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို အမြဲခံရန် လိုအပ်ကြသည်။ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့မှာ သင်တို့၏ အသက်တာအတွက် အကောင်းဆုံးအရာများ ဖြစ်သည်။ ထို့အပြင် မဖြစ်မနေ လိုအပ်သောအခါ အမှန်တရားများ၏ ပြစ်တင်ဆုံးမမှု သင့်အပေါ် ကျရောက်လာခြင်းလည်း ရှိရမည်ဖြစ်သည်၊ ထိုအခါမှသာ သင်တို့သည် အပြည့်အဝ ကျိုးနွံနာခံကြမည် ဖြစ်သည်။ သင်တို့၏ သဘာဝများမှာ

ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ဆဲခြင်း မရှိပါက သင်တို့၏ ဦးခေါင်းများကို ကိုင်းညွတ်ရန်နှင့် ကျိုးနွံနာခံရန် မလိုလားသော သဘာဝမျိုး ဖြစ်သည်။ သင်တို့၏ မျက်စိရှေ့တွင် အမှန်တရားများ မရှိပါက မည်သည့်သက်ရောက်မှုမျှ ရှိနိုင်မည်မဟုတ်ပေ။ သင်တို့သည် အလွန်အောက်တန်းကျပြီး စာရိတ္တပိုင်းတွင် သုံးစား၍ မရကြပေ။ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း မရှိပါက သင်တို့ကို သိမ်းပိုက်ရန် ခက်ခဲလိမ့်မည်ဖြစ်ပြီး၊ သင်တို့၏ မဖြောင့်မတ်ခြင်းနှင့် နာခံမှုမရှိခြင်းတို့ကို ချိုးနှိမ်နိုင်ရန် ခဲယဉ်းလိမ့်မည်ဖြစ်သည်။ သင်တို့၏ သဘာဝဟောင်းသည် အလွန်နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိသည်။ အကယ်၍ သင်တို့ကို ပလ္လင်ပေါ်တွင် နေရာချထားမည်ဆိုပါက၊ သင်တို့သည် ကောင်းကင်ဘုံ၏အမြင့်နှင့် မြေကြီး၏အနက်ကို သိကြလိမ့်မည် မဟုတ်ပေ၊ မည်သည့်နေရာသို့ သင်တို့ ဦးတည်နေကြောင်းကို သာ၍ပင် သိမည်မဟုတ်ချေ။ မည်သည့်နေရာမှ မိမိတို့လာကြောင်းကိုပင် သင်တို့ မသိကြသဖြင့် သင်တို့သည် ဖန်ဆင်းခြင်း၏ အရှင်သခင်ကို အဘယ်သို့ သိနိုင်ကြမည်နည်း။ ယနေ့ အချိန်မီ ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ဆဲခြင်းတို့ မရှိပါက၊ သင်တို့၏ နောက်ဆုံးသောနေ့ရက် ရောက်ခဲ့သည်မှာ ကြာနှင့်ပြီ ဖြစ်လိမ့်မည်။ ယင်းမှာ သင်တို့၏ ကံကြမ္မာ အကြောင်းပင် မပါသေးပေ၊ ၎င်းသည် အန္တရာယ်ကျအဲ့ဆဲဆဲ ပို၍ပင် ဖြစ်လိမ့်မည် မဟုတ်လော။ အချိန်မီဖြစ်သော ဤပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ မရှိပါက၊ သင်တို့သည် မည်မျှမာနထောင်လွှားသွားကြမည်၊ သို့မဟုတ် သင်တို့သည် မည်မျှစာရိတ္တပျက်ပြားလာကြမည်ကို မည်သူ သိသနည်း။ ဤပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် သင်တို့ကို ယနေ့သို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတို့က သင်တို့၏ဖြစ်တည်ခြင်းကို ထိန်းသိမ်းထားသည်။ အကယ်၍ သင်တို့သည် သင်တို့ "ဖခင်" ၏ နည်းလမ်းများအတိုင်း အသုံးပြုကာ "ပညာတတ်" ဖြစ်နေဦးမည်ဆိုပါက သင်တို့သည် မည်သည့်လောကထဲသို့ ဝင်ရောက်လိမ့်မည်ကို မည်သူသိသနည်း။ သင်တို့၌ မိမိတို့ကိုယ်ကို ထိန်းချုပ်နိုင်စွမ်း နှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်း လုံးဝမရှိကြချေ။ သင်တို့ကဲ့သို့သော လူများအတွက်၊ အကယ်၍ သင်တို့သည် ဝင်ရောက်စွက်ဖက်ခြင်း၊ သို့မဟုတ် အနှောင့်အယှက်တို့ တစ်စုံတစ်ရာ ဖြစ်စေခြင်းမရှိဘဲ နာခံလိုက်နာခြင်းသာ ပြုမည်ဆိုလျှင်၊ ငါ၏ရည်မှန်းချက်များ အထမြောက်လိမ့်မည် ဖြစ်သည်။ သင်တို့သည် ယနေ့၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို လက်ခံရာ၌ ပို၍ကောင်းစွာ မပြုသင့်သလော။ သင်တို့၌ အခြားမည်သည့် ရွေးချယ်စရာများ ရှိသနည်း။ သခင်ယေရှုစကားပြောနေ၍ အမှုပြုနေသည်ကို ပေါလုမြင်သောအခါ သူမယုံကြည် ခဲ့သေးပေ။ နောင်သောအခါ သခင်ယေရှုသည် ကားတိုင်ပေါ် သံမှိုစွဲရိုက်ခံရ၍ ပြန်လည်ထမြောက် ပြီးနောက်တွင်၊ သူသည်

ဤအချက်အလက်ကို သိခဲ့သော်လည်း ဆက်လက်၍ ညှဉ်းပန်းနှိပ်စက်ကာ ဆန့်ကျင်ခဲ့သည်။ တမင်သိလျက် အပြစ်ကျူးလွန်ခြင်းဆိုသည်မှာ ဤအရာကို ဆိုလိုသည်၊ သို့ဖြစ်၍ သူသည် ဆုံးမခြင်းကို ခံခဲ့ရ၏။ အစအဦးတွင် ပေါလုသည် ယုဒလူမျိုးများအကြားတွင် ယေရှုဟုခေါ်သော ဘုရင်တစ်ပါး ရှိကြောင်းကို သူသိခဲ့ပြီး၊ ဤအကြောင်းကို သူကြားခဲ့သည်။ နောက်ပိုင်းတွင် သူသည် ဗိမာန်တော်ထဲ၌ တရားဒေသနာများကို ဟောပြောပြီး တိုင်းပြည်အနှံ့ တရားဟောသည်နှင့်အမျှ မည်သည့်လူကိုမဆို နာခံရန် ဟိတ်ကြီးဟန်ကြီးဖြင့် ငြင်းဆိုလျက် ယေရှုကို ဆန့်ကျင်ခဲ့သည်။ ဤအရာများသည် ထိုအချိန်က အမှုအတွက် ကြီးမားသော အတားအဆီးတစ်ခု ဖြစ်လာခဲ့သည်။ ယေရှု အမှုပြုနေခဲ့သည့်အချိန်တွင် ပေါလုသည် လူတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဖမ်းဆီးခြင်းတို့ကို တိုက်ရိုက် မပြုခဲ့ဘဲ၊ ယေရှု၏အမှုကို ဖြိုဖျက်ရန် သူသည် တရားဟောပြောခြင်းနှင့် စကားလုံးများကို အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် သခင်ယေရှုခရစ်တော် လက်ဝါးကပ်တိုင် ပေါ်တွင် သံမှိုစွဲနှက်ခြင်းကို ခံခဲ့ရသောအခါ၊ သူသည် တစ်နေရာမှ တစ်နေရာ အလျင်အမြန်သွားကာ တပည့်တော်များကို ညှဉ်းပန်းနှိပ်စက်ရန် သူတတ်နိုင်သမျှကို ပြုရင်း ၎င်းတို့ကို စတင်ဖမ်းဆီးခဲ့သည်။ "အလင်း" သည် သူ့အပေါ်သို့ ထွန်းလင်းပြီးနောက်တွင်မှ သူနိုးထလာခဲ့ပြီး ကြီးစွာသောနောင်တကို တွေ့ကြုံခဲ့လေသည်။ သူဆုံးမ ခံခဲ့ရပြီးနောက်တွင် သူ၏နာမကျန်းဖြစ်ခြင်းသည် သူ့ကို မည်သည့်အခါကမျှ စွန့်ခွာမသွားခဲ့ပေ။ တစ်ခါတစ်ရံတွင် သူ၏ရောဂါဝေဒနာမှာ ပို၍ဆိုးလာသည်ကို သူခံစားခဲ့ရသည်၊ ထို့အပြင် သူသည် အိပ်ရာထဲမှမထနိုင်ဖြစ်ခဲ့၏။ သူ့အနေဖြင့် ဤသို့တွေးခဲ့သည် "ဘာဖြစ်နေသနည်း။ ငါသည် ဧကန် အမှန်ပင် ဆုံးမခြင်းကို ခံခဲ့ရသလော။" နာမကျန်း ဖြစ်ခြင်းသည် သူ့ကို မည်သည့်အခါကမျှ မစွန့်သွားခဲ့ချေ၊ ထို့ပြင် ဤနာမကျန်းဖြစ်ခြင်းကြောင့် သူ့အနေဖြင့် အလုပ်မြောက်မြားစွာ လုပ်ကိုင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ယေရှုသည် ပေါလု၏ မာနထောင်လွှားခြင်းနှင့် တမင်ကျူးလွန်ခြင်းတို့ကြောင့် သူ့အထဲ၌ ဤနာမကျန်း ဖြစ်ခြင်းကို ထည့်ပေးခဲ့သည်ဟု ဆိုနိုင်သည်၊ ၎င်းမှာ ပေါလုအတွက် ပြစ်ဒဏ်တစ်ခု ဖြစ်ခဲ့သော်လည်း ဘုရားသခင်၏အမှု၌ ပေါလု၏ဆုကျေးဇူးများကို အသုံးချရန် အတွက် ပြုခဲ့ခြင်းဖြစ်သည်၊ ထို့သို့အားဖြင့် ဘုရားသခင်၏ အမှုကို ချဲ့ထွင်နိုင်စေရန် ဖြစ်၏။ အမှန်တကယ်အားဖြင့် ဘုရားသခင်၏ရည်ရွယ်ချက်မှာ ပေါလုကို ကယ်တင်ရန် မဟုတ်ဘဲ အသုံးပြုရန်ဖြစ်သည်။ သို့သော်လည်း ပေါလု၏ စိတ်သဘောထားသည် အလွန်မောက်မာပြီး ဇွတ်တရွတ် နိုင်လှသောကြောင့် သူ့အထဲ၌ "စူးသောဆူး" တစ်ခုကို ထည့်ပေးခဲ့ခြင်းဖြစ်သည်။ အဆုံးတွင် ပေါလုသည် သူ၏ အလုပ်ကို အဆုံးသတ်သောအခါ နာမကျန်းဖြစ်ခြင်းသည် သူ့အတွက် ထိုမျှလောက် ကြီးမားသော ညှဉ်းပန်းမှုတစ်ခု မဟုတ်တော့ဘဲ၊ သူ၏အလုပ်က

ပြီးဆုံးလာသည်နှင့်အမျှ သူ့အနေနှင့် “ကောင်းစွာသော တိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်း တရားကို စောင့်ရှောက်ပြီ။ ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အဘို့သိုထားလျက်ရှိ၏” ဟူသော စကားများကို ပြောနိုင်ခဲ့သည်၊ သူသည် ဘုရားသခင်၏အမှုကို မသိခဲ့ခြင်းကြောင့် ယင်းတို့ပြောခဲ့ခြင်းဖြစ်သည်။ သင်တို့ကြား၌ ပေါလုကဲ့သို့သောသူ များစွာရှိကြသော်လည်း အကယ်၍ သင်တို့သည် လမ်းဆုံးတိုင်အောင် လိုက်လျှောက်မည်ဟူသည့် ဆုံးဖြတ်ချက်ကို အမှန်တကယ် ပိုင်ဆိုင်ပါက၊ သင်တို့သည် နှိပ်စက်ခြင်းကို ခံကြရမည် မဟုတ်ပေ။ ပေါလုပုန်ကန်ခဲ့ပုံနှင့် အတိုက်အခံလုပ်ခဲ့ပုံတို့ကို ဤနေရာတွင် ငါတို့ဆွေးနွေးမည် မဟုတ်ပေ၊ သူ၏ အပြုသဘောဆောင်ပြီး ချီးကျူးထိုက်သော အပိုင်းကိုသာ ကြည့်ကြပါစို့၊ သူ၌ အသိစိတ်ရှိခဲ့ပြီး၊ “အလင်း” ကို တစ်ကြိမ်ရပြီးသည့်နောက် သူသည် ဘုရားသခင်ထံ မိမိကိုယ်ကို အပ်နှံဆက်ကပ်နိုင်ခဲ့ကာ ဘုရားသခင်အတွက် ဒုက္ခဆင်းရဲ ခံနိုင်ခဲ့သည်။ ဤသည်မှာ သူ၏ အားသာချက်တစ်ခု ဖြစ်ခဲ့သည်။ သို့သော်လည်း သူ၌ အားသာချက်တစ်ခု ရှိခဲ့ခြင်းကြောင့် သူသည် ကောင်းချီးမင်္ဂလာကို ခံစားခဲ့ရသောသူတစ်ဦး ဖြစ်ခဲ့သည်ဟု ထင်မြင်ယူဆသောသူများရှိပါက၊ သူသည် သေချာပေါက် ပြစ်တင်ဆုံးမခံခဲ့ရခြင်း မဟုတ်ဟု ၎င်းတို့ထင်ကြပါက၊ ဤအရာမှာ အသိတရားကင်းမဲ့သော လူများ၏ စကားများပင် ဖြစ်သည်။

ဆုတောင်းခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းကို ပြုသောအခါ လူများစွာက ၎င်းတို့သည် ဘုရားသခင်ထံ ကျိုးနွံ နာခံလိုကြကြောင်း ဆိုကြသည်၊ သို့သော်လည်း ထို့နောက်တွင် တိတ်တဆိတ် သောက်စားပျော်မြူးကြပြီး၊ ၎င်းနှင့်ပတ်သက်၍ မည်သို့မျှ သဘောမထားကြပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တစ်လွှာပြီးတစ်လွှာ ထုတ်ဖော်လျက် ထပ်ခါတလဲလဲ ပြောပြီး၊ လူတို့၏ အောက်ဆုံးအလွှာကို ထုတ်ဖော်သည့်အခါမှသာ ၎င်းတို့သည် “ငြိမ်သက်ခြင်းကို ရှာတွေ့” ပြီး မောက်မာခြင်းနှင့် ဇွတ်တရွတ်နိုင်ခြင်း လျော့နည်းလာကြသည်၊ သည်းမခံနိုင်အောင် မာနထောင်လွှားခြင်း လျော့နည်းလာသည်။ သင်တို့၏ ယနေ့ကဲ့သို့ အခြေအနေများကြောင့် သင်တို့သည် အကြင်နာမဲ့စွာ ဆုံးမခြင်းနှင့် ထုတ်ဖော်ခြင်းကို ခံကြရဦးမည်ဖြစ်ပြီး၊ ပိုက်စိတ်တိုက် အသေးစိတ် တရားစီရင်ခြင်းကို ခံကြရမည် ဖြစ်သည်၊ ထိုသို့အားဖြင့် သင်တို့သည် အသက်ရှူရန်ပင် အခွင့်အရေး မရှိစေရန်ဖြစ်သည်။ သင်တို့အတွက် ပြင်းထန်သော ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းသည် သင်တို့ထံမှ စွန့်ခွာမသွားခြင်းမှာ သာ၍ကောင်းသည်၊ ထို့ပြင် ပြစ်တင်ရှုတ်ချခြင်းနှင့် ကျိန်ဆဲခြင်းများသည် သင်တို့နှင့် ဝေးရာ၌မရှိဘဲ၊ ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ လက်တော်သည် သင်တို့ထံမှ မည်သည့်အခါမျှ

မထွက်သွားကြောင်း သင်တို့ကို မြင်စေခြင်းမှာ သာ၍ကောင်းသည်။ ပညတ်တော်ခေတ်တွင် ယေဟောဝါသည် မိမိကို မည်သည့်အခါမျှ မစွန့်ခွာသွားကြောင်းကို အာရုန် ရှုမြင်ခဲ့သည့်နည်းတူ (သူရှုမြင်ခဲ့ရသည်မှာ ယေဟောဝါ၏ အစဉ်တစိုက် လမ်းပြခြင်းနှင့် ကာကွယ်ခြင်းဖြစ်သည်၊ သင်တို့ ယနေ့ရှုမြင်ရသော ဘုရားသခင်၏ လမ်းပြခြင်းမှာ ပြစ်တင်ဆုံးမခြင်း၊ ကျိန်ဆဲခြင်းနှင့် တရားစီရင်ခြင်းတို့ ဖြစ်သည်)၊ ယနေ့တွင် ယေဟောဝါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၏ လက်တော်သည် သင်တို့ကိုလည်း စွန့်ခွာသွားမည် မဟုတ်ပေ။ သို့သော်လည်း သင်တို့ စိတ်ချနိုင်သောအရာတစ်ခု ရှိသည်- သင်တို့အနေဖြင့် မည်သို့ပင် ဆန့်ကျင်သည်ဖြစ်စေ၊ ပုန်ကန်သည်ဖြစ်စေ၊ ထို့အပြင် ဝေဖန်ချက်များကို ချမှတ်သည် ဖြစ်စေ သင်တို့၏ ဇာတိခန္ဓာအပေါ် အန္တရာယ် တစ်စုံတစ်ရာ ရှိလိမ့်မည်မဟုတ်ပေ။ သို့သော်လည်း မိမိတို့၏ ဆန့်ကျင်ခြင်းတွင် အတိုင်းထက်လွန်သော လူများရှိပြီး အမှုတော်ကို နှောင့်ယှက်ပါက ဤအရာမှာ လက်မခံနိုင်ပါ၊ အကန့်အသတ်ရှိသည်။ အသင်းတော်အသက်တာကို နှောင့်ယှက်ခြင်း၊ သို့မဟုတ် ဖျက်လိုဖျက်ဆီးလုပ်ခြင်း မပြုနှင့်၊ ထို့အပြင် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုကို မနှောင့်ယှက်နှင့်။ ကျန်သည့်အရာမှန်သမျှကို သင့်အလိုကျ သင်လုပ်နိုင်သည်။ အကယ်၍ သင့်အနေဖြင့် အသက်ကို လိုက်စားလိုခြင်း မရှိဘဲ လောကထဲသို့ ပြန်သွားလိုသည်ဟု သင်ဆိုပါက၊ အလျင်အမြန် သွားလော့။ သင်တို့ပြုသည့် အရာသည် ဘုရားသခင်၏အမှုကို အနှောင့်အယှက် မပြုသရွေ့ သင်တို့အလိုရှိသည့်အရာကို လုပ်နိုင်သည်။ သို့သော်လည်း သင်သိရမည့် နောက်ထပ်အရာတစ်ခု ရှိသည်- အဆုံးတွင် ယင်းကဲ့သို့ တမင်ကျူးလွန်နိုင်သော အပြစ်သားများ အားလုံးသည် သုတ်သင်ဖယ်ရှင်းခြင်းကို ခံကြရမည်။ သင်သည် ယနေ့တွင် အပြစ်ဆိုခြင်းကို ခံရနိုင်ခြင်း ရှိချင်မှရှိမည် ဖြစ်သော်လည်း အဆုံးတွင်မူ လူတစ်စုသာ သက်သေခံနိုင်ကြလိမ့်မည်ဖြစ်ပြီး၊ ကျန်သည့်လူအပေါင်းမှာ အန္တရာယ်တွေ့ကြလိမ့်မည်။ အကယ်၍ သင်သည် ဤရေစီးကြောင်းထဲ၌ မရှိလိုပါက၊ ရပါသည်။ ယနေ့ခေတ် လူများသည် သည်းခံခြင်းဖြင့် ဆက်ဆံခံကြရသည်၊ မနက်ဖြန်၏ ပြစ်တင်ဆုံးမခြင်းကို သင်မစိုးရိမ်မှသာလျှင် သင့်ကို ငါမကန့်သတ်ပေ။ သို့သော်လည်း အကယ်၍ သင်သည် ဤရေစီးကြောင်းထဲ၌ ရှိပါက၊ သက်သေခံပြီး ပြစ်တင်ဆုံးမခြင်း ခံရမည်ဖြစ်သည်။ အကယ်၍ သင်သည် ၎င်းကို ငြင်းပယ်လိုပြီး လောကထဲသို့ ပြန်သွားလိုပါက၊ ရပါသည်၊ မည်သူမျှ သင့်ကို တားမနေပါ။ သို့သော်လည်း သင်သည် ဘုရားသခင်၏ အမှုကို ဖျက်ဆီးပြီး အနှောင့်အယှက်ဖြစ်စေသော အလုပ်ကို လုပ်ပါက၊ ယင်းအတွက် သင်သည် ခွင့်လွှတ်ခြင်းကို လုံးဝခံရနိုင်မည် မဟုတ်ပေ။ မည်သည့်လူများသည် ပြစ်တင်ဆုံးမခြင်းကို ခံရပြီး မည်သူ၏ မိသားစုဝင်များသည် ကျိန်ဆဲခြင်းကို ခံရသည့်အကြောင်း

သင်၏မျက်လုံးများဖြင့်မြင်၍ သင်၏ နားဖြင့်ကြားသည့် အကြောင်းနှင့်ပတ်သက်၍ ဤအရာအားလုံးအတွက် အကန့်အသတ်များနှင့် နယ်နိမိတ်များ ရှိသည်။
သန့်ရှင်းသောဝိညာဉ်တော်သည် အမှုအရာများကို ပေါ့ပေါ့တန်တန် မလုပ်ဆောင်ပေ။ သင်တို့ကျူးလွန်ထားသော အပြစ်များကို အခြေခံ၍ သင်တို့ကို သင်တို့၏ မဖြောင့်မတ်ခြင်းနှင့်အညီ ဆက်ဆံပြီး အလေးအနက် ထားရမည် ဆိုပါက သင်တို့ထဲမှ မည်သူသည် ဆက်လက်ရှင်သန်နိုင်လိမ့်မည်နည်း။ သင်တို့အားလုံး ဘေးဒုက္ခကို ခံစားကြရပေလိမ့်မည်၊ သင်တို့ထဲမှ မည်သူမျှ ကောင်းမွန်သော အဆုံးသတ် ရှိကြမည်မဟုတ်။ သို့သော်လည်း ယနေ့တွင် လူအများအပြားသည် သည်းခံခြင်းနှင့် ဆက်ဆံခံကြရသည်။ သင်တို့အနေဖြင့် ဝေဖန်၊ ပုန်ကန်ပြီး ဆန့်ကျင်သော်ငြားလည်း သင်တို့ မနှောင့်ယှက်သရွေ့ ငါသည် သင်တို့ကို အပြုံးနှင့် ရင်ဆိုင်မည်။ အကယ်၍ သင်တို့သည် အသက်ကို စစ်မှန်စွာ လိုက်စားနေပါက၊ သင်တို့သည် အနည်းငယ်သော ပြစ်တင်ဆုံးမခြင်းကို ခံရမည်ဖြစ်သည်၊ ထို့အပြင် ခွဲစိတ်ကုသရန်အတွက် ခွဲစိတ်စားပွဲသို့သွားရန် သင်ချစ်ခင်သောအရာနှင့် ခွဲခွာရခြင်းဟူသည့် နာကျင်ခြင်းကို ကြံ့ကြံ့ခံရပေမည်၊ ပေတရုသည် စမ်းသပ်မှုများနှင့် ဒုက္ခဆင်းရဲတို့ကို လက်ခံခဲ့သကဲ့သို့ သင်သည် နာကျင်ခြင်းကို ကြံ့ကြံ့ခံရမည်။ ယနေ့တွင် သင်သည် တရားစီရင်ခြင်း ပလ္လင်ရှေ့တွင် ရှိနေ၏။ အနာဂတ်တွင် သင်သည် "ခေါင်းဖြတ်စက်" ပေါ်သို့ သွားရမည်၊ ၎င်းမှာ သင်တို့သည် သင်တို့ကိုယ်ကို "စွန့်လွှတ်" သည့်အချိန် ဖြစ်လိမ့်မည်။

နောက်ဆုံးသောကာလရှိ အမှု၏ ဤနောက်ဆုံးအဆင့် အတောအတွင်း ဘုရားသခင်သည် သင်၏ဇာတိခန္ဓာကို အမြစ်ဖြတ်သုတ်သင်မည် မဟုတ်ဟု သင်ယုံကြည်နေခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်၊ ထို့အပြင် သင်သည် သူ့ကို ဆန့်ကျင်ပြီး ဝေဖန်သည့်အတွက် နာမကျန်းဖြစ်ခြင်းတစ်စုံတစ်ရာကို ခံစားရမည်မဟုတ်ဟု ဆိုနိုင်သော်လည်း ဘုရားသခင်၏ ပြင်းထန်သော နှုတ်ကပတ်တော်များ သင့်ထံ ရောက်လာသောအခါ၊ သင်၏ ပုန်ကန်မှု၊ အတိုက်အခံပြုမှုနှင့် သင်၏အကျည်းတန်သော မျက်နှာထားများ အားလုံး ထုတ်ဖော်ခြင်းခံရသောအခါ သင်သည် ပုန်းအောင်း နိုင်လိမ့်မည် မဟုတ်ပေ။ သင်သည် ကြောက်စိတ်မွှန်ပြီး ဘာလုပ်ရ၊ ဘာကိုင်ရမှန်း သိလိမ့်မည် မဟုတ်ချေ။ ယနေ့တွင် သင်တို့၌ အနည်းငယ်သော ဆင်ခြင်တုံတရား ရှိရမည်။ ဘုရားသခင်ကို ဆန့်ကျင်ပြီး ပုန်ကန်သည့် ဆိုးယုတ်သော သူများ၏ ပုံမဖမ်းကြနှင့်။ သင်သည် မိမိ၏ ဘိုးဘေးဘီဘင် အဟောင်းကို ကျော်ခိုင်းသင့်သည်၊ ဤသည်မှာ သင်၌ ရှိသင့်သော ဝိညာဉ်အသက်တာဖြစ်ပြီး ဤအရာမှာ သင်ပိုင်ဆိုင်ထိုက်သော လူ့သဘာဝဖြစ်သည်။ သင်သည် သင်၏အနာဂတ် တက်လမ်းများ၊ သို့မဟုတ် ယနေ့၏ သာယာကြည်နူးမှုများကို ဘေးဖယ်ထားနိုင်စွမ်း အစဉ်သဖြင့် မရှိပေ။ ဘုရားသခင်က ဤသို့ဆို၏- "ငါ့နောက်သို့

လိုက်ရန်နှင့် သမ္မာတရားကို လိုက်စားရန် သင်တို့ တတ်နိုင်သမျှကို ပြုသည့်ကာလပတ်လုံး ငါသည် သင်တို့ကို စုံလင်ခြင်းသို့ ဧကန်အမှန် ရောက်စေမည်။ သင်တို့သည် စုံလင်ခြင်းသို့ ရောက်သောအခါ သင်တို့၌ လှပသော ခရီးပန်းတိုင်တစ်ခု ရှိလိမ့်မည်၊ သင်တို့သည် ငါနှင့်အတူ ကောင်းချီးမင်္ဂလာများကို ခံစားရန် ငါ၏နိုင်ငံတော်ထဲသို့ ဆောင်ယူခြင်းကို ခံကြရလိမ့်မည်။” သင်တို့အတွက် လှပသော ခရီးပန်းတိုင်တစ်ခုကို ကတိပေးခဲ့ပြီးဖြစ်သော်လည်း သင်တို့အပေါ် သတ်မှတ်ချက်များကို မည်သည့်အခါမျှ လျော့နည်းစေနိုင်မည် မဟုတ်ပေ။ သတ်မှတ်ချက်တစ်ခုလည်း ရှိသေးသည်- သင်တို့သည် သိမ်းပိုက်ခြင်းကို ခံရမည်ဖြစ်စေ၊ သို့မဟုတ် စုံလင်ခြင်းသို့ ရောက်မည်ဖြစ်စေ သင်တို့သည် ယနေ့တွင် အချို့သော ပြစ်တင်ဆုံးမခြင်းနှင့် အချို့သော ဒုက္ခဆင်းရဲကို ခံကြရမည်၊ သင်တို့သည် ရိုက်နှက်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို ခံကြရမည်၊ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များကို နားထောင်ရမည်၊ ငါ၏လမ်းခရီးကို လိုက်လျှောက်ပြီး ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ရမည်၊ ဤအရာမှာ လူသားတို့ အနေနှင့်သင်တို့ လုပ်ဆောင်သင့်သောအရာဖြစ်၏။ သင်မည်ကဲ့သို့ လိုက်စားသည်ဖြစ်စေ၊ သင့်အနေဖြင့် ဤလမ်းကို ရှင်းလင်းစွာ ကြားသင့်၏။ အကယ်၍ သင်၌ စစ်မှန်သော ထိုးထွင်းအမြင်များရှိပါက သင်သည် ဆက်လက်၍ လိုက်လျှောက်နိုင်သည်။ အကယ်၍ ဤနေရာတွင် တက်လမ်းများ၊ သို့မဟုတ် မျှော်လင့်ချက်များ မရှိဟု သင်ထင်မြင်ယူဆပါက သင်ထွက်သွားနိုင်သည်။ ဤနှုတ်ကပတ်တော်များကို သင့်အား ရှင်းလင်းစွာ ပြောကြားထားပြီးဖြစ်၏၊ သို့သော်လည်း အကယ်၍ သင့်အနေဖြင့် အမှန်တကယ် ထွက်သွားလိုပါက သင်၌ အသိတရား အနည်းငယ်မျှ မရှိကြောင်းကိုသာ ဤအရာက ပြသမည်ဖြစ်သည်၊ သင်၏ ဤလုပ်ရပ်မှာ သင်သည် နတ်ဆိုးတစ်ကောင် ဖြစ်ကြောင်းကို သက်သေပြရန် လုံလောက်သည်။ ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုများအပေါ် အလုံးစုံအပ်နှံသည်ဟု သင်ဆိုသော်လည်း၊ သင်၏ ဇာတိခန္ဓာနှင့် သင်အသက်ရှင်နေထိုင်သည့်အရာကို အခြေခံပြီး ဆိုရသော်၊ သင်သည် စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်နေဆဲ ဖြစ်သည်။ စာတန်သည်လည်း ဘုရားသခင်၏ လက်တော်ထဲ၌ ရှိသော်ငြားလည်း၊ သင်ကိုယ်တိုင်သည် စာတန်နှင့် သက်ဆိုင်ဆဲဖြစ်ပြီး ဘုရားသခင်၏ စစ်မှန်စွာ ကယ်တင်ခြင်းကို မခံရသေးချေ၊ အကြောင်းမှာ သင်သည် စာတန်၏လွှမ်းမိုးမှုအောက်တွင် အသက်ရှင်နေဆဲ ဖြစ်သောကြောင့် ဖြစ်၏။ ကယ်တင်ခံရရန်အတွက် သင်မည်ကဲ့သို့လိုက်စားရမည်နည်း။ ရွေးချယ်မှုသည် သင့်အပေါ် မူတည်သည်၊ သင်လျှောက်ရမည့် လမ်းကြောင်းကို သင်ရွေးချယ်သင့်သည်။ အဆုံးတွင် သင့်အနေဖြင့် “ငါ၌ ပို၍ကောင်းသောအရာ ဘာမျှမရှိ၊ ငါသည် ဘုရားသခင်၏

ချစ်ခြင်းမေတ္တာကို ငါ၏ အသိတရားဖြင့် ပြန်ပေးဆပ်၍၊ ထို့ပြင် ငါ၌ အနည်းငယ်သော လူ့သဘာဝရှိရမည်။ ငါသည် ပို၍ ကြီးမားသောအရာ တစ်စုံတစ်ခုကို ရရှိနိုင်ခြင်း မရှိသည့်အပြင်၊ ငါ၏အရည်အချင်းသည်လည်း အလွန်မမြင့်ပေ။ ငါသည် ရူပါရုံများနှင့် ဘုရားသခင့်အမှု၏ အဓိပ္ပာယ်ကို နားမလည်ပေ။ ငါသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြန်ပေးဆပ်ရုံမျှသာ ဖြစ်သည်၊ ဘုရားသခင်စေခိုင်းသမျှကို ငါလုပ်ပြီး ငါတတ်နိုင်သမျှကို ငါလုပ်သည်။ ငါသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအဖြစ် ငါ၏တာဝန်ကို ငါကောင်းမွန်စွာ ထမ်းဆောင်သည်” ဟု ဆိုနိုင်ပါက၊ ငါသည် ကျေနပ်ဝမ်းမြောက်မည်ဖြစ်သည်။ ဤသည်မှာ သင်လုပ်နိုင်သော အမြင့်မားဆုံး သက်သေခံချက်ပင် ဖြစ်သည်။ ဤသည်မှာ လူတစ်စုအပေါ် သတ်မှတ်ထားသည့် အမြင့်ဆုံး စံနှုန်းဖြစ်သည်- ယင်းမှာ ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါတစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ခြင်းပင် ဖြစ်သည်။ သင်လုပ်နိုင်သည့်အတိုင်း များနိုင်သမျှများစွာသာ သင်လုပ်လော့၊ သင့်အပေါ် သတ်မှတ်ချက်များမှာ အလွန်မမြင့်မားချေ။ သင်တတ်နိုင်သမျှကို သင်လုပ်ဆောင်သည့် ကာလပတ်လုံး ဤသည်မှာ သင်၏ သက်သေခံချက်ပင် ဖြစ်၏။

# လက်တွေ့လုပ်ဆောင်ခြင်း (၇)

သင်တို့၏ လူ့သဘာဝသည် အလွန်ချို့တဲ့နေ၍၊ သင်တို့၏ ဘဝနေထိုင်မှုပုံစံသည် အလွန် နိမ့်ကျပြီး ယုတ်ညံ့သည်၊ သင်တို့တွင် လူ့သဘာဝမရှိသကဲ့သို့ ထိုးထွင်းသိမြင်မှု ကင်းမဲ့လေသည်။ ဤသည်ကြောင့် သင်တို့သည် မိမိတို့ကိုယ်ကိုယ် ပုံမှန် လူ့သဘာဝနှင့် ဆိုင်သော အရာများဖြင့် ပြင်ဆင်ဖို့ လိုအပ်ခြင်း ဖြစ်သည်။ အသိစိတ်၊ ဆင်ခြင်တုံတရားနှင့် ထိုးထွင်းသိမြင်မှုတို့ ရှိခြင်း၊ အမှုအရာများကို မည်သို့ ပြောဆိုပြီး ရှုမြင်ရမည်ကို သိခြင်း၊ သန့်ရှင်းမှုကို အာရုံစိုက်ခြင်း၊ သာမန်လူသားတစ်ဦးကဲ့သို့ ပြုမူခြင်း- ဤအရာအားလုံးသည် ပုံမှန် လူ့သဘာဝနှင့်ဆိုင်သော အသိပညာ၏ အင်္ဂါရပ်များ ဖြစ်ကြသည်။ ဤအမှုအရာများတွင် လျော်ကန်စွာ သင်တို့ ပြုမူသည့်အခါ၊ လက်ခံနိုင်စရာ လူ့သဘာဝ အဆင့်တစ်ခု ရှိသည်ဟု သင်တို့ကို မှတ်ယူရပေသည်။ ဝိညာဉ်ရေးရာ အသက်တာအတွက်လည်း သင်တို့ မိမိတို့ကိုယ်ကိုယ် ပြင်ဆင်ရပေမည်။ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏ အမှုအလုံးစုံကို သင်တို့ သိရမည်ဖြစ်ပြီး သူ၏ နှုတ်ကပတ်တော်များနှင့် ဆိုင်သော အတွေ့အကြုံများ ရှိရမည်။ သူ၏ အစီအစဉ်များကို မည်သို့ နာခံရမည်ဆိုသည်နှင့် အဖန်ဆင်းခံတစ်ဦး၏ တာဝန်ကို မည်သို့ ဖြည့်ဆည်းရမည်ကို သင်တို့ သိသင့်၏။ လူ့သဘာဝနှင့်ဆိုင်သော အသက်တာအတွက်

သင်တို့ကိုယ်သင်တို့ ပြင်ဆင်ခြင်းနှင့် ဝိညာဉ်ရေးရာ ပြည့်ဝခြင်း အသက်တာတစ်ခုအတွက် လက်တွေ့လုပ်ဆောင်ခြင်း- ဤအရာများသည် ယနေ့ သင်တို့ ဝင်ရောက်သင့်သည့်အရာ၏ ရှုထောင့်နှစ်ခု ဖြစ်သည်။ နှစ်ခုလုံးသည် မရှိမဖြစ် ဖြစ်လေသည်။

လူအချို့သည် ရယ်ဖွယ်ကောင်းကြ၏- ၎င်းတို့သည် လူသားသဘာဝ၏ အင်္ဂါရပ်များဖြင့် မိမိတို့ကိုယ်ကိုယ် ဖြည့်ဆည်းဖို့သာ သိကြသည်။ ၎င်းတို့၏ သွင်ပြင်တွင် အမှား ရှာမတွေ့နိုင်ပေ။ ၎င်းတို့ ပြောသည့်အရာများနှင့် ၎င်းတို့ ပြောပုံဆိုပုံတို့သည် လျော်ကန်ပြီး ၎င်းတို့၏ အဝတ်အစားက အလွန်ခံ့ညားကာ သင့်တော်လေသည်။ သို့သော် ၎င်းတို့သည် အတွင်း၌ အနှစ်မဲ့ကြ၏၊ ပုံမှန် လူ့သဘာဝကို ၎င်းတို့ အပေါ်ယံ ပိုင်ဆိုင်ရုံမျှ ပိုင်ဆိုင်ကြပုံရလေသည်။ ၎င်းတို့ စားသည့်အရာ၊ ဝတ်ဆင်သည့်အရာနှင့် ပြောဆိုသည့်အရာတို့ကိုသာ အာရုံစိုက်ကြသူ အချို့ ရှိသည်။ ကြမ်းပြင်ကို တံမြက်လှည်းခြင်း၊ အိပ်ရာသိမ်းခြင်းနှင့် အထွေထွေသန့်ရှင်းရေးတို့ကဲ့သို့သော အမှုအရာများ အပေါ် သီးသန့် အာရုံစိုက်သော သူများပင် ရှိကြလေသည်။ ဤအရာများအားလုံးတွင် ၎င်းတို့ ကောင်းကောင်း လက်တွေ့ လုပ်ဆောင်နိုင်ကောင်း လုပ်ဆောင်နိုင်ကြသော်လည်း နောက်ဆုံးသော ကာလ ဘုရားသခင်၏ အမှုတော် သို့မဟုတ် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း သို့မဟုတ် စမ်းသပ်မှုများနှင့် စစ်ဆေးခြင်းတို့နှင့် ဆိုင်သော ၎င်းတို့၏ အသိပညာအကြောင်းကို ဆွေးနွေးဖို့ သင် စေခိုင်းပါက၊ အတွေ့အကြုံအနည်းငယ်မျှပင် ၎င်းတို့ ပြသဖို့ အလားအလာမရှိချေ။ "ကမ္ဘာမြေပေါ် ရှိ ဘုရားသခင်၏ အဓိကအမှုနှင့် ဆိုင်သော သိနားလည်မှု သင်တို့ ရှိကြသလော။ လူ့ဇာတိခံ ဘုရားသခင်၏ ယနေ့အမှုသည် ယေရှု၏အမှုနှင့် အဘယ်သို့ ကွဲပြားသနည်း။ ယေဟောဝါ၏ အမှုနှင့် အဘယ်သို့ ကွဲပြားသနည်း။ ၎င်းတို့သည် ဘုရားသခင်တစ်ပါးတည်း ဖြစ်ကြသလော။ သူသည် ဤခေတ်ကို အဆုံးသတ်ဖို့ သို့မဟုတ် လူသားမျိုးနွယ်ကို ကယ်တင်ဖို့ ကြွလာပြီလော" ဟု ၎င်းတို့ကို သင် မေးနိုင်သည်။ သို့သော် ထိုသို့သော လူတို့သည် ဤကိစ္စရပ်များနှင့် ပတ်သက်၍ ဘာမျှပြောစရာ မရှိကြချေ။ အချို့သည် မိမိတို့ကိုယ်ကိုယ် လှလှပပ ဆင်ယင်ကြသော်လည်း အပေါ်ယံဖြစ်၏။ ညီအစ်မများသည် မိမိတို့ကိုယ်ကိုယ် ပန်းများကဲ့သို့ လှလှပပ ဆင်ယင်ကြပြီး ညီအစ်ကိုများသည် မင်းညီမင်းသားများ သို့မဟုတ် ချမ်းသာကြွယ်ဝသော ဂိုက်ထုတ်လွန်းသူများကဲ့သို့ ဝတ်စားကြသည်။ ၎င်းတို့စားသည့်အရာနှင့် ဝတ်သည့်အရာများ ကဲ့သို့သော အပေါ်ယံ အရာများနှင့်ပတ်သက်၍သာ ၎င်းတို့ ဂရုစိုက်ကြသည်။ အတွင်းတွင်၊ ၎င်းတို့သည် ခိုကိုးရာမဲ့ဖြစ်ကာ ဘုရားသခင်နှင့်ဆိုင်သော အသိပညာ အနည်းငယ်မျှ မရှိကြချေ။ ဤတွင် မည်သည့် အဓိပ္ပါယ်ရှိနိုင်သနည်း။ ပြီးလျှင်၊ ဆင်းရဲနုံချာသော သူတောင်းစားများကဲ့သို့

ဝတ်ဆင်ကြသူအချို့ ရှိ၏- ၎င်းတို့သည် အရှေ့ အာရှကျွန်များနှင့် အမှန်တူကြ၏။ သင်တို့ကို ငါ တောင်းဆိုသည့်အရာကို သင်တို့ အမှန်တကယ် နားမလည်ကြသလော။ သင်တို့ကိုယ်ကြား ဆွေးနွေးကြလော့။ မည်သည့်အရာကို သင်တို့ အမှန်ရရှိကြပြီနည်း။ သင်တို့သည် ဤနှစ်ကာလများအားလုံး၌ ဘုရားသခင်ကို ယုံကြည်ကြပြီး ဖြစ်သော်လည်း သင်တို့ ရိတ်သိမ်းကြသည်မှာ ဤမျှသာ ဖြစ်သည်- သင်တို့ ကသိကအောက်မဖြစ်ကြဘူးလော။ သင်တို့ မရှက်ကြဘူးလော။ ဤနှစ်ကာလများအားလုံးတွင် မှန်သော လမ်းခရီးကို သင်တို့ လိုက်စားနေခဲ့ကြပြီးဖြစ်သော်လည်း ယနေ့ သင်တို့၏ ဝိညာဉ်အသက်တာသည် စာငှက်တစ်ကောင်ထက် နိမ့်ကျဆဲဖြစ်၏။ သင်တို့ကြားက ငယ်ရွယ်သော အမျိုးသမီးများကို ကြည့်လော့၊ သင်တို့အချင်းချင်း နှိုင်းယှဉ်နေကြရင်း သင်တို့၏ အဝတ်အစားများနှင့် မိတ်ကပ်ဖြင့် ခါတ်ပုံများကဲ့သို့ လှပနေကြ၏- သင်တို့ မည်သည့်အရာကို နှိုင်းယှဉ်ကြသနည်း။ သင်တို့၏ သာယာမှုလော။ သင်တို့၏ တောင်းဆိုမှုများလော။ ငါသည် စံပြမယ်များကို စုဆောင်းရန် ကြွလာပြီဟု သင်တို့ ထင်ကြသလော။ သင်တို့တွင် အရှက်မရှိကြ။ သင်တို့၏ အသက်တာသည် အဘယ်မှာနည်း။ သင်တို့ လိုက်စားသည့်အရာမှာ သင်တို့၏ ကိုယ်ပိုင် လွန်ကဲသော စိတ်ဆန္ဒသာ ဖြစ်သည် မဟုတ်လော။ သင်သည် အလွန် လှပသည်ဟု သင်ထင်၏၊ သို့သော် ဝတ်ကောင်းစားလှ မျိုးစုံဖြင့် သင် ဝတ်ဆင်ကောင်း ဝတ်ဆင်နိုင်သော်လည်း၊ အမှန်တွင် သင်သည် နောက်ချေးပုံတစ်ခု၌ မွေးဖွားသည့် လူးလွန့်လူပ်ရှားနေသည့် လောက်ကောင်တစ်ကောင် ဖြစ်သည် မဟုတ်လော။ ယနေ့တွင်၊ သင်သည် ကောင်းကင်ဘုံ နှင့်ဆိုင်သော ဤကောင်းချီးမင်္ဂလာများကို မွေ့လျော်ဖို့ ကံကောင်းသည်မှာ သင်၏ လှပသော မျက်နှာကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်သည် သင့်ကို ချီးမြှောက်ခြင်းအားဖြင့် ချွင်းချက်တစ်ခု ပြုလုပ်နေသောကြောင့် ဖြစ်သည်။ သင် မည်သည့်နေရာမှ လာသည်ကို သင် မရှင်းမလင်း ဖြစ်နေဆဲလော။ အသက်တာဟု ပြောလိုက်လျှင်ပင်၊ သင်သည် ရုပ်တုတစ်ခုကဲ့သို့ ဆွံ့အလျက်၊ သင်သည် နှုတ်ပိတ်ပြီး ဘာမျှမပြောပေ၊ သို့တိုင် သင်သည် မိမိကိုယ်ကိုယ် ဝတ်စား ဆင်ယင်ဝံ့သေး၏။ သင်၏ မျက်နှာကို ပါးနီနှင့် ပေါင်ဒါတို့ လိမ်းဖို့ လိုလားသေး၏။ ၎င်းတို့၏ မျက်နှာများပေါ်တွင် ခပ်တည်တည် မျက်နှာပေးများဖြင့် စိမ်ပြေနပြေ လမ်းလျှောက်ရင်း တစ်နေ့လုံး အချိန်ကုန်ဆုံးနေသော၊ ထိန်းမနိုင် သိမ်းမရသော သင်တို့ကြားက ဂိုက်ထုတ်လွန်းသူ ထိန်းရကျောင်းရ ခက်သည့် အမျိုးသားများကို ကြည့်လော့။ ဤသည်မှာ လူတစ်ဦး ပြုမူသင့်သည့် ပုံလော။ သင်တို့ကြားက အမျိုးသားဖြစ်စေ အမျိုးသမီးဖြစ်စေ အသီးသီးတို့သည် တစ်နေ့လုံး သင်တို့၏ အာရုံကို မည်သည့်အရာ၌ မြှုပ်နှံထားသနည်း။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ကျွေးမွေးဖို့ရန် မည်သူ့အပေါ် မှီခိုသည်ကို သိကြသလော။

သင်၏ အဝတ်အစားကို ကြည့်လော၊ သင်၏လက်၌ ရိုတ်သိမ်းခဲ့သည့်အရာကို ကြည့်လော့၊ သင်၏ ဝမ်းဗိုက်ကို ပွတ်လော့- ဤယုံကြည်ခြင်း နှစ်ကာလများတစ်လျှောက်လုံး သင် ပေးဆပ်ပြီးဖြစ်သည့် သွေးနှင့်ချွေး အဖိုးအခမှ မည်သည့်အရာကို သင် အကျိုးအမြတ် ရရှိပြီနည်း။ ရှုခင်းသွားကြည့်ဖို့ သင် တွေးသေး၏၊ သင်၏ အပုပ်နံ့ထွက်နေသော ခန္ဓာကို တန်ဆာဆင်ဖို့ သင် တွေးဆဲဖြစ်သည်- သုံးမရသော လိုက်စားမှုများပေတည်း။ ပုံမှန် လူတစ်ဦးဖြစ်ဖို့ သင့်ကို တောင်းဆိုထားသော်လည်း၊ ယခုတွင် သင်သည် တကယ်ကို မူမမှန်ရုံသာမက၊ ဖောက်ပြန်ပေသည်။ ထိုသို့သော လူတစ်ဦးသည် ငါ့ရှေ့သို့လာဖို့ရန် အဘယ်သို့ ရဲတင်းမှု ရှိနိုင်ရသနည်း။ ဤသို့သော လူ့သဘာဝတစ်ခုဖြင့်၊ သင်၏ ဆွဲဆောင်မှုများကို ထုတ်ပြရင်းနှင့် သင်၏ ခန္ဓာကိုယ်ကို ကြွားလုံးထုတ်ရင်း၊ ဇာတိပကတိ၏ တပ်မက်မှုများအတွင်း အစဉ်အမြဲ အသက်ရှင်ရင်း- သင်သည် ညစ်ညူးသော နတ်ဆိုးများနှင့် ဝိညာဉ်ဆိုးများ၏ သားမြေးစဉ်ဆက်တစ်ဦး ဖြစ်သည် မဟုတ်လော။ ထိုသို့သော ညစ်ညူးသည့် နတ်ဆိုးတစ်ဦးကို အချိန်ကြာမြင့်စွာ တည်ရှိမြဲတည်ရှိဖို့ရန် ငါသည် ခွင့်ပြုလိမ့်မည်မဟုတ်။ ပြီးလျှင် သင်၏ နှလုံးသားထဲ၌ သင် တွေးသည့်အရာကို ငါ မသိဟု မထင်လေနှင့်။ သင်တို့အနေဖြင့် မိမိ၏ တပ်မက်မှုနှင့် မိမိ၏ ဇာတိပကတိကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်သင့်၏၊ သို့သော် သင်၏ စိတ်နှလုံးထဲက သင် သိုထားသည့် အတွေးများကို အဘယ်သို့ ငါ မသိနိုင်ရမည်နည်း။ သင်၏ မျက်လုံးများ တပ်မက်သည့်အရာအားလုံးကို အဘယ်သို့ ငါ မသိနိုင်ရမည်နည်း။ သင်တို့၏ ခန္ဓာကိုယ်ကို ထုတ်ပြဖို့အလို့ငှာ အသင် မိန်းမငယ်တို့သည် မိမိတို့ကိုယ်ကိုယ် အလွန်လှပစေကြသည် မဟုတ်လော။ ယောကျာ်းများသည် သင်တို့အဖို့ အဘယ်အကျိုးရှိ သနည်း။ သင်တို့ကို ဒုက္ခပင်လယ်မှ ၎င်းတို့က အမှန်ပင် ကယ်တင်နိုင်သလော။ သင်တို့ကြားက ဂိုက်ထုတ်လွန်းသူများအတွက်မူ၊ သင်တို့အားလုံးသည် မိမိတို့ကိုယ်ကိုယ် မွန်မွန်ရည်ရည် ရှိပြီး ခံ့ညားသည့်ပုံပေါ်စေဖို့ ဝတ်ဆင်ကြ၏၊ သို့သော် ဤသည်မှာ သင်တို့၏ မြူးကြွားကြွရှ နှစ်လိုဖွယ်ကောင်းသော ပုံပန်းများဆီသို့ အာရုံစိုက်စေဖို့ စီစဉ်ထားသည့် မာယာတစ်ခု ဖြစ်သည် မဟုတ်လော။ ဤအရာကို သင်တို့ မည်သူ့အတွက် လုပ်ဆောင်နေကြသနည်း။ မိန်းမများသည် သင်တို့အဖို့ မည်သည့် အကျိုးရှိသနည်း။ ၎င်းတို့သည် သင်တို့ အပြစ်၏ အရင်းအမြစ် ဖြစ်ကြသည် မဟုတ်လော။ အသင် ယောကျာ်းနှင့် မိန်းမတို့၊ သင်တို့ကို နှုတ်ကပတ်တော်များစွာ ငါ ပြောပြီးလေပြီ၊ သို့တိုင် သင်တို့သည် ၎င်းတို့အနည်းငယ်မျှကိုသာ လိုက်နာခဲ့ပြီးဖြစ်သည်။ သင်တို့ နားများသည် ထိုင်းကြ၏၊ သင်တို့ မျက်စိများ မှုန်သွားကြပြီး သင်တို့၏ စိတ်နှလုံးများက မာကျောကြသည်မှာ သင်တို့ ခန္ဓာကိုယ်များတွင် တပ်မက်မှုကလွှဲ၍

ဘာမျှမရှိသည်အထိ၊ ထိုအထဲတွင် သင်တို့ မိနေကြပြီး မလွတ်မြောက်နိုင်သည်အထိ ဖြစ်သည်။ လောက်ကောင်များဖြစ်သည့်၊ ညစ်ညူးမှုနှင့် အညစ်အကြေးထဲတွင် လူးလွန့်ကြသည့် သင်တို့အနီး မည်သည့်နေရာကိုမဆို အဘယ်သူ သွားချင်မည်နည်း။ သင်တို့သည် နောက်ချေးပုံထဲမှ ငါ ချီးမြှောက်ခဲ့သည့်သူများထက် ဘာမျှမပိုသည်ကို၊ နဂိုမူလအားဖြင့် ပုံမှန် လူ့သဘာဝအား သင်တို့ မပိုင်ဆိုင်ခဲ့ကြသည်ကို မမေ့လျော့နှင့်။ သင်တို့ကို ငါ တောင်းဆိုသော အရာမှာ မူလက သင်တို့ မပိုင်ဆိုင်ခဲ့ကြသည့် ပုံမှန် လူ့သဘာဝဖြစ်သည်၊ သင်တို့၏ တပ်မက်မှုကို ထုတ်ပြဖို့ မဟုတ်သကဲ့သို့၊ နှစ်ပေါင်းအလွန်များစွာကြာ နတ်ဆိုးက လေ့ကျင့်ပေးခဲ့သည့် သင်တို့၏ ဆီချေးစော်နံသော ဇာတိပကတိကို အတားအဆီးမဲ့ ပြုမူခွင့်ပေးဖို့ မဟုတ်ချေ။ ထိုသို့ သင်တို့ကိုယ်သင်တို့ ဝတ်ဆင်ကြသည့်အခါ၊ သင်တို့ ပိုမို နက်ရှိုင်းစွာ ကျော့ကွင်း မိလာကြမည်ကို မကြောက်ကြသလော။ သင်တို့သည် နဂိုမူလက အပြစ်နှင့်သက်ဆိုင်သည်ကို မသိကြသလော။ သင်တို့၏ ခန္ဓာကိုယ်များသည် သင်တို့၏ အခြေအနေများကို သည်းမခံနိုင်အောင် အကျည်းတန်ပြီး ညစ်ညူးသော နတ်ဆိုးများအဖြစ် ထုတ်ဖော်ပြရင်း သင်တို့၏ အဝတ်အစားမှပင် ယိုစိမ့်သည့် တပ်မက်မှုဖြင့် အလွန်ပြည့်လျှံသည်ကို သင်တို့ မသိကြသလော။ ဤအရာကို သင်တို့သည် မည်သူမဆိုထက် သာ၍ ရှင်းလင်းစွာ သိကြသည်မှာ မှန်သည် မဟုတ်လော။ သင်တို့၏ စိတ်နှလုံးများ၊ သင်တို့၏ မျက်စိများ၊ သင်တို့၏ နှုတ်ခမ်းများ- ၎င်းတို့အားလုံးကို ညစ်ညူးသော နတ်ဆိုးများက ညစ်ညမ်းစေပြီး ဖြစ်သည် မဟုတ်လော။ သင်၏ ဤအစိတ်အပိုင်းများသည် ညစ်ညူးကြသည် မဟုတ်လော။ သင် မပြုမူသရွေ့ အသန့်ရှင်းဆုံး ဖြစ်သည်ဟု သင် ထင်သလော။ လှပသော အဝတ်အစားများကို ဝတ်ဆင်ခြင်းက သင်တို့၏ ယုတ်ညံ့သော ဝိညာဉ်များကို ဖုံးကွယ်နိုင်သည်ဟု သင် ထင်သလော။ ယင်းက အလုပ်ဖြစ်မည် မဟုတ်။ သာ၍ လက်တွေ့ကျရန် သင်တို့ကို ငါ အကြံပေး၏။ အယောင်မဆောင်၊ ဟန်မဆောင်နှင့်၊ ပြီးလျှင် မိမိတို့ကိုယ်ကိုယ် ပြစားဝင့်ဝါခြင်း မရှိနှင့်။ သင်တို့သည် အချင်းချင်း သင်တို့၏ တပ်မက်မှုကို ကြွားလုံးထုတ်ကြသည်၊ သို့သော် အပြန်အလှန်အားဖြင့် သင်တို့ ရရှိမည့်အရာမှာ ထာဝရ ဆင်းရဲဒုက္ခခံစားခြင်းနှင့် ရက်စက်သော ပြစ်တင်ဆုံးမခြင်းသာ ဖြစ်သည်။ သင်တို့ အချင်းချင်း မျက်စပစ်ဖို့နှင့် စိတ်ကူးယဉ်ချစ်ဇာတ်လမ်းထဲ မွေ့လျော်ဖို့ အဘယ်လိုအပ်သနည်း။ ဤသည်မှာ သင်တို့၏ ဂုဏ်သိက္ခာ အတိုင်းအဆ၊ သင်တို့၏ တည်ကြည်မှု အတိုင်းအတာလော။ သင်တို့ထဲမှ မကောင်းသော ဆေးနှင့် နတ်ဝိဇ္ဇာအတတ်တို့တွင် ပါဝင်ပတ်သက်သူများကို ငါ စက်ဆုပ်၏။ သင်တို့အထဲတွင် မိမိတို့ကိုယ်တိုင်၏ ဇာတိပကတိကို ချစ်သော ငယ်ရွယ်သည့် ယောက်ျားများနှင့် မိန်းမများကို ငါ စက်ဆုပ်၏။ ယခု သင်တို့ကို ပုံမှန်လူ့သဘာဝ ပိုင်ဆိုင်ဖို့

သတ်မှတ်ထားပြီး သင်တို့၏ တပ်မက်မှုကို သင်တို့အား ကြွားလုံးထုတ်ခွင့် မပြုထားသောကြောင့် သင်တို့ မိမိကိုယ်ကိုယ် ချုပ်တည်းပါက ပိုကောင်းပေမည်- သို့တိုင် သင်တို့၏ ဇာတိပကတိသည် အလွန်ပေါ်များပြီး သင်တို့၏ တပ်မက်မှုက အလွန်ကြီးမားသည့်အတွက် သင်တို့သည် ရရှိနိုင်သော အခွင့်အရေးတိုင်းကို အရယူကြပေသည်။

အပေါ်ယံတွင်၊ သင်၏ လူ့သဘာဝနှင့်ဆိုင်သော အသက်တာသည် အလွန်ကောင်းမွန်စွာ စီစဉ်ထား၏၊ သို့သော် အသက်တာနှင့်ဆိုင်သော သင်၏ အသိပညာအကြောင်း ပြောဖို့ စေခိုင်းခံရသည့်အခါ သင်သည် ဘာမျှပြောစရာ မရှိဖြစ်ကာ၊ ဤအရာတွင် သင်သည် ဆင်းရဲပေသည်။ သင်သည် မိမိကိုယ်ကိုယ် သမ္မာတရားဖြင့် ပြင်ဆင်ထားရမည်။ လူ့သဘာဝနှင့်ဆိုင်သော သင်၏ အသက်တာသည် သာ၍ ကောင်းဖို့အတွက် ပြောင်းလဲပြီးဖြစ်ကာ၊ သင့်အတွင်းရှိ အသက်တာ သည်လည်း ဤသို့ပြောင်းလဲရပေမည်။ သင်၏ အတွေးများကို ပြောင်းလဲလော့၊ ဘုရားသခင်ကို ယုံကြည်မှုအပေါ် သင်၏ အမြင်များကို ပြောင်းလော့၊ သင့်အတွင်းရှိ အသိပညာနှင့် အတွေးတို့ကို ပြောင်းလဲကာ သင်၏ အယူအဆများအတွင်း တည်ရှိသည့်အားလျော်စွာ ဘုရားသခင် နှင့်ဆိုင်သော အသိပညာကို ပြောင်းလဲလော့။ ကိုင်တွယ်ဖြေရှင်း ခံရခြင်းမှတဆင့်၊ ထုတ်ဖော်ပြခြင်းနှင့် ထောက်ပံ့ပေးခြင်းတို့မှတဆင့်၊ သင်ကိုယ်တိုင်နှင့်ဆိုင်သော သင်၏ အသိပညာ၊ လူ့အသက်တာနှင့် ဆိုင်သော သင်၏ အသိပညာနှင့် ဘုရားသခင်ကို ယုံကြည်မှုနှင့်ဆိုင်သော သင်၏ အသိပညာတို့ကို တဖြည်းဖြည်း ပြောင်းလဲလော့။ သင်၏ သိနားလည်မှုကို စစ်မှန်နိုင်စွမ်း ရှိစေပါ။ ဤနည်းဖြင့်၊ လူသားအတွင်းရှိ အတွေးများ ပြောင်းလဲ၍၊ အမှုအရာများကို သူမြင်သည့်ပုံ ပြောင်းလဲပြီး သူ၏ စိတ်ပိုင်းဆိုင်ရာ သဘောထား ပြောင်းလဲလေသည်။ ဤအရာကိုသာ အသက်တာ စိတ်သဘောထားထဲက ပြောင်းလဲမှု တစ်ခုဟု ခေါ် နိုင်ပေသည်။ နေ့တစ်နေ့၏ အချိန်နာရီအားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်များ ဖတ်ရှုရင်း သို့မဟုတ် အဝတ်အစားများ လျှော်ဖွပ်ရင်းနှင့် သန့်စင်ရင်း အချိန်ကုန်ဆုံးဖို့ သင့်ကို မတောင်းဆိုပေ။ ပုံမှန် လူ့သဘာဝနှင့်ဆိုင်သော အသက်တာတစ်ခုသည် အနည်းဆုံးအနေဖြင့် ပင်ကိုအားဖြင့် ခံနိုင်ရည်ရှိရမည်။ ထို့အပြင်၊ အပြင်ပန်း ကိစ္စရပ်များကို ကိုင်တွယ်သည့်အခါ၊ ထိုးထွင်းသိမြင်မှုနှင့် ဆင်ခြင်တုံတရားအချို့ကို သင် အသုံးပြုရဦးပေမည်၊ သို့သော် အရေးကြီးဆုံးသော အရာမှာ သင်သည် အသက်တာနှင့်ဆိုင်သော သမ္မာတရားဖြင့် ပြင်ဆင်ထားဖို့ ဖြစ်သည်။ အသက်တာအတွက် သင့်ကိုယ်သင် ပြင်ဆင်သည့်အခါ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို

စားသောက်ခြင်းအပေါ် သင် အာရုံစိုက်ရမည်၊ ဘုရားသခင်နှင့်ဆိုင်သော အသိပညာ၊ လူ့ဘဝအပေါ် သင်၏ အမြင်များနှင့် အထူးသဖြင့် နောက်ဆုံးသော ကာလအတွင်း ဘုရားသခင် လုပ်ဆောင်ခဲ့သော အမှုနှင့်ဆိုင်သည့် သင်၏ အသိပညာအကြောင်းကို သင် ဆွေးနွေးနိုင်ရမည်။ သင်သည် အသက်ကိုလိုက်စားသည့်အတွက် မိမိကိုယ်ကိုယ် ဤအရာများဖြင့် ပြင်ဆင်ထားရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် စားသောက်သည့်အခါ၊ ၎င်းတို့နှင့်ယှဉ်၍ သင်ကိုယ်တိုင်၏ အခြေအနေနှင့်ဆိုင်သော လက်တွေ့အရှိတရားကို သင် တိုင်းတာရမည်။ ယင်းမှာ၊ သင်၏ စစ်မှန်သော အတွေ့အကြုံ လမ်းကြောင်းတွင် သင်၏ အားနည်းချက်များကို တွေ့ရှိသည့်အခါ၊ လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်းတစ်ခု သင် ရှာဖွေနိုင်စွမ်းရှိရမည်၊ သင်၏ မမှန်ကန်သော ရည်ရွယ်ချက်များနှင့် အယူအဆများကို ကျော်ခိုင်းနိုင်စွမ်း ရှိရမည်ဖြစ်သည်။ ဤအရာများအတွက် သင် အမြဲကြိုးပမ်းပြီး၊ ၎င်းတို့ကို ရရှိရန် မိမိစိတ်နှလုံးကို ပုံအပ်ပါက၊ လိုက်လျှောက်ရမည့် လမ်းကြောင်းတစ်ခု သင်ရှိလိမ့်မည်၊ သင်သည် အနှစ်မဲ့သကဲ့သို့ ခံစားရလိမ့်မည် မဟုတ်ဘဲ၊ ထိုအကြောင်းကြောင့် သင်သည် ပုံမှန် အခြေအနေတစ်ခုကို ထိန်းသိမ်းနိုင်လိမ့်မည်ဖြစ်သည်။ ထိုအခါတွင်မှ သင်သည် မိမိကိုယ်ပိုင် အသက်တာထဲတွင် ဝန်ထုပ်တစ်ခု သယ်ဆောင်သူ၊ ယုံကြည်ခြင်း ရှိသူတစ်ဦး ဖြစ်ပေလိမ့်မည်။ လူအချို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက် ၎င်းတို့ကို အဘယ်ကြောင့် လက်တွေ့မလုပ်ဆောင်နိုင်ကြသနည်း။ ယင်းမှာ အရေးကြီးဆုံးသော အရာများကို ၎င်းတို့ သဘောမပေါက် နိုင်ကြသောကြောင့် ဖြစ်သည် မဟုတ်လော။ အသက်တာကို ၎င်းတို့ အလေးအနက် မထားကြသောကြောင့် ဖြစ်သည် မဟုတ်လော။ အရေးကြီးသော အရာများကို ၎င်းတို့ သဘောမပေါက်နိုင်ခြင်းနှင့် လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်း မရှိကြခြင်း အကြောင်းရင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ ဖတ်ရှုကြသည့်အခါ၊ ထိုနှုတ်ကပတ်တော်များကို မိမိတို့၏ ကိုယ်ပိုင်အခြေအနေများနှင့် မဆက်စပ်နိုင်ကြသကဲ့သို့ မိမိတို့၏ ကိုယ်ပိုင် အခြေအနေများကို မပိုင်နိုင်ကြသောကြောင့် ဖြစ်သည်။ လူအချို့က၊ "ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကျွန်ုပ် ဖတ်ရှုပြီး ယင်းတို့ကို ကျွန်ုပ်၏ အခြေအနေများနှင့် ဆက်စပ်မိကာ၊ ကျွန်ုပ်သည် ဖောက်ပြန်ပျက်စီးကာ ညံ့ဖျင်းသော အရည်အချင်းရှိသည်ကို ကျွန်ုပ် သိ၏၊ သို့သော် ကျွန်ုပ်သည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းပေးနိုင်စွမ်း မရှိပါ" ဟု ပြောကြသည်။ သင်သည် တကယ့် အပေါ်ယံကိုသာ မြင်လေပြီ။ သင် မသိသည့် စစ်မှန်သော အရာများစွာ ရှိ၏- ဇာတိပကတိ၏ မွေ့လျော်မှုများကို မည်သို့ ဘေးဖယ်ရမည်၊ မိမိကိုယ်ကိုယ် ဖြောင့်မတ်သည်ဟု ထင်မြင်ချက်ကို မည်သို့ ဘေးဖယ်ရမည်၊ မိမိကိုယ်ကိုယ် မည်သို့ ပြောင်းလဲရမည်၊ ဤအရာများထဲသို့ မည်သို့

ဝင်ရောက်ရမည်၊ သင်၏ အရည်အချင်းကို မည်သို့ တိုးတက်စေရမည် ဆိုသည်နှင့် မည်သည့် ရှုထောင့်မှ စတင်ရမည်ဆိုသည်တို့ ဖြစ်သည်။ သင်သည် အနည်းငယ်သော အရာတို့ကိုသာ အပေါ်ယံ သဘောပေါက်ပြီး သင် သိသမျှမှာ သင်သည် အမှန်ပင် အလွန်ဖောက်ပြန်ပျက်စီးသည်ဟူ၍ ဖြစ်သည်။ သင်၏ ညီအစ်ကို မောင်နှမများကို သင် တွေ့ဆုံသည့်အခါ၊ သင် အဘယ်မျှ ဖောက်ပြန်ပျက်စီးသည့်အကြောင်း သင် ပြောဆိုပြီး ယင်းမှာ သင့်ကိုယ်သင် သိရှိကာ သင့်အသက်တာအတွက် ကြီးမားသော ဝန်ထုပ်တစ်ခု သယ်ဆောင်သည်ဟု ထင်ရပေသည်။ အမှန်တွင်၊ သင်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားက မပြောင်းလဲသေးပေ၊ ယင်းက သင်သည် လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်း ရှာမတွေ့သေးသည်ကို သက်သေပြလေသည်။ အသင်းတော်တစ်ခုကို သင် ဦးဆောင်နေပါက၊ ညီအစ်ကို မောင်နှမများ၏ အခြေအနေများကို သင် သဘောပေါက်နိုင်ရမည်ဖြစ်ပြီး ယင်းတို့ကို ထောက်ပြနိုင်ရမည်။ "အသင်တို့ လူတွေသည် မနာခံသကဲ့သို့ မတိုးတက်ကြပေ" ဟုသာ ပြောရုံနှင့်လုံလောက်သည်လော။ မဟုတ်ပေ၊ ၎င်းတို့၏ မနာခံမှုနှင့် မတိုးတက်မှုတို့ မည်သို့ ထင်ရှားသည်ကို တိတိကျကျ သင် ပြောဆိုရပေမည်။ ၎င်းတို့၏ နာခံမှု မရှိသော အခြေအနေများ၊ ၎င်းတို့၏ နာခံမှု မရှိသော အပြုအမူများနှင့် ၎င်းတို့၏ စာတန်ဆန်သော စိတ်သဘောထားများနှင့် သက်ဆိုင်၍ သင် ပြောဆိုရမည်ဖြစ်ကာ၊ သင်၏ စကားများ၌ရှိ သမ္မာတရားကို ၎င်းတို့ကို လုံးဝ လက်ခံယုံကြည်လာစေသည့် နည်းလမ်းတစ်ခုဖြင့် ဤအရာများကို သင် ပြောဆိုရမည်။ သင်ဆိုစရာရှိသည်များကို ဆိုဖို့ရန် အချက်အလက်များနှင့် ဥပမာများကို အသုံးပြုလော့၊ ပြီးလျှင် ပုန်ကန်တတ်သော အပြုအမူမှ ၎င်းတို့ မည်သို့ လွတ်မြောက်နိုင်သည်ကို အတိအကျ ပြောဆိုပြီး လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းကို ညွှန်ပြလော့- ဤသည်မှာ လူတို့ကို လက်ခံယုံကြည်စေဖို့ နည်းလမ်း ဖြစ်သည်။ ထိုသို့ လုပ်ဆောင်သောသူတို့သာ အခြားသူများကို ဦးဆောင်နိုင်စွမ်းရှိ၏၊ ၎င်းတို့သာ သမ္မာတရား၏ စစ်မှန်မှုကို ပိုင်ဆိုင်လေသည်။

သင်တို့သည် မိတ်သဟာပြုခြင်းမှတဆင့် သမ္မာတရားများစွာဖြင့် ယခု ထောက်ပံ့ခံရပြီဖြစ်ပြီး သင်သည် ၎င်းတို့ကို ဆင်ခြင်သုံးသပ်ရမည်။ သမ္မာတရားများ အားလုံး မည်မျှရှိသည်ကို သင် ကောက်ချက်ချ နိုင်သင့်၏။ လူတစ်ဦး ပိုင်ဆိုင်သင့်သည့် သာမန်လူ့သဘာဝ၏ ရှုထောင့်များ၊ မိမိအသက်တာ စိတ်သဘောထားကို ပြောင်းလဲခြင်း၏ အဓိကရှုထောင့်များ၊ ရူပါရုံများ နက်သည်ထက် နက်လာခြင်းနှင့် ခေတ်ကာလများတစ်လျှောက် လူတို့ အသုံးပြုခဲ့ကြသည့် မှားယွင်းသော နည်းလမ်းတို့ဖြင့် သိရှိခြင်းနှင့် တွေ့ကြုံခြင်း၏ ရှုထောင့်များကို သင် သိရှိကာ၊ ၎င်းတို့အကြား မိမိကိုယ်တိုင် ပိုင်းခြားသိမြင်နိုင်သည်နှင့် တစ်ပြိုင်နက်- ထိုအခါတွင်မှ

သင်သည် မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရှိလိမ့်မည်ဖြစ်သည်။

ဘာသာရေးသမားများသည် သမ္မာကျမ်းစာကို ဘုရားသခင် ဖြစ်သည့်အလား ကိုးကွယ်ကြ၏၊ အထူးသဖြင့်၊ ဓမ္မသစ်ကျမ်း၏ ခရစ်ဝင်ကျမ်းလေးကျမ်းကို ယေရှု၏ ကွဲပြားသော မျက်နှာလေးခုကဲ့သို့ ၎င်းတို့ မှတ်ယူကြပြီး ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်သည့် သုံးပါးတစ်ဆူ အကြောင်းကို ၎င်းတို့ ဆွေးနွေးကြလေသည်။ ဤသည်မှာ လုံးဝအဓိပ္ပါယ်အမဲ့ဆုံးဖြစ်ပြီး၊ သင်တို့အားလုံး ရိပ်စားမိရမည်။ ယင်းထက်၊ လူ့ဇာတိခံလာသည့် ဘုရားသခင်၏ အနှစ်သာရ၊ နောက်ဆုံးသောကာလ အမှုတော်နှင့်ဆိုင်သော အသိပညာ သင်၌ ရှိရမည်။ သင် သိရှိရမည့် လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဆက်နွှယ်နေသည့် အတွေးမှားများနှင့် သွေဖည်မှုများ၊ လက်တွေ့လုပ်ဆောင်ခြင်း နည်းစနစ်ဟောင်းများဖြစ်သည့် စိတ်ဝိညာဉ်၌ အသက်ရှင်ခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း၊ ဖြစ်လာသမျှကို ကြိတ်မှိတ်လက်ခံခြင်း၊ သြဇာအာဏာကို ကျိုးနွံနာခံခြင်းတို့ ရှိလေသည်။ ယခင်က လူတို့ မည်သို့ လက်တွေ့ လုပ်ဆောင်ခဲ့သည်ဆိုသည်နှင့် ယနေ့ လူတို့ မည်သို့ လက်တွေ့ လုပ်ဆောင်ရမည် ဆိုသည်တို့ကို သင် သိသင့်သည်။ အသင်းတော်များတွင် ခေါင်းဆောင်များနှင့် အမှုတော်ဆောင်များ မည်သို့ ပူးပေါင်းလုပ်ဆောင်သင့်သည်၊ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု မှတ်ယူခြင်းနှင့် တင်စီးခြင်းတို့ကို မည်သို့ ဘေးဖယ်ထားရမည်၊ ညီအစ်ကို မောင်နှမများ မည်သို့ အချင်းချင်း ယှဉ်တွဲ၍ အသက်ရှင်သင့်သည်၊ အခြားလူတို့နှင့်အပြင် ဘုရားသခင်နှင့် ပုံမှန်ဆက်ဆံရေး မည်သို့ တည်ဆောက်ရမည်၊ လူ့အသက်တာတွင် ပုံမှန်ဖြစ်ခြင်းကို ရရှိပုံ၊ ၎င်းတို့၏ ဝိညာဉ်ရေး အသက်တာ၌ မည်သည့်အရာကို လူတို့ ပိုင်ဆိုင်သင့်သည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ မည်သို့ စားသောက်သင့်သည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ထဲတွင် မည်သည့်အရာက အသိပညာနှင့် ဆက်နွှယ်သည်၊ မည်သည့်အရာက ရူပါရုံများနှင့် သက်ဆိုင်ပြီး ၎င်းတို့ထဲမှ မည်သည့်အရာက လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်းနှင့် ဆက်နွှယ်သည်- ဤအရာအားလုံးကို ပြောဆိုပြီးဖြစ်သည် မဟုတ်လော။ ဤနှုတ်ကပတ်တော်များသည် သမ္မာတရားကို လိုက်စားသူတို့အဖို့ ဖုံးကွယ်မထားသကဲ့သို့ မည်သူမျှ ဦးစားပေး ဆက်ဆံခြင်း မခံရပေ။ ယနေ့တွင်၊ မှီခိုသည့် စိတ်နေစိတ်ထားတစ်ခုအပေါ် မအားကိုး၊ အမှီအခိုကင်းစွာ အသက်ရှင်ဖို့ အရည်အချင်းကို သင်တို့ ပျိုးထောင်သင့်၏။ အနာဂတ်တွင်၊ သင့်ကို လမ်းပြဖို့ မည်သူမျှ မရှိသည့်အခါ၊ သင်သည် ငါ၏ ဤနှုတ်ကပတ်တော်များကို တွေးမိလိမ့်မည်။ ဆင်းရဲဒုက္ခ အချိန်ကာလများတွင်၊ အသင်းတော် အသက်တာကို နေထိုင်ဖို့ မဖြစ်နိုင်သည့်အခါ၊ ညီအစ်ကို မောင်နှမများက အချင်းချင်း မဆုံတွေ့နိုင်သည့်အခါ၊ ၎င်းတို့ အများစုမှာ တစ်ဦးတည်း

နေထိုင်ရင်းဖြင့်၊ အညှာတာဆုံးဆိုရလျှင် ၎င်းတို့၏ အရပ်ဒေသများရှိ လူတို့နှင့်သာ ဆက်ဆံနိုင်ကြသည့်အချိန်- ဤအချိန်များတွင် သင်တို့၏ လက်ရှိ ဝိညာဉ်အသက်တာကို ထောက်ဆလျှင် သင် တကယ့်ကို အခိုင်အမာ ရပ်တည်နိုင်မည်မဟုတ်ပေ။ ဆင်းရဲဒုက္ခများကြားတွင် များစွာသောသူတို့သည် အခိုင်အမာရပ်တည်ရန် အခက်တွေ့ကြသည်။ အသက်လမ်းခရီးကို သိပြီး သမ္မာတရား လုံလောက်စွာ ပြင်ဆင်ထားသူများသာ ဆက်လက် တိုးတက်နိုင်ပြီး သန့်စင်ခြင်းနှင့် ပြောင်းလဲခြင်းကို တဖြည်းဖြည်း ရရှိနိုင်ကြလေသည်။ ဆင်းရဲဒုက္ခများကို ကြုံရခြင်းသည် လွယ်ကူသည့်အရာ မဟုတ်။ ၎င်းတို့ကို ရက်အနည်းငယ်၌ လွတ်မြောက်ပြီး ဖြစ်လိမ့်မည်ဟု သင် ထင်ပါက၊ သင်၏ အတွေး မည်မျှရိုးရှင်းသည်ကို ဤအရာက သက်သေပြပေသည်။ အယူဝါဒများစွာကို နားလည်ခြင်းအားဖြင့် သင် အခိုင်အမာ ရပ်တည်နိုင်လိမ့်မည်ဟု သင် ထင်သော်လည်း ယင်းမှာ မမှန်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲက အနှစ်သာရနှင့်ဆိုင်သော အရာများကို သင် သတိမပြုမိပါက၊ သမ္မာတရား၏ အရေးကြီးသော အင်္ဂါရပ်များကို သဘောမပေါက်နိုင်သကဲ့သို့ လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်း မရှိပါက၊ အချိန်တန်လာပြီး သင့်အား တစ်စုံတစ်ရာ ဖြစ်ပျက်သည့်အခါ၊ သင်သည် ရှုပ်ထွေးမှုထဲသို့ ထိုးဆင်းသွား ပေလိမ့်မည်။ စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းဖြစ်စေ၊ စစ်ဆေးမှု ဆိုက်ခြင်းကို ဖြစ်စေ၊ သင် ကြံ့ကြံ့ခံနိုင်မည် မဟုတ်ပေ။ သင့်အထဲတွင် သမ္မာတရား မရှိသကဲ့သို့ ရူပါရုံများ ကင်းမဲ့ပါက၊ အချိန်ကျ ရောက်လာသည့်အခါ၊ သင်သည် မိမိကိုယ်ကိုယ် ပြိုလဲခြင်းမှ ရပ်တန့်နိုင်လိမ့်မည် မဟုတ်ချေ။ မျှော်လင့်ချက်အားလုံးကို သင် လက်လျှော့ပြီး၊ “ကောင်းပြီ၊ မည်သို့ပင်ဖြစ်စေ ကျွန်ုပ် သေမည်ဆိုလျှင်၊ အဆုံးထိ ပြစ်တင်ဆုံးမခြင်း ခံပါက ကောင်းလိမ့်မည်။ ပြစ်တင်ဆုံးမခြင်း ဖြစ်စေ၊ မီးအိုင်သို့ ပို့ခံရခြင်းဖြစ်စေ၊ ရှိပါစေတော့- ဖြစ်လာသမျှ အရာများကို ကျွန်ုပ် ခံယူမည်” ဟု ပြောပေလိမ့်မည်။ ဤသည်မှာ အစေခံသူများ၏ အချိန်ကာလ အတောအတွင်း ဖြစ်ခဲ့သကဲ့သို့ ဖြစ်သည်။ လူအချို့သည် မည်သို့ပင်ဖြစ်စေ ၎င်းတို့သည် အစေခံသူများ ဖြစ်ခဲ့ကြသည်ဟု ယုံကြည်ခဲ့ကြသည်၊ ထို့ကြောင့် အသက်ကို ၎င်းတို့ မလိုက်စားကြတော့ပေ။ ၎င်းတို့ ဆေးလိပ်နှင့် အရက်သောက်ကြသည်၊ မိမိတို့၏ ဇာတိပကတိကို အလိုလိုက်ကြပြီး ၎င်းတို့ နှစ်သက်ရာကို လုပ်ခဲ့ကြသည်။ အချို့သည် အလုပ်လုပ်ဖို့သက်သက် လောကသို့ ပြန်သွားခဲ့ကြသည်။ မဖော်ရွေသော ပတ်ဝန်းကျင်တစ်ခုဟူသည်မှာလည်း ဤသို့ပင် ဖြစ်ပေသည်။ ထိုအရာကို သင် မကျော်လွှားနိုင်ပါက၊ သင် အားတင်းထားသည်ကို အနည်းငယ်ဖြေလျှော့လိုက်သည်နှင့်၊ မျှော်လင့်ချက်အားလုံးကို သင် စွန့်လွှတ်ရပေလိမ့်မည်။ စာတန်၏ လွှမ်းမိုးမှုကို သင်

မကျော်လွှားနိုင်ပါက၊ သင်မသိလိုက်မီတွင် သင်သည် စာတန်၏ ဖမ်းဆီးခြင်းကို ခံရလိမ့်မည်ဖြစ်ပြီး ပျက်စီးခြင်းဆီသို့ နောက်တစ်ဖန် သင် လွှဲအပ်ခံရပေလိမ့်မည်။ ထို့ကြောင့်၊ ယနေ့ သင်သည် မိမိကိုယ်ကိုယ် သမ္မာတရားဖြင့် ပြင်ဆင်ရမည်။ အမှီအခိုကင်းကင်း သင် အသက်ရှင်နိုင်ရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် ဖတ်ရှုသည့်အခါ၊ လက်တွေ့လုပ်ဆောင်ဖို့ လမ်းကြောင်းကို သင် ရှာဖွေနိုင်ရပေမည်။ သင့်ကို ရေလောင်းဖို့နှင့် အမှုတော်ဆောင်ဖို့ ခေါင်းဆောင်များ သို့မဟုတ် သိုးထိန်းများ မရှိပါက၊ လိုက်လျှောက်ရမည့် လမ်းကြောင်းတစ်ခုကို သင် ရှာတွေ့နိုင်ဆဲဖြစ်သင့်သည်၊ သင်၏ ကိုယ်ပိုင် အားနည်းချက်များကို ရှာတွေ့နိုင်ဆဲဖြစ်သင့်သည်၊ မိမိကိုယ်ကိုယ် ပြင်ဆင်ပြီး လက်တွေ့လုပ်ဆောင်သင့်သည့် သမ္မာတရားများကို ရှာတွေ့နိုင်ဆဲ ဖြစ်သင့်ပေသည်။ ဘုရားသခင်သည် ကမ္ဘာမြေသို့ ကြွလာပြီးနောက် လူသားကို စဉ်ဆက်မပြတ် အဖော်ပြု နိုင်မည်လော။ ၎င်းတို့၏ အယူအဆများအတွင်းတွင် လူအချို့က "ဘုရားသခင်၊ ကိုယ်တော် ကျွန်ုပ်တို့ကို အတိုင်းအတာတစ်ခုအထိ အမှုမပြုပါက၊ စာတန်သည် ကိုယ်တော်ကို စွပ်စွဲနေသောကြောင့် ကိုယ်တော်၏ အမှု ပြီးစီးသည်ဟု မှတ်ယူ၍ မရနိုင်ပါ" ဟု ယုံကြည်ကြလေသည်။ သင့်ကို ငါ ပြောသည်၊ ငါ၏ နှုတ်ကပတ်တော်များကို ပြောဆိုခြင်း ပြီးစီးသည်နှင့်တစ်ပြိုင်နက်၊ ငါ၏ အမှုသည် အောင်အောင်မြင်မြင် ပြီးဆုံးလိမ့်မည်။ ငါသည် နောက်ထပ် ပြောစရာဘာမျှ မရှိသည်နှင့်တစ်ပြိုင်နက်၊ ငါ၏ အမှု ပြီးဆုံးလိမ့်မည်။ ငါ့အမှု၏ နိဂုံးသည် စာတန်၏ ကျရှုံးခြင်း သက်သေဖြစ်လိမ့်မည်ဖြစ်ပြီး ထိုသို့ဖြင့် စာတန်ထံမှ စွပ်စွဲချက်တစ်ခုတစ်လေမျှ မရှိဘဲ အောင်အောင်မြင်မြင် ပြီးမြောက်လေပြီဟု ဆိုနိုင်ပေသည်။ သို့သော် ငါ့အမှု ပြီးစီးသည့်အချိန်တွင် သင့်အထဲ၌ ပြောင်းလဲမှုမရှိသေးပါက၊ သင်ကဲ့သို့သော လူများသည် ကယ်တင်မရနိုင်သောသူများဖြစ်ပြီး ဖယ်ရှားခံရလိမ့်မည်။ ငါသည် လိုအပ်သည်ထက် နောက်ထပ် မည်သည့်အမှုကိုမျှ လုပ်မည်မဟုတ်။ အတိုင်းအတာတစ်ခုအထိ သင် သိမ်းပိုက်ခံရပြီး၊ သင်တို့အားလုံး၌ သမ္မာတရား၏ ရှုထောင့်တိုင်း နှင့်ဆိုင်သော ရှင်းလင်းသည့်အသိပညာရှိကာ၊ သင့်အရည်အချင်း တိုးတက်ခဲ့ပြီး သင့်အနေဖြင့် အတွင်းနှင့်အပြင် သက်သေခံသည်အထိ ကမ္ဘာမြေပေါ်တွင် ငါ၏ အမှုကို ငါ ဆက်မည်မဟုတ်။ ယင်းသည် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ ယနေ့တွင်၊ သင်တို့အထဲ၌ ငါပြုသောအမှုမှာ သင့်ကို ပုံမှန် လူ့သဘာဝနှင့်ဆိုင်သော အသက်တာတစ်ခုထဲသို့ ဦးတည်ခေါ်ဆောင်ဖို့ ရည်ရွယ်ပေသည်။ ယင်းသည် ခေတ်သစ်တစ်ခုကို ဖွင့်ပေးခြင်း နှင့် ခေတ်သစ်၏ အသက်တာထဲသို့ လူသားမျိုးနွယ်ကို ဦးဆောင်ခြင်း အမှု ဖြစ်သည်။ တစ်ဆင့်ပြီးတစ်ဆင့်၊ ဤအမှုကို သင်တို့အလယ်တွင် ဆောင်ရွက်ပြီး ယင်းသည် သင်တို့အလယ်တွင် တိုက်ရိုက်

ဖြစ်ပေါ်လေသည်။ ငါသည် သင်တို့ကို မျက်နှာချင်းဆိုင် သွန်သင်သည်။ ငါသည် သင်တို့ကို လက်ဆွဲခေါ်ယူသည်။ သင်တို့ နားမလည်သည့်အရာ မည်သည့်အရာကိုမဆို သင်တို့ကို ငါ ပြောပြသည်၊ သင်တို့ ချို့တဲ့သည့်အရာ မည်သည့်အရာကိုမဆို သင်တို့အပေါ် ငါ ပေးသနားခဲ့သည်။ သင်တို့အတွက် ဤအမှုအားလုံးသည် အသက်တာအတွက် သင်တို့၏ ထောက်ပံ့ခြင်း၊ ပုံမှန် လူ့သဘာဝ၏ အသက်တာတစ်ခုထဲသို့လည်း သင်တို့ကို လမ်းပြခြင်းဟု ဆိုနိုင်ပေသည်။ ယင်းသည် နောက်ဆုံးသော ကာလအတွင်း ဤလူစု၏ အသက်တာ အတွက် အာဟာရကို ထောက်ပံ့ပေးဖို့ အထူးသဖြင့် ရည်ရွယ်ပေသည်။ ငါ့အတွက်၊ ဤအမှုအားလုံးသည် ခေတ်ဟောင်းကို အဆုံးသတ်ပြီး ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ဖို့ ရည်ရွယ်ပေသည်။ စာတန်အတွက်မူ၊ သူ့ကို အနိုင်ယူဖို့ အတိအကျအတွက် ငါသည် လူ့ဇာတိခံလာခဲ့ပေသည်။ ယခု သင်တို့အလယ် ငါ ပြုသော အမှုသည် ယနေ့အတွက် သင်တို့၏ အာဟာရနှင့် သင်တို့၏ ချိန်ကိုက် ကယ်တင်ခြင်း ဖြစ်သော်လည်း၊ ဤတိုတောင်းသော နှစ်အနည်းငယ် အတွင်းတွင်၊ ငါသည် သင်တို့ကို သမ္မာတရားအားလုံး၊ အသက်၏ လမ်းခရီးတစ်ခုလုံးနှင့် အနာဂတ် နှင့်ဆိုင်သော အမှုကိုပင် ပြောပြမည်။ ဤအရာသည် အနာဂတ်တွင် အမှုအရာများကို ပုံမှန် သင်တို့ တွေ့ကြုံနိုင်စေဖို့ လုံလောက်ပေလိမ့်မည်။ ငါ၏ နှုတ်ကပတ်တော်အားလုံး တစ်ခုတည်းသည် သင်တို့ကို ငါ အပ်နှံပြီးလေသည့် အရာဖြစ်သည်။ အခြားသော တိုက်တွန်းမှုကို ငါ မပြု။ ယနေ့တွင်၊ သင်တို့သည် ငါပြောသော နှုတ်ကပတ်တော်များစွာ နှင့်ဆိုင်သည့် အတွေ့အကြုံ မရှိကြသကဲ့သို့ ၎င်းတို့၏ ပိုမို အတွင်းကျသော အဓိပ္ပါယ်ကို နားမလည်ကြ သောကြောင့် ယနေ့ သင်တို့ကို ငါ ပြောဆိုသည့် နှုတ်ကပတ်တော်များ အားလုံးသည် သင်တို့နှင့်ဆိုင်သည့် ငါ၏ တိုက်တွန်းခြင်းဖြစ်သည်။ တစ်နေ့တွင်၊ သင်တို့၏ အတွေ့အကြုံများသည် ယနေ့ ငါ ပြောပြီးသည့်အတိုင်းပင် အောင်မြင်ခြင်းသို့ ရောက်လာလိမ့်မည်။ ဤနှုတ်ကပတ်တော်များသည် ယနေ့နှင့်ဆိုင်သော သင်တို့၏ ရူပါရုံများ ဖြစ်ကြပြီး၊ အနာဂတ်တွင် သင်တို့ အားထားရမည့်အရာ ဖြစ်သည်။ ၎င်းတို့သည် ယနေ့ အသက်တာအတွက် အာဟာရဖြစ်ပြီး အနာဂတ်အတွက် တိုက်တွန်းချက်တစ်ခုဖြစ်ကာ မည်သည့် တိုက်တွန်းချက်မျှ ပိုမိုကောင်းမွန်ခြင်း မရှိနိုင်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာမြေပေါ်တွင် ငါ အမှုပြုရမည့် အချိန်ကာလသည် ငါ၏ နှုတ်ကပတ်တော်များကို သင်တို့ ကြုံတွေ့ရမည့် အချိန်ကာလကဲ့သို့ ရှည်ကြာခြင်း မရှိသောကြောင့် ဖြစ်သည်။ ငါသည် ငါ၏ အမှုကို ပြီးစီးအောင်လုပ်ရုံမျှ လုပ်လျက်နေ၏၊ သင်တို့မှာမူ အသက်ကို ဖြတ်သန်း၍ ရှည်လျားသည့် ခရီးတစ်ခုပါဝင်သော ဖြစ်စဉ်တစ်ခုဖြစ်သည့် အသက်ကို ရှာဖွေလိုက်စားနေကြပေသည်။ အမှုအရာများစွာကို

ကြုံတွေ့ပြီးနောက်တွင်သာ အသက်၏ လမ်းခရီးကို သင်တို့ လုံးဝ ရရှိနိုင်ပေလိမ့်မည်။ ထိုအခါတွင်မှ ယနေ့ ငါ ပြောဆိုသည့် နှုတ်ကပတ်တော်များ၏ အတွင်းပိုင်း အဓိပ္ပါယ်ကို သင်တို့ ရိပ်စား မိနိုင်ပေလိမ့်မည်။ သင်တို့ လက်ထဲတွင် ငါ၏ နှုတ်ကပတ်တော် ရှိထားသည့်အခါတွင်၊ ငါ၏ တာဝန်အားလုံးကို သင်တို့ အသီးသီး ရရှိပြီးသည့်အချိန်တွင်၊ ငါ စေခိုင်းသင့်သည့် အရာအားလုံးကို သင်တို့အား ငါ တာဝန်ပေးပြီးသည်နှင့်တစ်ပြိုင်နက်၊ ပြီးလျှင် နှုတ်ကပတ်တော်များ၏ အမှု အဆုံးသတ်သည့်အချိန်တွင်၊ မည်သို့သော ကြီးမားသည့် သက်ရောက်မှု ရရှိသည်ဖြစ်စေ၊ ဘုရားသခင်၏ အလိုတော် အကောင်အထည်ဖော်ခြင်းသည်လည်း ဖြစ်မြောက်ပြီး ဖြစ်လိမ့်မည်။ ယင်းသည် သင် စိတ်ကူးသကဲ့သို့ အတိုင်းအတာတစ်ခုအထိ သင် ပြောင်းလဲရမည်ဟူ၍ မဟုတ်။ ဘုရားသခင်သည် သင်၏ အယူအဆများ အတိုင်း မပြုမူပေ။

လူတို့သည် ကြီးထွားမှုကို ရက်အနည်းငယ်အတွင်း၌သာ ရရှိသည် မဟုတ်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နေ့တိုင်း ၎င်းတို့ စားသောက်ကြလျှင်ပင်၊ ဤသည်မှာ မလုံလောက်ချေ။ ၎င်းတို့၏ အသက်တာများထဲတွင် ကြီးထွားမှု ကာလတစ်ခုကို ၎င်းတို့ တွေ့ကြုံရမည်။ ဤသည်မှာ လိုအပ်သော ဖြစ်စဉ်တစ်ခု ဖြစ်သည်။ ယနေ့ လူတို့၏ အရည်အချင်းကို ထောက်ရှုလျှင်၊ ၎င်းတို့ မည်သည့်အရာကို ရရှိနိုင်သနည်း။ ဘုရားသခင်သည် လူတို့၏ မွေးရာပါ အရည်အချင်းအပေါ် အခြေခံ၍ သင့်လျော်သော တောင်းဆိုမှုများ ပြုလုပ်ရင်း၊ လူတို့၏ လိုအပ်ချက်များနှင့်အညီ အမှုပြုလေသည်။ ဤအမှုကို အရည်အချင်း မြင့်မားသည့် လူအုပ်စုတစ်ခုအလယ်တွင် ဆောင်ရွက်မည်ဆိုပါစို့။ မိန့်မြွက်သည့် နှုတ်ကပတ်တော်များသည် သင်တို့အား မိန့်မြွက်သည့်အရာများထက် ပိုမိုမြင့်မားပေလိမ့်မည်၊ ရူပါရုံများ ပိုမိုမြင့်မားမည်ဖြစ်ပြီး သမ္မာတရားများသည် များစွာ ပိုမိုမြင့်မားပေမည်။ နှုတ်ကပတ်တော်အချို့သည် သာ၍ ပြင်းထန် ရလိမ့်မည်၊ လူသားတို့၏ အသက်တာများအတွက် ထောက်ပံ့နိုင်စွမ်း ပိုရှိရလိမ့်မည်၊ နက်နဲမှုများကို ထုတ်ဖော်ပြနိုင်စွမ်း ပိုရှိရပေလိမ့်မည်။ ထိုသို့သော လူတို့အလယ်၌ ပြောဆိုသည့်အခါ၊ ဘုရားသခင်သည် ၎င်းတို့၏ လိုအပ်ချက်များနှင့်အညီ ထောက်ပံ့ပေးလိမ့်မည်ဖြစ်သည်။ ယနေ့ သင်တို့အပေါ် ပြုလုပ်သည့် တောင်းဆိုမှုများသည် အတိကျဆုံးဟု ခေါ် နိုင်သည်၊ ဤအမှုကို အရည်အချင်း သာ၍ မြင့်မားသည့် လူတို့၌ ဆောင်ရွက်မည်ဆိုပါက၊ တောင်းဆိုချက်များက သာ၍ ကြီးမား လိမ့်ဦးမည် ဖြစ်သည်။ ဘုရားသခင်၏ အမှုအားလုံးသည် လူတို့၏ မွေးရာပါ အစွမ်းအစအရ လုပ်ဆောင်ခြင်းဖြစ်လေသည်။ လူတို့ ယနေ့ ပြောင်းလဲပြီး သိမ်းပိုက်ခံရပြီးသည့် အတိုင်းအတာသည် ဖြစ်နိုင်သမျှ အကြီးမားဆုံးသော အတိုင်းအတာ ဖြစ်သည်။ အမှု၏

ဤအဆင့် မည်မျှ ထိရောက်မှုရှိပြီးဖြစ်သည်ကို တိုင်းတာဖို့ရန် သင်၏ ကိုယ်ပိုင် အယူအဆများကို အသုံးမပြုနှင့်။ ပင်ကိုအားဖြင့် သင်တို့ ပိုင်ဆိုင်သည့်အရာနှင့်ပတ်သက်၍ သင်တို့ ရှင်းရှင်းလင်းလင်း ဖြစ်သင့်ပြီး မိမိကိုယ်ကိုယ် အထင်မကြီးလွန်းသင့်ပေ။ မူလက၊ သင်တို့ တစ်ဦးမျှ အသက်ကို မလိုက်စားခဲ့ကြဘဲ လမ်းများတွင် လှည့်လည် သွားလာနေသည့် သူတောင်းစားများ ဖြစ်ကြပေသည်။ သင်တို့အားလုံး မြေပေါ် ဝပ်စင်းစေလျက်၊ ကြီးမားသည့် ရုပါရုံတစ်ခုကို သင် မြင်ခဲ့ပြီးဖြစ်သည့်အလား လုံးဝ လက်ခံယုံကြည်စေလျက်၊ သင် စိတ်ကူးသည့် အတိုင်းအတာအထိ သင်တို့အပေါ် ဘုရားသခင် အမှုပြုဖို့အတွက်- ယင်းမှာ ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။ ယင်းသည် မဖြစ်နိုင်ခြင်းမှာ ဘုရားသခင်၏ နိမိတ်လက္ခဏာများကို မမြင်ဖူးသည့် သူတစ်ဦးသည် ငါ ပြောသည့်အရာအားလုံးကို အပြည့်အဝ မယုံကြည်နိုင်သောကြောင့် ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များကို သင်တို့ နီးကပ်စွာ ဆန်းစစ်မည်ဆိုလျှင်ပင်၊ ၎င်းတို့ကို သင်တို့ အပြည့်အဝ ယုံကြည်နိုင်လိမ့်ဦးမည် မဟုတ်။ ဤသည်မှာ လူ့သဘာဝ ဖြစ်သည်။ သမ္မာတရားကို လိုက်စားသူတို့သည် အပြောင်းအလဲအချို့ကို ကြုံလိမ့်မည်ဖြစ်သော်လည်း၊ သမ္မာတရားကို တစ်ကြိမ်တစ်ခါမျှ မလိုက်စားသူတို့၏ ယုံကြည်ခြင်းသည် လျော့လာလိမ့်မည်ဖြစ်ပြီး ပျောက်ကွယ်ကောင်းပင် ပျောက်ကွယ်သွားပေလိမ့်မည်။ သင်တို့နှင့် ပတ်သက်၍ အကြီးမားဆုံးသော အခက်အခဲမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ ပြည့်စုံခြင်းကို မမြင်ခဲ့ရဘဲ သင်တို့ အပြည့်အဝ မယုံကြည်နိုင်ကြသကဲ့သို့၊ သူ၏ နိမိတ်လက္ခဏာများကို မြင်ရခဲ့ခြင်း မရှိဘဲ သင်တို့ မပြေလည်ကြခြင်း ဖြစ်ပေသည်။ ထိုသို့သော အရာများကို မြင်ရခဲ့ခြင်းမရှိဘဲ၊ အဘယ်သူသည် ဘုရားသခင်အပေါ် လုံးဝ သစ္စာရှိနိုင် မည်နည်း။ ထို့ကြောင့် သင်တို့ ယုံကြည်သည့်အရာမှာ ဘုရားသခင် မဟုတ်ဘဲ နိမိတ်လက္ခဏာများဖြစ်သည်ဟု ငါ ဆို၏။ သမ္မာတရား၏ ရှုထောင့်အမျိုးမျိုးကို ငါ ယခု ရှင်းရှင်းလင်းလင်း ပြောဆိုပြီးဖြစ်သည်၊ ၎င်းတို့ တစ်ခုစီသည် ပြည့်စုံပြီး ၎င်းတို့အားလုံး အကြားတွင် အလွန် နီးကပ်သော ဆက်နွယ်မှု ရှိလေသည်။ ၎င်းတို့ကို သင် တွေ့မြင်ပြီးဖြစ်၍ ယခုတွင် သင်သည် ၎င်းတို့ကို လက်တွေ့လုပ်ဆောင်ရမည်။ ယနေ့ ငါသည် သင့်ကို လမ်းကြောင်း ပြသပြီး အနာဂတ်တွင် ထိုအရာကို မိမိဘာသာ သင် လက်တွေ့လုပ်ဆောင်သင့်၏။ ယခု ငါ ပြောဆိုသော နှုတ်ကပတ်တော်များသည် လူတို့ကို ၎င်းတို့၏ စစ်မှန်သော အခြေအနေများအပေါ် အခြေခံ၍ တောင်းဆိုမှုများ ပြုပြီး၊ ၎င်းတို့၏ လိုအပ်ချက်များနှင့် ၎င်းတို့အတွင်းရှိ အမှုအရာများနှင့်အညီ ငါ အမှုပြုလေသည်။ လက်တွေ့ကျသော ဘုရားသခင်သည် လက်တွေ့ကျသော အမှုကို ပြုဖို့ရန်နှင့် လူတို့၏ စစ်မှန်သော အခြေအနေများနှင့် လိုအပ်ချက်များနှင့်အညီ အမှုပြုဖို့ ကမ္ဘာလောကသို့

ကြွလာပြီဖြစ်သည်။ သူသည် လက်တွေ့မကျသူ မဟုတ်ပေ။ ဘုရားသခင် လုပ်ဆောင်သည့်အခါ၊ သူသည် လူတို့ကို အတင်းအကျပ်မခိုင်းပေ။ ဥပမာအားဖြင့် သင် အိမ်ထောင်ပြုသည်၊ မပြုသည်ကို သင်၏ အခြေအနေများ၏ စစ်မှန်မှုအပေါ် အခြေခံသင့်ပေသည်။ သမ္မာတရားကို သင်တို့အား ရှင်းရှင်းလင်းလင်း ပြောဆိုပြီးဖြစ်ကာ သင့်ကို ငါ မချုပ်ထိန်းပေ။ အိမ်ထောင်မပြုပါက ဘုရားသခင်ကို မယုံကြည်နိုင်ကြ ဖို့အလို့ငှာ လူအချို့၏ မိသားစုများက ၎င်းတို့ကို ဖိနှိပ်ကြသည်။ ဤနည်းဖြင့်၊ အပြန်အလှန်အားဖြင့်၊ အိမ်ထောင်ပြုခြင်းသည် ၎င်းတို့အတွက် အကူအညီ ဖြစ်လေသည်။ အခြားသူတို့အတွက်၊ အိမ်ထောင်ပြုခြင်းသည် မည်သည့် အကျိုးကျေးဇူးမျှ မဆောင်ကြဉ်း သော်လည်း တစ်ချိန်က ၎င်းတို့ ရှိခဲ့သည့်အရာကို ဆုံးရှုံးစေလေသည်။ သင်၏ ကိုယ်ပိုင် ကိစ္စကို သင်၏ တကယ့် အခြေအနေများနှင့် သင်၏ ကိုယ်ပိုင် သန္နိဋ္ဌာန်ဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ သင့်ကို တောင်းဆိုမှုများ ပြုလုပ်ဖို့ အသုံးပြုရန် စည်းမျဉ်းစည်းကမ်းများကို တီထွင်ဖို့ ငါသည် ဤနေရာတွင် ရှိနေခြင်း မဟုတ်ပေ။ လူများစွာက၊ "ဘုရားသခင်သည် လက်တွေ့ကျ၏။ သူ၏ အမှုသည် စစ်မှန်မှုနှင့် ကျွန်ုပ်တို့ အခြေအနေများ၏ လက်တွေ့အရှိတရားပေါ်၌ အခြေခံသည်" ဟု စဉ်ဆက်မပြတ် အော်ပြောကြသည်- သို့သော် အမှန်တွင် ယင်းကို စစ်မှန်စေသည်မှာ အဘယ်အရာဖြစ်သည်ကို သင် သိပါသလော။ သင်၏ အနှစ်မဲ့သော စကားများ တော်လောက်ပေပြီ။ ဘုရားသခင်၏ အမှုသည် စစ်မှန်ပြီး လက်တွေ့အရှိတရား၌ အခြေခံ၏။ ယင်းတွင် အယူဝါဒမရှိ၊ သို့သော် လုံး၀ လွတ်လပ်သည်၊ အားလုံးက ပွင့်လင်းပြီး သိုသိပ် မထားချေ။ ဤအနည်းငယ်မျှသော အခြေခံစည်းမျဉ်းများ၏ တိကျသည့် အသေးစိတ်အချက်အလက်များမှာ အဘယ်နည်း။ ဘုရားသခင်၏အမှု၏ မည်သည့် အစိတ်အပိုင်းက ထိုသို့ဖြစ်သည်ဟု သင် ပြောနိုင်ပါသလော။ သင် အသေးစိတ် ပြောရမည်၊ အတွေ့အကြုံနှင့်ဆိုင်သော သက်သေခံချက် အမျိုးမျိုးအချို့ သင် ရှိရမည်ဖြစ်ပြီး ဘုရားအမှု၏ ဤအင်္ဂါရပ်နှင့် ပတ်သက်၍ သင် အလွန်ရှင်းလင်းရမည်- ယင်းကို သင် သိရမည်ဖြစ်ပြီး ထိုအခါတွင်မှ ဤနှုတ်ကပတ်တော်များကို ပြောဆိုဖို့ သင် အရည်အချင်း မီလိမ့်မည်။ တစ်စုံတစ်ဦးက၊ "နောက်ဆုံးသော ကာလအတွင်းတွင် လူ့ဇာတိခံ ဘုရားသခင်က မည်သည့်အမှုကို ပြုပြီးဖြစ်သနည်း။ အဘယ်ကြောင့် သူ့ကို လက်တွေ့ကျသော ဘုရားသခင်ဟု သင်တို့ ခေါ်သနည်း။ ဤနေရာတွင် 'လက်တွေ့ကျသော' ဟူသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ သူ၏ လက်တွေ့ကျသော အမှုအကြောင်း၊ ယင်းက အတိအကျ မည်သည့်အရာ ပါဝင်သည်ကို သင် ပြောဆိုနိုင်ပါသလော။ ယေရှုသည် လူ့ဇာတိခံလာသည့် ဘုရားသခင် ဖြစ်ပြီး ယနေ့၏ ဘုရားသခင်သည်လည်း လူ့ဇာတိခံသည့် ဘုရားသခင်ဖြစ်သည်၊ ထို့ကြောင့်

ၵင်းတို့ကြား ကွဲပြားခြားနားမှုများမှာ အဘယ်နည်း။ တူညီမှုများမှာ အဘယ်နည်း။ ၵင်းတို့ အသီးသီးက မည်သည့်အမှုကို ပြုခဲ့သနည်း” ဟု မေးခဲ့ပါက သင် ဖြေနိုင်မည်လော။ ဤအရာ အားလုံးသည် သက်သေခံခြင်းနှင့် ဆက်စပ်၏။ ဤအမှုအရာများနှင့် ပတ်သက်၍ မရှုပ်ထွေးနှင့်။ “ယနေ့ ဘုရားသခင်၏ အမှုမှာ စစ်မှန်၏။ ယင်းသည် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကို လုံးဝ ပြသခြင်း မဟုတ်ပါ” ဟု ဆိုသည့် အခြားသူများ ရှိပေသည်။ သူသည် အမှန်တကယ် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကို မပြုသလော။ သင် သေချာသလော။ ငါ၏အမှု အမှန်မှာ မည်သည့်အရာဖြစ်သည်ကို သင် သိသလော။ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကို မလုပ်ဆောင်ဟု တစ်စုံတစ်ဦးက ပြောနိုင်သော်လည်း သူပြုသည့် အမှုနှင့် သူပြောသည့် နှုတ်ကပတ်တော်တို့ အားလုံးသည် အံ့သြဖွယ်ရာများ မဟုတ်သလော။ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကို မလုပ်ဆောင်ဟု တစ်စုံတစ်ဦးက ပြောနိုင်သော်လည်း ဤသည်မှာ ထိုအရာကို အဘယ်သို့ ရှင်းပြသည်ဆိုသည်နှင့် မည်သူ့ကို ဦးတည်သည်ဆိုသည်တို့အပေါ် မူတည်ပေသည်။ အသင်းတော်သို့ မသွားဘဲနှင့်၊ လူတို့၏ အခြေအနေများကို သူ ဖော်ထုတ်ခဲ့ပြီး၊ စကားပြောဆိုခြင်းထက် မည်သည့်အမှုကိုမျှ ဆောင်ရွက်ခြင်းမရှိဘဲ၊ သူသည် လူတို့ကို ရှေ့ဆက် စေ့ဆော်ပေးခဲ့လေပြီ- ဤအရာများသည် နိမိတ်လက္ခဏာများ မဟုတ်လော။ နှုတ်ကပတ်တော်များ တစ်ခုတည်းဖြင့်သာ၊ လူတို့ကို သူ သိမ်းပိုက်ပြီးဖြစ်ကာ အလားအလာများ သို့မဟုတ် မျှော်လင့်ချက်များမရှိဘဲ လူတို့သည် ဝမ်းမြောက်ဝမ်းသာစွာ နောက်သို့လိုက်ကြ၏- ဤသည်မှာလည်း နိမိတ်လက္ခဏာတစ်ခု မဟုတ်လော။ သူ စကားပြောဆိုသည့်အခါ၊ သူ၏ နှုတ်ကပတ်တော်များက လူတို့အထဲတွင် ခံစားချက်တစ်မျိုး ဖြစ်ပေါ်စေသည်။ ၵင်းတို့ ဝမ်းမြောက်ခြင်း မခံစားရပါက၊ ဝမ်းနည်းခြင်း ခံစားရသည်။ ၵင်းတို့သည် စစ်ဆေးခြင်း မခံရပါက၊ ပြစ်တင်ဆုံးမခြင်း ခံကြရလေသည်။ ထိခိုက်နာကျည်းစေသော နှုတ်ကပတ်တော်များ အနည်းငယ်မျှဖြင့်၊ လူတို့အပေါ် ပြစ်တင်ဆုံးမခြင်းကို သူ ယူဆောင်လေသည်- ဤသည်မှာ သဘာဝလွန်ဖြစ်သည် မဟုတ်လော။ ထိုသို့သော အရာတစ်ခုကို လူသားတို့ လုပ်ဆောင်နိုင်မည်လော။ ဤနှစ်များအားလုံးတွင် သင်သည် သမ္မာကျမ်းစာကို ဖတ်ရှုပြီး ဖြစ်သော်လည်း မည်သည့်အရာကိုမျှ သင် နားမလည်ပြီ၊ မည်သည့် ထိုးထွင်းသိမြင်မှုမျှ သင် မရရှိပြီ။ သင်သည် ထိုခေတ်နောက်ကျပြီး၊ ရိုးရာ ယုံကြည်မှု နည်းလမ်းများမှ မိမိကိုယ်ကိုယ် ခွဲခွာနိုင်စွမ်း မရှိခဲ့ပေ။ သင်သည် သမ္မာကျမ်းစာကို နားလည်သဘောပေါက်ရန် နည်းလမ်း မရှိချေ။ သို့တိုင် ကိုယ်တော်သည် သမ္မာကျမ်းစာကို အပြည့်အဝ နားလည်သည်- ဤသည်မှာ

သဘာဝလွန်ဖြစ်သည်အရာတစ်ခု မဟုတ်လော။ ဘုရားသခင်နှင့် ပတ်သက်၍ ကမ္ဘာမြေသို့ သူကြွလာသည့်အခါ သဘာဝလွန်ဖြစ်သည့်အရာ တစ်ခုမျှမရှိခဲ့ပါက၊ သင်တို့ကို သူသိမ်းပိုက်နိုင်ခဲ့မည်လော။ သူ၏ သာမန်ထက် ထူးခြားသော၊ ဘုရားသဘာဝနှင့်ဆိုင်သော အမှုမရှိဘဲ၊ သင်တို့ထဲမှ မည်သူ လက်ခံယုံကြည်လိမ့်မည်နည်း။ သင်၏ အမြင်တွင်၊ သာမန်လူတစ်ဦးက အလုပ်လုပ်နေပြီး သင်တို့နှင့်အတူ အသက်ရှင်နေသကဲ့သို့ ထင်ရ၏- အပေါ်ယံတွင်၊ သူသည် ပုံမှန်၊ သာမန် လူတစ်ဦးဖြစ်သည်ဟု ထင်ရသည်။ သင်မြင်သည့်အရာသည် ပုံမှန် လူ့သဘာဝ၏ မျက်နှာစာတစ်ခု ဖြစ်သော်လည်း၊ အမှန်တွင်၊ အမှုပြုနေသည့် ဘုရားသဘာဝဖြစ်သည်။ ယင်းသည် ပုံမှန် လူ့သဘာဝမဟုတ်ဘဲ ဘုရားသဘာဝဖြစ်သည်။ ယင်းသည် ဘုရားသခင် ကိုယ်တော်တိုင် ပုံမှန်လူသားသဘာဝကို အသုံးပြုရင်း ဆောင်ရွက်သည့် အမှုကို အမှုပြုနေခြင်း ဖြစ်သည်။ ထို့ကြောင့်၊ သူ၏ အမှုသည် သာမန်နှင့် သဘာဝလွန်နှစ်ခုလုံး ဖြစ်သည်။ သူ ပြုသည့် အမှုကို လူက မလုပ်ဆောင်နိုင်သကဲ့သို့၊ ယင်းကို သာမန်လူတို့ မလုပ်ဆောင် နိုင်သည့်အတွက် သာမန်ထက်ထူးခြားသော သူတစ်ဦးက လုပ်ဆောင်ခြင်း ဖြစ်သည်။ သို့တိုင် သာမန်ထက်ထူးခြားသည်မှာ ဘုရားသဘာဝ ဖြစ်လေသည်၊ လူသားသဘာဝမဟုတ်ပေ။ ဘုရားသဘာဝသည် လူသားသဘာဝမှ ကွဲပြားခြားနား၏။ သန့်ရှင်းသော ဝိညာဉ်တော် အသုံးပြုသည့် လူတစ်ဦးသည်လည်း သာမန်၊ ပုံမှန် လူသားသဘာဝနှင့် သက်ဆိုင်သော်လည်း ဤအမှုကို ၎င်းတို့ လုပ်ဆောင်နိုင်စွမ်း မရှိချေ။ ခြားနားမှုကား ဤတွင် တည်ရှိလေသည်။ သင်က၊ "ဘုရားသခင်သည် သဘာဝလွန် ဘုရားသခင် မဟုတ်။ သဘာဝလွန်သည့် မည်သည့်အရာကိုမျှ သူ လုပ်ဆောင်ခြင်း မရှိ။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် လက်တွေ့ကျပြီး စစ်မှန်သော နှုတ်ကပတ်တော်များကို ပြောဆိုသည်။ သူသည် စစ်မှန်ပြီး လက်တွေ့ကျသော အမှုကို ပြုရန် အသင်းတော်ထံ ကြွလာသည်။ နေ့တိုင်း၊ ကျွန်ုပ်တို့ကို သူ မျက်နှာချင်းဆိုင် စကားပြောဆိုပြီး ကျွန်ုပ်တို့၏ အခြေအနေများကို မျက်နှာချင်းဆိုင် ထောက်ပြသည်- ကျွန်ုပ်တို့၏ ဘုရားသခင်သည် စစ်မှန်ပေသည်။ သူသည် ကျွန်ုပ်တို့နှင့်အတူ အသက်ရှင်ပြီး သူနှင့် ပတ်သက်သည့် အရာတိုင်းသည် လုံးဝ သာမန်ဖြစ်သည်။ သူ၏ ပုံပန်းသဏ္ဌာန်ထဲက မည်သည့်အရာကမျှ သူ့ကို ဘုရားသခင်အဖြစ် မခြားနားစေပါ။ သူ ဒေါသထွက်သည့်အချိန်များပင် ရှိပြီး သူ၏ အမျက်ဒေါသနှင့်ဆိုင်သော ဘုန်းအာနုဘော်ကို ကျွန်ုပ်တို့ ရှုမြင်ရကြကာ၊ တစ်ခါတစ်ရံတွင် သူ ပြုံးပြီး သူ၏ ပြုံးနေသည့် ကိုယ်နှုတ်အမူအရာကို ကျွန်ုပ်တို့ လေ့လာရသည်။ သူသည် ပုံပန်း၊ သွင်ပြင်နှင့်အတူ၊ အသွေးအသားဖြင့် ပြုလုပ်ထားသည့် စစ်မှန်ပြီး လက်တွေ့ကျသော ဘုရားသခင် ကိုယ်တိုင်ဖြစ်သည်" ဟု

ဆိုကောင်းဆိုနိုင်သည်။ ဤနည်းဖြင့် သင် သက်သေခံသည့်အခါ၊ ယင်းသည် မပြည့်စုံသော သက်သေခံချက်တစ်ခု ဖြစ်သည်။ ယင်းက အခြားသူတို့အား မည်သို့သော အကူအညီ ဖြစ်လိမ့်မည်နည်း။ ဘုရားသခင်ကိုယ်တိုင်၏ နှုတ်ကပတ်တော်များ နှင့်ဆိုင်သော အတွင်းပိုင်း ဇာတ်ကြောင်းနှင့် အနှစ်သာရတို့ကို သင် သက်သေမခံနိုင်ပါက၊ သင်၏ "သက်သေခံချက်" သည် အမည်နှင့်မထိုက်တန်ပေ။

ဘုရားသခင်ကို သက်သေခံခြင်းသည် အဓိကအားဖြင့် ဘုရားသခင်၏ အမှု၊ လူတို့ကို ဘုရားသခင် သိမ်းပိုက်ပုံ၊ လူတို့ကို သူကယ်တင်ပုံ၊ လူတို့ကို သူ ပြောင်းလဲပုံတို့နှင့် ဆိုင်သည့် သင်၏ အသိပညာကို ပြောဆိုခြင်း ကိစ္စရပ်တစ်ခု ဖြစ်သည်။ ယင်းသည် သမ္မာတရား၏ စစ်မှန်မှုထဲသို့ ဝင်ရောက်ဖို့ရန် လူတို့ကို သိမ်းပိုက်ခံရဖို့၊ စုံလင်စေခြင်းခံရဖို့ နှင့် သူ၏ ကယ်တင်ခြင်းခံရဖို့ အခွင့်ပေးရင်း လူတို့ကို သူ လမ်းပြပုံနှင့် သက်ဆိုင်၍ ပြောဆိုခြင်း ကိစ္စရပ်တစ်ခု ဖြစ်သည်။ သက်သေခံခြင်းဟူသည်မှာ သူ၏ အမှုနှင့် သင် တွေ့ကြုံပြီးသည့် အရာအားလုံးကို ပြောဆိုခြင်းဟု ဆိုလိုပေသည်။ သူ၏ အမှုသာ သူ့ကို ကိုယ်စားပြုနိုင်ပြီး သူ၏ အမှုသာ သူ့ကို လူသိရှင်ကြား၊ သူ၏ အလုံးစုံဖြင့် ထုတ်ဖော်ပြနိုင်သည်။ သူ၏ အမှုသည် သူ့ကို သက်သေခံပြီး သူ၏အမှုနှင့် မိန့်မြွက်ချက်များသည် ဝိညာဉ်တော်ကို တိုက်ရိုက် ကိုယ်စားပြုပေသည်။ သူ လုပ်ဆောင်သည့် အမှုသည် ဝိညာဉ်တော်၏ ဆောင်ရွက်ခြင်းဖြစ်ပြီး သူ ပြောဆိုသည့် နှုတ်ကပတ်တော်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ပြောဆိုထားခြင်း ဖြစ်သည်။ ဤအရာများကို ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာမှတစ်ဆင့် ဖော်ပြခြင်း ဖြစ်ရုံသာ ရှိ၏၊ အမှန်တွင်မူ၊ ၎င်းတို့သည် ဝိညာဉ်တော်၏ ဖော်ပြချက်များ ဖြစ်သည်။ သူ လုပ်ဆောင်သည့် အမှုအားလုံးနှင့် သူ ပြောဆိုသည့် နှုတ်ကပတ်တော်များအားလုံးသည် သူ၏ အနှစ်သာရကို ကိုယ်စားပြုလေသည်။ အကယ်၍ ဇာတိပကတိကို ဝတ်ဆင်ပြီး လူသားအလယ် ကြွလာပြီးနောက်၊ ဘုရားသခင်သည် စကားမပြောဆိုခြင်း သို့မဟုတ် အမှုပြုခြင်း မရှိဘဲ၊ ထို့နောက် သူ၏ စစ်မှန်မှု၊ သူ၏ သာမန်ဖြစ်ခြင်း နှင့် သူ၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းတို့ကို သိရှိဖို့ သင်တို့ကို တောင်းဆိုပါက၊ သင် တတ်နိုင်မည်လော။ ဝိညာဉ်တော်၏ အနှစ်သာရက မည်သည့်အရာ ဖြစ်သည်ကို သင် သိနိုင်မည်လော။ သူ၏ လူ့ဇာတိနှင့်ဆိုင်သော အရည်အချင်းများက မည်သည့်အရာဖြစ်သည်ကို သင် သိနိုင်မည်လော။ သင်တို့သည် သူ့အမှု၏ အဆင့်အသီးသီးကို တွေ့ကြုံပြီး ဖြစ်သောကြောင့်သာ သူ့ကို သက်သေခံဖို့ သင်တို့ကို သူ တောင်းဆိုခြင်း ဖြစ်သည်။ သင်တို့၌ ထိုသို့သော အတွေ့အကြုံ မရှိခဲ့ပါက၊ သင်တို့ သက်သေခံဖို့ သူ မရမက တောင်းဆိုလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့်၊ ဘုရားသခင်ကို သင် သက်သေခံသည့်အခါ၊ သင်သည် သူ၏ ပုံမှန် လူသားသဘာဝ၏

အပြင်ပန်းကိုသာမက၊ သူ လုပ်ဆောင်သည့် အမှုနှင့် သူ ဦးဆောင်သည့် လမ်းကြောင်းတို့ကိုလည်း သက်သေခံနေခြင်း ဖြစ်သည်။ သူ၏ သိမ်းပိုက်ခြင်းကို သင် မည်သို့ ခံရပြီးဖြစ်ကြောင်းနှင့် မည်သည့် ရှုထောင့်များတွင် သင် စုံလင်စေခြင်း ခံရပြီးဖြစ်သည်ကို သင် သက်သေခံဖို့ဖြစ်သည်။ ဤသည်မှာ သင်တို့ သက်သေခံသင့်သည့် သက်သေခံချက်မျိုး ဖြစ်သည်။ သင်သွားသည့် နေရာတိုင်းတွင်၊ သင်က၊ "ကျွန်ုပ်တို့ ဘုရားသခင်သည် အမှုပြုဖို့ ကြွလာပြီဖြစ်ပြီး သူ၏ အမှုသည် အစစ်အမှန်ပင် လက်တွေ့ကျသည်။ သဘာဝလွန် လုပ်ဆောင်ချက်များ မရှိဘဲ၊ မည်သည့် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများ လုံးဝမရှိဘဲ ကျွန်ုပ်တို့ကို သူ ရယူပြီးဖြစ်သည်" ဟု ဟစ်အော်ပါက၊ အခြားသူတို့က၊ "သူက နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများ မလုပ်ဟု သင် ပြောဆိုသည့်အခါ မည်သည့်အရာကို ဆိုလိုသနည်း။ နိမိတ်လက္ခဏာများ နှင့် အံ့ဖွယ်ရာများ မရှိဘဲ သင့်ကို သူ မည်သို့ သိမ်းပိုက်နိုင်မည်နည်း" ဟု မေးကြလိမ့်မည်။ ပြီးလျှင် သင်က၊ "သူ စကားပြောဆိုသည်၊ ပြီးလျှင် မည်သည့် အံ့ဖွယ်ရာများ သို့မဟုတ် နိမိတ်လက္ခဏာများ တစ်ခုမျှ ပြသခြင်းမရှိဘဲ၊ ကျွန်ုပ်တို့ကို သူ သိမ်းပိုက်ပြီးဖြစ်သည်။ သူ၏ အမှုက ကျွန်ုပ်တို့ကို သိမ်းပိုက်ပြီးဖြစ်သည်" ဟု ဆိုသည်။ နောက်ဆုံးတွင်၊ အနှစ်သာရရှိသော အရာတစ်ခုမျှ သင် မပြောနိုင်ပါက၊ အသေးစိတ် အချက်အလက်ကို သင် မဆွေးနွေးနိုင်ပါက၊ ဤသည်မှာ မှန်ကန်သော သက်သေခံချက်လော။ လူ့ဇာတိခံ ဘုရားသခင်က လူတို့ကို သိမ်းပိုက်သည့်အခါ၊ ထိုသို့လုပ်ဆောင်သည်မှာ သူ၏ ဘုရားသဘာဝ နှင့်ဆိုင်သော နှုတ်ကပတ်တော်များဖြစ်သည်။ လူသားမျိုးနွယ်က ဤအရာကို မပြီးမြောက်နိုင်ပေ။ သူ၏ ဘုရားသဘာဝသည် မည်သည့် အဖန်ဆင်းခံထက်မဆို မြင့်မားသည့်အတွက်၊ ယင်းမှာ မည်သည့် သေမျိုးကမျှ ရရှိနိုင်သည့် အရာတစ်ခု မဟုတ်သကဲ့သို့ သာမန်လူတို့ကြားက အမြင့်မားဆုံးသော အရည်အချင်းရှိသည့် သူတို့ပင်လျှင် ဤအရာကို မစွမ်းနိုင်ချေ။ ဤသည်မှာ လူတို့အဖို့ သာမန်ထက်ထူးခြားပေသည်။ မည်သို့ပင်ဖြစ်စေ၊ ဖန်ဆင်းရှင်သည် မည်သည့် အဖန်ဆင်းခံမဆိုထက် မြင့်မားပေသည်။ အဖန်ဆင်းခံများသည် ဖန်ဆင်းရှင်ထက် သာ၍ မမြင့်မားနိုင်ပေ။ သင်သည် သူ့ထက် သာ၍ မြင့်မားပါက၊ သင့်ကို သူ သိမ်းပိုက်နိုင် လိမ့်မည်မဟုတ်ချေ၊ ပြီးလျှင် သူသည် သင့်ထက် မြင့်မားသောကြောင့်သာ သင့်ကို သိမ်းပိုက်နိုင်ခြင်း ဖြစ်ပေသည်။ လူသားမျိုးနွယ်အားလုံးကို သိမ်းပိုက်နိုင်သူသည် ဖန်ဆင်းရှင်ဖြစ်ပြီး၊ သူသာလျှင် ဤအမှုကို ပြုနိုင်ပေသည်။ ဤနှုတ်ကပတ်တော်များသည် "သက်သေခံချက်" ဖြစ်သည်- သင် သက်သေခံသင့်သည့် သက်သေခံချက်မျိုးဖြစ်သည်။ သင်သည် ပြစ်တင်ဆုံးမခြင်း၊ တရားစီရင်ခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်မှုများ၊ ဆုတ်ဆိုင်းမှုများနှင့် ဆင်းရဲဒုက္ခများကို တစ်ဆင့်ပြီးတစ်ဆင့်

တွေ့ကြုံပြီးဖြစ်ကာ သင်သည် သိမ်းပိုက်ခံရပြီးဖြစ်သည်။ ဇာတိပကတိ၏ မျှော်လင့်ချက်များ၊ သင်၏ ကိုယ်ပိုင် ကြံရွယ်ချက်များ နှင့် ဇာတိပကတိ၏ အတွင်းရေးကျသည့် စိတ်ဝင်စားမှုများကို သင် ဘေးဖယ်ထားပြီး ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များက သင်၏ စိတ်နှလုံးကို လုံးဝ သိမ်းပိုက်ပြီး ဖြစ်သည်။ သင်၏ အသက်တာတွင် သူတောင်းဆိုသလောက် သင် မကြီးထွားသေးသော်လည်း၊ ဤအရာအားလုံးကို သင် သိရှိပြီး သူ လုပ်ဆောင်သည့်အရာအားဖြင့် သင် လုံးဝ လက်ခံယုံကြည်ပေသည်။ ထို့ကြောင့်၊ ဤသည်ကို စစ်မှန်ပြီး မှန်ကန်သော သက်သေခံချက်ဟု ခေါ် နိုင်၏။ လုပ်ဆောင်ဖို့ရန် ဘုရားသခင် ကြွလာခဲ့သည့် ဤအမှု၊ ဤတရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း အမှုသည် လူသားကို သိမ်းပိုက်ဖို့ ရည်ရွယ်ထားသော်လည်း ခေတ်ကို အဆုံးသတ်ခြင်း နှင့် ပြီးပြတ်စေခြင်း အမှုကို ဆောင်ရွက်ခြင်းဖြစ်သည့် သူ၏ အမှုကိုလည်း သူ အဆုံးသတ်နေ၏။ လူသားမျိုးနွယ်အားလုံးကို ကယ်တင်ရင်း၊ လူသားမျိုးနွယ်ကို အပြစ်မှ တစ်ကြိမ်တည်းနှင့် အပြီးသတ် ကယ်နုတ်ရင်း ခေတ်တစ်ခုလုံးကို သူ အဆုံးသတ်နေ၏။ သူသည် သူ ဖန်ဆင်းခဲ့သည့် လူသားမျိုးနွယ်ကို အပြည့်အဝ ရယူနေ၏။ ဤအရာအားလုံးကို သင် သက်သေခံသင့်၏။ အလွန်များလှစွာသော ဘုရားသခင်၏ အမှုကို သင် တွေ့ကြုံပြီးဖြစ်သည်၊ ယင်းကို သင်၏ ကိုယ်ပိုင် မျက်စိများဖြင့် သင် မြင်ပြီးဖြစ်ကာ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံပြီး ဖြစ်သည်။ တကယ့်အဆုံးသို့ သင် ရောက်ရှိသည့်အချိန်တွင်၊ သင့်အပေါ် တာဝန်ရှိသော လုပ်ငန်းတာဝန်ကို သင် မထမ်းဆောင်နိုင်ဘဲ မရှိရ။ တကယ့်ကို သနားစရာပါတကား။ အနာဂတ်တွင်၊ ဧဝံဂေလိတရား ပျံ့နှံ့သည့်အခါ၊ သင်သည် သင်၏ ကိုယ်ပိုင် အသိပညာအကြောင်းကို ပြောဆိုနိုင်သင့်၏၊ သင်၏ စိတ်နှလုံးထဲတွင် သင် ရရှိပြီးဖြစ်သည့် အရာအားလုံးကို သက်သေခံနိုင်သင့်ပြီး ရှိသမျှအား စိုက်ထုတ်နိုင်သင့်၏။ ဤသည်မှာ အဖန်ဆင်းခံတစ်ဦး ရရှိသင့်သည့် အရာဖြစ်သည်။ ဘုရားသခင်၏ အမှုနှင့်ဆိုင်သော ဤအဆင့်၏ တကယ့် အဓိပ္ပါယ်မှာ အဘယ်နည်း။ ယင်း၏ သက်ရောက်မှုမှာ အဘယ်နည်း။ ယင်း၏ မည်မျှကို လူသား၏အထဲတွင် ဆောင်ရွက်ပါသနည်း။ မည်သည့်အရာကို လူတို့ လုပ်ဆောင်သင့်သနည်း။ ကမ္ဘာမြေသို့ ကြွလာကတည်းက လူ့ဇာတိခံ ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အမှုအားလုံးကို ရှင်းရှင်းလင်းလင်း သင် ပြောဆိုနိုင်သည့်အခါ၊ သင်၏ သက်သေခံချက် ပြည့်စုံလိမ့်မည်။ သူ့အမှုတော်၏ အဓိပ္ပါယ်၊ ယင်း၏ အကြောင်းအရာ၊ ယင်း၏ အနှစ်သာရ၊ ယင်းက ကိုယ်စားပြုသည့် စိတ်သဘောထားနှင့် ယင်း၏ အခြေခံစည်းမျဉ်းများတို့ဖြစ်သော ဤအချက်ငါးခုကို သင် ရှင်းရှင်းလင်းလင်း ပြောဆိုနိုင်သည့်အခါ ဘုရားသခင်ကို သင် သက်သေခံနိုင်စွမ်းရှိသည်၊ အသိပညာကို သင်

အမှန်တကယ် ပိုင်ဆိုင်သည်ကို ဤအရာက သက်သေပြပေလိမ့်မည်။ သင့်အပေါ် ငါ၏ သတ်မှတ်ချက်များသည် အလွန်မမြင့်မားသကဲ့သို့ မှန်ကန်သော လိုက်စားမှု၌ ရှိကြသူအားလုံးက ရယူနိုင်ပေသည်။ သင်သည် ဘုရားသခင်၏ သက်သေများထဲမှ တစ်ဦးဖြစ်ဖို့ သန္နိဋ္ဌာန်ချထားပါက၊ ဘုရားသခင် မည်သည့်အရာကို စက်ဆုပ်ပြီး မည်သည့်အရာအား နှစ်သက်သည်ကို သင် နားလည်ရမည်။ သူ၏ အမှုတော်ကို များစွာ သင် ကြုံတွေ့ပြီး ဖြစ်သည်။ ဤအမှုမှတစ်ဆင့်၊ သူ၏ စိတ်သဘောထားကို သင် သိလာရမည်၊ သူ၏ အလိုတော်နှင့် လူသားမျိုးနွယ်အပေါ် သူ၏ သတ်မှတ်ချက်များကို သင် နားလည်လာရမည်ဖြစ်ကာ သူ့အကြောင်းကို သက်သေခံဖို့နှင့် သင်၏ တာဝန်ကို ထမ်းဆောင်ဖို့ ဤအသိပညာကို အသုံးပြုရမည်။ "ဘုရားသခင်ကို ကျွန်ုပ်တို့ သိသည်။ သူ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့သည် အလွန် ပြင်းထန်သည်။ သူ၏ နှုတ်ကပတ်တော်များက အလွန် ခက်ထန်သည်၊ ၎င်းတို့သည် ဖြောင့်မတ်ပြီး ခမ်းနားကာ မည်သည့်လူသားကမျှ ပုန်ကန်ပြစ်မှား၍ မရနိုင်ပေ" ဟုသာ သင် ပြောနိုင်သည်၊ သို့သော် ဤစကားများသည် လူသားအတွက် နောက်ဆုံးတွင် ထောက်ပံ့ပေးသလော။ လူတို့အပေါ် ၎င်းတို့၏ သက်ရောက်မှုမှာ အဘယ်နည်း။ ဤတရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအလုပ်သည် သင့်အတွက် အကျိုးအရှိဆုံး ဖြစ်သည်ကို သင် အမှန်တကယ် သိသလော။ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့သည် သင်၏ ပုန်ကန်လိုစိတ်ရှိခြင်းနှင့် ဖောက်ပြန်ပျက်စီးခြင်းကို ထုတ်ဖော်ပြနေကြသည် မဟုတ်သလော။ ၎င်းတို့က သင်၏အတွင်းထဲရှိ ထိုညစ်ညမ်းပြီး ဖောက်ပြန်ပျက်စီးသော အရာများကို သန့်စင်ပေးပြီး ဖယ်ထုတ်ပစ်နိုင်သည်၊ မဟုတ်သလော။ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းမရှိပါက သင်သည် မည်သည့်အရာ ဖြစ်သွားလိမ့်မည်နည်း။ စာတန်က သင့်ကို အကြီးကျယ်ဆုံးသော အတိုင်းအတာအထိ ဖောက်ပြန်ပျက်စီးစေပြီ ဟူသည့်အချက်ကို သင် အမှန်တကယ် သတိပြုမိပါသလော။ ယနေ့တွင်၊ ဤအရာများဖြင့် သင်တို့ မိမိကိုယ်ကိုယ် ပြင်ဆင်သင့်ပြီး ၎င်းတို့ကို ကောင်းကောင်း သိသင့်ကြ၏။

မျက်မှောက်ခေတ်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုဖို့၊ ဆုတောင်းဖို့၊ သီချင်းဆိုဖို့၊ ကခုန်ဖို့၊ သင်၏ တာဝန်ကို ထမ်းဆောင်ဖို့နှင့် ပုံမှန်လူ့သဘာဝနှင့်ဆိုင်သော အသက်တာတစ်ခုကို နေထိုင်ဖို့က လုံလောက်သည်ဟူသော- ဘုရားသခင်၌ ယုံကြည်မှုသည် သင်တို့ စိတ်ကူးကောင်း စိတ်ကူးနိုင်သည့် ယုံကြည်ခြင်း မဟုတ်ပေ။ ယုံကြည်မှုသည် အမှန်တကယ် အလွန် ရိုးရှင်းနိုင်မည်လော။ ရလဒ်များက သော့ချက်ဖြစ်သည်။ ယင်းက အမှုအရာများကို ပြုလုပ်ရာတွင် သင် နည်းလမ်းမည်မျှရှိသည် ဆိုသည့်အရာ မဟုတ်ပေ။

ထို့ထက် ယင်းမှာ အကောင်းဆုံးသော ရလဒ်များကို သင် အတိအကျ မည်သို့ရရှိနိုင်သည် ဆိုသည့်အရာ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် ကိုင်စွဲပြီး သင်၏ အသိပညာအချို့ကို အသေးစိတ် ရှင်းပြနိုင်ပေမည်၊ သို့သော် ယင်းတို့ကို သင် ဘေးဖယ်လိုက်သည့်အခါ၊ သင့်တွင် ဘာမျှပြောစရာ မရှိချေ။ ဤအရာက သင်သည် ကျမ်းဟောင်းတရားများနှင့် အယူဝါဒများကိုသာ ပြောဆိုနိုင်စွမ်းရှိသော်လည်း အတွေ့အကြုံနှင့်ဆိုင်သော အသိပညာ မရှိသည်ကို ပြသလေသည်။ ယနေ့တွင်၊ အရေးကြီးသည့်အရာကို သင် သဘောမပေါက်နိုင်ပါက အလုပ်ဖြစ်မည်မဟုတ်ချေ- ဤသည်မှာ စစ်မှန်မှုထဲသို့ ဝင်ရောက်ခြင်း အတွက် မရှိမဖြစ် အရေးကြီးပေသည်။ မိမိကိုယ်ကိုယ် ဤသို့ လေ့ကျင့်ဖို့ စတင်လော့- ပထမဦးစွာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုလော့။ ၎င်းတို့အတွင်းရှိ ဝိညာဉ်ရေးရာ ဝေါဟာရများကို ကောင်းကောင်း သိလာလော့။ ၎င်းတို့အတွင်းရှိ အဓိကကျသည့် ရူပါရုံများကို ရှာလော့။ လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဆက်စပ်သည့် အပိုင်းများကို ပိုင်းခြားသိမြင်လော့။ ဤအခြေခံသဘောတရားများကို တစ်ခုပြီးတစ်ခု ပေါင်းစည်းလော့။ သင်၏ အတွေ့အကြုံအတွင်းရှိ ၎င်းတို့ထဲသို့ ဝင်ရောက်လော့။ ဤအရာများသည် သင် သဘောပေါက်ရမည့် အရေးကြီးသော အရာများဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်သည့်အချိန်တွင် အရေးကြီးဆုံးသော လက်တွေ့လုပ်ဆောင်ခြင်းမှာ ဤသို့ဖြစ်သည်- ဘုရားသခင်၏ နှုတ်ကပတ်တော် အခန်းကြီးတစ်ခုကို ဖတ်ရှုပြီးနောက်၊ ရူပါရုံများနှင့် စပ်လျဉ်းသည့် အဓိကအပိုင်းများကို သင် ရှာနိုင်ရမည်ဖြစ်ပြီး လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဆက်နွှယ်သည့် အဓိက အပိုင်းများကိုလည်း သင် ရှာနိုင်ရမည်။ ရူပါရုံများကို အခြေခံအုတ်မြစ်အဖြစ် အသုံးပြုပြီး လက်တွေ့လုပ်ဆောင်ခြင်းကို အသက်တာတွင် သင်၏ လမ်းပြအဖြစ် အသုံးပြုလော့။ ဤသည်တို့မှာ အားလုံးထဲမှ သင်တို့ အချို့တဲ့ဆုံးသော အရာများဖြစ်ပြီး သင်တို့၏ အကြီးမားဆုံးသော အခက်အခဲဖြစ်သည်။ သင်တို့၏ စိတ်နှလုံးများ ထဲတွင်၊ ၎င်းတို့ကို သင်တို့ တစ်စုံတစ်ရာ အာရုံစိုက်ခဲလှပေသည်။ ယေဘုယျအားဖြင့်၊ သင်တို့အားလုံးသည် ပျင်းရိခြင်း၊ မတက်ကြွသော၊ ကိုယ်တိုင်စွန့်လွှတ်မှု တစ်ခုတစ်လေ ပြုလုပ်ဖို့ လိုလားမနေသည့် အခြေအနေတစ်ခုအတွင်းတွင် တည်ရှိကြ၏၊ သို့မဟုတ် သင်တို့သည် မလှုပ်မယှက် စောင့်ဆိုင်းကြပြီး အချို့က ညည်းညူခြင်းပင် ပြုကြလေသည်။ ၎င်းတို့သည် ဘုရားသခင်၏ ရည်မှန်းချက်များနှင့် အဓိပ္ပါယ်ကို နားမလည်ကြသကဲ့သို့၊ ၎င်းတို့အတွက် သမ္မာတရားကို လိုက်စားဖို့ ခက်ပေသည်။ ထိုသို့သော လူတို့သည် သမ္မာတရားကို စက်ဆုပ်ပြီး နောက်ဆုံးတွင်

ပယ်ရှင်းခံရလိမ့်မည်။ ၎င်းတို့ထဲမှ မည်သူမျှ စုံလင်မခံရနိုင်သကဲ့သို့ မည်သူမျှ ရှင်သန်နိုင်မည်မဟုတ်။ စာတန်၏ အင်အားစုများကို ခုခံဖို့ လူတို့သည် သန္နိဋ္ဌာန် အနည်းငယ် မရှိပါက၊ ၎င်းတို့အတွက် မျှော်လင့်ချက် မရှိပေ။

ယခုတွင်၊ သင်တို့၏ လိုက်စားခြင်းက ထိရောက်မှုရှိ မရှိဆိုသည်ကို လောလောဆယ် သင်တို့ ပိုင်ဆိုင်သည့်အရာအားဖြင့် တိုင်းတာပေသည်။ ဤသည်မှာ သင်တို့၏ အကျိုးဆက်ကို ဆုံးဖြတ်ဖို့ အသုံးပြုသည့်အရာ ဖြစ်သည်။ ဤသည်မှာ၊ သင်တို့၏ အကျိုးဆက်သည် သင်တို့ ပြုပြီးသည့် စွန့်လွှတ်မှုများနှင့် သင်တို့ လုပ်ဆောင်ပြီးဖြစ်သည့် အရာများတွင် ထုတ်ဖော်ပြခံရသည်ဟု ဆိုလိုသည်။ သင်တို့၏ အကျိုးဆက်ကို သင်တို့၏ လိုက်စားမှု၊ သင်တို့၏ ယုံကြည်ခြင်းနှင့် သင်တို့ လုပ်ဆောင်ပြီးဖြစ်သည့် အရာအားဖြင့် သိစေလိမ့်မည်ဖြစ်သည်။ သင်တို့ အားလုံးအလယ်တွင်၊ ကယ်တင်၍ မရနိုင်သော သူများစွာ ရှိနှင့်လေသည်၊ အကြောင်းမူကား ယနေ့သည် လူတို့၏ အကျိုးဆက်များကို ထုတ်ဖော်ပြသည့် နေ့ရက်ဖြစ်ပြီး ငါ၏ အမှု၌ ငါသည် မပြတ်မသားဖြစ်မည်မဟုတ်၊ ငါသည် လုံး၀ ကယ်တင်၍ မရသော သူတို့ကို လာမည့်ခေတ်ထဲသို့ ငါ ဦးဆောင်မည်မဟုတ်။ ငါ၏ အမှု ပြီးစီးသည့် အချိန်တစ်ချိန် ရှိလိမ့်မည်။ ငါသည် လုံး၀ ကယ်တင်၍မရနိုင်သည့် ထိုနံစော်သော၊ ဝိညာဉ်ကင်းမဲ့သော အသေကောင်များအပေါ် အမှုပြုမည်မဟုတ်။ ယခုသည် လူသား၏ ကယ်တင်ခြင်း၏ နောက်ဆုံးသော ကာလဖြစ်ပြီး အချည်းနှီးသော အမှုကို ငါလုပ်ဆောင်မည်မဟုတ်။ ကောင်းကင်နှင့် မြေကြီးကို မကြိမ်းမောင်းနှင့်- ကမ္ဘာလောက၏ အဆုံးသည် ရောက်လာ နေပြီဖြစ်သည်။ ယင်းကို ရှောင်လွှဲမရနိုင်ပေ။ အမှုအရာများသည် ဤအခြေအနေထိ ရောက်လာပြီးဖြစ်ကာ ၎င်းတို့ကို ရပ်တန့်စေဖို့ လူသားတစ်ဦးအနေဖြင့် သင် လုပ်ဆောင်နိုင်သည့်အရာ ဘာမျှမရှိ။ အမှုအရာများကို သင် ဆန္ဒရှိသည့်အတိုင်း ပြောင်းလဲ၍ မရနိုင်။ မနေ့က၊ သမ္မာတရားကို လိုက်စားဖို့ သင် အဖိုးအခ မပေးခဲ့သကဲ့သို့ သင်သည် သစ္စာမရှိခဲ့ပေ။ ယနေ့တွင်၊ အချိန်ကျလာပေပြီ၊ သင်သည် ကယ်တင်မရနိုင်ပေ။ မနက်ဖြန်တွင်၊ သင်သည် ပယ်ရှင်းခံ ရလိမ့်မည်ဖြစ်ပြီး သင်၏ ကယ်တင်ခြင်းအတွက် လူးသာလွန့်သာ ရှိလိမ့်မည်မဟုတ်။ ငါ၏ စိတ်နှလုံးသည် နူးညံ့သိမ်မွေ့ပြီး သင့်ကို ကယ်တင်ဖို့ ငါ အစွမ်းကုန် လုပ်ဆောင်နေသော်လည်း၊ သင့်အတွက် သင် မကြိုးပမ်းပါက သို့မဟုတ် သင့်အတွက် မည်သို့မျှ သင်မစဉ်းစားပါက၊ ဤအရာသည် ငါနှင့် အဘယ်သို့ သက်ဆိုင်သနည်း။ ၎င်းတို့၏ ဇာတိပကတိကိုသာ စဉ်းစားသူနှင့် ဇိမ်ခံစရာကို မွေ့လျော်သောသူများ၊ ယုံကြည်သည်ဟု ထင်ရသော်လည်း အမှန်တကယ် မယုံကြည်သူများ၊ မကောင်းသောဆေးနှင့် နတ်ဝိဇ္ဇာအတတ်၌ ပါဝင်ပတ်သက်သူများ၊ လူတကာနှင့် သောင်းပြောင်းလိင်ဆက်ဆံကာ စုတ်ဖွာပြီး

စုတ်ပြတ်နေသူများ၊ ယေဟောဝါထံ ယဇ်ပူဇော်မှုများနှင့် သူ၏ ပိုင်ဆိုင်မှုများကို ခိုးယူသောသူများ၊ တံစိုးလက်ဆောင်များကို နှစ်သက်သောသူများ၊ ကောင်းကင်သို့ တက်ကြွရန် အလဟဿ အိပ်မက်မက်နေသူများ၊ မာန်မာနထောင်လွှားပြီး စိတ်ကြီးဝင်သူများ၊ ပုဂ္ဂိုလ်ရေးကျော်ကြားမှုနှင့် ပစ္စည်းဥစ္စာအတွက်သာ ကြိုးပမ်းကြသူများ၊ ရိုင်းပျသော စကားများကို ဖြန့်ဖြူးသူများ၊ ဘုရားသခင်ကိုယ်တိုင်အား ပြစ်မှားစော်ကားသူများ၊ ဘုရားသခင်ကိုယ်တိုင်အား ဝေဖန်မှုများပြုပြီး အသရေပျက်အောင် လုပ်ကြံပြောဆိုသည့်မှလွဲ၍ ဘာမျှမလုပ်ဆောင်သောသူများ၊ အုပ်စုများဖွဲ့ပြီး လွတ်လပ်မှုကို ရှာဖွေသောသူများ၊ ဘုရားသခင်ထက် မိမိတို့ကိုယ်ကိုယ် ချီးမြှောက်သောသူများ၊ လိင်ကိစ္စများတွင် ကိုယ်ကျင့်သိက္ခာကင်းမဲ့မှု၌ မိနေသည့် ပေါ့ပျက်ပျက် လူငယ်၊ သက်လတ်ပိုင်းနှင့် သက်ကြီး အမျိုးသားများနှင့် အမျိုးသမီးများ၊ ပုဂ္ဂိုလ်ရေးကျော်ကြားမှုနှင့် ပစ္စည်းဥစ္စာ၌ မွေ့လျော်ပြီး အခြားအရာများအပြင် ပုဂ္ဂိုလ်ရေး အဆင့်အတန်းနောက် လိုက်သူများ၊ အပြစ်၌ ပိတ်မိနေသည့် နောင်တမရသော လူများ- ၎င်းတို့ အားလုံးသည် ကယ်တင်မရသောသူများ ဖြစ်ကြသည်မဟုတ်လော။ လိင်ကိစ္စများတွင် ကိုယ်ကျင့်သိက္ခာကင်းမဲ့ခြင်း၊ အပြစ်နှင့်ပြည့်ခြင်း၊ မကောင်းသောဆေး၊ နတ်ဝိဇ္ဇာအတတ်၊ ရိုသေလေးမြတ်မှုမရှိသော အပြုအမူနှင့် ရိုင်းပျသော စကားများအားလုံးသည် သင်တို့ကြားတွင် သောင်းကျန်းနေ၏။ ပြီးလျှင် သမ္မာတရားနှင့် အသက်နှင့်ဆိုင်သော နှုတ်ကပတ်တော်များသည် သင်တို့အလယ်တွင် နင်းချေခံရကြပြီး သန့်ရှင်းသော ဘာသာစကားသည် သင်တို့ကြားတွင် ညစ်ညမ်းလေသည်။ အညစ်အကြေးနှင့် မနာခံမှုတို့ဖြင့် ပွထနေသည့် အသင် တပါးအမျိုးသားတို့။ သင်တို့၏ နောက်ဆုံး ရလဒ်သည် မည်သည့်အရာ ဖြစ်လိမ့်မည်နည်း။ ဇာတိပကတိကို နှစ်သက်သူ၊ ဇာတိပကတိနှင့်ဆိုင်သည့် နတ်ဝိဇ္ဇာအတတ်ကို ကျူးလွန်သောသူနှင့် လိင်ကိစ္စ၌ ကိုယ်ကျင့်သိက္ခာမဲ့သည့် အပြစ်တွင် မိနေသောသူတို့သည် အဘယ်သို့ ဆက်လက်ရှင်သန်ဖို့ ရဲတင်းနိုင်သနည်း။ သင်တို့ကဲ့သို့သော လူတို့သည် ကယ်တင်မရသည့် လောက်ကောင်များ ဖြစ်ကြသည်ကို သင် မသိသလော။ ဟိုဟို သည်သည် တောင်းဆိုဖို့ မည်သည့်အရာက သင့်ကို အခွင့်ရှိစေသနည်း။ ယနေ့ထိ၊ သမ္မာတရားကို မနှစ်သက်သောသူနှင့် ဇာတိပကတိကိုသာ ချစ်သောသူတို့၌ ပြောင်းလဲမှု စိုးစဉ်းမျှ မရှိလေပြီ- ထိုသို့သော လူတို့သည် အဘယ်သို့ ကယ်တင်ခံရနိုင်အံ့နည်း။ အသက်လမ်းခရီးကို မနှစ်သက်သောသူ၊ ဘုရားသခင်ကို ချီးမြှောက်ခြင်း မရှိသကဲ့သို့ သူ့ကို သက်သေမခံသောသူ၊ မိမိတို့၏ ကိုယ်ပိုင်အဆင့်အတန်းအဖို့ လျှို့ဝှက်ကြံစည်သောသူ၊ မိမိတို့ကိုယ်ကိုယ် ထောမနာပြုသောသူများ- ၎င်းတို့သည် ယနေ့တွင်ပင် ဤအတိုင်း

ရှိနေသေးသည် မဟုတ်လော။ ၎င်းတို့ကို ကယ်တင်ရာတွင် အဘယ်တန်ဖိုး ရှိသနည်း။ သင် ကယ်တင်ခံရနိုင်ခြင်း ရှိမရှိဆိုသည်မှာ သင် မည်မျှဝါရင့်သည် သို့မဟုတ် နှစ်ပေါင်းမည်မျှ သင် အလုပ်လုပ်နေခဲ့ပြီး ဖြစ်သည်ဆိုသည့်အပေါ် မူတည်ခြင်းမရှိပေ၊ သင့်တော်သော အရည်အချင်းများကို တစ်ဆင့်ပြီးတစ်ဆင့် သင် မည်မျှတည်ဆောက်ပြီးပြီဆိုသည့်အပေါ် သာ၍ပင် မူတည်ခြင်းမရှိပေ။ ယင်းထက်၊ ထိုအရာသည် သင်၏လိုက်စားခြင်းက အသီးသီးခြင်း ရှိမရှိ ဆိုသည့်အပေါ် မူတည်လေသည်။ ကယ်တင်ခံရသူတို့သည် အသီးသီးသည့် "သစ်ပင်များ" ဖြစ်ပြီး၊ စိမ်းလန်းစိုပြေသော သစ်ရွက်များ၊ အလျှံပယ်သော ပန်းပွင့်များနှင့် ဖြစ်သော်လည်း မသီးပွင့်သည့် သစ်ပင်များ မဟုတ်သည်ကို သင် သိသင့်သည်။ လမ်းများတွင် နှစ်များစွာ လှည့်လည်သွားလာရင်း သင် အချိန်ကုန်ဆုံးပြီးဖြစ်လျှင်ပင်၊ ယင်းက မည်သည့်အရေးနည်း။ သင်၏ သက်သေခံချက်မှာ အဘယ်မှာနည်း။ ဘုရားသခင်အပေါ် သင်၏ ကြည်ညိုခြင်းသည် သင့်ကိုယ်သင် ချစ်ခြင်းနှင့် သင်၏ ရမ္မက်ကြီးသော ဆန္ဒများထက် များစွာ လျော့လေသည်- ဤကဲ့သို့သော လူမျိုးသည် အကျင့်ပျက်သော သူတစ်ဦး ဖြစ်သည်မဟုတ်လော။ ၎င်းတို့သည် ကယ်တင်ခြင်းအတွက် အဘယ်သို့ နမူနာနှင့် စံပုံစံ ဖြစ်နိုင်မည်နည်း။ သင်၏ သဘာဝဗီဇသည် ပြုပြင်မရ၊ သင်သည် အလွန်ပုန်ကန်လွန်းလှပြီး၊ သင့်ကို ကယ်တင်၍ ရနိုင်မည် မဟုတ်ပေ။ ထိုသို့သော လူတို့သည် ပယ်ရှင်းခံရမည့်သူများ ဖြစ်ကြသည် မဟုတ်လော။ ငါ၏ အမှုပြီးစီးသည့် အချိန်သည် သင်၏ နောက်ဆုံးနေ့ရက် ရောက်ရှိသည့်အချိန် ဖြစ်သည် မဟုတ်လော။ ငါသည် သင်တို့ကြားတွင် အလွန်များလှစွာသော အမှုများကို ပြုပြီးဖြစ်ကာ အလွန်များလှစွာသော နှုတ်ကပတ်တော်များကို ပြောဆိုပြီးလေပြီ- ထိုအရာထဲမှ သင်တို့ အမှန်တကယ် မည်မျှနားဝင်ခဲ့သနည်း။ သင်တို့ မည်မျှ နာခံဖူးပါသနည်း။ ငါ၏ အမှုအဆုံးသတ်သည့်အခါ၊ ယင်းသည် သင်ငါ့ကို ဆန့်ကျင်ခြင်း ရပ်သည့်အချိန်၊ ငါ့ကို ဆန့်ကျင်ရပ်တည်ခြင်းအား သင် ရပ်တန့်သည့်အချိန် ဖြစ်လိမ့်မည်။ ငါ အမှုပြုစဉ်၊ သင်တို့သည် စဉ်ဆက်မပြတ် ငါ့ကို ဆန့်ကျင်ပြုမူ၏။ ငါ၏ နှုတ်ကပတ်တော်များကို သင်တို့ ဘယ်သောအခါမျှ မလိုက်နာကြ။ ငါ၏ အမှုကို ငါလုပ်ဆောင်ပြီး သင်သည် သင်၏ ကိုယ်ပိုင်နိုင်ငံငယ်ကို ဖန်တီးရင်း သင်၏ ကိုယ်ပိုင် "အလုပ်" ကို လုပ်သည်။ သင်တို့သည် ငါ့ကို အရာရာတွင် ငါ့ကို ဆန့်ကျင်နေသည့် မြေခွေးများနှင့် ခွေးများ တစ်အုပ်သာဖြစ်သည်။ ၎င်းတို့၏ မဆုတ်မနစ်သော ချစ်ခြင်းမေတ္တာကို သင့်အား ပေးသောသူတို့ကို ထွေးပိုက်ရန် သင်တို့ စဉ်ဆက်မပြတ် ကြိုးစားနေကြ၏- သင်တို့၏ ရိုသေမှုမှာ အဘယ်မှာနည်း။ သင်တို့ လုပ်သမျှတိုင်းသည် လှည့်ဖြားသော အရာဖြစ်သည်။ သင်တို့တွင် နာခံခြင်း သို့မဟုတ် ကြောက်ရွံ့ခြင်း မရှိသကဲ့သို့ သင်တို့ လုပ်သမျှတိုင်းသည် လှည့်ဖြားသောအရာနှင့် ပြစ်မှား

စော်ကားသောအရာ ဖြစ်၏။ ထိုသို့သော လူတို့သည် ကယ်တင်ခံရ နိုင်သလော။ ကာမဂုဏ်အာရုံဆိုင်ရာ အကျင့်ပျက်ပြီး ကာမရာဂ စိတ်ပြင်းပြသော သူတို့သည် ၎င်းတို့၏ ကိုယ်ပိုင် ပျော်မွေ့ခြင်းအတွက် မြူဆွယ်တတ်သော မိန်းမပျက်တို့ကို မိမိတို့ထံ အစဉ်အမြဲ ဆွဲခေါ်လိုကြလေသည်။ ထိုသို့သော ကာမဂုဏ်အာရုံဆိုင်ရာ အကျင့်ပျက်သော မကောင်းဆိုးဝါးများကို ငါသည် လုံးဝ ကယ်တင် လိမ့်မည်မဟုတ်။ ညစ်ညူးသော မကောင်းဆိုးဝါးတို့၊ အသင်တို့ကို ငါ မုန်း၏၊ ပြီးလျှင် သင်၏ ကာမရာဂစိတ်ပြင်းပြမှုနှင့် မြူဆွယ်ခြင်းတို့သည် သင်တို့ကို ငရဲသို့ ထိုးဆင်းစေလတ္တံ့။ သင်တို့ကိုယ်သင်တို့ မည်သို့ ရှင်းပြမည်နည်း။ အသင် ညစ်ညူးသော မကောင်းဆိုးဝါးများနှင့် ဝိညာဉ်ဆိုးများတို့သည် ရွံ့ရှာဖွယ်ဖြစ်၏။ သင်တို့သည် စက်ဆုပ်ဖွယ် ဖြစ်၏။ ထိုသို့သော အမှိုက်သည် အဘယ်သို့ ကယ်တင်ခံရနိုင်မည်နည်း။ အပြစ်ထဲ၌ မိနေသည့် ၎င်းတို့သည် ကယ်တင်ခံရနိုင်သေးသလော။ ယနေ့၊ ဤသမ္မာတရား၊ ဤလမ်းခရီးနှင့် ဤအသက်တို့ကို သင်တို့ စိတ်မဝင်စားစေပေ။ ယင်းထက်၊ သင်တို့သည် အပြစ်နှင့်ပြည့်ဝခြင်း၊ ငွေ၊ ရပ်တည်ချက်၊ ကျော်ကြားမှုနှင့် အကျိုးအမြတ်၊ ဇာတိပကတိ၏ ပျော်မွေ့ခြင်း၊ အမျိုးသားများ၏ ချောမောခန့်ညားခြင်းနှင့် အမျိုးသမီးတို့၏ ဆွဲဆောင်မှုတို့ကို စိတ်ဝင်စားကြ၏။ ငါ၏ နိုင်ငံတော်ထဲသို့ ဝင်ရောက်ဖို့ရန် သင်တို့ကို မည်သည့်အရာက အရည်အချင်းနှင့် ပြည့်မီစေသနည်း။ လူတို့ကြား သင်တို့၏ သိက္ခာကို မဆိုနှင့်ဦးတော့၊ သင်တို့၏ ပုံရိပ်သည် ဘုရားသခင်၏ ပုံရိပ်ထက်ပင် ကြီးမား၏၊ သင်တို့၏ အဆင့်အတန်းသည် ဘုရားသခင်၏ အဆင့်အတန်းထက်ပင် မြင့်မား၏- သင်တို့သည် လူတို့ကိုးကွယ်သည့် ရုပ်တုဆင်းတုများ ဖြစ်လာကြပေပြီ။ သင်သည် ကောင်းကင်တမန်မင်း ဖြစ်လာပြီ မဟုတ်လော။ ကယ်တင်ခြင်း အမှု အဆုံးသတ်ဖို့ နီးမည့်အချိန်လည်းဖြစ်သော လူတို့၏နိဂုံး ထုတ်ဖော်ပြခံရသည့် အချိန်တွင်၊ သင်တို့သည် ကယ်တင်မရသည့် အလောင်းကောင်များ ဖြစ်ကြလိမ့်မည်ဖြစ်ပြီး ပယ်ရှင်းခံရကြပေမည်။ ကယ်တင်ခြင်း အမှု ပြုသည့် အတောအတွင်းတွင်၊ ငါသည် လူအားလုံးအပေါ် ကြင်နာပြီး ကောင်းမြတ်၏။ အမှု အဆုံးသတ်သည့်အခါတွင်၊ လူအမျိုးအစား အမျိုးမျိုး၏ အကျိုးဆက်များ ထုတ်ဖော်ပြခံရလိမ့်မည် ဖြစ်ပြီး၊ ထိုအချိန်တွင် ငါသည် ကြင်နာကာ ကောင်းမြတ်တော့လိမ့်မည် မဟုတ်ပေ။ အကြောင်းမူကား ထိုအချိန်တွင် လူတို့၏ အကျိုးဆက်များသည် ထုတ်ဖော်ပြခံရပြီးဖြစ်သကဲ့သို့ တစ်ဦးစီသည် မိမိတို့၏အမျိုးအစားအလိုက် ခွဲခြားခံရပြီးဖြစ်ကာ နောက်ထပ် ကယ်တင်ခြင်းအမှု ပြုခြင်းက အသုံးဝင်လိမ့်မည် မဟုတ်သည့်အတွက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကယ်တင်ခြင်းခေတ်သည် လွန်သွားပြီးဖြစ်ကာ၊ ထိုသို့လွန်သွားပြီးဖြစ်သဖြင့်၊ ၎င်းသည်

ပြန်ရောက်လာလိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်။

## အဖြည့်ခံဖြစ်ရန် သင်အဘယ်ကြောင့် လိုလားခြင်းမရှိသနည်း

သိမ်းပိုက်ခြင်းခံရသောသူများသည် အဖြည့်ခံများဖြစ်ကြပြီး စုံလင်အောင်ပြုခြင်းခံရပြီးမှသာ လူတို့သည် နောက်ဆုံးသောကာလ အမှု၏ စံပြများနှင့် နမူနာများ ဖြစ်လာ ကြပေသည်။ စုံလင်စေခြင်းမခံရမီ ၎င်းတို့သည် အဖြည့်ခံများ၊ တန်ဆာပလာများဖြစ်သည်သာမက၊ အသုံးတော်ခံများ ပစ္စည်းများ ဖြစ်ကြသည်။ ဘုရားသခင်၏ လုံးလုံးလျားလျား သိမ်းပိုက်ခြင်း ခံရသောသူများသည် သူ၏စီမံခန့်ခွဲမှု အလုပ်နှင့်ဆိုင်သော ပုံဆောင်ခဲဖြစ်သည်သာမက စံပြများနှင့် နမူနာများ ဖြစ်ကြသည်။ ထိုသို့သော လူတို့ကို ဖော်ပြဖို့ ငါ အသုံးပြုခဲ့သည့် စကားများသည် သာမညောင်ည ဖြစ်နိုင်သော်လည်း ယင်းတို့က စိတ်ဝင်စားဖွယ် ဇာတ်လမ်းများစွာ ထုတ်ဖော်ပြ၏။ ယုံကြည်အားနည်းသော သင်တို့သည် သင်တို့၏မျက်နှာ နီမြန်းသည့်အထိ အရေးမပါသော နာမည်ဂုဏ်ပုဒ်တစ်ခုအတွက် အမြဲတစေ ငြင်းခုံကြမည်ဖြစ်ပြီး တစ်ခါတစ်ရံ အကျိုးဆက်အနေဖြင့် ဆက်ဆံရေးများပင် ထိခိုက်လေသည်။ ယင်းသည် သေးငယ်သော နာမည်ဂုဏ်ပုဒ် တစ်ခုမျှသာ ဖြစ်သော်လည်း သင်တို့၏ အတွေးနှင့်သင်တို့၏ ယုံကြည်မှုထဲတွင် ဤအရာမှာ သေးငယ်သော နာမည် ဂုဏ်ပုဒ်ထက် များစွာပိုသည်သာမက သင်တို့၏ ကံကြမ္မာနှင့် သက်ဆိုင်သည့် အရေးကြီးသော ကိစ္စတစ်ခုဖြစ်လေသည်။ ထို့ကြောင့် စဉ်းစားချင့်ချိန်တတ်ခြင်း မရှိသော သူများသည် ယင်းကဲ့သို့ အသေးအမွှားဖြစ်သော ဤအရာအတွက် ကြီးစွာသော ဆုံးရှုံးခြင်းကို မကြာခဏ ခံစားရကြလိမ့်မည်၊ ဤသည်မှာ များစွာ ဆုံးရှုံးဖို့ရန် အနည်းငယ်သာ ချွေတာသကဲ့သို့ ဖြစ်သည်။ အရေးမပါသော ဂုဏ်ပုဒ်အချို့အတွက်ကြောင့် သင်တို့သည် ထွက်ပြေးကြမည်ဖြစ်ပြီး မည်သည့်အခါမျှ ပြန်လာလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ အသက်တာသည် အရေးမကြီးဟု သင်တို့မြင်၍ သင်တို့အခေါ် ခံရသည့် အမည်အပေါ် သင်တို့ အဆမတန် တန်ဖိုးထားခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်တို့၏ ဝိညာဉ်ရေးရာ အသက်တာများ နှင့် သင်တို့၏ လက်တွေ့ အသက်တာများထဲ၌ပင်လျှင် အဆင့်အတန်းနှင့်ပတ်သက်သည့် သင်တို့၏ အယူအဆများကြောင့် သင်တို့သည် ရှုပ်ထွေးခက်ခဲလွန်းပြီး ထူးဆန်းသော ဇာတ်လမ်းများစွာကို မကြာခဏ ဖန်တီးကြလိမ့်မည်။ သင်တို့သည် ဤအရာကို ဝန်ခံကောင်း ဝန်ခံကြလိမ့်မည်မဟုတ်သော်လည်း၊ သင်တို့သည် တစ်ဦးချင်း မထိတွေ့ရသေးသော်လည်း ထိုသို့သော လူများသည် သင်တို့၏ လက်တွေ့

အသက်တာများထဲ၌ အမှန်တကယ်ရှိကြောင်း သင်တို့အား ငါပြောပြီ။ ဤကဲ့သို့သော အရာများသည် သင်တို့ အသက်တာအသီးသီး၌ ဖြစ်ပြီးလေပြီ။ အကယ်၍ သင်မယုံပါက ညီအစ်မ (သို့မဟုတ် ညီအစ်ကိုတစ်ဦး) ၏ အသက်တာ အကြောင်း အကျဉ်းချုပ် ဖော်ပြချက်ကို အောက်တွင် ကြည့်ပါ။ အကယ်စင်စစ် ထိုပုဂ္ဂိုလ်မှာ သင် ဖြစ်နိုင်သည် သို့မဟုတ် ၎င်းမှာ သင်၏အသက်တာထဲတွင် သင်အကျွမ်းဝင်သောသူ တစ်စုံတစ်ဦး ဖြစ်ကောင်းဖြစ်နိုင်သည်။ အကယ်၍ ငါမမှားပါက ဤအကျဉ်းချုပ် ဖော်ပြချက်သည် သင်ရှိခဲ့ဖူးသည့် အတွေ့အကြုံတစ်ခုကို ဖော်ပြ၏။ ဖော်ပြချက်ထဲတွင် မပါဝင်သည့်အရာ တစ်စုံတစ်ခုမျှ မရှိ၊ အယူအဆ သို့မဟုတ် အတွေးအခေါ်တစ်ခုမျှပင် ချန်ထားခဲ့ခြင်း မရှိဘဲ အလုံးစုံကို ဤဇာတ်လမ်းထဲတွင် မှတ်တမ်းတင်ထားသည်။ အကယ်၍ သင်မယုံပါက ဦးစွာပထမ ဖတ်သာကြည့်လိုက်ပါ။

ဤသည်မှာ “ဝိညာဉ်ရေးရာ လူပုဂ္ဂိုလ်” တစ်ဦးထံမှ အတွေ့အကြုံလေး တစ်ခုဖြစ်သည်။

အသင်းတော်အတွင်းရှိ ညီအစ်ကို မောင်နှမများ ပြုလုပ်ခဲ့သည့် အမှုအရာများစွာမှာ ဘုရားသခင်၏အလိုတော်နှင့် မကိုက်ညီသည်ကို မြင်တွေ့ခဲ့ရသောအခါ သူမစိတ်ပူပင်သောက ရောက်ခဲ့ရပြီး၊ ၎င်းတို့ကို ဤသို့ စတင်ဆူပူတော့သည်- “အသင် အသုံးမကျသည့်သူတို့။ သင်တို့သည် အသိစိတ် လုံးဝ မရှိကြသလော။ သင်တို့ အမှန်တကယ် အဘယ်ကြောင့် လွှန်လွှန်ကဲကဲအရာများ ပြုလုပ်နေကြသနည်း။ သင်တို့ နှစ်သက်သည့် အရာဟူသမျှကို လုပ်မည့်အစား သမ္မာတရားကို အဘယ်ကြောင့် မရှာဖွေကြသနည်း။…ဤအရာများကို သင်တို့အား ကျွန်ုပ် ပြောနေခြင်းဖြစ်၏၊ သို့သော် တစ်ချိန်တည်းမှာပင် ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် မုန်းတီးမိသည်။ ဘုရားသခင်သည် စိတ်မရှည်ခြင်းဖြင့် တောက်လောင်ကြောင်း ကျွန်ုပ်မြင်ရပြီး ကျွန်ုပ်အတွင်းတွင် မီးလောင်နေကြောင်း ကျွန်ုပ်ခံစားရသည်။ ကျွန်ုပ်သည် ဘုရားသခင် ကျွန်ုပ်အား တာဝန်ပေးစေခိုင်းသည့် အမှုကို အပြည့်အဝလုပ်ဆောင်ရန် အမှန်တကယ် လိုလားလျက်ရှိပြီး သင်တို့ကို ကျွန်ုပ် အမှန်တကယ် အစေခံလို၏။ လက်ရှိ အချိန်တွင် ကျွန်ုပ် အလွန် အားနည်းနေခြင်းသာ ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ များလှစွာသော အချိန်ကို အသုံးပြုခဲ့ပြီး များလှစွာသော နှုတ်ကပတ်တော်များကို ပြောဆိုပြီးသော်လည်း ကျွန်ုပ် တို့သည် မပြောင်းမလဲ ရှိကြသေး၏။ ကျွန်ုပ်၏စိတ်နှလုံးထဲ၌ ဘုရားသခင်အပေါ် ကျွန်ုပ်မြောက်မြားစွာ အကြွေးတင်နေကြောင်း အမြဲ ခံစားရသည်…” (သူမ စတင်ငိုကြွေးကာ စကား ဆက်မပြော နိုင်တော့ချေ။) ထို့နောက် သူမစတင်ဆုတောင်းခဲ့သည်မှာ၊ “အို ဘုရားသခင်။ ကျွန်ုပ်ကို ခွန်အားပေးဖို့နှင့် ကျွန်ုပ်ကို

ယခင်ထက် သာ၍ စိတ်တို့ထိဖို့ ကျွန်ုပ် အသနားခံပါ၏၊ ထို့အပြင် ကိုယ်တော်၏ ဝိညာဉ်တော် ကျွန်ုပ်အထဲ၌ အလုပ်လုပ် စေတော်မူပါ။ ကျွန်ုပ် ကိုယ်တော်နှင့် အတူပူးပေါင်းလုပ်ဆောင်ရန် အလိုရှိပါ၏။ အဆုံးတွင် ကိုယ်တော် ဘုန်းတော် ရရှိသရွေ့ ကျွန်ုပ်၏ အသက်ကိုပင် စွန့်ရမည်ဆိုလျှင်ပင် ကျွန်ုပ်ကိုယ်ကျွန်ုပ် ကိုယ်တော်အား အလုံးစုံပေးရန် ကျွန်ုပ် ယခု လိုလားလျက် ရှိပါ၏။ ကိုယ်တော်၏ သန့်ရှင်းသော နာမတော်ကို ချီးမွမ်းရန်၊ ကိုယ်တော်၏ ဂုဏ်တော်ကို ထင်ရှားစေရန်၊ ကိုယ်တော့်ကို ထင်ရှားစေရန်၊ ကိုယ်တော်၏ အမှုတော် စစ်မှန်သည်ကို အခိုင်အမာ သက်သေထူဖို့နှင့် ကိုယ်တော် သယ်ဆောင်သည့် ဝန်ထုပ်အတွက် ကိုယ်တော့်ကို ဂရုပြုမှုဟူသမျှကို ပေးရန် အတွက် ကျွန်ုပ်တို့၏ ညီအစ်ကို မောင်နှမများက ဝမ်းမြောက်ခြင်းဖြင့် သီဆို ကခုန်နိုင်ဖို့ရန်အလို့ငှာ ကိုယ်တော့်အား ကြီးမြတ်သော ချီးမွမ်းမှုများကို ဆက်ကပ်ဖို့ ကျွန်ုပ်တို့ ဆန္ဒရှိပါ၏…” ဟူ၍ ဖြစ်သည်။ ဤပုံစံဖြင့် သူမ အလေးအနက် ဆုတောင်းခဲ့ပြီး သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အား အမှန်တကယ်ပင် ဝန်ထုပ်ဝန်ပိုးတစ်ခု ပေးခဲ့သည်။ ဤအချိန်အတောအတွင်း သူမ အလွန်အမင်း ဝန်လေးခဲ့ပြီး တစ်နေကုန် စာဖတ်ရှုခြင်း၊ ရေးသားခြင်းနှင့် နားထောင်ခြင်းဖြင့် အချိန်ကုန်လွန်ခဲ့သည်။ သူမသည် အလုပ်များနိုင်သမျှ များခဲ့ပေသည်။ သူမ၏ ဝိညာဉ်ရေးရာ အခြေအနေမှာ အလွန်ကောင်းမွန်ခဲ့ပြီး သူ၏ စိတ်နှလုံးထဲတွင် အမြဲတစေ တက်ကြွပြီး ဝန်လေးလျက်နေခဲ့သည်။ သူသည် ရံဖန်ရံခါ အားနည်းပြီး ရှေ့ဆက်မတိုးတက်နိုင်ခဲ့သော်လည်း၊ များမကြာမီ သူ၏ ပုံမှန်အခြေအနေကို သူပြန်လည်ရရှိခဲ့ပါသည်။ ဤကဲ့သို့သော အချိန်ကာလတစ်ခု ကုန်ဆုံးပြီးနောက် သူမ၏ တိုးတက်မှုမှာ လျင်မြန်ခဲ့သည်၊ သူမသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များစွာကို နားလည်ခြင်းတစ်ချို့ ရရှိနိုင်ခဲ့ပြီး ဓမ္မတေးများကိုလည်း လျင်မြန်စွာ သင်ယူလေ့လာခဲ့သည်၊ ယေဘုယျအားဖြင့် သူမ၏ ဝိညာဉ်ရေးရာ အခြေအနေမှာ အလွန်ကောင်းမွန်ခဲ့သည်။ အသင်းတော်ထဲတွင် များစွာသော အမှုအရာတို့မှာ ဘုရားသခင်၏ အလိုတော်နှင့် မကိုက်ညီကြောင်းကို သူတွေ့မြင်ခဲ့သည့်အခါ စိတ်ပူပင်သောက ရောက်လာခဲ့ပြီး သူမ၏ ညီအစ်ကိုမောင်နှမများကို “ဤသည်မှာ သင်တို့၏ တာဝန်အပေါ် ဆက်ကပ်ခြင်းလော။ သင်တို့သည် ထိုမျှလောက် သေးငယ်သော အဖိုးအခ တစ်ခုကိုပင် အဘယ်ကြောင့် မပေးနိုင်သနည်း။ အကယ်၍ သင်တို့ မပေးလိုပါက ကျွန်ုပ် ပေးမည်…” ဟု ဆိုကာ အပြစ်တင်ခဲ့သည်။

သူမ၌ ဝန်ထုပ်ဝန်ပိုးတစ်ခု ရှိခဲ့စဉ်တွင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ပို၍အမှုပြုလေသည်နှင့်အမျှ၊ သူမသည် သူမ၏ ယုံကြည်ခြင်း ပို၍ ခိုင်မာလာသည်ဟု ခံစားခဲ့ရသည်။ သူမသည် အခက်အခဲအချို့ကို တစ်ခါတစ်ရံကြုံတွေ့ရပြီး

အပျက်သဘောဆောင်လာခဲ့သော်လည်း၊ ဤအရာများကို သူမ ကျော်လွှားနိုင်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုသော် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို သူမကြုံတွေ့ခံစားရခဲ့သည့်အချိန်တွင် သူ၏ အခြေအနေမှာ နှစ်သက်ပျော်ရွှင်ဖွယ်ကောင်းသည့် အချိန်တွင်ပင် သူမသည် အချို့သော အခက်အခဲများ သို့မဟုတ် အတော်အတန်ခွန်အားနည်းမှုကို ကြုံဆုံရခြင်းအား မရှောင်ရှားနိုင်ခဲ့ပေ။ ထိုသို့သော အရာများသည် မလွဲမရှောင်သာ ဖြစ်ပျက်သော်လည်း၊ များမကြာမီ သူမသည် ယင်းအခြေအနေများထဲမှ ထွက်လာနိုင်ခဲ့သည်။ အားနည်းခြင်းကို ကြုံတွေ့သည့် အချိန်တွင် သူမဆုတောင်းပြီး သူ၏ ဝိညာဉ်အသက်တာမှာ အမှန်တကယ် လုံလောက်မှုမရှိဟု ခံစားခဲ့ရသည်၊ သို့သော် ဘုရားသခင်နှင့်အတူ သူမ ပူးပေါင်း လုပ်ဆောင်လိုခဲ့သည်။ မည်သည့်အရာကို ဘုရားသခင် လုပ်ဆောင်ခဲ့ပါစေ၊ ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းဖို့နှင့် ဘုရားသခင်၏ အစီအစဉ်များ အားလုံးကို နာခံဖို့ သူမ လိုလားလျက်ရှိခဲ့သည်။ သူမအပေါ် အချို့သော ထင်မြင်ချက်များနှင့် မလိုမုန်းထားမှုများ ရှိခဲ့ကြသည့် လူအချို့ရှိခဲ့သော်လည်း၊ သူမသည် မိမိကိုယ်ကိုယ် ဘေးချိတ်ပြီး အခြေအနေကို ဖန်တီးယူလျက် ၎င်းတို့နှင့်အတူ မိတ်သဟာယဖွဲ့ရာတွင် ပါဝင်နိုင်ခဲ့သည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်က သူ၏ပုံမှန်လုပ်ဆောင်ချက်ကို ဆောင်ရွက်သည့်အချိန်တွင် လူတို့အခြေအနေများသည် ဤကဲ့သို့ ဖြစ်သည်။ အချိန်ကာလတစ်ခု ပြီးသည့်နောက်၊ ဘုရားသခင်၏အမှုသည် စတင်ပြောင်းလဲခဲ့ပြီး၊ လူတို့သည် ၎င်းတို့အတွက် ဘုရားသခင်၏ မတူညီသော သတ်မှတ်ချက်များ ပါရှိသည့် အမှု၏ နောက်အဆင့်ထဲသို့ အားလုံး ဝင်ရောက်ခဲ့ကြသည်။ ထို့ကြောင့် လူတို့နှင့်ဆိုင်သည့် အသစ်သော သတ်မှတ်ချက်များ ပြုလုပ်သည့် နှုတ်ကပတ်တော်အသစ်များ ရှိခဲ့ပေသည်- “...ငါသည် သင်တို့အတွက် အမုန်းတရားသာ ရှိသည်၊ ကောင်းချီးမင်္ဂလာများ မည်သည့်အခါမျှမရှိခဲ့။ သင်တို့သည် ပုန်ကန်လွန်းကြသည့်အတွက် သင်တို့ကို ကောင်းချီးပေးရန် မည်သည့်အခါကမျှ ငါမစဉ်းစားခဲ့သကဲ့သို့ သင်တို့ကို စုံလင်စေရန်လည်း မည်သည့်အခါကမျှ ငါအကြံအစည် မရှိခဲ့ချေ။ သင်တို့သည် ကောက်ကျစ်ပြီး လိမ်လည် လှည့်ဖြားတတ်သောကြောင့်၊ ထို့အပြင် သင်တို့၌ အစွမ်းအစ မရှိသကဲ့သို့ သင်တို့၏ အဆင့်အတန်း နိမ့်ကျသောကြောင့် သင်တို့သည် ငါ၏ မျက်မှောက်အတွင်း သို့မဟုတ် ငါ၏စိတ်နှလုံးထဲတွင် မည်သည့်အခါမျှ မရှိခဲ့ဖူးပေ။ ငါ၏အမှုသည် သင်တို့ကို စီရင်ချက်ချမှတ်ရန် ရည်ရွယ်ချက် တစ်ခုတည်းဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်၊ ငါ၏လက်သည် မည်သည့်အခါမျှ သင်တို့နှင့် ဝေးရာ၌ မရှိခဲ့ဖူးသကဲ့သို့ ငါ၏ပြစ်တင်ဆုံးမခြင်းသည်လည်း မရှိခဲ့ဖူးပေ။ ငါသည် သင်တို့ကို ဆက်၍ တရားစီရင်ကာ

ကျိန်ဆဲခဲ့လေပြီ။ သင်တို့သည် ငါ့ကို သိနားလည်ခြင်း မရှိသောကြောင့် ငါ၏အမျက်ဒေါသသည် သင်တို့အပေါ်၌ အမြဲရှိနေခြင်းဖြစ်သည်။ ငါသည် သင်တို့ အကြားတွင် အမြဲ အမှုပြုခဲ့သော်လည်း သင်တို့အပေါ် ငါ၏ သဘောထားကို သင်တို့သိသင့်သည်။ ယင်းမှာ စက်ဆုပ်ရွံရှာမှုသာလျှင် ဖြစ်သည်၊ အခြားသော သဘောထား သို့မဟုတ် ထင်မြင်ချက် မရှိပေ။ သင်တို့ကို ငါ၏ ဉာဏ်ပညာနှင့် ငါ၏ ကြီးမြတ်သော တန်ခိုးတို့အတွက် အဖြည့်ခံများအဖြစ် ပြုမူရန်သာ ငါအလိုရှိသည်။ ငါ၏ ဖြောင့်မတ်ခြင်းကို သင်တို့၏ ပုန်ကန်ဆန့်ကျင်ခြင်းမှတစ်ဆင့် ထုတ်ဖော် ပြသခြင်းကြောင့် သင်တို့သည် ငါ၏ အဖြည့်ခံများ ဖြစ်သည်ထက် ဘာမျှမပိုပေ။ ငါသည် သင်တို့ကို ငါ့အမှုအတွက် အစိတ်အပိုင်းများ အဖြစ်၊ ငါ၏ အမှုအတွက် အဖြည့်ခံများအဖြစ် ငါပြုမူစေသည်… “အစိတ်အပိုင်းများ” နှင့် “အဖြည့်ခံများ” စကာလုံးများကို သူတွေ့လျှင်တွေ့ချင်း သူစတင်ကာ စဉ်းစားခဲ့သည်မှာ- “ဤနှုတ်ကပတ်တော်များအရ ငါအဘယ်သို့ လိုက်လျှောက် ရမည်နည်း။ ဤမျှ အဖိုးအခတစ်ခုကို ပေးပြီးဖြစ်လျက်နှင့်၊ ငါသည် အဖြည့်ခံ တစ်ခုသာ ဖြစ်နေသေးသည်။ အဖြည့်ခံတစ်ခု ဆိုသည်မှာ အစေခံသူတစ်ဦးပင် မဟုတ်လော။ ငါတို့သည် အစေခံများ ဖြစ်မည် မဟုတ်၊ ဘုရားသခင်၏ လူများဖြစ်လိမ့်မည်ဟု အတိတ်တွင် ဆိုထားသော်လည်း ယနေ့တွင် ဤနေရာ၌ ငါတို့သည် အစေခံများ ကဏ္ဍတွင် ရှိကြသေးသည် မဟုတ်လော။ အစေခံသူများသည် အသက်ကင်းမဲ့ကြသည် မဟုတ်လော။ ငါသည် ဒုက္ခဆင်းရဲမည်မျှ ကြံ့ကြံ့ခံရစေကာမူ ယင်းအတွက် ဘုရားသခင်သည် ငါ့ကို ချီးကျူးလိမ့်မည် မဟုတ်။ အဖြည့်ခံတစ်ခု ငါဖြစ်ပြီးသည့်အခါ ဇာတ်သိမ်းသွားမည် မဟုတ်လော။…” ထိုအကြောင်းကို သူမ စဉ်းစားလေလေ၊ စိတ်ဓာတ်ကျလေလေ ဖြစ်ခဲ့သည်။ အသင်းတော်သို့ သူမလာပြီး သူမ၏ညီအစ်ကို မောင်နှမများ၏ အခြေအနေများကို တွေ့မြင်ခဲ့သည့်အခါ ပို၍ပင် ဆိုးဆိုးဝါးဝါး ခံစားရခဲ့သည်၊ “သင်တို့သည် အဆင်မပြေ။ ငါသည်လည်း အဆင်မပြေ။ ငါသည် အပျက်သဘော ဆောင်လေပြီ။ ဟာ။ အဘယ်သို့ ပြုရမည်နည်း။ ဘုရားသခင်သည် ငါတို့ကို အလို မရှိသေးပေ။ ဤကဲ့သို့ အမှုမျိုးကို ပြုရာ၌ သူသည် ငါတို့အား အပျက်သဘော မဆောင်စေမည်မှာ မဖြစ်နိုင်။ ငါနှင့်ပတ်သက်၍ မည်သည့်အရာ မှားယွင်းသည်ကို ငါ မသိ။ ငါသည် ဆုပင်မတောင်းချင်။ မည်သို့ပင် ဖြစ်စေ၊ ငါသည် ယခု အဆင်မပြေသကဲ့သို့ ငါ၏ အတွင်းစိတ်ဓာတ်ခွန်အားကို အမှန်တကယ် မလှုံ့ဆော်နိုင်ပေ။ ငါ အကြိမ်များစွာ ဆုတောင်းပြီးသော်လည်း ငါမတတ်နိုင်သေး သကဲ့သို့၊ ရှေ့ဆက်ရန် ငါ မလိုလားဘဲရှိနေသည်။ ဤသည်မှာ ငါမြင်သည့်ပုံ ဖြစ်သည်။ ငါတို့သည် အဖြည့်ခံများ ဖြစ်ကြသည်ဟု ဘုရားသခင်က ဆိုသည်၊ ထို့ကြောင့် အဖြည့်ခံများ ဆိုသည်မှာ အစေခံသူများဖြစ်သည် မဟုတ်လော။

ဘုရားသခင်က ငါတို့သည် အဖြည့်ခံများ ဖြစ်သည်၊ သူ၏သားများ မဟုတ်သကဲ့သို့ သူ၏ လူများလည်း မဟုတ်ဟု ဆိုသည်။ ငါတို့သည် သူ၏ သားများ မဟုတ်ကြပေ၊ သူ၏ သားဦးများ သာ၍ပင် မဟုတ်ပေ။ ငါတို့သည် မည်သည့် အရာမျှ မဟုတ်ဘဲ အဖြည့်ခံများသာ ဖြစ်ကြသည်။ ယင်းမှာ ငါတို့ ဖြစ်သည့်အရာဖြစ်ပါက၊ ငါတို့၌ ကောင်းသောရလဒ်တစ်ခု ရှိနိုင်မည်လော။ အဖြည့်ခံများ၌ အသက်မရှိကြသောကြောင့် ၎င်းတို့၌ မျှော်လင့်ချက်မရှိပေ။ အကယ်၍ ငါတို့သည် သူ၏သားများ၊ သူ၏ လူများဖြစ်ခဲ့ပါက ထိုအရာ၌ မျှော်လင့်စရာအကြောင်း ရှိမည်- ငါတို့သည် စုံလင်စေခြင်းခံရနိုင်မည် ဖြစ်သည်။ အဖြည့်ခံများသည် ဘုရားသခင်၏ အသက်ကို သယ်ဆောင်နိုင်သလော။ ဘုရားသခင်သည် သူ့အတွက် အစေခံသော သူတို့၏ အတွင်း၌ အသက်ကို ထည့်ပေးနိုင်သလော။ သူချစ်သော သူများမှာ သူ၏အသက် ရှိသောသူများ ဖြစ်ကြပြီး သူ၏အသက် ရှိသောသူများသာလျှင် သူ၏သားများ၊ သူ၏လူများ ဖြစ်ကြသည်။ ငါသည် အပျက်သဘောဆောင်ပြီး အားနည်းသော်လည်း သင်တို့ အားလုံးသည် အပျက်သဘော မဆောင်မည့်အကြောင်း ငါ မျှော်လင့်သည်။ ဤကဲ့သို့ ဆုတ်ယုတ်ခြင်းနှင့် အပျက်သဘော ဆောင်ခြင်းမှာ ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းနိုင်ကြောင်းကို ငါ သိသော်လည်း ငါသည် အဖြည့်ခံတစ်ခုဖြစ်ရန် မလိုလားပေ။ အဖြည့်ခံတစ်ခု ဖြစ်မည်ကို ကျွန်ုပ်စိုးရိမ်သည်။ မည်သို့ပင်ဖြစ်စေ ငါ၌ အားအင် ဤမျှသာ ရှိပြီး ငါ ယခု ရှေ့ဆက် မသွားနိုင်။ သင်တို့ တစ်ယောက်မျှ ငါလုပ်ဆောင်ခဲ့သည့်အတိုင်း လုပ်ဆောင်လိမ့်မည် မဟုတ်ဘဲ ငါ့ထံမှ လှူ့ဆော်မှု ပမာဏအချို့ကို သင်တို့ ရရှိနိုင်လိမ့်မည်ဟု ငါ မျှော်လင့်၏။ ငါ သွားသေလိုက်သင့်သည်ဟု ငါ ခံစားရသည်။ ငါ မသေမီ သင်တို့အတွက် နောက်ဆုံး နှုတ်ကပတ်တော်အချို့ကို သင်တို့နှင့်အတူ ငါ ချန်ထားခဲ့မည်- သင်တို့သည် အဆုံးတိုင်အောင် အဖြည့်ခံများအဖြစ် ပြုမူနိုင်ကြမည်ဟု ငါ မျှော်လင့်သည်၊ နောက်ဆုံးတွင် ဘုရားသခင်သည် အဖြည့်ခံများကို ချီးကျူးကောင်း ချီးကျူးနိုင်၏...” ညီအစ်ကို မောင်နှမများ ဤအရာကို မြင်သည့်အခါ၊ “သူ အဘယ်ကြောင့် အလွန် အပျက်သဘောဆောင်ရသနည်း။ ယခင် ရက် အနည်းငယ်က သူ လုံးဝအကောင်း မဟုတ်ခဲ့သလော။ သူအဘယ်ကြောင့် ရုတ်တရက် အားလုံးဝကုန်သွားသနည်း။ သူအဘယ်ကြောင့် ပုံမှန်မဟုတ်သနည်း” ဟူ၍ ၎င်းတို့ စဉ်စားခဲ့ကြသည်။ သူမက ဤသို့ပြောသည်၊ “ငါ့ကို ပုံမှန် မဟုတ်ဟု မဆိုကြနှင့်။ အမှန်မှာ ငါ၏ စိတ်နှလုံးထဲတွင် အရာခပ်သိမ်းမှာ ရှင်းလင်းလျက်ရှိသည်။ ငါသည် ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းရသေးခဲ့ကြောင်းကို ငါသိသည်၊ သို့သော် ၎င်းမှာ ငါသည် သူ၏အဖြည့်ခံအဖြစ် ဆောင်ရွက်ရန် အလို မရှိသည့်အတွက်ကြောင့် ဖြစ်သည် မဟုတ်လော။ ဆိုးဝါးသည့် မည်သည့်အရာကိုမျှ ငါ မပြုရသေးပေ။ ဘုရားသခင်သည် တစ်နေ့တွင်

'အဖြည့်ခံများ' ဟူသော နာမည်ဂုဏ်ပုဒ်အား 'အဖန်ဆင်းခံများ'အဖြစ် ပြောင်းလိမ့်မည်ဖြစ်ပြီး၊ ထိုမျှသာမက အရေးပါသော နည်းလမ်းများဖြင့် သူ၏ အသုံးပြုခြင်းကို ခံရသော သူ၏ ဖန်ဆင်းခံများအဖြစ် ပြောင်းလဲပေလိမ့်မည်။ ဤအရာ၌ မျှော်လင့်ချက် အချို့မရှိသလော။ သင်တို့သည် အပျက်သဘော မဆောင်မည့်အကြောင်း သို့မဟုတ် စိတ်ဓာတ်မကျမည့် အကြောင်းနှင့် ဘုရားသခင်နောက်သို့ ဆက်၍လိုက်နိုင်ကာ အဖြည့်ခံများအဖြစ် အကောင်းဆုံး အသုံးတော်ခံနိုင်လိမ့်မည်ဟု ငါမျှော်လင့်သည်။ မည်သို့ပင်ဖြစ်စေ၊ ငါသည် ရှေ့ဆက်၍ မရနိုင်ပေ။ ငါ၏အပြုအမူများအား သင်တို့ကို မထိန်းချုပ် စေနှင့်။" အခြားလူတို့က ယင်းကို ကြားခဲ့ပြီး ၎င်းတို့က၊ "ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဘယ်သောအခါမျှ မမျှမတ မဆက်ဆံသည့်အတွက် သူ့နောက်လိုက်ခြင်းကို သင် ရပ်လိုက်လျှင်ပင် ကျွန်ုပ်တို့ ဆက်လိုက်ကြပါမည်။ သင် အပျက်သဘောဆောင်ခြင်းကြောင့် ငါတို့ထိန်းချုပ်ခံရလိမ့်မည် မဟုတ်" ဟု ဆိုခဲ့ကြသည်။

ဤအတွေ့အကြုံကို အချိန်ကာလ တစ်ခုအထိ ဖြတ်သန်းပြီးနောက်တွင်၊ သူမသည် အဖြည့်ခံတစ်ခု ဖြစ်ခြင်းနှင့်ပတ်သက်၍ အပျက်သဘောဆောင်နေဆဲ ဖြစ်သောကြောင့် သူ့ကို၊ "ငါ၏အမှုအကြောင်း သင်နားလည်ခြင်း မရှိ။ ငါ့ နှုတ်ကပတ်တော်များ၏ အတွင်းပိုင်းသမ္မာတရား၊ အနှစ်သာရ သို့မဟုတ် ရည်ရွယ်ထားသော အကျိုးရလဒ်များ အကြောင်း သင်နားလည်ခြင်း မရှိ။ ငါ့အမှု၏ ရည်မှန်းချက် ပန်းတိုင်များအကြောင်း သင် မသိသကဲ့သို့ ယင်း၏ ဉာဏ်ပညာ အကြောင်းကိုလည်း သင်မသိ။ ငါ၏အလိုတော်ကို သင် သဘောပေါက် နားလည်ခြင်း မရှိ။ အဖြည့်ခံတစ်ခ ုဖြစ်သည့်အတွက်ကြောင့် နောက်ပြန်ဆုတ်ရန်သာ သင်သိသည်၊ သင်သည် အဆင့်အတန်းဖြင့် အလွန်များလှစွာ အချိန်ကုန်လွန် စေ၏။ သင် မိုက်မဲလေစွတကား။ အတိတ်က သင့်ကို ငါ အလွန်မြောက်မြားစွာ ပြောခဲ့ပြီးဖြစ်၏။ သင့်ကို စုံလင်စေမည်ဟု ငါပြောပြီးဖြစ်သည်။ သင်မေ့သွားပြီလော။ အဖြည့်ခံများ အကြောင်းကို မပြောမီ စုံလင်စေခြင်း အကြောင်းကို ငါပြောခဲ့သည် မဟုတ်လော" ဟု ငါပြောခဲ့သည်။ "ခဏစောင့်ပါ၊ ကျွန်ုပ်စဉ်းစားဦးမည်။ ဟုတ်ပါသည်။ အဖြည့်ခံများအကြောင်းကို မပြောမီ ထိုအကြောင်းကို သင်အမှန်တကယ် ပြောခဲ့ပါသည်" "စုံလင်စေခြင်းအကြောင်းကို ငါပြောခဲ့သည့်အခါ လူတို့သည် သိမ်းပိုက်ခြင်းကို ခံရပြီးသည့်နောက်မှသာ စုံလင်စေခြင်း ခံရလိမ့်မည်ဟု ငါမပြောခဲ့သလော။" "ပြောခဲ့သည်။" "ငါ၏နှုတ်ကပတ်တော်များမှာ စစ်မှန်မှု မရှိခဲ့သလော။ သဘောရိုးဖြင့် ၎င်းတို့ကို ပြောခဲ့သည် မဟုတ်လော။" "ဟုတ်ပါသည်။ ကိုယ်တော်သည် မရိုးဖြောင့်သောအရာ တစ်စုံတစ်ခုကို မည်သည့်အခါကမျှ မပြောခဲ့သော ဘုရားသခင်တစ်ပါးဖြစ်ပါသည်- ဤအရာကို မည်သူမျှ

မငြင်းဝံ့ပါ။ သို့သော်လည်း အလွန်များလှသော နည်းလမ်း အမျိုးမျိုးဖြင့် ကိုယ်တော် ပြောပါသည်။" "ငါ၏ စကားပြောသည့် ပုံစံများသည် အမှု၏ အဆင့်များအလိုက် ပြောင်းလဲသည် မဟုတ်လော။ ငါပြောသည့်အရာများသည် သင်၏လိုအပ်ချက်များအပေါ် အခြေခံ၍ လုပ်ဆောင်ကာ ပြောဆိုခဲ့သည် မဟုတ်သလော။" "ကိုယ်တော်သည် လူတို့၏ လိုအပ်ချက်များနှင့်အညီ အမှုပြုပြီး ၎င်းတို့ လိုအပ်သော အရာတို့ကို ကိုယ်တော် ထောက်ပံ့ပေးပါသည်။ ဤအချက်မှာ မမှားပါ။" "ထိုသို့ဆိုလျှင်သင့်အား ငါပြောခဲ့သည့်အရာများမှာ သင့်အတွက် အကျိုးမရှိခဲ့သလော။ ငါ၏ပြစ်တင်ဆုံးမမှုများသည် သင့်အကျိုးအတွက် ဆောင်ရွက်ခဲ့သည် မဟုတ်သလော။" "၎င်းမှာ ကျွန်ုပ်၏အကျိုးအတွက်ဟု အဘယ်ကြောင့် ကိုယ်တော် ပြောနိုင်ရသေးသနည်း။ ကိုယ်တော်သည် အကျွန်ုပ်ကို သေလုမျောပါးဖြစ်သည်အထိ ပြစ်တင်ဆုံးမခဲ့၏- ကျွန်ုပ် နောက်ထပ် အသက်မရှင်လိုတော့ပေ။ ယနေ့ ကိုယ်တော် ဤအရာကို ပြောပြီး နံနက်ဖြန် ထိုအရာကို ပြော၏။ ကျွန်ုပ်ကို စုံလင်အောင် ကိုယ်တော်ပြုခြင်းမှာ ကျွန်ုပ်၏အကျိုးအတွက် ဖြစ်ကြောင်း ကျွန်ုပ်သိသော်လည်း ကိုယ်တော်သည် ကျွန်ုပ်ကို စုံလင်အောင်မပြုလေပြီ၊ ကိုယ်တော်သည် ကျွန်ုပ်ကို အဖြည့်ခံတစ်ခုဖြစ်စေပြီး ကျွန်ုပ်ကို ပြစ်တင်ဆုံးမသေးသည်။ ကျွန်ုပ်ကို ကိုယ်တော် မုန်းသည် မဟုတ်လော။ မည်သူမျှ ကိုယ်တော်၏ နှုတ်ကပတ်တော်များကို မယုံကြည်ဝံ့ကြသကဲ့သို့ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းသည် ကိုယ်တော်၏ စိတ်နှလုံးထဲမှ အမုန်းတရားကို ဖြေရှင်းရန်အတွက်သာ ဖြစ်ပြီး ကျွန်ုပ်ကို ကယ်တင်ဖို့ မဟုတ်သည်ကို ကျွန်ုပ် ယခုမှ ရှင်းရှင်းလင်းလင်း မြင်ခဲ့ရပါပြီ။ ကျွန်ုပ်ကို ကယ်တင်ရန် မဟုတ်။ ယခင်က သမ္မာတရားကို ကျွန်ုပ်ထံမှ ကိုယ်တော် ဖုံးကွယ်ခဲ့သည်၊ ကိုယ်တော်သည် ကျွန်ုပ်ကို စုံလင်စေမည် ဟုလည်းကောင်း ပြစ်တင်ဆုံးမခြင်းမှာ ကျွန်ုပ်အား စုံလင်စေရန် ဖြစ်သည်ဟုလည်းကောင်း ကိုယ်တော်ဆိုခဲ့သည်။ ထို့ကြောင့် ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းကို ကျွန်ုပ် အမြဲတစေ နာခံခဲ့သည်၊ ယနေ့ ကျွန်ုပ်သည် အဖြည့်ခံတစ်ဦး၏ နာမည် ဂုဏ်ပုဒ်ကို ရခဲ့လိမ့်မည်ဟု ကျွန်ုပ် မည်သည့်အခါကမျှ စိတ်ကူးခဲ့ခြင်း မရှိပါ။ ဘုရားသခင်၊ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်ကို အခြားအရာ တစ်ခုခုကဲ့သို့ ပြုမူစေခဲ့မည်ဆိုလျှင် ပို၍ မကောင်းသလော။ အဖြည့်ခံ ဦးထုပ်ကို ကိုယ်တော်သည် ကျွန်ုပ်အား ဆောင်းစေရမည်လော။ နိုင်ငံတော်ထဲတွင် တံခါးစောင့်ဖြစ်ခြင်းကိုပင် ကျွန်ုပ် လက်ခံပါမည်။ ကျွန်ုပ် ဟိုဟိုသည်သည် ပြေးလွှားပြီး မိမိကိုယ်ကိုယ် အသုံးတော်ခံနေပြီး ဖြစ်သော်လည်း၊ နောက်ဆုံးတွင် ကျွန်ုပ်သည် လက်ချည်းဗလာ ဖြစ်၏- ကျွန်ုပ်သည် လုံးဝ ခြေးတစ်ပြားမျှမရှိပါ။ သို့တိုင် ကျွန်ုပ်ကို ကိုယ်တော်၏ အဖြည့်ခံဖြစ်စေမည်ဟု ယခုပင် ကိုယ်တော် ကျွန်ုပ်ကို

ပြောသည်။ အကျွန်ုပ်၏ မျက်နှာကိုပင် ကျွန်ုပ် မည်ကဲ့သို့ ပြနိုင်မည်နည်း။" "မည်သည့် အရာကို သင် ပြောနေခဲ့ပါသနည်း။ အတိတ်တွင် တရားစီရင်ခြင်းအမှု မြောက်မြားစွာကို ငါပြုခဲ့ပြီးဖြစ်ကာ သင်နားမလည်သလော။ သင်သည် မိမိကိုယ်ကိုယ် စစ်မှန်သော သိနားလည်မှု မရှိသလော။ "အဖြည့်ခံ" ဟူသော နာမည်ဂုဏ်ပုဒ်သည်လည်း နှုတ်ကပတ်တော်များ၏ တရားစီရင်ခြင်း မဟုတ်သလော။" အဖြည့်ခံများနှင့် ပတ်သက်၍ ငါ ပြောသမျှသည် နည်းလမ်းတစ်ခု၊ သင့်ကို တရားစီရင်သည့် နည်းလမ်း တစ်ခုလည်း ဖြစ်သည်ဟု သင် ထင်သလော။ ထိုသို့ဆိုသော် သင် မည်ကဲ့သို့ ငါ့နောက်လိုက်မည်နည်း။". "ကိုယ်တော့်နောက် အဘယ်သို့ လိုက်ရမည်ကို ကျွန်ုပ် မစီစဉ်ရသေးပါ။ ပထမဦးစွာ ကျွန်ုပ် သိရှိရပါမည်- ကျွန်ုပ်သည် အဖြည့်ခံ တစ်ခု ဟုတ်သလော၊ မဟုတ်သလော။ အဖြည့်ခံများသည်လည်း စုံလင်စေခြင်း ခံရနိုင်သလော။ 'အဖြည့်ခံ' ဟူသော နာမည်ဂုဏ်ပုဒ်ကို ပြောင်းလဲနိုင်သလော။ အဖြည့်ခံတစ်ခု ဖြစ်ခြင်းမှတစ်ဆင့် ထူးကဲသော သက်သေခံချက်ကို ကျွန်ုပ် သက်သေခံနိုင်ပြီးနောက် စုံလင်စေခြင်းခံရပြီးသောသူ၊ ဘုရားသခင်ကို ချစ်ခြင်း နှင့်ဆိုင်သည့်စံပြတစ်ဦးနှင့် ဘုရားသခင်၏ လူယုံတော်တစ်ဦး ဖြစ်နိုင်သလော။ အကျွန်ုပ်အား စုံလင်ခြင်းခံရနိုင်သလော။ အကျွန်ုပ်အား အမှန်ပြောပြပါ။" "အမှုအရာများသည် အမြဲ ဖြစ်ပေါ်နေကာ၊ အမြဲပြောင်းလဲနေကြောင်းကို သင်မသိသလော။ အဖြည့်ခံတစ်ခုအနေဖြင့် သင်၏ ကဏ္ဍတွင် လောလောဆယ် သင်နာခံရန် လိုလားနေသရွေ့ သင်သည် ပြောင်းလဲနိုင်လိမ့်မည်။ သင်အဖြည့်ခံတစ်ခုဖြစ်သည်၊ မဖြစ်သည်မှာ သင်၏ ကံတရားနှင့် မသက်ဆိုင်ပေ။ အဓိကကျသည့် အချက်မှာ သင်သည် မိမိ၏ အသက်တာ စိတ်သဘောထား၌ ပြောင်းလဲမှုတစ်ခု ရှိသော သူတစ်ဦး ဖြစ်နိုင်၊ မဖြစ်နိုင်ဟူသော အချက်ဖြစ်သည်။" "ကိုယ်တော်သည် ကျွန်ုပ်ကို စုံလင်စေနိုင်ခြင်း ရှိမရှိဆိုသည်ကို ကျွန်ုပ်အား ပြောနိုင်ပါသလော။" "အဆုံးတိုင်အောင် သင်နောက်လိုက်၍ နာခံသရွေ့ သင့်ကို စုံလင်အောင် ငါပြုနိုင်သည်ဟု ငါအာမခံသည်။" "ပြီးလျှင်မည်သည့် ဒုက္ခ ဆင်းရဲမျိုးကို ကျွန်ုပ် တွေ့ကြုံရလိမ့်မည်နည်း။" "ဘေးဒုက္ခ အပြင် နှုတ်ကပတ်တော်များ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း၊ အထူးသဖြင့် နှုတ်ကပတ်တော်များ၏ ပြစ်တင်ဆုံးမခြင်းကို ခံရမည်ဖြစ်သည်၊ ယင်းသည် အဖြည့်ခံတစ်ဦး ဖြစ်ခြင်းနှင့်ဆိုင်သော ပြစ်တင်ဆုံးမခြင်းနှင့် တူညီပေသည်။" "အဖြည့်ခံတစ်ဦးခံရသည့် တူညီသော ပြစ်တင်ဆုံးမခြင်းလော။ ကောင်းပေ၏၊ အကယ်၍ ဘေးဒုက္ခကို ကြုံခြင်းအားဖြင့် ကျွန်ုပ်ကို စုံလင်အောင် ကိုယ်တော် ပြုပေးနိုင်ပါက၊ အကယ်၍ မျှော်လင့်ချက် ရှိပါက ကောင်းပါပြီ။ မျှော်လင့်ချက် အနည်းငယ်မျှပင် ဖြစ်ပါကလည်း အဖြည့်ခံတစ်ဦး ဖြစ်ခြင်းထက် ပို၍ ကောင်းပါသည်။ 'အဖြည့်ခံ' ဟူသော နာမည်ဂုဏ်ပုဒ်မှာ အလွန်ဆိုးရွားသည်ဟု

ထင်ရသည်။ အဖြည့်ခံဖြစ်ရန် ကျွန်ုပ် မလိုလားပါ” “အဖြည့်ခံနှင့်ပတ်သက်၍ မည်သည့် အရာက အလွန်ဆိုးရွားသနည်း။ အဖြည့်ခံများသည် ကိုယ်တိုင်ကိုက လုံး၀ ကောင်းကြသည် မဟုတ်လော။ အဖြည့်ခံများသည် ကောင်းချီးမင်္ဂလာများကို ခံစားရန် မထိုက်တန်ကြသလော။ အကယ်၍ အဖြည့်ခံများသည် ကောင်းချီးမင်္ဂလာများကို ခံစားနိုင်သည်ဟု ငါဆိုပါက သင်သည် ကောင်းချီးမင်္ဂလာများကို ခံစားနိုင်လိမ့်မည် ဖြစ်သည်။ ငါ၏အမှုကြောင့် လူတို့၏ နာမည်ဂုဏ်ပုဒ်များ ပြောင်းလဲသည်မှာ မှန်သည် မဟုတ်လော။ သို့တိုင် နာမည်ဂုဏ်ပုဒ် တစ်ခုမျှသာသည် သင့်အား ဤမျှလောက် စိတ်အနှောင့်အယှက် ဖြစ်စေသလော။ ဤကဲ့သို့သော အဖြည့်ခံမျိုးဖြစ်ခြင်းမှာ အလွန် ဖြစ်ထိုက်သည်။ လိုက်လျှောက်ရန် သင်လိုလားသလော၊ မလိုလားသလော။” “ကောင်းပေ၏၊ ကိုယ်တော်သည် ကျွန်ုပ်ကို စုံလင်စေနိုင်သလော၊ မစုံလင်စေနိုင်သလော။ ကိုယ်တော်၏ ကောင်းချီးမင်္ဂလာများကို ခံစားခွင့် ကျွန်ုပ်အား ကိုယ်တော် ပေးနိုင်သလော။” “သင် အဆုံးတိုင်အောင်လိုက်ရန် လိုလားသလော၊ မလိုလားသလော။ သင့်ကိုယ်သင် ဆက်ကပ်ရန် သင် လိုလားသလော။” “ကျွန်ုပ် သေချာ စဉ်းစားပါရစေ။ အဖြည့်ခံတစ်ဦးသည်လည်း ကိုယ်တော်၏ ကောင်းချီးမင်္ဂလာများကို ခံစားနိုင်ပြီး စုံလင်ခြင်း ခံရနိုင်သည်။ စုံလင်ခြင်းရပြီးနောက် ကျွန်ုပ်သည် ကိုယ်တော်၏ လူယုံတော်ဖြစ်ကာ ကိုယ်တော်၏ အလိုတော်ကို အလုံးစုံ နားလည်မည် ဖြစ်သည်သာမက ကိုယ်တော် ပိုင်ဆိုင်သည့် အရာကို ကျွန်ုပ် ပိုင်ဆိုင်မည် ဖြစ်သည်။ ကိုယ်တော် မွေ့လျော်သည့်အရာကို ကျွန်ုပ် မွေ့လျော်နိုင်ကာ ကိုယ်တော် သိသောအရာကို ကျွန်ုပ်သိနိုင်လိမ့်မည် ဖြစ်သည်။... ဘေးဒုက္ခကိုကြုံကာ စုံလင်စေခြင်းခံရပြီးနောက် ကောင်းချီး မင်္ဂလာများကို ကျွန်ုပ် ခံစားနိုင်လိမ့်မည်။ ဤသို့ဆိုသော် မည်သည့် ကောင်းချီးမင်္ဂလာများကို ကျွန်ုပ် အမှန်တကယ် ခံစားနိုင်လိမ့်မည်နည်း။” “မည်သည့် ကောင်းချီးမင်္ဂလာများကို သင်ခံစားရမည့်အကြောင်းကို မစိုးရိမ်နှင့်။ ငါသင့်ကို ပြောပြလျှင်လည်း ဤအရာများသည် သင်၏ စိတ်ကူးကို ကျော်လွန်ပေသည်။ ကောင်းသော အဖြည့်ခံတစ်ခု ဖြစ်ပြီးသည့်နောက်တွင် သင်သည် သိမ်းပိုက်ခြင်းကို ခံရလိမ့်မည် ဖြစ်ပြီး သင်သည် အောင်မြင်သော အဖြည့်ခံတစ်ခု ဖြစ်လိမ့်မည်။ ဤသည်မှာ သိမ်းပိုက်ခြင်းကို ခံရသောသူတစ်ဦး၏ စံပြနှင့် နမူနာတစ်ခု ဖြစ်သော်လည်း သိမ်းပိုက်ခြင်းကို ခံရပြီးနောက်တွင်သာ သင်သည် စံပြနှင့် နမူနာ အမှန် ဖြစ်နိုင်သည်။” “စံပြနှင့် နမူနာတစ်ခု ဆိုသည်မှာ အဘယ်နည်း။” “၎င်းသည် သိမ်းပိုက်ခြင်း မခံရသေးသောသူများဖြစ်သည့် တစ်ပါးအမျိုးသားများ အားလုံးအတွက် စံပြနှင့် နမူနာတစ်ခုဖြစ်သည်။” “ယင်းသည် လူ မည်မျှပါ၀င်နည်း။” “အလွန် များလှစွာသော လူများ ဖြစ်သည်။ သင်တို့ထဲမှ လူလေးထောင် သို့မဟုတ် ငါးထောင်သာ မဟုတ်၊

တစ်လောကလုံးအနှံ့က ဤနာမကို လက်ခံသောသူများ အားလုံး သိမ်းပိုက်ခြင်း ခံရကြမည် ဖြစ်သည်။" "သို့ဆိုလျှင် ယင်းသည် မြို့ငါးမြို့ သို့မဟုတ် ဆယ်မြို့မျှသာ မဟုတ်။" "ဤအရာအတွက်ယခု ပူပန်ခြင်း မရှိနှင့်၊ ပြီးလျှင် အလွန်အမင်း စိုးရိမ်ခြင်း မရှိနှင့်။ သင်ယခု မည်ကဲ့သို့ ဝင်ရောက်သင့်သည် ကိုသာ အာရုံစိုက်လော့။ သင်စုံလင်စေခြင်း ခံရနိုင်သည်ဟု ငါအာမခံ၏။" "မည်သည့် အတိုင်းအတာအထိနည်း။ ပြီးလျှင် ကျွန်ုပ် မည်သည့် ကောင်းချီးမင်္ဂလာများကို ခံစားနိုင်သနည်း။" "သင်အဘယ်ကြောင့် အလွန်ပူပန်နေသနည်း။ သင်စုံလင်စေခြင်း ခံရနိုင်ကြောင်း ငါအာမခံပြီးဖြစ်သည်၊ ငါသည် ယုံကြည်အားကိုး ရကြောင်းကို သင်မေ့လျော့ပြီလော။" "ကိုယ်တော်သည် ယုံကြည်အားကိုးရသည်မှာ မှန်ပါသည်၊ သို့သော်လည်း ကိုယ်တော် စကားပြောသည့် နည်းလမ်း အချို့တို့မှာ အမြဲ ပြောင်းလဲနေပါသည်။ ကျွန်ုပ် စုံလင်စေခြင်းခံရနိုင်ကြောင်း ကိုယ်တော် အာမခံသည်ဟု ယနေ့ ဆိုသော်လည်း နံနက်ဖြန်တွင် ၎င်းမှာ မသေချာကြောင်း ကိုယ်တော် ဆိုကောင်းဆိုနိုင်သည်။ ထို့အပြင် အချို့သော လူတို့အား' သင်ကဲ့သို့ လူတစ်ဦးသည် စုံလင်ခြင်း မခံရနိုင်ကြောင်း ငါအာမခံသည်' ဟု ကိုယ်တော်ဆိုသည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်များမှာ အဘယ်သို့ ဖြစ်နေသည်ကို ကျွန်ုပ် မသိပါ။ ကျွန်ုပ် ယင်းကို အကယ်ပင် မယုံကြည်ဝံ့ပါ။" "သို့ဆိုသော် သင့်ကိုယ်သင် ဆက်ကပ်နိုင်သလော၊ မဆက်ကပ်နိုင်သလော။" "မည်သည်ကို ဆက်ကပ်ရမည်နည်း။" "သင်၏ အနာဂတ်၊ သင်၏ မျှော်လင့်ချက်များကို ဆက်ကပ်လော့။" "ထိုအရာများကို လက်လွှတ်ဖို့ လွယ်ပါသည်။ အဓိကအရာမှာ 'အဖြည့်ခံ' ဟူသော နာမည်ဂုဏ်ပုဒ် ဖြစ်သည်၊ ထိုအရာကို ကျွန်ုပ် တကယ် မလိုချင်ပါ။ အကယ်၍ ကျွန်ုပ်ထံမှ 'အဖြည့်ခံ' ဟူသော နာမည်ဂုဏ်ပုဒ်ကို ကိုယ်တော် ဖယ်ရှားပေးပါက၊ ကျွန်ုပ် မည်သည့်အရာကိုမဆို လိုလိုလားလား လက်ခံပါမည်၊ မည်သည့် အရာကိုမဆို လုပ်နိုင်ပါလိမ့်မည်။ ၎င်းတို့မှာ မပြောပလောက်သော ကိစ္စများသာ ဖြစ်သည် မဟုတ်လော။ ထိုရွေးချယ်သတ်မှတ်ခြင်းကို ကိုယ်တော် ဖယ်ထုတ် နိုင်ပါမည်လော။" "ထိုအရာမှာ အလွန်လွယ်ကူနေမည် မဟုတ်လော။ အကယ်၍ ငါသည် ထိုနာမည်ဂုဏ်ပုဒ်ကို သင့်အား ပေးနိုင်ပါက ၎င်းကို ငါ ဧကန်မုချ ဖယ်ထုတ်နိုင်ပေသည်။ သို့သော် ယခု အချိန် မကျသေး၊ ဤအမှု၏ အဆင့်နှင့်ဆိုင်သော သင်၏အတွေ့အကြုံကို ဦးစွာပထမ သင်ပြည့်စုံစေရမည်၊ ထို့နောက်မှသာ နာမည်ဂုဏ်ပုဒ် အသစ်တစ်ခုကို သင်ရနိုင်ပေသည်။ လူတစ်ဦးသည် သင်ကဲ့သို့ ဖြစ်လေလေ၊ ၎င်းသည် အဖြည့်ခံတစ်ခုဖြစ်ရန် လိုအပ်လေလေ ဖြစ်သည်။ သင်သည် အဖြည့်ခံတစ်ခု ဖြစ်ရမည်ကို ကြောက်လန့်လေလေ၊ သင့်ကို ယင်းကဲ့သို့ ငါအမည်တပ်လေလေ ဖြစ်သည်။ သင်ကဲ့သို့သော လူတစ်ဦးသည် တင်းကျပ်စွာ ဆုံးမပဲ့ပြင်ပြီး ရိုက်နှက်ဆုံးမခံရမည်

ဖြစ်သည်။ လူတစ်ဦးသည် ပုန်ကန်လေလေ ၎င်းသည် အစေခံတစ်ဦး ဖြစ်လေလေ ဖြစ်ပြီး အဆုံးတွင် ၎င်းတို့သည် မည်သည်ကိုမျှ ရလိမ့်မည် မဟုတ်ပေ။" "ထိုသို့ လုံ့လရှိစွာ ကျွန်ုပ် ကြိုးစားနေသည်ကို ထောက်ဆလျှင်၊ အကျွန်ုပ်သည် 'အဖြည့်ခံ' ဟူသော အမည်ကို အဘယ်ကြောင့် မဖယ်ရှားနိုင်ရပါသနည်း။ ကျွန်ုပ်တို့သည် ဤနှစ်ပေါင်းများစွာ တစ်လျှောက်လုံး ကိုယ်တော်ေ့ နောက်သို့ လိုက်ခဲ့ပြီး ဒုက္ခခံစားခဲ့ရသည်တို့မှာ အနည်းငယ်သော ပမာဏ မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် အမှုအရာများစွာ လုပ်ဆောင်ခဲ့ပါသည်၊ ကျွန်ုပ်တို့သည် လေနှင့် မိုးကို ဖြတ်၍ သွားကြပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ ပျို့ရွယ်မှု ကုန်ဆုံးချိန် နီးလာနေပြီ။ ကျွန်ုပ်တို့သည် အိမ်ထောင်ပြုခြင်း မရှိသကဲ့သို့ မိသားစု အစပြုခြင်း မရှိသေးဘဲ ကျွန်ုပ်တို့ထဲမှ ထိုကဲ့သို့ ပြုခဲ့ကြသူများမှာလည်း ဆက်လက်၍ ထွက်လာကြဆဲ ဖြစ်သည်။ ကျွန်ုပ်သည် အထက်တန်းကျောင်းကို တစ်လျှောက်လုံး ကျောင်းတက်နေခဲ့ပါသည်၊ သို့သော် ကိုယ်တော် ကြွလာ ခဲ့သည်ကို ကျွန်ုပ် ကြားလျှင်ကြားချင်း တက္ကသိုလ်သွားမည့် ကျွန်ုပ်၏ အခွင့်အရေးကို ကျွန်ုပ် စွန့်လွှတ်ခဲ့ပါသည်။ ပြီးလျှင် ကျွန်ုပ်တို့သည် အဖြည့်ခံများ ဖြစ်ကြသည်ဟု ကိုယ်တော် ဆိုပါသည်၊ ကျွန်ုပ်တို့သည် များစွာ ဆုံးရှုံးခဲ့ကြပြီး ဖြစ်သည်။ ဤအရာများ အားလုံးကို ကျွန်ုပ်တို့ လုပ်ဆောင်သော်လည်း ယခု လက်စသတ်တော့ ကျွန်ုပ်တို့မှာ ကိုယ်တော်၏အဖြည့်ခံများသာ ဖြစ်ပေသည်။ ဤအရာက ကျွန်ုပ်၏ အတန်းဖော်ဟောင်းများနှင့် ကျွန်ုပ်နှင့် သက်တူရွယ်သူများကို ကျွန်ုပ်အား မည်ကဲ့သို့ ထင်စေမည်နည်း။ ၎င်းတို့ ကျွန်ုပ်ကို မြင်တွေ့ပြီး ကျွန်ုပ်၏ နေရာနှင့် ရာထူးအဆင့်အတန်းအကြောင်း မေးသည့်အခါ ၎င်းတို့အား ပြောပြရမည်ကို ကျွန်ုပ်မရှက်ဘဲ အဘယ်သို့ နေနိုင်မည်နည်း။ ပထမတွင် ကိုယ်တော်ေ့အပေါ် ကျွန်ုပ်၏ ယုံကြည်ချက်ကြောင့် မည်သည့် အဖိုးအခကိုမဆို ကျွန်ုပ်ပေးခဲ့ပြီး အခြားသူအားလုံးတို့က ကျွန်ုပ်အား မိုက်မဲသူတစ်ဦးအဖြစ် လှောင်ပြောင်ခဲ့ကြသည်။ သို့သော်လည်း ကျွန်ုပ် နောက်လိုက် မြဲလိုက်ခဲ့ပြီး မယုံကြည်ခဲ့သော သူအားလုံးကို ပြသမည့် အချိန်ဖြစ်သည့် ကျွန်ုပ်၏နေ့ရက် ရောက်လာမည့်အချိန်ကို တောင့်တခဲ့ပါသည်။ သို့သော်လည်း ယင်းအစား၊ ကျွန်ုပ်သည် အဖြည့်ခံတစ်ခုဖြစ်ကြောင်း ယနေ့ ကိုယ်တော် ဆိုလေပြီ။ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်အား နာမည်ဂုဏ်ပုဒ်များ အနက် အနိမ့်ဆုံး ကို ပေးခဲ့ပါက၊ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်အား နိုင်ငံတော်သားများထဲမှ တစ်ဦး ဖြစ်ခွင့်ပေးခဲ့ပါက၊ အဆင်ပြေပါလိမ့်မည်။ အကယ်၍ ကျွန်ုပ်သည် ကိုယ်တော်၏ တပည့်တော် သို့မဟုတ် ကိုယ်တော်၏ လူယုံတော် မဖြစ်နိုင်ခဲ့လျှင်လည်း ကိုယ်တော်၏ နောက်လိုက်ဖြစ်ခြင်းမျှဖြင့် အဆင်ပြေပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဤနှစ်ပေါင်းများစွာ တစ်လျှောက်လုံး ကိုယ်တော်ေ့နောက်သို့

လိုက်ကြပြီးဖြစ်သည်၊ ကျွန်ုပ်တို့၏ မိသားစုများကို စွန့်လွှတ်ခဲ့ပြီး ယခုထိတိုင်အောင် တစ်လျှောက်လုံး ဆက်လက် ကြိုးပမ်းရန် အလွန်ခက်ခဲခဲ့ကာ ကျွန်ုပ်တို့တွင် ပြစရာက 'အဖြည့်ခံ' ဟူသော နာမည် ဂုဏ်ပုဒ်သာ ရှိသည်။ ကိုယ်တော််အတွက် ကျွန်ုပ် အရာခပ်သိမ်းကို စွန့်လွှတ်ပြီး ဖြစ်သည်။ လောက၏ ကြွယ်ဝချမ်းသာမှု အားလုံးကို ကျွန်ုပ် စွန့်လွှတ်ပြီး ဖြစ်သည်။ ယခင်က တစ်စုံတစ်ဦးသည် ကျွန်ုပ်အား အလားလာရှိသော အိမ်ထောင်ဖက်တစ်ဦးကို မိတ်ဆက်ပေးခဲ့ပါသည်။ သူသည် အမှန်တကယ် ရုပ်ရည်ချောမောပြီး ကောင်းမွန်စွာ ဝတ်စားသူ ဖြစ်ပါသည်၊ သူသည် ရာထူးမြင့်သော အစိုးရအရာရှိ တစ်ဦး၏သားဖြစ်သည်။ ထိုအချိန်က ကျွန်ုပ်သည် သူ့အား စိတ်ဝင်စားခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်သည် ပေါ်ထွန်းခဲ့ပြီးဖြစ်ကာ သူ၏အမှုကို လုပ်ဆောင်နေသည်ကို လည်းကောင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား နိုင်ငံတော်ထဲသို့ ဦးဆောင်ခေါ်သွားပြီး စုံလင်စေမည်ကို လည်းကောင်း၊ ပြီးလျှင်အရာခပ်သိမ်းကို ထားခဲ့ရာ၌ အချိန်မဖြုန်းဖို့ စိတ်ပိုင်းဖြတ်ချက်ရှိရန် ကိုယ်တော်သည် ကျွန်ုပ်တို့အား တောင်းဆိုသည်ကိုလည်းကောင်း ကျွန်ုပ်ကြားလျှင်ကြားချင်း၊ ယင်းကို ကြားရသည်နှင့် တပြိုင်နက်၊ ကျွန်ုပ်၌ စိတ်ပိုင်းဖြတ်ချက် လုံးဝကင်းမဲ့နေသည်ကို ကျွန်ုပ်မြင်ခဲ့ပါသည်။ ထိုအခါ ကျွန်ုပ် ကိုယ့်ကိုယ်ကိုယ် စိတ်တင်းကာ ထိုအခွင့်အရေးကို ငြင်းပယ်ခဲ့ပါသည်။ ထို့နောက်တွင် သူသည် ကျွန်ုပ်၏ မိသားစုထံ လက်ဆောင်များကို အကြိမ်အနည်းငယ် ပို့ခဲ့သော်လည်း ထိုအရာများကို ကျွန်ုပ် ကြည့်ပင် မကြည့်ခဲ့ပေ။ ထိုအချိန်တွင် ကျွန်ုပ် ဝမ်းနည်းခဲ့သည်ဟု ကိုယ်တော် ထင်ပါသလား။ ယင်းမှာ အလွန်ကောင်းမွန်သောအရာ ဖြစ်ခဲ့ပြီး မည်သည့်အရာမျှ ဖြစ်မလာခဲ့ပါ။ ကျွန်ုပ် စိတ်မကောင်းမဖြစ်ဘဲ အဘယ်သို့ နေနိုင်ခဲ့မည်နည်း။ ယင်းအတွက် ကျွန်ုပ် ညမအိပ်နိုင်လောက်သည့်အထိ ရက်အချို့စိတ်မကောင်း ဖြစ်ခဲ့သော်လည်း အဆုံးတွင် ကျွန်ုပ် ၎င်းကို လက်လွှတ် ခဲ့ပါသေးသည်။ ကျွန်ုပ်ဆုတောင်းသည့် အကြိမ်တိုင်းတွင်' ငါ့အတွက် အရာခပ်သိမ်းကို သင်စွန့်လွှတ်ရန် လိုလားသလော။ ငါ့အတွက် သင့်ကိုယ်သင် အသုံးပြုရန် လိုလားသလော' ဟုပြောခဲ့သည့် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်အား တို့ထိခဲ့ပါသည်။ ကိုယ်တော်၏ ထိုနှုတ်ကပတ်တော်များကို ကျွန်ုပ် စဉ်းစားသည့်အခါတိုင်း ကျွန်ုပ် ငိုကြွေးခဲ့ပါသည်။ ကျွန်ုပ် စိတ်တို့ထိခဲ့ပြီး ဝမ်းနည်းငိုကြွေးခဲ့သည့် အကြိမ်များမှာ ကျွန်ုပ်သိသည်ထက် ပို၍ များခဲ့ပါသည်။ တစ်နှစ်ကြာပြီးနောက် ထိုလူ အိမ်ထောင်ပြု သွားကြောင်းကို ကျွန်ုပ် ကြားခဲ့ရပါသည်။ ကျွန်ုပ် စိတ်မချမ်းမမြေ့ ဖြစ်ခဲ့သည်ကို ပြောရန်ပင် မလိုတော့ပါ၊ သို့သော်လည်း ကိုယ်တော််အတွက် ထိုအရာကို ကျွန်ုပ် လက်လွှတ်ခဲ့ပါသေးသည်။ ကျွန်ုပ်၏ အစားအစာများနှင့် အဝတ်အစားတို့မှာ

မကောင်းကြောင်းကိုပင် မဆိုနိုင်၊ ကျွန်ုပ်သည် ထိုအိမ်ထောင်ရေးကို စွန့်လွှတ်ခဲ့သည်၊ ဤအရာအားလုံးကို ကျွန်ုပ်စွန့်လွှတ်ခဲ့ပါသည်၊ ထို့ကြောင့် ကျွန်ုပ်အား အဖြည့်ခံတစ်ခုအဖြစ် ကိုယ်တော်မပြုမူစေသင့်ပါ။ ကိုယ့်ကိုယ်ကိုယ် ကိုယ်တော်ထံသို့ ကျွန်ုပ်ဆက်ကပ်ရန်အတွက် ကျွန်ုပ်၏ဘဝထဲတွင် အရေးကြီးဆုံးသော အဖြစ်အပျက် ဖြစ်သည့် ကျွန်ုပ်၏ အိမ်ထောင်ရေးကို ကျွန်ုပ်စွန့်လွှတ်ခဲ့ပါသည်။ လူတစ်ဦး၏ ဘဝတစ်ခုလုံးသည် အိမ်ထောင်ဖက်ကောင်း တစ်ဦးကိုရှာဖွေခြင်းနှင့် ပျော်ရွှင်သော မိသားစုတစ်စုကို ရရှိခြင်းထက် မပိုပါ။ အရာအားလုံးထဲမှအကောင်းဆုံးဖြစ်သည့် ဤအရာကို ကျွန်ုပ်လက်လွှတ်ခဲ့ပြီး ယခု ကျွန်ုပ်တွင် ဘာမျှမရှိသကဲ့သို့ကျွန်ုပ်တစ်ကိုယ်တည်းသာ ဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်အား မည်သည့် နေရာသို့သွားစေလိမ့်မည်နည်း။ ကိုယ်တော့်နောက်သို့ စတင်ကာ လိုက်ခဲ့သည့် အချိန်မှစ၍ ကျွန်ုပ်ဒုက္ခဆင်းရဲခံရသည်။ ကျွန်ုပ်၌ ကောင်းမွန်သောဘဝတစ်ခု မရှိခဲ့ဖူးပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏မိသားစုနှင့် ကျွန်ုပ်၏အလုပ်အကိုင်ကိုသာမက ဇာတိပကတိ၏ သာယာမှုအားလုံးကိုလက်လွှတ်ခဲ့ပြီး ကျွန်ုပ်တို့ အားလုံး လုပ်ဆောင်ခဲ့သော ဤစွန့်လွှတ်မှုသည် ကိုယ်တော်၏ကောင်းချီး မင်္ဂလာများကို ခံစားရရန်အတွက် မလုံလောက်သေးသလော။ သို့ဖြစ်၍ယခု ဤ'အဖြည့်ခံ' အရာ ဖြစ်သည်။ ဘုရားသခင်၊ ကိုယ်တော် လွန်လွန်းပါသည်။ ကျွန်ုပ်တို့ကို ကြည့်ပါ၊ဤလောကကြီးထဲတွင် ကျွန်ုပ်တို့ မှီခိုရန် တစ်စုံတစ်ခုမျှ မရှိပါ။ ကျွန်ုပ်တို့ထဲမှ အချို့တို့သည်ကျွန်ုပ်တို့၏ သားသမီးများကို စွန့်လွှတ်ခဲ့ကြသည်၊ အချို့တို့သည် ကျွန်ုပ်တို့၏အလုပ်၊ကျွန်ုပ်တို့၏ ဇနီးခင်ပွန်းသည်များ[က] နှင့် အစရှိသည်တို့ကို စွန့်လွှတ်ခဲ့ကြသည်၊ ကျွန်ုပ်တို့သည်ဇာတိပကတိနှင့်ဆိုင်သော ပျော်ရွှင်မှုအားလုံးကို စွန့်လွှတ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့အတွက်နောက်ထပ် မျှော်လင့်စရာ မည်သည့်အရာ ရှိသနည်း။ လောကကြီးထဲတွင် ကျွန်ုပ်တို့မည်သို့လျှင် ဆက်လက်၍ အသက်ရှင်နိုင်မည်နည်း။ ကျွန်ုပ်တို့ပေးခဲ့သောဤစွန့်လွှတ်မှုများသည် တစ်ပြားမျှပင် မတန်သလော။ ကိုယ်တော် ထိုအရာကို လုံးဝမမြင်နိုင်သလော။ ကျွန်ုပ်တို့၏ အဆင့်အတန်းသည် နိမ့်ကျပြီး ကျွန်ုပ်တို့၏ အစွမ်းအစကင်းမဲ့ပါသည်၊ ယင်းကို ကျွန်ုပ်တို့ လက်ခံပါသည်၊ သို့သော်လည်း ကိုယ်တော် ကျွန်ုပ်တို့အားပြုစေလိုသည့် အရာတို့ကို ကျွန်ုပ်တို့ မည်သည့်အခါက ဂရုမစိုက်ခဲ့ပါသနည်း။ ယခုကိုယ်တော်သည် ကျွန်ုပ်တို့အား အကြင်နာမဲ့စွာ စွန့်ပယ်နေပြီး 'အဖြည့်ခံ' ဂုဏ်ပုဒ်ဖြင့်'ပြန်ဆပ်ပေး' နေသလော။ ယင်းမှာ ကျွန်ုပ်တို့၏ အနစ်နာခံမှုက ကျွန်ုပ်တို့ထံယူဆောင်ခဲ့သမျှလော။ နောက်ဆုံးတွင် ဘုရားသခင်ကို ယုံကြည်ခြင်းဖြင့် ကျွန်ုပ်မည်သည့်အရာတို့ကို ရရှိခဲ့ကြောင်းကို လူအများက မေးကြလျှင် 'အဖြည့်ခံ' ဟူသောစကားလုံး ကို ၎င်းတို့အား အမှန်တကယ် မြင်ခွင့် ကျွန်ုပ်ပေးနိုင်မည်လော။ ကျွန်ုပ်သည်

အဖြည့်ခံ တစ်ခု ဖြစ်ကြောင်း ပြောရန် ကျွန်ုပ်၏ နှုတ်ကို မည်သို့ ဖွင့်နိုင်မည်နည်း။ ကျွန်ုပ်၏ မိဘများအား ကျွန်ုပ် မရှင်းပြနိုင်သကဲ့သို့ ကျွန်ုပ်၏ ယခင်က အလားလာရှိသော အိမ်ထောင်ဖက်ကို မရှင်းပြနိုင်ပါ။ ကျွန်ုပ်သည် အင်မတန်ကြီးသော အဖိုးအခတစ်ခုကို ပေးခဲ့ပြီး ကျွန်ုပ်ပြန်ရသည့် အရာမှာ အဖြည့်ခံတစ်ခု ဖြစ်နေသည်။ အား။ ကျွန်ုပ် အင်မတန် ဝမ်းနည်းမိသည်။" (သူမ၏ ပေါင်များကို ထုကာ စတင်ငိုကြွေးတော့သည်။) "အကယ်၍ ငါသည် သင့်အား အဖြည့်ခံတစ်ခုဟူသော နာမည်ဂုဏ်ပုဒ်ကို မပေးဘဲ ငါ၏ လူများထဲမှ တစ်ဦးဖြစ်စေကာ ဧဝံဂလိသတင်းကို သွား၍ ဖြန့်ဖို့ သင့်အား ညွှန်ကြားပါက၊ အကယ်၍ သင် အလုပ်လုပ်ဖို့အတွက် သင့်အားငါ အဆင့်အတန်းတစ်ခုကို ပေးခဲ့မည်ဆိုပါက ၎င်းကို သင်လုပ်ဆောင်နိုင်မည်လော။ ဤအမှု၏ အဆင့် တစ်ဆင့်ပြီး တစ်ဆင့်မှ မည်သည့်အရာကို သင်အမှန်တကယ် ရရှိပြီနည်း။ သို့သော်လည်း ဤနေရာတွင် သင်သည် သင်၏ အဖြစ်အပျက်ကို အသေးစိတ်ပြန်ပြောလျက် ရှိ၏၊ သင်၌ အရှက်တရား မရှိပါတကား။ သင်သည် အဖိုးအခတစ်ခုကို ပေးခဲ့သော်လည်း တစ်စုံတစ်ရာကိုမျှ မရရှိခဲ့ကြောင်း သင်ဆိုသည်။ လူတစ်ဦးကို ရရန်အတွက် ငါ၏ သတ်မှတ်ချက်များမှာ အဘယ်အရာများ ဖြစ်သည်ကို ငါသင့်အား ပြောရန် ပျက်ကွက်မိခဲ့ခြင်း ဖြစ်နိုင်သလော။ ငါ၏အမှုသည် မည်သူ့အတွက် ဖြစ်သနည်း။ သင် သိသလော။ သင်သည် ဤနေရာတွင် နာကြည်းချက်ဟောင်းများကို ပြန်ဖော်နေသည်။ လူသားတစ်ဦး အဖြစ်ပင် သင် အရေးပါသေးသလော။ သင် ကြုံတွေ့ခဲ့သည့် ဒုက္ခဆင်းရဲ တစ်စုံတစ်ရာသည် သင်၏ ကိုယ်ပိုင် ဆန္ဒအလျောက် လက်ခံခဲ့သည် မဟုတ်လော။ ပြီးလျှင် သင်၏ ဒုက္ခဆင်းရဲသည် ကောင်းချီးမင်္ဂလာများကို ရရန်အတွက် လက်ခံခဲ့ခြင်း မဟုတ်သလော။ ငါ၏သတ်မှတ်ချက်များနှင့် သင်ပြည့်မီပြီလော။ သင်အလိုရှိသမျှမှာ ကောင်းချီးမင်္ဂလာများ ရရန်ဖြစ်သည်။ သင်၌ အရှက်တရား မရှိပါတကား။ ငါ၏ သတ်မှတ်ချက်များသည် မည်သည့်အခါက သင့်အတွက် မဖြစ်မနေ လုပ်ရမည့် အရာများ ဖြစ်ခဲ့သနည်း။ အကယ်၍ သင်သည် ငါ့နောက်သို့ လိုက်လိုပါက အရာအားလုံးတွင် ငါ့ကို သင်နာခံရမည်။ သတ်မှတ်ချက်များကို ညှိနှိုင်းဖို့ မကြိုးစားနှင့်။ အကယ်စင်စစ်၊ ဤလမ်းကြောင်းသည် ဒုက္ခဆင်းရဲခံခြင်း လမ်းကြောင်းတစ်ခု ဖြစ်ကြောင်းကို ကြိုတင်၍ သင့်အား ငါပြောကိုပြောခဲ့သည်။ ယင်းသည် အနည်းငယ်သော မင်္ဂလာရှိပြီး စိတ်ပျက်ဖွယ်ရာ အလားအလာများနှင့် အတိပြီးသော လမ်းကြောင်း ဖြစ်သည်။ သင်မေ့လျော့ သွားပြီလော။ ဤအရာကို ငါအကြိမ်များစွာ ပြောပြီးလေပြီ။ အကယ်၍ သင်ဒုက္ခဆင်းရဲ ခံရန် လိုလားပါက ငါ့နောက်သို့ လိုက်လော့။ အကယ်၍ သင်ဒုက္ခဆင်းရဲ ခံရန် မလိုလားပါက ရပ်လော့။ ငါသည်

သင့်ကို အတင်းအကျပ် မပြု၊ သင်လွတ်လပ်စွာ သွားနိုင် လာနိုင်သည်။ သို့သော်လည်း ဤသည်မှာ ငါ၏အမှုကို လုပ်ဆောင်သည့် ပုံစံဖြစ်ပြီး သင်၏ တစ်ဦးချင်း ပုန်ကန်လိုမှုကြောင့် ငါ၏အမှုတစ်ခုလုံးကို ငါမနှောင့်နှေးစေနိုင်။ သင်သည် နာခံရန် မလိုလားဘဲ ရှိကောင်း ရှိနိုင်သော်လည်း နာခံလိုသည့် အခြားသူများ ရှိ၏။ သင်တို့ အားလုံးသည် ထင်ရာစိုင်းသော သူများ ဖြစ်ကြသည်တကား။ မည်သည့် အရာကိုမျှ မကြောက်။ သင်သည် သတ်မှတ်ချက်များကို ငါနှင့် ညှိနှိုင်းနေသည်- သင်ဆက်၍ အသက်ရှင်လိုသလော၊ မရှင်လိုသလော။ သင်သည် သင့်အတွက်သင် အစီအစဉ်ဆွဲပြီး သင်၏ ကိုယ်ပိုင် ကျော်ကြားမှုနှင့် အကျိုးအတွက် အလုအယက်ကြိုးပမ်းသည်။ ငါ၏အမှု အားလုံးသည် သင်တို့အတွက် မဟုတ်သလော။ သင်မျက်စိကန်းနေသလော။ ငါ လူ့ဇာတိမခံမီတွင် သင်သည် ငါ့ကို မတွေ့မြင်နိုင်ခဲ့၊ ထို့ကြောင့် သင် ပြောဆိုခဲ့သည့် ဤစကားများမှာ ထိုအခါက ခွင့်လွှတ်နိုင်သော စကားများ ဖြစ်သော်လည်း၊ ယခု ငါသည် လူ့ဇာတိခံယူထားပြီး သင်တို့၏အကြားတွင် ငါအမှုပြုနေသည်၊ သို့တိုင် သင် မမြင်နိုင်သေးသလော။ သင် မည်သည့်အရာကို နားမလည် သနည်း။ ဆုံးရှုံးမှုကို သင်ခံစားခဲ့ရကြောင်း သင်ဆိုသည်၊ ထို့ကြောင့် ငါသည် ထင်ရာစိုင်းနေသော လူများဖြစ်ကြသည့် သင်တို့ကို ကယ်တင်ရန် လူ့ဇာတိကို ခံယူခဲ့ကာ အမှုများစွာကို ပြုခဲ့ပြီး၊ ယခုပင်လျှင် သင်သည် ညည်းတွားနေသေးသည်၊ ငါဆုံးရှုံးမှု ခံစားခဲ့ရသည်ဟု သင်ဆိုလိမ့်မည် မဟုတ်လော။ ငါပြုခဲ့သောအရာဟူသမျှမှာ သင်တို့အတွက် မဟုတ်သလော။ ဤနာမည်ဂုဏ်ပုဒ်ကို ငါသည် လူတို့၏ လက်ရှိ ဝိညာဉ် အသက်တာအပေါ် အခြေခံကာ ၎င်းတို့အဖို့ အသုံးပြုခဲ့ခြင်း ဖြစ်သည်။ အကယ်၍ ငါသည် သင့်အား ‘အဖြည့်ခံ’ တစ်ခုဟု ခေါ်လျှင် အဖြည့်ခံတစ်ခုသည် သင်ချက်ချင်း ဖြစ်သွားသည့်အရာ ဖြစ်သည်။ ထိုနည်းတူ၊ အကယ်၍ ငါသည် သင့်အား ‘ဘုရားသခင်၏ လူများထဲမှ တစ်ဦး’ ဟု ခေါ်လျှင် ယင်းသည် သင် ချက်ချင်း ဖြစ်သွားသည့်အရာ ဖြစ်သည်။ ငါခေါ်သည့် အတိုင်း သင် ဖြစ်သည်။ ဤအရာအားလုံးသည် ငါ၏ နှုတ်ခမ်းများမှ အနည်းသော နှုတ်ကပတ်တော်များဖြင့် ရရှိသည် မဟုတ်လော။ ငါ၏ ဤနှုတ်ကပတ်တော် အနည်းငယ်မျှသည် သင့်အတွက် အလွန်ဒေါသထွက်စရာအကြောင်း ဖြစ်သလော။ ထိုသို့ဆိုသော် ကောင်းပြီ၊ ငါ့အား ခွင့်လွှတ်ပါလေ။ အကယ်၍ သင်ယခု နာခံခြင်းမရှိပါက အဆုံးတွင် ကျိန်ဆဲခြင်းကို သင်ခံရလိမ့်မည်၊ ထိုအခါ သင်ပျော်ရွှင်လိမ့်မည်လော။ အသက်လမ်းကို သင် အာရုံမစိုက်ဘဲ သင်၏အဆင့်အတန်းနှင့် နာမည်ဂုဏ်ပုဒ် အပေါ်သာ သင်အာရုံစိုက်သည်၊ သင်၏ အသက်တာမှာ မည်သည့်အရာနှင့် တူသနည်း။ ကြီးသော အဖိုးအခတစ်ခု သင်ပေးခဲ့ရသည်ကို ငါမငြင်းပေ၊ သို့သော်လည်း သင်၏ဝိညာဉ်အသက်တာနှင့်

လက်တွေ့လုပ်ဆောင်မှုကို တစ်ချက် ကြည့်လော့။ ယခုပင်လျှင် သင်သည် သတ်မှတ်ချက်များကို ညှိနှိုင်းဖို့ ကြိုးစားနေသေးသည်။ ဤသည်မှာ သင်၏စိတ်ဆုံးဖြတ်ချက်မှတဆင့် သင်ရရှိပြီး ဖြစ်သော ဝိညာဉ်အသက်တာလော။ သင်၌ ဂုဏ်သိက္ခာ တစ်ခုတစ်လေ ရှိသေးသလော။ သင်၌ အသိစိတ် ရှိသလော။ အမှားတစ်စုံတစ်ခုကို ပြုခဲ့သူမှာ ငါလော။ သင့်အပေါ် ငါ၏သတ်မှတ်ချက်များမှာ မှားယွင်းခဲ့သလော။ ကောင်းပြီ၊ မည်သည့် အရာနည်း။ ငါသည် သင့်ကို ရက်အနည်းငယ် အဖြည့်ခံအဖြစ် ပြုမူစေမည် ဖြစ်သော်လည်း၊ သင်သည် ထိုသို့လုပ်ဆောင်ရန် လိုလားခြင်းမရှိပေ။ ၎င်းမှာ မည်ကဲ့သို့သော စိတ်ဆုံးဖြတ်ချက်မျိုးနည်း။ သင်တို့အားလုံးသည် စိတ်ပျော့ညံ့ကာ၊ သူရဲဘောကြောင်သောသူများ ဖြစ်လေတကား။ ယခု သင်ကဲ့သို့ လူများကို အပြစ်ဒဏ်ပေးခြင်းမှာ လုပ်ရိုးလုပ်စဉ် တစ်ခုပင် ဖြစ်သည်။” ဤအရာကို ငါပြောလိုက်သည်နှင့် စကားတစ်လုံးမှ သူမ မပြောခဲ့ပေ။

ဤကဲ့သို့ အမှုမျိုးကို ယခုကြုံတွေ့ရာတွင် သင်တို့၌ ဘုရားသခင့်အမှု၏အဆင့်များနှင့် လူတို့အား ပြောင်းလဲစေသည့် သူ၏ နည်းလမ်းများအပေါ် နားလည်သဘောပေါက်မှု တစ်စုံတစ်ခု ရှိရမည်။ ဤအရာ ရှိခြင်းသည် ပြောင်းလဲခြင်းတွင် ရလဒ်များရရှိရန် တစ်ခုတည်းသောနည်း ဖြစ်သည်။ သင်တို့ ရှာဖွေရာတွင်၊ တစ်ဦးချင်းစီ၌ များစွာသော အယူအဆများ၊ မျှော်လင့်ချက်များနှင့် အနာဂတ်များ ရှိကြသည်။ လက်ရှိအမှုမှာ ရာထူးအဆင့်အတန်းအပေါ် သင်တို့၏ တပ်မက်မှုနှင့် သင်တို့၏ လွန်ကဲသော အလိုဆန္ဒများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖြစ်သည်။ မျှော်လင့်ချက်များ၊ အဆင့်အတန်းနှင့် အယူအဆများ အားလုံးသည် စာတန်ဆန်သော စိတ်သဘောထား၏ ဂန္ထဝင် ကိုယ်စားပြုချက်များ ဖြစ်သည်။ လူတို့၏ စိတ်နှလုံးများထဲတွင် ဤအရာများ တည်ရှိနေရသည့် အကြောင်းရင်းမှာ စာတန်၏ အဆိပ်အတောက်သည် လူတို့၏ အတွေးအခေါ်များအား အမြဲတစေ ပျက်စီးယိုယွင်းစေနေခြင်းကြောင့်ဖြစ်ပြီး လူတို့သည် စာတန်၏ ဤစုံစမ်းနှောင့်ယှက်မှုများကို အမြဲတစေ မဖယ်ရှား နိုင်ခြင်းကြောင့် ဖြစ်သည်။ ၎င်းတို့သည် အပြစ်တရားကြားတွင် အသက်ရှင်နေကြသော်လည်း၊ ၎င်းအား အပြစ်ဟု မယုံကြည်ကြ သကဲ့သို့၊ ၎င်းတို့သည်၊ “ငါတို့သည် ဘုရားသခင်ကို ယုံကြည်သောကြောင့် သူသည် ငါတို့အပေါ် ကောင်းချီး မင်္ဂလာများကိုပေးပြီး ငါတို့အတွက် အရာခပ်သိမ်းကို သင့်တော်သလို စီစဉ်ပေးရမည်။ ငါတို့သည် ဘုရားသခင်ကို ယုံကြည်သောကြောင့် ငါတို့သည် အခြားသူများထက် သာလွန်ကာ ငါတို့၌ အခြားသူများထက် သာလွန်သော အဆင့်အတန်းနှင့် အနာဂတ်တစ်ခု ရှိရမည်။ ငါတို့သည် ဘုရားသခင်ကို ယုံကြည်သည့်အတွက် သူသည် ငါတို့အား အကန့်အသတ်မရှိသော

ကောင်းချီးမင်္ဂလာများကို ပေးကို ပေးရမည်။ သို့မဟုတ်ပါက ၎င်းကို ဘုရားသခင်အား ယုံကြည်ခြင်းဟု ခေါ်လိမ့်မည် မဟုတ်" ဟူ၍ ယုံကြည် ကြသေးသည်။ လူတို့သည် ၎င်းတို့ အသက်ရှင်ရန်အတွက် အမှီပြုခဲ့သော အတွေးအခေါ်များသည် ၎င်းတို့ သစ္စာဖောက်သော သူများ၊ သူရဲဘောကြောင်သောသူများ နှင့် စက်ဆုပ်ဖွယ် ကောင်းသောသူများ ဖြစ်လာသည်အထိ ၎င်းတို့၏ စိတ်နှလုံးများကို နှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းစေခဲ့သည်။ ၎င်းတို့၌ စိတ်ဓာတ်ခွန်အားနှင့် စိတ်ဆုံးဖြတ်ချက် ကင်းမဲ့ကြသည်သာမက ၎င်းတို့သည် လောဘကြီးလာကြပြီး၊ မောက်မာလာကြကာ၊ တစ်ဇွတ်ထိုး လုပ်လာကြလေသည်။ ၎င်းတို့၌ အတ္တကို ကျော်လွန်သော စိတ်ဆုံးဖြတ်ချက် တစ်ခုတစ်လေ လုံးဝကင်းမဲ့နေပြီး ထိုမျှမက ၎င်းတို့၌ ဤမှောင်မိုက် လွှမ်းမိုးမှုများ၏ ချုပ်ချယ်မှုများကို ဖယ်ရှားရန် သတ္တိ အနည်းငယ်ပင် မရှိကြချေ။ လူတို့၏ အတွေးအခေါ်များ နှင့် အသက်တာများသည် ပုပ်သိုးလွန်းသည်မှာ ဘုရားသခင် အပေါ် ယုံကြည်ခြင်းနှင့် သက်ဆိုင်သော ၎င်းတို့၏ ရှုထောင့်အမြင်များမှာ သည်းမခံနိုင်အောင် အကျည်းတန် နေသေးသည်သာမက ဘုရားသခင်အပေါ် ယုံကြည်ခြင်း အကြောင်း ၎င်းတို့၏ ရှုထောင့်အမြင်များကို လူတို့ ပြောကြသည့်အခါ ၎င်းမှာ တကယ်ပင် နားမခံနိုင်စရာ ဖြစ်သည်။ လူအားလုံးသည် သူရဲဘောကြောင်ကြသည်၊ အစွမ်းအစမရှိ၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ကြသည်သာမက ခိုင်ခံ့ခြင်းလည်း မရှိကြပေ။ ၎င်းတို့သည် အမှောင်စွမ်းအားများကို ရွံရှာခြင်း မရှိကြသကဲ့သို့ အလင်းနှင့် သမ္မာတရားကို ချစ်ခြင်း မရှိကြ၊ ထိုသို့ဖြစ်ရမည့်အစား ၎င်းတို့ကို ထုတ်ပစ်ရန်အတွက် အစွမ်းကုန် လုပ်ဆောင်ကြသည်။ သင်တို့၏ လက်ရှိအတွေးအခေါ်များနှင့် ရှုထောင့်အမြင်များမှာ "ငါသည် ဘုရားသခင်ကို ယုံကြည်သည့် အတွက် ငါ့အား ကောင်းချီးမင်္ဂလာများကိုသာ သွန်းလောင်း ပေးသင့်ပြီး ငါ၏ အဆင့်အတန်းသည် မည်သည့်အခါမျှ ကျဆင်းခြင်း မရှိမည့်အကြောင်းနှင့် ၎င်းသည် မယုံကြည်သူများ၏ အဆင့်အတန်းထက် ပို၍ မြင့်မားသည်မှာ သေချာစေသင့်သည်။" ဟူ၍ ဤကဲ့သို့ပင် ဖြစ်သည် မဟုတ်လော။ သင်တို့သည် ထိုကဲ့သို့ ရှုထောင့်အမြင်မျိုးကို တစ်နှစ် သို့မဟုတ် နှစ်နှစ်သာမဟုတ်ဘဲ နှစ်ပေါင်းများစွာ သင်တို့အထဲ၌ သိုထားကြလေပြီ။ သင်တို့၏ အလဲအလှယ် သဘောတွေးခေါ် ပုံသည် အလွန်အကျွံ တိုးတက်လျက်ရှိသည်။ သင်တို့သည် ယနေ့ ဤအဆင့်သို့ ရောက်ခဲ့ကြသော်လည်း၊ တစ်နေ့ သင်၏ အဆင့်အတန်း ဆုံးရှုံးသွားကာ သင်၏နာမည် ပျက်စီးသွားမည်ကို ကြီးမားစွာပူပင်၍၊ သင်တို့သည် အဆင့်အတန်းကို လက်မလွှတ်သေးဘဲ၊ ၎င်းကို နေ့စဉ် စုံစမ်းမေးမြန်းရန်နှင့် လေ့လာရန် အမြဲတစေ ရုန်းကန်သည်။ လူတို့သည် ၎င်းတို့၏ သက်သောင့်သက်သာ ရှိလိုသောဆန္ဒကို မည်သည့်အခါမျှ ဘေးဖယ်ထားခဲ့ခြင်း မရှိကြပေ။ ထို့ကြောင့် ယနေ့ သင်တို့ကို ထိုသို့ ငါ

တရားစီရင်သည်နှင့်အမျှ၊ အဆုံးတွင် သင်တို့ မည်သည့် အတိုင်းအတာအထိ နားလည်မှု ရှိလိမ့်မည်နည်း။ သင်တို့၏ အဆင့်အတန်း မမြင့်သော်လည်း ဘုရားသခင်၏ မြှင့်တင်ခြင်းကို ခံစားခဲ့ရသည်ဟု သင်တို့ဆိုကြလိမ့်မည်။ သင်တို့သည် နိမ့်ကျစွာ မွေးဖွား လာခဲ့သောကြောင့် သင်တို့၌ အဆင့်အတန်း မရှိပေ၊ သို့သော် ဘုရားသခင်သည် သင့်ကို မြှင့်တင်သောကြောင့် သင် အဆင့်အတန်း ရရှိပေသည်- ယင်းမှာ ဘုရားသခင် သင်တို့အား ပေးသနားသောအရာဖြစ်သည်။ ယနေ့ သင်တို့သည် ဘုရားသခင်၏ လေ့ကျင့်သင်ကြားပေးခြင်း၊ သူ၏ ပြစ်တင်ဆုံးမခြင်းနှင့် သူ၏ တရားစီရင်ခြင်းကို ကိုယ်တိုင်ကိုယ်ကျ လက်ခံရရှိနိုင်သည်။ ဤသည်မှာ သူ၏ မြှင့်တင်ပေးခြင်း သာ၍ပင်ဖြစ်သည်။ သင်တို့သည် သူ၏ သန့်စင်ပေးခြင်းနှင့် လောင်မြိုက်စေခြင်းကို ကိုယ်တိုင်ကိုယ်ကျ လက်ခံရရှိနိုင်သည်။ ဤသည်မှာ ဘုရားသခင်၏ ကြီးမားသော ချစ်ခြင်းမေတ္တာ ဖြစ်သည်။ ခေတ်ကာလများတစ်လျှောက်တွင် သူ၏ သန့်စင်ပေးခြင်းနှင့် လောင်မြိုက်စေခြင်းကို လက်ခံ ရရှိခဲ့သောသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့သကဲ့သို့၊ သူ၏ နှုတ်ကပတ်တော်များအားဖြင့် စုံလင်ခြင်းခံရသည့် လူတစ်ဦးမျှ မရှိခဲ့ပေ။ ဘုရားသခင်သည် ယခု သင်တို့အား မျက်နှာချင်းဆိုင် စကားပြောနေသည်၊ သင်တို့အား သန့်စင်ပေးနေသည်၊ သင်တို့၏ ဆန့်ကျင်ပုန်ကန်လိုသော အတွင်းသဘောကို ထုတ်ဖော်ပြသ နေပေသည်- ဤသည်မှာ သူ၏ မြှင့်တင်ပေးခြင်း အစစ်အမှန်ပင် ဖြစ်သည်။ လူတို့သည် မည်သည့် အရည်အချင်းများ ရှိကြသနည်း။ ၎င်းတို့သည် ဒါဝိဒ်၏မျိုးဆက် သို့မဟုတ် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်ပါစေ အကျဉ်းချုပ်အားဖြင့်၊ လူများသည် ဝါကြွားစရာ အကြောင်းမရှိသော ဖန်ဆင်းခံများ ဖြစ်ကြသည်။ သင်တို့သည် ဘုရားသခင်၏ ဖန်ဆင်းခံများ ဖြစ်ကြသည့်အတွက် သင်တို့သည် ဖန်ဆင်းခံတစ်ဦး၏ တာဝန်ကို ထမ်းရွက်ရမည်။ သင်တို့အပေါ် အခြားသော သတ်မှတ်ချက်များ မရှိပေ။ သင်တို့သည်- "အို ဘုရားသခင်။ ကျွန်ုပ်၌ အဆင့်အတန်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ကျွန်ုပ် ကိုယ့်ကိုယ်ကိုယ် ယခု သဘောပေါက်ပါပြီ။ အကယ်၍ ကျွန်ုပ်၏ အဆင့်အတန်း မြင့်ပါက ၎င်းမှာ ကိုယ်တော်၏ ချီးမြှောက်ခြင်းကြောင့်ဖြစ်ပြီး၊ အဆင့်အတန်း နိမ့်ပါက ကိုယ်တော်၏ စီမံပေးခြင်းကြောင့် ဖြစ်ပါ၏။ အရာခပ်သိမ်းသည် ကိုယ်တော်၏ လက်တော်ထဲ၌ ရှိပါ၏။ ကျွန်ုပ်၌ ရွေးချယ်စရာ မရှိသကဲ့သို့ ညည်းတွားစရာအကြောင်း တစ်စုံတစ်ရာ မရှိပါ။ ကျွန်ုပ်သည် ဤနိုင်ငံနှင့် ဤလူမျိုးအကြားတွင် မွေးဖွားလာမည့် အကြောင်းနှင့် အရာခပ်သိမ်းသည် ကိုယ်တော်၏စီမံမှုအတွင်း ရှိခြင်းကြောင့် ကျွန်ုပ် လုပ်ဆောင်သင့်သမျှမှာ ကိုယ်တော်၏ အုပ်စိုးမှုအောက်တွင် အကြွင်းမဲ့ နာခံဖို့ဖြစ်ကြောင်းကို ကိုယ်တော် စီမံခဲ့ခြင်း ဖြစ်ပါ၏။ ကျွန်ုပ်သည် အဆင့်အတန်းအပေါ် အာရုံမစိုက်ပါ၊ အမှန်မှာတော့ ကျွန်ုပ်သည်

ဖန်ဆင်းခံတစ်ဦးသာ ဖြစ်ပါ၏။ အကယ်၍ ကိုယ်တော်သည် အကျွန်ုပ်အား အဆုံးမဲ့သော တွင်းနက်၊ ကန့်နှင့်ရောသော မီးအိုင်ထဲသို့ ထည့်လျှင်လည်း ကျွန်ုပ်သည် ဘာမျှမဟုတ်ဘဲ ဖန်ဆင်းခံ တစ်ဦးမျှသာ ဖြစ်ပါ၏။ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်ကို အသုံးပြုပါက ကျွန်ုပ်သည် ဖန်ဆင်းခံတစ်ဦး ဖြစ်ပါ၏။ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်ကို စုံလင်စေလျှင်၊ ကျွန်ုပ်သည် ဖန်ဆင်းခံ တစ်ဦးသာ ဖြစ်ပါသေး၏။ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်ကို စုံလင်စေခြင်း မပြုလျှင်လည်း၊ ကျွန်ုပ်သည် ဖန်ဆင်းခံ တစ်ဦးထက် မပိုခြင်းကြောင့် ကျွန်ုပ်သည် ကိုယ်တော့်အား ဆက်၍ ချစ်နေဦးမည် ဖြစ်သည်။ ကျွန်ုပ်သည် ဖန်ဆင်းရှင်သခင်၏ ဖန်ဆင်းခြင်းကိုခံခဲ့ရသော ဘာမျှ မပြောပလောက်သည့် ဖန်ဆင်းခံ တစ်ဦးထက် ဘာမျှမပိုပါ၊ အဖန်ဆင်းခံ လူသားအားလုံးထဲမှ တစ်ဦးသာ ဖြစ်ပါ၏။ ကျွန်ုပ်အား ဖန်ဆင်းခဲ့သူမှာ ကိုယ်တော်ဖြစ်ပြီး ယခု ကိုယ်တော်သည် အကျွန်ုပ်အား ကိုယ်တော်၏ အလိုရှိသည့် အတိုင်း ပြုရန် ကိုယ်တော်၏ လက်တော်ထဲ၌ တစ်ဖန် ထားတော်မူ၏။ အရာခပ်သိမ်းသည် ကိုယ်တော် စီမံပြီးဖြစ်သည့် အရာ ဖြစ်သောကြောင့် ကျွန်ုပ်သည် ကိုယ်တော်၏ တန်ဆာပလာနှင့် ကိုယ်တော်၏ အဖြည့်ခံဖြစ်ရန် လိုလားပါ၏။ မည်သူမျှ ထိုအရာကို မပြောင်းလဲနိုင်ပါ။ ခပ်သိမ်းသော အရာနှင့် အဖြစ်အပျက်မှန်သမျှသည် ကိုယ်တော်၏ လက်တော်ထဲ၌ ရှိကြပါ၏။" ဟု ဆုတောင်းသင့်သည်။ ရာထူးအဆင့်အတန်း အပေါ် သင်အာရုံ မပြုတော့မည့်အချိန် ရောက်လာသည့်အခါ၊ သင်သည် ထိုအရာမှ လွတ်မြောက်လိမ့်မည် ဖြစ်သည်။ ထိုအခါမှသာ သင်သည် ယုံကြည်ရဲရင့်စွာ ကြိုးစားနိုင်လိမ့်မည် ဖြစ်ပြီး၊ ထိုအခါမှသာ သင်၏ စိတ်နှလုံးသည် မည်သည့် ချုပ်နှောင်မှုမဆိုထံမှ လွတ်မြောက်လာနိုင်ပေမည်။ လူတို့သည် ဤအရာများမှ ကယ်ထုတ်ခြင်းကို ခံရသည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့၌ စိုးရိမ်ပူပန်စရာများ ရှိတော့မည် မဟုတ်ပေ။ သင်တို့ အများစု၌ ယခု ရှိနေသော စိုးရိမ်ပူပန်စရာများမှာ အဘယ်နည်း။ သင်တို့သည် အဆင့်အတန်း၏ ကန့်သတ်ခြင်းကို အမြဲ ခံနေကြရပြီး သင်တို့၏ ကိုယ်ပိုင် တက်လမ်းများကိုသာ ပူပန်နေကြသည်။ သင်တို့သည် ဘုရားသခင်၏ မိန့်မြွက်ချက် စာမျက်နှာများကို စဉ်ဆက်မပြတ် လှန်လှောနေကြသည်၊ လူသားမျိုးနွယ်၏ ခရီးပန်းတိုင်နှင့် သက်ဆိုင်၍ ပြောဆိုမှုများကို ဖတ်ရှုရန် ဆန္ဒရှိနေကြပြီး၊ သင်တို့၏ တက်လမ်းများက မည်သည့်အရာများဖြစ်သည်ဆိုသည်နှင့် သင်တို့၏ ခရီးပန်းတိုင်က မည်သည့်အရာဖြစ်သည်ဆိုသည်တို့ကို သိချင် နေကြသည်။ "ငါသည် တက်လမ်းတစ်ခုတစ်လေ အမှန် ရှိသလော။ ဘုရားသခင်က ထိုတက်လမ်းများကို ဖယ်ရှားလိုက် ပြီလော။ ငါသည် အဖြည့်ခံတစ်ဦး ဖြစ်သည်ဟုသာ ဘုရားသခင် ပြော၏။

သို့ဆိုလျှင် ငါ၏ တက်လမ်းများမှာ အဘယ်နည်း” ဟု သင်တို့ သိချင်ကြသည်။ သင်တို့၏ တက်လမ်းများနှင့် ကံကြမ္မာကို ဘေးဖယ်ထားဖို့ သင်တို့အတွက် ခက်ပေသည်။ ယခုတွင် သင်တို့သည် နောက်လိုက်များ ဖြစ်ကြပြီး အမှု၏ ဤအဆင့်ကို သိနားလည်မှုအချို့ ရရှိကြပြီးဖြစ်သည်။ သို့သော်၊ အဆင့်အတန်းအတွက် သင်တို့၏ တပ်မက်မှုကို သင်တို့ ဘေးမဖယ်ထားကြသေး။ သင်တို့၏ အဆင့်အတန်း မြင့်မားသည့်အခါ သင်တို့ ကောင်းစွာ ကြိုးစားကြသော်လည်း၊ သင်တို့၏ အဆင့်အတန်း နိမ့်သည့်အခါ သင်တို့ မကြိုးစား ကြတော့ပေ။ အဆင့်အတန်းနှင့်ဆိုင်သော ကောင်းချီး မင်္ဂလာများမှာ သင်တို့၏ စိတ်ထဲ၌ အမြဲရှိနေသည်။ လူအများစုသည် အပျက်သဘောဆောင်ခြင်းမှ အဘယ်ကြောင့် မိမိတို့ကိုယ်ကိုယ် မဖယ်ရှားနိုင်ကြပါသနည်း။ အဖြေမှာ စိတ်ပျက်ဖွယ်ရာ တက်လမ်းများကြောင့် အမြဲတစေ ဖြစ်သည် မဟုတ်လော။ ဘုရားသခင်၏ မိန့်မြွက်ချက်များကို ထုတ်ပြန်သည်နှင့်တစ်ပြိုင်နက် သင်တို့သည် သင်တို့၏ အဆင့်အတန်းနှင့် ကိုယ်ပိုင်လက္ခဏာမှာ အကယ်စင်စစ် မည်သည့်အရာ ဖြစ်ကြောင်းကို အလောတကြီး ကြည့်ကြသည်။ သင်တို့သည် အဆင့်အတန်းနှင့် ကိုယ်ပိုင်လက္ခဏာကို ဦးစားပေးကြပြီး၊ ရူပါရုံကို ဒုတိယနေရာသို့ အဆင့်ချသည်။ တတိယနေရာမှာ သင်တို့ ဝင်ရောက်သင့်သည့် အရာတစ်ခု ဖြစ်ပြီး စတုတ္ထနေရာမှာ ဘုရားသခင်၏ လက်ရှိ အလိုတော် ဖြစ်သည်။ သင်တို့အတွက် ဘုရားသခင်ပေးသော နာမည် ဂုဏ်ပုဒ်ဖြစ်သည့် “အဖြည့်ခံများ” မှာ ပြောင်းလဲခြင်း ရှိ မရှိ သင်တို့ ဦးစွာပထမ ကြည့်ကြသည်။ သင်တို့ အဖန်တလဲလဲ ဖတ်ရှုကြပြီး “အဖြည့်ခံ” ဟူသော နာမည်ဂုဏ်ပုဒ်ကို ဖယ်ရှားလိုက်ကြောင်းကို သင်တို့ မြင်သည့်အခါ သင်တို့ ပျော်ရွှင်လာကာ ဘုရားသခင်ကို အားပါးတရ ကျေးဇူးတင်ကြပြီး သူ၏ ကြီးမြတ်သော တန်ခိုးကို ချီးမွမ်းကြသည်။ သို့သော်လည်း သင်တို့သည် အဖြည့်ခံများ ဆက်ဖြစ်နေသေးကြောင်းကို မြင်သည့်အခါ သင်တို့သည် ဝမ်းနည်းလာကြကာ၊ ချက်ချင်းဆိုသလို သင်တို့၏ စိတ်နှလုံးထဲက လှုံ့ဆော်မှုက ပျောက်ကွယ်သွားလေသည်။ ဤနည်းလမ်းဖြင့် သင်ရှာဖွေလေလေ ရိတ်သိမ်းမှု နည်းလေလေ ဖြစ်လိမ့်မည်။ အဆင့်အတန်းအတွက် လူတစ်ဦး၏ အလိုဆန္ဒ ကြီးမားလေလေ၊ ၎င်းတို့အား ပို၍ပြင်းထန်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုလေလေ ဖြစ်ပြီး ၎င်းတို့သည် ကြီးမားသော စစ်ဆေးခြင်းကို ကြုံရလေလေဖြစ်သည်။ ထိုသို့သော လူတို့သည် အသုံးမကျသောသူများ ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဤအရာများကို လုံးလုံးလျားလျား လက်လွှတ်ရန်အလို့ငှာ ၎င်းတို့အား လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းပြီး တရားစီရင်ရမည် ဖြစ်သည်။ အကယ်၍ သင်တို့သည် ဤနည်းဖြင့် အဆုံးတိုင်အောင် လိုက်စားပါက၊ မည်သည့် အရာကိုမျှ ရိတ်သိမ်းရမည်

မဟုတ်ပေ။ အသက်ကို မလိုက်စားသောသူများသည် ပြောင်းလဲခြင်း မခံရနိုင်သကဲ့သို့၊ သမ္မာတရားကို ဆာငတ်ခြင်းမရှိသော သူများသည် သမ္မာတရားကို မရနိုင်ကြပေ။ သင်သည် ကိုယ်တိုင်ကိုယ်ကျ ပြောင်းလဲခြင်းနှင့် ဝင်ရောက်ခြင်းကို လိုက်စားခြင်းအား အာရုံမစိုက်ဘဲ၊ ယင်းအစား လွန်ကဲသော တပ်မက်မှုများနှင့် ဘုရားသခင်အပေါ် သင်၏ချစ်ခြင်းမေတ္တာကို ကန့်သတ်ပြီး သူ့ထံ တိုးဝင်ချဉ်းကပ်ခြင်းကို တားဆီးသော အရာများအပေါ် သင် အမြဲတစေ အာရုံစိုက်၏။ ထိုအရာများသည် သင့်အား ပြောင်းလဲစေနိုင်သလော။ ၎င်းတို့သည် သင့်အား နိုင်ငံတော်ထဲသို့ ခေါ်ဆောင်လာနိုင်သလော။ သင်၏ လိုက်စားခြင်း ရည်ရွယ်ချက်မှာ သမ္မာတရားကို ရှာဖွေရန် မဟုတ်ပါက သင်သည် ဤအခွင့်အရေးကို အသုံးချပြီး လောကထဲသို့ ပြန်သွားပြီး အောင်မြင်အောင် လုပ်သင့်သည်။ ဤပုံစံဖြင့် သင်၏အချိန်ကို ဖြုန်းတီးခြင်းမှာ အမှန်တကယ် မတန်ပေ၊ အဘယ်ကြောင့် သင့်ကိုယ်သင် နှိပ်စက်ရသနည်း။ လှပသော အပြင်လောကကြီးထဲတွင် အမျိုးမျိုးသော အရာတို့ကို သင်မွေ့လျော်ခံစားနိုင်သည်မှာ မမှန်သလော။ ငွေ၊ လှပသော အမျိုးသမီးများ၊ အဆင့်အတန်း၊ ပကာသန၊ မိသားစု၊ သားသမီး၊ စသဖြင့်- လောက၏ ဤထုတ်ကုန်များမှာ သင်မွေ့လျော် ခံစားနိုင်သည့် အကောင်းဆုံးသောအရာများ ဖြစ်သည် မဟုတ်လော။ သင်ပျော်ရွှင်နိုင်မည့် နေရာတစ်ခုကို ရှာဖွေလျက် ဤနေရာတွင် တဝဲလည်လည်လုပ်နေခြင်းမှာ အဘယ် အသုံးဝင်သနည်း။ လူသား၌ ခေါင်းချရာမျှ မရှိ၊ ထို့ကြောင့် သင်၌ သောကကင်းဝေးသော နေရာတစ်ခု အဘယ်သို့ ရှိနိုင်မည်နည်း။ သူသည် သင့်အတွက် သောကကင်းဝေးပြီး လှပသောနေရာ တစ်ခုကို အဘယ်သို့ ဖန်တီးပေးနိုင်မည်နည်း။ ၎င်းမှာ ဖြစ်နိုင်ပါသလော။ ငါ၏တရားစီရင်ခြင်းအပြင် သမ္မာတရားနှင့် ပတ်သက်သည့် သွန်သင်ချက်များကိုသာ ယနေ့ သင်ရရှိနိုင်သည်။ ငါ့ထံမှ နှစ်သိမ့်မှုကို သင်မရနိုင်သကဲ့သို့ နေ့ရောညပါ သင် တောင့်တသည့် ပန်းခင်းလမ်းကို သင်ရနိုင်မည် မဟုတ်ပေ။ သင့်အပေါ်သို့ လောက၏ ကြွယ်ဝချမ်းသာမှုများကို ငါအပ်နှင်းမည်မဟုတ်။ အကယ်၍ သင်စစ်မှန်စွာ လိုက်စားပါက ငါသည် သင့်အား အသက်လမ်းကို အလုံးစုံပေးလိုပြီး သင့်အား ရေထဲသို့ ပြန်လွှတ်ပေးသော ငါးတစ်ကောင်ကဲ့သို့ ဖြစ်စေရန် ငါသည် လိုလားလျက်ရှိသည်။ အကယ်၍ သင်စစ်မှန်စွာ မလိုက်စားပါက အရာခပ်သိမ်းကို ငါပြန်ယူမည်။ သက်သောင့်သက်သာဖြစ်ခြင်းကို လောဘကြီးသောသူများနှင့် ဝက်များနှင့် ခွေးများကဲ့သို့သောသူများကို ငါ နှုတ်မှလာသော နှုတ်ကပတ်တော်များကို ပေးရန် ငါအလိုမရှိပေ။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "ဇနီးမယားများ"။

# သိမ်းပိုက်ခြင်းအမှု ဒုတိယအဆင့်၏ အကျိုးတရားများကို ရရှိပုံ

အစေခံသူတို့၏ အလုပ်သည် သိမ်းပိုက်ခြင်း အမှု၌ ပထမအဆင့် ဖြစ်သည်။ ယနေ့သည် သိမ်းပိုက်ခြင်း အမှုထဲက ဒုတိယအဆင့်ဖြစ်၏။ သိမ်းပိုက်ခြင်း အမှုတွင် အဘယ်ကြောင့် စုံလင်ခံရခြင်းနှင့်သက်ဆိုင်သည့် ဖော်ပြချက် ပါရှိသနည်း။ ယင်းသည် အနာဂတ်အတွက် အခြေခံအုတ်မြစ်တစ်ခု ဖန်တီးဖို့ ဖြစ်သည်။ ယနေ့သည် သိမ်းပိုက်ခြင်းအမှု၏ နောက်ဆုံးအဆင့် ဖြစ်သည်။ လူသားမျိုးနွယ်ကို စုံလင်စေခြင်းအား တရားဝင် စတင်ခြင်းကို သတ်မှတ်မည့် ဘေးဒဏ်ကြီးကို တွေ့ကြုံခြင်း အချိန်သည် ၎င်းနောက် လာလိမ့်မည်။ ယခု အဓိကကိစ္စရပ်မှာ သိမ်းပိုက်ခြင်း ဖြစ်သော်လည်း၊ ယခုသည် စုံလင်စေခြင်း ဖြစ်စဉ်ထဲက ပထမအဆင့်၏ အချိန်လည်း ဖြစ်သည်။ ဤပထမအဆင့်က ဖြစ်ပေါ်စေသည့်အရာမှာ သိမ်းပိုက်ခြင်းအမှု အတွက် အခြေခံအုတ်မြစ်တစ်ခုကို ထုံးစံအတိုင်း ဖန်တီးသည့် လူတို့၏ အသိပညာနှင့် နာခံမှုတို့ကို စုံလင်စေခြင်း ဖြစ်သည်။ သင်သည် စုံလင်ခံရစေဖို့ဖြစ်ပါက၊ အနာဂတ် ဘေးဒဏ်အလယ်တွင် သင်ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရမည်ဖြစ်ပြီး အမှု၏ နောက်အဆင့်ကို ဖြန့်ဝေဖို့ သင် တတ်နိုင်သမျှ အားထုတ်ကြိုးပမ်းရမည်ဖြစ်သည်၊ ယင်းသည် စုံလင်ခံရစေခြင်း၏ ဆိုလိုချက်ဖြစ်ပြီး၊ ထိုသို့သော အချိန်တစ်ခုသည် လူတို့ ဘုရားသခင်၏ ရယူခြင်းကို လုံးလုံးလျားလျား ခံသည့်အချိန်လည်း ဖြစ်သည်။ ယနေ့ ငါတို့သည် စုံလင်ခံရခြင်းအကြောင်း ဆွေးနွေးခြင်းကဲ့သို့ အလားတူဖြစ်သော သိမ်းပိုက်ခံရခြင်းအကြောင်းကို ဆွေးနွေးနေကြခြင်း ဖြစ်သည်။ သို့သော် ယနေ့ လုပ်ဆောင်သည့် အမှုသည် အနာဂတ်၌ စုံလင်ခံရခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ စုံလင်ခံရဖို့ အလို့ငှာ၊ လူတို့အနေဖြင့် အခက်အခဲကို တွေ့ကြုံရမည်ဖြစ်ပြီး ဤအခက်အခဲနှင့်ဆိုင်သော အတွေ့အကြုံသည် သိမ်းပိုက်ခံရခြင်း၌ ယင်း၏ အခြေခံအကြောင်းရင်း ရှိရပေမည်။ လူတို့သည် ယနေ့၏ အခြေခံအုတ်မြစ်မရှိပါက- ၎င်းတို့ လုံးဝ သိမ်းပိုက်ခြင်းမခံရပါက- နောက်အမှု၏ အဆင့်အတွင်း ခိုင်ခိုင်မာမာ ရပ်တည်ဖို့ ၎င်းတို့အတွက် ခက်ပေလိမ့်မည်။ ရိုးရှင်းစွာပြောရလျှင် သိမ်းပိုက်ခံရခြင်းသည် နောက်ဆုံးရည်မှန်းချက် မဟုတ်ပေ။ ယင်းသည် စာတန်နှင့်ရင်ဆိုင်ရာတွင် ဘုရားသခင်အတွက်

သက်သေခံခြင်း အဆင့်တစ်ခုသာ ဖြစ်သည်။ စုံလင်ခံရခြင်းသည် နောက်ဆုံးရည်မှန်းချက်ဖြစ်ပြီး၊ သင်သည် စုံလင်စေခြင်း မခံရပါက၊ သင်သည် အသုံးမဝင်ဟု သဘောထားခံရခြင်းက သာ၍ကောင်းလိမ့်မည်။ အခက်အခဲကို ရင်ဆိုင်ရသည့်အခါမှသာ အနာဂတ်တွင် သင်၏ စစ်မှန်သော ဝိညာဉ်အသက်တာကို မြင်ရလိမ့်မည်။ ဆိုလိုသည်မှာ ထိုအခါတွင်မှ ဘုရားသခင်အတွက် သင်၏ ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော စင်ကြယ်ခြင်း၏ အဆင့်သည် ပေါ်လွင်ပေလိမ့်မည်။ ယနေ့ လူတို့ပြောသည့်အရာသည်- "ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်ပါစေ သူ့ကို ကျွန်ုပ်တို့ နာခံရမည်။ ထို့ကြောင့် ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးနှင့် ဘုရားသခင်၏ စိတ်သဘောထားတို့ကို ထင်ရှားစေနိုင်သည့် အဖြည့်ခံတစ်ဦးဖြစ်ဖို့ ကျွန်ုပ်တို့ လိုလားနေကြပေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကြင်နာသည်ဖြစ်စေ ကျိန်ဆဲသည် ဖြစ်စေ၊ သို့မဟုတ် ကျွန်ုပ်တို့ကို သူ တရားစီရင်သည်ဖြစ်စေ၊ ဘုရားသခင်ကို ကျွန်ုပ်တို့ ကျေးဇူးတင်ရှိဆဲ ဖြစ်သည်" ဟူ၍ ဖြစ်သည်။ ဤအရာကို သင် ပြောသည်ဟူသည့်အချက်က သင်သည် နည်းပါးသည့် အသိပညာ ပမာဏအချို့ ရှိသည်ကိုသာ ပြ၏၊ သို့သော်လည်း လက်တွေ့အရှိတရားတွင် ထိုသို့သော အသိပညာက အသုံးချ၍ရနိုင် မရနိုင်မှာ ဤအသိပညာ စစ်မှန်ခြင်း ရှိမရှိဆိုသည့်အပေါ် မူတည်၏။ ယနေ့တွင် လူတို့သည် ထိုသို့သော ထိုးထွင်းသိမြင်မှုနှင့် အသိပညာရှိသည်မှာ သိမ်းပိုက်ခြင်းအမှု၏ အကျိုးသက်ရောက်မှု ဖြစ်ပေသည်။ သင်သည် စုံလင်ခံရနိုင်ခြင်း ရှိမရှိဆိုသည်ကို အခက်အခဲကို ရင်ဆိုင်ရာတွင်သာ မြင်တွေ့နိုင်ပြီး ထိုအချိန်တွင် သင်သည် ဘုရားသခင်ကို သင်၏ စိတ်နှလုံးမှ ချစ်မချစ် ဆိုသည်ကို မြင်တွေ့ရလိမ့်မည်ဖြစ်သည်။ သင်၏ ချစ်ခြင်းမေတ္တာက ဧကန်အမှန် ဖြူစင်ပါက၊ "ကျွန်ုပ်တို့သည် အဖြည့်ခံများဖြစ်၏၊ ဘုရားသခင်၏ လက်တော်ထဲက အဖန်ဆင်းခံသတ္တဝါများ ဖြစ်ကြ၏" ဟု သင် ဆိုလိမ့်မည်။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများသို့ ဧဝံဂေလိတရား သင် ဖြန့်ဝေသည့်အခါ၊ "ကျွန်ုပ်သည် အစေခံခြင်းအမှုကို ပြုလုပ်နေခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့အတွင်းရှိ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားများကို အသုံးပြုလျက်၊ ဘုရားသခင်သည် သူ၏ ဖြောင့်မတ်သော စိတ်သဘောထားကို ကျွန်ုပ်တို့အား ပြသဖို့ရန် ဤအရာများအားလုံးကို ပြောခဲ့လေပြီ။ ထိုသို့သော အရာများကို သူ မပြောခဲ့ပါက၊ ဘုရားသခင်ကို ကျွန်ုပ်တို့ မြင်နိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ သူ၏ ဉာဏ်ပညာကို နားလည်နိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ အင်မတန်ကြီးမားသော ကယ်တင်ခြင်းနှင့် အင်မတန်ကြီးမားသော ကောင်းချီး မင်္ဂလာများကို ရရှိနိုင်လိမ့်မည် မဟုတ်" ဟု ပြောလိမ့်မည်။ သင်သည် အမှန်ပင် ဤအတွေ့အကြုံဆိုင်ရာ အသိပညာ ရှိပါက၊ ယင်းမှာ လုံလောက်ပေ၏။ သို့သော် ယနေ့ သင်ပြောသည့်အရာ များစွာ၌

အသိပညာ မပါရှိသကဲ့သို့၊ အားလုံးသည် “ကျွန်ုပ်တို့သည် အဖြည့်ခံများ၊ အစေခံသူများ ဖြစ်ကြ၏၊ သိမ်းပိုက်ခံရဖို့ ဘုရားသခင်အတွက် ပြောင်မြောက်သော သက်သေကို ခံဖို့ရန် ကျွန်ုပ်တို့ ဆန္ဒရှိသည်...” ဟူသော အနှစ်မဲ့ ဆောင်ပုဒ်တစ်စုသာ ဖြစ်သည်။ ဟစ်အော်ခြင်းသက်သက်သည် သင်၌ စစ်မှန်မှုရှိသည်ဟု မဆိုလိုသကဲ့သို့၊ ဝိညာဉ်အသက်တာ သင် ပိုင်ဆိုင်သည်ကို သက်သေမပြပေ။ သင့်အနေဖြင့် စစ်မှန်သော အသိပညာ ရှိရမည်ဖြစ်ပြီး သင်၏ အသိပညာသည် အစမ်းသပ်ခံရမည် ဖြစ်သည်။

ဤအချိန်ကာလအတောအတွင်း၊ သင်သည် ဘုရားသခင် ဖော်ပြပြီးဖြစ်သည့် ဤမိန့်မြွက်ချက်များကို ပိုမို ဖတ်ရှုသင့်ပြီး နှိုင်းယှဉ်ခြင်းဖြင့် သင်တို့၏ လုပ်ရပ်များကို ကြည့်လော့။ သင်သည် ကောင်းမွန်ပြီး အမှန်တကယ် အဖြည့်ခံတစ်ဦး ဖြစ်သည်မှာ လုံးဝ အမှန်တရား ဖြစ်သည်။ ယနေ့ သင်၏ အသိပညာ အတိုင်းအတာမှာ အဘယ်နည်း။ သင်၏ စိတ်ကူးများ၊ သင်၏ အတွေးများ၊ သင်၏ အပြုအမူ၊ သင်၏ စကားများနှင့် လုပ်ဆောင်ချက်များ- ဤအမူအရာများအားလုံးသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းတို့အဖို့ အဖြည့်ခံတစ်ခုနှင့် မညီမျှသလော။ သင်တို့၏ အမူအရာများသည် ဘုရားနှုတ်ကပတ်တော်များက ထုတ်ဖော်ပြသည့် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား၏ သရုပ်သကန်များ ဖြစ်သည် မဟုတ်လော။ သင်၏ အတွေးများနှင့် စိတ်ကူးများ၊ သင်၏ ကြံရွယ်ချက်များနှင့် သင့်အထဲတွင် ထုတ်ဖော်ပြခံရသည့် ဖောက်ပြန်ပျက်စီးခြင်းသည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားအပြင်၊ သူ၏ သန့်ရှင်းခြင်း တို့ကို ပြသလေသည်။ ဘုရားသခင်သည်လည်း အညစ်အကြေး နယ်မြေထဲတွင် မွေးဖွားခဲ့ပေသည်၊ သို့တိုင် သူသည် အညစ်အကြေးအားဖြင့် ဖျက်ဆီးခြင်းမခံရဘဲ ရှိနေလေသည်။ သင်ကဲ့သို့ သူသည် သင်နှင့်အလားတူ ညစ်ပတ်ပေရေသော လောကထဲတွင် အသက်ရှင်ခဲ့သော်လည်း သူသည် ဆင်ခြင်တုံတရားနှင့် သိမြင်နားလည်မှုတို့ ပိုင်ဆိုင်ပြီး အညစ်အကြေးကို စက်ဆုပ်ရွံရှာလေသည်။ သင်သည် သင်၏ စကားများနှင့် လုပ်ရပ်များတွင် ညစ်ပတ်ပေရေသောအရာ တစ်ခုတစ်လေမျှပင် သတိပြုမိနိုင်လိမ့်မည် မဟုတ်သော်လည်း ဘုရားသခင်က သတိပြုမိနိုင်ပြီး ၎င်းတို့ကို သင့်အား သူ ထောက်ပြလေသည်။ သင်၏ ဟောင်းနွမ်းသောအရာများဖြစ်သည့် သင်၏ ရည်မွန်ယဉ်ကျေးခြင်း၊ ထိုးထွင်းသိမြင်မှုနှင့် အသိတို့ ကင်းမဲ့မှုနှင့် သင်၏ နောက်သို့ပြန်သွားသော အသက်ရှင်သည့် နည်းလမ်းများသည် ယနေ့ ထုတ်ဖော်ပြခြင်းများအားဖြင့် အလင်းထဲသို့ ရောက်လာပြီးဖြစ်သည်။ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်သော စိတ်သဘောထားတို့ကို ရှုမြင်ကြရသည်မှာ ဘုရားသခင်သည် ထိုသို့အမှုပြုဖို့ရန် ကမ္ဘာမြေသို့ ကြွလာခြင်းအားဖြင့်သာ

ဖြစ်သည်။ သူသည် သင့်ကို သိနားလည်မှုရှိစေရင်း၊ သင့်ကို တရားစီရင်ကာ ပြစ်တင်ဆုံးမလေသည်။ တစ်ခါတစ်ရံတွင်၊ သင်၏ ဘီလူးသရဲစီးသော သဘာဝသည် ထင်ရှားပြီး ကိုယ်တော်က ယင်းကို သင့်အား ထောက်ပြသည်။ သူသည် လူသား၏ အနှစ်သာရကို အကုန်အစင်သိလေသည်။ သူသည် သင်တို့ကြားတွင် အသက်ရှင်သည်၊ သင်စားသကဲ့သို့ အစာကိုစားပြီး ပတ်ဝန်းကျင် တစ်ခုတည်းတွင် အသက်ရှင်သည်- သို့သော် ထိုသို့ဖြစ်လျက်ပင် သူသည် သာ၍သိ၏။ သူသည် သင့်ကို ဖော်ထုတ်နိုင်ပြီး လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးသော အနှစ်သာရကို ရိပ်စားမိနိုင်သည်။ အသက်ရှင်ခြင်းအတွက် လူ၏ ဒဿနများ၊ လူ၏ ကောက်ကျစ်မှုနှင့် လှည့်ဖြားမှုတို့ထက် သူပိုမိုစက်ဆုပ်သောအရာ မရှိချေ။ လူတို့၏ ဇာတိနှင့်ဆိုင်သော ဆက်ဆံရေးများကို အထူးသဖြင့် စက်ဆုပ်လေသည်။ သူသည် အသက်ရှင်ခြင်းအတွက် လူ၏ အတွေးအခေါ်များနှင့် အကျွမ်းတဝင်မရှိနိုင်သော်လည်း လူတို့ ထုတ်ဖော်ပြသည့် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများကို ရှင်းလင်းစွာ မြင်ပြီး ဖော်ထုတ်နိုင်လေသည်။ လူသားကို စကားပြောပြီး အမှုပြုဖို့ရန် ဤအမှုအရာများမှတဆင့် သူ အမှုပြုသည်၊ လူတို့ကို တရားစီရင်ဖို့နှင့် သူ၏ကိုယ်ပိုင် ဖြောင့်မတ်ပြီး သန့်ရှင်းသော စိတ်သဘောထားတို့ကို ထင်ရှားစေဖို့ ဤအမှုအရာများကို သူ အသုံးပြုလေသည်။ ထိုသို့ဖြင့် လူတို့သည် သူ၏ အမှုအဖို့ အဖြည့်ခံများ ဖြစ်လာကြပေသည်။ လူ့ဇာတိခံ ဘုရားသခင်သည်သာ လူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများနှင့် စာတန်၏ အကျည်းတန်သော မျက်နှာများအားလုံးကို ပေါ်လွင်စေနိုင်သည်။ သူသည် သင့်ကို အပြစ်မပေးသကဲ့သို့၊ သူ၏ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းအဖို့ အဖြည့်ခံတစ်ဦးအနေဖြင့် သင့်ကို အသုံးပြုရုံမျှပြုသော်လည်း၊ သင်သည် အလွန်ညစ်ညမ်းသည့်အတွက် အရှက်ရပြီး မိမိကိုယ်ကိုယ် ကွယ်ဝှက်ဖို့ နေရာရှာမတွေ့ပေ။ သူသည် လူသားအထဲ၌ ဖော်ထုတ်ခံရသည့် အရာများကို အသုံးပြုလျက် စကားပြောပြီး ဤအရာများ အလင်းသို့ ဆောင်ယူခြင်း ခံရသည့်အခါမှသာ လူတို့သည် ဘုရားသခင် မည်မျှ သန့်ရှင်းသည်ကို သတိပြုမိလာကြပေသည်။ သူသည် လူတို့အထဲရှိ မစင်ကြယ်မှု အနည်းငယ်မျှကိုပင်၊ ၎င်းတို့ စိတ်နှလုံးများထဲက ညစ်ညူးသော အတွေးများကိုပင် လျစ်လျူမရှုပေ။ လူတို့၏ စကားများနှင့် လုပ်ရပ်များသည် သူ၏ အလိုတော်နှင့် ကွဲလွဲပါက၊ ၎င်းတို့ကို သူ ခွင့်မလွှတ်ပေ။ သူ၏ နှုတ်ကပတ်တော်များ၌၊ လူသားများ သို့မဟုတ် အခြားမည်သည့်အရာမဆို၏ ညစ်ညူးမှုအတွက် နေရာမရှိပေ- ထိုအရာအားလုံး အလင်းသို့ ဆောင်ယူခြင်း ခံရပေမည်။ ထိုအခါတွင်မှ သူသည် အမှန်တကယ်ပင် လူသားနှင့်မတူသည်ကို သင် မြင်ရ၏။ လူတို့အထဲတွင် ညစ်ညူးခြင်း အနည်းငယ်မျှ ရှိပါက၊ ၎င်းတို့ကို သူ လုံးဝ စက်ဆုပ်လေသည်။

လူတို့သည် နားမလည်နိုင်သကဲ့သို့ "ဘုရားသခင်၊ ကိုယ်တော် အဘယ်ကြောင့် အလွန်ဒေါသထွက် ရပါသနည်း။ လူသား၏ အားနည်းချက်များကို အဘယ်ကြောင့် ကိုယ်တော် သတိမထားမိပါသနည်း။ အဘယ်ကြောင့် လူတို့ကို ကိုယ်တော် အနည်းငယ် ခွင့်လွှတ်မပေးနိုင်ရပါသနည်း။ ကိုယ်တော်သည် လူသားအဖို့ အဘယ်ကြောင့် အလွန်မငဲ့ကွက် ရပါသနည်း။ လူတို့ မည်မျှအတိုင်းအတာအထိ ဖောက်ပြန်ပျက်စီးပြီး ဖြစ်သည်ကို ကိုယ်တော် သိသည်ကား ရှင်းလင်းပါ၏၊ သို့ဆိုလျှင် ကိုယ်တော်သည် သူတို့ကို အဘယ်ကြောင့် ဤသို့ ဆက်ဆံသေးသနည်း" ဟု ပြောသည့် အချိန်များပင်လျှင် ရှိလေသည်။ သူသည် အပြစ်ကို စက်ဆုပ်သည်၊ ယင်းကို သူ မနှစ်မြို့သကဲ့သို့ သင့်အထဲတွင် မနာခံမှု တစ်စွန်းတစ်စမျှရှိလျှင် အထူးသဖြင့် သူ မနှစ်မြို့ပေ။ ပုန်ကန်တတ်သော စိတ်သဘောထားကို သင် ထုတ်ဖော်ပြသည့်အခါ၊ ၎င်းကို သူမြင်ပြီး အလွန်အမင်း စက်ဆုပ်သည်- ထူးကဲစွာ စက်ဆုပ်လေသည်။ သူ၏ စိတ်သဘောထားနှင့် ဘုရားသခင်၏ ဖြစ်ခြင်းတို့ ထင်ရှားသည်မှာ ဤအရာများမှတဆင့် ဖြစ်လေသည်။ သင်သည် နှိုင်းယှဉ်ရာတွင် မိမိကိုယ်ကိုယ် နမူနာထားသည့်အခါ၊ သူသည် လူသား၏ အစားအစာကဲ့သို့ စားသော်လည်း၊ တူညီသော အဝတ်အစားများ ဝတ်ဆင်သော်လည်း၊ ၎င်းတို့ မွေ့လျော်သည့်အရာများကို မွေ့လျော်ပြီး ၎င်းတို့နှင့်အတူ အသက်ရှင်ကာ နေထိုင်သော်လည်း၊ သူသည် လူသားနှင့် မတူသည်ကို သင် မြင်လေသည်။ ဤသည်မှာ အဖြည့်ခံတစ်ဦး၏ အနှစ်သာရ မဟုတ်လော။ ဘုရားသခင်၏ တန်ခိုး ပြသသည်မှာ ဤလူသား အမှုအရာများမှတဆင့် ဖြစ်လေသည်။ အလင်း၏ တန်ဖိုးရှိသည့် တည်ရှိခြင်းကို အစပျိုးပေးလိုက်သည်မှာ အမှောင်ဖြစ်ပေသည်။

မှန်ပေ၏၊ ဘုရားသခင်သည် အကြောင်းမဲ့သက်သက် သင့်ကို အဖြည့်ခံတစ်ဦး မဖြစ်စေပေ။ ယင်းထက်၊ ဤအမှုက အသီးအပွင့် သီးသည့်အချိန်တွင်သာ လူ၏ ပုန်ကန်ခြင်းသည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားအဖို့ အဖြည့်ခံတစ်ခုဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာသည် ဖြစ်ပြီး၊ သင်တို့သည် အဖြည့်ခံများ ဖြစ်သောကြောင့်သာ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားနှင့်ဆိုင်၍ သဘာဝဖော်ပြချက်ကို သင်တို့ သိဖို့ အခွင့်ရှိခြင်း ဖြစ်ပေသည်။ သင်တို့၏ ပုန်ကန်မှုကြောင့် သင်တို့သည် တရားစီရင်ခံရပြီး ပြစ်တင်ဆုံးမခံရ၏၊ သို့သော်လည်း၊ သင်တို့ကို အဖြည့်ခံများဖြစ်စေသည်မှာလည်း သင်တို့၏ ပုန်ကန်မှုဖြစ်ပြီး၊ သင်တို့အပေါ် ပေးသနားသည့် ဘုရားသခင်၏ ကြီးမားသည့် ကျေးဇူးတော်ကို သင်တို့ ရရှိသည်မှာ သင်တို့၏ ပုန်ကန်မှုကြောင့် ဖြစ်ပေသည်။ သင်တို့၏ ပုန်ကန်ခြင်းသည် ဘုရားသခင်၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်း နှင့် ဉာဏ်ပညာတို့အဖို့ အဖြည့်ခံတစ်ခု ဖြစ်ပြီး၊ သင်တို့အနေဖြင့် ထိုသို့သော ကြီးမားသည့် ကယ်တင်ခြင်းနှင့် ကောင်းချီး မင်္ဂလာများကို

ရရှိပြီးဖြစ်သည်မှာ သင်တို့၏ ပုန်ကန်မှုကြောင့် ဖြစ်ပေ၏။ သင်တို့သည် ငါ့အားဖြင့် အဖန်ဖန် တရားစီရင်ခံရကြသော်လည်း၊ လူသား ယခင်က လုံးဝ မရဖူးခဲ့သည့် ကြီးမားလှသော ကယ်တင်ခြင်းကို သင်တို့ ရကြလေပြီ။ သင်တို့အတွက် ဤအမှုသည် အဆုံးစွန် အဓိပ္ပါယ်ရှိသော အမှုဖြစ်သည်။ "အဖြည့်ခံ" တစ်ဦး ဖြစ်ခြင်းသည် သင်တို့အတွက် အလွန့်အလွန်လည်း အဖိုးတန်၏။ သင်တို့သည် အဖြည့်ခံ ဖြစ်သောကြောင့် ကယ်တင်ခံရပြီး ကယ်တင်ခြင်း ကျေးဇူးတော်ကို ရရှိကြပြီး ဖြစ်သည်၊ ထို့ကြောင့် ထိုသို့သော အဖြည့်ခံတစ်ဦးသည် အဆုံးစွန် အဖိုးတန်သည် မဟုတ်လော။ အဆုံးစွန် အဓိပ္ပါယ်ရှိသည် မဟုတ်လော။ သင်တို့သည် ဘုရားသခင်ကဲ့သို့ တူညီသော လောကတစ်ခုတည်း၊ ညစ်ပတ်ပေရေသော မြေတစ်ခုတည်းတွင် အသက်ရှင်ကြ သောကြောင့်၊ သင်တို့သည် အဖြည့်ခံဖြစ်ပြီး အကြီးမားဆုံးသော ကယ်တင်ခြင်း ရရှိပေသည်။ ဘုရားသခင်သည် လူ့ဇာတိခံမလာခဲ့ပါက၊ သင်တို့အပေါ် အဘယ်သူသည် သနားကရုဏာရှိလိမ့်မည်နည်း၊ ပြီးလျှင် အဘယ်သူသည် အရေးမပါသည့် လူများဖြစ်သော သင်တို့ကို ကြည့်ရှုစောင့်ရှောက် ခဲ့လိမ့်မည်နည်း။ အဘယ်သူသည် သင်တို့ကို ဂရုစိုက် ခဲ့လိမ့်မည်နည်း။ ဘုရားသခင်သည် သင်တို့အလယ် အမှုပြုဖို့ လူ့ဇာတိမခံခဲ့ပါက၊ သင်တို့ ယခင်ကလူတို့ လုံးဝမရဖူးသည့် ဤကယ်တင်ခြင်းကို မည်သည့်အချိန်တွင် သင်တို့ ရရှိ ခဲ့လိမ့်မည်နည်း။ သင်တို့ကို ဂရုစိုက်ဖို့ရန်၊ သင်တို့၏ အပြစ်များကို တရားစီရင်ဖို့ရန်၊ ငါသည် လူ့ဇာတိမခံလာခဲ့ပါက၊ သင်တို့သည် အချိန်ကြာမြင့်စွာကတည်းက မရဏာနိုင်ငံထဲသို့ ကျဆင်းပြီး ဖြစ်လိမ့်မည် မဟုတ်လော။ ငါသည် လူ့ဇာတိခံပြီး သင်တို့အလယ် မိမိကိုယ်ကိုယ် မနှိမ့်ချခဲ့ပါက၊ သင်တို့သည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားအဖို့ အဖြည့်ခံဖြစ်ဖို့ရန် အဘယ်သို့ အရည်အချင်း ပြည့်မီနိုင်မည်နည်း။ အကြီးမြတ်ဆုံးသော ကယ်တင်ခြင်းကို သင်တို့အား ရရှိစေနိုင်ဖို့ရန် ငါသည် လူသားသဏ္ဌာန် အသွင်ဆောင်ခဲ့ပြီး သင်တို့အလယ် လာခဲ့သောကြောင့်၊ သင်တို့သည် အဖြည့်ခံ ဖြစ်ကြသည် မဟုတ်လော။ ငါသည် လူ့ဇာတိခံခဲ့သောကြောင့် ဤကယ်တင်ခြင်းကို သင်တို့ ရရှိသည် မဟုတ်လော။ ဘုရားသခင်သည် သင်တို့နှင့်အတူ အသက်ရှင်ဖို့ လူ့ဇာတိမခံခဲ့ပါက၊ ခွေးများနှင့် ဝက်များထက် ပိုမိုနိမ့်ကျသော ဘဝတစ်ခုကို လူ့ငရဲတစ်ခုတွင် သင်တို့ အသက်ရှင်နေကြသည်ကို သင်တို့ တွေ့ရှိကြလိမ့်ဦးမည်လော။ သင်တို့သည် ငါ၏ လူ့ဇာတိထဲက အမှုအဖို့ အဖြည့်ခံ ဖြစ်ကြသောကြောင့်၊ သင်တို့သည် တရားစီရင်ခံရကာ ပြစ်တင်ဆုံးမခံခဲ့ကြရသည် မဟုတ်လော။ သင်တို့အတွက် အဖြည့်ခံ၏ အလုပ်ထက် သာ၍ သင့်တော်သောအလုပ် အလုပ်မရှိ၊ အဘယ့်ကြောင့်ဆိုသော် တရားစီရင်ခြင်းအလယ်၌ သင်တို့ ကယ်တင်ခံရသည်မှာ

သင်တို့သည် အဖြည်ခံများ ဖြစ်သောကြောင့် ဖြစ်ပေသည်။ အဖြည့်ခံတစ်ဦးအဖြစ် ပြုမူဖို့ရန် အရည်အချင်းပြည့်မီခြင်းသည် သင်တို့ အသက်တာ၏ အကြီးမားဆုံးသော ကောင်းချီး မင်္ဂလာဖြစ်သည်ဟု သင်တို့ ခံစားကြရသည် မဟုတ်လော။ သင်တို့သည် အဖြည်ခံ၏ အလုပ်ကို လုပ်ရုံမျှလုပ်ကြသော်လည်း သင်တို့ ယခင်က လုံး၀ မရှိခဲ့ဖူး၊ မစိတ်ကူးခဲ့ဖူးသည့် ထိုသို့သော ကယ်တင်ခြင်းကို ရရှိကြပေသည်။ ယနေ့တွင်၊ သင်တို့၏ တာဝန်သည် အဖြည့်ခံဖြစ်ဖို့ ဖြစ်ပြီး၊ သင်တို့၏ ထိုက်သင့်သော ဆုလာဘ်မှာ အနာဂတ်တွင် ထာဝရ ကောင်းချီးမင်္ဂလာများကို မွေ့လျော်ဖို့ဖြစ်သည်။ သင်တို့ရရှိသည့် ကယ်တင်ခြင်းသည် ပေါ်ပင် ထိုးထွင်းသိမြင်မှု သို့မဟုတ် မျက်မှောက်ခေတ်အတွက် တစ်ဒင်္ဂမျှ ဖြစ်သော အသိပညာအပိုင်းအစတစ်ခု မဟုတ်ဘဲ၊ သာ၍ ကြီးမားသော ကောင်းချီးမင်္ဂလာတစ်ခု၊ အသက်၏ ထာဝရ ဆက်လက်ဖြစ်တည်ခြင်း ဖြစ်သည်။ သင်တို့ကို သိမ်းပိုက်ဖို့ရန် "အဖြည့်ခံ" ကို ငါ အသုံးပြုသော်လည်း သင်တို့ကို ရရှိဖို့ရန် ဤကယ်တင်ခြင်းနှင့် ကောင်းချီးမင်္ဂလာကို ပေးခြင်းဖြစ်ကြောင်း သင်တို့ သိသင့်သည်။ ယင်းသည် သိမ်းပိုက်ခြင်းအဖို့အလို့ငှာ ဖြစ်၏၊ သို့သော်လည်း သင့်ကို ငါ သာ၍ကောင်းမွန်စွာ ကယ်တင်နိုင်ဖို့အလို့ငှာ ဖြစ်ပေသည်။ "အဖြည့်ခံ" သည် အမှန်တရားဖြစ်သော်လည်း သင်တို့ အဖြည့်ခံများ ဖြစ်ရသည့် အကြောင်းရင်းမှာ သင်တို့၏ ပုန်ကန်မှုကြောင့်ဖြစ်ပြီး၊ မည်သူမျှ မရရှိဖူးသည့် ကောင်းချီးမင်္ဂလာများကို သင် ရရှိပြီးဖြစ်သည်မှာ ဤအရာကြောင့် ဖြစ်ပေသည်။ ယနေ့တွင် ကြားဖို့နှင့် မြင်ဖို့ သင်တို့ကို ဖန်တီးထားပေသည်။ မနက်ဖြန်တွင် သင်တို့ ရရှိလိမ့်မည်ဖြစ်ပြီး၊ ထို့ထက်ပို၍ သင်တို့သည် ကြီးမားစွာ ကောင်းချီးခံစားရလိမ့်မည်။ ထို့ကြောင့် အဖြည့်ခံများသည် အဆုံးစွန် အဖိုးတန်သည် မဟုတ်လော။ ယနေ့ သိမ်းပိုက်ခြင်း အမှု၏ အကျိုးတရားများသည် အဖြည့်ခံများအဖြစ် ပြုမူနေသည့် သင်တို့၏ ပုန်ကန်တတ်သော စိတ်သဘောထားများမှတဆင့် ရရှိခြင်းဖြစ်သည်။ ယင်းမှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း နှင့်ဆိုင်သော ဒုတိယဖြစ်စဉ်၏ အထွတ်အထိပ်မှာ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ရှုမြင်ဖို့ သင်တို့ကို အခွင့်ပေးရင်း သင်တို့၏ ညစ်ညူးခြင်းနှင့် ပုန်ကန်မှုတို့ကို အဖြည့်ခံအဖြစ် အသုံးပြုဖို့ ဖြစ်သည်။ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့၏ ဒုတိယဖြစ်စဉ်အတွင်းတွင် နောက်ထပ် တစ်ကြိမ် မိမိတို့ကိုယ်ကိုယ် နာခံစေသည့်အခါ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား အလုံးစုံကို သင်တို့အား ပွင့်ပွင့်လင်းလင်း ပြထားလိမ့်မည်။ ဤသည်မှာ သိမ်းပိုက်ခြင်း အမှုကို သင်တို့ လက်ခံခြင်းသည် အဆုံးသတ်သည့်အခါ၊ ဤသည်မှာ အဖြည့်ခံတစ်ဦး၏ တာဝန်ထမ်းဆောင်ခြင်းကို သင်တို့ ပြီးစီးသည့်အချိန်လည်း ဖြစ်သည်။ သင်တို့ကို အမည်များပေးဖို့မှာ ငါ၏ ရည်ရွယ်ချက် မဟုတ်ပေ။ ယင်းထက်၊ ဘုရားသခင်၏

ဖြောင့်မတ်ပြီး ပုန်ကန်ပြစ်မှား၍ မရနိုင်သော စိတ်သဘောထားကို ပြသရင်း၊ သိမ်းပိုက်ခြင်းအမှု၏ ပထမဖြစ်စဉ်ကို ဆောင်ရွက်ရန် အစေခံများအဖြစ် သင်တို့၏ အခန်းကဏ္ဍကို ငါ အသုံးပြုနေခြင်း ဖြစ်၏။ သင်တို့၏ တန်ပြန်ပြောဆိုမှုမှတဆင့်၊ အဖြည့်ခံအဖြစ် လုပ်ဆောင်လျက်ရှိသည့် သင်တို့၏ ပုန်ကန်မှုမှတဆင့်၊ ပထမဖြစ်စဉ်တွင် လုံးလုံးလျားလျား ထုတ်ဖော်မပြခဲ့သည့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို သင်တို့အား ပြည့်ဝစွာ ထုတ်ဖော်ပြရင်းနှင့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား အလုံးစုံ၊ သူ၏ အမှုတော်နှင့်ဆိုင်သော ဉာဏ်ပညာ၊ အံ့ဖွယ်ဖြစ်ခြင်းနှင့် အသစ်ဖြစ်သော သန့်ရှင်းခြင်းတို့ ဖွဲ့စည်းပါဝင်သည့် သူ၏ ဖြစ်ခြင်းအားလုံးကို ပြသရင်း၊ သိမ်းပိုက်ခြင်းအမှုနှင့်ဆိုင်သော ဒုတိယ ဖြစ်စဉ်၏ အကျိုးတရားများကို ရရှိခြင်း ဖြစ်သည်။ ထိုသို့သော အမှု၏ အကျိုးတရားကို မတူကွဲပြားသော ကာလများ၌ သိမ်းပိုက်ခြင်း မှတဆင့်၊ တရားစီရင်ခြင်း၏ မတူကွဲပြားသော အတိုင်းအတာများ မှတဆင့် ရရှိလေသည်။ တရားစီရင်ခြင်းသည် မိမိ၏ အထွတ်အထိပ်ကို ပိုမိုနီးကပ်စွာ ရောက်ရှိလေ၊ လူတို့၏ ပုန်ကန်တတ်သော စိတ်သဘောထားများကို ပိုမိုထုတ်ဖော်ပြလေ ဖြစ်ပြီး၊ သိမ်းပိုက်ခြင်းက ပိုမိုထိရောက်လေ ဖြစ်သည်။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား အလုံးစုံသည် ဤသိမ်းပိုက်ခြင်းအမှုအတွင်းတွင် ပေါ်လွင်လေသည်။ သိမ်းပိုက်ခြင်း အမှုကို အဆင့်နှစ်ခုအဖြစ် ပိုင်းခြားထားပြီး မတူကွဲပြားသော အဆင့်များနှင့် အတိုင်းအတာများရှိသည်၊ ထို့ကြောင့် ရရှိသည့် အကျိုးတရားများမှာလည်း ကွဲပြားသည်မှာ မှန်ပေ၏။ ဤသည်မှာ လူတို့၏ ကျိုးနွံနာခံခြင်း အတိုင်းအတာသည် သာ၍ နက်နဲလာသည်ဟု ဆိုရပေမည်။ ယင်းနောက်တွင်မှ လူတို့သည် စုံလင်ခြင်းဆီသို့ မှန်ကန်သော လမ်းကြောင်းပေါ် အပြည့်အဝ ဆောင်ယူခြင်း ခံရနိုင်ပေသည်။ သိမ်းပိုက်ခြင်းအမှုအားလုံး ပြည့်စုံပြီးသည့်နောက်တွင်သာ (တရားစီရင်ခြင်း၏ ဒုတိယဖြစ်စဉ်က ၎င်း၏ နောက်ဆုံး အကျိုးတရားကို ရရှိပြီးချိန်) လူတို့သည် တရားစီရင်ခြင်း မခံရတော့ဘဲ အသက်ကို တွေ့ကြုံခြင်း၏ မှန်ကန်သော လမ်းကြောင်းထဲသို့ ဝင်ရောက်ခွင့်ပြုခြင်း ခံရလေသည်။ အဘယ်ကြောင့်ဆိုတော် တရားစီရင်ခြင်းသည် သိမ်းပိုက်ခြင်းကို ကိုယ်စားပြုခြင်း ဖြစ်ပြီး သိမ်းပိုက်ခြင်းသည် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း ပုံသဏ္ဌာန်ဆောင်သည့်အတွက် ဖြစ်ပေသည်။

ဘုရားသခင်သည် အားလုံးထဲမှ ခေတ်နောက်အကျန်ဆုံးနှင့် အညစ်ညူးဆုံးသော နေရာတွင် လူ့ဇာတိခံလာခဲ့ပြီး ဘုရားသခင်သည် သူ၏ သန့်ရှင်းပြီး ဖြောင့်မတ်သော စိတ်သဘောထား အလုံးစုံကို ရှင်းရှင်းလင်းလင်း ပြသနိုင်သည်မှာ ဤနည်းဖြင့်သာ ဖြစ်သည်။ ပြီးလျှင် မည်သည့်အရာမှတစ်ဆင့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား ပြသခံရသနည်း။

ယင်းသည် လူသား၏ အပြစ်များကို သူ တရားစီရင်သည့်အချိန်၊ စာတန်ကို သူ တရားစီရင်သည့်အချိန်၊ အပြစ်ကို သူ စက်ဆုပ်သည့်အချိန်နှင့် သူ့ကို ဆန့်ကျင်ပြီး ပုန်ကန်သည့် ရန်သူများကို စက်ဆုပ်ရွံရှာသည့်အခါတွင် ပြသခံရပေသည်။ ယနေ့ ငါ ပြောဆိုသော နှုတ်ကပတ်တော်များသည် လူတို့၏ အပြစ်များကို တရားစီရင်ဖို့၊ လူတို့၏ မဖြောင့်မတ်ခြင်းကို တရားစီရင်ဖို့၊ လူသား၏ မနာခံမှုကို ကျိန်ဆဲဖို့ ဖြစ်ပေသည်။ ဘုရားသခင်၏ အလိုတော်နှင့် ကွဲလွဲသည့် အရာအားလုံးဖြစ်သော လူသား၏ ကောက်ကျစ်မှုနှင့် သစ္စာမဲ့မှု၊ လူသား၏ စကားများနှင့် လုပ်ရပ်များသည် တရားစီရင်ခြင်း ခံရမည် ဖြစ်ပြီး လူသား၏ မနာခံမှုကို အပြစ်အဖြစ် စွတ်စွဲရှုတ်ချခံရပေမည်။ သူ၏နှုတ်ကပတ်တော်များသည် တရားစီရင်ခြင်း၏ နိယာမများကို ဗဟိုပြုသည်။ သူသည် လူသား၏ မဖြောင့်မတ်မှုအား တရားစီရင်ခြင်း၊ လူသား၏ ပုန်ကန်မှုအား ပျက်စီးစေခြင်းနှင့် လူသား၏ အကျည်းတန် မျက်နှာများအား ဖော်ထုတ်ခြင်းတို့ကို သူ၏ ကိုယ်ပိုင် ဖြောင့်မတ်သော စိတ်သဘောထား ထင်ရှားစေဖို့ရန် အသုံးပြုလေသည်။ သန့်ရှင်းခြင်းသည် သူ၏ ဖြောင့်မတ်သော စိတ်သဘောထားကို ကိုယ်စားပြုခြင်းတစ်ခု ဖြစ်ပြီး အမှန်တွင် ဘုရားသခင်၏ သန့်ရှင်းခြင်းသည် အကယ်စင်စစ် သူ၏ ဖြောင့်မတ်သော စိတ်သဘောထား ဖြစ်ပေသည်။ သင်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများသည် ယနေ့ နှုတ်ကပတ်တော်များ၏ ဆက်စပ်သည့် အကြောင်းအရာဖြစ်သည်- စကားပြောဖို့နှင့် တရားစီရင်ဖို့၊ ပြီးလျှင် သိမ်းပိုက်ခြင်းအမှုကို ဆောင်ရွက်ဖို့ ၎င်းတို့ကို ငါအသုံးပြု၏။ ဤအရာတစ်ခုတည်းသာ စစ်မှန်သော အမှုဖြစ်ပြီး၊ ဤအရာတစ်ခုတည်းသာ ဘုရားသခင်၏ သန့်ရှင်းခြင်းကို အပြည့်အဝ ထွန်းလင်းစေသည်။ သင့်အထဲတွင် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား အရိပ်အယောင် မရှိပါက၊ သင့်ကို ဘုရားသခင် တရားစီရင်မည် မဟုတ်သကဲ့သို့၊ သူ၏ ဖြောင့်မတ်သော စိတ်သဘောထားကိုလည်း သင့်ကို ပြလိမ့်မည်မဟုတ်။ သင်သည် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား ရှိသည့်အတွက်၊ ဘုရားသခင်သည် သင့်ကို သက်ညှာမည် မဟုတ်ပေ၊ ထို့အပြင် သူ၏ သန့်ရှင်းခြင်း ပြသခံရသည်မှာ ဤအရာမှတဆင့် ဖြစ်သည်။ ဘုရားသခင်သည် လူသား၏ ညစ်ညူးခြင်းနှင့် ပုန်ကန်ခြင်းတို့ အလွန်ကြီးမားသည်ကို တွေ့သော်လည်း၊ သင့်ကို စကားမပြော သို့မဟုတ် သင့်ကို တရားမစီရင်သကဲ့သို့ သင်၏ မဖြောင့်မတ်မှုအတွက် သင့်ကို ပြစ်တင်ဆုံးမခြင်း မပြုပါက၊ သူသည် အပြစ်ကို မုန်းတီးမှု ရှိလိမ့်မည် မဟုတ်သောကြောင့် သူသည် ဘုရားသခင်မဟုတ်သည်ကို ဤအရာက သက်သေပြ ပေလိမ့်မည်။ သူသည် လူသားတမျှ ညစ်ညူးသောသူသာ ဖြစ်ပေလိမ့်မည်။ ယနေ့၊ သင့်ကို ငါ တရားစီရင်သည်မှာ သင်၏ အညစ်အကြေးကြောင့် ဖြစ်ပြီး၊ သင့်ကို ငါ ပြစ်တင်ဆုံးမသည်မှာ သင်၏

ဖောက်ပြန်ပျက်စီးခြင်းနှင့် ပုန်ကန်မှုကြောင့် ဖြစ်သည်။ ငါသည် သင့်အား ငါ၏ တန်ခိုးအာဏာကို ကြွားလုံးထုတ်နေခြင်း မဟုတ်သကဲ့သို့ သင့်ကို တမင်သက်သက် ဖိနှိပ်နေခြင်းလည်း မဟုတ်ပေ။ ဤအညစ်အကြေး နယ်မြေထဲတွင် မွေးဖွားခဲ့ကြသည့် သင်တို့သည် အညစ်အကြေးများဖြင့် အလွန်အကြီးအကျယ် ညစ်ညမ်းပြီးဖြစ်သောကြောင့် ဤအရာများကို ငါပြုခြင်း ဖြစ်ပေသည်။ သင်တို့သည် သင်တို့၏ သမာဓိနှင့် လူသားသဘာဝတို့ကို လုံးဝဆုံးရှုံးပြီးဖြစ်ကာ လောက၏ အညစ်ပတ်ဆုံးနေရာများ၌ မွေးဖွားသည့် ဝက်များကဲ့သို့ သင်တို့ ဖြစ်လာကြပြီးဖြစ်သည်၊ ထို့ကြောင့် သင်တို့ တရားစီရင်ခံရပြီး သင်တို့အပေါ် ငါ၏ အမျက်ဒေါသ ပွင့်ထွက်စေသည်မှာ ဤအရာကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ဖြောင့်မတ်သော ဘုရားဖြစ်ကြောင်းနှင့် ဘုရားသခင်သည် သန့်ရှင်းသော ဘုရားဖြစ်ကြောင်းတို့ကို သင် မြင်နိုင်ခဲ့သည်မှာ ဤတရားစီရင်ခြင်းကြောင့် အတိအကျ ဖြစ်ပေသည်။ သင်တို့ကို သူ တရားစီရင်ပြီး သင်တို့အပေါ်သို့ သူ၏ အမျက်ဒေါသကို ပွင့်ထွက်စေသည်မှာ သူ၏ သန့်ရှင်းခြင်းနှင့် သူ၏ ဖြောင့်မတ်ခြင်းတို့ကြောင့် အတိအကျ ဖြစ်ပေသည်။ လူသား၏ ပုန်ကန်မှုကို သူ မြင်သည့်အခါ သူ၏ ဖြောင့်မတ်သော စိတ်သဘောထားကို ဘုရားသခင် ထုတ်ဖော်ပြနိုင်သောကြောင့်၊ ပြီးလျှင် လူသား၏ အညစ်အကြေးကို ဘုရားသခင် မြင်သည့်အခါ သူ၏ သန့်ရှင်းခြင်းကို သူ ထုတ်ဖော်ပြနိုင်သောကြောင့်၊ ဤသည်မှာ သူသည် သန့်ရှင်းပြီး သန့်ပြန့်သော်လည်း၊ အညစ်အကြေး နယ်မြေထဲတွင် အသက်ရှင်သည့် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်ကြောင်းကို ပြသရန် လုံလောက်ပေသည်။ လူတစ်ဦးသည် အခြားသူများနှင့်အတူ ဒုစရိုက်နွံထဲတွင် ပျော်မွေ့နေပြီး၊ သူနှင့်ပတ်သက်၍ သန့်ရှင်းသည့်အရာ ဘာမျှမရှိသကဲ့သို့၊ သူသည် ဖြောင့်မတ်သော စိတ်သဘောထားမရှိပါက၊ သူသည် လူသား၏ မတရားမှုကို တရားစီရင်ဖို့ရန် အရည်အချင်းမပြည့်မီသကဲ့သို့၊ လူသားနှင့်ဆိုင်သော တရားစီရင်ခြင်းကို ဆောင်ရွက်ဖို့ မသင့်တော်ပေ။ လူတစ်ဦးသည် အခြားတစ်ဦးအား တရားစီရင် မည်ဆိုပါက၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် စော်ကား နေကြသကဲ့သို့ ဖြစ်လိမ့်မည် မဟုတ်လော။ တစ်ဦးနှင့်တစ်ဦး တန်းတူညီမျှ ညစ်ပတ်ပေနေသော လူတို့သည် ၎င်းတို့နှင့် ထပ်တူထပ်မျှဖြစ်သော သူတို့ကို တရားစီရင်ဖို့ရန် အဘယ်သို့ အရည်အချင်း ရှိနိုင်မည်နည်း။ သန့်ရှင်းသော ဘုရားသခင် ကိုယ်တိုင်သာ ညစ်ပတ်ပေရေသော လူသားမျိုးနွယ်တစ်ခုလုံးကို တရားစီရင်နိုင်ပေသည်။ လူသား၏ အပြစ်များကို လူသားက အဘယ်သို့ တရားစီရင်နိုင်မည်နည်း။ လူသား၏ အပြစ်များကို လူသားက အဘယ်သို့ မြင်နိုင်မည်နည်း၊ ပြီးလျှင် ဤအပြစ်များကို ရှုတ်ချဖို့ရန် လူသားသည် အဘယ်သို့ အရည်အချင်းရှိနိုင်မည်နည်း။ ဘုရားသခင်သည် လူသား၏

အပြစ်များကို တရားစီရင်ဖို့ အရည်အချင်း မရှိပါက၊ သူသည် အဘယ်သို့ ဖြောင့်မတ်သော ဘုရားသခင်ကိုယ်တိုင် ဖြစ်နိုင်မည်နည်း။ လူတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများ ထုတ်ဖော်ပြ ခံရသည့်အခါ၊ လူတို့ကို တရားစီရင်ဖို့အလို့ငှာ ဘုရားသခင် စကားပြောပြီး၊ ထို့နောက်တွင်သာ သူ သန့်ရှင်းသည်ကို လူတို့ မြင်ပေသည်။ သူသည် လူသားကို ၎င်း၏ အပြစ်များအတွက် တရားစီရင်ပြီး ပြစ်တင်ဆုံးမသကဲ့သို့၊ လူသား၏ အပြစ်များကို တစ်ချိန်လုံး ဖော်ထုတ်စဉ်တွင်၊ မည်သည့်လူ သို့မဟုတ် မည်သည့်အရာမျှ ဤတရားစီရင်ခြင်းမှ မလွတ်မြောက်နိုင်ချေ။ ညစ်ညူးသောအရာ အားလုံးသည် သူ၏ တရားစီရင်ခြင်းခံရပြီး၊ ထို့ကြောင့်သာလျှင် သူ၏ စိတ်သဘောထားက ဖြောင့်မတ်သည်ဟု ဆိုနိုင်ပေသည်။ ထိုသို့မဟုတ်ပါက၊ သင်တို့သည် နာမည်နှင့် အမှန်တရား နှစ်ခုလုံးတွင် အဖြည့်ခံများဖြစ်သည်ဟု အဘယ်သို့ ပြောနိုင်မည်နည်း။

ဣသရေလ၌လုပ်ဆောင်ခဲ့သော အမှုနှင့် ယနေ့ အမှုတို့ကြား ကြီးမားသော ကွဲပြားခြားနားမှုတစ်ခု ရှိ၏။ ယေဟောဝါသည် ဣသရေလအမျိုးသားတို့၏ အသက်တာများကို လမ်းပြခဲ့ပြီး ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ များစွာ သိပ်မရှိခဲ့ပေ၊ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် လူတို့သည် လောကနှင့်သက်ဆိုင်၍ သိနားလည်မှု အလွန်နည်းပါးခဲ့ပြီး၊ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများ အနည်းငယ်သာ ရှိခဲ့သောကြောင့် ဖြစ်သည်။ ထိုအချိန်က ဣသရေလ အမျိုးသားတို့သည် ယေဟောဝါကို လုံးဝ နာခံခဲ့ကြသည်။ ယဇ်ပလ္လင်များကို တည်ဆောက်ဖို့ ၎င်းတို့ကို ပြောခဲ့သည့် အချိန်တွင်၊ ယဇ်ပလ္လင်များကို ၎င်းတို့ အလျင်အမြန် တည်ဆောက်ခဲ့ကြသည်။ ယဇ်ပရောဟိတ်များ၏ ဝတ်ရုံများကို ဝတ်ဆင်ဖို့ ၎င်းတို့ကို ပြောသည့်အချိန်တွင်၊ ၎င်းတို့ နာခံခဲ့ကြသည်။ ထိုနေ့ရက်ကာလများတွင်၊ ယေဟောဝါသည် သိုးထိန်း၏ လမ်းပြမှုနောက်လိုက်ရင်းနှင့် စားကျက်တွင် မြက်ကိုစားနေသည့် သိုးများနှင့်အတူရှိလျက် သိုးစုတစ်စုကို ထိန်းကျောင်းနေသည့် သိုးထိန်းတစ်ဦးအလား ဖြစ်ခဲ့သည်။ ယေဟောဝါသည် ၎င်းတို့ စားပုံ၊ ဝတ်ပုံ၊ နေထိုင်ပုံနှင့် ခရီးသွားပုံတို့တွင် ၎င်းတို့ကို ဦးဆောင်ရင်း ၎င်းတို့၏ အသက်တာများကို လမ်းပြခဲ့သည်။ ထိုအချိန်က လူသားမျိုးနွယ်သည် မွေးကင်းစဖြစ်ခဲ့သည့်အတွက် ယင်းမှာ ဘုရားသခင်၏ စိတ်သဘောထားကို ပေါ်လွင်စေသည့်အချိန် မဟုတ်ခဲ့ပေ။ ပုန်ကန်တတ်ပြီး ရန်မူလိုသူ အနည်းငယ်ရှိခဲ့သည်၊ လူသားမျိုးနွယ်ကြားတွင် ညစ်ညူးမှုများစွာ မရှိခဲ့၊ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ စိတ်သဘောထားအဖို့ အဖြည့်ခံအဖြစ် မပြုမူနိုင်ခဲ့ကြချေ။ ဘုရားသခင်၏ သန့်ရှင်းခြင်း ပေါ်လွင်သည်မှာ ညစ်ညူးမှု နယ်မြေမှလာသော လူတို့မှတဆင့် ဖြစ်သည်။ ယနေ့၊ သူသည် ညစ်ညူးမှု နယ်မြေနှင့်ဆိုင်သော ဤလူတို့၌ ပြသသည့်

ညစ်ညူးမှုကို အသုံးပြုပြီး တရားစီရင်၏၊ တရားစီရင်မှုအလယ်၌ သူ၏ဖြစ်ခြင်းသည် ဤသို့ ထုတ်ဖော်ပြ ခံရသည်။ အဘယ်ကြောင့် သူ တရားစီရင်သနည်း။ သူသည် အပြစ်ကို စက်ဆုပ်သောကြောင့် တရားစီရင်ခြင်း နှုတ်ကပတ်တော်များကို ပြောဆိုနိုင်ခြင်းဖြစ်သည်။ သူသည် လူသားမျိုးနွယ်၏ ပုန်ကန်မှုကို မစက်ဆုပ်ပါက၊ အဘယ်ကြောင့် အမျက်ဒေါသ အလွန် ထွက်နိုင်ရမည်နည်း။ သူ၏အတွင်းတွင် စက်ဆုပ်မှု၊ ရွံရှာမှု မရှိပါက၊ လူတို့၏ ပုန်ကန်မှုကို သူ အရေးမစိုက်ပါက၊ သူသည် လူသားကဲ့သို့ ညစ်ညူးသောသူ ဖြစ်သည်ကို ယင်းက သက်သေပြပေလိမ့်မည်။ လူသားကို သူ တရားစီရင်ပြီး ပြစ်တင်ဆုံးမနိုင်သည်မှာ ညစ်ညူးခြင်းကို သူ စက်ဆုပ်သောကြောင့်ဖြစ်ပြီး၊ သူ စက်ဆုပ်သည့်အရာသည် သူ့ထံတွင် မရှိပေ။ သူ့အထဲတွင် ဆန့်ကျင်ခြင်းနှင့် ပုန်ကန်ခြင်းတို့ ရှိပါကလည်း၊ ရန်လိုပြီး ပုန်ကန်တတ်သောသူတို့ကို သူ စက်ဆုပ်လိမ့်မည်မဟုတ်။ နောက်ဆုံးသော ကာလ၏ အမှုကို ဣသရေလ၌ သူ ဆောင်ရွက်ခဲ့ပါက၊ ယင်းမှာ အဓိပ္ပါယ်ရှိလိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့် နောက်ဆုံးသောကာလ အမှုကို အားလုံးထဲတွင် အမှောင်ဆုံးနှင့် ခေတ်အနောက်ကျဆုံးသော နေရာဖြစ်သည့် တရုတ်ပြည်၌ လုပ်ဆောင်နေသနည်း။ ယင်းမှာ သူ၏ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို ပြသဖို့အလို့ငှာ ဖြစ်ပေသည်။ အတိုချုပ်အနေဖြင့်၊ နေရာက ပိုမှောင်လေ၊ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ရှင်းရှင်းလင်းလင်း ပိုပြသနိုင်လေ ဖြစ်သည်။ အမှန်တွင်၊ ဤအရာအားလုံးသည် ဘုရားသခင်၏ အမှုအတွက်အလို့ငှာ ဖြစ်ပေသည်။ ဘုရားသခင်သည် သင်တို့အလယ်၌ ရပ်ဖို့ရန်၊ ကောင်းကင်မှ ဆင်းကြွလာပြီးဖြစ်သည်၊ သင်တို့၏ ညစ်ညူးမှုနှင့် ပုန်ကန်မှုတို့အားဖြင့် ထင်ရှားလာပြီး ဖြစ်သည်ကို ယနေ့တွင်သာ သင်တို့ နားလည်ကြခြင်းဖြစ်ပြီး၊ ယခုတွင်သာ ဘုရားသခင်ကို သင်တို့ သိကြခြင်း ဖြစ်သည်။ ဤသည်မှာ အကြီးမားဆုံးသော ချီးမြှောက်မှု မဟုတ်လော။ အမှန်တွင်၊ သင်တို့သည် အရွေးချယ်ခံရသည့် တရုတ်ပြည်ထဲက လူစုတစ်စု ဖြစ်သည်။ သင်တို့ အရွေးချယ်ခံရပြီး ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ကြပြီးဖြစ်သောကြောင့်၊ ပြီးလျှင် ဤကဲ့သို့ ကြီးမားသည့် ကျေးဇူးတော်ကို မွေ့လျော်ဖို့ သင်တို့ မထိုက်တန်သောကြောင့်၊ ဤအရာအားလုံးသည် သင်တို့ကို အထွတ်အထိပ် ချီးမြှောက်ခြင်းဖြစ်သည်ကို ဤအရာက သက်သေပြ လေသည်။ ဘုရားသခင်သည် သင်တို့ထံ ပေါ်ထွန်းပြီးဖြစ်ကာ သူ၏ သန့်ရှင်းသော စိတ်သဘောထားကို အလုံးစုံ သင်တို့အား ပြသလေပြီ၊ ပြီးလျှင် ထိုအရာအားလုံးကို သင်တို့အား သူပေးပြီးဖြစ်ကာ သင်တို့ မွေ့လျော်ဖို့ ဖြစ်နိုင်သည့် ကောင်းချီးမင်္ဂလာအားလုံးကို သင်တို့အား မွေ့လျော်စေလေပြီ။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို သင်တို့ မြည်းစမ်းပြီး ဖြစ်သည်သာမက၊ ၎င်းအပြင် ဘုရားသခင်၏ ကယ်တင်ခြင်း၊ ဘုရားသခင်၏

ရွေးနုတ်ခြင်းနှင့် ဘုရားသခင်၏ အကန့်အသတ်မဲ့၊ အဆုံးမရှိ ချစ်ခြင်းမေတ္တာကို သင်တို့ မြည်းစမ်းပြီးလေပြီ။ အားလုံးထဲတွင် အညစ်ညူးဆုံးဖြစ်သည့် သင်တို့သည် ထိုသို့သော ကြီးမားသည့် ကျေးဇူးတော်ကို မွေ့လျော်ကြလေပြီ- သင်တို့သည် ကောင်းချီးခံစားရသည် မဟုတ်လော။ ဤသည်မှာ ဘုရားသခင်က သင်တို့ကို ချီမနေခြင်း မဟုတ်လော။ အသင် လူတို့သည် အားလုံးထဲတွင် အနိမ့်ကျဆုံးသော အဆင့်အတန်းများ ရှိကြ၏၊ သင်တို့သည် ထိုသို့သော ကြီးမြတ်သည့် ကောင်းချီးမင်္ဂလာတစ်ခုကို မွေ့လျော်ရန် ပင်ကိုအားဖြင့် မထိုက်တန်ကြချေ၊ သို့တိုင် ဘုရားသခင်သည် သင့်ကို ချီမခြင်းဖြင့် ခြွင်းချက်တစ်ခု ပြုလုပ်ပြီးဖြစ်သည်။ သင် မရှက်ဘူးလော။ သင်သည် သင်၏ တာဝန်ကို ထမ်းဆောင်နိုင်စွမ်း မရှိပါက၊ နောက်ဆုံးတွင် မိမိကိုယ်ကိုယ် အရှက်ရလိမ့်မည်ဖြစ်ပြီး မိမိကိုယ်ကိုယ် အပြစ်ပေးလိမ့်မည်။ ယနေ့တွင်၊ သင်သည် ဆုံးမပဲ့ပြင်ခြင်း မခံရသကဲ့သို့ အပြစ်ပေးမခံရပေ။ သင်၏ ဇာတိပကတိသည် လုံခြုံပြီး အကောင်းပကတိဖြစ်၏- သို့သော် နောက်ဆုံးတွင် ဤနှုတ်ကပတ်တော်များက သင့်ကို အရှက်ရ စေလိမ့်မည်။ ယနေ့ထိ၊ မည်သူကိုမျှ ငါသည် ပွင့်ပွင့်လင်းလင်း ပြစ်တင်ဆုံးမခြင်း မပြုသေး။ ငါ၏ နှုတ်ကပတ်တော်များသည် ပြင်းထန်ကောင်း ပြင်းထန်နိုင်သည်၊ သို့သော် လူတို့အပေါ် ငါ အဘယ်သို့ ပြုမူသနည်း။ ၎င်းတို့ကို ငါ နှစ်သိမ့်ပြီး တိုက်တွန်းကာ သတိပေး၏။ ငါသည် သင်တို့ကို ကယ်တင်ဖို့ထက် မည်သည့် အကြောင်းရင်းအတွက်မျှ ငါ မလုပ်ဆောင်ပေ။ ငါ၏ အလိုကို အမှန်တကယ် သင်တို့ နားမလည်သလော။ ငါပြောသည့်အရာကို သင်တို့နားလည်သင့်ပြီး ယင်းအားဖြင့် လှုံ့ဆော်ခံရသင့်၏။ ယခုအချိန်တွင်သာ နားလည်သောသူ များစွာ ရှိပေသည်။ ဤသည်မှာ အဖြည့်ခံဖြစ်ခြင်း၏ ကောင်းချီးမင်္ဂလာ မဟုတ်လော။ အဖြည့်ခံဖြစ်ခြင်းသည် ကောင်းချီး အခံစားရဆုံးသောအရာ မဟုတ်လော။ နောက်ဆုံးတွင်၊ ဧဝံဂေလိတရားကို ဖြန့်ဝေဖို့ သင်တို့သွားသည့်အခါ၊ "ကျွန်ုပ်တို့သည် သာမန် အဖြည့်ခံများ ဖြစ်ကြသည်" ဟု သင်တို့ ပြောလိမ့်မည်။ ၎င်းတို့က "သင်တို့က သာမန် အဖြည့်ခံများဖြစ်သည် ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း" ဟု သင်တို့ကို မေးကြလိမ့်မည်။ ပြီးလျှင် သင်က "ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမှုအဖို့နှင့် သူ၏ ကြီးမားသော တန်ခိုးအာဏာအဖို့ အဖြည့်ခံဖြစ်သည်။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား အလုံးစုံသည် ကျွန်ုပ်တို့၏ ပုန်ကန်မှုအားဖြင့် ဖော်ပြခံရသည်။ ကျွန်ုပ်တို့သည် နောက်ဆုံးသောကာလ ဘုရားအမှုတော်၏ အသုံးတော်ခံအရာများ ဖြစ်ကြသည်၊ သူ့အမှုတော်နှင့် တွဲဆက်ထားသော အရာများ ဖြစ်ကြပြီး ယင်း၏ တန်ဆာပလာများလည်း ဖြစ်ကြသည်" ဟု ပြောကြလိမ့်မည်။ ယင်းကို ၎င်းတို့ ကြားသည့်အခါ၊ စိတ်ဝင်စားကြလိမ့်မည်။ ထို့နောက်၊ သင်က၊ "ကျွန်ုပ်တို့သည်

စကြဝဠာတစ်ခုလုံးနှင့်ဆိုင်သော ဘုရားသခင်၏ အမှု ပြီးပြည့်စုံခြင်းနှင့် လူသားမျိုးနွယ်အားလုံးကို သူ၏ သိမ်းပိုက်ခြင်း အတွက် နမူနာများနှင့် စံပုံစံများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသည်ဖြစ်စေ၊ ညစ်ညူးသည်ဖြစ်စေ၊ အချုပ်အားဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မြင်တွေ့ပြီးဖြစ်သည့်အတွက် သင်တို့ထက် သာ၍ ကောင်းချီး ခံစားရဆဲဖြစ်ပြီး ကျွန်ုပ်တို့ကို သူ၏ သိမ်းပိုက်ခြင်း အခွင့်အလမ်းမှတစ်ဆင့်၊ ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးကို ပြသပေသည်။ သူ၏ ဖြောင့်မတ်သော စိတ်သဘောထားက အစပျိုးလိုက်သည်မှာ ကျွန်ုပ်တို့ ညစ်ညူးပြီး ဖောက်ပြန်ပျက်စီးသောကြောင့် ဖြစ်၏။ ထို့ကြောင့် သင်တို့သည် ဘုရားသခင်၏ နောက်ဆုံးသောကာလ အမှုကို ဤသို့ သက်သေခံနိုင်စွမ်း ရှိကြသလော။ သင်တို့သည် အရည်အချင်း မပြည့်မီကြပေ။ ဤသည်မှာ ကျွန်ုပ်တို့ကို ဘုရားသခင် ချီးမြှောက်ခြင်းမှလွဲ၍ ဘာမျှမဟုတ်ပေ။ ကျွန်ုပ်တို့သည် စိတ်ကြီးမဝင်သော်လည်း၊ မည်သူမျှ ထိုသို့သော ကြီးမြတ်သည့် ကတိတော်တစ်ခုကို မမွေ့လျော်နိုင်သကဲ့သို့၊ မည်သူမျှ ထိုသို့သော ကြီးမြတ်သည့် ကောင်းချီးမင်္ဂလာတစ်ခုကို မမွေ့လျော်နိုင်သည့် အတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ ဝင့်ကြွားစွာ ချီးမွမ်းနိုင်၏။ ဘုရားသခင်၏ စီမံခန့်ခွဲမှုအတွင်း အလွန်ညစ်ညူးသူများဖြစ်သည့် ကျွန်ုပ်တို့သည် အဖြည့်ခံများအဖြစ် အလုပ်လုပ်နိုင်ကြသည့်အတွက် ကျွန်ုပ်တို့ အလွန် ကျေးဇူးတင်ရှိကြသည်” ဟု ပြောလိမ့်မည်။ ၎င်းတို့က၊ “နမူနာများနှင့် စံပုံစံများဆိုသည်မှာ အဘယ်နည်း” ဟု မေးကြသည့်အခါ၊ သင်က “ကျွန်ုပ်တို့သည် လူသားမျိုးနွယ်ထဲမှ အပုန်ကန်ဆုံးနှင့် အညစ်ညူးဆုံးဖြစ်သည်။ ကျွန်ုပ်တို့သည် စာတန်၏ အကြီးကျယ်ဆုံး ဖျက်ဆီးခြင်း ခံရကြပြီးဖြစ်ကာ၊ ဇာတိပကတိနှင့်သက်ဆိုင်၍ ခေတ်အနောက်ကျဆုံးနှင့် အနိမ့်ကျဆုံး ဖြစ်သည်။ ကျွန်ုပ်တို့သည် စာတန်၏ အသုံးပြုခြင်း ခံရသူများ၏ ဂန္တဝင် ပုံသက်သေများ ဖြစ်သည်။ ယနေ့တွင်၊ ကျွန်ုပ်တို့သည် လူသားမျိုးနွယ်ကြားတွင် ပထမဆုံး သိမ်းပိုက်ခံမည့်သူများအဖြစ် ဘုရားသခင်၏ ရွေးချယ်ခြင်း ခံရပြီးဖြစ်ကာ၊ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ကျွန်ုပ်တို့ ရှုမြင်ရပြီး ဖြစ်သကဲ့သို့ သူ၏ ကတိကို အမွေခံရပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် လူတို့ကို ထပ်ပြီး သိမ်းပိုက်ဖို့ အသုံးပြုခံနေရခြင်းဖြစ်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် လူသားမျိုးနွယ်ကြားတွင် သိမ်းပိုက်ခံရသူများ၏ နမူနာများနှင့် စံပုံစံများ ဖြစ်ကြပေသည်” ဟု ပြောလိမ့်မည်။ ဤစကားများထက် ပိုမိုကောင်းမွန်သည့် သက်သေခံချက် မရှိသကဲ့သို့၊ ဤသည်မှာ သင်၏ အကောင်းဆုံးသော အတွေ့အကြုံ ဖြစ်ပေသည်။

# ဣသရေလအမျိုးသားများ အစေခံခဲ့သကဲ့သို့ အစေခံလော့

ယခုကာလတွင် များစွာသောလူတို့သည် အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်ရာ၌ မည်သည့်သင်ခန်းစာများ သင်ယူသင့်သည်ကို ဂရုမပြုကြပေ။ သင်တို့အများအပြားသည် အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်စဉ်တွင် သင်ခန်းစာများကို လုံးဝ မသင်ယူနိုင်သည်ကို ငါ တွေ့ရှိခဲ့လေပြီ။ သင်တို့အများစုက သင်တို့၏ ကိုယ်ပိုင်အမြင်များကို ဆုပ်ကိုင်တတ်ကြသည်။ အသင်းတော်၌ အလုပ်လုပ်သောအခါ သင်က သင့်အမြင်ကို ပြောပြီး၊ နောက်တစ်ယောက်က သူ့အမြင်ကိုပြောကာ အမြင်တစ်ခုက အခြားတစ်ခုနှင့် ဆက်စပ်မှုမရှိပေ။ သင်တို့သည် အကယ်စင်စစ် ပူးပေါင်းဆောင်ရွက်ခြင်း လုံးဝမရှိကြချေ။ သင်တို့အားလုံးသည် အသေးဆုံးသော နည်းလမ်းဖြင့်ပင် အသက်တာကို ရှာဖွေခြင်းမရှိဘဲ မိမိ၏ ကိုယ်ပိုင်စိတ်ကူး အမြင်များကို ပြောပြခြင်း သို့မဟုတ် သင့်အထဲတွင် သယ်ဆောင်ထားသည့် "ဝန်ထုပ်ဝန်ပိုးများ" ကို လျှော့ချခြင်း၌သာ လွန်စွာ အာရုံစွဲငြိလျက် ရှိကြသည်။ အခြားတစ်ယောက် မည်သည့်အရာပြောသည် သို့မဟုတ် မည်သည့်အရာလုပ်သည်ကို ပဓာနမထားဘဲ သင့်ကိုယ်ပိုင် လမ်းကြောင်းကို လျှောက်သင့်သည်ဟု အမြဲယုံကြည်လျက် အလုပ်ကို ဝတ်ကျေတမ်းကျေ လုပ်ဆောင်နေပုံသာ ပေါက်သည်။ အခြားသူများ၏ အခြေအနေ မည်သည့်အရာ ဖြစ်နေပါစေ၊ သန့်ရှင်းသောဝိညာဉ်တော် သင့်ကို လမ်းပြသည့်အတိုင်း မိတ်သဟာယပြုသင့်သည်ဟု သင်ထင်သည်။ သင်သည် အခြားသူများ၏ စွမ်းရည်များကို မတွေ့နိုင်သကဲ့သို့ မိမိကိုယ်ကိုယ် စစ်ဆေးခြင်းငှာလည်း မစွမ်းနိုင်ကြပေ။ အမှုအရာများအပေါ် သင်၏လက်ခံခြင်းမှာ အမှန်တကယ် စံသွေပြီး မှားယွင်းသည်။ ထိုရောဂါဟောင်း ပြန်ထလေသကဲ့သို့ သင်တို့သည် မိမိကိုယ်ကိုယ် တရားနည်းလမ်းကျသည်ဟု ထင်မှတ်ခြင်းများစွာကို ယခုပင်လျှင် သင်တို့ ထုတ်ဖော်ပြသေးသည်ဟု ဆိုနိုင်သည်။ သင်တို့သည် လုံးလုံးလျားလျား ရိုးသားပွင့်လင်းမှုကို ရရှိနိုင်သည့်နည်းလမ်း တစ်ခုအားဖြင့် တစ်ဦးကိုတစ်ဦး မဆက်ဆံကြ၊ ဥပမာ အချို့သော အသင်းတော်များတွင် အလုပ်မှ သင်ရရှိထားသည့် ရလဒ်မျိုး အကြောင်း၊ သို့မဟုတ် သင့်အတွင်းစိတ် အခြေအနေများ၏ မကြာသေးမီက အနေအထားအကြောင်း အစရှိသည်တို့ ဖြစ်သည်။ အမှန်ပင် သင်တို့သည် ထိုကဲ့သို့သောအရာများ အကြောင်းကို မည်သည့်အခါမျှ ပြောပြခြင်းမရှိပေ။ သင့်ကိုယ်ပိုင် အယူအဆများကို ရုပ်သိမ်းခြင်း သို့မဟုတ် သင့်ကိုယ်သင် ငြင်းပယ်ခြင်းကဲ့သို့သော အလေ့အထများထဲတွင် သင်တို့သည် လုံးဝပါဝင်မှုမရှိပေ။ ဦးဆောင်သူများနှင့် အမှုဆောင်များသည် ၎င်းတို့၏ ညီအစ်ကိုမောင်နှမများကို အပျက်သဘောဆောင်ခြင်း မှ

မည်သို့ ထိန်းသိမ်းရမည်ဆိုသည်နှင့် ၎င်းတို့ကို အားသွန်ခွန်စိုက် မည်သို့ လိုက်လျှောက်နိုင်စေမည်ကိုသာ စဉ်းစားကြသည်။ သို့သော် အားတက်သရော လိုက်လျှောက်ခြင်း ကိုယ်၌က လုံလောက်သည်ဟု သင်တို့အားလုံး ထင်ကြပြီး၊ အခြေခံအားဖြင့် အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အစေခံဖို့ဆိုသည်မှာ မည်သည့်အရာ ဆိုလိုသည်ကို သင်နားလည်ဖို့မပြောနှင့်၊ သင်ကိုယ်သင် သိရှိဖို့နှင့် သင့်ကိုယ်သင် စွန့်လွှတ်ဖို့ဆိုသည်မှာ မည်သည့်အရာ ဆိုလိုသည်ကို သင် သိနားလည်ခြင်း မရှိပေ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြန်ပေးဆပ်ဖို့ သင့်ကိုယ်သင် စိတ်ဆန္ဒ ထားရှိရန်၊ ပေတရု၏ပုံစံကို အသက်ရှင်နေထိုင်ဖို့ သင့်ကိုယ်သင် စိတ်ဆန္ဒထားရှိရန်သာ သင်စဉ်းစားလေသည်။ သင်သည် ဤအရာများမှလွဲ၍ မည်သည့်အရာကိုမျှ မစဉ်းစားပေ။ အခြားလူများသည် မည်သည့်အရာ ပြုလုပ်ပါလေစေ သင်သည် ကျိုးကြောင်းမဆင်ခြင်ဘဲ နာခံမည်မဟုတ်၊ ထို့ပြင် အခြားလူများမှာ မည်ကဲ့သို့ပင်ဖြစ်ပါလေစေ သင်ကိုယ်တိုင်မှာမူ ဘုရားသခင်အားဖြင့် စုံလင်ခြင်းကို ရှာဖွေမည်၊ ယင်းသည် လုံလောက်လိမ့်မည် ဟူ၍ပင် သင်ဆိုသည်။ သို့သော်လည်း အမှန်မှာ သင့်စိတ်ဆန္ဒက စစ်မှန်မှုထဲ၌ ခိုင်လုံသော ထုတ်ဖော်ပြသမှုတစ်ခုကို မည်သည့်နည်းနှင့်မျှ မတွေ့ရှိထားချေ။ ဤအရာအားလုံးမှာ ယခုအခါတွင် သင်တို့ထုတ်ဖော်ပြသည့် အပြုအမူမျိုး မဟုတ်သလော။ သင်တို့တစ်ဦးစီသည် သင်တို့ကိုယ်ပိုင် စိတ်ကူးအမြင်ကို ခိုင်မာစွာ ဆုပ်ကိုင်ထားကြလျက်နှင့် သင်တို့အားလုံးက စုံလင်စေခြင်း ခံလိုကြသည်။ သင်တို့သည် တိုးတက်မှုများစွာ မရှိဘဲ ဤမျှကြာရှည် အစေခံခဲ့ကြပြီကို ငါမြင်တွေ့သည်။ အထူးသဖြင့် သဟဇာတကျကျ အတူတကွလုပ်ဆောင်ခြင်းဆိုင်ရာ ဤသင်ခန်းစာ၌ မည်သည့်အရာတစ်ခုမျှ သင် စွမ်းဆောင်ထားခြင်း လုံးဝ မရှိပါတကား။ အသင်းတော်များ ထဲသို့ သွားရောက်သောအခါ သင်က သင့်နည်းလမ်းအတိုင်း ပြောဆိုဆက်ဆံပြီး အခြားသူများက သူတို့နည်းလမ်းအတိုင်း ပြောဆိုဆက်ဆံကြသည်။ သဟဇာတကျသော ညှိနှိုင်း ဆောင်ရွက်ခြင်း ဖြစ်ပေါ် ခဲလှုကာ ဤသည်မှာ သင့်ငယ်သား နောက်လိုက်သူများအတွက် ပို၍ပင် မှန်ကန်လေသည်။ ဆိုလိုသည်မှာ ဘုရားသခင်ကို အစေခံခြင်းမှာ အဘယ်အရာ ဖြစ်သည်၊ သို့မဟုတ် လူတစ်ဦးက ဘုရားသခင်ကို မည်သို့ အစေခံသင့်သည်ကို သင်တို့ထဲမှ မည်သူမဆို နားလည်မည့်သူ ရှားပါးသည်။ သင်တို့သည် မရေမရာဖြစ်ကာ ဤကဲ့သို့သော သင်ခန်းစာများကို အသေးအဖွဲကိစ္စများအဖြစ် မှတ်ယူကြသည်။ သမ္မာတရား၏ ဤကဏ္ဍကို လက်တွေ့ကျင့်ရန် ပျက်ကွက်သည် သာမက အမှား တမင်သက်သက် ပြုလုပ်သည့် များစွာသော လူတို့ပင် ရှိလေသည်။ နှစ်ပေါင်းများစွာ အစေခံခဲ့ပြီးသော သူတို့ပင် အချင်းချင်း တိုက်ခိုက်ကြပြီး လျှို့ဝှက်ကြံစည်ကြကာ မနာလိုဖြစ်ကြပြီး ပြိုင်ဆိုင်ကြသည်။ လူတိုင်းက မိမိကိုယ်ကိုယ်

အတွက်သာ ဖြစ်ပြီး လုံးဝ မပူးပေါင်းကြပေ။ ဤအရာများ အားလုံးက သင်တို့၏ ဝိညာဉ်အသက်တာအမှန်ကို သရုပ်ဖော်သည်မဟုတ်လော။ နေ့စဉ်နေ့တိုင်း အတူတကွ အစေခံနေသော သင်တို့သည် ဗိမာန်တော်ထဲတွင် နေ့တိုင်း ဘုရားသခင်ကိုယ်တော်တိုင်ကို တိုက်ရိုက်အစေခံခဲ့ကြသော ဣသရေလလူမျိုးများနှင့် တူလေသည်။ ဘုရားသခင်ကို အစေခံသော လူများဖြစ်သည့် သင်တို့က မည်သို့ပူးပေါင်း လုပ်ဆောင်ရမည် သို့မဟုတ် မည်သို့ အစေခံရမည်ဟူသည်ကို လုံးဝမသိသည်မှာ မည်သို့ဖြစ်နိုင်သနည်း။

ထိုစဉ်က ဣသရေလအမျိုးသားများသည် ဗိမာန်တော် ထဲတွင် ယေဟောဝါကို တိုက်ရိုက်အစေခံခဲ့ကြကာ သူတို့၌ ယဇ်ပုရောဟိတ်များ၏ စရိုက်လက္ခဏာရှိသည်။ (လူတိုင်းသည် ယဇ်ပုရောဟိတ် မဟုတ်ခဲ့သည်ကား မှန်ပေသည်။ ဗိမာန်တော် ထဲတွင် ယေဟောဝါကို အစေခံသောသူအချို့သာ ထိုလက္ခဏာ ရှိသည်။) သူတို့သည် ယေဟောဝါမှ သူတို့အပေါ် နှင်းအပ်ထားသည့် သရဖူများကို ဆင်မြန်းကြသည် (ဆိုလိုသည်မှာ သူတို့က ယေဟောဝါ၏ သတ်မှတ် ပြဋ္ဌာန်းချက်များအရ ဤသရဖူများကို ပြုလုပ်ခဲ့ကြသည်။ ယေဟောဝါက သူတို့ကို သရဖူများ တိုက်ရိုက်ပေးခဲ့သည်ကား မဟုတ်)။ သူတို့သည် ယေဟောဝါမှ သူတို့အပေါ် နှင်းအပ်ထားသည့် ယဇ်ပုရောဟိတ်ဝတ်ရုံများကို ဝတ်ဆင်ကြပြီး၊ ဗိမာန်တော်ထဲတွင် ခြေဗလာဖြင့် မိုးသောက်မှ ညအချိန်အထိ သူ့အား တိုက်ရိုက်အစေခံကြသည်။ ယေဟောဝါအား သူတို့၏ အစေခံခြင်းမှာ လုံးဝ ဖြစ်ကတတ်ဆန်း မဟုတ်ဘဲ၊ ကျိုးကြောင်းမမြင် ကမန်းကတန်းပြုလုပ်ခြင်း မရှိခဲ့ပေ။ ထို့ထက် ကိုယ်တော်ကို အစေခံသောသူ မည်သူမျှ တိုက်ရိုက် မချိုးဖောက်နိုင်သော စည်းကမ်းများအတိုင်း အားလုံး ပြုလုပ်ခဲ့ကြသည်။ သူတို့အားလုံးက ဤစည်းမျဉ်းများအတိုင်း လိုက်နာခဲ့ရသည်။ သို့မဟုတ်ပါက သူတို့သည် ဗိမာန်တော် အတွင်းသို့ ဝင်ရောက်ခြင်းမှ တားမြစ်ခံရသည်။ သူတို့အနက် တစ်ဦးဦးက ဗိမာန်တော်၏ စည်းကမ်းများကို ချိုးဖောက်မိလျှင်၊ ဆိုလိုသည်မှာ တစ်စုံတစ်ဦးက ယေဟောဝါ၏ ပညတ်များကို မနာခံလျှင်၊ ထိုသူကို ကိုယ်တော် ထုတ်ပြန်ထားခဲ့သည့် ပညတ်တော်များအရ စီရင်ရမည်ဖြစ်ပြီး မည်သူ့ကိုမျှ ဤအရာကို ကန့်ကွက်ရန် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူကို ကာကွယ်ရန် ခွင့်မပြုထားပေ။ သူတို့က ဘုရားသခင်ကို နှစ်ပေါင်း မည်မျှကြာကြာ အစေခံခဲ့ပြီးစေကာမူ အားလုံးကို စည်းကမ်းများ အတိုင်း လိုက်နာရန် သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဤအကြောင်းကြောင့် များလှစွာသော ယဇ်ပုရောဟိတ်များက ယဇ်ပုရောဟိတ်ဝတ်ရုံများကို ဆင်မြန်းထားကြပြီး ယေဟောဝါက သူတို့ကို မည်သည့် အထူးတလည် အရေးစိုက်မှုပင် မပေးခဲ့လင့်ကစား သူ့အား ဤနည်းဟန်အတိုင်း တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အစေခံခဲ့ကြသည်။ သူတို့သည်

ယဇ်ပလ္လင်ရှေ့ သို့မဟုတ် ဗိမာန်တော်ထဲတွင် သူတို့၏ တစ်သက်တာပတ်လုံးပင် အချိန်ကုန်ခဲ့ကြသည်။ ဤသည်မှာ သူတို့၏ သစ္စာစောင့်သိမှုနှင့် ကျိုးနွံနာခံမှု သရုပ်သကန် ဖြစ်ခဲ့သည်။ ယေဟောဝါက သူတို့အပေါ် ထိုကဲ့သို့သော ကောင်းချီးမင်္ဂလာများ နှင်းအပ်ခဲ့သည်မှာ အံ့ဩစရာ မဟုတ်ခဲ့။ သူတို့၏ သစ္စာစောင့်သိမှုကြောင့်သာလျှင် သူတို့သည် မျက်နှာသာပေးခြင်းကို ရရှိပြီး ယေဟောဝါ၏ လုပ်ဆောင်ချက်များ အားလုံးကို တွေ့မြင်ခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ်က ယေဟောဝါသည် ဣသရေလပြည်တွင် သူ၏ ရွေးချယ်ခံထားသော လူများကြား၌ အမှုပြုခဲ့သောအခါ သူတို့အပေါ် အတော်ပင် ကြီးလေးသော ပညတ်များကို ချမှတ်ထားရှိခဲ့သည်။ သူတို့အားလုံးမှာ အလွန် နာခံပြီး ပညတ်များအားဖြင့် ကန့်သတ်ခံခဲ့ကြရသည်။ ဤပညတ်များမှာ သူတို့၏ ယေဟောဝါအား ကြည်ညိုနိုင်စွမ်းကို ကာကွယ်ပေးရန် အကျိုးပြုခဲ့သည်။ ဤသည်တို့အားလုံးမှာ ယေဟောဝါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များပင် ဖြစ်ခဲ့လေသည်။ ထိုယဇ်ပုရောဟိတ်များအနက် တစ်စုံတစ်ဦးအနေဖြင့် ဥပုသ်နေ့ကို မစောင့်ထိန်းခဲ့လျှင် သို့မဟုတ် ယေဟောဝါ၏ ပညတ်ချက်များကို ချိုးဖောက်ခဲ့လျှင်၊ ထို့အပြင် ထိုသူတို့ကို သာမန်လူတို့က တွေ့ရှိခဲ့လျှင် ထိုပုဂ္ဂိုလ်သည် ယဇ်ပလ္လင်ရှေ့သို့ ချက်ချင်း သယ်ဆောင်ပြီး ကျောက်ခဲနှင့် သေအောင် ပေါက်သတ်ခံရသည်။ ထိုအလောင်းတို့ကို ဗိမာန်တော်အထဲ၌ သို့မဟုတ် အနီးအနား၌ ထားခွင့်မပြု၊ ယင်းကို ယေဟောဝါ ခွင့်မပြုခဲ့ပေ။ ထိုသို့ပြုသောသူ မည်သူမဆိုသည် "လောကီယဇ်များ" ပူဇော်သောလူတစ်ဦးအဖြစ် မှတ်ယူ ခံရမည်ဖြစ်ပြီး တွင်းကြီးထဲသို့ ပစ်ချကာ အသေသတ်ခြင်း ခံရမည်ဖြစ်သည်။ ထိုကဲ့သို့သော လူတို့သည် ၎င်းတို့၏အသက်ကို ဆုံးရှုံးသည်ကား မှန်ပေသည်၊ မည်သူမျှ အသက်ချမ်းသာပေး မခံရပေ။ "လောကီမီးရှို့ခြင်း" ကို ပူဇော်ခဲ့သောသူတို့ပင် ရှိခဲ့သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ယေဟောဝါမှ ခွဲခန့် သတ်မှတ်ထားသည့် နေ့များတွင် ယဇ်ပူဇော်ခြင်း မပြုသည့် လူတို့သည် ယဇ်ပလ္လင်၌ ထားရှိခွင့်မပြုသည့် သူတို့၏ ယဇ်ပူဇော်သက္ကာများနှင့်အတူ ကိုယ်တော့်မီး၏ လောင်ကျွမ်းခြင်းကို ခံရမည်ဖြစ်သည်။ ယဇ်ပုရောဟိတ်များ အပေါ် သတ်မှတ်ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်- ဦးစွာ သူတို့ခြေဆေးခြင်းမပြုဘဲ ဗိမာန်တော်ထဲသို့ သို့မဟုတ် ယင်း၏ အပြင်ဝိုင်းထဲသို့ပင် သူတို့ကို ဝင်ခွင့် မပြုထားပေ။ သူတို့၏ ယဇ်ပုရောဟိတ်ဝတ်ရုံတို့ကို ဝတ်ထားခြင်းမရှိပါက ဗိမာန်တော်ထဲသို့ သူတို့မဝင်နိုင်။ သူတို့၏ ယဇ်ပုရောဟိတ် သရဖူများ ဆင်ထားခြင်းမရှိပါက ဗိမာန်တော် ထဲသို့ သူတို့မဝင်နိုင်။ အလောင်းကောင်အားဖြင့် ညစ်စွန်း ထားပါက ဗိမာန်တော်ထဲသို့ သူတို့ မဝင်နိုင်။ မဖြောင့်မတ်သောသူ၏ လက်ကို ထိမိပြီးသောအခါ သူတို့၏ လက်များကို ဦးစွာ

ဆေးကြောမထားပါက ဗိမာန်တော်ထဲသို့ သူတို့မဝင်နိုင်။ ထို့ပြင် မိမိကိုယ်ကိုယ် အမျိုးသမီးများနှင့် ညစ်ညူးစေပြီးနောက်တွင် သူတို့သည် ဗိမာန်တော်ထဲသို့ (သုံးလကြာ၊ အမြဲတမ်းမဟုတ်) မဝင်နိုင်သည်သာမက ယေဟောဝါ၏ မျက်နှာတော်ကိုလည်း သူတို့ဖူးတွေ့ရန် ခွင့်မပြုထားပေ။ အချိန်စေ့သောအခါ၊ ဆိုလိုသည်မှာ သုံးလကြာပြီးမှသာ သန့်စင်သော ယဇ်ပုရောဟိတ်ဝတ်ရုံတို့ကို သူတို့ ဆင်မြန်းခွင့်ရှိမည်ဖြစ်ပြီး၊ ထို့နောက် ယေဟောဝါ၏ မျက်နှာတော်ကို ဖူးတွေ့ရန် ဗိမာန်တော်ထဲသို့ သူတို့မဝင်နိုင်မီ အပြင်ဝိုင်းထဲတွင် ခုနှစ်ရက်ကြာ အစေခံရသည်။ သူတို့သည် မည်သည့် ဤယဇ်ပုရောဟိတ်အဝတ်ကိုမဆို ဗိမာန်တော် အတွင်း၌သာ ဝတ်ဆင်ခွင့်ပြုထားပြီး၊ ယေဟောဝါ၏ ဗိမာန်တော်အား ညစ်ညမ်းစေခြင်းကို ရှောင်ကျဉ်ရန်အလို့ငှာ ပြင်ပ၌ လုံးဝခွင့်ပြုမထားပေ။ ယဇ်ပုရောဟိတ်ဖြစ်သူ အားလုံးတို့သည် ယေဟောဝါ၏ ပညတ်များကို ချိုးဖောက် ထားခဲ့သည့် ရာဇဝတ်သားများအား သာမန်လူတို့၏ အသေသတ်ခြင်းကို ခံရသည့် ကိုယ်တော်၏ ယဇ်ပလ္လင်ရှေ့သို့ ခေါ်ဆောင်လာရသည်။ သို့မဟုတ်လျှင် မီးသည် ထိုရာဇဝတ်မှုကို မြင်တွေ့ခဲ့သည့် ယဇ်ပုရောဟိတ်အပေါ်သို့ ကျရောက်မည် ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ယေဟောဝါကို မပျက်မကွက် သစ္စာထားရှိရသည်၊ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်၏ ပညတ်များမှာ သူတို့အတွက် အလွန်ကြီးလေးပြီး ကိုယ်တော်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပေါ့ပေါ့တန်တန် ချိုးဖောက်ရန် သူတို့ မည်သည့်အခါမျှ လုံးဝ ဝံ့ရဲကြသည် မဟုတ်ချေ။ ဣသရေလအမျိုးသားများမှာ ယေဟောဝါကို သစ္စာရှိခဲ့ကြသည်၊ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်၏ မီးလျှံကို သူတို့မြင်တွေ့ခဲ့ပြီးဖြစ်သောကြောင့်နှင့် လူတို့ကို ကိုယ်တော်ပြစ်တင်ဆုံးမခဲ့သည့် လက်တော်ကို မြင်တွေ့ခဲ့ပြီးသည့်အပြင် ကိုယ်တော့်အတွက် ထိုသို့သော ချစ်ကြောက်ရိုသေမှုကို နဂိုက သူတို့ လက်သင့်ခံထား ခဲ့ပြီးသောကြောင့် ဖြစ်သည်။ ထို့အတွက်ကြောင့် သူတို့ ရရှိခဲ့ကြသည်မှာ ယေဟောဝါ၏ မီးလျှံကိုသာမက သူ၏ဂရုစိုက်မှု၊ သူ၏အကာအကွယ်နှင့် သူ၏ ကောင်းချီးများလည်း ဖြစ်ခဲ့သည်။ သူတို့၏ လုပ်ဆောင်ချက်များ အားလုံးတွင် ယေဟောဝါ၏ နှုတ်ကပတ်တော်များကို သူတို့လိုက်နာခဲ့ပြီး မည်သူမျှ မနာခံခြင်း မရှိခဲ့သည်မှာ သူတို့၏ သစ္စာစောင့်သိမှုပင် ဖြစ်သည်။ အကယ်၍ မနာခံမှု တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လျှင် အခြားသူများသည် ယေဟောဝါကို ဆန့်ကျင်ခဲ့သော မည်သူ့ကိုမဆို အသေသတ်ခြင်းအားဖြင့် ယေဟောဝါ၏ နှုတ်ကပတ်တော်များကို လုပ်ဆောင်ဦးမည် ဖြစ်ပြီး ထိုပုဂ္ဂိုလ်ကို ကိုယ်တော့်ထံမှ လုံးဝ ဝှက်ထားမည် မဟုတ်ပေ။ ဥပုသ်နေ့ကို ချိုးဖောက်သူများ၊ လက်လွတ်စပယ် လိင်ပျော်ပါးခြင်း အပြစ်ရှိသူများနှင့် ယေဟောဝါအဖို့ ပူဇော်သက္ကာများကို

ခိုးယူသူများမှာ အထူးကြီးလေးစွာဖြင့် အပြစ်ပေးခြင်းခံရသည်။ ဥပုသ်နေ့ကို ချိုးဖောက်သောသူများကို သူတို့ (သာမန်လူတို့) မှ ကျောက်ခဲနှင့် အသေပေါက်ကြသည်၊ သို့မဟုတ် သူတို့ကို ခွင်းချက်မရှိ ကြာပွတ်နှင့် အသေရိုက်ကြသည်။ မတရားသောမေထုန်ကို ကျူးလွန်သူတို့- ရှုချင်စဖွယ်ကောင်းသော အမျိုးသမီးများကို တပ်မက်စိတ်ရှိသူ သို့မဟုတ် မကောင်းသော အမျိုးသမီးများကို မြင်တွေ့ပြီး တဏှာရာဂအတွေးများ ဖြစ်ပေါ်သူ၊ သို့မဟုတ် ပျိုရွယ်သော အမျိုးသမီးများကို မြင်တွေ့ပြီး ရာဂစိတ်ပြင်းပြလာသူတို့ပင်- အားလုံးသည် အသေသတ်ခြင်းကို ခံရသည်။ အကယ်၍ အဖုံးအအုပ် သို့မဟုတ် ဦးခေါင်းခြုံထည် မဝတ်ဆင်ထားသည့် ပျိုရွယ်သော မည်သည့်အမျိုးသမီးမဆို ယောက်ျားတစ်ဦးကို လူ့စည်းချိုးဖောက်သော အပြုအမူ ဖြစ်အောင် သွေးဆောင်ခဲ့ပါက ထိုအမျိုးသမီးမှာ အသေသတ်ခြင်း ခံရသည်။ ထိုယောက်ျားမှာ ဤပညတ်တော်မျိုးကို ဖောက်ဖျက်ခဲ့သည့် ယဇ်ပုရောဟိတ် တစ်ဦး (ဗိမာန်တော်ထဲ၌ အစေခံသောသူ) ဖြစ်ခဲ့လျှင် သူသည် ကားစင်တင်သတ်ခြင်း သို့မဟုတ် ချိတ်ဆွဲသတ်ခြင်းကို ခံရသည်။ ထိုကဲ့သို့သောသူ မည်သူ့ကိုမျှ အသက်ရှင်ခွင့်ပြုမည် မဟုတ်ဘဲ ယေဟောဝါရှေ့တွင် မည်သူတစ်ဦးတစ်ယောက်မျှ မျက်နှာသာရသည် မဟုတ်ပေ။ ဤကဲ့သို့သောလူ၏ ဆွေမျိုးသားချင်းများကို ထိုသူသေဆုံးပြီး သုံးနှစ်ကြာသည်အထိ ယဇ်ပလ္လင်ရှေ့တွင် ယေဟောဝါကို ယဇ်ပူဇော်ခွင့်ပြုမည် မဟုတ်သည့်အပြင် သာမန်လူတို့ကို ယေဟောဝါပေးသနားသည့် ယဇ်များ၌ မျှဝေကျခံခွင့်ပြုမည် မဟုတ်ပေ။ ထိုကာလစေ့မှသာလျှင် သူတို့သည် ယေဟောဝါ၏ ယဇ်ပလ္လင်ပေါ်တွင် အရည်အသွေး အကောင်းဆုံးနွား သို့မဟုတ် သိုးကို တင်လှူနိုင်သည်။ အကယ်၍ အခြား ဖောက်ဖျက်ကျူးလွန်ခြင်း တစ်စုံတစ်ရာကို ပြုလုပ်ခဲ့ပါက ထိုသူတို့သည် ယေဟောဝါရှေ့မှောက်တွင် သူ၏ ကရုဏာတော်ကို အသနားခံလျက် သုံးရက်ကြာသည်အထိ အစာရှောင်ရမည် ဖြစ်သည်။ ယေဟောဝါ၏ ပညတ်များမှာ အလွန်ကြီးလေးပြီး အလွန်တင်းကျပ်ခဲ့သောကြောင့်သာလျှင် သူတို့က သူ့ကို ဝတ်ပြုခဲ့ကြသည်မဟုတ်၊ သူတို့က သူ၏ကရုဏာတော်၏ အကျိုးဆက်အဖြစ်နှင့် သူ့အပေါ် သူတို့၏ သစ္စာစောင့်သိမှုကြောင့် ထိုသို့ပြုခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ယနေ့အချိန်ထိ သူတို့သည် သူတို့၏ အစေခံခြင်း၌ အလားတူပင် ဆက်လက်၍ သစ္စာစောင့်သိကြပြီး ယေဟောဝါရှေ့၌ သူတို့၏ အသနားခံခြင်းများတွင် မည်သည့်အခါမျှ နောက်မဆုတ် ခဲ့ကြခြင်း ဖြစ်သည်။ ယနေ့ခေတ်တွင် ဣသရေလ အမျိုးသားများသည် ကိုယ်တော်၏ ဂရုစိုက်မှုနှင့် ကာကွယ်မှုကို ရရှိနေကြဆဲဖြစ်ပြီး ကိုယ်တော်သည် သူတို့နှင့် အစဉ်အမြဲ အတူပါရှိကာ သူတို့အလယ်ရှိကျေးဇူးတော် ဖြစ်နေဆဲပင် ဖြစ်သည်။ သူတို့အားလုံးက ယေဟောဝါကို မည်သို့

ချစ်ကြောက်ရိုသေသင့်သည်နှင့် သူ့အား မည်သို့ အစေခံသင့်သည်ကို သိကြပြီး၊ သူတို့အားလုံးက သူ၏ ဂရုစိုက်မှုနှင့် အကာအကွယ်ကို ရရှိရန်အတွက် မည်သို့ပြုမူရမည်ကို သိကြသည်။ ဤသည်မှာ သူတို့အားလုံးက သူတို့နှလုံးသားထဲ၌ သူ့ကို ချစ်ကြောက်ရိုသေကြသောကြောင့် ဖြစ်သည်။ သူတို့အစေခံခြင်းအားလုံး၏ အောင်မြင်မှု၏ လျှို့ဝှက်ချက်မှာ အခြားဘာမျှမဟုတ်ဘဲ ချစ်ကြောက် ရိုသေခြင်းပင် ဖြစ်သည်။ ထိုသို့ဆိုလျှင် ယနေ့ခေတ်တွင် သင်တို့အားလုံးမှာ မည်သည့်အရာနှင့် တူသနည်း။ ဣသရေလ အမျိုးသားများနှင့် တူညီကြသလော။ ယနေ့ခေတ် အစေခံခြင်းမှာ ပြောင်မြောက်သော ဝိညာဉ်ရေးလူတစ်ဦး၏ ခေါင်းဆောင်မှု နောက်လိုက်ခြင်းနှင့် ဆင်တူသည်ဟု သင်ထင်သလော။ သင်တို့၌ သစ္စာစောင့်သိမှုနှင့် ချစ်ကြောက်ရိုသေခြင်း အနည်းငယ်မျှပင် မရှိကြပေ။ သင်တို့သည် ကျေးဇူးတော် အတော်အတန်ရရှိပြီး ဘုရားသခင်ကို သင်တို့အားလုံး တိုက်ရိုက်အစေခံနေကြရာ၌ ဣသရေလ ယဇ်ပုရောဟိတ်များနှင့် တူညီကြသည်။ သင်တို့သည် ဗိမာန်တော်ထဲသို့ မဝင်ကြသော်လည်း သင်တို့ရရှိသည့်အရာနှင့် သင်တို့တွေ့မြင်သည့်အရာမှာ ဗိမာန်တော်ထဲတွင် ယေဟောဝါကို အစေခံခဲ့ကြသော ယဇ်ပုရောဟိတ်များ ရရှိသည်ထက် ပို၍များသည်။ သို့သော်လည်း သင်တို့သည် သူတို့ထက် ပို၍ပင် ကြိမ်ဖန်များစွာ ပုန်ကန်ကြသည်။ သင်တို့၏ ချစ်ကြောက်ရိုသေမှုမှာ မပြောပလောက်ဖြစ်ပြီး အကျိုးဆက်အနေဖြင့် အလွန်နည်းပါးသော ကျေးဇူးတော်ကို သင်တို့ ရရှိကြသည်။ သင်တို့သည် အနည်းငယ်သာ ဆက်ကပ်သော်လည်း၊ သင်တို့ရရှိထားသည်မှာ ထိုဣသရေလ အမျိုးသားများ ရရှိခဲ့ဖူးသည်ထက် ပို၍ပင် များပြားသည်။ ဤအရာအားလုံး၌ သင်တို့ကို အကျိုးကြီးစွာ မပြုသလော။ ဣသရေလ၌ အမှုပြုနေစဉ် လူတို့သည် ယေဟောဝါကို ဆန္ဒအလျောက် စီရင်ခြင်း မပြုဝံ့ခဲ့ကြပေ။ သို့ဖြစ်စေကာမူ သင်တို့ကား အဘယ်သို့ရှိသနည်း။ သင်တို့ကို သိမ်းပိုက်ဖို့ လက်ရှိ ငါ လုပ်ဆောင်နေသည့် အမှုအတွက်သာ မဟုတ်ခဲ့ပါက၊ ငါ၏နာမတော်ကို သင်၏ လွန်စွာ မဖွယ်မရာ အရှက်ရစေခြင်းကို ငါ အဘယ်သို့ သည်းခံနိုင်မည်နည်း။ သင်တို့ နေထိုင်သော ခေတ်မှာ ပညတ်တော်ခေတ်ဖြစ်ခဲ့ပါက သင်တို့၏ စကားများနှင့် လုပ်ရပ်များကို ထောက်ဆလျှင် သင်တို့ တစ်ဦးတစ်ယောက်မျှ အသက်ရှင်ကျန်ရစ်မည် မဟုတ်တော့ပေ။ သင်တို့၏ ချစ်ကြောက်ရိုသေခြင်းမှာ မပြောပလောက်ပါတကား။ သင်တို့သည် သင်တို့အပေါ် မျက်နှာသာပေးမှုများစွာ နှင်းအပ်မထားသည့်အတွက် ငါ့ကို အစဉ်အမြဲ အပြစ်တင်နေကြသည်။ ထို့ပြင် ငါသည် သင်တို့ကို လုံလောက်သော ကောင်းချီးနှုတ်ကပတ်တော်များ မပေးဘဲ သင်တို့အဖို့ ကျိန်ဆဲမှုများသာ ငါ၌ရှိသည်ဟုပင် အခိုင်အမာဆိုကြသည်။ ငါ့အပေါ် ထိုမျှနည်းပါးသော ချစ်ကြောက်ရိုသေမှုနှင့်ဆိုလျှင် သင်တို့အနေဖြင့် ငါ၏ ကောင်းချီးများ

လက်ခံရန် မဖြစ်နိုင်သည်ကို သင်တို့မသိကြသလော။ ငါသည် သင်တို့ အစေခံခြင်း၏ ဆိုးရွားသော အခြေအနေကြောင့် သင်တို့အပေါ် အစဉ်မပြတ် ကျိန်ဆဲပြီး တရားစီရင်မှုကို ချမှတ်ကြောင်း သင်တို့ မသိကြသလော။ သင်တို့ မတရားသဖြင့် ခံခဲ့ရသည်ဟု သင်တို့အားလုံး ထင်မိကြသလော။ ငါသည် ပုန်ကန်တတ်ပြီး နာခံခြင်းမရှိသော လူတစ်စုအပေါ် ငါ၏ ကောင်းချီးများကို အဘယ်သို့ နှင်းအပ်နိုင်မည်နည်း။ ငါ၏ နာမတော်ကို ဂုဏ်အသရေညှိုးနွမ်းစေသော လူတို့အား ငါ၏ကျေးဇူးတော်ကို ငါသည် အဘယ်သို့ ပေါ့ပေါ့တန်တန် ချပေးနိုင်မည်နည်း။ သင်တို့သည် လွန်ကဲသော သနားခြင်းကရုဏာနှင့် ဆက်ဆံခံရ ပြီးလေပြီ။ ဣသရေလအမျိုးသားများသည် ယနေ့ သင်တို့ ပုန်ကန်သကဲ့သို့ ပုန်ကန်တတ်ခဲ့လျှင်မူ ငါသည် သူတို့ကို ရှေးတုန်းကတည်းက အမြစ်ဖြတ်သုတ်သင်ခဲ့ပြီးဖြစ်မည်။ သို့သော်လည်း ငါသည် သင်တို့ကို သက်ညှာမှုနှင့်သာ ဆက်ဆံသည်။ ဤသည်မှာ အကျိုးပြုခြင်းပင် မဟုတ်သလော။ ဤအရာထက် ပိုမိုကြီးမားသော ကောင်းချီးများကို သင်တို့ တောင့်တသလော။ ယေဟောဝါသည် သူ့အား ရိုသေသော သူတို့ကိုသာ ကောင်းချီးပေးသည်။ သူသည် သူ့အား ခုခံသော လူတို့ကို တစ်ဦးတစ်ယောက်မျှ လုံးဝခွင့်မလွှတ်ဘဲ ပြစ်တင်ဆုံးမသည်။ မည်သို့အစေခံရမည်ကို မသိသော ယနေ့ခေတ် သင်တို့လူများသည် သင်တို့နှလုံးသားများ လုံးလုံးလျားလျား ပြန်လှည့်လာမည့်အကြောင်း ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို ပို၍သာ လိုအပ်လျက်ရှိသည် မဟုတ်သလော။ သင်တို့အပေါ်သို့ နှင်းအပ်ရန်အတွက် ထိုကဲ့သို့သော ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမှာ အကောင်းဆုံးသော ကောင်းချီးမျိုးဖြစ်သည် မဟုတ်လော။ ၎င်းတို့သည် သင်တို့၏ အကောင်းဆုံး ကာကွယ်မှုဖြစ်သည် မဟုတ်လော။ ၎င်းတို့မပါဘဲ သင်တို့အနက် တစ်စုံတစ်ဦးသည် ယေဟောဝါ၏ လောင်ကျွမ်းသောမီးကို ကြံ့ကြံ့ခံနိုင်မည်လော။ သင်တို့သည် ဣသရေလ အမျိုးသားများကဲ့သို့ သစ္စာရှိစွာ အမှန်တကယ် အစေခံနိုင်သည်ဆိုလျှင် ကျေးဇူးတော်ကို သင်တို့၏ အမြဲတမ်း အဖော်မွန်အဖြစ်လည်း ရရှိမည်မဟုတ်လော။ ဝမ်းမြောက်ခြင်းနှင့် လုံလောက်သော မျက်နှာသာ ပေးခြင်းကိုလည်း သင်တို့ မကြာခဏ ရမည်မဟုတ်လော။ သင်တို့ မည်သို့ အစေခံသင့်သည်ကို သင်တို့အားလုံး သိကြပြီလော။

ယနေ့ သင်တို့အား ပြုထားသော တောင်းဆိုချက်ဖြစ်သည့် သဟဇာတကျစွာ အတူတကွ အလုပ်လုပ်ခြင်းမှာ ဣသရေလ အမျိုးသားများအား ယေဟောဝါ တောင်းဆိုခဲ့သည့် အစေခံခြင်းနှင့် အလားတူသည်- သို့မဟုတ်ပါက သင်တို့၏ အစေခံခြင်းမှာ ရပ်စဲလိမ့်မည်။ သင်တို့သည် ဘုရားသခင်ကို တိုက်ရိုက် အစေခံကြသည့် လူများဖြစ်သောကြောင့်၊ အနည်းဆုံး

အနေဖြင့် သင်တို့သည် သင်တို့၏ အစေခံခြင်း၌ သစ္စာစောင့်သိမှုနှင့် ကျိုးနွံနာခံမှု ရှိနိုင်စွမ်းရှိရမည့်အပြင် သင်ခန်းစာများကို လက်တွေ့ကျသော နည်းလမ်းဖြင့် သင်ယူနိုင်စွမ်းရှိရမည်။ အထူးသဖြင့် အသင်းတော်၌ အလုပ်လုပ်နေကြသော သင်တို့အတွက်၊ သင်တို့လက်အောက်ရှိ ညီအစ်ကိုမောင်နှမများ တစ်ဦးဦးက သင်တို့ကို ကိုင်တွယ် ဖြေရှင်းဝံ့မည်လော။ သင်တို့၏ အမှားများကို သင်တို့ရှေ့၌ တစ်စုံတစ်ဦးက ဖြောင့်ကျကျ ပြောဝံ့မည်လော။ သင်တို့သည် အခြားသူများအထက်၌ မြင့်မြင့်မားမား ရပ်တည်ကြ၏၊ ဘုရင်များကဲ့သို့ ကြီးစိုးကြလေတကား။ သင်တို့သည် ဤကဲ့သို့ လက်တွေ့ကျသော သင်ခန်းစာမျိုးများကို လေ့လာခြင်း သို့မဟုတ် ၎င်းတို့အထဲသို့ ဝင်ရောက်ခြင်းပင် မရှိပါဘဲလျက် ဘုရားသခင်အား အစေခံခြင်းအကြောင်းကို ပြောနေသေးသည်တကား။ လက်ရှိတွင် သင့်အား အသင်းတော် အနည်းငယ်ကို ဦးဆောင်စေသော်လည်း သင့်ကိုယ်သင် မစွန့်လွှတ်သည်သာမက၊ “ငါတို့သည် အခြားသူများ၏ ချုပ်ထိန်းခြင်း မခံသင့်သည့်အပြင် ယနေ့ခေတ်တွင် ငါတို့ တွေးခေါ်မြော်မြင်မှု ကင်းမဲ့စွာ နာခံခြင်း မပြုသင့်ဟု ဘုရားသခင် မြွက်ဆိုထားသကဲ့သို့၊ ဤအရာကို ဤနည်းဖြင့် ပြုလုပ်သင့်သည်ဟု ငါထင်သည်” ဟူသကဲ့သို့သော အရာများကို ပြောဆိုကာ သင့်ကိုယ်ပိုင် အယူအဆများနှင့် ထင်မြင်ချက်များကိုပင် ဖက်တွယ်ထားကြသည်။ ထို့အတွက်ကြောင့် သင်တို့အယောက်စီတိုင်းက သင်တို့ကိုယ်ပိုင် ထင်မြင်ချက်ကို ဆုပ်ကိုင်ပြီး မည်သူ့မျှ အချင်းချင်း မနာခံကြပေ။ သင်၏ အစေခံခြင်းမှာ ချောင်ပိတ်မိသည်ကို ရှင်းရှင်းလင်းလင်း သိသော်လည်း သင်သည် “ငါမြင်သည့်အတိုင်းဆိုလျှင် ငါ့နည်းလမ်းမှာ ပစ်မှတ်နှင့် မဝေးပေ။ မည်သို့ဖြစ်စေ ငါတို့ တစ်ဦးစီတွင် သဘောထား ကိုယ်စီရှိသည်- သင့်သဘောထားကို သင်ပြောပြီး ငါ့သဘောထားကို ငါပြောမည်။ သင့်ရူပါရုံများ အကြောင်းကို သင် မိတ်သဟာယပြုပြီး ငါ့ဝင်ရောက်မှု အကြောင်းကို ငါပြောမည်” ဟု သင်ပြောနေသေးသည်။ ကိုင်တွယ်ဖြေရှင်းသင့်သည့်အရာ မြောက်မြားစွာအတွက် သင် လုံးဝ တာဝန်ယူခြင်းမရှိ၊ သို့မဟုတ် သင်တို့ကိုယ်စီက မိမိကိုယ်ပိုင် ထင်မြင်ချက်များကို ရင်ဖွင့်နေပြီး မိမိကိုယ်ပိုင် အဆင့်အတန်း၊ ဂုဏ်သတင်းနှင့် မျက်နှာကို နှိုင်းချင့်စွာ ကာကွယ်နေကြကာ အမှန်ပင် ကြံဖန် လုပ်ဆောင်ကြသည်။ သင်တို့အနက်မည်သူမျှ မိမိကိုယ်ကိုယ် နှိမ့်ချလိုစိတ် မရှိသည့်အပြင်၊ အသက်တာသည် ပို၍မြန်ဆန်စွာ တိုးတက်နိုင်ရန်အလို့ငှာ မိမိကိုယ်ကိုယ် စွန့်လွှတ်ပြီး တစ်ဦးနှင့်တစ်ဦး၏ ပျော့ကွက်များကို ထေမိစေဖို့ရာ မည်သည့်ဘက်ကမျှ အစပျိုးလိမ့်မည်မဟုတ်ချေ။ သင်တို့ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြသောအခါ၊ သမ္မာတရားကို ရှာဖွေဖို့ သင်ယူသင့်ကြ၏။ သင်တို့က၊ “ကျွန်ုပ်သည် သမ္မာတရား၏

ဤရှုထောင့်နှင့်ဆိုင်သော ရှင်းလင်းသည့် သိနားလည်မှု မရှိပါ။ ယင်းနှင့် ပတ်သက်၍ သင် မည်သည့်အတွေ့အကြုံ ရှိပါသနည်း။" ဟု ပြောနိုင်သည်၊ သို့မဟုတ် "ဤရှုထောင့်နှင့်စပ်လျဉ်း၍ သင်သည် ကျွန်ုပ်ထက် အတွေ့အကြုံ ပိုရှိသည်။ ကျေးဇူးပြု၍ လမ်းညွှန်ချက်တစ်ချို့ ကျွန်ုပ်ကို ပေးနိုင်မည်လော" ဟု သင် ပြောနိုင်သည်။ ယင်းသည် ထိုအကြောင်းနှင့် ပတ်သက်၍ လုပ်ဆောင်ရမည့် နည်းလမ်း ကောင်းဖြစ်မည် မဟုတ်လော။ သင်သည် တရားဒေသနာများစွာ နားထောင်ပြီးဖြစ်ကာ အစေခံမှုလုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ အတွေ့အကြုံအချို့ ရှိထားပြီးဖြစ်သည်။ အသင်းတော်များတွင် အလုပ် လုပ်ဆောင်နေချိန်တွင် သင်သည် အချင်းချင်းထံမှ သင်ယူခြင်းမရှိ၊ အချင်းချင်း ကူညီခြင်းမရှိ၊ အချင်းချင်း၏ အားနည်းချက်များကို ထေမိစေခြင်း မရှိပါက၊ သင်ခန်းစာ တစ်ခုတလေကို သင်မည်သို့ သင်ယူနိုင်မည်နည်း။ တစ်စုံတစ်ခုကို ကြုံတွေ့သောအခါတိုင်း သင်တို့၏ အသက်တာများက အကျိုးရရှိနိုင်ရန်အတွက် သင်တို့အချင်းချင်း မိတ်သဟာယ ပြုပေးသင့်သည်။ ထို့ပြင် သင်တို့သည် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချခင် မည်သည့်အမှုအရာမျိုးနှင့် ပတ်သက်၍မဆို ဂရုတစိုက် မိတ်သဟာယပြုပေးသင့်သည်။ ထိုသို့ပြုခြင်းဖြင့်သာလျှင် ဝတ်ကျေတမ်းကျေမျှသာ လုပ်ဆောင် နေခြင်းထက် အသင်းတော်အတွက် တာဝန်ယူနေခြင်းဖြစ်သည်။ အသင်းတော်များ အားလုံးကို လည်ပတ်ပြီးသောအခါ အတူတကွ စုဝေးပြီး သင်တွေ့ရှိထားသော အရေးကိစ္စများအားလုံးနှင့် သင့်အလုပ်တွင် ကြုံတွေ့ရသည့် ပြဿနာများ အကြောင်းတို့ကို မိတ်သဟာယပြုပြီးနောက် သင်ရရှိပြီးသည့် ဉာဏ်အလင်းရခြင်း နှင့် အလင်းပေးခြင်းအကြောင်းကို ပြောပြသင့်သည်၊ ဤသည်မှာ မရှိမဖြစ်လိုအပ်သည့် အစေခံခြင်း၏ လက်တွေ့လုပ်ဆောင်မှုပင် ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏အမှုအလို့ငှာ၊ အသင်းတော်၏ အကျိုးအတွက်နှင့် သင်တို့၏ ညီအစ်ကို မောင်နှမများကို ရှေ့သို့ လှုံ့ဆော်ပေးရန်အလို့ငှာ သဟဇာတကျသော ပူးပေါင်းဆောင်ရွက်မှုကို ရယူဖန်တီးရမည်။ သင်တို့သည် ဘုရားသခင်၏ အလိုတော်ကို ပြုစုရန်အလို့ငှာ တစ်ဦးက နောက်တစ်ဦးကို ပြုပြင်၍ ပိုမိုကောင်းမွန်သော အလုပ်၏အကျိုးရလဒ်သို့ ရောက်ရှိကာ အချင်းချင်း ညှိနှိုင်းလုပ်ဆောင်သင့်သည်။ ဤသည်မှာ မှန်ကန်သော ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပြီး ယင်း၌ပါဝင်သောသူများသာ စစ်မှန်သောဝင်ရောက်မှုကို ရရှိလိမ့်မည်။ ပူးပေါင်း ဆောင်ရွက်ရာတွင်၊ သင်ပြောသော စကားအချို့မှာ မသင့်လျော်နိုင်သော်လည်း ၎င်းမှာ အရေးမကြီးပေ။ ယင်းကို နောက်မှ မိတ်သဟာယပြုပြီး ယင်းအပေါ် ရှင်းလင်းသော နားလည်မှု ရယူလော့။ ယင်းကို လျစ်လျူမရှုနှင့်။ ဤသို့သော မိတ်သဟာယမျိုးနောက်တွင် ညီအစ်ကို သို့မဟုတ် မောင်နှမများ၏ ပျော့ကွက်များကို သင်ထေမိစေနိုင်မည်။ အလုပ်ထဲတွင် ဤကဲ့သို့

ပို၍နက်နဲစွာ ရွေ့လျားသွားခြင်း အားဖြင့်သာ ပိုမိုကောင်းမွန်သော ရလဒ်များကို ရရှိနိုင်မည်။ ဘုရားသခင်ကို အစေခံသောသူများအဖြစ် သင်တို့တစ်ဦးစီသည် မိမိအကျိုးကိုသာလျှင် ထည့်တွက်မည့်အစား၊ သင်ပြုသော အရာတိုင်းတွင် အသင်းတော်၏အကျိုးကို ကာကွယ်နိုင်ရမည်။ အချင်းချင်း အမြဲတမ်း အားလျော့စေလျက် တစ်ဦးတည်း လုပ်ဆောင်နေသည်မှာ လက်ခံနိုင်စရာမရှိပေ။ ထိုသို့ပြုမူသော လူများမှာ ဘုရားသခင်ကို အစေခံရန် မသင့်တော်ချေ။ ထိုကဲ့သို့သော လူများတွင် ဆိုးရွားသော စိတ်သဘောထားရှိကာ သူတို့အထဲ၌ လူ့သဘောသဘာဝ တစ်စက်မျှမရှိပေ။ သူတို့သည် ရာနှုန်းပြည့် စာတန်ဖြစ်ကြတကား။ သူတို့သည် သားရဲများတည်း။ ယခုပင်လျှင် ထိုကဲ့သို့သောအရာများမှာ သင်တို့အထဲတွင် ပေါ်ပေါက်ဆဲဖြစ်သည်။ ယိုးမယ်ဖွဲ့စရာများကို တမင်တကာ ရှာဖွေပြီး အသေးအဖွဲကိစ္စအချို့ကို ငြင်းခုံကြစဉ် မျက်နှာတစ်ခုလုံး နီမြန်းလာကာ၊ မည်သူမျှ မိမိကိုယ်ကိုယ် လက်လျှော့လိုစိတ်မရှိ၊ လူတိုင်း သူ့အတွင်းစိတ်ကူးများကို တစ်ပါးသူထံမှ ဖုံးကွယ်ထားလျက် တစ်ဖက်သားကို မမှိတ်မသုန် စောင့်ကြည့်ပြီး အမြဲတမ်း သတိထားနေလျက်၊ မိတ်သဟာယ ပြုစဉ် အချင်းချင်း တိုက်ခိုက်သည်အထိပင် ဖြစ်ကြသည်။ ဤသို့သော စိတ်သဘောထားမျိုးမှာ ဘုရားသခင်အတွက် အစေခံခြင်းနှင့် သင့်လျော်သလော။ သင်တို့၏အလုပ်ကဲ့သို့သော အလုပ်က ညီအစ်ကိုမောင်နှမများကို တစ်စုံတစ်ရာ ဖြည့်စွမ်းပေးနိုင်သလော။ လူတို့ကို မှန်ကန်သော အသက်တာ လမ်းကြောင်းဆီသို့ သင် လမ်းမညွှန် ပေးနိုင်သည်သာမက၊ သင်၏ ညီအစ်ကိုမောင်နှမများထဲ၌ သင့်ကိုယ်၌၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများကို အမှန်ပင် ထည့်သွင်းပေးနေသည်။ အခြားသူများကို သင်နာကျင်စေနေသည် မဟုတ်လော။ သင့်အသိစိတ်မှာ ကြောက်မက်ဖွယ်ကောင်းပြီး ယင်းသည် ရိုးတွင်းခြင်ဆီအထိ ပုပ်ပျက်သည်တကား။ သင်သည် စစ်မှန်မှုထဲသို့ မဝင်ရောက်သည့်အပြင် သမ္မာတရားကိုလည်း သင် လက်တွေ့မကျင့်သုံးပေ။ ထို့ထက်မက အခြားသူများအား သင်၏ ဆိုးယုတ်သောသဘာဝကို အရှက်မရှိ ထုတ်ပြနေသည်။ သင်သည် အရှက်တရားကို တကယ်ပင် မသိချေ။ ဤညီအစ်ကို မောင်နှမများကို သင့်အား အပ်နှံထားသော်လည်း သင်သည် သူတို့ကို ငရဲသို့ ပို့ဆောင်နေသည်။ သင်သည် အသိစိတ် ပုပ်ပျက်သွားသောသူတစ်ဦး မဟုတ်ပေသလော။ သင်၌ အရှက်တရား လုံးဝမရှိချေ။

## လက်တွေ့လုပ်ဆောင်ခြင်း (၈)

လူတို့နှင့် ပတ်သက်လျှင် စံသွေ၍ မှားယွင်းနေသောအရာ အလွန်များသည်။ သူတို့သည် ကိုယ့်ကိုယ်ကိုယ် မည်သည့်အခါမျှ မထိန်းနိုင်ကြ။ ထို့ကြောင့် မှန်သောလမ်းပေါ်သို့ သူတို့ဝင်ရောက်ရာ၌ ဦးဆောင်လမ်းပြပေးဖို့ လိုအပ်နေသေးသည်။ တစ်နည်းအားဖြင့်ဆိုသော် သူတို့၏ လူ့အသက်တာတို့နှင့် ဝိညာဉ်အသက်တာတို့ကို ထိန်းညှိနိုင်စွမ်းရှိပြီး ထိုကဏ္ဍနှစ်ခုလုံးကို လက်တွေ့လုပ်ဆောင်နိုင်စွမ်း ရှိမည်ဆိုလျှင် သူတို့ကို မကြာခဏ ပံ့ပိုးပေးဖို့၊ ဦးဆောင်လမ်းပြလုပ်ပေးဖို့ မလိုပေ။ ထိုသို့လုပ်နိုင်မှသာ သူတို့သည် စစ်မှန်သော ဝိညာဉ်အသက်တာကို ပိုင်ဆိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ အနာဂတ်တွင် သင့်ကို လမ်းပြမည့်သူမရှိသော်လည်း ကိုယ်တိုင် ရင်ဆိုင်နိုင်စွမ်း သင့်မှာ ရှိနေဦးမည်ဖြစ်သည်။ ယနေ့ သင်သည် မည်သည့်အရာက အရေးကြီးသည်နှင့် မည်သည့်အရာက အရေးမကြီးသည်ကို နားလည်လျှင် အနာဂတ်၌ သင်သည် လက်တွေ့အရှိတရားထဲသို့ ဝင်နိုင်စွမ်းရှိမည်။ ယနေ့ သင်တို့သည် မှန်သောလမ်းသို့ ဦးဆောင်လမ်းပြခြင်းခံရပြီး သမ္မာတရားများစွာကို နားလည်ခွင့်ရကြကာ အနာဂတ်၌ သင်တို့သည် သာ၍နက်ရှိုင်းစွာ သွားနိုင်ကြလိမ့်မည်။ ယခု လူတို့ကို နားလည်စေသောနည်းလမ်းသည် အစစ်မှန်ဆုံး နည်းလမ်းဖြစ်သည်ဟု ပြောနိုင်သည်။ ယနေ့ သင်သည် မှန်သောလမ်းသို့ ခေါ်ဆောင်ခြင်းခံနေရပြီး တစ်နေ့ သင့်ကို ဦးဆောင်လမ်းပြမည့်သူ တစ်ဦးမျှ မရှိသောအခါ လမ်းအားလုံးထဲတွင် အစစ်မှန်ဆုံးလမ်းဖြစ်သည့် ဤလမ်းအတိုင်း သင်သည် လက်တွေ့လုပ်ဆောင်ကာ ပို၍နက်ရှိုင်းစွာ တက်လှမ်းနိုင်လိမ့်မည်။ ယခုတွင် လူတို့သည် မှန်သောအရာသည် မည်သည့်အရာဖြစ်ကြောင်း၊ စံသွေသောအရာသည် မည်သည့်အရာဖြစ်ကြောင်း နားလည်အောင် ပြသခြင်းခံရပြီး ဤအရာတို့ကို နားလည်ပြီးနောက် အနာဂတ်တွင် သူတို့၏ အတွေ့အကြုံတို့သည် ပို၍နက်နဲလာမည် ဖြစ်သည်။ ယနေ့ သင်တို့နားမလည်သော အရာများကို ပြောင်းပြန်လှန်ပစ်ထားပြီးဖြစ်၍ အပြုသဘောဆောင်သော ဝင်ရောက်ခြင်း၏ လမ်းကြောင်းကို သင်တို့အား ထုတ်ဖော်ပြထားလျက်ရှိကာ ယင်းနောက်တွင် အမှု၏ ဤအဆင့် ပြီးဆုံးမည်ဖြစ်ပြီး သင်တို့သည် လူသားများ လျှောက်လှမ်းသင့်သည့်လမ်းကို စတင်လျှောက်လှမ်းကြလိမ့်မည်။ ထိုအခါ ငါ၏အမှုသည် ပြီးမြောက်မည်ဖြစ်ပြီး ထိုအချိန်မှစကာ သင်တို့သည် ငါ့ကိုတွေ့တော့မည်မဟုတ်။ ယနေ့ သင်တို့၏ဝိညာဉ်အသက်တာသည် အလွန်အားနည်းနေသေးသည်။ လူ၏အနှစ်သာရနှင့် သဘာဝတို့၏ အမှုအရာများဖြစ်ကြသည့် အခက်အခဲများစွာ ရှိလေသည်။ ထို့ကြောင့် နက်ရှိုင်းစွာ အမြစ်တွယ်နေပြီး တူးထုတ်ဖို့ လိုအပ်နေသေးသော အချို့အရာများလည်း ရှိသည်။ လူတို့၏အနှစ်သာရနှင့် သဘာဝ၏ ပို၍အနုစိတ်သော အသေးစိတ်အချက်အလက်များကို

သင်တို့နားမလည်၍ ထိုအရာများကို ထောက်ပြဖို့ ငါ့ကို သင်တို့လိုအပ်နေသေးသည်။ သို့မဟုတ်လျှင် သင်တို့ သိမည်မဟုတ်ပေ။ ဤအရာသည် အတိုင်းအတာတစ်ခုအထိ ရောက်လာပြီး သင်တို့၏အရိုးနှင့် သွေးထဲ၌ရှိသော အရာများသည် ဖော်ထုတ်ခြင်းခံရသောအခါ၊ ဤသို့ဖြစ်ခြင်းကို ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်မှုဟုခေါ်သည်။ ငါ့အလုပ်ကို စေ့စေ့စပ်စပ်နှင့် အပြည့်အဝ လုပ်ဆောင်ပြီးမှသာ ငါ၏အလုပ်ကို ငါအဆုံးသတ်မည်။ သင်တို့သည် ပို၍ အကြီးအကျယ် ဖော်ထုတ်ခြင်းခံရလေလေ သင်တို့၌ အသိပညာပိုရှိလေလေ ဖြစ်လိမ့်မည်။ ဤအချက်သည် သင်တို့၏ အနာဂတ် သက်သေခံချက်နှင့် စုံလင်မှုအတွက် အလွန် အရေးကြီးသည့်အရာ ဖြစ်လိမ့်မည်။ ငါ၏ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်မှုအားဖြင့် ငါ့ကိုငါ သင်တို့အားလုံးကို သိခွင့်ပေးလျက် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းအလုပ်ကို စေ့စေ့စပ်စပ် လုပ်ဆောင်ပြီးမှသာ ငါ၏အလုပ် ပြည့်စုံမည်ဖြစ်သည်။ သင်တို့သည် ငါ၏စိတ်သဘောထားနှင့် ဖြောင့်မတ်မှုကို သိရုံမျှသာမက သာ၍ အရေးကြီးသောအချက်ဖြစ်သည့် ငါ၏ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်မှုကိုလည်း သိကြလိမ့်မည်။ ငါ၏အမှုတွင် ပါဝင်သည့် အသစ်ဖြစ်မှုနှင့် အသေးစိတ်ဖြစ်မှုတို့နှင့် ပတ်သက်ပြီး သင်တို့အထဲမှ လူတော်တော်များများ၌ လွန်ကဲသော အယူအဆများ ရှိကြသည်။ မည်သို့ပင်ဖြစ်စေ ငါ့အလုပ်သည် အသစ်ဖြစ်ပြီး အသေးစိတ်ကျကြောင်းနှင့် သင်တို့ မျက်နှာချင်းဆိုင်ပြီး လက်တွဲကာ လက်တွေ့လုပ်ဆောင်ရန် ငါသွန်သင်ကြောင်းကို သင်တို့မြင်သင့်သည်။ ဤအရာသည်သာ သင်တို့၏ လက်တွေ့လုပ်ဆောင်မှုနှင့် အနာဂတ်၌ သင်တို့ခိုင်မြဲစွာ ရပ်တည်နိုင်ဖို့အတွက် အကျိုးရှိသော အရာဖြစ်သည်။ ထိုသို့မဟုတ်လျှင် သင်တို့သည် ညှိုးနွမ်း၍ အဝါရောင်သန်းကာ ခြောက်သွေ့ပြီး တန်ဖိုးနည်းနည်းမျှ မရှိသည့် ဆောင်ဦးကာလ သစ်ရွက်များကဲ့သို့ ဖြစ်လိမ့်မည်။ သင်တို့၏ နှလုံးသား၊ သင်တို့၏ ဝိညာဉ်နှင့် ပတ်သက်သမျှ အရာအားလုံးကို ငါသိသည်ကို သင်တို့သိသင့်သည်။ ထို့အပြင် ကြီးစွာသော သိမ်မွေ့နက်နဲခြင်းဖြင့် ငါလုပ်သည့် အမှုနှင့် ငါပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များကိုလည်း သင်တို့သိသင့်သည်။ သင်တို့၏ စိတ်သဘောထားနှင့် သင်တို့၏ အစွမ်းအစအပေါ်အခြေခံပြီး သင်တို့ကို ထိုကဲ့သို့စီမံသင့်သည်။ ဤနည်းအားဖြင့်သာ ငါ၏ပြစ်တင်ဆုံးမမှု၊ တရားစီရင်မှုတို့နှင့် ပတ်သက်သော သင်တို့၏ အသိပညာသည် သာ၍ ရှင်းလင်းလာလိမ့်မည်။ ထို့အပြင် ယနေ့ သင်တို့ မသိသေးသော်လည်း မနက်ဖြန်နေ့တွင် သင်တို့သည် သိကောင်းသိလာလိမ့်မည်။ ငါ့ကို ဆန့်ကျင်သူ တစ်ဦးတစ်ယောက်ကိုမျှ ငါသည်းမခံသောကြောင့် ဖန်ဆင်းခံသတ္တဝါအားလုံးသည် ပြစ်တင်ဆုံးမမှု၊ တရားစီရင်မှုတို့နှင့်စပ်ဆိုင်သော ငါ၏ နှုတ်ကပတ်တော်များအလယ်သို့

ကျရောက်ကြလိမ့်မည်။

သင်တို့အားလုံးသည် ကိုယ့်အသက်တာကို ကိုယ်ထိန်းနိုင်ရမည်။ သင်တို့သည် နေ့စဉ် သင်တို့ဆန္ဒရှိသလို စီစဉ်နိုင်သည်။ သင်တို့နှစ်သက်သလို လုပ်နိုင်သော လွတ်လပ်ခွင့် သင်တို့မှာ ရှိသည်။ သင်တို့ စာဖတ်နိုင်သည်၊ နားဆင်နိုင်သည်၊ စာရေးနိုင်သည်၊ စိတ်ဝင်စားလျှင် ဓမ္မတေးသီချင်းများ သင်တို့ရေးနိုင်သည်။ သင့်တော်သော အသက်တာတစ်ခု၌ ထိုအရာများအားလုံးတို့ ပါဝင်ကြသည် မဟုတ်လော။ ထိုအရာများအားလုံးသည် လူသားတစ်ယောက်၏ အသက်တာ၌ ပါဝင်သင့်သည့် အရာများဖြစ်သည်။ လူတို့သည် သဘာဝအတိုင်း ရောက်ရှိလာသော အရာကို လုပ်ဆောင်သင့်သည်။ သူတို့၏ လူ့သဘာဝနှင့် သူတို့၏ ဝိညာဉ်အသက်တာများ၌ အသီးအပွင့်များ ရိတ်သိမ်းပြီးဖြစ်သောအခါ၌သာ သူတို့သည် သာမန်ဘဝသို့ ဝင်ရောက်ပြီးဖြစ်သည်ဟု သတ်မှတ်နိုင်သည်။ လူ့သဘာဝနှင့် ပတ်သက်လျှင် ယနေ့ သင့်မှာ ထိုးထွင်းအမြင် မရှိသည်သာမက ဆင်ခြင်တုံတရားလည်း မရှိပေ။ လူတို့ ဆင်ယင်ထားရမည့် သိသင့်သိထိုက်သည့် ရှုပါရုံများစွာ ရှိသောကြောင့် သင်မည်သည့် သင်ခန်းစာနှင့် ကြုံရသည်ဖြစ်စေ ထိုအချက်သည် သင် သင်ယူသင့်သည့် သင်ခန်းစာဖြစ်သည်။ သင်သည် ပတ်ဝန်းကျင်ကို ကြည့်နိုင်စွမ်းရှိရမည်ဖြစ်ပြီး ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရမည်။ သင်၏ပညာရေးနှင့် စာတတ်မြောက်မှုအဆင့်ကို တိုးတက်အောင်လုပ်ခြင်းတို့သည် ရေရှည်လုပ်ဆောင်ရမည့် အရာများဖြစ်သည်။ သို့မှသာ သင်သည် အသီးအပွင့်များကို ရိတ်သိမ်းရမည်ဖြစ်သည်။ သာမန်လူ့သဘာဝဖြင့် အသက်ရှင်သည့်ကိစ္စနှင့် ပတ်သက်၍ သင့်ကိုယ်သင် ဆင်ယင်ထားရမည့် အရာများ ရှိသေးသည်။ ထို့အပြင် သင်၏ ကိုယ်ပိုင်အသက်နှင့်ဆိုင်သော ဝင်ရောက်မှုကိုလည်း သင်နားလည်ရမည်။ ယနေ့ထိတိုင် ရောက်လာပြီး ယခင်က ပြောဆိုခဲ့သည့် သင်နားမလည်ခဲ့သော အရာများစွာရှိသည်။ သို့သော်လည်း ယနေ့ ထပ်မံဖတ်ရှုလိုက်သောအခါ၌မူ သင်နားလည်လာပြီး သင်၏နှလုံးသားထဲ၌လည်း သင်သည် သာ၍ပင် တည်ကြည်မြဲမြံလာသည်။ ဤသည်မှာလည်း အသီးအပွင့်များ ရိတ်သိမ်းရခြင်းဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်စားသောက်ပြီး သင့်အထဲ၌ အသိပညာအနည်းငယ်ရှိသောနေ့၌ သင်သည် သင်၏ ညီအစ်ကိုမောင်နှမများနှင့် လွတ်လပ်စွာ မိတ်သဟာယဖွဲ့နိုင်သည်။ ဤသည်မှာ သင်၌ရှိသင့်သည့် အသက်တာ မဟုတ်လော။ တစ်ခါတစ်ရံ၌ သင်သည် မေးခွန်းအချို့မေးခြင်း သို့မဟုတ် တစ်စုံတစ်ခုအကြောင်း ဆင်ခြင်စဉ်းစားခြင်းကို လုပ်ဆောင်တတ်ပြီး ထိုသို့လုပ်ဆောင်ခြင်းကြောင့် သင်၏ ခွဲခြားသိမြင်နိုင်စွမ်း ပိုကောင်းလာသည်၊ သင့်မှာ

ထိုးထွင်းအမြင်နှင့် ဉာဏ်ပညာပိုရှိလာပြီး သမ္မာတရားအချို့ကို နားလည်လာသည်။ ထိုသို့ဖြစ်ခြင်းသည် ယနေ့ ပြောသည့် ဝိညာဉ်အသက်တာ၌ ပါဝင်သောအရာဖြစ်သည်မဟုတ်လော။ ဝိညာဉ်အသက်တာ၏ ကဏ္ဍတစ်ခုကိုသာ လက်တွေ့လုပ်ဆောင်ခြင်းသည် လက်ခံနိုင်ဖွယ် မရှိသောအရာဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်း၊ ဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများ သီဆိုခြင်းစသည့် အရာများအားလုံးသည် ဝိညာဉ်အသက်တာ၌ ပါဝင်သော လုပ်ဆောင်မှုများဖြစ်ပြီး သင့်မှာ ဝိညာဉ်အသက်တာရှိလျှင် သာမန်လူ့သဘာဝကို ပိုင်ဆိုင်သည့် အသက်တာလည်း ရှိရမည်။ ယနေ့ ငါပြောခဲ့သော အရာအများစုသည် လူတို့ကို ဆင်ခြင်တုံတရားနှင့် ထိုးထွင်းအမြင် ပေးဖို့၊ သာမန်လူ့သဘာဝရှိသည့် အသက်တာကို သူတို့ပိုင်ဆိုင်ခွင့်ပေးဖို့ဖြစ်သည်။ ထိုးထွင်းအမြင်ရှိသည်ဆိုသည်မှာ အဘယ်အရာကို ဆိုလိုကြောင်း၊ လူတစ်ဦးနှင့် တစ်ဦးကြားရှိသော သာမန် ဆက်ဆံရေးရှိသည် ဆိုသည်မှာ အဘယ်အရာကို ဆိုလိုကြောင်း၊ လူများနှင့် သင်မည်သို့ ပြောဆိုဆက်ဆံသင့်ပုံ၊ စသည့်အရာများနှင့် သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ဆင်ယင်ထားသင့်သည်။ သင့်အပေါ် ငါတောင်းဆိုထားသောအရာသည် သာမန်လူ့သဘာဝဖြင့် ရယူနိုင်သောအရာဖြစ်သည်။ သင့်မှာ ရှိသင့်၊ ရှိထိုက်သည့် အရာများနှင့် ကိုယ့်ကိုယ်ကိုယ် ဆင်ယင်ထားသင့်သည်။ သို့သော် အလွန်အကျွံမပြုနှင့်။ လူအချို့သည် နှုတ်ကပတ်တော်မျိုးစုံနှင့် ဝေါဟာရမျိုးစုံကို အသုံးပြုကြ၏၊ ဤသည်၌ ၎င်းတို့သည် ကြွားနေကြခြင်းဖြစ်သည်။ စာအုပ်မျိုးစုံကို ဖတ်ရှုကြသည့် အခြားသူများလည်းရှိပြီး ယင်းမှာ ဇာတိပကတိ၏ လိုအင်ဆန္ဒများကို ဇက်ကုန်လွှတ်ပေးနေခြင်းပင်ဖြစ်သည်။ ကမ္ဘာပေါ် ရှိ အထင်ကရပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိနှင့် သူတို့ပြောခဲ့သော စကားများကို ၎င်းတို့သည် လေ့လာကာ အတုပင်ယူကြပြီး ညစ်ညမ်းစာပေများကိုလည်း ဖတ်ရှုကြသည်။ ဤလုပ်ရပ်သည် သာ၍ ရယ်စရာကောင်းသော လုပ်ရပ်ပင်ဖြစ်တော့သည်။ ထိုသို့သောလူများသည် အသက်ထဲသို့ ဝင်ရောက်ခြင်း၏ လမ်းကြောင်းကို မသိသည့်အပြင် ယနေ့ ဘုရားသခင်လုပ်သည့် အလုပ်ကို မသိကြ။ နေ့ရက်အသီးသီးကို မည်သို့ကုန်လွန်စေရမည်ကို မသိကြ။ သူတို့၏ အသက်တာများသည် အလွန်ပင် အဓိပ္ပာယ်မဲ့နေသည်။ အဘယ်အရာထဲသို့ ကိုယ်တိုင် ဝင်ရောက်သင့်သည်ကို သူတို့သည် လုံးဝ မသိနားမလည်ကြပေ။ စကားပြောခြင်းသည် သူတို့၏ကိုယ်ပိုင် ဝင်ရောက်ခြင်းကို အစားယူလိုက်ဘိသည့်အလား သူတို့ပြုသမျှမှာ အခြားသူများနှင့် ပြောဆိုဆက်ဆံခြင်းတို့သာ ဖြစ်သည်။ သူတို့ မရှက်ကြသလော။ ထိုသို့သောလူများသည်

မည်သို့ အသက်ရှင်ရမည်ကို မသိသောသူများ၊ လူ့ဘဝကို နားမလည်သောသူများ ဖြစ်သည်။ သူတို့သည် အဝအပြဲစားလျက်၊ အဓိပ္ပာယ်မရှိသော အရာများ ပြုလျက်နှင့် တစ်နေ့လုံးကို ကုန်လွန်စေကြသည်။ ထိုသို့အသက်ရှင်ခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ မိမိတို့၏ အငန်းအတာများကို လုပ်ဆောင်ခြင်း၊ အစာစားခြင်းနှင့် အဝတ်ဝတ်ခြင်းတို့အပြင် လူများစွာတို့သည် တစ်နေ့လုံးတွင် ဟေးလားဝါးလားလုပ်ခြင်းနှင့် သဝေထိုးခြင်းတို့ဖြစ်စေ၊ မိတ်ဆွေများနှင့် တွေ့ဆုံပြီး အတင်းအဖျင်းပြောခြင်းဖြစ်စေ၊ သို့မဟုတ် နှစ်ခြိုက်စွာ အိပ်စက်ခြင်းဖြစ်စေ၊ အစရှိသည့် အဓိပ္ပာယ်မဲ့သော အမှုအရာများက သူတို့၏ အဖိုးတန်သောအချိန်အား ယူထားကြသည်ကို ငါမြင်ခဲ့ပြီ။ ထိုသို့သောအသက်တာသည် သန့်ရှင်းသူတို့၏ အသက်တာဖြစ်သလော။ ဤသည်မှာ သာမန်လူတို့၏ အသက်တာ ဖြစ်သလော။ သင်၏ အသက်တာက နိမ့်ကျပြီး ခေတ်နောက်ပြန်နေသည့်အပြင် မည်သည့်အရာကိုမျှ အလေးမထားသည့်ပုံ ဖြစ်နေလျှင် သင့်ကို စုံလင်သောသူဖြစ်အောင် ပြုလုပ်နိုင်ပါမည်လော။ သင်သည် အကျိုးမရှိဘဲ စာတန်ထံ၌ သင့်ကိုယ်သင် အဆုံးခံလိုသလော။ လူတို့၏ ဘဝအဆင်ပြေနေသောအချိန်နှင့် သူတို့၏ ပတ်ဝန်းကျင်၌ မည်သည့် ဆင်းရဲဒုက္ခမျှ မရှိသောအချိန်တွင် သူတို့သည် တွေ့ကြုံခြင်းငှာ မတတ်စွမ်းနိုင်ပေ။ သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင်များ၌ လူတို့၏ အကျင့်စာရိတ္တသည် အလွယ်တကူ ပျက်စီးနိုင်သည်။ သို့သော် ဘေးအန္တရာယ်ရှိသော ပတ်ဝန်းကျင်များကမူ သင့်ကို သာ၍ အရေးတကြီး သဘောထားဖြင့် ဆုတောင်းစေသည်၊ ဘုရားသခင်ကို မထားခဲ့ဝံ့အောင် သင့်ကို ပြုလုပ်သည်။ လူတို့၏ အသက်တာသည် သာ၍ အဆင်ပြေပြီး ငြိမ်ငြိမ်ငွေ့ဖွယ်ကောင်းလေလေ အသက်ရှင်ရသည်မှာ အဓိပ္ပာယ်မရှိဟု သူတို့ ခံစားရလေလေဖြစ်ပြီး သေသည်က ပိုကောင်းသည်ဟု သူတို့ ခံစားရလေလေဖြစ်သည်။ လူတို့၏ ဇာတိသည် ဤမျှပျက်စီးနေသည်။ စမ်းသပ်မှုများနှင့် ကြုံရမှသာ သူတို့သည် အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

ယေရှု၏ အလုပ်အဆင့်ကို ယုဒပြည်နှင့် ဂါလိလဲပြည်၌ ဆောင်ရွက်ခဲ့သော်လည်း တစ်ပါးအမျိုးသားများသည် ၎င်းကို သတိမထားမိကြပေ။ သူလုပ်ခဲ့သည့် အလုပ်သည် အလွန်ပင်လျှို့ဝှက်ပြီး ဣသရေလလူမျိုးများမှအပ အခြားမည်သည့် လူမျိုးကမျှ သူ၏အလုပ်ကို မသိခဲ့ကြပေ။ ယေရှုက သူ့အလုပ်ကို ပြီးအောင်လုပ်ပြီးနောက် သူ့အလုပ်ကြောင့် အုတ်အောင်သောင်းတင်း ဖြစ်လာသည့်အခါမှသာ လူတို့သည် ယေရှုအလုပ်ကို သတိထားမိကြခြင်း ဖြစ်သည်။ ထိုအချိန်၌မူ ယေရှုထွက်ခွာသွားပြီ ဖြစ်သည်။ ယေရှုသည် အလုပ်အဆင့်တစ်ခုကို လုပ်ဆောင်ရန်နှင့် လူတစ်စုကို ရရှိရန် ရောက်လာခဲ့ပြီး အလုပ်အဆင့်တစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည်။ ဘုရားသခင် လုပ်ဆောင်သည့်

မည်သည့် အလုပ်အဆင့်၌မဆို ဆန့်ကျင်ဘက်အရာအဖြစ် အစေခံသောသူများစွာ ရှိသည်။ ဘုရားသခင်တစ်ဦးတည်းသာ ထိုအလုပ်ကို ကိုယ်တိုင် လုပ်ခဲ့မည်ဆိုလျှင် ထိုအလုပ်သည် အဓိပ္ပာယ်ရှိမည် မဟုတ်ပေ။ ဘုရားသခင်၏ နောက်သို့ လိုက်ပြီး ထိုအလုပ်အဆင့်ကို အဆုံးထိ လုပ်မည့်သူများ ရှိရပေမည်။ ဘုရားသခင် ကိုယ်တိုင်၏အလုပ် ပြီးစီးမှသာ လူတို့သည် ဘုရားသခင် တာဝန်ပေးစေခိုင်းထားသည့် အလုပ်ကို စတင်လုပ်ဆောင်ကြပြီး ထို့နောက်မှသာ ဘုရားသခင်၏အလုပ် စတင်ပျံ့နှံ့သည်။ ဘုရားသခင်သည် ခေတ်သစ်တစ်ခေတ်ကို အစပြုသည့် အလုပ်ကိုသာ လုပ်သည်၊ ထိုခေတ်သစ်ကို ဆက်ရမည့် အလုပ်ကိုမူ လူတို့က လုပ်ဆောင်ကြသည်။ ထို့ကြောင့် ယနေ့လုပ်သည့် အလုပ်သည် အချိန်အတန်ကြာ တည်ရှိမည် မဟုတ်ပေ။ လူသားနှင့် ငါ၏အသက်တာသည် အချိန်အလွန်အတန်ကြာစွာ ဆက်ရှိမည်မဟုတ်။ ငါသည် ငါ့အလုပ်ကို ပြီးမြောက်အောင်သာ လုပ်ဆောင်ပြီး သင်တို့လုပ်သင့်သည့် တာဝန်ကို သင်တို့အားလုပ်စေသည်။ သို့မှသာ ဤအလုပ်နှင့် ဤဧဝံဂေလိတရားသည် တစ်ပါးအမျိုးသားများနှင့် အခြားသော တိုင်းနိုင်ငံများအကြား၌ ဖြစ်နိုင်သမျှ အမြန်ဆုံး ပျံ့နှံ့နိုင်မည် ဖြစ်သည်။ ထိုအချိန်သို့ရောက်မှသာ လူသားများဖြစ်သော သင်တို့၏တာဝန် ပြီးဆုံးလိမ့်မည်။ ယနေ့အချိန်သည် အရာအားလုံးထက် အဖိုးတန်ဆုံးဖြစ်သည်။ ထိုအချက်ကို သင်လျစ်လျူရှုလျှင် သင်သည် မိုက်မဲသူများထဲတွင် ပါဝင်သူတစ်ဦးဖြစ်သည်။ အကယ်၍ ဤပတ်ဝန်းကျင်၌ သင်သည် ဤနှုတ်ကပတ်တော်များကို စားသောက်ပြီး ဤအလုပ်ကို တွေ့ကြုံသော်လည်း ကြိုးစားရှာဖွေလိုသည့် ရည်ရွယ်ချက် ဘာမျှမရှိသည့်အပြင် မိမိ၏ဝန်ဟု နည်းနည်းမျှ မခံစားရလျှင် သင့်မှာ ပြောပြစရာ မည်သည့်အလားအလာများ ရှိသနည်း။ ထိုသို့သော လူများသည် သုတ်သင်ဖယ်ရှားခြင်း ခံရမည် မဟုတ်လော။

# အရည်အချင်းကို မြှင့်တင်ခြင်းသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို ရရှိရေးအတွက် ဖြစ်သည်

လူတို့၏ အရည်အချင်း မြှင့်တင်ခြင်းဆိုသည်မှာ သင်တို့အနေဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားလည်ပြီး ၎င်းတို့နှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်ရမည်ကို သိရှိဖို့အလို့ငှာ သင်တို့၏ သဘောပေါက်နားလည်နိုင်စွမ်းများကို တိုးတက်စေဖို့ သတ်မှတ်ခြင်းဟု ဆိုလိုပေသည်။ ဤသည်မှာ အားလုံးထဲတွင် အခြေခံကျဆုံး သတ်မှတ်ချက် ဖြစ်သည်။ ငါပြောသည့် အရာကို နားမလည်ဘဲ ငါ့နောက်သို့ သင် လိုက်ပါက၊ သင်၏

ယုံကြည်ခြင်းသည် မရေမရာ ဖြစ်နေသည် မဟုတ်လော။ နှုတ်ကပတ်တော် မည်မျှ ငါ မိန့်မြွက်သည်ဖြစ်စေ၊ ထိုနှုတ်ကပတ်တော်များကို သင်တို့ လက်လှမ်းမမီနိုင်ပါက၊ မည်သည့်အရာကို ငါပြောသည်ဖြစ်စေ သင်တို့ သိပ်နားမလည်ပါက၊ ဤသည်မှာ သင်တို့ အရည်အချင်းညံ့ဖျင်းသည်ဟု ဆိုလိုပေသည်။ သဘောပေါက် နားလည်နိုင်စွမ်းများ မရှိဘဲ၊ ငါပြောသည့်အရာများထဲမှ မည်သည့်အရာကိုမျှ သင်တို့ နားမလည်ပေ၊ ယင်းက လိုချင်သော အကျိုးဆက်ကို ရရှိဖို့ အလွန်ခက်ခဲစေသည်။ သင်တို့ကို ငါ တိုက်ရိုက် ပြော၍မရသည့် အရာများစွာရှိနေပြီး၊ ရည်ရွယ်သည့် အကျိုးဆက်ကိုလည်း မရရှိနိုင်၊ ထို့ကြောင့် နောက်ထပ်အလုပ် လိုအပ်ပေသည်။ သင်တို့၏ သဘောပေါက်နားလည်နိုင်စွမ်း၊ အမှုအရာများကို သိမြင်နိုင်စွမ်းနှင့် သင် အသက်ရှင်သည့် စံနှုန်းများသည် မပြည့်ဝလွန်းသည့်အတွက်၊ "အရည်အချင်း မြှင့်တင်ခြင်း" အလုပ်ကို သင်တို့တွင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဤအရာကို ရှောင်လွှဲမရသကဲ့သို့၊ အခြားနည်းလမ်းလည်း မရှိပေ။ ဤသို့ဖြင့်သာ အချို့သော အကျိုးဆက်များကို ရရှိနိုင်ပေသည်။ သို့မဟုတ်ပါက၊ ငါပြောသမျှသော နှုတ်ကပတ်တော်အားလုံးသည် အချည်းနှီး ဖြစ်လိမ့်မည်။ ထိုအခါ သင်တို့အားလုံးသည် အပြစ်သားများအဖြစ် သမိုင်းတွင်သွားကြလိမ့်မည် မဟုတ်လော။ သင်တို့သည် ကမ္ဘာမြေ၏ လူဖျင်းများ ဖြစ်သွားကြလိမ့်မည် မဟုတ်လော။ သင်တို့၌ မည်သည့်အမှု ဆောင်ရွက်လျက်ရှိပြီး သင်တို့ကို မည်သည့်အရာ တောင်းဆိုထားသည်ကို သင်တို့ မသိကြသလော။ သင်တို့၏ ကိုယ်ပိုင်အရည်အချင်းကို သင်တို့ သိသင့်သည်။ ယင်းသည် ငါ၏ သတ်မှတ်ချက်များကို လုံးဝ မဖြည့်ဆည်းပေ။ ဤအရာက ငါ၏အမှုကို နှောင့်နှေးစေသည် မဟုတ်လော။ သင်တို့၏ လက်ရှိ အရည်အချင်းနှင့် လက်ရှိ သင်၏ အကျင့်စရိုက် အခြေအနေပေါ် အခြေခံ၍၊ သင်တို့ထဲမှ မည်သူမျှ ငါ့ကို သက်သေခံဖို့ မသင့်တော်သကဲ့သို့ ငါ၏ အနာဂတ်အမှုနှင့်ဆိုင်သည့် လေးလံသော တာဝန်များကို ထမ်းဆောင်ခြင်း အလုပ်ကို သင်တို့မည်သူမျှ မထမ်းဆောင်နိုင်ပေ။ သင်တို့ အလွန်အမင်း အရှက်မရကြသလော။ ဤသို့ သင် ဆက်ဖြစ်နေပါက၊ ငါ၏ အလိုကို သင် အဘယ်သို့ ဖြည့်ဆည်းနိုင်မည်နည်း။ သင်သည် သင်၏အသက်တာကို အစွမ်းကုန် အသက်ရှင်သင့်၏။ အချိန်ကို အလဟဿ မကုန်စေနှင့်- ထိုသို့ အချိန်ကုန်စေခြင်းသည် တန်ဖိုးမရှိပေ။ မည်သည့်အရာများဖြင့် သင် ပြင်ဆင်ထားသင့်သည်ကို သင် သိသင့်သည်။ မိမိကိုယ်ကိုယ် ဟိုစပ်စပ် ဒီစပ်စပ် လုပ်တတ်သူဟု မထင်လေနှင့်- သင် သွားရမည့် ခရီးဝေးသေး၏။ သင်သည် လူ့သဘာဝ၏ အနိမ့်ဆုံး သာမန်အသိစိတ်ပင် မပိုင်ဆိုင်ပါက၊ နောက်ထပ် မည်သည့်အရာ ပြောစရာရှိသနည်း။ ထိုအရာအားလုံး အချည်းနှီး ဖြစ်သည်မဟုတ်လော။ ငါတောင်းဆိုသည့်

လူ့သဘာဝနှင့် အရည်အချင်းတို့အတွက်မူ၊ သင်တို့ တစ်ဦးတစ်ယောက်မျှ အပြည့်အဝ အရည်အချင်းမမီကြချေ။ အသုံးပြုရန်အတွက် သင့်တော်သည့်သူတစ်ဦး ရှာတွေ့ရန်မှာ အလွန့်အလွန် ခက်ခဲပေသည်။ သင်တို့သည် ငါ့အတွက် သာ၍ကြီးမားသော အမှုကို လုပ်ဆောင်နိုင်စွမ်းရှိပြီး ငါ့ထံမှ သာ၍ ကြီးမားသော အရာများ ပေးအပ်ခြင်းခံရနိုင်စွမ်း ရှိသည်ဟု မိမိတို့ကိုယ်ကိုယ် ယုံကြည်ကြသည်။ အမှန်တွင်၊ သင်တို့၏ မျက်စိရှေ့ တည့်တည့်တွင်ရှိသည့် သင်ခန်းစာများစွာထဲသို့ မည်သို့ ဝင်ရောက်ရမည်ကိုပင် သင်တို့ မသိကြချေ- ထို့ကြောင့် သင်သည် သာ၍ နက်ရှိုင်းသော သမ္မာတရားများထဲသို့ ဝင်ရောက်ရန် မည်သို့ ဖြစ်နိုင်မည်နည်း။ သင်တို့၏ ဝင်ရောက်ခြင်းသည် အဆင့်ဆင့်ပြုလုပ်သည့် လုပ်နည်းကိုင်နည်း တစ်ခုကို သုံးသင့်ပြီး နည်းနည်းစီ လုပ်သင့်ပေသည်။ ယင်းသည် ပရမ်းပတာမဖြစ်ရ- ဖြစ်ပါက မကောင်းပေ။ အလွန်ပေါ့တန်ဆုံးသော ဝင်ရောက်မှုဖြင့် စတင်လော့- နားလည်မှုနှင့် ရှင်းလင်းမှု သင်တို့ရသည်အထိ ဤနှုတ်ကပတ်တော်များကို တစ်ကြောင်းပြီး တစ်ကြောင်းဖတ်ရှုလော့။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် ဖတ်ရှုသည့်အခါ၊ မြင်းပေါ် ဒုန်းဆိုင်းစီးစဉ် ပန်းများကို ကြည့်နေးစွာ ကြည့်သကဲ့သို့ ဝေ့ကာသော့၍ မဖတ်လေနှင့်၊ ပြီးလျှင် ဟန်ဆောင် လုပ်ပြခြင်းမျှ မပြုနှင့်။ သင် အသိပညာကို တိုးတက်စေဖို့ (သဒ္ဒါ သို့မဟုတ် နှုတ်မှုစာအုပ်များ ကဲ့သို့သော) ရည်ညွှန်းစာအုပ်အချို့ သင် ပုံမှန်ဖတ်ရှုနိုင်သည်။ အချစ်ဝတ္ထုများ၊ ထူးချွန်ပြောင်မြောက်သောပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများ သို့မဟုတ် လူမှုရေးသိပ္ပံနှင့်ပတ်သက်သော စာအုပ်များကို မဖတ်လေနှင့်။ ဤအရာများသည် အကျိုးမရှိသကဲ့သို့ သင့်ကို ထိခိုက်နစ်နာခြင်းသာ ဖြစ်စေနိုင်သည်။ သင် ဝင်ရောက်ပြီး နားလည်သင့်သည့် အရာဟူသမျှကို သင်က ကျွမ်းကျင်ပိုင်နိုင်ရမည်။ လူတို့၏ အရည်အချင်းကို မြှင့်တင်ခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့၏ ကိုယ်ပိုင် အနှစ်သာရ၊ ပင်ကိုလက္ခဏာ၊ အဆင့်အတန်းနှင့် တန်ဖိုးတို့ကို ၎င်းတို့အား သတိမူမိစေဖို့ ဖြစ်သည်။ ဘုရားသခင်ကို ယုံကြည်ရာတွင် သမ္မာတရားကို လူတို့ အဘယ်ကြောင့် လိုက်စားရမည် ဆိုသည်နှင့် လူတို့အတွက် ၎င်းတို့၏ အရည်အချင်းကို မြှင့်တင်ခြင်း မပြုသည်မှာ လက်ခံနိုင်စရာ ရှိမရှိဆိုသည်ကို သင် နားလည်သင့်သည်။ သင်တို့ မိမိတို့ကိုယ်ကိုယ် ပညာ တတ်မြောက်လျက် ရှိနေစေရမည်မှာ အလွန်အရေးကြီးပေသည်။ ဤအရာကို သင် လက်မလွှတ်ရ။ လူတို့၏ အရည်အချင်းကို အဘယ်ကြောင့် မြှင့်တင်ရမည်၊ အဘယ်သို့ မြှင့်တင်ရမည်ဆိုသည်နှင့်၊ မည်သည့် ရှုထောင့်များထဲသို့ ဝင်ရောက်ရမည် ဆိုသည်တို့ကို သင်တို့ နားလည်ရမည်။ ပုံမှန်လူ့သဘာဝကို အသက်ရှင်နေထိုင်ခြင်း၏ အဓိပ္ပါယ်၊ ဤအမှုကို အဘယ်ကြောင့် လုပ်ဆောင်ရမည် ဆိုသည်နှင့် လူသားက ဆောင်ရွက်သင့်သည့် အပိုင်းတို့ကို

သင်တို့နားလည်ရမည်။ ဥပမာအားဖြင့်၊ ပညာတတ် ဖြစ်လာရာတွင်၊ မည်သည့် ကဏ္ဍများကို လေ့လာသင့်ပြီး၊ ထိုကဏ္ဍများထဲသို့ မည်သို့ ဝင်ရောက်သင့်သည်တို့ကို သင်တို့ နားလည်သင့်၏။ ပညာတတ် ဖြစ်လာခြင်း၏ ရည်မှန်းချက်က မည်သည့်အရာဖြစ်သည်ကို သင်တို့အားလုံး သိသင့်သည်။ ယင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ နားလည်ရန်နှင့် သမ္မာတရားထဲသို့ ဝင်ရောက်ရန် ဖြစ်သည် မဟုတ်လော။ ယနေ့တွင် အသင်းတော်များ တစ်လျှောက် မည်သည့်အရာ လွှမ်းမိုးနေသနည်း။ လူတို့ကို မိမိတို့ကိုယ်ကိုယ် ပညာတတ် ဖြစ်လာစေခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မေ့လျော့ခြင်းအကြောင်းအား မေ့လျော့စေပြီး၊ ပညာတတ်ဖြစ်ခြင်းထက်ကျော်လွန်၍ ၎င်းတို့ တစ်နေ့လုံး မည်သည့်အရာမျှ မလုပ်ဆောင်ကြချေ။ သာမန်လူ့သဘာဝ အသက်ရှင်နေထိုင်ရန် ၎င်းတို့ကို သင် တောင်းဆိုပါက၊ ၎င်းတို့အနေဖြင့် မိမိတို့၏အိမ်ရှင်းခြင်း၊ ချက်ပြုတ်ခြင်း သို့မဟုတ် မီးဖိုချောင် အသုံးအဆောင်များ ဝယ်ခြင်းတို့ကိုသာ အာရုံစိုက်ကြလိမ့်မည်။ ဤအရာများသည် ၎င်းတို့၏ အဓိက အာရုံစိုက်ရာဖြစ်လိမ့်မည်- သာမန် အသင်းတော်အသက်ကို မည်ကဲ့သို့ နေထိုင်ရမည်ကိုပင် ၎င်းတို့ သိကြလိမ့်မည်မဟုတ်။ လက်ရှိ အခြေအနေတွင် ရှိသည်ကို သင့်ကိုယ်သင် တွေ့ရှိပါက၊ သင်၏ လက်တွေ့လုပ်ဆောင်မှုတွင် သင် လမ်းလွဲလေပြီ ဖြစ်သည်။ ထိုသို့ဆိုပါက ဝိညာဉ်ရေးအသက်ထဲသို့ ဝင်ရောက်ရန် သင့်ကို အဘယ့်ကြောင့် တောင်းဆိုရသနည်း။ ထိုအရာများကို သင်ယူခြင်း သက်သက်က သင့်ကို တောင်းဆိုထားသည့် အရာအား ရရှိနိုင်စွမ်းမရှိ ဖြစ်စေရစ်လိမ့်မည်။ အသက်ထဲသို့ ဝင်ရောက်ခြင်းသည် အရေးကြီးဆုံးသောအရာ ဖြစ်နေဆဲဖြစ်သည်။ ဤအတောအတွင်း၊ ထိုအလုပ်ကို လုပ်ဆောင်ခြင်းအတွက် အကြောင်းရင်းမှာ လူတို့ ၎င်းတို့၏ အတွေ့အကြုံများတွင် ကြုံရသည့် အခက်အခဲများကို ဖြေရှင်းဖို့ ဖြစ်သည်။ သင်၏ အရည်အချင်းကို မြှင်တင်ခြင်းသည် လူ့သဘာဝ၊ လူ၏ အနှစ်သာရတို့နှင့်ဆိုင်သည့် အသိပညာကို သင့်အား ပေး၏။ ယင်း၏ အဓိကရည်ရွယ်ချက်မှာ လူတို့၏ ဝိညာဉ်ရေးရာအသက် ကြီးထွားနိုင်ပြီး ၎င်းတို့၏ စိတ်သဘောထား ပြောင်းလဲနိုင်ဖို့ရန်အလို့ငှာ ဖြစ်သည်။ သင့်အနေဖြင့် မည်ကဲ့သို့ ဝတ်ဆင်ပြီး မိမိကိုယ်ကိုယ် ကြည့်ကောင်းအောင် မည်သို့ပြုရမည်ကို သိကောင်း သိနိုင်သည်၊ သင့်အနေဖြင့် ထိုးထွင်းအမြင်ရှိပြီး လိမ္မာပါးနပ်မှု ရှိကောင်းရှိနိုင်သည်၊ သို့သော် နောက်ဆုံးတွင် သင့်အတွက် အလုပ်သွားလုပ်ရမည့် နေ့ရက်ရောက်လာသည့်အခါ၊ သင်မလုပ်ဆောင်နိုင်ချေ။ ထို့ကြောင့် သင်၏ အရည်အချင်းကို မြှင့်တင်စဉ်တွင် မည်သည့်အရာ လုပ်ဆောင်သင့်သည်ကိုလည်း သင် သတိပြုသင့်ပေသည်။ ပန်းတိုင်မှာ သင့်ကို ပြောင်းလဲဖို့ ဖြစ်သည်။ သင်၏ အရည်အချင်းကို မြှင့်တင်ခြင်းသည် ဖြည့်စွက်ချက် ဖြစ်သည်။ သင်၏ အရည်အချင်း မတိုးတက်ပါက၊

အလုပ်ဖြစ်လိမ့်မည် မဟုတ်သကဲ့သို့၊ သင်၏ စိတ်သဘောထား မပြောင်းလဲပါက သာ၍ပင် ဆိုးပေသည်။ မည်သည့်အရာကိုမျှ ချန်ထား၍မဖြစ်ပေ။ ပုံမှန် လူ့သဘာဝ ပိုင်ဆိုင်ခြင်းဆိုသည်မှာ ထူးကဲလှစွာ သက်သေခံပြီးဖြစ်သည်ဟု မဆိုလိုပေ- သင့်ကို တောင်းဆိုထားသော အရာသည် ဤမျှမရိုးရှင်းပေ။

လူတို့၏ အရည်အချင်းသည် ၎င်းတို့အနေဖြင့် အသိစိတ်နှင့် ပုံမှန်လူ့သဘာဝရှိသည့် လူတို့၏ ဘဝနေထိုင်မှုပုံစံကို ရရှိပြီး အသက်ထဲသို့လည်း ဝင်ရောက်ပြီးဖြစ်သည့် အတိုင်းအတာထိ မြှင့်တင်ခံရပြီးသည့်အခါတွင်သာ- ထိုအခါမှသာ ၎င်းတို့အနေဖြင့် ပြောပလောက်စရာ ပြောင်းလဲမှုများနှင့် သက်သေများ ရှိပေလိမ့်မည်။ သင့်အတွက် သက်သေခံဖို့ နေ့ရက် ရောက်လာသည့်အခါ၊ သင်၏ လူသားအသက်ထဲက ပြောင်းလဲမှုများနှင့် သင့်အတွင်းရှိ ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာအကြောင်းကိုလည်း သင် ပြောဆိုရမည်ဖြစ်သည်။ ယင်းရှုထောင့်နှစ်ခုကို ပေါင်းစပ်ခြင်းသည်သာ သင်၏ စစ်မှန်သော သက်သေခံချက်နှင့် သင်၏ အကျိုး ဖြစ်သည်။ သင်၏ လူ့သဘာဝသည် အပြင်ပန်း ပြောင်းလဲသော်လည်း၊ အတွင်းတွင် သိနားလည်မှု မရှိခြင်းသည် မလုံလောက်သကဲ့သို့၊ အတွင်းတွင် သိနားလည်မှုနှင့် သမ္မာတရားရှိသော်လည်း၊ အဆုံးတွင် သင်၏ ပုံမှန် လူ့သဘာဝကို အသက်ရှင်နေထိုင်ဖို့ လျစ်လျူရှုပါကလည်း၊ အလုပ်ဖြစ်မည် မဟုတ်ပေ။ ယနေ့ သင့်အပေါ် လုပ်ဆောင်သည့် အမှုသည် ပြစားခြင်းအတွက် မဟုတ်ဘဲ သင့်ကို ပြောင်းလဲဖို့ ဖြစ်သည်။ သင် လုပ်ဆောင်ဖို့ လိုအပ်သမျှမှာ မိမိကိုယ်ကိုယ် ပြောင်းလဲခြင်းအပေါ် အာရုံစိုက်ရန်ဖြစ်သည်။ သင့်အသက်တာတွင် အခြားမည်သည့်အရာမျှ မရှိဘဲ နေ့စဉ် စာရေးသားခြင်းနှင့် နားထောင်ခြင်းသည် အလုပ်ဖြစ်မည် မဟုတ်ပေ။ ရှုထောင့်တိုင်းထဲသို့ ဝင်ရောက်မှု သင်၌ ရှိသင့်သည်။ သန့်ရှင်းသူတစ်ဦး၏ ပုံမှန် အသက်တာ သင်၌ ရှိသင့်၏။ များစွာသော ညီအစ်မများသည် ငယ်ရွယ်သော အမျိုးသမီးများကဲ့သို့လည်းကောင်း၊ ညီအစ်ကိုများသည် မှူးမျိုးမတ်နွယ် သို့မဟုတ် ဩဇာရှိသောသူများကဲ့သို့ လည်းကောင်း၊ သန့်ရှင်းသူတို့၏ တင့်တယ်လျောက်ပတ်သော အမူအကျင့် လုံးဝ ကင်းမဲ့လျက်၊ ဝတ်ဆင်ကြ၏။ လူတစ်ဦး၏ အရည်အချင်းကို မြှင့်တင်ဖို့မှာ ဖြစ်နိုင်သည့်အရာ ဖြစ်သည်- ဤအရာကို အမှတ်မထင် ရရှိပေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ဖို့မှာ ယင်းသို့ မဟုတ်ပေ- ဤသည်မှာ အဓိကကျသောအရာ ဖြစ်၏။ သင်၏ အရည်အချင်း မြှင့်တင်ခံခဲ့ရသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင် မစားသောက်ခဲ့သောကြောင့် အဆုံးတွင် အသုံးပြုခြင်းမခံရဘဲ ရှိပါက၊ သင်ယူရန် အားထုတ်မှုများကို သင် ဖြုန်းတီးခဲ့ပြီ မဟုတ်လော။ ရှုထောင့်နှစ်ခုလုံးကို ပေါင်းစည်းရမည်။ သင့်ကို တောင်းဆိုသောအရာကို ဆွေးနွေးနေချိန်တွင်

ဘုရားသခင်နှင့်သက်ဆိုင်သော အသိပညာကို အဘယ့်ကြောင့် ပြောဆိုသနည်း။ ယင်းမှာ လာမည့် အမှု၏ ရလဒ်များအတွက် မဟုတ်လော။ သင်သည် သိမ်းပိုက်ခြင်းခံရပြီးသည့်နောက်တွင် သင်၏ ကိုယ်ပိုင်အတွေ့အကြုံများမှ သက်သေခံနိုင်ရမည် ဖြစ်သည်။ သင်၏ အပြင်ပန်း ပုံပန်းသဏ္ဌာန်သည် ပုံမန်လူ့သဘာဝတစ်ခု ဖြစ်သော်လည်း၊ သင်၏ အတွေ့အကြုံများကို စကားများဖြင့် မပြောဆိုနိုင်ဘဲ အဆုံးသတ်ပါက၊ အလုပ်ဖြစ်မည် မဟုတ်ပေ။ ပုံမှန်ဝိညာဉ်ရေးရာ အသက်တစ်ခု ရှိစဉ်တွင်၊ ပုံမှန်လူ့သဘာဝကိုလည်း သင်ရရှိသင့်၏၊ ယင်း၏ ရှုထောင့်များစွာကို အမှတ်မထင် သင်ယူမိလာလိမ့်မည်။ ကြမ်းပြင်ကို တံမြက်လှည်းခြင်းသည် အထူးလေ့ကျင့်မှု တစ်စုံတစ်ရာ လိုအပ်သည်ဟု သင်ထင်သလော။ သာ၍ ဆိုးရွားသည်မှာ အစာစားနေချိန်တွင် သင်၏ တူများကို မည်သို့ ကိုင်တွယ်ရမည်ကို လေ့ကျင့်ရင်း အချိန်တစ်နာရီကုန်ခြင်း ဖြစ်သည်။ ပုံမှန်လူ့သဘာဝတွင် မည်သည့်ရှုထောင့်များ ပါဝင်သနည်း။ ထိုးထွင်းသိမြင်ခြင်း၊ ဆင်ခြင်ဉာဏ်၊ အသိတရားနှင့် အကျင့်စရိုက်တို့ဖြစ်၏။ ဤရှုထောင့်အသီးသီးတွင် ပုံမှန်ဖြစ်ခြင်းကို သင် ရရှိနိုင်ပါက၊ သင်၏ လူ့သဘာဝသည် စံချိန်မီလိမ့်မည်။ သင်သည် ပုံမှန် သက်ရှိလူသားတစ်ဦး၏ ပုံသဏ္ဌာန်ရှိသင့်ပြီး၊ ဘုရားသခင်ကို ယုံကြည်သောသူတစ်ဦးနှင့် ဆင်တူသင့်သည်။ သင့်အနေဖြင့် အလွန်များစွာ ရရှိဖို့မလို သို့မဟုတ် လူမှုဆက်ဆံရေး ပရိယာယ်တွင် ပါဝင်ပတ်သက်စရာမလိုပေ။ သင့်အနေဖြင့် အမှုအရာများကို ရိပ်မိနိုင်ဖို့ရန် ပုံမှန် လူတစ်ဦး၏ အသိဉာဏ်ရှိသည့် ပုံမှန်လူသားတစ်ဦး ဖြစ်ဖို့သာ လိုပြီး၊ အနည်းဆုံးအနေဖြင့် ပုံမှန်လူသားတစ်ဦးနှင့် တူရမည် ဖြစ်သည်။ ယင်းသည် လုံလောက်လိမ့်မည်။ ယနေ့ သင့်ကို တောင်းဆိုသည့် အရာအားလုံးသည် သင်၏ တတ်စွမ်းနိုင်မှုများ အတွင်းတွင် ရှိ၏။ ဤသည်မှာ ဘဲကို ငှက်အိပ်တန်းပေါ် မောင်းရန် ကြိုးစားနေသည့် ကိစ္စတစ်ခု မဟုတ်ပေ။ သင့်အပေါ် အချည်းနှီး စကားများ သို့မဟုတ် အချည်းနှီး အလုပ်ကို ဆောင်ရွက်လိမ့်မည် မဟုတ်ပေ။ သင့်အသက်တာထဲတွင် ဖော်ပြထားသည့် သို့မဟုတ် ဖွင့်ပြထားသည့် အကျည်းတန်ခြင်း အားလုံးကို ဖယ်ရှားရမည်။ သင်တို့သည် စာတန်၏ ဖျက်ဆီးခြင်းကို ခံရပြီးဖြစ်ကာ စာတန်၏ အဆိပ်များဖြင့် ပြည့်လျှံလျက်ရှိသည်။ သင့်ကို တောင်းဆိုသမျှမှာ ဤဖောက်ပြန်ပျက်စီးသည့် စာတန်ဆန်သော စိတ်သဘောထားကို ဖယ်ရှားဖို့ ဖြစ်သည်။ သင့်ကို အဆင့်မြင့်မားသည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ကျော်ကြားသော လူတစ်ဦး သို့မဟုတ် ကြီးမြတ်သော လူတစ်ဦး ဖြစ်လာဖို့ တောင်းဆိုထားခြင်း မဟုတ်။ ယင်းတွင် အဓိပ္ပာယ်မရှိချေ။ သင်တို့၌ လုပ်ဆောင်သည့် အမှုသည် သင်တို့ထဲက မွေးရာပါဖြစ်သည့်အရာကိုသာ ထည့်တွက်သည်။ လူတို့ကို

ငါတောင်းဆိုသည့်အရာအား အကန့်အသတ်များအတွင်းတွင် သတ်မှတ်ထား၏။ အကယ်၍ သင်သည် ပညာတတ်များ ပြောဆိုသည့် နည်းလမ်းနှင့် အသံနေအသံထားဖြင့် သင် လေ့ကျင့်ခဲ့ပါက၊ ဤသည်မှာ အလုပ်ဖြစ်မည်မဟုတ်ပေ။ ယင်းကို သင် လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။ သင်တို့၏ အရည်အချင်းကို ထောက်ဆလျှင်၊ သင်တို့သည် အနည်းဆုံးအနေဖြင့် ဉာဏ်ပညာနှင့် လိမ္မာပါးနပ်မှုတို့ဖြင့် စကားပြောဆိုနိုင်သင့်ပြီး ကိစ္စရပ်များကို ရှင်းလင်းပြီး နားလည်သဘောပေါက်နိုင်သည့် ပုံစံဖြင့် ရှင်းပြနိုင်သင့်ပေသည်။ ယင်းမှာ သတ်မှတ်ချက်များကို ဖြည့်ဆည်းဖို့ လိုသမျှ အရာအားလုံး ဖြစ်သည်။ အနည်းဆုံးအနေဖြင့် သင်သည် ထိုးထွင်းအမြင်နှင့် အသိဉာဏ်တို့ကို ရရှိပါက၊ အလုပ်ဖြစ်ပါလိမ့်မည်။ ယခု အရေးကြီးဆုံးသော အရာမှာ သင်၏ ဖောက်ပြန်ပျက်စီးသည့် စာတန်ဆန်သော စိတ်သဘောထားကို စွန့်ပစ်ခြင်း ဖြစ်သည်။ သင်၌ ထင်ရှားသည့် အကျည်းတန်ခြင်းကို သင်စွန့်ပစ်ရမည်။ ဤအရာများကို သင်မစွန့်ပစ်ပါက၊ အမြင့်ဆုံးသော အသိဉာဏ်နှင့် အမြင့်ဆုံးသော ထိုးထွင်းသိမြင်မှုအကြောင်းကို သင်မည်သို့ ပြောဆိုနိုင်မည်နည်း။ လူများစွာသည် ခေတ်ကာလ ပြောင်းလဲပြီးဖြစ်သည်ကို မြင်သော်လည်း၊ မည်သည့် နှိမ့်ချခြင်း၊ သို့မဟုတ် စိတ်ရှည်ခြင်း လုံး၀ မရှိကြဘဲ၊ မေတ္တာတရား၊ သို့မဟုတ် သန့်ရှင်းသူကဲ့သို့ အပြုအမူ အနေအထိုင် တစ်ခုမျှ မရှိလျှင်လည်း သာ၍ကောင်းလိမ့်မည်။ ထိုသို့သော လူများသည် အဓိပ္ပါယ်မဲ့လှပါတကား။ ၎င်းတို့၌ ပုံမှန်လူ့သဘာ၀ တစ်စက်မျှပင် ရှိကြသလော။ ပြောစရာ သက်သေခံချက် တစ်စုံတစ်ရာ ရှိကြသလော။ ၎င်းတို့သည် ထိုးထွင်းအမြင်နှင့် အသိဉာဏ်တို့ လုံး၀မရှိကြချေ။ လူတို့၏ ကျင့်ကြံမှုများနှင့်ဆိုင်သည့် သွေဖည်ပြီး မှားယွင်းသည့် ရှုထောင့်အချို့ကို ပြုပြင်ဖို့လိုသည်မှာ မှန်ပေ၏။ ဥပမာအားဖြင့် ၎င်းတို့၏ ယခင်က တင်းမာသော ဝိညာဉ်ရေးရာ အသက်များနှင့် ၎င်းတို့၏ တွေဝေထိုင်းမှိုင်းပြီး မိုက်မဲသော သွင်ပြင်- ဤအရာအားလုံးကို ပြောင်းလဲရမည် ဖြစ်သည်။ ပြောင်းလဲခြင်း ဆိုသည်မှာ သင် ပြောဆိုလိုသည့် အရာမှန်သမျှကို ပြောဆိုရင်း၊ သင့်ကို ကိုယ်ကျင့်သိက္ခာ ကင်းမဲ့ဖို့ သို့မဟုတ် ဇာတိပကတိတွင် မွေ့လျော်ဖို့ အခွင့်ပေးခြင်းကို မဆိုလိုပေ။ သင့်အနေဖြင့် မရေမရာ စကားမပြောရ။ ပုံမှန်လူသားတစ်ဦး၏ အပြောအဆိုနှင့် အပြုအမူတို့ ရှိဖို့ဆိုသည်မှာ "ဟုတ်သည်" ကို "ဟုတ်သည်"၊ "မဟုတ်သည်" ကို "မဟုတ်သည်" ဟု ဆိုရင်း၊ ရှင်းရှင်းလင်းလင်း ပြောဆိုဖို့ ဖြစ်သည်။ အမှန်တရားများကို ဆုပ်ကိုင်ထားပြီး သင့်တင့်လျောက်ပတ်စွာ ပြောဆိုလော့။ မလှည့်စားနှင့်၊ မုသားမပြောနှင့်။ စိတ်သဘောထား ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်လူတစ်ဦး ရောက်ရှိနိုင်သည့် အတိုင်းအတာများကို နားလည်ထားရမည်။ အကယ်၍ နားမလည်ပါက၊ သင်သည် လက်တွေ့အရှိတရားထဲသို့

ဝင်ရောက်နိုင်မည် မဟုတ်ချေ။

## မောဘ၏ သားစဉ်မြေးဆက်များကို ကယ်တင်ခြင်း အဓိပ္ပါယ်

အမှုပြုသည့် ဤနှစ်နှစ်၊ သုံးနှစ်တာ ကာလတွင် သင်တို့အပေါ် ပြုခဲ့သည့် တရားစီရင်ခြင်းအမှုတွင် ရရှိပြီးသင့်သော အရာကို အခြေခံအားဖြင့် ရရှိပြီး ဖြစ်သည်။ လူအများစုသည် ၎င်းတို့၏ အနာဂတ် အလားအလာအချို့နှင့် ကံကြမ္မာကို လက်လွှတ်လိုက်ကြပြီးဖြစ်သည်။ သို့သော်လည်း သင်တို့သည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်ကြောင်း ဆိုသည့်အခါ သင်တို့ထဲမှ များစွာတို့သည် မခံရပ်နိုင်ကြပေ- သင်တို့၏ မျက်နှာပေါက် ရှုံ့မဲ့သည်။ သင်တို့၏ ပါးစပ်များက ရွဲ့စောင်းပြီး သင်တို့၏ မျက်လုံးများမှာ စူးစိုက်ကြည့်ကြသည်။ သင်တို့သည် မောဘ၏ သားစဉ်မြေးဆက်များဖြစ်သည်ကို သင်တို့ တကယ်ကို မယုံကြည်နိုင်ကြပေ။ မောဘသည် ကျိန်ဆဲခြင်း ခံခဲ့ရပြီးနောက် ဤတိုင်းပြည်သို့ ပြည်နှင်ဒဏ်ခံခဲ့ရသည်။ သူ၏ သားသမီးများသည် ယနေ့တိုင်အောင် သူ၏မျိုးရိုးကို လက်ဆင့်ကမ်း အမွေပေးခဲ့ပြီး သင်တို့အားလုံးသည် သူ၏သားစဉ်မျိုးဆက်များ ဖြစ်ကြသည်။ ငါလုပ်ဆောင်နိုင်သည့်အရာ မည်သည့်အရာမျှမရှိ- မည်သူသည် သင့်ကို မောဘ၏အိမ်တွင် မွေးဖွားရန် ပြောခဲ့သနည်း။ သင့်ကို ငါသနားပြီး ထိုသို့သောအရာ သင့်အပေါ် မဖြစ်စေလိုသော်လည်း၊ မည်သူမျှ ဤအမှန်တရားကို မပြောင်းနိုင်ပေ။ သင်သည် မောဘ၏ သားစဉ်မြေးဆက်တစ်ဦးဖြစ်ကာ၊ သင်သည် ဒါဝိဒ်၏ သားစဉ်မြေးဆက်တစ်ဦးဖြစ်သည်ဟု ငါမဆိုနိုင်ပေ။ သင်သည် မည်သူ၏ သားစဉ်မြေးဆက်ဖြစ်ပါစေ၊ သင်သည် အဆင့်အတန်း နိမ့်ကျသော သတ္တဝါတစ်ဦး၊ အရေးမပါသော မျိုးရိုးထဲမှ ဖန်ဆင်းခံသက်ရှိတစ်ဦး ဖြစ်သော်လည်း၊ သင်သည် ဖန်ဆင်းခံသတ္တဝါတစ်ဦး ဖြစ်နေဆဲ ဖြစ်သည်။ ဖန်ဆင်းခံသတ္တဝါ အားလုံးသည် ဘုရားသခင်၏ အမှုအလုံးစုံကို ကြုံတွေ့ကြရမည်။ ၎င်းတို့အားလုံးသည် သူ၏ သိမ်းပိုက်ခြင်းကို ခံရသည့်အရာများ ဖြစ်ပြီး၊ ၎င်းတို့အားလုံးသည် သူ၏ ဖြောင့်မတ်သော စိတ်သဘောထားကို မြင်တွေ့ကြရမည် ဖြစ်ကာ၊ သူ၏ ဉာဏ်ပညာနှင့် အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းကို ကြုံတွေ့ကြရမည် ဖြစ်သည်။ ယနေ့တွင် သင်သည် မောဘ၏ သားစဉ်မြေးဆက်တစ်ဦး ဖြစ်ပြီး သင်သည် ဤတရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို လက်ခံရမည်။ သင်သည် မောဘ၏ သားစဉ်မြေးဆက်တစ်ဦး မဟုတ်ခဲ့ပါက၊ သင်သည်လည်း ဤတရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို လက်ခံရန် လိုအပ်မည် မဟုတ်လော။ ဤအရာကို သိမှတ်လော့။

အမှန်အားဖြင့်၊ မောဘ၏ သားစဉ်မြေးဆက်များအပေါ် ယနေ့ အမှုပြုခြင်းသည် တန်ဖိုးအရှိဆုံးနှင့် အရေးပါဆုံး ဖြစ်သည်။ သင်တို့အပေါ် အမှုပြုခဲ့ပြီး ဖြစ်သည့်အတွက် ယင်းသည် အလွန်ကြီးမားသော အရေးပါမှုရှိသည်။ အကယ်၍ ဟာမ၏ သားစဉ်မြေးဆက်တို့အပေါ် အမှုပြုခဲ့ပါက၊ ၎င်းတို့သည် မောဘနှင့်မတူ၊ အရေးမပါသောမျိုးရိုး မဟုတ်သောကြောင့်၊ ယင်းသည် အရာရောက်လိမ့်မည် မဟုတ်ပေ။ နောဧ၏ဒုတိယသား ဟာမ၏ သားစဉ်မြေးဆက်များသည် ကျိန်ဆဲခြင်းကိုသာ ခံရကြ၏- ၎င်းတို့သည် မှောက်မှားခြင်းမှ ဖြစ်လာခဲ့ကြခြင်း မဟုတ်ပေ။ နောဧက ၎င်းတို့ကို အစေခံများ၏ အစေခံများ ဖြစ်စေဖို့ ကျိန်ဆဲခဲ့သောကြောင့် ၎င်းတို့ နိမ့်ကျသည့် အဆင့်အတန်းကသာ ဖြစ်သည်။ ၎င်းတို့သည် နိမ့်ကျသော အဆင့်အတန်းတစ်ခု ရှိသော်လည်း၊ ၎င်းတို့၏ မူလတန်ဖိုးမှာ မနိမ့်ကျခဲ့ပေ။ မောဘနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက၊ သူသည် မှောက်မှားခြင်းမှ မွေးဖွားလာခဲ့သောကြောင့် သူ၏ မူလ အဆင့်အတန်းက နိမ့်ကျခဲ့သည်ကို လူတို့ သိကြသည်။ လောတ၏ အဆင့်အတန်းက အလွန်မြင့်မားခဲ့သော်လည်း၊ မောဘသည် လောတနှင့် သူ၏သမီးဖြစ်သူထံမှ ဆင်းသက်လာခဲ့ခြင်း ဖြစ်သည်။ လောတသည် ဖြောင့်မတ်သောသူဟု ခေါ်ဆိုခံခဲ့ရသော်လည်း၊ မောဘသည် ကျိန်ဆဲခံရဆဲ ဖြစ်ခဲ့သည်။ မောဘသည် တန်ဖိုး နည်းပါးပြီး နိမ့်ကျသော အဆင့်အတန်းတစ်ခု ရှိခဲ့ကာ၊ သူသည် ကျိန်ဆဲခြင်းမခံခဲ့ရလျှင်ပင် သူသည် ညစ်ညူးဆဲ ဖြစ်ခဲ့ပေမည်၊ ထို့ကြောင့် သူသည် ဟာမနှင့် ကွဲပြားခဲ့သည်။ သူသည် ယေဟောဝါကို အသိအမှတ်မပြုခဲ့ဘဲ၊ ယင်းအစား ယေဟောဝါကို ခုခံကာ ဆန့်ကျင်ပုန်ကန်ခဲ့သည်- ထို့ကြောင့် သူသည် နေရာများထဲမှ အမှောင်မိုက်ဆုံးနေရာထဲသို့ ကျဆင်းခဲ့ခြင်း ဖြစ်သည်။ မောဘ၏ သားစဉ်မြေးဆက်များအပေါ် ယခု အမှုပြုရန်မှာ အကြီးမားဆုံးသော အမှောင်ထဲသို့ ကျဆင်း သွားကြပြီးဖြစ်သူများကို ကယ်တင်ရန် ဖြစ်သည်။ ၎င်းတို့သည် ကျိန်ဆဲခြင်းကို ခံခဲ့ရသော်လည်း၊ ၎င်းတို့အားလုံးသည် အစကတည်းက မိမိတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင် မရှိခဲ့ကြသည့် လူများဖြစ်သောကြောင့် ဘုရားသခင်သည် ၎င်းတို့ထံမှ ဘုန်းအသရေကိုရရန် လိုလားလျက်ရှိသည်။ မိမိတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင် မရှိသောသူတို့ကို သူ့အား နာခံစေပြီး ချစ်စေခြင်းသည်သာ စစ်မှန်သော သိမ်းပိုက်ခြင်း ဖြစ်ကာ၊ ထိုသို့သော အမှု၏အသီးအပွင့်သည် တန်ဖိုးအရှိဆုံးနှင့် ယုံကြည်လက်ခံနိုင်ဖွယ် အဖြစ်ဆုံး ဖြစ်သည်။ ဤအရာသည်သာ ဘုန်းအသရေ ရရှိခြင်းဖြစ်သည်- ဤသည်မှာ နောက်ဆုံးသောကာလတွင် ဘုရားသခင် ရရှိလိုသည့် ဘုန်းအသရေ ဖြစ်သည်။ ဤလူတို့သည် အဆင့်အတန်း နိမ့်ကျသော်လည်း၊ ၎င်းတို့ ယခုအခါ ထိုသို့ ကြီးမားသည့် ကယ်တင်ခြင်းကို ရရှိနိုင်ကြသည်မှာ အမှန်တကယ် ဘုရားသခင်၏

ချီးမြှောက်ခြင်း ဖြစ်သည်။ ဤအမှုသည် အလွန် အဓိပ္ပာယ်ရှိပြီး ဤလူတို့ကို သူ ရယူခြင်းမှာ တရားစီရင်ခြင်း မှတစ်ဆင့် ဖြစ်သည်။ သူ၏ ရည်ရွယ်ချက်မှာ ဤလူတို့ကို အပြစ်ပေးဖို့မဟုတ်ဘဲ၊ ၎င်းတို့ကို ကယ်တင်ဖို့ ဖြစ်သည်။ အကယ်၍ နောက်ဆုံးသောကာလ အတွင်းတွင် သူသည် ဣသရေလနိုင်ငံ၌ သိမ်းပိုက်ခြင်းအမှုကို လုပ်ဆောင်နေဆဲ ဖြစ်ပါက၊ ယင်းမှာ တန်ဖိုးရှိလိမ့်မည် မဟုတ်ပေ။ ယင်းက အကျိုးအမြတ် ဖြစ်ထွန်းခဲ့လျှင်ပင်၊ ယင်းသည် တန်ဖိုး သို့မဟုတ် ကြီးမားသော အရေးပါမှု တစ်ခုတလေ ရှိလိမ့်မည် မဟုတ်သကဲ့သို့ ဘုန်းအသရေအားလုံးကို သူရရှိနိုင်လိမ့်မည် မဟုတ်ပေ။ သူသည် အမှောက်မိုက်ဆုံး အရပ်များထဲသို့ ကျဆင်းခဲ့သူများ၊ နောက်ကျကျန်ရစ်ဆုံးသောသူများ ဖြစ်သည့် သင်တို့အပေါ် အမှုပြုနေသည်။ ဤလူတို့သည် ဘုရားသခင်တစ်ဆူ ရှိသည်ကို အသိအမှတ်ပြုခြင်း မရှိသကဲ့သို့၊ ဘုရားသခင် တစ်ဆူရှိသည်ကို မည်သည့်အခါမျှ မသိခဲ့ကြပေ။ ဤဖန်ဆင်းခံ သတ္တဝါများသည် ဘုရားသခင်ကို မေ့လျော့ကြပြီးဖြစ်သည်အထိ စာတန်၏အလွန် ဖောက်ပြန်ပျက်စီးစေခြင်းကို ခံခဲ့ကြရသည်။ ၎င်းတို့သည် စာတန်၏ မျက်စိကန်းစေခြင်းကို ခံရပြီးဖြစ်ကာ၊ ကောင်းကင်ဘုံ၌ ဘုရားသခင်တစ်ဆူရှိသည်ကို လုံးဝမသိကြပေ။ သင်တို့၏ စိတ်နှလုံးများထဲတွင်၊ သင်တို့အားလုံးသည် ရုပ်တုဆင်းတုများကို ကိုးကွယ်ကြပြီး၊ စာတန်ကို ကိုးကွယ်ကြသည်- သင်တို့သည် အနိမ့်ကျဆုံး၊ ခေတ်နောက်ကျ အကျန်ရစ်ဆုံးသောလူများ မဟုတ်သလော။ သင်တို့သည် မည်သည့်ကိုယ်ပိုင်လွတ်လပ်မှုမျှ မရှိဘဲ၊ ဇာတိပကတိထဲတွင် အနိမ့်ကျဆုံးဖြစ်ပြီး၊ အခက်အခဲများကိုလည်း သင်တို့ ခံစားကြရ၏။ သင်တို့သည် လွတ်လပ်စွာ ယုံကြည်ခွင့်ပင် မရှိဘဲ၊ ဤလူ့အဖွဲ့အစည်းထဲက အနိမ့်ကျဆုံးအဆင့်၌ ရှိကြသည့် လူများလည်း ဖြစ်ကြသည်။ ဤတွင် သင်တို့အပေါ် အမှုပြုခြင်း၏ ရည်ရွယ်ချက် တည်ရှိ၏။ မောဘ၏သားစဉ်မြေးဆက်များဖြစ်သည့် သင်တို့အပေါ်၌ ယနေ့အမှုပြုခြင်းသည် သင်တို့ကိုအရှက်ရစေရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ၊ အမှု၏ အဓိပ္ပာယ်ကို ထုတ်ဖော်ပြရန် ဖြစ်သည်။ သင်တို့အတွက် ယင်းမှာ ကြီးမားသော ချီးမြှောက်မှုတစ်ခု ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် ဆင်ခြင်တုံတရားနှင့် ထိုးထွင်းသိမြင်မှု ရှိပါက၊ ၎င်းတို့က၊ "ကျွန်ုပ်သည် မောဘ၏သားစဉ်မြေးဆက်တစ်ဦး ဖြစ်သည်၊ ယနေ့ ထိုသို့သော ဘုရားသခင်၏ ကြီးမားသည့် ချီးမြှောက်ခြင်း သို့မဟုတ် ထိုသို့ကြီးမားသည့် ကောင်းချီးမင်္ဂလာများကို ရရှိခြင်းငှာ အမှန်တကယ် မထိုက်တန်ပါ။ ကျွန်ုပ် လုပ်ဆောင်ကာ ပြောဆိုသည့် အရာအားလုံး၌၊ ပြီးလျှင် ကျွန်ုပ်၏ အဆင့်အတန်းနှင့် တန်ဖိုးအရ၊ ကျွန်ုပ်သည် ဘုရားသခင်ထံမှ ထိုသို့ကြီးမားသော ကောင်းချီးမင်္ဂလာများနှင့် လုံးဝ မထိုက်တန်ပါ။ ဣသရေလလူမျိုးများသည် ဘုရားသခင်အတွက် ကြီးမားသော ချစ်ခြင်းမေတ္တာရှိကြပြီး၊ ၎င်းတို့ မွေ့လျော် ခံစားသော

ကျေးဇူးတော်မှာ ၎င်းတို့အပေါ် ဘုရားသခင် အပ်နှင်းထားခြင်း ဖြစ်သော်လည်း၊ ၎င်းတို့၏ အဆင့်အတန်းသည် ကျွန်ုပ်တို့ထက် များစွာမြင့်မားသည်။ အာဗြဟံသည် ယေဟောဝါကို အလွန်ဆက်ကပ်ခဲ့ပြီး၊ ပေတရုသည် ယေရှုကို အလွန်ဆက်ကပ်ခဲ့ပါသည်- ၎င်းတို့၏ ဆက်ကပ်မှုမှာ ကျွန်ုပ်တို့ထက် အဆတစ်ရာ ကြီးမားခဲ့သည်။ ကျွန်ုပ်တို့၏ လုပ်ရပ်များပေါ်အခြေခံ၍၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော် ခံစားခြင်းငှာ လုံးဝထိုက်တန်ခြင်း မရှိပါ" ဟု ဆိုကြလိမ့်မည်။ တရုတ်နိုင်ငံရှိ ဤလူတို့၏ အစေခံမှုကို ဘုရားသခင်၏ ရှေ့မှောက်သို့ ယူဆောင်၍ လုံးဝ မရနိုင်ပေ။ ယင်းသည် လုံးဝ ကမောက်ကမတစ်ခု ဖြစ်၏။ သင်တို့သည် ယခု ဘုရားသခင်၏ ကျေးဇူးတော်ကို အလွန်များစွာ ခံစားရသည်မှာ ဘုရားသခင်၏ ချီးမြှောက်ခြင်း သက်သက် ဖြစ်သည်။ သင်တို့သည် မည်သည့်အချိန်က ဘုရားသခင်၏အမှုကို ရှာဖွေဖူးသနည်း။ သင်တို့သည် မည်သည့်အချိန်က သင်တို့၏အသက်ကို ဘုရားသခင်အတွက် စတေးဖူးသနည်း။ သင်တို့သည် မည်သည့်အချိန်က သင်တို့၏ မိသားစု၊ သင်တို့၏ မိဘများနှင့် သင်တို့၏ သားသမီးများကို လိုလိုလားလား စွန့်လွှတ်ဖူးသနည်း။ သင်တို့ တစ်ဦးတစ်ယောက်မျှ ကြီးမားသော အဖိုးအခတစ်ခုကို မပေးသေးပေ။ သင့်ကို သန့်ရှင်းသော ဝိညာဉ်တော် ခေါ်ထုတ်ခဲ့ခြင်း မပြုခဲ့ပါက၊ သင်တို့ထဲမှ မည်မျှသည် အရာရာကို စတေးနိုင်ခဲ့ကြလိမ့်မည်နည်း။ သင်တို့သည် ဖိအားပေးကာ အနိုင်အထက်ပြုခံရခြင်းဖြင့်သာ ယနေ့ထိ နောက်လိုက်ခဲ့ကြခြင်း ဖြစ်သည်။ သင်တို့၏ ဆက်ကပ်မှုမှာ အဘယ်မှာနည်း။ သင်တို့၏ နာခံမှုမှာ အဘယ်မှာနည်း။ သင်တို့၏ လုပ်ရပ်များပေါ် အခြေခံ၍၊ သင်တို့သည် အချိန်ကြာမြင့်စွာကတည်းက ဖျက်ဆီးခြင်း ခံရပြီး ဖြစ်သင့်သည်- သင်တို့အားလုံး ရှင်းရှင်း ပယ်ရှင်းခံခဲ့ရသင့်သည်။ ထိုသို့ ကြီးမားသော ကောင်းချီးမင်္ဂလာများကို ခံစားရရန် သင်တို့ကို မည်သည့်အရာက အရည်အချင်းပြည့်မီစေသနည်း။ သင်တို့သည် အနည်းငယ်မျှ မထိုက်တန်ပေ။ သင်တို့ထဲမှ မည်သူသည် မိမိတို့ကိုယ်တိုင်၏ လမ်းကြောင်းကို အားထုတ်ကာ ဖန်တီးဖူးသနည်း။ သင်တို့ထဲမှ မည်သူသည် မှန်သောလမ်းခရီးကို ကိုယ်တိုင် ရှာတွေ့ပြီနည်း။ သင်တို့ အားလုံးသည် ပျင်းရိကြသည်၊ အစားကျူးကြသည်၊ သက်သောင့်သက်သာရှိမှုကို ရှာဖွေသော လူဆိုးလူယုတ်များ ဖြစ်သည်။ သင်တို့ အလွန်ကြီးမြတ်ကြသည်ဟု ထင်သလော။ သင်တို့၌ ကြွားစရာ မည်သည့်အရာ ရှိသနည်း။ သင်တို့သည် မောဘ၏သားစဉ်မြေးဆက်များ ဖြစ်ကြသည်ကို မသိကျိုးကျွန်ပြုလျက်ပင်၊ သင်တို့၏သဘာဝဗီဇ၊ သို့မဟုတ် သင်တို့၏ မွေးရပ်မြေသည် အမြင့်မြတ်ဆုံး အမျိုးအစားလော။ သင်တို့သည် သူ၏သားစဉ်မြေးဆက်များ ဖြစ်ကြသည်ကို မသိကျိုးကျွန်ပြုလျက်ပင်၊ သင်တို့အားလုံးသည် မောဘ၏

သားစဉ်မြေးဆက်များ စစ်စစ် ဖြစ်ကြသည် မဟုတ်လော။ အချက်အလက်များနှင့်ဆိုင်သည့် အမှန်တရားသည် ပြောင်းလဲနိုင်သလော။ သင်တို့၏ သဘာဝကို ယခု ဖော်ထုတ်ခြင်းသည် အချက်အလက်များနှင့်ဆိုင်သော အမှန်တရားကို မှားယွင်းစွာဖော်ပြသလော။ သင်တို့၏ ခယဝယလုပ်ခြင်း၊ သင်တို့၏အသက်တာများနှင့် သင်တို့၏ အကျင့်စရိုက်များကို ကြည့်လော့- သင်တို့သည် လူသားမျိုးနွယ်ကြား နိမ့်ကျသူများထဲမှ အနိမ့်ကျဆုံး ဖြစ်သည်ကို မသိကြသလော။ သင်တို့သည် ကြွားစရာ မည်သည့်အရာ ရှိသနည်း။ လူ့အဖွဲ့အစည်းထဲရှိ သင်တို့၏ အဆင့်အတန်းကို ကြည့်လော့။ သင်တို့သည် အနိမ့်ကျဆုံး အဆင့်၌ ရှိသည် မဟုတ်လော။ ငါသည် မမှန်မကန် ပြောလေပြီဟု သင်တို့ ထင်သလော။ အာဗြဟံသည် ဣဇာက်ကို ပူဇော်ခဲ့သည်- သင်တို့သည် မည်သည့်အရာကို ပူဇော်ကြပြီးပြီနည်း။ ယောဘသည် အရာရာကို ပူဇော်ခဲ့သည်- သင်တို့သည် မည်သည့်အရာကို ပူဇော်ကြပြီးပြီနည်း။ လူများစွာတို့သည် မှန်သောလမ်းခရီးကို ရှာဖွေရန်အလို့ငှာ မိမိတို့၏ အသက်များကို ပေးကြပြီးဖြစ်သည်၊ လည်စင်းခံကြပြီးဖြစ်ကာ မိမိတို့အသွေးကို သွန်းကြပြီးဖြစ်သည်။ ထိုအဖိုးအခကို သင်တို့ ပေးကြပြီးပြီလော။ နှိုင်းယှဉ်ခြင်းအရ၊ သင်တို့သည် ထိုသို့ ကြီးမားသော ကျေးဇူးတော်ကို မွေ့လျော်ခံစားရန် အရည်အချင်း လုံးဝ မပြည့်မီကြပေ။ သင်တို့သည် မောဘ၏သားစဉ်မြေးဆက်များ ဖြစ်သည်ဟု ယနေ့ဆိုခြင်းသည် မတရားသလော။ သင်တို့ကိုယ်သင်တို့ အထင်မကြီးကြလွန်းနှင့်။ သင်၌ ဝါကြွားစရာ မည်သည့်အရာမျှ မရှိပေ။ ထိုသို့သော ကြီးမားသည့် ကယ်တင်ခြင်း၊ ထိုသို့သော ကြီးမားသည့် ကျေးဇူးတော်ကို သင်တို့အား အခမဲ့ပေးထားခြင်းဖြစ်သည်။ သင်တို့သည် မည်သည့်အရာကိုမျှ စွန့်လွှတ်ရခြင်း မရှိသော်လည်း၊ ကျေးဇူးတော်ကို အခမဲ့ မွေ့လျော်ခံစားကြသည်။ သင်တို့ မရှက်ကြသလော။ ဤမှန်သော လမ်းခရီးသည် သင်တို့ဘာသာ ရှာဖွေကာ တွေ့ရှိခဲ့သည့် အရာတစ်စုံတစ်ခု ဖြစ်သလော။ ထိုလမ်းခရီးကို လက်ခံရန် သင်တို့ကို လှုံ့ဆော်ခဲ့သည်မှာ သန့်ရှင်းသောဝိညာဉ်တော် မဟုတ်လော။ သင်တို့သည် သမ္မာတရားကို ရှာဖွေကာ တောင့်တသော စိတ်နှလုံးများ ရှိဖို့မပြောနှင့်၊ ရှာဖွေသော စိတ်နှလုံးများပင် မည်သည့်အခါမျှ မရှိခဲ့ပေ။ သင်တို့သည် အခံ့သားထိုင်နေခဲ့ကာ ထိုအရာကို မွေ့လျော်ခံစားနေခဲ့သည်။ သင်တို့သည် အနည်းငယ်မျှ အားထုတ်ခြင်းမရှိဘဲ ဤသမ္မာတရားကို ရရှိထားကြသည်။ သင်တို့သည် စောဒကတက်ရန် မည်သည့် အခွင့်အရေး ရှိသနည်း။ သင်သည် အထိုက်တန်ဆုံးသောသူ ဖြစ်သည်ဟု ထင်သလော။ မိမိတို့၏ အသက်များကို စွန့်ခဲ့ပြီး မိမိတို့၏ အသွေးကိုသွန်းခဲ့သော သူများနှင့် နှိုင်းယှဉ်ပါက၊ သင်တို့သည် စောဒကတက်စရာ မည်သည့်အရာ ရှိသနည်း။ သင်တို့ကို ယခု ဖျက်ဆီးခြင်းသည် မှန်ကန်ပြီး

သဘာဝကျသည့်အရာ ဖြစ်ပေမည်။ သင်တို့သည် နာခံကာ လိုက်လျှောက်ဖို့မှအပ ရွေးချယ်စရာမရှိပေ။ သင်တို့သည် တကယ်ကို ထိုက်တန်ခြင်း မရှိကြပေ။ သင်တို့ထဲမှ အများစုတို့သည် ခေါ်ခြင်းခံခဲ့ရသော်လည်း၊ သင်၏ ပတ်ဝန်းကျင်သည် သင်တို့ကို အတင်းအကျပ်မခိုင်းပါက၊ သို့မဟုတ် သင်တို့သည် ခေါ်ခြင်းမခံခဲ့ရပါက၊ သင်တို့သည် ထွက်လာရန် လုံးဝ လိုလားလျက် ရှိခဲ့ကြမည် မဟုတ်ပေ။ မည်သူသည် ထိုသို့စွန့်လွှတ်ခြင်းကို လက်ခံရန် လိုလားလျက် ရှိသနည်း။ မည်သူသည် ဇာတိပကတိ၏ သာယာမှုများကို လက်လွှတ်ရန် လိုလားလျက်ရှိသနည်း။ သင်တို့အားလုံးသည် သက်သောင့်သက်သာရှိမှုကို လောဘတကြီး အကြိုက်တွေ့ကာ၊ ဇိမ်ခံသော အသက်တာတစ်ခုကို ရှာဖွေကြသည့်လူများ ဖြစ်သည်။ သင်တို့သည် ထိုသို့ကြီးမားသော ကောင်းချီးမင်္ဂလာများကို ရရှိကြပြီးဖြစ်သည်- သင်တို့၌ အခြားမည်သည့်အရာ ပြောစရာ ရှိသနည်း။ မည်သည့် မကျေနပ်ရခြင်းအကြောင်းများ သင်တို့၌ ရှိကြသနည်း။ သင်တို့သည် အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာများနှင့် ကောင်းကင်ဘုံ၌ အကြီးမားဆုံးသော ကျေးဇူးတော်ကို မွေ့လျော်ခံစားခွင့် ရကြပြီးဖြစ်ကာ၊ မြေကြီးပေါ်တွင် ယခင်က လုံးဝ မလုပ်ဆောင်ဖူးသည့် အမှုကို ယနေ့တွင် သင်တို့အား ထုတ်ဖော်ပြပြီး ဖြစ်သည်။ ဤသည်မှာ ကောင်းချီးမင်္ဂလာတစ်ခု မဟုတ်လော။ သင်တို့သည် ဘုရားသခင်ကို ခုခံကာ ပုန်ကန်ကြခဲ့သောကြောင့်၊ ယနေ့တွင် ထိုသို့ ပြစ်တင်ဆုံးမခြင်းကို ခံကြရခြင်း ဖြစ်သည်။ ဤပြစ်တင်ဆုံးမမှုကြောင့်၊ သင်တို့သည် ဘုရားသခင်၏ သနားခြင်းကရုဏာနှင့် ချစ်ခြင်းမေတ္တာကို မြင်တွေ့ကြပြီး ဖြစ်ကာ၊ ထိုမျှမက ကိုယ်တော်၏ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းကို မြင်တွေ့ကြရပြီး ဖြစ်သည်။ ဤပြစ်တင်ဆုံးမမှုနှင့် လူသားမျိုးနွယ်တို့၏ ညစ်ညူးခြင်းတို့ကြောင့်၊ သင်တို့သည် ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးကို မြင်တွေ့ကြရပြီးဖြစ်ကာ၊ သူ၏ သန့်ရှင်းခြင်းနှင့် ကြီးမြတ်ခြင်းကို မြင်တွေ့ကြရပြီး ဖြစ်သည်။ ဤသည်မှာ အရှားပါးဆုံးသော သမ္မာတရားများ မဟုတ်သလော။ ဤသည်မှာ အဓိပ္ပာယ်ရှိသော အသက်တာတစ်ခု မဟုတ်သလော။ ဘုရားသခင် ပြုသောအမှုသည် အဓိပ္ပာယ် ပြည့်ဝ၏။ ထို့ကြောင့် သင်တို့၏ အဆင့်အတန်း နိမ့်ကျလေလေ၊ ဘုရားသခင်၏ ချီးမြှောက်ခြင်း သင်တို့ ခံရသည်ကို သက်သေပြလေလေဖြစ်ပြီး သင်တို့အပေါ် ယနေ့ပြုသော သူ့အမှု၏ ကြီးမားသော တန်ဖိုးကို သက်သေပြလေလေ ဖြစ်သည်။ ယင်းသည် အခြား မည်သည့်နေရာတွင်မျှ မရရှိနိုင်သည့် တကယ်ကို အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ဖြစ်သည်။ ခေတ်များတစ်လျှောက်တွင်၊ မည်သူမျှ ထိုသို့ ကြီးမားသော ကယ်တင်ခြင်းကို မွေ့လျော်ခံစားရခြင်း မရှိလေပြီ။ သင်တို့၏ အဆင့်အတန်း နိမ့်ကျသည့်အချက်က ဘုရားသခင်၏ ကယ်တင်ခြင်း မည်မျှကြီးမားသည်ကို

ပြသပြီး၊ ဘုရားသခင်သည် လူသားမျိုးနွယ်အား သစ္စာရှိသည်ကို ပြသပေသည်- သူသည် ကယ်တင်၏၊ မဖျက်ဆီးပေ။

တရုတ်လူမျိုးများသည် ဘုရားသခင်ကို မည်သည့်အခါကမျှ မယုံကြည်ခဲ့ပေ။ ၎င်းတို့သည် ယေဟောဝါကို မည်သည့်အခါကမျှ အစေမခံဖူးကြသကဲ့သို့၊ ယေရှုကို မည်သည့်အခါကမျှ အစေမခံဖူးကြပေ။ ၎င်းတို့သည် ဒူးထောက်ဦးချကြသည်၊ အမွှေးနံ့သာပေါင်းကိုသာ မီးရှို့သည်၊ အမွှေးစက္ကူကိုသာ မီးရှို့ကြပြီး၊ ဗုဒ္ဓကိုသာ ကိုးကွယ်ကြလေသည်။ ၎င်းတို့သည် ရုပ်တုဆင်းတုများကိုသာ ကိုးကွယ်ကြသည်- ၎င်းတို့အားလုံးသည် အစွန်းရောက်သည်အထိ ပုန်ကန်တတ်ကြ၏။ ထို့ကြောင့် လူတို့၏ အဆင့်အတန်း နိမ့်ကျလေလေ၊ သင်တို့ထံမှ ဘုရားသခင် ရရှိသောအရာမှာ ဘုန်းအသရေ ဖြစ်လေလေဟူသည်ကို ပို၍ပင် ပြသပေသည်။ အချို့က မိမိတို့၏အမြင်ရှုထောင့်မှ "ဘုရားသခင်၊ ကိုယ်တော် ပြုသောအမှုမှာ အဘယ်နည်း။ ကိုယ်တော်ကဲ့သို့ အင်မတန် မြင့်မြတ်သော ဘုရားသခင်တစ်ဆူ၊ အင်မတန် သန့်ရှင်းသော ဘုရားသခင်တစ်ဆူသည် ညစ်ညူးသော တိုင်းပြည်တစ်ပြည်သို့ ကြွလာသလော။ ကိုယ်တော်သည် မိမိကိုယ်ကိုယ် အလွန်သေးနုပ်သည်ဟု ထင်သလော။ ကျွန်ုပ်တို့သည် အလွန်ညစ်ညူးကြသော်လည်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိရန် လိုလားလျက်ရှိသလော။ ကိုယ်တော်သည် ကျွန်ုပ်တို့အလယ်တွင် အသက်ရှင်နေထိုင်ရန် လိုလားလျက် ရှိသလော။ ကျွန်ုပ်တို့သည် အလွန်အဆင့်အတန်း နိမ့်ကျသော်လည်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား စုံလင်စေရန် လိုလားလျက်ရှိသလော။ ပြီးလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့အား စံပြများနှင့် နမူနာများအဖြစ် အသုံးပြုမည်လော" ဟု ဆိုကောင်း ဆိုနိုင်သည်။ ငါပြောမည်- သင်သည် ငါ၏ အလိုကို မသိ။ ငါပြုလိုသောအမှုကို သင်နားမလည်သကဲ့သို့၊ ငါ၏ စိတ်သဘောထားကိုလည်း သင်နားမလည်ပေ။ ငါပြုမည့်အမှု၏ အရေးပါမှုသည် သင်တို့ ရရှိနိုင်စွမ်းထက် ကျော်လွန်၏။ ငါ၏အမှုသည် သင်၏ လူသား အယူအဆများနှင့် ကိုက်ညီနိုင်သလော။ လူသား အယူအဆများအရ၊ ငါသည် အဆင့်အတန်း မြင့်မားသည်ကို ပြရန်၊ အလွန်အဖိုးတန်သည်ကို ပြရန်နှင့် ငါ၏ဂုဏ်အသရေ၊ သန့်ရှင်းခြင်းနှင့် ကြီးမြတ်ခြင်းတို့ကို ပြရန် နိုင်ငံကောင်းတစ်ခုတွင် မွေးဖွားခဲ့ရမည် ဖြစ်သည်။ ငါ့ကို အသိအမှတ်ပြုသော နေရာတစ်ခု၊ အဆင့်အတန်း မြင့်မားသော မိသားစုတစ်ခုတွင် မွေးဖွားလာခဲ့ပါက၊ ငါသည် ရာထူးနှင့် အဆင့်အတန်း မြင့်မားသောသူ ဖြစ်ပါက၊ ငါသည် အလွန်ကောင်းစွာ ဆက်ဆံခံရမည်ဖြစ်သည်။ ယင်းသည် ငါ၏အမှုအတွက် အကျိုးပြုလိမ့်မည် မဟုတ်သကဲ့သို့၊ အင်မတန် ကြီးမားသော ကယ်တင်ခြင်းသည် ထိုအခါ ထုတ်ဖော်ပြနိုင်လိမ့်ဦးမည်လော။ ငါ့ကို မြင်သောသူအားလုံးသည် ငါ့အား

နာခံကြလိမ့်မည်ဖြစ်ပြီး၊ အညစ်အကြေးများနှင့် ၎င်းတို့ ညစ်ညမ်းစေခြင်းခံရလိမ့်မည်မဟုတ်။ ငါသည် ဤသို့သော နေရာမျိုးတွင် မွေးဖွားလာခဲ့သင့်သည်။ ယင်းမှာ သင်တို့ ယုံကြည်သော အရာဖြစ်သည်။ သို့သော် စဉ်းစားကြည့်လော့- ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ် ပျော်ရွှင်မှုအတွက် ကြွလာခဲ့သလော၊ အလုပ်အတွက် ကြွလာခဲ့သလော။ ငါသည် ဤသို့ လွယ်ကူပြီး၊ သက်သောင့်သက်သာရှိသည့် နေရာတွင် အမှုပြုခဲ့ပါက၊ ငါ၏ ဘုန်းအသရေ အပြည့်အဝကို ငါရနိုင်မည်လော။ ငါ၏ဖန်ဆင်းခြင်း အားလုံးကို ငါ သိမ်းပိုက်နိုင်ဦးမည်လော။ ကမ္ဘာမြေကြီးပေါ်သို့ ဘုရားသခင် ကြွလာခဲ့ချိန်တွင်၊ သူသည် လောကနှင့် မသက်ဆိုင်ခဲ့သကဲ့သို့၊ လောကကို ပျော်မွေ့ရန် လူ့ဇာတိခံယူခဲ့ခြင်း မဟုတ်ပေ။ အမှုပြုခြင်းက သူ၏ စိတ်သဘောထားကို ထုတ်ဖော်ပြပြီး အဓိပ္ပါယ်အရှိဆုံး ဖြစ်မည့်နေရာမှာ သူမွေးဖွားခဲ့သော နေရာဖြစ်သည်။ ယင်းမှာ သန့်ရှင်းသော တိုင်းပြည်ဖြစ်စေ၊ ညစ်ညူးသော တိုင်းပြည် တစ်ပြည်ဖြစ်စေ၊ မည်သည့်နေရာတွင် သူအမှုပြုပါစေ၊ သူသည် သန့်ရှင်း၏။ အရာအားလုံးသည် စာတန်၏ ဖျက်ဆီးခြင်း ခံရပြီးဖြစ်သော်လည်း၊ လောကထဲရှိ အရာရာတိုင်းကို သူ ဖန်ဆင်းထားခြင်းဖြစ်၏။ သို့သော်လည်း အရာအားလုံးသည် သူနှင့် သက်ဆိုင်ဆဲဖြစ်၏။ ၎င်းတို့ အားလုံးသည် သူ၏ လက်ထဲတွင် ရှိကြသည်။ သူသည် သူ၏ သန့်ရှင်းခြင်းကို ထုတ်ဖော်ပြဖို့အလို့ငှာ ညစ်ညူးသော တိုင်းပြည်တစ်ပြည်သို့ ကြွလာပြီး ထိုနေရာတွင် အမှုပြုလေသည်။ သူသည် ဤအရာကို သူ၏အမှုအတွက်သာ ပြုခြင်းဖြစ်သည်၊ ဆိုလိုသည်မှာ ဤညစ်ညူးသောတိုင်းပြည်မှ လူတို့ကို ကယ်တင်ရန်အလို့ငှာ၊ သူသည် ထိုသို့သော အမှုကိုပြုဖို့ ကြီးစွာသော အရှက်ရခြင်းကို ခံရပ်လေသည်။ ဤသည်မှာ လူသားမျိုးနွယ်အားလုံးအတွက် သက်သေခံဖို့ရန် လုပ်ဆောင်ခြင်း ဖြစ်သည်။ ထိုသို့သော အမှုက လူတို့ကို ပြသသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဖြစ်ပြီး၊ ယင်းသည် ဘုရားသခင်၏ကြီးစိုးမှုကို ပို၍ကောင်းစွာ ပြသနိုင်သည်။ အခြားသူများက အထင်အမြင်သေးသည့် အောက်တန်းကျသော လူစုတစ်စုကို ကယ်တင်ခြင်းတွင် သူ၏ကြီးမြတ်ခြင်းနှင့် ဖြောင့်မတ်တည်ကြည်ခြင်းတို့ ထင်ရှားပေသည်။ ညစ်ညူးသော တိုင်းပြည်တစ်ခုတွင် မွေးဖွားခြင်းက သူသည် အရေးမပါသည်ကို သက်သေပြခြင်း လုံးဝ မဟုတ်ပေ။ ယင်းက သူ၏ ကြီးမြတ်ခြင်းနှင့် လူသားမျိုးနွယ်အတွက် သူ၏ စစ်မှန်သော ချစ်ခြင်းမေတ္တာကို ဖန်ဆင်းထားသောအရာအားလုံးအား မြင်ခွင့်ပေးခြင်း သက်သက် ဖြစ်သည်။ ထိုသို့ သူလုပ်ဆောင်လေလေ၊ လူသားအတွက် သူ၏ဖြူစင်သော ချစ်ခြင်းမေတ္တာ၊ သူ၏ အပြစ်အနာအဆာ မရှိသော ချစ်ခြင်းမေတ္တာကို ထုတ်ဖော်ပြလေလေ ဖြစ်သည်။ ဘုရားသခင်သည် သန့်ရှင်းပြီး ဖြောင့်မတ်၏။ သူသည် ညစ်ညူးသော တိုင်းပြည်တစ်ပြည်တွင်

မွေးဖွားခဲ့ပြီး၊ ညစ်ညူးမှုနှင့် ပြည့်နှက်နေသော လူတို့နှင့်အတူ အသက်ရှင်သော်လည်း၊ ကျေးဇူးတော်ခေတ်တွင် အပြစ်သားများ နှင့်အတူ ယေရှု အသက်ရှင်ခဲ့သည့်အတိုင်း သူ၏အမှုအားလုံးသည် လူသားမျိုးနွယ်အားလုံး၏ ရှင်သန်ရေးအတွက် လုပ်ဆောင်ခြင်း မဟုတ်လော။ လူသားမျိုးနွယ်အနေဖြင့် ကြီးမားသော ကယ်တင်ခြင်းကို ရရှိနိုင်ဖို့အလို့ငှာသာ ဖြစ်သည်မဟုတ်သလော။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်က၊ သူသည် အပြစ်သားများ နှင့်အတူ နှစ်အနည်းငယ် အသက်ရှင်ခဲ့သည်။ ယင်းမှာ ရွေးနုတ်ခြင်းအတွက် ဖြစ်ခဲ့သည်။ ယနေ့တွင် သူသည် ညစ်ညူးကာ အရေးမပါသော လူတစ်စုနှင့်အတူ နေထိုင်လျက် ရှိသည်။ ဤသည်မှာ ကယ်တင်ခြင်းအတွက် ဖြစ်သည်။ သူ၏အမှုအားလုံးသည် သင်တို့လူသားများ အတွက် မဟုတ်လော။ လူသားမျိုးနွယ်ကို ကယ်တင်ရန် မဟုတ်ခဲ့ပါက၊ သူသည် နွားစားခွက်ထဲတွင် မွေးဖွားခဲ့ပြီးနောက် အဘယ်ကြောင့် အပြစ်သားများနှင့်အတူ နှစ်ပေါင်းများစွာ အသက်ရှင်ပြီး ဒုက္ခဆင်းရဲခံခဲ့မည်နည်း။ ပြီးလျှင် လူသားမျိုးနွယ်ကို ကယ်တင်ရန် မဟုတ်ခဲ့ပါက၊ သူသည် အဘယ်ကြောင့် ဒုတိယအကြိမ် လူ့ဇာတိပြန်လည်ခံယူကာ၊ နတ်ဆိုးများ စုဝေးရာ ဤတိုင်းပြည်တွင် မွေးဖွားပြီး စာတန်၏ နက်ရှိုင်းစွာ ဖျက်ဆီးခြင်း ခံခဲ့ရသော ဤလူတို့နှင့်အတူ အသက်ရှင်လိမ့်မည်နည်း။ ဘုရားသခင်သည် သစ္စာရှိသည် မဟုတ်လော။ သူ့အမှု၏ မည်သည့်အပိုင်းသည် လူသားမျိုးနွယ်အတွက် မဟုတ်ခဲ့သနည်း။ မည်သည့် အပိုင်းသည် သင်တို့၏ ကံကြမ္မာအတွက် မဟုတ်ခဲ့သနည်း။ ဘုရားသခင်သည် သန့်ရှင်းတော်မူ၏- ဤသည်မှာ ပြောင်းလဲ၍ မရနိုင်ပေ။ သူသည် ညစ်ညူးသော တိုင်းပြည်တစ်ပြည်သို့ ကြွလာခဲ့သော်လည်း၊ အညစ်အကြေးများဖြင့် ညစ်ညမ်းမသွားခဲ့ပေ။ ဤအရာအားလုံးမှာ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အလွန့်အလွန် ကိုယ်ကျိုးမငဲ့သကဲ့သို့၊ သူခံရပ်သည့် ဒုက္ခဆင်းရဲနှင့် အရှက်ရခြင်းတို့သည် အလွန့်အလွန် ကြီးမားသည်ကိုသာ ဆိုလိုနိုင်ပေသည်။ သင်တို့အားလုံးနှင့် သင်တို့၏ ကံကြမ္မာအတွက် သူ ခံစားသည့် အရှက်ရခြင်း မည်မျှ ကြီးမားသည်ကို သင်တို့ မသိကြသလော။ ကြီးမြတ်သောလူများ သို့မဟုတ် ကြွယ်ဝချမ်းသာပြီး သြဇာကြီးသော မိသားစုများ၏ သားများကို ကယ်တင်ခြင်းထက်၊ အရေးမပါသကဲ့သို့ အထင်အမြင်သေးခြင်း ခံရသောသူများကို ကယ်တင်ခြင်းအား သူ မပျက်မကွက် လုပ်လေသည်။ ဤအရာအားလုံးသည် သူ၏သန့်ရှင်းခြင်း ဖြစ်သည် မဟုတ်လော။ ဤအရာအားလုံးသည် သူ၏ ဖြောင့်မတ်ခြင်း ဖြစ်သည် မဟုတ်လော။ လူသားမျိုးနွယ် အားလုံး၏ ရှင်သန်ခြင်းအတွက် သူသည် ညစ်ညူးသော တိုင်းပြည်တစ်ပြည်တွင် မွေးဖွားကာ အရှက်ရခြင်းအားလုံးကို ခံစားရန် သာ၍လိုလားခဲ့သည်။ ဘုရားသခင်သည် အလွန် စစ်မှန်၏- သူသည် မမှန်သောအမှုကို

မပြုပေ။ အမှု၏ အဆင့်တိုင်းသည် အင်မတန် လက်တွေ့ကျသည့် နည်းလမ်းဖြင့် လုပ်ဆောင်ထားသည် မဟုတ်လော။ လူအားလုံးက သူ့ကို မကောင်းပြောကြပြီး သူသည် အပြစ်သားများနှင့် စားပွဲတွင် အတူထိုင်သည်ဟု ဆိုကြသော်လည်း၊ လူအားလုံးက သူ့ကို သရော်ကြပြီး သူသည် ညစ်ညူးမှု၏သားများနှင့်အတူ အသက်ရှင်သည်၊ လူတို့ထဲတွင် အနိမ့်ကျဆုံးဖြစ်သော သူများနှင့်အတူ အသက်ရှင်သည်ဟု ဆိုကြသော်လည်း၊ သူသည် ကိုယ်ကျိုးမငဲ့ဘဲ မိမိကိုယ်ကိုယ် ပေးအပ်နေဆဲဖြစ်ပြီး၊ ထိုကဲ့သို့ လူသားမျိုးနွယ်ကြားတွင် ငြင်းပယ်ခံရဆဲ ဖြစ်သည်။ သူခံရပ်ရသော ဒုက္ခဆင်းရဲသည် သင်တို့၏ ဒုက္ခဆင်းရဲထက် ပို၍ကြီးမားသည် မဟုတ်သလော။ သူ ပြုသောအမှုသည် သင်ပေးခဲ့သော အဖိုးအခထက် ပိုများသည် မဟုတ်သလော။ သင်တို့သည် ညစ်ညူးသော တိုင်းပြည်တစ်ပြည်တွင် မွေးဖွားခဲ့သော်လည်း၊ ဘုရားသခင်၏ သန့်ရှင်းခြင်းကို သင်တို့ ရရှိကြပြီး ဖြစ်သည်။ သင်တို့သည် နတ်ဆိုးများ စုဝေးသော တိုင်းပြည်တစ်ပြည်တွင် မွေးဖွားခဲ့သော်လည်း၊ ကြီးမားသော ကွယ်ကာမှုကို ရရှိကြပြီးဖြစ်သည်။ သင်တို့တွင် ရွေးချယ်စရာ မည်သည့်အရာ ရှိသနည်း။ သင်တို့တွင် မည်သည့် မကျေနပ်မှုများ ရှိသနည်း။ သူခံရပ်ခဲ့သည့် ဒုက္ခဆင်းရဲသည် သင်တို့ ခံရပ်ခဲ့သော ဒုက္ခဆင်းရဲထက် ပို၍ကြီးမားသည် မဟုတ်သလော။ သူသည် ကမ္ဘာမြေပေါ်သို့ ကြွလာပြီးဖြစ်ကာ၊ လူ့လောက၏ သာယာကြည်နူးဖွယ်ရာများကို လုံးဝ မမွေ့လျော်ခဲ့ပေ။ ထိုသို့သော အရာများကို သူရွံမုန်း၏။ ဘုရားသခင်သည် လူသားက သူ့အား ရုပ်ဝတ္ထု ပစ္စည်းများကို ပေးစေရန် ကမ္ဘာမြေသို့ ကြွလာခဲ့ခြင်း မဟုတ်သကဲ့သို့၊ လူသား၏ အစားအစာ၊ အဝတ်အစားများနှင့် အဆင်တန်ဆာတို့ကို မွေ့လျော်ခံစားဖို့ ကြွလာခဲ့ခြင်း မဟုတ်ပေ။ ဤအရာများကို သူဂရုမစိုက်ချေ။ သူသည် လောကီ ဥစ္စာပစ္စည်းများကို မွေ့လျော်ဖို့မဟုတ်ဘဲ၊ လူသားအတွက် ဒုက္ခဆင်းရဲခံရန် ကမ္ဘာမြေသို့ ကြွလာခဲ့ခြင်း ဖြစ်သည်။ သူသည် ဒုက္ခဆင်းရဲခံရန်၊ အမှုပြုရန်နှင့် သူ၏ စီမံခန့်ခွဲမှု အစီအစဉ်ကို ပြီးပြည့်စုံစေရန် ကြွလာခဲ့သည်။ ကောင်းမွန်သော နေရာတစ်ခု၊ သံရုံးတစ်ရုံး သို့မဟုတ် ကြီးကျယ်သော ဟိုတယ်တစ်လုံးတွင် နေထိုင်ဖို့ သူ မရွေးချယ်ခဲ့သကဲ့သို့၊ သူ့ကို လိုလေသေးမရှိပြုစုရန် အစေခံများစွာလည်း သူ၌ မရှိပေ။ သင်တို့ မြင်တွေ့ပြီးဖြစ်သည့် အရာအပေါ် အခြေခံ၍၊ သူသည် အမှုပြုရန် ကြွလာခြင်းလော သို့မဟုတ် ပျော်ရွှင်မှုအတွက် ကြွလာခြင်းလော ဆိုသည်ကို သင်တို့ မသိကြသလော။ သင်တို့၏ မျက်လုံးများက မမြင်ကြသလော။ သင်တို့ကို သူမည်မျှ ပေးပြီးပြီနည်း။ သက်သောင့်သက်သာရှိသော နေရာတစ်ခုတွင် သူမွေးဖွားခဲ့ပါက၊ သူသည် ဘုန်းအသရေကို ရရှိနိုင်ခဲ့လိမ့်မည်လော။ သူသည် အမှုပြုနိုင်ခဲ့လိမ့်မည်လော။ ထိုသို့ သူ၏ လုပ်ဆောင်ခြင်းသည် အဓိပ္ပာယ် တစ်စုံတစ်ရာ ရှိခဲ့လိမ့်မည်လော။ သူသည်

လူသားမျိုးနွယ်ကို လုံး၀ သိမ်းပိုက်နိုင်ခဲ့လိမ့်မည်လော။ သူသည် ညစ်ညူးသောတိုင်းပြည်မှ လူတို့ကို ကယ်နုတ်နိုင်ခဲ့လိမ့်မည်လော။ လူတို့သည် မိမိတို့၏ အယူအဆများအရ၊ “ဘုရားသခင်သည် သန့်ရှင်းတော်မူ သည့်အတွက်၊ အဘယ်ကြောင့် ကျွန်ုပ်တို့၏ ဤညစ်ညူးသော နေရာတွင် မွေးဖွားခဲ့သနည်း။ ကိုယ်တော်သည် ညစ်ညူးသော လူသားများ ဖြစ်သည့် ကျွန်ုပ်တို့ကို မုန်းတီးပြီး စက်ဆုပ်ပါသည်။ ကျွန်ုပ်တို့၏ အတိုက်အခံပြုခြင်းနှင့် ကျွန်ုပ်တို့ ပုန်ကန်ခြင်းတို့ကို ကိုယ်တော် စက်ဆုပ်တော်မူ၏၊ ထိုသို့ဆိုလျှင် ကိုယ်တော်သည် အဘယ်ကြောင့် ကျွန်ုပ်တို့နှင့်အတူ အသက်ရှင်ပါသနည်း။ ကိုယ်တော်သည် အမြင့်ဆုံးသော ဘုရားသခင် ဖြစ်တော်မူ၏။ ကိုယ်တော်သည် မည်သည့်နေရာတွင်မဆို မွေးဖွားနိုင်ခဲ့ပေမည်၊ ထိုသို့ဆိုလျှင် အဘယ်ကြောင့် ညစ်ညူးသော ဤတိုင်းပြည်တွင် ကိုယ်တော် မွေးဖွားဖို့ဖြစ်ခဲ့ရပါသနည်း။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို နေ့စဉ် ပြစ်တင်ဆုံးမပြီး တရားစီရင်ကာ၊ ကျွန်ုပ်တို့သည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်သည်ကို ကိုယ်တော် ရှင်းလင်းစွာ သိပါ၏၊ ထိုသို့ဆိုလျှင် ကိုယ်တော်သည် အဘယ်ကြောင့် ကျွန်ုပ်တို့အလယ်တွင် အသက်ရှင် နေသေးသနည်း။ ကိုယ်တော်သည် အဘယ်ကြောင့် မောဘ၏ သားစဉ်မြေးဆက်များ၏ မိသားစုတစ်စုထဲသို့ မွေးဖွားခဲ့သနည်း။ ကိုယ်တော် အဘယ်ကြောင့် ထိုသို့ ပြုခဲ့သနည်း” ဟု မေးကြ၏။ သင်တို့၏ ထိုသို့သော အတွေးများသည် ဆင်ခြင်တုံတရား လုံး၀ကင်းမဲ့နေသည်။ ထိုသို့သော အမှုသည်သာ သူ၏ ကြီးမြတ်ခြင်း၊ နှိမ့်ချခြင်းနှင့် ကွယ်ဝှက်ခြင်းတို့ကို လူတို့အား မြင်တွေ့ခွင့်ပေးသည်။ သူသည် သူ၏အမှုအတွက် အရာရာကို စွန့်လွှတ်ရန် လိုလားနေပြီး၊ သူ၏အမှုအတွက် ဒုက္ခဆင်းရဲ အားလုံးကို သူ ခံရပ်ပြီးဖြစ်သည်။ သူသည် လူသားမျိုးနွယ်အတွက် ဆောင်ရွက်ပြီး၊ ထိုမျှမက စာတန်ကို အောင်နိုင်ဖို့ ဖန်ဆင်းခံသတ္တဝါများအားလုံး သူ၏အုပ်စိုးမှုအောက်တွင် ကျိုးနွံနာခံကြစေရန် ဖြစ်သည်။ ဤအရာသည်သာ အဓိပ္ပာယ်ရှိပြီး၊ တန်ဖိုးရှိသောအမှု ဖြစ်သည်။ ယာကုပ်၏ သားစဉ်မြေးဆက်များသည် တရုတ်နိုင်ငံ၊ ဤမြေတစ်ကွက်တွင် မွေးဖွားခဲ့ပြီး၊ ၎င်းတို့မှာ သင်တို့အားလုံး ဖြစ်ခဲ့ပါက၊ သင်တို့အထဲ၌ လုပ်ဆောင်ခဲ့သော အမှု၏ အဓိပ္ပာယ်မှာ မည်သည့်အရာ ဖြစ်လိမ့်မည်နည်း။ စာတန်သည် အဘယ်အရာကို ဆိုလိမ့်မည်နည်း။ စာတန်က “သူတို့သည် ကိုယ်တော့်ကို ယခင်က ကြောက်ရွံ့ခဲ့ကြသည်၊ သူတို့သည် ကိုယ်တော့်ကို ကနဦး ကတည်းက နာခံခဲ့ကြပြီး၊ ကိုယ်တော့်ကို သစ္စာဖောက်သည့် ရာဇ၀င် မရှိကြပါ။ သူတို့သည် လူသားမျိုးနွယ်များထဲတွင် အမှောင်မိုက်ဆုံး၊ အနိမ့်ကျဆုံး သို့မဟုတ် ခေတ်အနောက်ကျဆုံး သူများ မဟုတ်ကြပါ” ဟု ပြောလိမ့်မည်။ ဤနည်းဖြင့် ဧကန်အမှန် အမှုပြုခဲ့မည်ဆိုပါက၊ မည်သူသည် ဤအမှုအား လက်ခံ ယုံကြည်လိမ့်မည်နည်း။ စကြ၀ဠာ တစ်ခုလုံးတွင်၊

တရုတ်လူမျိုးများသည် ခေတ်အနောက်ကျဆုံး လူများဖြစ်၏။ ၎င်းတို့သည် နိမ့်ကျသည့် ဂုဏ်သိက္ခာဖြင့် အောက်တန်းကျစွာ မွေးဖွားလာကြသည်။ ၎င်းတို့သည် ဉာဏ်ထိုင်းပြီး ထုံကြသည်၊ ရိုင်းပျကာ အကျင့်စာရိတ္တ ပျက်ပြားကြသည်။ ၎င်းတို့သည် စာတန်ဆန်သော စိတ်သဘောထားများ၊ ညစ်ညူးမှုနှင့် ကာမဂုဏ်လွန်ကျူးမှုတို့ဖြင့် ပြည့်ဝလျက်ရှိသည်။ သင်တို့သည် ဤဆိုးယုတ်သော စိတ်သဘောထားအားလုံးကို ပိုင်ဆိုင်ကြ၏။ ဤအမှု ပြီးပြည့်စုံသည့်နှင့်တစ်ပြိုင်နက်၊ လူတို့သည် ဤဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများကို စွန့်ပစ်ကာ၊ လုံး၀ နာခံနိုင်ကြလိမ့်မည်ဖြစ်ပြီး စုံလင်စေခြင်း ခံရကြလိမ့်မည် ဖြစ်သည်။ အမှု၏ ထိုသို့သော အကျိုးများသာ ဖန်ဆင်းခြင်းအတွင်းရှိ သက်သေခံချက် ဖြစ်သည်။ သက်သေခံချက်သည် မည်သည့်အရာ ဖြစ်သည်ကို သင်တို့ နားလည်ကြပါသလော။ မည်သို့ အမှန်တကယ် သက်သေခံသင့်သနည်း။ ဤကဲ့သို့ အမှုမျိုးသည် သင်တို့ကို အဖြည့်ခံများ ဖြစ်စေရုံသာမက အစေခံသော အရာများ ဖြစ်စေသည်၊ ထိုထက်ပင်ပို၍ ယင်းသည် သင်တို့အား ကယ်တင်ခြင်းခံရသည့် အရာများ ဖြစ်စေခဲ့သည်။ ယနေ့ သင်တို့သည် ဘုရားသခင်၏ လူများဖြစ်ကြသည်၊ နောက်ပိုင်းတွင် သင်တို့သည် စံပြများနှင့် နမူနာများ ဖြစ်ကြလိမ့်မည်။ ဤအမှုတွင် သင်တို့သည် အမျိုးမျိုးသော အခန်းကဏ္ဍများတွင် ပါ၀င်ကြပြီး၊ နောက်ဆုံးတွင် သင်တို့သည် ကယ်တင်ခြင်းခံရသည့် အရာများ ဖြစ်ကြလိမ့်မည်။ လူများစွာတို့သည် ဤအရာကြောင့် အပျက်သဘောဆောင်ကြလေသည်။ ၎င်းတို့သည် လုံး၀ မျက်စိကန်းကြသည် မဟုတ်လော။ သင်သည် မည်သည့် အရာကိုမျှ ရှင်းလင်းစွာ မမြင်ချေ။ သင့်ကို ခေါ် ရုံမျှက သင့်ကို စိတ်ထိခိုက်စေသလော။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို သင် နားလည်သလော။ ဘုရားသခင်၏ ကယ်တင်ခြင်းဆိုသည်မှာ မည်သည့်အရာ ဖြစ်သည်ကို သင်နားလည်သလော။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဆိုသည်မှာ မည်သည့်အရာ ဖြစ်သည်ကို သင် နားလည်သလော။ သင်သည် ဂုဏ်သိက္ခာမရှိလေတကား။ ကောင်းစွာ ရည်ရွယ်ပြောဆို ခံရသည့်အခါ၊ သင်ပျော်ရွှင်သည်။ ဆိုးရွားစွာ ရည်ရွယ်ပြောဆို ခံရသည့်အခါ၊ သင် လိုလားခြင်း မရှိသကဲ့သို့ နောက်ဆုတ် လေသည်။ သင်သည် အဘယ်အရာ ဖြစ်သနည်း။ မှန်သောလမ်းခရီးကို သင် လိုက်စားခြင်းမရှိ။ ရှာဖွေနေခြင်းကို ချက်ချင်းရပ်လော့- ယင်းသည် ရှက်ဖွယ်ဖြစ်၏။ အလွန် အရေးမပါသော အရာတစ်စုံတစ်ရာသည် သင့်ကို စိတ်ထိခိုက်စေသည်မှာ အရှက်ရဖွယ်ရာ လက္ခဏာတစ်ခု ဖြစ်သည် မဟုတ်လော။

သင်သည် မိမိကိုယ်ကိုယ် အနည်းငယ် သိရှိရန် သင်ယူသင့်သည်။ သင့်ကိုယ်သင် အလွန်

အထင်မကြီးလေနှင့်၊ ပြီးလျှင် ကောင်းကင်ဘုံသို့ သွားခြင်းငှာ စိတ်ကူးမယဉ်လေနှင့်-
ကမ္ဘာမြေပေါ်တွင် သိမ်းပိုက်ခံရရန်သာ တာဝန်ကျေစွာ ကြိုးစားလော့။ မတည်ရှိသည့်
လက်တွေ့မကျသော ဤစိတ်ကူးများကို မစဉ်းစားလေနှင့်။ တစ်စုံတစ်ဦးက အောက်ပါအတိုင်း
ပြောပါက၊ ဤသည်တို့မှာ ဆုံးဖြတ်ချက်နှင့် အားမာန်ပါရှိသော လူတစ်ဦး၏ စကားလုံးများ
ဖြစ်သည်- "ကျွန်ုပ်သည် မောဘ၏သားစဉ်မြေးဆက်တစ်ဦး ဖြစ်သော်လည်း၊
ဘုရားသခင်အတွက် ကြိုးပမ်းရန် လိုလားနေပါသည်။ ကျွန်ုပ်၏ ယခင် ဘိုးဘေးအဟောင်းကို
ကျွန်ုပ်ကျောခိုင်းမည်။ သူသည် ကျွန်ုပ်ကို မွေးဖွားခဲ့ပြီး ကျွန်ုပ်အပေါ် နင်းခြေခဲ့သကဲ့သို့၊
ယခုထိတိုင် မှောင်မိုက်ထဲ၌ ကျွန်ုပ် အသက်ရှင်နေခဲ့သည်။ ယနေ့တွင် ဘုရားသခင်သည်
ကျွန်ုပ်ကို လွတ်မြောက်စေခဲ့ပြီး ကျွန်ုပ်သည် နောက်ဆုံးတွင် ကောင်းကင်နေမင်းကို
မြင်တွေ့ရလေပြီ။ ဘုရားသခင်၏ ဖော်ထုတ်ခံရခြင်းမှတစ်ဆင့်၊ ကျွန်ုပ်သည် မောဘ၏
သားစဉ်မြေးဆက်တစ်ဦး ဖြစ်သည်ကို နောက်ဆုံးတွင် တွေ့မြင်ရလေပြီ။ ယခင်က ကျွန်ုပ်သည်
သတိမမူဘဲ ရှိခဲ့ပြီး၊ ကျွန်ုပ်သည် အိုမင်းသော စာတန်၏ မျက်စိကန်းစေခြင်းကို
ခံခဲ့ရသည့်အတွက် မြောက်မြားလှစွာသော အမှုတို့ကို ဘုရားသခင် ပြုပြီးဖြစ်သည်ကို
ကျွန်ုပ်မသိခဲ့ပေ။ ကျွန်ုပ်သည် ယင်းကို ကျောခိုင်းကာ လုံးဝ အရှုက်ခွဲလိုက်မည်။" ထို့ကြောင့်
သင်တို့သည် ထိုသို့သော စိတ်ဆုံးဖြတ်ချက် ရှိကြသလော။ သင်တို့အသီးသီးသည်
လူသားတစ်ဦးနှင့် တူသော်လည်း၊ မည်သူမဆိုထက် ပို၍လျင်မြန်စွာ တစ်စစီပြိုလဲတတ်ကြပြီး
သင်တို့သည် ဤကိစ္စနှင့်ပတ်သက်၍ စိတ်ထိခိုက်အလွယ်ဆုံးသော သူများဖြစ်သည်။
သင်တို့သည် မောဘ၏သားစဉ်မြေးဆက်များ ဖြစ်သည်ဟု ဆိုလျှင်ဆိုချင်း၊ သင်တို့၏
နှုတ်ခမ်းစူလျက် ပါးစပ်များမဲ့ရွဲ့ကြသည်။ ဤသည်မှာ ဝက်တစ်ကောင်၏
စိတ်သဘောထားဖြစ်သည် မဟုတ်လော။ သင်တို့သည် အသုံးမကျကြပေ။ သင်တို့သည်
သင်တို့၏ အသက်များကို ကျော်ကြားမှုနှင့် ဥစ္စာဓနအတွက် စွန့်လွှတ်ကြပေမည်။ သင်သည်
မောဘ၏သားစဉ်မြေးဆက် တစ်ဦး မဖြစ်ရန် ဆန္ဒရှိသော်လည်း၊ ယင်းသည် သင်
ဖြစ်နေသေအရာ မဟုတ်လော။ သင် ဖြစ်နေသည်ဟု ယနေ့ ငါပြောနေခြင်းဖြစ်ပြီး၊ ထိုအရာကို
သင် လက်ခံရမည် ဖြစ်သည်။ ငါသည် အမှန်တရားကို ဆန့်ကျင်ကာ မပြောဆိုပေ။
လူအချို့သည် ဤအရာကြောင့် အပျက်သဘောဆောင်ကြသော်လည်း၊
အပျက်သဘောဆောင်ဖို့ မည်သည့်အရာ ရှိသနည်း။ သင်သည် အဆင်းနီသောနဂါးကြီး၏
သားသမီးတစ်ဦးလည်း ဖြစ်သည် မဟုတ်လော။ သင်သည် မောဘ၏သားစဉ်မြေးဆက်
တစ်ဦးဖြစ်သည်ဟု ဆိုရန်မှာ မတရားသလော။ သင်အသက်ရှင် နေထိုင်နေသည့် အရာကို
နှံ့နှံ့စပ်စပ် တစ်ချက်ကြည့်လော့။ သင်၏ဦးခေါင်းမှ ခြေအထိ ချီးကျူးထိုက်သောအရာ တစ်ခုမျှ

မရှိပေ။ ကာမဂုဏ်လွန်ကျူးခြင်း၊ ညစ်ညူးခြင်း၊ ကျိုးကြောင်း မမြင်ခြင်း၊ ခုခံခြင်း၊ ပုန်ကန်ခြင်း- ဤအရာများအားလုံးသည် သင်၏ စိတ်သဘောထား၏ အစိတ်အပိုင်းများ ဖြစ်ကြသည် မဟုတ်လော။ သင်သည် ကာမဂုဏ် လွန်ကျူးသော တိုင်းပြည် တစ်ပြည်တွင် အစဉ်အမြဲ အသက်ရှင်ပြီး၊ သင်မပြုခဲ့သော မကောင်းမှုဟူ၍ မရှိပေ။ သင်သည် မယုံနိုင်လောက်အောင် သန့်ရှင်းသည်ဟု သင်ထင်သည်။ သင် လုပ်ဆောင်ခဲ့သောအရာတို့ကို ကြည့်လော့၊ ပြီးလျှင် သင်သည် မိမိကိုယ်ကိုယ် အလွန်ကျေနပ်အားရနေဆဲ ဖြစ်သည်။ ချီးကျူးထိုက်သည့် မည်သည့်အရာကို သင် လုပ်ဆောင်ပြီးပြီနည်း။ သင်တို့သည် သားရဲများကဲ့သို့ ဖြစ်ကြ၏။ သင်၌ လူ့သဘာဝ မရှိ။ သင်တို့သည် တိရစ္ဆာန်များဖြင့် ပေါင်းဖော်ကြပြီး၊ ဆိုးယုတ်မှု၊ ကာမဂုဏ်လွန်ကျူးသော စိတ်ကူးများအလယ်တွင် အသက်ရှင်ကြသည်။ အသင်လူတို့သည် မည်မျှချို့တဲ့ကြသနည်း။ သင်တို့သည် အဆင်းနီသောနဂါးကြီး၏ သားသမီးများဖြစ်သည်ကို သင်တို့ သဘောတူလက်ခံကြပြီး၊ အစေခံခြင်းကို လုပ်ဆောင်ဖို့ သင်တို့ လိုလားနေကြသော်လည်း၊ နောက်ပိုင်းတွင် သင်တို့သည် မောဘ၏သားစဉ်မြေးဆက်များ ဖြစ်သည်ဟု ဆိုသည့်အခါ သင်တို့ အပျက်သဘောဆောင်လာကြသည်။ ဤသည်မှာ အမှန်တရား ဖြစ်သည် မဟုတ်သလော။ ယင်းမှာ သင်သည် သင်၏ မိခင်နှင့် ဖခင်တို့မှ မွေးဖွားလာသကဲ့သို့ပင် ဖြစ်သည်- ၎င်းတို့ မည်မျှပင် ဆိုးကြပါစေ၊ သင်သည် ၎င်းတို့မှ မွေးဖွားသူ ဖြစ်နေဆဲဖြစ်သည်။ သင်သည် မွေးစားမိခင်တစ်ဦးကို ရှာတွေ့ပြီး သင်၏ အိမ်ကို စွန့်ခွာလျှင်ပင်၊ သင်သည် သင်၏ မူလမိဘများ၏ သားသမီး ဖြစ်နေဆဲ မဟုတ်သော။ ယင်းအချက်ကို ပြောင်းလဲနိုင်သလော။ ငါသည် သင့်ကို မောဘ၏ သားစဉ်မြေးဆက်တစ်ဦးအဖြစ် အကြောင်းရင်းမရှိဘဲ နာမည်တပ်ဖူးသလော။ လူအချို့က၊ “ကျွန်ုပ်ကို အခြားတစ်စုံတစ်ရာ ခေါ်ဆို၍မရနိုင်သလော” ဟု ဆိုကြသည်။ ငါပြောမည်- “သင့်ကို အဖြည့်ခံဟု ခေါ်လျှင်ကော။” ၎င်းတို့သည် အဖြည့်ခံများလည်း မဖြစ်လိုကြချေ။ ထိုသို့ဆိုပါက သင်သည် မည်သည့်အရာဖြစ်ဖို့ လိုလားလျက်ရှိသနည်း။ အဖြည့်ခံများ၊ အစေခံသူများ- ဤသည်တို့မှာ သင်တို့၏ ဖြစ်နေသည့်အရာ မဟုတ်သလော။ အခြားမည်သည့်အရာကို သင်ရွေးချယ်မည်နည်း။ သင်သည် အဆင်းနီသောနဂါးကြီး၏ နိုင်ငံတွင် မွေးဖွားသည့် လူတစ်ဦး ဖြစ်သည် မဟုတ်သလော။ သင်သည် ဒါဝိဒ်၏ သားသမီးတစ်ဦး ဖြစ်သည်ဟု မည်သို့ဆိုပါစေ၊ ယင်းသည် အမှန်တရားများနှင့် ကိုက်ညီခြင်း မရှိပေ။ ဤသည်မှာ သင်ကိုယ်တိုင်အတွက် သင်ရွေးချယ်သော အရာတစ်စုံတစ်ခု ဖြစ်သလော။ သင်သည် မိမိကိုယ်ကိုယ်အတွက် သင်ကြိုက်နှစ်သက်သည့် လှပသော နာမည်တစ်ခုခုကို ရွေးချယ်နိုင်သလော။ ဆိုခဲ့သည့်

အဆင်းနီသောနဂါးကြီး၏ သားသမီးများမှာ ဖောက်ပြန်ပျက်စီးသော လူများဖြစ်သည့် သင်တို့ဖြစ်သည် မဟုတ်လော။ အစေခံများအနေနှင့်မူ- ၎င်းတို့သည်လည်း ဖောက်ပြန်ပျက်စီးသော လူများဖြစ်သည့် သင်တို့ဖြစ်သည် မဟုတ်သလော။ ဖော်ပြခဲ့သည့် သိမ်းပိုက်ခြင်း ခံရပြီးဖြစ်သော နမူနာများနှင့် စံပြများ- ၎င်းတို့သည်လည်း အသင်လူများ ဖြစ်သည်မဟုတ်လော။ စုံလင်စေခြင်း လမ်းကြောင်းမှာ သင်တို့အတွက် ပြောဆိုထားခြင်းဖြစ်သည် မဟုတ်သလော။ ပြစ်တင်ဆုံးမခံရကာ တရားစီရင်ခြင်း ခံခဲ့ရသူတို့မှာ အသင်လူတို့ဖြစ်ကြသည်။ နောက်ပိုင်းတွင် စုံလင်စေခြင်း ခံရမည့်သူတို့မှာ သင်တို့အထဲမှ အချို့ဖြစ်ကြလိမ့်မည် မဟုတ်လော။ ဤအမည်နာမသည် အရေးပါသေးသလော။ သင်တို့သည် အလွန် အသိစိတ် ကင်းမဲ့ကြ၏။ ထိုသို့ အရေးမပါသောအရာတစ်ခုကိုပင် သင်တို့ ရှင်းလင်းစွာ မမြင်နိုင်ကြသလော။ မည်သူသည် မည်သူမှ ဆင်းသက်သည်ကို သင် မသိသော်လည်း၊ ငါ့အဖို့ ထိုအရာသည် ရှင်းလင်းပြီး၊ ငါသည် သင်တို့ကို ပြောနေ၏။ ယနေ့ ထိုအရာကို သတိပြုနိုင်ခြင်းသည် ကောင်းပေ၏။ အလွန်နိမ့်ကျသည်ဟု အမြဲ မခံစားလေနှင့်။ သင် အပျက်သဘောဆောင်ပြီး နောက်ပြန်ဆုတ်လေလေ၊ သင်သည် စာတန်၏ကလေး ဖြစ်သည်ကို သက်သေပြလေလေ ဖြစ်သည်။ ဓမ္မသီချင်းများကို သင် ၎င်းတို့အား နားထောင်စေသည့်အခါ၊ “မောဘ၏ သားစဉ်မြေးဆက်များသည် ဓမ္မသီချင်းများကို နားထောင်၍ ရသလော။ ကျွန်ုပ် နားမထောင်ပါ။ ကျွန်ုပ် အရည်အချင်း မပြည့်မီပါ” ဟု ဆိုသောသူအချို့ ရှိလေသည်။ သင်သည် ၎င်းတို့ကို သီဆိုစေပါက၊ ၎င်းတို့က၊ “မောဘ၏သားစဉ်မြေးဆက်များ သီချင်းဆိုပါက၊ ဘုရားသခင်က နားထောင်ရန် လိုလားလျက် ရှိပါသလော။ ဘုရားသခင်သည် ကျွန်ုပ်ကို အလွန် မုန်းတီးတော်မူ၏။ ကျွန်ုပ်သည် ဘုရားသခင်၏ ရှေ့မှောက်သို့သွားရန် အလွန်ရှက်မိပြီး သူ့အတွက် သက်သေမခံနိုင်ပါ။ ကျွန်ုပ်သည် တကယ်ကို သီချင်းဆိုမည် မဟုတ်ပါ၊ ဘုရားသခင်က ကြားသည့်အခါ အမျက်ထွက်မည်စိုး၍ ဖြစ်သည်” ဟု ဆိုကြသည်။ ဤသည်မှာ ထိုအရာကို ကိုင်တွယ်ဖြေရှင်းဖို့ အပျက်သဘောဆောင်သည့် နည်းလမ်းတစ်ခု ဖြစ်သည် မဟုတ်လော။ ဖန်ဆင်းခံတစ်ဦးအနေဖြင့်၊ သင်သည် ကာမဂုဏ်လွန်ကျူးသော တိုင်းပြည်တစ်ပြည်၌ မွေးဖွားခဲ့ပြီး၊ သင်သည် အဆင်းနီသောနဂါးကြီး၏ သားသမီးတစ်ဦး၊ မောဘ၏သားစဉ်မြေးဆက်တစ်ဦး ဖြစ်သည်။ သင်၏ ယခင် ဘိုးဘေးအဟောင်းနှင့် အိုမင်းသော စာတန်ကို သင် ကျောခိုင်းသင့်သည်။ ထိုသို့လုပ်ဆောင်သူသာလျှင် ဘုရားသခင်ကို အမှန်တကယ် အလိုရှိသောသူတစ်ဦး ဖြစ်၏။

အစအဦး၌ ငါသည် သင်တို့ကို ဘုရားသခင်၏ လူမျိုးနေရာ ပေးခဲ့ချိန်တွင်၊ သင်တို့သည်

အခြားမည်သူမဆိုထက် သာ၍ ကြီးမားသော ဝမ်းမြောက်မှုဖြင့် မြူးထူးခုန်ပေါက်ခဲ့ကြသည်။ သို့သော် သင်တို့သည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်သည်ဟု ငါပြောလျှင်ပြောချင်း၊ သင်တို့ မည်ကဲ့သို့ ဖြစ်ခဲ့ကြသနည်း။ သင်တို့အားလုံး တစ်စစီ ပြိုလဲကုန်သည်။ သင်တို့၏ ဝိညာဉ်အသက်တာမှာ အဘယ်မှာနည်း။ သင်တို့၏ နေရာနှင့်ဆိုင်သော အမြင်မှာ အလွန် အားကောင်းလွန်းသည်။ လူအများစုသည် မိမိတို့ကိုယ်ကိုယ် မထူမနိုင်ကြချေ။ အချို့တို့သည် စီးပွားရေးလုပ်ဖို့ သွားကြပြီး၊ အချို့တို့သည် အလုပ်သွားကြ၏။ သင်တို့သည် မောဘ၏သားစဉ်မြေးဆက်များ ဖြစ်ကြသည်ဟု ငါပြောလျှင်ပြောချင်း သင်တို့အားလုံး အဝေးသို့ ထွက်ပြေးလိုကြသည်။ ဤသည်မှာ သင်တို့ တစ်နေ့လုံး ဟစ်ကြွေးသည့် ဘုရားသခင်အတွက် သင်တို့၏ သက်သေခံချက်လော။ စာတန်သည် ဤနည်းဖြင့် ယုံကြည် လက်ခံလိမ့်မည်လော။ ဤသည်မှာ ရှက်စိတ်၏ အမှတ်အသား တစ်ခု မဟုတ်လော။ သင်တို့ကို ပိုင်ဆိုင်ခြင်းသည် အဘယ် အသုံးဝင်သနည်း။ သင်တို့အားလုံးသည် အမှိုက်သရိုက် ဖြစ်ကြ၏။ အလွန် မတရားခံခဲ့ရသည်ဟု သင်တို့ ခံစားရဖို့ မည်သည့် ဒုက္ခဆင်းရဲမျိုးကို သင်တို့ ခံရပ်ခဲ့ကြရပြီးပြီနည်း။ ဘုရားသခင်က သင်တို့ကို အတိုင်းအတာတစ်ခုအထိ ညှဉ်းပန်း ပြီးသည်နှင့်တစ်ပြိုင်နက်၊ သူသည် သင့်ကို ရှုတ်ချဖို့ ရည်ရွယ်လျက် လာခဲ့သည့်အလား သူ ပျော်ရွှင်လိမ့်မည်ဖြစ်ပြီး၊ သင့်ကို ရှုတ်ချကာ ဖျက်ဆီးပြီးနောက်၊ သူ၏ အမှုပြီးဆုံးမည်ဟု သင်တို့ ထင်ကြသည်။ ယင်းမှာ ငါပြောခဲ့သောအရာလော။ သင်တို့၏ မျက်စိကန်းခြင်းကြောင့် ထိုသို့ သင်တို့တွေးထင်ကြသည် မဟုတ်လော။ ယင်းမှာ သင်တို့ကိုယ်တိုင်သည် ကောင်းစွာ လုပ်ဆောင်ရန် မကြိုးပမ်းခြင်းလော၊ သို့မဟုတ် သင်တို့ကို ငါတမင်တကာ ရှုတ်ချခြင်းလော။ ငါသည် ထိုအရာကို မည်သည့်အခါမျှ မလုပ်ဆောင်ဖူးပေ- ယင်းသည် သင်တို့ကိုယ်တိုင် ကြံဆခဲ့သည့် အရာတစ်ခု ဖြစ်သည်။ ယင်းသည် ဘယ်သောအခါမျှ ငါ အမှုပြုသည့်ပုံ လုံးဝ မဟုတ်သကဲ့သို့ ငါသည် ထိုရည်ရွယ်ချက်လည်း မရှိပေ။ သင်တို့ကို ငါ အမှန်တကယ် ဖျက်ဆီးလိုခဲ့ပါက၊ ထိုသို့သော ဆင်းရဲဒုက္ခခံရန် လိုအပ်မည်လော။ သင်တို့ကို ငါတကယ်ဖျက်ဆီး လိုခဲ့ပါက၊ သင်တို့ကို ငါအလွန်လေးနက်စွာ စကားပြောရန် လိုအပ်မည်လော။ ငါ၏ အလိုမှာ ဤသို့ဖြစ်သည်- သင်တို့ကို ငါကယ်တင်ပြီးသည့် အချိန်သည်၊ ငါအနားယူနိုင်သည့် အချိန် ဖြစ်လိမ့်မည်။ လူတစ်ဦးသည် နိမ့်ကျလေလေ၊ ၎င်းတို့သည် ငါ၏ကယ်တင်ခြင်း ခံရသည့်အရာ ဖြစ်လေလေ ဖြစ်သည်။ သင်တို့သည် ပို၍ တက်ကြွစွာ ဝင်ရောက်နိုင်လေလေ ငါသည် သာ၍ပျော်လေလေ ဖြစ်မည်။ သင်တို့ တစ်စစီပြိုလဲလေလေ ငါ ဝမ်းနည်းလေလေ ဖြစ်သည်။ သင်တို့သည် အမြဲ ဟန်ပါပါလျှောက်ပြီး ပလ္လင်ကို အရယူလိုကြသည်- ငါ သင်တို့ကို ပြောမည်- ယင်းသည် သင်တို့ကို ညစ်ညူးခြင်းမှ

ကယ်တင်သော လမ်းကြောင်း မဟုတ်။ ပလ္လင်ပေါ်တွင် ထိုင်ခြင်းတည်းဟူသော စိတ်ကူးသည် သင်တို့ကို မစုံလင်စေနိုင်။ ယင်းမှာ လက်တွေ့မကျပေ။ သင်သည် မောဘ၏ သားစဉ်မြေးဆက် တစ်ဦး ဖြစ်သည်ဟု ငါဆို၏၊ ထို့ကြောင့် သင် မပျော်ရွှင်ပေ။ သင်က၊ "ကိုယ်တော်သည် ကျွန်ုပ်ကို အနက်ဆုံးသောတွင်းထဲသို့ သွားစေပါက၊ ကိုယ်တော့်အတွက် ကျွန်ုပ် သက်သေခံမည် မဟုတ်ပါ၊ သို့မဟုတ် ကိုယ်တော့်အတွက် ဒုက္ခဆင်းရဲခံမည် မဟုတ်ပါ" ဟု ဆိုသည်။ ထိုသို့ သင်၏ လုပ်ဆောင်ခြင်းသည် ငါ့ကို ဆန့်ကျင်နေခြင်းတွင် ရှိသည် မဟုတ်လော။ ဤအရာကို လုပ်ဆောင်ခြင်းက သင့်ကို အကျိုးပြုမည်လော။ ငါသည် သင့်ကို အလွန်များလှသော ကျေးဇူးတော်ကို ပေးပြီးလေပြီ- သင်မေ့လျော့လေပြီလော။ ချစ်တတ်သော မိခင်တစ်ဦး၏ စိတ်နှလုံးနှင့်တူသော ဘုရားသခင်၏ စိတ်နှလုံးကို သင်သည် ပစ်ပယ်ကာ အရှက်ရစေခဲ့သည်။ သင့်တို့အတွက် မည်သည့် အကျိုးဆက်များ ဖြစ်လိမ့်မည်နည်း။ သင်သည် ငါ့အတွက် သက်သေမခံပါက ငါသည် သင့်ကို အတင်းအကျပ် ပြုစေမည် မဟုတ်- သို့သော်လည်း နောက်ဆုံးတွင် သင်သည် ပျက်စီးခြင်း၏ ပစ်မှတ်တစ်ခု ဖြစ်လိမ့်မည်ကို သင်သိသင့်၏။ သင့်အထဲ၌ သက်သေခံချက်ကို ငါမရနိုင်ပါက၊ အခြားသူများထဲတွင် ငါရယူမည်။ ယင်းမှာ ငါ့အတွက် အကြောင်းမဟုတ်ချေ၊ သို့သော် နောက်ဆုံးတွင် သင်သည် နောင်တရလိမ့်မည် ဖြစ်ပြီး၊ ထိုအချိန်တွင် သင်သည် မှောင်မိုက်ထဲသို့ ကျဆင်းခဲ့သည်မှာ ကြာမြင့်ပြီး ဖြစ်လိမ့်မည်။ ထိုအခါ သင့်ကို မည်သူ ကယ်တင်နိုင်မည်နည်း။ သင်မပါဘဲ အမှုကို ပြုနိုင်မည် မဟုတ်ဟု မထင်လေနှင့်- သင့်ကိုရှိခြင်းသည် များစွာရှိခြင်း မဟုတ်သကဲ့သို့ သင်မရှိခြင်းသည် များစွာကင်းမဲ့ခြင်း မဟုတ်။ သင့်ကိုယ်သင် ဂုဏ်သိက္ခာရှိလွန်းသည်ဟု မမှတ်ယူနှင့်။ သင်သည် ငါ့နောက်သို့လိုက်ရန် လိုလားခြင်းမရှိပါက၊ သင်သည် ပုန်ကန်တတ်သောသူ ဖြစ်သည်ကို သက်သေပြ နေပြီး သင့်အထဲ၌ နှစ်လိုဖွယ်ကောင်းသော မည်သည့်အရာမျှ မရှိပေ။ အကယ်၍ သင်သည် အပြောကောင်းသူတစ်ဦး ဖြစ်ပါက၊ ယင်းသည် ငါ၏အမှုမှတစ်ဆင့် သင့်ထံသို့ ငါယူဆောင်လာခဲ့သည့် နှုတ်ကပတ်တော်များဖြင့် သင့်ကိုယ်သင် ပြင်ဆင် ထားခြင်းကြောင့်သာ ဖြစ်သည် မဟုတ်လော။ သင်၌ ချီးကျူးလောက်စရာ မည်သည့်အရာ ရှိသနည်း။ သင့်ကို သင်၏စိတ်ကူးစိတ်သန်းက လုံးဝဥဿုံ မလွှမ်းမိုးလိုက်စေနှင့်။ မောဘ၏ သားစဉ်မြေးဆက်များဖြစ်သော သင်တို့ထံမှ ဘုန်းအသရေကို ငါမရနိုင်ပါက၊ ဘုန်းအသရေကို ဧကန် ငါရသည်အထိ မောဘ၏ သားစဉ်မြေးဆက်များထဲမှ ဒုတိယနှင့် တတိယအုပ်စုတစ်စုကို ငါ၏ အမှုအတွက် ငါရွေးချယ်မည်။ သင်သည် ငါ့အတွက် သက်သေခံရန် လိုလားခြင်းမရှိပါက၊ ထွက်သွားလော့။ သင့်ကို ငါအတင်းအကျပ်ပြုမည် မဟုတ်။ သင်တို့မပါဘဲ ခြေလှမ်းတစ်လှမ်းကိုမျှ ငါရွှေ့နိုင်လိမ့်မည်မဟုတ်ဟု မထင်ကြလေနှင့်။ ဤတရုတ်ပြည်တွင်

ငါ၏အမှုအတွက် သင့်လျော်သောသူများကို ရှာဖွေရန်မှာ မပင်ပန်းပေ။ ဤတိုင်းပြည်တွင် အခြားမည်သည့်အရာမျှ ရှာမတွေ့နိုင်- ညစ်ညူးသော၊ ဖောက်ပြန်ပျက်စီးသောလူများသည် နေရာတကာတွင် သေချာပေါက် ရှိနေပြီး၊ ငါ၏အမှုကို နေရာတိုင်းတွင် ပြုနိုင်ပေသည်။ အလွန်မာနမကြီးလေနှင့်။ သင်မည်သို့ပင် မာနကြီးပါစေ၊ သင်သည် မှောက်မှားခြင်းမှ မွေးဖွားသော ကလေးတစ်ဦး ဖြစ်နေဆဲ မဟုတ်လော။ သင်၏တန်ဖိုးကို ကြည့်လော့- သင်သည် အခြားမည်သည့် ရွေးချယ်စရာ ရှိသနည်း။ သင့်ကို အသက်ရှင်ခွင့် ပေးထားခြင်းမျှသည် ကြီးစွာသော ချီးမြှောက်ခြင်း ဖြစ်၏၊ ထို့ကြောင့် သင်သည် မာနထောင်လွှားစရာ မည်သည့်အရာ ရှိသနည်း။ ခေတ်ကို အဆုံးသတ်ရန်ဖြစ်သည့် ငါ၏အမှုကြောင့် မဟုတ်ခဲ့ပါက၊ အချိန်ကြာမြင့်စွာက သင်သည် သဘာဝနှင့် လူလုပ် ကပ်ဘေးများ အလယ်တွင် ကျရောက်ပြီး ဖြစ်လိမ့်မည် မဟုတ်လော။ သင်သည် အလွန် သက်သောင့်သက်သာရှိစွာဖြင့် အသက်ရှင်နိုင်သေးသလော။ ဤကိစ္စအပေါ် သင်သည် စဉ်ဆက်မပြတ် ငြင်းခုန်သေးသည်။ သင်သည် မောဘ၏ သားစဉ်မြေးဆက်တစ်ဦးဖြစ်သည်ဟု ငါပြောခဲ့ကတည်းက၊ သင်သည် တစ်ချိန်လုံး နှုတ်ခမ်းစူနေခဲ့သည်။ သင်သည် မိမိကိုယ်ကိုယ် ပညာပေးခြင်းမရှိ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်း မရှိသကဲ့သို့ သည်လူ ဟိုလူကို ကြည့်၍ မရပေ။ အခြားသူများ ပညာတတ်လာကြသည်ကို သင်မြင်သည့်အခါ၊ ၎င်းတို့ကို သင်အနှောင့်အယှက်ပေးပြီး ၎င်းတို့ကို စိတ်ပျက်စရာ အကြောင်းအရာများကို ပြောသည်။ သင်သည် ရဲတင်းလိုက်လေတကား။ သင်က၊ “မောဘ၏ သားစဉ်မြေးဆက်များသည် မည်သည့်ပညာရေး ရှိနိုင်သနည်း။ ကျွန်ုပ် ဂရုမစိုက်ပါ” ဟု ဆိုသည်။ ဤသည်မှာ သားရဲ တစ်ကောင်ပြောမည့် အရာတစ်ခု ဖြစ်သည် မဟုတ်လော။ သင်သည် လူသားတစ်ဦးအဖြစ်ပင် အရေးပါသလော။ ငါသည် အလွန်များစွာ ပြောဆိုပြီးဖြစ်သော်လည်း၊ သင့်အထဲတွင် မည်သည့်အရာမျှ ဖြစ်မြောက်ခြင်း မရှိလေပြီ။ ဤအမှုအားလုံးကို ငါအချည်းနှီး ပြုလေပြီလော။ ဤနှုတ်ကပတ်တော်အားလုံးကို ငါအချည်းနှီး ပြောလေပြီလော။ ခွေးတစ်ကောင်ပင် သူ၏ အမြီးကို လှုပ်ယမ်းလိမ့်မည်- ထိုသို့သောလူသည် ခွေးတစ်ကောင်လောက်ပင် မကောင်းပေ။ သင်သည် လူသားဟု ခေါ်ဆိုထိုက်သလော။ မောဘ၏ သားစဉ်မြေးဆက်များ အကြောင်းကို ငါပြောဆိုသည့်အခါ၊ လူအချို့သည် မိမိတို့ကိုယ်ကိုယ် တမင်သက်သက် ဆုတ်ယုတ် စေကြသည်။ ၎င်းတို့သည် ယခင်ထက် ကွဲပြားစွာ ဝတ်ဆင်ကြပြီး အလွန် ဖိုသီဖတ်သီ နေကြသည်မှာ ၎င်းတို့သည် လူသားများနှင့် မတူကြပေ၊ ပြီးလျှင် ၎င်းတို့က “ကျွန်ုပ်သည် မောဘ၏ သားစဉ်မြေးဆက်တစ်ဦး ဖြစ်သည်။ ကျွန်ုပ်သည် မကောင်းသောသူ ဖြစ်သည်။ ကောင်းချီးမင်္ဂလာ တစ်ခုတစ်လေ ရရှိဖို့

စဉ်းစားခြင်းသည် စိတ်ကူးယဉ် အိပ်မက်မက်နေခြင်း ဖြစ်သည်။ မောဘ၏ သားစဉ်မြေးဆက်များသည် စုံလင်စေခြင်း ခံရနိုင်သလော” ဟု ရေရွတ်တတ်ကြသည်။ မောဘ၏ သားစဉ်မြေးဆက်များ အကြောင်းကို ငါ ပြောလျှင်ပြောချင်း၊ လူအများစုသည် မျှော်လင့်ချက် မရှိကြတော့ပေ။ ၎င်းတို့က၊ “ဘုရားသခင်က ကျွန်ုပ်တို့သည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်သည်ဟု ဆိုသည်- ယင်းက မည်သည့်အရာကို ဖော်ပြသနည်း။ သူပြောဆိုသည့် လေသံကို ကြည့်လော့- ယင်းသည် ယတိပြတ် ဖြစ်၏။ သူ၏ နှုတ်ကပတ်တော်များထဲတွင် ချစ်ခြင်းမေတ္တာ မရှိ။ ကျွန်ုပ်တို့သည် ပျက်စီးခြင်း၏ ပစ်မှတ်များ ဖြစ်ကြသည် မဟုတ်ပါလား” ဟူ၍ ဆိုကြသည်။ ယခင်က ပြောထားခဲ့သည့် အရာကို သင်မေ့လျော့ပြီလော။ “မောဘ၏ သားစဉ်မြေးဆက်များ” ဟူသည့် ဝေါဟာရသည် ယခု သင်မှတ်မိသည့် တစ်ခုတည်းသောအရာ ဖြစ်သလော။ အမှန်တွင်၊ နှုတ်ကပတ်တော်များစွာသည် အကျိုးတရားတစ်ခုကို ရရှိဖို့ ရည်ရွယ်ခြင်း ဖြစ်သော်လည်း၊ ၎င်းတို့သည် အချက်အလက်များ၏ အမှန်တရားကိုလည်း ထုတ်ဖော်ပြပေသည်။ ထိုအရာကို လူအများစုက မယုံကြည်ကြပေ။ သင်သည် ငါ့အတွက် ထိုသို့ ဒုက္ခဆင်းရဲခံရန် လိုလားခြင်းမရှိပေ။ သင်သည် သေခြင်းကို ကြောက်ရွံ့ပြီး အမြဲရှောင်ရှားချင်သည်။ သင်သွားလိုပါက၊ ငါသည် သင့်ကို အတင်းအကျပ် နေစေမည်မဟုတ်၊ သို့သော် ဤအရာကို သင့်အား ရှင်းလင်းစွာ ငါ ပြောရမည်- ဘဝတစ်ခုလုံးကို အချည်းနှီး အသက်မရှင်လေနှင့်၊ ပြီးလျှင် အတိတ်တွင် သင့်ကို ငါပြောခဲ့သော အရာများကို မမေ့လေနှင့်။ ဖန်ဆင်းခံတစ်ဦးအနေဖြင့်၊ ဖန်ဆင်းခံ တစ်ဦး၏ တာဝန်ကို သင်ထမ်းဆောင်သင့်သည်။ သင်၏ အသိစိတ်ကို ဆန့်ကျင်၍ မပြုမူလေနှင့်။ သင်ပြုသင့်သောအရာမှာ ဖန်ဆင်းခြင်း၏ အရှင်ထံ မိမိကိုယ်ကိုယ် ဆက်ကပ်ဖို့ဖြစ်သည်။ မောဘ၏ သားစဉ်မြေးဆက်များသည်လည်း အဖန်ဆင်းခံ သတ္တဝါများ ဖြစ်ကြ၏၊ ၎င်းတို့သည် အဖြည့်ခံများဖြစ်ပြီး ကျိန်ခြင်းခံရခြင်းသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ သင်သည် ဖန်ဆင်းခံတစ်ဦး ဖြစ်နေဆဲဖြစ်သည်။ အကယ်၍ သင်က၊ “ကျွန်ုပ်သည် မောဘ၏သားစဉ်မြေးဆက်တစ်ဦး ဖြစ်သော်လည်း၊ ကျွန်ုပ်သည် ဘုရားသခင်၏ ကျေးဇူးတော် မြောက်မြားစွာကို ခံစားရပြီးဖြစ်သောကြောင့် ကျွန်ုပ်သည် အသိတရားအနည်းငယ် ရှိရမည်ဖြစ်သည်။ ယင်းကို ကျွန်ုပ် အသိအမှတ်သာ ပြုမည် ဖြစ်ပြီး၊ ယင်းအကြောင်းကို ကျွန်ုပ် တဝဲလည်လည် တွေးမည် မဟုတ်ပါ။ ဤရေစီးကြောင်းအတွင်း ကျွန်ုပ်ဒုက္ခဆင်းရဲခံရလျှင်ပင်၊ အဆုံးတိုင်အောင် ဒုက္ခဆင်းရဲခံပါမည်၊ ပြီးလျှင် ကျွန်ုပ်သည် မောဘ၏ သားစဉ်မြေးဆက်တစ်ဦး ဖြစ်လျှင်၊ ဖြစ်ပါစေ။ အဆုံးတိုင်အောင် ကျွန်ုပ် လိုက်လျှောက်ဦးမည် ဖြစ်သည်” ဟု ပြောပါက သင်သည် အမှန်တရားနှင့်

နီးစပ်လာပြီဖြစ်သည်။ အဆုံးတိုင်အောင် သင်လိုက်လျှောက်ရမည်။ အကယ်၍ သင်ထွက်ပြေးပါက၊ သင်သည် မည်သည့်အလားအလာမျှ အမှန်တကယ်ရှိမည် မဟုတ်-ပျက်စီးခြင်း လမ်းပေါ်သို့ သင်ခြေချမိပြီး ဖြစ်လိမ့်မည်။

သင်တို့၏ ဇာစ်မြစ်ကို သင်တို့အား နားလည်စေရာတွင် ကောင်းမွန်သောအရာရှိပြီး၊ အဖြစ်မှန်နှင့်ဆိုင်သော အမှန်တရားကို သင်တို့အား နားလည်စေခြင်းက အမှုကို အကျိုးပြုပေသည်။ ထိုသို့လုပ်ဆောင်ခြင်းမရှိဘဲ၊ လိုချင်သော ရလဒ်ကို ရရှိလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ သိမ်းပိုက်ခြင်းအမှု၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ယင်းသည် အမှုထဲတွင် မရှိမဖြစ်လိုအပ်သော အဆင့်တစ်ခု ဖြစ်သည်။ ယင်းမှာ အမှန်တရားတစ်ခု ဖြစ်၏။ ဤအမှုသည် လူတို့၏ စိတ်ဝိညာဉ်များကို နိုးကြားစေရန်၊ ၎င်းတို့၏အသိစိတ် ခံစားချက်များ နိုးကြားစေရန်နှင့် ဤကြီးမားသော ကယ်တင်ခြင်းကို ၎င်းတို့အား ရရှိခွင့်ပေးရန် ရည်ရွယ်ပေသည်။ အကယ်၍ လူတစ်ယောက်၌ အသိတရားရှိပါက ၎င်းနိမ့်ကျသော အဆင့်အတန်း ရှိသည်ကို မြင်သည့်အခါ ဘုရားသခင်ကို ၎င်းက သာ၍ပင် ကျေးဇူးတင်ရပေမည်။ ၎င်းသည် ကိုယ်တော်၏ နှုတ်ကပတ်တော်များကို မိမိလက်တွင် စွဲကိုင်ထားရမည်၊ ၎င်းကို သူပေးထားသည့် ကျေးဇူးတော်အား မြဲမြံစွာ စွဲကိုင်ရမည်ဖြစ်ပြီး၊ အသည်းအသန်ပင် ငိုကြွေးကာ၊ "ကျွန်ုပ်တို့၏ အဆင့်အတန်းသည် နိမ့်ကျပြီး လောကတွင် ကျွန်ုပ်တို့ မည်သည့်အရာကိုမျှ မရသေးပေ။ နိမ့်ကျသော လူများဖြစ်သည့် ကျွန်ုပ်တို့ကို မည်သူမျှ မလေးစားကြပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နေအိမ် ပတ်ဝန်းကျင်တွင် နှိပ်စက်ညှဉ်းပန်းခြင်း ခံရကြပါ၏၊ ကျွန်ုပ်တို့၏ ခင်ပွန်းသည်များက ကျွန်ုပ်တို့ကို ငြင်းပယ်ကြသည်၊ ကျွန်ုပ်တို့၏ ဇနီးသည်များက ကျွန်ုပ်တို့ကို ပုတ်ခတ်ဝေဖန်ကြသည်၊ ကျွန်ုပ်တို့၏ သားသမီးများက ကျွန်ုပ်တို့ကို အထင်အမြင် သေးကြပြီး၊ ကျွန်ုပ်တို့ အသက်အရွယ်အိုမင်းသည့်အခါ ကျွန်ုပ်တို့၏ ချွေးမများက ကျွန်ုပ်တို့ကို နှိပ်စက်ကြပါသည်။ ကျွန်ုပ်တို့သည် အသေးအဖွဲ မဟုတ်သည့် အတိုင်းအတာဖြင့် အမှန်တကယ် ဒုက္ခခံစားခဲ့ရပြီး၊ ယခု ဘုရားသခင်၏ ကြီးမြတ်သော ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ မွေ့လျော်ကြရသည်မှာ အင်မတန် ကောင်းမွန်သော အခွင့်အလမ်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ကို ဘုရားသခင် မကယ်တင်ခဲ့ပါက၊ ကျွန်ုပ်တို့သည် လူသား၏ ဒုက္ခဆင်းရဲကို မည်ကဲ့သို့ ထင်ရှားစွာ မြင်နိုင်ကြပါမည်နည်း။ ကျွန်ုပ်တို့သည် ဤအပြစ်ထဲတွင် ကျဆင်းနေဆဲဖြစ်မည် မဟုတ်လော။ ဤသည်မှာ ကျွန်ုပ်တို့ကို ဘုရားသခင်၏ ချီးမြှောက်ခြင်း မဟုတ်လော။ ကျွန်ုပ်သည် အနိမ့်ကျဆုံးသော လူများထဲမှ တစ်ဦးဖြစ်ပြီး၊ ဘုရားသခင်က ကျွန်ုပ်ကို အလွန်မြင့်မားစွာ ချီးမလေပြီ။ အကယ်၍ ကျွန်ုပ်သည် ဖျက်ဆီးခြင်း ခံရလျှင်ပင်၊ သူ၏ ချစ်ခြင်းမေတ္တာကို

ပြန်ပေးဆပ်ရဦးမည် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အလွန်အထင်ကြီးပြီး အင်မတန်နိမ့်ကျသော လူများဖြစ်သည့် ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင် စကားပြောလေသည်။ ကျွန်ုပ်ကို သင်ပေးရန် ကျွန်ုပ်၏လက်ကို ယူလေသည်။ သူ၏ နှုတ်ဖြင့် ကျွန်ုပ်ကို ကျွေးမွေးသည်။ သူသည် ကျွန်ုပ်နှင့်အတူ အသက်ရှင်ကာ ကျွန်ုပ်နှင့်အတူ ဆင်းရဲဒုက္ခခံပေသည်။ ကျွန်ုပ်ကို သူ့ပြစ်တင် ဆုံးမခဲ့လျှင်ပင်- ကျွန်ုပ်အဘယ်အရာကို ပြောနိုင်မည်နည်း။ ပြစ်တင်ဆုံးမခံရခြင်းသည် ဘုရားသခင်၏ ချီးမြှောက်မှု ခံရခြင်းလည်း ဖြစ်သည် မဟုတ်လော။ ကျွန်ုပ်သည် ပြစ်တင်ဆုံးမခြင်းကို ခံရသော်လည်း၊ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းကို ကျွန်ုပ် မြင်နိုင်သည်- ကျွန်ုပ်သည် အသိတရား မရှိဘဲ မနေနိုင်ပေ- ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ် ပြန်ပေးဆပ်ရပါမည်။ ဘုရားသခင်ကို ကျွန်ုပ် ပုန်ကန်၍ မရတော့ပါ" ဟု ပြောကြသည်။ ဘုရားသခင်၏ အနေအထားနှင့် သူ၏ အဆင့်အတန်းမှာ လူတို့၏ အနေအထား၊ အဆင့်အတန်းများ နှင့် မတူပေ- သူ၏ဒုက္ခဆင်းရဲခံခြင်းမှာ တူညီပြီး သူ၏ အစားအစာနှင့် အဝတ်အစားတို့မှာ တူညီကြသော်လည်း၊ လူအားလုံးသည် သူ့ကို ရိုသေလေးစားကြပြီး၊ ဤသည်မှာ တစ်ခုတည်းသော ကွဲပြားခြားနားမှု ဖြစ်သည်။ သူမွေ့လျော် ခံစားသည့် အခြားအရာ အားလုံးမှာ လူနှင့် တူညီသည် မဟုတ်လော။ ထို့ကြောင့် သင့်ကို နည်းလမ်းတစ်ခုခုဖြင့် ဆက်ဆံဖို့ ဘုရားသခင်ကို တောင်းဆိုရန် သင်တို့၌ အဘယ် အခွင့် ရှိသနည်း။ ဘုရားသခင်သည် ကြီးလှစွာသော ဒုက္ခဆင်းရဲကို ခံရပ်ခဲ့ပြီးဖြစ်ကာ ကြီးလှစွာသော အမှုကို ပြုခဲ့ပြီးဖြစ်သကဲ့သို့၊ ပုရွက်ဆိတ်များ၊ ပိုးကောင်များထက် နိမ့်ကျသော သင်တို့သည် အလွန်မြင့်မားစွာ ယနေ့ ချီးမြှောက် ခံရခဲ့လေပြီ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သင် မပေးဆပ်နိုင်ပါက၊ သင်၏ အသိတရားမှာ အဘယ်မှာနည်း။ လူအချို့တို့က၊ "ဘုရားသခင်ကို စွန့်ခွာဖို့ ကျွန်ုပ် စဉ်းစားသည့်အခါတိုင်း၊ ကျွန်ုပ်၏မျက်လုံးများသည် မျက်ရည်များဖြင့် ပြည့်ကာ ကျွန်ုပ် အပြစ်ရှိသည်ဟု ခံစားရ၏။ ကျွန်ုပ်သည် ဘုရားသခင်အပေါ် အကြွေးတင်လျက်ရှိသည်။ ဤအရာကို ကျွန်ုပ် မလုပ်ဆောင်နိုင်ပါ။ ကျွန်ုပ်သည် သူ့ကို ဤသို့ မဆက်ဆံနိုင်ပါ။ အကယ်၍ ကျွန်ုပ်သည် အသက်သေဆုံးကာ သေဆုံးခြင်းဖြင့် ကိုယ်တော်၏ အမှုတော်ကို ဘုန်းအသရေ ပေးမည်ဆိုပါက၊ ကျွန်ုပ်သည် အတိုင်းထက်အလွန် ကျေနပ်မည် ဖြစ်သည်။ သို့မဟုတ်ပါက ကျွန်ုပ် အသက်ရှင်လျှင်ပင်၊ ငြိမ်သက်ခြင်း ခံစားရမည် မဟုတ်ပါ" ဟူ၍ ၎င်းတို့၏ စိတ်နှလုံးထဲမှ ပြောဆိုကြသည်။ ဤစကားလုံးများကို နားထောင်လော့- ၎င်းတို့သည် ဖန်ဆင်းခံတစ်ဦး ဖြည့်ဆည်းသင့်သည့် တာဝန်ကို ဖော်ပြနေခြင်းဖြစ်ပေသည်။ လူတစ်ဦးသည် ၎င်း၏ အတွင်းတွင် အမြဲတစေ ဤရူပါရုံရှိပါက၊ ၎င်းတို့သည် အတွင်း၌ ကြည်လင်ကာ

ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်လိမ့်မည်ဖြစ်သည်။ ၎င်းတို့သည် ဤအရာများနှင့် ပတ်သက်၍ သေချာကြပေလိမ့်မည်။ သင်က၊ “ဘုရားသခင်သည် ကျွန်ုပ်ကို ထိခိုက်နစ်နာနေစေသည် မဟုတ်သကဲ့သို့ သူသည် တမင်တကာ ကျွန်ုပ်ကို ရယ်သွမ်းသွေးနေခြင်း သို့မဟုတ် ကျွန်ုပ်ကို အရှက်ရနေစေခြင်း မဟုတ်ပါ။ ကိုယ်တော်သည် အတော်အတန် ပြင်းထန်စွာ ပြောပြီး ယင်းက စိတ်နှလုံးကို ထိခိုက်သော်လည်း၊ ထိုအရာသည် ကျွန်ုပ်ကိုယ်တိုင်အတွက် ဖြစ်သည်။ ကိုယ်တော်သည် အလွန်ပြင်းထန်စွာ ပြောဆိုသော်လည်း၊ သူသည် ကျွန်ုပ်ကို ကယ်တင်နေဆဲဖြစ်ပြီး၊ ကျွန်ုပ်၏ အားနည်းချက်များကို အရေးထားနေဆဲဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်ကို အပြစ်ပေးဖို့ အမှန်တရားများကို အသုံးပြုနေခြင်း မဟုတ်ပါ။ ဘုရားသခင်သည် ကယ်တင်ခြင်း ဖြစ်သည်ကို ကျွန်ုပ်ယုံကြည်ပါသည်” ဟု ဆိုလိမ့်မည်။ သင်၌ ဤရူပါရုံ အမှန်တကယ်ရှိပါက၊ ထွက်ပြေးဖို့ အလားအလာ မရှိပေ။ သင်၏အသိတရားက သင့်ကို လက်သင့်ခံလိမ့်မည် မဟုတ်သကဲ့သို့ ယင်း၏ ရှုတ်ချမှုက သင်သည် ဘုရားသခင်ကို ထိုသို့ မဆက်ဆံသင့်သည်ကို ပြောပြလိမ့်မည်။ သင်သည် ရရှိပြီးဖြစ်သော ကျေးဇူးတော် အားလုံးကို တွေးကြည့်သည်။ သင်သည် ငါ၏ နှုတ်ကပတ်တော် များစွာကို ကြားပြီးဖြစ်၍- သင်သည် ၎င်းတို့ကို အချည်းနှီး နားထောင်ခဲ့သည်များ ဖြစ်နိုင်သလော။ မည်သူ ထွက်ပြေးသည် ဖြစ်စေ၊ သင်ထွက်ပြေး၍ မဖြစ်။ အခြားလူများ မယုံကြည်ကြ သော်လည်း၊ သင်ယုံကြည်ရမည်။ အခြားလူများ ဘုရားသခင်ကို စွန့်ပစ်ကြသော်လည်း၊ သင်သည် ဘုရားသခင်ကို ထောက်ခံကာ သူ့ကို သက်သေခံရမည်။ အခြားသူများက ဘုရားသခင်ကို အသရေဖျက်ကြသော်လည်း၊ သင် အသရေဖျက်၍ မဖြစ်။ ဘုရားသခင်သည် သင့်အပေါ် မည်မျှရက်စက်ပါစေ၊ သင်သည် သူ့ကို မျှတစွာ ဆက်ဆံဆဲ ဖြစ်ရမည်။ ဘုရားသခင်သည် အပြစ်ကင်းသောကြောင့် သူ၏ ချစ်ခြင်းမေတ္တာကို သင် ပြန်ပေးဆပ်ရမည်ဖြစ်ပြီး၊ သင်သည် အသိတရားရှိရမည်။ သူသည် လူသားမျိုးနွယ်ကြားတွင် အမှုပြုရန် ကောင်းကင်မှ ကမ္ဘာမြေပေါ်သို့ ကြွလာခြင်းဖြင့် ကြီးစွာသော အရှက်ရခြင်းကို ခံစားနှင့်ပြီး ဖြစ်သည်။ သူသည် ညစ်ညူးခြင်း အနည်းငယ်မျှမရှိဘဲ၊ သန့်ရှင်းသည်။ ညစ်ညူးသော တိုင်းပြည်တစ်ပြည်သို့ ကြွလာရာတွင်၊ မည်မျှ များစွာသော အရှက်ရခြင်းကို သူသည်းခံပြီးဖြစ်သနည်း။ သင့်အဖို့အလို့ငှာ သူသည် သင့်အပေါ် အမှုပြု၏။ အကယ်၍ သင်သည် သူ့အပေါ် အသိတရားမရှိဘဲ ဆက်ဆံပါက၊ စောစီးစွာ သေဆုံးခြင်းသည် ပို၍ ကောင်းပေလိမ့်မည်။

လက်ရှိအချိန်တွင်၊ လူအများစုသည် ဤရူပါရုံ၏ရှုထောင့် ကင်းမဲ့နေကြ၏။ ဤအမှုကို ၎င်းတို့လုံးဝ နားလည် သဘောပေါက်နိုင်ကြခြင်း မရှိကြသကဲ့သို့၊ ထိုအမှုဖြင့် ဘုရားသခင်က နောက်ဆုံးတွင် မည်သည့်အရာ ရရှိရန် ရည်ရွယ်သည်ကိုလည်း မသိကြချေ။ အထူးသဖြင့်

ကြောင်တောင်တောင် ဖြစ်နေသော သူများသည်၊ ဝက်ပါတစ်ခုထဲသို့ ၎င်းတို့ ဝင်ရောက်သွားပြီး အနည်းငယ် ချိုးကွေ့ပြီးနောက် လမ်းပျောက်သွားကြသည့်အလား ဖြစ်ကြ၏။ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်၏ ရည်မှန်းချက်ကို ၎င်းတို့အား စေ့စေ့စပ်စပ် သင် ရှင်းပြပါက၊ ၎င်းတို့ ကြောင်တောင်တောင် ဖြစ်သွားကြလိမ့်မည် မဟုတ်ပေ။ လူများစွာတို့သည် ထိုအရာကို နားလည်သဘောပေါက်နိုင်ခြင်း မရှိကြသကဲ့သို့၊ ဘုရားသခင်၏ အမှုမှာ လူတို့ကို ညှဉ်းဆဲရန်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ၎င်းတို့သည် သူ့အမှု၏ ဉာဏ်ပညာနှင့် အံ့ဖွယ်ဖြစ်ခြင်းတို့ကို နားမလည်ကြသကဲ့သို့၊ သူ၏အမှုမှာ သူ၏ ကြီးမြတ်သော တန်ခိုးကို ထုတ်ဖော်ပြရန်နှင့် ထို့ထက်ပို၍ လူသားမျိုးနွယ်ကို ကယ်တင်ရန် ဖြစ်သည်ကိုလည်း ၎င်းတို့ နားမလည်ကြပေ။ ၎င်းတို့သည် ထိုအရာအားလုံးကို မမြင်ကြပေ။ ၎င်းတို့အနေဖြင့် အလားအလာများ တစ်ခုတစ်လေ ရှိမရှိ၊ ကောင်းကင်ဘုံသို့ ၎င်းတို့ ဝင်ရောက်နိုင်ခြင်း ရှိမည် မရှိမည်ကိုသာ မြင်ကြသည်။ ၎င်းတို့က၊ “ဘုရားသခင်၏ အမှုတော်သည် အမြဲတစေ အလွန်ဝေ့ဝိုက်၏။ ကိုယ်တော်၏ ဉာဏ်ပညာတော်ကို ကျွန်ုပ်တို့အား တိုက်ရိုက်မြင်ခွင့်ပေးခြင်းက အလုပ်ဖြစ်ပါလိမ့်မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဤနည်းဖြင့် မညှဉ်းဆဲသင့်ပါ။ ကျွန်ုပ်တို့သည် အရည်အချင်း အလွန်ကင်းမဲ့ကြပြီး ကိုယ်တော်၏ အလိုတော်ကို ကျွန်ုပ်တို့ နားမလည်ကြပါ။ ကိုယ်တော်သည် တိုက်ရိုက် စကားပြောကာ ဆောင်ရွက်လျှင် အလွန် ကောင်းပါလိမ့်မည်။ ကျွန်ုပ်တို့ကို ကိုယ်တော်သည် ခန့်မှန်းစေချင်သော်လည်း၊ ကျွန်ုပ်တို့ မခန့်မှန်းနိုင်ကြပါ။ ကိုယ်တော်သည် အလျင်အမြန်ပြုပြီး ကျွန်ုပ်တို့အား ကိုယ်တော်၏ ဘုန်းအသရေတော်ကို မြင်တွေ့ခွင့်ပေးမည် ဆိုပါက၊ အလွန် ကောင်းပါမည်။ အမှုအရာတို့ကို ထိုသို့ ဝေ့ဝိုက်သည့်နည်းဖြင့် လုပ်ဆောင်ရန် အဘယ်လိုအပ်သနည်း” ဟု ဆိုကြသည်။ ယခု သင်တို့၌ အကင်းမဲ့ဆုံးသောအရာမှာ အသိတရား ဖြစ်သည်။ အသိတရား သာ၍ ရှိလော့။ မည်သူသည် ဤအမှု၏ အဆင့်များကို အမှန်တကယ် လုပ်ဆောင်နေသည်ကို မြင်ရန် သင်၏ မျက်လုံးများကို ကျယ်ကျယ်ဖွင့်လော့။ အလျင်အမြန် ကောက်ချက် မချနှင့်။ ယခုတွင်၊ အကောင်းဆုံးအနေဖြင့်၊ သင်တွေ့ကြုံ ခံစားသင့်သော အသက်လမ်း၏ အပေါ်ယံ သွင်ပြင်လက္ခဏာ နှင့်ဆိုင်သည့် အရာတစ်ခုကို သင် နားလည်ပြီဖြစ်သည်။ သင် တွေ့ကြုံခံစားဖို့အတွက် သမ္မာတရားမြောက်မြားစွာ ရှိသေးပြီး၊ ထိုအရာကို သင်အပြည့်အဝ နားလည်နိုင်သည့် နေ့ရက်ရောက် လာသည့်အခါ၊ သင်သည် ဤသို့သော နည်းလမ်းဖြင့် စကားပြောဆိုတော့မည် မဟုတ်သကဲ့သို့၊ စောဒကတက်တော့မည်လည်း မဟုတ်ပေ။ အမှုအရာများကိုလည်း အလွန်မြန်ဆန်စွာ သင် အနက်ဖွင့် လိမ့်မည် မဟုတ်တော့ပေ။ သင်က၊ “ဘုရားသခင်သည် အလွန်

ဉာဏ်ပညာရှိတော်မူ၏၊ ဘုရားသခင်သည် အလွန် သန့်ရှင်းတော်မူ၏၊ ဘုရားသခင်သည် အလွန် တန်ခိုးကြီးတော်မူ၏" ဟု ဆိုပေလိမ့်မည်။

## ပေတရု၏ အတွေ့အကြုံများ- ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့နှင့်သက်ဆိုင်သည့် သူ၏အသိပညာ

ပေတရုသည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းကို ခံနေရချိန်၌ သူဆုတောင်းခဲ့သည်၊ "အို ဘုရားသခင်၊ ကျွန်ုပ်၏ ဇာတိပကတိသည် နာခံခြင်းမရှိပါ၊ ကိုယ်တော် ကျွန်ုပ်အား ပြစ်တင်ဆုံးမပြီး တရားစီရင် ပါသည်။ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း၌ ကျွန်ုပ်ဝမ်းမြောက်ပါသည်။ ကိုယ်တော် ကျွန်ုပ်ကိုအလိုမရှိလျှင်ပင်၊ ကိုယ်တော်၏ တရားစီရင်ခြင်း၌ ကိုယ်တော်၏ မြင့်မြတ်သန့်ရှင်းပြီး ဖြောင့်မတ်သည့် စိတ်သဘောထားကို ကျွန်ုပ်မြင်ပါသည်။ ကိုယ်တော် ကျွန်ုပ်ကို တရားစီရင်သည့်အခါ ကျွန်ုပ်အား ရကျေနပ်မိပါသည်။ ထိုအရာက ကိုယ်တော်၏ စိတ်သဘောထားကို ဖော်ပြနိုင်ပြီး ကိုယ်တော်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို အဖန်ဆင်းခံသတ္တဝါအားလုံးအား ရှုမြင်ခွင့်ပြုပါက၊ ပြီးလျှင် ယင်းက ကိုယ်တော့်ကို ကျွန်ုပ်၏ ချစ်ခြင်းအား ပိုမိုဖြူစင်စေနိုင်ပြီး၊ ဖြောင့်မတ်သောသူတစ်ဦး၏ ပုံသဏ္ဌာန်ကို ရနိုင်စေပါက၊ ယင်းမှာ ကိုယ်တော်၏ ကျေးဇူးကြီးမားသော အလိုတော်ဖြစ်သည့်အတွက် ကိုယ်တော်၏ တရားစီရင်ခြင်းသည် ကောင်းမြတ်ပါသည်။ ကျွန်ုပ်အထဲတွင် ပုန်ကန်လိုသောစိတ် များစွာရှိသေးကြောင်းနှင့် ကိုယ်တော်၏ ရှေ့မှောက်သို့ဝင်ရန် မသင့်လျော်သေးကြောင်းကို ကျွန်ုပ်သိပါသည်။ ရန်လိုသော ပတ်ဝန်းကျင် သို့မဟုတ် ကြီးစွာသော ဆင်းရဲဒုက္ခများအားဖြင့်ဖြစ်စေ ကိုယ်တော် ကျွန်ုပ်အား ပို၍ပင် တရားစီရင်ရန် ကျွန်ုပ်လိုလားပါသည်။ မည်သည့်အရာကို ကိုယ်တော်ပြုသည်ဖြစ်စေ ထိုအရာမှာ ကျွန်ုပ်အဖို့ အဖိုးထိုက်တန် လှပါ၏။ ကိုယ်တော်၏ချစ်ခြင်းသည် အလွန်နက်နဲသိမ်မွေ့ပြီး စိုးစဉ်းမျှပင် စောဒကမတက်ဘဲ ကိုယ်တော်၏ သနားကရုဏာကို မိမိကိုယ်ကိုယ် ခံယူရန် ကျွန်ုပ်လိုလားပါသည်။" ယင်းမှာ ဘုရားသခင်၏ အမှုကို တွေ့ကြုံပြီးနောက် ပေတရု၏ အသိအမြင် ဖြစ်ပြီး ဘုရားသခင်အပေါ်ထားရှိသော သူ၏ချစ်ခြင်းအတွက် သက်သေခံချက်တစ်ခုလည်းဖြစ်သည်။ ယနေ့၊ သင်တို့အား သိမ်းပိုက်ထားပြီးဖြစ်သည်၊ သို့သော် ဤသိမ်းပိုက်ခံရမှုကို သင်တို့အထဲတွင် မည်သို့ဖော်ပြပါသနည်း။ လူအချို့တို့က- "ကျွန်ုပ်၏ သိမ်းပိုက်ခံရခြင်းမှာ ဘုရားသခင်၏

အမြင့်ဆုံးသော ကျေးဇူးတော်နှင့် ချီးမြှောက်ခြင်းဖြစ်သည်။ ယခုမှပင် ကျွန်ုပ် သတိပြုမိသည်မှာ လူ့အသက်သည် ဗလာသက်သက်ဖြစ်ပြီး ထူးခြားမှုမရှိပါ။ လူသည် ရင်သွေးများ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် မွေးဖွားပျိုးထောင်ပြီး သူ့အသက်တာတွင် အလေသုံးဆယ် နေထိုင်ခဲ့ကာ နောက်ဆုံးတွင် ဘာမျှမကျန်ရှိပါ။ ယနေ့ ဘုရားသခင်၏ သိမ်းပိုက်ခြင်းကို ခံရပြီးနောက်မှသာလျှင် ဤသို့အသက်ရှင်ခြင်းမှာ အဖိုးမတန်ကြောင်း ကျွန်ုပ်သိမြင်ခဲ့ရသည်၊ ယင်းမှာ စင်စစ် အဓိပ္ပာယ်ကင်းမဲ့သော အသက်တာပင်ဖြစ်သည်။ ကျွန်ုပ်သည်လည်း သေပြီး ပြီးပြတ်သွားနိုင်သည်တကား။” ဟု ပြောကြသည်။ ထိုသို့သော သိမ်းပိုက်ခံရပြီးသူများကို ဘုရားသခင် ရယူနိုင်မည်လော။ သူတို့သည် နမူနာများနှင့် စံပုံစံများ ဖြစ်လာနိုင်မည်လော။ ထိုသူများသည် အပျက်သဘောဆောင်ခြင်း၌ ပြယုဂ်တစ်ခုဖြစ်သည်၊ သူတို့တွင် ရည်မှန်းချက်များမရှိဘဲ သူတို့ကိုယ်ကို တိုးတက်လာအောင်လည်း မကြိုးပမ်းကြချေ။ သူတို့သည် သိမ်းပိုက်ခံပြီးသူများဟု ယူဆကြသော်လည်း ထိုသို့သော အပျက်သဘောဆောင်သည့် လူများသည် စုံလင်အောင်ပြုခြင်း မခံရနိုင်ကြ။ သူ့အသက်ဆုံးခါနီး၊ စုံလင်စေခြင်းကို ခံရပြီးနောက် ပေတရုက- “အို ဘုရားသခင်၊ နှစ်အနည်းငယ် ကျွန်ုပ် အသက်ဆက်ရှင်ရမည်ဆိုလျှင် ကျွန်ုပ်သည် ကိုယ်တော်အား ပိုမိုဖြူစင်စွာနှင့် ပိုမိုလေးနက်စွာ ချစ်ခြင်းကို ရရှိလိုပါသည်” ဟု ဆိုခဲ့သည်။ ကားတိုင်ပေါ်၌ အတင်ခံရဆဲဆဲအချိန်တွင် စိတ်နှလုံးထဲမှ သူဆုတောင်းသည်မှာ- “အို ဘုရားသခင်၊ ကိုယ်တော်၏အချိန် ယခု ကျရောက်ပါပြီ၊ ကျွန်ုပ်အတွက် ကိုယ်တော်ပြင်ဆင်ထားသောအချိန် ကျရောက်ပါပြီ။ ကျွန်ုပ်သည် ကိုယ်တော်အတွက် အသေခံရမည်၊ ကိုယ်တော့်ထံ ဤသက်သေခံချက်ကို ကျွန်ုပ်ပြုရမည်၊ ပြီးလျှင် ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာသည် ကိုယ်တော်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းနိုင်လိမ့်မည်၊ ချစ်ခြင်းသည်လည်း ပိုမိုဖြူစင်လာ နိုင်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ယနေ့ ကိုယ်တော်အတွက် အသေခံနိုင်ခြင်းနှင့် ကိုယ်တော်အတွက် ကားစင်တင်ခံရခြင်း တို့သည် ကျွန်ုပ်အား နှစ်သိမ့်စိတ်ချမှုကို ပေးပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်အတွက် ကားတိုင်ပေါ်တွင် အသေခံခြင်းနှင့် ကိုယ်တော်၏အလိုတော်တို့ကို ဖြည့်ဆည်းနိုင်ခြင်း အပြင် ကျွန်ုပ်ကိုယ်ကို ကိုယ်တော့်လက်သို့ အပ်နိုင်ခြင်းနှင့် ကျွန်ုပ်၏အသက်ကို ကိုယ်တော့်ကို ဆက်ကပ်နိုင်ခြင်းတို့ထက် မည်သည့်အရာကမျှ ကျွန်ုပ်အား ပို၍ကျေနပ်အားရစေမည် မဟုတ်ပါ။ အို ဘုရားသခင်၊ ကိုယ်တော်သည် ချစ်ခင်ဖွယ် ကောင်းလှတကား။ ကိုယ်တော်သည် ကျွန်ုပ်ကို အသက်ရှင်ခွင့် ပေးခဲ့ပါက ကိုယ်တော့်ကို ပို၍ပင်ချစ်ရန် ကျွန်ုပ်လိုလားပါလိမ့်မည်။ ကျွန်ုပ် အသက်ရှင်နေသရွေ့ ကိုယ်တော့်ကို ချစ်ပါမည်။ ကိုယ်တော့်ကို ပိုမိုလေးနက်စွာ ချစ်လိုပါသည်။

ကိုယ်တော်သည် ကျွန်ုပ်ကို တရားစီရင်ပြီး ပြစ်တင်ဆုံးမကာ စမ်းသပ်သည်၊ အကြောင်းမှာ ကျွန်ုပ်သည် မဖြောင့်မတ်ဘဲ အပြစ်ကျူးလွန် ခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် ကိုယ်တော်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ပိုမို၍ သိသာထင်ရှားစွာ ကျွန်ုပ်မြင်လာပါသည်။ ကိုယ်တော်ကို ကျွန်ုပ် ပိုမိုနက်ရှိုင်းစွာ ချစ်လာနိုင်စေသည့်အတွက် ဤသည်မှာ ကျွန်ုပ်အဖို့ ကောင်းချီးမင်္ဂလာတစ်ခုဖြစ်ပြီး ကိုယ်တော် ကျွန်ုပ်ကို မချစ်လျှင်ပင် ဤနည်းအတိုင်း ကိုယ်တော့်ကို ကျွန်ုပ်ချစ်လိုပါသည်။ ကျွန်ုပ်သည် ကိုယ်တော်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ရှုမြင်လိုပါသည်။ ယင်းက ကျွန်ုပ်အား အဓိပ္ပာယ်ရှိသော အသက်တာကို သာ၍ အသက်ရှင်နိုင် စေသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်သည် ကိုယ်တော့်အတွက် ကားတိုင်တင်ခံရပြီး ကိုယ်တော့်အတွက် အသေခံခြင်းသည် အဓိပ္ပာယ်ပြည့်ဝသောကြောင့် ကျွန်ုပ်၏ လက်ရှိအသက်တာသည် ပိုမိုလေးနက်လာသည်ဟု ကျွန်ုပ်ခံစားရပါသည်။ သို့သော် ကိုယ်တော့်အကြောင်းကို အနည်းငယ်သာ ကျွန်ုပ်သိသည့်အတွက်၊ ကျွန်ုပ်သည် ကိုယ်တော်၏ အလိုတော်တို့ကို ပြည့်စုံစွာ မဖြည့်ဆည်းနိုင်ကြောင်းနှင့် ကိုယ်တော့်ကို အနည်းငယ်သာ ပြန်လည်ပေးဆပ်ပြီးကြောင်းတို့ကို သိသည့်အတွက် ကျွန်ုပ် ကျေနပ်အားရခြင်း မရှိသေးပါ။ ကျွန်ုပ်၏အသက်တာတွင် ကိုယ်တော့်ကို မိမိအလုံးစုံကို ပြန်လည်ပေးဆပ်ရန် မတတ်စွမ်းနိုင်ခဲ့ပါ၊ ဝေးလှပါသေးသည်။ ဤအခိုက်အတန့်တွင် နောက်ကြောင်း ပြန်လှည့်ကြည့်သည့်အခါ ကျွန်ုပ်သည် ကိုယ်တော့်အပေါ် အလွန်ပင် ကျေးဇူးတင်ကြောင်း ခံစားရပါသည်။ ကျွန်ုပ်၏ အမှားများအားလုံးနှင့် ကိုယ်တော့်ကို ပြန်လည် မပေးဆပ်ခဲ့ရသည့် ချစ်ခြင်းမေတ္တာများအားလုံးကို ပြန်လည် ထေမိစေရန် ယခုတဒင်္ဂအချိန်သာ ရှိပါ၏” ဟူ၍ ဖြစ်သည်။

လူသည် အဓိပ္ပာယ်ရှိသော အသက်တာကို နေထိုင်ရန် ရှာဖွေလိုက်လျှောက်ရမည်ဖြစ်ပြီး သူ၏ လက်ရှိအခြေအနေများဖြင့် ရောင့်ရဲမနေသင့်ပါ။ ပေတရု၏ ပုံရိပ်အတိုင်း ရှင်သန်ရန် လူသည် ပေတရုအကြောင်း အသိပညာနှင့် သူ၏ အတွေ့အကြုံများကို ပိုင်ဆိုင်ရမည်။ လူသည် ပိုမိုမြင့်မားပြီး ပိုမိုနက်နဲသိမ်မွေ့သော အရာများကို လေ့လာလိုက်စားရမည်။ သူသည် ဘုရားသခင်အား ပိုမိုလေးနက်၍ ပိုမိုဖြူစင်သော ချစ်ခြင်းအပြင် တန်ဖိုးနှင့် အဓိပ္ပာယ်ပြည့်ဝသော အသက်တာကို ရှာဖွေလိုက်လျှောက်ရမည် ဖြစ်သည်။ ဤသည်သာ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏၊ သို့မှသာ လူသည် ပေတရုနှင့် တူမည်ဖြစ်သည်။ အကောင်းဘက်တွင် သင်၏ ဝင်ရောက်မှုအတွက် တက်ကြွထက်သန်ခြင်းကို သင်အာရုံစိုက်ရမည်၊ ပိုမိုလေးနက်ပြီး ပိုမိုတိကျကာ ပိုမိုလက်တွေ့ကျသည့် သမ္မာတရားများကို လျစ်လျူရှုရင်း တဒင်္ဂသာယာမှုအလို့ငှာ ဒုံရင်းသို့ပြန်ဆိုက်ရန် သင့်ကိုယ်သင် အညံ့ခံကာ

ခွင့်မပြုရ။ သင့်ချစ်ခြင်းသည် လက်တွေ့ကျရမည်ဖြစ်ပြီး တိရစ္ဆာန်၏ဘဝနှင့် မခြားသည့် အကျင့်စာရိတ္တပျက်ပြားကာ ပေါ့ပေါ့တန်တန်ဘဝမှ မိမိကိုယ်ကို လွတ်မြောက်စေရန် နည်းလမ်းများကို သင်ရှာရမည်။ သင်သည် အဓိပ္ပာယ်ရှိသောဘဝ၊ တန်ဖိုးရှိသောဘဝကို ရှင်သန်နေထိုင်ရမည်ဖြစ်ပြီး သင့်ကိုယ်သင် အရှုံးလုပ်ခြင်း သို့မဟုတ် သင့်ဘဝကို ဆော့ကစားစရာ အရုပ်ကဲ့သို့ သဘောထားခြင်းတို့ကို မပြုလုပ်ရ။ ဘုရားသခင်အား ချစ်ရန် ဆန္ဒပြင်းပြသော လူတိုင်းအတွက် မရရှိနိုင်သော သမ္မာတရားများ ဆိုသည်မှာ မရှိပါ၊ သူတို့ ကြံ့ကြံ့မခံနိုင်သောအရာအတွက် တရားစီရင်မှုလည်း မရှိပါ။ သင့်အသက်တာကို မည်သို့နေထိုင်သင့်သနည်း။ ဘုရားသခင်ကို သင်မည်သို့ ချစ်သင့်ပြီး သူ့အလိုကိုဖြည့်ဆည်းရန် ထိုချစ်ခြင်းကို မည်သို့အသုံးပြုသင့်သနည်း။ သင့်အသက်တာတွင် ထို့ထက်ပို၍ ကြီးမြတ်သောအရာ မရှိပါ။ အထူးသဖြင့် သင့်တွင် ထိုကဲ့သို့သော ရည်မှန်းချက်များနှင့် ဇွဲလုံ့လတို့ ရှိရမည်ဖြစ်ပြီး ထိုကြောက်တတ်သော လူပျော့လူညံ့များကဲ့သို့ မဖြစ်သင့်ပါ။ အဓိပ္ပာယ်ပြည့်ဝသော အသက်တာကို တွေ့ကြုံရန်နှင့် အဓိပ္ပာယ်ပြည့်ဝသော သမ္မာတရားများကို တွေ့ကြုံရန် သင်လေ့လာရမည်ဖြစ်ပြီး ထိုကဲ့သို့ သင့်ကိုယ်သင် ဝတ်ကျေတန်းကျေ သဘောမထားသင့်ပေ။ သင်သတိမထားမိဘဲ သင့်အသက်တာသည် သင့်ကို ဝကွက်ချန်ထားခဲ့လိမ့်မည်၊ ယင်းနောက်တွင် ဘုရားသခင်ကိုချစ်ရန် သင်၌ နောက်တစ်ကြိမ် အခွင့်အရေး ရှိပါဦးမည်လော။ လူသည် သေလွန်ပြီးနောက် ဘုရားသခင်အား ချစ်နိုင်ပါမည်လော။ သင့်တွင် ပေတရုကဲ့သို့ တူညီသည့် ရည်မှန်းချက်များနှင့် စိတ်ဓာတ်ရှိရမည်၊ သင့်အသက်တာသည် အဓိပ္ပာယ်ပြည့်ဝရမည်ဖြစ်ပြီး သင့်ကိုယ်သင် မကစားသင့်ပါ။ လူသားတစ်ဦးအနေဖြင့်သာမက ဘုရားသခင် နောက်သို့ လိုက်လျှောက်သောသူတစ်ဦးအနေဖြင့် သင့်အသက်တာကို မည်သို့သဘောထားသင့်သည်၊ ဘုရားသခင်ထံ သင့်ကိုယ်သင် မည်သို့ဆက်ကပ်အပ်နှံသင့်သည်၊ ဘုရားသခင်၌ ပိုမိုလေးနက်သော ယုံကြည်မှုကို မည်သို့ထားရှိသင့်သည်တို့အပြင် ဘုရားသခင်ကို သင်ချစ်သည့်အလျောက် ဘုရားသခင်အား ပိုမိုဖြူစင်စွာ၊ ပို၍လှပစွာ၊ ပိုမိုကောင်းမွန်စွာ မည်သို့ချစ်သင့်သည်တို့ကို အသေအချာ သင်စဉ်းစားနိုင်ရမည်။ ယနေ့ သင်မည်သို့ သိမ်းပိုက်ခံရကြောင်း ကိုသာ ကျေနပ်အားရနေ၍မဖြစ်၊ အနာဂတ်တွင် သင်လျှောက်လှမ်းမည့် လမ်းကြောင်းကိုလည်း စဉ်းစားရမည်။ သင့်တွင် စုံလင်အောင်ပြုခံရခြင်းငှာ ရည်မှန်းချက်များနှင့် ရဲရင့်ခြင်းရှိရမည်ဖြစ်ပြီး သင့်ကိုယ်သင် မစွမ်းဆောင်နိုင်သူဟု အမြဲမတွေးသင့်ပါ။ သမ္မာတရားတွင် မျက်နှာသာပေးခြင်းများ ရှိသလော။ သမ္မာတရားသည် လူများကို တမင်ရည်ရွယ်ကာ ဆန့်ကျင်နိုင်ပါသလော။ သင် သမ္မာတရားနောက်သို့လိုက်လျှင်

ယင်းက သင့်အား ဒုက္ခပေးနိုင်သလော။ တရားမျှတမှုအတွက် သင်အခိုင်အမာရပ်တည်လျှင် ယင်းက သင့်ကို လဲပြိုစေမည်လော။ အသက်နောက်သို့လိုက်ရန်မှာ သင်၏ရည်မှန်းချက် အမှန်ဖြစ်ပါက အသက်က သင့်ကို တိမ်းရှောင်နိုင်မည်လော။ သင်သည် သမ္မာတရားနှင့်အတူ မရှိလျှင် ယင်းမှာ သမ္မာတရားက သင့်ကို မသိကျိုးကျွန်ပြုခြင်း မဟုတ်ဘဲ သင်က သမ္မာတရားနှင့်ဝေးရာမှာ နေသောကြောင့်သာဖြစ်သည်။ တရားမျှတမှုအတွက် သင်ခိုင်မြဲစွာ မရပ်တည်နိုင်လျှင် ယင်းမှာ တရားမျှတမှုတွင် တစ်စုံတစ်ခု မှားယွင်းနေခြင်းမဟုတ်ဘဲ ယင်းမှာ အချက်အလက်များနှင့်မညီဟု သင်ထင်သောကြောင့်ဖြစ်သည်။ နှစ်ပေါင်းများစွာ ရှာဖွေသော်လည်း အသက်ကို သင်မရသေးလျှင် ယင်းမှာ အသက်တာက သင့်အပေါ် ခွဲခြားသိမြင်စိတ် မရှိ၍မဟုတ်ဘဲ သင်က အသက်တာအပေါ် ခွဲခြားသိမြင်စိတ်မရှိဘဲ အသက်ကို မောင်းထုတ်ထားသောကြောင့် ဖြစ်သည်။ သင်သည် အလင်းထဲ၌နေပြီး အလင်းကိုရယူရန် မစွမ်းဆောင်နိုင်ခဲ့ပါက သင့်အပေါ်သို့ အလင်းမထွန်းတောက်နိုင် သောကြောင့် မဟုတ်ဘဲ အလင်းတည်ရှိခြင်းကို သင်အာရုံမစိုက်ထား သောကြောင့် အလင်းသည် သင့်ထံမှ တိတ်ဆိတ်စွာ ထွက်ခွာသွားခြင်းသာဖြစ်သည်။ သင် ကြိုးပမ်းအားထုတ်ခြင်း မရှိပါက သင်သည် အဖိုးမတန်သော အမှိုက်ဖြစ်သည်၊ သင့်အသက်တာတွင် ရဲရင့်ခြင်းမရှိ၊ အမှောင်စွမ်းအားကို ခုခံရန် စွမ်းအားမရှိဟုသာ ပြောနိုင်သည်။ သင်သည် ပျော့ညံ့လွန်း ပါတကား။ သင့်ကိုဝိုင်းထားသော စာတန်၏စွမ်းအားမှ လွတ်မြောက် နိုင်ခြင်းမရှိဘဲ ဤသို့သော လုံခြုံဘေးကင်းသည့်ဘဝကို နေထိုင်ပြီး မသိနားမလည်မှုများဖြင့် သေဆုံးသွားရန်သာ သင်အလိုရှိသည်။ သင်လုပ်ဆောင်ရမည်မှာ သိမ်းပိုက်ခြင်းခံရဖို့ ကြိုးပမ်းအားထုတ်ရန် ဖြစ်သည်၊ ဤသည်မှာ သင်၏ အလေးအနက်ထားရမည့် တာဝန်ဖြစ်သည်။ အကယ်၍ သင်သည် သိမ်းပိုက်ခံရမှုကို ကျေနပ်နေပါက အလင်းတည်ရှိမှုကို သင်မောင်းထုတ်ခြင်းဖြစ်သည်။ သမ္မာတရားအတွက် ခက်ခဲမှုကို သင်ခံစားရမည်၊ သမ္မာတရားထံ သင့်ကိုယ်သင် ပေးအပ်ရမည်၊ သမ္မာတရားအတွက် အရှက်တကွဲ ဖြစ်ခြင်းကို သင်ခံရမည်၊ ထို့နောက် သမ္မာတရားကို သင်ပိုမိုရရှိရန်အတွက် ပို၍ပင် ဒုက္ခဆင်းရဲခံရပေမည်။ ဤသည်မှာ သင်လုပ်သင့်သည့်အရာဖြစ်သည်။ ငြိမ်းချမ်းသော မိသားစုဘဝ တစ်ခုအတွက် သမ္မာတရားကို သင်လက်မလွှတ်ရ၊ တဒင်္ဂပျော်ရွှင်မှု အတွက် သင့်ဘဝ၏ ဂုဏ်သိက္ခာနှင့် သမာဓိကို အဆုံးရှုံးမခံရ။ နှစ်သက်ဖွယ်ဖြစ်ကာ ကောင်းမွန်သောအရာအားလုံးကို သင် လေ့လာလိုက်စားသင့်ပြီး၊ အသက်တာတွင် ပိုမိုအဓိပ္ပာယ် ရှိသော လမ်းကြောင်းကို သင် လိုက်စားသင့်သည်။ ထိုသို့သော အောက်တန်းကျသည့်ဘဝကို သင်နေထိုင်ပြီး မည်သည့် ရည်မှန်းချက်ကိုမျှ သင်

မလိုက်စားပါက၊ သင့်ဘဝကို သင် ဖြန်းတီးသည် မဟုတ်လော။ ထိုသို့သောဘဝမှ မည်သည့်အရာကို သင် ရရှိနိုင်သနည်း။ သမ္မာတရားတစ်ခုအတွက် ဇာတိပကတိ၏ ပျော်မွေ့မှုများ အားလုံးကို သင်စွန့်လွှတ်သင့်ပြီး၊ ပျော်ရွှင်မှု အနည်းငယ်အတွက် သမ္မာတရားအားလုံးကို မလွှင့်ပစ်သင့်ပေ။ ဤကဲ့သို့သော လူများသည် သမာဓိ သို့မဟုတ် ဂုဏ်သိက္ခာ မရှိပေ။ ၎င်းတို့၏ တည်ရှိခြင်းတွင် အဓိပ္ပာယ် မရှိပေ။

ဘုရားသခင်သည် သူ၏ အမှုက လိုအပ်သောကြောင့်အပြင်၊ လူသားက လိုအပ်သောကြောင့်၊ လူကို ပြစ်တင်ဆုံးမပြီး တရားစီရင်သည်။ လူသည် ပြစ်တင်ဆုံးမခံရဖို့နှင့် တရားစီရင်ခံရဖို့ လိုအပ်ပြီး၊ ထိုအခါမှသာ ဘုရားသခင်ကို ချစ်ခြင်းအား စွမ်းဆောင် ရရှိနိုင်ပေသည်။ ယနေ့တွင် သင်တို့ လုံးဝ လက်ခံယုံကြည်သွားပြီ ဖြစ်သော်လည်း၊ သင်တို့သည် အနည်းငယ်မျှသော ဆုတ်ဆိုင်းမှုကို ကြုံရသည့်အခါ၊ ဒုက္ခ ရောက်တော့သည်။ သင်တို့၏ ဝိညာဉ်ရင့်ကျက်မှုသည် အလွန်သေးငယ်ဆဲဖြစ်ပြီး၊ သင်သည် ပိုမိုနက်ရှိုင်းသော အသိကို ရရှိရန်အလို့ငှာ ထိုသို့သော ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို ပိုမိုကြုံတွေ့ရန် လိုအပ်ဆဲဖြစ်သည်။ ယနေ့တွင် သင်တို့သည် ဘုရားသခင်ကို ရိုသေလေးမြတ်မှု အချို့ရှိပြီး၊ ဘုရားသခင်ကို ကြောက်ရွံ့သည်၊ ပြီးလျှင် သူသည် စစ်မှန်သော ဘုရားသခင်ဖြစ်သည်ကို သင်တို့သိသော်လည်း၊ ဖြူစင်သော ချစ်ခြင်းကို သင်တို့ရရှိရန် မဆိုထားနှင့် သူ့ကို ကြီးမားသောချစ်ခြင်း မရှိပေ။ သင်တို့၏ အသိပညာသည် အလွန်အပေါ်ယံဖြစ်ကာ သင်တို့၏ ဝိညာဉ်ရင့်ကျက်မှုသည် မလုံလောက်သေးပေ။ သင်တို့သည် ပတ်ဝန်းကျင်တစ်ခုကို အမှန်တကယ် ကြုံရချိန်တွင်၊ သင်တို့သည် သက်သေခံခြင်း မရှိသေးသကဲ့သို့၊ သင်တို့၏ အလွန်နည်းပါးသော ဝင်ရောက်မှုကသာ အခြေအနေဖန်တီးလုပ်ဆောင်ပြီး၊ မည်သို့ လက်တွေ့လုပ်ဆောင်ရမည်ကို သင်တို့မသိပေ။ လူအများစုသည် မတုန်မလှုပ်နှင့် တက်ကြွမှု မရှိကြ။ ၎င်းတို့သည် ဘုရားသခင်အား ၎င်းတို့၏ နှလုံးသားများ၌သာ တိတ်တဆိတ် ချစ်ကြသော်လည်း၊ လက်တွေ့လုပ်ဆောင်မှု နည်းလမ်း မရှိကြသကဲ့သို့၊ ၎င်းတို့၏ ရည်မှန်းချက်များက မည်သည့်အရာများဖြစ်သည် ဆိုသည်နှင့် ပတ်သက်၍ မရှင်းလင်းကြချေ။ စုံလင်စေခြင်းခံရပြီးသောသူများသည် သာမန်လူ့သဘာဝကို ပိုင်ဆိုင်သည်သာမက၊ အသိစိတ်၏ စံနှုန်းများထက် မြင့်မားသည့် အသိစိတ် အတိုင်းအတာများကို ကျော်လွန်သည့် သမ္မာတရားများကို ပိုင်ဆိုင်ကြသည်။ ၎င်းတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြန်လည်ပေးဆပ်ရန် ၎င်းတို့၏ အသိစိတ်ကို အသုံးပြုရုံသာမက၊ ထို့ထက်ပို၍ ၎င်းတို့သည် ဘုရားသခင်ကို သိရှိကြပြီးဖြစ်ကာ၊ ဘုရားသခင်သည် ချစ်ခင်ဖွယ် ဖြစ်ကာ၊ လူသား၏ ချစ်ခြင်းနှင့် ထိုက်တန်ပြီး၊ ဘုရားသခင်၏ အထဲတွင် ချစ်ဖို့ အရာများလှစွာ ရှိသည်ကို

တွေ့မြင်ပြီးဖြစ်သည်။ လူသားသည် ဘုရားသခင်ကို မချစ်ဘဲ မနေနိုင်ပေ။ စုံလင်စေခြင်း ခံရပြီးသောသူတို့၏ ဘုရားသခင်ကို ချစ်ခြင်းသည် ၎င်းတို့၏ ကိုယ်ပိုင် ပြင်းပြသော စိတ်ဆန္ဒများကို ဖြည့်ဆည်းရန်အလို့ငှာ ဖြစ်သည်။ ၎င်းတို့၏ ချစ်ခြင်းသည် အလိုအလျောက်ဖြစ်သော ချစ်ခြင်း၊ အပြန်အလှန်အားဖြင့် မည်သည့်အရာကိုမျှ မတောင်းဆိုသကဲ့သို့ အပေးအယူမဟုတ်သည့် ချစ်ခြင်းတစ်ခု ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်နှင့်ဆိုင်သည့် ၎င်းတို့၏ အသိပညာကြောင့်သာ ဘုရားသခင်ကို ချစ်ကြပေသည်။ ထိုသို့သော လူများသည် ၎င်းတို့အပေါ် ဘုရားသခင်က ကျေးဇူးတော်များ အပ်နှင်းသည်၊ မအပ်နှင်းသည်ကို ဂရုမစိုက်ကြသကဲ့သို့ ဘုရားသခင်အား ကျေနပ်စေခြင်းဖြင့်သာ ကျေနပ်ရောင့်ရဲကြသည်။ ၎င်းတို့သည် ဘုရားသခင်နှင့် အပေးအယူ မလုပ်ကြသကဲ့သို့ ဘုရားသခင်နှင့် ဆိုင်သည့် ၎င်းတို့၏ ချစ်ခြင်းကို အသိစိတ်ဖြင့် မတိုင်းတာကြပေ- “ကိုယ်တော် ကျွန်ုပ်ကို ပေးပြီးဖြစ်သည်၊ ထို့ကြောင့် အပြန်အလှန်အားဖြင့် ကိုယ်တော့်ကို ကျွန်ုပ်ချစ်သည်။ ကျွန်ုပ်အား ကိုယ်တော်မပေးလျှင်၊ အပြန်အလှန်အားဖြင့် ကိုယ်တော့်အတွက် မည်သည့်အရာမျှ ကျွန်ုပ်တွင် မရှိပါ။” စုံလင်စေခြင်း ခံရပြီးသောသူများက- “ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်ပြီး သူသည် ကျွန်ုပ်တို့အပေါ်၌ သူ့အမှုကို ဆောင်ရွက်သည်။ ကျွန်ုပ်သည် စုံလင်စေခြင်းခံရဖို့ ဤအခွင့်အရေး၊ အခြေအနေနှင့် အရည်အချင်းများ ရှိသည့်အတွက်၊ ကျွန်ုပ်၏ လိုက်စားမှုသည် အဓိပ္ပာယ်ရှိသော အသက်တာတစ်ခုကို အသက်ရှင်နေထိုင်ရန်ဖြစ်ပြီး၊ ဘုရားသခင်ကို ကျွန်ုပ် စိတ်ကျေနပ်စေသင့်သည်” ဟု အမြဲ ယုံကြည်ကြလေသည်။ ယင်းမှာ ပေတရု တွေ့ကြုံခဲ့သည့် အရာကဲ့သို့သာ ဖြစ်သည်- သူ၏ အားအနည်းဆုံး ဖြစ်ခဲ့ချိန်တွင်၊ သူသည် ဘုရားသခင်ထံ ဆုတောင်းခဲ့ပြီး၊ “အို ဘုရားသခင်။ အချိန် သို့မဟုတ် နေရာကို ပဓာနမထားဘဲ၊ ကိုယ်တော့်ကို ကျွန်ုပ်အမြဲ သတိရသည်ကို ကိုယ်တော်သိပါ၏။ မည်သည့်အချိန်၊ မည်သည့်နေရာတွင် ဖြစ်စေ၊ ကိုယ်တော့်ကို ကျွန်ုပ်ချစ်လိုသည်ကို ကိုယ်တော်သိပါ၏၊ သို့သော် ကျွန်ုပ်၏ ဝိညာဉ်ရင့်ကျက်မှုသည် အလွန် သေးငယ်ပါ၏၊ ကျွန်ုပ်သည် အလွန်အားနည်းပြီး အစွမ်းမဲ့လှပါ၏။ ကျွန်ုပ်၏ ချစ်ခြင်းသည် အလွန်နည်းပါးပြီး၊ ကိုယ်တော့်အပေါ် ကျွန်ုပ်၏ ရိုးသားစစ်မှန်မှုမှာ အလွန် နည်းပါးလှပါ၏။ ကိုယ်တော်၏ မေတ္တာနှင့် နှိုင်းစာလျှင် ကျွန်ုပ်သည် အသက်ရှင်ရန်ပင် မသင့်တော်ပါ။ ကျွန်ုပ်၏အသက်တာ အချည်းနှီးမဖြစ်ရန်နှင့် ကိုယ်တော်၏ မေတ္တာကို ကျွန်ုပ် ပြန်လည်ပေးနိုင်ရုံသာမက၊ ထို့အပြင် ကျွန်ုပ်တွင် ရှိသမျှအားလုံးကို ကိုယ်တော့်ထံ အပ်နှံနိုင်ရန်သာ ကျွန်ုပ် ဆန္ဒရှိပါသည်။ ကိုယ်တော့်ကို ကျွန်ုပ် စိတ်ကျေနပ်စေနိုင်ပါက၊ သတ္တဝါတစ်ဦးအနေဖြင့် ကျွန်ုပ် စိတ်ငြိမ်သက်မှု ရှိလိမ့်မည်ဖြစ်ပြီး မည်သည့်အရာကိုမျှ ကျွန်ုပ်

ထပ်တောင်းဆိုမည် မဟုတ်ပါ။ ကျွန်ုပ်သည် ယခု အားနည်းပြီး အစွမ်းမဲ့သော်လည်း၊ ကိုယ်တော်၏ အားပေးတိုက်တွန်းမှုများကို ကျွန်ုပ်မေ့မည်မဟုတ်သကဲ့သို့ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကိုလည်း ကျွန်ုပ်မေ့မည်မဟုတ်ပါ။ ယခု ကျွန်ုပ်သည် ကိုယ်တော်၏မေတ္တာကို ပြန်ပေးဆပ်ခြင်းမှလွဲ၍ မည်သည့်အရာကိုမျှ မလုပ်ဆောင်ပါ။ အို ဘုရားသခင်၊ ကျွန်ုပ် စိတ်မသက်သာပါ။ ကျွန်ုပ်၏ နှလုံးသားထဲက ချစ်ခြင်းမေတ္တာကို ကိုယ်တော့်ထံ ကျွန်ုပ် မည်သို့ပေးနိုင်မည်နည်း၊ ကျွန်ုပ် လုပ်ဆောင်နိုင်သမျှအားလုံးကို မည်သို့ လုပ်ဆောင်ပြီး၊ ကိုယ်တော်၏ စိတ်ဆန္ဒများကို မည်သို့ ဖြည့်ဆည်းကာ ကျွန်ုပ်ရှိသမျှ အားလုံးကို ကိုယ်တော့်ထံ မည်သို့ ဆက်ကပ်အပ်နှံနိုင်မည်နည်း။ လူ၏အားနည်းချက်ကို ကိုယ်တော် သိပါ၏၊ ကိုယ်တော်၏ မေတ္တာနှင့် ကျွန်ုပ် မည်သို့ထိုက်တန်နိုင်မည်နည်း။ အို ဘုရားသခင်။ ကျွန်ုပ်သည် သေးငယ်သော ဝိညာဉ်ရင့်ကျက်မှု ရှိသူဖြစ်ပြီး၊ ကျွန်ုပ်၏ချစ်ခြင်းက အလွန်နည်းပါးလှသည်ကို ကိုယ်တော် သိပါ၏။ ဤသို့သော ပတ်ဝန်းကျင်တွင် ကျွန်ုပ် လုပ်နိုင်သမျှ အစွမ်းကုန် မည်သို့ လုပ်ဆောင်နိုင်ပါမည်နည်း။ ကိုယ်တော်၏ မေတ္တာကို ပြန်ပေးဆပ်သင့်သည်ကို ကျွန်ုပ်သိပါ၏၊ ကျွန်ုပ် ရှိသမျှအရာ အားလုံးကို ကိုယ်တော့်ထံ ပေးအပ်သင့်သည်ကို ကျွန်ုပ်သိပါ၏၊ သို့သော် ယနေ့တွင် ကျွန်ုပ်၏ ဝိညာဉ်ရင့်ကျက်မှုသည် အလွန် သေးငယ်နေပါသည်။ ကျွန်ုပ်သည် ကိုယ်တော့်ထံ ဆက်ကပ်အပ်နှံရန် ဖြူစင်သောမေတ္တာကို ပိုမိုပိုင်ဆိုင်နိုင်ပြီး ကျွန်ုပ်ရှိသမျှအရာအားလုံးကို ကိုယ်တော့်ထံ သာ၍ ဆက်ကပ်အပ်နှံနိုင်ဖို့အလို့ငှာ၊ ကျွန်ုပ်အား ခွန်အားနှင့် မိမိကိုယ်ကို ယုံကြည်မှုကို ပေးဖို့ ကိုယ်တော့်ထံ တောင်းလျှောက်ပါ၏။ ကိုယ်တော်၏ မေတ္တာကို ပေးဆပ်နိုင်မည်သာမက၊ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်း၊ တရားစီရင်ခြင်းနှင့်၊ စမ်းသပ်မှုများ၊ ပြီးလျှင် သာ၍ ပြင်းထန်သော ကျိန်ခြင်းတို့ကိုပင် တွေ့ကြုံနိုင်ပါမည်။ ကိုယ်တော်၏ မေတ္တာကို ရှုမြင်ရန် ကျွန်ုပ်အား ကိုယ်တော် အခွင့်ပေးပြီးဖြစ်သကဲ့သို့ ကျွန်ုပ်သည် ကိုယ်တော်ကို ချစ်နိုင်စွမ်းမရှိပါ၊ ပြီးလျှင် ယနေ့တွင် ကျွန်ုပ်သည် အားနည်းပြီး အစွမ်းမဲ့သော်လည်း၊ ကိုယ်တော့်ကို ကျွန်ုပ် မည်သို့မေ့နိုင်ပါမည်နည်း။ ကိုယ်တော်၏မေတ္တာ၊ ပြစ်တင်ဆုံးမခြင်း နှင့် တရားစီရင်ခြင်းအားလုံးသည် ကျွန်ုပ်အား ကိုယ်တော့်ကို သိရှိစေပြီးဖြစ်သည်၊ သို့သော် ကိုယ်တော်သည် အလွန် ကြီးမြတ်တော်မူ သည့်အတွက် ကျွန်ုပ်သည် ကိုယ်တော်၏မေတ္တာကို ဖြည့်ဆည်းနိုင်စွမ်းမရှိဟုလည်း ကျွန်ုပ်ခံစားရသည်။ ကျွန်ုပ် ရှိသမျှအရာအားလုံးကို ဖန်ဆင်းရှင်ထံ မည်သို့ ဆက်အပ်နှံနိုင်မည်နည်း” ဟု ဆိုခဲ့သည်။ ယင်းသည် ပေတရု၏ တောင်းဆိုချက်ဖြစ်သည်၊ သို့သော် သူ၏ဝိညာဉ်ရင့်ကျက်မှုမှာ ချို့ငဲ့လွန်းလှသည်။ ဤအခိုက်အတန့်တွင် သူ့နှလုံးသားထဲကို ဓားဖြင့် အမွှေခံခဲ့ရသည့်အလား ခံစားရသည်။ သူ

မချိမဆံ့ဝေဒနာ ခံစားနေရသည်။ ထိုသို့သော အခြေအနေများအောက်တွင် မည်သည့်အရာ လုပ်ဆောင်ရမည်ကို သူ မသိခဲ့ပေ။ သို့တိုင် သူက “အို ဘုရားသခင်။ လူသည် ကလေးဆန်သော ဝိညာဉ်ရင့်ကျက်မှု ရှိပါ၏၊ သူ၏အသိစိတ်မှာ ချည့်နဲ့ပြီး ကျွန်ုပ် စွမ်းဆောင်ရရှိနိုင်သည့် တစ်ခုတည်းသောအရာမှာ ကိုယ်တော်၏ မေတ္တာကို ပြန်ပေးဆပ်ရန်ပင် ဖြစ်သည်။ ယနေ့တွင် ကိုယ်တော်၏ စိတ်ဆန္ဒများကို မည်ကဲ့သို့ဖြည့်ဆည်းရမည်ကို ကျွန်ုပ်မသိသကဲ့သို့၊ ကျွန်ုပ်တတ်နိုင်သမျှ လုပ်ဆောင်ရန်၊ ကျွန်ုပ်တွင် ရှိသမျှကို ပေးအပ်ရန်နှင့် ကျွန်ုပ်တွင် ရှိသမျှကို ကိုယ်တော့်ထံ ဆက်ကပ်အပ်နှံရန်သာ ကျွန်ုပ်ဆန္ဒရှိပါ၏။ ကိုယ်တော်၏ တရားစီရင်မှု မည်သို့ဖြစ်ပါစေ၊ ကိုယ်တော်၏ ပြစ်တင်ဆုံးမမှု မည်သို့ဖြစ်ပါစေ၊ ကျွန်ုပ်အပေါ် ကိုယ်တော် အပ်နှင်းသည့်အရာများ မည်သို့ဖြစ်ပါစေ၊ ကျွန်ုပ်ထံမှ ယူဆောင်သွားသောအရာများ မည်သို့ဖြစ်ပါစေ၊ ကိုယ်တော့်အပေါ် အနည်းငယ်မျှ စောဒကတက်ခြင်းမှ ကျွန်ုပ်ကို ကင်းလွတ်စေတော်မူပါ။ ကိုယ်တော် ကျွန်ုပ်ကို ကြိမ်ဖန်များစွာ ပြစ်တင်ဆုံးမပြီး တရားစီရင်သည့်အခါ၊ ကျွန်ုပ်သည် မိမိကိုယ်ကိုယ် ညည်းမိခဲ့ပြီး ဖြူစင်မှုကို စွမ်းဆောင်ရရှိနိုင်စွမ်း မရှိခဲ့ပါ သို့မဟုတ် ကိုယ်တော်၏ စိတ်ဆန္ဒများကို ဖြည့်ဆည်းနိုင်စွမ်း မရှိခဲ့ပါ။ ကိုယ်တော်၏မေတ္တာနှင့်ဆိုင်သည့် ကျွန်ုပ်၏ ပြန်လည်ပေးဆပ်မှုသည် မလုပ်မနေလုပ်ရခြင်းမှ ပေါက်ဖွားပြီး၊ ဤအခိုက်အတန့်တွင် ကျွန်ုပ်ကိုယ်ကျွန်ုပ် ပို၍ပင် မုန်းမိပါသည်” ဟု ဆက်လက် ဆုတောင်းဆဲ ဖြစ်သည်။ ဤနည်းဖြင့် ပေတရုဆုတောင်းခဲ့သည်မှာ ဘုရားသခင်ကို ပိုမိုဖြူစင်သည့်မေတ္တာဖြင့် ချစ်ခြင်းကို သူ ရှာဖွေခဲ့သောကြောင့် ဖြစ်သည်။ သူသည် ရှာဖွေနေခဲ့ပြီး တောင်းပန်တိုးလျှိုးနေခဲ့သည်၊ ထို့အပြင် သူ့ကိုယ်သူ တန်ပြန် စွပ်စွဲနေခဲ့ပြီး သူ၏အပြစ်များကို ဘုရားသခင်ထံ ဝန်ခံနေခဲ့သည်။ သူသည် ဘုရားသခင်ထံ အကြွေးတင်သကဲ့သို့ ခံစားခဲ့ရပြီး သူ့ကိုယ်သူ မုန်းတီးခဲ့သည်၊ သို့သော် သူသည် အတော်အတန် ဝမ်းနည်းခဲ့ပြီး မတုန်မလှုပ်ဖြစ်ခဲ့သည်။ သူသည် ဘုရားသခင်၏ စိတ်ဆန္ဒများအတွက် လုံလောက်အောင် မကောင်းမွန်သည့်အလား ထိုသို့ သူ အမြဲခံစားခဲ့ရပြီး၊ သူသည် အစွမ်းကုန် မလုပ်ဆောင်နိုင်ပေ။ ထိုသို့သော အခြေအနေများအောက်တွင်၊ ပေတရုသည် ယောဘ၏ ယုံကြည်မှုကို လိုက်စားဆဲဖြစ်သည်။ ယောဘက သူရှိခဲ့သည့် အရာရာတိုင်းကို ဘုရားသခင်က အပ်နှင်းထားခဲ့ခြင်း ဖြစ်ကာ၊ သူ့ထံမှ အရာရာတိုင်းကို ယူဆောင်ရန်သည် ဘုရားသခင်အတွက် ဖြစ်ရိုးဖြစ်စဉ်ဖြစ်ကြောင်း၊ ဘုရားသခင်သည် သူ ဆန္ဒရှိသည့်သူ မည်သူမဆိုကို ပေးမည်ဖြစ်ကြောင်းတို့ကို သိရှိခဲ့သည့်အတွက်၊ ယောဘ၏ ယုံကြည်ခြင်း မည်မျှကြီးမားခဲ့ပြီး ဖြစ်သည်ကို သူမြင်ခဲ့သည်- ယင်းမှာ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား ဖြစ်သည်။ ယောဘသည် စောဒကတက်ခြင်းများ

မရှိခဲ့သကဲ့သို့ ဘုရားသခင်ကို ချီးမွမ်းနိုင်ဆဲ ဖြစ်ခဲ့သည်။ ပေတရုသည်လည်း မိမိကိုယ်ကိုယ် သိခဲ့ပြီး သူ၏စိတ်နှလုံးထဲတွင်၊ "ကျွန်ုပ်၏အတွေးများသည် အလွန် ဖောက်ပြန်ပျက်စီးသောကြောင့်၊ ပြီးလျှင် ကိုယ်တော့်ကို ဖန်ဆင်းရှင်အဖြစ် ကျွန်ုပ် မြင်နိုင်စွမ်း မရှိသောကြောင့်၊ ယနေ့တွင် ကျွန်ုပ်၏အသိစိတ်ကို အသုံးပြုလျက်၊ ကိုယ်တော်၏မေတ္တာကို ပြန်ပေးဆပ်ခြင်းနှင့် ကိုယ်တော့်ထံသို့ ကျွန်ုပ်ပြန်ပေးခဲ့သည့် ချစ်ခြင်းမေတ္တာ မည်ရွေ့မည်မျှဖြင့် ကျွန်ုပ် မကျေနပ်မရောင့်ရဲသင့်ပါ။ ကျွန်ုပ်သည် ကိုယ်တော့်ကို ချစ်ရန် မသင့်တော်သေးသောကြောင့်၊ ကျွန်ုပ်တွင်ရှိသမျှ အရာများအားလုံးကို ကိုယ်တော့်ထံသို့ ဆက်ကပ်အပ်နှံနိုင်စွမ်းကို ကျွန်ုပ် ပျိုးထောင်ရမည်၊ ယင်းကို ကျွန်ုပ် လိုလိုလားလား လုပ်ဆောင်ပါမည်။ ကိုယ်တော် လုပ်ဆောင်ပြီးသည့် အရာအားလုံးကို ကျွန်ုပ်သိရမည်ဖြစ်ပြီး၊ ကျွန်ုပ်တွင် ရွေးချယ်စရာမရှိပါ၊ ပြီးလျှင် ကိုယ်တော်၏မေတ္တာကို ကျွန်ုပ် ရှုမြင်ရမည်ဖြစ်ပြီး၊ ကိုယ်တော်သည် ကျွန်ုပ်မှတစ်ဆင့် ကြီးမြတ်သော ဘုန်းအသရေကို ရရှိနိုင်ဖို့အလို့ငှာ ကိုယ်တော်၏ ချီးမွမ်းခြင်းများကို ကျွန်ုပ် ပြောနိုင်ရမည်ဖြစ်ပြီး ကိုယ်တော်၏ သန့်ရှင်းသော နာမတော်ကို ချီးမြှောက်နိုင်ရပါမည်။ ကိုယ်တော့်အဖို့ ဤသက်သေခံချက်တွင် ကျွန်ုပ်မြဲမြဲစွာ ရပ်တည်ရန် လိုလားနေပါသည်။ အို ဘုရားသခင်။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာသည် အလွန် အဖိုးတန်ပြီး လှပလွန်းလှပါ၏။ ဆိုးယုတ်သောသူတစ်ဦး၏ လက်ထဲတွင် ကျွန်ုပ် မည်သို့ အသက်ရှင်ရန် ဆန္ဒရှိနိုင်ပါမည်နည်း။ ကျွန်ုပ်ကို ကိုယ်တော် ဖန်ဆင်းခဲ့သည် မဟုတ်ပါလော။ စာတန်၏ အုပ်စိုးမှုအောက်တွင် ကျွန်ုပ် မည်သို့ အသက်ရှင်နိုင်ပါမည်နည်း။ ကျွန်ုပ်၏ ဖြစ်တည်မှု တစ်ခုလုံး ကိုယ်တော်၏ ပြစ်တင်ဆုံးမမှုအလယ် အသက်ရှင်ရန် ကျွန်ုပ်သာ၍ နှစ်သက်ပါမည်။ ကျွန်ုပ်သည် ဆိုးယုတ်သောသူ၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ရန် လိုလားခြင်းမရှိပါ။ ကျွန်ုပ်သည် ဖြူစင်စေခြင်းခံရနိုင်ကာ ကျွန်ုပ်၏အလုံးစုံကို ကိုယ်တော့်ထံ ဆက်ကပ်အပ်နှံနိုင်ပါက၊ စာတန်ကို ကျွန်ုပ်စက်ဆုပ်ပြီး သူ၏အုပ်စိုးမှု အောက်တွင် အသက်မရှင်လိုသည့်အတွက်၊ ကျွန်ုပ်သည် ကျွန်ုပ်၏ ခန္ဓာနှင့်စိတ်ကို ကိုယ်တော်၏တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုတို့အတွက် ပူဇော်ဆက်ကပ်ဖို့ ကျွန်ုပ် လိုလားနေပါ၏။ ကျွန်ုပ်ကို တရားစီရင်ခြင်းမှတစ်ဆင့်၊ ကိုယ်တော်သည် ကိုယ်တော်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ပြသပါသည်။ ကျွန်ုပ်သည် ပျော်ရွှင်ပြီး စောဒက အနည်းငယ်မျှ မရှိပါ။ သတ္တဝါတစ်ဦး၏ တာဝန်ကို ကျွန်ုပ်ထမ်းဆောင်နိုင်ပါက၊ ကျွန်ုပ်၏ ဘဝတစ်ခုလုံးတွင် ကိုယ်တော်၏ တရားစီရင်မှု အတူပါရှိရန် လိုလားပါသည်၊ ယင်းမှတစ်ဆင့် ကိုယ်တော်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ကျွန်ုပ်သိလာမည်ဖြစ်ကာ၊ ဆိုးယုတ်သောသူ၏ သြဇာလွှမ်းမိုးမှုမှ မိမိကိုယ်ကိုယ် ကျွန်ုပ်ဖယ်ရှားနိုင်ပါမည်" ဟု

ဆုတောင်းခဲ့သည်။ ပေတရုသည် ထိုသို့ အမြဲဆုတောင်းခဲ့သည်၊ ထိုသို့ အမြဲရှာဖွေခဲ့သည်၊ ပြီးလျှင် နှိုင်းယှဉ်ချက်အားဖြင့် ပြောရမည်ဆိုပါက၊ မြင့်မားသော နယ်ပယ်တစ်ခုသို့ ရောက်ရှိခဲ့သည်။ ဘုရားသခင်၏မေတ္တာကို သူ ပြန်လည်ပေးဆပ်နိုင်ခဲ့သည်သာမက၊ သာ၍အရေးကြီးသည်မှာ သတ္တဝါတစ်ဦးအဖြစ် သူ၏ တာဝန်ကိုလည်း သူ ဖြည့်ဆည်းခဲ့သည်။ သူသည် သူ၏ အသိစိတ်အားဖြင့် စွပ်စွဲမခံရရုံသာမက၊ အသိစိတ်၏ စံနှုန်းများကို ကျော်လွန်နိုင်ခဲ့သည်။ သူ၏ ဆုတောင်းချက်များသည် ဘုရားသခင်၏ ရှေ့မှောက်သို့ ဆက်လက်တက်သွားခဲ့သည်မှာ သူ၏ ပြင်းပြသော ဆန္ဒများသည် ယခင်ထက် ပိုမိုမြင့်မားပြီး၊ သူ၏ ဘုရားသခင်ကို ချစ်ခြင်းသည် ယခင်ထက် ပိုမိုကြီးမားခဲ့သည်။ သူသည် မချိမဆံ့ နာကျင်မှုကို ခံစားခဲ့ရသော်လည်း၊ ဘုရားသခင်အား ချစ်ရန် သူ မမေ့ခဲ့သေးသကဲ့သို့၊ ဘုရားသခင်၏ အလိုတော်ကို နားလည်နိုင်စွမ်းအား ရရှိရန် သူ ကြိုးစားဆဲ ဖြစ်ခဲ့သည်။ သူ၏ ဆုတောင်းချက်များတွင် သူသည် အောက်ပါစကားများကို မြွက်ဆိုခဲ့သည်- "ကျွန်ုပ်သည် ကိုယ်တော်၏မေတ္တာကို ပြန်ပေးဆပ်ခြင်းထက် မည်သည့်အရာကိုမျှ မပြီးမြောက်လေပြီ။ စာတန်၏ရှေ့တွင် ကိုယ်တော့်အတွက် ကျွန်ုပ် သက်သေခံခြင်း မရှိသေးပါ၊ စာတန်၏ စွမ်းအားမှ ကျွန်ုပ် မိမိကိုယ်ကိုယ် မလွတ်မြောက်စေသေးသကဲ့သို့၊ ဇာတိပကတိအလယ်၌ အသက်ရှင်ဆဲ ဖြစ်သည်။ စာတန်ကို အနိုင်ယူရန်၊ ၎င်းကို အရှက်ရစေရန် ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာကို အသုံးပြုရန်နှင့် ထိုသို့ဖြင့် ကိုယ်တော်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းရန် ကျွန်ုပ်ဆန္ဒရှိပါသည်။ စာတန်သည် ကိုယ်တော်၏ ရန်သူ ဖြစ်သည့်အတွက်၊ စာတန်ထံ မိမိကိုယ်ကိုယ် အနည်းငယ်မျှ မပေးဖို့၊ ကိုယ်တော့်ထံ ကျွန်ုပ်၏ အလုံးစုံကို ပေးအပ်ရန် ကျွန်ုပ်ဆန္ဒရှိပါသည်။" ဤလမ်းကြောင်းတွင် သူပိုမိုရှာဖွေခဲ့လေလေ၊ သူပိုမို တို့ထိခံခဲ့ရလေဖြစ်ပြီး၊ ဤကိစ္စများနှင့်ဆိုင်သည့် သူ၏ အသိပညာ သာ၍ မြင့်မားလေလေ ဖြစ်သည်။ ယင်းကို နားမလည်လိုက်ဘဲနှင့်၊ သူသည် မိမိကိုယ်ကိုယ် စာတန်၏စွမ်းအားမှ လွတ်မြောက်စေသင့်ပြီး၊ ဘုရားသခင်ထံ မိမိကိုယ်ကိုယ် လုံးဝ ပြန်သွားသင့်သည်ကို သူသိလာခဲ့သည်။ ယင်းမှာ သူ ကြိုးပမ်းရရှိခဲ့သော နယ်ပယ်ဖြစ်သည်။ သူသည် စာတန်၏စွမ်းအားကို ကျော်လွန်ခဲ့ပြီး၊ ဇာတိပကတိ၏ သာယာမှုများနှင့် ပျော်ရွှင်မှုများမှ မိမိကိုယ်ကိုယ် ဖယ်ရှားခဲ့ကာ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း နှစ်ခုလုံးကို သာ၍ နက်နဲစွာ တွေ့ကြုံရန် လိုလားနေခဲ့သည်။ သူက၊ "ကျွန်ုပ်သည် ကိုယ်တော်၏ ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်မှု အလယ်၌ အသက်ရှင်ရသော်လည်း၊ ဖြစ်ပေါ်စေသော အခက်အခဲများကို ပဓာနမထားဘဲ၊ စာတန်၏ အုပ်စိုးမှုအောက်တွင် ကျွန်ုပ် အသက်ရှင်ရန် လိုလားခြင်း မရှိသေး၊ စာတန်၏လှည့်စားမှုကို ခံစားရန် ကျွန်ုပ် လိုလားခြင်းမရှိသေးပါ။

ကိုယ်တော်၏ ကျိန်ခြင်းများအလယ် အသက်ရှင်ခြင်းမှ ဝမ်းမြောက်မှုကို ကျွန်ုပ် ရယူပြီး
စာတန်၏ ကောင်းချီးများ အကြားတွင် အသက်ရှင်ခြင်းက ကျွန်ုပ်ကို နာကျင်စေပါသည်။
ကိုယ်တော်၏ တရားစီရင်ခြင်း အလယ်၌ အသက်ရှင်ခြင်းအားဖြင့် ကိုယ်တော့်ကို
ကျွန်ုပ်ချစ်ပြီး၊ ဤအရာက ကျွန်ုပ်ကို ကြီးမားသော ဝမ်းမြောက်ခြင်း ဆောင်ကြဉ်း ပေးပါသည်။
ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းသည် ဖြောင့်မတ်ပြီး သန့်ရှင်းသည်။
ယင်းသည် ကျွန်ုပ်ကို သန့်ရှင်းစေဖို့နှင့် ထို့ထက်ပို၍ပင် ကျွန်ုပ်ကို ကယ်တင်ရန်အလို့ငှာ
ဖြစ်သည်။ ကိုယ်တော်၏ စောင့်ရှောက်မှု အောက်တွင် ကျွန်ုပ်ရှိနိုင်ဖို့အလို့ငှာ၊ ကိုယ်တော်၏
တရားစီရင်မှု အလယ်၌ ကျွန်ုပ်၏ ဘဝတစ်ခုလုံး ကုန်ဆုံးသွားရန် ကျွန်ုပ်သာ၍
နှစ်သက်ပါသည်။ စာတန်၏ အုပ်စိုးမှုအောက်တွင် တစ်ခဏလေးမျှ ကျွန်ုပ် အသက်ရှင်ရန်
လိုလားခြင်းမရှိပါ။ ကိုယ်တော်၏ သန့်စင်စေခြင်းကို ကျွန်ုပ်ခံရန် ဆန္ဒရှိပါ၏။ အခက်အခဲကို
ခံစားရလျှင်ပင်၊ စာတန်၏ အသုံးချမှုနှင့် လှည့်စားမှုကို ခံရန် ကျွန်ုပ် လိုလားခြင်းမရှိပါ။
ဤသတ္တဝါဖြစ်သော ကျွန်ုပ်အား ကိုယ်တော် အသုံးပြုသင့်ပါသည်၊ ကိုယ်တော်
ပိုင်ဆိုင်သင့်ပါသည်၊ ကိုယ်တော် တရားစီရင်သင့်ပြီး၊ ပြစ်တင်ဆုံးမသင့်ပါသည်။ ကျွန်ုပ်သည်
ကိုယ်တော်၏ ကျိန်ခြင်းကိုပင် ခံသင့်ပါသည်။ ကိုယ်တော်၏မေတ္တာကို
ကျွန်ုပ်မြင်ရပြီးဖြစ်သည့်အတွက်၊ ကျွန်ုပ်အား ကိုယ်တော် ကောင်းချီး ပေးရန်
လိုလားသည့်အခါ၊ ကျွန်ုပ်၏ စိတ်နှလုံးသည် ဝမ်းမြောက်ပါ၏။ ကိုယ်တော်သည်
ဖန်ဆင်းရှင်ဖြစ်ပြီး ကျွန်ုပ်သည် ဖန်ဆင်းခံ သတ္တဝါတစ်ဦး ဖြစ်သည်။ ကျွန်ုပ်သည်
ကိုယ်တော်ကို သစ္စာဖောက်ပြီး စာတန်၏အုပ်စိုးမှုအောက်တွင် အသက်မရှင်သင့်သကဲ့သို့
စာတန်၏ အသုံးချခြင်းကို မခံသင့်ပါ။ ကျွန်ုပ်သည် စာတန်အတွက် အသက်ရှင်မည့်အစား
ကိုယ်တော်၏မြင်း၊ သို့မဟုတ် နွားဖြစ်သင့်ပါသည်။ ကျွန်ုပ်သည် ရုပ်ပိုင်းဆိုင်ရာသုခများ မရှိဘဲ
ကိုယ်တော်၏ ပြစ်တင်ဆုံးမမှု အလယ်၌သာ အသက်ရှင်ပါမည်၊ အကယ်၍ ကျွန်ုပ်သည်
ကိုယ်တော်၏ ကျေးဇူးတော်ကို ကျွန်ုပ်ဆုံးရှုံးရလျှင်ပင် ဤအရာက ကျွန်ုပ်အား ပျော်ရွှင်မှုကို
ဆောင်ကြဉ်းပေးပါလိမ့်မည်။ ကိုယ်တော်၏ ကျေးဇူးတော်သည် ကျွန်ုပ်နှင့်အတူမရှိသော်လည်း၊
ကိုယ်တော်အားဖြင့် ပြစ်တင်ဆုံးမခံရခြင်းနှင့် တရားစီရင် ခံရခြင်းတို့ကို ကျွန်ုပ်ပျော်မွေ့ပါသည်။
ဤသည်မှာ ကိုယ်တော်၏ အကောင်းဆုံးသော ကောင်းချီးမင်္ဂလာ၊ ကိုယ်တော်၏
အကြီးမားဆုံးသော ကျေးဇူးတော်ဖြစ်သည်။ ကိုယ်တော်သည် အမြဲ ဘုန်းအာနုဘော်ရှိပြီး၊
ကျွန်ုပ်အပေါ် အမျက်ဒေါသ ရှိသော်လည်း၊ ကျွန်ုပ်သည် ကိုယ်တော့်ကို စွန့်ခွာနိုင်စွမ်း
မရှိသေးသကဲ့သို့ ကိုယ်တော်ကို လုံလောက်စွာ မချစ်နိုင်သေးပါ။ ကိုယ်တော်၏ အိမ်တော်တွင်
ကျွန်ုပ်အသက်ရှင်ရန် သာ၍ နှစ်သက်ပါမည်၊ ကိုယ်တော်အားဖြင့် ကျိန်ခြင်းခံရဖို့၊

ပြစ်တင်ဆုံးမခြင်းခံရကာ၊ ရိုက်နှက်ခြင်းခံရဖို့ ကျွန်ုပ်သာ၍ နှစ်သက်ပြီး၊ စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ရန် လိုလားခြင်း မရှိသကဲ့သို့ ဇာတိပကတိအတွက် အသက်ရှင်ဖို့ မဆိုထားနှင့် ဇာတိပကတိအတွက်သာ ပြေးလွှားကာ မိမိကိုယ်ကိုယ် အလုပ်များစေရန် ကျွန်ုပ် လိုလားခြင်း မရှိပါ" ဟု ပြောခဲ့သည်။ ပေတရု၏ မေတ္တာသည် စင်ကြယ်သော မေတ္တာတစ်ခု ဖြစ်သည်။ ဤသည်မှာ စုံလင်စေခြင်းခံရခြင်းနှင့်ဆိုင်သော အတွေ့အကြုံဖြစ်ပြီး စုံလင်စေခြင်းခံရခြင်း၏ အမြင့်မားဆုံး နယ်ပယ်ဖြစ်သည်။ သာ၍ အဓိပ္ပာယ်ရှိသော အသက်တာ မရှိပေ။ သူသည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို လက်ခံခဲ့သည်၊ သူသည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို တန်ဖိုးထားခဲ့ပြီး ပေတရုနှင့်ပတ်သက်၍ မည်သည့်အရာကမျှ သာ၍ အဖိုးထိုက်တန်ခြင်း မရှိခဲ့ပေ။ သူက၊ "စာတန်သည် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပျော်ရွှင်မှုများကို ကျွန်ုပ်အား ပေးသော်လည်း ယင်းတို့ကို ကျွန်ုပ် တန်ဖိုးမထားပါ။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းသည် ကျွန်ုပ်ပေါ်သို့ ကျရောက်လာသည်- ဤတွင် ကျွန်ုပ်သည် ကျေးဇူးပြုခြင်းခံရသည်၊ ဤတွင် ကျွန်ုပ်သည် ပျော်ရွှင်မှုကို ရှာတွေ့ရှိသကဲ့သို့၊ ဤတွင် ကျွန်ုပ်သည် ကောင်းချီးခံစားရပေသည်။ ဘုရားသခင်၏ တရားစီရင်ခြင်းကြောင့်သာ မဟုတ်ခဲ့ပါက၊ ကျွန်ုပ်သည် ဘုရားသခင်အား မည်သည့်အခါမျှ ချစ်မည် မဟုတ်၊ ကျွန်ုပ်သည် စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ဆဲ ဖြစ်ပေမည်၊ ၎င်း၏ထိန်းချုပ်ခြင်းနှင့် ကွပ်ကဲခြင်းကို ခံရဆဲ ဖြစ်ပေမည်။ ထိုသို့ဖြစ်ခဲ့ပါက ကျွန်ုပ်သည် ဘုရားသခင်အား စိတ်ကျေနပ်စေနိုင်စွမ်း ရှိမည် မဟုတ်သည့်အတွက်၊ မည်သည့်အခါတွင်မျှ စစ်မှန်သည့် လူသားတစ်ဦး ဖြစ်လာမည် မဟုတ်သကဲ့သို့၊ ကျွန်ုပ်၏ အလုံးစုံကို ဘုရားသခင်ထံ ဆက်ကပ်ပြီးလေမည် မဟုတ်ပေ။ ကျွန်ုပ်၏အထဲတွင် မီးလောင်ကျွမ်းနေသည့်အလား၊ အထဲ၌ နှစ်သိမ့်မှုမရှိဘဲနှင့် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့မရှိဘဲ ကျွန်ုပ်ကို ချန်ရစ်ရင်း၊ ဘုရားသခင်သည် ကျွန်ုပ်ကို ကောင်းချီးမပေးသော်လည်း၊ ပြီးလျှင် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းတို့က ကျွန်ုပ်ထံမှ လုံးဝ မခွဲခွာသော်လည်း၊ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတွင် ကိုယ်တော်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ကျွန်ုပ်ရှုမြင်နိုင်ပါသည်။ ဤအရာတွင် ကျွန်ုပ် ပျော်ရွှင်ဝမ်းမြောက်ပါသည်။ အသက်တာတွင် ထို့ထက် ပို၍ တန်ဖိုးရှိသောအရာ သို့မဟုတ် ပို၍ အဓိပ္ပာယ်ရှိသောအရာ မရှိပါ။ ကိုယ်တော်၏ ကွယ်ကာမှုနှင့် စောင့်ရှောက်မှုတို့သည် ရက်စက်သော ပြစ်တင်ဆုံးမမှု၊ တရားစီရင်မှု၊ ကျိန်ခြင်းများနှင့် ရိုက်နှက်ခြင်းတို့ ဖြစ်လာပြီးဖြစ်သော်လည်း၊ ယင်းတို့သည် ကျွန်ုပ်အား သာ၍သန့်ရှင်းစေကာ၊ ကျွန်ုပ်ကို ပြောင်းလဲပေးနိုင်သည့်အတွက်၊ ကျွန်ုပ်ကို ဘုရားသခင်နှင့် ပိုမို

နီးစေနိုင်သည့်အတွက်၊ ကျွန်ုပ်ကို ဘုရားသခင်အား ပိုမိုချစ်စေနိုင်ပြီး၊ ကျွန်ုပ်၏ ဘုရားသခင်ကိုချစ်ခြင်းအား ပိုမိုဖြူစင်စေနိုင်သည့်အတွက်၊ ဤအရာများတွင် ကျွန်ုပ် မွေ့လျော်ဆဲဖြစ်သည်။ ဤအရာက သတ္တဝါ တစ်ဦးအဖြစ် ကျွန်ုပ်၏တာဝန်ကို ကျွန်ုပ်အား ဖြည့်ဆည်းစေနိုင်ပြီး၊ ကျွန်ုပ်အနေဖြင့် စာတန်ကို အစေမခံတော့ဖို့အလို့ငှာ၊ ဘုရားသခင်၏ ရှေ့မှောက်သို့ ကျွန်ုပ်အား ဆောင်ယူကာ စာတန်၏ စွမ်းအားမှ ကင်းဝေးစေသည်။ စာတန်၏ အုပ်စိုးမှု အောက်တွင် ကျွန်ုပ် အသက်မရှင်သကဲ့သို့ မည်သည့်အရာကိုမျှ ချုပ်တည်းထားခြင်းမရှိဘဲ ကျွန်ုပ်၌ရှိသမျှ အရာရာတိုင်းနှင့် ကျွန်ုပ်လုပ်နိုင်သမျှ အရာအားလုံးတို့ကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံနိုင်သည့် အချိန်- ယင်းသည် ကျွန်ုပ် အပြည့်အဝ စိတ်ကျေနပ်သည့် အချိန် ဖြစ်လိမ့်မည်။ ကျွန်ုပ်ကို ကယ်တင်ပြီးဖြစ်သည်မှာ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းဖြစ်ပြီး ကျွန်ုပ်၏ အသက်တာသည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့မှ ခွဲခြား၍ မရနိုင်ပါ။ ကမ္ဘာပေါ် ရှိ ကျွန်ုပ်၏ အသက်တာသည် စာတန်၏ အုပ်စိုးမှု အောက်တွင်ရှိပြီး ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း၏ စောင့်ရှောက်မှုနှင့် ကွယ်ကာမှုတို့ကြောင့်သာ မဟုတ်ခဲ့ပါက၊ ကျွန်ုပ်သည် စာတန်၏ အုပ်စိုးမှုအောက်တွင် အမြဲ အသက်ရှင်သွားရမည်ဖြစ်သည့်အပြင်၊ အဓိပ္ပာယ်ရှိသော အသက်တာကို အသက်ရှင်နေထိုင်ဖို့ အခွင့်အရေး သို့မဟုတ် နည်းလမ်းများ ရှိပြီးဖြစ်မည် မဟုတ်ပေ။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့က ကျွန်ုပ်ကို မည်သည့်အခါတွင်မျှ မစွန့်ခွာမှသာ ကျွန်ုပ်သည် ဘုရားသခင်အားဖြင့် သန့်ရှင်းစေခြင်း ခံရနိုင်ပေလိမ့်မည်။ ကြမ်းတမ်းသော စကားများနှင့် ဖြောင့်မတ်သော ဘုရားသခင်၏ စိတ်သဘောထား၊ ပြီးလျှင် ဘုရားသခင်၏ ဘုန်းအာနုဘော်ရှိသော တရားစီရင်ခြင်းတို့ဖြင့်သာ ကျွန်ုပ်သည် အထွတ်အထိပ် ကွယ်ကာမှု ရရှိပြီးဖြစ်ကာ အလင်းတွင် အသက်ရှင်လာရပြီးဖြစ်သကဲ့သို့ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ရရှိပြီးဖြစ်သည်။ သန့်ရှင်းစေခြင်းခံရဖို့နှင့်၊ ကျွန်ုပ်ကိုယ်ကျွန်ုပ် စာတန်ထံမှ လွတ်မြောက်စေကာ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ဖို့- ဤသည်မှာ ယနေ့တွင် ကျွန်ုပ်၏အသက်တာ၌ အကြီးမားဆုံးသော ကောင်းချီး မင်္ဂလာဖြစ်ပါသည်” ဟူ၍ ပြောခဲ့သည်။ ဤသည်မှာ ပေတရု တွေ့ကြုံခဲ့သည့် အမြင့်ဆုံးသော နယ်ပယ်ဖြစ်သည်။

ယင်းမှာ စုံလင်စေခြင်းခံရပြီးသည့်နောက် လူသားက ကြိုးပမ်းရရှိရမည့် အခြေအနေ အတိအကျဖြစ်သည်။ သင်သည် ဤမျှ စွမ်းဆောင်မရရှိနိုင်ပါက၊ အဓိပ္ပာယ်ရှိသော အသက်တာကို သင် အသက်မရှင်နိုင်ပေ။ လူသားသည် ဇာတိပကတိအလယ်တွင်

အသက်ရှင်သည်၊ ယင်းမှာ သူသည် လူ့ငရဲတွင် အသက်ရှင်ပြီး၊ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ မရှိဘဲ၊ လူသားသည် စာတန်လောက် ညစ်ညမ်းပေသည်။ လူသားသည် မည်သို့သန့်ရှင်းနိုင်မည်နည်း။ ပေတရုက ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့မှာ လူသား၏ အကောင်းဆုံးသော ကွယ်ကာမှုနှင့် အကြီးမားဆုံးသော ကျေးဇူးတော် ဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့မှတစ်ဆင့်သာ၊ လူသားသည် နိုးထနိုင်ပြီး ဇာတိပကတိကို မုန်းနိုင်မည်၊ စာတန်ကို မုန်းနိုင်မည်။ ဘုရားသခင်၏ တင်းကျပ်သော ဆုံးမပဲ့ပြင်ခြင်းသည် စာတန်၏ စွမ်းအားမှ လူသားကို လွတ်မြောက်စေသည်၊ သူ၏ ကိုယ်ပိုင် ကမ္ဘာငယ်လေးထဲမှ သူ့ကို လွတ်မြောက်စေပြီး၊ ဘုရားသခင်၏ မျက်မှောက် အလင်းတွင် သူ့ကို အသက်ရှင်ခွင့်ပေးသည်။ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ထက် သာလွန်ကောင်းမွန်သော ကယ်တင်ခြင်း မရှိပေ။ ပေတရုက၊ "အို ဘုရားသခင်။ ကိုယ်တော် ကျွန်ုပ်အား ပြစ်တင်ဆုံးမကာ တရားစီရင်သရွေ့ ကိုယ်တော်သည် ကျွန်ုပ်ကို ပစ်ခွာမသွားသေးသည်ကို ကျွန်ုပ်သိပါလိမ့်မည်။ ကိုယ်တော်သည် ကျွန်ုပ်အား ဝမ်းမြောက်ခြင်း သို့မဟုတ် ငြိမ်သက်ခြင်းကို မပေးသကဲ့သို့၊ ဒုက္ခဆင်းရဲထဲတွင် ကျွန်ုပ်ကို အသက်ရှင်စေကာ ကျွန်ုပ်အပေါ် မရေမတွက်နိုင်သည့် ဆုံးမခြင်းများ ပေးလျှင်ပင်၊ ကျွန်ုပ်အား ကိုယ်တော် မစွန့်ခွာသမျှကာလပတ်လုံး၊ ကျွန်ုပ်၏ စိတ်နှလုံး ငြိမ်းအေးနေပါလိမ့်မည်။ ယနေ့တွင်၊ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် ကျွန်ုပ်၏ အကောင်းဆုံးသော ကွယ်ကာမှုနှင့် အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာ ဖြစ်လာပေပြီ။ ကျွန်ုပ်အား ကိုယ်တော်ပေးသော ကျေးဇူးတော်သည် ကျွန်ုပ်ကို ကာကွယ်ပါသည်။ ယနေ့ ကျွန်ုပ်အပေါ် ကိုယ်တော် အပ်နှင်းသော ကျေးဇူးတော်သည် ကိုယ်တော်၏ ဖြောင့်မတ်သော စိတ်သဘောထား၏ သရုပ်သကန်တစ်ခု ဖြစ်ပြီး၊ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း ဖြစ်သည်။ ထို့အပြင် ယင်းသည် စမ်းသပ်မှုတစ်ခုဖြစ်ပြီး၊ ထိုထက်ပို၍ ဒုက္ခဆင်းရဲခံရသော အသက်တာတစ်ခု ဖြစ်ပါသည်" ဟူ၍ ဆုတောင်းခဲ့သည်။ ပေတရုသည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့မှ ကျေးဇူးတော်များစွာကို ရရှိခဲ့ပြီး ဖြစ်သောကြောင့်၊ သူသည် ဇာတိပကတိ၏ သာယာမှုများကို ဘေးဖယ်ထားနိုင်ခဲ့ပြီး ပိုမိုနက်ရှိုင်းသော မေတ္တာနှင့် ပိုမိုကြီးမားသော ကွယ်ကာမှုကို ရှာဖွေနိုင်ခဲ့သည်။ သူ့အသက်တာတွင် လူသားသည် သန့်ရှင်းစေခြင်းခံရရန်နှင့် သူ၏ စိတ်သဘောထား၌ ပြောင်းလဲမှုများ စွမ်းဆောင်ရရှိရန် ဆန္ဒရှိပါက၊ သူသည် အဓိပ္ပာယ်ရှိသော အသက်တာကို အသက်ရှင်ရန် ဆန္ဒရှိပြီး၊ ဖန်ဆင်းခံတစ်ဦးအနေဖြင့် သူ၏တာဝန်ကို ဖြည့်ဆည်းရန် ဆန္ဒရှိပါက၊ သူသည် စာတန်၏

ကြိုးကိုင်ခြယ်လှယ်ခြင်းနှင့် စွမ်းအားတို့မှ မိမိကိုယ်ကိုယ် လွတ်မြောက်စေပြီး ဘုရားသခင်၏ အလင်းတွင် အသက်ရှင်နိုင်ဖို့အလို့ငှာ၊ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို လက်ခံရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်းနှင့် ဘုရားသခင်၏ ရိုက်နှက်ခြင်းများအား သူ့ထံမှ ခွဲခွာခွင့်မပေးရပေ။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် အလင်းဖြစ်ပြီး၊ လူသား၏ ကယ်တင်ခြင်းအလင်းဖြစ်ကာ၊ လူသားအတွက် ထို့ထက်သာ၍ ကောင်းမွန်သော ကောင်းချီးမင်္ဂလာ၊ ကျေးဇူးတော် သို့မဟုတ် ကွယ်ကာမှုမရှိသည်ကို သိလော့။ လူသားသည် စာတန်၏ စွမ်းအားအောက်တွင် အသက်ရှင်ပြီး ဇာတိပကတိ၌ တည်ရှိသည်။ အကယ်၍ သူသည် သန့်ရှင်းစေခြင်းမခံရသကဲ့သို့ ဘုရားသခင်၏ ကွယ်ကာမှုကို မရရှိပါက၊ လူသားသည် ယခင်ထက် ပို၍ အကျင့်ပျက်လာပေလိမ့်မည်။ ဘုရားသခင်ကို ချစ်ရန် သူ ဆန္ဒရှိပါက၊ သူသည် သန့်ရှင်းစေခြင်းခံရမည်ဖြစ်ပြီး ကယ်တင်ခြင်းကို ခံရမည်။ ပေတရုက၊ “ဘုရားသခင်၊ ကိုယ်တော် ကျွန်ုပ်အား ကြင်နာစွာ ဆက်ဆံသည့်အခါ၊ ကျွန်ုပ် ဝမ်းမြောက်ပြီး နှစ်သိမ့်မှုကို ခံစားရသည်။ ကိုယ်တော် ကျွန်ုပ်အား ပြစ်တင်ဆုံးမသည့်အခါ၊ ကျွန်ုပ်သည် ပို၍ပင် ကြီးမားသော နှစ်သိမ့်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကို ခံစားရပါသည်။ ကျွန်ုပ်သည် အားနည်းပြီး ဖော်မပြနိုင်လောက်အောင်များသော ဒုက္ခဆင်းရဲကို ကြံ့ကြံ့ခံရသော်လည်း၊ မျက်ရည်များနှင့် ဝမ်းနည်းမှုများ ရှိသော်လည်း၊ ဤဝမ်းနည်းမှုမှာ ကျွန်ုပ်၏ မနာခံမှုကြောင့်ဖြစ်ကာ၊ ကျွန်ုပ်၏ အားနည်းချက်ကြောင့် ဖြစ်ကြောင်း ကိုယ်တော်သိပါ၏။ ကိုယ်တော်၏ စိတ်ဆန္ဒများကို ကျွန်ုပ် မဖြည့်ဆည်းနိုင်သောကြောင့် ကျွန်ုပ်ငိုကြွေးပါ၏။ ကိုယ်တော်၏ သတ်မှတ်ချက်များအတွက် ကျွန်ုပ်သည် မပြည့်စုံ မလုံလောက်သောကြောင့်၊ ကျွန်ုပ်ဝမ်းနည်းပြီး စိတ်ထိခိုက်ပါ၏၊ သို့သော် ဤနယ်ပယ်ကို ကျွန်ုပ် ကြိုးပမ်းရရှိရန် လိုလားနေပါသည်၊ ကိုယ်တော်ကို စိတ်ကျေနပ်စေရန် ကျွန်ုပ်တတ်စွမ်းသမျှ အားလုံးကို လုပ်ဆောင်ရန် ကျွန်ုပ် လိုလားနေပါသည်။ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းသည် ကျွန်ုပ်အား ကွယ်ကာမှုကို ဆောင်ကြဉ်းပေးပြီးဖြစ်သကဲ့သို့ အကောင်းဆုံးသော ကယ်တင်ခြင်းကို ကျွန်ုပ်အား ပေးလေပြီ။ ကိုယ်တော်၏ တရားစီရင်ခြင်းက ကိုယ်တော်၏ သည်းခံခြင်းနှင့် စိတ်ရှည်ခြင်းတို့ကို မှေးမှိန်သွားစေသည်။ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ မရှိဘဲ၊ ကိုယ်တော်၏ သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်တို့ကို ကျွန်ုပ် မွေ့လျော်ခံစားနိုင်မည် မဟုတ်ပါ။ ယနေ့တွင်၊ ကိုယ်တော်၏ ချစ်ခြင်းသည် ကောင်းကင်တို့ကို ကျော်လွန်ပြီး အခြားအရာအားလုံးအထက်တွင် သာလွန်ထူးကဲ သည်ကို ကျွန်ုပ် သာ၍ပင် မြင်ရပါသည်။ ကိုယ်တော်၏ ချစ်ခြင်းသည် သနားကရုဏာနှင့် မေတ္တာကျေးဇူးတော်သာ မဟုတ်ပါ။

ထို့ထက်ပို၍ပင် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း ဖြစ်ပါသည်။ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် ကျွန်ုပ်ကို အလွန်များစွာ ပေးပြီးဖြစ်သည်။ ကိုယ်တော်၏ ပြစ်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ မရှိဘဲနှင့်၊ လူတစ်ဦးတစ်ယောက်မျှ သန့်စင်ခံရမည် မဟုတ်သကဲ့သို့ လူတစ်ဦးတစ်ယောက်မျှ ဖန်ဆင်းရှင်၏ မေတ္တာကို တွေ့ကြုံခံစားနိုင်မည် မဟုတ်ပါ။ ကျွန်ုပ်သည် ရာနှင့်ချီသော စမ်းသပ်မှုများနှင့် အတိဒုက္ခများကို ကြုံကြုံခံရပြီးဖြစ်ကာ သေလုနီးနီးပင်ဖြစ်ပြီးသော်လည်း၊ ယင်းတို့က ကျွန်ုပ်အား ကိုယ်တော်ကို အမှန်တကယ် သိရှိဖို့နှင့် အထွတ်အထိပ် ကယ်တင်ခြင်းကို ရရှိရန် ကျွန်ုပ်အား အခွင့်ပေးလေပြီ။ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်း၊ တရားစီရင်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းတို့သည် ကျွန်ုပ်ထံမှ ဖယ်ခွာသွားခဲ့မည်ဆိုလျှင်၊ ကျွန်ုပ်သည် အမှောင်တွင် စာတန်၏ အုပ်စိုးမှုအောက်၌ အသက်ရှင်ရပါမည်။ လူသား၏ ဇာတိပကတိသည် မည်သည့်အကျိုးကျေးဇူးများ ရှိသနည်း။ အကယ်၍ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် ကျွန်ုပ်ကို စွန့်ခွာခဲ့မည်ဆိုပါက၊ ယင်းမှာ ကိုယ်တော်၏ ဝိညာဉ်တော်က ကျွန်ုပ်အား စွန့်ခွာခဲ့ပြီး ဖြစ်သည့်အလား၊ ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူ မရှိတော့သည့်အလား ဖြစ်ပါမည်။ ထိုသို့ဖြစ်ခဲ့ပါက ကျွန်ုပ် မည်သို့ ဆက်လက် အသက်ရှင်နိုင်မည်နည်း။ ကိုယ်တော်သည် ကျွန်ုပ်အား နာမကျန်းမှုကို ပေးပြီး၊ ကျွန်ုပ်၏ လွတ်လပ်မှုကို ယူဆောင်ပါက၊ ကျွန်ုပ်သည် ဆက်လက် ရှင်သန်နိုင်သော်လည်း၊ ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် ကျွန်ုပ်ကို အစဉ်စွန့်ခွာပါက၊ ကျွန်ုပ် ဆက်လက် အသက်ရှင်နိုင်မည်မဟုတ်ပါ။ အကယ်၍ ကျွန်ုပ်သည် ကိုယ်တော်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ မရှိခဲ့ပါက၊ ကျွန်ုပ်အတွက် စကားလုံးတို့ဖြင့် ဖော်ပြခြင်းငှာ မစွမ်းသာသည့် အလွန်နက်ရှိုင်းလွန်းသော မေတ္တာဖြစ်သည့် ကိုယ်တော်၏ မေတ္တာကို ကျွန်ုပ် ဆုံးရှုံးရပြီး ဖြစ်ပါမည်။ ကိုယ်တော်၏ မေတ္တာမရှိဘဲနှင့်၊ စာတန်၏ အုပ်စိုးမှုအောက်တွင် ကျွန်ုပ် အသက်ရှင်မည် ဖြစ်ပြီး၊ ကိုယ်တော်၏ ဘုန်းအသရေရှိသော မျက်နှာတော်ကို မြင်တွေ့နိုင်မည် မဟုတ်ပါ။ ကျွန်ုပ်သည် မည်သို့ ဆက်လက် အသက်ရှင်နိုင်မည်နည်း။ ထိုသို့သော အမှောင်၊ ထိုသို့သော ဘဝကို ကျွန်ုပ်မည်သို့ ကြံ့ကြံ့ခံနိုင်မည်နည်း။ ကိုယ်တော် ကျွန်ုပ်နှင့်အတူ ရှိခြင်းသည် ကိုယ်တော်ကို မြင်နေရသကဲ့သို့ ဖြစ်သည်၊ ထို့ကြောင့် ကိုယ်တော်ကို ကျွန်ုပ် မည်သို့ စွန့်ခွာနိုင်မည်နည်း။ စိတ်ချစေရန် အားပေးစကား အနည်းငယ်သာ ဖြစ်လျှင်ပင်၊ ကျွန်ုပ်၏ အကြီးမားဆုံးသော နှစ်သိမ့်မှုကို ကျွန်ုပ်ထံမှ ယူဆောင်မသွားရန် ကိုယ်တော်ကို ကျွန်ုပ် အနူးအညွတ် ပန်ကြားပါ၏၊ ကိုယ်တော့်ကို ကျွန်ုပ် တောင်းခံပါ၏။ ကျွန်ုပ်သည် ကိုယ်တော်၏ မေတ္တာကို မွေ့လျော်ပြီးဖြစ်ကာ၊ ယနေ့တွင် ကိုယ်တော့်ထံပါးမှ ကျွန်ုပ် ဝေးကွာ၍

မရနိုင်ပါ။ ကိုယ်တော့်ကို ကျွန်ုပ် မည်သို့မချစ်ဘဲ နေနိုင်ပါမည်နည်း။ ကိုယ်တော်၏ မေတ္တာကြောင့်၊ ကျွန်ုပ်သည် ဝမ်းနည်းမျက်ရည်များစွာ ကျရပြီးဖြစ်သော်လည်း၊ ဤသို့သော အသက်တာသည် ပို၍ အဓိပ္ပာယ်ရှိသည်၊ ကျွန်ုပ်ကို သာ၍ ကြွယ်ဝစေနိုင်သည်၊ ကျွန်ုပ်ကို သာ၍ ပြောင်းလဲစေနိုင်ပြီး၊ သတ္တဝါများက ပိုင်ဆိုင်သင့်သည့် သမ္မာတရားကို ကြိုးပမ်းရရှိဖို့ ကျွန်ုပ်ကို သာ၍ အခွင့်ပေးနိုင်သည်ဟု ကျွန်ုပ်အမြဲခံစားရပါ၏” ဟူ၍ ဆုတောင်းခဲ့သည်။

လူ၏အသက်တာ တစ်ခုလုံးသည် စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ကာ မိမိဘာသာ စာတန်၏ စွမ်းအားမှ မိမိတို့ကိုယ်ကိုယ် လွတ်မြောက်စေနိုင်သည့် လူ တစ်ဦးမျှမရှိပေ။ အားလုံးသည် အဓိပ္ပာယ် သို့မဟုတ် တန်ဖိုးအနည်းငယ်မျှ မရှိဘဲ၊ ဖောက်ပြန်ပျက်စီးခြင်းနှင့် အနှစ်မဲ့ခြင်းထဲတွင်၊ ညစ်ညူးသော လောကတစ်ခု၌ အသက်ရှင်ကြသည်။ ၎င်းတို့သည် ဇာတိပကတိအတွက်၊ တပ်မက်ခြင်းအတွက်နှင့် စာတန်အတွက် ထိုသို့သော ပူပင်ကြောင့်ကြမဲ့သည့် ဘဝများကို အသက်ရှင်ကြသည်။ ၎င်းတို့၏ တည်ရှိမှုတွင် တန်ဖိုးအနည်းငယ်မျှ မရှိ။ လူသည် သူ့ကို စာတန်၏ စွမ်းအားမှ လွတ်မြောက်စေမည့် သမ္မာတရားကို ရှာတွေ့နိုင်စွမ်း မရှိပေ။ လူသည် ဘုရားသခင်ကို ယုံကြည်ပြီး သမ္မာကျမ်းစာကို ဖတ်ရှုသော်လည်း၊ စာတန်၏ စွမ်းအား ထိန်းချုပ်မှုမှ မိမိကိုယ်ကိုယ် မည်သို့ လွတ်မြောက်စေရမည်ကို သူ နားမလည်ပေ။ ခေတ်ကာလများတစ်လျှောက်တွင်၊ အလွန်နည်းပါးသော လူတို့သာ ဤလျှို့ဝှက်ချက်ကို ရှာဖွေတွေ့ရှိကြပြီးဖြစ်သည်၊ အလွန်နည်းပါးသော သူတို့က ယင်းကို သဘောပေါက်ကြပြီး ဖြစ်သည်။ ထိုသို့ဖြင့် လူက စာတန်ကို မုန်းတီးစက်ဆုပ်ပြီး ဇာတိပကတိကို စက်ဆုပ်သော်လည်း၊ စာတန်၏ စွမ်းအားဖြင့် မိနေခြင်းမှ မိမိကိုယ်ကိုယ် မည်သို့ဖယ်ရှားရမည်ကို မသိပေ။ ယနေ့တွင် သင်တို့သည် စာတန်၏ အုပ်စိုးမှုအောက်တွင် ရှိနေသေးသည် မဟုတ်လော။ သင်သည် ဆိုးညစ်ပြီး မနာခံသည်ကို ခံစားသိရှိရန် မဆိုထားနှင့် သင်၏ မနာခံတတ်သော အပြုအမူများကိုပင် နောင်တမရကြပေ။ ဘုရားသခင်အား ဆန့်ကျင်ပြီးနောက် သင်သည် စိတ်ငြိမ်သက်မှုပင် ရှိကြပြီး ကြီးမားသော တည်ငြိမ်အေးချမ်းမှုကို ခံစားကြရသည်။ သင်၏ တည်ငြိမ်အေးချမ်းမှုသည် သင် ဖောက်ပြန်ပျက်စီးသောကြောင့် ဖြစ်သည် မဟုတ်လော။ ဤစိတ်ငြိမ်သက်ခြင်းသည် သင်၏ မနာခံခြင်းမှလာခြင်း မဟုတ်လော။ လူသည် လူ့ငရဲတွင် အသက်ရှင်သည်၊ စာတန်၏ မှောင်မိုက်သော စွမ်းအောက်တွင် သူ အသက်ရှင်သည်။ တစ္ဆေများသည် လူ၏ အသွေးအသားအပေါ် နယ်မြေအနှံ့ ကျူးကျော်ရင်း လူသားများနှင့် အတူနေထိုင်ကြလေသည်။ ကမ္ဘာမြေပေါ်တွင် သင်သည် လှပသော သုခဘုံတစ်ခုတွင် အသက်မရှင်ပေ။ သင်ရှိနေသည့်နေရာသည် နတ်ဆိုးတို့၏နယ်ပယ်၊ လူ့ငရဲတစ်ခု၊

မြေအောက်ကမ္ဘာတစ်ခု ဖြစ်ပေသည်။ လူသည် သန့်ရှင်းစေခြင်းမခံရပါက၊ သူသည် ညစ်ညူးခြင်း ရှိပေသည်။ သူသည် ဘုရားသခင်အားဖြင့် ကွယ်ကာခံရကာ စောင့်ရှောက်ခံရခြင်း မရှိပါက၊ သူသည် စာတန်၏အကျဉ်းသားတစ်ဦး ဖြစ်နေဆဲဖြစ်သည်။ အကယ်၍ သူသည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ မခံရပါက စာတန်၏ မှောင်မိုက်စွမ်းအား၏ ဖိနှိပ်မှုကို လွတ်မြောက်ခြင်းငှာ နည်းလမ်း ရှိလိမ့်မည် မဟုတ်ပေ။ သင်ထုတ်ပြသသော ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားနှင့် သင် အသက်ရှင်နေထိုင်သည့် မနာခံသော အပြုအမူတို့သည် စာတန်၏ အုပ်စိုးမှုအောက်တွင် သင် အသက်ရှင်နေဆဲ ဖြစ်သည်ကို သက်သေပြရန် လုံလောက်ပေသည်။ သင့်စိတ်နှင့် အတွေးများသည် သန့်ရှင်းစေခြင်းမခံရသေးသကဲ့သို့၊ သင်၏ စိတ်သဘောထားသည် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း မခံရသေးပါက၊ သင်၏ ဖြစ်တည်မှု တစ်ခုလုံးသည် စာတန်၏ အုပ်စိုးမှုဖြင့် ထိန်းချုပ်ခံရဆဲ ဖြစ်သည်၊ သင့်စိတ်သည် စာတန်၏ ထိန်းချုပ်ခြင်းခံရသည်၊ သင့်အတွေးများသည် စာတန်၏ ကြိုးကိုင်ခြယ်လှယ်ခြင်းခံရပြီး၊ သင့်ဖြစ်တည်မှု တစ်ခုလုံးသည် စာတန်၏ လက်များဖြင့် ထိန်းချုပ်ခံရပေသည်။ သင်သည် ပေတရု၏စံနှုန်းများနှင့် မည်မျှဝေးကွာ၍သာ ရှိနေသည်ကို ယခု သင်သိပြီလော။ သင်သည် ထိုအစွမ်းအစ ပိုင်ဆိုင်ပါသလော။ ယနေ့၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့နှင့်သက်ဆိုင်၍ သင်မည်မျှ သိသနည်း။ ပေတရု သိလာခဲ့သော အရာများထဲမှ သင် မည်မျှပိုင်ဆိုင်သနည်း။ အကယ်၍ ယနေ့တွင် သင်မသိနိုင်ပါက နောင်တွင် ဤအသိပညာကို စွမ်းဆောင်ရရှိနိုင်လိမ့်မည်လော။ သင်ကဲ့သို့ ပျင်းရိပြီး သတ္တိကြောင်သော တစ်စုံတစ်ဦးသည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို တကယ်ကို သိရှိနိုင်စွမ်း ရှိသလော။ သင်သည် ဇာတိပကတိ၏ ငြိမ်သက်ခြင်းနှင့် ဇာတိပကတိ၏ သာယာမှုများကို လိုက်စားပါက၊ သင်သည် သန့်ရှင်းခြင်း လုံး၀ ခံရလိမ့်မည်မဟုတ်သကဲ့သို့၊ သင် အသက်ရှင်နေထိုင်သည့်အရာမှာ စာတန်ဖြစ်ပြီး၊ ဇာတိပကတိ ဖြစ်သည့်အတွက်၊ အဆုံးတွင် သင်သည် စာတန်ထံသို့ ပြန်သွားရလိမ့်မည်။ ယနေ့လက်ရှိအခြေအနေတွင် များစွာသော လူတို့သည် အသက်ကို မလိုက်စားကြပေ၊ ယင်းမှာ ၎င်းတို့သည် သန့်ရှင်းစေခြင်းခံရခြင်းအကြောင်း သို့မဟုတ် သာ၍ နက်ရှိုင်းသော အသက်တာ အတွေ့အကြုံထဲသို့ ဝင်ရောက်ခြင်း အကြောင်းကို ဂရုမစိုက်ကြဟု ဆိုလိုပေသည်။ ထိုသို့ဖြစ်လျက်၊ ၎င်းတို့သည် မည်သို့ စုံလင်စေခြင်းခံရနိုင်မည်နည်း။ အသက်ကို မလိုက်စားသော သူတို့သည် စုံလင်စေခြင်းခံရရန် အခွင့်အရေးမရှိသကဲ့သို့၊ ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာကို မလိုက်စားသောသူများ၊ ၎င်းတို့၏ စိတ်သဘောထား၌

ပြောင်းလဲမှုများကို မလိုက်စားသော သူတို့သည် စာတန်၏ မှောင်မိုက်သော စွမ်းအားကို လွတ်မြောက်နိုင်စွမ်း မရှိပေ။ ဟိတ်ဟန်နောက်လိုက်ရုံမျှလိုက်ပြီး ပုံမှန် ဝတ်ပြုအစည်းအဝေးများကို တက်ရောက်ရုံမျှ တက်ရောက်ကြသည့်၊ ဘာသာတရား၌ ယုံကြည်သော သူများကဲ့သို့သာ၊ ၎င်းတို့သည် ဘုရားသခင်နှင့်ပတ်သက်သည့် ၎င်းတို့၏ အသိပညာနှင့်ပတ်သက်၍၊ ပြီးလျှင် ၎င်းတို့၏ စိတ်သဘောထား၌ အပြောင်းအလဲများထဲသို့ ၎င်းတို့၏ ဝင်ရောက်ခြင်းနှင့်ပတ်သက်၍၊ အလေးအနက် မထားကြပေ။ ယင်းသည် အချိန်ဖြုန်းခြင်း မဟုတ်လော။ ဘုရားသခင်၌ သူ၏ ယုံကြည်မှုတွင် လူသည် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အသိပညာကို လိုက်စားဖို့ မဆိုထားနှင့်၊ အသက်နှင့်ဆိုင်သည့် အမှုကိစ္စများအကြောင်းကို အလေးအနက်မထားလျှင်၊ သမ္မာတရားထဲသို့ ဝင်ရောက်ခြင်းကို မလိုက်စားလျှင်၊ သူ၏ စိတ်သဘောထား၌ ပြောင်းလဲမှုများကို မလိုက်စားလျှင်၊ သူသည် စုံလင်စေခြင်း မခံရနိုင်ပေ။ သင်သည် စုံလင်စေခြင်းခံရရန် ဆန္ဒရှိပါက၊ ဘုရားသခင်၏အမှုကို သင် နားလည်ရမည်။ အထူးသဖြင့် သင်သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း၏ အရေးပါမှုနှင့် ဤအမှုကို လူသားအပေါ် အဘယ်ကြောင့် လုပ်ဆောင်ရသည်ကို နားလည်ရမည်။ သင် လက်ခံနိုင်ပါသလော။ ဤပြစ်တင်ဆုံးမခြင်းမျိုးအတောအတွင်းတွင်၊ သင်သည် ပေတရုကဲ့သို့ တူညီသည့်အတွေ့အကြုံနှင့် အသိပညာတို့ကို စွမ်းဆောင် ရရှိနိုင်သလော။ အကယ်၍ သင်သည် ဘုရားသခင်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်နှင့်ဆိုင်သည့် အသိပညာကို လိုက်စားပါက၊ ပြီးလျှင် သင့်စိတ်သဘောထား၌ ပြောင်းလဲမှုများကို သင် လိုက်စားပါက၊ သင်သည် စုံလင်စေခြင်းခံရဖို့ အခွင့်အရေး ရှိပေသည်။

စုံလင်စေခြင်းခံရမည့်သူများအတွက်၊ သိမ်းပိုက်ခံရခြင်းနှင့် ဆိုင်သော အမှု၏ ဤအဆင့်သည် မရှိမဖြစ် ဖြစ်သည်။ လူသည် သိမ်းပိုက်ခံရပြီးသည်နှင့်တစ်ပြိုင်နက်မှသာ၊ သူသည် စုံလင်စေခြင်း အမှုကို တွေ့ကြုံနိုင်ပေသည်။ သိမ်းပိုက်ခံရခြင်း အခန်းကဏ္ဍကိုသာ ဆောင်ရွက်ခြင်းတွင် ကြီးမားသော တန်ဖိုးမရှိပေ၊ ယင်းသည် သင့်အား ဘုရားသခင် အသုံးပြုခြင်းအတွက် သင့်တော်စေလိမ့်မည် မဟုတ်ပေ။ သင်သည် အသက်ကို မလိုက်စားသကဲ့သို့၊ မိမိကိုယ်ကိုယ်၌ ပြောင်းလဲမှုနှင့် အသစ်ပြုပြင်ခြင်းတို့ကို မလိုက်စားသည့်အတွက်၊ ဧဝံဂေလိတရား ဖြန့်ဝေရာတွင် သင်၏ အခန်းကဏ္ဍကို သင် လုံးဝ ဆောင်ရွက်နိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် သင်သည် စစ်မှန်သော ဘဝ အတွေ့အကြုံ မရှိပေ။ ဤအဆင့်ဆင့်ဖြစ်သော အမှုအတောအတွင်းတွင်၊ တစ်ချိန်က သင်သည် အစေခံသူတစ်ဦးအဖြစ်နှင့် အဖြည့်ခံတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သော်လည်း၊ နောက်ဆုံးတွင်

သင်သည် ပေတရုအဖြစ် မလိုက်စားသကဲ့သို့ သင်၏ လိုက်စားမှုသည် ပေတရု စုံလင်စေခြင်းခံခဲ့ရသည့် လမ်းကြောင်းအတိုင်း မဟုတ်ပါက၊ သင့်စိတ်သဘောထား၌ အလိုအလျောက် ပြောင်းလဲမှုကို သင်တွေ့ကြုံရလိမ့်မည် မဟုတ်ပေ။ အကယ်၍ သင်သည် စုံလင်စေခြင်းခံရခြင်းကို မလိုက်စားသည့် သူတစ်ဦးဖြစ်ပါက၊ သက်သေခံပြီးဖြစ်လိမ့်မည် မဟုတ်သကဲ့သို့၊ သင်က "ဘုရားသခင်၏ ဤအဆင့်ဆင့်ဖြစ်သော အမှုတွင်၊ ကျွန်ုပ်သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း အမှုကို လက်ခံပြီးဖြစ်ကာ၊ ကျွန်ုပ်သည် ကြီးစွာသော ဒုက္ခဆင်းရဲကို ကြုံကြိုက်ခံရပြီးဖြစ်သော်လည်း၊ ဘုရားသခင်သည် လူသားအား မည်သို့ စုံလင်စေသည်ကို ကျွန်ုပ်သိလာရပြီးဖြစ်ပါသည်၊ ဘုရားသခင် လုပ်ဆောင်ပြီးဖြစ်သော အမှုကို ကျွန်ုပ်ရရှိပြီးဖြစ်သည်၊ ကျွန်ုပ်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့်ဆိုင်သည့် အသိပညာကို ကျွန်ုပ်သိရှိပြီးဖြစ်ကာ သူ၏ ပြစ်တင်ဆုံးမခြင်းက ကျွန်ုပ်ကို ကယ်တင်ပြီးဖြစ်သည်။ သူ၏ ဖြောင့်မတ်သော စိတ်သဘောထားသည် ကျွန်ုပ်အပေါ်သို့ ရောက်လာပြီးဖြစ်ကာ ကျွန်ုပ်ထံ ကောင်းချီးမင်္ဂလာများနှင့် ကျေးဇူးတော် ဆောင်ကြဉ်းပြီးဖြစ်သည်။ ကျွန်ုပ်ကို ကွယ်ကာကာ သန့်စင်စေပြီးဖြစ်သည်မှာ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ ဖြစ်ပါ၏။ ကျွန်ုပ်သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို မခံခဲ့ရပြီးဖြစ်ပါက၊ ပြီးလျှင် ဘုရားသခင်၏ ကြမ်းတမ်းသော နှုတ်ကပတ်တော်များ ကျွန်ုပ်အပေါ်သို့ မရောက်လာခဲ့ပြီးဖြစ်ပါက၊ ကျွန်ုပ်သည် ဘုရားသခင်အား သိရှိနိုင်ပြီးဖြစ်မည်မဟုတ်သကဲ့သို့၊ ကျွန်ုပ်သည် ကယ်တင်ခံရပြီးဖြစ်နိုင်မည် မဟုတ်ပါ။ ယနေ့တွင် ကျွန်ုပ်မြင်ရသည်- ဘုရားသခင်၏ စိတ်သဘောထားသည် လူသားတို့ မွေ့လျော်ထိုက်သောကြောင့်၊ သတ္တဝါတစ်ဦးအနေဖြင့်၊ တစ်ဦးတစ်ယောက်သည် ဖန်ဆင်းရှင် ပြုလုပ်ခဲ့သောအရာများ အားလုံးကို မွေ့လျော်ရသည်သာမက၊ သာ၍ အရေးကြီးသည်မှာ၊ သတ္တဝါအားလုံးသည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားနှင့် သူ၏ ဖြောင့်မတ်သော တရားစီရင်ခြင်းတို့ကိုလည်း မွေ့လျော်သင့်ပေသည်။ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရပြီးဖြစ်သည့် သတ္တဝါ တစ်ဦးအနေဖြင့်၊ တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို မွေ့လျော် သင့်သည်။ ကိုယ်တော်၏ ဖြောင့်မတ်သော စိတ်သဘောထားတွင် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့အပြင်၊ ကြီးစွာသော မေတ္တာ ရှိပါသည်။ ကျွန်ုပ်သည် ယနေ့ ဘုရားသခင်၏ မေတ္တာကို လုံး၀ ရရှိနိုင်စွမ်းမရှိသော်လည်း၊ ယင်းကိုသိမြင်ရန် ကျွန်ုပ်တွင် အခွင့်ကောင်း ရှိလေပြီ၊ ဤတွင် ကျွန်ုပ် ကောင်းချီးခံစားရပါသည်" ဟု ပြောလိမ့်မည်။ ဤသည်မှာ စုံလင်စေခြင်းခံရခြင်းကို တွေ့ကြုံရသည့်သူများ

လျှောက်လှမ်းခဲ့သော လမ်းကြောင်း ဖြစ်ပြီး၊ ဤသည်မှာ ၎င်းတို့ပြောဆိုသော အသိပညာဖြစ်ပါသည်။ ထိုသို့သော လူများသည် ပေတရုနှင့်တူကြပေသည်။ ပေတရုကဲ့သို့ တူညီသော အတွေ့အကြုံများ ရှိကြသည်။ ထိုသို့သော လူများသည် အသက်ကို ရရှိပြီးသူများ၊ အမှန်တရားကို ပိုင်ဆိုင်သော သူများလည်း ဖြစ်သည်။ ၎င်းတို့သည် တကယ့်အဆုံးထိ တွေ့ကြုံသောအခါ၊ ဘုရားသခင်၏ တရားစီရင်ခြင်းအတောအတွင်းတွင် ၎င်းတို့သည် စာတန်၏ စွမ်းအားမှ မိမိတို့ကိုယ်ကိုယ် လုံး၀ ဧကန်မုချ ဖယ်ရှားကြလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ ရယူခြင်းကို ခံရကြလိမ့်မည်။

လူတို့ သိမ်းပိုက်ခံရပြီးသည့်နောက်၊ ၎င်းတို့သည် မည်သည့် ထူးကဲသော သက်သေခံချက်မျှ မရှိပေ။ ၎င်းတို့သည် စာတန်အား အရှက်ရစေရုံမျှ အရှက်ရစေသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားကို အသက်ရှင်နေကြခြင်း မရှိလေပြီ။ သင်သည် ဒုတိယအကြိမ် ကယ်တင်ခြင်းကို မရသေးချေ။ သင်သည် အပြစ်ဖြေရာယဇ်ကို ရရုံသာဖြစ်ပြီး သင်သည် စုံလင်စေခြင်း မခံရသေးပေ- ဤသည်မှာ မဟာဆုံးရှုံးမှုတစ်ခု ဖြစ်သည်။ သင်တို့ ဝင်ရောက်သင့်သည့်အရာနှင့် သင်တို့ အသက်ရှင်နေထိုင်သင့်သည့် အရာတို့ကို သင်တို့ နားလည်သဘောပေါက်ရမည်ဖြစ်ပြီး ယင်းတို့အထဲသို့ သင်တို့ ဝင်ရောက်ရမည်။ အဆုံးတွင် သင်သည် စုံလင်စေခြင်းခံရခြင်းကို မပြီးမြောက်ပါက၊ သင်သည် စစ်မှန်သောလူသားတစ်ဦး ဖြစ်လိမ့်မည်မဟုတ်သကဲ့သို့၊ နောင်တဖြင့် ပြည့်ပေလိမ့်မည်။ အစအဦး၌ ဘုရားသခင် ဖန်ဆင်းခဲ့သော အာဒံနှင့် ဧဝတို့သည် သန့်ရှင်းသောလူများ ဖြစ်ခဲ့သည်၊ ဆိုလိုသည်မှာ ဧဒင်ဥယျာဉ်အထဲ၌ ရှိနေစဉ်တွင် ၎င်းတို့သည် အညစ်အကြေးနှင့် မစွန်းထင်းဘဲ သန့်ရှင်းခဲ့ကြသည်။ ၎င်းတို့သည် ယေဟောဝါကိုလည်း သစ္စာရှိခဲ့ကြပြီး ယေဟောဝါကို သစ္စာဖောက်ခြင်းနှင့်သက်ဆိုင်၍ မည်သည့်အရာကိုမျှ မသိခဲ့ကြပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် စာတန်၏ စွမ်းအား နှောင့်ယှက်မှုမရှိခဲ့ကြသောကြောင့်၊ စာတန်၏ အဆိပ်မရှိခဲ့သကဲ့သို့၊ လူသားမျိုးနွယ် အားလုံးတွင် အသန့်ရှင်းဆုံး ဖြစ်ခဲ့သောကြောင့်ဖြစ်သည်။ ၎င်းတို့သည် ဧဒင်ဥယျာဉ်ထဲတွင် မည်သည့်အညစ်အကြေးမျှဖြင့် ညစ်ညမ်းစေခြင်း မခံရဘဲ၊ ဇာတိပကတိ၏ စရိုက်လက္ခဏာ မရှိသကဲ့သို့၊ ယေဟောဝါအား ရိုသေလေးမြတ်ခြင်းဖြင့် အသက်ရှင်ခဲ့ကြသည်။ နောက်ပိုင်းတွင် စာတန်၏ သွေးဆောင်မှုကို ၎င်းတို့ခံရသည့်အခါ၊ ၎င်းတို့သည် မြွေ၏ အဆိပ်နှင့် ယေဟောဝါအား သစ္စာဖောက်ရန် စိတ်ဆန္ဒရှိခဲ့ကြပြီး စာတန်၏ စွမ်းအားအောက်တွင် အသက်ရှင်ခဲ့ကြသည်။ အစအဦး၌ ၎င်းတို့သည် သန့်ရှင်းပြီး ယေဟောဝါအား ရိုသေလေးမြတ်ခဲ့ကြသည်။ ဤအခြေအနေတွင်သာ ၎င်းတို့ လူသားဖြစ်ခဲ့ကြသည်။ နောက်ပိုင်း၌ စာတန်၏ သွေးဆောင်မှုကို ခံရပြီးနောက်၊

၎င်းတို့သည် ကောင်းမကောင်းကို သိကျွမ်းရာအပင်မှ အသီးကို စားခဲ့ကြပြီး စာတန်၏ စွမ်းအားအောက်တွင် အသက်ရှင်ခဲ့ကြသည်။ ၎င်းတို့သည် တဖြည်းဖြည်း စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံခဲ့ရပြီး လူသား၏ မူလပုံသဏ္ဍာန် ပျောက်ဆုံးခဲ့လေသည်။ အစအဦး၌ လူသားသည် ယေဟောဝါ၏ ဇီဝအသက် ရှိခဲ့သည်၊ အနည်းငယ်မျှ မနာခံခြင်း မရှိခဲ့သကဲ့သို့ သူ၏ စိတ်နှလုံးထဲတွင် မကောင်းမှု မရှိခဲ့ပေ။ ထိုအချိန်တွင် လူသည် စစ်မှန်သော လူသားဖြစ်ခဲ့၏။ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးနောက်၊ လူသည် သားရဲတိရစ္ဆာန် တစ်ကောင် ဖြစ်လာခဲ့သည်။ သူ၏အတွေးတို့သည် ကောင်းမြတ်ခြင်း သို့မဟုတ် သန့်ရှင်းခြင်းမရှိဘဲ၊ မကောင်းမှုနှင့် အညစ်အကြေးတို့ဖြင့် ပြည့်နှက်ခဲ့သည်။ ဤသည်မှာ စာတန် ဖြစ်သည် မဟုတ်လော။ သင်သည် ဘုရားသခင်၏ အမှုများစွာကို တွေ့ကြုံပြီးဖြစ်သော်လည်း၊ ပြောင်းလဲခြင်းမရှိသေးပေ သို့မဟုတ် သန့်ရှင်းစေခြင်း မခံရသေးပေ။ သင်သည် စာတန်၏ အုပ်စိုးမှုအောက်တွင် ဆက်လက် အသက်ရှင်ဆဲဖြစ်ပြီး၊ ဘုရားသခင်ကို ကျိုးနွံနာခံခြင်းမရှိသေးပေ။ ဤသည်မှာ သိမ်းပိုက်ခံရပြီးဖြစ်သော်လည်း၊ စုံလင်စေခြင်း မခံရသေးသည့် သူတစ်ယောက်ဖြစ်သည်။ ပြီးလျှင် ထိုသို့သောလူသည် စုံလင်စေခြင်းမခံရသေးဟု အဘယ်ကြောင့် ဆိုထားသနည်း။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ဤလူသည် အသက် သို့မဟုတ် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အသိပညာကို မလိုက်စားသကဲ့သို့ ဇာတိပကတိ၏ အပျော်အပါးများနှင့် တဒင်္ဂနှစ်သိမ့်မှုတို့ကိုသာ တပ်မက်သောကြောင့် ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့၏အသက် စိတ်သဘောထားတွင် ပြောင်းလဲမှုများ မရှိသကဲ့သို့၊ ဘုရားသခင် ဖန်ဆင်းထားသည့်အတိုင်း လူ၏မူရင်းအသွင်သဏ္ဍာန်ကို ပြန်လည်မရရှိလေပြီ။ ထိုသို့သောလူများသည် လမ်းလျှောက်နေသော အလောင်းကောင်များ ဖြစ်သည်၊ ၎င်းတို့သည် ဝိညာဉ်မရှိသော အသေကောင်များ ဖြစ်ပေသည်။ စိတ်ဝိညာဉ်ထဲက ကိစ္စရပ်များနှင့်ဆိုင်သည့် အသိပညာကို မလိုက်စားသူများ၊ သန့်ရှင်းခြင်းကို မလိုက်စားသူများနှင့် သမ္မာတရားကို အသက်ရှင်နေထိုင်ခြင်းအား မလိုက်စားသူများ၊ အပျက်သဘောဆောင်သည့် ဘက်တွင် သိမ်းပိုက်ခံရဖို့သာ ကျေနပ်ရောင့်ရဲသူများနှင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် အသက်မရှင်နိုင်သကဲ့သို့ သန့်ရှင်းသော လူသားများ ဖြစ်မလာနိုင်သူများ- ဤသည်တို့မှာ ကယ်တင်ခြင်း မခံရသေးသော သူများဖြစ်လေသည်။ အကြောင်းမှာ သမ္မာတရား မရှိပါက၊ လူသည် ဘုရားသခင်၏ စမ်းသပ်မှု အတွင်းတွင် ခိုင်မြဲစွာ မရပ်တည်နိုင်ပေ။ ဘုရားသခင်၏ စမ်းသပ်မှု အတွင်း ခိုင်မြဲစွာ ရပ်တည်နိုင် သူများသာ ကယ်တင်ခြင်းခံရပြီးသော သူများဖြစ်သည်။ ငါလိုချင်သည်မှာ ပေတရုကဲ့သို့သော လူများ၊ စုံလင်အောင်ပြုခံရခြင်းကို

လိုက်စားသော လူများဖြစ်၏။ ယနေ့၏ သမ္မာတရားကို တမ်းတပြီး ရှာဖွေသူများအား ထိုသမ္မာတရားကို ပေးထားပေသည်။ ဤကယ်တင်ခြင်းကို ဘုရားသခင်အားဖြင့် ကယ်တင်ခံရဖို့ တမ်းတသူများကို ပေးထားကာ၊ သင်တို့၏ ရယူခြင်းခံရဖို့သာ မရည်ရွယ်ပေ။ ယင်း၏ ရည်ရွယ်ချက်မှာ သင်တို့သည် ဘုရားသခင်၏ ရယူခြင်း ခံရနိုင်ကြဖို့အလို့ငှာ ဖြစ်သည်။ ဘုရားသခင်က သင်တို့ကို ရယူနိုင်ဖို့အလို့ငှာ သင်တို့က ဘုရားသခင်ကို ရယူပေသည်။ ယနေ့တွင် ငါသည် သင်တို့အား ဤနှုတ်ကပတ်တော်များကို ပြောဆိုပြီးဖြစ်ကာ သင်တို့သည် ယင်းတို့ကို ကြားရပြီးဖြစ်သကဲ့သို့၊ သင်တို့သည် ဤနှုတ်ကပတ်တော်များအတိုင်း လက်တွေ့လုပ်ဆောင်သင့်ကြပေသည်။ အဆုံးတွင် ဤနှုတ်ကပတ်တော်များကို သင်တို့ လက်တွေ့လုပ်ဆောင်သည့် အချိန်သည် ဤနှုတ်ကပတ်တော်များမှတစ်ဆင့် သင်တို့ကို ငါရယူပြီးဖြစ်သည့် အခိုက်အတန့် ဖြစ်လိမ့်မည်။ တစ်ချိန်တည်းတွင်၊ သင်တို့သည် ဤနှုတ်ကပတ်တော်များကိုလည်း ရရှိပြီးဖြစ်လိမ့်မည်၊ ဆိုလိုသည်မှာ သင်တို့သည် ဤအထွတ်အထိပ် ကယ်တင်ခြင်းကို ရရှိပြီးဖြစ်လိမ့်မည်။ သင်တို့သည် သန့်ရှင်းစေခြင်း ခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ စစ်မှန်သော လူသားတစ်ဦး ဖြစ်လာပြီးဖြစ်လိမ့်မည်။ အကယ်၍ သင်သည် သမ္မာတရားကို အသက်ရှင်နေထိုင်နိုင်စွမ်းမရှိပါက သို့မဟုတ် စုံလင်စေခြင်းကို ခံရပြီးသော သူတစ်ဦး၏ ပုံသဏ္ဍာန်ကို အသက်ရှင်နေထိုင်နိုင်စွမ်း မရှိပါက၊ သင်သည် သမ္မာတရား မရှိသောကြောင့်၊ ဆိုလိုသည်မှာ သင်သည် ယေဟောဝါ၏ ဇီဝအသက်မရှိသကဲ့သို့၊ ထိုသို့ဖြင့် သင်သည် ဝိညာဉ်မရှိသော လူသေတစ်ဦး ဖြစ်သောကြောင့်၊ လူသားတစ်ဦး မဟုတ်ဘဲ၊ လမ်းလျှောက်နေသော အလောင်းကောင်တစ်ကောင်၊ သားရဲတစ်ကောင် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ သိမ်းပိုက်ခံရပြီးနောက် သက်သေခံရန် ဖြစ်နိုင်သော်လည်း၊ သင်ရရှိသည်မှာ ကယ်တင်ခြင်း အနည်းငယ်သာဖြစ်ပြီး၊ သင်သည် ဝိညာဉ်ပိုင်ဆိုင်သည့် သက်ရှိတစ်ဦး ဖြစ်မလာသေးပေ။ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို သင်တွေ့ကြုံရပြီး ဖြစ်သော်လည်း၊ အကျိုးဆက်အနေဖြင့် သင်၏စိတ်သဘောထားက အသစ်ပြုပြင်ခြင်းမခံရပေ သို့မဟုတ် ပြောင်းလဲခြင်းမရှိပေ။ သင်သည် ယခင်ပုံစံအတိုင်း ရှိဆဲဖြစ်ပြီး၊ သင်သည် စာတန်နှင့် သက်ဆိုင်ဆဲဖြစ်ကာ သန့်ရှင်းစေခြင်း မခံရသေးပေ။ စုံလင်စေခြင်းကို ခံရပြီးသူများသာ တန်ဖိုးရှိပြီး၊ ဤကဲ့သို့သော လူများသည်သာ စစ်မှန်သော အသက်ကို ရရှိကြပြီး ဖြစ်သည်။ တစ်နေ့တွင် တစ်စုံတစ်ဦးက သင့်ကို၊ “သင်သည် ဘုရားသခင်၏ အမှုတော်ကို တွေ့ကြုံရပြီးဖြစ်သည်၊ ထို့ကြောင့် သူ၏အမှုတော်က အဘယ်ကဲ့သို့ ဖြစ်သည်ဆိုသည်နှင့်ပတ်သက်၍ ပြောဆိုလော့။ ဒါဝိဒ်သည် ဘုရားသခင်၏ အမှုတော်ကို တွေ့ကြုံခဲ့ရပြီး ယေဟောဝါ၏ လုပ်ဆောင်ချက်များကို

ရှုမြင်ခဲ့ရသည်၊ မောရှေသည်လည်း ယေဟောဝါ၏ လုပ်ဆောင်ချက်များကို ရှုမြင်ခဲ့ရပြီး၊ ၎င်းတို့နှစ်ဦးလုံးသည် ယေဟောဝါ၏ လုပ်ဆောင်ချက်များကို ဖော်ပြနိုင်ခဲ့ပြီး၊ ယေဟောဝါ၏ အံ့သြဖွယ်ဖြစ်ခြင်းကို ပြောဆိုနိုင်ခဲ့ကြသည်။ သင်တို့သည် နောက်ဆုံးသောကာလ အတောအတွင်း လူ့ဇာတိခံ ဘုရားသခင်ပြုသည့်အမှုကို ရှုမြင်ကြရပြီးဖြစ်သည်။ သူ၏ ဉာဏ်ပညာနှင့်သက်ဆိုင်၍ သင်ပြောပြနိုင်သလော။ သူ့အမှုတော်၏ အံ့သြဖွယ်ဖြစ်ခြင်းနှင့် သက်ဆိုင်၍ သင်ပြောပြနိုင်သလော။ ဘုရားသခင်သည် သင်တို့အပေါ် မည်သည့် တောင်းဆိုချက်များပြုပြီး ယင်းတို့ကို သင်တို့ မည်သို့ တွေ့ကြုံခဲ့ရသနည်း။ သင်တို့သည် နောက်ဆုံးသောကာလအတွင်းတွင် ဘုရားသခင်၏ အမှုတော်ကိုကြုံကြရပြီးဖြစ်သည်- သင်တို့၏ အကြီးမားဆုံး ရူပါရုံမှာ အဘယ်အရာနည်း။ ဤအရာနှင့်သက်ဆိုင်၍ သင်တို့ ပြောဆိုနိုင်သလော။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားနှင့်သက်ဆိုင်၍ သင်တို့ပြောဆိုနိုင်သလော" ဟု ပြောလိမ့်မည်။ ဤမေးခွန်းများကို သင်ရင်ဆိုင်ရချိန်တွင် သင်မည်သို့ ပြန်ဖြေလိမ့်မည်နည်း။ သင်က "ဘုရားသခင်သည် အလွန်ဖြောင့်မတ်၏။ သူသည် ကျွန်ုပ်တို့ကို ပြစ်တင်ဆုံးမပြီး တရားစီရင်ကာ ကျွန်ုပ်တို့အား မညှာမတာ ဖော်ထုတ်သည်။ ဘုရားသခင်၏ စိတ်သဘောထားက လူတို့၏ ပုန်ကန်ပြစ်မှားမှုများကို အမှန်တကယ် သည်းမခံပါ။ ဘုရားသခင်၏ အမှုတော်ကို ကြုံတွေ့ပြီးနောက်တွင်၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင် စက်ဆုပ်ဖွယ်ကောင်းခြင်းကို ကျွန်ုပ်သိလာရပြီးဖြစ်ကာ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို ကျွန်ုပ် အမှန်တကယ် ရှုမြင်ရပြီးဖြစ်သည်" ဟု သင်ပြန်ဖြေပါက၊ အခြားလူတစ်ဦးက သင့်အား၊ "ဘုရားသခင်နှင့်သက်ဆိုင်၍ အခြား မည်သည့်အရာကို သင်သိသေးသနည်း။ တစ်ဦးတစ်ယောက်သည် အသက်ထဲသို့ မည်သို့ ဝင်ရောက်သနည်း။ သင်သည် ကိုယ်ရေးကိုယ်တာ ပြင်းပြသော ဆန္ဒများတစ်ခုတစ်လေ ရှိပါသလော" ဟု ဆက်လက် မေးမြန်းလိမ့်မည်။ သင်က၊ "စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးသည့်နောက်တွင်၊ ဘုရားသခင်၏ သတ္တဝါများသည် သားရဲတိရစ္ဆာန်များ ဖြစ်လာခဲ့ကြပြီး၊ မြည်းသတ္တဝါများနှင့် မကွာခြားတော့ပါ။ ယနေ့တွင် ကျွန်ုပ်သည် ဘုရားသခင်၏ လက်တော်ထဲတွင် အသက်ရှင်သည်၊ ထို့ကြောင့် ကျွန်ုပ်သည် ဖန်ဆင်းရှင်၏ အလိုတော်ကို ဖြည့်ဆည်းရမည်ဖြစ်ပြီး သူ သွန်သင်သည့် မည်သည့်အရာကိုမဆို လိုက်နာရပါမည်။ ကျွန်ုပ်တွင် အခြားရွေးချယ်စရာ မရှိပါ" ဟု သင် ပြန်ဖြေလိမ့်မည်။ သင်သည် ထိုသို့ ယေဘုယျသဘောများဖြင့်သာ ပြောဆိုပါက၊ သင် ပြောနေသည့်အရာကို ထိုလူက နားလည်လိမ့်မည် မဟုတ်ပေ။ ဘုရားသခင်၏ အမှုနှင့် သက်ဆိုင်သည့် မည်သည့် အသိပညာ ရှိသည်ကို သင့်အား ၎င်းတို့ မေးမြန်းသည့်အခါ၊ ၎င်းတို့သည် သင်၏ကိုယ်ပိုင်

အတွေ့အကြုံများကို ရည်ညွှန်းနေခြင်း ဖြစ်သည်။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို တွေ့ကြုံပြီးနောက် ယင်းနှင့်သက်ဆိုင်၍ မည်သည့်အသိပညာ သင်ရှိသည်ကို ၎င်းတို့က မေးမြန်းနေခြင်း ဖြစ်ပြီး၊ ဤတွင် ၎င်းတို့သည် သင်၏ ကိုယ်ရေးကိုယ်တာ အတွေ့အကြုံများကို ရည်ညွှန်းနေခြင်းဖြစ်ကာ၊ သမ္မာတရားနှင့် သက်ဆိုင်သည့် သင်၏ အသိပညာကို ပြောဆိုရန် သင့်ကို တောင်းဆိုနေခြင်း ဖြစ်သည်။ သင်သည် ထိုသို့သော အရာများကို မပြောဆိုနိုင်ပါက၊ ဤအရာက သင်သည် ယနေ့၏ အမှုနှင့်သက်ဆိုင်၍ မည်သည့်အရာမျှ မသိရှိသည်ကို သက်သေပြပေသည်။ သင်သည် ဟုတ်မှန်သယောင်ယောင်ရှိသော်လည်း စင်စစ်မှားနေသော စကားများ၊ သို့မဟုတ် လူတိုင်းသိသော အရာများကိုသာ သင်အမြဲပြောဆိုသည်။ သင်၏ အသိပညာတွင် အနှစ်သာရရှိဖို့ မဆိုထားနှင့်၊ သင်သည် တိကျသည့် အတွေ့အကြုံများ မရှိသကဲ့သို့၊ စစ်မှန်သော သက်သေခံချက်များလည်း မရှိပေ၊ ထို့ကြောင့် အခြားသူများက သင့်ကို လက်ခံယုံကြည်ခြင်း မရှိကြချေ။ ဘုရားသခင်၏ မတုန်မလှုပ်သော နောက်လိုက်တစ်ဦး မဖြစ်နှင့်၊ ပြီးလျှင် သင့်ကို စူးစမ်းလိုစိတ် ဖြစ်စေသည့်အရာနောက် မလိုက်နှင့်။ အအေးမဟုတ်၊ အပူမဟုတ် နေခြင်းမှတစ်ဆင့်၊ သင်သည် မိမိကိုယ်ကိုယ် ပျက်စီးစေလိမ့်မည်ဖြစ်ပြီး၊ သင့်အသက်တာကို နှောင့်နှေးစေလိမ့်မည်။ သင်သည် သမ္မာတရားကို ရရှိနိုင်ပြီး သမ္မာတရားကို အသက်ရှင်နေထိုင်နိုင်ဖို့အလို့ငှာ၊ ထိုသို့သော မတုန်မလှုပ်ဖြစ်ခြင်းနှင့် တက်ကြွမှုမရှိခြင်းတို့မှ မိမိကိုယ်ကိုယ် ဖယ်ရှားရမည်ဖြစ်ပြီး၊ အပြုသဘောဆောင်သော အရာများကို လိုက်စားခြင်းနှင့် သင်၏ ကိုယ်ပိုင်အားနည်းချက်များကို အောင်မြင်ကျော်လွှားရာတွင် ကျွမ်းကျင်လာရမည်ဖြစ်သည်။ သင်၏ အားနည်းချက်များနှင့်ပတ်သက်၍ စိုးရိမ်စရာ မည်သည့်အရာမျှ မရှိသကဲ့သို့၊ သင်၏ အားနည်းချက်များသည် သင်၏ အကြီးမားဆုံးပြဿနာ မဟုတ်ပေ။ သင်၏အကြီးမားဆုံး ပြဿနာနှင့် အကြီးမားဆုံးသော အားနည်းချက်မှာ သင်၏ မပူမအေးဖြစ်နေခြင်းနှင့် သမ္မာတရားကို ရှာဖွေရန် စိတ်ဆန္ဒကင်းမဲ့ခြင်း ဖြစ်သည်။ သင်တို့အားလုံးနှင့်ပတ်သက်၍ အကြီးမားဆုံးသော ပြဿနာမှာ အမှုအရာများကို ဖြစ်သည့်အတိုင်း သင်တို့ ကျေနပ်အားရသည့် သတ္တိကြောင်သော စိတ်နေစိတ်ထားနှင့် မတုန်မလှုပ် စောင့်ဆိုင်းနေခြင်းတို့သာ ဖြစ်သည်။ ဤသည်မှာ သင်တို့၏ သမ္မာတရား လိုက်စားခြင်းအဖို့ သင်တို့၏ အကြီးမားဆုံးသော အဟန့်အတားနှင့် အကြီးမားဆုံး ရန်သူ ဖြစ်သည်။ ငါပြောသောစကားများက အလွန်နက်နဲ သိမ်မွေ့သောကြောင့်သာ သင်နာခံပါက၊ သင်သည် အသိပညာကို အမှန်တကယ် မပိုင်ဆိုင်သကဲ့သို့၊ သမ္မာတရားကို တန်ဖိုးထားခြင်းလည်း မရှိပေ။ သင်၏နာခံခြင်းမျိုးကဲ့သို့သော နာခံခြင်းသည် သက်သေခံချက်

မဟုတ်သကဲ့သို့ ထိုသို့သော နာခံမှုကို ငါ လက်မခံပေ။ တစ်စုံတစ်ယောက်က သင့်အား၊ "သင်၏ ဘုရားသခင်သည် အဘယ်နေရာမှ အတိအကျ လာခဲ့နည်း။ သင်၏ ဤဘုရားသခင်၏ အနှစ်သာရမှာ အဘယ်နည်း" ဟု မေးကောင်းမေးနိုင်သည်။ သင်က၊ "သူ၏ အနှစ်သာရမှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ ဖြစ်သည်" ဟု ပြန်ဖြေလိမ့်မည်။ ထို့နောက် သူက၊ "ဘုရားသခင်သည် လူသားအပေါ် သနားကရုဏာနှင့် ပြည့်စုံပြီး ချစ်ခင်သည် မဟုတ်လော။ ဤသည်ကို သင်မသိသလော" ဟု ဆက်မေးလိမ့်မည်။ သင်က "ယင်းမှာ အခြားသူများ၏ ဘုရားသခင်ဖြစ်သည်။ ဘာသာတရားနှင့်ဆိုင်သော လူများက ယုံကြည်သည့် ဘုရားသခင်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ဘုရားသခင် မဟုတ်ပါ" ဟု ပြောလိမ့်မည်။ သင့်လိုလူများသည် ဧဝံဂေလိတရားကို ဖြန့်ဝေသောအခါ၊ မှန်သောလမ်းခရီးကို လိုရာဆွဲ၍ မမှန်မကန် ပြောဆိုကြသည်၊ ထို့ကြောင့် သင်သည် မည်သည့် အသုံးဝင်မှု ရှိပါသနည်း။ သင့်ထံမှ မှန်သောလမ်းခရီးကို အခြားသူများ အဘယ်သို့ ရနိုင်မည်နည်း။ သင်သည် သမ္မာတရားမရှိသကဲ့သို့ သမ္မာတရားနှင့် သက်ဆိုင်သည့် မည်သည့်အရာမျှ သင် မပြောဆိုနိုင်သည့်အပြင်၊ သမ္မာတရားကို သင် အသက်ရှင်နေထိုင်နိုင်ခြင်း မရှိပေ။ ဘုရားသခင် ရှေ့မှောက်တွင် အသက်ရှင်ရန် မည်သည့်အရာက သင့်ကို အရည်အချင်း ပြည့်မီစေသနည်း။ ဧဝံဂေလိတရားကို အခြားသူများထံ သင် ဖြန့်ဝေသောအခါ၊ ပြီးလျှင် သမ္မာတရားအကြောင်း သင် မိတ်သဟာယပြုကာ ဘုရားသခင်အဖို့ သက်သေခံသောအခါ၊ ၎င်းတို့ကို သင် စည်းရုံးနိုင်စွမ်းမရှိပါက သင့်စကားများကို ၎င်းတို့ ငြင်းကြလိမ့်မည်။ သင်သည် အသုံးမဝင်သူတစ်ဦး မဟုတ်လော။ သင်သည် အလွန်များစွာသော ဘုရားသခင်၏ အမှုကို တွေ့ကြုံပြီးဖြစ်သော်လည်း၊ သမ္မာတရားအကြောင်း သင်ပြောဆိုသောအခါ၊ နားလည်သဘောပေါက်စေခြင်း မရှိစေပေ။ သင်သည် အသုံးမကျသူတစ်ဦး မဟုတ်လော။ သင်သည် မည်သည့် အသုံးဝင်မှု ရှိပါသနည်း။ သင်တို့သည် ဘုရားသခင်၏အမှုကို များစွာ ကြုံတွေ့ပြီးဖြစ်သော်လည်း၊ သူနှင့်သက်ဆိုင်သည့် အသိပညာ စိုးစဉ်းမျှ အဘယ်သို့ မရှိနိုင်ရသနည်း။ ၎င်းတို့က ဘုရားသခင်နှင့်သက်ဆိုင်၍ မည်သည့် စစ်မှန်သော အသိပညာ သင် ရှိသည်ကို မေးကြသည့်အခါ၊ သင်သည် စကားစရှာမရပေ၊ သို့မဟုတ်ပါက- ဘုရားသခင်သည် အနန္တတန်ခိုးရှင် ဖြစ်တော်မူကြောင်း၊ သင်ရရှိပြီးသော ကြီးမားသည့် ကောင်းချီးမင်္ဂလာများမှာ ဘုရားသခင်၏ ချီးမြှောက်ခြင်း အမှန်တကယ် ဖြစ်ကြောင်းနှင့် ဘုရားသခင်ကို ကိုယ်တိုင်ကိုယ်ကျ ရှုမြင်နိုင်ဖို့ထက် ပိုကြီးမားသော အခွင့်ထူးမရှိကြောင်းတို့ကို ပြောရင်း- မဆီမလျော်သည့် အရာတစ်ခုဖြင့် ပြန်ဖြေလေသည်။ ဤအရာပြောဆိုရာတွင် မည်သည့်တန်ဖိုး ရှိပါသနည်း။ ယင်းတို့သည် အသုံးမကျသည့်၊ အနှစ်မဲ့သော စကားများဖြစ်၏။

ဘုရားသခင်၏အမှု အလွန်များလှစွာ တွေ့ကြုံသည့်နောက်တွင်၊ ဘုရားသခင်၏ ချီးမြှောက်ခြင်းက သမ္မာတရား ဖြစ်သည်ကိုသာ သင်သိပါသလော။ သင်သည် ဘုရားသခင်၏အမှုကို သိရမည်ဖြစ်ပြီး၊ ထိုအခါမှသာ ဘုရားသခင်အဖို့ စစ်မှန်သော သက်သေခံချက်တစ်ခုကို သင် သက်သေခံနိုင်လိမ့်မည်။ သမ္မာတရားကို မရရှိသေးသောသူများသည် ဘုရားသခင်အဖို့ မည်သို့သက်သေခံ နိုင်မည်နည်း။

သင့်အပေါ် အလွန်များလှစွာသော အမှုနှင့် အလွန်များလှစွာသော နှုတ်ကပတ်တော်များက အကျိုးသက်ရောက်မှု မရှိပြီးဖြစ်ပါက၊ ဘုရားသခင်၏ အမှုကို ဖြန့်ဝေရန် အချိန်ကျလာသောအခါတွင်၊ သင်သည် သင်၏တာဝန်ကို ထမ်းဆောင်နိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ အရှက်ရကာ အရှက်တကွဲ အကျိုးနည်း ဖြစ်ပေလိမ့်မည်။ ထိုအချိန်တွင် သင်သည် ဘုရားသခင်အပေါ် အကြွေး အလွန်များလှသည်၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏ အသိပညာက အလွန် အပေါ်ယံဆန်သည်ကို သင်ခံစားရလိမ့်မည်။ ဘုရားသခင် အမှုပြုနေစဉ် ယနေ့တွင် သင်သည် ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာကို မလိုက်စားပါက၊ နောက်ပိုင်းတွင် အလွန် နောက်ကျသွားပေလိမ့်မည်။ အဆုံးတွင် သင်သည် ပြောစရာ မည်သည့် အသိပညာမျှ ရှိလိမ့်မည်မဟုတ်- သင်သည် မည်သည့်အရာမျှမရှိဘဲ၊ ဗလာနတ္ထိ ဖြစ်ကျန်ရစ်ရလိမ့်မည်။ ဘုရားသခင်ထံ ပြောပြရန် သင် မည်သည့်အရာကို အသုံးပြုလိမ့်မည်နည်း။ ဘုရားသခင်ကို ကြည့်ရှုရန် သင်သည် မျက်နှာပြောင် အတင့်ရဲသလော။ အဆုံးတွင် သင်သည် ပေတရုကဲ့သို့၊ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့က လူသားအဖို့ မည်မျှ အကျိုးကျေးဇူးရှိပြီး၊ သူ၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမရှိဘဲ လူသည် ကယ်တင်ခြင်း မခံရနိုင်သကဲ့သို့၊ ဤညစ်ညူးသောမြေထဲသို့၊ နွံထဲသို့ ယခင်ထက်သာ၍ နစ်ရုံသာ နစ်နိုင်သည်ကို သင်သိရှိဖို့အလို့ငှာ၊ ယခု သင်၏ လိုက်စားမှုတွင် သင် ကြိုးစားသင့်ပေသည်။ လူများသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည်၊ အချင်းချင်း မတော်မတရားလှို့ဝှက်ကြံစည်ကြကာ၊ အချင်းချင်း လုံးဝ လျစ်လျူရှုကြပြီး ဖြစ်သည်၊ ဘုရားသခင်အား ၎င်းတို့၏ ကြောက်ရွံ့ခြင်းကို ဆုံးရှုံးကြပြီးဖြစ်သည်။ ၎င်းတို့၏ မနာခံမှုက အလွန် ကြီးမားသည်၊ ၎င်းတို့၏ အယူအဆများက အလွန်များပြားပြီး အားလုံးသည် စာတန်နှင့် သက်ဆိုင်လေသည်။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း မရှိဘဲနှင့်၊ လူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို သန့်စင်၍မရနိုင်သကဲ့သို့၊ သူသည် ကယ်တင်ခံရနိုင်မည် မဟုတ်ပေ။ လူ့ဇာတိခံ ဘုရားသခင်၏ လူ့ဇာတိ၌ အမှုက ဖော်ပြသည့်အရာမှာ ဝိညာဉ်တော် ဖော်ပြသည့်အရာ အတိအကျ ဖြစ်ပြီး သူ လုပ်ဆောင်သည့် အမှုကို ဝိညာဉ်တော်က

လုပ်ဆောင်သည့် အရာအတိုင်း ဆောင်ရွက်ထားခြင်း ဖြစ်သည်။ ယနေ့တွင်၊ ဤအမှုနှင့်ဆိုင်သည့် အသိပညာ သင် မရှိပါက၊ သင်သည် အလွန်မိုက်မဲပြီး အလွန်များစွာ ဆုံးရှုံးရပြီး ဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ ကယ်တင်ခြင်းကို မရရှိသေးပါက၊ သင်၏ယုံကြည်မှုသည် ဘာသာရေးယုံကြည်မှုဖြစ်ပြီး သင်သည် ဘာသာတရားနှင့်ဆိုင်သည့် ခရစ်ယာန်တစ်ဦး ဖြစ်ပေသည်။ သင်သည် မသုံးတော့သော အယူဝါဒကို မြဲမြံစွာ စွဲကိုင်ထားသောကြောင့်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သစ်ကို သင် ဆုံးရှုံးပြီးဖြစ်သည်။ ဘုရားသခင်ကို ချစ်ခြင်းအား ရရှိအောင် အားထုတ်သည့် အခြားသူများသည် သမ္မာတရားနှင့် အသက်ကို ရရှိနိုင်ကြသည်၊ သင်၏ ယုံကြည်ခြင်းမှာမူ ဘုရားသခင်၏ လက်ခံမှုကို ရရှိနိုင်စွမ်း မရှိချေ။ ယင်းအစား၊ သင်သည် ဒုစရိုက်ကိုပြုသူတစ်ဦး၊ ဖျက်ဆီးတတ်ပြီး မနှစ်သက်ဖွယ် အပြုအမူများကို ကျူးလွန်သူ တစ်စုံတစ်ဦး ဖြစ်လာပြီးဖြစ်သည်။ သင်သည် စာတန်၏ လှောင်ပြောင်စရာတစ်ဦးနှင့် စာတန်၏ အကျဉ်းသားတစ်ဦး ဖြစ်လာပြီးဖြစ်သည်။ ဘုရားသခင်သည် လူ၏ ယုံကြည်ခြင်းကို ခံရဖို့မဟုတ်ဘဲ၊ လူ၏ချစ်ခြင်းကို ခံရန်နှင့် လူ၏ လိုက်စားခြင်းနှင့် ကိုးကွယ်ခြင်းတို့ကို ခံရန်ဖြစ်သည်။ ယနေ့ သင် မလိုက်စားပါက၊ သင်က "ယခင်အချိန်က ငါသည် ဘုရားသခင်နောက်သို့ အဘယ်ကြောင့် ကောင်းစွာမလိုက်ခဲ့သနည်း၊ ကိုယ်တော့်ကို အဘယ်ကြောင့် ကောင်းစွာ စိတ်ကျေနပ်စေခြင်း မရှိခဲ့သနည်း၊ ငါ၏အသက် စိတ်သဘောထားတွင် ပြောင်းလဲမှုများကို အဘယ်ကြောင့် ငါ မလိုက်စားခဲ့သနည်း။ ထိုအချိန်က ဘုရားသခင်ထံ မကျိုးနွံမနာခံနိုင်ခဲ့ခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သက်ဆိုင်သည့် အသိပညာကို မလိုက်စားခဲ့ခြင်းအား ငါနောင်တ ရလိုက်လေခြင်း။ ထိုအချိန်က ဘုရားသခင်သည် အလွန်များစွာ ပြောခဲ့သည်။ ငါ အဘယ်သို့များ မလိုက်စားနိုင်လေပြီနည်း။ ငါသည် အလွန် မိုက်မဲခဲ့သည်တကား" ဟု ပြောသည့် နေ့ရက် ရောက်လာလိမ့်မည်။ သင်သည် သင့်ကိုယ်သင် အတိုင်းအတာ တစ်ခုအထိ မုန်းတီးမိလိမ့်မည်။ ယနေ့တွင် သင်သည် ငါပြောသောစကားများကို မယုံကြည်သကဲ့သို့၊ ယင်းတို့ကို သင် အာရုံမစိုက်ပေ။ ဤအမှုကို ဖြန့်ဝေရန်နှင့် ယင်း၏ အလုံးစုံကို သင် မြင်ရသည့် နေ့ရက် ရောက်လာသည့်အခါ၊ သင်နောင်တရလိမ့်မည် ဖြစ်ပြီး၊ ထိုအချိန်တွင် သင်သည် မှင်တက်နေမိလိမ့်မည်။ ကောင်းချီးမင်္ဂလာများ ရှိသော်လည်း၊ ယင်းတို့ကို ပျော်မွေ့ရကောင်းမှန်း သင်မသိသကဲ့သို့၊ သမ္မာတရား ရှိသော်လည်း၊ သင်မလိုက်စားပေ။ သင်သည် အထင်သေးခံရအောင် မိမိဘာသာပြုခြင်း မဟုတ်လော။ ယနေ့တွင် ဘုရားသခင်၏အမှု နောက်တစ်ဆင့် မစတင်ရသေးသော်လည်း၊ သင်နှင့်သက်ဆိုင်၍ ပြုလုပ်ထားသည့် တောင်းဆိုချက်များနှင့်

အသက်ရှင်နေထိုင်ရန် သင့်အား တောင်းဆိုထားသော အရာများနှင့် ပတ်သက်၍ ပုံမှန်ထက်ပိုခြင်း မရှိပေ။ အလွန်များလှစွာသော အမှုရှိသကဲ့သို့ အလွန်များလှစွာသော သမ္မာတရားများရှိ၏။ ယင်းတို့ကို သင် သိထိုက်သည် မဟုတ်လော။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် သင့်ဝိညာဉ်ကို နိုးထစေနိုင်စွမ်း မရှိသလော။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် သင့်ကိုယ်သင် မုန်းတီးစေနိုင်စွမ်း မရှိသလော။ သင်သည် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း၊ ပြီးလျှင် အနည်းငယ်သော အသွေးအသား နှစ်သိမ့်မှုဖြင့် စာတန်၏ စွမ်းအားအောက်တွင် အသက်ရှင်ဖို့ တင်းတိမ်ရောင့်ရဲနေသလော။ သင်သည် လူအားလုံးတွင် အနိမ့်ကျဆုံးဖြစ်သည် မဟုတ်လော။ ကယ်တင်ခြင်းကို ရှုမြင်ပြီးသော်လည်း၊ ယင်းကို ရရှိရန် မလိုက်စားသောသူတို့ထက် မည်သူမျှ သာ၍ မမိုက်မဲပေ။ ဤသည်တို့မှာ ဇာတိပကတိနှင့်ပတ်သက်၍ အာသာငမ်းငမ်း ပျော်ပါးပြီး၊ စာတန်ကို မွေ့လျော်သူများ ဖြစ်သည်။ ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်းသည် မည်သည့်စိန်ခေါ်မှုများ သို့မဟုတ် အတိဒုက္ခများ သို့မဟုတ် ဆင်းရဲဒုက္ခ အနည်းငယ်ကိုမျှ ဖြစ်ပေါ်စေမည်မဟုတ်ဟု သင်မျှော်လင့်သည်။ သင်သည် အသုံးမကျသော ထိုအရာများကို အမြဲလိုက်စားပြီး၊ ဘဝကို တန်ဖိုးမထားပေ၊ ထိုအစား သင်၏ ကိုယ်ပိုင် လွန်ကဲသော အတွေးများကို သမ္မာတရားရှေ့မှောက်သို့ ထားရှိလေသည်။ သင်သည် အလွန် အသုံးမကျပါတကား။ သင်သည် ဝက်တစ်ကောင်ကဲ့သို့ အသက်ရှင်၏- သင်နှင့် ဝက်များ၊ ခွေးများကြားတွင် မည်သည့် ကွာခြားချက် ရှိပါသနည်း။ သမ္မာတရားကို မလိုက်စားဘဲ ယင်းအစား ဇာတိပကတိကို နှစ်သက်သူများ အားလုံးသည် သားရဲများ ဖြစ်ကြသည်မဟုတ်လော။ ဝိညာဉ်မရှိသော ဤအသေကောင်များ အားလုံးသည် လမ်းလျှောက် နေသည့် အလောင်းကောင်များ မဟုတ်ပေလော။ သင်တို့အလယ်တွင် နှုတ်ကပတ်တော်ပေါင်းမည်မျှ ပြောပြီးပြီနည်း။ သင်တို့အလယ်တွင် အနည်းငယ်သော အမှုကိုသာ လုပ်ဆောင်ပြီးလေပြီလော။ သင်တို့အလယ်တွင် ငါမည်မျှ ထောက်ပံ့ပေးပြီးပြီနည်း။ သို့ဆိုလျှင် သင်သည် အဘယ်ကြောင့် ယင်းကို မရရှိသေးသနည်း။ သင်သည် စောဒကတက်စရာ မည်သည့်အရာ ရှိသနည်း။ သင်သည် ဇာတိပကတိကို အလွန်နှစ်သက်သောကြောင့်၊ မည်သည့်အရာမျှ မရလေပြီမှာ ဟုတ်သည် မဟုတ်လော။ ပြီးလျှင် သင်၏အတွေးများက လွန်ကဲလွန်းသောကြောင့် ဖြစ်သည် မဟုတ်လော။ သင်သည် အလွန်မိုက်မဲလွန်းသောကြောင့် ဖြစ်သည် မဟုတ်လော။ ဤကောင်းချီးမင်္ဂလာများကို သင်သည် ရယူနိုင်စွမ်းမရှိပါက၊ သင့်ကို မကယ်တင်ခြင်းအတွက် ဘုရားသခင်ကို သင် အပြစ်တင်နိုင်သလော။ သင်၏သားသမီးများ နာမကျန်းဖြစ်ခြင်း ကင်းရန်အတွက်၊

သင်၏ခင်ပွန်းက အလုပ်ကောင်း ရှိရန်အတွက်၊ သင်၏သားက ဇနီးကောင်း တစ်ဦးကို ရရန်အတွက်၊ သင့်သမီးက ရည်မွန်သော ခင်ပွန်းတစ်ဦးကို ရရန်အတွက်၊ သင့် နွားများနှင့် မြင်းများက မြေကိုကောင်းစွာ ထွန်ယက်ရန်အတွက်၊ သင်၏ ကောက်ပဲသီးနှံများ အတွက် တစ်နှစ်ပတ်လုံး ရာသီဥတု ကောင်းမွန်ရန်အတွက်၊ သင် လိုက်စားသည့်အရာမှာ ဘုရားသခင်ကို ယုံကြည်ပြီးနောက် ငြိမ်သက်ခြင်း ရရှိနိုင်ရန်ဖြစ်သည်။ ဤသည်မှာ သင် ရှာဖွေသောအရာ ဖြစ်သည်။ သင်၏ လိုက်စားခြင်းမှာ သက်သောင့်သက်သာဖြင့် အသက်ရှင်ရန်၊ သင့်မိသားစုပေါ်သို့ မတော်တဆမှုများ မကျရောက်ရန်အတွက်၊ သင့်အနား လေပြည်ဖြတ်သွားရန်အတွက်၊ သင့်မျက်နှာကို မြေမှုန့် မထိစေရန်အတွက်၊ သင့်မိသားစု၏ ကောက်ပဲသီးနှံများ ရေလွှမ်းမိုးခြင်း မခံရစေရန်အတွက်၊ မည်သည့် သဘာဝဘေးအန္တရာယ်ကမျှ သင့်ကို မထိခိုက်စေရန်အတွက်၊ ဘုရားသခင်၏ ထွေးပိုက်မှုထဲတွင် အသက်ရှင်ရန်၊ ဇိမ်ရှိသော အသိုက်အမြုံထဲတွင် နေထိုင်ရန် ဖြစ်သည်။ သင်ကဲ့သို့သော ဇာတိပကတိကို အမြဲလိုက်စားသည့် သတ္တိကြောင်သူ တစ်ဦး- သင်သည် စိတ်နှလုံးတစ်ခု ရှိပါသလော၊ သင်သည် စိတ်ဝိညာဉ် ရှိပါသလော။ သင်သည် သားရဲတစ်ကောင် မဟုတ်လော။ အပြန်အလှန်အနေဖြင့် မည်သည့်အရာကိုမျှ မတောင်းဆိုဘဲ၊ စစ်မှန်သော လမ်းခရီးကို သင့်အား ငါပေးခဲ့သည်၊ သို့သော် သင်သည် မလိုက်စားပေ။ သင်သည် ဘုရားသခင်ကို ယုံကြည်သော သူများထဲမှ တစ်ဦးလော။ ငါသည် သင့်အပေါ် စစ်မှန်သော လူ့အသက်ကို အပ်နှင်းသော်လည်း၊ သင်သည် မလိုက်စားပေ။ သင်သည် ဝက်များ၊ ခွေးများနှင့် မည်သည့် ကွာခြားမှုမျှမရှိသလော။ ဝက်များသည် လူ့အသက်ကို မလိုက်စားကြပေ၊ ၎င်းတို့သည် သန့်ရှင်းစေခြင်းကို မလိုက်စားသကဲ့သို့၊ အသက်က မည်သည့်အရာဖြစ်သည်ကို ၎င်းတို့နားမလည်ကြပေ။ နေ့စဉ်တွင် ၎င်းတို့ ဝသည်ထိစားပြီးနောက်၊ ၎င်းတို့ အိပ်ရုံသာပြုကြသည်။ ငါသည် သင့်အား မှန်သော လမ်းခရီးကို ပေးပြီးဖြစ်သော်လည်း၊ သင်သည် ယင်းကို မရယူသေးပေ။ သင်သည် လက်ချည်းသက်သက် ဖြစ်ပေသည်။ သင်သည် ဤဘဝ၊ ဝက်တစ်ကောင်၏ဘဝတွင် ဆက်လက် အသက်ရှင်ရန် လိုလားနေပါသလော။ ထိုသို့သောလူများ အသက်ရှင်ခြင်း၏ အရေးပါမှုမှာ အဘယ်နည်း။ သင်၏ အသက်တာသည် အထင်သေးဖွယ် ဖြစ်သကဲ့သို့ ရှက်ဖွယ်ဖြစ်သည်၊ သင်သည် ညစ်ညမ်းမှုနှင့် ကိုယ်ကျင့်သိက္ခာ ကင်းမဲ့မှုအလယ်တွင် အသက်ရှင်ပြီး၊ သင်သည် မည်သည့် ရည်မှန်းချက်များကိုမျှ မလိုက်စားပေ။ သင့်ဘဝသည် အားလုံးထဲတွင် ရှက်ဖွယ်အကောင်းဆုံး ဖြစ်သည်မဟုတ်လော။ ဘုရားသခင်ကို သင်ကြည့်ရှုဝံ့သလော။ ဤနည်းဖြင့် သင် ဆက်လက် တွေ့ကြုံပါက၊ သင်သည် မည်သည့်အရာကိုမျှ မရရှိဘဲ ဖြစ်လိမ့်မည် မဟုတ်လော။ သင့်ထံ မှန်ကန်သောလမ်းခရီးကို

ပေးထားပြီး ဖြစ်သော်လည်း၊ နောက်ဆုံးတွင် သင်သည် ယင်းကို ရရှိနိုင်ခြင်း ရှိမရှိဆိုသည်မှာ သင်၏ ကိုယ်ရေးကိုယ်တာ လိုက်စားမှုအပေါ် မူတည်ပေသည်။ လူများက ဘုရားသခင်သည် ဖြောင့်မတ်သော ဘုရားသခင် ဖြစ်ပြီး လူသည် အဆုံးထိ ဘုရားသခင်နောက်သို့ လိုက်သမျှ ကာလပတ်လုံး၊ ဘုရားသခင်သည် အဖြောင့်မတ်ဆုံး ဖြစ်သည့်အတွက်၊ သူသည် လူသားအပေါ် ကေန်မုချ သမာသမတ်ကျလိမ့်မည်ဟု ဆိုကြသည်။ လူသည် အဆုံးထိ သူ့နောက်သို့ လိုက်ပါက၊ ဘုရားသခင်သည် လူသားကို ဘေးဖယ်ထားနိုင်မည်လော။ ငါသည် လူသားအားလုံးအပေါ် သမာသမတ်ကျကာ လူအားလုံးအား ငါ၏ ဖြောင့်မတ်သော စိတ်သဘောထားဖြင့် တရားစီရင်သည်၊ သို့သော် လူသားနှင့်သက်ဆိုင်သည့် ငါပြုသော သတ်မှတ်ချက်များအဖို့ သင့်လျော်သည့် အခြေအနေများရှိပြီး၊ ၎င်းတို့ မည်သူဖြစ်သည်ကို ပဓာနမထားဘဲ၊ ငါတောင်းဆိုသောအရာကို လူသားအားလုံး ပြီးမြောက်ရမည်။ သင်၏ အရည်အချင်းများ မည်သို့ရှိသည် သို့မဟုတ် ယင်းတို့ကို သင် မည်မျှကြာ ကိုင်စွဲပြီးဖြစ်သည် ဆိုသည်ကို ငါ ဂရုမစိုက်ပေ။ သင်သည် ငါ၏ လမ်းခရီး၌ လျှောက်လှမ်းခြင်း ရှိမရှိဆိုသည်နှင့် သမ္မာတရားကို သင်ချစ်ခြင်း သို့မဟုတ် ဆာငတ်ခြင်း ရှိမရှိဆိုသည်တို့ကိုသာ ငါ ဂရုစိုက်သည်။ သင်သည် သမ္မာတရားမရှိဘဲ၊ ယင်းအစား ဂရုစိုက်ခြင်း သို့မဟုတ် အလေးထားခြင်းမရှိဘဲ လိုက်လျှောက်ရုံမျှ လိုက်လျှောက်ရင်း၊ ငါ၏ အမည်နာမကို အရှက်ရစေကာ ငါ၏လမ်းခရီးအတိုင်း မပြုမူပါက၊ ထိုအချိန်တွင် ငါသည် သင့်ကို ဒဏ်ခတ်မည်ဖြစ်ပြီး၊ သင်၏မကောင်းမှုအတွက် သင့်ကို ငါ အပြစ်ပေးမည်၊ ထိုအခါ သင်သည် ပြောစရာ မည်သည့်အရာ ရှိလိမ့်မည်နည်း။ ဘုရားသခင်သည် မဖြောင့်မတ်ဟု သင်ပြောနိုင်လိမ့်မည်လော။ ယနေ့တွင် ငါပြောပြီးသော စကားများကို သင် အသုံးပြုပါက၊ သင်သည် ငါလက်ခံသော လူစားမျိုးဖြစ်လိမ့်မည်။ ဘုရားသခင် နောက်လိုက်စဉ်တွင်၊ သင်သည် အမြဲ ဒုက္ခဆင်းရဲ ခံစားရသည်၊ သင်သည် သူ့နောက်သို့ အေးအတူပူအမျှ လိုက်လျှောက်ပြီး ဖြစ်ကာ၊ သူနှင့် အကောင်း အဆိုး အတူဝေမျှခံစားပြီးဖြစ်သည်ဟု သင်ဆိုသော်လည်း၊ သင်သည် ဘုရားသခင်ပြောခဲ့သည့် စကားများကို အသက်ရှင်နေထိုင်ခြင်း မရှိလေပြီ။ နေ့ရက်တိုင်းတွင် သင်သည် ဘုရားသခင်အတွက် အလုပ်များကာ ဘုရားသခင်အတွက် သင့်ကိုယ်သင် အသုံးခံရန်သာ ဆန္ဒရှိပြီး၊ အဓိပ္ပာယ်ရှိသော အသက်တာကို အသက်ရှင်နေထိုင်ရန် ဘယ်သောအခါမျှ သင် မစဉ်းစားဖူးပေ။ သင်က “မည်သို့ဆိုစေ၊ ဘုရားသခင်သည် ဖြောင့်မတ်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ ကျွန်ုပ် သူ့အတွက် ဒုက္ခဆင်းရဲခံပြီးဖြစ်သည်၊ သူ့အတွက် အလုပ်များပြီးဖြစ်သကဲ့သို့ ကျွန်ုပ်ကိုယ်ကျွန်ုပ် သူ့အတွက် ဆက်ကပ် အပ်နှံထားပြီးဖြစ်ကာ၊ မည်သည့် အသိအမှတ်ပြုခြင်းကိုမျှ

မရရှိသော်လည်း၊ ကျွန်ုပ် ကြိုးစားလုပ်ဆောင်ပြီးဖြစ်သည်။ သူသည် ကျွန်ုပ်ကို အောက်မေ့သတိရမည်မှာ သေချာပါသည်” ဟုလည်း သင်ပြောသည်။ ဘုရားသခင် ဖြောင့်မတ်သည်မှာ အမှန်ဖြစ်၏။ သို့သော် ဤ ဖြောင့်မတ်ခြင်းသည် မည်သည့် မစင်ကြယ်ခြင်းနှင့်မျှ မစွန်းထင်းသကဲ့သို့၊ ယင်းသည် လူသားတို့၏ အလိုဆန္ဒ မပါရှိပေ၊ ပြီးလျှင် ဇာတိပကတိ သို့မဟုတ် လူသား၏ ကိစ္စတို့ဖြင့် စွန်းထင်းခြင်း မရှိပေ။ ပုန်ကန်တတ်ပြီး ဆန့်ကျင်သောသူအားလုံး၊ သူ၏လမ်းခရီးကို မလိုက်နာသောသူအားလုံးသည် အပြစ်ပေးခံရလိမ့်မည်။ မည်သူမျှ ခွင့်လွှတ်ခြင်းကို မခံရသကဲ့သို့၊ မည်သူ့ကိုမျှ ချမ်းသာမပေးပေ။ လူအချို့က “ယနေ့တွင် ကိုယ်တော့်အတွက် ကျွန်ုပ် အလုပ်များပါ၏။ အဆုံးသတ်ရောက်သောအခါ၊ ကျွန်ုပ်အား ကောင်းချီးအနည်းငယ် ပေးနိုင်ပါမည်လော” ဟု ဆိုသည်။ သို့ဆိုလျှင် သင့်ကို ငါမေးမည်၊ “သင်သည် ငါ့နှုတ်ကပတ်တော်များကို လိုက်နာစောင့်ထိန်းပြီးပြီလော။” သင်ပြောဆိုသော ဖြောင့်မတ်မှုသည် အရောင်းအဝယ် တစ်ခုအပေါ် မှီတည်နေသည်။ ငါသည် ဖြောင့်မတ်ပြီး လူသားအားလုံးအပေါ် သမာသမတ်ကျကာ တကယ့်အဆုံးထိ ငါ့နောက်လိုက်သူအားလုံးသည် ကယ်တင်ခြင်းကို ခံရပြီး ငါ၏ ကောင်းချီးမင်္ဂလာများကို ရရှိဖို့ သေချာသည်ဟုသာ သင်ထင်သည်။ “တကယ့်အဆုံးထိ ငါ့နောက်သို့ လိုက်သောသူ အားလုံးသည် ကယ်တင်ခံရဖို့ သေချာသည်” ဟူသော ငါ့နှုတ်ကပတ်တော်များတွင် သိုဝှက်သော အဓိပ္ပာယ်ရှိသည်- တကယ့်အဆုံးထိ ငါ့နောက်သို့ လိုက်သောသူတို့သည် ငါ၏ အပြည့်အဝ ရယူခြင်း ခံရမည့်သူများ ဖြစ်သည်၊ ၎င်းတို့သည် ငါ၏ သိမ်းပိုက်ခြင်းခံရပြီးနောက် သမ္မာတရားကို ရှာဖွေကာ စုံလင်စေခြင်း ခံကြရသူများဖြစ်သည်။ မည်သည့် သတ်မှတ်ချက်များကို သင် စွမ်းဆောင်ရရှိပြီး ပြီနည်း။ သင်သည် တကယ့်အဆုံးထိ ငါ့နောက်လိုက်ခြင်းကိုသာ စွမ်းဆောင်ရရှိပြီး ဖြစ်သည်၊ သို့သော် အခြားမည်သည့်အရာရှိသေးသနည်း။ ငါ့စကားများကို သင် လိုက်နာစောင့်ထိန်းပြီးပြီလော။ သင်သည် ငါ၏ သတ်မှတ်ချက် ငါးခုထဲမှ တစ်ချက်ကိုပြီးမြောက်ပြီးဖြစ်သော်လည်း၊ ကျန်ရှိသော လေးချက်ကို ပြီးမြောက်ရန် သင် မည်သည့် ရည်ရွယ်ချက်မျှ မရှိပေ။ သင်သည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံးလမ်းကိုသာ တွေ့ရှိပြီးဖြစ်ကာ၊ ကံကောင်းဖို့သာ မျှော်လင့်နေသည့် သဘောထားတစ်ခုဖြင့် ယင်းကို လိုက်စားပြီး ဖြစ်သည်။ သင်ကဲ့သို့သော ထိုလူတစ်ဦးအပေါ် ငါ၏ ဖြောင့်မတ်သော စိတ်သဘောထားသည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းထဲမှ တစ်ခု ဖြစ်သည်။ ယင်းသည် ဖြောင့်မတ်သော ဒဏ်ခတ်ခံခြင်းတစ်ခုဖြစ်ပြီး ယင်းသည် မကောင်းမှု ပြုလုပ်သူအားလုံးနှင့်ဆိုင်သည့် ဖြောင့်မတ်သော ပြစ်ဒဏ်ပေးခြင်း ဖြစ်သည်။ ငါ့လမ်း၌ မလျှောက်လှမ်းသော သူအားလုံးသည် တကယ့်အဆုံးထိ

၎င်းတို့လိုက်လျှောက်လျှင်ပင် ဧကန်မုချ အပြစ်ပေး ခံရလိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဖြစ်၏။ ဤဖြောင့်မတ်သော စိတ်သဘောထားကို လူသားအား ပြစ်ဒဏ်ပေးရာတွင် ဖော်ပြသည့်အခါ၊ လူသားသည် မှင်တက်ကာ၊ ဘုရားသခင် နောက်သို့လိုက်စဉ် ဘုရားသခင်၏လမ်းခရီး၌ မလျှောက်ခဲ့သည်ကို သူနောင်တရလိမ့်မည်။ "ထိုအချိန်တွင်၊ ဘုရားသခင် နောက်လိုက်စဉ် ငါသည် အနည်းငယ်သာ ဒုက္ခခံစားခဲ့သော်လည်း ဘုရားသခင်၏လမ်းခရီး၌ မလျှောက်လှမ်းခဲ့ပါ။ မည်သည့်ဆင်ခြေများ ရှိသနည်း။ ပြစ်တင်ဆုံးမခံရခြင်းမှလွဲ၍ အခြားရွေးချယ်စရာမရှိပါ။" သို့တိုင် သူ့စိတ်ထဲတွင် သူက၊ "မည်သို့ပင်ဆိုစေ၊ တကယ့်အဆုံးထိ ကျွန်ုပ် လိုက်လျှောက်ပြီး ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော် ကျွန်ုပ်ကို ပြစ်တင်ဆုံးမလျှင်ပင်၊ ယင်းသည် အလွန်ပြင်းထန်သော ပြစ်တင်ဆုံးမခြင်း မဖြစ်နိုင်သကဲ့သို့၊ ဤပြစ်တင်ဆုံးမမှုကို အရယူပြီးနောက် ကိုယ်တော်သည် ကျွန်ုပ်ကို အလိုရှိလိမ့်ဦးမည် ဖြစ်သည်။ ကိုယ်တော်သည် ဖြောင့်မတ်သကဲ့သို့၊ ကျွန်ုပ်အား ထိုနည်းဖြင့် အစဉ်ထာဝရ ဆက်ဆံလိမ့်မည် မဟုတ်သည်ကို ကျွန်ုပ် သိပါ၏။ အဆုံးတွင်တော့၊ ကျွန်ုပ်သည် ရှင်းထုတ်ခြင်း ခံရမည့် သူများနှင့် မတူပါ။ ရှင်းထုတ်ခြင်း ခံရမည့်သူများသည် ပြင်းထန်သော ပြစ်တင်ဆုံးမခြင်း တစ်ခုကို ရရှိလိမ့်မည်ဖြစ်သည်၊ ကျွန်ုပ်၏ ပြစ်တင်ဆုံးမခြင်းမှာမူ သာ၍ပေါ့ပါးလိမ့်မည်" ဟု တွေးနေပေသည်။ ဖြောင့်မတ်သော စိတ်သဘောထားသည် သင်ပြောသကဲ့သို့ မဟုတ်ပေ။ မိမိတို့ အပြစ်များကို ဝန်ခံရာတွင် တော်သည့်သူများကို သက်ညှာစွာ ဆက်ဆံသည်မှာ မဟုတ်ပေ။ ဖြောင့်မတ်ခြင်းသည် သန့်ရှင်းခြင်းဖြစ်ပြီး လူသား၏ ပုန်ကန်ပြစ်မှားမှုကို သည်းမခံသော စိတ်သဘောထားတစ်ခု ဖြစ်ကာ၊ ညစ်ညူးသော အရာများ နှင့် မပြောင်းလဲသောအရာများ အားလုံးသည် ဘုရားသခင်၏ စက်ဆုပ်ရွံရှာခြင်း ခံရသော အရာဖြစ်သည်။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားသည် ပညတ်ချက်မဟုတ်ဘဲ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်ဖြစ်သည်- ယင်းသည် နိုင်ငံတော်အတွင်းရှိ စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်ဖြစ်ပြီး၊ ဤစီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်သည် သမ္မာတရားကို မပိုင်ဆိုင်သကဲ့သို့ မပြောင်းလဲသေးသောသူ မည်သူမဆိုနှင့်ဆိုင်သည့် ဖြောင့်မတ်သော အပြစ်ပေးခြင်းဖြစ်ကာ၊ ကယ်တင်ခြင်းအတွက် အကန့်အသတ်အတိုင်းအတာ မရှိပေ။ အကြောင်းမှာ လူအသီးသီးသည် အမျိုးအစားအလိုက် ခွဲခြားသည့်အခါ၊ ကောင်းသောသူများသည် ဆုလာဘ်ချီးမြှင့်ခံရမည်ဖြစ်ပြီး ဆိုးယုတ်သောသူများသည် အပြစ်ပေးခြင်းကို ခံရမည်ဖြစ်သောကြောင့် ဖြစ်သည်။ ယင်းသည် လူ၏ခရီးပန်းတိုင်ကို ရှင်းလင်းစေလိမ့်မည့် အချိန် ဖြစ်သည်။ ကယ်တင်ခြင်းအမှု အဆုံးသတ်မည့် အချိန်ဖြစ်သည်၊ ယင်းနောက်တွင် လူကိုကယ်တင်ခြင်း အမှုကို နောက်ထပ်

လုပ်ဆောင်တော့မည်မဟုတ်သကဲ့သို့၊ ဒဏ်ခတ်ခံရခြင်းသည် မကောင်းမှုကို ကျူးလွန်သူတိုင်းအပေါ်သို့ ကျရောက်လိမ့်မည်။ လူအချို့က “ဘုရားသခင်သည် သူ့အနားတွင် မကြာခဏရှိသော သူတိုင်းကို အမှတ်ရသည်။ ကျွန်ုပ်တို့ထဲမှ မည်သူ့ကိုမျှ သူမေ့လျော့လိမ့်မည်မဟုတ်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရမည်မှာ သေချာပါသည်။ အောက်တွင်ရှိသော သူများထဲမှ မည်သူကိုမျှ သူ အမှတ်ရမည်မဟုတ်၊ အောက်၌ရှိသော လူများထဲမှ စုံလင်စေခြင်းကို ခံရမည့်သူများသည် ဘုရားသခင်အား မကြာခဏ ကြုံရသော ကျွန်ုပ်တို့ထက် နည်းပါးမည်မှာ သေချာသည်။ ကျွန်ုပ်တို့ထဲတွင် မည်သူ့ကိုမျှ ဘုရားသခင် မမေ့လျော့လေပြီ၊ ကျွန်ုပ်တို့ အားလုံးသည် ဘုရားသခင်၏ လက်ခံခြင်းကို ခံရပြီးဖြစ်ကာ ဘုရားသခင်၏ စုံလင်စေခြင်းခံရမည်မှာ သေချာပါသည်” ဟု ပြောကြသည်။ သင်တို့အားလုံးသည် ထိုသို့သော အယူအဆများ ရှိကြသည်။ ဤသည်မှာ ဖြောင့်မတ်ခြင်းလော။ သမ္မာတရားကို သင်လက်တွေ့လုပ်ဆောင်ပြီးပြီလော သို့မဟုတ် မလုပ်ဆောင်ရသေးသလော။ သင်သည် ဤကဲ့သို့သော ကောလာဟလများကို အမှန်တကယ် ဖြန့်နေသည်- သင့်မှာ အရှက်မရှိပါတကား။

ယနေ့တွင် လူအချို့သည် ဘုရားသခင် အသုံးပြုခံရခြင်းကို လိုက်စားကြသော်လည်း၊ သိမ်းပိုက်ခံရပြီးနောက် ၎င်းတို့ကို တိုက်ရိုက် အသုံးပြု၍ မရနိုင်ပေ။ ယနေ့ပြောဆိုသည့် နှုတ်ကပတ်တော်များ အတွက်မူ၊ ဘုရားသခင်က လူတို့ကို အသုံးပြုသည့်အခါ၊ သင်သည် ယင်းတို့ကို မပြီးမြောက်နိုင်သေးပါက၊ သင်သည် စုံလင်စေခြင်းကို မခံရသေးပေ။ တစ်နည်းအားဖြင့်၊ လူသည် စုံလင်စေခြင်းခံရသည့် အချိန်ကာလ အဆုံးသတ် ရောက်ရှိခြင်းက လူသားသည် ဘုရားသခင်၏ သုတ်သင်ဖယ်ရှားခြင်း ခံရမည်လော သို့မဟုတ် အသုံးပြုခြင်း ခံရမည်လော ဆိုသည်ကို အဆုံးအဖြတ်ပေးလိမ့်မည်။ သိမ်းပိုက်ခြင်း ခံရပြီးသောသူများသည် မတုန်မလှုပ်ဖြစ်ခြင်းနှင့် အပျက်သဘောဆောင်ခြင်းတို့၏ ဥပမာများထက် ဘာမျှမပိုပေ။ ၎င်းတို့သည် နမူနာများနှင့် စံပုံစံများဖြစ်သော်လည်း၊ ၎င်းတို့သည် ဆန့်ကျင်ကွဲပြားမှု တစ်ခုထက် ဘာမျှ မပိုပေ။ လူသား၏ အသက်စိတ်သဘောထား ပြောင်းလဲပြီး အိတ်သွန်ဖာမှောက် ပြောင်းလဲမှုများကို ရရှိပြီးအချိန်မှသာ၊ သူသည် အပြည့်အဝ စုံလင်စေခြင်းခံရပြီး ဖြစ်လိမ့်မည်။ ယနေ့တွင် မည်သည့်အရာကို သင်အလိုရှိသနည်း- သိမ်းပိုက်ခံရခြင်းလော၊ သို့မဟုတ် စုံလင်အောင်ပြုခံရခြင်းလော။ မည်သည့်အရာကို စွမ်းဆောင်ရရှိရန် သင် ဆန္ဒရှိသနည်း။ စုံလင်အောင်ပြုခံရခြင်းအတွက် သတ်မှတ်ချက်များကို သင်ဖြည့်ဆည်းပြီးပြီလော။ မည်သည့် သတ်မှတ်ချက်များ သင်ကင်းမဲ့ဆဲဖြစ်သနည်း။ သင့်ကိုယ်သင် မည်သို့ ပြင်ဆင်သင့်ပြီး၊ သင်၏ ချို့တဲ့ခြင်းများအတွက် မည်သို့

ထေမိစေသင့်သနည်း။ စုံလင်စေခြင်း လမ်းကြောင်းပေါ်သို့ သင်မည်သို့ ဝင်ရောက်သင့်သနည်း။ သင်သည် မည်သို့ လုံးဝ ကျိုးနွံနာခံသင့်သနည်း။ သင်သည် စုံလင်စေခြင်းခံရရန် တောင်းဆိုသည်၊ သို့ဆိုလျှင် သန့်ရှင်းခြင်းကို သင် လိုက်စားသလော။ သင်သည် သန့်စင်ခြင်းခံရနိုင်ဖို့အလို့ငှာ ပြစ်တင်ဆုံးမခြင်း နှင့် တရားစီရင်ခြင်းကို တွေ့ကြုံခံစားဖို့ ကြိုးစားသည့် လူတစ်ဦး ဖြစ်ပါသလော။ သင်သည် သန့်ရှင်းစေခြင်းကို လိုက်စားသည်၊ သို့ဆိုလျှင် သင်သည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို လက်ခံရန် လိုလားပါသလော။ သင်သည် ဘုရားသခင်အား သိကျွမ်းရန် တောင်းဆိုသည်၊ သို့သော် သင်သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့နှင့်ပတ်သက်သည့် အသိပညာ တစ်ခု ရှိပါသလော။ ယနေ့တွင် သင့်အပေါ် သူပြုသော အမှုအများစုမှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းဖြစ်၏။ သင့်အပေါ် ဆောင်ရွက်ပြီးဖြစ်သည့် ဤအမှုနှင့် ပတ်သက်သည့် အသိပညာသည် အဘယ်နည်း။ သင်တွေ့ကြုံပြီးဖြစ်သော ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းသည် သင့်အား သန့်ရှင်းစေပြီးပြီလော။ ယင်းသည် သင့်ကို ပြောင်းလဲစေပြီးပြီလော။ ယင်းသည် သင့်အပေါ် အကျိုးသက်ရောက်မှု တစ်စုံတစ်ရာ ရှိပြီးပြီလော။ ယနေ့၏ အမှုများစွာကို- ကျိန်ခြင်းများ၊ တရားစီရင်ခြင်းနှင့် ဖွင့်ဟမှုများကို- သင် ငြီးငွေ့ပါသလော- သို့မဟုတ် ဤအရာများသည် သင့်အတွက် ကြီးစွာ အကျိုးပြုသည်ဟု သင် ခံစားရသလော။ သင်သည် ဘုရားသခင်ကို ချစ်၏၊ သို့သော် အဘယ်ကြောင့် သူ့ကို သင် ချစ်သနည်း။ သင်သည် ကျေးဇူးတော် အနည်းငယ် ရရှိသောကြောင့် ဘုရားသခင်ကို ချစ်သလော။ သို့မဟုတ် သင်သည် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း ရရှိပြီးသည့်နောက်တွင် ဘုရားသခင်ကို ချစ်သလော။ သို့မဟုတ် သူ၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့အားဖြင့် သန့်ရှင်းစေခြင်း ခံရပြီးသည့်နောက် ဘုရားသခင်ကို သင်ချစ်သလော။ မည်သည့်အရာ အတိအကျက သင့်အား ဘုရားသခင်ကို ချစ်စေသနည်း။ ပေတရုသည် စုံလင်စေခြင်းခံရရန်အလို့ငှာ မည်သည့်သတ်မှတ်ချက်များကို ဖြည့်ဆည်းခဲ့သနည်း။ သူသည် စုံလင်စေခြင်းခံခဲ့ရသည့်နောက်တွင်၊ ယင်းကို ဖော်ပြသည့် အရေးပါသောလမ်းမှာ မည်သည့်အရာ ဖြစ်ခဲ့သနည်း။ ပေတရုသည် သခင်ယေရှုကို တောင့်တခဲ့သောကြောင့် သို့မဟုတ် သူသည် သခင်ယေရှုကို မမြင်နိုင်ခဲ့သောကြောင့် သို့မဟုတ် သူသည် ပြစ်တင်ခြင်းခံခဲ့ရပြီးဖြစ်သောကြောင့် သခင်ယေရှုကို ချစ်ခဲ့သလော။ သို့မဟုတ် သူသည် အတိဒုက္ခများကို ခံစားရခြင်းအား လက်ခံခဲ့ပြီးဖြစ်ကာ သူ၏ ကိုယ်ပိုင် ညစ်ညမ်းမှုနှင့် မနာခံတတ်မှုတို့ကို သိရှိလာခဲ့ပြီးဖြစ်သောကြောင့်၊ သခင်၏ သန့်ရှင်းခြင်းကို သိရှိလာခဲ့ပြီးဖြစ်သောကြောင့်၊ ပေတရုသည် သခင်ယေရှုကို သာ၍ပင် ချစ်ခဲ့သလော။

ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကြောင့် သို့မဟုတ် အခြားတစ်စုံတစ်ရာကြောင့် ဘုရားသခင်ကို သူ၏ချစ်ခြင်းက ပိုမိုဖြူစင်လာခဲ့သလော။ အဘယ်အရာနည်း။ သင်သည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်နှင့် ယနေ့တွင် သူသည် သင့်အား ကောင်းချီးမင်္ဂလာ အနည်းငယ် ပေးပြီးပြီဖြစ်သောကြောင့် ဘုရားသခင်ကို ချစ်ခြင်း ဖြစ်သည်။ ဤသည်မှာ စစ်မှန်သော ချစ်ခြင်းမေတ္တာလော။ ဘုရားသခင်ကို သင် မည်သို့ ချစ်သင့်သနည်း။ သူ၏ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို သင် လက်ခံပြီး၊ သူ၏ဖြောင့်မတ်သော စိတ်သဘောထားကို ရှုမြင်ပြီးနောက်တွင်၊ သင့်အနေဖြင့် သူ့ကို လုံး၀ လက်ခံယုံကြည်ပြီး သူနှင့်ဆိုင်သည့် အသိပညာ သင်ရှိသည်အထိ သူ့ကို အမှန်တကယ် သင် ချစ်နိုင်သင့်သလော။ ပေတရုကဲ့သို့ ဘုရားသခင်အား လုံလုံလောက်လောက် မချစ်နိုင်ဟု သင်ဆိုနိုင် ပါသလော။ သင် လိုက်စားသည်မှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းပြီးသည့်နောက် သိမ်းပိုက်ခံရရန် ဖြစ်သလော သို့မဟုတ် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းပြီးသည့်နောက် သန့်ရှင်းစေခြင်းခံရရန်၊ ကွယ်ကာခြင်း ခံရရန်နှင့် စောင့်ရှောက်ခံရရန် ဖြစ်သလော။ ဤအရာများထဲမှ မည်သည့်အရာကို သင် လိုက်စားသနည်း။ သင်၏အသက်တာသည် အဓိပ္ပာယ်ရှိသော အသက်တာတစ်ခု ဖြစ်သလော သို့မဟုတ် ယင်းသည် အဓိပ္ပာယ်မဲ့ကာ တန်ဖိုးမရှိလေသလော။ သင်သည် ဇာတိပကတိကို လိုချင်သလော သို့မဟုတ် သမ္မာတရားကို လိုချင်သလော။ တရားစီရင်ခြင်းကို သင်ဆန္ဒ ရှိသလော သို့မဟုတ် သက်သောင့်သက်သာ ဖြစ်ခြင်းကို သင် ဆန္ဒရှိသလော။ ဘုရားသခင်၏အမှုကို အလွန်များစွာ တွေ့ကြုံပြီးသည့်နောက်၊ ပြီးလျှင် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို ရှုမြင်ရပြီးသည့်နောက်၊ သင်သည် မည်သို့ လိုက်စားသင့်သနည်း။ ဤလမ်းကြောင်းကို သင်မည်သို့ လျှောက်လှမ်းသင့်သနည်း။ သင်၏ ဘုရားသခင်ကို ချစ်ခြင်းအား မည်သို့ လက်တွေ့လုပ်ဆောင်သင့်သနည်း။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် သင့်အထဲ၌ သက်ရောက်မှု တစ်ခုတစ်လေ စွမ်းဆောင်ရရှိပြီးပြီလော။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့နှင့်ဆိုင်သည့် အသိပညာ သင် ရှိခြင်း၊ မရှိခြင်းသည် သင်အသက်ရှင်နေထိုင်သည့်အရာနှင့် ဘုရားသခင်အား သင်ချစ်သည့် အတိုင်းအတာအပေါ် မှီတည်နေသည်။ သင့်နှုတ်ခမ်းများက ဘုရားသခင်အား ချစ်သည်ဟုဆိုသော်လည်း၊ သင် အသက်ရှင်နေထိုင်သည်မှာ အိုဟောင်းသည့် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား ဖြစ်သည်။ သင်သည် အသိတရား ရှိဖို့မဆိုထားနှင့်၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းပင် မရှိပေ။ ထိုသို့သော လူများသည် ဘုရားသခင်ကို ချစ်သလော။ ထိုသို့သော လူများသည် ဘုရားသခင်ကို သစ္စာစောင့်သိသလော။ ၎င်းတို့သည်

ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို လက်ခံသူများ ဟုတ်ပါသလော။ သင်က ဘုရားသခင်ကို ချစ်ကာ သူ့ကို ယုံကြည်ပါသည်ဟု ပြောသော်လည်း သင်၏ အယူအဆများကို သင် လက်မလွှတ်ပေ။ သင်၏ အလုပ်၊ ဝင်ရောက်မှု၊ သင်ပြောသောစကားများနှင့် သင့်အသက်တာထဲတွင်၊ ဘုရားသခင်အား သင်၏ချစ်ခြင်းနှင့်ဆိုင်သည့် သရုပ်သကန်များ မရှိသကဲ့သို့၊ ဘုရားသခင်ကို ရိုသေလေးမြတ်ခြင်း မရှိပေ။ ဤသည်မှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို ရရှိပြီးသောသူ တစ်ဦးဖြစ်သလော။ ဤကဲ့သို့သော တစ်စုံတစ်ဦးသည် ပေတရု ဖြစ်နိုင်မည်လော။ ပေတရုကဲ့သို့သော သူများသည် အသိပညာသာရှိပြီး အသက်ရှင်နေထိုင်ခြင်း မရှိသလော။ ယနေ့တွင်၊ စစ်မှန်သော အသက်တာကို အသက်ရှင်နေထိုင်ရန် လူသား လိုအပ်သည့် သတ်မှတ်ချက်မှာ အဘယ်နည်း။ ပေတရု၏ ဆုတောင်းချက်များသည် သူ့နှုတ်မှထွက်လာသော စကားများထက် မည်သည့်အရာမျှ မပိုခဲ့သလော။ ယင်းတို့သည် သူ၏ နှလုံးသား အတွင်းနက်နက်မှ စကားများ မဟုတ်ခဲ့သလော။ ပေတရုသည် ဆုတောင်းရုံသာ ဆုတောင်းပြီး သမ္မာတရားကို လက်တွေ့မလုပ်ဆောင်ခဲ့သလော။ သင်လိုက်စားမှုမှာ မည်သူ့အတွက်နည်း။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းအတွင်းတွင် သင်သည် ကွယ်ကာမှုနှင့် သန့်ရှင်းစေခြင်းတို့ကို မိမိကိုယ်ကိုယ် မည်သို့ ရရှိစေသင့်သနည်း။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းသည် လူသားအဖို့ အကျိုးမရှိပါသလော။ တရားစီရင်ခြင်းအားလုံးသည် အပြစ်ပေးခြင်းဖြစ်သလော။ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့သာ၊ ရုပ်ဝတ္ထုဆိုင်ရာ ကောင်းချီးမင်္ဂလာများနှင့် တဒင်္ဂ သက်သောင့်သက်သာ ဖြစ်ခြင်းတို့သည်သာ လူ၏အသက်အတွက် အကျိုးရှိသည်မှာ ဖြစ်နိုင်မည်လော။ လူသည် တရားစီရင်ခြင်း အသက်တာ မရှိဘဲ၊ သာယာပြီး သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင်တွင်နေထိုင်ပါက၊ သူသည် သန့်ရှင်းစေခြင်း ခံရနိုင်မည်လော။ လူသည် ပြောင်းလဲပြီး သန့်ရှင်းစေခြင်းခံရရန် ဆန္ဒရှိပါက၊ စုံလင်အောင်ပြုခြင်းကို သူ မည်သို့လက်ခံသင့်သနည်း။ ယနေ့ မည်သည့်လမ်းကြောင်းကို သင်ရွေးချယ်သင့်သနည်း။

## သင်တို့သည် အမှုတော်ကို သိနားလည်ရမည်- စိတ်ရှုပ်ထွေးမှုဖြင့် မလိုက်ကြလေနှင့်။

လက်ရှိအချိန်တွင် စိတ်ရှုပ်ထွေးသည့်ပုံစံဖြင့် ယုံကြည်သောလူ များစွာ ရှိသည်။ သင်တို့သည် စူးစမ်းလိုစိတ် များလွန်းကြသည်၊ ကောင်းချီး မင်္ဂလာများအတွက် လိုအင်ဆန္ဒ များလွန်းကြပြီး၊ အသက်ကို ရှာဖွေဖို့ ပြင်းပြသောဆန္ဒမှာ နည်းပါးလွန်းလှသည်။ ယနေ့ခေတ် လူတို့သည် ယေရှုကို ၎င်းတို့၏ ယုံကြည်ကိုးကွယ်မှု၌ စိတ်အားထက်သန်မှုနှင့် ပြည့်နေကြသည်။ ယေရှုသည် ၎င်းတို့ကို ကောင်းကင်အိမ်တော်သို့ ပြန်ခေါ်ဆောင်မည် ဖြစ်သောကြောင့် ၎င်းတို့ မယုံကြည်ဘဲ အဘယ်သို့ နေနိုင်မည်နည်း။ လူအချို့သည် ၎င်းတို့တစ်သက်တာလုံး ယုံကြည်သူများ ဖြစ်ကြသည်။ အနှစ်လေးဆယ်၊ ငါးဆယ်ကြာ ယုံကြည်ခြင်းရှိပြီးသည့် နောက်တွင်ပင် ၎င်းတို့သည် ကျမ်းစာဖတ်ခြင်းကို ဘယ်သောအခါမျှ ငြီးငွေ့သွားခြင်း မရှိကြချေ။ ဤသည်မှာ မည်သည့်အရာ ဖြစ်ပျက်ပါစေ ယုံကြည်ခြင်းရှိနေသရွေ့ ကောင်းကင်ဘုံသို့ ရောက်ရှိလိမ့်မည်ဟု ၎င်းတို့ ထင်ကြသောကြောင့် ဖြစ်သည်။ သင်တို့သည် ဤလမ်းကြောင်း တစ်လျှောက် နှစ်အနည်းငယ်မျှသာ ဘုရားသခင်နောက် လိုက်ကြပြီး ဖြစ်သည်၊ သို့သော်လည်း သင်တို့သည် ရည်မှန်းချက် ပျောက်ဆုံးကြလေပြီ။ ကောင်းချီးမင်္ဂလာရရှိဖို့ သင်တို့၏ စိတ်ဆန္ဒ ပြင်းပြလွန်းသောကြောင့် သင်တို့၏သည်းခံခြင်းကို ဆုံးရှုံးကြလေပြီ။ စစ်မှန်သော ဤလမ်းကို သင်တို့၏ လျှောက်လှမ်းခြင်းအား ကောင်းချီးမင်္ဂလာရရှိဖို့ဖြစ်သည့် သင်တို့၏ စိတ်ဆန္ဒနှင့် သင်တို့၏ သိချင်စိတ်ပြင်းပြခြင်းတို့က စိုးမိုးထားသည်။ အမှု၏ဤအဆင့်နှင့် စပ်လျဉ်း၍ သင်တို့၌ သိနားလည်မှုများစွာ မရှိကြချေ။ ယနေ့ ငါပြောနေသော အရာများစွာတို့သည် ယေရှုကို ယုံကြည်သောသူများအား ဦးတည်ခြင်း မဟုတ်သကဲ့သို့၊ ၎င်းတို့၏ အယူအဆများကို ဆန့်ကျင်ဖို့သာ ငါ ပြောနေခြင်းလည်း မဟုတ်ပေ။ အမှန်တွင်၊ သင်တို့သည် သမ္မာကျမ်းစာ ဘေးဖယ်ခံထားရသည့်အကြောင်းအရင်း၊ ယေဟောဝါ၏ အမှု ဟောင်းသွားသည်ဟု ငါ ပြောဆိုရသည့် အကြောင်းအရင်း၊ သို့မဟုတ် ယေရှု၏ အမှု အိုဟောင်းသွားပြီဟု ငါ ပြောဆိုသည့် အကြောင်းအရင်းကို သင်တို့ နားမလည်ကြသည့်အတွက်၊ ထုတ်ဖော်ခံရသည့် ဤအယူအဆများသည် သင်တို့၏ အတွင်းထဲ၌ရှိသော အယူအဆများပင် ဖြစ်သည်။ အမှန်မှာ သင်တို့ ဖွင့်ဟမပြောသည့် အယူအဆများစွာကို သင်တို့ သိထားကြသည့်အပြင်၊ သင်တို့၏ စိတ်နှလုံးများထဲတွင် နက်နက်ရှိုင်းရှိုင်း ပိတ်ဆို့ထားသည့် အမြင်များစွာရှိကာ လူအုပ်နောက်ကိုသာ သင်တို့ လိုက်ကြလေသည်။ အယူအဆများစွာကို သင်တို့ သိထားခြင်းမရှိဟု သင်တို့ အမှန်တကယ် ထင်ကြသလော။ သင်တို့သည် ၎င်းတို့ကို မပြောဆိုခြင်းသာ ဖြစ်သည်။ အမှန်တွင်၊ သင်တို့သည် ဘုရားသခင်နောက် ဝတ်ကျေတမ်းကျေသာ လိုက်ကြ၏၊ သင်တို့သည် စစ်မှန်သောလမ်းကို ရှာဖွေရန် လုံးဝ မလာကြသကဲ့သို့၊ အသက်ကို ရရှိခြင်း ရည်ရွယ်ချက်ဖြင့်

မလာကြပေ။ သင်တို့၏ သဘောထားမှာ မည်သည့်အရာ ဖြစ်ပျက်မည်ကို မြင်ချင်ရုံသက်သက်သာ ဖြစ်သည်။ သင်တို့သည် သင်တို့၏ အယူအဆဟောင်းများကို လက်လွှတ်ခြင်းမရှိကြသောကြောင့်၊ မိမိတို့ကိုယ်ကိုယ် အပြည့်အဝ ဆက်ကပ်နိုင်သောသူတစ်ဦး သင်တို့ထဲတွင် မရှိပေ။ ဤအခြေအနေသို့ ရောက်ရှိပြီးဖြစ်သဖြင့်၊ နေ့နေ့ ညည အပြင်းအထန် လှုပ်ရှားနေသည့် သင်တို့၏ အတွေးများဖြင့်၊ သင်တို့သည် သင်တို့၏ကံကြမ္မာနှင့်ပတ်သက်၍ ဘယ်သောအခါမျှ လက်မလွှတ်နိုင်ဘဲ ဆက်လက် စိုးရိမ်ပူပန်နေကြပေသည်။ ငါသည် ဖါရိရှဲတို့အကြောင်းကို ပြောဆိုသည့်အခါ ဘာသာရေးထဲက “အဖိုးအိုများ” ကို ရည်ညွှန်းနေသည်ဟု သင်တို့ ထင်ကြသလော။ သင်တို့ကိုယ်တိုင်သည် မျက်မှောက်ခေတ်၏ အဆန်းသစ်ဆုံးသော ဖာရိရှဲများကို ကိုယ်စားပြုသောသူများ ဖြစ်ကြသည် မဟုတ်လော။ သမ္မာကျမ်းစာနှင့်ယှဉ်၍ ငါ့ကို အကဲဖြတ်သောသူများကို ငါဖော်ပြသည့်အခါ၊ ဘာသာရေးအသိုင်းအဝိုင်းများ၏ သမ္မာကျမ်းစာ ကျွမ်းကျင်သူများကို ငါသီးသန့်ရည်ညွှန်းသည်ဟု သင်ထင်သလော။ ဘုရားသခင်ကို နောက်တစ်ဖန် ကားတိုင်တွင် သံမှိုရိုက်နှက်နေသူများ အကြောင်း ငါပြောဆိုသည့်အခါ၊ ဘာသာရေးအသိုင်းအဝိုင်းများ၏ ခေါင်းဆောင်များအကြောင်းကို ငါပြောဆိုနေသည်ဟု သင်ထင်မြင်သလော။ သင်တို့သည် ဤအခန်းကဏ္ဍကို ကပြဖို့ရန် တကယ့်အတော်ဆုံးသော သရုပ်ဆောင်များ ဖြစ်ကြသည် မဟုတ်လော။ လူတို့၏ အယူအဆများကို တုံ့ပြန်ဖို့ ငါ မိန့်မြွက်သည့် နှုတ်ကပတ်တော်များအားလုံးသည် ဘာသာတရား၏ သင်းအုပ်ဆရာများနှင့် အကြီးအကဲတို့ကို လှောင်ပြောင်ခြင်းတစ်ခုမျှသာ ဖြစ်သည်ဟု သင် ထင်သလော။ သင်တို့သည်လည်း ဤအရာများအားလုံးတွင် သင်တို့၏ အပိုင်းကို ဆောင်ရွက်ခဲ့ကြသည် မဟုတ်လော။ အယူအဆအနည်းငယ် သိုထားသည်ဟု သင် လက်ခံယုံကြည်သလော။ ယင်းမှာ သင်တို့သည် ယခု အလွန်ပါးနပ်ဖို့ရန် အရာအားလုံးကို သင်ယူကြခြင်းသာ ဖြစ်သည်။ သင်တို့ နားမလည်သည့် အရာများအကြောင်းကို သင်တို့ မပြောဆိုကြသကဲ့သို့၊ ထိုအရာများနှင့်ပတ်သက်၍ သင်တို့၏ ခံစားချက်များကို ထုတ်ပြောခြင်း မရှိသော်လည်း၊ ကြောက်ရွံ့ပြီး နာခံသည့် စိတ်နှလုံးသည် သင်တို့ အတွင်းတွင် လုံးဝ မရှိပေ။ သင်တို့ မြင်ကြသည့်အတိုင်း၊ လေ့လာခြင်း၊ စောင့်ကြည့်ခြင်းနှင့် စောင့်ဆိုင်းခြင်းတို့သည် ယနေ့ လက်တွေ့လုပ်ဆောင်ခြင်းအတွက် သင်တို့၏ အကောင်းဆုံး နည်းလမ်းများ ဖြစ်သည်။ သင်တို့သည် လိမ္မာပါးနပ်လွန်းဖို့ရန် သင်ယူကြပြီး ဖြစ်သည်။ သို့သော် ဤသည်မှာ စိတ်ပိုင်းဆိုင်ရာ ကလိမ်ကကျစ်တစ်မျိုး ဖြစ်သည်ကို သင်တို့ နားလည်ကြသလော။ သင်တို့အပိုင်းမှ လိမ္မာပါးနပ်ခြင်း အခိုက်အတန့်သည် ထာဝရပြစ်တင်ဆုံးမခြင်းမှ

လွတ်မြောက်အောင် သင်တို့ကို ကူညီပေးလိမ့်မည်ဟု သင်တို့ထင်ကြသလော။ သင်တို့သည် အလွန် "ဉာဏ်ပညာ" ရှိဖို့ သင်ယူကြပြီးဖြစ်သည်။ ထို့အပြင် လူအချို့သည်- "တစ်နေ့နေ့တွင် ဘာသာရေး အသိုင်းအဝိုင်းများထဲက လူတို့က၊ 'သင်တို့၏ ဘုရားသခင်သည် အဘယ်ကြောင့် နိမိတ်လက္ခဏာ တစ်ခုမျှ မဆောင်ရွက် ရသေးသနည်း။' ဟု မေးကြသည့်အခါ၊ အဘယ်သို့ ကျွန်ုပ် ရှင်းပြသင့် ပါသနည်း။" ကဲ့သို့သော မေးခွန်းများကို မေးတတ်ကြသည်။ ယနေ့တွင် ယင်းမှာ ဘာသာရေး အသိုင်းအဝိုင်းများထဲက လူများသာ မေးကြမည့် အရာတစ်ခု မဟုတ်ပေ။ ယင်းမှာ ယနေ့၏ အမှုကို သင်တို့ နားမလည်ကြသကဲ့သို့ အလွန်များလှသော အယူအဆများဖြင့် သင်တို့ လုပ်ကိုင်ကြခြင်းလည်း ဖြစ်ပေသည်။ ဘာသာရေးအရာရှိများဟု ငါ ဖော်ပြသည့်အခါ အဘယ်သူကို ငါရည်ညွှန်းသည်ကို သင်တို့ မသိကြသေးသလော။ မည်သူ့အတွက် သမ္မာကျမ်းစာကို ငါ ရှင်းပြနေသည်ကို သင်တို့ မသိကြသလော။ ဘုရားသခင်၏ အမှုအဆင့်သုံးဆင့်ကို ရှင်းလင်းဖော်ပြသည့်အခါတွင် မည်သူ့အတွက် ငါ ပြောဆိုနေသည်ကို သင်မသိသလော။ ငါသည် ဤအရာများကို မပြောခဲ့ပါက၊ သင်တို့ အလွန်လွယ်လင့်တကူ လက်ခံယုံကြည် ခဲ့ကြလိမ့်မည်လော။ သင်တို့သည် အလွန်လွယ်လင့်တကူ ဦးညွှတ် ခဲ့ကြလိမ့်မည်လော။ သင်တို့သည် ထိုအယူအဆဟောင်းများကို သိပ်အခက်အခဲ မရှိဘဲ ဘေးဖယ်ထားခဲ့ကြလိမ့်မည်လော။ အထူးသဖြင့် မည်သူ့ကိုမျှ ကျိုးနွံနာခံခြင်းမရှိဖူးသည့် "ယောက်ျားပီသသောလူများ"- ၎င်းတို့သည် အလွန်လွယ်လင့်တကူ ကျိုးနွံနာခံခဲ့ကြလိမ့်မည်လော။ သင်တို့၏ လူ့သဘာဝသည် နိမ့်ကျသော အဆင့်ရှိပြီး၊ သင်တို့သည် အရည်အချင်း အလွန်နိမ့်ကျကာ၊ ဦးနှောက်များက ဖွံ့ဖြိုးမှုနည်းပါးပြီး ဘုရားသခင်ကို အလွန်ကြာရှည်စွာ ယုံကြည်ခဲ့သည့် ရာဇဝင်တစ်ခု မရှိသော်လည်း၊ သင်တို့သည် အတော်အတန်များပြားသည့် အယူအဆများ အမှန်တကယ် ရှိကြပြီး၊ သင်တို့၏ မွေးရာပါ သဘာဝမှာ မည်သူ့ကိုမျှ ပေါ့ပေါ့တန်တန် ကျိုးနွံခြင်းမရှိဖို့ ဖြစ်သည်ကို ငါသိ၏။ သို့သော် ယနေ့တွင်မူ သင်တို့သည် အတင်းအကျပ်ပြုခံရပြီး ခိုကိုးရာမဲ့ကြသောကြောင့် ကျိုးနွံနိုင်ကြသည်။ သင်တို့သည် မိမိတို့၏ ကျွမ်းကျင်မှုများကို လွတ်လွတ်လပ်လပ် မတင်ဆက်နိုင်သည့် သံလှောင်အိမ်ထဲက ကျားများ ဖြစ်ကြပေသည်။ သင်တို့တွင် တောင်ပံများရှိခဲ့လျှင်ပင် ပျံသန်းဖို့ ခက်ခဲသည်ကို သင်တို့ တွေ့ရလိမ့်မည်။ ကောင်းချီးမင်္ဂလာများ ခံစားရခြင်း မရှိသော်လည်း၊ သင်တို့သည် ရှေ့ဆက်လိုက်လျှောက်ရန် လိုလားနေကြဆဲ ဖြစ်သည်။ သို့သော်၊ ဤသည်မှာ "လူကောင်းများ" အဖြစ် သင်တို့၏ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်မဟုတ်ပေ။ ယင်းထက်၊ သင်တို့သည် လုံးလုံးလျားလျား အလဲထိုးခံကြရပြီးဖြစ်ကာ၊ ကြံရာမရဖြစ်နေကြခြင်း ဖြစ်ပေသည်။ ယင်းမှာ ဤအမှုအားလုံးက

သင်တို့ကို အလဲထိုးပြီးခြင်း ဖြစ်ပေသည်။ ယခင်က သင်တို့အားလုံးသည် တောထဲက ရိုင်းစိုင်းသော မြည်းများ ဖြစ်ခဲ့ကြသောကြောင့်၊ သင်တို့ ရရှိနိုင်သည့်အရာ တစ်ခုခုရှိခဲ့ပါက၊ ယနေ့လောက် သင်တို့ နာခံကြလိမ်မည်မဟုတ်ပေ။ ထို့ကြောင့် ယနေ့ ပြောဆိုနေသည့်အရာသည် အမျိုးမျိုးသော ဘာသာတရားများနှင့် ဂိုဏ်းဂဏများနှင့်ဆိုင်သည့် လူများအပေါ် ရည်ညွှန်းခြင်းသာ မဟုတ်သကဲ့သို့ ၎င်းတို့၏ အယူအဆများကို တုံ့ပြန်ဖို့မျှလည်း မဟုတ်ပေ။ ယင်းသည် သင်တို့၏ အယူအဆများကို တုံ့ပြန်ဖို့ ဖြစ်သည်။

ဖြောင့်မတ်ခြင်း၏ တရားစီရင်ခြင်း စတင်လေပြီ။ ဘုရားသခင်သည် လူတို့အတွက် အပြစ်ဖြေရာယဇ်အဖြစ် အသုံးတော်ခံလိမ့်ဦးမည်လော။ သူသည် ၎င်းတို့အတွက် ကြီးမြတ်သော သမားတော်အဖြစ် တစ်ဖန် သရုပ်ဆောင်လိမ့်ဦးမည်လော။ ဘုရားသခင်၌ ဤအရာထက် သာ၍ ကြီးမားသော ဩဇာအာဏာမရှိသလော။ လူတစ်စုသည် စုံလင်စေခြင်း ခံရနှင့်ပြီးဖြစ်ကာ၊ ပလ္လင်တော်ရှေ့သို့ ချီမခြင်းခံရပြီး ဖြစ်သည်။ သူသည် နတ်ဆိုးများကိုနှင်ထုတ်ပြီး အနာရောဂါကို ငြိမ်းစေလိမ့်ဦးမည်လော။ ယင်းသည် အလွန်ရှေးကျသည် မဟုတ်လော။ ဤအရာ ဆက်ဖြစ်ပါက၊ သက်သေခံချက် ဖြစ်နိုင်မည်လော။ တစ်ကြိမ် လက်ဝါးကားတိုင်တွင် သံမှိုရိုက်ခံခဲ့ရခြင်းက ဘုရားသခင်ကို ထာဝရ ကားစင်တင် ခံရစေနိုင်သလော။ သူသည် နတ်ဆိုးများကို တစ်ကြိမ် နှင်ထုတ်ပြီး ထာဝရ ဆက်လက်နှင်ထုတ်နေနိုင်မည်လော။ ဤအရာကို အရှက်ခွဲခြင်းအဖြစ် သဘောမထားသလော။ အမှု၏ ဤအဆင့်သည် ယခင်အဆင့်ထက် သာ၍ မြင့်မားသည့်အခါမှသာ ခေတ်သည် ရှေ့ဆက် တိုးတက်လိမ့်မည် ဖြစ်ပြီး၊ နောက်ဆုံးသောကာလသည် ရောက်ရှိ လိမ့်မည်ဖြစ်ကာ၊ ယင်းသည် ဤခေတ် အဆုံးသတ်ဖို့ အချိန်ဖြစ်လိမ့်မည်။ ထို့ကြောင့် သမ္မာတရားကို အားထုတ်သောလူများသည် ရူပါရုံများအား နားလည်သဘောပေါက်ခြင်းကို အာရုံစိုက်ရမည်ဖြစ်သည်။ ဤသည်မှာ အခြေခံအုတ်မြစ်ဖြစ်၏။ ငါသည် ရူပါရုံများနှင့်ပတ်သက်၍ သင်တို့နှင့် မိတ်သဟာယပြုသည့်အခါတိုင်းတွင်၊ လူအချို့သည် မျက်ခွံများစင်းလျက်၊ နားထောင်ရန် လိုလားခြင်းမရှိဘဲ တစ်မှေး အိပ်ပျော်သွားကြသည်ကို ငါ အမြဲမြင်ရသည်။ အခြားသော သူများက၊ "သင် အဘယ်ကြောင့် နားမထောင်သနည်း" ဟု မေးကြသည်။ ၎င်းတို့က "ဤအရာသည် ကျွန်ုပ်၏အသက် သို့မဟုတ် ကျွန်ုပ်၏ စစ်မှန်ခြင်းထဲသို့ ဝင်ရောက်မှုကို အကူအညီမပေးပါ။ ကျွန်ုပ်တို့ လိုချင်သည်မှာ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းများ ဖြစ်သည်။" ဟု ပြန်ဖြေကြသည်။ ငါသည် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းများထက် အမှုနှင့်သက်ဆိုင်၍ ငါပြောသည့်အခါတိုင်းတွင်၊ ၎င်းတို့က "အမှုအကြောင်း သင်

ပြောဆိုသည်နှင့်တစ်ပြိုင်နက်၊ ကျွန်ုပ် စတင် အိပ်မောကျသည်။” ဟု ပြောကြသည်။ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းများနှင့်ပတ်သက်၍ ငါ စတင်ပြောဆိုသည်နှင့် တစ်ပြိုင်နက်၊ ၎င်းတို့သည် စတင် ရေးမှတ်ကြပြီး၊ ဤအမှုကို ငါ ပြန်၍ အသေးစိတ် ရှင်းပြသည့်အခါ၊ နားထောင်ခြင်းကို ၎င်းတို့ တစ်ဖန် ရပ်လိုက်ကြသည်။ သင်တို့သည် ယခု မည်သည့်အရာနှင့် ပြင်ဆင်ထားဖို့ လိုအပ်သည်ကို သင်တို့ သိကြသလော။ ယင်း၏ ရှုထောင့်တစ်ခုတွင် အမှုနှင့်ပတ်သက်သည့် ရူပါရုံများ ပါဝင်ပြီး၊ အခြားရှုထောင့်မှာ သင်၏ လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်။ သင့်အနေဖြင့် ဤရှုထောင့်နှစ်ခုစလုံးကို သဘောပေါက် ရမည်ဖြစ်သည်။ အသက်၌တိုးတက်ဖို့ သင်ရှာဖွေခြင်းတွင် ရူပါရုံများမရှိပါက သင်သည် အခြေခံအုတ်မြစ် ရှိလိမ့်မည်မဟုတ်ပေ။ သင်သည် ရူပါရုံအနည်းငယ်မျှမရှိဘဲ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းများသာ ရှိပြီး၊ အထွေထွေစီမံခန့်ခွဲမှု အစီအစဉ်၏ အလုပ်ကို မည်သို့မျှ သိနားလည်ခြင်း မရှိပါက၊ သင်သည် အသုံးမကျသောသူတစ်ဦး ဖြစ်သည်။ သင်သည် ရူပါရုံများ ပါဝင်သည့် သမ္မာတရားများကို နားလည်ရမည်ဖြစ်ပြီး၊ လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဆက်နွှယ်သည့် သမ္မာတရားများအတွက်မူ၊ ၎င်းတို့ကို သင် နားလည် ပြီးနောက် သင့်တော်သည့် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းများကို ရှာတွေ့ဖို့ လိုအပ်သည်။ နှုတ်ကပတ်တော်များနှင့်အညီ သင် လက်တွေ့လုပ်ဆောင်ရမည် ဖြစ်ပြီး၊ သင်၏ အခြေအနေများနှင့်အညီ ဝင်ရောက်ရမည် ဖြစ်သည်။ ရူပါရုံများသည် အခြေခံအုတ်မြစ်ဖြစ်ပြီး၊ ဤအချက်ကို သင်အာရုံမစိုက်ပါက အဆုံးထိ သင် ရှေ့ဆက် လိုက်လျှောက် နိုင်မည် မဟုတ်ပေ။ ထိုသို့သော ပုံစံဖြင့် တွေ့ကြုံခြင်းသည် သင့်ကို သွေဖည်သွားစေမည် သို့မဟုတ် သင့်ကို ပြိုလဲစေကာ ကျရှုံးသွားစေမည် ဖြစ်သည်။ သင့်အတွက် အောင်မြင်မည့်နည်းလမ်း ရှိလိမ့်မည် မဟုတ်ပေ။ ကြီးမြတ်သော ရူပါရုံများကို မိမိတို့၏ အခြေခံအုတ်မြစ်များအဖြစ် မရှိကြသည့်လူများသည် ကျရှုံးရုံသာရှိသည်။ မအောင်မြင်နိုင်ပေ။ သင်သည် ခိုင်မြဲစွာ မရပ်တည်နိုင်ပေ။ ဘုရားသခင်အား ယုံကြည်ခြင်းတွင် မည်သည့်အရာ ပါဝင်သည်ကို သင် သိသလော။ ဘုရားသခင်နောက်သို့ လိုက်ခြင်းသည် မည်သည့်အရာ ဆိုလိုသည်ကို သင်သိသလော။ ရူပါရုံများမရှိဘဲနှင့် မည်သည့်လမ်းကြောင်းကို သင်လိုက်လျှောက်မည်နည်း။ ယနေ့၏အမှုတွင် သင်၌ ရူပါရုံများမရှိပါက၊ သင်သည် စုံလင်ခြင်းခံရဖို့ လုံးဝ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ အဘယ်သူ၌ သင်ယုံကြည်သနည်း။ သူ့ကို သင် အဘယ်ကြောင့် ယုံကြည်သနည်း။ သင်သည် အဘယ်ကြောင့် သူ့နောက်သို့လိုက်သနည်း။ သင်သည် သင်၏ ယုံကြည်ခြင်းကို ကစားပွဲ တစ်မျိုးကဲ့သို့ မြင်သလော။ သင်၏ အသက်တာကို ကစားစရာ တစ်မျိုးကဲ့သို့ သင် ကိုင်တွယ်နေသလော။ ယနေ့၏ ဘုရားသခင်သည် အကြီးမြတ်ဆုံးသော ရူပါရုံဖြစ်သည်။

သူ့အကြောင်းကို သင်မည်မျှ သိသနည်း။ သူနှင့်ပတ်သက်၍ သင် မည်မျှ တွေ့မြင်ပြီးပြီနည်း။ ယနေ့၏ ဘုရားသခင်ကို တွေ့ပြီးဖြစ်သောကြောင့်၊ သင့်ယုံကြည်ခြင်း၏ အခြေခံအုတ်မြစ်သည် ခိုင်မာသလော။ ဤမရေရာသော လမ်းတစ်လျှောက် သင်လိုက်လျှောက်သရွေ့ ကယ်တင်ခြင်းကို ရရှိလိမ့်မည်ဟု သင်ထင်သလော။ ဗွက်ထူသောရေထဲတွင် ငါးဖမ်း၍ ရနိုင်သည်ဟု သင်ထင်သလော။ ယင်းသည် ဤမျှ ရိုးရှင်းသလော။ ဘုရားသခင် ယနေ့ မိန့်မြွက်သည့် နှုတ်ကပတ်တော်များနှင့် စပ်လျဉ်းသည့် အယူအဆများ မည်မျှကို သင် ဘေးဖယ်ထားပြီးပြီနည်း။ ယနေ့ ဘုရားသခင်၏ ရုပ်ပါရုံ သင်၌ရှိသလော။ ယနေ့၏ ဘုရားသခင်နှင့် သက်ဆိုင်သည့် သင်၏ သိနားလည်မှုသည် မည်သည့်နေရာတွင် တည်ရှိသနည်း။ သူ့နောက် လိုက်ရုံမျှဖြင့် သို့မဟုတ် သူ့ကို မြင်ရုံမျှဖြင့် သူ့အား[၁] သင်ရရှိနိုင်ပြီး၊ သင့်ကို မည်သူမျှ ဖယ်ရှားနိုင်ကြလိမ့်မည် မဟုတ်ဟု သင် အမြဲယုံကြည်ထားသည်။ ဘုရားသခင်နောက်လိုက်ခြင်းသည် လွန်စွာ လွယ်ကူသည့် ကိစ္စရပ်တစ်ခုဟု မထင်မှတ်လေနှင့်။ အဓိကသော့ချက်မှာ သူ့ကို သင်သိရမည်၊ သူ၏အမှုကို သင်သိရမည်ဖြစ်ပြီး၊ သူ့အတွက် အခက်အခဲကို ကြံ့ကြံ့ခံဖို့၊ သူ့အတွက် သင်၏ အသက်ကို စတေးဖို့နှင့် သူ၏ စုံလင်စေခြင်းခံရဖို့ လိုအင်ဆန္ဒ သင်၌ ရှိရမည်ဖြစ်သည်။ ဤသည်မှာ သင့်၌ ရှိသင့်သည့် ရုပ်ပါရုံဖြစ်သည်။ သင်၏ အတွေးများသည် ကျေးဇူးတော်ကို မွေ့လျော်ခံစားမှုအပေါ် အစဉ်အမြဲ စိတ်အလွန်ထက်သန်နေပါက အလုပ်ဖြစ်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူများ၏ ပျော်ရွှင်မှု အတွက်သာ သို့မဟုတ် ၎င်းတို့အပေါ် ကျေးဇူးတော် အပ်နှင်းဖို့သာ ဤနေရာတွင် ရှိနေခြင်းဖြစ်သည်ဟု မယူမှတ်လိုက်လေနှင့်။ သင် မှားလိမ့်မည်။ အကယ်၍ လူတစ်ဦးသည် သူ့နောက်လိုက်ဖို့ မစွန့်စားနိုင်ပါက၊ ပြီးလျှင် လူတစ်ဦးသည် နောက်လိုက်ဖို့ လောကီ ပိုင်ဆိုင်မှုတိုင်းကို မစွန့်လွှတ်နိုင်ပါက၊ ၎င်းတို့အနေဖြင့် သူ့နောက်သို့ အဆုံးထိတိုင် ဧကန်မုချ လိုက်လျှောက်နိုင်ကြမည် မဟုတ်ပေ။ သင့်အနေဖြင့် ရုပ်ပါရုံများကို သင်၏အခြေခံအုတ်မြစ်အဖြစ် ရှိရမည်ဖြစ်သည်။ အကယ်၍ တစ်နေ့တွင် ကံအကြောင်းမလှသည့် ဖြစ်ရပ် သင့်အပေါ် ကျရောက်ပါက၊ မည်သည့်အရာကို သင်လုပ်ဆောင်သင့်သနည်း။ သူ့နောက်သို့ သင် လိုက်လျှောက်နိုင်လိမ့်ဦးမည်လော။ သင် အဆုံးထိ လိုက်လျှောက်နိုင်ခြင်း ရှိမည် မရှိမည်ကို ပေါ့ပေါ့တန်တန် မပြောလိုက်နှင့်။ ယခု မည်သည့် အချိန်ဖြစ်သည်ကို မြင်ဖို့ရန် သင်၏ မျက်စိများကို ဦးစွာပထမ ကျယ်ကျယ်ဖွင့်သင့်သည်။ လတ်တလောတွင် သင်တို့သည် ဗိမာန်တော်၏ တိုင်များကဲ့သို့ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ လက်ရှိအချိန်တွင် သင်တို့၌ ကင်းမဲ့နေသည့် ရုပ်ပါရုံများစွာရှိသည့်အတွက်၊ ထိုသို့သော တိုင်များသည် ဗိမာန်တော်ကို ပြိုလဲဖို့ဖြစ်စေလျက်၊

ပိုးကောင်များ၏ ကိုက်ဖြတ်ခြင်းခံရမည့် အချိန်ကာလတစ်ခု ရောက်လာလိမ့်မည်။ သင်တို့သည် သင်တို့၏ ကိုယ်ပိုင်ကမ္ဘာငယ်လေးများကိုသာ အာရုံစိုက်ကြပြီး၊ မည်သည့်အရာက ယုံကြည်စိတ်အချရဆုံးနှင့် အသင့်တော်ဆုံးသော ရှာဖွေခြင်းနည်းလမ်း ဖြစ်သည်ကို သင်တို့မသိကြချေ။ ယနေ့အမှု၏ ရုပ်ပါရုံကို သင်တို့ အရေးမစိုက်ကြသကဲ့သို့၊ ဤအရာများကို စိတ်နှလုံးများထဲတွင် ထိန်းသိမ်းခြင်းလည်း မရှိပေ။ တစ်နေ့တွင် သင်တို့၏ဘုရားသခင်သည် သင်တို့ကို အကျွမ်းတဝင်မရှိဆုံးသော နေရာတစ်ခုတွင် ထားရှိမည်ကို သင်တို့ စဉ်းစားဖူးသလော။ သင်တို့ထံမှ အရာအားလုံးကို ငါလုယူကောင်း လုယူနိုင်သည့်တစ်နေ့တွင် သင်တို့ မည်သည့်အရာဖြစ်လာမည်ကို သင်တို့ စိတ်ကူးနိုင်ပါသလော။ ထိုနေ့တွင် သင်တို့၏အားအင်များသည် ယခုကဲ့သို့ ဖြစ်မည်လော။ သင်တို့၏ ယုံကြည်ခြင်းသည် ပြန်ပေါ်လာမည်လော။ ဘုရားသခင်၏ နောက်သို့လိုက်ရာတွင်၊ “ဘုရားသခင်” ဟူသည့် အကြီးမားဆုံး ရူပါရုံကို သိရမည်။ ဤသည်မှာ အရေးကြီးဆုံးသော ကိစ္စရပ်ဖြစ်သည်။ ထို့အပြင်၊ သန့်ရှင်းစင်ကြယ်လာဖို့ရန် လောကီဆန်သူများ နှင့် လမ်းခွဲလိုက်ခြင်းဖြင့်၊ သင်သည် ဘုရားသခင်၏ မိသားစုထဲတွင် သေချာပေါက်ရှိလိမ့်မည်ဟု မထင်မှတ်လိုက်လေနှင့်။ ဤနေ့ရက် ကာလများတွင်၊ ဖန်ဆင်းခြင်းကြား အမှုပြုနေသူမှာ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ရန် မဟုတ်- သူကိုယ်တိုင်၏အမှုကို ပြုရန် လူတို့အကြားလာလေသည်မှာ သူပင်ဖြစ်၏။ ယနေ့၏အမှုသည် လူ့ဇာတိခံယူထားသည့် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ အမှုဖြစ်သည်ကို သင်တို့အထဲ၌ သိနိုင်သူ အနည်းငယ်မျှပင် မရှိချေ။ ဤသည်မှာ သင်တို့ကို ပါရမီရှိသည့် ထူးချွန်သော လူများ ဖြစ်စေသည့်အကြောင်း မဟုတ်ပေ။ ဤသည်မှာ လူ့ဘဝ၏ အရေးပါမှုကို သိရှိရန်၊ လူသားများ၏ ခရီးပန်းတိုင်ကို သိရှိရန်နှင့် ဘုရားသခင်နှင့် သူ၏အလုံးစုံတို့ကို သိရှိရန် သင်တို့ကို ကူညီဖို့ဖြစ်သည်။ သင်သည် ဖန်ဆင်းရှင်၏လက်ထဲက ဖန်ဆင်းခံရသူတစ်ဦး ဖြစ်သည်ကို သင် သိသင့်သည်။ သင် မည်သည့်အရာကို နားလည် သင့်သည်၊ မည်သည့်အရာကို သင်လုပ်သင့်ပြီး ဘုရားသခင်နောက်သို့ မည်ကဲ့သို့ သင် လိုက်သင့်သည်- ဤအရာများသည် သင်နားလည်သဘောပေါက်ရမည့် သမ္မာတရားများ မဟုတ်လော။ ထိုအရာများသည် သင်မြင်သင့်သည့် ရူပါရုံများဖြစ်သည် မဟုတ်လော။

လူတို့သည် ရူပါရုံများရှိသည်နှင့်တစ်ပြိုင်နက်၊ အခြေခံအုတ်မြစ်တစ်ခု ပိုင်ဆိုင်ကြပေသည်။ ဤအခြေခံအုတ်မြစ်အတိုင်း သင် လက်တွေ့ လုပ်ဆောင်သောအခါ၊ ဝင်ရောက်ရန် များစွာ ပို၍ လွယ်ကူလိမ့်မည် ဖြစ်သည်။ ထိုသို့ဖြစ်သဖြင့် ဝင်ရောက်ခြင်းအတွက် အခြေခံအုတ်မြစ် တစ်ခုရှိသည်နှင့် သင်၌ ဒွိဟများ ရှိမည်မဟုတ်ဘဲ သင့်အတွက် ဝင်ရောက်ရန် အလွန်

လွယ်ကူလိမ့်မည် ဖြစ်သည်။ ရုပါရုံများကို နားလည်ခြင်းနှင့် ဘုရားသခင်၏ အမှုကိုသိရှိခြင်းတို့နှင့်ဆိုင်သည့် ဤရှုထောင့်သည် အရေးပါပေသည်။ သင်တို့၏ သိုလှောင်ဆည်းပူးထားသောနေရာတွင် ထိုရှုထောင့် ရှိရမည်။ အကယ်၍ သင်သည် သမ္မာတရား၏ ဤရှုထောင့်ဖြင့် မပြင်ဆင်ထားဘဲ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းများအကြောင်း မည်သို့ ပြောဆိုရမည်ကိုသာ သိရှိပါက၊ သင်သည် ကြီးကြီးမားမား ချွတ်ယွင်းနေလိမ့်မည်။ သင်တို့ထဲမှ များစွာသော သူတို့သည် ဤသမ္မာတရား၏ ရှုထောင့်ကို အလေးထားခြင်းမရှိသကဲ့သို့၊ ယင်းကို သင်တို့ နားထောင်သည့်အခါ နှုတ်ကပတ်တော်များနှင့် အယူဝါဒများကိုသာ နားထောင်နေပုံရသည်ကို ငါ တွေ့ရှိရပြီးဖြစ်သည်။ တစ်နေ့တွင် သင်တို့သည် ဆုံးရှုံးရလိမ့်မည်။ ဤနေ့ရက်ကာလများတွင် သင်တို့ သိပ်နားမလည် သကဲ့သို့ လက်မခံကြသည့် မိန့်မြွက်ချက်အချို့ရှိ၏။ ထိုသို့သော အခြေအနေများတွင်၊ သင်သည် စိတ်ရှည်စွာ ရှာဖွေသင့်ပြီး၊ သင်နားလည်သည့်နေ့ရက် ရောက်ရှိလာလိမ့်မည် ဖြစ်သည်။ သာ၍ သာ၍ များပြားသော ရုပါရုံများဖြင့် ဖြည်းဖြည်းချင်း မိမိကိုယ်ကိုယ် ပြင်ဆင်လော့။ ဝိညာဉ်ရေးဆိုင်ရာ အယူဝါဒ အနည်းအကျဉ်းကိုသာ သင် နားလည်လျှင်ပင်၊ ယင်းသည် ရုပါရုံများကို အာရုံမစိုက်ခြင်းထက် သာ၍ကောင်းမွန်ဆဲဖြစ်ပြီး မည်သည့်အရာကိုမျှ လုံးဝ နားမလည်ခြင်းထက် သာ၍ကောင်းသေး၏။ ဤအရာအားလုံးသည် သင်၏ ဝင်ရောက်မှုအတွက် အထောက်အကူ ဖြစ်သကဲ့သို့၊ သင်၏သံသယများကိုလည်း ရှင်းလင်းပေးမည် ဖြစ်သည်။ ယင်းသည် သင်အယူအဆများနှင့် ပြည့်နှက်နေခြင်းထက် သာ၍ ကောင်းပေ၏။ ဤရုပါရုံများကို အခြေခံအုတ်မြစ်အဖြစ် သင်ရှိပါက၊ များစွာသာ၍ကောင်းပေမည်။ သင့်အနေဖြင့် မည်သို့မျှ ဒွိဟများ ရှိလိမ့်မည် မဟုတ်သကဲ့သို့ ရဲဝံ့စွာနှင့် ယုံကြည်စိတ်ချစွာ ဝင်ရောက်နိုင်လိမ့်မည်။ အဘယ်ကြောင့် ထိုသို့သော စိတ်ရှုပ်ထွေး၍ သံသယများသည့် ပုံစံဖြင့် ဘုရားသခင်နောက် အမြဲလိုက်ရင်း အပင်ပန်းခံရသနည်း။ ယင်းသည် သင်၏ဦးခေါင်းကို သဲထဲမြှုပ်ထားခြင်းနှင့် တူသည်မဟုတ်လော။ ဝင့်ကြွားကြွား လှမ်းချီခြင်းနှင့် ဟိတ်ဟန်ထုတ်၍ လျှောက်ခြင်းဖြင့် နိုင်ငံတော်ထဲသို့ ခြေလှမ်းကျဲကျဲ လျှောက်ဖို့မှာ အဘယ်မျှ ကောင်းလိုက်မည်နည်း။ အဘယ်ကြောင့် ဒွိဟများနှင့် အလွန် ပြည့်နေရသနည်း။ သင်သည် မိမိကိုယ်ကိုယ် ဆင်းရဲဒုက္ခခံနေရခြင်းသာ မဟုတ်သလော။ ယေဟောဝါ၏အမှု၊ ယေရှု၏အမှုနှင့် ဤအဆင့်၏အမှုတို့ကို သင် နားလည်သည်နှင့်တစ်ပြိုင်နက်၊ သင်၌ အခြေခံအုတ်မြစ်တစ်ခု ရှိလိမ့်မည်။ ဤအခိုက်အတန့်တွင်၊ ယင်းကို သင့်အနေဖြင့် အတော်အတန်

ရိုးရှင်းသောအရာအဖြစ် စိတ်ကူးကောင်း စိတ်ကူးလိမ့်မည်။ လူအချို့က၊ “အချိန်ကျရောက်လာပြီး သန့်ရှင်းသောဝိညာဉ်တော်သည် ကြီးမားသော အမှုကို စတင်လုပ်ဆောင်သည့်အခါ၊ ကျွန်ုပ်သည် ဤအရာအားလုံးကို ပြောဆိုနိုင်မည် ဖြစ်သည်။ ယခု ကျွန်ုပ် တကယ်နားမလည်သည့် အချက်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်ကို ထိုမျှ ဉာဏ်အလင်း မပေးသေးသောကြောင့် ဖြစ်သည်” ဟု ပြောကြသည်။ ယင်းမှာ သိပ်မလွယ်ကူပေ။ ယင်းမှာ သင်သည် ယခုပင် သမ္မာတရား[၇] ကို လက်ခံဖို့ လိုလားလျက်ရှိပြီးနောက် အချိန်ကျရောက် လာသည့်အခါ ထိုသမ္မာတရားကို ကျွမ်းကျင်စွာ အသုံးပြုမည်ကဲ့သို့ မဟုတ်ပေ။ ထိုသို့ သေချာပေါက် မဟုတ်ပေ။ သင့်အနေဖြင့် လတ်တလောတွင် အလွန်ကောင်းစွာ ပြင်ဆင်ထားပြီး၊ ထိုဘာသာရေးသမားများနှင့် အကြီးမြတ်ဆုံးသော အယူအဆသမားများကို တုံ့ပြန်ခြင်းနှင့် ၎င်းတို့ကို ချေပခြင်းတွင်ပင် ပြဿနာမရှိဟု သင် ယုံကြည်သည်။ သင်သည် အမှန်တကယ် ထိုသို့ လုပ်ဆောင်နိုင်လိမ့်မည်လော။ သင်၏ ထိုအပေါ်ယံ အတွေ့အကြုံလောက်နှင့် မည်သည့် သိနားလည်မှုကို သင်ပြောနိုင်သနည်း။ သမ္မာတရားဖြင့် ပြင်ဆင်မှု ရှိသွားခြင်း၊ သမ္မာတရားနှင့်ဆိုင်သော တိုက်ပွဲကို တိုက်ခိုက်ခြင်းနှင့် ဘုရားသခင်၏ နာမကို သက်သေခံခြင်းတို့သည်- ဘုရားသခင် အမှုပြုနေသရွေ့ အရာအားလုံး ပြီးမြောက်လိမ့်မည်ဟု သင်ထင်ထားသည့်အရာ မဟုတ်ပေ။ ထိုအချိန်တွင်၊ သင်သည် မေးခွန်း အချို့ကြောင့် အကျပ်ရိုက်ကောင်း ရိုက်လိမ့်မည်ဖြစ်ပြီးနောက် ကြက်သေ သေသွားလိမ့်မည်။ အဓိကအချက်မှာ သင်သည် အမှု၏ ဤအဆင့်နှင့်ဆိုင်သည့် သိနားလည်မှု ရှင်းရှင်းလင်းလင်း ရှိမရှိဆိုသည်နှင့် ထိုအရာနှင့်ပတ်သက်၍ အမှန်တကယ် မည်မျှသိရှိသည်ဆိုသည့်အရာ ဖြစ်သည်။ သင်သည် ရန်သူ အင်အားစုများကို အောင်မြင်ကျော်လွှားနိုင်ခြင်း မရှိပါက သို့မဟုတ် ဘာသာရေး အင်အားစုများကို အနိုင်မယူနိုင်ပါက၊ အသုံးမကျသည့်သူ ဖြစ်သွားလိမ့်မည် မဟုတ်လော။ သင်သည် ယနေ့၏ အမှုကို တွေ့ကြုံရပြီးဖြစ်ကာ သင်၏မျက်လုံးများဖြင့် မြင်ကာ သင်ကိုယ်တိုင်၏ နားများဖြင့် ကြားရပြီးဖြစ်သော်လည်း၊ နောက်ဆုံးတွင် သက်သေခံနိုင်ခြင်းမရှိပါက၊ သင် ဆက်လက် အသက်ရှင်ဝံ့လိမ့်ဦးမည်လော။ မည်သူ့ကို သင် ရင်ဆိုင် နိုင်မည်နည်း။ ယင်းသည် ဤမျှရိုးရှင်းလိမ့်မည်ဟု ယခု စိတ်မကူးကြနှင့်။ အနာဂတ်၏အမှုသည် သင်စိတ်ကူးသကဲ့သို့ ရိုးရှင်းလိမ့်မည်မဟုတ်။ သမ္မာတရား၏တိုက်ပွဲကို တိုက်ခိုက်ခြင်းသည် ဤမျှမလွယ်ကူပေ၊ ဤမျှ မရိုးစင်းပေ။ သင့်အနေဖြင့် ယခုပင် ပြင်ဆင်ထားဖို့လို၏။ သင်သည် သမ္မာတရားဖြင့် မပြင်ဆင်ထားပါက၊ အချိန်ကျရောက်လာပြီး သန့်ရှင်းသောဝိညာဉ်တော်သည် သဘာဝလွန် ပုံစံဖြင့် အမှုမပြုသည့် အခါတွင်၊ သင်သည်

ဘာလုပ်ရ၊ ဘာပြောရမှန်းမသိ ဖြစ်လိမ့်မည်။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် “၎င်းတို့ ထင် (သောကြောင့်)” ဆိုသည့် စကားစု မပါဝင်ပါ။

ခ။ မူရင်းစာသားတွင် “သူ့အား” ဆိုသည့် စကားလုံး မပါဝင်ပါ။

ဂ။ မူရင်းစာသားတွင် “သမ္မာတရား” ဆိုသည့် စကားစု မပါဝင်ပါ။

# လမ်းကြောင်း၏ နောက်ဆုံးခရီးတစ်ထောက်ကို သင်လျှောက်လှမ်းသင့်ပုံ

သင်တို့သည် လမ်း၏ နောက်ဆုံးခရီးတစ်ထောက်တွင် ယခုရှိနေကြပြီး၊ ယင်းသည် လမ်း၏ အလွန်အရေးပါသော အပိုင်းတစ်ခု ဖြစ်သည်။ သင်သည် ဆင်းရဲဒုက္ခကို များစွာ ခံစားရပြီးဖြစ်နိုင်သည်၊ အလုပ်များစွာလုပ်ပြီးဖြစ်နိုင်သည်၊ လမ်းများစွာ သွားပြီးဖြစ်နိုင်သကဲ့သို့ တရားဒေသနာ များစွာကို နားထောင်ပြီး ဖြစ်နိုင်သည်။ ယခု သင်ရှိသည့်နေရာသို့ ရောက်ရှိရန် မလွယ်ဟု ဆိုကောင်း ဆိုနိုင်လိမ့်မည်။ လက်ရှိ သင် ရင်ဆိုင်ရသည့် ဆင်းရဲဒုက္ခကို သင် မခံရပ်နိုင်ပါက၊ ပြီးလျှင် အတိတ်တွင် သင်လုပ်ဆောင်ခဲ့သကဲ့သို့ သင်ဆက်လက် လုပ်ဆောင်ပါက၊ သင်သည် စုံလင်စေခြင်းမခံရနိုင်ပေ။ ဤနှုတ်ကပတ်တော်များသည် သင့်ကို ခြောက်လှန့်ဖို့ ရည်ရွယ်ခြင်းမဟုတ်- ၎င်းတို့သည် အမှန်တရားဖြစ်သည်။ ပေတရုသည် ဘုရားသခင်၏ အမှုများစွာကို ကြုံခဲ့ရ ပြီးနောက်၊ သူသည် အမှုအရာတစ်ချို့ကို ထိုးထွင်းသိမြင်မှု ရရှိခဲ့ပြီး ချင့်ချိန်နိုင်စွမ်းများစွာလည်း ရရှိခဲ့သည်။ သူသည် အစေခံခြင်း၏ အခြေခံသဘောတရား နှင့် စပ်လျဉ်း၍ အမှုအရာများစွာကို နားလည်လာခဲ့ ပြီးနောက်တွင်၊ သူ့ကို သခင်ယေရှု အပ်နှံခဲ့သည့်အရာအဖို့ မိမိကိုယ်ကိုယ် အပြည့်အဝ ဆက်ကပ်နိုင်ခဲ့သည်။ သူရရှိခဲ့သည့် ကြီးမားသော စစ်ဆေးခြင်းသည် အများအားဖြင့် သူကိုယ်တိုင် လုပ်ခဲ့သောအရာများအတွက် သူသည် ဘုရားသခင်ကို အလွန်အမင်း အကြွေးတင်ပြီး၊ ဘုရားသခင်ကို မည်သည့်အခါမျှ ပြန်ပေးဆပ်နိုင်လိမ့်မည် မဟုတ်ဟု ခံစားခဲ့ရသောကြောင့် ဖြစ်သည်။ လူသားသည်

အလွန်ဖောက်ပြန်ပျက်စီးသည်ကိုလည်း ပေတရုက သတိပြုမိခဲ့သည်၊ ယင်းက သူ၏ အသိစိတ်သည် စွဲချက်တင်ခံခဲ့ရပြီဟု သူ့ကို ခံစားစေခဲ့သည်။ ယေရှုသည် ပေတရုကို အကြောင်းအရာများစွာ ပြောခဲ့သော်လည်း၊ ထိုအကြောင်းအရာများကို ပြောခဲ့ချိန်တွင် သူသည် ပမာဏ အနည်းငယ်သာ နားလည်နိုင်စွမ်းရှိကာ ခုခံမှုနှင့် ပုန်ကန်မှုအချို့ကို သူ သိုထားဆဲ ဖြစ်ခဲ့သည်။ လက်ဝါးကားတိုင်ထက် ယေရှု သံမှိုရိုက်နှက် ခံခဲ့ရပြီးနောက်၊ ပေတရုသည် နောက်ဆုံးတွင် နိုးထမှုတစ်ခု တွေ့ကြုံခဲ့ရပြီး မိမိအတွင်းတွင် မိမိကိုယ်ကိုယ်အပေါ် ပြင်းထန်သော ပြစ်တင်မှု ဝေဒနာများကို ခံစားခဲ့ရသည်။ နောက်ဆုံးတွင်၊ သူ့အထဲ၌ မမှန်ကန်သော အတွေးအခေါ်များ တစ်ခုတစ်လေ ရှိခဲ့ပါက လက်မခံနိုင်စရာဖြစ်သည်ဟု ခံစားရသည်အထိ ရောက်ရှိခဲ့သည်။ သူသည် မိမိအခြေအနေကို အလွန်ကောင်းစွာသိခဲ့ပြီး၊ သခင်၏ သန့်ရှင်းခြင်းကိုလည်း ကောင်းစွာ သိရှိခဲ့သည်။ အကျိုးဆက်အနေဖြင့်၊ သခင့်အတွက် ချစ်ခြင်းနှလုံးသားသည် သူ့အထဲတွင် သာ၍ပင် ကြီးထွားခဲ့ပြီး သူသည် မိမိကိုယ်တိုင်၏ အသက်တာကို ပို၍ပြီး အာရုံစိုက်လာခဲ့သည်။ ဤအရာကြောင့် သူသည် ကြီးမားသောအခက်အခဲများကို ခံစားခဲ့ရပြီး၊ တစ်ခါတစ်ရံ သူသည် အပြင်းအထန် ဖျားနာပြီး သေဆုံးသွားသည့်အလား ထင်ရသော်လည်း၊ ဤနည်းဖြင့် အကြိမ်ပေါင်းများစွာ စစ်ဆေးခြင်းခံရ ပြီးနောက်တွင်၊ သူသည် မိမိကိုယ်ကိုယ် သိနားလည်မှု ပိုမိုရရှိခဲ့ကာ သခင့်အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာ ဖြစ်ပေါ် ခဲ့သည်။ သူ၏ဘဝတစ်ခုလုံးသည် စစ်ဆေးခြင်း ထဲတွင် ကုန်ဆုံးခဲ့ပြီး၊ ထို့ထက်ပင်ပို၍ ပြစ်တင်ဆုံးမခြင်း ထဲတွင် ကုန်ဆုံးခဲ့သည်ဟု ဆိုနိုင်သည်။ သူ၏ အတွေ့အကြုံသည် အခြားသော မည်သူမဆို၏ အတွေ့အကြုံမှ ကွဲပြားခြားနားခဲ့ပြီး၊ သူ၏ ချစ်ခြင်းမေတ္တာသည် စုံလင်စေခြင်း မခံခဲ့ရသည့် မည်သူမဆို၏ ချစ်ခြင်းမေတ္တာထက် သာလွန်ခဲ့ပေသည်။ သူ့ကို စံပြနမူနာအဖြစ် ရွေးချယ်ခဲ့ရသည့် အကြောင်းရင်းမှာ သူသည် သူ့ဘဝ တစ်သက်တာတွင် အပြင်းဆုံးသော မချိတင်ကဲဝေဒနာကို တွေ့ကြုံခဲ့ရပြီး၊ ထိုသို့ တွေ့ကြုံရာတွင် သူသည် အောင်မြင်မှုအရှိဆုံး ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ သင်တို့သည် ပေတရုကဲ့သို့ လမ်းကြောင်း၏နောက်ဆုံးခရီးတစ်ထောက်ကို အမှန်တကယ် လျှောက်လှမ်းနိုင်ပါက၊ သင်တို့၏ ကောင်းချီးများကို ယူသွားပစ်လိုက်နိုင်သည့် ဖန်ဆင်းခံသတ္တဝါ တစ်ယောက်တလေမျှ မရှိပေ။

ပေတရုသည် အသိစိတ်ရှိသော လူတစ်ယောက် ဖြစ်သည်၊ သို့သော် ဤလူ့သဘာဝမျိုးရှိသော်လည်း၊ ယေရှုနောက်သို့ သူပထမဆုံး စတင်၍လိုက်ခဲ့ချိန်တွင် ဆန့်ကျင်ပြီး ပုန်ကန်တတ်သည့် စိတ်ကူးများစွာ မလွဲမသွေ ရှိခဲ့ပေသည်။ သို့သော် သူသည်

ယေရှုနောက်ကို လိုက်နေစဉ်တွင် ဤသည်မှာ လူတို့ ဖြစ်သင့်သည့် ပုံစံဖြစ်သည်ဟု ယုံကြည်လျက်၊ ဤအရာများကို အလေးအနက်မထားခဲ့ပေ။ ထို့ကြောင့် အစပိုင်းတွင် သူ့ကိုသူ ဦးတည်သည့် မည်သည့်အပြစ်တင်မှုကိုမျှ မခံစားခဲ့ရသကဲ့သို့ ကိုင်တွယ်ဖြေရှင်းခြင်းလည်း မခံခဲ့ရပေ။ ယေရှုသည် ပေတရု၏ တုံ့ပြန်မှုများကို အလေးအနက် သဘောမထားခဲ့ပေ။ အမှန်တွင်၊ ထိုအရာများကို သူ မည်သို့မျှ အရေးမစိုက်ခဲ့သော်လည်း၊ သူလုပ်ဆောင်ရမည့် အလုပ်ကို ဆက်လက်၍သာ လုပ်ဆောင်ခဲ့သည်။ ယေရှုသည် ပေတရုနှင့် အခြားသောသူတို့ကို လုံး၀ အပြစ်မရှာခဲ့ပေ။ "ယေရှုသည် ၎င်းတို့၌ ရှိခဲ့သည့် ဤအယူအဆများအကြောင်းကို မသိခဲ့၍များ ဖြစ်နိုင်သလော" ဟု သင်ဆိုကောင်း ဆိုလိမ့်မည်။ လုံး၀မဟုတ်ပေ။ ယင်းမှာ သူသည် ပေတရုကို အမှန်တကယ် နားလည်ခဲ့သောကြောင့် ဖြစ်သည်- စင်စစ်၊ ယေရှုသည် ပေတရုအပေါ် ကြီးမားသည့် နားလည်မှု ရှိခဲ့သည်- ပေတရုအပေါ် မည်သည့် အကဲဖြတ်မှုမျှ သူ မလုပ်ခဲ့ဟု ဆိုနိုင်သည်။ ယေရှုသည် လူသားမျိုးနွယ်ကို မုန်းခဲ့သော်လည်း၊ သူတို့ကိုအပေါ် သနားခြင်းလည်း ရှိလေသည်။ သင်တို့အထဲတွင် ပေါလုကဲ့သို့ ခုခံတတ်ပြီး၊ ပေတရုက သခင်ယေရှုအပေါ် ထိုအချိန်က ရှိခဲ့သကဲ့သို့ အယူအဆများစွာရှိသော လူများစွာ ယခုရှိသည် မဟုတ်လော။ သင့်ကို ငါပြော၏၊ စိတ်ချရခြင်း မရှိသကဲ့သို့ အချိန်ကြာမြင့်စွာကတည်းက စာတန်၏ ဖျက်ဆီးခြင်းအားဖြင့် လုံး၀ ပျက်စီးခဲ့သော သင်၏ တတိယအာရုံ၊ သင်၏ အသိအမြင် အာရုံဖြင့် လွန်စွာမယုံကြည်လျှင် အကောင်းဆုံးဖြစ်လိမ့်မည်။ သင်၏ အသိအမြင်သည် စုံလင်ကာ အပြစ်အနာအဆာမရှိဟု သင်ထင်သလော။ ပေါလုသည် သခင်ယေရှုကို အကြိမ်ပေါင်းများစွာ ခုခံခဲ့သော်လည်း၊ ယေရှုက မည်သည့်တုံ့ပြန်မှုမျှ မရှိခဲ့ပေ။ ယင်းမှာ ယေရှုသည် ဖျားနာသူကို ကုသနိုင်ပြီး နတ်ဆိုးများကို နှင်ထုတ်နိုင် ခဲ့သော်လည်း၊ ပေါလုအထဲရှိ "နတ်ဆိုး" ကို မောင်းထုတ်နိုင်ခြင်းမရှိခဲ့၍များ ဖြစ်နိုင်မည်လော။ ယေရှု ရှင်ပြန်ထမြောက်ခဲ့ပြီး ကောင်းကင်သို့ တက်ကြွသွား ပြီးနောက်မှသာ ယေရှု၏တပည့်တော်များကို ပေါလုက အကြောင်းမဲ့ ဆက်လက် ဖမ်းဆီးစဉ် နောက်ဆုံး၌ ဒမာသက်မြို့သို့သွားရာ လမ်းပေါ်တွင် ပေါလုထံ ယေရှုပေါ်လာခဲ့ပြီး သူ့ကို ဒဏ်ခတ်ခဲ့သည်မှာ အဘယ်ကြောင့်နည်း။ သခင်ယေရှုက အလွန်နှေးကွေးစွာ တုံ့ပြန်ခဲ့သောကြောင့်များ ဖြစ်နိုင်မည်လော။ သို့မဟုတ် ယေရှုသည် ဇာတိခန္ဓာ၌ ရှိခဲ့စဉ် မည်သည့်အခွင့်အာဏာမျှ မရှိခဲ့သောကြောင့်လော။ သင်က ငါ့နောက်ကွယ်၌ လျှို့ဝှက်စွာ ဖျက်လိုဖျက်ဆီးလုပ်တတ်ပြီး ခုခံနေချိန်တွင်၊ ငါမသိဟု သင်ထင်လေသလော။ သန့်ရှင်းသော ဝိညာဉ်တော်ထံမှ သင်ရရှိသော ဉာဏ်အလင်းပေးခြင်း အစအနများကို ငါ့အားခုခံဖို့ရန် အသုံးပြု၍ရသည်ဟု သင်ထင်သလော။ ပေတရု မရင့်ကျက်ခဲ့ချိန်တွင်၊ ယေရှုနှင့်စပ်လျဉ်း၍ အယူအဆများစွာ သိုထားခဲ့သည်၊

သို့ဆိုလျှင် သူသည် အဘယ်ကြောင့် အပြစ်တင် မခံရသနည်း။ ယခုတွင်ပင်၊ လူများစွာသည် အပြစ်တင် ခံရခြင်းမရှိဘဲ အမှုအရာများစွာကို လုပ်ဆောင် နေကြသကဲ့သို့၊ ၎င်းတို့ လုပ်ဆောင်နေသည့်အရာ မှန်ကန်ခြင်းမရှိဟု ရှင်းလင်းစွာ အပြောခံရချိန်တွင်ပင်၊ ၎င်းတို့ နားမထောင် ကြသေးချေ။ ယင်းမှာ လူသား၏ ပုန်ကန်မှုကြောင့် လုံးလုံးလျားလျား မဟုတ်လော။ ယခု ငါသည် များစွာဆိုပြီးဖြစ်သော်လည်း၊ သင်သည် အသိစိတ်နှင့်ဆိုင်သော သိမြင်နားလည်ခြင်း အနည်းငယ်မျှပင် မရှိကြသေးချေ၊ ထို့ကြောင့် သင်သည် လမ်းကြောင်း၏နောက်ဆုံးခရီးတစ်ထောက်ကို လျှောက်လှမ်းဖို့ လမ်းကြောင်း အဆုံးထိ ဆက်လျှောက်လှမ်းဖို့ မည်သို့ တတ်နိုင်မည်နည်း။ ဤသည်မှာ အလွန့်အလွန် ကြီးမားသော အတိုင်းအဆနှင့် ဆိုင်သည့် မေးခွန်းဖြစ်သည်ဟု သင်မခံစားရသလော။

လူတို့ သိမ်းပိုက်ခြင်းခံရပြီးနောက်၊ ဘုရားသခင်၏ စီစဉ်ညွှန်ကြားခြင်းကို ၎င်းတို့ နာခံနိုင်ကြသည်၊ ၎င်းတို့သည် ဘုရားသခင်ကို ၎င်းတို့ ချစ်ကြသည့် ၎င်းတို့၏ယုံကြည်ခြင်းနှင့် အလိုဆန္ဒတို့ နှစ်ခုလုံး ရှိကြပြီး၊ ၎င်းတို့သည် ဘုရားသခင်နောက်လိုက်ရန် ထိုအရာများ အပေါ် အမှီပြုကြသည်။ ထို့ကြောင့် လမ်းကြောင်း၏ နောက်ဆုံးခရီးတစ်ထောက်ကို မည်သို့လျှောက်လှမ်း နိုင်သနည်း။ ဆင်းရဲဒုက္ခကို ကြုံတွေ့ရသည့် သင်၏ နေ့ရက်များတွင်၊ သင်သည် အခက်အခဲ အားလုံးကို သည်းခံရမည်ဖြစ်ပြီး၊ ဆင်းရဲဒုက္ခခံရန် ဆန္ဒရှိရမည်။ ဤနည်းအားဖြင့်သာ သင်သည် လမ်းကြောင်း၏ ဤခရီးတစ်ထောက်ကို ကောင်းစွာ လျှောက်လှမ်း နိုင်ပေသည်။ လမ်းကြောင်း၏ ဤခရီးတစ်ထောက်ကို လျှောက်လှမ်းရန်မှာ အလွန်လွယ်ကူသည်ဟု သင်ထင်သလော။ သင်သည် မည်သည့် လုပ်ငန်းတာဝန် ဖြည့်ဆည်းသင့်သည်ကို သိသင့်သည်။ သင်တို့သည် သင်တို့၏ အရည်အချင်းကို မြှင့်တင်ပြီး၊ သင့်တို့ ကိုယ်သင်တို့ လုံလောက်သော သမ္မာတရားဖြင့် ပြင်ဆင် ထားရမည်။ ဤသည်မှာ တစ်ရက်နှစ်ရက် အလုပ် မဟုတ်သကဲ့သို့၊ သင်ထင်သကဲ့သို့ မရိုးရှင်းပေ။ လမ်းကြောင်း၏ နောက်ဆုံးခရီးတစ်ထောက်ကို လျှောက်လှမ်းခြင်းသည် သင်၌ အမှန်တကယ်ရှိသည့် ယုံကြည်ခြင်းနှင့် ဆန္ဒမျိုး အပေါ် မူတည်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲတွင် အလုပ်လုပ်နေခြင်းကို သင် မမြင်နိုင် ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် အသင်းတော်ထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သင် ရှာမတွေ့နိုင် ဖြစ်ကောင်း ဖြစ်မည်၊ ထို့ကြောင့် သင်သည် အဆိုးမြင်ကာ စိတ်ပျက်လက်ပျက်ဖြစ်ရပြီး၊ ရှေ့က လမ်းအတွက် မျှော်လင့်ချက် ပျက်သုဉ်းနေခြင်း ဖြစ်သည်။ အထူးသဖြင့်၊ အတိတ်က ကြီးမြတ်သော စစ်သည်များအားလုံး ပြိုလဲခဲ့ကြလေပြီ- ဤအရာအားလုံးသည် သင့်အဖို့ ထိုးနှက်ချက်တစ်ခု မဟုတ်လော။ ဤအရာများကို သင်အဘယ်သို့ မြင်သင့်သနည်း။ သင်၌ ယုံကြည်ခြင်း ရှိသလော၊ မရှိသလော။

ယနေ့အလုပ်ကို သင်အပြည့်အဝ နားလည်သလော၊ နားမလည်သလော။ ဤအရာများသည် လမ်းကြောင်း၏ နောက်ဆုံးခရီးတစ်ထောက်ကို သင်ကောင်းစွာ လျှောက်နိုင်ခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ပေးနိုင်ပေသည်။

ယခုတွင် သင်တို့သည် လမ်းကြောင်း၏ နောက်ဆုံး ခရီးတစ်ထောက်တွင် ရှိနေသည်ဟု အဘယ်ကြောင့် ဆိုသနည်း။ အဘယ်ကြောင့်ဆိုသော် သင်တို့ နားလည်သင့်သည့် အရာတိုင်းကို သင်တို့ နားလည်ကြပြီး ဖြစ်သောကြောင့် ဖြစ်ပြီး၊ လူတို့ရရှိသင့်သည့် အရာတိုင်းကို သင့်တို့အား ငါပြောပြပြီး ဖြစ်သောကြောင့်ဖြစ်သည်။ သင်တို့ကို အပ်နှင်းထားသည့် အရာတိုင်း၏ အကြောင်းကိုလည်း သင်တို့ကို ငါပြောပြပြီး ဖြစ်သည်။ ထို့ကြောင့် သင်တို့ ယခု လျှောက်လှမ်းနေသည်မှာ လူတို့ကို ငါဦးဆောင်နေသော လမ်းကြောင်း၏ နောက်ဆုံးပိုင်း ဖြစ်သည်။ လွတ်လပ်စွာ အသက်ရှင်နိုင်စွမ်းကို သင်တို့ ရရှိဖို့ကိုသာ ငါတောင်းဆို၏။ သင်၌ အစဉ်အမြဲနှင့် အချိန်တိုင်း လျှောက်လှမ်းရန် လမ်းတစ်ခု ရှိလိမ့်မည်၊ သင်၏ အရည်အချင်းကို ယခင်ကဲ့သို့ တိုးပွားစေလိမ့်မည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပုံမှန် ဖတ်ရှုကာ၊ ပုံမှန်ဖြစ်သော လူ့အသက်တာတစ်ခုကို အသက်ရှင် နေထိုင်လိမ့်မည်။ ဤနည်းဖြင့် အသက်ရှင်ရန် သင့်ကို ယခု ငါဦးဆောင်နေသော်လည်း၊ အနာဂတ်တွင် ငါသင့်ကို ဦးမဆောင်သည့်အခါ ဤနည်းလမ်းဖြင့် သင် အသက်ရှင်နိုင် လိမ့်ဦးမည်လော။ သင် ဆက်လက် စခန်းသွားနိုင်မည်လော။ ဤသည်မှာ ပေတရု၏ အတွေ့အကြုံဖြစ်သည်- ယေရှုက သူ့ကို ဦးဆောင် နေခဲ့ချိန်တွင်၊ သူသည် သိနားလည်မှု လုံးဝမရှိခဲ့ပေ။ သူသည် ကလေးသူငယ်ကဲ့သို့ အမြဲ အပူအပင်ကင်းမဲ့ခဲ့ပြီး၊ သူလုပ်ခဲ့သောအရာများအပေါ် အလေးအနက် မရှိခဲ့ပေ။ သူ၏ ပုံမှန် အသက်တာကို စတင်ခဲ့သည်မှာ ယေရှု ထွက်ခွာသွားခဲ့ပြီးနောက်တွင်သာ ဖြစ်သည်။ သူ၏ အဓိပ္ပာယ်ရှိသော အသက်တာသည် ယေရှုထွက်ခွာပြီးမှသာ အစပြုခဲ့သည်။ သူသည် ပုံမှန်လူ့သဘာဝ သဘောတရား တချို့နှင့် သာမန်လူတစ်ဦး ပိုင်ဆိုင်သင့်သော အရာတချို့ကို ပိုင်ဆိုင်ခဲ့သော်လည်း၊ သူ၏ စစ်မှန်သော အတွေ့အကြုံနှင့် လိုက်စားမှုတို့က ယေရှု ထွက်ခွာမသွားခင်အထိ အသစ်သော စတင်ခြင်း မရှိခဲ့ပေ။ သင်၏ လက်ရှိ အခြေအနေမှာ အဘယ်နည်း။ ငါသည် သင့်ကို ဤလမ်းဖြင့် ယခုဦးဆောင်နေပြီး၊ ဤအရာ အံ့သြဖွယ်ကောင်းသည်ဟု သင်ထင်သည်။ သင့်အပေါ်ကျရောက်သည့် ပတ်ဝန်းကျင်များနှင့် စမ်းသပ်ခြင်းများ မရှိသော်လည်း၊ ဤနည်းဖြင့် သင်၌ မည်သည့်ဝိညာဉ်အသက်တာမျိုး အမှန်တကယ် ရှိသည်ကို မမြင်နိုင်သကဲ့သို့၊ သင်သည် သမ္မာတရား လိုက်စားသူတစ်ဦး အမှန်တကယ် ဟုတ် မဟုတ်ဆိုသည်ကို မြင်ရန်လည်း မည့်သည့်နည်းလမ်းမျှ မရှိပေ။ သင်၏

ကိုယ်ပိုင်အနှစ်သာရကို နားလည်သည်ဟု သင့်နှုတ်ဖြင့် ဆိုသော်လည်း ဤအရာများသည် အနှစ်မဲ့သော စကားများဖြစ်သည်။ အနာဂတ်တွင်သာ၊ သင် အမှန်တရားများနှင့် ကြုံရသည့်အခါ၊ သင်၏ သိနားလည်မှုကို အတည်ပြုပေးလိမ့်မည် ဖြစ်သည်။ ယခု သင်၌ ဤသိနားလည်မှုမျိုး ရှိ၏- "ကျွန်ုပ်၏ ဇာတိပကတိသည် အလွန်ဖောက်ပြန်ပျက်စီးပြီး၊ လူတို့၏ ဇာတိပကတိ အနှစ်သာရမှာ ဘုရားသခင်ကို ပုန်ကန်ဖို့နှင့် ခုခံဖို့ဖြစ်သည်ကို ကျွန်ုပ် နားလည်သည်။ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို လက်ခံနိုင်ခြင်းသည် လူတို့ကို သူ၏မြင့်တင်ပေးသည့် နည်းလမ်းဖြစ်သည်။ ယခု ထိုအရာကို ကျွန်ုပ် နားလည်ပြီဖြစ်ကာ ဘုရားသခင်၏ချစ်ခြင်းကို ပြန်လည် ပေးဆပ်ရန် ကျွန်ုပ် လိုလားလျက်ရှိပါသည်" ဟူ၍ ဖြစ်သည်။ သို့သော် ဤသည်မှာ ပြောဖို့ လွယ်ကူပေသည်။ နောက်ပိုင်းတွင် ဘေးဒုက္ခ၊ စမ်းသပ်ခြင်းများနှင့် ဆင်းရဲဒုက္ခတို့ သင့်အပေါ် ကျရောက်သောအခါ၊ ဤအရာများကို ခံစားရန် လွယ်ကူလိမ့်မည်မဟုတ်။ ဤလမ်းကို သင်တို့ နေ့စဉ် လိုက်လျှောက်ကြသော်လည်း၊ သင်သည် သင်၏ အတွေ့အကြုံကို ဆက်လက် မလုပ်ဆောင်နိုင်သေးပေ။ ငါသည် သင်တို့ကို လက်လွှတ်ပြီး၊ မည်သို့မျှ အရေးမစိုက်တော့ပါက၊ သာ၍ပင် ဆိုးလိမ့်မည်။ လူအများစုသည် လဲကျကာ အရှက်ရခြင်း သင်္ကေတဖြစ်သည့် ဆားတိုင်အဖြစ် ပြောင်းသွားကြ လိမ့်မည်။ ထိုသို့သော နောက်ဆုံးဖြစ်လာနိုင်ဖွယ် အခြေအနေများသည် အလွန်ဖြစ်နိုင်ပေသည်။ ဤအရာနှင့် ပတ်သက်၍ သင်မစိုးရိမ်သလော၊ သို့မဟုတ် မပူပန်သလော။ ပေတရုသည် ထိုသို့သော ပတ်ဝန်းကျင်မျိုးကို ကြုံခဲ့ရပြီး ထိုသို့သော ဆင်းရဲဒုက္ခမျိုးကို တွေ့ကြုံခဲ့ရသော်လည်း၊ ခိုင်မြဲစွာ ရပ်တည်ဆဲဖြစ်ခဲ့သည်။ သင်သည် ထိုပတ်ဝန်းကျင်ကို ခံစားခဲ့ရပါက၊ ခိုင်မြဲစွာ ရပ်တည်နိုင်မည်လော။ မြေကြီးပေါ် ရှိစဉ် ယေရှု ဆိုခဲ့သောအရာများနှင့် သူပြုခဲ့သော အမှုတို့သည် ပေတရုကို အခြေခံအုတ်မြစ် တစ်ခု ပေးခဲ့ပြီး၊ မိမိ၏နောက်ပိုင်းလမ်းကြောင်းကို ပေတရု လျှောက်လှမ်းခဲ့သည်မှာ ဤအခြေခံအုတ်မြစ်ထံမှ ဖြစ်သည်။ သင်တို့သည် ထိုအဆင့်သို့ ရောက်ရှိနိုင်သလော။ သင်လျှောက်လှမ်းခဲ့ပြီးသော လမ်းကြောင်းများနှင့် သင်နားလည်ပြီးဖြစ်သည့် သမ္မာတရားများ- ၎င်းတို့သည် အနာဂတ်တွင် သင် ခိုင်မာစွာ ရပ်တည်နိုင်သည့် သင်၏ အခြေခံအုတ်မြစ် ဖြစ်လာနိုင်သလော။ ဤအရာများသည် နောင်တွင် ခိုင်မြဲစွာ ရပ်တည်ခြင်းအတွက် သင်၏ရူပါရုံ ဖြစ်လာနိုင်သလော။ ငါသည် သင်တို့ကို အမှန်တရား ပြောမည်- လူတို့ လောလောဆယ် နားလည်သည့် အရာအားလုံးသည် အယူဝါဒများဖြစ်သည်ဟု ပြောနိုင်သည်။ ဤသည်မှာ ၎င်းတို့နားလည်သည့်အရာ အားလုံးနှင့် သက်ဆိုင်သော အတွေ့အကြုံ ၎င်းတို့၌ မရှိကြသောကြောင့် ဖြစ်သည်။ ယခုထိတိုင် သင်

ဆက်လက် စခန်းသွားနိုင်သည်မှာ အလင်းသစ်၏ လမ်းပြခြင်းကို သင် ခံရသောကြောင့် လုံးလုံးလျားလျား ဖြစ်၏။ သင်၏ ဝိညာဉ်အသက်တာက အဆင့်တစ်ခုခုသို့ ရောက်ရှိခြင်းကြောင့်မဟုတ်ဘဲ၊ ယင်းထက် ငါ၏ နှုတ်ကပတ်တော်များက သင့်ကို မျက်မှောက်ခေတ်ထိ လမ်းပြခဲ့သောကြောင့် ဖြစ်သည်။ သင်၌ ကြီးမားသော ယုံကြည်ခြင်းရှိသောကြောင့် မဟုတ်ဘဲ၊ ယင်းထက် သင့်ကို ယနေ့ထိ လမ်းတစ်လျှောက်လုံး လိုက်သည်မှအပ မည်သည့်အရာကိုမျှ မလုပ်ဆောင်နိုင်စေသည့် ငါ့နှုတ်ကပတ်တော်များ၏ ဉာဏ်ပညာကြောင့် ဖြစ်သည်။ အကယ်၍ ယခု ငါသည် ပြောဆိုဖို့မဟုတ်ပါက၊ ငါ၏အသံကို မြွက်ဆိုဖို့ မဟုတ်ပါက၊ သင်သည် ဆက်လက်သွားနိုင်မည် မဟုတ်သကဲ့သို့ ရှေ့သို့ဆက်နေခြင်းသည် ချက်ချင်းရပ်တန့်သွားလိမ့်မည် ဖြစ်သည်။ ဤသည်မှာ သင်တို့၏ ဝိညာဉ်အသက်တာအမှန် မဟုတ်လော။ မည်သည့်ကဏ္ဍများမှ ဝင်ရောက်ရမည် ဆိုသည်နှင့် သင် ချို့တဲ့သောအရာအတွက် မည်သည့် ကဏ္ဍများတွင် ထေမိစေရမည်ဆိုသည်ကို သင်တို့မသိချေ။ အဓိပ္ပာယ်ရှိသော လူ့ဘဝကို မည်သို့အသက်ရှင်နေထိုင် ရမည်၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မည်သို့ပြန်လည် ပေးဆပ်ရမည်၊ သို့မဟုတ် အားကောင်းပြီး ထူးကဲသော နည်းလမ်းဖြင့် မည်သို့ သက်သေခံရမည်ကို သင်တို့ နားမလည်ကြပေ။ သင်တို့သည် ဤအရာများကို လုံး၀ ရရှိနိုင်စွမ်း မရှိကြချေ။ သင်တို့သည် ပျင်းရိသကဲ့သို့ မိုက်လည်းမိုက်မဲကြ၏။ သင်တို့လုပ်နိုင်သမျှမှာ အခြား တစ်စုံတစ်ရာအပေါ် မှီခိုဖို့ရန်ဖြစ်ပြီး သင်တို့ မှီခိုသော အရာသည် အလင်းသစ်နှင့် ရှေ့တွင် ရှိ၍ သင်တို့ကို ဦးဆောင်နေသောသူ ဖြစ်သည်။ ယနေ့ထိတိုင် သင်မလျှော့တမ်း လုပ်ဆောင်နိုင်ခဲ့သည်မှာ သင်သည် အလင်းသစ်နှင့် နောက်ဆုံး မိန့်မြွက်ချက်များအပေါ် လုံး၀အားထားခဲ့သောကြောင့် ဖြစ်သည်။ သင်တို့သည် စစ်မှန်သောလမ်းကို လိုက်စားရာတွင် ကျွမ်းကျင်သော ပေတရုနှင့် ဘာတစ်ခုမျှမတူ၊ သို့မဟုတ် ယေဟောဝါကို ဆက်ကပ်အပ်နှံလျက် ကိုးကွယ်နိုင်ပြီး၊ ယေဟောဝါက သူ့ကို မည်သို့စမ်းသပ်စေကာမူ၊ ယေဟောဝါက သူ့ကိုကောင်းချီးပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ၊ ယေဟောဝါသည် ဘုရားသခင် ဖြစ်သည်ဟု ယုံကြည်နိုင်ခဲ့သော ယောဘနှင့် ဘာတစ်ခုမျှမတူပေ။ သင်သည် ထိုအရာကို လုပ်နိုင်သလော။ သင်တို့သည် မည်ကဲ့သို့ သိမ်းပိုက်ခြင်း ခံခဲ့ရသနည်း။ ရှုထောင့်တစ်ခုက တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ဆဲခြင်းတို့ ဖြစ်ပြီး၊ အခြားသောရှုထောင့်မှာ သင်တို့ကိုသိမ်းပိုက်သော နက်နဲမှုများ ဖြစ်သည်။ သင်တို့ အားလုံးသည် မြည်းများကဲ့သို့ ဖြစ်ကြ၏။ အကယ်၍ ငါပြောသော အရာသည် သင့်အတွက် ကျေနပ်လောက်အောင် မမြင့်မားပါက၊ မည်သည့်နက်နဲမှုမျှ မရှိပါက၊ သင်တို့သည် သိမ်းပိုက်ခြင်း မခံရနိုင်ပေ။ လူတစ်ဦးက တရားဟောနေခြင်းဖြစ်ပြီး ထိုသူသည်

အချိန်ကာလ တစ်ခုကြာ တူညီသော အရာများအကြောင်းကို အမြဲဟောပြောခဲ့ပါက၊ သင်တို့အားလုံး နှစ်နှစ်မပြည့်မီ စွန့်ခွာကာ လူစုကွဲကြလိမ့်မည်ဖြစ်သည်။ သင်တို့ ဆက်စခန်းသွားနိုင်ကြလိမ့်မည် မဟုတ်။ သင်တို့သည် ပိုမိုနက်နဲစွာ မည်သို့သွားရမည်ကို မသိကြသကဲ့သို့ သမ္မာတရား သို့မဟုတ် အသက်လမ်းကို မည်သို့လိုက်စား ရမည်ကိုလည်း နားမလည်ကြ။ သင်တို့နားလည်သမျှမှာ နက်နဲမှုများ သို့မဟုတ် ရူပါရုံများအကြောင်း ကြားခြင်း၊ သို့မဟုတ် ဘုရားသခင် မည်သို့ အလုပ်လုပ်လေ့ရှိသည်၊ သို့မဟုတ် ပေတရု၏ အတွေ့အကြုံများ၊ သို့မဟုတ် ယေရှု၏ ကားစင်တင်ခံရခြင်းနောက်ကြောင်းတို့ကို ကြားခြင်းကဲ့သို့သော သင်တို့အဖို့ ဆန်းသစ်ပုံရသည့် တစ်စုံတစ်ရာကို ရရှိခြင်းသာ ဖြစ်သည်။... သင်တို့သည် ဤအရာများအကြောင်းကို နားထောင်ရန်သာ လိုလားလျက်ရှိကြပြီး သင်တို့ နားထောင်လေလေ တက်ကြွလေလေဖြစ်သည်။ သင်တို့သည် သင်တို့၏ ဝမ်းနည်းမှုနှင့် ပျင်းရိငြီးငွေ့မှုကို ဖယ်ရှားရန် ဤအရာအားလုံးကို နားထောင်နေကြခြင်းသာ ဖြစ်သည်။ သင်တို့၏ဘဝများသည် ဤဆန်းသစ်သော အရာများအားဖြင့်သာ လုံးဝတည်တံ့နေကြသည်။ ယနေ့ သင်ရှိသည့်နေရာသို့ သင်ကိုယ်တိုင်၏ ယုံကြည်ခြင်းဖြင့် ရောက်လာကြသည်ဟု သင်ထင်သလော။ ဤသည်မှာ သင်တို့ပိုင်ဆိုင်သော မဖြစ်စလောက်၊ သနားဖွယ်ရာ ဝိညာဉ်အသက်တာ အနည်းငယ်မျှ ဖြစ်သည် မဟုတ်လော။ သင့်တို့၏ ဂုဏ်သိက္ခာမှာ အဘယ်မှာနည်း။ သင်တို့၏ လူ့သဘာဝက အဘယ်မှာနည်း။ လူသားဘဝကို သင်တို့ ပိုင်ဆိုင်သလော။ စုံလင်စေခြင်းခံရခြင်းအတွက် လိုအပ်ချက်မည်မျှကို သင်တို့ ပိုင်ဆိုင်သနည်း။ ငါပြောနေသည့်အရာသည် အမှန်တရား မဟုတ်သလော။ ငါသည် နည်းလမ်းဖြင့် စကားပြောကာ အလုပ်လုပ် သော်လည်း သင်တို့သည် အနည်းငယ်မျှသာ အရေးစိုက်ဆဲဖြစ်၏။ သင်တို့သည် နောက်မှလိုက်စဉ် စောင့်ကြည့်ခြင်းလည်း ပြုကြ၏။ စိတ်မဝင်စားသည့် ပုံပန်းကို သင်တို့အမြဲထားရှိပြီး၊ သင်တို့ အမြဲ နဖားကြိုး တပ်ခံနေရသည်။ ဤသည်မှာ သင်တို့အားလုံး ရှေ့ဆက်သည့် ပုံစံဖြစ်သည်။ ယနေ့ သင်တို့ ရှိသည့်နေရာသို့ သင်တို့ကို ခေါ်ဆောင်ခဲ့သည်မှာ ပြစ်တင်ဆုံးမခြင်း၊ စစ်ဆေးခြင်းနှင့် ဆုံးမခြင်းတို့သာ ဖြစ်သည်။ အသက်တာထဲ ဝင်ရောက်ခြင်းနှင့် ဆိုင်သည့် တရားဒေသနာအချို့ကိုသာ ဟောကြားခဲ့ပါက၊ သင်တို့အားလုံး ကြာမြင့်စွာကတည်းက တစ်စတစ်စ ပျောက်သွားကြမည် မဟုတ်လော။ သင်တို့တစ်ဦးစီသည် နောက်တစ်ဦးထက် သာ၍ အထက်ဖား အောက်ဖိ လုပ်တတ်ကြ သော်လည်း၊ အမှန်စင်စစ် သင်တို့၏ ဝမ်းများသည် ညစ်ညူးသော ရေဖြင့်သာ ပြည့်နေကြသည်။ ယခင်က လူတို့နားမလည်ခဲ့သော အရာအချို့ဖြစ်သည့် နက်နဲရာ အချို့ကို ယခု သင်နားလည်လာပြီ ဖြစ်သောကြောင့် ယခုထိတိုင် လက်မလျှော့ဘဲ နေနိုင်ခြင်း ဖြစ်သည်။ သင်တို့တွင် မလိုက်နာရန်

အကြောင်းမရှိ၊ ထို့ကြောင့် သင်တို့သည် မိမိတို့ကိုယ်မိမိ အားတင်းရုံမျှသာ ပြုနိုင်ကြပြီး လူအုပ်နောက်ကို လိုက်ပါကြသည်။ ဤသည်မှာ ငါ၏ နှုတ်ကပတ်တော်များမှတစ်ဆင့် ရရှိပြီးဖြစ်သော ရလဒ်မျှသာဖြစ်ပြီး၊ ယင်းသည် သင်တို့ ကိုယ်တိုင် ပြီးမြောက်သည့် စွမ်းဆောင်မှုတစ်ခု ဧကန်မုချ မဟုတ်ပေ။ သင်တို့အနေဖြင့် ဝါကြွားစရာ ဘာမျှမရှိ။ ထို့ကြောင့်၊ အမှု၏ဤအဆင့်တွင် သင်တို့သည် အဓိကအားဖြင့် နှုတ်ကပတ်တော်များမှတစ်ဆင့် လက်ရှိနေ့ရက်သို့ ဦးဆောင်ခံခဲ့ရခြင်း ဖြစ်သည်။ သို့မဟုတ်ပါက သင်တို့ထဲမှ မည်သူသည် နာခံနိုင်စွမ်းရှိမည်နည်း။ ယနေ့ထိ မည်သူက လက်မလျှော့ဘဲ နေနိုင်ခဲ့မည်နည်း။ အစအဦးကပင် သင်တို့သည် တတ်နိုင်သမျှ အစောဆုံးအချိန်၌ ထွက်ခွာသွားရန် အလိုရှိခဲ့ကြသော်လည်း၊ သင်တို့ မထွက်ခွာရဲခဲ့ကြပေ။ သင်တို့ သတ္တိမဲ့ခဲ့ကြသည်။ ယနေ့အထိတိုင်၊ သင်တို့သည် စိတ်မပါ့တပါဖြင့် လိုက်လျှောက် နေခဲ့ကြသည်။

ပေတရုသည် မိမိကိုယ်ပိုင်လမ်းကြောင်း၌ စတင်သွား ခဲ့သည်မှာ၊ သူ လျှောက်သင့်သည့် လမ်းကြောင်းကို စတင်လျှောက်ခဲ့သည်မှာ၊ လက်ဝါးကားတိုင်တွင် ယေရှု သံမှိုရိုက်နှက်ခံခဲ့ရကာ ထွက်ခွာသွားပြီးနောက်တွင်သာ ဖြစ်သည်။ သူသည် မိမိကိုယ်တိုင်၏ မပြည့်စုံမှုများနှင့် အားနည်းချက်များကို မြင်တွေ့ခဲ့ရပြီးနောက်မှသာ စတင် ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ သူသည် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ အလွန်နည်းပါးခဲ့ပြီး ဆင်းရဲဒုက္ခခံလိုသော သူ၏ အလိုဆန္ဒသည် မလုံလောက်ကြောင်း၊ သူသည် မည်သည့်ထိုးထွင်းအမြင်မျှ မရှိခဲ့ကြောင်းနှင့် သူ အသိစိတ် ကင်းမဲ့ကြောင်းတို့ကို တွေ့ရှိခဲ့လေသည်။ မိမိအထဲတွင် ယေရှု၏လိုအင်ဆန္ဒနှင့် မကိုက်ညီသည့် အရာများစွာ ရှိနေခဲ့ကြောင်း၊ ပုန်ကန်တတ်ပြီး ခုခံတတ်သည့် အရာများစွာနှင့် လူသား၏ လိုအင်ဆန္ဒ စွန်းထင်းသော အရာများစွာ ရှိသည်ကို သူမြင်တွေ့ခဲ့သည်။ ရှုထောင့်တိုင်းထဲသို့ ဝင်ရောက်မှုကို သူ ရရှိခဲ့သည်မှာ ဤအရာ နောက်တွင်သာ ဖြစ်သည်။ ယေရှုက သူ့ကို လမ်းပြခဲ့ချိန်တွင် ယေရှုသည် ပေတရု၏အခြေအနေကို ဖော်ထုတ်ခဲ့ပြီး ပေတရုက ယင်းကို အသိအမှတ်ပြုကာ ယေရှုပြောသောအရာကို လက်ခံခဲ့သော်လည်း သူသည် ထိုနောက်ပိုင်းအချိန်အထိ စစ်မှန်သော သိနားလည်မှု မရှိခဲ့ပေ။ ယင်းမှာ ထိုအချိန်က သူ၏ ကိုယ်ပိုင် ဝိညာဉ်အသက်တာနှင့်ဆိုင်သော အတွေ့အကြုံမရှိသကဲ့သို့ အသိပညာ မရှိခဲ့သောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ငါသည် သင်တို့ကို လမ်းပြဖို့အတွက် ယခု နှုတ်ကပတ်တော်များကိုသာ အသုံးပြုနေပြီး၊ တိုတောင်းသောအချိန်အတောအတွင်း သင်တို့ကို စုံလင်စေဖို့မှာ မဖြစ်နိုင်သကဲ့သို့၊ သင်တို့အနေဖြင့် သမ္မာတရားကို နားလည်ပြီး သိရှိရန်သာ တတ်နိုင်လိမ့်မည်ဖြစ်သည်။ ဤသည်မှာ သင်တို့ကို သိမ်းပိုက်ခြင်းနှင့် သင်တို့စိတ်နှလုံးများထဲတွင် သင်တို့ကို

ဖျောင်းဖျခြင်းသည် လက်ရှိအမှုဖြစ်ပြီး၊ လူတို့ သိမ်းပိုက်ခံရပြီးနောက်ပိုင်းမှသာ ၎င်းတို့အထဲမှအချို့သည် စုံလင်စေခြင်းခံရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ယခု သင်တို့နားလည်သော ရူပါရုံများနှင့် သမ္မာတရားများသည် သင်တို့၏ အနာဂတ်အတွေ့အကြုံများအတွက် အခြေခံ အုတ်မြစ်တစ်ခုကို ခင်းနေပေသည်။ အနာဂတ် အတိဒုက္ခ ထဲတွင် သင်တို့ အားလုံး၌ ဤနှုတ်ကပတ်တော်များနှင့် သက်ဆိုင်သည့် လက်တွေ့ကျသည့် အတွေ့အကြုံများ ရှိကြရလိမ့်မည်။ နောင်တွင်၊ စမ်းသပ်ခြင်းများ သင်တို့အပေါ် ကျရောက်ပြီး အတိဒုက္ခကို ကြုံရသောအခါ သင်တို့ ယနေ့ ပြောဆိုသော- "မည်သည့် အတိဒုက္ခ၊ စမ်းသပ်မှုများ၊ သို့မဟုတ် ကြီးမားသော ကပ်ဘေးများကို ငါ ကြုံရပါစေ၊ ငါသည် ဘုရားသခင်ကို ကျေနပ်အားရ စေရမည်" ဟူသည့် စကားများကို တွေးမိကြလိမ့်မည်။ ပေတရု၏ အတွေ့အကြုံပြီးနောက် ယောဘ၏ အတွေ့အကြုံကို စဉ်းစားကြည့်လော့- သင်သည် ယနေ့ နှုတ်ကပတ်တော်များအားဖြင့် လှုံ့ဆော် ခံရပေမည်။ ဤနည်းအားဖြင့်သာ သင်တို့၏ယုံကြည်ခြင်းသည် လှုံ့ဆော်ခံနိုင်ပေသည်။ ထိုအချိန်က၊ ပေတရုသည် ဘုရားသခင်၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုကို ခံယူခြင်းငှာ မိမိ ထိုက်တန်ခြင်းမရှိဟု ပြောဆိုခဲ့ပြီး၊ သင်သည်လည်း အချိန် ကျလာသည့်အခါ သင်မှတစ်ဆင့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို လူအပေါင်းတို့ မြင်စေဖို့ လိုလိုလားလား ရှိလိမ့်မည် ဖြစ်သည်။ သင်သည် ကိုယ်တော်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို အလွယ်တကူ ခံယူပြီး၊ ကိုယ်တော်၏ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ခြင်းတို့သည် သင်တို့အဖို့ နှစ်သိမ့်မှုတစ်ခု ဖြစ်ပေလိမ့်မည်။ ယခုတွင် သင်တို့အနေဖြင့် သမ္မာတရား မဆင်ယင်ထားရန်မှာ တကယ်ကို လက်မခံနိုင်စရာ ဖြစ်သည်။ ယင်းမရှိဘဲနှင့်၊ သင်တို့သည် အနာဂတ်၌ ခိုင်မာစွာ ရပ်တည်နိုင်လိမ့်မည် မဟုတ်သည့်သာမက၊ လက်ရှိအမှုကို တွေ့ကြုံနိုင်စွမ်းလည်း ရှိကြမည်မဟုတ်ချေ။ ဤသို့ဖြစ်ပါက၊ သင်တို့သည် စွန့်ပစ်ခံရပြီး အပြစ်ဒဏ် ပေးခံရသည့် သူတစ်ဦး ဖြစ်လိမ့်မည် မဟုတ်လော။ ယခု သင်တို့အပေါ်သို့ ကျရောက်သည့် မည်သည့်အချက်မျှ မရှိသေးသကဲ့သို့ ငါသည် သင်တို့ကို သင်တို့ ချို့တဲ့သည့် မည်သည့်ရှုထောင့်မဆို ထောက်ပံ့ပေးပြီးဖြစ်သည်။ ငါသည် ရှုထောင့်တိုင်းမှ ပြောဆိုနေခြင်းဖြစ်သည်။ သင်တို့သည် ဒုက္ခဆင်းရဲများစွာကို ခံစားရခြင်းမရှိသေးပေ။ သင်တို့သည် ရနိုင်သည့်အရာကို မည်သည့် အဖိုးအခမျိုးမျှ မပေးဘဲ ယူသာယူကြသကဲ့သို့ ထို့ထက်၊ သင်တို့ကိုယ်တိုင်၏ စစ်မှန်သည့် အတွေ့အကြုံများ သို့မဟုတ် ထိုးထွင်းအမြင်များ မရှိကြချေ။ သို့ဖြစ်၍ သင်တို့ သိနားလည်ထားသည်မှာ သင်တို့၏ စစ်မှန်သော ဝိညာဉ်အသက်တာများ မဟုတ်ပေ။ သင်တို့သည် နားလည်ခြင်း၊ သိခြင်းနှင့် မြင်ခြင်းအထိသာ

ကန့်သတ်ခံရပြီး အကျိုးကို များစွာ မရိတ်သိမ်းရသေးပေ။ အကယ်၍ ငါသည် သင်တို့အပေါ် ဘယ်သောအခါမျှ အရေးမစိုက်ဘဲ၊ သင်တို့ ကိုယ်ပိုင်အိမ်တွင် အတွေ့အကြုံများ ရရှိစေခဲ့မည်ဆိုပါက၊ သင်တို့သည် ကြာမြင့်စွာကတည်းက ကြီးမား ကျယ်ပြန့်သော ကမ္ဘာကြီးထဲသို့ သုတ်သုတ်ပျာပျာ ပြန်ပြေးသွားကြမည် ဖြစ်သည်။ အနာဂတ်တွင် သင်တို့ လျှောက်လှမ်းသည့် လမ်းသည် ဒုက္ခဆင်းရဲနှင့်ဆိုင်သော လမ်းကြောင်းတစ်ခု ဖြစ်လိမ့်မည်ဖြစ်ပြီး၊ သင်တို့သည် လမ်းကြောင်း၏ လက်ရှိ ခရီးတစ်ထောက်ကို အောင်အောင်မြင်မြင် လျှောက်လှမ်း ပါက၊ အနာဂတ်တွင် သာ၍ကြီးမားသော အတိဒုက္ခကို သင်ကြုံရသောအခါ သက်သေခံချက် ရှိလိမ့်မည်။ သင်သည် လူ့ဘဝ၏အရေးပါမှုကို သိနားလည်ပြီး လူ့ဘဝ၏ လမ်းကြောင်းမှန်ပေါ် လျှောက်ပြီးပါက၊ အနာဂတ်တွင် ဘုရားသခင်သည် သင့်ကို မည်သို့ဆက်ဆံသည်ဖြစ်စေ မည်သည့်စောဒကတက်မှုများ သို့မဟုတ် ရွေးချယ်မှုများ မရှိဘဲ ကိုယ်တော်၏ အကြံအစည်များကို နာခံပါက၊ သင်သည် ဘုရားသခင်အပေါ် မည်သည့် တောင်းဆိုမှုမျှ မလုပ်ဆောင်ပါက၊ ဤနည်းဖြင့် သင်သည် တန်ဖိုးရှိသောလူတစ်ဦး ဖြစ်လိမ့်မည်။ ယခု သင်သည် အတိဒုက္ခကို မကြုံရသေးပေ၊ ထို့ကြောင့် မည်သည့် အရာကိုမဆို ခွဲခြားခြင်းမရှိဘဲ သင် နာခံနိုင်သည်။ ဘုရားသခင် မည်သို့ပင် ဦးဆောင်သည်ဖြစ်စေ ထိုလမ်းခရီးသည် ကောင်းမွန်ပြီး သူ၏စီစဉ်ညွှန်ကြားမှုများ အားလုံးကို နာခံမည်ဟု သင်ဆို၏။ ဘုရားသခင်က သင့်ကို ပြစ်တင်ဆုံးမသည်ဖြစ်စေ ကျိန်ဆဲသည်ဖြစ်စေ သင့်အနေဖြင့် သူ့ကို စိတ်ကျေနပ်စေရန် လိုလားလျက် ရှိလိမ့်မည်။ ထိုသို့ပြောဆိုထားသည့်အတွက်၊ ယခု သင်ပြောဆိုသည့်အရာသည် သင်၏ ဝိညာဉ်အသက်တာကို ကိုယ်စားမပြုပေ။ ယခု သင်လုပ်ဆောင်လိုသည့်အရာက သင် အဆုံးတိုင်အောင် လိုက်လျှောက်နိုင်စွမ်းရှိသည်ကို ပြသနိုင်ခြင်းမရှိပေ။ သင့်အပေါ် အတိဒုက္ခများ ကျရောက်လာသောအခါ သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခြင်း အချို့ သို့မဟုတ် အကျပ်ကိုင်မှု သို့မဟုတ် ပို၍ပင် ကြီးမားသော စမ်းသပ်မှုများကို သင်ကြုံရသောအခါ ထိုစကားများကို သင် ပြောဆိုနိုင်မည်မဟုတ်ချေ။ အကယ်၍ သင်သည် ထိုသို့သော သိရှိနားလည်မှုမျိုး ရှိနိုင်ပြီးနောက် ခိုင်မာစွာရပ်တည်နိုင်ပါက၊ ဤသည်မှာ သင်၏ ဝိညာဉ်အသက်တာ ဖြစ်ပေလိမ့်မည်။ ပေတရုသည် ထိုအချိန်က မည်သည့်အရာနှင့်တူခဲ့သနည်း။ ပေတရုက၊ “သခင်၊ ကျွန်ုပ်သည် ကိုယ်တော့်အတွက် ကျွန်ုပ်၏ အသက်ကို စတေးပါမည်။ ကိုယ်တော်သည် ကျွန်ုပ်ကို သေစေပါက၊ ကျွန်ုပ်သေပါမည်” ဟု ပြောဆိုခဲ့သည်။ ယင်းမှာ ထိုအချိန်က သူဆုတောင်းခဲ့သည့်ပုံစံ ဖြစ်ပြီး၊ သူက “အခြားသူများသည် ကိုယ်တော့်ကို မချစ်ကြလျှင်ပင် ကျွန်ုပ်သည် အဆုံးတိုင်အောင်

ကိုယ်တော်ကို ချစ်ပါမည်။ ကိုယ်တော်နောက်တော်သို့ ကျွန်ုပ် တစ်ချိန်လုံး လိုက်ပါမည်” ဟုလည်း ပြောဆိုခဲ့သည်။ ယင်းမှာ ထိုအချိန်က သူပြောဆိုခဲ့သည့်အရာ ဖြစ်သော်လည်း၊ စမ်းသပ်မှုများ သူ့အပေါ်ကျရောက် လာသည်နှင့် တစ်ပြိုင်နက် သူသည် မခံရပ်နိုင်တော့ဘဲ ငိုကြွေး ခဲ့လေသည်။ ပေတရုက သခင့်ကို သုံးကြိမ် ငြင်းပယ်ခဲ့သည်ကို သင်တို့အားလုံး သိကြသည် မဟုတ်လော။ မိမိတို့အပေါ်သို့ စမ်းသပ်မှုများ ရောက်ရှိလာသည့်အခါ ငိုကြွေးပြီး လူ့အားနည်းချက်များကို ဖော်ပြမည့်သူ များစွာရှိ၏။ သင်သည် သင်ကိုယ်တိုင်၏ သခင်မဟုတ်ပေ။ ဤတွင်၊ သင်သည် မိမိကိုယ်ကိုယ် မထိန်းချုပ်နိုင်ပေ။ ယနေ့ သင်သည် အမှန်တကယ် ကောင်းမွန်နေနိုင်သည်၊ သို့သော်လည်း ယင်းမှာ သင်၌ သင့်လျော်သော ပတ်ဝန်းကျင်တစ်ခု ရှိသောကြောင့် ဖြစ်၏။ အကယ်၍ ယင်းက မနက်ဖြန်၌ ပြောင်းလဲသွားပါက၊ သင့်အနေဖြင့် သင်၏ သူရဲဘောကြောင်မှုနှင့် မစွမ်းဆောင်နိုင်မှု၊ သင်၏ စက်ဆုပ်ဖွယ်ကောင်းမှုနှင့် မထိုက်တန်မှုတို့ကို ပြသလိမ့်မည်ဖြစ်၏။ သင်၏ “ယောက်ျားပီသမှု” သည် အချိန်ကြာမြင့်စွာကတည်းက အချည်းနှီးဖြစ်လာပြီးဖြစ်ကာ တစ်ခါတစ်ရံ သင့်အနေဖြင့် သင်၏ အလုပ်ကို ဘေးဖယ်လိုက်ကာ ထွက်သွားမည် ဖြစ်သည်။ ဤအရာက ထိုအချိန် သင် နားလည်ခဲ့သည့် အရာမှာ သင်၏ တကယ့်ဝိညာဉ်အသက်တာ မဟုတ်မှန်းကို ပြသပေသည်။ လူတစ်ဦးသည် ဘုရားသခင်ကို အမှန်တကယ် ချစ်မချစ်၊ ဘုရားသခင်၏ အကြံအစည်ကို ၎င်းတို့ အမှန်တကယ် နာခံနိုင်စွမ်း ရှိမရှိ၊ ဘုရားသခင် တောင်းဆိုသည့်အရာကို ရရှိရန် မိမိ အစွမ်းရှိသမျှကို စိုက်ထုတ်နိုင်ခြင်း ရှိမရှိ၊ ပြီးလျှင် ၎င်းကိုယ်တိုင်၏ဘဝကို စွန့်လွှတ်ရမည်ဆိုလျှင်ပင် ဘုရားသခင်ကို သစ္စာရှိမြဲ သစ္စာရှိပြီး အရာအားလုံးအနက် အကောင်းဆုံးကို ပေးခြင်းရှိမရှိ ဆိုသည်ကို မြင်ရဖို့ရန် ထိုသူ၏ တကယ့် ဝိညာဉ်အသက်တာကို ကြည့်ရပေမည်။

ဤစကားများသည် ယခုပြောဆိုထားပြီးဖြစ်သည်ကို သင့်အနေဖြင့် မှတ်မိရမည်။ နောင်တွင်၊ သင်သည် သာ၍ကြီးမားသော အတိဒုက္ခနှင့် သာ၍ကြီးမားသော ဒုက္ခဆင်းရဲကို ကြုံရလိမ့်မည်။ စုံလင်ခံရဖို့ဆိုသည်မှာ ရိုးရှင်းသောအရာ သို့မဟုတ် လွယ်ကူသောအရာတစ်ခု မဟုတ်။ အနည်းဆုံးအနေဖြင့်၊ ယောဘ၏ယုံကြည်ခြင်း သို့မဟုတ် သူ၏ယုံကြည်ခြင်းထက် သာ၍ပင် ကြီးမားသည့် ဖြစ်နိုင်သော ယုံကြည်ခြင်းကို သင်ပိုင်ဆိုင်ရမည်။ အနာဂတ်ရှိ စမ်းသပ်မှုများသည် ယောဘ၏ စမ်းသပ်မှုများထက် သာ၍ကြီးမားလိမ့်မည် ဖြစ်ပြီး၊ သင်သည် ရေရှည် ပြစ်တင်ဆုံးမခြင်းနှင့် ကြုံရဦးမည် ဖြစ်သည်ကို သင့်အနေဖြင့် သိသင့်သည်။ ဤသည်မှာ ရိုးရှင်းသည့်အရာတစ်ခုလော။ သင်၏ အရည်အချင်းသည် မတိုးတက်နိုင်ပါက၊ သင်၏ သိနားလည်နိုင်ခြင်း အစွမ်းအစသည် ချို့တဲ့နေပါက၊ ပြီးလျှင် သင်သည်

အလွန်နည်းပါးစွာ သိပါက၊ ထိုအချိန်တွင် သင့်အနေဖြင့် မည်သည့်သက်သေမျှ ရှိလိမ့်မည်မဟုတ်ဘဲ ယင်းအစား ရယ်စရာတစ်ခု၊ စာတန်အတွက် ကစားစရာတစ်ခု ဖြစ်လာပေလိမ့်မည်။ အကယ်၍ သင့်အနေဖြင့် ရုပ်ပါရုံများကို ယခု မထိန်းသိမ်းနိုင်ပါက၊ သင်သည် အခြေခံအုတ်မြစ် မရှိသကဲ့သို့၊ အနာဂတ်တွင် ဖယ်ရှားခြင်းခံရပေလိမ့်မည်။ လမ်းကြောင်း၏ မည်သည့် ခရီးတစ်ထောက်မျှ လျှောက်လှမ်းဖို့ မလွယ်ကူသောကြောင့်၊ ဤအရာကို ပေါ့ပေါ့တန်တန် သဘောမထားလေနှင့်။ သင့်အနေဖြင့် ဤလမ်းကြောင်း၏ နောက်ဆုံး ခရီးတစ်ထောက်ကို မှန်ကန်စွာ လျှောက်လှမ်းနိုင်ဖို့အလို့ငှာ ဤအရာကို ယခု ဂရုတစိုက်ချိန်ဆလော့။ ဤသည်မှာ အနာဂတ်တွင် လျှောက်လှမ်းရမည့် လမ်းကြောင်းဖြစ်ပြီး လူတိုင်း လျှောက်လှမ်းရမည့် လမ်းကြောင်း ဖြစ်သည်။ သင်သည် ဤအသိပညာကို အလေးဂရုမပြု မဖြစ်စေရ။ သင့်ကို ငါပြောဆိုသမျှသည် လေသာကုန်သည်ဟု မထင်လေနှင့်။ ထိုအရာအားလုံးကို ကောင်းကောင်းအသုံးချရမည့်နေ့ရက် ရောက်ရှိလာလိမ့်မည်- စကားများကို အချည်းနှီး ပြောဆိုထားခြင်း မရှိနိုင်ပေ။ ဤသည်မှာ မိမိကိုယ်ကိုယ် ပြင်ဆင်ရမည့်အချိန်၊ အနာဂတ်အတွက် လမ်းခင်းရမည့် အချိန် ဖြစ်သည်။ နောင်တွင် လျှောက်လှမ်းရမည့် လမ်းကြောင်းကို သင့်အနေဖြင့် ပြင်ဆင်သင့်သည်။ သင့်အနေဖြင့် အနာဂတ်တွင် မည်ကဲ့သို့ ခိုင်မြဲစွာ ရပ်တည်နိုင်မည်ကို စိုးရိမ်ကာ ပူပန်သင့်ပြီး သင်၏အနာဂတ် လမ်းကြောင်းအတွက် ကောင်းကောင်း ပြင်ဆင်သင့်ပေသည်။ အစားကြူးပြီး ပျင်းရိခြင်း မရှိလေနှင့်။ သင်လိုအပ်သည့်အရာမှန်သမျှကို ရရှိနိုင်ဖို့အလို့ငှာ သင်၏အချိန်ကို အကောင်းဆုံး အသုံးချဖို့ တတ်နိုင်သမျှအရာ အားလုံးကို အပြည့်အဝ လုပ်ဆောင်ရမည်။ သင်နားလည်နိုင်ဖို့အလို့ငှာ ငါသည် သင့်ကို အရာခပ်သိမ်းပေးနေ၏။ သုံးနှစ်အောက် အချိန်ကာလတွင် ငါသည် အမှုအရာများစွာ ပြောဆိုခဲ့ပြီး များစွာသော အမှု ပြုခဲ့သည်ကို သင်တို့အနေဖြင့် မျက်ဝါးထင်ထင် မြင်တွေ့ကြပြီးဖြစ်၏။ ဤနည်းဖြင့် ငါအလုပ်လုပ်ခြင်း၏ အကြောင်းရင်းတစ်ခုမှာ လူတို့သည် အလွန်ချို့တဲ့ နေကြသောကြောင့် ဖြစ်ပြီး၊ နောက်အကြောင်းရင်းတစ်ခုမှာ အချိန်သည် တိုတောင်းလွန်းသောကြောင့် ဖြစ်သည်။ နောက်ထပ် မည်သို့မျှ အချိန်ဆွဲ၍ မဖြစ်ပေ။ လူတို့အနေဖြင့် သက်သေခံနိုင်ပြီး အသုံးပြုမခံနိုင်ရမီ၊ အတွင်းပိုင်း ပြည့်စုံသည့် ရှင်းလင်းမှုတစ်ခု ဦးစွာ ရရှိရမည်ဟု သင် စိတ်ကူးသည်- သို့သော် ယင်းမှာ နှေးကွေးလွန်းမည် မဟုတ်လော။ သို့ဆိုလျှင် ငါသည် အချိန်မည်မျှကြာ သင့်ကို အဖော်ပြုရမည်နည်း။ သင့်အနေဖြင့် ငါ အိုမင်းပြီး ဆံဖြူသည်အထိ သင့်ကို အဖော်ပြုစေမည်ဆိုပါက၊ ယင်းသည် ဖြစ်နိုင်မည်မဟုတ်။ သာ၍ကြီးမားသော အတိဒုက္ခကို ကြုံခြင်းဖြင့်၊ လူအပေါင်းတို့၏အတွင်းထဲ၌ စစ်မှန်သော သိနားလည်မှုကို

ရရှိပေလိမ့်မည်။ ဤသည်တို့မှာ အမှု၏ အဆင့်များ ဖြစ်သည်။ သင်သည် ယနေ့ မိတ်သဟာယပြုသည့် ရုပ်ပါရုံများကို အပြည့်အဝ နားလည်ပြီး စစ်မှန်သော ဝိညာဉ်အသက်တာ ရရှိသည်နှင့် တစ်ပြိုင်နက်၊ အနာဂတ်တွင် သင်ကြုံရသည့် မည်သည့် အခက်အခဲမဆိုက သင့်ကို လွှမ်းမိုးလိမ့်မည် မဟုတ်သကဲ့သို့ ၎င်းတို့ကို သင် ကြံ့ကြံ့ခံနိုင်လိမ့်မည် ဖြစ်သည်။ ငါသည် အမှု၏ ဤနောက်ဆုံးအဆင့်ကို ပြည်စုံစေပြီး၊ နောက်ဆုံး နှုတ်ကပတ်တော်များကို မိန့်မြွက်ပြီးသောအခါ အနာဂတ်တွင် လူတို့သည် ကိုယ့်လမ်းကြောင်းကို ကိုယ်လျှောက်လှမ်းဖို့ လိုပေလိမ့်မည်။ ဤအချက်သည် ယခင် ပြောဆိုထားသည့် နှုတ်ကပတ်တော်များကို ပြည့်စုံစေလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူတစ်ဦးစီတိုင်းအတွက် စေခိုင်းချက် တစ်ရပ်နှင့် လူပုဂ္ဂိုလ် တစ်ဦးစီတိုင်းထဲတွင် လုပ်ဆောင်ရမည့် အမှုတစ်ခု ရှိ၏။ အနာဂတ်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြခြင်းခံရလျက်၊ အယောက်တိုင်းသည် မိမိတို့ လျှောက်လှမ်းသင့်သော လမ်းကြောင်းကို လျှောက်ကြလိမ့်မည်။ အတိဒုက္ခ ကြုံနေရချိန်တွင်၊ မည်သူသည် အခြားသူများကို ဂရုစိုက်ပေးနိုင်လိမ့်မည်နည်း။ တစ်ဦးချင်းစီတို့သည် မိမိတို့ကိုယ်တိုင်၏ ဒုက္ခဆင်းရဲ ရှိကြပြီး၊ အသီးသီးက မိမိတို့ကိုယ်တိုင်၏ ဝိညာဉ်အသက်တာ ရှိကြ၏။ တစ်ဦး၏ ဝိညာဉ်အသက်တာသည် အခြားမည်သူ၏ ဝိညာဉ် အသက်တာနှင့်မျှ မတူပေ။ ခင်ပွန်းသည်တို့သည် မိမိတို့ ဇနီးသည်များကို ဂရုစိုက်နိုင်လိမ့်မည် မဟုတ်၊ မိဘတို့သည် မိမိတို့သားသမီးများကို ဂရုစိုက်နိုင်မည် မဟုတ်ပေ။ မည်သူမျှ အခြားတစ်ဦးကို ဂရုစိုက်နိုင်လိမ့်မည် မဟုတ်ပေ။ ယင်းသည် အပြန်အလှန် ဂရုစိုက်မှုနှင့် အားပေးမှု ရှိနိုင်သေးသည့်အချိန်ဖြစ်သည့် ယခုအချိန်နှင့် တူလိမ့်မည် မဟုတ်ပေ။ ယင်းသည် လူအမျိုးအစားတိုင်းကို ဖော်ထုတ်သော အချိန်တစ်ခု ဖြစ်ပေလိမ့်မည်။ ဆိုလိုသည်မှာ၊ သိုးထိန်းများကို ဘုရားသခင်က ရိုက်နှက်လိုက်သောအခါ သိုးစုသည် ကွဲလွင့်ကုန် ကြလိမ့်မည် ဖြစ်ပြီး၊ ထိုအချိန်တွင် သင်တို့သည် စစ်မှန်သော ခေါင်းဆောင်တစ်ဦးမျှ ရှိမည်မဟုတ်ပေ။ လူတို့သည် ကွဲပြားကြလိမ့်မည်- ယင်းသည် လူအစုအဝေး အဖြစ် သင်တို့ အတူတကွ စုဝေးလာနိုင်သောအချိန်ဖြစ်သည့် ယခုအချိန်နှင့် တူလိမ့်မည်မဟုတ်။ အနာဂတ်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် မရှိသောသူတို့သည် မိမိတို့၏ စရိုက်မှန်ကို ပြသကြလိမ့်မည်။ ခင်ပွန်းသည်တို့သည် မိမိတို့ဇနီးမယားများကို ရောင်းစားကြလိမ့်မည်၊ ဇနီးသည်များက မိမိတို့ ခင်ပွန်းသည်များကို ရောင်းစားကြလိမ့်မည်၊ သားသမီးများက မိမိတို့မိဘများကို ရောင်းစားကြလိမ့်မည်ဖြစ်ပြီး မိဘများက မိမိတို့သားသမီးများကို ညှဉ်းပန်းနှိပ်စက်ကြလိမ့်မည်- လူ့စိတ်နှလုံးသည် နားလည် သဘောပေါက်၍ မရနိုင်ပေ။ လုပ်နိုင်သမျှမှာ လူတစ်ဦး အနေဖြင့် မိမိ၌ရှိသောအရာကို ထိန်းသိမ်းဖို့နှင့် လမ်းကြောင်း၏

နောက်ဆုံးခရီးတစ်ထောက်ကို မှန်ကန်စွာ လျှောက်လှမ်းဖို့ ဖြစ်သည်။ ယခု၊ သင်တို့သည် ဤအရာကို ရှင်းလင်းစွာ မမြင်ကြ။ သင်တို့အားလုံး ရေရှည်ကို မကြည့်တတ်ကြပေ။ အမှု၏ဤအဆင့်ကို အောင်မြင်စွာ တွေ့ကြုံဖို့မှာ လွယ်ကူသောအရာ မဟုတ်ပေ။

ဘေးဒုက္ခကာလသည် ရှည်ကြာလွန်းမည်မဟုတ်။ အမှန်စင်စစ်၊ တစ်နှစ်ပင်ကြာမည် မဟုတ်ပေ။ အကယ်၍ ယင်းသည် တစ်နှစ် ရှည်ကြာမည်ဆိုပါက၊ အမှု၏ နောက်အဆင့်ကို နှောင့်နှေးစေမည်ဖြစ်ပြီး လူတို့၏ ဝိညာဉ်အသက်တာသည် လုံလောက်လိမ့်မည်မဟုတ်။ အကယ်၍ ယင်းသည် ရှည်ကြာလွန်းမည်ဆိုပါက၊ သူတို့အနေဖြင့် ကြံ့ကြံ့ခံနိုင်လိမ့်မည် မဟုတ်ပေ။ အကယ်စင်စစ် သူတို့၏ ဝိညာဉ်အသက်တာ၌ အကန့်အသတ်များ ရှိပေသည်။ ငါကိုယ်တိုင်၏အမှု ပြီးဆုံးသွားသည့်နောက်၊ နောက်တစ်ဆင့်သည် လူတို့အနေဖြင့် မိမိတို့ လျှောက်သင့်သည့် လမ်းကြောင်းကို လျှောက်လှမ်းဖို့ ဖြစ်လိမ့်မည်။ အယောက်တိုင်းသည် မိမိမည်သည့်လမ်းကြောင်း လျှောက်သင့်သည်ကို သိနားလည်ရမည်- ယင်းသည် ဒုက္ခဆင်းရဲနှင့်ဆိုင်သော လမ်းကြောင်းနှင့် ဖြစ်စဉ်တစ်ခုဖြစ်ပြီး ဘုရားသခင်ကို ချစ်ရန် သင်၏လိုအင်ဆန္ဒကို စစ်ဆေးခြင်းနှင့်ဆိုင်သည့် လမ်းကြောင်းတစ်ခုလည်း ဖြစ်သည်။ မည်သည့် သမ္မာတရားထဲသို့ သင်ဝင်ရောက်သင့်သည်၊ မည်သည့် သမ္မာတရားများကို သင်ထပ်ဖြည့်သင့်သည်၊ မည်ကဲ့သို့ သင်တွေ့ကြုံခံစားသင့်သည်၊ ပြီးလျှင် မည်သည့်ရှုထောင့်မှ သင်ဝင်ရောက်သင့်သည်- ဤအရာအားလုံးကို သင်နားလည် ရမည်ဖြစ်၏။ သင့်အနေဖြင့် ယခုအချိန်တွင် မိမိကိုယ်ကိုယ် ပြင်ဆင်ရမည်ဖြစ်သည်။ အကယ်၍ သင့်အပေါ် ဘေးဒုက္ခရောက်လာသည်အထိ စောင့်မည် ဆိုပါက၊ နောက်ကျလွန်းသွားပေလိမ့်မည်။ လူတိုင်းသည် မိမိတို့ကိုယ်တိုင်၏ အသက်တာအတွက် ဝန်ထုပ်တစ်ခု ထမ်းရွက်ရမည်ဖြစ်ပြီး၊ အခြားသူများ၏ သတိပေးခြင်း သို့မဟုတ် သင့်ကို ၎င်းတို့ အမြဲအရိပ်အကဲပြောမည်ကို မစောင့်နှင့်။ ငါသည် များစွာပြောပြီးဖြစ်သော်လည်း သင့်အနေဖြင့် မည့်သည့်သမ္မာတရားထဲသို့ ဝင်ရောက်သင့်သည် သို့မဟုတ် မည်သည့်သမ္မာတရားဖြင့် မိမိကိုယ်ကိုယ် ဆင်ယင်သင့်သည်ကို မသိသေးပေ။ ဤအရာက သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုရန် အားစိုက်မှုမရှိကြောင်း ပြသ၏။ သင်သည် မိမိကိုယ်တိုင်၏ အသက်တာအတွက် မည်သည့် ဝန်ထုပ်ဝန်ပိုးကိုမျှ ထမ်းရွက်ခြင်း မရှိပေ- ယင်းသည် မည်သို့ လက်ခံနိုင်စရာ ဖြစ်နိုင်သနည်း။ မည်သည့်အရာ အထဲသို့ သင်ဝင်ရောက်သင့်သည်ကို သင်သည် ရှင်းလင်းခြင်း မရှိ၊ နားလည်သင့်သည့်အရာကို သင် နားမလည်သကဲ့သို့ မည်သည့် အနာဂတ်လမ်းကြောင်းကို လျှောက်လှမ်း သင့်သည်နှင့် စပ်လျဉ်း၍ သင်သည် လုံးဝ ဦးနှောက်ရှုပ်လျက် ရှိသေး၏။ သင်သည် လုံးဝ အသုံးမကျသောသူ မဟုတ်ဟု သင် ပြောနိုင်သလော။ သင်သည် အဘယ်

အသုံးဝင်မှု ရှိသနည်း။ ယခု သင်တို့လုပ်နေကြသည်မှာ သင်တို့ကိုယ်တိုင်၏လမ်းများကို တည်ဆောက်နေခြင်းနှင့် လမ်းခင်းနေခြင်း ဖြစ်၏။ လူတို့ ရရှိသင့်သည့်အရာကို သင် သိရမည်ဖြစ်ပြီး လူသားမျိုးနွယ် အပေါ် ဘုရားသခင်၏ သတ်မှတ်ချက်များကို သင် သိရမည်။ သင်၌ အောက်ပါသိနားလည်မှု ရှိရမည်- မည်သို့ပင်ဖြစ်စေ၊ ငါသည် အလွန်အမင်း ဖောက်ပြန်ပျက်စီး သော်လည်း၊ ဘုရားသခင့်ရှေ့မှောက်၌ ဤအပြစ်အနာအဆာများကို ပြုပြင်ရမည်။ ဘုရားသခင် ငါ့ကို မပြောပြမီ၊ ငါသည် သိရှိနားလည်ခြင်းမရှိခဲ့၊ သို့သော် ယခုတွင် သူ ငါ့ကို ပြောပြပြီးဖြစ်သဖြင့် ငါ နားလည်ပေသည်၊ ငါ့အနေဖြင့် ပုံမှန်လူ့သဘာဝကို အသက်ရှင်နေထိုင်ဖို့နှင့် ဘုရားသခင်၏အလိုတော်ကို ဖြည့်ဆည်းပေးသည့် ပုံရိပ်တစ်ခုအဖြစ် အသက်ရှင်နေထိုင်ဖို့ အလို့ငှာ ငါ၏ မပြည့်စုံခြင်းကို မြန်မြန်ဆန်ဆန် ပြုပြင်ရမည်။ ငါသည် ပေတရု ပြုလုပ်ဆောင်ခဲ့သည့် အရာအထိ လုပ်ဆောင်နိုင်ခြင်းမရှိသော်လည်း၊ အနည်းဆုံး အနေဖြင့် ပုံမှန်လူ့သဘာဝကို ငါ အသက်ရှင်သင့်သည်။ ဤနည်းဖြင့် ဘုရားသခင်၏ စိတ်နှလုံးကို ငါ ကျေနပ်စေနိုင်သည်။

ဤလမ်းကြောင်း၏နောက်ဆုံးခရီးတစ်ထောက်သည် ယခုမှစ၍ အနာဂတ် ဘေးဒုက္ခ၏ ပြီးဆုံးသည်အထိ ရှိလိမ့်မည်။ လမ်း၏ ဤခရီးတစ်ထောက်သည် လူတို့၏ စစ်မှန်သော ဝိညာဉ်အသက်တာ ဖော်ထုတ်ခံရသည့် အချိန်ဖြစ်သည့်အပြင်၊ စစ်မှန်သောယုံကြည်ခြင်း ၎င်းတို့၌ ရှိမရှိဆိုသည်ကို ပြသခံရသည့်အချိန်လည်း ဖြစ်လိမ့်မည်။ လမ်းကြောင်း၏ ဤခရီးတစ်ထောက်သည် ယခင်က လူတို့ လမ်းပြခံရသည့် မည်သည့် လမ်းကြောင်းမဆိုထက် ပိုမိုခက်ခဲကြမ်းတမ်းကာ ပို၍မတည်မငြိမ်ဖြစ်မည် ဖြစ်သောကြောင့်၊ ၎င်းကို “လမ်းကြောင်း၏ နောက်ဆုံး ခရီးတစ်ထောက်” ဟု ခေါ်တွင်ခြင်းဖြစ်သည်။ အမှန်မှာ ယင်းသည် လမ်း၏ တကယ့်နောက်ဆုံးပိုင်း မဟုတ်ပေ။ ဤသည်မှာ ဘေးဒုက္ခကို ကြုံရပြီးနောက်တွင် သင်သည် ဧဝံဂေလိတရား ဖြန့်ဝေခြင်းအလုပ်ကို ကြုံရလိမ့်မည်ဖြစ်ပြီး အသုံးပြုခံရခြင်းအမှုကို ကြုံရမည့် လူတစ်စု ရှိလိမ့်မည် ဖြစ်သောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ “လမ်းကြောင်း၏ နောက်ဆုံးခရီးတစ်ထောက်” သည် လူတို့ကို စစ်ဆေးခြင်း နှင့်ဆိုင်သော ဘေးဒုက္ခနှင့် ကြမ်းတမ်းသော ပတ်ဝန်းကျင်ကိုသာ ရည်ညွှန်း ပြောဆိုခြင်း ဖြစ်သည်။ အတိတ်က လျှောက်ခဲ့သည့် လမ်း၏ ထိုအပိုင်းတွင် ငါသည် သင့်ကို သင်ကြားပေးရန် လက်ဖြင့်ကိုင်ဆွဲရင်း၊ ငါကိုယ်တိုင်၏ ပါးစပ်မှ ခွံ့ကျွေးရင်းဖြင့် ထိုပျော်ရွှင်ဖွယ်သော ခရီးထက်တွင် သင့်ကို ငါကိုယ်တိုင်ကိုယ်ကျ ပို့ဆောင်ပေးခဲ့သည်။ သင်သည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို ကြိမ်ဖန်များစွာ ဖြတ်သန်းခဲ့ပြီးဖြစ်သော်လည်း၊ သင်နှင့် ပတ်သက်သရွေ့ ၎င်းတို့သည် ပေါ့ပါးသော ထိုးနှက်မှု တစ်သီတစ်တန်းထက် ဘာမျှမပိုပေ။ ဟုတ်ပေ၏၊ ယင်းက

ဘုရားသခင်၌ ယုံကြည်ခြင်းအပေါ် သင်၏ ရှုထောင့်အမြင်များကို သိသိသာသာ ပြောင်းလဲစေခဲ့သည်။ သင်၏စိတ်သဘောထားကိုလည်း သိသိသာသာ တည်ငြိမ် စေခဲ့သကဲ့သို့၊ ငါနှင့်သက်ဆိုင်သော သိနားလည်မှု ပမာဏ အနည်းငယ်တစ်ချို့ကို သင့်အား ရရှိခွင့် ပေးခဲ့သည်။ သို့သော် ငါ ပြောနေသည်မှာ လူတို့အနေဖြင့် လမ်း၏ ထိုခရီးတစ်ထောက်ကို လျှောက်လှမ်းနေချိန်တွင်၊ လူတို့ ပေးဆပ်ရသည့် အဖိုးအခ သို့မဟုတ် အပတ်တကုတ် ကြိုးပမ်းမှုသည် အတော်အတန် သေးငယ်၏- ယနေ့ သင်ရောက်နေသည့်နေရာသို့ သင့်ကို ပို့ဆောင်ခဲ့သူမှာ ငါဖြစ်၏။ ဤသည်မှာ ငါသည် သင့်ကို တစ်စုံတစ်ရာ လုပ်ဆောင်ရန် မတောင်းဆိုသောကြောင့် ဖြစ်သည်။ အမှန်စင်စစ်၊ သင်နှင့်သက်ဆိုင်သော ငါ၏ သတ်မှတ်ချက်များမှာ လုံးဝမမြင့်မားပေ- ငါသည် သင့်ကို ရှိနေသည့်အရာကို အရယူဖို့ အခွင့်သာ ပေး၏။ ဤအချိန်ကာလ အတွင်းတွင် ငါသည် သင်တို့၏ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ထောက်ပံ့ ပေးခဲ့ကာ၊ မည်သည့်အခါမျှ မလျော်ကန်သော တောင်းဆိုမှုများ မပြုဖူးပေ။ သင်တို့သည် ထပ်ခါတလဲလဲ ပြစ်တင်ဆုံးမမှုကို ခံစားရပြီးဖြစ်သော်လည်း၊ ငါ၏ နဂိုမူလ သတ်မှတ်ချက်များကို မစွမ်းဆောင်ကြသေးချေ။ သင်တို့သည် နောက်ဆုတ်ကာ စိတ်ဓာတ်ကျကြသော်လည်း ယခုအချိန်သည် ငါကိုယ်တိုင်၏ အမှုနှင့်ဆိုင်သော အချိန်ကာလဖြစ်သောကြောင့် ဤအရာကို ငါ မထည့်တွက်သကဲ့သို့၊ ငါ့ထံ သင်တို့၏ "ဆက်ကပ်မှု" ကို အလွန်အလေးအနက်မထားပေ။ သို့ရာတွင် ဤနေရာမှစ၍ လမ်းကြောင်းတွင်၊ ငါသည် နောက်ထပ် အမှုပြုခြင်း သို့မဟုတ် စကားပြောဆိုခြင်း ပြုမည်မဟုတ်ပေ၊ ထို့အပြင် အချိန်တန်သည့်အခါတွင် ငါသည် သင်တို့ကို ထိုသို့သော ပျင်းရိဖွယ်ကောင်းသည့် ဟန်ပန်ဖြင့် ဆက်သွား ခိုင်းတော့မည် မဟုတ်ပေ။ ငါသည် သင်တို့ကို ကြီးမားသော သင်ခန်းစာများ သင်ယူခွင့်ပြုမည်ဖြစ်ပြီး ရရှိနိုင်သည့်အရာကို ရယူဖို့ ခွင့်ပြုမည်မဟုတ်ချေ။ ယနေ့ သင်တို့၌ရှိသည့် စစ်မှန်သော ဝိညာဉ်အသက်တာ ဖော်ထုတ်ခံရမည်ဖြစ်၏။ သင်တို့၏ နှစ်ရှည်လများ ကြိုးစားအားထုတ်မှုသည် နောက်ဆုံးတွင် အကျိုးဖြစ်ထွန်းခြင်း ရှိမရှိ ဆိုသည်ကို လမ်း၏ ဤနောက်ဆုံးခရီးတစ်ထောက်ကို သင်လျှောက်လှမ်းပုံတွင် မြင်တွေ့ရမည် ဖြစ်သည်။ အတိတ်တွင်၊ ဘုရားသခင်ကို ယုံကြည်ခြင်းဆိုသည်မှာ အလွန် ရိုးစင်းသည်ဟု သင်တို့ တွေးထင်ခဲ့ကြပြီး၊ ယင်းမှာ ဘုရားသခင်က သင့်ကို တင်းတင်းကျပ်ကျပ် မဆက်ဆံခဲ့ခြင်းကြောင့် ဖြစ်သည်။ ယခုတွင် မည်သို့ရှိပါနည်း။ ဘုရားသခင်ကို ယုံကြည်ခြင်းက ရိုးစင်းသည်ဟု သင်တို့ထင်သလော။ ဘုရားသခင်ကို ယုံကြည်ခြင်းသည် လမ်းထဲတွင် ကလေးသူငယ်များ ကစားနေသကဲ့သို့ ပျော်စရာကောင်းပြီး အပူအပင်ကင်းသည်ဟု သင်တို့ခံစားရဆဲ ဖြစ်သလော။ သင်တို့သည်

သိုးများဖြစ်ကြသည်မှာ မှန်ကန်ပေသည်။ သို့သော် သင်တို့အနေဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ပြန်လည်ပေးဆပ်ဖို့နှင့် သင်တို့ယုံကြည်သော ဘုရားသခင်ကို လုံးလုံးလျားလျား ရရှိဖို့အလို့ငှာ သင်တို့ လျှောက်သင့်သော လမ်းကြောင်းကို လျှောက်လှမ်းနိုင်ရမည် ဖြစ်သည်။ မိမိကိုယ်ကိုယ် မလှောင်လေနှင့်၊ ပြီးလျှင် မိမိကိုယ်ကိုယ် အရူးမလုပ်ကြနှင့်။ သင့်အနေဖြင့် လမ်းကြောင်း၏ ဤခရီးတစ်ထောက်ကို မလျှော့တမ်း သွားနိုင်ပါက၊ သင်သည် စကြဝဠာတစ်ခွင်လုံး တစ်လျှောက် ပျံ့နှံ့လျက်ရှိသော ငါ၏ ဧဝံဂေလိ အလုပ်နှင့်ဆိုင်သည့် မကြုံစဖူးသော မြင်ကွင်းကို မြင်နိုင်လိမ့်မည်ဖြစ်ပြီး၊ ငါ၏ ရင်းနှီးသော မိတ်ဆွေဖြစ်ဖို့နှင့် စကြဝဠာ တစ်ခွင်လုံး တစ်လျှောက် ငါ၏အမှုကို တိုးချဲ့ရာတွင် သင်၏ အခန်းကဏ္ဍ၌ ပါဝင်ဖို့ အခွင့်အလမ်းကောင်း သင်၌ ရှိလိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင်၊ သင်သည် မိမိလျှောက်သင့်သော လမ်းကြောင်းကို အလွန်ဝမ်းမြောက် ဝမ်းသာစွာ ဆက်လက် လျှောက်လှမ်းလိမ့်မည်။ အနာဂတ်သည် အတိုင်းမသိ တောက်ပလိမ့်မည်၊ သို့သော် ယခု ပဓာနကျသောအရာမှာ လမ်းကြောင်း၏ ဤနောက်ဆုံးခရီးတစ်ထောက်ကို မှန်ကန်စွာ လျှောက်လှမ်းဖို့ဖြစ်သည်။ ဤအရာကို မည်သို့ လုပ်ဆောင်ရမည်ကို သင့်အနေဖြင့် ကြိုးစားကာ ပြင်ဆင် ရမည်ဖြစ်သည်။ ဤသည်မှာ သင်ယခုချက်ချင်း လုပ်ဆောင်ရမည့်အရာ ဖြစ်သည်။ ဤသည်မှာ ယခု အရေးတကြီး ကိစ္စတစ်ခု ဖြစ်ပေသည်။

# အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၃ (၁၉၉၃ ခုနှစ်၊ ဇူလိုင်လ မှ ၁၉၉၄ ခုနှစ်၊ မတ်လ အထိ)

# သင်၏အနာဂတ်တာဝန်ကို မည်သို့ အာရုံစိုက်၍ လုပ်ဆောင်သင့်သနည်း

သင်သည် ခေတ်အသီးသီးတွင် ဘုရားသခင် ဖော်ပြသည့် စိတ်သဘောထားကို ခိုင်လုံသော နည်းလမ်းဖြင့်၊ ခေတ်ကာလ၏ အရေးပါမှုကို အလိုက်အထိုက်အားဖြင့် သိရှိစေသည့် ဘာသာစကားဖြင့် ဖော်ပြနိုင်သလော။ ဘုရားသခင်၏ နောက်ဆုံးသော ကာလ အမှုကို ကြုံတွေ့ရသည့် သင်သည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို အသေးစိတ် ဖော်ပြနိုင်သလော။ ဘုရားသခင်၏ စိတ်သဘောထားကို ရှင်းရှင်းလင်းလင်းနှင့် မှန်ကန်တိကျစွာ

သင် ဖော်ပြနိုင်သလော။ ဖြောင့်မတ်ခြင်းတရားကို ဆာလောင်ကာ ငတ်မွတ်ပြီး ၎င်းတို့အား ထိန်းကျောင်းဖို့ သင့်ကို စောင့်မျှော်နေသည့် သနားစရာကောင်းပြီး၊ ဆင်းရဲမွဲတေကာ ဘုရားတရားရှိသေကိုင်းရှိုင်းသော ဘာသာရေး ယုံကြည်သူများကို သင် မြင်ဖူး ကြုံဖူးထားသည့်အရာကို မည်သို့ လက်ဆင့်ကမ်းမည်နည်း။ မည်သို့သော လူစားမျိုးများက ၎င်းတို့အား ထိန်းကျောင်းပေးရန်အတွက် သင့်ကို စောင့်မျှော်နေကြသနည်း။ သင် စိတ်ကူးကြည့်နိုင်သလော။ သင် ထမ်းထားရသည့် ဝန်ထုပ်ဝန်ပိုးများ၊ သင်၏ စေခိုင်းချက်တာဝန်နှင့် သင်၏ တာဝန်ဝတ္တရားများကို သင်သိရှိသလော။ သမိုင်းတွင်သည့် တာဝန်နှင့်သက်ဆိုင်သော သင်၏အသိစိတ် ဘယ်မှာနည်း။ နောင်လာမည့်ခေတ်တွင် သခင်အဖြစ် သင် မည်သို့ ပြည့်ပြည့်ဝဝ အစေခံမည်နည်း။ သခင်ဘဝနှင့်သက်ဆိုင်၍ အားကောင်းသော အသိစိတ်တစ်ခု သင်၌ ရှိသလော။ အရာခပ်သိမ်းတို့၏ သခင်ကို သင် မည်သို့ ရှင်းပြမည်နည်း။ ယင်းသည် အသက်ရှင်သော သတ္တဝါအားလုံးနှင့် ကမ္ဘာလောကထဲရှိ ရုပ်ဝတ္ထုအရာအားလုံး၏ သခင် အမှန်တကယ် ဟုတ်သလော။ အမှု၏ နောက်တစ်ဆင့် တိုးတက်မှုအတွက် သင်၌ မည်သည့်အစီအစဉ်များ ရှိသနည်း။ သင့်ကို ၎င်းတို့၏ သိုးထိန်းအဖြစ် လူမည်မျှက စောင့်မျှော်နေကြပါသနည်း။ သင်၏အလုပ်တာဝန်သည် ကြီးလေးသောအရာတစ်ခုလော။ ၎င်းတို့သည်- လမ်း အဘယ်မှာ ရှိသနည်းဟု အမှောင်ထဲတွင် မြည်တမ်းလျက်- ဆင်းရဲ မွဲတေကြသည်၊ သနားဖွယ် ဖြစ်ကြသည်၊ မျက်စိကန်းကြပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေကြပေသည်။ ဥက္ကာပျံကဲ့သို့ ရုတ်တရက် သက်ဆင်းပြီး လူကို နှစ်ပေါင်းများစွာ ဖိနှိပ်ထားသည့် အမှောင်ထု၏အင်အားများကို ဖြိုခွင်းဖို့ အလင်းကို ၎င်းတို့ တမ်းတလေစွ။ ၎င်းတို့ စိုးရိမ်တကြီး မျှော်လင့်သည့် အရာနှင့် ဤအရာအတွက် နေ့ရောညပါ ၎င်းတို့ အောက်မေ့တမ်းတကြပုံ အဆုံးစွန်အတိုင်းအတာကို မည်သူသိနိုင်သနည်း။ အလင်းရောင် ဖြတ်သန်းလင်းလက်သည့် နေ့တွင်ပင်၊ အလွန်အမင်း ဆင်းရဲဒုက္ခ ခံစားနေရသော ဤလူတို့သည် လွတ်မြောက်ရန် မျှော်လင့်ချက်မရှိဘဲ၊ မှောင်မိုက်သော အကျဉ်းတိုက်တစ်ခုထဲတွင် အကျဉ်းကျခံရလျက် ရှိနေကြ၏။ မည်သည့်အခါတွင် ၎င်းတို့ မငိုတော့ဘဲနေမည်နည်း။ မည်သည့်အခါတွင်မျှ အနားပေးခြင်းမခံခဲ့ရသော ဤနုနယ်သော ဝိညာဉ်များ၏ ကံအကြောင်းမလှသည့်ဖြစ်ရပ်မှာ ဆိုးရွားလှပြီး ရက်စက်သော အနှောင်အဖွဲ့များနှင့် အေးစက်သော သမိုင်းတို့ဖြင့် ဤအခြေအနေတွင် ၎င်းတို့ ချည်နှောင်ခံထားရသည်မှာ ကြာမြင့်ပြီဖြစ်သည်။ ၎င်းတို့၏ မြည်တမ်းခြင်းအသံကို မည်သူ ကြားဖူးသနည်း။ ၎င်းတို့၏ စိတ်မချမ်းမြေ့သော အခြေအနေကို မည်သူ မျက်မြင်တွေ့ဖူးသနည်း။ ဘုရားသခင်၏ စိတ်နှလုံးသည် မည်မျှ ဝမ်းနည်းကြေကွဲပြီး

စိုးရိမ်ပူပန်သည်ကို သင်တွေးမိဖူးသလော။ သူကိုယ်တိုင်၏ လက်ဖြင့် ဖန်ဆင်းခဲ့သော အပြစ်မဲ့လူသားမျိုးနွယ်သည် ထိုသို့သော ညှဉ်းဆဲမှု ခံစားနေရသည်ကို သူ မည်သို့ မြင်ရက်နိုင်မည်နည်း။ တကယ်တမ်းမူ၊ လူသားများသည် အဆိပ်ခတ်ခံထားရသည့် သားကောင်များ ဖြစ်ကြပေသည်။ လူသားသည် ဤနေ့အထိ ရှင်ကျန်ခဲ့သော်လည်း၊ လူသားမျိုးနွယ်သည် အချိန်ကြာမြင့်စွာ ဆိုးယုတ်သူတစ်ဦး၏ အဆိပ်ခတ်ခံထားရသည်ကို မည်သူ သိခဲ့လိမ့်မည်နည်း။ သင်သည် သားကောင်များထဲမှ တစ်ဦးဖြစ်သည်ကို သင် မေ့လျော့ပြီလော။ သင်သည် ဤအသက်ရှင်ကျန်ရစ်သူများကို ကယ်တင်ဖို့ သင်၏ဘုရားသခင်ကို ချစ်ခြင်းကြောင့် ကြိုးပမ်းရန် လိုလားလျက် မရှိသလော။ လူသားမျိုးနွယ်ကို သူကိုယ်တိုင်၏ သွေးသားသဖွယ် ချစ်ခင်သည့် ဘုရားသခင်ကို ပြန်လည်ပေးဆပ်ရန် သင်၏ အားအင်ဟူသမျှကို ဆက်ကပ်ဖို့ သင် လိုလားခြင်း မရှိသလော။ နောက်ဆုံး စာရင်းချုပ်လိုက်ပါက၊ သင်၏ ထူးခြားသော အသက်တာကို အသက်ရှင်ရန် ဘုရားသခင်၏အသုံးပြုခံရခြင်းကို သင်မည်သို့ အဓိပ္ပာယ် ကောက်မည်နည်း။ သင်သည် ဘုရားတရားကိုင်းရှိုင်းသော ဘုရားသခင်ကို အစေခံသည့် လူတစ်ဦး၏ အဓိပ္ပာယ်ရှိသော အသက်တာကို အသက်ရှင်ဖို့ သန္နိဋ္ဌာန်နှင့် ယုံကြည်စိတ်ချမှုတို့ အမှန်တကယ် ရှိသလော။

## လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်း၏ ရည်ရွယ်ချက်

အကယ်၍ လူတို့သည် လူ့ဘဝ၏ မှန်ကန်သောလမ်းကြောင်းအပြင်၊ ဘုရားသခင်၏ လူသားမျိုးနွယ်ကို စီမံခန့်ခွဲမှု ရည်ရွယ်ချက်အား အမှန်တကယ် ရှင်းလင်းစွာ မြင်နိုင်ပါက၊ သူတို့သည် သူတို့တစ်ဦးချင်းစီ၏ အနာဂတ်နှင့် ကံတရားကို သူတို့၏ စိတ်နှလုံးထဲတွင် ရတနာတစ်ပါးသဖွယ် ထိန်းသိမ်းထားမည် မဟုတ်ပေ။ ထိုသို့ဖြစ်လျှင် သူတို့သည် ဝက်များနှင့် ခွေးများထက်ဆိုးသော သူတို့၏မိဘများကို အစေခံရာတွင် စိတ်ဝင်စားကြတော့မည်မဟုတ်ပေ။ လူသား၏ အနာဂတ်နှင့် ကံတရားတို့သည် ပေတရု၏ မျက်မှောက်ခေတ် “မိဘများ” ဟုဆိုသော အရာများ အတိအကျ မဟုတ်ကြသလော။ ၎င်းတို့သည် လူ့အသွေးအသားကဲ့သို့ပင် ဖြစ်ကြသည်။ ခန္ဓာ၏ခရီးပန်းတိုင်နှင့် အနာဂတ်တို့သည် မည်သည့်အရာပင် ဖြစ်လိမ့်မည်နည်း။ ယင်းသည် အသက်ရှင်နေဆဲအခိုက် ဘုရားသခင်ကို မြင်ရန် ဖြစ်လိမ့်မည်လော၊ သို့မဟုတ် သေလွန်ပြီးနောက် ဝိညာဉ်အနေဖြင့် ဘုရားသခင်နှင့် တွေ့ဆုံရန် ဖြစ်လိမ့်မည်လော။ မနက်ဖြန်၌ ခန္ဓာသည် ကြီးမားသော အတိဒုက္ခ မီးပြင်းဖို တစ်ခုထဲတွင် သို့မဟုတ် ပြင်းစွာလောင်သောမီးထဲတွင် အဆုံးသတ် လိမ့်မည်လော။

ဤသို့သော မေးခွန်းများမှာ လူ့ခန္ဓာသည် ကံဆိုးမိုးမှောင်ကျမှုကို ကြွကြွခံလိမ့်မည် သို့မဟုတ် ဤမျက်မှောက်ရေစီးကြောင်းထဲရှိ ဦးနှောက်ရှိပြီး စဉ်းစားချင့်ချိန်တတ်သူ မည်သူမဆို စိတ်အပူပန်ဆုံးသော အကြီးမားဆုံး သတင်းကို ခံစားရလိမ့်မည်ဆိုသည်နှင့် သက်ဆိုင်သည် မဟုတ်လော။ (ဤနေရာတွင် ခံစားရခြင်းဟူသည်မှာ ကောင်းချီးမင်္ဂလာများ ရရှိခြင်းကို ရည်ညွှန်းသည်။ ယင်းမှာ အနာဂတ်စမ်းသပ်မှုများသည် လူသား၏ ပန်းတိုင်အတွက် အကျိုးပြုသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကံဆိုးမိုးမှောင်ကျမှု ဟူသည်မှာ ခိုင်မာစွာမရပ်တည်နိုင်ခြင်း သို့မဟုတ် လိမ်လည်လှည့်ဖြားခံရခြင်းကို ရည်ညွှန်းသည်၊ သို့မဟုတ် လူတစ်ဦးသည် ကံမကောင်းအကြောင်းမလှသော အခြေအနေများနှင့် ကြုံတွေ့ရလိမ့်မည်ဖြစ်ပြီး ဘေးဒုက္ခအလယ်တွင် မိမိ၏ အသက်ကို ဆုံးရှုံးရလိမ့်မည်၊ ပြီးလျှင် လူတစ်ဦး၏ ဝိညာဉ်အတွက် သင့်လျော်သော ပန်းတိုင်မရှိဟု ဆိုလိုခြင်းဖြစ်သည်)။ လူသားတို့တွင် ကြောင်းကျိုးခိုင်လုံသော အကြောင်းပြချက်ရှိသော်လည်း၊ သူတို့တွေးတောသော အရာသည် သူတို့၏ အကြောင်းပြချက်က ကုံလုံပြည့်စုံသင့်သည့်အရာနှင့် လုံး၀ ကိုက်ညီကောင်း ကိုက်ညီမည်မဟုတ်ပေ။ ဤသည်မှာ သူတို့အားလုံးသည် အတော်စိတ်ရှုပ်ထွေးကြပြီး အမှုအရာတို့ကို ကျိုးကြောင်းမမြင်ဘဲ လိုက်လျှောက် ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့အားလုံးသည် ၎င်းတို့ဝင်ရောက်သင့်သော အရာမည်သည့်အရာဖြစ်သည်ကို စေ့စပ်သေချာသည့် နားလည်သဘောပေါက်မှု တစ်ခု ရှိသင့်ပြီး အထူးသဖြင့် ၎င်းတို့သည် အတိဒုက္ခရောက်စဉ်တွင် (ဆိုလိုသည်မှာ မီးပြင်းဖိုထဲတွင် စစ်ဆေးခြင်း အချိန်အတွင်း) ဝင်ရောက်သင့်သည့် အရာအပြင် မီး၏စမ်းသပ်မှုများအတွင်းတွင် ၎င်းတို့ ကုံလုံပြည့်စုံနေသင့်သည့် အရာတို့ကို အဖြေရှာသင့်ပေသည်။ ဝက်များ၊ ခွေးများနှင့် အလားတူကြပြီး ပုရွက်ဆိတ်များနှင့် ပိုးကောင်များထက်ပင် သာ၍ဆိုးရွားကြသော သင့်မိဘများကို (ဇာတိပကတိကို ဆိုလိုခြင်း) အစဉ်အမြဲ အစေမခံကြနှင့်။ ၎င်းအပေါ် မချိတင်ကဲ ခံစားခြင်း၊ အလွန်ပြင်းထန်စွာ တွေးတောခြင်းနှင့် ဦးနှောက်ခြောက်အောင် စဉ်းစားခြင်းတို့၏ အကျိုးမှာ အဘယ်နည်း။ ဇာတိပကတိသည် သင်နှင့် မသက်ဆိုင်ပေ၊ သို့သော် ယင်းသည် သင့်ကို ထိန်းချုပ်ရုံသာမက စာတန်အပေါ်လည်း ဩဇာအာဏာရှိသော ဘုရားသခင်၏ လက်ထဲတွင် ရှိသည်။ (ဤသည်မှာ ဇာတိပကတိသည် မူလက စာတန်နှင့် သက်ဆိုင်သည်ဟု ဆိုလို၏။ စာတန်သည်လည်း ဘုရားသခင်၏ လက်ထဲတွင် ရှိသောကြောင့်၊ ၎င်းကို ဤသို့သာ စကားလုံး ရွေးချယ်သုံးနှုန်း၍ ရပေသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ၎င်းကို ထိုနည်းလမ်းအတိုင်းပြောဆိုခြင်းသည် ပို၍ယုံကြည်လောက်သောကြောင့် ဖြစ်သည်။ လူတို့သည် စာတန်၏ အုပ်စိုးမှုအောက်တွင်

လုံးလုံးလျားလျားရှိမနေကြဘဲ၊ ဘုရားသခင်၏ လက်များတွင် ရှိကြသည်ဟု ယင်းက ဖော်ပြပေသည်။) သင်သည် ဇာတိပကတိ၏ ညှဥ်းပန်းမှုဒဏ်အောက်တွင် အသက်ရှင်နေရသည်- သို့သော် ဇာတိပကတိကို သင်ပိုင်သလော။ ယင်းသည် သင်၏ထိန်းချုပ်မှုအောက်တွင် ရှိသလော။ ယင်းအပေါ်တွင် အဘယ်ကြောင့် ဦးနှောက်ခြောက်ခံသနည်း။ စီရင်ချက်ချခံရကာ၊ ကျိန်ခြင်းခံရပြီးဖြစ်သကဲ့သို့ ညစ်ညူးသောဝိညာဉ်များက ညစ်ညမ်းစေသည်မှာ ရှည်ကြာလှပြီဖြစ်သော အော်ဂလီဆန်စရာကောင်းသည့် သင်၏ဇာတိပကတိ အတွက် အဘယ်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခံပြီး ဘုရားသခင်ထံ သဲသဲမဲမဲ အသနားခံသနည်း။ စာတန်၏ အပေါင်းအပါများကို သင့်စိတ်နှလုံးနှင့် အစဉ်အမြဲ အလွန်နီးကပ်စွာ ထိန်းသိမ်းထားဖို့ မည်သည့်လိုအပ်မှု ရှိသနည်း။ ဇာတိပကတိသည် သင်၏ တကယ့်အနာဂတ်၊ သင်၏ နှစ်သက်ပျော်ရွှင်ဖွယ်ရာ မျှော်လင့်ချက်များနှင့် သင့်အသက်၏ စစ်မှန်သော ပန်းတိုင်ကို ပျက်စီးစေနိုင်သည်ကို သင်မစိုးရိမ်သလော။

ယနေ့၏ လမ်းကြောင်းသည် လျှောက်လှမ်းရန် မလွယ်ကူပေ။ ရရှိရန် အတော်အတန် ခက်ခဲသည်ဟု ဆိုနိုင်ပြီး ခေတ်များ တစ်လျှောက်လုံးတွင် ၎င်းသည် အလွန်အမင်း ရှားပါးခဲ့သည်။ သို့ရာတွင် လူ့ဇာတိပကတိ တစ်ခုတည်းက သူ့ကို ပျက်စီးစေနိုင်ရန် လုံလောက်လိမ့်မည်ဟု မည်သူ ထင်ခဲ့လိမ့်မည်နည်း။ ယနေ့၏ အမှုသည် နွေဦးမိုးပမာ သေချာပေါက် အဖိုးထိုက်ပြီး လူသားအပေါ် ဘုရားသခင်၏ ကြင်နာမှုပမာ တန်ဖိုးကြီးသည်။ သို့ရာတွင် အကယ်၍ လူသားသည် ကိုယ်တော်၏ လက်ရှိအမှု၏ ရည်ရွယ်ချက်ကို မသိလျှင် သို့မဟုတ် လူသားမျိုးနွယ်၏ အနှစ်သာရကို နားမလည်လျှင်၊ ၎င်း၏ အဖိုးထိုက်မှုနှင့် တန်ဖိုးကြီးမှုအကြောင်းကို အဘယ်သို့ ပြောဆိုနိုင်မည်နည်း။ ဇာတိပကတိကို လူသားတို့ကိုယ်တိုင် မပိုင်ပေ၊ ထို့ကြောင့် ၎င်း၏ ပန်းတိုင်သည် အမှန်တကယ် မည်သည့်နေရာ ဖြစ်လိမ့်မည်ကို မည်သူမျှ ရှင်းလင်းစွာ မမြင်နိုင်ပေ။ သို့သော်လည်း ဖန်ဆင်းခြင်း၏ အရှင်သည် ဖန်ဆင်းခြင်းခံရသော လူသားမျိုးနွယ်ကို ၎င်းတို့၏ နဂိုမူလနေရာသို့ ပြန်ပို့ကာ ဖန်ဆင်းသည့် အချိန်ကာလမှ ၎င်းတို့၏ မူလပုံသဏ္ဌာန်ကို ပြန်လည် ရရှိစေလိမ့်မည်ကို သင်ကောင်းစွာသိသင့်သည်။ လူသား၏ အရိုးများနှင့် ခန္ဓာကို ပြန်သိမ်းပြီး အားလုံးကို ဖန်ဆင်းခြင်း အရှင်ထံ ပြန်ပို့ရင်း၊ ဘုရားသခင်သည် လူသားထဲသို့ မှုတ်သွင်းခဲ့သော ဇီဝအသက်ကို လုံးဝ ပြန်ယူလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် လူသားမျိုးနွယ်ကို လုံးဝ အသွင်ပြောင်းလဲစေပြီး အသစ်ဖြစ်စေကာ လူသားမျိုးနွယ်က မပိုင်ဘဲ ဘုရားသခင်ကပိုင်သော အလုံးစုံသောအမွေကို လူသားထံမှ ပြန်ယူလိမ့်မည်ဖြစ်ပြီး၊ ယင်းကို လူသားထံသို့

မည်သည့်အခါတွင်မျှ တဖန်လွဲအပ်လိမ့်မည်မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် အစကတည်းက ထိုအရာများထဲမှ မည်သည်အရာမျှ လူသားမျိုးနွယ်နှင့် မသက်ဆိုင်သောကြောင့် ဖြစ်သည်။ ကိုယ်တော်သည် ထိုအရာအားလုံးကို ပြန်ယူလိမ့်မည်ဖြစ်သည်- ဤသည်မှာ မတရားသော အဓမ္မလုယက်ခြင်း မဟုတ်ပေ။ တကယ်တမ်းတွင်မူ ယင်းသည် ကောင်းကင်နှင့် မြေကြီးကို ၎င်းတို့၏ နဂိုမူလ အခြေအနေများသို့ ပြန်ရောက်စေရန် ရည်ရွယ်ထားခြင်း ဖြစ်သည့်အပြင်၊ လူသားကို အသွင်ပြောင်းလဲစေပြီး အသစ်ပြန်ဖြစ်စေရန်လည်း ဖြစ်သည်။ ယင်းသည် လူတို့ စိတ်ကူးနိုင်သကဲ့သို့ ပြစ်တင်ဆုံးမခြင်း ခံရပြီးနောက် ခန္ဓာကို ပြန်လည်ရယူခြင်း ဖြစ်ကောင်းဖြစ်မည် မဟုတ်သော်လည်း၊ ဤသည်မှာ လူသားအတွက် ကျိုးကြောင်းဆီလျော်သော ပန်းတိုင်ဖြစ်သည်။ ဘုရားသခင်သည် ခန္ဓာ၏ အရိုးစုများကို ၎င်းဖျက်ဆီးခံရပြီးနောက်တွင် ယင်းတို့ကို အလိုမရှိပေ။ သူသည် အစအဦး၌ ဘုရားသခင် ပိုင်ဆိုင်ခဲ့သော လူသားထဲက မူလအခြေခံအရာတို့ကို အလိုရှိပေသည်။ ထို့ကြောင့် လူသား၏ ခန္ဓာသည် ၎င်း၏ ပုဂ္ဂလိက ပိုင်ဆိုင်မှုမဟုတ်သည့်အတွက်၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို အမြစ်ဖြတ်သုတ်သင်လိမ့်မည် မဟုတ်၊ သို့မဟုတ် လူသား၏ ခန္ဓာကို လုံးဝ ချေမှုန်းသုတ်သင်လိမ့်မည် မဟုတ်ပေ။ တကယ်တမ်းတွင်မူ ယင်းသည် လူသားမျိုးနွယ်ကို စီမံခန့်ခွဲသော ဘုရားသခင်၏ အဖြည့်ဖြစ်သည်။ ကိုယ်တော်သည် လူသား၏ ခန္ဓာကို သူ၏ "ပျော်ရွှင်မှု" အတွက် မည်သို့ အမြစ်ဖြတ်သုတ်သင်နိုင်မည်နည်း။ ယခုအချိန်တွင် သင်သည် တစ်ပဲနိမ့်မျှပင် မတန်သော သင်၏ ခန္ဓာနှင့်သက်ဆိုင်သည့် အလုံးစုံကို အမှန်တကယ် လက်လွှတ်ပြီး ဖြစ်သလော။ အကယ်၍ သင်သည် နောက်ဆုံးသောကာလအမှု၏ သုံးဆယ်ရာခိုင်နှုန်းကို သဘောပေါက် နားလည်နိုင်လျှင်၊ (ဤသုံးဆယ် ရာခိုင်နှုန်းမျှသည် ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုအပြင် ဘုရားသခင်၏ နောက်ဆုံးသောကာလ နှုတ်ကပတ်တော်၏ အမှုကို သဘောပေါက်နားလည်ခြင်းကို ဆိုလိုသည်)၊ သင်သည် နှစ်ပေါင်းများစွာ ဖောက်ပြန်ပျက်စီးပြီးဖြစ်သော သင်၏ဇာတိပကတိကို- ယနေ့ကဲ့သို့- ဆက်လက် "အစေခံ" မည်မဟုတ်ပေ သို့မဟုတ် "သားသမီးဝတ်" ကို ဆက်လက် လုပ်ဆောင်မည်မဟုတ်ပေ။ လူသားတို့သည် မကြုံစဖူးသော အခြေအနေတစ်ခုသို့ ယခုအခါ တက်လှမ်းခဲ့ကြပြီးဖြစ်ကာ၊ သမိုင်းဘီးများပမာ ရှေ့သို့ဆက်လက်၍ လိမ့်တော့မည် မဟုတ်သည်ကို သင်ရှင်းလင်းစွာ မြင်သင့်သည်။ သင်၏ ဟောင်းနွမ်းဆွေးမြေ့သော ခန္ဓာသည် အချိန်ကြာမြင့်စွာ ယင်ကောင်များဖြင့် ဖုံးလွှမ်းခံရပြီးဖြစ်သည်၊ ထို့ကြောင့် ယင်းသည် ဘုရားသခင်က ဤနေ့အထိ ဆက်လက်သွားနိုင်စေသည့် သမိုင်းဘီးများကို

ပြောင်းပြန်လည်စေရန် တန်ခိုးအာဏာ မည်သို့ရှိနိုင်သနည်း။ နောက်ဆုံးသောကာလ၏ အသံတိတ်ဆိတ်စွာ လည်ပတ်နေသော နာရီကို နာရီသံတချက်ချက် တဖန်ပြန်မြည်စေရန်နှင့် ၎င်း၏လက်တံများကို လက်ယာရစ် ဆက်လက် ရွေ့လျားနေစေရန် ယင်းက မည်သို့ လုပ်ဆောင်နိုင်မည်နည်း။ ထူထပ်သော မြူထဲတွင် အုပ်ဆိုင်းပိတ်ဆို့နေခဲ့ဟန် ရှိသော ကမ္ဘာလောကကို ယင်းက မည်သို့ အသွင်ပြန်လဲစေနိုင်မည်နည်း။ သင်၏ ခန္ဓာသည် တောင်များနှင့် မြစ်များကို ပြန်လည်ရှင်သန်စေနိုင်သလော။ အနည်းငယ် အသုံးဝင်မှုသာရှိသော သင်၏ ခန္ဓာသည် သင်တမ်းတဖူးသည့် လူ့လောကအမျိုးအစားကို အမှန်တကယ် နဂိုအတိုင်းပြန်ဖြစ်စေနိုင်သလော။ သင်၏ သားစဉ်မြေးဆက်တို့ကို “လူသားများ” ဖြစ်လာရန် သင်အမှန်တကယ် သင်ကြားပေးနိုင်သလော။ သင် ယခု နားလည်သလော။ သင်၏ ခန္ဓာသည် မည်သည့်အရာနှင့် အတိအကျ သက်ဆိုင်သနည်း။ လူသားကို ကယ်တင်ခြင်း အတွက်၊ လူသားကို စုံလင်စေခြင်းအတွက်နှင့် လူသားကို ပြောင်းလဲစေခြင်း အတွက် ဘုရားသခင်၏ မူလရည်ရွယ်ချက်မှာ သင့်ကို လှပသော ဇာတိမြေ တစ်ခုပေးရန် သို့မဟုတ် လူသား၏ ခန္ဓာကို ငြိမ်းချမ်းသော ငြိမ်သက်ခြင်းချမ်းသာကို ယူဆောင်လာရန် မဟုတ်ခဲ့ပေ။ ယင်းသည် ကိုယ်တော်၏ ဘုန်းအသရေနှင့် သူ၏ သက်သေခံချက်တို့အတွက်၊ အနာဂတ်တွင် လူသားမျိုးနွယ်၏ သာ၍ ကောင်းမွန်သော ပျော်ရွှင်မှုအတွက် ဖြစ်ခဲ့သည်၊ သို့မှသာ ၎င်းတို့သည် မကြာမီ အနားယူနိုင်ကြပေမည်။ လူသားသည် ဘုရားသခင်၏ စီမံခန့်ခွဲမှု၏ အရင်းအနှီးဖြစ်ပြီး လူသား၏ ခန္ဓာသည် အဖြည့်တစ်ခုမျှသာ ဖြစ်သည့်အတွက် ယင်းသည် သင်၏ ခန္ဓာအတွက် မဟုတ်ခဲ့သေးပေ။ (လူတစ်ဦးသည် ဝိညာဉ်ရောခန္ဓာကိုယ်ပါ ရှိသည့် အရာဝတ္ထု တစ်ခုဖြစ်ပြီး ဇာတိခန္ဓာမှာမူ ယိုယွင်းပျက်စီးသော အရာတစ်ခုမျှသာ ဖြစ်သည်။ ဤအရာက ခန္ဓာသည် စီမံခန့်ခွဲမှု အစီအစဉ်တွင် အသုံးပြုဖို့အတွက် တန်ဆာပလာတစ်ခုဖြစ်သည်ဟု ဆိုလိုပေသည်)။ ဘုရားသခင်၏ စုံလင်ခြင်း၊ ပြည့်စုံခြင်းနှင့် လူသားတို့ကို ရယူခြင်းတို့သည် ဓားများနှင့် ၎င်းတို့၏ ခန္ဓာပေါ်ရိုက်နှက်ခုတ်ထစ်ခြင်းများနှင့် အဆုံးမရှိသော ဆင်းရဲဒုက္ခခံစားရခြင်း၊ မီးပြင်းစွာလောင်ခြင်း၊ သနားကရုဏာ ကင်းမဲ့သော တရားစီရင်မှု၊ ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ခြင်းများနှင့် အကန့်အသတ်မဲ့ စမ်းသပ်မှုများသာ ဆောင်ကြဉ်းလာသည်ကို သင်သိသင့်သည်။ ယင်းမှာ လူသားကို စီမံခန့်ခွဲခြင်းအမှု၏ အတွင်းဇာတ်လမ်းနှင့် သမ္မာတရား ဖြစ်သည်။ သို့သော်၊ ဤအရာများအားလုံးသည် လူသား၏ခန္ဓာကို ဦးတည်ခြင်း ဖြစ်ပြီး၊ ရန်လိုမှုမြှားများအားလုံးသည် လူသား၏ခန္ဓာဆီသို့ သနားကရုဏာ ကင်းမဲ့စွာ ချိန်ရွယ်ထားပေသည် (လူသားသည် အပြစ်မဲ့သည့်အတွက် ဖြစ်၏)။ ဤအရာ အားလုံးသည် ကိုယ်တော်၏ ဘုန်းအသရေနှင့် သက်သေခံချက်တို့ အတွက်ဖြစ်ပြီး

သူ၏ စီမံခန့်ခွဲမှုအတွက် ဖြစ်လေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သူ၏အမှုသည် လူသားမျိုးနွယ်တစ်ခုတည်းအတွက်သာ မဟုတ်ဘဲ၊ အစီအစဉ် တစ်ခုလုံး အတွက်လည်း ဖြစ်သည့်အပြင် လူသားမျိုးနွယ်ကို သူ ဖန်ဆင်းခဲ့စဉ်က သူ၏မူလအလိုကို ဖြည့်ဆည်းရန်လည်း ဖြစ်ပေသည်။ ထို့ကြောင့်၊ လူသားတွေ့ကြုံခံစားရသည့်အရာ၏ ကိုးဆယ် ရာခိုင်နှုန်းသည် ဆင်းရဲဒုက္ခ ခံစားရခြင်းများနှင့် မီးဖြင့်စမ်းသပ်မှုများ ပါဝင်ကောင်းပါဝင်နိုင်ပြီး၊ လူသား၏ခန္ဓာက တမ်းတဖူးသော ချိုမြိန်ကာ ပျော်ရွှင်ဖွယ်ကောင်းသော နေ့ရက်များမှာ အလွန်နည်းပါး၏၊ သို့မဟုတ် တစ်ခုမျှပင် မရှိပေ။ လူသားအဖို့ ဘုရားသခင်နှင့်အတူ နှစ်သက်ဖွယ် အချိန်များကို ကုန်လွန်ရင်း၊ ခန္ဓာ၌ ပျော်စရာအခိုက်အတန့်များကို မွေ့လျော်ခံစားနိုင်သည်မှာ များစွာသာ၍ နည်းပါး၏။ ခန္ဓာသည် ညစ်ညူးသည်၊ ထို့ကြောင့် လူ၏ခန္ဓာက မြင်သည့်အရာ သို့မဟုတ် မွေ့လျော်သည့်အရာမှာ ပုံမှန်အသိစိတ် ကင်းမဲ့နေသည့်အလား၊ လူသားက မနှစ်သက်သည့် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်း တစ်ခုတည်းသာ ဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က လူသား၏သဘောကျခြင်း မခံရသော လူသား၏ ပုန်ကန်ပြစ်မှားခြင်းများကို သည်းညည်းမခံသကဲ့သို့ ရန်သူများကို စက်ဆုပ်ရွံရှာသော သူ၏ စိတ်သဘောထားကို ပေါ်လွင်ထင်ရှားစေမည် ဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် သူ၏ စိတ်သဘောထား အလုံးစုံကို လိုအပ်သည့် မည်သည့်နည်းလမ်းနှင့်မဆို ပွင့်လင်းစွာ ထုတ်ဖော်ကာ၊ ထိုသို့ဖြင့် လူသားမျိုးနွယ်အားလုံးကို ကယ်တင်ခြင်းအမှုနှင့် ရှေးစာတန်ကို ဖျက်ဆီးခြင်းအမှုဖြစ်သည့် သူ၏ စာတန်နှင့် အနှစ်ခြောက်ထောင် တိုက်ပွဲနှင့် သက်ဆိုင်သော အမှုကို အဆုံးသတ်လေသည်။

# လူ၏ အနှစ်သာရနှင့် ပင်ကိုလက္ခဏာ

အမှန်အားဖြင့် သူတို့သည် စိတ်မပျက်ကြ၊ သူတို့ကို ငါမစွန့်ပစ်သောကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀ ကျော်ကြာ အမှုကလက်ရှိအချိန်ထိ လုပ်ဆောင် ပြီးစီးခဲ့သည်ကို မြင်ခဲ့ကြသည်။ ပို၍ တိတိကျကျပြောရလျှင် မာရ်နတ်ကပေးသော ကောင်းမကောင်း သိကျွမ်းရာအပင်၏ အသီးကို ဘိုးဘေးတို့စားခြင်းကြောင့် သူတို့သည် အပြစ်အတွက် ငါ့ကိုစွန့်ပစ်ခဲ့ကြသည်။ ကောင်းမြတ်ခြင်းသည် ငါနှင့် သက်ဆိုင်သည်။ ဆိုးညစ်ခြင်းများမှာမူ ငါ့ကိုလှည့်ဖျားသော မာရ်နတ်နှင့် သက်ဆိုင်ပေ၏။ ဆိုးယုတ်ခြင်းက လူသားမျိုးနွယ်၏ မူလပိုင်ဆိုင်မှု မဟုတ်ခဲ့သောကြောင့် ငါသည် လူတို့ကို အပြစ်မတင်၊ အကြင်နာကင်းမဲ့စွာ

အမြစ်ဖြတ် သုတ်သင်ခြင်းမပြု၊ သို့မဟုတ် ကရုဏာကင်းမဲ့သော ပြစ်တင်ဆုံးမခြင်းဖြင့်လည်း ဖိနှိပ်ခြင်း မပြုပါ။ ထို့ကြောင့် ထိုကာလသရေလလူမျိုးတို့သည် ငါ့ကို ကားတိုင်တွင် လှူသိရှင်ကြား သံနှင့် ရိုက်နှက်ခဲ့ကြသော်လည်း ကယ်တင်ရှင် ယေရှုကို တမ်းတကာ မေရှိယနှင့် ယေဟောဝါကို စောင့်မျှော်နေကြသော သူတို့သည် ငါ့ကတိတော်ကို မမေ့လျော့ခဲ့ကြပေ။ အကြောင်းမှာ သူတို့ကို ငါမမေ့လျော့ခဲ့သောကြောင့်ပင်။ အဆုံးတွင် လူတို့နှင့်ပြုလုပ်သော ငါ၏ ပဋိညာဉ်သက်သေအဖြစ် အသွေးကို ငါဆောင်ယူခဲ့သည်။ ဤအချက်က ကောင်းကင်နှင့် မြေကြီး၏ ထာဝရကာလ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခြင်းကဲ့သို့လည်းကောင်း၊ တံဆိပ်ခတ်ထားသကဲ့သို့လည်းကောင်း ငယ်ရွယ်နုပျိုပြီး အပြစ်ကင်းစင်သော လူတို့၏ နှလုံးသားထဲတွင် ရေးထိုးထားသော အသွေးပဋိညာဉ်ဖြစ်လာသည်။ ငါသည် ကြိုတင်ခွဲခန့်မှတ်သားကာ ရွေးချယ်တော်မူပြီးနောက် ရွေးနှုတ်ပြီး အမြတ်ရရှိထားသည့်၊ မာရ်နတ်ထက် ငါ့ကိုချစ်ပြီး ဝမ်းနည်းပူဆွေးနေသည့် စိတ်ဝိညာဉ်တို့ကို ဘယ်တော့မှ မလိမ်လည် မလှည့်ဖြားခဲ့ပါ။ ထို့ကြောင့် သူတို့သည် ငါ၏ ပြန်လည်ကြွလာခြင်းကို စိတ်အားထက်သန်စွာ မျှော်လင့်စောင့်စားနေပြီး ငါနှင့်ဆုံတွေ့ရန် စိုးရိမ်တကြီး အသင့် စောင့်နေကြသည်။ သူတို့နှင့်တကွ အသွေးအားဖြင့် ငါပြုလုပ်ထားသော ပဋိညာဉ်ကို ဘယ်သောအခါမှ ငါမဖျက်ခဲ့သောကြောင့် စိတ်အားထက်သန်စွာ သူတို့စောင့်မျှော်နေခဲ့ကြသည်မှာ အံ့သြစရာ မဟုတ်ပေ။ ငါသည် အသွေးအားဖြင့် သူတို့နှင့်တည်ခဲ့သော ပဋိညာဉ်ကို မည်သည့်အခါမျှ မပယ်ဖျက်ခဲ့သည့်အတွက် သူတို့သည် ငါ့အား စိတ်အားထက်သန်စွာ စောင့်မျှော်နေခဲ့ကြခြင်းမှာ အံ့သြစရာကား မဟုတ်ပေ။ ငါသည် လူတို့ကို အစဉ်ချစ်ခဲ့သောကြောင့် သူတို့အထဲရှိ ကောင်းမြတ်ခြင်းတွင် မကောင်းသောအရာများ ထပ်ပေါင်းခံရခြင်းဖြင့် နှစ်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့သော ဤသိုးသငယ်တို့ကို ပြန်လည်သိမ်းပိုက်မည်။ ငါကြိုတင်ချစ်မြတ်နိုးခဲ့ပြီး ငါ့ကိုချစ်သော သနားစဖွယ် စိတ်ဝိညာဉ်တို့ကို ရရှိမည် ဖြစ်ပါသော်လည်း ငါ့အိမ်တော်ထဲတွင် ရန်သူများကဲ့သို့ပြုမူပြီး ငါ့ကိုဘယ်တုန်းကမှ မချစ်ခဲ့ကြသော မကောင်းသောသူများကို အဘယ်သို့ ငါဆောင်ယူနိုင်မည်နည်း။ ငါသည် အသွေးအားဖြင့် လူနှင့် ပဋိညာဉ်ပြုပြီးသော်လည်း နတ်ဆိုးမှ ဆင်းသက်လာသူများနှင့် မုန်းတတ်သော၊ တော်လှန်သော၊ ဆန့်ကျင်သော၊ တိုက်ခိုက်ပြီး ငါ့နိုင်ငံတော်ထဲတွင် ငါ့ကိုကျိန်ဆဲသော မြွေပွေးကို ဆောင်ယူလိမ့်မည်မဟုတ်။ အဘယ်သူအတွက်နှင့် အဘယ်ကြောင့် အမှုတော် ငါဆောင်ရွက်သည်ကို သင်သိသင့်သည်။ သင်၏ ချစ်ခြင်းမေတ္တာအားဖြင့် ဤအရာသည် ကောင်းသလား၊ ဆိုးညစ်ပါသလား။ သင်သည် ဒါဝိဒ်နှင့် မောရှေက ငါ့ကိုသိသကဲ့သို့

အမှန်တကယ် သိပါသလား။ အာဗြံဟံက ငါ့ကိုအစေခံခဲ့သကဲ့သို့ သင်သည် အမှန်တကယ် ငါ့ကိုအစေခံနေလား။ ငါ့အားဖြင့် သင်တို့ကို ပြည့်စုံစေပြီးကြောင်းသည် အမှန်တရားဖြစ်သော်လည်း သင်သည် အဘယ်သူကို ကိုယ်စားပြုမည်ကို သိသင့်ပါသည်။ မည်သူနှင့် တူညီသည့်အကျိုးရလဒ် သင်ရရှိလိမ့်မည်နည်း။ ငါ့အမှုကို တွေ့ကြုံခံစားခြင်းအားဖြင့် သင့်ဘဝတွင် ပျော်ရွှင်အားရဖွယ်နှင့် ကြွယ်ဝသော ရိတ်သိမ်းရခြင်း ရှိပါသလား။ ယင်းအရာသည် ပေါများကြွယ်ဝပြီး အကျိုးကျေးဇူး ရှိပါသလား။ သင့်ကိုသင် ဆန်းစစ်သင့်ပါသည်။ နှစ်ပေါင်းများစွာ ငါ့နာမအတွက် သင် ပင်ပင်ပန်းပန်း လုပ်ဆောင်ခဲ့ပြီ ဖြစ်သောကြောင့် သင်သည် အဘယ်အရာ တစ်ခုခုကို ရရှိဖူးပါသနည်း။ မည်သည့် အရာတစ်ခုခုကို သင်ပြောင်းလဲစေပြီး မည်သည့်အကျိုးအမြတ် ရရှိခဲ့ပါသနည်း။ သင်တွေ့ကြုံရသော ဆင်းရဲဒုက္ခအတွက် အပြန်အလှန်အဖြစ် ကားစင်တင်ခံရသော ပေတရုကဲ့သို့ သို့မဟုတ် တိုက်ချခြင်းခံရပြီး ကြီးစွာသော အလင်းကိုရရှိသော ပေါလုကဲ့သို့ သင်ဖြစ်လာပါသလား။ ဤအရာများကို သင်နားလည် သဘောပေါက်သင့်ပါသည်။ ငါသည် သဲတစ်ပွင့်အရွယ်မျှသာရှိသည့် မုန့်ညင်းစေ့ထက် သေးငယ်သည့် သင့်ဘဝအကြောင်းကို အဆက်မပြတ် စဉ်းစားနေ၊ ပြောနေသည်မဟုတ်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် လူသတ္တဝါကို ငါစီမံသည်။ မည်သို့ပင်ဖြစ်စေ တစ်ခါက ငါမုန်းခဲ့ပြီး ငါ့စီမံခန့်ခွဲမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် နောက်ပိုင်းတွင် တစ်ဖန်ငါရွေးယူသော လူသား၏ဘဝကို ငါမတွေးတောပါ။ သင်တို့သည် သင်တို့၏ ယခင်ကိုယ်ပိုင်လက္ခဏာ ဘာဖြစ်ခဲ့သည်ဆိုသည်နှင့် ကျေးကျွန်များအဖြစ် အဘယ်သူကို အစေခံခဲ့သည်ကို သင်နားလည်သင့်ပါသည်။ ထို့ကြောင့် လူတို့သည် အရေးပါသော အရာများ မဟုတ်ကြသောကြောင့် လူတို့၏ အပြင်ပန်းသဏ္ဍာန်ကို စာတန်၏ အပြင်ပန်းသဏ္ဍာန်ကဲ့သို့ ကုန်ကြမ်းပစ္စည်းများအဖြစ် စီမံခန့်ခွဲရန် အသုံးမပြုပါ။ သင်တို့အပေါ် ငါ့သဘောထားနှင့် လက်တွေ့ကျသော အရေးပါချိန် သင်တို့အား ငါ့မိန့်ကြားချက်ကို သင်တို့မှတ်မိသင့်ပါသည်။ သင်တို့၏ ဦးခေါင်းများပေါ်က “လုပ်ငန်းတာဝန်များ” သည် အခြေအမြစ်မဲ့သည်ကို သင်သိသင့်ပါသည်။ သင်တို့အားလုံးတို့သည် မူလက ဘုရားသခင်နှင့် မသက်ဆိုင်ခဲ့ဘဲ လွန်ခဲ့သော အချိန် များစွာ စာတန်၏ ဖမ်းဆီးခြင်းခံကြရပြီး သူ၏အိမ်တွင် သစ္စာရှိသော သူ၏အစေခံ ကျွန်များအဖြစ် အစေခံခဲ့သည်ကို သိရှိသည်ဟု ငါယူဆသည်။ မာရ်နတ်၏ လက်ထဲကို ရောက်နေကြပြီး ငါ့အိမ်တော်၏ အပြင်ဘက်ကို အချိန်အတော်ကြာ ရောက်ရှိနေခဲ့သောကြောင့် သင်တို့သည် ငါ့ကို မေ့လျော့နေခဲ့ကြသည်မှာ ကြာရှည်လှပြီ။ ဥပဒေကို ခြွင်းချက်အဖြစ် သင်တို့သည် လူတို့အကြားတွင် ထားရှိသော သနားစဖွယ် စိတ်ဝိညာဉ်များ ဖြစ်နေကြစဉ်

ငါကယ်တင်သောသူတို့သည် လွန်ခဲ့သောအချိန်က ငါကြိုတင်ခွဲခန့်မှတ်သားထားသောသူများနှင့် ရွေးနှုတ်ခဲ့ပြီးသောသူများဖြစ်ကြသည်။ သင်တို့သည် ဒါဝိဒ် သို့မဟုတ် ယာကုပ်၏ အိမ်သူအိမ်သားနှင့် သက်ဆိုင်ခြင်းမရှိဘဲ တစ်ပါးအမျိုးသားများဖြစ်သော မောဘ၏ အိမ်သူအိမ်သားများ ဖြစ်ကြသည်ကို သိသင့်သည်။ သင်တို့နှင့် ပဋိညာဉ်ကို ငါပြုသည်မဟုတ်သောကြောင့် သင်တို့တွင် အမှုတော်ကို ထမ်းရွက်ခြင်း၊ ပြောဆိုခဲ့ခြင်းနှင့် သင်တို့အား ဦးဆောင်လမ်းပြခြင်းမျှသာ ဖြစ်သည်။ သင်တို့အတွက် ငါ့အသွေးကို သွန်းသည်မဟုတ်။ ငါ့သက်သေခံတော်မူချက် အဘို့အလို့ငှါ အမှုတော်ကို သင်တို့တွင် ငါထမ်းရွက်ခြင်းမျှသာ ဖြစ်သည်။ ထိုအကြောင်းကို သင်တို့မသိကြသလော။ သေသည့်တိုင်အောင် သင့်ကိုယ်စား ယေရှုအသွေး သွန်းသကဲ့သို့ ငါ့လုပ်ဆောင်မှုသည် အမှန်တကယ် တူညီပါ၏လော။ သင်တို့အတွက် ထိုမျှလောက်ကြီးစွာသော အရှက်ကွဲခြင်းကို ငါခံစားခဲ့ရခြင်းသည် မထိုက်တန်ပေ။ အပြစ်လုံးဝမရှိသော ဘုရားသခင်သည် လူနေထိုင်ရန် မသင့်လျော်သော၊ အလွန်အမင်း ရွံရှာဖွယ်ရာနှင့် စက်ဆုပ်ဖွယ်ရာကောင်းသည့် နေရာတစ်နေရာသို့ လူသိရှင်ကြား ကြွဆင်းလာခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ငါ့ခမည်းတော်၏ ဘုန်းတော်အတွက်နှင့် ငါ၏ ထာဝရ သက်သေခံတော်မူချက်အတွက် ဤကဲ့သို့ ရက်စက်သော အရှက်ခွဲခြင်းများအားလုံးကို ငါ သည်းညည်းခံခဲ့သည်။ သင်တို့၏အပြုအမူကို သိသင့်ပြီး သင်တို့သည် "ကြွယ်ဝချမ်းသာ၍ အင်အားကြီးမားသော အိမ်ထောင်မိသားစုများ" တွင် မွေးဖွားလာခဲ့သော သားသမီးများ မဟုတ်ဘဲ စာတန်၏ သာမန်မျှသာဖြစ်သော ခိုကိုးရာမဲ့ ဆင်းသက်လာသူများသာ ဖြစ်ကြောင်း မြင်သင့်ပါသည်။ သင်တို့သည် လူတို့တွင် စတင်တည်ထောင်သူများမဟုတ်၊ သင်တို့တွင် လူ့အခွင့်အရေးများ သို့မဟုတ် လွတ်လပ်မှုမရှိ။ သင်တို့တွင် လူသားမျိုးနွယ်မှ သော်လည်းကောင်း သို့မဟုတ် ကောင်းကင်နိုင်ငံတော်မှ လည်းကောင်း မည်သို့သော ကောင်းချီးမင်္ဂလာများ၏ ဝေစုမှ မရှိခဲ့ပါ။ ဤသည်မှာ သင်တို့သည် လူသားမျိုးနွယ်ရှိ လူတို့၏ ပကတိ အောက်ဆုံးပိုင်းမှာ ရှိနေသောကြောင့်လည်းကောင်း၊ သင်တို့၏ အနာဂတ်ကို ငါသည် ဘယ်တုန်းကမှ မစဉ်းစားပေးခဲ့သောကြောင့်လည်းကောင်း ဖြစ်သည်။ ထို့ကြောင့် ဤအရာသည် ငါ့အစီအစဉ်၏ မူလအစိတ်အပိုင်း ဖြစ်ခဲ့သော်လည်း ယနေ့ သင်တို့ကို ပြည့်စုံစေဖို့ ငါသည် ယုံကြည်ခြင်းထားရှိမည်၊ ဤအရာသည် ယခင်က မရှိခဲ့၊ မဖြစ်ခဲ့ဖူးသော အသစ်အဆန်း အလုပ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သင်တို့၏ အဆင့်အတန်းသည် အလွန်နိမ့်ကျနေပြီး လူသားမျိုးနွယ်ထဲတွင် မူလကတည်းက သင်တို့မှာ ဝေစုမရှိခဲ့သောကြောင့်ဖြစ်သည်။ ဤအရာသည် လူတို့အတွက် ကောင်းချီးမင်္ဂလာပင် မဟုတ်သလော။

ငါကယ်တင်သော စိတ်ဝိညာဉ်တို့မှာ သူတို့အကြားတွင် ငါ၏တစ်ဖန်ပေါ်လာခြင်းကို သူတို့ တောင့်တနေသောကြောင့် လွန်ခဲ့သောအချိန်က ငရဲငယ်မှ ငါလွတ်မြောက်စေခဲ့သော သူများဖြစ်ကြပြီး လွန်ခဲ့သောအချိန်က ငါသွားရောက်လည်ပတ်ခဲ့ရာ ငါရွေးချယ်သော သူများဖြစ်ကြသည်။ သူတို့သည် ငါ့ကို ချစ်ခဲ့ကြပြီး သူတို့ကို ငါချစ်ခဲ့သောကြောင့် သူတို့နှလုံးသားထဲတွင် အသွေးအားဖြင့် တည်ဆောက်ထားသော ငါ့ပဋိညာဉ်ကို သူတို့ ရေးထိုးထားခဲ့ကြသည်။ သူတို့သည် နှစ်ပေါင်းများစွာ ငါ့ကိုရှာဖွေနေခဲ့ကြသည့် ပျောက်သောသိုးသငယ်များကဲ့သို့ ဖြစ်ကြသည်။ သူတို့သည် ကောင်းမွန်ကြသောကြောင့် ကောင်းသော ဣသရေလလူမျိုးများဟု လည်းကောင်း၊ ချစ်စရာကောင်းသော ကောင်းကင်တမန်လေးများ ဟုလည်းကောင်း သူတို့ကို ငါခေါ်ဝေါ်ထားသည်။ ငါသည် သူတို့အကြားတွင် ရှိနေခဲ့မည်ဆိုလျှင် ဤကဲ့သို့သော အရှက်ကွဲခြင်းဝေဒနာကို ခံစားခဲ့ရလိမ့်မည် မဟုတ်။ ဤသည်မှာ သူတို့သည် သူတို့ကိုယ်ပိုင်ဘဝကို ချစ်သည်ထက် ငါ့ကို သာ၍ချစ်ကြသောကြောင့် လည်းကောင်း၊ အရာအားလုံးတို့တွင် အလှပဆုံးသော အရာကဲ့သို့ သူတို့ကို ငါချစ်သောကြောင့်လည်းကောင်းဖြစ်သည်။ ၎င်းမှာ သူတို့ကို ငါမှ ဖန်ဆင်းထားသောကြောင့် လည်းကောင်း၊ ငါပိုင်သောကြောင့်လည်းကောင်း သူတို့သည် ငါ့ကို ဘယ်တုန်းကမှ မမေ့လျော့ခဲ့ကြပေ။ သူတို့၏ ချစ်ခြင်းမေတ္တာက သင်တို့၏ ချစ်ခြင်းမေတ္တာထက် သာလွန်ထူးကဲပြီး သင်တို့သည် မိမိ၏ ကိုယ်ပိုင်ဘဝများကို ချစ်သည်ထက် သူတို့သည် သာ၍ကြီးမားသော ကိုင်းရှိုင်းမှုနှင့်အတူ ငါ့ကိုချစ်ကြသည်။ သူတို့သည် ငါ့အပေါ် သင်တို့ပြုမူသည်ထက် သာလွန်သော ရိုသေကိုင်းရှိုင်းမှုနှင့် ချိုးဖြူလေးများက ကောင်းကင်ယံ၌ ပြုမူသကဲ့သို့ ငါ့ကို ဆက်ကပ်အပ်နှံကြသည်။ သူတို့သည် ယာကုပ်၏ဆွေစဉ်မျိုးဆက်၊ အာဗြံမှ ဆင်းသက်လာသူများ ဖြစ်ကြသောကြောင့်ဖြစ်သည်။ သည့်အပြင် သင်တို့သည် အလွန်တော်လှန် ပုန်ကန်ကြသောကြောင့်လည်းကောင်း၊ သင်တို့၏ဆန့်ကျင်မှုက အလွန်စိုးရိမ်ဖွယ်ရာ ဖြစ်နေသောကြောင့်လည်းကောင်း၊ သင်တို့သည် ငါ့ကို အထင်အမြင် သေးလွန်းနေသောကြောင့်လည်းကောင်း၊ သင်တို့သည် ငါ့အပေါ် အေးစက်လွန်းနေသောကြောင့်လည်းကောင်း၊ သင်တို့သည် ငါ့ကို အလွန်မုန်းတီးကြပြီး အနည်းငယ်သာ ချစ်ကြသည်တို့ကြောင့်လည်းကောင်း၊ သင်တို့ကို ချစ်သည်ထက်ပင် သူတို့ကို ရှေးလွန်ခဲ့သောအချိန်ကပင် ငါချစ်မြတ်နိုးခဲ့သောကြောင့် ငါရွေးချယ်ရာမှ ရွေးချယ်ခံသူများ ဖြစ်ကြသည်။ ငါ၏လုပ်ငန်းကို သင်တို့ အထင်အမြင်သေးကြပြီး ငါ့လှုပ်ရှားမှုများကို သင်တို့ အလွန်စက်ဆုပ်ကြသည်။ သူတို့နှင့်မတူဘဲ ငါ၏လှုပ်ရှားမှုများကို ဘယ်သောအခါမှ သင်တို့ အလေးထားခဲ့ကြခြင်းမရှိပေ။ ထိုအစား သင်တို့သည် ၎င်းတို့ကို စာတန်ကဲ့သို့ မျက်ထောင့်နီနီ

စိုးရိမ်ပူပန်မှု မျက်လုံးများနှင့် စက်ဆုပ်ကြသည်။ သင်တို့၏ အပ်နှံမှုကား အဘယ်မှာနည်း။ သင်တို့၏ အကျင့်စရိုက်ကား အဘယ်မှာနည်း။ သင်တို့၏ ချစ်ခြင်းမေတ္တာကား အဘယ်မှာနည်း။ သင်တို့ အထဲမှာရှိသော မေတ္တာတရားကို မည်သည့်အချိန်တွင် ဖော်ထုတ်ကြသနည်း။ မည်သည့်အချိန်တွင် ငါ၏ အလုပ်ကို လေးလေးနက်နက် ထမ်းဆောင်ကြသနည်း။ ငါ့ကို စိုးရိမ်ကြောင့်ကြစွာ စောင့်နေကြစဉ် စိုးရိမ်တကြီး ငါ့ကို မျှော်လင့်စောင့်စားနေကြပြီး ပြင်းထန်စွာ ဝေဒနာခံစားကြသော ထိုချစ်စဖွယ် ကောင်းကင်တမန်များကို ငါသည် အလွန်များစွာ ချစ်သောကြောင့် သနားပေ၏။ မည်သို့ပင်ဆိုစေကာမူ ယနေ့ ငါတွေ့သောအရာသည် သူတို့နှင့် ဘာမှမသက်ဆိုင်သော လူသားမဆန်သည့် ကမ္ဘာလောကမျိုးဖြစ်သည်။ လွန်ခဲ့သောအချိန်က သင်တို့၏ အသိစိတ်များ ထုံထိုင်းလာနေပြီး အကြင်နာကင်းမဲ့လာကြောင်း သင်တို့မထင်ဘူးလား။ သင်တို့သည် နှစ်သက်ဖွယ်ကောင်းသော ကောင်းကင်တမန်များနှင့်အတူ ငါ၏ပြန်လည် ပေါင်းစည်းခြင်းကို တားဆီးဟန့်တားနေသော အလကားလူများဖြစ်ကြောင်းကို မစဉ်းစားမိကြသလော။ မည်သည့်အချိန်တွင် ငါ၏ပြန်ကြွလာခြင်းကို သူတို့သည် မစောင့်ဘဲနေကြသနည်း။ ငါနှင့်ပြန်လည်ပေါင်းစည်းရန် မည်သည့် အချိန်တွင် သူတို့သည် မစောင့်ဘဲ နေခဲ့ကြသနည်း။ မည်သည့်အချိန်တွင် သူတို့သည် ငါနှင့်အတူ စားသောက်ရန်နှင့် လှပသောနေ့ရက်များကို အတူတကွ အချိန်ကုန်လွန်စေရန် မမျှော်လင့်၊ မစောင့်စားဘဲ နေခဲ့ကြသနည်း။ သင်တို့ ယနေ့ဘာလုပ်နေသည်ကို နားလည်သဘောပေါက်ကြဖူးပါသလား။ အတိအကျပြောရသော်၊ ကမ္ဘာလောက တစ်လျှောက်လုံး သောင်းကျန်းနေခြင်း၊ တစ်ဦးနှင့်တစ်ဦး လျှို့ဝှက်ကြံစည်နေခြင်း၊ တစ်ဦးနှင့်တစ်ဦး လိမ်လည်လှည့်ဖျားခြင်း၊ သစ္စာမဲ့စွာ၊ လျှို့ဝှက်စွာ၊ အရှက်မဲ့စွာ ပြုမူခြင်း၊ သမ္မာတရားကို မသိခြင်း၊ ကလိမ်ကကျစ်ကျခြင်းနှင့် လိမ်လည်လှည့်ဖျားခြင်း၊ မြှောက်ပင့် ပြောဆိုခြင်း၊ သင်တို့ကိုယ်သင်တို့ အခြားသူများထက် ပိုမိုကောင်းမွန်သည်၊ မှန်ကန်သည်ဟု တွေးတောနေခြင်း၊ စိတ်ကြီးဝင်နေခြင်း၊ တောတောင်များရှိ တောရိုင်း တိရစ္ဆာန်များကဲ့သို့ ရိုင်းစိုင်းစွာပြုမူခြင်းနှင့် သားရဲတိရစ္ဆာန်တို့၏ ဘုရင်ကဲ့သို့ ကြမ်းကြုတ်ခြင်းတို့ ဖြစ်သည်။ ဤသည်မှာ လူသတ္တဝါတစ်ဦးနှင့် ဆင်တူသော အရာလော။ သင်တို့သည် ရိုင်းစိုင်းပြီး မျှတမှုမရှိကြ။ သင်တို့သည် ငါ့စကားကို အဖိုးတန်ရတနာအဖြစ် ဘယ်တုန်းကမှ သဘောမထားကြ။ သို့သော် ထိုအစား အထင်သေးစရာကောင်းသော သဘောထားကို သင်တို့သည် မွေးစား အတည်ပြု ကျင့်သုံးခဲ့ကြပြီ။ ဤနည်းလမ်းဖြင့် မည်သည့်နေရာတွင် စစ်မှန်သော လူ့ဘဝဆိုသည့် အောင်မြင်ဖြစ်ထွန်းမှုနှင့် လှပသည့် မျှော်လင့်ခြင်းများ ဆိုက်ရောက်လာနိုင်မည်နည်း။ သင်၏

တရားလွန် စိတ်ကူးစိတ်သန်းက သင်တို့ကို ကျားခံတွင်းမှ အမှန်တကယ် ကယ်ဆယ်လိမ့်မည်လော။ ဤအရာက လောင်နေသော မီးထဲက အမှန်တကယ် သင့်ကို ကယ်ဆယ်လိမ့်မည်လော။ သင်တို့သည် အမှန်တကယ် ငါ့အလုပ်ကို တန်ဖိုးမဲ့သော ရတနာအဖြစ် သဘောထားခဲ့လျှင် ဤအခြေအနေထိ သင်ကျဆင်းလိမ့်မည်လော။ သင်တို့၏ ကံကြမ္မာသည် အမှန်တကယ် မပြောင်းလဲနိုင်ပါ ဆိုသည်မှာ ဖြစ်နိုင်ပါမည်လော။ ယင်းကဲ့သို့သော နောင်တရခြင်းနှင့် သင်တို့သည် လိုလိုလားလား အသက်စွန့်လိုပါသလော။

## လူသား၏ ပင်ကို ကိုယ်ပိုင်လက္ခဏာနှင့် ၎င်း၏ တန်ဖိုး- ထိုအရာများသည် အမှန်တကယ် မည်သည့်အရာများနှင့် တူပါသနည်း

သင်တို့သည် ရွှံ့မြေမှ ဖယ်ထုတ်ခြင်းကို ခံခဲ့ကြရပြီး၊ မည်သို့ပင်ဖြစ်ပါစေ၊ သင်တို့သည် အနည်အနှစ်မှ ရွေးချယ်ခြင်း ခံခဲ့ရသည့် ညစ်ညမ်းကာ ဘုရားသခင် မုန်းတီးသော အရာဖြစ်ခဲ့ကြလေသည်။ သင်တို့သည် စာတန်နှင့် သက်ဆိုင်ခဲ့ကြပြီး တစ်ချိန်က နင်းခြေခံခဲ့ရပြီး ၎င်း၏ စွန်းထင်းစေခြင်းကို ခံခဲ့ကြရသည်။ ယင်းမှာ သင်တို့သည် ရွှံ့မြေမှ ဖယ်ထုတ်ခြင်းကို ခံခဲ့ကြရပြီး၊ သန့်ရှင်းနေဖို့ အလှမ်းဝေးလျက် ယင်းအစား အချိန်ကြာမြင့်စွာ စာတန်၏ လိမ်လည်လှည့်စားမှု ခံခဲ့ရသည့် လူသားမဟုတ်သည့်အရာများ ဖြစ်ကြသည်ဟု ဆိုရသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ သင်တို့နှင့်သက်ဆိုင်သည့် အသင့်လျော်ဆုံးသော ချင့်ချိန်ဆုံးဖြတ်ချက် ဖြစ်သည်။ သင်တို့ထံမှ ပျော်ရွှင်မှုပေးသည့် မည်သည့်အရာမျှ မရရှိနိုင်သည့်အတွက်၊ သင်တို့သည် ငါးနှင့်ပုစွန်များကဲ့သို့ လိုချင်စဖွယ်ဖြစ်သော ဖမ်းမိသည့်အရာများနှင့် တခြားစီဖြစ်လျက်၊ မူလက ရေပုပ်နှင့် ရွှံ့မြေထဲတွင် တွေ့ရှိရသော အညစ်အကြေးများ ဖြစ်ခဲ့ကြသည်ကို သိဖို့လိုအပ်၏။ တဲ့တိုးပြောရမည်ဆိုပါက၊ သင်တို့သည် ဝက်များနှင့် ခွေးများထက် ဆိုးရွားသည့်၊ နိမ့်ကျသော လူ့အဖွဲ့အစည်း၏ အဆင့်အနိမ့်ကျဆုံးသော သားရဲများ ဖြစ်ကြပေသည်။ ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုပါက၊ သင်တို့အား ထိုသို့သော ဝေါဟာရများဖြင့် ခေါ်ဝေါ်ရန်မှာ ပုံကြီးချဲ့ခြင်း မဟုတ်သကဲ့သို့ ချဲ့ကားပြောဆိုခြင်းလည်း မဟုတ်ပေ။ ထို့ထက် ယင်းသည် ပြဿနာကို ရိုးရှင်းလွယ်ကူစေ၏။ သင်တို့အား ထိုသို့သော ဝေါဟာရများဖြင့် ခေါ်ဝေါ်ခြင်းသည် သင်တို့ကို အရိုအသေပေးသည့် နည်းလမ်းတစ်ခုဟုပင် ဆိုနိုင်မည်ဖြစ်သည်။ လူသားများအဖြစ် သင်တို့၏ ထိုးထွင်းသိမြင်မှု၊ စကား၊ အပြုအမူနှင့် ရွှံ့မြေထဲမှ သင်တို့၏ အဆင့်အတန်းအပါအဝင် သင်တို့

အသက်တာ၏ ကဏ္ဍတိုင်းသည် သင်တို့၏ ကိုယ်ပိုင်လက္ခဏာမှာ "ထူးထူးခြားခြား" ဖြစ်သည်ကို သက်သေပြရန် လုံလောက်ပေသည်။

## မသင်ယူသောကြောင့် ပညာမဲ့မြဲ မဲ့နေသောသူများ- ၎င်းတို့သည် သားရဲတိရစ္ဆာန်များ ဖြစ်ကြသည် မဟုတ်လော

ယနေ့လမ်းကြောင်းကို သင်တို့လျှောက်လှမ်းကြသည်နှင့်အမျှ အသင့်တော်ဆုံးသော လိုက်စားမှုမျိုးမှာ အဘယ်နည်း။ သင်၏လိုက်စားမှု၌ သင့်ကိုယ်သင် မည်သို့သောလူစားမျိုးအဖြစ် မြင်သင့်သနည်း။ စမ်းသပ်မှုများ ဖြစ်စေ၊ အခက်အခဲများဖြစ်စေ၊ သို့မဟုတ် ရက်စက်သော ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ဆဲခြင်းတို့ဖြစ်စေ သင့်အပေါ် ယနေ့ကျရောက်သည့် အရာအားလုံးအပေါ် ချဉ်းကပ်ပုံချဉ်းကပ်နည်းကို သင်သိသင့်၏။ ထိုအရာအားလုံးနှင့် ရင်ဆိုင်ရသည့်အခါ ကိစ္စရပ်တိုင်း၌ ၎င်းတို့ကို သေချာသုံးသပ်သင့်၏။ ဤအရာကို အဘယ်ကြောင့် ငါပြောသနည်း။ ထိုအရာကို ငါပြောရခြင်းမှာ ယနေ့ သင့်အပေါ် ကျရောက်သည့်အရာများသည် စင်စစ်အားဖြင့် ထပ်တလဲလဲ ဖြစ်ပေါ်သည့် တိုတောင်းသော စမ်းသပ်မှုများ ဖြစ်သောကြောင့် ဖြစ်သည်။ ဖြစ်နိုင်သည်မှာ၊ သင်၏အမြင်တွင် ယင်းတို့သည် စိတ်ဝိညာဉ်အတွက် အထူးတလည် ခက်ခဲပင်ပန်းသော အရာများမဟုတ်သောကြောင့် သင်သည် အမှုအရာတို့ကို ၎င်းတို့၏သဘာဝဖြစ်စဉ်အတိုင်း ရွေ့လျားဖြစ်ပေါ်စေပြီး တိုးတက်မှုကို လိုက်စားရာတွင် အဖိုးတန်သော အရာတစ်ခုအဖြစ် ၎င်းတို့ကို မမှတ်ယူပေ။ သင်သည် အရေးမထားလွန်းလှပါတကား။ မည်မျှအထိနည်းဆိုလျှင် အဖိုးတန်သော ဤအရာကို သင်၏မျက်လုံး ရှေ့တွင် လွင့်ပါးနေသည့် တိမ်တစ်ခုကဲ့သို့ သင်တွေးထင်နေသည်အထိပင် ဖြစ်တော့သည်။ အကြိမ်ကြိမ် တသွင်သွင်သွန်ချသည့် ဤပြင်းထန်သော ထိုးနှက်ချက်များ- တိုတောင်းပြီး သင့်အဖို့ အားပျော့ပုံရသည့် ထိုးနှက်ချက်များကို သင်သည် တန်ဖိုးမထားဘဲ၊ စိမ်းစိမ်းကားကား ကြည့်ကာ ၎င်းတို့ကို နှလုံးမသွင်းဘဲလျက်၊ တိုက်တိုက်ဆိုင်ဆိုင် ခံရသော ထိုးနှက်ချက်တစ်ခုအဖြစ်သာ သင်သဘောထားလေသည်။ သင်သည် အလွန်ပင် မာနထောင်လွှားပါတကား။ ထပ်ဖန်တလဲလဲ ရောက်လာတတ်သော မုန်တိုင်းများနှင့်ဆင်တူသည့် ဤကြမ်းကြုတ် ရက်စက်သော တိုက်ခိုက်မှုများကို သင်သည် ပေါ့ပေါ့တန်တန်သာ လျစ်လျူရှုထားလေသည်။ တစ်ခါတစ်ရံ သင်၏ လုံးဝဥဿုံ စိတ်မဝင်စားသည့် မျက်နှာထားကို ထုတ်ဖော်ပြလျက် အေးစက်စက်

ပြုံးပြသည်အထိပင် သင်ပြုသည်- အကြောင်းမှာ ထိုသို့သော "ကံအကြောင်းမလှသည့် ဖြစ်ရပ်များ" ကို သင့်အနေဖြင့် အဘယ်ကြောင့် ဆက်၍ခံစားနေရသည်ကို တွေးဆဆင်ခြင်ဖူးခြင်း မရှိသောကြောင့် ဖြစ်သည်။ ငါသည် လူသားအပေါ် အလွန်အကျွံ မတရားရာကျနေခြင်းများ ဖြစ်နိုင်သလော။ ငါသည် သင့်ကို တကူးတက အပြစ်ရှာနေသလော။ သင်၏ စိတ်နေစိတ်ထားနှင့်ပတ်သက်သည့် ပြဿနာများသည် ငါဖော်ပြသမျှလောက် ပြင်းထန်ချင်မှ ပြင်းထန်မည်ဖြစ်သော်လည်း၊ သင်၏ အပြင်ပန်း တည်ငြိမ်အေးဆေးမှုမှတစ်ဆင့် သင်သည် သင့်အတွင်းကမ္ဘာ၏ စုံလင်သော ပုံရိပ်တစ်ခုကို အချိန်ကြာမြင့်စွာကတည်းက ခြယ်မှုန်းပြီး ဖြစ်လေသည်။ သင်၏စိတ်နှလုံးအတွင်းရှိ နက်ရှိုင်းသောနေရာများတွင် ဖုံးကွယ်နေသည့် တစ်ခုတည်းသောအရာမှာ ရုန့်ရင်းသော ပုတ်ခတ်ပြစ်တင်ခြင်းနှင့် အခြားသူများအတွက် မြင်သာရုံမျှဖြစ်သော ဝမ်းနည်းမှုအရိပ်အယောင်ရေးရေးတို့သာဖြစ်သည်ကို သင့်အား ငါပြောပြနေစရာ မလိုပေ။ သင့်အနေဖြင့် ထိုသို့သော စမ်းသပ်မှုများကို ခံစားလာခဲ့ရသည်မှာ အလွန်မတရားဟု ခံစားရသောကြောင့် သင်ကျိန်ဆဲလေသည်။ ထို့အပြင် ထိုစမ်းသပ်မှုများက လောက၏ အဖော်မဲ့သည့်ဆင်းရဲဒုက္ခကို သင့်အား ခံစားစေသောကြောင့် သင်သည် ညှိုးမှိုင်ခြင်းနှင့် ပြည့်လေ၏။ ဤဆက်ကာဆက်ကာဖြစ်သော ထိုးနှက်မှုများနှင့် ဆုံးမပဲ့ပြင်သည့် လုပ်ရပ်တို့ကို အကောင်းတကာ့ အကောင်းဆုံးသော အကွယ်အကာအဖြစ် မြင်ရန်ဝေးစွ၊ ၎င်းတို့ကို ကောင်းကင်ဘုံ၏ အဓိပ္ပာယ်မဲ့သော ပြဿနာရှာခြင်းအဖြစ်၊ သို့မဟုတ် သင့်အပေါ်သို့ရောက်သည့် သင့်တင့်သော ဒဏ်ခတ်ခံရခြင်းအဖြစ် သင်ရှုမြင်၏။ သင်သည် အလွန်ပင် ပညာမဲ့လိုက်လေတကား။ သင်သည် အချိန်အခါကောင်းများကို အမှောင်ထဲတွင် ရက်ရက်စက်စက် ပိတ်လှောင်ထား၏။ အံ့ဖွယ်စမ်းသပ်မှုများနှင့် ဆုံးမပဲ့ပြင်ခြင်း လုပ်ရပ်တို့ကို သင်၏ရန်သူများထံမှ တိုက်ခိုက်မှုများအဖြစ် အထပ်ထပ်အကြိမ်ကြိမ် သင်ရှုမြင်သည်။ သင်သည် သင်၏ ပတ်ဝန်းကျင်နှင့် မည်ကဲ့သို့အလိုက်သင့်နေရမည်ကို မသိသကဲ့သို့၊ ထိုသို့နေရန် သာ၍ပင် မလိုလားပေ၊ အကြောင်းမှာ ထပ်တလဲလဲဖြစ်သော ဤပြစ်တင်ဆုံးမမှု၊ သင့်အဖို့ ရက်စက်သည့် ဤပြစ်တင်ဆုံးမမှုမှ သင့်အနေဖြင့် မည်သည့်အရာကိုမျှ မရရှိလိုသည့်အတွက် ဖြစ်သည်။ သင်သည် ရှာဖွေရန် ကြိုးပမ်းခြင်း၊ သို့မဟုတ် စူးစမ်းစစ်ဆေးရန် ကြိုးပမ်းခြင်းတို့ မပြုဘဲ သင်၏ကံကြမ္မာကိုသာ ကြိတ်မှိတ်လက်ခံထားကာ၊ ကံစေညွှန်ရာသို့ သွားသည်။ သင့်အဖို့ ရက်စက်ကြမ်းကြုတ်သော ပြစ်တင်ဆုံးမခြင်း လုပ်ရပ်များဟု ထင်ရနိုင်သည့် အရာသည် သင်၏စိတ်နှလုံးကို မပြောင်းလဲစေသကဲ့သို့၊ သင်၏စိတ်နှလုံးကို သိမ်းလည်း မသိမ်းပိုက်ထားပေ။ ယင်းအစား၊ ထိုလုပ်ရပ်တို့က

သင့်နှလုံးသားကို ထိုးသွင်းကြသည်။ ဤဘဝ၌ သင်သည် ဤ "ရက်စက်သော ပြစ်တင်ဆိုးမခြင်း" ကို သင်၏ရန်သူအဖြစ်သာ မြင်၏၊ ထို့ကြောင့် ဘာကိုမျှ သင်မရရှိထားပေ။ သင်သည် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု အလွန်မှတ်ယူသည်တကား။ သင်သည် အလွန်စက်ဆုပ်ဖွယ် ဖြစ်သောကြောင့် ထိုသို့သော စမ်းသပ်မှုများကို ခံရသည်ဟု သင်ယုံကြည်ခဲလှ၏။ ယင်းအစား၊ သင်သည် မိမိကိုယ်ကို အလွန်ကံခေသည်ဟု မှတ်ယူပြီး၊ ငါသည် သင့်ကို အမြဲအပြစ်ရှာနေသည်ဟု သင်ပြော၏။ ယခုတွင် အမှုအရာတို့သည် ဤအခြေအနေထိ ဆိုက်ရောက်လာပြီးဖြစ်ရငြား၊ ငါပြောဆို လုပ်ဆောင်သည့်အရာကို သင်သည် အမှန်တကယ်မည်မျှသိသနည်း။ သင်သည် ကောင်းကင်ထက် အနည်းငယ်မျှသာ နိမ့်ကျသော်လည်း ကမ္ဘာမြေထက် အဆုံးမရှိ မြင့်မားသော မွေးရာပါ ပါရမီရှင်တစ်ဦးဖြစ်သည်ဟု မထင်လေနှင့်။ သင်သည် အခြားမည်သူမဆိုထက် တော်နေရန်ဝေးစွ၊ ငါ၏လုပ်ရပ်များကို အသေးစိတ်အကျဆုံးကအစ ရိပ်စားနိုင်ပုံရနေဘိသည့်အလား မိမိကိုယ်ကိုယ် အလွန်အထင်ကြီးကာ သိမ်ငယ်စိတ် လုံးဝမရှိဖူးသည့်အတွက် သင်သည် ကမ္ဘာမြေပေါ်မှ ဆင်ခြင်တုံတရား ရှိသည့် မည်သူမဆိုထက် သာ၍မိုက်မဲနေပုံမှာ ချစ်စဖွယ်ပင် ကောင်းနေသေးတော့သည်ဟု ဆိုနိုင်ပေသည်။ အမှန်တွင်၊ သင်သည် ငါလုပ်ဆောင်ရန် ကြံရွယ်ထားသောအရာကို မသိသကဲ့သို့၊ ယခု ငါလုပ်ဆောင်နေသည့်အရာကို သာ၍ပင် သတိမမူမိသည့်အတွက် အခြေခံအားဖြင့် ဆင်ခြင်တုံတရား ကင်းမဲ့နေသူတစ်ဦး ဖြစ်ပေသည်။ ထို့ကြောင့် လူ့ဘဝအပေါ် သိမြင်နားလည်ခြင်း ရေးရေးမျှပင် မရှိသော်လည်း၊ မြေကို ထွန်ယက်စိုက်ပျိုးစဉ် ကောင်းကင်ဘုံ၏ ကောင်းချီးမင်္ဂလာများအပေါ် လုံးဝမှီခိုအားထားသော လယ်သမားဖြစ်သည့် မြေပေါ်၌ ပင်ပင်ပန်းပန်းအလုပ်လုပ်နေသည့် လယ်သမားအိုတစ်ဦးနှင့်ပင် သင်သည် တန်းတူမဟုတ်ဟု ငါဆို၏။ သင်သည် မိမိ၏အသက်တာအဖို့ နှစ်ခါမတွေး၊ ကျော်ကြားမှုနှင့်ပတ်သက်၍ သင့်အနေဖြင့် ဘာမျှ မသိသကဲ့သို့၊ သင်၌ မိမိကိုယ်ကိုယ် သိသောအသိ သာ၍မရှိချေ။ သင်သည် အလွန် "မြင့်မြတ်" ပါသည်တကား။ ဂိုက်ထုတ်လွန်းသော လူပေါ်ကြော့များ နှင့် နုနုလှလှ လုံမပျိုလေးများဖြစ်သည့် သင်တို့အတွက် ဧကန်အမှန်ပင် ငါစိုးရိမ်၏- သာ၍ကြီးမားသော မိုးသက်မုန်တိုင်းများ၏ အပြင်းအထန် တိုက်ခိုက်ခြင်းကို သင်အဘယ်သို့ခံရပ်နိုင်မည်နည်း။ ဤလူပေါ်ကြော့များသည် မိမိတို့ရင်ဆိုင်နေရသည့် အကျပ်အတည်းကို လုံးဝစိတ်မဝင်စားကြချေ။ ယင်းမှာ သူတို့အဖို့ အသေးအဖွဲ့ကိစ္စဖြစ်ပုံရ၏၊ ထို့ကြောင့် ၎င်းတို့သည် အနုတ်သဘော ခံစားရခြင်း မရှိကြသကဲ့သို့ မိမိတို့ကိုယ်ကို နိမ့်ကျသည်ဟု မထင်ဘဲ ထိုအကျပ်အတည်းကို မည်သို့မျှ

သဘောမထားကြချေ။ ယင်းအစား၊ ၎င်းတို့သည် ယခင်ကအတိုင်း ယပ်တောင်တခတ်ခတ်နှင့် လမ်းမများတွင် ဟိုဟိုသည်သည် လတ်လျားလတ်လျား လျှောက်သွားနေကြလေသည်။ မသင်ယူသောကြောင့် ပညာမဲ့မြဲ မဲ့နေသည့် ဤ "အရေးပါသောလူတို့" သည် ထိုသို့သောအရာများကို ၎င်းတို့အား ငါအဘယ်ကြောင့်ပြောသည်ကို မသိကြ။ ၎င်းတို့၏ မျက်နှာများသည် စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့် ပြည့်နေ၏၊ ၎င်းတို့သည် မိမိတို့ကိုယ်မိမိ သာမန်ကာလျှံကာသာ စစ်ဆေးကြပြီး၊ နောက်ပိုင်းတွင် မိမိတို့၏ မကောင်းသော အကျင့်စရိုက်များကို မပြောင်းလဲဘဲ ဆက်လုပ်ကြလေသည်။ ငါ့ကို စွန့်ခွာသွားသည်နှင့်တစ်ပြိုင်နက် ၎င်းတို့သည် ထောင်ထောင်ထောင်ထောင်နှင့် ပြန်၍ကလိမ်ကျကြရင်း၊ လောကတွင် နောက်ထပ်တစ်ဖန် စည်းလွတ်ဘောင်လွတ် စတင်သောင်းကျန်းကြသည်။ သင့်မျက်နှာထား ပြောင်းလဲသွားပုံမှာ မြန်လိုက်လေခြင်း။ ဤသို့လျှင် သင်သည် ငါ့ကို ဤနည်းဖြင့် လှည့်ဖြားဖို့ နောက်တစ်ဖန် ကြိုးစားနေ၏- သင်သည် ရဲတင်းလှချည်တကား။ ထိုနုနုလှလှ လုံမပျိုလေးများသည် သာ၍ပင် ရယ်ဖွယ်ကောင်းသေး၏။ ငါ၏ အရေးတကြီး မိန့်မြွက်ချက်များကို ကြားရပြီး၊ ၎င်းတို့ကြုံနေကြရသည့် အကျပ်အတည်းကို မြင်ရသောအခါ၊ ၎င်းတို့၏ မျက်နှာပေါ်တွင် မျက်ရည်များ အလိုအလျောက် စီးဆင်းလာကြ၏၊ ၎င်းတို့၏ ခန္ဓာကိုယ်များသည် ယိမ်းထိုးလူးလွန့်နေ၏၊ ထို့ပြင် ၎င်းတို့သည် အများအာရုံစိုက်ခံရအောင် လုပ်နေသည့်ပုံပေါ်နေ၏- စက်ဆုပ်ဖွယ်ကောင်း လှပါဘိ။ မိမိတို့ကိုယ်တိုင်၏ ဝိညာဉ်အသက်တာကို သဘောပေါက်သွားသည့်အခါ ၎င်းတို့သည် မိမိတို့၏အိပ်ရာများပေါ် ပစ်လှဲပြီး အသက်ရှူမှားး လုမတတ် မရပ်မနားငိုကြွေးရင်း၊ ထိုနေရာတွင် လဲလျောင်း နေကြလေသည်။ ထို့အပြင် ၎င်းတို့ကိုယ်တိုင်၏ ကလေးဆန်ခြင်းနှင့် နိမ့်ကျခြင်းတို့ကို ဤနှုတ်ကပတ်တော်များက ၎င်းတို့အား ပြသပြီးနောက်တွင်၊ ၎င်းတို့သည် အပျက်သဘော၏ အလွန်ဖိစီးခြင်းကို ခံရကြသောကြောင့်၊ ၎င်းတို့၏ မျက်လုံးများထဲမှ အလင်းရောင်သည် ငြိမ်းသွားကြပြီး ငါ့ကို မကျေမနပ်လည်း မပြော၊ မုန်းလည်း မမုန်းတီးကြဘဲ ၎င်းတို့သည် တုံဏှိဘာဝေနေနေကြကာ လုံးဝဥဿုံ မလှုပ်နိုင်မရှားနိုင် ဖြစ်လာကြ၏၊ ၎င်းတို့သည် အလားတူပင် သင်ယူရန် ပျက်ကွက်ကြကာ ပညာမဲ့မြဲ မဲ့နေလေသည်။ ငါ့ကို စွန့်ခွာပြီးနောက် ၎င်းတို့သည် မြူးထူးကာ ကမြင်းကြောထကြသည်၊ ၎င်းတို့၏ တအုန်းအုန်း ရယ်မောသံသည် "ငွေခေါင်းလောင်းမင်းသမီး" ၏ ရယ်သံကဲ့သို့ ဖြစ်၏။ ၎င်းတို့သည် ကျိုးပဲ့လွယ်ပြီး မိမိကိုယ်ကိုချစ်ခြင်း ချို့တဲ့လှပေတကား။ လူသားမျိုးနွယ်၏ ချွတ်ယွင်းသော အပယ်ခံတို့- သင်တို့အားလုံး၌ လူ့သဘာဝ ချို့တဲ့လှကြ ပါတကား။ မိမိကိုယ်ကို အဘယ်သို့ချစ်ရမည်၊

မိမိကိုယ်ကို အဘယ်သို့ ကာကွယ်ရမည်ကို သင်တို့မသိကြ၊ သင်တို့သည် အသိစိတ်မရှိကြ၊ မှန်သော လမ်းခရီးကို သင်တို့မရှာဖွေကြ၊ မှန်သော အလင်းကို သင်တို့မချစ်ကြ၊ ထို့အပြင် မိမိတို့ကိုယ်ကို အဘယ်သို့တန်ဖိုးထားရမည်ကို သင်တို့မသိကြ။ သင်တို့ကို အထပ်ထပ်အခါခါ ငါသွန်သင်လာခဲ့သော အဆိုးအမတို့ကိုမူ သင်တို့သည် ပျင်းရိသည့်အချိန်တွင် အပျင်းဖြေသည့် ကစားစရာများ ကဲ့သို့ပင်၊ သဘောထားကြသည်အထိ ကြာမြင့်စွာကတည်းကပင် မိမိတို့၏အတွေးချောင်ထဲသို့ ထိုးထားခဲ့ကြသည်။ သင်တို့သည် ဤအရာအားလုံးကို သင်တို့၏ ကိုယ်ပိုင် "အဆောင်လက်ဖွဲ့" အဖြစ် အမြဲမှတ်ယူကြလေသည်။ စာတန်၏စွပ်စွဲမှုကို ခံရသည့်အခါ သင်ဆုတောင်းသည်။ အပျက်သဘောဆောင်သည့်အခါ သင်အိပ်မောကျသည်။ ပျော်ရွှင်သည့်အခါ သွေးရူးသွေးတန်းနှင့် ဟိုဟိုသည်သည် သင်ပြေးလွှားသည်။ သင့်ကို ငါပြစ်တင်မောင်းမဲသည့်အခါ သင်မျက်နှာချိုသွေးသည်။ ထို့နောက် ငါ့အထံတော်မှ သင် ထွက်ခွာ သွားသည်နှင့်တစ်ပြိုင်နက် သင်သည် ယုတ်မာသော အူမြူးစိတ်နှင့် ရယ်မောလေသည်။ သင့်အနေဖြင့် အခြားသူများအားလုံးထက် မြင့်မားသည်ဟု သင်ခံစားရသည့်တိုင် မာနအထောင်လွှားဆုံးသော သူအဖြစ် မိမိကိုယ်ကို ဘယ်သောအခါမျှ မမြင်ဘဲ၊ စကားဖြင့် ဖော်ပြမရနိုင်အောင် သင်သည် အစဉ်သာ ဘဝင်မြင့်ပြီး မိမိဘာသာ အားရကျေနပ်ကာ မာန်တက်နေလေသည်။ မသင်ယူသောကြောင့် ပညာမဲ့မြဲသာ မဲ့နေကြသည့် ထိုသို့ "ငယ်ရွယ်သော အမျိုးကောင်းသားများ"၊ "ငယ်ရွယ်သော အပျိုမယ်များ"၊ "သခင်ကြီးများ" နှင့် "သခင်မကြီးများ" သည် ငါ၏နှုတ်ကပတ်တော်များကို အဖိုးထိုက်တန်သော ရတနာ တစ်ခုအဖြစ် အဘယ်သို့သဘောထားနိုင်မည်နည်း။ သင့်ကို ငါထပ်မေးမည်- ဤမျှရှည်ကြာသည့် အချိန်ကာလတစ်လျှောက်တွင် သင်သည် ငါ၏နှုတ်ကပတ်တော်များနှင့် ငါ၏အမှုတို့မှ မည်သည့်အရာကို သင်ယူပြီးပြီနည်း။ ထိုအရာမှာ သင်၏လှည့်ဖြားခြင်းအတတ်များ၌ သာ၍ ထူးချွန်လာခြင်းပင်လော။ သို့တည်းမဟုတ် သင်၏ဇာတိပကတိက သာ၍ ရှုပ်ထွေးဆန်းပြားလာခြင်းပင်လော။ သို့မဟုတ် ငါ့အပေါ် သင်၏ သဘောထားက သာ၍ အရိုအသေတန်လာခြင်းပင်လော။ သင့်ကို ငါ တဲ့တိုးပြောမည်- သတ္တိဟူ၍ ကြွက်တစ်ကောင်မျှလောက်သာ ရှိခဲ့ဖူးသော သင့်ကို ငါပြုထားသော ဤအမှုအားလုံးက ပို၍ရဲရင့်လာအောင် လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ငါသည် သက်ညှာလွန်းပြီး သင်၏ဇာတိပကတိကို အကြမ်းဖက်မှုသုံးလျက်၊ ဘယ်သောအခါမျှ အရေးမယူသည့်အတွက် ငါ့အပေါ် သင်၏ ကြောက်ရွံ့ခြင်းသည် တစ်နေ့တခြား လျော့ပါးလာ လေသည်။ ငါသည် ခက်ထန်သော စကားများကို ပြောနေခြင်းသာ ဖြစ်သည်ဟု သင်ထင်ကောင်းထင်မည်- သို့သော် ငါသည် သင့်ကို မကြာခဏ ပြုံးပြသည့်အပြင် သင့်ကို ဖြောင်ဖြောင်တင်းတင်း

အပြစ်တင်သည်မှာလည်း မရှိသလောက်ပင် ဖြစ်သည်။ ထို့အပြင် သင်၏အားနည်းချက်ကို ငါသည် အစဉ်ခွင့်လွှတ်လျက်ရှိပြီး၊ ဤအရာကြောင့်သာ မြွေက ကြင်နာစိတ်ရှိသော လယ်သမားကို ဆက်ဆံသကဲ့သို့ သင်သည် ငါ့ကို ဆက်ဆံခြင်းဖြစ်သည်။ လူသားမျိုးနွယ်၏ အကဲခတ်စွမ်းရည်များနှင့်ဆိုင်သည့် ထူးထူးကဲကဲ ကျွမ်းကျင်မှုနှင့် အလိမ္မာဉာဏ်တို့ကို ငါလေးစားလိုက်ပါဘိ။ သင့်ကို အမှန်တရားတစ်ခု ငါပြောပြမည်- ယနေ့တွင် သင်၌ ရိုသေလေးမြတ်တတ်သော စိတ်နှလုံးရှိမရှိမှာ အရေးမကြီးပေ။ ထိုကိစ္စကို ငါသည် စိုးရိမ်ခြင်း မရှိသကဲ့သို့ ပူပန်ခြင်းလည်း မရှိ။ သို့သော် ဤအရာကိုလည်း သင့်အား ငါပြောရမည်- မသင်ယူသောကြောင့် ပညာမဲ့မြဲ မဲ့နေသော “ပါရမီရှိသည့်လူ” ဖြစ်သည့် သင်သည် နောက်ဆုံးတွင် မိမိကိုယ်မိမိ ကျေနပ်အားရသည့်၊ သေးနုပ်သည့် သင့်ပါးနပ်မှု၏ ဖြုတ်ချခြင်းကို ခံရလိမ့်မည်- သင်သည် ဆင်းရဲဒုက္ခခံရပြီး ပြစ်တင်ဆုံးမခံရသည့်သူ ဖြစ်လိမ့်မည်။ ငါသည် သင်နှင့် တစ်မျိုးတစ်စားတည်း မဟုတ်သည့်အတွက် ငရဲထဲတွင် သင်ဆက်လက်ဒုက္ခခံစားရစဉ် သင်နှင့်အတူ လိုက်လာ ပေးရအောင်အထိ အလွန်မိုက်မဲလိမ့်မည်မဟုတ်။ သင်သည် ငါ၏ကျိန်ဆဲခြင်းကို ခံထားရသော်ငြား၊ ငါ၏သွန်သင်ခြင်းနှင့် ကယ်တင်ခြင်းကိုလည်း ခံထားရသည့် အဖန်ဆင်းခံတစ်ဦး ဖြစ်သည်ကို မမေ့လျော့နှင့်။ ငါခွဲခွာရန် မလိုလားသည့်အရာတစ်ခုမျှ သင်၌ မရှိပေ။ ငါ၏အမှုကို ငါပြုသည့်အခါတိုင်းတွင် မည်သည့်လူများ၊ အဖြစ်အပျက်များ၊ သို့မဟုတ် အရာဝတ္ထုများ၏ ကန့်သတ်ချုပ်ချယ်ခြင်းကိုမျှ ငါလုံးဝမခံရပေ။ လူသားမျိုးနွယ်နှင့်ဆက်နွှယ်နေသည့် ငါ၏သဘောထားနှင့် ငါ့အမြင်တို့သည် အစဉ်အမြဲ တစ်သမတ်တည်းသာရှိနေသည်။ သင့်ကိုငါ သိပ်နှစ်သက်လှသည်ကား မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် သင်သည် အခြားသတ္တဝါများထက် ပို၍ ထူးခြားနေရန်ဝေးစွ၊ ငါ၏စီမံခန့်ခွဲမှုအဖို့ အဖြည့်ခံတစ်ခုဖြစ်နေသောကြောင့် ဖြစ်သည်။ ဤသည်မှာ သင့်အဖို့ ငါ၏အကြံပြုချက်ဖြစ်၏- သင်သည် ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါထက် ဘာမျှမပိုသည်ကို အမြဲတမ်း အမှတ်ရလော့။ သင်သည် ငါနှင့်အတူ နေထိုင်နိုင်သော်လည်း၊ သင်မည်သူမည်ဝါဖြစ်သည်ကို သင်သိသင့်၏။ သင့်ကိုယ်သင် အလွန်အထင်မကြီးလေနှင့်။ သင့်ကိုငါ ပြစ်တင်မောင်းမဲခြင်း မပြုသော်လည်း၊ သို့မဟုတ် သင့်ကို ကိုင်တွယ်ဖြေရှင်းခြင်း မပြုဘဲ အပြုံးမျက်နှာဖြင့် ငါကြုံဆို နှုတ်ဆက်သော်လည်း ဤအရာက သင်သည် ငါနှင့် တစ်မျိုးတစ်စားတည်း ဖြစ်သည်ဟု သက်သေပြရန် မလုံလောက်ပေ။ သင်သည် သမ္မာတရားကို လိုက်စားသူများထဲမှ တစ်ဦးဖြစ်ပြီး၊ သမ္မာတရားကိုယ်၌ မဟုတ်သည်ကို သင်သိသင့်သည်။ ငါ၏နှုတ်ကပတ်တော်များနှင့်အညီ ပြောင်းလဲရန် သင်အမြဲအသင့်ဖြစ်နေရမည်။ ဤအရာမှ သင်မလွတ်မြောက်နိုင်။ ကြိုးစားကြိုးစား

ဤအခွင့်အရေးကို သင်ရထားသည့် အဖိုးတန်သော ဤအချိန်ကာလအတွင်းတွင် တစ်စုံတစ်ရာကို ကြိုးစားကာ လေ့လာသင်ယူဖို့ သင့်ကို ငါအကြံပြု၏။ ငါ့ကို မလှည့်စားနှင့်။ မြှောက်လုံးပင့်လုံးသုံး၍ ငါ့ကို သင်ကြိုးစားပြီး လှည့်ဖြားရန် ငါမလိုအပ်။ ငါ့ကို သင်ရှာဖွေသည့်အခါ ထိုရှာဖွေခြင်းသည် ငါ့အတွက်သက်သက် မဟုတ်ဘဲ သင်ကိုယ်တိုင်အတွက် ဖြစ်ပေသည်။

## တရုတ်နိုင်ငံ၏ ရွေးကောက်ခံရသော လူတို့သည် မည်သည့် ဣသရေလမျိုးနွယ်စုကိုမျှ ကိုယ်စားပြုနိုင်စွမ်းမရှိပေ

ဒါဝိဒ်၏အိမ်တော်သည် မူလက ယေဟောဝါ၏ ကတိတော်များနှင့် အမွေကို လက်ခံရရှိသော အမျိုးအနွယ် ဖြစ်သည်။ ယင်းသည် မူလက ဣသရေလ မျိုးနွယ်စုများထဲမှ တစ်စုဖြစ်ပြီး ရွေးကောက်ခံရသော လူများထဲတွင် အပါအဝင် ဖြစ်ခဲ့သည်။ ထိုအချိန်တွင် ယေဟောဝါက ဒါဝိဒ်၏အိမ်တော်နှင့် သက်ဆိုင်သော ယုဒလူအားလုံးတို့- ထိုအိမ်တော်ထဲတွင် ပေါက်ဖွားသောသူ အားလုံးတို့သည်- သူ၏အမွေကို ဆက်ခံရမည်ဟူသော ဣသရေလလူအပေါင်းတို့အတွက် ပညတ်ချက် တစ်ခုကို ထုတ်ပြန်ခဲ့သည်။ ၎င်းတို့သည် အဆတစ်ရာ ရရှိသောသူများ၊ သားဦးတို့၏ အဆင့်အတန်းကို ရရှိသောသူများ ဖြစ်ကြပေလိမ့်မည်။ ထိုအချိန်က သူတို့သည် ဣသရေလ မိသားစုများ အားလုံးကြားတွင် အမြင့်ဆုံးနေရာဖြင့် ဣသရေလလူများ အားလုံးကြားတွင် အမြင့်မြတ်ဆုံးသောလူများ ဖြစ်ကြပြီး သူတို့သည် ယဇ်ပရောဟိတ် ဝတ်ရုံများနှင့် သရဖူများကို ဝတ်ဆင်လျက်၊ ဗိမာန်တော်ထဲတွင် ယေဟောဝါကို တိုက်ရိုက် အစေခံလေ့ရှိကြသည်။ ထိုအခါ ထာဝရဘုရားသည် သူတို့အား သစ္စာစောင့်သိပြီး စင်ကြယ်သော အစေခံများအဖြစ် သမုတ်ခဲ့ပြီး သူတို့သည် ဣသရေလ၏ အခြားသော မျိုးနွယ်စုများ အားလုံးတို့၏ ကြည်ညိုလေးစားခြင်းကို ရရှိခဲ့ကြလေသည်။ ဤအကြောင်းကြောင့် ထိုအချိန်က သူတို့အားလုံးမှာ အရှင်သခင်များဟူ၍ လေးစားစွာ ရည်ညွှန်းခြင်းကို ခံရလေသည်။ ဤသည်တို့ကား ပညတ်တော်ခေတ်တွင် ယေဟောဝါ၏ အမှုတော်ပင်ဖြစ်လေသည်။ လက်ရှိခေတ်ကာလတွင် သူတို့သည် ယေဟောဝါအား ဗိမာန်တော်ထဲတွင် ထိုကဲ့သို့သော အစေခံခြင်းကို ပြုလုပ်ကြသေးသည်၊ ထို့ကြောင့် သူတို့သည် အစဉ်အမြဲပင် ယေဟောဝါမှ တင်မြှောက်ထားသော ရှင်ဘုရင်များ ဖြစ်နေကြတော့သည်။ သူတို့၏သရဖူကို အဘယ်သူမျှ

လုယူ၍မရသကဲ့သို့ သူတို့၏ အစေခံမှုကိုလည်း အဘယ်သူမျှ ပြောင်းလဲ၍မရပေ၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် နဂိုကတည်းက ဒါ၀ိဒ်၏အိမ်တော်နှင့် သက်ဆိုင်ကြသည်။ ဤအရာမှာ ယေဟောဝါမှ သူတို့အပေါ် အပ်နှင်းထားသောအရာ ဖြစ်သည်။ သင်တို့သည် ပင်ကိုအားဖြင့် ဒါဝိဒ်၏အိမ်တော်နှင့် မသက်ဆိုင်ရသော အကြောင်းရင်းမှာ သင်တို့သည် ကွာသရေလ၏ပြင်ပ တစ်ပါးသောအမျိုးအနွယ်များနှင့်သာ သက်ဆိုင်ပြီး၊ ဣသရေလလူများ မဟုတ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် သင်တို့၏သဘာဝသည်လည်း ယေဟောဝါကို ဝတ်ပြုရန်မဟုတ်၊ သူ့အားပုန်ကန်ရန်သာ ဖြစ်လေသည်၊ ထို့ကြောင့် သင်တို့၏ အဆင့်သည် သဘာဝအားဖြင့် ဒါဝိဒ်၏အိမ်တော်သားများနှင့် ကွာခြားပြီး သင်တို့သည် အဆတစ်ရာ ရရှိမည့်သူများ ဖြစ်ဖို့မဆိုနှင့်၊ ငါ၏အမွေကို ဆက်ခံရမည့်သူများ မဟုတ်ကြပေ။

ထိုအချိန်က ဣသရေလသည် မတူညီသော အမျိုးများနှင့် လူမျိုးစုများ အမြောက်အမြားဖြင့် ကွဲပြားလေသည်၊ သို့တစေ သူတို့အားလုံးတို့မှာ ရွေးကောက်ခံထားရသော လူမျိုးများ ဖြစ်ကြသည်။ မည်သို့ပင်ဆိုစေ၊ ဣသရေလသည် ယေဟောဝါရှေ့၌ ၎င်းတို့၏အဆင့်များနှင့် လူတစ်ဦးစီ နေထိုင်ရာ နယ်မြေတို့နှင့်အညီ ၎င်း၏လူတို့သည် လူမျိုးစုအားဖြင့် ခွဲထားသည်ဖြစ်၍ အခြားတိုင်းနိုင်ငံများနှင့် ကွာခြားလေသည်။ ဣသရေလမှလွဲ၍ အခြားတိုင်းပြည်များတွင်၊ လူတစ်ဦးသည် ဒါဝိဒ်၏အမျိုး၊ ယာကုပ်၏အမျိုး၊ သို့မဟုတ် မောရှေ၏အမျိုးတို့၏ အမျိုးအနွယ်ဝင်ဖြစ်ခြင်းကို သာမန်ကာလျှံကာ တောင်းဆို၍မရချေ။ ဤသည်မှာ အဖြစ်မှန်နှင့် သွေဖီနေပေမည်- ဣသရေလမျိုးနွယ်စုများကို အခြားတိုင်းတစ်ပါးများနှင့်တန်းတူဖြစ်သည်ဟု သာမန်ကာလျှံကာ လွဲမှားစွာ သတ်မှတ်၍ မရပေ။ လူတို့သည် ဒါဝိဒ်၊ အာဗြဟံနှင့် ဧသော အစရှိသည့် နာမည်များကို မကြာခဏ လွဲမှားစွာ အသုံးပြုနေကြသည်၊ သို့တည်းမဟုတ် သူတို့က- “ငါတို့သည် ယခု ဘုရားသခင်ကို လက်ခံကြပြီဖြစ်သောကြောင့်၊ ငါတို့သည် ယာကုပ်၏အမျိုးများမှ ဖြစ်ကြသည်။” ဟူ၍ ပြောကြသည်။ ထိုကဲ့သို့သော အရာများကို ပြောဆိုခြင်းသည် အခြေအမြစ်မရှိသော လူသား၏ အကြောင်းပြချက်မျှသာ ဖြစ်သည်။ ယင်းက ယေဟောဝါထံမှ တိုက်ရိုက်လာခြင်း မဟုတ်သကဲ့သို့၊ ငါကိုယ်တိုင်၏ စိတ်ကူးများထဲမှ လာခြင်းလည်း မဟုတ်ပေ။ ယင်းသည် လူသား၏ အဓိပ္ပာယ်မရှိသောစကား သက်သက်ပါတကား။ ယုံတမ်းပုံပြင်များပြောတတ်သော အဟောအပြောကောင်းသူ တစ်ဦးကဲ့သို့၊ လူတို့သည် သူတို့ကိုယ်သူတို့ ဒါဝိဒ်၏ သားစဉ်မြေးဆက်များ သို့မဟုတ် ယာကုပ်၏မိသားစုဝင်အဖြစ် အခြေအမြစ်မရှိဘဲ၊ ထင်မြင်ယူမှတ်နေကြပြီး သူတို့ကိုယ်သူတို့ ထိုသို့ဖြစ်ရန် ထိုက်တန်သည်ဟု ယုံကြည်ကြလေသည်။ ဒါဝိဒ်၏အမျိုးအနွယ်သည် ရှေးကာလကပင် ယေဟောဝါ၏

ဘိသိက်ပေးခြင်းကို ခံခဲ့ရကြောင်း၊ ဒါဝိဒ်သည် သူ့ကိုယ်သူ ဘုရင်အဖြစ် နန်းတင်ခဲ့ခြင်း မဟုတ်ကြောင်းကို လူတို့ မသိကြလေသလော။ သို့သော်လည်း ဒါဝိဒ်အမျိုးအနွယ်၏ သားစဉ်မြေးဆက်များအဖြစ် အရှက်ကင်းမဲ့စွာ ကြွေးကြော်နေသောသူ အမြောက်အမြား ရှိကြသည်၊ လူတို့သည် အလွန် မသိနားမလည်ကြသည်တကား။ အမှန်မှာမူ ဣသရေလ၏ အရေးကိစ္စများသည် တစ်ပါးအမျိုးသားများနှင့် ဘာမျှ သက်ဆိုင်ခြင်းမရှိပေ။ ယင်းတို့သည် ကွဲပြားသောအရာနှစ်ခုဖြစ်ပြီး လုံးဝမဆက်နွယ်ကြပေ။ ဣသရေလနိုင်ငံနှင့် စပ်ဆိုင်သော အရေးကိစ္စများ အကြောင်းကို ဣသရေလလူတို့အတွက်သာ ပြောကြားနိုင်ပြီး တစ်ပါးအမျိုးသားများအတွက် ယင်းတို့က လုံးဝမဆက်စပ်ပေ၊ ထို့ပြင် လက်ရှိတွင် တစ်ပါးအမျိုးသားများ အကြားတွင်ပြုလုပ်သော အမှုသည်လည်း ထိုနည်းအတိုင်းပင် ဣသရေလလူတို့နှင့် ဘာမျှ သက်ဆိုင်ခြင်း မရှိပေ။ ငါ ယခု ပြောသောအရာက တစ်ပါးအမျိုးသားများ အကြောင်း ပြောကြားသောအရာကို အဆုံးအဖြတ်ပေးပြီး ဣသရေလထဲတွင် လုပ်ဆောင်သောအမှုကို တစ်ပါးအမျိုးသားများကြားက အမှု၏ "နိမိတ်လက္ခဏာ" အဖြစ် မှတ်ယူ၍မရနိုင်ပေ။ ယင်းက ဘုရားသခင်သည် သမရိုးကျဆန်လွန်းသည်ဟု ပြသနေမည် မဟုတ်လော။ တစ်ပါးအမျိုးသားများကြားတွင် အမှုတော် စတင်ပျံ့နှံ့သောအခါမှသာ၊ သူတို့နှင့်ပတ်သက်ပြီး ပြောထားသည့်အရာ သို့မဟုတ် သူတို့၏ရလဒ်များက ထုတ်ဖော်ခံရမည်ဖြစ်သည်။ ထို့ကြောင့် လူတို့က အတိတ်တွင် သူတို့ပြောခဲ့ကြသည့်အတိုင်း၊ "ငါတို့သည် ဒါဝိဒ်၏ သားစဉ်မြေးဆက်များ ဖြစ်ကြသည်။" သို့မဟုတ် "ယေရှုသည် ဒါဝိဒ်၏အမျိုးဖြစ်သည်။" ဟူ၍ ပြောကြခြင်းမှာ ပို၍ပင် ယုတ္တိမတန်ချေ။ ငါ၏အလုပ်ကို ပိုင်းကန့်ခွဲခြားထားသည်။ ငါသည် "သမင်ကို မြင်းဟုခေါ်" မည်မဟုတ်။ ထိုအစား အမှုတော်သည် ၎င်း၏ စီစဉ်ထားသော အစီအစဉ်အရ ပိုင်းခြားထားသည်။

## ကောင်းချီးမင်္ဂလာများနှင့် ပတ်သက်ပြီး သင်တို့၏နားလည်ချက်မှာ အဘယ်နည်း

ဤခေတ်ထဲ၌ မွေးဖွားလာသော လူတို့သည် စာတန်နှင့် ညစ်ညမ်းသော နတ်ဆိုးများ၏ ဖောက်ပြန်ဖျက်ဆီးခြင်းကို ခံရပြီးဖြစ်သော်လည်း၊ ထိုကဲ့သို့သော ဖောက်ပြန်ပျက်စီးခြင်းက သူတို့အား အဆုံးစွန်သော ကယ်တင်ခြင်းကိုလည်း ဆောင်ကြဉ်းပေးခဲ့ပြီဖြစ်ကာ၊ ၎င်းမှာ

ယောဘ၏ ခြံမွေးတိရစ္ဆာန်တို့ ပြည့်နှက်သော တောင်ကုန်းလွင်ပြင်များနှင့် ကြီးမားသော ချမ်းသာကြွယ်ဝမှုထက် ပို၍ပင် ကြီးမားသည်သာမက၊ စမ်းသပ်မှုများ ပြီးသည့်နောက်တွင် ယောဘရရှိခဲ့သည့် ယေဟောဝါအား မြင်တွေ့ရခြင်း ကောင်းချီးမင်္ဂလာထက်လည်း ပို၍ကြီးမားသော ကယ်တင်ခြင်းပင်ဖြစ်သည်။ ယောဘအနေဖြင့် ယေဟောဝါ စကားပြောသည်ကို ကြားရပြီး မိုးသက်မုန်တိုင်းထဲမှ ယေဟောဝါ၏ အသံကို ကြားခဲ့ရသည်မှာ သေခြင်းတရား၏ စမ်းသပ်မှုကို သူ ကြုံတွေ့ခဲ့ရပြီးမှသာ ဖြစ်သည်။ သို့တိုင် သူသည် ယေဟောဝါ၏ မျက်နှာကို မတွေ့မြင်ခဲ့ရသည့်အပြင်၊ သူ၏စိတ်သဘောထားကို သိနားလည်ခြင်း မရှိခဲ့ပါ။ ယောဘရရှိလိုက်သည့် အရာမှာမူ ကာမဂုဏ် ခံစားခြင်းများကို ပေးသည့် ရုပ်ဝတ္ထု ချမ်းသာကြွယ်ဝမှုနှင့် ပတ်ဝန်းကျင်တစ်ခွင်ရှိ မြို့များတွင် အလှပဆုံးဖြစ်သော သားသမီးများအပြင် ကောင်းကင်တမန်များ၏ ကာကွယ်စောင့်ရှောက် ပေးမှုမျှသာ ဖြစ်သည်။ သူသည် ယေဟောဝါကို တစ်ခါမျှ မမြင်ခဲ့ရသည့်အပြင်၊ သူ့ကို ဖြောင့်မတ်သည်ဟု ခေါ်ဆိုခဲ့သော်လည်း၊ ယေဟောဝါ၏ စိတ်သဘောထားကို သိနားလည်ခြင်း လုံးဝမရှိခဲ့ပါ။ ထို့ပြင် ယနေ့ခေတ်လူတို့၏ ရုပ်ဝတ္ထုဆိုင်ရာ သာယာပျော်ရွှင်မှုများသည် ယာယီသဘောဖြင့် နုံချာအားနည်းသည် သို့တည်းမဟုတ် ပြင်ပလောက၏ ပတ်ဝန်းကျင်သည် ခက်ခဲကြမ်းတမ်းသည်ဟု ဆိုနိုင်သော်လည်း၊ ငါသည် ရှေးပဝေသဏီကတည်းက လူကို မည်သည့်အခါမျှ မထုတ်ဖော်ခဲ့ဖူးဘဲ၊ အစဉ်အမြဲ လျှို့ဝှက်ထားခဲ့သော ငါ၏ စိတ်သဘောထားကို ပြသသည့်အပြင်၊ အားလုံးအနက် အနိမ့်ကျဆုံးဖြစ်သော်လည်း၊ ငါ၏ အကြီးမားဆုံးသော ကယ်တင်ခြင်းကို ပေးအပ်ခဲ့ပြီးသည့် လူတို့အား ကျော်လွန်ခဲ့ပြီးသော ကပ်ကမ္ဘာများရှိ နက်နဲရာများကိုလည်း ပြသလေသည်။ ထိုမျှမက ဤသည်မှာ ဤအရာများကို ငါထုတ်ဖော်ခဲ့သည့် ပထမဆုံးအကြိမ် ဖြစ်သည်။ ငါသည် ထိုကဲ့သို့သော အမှုကို ယခင်က မည်သည့်အခါမျှ မပြုခဲ့ဖူးပါပေ။ သင်တို့သည် ယောဘနှင့်စာလျှင် အလွန်မှပင် နိမ့်ကျသော်လည်း၊ သင်တို့ရရှိသောအရာနှင့် သင်တို့မြင်တွေ့ခဲ့ရသော အရာတို့က သူ့ကို များစွာ သာလွန်ခဲ့ပြီဖြစ်သည်။ သင်တို့သည် ဒုက္ခဆင်းရဲမျိုးစုံကို ခံခဲ့ရပြီး ညှဉ်းဆဲမှုအမျိုးမျိုးကို ကြုံခဲ့ရသော်လည်း၊ ထိုဒုက္ခဆင်းရဲက ယောဘ၏ စမ်းသပ်မှုများနှင့် လုံးဝမတူပါချေ။ ယင်းအစား ယင်းသည် လူတို့၏ ပုန်ကန်မှုကြောင့်၊ လူတို့၏ ခုခံမှုကြောင့်၊ ထို့ပြင် ငါ၏ ဖြောင့်မတ်သော စိတ်သဘောထားကြောင့် သူတို့ရရှိသော တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းပင် ဖြစ်သည်။ ယင်းသည် ဖြောင့်မတ်သော တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် ကျိန်ခြင်းပင် ဖြစ်လေသည်။ သို့သော်ငြားလည်း ယောဘသည် ဣသရေလလူတို့ထဲက ယေဟောဝါ၏ ကြီးမားသော ချစ်ခြင်းမေတ္တာနှင့် သနားကြင်နာမှုကို

ရရှိခဲ့သည့် ဖြောင့်မတ်သောလူ တစ်ဦး ဖြစ်ခဲ့သည်။ သူသည် မကောင်းသော မည်သည့်အပြုအမူကိုမျှ မကျူးလွန်ခဲ့သည့်အပြင်၊ ယောဟောဝါကိုလည်း မခုခံမတော်လှန်ခဲ့ပါ။ ထိုအစား သူသည် ယေဟောဝါကို သစ္စာရှိစွာ ကိုးကွယ်ဆည်းကပ်ခဲ့သည်။ သူသည် သူ၏ဖြောင့်မတ်မှုကြောင့် စမ်းသပ်မှုများကို ခံခဲ့ရပြီး၊ သူသည် ယေဟောဝါ၏ သစ္စာရှိသော အစေခံဖြစ်သောကြောင့်၊ အလွန်ပြင်းထန်သော စမ်းသပ်မှုများကို ကြုံခဲ့ရသည်။ ယနေ့ခေတ် လူတို့မှာမူ သူတို့၏ ညစ်ညမ်းမှုနှင့် မဖြောင့်မတ်ခြင်းတို့ကြောင့်၊ ငါ၏ တရားစီရင်မှုနှင့် ကျိန်ခြင်းကို ခံရခြင်းဖြစ်သည်။ သူတို့၏ ဆင်းရဲဒုက္ခသည် ယောဘက သူ၏ခြိမွေးတိရစ္ဆာန်များ၊ သူ၏ပစ္စည်းဥစ္စာ၊ သူ၏အစေခံများ၊ သူ၏သားသမီးများနှင့် သူချစ်ခင်မြတ်နိုးရသောအရာများ အားလုံးကို ဆုံးရှုံးခဲ့ရသောအချိန်က ယောဘကျော်ဖြတ်ခဲ့သည့် ဒုက္ခဆင်းရဲနှင့် လုံးဝမတူညီသော်လည်း၊ သူတို့ခံစားရသည့်အရာမှာ အလွန်ပြင်းထန်သော စစ်ဆေးခြင်းနှင့် လောင်ကျွမ်းခြင်းတို့ ဖြစ်သည်။ ယောဘ ကြုံတွေ့ခဲ့ရသည်ထက် ပိုပြင်းထန်စေသည်မှာ ထိုကဲ့သို့သော စမ်းသပ်မှုများသည် လူတို့ အားနည်းသောကြောင့် လျော့ပါးစေခြင်း သို့မဟုတ် ဖယ်ရှားပစ်ခြင်းတို့ ရှိမည်မဟုတ်ပေ၊ ထိုအစား ယင်းတို့မှာ ရေရှည်ဖြစ်ပြီး လူတို့ဘဝ၏ နောက်ဆုံးနေ့ရက်တိုင်အောင် ဆက်လက်ရှိနေမည် ဖြစ်သည်။ ဤအရာသည် အပြစ်ဒဏ်ပေးခြင်း၊ တရားစီရင်ခြင်းနှင့် ကျိန်ခြင်းဖြစ်သည်။ ယင်းသည် အကြင်နာကင်းမဲ့သော လောင်ကျွမ်းခြင်းဖြစ်ပြီး၊ ထို့ပြင် ယင်းမှာ လူသားမျိုးနွယ်၏ ရသင့်ရထိုက်သော "အမွေ" ဖြစ်သည်။ ယင်းသည် လူတို့နှင့် ထိုက်တန်သော အရာဖြစ်ပြီး ငါ၏ ဖြောင့်မတ်သော စိတ်နေသဘောထားကို ဖော်ပြသည့် နေရာလည်း ဖြစ်သည်။ ဤသည်မှာ သိပြီးသားအချက် ဖြစ်သည်။ သို့တစေ လူတို့ ရရှိသည့်အရာသည် သူတို့ ယနေ့ခံစားရသည့် ဒုက္ခဆင်းရဲထက် များစွာ သာလွန်ပါသည်။ သင်တို့ခံစားရသည့် ဒုက္ခဆင်းရဲမှာ သင်တို့၏ မိုက်မဲမှု၏ အကျိုးဆက်ဖြစ်သော အနှောင့်အယှက်မျှသာဖြစ်သော်လည်း၊ သင်တို့ ရရှိထားသော အရာသည် သင်တို့၏ ဒုက္ခဆင်းရဲထက် အဆတစ်ရာ ပို၍ကြီးမားသည်။ ဓမ္မဟောင်းကျမ်း၌ရှိသော ပညတ်တရားများ၏ ပညတ်ချက်များအရ ငါ့ကို ခုခံတော်လှန်သူများ၊ ငါ့ကို လူပုံအလယ်၌ ဝေဖန်သူများနှင့် ငါ၏လမ်းခရီးအတိုင်း မလိုက်ဘဲ၊ ထိုအစား မထီမဲ့မြင်ပြုသော ယဇ်များကို ငါ့အား ရဲရဲတင်းတင်း ပူဇော်သောသူများ အားလုံးသည် ဗိမာန်တော်ထဲ၌ မီးနှင့် ဖျက်ဆီးခြင်းခံရမည် သို့မဟုတ် ရွေးကောက်ထားသောသူ တချို့၏ ကျောက်တုံးဖြင့် ပေါက်သတ်ခြင်းကို ခံရမည်မှာ အသေအချာပင်ဖြစ်ပြီး သူတို့၏ မျိုးနွယ်စုမှ ဆင်းသက်လာသူများနှင့် အခြား ဆွေမျိုးသားချင်း အရင်းအခြာများပင်လျှင် ငါ၏ ကျိန်ခြင်း အမင်္ဂလာကို ခံရမည်ဖြစ်သည်။ နောင်လာမည့်

ဘ၀အဆက်ဆက်တွင်လည်း သူတို့သည် လွတ်မြောက်မည် မဟုတ်ဘဲ၊ ငါ့အစေခံများ၏ အစေခံများ ဖြစ်ရလိမ့်မည်၊ ထို့ပြင် ငါသည် သူတို့ကို တစ်ပါးအမျိုးသားများကြားသို့ ပြည်နှင်ဒဏ်ပေးမည်ဖြစ်သဖြင့် သူတို့သည် မိမိတို့မွေးရပ်မြေသို့ ပြန်နိုင်ကြမည် မဟုတ်ပေ။ သူတို့၏ လုပ်ရပ်များနှင့် အပြုအမူအပေါ် မူတည်၍၊ ယနေ့ခေတ်လူတို့ ခံစားနေရသော ဒုက္ခဆင်းရဲသည် ဣသရေလလူမျိုးများ ခံစားရသော အပြစ်ဒဏ်ပေးခြင်းမျှ ပြင်းထန်ဖို့ ဝေးသေးသည်။ သင်တို့ လတ်တလောတွင် ဒုက္ခခံနေရသော အရာက အပြစ်ဒဏ်ခတ်ခံရခြင်း ဖြစ်သည်ဟု ဆိုခြင်းမှာ ကျိုးကြောင်းပြချက်မဲ့သည် မဟုတ်ပါ၊ သင်တို့က အမှန်တကယ် စည်းကျော်ခဲ့သောကြောင့် ဖြစ်သည်။ သင်တို့သာ ဣသရေလပြည်၌ ရှိခဲ့ပါက၊ သင်တို့သည် ထာဝရအပြစ်သားများ ဖြစ်ခဲ့ကြမည်ဖြစ်ပြီး၊ ယခင်ကတည်းက ဣသရေလလူမျိုးများ၏ အပိုင်းပိုင်းဖြစ်အောင် ခုတ်ဖြတ်ခြင်း ခံခဲ့ရမည်ဖြစ်ကာ၊ ယေဟောဝါ၏ ဗိမာန်တော်ထဲ၌ ကောင်းကင်မှမီးဖြင့် လောင်ကျွမ်းခြင်းခံရပြီး ဖြစ်မည်။ ယခု သင်တို့ ရရှိလိုက်သည့်အရာမှာ မည်သည့်အရာနည်း။ သင်တို့ မည်သည့်အရာကို လက်ခံရရှိပြီး မည်သည့်အရာကို ခံစားမွေ့လျော်ပြီးပြီနည်း။ ငါသည် ငါ၏ ဖြောင့်မတ်သော စိတ်သဘောထားကို သင်တို့အထဲ၌ ထုတ်ဖော်ပြီး ဖြစ်သော်လည်း၊ အရေးအကြီးဆုံးမှာ ငါသည် လူသားမျိုးနွယ်အား ရွေးနုတ်ခြင်းအတွက် ငါ၏စိတ်ရှည်ခြင်းကို ထုတ်ဖော်ခဲ့ပြီဖြစ်သည်။ သင်တို့အထဲ၌ ငါပြုခဲ့ပြီးသော အမှုမှာ စိတ်ရှည်ခြင်းအမှုသာလျှင် ဖြစ်သည်ဟု ပြောနိုင်ပါသည်။ ၎င်းကို ငါ၏ စီမံခန့်ခွဲမှုအလို့ငှာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ထို့ထက်မက လူသားမျိုးနွယ်၏ ပျော်ရွှင်မွေ့လျော်ခြင်းအလို့ငှာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယောဘသည် ယေဟောဝါ၏ စမ်းသပ်မှုများကို ကြုံခဲ့ရသော်လည်း၊ သူသည် ယေဟောဝါကို ကိုးကွယ်သည့် ဖြောင့်မတ်သောသူသာလျှင် ဖြစ်သည်။ ထိုစမ်းသပ်မှုများကို ကြုံရလင့်ကစား သူသည် ယေဟောဝါအကြောင်း မညည်းညူခဲ့သည့်အပြင်၊ ယေဟောဝါနှင့် တွေ့ဆုံခြင်းကို တန်ဖိုးထားခဲ့သည်။ ယနေ့ခေတ် လူတို့သည် ယေဟောဝါ၏ မျက်မှောက်တော်ကို မြတ်နိုးတန်ဖိုး မထားရုံသာမက၊ ၎င်းတို့သည် သူ၏ပေါ်ထွန်းခြင်းကို ငြင်းပယ်ခြင်း၊ မုန်းတီးခြင်း၊ ညည်းညူခြင်းနှင့် သရော်လှောင်ပြောင်ခြင်းကို ပြုကြသည်။ သင်တို့သည် များစွာရရှိပြီးပြီ မဟုတ်လော။ သင်တို့၏ ဒုက္ခဆင်းရဲသည် အမှန်ပင် အလွန်ကြီးမားပြီလော။ သင်တို့သည် မာရိတို့ ယာကုပ်တို့ထက် ပို၍ ကံကောင်းထောက်မပြီ မဟုတ်လော။ သင်တို့၏ ခုခံတွန်းလှန်ခြင်းမှာ အလွန်ပေါ့တန်နေသလော။ သင်တို့ကို ငါပြဌာန်းသည့်အရာနှင့် သင်တို့ထံမှ ငါတောင်းဆိုသည့်အရာမှာ ကြီးမားလွန်း များပြားလွန်း၍ ဖြစ်နိုင်သလော။ ငါ၏အမျက်ဒေါသကို ငါ့အားခုခံသော ဣသရေလလူမျိုးများအပေါ်တွင်သာ

ထုတ်လွှတ်ခဲ့လျက်၊ သင်တို့အပေါ် တိုက်ရိုက်ထုတ်လွှတ်ခဲ့သည် မဟုတ်ပေ။ သင်တို့ရရှိထားသောအရာမှာ ငါ၏ အကြင်နာကင်းမဲ့သော တရားစီရင်ခြင်းနှင့် ထုတ်ဖော်ခြင်းများသာမက၊ မသက်ညှာသော မီးနှင့်တူသည့် စစ်ဆေးခြင်းမျှသာ ဖြစ်သည်။ ဤသို့ဖြစ်လင့်ကစား လူတို့သည် ငါ့အား ခုခံတော်လှန်ခြင်းနှင့် ငြင်းဆိုခြင်းကို ဆက်လက်ပြုကြပြီး ကျိုးနွံနာခံမှု တစ်စက်မျှမရှိဘဲ ထိုသို့ပြုကြသည်။ မိမိတို့ကိုယ်ကိုယ် ငါ့ထံမှ ကင်းကွာစေပြီး ငါ့အား ငြင်းပယ်ကြသောသူ အချို့ပင် ရှိသည်။ ထိုကဲ့သို့သော လူတို့မှာ မောရှေကို ဆန့်ကျင်ခဲ့သော ကောရနှင့် ဒါသန်တို့အုပ်စုထက် ဘာမျှမသာပေ။ လူတို့၏ စိတ်နှလုံးသည် အလွန်မာကျောကြပြီး သူတို့၏ သဘာဝသည် အလွန်ခေါင်းမာကြသည်။ သူတို့သည် မိမိတို့၏ လမ်းဟောင်းများကို မည်သည့်အခါမျှ မပြောင်းလဲကြချေ။ သူတို့သည် ပြည့်တန်ဆာများကဲ့သို့ နေ့ခင်းကြောင်တောင် ဖော်ထုတ်ပြလျက် ရှိကြသည်ဟု ငါပြောသကဲ့သို့၊ ငါ၏ နှုတ်ကပတ်တော်များသည် အလွန်ပြင်းထန်သောကြောင့်၊ ယင်းတို့သည် လူတို့၏ သဘာဝများကို နေ့အလင်းရောင်အောက်၌ ထုတ်ပြလျက် "မကြားဝံ့ မနာသာ" ပင် ဖြစ်ကောင်းဖြစ်မည်၊ သို့တိုင် သူတို့က ခေါင်းကလေးညိတ်၊ မျက်ရည်လေးကျရုံလောက်သာရှိပြီး မိမိတို့ကိုယ်ကိုယ် အတင်းအကျပ် အနည်းငယ်ဝမ်းနည်းစေကြသည်။ ဤအရာကျော်လွန်ပြီးသည်နှင့် သူတို့သည် တောင်ပေါ်က သားရဲတိရစ္ဆာန်များ၏ ရှင်ဘုရင်ကဲ့သို့ တဖန်ပြန်၍ ကြမ်းကြုတ်ရက်စက်ကြပြီး သူတို့၌ သတိမူသိမြင်ခြင်း စိုးစဉ်းမျှ မရှိကြချေ။ ထိုကဲ့သို့သော စိတ်သဘောထား ရှိသောလူတို့သည် ယောဘထက် သူတို့က အဆတစ်ရာ ပို၍ ကံကောင်းထောက်မကြောင်း အဘယ်သို့ နားလည်နိုင်မည်နည်း။ သူတို့ပျော်မွေ့ခံစားကြသော အရာများက ခေတ်အဆက်ဆက် မြင်တွေ့ရန် ခက်ခဲလှသော၊ ယခင်က မည်သူမျှ မခံစားခဲ့ဖူးသော ကောင်းချီးများဖြစ်ကြောင်း သူတို့ အဘယ်သို့ သိနားလည်နိုင်မည်နည်း။ လူတို့၏ သြတ္တပ္ပစိတ်က ထိုကဲ့သို့သော ကောင်းချီးများ၊ အပြစ်ဒဏ်ပေးခြင်းပါရှိသော ကောင်းချီးများကို အဘယ်သို့ သတိပြုမိနိုင်မည်နည်း။ ပွင့်ပွင့်လင်းလင်း ပြောရပါက၊ သင်တို့အား ငါတောင်းဆိုသမျှမှာ သင်တို့အနေဖြင့် ငါ့အလုပ်အတွက် စံပုံစံများ၊ ငါ၏ စိတ်သဘောထား တစ်ခုလုံးနှင့် ငါ၏ လုပ်ဆောင်ချက်များ အားလုံးအတွက် သက်သေများ ဖြစ်နိုင်ကြရန်နှင့်၊ သင်တို့အနေဖြင့် စာတန်၏ ဖိစီးနှိပ်စက်မှုများမှ ကင်းလွတ်နိုင်ကြရန်အတွက် ဖြစ်သည်။ သို့တိုင် လူတို့သည် ငါ၏အလုပ်ကို အမြဲတမ်း တွန်းလှန်ကြပြီး ယင်းကို တမင်သက်သက် ရန်လိုဆန့်ကျင်ကြသည်။ ထိုကဲ့သို့သော လူတို့သည် ငါ့အား ဣသရေလ၏ ပညတ်ချက်များကို ပြန်ယူဆောင်လာပြီး ဣသရေလအပေါ် ငါကျရောက်စေခဲ့သော အမျက်ဒေါသကို ၎င်းတို့အပေါ် ကျရောက်ဖို့အတွက်

မလှုံ့ဆော်ဘဲ အဘယ်သို့ နေနိုင်ကြမည်နည်း။ သင်တို့အထဲတွင် ငါ့အား “နာခံကျိုးနွံသော” သူများ များစွာရှိသော်လည်း၊ ကောရအုပ်စု အစားမျိုးထဲက ပို၍ပင် များနေသည်။ ငါသည် ငါ၏ဘုန်းအသရေကို အပြည့်အဝ ရယူပြီးသောအခါ၊ သူတို့အား မီးလောင်၍ ပြာကျသွားစေရန် ကောင်းကင်မှမီးကို အသုံးပြုမည်။ ငါသည် လူတို့အား ငါ၏ နှုတ်ကပတ်တော်များဖြင့် နောက်ထပ် ပြစ်တင်ဆုံးမမည် မဟုတ်တော့သည်ကို သင်တို့ သိသင့်ပေသည်။ ထိုအစား ဣသရေလအတွက် အမှုပြုခြင်းမတိုင်မီ၊ ငါသည် ငါ့ကို ခုခံဆန့်ကျင်ပြီး၊ ယခင်ကတည်းက ငါ သုတ်သင်ဖယ်ရှင်းခဲ့သော “ကောရအုပ်စု” ကို လုံးလုံးလျားလျား မီးရှို့ဖျက်ဆီးမည် ဖြစ်သည်။ လူသားမျိုးနွယ်သည် ငါ့အား မွေ့လျော်ခံစားမည့် အခွင့်အရေးကို နောက်ထပ်ရတော့မည် မဟုတ်ချေ။ ထိုအစား သူတို့တွေ့မြင်သမျှမှာ ငါ၏ အမျက်ဒေါသနှင့် ကောင်းကင်မှ မီးတောက်များသာ ဖြစ်လိမ့်မည်။ ငါသည် လူမျိုးစုံ၏ အဆုံးသတ်အမျိုးမျိုးကို ထုတ်ဖော်ပြီး သူတို့အားလုံးကို အမျိုးအစားအလိုက် ခွဲခြားမည်ဖြစ်သည်။ လူတို့၏ အဆုံးသတ်များကို မြေကြီးပေါ် ရှိစဉ်က ငါ၏ အဆုံးအဖြတ်အပေါ် အခြေခံ၍လည်းကောင်း၊ ငါ့အပေါ် သူတို့၏ သဘောထားအရလည်းကောင်း သတ်မှတ်ဆုံးဖြတ်ဖို့အလို့ငှာ၊ သူတို့၏ ဆန့်ကျင်ပုန်ကန်သည့် လုပ်ရပ်တိုင်းကို ငါ မှတ်သားထားပြီး ငါ၏အလုပ်ကို အဆုံးသတ်မည်။ ထိုအချိန် ရောက်လာသောအခါ၊ သူတို့၏ အဆုံးသတ်များကို ပြောင်းလဲပေးနိုင်မည့်အရာ ဘာမျှရှိလိမ့်မည် မဟုတ်တော့ပါ။ လူတို့အား သူတို့ကိုယ်တိုင်၏ အဆုံးသတ်ကို ထုတ်ဖော်ပြစေလော့။ ထိုအခါ ငါသည် လူတို့၏ အဆုံးသတ်များကို ကောင်းကင်ဘုံ၌ရှိသော အဖခမည်းတော်ထံသို့ လွှဲအပ်မည်ဖြစ်သည်။

## ဘုရားသခင်နှင့် ပတ်သက်သည့် သင်၏ သိနားလည်မှုသည် အဘယ်နည်း

လူတို့သည် ဘုရားသခင်၌ အချိန်ကြာမြင့်စွာ ယုံကြည်ပြီးဖြစ်သော်လည်း ၎င်းတို့အများစုသည် “ဘုရားသခင်” ဟူသည့် စကားလုံးက မည်သည့်အရာ ဆိုလိုသည်ဆိုသည်နှင့် ပတ်သက်၍ မည်သည့် သိနားလည်မှုမျှ မရှိကြသကဲ့သို့၊ စိတ်ရှုပ်ထွေးခြင်းဖြင့် နောက်လိုက်ရုံမျှ လိုက်ကြခြင်း ဖြစ်သည်။ လူသားသည် ဘုရားသခင်ကို အဘယ်ကြောင့် ယုံကြည်သင့်သည် သို့မဟုတ် ဘုရားသခင်က အဘယ်အရာဖြစ်သည် ဆိုသည်ကို အတိအကျ လုံးဝ မသိကြပေ။ လူတို့သည် ဘုရားသခင်ကို ယုံကြည်ကာ နောက်လိုက်ရန်သာ သိသော်လည်း ဘုရားသခင်က အဘယ်အရာဖြစ်သည်ကို မသိပါက၊ ပြီးလျှင် ၎င်းတို့သည် ဘုရားသခင်ကိုလည်း မသိကြပါက၊ ဤသည်မှာ အကြီးမားသော ပြက်လုံးကြီးတစ်ခု ဖြစ်သည် မဟုတ်လော။

ဤမျှလုပ်ဆောင်ပြီးနောက် လူတို့သည် ကောင်းကင်နှင့်ဆိုင်သည့် နက်နဲမှုများစွာကို မျက်မြင်ကြုံတွေ့ကြပြီး လူသားက ယခင် တစ်ခါမျှ နားမလည်ခဲ့သော နက်နဲသည့် အသိပညာများစွာ ကြားကြရပြီးဖြစ်သော်လည်း၊ ၎င်းတို့သည် လူသားအနေဖြင့် ယခင်က လုံးဝ ချင့်ချိန်မစဉ်းစားခဲ့ဖူးသည့် အခြေခံအကျဆုံး သမ္မာတရားများစွာ မသိနားမလည်ကြချေ။ အချို့က၊ "ကျွန်ုပ်တို့သည် ဘုရားသခင်ကို နှစ်ပေါင်းများစွာ ယုံကြည်ခဲ့ပြီးဖြစ်သည်။ ဘုရားသခင် အဘယ်အရာဖြစ်သည်ကို ကျွန်ုပ်တို့ မသိဘဲ အဘယ်သို့ ရှိနိုင်မည်နည်း။ ဤမေးခွန်းသည် ကျွန်ုပ်တို့ကို သေးသိမ်စေသည် မဟုတ်ပါလား" ဟု ပြောကောင်းပြောမည်။ သို့သော် လက်တွေ့ရှိတရားတွင် လူတို့သည် ယနေ့ ငါ့နောက်လိုက်ကြသော်လည်း၊ ၎င်းတို့သည် ယနေ့၏ အမှုနှင့် ပတ်သက်၍ မည်သည့်အရာမျှ မသိကြသကဲ့သို့၊ ဘုရားသခင်နှင့်ပတ်သက်၍ အင်မတန် ရှုပ်ထွေးသည့် မေးခွန်းများကို မဆိုထားနှင့်၊ အပေါ်လွင်ဆုံးနှင့် အလွယ်ကူဆုံး မေးခွန်းများကိုပင် သဘောမပေါက်နိုင်ကြချေ။ သင်သည် မည်သည့်အရာဖြင့် မိမိကိုယ်ကိုယ် ပြင်ဆင်နေသင့်သည်ကို အာရုံမစိုက်သကဲ့သို့ အရေးမစိုက်ဘဲလျက်၊ လူအုပ်နောက်လိုက်ရန်သာ သိသည့်အတွက်၊ သင် မပူပန်သည့် မေးခွန်းများ၊ သင် ပိုင်းခြားမသိမြင်သေးသည့် မေးခွန်းများသည် သင်နားလည်ရန် အရေးကြီးဆုံးသော မေးခွန်းများဖြစ်သည်ကို သိလော့။ သင်သည် ဘုရားသခင်အား အဘယ်ကြောင့် ယုံကြည်သင့်သည်ကို အမှန်တကယ် သိသလော။ ဘုရားသခင် အဘယ်အရာဖြစ်သည်ကို သင် အမှန်တကယ် သိသလော။ လူသားက အဘယ်အရာဖြစ်သည်ကို သင် အမှန်တကယ် သိသလော။ ဘုရားသခင်ကို ယုံကြည်သော လူတစ်ဦးအနေဖြင့်၊ ဤအရာများကို နားမလည်နိုင်ပါက သင်သည် ဘုရားသခင်ကို ယုံကြည်သူတစ်ဦး၏သိက္ခာ ဆုံးရှုံးသည် မဟုတ်လော။ ယနေ့ ငါ၏အမှုမှာ- လူတို့အား ၎င်းတို့၏ အနှစ်သာရကို နားလည်စေရန်၊ ငါလုပ်သည့် အရာအားလုံးကို နားလည်စေရန်နှင့် ဘုရားသခင်၏ စစ်မှန်သော မျက်နှာကို သိရှိစေရန် ဖြစ်သည်။ ဤသည်မှာ ငါ၏ စီမံခန့်ခွဲမှုအစီအစဉ် အဆုံးသတ် လုပ်ဆောင်ချက်၊ ငါ့အမှု၏ နောက်ဆုံးအဆင့် ဖြစ်သည်။ ယင်းမှာ သင်တို့အနေဖြင့် ဘဝ၏ နက်နဲမှုများကို ငါ့ထံမှ လက်ခံနိုင်ကြဖို့အလို့ငှာ ၎င်းတို့ကို သင်တို့အား ငါ ကြိုတင်ပြောပြနေရခြင်း ဖြစ်သည်။ ဤသည်မှာ နောက်ဆုံးသောခေတ်၏ အမှုဖြစ်သည်နှင့်အမျှ၊ သင်တို့သည် ချို့တဲ့လွန်းခြင်းနှင့် အရည်အချင်းမပြည့်မီလွန်းခြင်း သက်သက်ကြောင့် ယင်းတို့ကို သင်တို့ နားလည်နိုင်စွမ်းမရှိ၊ သို့မဟုတ် ခံရပ်နိုင်စွမ်းမရှိသော်လည်း၊ ယခင်က သင်တို့ လုံးဝ သဘောပေါက်လက်ခံလွယ်ခြင်း မရှိဖူးသည့် အသက်၏ သမ္မာတရားအားလုံးကို သင်တို့အား ငါ ပြောပြရမည်။ ငါ၏ အမှုကို ငါ နိဂုံးချုပ်ရပေမည်။ ငါ လုပ်ဆောင်သင့်သည့် အမှုကို ငါ ပြီးစီးရမည်ဖြစ်ပြီး၊

မှောင်မိုက်သက်ဆင်းသောအခါ သင်တို့သည် တစ်ဖန် သွေဖည်ပြီး ဆိုးယုတ်သူတစ်ဦး၏ အကြံအစည်များဖြင့် လှည့်စားခံရမည်စိုး၍၊ သင်တို့ကို ငါ တာဝန်ပေးစေခိုင်းပြီးဖြစ်သည့် အရာအားလုံးကို သင်တို့အား ငါ ပြောပြမည်။ သင်တို့ နားမလည်သည့် နည်းလမ်းများစွာ၊ သင်တို့ မသိမှတ်သေးသည့် ကိစ္စရပ်များစွာ ရှိသည်။ သင်တို့သည် မသိနားမလည်လွန်းလှပေသည်။ ငါသည် သင်တို့၏ ဝိညာဉ်ရင့်ကျက်မှုနှင့် သင်တို့၏အားနည်းချက်များကို အပြည့်အဝ ကောင်းစွာသိ၏။ ထို့ကြောင့်၊ သင်တို့ နားလည်နိုင်စွမ်း မရှိသည့် နှုတ်ကပတ်တော်များစွာ ရှိသော်လည်း သင်တို့၏ လက်ရှိ ဝိညာဉ်ရင့်ကျက်မှုတွင် သင်တို့အနေဖြင့် ငါ့အဖို့ သင်တို့၏ သက်သေခံချက်တွင် မြဲမြံစွာ ရပ်တည်နိုင်ခြင်း ရှိမရှိဆိုသည်ကို ငါ စိုးရိမ်မြဲ စိုးရိမ်နေမိသောကြောင့်၊ သင်တို့ယခင်က တစ်ခါမျှ သဘောပေါက်လက်ခံလွယ်ခဲ့ဖူးခြင်း မရှိသည့် ဤသမ္မာတရား အားလုံးကို သင်တို့အား ပြောပြရန် ငါ လိုလားနေဆဲ ဖြစ်သည်။ ယင်းမှာ ငါသည် သင်တို့ကို အထင်သေး၍မဟုတ်ပေ။ သင်တို့အားလုံးသည် ငါ၏ ပုံစံတကျ လေ့ကျင့်မှုကို မကြုံရသေးသည့် တောကောင်များဖြစ်ကာ သင်တို့အတွင်းတွင် ဘုန်းအသရေ မည်မျှရှိသည်ကို ငါ လုံးဝ မမြင်ရပေ။ သင်တို့အပေါ် အမှုပြုခြင်း၌ ငါသည် အားအင်များစွာ အသုံးပြုပြီး ဖြစ်သော်လည်း၊ သင်တို့အတွင်းရှိ အပြုသဘောဆောင်သော အရိပ်လက္ခဏာများသည် မရှိလုနီးပါး ဖြစ်သကဲ့သို့၊ အပျက်သဘောဆောင်သော အရိပ်လက္ခဏာများကို လက်ချိုးရေတွက်၍ ရပြီး စာတန်ကိုအရှက်ရစေသည့် သက်သေခံချက်များအဖြစ်သာ အသုံးဝင်ကြလေသည်။ သင်တို့ အတွင်းရှိ အခြားအရာရာတိုင်းသည် စာတန်၏ အဆိပ်သာ ဖြစ်၏။ ငါ့အဖို့ သင်တို့သည် ကယ်တင်၍ မရနိုင်သည့်ပုံ ဖြစ်သည်။ ဤသို့ဖြစ်သည်နှင့်အမျှ၊ ငါသည် သင်တို့၏ အမျိုးမျိုးသော မျက်နှာထားများနှင့် ပြုမူပြောဆိုပုံတို့ကို ကြည့်ကာ၊ နောက်ဆုံးတွင် သင်တို့၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှုကို သိ၏။ ထို့ကြောင့် ငါသည် သင်တို့အပေါ် အမြဲ ပူပန်နေရခြင်း ဖြစ်သည်- မိမိတို့ဘာသာ ဘဝကို ရှင်သန်ခွင့် ရပါက၊ လူသားများသည် ယနေ့ ၎င်းတို့ဖြစ်နေသည်ထက် အမှန်တကယ် သာ၍ အဆင်ပြေကြသလော၊ သို့မဟုတ် ယနေ့ ၎င်းတို့ ဖြစ်နေသည့်အရာနှင့် အလားတူမည်လော။ သင်တို့၏ ကလေးဆန်သည့် ဝိညာဉ်ရင့်ကျက်မှုက သင်တို့ကို ပူပန်စေခြင်း မရှိသလော။ သင်တို့သည်- အချိန်တိုင်းတွင် ငါနှင့် ငါတစ်ဦးတည်းကိုသာ သစ္စာစောင့်သိနိုင်သည့်- အရွေးချယ်ခံ ဣသရေလလူမျိုးကဲ့သို့ ဖြစ်နိုင်သလော။ သင်တို့အထဲ၌ ထုတ်ဖော်ပြသည့်အရာမှာ ၎င်းတို့၏ မိဘများထံမှ လမ်းလွဲသွားကြသည့် ကလေးသူငယ်များ၏ ကျီစယ်တတ်ခြင်း မဟုတ်ဘဲ၊ ၎င်းတို့သခင်၏ ကျာပွတ်များ လက်လှမ်းမမီနိုင်သည့် တိရစ္ဆာန်များမှ ပေါက်ထွက်လာသော

ရက်စက်ကြမ်းကြုတ်မှု ဖြစ်သည်။ သင်တို့သည် သင်တို့အားလုံး၌ရှိသည့် အားနည်းချက်လည်း ဖြစ်သည့်၊ သင်တို့၏ သဘာဝကို သိထားသင့်သည်။ ယင်းသည် သင်တို့အားလုံးတွင် ဖြစ်သည့် ဖျားနာမှုဖြစ်သည်။ ထို့ကြောင့်၊ ယနေ့ သင်တို့အဖို့ ငါ၏ တစ်ခုတည်းသော တိုက်တွန်းချက်မှာ ငါ့အဖို့ သင်တို့၏ သက်သေခံချက်တွင် မြဲမြံစွာ ရပ်တည်ရန် ဖြစ်သည်။ မည်သည့် အခြေအနေတွင်မဆို၊ အနာဟောင်းကို တစ်ဖန်ပြန်၍ ထကြွခွင့် မပြုလေနှင့်။ သက်သေခံခြင်းသည် အရေးကြီးဆုံးသော အရာ ဖြစ်သည်- ယင်းသည် ငါ့အမှု၏ အချက်အချာ ဖြစ်သည်။ မာရိသည် အိပ်မက်တွင် သူမထံ ရောက်လာခဲ့သည့် ယေဟောဝါ၏ ဗျာဒိတ်ကို ယုံကြည်ခြင်းပြီးနောက် နာခံခြင်းအားဖြင့် လက်ခံခဲ့သကဲ့သို့ သင်တို့သည် ငါ၏နှုတ်ကပတ်တော်များကို လက်ခံသင့်ကြသည်။ ဤအရာသည်သာ ဖြူစင်ရာရောက်သည်။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များကို အကြားနာရဆုံးသောသူများ ဖြစ်သည့်အတွက်၊ ငါ၏ ကောင်းချီးမင်္ဂလာ ခံစားရဆုံးသူများ ဖြစ်သည်။ ငါသည် သင်တို့ကို ငါ၏ အဖိုးတန် ပိုင်ဆိုင်မှုများအားလုံးကို ပေးထားပြီးဖြစ်သည်၊ သင်တို့အပေါ် အရာရာကို ငါ အပ်နှင်းပြီးဖြစ်သည်၊ သို့ရာတွင် သင်တို့သည် ဣသရေလလူမျိုးတို့နှင့် အင်မတန် အလွန့်အလွန် ကွာခြားသည့် အဆင့်အတန်း ရှိကြသည်။ သင်တို့သည် လုံးဝခြားနား၏။ သို့ရာတွင် ၎င်းတို့နှင့် နှိုင်းယှဉ်ပါက၊ သင်တို့သည် များစွာပို၍ ရရှိကြပြီးဖြစ်သည်။ ၎င်းတို့သည် ငါ၏ ပေါ်ထွန်းခြင်းကို အသည်းအသန် စောင့်ဆိုင်းစဉ်တွင်၊ သင်တို့သည် ငါ၏ ရက်ရောမှုကို မျှဝေခံစားရင်း၊ သာယာသော နေ့ရက်များကို ငါနှင့်အတူ ဖြတ်သန်းကြရသည်။ ဤခြားနားမှုကို ထည့်သွင်းစဉ်းစားပါက၊ ငါနှင့်ပတ်သက်၍ မြည်တွန်တောက်တီးကာ စကားများပြီး ငါ၏ ပိုင်ဆိုင်မှုများထဲမှ သင်တို့၏ ဝေစုကို တောင်းဆိုရန် အခွင့်ကို မည်သည့်အရာက သင်တို့အား ပေးသနည်း။ သင်တို့သည် များစွာ ရရှိပြီးဖြစ်သည် မဟုတ်လော။ ငါသည် သင်တို့ကို များစွာပေးသော်လည်း အပြန်အလှန်အားဖြင့် သင်တို့ ငါ့ကို ပေးသည်မှာ ငါ့ကို အသည်းကွဲစေသည့် ဝမ်းနည်းမှုနှင့် စိုးရိမ်သောက၊ ထိန်းချုပ်မရသည့် မကျေချမ်းမှုနှင့် မကျေနပ်မှုတို့သာ ဖြစ်၏။ သင်တို့သည် အလွန် မနှစ်မြို့စရာ ဖြစ်သည်- သို့သော် သနားကရုဏာသက်စရာလည်း ဖြစ်၏၊ ထို့ကြောင့် ငါသည် ငါ၏ မကျေချမ်းမှုကို မျိုသိပ်ကာ ငါ၏ ကန့်ကွက်ချက်များကို သင်တို့ထံ အဖန်ဖန် ဖွင့်ဟဖို့မှလွဲ၍ အခြားရွေးချယ်စရာ မရှိပေ။ အမှု၏နှစ်ထောင်ပေါင်း များစွာအတွင်းတွင်၊ လူသား၏ တိုးတက်ဖြစ်ထွန်းမှုတစ်လျှောက် ရှေးခေတ်အချိန်ကာလများ၏ ကျော်ကြားသော ဘိုးဘေးများက သင်တို့ထံ ချန်ထားခဲ့သည့် တန်ဖိုးရှိသော အမွေအနှစ်များကဲ့သို့ ကျော်ကြားဆုံးဖြစ်လာခဲ့ဖြစ်သည်မှာ သင်တို့အကြား "လှည့်ကွက်များ" သာ ဖြစ်သည်ကို ငါ တွေ့ရှိပြီးဖြစ်သောကြောင့်

လူသားမျိုးနွယ်နှင့်ပတ်သက်၍ မည်သည့်အခါမျှ ငါ မကန့်ကွက်ဖူးပေ။ ထိုလူစဉ်မမီသော ဝက်များနှင့် ခွေးများကို ငါမုန်းတီးလိုက်လေစွ။ သင်တို့တွင် အသိတရား ကင်းမဲ့လွန်းကြ၏။ သင်တို့သည် အလွန် ယုတ်ညံ့လွန်းသည့် အကျင့်စရိုက်တစ်ခု ရှိကြသည်။ သင်တို့၏ နှလုံးသားများသည် မာကြောလွန်းလှ၏။ ငါသည် ထိုသို့သော နှုတ်ကပတ်တော်များနှင့် အမှုတို့ကို ဣသရေလလူမျိုးများထံသို့ ယူဆောင်သွားခဲ့မည်ဆိုပါက၊ အချိန်ကြာမြင့်စွာကတည်းက ငါသည် ဘုန်းအသရေ ရရှိပြီးဖြစ်ပေမည်။ သို့သော် သင်တို့အကြားတွင် ဤသည်ကို ကြိုးပမ်းရယူ၍ မရနိုင်ပေ။ သင်တို့အကြားတွင် ရက်စက်သည့် လစ်လျူရှုမှု၊ သင်တို့၏ တမင်အဖက်မလုပ်ခြင်းနှင့် သင်တို့၏ ဆင်ခြေများသာ ရှိသည်။ သင်တို့သည် အကြင်နာကင်းမဲ့လွန်းသကဲ့သို့ အလွန်အမင်း သုံးမရဖြစ်ကြသည်။

သင်တို့သည် ငါ၏အမှုအဖို့ သင်တို့တတ်နိုင်သမျှ အားလုံးကို ဆက်ကပ်အပ်နှံသင့်သည်။ ငါ့ကို အကျိုးပြုသည့် အမှုကို သင်တို့ လုပ်ဆောင်သင့်သည်။ သင်တို့ ချို့တဲ့သည့်အရာအားလုံးကို ငါ့ထံမှ သင်တို့ ရရှိနိုင်ကြဖို့အလို့ငှာ သင်တို့ နားမလည်ကြသည့်အရာတိုင်းကို သင်တို့အား ရှင်းပြရန် ငါ လိုလိုလားလား ရှိပေသည်။ သင်တို့၏ ချွတ်ယွင်းချက်များမှာ မရေမတွက်နိုင်လောက်အောင် များပြားလွန်းသော်လည်း သင်တို့သည် ငါ့ထံမှ အကျိုးခံစားနိုင်ပြီး၊ သင်တို့အထဲ၌ မရှိသကဲ့သို့ ကမ္ဘာလောကက မည်သည့်အခါတွင်မျှ မမြင်ဖူးသည့် ဘုန်းအသရေကို သင်တို့ ရရှိနိုင်ကြဖို့အလို့ငှာ ငါ၏နောက်ဆုံးသော ကရုဏာကို သင်တို့အား ပေးလျက် သင်တို့အပေါ် ငါလုပ်ဆောင်နေသင့်သည့် အမှုကို လုပ်ဆောင်မြဲလုပ်ဆောင်ရန် ငါ လိုလိုလားလား ရှိ၏။ ငါသည် နှစ်ပေါင်းများစွာ အမှုပြုခဲ့ပြီး ဖြစ်သော်လည်း၊ မည်သည့် လူသားကမျှ တစ်ကြိမ်တစ်ခါမျှ မသိကြဖူးပေ။ အခြားမည်သူကိုမျှ ငါ လုံးဝ မပြောဖူးသည့် လျှို့ဝှက်ချက်များကို သင်တို့အား ငါပြောပြလို၏။

လူသားများအကြားတွင်၊ ငါသည် ၎င်းတို့ မမြင်နိုင်သော ဝိညာဉ်၊ ၎င်းတို့ မည်သည့်အခါမျှ ထိတွေ့နိုင်ခြင်းမရှိသော ဝိညာဉ်ဖြစ်၏။ ကမ္ဘာမြေပေါ်က (လောကကို ဖန်ဆင်းခြင်း၊ ရွေးနုတ်ခြင်းနှင့် ဖျက်ဆီးခြင်း) ငါ၏အမှု အဆင့်သုံးဆင့်ကြောင့်၊ ငါသည် ၎င်းတို့အကြား ငါ၏အမှုကို လုပ်ဆောင်ရန် မတူညီသော အချိန်များတွင် (မည်သည့်အခါမျှ လူသိရှင်ကြားမဟုတ်ဘဲ) ၎င်းတို့အလယ် ပေါ်ထွန်း၏။ လူသားများအကြား ငါ ကြွလာခဲ့သည့် ပထမဦးဆုံးအကြိမ်သည် ရွေးနုတ်ခြင်းခေတ်အတွင်း ဖြစ်သည်။ ဟုတ်ပေ၏၊ ငါသည် ယုဒလူမျိုးမိသားစုတစ်ခုထဲသို့ ကြွလာခဲ့သည်။ ထို့သို့ဖြစ်သဖြင့်၊ ဘုရားသခင် ကမ္ဘာမြေပေါ်သို့ ကြွလာသည်ကို ပထမဦးဆုံး မြင်ရသူတို့မှာ ယုဒလူမျိုးများ ဖြစ်ကြ၏။ ဤအမှုကို

ငါကိုယ်တိုင်ကိုယ်ကျ ပြုရသည့်အကြောင်းရင်းမှာ ငါသည် ငါ၏ရွေးနုတ်ခြင်းအမှု၌ ငါ၏ လူ့ဇာတိကို အပြစ်ဖြေရာယဇ်တစ်ခုအဖြစ် အသုံးပြုလိုခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့်၊ ငါ့ကို ပထမဆုံး တွေ့ရသူများသည် ကျေးဇူးတော်ခေတ်ထဲက ယုဒလူမျိုးများ ဖြစ်ကြသည်။ ယင်းမှာ လူ့ဇာတိ၌ ငါ အမှုပြုသည့် ပထမဦးဆုံးအကြိမ် ဖြစ်သည်။ နိုင်ငံတော်ခေတ်တွင်၊ ငါ၏အမှုသည် သိမ်းပိုက်ရန်နှင့် စုံလင်စေရန် ဖြစ်သည်၊ ထို့ကြောင့် ငါသည် ငါ၏ ထိန်းကျောင်းခြင်းအမှုကို လူ့ဇာတိ၌ တစ်ဖန် လုပ်ဆောင်ပေသည်။ ဤသည်မှာ ငါ ဒုတိယအကြိမ် လူ့ဇာတိ၌ အမှုပြုခြင်း ဖြစ်သည်။ အမှု၏ နောက်ဆုံး နှစ်ဆင့်တွင်၊ လူတို့ ထိတွေ့သည့်အရာမှာ မမြင်နိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင်ပြု၍ မရသည့် ဝိညာဉ်တော် မဟုတ်တော့ဘဲ၊ လူ့ဇာတိအဖြစ် အမှန်တကယ် ဖြစ်ပေါ်သည့် ဝိညာဉ်တော်ဖြစ်သော လူတစ်ဦး ဖြစ်သည်။ ထို့ကြောင့်၊ လူသား၏ အမြင်တွင်၊ ငါသည် ဘုရားသခင်၏ အသွင်နှင့် ခံစားချက် မရှိသည့် လူသားတစ်ဦး တစ်ဖန် ဖြစ်လာသည်။ ထို့အပြင်၊ လူတို့မြင်သည့် ဘုရားသခင်သည် အမျိုးသားဖြစ်သည်သာမက အမျိုးသမီးလည်း ဖြစ်သည်၊ ယင်းသည် ၎င်းတို့အဖို့ အလွန်အံ့အားသင့်ဖွယ်ကောင်းဆုံးနှင့် အတွေးရအခက်ဆုံး ဖြစ်သည်။ အကြိမ်အကြိမ် အဖန်အဖန် ငါ၏ ထူးခြားသော အမှုသည် နှစ်ပေါင်းများစွာကြာ ကိုင်စွဲထားသော ယုံကြည်မှုဟောင်းများကို အစိတ်စိတ်အမြွာမြွာ ကွဲကြေစေပြီးဖြစ်သည်။ လူတို့သည် ရင်သပ်ရှုမောဖြစ်ကြရသည်။ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်၊ ဝိညာဉ်တော်၊ ခုနစ်ဆ ပြင်းထန်သည့် ဝိညာဉ်တော်၊ သို့မဟုတ် အရာခပ်သိမ်းကို လွှမ်းခြုံသော ဝိညာဉ်တော်ဖြစ်ရုံမျှမက၊ လူသားတစ်ဦး- သာမန်လူတစ်ဦး၊ အထူးပင် သာမညဖြစ်သော လူသားတစ်ဦးလည်း ဖြစ်၏။ သူသည် အမျိုးသားဖြစ်သည်သာမက၊ အမျိုးသမီးလည်း ဖြစ်၏။ ၎င်းတို့သည် လူသားများထံ မွေးဖွားကြရာတွင် တူညီကြပြီး၊ တစ်ဦးက သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲယူပြီး အခြားတစ်ဦးသည် ဝိညာဉ်တော်ထံမှ တိုက်ရိုက် ဆင်းသက်သော်လည်း၊ လူသားတစ်ဦးထံ မွေးဖွားသည်ဆိုရာတွင် မတူညီကြချေ။ နှစ်ဦးလုံးသည် အဖဘုရားသခင်၏အမှုကို ဘုရားသခင်၏လူ့ဇာတိက ဆောင်ရွက်ရာတွင် ဆင်တူကြပြီး၊ တစ်ဦးက ရွေးနုတ်ခြင်းအမှုကို ဆောင်ရွက်သော်လည်း အခြားတစ်ဦးက သိမ်းပိုက်ခြင်း အမှုကို ဆောင်ရွက်ရာတွင် မတူညီကြချေ။ နှစ်ဦးလုံးသည် အဖဘုရားသခင်ကို ကိုယ်စားပြုသော်လည်း တစ်ဦးသည် မေတ္တာနှင့် ကရုဏာတို့ဖြင့် ပြည့်နေသော ရွေးနုတ်ရှင်ဖြစ်ပြီး၊ အခြားတစ်ဦးမှာ အမျက်ဒေါသနှင့် တရားစီရင်ခြင်းတို့ဖြင့် ပြည့်နေသည့် ဖြောင့်မတ်ခြင်း၏ ဘုရားသခင်ဖြစ်၏။ တစ်ဦးသည် ရွေးနုတ်ကယ်တင်ခြင်း အမှုကို စတင်ခဲ့သည့် ဦးစီးချုပ်ဖြစ်သော်လည်း၊ အခြားတစ်ဦးသည် သိမ်းပိုက်ခြင်း အမှုကို

ပြီးမြောက်သည့် ဖြောင့်မတ်သော ဘုရားသခင်ဖြစ်၏။ တစ်ဦးသည် အစဖြစ်ကာ အခြားတစ်ဦးသည် အဆုံးဖြစ်၏။ တစ်ဦးသည် အပြစ်မဲ့သော လူ့ဇာတိဖြစ်သော်လည်း၊ အခြားတစ်ဦးသည် ရွေးနုတ်ခြင်းကို ပြီးစီးစေပြီး အမှုကို ဆက်လက် ဆောင်ရွက်ကာ မည်သည့်အခါမျှ အပြစ်မရှိသည့် လူ့ဇာတိဖြစ်သည်။ နှစ်ဦးလုံးသည် ဝိညာဉ်တော်တစ်ခုတည်း ဖြစ်သော်လည်း၊ ကွဲပြားသော လူ့ဇာတိများတွင် နေထိုင်ကာ ကွဲပြားသော နေရာများတွင် မွေးဖွားခဲ့ကြပြီး၊ ၎င်းတို့သည် နှစ်ပေါင်း ထောင်ပေါင်းများစွာ ခြား၏။ သို့သော်၊ ၎င်းတို့၏အမှုအားလုံးသည် မည်သည့်အခါမျှ ကွဲလွဲခြင်းမရှိဘဲ၊ နှစ်ဦးနှစ်ဖက် လိုက်ဖက်ကြပြီး၊ တစ်ချိန်တည်း ပြောဆို၍ရသည်။ နှစ်ဦးလုံးသည် လူများဖြစ်သော်လည်း၊ တစ်ဦးသည် သားယောကျ်ားလေး ဖြစ်ကာ အခြားတစ်ဦးသည် မွေးကင်းစ မိန်းကလေးဖြစ်၏။ ဤနှစ်များစွာကြာ၊ လူတို့ မြင်ထားသည့်အရာမှာ ဝိညာဉ်တော်ဖြစ်သည်သာမက၊ လူယောကျ်ား လူသားတစ်ဦး ဖြစ်သည်သာမက၊ လူ့အယူအဆများနှင့် မကိုက်ညီသည့် အရာများစွာလည်း ဖြစ်သည်။ ထိုသို့ဖြစ်သဖြင့်၊ လူတို့သည် ငါ့ကို မည်သည့်အခါတွင်မျှ အပြည့်အဝ နားမလည်နိုင်ကြပေ။ ၎င်းတို့သည် ငါ တည်ရှိသော်လည်း အရိပ်ပမာ အိပ်မက်တစ်ခုလည်း ဖြစ်သည့်အလား ငါ့ကို ယုံတစ်ဝက် မယုံတစ်ဝက် ဖြစ်မြဲ ဖြစ်နေကြသည်၊ ယင်းမှာ ယနေ့ထက်ထိ၊ လူတို့က ဘုရားသခင် အဘယ်အရာဖြစ်သည်ကို မသိကြသေးသည့် အကြောင်းရင်း ဖြစ်သည်။ သင်သည် ငါ့ကို ရိုးရှင်းသည့် ဝါကျတစ်ကြောင်းတည်းဖြင့် အမှန်တကယ် အကျဉ်းရုံးဖော်ပြနိုင်သလော။ “ယေရှုသည် ဘုရားသခင်မှလွဲ၍ အခြားမဟုတ်သကဲ့သို့၊ ဘုရားသခင်သည်လည်း ယေရှုမှလွဲ၍ အခြားမဟုတ်” ဟု သင် အမှန်တကယ် ဆိုဝံ့သလော။ “ဘုရားသခင်သည် ဝိညာဉ်တော်မှလွဲ၍ အခြားမဟုတ်သကဲ့သို့၊ ဝိညာဉ်တော်သည် ဘုရားသခင်မှလွဲ၍ အခြားမဟုတ်” ဟု သင်သည် ဆိုဝံ့သလောက် အမှန်တကယ် အလွန်ရဲဝံ့သလော။ “ဘုရားသခင်သည် လူ့ဇာတိကို ဆင်မြန်းထားသည့် လူသားတစ်ဦးသာ ဖြစ်သည်” ဟု ဆိုရန် စိတ်သက်သောင့်သက်သာရှိသလော။ “ယေရှု၏ ပုံသဏ္ဍာန်သည် ဘုရားသခင်၏ ကြီးမြတ်သော ပုံသဏ္ဍာန်ဖြစ်သည်” ဟု အခိုင်အမာဆိုရန် သတ္တိ သင်၌ အမှန်တကယ် ရှိသလော။ ဘုရားသခင်၏ စိတ်သဘောထားနှင့် ပုံသဏ္ဍာန်ကို စေ့စပ်သေချာစွာ ရှင်းပြရန် သင်၏ စကားပြောကောင်းခြင်းကို သင် အသုံးနိုင်သလော။ “ဘုရားသခင်သည် သူ၏ သဏ္ဍာန်နှင့်အညီ အမျိုးသမီးများ မဟုတ်ဘဲ အမျိုးသားကိုသာ ဖန်ဆင်းခဲ့သည်” ဟု သင် အမှန်တကယ် ပြောဝံ့သလော။ သင်သည် ဤသို့ပြောပါက၊ ငါရွေးချယ်သည့်အထဲတွင် အမျိုးသမီး ရှိမည်မဟုတ်ဘဲ၊ အမျိုးသမီးများသည် လူသားမျိုးနွယ်၏ အတန်းအစားတစ်ခု သာ၍ပင် ဖြစ်မည် မဟုတ်ပေ။ ယခုတွင်

ဘုရားသခင်က မည်သည့်အရာဖြစ်သည်ကို သင် အမှန်တကယ် သိပြီလော။ ဘုရားသခင်သည် လူသားတစ်ဦးလော။ ဘုရားသခင်သည် ဝိညာဉ်တစ်ပါးလော။ ဘုရားသခင်သည် အမှန်တကယ် အမျိုးသား တစ်ဦးလော။ ငါ လုပ်ဆောင်ရမည့် အမှုကို ယေရှုသာ ပြီးစီးစေနိုင်သလော။ ငါ၏အနှစ်သာရကို အချုပ်ဖော်ပြရန် အထက်ပါအနက် တစ်ခုကိုသာ သင်ရွေးချယ်ပါက၊ သင်သည် အလွန့်အလွန် မသိနားမလည်သည့် သစ္စာစောင့်သည့် ယုံကြည်သူတစ်ဦး ဖြစ်ပေလိမ့်မည်။ ငါသည် တစ်ကြိမ် တစ်ခါတည်းသာ လူ့ဇာတိခံ ခန္ဓာအဖြစ် အမှုပြုခဲ့ပါက၊ သင်သည် ငါ့ကို ဘောင်ခတ်မည်လော။ ငါ့ကို အကြည့်တစ်ချက်ဖြင့် သင်သည် အမှန်တကယ် လုံးလုံးလျားလျား နားလည်နိုင်မည်လော။ သင်၏ တစ်သက်တာအတွင်း သင်နှင့် ထိတွေ့ခဲ့သည့် အရာအပေါ် အခြေခံ၍ ငါ့ကို သင် အမှန်တကယ် လုံးဝ အကျဉ်းရုံးဖော်ပြနိုင်သလော။ ငါသည် ငါ၏ လူ့ဇာတိခံခြင်းနှစ်ခုလုံးတွင် တူညီသည့် အမှုကို ပြုခဲ့ပါက၊ သင်တို့သည် ငါ့ကို မည်သို့ သဘောပေါက်မည်နည်း။ သင်တို့သည် ငါ့ကို ကားတိုင်ပေါ် အစဉ်အမြဲ သံမှိုရိုက်လျက် ထားရစ်မည်လော။ ဘုရားသခင်သည် သင် အခိုင်အမာဆိုသလောက် ရိုးရှင်းသလော။

သင်တို့၏ ယုံကြည်ခြင်းသည် လွန်စွာစစ်မှန်သော်လည်း၊ သင်တို့အထဲမှ မည်သူမျှ ငါ့အကြောင်းကို အပြည့်အဝ မပြောပြနိုင်ကြ၊ မည်သူမျှ သင်တို့ မြင်သည့် အချက်အလက်များအားလုံးကို အပြည့်အဝ သက်သေမခံနိုင်ကြချေ။ ယင်းနှင့်ပတ်သက်၍ စဉ်းစားကြည့်ကြလော့- ယနေ့တွင်၊ သင်တို့အများစုသည် သင်တို့၏ တာဝန်များကို ပျက်ကွက်နေကြ၏၊ ယင်းအစား ဇာတိပကတိကို လိုက်စားနေကြသည်၊ ဇာတိပကတိကို ဆန္ဒဖြည့်နေကြပြီး ဇာတိပကတိကို လောဘတကြီး မွေ့လျော်ခံစားနေကြ၏။ သင်တို့သည် မပြောပလောက်သော သမ္မာတရား ပိုင်ဆိုင်ကြ၏။ သို့ဆိုလျှင် သင်တို့ မြင်ပြီးသမျှအားလုံးအဖို့ မည်သို့ သက်သေခံနိုင်မည်နည်း။ သင်တို့သည် ငါ၏သက်သေများဖြစ်နိုင်သည်ဟု အမှန်တကယ် မိမိကိုယ်ကိုယ် ယုံကြည်စိတ်ချနိုင်ကြသလော။ ယနေ့ သင် မြင်တွေ့ပြီးသမျှအားလုံးကို သင် သက်သေမခံနိုင်သည့်နေ့တစ်နေ့ ရောက်လာပါက၊ သင်သည် ဖန်ဆင်းခံသတ္တဝါများ၏ အသုံးဝင်မှု ဆုံးရှုံးပြီး ဖြစ်လိမ့်မည်ဖြစ်ပြီး၊ သင်၏ တည်ရှိခြင်းအတွက် မည်သည့်အဓိပ္ပါယ်မျှ ရှိမည်မဟုတ်ပေ။ သင်သည် လူသားတစ်ဦး ဖြစ်ထိုက်လိမ့်မည် မဟုတ်။ သင်သည် လူသားတစ်ဦး ဖြစ်လိမ့်မည် မဟုတ်ဟုပင် ပြော၍ရနိုင်သည်။ ငါသည် သင့်အပေါ် အတိုင်းမသိ အမှုကို လုပ်ဆောင်ပြီးဖြစ်သော်လည်း၊ သင်သည် လောလောဆယ်တွင် မည်သည့်အရာကိုမျှ သင်ယူမနေ၊ မည်သည့်အရာမျှ မသိသကဲ့သို့ သင်၏ အားထုတ်မှုများ မထိရောက်သောကြောင့်၊ ငါ၏အမှုကို တိုးချဲ့ရန်

ငါ့အတွက် အချိန်ကျလာသည့်အခါတွင်၊ သင်သည် အာစေးထည့်ထား၍ လုံး၀ အသုံးမကျဘဲ ေးကြောင်ကြည့်ရုံသာ ကြည့်လိမ့်မည် ဖြစ်သည်။ ယင်းက သင့်ကို အစဉ်အမြဲ အပြစ်သား ဖြစ်စေမည် မဟုတ်လော။ အချိန်ကျသည့်အခါ၊ သင်သည် အကြီးမားဆုံးသော နောင်တ ခံစားရမည် မဟုတ်လော။ သင်သည် သာ၍ဆိုးရွားစွာ
စိတ်ပျက်လက်ပျက်ဖြစ်လိမ့်မည်မဟုတ်လော။ ယနေ့ ငါ၏အမှုအားလုံးသည် အားနေခြင်းနှင့် ပျင်းရိရာမှ လုပ်ဆောင်သည်မဟုတ်ဘဲ၊ ငါ၏ အနာဂတ်အမှုအတွက် အခြေခံအုတ်မြစ် ချခင်းရန် လုပ်ဆောင်နေခြင်း ဖြစ်သည်။ ငါသည် ထွက်ပေါက်မရှိသော အခြေအနေတွင်ရှိပြီး အသစ်သောအရာတစ်ခုကို အကြံထုတ်ဖို့ လိုအပ်သောကြောင့် မဟုတ်ပေ။ ငါ လုပ်ဆောင်သည့် အမှုကို သင် နားလည်သင့်သည်။ ယင်းသည် လမ်းပေါ်၌ ကစားနေသော ကလေးတစ်ဦးက လုပ်ဆောင်သည့် အရာတစ်ခုမဟုတ်ဘဲ၊ ငါ့အဖကို ကိုယ်စားပြုခြင်းဖြင့် လုပ်ဆောင်သည့် အမှုဖြစ်သည်။ ဤအရာအားလုံးကို ငါကိုယ်တိုင် တစ်ဦးတည်း လုပ်ဆောင်နေခြင်း မဟုတ်သည်ကို သင်တို့သိသင့်သည်။ ယင်းထက်၊ ငါသည် ငါ့အဖကို ကိုယ်စားပြုခြင်း ဖြစ်သည်။ ဤအတောအတွင်း၊ သင်တို့၏ အခန်းကဏ္ဍသည် တစ်သဝေမတိမ်း လိုက်လျှောက်ရန်၊ နာခံရန်၊ ပြောင်းလဲရန်နှင့် သက်သေခံရန် ဖြစ်သည်။ သင်တို့ နားလည်သင့်သည်မှာ ငါ့ကို သင်တို့ ယုံကြည်သင့်သည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ သင်တို့ အသီးသီး နားလည်ရမည့် အရေးကြီးဆုံး မေးခွန်းဖြစ်သည်။ ငါ့အဖသည် သူ၏ ဘုန်းအသရေအတွက် ဤလောကကို သူ ဖန်ဆင်းခဲ့သည့် အခိုက်အတန့်မှ သင်တို့အားလုံးကို ငါ့အတွက် ရှေးမဆွက ခွဲခန့်မှတ်သားပြီးဖြစ်၏။ သင်တို့ကို သူ ခွဲခန့်မှတ်သားထားသည်မှာ ငါ၏အမှုအတွက်ဖြစ်ပြီး၊ သူ၏ ဘုန်းအသရေအတွက် ဖြစ်သည်။ သင်တို့ ငါ့ကို ယုံကြည်ကြသည်မှာ ငါ၏ ဖခမည်းတော်ကြောင့် ဖြစ်သည်။ သင်တို့ ငါ့နောက်လိုက်ကြသည်မှာ ငါ၏ အဖခမည်းတော်၏ ရှေးမဆွက ခွဲခန့်မှတ်သားခြင်းကြောင့် ဖြစ်သည်။ ဤအရာထဲမှ မည်သည့်အရာမျှ သင်တို့ကိုယ်တိုင်၏ ရွေးချယ်မှု မဟုတ်ပေ။ သာ၍ အရေးကြီးသည်မှာ ငါ့ကို သက်သေခံခြင်း ရည်ရွယ်ချက်အတွက် ငါ၏ ဖခမည်းတော်က ငါ့အပေါ် အပ်နှင်းသူများမှာ သင်တို့ ဖြစ်သည်ကို သင်တို့ နားလည်ရန် ဖြစ်သည်။ သင်တို့ကို ငါ့အား သူပေးခဲ့သောကြောင့်၊ သင်တိုသည် သင်တို့အပေါ် ငါ အပ်နှင်းသော လမ်းခရီးများအပြင် သင်တို့ကို ငါ သွန်သင်သည့် လမ်းခရီးများနှင့် နှုတ်ကပတ်တော်များကို လိုက်နာသင့်သည်။ အဘယ်ကြောင့်ဆိုသော် ငါ၏ လမ်းခရီးများကို လိုက်နာစောင့်ထိန်းရန်မှာ သင်တို့၏ တာဝန်ဖြစ်သည့်အတွက် ဖြစ်သည်။ ဤသည်မှာ ငါ့ကို သင်တို့ ယုံကြည်ခြင်း၏ မူလရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် သင်တို့ကို ငါ ပြောသည်မှာ- သင်တို့သည် ငါ၏ လမ်းခရီးများကို လိုက်နာရန် ငါ့အဖက ငါ့အပေါ်

အပ်နှင်းထားသော သူများသာ ဖြစ်သည်။ သို့ရာတွင်၊ သင်တို့သည် ငါ့ကို ယုံကြည်ရုံသာ ယုံကြည်ကြ၏။ သင်တို့သည် ဣသရေလမိသားစုမှ မဟုတ်ဘဲ၊ ထိုအစား ရှေးဟောင်းမြွေ၏ အမျိုးဖြစ်သောကြောင့် ငါနှင့် မသက်ဆိုင်ကြချေ။ သင်တို့လုပ်ဆောင်ရန် ငါတောင်းဆိုသမျှမှာ ငါ့အတွက် သက်သေခံရန် ဖြစ်သော်လည်း၊ ယနေ့တွင် သင်တို့သည် ငါ၏ လမ်းခရီးများ၌ လျှောက်လှမ်းကြရမည်ဖြစ်သည်။ ဤအရာအားလုံးသည် အနာဂတ် သက်သေခံချက်အတွက် ဖြစ်၏။ ငါ၏ လမ်းခရီးများကို နားထောင်သည့် လူများအဖြစ်သာ သင်တို့ လုပ်ဆောင်ပါက၊ သင်တို့သည် တန်ဖိုးရှိလိမ့်မည် မဟုတ်သကဲ့သို့၊ သင်တို့ကို ငါ၏ ခမည်းတော်က ငါ့အပေါ် အပ်နှင်းရခြင်း၏ အရေးပါမှု ပျောက်ဆုံးလိမ့်မည် ဖြစ်သည်။ သင်တို့ကို ငါ ခိုင်ခိုင်မာမာ ပြောသည်မှာ- သင်တို့သည် ငါ၏ လမ်းခရီးများတွင် လျှောက်လှမ်းသင့်ကြပေသည်။

# စစ်မှန်သောလူတစ်ယောက် ဖြစ်ခြင်းဆိုသည်မှာ

လူသားကို စီမံခန့်ခွဲရန်မှာ အမြဲ ငါ၏ တာဝန်ဖြစ်သည်။ ထို့အပြင် လူကို သိမ်းပိုက်ခြင်းသည် ကမ္ဘာလောကကို ငါဖန်ဆင်းခဲ့ချိန်က ငါ စီမံခဲ့သည့်အရာ ဖြစ်သည်။ နောက်ဆုံးသော ကာလတွင် ငါသည် လူကို လုံးဝ သိမ်းပိုက်လိမ့်မည်ကို သို့မဟုတ် လူသားမျိုးနွယ်ထဲမှ ပုန်ကန်သူများကို သိမ်းပိုက်ခြင်းသည် စာတန်နှင့်ဆိုင်သည့် ငါ၏အနိုင်ရခြင်း သက်သေအထောက်အထား ဖြစ်သည်ကို လူတို့ သိကောင်းသိနိုင်မည် မဟုတ်ပေ။ သို့သော် ငါ၏ရန်သူသည် ငါနှင့်တိုက်ပွဲဝင်သည့်အခါ၊ ငါသည် စာတန်က ဖမ်းဆီးချုပ်နှောင်ကာ ၎င်း၏ သားသမီးများ၊ ၎င်း၏ အိမ်ကို စောင့်ကြပ်ရသည့် သစ္စာရှိသော အစေခံများအဖြစ် ဖြစ်စေခြင်းခံရသူများကို သိမ်းပိုက်မည်ဖြစ်သည်ကို ငါ ပြောနှင့်ခဲ့ပေသည်။ သိမ်းပိုက်သည်ဆိုခြင်း၏ မူလအဓိပ္ပာယ်မှာ အနိုင်ယူရန်၊ အရှက်ရခြင်းကိုခံစေရန် ဖြစ်သည်။ ဣသရေလလူမျိုးများ၏ ဘာသာစကားအရ၊ ယင်းသည် လုံးဝ အနိုင်ယူရန်၊ ဖျက်ဆီးရန်နှင့် ငါကို ဆန့်ကျင်ခုံခံနိုင်စွမ်း မရှိဖြစ်စေရန် ဖြစ်သည်။ သို့သော် ယနေ့တွင် သင်တို့အလယ် အသုံးပြုသည့်အခါ၊ ယင်း၏အဓိပ္ပာယ်မှာ သိမ်းပိုက်ရန် ဖြစ်သည်။ ငါ၏ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်ထဲမှ ဆိုးယုတ်သောသူ တစ်ဦးအနေဖြင့် ငါ၏ အမှုကို နှောင့်ယှက်ရန် သို့မဟုတ် အစီအစဉ်ပျက်စေရန် ထွက်သက်ဝင်သက် ရှိဖို့မဆိုထားနှင့်၊ ငါ့ကို မပုန်ကန်တော့ရန်အလို့ငှာ၊ လုံးဝ အဆုံးသတ်စေရန်နှင့် အပြီးအပိုင် ချေမှုန်းရန် အမြဲ ဖြစ်သည်ကို သင်တို့ သိသင့်ကြသည်။ ထို့ကြောင့် လူသားနှင့်ပတ်သက်သရွေ့ ဤစကားလုံးသည် သိမ်းပိုက်ခြင်းဟု အဓိပ္ပာယ် ရလာပြီးဖြစ်သည်။ ဝေါဟာရ၏ ဂယက်အနက်များ မည်သို့ဖြစ်ပါစေ ငါ၏အမှုမှာ

လူသားမျိုးနွယ်ကို အောင်နိုင်ရန် ဖြစ်သည်။ လူသားမျိုးနွယ်သည် ငါ၏အမှုအတွက် အဖြည့်ခံတစ်ခု ဖြစ်သည်မှာ၊ သာ၍တိကျစွာ ပြောရလျှင် လူသားမျိုးနွယ်သည် ငါ၏ရန်သူသာ ဖြစ်သည်မှာ တစ်ခဏ မှန်ပေသည်။ လူသားမျိုးနွယ်သည် ငါ့ကို ဆန့်ကျင်ကာ မနာခံသည့် ဆိုးယုတ်သူတစ်ဦး ဖြစ်သည်။ လူသားမျိုးနွယ်သည် ငါ၏ကျိန်ခြင်းခံထားရသော ဆိုးယုတ်သူ တစ်ဦး၏ သားသမီးသာ ဖြစ်သည်။ လူသားမျိုးနွယ်သည် ငါ့ကို သစ္စာဖောက်ခဲ့သော ကောင်းကင်တမန်မင်း၏ သားစဉ်မြေးဆက်သာ ဖြစ်သည်။ လူသားမျိုးနွယ်သည် အချိန်ကြာမြင့်စွာက ငါ၏ ပစ်ပယ်ခြင်း ခံခဲ့ရပြီး၊ ထိုအချိန်ကတည်းက ငါနှင့် မကျေအေးနိုင်သော ရန်သူဖြစ်ပြီးလေသည့် နတ်ဆိုး၏ အမွေအနှစ်သာ ဖြစ်သည်။ လူသားမျိုးနွယ်တစ်ရပ်လုံးအထက်က ကောင်းကင်သည် ရှင်းလင်းပြတ်သားမှု အသွင် စိုးစဉ်းမျှမရှိဘဲ၊ နောက်ကျိကာ မှောင်မည်းပြီး၊ လူ့လောကထဲ အသက်ရှင်သောသူတစ်ဦးသည် မိမိမျက်နှာရှေ့ ဆန့်တန်းထားသော မိမိ၏လက်ကိုပင် မမြင်နိုင်ရန် သို့မဟုတ် သူ၏ ခေါင်းကို မော့သည့်အခါ နေကို မမြင်နိုင်ဖို့အလို့ငှာ၊ လူ့လောကသည် ပိန်းပိတ်အောင် မည်းမှောင်သည့် အမှောင်ထုထဲသို့ ထိုးဆင်းလေသည်။ ဗွက်ထူကာ ချိုင့်များထူပြောသည့် သူ၏ခြေအောက်က လမ်းသည် အကွေ့အကောက်ဖြင့် လှည့်ပတ်ကွေ့ကောက် သွားလေသည်။ မြေတစ်ပြင်လုံး အလောင်းကောင်များ ပြန့်ကျဲနေသည်။ မှောင်မည်းနေသော ထောင့်နေရာများသည် လူသေအလောင်းများဖြင့် ပြည့်နေပြီး၊ အေးစက်ပြီး မှောင်ရိပ်ကျနေသည့် ထောင့်နေရာများတွင် မကောင်းဆိုးဝါးတစ်သိုက် နေထိုင်ကြပြီး ဖြစ်သည်။ လူသားကမ္ဘာ၏ နေရာအနှံ့တွင် မကောင်းဆိုးဝါးများသည် အုံလိုက်ကျင်းလိုက် သွားလာနေကြသည်။ အညစ်အကြေးဖြင့် ဖုံးလွှမ်းလျက် သားရဲမျိုးစုံ၏ သားသမီးများသည် ပြင်းထန်သော အနီးကပ် တိုက်ပွဲ၌ ပိတ်မိနေကြသည်၊ ထိုတိုက်ပွဲ၏အသံသည် စိတ်နှလုံးကို တုန်လှုပ်ခြောက်ခြားသွားစေ၏။ ထိုသို့သော အချိန်ကာလများတွင်၊ ထိုသို့သောလောကတစ်ခု၊ ထိုသို့သော "လောက ပရဒိသုဘုံ" တစ်ခုတွင်၊ ဘဝ၏ ကြီးစွာသော ဝမ်းမြောက်ခြင်းကို အဘယ်မှာ သွားရှာရမည်နည်း။ မိမိဘဝ၏ ခရီးပန်းတိုင်ကို ရှာတွေ့ရန် အဘယ်သို့ သွားနိုင်မည်နည်း။ စာတန်၏ ခြေအောက်၌ အချိန်ကြာမြင့်စွာက နင်းခြေခြင်းခံခဲ့ရသော လူသားမျိုးနွယ်သည် အစကတည်းက စာတန်၏ သဏ္ဌာန်ကို ဆောင်ထားသော သရုပ်ဆောင် ဖြစ်သည်- ထို့ထက်ပို၍ လူသားမျိုးနွယ်သည် စာတန်၏ ပြယုဂ်ဖြစ်ပြီး၊ စာတန်ကို သိသာထင်ရှားစွာ သက်သေခံသည့် သက်သေအထောက်အထားအဖြစ် အစေခံပေသည်။ ထိုသို့သော လူသားမျိုးနွယ်၊ ထိုသို့သော အကျင့်ပျက် လူဖျင်းတစ်သိုက်၊ ဤဖောက်ပြန်ပျက်စီးသည့် လူမိသားစု၏ ထိုသို့သော သားသမီးများသည် ဘုရားသခင်အဖို့

အဘယ်သို့ သက်သေခံနိုင်မည်နည်း။ ငါ၏ဘုန်းအသရေသည် အဘယ်ကလာသနည်း။ ငါ၏သက်သေကို မည်သည့်နေရာမှ စ၍ပြောဆိုနိုင်မည်နည်း။ အကြောင်းမှာ လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေလျက် ငါ့ကိုဆန့်ကျင်သည့် ရန်သူသည် လူသားမျိုးနွယ်ကို- ကာလကြာမြင့်စွာက ငါဖန်ဆင်းခဲ့ပြီး ငါ၏ဘုန်းအသရေနှင့် ငါ၏အသက်ရှင်နေထိုင်ခြင်းတို့နှင့် ပြည့်နေခဲ့သည့် လူသားမျိုးနွယ်ကို- ယူဆောင်သွားနှင့်ပြီးဖြစ်ကာ ညစ်ပေစေပြီး ဖြစ်သောကြောင့် ဖြစ်သည်။ ၎င်းသည် ငါ၏ဘုန်းအသရေကို လုယူသွားပြီးဖြစ်ကာ ၎င်းက လူသားကို ပြည့်ဝစေပြီးဖြစ်သည့်အရာ အားလုံးမှာ စာတန်၏ အကျည်းတန်မှုဖြင့် အလွန်အကျွံ ဖွဲ့နှောင်ထားသည့် အဆိပ်နှင့် ကောင်းမကောင်း သိကျွမ်းရာ အပင်၏ အသီးမှ အရည်တို့ ဖြစ်သည်။ အစအဦး၌၊ ငါသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့၏။ ဆိုလိုသည်မှာ လူသားမျိုးနွယ်၏ ဘိုးဘေးဖြစ်သော အာဒံကို ငါဖန်ဆင်းခဲ့သည်။ သူသည် အားမာန်ဖြင့် ပြည့်လျှမ်းသည့်၊ အသက်ပါမှုတို့ဖြင့် ပြည့်လျှမ်းသည့် သဏ္ဍာန်နှင့် ပုံရိပ်ကို အပ်နှင်းခံခဲ့ရပြီး၊ ထို့အပြင် ငါ၏ဘုန်းအသရေက အတူပါရှိခဲ့သည်။ ယင်းမှာ လူသားကို ငါဖန်ဆင်းခဲ့သည့် မွန်မြတ်သောနေ့ရက် ဖြစ်ခဲ့သည်။ ထို့နောက်တွင်၊ အာဒံ၏ ခန္ဓာကိုယ်မှ ဧဝကို ဖြစ်စေခဲ့ပြီး၊ သူမသည်လည်း လူသား၏ ဘိုးဘေးဖြစ်ခဲ့ကာ၊ ထို့ကြောင့် ငါ ဖန်ဆင်းခဲ့သော လူတို့သည် ငါ၏အသက်ဇီဝနှင့် ငါ၏ဘုန်းအသရေတို့ဖြင့် ပြည့်လျှမ်းခဲ့သည်။ အာဒံသည် မူလအားဖြင့် ငါ့လက်မှ ဖြစ်ပွားစေခဲ့သူ ဖြစ်ပြီး ငါ့ပုံသဏ္ဍာန်၏ ကိုယ်စားပြုခြင်း ဖြစ်သည်။ ထို့ကြောင့် "အာဒံ" ၏ မူရင်းအဓိပ္ပာယ်သည် သဏ္ဍာန်နှင့် ပုံရိပ်တို့ရှိလျက်၊ စိတ်ဝိညာဉ်နှင့် ဇီဝအသက်တို့ ရှိလျက်၊ ငါ၏အလွန်အရေးပါသော အားအင်၊ ငါ၏ ဘုန်းအသရေဖြင့် ပြည့်ဝခဲ့သည့် ငါဖန်ဆင်းသော သတ္တဝါတစ်ဦး ဖြစ်ခဲ့သည်။ အာဒံသည် ဝိညာဉ်ရှိသည့်၊ ငါ့ကို ကိုယ်စားပြုနိုင်စွမ်း ရှိသူ၊ ငါ့ပုံသဏ္ဍာန်ကို ဆောင်နိုင်စွမ်းရှိကာ ငါ၏ဇီဝအသက်ကို လက်ခံရရှိနိုင်စွမ်းရှိသည့် တစ်ဦးတည်းသော ဖန်ဆင်းခံသတ္တဝါ ဖြစ်သည်။ အစအဦး၌ ဧဝသည် ငါ စီမံခဲ့သည့် ဇီဝအသက် နှင်းအပ်ခံရသော ဖန်ဆင်းခြင်းဖြင့် ဒုတိယမြောက် လူသားဖြစ်ပြီး ထို့ကြောင့် "ဧဝ"၏ မူလအဓိပ္ပာယ်မှာ ငါ၏ အသက်ပါမှုဖြင့် ပြည့်သည့်အပြင် ငါ၏ဘုန်းအသရေ နှင်းအပ်ခံရလျက်၊ ငါ၏ ဘုန်းအသရေကို ဆက်လက်ဖြစ်စေမည့် ဖန်ဆင်းခံသတ္တဝါတစ်ဦးဟု ဆိုလိုသည်။ ဧဝသည် အာဒံထံမှ ဖြစ်လာခဲ့သည်၊ ထို့ကြောင့် သူသည် ငါ၏ သဏ္ဍာန်ဖြင့် ဖန်ဆင်းခံရသည့် ဒုတိယမြောက်လူသား ဖြစ်သည့်အတွက်၊ သူသည်လည်း ငါ၏ပုံသဏ္ဍာန်ကို ဆောင်ခဲ့ပေသည်။ "ဧဝ"၏ မူလအဓိပ္ပာယ်မှာ ဝိညာဉ်၊ အသွေးအသားနှင့် အရိုးရှိသည့် သက်ရှိလူသား ဖြစ်သည်၊ လူသားမျိုးနွယ်အလယ် ငါ၏ဒုတိယမြောက် သက်သေအပြင် ငါ၏ဒုတိယမြောက် ပုံသဏ္ဍာန် ဖြစ်သည်။ ၎င်းတို့သည်

လူသားမျိုးနွယ်၏ ဘိုးဘေးများ၊ လူသား၏ စစ်မှန်ပြီး အဖိုးတန်သော ရတနာဖြစ်ပြီး၊ အစပထမကတည်းက ဝိညာဉ် အပ်နှင်းခံခဲ့ရသည့် သက်ရှိသတ္တဝါများ ဖြစ်သည်။ သို့သော်လည်း၊ ဆိုးယုတ်သူသည် လူ့လောကကို ပကတိ အမှောင်ထဲသို့ ကျဆင်းသွားစေလျက်၊ လူသားမျိုးနွယ် ဘိုးဘေးများ၏ သားသမီးများကို နင်းခြေကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး၊ သားသမီးများက ငါ၏တည်ရှိခြင်းကို မယုံကြတော့စေရန်အလို့ငှာ ထိုသို့ပြုခဲ့သည်။ ထို့ထက်ပို၍ပင် စက်ဆုပ်ဖွယ်ကောင်းသည်မှာ ဆိုးယုတ်သူသည် လူများကို ဖောက်ပြန်ပျက်စီးစေပြီး ၎င်းတို့အန္တ နင်းခြေသည်နှင့်အမျှ၊ ၎င်းသည် လူတို့အပေါ် ငါအပ်နှင်းထားခဲ့သော ငါ့ဘုန်းအရေ၊ ငါ့သက်သေနှင့် အသက်ပါမှု၊ ၎င်းတို့အထဲသို့ ငါမှုတ်သွင်းခဲ့သော ထွက်သက်ဝင်သက်နှင့် အသက်၊ လူ့လောကထဲရှိ ငါ၏ ဘုန်းအသရေအားလုံးနှင့် လူသားမျိုးနွယ်အပေါ် ငါအသုံးပြုခဲ့သော နှလုံးသွေးအားလုံးကို ရက်ရက်စက်စက် မရမကဆွဲလု ယူနေပေသည်။ လူသားမျိုးနွယ်သည် အလင်းထဲ၌ မရှိကြတော့ပေ၊ လူတို့သည် ၎င်းတို့အပေါ် ငါ အပ်နှင်းခဲ့သော အရာအားလုံးကို ဆုံးရှုံးကြပြီးဖြစ်သကဲ့သို့၊ ငါ ပေးခဲ့သော ဘုန်းအသရေကို စွန့်ပစ်ကြပြီး ဖြစ်သည်။ ငါသည် ဖန်ဆင်းခံ သတ္တဝါအားလုံး၏ သခင်ဖြစ်သည်ကို ၎င်းတို့ အဘယ်သို့ အသိအမှတ် ပြုနိုင်မည်နည်း။ ၎င်းတို့သည် ကောင်းကင်ဘုံက ငါ၏ တည်ရှိခြင်းကို အဘယ်သို့ ဆက်လက်ယုံကြည်နိုင်ကြမည်နည်း။ ကမ္ဘာမြေပေါ်က ငါ၏ ဘုန်းအသရေ သရုပ်သကန်များကို ၎င်းတို့ မည်သို့ ရှာဖွေတွေ့ရှိနိုင်မည်နည်း။ ဤမြေးယောက်ျားများနှင့် မြေးမိန်းကလေးများသည် ၎င်းတို့၏ ဘိုးဘေးဘီဘင်များက ရိုသေလေးမြတ်ခဲ့သော ဘုရားသခင်ကို မိမိတို့ကို ဖန်ဆင်းခဲ့သော သခင်အဖြစ် မည်သို့ မှတ်ယူနိုင်ကြမည်နည်း။ ဤသနားစဖွယ် မြေးယောက်ျားများနှင့် မြေးမိန်းကလေးများသည် အာဒံနှင့် ဧဝအပေါ် ငါအပ်နှင်းခဲ့သော ဘုန်းအသရေ၊ ပုံသဏ္ဌာန်နှင့် သက်သေတို့အပြင်၊ လူသားမျိုးနွယ်အပေါ် ငါ အပ်နှင်းခဲ့ပြီး ၎င်းတို့ တည်ရှိဖို့ မှီခိုခဲ့ကြသည့် အသက်ကို ဆိုးယုတ်သူထံ ရက်ရောစွာ "ပေးအပ်ကြပြီးဖြစ်သည်"၊ ပြီးလျှင် ၎င်းတို့သည် ဆိုးယုတ်သူ တည်ရှိခြင်းကို အလွန်အမင်း သတိမပြုမိသကဲ့သို့၊ ငါ၏ဘုန်းအသရေအားလုံးကို ၎င်းထံ ပေးကြလေသည်။ ဤသည်မှာ "လူဖျင်းလူသွမ်း" ဟူသော ဂုဏ်ပုဒ်၏ တကယ့် အရင်းအမြစ် ဖြစ်သည်မဟုတ်လော။ ထိုသို့သော လူသားမျိုးနွယ်၊ ထိုသို့သော ဆိုးယုတ်သည့် မကောင်းဆိုးဝါးများ၊ ထိုသို့သော လမ်းလျှောက်နေသည့် အလောင်းကောင်များ၊ ထိုသို့သော စာတန်၏ သဏ္ဌာန်များနှင့် ထိုသို့သော ငါ၏ရန်သူများသည် ငါ၏ဘုန်းအသရေကို မည်သို့ ပိုင်ဆိုင်နိုင်မည်နည်း။ ငါ၏ဘုန်းအသရေကို ငါပြန်သိမ်းမည်၊ လူသားများအလယ် တည်ရှိသည့် ငါ၏ သက်သေနှင့်၊ တစ်ချိန်က ငါနှင့်သက်ဆိုင်ခဲ့ပြီး

လူသားမျိုးနွယ်ကို အချိန်ကြာမြင့်စွာက ငါပေးခဲ့သော အရာအားလုံးကို ငါပြန်သိမ်းမည်- ငါသည် လူသားမျိုးနွယ်ကို လုံး၀ သိမ်းပိုက်မည်။ သို့သော် ငါဖန်ဆင်းခဲ့သော လူသားများသည် ငါ၏ပုံသဏ္ဌာန်နှင့် ငါ၏ ဘုန်းအသရေကို သယ်ဆောင်သည့် သန့်ရှင်းသော လူများ ဖြစ်ခဲ့သည်ကို သင်သိသင့်သည်။ ၎င်းတို့သည် စာတန်နှင့် မသက်ဆိုင်ခဲ့ကြသကဲ့သို့ ၎င်း၏ နင်းခြေခြင်းလည်း မခံခဲ့ကြရဘဲ၊ စာတန်၏ အဆိပ်နှင့်ဆိုင်သည့် အရိပ်လက္ခဏာ စိုးစဉ်းမျှ မပါသည့် ငါ၏သရုပ်သကန် သက်သက် ဖြစ်ခဲ့သည်။ ထို့ကြောင့် ငါ၏လက်ဖြင့် ဖန်ဆင်းခဲ့သော၊ ငါ ချစ်မြတ်နိုးပြီး အခြားအရာနှင့် မသက်ဆိုင်သည့် သန့်ရှင်းသူများကိုသာ ငါအလိုရှိသည်ကို လူသားမျိုးနွယ်အား ငါသိစေ၏။ ထို့အပြင်၊ ၎င်းတို့၌ ငါသည် ပျော်ရွှင်ဝမ်းမြောက်မည် ဖြစ်ပြီး၊ ၎င်းတို့ကို ငါ၏ဘုန်းအသရေအဖြစ် မှတ်ယူမည်။ သို့သော်၊ ငါအလိုရှိသော အရာသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည့်၊ ယနေ့တွင် စာတန်နှင့် သက်ဆိုင်ပြီး ငါ၏မူလဖန်ဆင်းခြင်း မဟုတ်တော့သည့် လူသားမျိုးနွယ် မဟုတ်ပေ။ ငါသည် လူ့လောက၌ တည်ရှိနေသော ငါ၏ဘုန်းအသရေကို ပြန်သိမ်းရန် ရည်ရွယ်သောကြောင့်၊ စာတန်ကို အနိုင်ယူရာတွင် ငါ၏ ဘုန်းအသရေနှင့်ဆိုင်သော သက်သေအဖြစ် လူသားမျိုးနွယ်ထဲမှ ရှင်ကျန်သူများကို ငါ လုံး၀ သိမ်းပိုက်မည်။ ငါသည် ငါ၏သက်သေကိုသာ ငါကိုယ်တိုင်၏ ပုံဆောင်မှုအဖြစ်၊ ငါ၏ပျော်ရွှင်မှု ရည်မှန်းချက်အဖြစ် ငါ သဘောထားမည်။ ဤသည်မှာ ငါ၏အလို ဖြစ်သတည်း။

လူသားမျိုးနွယ်သည် ယနေ့ ၎င်းတို့ ရောက်ရှိနေသော နေရာသို့ ရောက်ဖို့ရန် သမိုင်းနှစ်ပေါင်း သောင်းချီကြာပြီးဖြစ်သည်၊ သို့သော် အစအဦး၌ ငါ ဖန်ဆင်းခဲ့သည့် လူသားမျိုးနွယ်သည် အချိန်ကြာမြင့်စွာကတည်းက ဆုတ်ယုတ်ခြင်းထဲသို့ ကျဆင်းပြီးဖြစ်သည်။ လူသားမျိုးနွယ်သည် ငါ အလိုဆန္ဒရှိသည့် လူသားမျိုးနွယ် မဟုတ်တော့သကဲ့သို့ ထို့ကြောင့် ငါ၏ အမြင်တွင် လူတို့သည် လူသားမျိုးနွယ်၏ အမည်ဖြင့် မထိုက်တန်တော့ပေ။ ယင်းထက် ၎င်းတို့သည် စာတန်က ဖမ်းဆီးချုပ်နှောင်ပြီးဖြစ်သည့် လူသားမျိုးနွယ်၏ လူဖျင်းလူသွမ်းများနှင့် စာတန်က မှီတင်းအခြေချထားကာ မိမိကိုယ်ကိုယ် အရေခြုံထားသည့် လမ်းလျှောက်နေသည့် ပုပ်ပွသော အလောင်းကောင်များ ဖြစ်သည်။ လူများသည် ငါ၏တည်ရှိခြင်းကို မယုံကြည်ကြသကဲ့သို့ ငါ၏ကြွလာခြင်းကိုလည်း မကြိုဆိုကြချေ။ လူသားမျိုးနွယ်သည် ငါ၏ တောင်းဆိုချက်များကို ယာယီခဏ လိုက်လျောရင်း တွန့်တိုစွာ တုံ့ပြန်ရုံတုံ့ပြန်ကြပြီး၊ အသက်တာ၏ ပျော်ရွှင်မှုနှင့် ဝမ်းနည်းမှုတို့တွင် ငါနှင့်အတူ စိတ်ရင်းအမှန်ဖြင့် မျှဝေမခံစားကြချေ။ လူတို့သည် ငါ့ကို နားမလည်နိုင်စရာဟု မြင်ကြသည့်အတွက်၊ ၎င်းတို့သည် လက်ရှိ ငါ၏ အလိုကို မဆိုထားနှင့်၊ ငါ၏ အမှုနှင့်ဆိုင်သည့်

အသိပညာ မရှိကြသည့်အတွက်၊ တန်ခိုးအာဏာရှိသူကို မျက်နှာချိုသွေးသည့် သဘောထားဖြင့် ငါ့ကို တွန့်တိုသော အပြုံးများ ပြုံးပြကြလေသည်။ ငါသည် သင်တို့နှင့်ပတ်သက်၍ ရိုးသားမည့်- အချိန်ကျလာသည့်အခါ၊ ငါ့ကို ကိုးကွယ်ကြသော သူများ၏ ဆင်းရဲဒုက္ခသည် သင်တို့ထက် သာ၍ ခံသာလိမ့်မည်။ အမှန်တွင်၊ ငါ၌ သင်တို့၏ ယုံကြည်ခြင်း အတိုင်းအတာသည် ယောဘ၏ ယုံကြည်ခြင်းကို မကျော်လွန်ချေ- ယုဒလူမျိုး ဖာရိရှဲများ၏ ယုံကြည်ခြင်းပင်လျှင် သင်တို့ထက် သာလွန်၏၊ ထို့ကြောင့် မီးနေ့ရက်သည် ကျရောက်လာပါက၊ သင်တို့၏ ဆင်းရဲဒုက္ခသည် ယေရှု၏ ပြစ်တင်မောင်းမဲခြင်း ခံခဲ့ရချိန် ဖာရိရှဲများ၏ ဆင်းရဲဒုက္ခထက်၊ မောရှေကို ဆန့်ကျင်ခဲ့ကြသော ခေါင်းဆောင် ၂၅၀ ၏ ဆင်းရဲဒုက္ခထက်၊ ယင်း၏ ပျက်စီးခြင်းနှင့်ဆိုင်သည့် ချစ်ချစ်တောက် ပူပြင်းသော မီးလျှံများအောက် သောဒုံမြို့၏ ဆင်းရဲဒုက္ခထက် သာ၍ကြီးလေးလိမ့်မည်။ မောရှေက ကျောက်တုံးကို ရိုက်ခဲ့သည့်အခါ ယေဟောဝါပေးသနားသောရေ ပန်းထွက်လာခဲ့ခြင်းသည် သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ဒါဝိဒ်သည် နှလုံးသားထဲ ရွှင်လန်းခြင်း အပြည့်နှင့် ငါယေဟောဝါကို ချီးမွမ်း၍ စောင်းတီးခဲ့သောအခါ သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ယောဘသည် တောင်များအပေါ် ပြည့်လျှံနေသော သူ၏ခြံမွေးတိရစ္ဆာန်နှင့် သူ၏ မပြောပြနိုင်လောက်သော စည်းစိမ်ချမ်းသာများ ဆုံးရှုံးသွားခဲ့ပြီး သူ၏ခန္ဓာကိုယ်သည် အနာစိမ်းများနှင့် ဖုံးလွှမ်းခံခဲ့ရသောအခါ သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ သူသည် ယေဟောဝါဖြစ်သော ငါ၏အသံကို ကြားနိုင်ခဲ့ပြီး၊ ငါ၏ ဘုန်းအာနုဘော်ကို မြင်နိုင်ခဲ့သောအခါ သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ပေတရုသည် ယေရှုခရစ်တော်နောက် လိုက်နိုင်ခဲ့ခြင်းမှာလည်း သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ သူသည် ငါ့အတွက်ကြောင့် ကားတိုင်ပေါ်မှာ သံမှိုစွဲနှက်ခြင်းခံရပြီး ကောင်းမြတ်သော သက်သေခံနိုင်ခဲ့သည်မှာလည်း သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ယောဟန်သည် လူသား၏ ကြီးမြတ်သော ပုံသဏ္ဌာန်ကို မြင်တွေ့ခဲ့သောအခါ သူ၏ ယုံကြည်ခြင်းအားဖြင့် ဖြစ်သည်။ သူသည် နောက်ဆုံးသော ကာလ၏ ရူပါရုံကို မြင်ခဲ့ရသည်မှာလည်း သူ၏ ယုံကြည်ခြင်းအားဖြင့် သာ၍ပင် ဖြစ်သည်။ မြောက်မြားလှစွာသော တစ်ပါးအမျိုးသား တိုင်းနိုင်ငံများဟုဆိုသော ထိုတိုင်းနိုင်ငံများသည် ငါ၏ ထုတ်ဖော်ခြင်းရပြီး လူသားများအကြားတွင် ငါ၏အမှုကို ပြုဖို့ရန်အတွက် ဇာတိခန္ဓာနှင့် ငါဆင်းကြွလာခဲ့သည်ဆိုခြင်းကို သိလာရသည့် အကြောင်းရင်းသည်လည်း ၎င်းတို့၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ငါ၏ ကြမ်းတမ်းသော စကားလုံးများဖြင့် ရိုက်ခတ်ခံရသော်လည်း ၎င်းတို့အားဖြင့် နှစ်သိမ့်မှုခံရသောသူတို့နှင့် ကယ်တင်ခံရသောသူတို့အားလုံး— ၎င်းတို့အားလုံး မိမိတို့၏ ယုံကြည်ချက်ကြောင့်

ထိုသို့ပြုခဲ့ကြသည် မဟုတ်လော။ ငါ့ကိုယုံကြည်သော်လည်း အခက်အခဲများ မခံစားရသေးသူများ၊ ၎င်းတို့သည်လည်း လောကကြီး၏ ငြင်းပယ်ခြင်းကိုလည်း ခံကြရပြီးဖြစ်သည် မဟုတ်လော။ စမ်းသပ်မှု၏ ဆင်းရဲဒုက္ခမှ ထွက်ပြေးရင်း ငါ့နှုတ်ကပတ်တော် ပြင်ပတွင် အသက်ရှင်ကြသူများ၊ ၎င်းတို့အားလုံးသည် လောကတွင် ဖြတ်သန်းလွင့်မျောနေကြသည် မဟုတ်လော။ ၎င်းတို့သည် ငါ၏ ဖြေသိမ့်ခြင်း နှုတ်ကပတ်တော်များ မဆိုထားနှင့်၊ အနားယူစရာ နေရာမရှိဘဲလျက်၊ ဟိုဟိုသည်သည် တဖျပ်ဖျပ်ရစ်ဝဲကျနေသည့် ဆောင်းဦးသစ်ရွက်ကြွေများနှင့် ဆင်တူကြလေသည်။ ငါ၏ ပြစ်တင်ဆုံးမခြင်းနှင့် စစ်ဆေးခြင်းတို့သည် ၎င်းတို့နောက်သို့ မလိုက်သော်ငြားလည်း၊ ၎င်းတို့သည် ကောင်းကင် နိုင်ငံတော်၏ အပြင်ဘက် လမ်းမများ၌ ဟိုဟိုသည်သည် လှည့်လည်သွားလာလျက် တစ်နေရာပြီး တစ်နေရာ လွင့်မျောနေကြသည့် သူတောင်းစားများ ဖြစ်ကြသည် မဟုတ်လော။ ကမ္ဘာလောကသည် အမှန်တကယ် သင်၏နားခိုရာနေရာ ဟုတ်သလော။ ငါ၏ ပြစ်တင်ဆုံးမခြင်းကို ရှောင်ရှားခြင်းဖြင့် ကမ္ဘာလောကကြီးထံမှ အားရကျေနပ်ခြင်းနှင့်ဆိုင်သည့် အမေးမှိန်ဆုံး အပြုံးတစ်ခု သင် အမှန်တကယ် ရရှိနိုင်သလော။ ဖုံးကွယ်၍ မရသည့် အနှစ်မဲ့ခြင်း၊ သင့်နှလုံးသားထဲက အနှစ်မဲ့ခြင်းကို ဖုံးကွယ်ထားဖို့ သင်၏တဒင်္ဂပျော်ရွှင်မှုကို အမှန်တကယ် အသုံးပြု၍ ရနိုင်သလော။ သင်သည် သင်၏ မိသားစုထဲမှ အယောက်တိုင်းကို လှည့်စား၍ရနိုင်သော်လည်း၊ ငါ့ကိုကား မည်သည့်အခါမျှ လှည့်စား၍ မရနိုင်။ သင်၏ယုံကြည်ခြင်းသည် အလွန် အားနည်းလှသောကြောင့်၊ သင်သည် ယနေ့အထိ အသက်ရှင်ခြင်းက ပေးရန်ရှိသော ဝမ်းမြောက်မှုများကို ရှာဖွေဖို့ရန် အစွမ်းမဲ့ဖြစ်နေဆဲ ဖြစ်သည်။ သင့်ကို ငါ တိုက်တွန်းသည်- လူတစ်ယောက် မခံနိုင်သော ဆင်းရဲဒုက္ခကို သင် ကြံ့ကြံ့ခံရင်း ဇာတိပကတိအတွက် အလုပ်ရှုပ်ကာ သာမညဘောင်ည အဆင့်တွင် သင့်တစ်ဘဝလုံးကို ကုန်ဆုံးစေမည့်အစား သင့်ဘဝ ထက်ဝက်ကို ငါ့အတွက် စစ်မှန်ရိုးသားစွာ ကုန်လွန်စေသင့်သည်။ သင့်ကိုယ်သင် အလွန်တန်ဖိုးထားပြီး ငါ၏ ပြစ်တင်ဆုံးမခြင်းမှ ထွက်ပြေးခြင်းသည် အဘယ်အကျိုးရှိသနည်း။ ထာဝရ အကျပ်အတည်းတစ်ခု၊ ထာဝရ ပြစ်တင်ဆုံးမခြင်း တစ်ခုကို ရိတ်သိမ်းဖို့ရန်သာ ငါ၏ ခဏမျှသာဖြစ်သော ပြစ်တင်ဆုံးမခြင်းမှ သင့်ကိုယ်သင် ပုန်းကွယ်ခြင်းသည် အဘယ် အကျိုးရှိသနည်း။ အမှန်တွင် မည်သူ့ကိုမျှ ငါ့အလိုကို လိုက်လျောအောင် အတင်းအဓမ္မ ငါမပြုပေ။ အကယ်၍ တစ်စုံတစ်ဦးသည် ငါ၏ အစီအစဉ်များကို အမှန်တကယ် ကျိုးနွံနာခံရန် လိုလားနေပါက၊ ၎င်းတို့ကို ငါဆိုးရွားစွာ ဆက်ဆံမည် မဟုတ်။ သို့သော် ယောဘသည် ယေဟောဝါဖြစ်သော ငါ့ကို ယုံကြည်ခဲ့သကဲ့သို့ပင် လူအားလုံးသည် ငါ့ကို ယုံကြည်ကြရန် ငါ

တောင်းဆိုသည်။ အကယ်၍ သင်တို့၏ ယုံကြည်ခြင်းသည် သောမ၏ ယုံကြည်ခြင်းထက် ပိုလွန်ပါက၊ သင်တို့၏ ယုံကြည်ခြင်းသည် ငါ၏ ချီးကျူးခြင်းကို ရရှိလိမ့်မည်၊ သင်တို့၏ သစ္စာစောင့်သိမှုတွင် ငါ၏ ချမ်းမြေ့ပျော်ရွှင်မှုကို သင် ရှာတွေ့လိမ့်မည်ဖြစ်ပြီး၊ သင်တို့၏ နေ့ရက်များတွင် ငါ၏ ဘုန်းအသရေကို ဧကန်မုချ သင်တို့ ရှာတွေ့ကြလိမ့်မည်။ သို့သော် လူတို့သည် မိမိတို့၏ မရှင်းမလင်းသော စိတ်များမှာ လောကကို မတရားသိမ်းယူထားသော မာရ်နတ်၏ ပိုင်ဆိုင်ခြင်းကို အချိန်ကြာမြင့်စွာက ခံထားရသည့်၊ မိမိတို့၏ မျက်လုံးများထဲတွင် လေတိုက်၍လွင့်ပါလာသော သဲပွင့်များရှိပြီး၊ မိမိတို့၏ ပါးစပ်များ၌ မာရ်နတ်၏ လှုံ့ဆော်ပစ္စည်းများရှိသည့် သောဒုံမြို့၏ လူထုကဲ့သို့ပင် လောကကို ယုံကြည်သူများနှင့် နတ်ဆိုးကို ယုံကြည်သူများသည် ၎င်းတို့၏ စိတ်နှလုံးများကို မာကျောစေကြပြီး ဖြစ်သည်။ ၎င်းတို့၏ အတွေးများသည် ရှေးခေတ်အချိန်ကာလများ၏ မာရ်နတ်က ဖမ်းချုပ်ထားခြင်းကို အပြည့်အဝနီးပါး ခံထားရပြီးဖြစ်သည်။ ထို့ကြောင့်၊ လူသားမျိုးနွယ်၏ ယုံကြည်ခြင်းသည် လေနှင့်အတူ ကုန်လွန်သွားပြီ ဖြစ်သကဲ့သို့၊ ၎င်းတို့သည် ငါ၏အမှုကိုပင် သတိမပြုနိုင်ကြချေ။ ၎င်းတို့သည် အချိန်ကြာမြင့်စွာကတည်းက စာတန်အဆိပ်၏ ပိုင်ဆိုင်ခြင်းကို ခံထားရပြီးဖြစ်သောကြောင့်၊ ၎င်းတို့ လုပ်ဆောင်နိုင်သည့် အရာအားလုံးမှာ ငါ၏ အမှုကို ဝတ်ကျေတမ်းကျေ သဘောထားခြင်း သို့မဟုတ် ယင်းကို အကြမ်းဖျင်း စိစစ်ရန် မထိရောက်သော ကြိုးပမ်းမှုတစ်ခု ပြုလုပ်ရန်ဖြစ်ပေသည်။

လူတို့သည် ငါ၏ ဖန်ဆင်းခြင်းကို ခံခဲ့ရသည့်အပြင် ပေါများလှသော ငါ၏ ဖန်ဆင်းခြင်း အရာများအားလုံးကို မွေ့လျော်ခံစားရပြီးဖြစ်သောကြောင့် လူသားမျိုးနွယ်ကို ငါသိမ်းပိုက်မည်။ သို့သော် လူတို့သည် ငါ့ကို ငြင်းလည်း ငြင်းပယ်ကြလေပြီ။ ၎င်းတို့၏ စိတ်နှလုံးများတွင် ငါမရှိသကဲ့သို့၊ ၎င်းတို့သည် ငါ့ကို အမှန်တကယ် ရှုမြင်ရပြီးဖြစ်လျက်၊ ငါ့ကို ငြင်းပယ်ကြဆဲဖြစ်ပြီး ငါ့ကိုအနိုင်ယူဖို့ရန် ဖြစ်နိုင်သမျှ နည်းလမ်းတိုင်းကို ဦးနှောက်ခြောက်အောင် စဉ်းစားအကြံထုတ်ကြသည်အထိ၊ ငါ့ကို ၎င်းတို့၏ တည်ရှိခြင်းနှင့်ပတ်သက်၍ ဝန်ထုပ်တစ်ခုအဖြစ် မြင်ကြလေသည်။ လူများသည် ၎င်းတို့အပေါ် အလေးအနက် ဆက်ဆံရန် သို့မဟုတ် တင်းကျပ်သော တောင်းဆိုမှုများပြုရန် ငါ့ကို ခွင့်မပြုသကဲ့သို့၊ ၎င်းတို့၏ မဖြောင့်မတ်ခြင်းကို တရားစီရင်ရန် သို့မဟုတ် ပြစ်တင်ဆုံးမရန် ငါ့ကို အခွင့်မပေးကြချေ။ ဤအရာကို စိတ်ဝင်စားဖို့ရန် ဝေးစွ၊ စိတ်တိုစရာကောင်းသောအရာအဖြစ် မြင်ကြလေသည်။ ထို့ကြောင့် ငါ၏အမှုသည် ငါ့အထဲတွင် စားကြ၊ သောက်ကြ၊ မြူးထူးကြသော်လည်း၊ ငါ့ကို မသိကြသော လူသားမျိုးနွယ်ကို ယူဆောင်ပြီး အနိုင်ယူရန် ဖြစ်သည်။ ငါသည် လူသားမျိုးနွယ်ကို

ဖျက်သိမ်းမည်၊ ထို့နောက် ငါ၏ ကောင်းကင်တမန်များနှင့် ငါ၏ ဘုန်းအသရေကို ယူဆောင်လျက် ငါ၏ကျိန်းဝပ်ရာအရပ်ကို ငါပြန်မည်။ အကြောင်းမှာ လူတို့၏ လုပ်ရပ်များသည် အချိန်ကြာမြင့်စွာကတည်းက ငါ့နှလုံးသားကို ကွဲကြေစေခဲ့ပြီး ငါ့အမှုကို အစိတ်စိတ်အမြွာမြွာ ကွဲစေခဲ့သောကြောင့် ဖြစ်သည်။ လူသားမျိုးနွယ်အား ၎င်းတို့၏ အသက်တာများကို ဆက်လက် ရှင်သန်ခွင့်ပေးလျက်၊ ဆက်လက်၍ "ငြိမ်သက်ခြင်းနှင့် ရောင့်ရဲခြင်း၌ အသက်ရှင်ကာ အလုပ်လုပ်ခွင့်" ပေးရင်း၊ ဆက်လက်၍ "၎င်းတို့ကိုယ်တိုင်၏ စိုက်ကွင်းများတွင် စိုက်ပျိုး" ခွင့်ပေးရင်း၊ ဆိုးယုတ်သူက ပျော်ရွှင်စွာ လျှောက်လှမ်းထွက်မသွားမီ သူ လုယူသွားခဲ့သော ဘုန်းအသရေကို ငါပြန်သိမ်းရန် ရည်ရွယ်သကဲ့သို့၊ ငါသည် ၎င်းတို့၏ အသက်တာများ၌ ကြားဝင်စွက်ဖက်တော့မည် မဟုတ်ပေ။ သို့သော် ယခုတွင် ဆိုးယုတ်သူ၏ လက်ထဲမှ ငါ၏ ဘုန်းအသရေကို အပြည့်အဝ ပြန်သိမ်းရန်၊ လောကကို ဖန်ဆင်းခြင်းတွင် လူသားထဲသို့ ငါ ဖြစ်ပေါ်စေခဲ့သည့် ဘုန်းအသရေ အလုံးစုံကို ပြန်ယူရန် ငါ ရည်ရွယ်သည်။ ငါသည် ကမ္ဘာမြေပေါ် ရှိ လူသားမျိုးနွယ်အပေါ် ယင်းကို မည်သည့်အခါတွင်မျှ တစ်ဖန် အပ်နှင်းလိမ့်မည် မဟုတ်။ အကြောင်းမှာ လူတို့သည် ငါ၏ဘုန်းအသရေကို မထိန်းသိမ်းနိုင်ကြသည်သာမက၊ ယင်းကို စာတန်၏ပုံရိပ်အတွက် အလဲအလှယ် လုပ်ကြပြီး ဖြစ်သောကြောင့် ဖြစ်သည်။ လူတို့သည် ငါ၏ကြွလာခြင်းကို တန်ဖိုးမထားကြသကဲ့သို့ ငါ၏ဘုန်းအသရေ နေ့ရက်ကိုလည်း အထူး တန်ဖိုးမထားကြချေ။ ၎င်းတို့သည် ငါ၏ ဘုန်းအသရေကို ငါ့ထံသို့ ပြန်ပေးဖို့ လိုလားရန် မဆိုထားနှင့် ငါ၏ပြစ်တင်ဆုံးမမှုကို ခံယူဖို့ရန်ပင် ဝမ်းမြောက်ဝမ်းသာ မဖြစ်ကြသကဲ့သို့၊ ဆိုးယုတ်သူ၏ အဆိပ်ကိုလည်း စွန့်ပစ်ရန် လိုလားနေခြင်း မရှိကြချေ။ လူသားမျိုးနွယ်သည် ငါ့ကို အလားတူ နည်းလမ်းဟောင်းဖြင့် ဆက်လက် လှည့်ဖြားသည်၊ လူတို့သည် အလားတူ နည်းလမ်းဟောင်းဖြင့် ကြည်လင်ရွှင်ပျသော အပြုံးများနှင့် ပျော်ရွှင်နေသည့် မျက်နှာများ ဆင်မြန်းကြဆဲ ဖြစ်သည်။ ၎င်းတို့သည် ငါ၏ဘုန်းအသရေက ၎င်းတို့ကို စွန့်ခွာပြီးနောက် လူသားမျိုးနွယ်အပေါ် ဆင်းသက်လိမ့်မည့် ဝမ်းနည်းပူဆွေးခြင်း၏ အတိုင်းအဆကို သတိမမူမိကြချေ။ အထူးသဖြင့်၊ ဣသရေလပြည်မှ ငါ၏ ဘုန်းအသရေ ထွက်ခွာသွားချိန်တွင် ထိုပြည်သည် မည်မျှ မှောင်မိုက်လာခဲ့သည်ကို ၎င်းတို့မသိကြသည့်အတွက်၊ မိုးသောက်ယံ၌ လူသားသည် ပိန်းပိတ်အောင်မှောင်သော ညက ဖြတ်သန်းရန် မည်မျှ ခက်ခဲခဲ့သည်ကို မေ့လျော့သည့်အတွက်၊ ၎င်းတို့သည် လူသားမျိုးနွယ် တစ်ရပ်လုံးအပေါ် ငါ၏နေ့ရက် ရောက်လာသောအခါ၊ ၎င်းတို့အတွက် နောဧ၏ အချိန်ကာလက လူများထက် သာ၍ ခက်ခဲသွားလိမ့်မည်ကို မသိကြချေ။ နေမင်းသည် ပြန်၍ ပုန်းခိုသွားပြီး လူသားအပေါ်

မှောင်မိုက် သက်ဆင်းလာသည့်အခါ၊ သူသည် တစ်ဖန် ငွေကြေးမြည်တမ်းလိမ့်မည်ဖြစ်ပြီး၊ အမှောင်ထုထဲတွင် အံသွားခဲကြိတ်ရလိမ့်မည်။ ဣသရေလထံမှ ငါ၏ ဘုန်းအသရေ ထွက်ခွာခဲ့ချိန်တွင်၊ ဣသရေလူတို့အတွက် ထိုဒုက္ခဆင်းရဲ နေ့ရက်များကို ကြုံကြုံခံဖို့ မည်မျှ ခက်ခဲခဲ့သည်ကို သင်တို့ မေ့လျော့ကြပြီလော။ ယခုသည် ငါ၏ဘုန်းအသရေကို သင်တို့ မြင်ကြရသည့် အချိန်ဖြစ်သကဲ့သို့၊ ငါ၏ ဘုန်းအသရေ နေ့ရက်ကို သင်တို့ မျှဝေခံစားကြရသည့်အချိန်လည်း ဖြစ်သည်။ ငါ၏ ဘုန်းအသရေသည် ညစ်ညူးသောမြေကို စွန့်ခွာချိန်တွင်၊ လူသားသည် အမှောင်ထုအလယ် ငွေကြေးမြည်တမ်းရလိမ့်မည်။ ယခုအချိန်သည် ငါ၏အမှုကို ငါ လုပ်ဆောင်ချိန်၊ ဘုန်းအသရေ နေ့ရက်ဖြစ်ပြီး၊ ငါသည် ညှဉ်းဆဲခြင်းနှင့် အတိဒုက္ခခံရသည့် အချိန်များကို ၎င်းတို့နှင့်အတူ ငါမျှဝေခံစားလိမ့်မည်မဟုတ်သည့်အတွက်၊ လူသားမျိုးနွယ်ကို ဆင်းရဲဒုက္ခမှ ငါလွတ်ငြိမ်းခွင့်ပေးမည့် နေ့ရက်လည်း ဖြစ်သည်။ ငါသည် လူသားမျိုးနွယ်ကို လုံးဝ သိမ်းပိုက်ရန်နှင့် လူသားမျိုးနွယ်၏ ဆိုးယုတ်သူကို လုံးဝ အနိုင်ယူရန်သာ အလိုရှိသည်။

# ယုံကြည်ခြင်းအကြောင်း သင် မည်သည့်အရာ သိရှိသနည်း

လူသားတွင် ယုံကြည်ခြင်းနှင့်ပတ်သက်သည့် မသေချာသော စကားလုံးသာ ရှိသည်၊ သို့ရာတွင် လူသားသည် သူ ယုံကြည်ခြင်း ရှိရသည့်အကြောင်းရင်းကို မဆိုထားနှင့် မည်သည့်အရာက ယုံကြည်ခြင်း ဖြစ်သည်ကို မသိပေ။ လူသားနားလည်သည်မှာ အလွန်နည်းပါးပြီး၊ လူသားကိုယ်တိုင်သည် အလွန် ချို့တဲ့နေသည်။ ငါ၌ သူ၏ ယုံကြည်ခြင်းသည် အကြောင်းမဲ့ဖြစ်ပြီး မသိနားမလည်ခြင်းသာ ဖြစ်ပေသည်။ ယုံကြည်ခြင်းက မည်သည့်အရာ ဖြစ်သည်ကို သူ မသိသကဲ့သို့၊ သူသည် ငါ၌ အဘယ်ကြောင့် ယုံကြည်ခြင်း ရှိသည်ကို သူ မသိသော်လည်း၊ ငါ့ကို သူ စွဲစွဲလမ်းလမ်း ဆက်၍ ယုံကြည်လေသည်။ ငါလုပ်ဆောင်သည့် အမှုမှာ လူသားက ငါ့ကို တွေ့မြင်နိုင်ဖို့နှင့် သိရှိဖို့ရန်ဖြစ်ပြီး၊ လူသားက အထင်ကြီးပြီး နားလည်မှုအသစ်ဖြင့် ငါ့ကို ကြည့်ရန်အလို့ငှာ မဟုတ်သည့်အတွက်၊ ငါသည် လူသားကို တောင်းဆိုသည်မှာ ဤနည်းဖြင့် ငါ့ကို သဲသဲမဲမဲ တောင်းလျှောက်ရုံမျှ သို့မဟုတ် ရောက်တတ်ရာရာ ပုံစံဖြင့် ယုံကြည်ရုံမျှ ယုံကြည်ဖို့ မဟုတ်ပေ။ ငါသည် တစ်ချိန်က နိမိတ်များစွာနှင့် အံ့ဖွယ်အရာများကို ထင်ရှားစေခဲ့ပြီး၊ နိမိတ်လက္ခဏာများစွာကို ဆောင်ရွက်ခဲ့ကာ၊ ထိုအချိန်က ဣသရေလလူမျိုးများသည် ငါ့ကို ကြီးစွာသောလေးစားမှု ပြခဲ့ပြီး နာမကျန်းဖြစ်သူများကို အနာရောဂါငြိမ်းစေပြီး မကောင်းဆိုးဝါးတို့ကို နှင်ထုတ်သည့်

ငါ၏ ထူးခြားသောအစွမ်းကို အလွန် ချစ်ကြောက်ရိုသေခဲ့ကြသည်။ ထိုအချိန်က ယုဒလူမျိုးတို့သည် ငါ၏အနာရောဂါငြိမ်းစေသည့် တန်ခိုးတို့မှာ ပိုင်နိုင်သည်၊ အံ့မခန်းဖြစ်သည်ဟု ထင်ခဲ့ကြသည်- ပြီးလျှင် ငါ၏ လုပ်ဆောင်ချက်များစွာကြောင့်၊ ၎င်းတို့အားလုံး ငါ့ကို အမွန်အမြတ် ထားခဲ့ကြပြီး၊ ငါ၏တန်ခိုးအားလုံးအတွက် ကြီးစွာသော ကြည်ညိုလေးစားခဲ့ကြသည်။ သို့ဖြစ်၍ နိမိတ်လက္ခဏာများ ငါ ဆောင်ရွက်သည်ကို မြင်ခဲ့သောသူအားလုံးသည် ငါ့နောက်သို့ နီးကပ်စွာ လိုက်ခဲ့ကြသည်မှာ၊ နာမကျန်းသူတို့အား ငါ အနာရောဂါ ငြိမ်းစေသည်ကို ကြည့်ရှုရန် ထောင်ပေါင်းများစွာက ငါ့ကို ဝိုင်းရံခဲ့ကြသည်။ ငါသည် နိမိတ်လက္ခဏာနှင့် အံ့ဖွယ်အရာ များစွာကို ပြသခဲ့သော်လည်း၊ လူတို့သည် ငါ့ကို ပိုင်နိုင်သည့် သမားတော်တစ်ဦးအဖြစ်မျှသာ ရှုမြင်ခဲ့ကြသည်။ ထို့ကြောင့် ထိုအချိန်က လူတို့ကို သွန်သင်ခြင်း စကားများစွာ ငါပြောခဲ့သည် ဖြစ်သော်လည်း၊ ငါ့ကို မိမိ၏တပည့်များထက် သာသည့်ဆရာ တစ်ယောက် အဖြစ်မျှသာ ၎င်းတို့ မှတ်ယူခဲ့ကြသည်။ ယနေ့တွင်ပင် ငါ့အမှု၏ သမိုင်းဝင် မှတ်တမ်းများကို လူသားများ တွေ့ပြီးသည်နောက်၊ ငါ့ကို နာမကျန်းဖြစ်သူတို့အား အနာရောဂါ ငြိမ်းစေသည့် ကြီးမြတ်သော သမားတော်တစ်ပါးနှင့် မသိနားမလည်သူတို့အဖို့ ဆရာတစ်ဆူအဖြစ် ၎င်းတို့ ဆက်လက် အဓိပ္ပာယ် ကောက်ကြသကဲ့သို့၊ ငါ့ကို သနားကရုဏာနှင့် ပြည့်စုံသော သခင်ယေရှု ခရစ်တော် အဖြစ် သတ်မှတ်ခဲ့ကြသည်။ ကျမ်းစာကို အနက်ပြန်သောသူတို့သည် အနာရောဂါငြိမ်းစေရာတွင် ငါ၏ အစွမ်းအစကို ကျော်လွန်ပြီးဖြစ်ကောင်း ဖြစ်နိုင်သည်၊ သို့မဟုတ် ယခု ၎င်းတို့၏ ဆရာထက် သာလွန်သည့် တပည့်များပင် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်၊ သို့သော် ၎င်းတို့၏အမည်များကို ကမ္ဘာတစ်ဝှမ်း သိကြသည့် ထိုသို့သော အလွန် ထင်ရှားကျော်ကြားသည့် လူများသည် ငါ့ကို သမားတော် တစ်ဦးမျှအဖြစ် အလွန်နိမ့်ကျစွာ မှတ်ယူကြသည်။ ငါ၏ လုပ်ဆောင်ချက်များသည် ကမ်းခြေများရှိ သဲလုံးများထက် အရေအတွက်သာ၍ များပြားပြီး ငါ၏ဉာဏ်ပညာသည် ရှောလမုန်၏ သားအားလုံးကို သာလွန်သော်လည်း၊ လူသားများသည် ငါ့ကို အရေးမပါသည့် သမားတော်တစ်ပါး အဖြစ်နှင့် လူသား၏ လူမသိသူမသိ ဆရာတစ်ယောက်အဖြစ်မျှသာ ထင်မှတ်ကြသည်။ ၎င်းတို့ကို ငါ အနာငြိမ်းစေနိုင်၍သာ ငါ့ကို များစွာသောသူတို့က ယုံကြည်ကြသည်။ ၎င်းတို့၏ခန္ဓာကိုယ်များမှ မသန့်ရှင်းသော ဝိညာဉ်များကို နှင်ထုတ်ရန် ငါ၏တန်ခိုးများကို အသုံးပြုနိုင်၍သာ ငါ့ကို များစွာသောသူတို့က ယုံကြည်ကြပြီး၊ ငါ့ထံမှ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကို ၎င်းတို့ ရကောင်းရလိမ့်မည် ဖြစ်သောကြောင့်သာ ငါ့ကို များစွာသော သူတို့က ယုံကြည်ကြပေသည်။ သာ၍ကြီးမားသော ရုပ်ဝတ္ထုဆိုင်ရာ ကြွယ်ဝမှုကို ငါ့ထံမှ တောင်းခံရန်သာ များစွာသောသူတို့က ငါ့ကို ယုံကြည်ကြသည်။ ဤဘဝကို

အေးအေးချမ်းချမ်း ကုန်ဆုံးပြီး၊ နောင်ဘဝတွင် ဘေးကင်းလုံခြုံမှုရှိဖို့ရန်သာ များစွာသောသူတို့က ငါ့ကို ယုံကြည်ကြသည်။ ငရဲ၏ဒုက္ခဆင်းရဲကို ရှောင်ရှားပြီး၊ ကောင်းကင်၏ကောင်းချီးမင်္ဂလာများ ရရှိရန် များစွာသောသူတို့က ငါ့ကို ယုံကြည်ကြသည်။ များစွာသောသူတို့က ယာယီ ကိုယ်စိတ်ချမ်းသာခြင်းအတွက်သာ ငါ့ကို ယုံကြည်သော်လည်း၊ နောင်ဘဝ၌ မည်သည့်အရာမျှ ရရှိရန် မကြိုးစားကြပေ။ လူသားအပေါ် ငါ၏ အမျက်ဒေါသကို ဆောင်ကြဉ်းခဲ့ပြီး တစ်ချိန်က သူ ပိုင်ဆိုင်ခဲ့သည့် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို ငါ သိမ်းပိုက်ခဲ့ချိန်တွင်၊ လူသားသည် သံသယရှိလာခဲ့၏။ ငါသည် လူသားကို ငရဲ၏ ဆင်းရဲဒုက္ခကို ပေးပြီး ကောင်းကင်၏ ကောင်းချီးမင်္ဂလာတို့ကို ပြန်လည် သိမ်းယူသည့်အခါ၊ လူသား၏အရှက်သည် ဒေါသအဖြစ်သို့ ပြောင်းသွား၏။ သူ့ကို ရောဂါငြိမ်းစေရန် ငါ့အား သူတောင်းဆိုသည့်အခါ၊ ငါသည် သူ့ကို အလေးဂရုမပြုသကဲ့သို့ သူ့အပေါ် စက်ဆုပ်ရွံ့ရှာမှု ခံစားခဲ့ရသည်။ လူသားသည် အောက်လမ်းဆေးဝါးနှင့် မှော်အတတ်တို့၏ နည်းလမ်းကိုသာ ရှာရန် ငါ့ထံမှ ထွက်ခွာသွားခဲ့သည်။ ငါ့ထံမှ လူသားတောင်းဆိုခဲ့ပြီးသမျှအားလုံးကို ငါသိမ်းယူလိုက်ချိန်တွင်၊ အယောက်တိုင်းက အစအနရှာ၍မရအောင် ပျောက်သွားကြ၏။ ထို့ကြောင့် ငါသည် အလွန်များလှစွာသော ကျေးဇူးတော်ပေးပြီး ရရန် များလွန်းသောကြောင့်၊ လူသားသည် ငါ၌ ယုံကြည်ခြင်း ရှိသည်ဟု ငါဆို၏။ ဂျူးလူမျိုးများသည် ငါ၏ကျေးဇူးတော်ကြောင့် ငါ့ကို ယုံကြည်ကြပြီး ငါ သွားရာနေရာတိုင်း လိုက်ခဲ့ကြသည်။ အသိပညာနှင့် အတွေ့အကြုံနည်းပါးသည့် ဤမသိနားမလည်သော လူသားတို့သည် ငါ ပြသည့် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများကို ရှုမြင်ရန်သာ ကြိုးစားခဲ့ကြသည်။ အကြီးမြတ်ဆုံး နိမိတ်လက္ခဏာများ ဆောင်ရွက်နိုင်သည့် ယုဒလူတို့အိမ်၏ဦးသျှောင်ဟု ငါ့ကို ၎င်းတို့ မှတ်ယူခဲ့ကြ၏။ ထို့ကြောင့် ငါသည် လူသားတို့ထံမှ မကောင်းဆိုးဝါးများကို နှင်ထုတ်သောအခါ၊ ယင်းက ၎င်းတို့အလယ် ဆွေးနွေးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်- ၎င်းတို့က ငါသည် ဧလိယ ဖြစ်၏၊ ငါသည် မောရှေဖြစ်၏၊ ငါသည် ပရောဖက်အားလုံးအနက် ရှေးအကျဆုံး ဖြစ်၏၊ ငါသည် သမားတော်များအားလုံးထဲမှ အကြီးမြတ်ဆုံး ဖြစ်၏ဟု ပြောဆိုကြသည်။ ငါ ကိုယ်တိုင်က ငါသည် အသက်ဖြစ်၏၊ လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏ ဟု ပြောခြင်းမှလွဲ၍ မည်သူမျှ ငါ၏ဖြစ်တည်ခြင်း သို့မဟုတ် ငါ၏ ပင်ကိုလက္ခဏာကို မသိကြနိုင်ခဲ့ကြပေ။ ကောင်းကင်ဘုံသည် ငါ့အဖ နေထိုင်ရာ ဖြစ်၏ဟု ငါကိုယ်တိုင် ပြောခြင်းမှလွဲ၍ ငါသည် ဘုရားသခင်၏ သားတော် ဖြစ်ပြီး ဘုရားသခင် ကိုယ်တိုင်လည်း ဖြစ်သည်ကို မည်သူမျှ မသိခဲ့ကြချေ။ ငါသည် လူသားမျိုးနွယ် အားလုံးထံ ရွေးနုတ်ခြင်းကို ယူဆောင်လာမည်ဖြစ်ပြီး လူသားမျိုးနွယ်ကို ရွေးမည်ဟု ငါကိုယ်တိုင်

ပြောခြင်းမှလွဲ၍၊ ငါသည် လူသားမျိုးနွယ်၏ ရွေးနုတ်ရှင် ဖြစ်သည်ကို မည်သူမျှ မသိခဲ့ကြသကဲ့သို့၊ လူသားတို့သည် ငါ့ကို စေတနာရှိသောသူနှင့် သနားကရုဏာပြည့်စုံသော လူသားအဖြစ်သာ သိခဲ့ကြသည်။ ပြီးလျှင် ငါနှင့် သက်ဆိုင်သည့် အရာအားလုံးကို ငါကိုယ်တိုင် ရှင်းပြနိုင်ခြင်းမှလွဲ၍ မည်သူမျှ ငါ့ကိုမသိသကဲ့သို့၊ ငါသည် အသက်ရှင်သော ဘုရားသခင်၏သား ဖြစ်သည်ကို မည်သူမျှ မယုံကြည်ခဲ့ကြချေ။ ယင်းမှာ ငါ၌ လူတို့၏ ယုံကြည်ခြင်းဖြစ်ပြီး၊ ငါ့ကို လှည့်စားရန် ၎င်းတို့ ကြိုးစားကြသည့်နည်းလမ်း ဖြစ်သည်။ ငါနှင့်သက်ဆိုင်သည့် ထိုသို့သော အမြင်များရှိသည့်အခါ၊ ၎င်းတို့သည် ငါ့အဖို့ မည်သို့သက်သေခံနိုင်ကြမည်နည်း။

လူတို့သည် ငါ့ကိုယုံကြည်ကြသော်လည်း၊ ၎င်းတို့သည် ငါ့အဖို့ သက်သေခံနိုင်စွမ်း မရှိကြသကဲ့သို့၊ ငါသည် မိမိကိုယ်ကိုယ် မသိရှိစေမီ ၎င်းတို့သည် ငါ့အတွက် သက်သေမခံနိုင်ကြချေ။ ငါသည် အဖန်ဆင်းခံသတ္တဝါများနှင့် သန့်ရှင်းသော လူသားအားလုံးထက် သာလွန်သည်ကိုသာ လူတို့က မြင်ကြပြီး၊ ငါ လုပ်ဆောင်သည့် အမှုကို လူသားများ မလုပ်ဆောင်နိုင်ကြသည်ကို မြင်ကြသည်။ ထို့ကြောင့် ဂျူးလူမျိုးများမှသည် မျက်မှောက်ခေတ် လူတို့အထိ ငါ၏ မြင့်မြတ်သော လုပ်ဆောင်ချက်တို့ကို ရှုမြင်သူတို့သည် ငါ့အပေါ် သိလိုစိတ်ဖြင့်သာ ပြည့်ကြပြီးဖြစ်ကာ၊ အဖန်ဆင်းခံ သတ္တဝါ၏ နှုတ်တစ်ခုကမျှ ငါ့ကို သက်သေမခံနိုင်ကြလေပြီ။ ငါ့အဖသာလျှင် ငါ့အဖို့ သက်သေခံနိုင်ပြီး အဖန်ဆင်းခံ သတ္တဝါတို့ အားလုံးအလယ်တွင် ငါ့အဖို့ လမ်းကြောင်း ဖန်တီးခဲ့သည်။ ထိုသို့ သူ မလုပ်ဆောင်ခဲ့ပါက၊ ငါ၏အမှု၏ အကျိုးဆက်အနေဖြင့် လူသားသည် ငါ့ထံမှ ရယူရန်သာသိပြီး ငါ၌ ယုံကြည်ခြင်း မရှိသည့်အတွက်၊ ငါ မည်မျှ အမှုပြုခဲ့သည်ဖြစ်စေ၊ ငါသည် ဖန်ဆင်းခြင်း၏ အရှင်ဖြစ်သည်ကို လူသည် မည်သည့်အခါတွင်မျှ သိမည်မဟုတ်ပေ။ ငါသည် အပြစ်ကင်းပြီး မည်သည့် အစိတ်အပိုင်းမျှ အပြစ်သား မဟုတ်သောကြောင့်၊ ငါသည် နက်နဲသောအရာ အများအပြားကို ရှင်းပြနိုင်သောကြောင့်၊ ငါသည် လူအများအပြားအထက်တွင်ရှိ သောကြောင့်၊ သို့မဟုတ် လူသားသည် ငါ့ထံမှ များစွာ အကျိုးရရှိပြီးဖြစ်သောကြောင့်သာ ငါ့ကို သိပေသည်၊ သို့သော် ငါသည် ဖန်ဆင်းခြင်း၏ အရှင်ဖြစ်သည်ကို အနည်းငယ်ကသာ ယုံကြည်၏။ ဤသည်မှာ လူသားသည် ငါ၌ သူ အဘယ်ကြောင့် ယုံကြည်ခြင်း ရှိသည်ကို မသိ၊ ငါ၌ ယုံကြည်ခြင်း ရှိခြင်း၏ ရည်ရွယ်ချက် သို့မဟုတ် အရေးပါမှုကို မသိဟု ငါ ပြောရသည့် အကြောင်းရင်း ဖြစ်သည်။ လူသား၏ လက်တွေ့အရှိတရားသည် ချို့တဲ့နေသည်မှာ ငါ့ကို သက်သေခံရန် မသင့်တော်လုနီးနီး ဖြစ်သည်။ သင်တို့သည် စစ်မှန်သော ယုံကြည်ခြင်း အလွန်နည်းပါးပြီး အလွန် နည်းပါးစွာ ရရှိပြီးဖြစ်သည်၊ ထို့ကြောင့် သင်တို့သည် သက်သေခံချက် အလွန်

နည်းပါးလေသည်။ ထို့အပြင် သင်တို့ နားလည်သည်မှာ အလွန်နည်းပြီး အလွန်များစွာ ချို့တဲ့သည်မှာ ငါ၏ လုပ်ဆောင်ချက်များကို သက်သေခံရန် မသင့်တော်လုနီးပါး ဖြစ်သည်။ သင်တို့၏ သန္နိဋ္ဌာန်မှာ ဧကန်အမှန် အတော်အတန် ကြီးမားသော်လည်း၊ သင်တို့သည် ဘုရားသခင်၏အနှစ်သာရကို အောင်မြင်စွာ သက်သေခံနိုင်မည်မှာ သေချာပါသလော။ သင်တို့ တွေ့ကြုံကာ မြင်ပြီးသည့်အရာသည် ခေတ်များအားလုံးမှ သန့်ရှင်းသူများနှင့် ပရောဖက်များထက် သာလွန်သော်လည်း၊ အတိတ်ကာလများ၏ ဤသန့်ရှင်းသူများနှင့် ပရောဖက်များ၏ စကားများထက် သာ၍ ကြီးမြတ်သော သက်သေခံချက်ကို သင်တို့ ပေးနိုင်ပါသလော။ ယခု သင်တို့အပေါ် ငါ အပ်နှင်းသည့်အရာသည် မောရှေထက် သာလွန်ပြီး ဒါဝိဒ်ကို ညှိုးမှိန်သွားစေသည်၊ ထို့ကြောင့် အလားတူ သင်တို့၏ သက်သေခံချက်သည် မောရှေ၏ သက်သေခံချက်ထက် သာလွန်ရန်နှင့် သင်တို့၏စကားများသည် ဒါဝိဒ်ထက် ကြီးမြတ်ရန် ငါတောင်းဆို၏။ ငါသည် သင်တို့ကို အဆတစ်ရာပေး၏- ထို့ကြောင့် ထိုနည်းတူ ငါ့ကိုလည်း သင်တို့ သာတူညီမျှ ပြန်ပေးရန် ငါတောင်းဆို၏။ ငါသည် လူသားမျိုးနွယ်ထံ အသက် ပေးသူဖြစ်ပြီး၊ ငါ့ထံမှ အသက်ကို ရရှိပြီး ငါ့အတွက် သက်သေခံရမည့်သူမှာ သင်တို့ ဖြစ်သည်ကို သင်တို့သိရမည်။ ဤသည်မှာ သင်တို့အပေါ် ငါ ချမှတ်ပြီး ငါ့အတွက် သင်တို့ လုပ်ပေးသင့်သည့် သင်တို့၏ တာဝန် ဖြစ်သည်။ ငါ၏ ဘုန်းအသရေ အားလုံးကို သင်တို့အား ငါ အပ်နှင်းပြီးဖြစ်သည်၊ ရွေးချယ်ခံရသူများ၊ ဣသရေလအမျိုးတို့ မည်သည့်အခါမျှ မရခဲ့ဖူးသည့် အသက်ကို သင်တို့အား အပ်နှင်းပြီး ဖြစ်သည်။ တရားသဖြင့်ဆိုလျှင်၊ သင်တို့သည် ငါ့အဖို့ သက်သေခံသင့်ပြီး၊ သင်တို့၏ ပျိုရွယ်မှုကို ငါ့ထံ ဆက်ကပ်ကာ သင်တို့အသက်ကို စွန့်သင့်သည်။ ငါ၏ဘုန်းအသရေကို ပေးခံရသော သူ မည်သူမဆိုသည် ငါ၏ သက်သေခံရမည် ဖြစ်ပြီး ငါ့အတွက် ၎င်းတို့၏ အသက်ပေးရမည်။ ဤသည်ကို အချိန်ကြာမြင့်စွာက ငါ ကြိုတင်ပြဋ္ဌာန်းထားပေသည်။ သင်တို့ထံ ငါ၏ဘုန်းအသရေကို ငါ ပေးသည်မှာ သင်တို့၏ ကောင်းမွန်သော အခွင့်အလမ်းဖြစ်ပြီး၊ သင်တို့၏တာဝန်မှာ ငါ၏ ဘုန်းအသရေကို သက်သေခံရန်ဖြစ်၏။ ကောင်းချီးမင်္ဂလာများ ရရှိဖို့သာ သင်တို့သည် ငါ့ကိုယုံကြည်လျှင်၊ ငါ၏အမှုသည် အရေးပါမှု အနည်းငယ်သာ ရှိလိမ့်မည်ဖြစ်ပြီး၊ သင်တို့၏တာဝန်ကို သင်တို့ ဖြည့်ဆည်းမည် မဟုတ်ပေ။ ဣသရေလအမျိုးတို့သည် ငါ၏သနားကရုဏာ၊ မေတ္တာနှင့် ကြီးမြတ်မှုတို့ကိုသာ မြင်ခဲ့ကြပြီး၊ ဂျူးလူမျိုးတို့သည် ငါ၏ သည်းခံခြင်းနှင့် ရွေးနုတ်ခြင်းတို့ကိုသာ မျက်မြင်တွေ့ခဲ့ကြသည်။ အလွန့်အလွန် နည်းပါးသည့် ငါ့ဝိညာဉ်တော်၏ အမှုကိုသာ ၎င်းတို့ မြင်ခဲ့ကြသည်မှာ သင်တို့ ကြားကာ မြင်ခဲ့သည့် အရာ၏ တစ်ထောင်ပုံ တစ်ပုံမျှသာ နားလည်ခဲ့ကြသည်အထိ ဖြစ်သည်။ သင်တို့ မြင်ကြပြီး

ဖြစ်သည့်အရာမှာ ၎င်းတို့ထဲမှ ယဇ်ပရောဟိတ် အကြီးများထက်ပင် ကျော်လွန်၏။ မျက်မှောက်ခေတ်တွင် သင်တို့ နားလည်ကြသည့် သမ္မာတရားသည် ၎င်းတို့ နားလည်သည်ထက် သာလွန်၏။ မျက်မှောက်ခေတ်တွင် သင်တို့ တွေ့ကြုံပြီး ဖြစ်သည့်အရာသည် ပညတ်တော်ခေတ်အပြင် ကျေးဇူးတော်ခေတ်တွင် တွေ့ရှိခဲ့သည့်အရာကို ကျော်လွန်ပြီး သင်တို့ ကြုံတွေ့ပြီး ဖြစ်သည့်အရာသည် မောရှေနှင့် ဧလိယတို့ထက်ပင် သာလွန်၏။ အကြောင်းမူကား ဣသရေလအမျိုးတို့ နားလည်ခဲ့ကြသည်မှာ ယေဟောဝါ၏ ပညတ်တရား သာဖြစ်ပြီး၊ ၎င်းတို့မြင်တွေ့ခဲ့သည်မှာ ယေဟောဝါ၏ ကျောသာ ဖြစ်သောကြောင့် ဖြစ်သည်။ ဂျူးလူမျိုးများ နားလည်ခဲ့ကြသည်မှာ ယေရှု၏ ရွေးနုတ်ခြင်းသာ ဖြစ်သည်၊ ၎င်းတို့ ရရှိခဲ့ကြသည်မှာ ယေရှု အပ်နှင်းခဲ့သော ကျေးဇူးတော်သာ ဖြစ်ပြီး၊ ၎င်းတို့ မြင်ခဲ့ကြသည်မှာ ဂျူးလူမျိုးများ၏ အိမ်အတွင်းရှိ ယေရှု၏ ပုံသဏ္ဌာန်ကိုသာ ဖြစ်သည်။ ဤခေတ်၌ သင်တို့ မြင်ကြသည်မှာ ယေဟောဝါ၏ ဘုန်းအသရေ၊ ယေရှု၏ ရွေးနုတ်ခြင်းနှင့် ဤခေတ် ငါ၏လုပ်ဆောင်ချက်အားလုံးဖြစ်၏။ ထို့ကြောင့် သင်တို့သည် ငါ့ဝိညာဉ်၏ စကားများကိုလည်း ကြားကြပြီး ဖြစ်သည်၊ ငါ၏ ဉာဏ်ပညာကို အသိအမှတ်ပြုကြပြီး ဖြစ်သည်၊ ငါ၏အံ့ဩဖွယ်ရာ အမှုကို သိလာကြပြီးဖြစ်ကာ၊ ငါ၏ စိတ်သဘောထားကို သင်ယူကြပြီးဖြစ်သည်။ ငါ၏စီမံခန့်ခွဲမှု အစီအစဉ် အားလုံးကိုလည်း သင်တို့အား ငါပြောပြပြီးဖြစ်၏။ သင်တို့ တွေ့မြင်ပြီးဖြစ်သည်မှာ ချစ်ခင်တတ်ပြီး သနားကရုဏာနှင့်ပြည့်စုံသော ဘုရားသခင်မျှ မဟုတ်ဘဲ၊ ဖြောင့်မတ်ခြင်းနှင့် ပြည့်သည့် ဘုရားသခင် ဖြစ်၏။ သင်သည် ငါ၏အံ့ဩဖွယ်ရာအမှုကို တွေ့မြင်ပြီးဖြစ်သကဲ့သို့၊ ငါသည် ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ဖြင့် ပြည့်လျှမ်းသည်ကို သိရှိပြီးဖြစ်သည်။ ထို့အပြင် တစ်ချိန်က ဣသရေလအမျိုးတို့၏ အိမ်ပေါ်သို့ ငါ၏ ပြင်းထန်သော အမျက်ဒေါသ ကျရောက်စေခဲ့သည်ကို သင်တို့ သိရှိကြပြီး၊ ယခုခေတ်တွင် ယင်းသည် သင်တို့အပေါ် ရောက်လာပြီးဖြစ်သည်ကို သင်တို့ သိကြပေသည်။ သင်တို့သည် ကောင်းကင်ဘုံရှိ ငါ၏နက်နဲသောအရာများကို ဟေရှာယနှင့် ယောဟန်တို့ထက် ပို၍ နားလည်ပေသည်။ သင်တို့သည် ငါ၏ ချစ်ခင်ဖွယ်ကောင်းခြင်းနှင့် ကြည်ညို ကိုင်းရှိုင်းဖွယ် ကောင်းခြင်းတို့ကို အတိတ်ခေတ် ကာလများ၏ သန့်ရှင်းသူအားလုံးထက် ပို၍ သိကြ၏။ သင်တို့ ရရှိပြီးဖြစ်သည်မှာ ငါ၏သမ္မာတရား၊ လမ်းခရီးနှင့် အသက်မျှ ဖြစ်သည်သာမက ယောဟန် ထက်သာ၍ ကြီးမြတ်သော ရူပါရုံနှင့်ဗျာဒိတ်လည်း ဖြစ်၏။ သင်တို့သည် သာ၍များပြားသော နက်နဲသည့် အရာများကို နားလည်ကြကာ၊ ငါ၏ စစ်မှန်သော မျက်နှာထားကိုလည်း ဖူးမြင်ကြပြီး ဖြစ်သည်။ သင်တို့သည် ငါ၏တရားစီရင်ခြင်းကို ပို၍ လက်ခံကြပြီးဖြစ်ကာ ငါ၏

ဖြောင့်မတ်သော စိတ်သဘောထားကို ပိုသိရှိကြပြီးဖြစ်သည်။ ထို့ကြောင့် သင်တို့သည် နောက်ဆုံးသောကာလတွင် မွေးဖွားခဲ့ကြသော်လည်း၊ သင်တို့၏ သိနားလည်မှုသည် ယခင်နှင့်အတိတ်က နားလည်မှု ဖြစ်ပြီး၊ ယနေ့ခေတ်၏ အမှုအရာများကိုလည်း သင်တို့ တွေ့ကြုံကြပြီးဖြစ်ကာ ဤအရာကို ငါ ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ထားခြင်း ဖြစ်သည်။ ငါသည် သင်တို့ကို အလွန်များလှစွာ ပေးပြီးဖြစ်သကဲ့သို့ သင်တို့သည် ငါ့အထဲ၌ များစွာ တွေ့မြင်ကြပြီး ဖြစ်သည့်အတွက်၊ သင်တို့ကို ငါ တောင်းဆိုသည့်အရာသည် လွန်ကဲသောအရာ မဟုတ်ပေ။ ထို့ကြောင့် အတိတ်ကာလများ၏ သန့်ရှင်းသူတို့ထံ ငါ့အဖို့ သက်သေခံပေးရန် သင်တို့ကို ငါစေခိုင်းခြင်း ဖြစ်ပြီး ဤသည်မှာ ငါ့နှလုံးသား၏ တစ်ခုတည်းသော ဆန္ဒ ဖြစ်သည်။

ငါ့အတွက် ပထမဦးစွာ သက်သေခံခဲ့သည်မှာ ငါ့အဖ ဖြစ်သော်လည်း၊ သာ၍ ကြီးမြတ်သော ဘုန်းအသရေနှင့် အဖန်ဆင်းခံ သတ္တဝါများ၏ နှုတ်များမှ လာသော သက်သေခံချက် စကားများကို ရရှိရန် ငါ ဆန္ဒရှိသည်- သို့ဖြစ်၍ လူသားအလယ် ငါ၏ အမှုကို အဆုံးသတ်တစ်ခုသို့ ဆောင်ကြဉ်းရင်း၊ သင်တို့၏တာဝန်ကို သင်တို့ ဖြည့်ဆည်းနိုင်ကြဖို့အလို့ငှာ ငါသည် သင်တို့ကို အစွမ်းကုန် ပေးဆပ်၏။ ငါ့ကို သင်တို့ အဘယ်ကြောင့် ယုံကြည်ကြသည်ကို သင်တို့ နားလည်သင့်သည်။ သင်တို့သည် ငါ၏အလုပ်သင် သို့မဟုတ် ငါ၏လူနာ ဖြစ်ရန်သာ သို့မဟုတ် ကောင်းကင်ဘုံရှိ ငါ၏ သန့်ရှင်းသူများအနက် တစ်ဦးဖြစ်လာရန်သာ ဆန္ဒရှိပါက၊ သင်တို့၏ ငါ့နောက်လိုက်ခြင်းသည် အဓိပ္ပာယ်မဲ့ပေလိမ့်မည်။ ထိုသို့သော ပုံစံဖြင့် ငါ့နောက်လိုက်ခြင်းသည် အားအင်ဖြုန်းတီးခြင်းတစ်ခု သက်သက် ဖြစ်သည်။ ငါ၌ ဤယုံကြည်ခြင်းမျိုးရှိခြင်းသည် သင်၏ နေ့ရက်များကို အေးအေးဆေးဆေး အချိန်ဖြုန်းခြင်းမျှ၊ သင်၏ပျို့ရွယ်မှုကို အချည်းနှီးကုန်လွန်စေခြင်းမျှသာ ဖြစ်ပေမည်။ အဆုံးတွင် သင်တို့သည် မည်သည့်အရာမျှ ရရှိမည်မဟုတ်။ ယင်းသည် အချည်းနှီး အားထုတ်မှု ဖြစ်မည် မဟုတ်လော။ ငါသည် ဂျူးလူမျိုးများအလယ်မှ ထွက်ခွာလာခဲ့သည်မှာ ကြာပြီဖြစ်ပြီး ငါသည် လူသား၏သမားတော် မဟုတ်တော့သကဲ့သို့၊ လူသားအတွက် ဆေးလည်း မဟုတ်တော့ပေ။ ငါသည် လူသားအတွက် သဘောရှိ မောင်းနှင်ဖို့ သို့မဟုတ် သတ်ဖြတ်ဖို့ ဝန်တင်တိရစ္ဆာန်တစ်ကောင် မဟုတ်တော့ပေ။ ယင်းထက်၊ လူသားက ငါ့ကို သိနိုင်ဖို့အလို့ငှာ၊ လူသားကို တရားစီရင်ရန်နှင့် ပြစ်တင်ဆုံးမရန် လူသားအလယ် ငါ ကြွလာပြီး ဖြစ်သည်။ တစ်ချိန်က ငါသည် ရွေးနုတ်ခြင်းအမှု ပြုခဲ့သည်ကို သင်သိသင့်သည်။ တစ်ချိန်က ငါသည် ယေရှုဖြစ်ခဲ့သော်လည်း၊ တစ်ချိန်က ယေဟောဝါ ဖြစ်ခဲ့သော်လည်း နောင်တွင် ယေရှု ဖြစ်လာသကဲ့သို့၊ ငါသည် ယေရှုအဖြစ် ထာဝရ ရှိမနေနိုင်ခဲ့ပေ။ ငါသည် လူသားမျိုးနွယ်၏ဘုရားသခင်၊ ဖန်ဆင်းခြင်း၏ အရှင် ဖြစ်သော်လည်း၊

ငါသည် ယေရှု သို့မဟုတ် ယေဟောဝါအဖြစ် ထာဝရရှိမနေနိုင်ပေ။ ငါသည် လူသားက သမားတော် တစ်ယောက်အဖြစ် ယူဆခဲ့သည့်အရာ ဖြစ်သော်လည်း၊ ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် သမားတော်တစ်ဦးမျှ ဖြစ်သည်ဟု ဆို၍မရနိုင်ပေ။ ထို့ကြောင့် သင်သည် ငါ၌ ယုံကြည်ခြင်းတွင် အမြင်ဟောင်းများကို ကိုင်စွဲထားပါက မည်သည့်အရာမျှ ရရှိမည်မဟုတ်။ "လူသား၏ ဘုရားသခင်သည် ချစ်ဖွယ်ကောင်းပေစွ။ သူသည် အကျွန်ုပ်ကို အနာရောဂါ ငြိမ်းစေကာ ကောင်းချီးမင်္ဂလာများ၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ ပေး၏။ ဘုရားသခင်သည် လူသားတို့အဖို့ ကောင်းမြတ်လွန်းပေတကား။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ယုံကြည်ခြင်းသာရှိပါက၊ ငွေကြေးနှင့် ချမ်းသာကြွယ်ဝမှုတို့ အတွက် စိတ်ပူစရာမလိုပါ။" ဟု ယနေ့ သင်သည် ငါ့ကို မည်မျှပင် ချီးမွမ်းသည်ဖြစ်စေ၊ ငါသည် ငါ၏မူလအမှုကို အဆက်ပြတ်စေ၍ မဖြစ်ပေ။ ယနေ့ သင်သည် ငါ့ကိုယုံကြည်ပါက၊ ငါ၏ ဘုန်းအသရေကိုသာ ရရှိမည်ဖြစ်ပြီး၊ ငါ၏သက်သေခံရန် ထိုက်တန်မည်ဖြစ်ကာ၊ အခြားအရာတိုင်းသည် သာမည ဖြစ်လိမ့်မည်။ ဤသည်ကို ရှင်းလင်းစွာ သင်သိရမည်။

ယခုတွင် သင်သည် ငါ့ကို အဘယ်ကြောင့်ယုံကြည်သည်ကို အမှန်တကယ် သိပါသလော။ ငါ့အမှု၏ ရည်ရွယ်ချက်နှင့် အရေးပါမှုတို့ကို သင်အမှန်တကယ်သိပါသလော။ သင်၏ တာဝန်ကို သင် အမှန်တကယ် သိပါသလော။ ငါ၏ သက်သေခံချက်ကို သင်အမှန်တကယ်သိပါသလော။ သင်သည် ငါ့ကိုယုံကြည်ရုံ မျှသာဖြစ်သော်လည်း၊ သင်၌ ငါ၏ ဘုန်းအသရေ သို့မဟုတ် သက်သေခံချက် အရိပ်လက္ခဏာမရှိပါက၊ ငါသည် သင့်ကို ကြာမြင့်စွာကတည်းက သုတ်သင်ဖယ်ရှားပြီးဖြစ်သည်။ အရာအားလုံးကို သိရှိသောသူတို့အတွက်မူ၊ ၎င်းတို့သည် သာ၍ပင် ငါ့မျက်စိထဲ၌ ဆူးများ ဖြစ်သကဲ့သို့၊ ငါ၏အိမ်တော်တွင် ၎င်းတို့သည် ငါ၏ လမ်း၌ အဟန့်အတားများထက် ဘာမျှမပိုပေ၊ ၎င်းတို့သည် ငါ၏ အမှုတွင် လုံးဝ အလေ့ခံရမည့် တောပင်များဖြစ်ကြသည်၊ ၎င်းတို့သည် အသုံးမဝင်ကြ၊ အသုံးမကျကြသကဲ့သို့၊ ငါသည် ၎င်းတို့ကို ရွံရှာခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ သက်သေခံချက် မရှိသူများအားလုံးအပေါ် ငါ၏ အမျက်ဒေါသသည် မကြာခဏ ကျရောက်ပြီး၊ ငါ၏ လှံတံသည် ၎င်းတို့ထံမှ မည်သည့်အခါမျှ သွေဖည် မသွားပေ။ ငါသည် ၎င်းတို့ကို ဆိုးယုတ်သူ၏ လက်ထဲသို့ အချိန်ကြာမြင့်စွာက လွှဲပြောင်းပေးပြီးဖြစ်သည်။ ၎င်းတို့သည် ငါ၏ကောင်းချီးမင်္ဂလာများ ကင်းမဲ့ကြလေသည်။ ထိုနေ့ရက် ရောက်လာသည့်အခါ၊ ၎င်းတို့၏ ပြစ်တင်ဆုံးမမှုသည် မိုက်မဲသော မိန်းမတို့ထက် သာ၍ ဆိုးရွားလိမ့်မည်။ ယနေ့တွင် ငါသည် ငါ လုပ်ရမည့် တာဝန်ဖြစ်သည့် အမှုကိုသာ ငါ လုပ်ဆောင်၏။ ငါသည် စပါးပင်အားလုံးတို့ကို တောပင်တို့နှင့်အတူတကွ စည်းနှောင်မည်။ ဤသည်မှာ ယနေ့ ငါ၏အမှုဖြစ်၏။ ငါ၏

စပါးလှေ့ခြင်း အချိန်ကာလတွင် ထိုတောပင်တို့သည် လှေ့ထုတ်ခံရလိမ့်မည်၊ ထိုနောက် စပါးစေ့တို့ကို ကျီတွင် စုသိမ်းပြီး လှေ့ထားသည့် တောပင်တို့ကို ပြာကျစေရန် မီးထဲသို့ချမည်။ ယခုတွင် ငါ၏ အလုပ်မှာ လူသားအားလုံးကို အစည်းများအဖြစ်သို့ စည်းနှောင်ရန်မျှ ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့ကို လုံး၀ သိမ်းပိုက်ရန် ဖြစ်သည်။ ထိုနောက်တွင် ငါသည် လူသား အားလုံး၏အဆုံးကို ထုတ်ဖော်ပြရန် စတင် စပါးလှေ့မည်။ ထို့ကြောင့် သင်သည် ယခု ငါ့ကို မည်သို့ စိတ်ကျေနပ်စေသင့်သည် ဆိုသည်နှင့် ငါ၌ သင်၏ ယုံကြည်ခြင်းတွင် လမ်းကြောင်းမှန်ပေါ် မည်သို့ အခြေချသင့်သည်ကို သင် သိသင့်သည်။ ငါ ဆန္ဒရှိသည်မှာ ယခု သင်၏သစ္စာစောင့်သိမှုနှင့် နာခံမှု၊ ယခု သင်၏ ချစ်ခြင်းမေတ္တာနှင့် သက်သေခံချက်တို့ ဖြစ်သည်။ သင်သည် ဤအခိုက်အတန့်တွင် မည်သည့် သက်သေခံချက် ဖြစ်သည် သို့မဟုတ် မည်သည့် ချစ်ခြင်းမေတ္တာ ဖြစ်သည်ကို မသိလျှင်ပင်၊ ငါ့ထံ သင်၏ အရာအားလုံးကို ယူဆောင်လာသင့်ပြီး၊ သင့်၌ တစ်ခုတည်းသော ရတနာများ- သင်၏ သစ္စာစောင့်သိမှုနှင့် နာခံခြင်း- ကို ငါ့ထံ လွှဲအပ်သင့်ပေသည်။ လူသားကို ငါ၏ လုံး၀ သိမ်းပိုက်ခြင်း သက်သေခံချက်ကဲ့သို့၊ စာတန်ကို ငါ၏ အောင်နိုင်ခြင်းနှင့်ဆိုင်သော သက်သေခံချက်သည် လူသား၏ သစ္စာစောင့်သိမှုနှင့် နာခံမှုအတွင်းတွင် တည်ရှိသည်ကို သင် သိသင့်သည်။ ငါ၌ သင့်ယုံကြည်ခြင်းနှင့်ဆိုင်သော တာဝန်မှာ ငါ့အဖို့ သက်သေခံရန်၊ ငါ့ကို သစ္စာစောင့်သိရန်နှင့် အခြားမည်သူ့ကိုမျှ သစ္စာမစောင့်သိရန်၊ ပြီးလျှင် အဆုံးတိုင်အောင် နာခံရန် ဖြစ်သည်။ ငါ့အမှု၏ နောက်တစ်ဆင့်ကို ငါ မစတင်မီ၊ သင်သည် ငါ့အဖို့ မည်သို့ သက်သေခံလိမ့်မည်နည်း။ ငါ့ကို သင် မည်သို့သစ္စာရှိကာ နာခံမည်နည်း။ သင်၏သစ္စာစောင့်သိမှုအားလုံးကို သင်၏ အလုပ်တာဝန်အဖို့ သင် ဆက်ကပ်ပါသလော သို့မဟုတ် တကယ်ကို လက်လျှော့လိမ့်မည်လော။ ယင်းထက် သင်သည် (သေသည်ဖြစ်စေ၊ ပျက်စီးခြင်း ဖြစ်စေ) ငါ၏စီမံခန့်ခွဲမှုတိုင်းကို ကျိုးနွံနာခံမည်လော သို့မဟုတ် ငါ၏ ပြစ်တင်ဆုံးမမှုကို ရှောင်ရှားရန် လမ်းတစ်ဝက်တွင် ထွက်ပြေးလိမ့်မည်လော။ သင်သည် ငါ့အဖို့ သက်သေခံရန်နှင့် ငါ့ကို သစ္စာစောင့်သိကာ နာခံရန်အလို့ငှာ သင့်ကိုငါ ပြစ်တင်ဆုံးမပေသည်။ ထို့အပြင် လက်ရှိ ပြစ်တင်ဆုံးမခြင်းသည် ငါ၏အမှု၏ နောက်အဆင့်ကို ဖွင့်ပြရန်နှင့် အမှုကို ပိတ်ဆီးထားခြင်း မရှိဘဲ တိုးတက်စေရန် ဖြစ်သည်။ ထို့ကြောင့် သင်သည် အမြော်အမြင် ရှိရန်နှင့် သင်၏ ဘဝဖြစ်စေ၊ သင်၏ တည်ရှိခြင်းနှင့်ဆိုင်သည့် အရေးပါမှုကို ဖြစ်စေ တန်ဖိုးမဲ့သည့် သဲကဲ့သို့ သဘောမထားရန် ငါတိုက်တွန်း၏။ ငါ၏လာမည့်အမှုသည် မည်သည့်အရာ ဖြစ်လိမ့်မည်ကို သင် အတိအကျသိနိုင်ပါသလော။ လာမည့် နေ့ရက်များတွင် ငါ မည်သည့်အရာပြုမည်ဆိုသည်နှင့် ငါ၏အမှု မည်သို့ ဖွင့်ဟမည်ကို သင်သိပါသလော။

သင်သည် ငါ၏အမှုနှင့်ဆိုင်သည့် သင့်အတွေ့အကြုံ၏ အရေးပါမှုအပြင်၊ ငါ၌ သင်၏ ယုံကြည်ခြင်း အရေးပါမှုကို သိသင့်သည်။ ငါသည် များစွာ လုပ်ဆောင်ပြီး ဖြစ်သည်။ သင်စိတ်ကူးသည့်အတိုင်း ငါသည် လမ်းတစ်ဝက်တွင် အဘယ်သို့ လက်လျှော့နိုင်မည်နည်း။ ငါသည် ထိုသို့သော ကြီးကျယ်သည့် အမှုကို ပြုပြီးဖြစ်သည်။ ယင်းကို မည်သို့ ငါ ဖျက်ဆီးပစ်နိုင်မည်နည်း။ အကယ်စင်စစ် ငါသည် ဤခေတ်ကို အဆုံးသတ်ရန် ကြွလာပြီးဖြစ်သည်။ ဤသည်မှာ အမှန်ဖြစ်သော်လည်း၊ ငါသည် ခေတ်သစ်ကို စတင်ရန်၊ အမှုအသစ်ကို စတင်ရန်နှင့်၊ အဓိကကျဆုံးအနေဖြင့် နိုင်ငံတော်၏ ဧဝံဂေလိတရား ဖြန့်ဝေရန် ရှိသည်ကို သင်သိရမည်။ သို့ဖြစ်၍ လက်ရှိအမှုသည် ခေတ်တစ်ခေတ် စတင်ရန် ဖြစ်ပြီး၊ လာမည့်အချိန်ကာလ၌ ဧဝံဂေလိတရား ဖြန့်ဝေခြင်းနှင့် အနာဂတ်တွင် ခေတ်ကို အဆုံးသတ်သို့ ဆောင်ကြဉ်းခြင်းအတွက် အခြေခံအုတ်မြစ်ချရန်သာ ဖြစ်သည်ကို သင်သိသင့်သည်။ ငါ၏ အမှုသည် သင်တွေးထင်သလောက် မလွယ်ကူသကဲ့သို့၊ သင်ယုံကြည်သလောက် အသုံးမကျ သို့မဟုတ် အဓိပ္ပာယ်မဲ့သည်လည်း မဟုတ်ပေ။ ထို့ကြောင့် သင့်ကို ငါပြောရဦးမည်- ငါ၏အမှုအဖို့ သင်၏အသက်ကို ပေးသင့်သည်၊ ထို့အပြင် ငါ၏ ဘုန်းအသရေအဖို့ သင့်ကိုယ်သင် ဆက်ကပ်သင့်သည်။ ငါ့အဖို့ သက်သေခံရန် သင့်ကို ငါ တမ်းတခဲ့သည်မှာ ကြာပြီဖြစ်ပြီး ငါ၏ဧဝံဂေလိတရားကို ဖြန့်ရန် သင့်ကို ငါ တမ်းတခဲ့သည်မှာ သာ၍ ကြာမြင့်ပြီ ဖြစ်သည်။ ငါ၏ စိတ်နှလုံး၌ ရှိသည့်အရာကို သင် နားလည်သင့်ပေသည်။

## ရွက်ကြွေများ ၎င်းတို့အမြစ်များဆီ ပြန်သွားကြချိန် ပြုပြီးသမျှ မကောင်းမှုအားလုံးကို သင်နောင်တရလတ္တံ့

သင်တို့ကြား၌ ငါပြုခဲ့သော အမှုကို သင်တို့အားလုံး မိမိတို့ကိုယ်တိုင်၏ မျက်စိများဖြင့် မြင်ကြပြီးလေပြီ၊ ငါပြောပြီးသော နှုတ်ကပတ်တော်များကို သင်တို့ကိုယ်တိုင် နားထောင်ကြရပြီဖြစ်ပြီး၊ သင်တို့အပေါ်ထားသော ငါ၏သဘောထားကို သင်တို့အားလုံး သိကြပြီး ဖြစ်သည်၊ ထို့ကြောင့် သင်တို့အထဲ၌ ဤအမှုကို အဘယ်ကြောင့် ငါလုပ်ဆောင်နေသည်ကို သင်တို့ သိသင့်ကြသည်။ သင်တို့ကို အရိုးခံအတိုင်း ငါ ပြောသည်၊ သင်တို့သည် နောက်ဆုံးသောကာလ၌ ငါ၏ သိမ်းပိုက်ခြင်းအလုပ်အတွက် ကိရိယာ တန်ဆာပလာများ၊ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအလယ် ငါ၏ အမှု တိုးချဲ့ခြင်းအတွက် ကိရိယာတန်ဆာပလာများ ဖြစ်သည်မှအပ မည်သည့်အရာမျှ မဟုတ်။ ငါ၏အလုပ်ကို

တိုးချဲ့ဖို့ရန်နှင့် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများ အလယ်တွင် ငါ၏နာမကို ပိုမိုချဲ့ထွင်နိုင်ရန်အလို့ငှာ၊ ဆိုလိုသည်မှာ ဣသရေလနိုင်ငံအပြင်ဘက် မည်သည့်တိုင်းနိုင်ငံ အလယ်တွင်မဆို ပျံ့နှံ့ဖို့ရန်အလို့ငှာ၊ ငါသည် သင်တို့၏ မတရားသောအမှု၊ ညစ်ညူးမှု၊ ခုခံမှုနှင့် ပုန်ကန်မှုတို့မှတစ်ဆင့် စကားပြောသည်။ ဤသည်မှာ ငါ၏ နာမ၊ ငါ၏လုပ်ဆောင်ချက်များနှင့် ငါ၏အသံတို့သည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများတစ်လျှောက် ဖြန့်ဖြူးနိုင်ပြီး၊ ထိုသို့အားဖြင့် ဣသရေလနှင့် အဲဂုတ္တုမြေများပြင်ပတွင် ငါ၏ သန့်ရှင်းသော မြေများဖြစ်လာကြလျက်၊ ဣသရေလနှင့်မသက်ဆိုင်သော ထိုတိုင်းနိုင်ငံအားလုံးသည် ငါ၏ သိမ်းပိုက်ခြင်းခံရကာ ငါ့ကို ကိုးကွယ်နိုင်ကြဖို့အလို့ငှာ ဖြစ်သည်။ ငါ၏အမှုကို တိုးချဲ့ခြင်းဟူသည်မှာ အမှန်တွင် ငါ၏ သိမ်းပိုက်ခြင်းအမှုကို တိုးချဲ့ခြင်းနှင့် ငါ၏ သန့်ရှင်းသောမြေကို တိုးချဲ့ခြင်းဖြစ်သည်။ ယင်းသည် ကမ္ဘာပေါ်တွင် ငါ၏ခြေကုပ်ကို တိုးချဲ့ခြင်းဖြစ်သည်။ သင်တို့သည် ငါ သိမ်းပိုက်သော တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအလယ် အဖန်ဆင်းခံ သတ္တဝါများသာ ဖြစ်ကြသည်ကို သင်တို့ ရှင်းရှင်းလင်းလင်း သိသင့်သည်။ မူလက၊ သင်တို့သည် အသုံးချဖို့အတွက် အဆင့်အတန်းမရှိသကဲ့သို့ မည်သည့် တန်ဖိုးမျှလည်း ရှိကြသည်မဟုတ်၊ ပြီးလျှင် လုံးဝ အသုံးမဝင်ကြသူများ ဖြစ်သည်။ နယ်မြေတစ်ခုလုံးကို ငါသိမ်းပိုက်ခြင်းအတွက် နမူနာများအဖြစ်၊ နယ်မြေ တစ်ခုလုံးကို ငါ၏သိမ်းပိုက်ခြင်းအတွက် "ရည်ညွှန်းချက် ပစ္စည်းများ" အဖြစ်၊ နောက်ချေးပုံထဲက လောက်များကို ငါချီမခဲ့သောကြောင့်သာ၊ ယခု သင်တို့သည် ငါနှင့် အဆက်အသွယ်ဖြစ်ပြီး ငါနှင့်အတူ စုဝေးဖို့ရလောက်အောင် ကံကောင်းကြသောကြောင့် ဖြစ်သည်။ ငါ၏ သိမ်းပိုက်ခြင်း အလုပ်အတွက် စံပြများနှင့် နမူနာများအဖြစ် သင်တို့ကို ငါရွေးချယ်ခဲ့သည်မှာ သင်တို့၏ နိမ့်ကျသော အဆင့်အတန်းကြောင့် ဖြစ်သည်။ သင်တို့ကြားတွင် ငါအမှုပြုပြီး စကားပြောကာ သင်တို့နှင့်အတူ အသက်ရှင်ပြီး နေထိုင်ရခြင်းမှာ ဤအကြောင်းရင်းအတွက်သာ ဖြစ်သည်။ သင်တို့အကြားတွင် ငါစကားပြော နေရသည်မှာ ငါ၏ စီမံခန့်ခွဲမှုနှင့် နောက်ချေးပုံထဲက လောက်တို့ကို အဆုံးစွန် ငါ၏ ရွံရှာမှုကြောင့်သာ ဖြစ်ကြောင်း သင်တို့ သိသင့်သည်- ယင်းမှာ ငါ ဒေါသအမျက်ပြင်းပြင်း ထွက်ရသည့်အဆင့်ထိ ရောက်ရှိပြီးဖြစ်သည်။ သင်တို့ကြား ငါ၏ အလုပ်လုပ်ခြင်းသည် ဣသရေလ၌ ယေဟောဝါ၏ အလုပ်လုပ်ခြင်းနှင့် လုံးဝတူညီခြင်းမရှိသကဲ့သို့ အထူးသဖြင့် ယုဒပြည်၌ ယေရှု လုပ်ဆောင်ခဲ့သည့် အလုပ်နှင့် မတူပေ။ ကြီးမားသော သည်းခံစိတ်ဖြင့် ငါသည် စကားပြောဆိုကာ အလုပ်လုပ်ပြီး ဤအကျင့်တရားပျက်သူတို့ကို ငါသိမ်းပိုက်သည်မှာ အမျက်ဒေါသနှင့် တရားစီရင်ခြင်းတို့ဖြင့် ဖြစ်သည်။ ယင်းသည် ဣသရေလ၌ မိမိလူတို့ကို

ယေဟောဝါ လမ်းပြခြင်းနှင့် မည်သို့မျှ မတူပေ။ က္လာသရေလ၌ သူ၏အမှုမှာ အစားအစာနှင့် အသက်ရေကို ပေးသနားရန်ဖြစ်ပြီး ၎င်းတို့အတွက် ထောက်ပံ့ပေးနေစဉ်တွင် သူသည် သူ၏လူတို့အတွက် သနားစုံမက်ခြင်းနှင့် ချစ်ခြင်း အပြည့်အဝ ရှိခဲ့သည်။ ယနေ့အမှုကို ရွေးချယ်ခြင်းမခံရသည့်၊ ကျိန်ခြင်းခံရသော တိုင်းနိုင်ငံတစ်ခု၌ လုပ်ဆောင်၏။ ပြည့်လျှံသော ကုန်ပစ္စည်းများ ထောက်ပံ့မှုရှိဖို့ မပြောနှင့်၊ အစာပေါများခြင်းမရှိသကဲ့သို့ ရေငတ်ပြေစေသော အသက်ရေ၏ အာဟာရလည်း မရှိပေ။ ပြည့်လျှံသော တရားစီရင်ခြင်း၊ ကျိန်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း အထောက်အပံ့သာ ရှိသည်။ နောက်ချေးပုံထဲတွင် ရှင်သန်သော ဤလောက်ကောင်များသည် က္လာသရေလလူမျိုးပေါ် ငါနှင်းအပ်ခဲ့သကဲ့သို့ တောင်ပုံရာပုံအပြည့်ဖြစ်သော သိုးနွား တိရစ္ဆာန်များ၊ ကြီးစွာသော ချမ်းသာကြွယ်ဝမှုနှင့် မြေတစ်ပြင်လုံးက အလှဆုံး ကလေးသူငယ်များကို ရရှိခြင်းနှင့် လုံးဝမထိုက်တန်ကြပေ။ ပညတ်တော်အရ ယေဟောဝါ တောင်းဆိုသော ဆယ်ဖို့တစ်ဖို့ထက် ကျော်လွန်ပြီး မျက်မှောက်ခေတ် က္လာသရေလသည် ယင်း၏လူတို့ကို ငါအာဟာရဖြစ်စေသည့် သိုးနွား တိရစ္ဆာန်များနှင့် ရွှေထည်၊ ငွေထည် ပစ္စည်းများကို ယဇ်ပလ္လင်ပေါ်တွင် ပူဇော်ကြ၏၊ ထို့ကြောင့် ၎င်းတို့အား ငါ ပို၍ပင် ပေးခဲ့လေသည်- ပညတ်တရားအရ က္လာသရေလတို့ ရရှိဖို့အရာ၏ အဆတစ်ရာကျော်ကို ပေးခဲ့လေသည်။ က္လာသရေလကို ငါကျွေးမွေးခဲ့သောအရာသည် အာဗြဟံ ရရှိခဲ့သည့်အရာ အားလုံးထက် ကျော်လွန်ပြီး၊ က္လဇာတ် ရရှိခဲ့သည့်အရာ အားလုံးထက် ကျော်လွန်သည်။ ငါသည် က္လာသရေလ၏ မိသားစုကို ဖြစ်ထွန်းစေကာ ပွားများစေမည်ဖြစ်ပြီး၊ ငါ၏ က္လာသရေလလူမျိုးကို ကမ္ဘာမြေတစ်လျှောက် ပျံ့နှံ့စေမည်။ ငါကောင်းချီးပေးပြီး စောင့်ရှောက်သော သူတို့မှာ အရွေးချယ်ခံ က္လာသရေလလူမျိုး ဖြစ်လျက်ပင် ရှိသေး၏- ဆိုလိုသည်မှာ ငါ့ကို အရာအားလုံး ဆက်ကပ်ပြီး ငါ့ထံမှ အရာအားလုံး ရရှိပြီးဖြစ်သည့် လူများ ဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာ ငါ၏ပြန်ကြွလာခြင်းကို စောင့်စားမျှော်လင့်ရာတွင် ၎င်းတို့၏ မွေးကင်းစ သားဦးတို့ကို ပူဇော်ကြသည်အထိ ငါ၏သန့်ရှင်းသော ယဇ်ပလ္လင်ထက်တွင် ၎င်းတို့၏ မွေးကင်းစ နွားသားပေါက်များနှင့် သိုးသူငယ်များကို ၎င်းတို့ယဇ်ပူဇော်ကြပြီး ငါ၏ရှေ့မှောက်တွင် ၎င်းတို့ ရှိသမျှတိုင်းကို ဆက်ကပ်ပူဇော်ကာ ငါ့ကို အမှတ်ထားကြသောကြောင့် ဖြစ်သည်။ သင်တို့ရော အဘယ်သို့နည်း။ သင်တို့သည် ငါ၏ အမျက်ဒေါသကို နှိုးဆွကြ၏၊ ငါ့ကို တောင်းဆိုချက်များ ပြုလုပ်ကြပြီး၊ ငါ့အား ဆက်ကပ်ပူဇော်သော သူတို့၏ ယဇ်များကို ခိုးယူကြပြီး ငါ့ကို သင်တို့ စော်ကားနေကြသည်ကို သင်တို့ မသိကြ၊ ထို့ကြောင့် သင်တို့ရရှိသမျှမှာ အမှောင်တွင် ငိုကျွေးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းတို့ ဖြစ်သည်။ သင်တို့သည် ငါ၏ အမျက်ကို အကြိမ်ပေါင်းများစွာ ဆွခဲ့ကြပြီး

လူအတော်အတန် အနည်းငယ်သည် ဝမ်းနည်းဖွယ် အဆုံးသတ်ခြင်းနှင့် တွေ့ကြုံကြရပြီးဖြစ်ကာ ပျော်ရွှင်ဖွယ်ရာအိမ်များသည် ပျက်စီးခြောက်ကပ်သော သင်္ချိုင်းများ ဖြစ်သွားသည်အထိ ငါ၏ လောင်သောမီးများကို ငါ ရှာချခဲ့လေပြီ။ ဤလောက်ကောင်များအတွက် ငါ၌ရှိသမျှမှာ မပြေနိုင်သော အမျက်ဒေါသဖြစ်ပြီး ၎င်းတို့ကို ကောင်းချီးပေးရန် ငါ၌ ရည်ရွယ်ချက်မရှိ။ ငါ၏အမှုအတွက်သာ ငါသည် ခွင်းချက်တစ်ခု ပြုလုပ်ခဲ့ပြီး သင်တို့ကို အားပေးခဲ့သကဲ့သို့၊ ကြီးမားသော အရှက်ရခြင်းကို သည်းခံကာ သင်တို့၏အလယ်၌ အမှုပြုခဲ့ခြင်း ဖြစ်သည်။ ငါ့ခမည်းတော်၏ အလိုတော်အတွက်သာ မဟုတ်ခဲ့ပါက၊ နောက်ချေးပုံထဲ လူးလွန့်နေကြသော လောက်ကောင်များနှင့်အတူ တစ်အိမ်တည်းတွင် ငါ မည်သို့ နေနိုင်မည်နည်း။ သင်တို့၏ လုပ်ရပ်များနှင့် စကားများအားလုံးအတွက် အလွန့်အလွန် စက်ဆုပ်ရွံရှာမှုကို ငါခံစားရပြီး၊ မည်သို့ဆိုစေ သင်တို့၏ အညစ်အကြေးနှင့် ပုန်ကန်မှုတို့ကို ငါ “စိတ်ဝင်စားမှု” အချို့ရှိသောကြောင့်၊ ဤသည်မှာ ငါ၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သော ကြီးမားသည့် စုဆောင်းမှုတစ်ခု ဖြစ်လာလေပြီ။ သို့မဟုတ်ပါက၊ သင့်တို့အကြားတွင် အလွန်အချိန်ကြာမြင့်စွာ ငါလုံးဝ ရှိခဲ့လိမ့်မည်မဟုတ်။ ထို့ကြောင့် ဤအရာကို ငါ၏အလုပ်အတွက်သာ လုပ်ဆောင်ခြင်း ဖြစ်သောကြောင့် သင်တို့အပေါ် ငါ၏သဘောထားမှာ ကိုယ်ချင်းစာတရားနှင့် သနားခြင်းတို့သာဖြစ်သည်ကို သင်တို့ သိသင့်ကြသည်။ သင်တို့အတွက် ချစ်ခြင်းမေတ္တာ တစ်စက်မျှပင် ငါ၌မရှိ။ ငါသည် ဤအရာကို ငါ၏ အမှုအတွက်သာ လုပ်ဆောင်သောကြောင့်၊ သင်တို့အတွက် ငါ ရှိသည့်အရာမှာ သည်းခံခြင်းသာ ဖြစ်၏။ ထို့အပြင် ငါသည် ညစ်ညမ်းမှုနှင့် ပုန်ကန်ခြင်းတို့ကို “ကုန်ကြမ်းများ” အဖြစ် ရွေးချယ်ခဲ့ခြင်း ကြောင့်သာ ငါ၏ လုပ်ဆောင်ချက်တို့ကို သင်တို့ မြင်ခဲ့ကြရခြင်း ဖြစ်သည်။ သို့မဟုတ်ပါက ဤလောက်ကောင်များအား ငါ၏ လုပ်ဆောင်ချက်များကို ငါ လုံးဝထုတ်ဖော်ပြမည် မဟုတ်။ ငါသည် ဣလသရေလ၌ ငါ့အလုပ်ကို အဆင်သင့်ရှိခြင်းနှင့် လိုလားခြင်းတို့ဖြင့် လုပ်ဆောင်ခဲ့သကဲ့သို့ လုံးဝမဟုတ်ဘဲ၊ မလိုလားခြင်းဖြင့်သာ သင်တို့ထဲ၌ ငါ အလုပ်လုပ်သည်။ သင်တို့ကြားတွင် ငါ့ကိုယ်ငါ စကား အတင်းအကျပ် ပြောစေစဉ်တွင် ငါ၌ အမျက်ဒေါသ ရှိနေ၏။ ငါ၏ သာ၍ကြီးမားသော အမှုအတွက် မဟုတ်ပါက၊ ထိုသို့သော လောက်ကောင်များကို ဆက်၍ မြင်နေခြင်းအား ငါအဘယ်သို့ သည်းခံနိုင်မည်နည်း။ ငါ၏ နာမဖို့အလို့ငှာမဟုတ်ပါက၊ ငါသည် အမြင့်ဆုံးသော အထွတ်သို့ တက်သွားပြီး ဤလောက်ကောင်များကို ၎င်းတို့၏နောက်ချေးပုံ နှင့်အတူ ငါလုံးလုံးလျားလျား မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်လိမ့်မည်။ ငါ၏ ဘုန်းအသရေအဖို့အလို့ငှာ မဟုတ်ခဲ့ပါက၊

ဤဆိုးညစ်သော နတ်ဆိုးများအား ငါ၏ မျက်လုံးများရှေ့တွင် ၎င်းတို့၏ ဦးခေါင်းများ လှုပ်ယမ်းကာ ငါ့ကို ပွင့်ပွင့်လင်းလင်း ခုခံတွန်းလှန်ရန် ငါ အဘယ်ကြောင့် ခွင့်ပြုနိုင်မည်နည်း။ အနည်းငယ်မျှ အတားအဆီးမရှိဘဲ ငါ၏ အမှုကို ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ဖို့သာ မဟုတ်ခဲ့ပါက၊ ဤလောက်ကောင်နှင့်တူသော လူတို့အား အကြောင်းမဲ့သက်သက် ငါ့ကို စော်ကားရန် ငါ အဘယ်သို့ ခွင့်ပြုနိုင်မည်နည်း။ ဣသရေလရှိ ရွာတစ်ရွာမှ လူပေါင်းတစ်ရာက ငါ့ကို ဤသို့ အတိုက်အခံလုပ်ရန် ထကြွခဲ့ကြပါက၊ ငါ့အား ယဇ်ပူဇော်မှုများ ၎င်းတို့လုပ်ဆောင်ခဲ့ကြလျှင်ပင်၊ အခြားမြို့များမှ လူများကို မည်သည့်အခါမျှ နောက်တစ်ဖန် ပုန်ကန်မှုမပြုရန် တားဆီးဖို့ရန်အလို့ငှာ ၎င်းတို့ကို ငါ ချေဖျက်ကာ မြေထဲက အက်ကြောင်းများ ထဲသို့ ပစ်ချလိမ့်ဦးမည် ဖြစ်သည်။ ငါသည် အလုံးစုံ ကျွမ်းလောင်သောမီးဖြစ်ကာ ပုန်ကန်ပြစ်မှားမှုကို သည်းမခံပေ။ လူသားအားလုံးကို ငါ ဖန်ဆင်း ထားသောကြောင့်၊ ငါမည်သည့်အရာကို ပြောဆိုလုပ်ဆောင်သည်ဖြစ်စေ၊ ၎င်းတို့ နာခံကြရမည် ဖြစ်ကာ မပုန်ကန်ရပေ။ လူတို့သည် ငါ၏ အမှု၌ ၎င်းတို့ ဝင်စွက်ဖက်ပိုင်ခွင့်မရှိပေ၊ ထို့အပြင် ငါ၏အမှုနှင့် ငါ၏ စကားများ၌ မည်သည့်အရာ မှန်သည်၊ မှားသည်ကို စိစစ်ရန် သာ၍ပင် အရည်အချင်းမမီပေ။ ငါသည် ဖန်ဆင်းခြင်း၏ အရှင်သခင်ဖြစ်ပြီး အဖန်ဆင်းခံ သတ္တဝါများအနေဖြင့် ငါ့အား ကြောက်ရွံ့သော စိတ်နှလုံးဖြင့် ငါသတ်မှတ်ထားသော အရာတိုင်းကို ရရှိသင့်ကြ၏။ ၎င်းတို့သည် ငါနှင့်အတူ အကျိုးသင့် အကြောင်းသင့်ပြောဖို့ မကြိုးစားသင့်သကဲ့သို့ အထူးသဖြင့် ငါ့ကို မခုခံသင့်ပေ။ ငါသည် ငါ၏သြဇာအာဏာဖြင့် ငါ၏လူတို့ကို အုပ်စိုးပြီး ငါ၏ဖန်ဆင်းခြင်းနှင့် သက်ဆိုင်သော သူအားလုံးသည် ငါ၏ သြဇာအာဏာကို ကျိုးနွံနာခံသင့်ကြ၏။ ယနေ့ ငါ၏ရှေ့တွင် သင်တို့သည် ရဲရင့်ကြပြီး မိမိကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲကြသော်လည်း၊ သင်တို့ကို ငါသင်ပေးသော နှုတ်ကပတ်တော်များကို သင်တို့ မနာခံကြသကဲ့သို့ ကြောက်ရွံ့မှုမရှိကြသော်လည်း၊ ငါသည် သင်တို့၏ ပုန်ကန်မှုကို သည်းခံခြင်းဖြင့်သာ ရင်ဆိုင်၏။ အလွန်သေးငယ်၍ အရေးမပါသော လောက်တို့သည် နောက်ချေးပုံထဲ၌ အညစ်အကြေးကို မွှေနှောက်ကြသောကြောင့် ငါသည် အမျက်ဒေါသထွက်မည် မဟုတ်သကဲ့သို့ ငါ၏အလုပ်အပေါ် သက်ရောက်စေမည် မဟုတ်ပေ။ ခမည်းတော်၏ အလိုတော်အဖို့အလို့ငှာ ငါမနှစ်မြို့သော အရာတိုင်းနှင့် ငါစက်ဆုပ်သောအရာအားလုံး၏ ဆက်လက် တည်ရှိခြင်းကို ငါသည်းခံပြီး၊ ငါ၏ မိန့်မြွက်ချက်များ ပြည့်စုံသည်အထိ၊ ငါ၏ နောက်ဆုံး အခိုက်အတန့်အထိ ငါထိုသို့ လုပ်ဆောင်မည်ဖြစ်သည်။ မစိုးရိမ်နှင့်။ ငါသည် အမည်မဲ့ လောက်တစ်ကောင်ကဲ့သို့ အလားတူအဆင့်ထိ နစ်မြုပ် မသွားနိုင်သကဲ့သို့ ငါ၏ ကျွမ်းကျင်မှုအဆင့်ကို သင်နှင့်

နှိုင်းယှဉ်မည်မဟုတ်။ ငါသည် သင့်ကို စက်ဆုပ်သော်လည်း သည်းခံနိုင်၏။ သင်သည် ငါ့ကို မနာခံသော်လည်း ငါ၏ ခမည်းတော်က ငါ့အား ကတိထားတော်မူသည့်အတိုင်း သင့်ကို ငါ ပြစ်တင်ဆုံးမမည့် နေ့ရက်ကို သင် မလွတ်မြောက်နိုင်ပေ။ အဖန်ဆင်းခံ လောကတစ်ကောင်သည် ဖန်ဆင်းခြင်း၏ အရှင်နှင့် နှိုင်းယှဉ်နိုင်သလော။ ဆောင်းဦးရာသီတွင် ရွက်ကြွေများသည် ၎င်းတို့ အမြစ်များဆီ ပြန်သွားကြ၏။ သင်သည် သင့် "အဖ" ၏ အိမ်သို့ ပြန်သွားမည်ဖြစ်ပြီး၊ ငါသည် ငါ့ခမည်းတော် ထံပါးသို့ ပြန်သွားလိမ့်မည်။ ငါ့ခမည်းတော်၏ နူးညံ့သော ချစ်ခြင်းမေတ္တာသည် ငါနှင့်အတူ ပါရှိလိမ့်မည်ဖြစ်ပြီး သင်မူကား သင့်အဖ၏ နင်းခြေခြင်းက သင့်နောက်မှ လိုက်လာလိမ့်မည် ဖြစ်သည်။ ငါသည် ငါ့ခမည်းတော်၏ ဘုန်းအသရေကို ရရှိလိမ့်မည်ဖြစ်ကာ၊ သင်သည် သင့်အဖ၏ အရှက်ကို ရရှိလိမ့်မည်။ ငါသည် သင့်ကို အဖော်ပြုရန် ရှည်ကြာစွာ ထိန်းထားခဲ့သော ပြစ်တင်ဆုံးမမှုကို အသုံးပြုမည်ဖြစ်ပြီး သင်သည် ငါ၏ ပြစ်တင်ဆုံးမမှုကို နှစ်သောင်းချီ ပျက်ဆီးပြီးဖြစ်သော ဆီချေးဆော်နံသည့် သင်၏ ဇာတိ အသွေးအသားဖြင့် ကြုံတွေ့လိမ့်မည်။ ငါသည် သည်းခံစိတ်နှင့်အတူ၊ သင့်အထဲက ငါ၏နှုတ်ကပတ်တော်များနှင့်ဆိုင်သော အမှုကို ငါအဆုံးသတ်မည် ဖြစ်ပြီး သင်သည် ငါ၏နှုတ်ကပတ်တော်များမှ ဘေးအန္တရာယ် ခံစားခြင်း အခန်းကဏ္ဍကို စတင် ဖြည့်ဆည်းရလိမ့်မည်။ ငါသည် ကြီးစွာ ဝမ်းမြောက်ကာ ဣသရေလ၌ အလုပ်လုပ်မည်။ သင်သည် နွံထဲ၌ တည်ရှိကာ သေအံ့ဆဲဆဲ ဖြစ်လျက်၊ ငိုကြွေးကာ အံသွားခဲကြိတ်လိမ့်မည်။ ငါသည် ငါ၏နဂိုမူလ ပုံသဏ္ဌာန်ကို ပြန်လည် ရရှိလိမ့်မည်ဖြစ်ပြီး သင်နှင့်အတူ အညစ်အကြေးထဲ၌ ဆက်ရှိနေတော့မည် မဟုတ်ချိန်တွင်၊ သင်သည် သင်၏ မူလ အကျည်းတန်မှုကို ပြန်လည်ရရှိကာ နောက်ချေးပုံတစ်ဝိုက် ဆက်၍ လိုဏ်ခေါင်းတူးလိမ့်မည် ဖြစ်သည်။ ငါ၏ အလုပ်နှင့် နှုတ်ကပတ်တော်များ ပြီးဆုံးသွားသည့်အခါ၊ ယင်းသည် ငါ့အဖို့ ဝမ်းမြောက်ခြင်း နေ့တစ်နေ့ ဖြစ်လိမ့်မည်။ သင်၏ ခုခံခြင်းနှင့် ပုန်ကန်ခြင်း ပြီးဆုံးသွားသောအခါ၊ သင့်အဖို့ ငိုကြွေးရာနေ့တစ်နေ့ ဖြစ်လိမ့်မည်။ ငါသည် သင့်ကို စာနာလိမ့်မည် မဟုတ်သကဲ့သို့ သင်သည် ငါ့ကို နောက်တစ်ဖန် လုံးဝ မြင်ရလိမ့်မည် မဟုတ်။ ငါသည် သင်နှင့်အတူ အပြန်အလှန် စကားပြောဆိုတော့မည် မဟုတ်သကဲ့သို့၊ သင်သည် ငါနှင့် နောက်ထပ် ဆုံရလိမ့်မည်မဟုတ်။ ငါသည် သင်၏ ပုန်ကန်မှုကို မုန်းတီးလိမ့်မည်ဖြစ်ကာ၊ သင်သည် ငါ၏ ချစ်ဖွယ်ဖြစ်ခြင်းကို အောက်မေ့လိမ့်မည်။ ငါသည် သင့်ကို ဒဏ်ခတ်မည်ဖြစ်ပြီး သင်သည် ငါ့ကို တမ်းတလိမ့်မည်။ ငါသည် သင့်ထံမှ ဝမ်းမြောက်ဝမ်းသာစွာ ထွက်သွားလိမ့်မည် ဖြစ်ပြီး သင်သည် ငါ့ထံတင်ရှိနေသည့် သင်၏ ကြွေးမြီကို သတိပြုမိလိမ့်မည်။ ငါသည် သင့်ကို တစ်ဖန် လုံးဝ တွေ့လိမ့်မည် မဟုတ်သော်လည်း၊

သင်သည် ငါ့ကို အမြဲ မျှော်လင့်လိမ့်မည်။ လောလောဆယ်တွင် သင်သည် ငါ့ကို ခုခံသောကြောင့် သင့်ကို ငါ မုန်းမည်ဖြစ်ပြီး၊ လောလောဆယ် သင့်ကို ငါ ပြစ်တင်ဆုံးမသောကြောင့် သင်သည် ငါ့ကို အောက်မေ့လိမ့်မည်။ ငါသည် သင်နှင့်အတူ တွဲဖက်၍ အသက်ရှင်ဖို့ လိုလားလျက်ရှိလိမ့်မည် မဟုတ်သော်လည်း၊ သင်သည် ထိုအရာအတွက် ခါးသီးစွာ တမ်းတကာ ထာဝရ ငိုကြွေးရလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ငါ့အား သင်ပြုသမျှ အရာအားလုံးအတွက် သင်နောင်တရလိမ့်မည် ဖြစ်သည့်အတွက် ဖြစ်သည်။ သင်၏ ပုန်ကန်မှုနှင့် ခုခံခြင်းအတွက် သင်နောင်တရလိမ့်မည် ဖြစ်ပြီး နောင်တဖြင့် မြေပြင်ပေါ် မျက်နှာပင်အပ်ကာ ငါ၏ရှေ့တွင် လဲကျလျက် ငါ့ကို နောက်ထပ် လုံးဝ မနာခံဘဲ မနေတော့ဖို့ရန် သင်ကျိန်ဆိုလိမ့်မည်။ သို့သော် သင်၏ စိတ်နှလုံးထဲ၌ သင်သည် ငါ့ကို ချစ်ရုံသာ ချစ်မည်ဖြစ်သော်လည်း၊ ငါ့စကားသံကို ဘယ်သောအခါမျှ ကြားနိုင်လိမ့်မည် မဟုတ်။ ငါသည် သင့်ကိုယ်သင် အရှက်ရစေမည်။

ငါ့ကို နားပူနားဆာလုပ်ခဲ့သည့် သင်၏ အလိုလိုက်သောဇာတိကို ယခု ငါကြည့်နေပြီး၊ ငါသည် သင့်ကို ပြစ်တင်ဆုံးမမှုဖြင့် "အစေခံ" မည် မဟုတ်သော်လည်း၊ သင့်အတွက် သေးငယ်သော သတိပေးချက်တစ်ခုသာ ငါ၌ ရှိ၏။ ငါ၏ အလုပ်၌ သင် မည်သည့် အခန်းကဏ္ဍ၌ ပါဝင်သည်ကို သိသင့်ပြီး၊ ထို့နောက်တွင် ငါ စိတ်ကျေနပ်လိမ့်မည်ဖြစ်သည်။ ဤအရာထက် ကျော်လွန်သော ကိစ္စရပ်များတွင်၊ သင်သည် ငါ့ကို ခုခံပါက၊ သို့မဟုတ် ငါ၏ ငွေကို သုံးပါက၊ သို့မဟုတ် ငါ ယေဟောဝါအတွက် ဖြစ်သော ယဇ်ကောင်များကို စားသုံးပါက၊ သို့မဟုတ် အသင် လောက်ကောင်တို့သည် အချင်းချင်း ကိုက်ကြပါက၊ သို့မဟုတ် အသင် ခွေးနှင့်တူသော သတ္တဝါများသည် ပဋိပက္ခများ ရှိပါက သို့မဟုတ် အချင်းချင်း စော်ကားခြင်းများ ရှိပါက- ထိုသို့သောအရာ တစ်ခုတစ်လေကို ငါ စိတ်ဝင်စားခြင်းမရှိ။ သင်တို့ မည်သည့်အရာ အမျိုးအစားများ ဖြစ်ကြသည်ကိုသာ သင်တို့သိဖို့လိုပြီး ငါသည် စိတ်ကျေနပ်လိမ့်မည်။ ဤအရာများအားလုံးမှအပ၊ သင်တို့အချင်းချင်း တစ်ဦးပေါ်တစ်ဦး လက်နက်များ ဆွဲထုတ်လိုကြပါက သို့မဟုတ် စကားလုံးများဖြင့် အချင်းချင်း တိုက်ခိုက်လိုကြပါက၊ ကိစ္စမရှိပေ။ ထိုသို့သော အရာများ၌ စွက်ဖက်ဖို့ရန် ငါဆန္ဒမရှိသကဲ့သို့၊ လူသားကိစ္စရပ်များတွင် ငါသည် အနည်းငယ်မျှ ပါဝင်ပတ်သက်မှု မရှိပေ။ ယင်းမှာ သင်တို့ကြားက ပဋိပက္ခများကို ငါအရေးမစိုက်ခြင်း မဟုတ်။ ငါသည် သင်တို့ထဲက တစ်ဦးမဟုတ်သောကြောင့် သင်တို့အကြားရှိသည့် အရေးကိစ္စများတွင် ငါမပါဝင်ခြင်း ဖြစ်သည်။ ငါကိုယ်တိုင်သည် အဖန်ဆင်းခံသတ္တဝါ တစ်ဦးမဟုတ်သကဲ့သို့ လောကနှင့် မဆိုင်ချေ၊ ထို့ကြောင့် ငါသည် လူတို့၏ ယောက်ယက်ခတ်နေသော ဘဝနှင့် ၎င်းတို့ကြားက ရှုပ်ထွေးသော၊ မလျော်ကန်သော

ဆက်ဆံရေးများကို ငါ စက်ဆုပ်၏။ ငါသည် ကျွက်ကျွက်ညံသော လူအစုအဝေးများကို အထူးသဖြင့် စက်ဆုပ်၏။ သို့သော် အဖန်ဆင်းခံ သတ္တဝါအသီးသီး၏ စိတ်နှလုံးများထဲက မစင်ကြယ်မှုများနှင့်ဆိုင်သော နက်နဲသည့် အသိပညာတစ်ခု ငါ၌ရှိပြီး၊ သင်တို့ကို မဖန်ဆင်းမီတွင်၊ လူသား စိတ်နှလုံးထဲတွင် နက်နက်ရှိုင်းရှိုင်း တည်ရှိခဲ့သည့် မတရားမှုကို ငါသိနှင့်ပြီးဖြစ်ကာ၊ လူသားစိတ်နှလုံးထဲက လှည့်စားခြင်းနှင့် ကောက်ကျစ်ခြင်းများအားလုံးကို ငါသိခဲ့သည်။ ထို့ကြောင့် လူတို့က မတရားသောအမှုတို့ကို လုပ်ဆောင်သည့်အခါ သဲလွန်စများ လုံးဝမရှိသော်လည်း သင်တို့၏ စိတ်နှလုံးများထဲတွင် သိုထားသော မတရားမှုသည် ငါဖန်ဆင်းခဲ့သော အရာခပ်သိမ်း၏ ပေါများကြွယ်ဝမှုထက် သာလွန်ကြောင်းကို ငါသိနေဆဲဖြစ်၏။ သင်တို့ အယောက်တိုင်းသည် လူအမြောက်အများ၏ အမြင့်ဆုံးသော အထွတ်သို့ တက်ကြပြီးဖြစ်သည်။ လူအမြောက်အများ၏ ဘိုးဘေးများဖြစ်ဖို့ရန် သင်တို့ တက်ခဲ့ကြပြီးဖြစ်သည်။ သင်တို့သည် အလွန့်အလွန် ထင်တိုင်းကြဲကြကာ ငြိမ်းအေးသော နေရာတစ်ခုကို ရှာဖွေရင်းနှင့် သင်တို့ထက် ပိုသေးငယ်သော လောက်ကောင်များကို ဝါးမျိုရန် ကြိုးပမ်းလျက်၊ လောက်ကောင်များ အားလုံးကြားတွင် ဒေါသတကြီး လျှောက်ရမ်းကြသည်။ သင်တို့သည် သမုဒ္ဒရာအောက်ခြေ၌ နစ်မြုပ်သွားကြသော သရဲတစ္ဆေများထက်ပင် ကျော်လွန်ပြီး သင်တို့၏ စိတ်နှလုံးများတွင် မလိုမုန်းထားကြကာ ရက်စက် ယုတ်မာတတ်ကြသည်။ သင်တို့သည် လောက်ကောင်များကို မငြိမ်းချမ်းစေသည်အထိ ထိပ်မှ အောက်ခြေသို့တိုင် နှောင့်ယှက်ကြရင်း၊ အချင်းချင်း တစ်ခဏမျှ တိုက်ခိုက်ကြပြီးနောက် ပြန်ငြိမ်သွားကြရင်း နောက်ချေး၏ အောက်ခြေတွင် နေထိုင်ကြသည်။ သင်တို့၏နေရာကို သင်တို့မသိကြ၊ သို့သော် နောက်ချေးထဲ၌ အချင်းချင်း တိုက်ခိုက်နေကြဆဲဖြစ်၏။ ထိုသို့သော ရုန်းကန်လှုပ်ရှားခြင်းမှ သင်တို့ မည်သည့်အရာ ရရှိနိုင်သနည်း။ သင်တို့ စိတ်နှလုံးထဲတွင် ငါ့အတွက် ကြောက်ရွံ့မှု အမှန်တကယ် ရှိခဲ့ပါက၊ ငါ၏ကွယ်ရာတွင် သင်တို့အချင်းချင်း အဘယ်ကြောင့် တိုက်ခိုက်နိုင် ကြမည်နည်း။ သင့်အဆင့်အတန်း မည်မျှမြင့်မားပါစေ သင်သည် နောက်ချေး ထဲက နံဟောင်နေသော တီကောင်ငယ်လေး ဖြစ်နေဆဲ မဟုတ်လော။ သင်သည် အတောင်ပေါက်ကာ ကောင်းကင်၌ ချိုးငှက်တစ်ကောင် ဖြစ်လာ နိုင်လိမ့်မည်လော။ အသင် နံဟောင်နေသော တီကောင်ငယ်လေးများသည် ငါယေဟောဝါ၏ ယဇ်ပလ္လင်ထက်က ယဇ်များကို ခိုးယူကြ၏။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် သင်တို့၏ ပျက်စီးနေသော၊ ကျရှုံးခဲ့သော နာမည်ဂုဏ်သတင်းကို ဆယ်တင်နိုင်ကာ အရွေးချယ်ခံ ဣသရေလ၏လူမျိုး ဖြစ်လာနိုင်သလော။ သင်တို့သည် အရှက်မဲ့သော စုတ်ချာနေသည့်သူများ ဖြစ်ကြသည်။ ယဇ်ပလ္လင်ပေါ်က ထိုယဇ်များသည် ငါ့ကို ကြောက်ရွံ့ကြသော သူများထံမှလာသည့်

သဒ္ဓါတရားရှိသော စိတ်ခံစားချက်များကို ဖော်ပြချက် အနေဖြင့် လူတို့က ငါ့ကို ပူဇော်ခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့သည် ငါထိန်းချုပ်ဖို့အတွက်ဖြစ်ပြီး ငါအသုံးပြုဖို့အတွက် ဖြစ်သည်၊ ထို့ကြောင့် ငါ့ကို လူတို့ ပေးထားသော ချိုးငှက်ငယ်လေးများကို ငါ့ထံမှ သင်တို့ အဘယ်သို့ လုယက်ဖို့ ဖြစ်နိုင်သနည်း။ ယုဒတစ်ဦး ဖြစ်လာမည်ကို သင် မကြောက်သလော။ သင့်မြေသည် သွေးမြေဖြစ်လာမည်ကို သင်မကြောက်သလော။ အရှက်မဲ့လိုက်သည့် အသင်။ လူတို့ပူဇော်ထားသည့် ချိုးငှက်ငယ်လေးများသည် အသင် လောက်ကောင်၏ ဝမ်းကို အာဟာရ ဖြည့်တင်းဖို့ဟု ထင်သလော။ သင့်ကို ငါပေးပြီးသောအရာသည် ငါ အားရကျေနပ်ကာ လိုလိုလားလား ပေးခဲ့သော အရာဖြစ်သည်။ ငါသင့်ကို မပေးထားသော အရာသည် ငါအလိုရှိသလို အသုံးပြုနိုင်သော အရာဖြစ်၏။ ငါ၏ ယဇ်များကို သင် လုံးဝခိုးယူ၍ မရ။ အလုပ်လုပ်သောသူမှာ ငါ ယေဟောဝါ- ဖန်ဆင်းခြင်း၏ အရှင် - ဖြစ်ပြီး ငါ့ကြောင့် လူတို့က ယဇ်များကို ပူဇော်ကြခြင်း ဖြစ်သည်။ ဤသည်မှာ သင်အလုပ်များသမျှ အားလုံးအတွက် ဆုလာဘ်ဟု သင်ထင်သလော။ သင်သည် အမှန်တကယ် အရှက်မဲ့သောသူပါတကား။ မည်သူ့အတွက် သင်အလုပ်များ နေရသနည်း။ သင်ကိုယ်တိုင်အတွက် မဟုတ်လော။ သင်သည် အဘယ်ကြောင့် ငါ၏ ယဇ်များကို ခိုးယူသနည်း။ ငါ၏ ငွေအိတ်မှ ငွေကို သင်အဘယ်ကြောင့် ခိုးယူသနည်း။ သင်သည် ယုဒရှကာယုတ်၏သား မဟုတ်လော။ ငါ ယေဟောဝါအဖို့ဖြစ်သော ယဇ်များသည် ယဇ်ပုရောဟိတ်များ ပျော်မွေ့ဖို့ရာ ဖြစ်သည်။ သင်သည် ယဇ်ပုရောဟိတ်တစ်ဦးလော။ သင်သည် ငါ၏ ယဇ်များကို ဘဝင်ခိုက်စွာ စားဝံ့ပြီး ၎င်းတို့ကို စားပွဲပေါ်၌ပင် တည်ခင်း၏၊ သင်သည် တန်ဖိုးအလျှင်း မရှိသူ ဖြစ်သည်။ အသင် အသုံးမကျသည့် စုတ်ချာသောသူ။ ငါ၏မီး၊ ယေဟောဝါ၏ မီးသည် သင့်ကို ပြာကျစေလိမ့်မည်။

# အမျက်ဒေါသ ကျရောက်မည့်နေ့ကို အသေးအသားရှိသောသူ မည်သူမျှ မလွတ်မြောက်နိုင်

ယနေ့တွင် တိုင်းပြည်များနှင့် တိုင်းနိုင်ငံများအားလုံးရှိ လူများထံသို့ ငါ၏ နှုတ်ကပတ်တော်များ၊ ဩဇာအာဏာ၊ ဘုန်းအာနုဘော်နှင့် တရားစီရင်ခြင်းတို့ကို ထုတ်ဖော်ပြရင်း၊ ငါ၏ အမှု ချောမွေ့စွာ တိုးတက်ရန်အတွက်အလို့ငှာ၊ ပြီးလျှင် စကြဝဠာတစ်ခွင်လုံးအနှံ့ ငါ၏ အစပြုသည့်အမှုသည် သာ၍ သင့်လျော်စွာနှင့် စုံလင်စွာ ဆောင်ရွက်နိုင်ဖို့အလို့ငှာ၊

သင်တို့ကိုယ်တိုင်၏ ရှင်သန်မှုအတွက် သင်တို့ကို ငါ ဤသို့ သတိပေးသည်။ သင်တို့အလယ် ငါလုပ်ဆောင်သော အမှုသည် စကြဝဠာတစ်ခွင်လုံးအနှံ့ ငါ၏ အမှု အစဖြစ်သည်။ ယခုသည် နောက်ဆုံးသောကာလ ဖြစ်နှင့်သော်လည်း၊ "နောက်ဆုံးသော ကာလ" သည် ခေတ်တစ်ခု၏ အမည်သာ ဖြစ်သည်ကို သိလော့။ ပညတ်တော်ခေတ်နှင့် ကျေးဇူးတော်ခေတ်ကဲ့သို့ပင်၊ ယင်းသည် ခေတ်တစ်ခုကို ရည်ညွှန်းပြီး၊ နောက်ဆုံးနှစ်အနည်းငယ် သို့မဟုတ် လအနည်းငယ်တို့ထက်၊ ခေတ်တစ်ခုလုံးကို ညွှန်းပြပေသည်။ သို့သော်လည်း နောက်ဆုံးသော ကာလသည် ပညတ်တော်ခေတ်၊ ကျေးဇူးတော်ခေတ်တို့နှင့် သိပ်မတူချေ။ နောက်ဆုံးသောကာလ၏ အမှုကို ဣသရေလနိုင်ငံတွင် မဆောင်ရွက်ဘဲ၊ တစ်ပါးအမျိုးသားများအလယ်တွင် ဆောင်ရွက်ပေသည်။ စကြဝဠာ တစ်လျှောက်လုံး ငါ၏ ဘုန်းအသရေသည် အာကာသနှင့် မိုးမျက်နှာကြက်တို့ကို ပြည့်စေနိုင်ဖို့အလို့ငှာ၊ ယင်းသည် ဣသရေလ ပြင်ပရှိ တိုင်းနိုင်ငံများနှင့် လူမျိုးစုများမှ လူတို့ကို ငါ၏ပလ္လင်ရှေ့တွင် သိမ်းပိုက်ခြင်း ဖြစ်သည်။ ယင်းမှာ ပိုမိုကြီးမားသော ဘုန်းအသရေကို ငါရရှိဖို့အလို့ငှာ၊ ကမ္ဘာမြေပေါ် ရှိ သတ္တဝါအားလုံးသည် တိုင်းနိုင်ငံတိုင်းသို့ ငါ၏ ဘုန်းအသရေကို လက်ဆင့်ကမ်းနိုင်ဖို့ အလို့ငှာ၊ ကမ္ဘာမြေပေါ်၌ ငါရယူပြီးဖြစ်သည့် ဘုန်းအသရေအားလုံးကို ထာဝရကာလမှသည် မျိုးဆက်အားလုံး၊ ကောင်းကင်နှင့် မြေကြီးပေါ် ရှိ သတ္တဝါအားလုံးက မြင်တွေ့နိုင်ဖို့ရန် ဖြစ်သည်။ နောက်ဆုံးသော ကာလအတွင်း ဆောင်ရွက်သော အမှုသည် သိမ်းပိုက်ခြင်း အမှု ဖြစ်သည်။ ယင်းသည် ကမ္ဘာမြေပေါ် ရှိ လူအားလုံး၏ ဘဝများကို လမ်းပြခြင်း မဟုတ်ဘဲ၊ ကမ္ဘာမြေပေါ်၌ လူသားမျိုးနွယ်၏ မပျက်စီး မပျောက်ပျက်နိုင်သော နှစ်ထောင်ချီကြာ ဆင်းရဲဒုက္ခခံစားရခြင်း ဘဝ၏ အဆုံးသတ် ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့်၊ နောက်ဆုံးသော ကာလ၏အမှုသည် ဣသရေလ၌ နှစ်ထောင်ပေါင်း အချို့ကြာသည့် အမှုနှင့် မတူနိုင်သကဲ့သို့၊ ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်းအထိ ထောင်စုနှစ်နှစ်ခုကြာ ဆက်လက် လုပ်ဆောင်သည့် ယုဒပြည်တွင် နှစ်အချို့မျှကြာခဲ့သော အမှုနှင့်လည်း မတူနိုင်ပေ။ နောက်ဆုံးသောကာလ၏ လူတို့သည် လူ့ဇာတိ၌ ရွေးနုတ်သူ၏ ပြန်လည်ပေါ်ထွန်းခြင်းကိုသာ ကြုံကြရပြီး ဘုရားသခင်၏ ကိုယ်တိုင်ကိုယ်ကျ အမှုနှင့် နှုတ်ကပတ်တော်များကို ရရှိကြလေသည်။ နောက်ဆုံးသောကာလ အဆုံးသတ်သို့ မရောက်မီအထိ၊ နှစ်ပေါင်းနှစ်ထောင် ကြာလိမ့်မည် မဟုတ်ပေ။ ထိုအချိန်များသည် ယုဒပြည်၌ ကျေးဇူးတော်ခေတ်၏ အမှုကို ယေရှု ဆောင်ကြဉ်းခဲ့သည့် အချိန်ကာလကဲ့သို့၊ တိုတောင်းပေသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးသော ကာလသည် ခေတ်ကာလ တစ်ခုလုံး၏ အဆုံးသတ် ဖြစ်သောကြောင့် ဖြစ်သည်။ ယင်းတို့သည်

ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ် ပြည့်စုံခြင်းနှင့် အဆုံးသတ် ဖြစ်ပြီး၊ လူသားမျိုးနွယ်၏ ဆင်းရဲဒုက္ခခံစားရခြင်း ဘဝခရီးကို အဆုံးသတ်လေသည်။ ယင်းတို့သည် လူသားမျိုးနွယ် တစ်ရပ်လုံးကို ခေတ်သစ်ထဲသို့ ခေါ်ဆောင်မသွားပေ သို့မဟုတ် လူသားမျိုးနွယ်၏ အသက်တာကို ဆက်လက် အသက်ရှင်ခွင့်မပေးပေ။ ယင်းသည် ငါ၏ စီမံခန့်ခွဲခြင်း အစီအစဉ် သို့မဟုတ် လူသား၏ ဖြစ်တည်မှုအတွက် အရေးပါမှု မရှိပေ။ လူသားမျိုးနွယ်သည် ဤကဲ့သို့ ဆက်လက် အသက်ရှင်သွားပါက၊ အနှေးနှင့်အမြန် နတ်ဆိုး၏ လုံးဝ ဝါးမျိုခြင်း ခံရမည် ဖြစ်ပြီး၊ ငါနှင့်သက်ဆိုင်သော ဝိညာဉ်များသည် နောက်ဆုံးတွင် ၎င်း၏လက်ဖြင့် ပျက်စီးကြရပေမည်။ ငါ၏ အမှုသည် အနှစ်ခြောက်ထောင်သာ ကြာညောင်းပြီး၊ လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် ဆိုးယုတ်သူ၏ ထိန်းချုပ်ခြင်းသည်လည်း နှစ်ပေါင်းခြောက်ထောင်ထက် ကြာမည် မဟုတ်ဟု ငါကတိပြုခဲ့သည်။ ထို့ကြောင့် ယခု အချိန်ကျပြီ ဖြစ်သည်။ ငါသည် ဆက်လက် လုပ်ဆောင်မည် မဟုတ်သကဲ့သို့၊ နောက်ထပ် နှောင့်နှေးတော့မည် မဟုတ်။ နောက်ဆုံးသောကာလ အတွင်းတွင်၊ စာတန်ကို ငါ နှိမ်နင်းမည်၊ ငါ၏ဘုန်းအသရေ အားလုံးကို ပြန်သိမ်းယူမည် ဖြစ်ပြီး၊ ဤသောကရောက်နေသည့် ဝိညာဉ်အားလုံး ဒုက္ခပင်လယ်မှ လွတ်မြောက်နိုင်စေဖို့အလို့ငှာ၊ ကမ္ဘာမြေပေါ် ရှိ ငါနှင့် သက်ဆိုင်သော ဝိညာဉ်အားလုံးကို ပြန်သိမ်းမည်၊ ထိုသို့ဖြင့် ကမ္ဘာမြေပေါ် ရှိ ငါ၏ အမှုတစ်ခုလုံးကို အဆုံးသတ်မည် ဖြစ်သည်။ ဤနေ့မှစ၍ ငါသည် ကမ္ဘာမြေပေါ်၌ မည်သည့်အခါတွင်မျှ တစ်ဖန် လူ့ဇာတိခံလိမ့်မည် မဟုတ်သကဲ့သို့၊ အရာခပ်သိမ်းကို ထိန်းချုပ်သည့် ငါ၏ဝိညာဉ်တော်သည် ကမ္ဘာမြေပေါ်၌ မည်သည့်အခါတွင်မျှ တစ်ဖန် အမှုပြုလိမ့်မည် မဟုတ်ပေ။ ကမ္ဘာမြေပေါ်တွင် အမှုအရာ တစ်ခုသာ ငါ လုပ်ဆောင်မည်- လူသားမျိုးနွယ်၊ သန့်ရှင်းကာ ကမ္ဘာမြေပေါ် ရှိ ငါ၏သစ္စာရှိသောမြို့ ဖြစ်မည့် လူသားမျိုးနွယ်ကို ငါ အသစ်ပြုပြင်မည်။ သို့သော် တစ်လောကလုံးကို ငါသည် အမြစ်ဖြတ် သုတ်သင်ပယ်ရှင်းမည် မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ် တစ်ရပ်လုံးကို အမြစ်ဖြတ် သုတ်သင်ပယ်ရှင်းမည် မဟုတ်သည်ကို သိလော့။ ကျန်ရှိသည့် သုံးပုံတစ်ပုံ- ငါ့ကိုချစ်ပြီး ငါက လုံးလုံးလျားလျား သိမ်းပိုက်ထားသော လူသားမျိုးနွယ်သုံးပုံတစ်ပုံကို ငါ ထိန်းသိမ်းမည် ဖြစ်ပြီး၊ ပေါများစွာသော သီးများ၊ ကျွဲနွားတိရစ္ဆာန်များနှင့် ကမ္ဘာမြေ၏ ကြွယ်ဝမှုများအားလုံးဖြင့် အာဟာရဖြည့်တင်းပေးလျက်၊ ပညတ်တော်အောက်တွင် ဣသရေလလူမျိုးများ မျိုးပွားဖြစ်ထွန်းကာ ပွားများခဲ့ကြသည့်အတိုင်းပင် ဤလူသားမျိုးနွယ် သုံးပုံတစ်ပုံကိုလည်း ကမ္ဘာပေါ်တွင် ငါ မျိုးပွားဖြစ်ထွန်းစေကာ ပွားများစေမည်။ ဤလူသားမျိုးနွယ်သည် ငါနှင့်အတူ ထာဝရ ကျန်ရှိလိမ့်မည်၊ သို့သော် ယင်းသည် မနှစ်မြို့ဖွယ် ညစ်ညူးသော ယနေ့၏

လူသားမျိုးနွယ်ကဲ့သို့ ဖြစ်လိမ့်မည် မဟုတ်ဘဲ၊ ငါ၏ရယူခြင်းကို ခံရပြီးသောသူ အားလုံး၏ အစုအဝေး ဖြစ်သည့် လူသားမျိုးနွယ် တစ်ခု ဖြစ်လိမ့်မည်။ ထိုသို့သော လူသားမျိုးနွယ်သည် စာတန်၏ ပျက်စီးစေခြင်း၊ နှောင့်ယှက်ခြင်း၊ သို့မဟုတ် ဝိုင်းထားခြင်း ခံရလိမ့်မည် မဟုတ်သကဲ့သို့၊ စာတန်အပေါ် ငါ အောင်နိုင်ပြီးနောက် ကမ္ဘာပေါ်တွင် တည်ရှိသည့် တစ်ခုတည်းသော လူသားမျိုးနွယ် ဖြစ်လိမ့်မည်။ ယင်းသည် ယနေ့တွင် ငါသိမ်းပိုက်ပြီးဖြစ်ကာ ငါ၏ကတိကို ရရှိပြီးသော လူသားမျိုးနွယ် ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးသောကာလအတွင်း သိမ်းပိုက်ခံရပြီးဖြစ်သည့် လူသားမျိုးနွယ်သည် ချမ်းသာပေးခြင်း ခံရပြီး ငါ၏ ထာဝရ ကောင်းချီးမင်္ဂလာများကို ရရှိမည့် လူသားမျိုးနွယ်လည်း ဖြစ်လိမ့်မည်။ ယင်းသည် စာတန်အပေါ် ငါ၏အောင်နိုင်ခြင်းနှင့်ဆိုင်သည့် တစ်ခုတည်းသော သက်သေအထောက်အထားနှင့် စာတန်နှင့် ငါ၏တိုက်ပွဲမှ တစ်ခုတည်းသော လက်ရပစ္စည်းများ ဖြစ်လိမ့်မည်။ စစ်ပွဲ၏ ဤလက်ရပစ္စည်းများသည် စာတန်အုပ်စိုးခြင်းမှ ငါ၏ ကယ်တင်ခြင်း ခံရပြီး၊ ငါ၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်၏ တစ်ခုတည်းသော ပုံပေါ်လာခြင်းနှင့် အသီးအပွင့် ဖြစ်သည်။ ၎င်းတို့သည် တိုင်းနိုင်ငံနှင့် အသင်းတော်ဂိုဏ်းဂဏတိုင်း၊ နေရာတိုင်းနှင့် စကြဝဠာ တစ်လျှောက်လုံးရှိ တိုင်းပြည်တိုင်းမှ လာကြပေသည်။ ၎င်းတို့သည် မတူကွဲပြားသော မျိုးနွယ်စုများမှ ဖြစ်သည်၊ မတူကွဲပြားသော ဘာသာစကားများ၊ ဓလေ့များနှင့် အသားအရောင်များ ရှိကြပြီး၊ ကမ္ဘာလုံး၏ တိုင်းနိုင်ငံတိုင်း၊ အသင်းတော်ဂိုဏ်းဂဏတိုင်းနှင့် ကမ္ဘာ့အရပ်လေးမျက်နှာသို့ပင် အနှံ့အပြား ပျံ့နှံ့ကြလေသည်။ နောက်ဆုံးတွင် ၎င်းတို့သည် စာတန်၏ အင်အားစုများ လက်လှမ်း မမီနိုင်သော လူသားအစုအဝေးတစ်ခု၊ ပြီးပြည့်စုံသော လူသားမျိုးနွယ် တစ်ခုကို ဖွဲ့စည်းရန် အတူတကွ ရောက်လာကြလိမ့်မည်။ လူသားမျိုးနွယ်ထဲမှ ငါ၏ကယ်တင်ခြင်းမခံရသကဲ့သို့ သိမ်းပိုက်ခြင်း မခံရသေးသူများသည် ပင်လယ်၏ နက်ရှိုင်းသော နေရာများသို့ တိတ်တဆိတ် နစ်မြုပ်သွားကြလိမ့်မည် ဖြစ်ပြီး၊ ငါ၏ လောင်မြိုက်နေသည့် မီးလျှံများအားဖြင့် ထာဝရကာလကြာ လောင်ကျွမ်းခြင်းကို ခံရကြလိမ့်မည် ဖြစ်သည်။ သိုးသငယ်၏ အသားကိုစား၊ သိုးသငယ်၏ အသွေးကိုသောက်ကာ ၎င်းတို့၏ တံခါးထုပ်များကို သိုးသငယ်၏ အသွေးဖြင့် အမှတ်အသား ပြုခဲ့ကြသော ဣသရေလလူမျိုးများကိုသာ ချန်ရစ်လျက်၊ အဲဂုတ္တုပြည်၏ သားဦးနှင့် ကျွဲနွားတိရစ္ဆာန်များကို ငါသည် အမြစ်ဖြတ် သုတ်သင်ပယ်ရှင်း ခဲ့သကဲ့သို့ပင်၊ ဤအိုဟောင်းသည့်၊ အလွန့်အလွန် ညစ်ညမ်းသော လူသားမျိုးနွယ်ကို ငါအမြစ်ဖြတ် သုတ်သင်ပယ်ရှင်းမည်။ ငါ သိမ်းပိုက်ထားပြီးဖြစ်သည့် လူများနှင့် ငါ၏မိသားစုဝင်များသည် သိုးသငယ်ဖြစ်သည့် ငါ့အသားကိုစား၊ သိုးသငယ်ဖြစ်သည့် ငါ၏ အသွေးကို သောက်သောသူများ ဖြစ်ကြပြီး၊ ငါ၏

ရွေးနုတ်ခြင်း ခံရပြီးသောသူများနှင့် ငါ့ကို ကိုးကွယ်သောသူများ ဖြစ်ကြသည် မဟုတ်လော။ ထိုသို့သော လူတို့သည် ငါ၏ ဘုန်းအသရေနှင့်အတူ အမြဲ ပါရှိကြသည် မဟုတ်သလော။ သိုးသငယ်ဖြစ်သည့် ငါ၏အသားမပါသော သူများသည် ပင်လယ်၏ နက်ရှိုင်းသော နေရာများထဲသို့ တိတ်တဆိတ် နှစ်မြုပ်သွားကြနှင့်ပြီး ဖြစ်သည် မဟုတ်လော။ ယနေ့တွင် သင်တို့သည် ငါ့ကို ဆန့်ကျင်ပြီး၊ ယနေ့တွင် ငါ၏စကားများသည် ဣသရေလ၏ သားများနှင့် မြေးများထံ ယေဟောဝါ ပြောခဲ့သည့် စကားကဲ့သို့သာ ဖြစ်သည်။ သို့သော်လည်း သင်တို့ နှလုံးသားများ၏ နက်ရှိုင်းသော နေရာများရှိ မာကျောမှုသည် သင်တို့၏ ကိုယ်ခန္ဓာအပေါ် ဆင်းရဲဒုက္ခကို ပိုမို ယူဆောင်လာလျက်၊ သင်တို့၏ အပြစ်များအပေါ် တရားစီရင်မှု ပိုမို ယူဆောင်လာပြီး၊ သင်တို့၏ မဖြောင့်မတ်ခြင်းအပေါ် အမျက်ဒေါသကို ပိုမိုယူဆောင်လာကာ၊ ငါ၏အမျက်ဒေါသကို စုပုံလာနေစေသည်။ ယနေ့ ငါ့ကို သင်တို့ ဤသို့ ဆက်ဆံချိန်တွင်၊ ငါ၏အမျက်ဒေါသနေ့တွင် အဘယ်သူ လွတ်ကင်းနိုင်မည်နည်း။ ငါ၏ ပြစ်တင်ဆုံးမခြင်း မျက်စိများကို အဘယ်သူ၏ ဖြောင့်မတ်ခြင်းက လွတ်မြောက်နိုင်မည်နည်း။ အနန္တတန်ခိုးရှင် ငါ၏လက်များမှ အဘယ်သူ၏ အပြစ်များသည် လွတ်မြောက်နိုင်မည်နည်း။ အနန္တတန်ခိုးရှင် ငါ၏တရားစီရင်ခြင်းမှ အဘယ်သူ၏ အာခံခြင်းသည် လွတ်မြောက်နိုင်မည်နည်း။ ငါ ယေဟောဝါသည် တစ်ပါးအမျိုးသား မိသားစု၏ သားစဉ်မြေးဆက်များဖြစ်သည့် သင်တို့ကို ဤသို့ ပြောပြီး၊ သင်တို့ကို ငါ ပြောသော စကားများသည် ပညတ်တော်ခေတ်နှင့် ကျေးဇူးတော်ခေတ်၏ မိန့်မြွက်ချက်များ အားလုံးကို ကျော်လွန်ပေသည်၊ သို့သော် သင်တို့သည် အဲဂုတ္တုလူမျိုးများ အားလုံးထက် သာ၍ မာကျော ကြပေသည်။ ငါသည် ငါ၏အမှုကို ငြိမ်းချမ်းစွာ လုပ်ဆောင်သည်နှင့်အမျှ၊ ငါ၏ အမျက်ဒေါသကို သင်တို့ သိုထားကြသည် မဟုတ်လော။ အနန္တတန်ခိုးရှင် ငါ၏နေ့ရက်မှ သင်တို့သည် အထိအခိုက်မရှိဘဲ အဘယ်သို့ လွတ်မြောက်နိုင်မည်နည်း။

ငါသည် သင်တို့အလယ်တွင် ဤနည်းဖြင့် အမှုပြုကာ စကားပြောပြီး ဖြစ်သည်၊ အလွန်များစွာသော အားအင်များနှင့် အားထုတ်မှုကို ငါ အသုံးပြုပြီး ဖြစ်သည်၊ သို့သော် သင်တို့ကို ရှင်းလင်းစွာ ငါပြောသည့် အရာကို မည်သည့်အချိန်တွင် သင်တို့ နားထောင်ဖူးကြသနည်း။ အနန္တတန်ခိုးရှင် ငါ့ကို သင်တို့ အဘယ်မှာ ပျပ်ဝပ်ဖူးကြသနည်း။ သင်တို့သည် အဘယ်ကြောင့် ဤကဲ့သို့ ငါ့ကို ဆက်ဆံကြသနည်း။ အဘယ်ကြောင့် သင်တို့ ပြောသမျှနှင့် လုပ်ဆောင်သမျှတိုင်းသည် ငါ၏အမျက်ဒေါသကို နှိုးဆော်သနည်း။ အဘယ်ကြောင့် သင်တို့၏ နှလုံးသားများသည် အလွန် မာကျောသနည်း။ ငါသည် သင်တို့ကို အလဲထိုးဖူးပါသလော။ ငါ့ကို ဝမ်းနည်းစေကာ ပူပန်စေသည်မှလွဲ၍ သင်တို့ အဘယ်ကြောင့်

မည်သည့်အရာကိုမျှ မလုပ်ဆောင်ကြသနည်း။ သင်တို့အပေါ် ငါယေဟောဝါ၏ အမျက်ဒေါသ ကျရောက်မည့်နေ့ကို သင်တို့ စောင့်ဆိုင်းနေကြသလော။ သင်တို့၏ မနာခံမှုက ဆွပေးသည့် ငါ၏အမျက်ဒေါသကို စေလွှတ်ဖို့ သင်တို့ စောင့်ဆိုင်းနေကြသလော။ ငါလုပ်ဆောင်သမျှတိုင်းသည် သင်တို့အတွက် မဟုတ်သလော။ သို့သော်လည်း သင်တို့သည် ယေဟောဝါ ဖြစ်သည့် ငါ့ကို ဤနည်းလမ်းဖြင့် အမြဲ ဆက်ဆံကြလေပြီ- ငါ၏ ပူဇော်သက္ကာများကို ခိုးယူခြင်း၊ ငါ၏ ယဇ်ပလ္လင်ပေါ် ရှိ လှူဖွယ်ပစ္စည်းများကို သားပေါက်များနှင့် သားပေါက်များ၏ သားပေါက်များကို ကျွေးဖို့ အိမ်မှ ဝံပုလွေ၏ သားရဲတွင်းသို့ ယူသွားခြင်းတို့ဖြစ်သည်။ လူတို့သည် ဒေါသထွက်သည့် စိန်းစိန်းဝါးဝါး အကြည့်များ၊ ဓါးများနှင့် လှံများဖြင့် အချင်းချင်း ရင်ဆိုင်ကြလျက်၊ အနန္တတန်ခိုးရှင် ငါ၏ စကားကို မစင်ကဲ့သို့ ညစ်ညမ်းလာဖို့ အိမ်သာထဲသို့ ပစ်လျက်၊ အချင်းချင်း ဆန့်ကျင်တိုက်ခိုက်ကြ၏။ သင်တို့၏ တည်ကြည်မှုမှာ အဘယ်မှာနည်း။ သင်တို့၏ လူ့သဘာဝသည် သားရဲသဘောဆန်ခြင်း ဖြစ်လာလေပြီ။ သင်တို့၏ နှလုံးသားများသည် ကျောက်တုံးအဖြစ်သို့ ပြောင်းသွားပြီး ဖြစ်သည်မှာ အချိန်ကြာမြင့်စွာကတည်းက ဖြစ်သည်။ ငါ၏ အမျက်ဒေါသနေ့ရက် ကျရောက်မည့်အချိန်သည် အနန္တတန်ခိုးရှင် ငါ့ကို ယနေ့ ဆန့်ကျင်လျက် သင်တို့ ကျူးလွန်သည့် မကောင်းမှုကို ငါက တရားစီရင်မည့်အချိန် ဖြစ်သည်ကို သင်တို့ မသိကြသလော။ ဤနည်းဖြင့် ငါ့ကို လှည့်စားခြင်းအားဖြင့်၊ ငါ၏စကားများကို ရွှံ့နွံထဲသို့ ပစ်ချခြင်းနှင့် ယင်းတို့ကို နားမထောင်ခြင်းအားဖြင့်- ငါ၏နောက်ကွယ်တွင် ဤကဲ့သို့ ပြုမူခြင်းအားဖြင့် ငါ၏အမျက်ဒေါသနှင့် ပြည့်နေသော အကြည့်ကို လွတ်မြောက်နိုင်မည်ဟု သင်တို့ ထင်ကြသလော။ ငါ၏ ပူဇော်သက္ကာများကို ခိုးယူပြီး ငါ၏ ပိုင်ဆိုင်မှုများကို သင်တို့ တပ်မက်ချိန်တွင်၊ ငါယေဟောဝါ၏ မျက်စိများဖြင့် သင်တို့ကို တွေ့မြင်နှင့်ပြီးဖြစ်သည်ကို သင်တို့မသိကြသလော။ ငါ၏ ပူဇော်သက္ကာများကို သင်တို့ ခိုးယူချိန်တွင်၊ ပူဇော်သက္ကာကို ပေးလှူသည့်နေရာ ယဇ်ပလ္လင် ရှေ့မှောက်တွင် ထိုသို့ သင်တို့ လုပ်ဆောင်ခဲ့ကြသည်ကို သင်တို့မသိကြသလော။ ဤနည်းဖြင့် ငါ့ကို လှည့်ဖြားရလောက်အောင် ပါးနပ်လှသည်ဟု သင်တို့ကိုယ်သင်တို့ အဘယ်သို့ ယုံကြည်နိုင်ကြသနည်း။ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော သင်တို့၏ အပြစ်များမှ ငါ၏အမျက်ဒေါသ အဘယ်သို့ ထွက်သွားနိုင်မည်နည်း။ သင်တို့၏ မကောင်းသည့် လုပ်ဆောင်ချက်များမှ အဘယ်သို့ ငါ၏ပြင်းထန်သော အမျက်သည်းခြင်းသည် ကျော်သွားနိုင်မည်နည်း။ ယနေ့ သင်တို့ ကျူးလွန်သည့် မကောင်းမှုသည် သင်တို့အတွက် လမ်းမဖွင့်ပေးဘဲ၊ မနက်ဖြန်အတွက် သင်တို့၏ ပြစ်တင်ဆုံးမခြင်းကို သိုထားလေပြီ။ ယင်းသည် သင်တို့အပေါ် အနန္တတန်ခိုးရှင် ငါ၏ ပြစ်တင်ဆုံးမခြင်းကို လှုံ့ဆော်လေသည်။

သင်တို့၏ မကောင်းသည့် လုပ်ဆောင်ချက်များနှင့် မကောင်းသော စကားလုံးများသည် ငါ၏ ပြစ်တင်ဆုံးမခြင်းမှ အဘယ်သို့ လွတ်မြောက်နိုင်မည်နည်း။ သင်တို့၏ ဆုတောင်းချက်များသည် အဘယ်သို့ ငါ၏နားများဆီသို့ ရောက်ရှိနိုင်မည်နည်း။ သင်တို့၏ မဖြောင့်မတ်ခြင်းအတွက် အဘယ်သို့ ငါ ထွက်ပေါက် ဖွင့်ပေး နိုင်မည်နည်း။ ငါကို ဖီဆန်ခြင်းဖြင့် သင်တို့၏ မကောင်းသည့် လုပ်ဆောင်ချက်များကို အဘယ်သို့ ငါလွှတ်လိုက်နိုင်မည်နည်း။ မြွေ၏ အဆိပ်လောက် အဆိပ်ပြင်းသည့် သင်တို့၏ လျှာများကို အဘယ်ကြောင့် ငါမဖြတ်နိုင်ရမည်နည်း။ သင်တို့သည် သင်တို့၏ ဖြောင့်မတ်ခြင်းအတွက် ငါ့ကို မခေါ်ကြဘဲ၊ ယင်းအစား သင်တို့၏ မဖြောင့်မတ်ခြင်း၏ အကျိုးဆက်အဖြစ် ငါ၏အမျက် ဒေါသကို သိုထားကြပေသည်။ သင်တို့ကို အဘယ်သို့ ငါခွင့်လွှတ်နိုင်မည်နည်း။ အနန္တတန်ခိုးရှင် ငါ၏ မျက်စိထဲတွင် သင်တို့၏ စကားများနှင့် အပြုအမူများသည် ညစ်ညူးနေသည်။ အနန္တတန်ခိုးရှင် ငါ၏ မျက်စိများက သင်တို့၏ မဖြောင့်မတ်ခြင်းအား ရက်စက်သော ပြစ်တင်ဆုံးမခြင်းအဖြစ် မြင်သည်။ ငါ၏ ဖြောင့်မတ်သော တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းသည် သင်တို့ထံမှ အဘယ်သို့ ထွက်ခွာသွားနိုင်မည်နည်း။ ငါ့ကို ဝမ်းနည်းစေကာ အမျက်ထွက်စေလျက်၊ ဤအရာကို ငါ့အား သင်တို့ လုပ်ဆောင်ကြသောကြောင့်၊ သင်တို့ကို အဘယ်သို့ ငါ၏ လက်များမှ လွတ်မြောက်ခွင့်ပေးပြီး ငါ ယေဟောဝါက သင်တို့ကို ပြစ်တင်ဆုံးမကာ ကျိန်ဆဲသည့် နေ့ရက်မှ သင်တို့ကို သွေဖည်ခွင့်ပေးနိုင်မည်နည်း။ မကောင်းသည့် သင်တို့စကားများနှင့် မြွက်ဆိုချက်တို့သည် ငါ၏နားသို့ ရောက်နှင့်ပြီးဖြစ်သည်ကို သင်တို့မသိသလော။ သင်တို့၏ မဖြောင့်မတ်မှုသည် ငါ၏ သန့်ရှင်းသော ဖြောင့်မတ်ခြင်းဝတ်လုံကို အသရေဖျက်နှင့်ပြီဖြစ်သည်ကို သင်တို့မသိသလော။ သင်တို့၏ မနာခံမှုသည် ငါ၏ ပြင်းထန်သော ဒေါသကို ဆွပေးနှင့်ပြီးဖြစ်သည်ကို သင်တို့ မသိကြသလော။ သင်တို့သည် အချိန်ကြာမြင့်စွာကတည်းက ငါ့ကို ဒေါသအမျက်ခြောင်းခြောင်း ထွက်စေရစ်ခဲ့ကြပြီး အချိန်ကြာမြင့်စွာကတည်းက ငါ့ကို စိတ်အနှောင့်အယှက် ဖြစ်စေပြီးဖြစ်သည်ကို သင်တို့ မသိကြသလော။ သင်တို့သည် ငါ၏ကိုယ်ခန္ဓာကို အဝတ်စုတ်များဖြစ် စေလျက် ဖျက်ဆီးနှင့်ကြပြီး ဖြစ်သည်ကို သင်တို့ မသိကြသလော။ ယခုအချိန်ထိ ငါ သည်းခံပြီးဖြစ်သည်မှာ ငါသည် ငါ၏အမျက်ဒေါသကို ထွက်စေပြီး၊ သင်တို့အပေါ် စိတ်ရှည်သည်းခံခြင်း မရှိတော့ပေ။ သင်တို့၏ မကောင်းသည့် အပြုအမူများသည် ငါ၏ မျက်စိများဆီသို့ ရောက်ရှိနှင့်ကြပြီးဖြစ်သကဲ့သို့၊ ငါ၏ငိုကြွေးမှုများသည် ငါ့အဖခမည်းတော်၏ နားများဆီသို့ ရောက်ရှိနှင့်ပြီးဖြစ်သည်ကို သင်တို့ မသိကြသလော။ သူသည် ငါ့ကို ဤကဲ့သို့ ဆက်ဆံခွင့် သင်တို့အား အဘယ်သို့

ပေးနိုင်မည်နည်း။ သင်တို့အထဲတွင် ငါလုပ်ဆောင်သော အမှုတစ်ခုတစ်လေသည် သင်တို့အတွက် မဟုတ်သလော။ သို့သော်လည်း ငါ ယေဟောဝါ၏ အမှုကို သင်တို့ထဲမှ မည်သူက သာ၍ ချစ်ခင်နှစ်သက် လာသနည်း။ ငါသည် အားနည်းသောကြောင့်၊ ငါခံစားရပြီးဖြစ်သည့် မချိတင်ကဲဝေဒနာကြောင့်၊ ငါ့ခမည်းတော်၏ အလိုကို သစ္စာရှိနိုင်မည်လော။ ငါ့စိတ်နှလုံးကို သင်တို့ နားမလည်ကြသလော။ ငါသည် ယေဟောဝါ လုပ်ဆောင်ခဲ့သကဲ့သို့ သင်တို့ကို စကားပြော၏- သင်တို့အတွက် ငါသည် များစွာသောအရာတို့ကို စွန့်လွှတ်ပြီးဖြစ်သည် မဟုတ်လော။ ငါ့ခမည်းတော်၏ အမှုအတွက် ဤဆင်းရဲဒုက္ခ အားလုံးကိုခံရန် လိုလားနေသော်လည်း၊ ငါ၏ ဆင်းရဲဒုက္ခ အကျိုးဆက် တစ်ခုအနေဖြင့် သင်တို့အပေါ် ငါယူဆောင်လာသည့် ပြစ်တင်ဆုံးမခြင်းမှ သင်တို့ အဘယ်သို့ လွတ်နိုင်မည်နည်း။ ငါ့ကို အလွန်များစွာ သင်တို့ မွေ့လျော်ခံစားကြပြီး ဖြစ်သည် မဟုတ်လော။ ယနေ့တွင် ငါ၏ ခမည်းတော်သည် သင်တို့အပေါ် ငါ့ကို အပ်နှင်းထားပြီး ဖြစ်သည်။ ငါ၏ ရက်ရောသော စကားများထက် သာ၍အလွန်များစွာ သင်တို့ မွေ့လျော် ခံစားကြသည်ကို သင်တို့ မသိကြသလော။ ငါ၏ အသက်သည် သင်တို့၏ အသက်နှင့် သင်တို့ မွေ့လျော်ခံစားသောအရာတို့အတွက် အလဲအလှယ် ပြုခံရသည်ကို သင်တို့မသိကြသလော။ ငါ၏ ခမည်းတော်သည် ငါ့အသက်ကို စာတန်နှင့် တိုက်ပွဲဝင်ရန် အသုံးပြုသကဲ့သို့၊ သင်တို့ကို အဆတစ်ရာ ရရှိစေကာ၊ အလွန်များသည့် စုံစမ်းသွေးဆောင်မှုများစွာကို သင်တို့အား ရှောင်ရှားခွင့်ပေးလျက်၊ ငါ၏ အသက်ကိုလည်း သင်တို့အပေါ် သူအပ်နှင်းပြီးဖြစ်သည်ကို သင်တို့မသိကြသလော။ များစွာသော စုံစမ်းသွေးဆောင်ခြင်းနှင့် များစွာသော ပြင်းထန်သည့် ပြစ်တင်ဆုံးမခြင်းများမှ သင်တို့ ကင်းလွတ်ပြီးဖြစ်သည်မှာ ငါ၏ အမှုမှတစ်ဆင့်သာ ဖြစ်သည်ကို သင်တို့မသိကြသလော။ ယခုအချိန်ထိ ငါ၏ ခမည်းတော်က သင်တို့ကို မွေ့လျော်ခံစားခွင့်ပေးသည်မှာ ငါ့ကြောင့်ဖြစ်သည်ကို သင်တို့ မသိကြသလော။ သင်တို့၏ နှလုံးသားများအပေါ်တွင် အသားမာများ တက်ပြီး ဖြစ်သည့်အလား သင်တို့သည် ယနေ့တွင် အဘယ်ကြောင့် အလွန် မာကျောပြီး အလျှော့မပေးဘဲ ရှိနေနိုင်ကြသနည်း။ ယနေ့ သင်တို့ ကျူးလွန်သော မကောင်းမှုသည် ကမ္ဘာမြေမှ ငါ၏ ထွက်ခွာခြင်းနောက် လိုက်လာမည့် အမျက်ဒေါသကျရောက်သည့်နေ့ကို အဘယ်သို့ လွတ်မြောက် နိုင်မည်နည်း။ အလွန်မာကျောပြီး အလျှော့မပေးသော သူတို့ကို ယေဟောဝါ၏ အမျက်ဒေါသမှ ငါအဘယ်သို့ လွတ်မြောက်ခွင့် ပေးနိုင်မည်နည်း။

အတိတ်ကို ပြန်တွေးကြည့်လော့- မည်သည့်အချိန်တွင် သင်တို့အပေါ် ငါ၏အကြည့်သည် ဒေါသခိုးလျှံထန်ဖူးကာ ငါ၏အသံ တင်းမာဖူးသနည်း။ ဘယ်အချိန်က သင်တို့နှင့်ပတ်သက်၍ ငါ

ရေးကြီးခွင်ကျယ် လုပ်ဖူးသနည်း။ ဘယ်အချိန်က သင်တို့ကို လွန်လွန်ကဲကဲ ငါအပြစ်ဖော်ဆိုးမဖူးသနည်း။ မည်သည့်အချိန်တွင် ငါသည် သင်တို့ကို ဖြောင်ကျကျ အပြစ်ဖော် ဆိုးမဖူးသနည်း။ သင်တို့ကို သွေးဆောင်ဖြားယောင်းခြင်းတိုင်းမှ ထိန်းသိမ်းရန် ငါ့ခမည်းတော်ကို ငါတောင်းခံသည်မှာ ငါ၏ အမှုအတွက် ဖြစ်သည် မဟုတ်လော။ သင်တို့သည် အဘယ်ကြောင့် ဤကဲ့သို့ ငါ့ကို ဆက်ဆံကြသနည်း။ သင်တို့ ကိုယ်ခန္ဓာကို ဒဏ်ခတ်ဖို့ ငါ၏ ဩဇာအာဏာကို ငါ အသုံးပြုဖူးပါသလော။ အဘယ်ကြောင့် ငါ့ကို ဤသို့ ပြန်ဆပ်ကြသနည်း။ ငါ့အပေါ် သင်တို့၏ သဘောထားကို ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းပြီးနောက်၊ သင်တို့သည် အေးလည်းမအေး၊ ပူလည်းမပူသကဲ့သို့၊ ထို့နောက်တွင် သင်တို့သည် ငါ့ကို နားပူနားဆာလုပ်ရန်နှင့် ငါ့ထံမှ အမှုအရာများကို ကွယ်ဝှက်ရန် ကြိုးစားကြပြီး၊ သင်တို့၏ နှုတ်များသည် မဖြောင့်မတ်သောသူများ၏ တံတွေးဖြင့် ပြည့်နှက်လေသည်။ သင်တို့၏ လျှာများသည် ငါ၏ ဝိညာဉ်တော်ကို လိမ်လည်နိုင်မည်ဟု သင်တို့ ထင်ကြသလော။ သင်တို့၏ လျှာများသည် ငါ၏အမျက်ဒေါသမှ ရုန်းထွက်လွတ်မြောက်နိုင်မည်ဟု သင်တို့ ထင်ကြသလော။ သင်တို့၏ လျှာများသည် ၎င်းတို့ ဆန္ဒရှိသည်အတိုင်း ငါ ယေဟောဝါ၏ လုပ်ဆောင်ချက်များအပေါ် အကဲဖြတ်ဝေဖန်နိုင်သည်ဟု သင်တို့ ထင်ကြသလော။ ငါသည် လူသားက အကဲဖြတ်ဝေဖန်ခံရသည့် ဘုရားသခင် ဖြစ်သလော။ သေးငယ်သော လောက်ကောင်တစ်ကောင်ကို ငါ့ကို ထိုသို့ ပြစ်မှားစော်ကားဖို့ ငါခွင့်ပြုနိုင်မည်လော။ ထိုသို့သော ပြင်းဆန်သောသူတို့ကို ငါ၏ ထာဝရ ကောင်းကြီးမင်္ဂလာများအလယ် အဘယ်သို့ ငါ ထားရှိနိုင်မည်နည်း။ သင်တို့၏စကားများနှင့် လုပ်ရပ်များသည် အချိန်ကြာမြင့်စွာကတည်းက သင်တို့ကို ဖော်ထုတ်ကာ ပြစ်တင်ရှုတ်ချကြပြီး ဖြစ်သည်။ ငါသည် မိုးကောင်းကင်ကို ဖြန့်ကြက်ပြီး အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန်တွင်၊ ငါသည် အမှုအရာတစ်ခုတစ်လေက ငါ၏ အမှုနှင့် စီမံခန့်ခွဲခြင်းကို ဆန္ဒရှိသည်အတိုင်း နှောင့်ယှက်ခွင့်ပေးဖို့ မဆိုထားနှင့်၊ မည်သည့် အဖန်ဆင်းခံ သတ္တဝါကိုမျှ ၎င်းတို့ နှစ်သက်သည်အတိုင်း ပါဝင်ရန် ငါ အခွင့်မပေးခဲ့ပေ။ ငါသည် မည်သည့် လူသား သို့မဟုတ် မည်သည့်အရာဝတ္ထုကိုမျှ သည်းမခံပေ။ ငါ့အပေါ် ရက်စက်ပြီး လူမဆန်သောသူများကို ငါသည် အဘယ်သို့ ချမ်းသာပေးနိုင်မည်နည်း။ ငါ၏ စကားများကို ပုန်ကန်သောသူတို့အား အဘယ်သို့ ငါခွင့်လွှတ်နိုင်မည်နည်း။ ငါ့ကို မနာခံသောသူတို့ကို ငါအဘယ်သို့ ချမ်းသာပေးနိုင်မည်နည်း။ လူသား၏ ကံကြမ္မာသည် ငါ၊ အနန္တတန်ခိုးရှင်၏ လက်တွင် ရှိသည်မဟုတ်လော။ သင်၏ မဖြောင့်မတ်ခြင်းနှင့် မနာခံခြင်းတို့ကို သန့်ရှင်းသည်ဟု အဘယ်သို့ ငါမှတ်ယူနိုင်မည်နည်း။ သင်၏အပြစ်သည် ငါ၏သန့်ရှင်းခြင်းကို အဘယ်သို့ ညစ်ညမ်းစေနိုင်မည်နည်း။ ငါသည် မဖြောင့်မတ်သော သူများ၏ မစင်ကြယ်ခြင်းဖြင့်

အညစ်ညမ်းမခံသကဲ့သို့ မဖြောင့်မတ်သူများ၏ လှူဖွယ်ပစ္စည်းများကိုလည်း ငါမမွေ့လျော်ပေ။ ယေဟောဝါဖြစ်သည့် ငါ့အပေါ် သင်သည် သစ္စာစောင့်သိခဲ့မည်ဆိုပါက၊ ငါ၏ယဇ်ပလ္လင်ပေါ် ရှိ ပူဇော်သက္ကာကို သင့်အတွက် သင် ယူဆောင်နိုင်မည်လော။ ငါ၏သန့်ရှင်းသောနာမကို ပြစ်မှားစော်ကားရန် အဆိပ်ရှိသော သင်၏လျှာကို သင် အသုံးပြုနိုင်မည်လော။ ဤနည်းဖြင့် ငါ၏စကားများကို သင် ပုန်ကန်နိုင်မည်လော။ ငါ၏ဘုန်းအသရေနှင့် သန့်ရှင်းသော အမည်နာမကို ဆိုးယုတ်သောသူ ဖြစ်သည့် စာတန်ကို အစေခံရန် တန်ဆာပလာ တစ်ခုအဖြစ် သင် အသုံးပြုနိုင်မည်လော။ ငါ၏ အသက်ကို သန့်ရှင်းသောသူများ၏ ပျော်မွေ့ခြင်းအတွက် ပေးထားခြင်း ဖြစ်သည်။ သင် ဆန္ဒရှိသည့်အတိုင်း ငါ၏အသက်ကို ကစားရန် နှင့် သင်တို့အလယ် သဘောထားကွဲလွဲမှုအတွက် တန်ဆာပလာတစ်ခုအဖြစ် အသုံးပြုရန် အဘယ်သို့ ငါခွင့်ပြုပေးနိုင်မည်နည်း။ အဘယ်ကြောင့် သင်တို့သည် ငါ့အပေါ် ဆက်ဆံရာတွင်၊ အလွန်အကြင်နာကင်းမဲ့ကာ ကောင်းမြတ်သောသူ၏ ပြုမူပုံ အလွန် ချို့တဲ့လွန်းရသနည်း။ အသက်နှင့်ဆိုင်သော ဤနှုတ်ကပတ်တော်များတွင် သင်တို့၏ မကောင်းသည့် လုပ်ဆောင်ချက်များကို ရေးသားထားနှင့်ပြီး ဖြစ်သည်ကို သင်တို့ မသိကြသလော။ ငါသည် အဲဂုတ္တုပြည်ကို ဆုံးမသောအချိန်၌ အမျက်ဒေါသ ကျရောက်မည့်နေ့ကို သင်တို့ အဘယ်သို့ လွတ်မြောက်နိုင်မည်နည်း။ ဤနည်းဖြင့် ငါ့ကို ထပ်ခါတလဲလဲ ဆန့်ကျင်ကာ အာခံရန်၊ ငါသည် သင်တို့ကို အဘယ်သို့ ခွင့်ပြုနိုင်မည်နည်း။ သင်တို့ကို ငါ ရှင်းရှင်းလင်းလင်း ပြောမည်- အချိန်ကျရောက်သောအခါ၊ သင်တို့ကို ပြစ်တင်ဆုံးမခြင်းသည် အဲဂုတ္တုပြည်၏ ပြစ်တင်ဆုံးမခြင်းထက် သာ၍ မခံမရပ်နိုင်အောင် ဖြစ်လိမ့်မည်။ ငါ၏ အမျက်ဒေါသ ကျရောက်မည့်နေ့ကို အဘယ်သို့ သင်တို့ လွတ်မြောက်နိုင် မည်နည်း။ သင်တို့အား ငါ အမှန်အကန် ဆိုသည်ကား- ငါ၏သည်းခံခြင်းသည် သင်တို့၏ မကောင်းသော လုပ်ဆောင်ချက်များအတွက် ပြင်ဆင် ထားခြင်းဖြစ်ပြီး၊ ထိုနေ့ရက်၌ သင်တို့၏ ပြစ်တင်ဆုံးမခြင်းအတွက် တည်ရှိခြင်း ဖြစ်သည်။ သင်တို့သည် ငါ၏ သည်းခံခြင်း အဆုံးသို့ ရောက်ရှိပြီးဖြစ်သည်နှင့်တစ်ပြိုင်နက်၊ အမျက်ဒေါသ တရားစီရင်ခြင်းကို ခံရမည့်သူများ ဖြစ်ကြသည် မဟုတ်လော။ အရာခပ်သိမ်းသည် ငါအနန္တတန်ခိုးရှင်၏ လက်ထဲတွင် ရှိသည် မဟုတ်လော။ ကောင်းကင်အောက်တွင်၊ ငါ့ကို ထိုသို့ မနာခံဖို့ သင်တို့ကို အဘယ်သို့ ငါ ခွင့်ပြုနိုင်မည်နည်း။ ကြွရောက်လာမည်ဟု ပြောထားခဲ့သော်လည်း၊ မည်သည့်အခါမျှ ကြွမလာခဲ့သည့် မေရှိယကို သင်တို့တွေ့ဆုံပြီး ဖြစ်သောကြောင့် သင်တို့ အသက်တာများသည် အလွန် ခက်ခဲလိမ့်မည်။ သင်တို့သည် သူ၏ရန်သူများ ဖြစ်ကြသည် မဟုတ်သလော။ ယေရှုသည် သင်တို့နှင့် မိတ်ဆွေဖြစ်ပြီးသော်လည်း၊ သင်တို့သည် မေရှိယ၏

ရန်သူများဖြစ်ကြဆဲ ဖြစ်သည်။ သင်တို့သည် ယေရှုနှင့် မိတ်ဆွေများ ဖြစ်သော်လည်း၊ သင်တို့၏ မကောင်းသော လုပ်ဆောင်ချက်များက စက်ဆုပ်ဖွယ်ကောင်းသော သူများ၏ တန်ဆာများကို ဖြည့်ကြပြီးဖြစ်သည်ကို သင်တို့ မသိကြသလော။ သင်တို့သည် ယေဟောဝါနှင့် အလွန် ရင်းနှီးသော်လည်း၊ သင်တို့၏ မကောင်းသော စကားများသည် ယေဟောဝါ၏ နားများသို့ရောက်ရှိပြီး သူ၏ အမျက်ဒေါသကို ဆွပေးပြီးဖြစ်သည်ကို သင်တို့မသိကြသလော။ သူသည် အဘယ်သို့ သင်နှင့်ရင်းနှီးနိုင်မည်နည်း၊ ပြီးလျှင် မကောင်းသော လုပ်ဆောင်ချက်များနှင့် ပြည့်နှက်သည့် သင်၏တန်ဆာများကို သူသည် အဘယ်သို့ မီးမရှို့ဘဲနေနိုင်မည်နည်း။ အဘယ်သို့ သူသည် သင်၏ ရန်သူ မဖြစ်နိုင်မည်နည်း။

## ကယ်တင်ရှင်သည် "ဖြူသောမိုးတိမ်" စီးလျက် ပြန်ကြွလာနှင့်ပြီးဖြစ်သည်

လူသားတို့သည် ကယ်တင်ရှင်၏ ရောက်ရှိခြင်းကို မျက်မြင်တွေ့နိုင်ရန် ထောင်စုနှစ်အချို့ကြာ တောင့်တကြပြီး ဖြစ်သည်။ ကယ်တင်ရှင် ယေရှုသည် နှစ်ထောင်ပေါင်းများစွာကြာ သူ့ကို အောက်မေ့ကာ တမ်းတကြသူများအလယ် ကိုယ်တိုင်ကိုယ်ကျ ဖြူသောမိုးတိမ်စီးလျက် ဆင်းသက်သည်ကို ရှုမြင်ရန် လူသားက တောင့်တပြီးဖြစ်သည်။ လူသားသည် ကယ်တင်ရှင်က ပြန်ကြွလာပြီး ၎င်းတို့နှင့် ပြန်လည် ပေါင်းစည်းရန်အတွက်လည်း တောင့်တပြီးဖြစ်သည်။ ဆိုလိုသည်မှာ နှစ်ထောင်ပေါင်းများစွာကြာ လူတို့နှင့် ကွဲကွာပြီးဖြစ်သည့် ကယ်တင်ရှင် ယေရှုကို ပြန်ကြွလာဖို့နှင့် ယုဒလူမျိုးများအလယ် သူပြုခဲ့သည့် ရွေးနုတ်ခြင်းအမှုကို တစ်ဖန် ဆောင်ရွက်ဖို့၊ လူသားအပေါ် သနားကရုဏာနှင့်ပြည့်စုံပြီး ချစ်ခင်ရန်၊ လူသား၏ အပြစ်များကို ခွင့်လွှတ်ပြီး လူသား၏အပြစ်များကို သယ်ဆောင်ပြီး လူသား၏ အပြစ်ဒုစရိုက်များအားလုံးကိုပင် သယ်ဆောင်ရန်နှင့် လူသားအား အပြစ်မှ ကယ်လွှတ်ရန် တောင့်တခဲ့ကြသည်။ လူသားက တောင့်တသည်မှာ ကယ်တင်ရှင် ယေရှုသည် ယခင်အတိုင်း ဖြစ်ဖို့ရန် ဖြစ်သည်- ချစ်မြတ်နိုးဖွယ်ကောင်းသည့်၊ ကြင်နာပြီး၊ ကြည်ညို လေးစားဖွယ်ကောင်းသော၊ လူသားအပေါ် မည်သည့်အခါမျှ အမျက်ဒေါသ မရှိသကဲ့သို့ လူသားကို အပြစ်ဆိုခြင်း မရှိဘဲ၊ ခွင့်လွှတ်ကာ လူသား၏ အပြစ်များအားလုံးကို ဆောင်ယူပြီး ယခင်အတိုင်း လူသားအတွက် ကားတိုင်တွင်ပင် အသေခံသည့် ကယ်တင်ရှင်အဖြစ် ဖြစ်သည်။ ယေရှု ထွက်ခွာသွားခဲ့ကတည်းက၊ သူ့ နောက်လိုက်ခဲ့ကြသည့် တပည့်တော်များအပြင်၊

သူ၏နာမဖြင့် ကယ်တင်ခံခဲ့ကြရသည့် သန့်ရှင်းသူအားလုံးသည် သူ့အား အသည်းအသန် အောက်မေ့ကာ စောင့်ဆိုင်းနေကြပြီး ဖြစ်သည်။ ကျေးဇူးတော်ခေတ်အတွင်းတွင် ယေရှုခရစ်တော်၏ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံခဲ့ရသူ အားလုံးသည် ကယ်တင်ရှင်ယေရှုက ဖြူသော မိုးတိမ်စီးလျက် လူအားလုံးအလယ် ပေါ်ထွန်းမည့်အချိန် နောက်ဆုံးသော အချိန်ကာလထဲက ဝမ်းမြောက်ဖွယ်ရာနေ့ရက်ကို တောင့်တနေခဲ့ကြသည်။ ဟုတ်ပေ၏၊ ဤသည်မှာ ယနေ့ခေတ် ကယ်တင်ရှင် ယေရှု၏ နာမကို လက်ခံသူအားလုံး၏ စုပေါင်းဆန္ဒလည်း ဖြစ်သည်။ စကြဝဠာရှိ ကယ်တင်ရှင်ယေရှု၏ ကယ်တင်ခြင်း အကြောင်းကို သိသူ အယောက်စီတိုင်းသည် ကမ္ဘာမြေပေါ်တွင် ယေရှု ရှိစဉ်က "ငါထွက်ခွာသွားသကဲ့သို့ပင် တဖန်ပြန်လည်ရောက်ရှိလာလိမ့်မည်။" ဟု ပြောဆိုခဲ့သည့်စကားကို ဖြည့်ဆည်းပေးရန် ယေရှုခရစ်တော် ရုတ်တရက် ရောက်ရှိဖို့ အသည်းအသန် တမ်းတလျက် ရှိကြပြီးဖြစ်သည်။ ကားစင်တင်ခံရခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း နောက်တွင်၊ ယေရှုသည် အမြင့်ဆုံးသော ဘုရား၏ လက်ျာတော် အရပ်ရှိ သူ၏ နေရာကိုယူဖို့ ဖြူသော မိုးတိမ်စီးလျက် ကောင်းကင်ဘုံသို့ ပြန်သွားခဲ့သည်ဟု လူသားက ယုံကြည်သည်။ ထိုနည်းတူ ယေရှုသည် နှစ်ထောင်ပေါင်းများစွာကြာ သူ့အား အသည်းအသန် တမ်းတကြပြီးဖြစ်သူများအလယ် ဖြူသောမိုးတိမ် (ဤမိုးတိမ်မှာ ယေရှု ကောင်းကင်ဘုံသို့ ပြန်သွားချိန်က စီးနင်းသွားခဲ့သည့် မိုးတိမ်ကိုဆိုလိုသည်) စီးလျက် တစ်ဖန် ဆင်းသက်လာလိမ့်မည် ဖြစ်ပြီး၊ သူသည် ယုဒလူမျိုးများ၏ ပုံသဏ္ဌာန်ကို ယူပြီး အဝတ်အစားများကို ဝတ်စားထားလိမ့်မည်။ လူသားထံ ပေါ်ထွန်းပြီးနောက်တွင်၊ ၎င်းတို့အပေါ် အစားအစာ ပေးသနားမည် ဖြစ်ပြီး၊ ၎င်းတို့အတွက် အသက်ရေများ ပန်းထွက်စေလိမ့်မည် ဖြစ်ကာ၊ ကျေးဇူးတော်နှင့် ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝလျက်၊ လူသားအလယ် အထင်းသားနှင့် စစ်မှန်စွာ အသက်ရှင်လိမ့်မည် ဖြစ်သည်။ ထိုသို့သော အယူအဆအားလုံးသည် လူတို့ ယုံကြည်သည့်အရာ ဖြစ်သည်။ သို့သော် ကယ်တင်ရှင် ယေရှုက ဤသို့ မလုပ်ဆောင်ခဲ့ပေ။ လူသား စိတ်ကူးပေါက်သည့်အရာနှင့် ဆန့်ကျင်ဘက် လုပ်ဆောင်ခဲ့သည်။ သူ၏ပြန်ကြွလာခြင်းကို တမ်းတခဲ့ကြသူများ အလယ်တွင် သူ ကြွရောက်မလာခဲ့သကဲ့သို့၊ ဖြူသော မိုးတိမ်ကို စီးနင်းလျက် လူအားလုံးထံသို့ သူ ပေါ်ထွန်းမလာခဲ့ပေ။ သူသည် ရောက်ရှိနှင့်ပြီးဖြစ်သော်လည်း၊ လူသားက သူ့ကို မသိသကဲ့သို့၊ သူနှင့်ပတ်သက်၍ မသိနားမလည်ဘဲ ရှိနေဆဲဖြစ်သည်။ "ဖြူသောမိုးတိမ်"ပေါ် (သူ၏ ဝိညာဉ်တော်၊ သူ၏ နှုတ်ကပတ်တော်များ၊ သူ၏ ပင်ကိုစိတ်သဘောထားနှင့် သူ၏ ဖြစ်ခြင်း အားလုံးဖြစ်သော မိုးတိမ်) သူ ဆင်းကြွနှင့်ပြီးဖြစ်ကာ နောက်ဆုံးသောကာလအတွင်း သူပြုမည့် အောင်မြင်သူများ အုပ်စုအလယ်တွင် ယခု ရှိနေသည်ကို မသိဘဲလျက်၊ လူသားသည်

ရောက်တတ်ရာရာ သူ့ကို စောင့်ဆိုင်းရုံမျှ စောင့်ဆိုင်းနေလေသည်။ ဤအရာကို လူသားက မသိပေ- သန့်ရှင်းသော ကယ်တင်ရှင် ယေရှုသည် လူသားတို့အတွက် ချစ်ခင်မှုနှင့် ချစ်ခြင်းမေတ္တာများရှိ သော်ငြားလည်း၊ အညစ်အကြေးများနှင့် မသန့်စင်သော ဝိညာဉ်များ နေရာယူ ထားသည့် "ဗိမာန်တော်များ"တွင် သူအဘယ်သို့ အမှုပြုနိုင်မည်နည်း။ လူသားသည် သူ၏ကြွရောက်ခြင်းကို စောင့်စားနေပြီးဖြစ်သော်လည်း၊ မဖြောင့်မတ်သော သူ၏အသားကို စားသူ၊ မဖြောင့်မတ်သောသူ၏ သွေးကို သောက်ပြီး၊ မဖြောင့်မတ်သောသူ၏ အဝတ်အစားများကို ဝတ်ဆင်သူ၊ သူ့ကို ယုံကြည်သော်လည်း သူ့ကို မသိသောသူ၊ သူ့ကို စဉ်ဆက်မပြတ် ခြိမ်းခြောက်သူများထံ အဘယ်သို့ ပေါ်ထွန်းနိုင်မည်နည်း။ ကယ်တင်ရှင် ယေရှုသည် ချစ်ခြင်းမေတ္တာနှင့် ပြည့်ပြီး၊ သနားကရုဏာဖြင့် ပြည့်လျှံကာ၊ သူသည် ရွေးနုတ်ခြင်းနှင့် ပြည့်ဝသည့် အပြစ်ဖြေရာယဇ်ဖြစ်သည်ကိုသာ လူသားက သိရှိထားသည်။ သို့ရာတွင် သူသည် ဖြောင့်မတ်မှု၊ ဘုန်းအာနုဘော်၊ အမျက်ဒေါသ၊ တရားစီရင်မှုတို့ဖြင့် ပြည့်လျှမ်းပြီး သြဇာအာဏာကို ပိုင်ဆိုင်ကာ ဂုဏ်သိက္ခာအပြည့် ရှိသည့် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ကိုမူ လူသားက မသိချေ။ ထို့ကြောင့် လူသားသည် ရွေးနုတ်ရှင်၏ ပြန်ကြွလာခြင်းကို စိတ်အားထက်သန်စွာ တမ်းတပြီး ဆန္ဒပြင်းပြကာ၊ ၎င်းတို့၏ ဆုတောင်းချက်များက ကောင်းကင်ဘုံကိုပင် လှုပ်ရှားသွားစေသော်လည်း၊ ကယ်တင်ရှင်ယေရှုသည် သူ့ကို ယုံကြည်သော်လည်း သူ့အား မသိကျွမ်းသူများထံ မပေါ်ထွန်းပေ။

"ယေဟောဝါ" ဆိုသည်မှာ ဣသရေလ၌ ငါအမှုပြုသည့် အတောအတွင်း ငါခံယူခဲ့သောနာမ ဖြစ်ပြီး ယင်းမှာ လူသားအပေါ် သနားညှာတာနိုင်သူ၊ လူသားကို ကျိန်ဆဲနိုင်ပြီး၊ လူသား၏ဘဝကို လမ်းပြပေးနိုင်သည့် ဣသရေလလူမျိုးများ (ဘုရားသခင် ရွေးချယ်ထားသောလူမျိုး)၏ ဘုရားသခင်ဟု အဓိပ္ပာယ်ရသည်။ ကြီးမြတ်သော တန်ခိုးကို ပိုင်ဆိုင်ပြီး ဉာဏ်ပညာနှင့် ပြည့်ဝသည့် ဘုရားသခင် ဖြစ်သည်။ "ယေရှု" သည် ဧမာနွေလဖြစ်ပြီး၊ ယင်းက ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသည့်၊ သနားခြင်းကရုဏာဖြင့် ပြည့်ဝသကဲ့သို့ လူသားကို ရွေးနုတ်သည့် အပြစ်ဖြေရာယဇ်ဟု ဆိုလိုသည်။ သူသည် ကျေးဇူးတော်ခေတ်၏ အမှုကို လုပ်ဆောင်ခဲ့ကာ၊ ကျေးဇူးတော်ခေတ်ကို ကိုယ်စားပြုပြီး၊ စီမံခန့်ခွဲခြင်း အစီအစဉ်နှင့်ဆိုင်သော အမှု၏ တစ်စိတ်တစ်ဒေသကိုသာ ကိုယ်စားပြုနိုင်သည်။ ယင်းမှာ ယေဟောဝါသည်သာ ရွေးကောက်ခံ ဣသရေလလူမျိုးတို့၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရားသခင်၊ ဣဇာက်၏ဘုရားသခင်၊ ယာကုပ်၏ ဘုရားသခင်၊ မောရှေ၏ ဘုရားသခင်၊ ဣသရေလအမျိုးတို့၏ ဘုရားသခင် ဖြစ်သည်ဟု ဆိုရပေမည်။ ထို့ကြောင့်

လတ်တလော ခေတ်တွင် ယုဒလူမျိုးများမှလွဲ၍ ဣသရေလအမျိုးသား အားလုံးတို့သည် ယေဟောဝါကို ကိုးကွယ်ကြ၏။ ၎င်းတို့သည် ယဇ်ပလ္လင်ပေါ်တွင် ယေဟောဝါထံ ယဇ်ပူဇော်ခြင်းများ ပြုကြပြီး၊ ဗိမာန်တော်ထဲတွင် ယဇ်ပုရောဟိတ် ဝတ်ရုံများကို ဝတ်ဆင်လျက် ယေဟောဝါအား အစေခံကြသည်။ ၎င်းတို့ မျှော်လင့်သော အရာမှာ ယေဟောဝါ၏ ပြန်လည် ပေါ်ထွန်းခြင်း ဖြစ်သည်။ ယေရှုသည်သာ လူသားမျိုးနွယ်တို့၏ ရွေးနုတ်ရှင် ဖြစ်ပြီး၊ သူသည် လူသားမျိုးနွယ်ကို အပြစ်မှရွေးနုတ်ခဲ့သည့် အပြစ်ဖြေရာယဇ် ဖြစ်သည်။ ယင်းမှာ ယေရှု၏ အမည်နာမသည် ကျေးဇူးတော်ခေတ်မှလာပြီး ကျေးဇူးတော်ခေတ်၌ ပြုခဲ့သော ရွေးနုတ်ခြင်း အမှုကြောင့် ဖြစ်တည်လာခဲ့သည်ဟု ဆိုရပေမည်။ ကျေးဇူးတော်ခေတ်၏ လူများကို ပြန်လည် မွေးဖွားစေပြီး ကယ်တင်ခံရခွင့်ပေးရန် ယေရှု၏ အမည်နာမ ဖြစ်တည်လာခဲ့ကာ လူသားမျိုးနွယ် တစ်ရပ်လုံး၏ ရွေးနုတ်ခြင်းအတွက် သီးသန့် နာမတစ်ခုဖြစ်သည်။ ထို့ကြောင့် ယေရှု၏အမည်နာမသည် ရွေးနုတ်ခြင်းကို ကိုယ်စားပြုပြီး ကျေးဇူးတော်ခေတ်ကို ရည်ညွှန်းပေသည်။ ယေဟောဝါဟူသော အမည်နာမသည် ပညတ်တရားအောက်တွင် အသက်ရှင်ခဲ့ကြသည့် ဣသရေလ လူမျိုးတို့အတွက် သီးသန့် အမည်နာမ ဖြစ်သည်။ ခေတ်အသီးသီးနှင့် အမှု၏ အဆင့်အသီးသီးတွင်၊ ငါ၏နာမသည် အခြေအမြစ်ကင်းမဲ့ခြင်း မရှိဘဲ၊ အရေးပါမှုကို ကိုယ်စားပြု ထိန်းသိမ်းပေသည်- အမည်နာမ အသီးသီးက ခေတ်တစ်ခုကို ကိုယ်စားပြုသည်။ “ယေဟောဝါ” သည် ပညတ်တော်ခေတ်ကို ကိုယ်စားပြုပြီး၊ ဣသရေလလူမျိုးများ ကိုးကွယ်ကြသော ဘုရားသခင်အတွက် ဂုဏ်ပြုသော အမည်နာမ ဖြစ်သည်။ “ယေရှု” သည် ကျေးဇူးတော်ခေတ်ကို ကိုယ်စားပြုပြီး ကျေးဇူးတော်ခေတ် အတွင်း ရွေးနုတ်ခံခဲ့ရသူ အားလုံး၏ ဘုရားသခင်၏နာမ ဖြစ်သည်။ နောက်ဆုံးသော ကာလအတွင်းတွင် ကယ်တင်ရှင်ယေရှု၏ ကြွရောက်ခြင်းကို လူသားက တောင့်တဆဲ ဖြစ်ပြီး၊ ယုဒပြည်တွင် ခံယူခဲ့သော ရုပ်သွင်ဖြင့် ကြွလာရန် သူ့ကို မျှော်လင့်ဆဲ ဖြစ်ပါက၊ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံးသည် ရွေးနုတ်ခြင်းခေတ်၌ ရပ်တန့်သွားပြီးဖြစ်မည် ဖြစ်ကာ၊ နောက်ထပ် မည်သို့မျှ တိုးတက်နိုင်မည် မဟုတ်ပေ။ ထို့အပြင် နောက်ဆုံးသော ကာလသည် မည်သည့်အခါမျှ ရောက်ရှိမည် မဟုတ်သကဲ့သို့ ခေတ်သည် မည်သည့်အခါမျှ အဆုံးသတ်သို့ ရောက်မည် မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ကယ်တင်ရှင်ယေရှုသည် လူသားမျိုးနွယ်တို့၏ ရွေးနုတ်ခြင်းနှင့် ကယ်တင်ခြင်းအတွက်သာ ဖြစ်သောကြောင့် ဖြစ်သည်။ ကျေးဇူးတော်ခေတ်ရှိ အပြစ်သားအားလုံး အတွက် ယေရှု၏နာမကို ငါခံယူခဲ့ခြင်း ဖြစ်သော်လည်း၊ ယင်းသည် လူသားမျိုးနွယ် တစ်ရပ်လုံးကို

အဆုံးသတ်တစ်ခုဆီသို့ ငါဆောင်ကြဉ်းမည့် နာမ မဟုတ်ပေ။ ယေဟောဝါ၊ ယေရှုနှင့် မေရှိယတို့အားလုံးသည် ငါ၏ဝိညာဉ်တော်ကို ကိုယ်စားပြုသော်လည်း၊ ဤအမည်နာမများသည် ငါ၏စီမံခန့်ခွဲခြင်း အစီအစဉ်နှင့်ဆိုင်သော မတူကွဲပြားသည့် ခေတ်များကိုသာ ရည်ညွှန်းပြီး ငါ၏အလုံးစုံ၌ ငါ့ကို ကိုယ်စားမပြုပေ။ ကမ္ဘာမြေပေါ် ရှိ လူတို့က ငါ့အားခေါ်ဝေါ်သော အမည်နာမများသည် ငါ၏အလုံးစုံသော စိတ်သဘောထားနှင့် ငါ၏ဖြစ်ခြင်းအားလုံးကို ရှင်းလင်းစွာ မပြောဆိုနိုင်ပေ။ ၎င်းတို့သည် မတူကွဲပြားသော ခေတ်များအတွင်း ငါ့အားခေါ်ဝေါ် ကြသော မတူညီသည့် အမည်နာမများမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် နောက်ဆုံးခေတ်- နောက်ဆုံးသော ကာလ၏ ခေတ်- ရောက်ရှိသည့်အခါ၊ ငါ၏အမည်နာမသည် တစ်ဖန် ပြောင်းလဲလိမ့်မည်။ ငါ့ကို မေရှိယဟု ခေါ် ဖို့ မဆိုထားနှင့်၊ ယေဟောဝါ၊ သို့မဟုတ် ယေရှုဟုပင် ခေါ်မည်မဟုတ်၊ ငါ့ကို တန်ခိုးကြီးသော အနန္တတန်ခိုးရှင် ဘုရားသခင် ကိုယ်တော်တိုင်ဟူ၍ ခေါ် ကြမည် ဖြစ်ပြီး၊ ဤအမည်နာမအောက်တွင် ငါသည် ခေတ်ကာလ တစ်ခုလုံးကို အဆုံးသတ်သို့ ဆောင်ကြဉ်းမည် ဖြစ်သည်။ ငါ့ကို တစ်ချိန်က ယေဟောဝါဟု သိရှိခဲ့ကြသည်။ ငါ့ကို မေရှိယဟုလည်း ခေါ် ခဲ့ကြပြီး၊ လူတို့က ချစ်ခြင်းမေတ္တာနှင့် ရိုသေကြည်ညိုမှုဖြင့် ငါ့ကို ကယ်တင်ရှင်ယေရှုဟု တစ်ချိန်က ခေါ် ခဲ့ကြသည်။ သို့သော်လည်း ယနေ့တွင် ငါသည် လူအများက အတိတ်ကာလများတွင် သိခဲ့ကြသည့် ယေဟောဝါ သို့မဟုတ် ယေရှု မဟုတ်တော့ပေ။ ငါသည် နောက်ဆုံးသောကာလတွင် ပြန်ကြွလာပြီး ဖြစ်သည့် ဘုရားသခင်၊ ခေတ်ကို အဆုံးသတ်မည့် ဘုရားသခင် ဖြစ်ပေသည်။ ငါသည် မြေကြီးစွန်းမှ ထမြောက်တော်မူသော၊ ငါ၏အလုံးစုံသော စိတ်သဘောထားနှင့် ပြည့်ဝသကဲ့သို့၊ သြဇာအာဏာ၊ ဂုဏ်သိက္ခာ၊ ဘုန်းအာနုဘော်တို့နှင့် ပြည့်ဝနေသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်။ လူတို့သည် ငါနှင့် မည်သည့်အခါမျှ မဆက်ဆံဖူးပေ၊ ငါ့ကို မည်သည့်အခါမျှ မသိကျွမ်းဖူးကြသကဲ့သို့၊ ငါ၏စိတ်သဘောထားကို အမြဲတစေ မသိနားမလည် ဖြစ်ကြသည်။ ကမ္ဘာမြေကြီးကို ဖန်ဆင်းခြင်းမှသည် ယနေ့ထိတိုင်၊ လူတစ်ဦးတစ်ယောက်မျှ ငါ့အား မမြင်ဖူးလေပြီ။ ဤသည်မှာ နောက်ဆုံးသောကာလ၌ လူသားထံ ပေါ်ထွန်းသော်လည်း၊ လူသားအလယ် ကွယ်ဝှက်သည့် ဘုရားသခင် ဖြစ်ပေသည်။ သူသည် လောင်ကျွမ်းနေသော နေမင်းနှင့် တောက်လောင်နေသော မီးလျှံကဲ့သို့၊ တန်ခိုးနှင့်ပြည့်ကာ သြဇာအာဏာဖြင့် ပြည့်လျှမ်းလျက်၊ လူသားအလယ် အမှန်တကယ်နှင့် စစ်မှန်စွာ နေထိုင်လျက် ရှိသည်။ ငါ၏နှုတ်ကပတ်တော်များအားဖြင့် တရားစီရင်ခြင်း မခံရမည့် လူ သို့မဟုတ် အမှုအရာ တစ်ခုမျှ မရှိသကဲ့သို့၊ မီးလျှံ၏ လောင်ကျွမ်းခြင်းမှတစ်ဆင့် သန့်စင်ခြင်း မခံရမည့် လူ သို့မဟုတ် အမှုအရာ တစ်ခုမျှ မရှိပေ။ နောက်ဆုံးတွင်

တိုင်းနိုင်ငံအားလုံးသည် ငါ့နှုတ်ကပတ်တော်များကြောင့် ကောင်းချီးပေးခံရမည် ဖြစ်ပြီး ငါ့နှုတ်ကပတ်တော်များကြောင့်လည်း တစ်စစီ ကြေမွပျက်စီး သွားလိမ့်မည် ဖြစ်သည်။ ဤနည်းဖြင့် နောက်ဆုံးသောကာလ အတွင်းရှိ လူအားလုံးက ငါသည် ပြန်ကြွလာသည့် ကယ်တင်ရှင် ဖြစ်ပြီး၊ လူသားမျိုးနွယ်အားလုံးကို သိမ်းပိုက်သော အနန္တတန်ခိုးရှင် ဘုရားသခင် ဖြစ်သည်ကို တွေ့မြင်ကြပေမည်။ ပြီးလျှင် ငါသည် တစ်ချိန်က လူသားအတွက် အပြစ်ဖြေရာယဇ် ဖြစ်ခဲ့သော်လည်း၊ နောက်ဆုံးသောကာလတွင် ခပ်သိမ်းသောအရာတို့ကို မီးရှို့ဖျက်ဆီးသည့် နေမင်း၏ မီးတောက်မီးလျှံများလည်း ဖြစ်လာသည့်အပြင်၊ ခပ်သိမ်းသောအရာတို့ကို ထုတ်ဖော်ပြသည့် ဖြောင့်မတ်ခြင်း၏ နေမင်းလည်း ဖြစ်လာသည်ကို အားလုံး တွေ့မြင်ရလိမ့်မည်။ ဤသည်မှာ နောက်ဆုံးသောကာလ၌ ငါ၏အမှု ဖြစ်သည်။ လူအားလုံးက ငါသည် ဖြောင့်မတ်သော ဘုရားသခင်၊ လောင်ကျွမ်းနေသော နေမင်းနှင့် တောက်လောင်နေသော မီးလျှံဖြစ်သည်ကို တွေ့မြင်နိုင်ရန်အလို့ငှာနှင့် အားလုံးက တစ်ပါးတည်း စစ်မှန်သော ဘုရားသခင် ငါ့ကို ကိုးကွယ်နိုင်ကြဖို့အလို့ငှာ၊ ပြီးလျှင် ၎င်းတို့သည် ငါ၏စစ်မှန်သော မျက်နှာကို တွေ့မြင်နိုင်ကြရန်အလို့ငှာ ဤအမည်နာမကို ငါယူပြီး ဤစိတ်သဘောထားကို ငါပိုင်ဆိုင်ပေသည်- ငါသည် ဣသရေလအမျိုးသားတို့၏ ဘုရားသခင် ဖြစ်သည်သာမက၊ ရွေးနုတ်ရှင်သာ ဖြစ်သည် မဟုတ်ပေ။ ငါသည် ကောင်းကင်၊ မြေကြီးနှင့် ပင်လယ်ပြင် တစ်လျှောက်လုံးရှိ အဖန်ဆင်းခံ သတ္တဝါအားလုံး၏ ဘုရားသခင် ဖြစ်ပေသည်။

ကယ်တင်ရှင်သည် နောက်ဆုံးသောကာလအတွင်းတွင် ရောက်ရှိပြီး၊ ယေရှုဟု ခေါ်ဆိုခြင်းခံရဆဲဖြစ်ကာ၊ တစ်ဖန် ယုဒပြည်တွင် မွေးဖွားပြီး၊ ထိုနေရာတွင် အမှုပြုခဲ့ပါက၊ ဤအရာက ငါသည် ဣသရေလလူမျိုးကိုသာ ဖန်ဆင်းခဲ့ပြီး၊ ဣသရေလလူမျိုးကိုသာ ကယ်နုတ်ခဲ့ကာ တစ်ပါးအမျိုးသားများနှင့် ငါမည်သို့မျှ မသက်ဆိုင်သည်ကို သက်သေပြမည် ဖြစ်သည်။ ဤအရာက "ငါသည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းသော သခင်ဖြစ်၏။" ဟူသော ငါ၏နှုတ်ကပတ်တော်များနှင့် ဆန့်ကျင်မည် မဟုတ်လော။ ငါသည် ဣသရေလ လူမျိုးတို့၏ ဘုရားသခင်မျှသာ မဟုတ်ဘဲ၊ အဖန်ဆင်းခံ သတ္တဝါ အားလုံး၏ ဘုရားသခင်ဖြစ်သောကြောင့်၊ ယုဒပြည်ကို ငါ စွန့်ခွာခဲ့ပြီး တစ်ပါးအမျိုးသားတို့အလယ်တွင် ငါ၏ အမှုကို ပြုပေသည်။ ငါသည် ဣသရေလ အမျိုးတို့၏ ဘုရားသခင်၊ ယေဟောဝါဖြစ်သည်သာမက၊ ထို့အပြင် တစ်ပါးအမျိုးသားတို့အလယ်ရှိ ငါ၏ ရွေးချယ်ခြင်း ခံရသူအားလုံး၏ ဖန်ဆင်းရှင် ဖြစ်သောကြောင့်၊ နောက်ဆုံးသောကာလ အတွင်းတွင် တစ်ပါးအမျိုးသားများအလယ် ငါ ပေါ်ထွန်းပေသည်။ ဣသရေလ၊ အဲဂုတ္တုနှင့် လေဗနွန်တို့ကို ငါ ဖန်ဆင်းခဲ့သည်သာမက၊ ဣသရေလ အလွန် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများ

အားလုံးတို့ကိုလည်း ဖန်ဆင်းခဲ့သည်။ ဤအရာကြောင့် ငါသည် ခပ်သိမ်းသော အဖန်ဆင်းခံ သတ္တဝါများ အားလုံး၏ အရှင်သခင်ဖြစ်သည်။ ဣသရေလကို ငါ့အမှု၏ အစပြုရာ အဖြစ်မျှသာ ငါအသုံးပြုခဲ့သည်၊ ယုဒနှင့် ဂါလိလဲပြည်များကို ငါ၏ ရွေးနုတ်ခြင်း အမှုနှင့်ဆိုင်သော အမာခံနယ်မြေများအဖြစ် အသုံးပြုခဲ့ပြီး၊ ယခုတွင် ခေတ်တစ်ခေတ်လုံးအား အဆုံးသတ် တစ်ခုသို့ ဆောင်ကြဉ်းရန် အခြေပြုရာအဖြစ် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများကို ငါ အသုံးပြုပေသည်။ ငါသည် ဣသရေလပြည်၌ အမှု၏ အဆင့်နှစ်ဆင့်ကို လုပ်ဆောင်ခဲ့သည် (ပညတ်တော်ခေတ်နှင့် ကျေးဇူးတော်ခေတ် ဖြစ်သည့် ဤအမှုအဆင့်နှစ်ဆင့်)၊ ပြီးလျှင် ဣသရေလ အလွန်ရှိ တိုင်းပြည်များတစ်လျှောက် နောက်ထပ်အမှု၏ (ကျေးဇူးတော်ခေတ်နှင့် နိုင်ငံတော်ခေတ်) အဆင့်နှစ်ဆင့်ကို ငါ ဆောင်ရွက်နေပြီး ဖြစ်သည်။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများ အလယ်တွင် ငါသည် သိမ်းပိုက်ခြင်းအမှုကို လုပ်ဆောင်မည် ဖြစ်ပြီး၊ ခေတ်ကိုလည်း နိဂုံးချုပ်မည် ဖြစ်သည်။ လူသားသည် ငါ့ကို ယေရှုခရစ်တော်ဟု အမြဲခေါ်သော်လည်း၊ နောက်ဆုံးသော ကာလအတွင်းတွင် ခေတ်သစ်တစ်ခုကို ငါအစပြုပြီးဖြစ်သကဲ့သို့၊ အမှုသစ်တစ်ခုကို စတင်ပြီးဖြစ်သည်ကို လူသားက မသိရှိသကဲ့သို့၊ လူသည် ကယ်တင်ရှင်ယေရှု၏ ကြွရောက်ခြင်းကို သဲသဲမဲမဲ ဆက်လက် စောင့်ဆိုင်းမည်ဆိုပါက၊ ဤကဲ့သို့သော လူများကို ငါ့ကို မယုံကြည်သောသူများဟု ငါ ခေါ်မည်။ ၎င်းတို့သည် ငါ့အား မသိကျွမ်းသော လူများဖြစ်ပြီး ငါ၌ ၎င်းတို့၏ ယုံကြည်မှုသည် မှားယွင်းပေသည်။ ထိုသို့သော လူများသည် ကယ်တင်ရှင်ယေရှု ကောင်းကင်မှ ကြွရောက်ခြင်းကို တွေ့မြင်နိုင်ကြမည်လော။ ၎င်းတို့ စောင့်ဆိုင်းသည်မှာ ငါ၏ ကြွရောက်ခြင်း မဟုတ်ဘဲ၊ ယုဒရှင်ဘုရင်၏ ကြွရောက်ခြင်းသာ ဖြစ်သည်။ မသန့်စင်သော ဤအိုဟောင်းသည့် ကမ္ဘာလောကကို အမြစ်ဖြတ်ချေမှုန်းရန် ငါ့ကို ၎င်းတို့ မတမ်းတကြဘဲ၊ ယင်းအစား၊ ၎င်းတို့ ရွေးနုတ်ခြင်းခံရမည် ဖြစ်သည့် ယေရှု၏ ဒုတိယကြိမ်မြောက် ပြန်ကြွလာခြင်းအား တမ်းတနေကြပေသည်။ ၎င်းတို့သည် ဤညစ်ညမ်းပြီး မဖြောင့်မတ်သည့် နယ်မြေမှ လူသားမျိုးနွယ်အားလုံးကို ယေရှု နောက်တစ်ကြိမ် ရွေးနုတ်ပေးခြင်းကို မျှော်လင့်စောင့်စားနေကြပေသည်။ ထိုသို့သောလူများသည် နောက်ဆုံးသော ကာလ၌ ငါ၏အမှုကို ပြီးစီးစေသည့်သူများ အဘယ်သို့ ဖြစ်လာနိုင်ကြမည်နည်း။ လူသားသည် ယခင်က ငါ လုပ်ဆောင်ပြီးဖြစ်သည့် အမှုကို လေးစားရုံမျှ လေးစားပြီး၊ သို့မဟုတ် မြတ်နိုးရုံမျှ မြတ်နိုးပြီး၊ ငါသည် အမြဲ သစ်လွင်ကာ မည်သည့်အခါမျှ အိုဟောင်းခြင်းမရှိသည့် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ကို ၎င်းတို့ မသိကြသည့်အတွက်၊ လူသား၏ စိတ်ဆန္ဒများသည် ငါ၏အလိုဆန္ဒများကို ဖြည့်ဆည်းနိုင်စွမ်းမရှိပေ၊ သို့မဟုတ် ငါ၏ အမှုကို ပြီးမြောက်စေနိုင်စွမ်း

မရှိပေ။ လူသားက ငါသည် ယေဟောဝါ ဖြစ်ပြီး ယေရှုဖြစ်သည်ကိုသာ သိပြီး၊ ငါသည် လူသားမျိုးနွယ်ကို အဆုံးသတ်သို့ ဆောင်ကြဉ်းမည့် နောက်ဆုံးသောသူ ဖြစ်သည်ကို အရိပ်အမြွက်မျှ မသိရှိချေ။ လူသားက တမ်းတပြီး သိရှိသည့်အရာအားလုံးသည် ၎င်းတို့၏ ကိုယ်ပိုင် အယူအဆများမှ လာပြီး ၎င်းတို့ ကိုယ်ပိုင် မျက်လုံးများဖြင့် မြင်နိုင်သည့်အရာမျှသာ ဖြစ်သည်။ ယင်းက ငါလုပ်ဆောင်သော အမှုနှင့် မကိုက်ညီဘဲ၊ ယင်းနှင့် သဟဇာတလည်း မဖြစ်ပေ။ ငါ၏အမှုကို လူသား၏ စိတ်ကူးများအတိုင်း စီမံဆောင်ရွက်ခဲ့မည်ဆိုပါက၊ ယင်းသည် မည်သည့်အချိန်တွင် အဆုံးသတ်မည်နည်း။ လူသားမျိုးနွယ်သည် မည်သည့်အချိန်တွင် ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဝင်ရောက်နိုင်မည်နည်း။ ပြီးလျှင် ငါသည် ဥပုသ်နေ့ဖြစ်သည့် သတ္တမမြောက်နေ့ရက်ထဲသို့ အဘယ်သို့ ဝင်ရောက်နိုင်မည်နည်း။ ငါသည် လူသား၏ ရည်ရွယ်ချက်များအတိုင်း မဟုတ်ဘဲ- ငါ၏ အစီအစဉ်အတိုင်းနှင့် ငါ၏ ရည်ရွယ်ချက်အတိုင်း အမှုပြုပေသည်။

# ဧဝံဂေလိတရားကို ဖြန့်ဝေသည့် အလုပ်သည် လူသားကို ကယ်တင်သည့် အလုပ်လည်းဖြစ်သည်

လောက၌ရှိသည့် ငါ့အလုပ်၏ရည်ရွယ်ချက်များကို လူအားလုံး သိဖို့လိုသည်၊ တစ်နည်းအားဖြင့်ဆိုလျှင် ငါ့အလုပ်ကို ပြီးဆုံးအောင် မလုပ်နိုင်သေးချိန်၌ အဆုံးတွင် ငါရယူလိုသည့်အရာနှင့် ဤအလုပ်တွင် မည်သည့်အဆင့်အထိ အောင်မြင်အောင် လုပ်ဆောင်ရမည်ကို လူအားလုံး နားလည်ဖို့လိုသည်။ လူတို့သည် ငါနှင့်အတူ ယနေ့တိုင် လျှောက်လှမ်းလာခဲ့ပြီးနောက် ငါ့အလုပ်မှာ အဘယ်အရာဖြစ်သည်ကို နားမလည်လျှင် ၎င်းတို့သည် ငါနှင့်အတူ အချည်းနှီး လျှောက်လှမ်း နေခဲ့ကြခြင်းပင်ဖြစ်သည် မဟုတ်လော။ လူတို့သည် ငါ့နောက်သို့ လိုက်လျှင် ငါ့အလိုကို သိသင့်သည်။ ငါသည် မြေကြီးပေါ်၌ အလုပ်လုပ်လျက် ရှိသည်မှာ နှစ်ပေါင်းထောင်ချီ ရှိပြီဖြစ်ပြီး၊ ယနေ့ထက်ထိတိုင်အောင် ငါသည် ဤနည်းလမ်းအတိုင်း ငါ၏အမှုကို ဆက်လက်လုပ်ဆောင်နေသေးသည်။ ငါ့အမှုထဲတွင် ပါဝင်သည့် စီမံကိန်းများမှာ များပြားလှသော်လည်း ယင်း၏ ရည်ရွယ်ချက်သည် မပြောင်းမလဲ ရှိနေသေး၏။ ငါသည် လူသားကို တရားစီရင်လိုစိတ်၊ ပြစ်တင်ဆုံးမလိုစိတ်တို့နှင့် ပြည့်နေသော်လည်း၊ ဥပမာအားဖြင့် ငါပြုသမျှမှာ လူသားကို စုံလင်စေပြီးသောအခါ၌ သူ့ကိုငါ ကယ်တင်ဖို့နှင့် ငါ၏သတင်းကောင်းကို ပိုမိုဖြန့်ဝေနိုင်ဖို့နှင့် ငါ၏အမှုကို တစ်ပါးအမျိုးသား

တိုင်းနိုင်ငံများအားလုံးအကြား၌ ချဲ့ထွင်ဖို့အတွက် ဖြစ်နေသေးသည်။ ထို့ကြောင့် လူများစွာ ပိုမိုတုန်လှုပ် ချောက်ချားလျက်ရှိသည်မှာ အချိန်အတန်ကြာပြီဖြစ်သည့် ယနေ့ခေတ် အချိန်တွင် ငါသည် ငါ၏အမှုကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ လူသားကို တရားစီရင်ရန်နှင့် ပြစ်တင်ဆုံးမရန်အတွက် လုပ်ရမည့် အမှုကို ငါသည် ဆက်လုပ်လျက်ရှိသည်။ လူသားသည် ငါပြောသည့် အရာကို စိတ်ကုန်နေပြီဖြစ်သော်လည်း၊ ငါ၏အမှု၌ ပါဝင်ပတ်သက် လိုစိတ် သူ့တွင် လုံးဝမရှိသော်လည်း၊ ငါသည် ငါ၏တာဝန်ကို ဆက်လက်လုပ်ဆောင်လျက်ပင် ရှိသေးသည်။ အဘယ်ကြောင့်ဆိုသော် ငါ့အမှု၏ရည်ရွယ်ချက်သည် မပြောင်းလဲသည့်အပြင် ငါ၏မူလ အစီအစဉ်သည်လည်း ပျက်စီးမည် မဟုတ်သောကြောင့်ဖြစ်သည်။ ငါ၏တရားစီရင်ခြင်း၏အလုပ်သည် လူသားအား ငါ့အပေါ်၌ ပိုမို နာခံလာအောင် ထောက်ကူပေးဖို့အတွက်ဖြစ်ပြီး ငါ၏ ပြစ်တင် ဆုံးမမှု၏အလုပ်သည် လူသားအနေနှင့် ပို၍ ထိထိရောက်ရောက် ပြောင်းလဲစေနိုင်ဖို့ဖြစ်သည်။ ငါလုပ်ဆောင်သည့်အရာမှာ ငါ၏ စီမံခန့်ခွဲမှုအတွက်ဖြစ်သော်လည်း လူသားအတွက် အကျိုးမရှိသည့် အရာတစ်ခုကိုမျှ ငါမလုပ်ဖူးပေ။ အကြောင်းမှာ ငါသည် ဣသရေလနိုင်ငံပြင်ပမှ လူမျိုးအားလုံးကို ဣသရေလလူမျိုးများ ကဲ့သို့ပင် နာခံတတ်သူများ ဖြစ်စေလိုသောကြောင့်၊ ယင်းတို့ကို လူသားစစ်စစ်များ ဖြစ်စေလိုသောကြောင့် ဖြစ်သည်၊ ထိုသို့အားဖြင့် ဣသရေလနိုင်ငံပြင်ပရှိ နယ်မြေများ၌ ငါခြေကုပ်ယူနိုင်ရန်ဖြစ်သည်။ ယင်းသည် ငါ၏စီမံခန့်ခွဲမှုဖြစ်သည်၊ ယင်းသည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြား၌ အောင်မြင်အောင် ငါလုပ်ဆောင်နေသော အမှုဖြစ်သည်။ ယခုသော်မှ လူများစွာက ငါ၏စီမံခန့်ခွဲမှုကို နားမလည် ကြသေးပေ။ ဤကဲ့သို့သောအရာများကို သူတို့စိတ်မဝင်စားကြဘဲ၊ သူတို့၏အနာဂတ်နှင့် သူတို့၏ပန်းတိုင်များကိုသာ အရေးစိုက်ကြ သောကြောင့် ဖြစ်သည်။ ငါအဘယ်အရာပြောသည်ဖြစ်စေ သူတို့သည် ငါလုပ်သည့်အမှုကို စိတ်ဝင်စားခြင်း မရှိကြဆဲပင်ဖြစ်သည်။ စိတ်ဝင်စားမည့်အစား သူတို့၏ အနာဂတ်ပန်းတိုင်များကိုသာ အထူးသီးသန့်အာရုံစိုက်နေကြသည်။ ဤသို့ဆက်ဖြစ်နေမည်ဆိုပါက ငါ၏အမှုကို မည်သို့ချဲ့ထွင်နိုင်မည်နည်း။ ငါ၏သတင်းကောင်းသည် ကမ္ဘာအနှံ့ မည်သို့ပျံ့နှံ့နိုင်မည်နည်း။ ငါ၏အမှုကို ချဲ့သောအခါ၌ ငါသည် သင်တို့ကို ကွဲပြားစေမည်ဖြစ်ပြီး၊ ဣသရေလလူမျိုးထဲမှ မျိုးနွယ်စုတိုင်းကို ယေဟောဝါက ရိုက်သကဲ့သို့ ငါသည် သင်တို့ကို ရိုက်မည်ဖြစ်ကြောင်းကို သင်တို့သိသင့်သည်။ ကမ္ဘာအနှံ့၌ ငါ၏သတင်းကောင်း ပျံ့နှံ့စေဖို့အတွက်၊ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအထိ ရောက်ဖို့အတွက်၊ လူကြီးများနှင့်ကလေးများတို့ တူညီစွာ ငါ၏နာမတော်ကို ထင်ရှားစေဖို့နှင့် လူမျိုးနွယ်စုများနှင့် တိုင်းနိုင်ငံများအားလုံးမှ လူများ၏နှုတ်များက

ငါ၏သန့်ရှင်းသော နာမတော်ကို ချီးမြှောက်ကြစေဖို့ဖြစ်သည်။ ဤနောက်ဆုံးသော ခေတ်တွင် ငါ၏နာမတော်သည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများ အကြား၌ ထင်ရှားခြင်းရှိစေရန်၊ ငါ၏လုပ်ဆောင်ချက်များကိုလည်း တစ်ပါးအမျိုးသားများ မြင်ကြစေရန်၊ ထို့ပြင် ငါ၏ လုပ်ဆောင်ချက်များကြောင့် သူတို့က ငါ့ကို အနန္တတန်ခိုးရှင်ဟု ခေါ်ကြစေရန်ဖြစ်ပြီး၊ ငါ၏နှုတ်ကပတ်တော်များသည် မကြာမီ အမှန်တကယ် ဖြစ်လာစေရန်ဖြစ်သည်။ ငါသည် ဣသရေလ လူမျိုးများ၏ ဘုရားသခင်သာ မဟုတ်ကြောင်း၊ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအားလုံး၏ ဘုရားသခင်လည်းဖြစ်ပြီး၊ ငါကျိန်ဆဲ ခဲ့ဖူးသည့် လူမျိုးများ၏ ဘုရားသခင်ပင် ဖြစ်ကြောင်းကို လူအားလုံးကို ငါသိစေမည်။ ငါသည် အရာအားလုံးကို ဖန်ဆင်းသည့် ဘုရားသခင်ဖြစ်ကြောင်းကို လူအားလုံးကို မြင်စေမည်။ ဤသည်မှာ ငါ၏အကြီးမြတ်ဆုံးသော အမှုဖြစ်သည်။ နောက်ဆုံးသော ကာလအတွက် ငါ့အမှုအစီအစဉ်၏ ရည်ရွယ်ချက်ဖြစ်သည်။ ထို့အပြင် နောက်ဆုံးသောကာလ၌ ပြီးမြောက်အောင် လုပ်ဆောင်ရမည့် တစ်ခုတည်းသော အမှုလည်းဖြစ်သည်။

ငါနှစ်ပေါင်းထောင်နှင့်ချီ စီမံခန့်ခွဲ လုပ်ဆောင်လာနေခဲ့သော အလုပ်ကို နောက်ဆုံးသော ကာလ၌သာ လူသားကို အပြည့်အစုံ ဖော်ပြသည်။ ယခုမှသာ ငါသည် ငါ့စီမံခန့်ခွဲမှု အစီအစဉ်၏ လျှို့ဝှက်နက်နဲမှု အစုံအလင်ကို လူသားအား ဖွင့်ပြပြီး၊ ငါ့အလုပ်၏ ရည်ရွယ်ချက်ကို လူသားက သိခဲ့ပြီဖြစ်သည့်အပြင် ငါ၏ လျှို့ဝှက်နက်နဲမှုများ အားလုံးကိုလည်း နားလည်ပြီဖြစ်သည်။ သူစိုးရိမ်နေသည့် ခရီးပန်းတိုင် အကြောင်းကိုလည်း ငါက လူသားကို အားလုံးပြောပြပြီး ဖြစ်သည်။ နှစ်ပေါင်း ၅၉၀၀ ကျော် ဖုံးကွယ်ထားသည့် ငါ၏လျှို့ဝှက်နက်နဲမှုများ အားလုံးကိုလည်း လူသားအတွက် ဖော်ပြပြီးဖြစ်သည်။ ယေဟောဝါက မည်သူနည်း။ မေရှိယက မည်သူနည်း။ ယေရှုက မည်သူနည်း။ ဤအရာအားလုံးကို သင်တို့ သိသင့်သည်။ ငါ၏အလုပ်သည် ဤနာမတော်များနှင့် ပတ်သက်သော အလုပ်ဖြစ်သည်။ ထိုအရာကို သင်တို့ နားလည်ပြီလော။ ငါ၏ သန့်ရှင်းသော နာမတော်ကို မည်သို့မည်ပုံ ကြွေးကြော်သင့်သနည်း။ ငါ၏ နာမတော်တစ်ခုခုအားဖြင့် ငါ့ကို ခေါ်သည့် တိုင်းနိုင်ငံများအကြား၌ ငါ၏ နာမတော်ကို မည်သို့မည်ပုံ ပျံ့နှံ့စေသင့်သနည်း။ ငါ၏အလုပ်ကို ချဲ့ထွင်နေပြီ ဖြစ်သည့်အပြင် ဤအလုပ်ကို ငါသည် တိုင်းနိုင်ငံများအားလုံး အကြား၌ အပြည့်အဝ ပျံ့နှံ့စေမည်ဖြစ်သည်။ သင်တို့၌ ငါ့အလုပ်ကို လုပ်ဆောင်ခဲ့ပြီး ဖြစ်သောကြောင့် ငါသည် သင်တို့ကို နိုင်ငံတိုင်း နိုင်ငံတိုင်းသို့ ပျံ့နှံ့စေရန်အတွက် ယေဟောဝါက ဣသရေလနိုင်ငံ၌ ဒါဝိဒ်၏ အမျိုးမှ သိုးထိန်းများကို ရိုက်သကဲ့သို့ ငါသည် သင်တို့ကို ရိုက်မည်။ အကြောင်းမှာ နောက်ဆုံးသော ကာလ၌ ငါသည် နိုင်ငံအားလုံးကို တစ်စစီ ဖြစ်စေပြီး လူတို့ကို အသစ်တဖန် ပျံ့နှံ့စေမည် ဖြစ်သောကြောင့်

ဖြစ်သည်။ ငါတဖန်ပြန်လာသောအခါ၌ တိုင်းနိုင်ငံများသည် ငါ၏မီးတောက်များဖြင့် သတ်မှတ်ထားသည့် နယ်နိမိတ်များတစ်လျှောက် ပိုင်းခြားထားပြီး ဖြစ်လိမ့်မည်။ ထိုအချိန်၌ လူသားများအား ငါသည် ခြစ်ခြစ်တောက်ပူသော နေအဖြစ် ငါ့ကိုယ်ငါ အသစ်တဖန် ဖော်ပြမည်၊ သူတို့ အရင်က တစ်ခါမျှ မမြင်ဖူးသည့် သန့်ရှင်းသူအဖြစ် ငါ့ကိုယ်ငါ ထင်ထင်ရှားရှား ဖော်ပြမည်၊ ငါယေဟောဝါက ယုဒမျိုးနွယ်များ အကြား၌ တစ်ချိန်က လမ်းလျှောက်ခဲ့သလို များစွာသောတိုင်းနိုင်ငံများအကြား၌ ငါလျှောက်မည်။ ထိုအချိန်မှစ၍ ငါသည် ကမ္ဘာပေါ်၌ လူသားများ၏ အသက်တာကို ဦးဆောင်လမ်းပြမည်။ ထိုနေရာ၌ သူတို့သည် ငါ၏ ဘုန်းအသရေကို သေချာပေါက် မြင်လိမ့်မည်ဖြစ်ပြီး၊ သူတို့၏ အသက်တာ၌ လမ်းပြမည့် လေထုထဲမှ မိုးတိမ်တိုင်ကိုလည်း သေချာပေါက် မြင်လိမ့်မည်။ အကြောင်းမှာ သန့်ရှင်းသော နေရာများသို့ ငါသွားမည် ဖြစ်သောကြောင့် ဖြစ်သည်။ လူသားသည် ငါ၏ ဖြောင့်မတ်ခြင်း နေ့ရက်ကို မြင်တွေ့လိမ့်မည်။ ထို့အပြင် ဘုန်းကြီးသော ငါ၏အသွင်သဏ္ဌာန်ကိုလည်း မြင်လိမ့်မည်။ တစ်လောကလုံးကို ငါအုပ်စိုးပြီး ငါ့သားများကို ဘုန်းအသရေထဲသို့ ခေါ်ဆောင်လာသည့် အချိန်၌ ထိုသို့ ဖြစ်လိမ့်မည်။ ကမ္ဘာပေါ် ရှိ နေရာတိုင်း၌ လူသားတို့သည် ပျပ်ဝပ်ကြလိမ့်မည်ဖြစ်ပြီး ယနေ့ ငါလုပ်ဆောင်နေသော အလုပ်၏ ကျောက်ပေါ်တွင် ငါ၏ တဲတော်ကို လူသားများအကြား၌ ခိုင်မြဲစွာ တည်ထားမည်။ လူတို့သည်လည်း ငါ့ကို ဗိမ္မာန်တော်၌ အစေခံကြလိမ့်မည်။ ညစ်ညမ်းပြီး စက်ဆုပ်ရွံရှာဖွယ် ကောင်းသည့် အရာများနှင့် ပြည့်နေသည့် ယဇ်ပလ္လင်ကိုလည်း ငါသည် တစ်စစီဖြစ်အောင် ဖျက်ဆီးပြီး အသစ်ပြန်လည် တည်ဆောက်မည်။ သိုးသားပေါက်များနှင့် နွားသားပေါက်များသည် မြင့်မြတ် သန့်ရှင်းသော ယဇ်ပလ္လင်ပေါ်၌ ပုံနေလိမ့်မည်။ ငါသည် ယနေ့ခေတ် ဗိမ္မာန်တော်ကို ဖြိုချပြီး အသစ်တစ်ခု တည်ဆောက်မည်။ စက်ဆုပ်ဖွယ်ကောင်းသည့်လူများနှင့် ပြည့်နေသော ယနေ့ တည်ရှိနေသည့် ဗိမ္မာန်တော်သည် ပြိုလိမ့်မည်ဖြစ်ပြီး ငါတည်ဆောက်သောဗိမ္မာန်တော်သစ်သည် ငါ့အပေါ်သစ္စာရှိသော အစေခံများနှင့် ပြည့်နေလိမ့်မည်။ ငါ၏ ဗိမ္မာန်တော်၏ ဘုန်းအသရေအတွက် သူတို့သည် တစ်ဖန်ထပြီး ငါ့ကို အစေခံကြလိမ့်မည်။ ကြီးမားသော ဘုန်းအသရေကို ငါလက်ခံရရှိသော နေ့ကို သင်တို့ သေချာပေါက် မြင်လိမ့်မည်ဖြစ်ပြီး ဗိမ္မာန်တော်ကို ဖြိုချပြီး အသစ်ပြန်လည် တည်ဆောက်သည့် နေ့ကိုလည်း သင်တို့ သေချာပေါက် မြင်လိမ့်မည်။ ထို့အပြင် လူသားတို့၏ ကမ္ဘာသို့ ငါ၏တဲတော် ရောက်လာသည်ကိုလည်း သင်တို့ သေချာပေါက် မြင်တွေ့ကြလိမ့်မည်။ ငါသည် ဗိမ္မာန်တော်ကို ဖြိုသောအချိန်၌ လူသားတို့၏ ကမ္ဘာသို့ ငါ၏ တဲတော်ကိုလည်း ယူဆောင်လာမည်၊ ငါ၏ကြွဆင်းလာခြင်းကို သူတို့ မြင်ရချိန်၌ပင် ဖြစ်မည်။ ငါသည်

တိုင်းနိုင်ငံအားလုံးကို ဖျက်ဆီးပြီးနောက် ယင်းတို့ကို အသစ်တဖန် အတူတကွ စုစည်းပြီးနောက် ငါ၏မိမ္မာန်တော်ကို တည်ဆောက်ပြီး ငါ၏ ယဇ်ပလ္လင်ကို တည်မည်။ လူသားများအားလုံး ငါ့ထံ ပူဇော်သက္ကာများကို ဆက်ကပ်နိုင်ဖို့ ငါ၏ ဗိမ္မာန်တော်၌ ငါ့ကို အစေခံနိုင်ဖို့နှင့် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများ၌ ငါ၏အလုပ်အတွက် သူတို့ကိုယ်သူတို့ သစ္စာရှိစွာ ဆက်ကပ်နိုင်စေဖို့ ဖြစ်သည်။ သူတို့သည် ယနေ့ခေတ် ဣသရေလ လူမျိုးများကဲ့သို့ ဖြစ်လိမ့်မည်၊ ယဇ်ပုရောဟိတ် ဝတ်ရုံကို ဝတ်ပြီး သရဖူကို ဆောင်းထားလိမ့်မည်၊ သူတို့အကြား၌ ငါ ယေဟောဝါ၏ ဘုန်းတန်ခိုးသည်လည်း ရှိနေလိမ့်မည်ဖြစ်ပြီး ငါ၏ ကြီးမြတ်သော ဘုန်းအာနုဘော်သည် သူတို့အပေါ်၌သာမက သူတို့ အကြား၌လည်း ရှိနေလိမ့်မည်။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများရှိ ငါ၏ အလုပ်ကိုလည်း ငါသည် ဤသို့ လုပ်ဆောင်မည် ဖြစ်သည်။ ဣသရေလနိုင်ငံအကြား၌ ငါ၏အလုပ်ကဲ့သို့ ငါ၏အလုပ်သည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြား၌လည်း ဖြစ်လိမ့်မည်။ အကြောင်းမှာ ငါသည် ဣသရေလနိုင်ငံ၌ ငါ၏အလုပ်ကို ချဲ့ထွင်ပြီး တစ်ပါးအမျိုးသား တိုင်းနိုင်ငံများထံ ပျံ့နှံ့စေမည့်အတွက်ကြောင့် ဖြစ်သည်။

ဤအချိန်သည် ကြီးမားသော အမှုများကို ငါ၏ဝိညာဉ်က လုပ်ဆောင်နေချိန် ဖြစ်ပြီး တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြား၌ ငါ၏အလုပ်ကို စတင်လုပ်ဆောင်ချိန် ဖြစ်သည်။ ထိုထက်ပို၍ပင် ဤအချိန်သည် ဖန်ဆင်းခံအားလုံးကို တစ်ဦးချင်း ယင်းတို့သက်ဆိုင်ရာ အုပ်စုအလိုက် ငါခွဲခြားချိန် ဖြစ်သည်။ ငါ၏ အလုပ် သာ၍ လျင်မြန်ထိရောက်စွာ ရှေ့ဆက်နိုင်ရန်အတွက် ထိုသို့လုပ်ဆောင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ငါသင်တို့ဆီမှ တောင်းဆိုနေသည်မှာ ငါ၏အလုပ်အားလုံးအတွက် သင်၏ဖြစ်တည်ခြင်း တစ်ရပ်လုံးကို ဆက်ကပ်ရန်အပြင် သင်၌ ငါလုပ်ဆောင်ခဲ့သမျှကို သင်သည် ရှင်းရှင်းလင်းလင်း ထိုးထွင်းနားလည်ကာ သေသေချာချာ သိရန်နှင့် ငါ့အလုပ် ပိုမိုထိရောက်စေရန်အတွက် သင့်ခွန်အား အားလုံးကို အသုံးပြုရန် ဖြစ်ဆဲဖြစ်သည်။ သင်နားလည်ရမည်ကား ဤအချက် ဖြစ်သည်။ အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း၊ နောက်ကြောင်းပြန်လှည့်ဖို့ လမ်းကို ရှာဖွေခြင်း၊ သို့မဟုတ် ဇာတိဆိုင်ရာ သက်သာမှုများ ရှာဖွေခြင်းကို ရပ်တန့်လော့။ ယင်းတို့သည် ငါ၏အလုပ်ကို နှောင့်နှေးစေမည့်အပြင် သင်၏ အံ့သြဖွယ် အနာဂတ်ကို နှောင့်နှေး စေမည့် အရာများဖြစ်သည်။ ထိုအရာများကို လုပ်ဆောင်ခြင်းသည် သင့်ကို အကာအကွယ် လုံးဝမပေးနိုင်သည့်အပြင် သင့်ကို ပျက်စီးစေမည် ဖြစ်သည်။ ယင်းသည် သင်မိုက်မဲခြင်းပင် ဖြစ်သည် မဟုတ်လော။ ယနေ့ သင်လောဘတကြီး မွေ့လျော်နေသော အရာသည် သင်၏အနာဂတ်ကို ဖျက်ဆီးမည့်အရာ ဖြစ်ပြီး၊ ယနေ့သင် ခံစားနေသည့် နာကျင်မှုသည်

သင့်ကို အကာအကွယ်ပေးနေသည့် အရာပင် ဖြစ်သည်။ သင်သည် ဤအရာများကို ရှင်းရှင်းလင်းလင်း သိရမည်၊ ယင်းသည် သင့်ကိုယ်သင် လွတ်မြောက်စေရာ၌ အခက်တွေ့မည့် ဖြားယောင်းသွေးဆောင်မှုများ၏ သားကောင် ဖြစ်ခြင်းမှ ရှောင်ရှားရန်နှင့် ထူထပ်သည့်မြူထဲ၌ စမ်းတဝါးဝါးဖြစ်ပြီး နေကို မမြင်နိုင်ခြင်းအား ရှောင်ရှားရန်အလို့ငှာ ဖြစ်သည်။ ထူထပ်သည့်မြူ ရှင်းသွားသောအခါမှ ကြီးမြတ်သည့်နေ့၏ တရားစီရင်ခြင်း အလယ်၌ သင်ရောက်နေသည်ကို သင်တွေ့မည် ဖြစ်သည်။ ထိုအချိန်အရောက်တွင် ငါ၏ နေ့ရက်သည် လူသားမျိုးနွယ်ထံ ချဉ်းကပ်နေလိမ့်မည်။ ငါ၏တရားစီရင်မှုမှ သင်မည်သို့ လွတ်မြောက်မည်နည်း။ ခြစ်ခြစ်တောက်ပူသည့် နေ၏ဒဏ်ကို သင်မည်သို့ ခံနိုင်မည်နည်း။ ငါ၏ အလျှံပယ် ကြွယ်ဝခြင်းအား လူသားကို ပေးသောအခါ၌ သူသည် ယင်းကို မြတ်မြတ်နိုးနိုး ရင်ဝယ်ပိုက်ထားခြင်း မရှိဘဲ၊ မည်သူမျှ သတိမထားမိမည့် နေရာသို့ စွန့်ပစ်လိုက်သည်။ လူသားအပေါ် ငါ၏ နေ့ရက် ကျရောက်သော အခါ၌ သူသည် ငါ၏ အလျှံပယ် ကြွယ်ဝခြင်းကို တွေ့ရနိုင်တော့မည် မဟုတ်ပေ၊ သို့တည်းမဟုတ် တစ်ချိန်က သူ့ကို ငါပြောခဲ့သည့် ခါးသီးဖွယ် သမ္မာတရား စကားများကို တွေ့ရှိနိုင်တော့မည် မဟုတ်ပေ။ သူသည် အလင်း၏ တောက်ပမှုကို ဆုံးရှုံးပြီး အမှောင်ထဲသို့ ကျခဲ့သောကြောင့် ငိုကြွေး မြည်တမ်းလိမ့်မည်။ သင်တို့ ယနေ့တွေ့ရသော အရာသည် ငါ၏နှုတ်မှ ထက်သော ဓားသာ ဖြစ်သည်။ ငါ၏လက်ထဲ၌ရှိသော တုတ်ကို သော်လည်းကောင်း လူသားကို ငါလောင်ကျွမ်းစေသည့် မီးကို သော်လည်းကောင်း သင်တို့ မမြင်ရသေးပေ။ ထို့ကြောင့် သင်တို့သည် ငါ၏ ရှေ့မှောက်၌ မောက်မာနေဆဲ၊ စောင့်စည်းမှု မရှိနေဆဲ ဖြစ်သည်။ ထို့ကြောင့် ငါ၏ အိမ်တော်၌ သင်တို့သည် ငါ့နှုတ်ဖြင့် မြွက်ခဲ့သည့်အရာကို လူသား၏လျှာကိုသုံးပြီး အငြင်းပွားလျက် ငါနှင့် တိုက်ခိုက်နေဆဲဖြစ်သည်။ လူသားသည် ငါ့ကို ကြောက်ရွံ့ခြင်းမရှိ၊ ယနေ့တိုင်ငါ့ကို ရန်တွေ့နေသော်လည်း သူသည် ကြောက်ရွံ့ခြင်း လုံးဝမရှိပေ။ သင်တို့၏ နှုတ်များ၌ မဖြောင့်မတ်သော လျှာများ၊ သွားများ ရှိကြသည်။ သင်တို့၏ စကားများနှင့် လုပ်ဆောင်သော အရာများသည် ဧဝကို အပြစ်လုပ်အောင် သွေးဆောင်ခဲ့သည့် မြွေ၏ လုပ်ရပ်များကဲ့သို့ ဖြစ်သည်။ သင်တို့သည် တစ်ယောက်ကို တစ်ယောက် မျက်လုံးတစ်လုံးဖျက်လျှင် မျက်လုံးတစ်လုံး၊ သွားတစ်ချောင်းချိုးလျှင် သွားတစ်ချောင်းဆိုပြီး တောင်းဆိုပြီး၊ ငါ၏ မျက်မှောက်၌ နေရာရဖို့၊ ကျော်ကြားဖို့၊ အမြတ်ရဖို့အတွက် သင်တို့သည် တစ်ယောက်ထံမှ တစ်ယောက် လုယူရန် အပြင်းအထန် ကြိုးပမ်းကြသည်။ သို့သော် သင်တို့ ပြောသောစကားများနှင့် သင်တို့၏ လုပ်ရပ်များကို ငါတိတ်တဆိတ် စောင့်ကြည့်နေကြောင်းကို သင်တို့ မသိကြ။ သင်တို့ ငါ့မျက်မှောက်သို့ မလာခင်၌ပင် ငါသည် သင်တို့နှလုံးသားများကို

အောက်ခြေအထိတိုင်အောင် ကောင်းစွာ နားလည်ပြီး ဖြစ်သည်။ လူသားသည် အစဉ်သဖြင့် ငါ့လက်၏ ဆုပ်ကိုင်ခြင်းမှ ရုန်းထွက်လိုကြပြီး ငါ့ မျက်စိ၏ စောင့်ကြည့်ခြင်း မှလည်း ရှောင်ထွက်လိုကြသည်။ သို့သော် ငါမူကား သူပြောသော စကားများနှင့် သူလုပ်သော အရာများကို တစ်ကြိမ်တစ်ခါမျှ မရှောင်ခဲ့ပေ။ ထိုသို့ရှောင်မည့်အစား လူသား၏ မဖြောင့်မတ်မှုကို ပြစ်တင်ဆုံးမပြီး သူ၏ပုန်ကန်ခြင်းကို တရားစီရင်ရန်အတွက် သူပြောသောစကားများနှင့် သူလုပ်သော အရာများကို ငါ့မျက်စိအတွင်း ရည်ရွယ်ချက်ရှိရှိ ဝင်ရောက်စေခဲ့သည်။ ထို့ကြောင့် သူလျှို့ဝှက်စွာ ပြောဆိုခဲ့သည့် စကားနှင့် လျှို့ဝှက်စွာ လုပ်ခဲ့သည့် အရာများသည် ငါ၏ တရားစီရင်သည့် ပလ္လင်ရှေ့၌ အစဉ် ရှိနေပြီး၊ လူသား၏ ပုန်ကန်မှုသည် လွန်ကဲလှသောကြောင့် ငါ၏ တရားစီရင်ခြင်းသည် လူသားထံမှ မည်သည့်အခါမျှ ထွက်ခွာသွားခြင်း မရှိပေ။ ငါ၏အလုပ်သည် ငါ၏ ဝိညာဉ်ရှေ့၌ လူသား ပြောဆိုခဲ့သည့်စကားများ၊ လုပ်ဆောင်ခဲ့သည့် လုပ်ရပ်များကို လောင်ကျွမ်းစေပြီး သန့်ရှင်းစေဖို့ ဖြစ်သည်။ ဤနည်းအားဖြင့်[က] ဤကမ္ဘာမှ ငါထွက်ခွာသောအခါ လူတို့သည် ငါ့အပေါ် ဆက်လက် သစ္စာရှိနေမည် ဖြစ်သည်။ ငါ၏အလုပ်အတွက် ငါ၏ သန့်ရှင်းသော အစေခံများအဖြစ် ငါ့ကို ဆက်လက် အစေခံဦးမည်ဖြစ်ပြီး ဤကမ္ဘာရှိ ငါ၏အလုပ် ပြီးသည့်နေ့ အထိ ဆက်လုပ်စေမည် ဖြစ်သည်။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "ဤနည်းအားဖြင့်" ဆိုသည့် စကားစု မပါဝင်ပါ။

# သင်တို့အားလုံးသည် အကျင့်စရိုက် အလွန် ယုတ်ညံ့ကြသည်တကား

သင်တို့ အားလုံးသည် သင်တို့ကဲ့သို့အတန်းစားဖြစ်သော ပိုမိုယုတ်ရွယ်သည့် မျိုးဆက်များကို ဩဝါဒပေးရင်းနှင့် ၎င်းတို့ အားလုံးကို သင်တို့နှင့်အတူ ထိုင်စေလျက် တင့်တယ်သော ထိုင်စရာနေရာများတွင် ထိုင်ကြ၏။ သင်တို့၏ "သားစဉ်မြေးဆက်များ" သည် အချိန်ကြာမြင့်စွာက ထွက်သက်ကုန်ဆုံးကာ ငါ၏ အမှုအား ဆုံးရှုံးခဲ့သည်ကို သင်တို့ အလျှင်းမသိကြ။ ငါ၏ ဘုန်းအသရေသည် အရှေ့ပြည်မှ အနောက်ပြည်သို့ ထွန်းလင်း၏၊ သို့သော် ယင်းသည် ကမ္ဘာမြေ အဆုံးအထိ ပျံ့နှံ့ကာ စတင်ထမြောက်ပြီး ထွန်းလင်းသည့်အခါ၊ ရှေ့အရပ်တွင် ငါ့ကို စွန့်ပယ်သော အမှောင်၏လူတို့သည် ထိုအချိန်မှစ၍ အလင်းပေးမှု ကင်းမဲ့စေရန်အလို့ငှာ ငါသည် အရှေ့ အရပ်မှ ငါ၏ ဘုန်းအသရေကို ယူကာ အနောက်အရပ်သို့

ယူဆောင်လာမည် ဖြစ်သည်။ ထိုသို့ဖြစ်သည့်အချိန်တွင် သင်တို့သည် အရိပ်လွှမ်းမိုးသော ချိုင့်ဝှမ်းထဲတွင် အသက်ရှင်ရလိမ့်မည်။ ယနေ့ခေတ် လူတို့သည် ယခင်ထက် အဆတစ်ရာ ပို၍ ကောင်းကြသော်လည်း ငါ၏ သတ်မှတ်ချက်များကို ၎င်းတို့ မပြည့်မီနိုင်သေးသကဲ့သို့ ငါ၏ ဘုန်းအသရေအဖို့ သက်သေခံချက် တစ်ခု မဟုတ်ကြသေးချေ။ သင်တို့သည် ယခင်ထက် အဆတစ်ရာ ပို၍ ကောင်းနိုင်ကြသည်မှာ ငါ ပြုသောအမှု၏ရလဒ် လုံးလုံးလျားလျား ဖြစ်၏။ ယင်းသည် ကမ္ဘာမြေကြီးပေါ်က ငါ၏ အမှုမှ ဖြစ်ထွန်းသော အသီးအပွင့် ဖြစ်သည်။ သို့သော်၊ သင်၏ စကားများနှင့် လုပ်ရပ်များအပြင် သင်၏ အကျင့်စရိုက်များကို ငါသည် စက်ဆုပ်နေဆဲဖြစ်သကဲ့သို့ သင်တို့သည် ငါ့ကို သိနားလည်မှု တစ်စုံတစ်ရာ မရှိကြသည့်အတွက်၊ ငါ၏ ရှေ့တွင် သင်တို့ ပြုမူကြပုံအပေါ် ငါသည် မယုံနိုင်လောက်အောင် မကျေမချမ်းမှု ဖြစ်၏။ ထို့ကြောင့် သင်တို့သည် ငါ၏ ဘုန်းအသရေကို မည်သို့ အသက်ရှင်နေထိုင်လာနိုင်မည်နည်း၊ ပြီးလျှင် ငါ၏ အနာဂတ် အမှုကို မည်သို့ လုံးဝ သစ္စာစောင့်သိနိုင်မည်နည်း။ သင်တို့၏ ယုံကြည်ခြင်းသည် အလွန်နှစ်လိုဖွယ်ကောင်း၏။ သင်တို့သည် ငါ၏အမှုကိုယ်စား သင်တို့၏အသက်တာ တစ်ခုလုံးကို အသုံးပြုရန် လိုလားလျက်ရှိပြီး၊ ယင်းအတွက် သင်တို့၏ အသက်တာများကို စွန့်လွှတ်ရန် လိုလားလျက်ရှိသည်ဟု သင်တို့ဆိုကြသည်၊ သို့သော် သင်တို့၏ စိတ်သဘောထားများမှာ များစွာ ပြောင်းလဲခြင်း မရှိသေးပေ။ သင်တို့၏ တကယ့်အပြုအမူသည် အလွန် စိတ်ပျက်စရာ ဖြစ်သော်လည်း၊ သင်တို့သည် မာနထောင်လွှားစွာသာ စကားပြောဆို ကြသည်။ လူတို့၏ လျှာနှင့် နှုတ်ခမ်းတို့သည် ကောင်းကင်တွင် ရှိသော်လည်း ၎င်း၏ ခြေထောက်များမှာ အလွန် အောက်ဝေးဝေးက ကမ္ဘာမြေကြီးပေါ်တွင်ရှိကြသည့်အလား ဖြစ်ပြီး၊ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့၏ စကားများ၊ လုပ်ရပ်များနှင့် ၎င်းတို့၏ နာမည်ဂုဏ်သတင်းများသည် စုတ်ပြတ်ကာ ပြိုပျက်လျက် ရှိကြဆဲ ဖြစ်သည်။ သင်တို့၏ နာမည်ဂုဏ်သတင်းများသည် ဖျက်ဆီးခံရပြီးဖြစ်သည်၊ သင်တို့၏ အမူအရာသည် ပျက်ပြား၏၊ သင်တို့၏ စကားပြောဆိုပုံသည် အောက်တန်းကျပြီး၊ သင်တို့၏ အသက်တာများမှာ စက်ဆုပ်ဖွယ်ကောင်းလေသည်။ သင်တို့၏ လူသားသဘာဝတစ်ခုလုံးပင် ယုတ်ညံ့သော အောက်တန်းကျမှုတွင် နစ်မြုပ်နေလေပြီ။ သင်တို့သည် အခြားသူများအပေါ် သဘောထားကျဉ်းမြောင်းပြီး၊ သေးငယ်သော အရာတိုင်းအပေါ် သင်တို့ ကတ်သီးကတ်သတ် ပြောဆိုကြသည်။ သင်တို့သည် ငွေနှင့် မီးအိုင်ထဲသို့ ဆင်းသက်ရန် လိုလားကြသည်အထိပင်၊ သင်တို့ကိုယ်တိုင်၏ နာမည်ဂုဏ်သတင်းများနှင့် အဆင့်အတန်း အပေါ် ငြင်းခုံတတ်ကြသည်။ သင်တို့၏ လက်ရှိ စကားများနှင့် လုပ်ရပ်များသည် သင်တို့ အပြစ်ရှိကြောင်း

ငါဆုံးဖြတ်ဖို့အတွက် လုံလောက်ပေသည်။ ငါ၏အမှုအပေါ် သင်တို့၏ သဘောထားသည် သင်တို့အား မတရားသော သူများ ဖြစ်သည်ဟု ငါဆုံးဖြတ်ရန်အတွက် လုံလောက်ပြီး သင်တို့၏ စိတ်သဘောထားများ အားလုံးမှာ သင်တို့သည် စက်ဆုပ်ရွံ့ရှာမှုများဖြင့် ပြည့်နှက်နေသော ညစ်ညမ်းသည့် ဝိညာဉ်များဖြစ်သည်ဟု ထောက်ပြဖို့ရန် လုံလောက်ပေသည်။ သင်တို့၏ သရုပ်သကန်များနှင့် သင်တို့ ထုတ်ဖော်ပြသော အရာများမှာ သင်တို့သည် ညစ်ညူးသော ဝိညာဉ်များ၏သွေးကို အဝသောက်ပြီးသော လူများ ဖြစ်သည်ဟု ဆိုရန် လုံလောက်ပေသည်။ နိုင်ငံတော်ထဲ ဝင်ရောက်ခြင်းကို ဖော်ပြသည့်အခါ၊ သင်တို့သည် သင်တို့၏ ခံစားချက်များကို ထုတ်ဖော်ပြခြင်း မရှိပေ။ သင်တို့ ယခု ဖြစ်နေသည့်ပုံစံသည် ငါ၏ ကောင်းကင်နိုင်ငံတော်သို့ သွားရာ တံခါးကို ဖြတ်လျှောက်ဖို့ သင်တို့အတွက် လုံလောက်သည်ဟု သင်တို့ ယုံကြည်ကြသလော။ သင်တို့ကိုယ်တိုင်၏ စကားများနှင့် လုပ်ရပ်များက ငါ၏ စမ်းသပ်ခြင်းကို ဦးစွာ မခံရဘဲ၊ ငါ၏ အမှုတော်နှင့် နှုတ်ကပတ်တော်များ၏ သန့်ရှင်းသောပြည်ထဲသို့ ဝင်ရောက်ခြင်းကို ရရှိနိုင်သည်ဟု ယုံကြည်ကြသလော။ အဘယ်သူသည် ငါ့ကို မမှန်မကန်ပြောခြင်းဖြင့် လှည့်စားနိုင်သနည်း။ သင်တို့၏ စက်ဆုပ်ဖွယ်ကောင်းသော၊ အောက်တန်းကျသော အပြုအမူများနှင့် စကားပြောဆိုမှုများသည် ငါ၏အမြင်မှ ရှောင်လွှဲနိုင်မည်နည်း။ သင်တို့သည် ငါ့ ရှေ့မှောက်၌ ညစ်ညူးသော ဝိညာဉ်များကို နေ့စဉ် အတုခိုးကြသောကြောင့် ငါသည် သင်တို့၏ ဘဝများကို ညစ်ညူးသော ဝိညာဉ်များ၏ အသွေးကိုသောက်ပြီး အသားကို စားသော ဘဝများအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။ ငါ၏ ရှေ့တွင် သင်တို့၏အပြုအမူသည် အထူးသဖြင့် ဆိုးရွားး၏၊ ထို့ကြောင့် ငါ သင့်ကို မရွံရှာဘဲ အဘယ်သို့ နေနိုင်မည်နည်း။ သင်တို့၏ စကားများသည် ညစ်ညူးသော ဝိညာဉ်များ၏ မစင်ကြယ်မှုများ ပါရှိသည်- သင်တို့သည် မှော်အတတ်၌ ပါဝင်ပတ်သက်သော သူတို့ကဲ့သို့နှင့် ဖောက်ပြန်ပြီး မတရားသော သူတို့၏အသွေးကို သောက်သောသူတို့ကဲ့သို့ နားပူနားဆာ လုပ်တတ်ကြသည်၊ ဖုံးကွယ်တတ်ကြပြီး မြှောက်ပင့်ပြောဆို တတ်ကြလေသည်။ လူသားအားလုံး၏ ထုတ်ဖော်ပြမှုအားလုံးမှာ အလွန့်အလွန် မတရားသောကြောင့် ဖြောင့်မတ်သောသူများရှိသည့် သန့်ရှင်းသော ပြည်ထဲတွင် လူအားလုံးကို မည်ကဲ့သို့ ထားရှိနိုင်မည်နည်း။ သင်၏ စက်ဆုပ်ဖွယ်ကောင်းသော အပြုအမူက သင့်အား မတရားသော သူများနှင့် နှိုင်းယှဉ်ရာတွင် သန့်ရှင်းသူအဖြစ် ခြားနားစေနိုင်သည်ဟု သင်ထင်သလော။ ပျက်စီးစေတတ်ပြီး စက်ဆုပ်ရွံ့ရှာဖွယ်ရာများကို လုပ်ဆောင်သော သင်၏ ဇာတိပကတိကို သင်၏ မြွေဆိုးကဲ့သို့သော လျှာသည် နောက်ဆုံးတွင် ပျက်စီးစေလိမ့်မည်ဖြစ်ပြီး၊ ညစ်ညူးသော ဝိညာဉ်များ၏အသွေးဖြင့် ဖုံးလွှမ်းနေသော သင်၏ လက်များသည်လည်း

သင်၏ဝိညာဉ်ကို နောက်ဆုံးတွင် ငရဲထဲသို့ ဆွဲချလိမ့်မည်။ ထိုသို့ဖြစ်လျှင် ညစ်ညမ်းမှုဖြင့် ဖုံးလွှမ်းနေသော သင်၏လက်များကို သန့်စင်ရန် ဤအခွင့်အရေးကို သင် အဘယ်ကြောင့် မဆိုင်းမတွ မရယူသနည်း။ ပြီးလျှင် မတရားသော စကားများကို ပြောဆိုသော သင်၏ လျှာကို ဖြတ်ပစ်ရန်အတွက်ဤ အခွင့်အရေးကို သင်အဘယ်ကြောင့် အသုံးမချသနည်း။ သင်၏လက်များ၊ လျှာနှင့် နှုတ်ခမ်းများအတွက် ငရဲ မီးလျှံထဲတွင် ဝေဒနာခံစားရန် သင်လိုလားနေခြင်း ဖြစ်နိုင်သလော။ လူသားမျိုးနွယ်ကို ငါ မဖန်ဆင်းမီ အချိန်များစွာ ကြာကတည်းက ၎င်းတို့၏ စိတ်နှလုံးများကို ငါ၏ လက်အတွင်းတွင် ဆုပ်ကိုင်ထားခဲ့ပြီး ဖြစ်သောကြောင့် လူတိုင်း၏ စိတ်နှလုံးကို ငါ၏ မျက်စိနှစ်ဘက်ဖြင့် ငါ ဆက်လက်စောင့်ကြည့်၏။ ငါသည် အချိန်များစွာ ကြာကတည်းက လူတို့၏ စိတ်နှလုံးကို ရိပ်စားမိခဲ့ပြီးဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့၏ အကြံအစည်များသည် ငါ၏ အမြင်မှ အဘယ်သို့ လွတ်မြောက်နိုင်မည်နည်း။ ငါ၏ဝိညာဉ်ဖြင့် လောင်ကျွမ်းခံရခြင်းကို ရှောင်လွှဲဖို့ အဘယ်သို့ မနောက်ကျလွန်းဘဲ နေနိုင်မည်နည်း။

သင်၏နှုတ်ခမ်းတို့သည် ခိုများထက် သာ၍ နှစ်လိုဖွယ် ဖြစ်သော်လည်း၊ သင်၏စိတ်နှလုံးသည် ရှေးမြွေဟောင်းထက် ပို၍ ဆိုးယုတ်ပေသည်။ သင်၏ နှုတ်ခမ်းတို့သည် လေဗနုန်အမျိုးသမီးများ ကဲ့သို့ပင် အဆင်းလှသော်လည်း သင်၏ စိတ်နှလုံးသည် လေဗနုန် အမျိုးသမီးများ၏ စိတ်နှလုံးများထက် သာ၍မကြင်နာသည့်အပြင်၊ ယင်းသည် ခါနန်သူများ၏ အလှနှင့် ဧကန်မုချ နှိုင်းယှဉ်၍ မရနိုင်ပေ။ သင်၏ စိတ်နှလုံးသည် လွန်စွာ ဖောက်ပြန်တတ်၏။ ငါ စက်ဆုပ်သောအရာများသည် မတရားသော သူတို့၏ နှုတ်ခမ်းများနှင့် ၎င်းတို့၏ စိတ်နှလုံးများသာ ဖြစ်ပြီး၊ လူတို့အပေါ် ငါ၏သတ်မှတ်ချက်များမှာ သန့်ရှင်းသူများအပေါ် ငါ မျှော်လင့်သည့်အရာထက် လုံးဝ သာ၍မမြင့်မားပေ။ ငါသည် မတရားသောသူတို့၏ ဆိုးယုတ်သော လုပ်ရပ်တို့အတွက် ရွံရှာမှုကို ခံစားရခြင်းသာ ဖြစ်ပြီး၊ ၎င်းတို့သည် မတရားသော သူတို့မှ ပိုမိုပေါ်လွင်နိုင်ပြီး ဖြောင့်မတ်သော သူတို့နှင့်အတူ အသက်ရှင်ပြီး သန့်ရှင်းနိုင်ကြဖို့အလို့ငှာ၊ မတရားသော သူတို့သည် ၎င်းတို့၏ ညစ်ညမ်းမှုကို စွန့်ပစ်နိုင်ပြီး ၎င်းတို့၏ လတ်တလော အကျပ်အတည်းမှ လွတ်မြောက်နိုင်မည်ဟု ငါ မျှော်လင့်သည်။ သင်တို့သည် ငါကဲ့သို့ အလားတူ အခြေအနေများတွင် ရှိကြသည့်၊ သို့သော် သင်တို့သည် ညစ်ညမ်းမှုနှင့် ဖုံးလွှမ်းလျက်ရှိကြ၏။ သင်တို့သည် အစအဦး၌ ဖန်ဆင်းခံခဲ့ရသည့် လူသားများ၏ မူလသဏ္ဌာန် အနည်းငယ်မျှပင် မရှိ။ ထို့အပြင် သင်တို့သည် ၎င်းတို့ လုပ်ဆောင်သည့်အရာကို လုပ်ဆောင်ရင်းနှင့် ၎င်းတို့ ပြောသည့်အရာကို ပြောဆိုရင်း၊ ညစ်ညူးသော ဝိညာဉ်များ၏ သဏ္ဌာန်ကို နေ့စဉ် အတုခိုးကြသောကြောင့် သင်တို့၏

အစိတ်အပိုင်းအားလုံး၊ သင်တို့၏ လျှာနှင့် နှုတ်ခမ်းများသည်ပင် ၎င်းတို့၏ မိလ္လာရေထဲတွင် စိမ်ခြင်းခံရကြသည်မှာ သင်တို့သည် ထိုအစွန်းအထင်းများဖြင့် လုံးလုံးလျားလျား ဖုံးလွှမ်းခံရပြီး သင်တို့၏ အစိတ်အပိုင်းတစ်ခုမျှ ငါ၏ အမှုအတွက် အသုံးပြု၍ မရသည်အထိ ဖြစ်သည်။ ယင်းသည် အလွန် စိတ်နှလုံးကြေကွဲစရာ ဖြစ်ပေတကား။ သင်တို့သည် မြင်းများ နှင့် ကျွဲနွား တိရစ္ဆာန်များ၏ ထိုသို့သောလောကထဲတွင် အသက်ရှင်ကြသည်၊ သို့သော် စင်စစ်တွင် သင်တို့သည် သောကမရောက်ကြပေ။ သင်တို့သည် ဝမ်းမြောက်မှုနှင့် ပြည့်ကြပြီး လွတ်လပ်စွာနှင့် လွယ်ကူစွာ အသက်ရှင်ကြသည်။ သင်သည် ထိုမိလ္လာရေထဲတွင် ဟိုဟိုသည်သည် ကူးခတ်နေ သော်လည်း ထိုသို့သော အကျပ်အတည်းထဲသို့ သင် ကျရောက်ကြသည်ကို အမှန်တကယ် နားမလည်ချေ။ နေ့စဉ်၊ သင်သည် ညစ်ညူးသော ဝိညာဉ်များနှင့် ပေါင်းကာ “မစင်” နှင့် ဆက်ဆံလျက်ရှိသည်။ သင်တို့၏ ဘဝများသည် အတော်အတန် အောက်တန်းကျသော်လည်း သင်တို့သည် လူ့လောကကြီးထဲ၌ လုံးဝ မတည်ရှိကြသကဲ့သို့၊ သင်တို့ကိုယ်သင်တို့ ထိန်းချုပ်ခြင်းမရှိသည်ကို အကယ်စင်စစ် မသိကြချေ။ သင်၏ အသက်တာသည် လွန်ခဲ့သည့် ကာလများစွာကတည်းက ညစ်ညူးသော ဝိညာဉ်များ၏ နင်းခြေခြင်းကို ခံခဲ့ရသည် သို့မဟုတ် သင်၏ အကျင့်စရိုက်သည် လွန်ခဲ့သည့် အချိန်ကာလများစွာကတည်းက မိလ္လာရေဖြင့် ညစ်ပေခဲ့ကြောင်းကို သင်မသိသလော။ သင်သည် လောကီ ပရဒိသုဘုံထဲတွင် အသက်ရှင်နေထိုင်ကြပြီး၊ ပျော်ရွှင်မှု အလယ်တွင် ရှိသည်ဟု ထင်သလော။ သင်သည် ညစ်ညူးသော ဝိညာဉ်များ နှင့်အတူ ဘဝတစ်ခုကို အသက်ရှင်ပြီးဖြစ်ကာ၊ သင့်အတွက် ပြင်ဆင်ထားသည့် အရာတိုင်းနှင့် သင်အတူတကွ ယှဉ်တွဲနေထိုင်ပြီး ဖြစ်သည်ကို သင်မသိသလော။ သင် အသက်ရှင်သည့် နည်းလမ်းသည် အဓိပ္ပါယ် တစ်စုံတစ်ရာ မည်သို့ ရှိနိုင်မည်နည်း။ သင်၏ အသက်တာသည် တန်ဖိုး တစ်စုံတစ်ရာ မည်သို့ ရှိနိုင်မည်နည်း။ သင်သည် ညစ်ညူးသော ဝိညာဉ်များ၏ မိဘများဖြစ်သည့်၊ သင်၏ မိဘများအတွက် ဟိုသည် ပြေးလွှား နေခဲ့သော်လည်း သင့်အား ပိတ်လှောင်နေသော သူများမှာ သင့်ကို မွေးဖွားခဲ့ကာ ပြုစုပျိုးထောင်ခဲ့သော၊ ညစ်ညူးသော ဝိညာဉ်များ၏ မိဘများဖြစ်သည်ကို သင် အမှန်တကယ် မသိပေ။ ထို့အပြင် သင်၏ ညစ်ညမ်းမှုအားလုံးသည် အကယ်စင်စစ် ၎င်းတို့က သင့်အား ပေးခဲ့ခြင်းဖြစ်သည်ကို သင်မသိ။ သင် သိသမျှမှာ ၎င်းတို့က သင့်အား “သာယာကြည်နူးမှု” ပေးနိုင်သည်၊ ၎င်းတို့က သင့်အား ပြစ်တင်ဆုံးမခြင်းမရှိသကဲ့သို့ တရားစီရင်ခြင်းလည်း မရှိ၊ ပြီးလျှင် သင့်အား အထူးသဖြင့် ကျိန်ဆဲခြင်း မရှိဟူ၍ ဖြစ်သည်။ ၎င်းတို့သည် မည်သည့်အခါတွင်မျှ သင့်အပေါ် အမျက်ဒေါသ ပေါက်ကွဲခြင်း မရှိခဲ့ဘဲ ချစ်ခင်မှုနှင့် ကြင်နာမှုတို့ဖြင့် သင့်ကို ဆက်ဆံလေသည်။ သင်

မျက်စိလည်လမ်းပျောက်သွားစေဖို့အလို့ငှာ ၎င်းတို့၏ စကားများက သင်၏ စိတ်နှလုံးကို အားဖြစ်စေပြီး သင့်ကို ဆွဲဆောင်ပြီး၊ နားမလည်လိုက်ဘဲနှင့် သင်သည် ပါဝင်ပတ်သက်မိပြီး ၎င်းတို့၏ ထွက်ပေါက်နှင့် အစေခံဖြစ်လာရင်း၊ ၎င်းတို့အား အစေခံရန် လိုလားလျက် ရှိလေသည်။ သင်သည် စောဒကတက်ခြင်းလုံးဝ မရှိဘဲ၊ ၎င်းတို့အတွက် ခွေးများ၊ မြင်းများသဖွယ် အလုပ်လုပ်ရန် လိုလားလျက် ရှိလေသည်။ သင်သည် ၎င်းတို့၏ လှည့်ဖြားခြင်းကို ခံနေရသည်။ ဤအကြောင်းကြောင့်၊ သင်သည် ငါပြုသောအမှုကို လုံးဝ တုံ့ပြန်မှု မရှိပေ။ သင်သည် အမြဲတစေ ငါ၏ လက်ထဲမှ တိတ်တဆိတ် လစ်ထွက်သွားလိုသည်မှာ မထူးဆန်းသကဲ့သို့၊ ငါ့ထံမှ မျက်နှာသာရခြင်းကို လှည့်ဖြား၍ ညှစ်ယူဖို့ ချိုသာသော စကားများကို အမြဲတစေ အသုံးပြုလိုသည်မှာ မထူးဆန်းပေ။ ဖြစ်ချင်တော့၊ သင်သည် အခြားအစီအစဉ်၊ အခြားအစီအမံတစ်ခု ရှိနှင့်ပြီးဖြစ်သည်။ အနန္တတန်ခိုးရှင်အဖြစ် ငါ၏ လုပ်ဆောင်ချက်အနည်းငယ်ကို သင် မြင်နိုင်သော်လည်း ငါ၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ နှင့်ဆိုင်သော အသိပညာ အနည်းငယ်မျှ သင်၌ မရှိပေ။ ငါ၏ ပြစ်တင်ဆုံးမခြင်း မည်သည့် အချိန်တွင် စတင်ခဲ့သည်ကို သင် မသိ။ ငါ့အား မည်သို့ လိမ်ညာရမည်ကိုသာ သင်သိ၏၊ သို့သော် ငါသည် လူသားထံမှ မည်သည့် စော်ကားခြင်းကိုမျှ သည်းမခံသည်ကို သင် မသိ။ သင်သည် ငါ့ကို အစေခံရန် စိတ်ပိုင်းဖြတ်နှင့်ပြီး ဖြစ်သည့်အတွက်၊ ငါသည် သင့်ကို အလွှတ်ပေးမည် မဟုတ်။ ငါသည် မကောင်းမှုကို မုန်းသော ဘုရားသခင်ဖြစ်ပြီး လူသားမျိုးနွယ်အပေါ် သဝန်တိုတတ်သော ဘုရားသခင် ဖြစ်၏။ သင်သည် သင်၏ စကားများကို ယဇ်ပလ္လင်ထက် ထားရှိနှင့်ပြီးဖြစ်သည့်အတွက်၊ ငါ၏ ပကတိ မျက်စိရှေ့မှ သင် ထွက်ပြေးသည်ကို ငါ သည်းခံမည် မဟုတ်သကဲ့သို့၊ သခင်နှစ်ဦးအား သင်အစေခံနေသည်ကို ငါ သည်းခံမည် မဟုတ်။ ငါ၏ ယဇ်ပလ္လင်ထက်နှင့် ငါ၏ မျက်စိရှေ့တွင် သင်၏ စကားများကို ထားရှိပြီးနောက်၊ သင် ဒုတိယအချစ် ရှိနိုင်မည်ဟု သင် ထင်ခဲ့လေသလော။ ငါသည် လူတို့ကို ထိုပုံစံဖြင့် ငါ့ကို အရူးလုပ်ရန် အဘယ်သို့ အခွင့်ပေးနိုင်မည်နည်း။ သင်သည် ငါ့အား အဓိဋ္ဌာန်များနှင့် သစ္စာများကို သာမန်ကာလျှံကာ ပြုနိုင်မည်ဟု ထင်ခဲ့သလော။ အမြင့်ဆုံးသော ဘုရားသခင်၊ ငါ၏ပလ္လင်ဖြင့် သင်သည် သစ္စာများကို အဘယ်သို့ ကျိန်ဆိုနိုင် မည်နည်း။ သင်၏ သစ္စာများသည် ဆိတ်သုဉ်းနှင့်ပြီဟု သင် ထင်ခဲ့သလော။ သင်တို့ကို ငါ ပြောမည်- သင်တို့၏ ဇာတိခန္ဓာ ဆိတ်သုဉ်းသွားသော်လည်း၊ သင်တို့၏ သစ္စာများ မဆိတ်သုဉ်းနိုင်။ နောက်ဆုံးတွင် ငါသည် သင်တို့၏ သစ္စာများအပေါ် အခြေခံကာ သင်တို့ကို စီရင်မည်ဖြစ်သည်။ သို့ရာတွင် သင်တို့၏စကားများကို ငါ့ရှေ့တွင် ထားရှိလျက် ငါ့ကို ကိုင်တွယ်ဖြေရှင်းနိုင်ပြီး၊ သင်တို့၏

စိတ်နှလုံးများက ညစ်ညူးသော ဝိညာဉ်များနှင့် နတ်ဆိုးများကို အစေခံနိုင်သည်ဟု သင်တို့ ယုံကြည်ကြသည်။ ငါ၏ အမျက်ဒေါသသည် ငါ့ကို လိမ်လည်လှည့်ဖြားသော ခွေးတူ၊ ဝက်တူ လူများကို အဘယ်သို့ သည်းခံနိုင်မည်နည်း။ ငါ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ငါဆောင်ရွက်ရမည်ဖြစ်ပြီး၊ ငါ့အား စည်းစနစ်ကျသော ပုံစံဖြင့် "လိုလေသေးမရှိ ပြုစု" နိုင်ကြဖို့၊ ငါ၏နွားထီးများ၊ ငါ၏မြင်းများဖြစ်ကာ ငါ၏ သတ်ဖြတ်ခြင်းမှ ချမ်းသာရာရရှိကြဖို့အလို့ငှာ၊ ငါ၌ ယုံကြည်ခြင်းရှိသော ကိန်းကြီးခန်းကြီးနိုင်သော၊ "ဘာသာတရားကိုင်းရှိုင်းသော" သူများအားလုံးကို ညစ်ညူးသော ဝိညာဉ်များ၏ လက်ထဲမှ ငါ ပြန်ဆွဲလုရမည်။ ငါသည် သင့်အား သင်၏ ယခင်က စိတ်ပိုင်းဖြတ်ချက်ကို ကောက်ယူပြီး ငါ့အား နောက်တစ်ဖန် ပြန်အစေခံစေမည်။ ငါ့ကို လိမ်လည်လှည့်ဖြားသော မည်သည့် ဖန်ဆင်းခြင်းကိုမျှ ငါ သည်းခံမည် မဟုတ်။ သင်သည် ငါ၏ ရှေ့တွင် လက်လွတ်စပယ် တောင်းဆိုမှုများသာ ပြုပြီး လိမ်ညာနိုင်မည်ဟု သင် ထင်ခဲ့သလော။ ငါသည် သင်၏စကားများနှင့် လုပ်ဆောင်ချက်များကို မကြား သို့မဟုတ် မမြင်ခဲ့ဟု သင် ထင်ခဲ့သလော။ သင်၏ စကားများနှင့် လုပ်ဆောင်ချက်များသည် ငါ၏ မြင်ကွင်းတွင် အဘယ်သို့ မရှိနိုင်မည်နည်း။ ငါသည် လူတို့ကို ထိုသို့ ငါ့ကို လှည့်ဖြားရန် အဘယ်သို့ အခွင့်ပေးနိုင်မည်နည်း။

ငါသည် နွေဦးနှင့် ဆောင်းဦး ကာလတစ်ချို့တွင် သင်တို့ကို ပေါင်းဖော်ရင်း၊ သင်တို့အကြားတွင် ရှိနေခဲ့၏။ ငါသည် အချိန်ကြာမြင့်စွာ သင်တို့ အကြားတွင် အသက်ရှင်ပြီးဖြစ်ကာ သင်တို့နှင့်အတူ အသက်ရှင်ပြီး ဖြစ်သည်။ သင်တို့၏ စက်ဆုပ်ဖွယ်ကောင်းသော အပြုအမူမည်မျှသည် ငါ၏ မျက်စိရှေ့တည့်တည့်တွင် လွတ်ထွက်ပြီးပြီနည်း။ သင်တို့၏ အူလှိုက်သည်းလှိုက် စကားများသည် ငါ၏ နားထဲတွင် စဉ်ဆက်မပြတ် ပဲ့တင်သံထပ်နေသည်။ သင်တို့၏ သန်းချီသော ပြင်းပြသည့် အလိုဆန္ဒများသည် ငါ၏ ပလ္လင်ပေါ်တွင် ခင်းထား၏- မရေမတွက်နိုင်အောင် များပြားလွန်းလှပေသည်။ သို့သော်၊ သင်တို့၏ ဆက်ကပ်မှုနှင့် သင်တို့ အသုံးပြုခဲ့သည့်အရာများကိုမူ၊ သင်တို့သည် အနည်းငယ်မျှပင် မပေးကြပေ။ ငါ၏ ပလ္လင်ပေါ်တွင် ရိုးသားစစ်မှန်မှု တစ်စက်လေးမျှပင် သင်တို့ မထားရှိကြ။ ငါ့ကို သင်တို့၏ ယုံကြည်မှု အသီးအပွင့်များမှာ ဘယ်မှာနည်း။ သင်တို့သည် ငါ့ထံမှ အဆုံးမရှိသော ကျေးဇူးတော်ကို ရရှိပြီးဖြစ်ကာ၊ ကောင်းကင်မှ အဆုံးမရှိသော နက်နဲမှုများကို သင်တို့ မြင်ကြရပြီး ဖြစ်သည်။ ကောင်းကင်၏ မီးတောက်မီးလျှံများကိုပင် သင်တို့အား ငါ ပြသပြီးဖြစ်သော်လည်း၊ ငါသည် သင်တို့ကို လောင်မြိုက်စေခြင်း မပြုရက်ပေ။ သို့ဖြစ်စေကာမူ၊ သင်တို့သည် အတုံ့အလှည့်အနေဖြင့် ငါ့ကို မည်မျှ ပေးပြီးကြပြီနည်း။ ငါ့ကို

သင်တို့ မည်မျှပေးဖို့ လိုလားကြသနည်း။ သင်၏လက်၌ ငါ ပေးပြီးသော အစားအစာဖြင့်၊ သင်သည် လှည့်ပြီး ထိုအရာကို ငါ့အား ပူဇော်သည်မှာ၊ ယင်းသည် သင် ကိုယ်တိုင် ကြိုးစားအားထုတ်သည့် ချွေးစက်အတွက် ပြန်လည်ရရှိသည့် အရာတစ်ခုဖြစ်ပြီး သင်၌ ရှိသမျှကို ငါ့အား သင် ပူဇော်ခြင်း ဖြစ်သည်ဟု ဆိုသည်အထိ ဖြစ်သည်။ ငါ့အား သင် "ပေးလှူသောအရာများ" မှာ ငါ၏ ပလ္လင်မှ အခိုးယူခံခဲ့ရသော အရာများအားလုံးသာဖြစ်သည်ကို သင် အဘယ်သို့ မသိနိုင်ရသနည်း။ ထို့အပြင်၊ သင်သည် ထိုအရာများကို ငါ့အား ယခု ပေးလှူနေသည်၊ ငါ့ကို သင် လိမ်လည်လှည့်ဖြားနေခြင်း မဟုတ်လော။ ယနေ့ ငါ မွေ့လျော်သော အရာများအားလုံးမှာ ငါ၏ ပလ္လင်ပေါ်မှယဇ်များ ဖြစ်ကာ၊ သင်၏ ကြိုးစားအားထုတ်သော လုပ်ဆောင်မှုမှ ရရှိပြီးနောက် ငါ့အား ပေးလှူသောအရာများ မဟုတ်သည်ကို သင် အဘယ်သို့ မသိရသနည်း။ ဤနည်းဖြင့် သင်တို့ ငါ့ကို အမှန်တကယ် လိမ်လည်လှည့်ဖြားဝံ့ကြ၏၊ ထို့ကြောင့် သင်တို့ကို ငါ အဘယ်သို့ ခွင့်လွှတ်နိုင်မည်နည်း။ ဤအရာကို ငါ ဆက်၍သည်းခံဖို့ သင် အဘယ်သို့ မျှော်လင့်နိုင်သနည်း။ ငါသည် အရာရာကို သင်တို့အား ပေးပြီးဖြစ်၏။ သင်တို့ထံ အရာရာကို ငါ ဖွင့်ပြပြီးဖြစ်သည်၊ သင်တို့၏ လိုအပ်ချက်များကို ထောက်ပံ့ပေးပြီးဖြစ်ကာ၊ သင်တို့၏ မျက်စိများကို ဖွင့်ခဲ့သော်လည်း၊ သင်တို့၏ အသိစိတ်ကို လျစ်လျူရှုရင်း သင်တို့သည် ငါ့ကို ဤသို့ လိမ်လည်လှည့်ဖြားကြ၏။ သင်တို့သည် ဒုက္ခဆင်းရဲခံရသော်လည်း ငါ ကောင်းကင်မှ ယူဆောင်လာခဲ့သော အရာခပ်သိမ်းကို သင်တို့သည် ငါ့ထံမှ ရရှိပြီးဆဲ ဖြစ်ဖို့ရန်အလို့ငှာ ငါသည် ကိုယ်ကျိုးမငဲ့ဘဲ အရာခပ်သိမ်းကို သင်တို့အပေါ် ပေးအပ်လေပြီ။ ဤသို့ဖြစ်စေကာမူ၊ သင်တို့သည် ဆက်ကပ်မှု လုံးဝမရှိပေ၊ ထို့အပြင် ပါဝင်ပေးလှူမှုလေးတစ်ခု သင် ပြုလုပ်ပြီးလျှင်ပင်၊ နောက်ပိုင်းတွင် ငါနှင့် "စာရင်းရှင်းဖို့" ကြိုးစားကြ၏။ သင်၏ ပါဝင်ပေးလှူမှုသည် အချည်းနှီး ဖြစ်မည် မဟုတ်လော။ သင် ငါ့ကို ပေးပြီးသော အရာမှာ သဲတစ်ပွင့်မျှ ဖြစ်သော်လည်း၊ သင် ငါ့ထံမှ တောင်းသောအရာမှာ ရွှေတစ်တန် ဖြစ်သည်။ သင်သည် တကယ်ကို မလျော်ကန်သည် မဟုတ်သလော။ ငါသည် သင်တို့အကြားတွင် အမှု ပြု၏။ နောက်ထပ် ယဇ်ပူဇော်မှုများ တစ်ခုတစ်လေ မပြောနှင့်၊ ငါ့ကို ပေးသင့်သော တစ်ဆယ်ရာခိုင်နှုန်း၏ အရိပ်အယောင် လုံးဝ မရှိပေ။ ထို့အပြင်၊ ဘုရားတရားကိုင်းရှိုင်းသူတို့ ပေးလှူသော ထိုတစ်ဆယ်ရာခိုင်နှုန်းသည် စဉ်းလဲသူတို့၏ သိမ်းပိုက်ခြင်းကို ခံရလေသည်။ သင်တို့အားလုံးသည် ငါ့ထံမှ လူစုကွဲသွားကြပြီ မဟုတ်လော။ သင်တို့ အားလုံးသည် ငါ့အပေါ် ရန်လိုကြသည် မဟုတ်လော။ သင်တို့ အားလုံးသည် ငါ ယဇ်ပလ္လင်ကို ဖျက်ဆီးနေကြသည် မဟုတ်လော။ ထိုသို့သော လူများကို ငါ၏ မျက်စိတွင် ရတနာများအဖြစ် အဘယ်သို့

မြင်နိုင်မည်နည်း။ ၎င်းတို့သည် ငါ စက်ဆုပ်သော ဝက်များနှင့် ခွေးများ ဖြစ်ကြသည် မဟုတ်လော။ သင်တို့၏ မကောင်းမှုဒုစရိုက်ကို ရတနာတစ်ပါးအဖြစ် ငါ အဘယ်သို့ ရည်ညွှန်းနိုင်မည်နည်း။ ငါ၏အမှုကို မည်သူ့အတွက် အမှန်တကယ် လုပ်ဆောင်သနည်း။ ယင်း၏ ရည်ရွယ်ချက်မှာ ငါ၏ ဩဇာအာဏာကို ထုတ်ဖော်ပြရန် သင်တို့ အားလုံးကို သတ်ဖို့ရန်များသာ ဖြစ်နိုင်မည်လော။ သင်တို့၏ အသက် အားလုံးသည် ငါ့ထံမှ နှုတ်ကပတ်တော်တစ်လုံးအပေါ် တည်ထားသည်မဟုတ်လော။ သင်တို့ကို သွန်သင်ရန် ငါသည် နှုတ်ကပတ်တော်များကို အသုံးပြုရုံသာပြုနေပြီး၊ သင်တို့အား တတ်နိုင်သမျှ အမြန်ဆုံးသတ်ရန် ထိုနှုတ်ကပတ်တော်များကို အမှန်တရားများအဖြစ် ငါ ပြောင်းလဲမသွားစေသည်မှာ အဘယ်ကြောင့်နည်း။ ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏ အမှုတော်၏ ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်ကို သတ်ရန်သာ ဖြစ်သလော။ ငါသည် အပြစ်မဲ့သော သူများကို လက်လွတ်စပယ် သတ်ဖြတ်သော ဘုရားသခင် ဖြစ်သလော။ ယခု၊ လူ့ဘဝ၏ မှန်သော လမ်းကြောင်းကို ရှာဖွေဖို့ သင်၏ဖြစ်တည်မှု တစ်ခုလုံးဖြင့် ငါ၏ ရှေ့မှောက်သို့ သင်တို့ထဲမှမည်မျှ လာနေကြသနည်း။ ငါ့ ရှေ့မှောက်တွင် ရှိသည်မှာ သင်တို့၏ ကိုယ်ခန္ဓာများသာ ဖြစ်၏။ သင်တို့၏ စိတ်နှလုံးများမှာ လွတ်နေဆဲဖြစ်ပြီး ငါ့ထံမှ အလွန် အလှမ်းဝေးဆဲဖြစ်သည်။ ငါ၏အမှုမှာ မှန်တကယ် မည်သည့်အရာ ဖြစ်သည်ကို သင်တို့ မသိကြသောကြောင့်၊ ယင်းအစား ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း မရှိသည့် ပရဒိသုဘုံတွင် နေထိုင်ဖို့ မျှော်လင့်ရင်း ငါ့ထံမှ ထွက်ခွာရန် ဆန္ဒရှိကာ မိမိကိုယ်ကိုယ် ငါ့ထံမှ ခွဲခွာနေသူ သင်တို့ထဲမှ များစွာ ရှိလေသည်။ ဤသည်မှာ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် လူတို့ဆန္ဒရှိသော အရာဖြစ်သည် မဟုတ်လော။ ငါသည် သင့်အား အကျပ်ကိုင်ရန် ဇေန်မုချ ကြိုးစားနေခြင်း မဟုတ်။ သင် ရွေးချယ်သည့် မည်သည့် လမ်းကြောင်းမဆိုသည် သင်ကိုယ်တိုင်၏ ရွေးချယ်မှုဖြစ်၏။ ယနေ့၏ လမ်းကြောင်းသည် တရားစီရင်ခြင်းနှင့် ကျိန်ခြင်းတို့ အတူပါရှိသည့် လမ်းကြောင်းတစ်ခု ဖြစ်၏၊ သို့သော်လည်း၊ တရားစီရင်ခြင်း ဖြစ်စေ၊ ပြစ်တင်ဆုံးမခြင်း ဖြစ်စေ- သင်တို့အပေါ် ငါပေးအပ်ပြီးဖြစ်သည့် အရာအားလုံးသည် သင်တို့အား ငါ ပေးနိုင်သည့် အကောင်းဆုံး ဆုကျေးဇူးများဖြစ်ပြီး သင်တို့ အရေးတကြီး လိုအပ်သောအရာ အားလုံး ဖြစ်သည်ကို သင်တို့အားလုံး သိသင့်ပေသည်။

## ပညတ်တော်ခေတ်ရှိ အမှုတော်

ဣသရေလလူမျိုးတို့အပေါ် ယေဟောဝါဆောင်ရွက်ခဲ့သော အမှုသည်

လူသားမျိုးနွယ်အကြားတွင် ဘုရားသခင်၏ မြေကြီးပေါ် ရှိ မူလနေရာကို အခြေခိုင်စေခဲ့ပြီး ယင်းနေရာသည် သူရှိနေခဲ့သည့် လေးမြတ်သော နေရာလည်းဖြစ်သည်။ ယေဟောဝါသည် သူ၏အမှုကို ဣသရေလလူမျိုးတို့အတွက်သာ သတ်မှတ်ထားခဲ့သည်။ ကနဦးတွင် ဣသရေလပြည်ပြင်ပ၌ သူအမှုမပြုခဲ့ပေ၊ ထိုအစား သူ၏အမှုနယ်ပယ်ကို ကန့်သတ်ရန်အလို့ငှာ သူ့အမြင်တွင် သင့်လျော်သည့်လူမျိုးကို ရွေးချယ်ခဲ့သည်။ ဣသရေလနိုင်ငံမှာ အာဒံနှင့် ဧဝတို့ကို ဘုရားသခင် ဖန်ဆင်းခဲ့သော နေရာ ဖြစ်ပြီး၊ ထိုနေရာရှိ မြေမှုန့်ဖြင့် လူသားကို ယေဟောဝါ ဖန်ဆင်းခဲ့သည်၊ ထိုနေရာမှာ ကမ္ဘာမြေကြီးပေါ် ရှိ သူ၏အမှု အခြေပြုရာနေရာ ဖြစ်သွားသည်။ နောဧ၏ သားစဉ်မြေးဆက်များနှင့် အာဒံ၏သားစဉ်မြေးဆက်များလည်း ဖြစ်ကြသော ဣသရေလ လူမျိုးများသည် ကမ္ဘာပေါ် ရှိ ယေဟောဝါအမှု၏ လူ့အခြေခံအုတ်မြစ် ဖြစ်ခဲ့သည်။

ထိုအချိန်ကာလ၌ ဣသရေလပြည်ရှိ ယေဟောဝါအမှု၏ အရေးပါမှု၊ ရည်ရွယ်ချက်နှင့် အဆင့်များသည် ကမ္ဘာတစ်ခွင်လုံးရှိ သူ၏အမှုကို ဣသရေလပြည်၌ ဗဟိုပြု၍ အစပျိုးနိုင်ရန် ဖြစ်ပြီး၊ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများဆီသို့ တဖြည်းဖြည်းချင်း ပျံ့နှံ့သွားစေရန် ဖြစ်သည်။ ယင်းမှာ စကြဝဠာတစ်လျှောက် သူလုပ်ဆောင်သည့် အခြေခံသဘောတရား ဖြစ်ပြီး၊ စံပုံစံတစ်ခုကို အခြေချ၍ စကြဝဠာရှိ လူအားလုံးသည် သူ၏ဧဝံဂေလိတရားကို လက်ခံရရှိသည့်တိုင်အောင် ထိုစံပုံစံကို ချဲ့ထွင်သွားရန် ဖြစ်သည်။ ပထမဦးဆုံးသော ဣသရေလ လူမျိုးများမှာ နောဧ၏ သားစဉ်မြေးဆက်များ ဖြစ်သည်။ ထိုသူတို့သည် ယေဟောဝါ၏ ဇီဝအသက်သာ ပေးအပ်ခြင်းခံရခဲ့ပြီး၊ ဘဝ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် နားလည်ရုံမျှသာ ရှိခဲ့သည်၊ သို့သော်လည်း ယေဟောဝါသည် မည်သို့သော ဘုရားသခင် ဖြစ်ကြောင်း၊ သို့မဟုတ် လူသားအတွက် သူ၏အလိုတော်မှာ အဘယ်အရာ ဖြစ်ကြောင်း မသိခဲ့ကြသည့်အပြင်၊ ဖန်ဆင်းခြင်းအားလုံးတို့၏ အရှင်သခင်ကို ၎င်းတို့ မည်သို့ ချစ်ကြောက်သင့်သည်ကို သာ၍ပင် မသိပေ။ လိုက်နာရန်က စည်းမျဉ်းစည်းကမ်းများနှင့် ပညတ်တော်များ ရှိမရှိ သို့မဟုတ် ဖန်ဆင်းခံသတ္တဝါများသည် ဖန်ဆင်းရှင်အတွက် ဆောင်ရွက်ပေးသင့်သည့် တာဝန် ရှိမရှိ တို့အတွက်မူ အာဒံ၏ သားစဉ်မြေးဆက်များသည် ဤအရာများနှင့်ပတ်သက်၍ ဘာမျှမသိခဲ့ကြပေ။ သူတို့သိသမျှမှာ ခင်ပွန်းဖြစ်သူက သူ၏မိသားစုကို ထောက်ပံ့ရန် ချွေးကျအောင် အလုပ် လုပ်သင့်သည်၊ ပြီးလျှင် ဇနီးသည်က သူမခင်ပွန်းကို ကျိုးနွံနာခံသင့်ပြီး ယေဟောဝါ ဖန်ဆင်းခဲ့သော လူသားမျိုးနွယ် ဆက်လက် တည်တံ့အောင် လုပ်ဆောင်သင့်သည် ဆိုသည်သာ ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ယေဟောဝါ၏ဇီဝအသက်နှင့် သူ၏အသက်သာရှိသည့်

ထိုကဲ့သို့သော သူတို့သည် ဘုရားသခင်၏ ပညတ်တော်များကို မည်သို့လိုက်နာရမည် သို့မဟုတ် ဖန်ဆင်းခြင်း အားလုံးတို့၏ အရှင်သခင်ကို မည့်သို့ ကျေနပ်စေရမည်ကို ဘာမျှ မသိနားမလည်ခဲ့ကြပေ။ ထိုသူတို့၏ နားလည်ခြင်းသည် နည်းပါးလွန်းလှသည်။ ထို့ကြောင့် ၎င်းတို့၏ နှလုံးသားထဲ၌ ကောက်ကျစ်စဉ်းလဲမှု၊ သို့မဟုတ် လိမ်လည်လှည့်ဖြားမှု ဘာမျှမရှိဘဲ၊ သူတို့အကြား၌ မနာလိုဝန်တိုမှုနှင့် အတိုက်အခံဖြစ်မှုတို့ ဖြစ်ခဲသော်ငြားလည်း၊ ယေဟောဝါတည်းဟူသော ဖန်ဆင်းခြင်းအားလုံး၏ အရှင်သခင်နှင့် သက်ဆိုင်သည့် အသိပညာ သို့မဟုတ် နားလည်မှု ၎င်းတို့တွင် မရှိခဲ့ကြပေ။ လူတို့၏ ဤဘိုးဘေးဘီဘင်များမှာ ယေဟောဝါ၏အရာများကို စားသုံးရန်နှင့် ယေဟောဝါ၏ဥစ္စာများ၌ မွေ့လျော်ရန်သာ သိခဲ့ကြသည်၊ သို့သော် ယေဟောဝါကို မည်သို့ချစ်ကြောက်ရမည်ကို ထိုသူတို့မသိခဲ့ကြပေ၊ ယေဟောဝါသည် ၎င်းတို့အနေဖြင့် ဒူးထောက်ပြီး ဝတ်ပြုကိုးကွယ်သင့်သူ တစ်ဦး ဖြစ်ကြောင်းကိုလည်း မသိခဲ့ကြပေ။ ထို့ကြောင့် သူတို့ကို ဘုရားသခင်၏ဖန်ဆင်းခံများဟု မည်သို့ ခေါ်ဆိုနိုင်မည်နည်း။ အကယ်၍ ထိုကဲ့သို့ ဖြစ်နေပါလျှင်၊ "ယေဟောဝါသည် ဖန်ဆင်းခြင်းအားလုံးတို့၏ အရှင်သခင် ဖြစ်သည်။" နှင့် "လူသားသည် သူ့ကို ထင်ရှားနိုင်စေရန်၊ သူ၏ဘုန်းတော်ကို ထင်ရှားနိုင်စေရန်နှင့် သူ့ကို ကိုယ်စားပြုနိုင်ရန်အလို့ငှာ လူသားကို သူ ဖန်ဆင်းခဲ့သည်။" ဟူသည့် နှုတ်ကပတ်တော်များမှာ အချည်းနှီး ပြောကြားခဲ့ခြင်း ဖြစ်သွားလိမ့်မည် မဟုတ်လော။ ယေဟောဝါကို ချစ်ကြောက်ခြင်း မရှိသည့် လူများသည် သူ၏ဘုန်းတော်အတွက် သက်သေခံချက် တစ်ခု မည်သို့ဖြစ်လာနိုင်မည်နည်း။ ၎င်းတို့သည် ဘုရား ဘုန်းအသရေ၏ သရုပ်သကန်များ မည်သို့ ဖြစ်လာနိုင်ကြမည်နည်း။ သို့ဖြစ်လျှင် "ငါ၏ပုံသဏ္ဌာန်နှင့်အညီ လူသားကို ငါဖန်ဆင်းခဲ့၏။" ဟူသည့် ယေဟောဝါ၏ နှုတ်ကပတ်တော်များမှာ ဆိုးယုတ်သူ စာတန်၏လက်ထဲ၌ လက်နက်တစ်ခု ဖြစ်သွားလိမ့်မည် မဟုတ်လော။ သို့ဖြစ်လျှင် ဤနှုတ်ကပတ်တော်တို့မှာ လူသားကို ယေဟောဝါ၏ဖန်ဆင်းခြင်းအား အရှက်ရစေသည့် အမှတ်လက္ခဏာ တစ်ခု ဖြစ်သွားလိမ့်မည် မဟုတ်လော။ လူသားမျိုးနွယ်ကို ဖန်ဆင်းပြီးသည့်နောက် အမှု၏ ထိုအဆင့်ကို ပြီးမြောက်ရန်အလို့ငှာ ယေဟောဝါသည် အာဒံလက်ထက်မှ နောဧ လက်ထက်တိုင်အောင် လူတို့ကို လမ်းမညွှန်ခဲ့၊ သို့မဟုတ် လမ်းမပြခဲ့ပေ။ ထို့ထက် ရေလွှမ်းမိုးခြင်းက ကမ္ဘာကြီးကို ဖျက်ဆီးခဲ့သည့်အချိန် နောက်ပိုင်းမှသာ နောဧ၏သားစဉ်မြေးဆက်များနှင့် အာဒံတို့ သားစဉ်မြေးဆက်များလည်း ဖြစ်သည့် ဣသရေလလူမျိုးတို့ကို သတ်သတ်မှတ်မှတ် စတင်လမ်းပြပေးခဲ့ခြင်း ဖြစ်သည်။ ဣသရေလပြည်၌ သူ၏ အမှုတော်နှင့် မိန့်မြွက်ချက်များက ဣသရေလပြည် တစ်ဝန်းတွင် ဣသရေလပြည်သူ အားလုံးတို့ကို ၎င်းတို့

အသက်ရှင်နေထိုင်သည်နှင့်အမျှ လမ်းညွှန်ပေးခဲ့သည်၊ ထိုသို့ဖြင့် လူသားသည် သူ့ထံမှ အသက်ကိုရရှိနိုင်ပြီး မြေမှုန့်ထဲမှ ဖန်ဆင်းခံလူသတ္တဝါအဖြစ် ထလာနိုင်ရန် ယေဟောဝါသည် လူသားအထဲသို့ ဇီဝအသက်ကို မှုတ်သွင်းနိုင်သည်သာမကဘဲ၊ လူသားမျိုးနွယ်ကို မီးရှို့ဖျက်ဆီးနိုင်ကာ လူသားမျိုးနွယ်ကို ကျိန်ဆဲနိုင်သည့်အပြင် လူသားမျိုးနွယ်ကို အုပ်စိုးရန် သူ၏လှံတံတော်ကို အသုံးပြုနိုင်သည့်အကြောင်းလည်း ပြသခဲ့သည်။ ယေဟောဝါသည် ကမ္ဘာမြေကြီးပေါ်၌ လူသား၏ဘဝကို လမ်းပြပေးနိုင်သည်သာမက၊ နေ့ညအချိန်နာရီအတိုင်း လူသားတို့ အကြားတွင် စကားပြောနိုင်၊ အမှုပြုနိုင်ကြောင်းကိုလည်း သူတို့တွေ့မြင်ခဲ့ကြသည်။ လူသားသည် သူကောက်ယူခဲ့သည့် မြေမှုန့်မှ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ထို့အပြင် လူသားအား သူဖန်ဆင်းဖြစ်ခဲ့ကြောင်းကို သူ၏ဖန်ဆင်းခံများ သိနိုင်စေရန်အလို့ငှာသာ ထိုအမှုကိုပြုခဲ့ခြင်း ဖြစ်သည်။ ဤမျှသာမက (အမှန်တွင် ဣသရေလပြည်မှ သီးခြားမဟုတ်ဘဲ၊ ထို့ထက် ဣသရေလလူမျိုးထဲမှ ခွဲထွက်လာခဲ့ပြီး အာဒံနှင့်ဧဝတို့မှ ဆင်းသက်လာခဲ့သူများပင် ဖြစ်သော) အခြားသောလူမျိုးများနှင့် တိုင်းနိုင်ငံများသည် ယေဟောဝါ၏ ဣသရေလပြည်မှ ဧဝံဂေလိတရားကို လက်ခံရရှိစေနိုင်ရန် အတွက်၊ စကြဝဠာတွင်းရှိ ဖန်ဆင်းခံအားလုံးက ယေဟောဝါကို ချစ်ကြောက်နိုင်ကြပြီး သူ့ကိုကြီးမြတ်သည်ဟု လက်ခံနိုင်ကြစေရန်အတွက် သူသည် သူ၏အမှုတော်ကို ဣသရေလပြည်၌ အရင်ပြုခဲ့ခြင်း ဖြစ်သည်။ ယေဟောဝါက ဣသရေလပြည်၌ သူ၏အမှုကို မစတင်ခဲ့ဘဲ၊ ယင်းအစား လူသားကို ဖန်ဆင်းပြီးနောက် လူတို့ကို ကမ္ဘာမြေပေါ်တွင် ပူပင်ကြောင့်ကြမဲ့စွာ အသက်ရှင်နေထိုင်ခွင့် ပြုခဲ့မည်ဆိုပါက၊ လူသား၏ ရုပ်ပိုင်းဆိုင်ရာ သဘာဝကြောင့် (သဘာဝမှာ လူသည် သူမမြင်နိုင်သည့် အရာများကို ဘယ်သောအခါမျှ မသိနိုင်ပေ၊ ဆိုလိုသည်မှာ လူသားမျိုးနွယ်ကို ဖန်ဆင်းသူသည် ယေဟောဝါ ဖြစ်ကြောင်းကို လူက သိမည် မဟုတ်ဘဲ၊ လူသားအား အဘယ်ကြောင့် ဖန်ဆင်းခဲ့ကြောင်းကို သာ၍ မသိနိုင်ကြောင်းကို ဆိုလိုသည်။) လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သူမှာ ယေဟောဝါ ဖြစ်သည်ကိုလည်းကောင်း၊ သူသည် ဖန်ဆင်းခြင်းအားလုံးတို့၏ အရှင်သခင် ဖြစ်သည်ကိုလည်းကောင်း လူသားသည် ဘယ်သောအခါမျှ သိမည်မဟုတ်ပေ။ အကယ်၍ ယေဟောဝါသည် လူသားကို ဖန်ဆင်းခဲ့ပြီး ကမ္ဘာမြေကြီးပေါ်၌ ထားခဲ့ကာ အချိန်ကာလတစ်ခုကြာ လူသားမျိုးနွယ်ကြား၌ ဆက်လက် ရှိနေ၍ သူတို့ကို လမ်းညွှန်ပေးမည့်အစား စွန့်ပစ်၍ထွက်ခွာသွားခဲ့ပါက၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် သုညဘဝသို့ ပြန်လည်ရောက်ရှိသွားခဲ့မည် ဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးနှင့် သူဖန်ဆင်းထားသည့် အသချေမျိုးများလုသော အရာအားလုံးနှင့် လူသားမျိုးနွယ် အားလုံးတို့သည်လည်း သုညဘဝသို့ ပြန်လည်ရောက်ရှိသွားမည့်အပြင်

စာတန်၏နှင်းခြေခြင်းကို ခံရပြီး ဖြစ်ပေလိမ့်မည်။ ဤနည်းအားဖြင့် "သူ၏ဖန်ဆင်းခံတို့၏အလယ်ဟု ဆိုလိုသည့် ကမ္ဘာမြေကြီးပေါ်၌ သန့်ရှင်းသောနေရာတစ်ခု၊ သူရပ်တည်ရန်အတွက် နေရာတစ်ခု ရှိသင့်သည်။" ဟူသည့် ယေဟောဝါ၏ ဆန္ဒမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားပြီး ဖြစ်လိမ့်မည်။ ထို့ကြောင့် သူသည် လူသားမျိုးနွယ်ကို ဖန်ဆင်းပြီးနောက် လူသားတို့၏ အသက်တာများတွင် ၎င်းတို့ကို လမ်းပြဖို့နှင့် ၎င်းတို့၏ အထဲမှ ၎င်းတို့ကို စကားပြောဖို့ ၎င်းတို့အလယ်၌ ဆက်လက် ရှိနေနိုင်ခဲ့သည်- ဤသည်အားလုံးတို့မှာ သူ၏လိုအင်ဆန္ဒကို အကောင်အထည်ဖော်ပြီး သူ၏အစီအစဉ်ကို အောင်မြင်စေရန်အတွက် ဖြစ်သည်။ ဣသရေလပြည်၌ သူပြုခဲ့သည့်အမှုမှာ သူ၏ အရာခပ်သိမ်းကို ဖန်ဆင်းခြင်း မတိုင်မီ သူချမှတ်ထားခဲ့သည့် အစီအစဉ်ကို အကောင်အထည် ဖော်ရန်အတွက်သာ ရည်ရွယ်ခဲ့သည်၊ ထို့ကြောင့် ဣသရေလလူမျိုးအထဲ၌ ပထမဦးဆုံး သူလုပ်ဆောင်ခဲ့ခြင်းနှင့် အရာအားလုံးကို သူဖန်ဆင်းခြင်းတို့မှာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်မနေဘဲ နှစ်မျိုးလုံးမှာ သူ၏စီမံခန့်ခွဲမှု၊ သူ၏အမှုနှင့် သူ၏ဘုန်းတော်တို့အတွက်ရော လူသားမျိုးနွယ်ကို သူဖန်ဆင်းခြင်း၏ အဓိပ္ပာယ်ကို ပို၍ နက်နဲစေရန်အတွက်ပါ ဖြစ်သည်။ နောဧခေတ်ပြီးနောက် ကမ္ဘာပေါ် ရှိ လူသားမျိုးနွယ်၏ဘဝကို နှစ်ပေါင်းနှစ်ထောင်တိုင် သူလမ်းပြပေးခဲ့သည်၊ ထိုအချိန်တောအတွင်း ယေဟောဝါတည်းဟူသော ခပ်သိမ်းသော ဖန်ဆင်းခြင်းတို့၏ အရှင်သခင်ကို မည်သို့ချစ်ကြောက်ရမည်၊ မိမိတို့အသက်တာကို မည်သို့ နေထိုင်ရမည်၊ မည်ကဲ့သို့ ဆက်လက်၍ နေထိုင်အသက်ရှင်သွားရမည် စသည်တို့အပြင် အရေးကြီးဆုံးမှာ ယေဟောဝါအတွက် သက်သေတစ်ဦးအဖြစ် မည်သို့ ပြုမူရမည်၊ သူ့ကို မည်ကဲ့သို့ နာခံရမည်နှင့် သူ့ကို မည်ကဲ့သို့ ချစ်ကြောက်ရမည်တို့အပြင် ဒါဝိဒ်နှင့် သူ၏ယဇ်ပုရောဟိတ်များ ပြုခဲ့ကြသကဲ့သို့ သူ့ကို ဂီတဖြင့် မည်သို့ ချီးမွမ်းကြရမည် စသည်တို့ကို နားလည်ဖို့ လူတို့အား ယေဟောဝါက သွန်သင်ပေးခဲ့သည်။

ယေဟောဝါ သူ၏အမှုကိုလုပ်ဆောင်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင် ကာလမတိုင်မီ၊ လူသားသည် ဘာတစ်ခုမျှ မသိခဲ့ပေ၊ ထို့ပြင် လူသားမျိုးနွယ်အားလုံးနီးပါးတို့သည် အကျင့်စာရိတ္တပျက်ပြား သွားခဲ့ကြပြီး ရေလွှမ်းမိုးခြင်းဖြင့် ကမ္ဘာကြီးဖျက်ဆီးခံရခြင်းမတိုင်မီအထိ သူတို့၏ နှလုံးသားများ၌ ယေဟောဝါ လုံးဝမရှိသည့်အပြင် သူ၏လမ်းခရီးနှင့် ပို၍ ကင်းကွာနေကြကာ လူတကာနှင့် သောင်းပြောင်းလိင်ဆက်ဆံခြင်းနှင့် ဖောက်ပြန်ပျက်စီးသည့် အတိုင်းအတာထိ ကျဆင်းသွားခဲ့ကြသည်။ ယေဟောဝါ ပြုမည့်အမှုကို ၎င်းတို့သည် ဘယ်သောအခါမျှ နားမလည်ခဲ့ကြချေ၊ ၎င်းတို့၌ ဆင်ခြင်တုံတရားမရှိ၊ ဗဟုသုတ သာ၍ပင် နည်းပါးပြီး အသက်ရှူတတ်သော စက်များကဲ့သို့ ၎င်းတို့သည် လူသား၊ ဘုရားသခင်၊ ကမ္ဘာမြေကြီးနှင့်

အသက် စသည့် အကြောင်းအရာတို့ကို လုံးဝ မသိနားမလည်ခဲ့ကြပေ။ ကမ္ဘာမြေကြီးပေါ်တွင် ၎င်းတို့သည် မြွေကဲ့သို့ပင် ဖြားယောင်းသွေးဆောင်မှု အမျိုးမျိုးကို ပါဝင်ဆောင်ရွက်ကြသည်၊ ထို့ပြင် ယေဟောဝါကို ထိပါးစော်ကားသည့် အကြောင်းအရာ အမြောက်အမြားကိုလည်း ပြောဆိုကြသည်၊ သို့သော်လည်း ထိုသူတို့သည် မသိနားမလည်သည့်အတွက်ကြောင့် ယေဟောဝါသည် ထိုသူတို့ကို ပြစ်တင်ဆုံးမခြင်း သို့မဟုတ် ပဲ့ပြင်ဆုံးမခြင်းမပြုခဲ့ပေ။ ရေလွှမ်းမိုးခြင်း ပြီးသည့်နောက်မှသာ၊ နောဧ အသက် ၆၀၁ နှစ်ပြည့်သည့်အချိန်တွင်၊ ယေဟောဝါသည် နောဧထံ ထုံးစံတကျ ပေါ်ထွန်းခဲ့ပြီး နောဧနှင့် သူ၏သားသမီးများနှင့်အတူ ရေလွှမ်းမိုးခြင်းမှ အသက်ရှင်ကျန်ရစ်သော ငှက်များနှင့် သားရဲတိရစ္ဆာန်များကိုလည်း ပညတ်တော်ခေတ်ကာလ ကုန်ဆုံးသည်အထိ နှစ်ပေါင်း ၂၅၀၀ ကြာအောင် ဦးဆောင်လမ်းပြလျက်၊ သူနှင့် သူ၏မိသားစုတို့ကို လမ်းပြခဲ့သည်။ သူသည် ဣသရေလပြည်တွင် အလုပ်လုပ်ခဲ့သည်မှာ၊ ဆိုလိုသည်မှာ တရားဝင် အလုပ်လုပ်ခဲ့သည်မှာ စုစုပေါင်း နှစ်ပေါင်း ၂၀၀၀ ရှိပြီး၊ ဣသရေလပြည်တွင်းနှင့် ပြည်ပ၌ တစ်ပြိုင်နက်တည်း လုပ်ဆောင်ခဲ့သည့်အချိန်မှာ နှစ်ပေါင်း ၅၀၀ ရှိသည့်အတွက် စုစုပေါင်းနှစ်ပေါင်း ၂၅၀၀ ဖြစ်သည်။ ထိုကာလအတောအတွင်း ဣသရေလလူမျိုးတို့အနေဖြင့် ယေဟောဝါကို အစေခံကြရန်အတွက် ဗိမာန်တော်တစ်ဆောင်ကို ၎င်းတို့ဆောက်လုပ်သင့်ကြောင်း၊ ယဇ်ပုရောဟိတ် ဝတ်ရုံများကို ဝတ်ဆင်လျက်၊ ၎င်းတို့စီးသောဖိနပ်များက ဗိမာန်တော်ကို ညစ်ပေစေပြီး ဗိမာန်တော်ထိပ်မှ ၎င်းတို့အပေါ်သို့မီးကျကာ ၎င်းတို့ မီးလောင်၍သေကုန်ကြမည် စိုးသောကြောင့် အရုဏ်ဦးအချိန်တွင် ဗိမာန်တော်ထဲသို့ ဖိနပ်မပါဘဲ၊ လျှောက်သွားသင့်ကြောင်း ဣသရေလ လူမျိုးတို့ကို သူလမ်းညွှန်ခဲ့သည်။ ထိုသူတို့သည် မိမိတို့၏ တာဝန်ဝတ္တရားများကို ထမ်းရွက်ကြပြီး ယေဟောဝါ၏ အစီအစဉ်များကို နာခံခဲ့ကြသည်။ ၎င်းတို့သည် ဗိမာန်တော်ထဲ၌ ယေဟောဝါထံ ဆုတောင်းခဲ့ကြပြီး ယေဟောဝါ၏ ဗျာဒိတ်တော်ကို ရရှိပြီးသည့်နောက်၊ ဆိုလိုသည်မှာ ယေဟောဝါက စကားပြောပြီးသည့်နောက် ၎င်းတို့သည် လူအမြောက်အမြားကို ဦးဆောင်ခဲ့ပြီး ထိုသူတို့ကို ၎င်းတို့၏ ဘုရားသခင်ဖြစ်သော ယေဟောဝါကို ချစ်ကြောက်မှု ပြသင့်ကြောင်း သွန်သင်ခဲ့သည်။ ပြီးလျှင် ဗိမာန်တော်တစ်ဆောင်နှင့် ယဇ်ပလ္လင်တစ်ခုကို တည်ဆောက်သင့်ကြောင်း ယေဟောဝါက ၎င်းတို့ကို ပြောခဲ့ပြီး၊ ယေဟောဝါ သတ်မှတ်ထားသည့်အချိန်၌၊ ယင်းမှာ ပသခါပွဲနေ့၌ ၎င်းတို့ကို ထိန်းချုပ်ထားပြီး ၎င်းတို့၏နှလုံးသားထဲ၌ ယေဟောဝါကို ချစ်ကြောက်ခြင်း ရှိကြစေရန်အလို့ငှာ ယေဟောဝါကို တည်ခင်းရန် မွေးကင်းစနွားပေါက်နှင့် သိုးငယ်တို့ကို ပြင်ဆင်ပြီး ယဇ်ပလ္လင်ပေါ်တွင်

ယဇ်ပူဇော်သက္ကာများအဖြစ် တင်ထားသင့်ကြောင်း မိန့်မှာခဲ့သည်။ ဤပညတ်တော်ကို ၎င်းတို့နာခံခြင်း ရှိမရှိသည် ယေဟောဝါအပေါ် ၎င်းတို့သစ္စာရှိမှုကို တိုင်းတာချက် ဖြစ်လာခဲ့သည်။ ယေဟောဝါသည် သူ့ဖန်ဆင်းခြင်း၏ သတ္တမနေ့ရက် ဖြစ်သည့်နေ့ကိုလည်း ၎င်းတို့အတွက် ဥပုသ်နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ဥပုသ်နေ့လွန်ပြီး နောက်တစ်နေ့ဖြစ်သည့် ပထမနေ့ကို ၎င်းတို့အနေဖြင့် ယေဟောဝါကို ချီးမွမ်းရန်အတွက်နေ့၊ ယေဟောဝါကို ယဇ်ပူဇော်ပသရန်အတွက်နေ့နှင့်၊ ယေဟောဝါအတွက် တေးဂီတဖြင့် ချီးမွမ်းရန်အတွက်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ ထိုနေ့၌ ၎င်းတို့သည် ယေဟောဝါ၏ပလ္လင်ပေါ်မှ ယဇ်ပူဇော်သက္ကာများကို စားသုံးနိုင်ကြရန်အလို့ငှာ၊ ယေဟောဝါသည် လူတို့စားဖို့ ယဇ်ပလ္လင်ပေါ် ရှိ ယဇ်ကောင်များကို ခွဲခြမ်းစေရန် ယဇ်ပုရောဟိတ်အားလုံးကို ခေါ်၍စုဝေးစေသည်။ ပြီးလျှင် ၎င်းတို့သည် ကောင်းချီးမင်္ဂလာ ခံစားကြရကြောင်း၊ သူနှင့်အတူ ဝေမျှစားသုံးကြရကြောင်းနှင့် ၎င်းတို့သည် သူ၏ ရွေးကောက်ခြင်းခံရသော လူမျိုးဖြစ်ကြောင်း ယေဟောဝါ ပြောဆိုခဲ့သည် (ယင်းမှာ ဣသရေလလူတို့နှင့် ထားရှိသည့် ယေဟောဝါ၏ပဋိညာဉ်ပင်ဖြစ်သည်)။ ဤအကြောင်းကြောင့်ပင် ယနေ့တိုင်အောင် ဣသရေလလူမျိုးတို့က ယေဟောဝါသည် ၎င်းတို့၏ဘုရားသခင်သာ ဖြစ်ပြီး တစ်ပါးသောအမျိုးသားတို့၏ ဘုရားသခင် မဟုတ်ဟု ပြောဆိုကြခြင်း ဖြစ်သည်။

အဲဂုတ္တုပြည်ထဲမှထွက်ကာ မောရှေနောက်သို့ လိုက်လာကြသော ဣသရေလလူတို့ကို လက်ဆင့်ကမ်းပေးအပ်ရန် ယေဟောဝါသည် မောရှေအတွက် ပညတ်တော်အများအပြားကို ပညတ်တော်ခေတ် ကာလအတွင်း ချပေးခဲ့သည်။ ဤပညတ်တော်များသည် ဣသရေလ လူမျိုးတို့အတွက် ယေဟောဝါပေးအပ်ခဲ့သည့် အရာများဖြစ်ကာ အဲဂုတ္တုလူမျိုးတို့နှင့် ဘာမျှမသက်ဆိုင်ပေ၊ ၎င်းပညတ်တော်များမှာ ဣသရေလလူမျိုးတို့ကို ကန့်သတ်ထိန်းချုပ်ရန်အတွက် ရည်ရွယ်ထားပြီး ဣသရေလလူတို့အပေါ် တောင်းဆိုချက်များ ပြုလုပ်ရန် ထို၎င်းပညတ်တော်များကို သူအသုံးပြုခဲ့သည်။ ၎င်းတို့သည် ဥပုသ်နေ့ကို စောင့်ထိန်းကြခြင်းရှိမရှိ၊ ၎င်းတို့၏ မိဘများကို ရိုသေကြခြင်း ရှိမရှိ၊ ရုပ်တုဆင်းတုများကို ကိုးကွယ်ကြခြင်း ရှိမရှိ အစရှိသည်တို့မှာ ၎င်းတို့အနေဖြင့် အပြစ်ရှိမရှိ၊ ဖြောင့်မတ်ခြင်းရှိမရှိကို စီရင်သည့် အခြေခံသဘောတရားများ ဖြစ်ခဲ့သည်။ ထိုသူတို့ထဲ၌ ယေဟောဝါ၏မီးဖြင့် ဒဏ်ခတ်ခံရသူအချို့ ရှိခဲ့သည်၊ ကျောက်ခဲဖြင့် ပေါက်သတ်ခံရသူအချို့ ရှိခဲ့ပြီး၊ ယေဟောဝါထံမှ ကောင်းချီးမင်္ဂလာကို ခံစားခဲ့ရသူအချို့ ရှိခဲ့ပြီးလျှင်၊ ဤအရာအား ၎င်းတို့ ထိုပညတ်တော်များကို နာခံမှုရှိမရှိအပေါ်မူတည်၍ ဆုံးဖြတ်သည်။ ဥပုသ်နေ့ကို စောင့်ထိန်းခြင်း မရှိသူတို့သည် ကျောက်ခဲဖြင့် သေသည်အထိ ပေါက်သတ်ခံခဲ့ရသည်။ ဥပုသ်နေ့ကို

စောင့်ထိန်းခြင်းမရှိသည့် ယဇ်ပုရောဟိတ်တို့မှာမူ ယေဟောဝါ၏မီးဖြင့် ဒဏ်ခတ်ခံခဲ့ရသည်။ မိမိတို့၏မိဘများကို ရိုသေခြင်း မရှိသူတို့သည်လည်း ကျောက်ခဲဖြင့် သေသည်အထိ ပေါက်သတ်ခံခဲ့ရသည်။ ဤအရာအားလုံးကို ယေဟောဝါက အကြံပြုခဲ့ခြင်း ဖြစ်သည်။ ယေဟောဝါက သူ၏ပညတ်တော်များနှင့် ဥပဒေများကို ချမှတ်ခဲ့သည်မှာ လူတို့၏ အသက်တာ၌ သူဦးဆောင်သည့်အခါ၊ လူတို့သည် သူ၏နှုတ်ကပတ်တော်ကို နားထောင်ပြီး နာခံကြကာ သူ့ကို ပုန်ကန်ခြင်း မပြုကြစေရန် ဖြစ်သည်။ သူ၏အနာဂတ်အမှုအတွက် အခြေခံအုတ်မြစ်ကို ပို၍ကောင်းမွန်စွာ ချမှတ်နိုင်ရေးအတွက် မွေးကင်းစ လူသားမျိုးနွယ်ကို ဆက်လက် ထိန်းချုပ်ထားရန် ထိုပညတ်တော်များကို သူအသုံးပြုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယေဟောဝါပြုခဲ့သော အမှုပေါ်မူတည်၍ ပထမခေတ်ကို ပညတ်တော်ခေတ်ဟုခေါ်သည်။ ယေဟောဝါသည် များစွာသော မိန့်မြွက်ချက်များကိုပြုခဲ့ပြီး အမှု အများအပြားကို ပြုခဲ့သော်လည်း၊ မသိနားမလည်သော ဤလူတို့ကို လူဆန်ပုံ၊ အသက်ရှင်နေထိုင်ပုံ၊ ယေဟောဝါ၏ လမ်းခရီးကို သိနားလည်ရန် နည်းလမ်းတို့အား သွန်သင်ပေးလျက်၊ သူ့အနေဖြင့် လူသားတို့ကို အပြုသဘောဖက်မှသာ လမ်းပြခဲ့သည်။ အများဆုံးအနေဖြင့် သူပြုခဲ့သော အမှုသည် သူ၏လမ်းခရီးနှင့် သူ၏ ပညတ်တော်များကို လူတို့ လိုက်လျှောက်စေရန်အတွက် ဖြစ်သည်။ အမှုပြုခဲ့ခြင်းမှာ အနည်းငယ်သာ ဖောက်ပြန်ပျက်စီးနေသော လူများအပေါ်တွင် ဖြစ်သည်။ ထိုအမှုသည် ၎င်းတို့၏ စိတ်သဘောထားကို ပြောင်းလဲရန် သို့မဟုတ် ၎င်းတို့၏ အသက်တွင် တိုးတက်မှုရှိရန်အထိ မကျယ်ပြန့်ခဲ့ပေ။ လူတို့ကို ကန့်သတ်ရန်နှင့် ထိန်းချုပ်ရန်အတွက် ပညတ်တော်များကို အသုံးပြုခြင်းကိုသာ သူစိတ်ဝင်စားခဲ့သည်။ ထိုအချိန်တုန်းက ဣသရေလလူမျိုးအတွက် ယေဟောဝါသည် ဗိမာန်တော်ထဲ၌ရှိသော ဘုရားသခင်၊ ကောင်းကင်ဘုံရှိ ဘုရားသခင်မျှသာ ဖြစ်ခဲ့သည်။ သူသည် မိုးတိမ်တိုင်၊ မီးတိုင်ဖြစ်ခဲ့သည်။ ယေဟောဝါက ၎င်းတို့လုပ်ဆောင်ရန် တောင်းဆိုခဲ့သည့်အရာမှာ ယနေ့ခေတ် လူများမှ သူ၏ပညတ်တော်များနှင့် ဥပဒေများအဖြစ် နားလည်ထားကြသည့်၊ စည်းမျဉ်းစည်းကမ်းများဟုပင် ခေါ်ဆိုနိုင်သည့်အရာများကို နာခံခြင်းသာ ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ယေဟောဝါပြုခဲ့သည့်အရာမှာ ၎င်းတို့ကို ပြောင်းလဲစေရန်အတွက် ရည်ရွယ်ခဲ့ခြင်း မဟုတ်ဘဲ၊ လူသား၌ ရှိသင့်ရှိထိုက်သော အရာများကို ပို၍ပေးအပ်ရန်၊ သူကိုယ်တိုင်၏နှုတ်ဖြင့် လူတို့ကို လမ်းညွှန်ပေးရန် ဖြစ်သောကြောင့် ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းခံရပြီးနောက် လူသားသည် မိမိ၌ ရှိသင့်သည်အရာ တစ်ခုမျှ မရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူဦးဆောင်ခဲ့သော လူတို့အား ၎င်းတို့၏ဘိုးဘေးများဖြစ်ကြသော အာဒံနှင့်ဧဝတို့ထက် သာလွန် သွားစေလျက်၊ ၎င်းတို့အား

ကမ္ဘာပေါ် ရှိ ၎င်းတို့၏ဘဝများအတွက် ပိုင်ဆိုင်ထားသင့်သည့်အရာများကို ယေဟောဝါက လူတို့အား ပေးခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို ယေဟောဝါ ပေးခဲ့သည့်အရာမှာ အစဦး၌ အာဒံနှင့် ဧဝတို့ကို ကိုယ်တော်ပေးခဲ့သည်ထက် ပို၍သာလွန်သောကြောင့် ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဣသရေလပြည်၌ ယေဟောဝါပြုခဲ့သည့် အမှုသည် လူသားမျိုးနွယ်ကို လမ်းပြပေးရန်နှင့် လူတို့သည် မိမိတို့၏ ဖန်ဆင်းရှင်ကို သိမှတ်စေနိုင်ရန်သာ ဖြစ်သည်။ ယေဟောဝါက လူတို့ကို သိမ်းပိုက်ခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်းတို့ မပြုခဲ့ဘဲ၊ ၎င်းတို့ကို လမ်းပြခြင်းသာ ပြုခဲ့သည်။ ဤသည်မှာ ပညတ်တော်ခေတ်၌ ယေဟောဝါပြုခဲ့သည့် အမှုအားလုံး၏ အချုပ်ဖြစ်သည်။ ဤသည်မှာ ဣသရေလတစ်ပြည်လုံး၌ သူပြုခဲ့သောအမှု၏ နောက်ခံသမိုင်း၊ ဖြစ်ရပ်မှန် ဇာတ်ကြောင်း၊ အနှစ်သာရဖြစ်ပြီး၊ လူသားမျိုးနွယ်ကို ယေဟောဝါ လက်တော်၏ ထိန်းချုပ်မှုအောက်၌ ထားရှိရန် သူ၏အနှစ်ခြောက်ထောင် အမှုတော်၏ အစလည်း ဖြစ်သည်။ ထိုမှနေ၍ သူ၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်၌ သာ၍များသော အမှုတို့ ပေါ်ထွက်လာခဲ့သည်။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် “လိုက်နာရန်” ဆိုသည့် စကားစု မပါဝင်ပါ။

# ရွေးနှုတ်ခြင်းခေတ်၏အမှု နောက်ကွယ်မှ အဖြစ်မှန်

အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်ဖြစ်သော ငါ၏ စီမံခန့်ခွဲမှုအစီအစဉ် တစ်ရပ်လုံးတွင် အဆင့်သုံးဆင့်၊ သို့မဟုတ် ခေတ်သုံးခေတ် ပါဝင်သည်၊ အစအဦး၏ ပညတ်တော်ခေတ်၊ (ရွေးနှုတ်ခြင်းခေတ်လည်းဖြစ်သော) ကျေးဇူးတော်ခေတ်နှင့် နောက်ဆုံးသောကာလ၏ နိုင်ငံတော်ခေတ်တို့ဖြစ်လေသည်။ ဤခေတ်သုံးခေတ်တို့မှ ငါ၏အမှုသည် ခေတ်တစ်ခုစီ၏ သဘာဝနှင့်အညီ အကြောင်းအရာကွဲပြား၏၊ သို့ရာတွင် အဆင့်တစ်ခုစီတိုင်း၌ ဤအမှုသည် လူသား၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိသည်၊ သို့တည်းမဟုတ် ပို၍အတိအကျဆိုသော် စာတန်နှင့် ငါဆင်နွှဲသည့် စစ်ပွဲတွင် သူအသုံးပြုသည့် လှည့်ကွက်များနှင့်အညီ ဤအမှုကို လုပ်ဆောင်ခြင်းဖြစ်သည်။ ငါ့အမှု၏ ရည်ရွယ်ချက်မှာ စာတန်ကို အနိုင်ယူရန်၊ ငါ၏ဉာဏ်ပညာနှင့် အနန္တတန်ခိုးကို ထင်ရှားစေရန်နှင့် စာတန်၏

လှည့်ကွက်များ အားလုံးကို ဖော်ထုတ်ပြရန်ဖြစ်ပြီး၊ ဤနည်းအားဖြင့် စာတန်၏အုပ်စိုးမှု အောက်တွင် နေထိုင်ကြသည့် လူသားမျိုးနွယ်တစ်ရပ်လုံးကို ကယ်တင်ရန်ဖြစ်သည်။ ယင်းသည် ငါ၏ဉာဏ်ပညာနှင့် အနန္တတန်ခိုးကို ပြသရန်နှင့် စာတန်၏ မခံမရပ်နိုင် လောက်အောင် ကြောက်မက်ဖွယ်ကောင်းခြင်းကို ထုတ်ဖော်ပြရန်ဖြစ်၏၊ ယင်းထက်ပို၍ပင် ဖန်ဆင်းခံသက်ရှိတို့ အနေဖြင့် ကောင်းမှုနှင့် မကောင်းမှုကြား ခွဲခြားသိမြင်စေရန်၊ ငါသည် အရာအားလုံးတို့၏ အုပ်စိုးသူဖြစ်ကြောင်းကို သိကြစေရန်၊ စာတန်သည် လူသားတို့၏ ရန်သူ၊ အကျင့်ပျက်ယိုယွင်းသော နတ်ဆိုးဖြစ်ကြောင်းကို ရှင်းလင်းစွာ မြင်စေရန်ဖြစ်ပြီး၊ ၎င်းတို့အနေဖြင့် ကောင်းမှုနှင့် မကောင်းမှုကြား၊ သမ္မာတရားနှင့် မုသားကြား၊ သန့်ရှင်းခြင်းနှင့် ညစ်ညမ်းခြင်းကြား၊ ကြီးမြတ်သောအရာနှင့် ယုတ်ညံ့သော အရာကြား ခြားနားမှုကို အကြွင်းမဲ့ သေချာမှုဖြင့် သိကြစေရန် ဖြစ်သည်။ သို့မှသာ မသိနားမလည်သော လူသားတို့သည် ၎င်းတို့ကို ဖောက်ပြန်ပျက်စီး စေသည်မှာ ငါမဟုတ်ကြောင်းကို လည်းကောင်း၊ ဖန်ဆင်းရှင်ဖြစ်သော ငါကသာ လူသားတို့ကို ကယ်တင်နိုင်ပြီး လူတို့မွေ့လျော်ခံစား နိုင်သောအရာတို့ကို လူတို့အပေါ် အပ်နှင်းနိုင်ကြောင်းကိုလည်းကောင်း၊ ငါ့အတွက် သက်သေခံနိုင်လာကြလိမ့်မည်၊ ထို့ပြင် ငါသည် အရာအားလုံးတို့၏ အုပ်စိုးသူဖြစ်ကာ၊ စာတန်မူကား ငါက ဖန်ဆင်းခဲ့ပြီး နောက်ပိုင်းတွင် ငါ့ကိုဆန့်ကျင်ခဲ့သော သတ္တဝါများထဲမှ တစ်ယောက်မျှသာ ဖြစ်ကြောင်းကို ၎င်းတို့သိလာကြလိမ့်မည်။ ငါ၏အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်ကို အဆင့်သုံးဆင့် ပိုင်းခြားထားပြီး၊ ငါသည် ဤသို့လုပ်ဆောင်ရခြင်းမှာ ဖန်ဆင်းခံသတ္တဝါ တို့ကို ငါ့အတွက် သက်သေခံနိုင်စေခြင်းဟူသည့် အကျိုးရလဒ်ကို ရရှိစေရန်၊ ငါ၏အလိုတော်ကို နားလည်သဘောပေါက်ကြစေရန်နှင့် ငါသည် သမ္မာတရားဖြစ်ကြောင်းကို သိကြစေရန်ဖြစ်သည်။ ထို့ကြောင့် ငါ၏အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်၏ အစောပိုင်းအမှု၌ ငါသည် ပညတ်တော်အမှုကို ဆောင်ရွက်ခဲ့ကာ၊ ယင်းသည် ယေဟောဝါက လူတို့ကို လမ်းပြခဲ့သော အမှုဖြစ်ခဲ့၏။ ဒုတိယအဆင့် သည်ကား ကျေးဇူးတော်ခေတ်၏ အမှုကို ယုဒပြည်၏ ကျေးရွာတို့တွင် စတင်ခဲ့၏။ ယေရှုသည် ကျေးဇူးတော်ခေတ်၏ အမှုအားလုံးကို ကိုယ်စားပြုလေသည်၊ သူသည် လူ့ဇာတိကို ခံယူကာ၊ ကားတိုင်တွင် သံမှိုစွဲရိုက်ခံခဲ့ရပြီး၊ ကျေးဇူးတော်ခေတ်ကိုလည်း စတင်ခဲ့၏။ သူသည် ရွေးနုတ်ခြင်းအမှုကို ပြီးမြောက်စေရန်၊ ပညတ်တော်ခေတ်ကို အဆုံးသတ်၍ ကျေးဇူးတော်ခေတ်ကို စတင်ရန်အလို့ငှာ ကားတိုင်တွင် စီရင်ခံခဲ့ရ၏၊ ထို့ကြောင့် သူ့အား "အမြင့်ဆုံးသော စီရင်အုပ်စိုးသူ"၊ "အပြစ်ဖြေရာယဇ်" နှင့် "ရွေးနုတ်သူ" ဟူ၍ ခေါ်ဆိုကြလေသည်။ အကျိုးဆက် အနေဖြင့် ယေရှု၏အမှုနှင့် ယေဟောဝါ၏အမှုသည် အခြေခံသဘောအားဖြင့် တူညီသော်ငြားလည်း၊ ယင်းတို့သည်

အကြောင်းအရာပိုင်း၌ ကွဲပြားခဲ့ကြသည်။ ယေဟောဝါသည် ကမ္ဘာမြေပေါ်မှ ဘုရားသခင်၏အမှုအတွက် မူလစမှတ်ဖြစ်သော အခြေစိုက်ရာကို စတင်တည်ထောင်ခြင်းနှင့် ပညတ်တရားများနှင့် ပညတ်တော်တို့ကို ထုတ်ပြန်ခြင်းဖြင့် ပညတ်တော်ခေတ်ကို စတင်ခဲ့၏။ ဤသည်တို့မှာ သူဆောင်ရွက်ခဲ့သော အမှုအစိတ်အပိုင်း နှစ်ခုဖြစ်ပြီး၊ ၎င်းတို့သည် ပညတ်တော်ခေတ်ကို ကိုယ်စားပြု လေသည်။ ကျေးဇူးတော်ခေတ်တွင် ယေရှုပြုခဲ့သောအမှုမှာမူ ပညတ်တော်တို့ကို ထုတ်ပြန်ရန် မဟုတ်ဘဲ ယင်းတို့ကို ဖြည့်ဆည်းရန်ဖြစ်ကာ၊ ထိုသို့အားဖြင့် ကျေးဇူးတော်ခေတ်ကို အစပြုပေးလျက်၊ အနှစ်နှစ်ထောင် ကြာရှည်ခဲ့သော ပညတ်တော်ခေတ်ကို အဆုံးသတ်ပေးခဲ့ခြင်းဖြစ်သည်။ သူသည် ကျေးဇူးတော်ခေတ်ကို စတင်ရန်အလို့ငှာ ရောက်လာခဲ့သည့် ရှေ့ဆောင်သူဖြစ်သော်ငြားလည်း၊ သူ့အမှု၏ အဓိကအပိုင်းမှာ ရွေးနှုတ်ခြင်းတွင် တည်နေခဲ့သည်။ ထို့ကြောင့် သူ၏အမှု၌လည်း အဓိကအပိုင်းနှစ်ခု ရှိခဲ့၏၊ ယင်းတို့မှာ ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ခြင်းနှင့် သူ၏ကားစင်တင်ခံခြင်း အားဖြင့် ရွေးနှုတ်ခြင်းအမှုကို အဆုံးသတ်ခြင်းတို့ဖြစ်ကာ၊ ယင်းနောက်တွင် သူထွက်ခွာသွားခဲ့သည်။ ဤအချိန်မှစ၍ ပညတ်တော်ခေတ်သည် အဆုံးသတ်ခဲ့၍၊ ကျေးဇူးတော်ခေတ် စတင်ခဲ့လေသည်။

ယေရှုပြုခဲ့သောအမှုသည် ထိုခေတ်မှ လူသား၏ လိုအပ်ချက်များ နှင့်အညီ ဖြစ်ခဲ့သည်။ သူ၏တာဝန်သည် လူသားတို့ကို ရွေးနှုတ်ရန်၊ ၎င်းတို့၏အပြစ်များကို ခွင့်လွှတ်ရန်ဖြစ်ရာ၊ သူ၏ စိတ်သဘောထားသည် နှိမ့်ချခြင်း၊ သည်းခံခြင်း၊ ချစ်ခြင်း၊ ဘာသာတရား ကိုင်းရှိုင်းခြင်း၊ စိတ်ရှည်ခြင်း၊ သနားကရုဏာ၊ မေတ္တာတို့ဖြင့် အတိပြီးခဲ့၏။ သူသည် အလျှံပယ်များပြားလှသော ကျေးဇူးတော်၊ ကောင်းချီးမင်္ဂလာတို့နှင့် လူတို့ခံစားနိုင်မည့် အရာအားလုံးကို လူသားတို့ထံ ယူဆောင်လာခဲ့၏၊ ၎င်းတို့ခံစားရန် ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်း၊ သူ၏သည်းခံခြင်းနှင့် ချစ်ခြင်း၊ သူ၏သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုတို့ကို ၎င်းတို့အား ပေးခဲ့၏။ ယင်းအချိန်၌ လူတို့ကြုံတွေ့ခဲ့ရသည့် အလျှံပယ် များပြားလှသော ခံစားစရာများဖြစ်သည့် ၎င်းတို့၏ စိတ်နှလုံးများ အတွင်းမှ ငြိမ်းချမ်းမှု နှင့် လုံခြုံမှုခံစားချက်၊ ၎င်းတို့၏ စိတ်နှလုံးများအတွင်းမှ စိတ်ချ သေချာသော ခံစားချက်၊ ကယ်တင်ရှင်ယေရှုအပေါ် ၎င်းတို့၏ မှီခိုအားကိုးမှု စသည့်အရာအားလုံးတို့သည် ၎င်းတို့ရှင်သန်နေထိုင် ခဲ့သည့်ခေတ်တွင် ပါဝင်ခဲ့၏။ ကျေးဇူးတော်ခေတ်တွင် လူသားသည် စာတန်၏ဖောက်ပြန်ဖျက်ဆီးခြင်းကို ခံခဲ့ရပြီး ဖြစ်သည်၊ ထို့ကြောင့် လူသားအားလုံးတို့အား ရွေးနှုတ်ခြင်း အမှုကို ပြီးမြောက်စေရန်အတွက် အလျှံပယ်ပေါများလှသော ကျေးဇူးတော်၊ အဆုံးမရှိသော စိတ်ရှည် သည်းခံခြင်းတို့ လိုအပ်ခဲ့သည့်အပြင်၊ ထိုမျှမက လူသားတို့၏ အပြစ်များကို ပြေစေရန်အတွက်

အကျိုးသက်ရောက်မှုရှိမည့် လုံလောက် ပြည့်စုံသော ယဇ်တစ်ခုကိုလည်း လိုအပ်ခဲ့သည်။ ကျေးဇူးတော်ခေတ်၌ လူသားတို့မြင်ခဲ့ရသောအရာသည် ၎င်းတို့၏ အပြစ်များအတွက် ငါ၏အပြစ်ဖြေရာယဇ်ဖြစ်သည့် ယေရှုသာ ဖြစ်သည်။ ၎င်းတို့သိခဲ့သမျှမှာ ဘုရားသခင်သည် သနားကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း ရှိနိုင်သည် ဟူ၍ဖြစ်ပြီး၊ ၎င်းတို့မြင်ခဲ့သမျှမှာ ယေရှု၏ သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုတို့ပင် ဖြစ်သည်။ ယင်းမှာ ၎င်းတို့သည် ကျေးဇူးတော်ခေတ်တွင် မွေးဖွားခဲ့သောကြောင့်သာ ဖြစ်၏။ ထို့ကြောင့် ၎င်းတို့သည် ရွေးနှုတ်ခြင်း မခံရနိုင်မီ၌၊ အကျိုးတရားရရှိစေရန်အလို့ငှာ ၎င်းတို့အပေါ် ယေရှုက အပ်နှင်းထားသော ကျေးဇူးတော်အမျိုးမျိုးတို့ကို မဖြစ်မနေ ခံစားခဲ့ကြရသည်။ ဤနည်းအားဖြင့် ၎င်းတို့သည် ကျေးဇူးတော်ကို ခံစားခြင်းမှတစ်ဆင့် ၎င်းတို့၏အပြစ်များကို ခွင့်လွှတ်ခြင်း ခံရနိုင်သည့်အပြင်၊ ယေရှု၏စိတ်ရှည်သည်းခံမှုကို ခံစားခြင်းမှတစ်ဆင့် ရွေးနှုတ်ခံရမည့် အခွင့်အလမ်းကိုလည်း ရနိုင်ခဲ့ကြလေသည်။ ၎င်းတို့သည် ယေရှု၏ စိတ်ရှည်သည်းခံမှုကြောင့်သာ ယေရှုအပ်နှင်း ထားသည့် ခွင့်လွှတ်ခြင်းကို ရရှိရန်အခွင့်နှင့် အလျှံပယ်ဖြစ်သော ကျေးဇူးတော်ကို ခံစားရန်အခွင့်ကို ရခဲ့ကြခြင်းဖြစ်၏။ ငါသည် ဖြောင့်မတ်သူတို့ကို ရွေးနှုတ်ရန် လာခဲ့ခြင်းမဟုတ်၊ အပြစ်သားတို့ကို ရွေးနှုတ်ရန်၊ အပြစ်သားတို့အနေဖြင့် ၎င်းတို့၏ အပြစ်များမှ ခွင့်လွှတ်ခြင်း ခံရစေရန် လာခဲ့ခြင်းဖြစ်သည်ဟူ၍ ယေရှုပြောခဲ့သလိုပင် ဖြစ်သည်။ အကယ်၍ လူ့ဇာတိခံယူ သည့်အခါ ယေရှုသည် တရားစီရင်ခြင်း၊ ကျိန်ဆဲခြင်းနှင့် လူသား၏ ပုန်ကန်ပြစ်မှားခြင်းတို့အား သည်းမခံခြင်းဟူသည့် စိတ်သဘောထားကို ယူဆောင်လာခဲ့မည် ဆိုလျှင်၊ လူသားသည် ရွေးနှုတ်ခံရမည့် အခွင့်အလမ်းကို မည်သည့်အခါမျှ ရရှိလိမ့်မည် မဟုတ်သကဲ့သို့ အပြစ်တို့ဖြင့်သာ ထာဝရပြည့်နှက်လျက် ရှိနေလိမ့်မည် ဖြစ်သည်။ ဤသို့သာဖြစ်ခဲ့လျှင်၊ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်သည် ပညတ်တော်ခေတ်၌ ရပ်တန့်သွားခဲ့မည်ဖြစ်ကာ၊ ပညတ်တော်ခေတ်သည် နှစ်ခြောက်ထောင် ရှည်ကြာခဲ့ပေလိမ့်မည်။ လူသား၏ အပြစ်တို့သည်လည်း ပို၍များပြားကာ ပို၍ကြီးလေးလာလိမ့်မည်သာဖြစ်၍၊ လူသားတို့အား ဖန်ဆင်းခြင်းသည် အချည်းနှီးသာ ဖြစ်ခဲ့ပေလိမ့်မည်။ လူသားတို့သည် ယေဟောဝါအား ပညတ်တော်အောက်၌သာ အစေခံနိုင်ကြပေလိမ့်မည်၊ သို့ရာတွင် ၎င်းတို့၏ အပြစ်တို့မှာမူ အဦးအစ ဖန်ဆင်းခံလူသားတို့၏ အပြစ်တို့ထက် ကျော်လွန်သွားမည်သာဖြစ်၏။ ယေရှုသည် လူသားအား ၎င်းတို့၏ အပြစ်များကို ခွင့်လွှတ်လျက်၊ လုံလောက် ပြည့်စုံသော သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုကို ၎င်းတို့အပေါ် ယူဆောင်လာကာ ချစ်ခင်ခဲ့လေလေ၊ လူသားသည် ယေရှုအားဖြင့် ကယ်တင်ခံရရန်နှင့် ယေရှုက ကြီးစွာသော

အဖိုးအခဖြင့် ပြန်ဝယ်ယူခဲ့သည့် ပျောက်သောသိုးသငယ်များ အဖြစ် ခေါ်ဆိုခံရရန် အခွင့်ကို ပို၍ရလေလေဖြစ်၏။ ယေရှုသည် သူ၏နောက်လိုက်တို့ကို ချစ်သောမိခင်တစ်ဦးက မိမိ၏ရင်ဝယ်ရှိ နို့စို့ကလေးငယ်အား ဆက်ဆံသကဲ့သို့ ဆက်ဆံသောကြောင့်၊ စာတန်သည် ဤအမှုတွင် ဝင်ရောက်မစွက်ဖက်နိုင်ခဲ့ချေ။ ယေရှုသည် ၎င်းတို့အပေါ် ဒေါသဖြစ်ခြင်း၊ သို့မဟုတ် မထီမဲ့မြင်ပြုခြင်း မရှိခဲ့ဘဲ၊ နူးညံ့သိမ်မွေ့မှုဖြင့်သာ ပြည့်နှက်ခဲ့၏၊ သူသည် ၎င်းတို့ကြား၌ ဒေါသတကြီးဖြစ်ခြင်း အလျှင်းမရှိခဲ့ဘဲ၊ "အခြားသူတို့အား အကြိမ်ခုနစ်ဆယ် ခုနစ်လီမြောက်အောင် ခွင့်လွှတ်ရမည်" ဟု ပြောဆိုခဲ့သည့်အထိပင် ၎င်းတို့၏ အပြစ်များကို သည်းခံခဲ့ကာ၊ ၎င်းတို့၏ မိုက်မဲမှုနှင့် မသိနားမလည်မှုတို့ကို မသိကျိုးကျွန်ပြုခဲ့လေသည်။ ထို့ကြောင့် အခြားသူတို့၏ စိတ်နှလုံးတို့သည် သူ၏စိတ်နှလုံးအားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခဲ့ပြီး ထို့ကြောင့်သာလျှင် လူတို့သည် သူ၏စိတ်ရှည်ခြင်းမှတစ်ဆင့် ၎င်းတို့၏ အပြစ်များအတွက် ခွင့်လွှတ်ခြင်းကို ရခဲ့ကြ၏။

ယေရှုသည် သူ၏လူ့ဇာတိခံယူခြင်း၌ စိတ်ခံစားမှု လုံးလုံးမရှိခဲ့သော်ငြားလည်း၊ သူသည် သူ၏တပည့်တော်များကို အစဉ်အမြဲ နူးညံ့သိမ်မွေ့ခဲ့၏၊ ၎င်းတို့ကို အထောက်အပံ့ပေးခဲ့၏၊ ၎င်းတို့ကို ကူညီပံ့ပိုးခဲ့၏။ သို့သော် သူ့အနေဖြင့် အမှုမည်မျှကို ပြုခဲ့သည်ဖြစ်စေ၊ ဆင်းရဲဒုက္ခကို မည်မျှကြွကြွခံခဲ့ရသည်ဖြစ်စေ၊ သူသည် လူတို့အပေါ် လွန်ကဲသော တောင်းဆိုမှုများကို မည်သည့်အခါမျှ မပြုလုပ်ခဲ့ဘဲ၊ ၎င်းတို့၏ အပြစ်များအတွက် အစဉ်အမြဲ စိတ်ရှည်သည်းခံ ခဲ့သောကြောင့်၊ ကျေးဇူးတော်ခေတ်မှ လူတို့သည် သူ့ကို "ချစ်ဖွယ်ကောင်းသော ကယ်တင်ရှင်ယေရှု" ဟူ၍ အမြတ်တနိုး ခေါ်ဝေါ် ခဲ့ကြသည်။ ယင်းခေတ်ကာလမှ လူအားလုံးတို့အတွက်ကား ယေရှု၏အရာအားလုံးနှင့် ဖြစ်ခြင်းသည် သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုသာ ဖြစ်ခဲ့၏။ သူသည် လူတို့၏ ပြစ်မှားခြင်းတို့ကို မည်သည့်အခါမျှ မှတ်သားခြင်း မရှိသကဲ့သို့၊ ၎င်းတို့အပေါ် သူ၏ဆက်ဆံမှုမှာလည်း ၎င်းတို့၏ ပြစ်မှားခြင်းများတွင် မည်သည့် အခါမျှ အခြေမတည်ခဲ့ချေ။ ယင်းသည် ကွဲပြားသော ခေတ်တစ်ခု ဖြစ်ခဲ့သောကြောင့်၊ လူတို့အနေဖြင့် ဝလင်စွာစားသောက်နိုင်စေရန် အတွက် များစွာသော အစာအာဟာရတို့ကို လူတို့အပေါ် သူနှင်းအပ်ပေးခဲ့သည်။ သူသည် နာမကျန်းသူကို ပျောက်ကင်းစေခြင်း၊ နတ်ဆိုးတို့ကို နှင်ထုတ်ခြင်း၊ သေသူကို ပြန်ရှင်စေခြင်းအားဖြင့် သူ၏နောက်လိုက်အားလုံးတို့ကို ကျေးဇူးတော်ဖြင့် ပြုမူဆက်ဆံခဲ့၏။ လူတို့အနေဖြင့် သူ့ကို ယုံကြည်နိုင်စေရန်နှင့် သူပြုသမျှအားလုံးမှာ လေးနက်စွာနှင့် စစ်မှန်စွာ လုပ်ဆောင်ခြင်းဖြစ်ကြောင်း မြင်ကြစေရန်အလို့ငှာ၊ သူသည် ပုပ်ပွနေသော အလောင်းကောင် တစ်ခုကို ထမြောက်စေသည်အထိ ပြုခဲ့၍၊ သူ၏လက်ထဲ၌ သေသူသည်ပင်

ပြန်ရှင်နိုင်ကြောင်းကို ၎င်းတို့အား ပြသခဲ့၏။ ဤသို့သောနည်းလမ်းဖြင့် သူသည် တိတ်ဆိတ်စွာ သည်းခံ၍၊ သူ၏ရွေးနှုတ်ခြင်းအမှုကို ၎င်းတို့ကြား၌ ဆောင်ရွက်ခဲ့လေသည်။ ကားတိုင်၌ သံမှိုဖြင့်စွဲရိုက်ခြင်း မခံရမီကပင်၊ ယေရှုသည် လူသားတို့၏ အပြစ်များအတွက် တာဝန်ယူထားပြီးဖြစ်သကဲ့သို့၊ လူသားမျိုးနွယ် အတွက် အပြစ်ဖြေရာယဇ်တစ်ခုလည်း ဖြစ်နေခဲ့ပြီ ဖြစ်သည်။ ကားတိုင်တွင် အဆုံးစီရင်ခြင်း မခံရမီ၌ပင်၊ သူသည် လူသားမျိုးနွယ်ကို ရွေးနှုတ်ရန်အလို့ငှာ ကားတိုင်သို့ သွားရာလမ်းအား ဖွင့်လှစ်ထားခဲ့ပြီ ဖြစ်သည်။ အဆုံးတွင်မူ ကားတိုင်အလို့ငှာ သူ့ကိုယ်သူ ပေးဆပ်လျက်၊ ကားတိုင်တွင် သံမှိုစွဲရိုက်ခြင်းခံခဲ့ရပြီး သူသည် သူ၏သနားကရုဏာ၊ ချစ်ခင်ကြင်နာမှုနှင့် သန့်ရှင်းခြင်းအားလုံးတို့ကို လူသားမျိုးနွယ် အပေါ် နှင်းအပ်ခဲ့သည်။ သူသည် ၎င်းတို့၏ အပြစ်များကို ခွင့်လွှတ်ခြင်း၊ ၎င်းတို့အား နောင်တရရန် တိုက်တွန်းခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် ချစ်ခြင်းမေတ္တာ ရှိကြစေရန် သင်ကြားပေးခြင်း၊ သူ၏ခြေလှမ်းများ အတိုင်းလိုက်ကာ ကားတိုင်အတွက် ကိုယ့်ကိုယ်ကိုယ် စွန့်လွှတ်ကြရန် သင်ကြားပေးခြင်းတို့ဖြင့် လူသားတို့အပေါ် အစဉ်အမြဲ သည်းခံခဲ့၍၊ မည်သည့်အခါမျှ အငြိုးအတေးထားခြင်း မရှိခဲ့ချေ။ ညီအစ်ကို မောင်နှမတို့အတွက် သူ၏ချစ်ခြင်းမေတ္တာသည် မာရိအပေါ်ထားသည့် သူ၏ချစ်ခြင်းမေတ္တာထက်ပင် ပိုလွန်ခဲ့သည်။ သူပြုခဲ့သောအမှုသည် နာမကျန်းသူကို ပျောက်ကင်းစေခြင်းနှင့် နတ်ဆိုးတို့ကို နှင်ထုတ်ခြင်း တို့အား အမှု၏အခြေခံသဘောအဖြစ် မှတ်ယူလျက်၊ အားလုံးတို့သည် သူ၏ရွေးနှုတ်ခြင်းအတွက် ဖြစ်ခဲ့၏။ သူသည် မည်သည့်နေရာသို့ သွားခဲ့သည်ဖြစ်စေ၊ သူ့နောက်သို့ လိုက်သူအားလုံးတို့ကို ကျေးဇူးတော်ဖြင့် ပြုမူဆက်ဆံခဲ့သည်။ သူသည် ဆင်းရဲသူကို ချမ်းသာစေခဲ့၏၊ ခြေကျိုးသူကို လမ်းလျှောက်နိုင်စေခဲ့၏၊ မျက်ကန်းသူကို မြင်စေခဲ့ပြီး နားမကြားသူကို ကြားစေခဲ့၏။ သူသည် အနိမ့်ကျဆုံး သောသူများ၊ ခိုကိုးရာမဲ့သူများနှင့် အပြစ်သားများကို သူနှင့်အတူ တစ်စားပွဲတည်းထိုင်ရန်ပင် ဖိတ်ခေါ် ခဲ့၏၊ ၎င်းတို့အား မည်သည့်အခါမျှ ရှောင်ဖယ်ခြင်း မရှိဘဲ၊ အစဉ်အမြဲ စိတ်ရှည်သည်းခံခဲ့ပြီး "သိုးထိန်းတစ်ယောက်သည် အကောင်တစ်ရာ ရှိသော သိုးတို့ထဲမှ သိုးတစ်ကောင် ပျောက်ဆုံးသည့်အခါ၊ သူသည် ပျောက်သော သိုးအား ရှာဖွေရန်အတွက် ကိုးဆယ့်ကိုးကောင်ကို ထားရစ်ပေလိမ့်မည်၊ ပြီးနောက် ထိုသိုးအား ရှာတွေ့သည့်အခါ သူသည် ကြီးစွာ ဝမ်းမြောက်ပေလိမ့်မည်" ဟူ၍ပင် ပြောဆိုခဲ့၏။ သိုးမတစ်ကောင်သည် မိမိ၏သိုးငယ်တို့ကို ချစ်သကဲ့သို့၊ သူသည် သူ၏နောက်လိုက်တို့ကို ချစ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် မိုက်မဲ၍ မသိနားမလည်ကြကာ၊ သူ၏အမြင်တွင် အပြစ်သားများ ဖြစ်ခဲ့ကြ သော်ငြားလည်း၊ ထို့ပြင် လူ့အဖွဲ့အစည်း၏ အနိမ့်ကျဆုံးလူများ ဖြစ်ကြသော်ငြားလည်း၊ သူသည် အခြားသူတို့က စက်ဆုပ်ရွံရှာသည့် ဤအပြစ်သားတို့ကို

သူ၏မျက်ရှုပမာအဖြစ် သဘောထား ခဲ့သည်။ သူသည် ၎င်းတို့ကို မျက်နှာသာပေးခဲ့သည့်အတွက်၊ သိုးသူငယ် တစ်ကောင်အား ယဇ်ပလ္လင်ပေါ်တွင် ပူဇော်သကဲ့သို့ သူ၏အသက်ကို ၎င်းတို့အတွက် စွန့်လွှတ်ခဲ့၏။ သူသည် ၎င်းတို့၏ အစေခံကဲ့သို့၊ သူ့အား အသုံးပြုစေ၍ သတ်ဖြတ်စေကာ၊ ၎င်းတို့ထံ အကြွင်းမဲ့ အပ်နှံလျက်ဖြင့်၊ ၎င်းတို့ကြား၌ လှည့်လည်သွားလာခဲ့၏။ သူသည် သူ၏ နောက်လိုက်များအတွက် ချစ်ဖွယ်ကောင်းသော ကယ်တင်ရှင် ယေရှု ဖြစ်ခဲ့သော်လည်း၊ လူတို့အား မြင့်သောနေရာထက်မှ ဩဝါဒပေး ကြသည့် ဖာရိရှဲတို့အတွက်မူ၊ သူသည် သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုကို မပြသခဲ့ဘဲ၊ စက်ဆုပ်ရွံရှာခြင်းနှင့် မကျေမချမ်းမှု ကိုသာ ပြခဲ့သည်။ သူသည် ဖာရိရှဲတို့ကြား၌ များစွာလုပ်ဆောင်ခဲ့ခြင်း မရှိခဲ့ဘဲ၊ တစ်ခါတစ်ရံမှသာ ဩဝါဒပေးခြင်းနှင့် ပြစ်တင်မောင်းမဲခြင်း ပြုခဲ့သည်၊ သူသည် ၎င်းတို့ကြား၌ ရွေးနုတ်ခြင်းအမှုကို မလုပ်ဆောင်ခဲ့သကဲ့သို့၊ နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများ တို့ကိုလည်း မပြုလုပ်ခဲ့ချေ။ သူသည် သူ၏သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုအားလုံးတို့ကို သူ၏နောက်လိုက်များအပေါ် နှင်းအပ်ပေးခဲ့၏၊ သူ့အား ကားတိုင်တွင် သံမှိုစွဲရိုက်သည့် နောက်ဆုံးအချိန်အထိ ဤအပြစ်သားတို့အတွက် ကြံ့ကြံ့ခံခဲ့ကာ၊ လူသားအားလုံးတို့ကို အပြည့်အဝ ရွေးနုတ်ခဲ့ပြီးသည်အထိ အရှက်ရခြင်းမှန်သမျှကို ခံစားခဲ့သည်။ ဤသည်မှာ သူ၏အမှုအစုစုပင် ဖြစ်သည်။

ယေရှု၏ရွေးနုတ်ခြင်းသာ မရှိခဲ့လျှင်၊ လူသားမျိုးနွယ်သည် အပြစ်၌ ထာဝရ ရှင်သန်နေထိုင်ခဲ့ကြမည်ဖြစ်ကာ၊ အပြစ်၏ သားသမီးများ၊ မိစ္ဆာတို့မှ ဆင်းသက်လာသူများ ဖြစ်လာကြ လိမ့်မည်။ ဤသို့သာ ဆက်ဖြစ်ခဲ့သော်၊ ကမ္ဘာလောက တစ်ခုလုံးသည် စာတန် ကျိန်းဝပ်သော နယ်မြေ၊ ၎င်း၏နေထိုင်ရာ အရပ်ဖြစ်လာပေမည်။ သို့ရာတွင် ရွေးနုတ်ခြင်းအမှုသည် လူသားတို့အပေါ် သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုတို့အား ပြသရန် လိုအပ်ခဲ့၏၊ ယင်းသို့သော နည်းလမ်းအားဖြင့်သာ လူသားမျိုးနွယ်သည် ခွင့်လွှတ်ခြင်းကို ရရှိနိုင်ခဲ့၍၊ အဆုံး၌ ဘုရားသခင်အားဖြင့် စုံလင်စေခြင်း ခံရရန်နှင့် အပြည့်အဝ ရယူခြင်းခံရစေရန် အခွင့်ကိုလည်း ရနိုင်ခဲ့ကြသည်။ အမှု၏ ဤအဆင့်သာ မရှိခဲ့လျှင်၊ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်သည် တိုးတက်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ အကယ်၍ ယေရှုသည် ကားတိုင်၌ အဆုံးစီရင်ခြင်း မခံခဲ့ရသော်၊ သူသည် နာမကျန်းသူကိုသာ ပျောက်ကင်းစေ၍ နတ်ဆိုးတို့ကိုသာ နှင်ထုတ် ခဲ့သော်၊ လူတို့သည် ၎င်းတို့၏ အပြစ်များအတွက် ခွင့်လွှတ်ခြင်းကို လုံးလုံးခံရနိုင်ခဲ့မည် မဟုတ်ချေ။ ယေရှုသည် ကမ္ဘာလောကပေါ်တွင် သူ၏အမှုကိုပြုရင်း ကုန်ဆုံးခဲ့သည့် သုံးနှစ်ခွဲကာလအတွင်း၌၊ သူသည်

ရွေးနှုတ်ခြင်းအမှု၏ တစ်ဝက်ကိုသာ ပြီးမြောက်ခဲ့၏၊ ထို့နောက် ကားတိုင်တွင် သံမှိုစွဲရိုက်ခံရခြင်းနှင့် အပြစ်တို့ဖြင့် ပြည့်နှက်သော ဇာတိပကတိပုံသဏ္ဍာန် ဖြစ်လာခြင်းအားဖြင့်လည်းကောင်း၊ နတ်ဆိုးထံ အပ်နှံခံရခြင်းအားဖြင့်လည်းကောင်း၊ သူသည် ကားတိုင်၌ အဆုံးစီရင်ခံရခြင်းအမှုကို ပြီးမြောက်ခဲ့ကာ၊ လူသားမျိုးနွယ်၏ ကံကြမ္မာကို ထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။ သူ့အား စာတန်၏လက်သို့ လွှဲအပ်ပြီးနောက်မှသာ၊ သူသည် လူသားမျိုးနွယ်ကို ရွေးနှုတ် ခဲ့ခြင်းဖြစ်၏။ သုံးဆယ့်သုံးနှစ်ခွဲ ကြာကာလအတွင်း သူသည် ကမ္ဘာလောကပေါ်၌ လှောင်ပြောင် ခံရခြင်း၊ အသရေဖျက်ခံရခြင်း၊ ပစ်ပယ်ခံရခြင်းတို့ကို ခံစားခဲ့ရကာ၊ သူ၌ ခေါင်းချရန်နေရာ၊ နားခိုရန်နေရာ မရှိသည် အထိဖြစ်ခဲ့ပြီး၊ ထို့နောက်တွင် သန့်ရှင်း၍ အပြစ်ကင်းသော ခန္ဓာဖြစ်သည့် သူ၏ဖြစ်ခြင်းတစ်ခုလုံးသည် ကားတိုင်ထက်၌ သံမှိုစွဲရိုက်ခံရလျက် အဆုံးစီရင်ခြင်းခံခဲ့ရ၏။ သူသည် ရှိရှိသမျှသော ဒုက္ခဆင်းရဲမှန်သမျှကို ကြံ့ကြံ့ခံခဲ့၏။ အာဏာ ရှိသူတို့က သူ့အား ပြက်ရယ်ပြု၍ ကျာပွတ်နှင့်ရိုက်နှက်ခဲ့သလို၊ စစ်သားများ ကလည်း သူ၏မျက်နှာကို တံတွေးနှင့်ပင် ထွေးခဲ့ကြ၏၊ သို့သော် သူသည် ဆိတ်ဆိတ်သာ နေခဲ့၍၊ အဆုံးထိတိုင် ကြံ့ကြံ့ခံခဲ့ကာ၊ သေဆုံးသည်အထိ အကြွင်းမဲ့ နာခံသွားခဲ့ပြီးနောက် လူသားအားလုံး တို့ကို သူရွေးနှုတ်ခဲ့ခြင်း ဖြစ်လေသည်။ ထို့နောက်မှသာ သူသည် အနားယူခွင့်ရခဲ့သည်။ ယေရှုပြုခဲ့သောအမှုသည် ကျေးဇူးတော်ခေတ် ကိုသာ ကိုယ်စားပြုခဲ့၏၊ ယင်းသည် ပညတ်တော်ခေတ်ကို ကိုယ်စားပြုခြင်း မဟုတ်သကဲ့သို့၊ နောက်ဆုံးသောကာလ၏ အမှုအတွက် အစားထိုးခြင်းတစ်ခုလည်း မဟုတ်ချေ။ ဤသည်မှာ ရွေးနှုတ်ခြင်းခေတ်ဖြစ်သည့် လူသားမျိုးနွယ် ဖြတ်သန်းခဲ့ပြီးသော ဒုတိယခေတ်ဟူသည့် ကျေးဇူးတော်ခေတ် အတွင်းရှိ ယေရှုအမှု၏ အနှစ်သာရပင် ဖြစ်လေသည်။

# လူငယ်နှင့် သက်ကြီးရွယ်အိုတို့အတွက် နှုတ်ကပတ်တော်များ

ကမ္ဘာမြေပေါ်တွင် အလွန်များပြားသော အမှုပမာဏကို ငါ ဆောင်ရွက်ပြီးဖြစ်ကာ လူသားမျိုးနွယ်ကြား နှစ်ပေါင်းများစွာ ငါ လျှောက်လှမ်းပြီးဖြစ်၏၊ သို့တိုင် လူတို့သည် ငါ၏သဏ္ဍာန် နှင့် ငါ၏ စိတ်သဘောထားတို့ နှင့်ဆိုင်သည့် အသိပညာ ရှိခဲလှပြီး ငါ လုပ်ဆောင်သည့် အမှုကို လူအနည်းငယ်ကသာ စေ့စေ့စပ်စပ် ရှင်းပြ နိုင်ပေသည်။ လူတို့ ချို့တဲ့သည့် အရာများစွာရှိ၏၊ ငါ ပြုသည့် အမှုနှင့်ဆိုင်သည့် သိနားလည်မှု ၎င်းတို့ အမြဲ ချို့တဲ့ကြပြီး ငါသည် ၎င်းတို့ကို အခြားသော အခြေအနေတစ်ခုထဲတွင် ထားပြီးနောက် နောက်ထပ်အရေးမစိုက်မည်ကို အလွန်အမင်း ကြောက်ရွံ့ကြသည့်အလား ၎င်းတို့၏

စိတ်နှလုံးများက အမြဲ သတိထားနေကြလေသည်။ ထို့ကြောင့်၊ ငါ့အပေါ် လူတို့၏ သဘောထားမှာ အားကောင်းသော သတိပမာဏတစ်ခုနှင့်အတူ အစဉ်အမြဲ ဟက်ဟက်ပက်ပက် မရှိချေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူတို့သည် ငါ ပြုသည့် အမှုကို နားလည်ခြင်းမရှိဘဲ မျက်မှောက်အချိန်သို့ ရောက်လာကြသောကြောင့်ဖြစ်ပြီး အထူးသဖြင့် ၎င်းတို့ကို ငါ ပြောဆိုသည့် နှုတ်ကပတ်တော်များဖြင့် ၎င်းတို့ ခေါင်းခြောက်ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ငါ၏ နှုတ်ကပတ်တော်များထဲသို့ မိမိတို့ကိုယ်ကိုယ် မဆုတ်မနစ်သော ယုံကြည်မှု ဆက်ကပ်သင့်သလော သို့မဟုတ် ချီတုံချတုံဖြစ်ခြင်းကို ရွေးချယ်ကာ ထိုနှုတ်ကပတ်တော်များကို မေ့လျော့သင့်သလော ဆိုသည်ကို မသိဘဲ ငါ၏နှုတ်ကပတ်တော်များကို ၎င်းတို့လက်ထဲတွင် စွဲကိုင်ထားကြ၏။ ထိုနှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်သင့်သလော သို့မဟုတ် စောင့်ဆိုင်းကာ ကြည့်ရှုသင့်သလော၊ အရာရာကို ဘေးဖယ်ထားပြီး ရဲဝံ့စွာ လိုက်လျှောက်သင့်သလော သို့မဟုတ် ယခင်ကဲ့သို့ လောကနှင့် ရင်းနှီးမှုကို ဆက်လက် ထိန်းသိမ်းသင့်သလော ဆိုသည်ကို ၎င်းတို့ မသိကြချေ။ လူတို့၏ အတွင်းကမ္ဘာများက အလွန်ရှုပ်ထွေးပြီး ၎င်းတို့ အလွန်ကောက်ကျစ်ကြလေသည်။ လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို ရှင်းရှင်းလင်းလင်း သို့မဟုတ် ပြည့်ပြည့်ဝဝ မမြင်နိုင်ကြသောကြောင့်၊ ၎င်းတို့ထဲမှ များစွာသောသူတို့သည် ထိုနှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ရာတွင် အကျပ်ရိုက်ကြပြီး ၎င်းတို့၏ စိတ်နှလုံးများကို ငါ၏ရှေ့မှောက် ချထားရာတွင် အခက်တွေ့ကြလေသည်။ သင်တို့၏ အခက်အခဲများကို ငါ နက်နက်ရှိုင်းရှိုင်း နားလည်၏။ ဇာတိပကတိဖြင့် အသက်ရှင်နေချိန်တွင် အားနည်းချက်များစွာကို ရှောင်လွှဲမရသကဲ့သို့၊ ဓမ္မဓိဋ္ဌာန်ကျသော အချက်များစွာက သင်တို့အတွက် အခက်အခဲများ ဖန်တီးလေသည်။ သင်တို့သည် သင်တို့၏ မိသားစုများကို ကျွေးမွေးကြသည်၊ သင်တို့၏ နေ့ရက်များကို အလုပ်ကြိုးစားခြင်းဖြင့် ကုန်ဆုံးကြပြီး၊ လနှင့် နှစ်များသည် ဆင်းရဲဒုက္ခဖြင့် ကုန်လွန်သွားကြသည်။ ဇာတိပကတိဖြင့် အသက်ရှင်ရာတွင် အခက်အခဲများစွာ ရှိ၏- ဤအရာကို ငါ မငြင်းသကဲ့သို့၊ သင်တို့အပေါ် ငါ၏ သတ်မှတ်ချက်များမှာ သင်တို့၏ အခက်အခဲများနှင့်အညီ ပြုလုပ်ထားခြင်း ဖြစ်သည်။ ငါပြုသည့်အမှုရှိ သတ်မှတ်ချက်များအားလုံးမှာ သင်တို့၏ တကယ့်ဝိညာဉ်အသက်တာအပေါ် အခြေပြု၏။ အတိတ်တွင်၊ လူတို့သည် ၎င်းတို့၏ အလုပ်ထဲတွင် သင်တို့အပေါ် ပြုသည့် သတ်မှတ်ချက်များက လွန်ကဲသော အရာများဖြင့် ရောထွေးကောင်း ရောထွေးနိုင်သော်လည်း၊ ငါပြောဆိုကာ လုပ်ဆောင်သည့်အရာ၌ ငါသည် သင်တို့အပေါ် လွန်ကဲသော သတ်မှတ်ချက်များ

မည်သည့်အခါမျှ မရှိခဲ့သည်ကို သင်တို့ သိသင့်၏။ သတ်မှတ်ချက်များ အားလုံးသည် လူတို့၏ သဘာဝဗီဇ၊ ဓာတိပကတိနှင့် ၎င်းတို့ လိုအပ်သည့်အရာတို့အပေါ် အခြေပြုလေသည်။ လူတို့၌ရှိသည့် ယုတ္တိတန်သော စဉ်းစားပုံအချို့ကို ငါ မဆန့်ကျင်သကဲ့သို့ လူသားမျိုးနွယ်၏ မွေးရာပါ သဘာဝဗီဇကို ငါမဆန့်ကျင်သည်ကို သင်တို့ သိသင့်ကြပြီး ငါ အလွန်ရှင်းလင်းစွာ သင်တို့ကို ပြောနိုင်၏။ ယခုချိန်ထိ လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို သံသယရှိကြပြီး ထက်ဝက်မျှထက်နည်းသောလူတို့က ငါ၏ နှုတ်ကပတ်တော်များကို ယုံကြည်ကြသည်မှာ ၎င်းတို့ကို ငါ ချမှတ်သည့် စံနှုန်းများက အမှန်တကယ် မည်သည့်အရာများ ဖြစ်သည်ကို လူတို့ နားမလည်ကြသကဲ့သို့ ငါ့နှုတ်ကပတ်တော်များ၏ မူရင်းအဓိပ္ပါယ်ကိုလည်း နားမလည်ကြသောကြောင့်သာ ဖြစ်ပေသည်။ ကျန်သည့်သူများမှာ မယုံကြည်သူများ ဖြစ်ကြပြီး၊ ထိုထက်ပင်များသောသူတို့မှာ ငါ "ပုံပြင်များ" ပြောဆိုသည်ကို ကြားလိုသောသူများ ဖြစ်လေသည်။ ထို့အပြင်၊ ပွဲလမ်းအခမ်းအနားကို မွေ့လျော်သောသူများစွာ ရှိ၏။ သင်တို့ကို ငါ သတိပေးသည်မှာ- ငါ့ကို ယုံကြည်သူသောတို့ထံ ငါ၏ နှုတ်ကပတ်တော်များစွာတို့ကို ဖွင့်ပြနှင့်ပြီးဖြစ်ကာ နိုင်ငံတော်၏ လှပသော မြင်ကွင်းကို မွေ့လျော်သော်လည်း ယင်း၏ ဂိတ်တံခါးအပြင်ဘက်တွင် ပိတ်လှောင်ခံသူတို့ကို ငါ ပယ်ရှင်းနှင့်ပြီးဖြစ်သည်။ သင်တို့သည် ငါ၏စက်ဆုပ်ခြင်းနှင့် ငြင်းပယ်ခြင်း ခံရသည့် တောပင်များသာ ဖြစ်ကြသည်မဟုတ်လော။ သင်တို့သည် အဘယ်သို့ ငါထွက်ခွာသည်ကို စောင့်ကြည့်ပြီး ငါ၏ ပြန်ကြွလာခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုနိုင်မည်နည်း။ နိနေဝေမြို့သားတို့သည် ယေဟောဝါ၏ အမျက်ဒေါသ နှုတ်ကပတ်တော်များကို ကြားသည့်နောက်၊ လျှော်တေ အဝတ်နှင့် ပြာမှုန့်များဖြင့် ၎င်းတို့ ချက်ချင်း နောင်တရခဲ့ကြသည်ကို သင်တို့အား ငါ ပြော၏။ ၎င်းတို့ ကြောက်ရွံ့မှုနှင့် ထိတ်လန့်ခြင်းတို့ဖြင့် ပြည့်ကာ ထိုသို့ဖြင့် လျှော်တေအဝတ်နှင့် ပြာမှုန့်များဖြင့် နောင်တရခဲ့ကြသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ ယုံကြည်ခဲ့ကြသောကြောင့် ဖြစ်သည်။ ယနေ့ လူတို့အတွက်မူ၊ သင်တို့သည်လည်း ငါ၏ နှုတ်ကပတ်တော်များကို ယုံကြည်ပြီး ထို့ထက်ပင် ယေဟောဝါသည် ယနေ့ သင်တို့အလယ် တစ်ဖန် ကြွလာသည်ကို ယုံကြည်ကြသော်လည်း၊ ယုဒပြည်တွင် လွန်ခဲ့သည့် ထောင်စုနှစ်များစွာက မွေးဖွားခဲ့ပြီး ယနေ့ သင်တို့အလယ်တွင် ဆင်းသက်လာခဲ့သည့် ယေရှုကို သင်တို့ စောင့်ကြည့်ရုံ စောင့်ကြည့်နေကြသည့်အလား သင်တို့၏ သဘောထားမှာ မရိုသေသော သဘောထားမျှသာဖြစ်သည်။ သင်တို့ စိတ်နှလုံးများအတွင်းတွင် တည်ရှိသော လှည့်ဖြားမှုကို ငါ နက်နက်ရှိုင်းရှိုင်း နားလည်သည်။ သင်တို့ထဲမှ အများစုမှာ သိချင်စိတ်ပြင်းပြမှုဖြင့် ငါ့နောက်လိုက်ကြပြီး၊ အနှစ်မဲ့မှုကြောင့် ငါ့ကို ရှာဖို့ လာကြလေပြီ။ အေးချမ်းပြီး ပျော်သည့်

ဘဝတစ်ခုအတွက်ဖြစ်သည့် သင်တို့၏ တတိယဆန္ဒ ပြုကြွသည့်အခါ၊ သင်တို့၏ သိချင်စိတ်ပြင်းပြမှုသည်လည်း ပျောက်ကွယ်လေသည်။ သင်တို့ အသီးသီး၏ စိတ်နှလုံးများအတွင်း တည်ရှိသော လှည့်ဖြားမှုသည် သင်တို့၏ စကားများနှင့် လုပ်ရပ်များမှတဆင့် ဖော်ထုတ် ခံရသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင်၊ သင်တို့သည် ငါ့အကြောင်းကို သိလိုစိတ်ပြင်းပြရုံသာရှိကြပြီး ငါ့ကို မကြောက်ရွံ့ကြ။ သင်တို့၏ အပြုအမူများ၌ ချုပ်တည်းမှုကို ကျင့်ကြံဖို့ ဝေးစွ၊ သင်တို့၏လျှာများကိုပင် သင်တို့ သတိမထားကြ။ ထိုသို့ဆိုလျှင် မည်သည့် ယုံကြည်ခြင်းမျိုး သင်တို့ ဧကန်အမှန် ရှိကြသနည်း။ ယင်းသည် စစ်မှန်ပါ၏လော။ သင်တို့၏ စိုးရိမ်ပူပန်မှုများကို ပပျောက်စေရန်နှင့် သင်တို့၏ ငြီးငွေ့ခြင်းကို သက်သာစေရန်၊ သင့်ဘဝ၏ ကျန်ရှိနေသော နေရာလပ်များကို ဖြည့်ဆည်းရန်သာ ငါ၏နှုတ်ကပတ်တော်များကို သင်တို့အသုံးပြုကြသည်။ သင်တို့အထဲမှ အဘယ်သူသည် ငါ၏နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်သနည်း။ အဘယ်သူသည် စစ်မှန်သော ယုံကြည်ခြင်းရှိသနည်း။ ဘုရားသခင်သည် လူတို့၏ နှလုံးသားများထဲ နက်နက်ရှိုင်းရှိုင်း မြင်တွေ့သော ဘုရားသခင်ဖြစ်ကြောင်း သင်တို့ ဆက်လက်ကြွေးကြော်နေကြသော်လည်း သင်တို့နှလုံးသားများထဲက သင်တို့ကြွေးကြော်သည့် ဘုရားသခင်သည် ငါနှင့် အဘယ်သို့ သဟဇာတဖြစ်သနည်း။ ဤကဲ့သို့ သင်တို့ကြွေးကြော်နေကြသည့်နောက်တွင် အဘယ့်ကြောင့် ထိုကဲ့သို့ပြုမူကြသနည်း။ ဤသည်မှာ သင်တို့ ငါ့ကို ပြန်လည်ပေးလိုသော ချစ်ခြင်းမေတ္တာ ဖြစ်နိုင်မည်လော။ သင်တို့၏ နှုတ်များဖြင့် ဆက်ကပ်မှု ပမာဏကား နည်းလှသည်မဟုတ်၊ သို့သော် သင်တို့၏ စွန့်လွှတ်မှုများနှင့် ကောင်းသောလုပ်ရပ်များမှာ အဘယ်မှာနည်း။ ငါ၏နားထဲသို့ ရောက်ရှိသည့် သင်တို့၏ စကားများအတွက် မဟုတ်ပါက၊ သင်တို့ကို အဘယ်သို့ ငါသည် အလွန်မုန်းတီးနိုင်မည်နည်း။ သင်တို့သည် ငါ့ကို အမှန်တကယ် ယုံကြည်ခဲ့ပါက၊ ထိုသို့ စိတ်သောက ရောက်သည့် အခြေအနေတစ်ခုထဲသို့ အဘယ်သို့ ကျရောက်နိုင်မည်နည်း။ သင်တို့သည် မရဏာနိုင်ငံတွင် စမ်းသပ်မှုခံလျက် နေရဘိသကဲ့သို့ သင်တို့၏မျက်နှာများ ပေါ်တွင် ဝမ်းနည်းညှိုးငယ်သော အသွင်များရှိနေသည်။ သင်တို့သည် တက်ကြွမှု စိုးစဉ်းမျှပင်မရှိသကဲ့သို့ သင်တို့၏ စိတ်အတွင်းက သဘောထားနှင့်ပတ်သက်၍ သင်တို့ ချည့်နဲ့စွာ ပြောကြသည်။ သင်တို့သည် မကျေမနပ်ဖြစ်ခြင်းများနှင့် ကျိန်ဆဲခြင်းများဖြင့်ပင် ပြည့်နှက် နေကြသည်။ သင်တို့သည် ငါ လုပ်ဆောင်သည့်အရာ၌ အချိန်ကြာမြင့်စွာကတည်းက ယုံကြည်မှု ပျောက်ဆုံးခဲ့ကြပြီး သင်တို့၏ နဂိုမူလ ယုံကြည်မှုပင် ကွယ်ပျောက်ပြီးဖြစ်သည်၊ ထို့ကြောင့် သင်တို့သည် အဆုံးတိုင်အောင် အဘယ်သို့ လိုက်လျှောက်ဖို့ ဖြစ်နိုင်မည်နည်း။

ဤသို့ဖြစ်သည့်အတွက်၊ သင်တို့သည် အဘယ်သို့ ကယ်တင်ခံရနိုင်မည်နည်း။

ငါ၏အမှုသည် သင်တို့အတွက် အလွန်အထောက်အကူ ဖြစ်ပါသော်လည်း သင်တို့သည် ငါ့နှုတ်ကပတ်တော်များကို အစဉ်အမြဲ နားမလည်ဘဲ သင်တို့အထဲ၌ ဘာမျှ ဖြစ်မလာချေ။ ငါ့အားဖြင့် စုံလင်ခံရမည့် အရာဝတ္ထုများကို တွေ့ရှိရန်ခက်ခဲပြီး ယနေ့တွင် သင်တို့အပေါ် ငါ၏မျှော်လင့်ချက် ပျောက်ဆုံးလုနီးပါးဖြစ်လေပြီ။ နှစ်အတန်ကြာအောင် သင်တို့အလယ် ငါရှာဖွေပြီး ဖြစ်သော်လည်း ငါ၏ လူယုံ ဖြစ်နိုင်သည့်သူကို ရှာတွေ့ရန် ခက်ခဲ၏။ ငါသည် သင်တို့၌ ဆက်လက် လုပ်ဆောင်ရန် မိမိကိုယ်ကိုယ် စိတ်ချယုံကြည်မှု မရှိသကဲ့သို့၊ သင်တို့ကို ဆက်လက်ချစ်ရန် ချစ်ခြင်းမေတ္တာ မရှိသည့်အလား ခံစားရသည်။ ဤသည်မှာ မပြောပလောက်သကဲ့သို့ သနားစဖွယ်ဖြစ်သည့် သင်တို့၏ "အောင်မြင်မှုများ" ကို ငါသည် အချိန်ကြာမြင့်စွာကတည်းက စက်ဆုပ်ရွံရှာလာသောကြောင့်ဖြစ်သည်။ ငါသည် ဘယ်သောအခါမျှ သင်တို့အကြား စကားမပြောဖူး သည့်အလား၊ သင်တို့အထဲ၌ အမှုမပြုဖူးသည့်အလား ဖြစ်နေသည်။ သင်တို့၏ အောင်မြင်မှုများသည် အလွန် အော်ဂလီဆန်စရာဖြစ်သည်။ သင်တို့သည် အစဉ်အမြဲ မိမိကိုယ်ကိုယ် ပျက်စီးခြင်းနှင့် အရှက်ရခြင်းတို့ ဖြစ်စေကြပြီး တန်ဖိုးမဲ့လုနီးပါး ဖြစ်ကြသည်။ ငါသည် သင်တို့၌ လူသားနှင့်ဆင်တူမှု နည်းနည်းမျှ မတွေ့ရ၊ သို့မဟုတ် လူသား၏ အရိပ်အယောင် နည်းနည်းမျှ အနံ့ခံမရပေ။ သင်တို့၏ လန်းဆန်းသော အနံ့အသက်ကား အဘယ်မှာနည်း။ နှစ်ပေါင်းများစွာတစ်လျှောက် သင်တို့ ပေးခဲ့သော အဖိုးအခကား အဘယ်မှာရှိပြီး အကျိုးရလဒ်များမှာ အဘယ်မှာနည်း။ သင်တို့သည် မည်သည့်အရာကိုမျှ လုံးဝ မတွေ့ကြပြီလော။ ငါ၏ အမှုသည် ယခုတွင် အသစ်သော အစပျိုးခြင်းတစ်ခု၊ အသစ်သော အစပြုခြင်းတစ်ခု ရှိ၏။ ငါသည် ကြီးကျယ်ခမ်းနားသော အစီအစဉ်များကို ဆောင်ရွက်တော့မည်ဖြစ်ပြီး၊ သာ၍ ကြီးမြတ်သောအမှုကိုပင် ငါ ပြီးမြောက်လို၏၊ သို့တိုင် သင်တို့သည် အတိတ်၏ ညစ်ညူးသော ရေထဲတွင် ရှင်သန်နေရင်း ရွှံ့ထဲတွင် ယခင်အတိုင်း လူးနေကြဆဲဖြစ်ပြီး သင်တို့၏ နဂိုမူလအကျပ်အတည်းမှ မိမိတို့ကိုယ်ကိုယ် လက်တွေ့ကျကျ လွတ်မြောက်အောင် မလုပ်နိုင်ကြလေပြီ။ ထို့ကြောင့် သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များမှ မည်သည့်အရာကိုမျှ မရရှိကြသေး။ သင်တို့သည် ရွှံ့နှင့် ညစ်ညူးသော ရေများနှင့်ဆိုင်သည့် မိမိတို့၏ နဂိုမူလနေရာမှ မိမိတို့ကိုယ်ကိုယ် မလွတ်မြောက်နိုင်ကြသေးသကဲ့သို့၊ ငါ၏ နှုတ်ကပတ်တော်များကို သင်တို့ သိရုံသာသိကြသော်လည်း အမှန်စင်စစ် ငါ့နှုတ်ကပတ်တော်များ၏ လွတ်လပ်မှု နယ်ပယ်ထဲသို့ သင်တို့ မဝင်ရောက်ကြသေးချေ။ ထို့ကြောင့် ငါ၏ နှုတ်ကပတ်တော်များကို သင်တို့ထံ လုံးဝ

ဖွင့်ထားခြင်းမရှိ၊ ၎င်းတို့သည် နှစ်ထောင်ပေါင်းများစွာ ချိပ်ပိတ်ထားသော အနာဂတ္တိကျမ်းတစ်ကျမ်းကဲ့သို့ ဖြစ်လေသည်။ သင်တို့၏ အသက်တာများတွင် ငါသည် ပေါ်ထွန်းသော်လည်း ယင်းကို သင်တို့ အစဥ်သတိမပြုမိကြ။ ငါ့ကို သင်တို့ မှတ်ပင် မမှတ်မိကြ။ ငါပြောသည့် နှုတ်ကပတ်တော်များ ထက်ဝက်နီးပါးသည် သင်တို့ကို တရားစီရင်ခြင်းဖြစ်ပြီး ၎င်းတို့သည့် သင်တို့အထဲ၌ နက်ရှိုင်းသည့် ကြောက်ရွံ့မှုကို သွတ်သွင်းပေးဖို့ဖြစ်သည့် ၎င်းတို့ ရရှိသင့်သည့် အကျိုးသက်ရောက်မှု ထက်ဝက်ကိုသာ ရရှိလေသည်။ ကျန်တစ်ဝက်တွင် အသက်တာအကြောင်းနှင့် သင်တို့ကိုယ်သင်တို့ မည်ကဲ့သို့ ပြုမူနေထိုင်ရမည်ကို သွန်သင်ပေးသော နှုတ်ကပတ်တော်များ ပါဝင်သည်။ သို့သော် သင်တို့နှင့် ပတ်သက်သရွေ့ ထိုနှုတ်ကပတ်တော်များသည် ရှိပင်မရှိသည့်အလား၊ သို့မဟုတ် ဖုံးကွယ်ထားသည့် အပြုံးကို သင် အစဥ်ပေးသော်လည်း ဘယ်သောအခါမျှ အရေးတယူ မလုပ်သည့် စကားများဖြစ်သည့် ကလေးများ၏ စကားများကို နားထောင်နေသည့်အလား ဖြစ်လေသည်။ သင်တို့သည် ဤအရာများကို မည်သည့်အခါမျှ စိတ်မဝင်စားကြပေ။ ငါ၏ လုပ်ဆောင်မှုများကို သင်တို့ လေ့လာကြသည်မှာ အဓိကအားဖြင့် သိလိုစိတ်ပြင်းပြမှု အတွက်ကြောင့် အမြဲဖြစ်လေသည်။ အကျိုးဆက်အနေဖြင့် သင်တို့သည် အမှောင်ထဲသို့ ယခု လဲကျကြပြီဖြစ်ကာ အလင်းကို မမြင်နိုင်ကြ။ ထို့ကြောင့် အမှောင်ထဲတွင် သနားစဖွယ် သင်တို့ ငိုကြွေးကြ၏။ ငါအလိုရှိသောအရာမှာ သင်တို့၏နာခံမှု၊ သင်တို့၏ အကြွင်းမဲ့နာခံမှုဖြစ်ပြီး ထို့ထက်ပင်ပို၍ သင်တို့သည် ငါပြောသမျှကို လုံးဝ စိတ်ချနိုင်ဖို့ ငါအလိုရှိသည်။ သင်တို့သည် လျစ်လျူရှုသည့် သဘောထားကို မခံယူသင့်သကဲ့သို့၊ အထူးသဖြင့် ငါ ပြောဆိုသည့်အရာများကို သင်တို့ စိစစ်ရွေးချယ်ကာ မဆက်ဆံသင့်သကဲ့သို့ ငါ၏နှုတ်ကပတ်တော်များနှင့် ငါ့အမှုအပေါ် သင်တို့ ပြုလေ့ရှိသည့်အတိုင်း စိတ်မဝင်မစား မဖြစ်သင့်ပေ။ ငါ၏အမှုသည် သင်တို့အလယ်တွင် ပြီးမြောက်ပြီဖြစ်ကာ ငါသည် သင်တို့အပေါ် မြောက်များစွာသော ငါ၏နှုတ်ကပတ်တော်များကို အပ်နှင်းပြီးဖြစ်သည်၊ သို့သော် သင်တို့သည် ဤနည်းဖြင့် ငါ့အပေါ် ဆက်ဆံပါက၊ သင်တို့မရရှိသကဲ့သို့ လက်တွေ့မလုပ်ဆောင်လေပြီးသော အရာကို တစ်ပါးအမျိုးသား မိသားစုများကိုသာ ငါပေးပစ်နိုင်သည်။ ဖန်ဆင်းထားသောအရာထဲမှ အဘယ်သူကို ငါ၏လက်ထဲတွင် ငါ မဆုပ်ကိုင်ထားသနည်း။ သင်တို့ကြားတွင်ရှိသော အများစုတို့သည် “အသက်အရွယ် အိုမင်းရင့်ရော်” ကြပြီး ငါပိုင်ဆိုင်သည့် ဤကဲ့သို့သော အမှုမျိုးကို လက်ခံနိုင်ရန် အားအင်မရှိကြချေ။ သင်တို့သည် ပြည့်စုံလုံလောက်ရုံမျှသာ ဖြစ်သော ဟန်ဟောင်ငှက်တစ်ကောင်က ကဲ့သို့ ဖြစ်ကြပြီး၊ ငါ၏နှုတ်ကပတ်တော်များကို ဘယ်သောအခါမျှ သင်တို့ လေးလေးနက်နက် သဘောမထားကြ။ ပျို့ရွယ်သောလူတို့သည်

အလွန်အမင်း မာနထောင်လွှားကြပြီး အလွန်အကြူး စိတ်အလိုလိုက်နေကြသကဲ့သို့၊ ငါ၏အမှုကို သာ၍ပင် အရေးစိုက်မှု နည်းပါးကြသည်။ ၎င်းတို့သည် ငါ့စားသောက်ပွဲကြီး၏ စားကောင်းသောက်ဖွယ်များကို စားသောက်ခြင်းငှာ စိတ်မဝင်စားကြ။ ၎င်းတို့သည် ဝေးလံရာသို့ ထွက်သွားရန် လှောင်အိမ်ထဲမှ ပျံသန်းသွားသည့် ငှက်ကလေးတစ်ကောင်ကဲ့သို့ ဖြစ်ကြသည်။ ဤကဲ့သို့သော လူငယ်များနှင့် လူအိုများသည် ငါ့အတွက် အဘယ်သို့ အသုံးဝင်နိုင်ကြမည်နည်း။ အသက်ကြီးရင့်သော သူတို့သည် ၎င်းတို့သေလွန်ပြီးနောက်တွင် ၎င်းတို့၏ ဝိညာဉ်များက ကောင်းကင်ဘုံသို့ တက်သွားနိုင်ဖို့အလို့ငှာ၊ ၎င်းတို့၏ သင်္ချိုင်းဂူများထဲသို့ မရောက်မီအထိ ငါ၏နှုတ်ကပတ်တော်များကို သက်ပြည့်အငြိမ်းစား လစာကဲ့သို့ အသုံးပြုရန် အသင့်ဖြစ်နေကြသည်။ ၎င်းတို့အတွက် ဤသည်မှာ တော်တန်ပြီ ဖြစ်သည်။ ယခုတွင် ဤလူအိုများသည် "ကြီးမြတ်သည့် ရည်မှန်းချက်များ" နှင့် "မဆုတ်မနစ်သော စိတ်ချယုံကြည်မှု" တို့ကို အစဉ်အမြဲ သိုထားကြ၏။ ၎င်းတို့သည် ငါ၏အမှုအတွက် ကြီးမားသည့် သည်းခံမှုရှိကြပြီး၊ မည်သူကမျှ သို့မဟုတ် မည်သည့် အရာကမျှ အဝေးသို့ တရွတ်တိုက်ဆွဲ၍မရသကဲ့သို့ အနိုင်ယူ၍မရသော အသက်ကြီးသူတို့ရှိသည့် ဖြောင့်မတ်တည်ကြည်ကာ တည်တံ့ခိုင်မြဲသော အရည်အချင်းကို ပိုင်ဆိုင်ကြသော်လည်း၊ ဧကန်စင်စစ် ၎င်းတို့သည် ထိုးဖောက်မရနိုင်သည့် ခံတပ်တစ်ခုကဲ့သို့ ဖြစ်ကြ၏။ သို့သော်လည်း၊ ဤလူတို့၏ ယုံကြည်ခြင်းသည် အလောင်းကောင်၏ အစွဲအလမ်းကြီးသော အနံ့အသက်ဖြင့် လွှမ်းအုပ်ထားကြသည် မဟုတ်လော။ ၎င်းတို့၏ လမ်းကြောင်းကား အဘယ်မှာနည်း။ ၎င်းတို့အတွက်၊ မိမိတို့၏ လမ်းကြောင်းသည် ရှည်လျားလွန်းလှသည်၊ ဝေးလံလွန်းလှသည် မဟုတ်လော။ ၎င်းတို့သည် ငါ၏အလိုကို အဘယ်သို့ သိနိုင်ကြမည်နည်း။ ၎င်းတို့၏ စိတ်ချယုံကြည်မှုသည် ချီးကျူးဖွယ်ဖြစ်လျှင်ပင်၊ ဤအသက်ကြီးသူ မည်မျှသည် ဇဝေဇဝါဖြစ်သောပုံစံဖြင့် လိုက်လျှောက်မနေဘဲ အသက်ကို အမှန်တကယ် လိုက်စား နေကြသနည်း။ ငါ့အမှု၏ စစ်မှန်သောအဓိပ္ပါယ်ကို ၎င်းတို့ မည်မျှက အမှန်တကယ် နားလည်ကြသနည်း။ အဘယ်သူ၏ ရည်ရွယ်ချက်သည် မကြာတော့သည့် အနာဂတ်တွင် မရဏာနိုင်ငံသို့ ၎င်းတို့ မဆင်းသက်ဘဲ ငါ့အားဖြင့် အခြားသော နယ်ပယ်သို့ ဆောင်သွားခြင်းခံရဖို့အလို့ငှာ ယနေ့ ဤလောက၌ ငါ့နောက်သို့ လိုက်ခြင်း မဟုတ်သနည်း။ သင်တို့၏ ခရီးပန်းတိုင်သည် ဤမျှ ရိုးရှင်းသည့် အကြောင်းကိစ္စတစ်ခုဟု သင်တို့ထင်သလော။ အသင် ငယ်ရွယ်နုပျိုသောသူအားလုံးသည် ခြင်္သေ့ပျိုများကဲ့သို့ ဖြစ်ကြပါသော်လည်း သင်တို့၏ စိတ်နှလုံးများတွင် မှန်သောလမ်းခရီး ရှိခဲလှပေသည်။ သင်တို့၏ နုပျိုမှုက ငါ့အမှုကို သာ၍ ခံစားပိုင်ခွင့်မရှိ။ ဆန့်ကျင်ဖက်အနေဖြင့်၊ သင်တို့အပေါ် ငါ၏ စက်ဆုပ်မှုကို သင်တို့

အစဉ်သဖြင့် လှုံ့ဆော်ကြသည်။ သင်တို့သည် ငယ်ရွယ်နုပျိုကြပါ သော်လည်း တက်ကြွခြင်းဖြစ်စေ ရည်မှန်းချက်ဖြစ်စေ သင်တို့ ကင်းမဲ့ကြသကဲ့သို့ သင်တို့သည် သင်တို့၏ အနာဂတ်နှင့်ပတ်သက်၍ အစဉ်သဖြင့် မယုတ်မလွန်သာ ဖြစ်နေကြသည်။ ယင်းမှာ သင်တို့သည် စိတ်ဝင်စားမှု မရှိသကဲ့သို့ စိတ်လေးနေကြသည့်အလား ဖြစ်သည်။ လူငယ်တို့တွင် တွေ့ရသင့်သည့် တက်ကြွမှု၊ စံနမူနာများနှင့် ရပ်တည်ချက်တို့ကို သင်တို့တွင် လုံးဝမတွေ့ရဟု ဆိုနိုင်သည်။ ဤကဲ့သို့သော လူငယ်မျိုးဖြစ်သည့် သင်တို့သည် ရပ်တည်ချက်မရှိသကဲ့သို့ အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုး၊ လုပခြင်းနှင့် အကျည်းတန်ခြင်းတို့အကြား ပိုင်းခြားရန် အရည်အချင်းမရှိကြ။ သင်တို့တွင် လန်းဆန်းသော အရိပ်လက္ခဏာ တစ်ခုတစ်လေမျှ မြင်တွေ့ရန် မဖြစ်နိုင်ပေ။ သင်တို့သည် လုံးဝ ခေတ်နောက်ကျလုနီးပါး ဖြစ်နေကြပြီး၊ ဤကဲ့သို့သော လူငယ်မျိုးဖြစ်သည့် သင်တို့သည် အများနောက်လိုက်ဖို့၊ ဆင်ခြင်တုံတရား မရှိဖို့ရန်လည်း သင်ယူကြပြီး ဖြစ်သည်။ သင်တို့သည် အမှားမှအမှန်ကို ဘယ်သောအခါမျှ ရှင်းလင်းစွာ ခွဲခြားသိမြင်နိုင်ခြင်း မရှိကြ၊ အမှန်နှင့်အမှားအကြား မခွဲခြားနိုင်ကြ၊ ဘယ်သောအခါမျှ အကောင်းဆုံးအတွက် မရုန်းကန်နိုင်ကြသကဲ့သို့၊ မည်သည့်အရာမှန်သည် မည့်သည့်အရာမှားသည်၊ မည်သည့်အရာသည် သမ္မာတရားဖြစ်ပြီး မည်သည့်အရာသည် သူတော်ကောင်း ယောင်ဆောင်ခြင်း ဖြစ်သည်ကိုလည်း သင်တို့ မပြောနိုင်ကြချေ။ သင်တို့တွင် အသက်ကြီးသော သူတို့ထက် ပိုမိုကြီးလေးပြီး ပိုမိုပြင်းထန်သော ဘာသာတရား အနံ့ဆိုးတစ်ခု ရှိ၏။ သင်တို့သည် သာ၍ပင် စိတ်ကြီးဝင်ကြပြီး မလျော်ကန်ကြပေ၊ သင်တို့သည် နိုင်လိုစိတ် အလွန်ပြင်းပြကြပြီး သင်တို့၏ရန်လိုမှုကို နှစ်သက်ခြင်းက အလွန်အားကောင်းလေသည်- ဤကဲ့သို့သော လူငယ်မျိုးက သမ္မာတရားကို အဘယ်သို့ ပိုင်ဆိုင်နိုင်မည်နည်း။ ရပ်တည်ချက်မရှိနိုင်သူ တစ်စုံတစ်ယောက်က အဘယ်သို့ သက်သေခံနိုင်ပါမည်နည်း။ အမှန်နှင့် အမှားကြား ခွဲခြားနိုင်စွမ်းရှိသူကို ငယ်ရွယ် နုပျိုသည့်လူဟု အဘယ်သို့ ခေါ်ဆိုနိုင်ပါမည်နည်း။ လူငယ်တစ်ဦး၏ တက်ကြွမှု၊ အားမာန်၊ လန်းဆန်းမှု၊ တည်ငြိမ်မှုနှင့် မြဲမြံခိုင်ခန့်မှု မရှိသောသူတစ်ဦးကို ငါ့နောက်လိုက်သူဟု အဘယ်သို့ ခေါ်ဆိုနိုင်မည်နည်း။ သမ္မာတရား မရှိသူ၊ တရားမျှတမှု သိစိတ်မရှိဘဲ ကစားရန်နှင့် တိုက်ခိုက်ရန် နှစ်သက်သောသူတစ်ဦးသည် အဘယ်သို့ ငါ၏ သက်သေဖြစ်ခြင်းငှာ ထိုက်တန်နိုင်မည်နည်း။ အခြားသူများ အပေါ် လှည့်ဖြားမှုနှင့် မလိုမုန်းထားမှုတို့ဖြင့် ပြည့်နှက်နေသော မျက်လုံးများသည် လူငယ်တို့ ရှိသင့်သည့်အရာများ မဟုတ်သကဲ့သို့ လူငယ်များသည် ပျက်စီးစေပြီး စက်ဆုပ်ဖွယ်ကောင်းသော လုပ်ရပ်များကို မဆောင်ရွက်သင့်ပေ။ လူငယ်များသည် စံနမူနာများ၊ ရည်မှန်းချက်များနှင့် မိမိတို့ကိုယ်ကိုယ် သာ၍ ကောင်းမွန်စေဖို့ အားသန်သော

စိတ်ဆန္ဒတစ်ခု မရှိဘဲ မနေသင့်ပေ။ ၎င်းတို့သည် မိမိတို့၏ အလားအလာများ နှင့်ပတ်သက်၍ စိတ်ပျက်အားမလျော့သင့်သကဲ့သို့ ဘဝမျှော်လင့်ချက် သို့မဟုတ် အနာဂတ်အတွက် စိတ်ချယုံကြည်မှုကိုလည်း မပျောက်ဆုံးသင့်ပေ။ ငါ့အတွက် ၎င်းတို့ဘဝတစ်ခုလုံးကို အသုံးခံဖို့ ၎င်းတို့၏ စိတ်ဆန္ဒကို အကောင်အထည်ဖော်ဖို့ရန်ဖြစ်သော ယခု ၎င်းတို့ ရွေးချယ်သည့် သမ္မာတရားလမ်းခရီးတစ်လျှောက် ရှေ့ဆက်ရန် ဇွဲလုံ့လရှိသင့်သည်။ ၎င်းတို့သည် သမ္မာတရား မကင်းမဲ့သင့်သကဲ့သို့ သူတော်ကောင်းယောင်ဆောင်ခြင်းနှင့် မဖြောင့်မတ်ခြင်းတို့ကိုလည်း မသိုထားသင့်ပေ- မှန်ကန်သော ရပ်တည်ချက်တွင် ၎င်းတို့ ခိုင်ခိုင်မာမာ ရပ်တည်သင့်၏။ ၎င်းတို့သည် မျောပါသွားရုံသက်သက် မဖြစ်သင့်ဘဲ၊ တရားမျှတမှုနှင့် သမ္မာတရားအတွက် စွန့်လွှတ်မှုများ ပြုရသည့် စိတ်ဓာတ်နှင့် ရုန်းကန်ရဲသည့် စိတ်ဓာတ်တို့ ရှိသင့်သည်။ လူငယ်များအနေဖြင့် အမှောင် အင်အားစု၏ ဖိနှိပ်မှုကို အရှုံးမပေးရန်နှင့် ၎င်းတို့ ဖြစ်တည်ခြင်း၏ အဓိပ္ပါယ်ကို ပြောင်းလဲပစ်ရန် သတ္တိရှိသင့်သည်။ လူငယ်တို့သည် ဒုက္ခဆင်းရဲခြင်းအား မိမိတို့ဘာသာ ကြိတ်မှိတ်လက်မခံသင့်ဘဲ ၎င်းတို့၏ညီအစ်ကို မောင်နှမများအတွက် ခွင့်လွှတ်ခြင်းစိတ်ဓာတ်ဖြင့် ပွင့်ပွင့်လင်းလင်း ရှိသင့်ပေသည်။ မှန်ပေသည်၊ ဤအရာများသည် လူတိုင်းအပေါ် ငါ၏သတ်မှတ်ချက်များနှင့် လူတိုင်းအတွက် ငါ၏အကြံပြုချက်ဖြစ်သည်။ သို့သော် ထို့ထက်ပင်ပို၍၊ ဤအရာများသည် လူငယ်အားလုံးအတွက် ငါ၏ နှစ်သိမ့်မှုပေးသော နှုတ်ကပတ်တော်များ ဖြစ်ကြသည်။ ငါ၏နှုတ်ကပတ်တော်များအတိုင်း သင်တို့ လက်တွေ့လုပ်ဆောင်သင့်ပေသည်။ အထူးသဖြင့် လူငယ်တို့သည် အကြောင်းကိစ္စများတွင် ထိုးထွင်းသိမြင်မှုကို ကျင့်သုံးရန်နှင့် တရားမျှတမှုနှင့် သမ္မာတရားကို ရှာဖွေရန် သန္နိဋ္ဌာန်မရှိဘဲ မဖြစ်သင့်ပေ။ သင်တို့သည် လှပ၍ ကောင်းမွန်သော အရာအားလုံးကို လိုက်စားသင့်ပြီး၊ အပြုသဘောဆောင်သော အရာများအားလုံး၏ လက်တွေ့အရှိတရားကို ရရှိသင့်ပေသည်။ သင်တို့ အသက်တာအပေါ် သင်တို့ တာဝန်ယူသင့်ပြီး၊ ယင်းကို ပေါ့ပေါ့တန်တန် မမှတ်ယူရ။ လူတို့သည် ကမ္ဘာမြေသို့ ရောက်လာကြပြီး ငါ့ကို တွေ့ဆုံရန်မှာ ကြုံတောင့်ကြုံခဲ ဖြစ်သကဲ့သို့၊ သမ္မာတရားကို ရှာဖွေရန်နှင့် ရရှိရန်အလို့ငှာ အခွင့်အရေးလည်း ရခဲလှပေသည်။ သင်တို့သည် ဤနှစ်လိုဖွယ်အချိန်ကို ယခုဘဝတွင် လိုက်စားရမည့် မှန်ကန်သည့်လမ်းကြောင်းအဖြစ် အဘယ်ကြောင့် တန်ဖိုးမထားကြသနည်း။ ပြီးလျှင် အဘယ်ကြောင့် သင်တို့သည် အစဉ်သဖြင့် သမ္မာတရားနှင့် တရားမျှတခြင်းအပေါ် အလွန်အထင်အမြင်သေးကြသနည်း။ လူတို့ကို ကစားသည့် မဖြောင့်မတ်မှုနှင့် ညစ်ညူးခြင်းတို့ အတွက် သင်တို့သည် အဘယ်ကြောင့် အစဉ်အမြဲ မိမိတို့ကိုယ်ကိုယ် နင်းချေပြီး ဖျက်ဆီးနေကြသနည်း။ မတရားသောသူ

လုပ်ဆောင်သည့်အရာ၌ ပါဝင်သည့် လူအိုများကဲ့သို့ သင်တို့သည် အဘယ်ကြောင့် ပြုမူကြသနည်း။ သင်တို့သည် အဘယ်ကြောင့် အိုဟောင်းသောအရာတို့၏ နည်းလမ်းဟောင်းများကို တုပကြသနည်း။ သင်တို့၏ အသက်တာများသည် တရားမျှတခြင်း၊ သမ္မာတရားနှင့် သန့်ရှင်းခြင်းတို့ဖြင့် ပြည့်ဝနေသင့်သည်၊ သင်တို့၏ အသက်တာများသည် မရဏာနိုင်ငံသို့ သင့်ကို ကျဆင်းစေလျက် ဤမျှ ငယ်ရွယ်သည့် အသက်အရွယ်တွင် အလွန်အကျင့် မပျက်သင့်ပေ။ ဤသည်မှာ အလွန်တရာကံဆိုးခြင်း ဖြစ်သည်ဟု သင်တို့ မခံစားရသလော။ ဤသည်မှာ သင်တို့အတွက် အလွန်အမင်း မတရားမှုဖြစ်သည်ဟု သင်တို့ မခံစားကြရသလော။

သင်တို့အားလုံးသည် လုံးဝ ပြည့်စုံသော သင်တို့၏ အမှုကို လုပ်ဆောင်သင့်ကြပြီး၊ ယင်းကို သင်တို့ ငါ့ကို ပေးသည့် အဆုံးစွန် အတုမရှိသော ယဇ်ပူဇော်ခြင်းဖြစ်စေရင်း ငါ၏ယဇ်ပလ္လင်ပေါ် ယဇ်ပူဇော်သင့်ကြသည်။ သင်တို့ အားလုံးသည် မိမိတို့၏ ကိုယ်ပိုင်ရပ်တည်ချက်ပေါ် ခိုင်ခိုင်မာမာ ရပ်တည်သင့်ကြပြီး မိုးကောင်းကင်မှ တိမ်တိုက်များကဲ့သို့ လေပြေလေညင်း တိုက်ခတ်သွားတိုင်း လွင့်မသွားသင့်ကြပေ။ သင်တို့သည် ဘဝထက်ဝက်အချိန်မျှ ကြိုးစားလုပ်ဆောင်ကြသည်၊ သို့ဖြစ်သောကြောင့် သင်တို့ ရှိသင့်သော ပန်းတိုင်ကို အဘယ်ကြောင့် မရှာဖွေကြသနည်း။ သင်တို့သည် တစ်သက်တာ၏ ထက်ဝက်အချိန်မျှ ပင်ပန်းကြီးစွာ အလုပ်လုပ်ကြသည်၊ သို့တိုင် သင်တို့သည် ဝက်နှင့်ခွေးကဲ့သို့သော သင်တို့မိဘများကို သမ္မာတရားနှင့် သင်တို့ကိုယ်ပိုင် ဖြစ်တည်မှု၏ အဓိပ္ပါယ်တို့ကို သင်္ချိုင်းဂူထဲသို့ ဆွဲခေါ်သွားရန် ခွင့်ပြုနေကြဆဲ ဖြစ်သည်။ ဤအရာသည် သင့်ကို ဆန့်ကျင်သည့် ကြီးမားသော မတရားမှုတစ်ခုဟု သင်မခံစားရသလော။ ဤနည်းဖြင့် အသက်ရှင်ခြင်းသည် လုံးလုံးလျားလျား အဓိပ္ပာယ်မဲ့သည်ဟု သင်မခံစားရသလော။ သမ္မာတရားနှင့် လမ်းကြောင်းမှန်ကို ဤနည်းဖြင့် ဖွေရှာခြင်းသည် အိမ်နီးချင်းများ ဘဝင်မကျကြသကဲ့သို့ မိသားစုတစ်ခုလုံး ပျော်ရွှင်ခြင်း မရှိကြဖို့အလို့ငှာ ပြဿနာများ ဖြစ်စေခြင်းဖြင့် အဆုံးသတ်လိမ့်မည်ဖြစ်ပြီး သေစေနိုင်သော ဘေးအန္တရာယ်များ ဆိုက်ရောက်စေလိမ့်မည်။ ဤကဲ့သို့ သင် အသက်ရှင်ပါက၊ အဓိပ္ပာယ် အကင်းမဲ့ဆုံးသော ဘဝတစ်ခုနှင့် ညီမျှသည် မဟုတ်လော။ အဘယ်သူ၏ ဘဝအသက်တာသည် သင့်၏ အသက်တာ ထက်ပို၍ ကံကောင်းနိုင်မည်နည်း၊ ပြီးလျှင် အဘယ်သူ၏ ဘဝအသက်တာသည် သင့်အသက်တာထက် သာ၍ အဓိပ္ပာယ်မဲ့နိုင်မည်နည်း။ သင့်အတွက် ငါ၏ ဝမ်းမြောက်ခြင်းနှင့် နှစ်သိမ့်ရာ နှုတ်ကပတ်တော်များ ရရှိရန်အလို့ငှာ သင်သည် ငါ့ကို ရှာဖွေသည် မဟုတ်လော။ သို့သော်လည်း သင်သည် သင်၏ ဘဝသက်တမ်း ကာလတစ်ဝက် အလွန်အလုပ်များပြီးနောက်

ငါသည် အမျက်ဒေါသနှင့်ပြည့်ပြီး သင့်ကို အရေးမစိုက် သို့မဟုတ် သင့်ကို မချီးမွမ်းသည်အထိ သင်သည် ငါ့ကို ရန်စ၏- ဤသည်မှာ သင့်ဘဝတစ်ခုလုံး အချည်းနှီးဖြစ်လေပြီဟု ဆိုလိုသည်မဟုတ်လော။ ငရဲယယ်မှ လွတ်မြောက်ကြပြီး ဖြစ်သော ခေတ်အဆက်ဆက်က သန့်ရှင်းသူများ၏ ဝိညာဉ်များကို သွားတွေ့ဖို့ရန် ဂုဏ် သင် အဘယ်သို့ ရှိနိုင်မည်နည်း။ သင်သည် ငါ့အပေါ်တွင် စိတ်မဝင်စားသကဲ့သို့ အဆုံးတွင် သေစေနိုင်သော ဘေးအန္တရာယ်တစ်ခုကို နှိုးဆွ၏- ဤအခွင့်အရေးကို အခွင့်ကောင်းယူကာ ကျယ်ပြောလှသော သမုဒ္ဒရာတစ်လျှောက် ဝမ်းမြောက်ဖွယ် ခရီးတစ်ခု သွားပြီးနောက် ငါ၏ “တာဝန်ပေးအပ်ခြင်း”ကို နာခံဖို့က သာ၍ကောင်းပေလိမ့်မည်။ စွန့်ခွာရန် စိတ်မပါသေးသည်နှင့်အမျှ စိတ်မဝင်စားသော ယနေ့သင်သည် အဆုံးတွင် ငါဖန်ဆင်းသော လှိုင်းတံပိုးများဖြင့် အောက်သို့ရောက်သွားပြီး ဝါးမြို ခံရလိမ့်မည်ကို ငါသည် ကြာမြင့်စွာကတည်းက သင်တို့ကို ပြောပြီးဖြစ်သည်။ သင်တို့သည် မိမိကိုယ်မိမိ အမှန်တကယ် ကာကွယ်နိုင်သလော။ သင် စုံလင်ခံရပြီးဖြစ်ကြောင်း သင်၏ လက်ရှိ လိုက်စားခြင်း နည်းလမ်းက သေချာစေလိမ့်မည်ဟု သင် အမှန်တကယ် စိတ်ချယုံကြည်သလော။ သင်၏ စိတ်နှလုံးသည် အလွန်မာကျောသည် မဟုတ်လော။ ဤကဲ့သို့သော လိုက်လျှောက်ခြင်း၊ ဤကဲ့သို့သော လိုက်စားခြင်း၊ ဤကဲ့သို့သော အသက်တာမျိုးနှင့် ဤကဲ့သို့သော အကျင့်စရိုက်မျိုးက ငါ၏ချီးမွမ်းခြင်းကို အဘယ်သို့ရနိုင်မည်နည်း။

အောက်ခြေမှတ်စုများ-

က။ ဟန်ဟောင်ငှက်၏ ပုံပြင်သည် အီစွတ်၏ ပုရွက်ဆိတ်နှင့် နှံကောင်ဟူသော ပုံပြင်နှင့် အလွန်ဆင်တူ၏။ ဟန်ဟောင်ငှက်သည် ၎င်း၏ အိမ်နီးချင်းဖြစ်သည့် သပိတ်လွယ် ငှက်တစ်ကောင်မှ အကြိမ်ကြိမ် သတိပေးနေပါသော်လည်း ရာသီဥတု နွေးထွေးနေစဉ်တွင် အသိုက်ဆောက်ရမည့်အစား အိပ်ရသည်ကို ပိုနှစ်သက်လေသည်။ ဆောင်းရာသီ ရောက်လာသောအခါ၊ ထိုငှက်သည် အေးခဲ၍ သေသွား လေသည်။

# လူသားမျိုးနွယ် တစ်ရပ်လုံးသည် မျက်မှောက်ခေတ်ထိ မည်သို့ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည်ကို သင်သိသင့်သည်

အနှစ်ခြောက်ထောင်ကျော်ကြာ ဆောင်ရွက်ခဲ့သည့် အမှုအလုံးစုံသည် မတူညီသော ခေတ်များ

ကုန်လွန်သည်နှင့်အမျှ တဖြည်းဖြည်း ပြောင်းလဲလာပြီးဖြစ်သည်။ ဤအမှုထဲက အပြောင်းအလဲများသည် ကမ္ဘာလောက၏ ယေဘုယျ အခြေအနေများနှင့် လူသားမျိုးနွယ်၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းကြောင်းတို့အပေါ် တစ်ပေါင်းတစ်စည်းတည်း အခြေခံပြီးဖြစ်ပေသည်။ စီမံခန့်ခွဲခြင်း အမှုသည်လည်း တဖြည်းဖြည်းသာ လျော်ညီစွာ ပြောင်းလဲပေပြီ။ ယင်းမှာ ဖန်ဆင်းခြင်းအစမှ အားလုံး စီစဉ်ထားခဲ့သည် မဟုတ်ချေ။ ကမ္ဘာလောကကြီးကို မဖန်ဆင်းမီတွင် သို့မဟုတ် ဖန်ဆင်းပြီးနောက် သိပ်မကြာမီတွင်၊ ယေဟောဝါသည် မောဘ၏ သားစဉ်မြေးဆက်အချို့နှင့် သူ ပထမဦးဆုံး စတင်ပြီး ဤမှတစ်ဆင့် စကြဝဠာတစ်ခုလုံးကို သိမ်းပိုက်မည် ဖြစ်သည့် ပညတ်တော်နှင့်ဆိုင်သည့် အမှု၏ ပထမအဆင့်၊ ကျေးဇူးတော်နှင့်ဆိုင်သည့် အမှု၏ ဒုတိယအဆင့် သို့မဟုတ် သိမ်းပိုက်ခြင်းနှင့် ဆိုင်သည့် အမှု၏ တတိယအဆင့်တို့ကို မစီစဉ်ထားခဲ့သေးပေ။ ကမ္ဘာလောကကို ဖန်ဆင်းပြီးနောက်တွင်၊ သူသည် ဤစကားများကို မည်သည့်အခါမျှ မပြောဆိုခဲ့သကဲ့သို့၊ မောဘ ပြီးသည့်နောက်တွင်လည်း ယင်းတို့ကို တစ်ကြိမ်တစ်ခါမျှ မပြောဆိုခဲ့ပေ။ အမှန်စင်စစ် လောတ မတိုင်မီတွင်၊ ယင်းတို့ကို သူ လုံးဝ မမိန့်မြွက်ခဲ့ပေ။ ဘုရားသခင်၏ အမှုအားလုံးကို ကောက်ကာငင်ကာ လုပ်ဆောင်ခြင်း ဖြစ်သည်။ ဤသည်မှာ သူ၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲခြင်း အမှု တိုးတက်လာပြီးဖြစ်သည့်ပုံ အတိအကျ ဖြစ်သည်။ ကမ္ဘာလောကကို မဖန်ဆင်းမီတွင် သူသည် “လူသားမျိုးနွယ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အနှစ်ချုပ်ဇယား” တစ်ခုကဲ့သို့သော ပုံစံ တစ်ခုဖြင့် ထိုသို့သော အစီအစဉ်တစ်ခုကို သူ လုံးဝ မရေးသားခဲ့ပေ။ ဘုရားသခင်၏ အမှုတွင် သူ၏ ဖြစ်ခြင်းကို သူတိုက်ရိုက် ဖော်ပြသည်။ အစီအစဉ်တစ်ခုကို ဖော်ထုတ်ရန် သူသည် ဦးနှောက်ခြောက်အောင် မစဉ်းစားချေ။ ဟုတ်ပေ၏၊ ပရောဖက် အနည်းငယ်တို့သည် ကြီးမြတ်သည့် ပရောဖက်ပြုချက်များစွာကို ပြောဆိုကြပြီး ဖြစ်သည်၊ သို့သော်လည်း ယင်းမှာ ဘုရားသခင်၏ အမှုသည် အမြဲ ရှင်းလင်းတိကျသည့် စီမံကိန်းတစ်ခု ဖြစ်လေပြီဟု ပြော၍ မရနိုင်ပေ။ ထိုပရောဖက်ပြုချက်များကို ထိုအချိန်က ဘုရားသခင်၏ အမှုနှင့်အညီ ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။ သူလုပ်ဆောင်သည့် အမှုအားလုံးသည် အစစ်မှန်ဆုံးသော အမှု ဖြစ်သည်။ သူသည် ယင်းကို ခေတ်ကာလ အသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဆောင်ရွက်ပြီး အမှုအရာများ ပြောင်းလဲပုံအပေါ် ယင်းကို အခြေပြုခဲ့သည်။ သူ့အတွက်၊ အမှုကို ဆောင်ရွက်ခြင်းသည် နာမကျန်းမှုကို ကုသရန် ဆေးတိုက်ပေးသည်နှင့် ဆင်တူသည်။ သူ၏ အမှုကို လုပ်ဆောင်စဉ်တွင်၊ သူစောင့်ကြည့် လေ့လာပြီး သူ၏ လေ့လာချက်များ အတိုင်း သူ၏ အမှုကို ဆက်လက် လုပ်ဆောင်လေသည်။ သူ့အမှု၏ အဆင့်တိုင်းတွင်၊ ဘုရားသခင်သည် သူ၏

ကြီးမားသည့် ဉာဏ်ပညာနှင့် အစွမ်းအစတို့ကို ဖော်ပြနိုင်စွမ်း ရှိသည်။ သူသည် သီးသန့် မည်သည့် ခေတ်မဆို၏ အမှုအတိုင်း သူ၏ ကြွယ်ဝသော ဉာဏ်ပညာနှင့် သြဇာအာဏာတို့ကို ထုတ်ဖော်ပြပြီး၊ ထိုခေတ်အတွင်းတွင် သူ ဆောင်ကြဉ်းခဲ့သည့် လူတို့အားလုံးကို သူ၏ စိတ်သဘောထား အလုံးစုံအား တွေ့မြင်ခွင့်ပေးလေသည်။ သူသည် သူ လုပ်သင့်သည့် မည်သည့်အမှုကိုမဆို လုပ်ဆောင်ရင်း၊ ခေတ်အသီးသီးတွင် လုပ်ဆောင်ဖို့ လိုအပ်သည့် အမှုနှင့်အညီ လူတို့၏ လိုအပ်ချက်များကို ထောက်ပံ့ပေးလေသည်။ စာတန်က ၎င်းတို့ကို ဖောက်ပြန်ပျက်စီးစေပြီးဖြစ်သည့် အတိုင်းအတာအပေါ် အခြေခံပြီး ၎င်းတို့ လိုအပ်သည့်အရာကို လူတို့အား သူ ထောက်ပံ့သည်။ ယင်းမှာ ယေဟောဝါက အာဒံနှင့် ဧဝကို ကနဦး ဖန်ဆင်းခဲ့ချိန်တွင်၊ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်ကို ထင်ရှားစေဖို့ ၎င်းတို့အား တတ်နိုင်စေရန်နှင့် ဖန်ဆင်းခြင်းအလယ်တွင် ဘုရားသခင်၏ သက်သေကို ၎င်းတို့ ခံနိုင်ကြဖို့အလို့ငှာ သူ လုပ်ဆောင်ခဲ့ပုံကဲ့သို့ ဖြစ်သည်။ သို့သော် ဧဝသည် မြွေ၏ သွေးဆောင်ခြင်းကို ခံရပြီးနောက် အပြစ်ပြုခဲ့ပြီး၊ အာဒံက အလားတူ လုပ်ဆောင်ခဲ့သည်။ ဥယျာဉ်ထဲတွင် ၎င်းတို့နှစ်ဦးလုံးသည် ကောင်းမကောင်း သိကျွမ်းရာ အပင်၏ အသီးကို စားခဲ့ကြသည်။ ထို့ကြောင့် ယေဟောဝါသည် ၎င်းတို့အပေါ် နောက်ထပ်အလုပ် ဆောင်ရွက်ရန် ရှိခဲ့သည်။ ၎င်းတို့၏ ကိုယ်လုံးတီးဖြစ်မှုကို မြင်သည့်အခါ၊ သူသည် ၎င်းတို့၏ ကိုယ်ခန္ဓာများကို တိရစ္ဆာန်သားရေများဖြင့် ပြုလုပ်ထားသည့် အဝတ်အစားဖြင့် ဖုံးစေခဲ့သည်။ ထို့နောက်တွင် သူက အာဒံကို၊ "ထိုအပင်၏ အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည် မယား၏ စကားကိုနားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။…သင်ထွက်ရာမြေသို့ မပြန်မှီတိုင်အောင်…အကြောင်းမူကား၊ သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်" ဟု ဆိုခဲ့သည်။ သူက မိန်းမကို၊ "သင်၌ ကိုယ်ဝန်ဆောင်ခြင်း ဝေဒနာကို ငါအလွန် များပြားစေရမည်။ ပင်ပန်းစွာ ဝေဒနာကို ခံ၍သားဘွားရမည်။ ကိုယ်ခင်ပွန်း၏ အလိုသို့လိုက်၍ သူ၏ အုပ်စိုးခြင်းကိုလည်း ခံရမည်။" ဟု ပြောခဲ့သည်။ ထိုအချိန်မှစပြီး သူသည် ၎င်းတို့ကို ဒေင်ဥယျာဉ်မှ နှင်ထုတ်ခဲ့ပြီး ခေတ်ပေါ်လူသားက ယခု ကမ္ဘာမြေပေါ်တွင် နေထိုင်သကဲ့သို့ ဥယျာဉ်၏ ပြင်ပတွင် နေထိုင်စေခဲ့သည်။ အစအဦး၌ ဘုရားသခင်သည် လူသားကို ဖန်ဆင်းခဲ့ချိန်တွင်၊ ဖန်ဆင်းခံရပြီးနောက် လူသားကို မြွေ၏ သွေးဆောင်ခြင်းကို ခံရစေပြီး၊ ထို့နောက် လူသားနှင့် မြွေကို ကျိန်ဆိုဖို့မှာ သူ၏ အစီအစဉ် မဟုတ်ခဲ့ပေ။ သူသည် ထိုသို့သော အစီအစဉ်တစ်ခု အမှန်တကယ် မရှိခဲ့ပေ။ ယင်းမှာ သူ၏ ဖန်ဆင်းခြင်းအလယ်တွင် လုပ်ဆောင်ဖို့ အမှုသစ်ကို သူ့အား ပေးသည့် အမှုအရာများ ဖြစ်ပေါ်သည့်ပုံစံ သက်သက် ဖြစ်သည်။ ယေဟောဝါသည် ကမ္ဘာမြေပေါ်တွင် ဤအမှုကို

အာဒံနှင့် ဧဝတို့အလယ် ဆောင်ရွက်ခဲ့ပြီးသည့်နောက်တွင်၊ လူသားမျိုးနွယ်သည် နှစ်ထောင်ပေါင်းများစွာ ဆက်လက် ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ သို့သော်လည်း "မြေကြီးပေါ်တွင် လူ၏ ဒုစရိုက်အပြစ် ကြီးမားပြီး သူ၏ စိတ်နှလုံးအကြံအစည်အားလုံး အစဉ်မပြတ် ဆိုးညစ်ကြောင်းကို ယေဟောဝါ သိမြင်တော်မူ၏။ ယင်းက မြေကြီးပေါ်မှာ လူကို ဖန်ဆင်းသည်ကို ယေဟောဝါအား နောင်တရစေပြီး သူ၏ စိတ်နှလုံးကို ဝမ်းနည်းကြေကွဲ စေသည်။...သို့သော် နောသေည် ယေဟောဝါ၏ အမြင်တွင် အသရေရှိသောသူ ဖြစ်သည်။" ဤအချိန်တွင် သူဖန်ဆင်းခဲ့သည့် လူသားမျိုးနွယ်သည် မြွေ၏သွေးဆောင်ခြင်းကို ခံရပြီးသည့်နောက်တွင် အပြစ်အလွန် ကြီးထွားလာသည့်အတွက် ယေဟောဝါသည် နောက်ထပ် လုပ်ဆောင်စရာ အမှုအသစ် ရှိခဲ့သည်။ ဤအခြေအနေများကို ထောက်ဆလျှင်၊ လူသားမျိုးနွယ် အားလုံးထဲတွင် ယေဟောဝါသည် နော၏ မိသားစုကို ချမ်းသာရာရစေဖို့ ရွေးချယ်ခဲ့ပြီး၊ ထို့နောက် ရေလွှမ်းမိုးခြင်းဖြင့် ကမ္ဘာကို ဖျက်ဆီးခြင်းနှင့်ဆိုင်သည့် သူ၏အမှုကို ဆောင်ရွက်ခဲ့သည်။ လူသားမျိုးနွယ်သည် တိုး၍တိုး၍ ဖောက်ပြန်ပျက်စီးလာလျက်၊ ဤနေ့အထိ ဤပုံစံဖြင့် ဆက်လက်ဖွံ့ဖြိုး တိုးတက်ခဲ့ကာ၊ လူသားမျိုးနွယ်၏ တိုးတက်မှုက ယင်း၏ အထွတ်အထိပ်သို့ ရောက်ရှိသည့် အချိန် ရောက်လာသည့်အခါတွင်၊ ယင်းသည် လူသားမျိုးနွယ်၏ အဆုံးသတ် သဘောသက်ရောက်ပေလိမ့်မည်။ အစအဦးမှ ကမ္ဘာလောက၏ အဆုံးသတ်အထိ၊ သူ့အမှု၏ အတွင်း သမ္မာတရားသည် ဤပုံစံ အမြဲ ဖြစ်ပြီးဖြစ်သကဲ့သို့ အမြဲ ဖြစ်လိမ့်မည် ဖြစ်သည်။ ယင်းမှာ လူတို့သည် ၎င်းတို့၏ အမျိုးအစားအလိုက် ခွဲခြားခံရမည့် ပုံကဲ့သို့ပင် ဖြစ်သည်။ ယင်းမှာ လူအယောက်စီတိုင်းသည် အတန်းအစား တစ်ခုခုနှင့် သက်ဆိုင်ဖို့ အစအဦး၌ ခွဲခန့်မှတ်သားထားခံရသည်ဆိုသကဲ့သို့ ဖြစ်ဖို့ ဝေးပါသေးသည်။ ယင်းထက် အယောက်တိုင်းသည် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တစ်ခုကို ကြုံရပြီးသည့်နောက်မှသာ တဖြည်းဖြည်း အမျိုးအစား ခွဲခံရပေသည်။ အဆုံးတွင် ပြီးပြည့်စုံသော ကယ်တင်ခြင်း ဆောင်ကြဉ်းပေး၍ မရသည့်သူ မည်သူမဆိုသည် ၎င်းတို့၏ "ဘိုးဘေးများ"ထံ ပြန်သွားကြရလိမ့်မည်။ လူသားမျိုးနွယ်အလယ် ဘုရားသခင်၏ အမှုထဲမှ မည်သည့်အရာမျှ ကမ္ဘာလောကကို ဖန်ဆင်းခြင်းနှင့်တစ်ပြိုင်နက် ပြင်ဆင်ထားနှင့်ခဲ့ပြီးဖြစ်သည် မဟုတ်ပေ။ ထို့ထက် ဘုရားသခင်အား လူသားမျိုးနွယ်အလယ် သူ၏ အမှုကို တစ်ဆင့်ချင်းနှင့် သာ၍ စစ်မှန်ကာ လက်တွေ့ကျသည့် ပုံစံဖြင့် ဆောင်ရွက်ခွင့်ပေးပြီးဖြစ်သည်မှာ အမှုအရာများ၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်သည်။ ဥပမာအားဖြင့် ယေဟောဝါသည် မိန်းမကို သွေးဆောင်ရန် မြွေကို မဖန်ဆင်းခဲ့ပေ။ ယင်းမှာ သူ၏ တိကျသော အစီအစဉ် မဟုတ်သကဲ့သို့၊ သူ တမင်တကာ ခွဲခန့်မှတ်သားထားသည့် အရာတစ်ခုလည်း မဟုတ်ခဲ့ချေ။ ဤသည်မှာ မျှော်လင့်မထားခဲ့သည့်

အဖြစ်အပျက် တစ်ခု ဖြစ်ခဲ့သည်ဟု ပြော၍ရနိုင်သည်။ ထို့ကြောင့် ယေဟောဝါသည် အာဒံနှင့်ဧဝကို ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခဲ့ပြီး လူကို မည်သည့်အခါမျှ တစ်ဖန် မဖန်ဆင်းဖို့ သန္နိဋ္ဌာန်ပြုခဲ့သည်မှာ ဤအရာကြောင့် ဖြစ်သည်။ သို့သော်လည်း လူတို့သည် ဤအခြေခံအုတ်မြစ်အပေါ်တွင် ဘုရားသခင်၏ ဉာဏ်ပညာကိုသာ တွေ့ရှိကြလေသည်။ ယင်းမှာ ယခင်က ငါပြောခဲ့သည့်အတိုင်းသာ ဖြစ်သည်- "ငါသည် ငါ၏ ဉာဏ်ပညာကို စာတန်၏ အကြံအစည်များပေါ် အခြေခံ၍ ကျင့်သုံးသည်။" လူသားမျိုးနွယ်သည် မည်သို့ တိုး၍ ဖောက်ပြန်ပျက်စီးသည် ဖြစ်စေ သို့မဟုတ် မြွေက ၎င်းတို့ကို မည်သို့ သွေးဆောင်သည် ဖြစ်စေ၊ ယေဟောဝါသည် သူ၏ဉာဏ်ပညာ ရှိနေဆဲ ဖြစ်သည်။ ထိုသို့ဖြင့် သူသည် ကမ္ဘာလောကကို ဖန်ဆင်းခဲ့ကတည်းက အမှုသစ်တွင် ပါဝင်ပတ်သက်ပြီး ဖြစ်သကဲ့သို့၊ ဤအမှု၏ အဆင့်များထဲမှ မည်သည့်အဆင့်ကိုမျှ တစ်ကြိမ်တစ်ခါမျှ ထပ်မလုပ်ဖူးပေ။ စာတန်သည် အကြံအစည်များကို အဆက်မပြတ် အသက်သွင်းလေသည်၊ လူသားမျိုးနွယ်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို အဆက်မပြတ် ခံရပြီးဖြစ်ကာ၊ ယေဟောဝါ ဘုရားသခင်သည် သူ၏ ဉာဏ်ပညာရှိသည့် အမှုကို မရပ်မနား ဆောင်ရွက်ပြီး ဖြစ်သည်။ သူသည် မည်သည့်အခါမျှ မကျရှုံးဖူးသကဲ့သို့၊ ကမ္ဘာလောကကို ဖန်ဆင်းခဲ့ကတည်းက အမှုပြုခြင်းကို မရပ်တန့်ဖူးပေ။ လူသားမျိုးနွယ်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးသည့်နောက်တွင်၊ ဘုရားသခင်သည် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးခြင်း အရင်းအမြစ် ဖြစ်ခဲ့သည့် ရန်သူ၊ ၎င်းကို အနိုင်ယူဖို့ လူသားမျိုးနွယ်အလယ်တွင် အမှုပြုမြဲပြုနေပြီး ဖြစ်သည်။ ဤတိုက်ပွဲသည် အစအဦးကတည်းက သဲကြီးမဲကြီး ဖြစ်ပွားခဲ့ပြီး ကမ္ဘာအဆုံးအထိ ဆက်လက်ဖြစ်ပွားလိမ့်မည် ဖြစ်သည်။ ဤအမှု အားလုံးကို လုပ်ဆောင်ရာတွင်၊ ယေဟောဝါ ဘုရားသခင်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည့် လူသားများကို သူ၏ ကြီးမြတ်သော ကယ်တင်ခြင်းကို ရရှိခွင့် ပေးပြီးသည်သာမက၊ သူ၏ ဉာဏ်ပညာ၊ အနန္တတန်ခိုးနှင့် သြဇာအာဏာတို့ကိုလည်း တွေ့မြင်ခွင့် ပေးပြီးဖြစ်သည်။ ထို့အပြင် အဆုံးတွင် သူသည်- ဆိုးယုတ်သူကို အပြစ်ပေးပြီး ကောင်းမြတ်သည့်သူကို ဆုချီးမြှင့်ရင်း- သူ၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို လူသားမျိုးနွယ်ကို မြင်ခွင့်ပေးမည် ဖြစ်သည်။ သူသည် စာတန်ကို ဤနေ့အထိ တိုက်ခိုက်ပြီးဖြစ်ကာ မရှုံးနိမ့်ဖူးပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သူသည် ဉာဏ်ပညာ ရှိသည့် ဘုရားသခင် ဖြစ်ပြီး သူ၏ ဉာဏ်ပညာကို စာတန်၏ အကြံအစည်များအပေါ် အခြေခံကာ ကျင့်သုံးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကောင်းကင်ဘုံ၌ ရှိသမျှ အရာတိုင်းကို သူ၏သြဇာအာဏာအား ကျိုးနွံနာခံစေသည်သာမက၊ ကမ္ဘာမြေပေါ် ရှိသည့် အရာတိုင်းကိုလည်း သူ၏ ခြေတင်ရာ ခုံအောက်တွင် အနားပေးထားကာ၊

အနည်းဆုံးအနေဖြင့် သူသည် လူသားမျိုးနွယ်ကို ကျူးကျော်ကာ နှောင့်ယှက်သည့် ဆိုးယုတ်သူများကို သူ၏ ပြစ်တင်ဆုံးမမှုအတွင်းသို့ ကျရောက်စေသည်။ ဤအမှု၏ အကျိုးရလဒ် အားလုံးသည် သူ၏ ဉာဏ်ပညာကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ သူသည် ကောင်းကင်၊ မြေကြီးပေါ် သို့မဟုတ် စကြဝဠာ တစ်ခုလုံး၌ မည်သည့်နေရာတွင်မဆို ရန်သူ မရှိသကဲ့သို့၊ သဘာဝအလယ်တွင် ကျူးကျော်ဝင်ရောက်သည့် မည်သည့် အမှောင်အင်အားစုများ မရှိခဲ့သည့်အတွက်၊ သူသည် သူ၏ဉာဏ်ပညာကို လူသားမျိုးနွယ် မတည်ရှိမီတွင် လုံးဝ မထုတ်ဖော်ပြခဲ့ဖူးပေ။ ကောင်းကင်တမန်မင်းက သူ့ကို သစ္စာဖောက်ခဲ့သည့်နောက်တွင်၊ သူသည် ကမ္ဘာပေါ်၌ လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ပြီး သူသည် ကောင်းကင်တမန်မင်း ဖြစ်သည့် စာတန်နှင့် နှစ်ထောင်ချီကြာသည့် သူ၏ စစ်ပွဲကို- ဆက်တိုက်အဆင့်အတိုင်းတွင် တိုး၍ ပြင်းထန်လာသည့် စစ်ပွဲတစ်ခုကို- တရားဝင် စတင်ခဲ့သည်မှာ လူသားမျိုးနွယ်ကြောင့် ဖြစ်သည်။ သူ၏ အနန္တတန်ခိုးနှင့် ဉာဏ်ပညာတို့သည် ဤအဆင့်များ အသီးသီးတွင် ပါရှိသည်။ ထိုအခါမှသာ ကောင်းကင်နှင့် မြေကြီးပေါ် ရှိ အရာရာတိုင်းသည် ဘုရားသခင်၏ ဉာဏ်ပညာ၊ အနန္တတန်ခိုးနှင့် အထူးသဖြင့် ဘုရားသခင်၏ စစ်မှန်မှုကို မျက်မြင်တွေ့ကြရလေသည်။ သူသည် ယနေ့အထိ ဤသူ၏ အမှုကို အလားတူ ဤစစ်မှန်သည့် နည်းဟန်ဖြင့် ဆောင်ရွက်နေဆဲ ဖြစ်သည်။ ထို့အပြင် သူ၏အမှုကို သူ ဆောင်ရွက်သည်နှင့်အမျှ၊ သူ၏ ဉာဏ်ပညာနှင့် အနန္တတန်ခိုးတို့ကိုလည်း သူ ထုတ်ဖော်ပြလေသည်။ သူသည် သင်တို့ကို အမှု၏ အဆင့်အသီးသီးနှင့်ဆိုင်သည့် အတွင်းကျကျ သမ္မာတရားကို မြင်ခွင့်၊ ဘုရားသခင်၏ အနန္တတန်ခိုးကို မည်သို့ရှင်းပြရမည်ဆိုသည်ကို အတိအကျ မြင်ခွင့်အပြင်၊ ဘုရားသခင်၏ စစ်မှန်မှုနှင့်ဆိုင်သည့် ခိုင်မာသော ရှင်းပြချက် တစ်ခု မြင်ခွင့်ပေးလေသည်။

ယေရှုကို ယုဒ၏ သစ္စာဖောက်ခြင်းနှင့်စပ်လျဉ်း၍၊ လူအချို့က- ကမ္ဘာလောကကို ဖန်ဆင်းခြင်း မတိုင်မီတွင် သူသည် ခွဲခန့်မှတ်သားထားခံရပြီးဖြစ်သည် မဟုတ်လောဟု တွေးကြသည်။ အမှန်တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ဤအစီအစဉ်များကို အချိန်၏ လက်တွေ့အရှိတရားအပေါ် အခြေခံ၍ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ရန်ပုံငွေများကို အမြဲ အလွဲသုံးစားလုပ်တတ်သည့် ယုဒဟူသော အမည်နှင့် လူတစ်ဦး ရှိခဲ့သည်၊ ထို့ကြောင့် ဤလူသည် ဤအခန်းကဏ္ဍကို လုပ်ဆောင်ဖို့နှင့် ဤနည်းဖြင့် အစေခံခြင်းပြုဖို့ ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။ ဤသည်မှာ အနီးအနားရှိ အရင်းအမြစ်များကို အသုံးပြုခြင်းနှင့်ဆိုင်သည့် မှန်ကန်သည့် ဥပမာတစ်ခု ဖြစ်သည်။ ယေရှုသည် ပထမတွင် ဤအရာကို သတိမထားမိခဲ့ပေ။ ယုဒ ဖော်ထုတ် ခံရသည့်နောက်တွင်၊ ယင်းနှင့်ပတ်သက်၍

သူသိသွားခဲ့ခြင်း ဖြစ်သည်။ အခြားတစ်စုံတစ်ဦးသည် ဤအခန်းကဏ္ဍကို လုပ်ဆောင်နိုင်စွမ်း ရှိခဲ့မည်ဆိုပါက၊ ထိုလူသည် ယုဒအစား လုပ်ဆောင်ပြီး ဖြစ်ပေမည်။
ကြိုတင်ခွဲခန့်မှတ်သားထားပြီးဖြစ်သည့်အရာသည် အမှန်တွင် သန့်ရှင်းသော ဝိညာဉ်တော်က ထိုအခိုက်အတန့်တွင် လုပ်ဆောင်ခဲ့သည့် အရာတစ်ခု ဖြစ်ခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသည် အမြဲ ကောက်ကာငင်ကာ လုပ်ဆောင်ခြင်း ဖြစ်သည်။ သူသည် အချိန်မရွေး သူ၏ အမှုကို စီစဉ်နိုင်ပြီး၊ အချိန်မရွေး ဆောင်ရွက်နိုင်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် စစ်မှန်ပြီး၊ ယင်းသည် အမြဲ သစ်လွင်သည်၊ မည်သည့်အခါမျှ မအိုဟောင်းသကဲ့သို့ အမြင့်ဆုံး အတိုင်းအတာအထိ အမြဲ လတ်ဆတ်သည်ဟု အဘယ်ကြောင့် ငါအမြဲ ပြောသနည်း။ ကမ္ဘာလောကကို ဖန်ဆင်းခဲ့ချိန်တွင် သူ၏အမှုကို စီစဉ်ခဲ့နှင့်ပြီးသား မဟုတ်ပေ။ ယင်းမှာ ဖြစ်ပျက်ခဲ့သည့်အရာ လုံးဝ မဟုတ်ချေ။ အမှု၏ အဆင့်တိုင်းသည် သူနှင့်သက်ဆိုင်ရာ အချိန်ကာလအတွက် ယင်း၏ သင့်တော်သည့် အကျိုးတရားကို ရရှိပြီး အဆင့်များသည် အချင်းချင်း ဝင်ရောက် စွက်ဖက်ခြင်း မရှိပေ။ အကြိမ်များစွာ သင့်စိတ်ထဲတွင် ရှိကောင်းရှိမည့် အစီအစဉ်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏ နောက်ဆုံး အလုပ်များနှင့် တကယ့်ကိုကိုက်ညီမှုမရှိပေ။ သူ၏ လုပ်ဆောင်ချက်သည် လူသား တွေးခေါ်မြော်မြင်မှုလောက် မရိုးရှင်းသကဲ့သို့၊ လူသား စိတ်ကူးစိတ်သန်းလောက် မရှုပ်ထွေးချေ- ယင်းမှာ လူတို့အား ၎င်းတို့၏ လတ်တလော လိုအပ်ချက်များနှင့်အညီ အချိန်မရွေးနှင့် နေရာမရွေး ထောက်ပံ့ခြင်း ပါဝင်သည်။ လူသား၏ အနှစ်သာရနှင့်ပတ်သက်၍ သူ့ထက် မည်သူမျှ သာ၍ မရှင်းလင်းသကဲ့သို့၊ လူတို့၏ စစ်မှန်သော လိုအပ်ချက်များကို သူ၏ အမှု လုပ်ဆောင်သလောက် မည်သည့်အရာကမျှ ကောင်းစွာ မဖြည့်ဆည်းနိုင်သည်မှာ ဤအရာကြောင့် ဖြစ်သည်။ ထို့ကြောင့် လူသား ရှုထောင့်တစ်ခုမှ၊ သူ၏ အမှုကို ထောင်စုနှစ်အချို့တွင် ကြိုတင် စီစဉ်ထားပြီးဖြစ်သည်ဟု ထင်ရသည်။ ယခု သူသည် သင်တို့အလယ်တွင် အမှုပြုသည်နှင့်အမျှ၊ သင်တို့ ရှိကြသည့် အခြေအနေများကို သူ စောင့်ကြည့်သည်နှင့်အမျှ၊ အမှုပြုကာ စကားပြောနေစဉ်တွင်၊ သူသည် လူတို့ လိုအပ်သည့်အရာ အတိအကျဖြစ်သည့် နှုတ်ကပတ်တော်များကို ပြောဆိုရင်း အခြေအနေ အမျိုးအစားတစ်ခုစီတိုင်းကို တွေ့ကြုံရာတွင် ပြောဖို့ မှန်ကန်သော နှုတ်ကပတ်တော်များ သူ၌ ရှိလေသည်။ သူ၏ အမှု ပထမအဆင့်- ပြစ်တင်ဆုံးမခြင်း အချိန်ကာလကို- ကြည့်လော့။ ယင်းနောက်တွင်၊ လူများသည် အပြုအမူ မျိုးစုံကို ပြသကြပြီး၊ နည်းလမ်းတစ်ခုခုဖြင့် ပုန်ကန်လိုလျက် ပြုမူကြသည်။ အပျက်သဘောဆောင်သော အခြေအနေ အချို့ကဲ့သို့၊ အပြုသဘောဆောင်သည့် အခြေအနေအမျိုးမျိုး ထွက်ပေါ်လာသည်။ ၎င်းတို့သည် ၎င်းတို့၏

အပျက်သဘောဆောင်မှုတွင် အတိုင်းအတာတစ်ခု ရောက်ရှိပြီး ၎င်းတို့ ကျဆင်းမည့် အနိမ့်ဆုံး အကန့်အသတ်များကို ပြသလေသည်။ ဘုရားသခင်သည် သူ၏ အမှုကို ဤအရာအားလုံးအပေါ်၌ အခြေခံပြီး စီမံဆောင်ရွက်သည်၊ ထိုသို့ဖြင့် သူ၏အမှုမှ သာ၍များစွာ ကောင်းမွန်သည့် ရလဒ်တစ်ခု စွမ်းဆောင်ရရှိဖို့ ယင်းတို့ကို လက်မလွှတ်တမ်း အသုံးချလေသည်။ ဆိုလိုသည်မှာ သူသည် လူများ အလယ်တွင် မည်သည့်အချိန်တွင်မဆို ၎င်းတို့၏ လတ်တလော မည်သည့်အခြေအနေပေါ်တွင်ဖြစ်စေ အခြေခံ၍ အားဖြည့်ပေးခြင်းအမှုကို လုပ်ဆောင်လေသည်။ သူသည် လူတို့၏ တကယ့် အခြေအနေများအတိုင်း သူ့အမှု၏ အဆင့်တိုင်းကို ဆောင်ရွက်လေသည်။ ဖန်ဆင်းခြင်း အားလုံးသည် သူ့လက်ထဲတွင် ရှိသည်။ ယင်းတို့ကို သူ အဘယ်သို့ မသိနိုင်ရမည်နည်း။ သူသည် လူများ၏ အခြေအနေများနှင့်အညီ လုပ်ဆောင်သင့်သည့် အမှု၏ နောက်တစ်ဆင့်ကို အချိန်မရွေး နေရာမရွေး ဆောင်ရွက်သည်။ ဤအမှုကို နှစ်ထောင်ပေါင်းများစွာက ကြိုတင်စီစဉ်ထားခြင်း လုံးဝ မဟုတ်ပေ။ ယင်းမှာ လူသား အယူအဆတစ်ခု ဖြစ်သည်။ သူသည် သူ့အမှု၏ အကျိုးသက်ရောက်မှုကို ကြည့်ရှုလေ့လာသည်နှင့်အမျှ အမှုပြုပြီး၊ သူ၏ အမှုသည် အဆက်မပြတ် နက်သည်ထက်နက်လာပြီး တိုးတက်လေသည်။ အချိန်တိုင်းတွင်၊ သူ့အမှု၏ ရလဒ်များကို ကြည့်ရှုလေ့လာပြီးနောက်၊ သူ့အမှု၏ နောက်ထပ်အဆင့်ကို သူအကောင်အထည် ဖော်လေသည်။ သူသည် ဖြည်းဖြည်းချင်း ကူးပြောင်းဖို့နှင့် အချိန်လွန်သည်နှင့်အမျှ လူတို့အား သူ၏ အမှုသစ်ကို မြင်၍ရနိုင်စေဖို့ အမှုအရာများစွာကို သူ အသုံးပြုလေသည်။ ဘုရားသခင်သည် လူများကို အလွန်ကောင်းစွာ သိရှိသည့်အတွက်၊ ဤအမှုပြုခြင်းပုံစံသည် လူတို့၏ လိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ပေသည်။ ဤသည်မှာ ကောင်းကင်ဘုံမှ သူ၏ အမှုကို သူ ဆောင်ရွက်သည့်ပုံ ဖြစ်သည်။ ထိုနည်းတူ လူ့ဇာတိခံ ဘုရားသခင်သည် တကယ့် အခြေအနေများအတိုင်း အစီအစဉ်များ ပြုလုပ်ရင်းနှင့် လူသားများအလယ် အမှုပြုရင်း၊ အလားတူ နည်းလမ်းဖြင့် သူ၏ အမှုကို လုပ်ဆောင်လေသည်။ သူ၏အမှုထဲမှ မည်သည့်အရာကိုမျှ ကမ္ဘာလောကကို မဖန်ဆင်းမီက စီစဉ်ထားခဲ့ပြီးဖြစ်သည် မဟုတ်သကဲ့သို့၊ အသေးစိတ် ကြိုတင် စီစဉ်ထားခဲ့ပြီးဖြစ်သည်လည်း မဟုတ်ပေ။ ကမ္ဘာလောကကို ဖန်ဆင်းပြီးနောက် အနှစ်နှစ်ထောင်အကြာတွင်၊ လူသားမျိုးနွယ်သည် အလွန် ဖောက်ပြန်ပျက်စီးလာခဲ့ပြီး ဖြစ်သည်ကို ယေဟောဝါ မြင်ခဲ့ပြီး၊ ပညတ်တော်ခေတ် အဆုံးသတ်ခဲ့ပြီးသည့်နောက်၊ ကျေးဇူးတော်ခေတ်၌ လူသားမျိုးနွယ်ကို ရွေးနုတ်ခြင်းနှင့်ဆိုင်သည့် သူ့အမှုအား သူဆောင်ရွက်မည်ကို ကြိုတင်ဟောကိန်းထုတ်ဖို့ ပရောဖက် ဟေရှာယ၏ နှုတ်ကို အသုံးပြုခဲ့သည်။ ဟုတ်ပေ၏၊ ဤသည်မှာ ယေဟောဝါ၏

အစီအစဉ် ဖြစ်ခဲ့သည်၊ သို့သော် ဤအစီအစဉ်ကိုလည်း ထိုအချိန်က သူ လေ့လာကြည့်ရှုနေခဲ့သည့် အခြေအနေများအတိုင်း ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ အာဒံကို ဖန်ဆင်းပြီးသည့်နောက် ချက်ချင်း သူသည် ယင်းကို သေချာပေါက် မတွေးမိခဲ့ပေ။ ဟေရှာယသည် ပရောဖက်ပြုချက် တစ်ခုကို ဖွင့်ဟရုံမျှ ဖွင့်ဟခဲ့သော်လည်း၊ ယေဟောဝါသည် ပညတ်တော်ခေတ် အတွင်းတွင် ဤအမှုအတွက် ပြင်ဆင်မှုများ ကြိုတင် ပြုလုပ်ခဲ့ပြီးခြင်း မဟုတ်ပေ။ ယင်းထက် ဘုရားသခင်သည် လူ့ဇာတိခံယူမည် ဖြစ်သည်ဆိုသည့် သတင်းစကားဖြင့် သူ့ကို အသိဉာဏ်ပွင့်လင်းစေဖို့ ယောသပ်၏ အိပ်မက်ထဲ၌ စေတမန် ပေါ်လာခဲ့ချိန်၊ ကျေးဇူးတော်ခေတ်၏ အစတွင် ယင်းကို သူ အသက်သွင်းခဲ့ပြီး၊ ထို့နောက်တွင်မှ သူ၏ လူ့ဇာတိခံယူခြင်းအမှု စတင်ခဲ့ပေသည်။ ဘုရားသခင်သည် လူများထင်သကဲ့သို့ ကမ္ဘာလောကကို ဖန်ဆင်းပြီးပြီးချင်း သူ၏လူ့ဇာတိခံယူခြင်းအမှုကို ပြင်ဆင်ထားခဲ့သည် မဟုတ်ပေ။ ယင်းကို လူသားမျိုးနွယ် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ဖြစ်သည့် အတိုင်းအတာနှင့် စာတန်နှင့် သူ၏ စစ်ပွဲအခြေအနေအပေါ် အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်သည်။

ဘုရားသခင် လူ့ဇာတိခံယူချိန်တွင်၊ သူ၏ဝိညာဉ်တော်သည် လူသားတစ်ဦးအပေါ် သက်ဆင်းသည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ယူတင် ဝတ်ဆင်ခြင်း ဖြစ်သည်။ သူသည် အကန့်အသတ်ရှိသည့် အဆင့်အချို့ကို သူနှင့်အတူ ဆောင်ကြဉ်းဖို့ မဟုတ်ဘဲ၊ ကမ္ဘာပေါ်၌ သူ၏အမှုကို လုပ်ဆောင်ဖို့ ကြွလာပေသည်။ သူ၏ အမှုသည် လုံးဝ အကန့်အသတ်မဲ့ ဖြစ်သည်။ လူ့ဇာတိ၌ သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်သည့် အမှုကို သူ့အမှု၏ ရလဒ်များအားဖြင့် သတ်မှတ်ထားခြင်း ဖြစ်နေဆဲ ဖြစ်ပြီး၊ သူသည် လူ့ဇာတိ၌ ရှိစဉ် သူ အမှုပြုမည့် အချိန်ကာလကြာရှည်မှုကို ဆုံးဖြတ်ဖို့ ထိုသို့သော အရာများကို အသုံးပြုသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ လိုက်လျောသည်နှင့်အမျှ သူ၏ အမှုကို ဆန်းစစ်ရင်း၊ သူ၏အမှု၏ အဆင့်အသီးသီးကို တိုက်ရိုက် ထုတ်ဖော်ပြသည်။ ဤအမှုသည် လူ၏ စိတ်ကူးစိတ်သန်း အကန့်အသတ်များကို ဆွဲဆန့်ဖို့ကဲ့သို့ အလွန် သဘာဝလွန်ဖြစ်သောအရာ တစ်ခုမျှမရှိပေ။ ဤသည်မှာ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းရာတွင် ယေဟောဝါ၏ အမှုကဲ့သို့ ဖြစ်သည်။ သူသည် တစ်ပြိုင်နက် စီစဉ်ပြီး အမှုပြုခဲ့သည်။ သူသည် အလင်းကို အမှောင်မှ ခွဲထုတ်ပြီး၊ မနက်နှင့် ညတို့ ဖြစ်တည်လာခဲ့သည်- ဤအရာက တစ်ရက်ကြာသည်။ ဒုတိယနေ့တွင် မိုးကောင်းကင်ကို သူ ဖန်ဆင်းပြီး ယင်းသည်လည်း တစ်ရက်ကြာခဲ့သည်။ ထို့နောက် သူသည် ကမ္ဘာမြေကြီး၊ ပင်လယ်များနှင့် ယင်းတို့ကို မှီတင်းနေထိုင်သည့် သတ္တဝါအားလုံးကို ဖန်ဆင်းခဲ့သည်၊ ယင်းသည် နောက်ထပ်တစ်ရက် လိုအပ်ခဲ့ပေသေး၏။ ဤသည်မှာ ဘုရားသခင်က လူသားကို

ဖန်ဆင်းခဲ့ပြီး ကမ္ဘာမြေပေါ် ရှိ အရာခပ်သိမ်းကို စီမံခွင့်ပေးသည့်အချိန် ခြောက်ရက်မြောက်နေ့အထိ ဆက်ဖြစ်ခဲ့သည်။ ထို့နောက် အရာခပ်သိမ်းကို ဖန်ဆင်းခြင်း အဆုံးသတ်ခဲ့ပြီးချိန် ခုနှစ်ရက်မြောက်နေ့တွင် သူ အနားယူခဲ့သည်။ ဘုရားသခင်သည် ခုနှစ်ရက်မြောက်နေ့ကို ကောင်းချီးပေးပြီး သန့်ရှင်းသည့် နေ့တစ်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ သူသည် အရာခပ်သိမ်းကို မဖန်ဆင်းမီတွင် မဟုတ်ဘဲ၊ ဖန်ဆင်းခဲ့နှင့်ပြီးသည့်နောက်တွင်သာ ဤသန့်ရှင်းသည့်နေ့ကို ပြဋ္ဌာန်းရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဤအမှုကိုလည်း တစ်ပြိုင်နက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အရာခပ်သိမ်းကို မဖန်ဆင်းမီတွင် သူသည် ကမ္ဘာလောကကို ခြောက်ရက်ဖြင့် ဖန်ဆင်းပြီး၊ ထို့နောက် ခုနှစ်ရက်မြောက် နေ့တွင် အနားယူရန် ဆုံးဖြတ်ထားခဲ့ပြီး ဖြစ်သည် မဟုတ်ပေ။ ယင်းမှာ အမှန်တရားများနှင့် လုံးဝ မကိုက်ညီပေ။ သူသည် ထိုသို့သော အရာတစ်ခုကို မဖွင့်ဟခဲ့သကဲ့သို့ ယင်းကို မစီစဉ်ခဲ့ပေ။ အရာခပ်သိမ်းကို ဖန်ဆင်းခြင်းသည် ခြောက်ရက်မြောက်နေ့၌ ပြီးစီးမည် ဖြစ်ပြီး ခုနှစ်ရက်မြောက်နေ့တွင် သူအနားယူမည်ဟု လုံးဝ သူ မပြောခဲ့ဖူးပေ။ ထို့ထက် ထိုအချိန်က ကောင်းသည်ဟု သူထင်မြင်သည့် အရာများအတိုင်း ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ အရာရာတိုင်းကို ဖန်ဆင်းခြင်းအား သူ အပြီးသတ်ခဲ့ပြီးသည်နှင့်တစ်ပြိုင်နက်၊ ခြောက်ရက်မြောက်နေ့ ဖြစ်နှင့်ခဲ့လေသည်။ အရာရာကို ဖန်ဆင်းခြင်းအား သူ အပြီးသတ်ခဲ့ချိန်တွင် ငါးရက်မြောက်နေ့ ဖြစ်ခဲ့မည်ဆိုပါက၊ ထို့ကြောင့် ခြောက်ရက်မြောက်နေ့ကို သန့်ရှင်းသည့် နေ့အဖြစ် သူ သတ်မှတ်ပြီးဖြစ်ပေမည်။ သို့သော်လည်း သူသည် အရာရာကို ဖန်ဆင်းခြင်းအား ခြောက်ရက်မြောက်နေ့တွင် ဧကန်အမှန် အပြီးသတ်ခဲ့ပြီး၊ ထိုသို့ဖြင့် ခုနှစ်ရက် မြောက်နေ့သည် သန့်ရှင်းရာနေ့ ဖြစ်လာခဲ့သည်၊ ယင်းကို ဤနေ့အထိ လက်ဆင့်ကမ်းလာကြပြီး ဖြစ်သည်။ ထို့ကြောင့် သူ၏ လတ်တလော အမှုကို ဤတူညီသည့် နည်းဟန်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ သူသည် သင်တို့၏ အခြေအနေများနှင့်အညီ သင်တို့၏ လိုအပ်ချက်များအတွက် စကားပြောဆိုပြီး ထောက်ပံ့ပေးသည်။ ဆိုလိုသည်မှာ ဝိညာဉ်တော်သည် လူများ၏ အခြေအနေများနှင့်အညီ စကားပြောဆိုပြီး အမှုပြုပေသည်။ သူသည် ခြုံငုံလျက် စောင့်ကြည့်ပြီး အချိန်မရွေးနှင့် နေရာမရွေး အမှုပြုမြဲပြုလေသည်။ သင်တို့အပေါ် ငါ လုပ်ဆောင်၊ ပြောဆို၊ ထားရှိပြီး သင်တို့အပေါ် အပ်နှင်းသည့်အရာသည် ခြွင်းချက်မရှိ သင်တို့ လိုအပ်သည့်အရာ ဖြစ်သည်။ ထို့ကြောင့် ငါ့အမှု၏ မည်သည့်အရာကမျှ လက်တွေ့အရှိတရားနှင့် ကင်းကွာခြင်း မရှိပေ။ "ဘုရားသခင်၏ ဝိညာဉ်တော်သည် အရာခပ်သိမ်းကို စောင့်ကြည့်လျက် ရှိ၏။" ဆိုသည်ကို သင်တို့ သိကြသည့်အတွက် အားလုံး စစ်မှန်ပေသည်။ ဤအရာအားလုံးကို အချိန်စော၍ ဆုံးဖြတ်ထားခဲ့ပြီးဖြစ်ပါက၊ အားလုံးသည်

ကြိုတင်ခင်းကျင်းပြီးသားလည်း ဖြစ်မည်မဟုတ်လော။ ယင်းမှာ ဘုရားသခင်သည် ထောင်စုနှစ်ခြောက်ခုလုံး အသေးစိတ် အစီအစဉ် ရေးဆွဲခဲ့ပြီး၊ ထို့နောက် လူသားမျိုးနွယ်ကို ပုန်ကန်တတ်ဖို့၊ ခုခံတတ်ဖို့၊ မရိုးဖြောင့်ဘဲ၊ လှည့်စားတတ်ဖို့နှင့် ဇာတိပကတိ၏ ဖောက်ပြန်ပျက်စီးမှု၊ ဆိုးယုတ်သော စိတ်သဘောထား၊ မျက်စိ၏တပ်မက်ခြင်းနှင့် တစ်ဦးချင်း စိတ်အလိုလိုက်ခြင်းတို့ကို ပိုင်ဆိုင်ဖို့ ကြိုတင်ခွဲခန့် မှတ်သားထားခဲ့သည်ဟု သင်ထင်သည့်အလား ဖြစ်သည်။ ယင်းတို့ထဲမှ မည်သည့်အရာကိုမျှ ဘုရားသခင်က ကြိုတင်ခွဲခန့် မှတ်သားထားခဲ့ခြင်း မဟုတ်ဘဲ၊ ထို့ထက် စာတန်၏ ဖျက်ဆီးမှု အကျိုးဆက်အနေဖြင့် အားလုံး ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ အချို့က "စာတန်သည်လည်း ဘုရားသခင်၏ လက်အတွင်းတွင် ရှိသည်မဟုတ်လော။ စာတန်က လူသားများကို ဤပုံစံဖြင့် ဖောက်ပြန်ပျက်စီးစေဖို့ ကြိုတင်ခွဲခန့် ထားခဲ့ပြီးဖြစ်ကာ၊ ထို့နောက်တွင် ဘုရားသခင်သည် လူသားအလယ် သူ၏ အမှုကို ဆောင်ရွက်ခဲ့သည်။" ဟု ပြောကောင်း ပြောကြကြပေမည်။ စာတန်က လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေဖို့ ဘုရားသခင် အမှန်တကယ် ကြိုတင်ခွဲခန့်မှတ်သား ထားခဲ့မည်လော။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ပုံမှန် အသက်ရှင်ခွင့်ပေးဖို့သာ အလွန် စိတ်အားထက်သန်လေသည်၊ ထို့ကြောင့် သူသည် ၎င်းတို့၏ အသက်တာများကို အမှန်တကယ် ဝင်ရောက် စွက်ဖက်မည်လော။ ထိုသို့ဖြစ်ပါက စာတန်ကို အနိုင်ယူခြင်းနှင့် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းသည် အချည်းနှီးသော အားထုတ်မှုတစ်ခု ဖြစ်မည် မဟုတ်လော။ လူသားမျိုးနွယ်၏ ပုန်ကန်ခြင်းကို အဘယ်သို့ ကြိုတင်ခွဲခန့် မှတ်သားထားပြီး ဖြစ်နိုင်မည်နည်း။ ယင်းမှာ စာတန်၏ နှောင့်ယှက်မှုကြောင့် ဖြစ်ပျက်ပြီးဖြစ်သည့် အရာတစ်ခု ဖြစ်သည်၊ ထို့ကြောင့် ယင်းကို ဘုရားသခင်က ကြိုတင်ခွဲခန့်မှတ်သားထားပြီး ဖြစ်နိုင်မည်နည်း။ သင်တို့ စိတ်ကူးပေါက်သည့် ဘုရားသခင် လက်တွင်းရှိ စာတန်သည် ငါ ပြောဆိုသည့် ဘုရားသခင်၏ လက်တွင်းရှိ စာတန်နှင့် အလွန် ကွဲပြားသည်။ "ဘုရားသခင်သည် အနန္တတန်ခိုးရှိပြီး စာတန်သည် သူ၏ လက်တွင်းတွင် ရှိသည်။" ဟု သင်တို့ ပြောဆိုချက်များအရ၊ စာတန်သည် သူ့ကို လုံးဝ သစ္စာဖောက်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် အနန္တတန်ခိုးရှိသည်ဟု သင် ပြောခဲ့သည် မဟုတ်လော။ သင်တို့၏ အသိပညာသည် စိတ်ကူးသက်သက် ဖြစ်လွန်းပြီး၊ လက်တွေ့အရှိတရားနှင့် လက်ပွန်းတတီး မရှိပေ။ လူသားသည် ဘုရားသခင်၏ အတွေးများကို လုံးဝ ဉာဏ်မမီနိုင်သကဲ့သို့ သူ၏ ဉာဏ်ပညာကိုလည်း တစ်ကြိမ်တစ်ခါမျှ နားမလည်နိုင်ပေ။ ဘုရားသခင်သည် အနန္တတန်ခိုးရှိ၏။ ဤသည်မှာ မုသားတစ်ခု လုံးဝ မဟုတ်။ ဘုရားသခင်သည် ကနဦးက သြဇာအာဏာ ဝေစုတစ်ခုကို ပေးခဲ့သောကြောင့်၊ ကောင်းကင်တမန်မင်းသည် ဘုရားသခင်ကို

သစ္စာဖောက်ခဲ့ခြင်း ဖြစ်သည်။ ဟုတ်ပေ၏၊ ဤသည်မှာ ဧဝသည် မြွေ၏ စုံစမ်းသွေးဆောင်မှုကို မလွန်ဆန်နိုင်ခဲ့သည့်အချိန်ကကဲ့သို့ပင်၊ မျှော်လင့်မထားသည့် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။ သို့သော် စာတန်သည် သူ၏ သစ္စာဖောက်ဖျက်မှုကို မည်သို့ ဆောင်ရွက်သည်ဖြစ်စေ၊ ဘုရားသခင်လောက် အနန္တတန်ခိုးနှင့် မပြည့်စုံသေးချေ။ သင်တို့ ပြောပြီးသကဲ့သို့၊ စာတန်သည် တန်ခိုးကြီးရုံမျှကြီးသည်။ သူ မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ဘုရားသခင်၏ သြဇာအာဏာသည် ၎င်းကို အမြဲ အနိုင်ယူလိမ့်မည်။ ဤသည်မှာ၊ "ဘုရားသခင်သည် အနန္တတန်ခိုးနှင့် ပြည့်စုံ၍ စာတန်သည် သူ၏လက်ထဲတွင်ရှိ၏။" ဟူသည့် ပြောဆိုခြင်းနောက်ကွယ်က စစ်မှန်သည့် အဓိပ္ပာယ် ဖြစ်သည်။ ထို့ကြောင့် စာတန်နှင့် စစ်ပွဲကို တစ်ဆင့်ချင်း ဆောင်ရွက်ရပေမည်။ ထို့အပြင် ဘုရားသခင်သည် စာတန်၏ လှည့်ကွက်များကို တုန့်ပြန်ရာတွင် သူ၏အမှုကို စီစဉ်သည်- ဆိုလိုသည်မှာ သူသည် လက်တစ်ကမ်းရှိ ခေတ်နှင့် သင့်တော်သည့် ပုံစံတစ်ခုဖြင့် လူသားမျိုးနွယ်ထံ ကယ်တင်ခြင်းကို ဆောင်ကြဉ်းပြီး သူ၏ ဉာဏ်ပညာနှင့် အနန္တတန်ခိုးတို့ကို ထုတ်ဖော်ပြလေသည်။ ထိုနည်းတူ နောက်ဆုံးသောကာလ၏ အမှုကို ကျေးဇူးတော်ခေတ်မတိုင်မီ စောစော ကြိုတင်ခွဲခန့် မှတ်သားထားခဲ့ခြင်း မဟုတ်ပေ။ ကြိုတင်ခွဲခန့် မှတ်သားထားမှုများကို ဤကဲ့သို့ အင်မတန် စနစ်ကျသည့်ပုံစံတစ်ခုဖြင့် ပြုထားသည် မဟုတ်ပေ။ ပထမဦးစွာ လူသား၏ ပြင်ပ စိတ်သဘောထားကို ပြောင်းလဲစေခြင်းဖြစ်သည်။ ဒုတိယအနေနှင့် လူသားကို သူ၏ ပြစ်တင်ဆုံးမမှုနှင့် စမ်းသပ်ခြင်းများကို ခံစေခြင်းဖြစ်သည်။ တတိယအနေနှင့် လူသားအား သေခြင်းတရား၏ စမ်းသပ်မှုကို ကြုံစေခြင်း ဖြစ်သည်။ စတုတ္ထအနေနှင့် လူသားကို ဘုရားသခင်အား ချစ်ခြင်း အချိန်ကာလကို ကြုံတွေ့စေခြင်းနှင့် ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ သန္နိဋ္ဌာန်ကို ဖော်ပြစေခြင်း ဖြစ်သည်။ ပဉ္စမအနေနှင့် လူသားအား ဘုရားသခင်၏ အလိုကို မြင်ခွင့်ပေးခြင်းနှင့် ဘုရားသခင်ကို လုံးဝ သိခွင့်ပေးခြင်းနှင့် နောက်ဆုံးတွင် လူကို စုံလင်စေခြင်း ဖြစ်သည်။ သူသည် ဤအရာအားလုံးကို ကျေးဇူးတော်ခေတ် အတွင်းတွင် မစီစဉ်ခဲ့ပေ။ ယင်းထက် သူသည် လက်ရှိခေတ်တွင် ယင်းတို့ကို စတင် စီစဉ်နေခဲ့သည်။ ဘုရားသခင် အလုပ်လုပ်နေသကဲ့သို့၊ စာတန်သည် အလုပ်လုပ်နေ၏။ စာတန်သည် သူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ဖော်ပြသည်၊ ဘုရားသခင်မူကား ရိုးရိုးစင်းစင်း စကားပြောဆိုကာ ပဓာနကျသော အရာတစ်ချို့ကို ထုတ်ဖော်ပြလေသည်။ ဤသည်မှာ ယနေ့ လုပ်ဆောင်လျက်ရှိသည့် အမှုဖြစ်ပြီး၊ ကမ္ဘာလောကကို ဖန်ဆင်းခြင်းနောက်တွင်၊ အချိန်ကြာမြင့်စွာက အသုံးပြုခဲ့သည့် အလားတူ အမှုပြုခြင်း အခြေခံသဘောတရား ရှိပေသည်။

ပထမဦးစွာ ဘုရားသခင်သည် အာဒံနှင့် ဧဝကို ဖန်ဆင်းခဲ့ပြီး မြွေကိုလည်း ဖန်ဆင်းခဲ့သည်။ အရာခပ်သိမ်းထဲတွင် ဤမြွေသည် အဆိပ်အပြင်းဆုံး ဖြစ်ခဲ့သည်။ သူ၏ကိုယ်ခန္ဓာသည် အဆိပ်ပါရှိ၏၊ ယင်းကို စာတန်သည် ကောင်းကောင်း အသုံးချခဲ့သည်။ ဧဝကို အပြစ်သို့ စုံစမ်းသွေးဆောင်ခဲ့သည်မှာ မြွေဖြစ်သည်။ ဧဝက အပြစ်ပြုခဲ့ပြီးနောက် အာဒံသည် အပြစ်လုပ်ခဲ့ပြီး၊ ထို့နောက် ၎င်းတို့နှစ်ဦးသည် အကောင်းနှင့် အဆိုးကို ခွဲခြားနိုင်ခဲ့ကြသည်။ မြွေက ဧဝကို သွေးဆောင်မည်ဖြစ်ပြီး ဧဝက အာဒံကို သွေးဆောင်လိမ့်မည်ဟု ယေဟောဝါက သိခဲ့ပါက၊ သူသည် ၎င်းတို့အားလုံးကို ဥယျာဉ်တစ်ခုထဲမှာ အဘယ်ကြောင့် ထားခဲ့သနည်း။ သူသည် ဤအရာများကို ကြိုတင်သိမြင်နိုင်ခဲ့ပြီးဖြစ်ပါက၊ မြွေကို အဘယ်ကြောင့် ဖန်ဆင်းပြီး ဧဒင်ဥယျာဉ်အတွင်းတွင် ထားခဲ့သနည်း။ ဧဒင်ဥယျာဉ်သည် အဘယ်ကြောင့် ကောင်းမကောင်း သိကျွမ်းရာ အပင်၏ အသီး ပါရှိခဲ့ပါသနည်း။ အသီးကို စားစေဖို့ ၎င်းတို့အတွက် သူ ရည်ရွယ်ခဲ့ပြီးဖြစ်သလော။ ယေဟောဝါ ရောက်လာသည့်အခါတွင်၊ အာဒံဖြစ်စေ ဧဝဖြစ်စေ သူ့ကို ရင်မဆိုင်ဝံ့ခဲ့ပေ၊ ထိုအခါတွင်မှ ၎င်းတို့သည် ကောင်းမကောင်း သိကျွမ်းရာ အပင်၏ အသီးကို စားခဲ့ကြပြီးဖြစ်ကာ မြွေ၏လှည့်စားမှု၌ သားကောင် ဖြစ်သွားကြပြီး ဖြစ်သည်ကို ယေဟောဝါ သိခဲ့သည်။ အဆုံးတွင် ဘုရားသခင်သည် မြွေကိုကျိန်ဆဲခဲ့ပြီး၊ အာဒံနှင့် ဧဝကိုလည်း ကျိန်ဆဲခဲ့သည်။ ၎င်းတို့နှစ်ဦးက သစ်ပင်၏အသီးကို စားခဲ့သည့်အချိန်တွင်၊ ၎င်းတို့ ယင်းကို လုပ်ဆောင်နေခဲ့ကြသည်ကို ယေဟောဝါ သတိမပြုမိခဲ့ချေ။ လူသားမျိုးနွယ်သည် ဆိုးယုတ်ကာ ကာမဂုဏ်အာရုံ ဖောက်ပြားသည်အထိ၊ ဖောက်ပြန်ပျက်စီးလာခဲ့ကြသည်မှာ ၎င်းတို့နှလုံးသားများထဲတွင် သိုထားခဲ့ကြသည့် အရာရာတိုင်းက ဆိုးယုတ်ပြီး မဖြောင့်မတ်သည်အထိပင် ဖြစ်သွားခဲ့ကြသည်။ ယင်းမှာ ညစ်ညမ်းမှုချည်းသာ ဖြစ်သည်။ ထို့ကြောင့် ယေဟောဝါသည် လူသားမျိုးနွယ်အား ဖန်ဆင်းခြင်းကို နောင်တရခဲ့သည်။ ထို့နောက်တွင်၊ သူသည် နောနှင့် သူ၏ သားများ အသက်ရှင်ကျန်ခဲ့ကြသည့်၊ ကမ္ဘာလောကကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးခြင်းနှင့်ဆိုင်သည့် သူ၏ အမှုကို ဆောင်ရွက်ခဲ့သည်။ အချို့အရာများသည် လူများ စိတ်ကူးကြသလောက် အမှန်တကယ် အဆင့်မြင့်ပြီး သဘာဝလွန် မဖြစ်ပေ။ အချို့က "ကောင်းကင်တမန်မင်းက သူ့ကို သစ္စာဖောက်မည်ကို သိရက်နှင့်များ ဘုရားသခင်သည် အဘယ်ကြောင့် ၎င်းအား ဖန်ဆင်းခဲ့သနည်း။" ဟုမေးကြသည်။ ဤအရာများသည် အမှန်တရားများ ဖြစ်သည်- ကမ္ဘာမြေကြီး မတည်ရှိမီတွင်၊ ကောင်းကင်တမန်မင်းသည် ကောင်းကင်ဘုံ၏ ကောင်းကင်တမန်များထဲမှ အကြီးမြတ်ဆုံး ဖြစ်ခဲ့သည်။ ၎င်းသည် ကောင်းကင်ဘုံရှိ ကောင်းကင်တမန် အားလုံးအပေါ် တရားစီရင်ပိုင်ခွင့် ရှိခဲ့သည်။ ဤအရာသည် ၎င်းကို ဘုရားသခင် ပေးခဲ့ပြီးဖြစ်သည့် သြဇာအာဏာ ဖြစ်သည်။

ဘုရားသခင်မှလွဲ၍၊ ၎င်းသည် ကောင်းကင်ဘုံ၏ ကောင်းကင်တမန်များထဲမှ အကြီးမြတ်ဆုံး ဖြစ်သည်။ နောက်ပိုင်းတွင် ဘုရားသခင်သည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ ပြီးသည့်နောက်၊ ကောင်းကင်တမန်မင်းသည် ကမ္ဘာပေါ်၌ ဘုရားသခင်ကို ဆန့်ကျင်လျက် သာ၍ပင် ကြီးမားသော သစ္စာဖောက်မှုကို ပြုခဲ့သည်။ ၎င်းသည် လူသားမျိုးနွယ်ကို စီမံခန့်ခွဲလိုပြီး ဘုရားသခင်၏ ဩဇာအာဏာထက် သာလွန်လိုခဲ့သောကြောင့်၊ ၎င်းက ဘုရားသခင်ကို သစ္စာဖောက်ခဲ့သည်ဟု ငါ ပြောခြင်း ဖြစ်သည်။ ဧဝကို အပြစ်သို့ သွေးဆောင်ခဲ့သည်မှာ ကောင်းကင်တမန်မင်း ဖြစ်ပြီး၊ ၎င်းသည် ၎င်း၏နိုင်ငံကို ကမ္ဘာမြေပေါ် တည်ထောင်လိုပြီး လူသားများအား ဘုရားသခင်ကို ကျောခိုင်းကာ၊ ယင်းအစား ကောင်းကင်တမန်မင်းကို နာခံစေလိုသောကြောင့် ၎င်းက ထိုသို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ များစွာသော အရာတို့က သူ့ကို နာခံနိုင်သည်ကို ကောင်းကင်တမန်မင်းက တွေ့မြင်ခဲ့သည်- ကမ္ဘာမြေပေါ် ရှိ လူတို့က နာခံနိုင်သကဲ့သို့၊ ကောင်းကင်တမန်များက နာခံနိုင်ပေသည်။ ငှက်များနှင့် သားရဲများ၊ သစ်ပင်များ၊ တောအုပ်များ၊ တောင်များ၊ မြစ်များနှင့် ကမ္ဘာပေါ် ရှိ အရာခပ်သိမ်းသည်- အာဒံနှင့် ဧဝတို့ဖြစ်သည့်- လူသား၏ စောင့်ရှောက်မှု အောက်တွင် ရှိသော်လည်း၊ အာဒံနှင့်ဧဝတို့က ကောင်းကင်တမန်မင်းကို နာခံခဲ့ကြသည်။ ထို့ကြောင့် ကောင်းကင်တမန်မင်းသည် ဘုရားသခင်၏ ဩဇာအာဏာကို သာလွန်ရန်နှင့် ဘုရားသခင်ကို သစ္စာဖောက်ရန် ဆန္ဒရှိခဲ့သည်။ ထို့နောက်တွင်၊ ၎င်းသည် ဘုရားသခင်ကို ပုန်ကန်ရာတွင် နောက်ပိုင်း၌ ဝိညာဉ်ဆိုး အမျိုးမျိုး ဖြစ်လာခဲ့ကြသည့် ကောင်းကင်တမန် အများအပြားကို ဦးဆောင်ခဲ့သည်။ ဤနေ့ထိ လူသားမျိုးနွယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကောင်းကင်တမန်မင်း၏ ဖောက်ပြန်ပျက်စီးမှုကြောင့် ဖြစ်သည် မဟုတ်လော။ ကောင်းကင် တမန်မင်းသည် ဘုရားသခင်ကို သစ္စာဖောက်ခဲ့ပြီး လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေခဲ့သောကြောင့်၊ လူသားများသည် ယနေ့ ၎င်းတို့ ဖြစ်သည့်အကျင့်စရိုက်အတိုင်းသာ ဖြစ်ကြပေသည်။ ဤတစ်ဆင့်ချင်းဖြစ်သည့် အမှုသည် လူများ စိတ်ကူးနိုင်သလောက် လုံး၀ စိတ်ကူးသက်သက် မဟုတ်သကဲ့သို့ မရိုးရှင်းပေ။ စာတန်သည် အကြောင်းရင်း တစ်ခုအတွက် ၎င်း၏ သစ္စာဖောက်ခြင်း အမှုကို ပြုခဲ့ခြင်း ဖြစ်သည်၊ သို့သော် လူများသည် ထိုသို့သော ရိုးရှင်းသည့် အချက်ကို နားမလည်နိုင်ကြချေ။ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည့် ဘုရားသခင်သည် စာတန်ကိုလည်း အဘယ်ကြောင့် ဖန်ဆင်းခဲ့သနည်း။ ဘုရားသခင်သည် စာတန်ကို အလွန် စက်ဆုပ်ရွံရှာပြီး စာတန်သည် သူ၏ရန်သူဖြစ်သည့်အတွက်၊ အဘယ်ကြောင့် စာတန်ကို သူ ဖန်ဆင်းခဲ့သနည်း။ စာတန်ကို ဖန်ဆင်းခြင်းအားဖြင့်၊ သူသည် ရန်သူတစ်ဦးကို ဖန်ဆင်းခဲ့ခြင်း ဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် အမှန်တကယ်တွင် ရန်သူတစ်ဦးကို

မဖန်ဆင်းခဲ့ပေ။ ထို့ထက် သူသည် ကောင်းကင်တမန်တစ်ပါးကို ဖန်ဆင်းခဲ့ပြီး၊ ထို့နောက် ထိုကောင်းကင်တမန်က သူ့ကို သစ္စာဖောက်ခဲ့ပေသည်။ ၎င်း၏အဆင့်အတန်း တိုး၍ အလွန်ကြီးမြတ်ခဲ့ပြီးဖြစ်သည်မှာ ၎င်းသည် ဘုရားသခင်ကို သစ္စာဖောက်ရန် ဆန္ဒရှိခဲ့သည်။ ဤသည်မှာ တိုက်ဆိုင်မှု တစ်ခုဟု ပြောနိုင်သော်လည်း၊ ရှောင်လွှဲ၍မရသည့်အရာ တစ်ခုလည်း ဖြစ်သည်။ ယင်းမှာ လူသည် အဆင့်တစ်ခုအထိ အရွယ်ရောက် ပြီးသည့်နောက် မလွဲမသွေ သေဆုံးရမည့်ပုံနှင့် တူညီပေသည်။ အမှုအရာများသည် ထိုအဆင့်ထိသာ ဖွံ့ဖြိုးတိုးတက်ပြီး ဖြစ်သည်။ အဓိပ္ပာယ်မရှိသည့် မိုက်မဲသူများက၊ “စာတန်က ကိုယ်တော်၏ ရန်သူ ဖြစ်သည့်အတွက်၊ သူ့ကို အဘယ်ကြောင့် ကိုယ်တော် ဖန်ဆင်းခဲ့သနည်း။ ကောင်းကင်တမန်မင်းက ကိုယ်တော့်ကို သစ္စာဖောက်မည်ကို ကိုယ်တော် မသိခဲ့သလော။ ကိုယ်တော်သည် နေ့ရက်ကာလမဖြစ်မီ မကြည့်နိုင်သလော။ ကောင်းကင်တမန်မင်း၏ သဘာဝကို ကိုယ်တော်မသိခဲ့သလော။ ၎င်းက ကိုယ်တော့်ကို သစ္စာဖောက်မည်ကို ရှင်းလင်းစွာ ကိုယ်တော် သိသည့်အတွက်၊ အဘယ်ကြောင့် သူ့ကို ကောင်းကင်တမန်မင်း ဖြစ်စေခဲ့သနည်း။ ၎င်းသည် ကိုယ်တော့်ကို သစ္စာဖောက်ခဲ့သည်သာမက၊ ၎င်းနှင့်အတူ အခြားကောင်းကင်တမန် အများအပြားကိုလည်း ဦးဆောင်ခဲ့ပြီး လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေဖို့ သေမျိုးများ၏ ကမ္ဘာလောကသို့ သက်ဆင်းခဲ့သည်၊ သို့သော် ဤနေ့ထိ ကိုယ်တော်သည် ကိုယ်တော်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲခြင်း အစီအစဉ်ကို မပြီးစီးနိုင်သေးပါ။” ဟု ပြောကြသည်။ ထိုစကားများသည် မှန်ကန်ပါသလော။ သင်သည် ဤနည်းဖြင့် တွေးသည့်အခါ၊ မိမိကိုယ်ကိုယ် လိုအပ်သည်ထက် သာ၍ ဒုက္ခ ရောက်နေစေခြင်း ဖြစ်သည် မဟုတ်လော။ “မျက်မှောက်ခေတ်အထိ စာတန်သည် လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေခြင်းမရှိသေးပါက၊ ဘုရားသခင်သည် လူသားမျိုးနွယ် ကယ်တင်ခြင်းကို ဤနည်းဖြင့် ဆောင်ကြဉ်းပြီးဖြစ်မည် မဟုတ်ပေ။ ထိုသို့ဖြင့် ဘုရားသခင်၏ ဉာဏ်ပညာနှင့် အနန္တတန်ခိုးတို့သည် မြင်၍ရနိုင်ပြီးဖြစ်မည် မဟုတ်ပေ။ သူ၏ ဉာဏ်ပညာကို မည်သည့်နေရာ၌ ထုတ်ဖော်ပြပြီး ဖြစ်မည်နည်း။ ထို့ကြောင့် ဘုရားသခင်သည် နောက်ပိုင်းတွင် သူ၏ အနန္တတန်ခိုးကို ထုတ်ဖော်ပြနိုင်ဖို့အလို့ငှာ စာတန်အတွက် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်- ထိုသို့မဟုတ်ပါက လူသားသည် ဘုရားသခင်၏ ဉာဏ်ပညာကို မည်သို့ ရှာတွေ့နိုင်မည်နည်း။ လူသားသည် ဘုရားသခင်ကို မခုခံခဲ့ပါက သို့မဟုတ် သူ့ကို မဆန့်ကျင်မပုန်ကန်ခဲ့ပါက၊ သူ၏ဆောင်ရွက်မှုများကို ထုတ်ဖော်ပြသဖို့ လိုအပ်မည် မဟုတ်ပေ။ ဖန်ဆင်းခြင်း အားလုံးသည် သူ့ကို ကိုးကွယ်ပြီး ကျိုးနွံနာခံခဲ့ကြမည်ဆိုပါက၊ သူသည် လုပ်ဆောင်ရန် အမှုရှိမည်မဟုတ်။” ဟုပြောသည့် အခြားသူများ ရှိလေသည်။

ဘုရားသခင်နှင့် ပတ်သက်၍ ညစ်ညမ်းခြင်း မည်သည့်အရာမျှ မရှိသောကြောင့်၊ သူသည် ညစ်ညမ်းမှုကို ဖန်ဆင်း၍မရသည့်အတွက်၊ ဤသည်မှာ လက်တွေ့အရှိတရားမှ သာ၍ပင် ဝေးကွာပေသည်။ သူသည် သူ၏ ရန်သူကို အနိုင်ယူဖို့၊ သူဖန်ဆင်းခဲ့သည့် လူသားများကို ကယ်တင်ဖို့နှင့်၊ ဘုရားသခင်ကို မုန်းတီးသည့်၊ သစ္စာဖောက်ပြီး ခုခံသကဲ့သို့ အစအဦးမှပင် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် ရှိခဲ့ပြီး သူနှင့် သက်ဆိုင်ခဲ့သည့် မကောင်းဆိုးဝါးများနှင့် စာတန်ကို သူ၏ ဆောင်ရွက်ချက်များကို ယခု ထုတ်ဖော်ပြခြင်း ဖြစ်ပေသည်။ ဘုရားသခင်သည် ဤနတ်ဆိုးများကို အနိုင်ယူချင်ပြီး၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် သူ၏ အနန္တတန်ခိုးကို အရာခပ်သိမ်းထံ ထုတ်ဖော်ပြလေသည်။ ကမ္ဘာမြေပေါ် ရှိ လူသားမျိုးနွယ်နှင့် အရာရာတိုင်းသည် ယခု စာတန်၏ အုပ်စိုးမှုအောက်တွင် ရှိပြီး၊ ဆိုးယုတ်သူ၏ အုပ်စိုးမှုအောက်တွင် တည်နေသည်။ လူများသည် သူ့ကို သိရှိနိုင်ကြဖို့အလို့ငှာနှင့် ထိုသို့ဖြင့် စာတန်ကို အနိုင်ယူပြီး သူ၏ ရန်သူများကို လုံးလုံးလျားလျား နှိမ်နင်းဖို့အလို့ငှာ၊ ဘုရားသခင်သည် အရာခပ်သိမ်းထံ သူ၏ ဆောင်ရွက်ချက်များကို ထုတ်ဖော်ပြချင်လေသည်။ ဤအမှု၏ အလုံးစုံကို သူ၏ ဆောင်ရွက်ချက်များကို ထုတ်ဖော်ပြခြင်း မှတစ်ဆင့် ပြီးမြောက်လေသည်။ သူ၏ဖန်ဆင်းခြင်းအားလုံးသည် စာတန်၏ အုပ်စိုးမှုအောက်တွင် ရှိသည်၊ ထို့ကြောင့် ဘုရားသခင်သည် သူ၏ အနန္တတန်ခိုးကို ၎င်းတို့ထံ ထုတ်ဖော်ပြရန် ဆန္ဒရှိပြီး ထိုသို့ဖြင့် စာတန်ကို အနိုင်ယူရန် ဆန္ဒရှိလေသည်။ စာတန်မရှိခဲ့လျှင် သူ၏ ပြုမူဆောင်ရွက်မှုများကို ဖွင့်ပြဖို့လိုမည် မဟုတ်ပေ။ စာတန်၏ နှောင့်ယှက်မှု မရှိခဲ့ပါက၊ သူသည် လူသားမျိုးနွယ်ကို ဖန်ဆင်းပြီး ဧဒင်ဥယျာဉ်ထဲတွင် အသက်ရှင်ဖို့ ၎င်းတို့ကို ပို့ဆောင်ပြီး ဖြစ်ပေမည်။ စာတန်က သစ္စာဖောက်ခြင်း မတိုင်မီ၊ ဘုရားသခင်သည် သူ၏ လုပ်ဆောင်ချက်များကို ကောင်းကင်တမန်များထံ သို့မဟုတ် ကောင်းကင်တမန်မင်းထံ အဘယ်ကြောင့် ထုတ်ဖော် မပြခဲ့ပါသနည်း။ အစအဦး၌ ကောင်းကင်တမန်များအားလုံးနှင့် ကောင်းကင်တမန်မင်းသည် ဘုရားသခင်ကို သိခဲ့ပြီးဖြစ်ကာ သူ့ကို ကျိုးနွံနာခံခဲ့ပြီး ဖြစ်ပါက၊ ဘုရားသခင်သည် ဤအဓိပ္ပာယ်မဲ့သည့် အမှုနှင့်ဆိုင်သည့် လုပ်ရပ်များကို ဆောင်ရွက်ပြီး ဖြစ်မည် မဟုတ်ပေ။ စာတန်နှင့် မကောင်းဆိုးဝါးများ၏ တည်ရှိခြင်းကြောင့်၊ လူသားများသည်လည်း ဘုရားသခင်ကို ခုခံကြပြီးဖြစ်ကာ ပုန်ကန်လိုသည့် စိတ်သဘောထားများဖြင့် ပြည့်နိုင်သမျှ ပြည့်ကြလေသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏ လုပ်ရပ်များကို ထုတ်ဖော်ပြရန် ဆန္ဒရှိလေသည်။ သူသည် စာတန်နှင့် စစ်ပွဲဆင်နွှဲလိုသောကြောင့်၊ စာတန်ကို အနိုင်ယူဖို့ သူသည် သူ၏ ကိုယ်ပိုင် ဩဇာအာဏာနှင့် သူ၏ လုပ်ရပ်များအားလုံးကို အသုံးပြုရပေမည်။ ဤနည်းဖြင့် လူသားများအလယ်

သူဆောင်ရွက်သည့် ကယ်တင်ခြင်း အမှုသည် လူသားများကို သူ၏ ဉာဏ်ပညာနှင့် အနန္တတန်ခိုးအား တွေ့မြင်ခွင့်ပေးလိမ့်မည် ဖြစ်သည်။ ယနေ့ ဘုရားသခင်၏ လုပ်ဆောင်နေသည့် အမှုသည် အဓိပ္ပာယ် ရှိပြီး၊ အချို့လူများက "ကိုယ်တော် လုပ်ဆောင်သည့်အမှုသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်သည် မဟုတ်ပါလား။ ဤဆက်တိုက်အမှုသည် ကိုယ်တော်တိုင်အတွက် ဒုက္ခ ဖန်တီးရာတွင် ကျင့်သုံးမှုတစ်ခု ဖြစ်သည် မဟုတ်ပါလား။ ကိုယ်တော်သည် စာတန်ကို ဖန်ဆင်းခဲ့ပြီးနောက် ကိုယ်တော့်ကို သစ္စာဖောက်ကာ ခုခံရန် သူ့ကို အခွင့်ပေးခဲ့သည်။ ကိုယ်တော်သည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ပြီးနောက်၊ အာဒံနှင့် ဧဝတို့ သွေးဆောင်ခံရဖို့ အခွင့်ပေးရင်း၊ ၎င်းတို့ကို စာတန်ထံ လွှဲပြောင်းပေးခဲ့သည်။ ကိုယ်တော်က ဤအရာများကို တမင်သက်သက် ပြုလုပ်ခဲ့သည့်အတွက်၊ အဘယ်ကြောင့် လူသားမျိုးနွယ်ကို ကိုယ်တော် စက်ဆုပ်မုန်းတီးရသေးသနည်း။ ကိုယ်တော်သည် အဘယ်ကြောင့် စာတန်ကို စက်ဆုပ်ရွံရှာရသနည်း။ ဤအရာအားလုံးသည် ကိုယ်တော် ကိုယ်တိုင်၏ ဖန်တီးမှု ဖြစ်သည် မဟုတ်ပါလား။ ကိုယ်တော်အတွက် မုန်းတီးစရာ မည်သည့်အရာ ရှိသနည်း။" ဟု ပြောသည့်အချိန်တွင် ၎င်းတို့ ရည်ညွှန်းသည့်အရာနှင့် လုံးဝ မတူပေ။ အတော်အတန် နည်းပါးသည့် အဓိပ္ပာယ်မရှိသော လူများက ထိုသို့သောအရာများ ပြောကြပေသည်။ ၎င်းတို့သည် ဘုရားသခင်ကို ချစ်ဖို့ ဆန္ဒရှိကြသော်လည်း၊ ရင်ထဲတွင် ဘုရားသခင်နှင့်ပတ်သက်၍ မကျေမနပ် ဖြစ်ကြလေသည်။ ဆန့်ကျင်ဘက် ဖြစ်လိုက်လေချင်း။ သင်တို့သည် သမ္မာတရားကို နားမလည်ကြပေ၊ သင်သည် သဘာဝလွန် အတွေးများ အလွန်များလှပြီး၊ ဘုရားသခင်က အမှားပြုခဲ့သည်ဟုပင် သင် အခိုင်အမာပြောဆိုလေသည်- သင် အဓိပ္ပာယ် မဲ့လှသည်တကား။ သမ္မာတရားဖြင့် အကြံအဖန် လုပ်နေသူမှာ သင် ဖြစ်သည်။ ဘုရားသခင်က အမှားတစ်ခု ပြုခဲ့သည်မှာ မမှန်ပေ။ အချို့လူများက၊ "စာတန်ကို ဖန်ဆင်းခဲ့သည်မှာ ကိုယ်တော်ဖြစ်ပြီး စာတန်ကို လူ့သားများအလယ် ပစ်ချလိုက်ပြီး လူသားများကို ၎င်းထံ လွှဲပြောင်းပေးခဲ့သည်မှာ ကိုယ်တော် ဖြစ်သည်။ လူသားများက ဆိုးယုတ်သည့် စိတ်သဘောထား ပိုင်ဆိုင်သည်နှင့်တစ်ပြိုင်နက်၊ ကိုယ်တော် သူတို့ကို ခွင့်မလွှတ်ခဲ့ပါ။ ဆန့်ကျင်ဘက်အနေဖြင့် သူတို့ကို အတိုင်းအတာတစ်ခုအထိ မုန်းတီးခဲ့သည်။ ပထမတွင် ကိုယ်တော်သည် သူတို့ကို အတိုင်းအတာ တစ်ခုအထိ ချစ်ခဲ့သော်လည်း၊ ယခုတွင် သူတို့ကို ကိုယ်တော် မုန်းတီးနေသည်။ လူသားမျိုးနွယ်ကို မုန်းတီးလေပြီမှာ ကိုယ်တော်ဖြစ်သော်လည်း၊ လူသားမျိုးနွယ်ကို ချစ်ဖူးသည်မှာလည်း ကိုယ်တော် ဖြစ်သည်။ ဤနေရာတွင် အတိအကျ မည်သည့်အရာ ဖြစ်နေပါသနည်း။ ဤသည်မှာ ရှေ့နောက်မညီခြင်း

ဖြစ်သည် မဟုတ်ပါလား။" ဟု အဖန်တလဲလဲပင် စောဒကတက်ကြသည်။ ယင်းကို သင်တို့ မည်သို့ ကြည့်သည်ဖြစ်စေ၊ ဤသည်မှာ ကောင်းကင်ဘုံ၌ ဖြစ်ပျက်သည့်အရာ ဖြစ်သည်။ ဤသည်မှာ ကောင်းကင်တမန်မင်းက ဘုရားသခင်ကို သစ္စာဖောက်ခဲ့ပြီး လူသားမျိုးနွယ်က ဖောက်ပြန်ပျက်စီးခဲ့သည့် ပုံစံ ဖြစ်ပြီး၊ ဤသည်မှာ လူသားများက ဤနေ့အထိ ဆက်လက်ဖြစ်ပေါ်သည့်ပုံ ဖြစ်သည်။ ယင်းကို သင်တို့ မည်သို့ဖွဲ့ဆိုသည်ဖြစ်စေ၊ ယင်းမှာ အဖြစ်အပျက် အလုံးစုံ ဖြစ်သည်။ သို့သော် ဘုရားသခင် ယနေ့ လုပ်ဆောင်နေသည့် ဤအမှု နောက်ကွယ်က ရည်ရွယ်ချက်တစ်ခုလုံးမှာ သင်တို့ကို ကယ်တင်ရန်နှင့် စာတန်ကို အနိုင်ယူရန် ဖြစ်သည်မှာ သင်တို့ သိနားလည်ရမည်။

ကောင်းကင်တမန်များသည် အထူးသဖြင့် အားနည်းပြီး ပြောစရာ အစွမ်းအစများ မပိုင်ဆိုင်ကြသောကြောင့်၊ ၎င်းတို့ကို ဩဇာအာဏာ ပေးထားခဲ့သည်နှင့်တစ်ပြိုင်နက် ၎င်းတို့ တိုး၍ မာနထောင်လွှားလာခဲ့သည်။ ဤသည်မှာ အထူးသဖြင့် အခြား မည်သည့်ကောင်းကင်တမန်မဆိုထက် အဆင့်အတန်း သာ၍မြင့်မားသည့် ကောင်းကင်တမန်မင်းနှင့်ပတ်သက်၍ မှန်ကန်ပေသည်။ ကောင်းကင်တမန်များအလယ်နှင့် ယေဟောဝါအောက်ရှိ ကောင်းကင်တမန် သန်းပေါင်းများစွာကို ဦးဆောင်ခဲ့သည့် မင်းတစ်ပါး၊ ၎င်း၏ဩဇာအာဏာသည် အခြား မည်သည့် ကောင်းကင်တမန်များမဆို၏ ဩဇာအာဏာထက် သာလွန်ခဲ့သည်။ ၎င်းသည် ဟိုဟို၊ သည်သည် လုပ်ဆောင်လိုခဲ့ပြီး ကမ္ဘာလောကကြီးကို ထိန်းချုပ်ဖို့ လူသားများအလယ် ကောင်းကင်တမန်များကို ဦးဆောင်လိုခဲ့သည်။ ဘုရားသခင်က သူသည် စကြဝဠာကို ကွပ်ကဲအုပ်ချုပ်သူ ဖြစ်သည်ဟု ပြောခဲ့သည်။ သို့သော် ကောင်းကင်တမန်မင်းက ၎င်းသည် စကြဝဠာကို ကွပ်ကဲအုပ်ချုပ်ခဲ့သည်ဟု အခိုင်အမာ ဆိုခဲ့သည်- ထိုအချိန်မှစ၍၊ ကောင်းကင်တမန်မင်းသည် ဘုရားသခင်ကို သစ္စာဖောက်ခဲ့သည်။ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ အခြားလောကတစ်ခုကို ဖန်ဆင်းခဲ့ပြီးဖြစ်ကာ ကောင်းကင်တမန်မင်းသည် ဤလောကကို ထိန်းချုပ်ရန် ဆန္ဒရှိခဲ့ပြီး၊ သေမျိုးနယ်ပယ်ကို ဆင်းသက်ရန်လည်း ဆန္ဒရှိခဲ့သည်။ ဘုရားသခင်သည် ယင်းကို ထိုသို့ လုပ်ဆောင်ခွင့်ပြုနိုင်မည်လော။ ထို့ကြောင့် ဘုရားသခင်သည် ကောင်းကင်တမန်မင်းကို ဒဏ်ခတ်ခဲ့ပြီး၊ လေထဲကို ပစ်ချခဲ့သည်။ ၎င်းသည် လူသားများကို ဖောက်ပြန်ပျက်စီးစေခဲ့ကတည်းက၊ ဘုရားသခင်သည် လူသားများကို ကယ်တင်ရန်အလို့ငှာ ကောင်းကင်တမန်မင်းနှင့် စစ်ပွဲဆင်နွှဲပြီး ဖြစ်သည်။ စာတန်၏ ရှုံးနိမ့်ခြင်းအပေါ် ဤထောင်စုနှစ် ခြောက်ခုကို ဘုရားသခင် အသုံးပြုခဲ့သည်။ အနန္တတန်ခိုးရှင် ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်တို့၏ အတွေးအမြင်သည် ဘုရားသခင်က လတ်တလော ဆောင်ရွက်နေသည့် အမှုနှင့်

သဟဇာတ မဖြစ်ပေ။ ယင်းသည် လုံး၀ လက်တွေ့မကျသကဲ့သို့ အလွန်များလှသည့် အတွေးမှားတစ်ခု ဖြစ်ပေသည်။ အမှန်တွင်၊ ဘုရားသခင်က ကောင်းကင်တမန်မင်းကို သူ၏ ရန်သူအဖြစ် ကြေညာခဲ့သည်မှာ ကောင်းကင်တမန်မင်း၏ သစ္စာဖောက်ခြင်း နောက်တွင်သာ ဖြစ်သည်။ ကောင်းကင်တမန်မင်းက သေမျိုးနယ်ပယ်ထဲသို့ ရောက်ရှိပြီးနောက် လူသားမျိုးနွယ်အပေါ် နင်းချေခဲ့သည်မှာ ၎င်း၏ သစ္စာဖောက်မှုကြောင့်သာ ဖြစ်ပြီး၊ လူသားမျိုးနွယ်သည် ယခုအခြေအနေသို့ ပြောင်းလဲပြီးဖြစ်သည်မှာ ဤအကြောင်းရင်းကြောင့် ဖြစ်သည်။ ထိုသို့ဖြစ်ပျက် ပြီးသည့်နောက်တွင်၊ ဘုရားသခင်သည် စာတန်ကို "ငါသည် သင့်ကို အနိုင်ယူပြီး၊ ငါ ဖန်ဆင်းခဲ့သည့် လူသားများအားလုံးထံ ကယ်တင်ခြင်း ဆောင်ကြဉ်းမည်။" ဟု ကျိန်ဆိုခဲ့သည်။ ပထမတွင် လက်ခံယုံကြည်ခြင်းမရှိဘဲ စာတန်က၊ "ကိုယ်တော်သည် ကျွန်ုပ်အား အကယ်စင်စစ် အဘယ်အရာ ပြုနိုင်သနည်း။ ကိုယ်တော်သည် ကျွန်ုပ်အား လေထဲသို့ နှင်ချနိုင်မည်လော။ ကိုယ်တော်သည် ကျွန်ုပ်အား အမှန်တကယ် အနိုင်ယူနိုင်သလော။" ဟု ပြန်ပြောလေသည်။ ဘုရားသခင်က ၎င်းကို လေထဲသို့ နှင်ချသည့်နောက်တွင်၊ ကောင်းကင်တမန်မင်းကို သူ နောက်ထပ် အာရုံမစိုက်တော့သကဲ့သို့၊ နောက်ပိုင်းတွင် စာတန်၏ ဖြစ်နေဆဲ နှောင့်ယှက်ဟန့်တားမှုများ ရှိလင့်ကစား လူသားမျိုးနွယ်ကို ကယ်တင်ရန်နှင့် သူ၏ ကိုင်ပိုင်အမှုကို စတင် ဆောင်ရွက်ခဲ့သည်။ စာတန်သည် ဟိုဟို၊ သည်သည် လုပ်ဆောင် နိုင်ခဲ့သော်လည်း၊ ယင်းမှာ ယခင်က ၎င်းကို ဘုရားသခင် ပေးထားပြီးဖြစ်သည့် တန်ခိုးကြောင့်သာ ဖြစ်သည်။ ၎င်းသည် ဤအရာများကို လေထဲသို့ ၎င်းနှင့်အတူ ယူဆောင်သွားခဲ့ပြီး၊ ဤနေ့အထိ ထိန်းသိမ်းထားခဲ့သည်။ စာတန်ကို လေထဲသို့ နှင်ချပစ်လိုက်သည့်အချိန်တွင်၊ ဘုရားသခင်သည် ၎င်း၏ သြဇာအာဏာကို ပြန်မယူခဲ့ချေ၊ ထို့ကြောင့် စာတန်သည် လူသားမျိုးနွယ်ကို ဆက်လက်ပြီး ဖောက်ပြန်ပျက်စီးစေခဲ့သည်။ သို့သော်လည်း ဘုရားသခင်သည် ၎င်းတို့၏ ဖန်ဆင်းခြင်းပြီးသည့်နောက် များမကြာမီတွင် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရပြီးဖြစ်သည့် လူသားမျိုးနွယ်ကို ကယ်တင်ခြင်း စတင်ခဲ့သည်။ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိနေစဉ်တွင်၊ သူ၏ လုပ်ရပ်များကို ထုတ်ဖော်မပြခဲ့ပေ။ သို့သော် ကမ္ဘာကြီးကို မဖန်ဆင်းမီတွင်၊ သူဖန်ဆင်းခဲ့သည့် လောကကြီးထဲက လူတို့အား ကောင်းကင်ဘုံက သူ၏ လုပ်ရပ်များကို တွေ့မြင်ခွင့်ပေးခဲ့ပြီး၊ ထိုသို့ဖြင့် ထိုလူတို့ကို ကောင်းကင်ဘုံအထက်သို့ လမ်းပြပို့ဆောင်ခဲ့သည်။ သူသည် ၎င်းတို့ကို ဉာဏ်ပညာနှင့် အသိဉာဏ်ကို ပေးခဲ့ပြီး ထိုလူတို့ကို ထိုလောက၌ အသက်ရှင်ဖို့ ဦးဆောင်ခဲ့သည်။ ပင်ကိုအားဖြင့်၊ သင်တို့ထဲမှ မည်သူမျှ ဤအရာနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ မကြားဖူးကြပေ။ နောက်တွင် ဘုရားသခင်က

လူသားများကို ဖန်ဆင်း ပြီးသည့်နောက်တွင်၊ ကောင်းကင်တမန်မင်းသည် ၎င်းတို့ကို ဖောက်ပြန်ပျက်စီးစေဖို့ စတင်ခဲ့သည်။ ကမ္ဘာပေါ်တွင် လူသားမျိုးနွယ် အားလုံး ဗရမ်းဗတာ ဖြစ်သွားကြသည်။ ဘုရားသခင်သည် စာတန်နှင့်စစ်ပွဲကို စတင်ခဲ့သည်မှာ ထို့နောက်တွင်သာ ဖြစ်ပြီး၊ လူသားများက သူ၏ လုပ်ဆောင်ချက်များကို မြင်ခဲ့သည်မှာ ဤအချိန်တွင်သာ ဖြစ်ခဲ့သည်။ အစတွင် ထိုသို့သော လုပ်ရပ်များကို လူသားမျိုးနွယ်ထံမှ ဖုံးကွယ်ထားခဲ့သည်။ စာတန်သည် လေထဲသို့ နှင်ချခံရပြီးသည့်နောက်၊ ၎င်းသည် ၎င်း၏ အရေးကိစ္စကိုသာ လုပ်ဆောင်ခဲ့ပြီး ဘုရားသခင်သည်လည်း နောက်ဆုံးသော ကာလအထိ စာတန်နှင့် စစ်ပွဲကို အဆက်မပြတ် ဆင်နွဲရင်း၊ သူ၏ ကိုယ်ပိုင်အမှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ယခုသည် စာတန် ဖျက်ဆီးခံရသင့်သည့် အချိန်ကာလ ဖြစ်သည်။ အစအဦး၌ ဘုရားသခင်သည် ၎င်းကို ဩဇာအာဏာပေးခဲ့ပြီး၊ ထို့နောက်တွင် ဘုရားသခင်သည် စာတန်ကို လေထဲသို့ နှင်ချပစ်လိုက်သော်လည်း၊ ၎င်းတို့ ဖီဆန်မြဲဖီဆန်နေခဲ့သည်။ ထို့နောက်တွင်၊ ၎င်းသည် ကမ္ဘာမြေပေါ် ရှိ လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီး စေခဲ့သော်လည်း၊ ဘုရားသခင်သည် လူသားမျိုးနွယ်များကို စီမံခန့်ခွဲလျက် ရှိနေခဲ့သည်။ ဘုရားသခင်သည် စာတန်ကို အနိုင်ယူရန် လူသားများနှင့်ဆိုင်သည့် သူ၏စီမံခန့်ခွဲမှုကို အသုံးပြုသည်။ လူများကို ဖောက်ပြန်ပျက်စီးစေခြင်းအားဖြင့်၊ စာတန်သည် ၎င်းတို့၏ ကံကြမ္မာကို အဆုံးသတ်စေပြီး၊ ဘုရားသခင်၏အမှုကို နှောင့်ယှက်လေသည်။ အခြားတစ်ဖက်တွင် ဘုရားသခင်၏အမှုသည် လူသားမျိုးနွယ်၏ ကယ်တင်ခြင်း ဖြစ်သည်။ ဘုရားသခင် လုပ်ဆောင်သည့် အမှု၏ မည်သည့်အဆင့်သည် လူသားမျိုးနွယ်ကို ကယ်တင်ရန် ရည်ရွယ်ထားခြင်း မဟုတ်သနည်း။ မည်သည့်အဆင့်က လူများကို သန့်ရှင်းစေဖို့နှင့် ၎င်းတို့ကို ဖြောင့်မတ်စွာ ပြုမူစေကာ ချစ်ခြင်းကို ခံရနိုင်သည့် သူများ၏ ပုံရိပ်ကို အသက်ရှင်နေထိုင်စေဖို့ မရည်ရွယ်ပါသနည်း။ သို့သော်လည်း စာတန်သည် ဤအရာကို မလုပ်ဆောင်ပေ။ ၎င်းသည် လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေသည်။ ၎င်းသည် စကြဝဠာတစ်လျှောက် လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေခြင်းနှင့်ဆိုင်သည့် ၎င်း၏အလုပ်ကို အဆက်မပြတ် ဆောင်ရွက်သည်။ ဟုတ်ပေ၏၊ ဘုရားသခင်သည်လည်း စာတန်ကို အာရုံမစိုက်ဘဲ၊ သူကိုယ်တိုင်၏ အမှုကို သူလုပ်နေသည်။ စာတန်၌ ဩဇာအာဏာ မည်မျှရှိသည်ဖြစ်စေ၊ ထိုဩဇာအာဏာကို ဘုရားသခင်က ပေးထားခြင်း ဖြစ်ဆဲဖြစ်သည်။ ဘုရားသခင်သည် အမှန်တကယ်တွင် ၎င်းကို သူ၏ ဩဇာအာဏာအားလုံး ပေးခဲ့သည် မဟုတ်၊ ထို့ကြောင့် စာတန် မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ ယင်းသည် ဘုရားသခင်ကို လုံးဝ မကျော်လွှန်နိုင်သကဲ့သို့ ဘုရားသခင်၏ လက်အတွင်းတွင် အမြဲ ရှိလိမ့်မည်။ ဘုရားသခင်သည် ကောင်းကင်ဘုံ၌

ရှိနေစဉ်တွင် သူ၏ မည်သည့်လုပ်ရပ်ကိုမျှ ထုတ်ဖော်မပြခဲ့ပေ။ သူသည် စာတန်အား သြဇာအာဏာ၏ သေးငယ်သော အစိတ်အပိုင်း တစ်ခုကိုမျှ ပေးခဲ့ပြီး၊ ယင်းကို အခြားကောင်းကင်တမန်များ အပေါ် သြဇာအာဏာသုံးခွင့်ပေးခဲ့သည်။ ထို့ကြောင့် မူလက ၎င်းကို ဘုရားသခင်ပေးခဲ့သည့် သြဇာအာဏာသည် ကန့်သတ်ထားခြင်းကြောင့် စာတန်က မည်သည့်အရာကို လုပ်ဆောင်သည် ဖြစ်စေ၊ ၎င်းသည် ဘုရားသခင်၏ သြဇာအာဏာကို မကျော်လွန်နိုင်ချေ။ ဘုရားသခင် အမှုပြုသည်နှင့်အမျှ၊ စာတန်သည် နှောင့်ယှက်၏။ နောက်ဆုံးသောကာလတွင် စာတန်၏ နှောင့်ယှက်မှုများ အဆုံးသတ်လိမ့်မည် ဖြစ်သည်။ ထိုနည်းတူ၊ ဘုရားသခင်၏ အမှုသည်လည်း ပြီးစီးလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင် စုံလင်စေလိုသည့် လူမျိုးများသည်လည်း စုံလင်စေခြင်း ခံရလိမ့်မည်။ ဘုရားသခင်သည် လူများကို ခိုင်မာစွာ ညွှန်ကြားသည်။ သူ၏ အသက်သည် တိုင်းတာ၍မရသကဲ့သို့ အကန့်အသတ်မဲ့ အသက်စမ်းရေ ဖြစ်သည်။ စာတန်က လူသားကို အတိုင်းအတာ တစ်ခုအထိ ဖောက်ပြန်ပျက်စီး စေခဲ့သည်။ အဆုံးတွင် ဘဝ၏ အသက်စမ်းရေသည် လူသားကို စုံလင်စေလိမ့်မည် ဖြစ်ပြီး၊ စာတန်အတွက် ဝင်ရောက်စွက်ဖက်ဖို့ရန်နှင့် ၎င်း၏အလုပ်ကို ဆောင်ရွက်ဖို့ရန် ဖြစ်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ဘုရားသခင်သည် ဤလူများကို လုံးဝ ရယူနိုင်လိမ့်မည် ဖြစ်သည်။ ယခုတွင်ပင် စာတန်သည် ဤအရာကို လက်ခံဖို့ ငြင်းဆဲဖြစ်သည်။ ၎င်းသည် ဘုရားသခင်ကို အဆက်မပြတ် ဖက်ပြိုင်အံတုသော်လည်း၊ ဘုရားသခင်က ၎င်းကို အာရုံမစိုက်ချေ။ ဘုရားသခင်က၊ "ငါသည် စာတန်၏ အမှောင် အင်အားစုများနှင့် အမှောင်စွမ်းအား အားလုံးအပေါ် အောင်နိုင်လိမ့်မည်။" ဟု ပြောခဲ့သည်။ ဤသည်မှာ လူ့ဇာတိ၌ ယခု လုပ်ဆောင်ရမည့် အမှုဖြစ်ပြီး ယင်းမှာ လူ့ဇာတိခံယူခြင်းအား အရေးပါစေသည့်အရာလည်း ဖြစ်သည်။ ဆိုလိုသည်မှာ နောက်ဆုံးသောကာလတွင် စာတန်ကို အနိုင်ယူခြင်း အမှု၏အဆင့်ကို ပြီးပြည့်စုံစေဖို့နှင့် စာတန်နှင့်သက်ဆိုင်သည့် အရာအားလုံးကို ဖယ်ရှားပစ်ဖို့ ဖြစ်သည်။ စာတန်အပေါ် ဘုရားသခင် အောင်နိုင်ခြင်းသည် ရှောင်လွှဲ၍မရပေ။ အမှန်တွင် စာတန်က အချိန်ကြာမြင့်စွာက ရှုံးနိမ့်နှင့်ပြီးသား ဖြစ်သည်။ လူ့ဇာတိခံယူခြင်း၏ တကယ့် ရည်ရွယ်ချက်မှာ စာတန်ကို ချေမှုန်းဖို့ ဖြစ်သည့်အတွက်၊ အဆင်းနီသည့် နဂါးကြီး၏ နယ်မြေတစ်လျှောက်မှာ ဧဝံဂေလိတရားတော် စတင် ပျံ့နှံ့ခဲ့ချိန်တွင်- ဆိုလိုသည်မှာ၊ လူ့ဇာတိခံ ဘုရားသခင်က သူ၏ အမှုကို စတင်ခဲ့ပြီး ဤအမှု သက်ဝင်လှုပ်ရှားခဲ့ချိန်တွင်- စာတန်သည် လုံးဝ ရှုံးနိမ့်ခဲ့ပေသည်။ ဘုရားသခင်က နောက်တစ်ဖန် လူ့ဇာတိခံယူခဲ့ပြီး မည်သည့် အင်အားစုကမျှ မရပ်တန့်စေနိုင်သည့် သူ၏ အမှုကို စတင်ခဲ့သည်ကို စာတန်က မြင်လျှင်မြင်ချင်း၊ ဤအမှု၏ မြင်ကွင်းတွင် ၎င်းသည် မှင်တက်သွားခဲ့ပြီး နောက်ထပ်

မည်သည့်ဒုက္ခပေးခြင်းကိုမျှ မလုပ်ဆောင်ဝံ့ခဲ့ချေ။ ပထမတွင် စာတန်က ၎င်းသည်လည်း များပြားသည့် ဉာဏ်ပညာများကို အပ်နှင်းထားခြင်းခံခဲ့ရသည်ဟု တွေးထင်ခဲ့ပြီး၊ ဘုရားသခင်၏ အမှုကို ကြားဖြတ်ကာ နှောင့်ယှက်ခဲ့သည်။ သို့သော် ဘုရားသခင် နောက်တစ်ဖန် လူ့ဇာတိခံယူလိမ့်မည် သို့မဟုတ် သူ၏ အမှုတွင် ဘုရားသခင်သည် စာတန်၏ ပုန်ကန်မှုကို လူသားမျိုးနွယ်အတွက် ထုတ်ဖော်ပြခြင်းနှင့် တရားစီရင်ခြင်းအဖြစ် အသုံးတော်ခံစေဖို့ အသုံးပြုမည် ဖြစ်ပြီး၊ ထိုသို့ဖြင့် လူသားများကို သိမ်းပိုက်ကာ စာတန်ကို အနိုင်ယူမည်ကို သူ မမျှော်လင့်ထားခဲ့ချေ။ ဘုရားသခင်သည် စာတန်ထက် သာ၍ ဉာဏ်ပညာရှိပြီး သူ၏အမှုသည် ၎င်းထက် များစွာ သာလွန်သည်။ ထို့ကြောင့် "ငါလုပ်သည့် အမှုသည် စာတန်၏ လှည့်ကွက်များကို တုံ့ပြန်ရာတွင် ဆောင်ရွက်သည်။ အဆုံးတွင် ငါသည် ငါ၏ အနန္တတန်ခိုးနှင့် စာတန်၏ တန်ခိုးအစွမ်းမဲ့ခြင်းကို ထုတ်ဖော်ပြမည်။" ဟု ယခင်က ငါ ဖော်ပြပြီးဖြစ်သည်နှင့်အမျှ၊ ဘုရားသခင်သည် သူ၏အမှုကို ရှေ့တန်းတွင် လုပ်ဆောင်လိမ့်မည် ဖြစ်သော်လည်း၊ အဆုံး၌ စာတန်သည် နောက်ဆုံးတွင် ဖျက်ဆီးခံရသည်အထိ နောက်တွင် တရွတ်တိုက်ဆွဲ လိုက်ပါလိမ့်မည် ဖြစ်သည်- ၎င်းသည် အလွန့်အလွန် ထိတ်လန့်တုန်လှုပ်လိမ့်မည်။ ၎င်းသည် ချေမှုန်းကာ ဖျက်ဆီးခံရနှင့်ပြီးဖြစ်သည်နှင့်တစ်ပြိုင်နက်မှသာ အမှန်တရားကို သဘောပေါက်လိမ့်မည် ဖြစ်ပြီး၊ ထိုအချိန်တွင် ၎င်းသည် မီးအိုင်ထဲတွင် မီးရှို့ဖျက်ဆီးခံရနှင့်ပြီး ဖြစ်လိမ့်မည်။ ထိုအခါ ၎င်းသည် လုံး၀ ယုံကြည်လက်ခံသွားမည် မဟုတ်လော။ ထိုအခါတွင် စာတန်အတွက် အသုံးချစရာ အကြံအစည်များ နောက်ထပ် ရှိတော့မည် မဟုတ်။

လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ စိတ်နှလုံးကို ပူဆွေးမှုဖြင့် မကြာခဏ ဖိစီးစေသည်မှာ ဤတစ်ဆင့်ချင်းဖြစ်သည့် လက်တွေ့ကျသော အမှု ဖြစ်သည်၊ ထို့ကြောင့် စာတန်နှင့် သူ၏စစ်ပွဲသည် အနှစ်ခြောက်ထောင် ကြာခဲ့ပြီး၊ ဘုရားသခင်က "ငါသည် လူသားမျိုးနွယ်ကို မည်သည့်အခါတွင်မျှ တစ်ဖန် ဖန်ဆင်းလိမ့်မည် မဟုတ်သကဲ့သို့၊ ကောင်းကင်တမန်များအပေါ်၌ ဩဇာအာဏာကို တစ်ဖန် အပ်နှင်းလိမ့်မည် မဟုတ်။" ဟု ပြောထားပြီး ဖြစ်သည်။ ထိုအချိန်မှစ၍၊ ကောင်းကင်တမန်များသည် ကမ္ဘာမြေပေါ်သို့ အလုပ်လုပ်ဖို့ လာခဲ့ကြသည့်အခါ၊ အချို့သော အလုပ်ကို လုပ်ဆောင်ဖို့ ဘုရားသခင်နောက် လိုက်ရုံမျှ လိုက်ကြလေသည်။ သူသည် ၎င်းတို့ကို လုံး၀ တစ်ဖန် ဩဇာအာဏာ မပေးလေပြီ။ ဣသရေလလူမျိုးတို့ မြင်ခဲ့သည့် ကောင်းကင်တမန်များသည် ၎င်းတို့၏ အလုပ်ကို မည်သို့ ဆောင်ရွက်ကြသနည်း။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် အိပ်မက်များထဲတွင် ထုတ်ဖော်ပြကြပြီး ယေဟောဝါ၏ နှုတ်ကပတ်တော်များကို ပို့ဆောင် ခဲ့ကြသည်။ ယေရှုသည်

ကားစင်တင်ခံခဲ့ရပြီးနောက် သုံးရက်အကြာတွင် ရှင်ပြန်ထမြောက် ပြီးသည့်အခါ၊ ကျောက်ကြီးကို ဘေးကိုတွန်းရွှေ့ခဲ့သူများက ကောင်းကင်တမန်များ ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဤအလုပ်ကို ကိုယ်တိုင်ကိုယ်ကျ မလုပ်ဆောင်ခဲ့ပေ။ ကောင်းကင်တမန်များကသာ ဤအလုပ်မျိုးကို လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်သည် ၎င်းတို့အပေါ် မည်သည့် သြဇာအာဏာမျှ လုံးဝ တစ်ဖန် အပ်နှင်းမည်မဟုတ်သည့်အတွက်၊ ၎င်းတို့သည် ထောက်ပံ့ပေးသည့် အခန်းကဏ္ဍ၌သာ ပါဝင်ခဲ့ကြသော်လည်း၊ မည်သည့် သြဇာအာဏာမျှ မရှိခဲ့ကြပေ။ အချိန်တစ်ချို့ကြာ အလုပ်လုပ်ပြီးသည့်နောက်၊ ကမ္ဘာမြေပေါ် ဘုရားသခင် အသုံးပြုခဲ့သည့် လူတို့သည် ဘုရားသခင်၏ နေရာကို ယူကြပြီး၊ "ငါသည် စကြဝဠာကို ကျော်လွန်ချင်သည်။ တတိယကောင်းကင်၌ ငါရပ်ချင်သည်။ အချုပ်အခြာ အာဏာဖြင့် စိုးစံသည့်ကာလကို ငါတို့ ရချင်သည်။" ဟု ဆိုကြသည်။ ရက်အချို့ကြာ အလုပ်လုပ်ပြီးသည့်နောက်တွင် ၎င်းတို့ မာနထောင်လွှားလာကြပေမည်။ ၎င်းတို့သည် ကမ္ဘာမြေပေါ်တွင် အချုပ်အခြာ အခွင့်အာဏာကို ပိုင်ဆိုင်ချင်ခဲ့ကြသည်၊ နောက်ထပ် တိုင်းနိုင်ငံကို ထူထောင်ချင်ခဲ့ကြပြီး၊ အရာခပ်သိမ်းကို ၎င်းတို့၏ ခြေအောက်တွင် ရှိစေချင်ကြပြီး၊ တတိယကောင်းကင်ဘုံတွင် ရပ်တည် ချင်ခဲ့ကြသည်။ သင်သည် ဘုရားသခင် အသုံးပြုသည့် လူတစ်ဦးမျှ ဖြစ်သည်ကို သင် မသိသလော။ တတိယ ကောင်းကင်သို့ သင်မည်သို့ တက်နိုင်မည်နည်း။ ဘုရားသခင်သည် တိတ်ဆိတ်စွာနှင့် ကြွေးကြော်ခြင်း မရှိဘဲ၊ ကမ္ဘာမြေသို့ အမှုပြုရန် ကြွလာပြီးနောက်၊ သူ၏ အမှုကို ခြေလုံလက်လုံဖြင့် ပြီးစီးစေပြီးသည့်နောက် ထွက်ခွာလေသည်။ သူသည် လူသားများ လုပ်ဆောင်သကဲ့သို့ အော်ဟစ်ကြွေးကြော်ခြင်း လုံးဝ မပြုဘဲ၊ ထို့ထက် သူ၏ အမှုကို ဆောင်ရွက်ရာတွင် လက်တွေ့ကျလေသည်။ သူသည် ဘုရားကျောင်းထဲသို့ တစ်ကြိမ်တစ်ခါမျှ မဝင်ရောက်သကဲ့သို့ "ငါသည် သင်တို့ အားလုံးကို ဖယ်ရှားပစ်မည်။ သင်တို့ကို ငါကျိန်ဆဲပြီး ပြစ်တင်ဆုံးမမည်။" ဟုလည်း မဟစ်အော်ခဲ့ပေ။ သူသည် သူ၏ ကိုယ်ပိုင်အမှုကို ဆက်လက် လုပ်ဆောင်ရုံမျှ လုပ်ဆောင်ပြီး၊ သူ အပြီးသတ်သည်နှင့်တစ်ပြိုင်နက် ထွက်ခွာသွားသည်။ ဖျားနာသူများကို ကုသပေးပြီး နတ်ဆိုးများကို နှင်ထုတ်သူ၊ အခြားသူများကို စင်မြင့်ပေါ်မှ သြဝါဒပေးသူ၊ ရှည်လျားပြီး ဟိတ်ဟန်များသည့် မိန့်ခွန်းများ ဟောကြားကာ လက်တွေ့မကျသည့် အရာများကို ဆွေးနွေးသူများ ဖြစ်သည့် ဘာသာရေး သင်းအုပ်များ အားလုံးသည် ရိုးတွင်းခြင်ဆီအထိ မာနထောင်လွှားကြပေသည်။ သူတို့သည် ကောင်းကင်တမန်မင်း၏ သားစဉ်မြေးဆက်များသာ ဖြစ်ကြပေသည်။

သူ၏ အနှစ်ခြောက်ထောင် အမှုကို လက်ရှိအချိန်အထိ ဆောင်ရွက်ပြီးသည့်နောက်တွင်၊

ဘုရားသခင်သည် သူ၏ ဆောင်ရွက်ချက် များစွာကို ထုတ်ဖော်ပြနိုင့်ပြီးဖြစ်သည်၊ ယင်း၏ အဓိက ရည်ရွယ်ချက်မှာ စာတန်ကို အနိုင်ယူဖို့နှင့် လူသားမျိုးနွယ်အားလုံးထံ ကယ်တင်ခြင်း ဆောင်ကြဉ်းဖို့ ဖြစ်လေပြီးဖြစ်သည်။ သူသည် ကောင်းကင်ဘုံရှိ အရာရာတိုင်း၊ မြေကြီးပေါ် ရှိ အရာရာတိုင်း၊ ပင်လယ်များထဲက အရာရာတိုင်းနှင့် မြေကြီးပေါ် ရှိ ဘုရားသခင်၏ ဖန်ဆင်းခြင်းထဲက နောက်ဆုံး အရာဝတ္ထုတိုင်းအား သူ၏ အနန္တတန်ခိုးကို တွေ့မြင်ခွင့်ပေးဖို့နှင့် သူ၏ ဆောင်ရွက်ချက်များအားလုံးကို မျက်မြင်တွေ့ခွင့်ပေးဖို့ ဤအခွင့်အရေးကို အသုံးပြုလေသည်။ သူသည် သူ၏ လုပ်ဆောင်ချက်များအားလုံးကို လူသားများထံ ထုတ်ဖော်ပြဖို့နှင့် သူ့ကို ချီးမွမ်းနိုင်ကြစေကာ စာတန်ကို အနိုင်ယူရာတွင် သူ၏ ဉာဏ်ပညာကို ချီးမြှောက်နိုင်ကြစေဖို့ သူ၏ စာတန်ကို အနိုင်ယူခြင်းက ပေးသည့် အခွင့်အရေးကို သူ မလွှတ်တမ်း အသုံးချနေသည်။ ကမ္ဘာမြေပေါ်၊ ကောင်းကင်ဘုံနှင့် ပင်လယ်များအတွင်းရှိ အရာအားလုံးသည် ဘုရားသခင်ထံ ဘုန်းအသရေ ဆောင်ကြဉ်းကြသည်၊ သူ၏အနန္တတန်ခိုးကို ချီးမွမ်းကြပြီး၊ သူ၏လုပ်ဆောင်ချက်တစ်ခုစီတိုင်းကို ချီးမွမ်းကာ သူ၏သန့်ရှင်းသည့် အမည်နာမကို ဟစ်ကြွေးကြလေသည်။ ဤအရာသည် စာတန်ကို သူ၏ အနိုင်ယူခြင်း သက်သေဖြစ်သည်။ ယင်းမှာ စာတန်ကို သူ၏ ချေမှုန်းခြင်း သက်သေဖြစ်သည်။ ပိုပြီးအရေးကြီးသည်မှာ၊ ယင်းသည် လူသားမျိုးနွယ်နှင့်ဆိုင်သည့် သူ၏ ကယ်တင်ခြင်း သက်သေ ဖြစ်သည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်းတစ်ရပ်လုံးသည် သူ့ထံ ဘုန်းအသရေ ဆောင်ကြဉ်း၏၊ သူ၏ရန်သူကို အနိုင်ယူခြင်းနှင့် အောင်နိုင်လျက် ပြန်လာခြင်းအတွက် သူ့ကို ချီးမွမ်းကြပြီး၊ ကြီးမြတ်သည့် အောင်နိုင်သော ရှင်ဘုရင်အဖြစ် သူ့ကို ချီးကျူးထောမနာပြုကြလေသည်။ သူ၏ ရည်ရွယ်ချက်သည် စာတန်ကို ချေမှုန်းရုံမျှ မဟုတ်၊ ယင်းမှာ အနှစ်ခြောက်ထောင်ကြာ သူ၏ အမှု ဆက်လက် လုပ်ဆောင်ရသည့် အကြောင်းရင်း ဖြစ်သည်။ သူသည် လူသားမျိုးနွယ်ကို ကယ်တင်ဖို့ စာတန်၏ ရှုံးနိမ့်မှုကို အသုံးပြုသည်။ သူသည် သူ၏ဆောင်ရွက်မှုများ အားလုံးနှင့် သူ၏ဘုန်းအသရေ အားလုံးတို့ကို ထုတ်ဖော်ပြဖို့ စာတန်၏ ရှုံးနိမ့်မှုကို အသုံးပြုသည်။ သူသည် ဘုန်းထင်ရှားလိမ့်မည် ဖြစ်ပြီး၊ ကောင်းကင်တမန် အသင်းအားလုံးသည် သူ၏ဘုန်းအသရေအားလုံးကို မြင်ကြရလိမ့်မည် ဖြစ်သည်။ ကောင်းကင်ဘုံရှိ စေတမန်များ၊ ကမ္ဘာမြေပေါ် ရှိ လူသားများနှင့် ကမ္ဘာပေါ် ရှိ ဖန်ဆင်းခြင်းအရာများ အားလုံးသည် ဖန်ဆင်းရှင်၏ ဘုန်းအသရေကို မြင်ကြရလိမ့်မည်။ ဤသည်မှာ သူလုပ်ဆောင်သည့် အမှုဖြစ်သည်။ ကောင်းကင်ဘုံနှင့် မြေကြီးပေါ် ရှိ သူ၏ ဖန်ဆင်းခြင်းအားလုံးသည် သူ၏ဘုန်းအသရေကို မျက်မြင်တွေ့လိမ့်မည် ဖြစ်ပြီး၊ စာတန်ကို အပြတ်အသတ် အနိုင်ယူပြီးသည့်နောက်တွင် သူသည် အောင်နိုင်လျက် ပြန်လာလိမ့်မည်

ဖြစ်ပြီး၊ လူသားမျိုးနွယ်ကို သူ့အား ချီးမွမ်းခွင့်ပေးမည် ဖြစ်ကာ၊ ထိုသို့ဖြင့် သူ၏ အမှုတွင် နှစ်ဆသော အောင်မြင်မှုကို စွမ်းဆောင်ရရှိလိမ့်မည် ဖြစ်သည်။ အဆုံးတွင် လူသားမျိုးနွယ် အားလုံးသည် သူ၏ သိမ်းပိုက်ခြင်းခံရကြလိမ့်မည် ဖြစ်ပြီး၊ ခုခံသည့်သူ သို့မဟုတ် ပုန်ကန်သူ မည်သူမဆိုကို သူဖယ်ရှားပစ်မည် ဖြစ်သည်။ တစ်နည်းအားဖြင့် စာတန်နှင့် သက်ဆိုင်သည့် သူအားလုံးကို သူဖယ်ရှားပစ်မည် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ ဆောင်ရွက်မှု များစွာကို လတ်တလောတွင် မျက်မြင်တွေ့ကြုံနေရသော်လည်း၊ သင်သည် ခုခံဆဲဖြစ်သည်၊ ပုန်ကန်တတ်ဆဲဖြစ်ပြီး ကျိုးနွံနာခံခြင်း မရှိပေ။ သင်သည် သင်၏ အတွင်းတွင် အမှုအရာများစွာ သိုထားပြီး၊ သင် ဆန္ဒရှိသည့် မည်သည့်အရာကိုမဆို လုပ်ဆောင်သည်။ သင်၏ ကိုယ်ပိုင် တပ်မက်မှုများနှင့် နှစ်သက်မှုတို့နောက် သင်လိုက်သည်။ ဤသည်မှာ ပုန်ကန်ခြင်းနှင့် ခုခံခြင်းသာ ဖြစ်သည်။ ဇာတိပကတိနှင့် မိမိ၏တပ်မက်မှုများ အတွက်အပြင်၊ မိမိ၏ နှစ်သက်မှုများအတွက်၊ လောကနှင့် စာတန်အတွက်၊ ဘုရားသခင်၌ ယုံကြည်ခြင်းသည် ညစ်ညမ်း၏။ ယင်းသည် သဘာဝအားဖြင့် ခုခံကာ ပုန်ကန်တတ်ပေသည်။ ယနေ့ခေတ်တွင် မတူညီသည့် ယုံကြည်မှု မျိုးစုံရှိသည်- အချို့သည် ကပ်ဘေးများမှ အကွယ်အကာကို ရှာပြီး၊ အခြားသူတို့က ကောင်းချီးမင်္ဂလာများ ရရှိရန် ကြိုးစားကြသည်။ အချို့က နက်နဲသောအရာများကို နားလည်ရန် ဆန္ဒရှိကြစဉ်တွင်၊ အချို့က ငွေကို ရှာဖွေနေကြဆဲ ဖြစ်သည်။ ဤအရာများအားလုံးသည် ခုခံခြင်းပုံစံများ ဖြစ်ပြီး၊ ယင်းတို့အားလုံးသည် ပြစ်မှားစော်ကားခြင်း ဖြစ်သည်။ ခုခံသည် သို့မဟုတ် ပုန်ကန်သည်ဟု ပြောဖို့မှာ- ယင်းသည် ထိုသို့သော အပြုအမူများကို ရည်ညွှန်းသည် မဟုတ်လော။ ယနေ့ခေတ်တွင် လူများစွာသည် ညည်းကြသည်၊ စောဒကတက်ကြသည် သို့မဟုတ် အကဲဖြတ်ဝေဖန်မှုများ ပြုကြလေသည်။ ယင်းတို့အားလုံးကို ဆိုးယုတ်သူများက လုပ်ဆောင်ခြင်း ဖြစ်သည်။ ၎င်းတို့သည် လူသား ခုခံမှုနှင့် ပုန်ကန်မှုတို့၏ ဥပမာများ ဖြစ်ကြသည်။ ဤသို့သော လူများသည် စာတန်၏ ဝင်ပူးခြင်းခံရကာ နေရာယူခြင်းခံရပေသည်။ ဘုရားသခင် ရရှိထားသည့် သူများသည် သူ့ကို လုံးဝ ကျိုးနွံနာခံကြသူများ ဖြစ်သည်။ ၎င်းတို့သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သော်လည်း၊ ဘုရားသခင်၏ လတ်တလော အမှုအားဖြင့် ကယ်တင်ခြင်းခံရပြီး သိမ်းပိုက်ခြင်းခံရပြီး ဖြစ်သူများ၊ အတိဒုက္ခကို ကြံ့ကြံ့ခံကြပြီးဖြစ်ကာ အဆုံးတွင် ဘုရားသခင်၏ လုံးဝ ရရှိခြင်းခံရပြီး ဖြစ်သူများ၊ စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်မရှင်တော့သူများ၊ မဖြောင့်မတ်ခြင်းမှ လွတ်မြောက်သွားပြီး ဖြစ်သူများနှင့် သန့်ရှင်းခြင်းကို အသက်ရှင်နေထိုင်ရန် လိုလားနေကြသူများ ဖြစ်သည်- ထိုသို့သောသူများသည် အသန့်ရှင်းဆုံးသော လူများဖြစ်သည်။ ၎င်းတို့သည် ဧကန်အမှန် သန့်ရှင်းသူများ ဖြစ်ကြသည်။

သင်၏ လက်တလော အပြုအမူများသည် ဘုရားသခင်၏ သတ်မှတ်ချက်များ တစ်စိတ်တစ်ဒေသနှင့်ပင် မကိုက်ညီပါက၊ သင်သည် သုတ်သင်ပယ်ရှင်း ခံရမည် ဖြစ်သည်။ ဤအရာကို မငြင်းနိုင်ပေ။ အရာရာတိုင်းသည် ယခု ဖြစ်ပျက်သည့်အရာအပေါ် မူတည်သည်။ သင်သည် ကြိုတင် ခွဲခန့်မှတ်သားထားခြင်း ခံရကာ ရွေးချယ်ခံရပြီးဖြစ်သော်လည်း၊ ယနေ့ သင်၏ အပြုအမူများသည် သင်၏ရလဒ်များကို အဆုံးအဖြတ်ပေးနေဆဲ ဖြစ်သည်။ သင်သည် ယခု အမီမလိုက်နိုင်ပါက၊ သုတ်သင်ဖယ်ရှင်းခြင်း ခံရမည်ဖြစ်သည်။ သင်သည် ယခု အမီမလိုက်နိုင်ပါက၊ နောက်တွင် မည်သို့ အမီလိုက်နိုင်မည်နည်း။ ထိုသို့သော ကြီးမားသည့် နိမိတ်လက္ခဏာတစ်ခု သင်၏ရှေ့တွင် ပေါ်ထွန်းပြီး ဖြစ်သော်လည်း၊ သင်သည် မယုံကြည်သေး။ သို့ဆိုလျှင် ဘုရားသခင်သည် သူ၏အမှုကို အပြီးသတ်ပြီး နောက်ထပ် ထိုသို့သော အမှုကို လုပ်ဆောင်လိမ့်မည် မဟုတ်သည့်အချိန်၊ နောက်ပိုင်းတွင် ဘုရားသခင်ကို သင် မည်သို့ ယုံကြည်မည်နည်း။ ထိုအချိန်အရောက်တွင်၊ သင့်အတွက် သူ့နောက်လိုက်ဖို့ သာ၍ပင် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ နောက်ပိုင်းတွင် ဘုရားသခင်သည် သင်သည် အပြစ်ရှိ မရှိ သို့မဟုတ် ဖြောင့်မတ်ခြင်း ရှိ မရှိကို ဆုံးဖြတ်ရန်၊ သင်သည် စုံလင်ခံရမည် သို့မဟုတ် သုတ်သင်ဖယ်ရှင်းခြင်းခံရမည်ကို ဆုံးဖြတ်ရန်၊ လူ့ဇာတိခံ ဘုရားသခင်၏ အမှုအပေါ် သင်၏ သဘောထား၊ သင်၏ အသိပညာတို့ အပေါ်နှင့် သင်၏ အတွေ့အကြုံအပေါ် ဘုရားသခင် အမှီပြုလိမ့်မည် ဖြစ်သည်။ သင် ယခု ရှင်းရှင်းလင်းလင်း မြင်ရမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသို့ အလုပ်လုပ်၏။ သူသည် သင်၏ ရလဒ်ကို ယနေ့ သင်၏ အပြုအမူ အတိုင်း ဆုံးဖြတ်သည်။ ယနေ့၏ နှုတ်ကပတ်တော်များကို မည်သူ ပြောသနည်း။ ယနေ့၏ အမှုကို မည်သူပြုသနည်း။ ယနေ့ သင် သုတ်သင်ဖယ်ရှင်းခြင်းခံရမည်ကို မည်သူ ဆုံးဖြတ်သနည်း။ သင့်ကို စုံလင်စေရန် မည်သူ ဆုံးဖြတ်သနည်း။ ဤသည်မှာ ငါကိုယ်တိုင် ပြုသည့်အရာ မဟုတ်လော။ ဤနှုတ်ကပတ်တော်များကို ပြောသူမှာ ငါ ဖြစ်သည်။ ထိုသို့သော အမှုကို ဆောင်ရွက်သူမှာ ငါ ဖြစ်သည်။ လူများကို ကျိန်ဆိုခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့သည် ငါ၏အမှုနှင့်ဆိုင်သည့် အစိတ်အပိုင်း အားလုံးဖြစ်သည်။ အဆုံးတွင်၊ သင့်ကို ဖယ်ရှားရန်မှာလည်း ငါ၏ သဘောအတိုင်း ဖြစ်လိမ့်မည်။ ဤအရာအားလုံးသည် ငါ၏ အရေးကိစ္စဖြစ်သည်။ သင့်ကို စုံလင်စေခြင်းသည် ငါ၏အရေးကိစ္စ ဖြစ်ပြီး၊ ကောင်းချီးမင်္ဂလာများကို သင့်အား မွေ့လျော်ခံစားခွင့် ပေးခြင်းသည်လည်း ငါ၏ အရေးကိစ္စဖြစ်သည်။ ဤအရာအားလုံးသည် ငါ လုပ်ဆောင်သည့် အမှု ဖြစ်သည်။ သင်၏ ရလဒ်များကို ယေဟောဝါက ကြိုတင်ခွဲခန့် မှတ်သားထားခြင်း မဟုတ်ခဲ့ပေ။ ယင်းကို ယနေ့ ဘုရားသခင်က ခွဲခြားသတ်မှတ်ထားခြင်း ဖြစ်သည်။ ယခု ခွဲခြားသတ်မှတ်ထားခြင်းဖြစ်သည်။

ယင်းမှာ လောကကြီးကို မဖန်ဆင်းမီ အချိန်ကြာမြင့်စွာကတည်းက ခွဲခန့်သတ်မှတ်ထားခဲ့ခြင်း မဟုတ်ပေ။ အချို့အဓိပ္ပာယ် မရှိသည့်လူများက၊ “သင်၏ မျက်လုံး တစ်ခုခုမှားနေခြင်း ဖြစ်ကောင်းဖြစ်မည်။ သင်က ကျွန်ုပ်ကို သင် မြင်သင့်သည့်အတိုင်း မမြင်။ အဆုံး၌ ဝိညာဉ်တော်က ထုတ်ဖော်ပြသည့် အရာကိုသာ သင် မြင်လိမ့်မည်။” ဟု ပြောကြသည်။ ယေရှုသည် မူလက ယုဒကို သူ၏တပည့်တော်အဖြစ် ရွေးချယ်ခဲ့သည်။ လူတို့က၊ “သူ့ကို သစ္စာဖောက်မည့် တပည့်တော်ကို မည်သို့များ သူ ရွေးချယ်နိုင်ခဲ့သနည်း။” ဟု မေးကြသည်။ အစတွင် ယုဒသည် ယေရှုကို သစ္စာဖောက်ခြင်းနှင့်ဆိုင်သည့် ရည်ရွယ်ချက် မရှိခဲ့ပေ။ ဤသည်မှာ နောက်မှသာ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်တွင် ယေရှုသည် ယုဒကို အတော်အတန် မျက်နှာသာပေးခဲ့သည်။ သူသည် လူသားကို သူ့နောက်လိုက်စေခဲ့ပြီး ၎င်းတို့၏ ငွေရေးကြေးရေး ကိစ္စများအပေါ် သူ့ကို တာဝန်ပေးခဲ့ပြီးဖြစ်သည်။ ယုဒသည် ပိုက်ဆံကို အလွဲသုံးစား လုပ်မည်ဆိုတာကိုသာ ယေရှုသိခဲ့ပါက၊ ထိုသို့သော အရေးကိစ္စများကို သူ့အား လုံးဝ ကွပ်ကဲစီမံစေရစ်ခဲ့မည် မဟုတ်ပေ။ ယင်းမှာ ယေရှုသည် ဤလူက မရိုးဖြောင့်ဘဲ လှည့်စားတတ်သည်၊ သို့မဟုတ် သူသည် သူ၏ ညီအစ်ကို မောင်နှမများကို လိမ်လည်မည်ဆိုသည်ကို မူလက မသိခဲ့ဟု ဆိုနိုင်သည်။ နောက်ပိုင်းတွင် ယုဒသည် အချိန်အတော်ကြာ ယေရှုနောက် လိုက်ပြီးနောက်တွင်၊ ယေရှုက သူသည် သူ၏ ညီအစ်ကို မောင်နှမများနှင့် ဘုရားသခင်တို့ကို မြှောက်ထိုးပင့်ကော် လုပ်သည်ကို မြင်ခဲ့သည်။ ယုဒသည် ပိုက်ဆံအိတ်ထဲက ပိုက်ဆံများကို အမြဲ ယူတတ်သည့် အကျင့်တစ်ခု ရှိသည်ကိုလည်း လူများက သိရှိခဲ့ကြပြီး ယေရှုကို ထိုအကြောင်း ပြောပြခဲ့ကြသည်။ ဖြစ်ပျက်နေသည့် အရာရာတိုင်းကို ယေရှု သိလာခဲ့သည်မှာ ထိုအခါမှသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် ကားစင်တင်ခံရခြင်း အမှုကို ဆောင်ရွက်ဖို့ ဖြစ်ခဲ့ပြီး၊ သူ့ကို သစ္စာဖောက်မည့်သူ တစ်စုံတစ်ဦး လိုအပ်ခဲ့သောကြောင့်ဖြစ်ပြီး၊ အကြောင်းအားလျော်စွာ ယုဒသည် ဤအခန်းကဏ္ဍကို ဆောင်ရွက်ဖို့ သင့်တော်သည့် လူ ဖြစ်ခဲ့သောကြောင့်၊ သခင်ယေရှုက “သင်တို့အထဲမှ တစ်ယောက်သည် ငါ့ကို သစ္စာဖောက် လိမ့်မည်။ လူသားသည် ကားစင်တင်ခံရရန် ဤသစ္စာဖောက်မှုကို အသုံးပြုလိမ့်မည် ဖြစ်ပြီး သုံးရက် မြောက်သောနေ့တွင် ရှင်ပြန် ထမြောက်လိမ့်မည်။” ဟု ပြောခဲ့သည်။ ထိုအချိန်တွင် ယေရှုသည် သူ့ကို သစ္စာဖောက်စေဖို့အလို့ငှာ ယုဒကို အမှန်တကယ် ရွေးချယ်ခဲ့ခြင်း မဟုတ်ပေ။ ဆန့်ကျင်ဘက်အနေဖြင့် ယုဒသည် သစ္စာရှိသည့် တပည့်တစ်ဦး ဖြစ်မည်ဟု သူ မျှော်လင့်ခဲ့သည်။ မမျှော်လင့်ဘဲနှင့် ယုဒသည် သခင်ကို သစ္စာဖောက်ခဲ့သည့် မတော်လောဘရှိသော အကျင့်ပျက်သူတစ်ဦး ဖြစ်သွားခဲ့သည်၊ ထို့ကြောင့် ယေရှုသည်

ဤအမှုအတွက် ယုဒကို ရွေးချယ်ရန် ဤအခြေအနေကို အသုံးပြုခဲ့လေသည်။ ယေရှု၏ တပည့်တစ်ဆယ့်နှစ်ယောက်လုံးသည် သစ္စာစောင့်သိခဲ့ပြီး၊ ၎င်းတို့ထဲ၌ ယုဒကဲ့သို့ မည်သူမျှမရှိခဲ့ပါက၊ နောက်ဆုံးတွင် ယေရှုကို သစ္စာဖောက်မည့်လူသည် တပည့်များထဲမှ မဟုတ်ခဲ့သည့်သူ တစ်စုံတစ်ဦး ဖြစ်ခဲ့ပေမည်။ သို့သော်လည်း ထိုအချိန်တွင် အကြောင်းအားလျော်စွာ တံစိုးလက်ဆောင်များ ရယူခြင်းကို နှစ်သက်သည့် လူတစ်ဦး- ယုဒ- တပည့်တော်များထဲတွင် ရှိနေခဲ့သည်။ ထို့ကြောင့် ယေရှုသည် သူ၏အမှုကို ပြီးစီးဖို့ ဤလူကို အသုံးပြုခဲ့သည်။ ဤသည်မှာ ရိုးရှင်းလိုက်လေစွတကား။ ယေရှုသည် သူ၏အမှု အစ၌ ဤအရာကို ကြိုတင်ခွဲခန့်မှတ်သားခဲ့ခြင်း မရှိခဲ့ပေ။ အမှုအရာများသည် အခြေအနေတစ်ခုထိ ဖြစ်ပေါ်သည့်အခါမှသာ သူသည် ဤဆုံးဖြတ်ချက်ကို ပြုခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ ယေရှု၏ ဆုံးဖြတ်ချက် ဖြစ်သည်၊ ယင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော် ကိုယ်တိုင်၏ ဆုံးဖြတ်ချက် ဖြစ်ခဲ့သည်ဟု ဆိုရပေမည်။ မူလတွင် ယုဒကို ရွေးချယ်ခဲ့သူသည် ယေရှုဖြစ်သည်။ ယုဒသည် ယေရှုကို နောက်ပိုင်း သစ္စာဖောက်ခဲ့သည့် အချိန်တွင်၊ ဤသည်မှာ သူ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်း ပေးရန်အလို့ငှာ၊ သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်ခဲ့သည့် အရာတစ်ခု ဖြစ်ခဲ့သည်။ ထိုအချိန်က ဆောင်ရွက်ခဲ့သည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ဖြစ်သည်။ ယေရှုသည် ယုဒကို ရွေးချယ်ခဲ့ပြီးချိန်တွင်၊ ယုဒက သူ့ကို သစ္စာဖောက်မည်ကို သူမသိခဲ့ပေ။ ထိုလူသည် ယုဒရှကာရုတ် ဖြစ်သည်ဟုသာ သူ သိခဲ့သည်။ သင်တို့၏ ရလဒ်များသည်လည်း ယနေ့ သင်တို့၏ ကျိုးနွံနာခံမှု အဆင့်အတိုင်းနှင့် သင်တို့ အသက်တာ၏ ကြီးထွားမှုအဆင့် အတိုင်း သတ်မှတ်ထားခြင်းဖြစ်သည်၊ သင်တို့၏ ရလဒ်များကို လောကကြီးကို ဖန်ဆင်းခြင်းတွင် ကြိုတင် ခွဲခန့်မှတ်သား ထားခဲ့သည်ဆိုသည့် လူသားအယူအဆ တစ်ခုတစ်လေအတိုင်း သတ်မှတ်ထားသည် မဟုတ်ပေ။ သင်သည် ဤအရာများကို ရှင်းရှင်းလင်းလင်း သိမြင်ရမည်။ ဤအမှုထဲမှ မည်သည့်အရာကိုမျှ ဖြစ်ဖို့ သင်စိတ်ကူးသကဲ့သို့ လုပ်ဆောင်ထားသည် မဟုတ်ပေ။

# အမည်နာမများနှင့် ကိုယ်ပိုင်လက္ခဏာတို့နှင့် ပတ်သက်၍

သင်သည် ဘုရားသခင်၏ အသုံးပြုခြင်းအတွက် သင့်တော်လိုပါက၊ ဘုရားသခင်၏ အမှုကို သင်သိရမည်၊ ယခင်က (ဓမ္မသစ်နှင့် ဓမ္မဟောင်းထဲက) သူပြုခဲ့သည့် အမှုကို သိရမည်ဖြစ်ပြီး၊ ထို့အပြင်၊ သူ၏ ယနေ့အမှုကို သိရမည်။ ဆိုလိုသည်မှာ သင်သည် နှစ်ပေါင်း ၆၀၀၀ ကျော်ကြာ ဆောင်ရွက်ခဲ့သည့် ဘုရားသခင်၏ အမှုအဆင့်သုံးဆင့်ကို သိရမည်ဖြစ်သည်။ သင်သည်

ဧဝံဂေလိတရားကို ဖြန့်ဝေရန် စေခိုင်းခံရပါက၊ သင်သည် ဘုရားသခင်၏ အမှုကို မသိဘဲ ထိုသို့ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ သမ္မာကျမ်းစာ၊ ဓမ္မဟောင်းကျမ်းနှင့် ထိုအချိန်က ယေရှု၏အမှုနှင့် နှုတ်ကပတ်တော်တို့နှင့်ပတ်သက်၍ သင်တို့၏ ဘုရားသခင် အဘယ်အရာပြောဆိုထားသည်ကို တစ်စုံတစ်ယောက်က သင့်အား မေးကောင်းမေးနိုင်သည်။ အကယ်၍ သင်သည် သမ္မာကျမ်းစာ၏ အတွင်းဇာတ်လမ်းကို မပြောနိုင်ပါက၊ ၎င်းတို့သည် လက်ခံယုံကြည်ကြလိမ့်မည် မဟုတ်ပေ။ ထိုအချိန်က၊ ယေရှုသည် သူ၏ တပည့်တော်များနှင့်အတူ ဓမ္မဟောင်းကျမ်းနှင့်ပတ်သက်၍ များစွာ ပြောဆိုခဲ့ပေသည်။ ၎င်းတို့ဖတ်သမျှတိုင်းသည် ဓမ္မဟောင်းကျမ်းမှ ဖြစ်၏။ ဓမ္မသစ်ကျမ်းကို ယေရှု ကားစင် တင်ခံခဲ့ရသည့်နောက်၊ ဆယ်စုနှစ် အချို့ကြာမှသာ ရေးသားခဲ့ပေသည်။ ဧဝံဂေလိတရားကို ဖြန့်ဝေဖို့ရန်၊ သင်တို့သည် သမ္မာကျမ်းစာ၏ အတွင်း သမ္မာတရားနှင့် ဣသရေလနိုင်ငံ၌ ယေဟောဝါ လုပ်ဆောင်ခဲ့သည့်အမှုဖြစ်သည့် ဘုရားသခင်၏ အမှုတို့ကို အဓိကအားဖြင့် သဘောပေါက်သင့်ပြီး၊ ယေရှု လုပ်ဆောင်ခဲ့သည့် အမှုကိုလည်း သင်တို့ နားလည်ရမည် ဖြစ်သည်။ ဤအရာများမှာ လူအားလုံး အလေးထားဆုံးသော ကိစ္စရပ်များဖြစ်ပြီး အမှု၏ အဆင့်နှစ်ဆင့်နှင့် သက်ဆိုင်သည့် အတွင်းဇာတ်လမ်းမှာ ၎င်းတို့ မကြားဖူးသည့်အရာ ဖြစ်သည်။ ဧဝံဂေလိတရားကို ဖြန့်ဝေသည့်အခါတွင်၊ ပထမဦးစွာ သန့်ရှင်းသော ဝိညာဉ်တော်၏ ယနေ့အလုပ်နှင့်သက်ဆိုင်သည့် ပြောဆိုခြင်းကို ဘေးဖယ်ထားလော့။ သင်တို့ လိုက်စားရှာဖွေသည်မှာ အားလုံးထဲတွင် အမြင့်မားဆုံးအရာ- ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်နှင့် သက်ဆိုင်သည့် အသိပညာ- ဖြစ်သကဲ့သို့၊ ဤအရာနှစ်ခုထက် မည်သည့်အရာမျှ သာ၍ အဆင့်မြင့်သောအရာ မရှိသောကြောင့်၊ အမှု၏ဤအဆင့်သည် ၎င်းတို့လက်လှမ်းမမီသည့်အရာဖြစ်သည်။ မြင့်မားသည့်အရာကို သင်တို့ပထမဦးစွာပြောဆိုပါက၊ မည်သူမျှ သန့်ရှင်းသော ဝိညာဉ်တော်၏ ထိုသို့သော အမှုကို မတွေ့ကြုံဖူးကြသည့်အတွက်၊ ယင်းသည် ၎င်းတို့အတွက် မခံမရပ်နိုင်လောက်အောင် ဖြစ်လိမ့်မည်။ ယင်းသည် အစဉ်အလာ မရှိသကဲ့သို့၊ လူသားအတွက် လက်ခံရန် မလွယ်ကူပေ။ ထိုသူတို့၏အတွေ့အကြုံများမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ ရံဖန်ရံခါဖြစ်သည့် လုပ်ဆောင်ချက်အချို့နှင့်အတူ အတိတ်က ဟောင်းနွမ်းသော အရာများဖြစ်သည်။ ၎င်းတို့ တွေ့ကြုံသောအရာမှာ သန့်ရှင်းသောဝိညာဉ်တော်၏ ယနေ့ လုပ်ဆောင်ချက် သို့မဟုတ် ဘုရားသခင်၏ ယနေ့အလိုတော် မဟုတ်ချေ။ ၎င်းတို့သည် အလင်းသစ်မရှိသကဲ့သို့ အသစ်သော အရာများမရှိဘဲ၊ အလေ့အကျင့်ဟောင်းများအတိုင်း လုပ်ဆောင်ကြဆဲ ဖြစ်သည်။

ယေရှု၏ခေတ်တွင်၊ ယေဟောဝါကို အစေခံသောသူတို့သည် ယဇ်ပုရောဟိတ် ဝတ်ရုံများကို ဝတ်ဆင်လျက်၊ ဗိမာန်တော်ထဲတွင် မဆုတ်မနစ်သော သစ္စာစောင့်သိမှုဖြင့် ထိုသို့ လုပ်ဆောင်စဉ်တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏အလုပ်ကို ယေရှုထဲ၌ အဓိက လုပ်ဆောင်ခဲ့သည်။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်လည်း ရှိခဲ့ကြသော်လည်း၊ ဘုရားသခင်၏ လက်ရှိအလိုကို သဘောမပေါက်နိုင်ခဲ့ကြသကဲ့သို့၊ ယေဟောဝါကို အလေ့အထဟောင်းများနှင့်အညီ ဆက်လက် သစ္စာရှိရုံမျှ သစ္စာရှိခဲ့ကြပြီး အသစ်သော လမ်းပြမှု မရှိခဲ့ကြချေ။ ယေရှုသည် ကြွလာခဲ့ပြီး အမှုအသစ်ကို ယူဆောင်လာခဲ့သည်၊ သို့သော် ဗိမာန်တော်အထဲ၌ အစေခံခဲ့ကြသူတို့သည် အသစ်သော လမ်းပြမှု မရှိခဲ့ကြသကဲ့သို့၊ အသစ်သော အမှုလည်း မရှိခဲ့ကြပေ။ ဗိမာန်တော်ထဲတွင် အစေခံရင်း၊ ၎င်းတို့သည် အလေ့အထဟောင်းများကို ထိန်းသိမ်းရုံမျှထိန်းသိမ်းနိုင်ကြပြီး၊ ဗိမာန်တော်ကို မစွန့်ခွာဘဲ၊ ၎င်းတို့သည် အသစ်သော ဝင်ရောက်မှု တစ်ခုတစ်လေမျှ ရရှိနိုင်စွမ်း မရှိကြချေ။ အသစ်သောအမှုကို ယေရှုက ယူဆောင်လာခဲ့ပြီး၊ ယေရှုသည် သူ၏အမှုကို လုပ်ဆောင်ရန် ဗိမာန်တော်ထဲသို့ မသွားခဲ့ပေ။ ဘုရားသခင်၏အမှုနယ်ပယ်သည် အချိန်ကြာမြင့်စွာက ပြောင်းလဲခဲ့ပြီးဖြစ်သည့်အတွက်၊ သူသည် သူ၏အလုပ်ကို ဗိမာန်တော်ပြင်ပတွင်သာ လုပ်ဆောင်ခဲ့သည်။ သူသည် ဗိမာန်တော်အတွင်းတွင် အမှုပြုခြင်းမရှိဘဲ၊ လူသားသည် ဘုရားသခင်ကို ထိုနေရာတွင် အစေခံသောအခါ၊ ယင်းသည် အမှုအရာများကို အရှိအတိုင်း ထိန်းသိမ်းရုံထိန်းသိမ်းဖို့သာ အသုံးတော်ခံပြီး မည်သည့်အမှုသစ်ကိုမျှ ဖြစ်ပေါ်စေနိုင်ခြင်း မရှိပေ။ ထိုနည်းတူ၊ ယနေ့ ဘာသာရေး ပုဂ္ဂိုလ်များသည် သမ္မာကျမ်းစာကို ကိုးကွယ်ကြဆဲဖြစ်သည်။ သင်သည် ၎င်းတို့ထံ ဧဝံဂေလိတရား ဖြန့်ဝေပါက၊ ၎င်းတို့သည် သင့်အား သမ္မာကျမ်းစာ၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် အရေးမပါသော အသေးစိတ်များကို တွေ့ပေးလိမ့်မည်ဖြစ်ပြီး သင့်ကို မှင်တက်စေပြီး မည်သို့ပြောရမည်မှန်းမသိ ဖြစ်စေလျက်၊ ၎င်းတို့ အထောက်အထားများစွာ ရှာတွေ့လိမ့်မည်။ ထို့နောက် ၎င်းတို့သည် သင့်အပေါ် အမည်နာမသမုတ်လိမ့်မည်ဖြစ်ပြီး၊ သင်တို့သည် သင်တို့၏ ယုံကြည်ခြင်း၌ မိုက်မဲသူဖြစ်သည်ဟု ထင်ကြလိမ့်မည်။ ၎င်းတို့က၊ "သင်သည် သမ္မာကျမ်းစာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုပင် မသိ၊ ထို့ကြောင့် သင်သည် ဘုရားသခင်၌ ယုံကြည်သည်ဟု မည်သို့ပြောနိုင်သနည်း။" ဟု ပြောကြလိမ့်မည်။ ထို့နောက် ၎င်းတို့သည် သင့်ကို အထင်သေးကြလိမ့်မည်ဖြစ်ပြီး၊ "သင်တို့ ယုံကြည်သည်မှာ ဘုရားသခင်ဖြစ်သည့်အတွက်၊ သူသည် သင်တို့ကို ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများအကြောင်း အဘယ်ကြောင့် အားလုံး

မပြောပြသနည်း။ သူသည် သူ၏ဘုန်းအသရေကို ဣသရေလမှ အရှေ့အရပ်သို့ ယူဆောင်ပြီးဖြစ်သည့်အတွက်၊ ဣသရေလ၌ လုပ်ဆောင်ခဲ့သည့် အမှုကို သူ အဘယ်ကြောင့် မသိရပါသနည်း။ ယေရှု၏အမှုကို သူ အဘယ်ကြောင့် မသိသနည်း။ သင်တို့ မသိကြပါက၊ ယင်းမှာ သင်တို့ကို မပြောရသေးသည်ကို သက်သေပြပေသည်။ သူသည် ယေရှု၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်း ဖြစ်သည့်အတွက်၊ ဤအရာများကို သူ အဘယ်ကြောင့် မသိနိုင်ရသနည်း။ ယေရှုသည် ယေဟောဝါ လုပ်ဆောင်ခဲ့သော အမှုကို သိ၏။ သူသည် အဘယ်ကြောင့် မသိနိုင်ရသနည်း။" ဟုလည်း ပြောလိမ့်မည်။ အချိန်ကျသောအခါ၊ ၎င်းတို့အားလုံးသည် သင့်အား ထိုသို့သော မေးခွန်းများကို မေးလိမ့်မည်။ ၎င်းတို့၏ ဦးခေါင်းများထဲတွင် ထိုသို့သောအရာများနှင့် ပြည့်နေသည်။ ၎င်းတို့အနေဖြင့် အဘယ်သို့ မမေးဘဲ နေနိုင်မည်နည်း။ သင်တို့ထဲမှ ဤရေစီးကြောင်းအတွင်းတွင် ရှိသူတို့သည် ယနေ့ ဘုရားသခင် လုပ်ဆောင်ခဲ့သော တစ်ဆင့်ပြီးတစ်ဆင့် အမှုများကို ရင်ပေါင်တန်းလိုက်ကြပြီးဖြစ်သည့်အတွက်၊ သမ္မာကျမ်းစာကို အာရုံမစိုက်ကြချေ။ သင်တို့သည် သင်တို့၏မျက်စိများဖြင့် ဤတစ်ဆင့်ပြီးတစ်ဆင့်ဖြစ်သော အမှုကို မြင်ကြပြီးဖြစ်ကာ၊ အမှု၏ အဆင့်သုံးဆင့်ကို ရှင်းလင်းစွာ ရှုမြင်ကြပြီးဖြစ်သောကြောင့် သမ္မာကျမ်းစာကို ပစ်ချထားခဲ့ကြရပြီး ယင်းကို လေ့လာမှု ရပ်ထားခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့သည် ဤ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်သောအမှုနှင့် သက်ဆိုင်သည့် အသိပညာ မရှိကြသည့်အတွက်၊ ကျမ်းစာကို မလေ့လာဘဲ မနေနိုင်ကြပေ။ လူအချို့က၊ "လူ့ဇာတိခံယူသော ဘုရားသခင်လုပ်ဆောင်ခဲ့သည့် အမှုနှင့် လွန်ခဲ့သောကာလများက ပရောဖက်များနှင့် တမန်တော်များ၏ အလုပ်တို့အကြား ကွာခြားချက်မှာ အဘယ်နည်း။ ဒါဝိဒ်သည်လည်း သခင်ဟု အခေါ် ခံခဲ့ရသကဲ့သို့၊ ထို့အတူ ယေရှုသည်လည်း အခေါ် ခံခဲ့ရသည်။ ၎င်းတို့လုပ်ဆောင်သော အလုပ်များ ကွာခြားကြသော်လည်း၊ ၎င်းတို့သည် တူညီစွာ အခေါ် ခံခဲ့ကြရသည်။ ငါ့ကိုပြောလော့၊ ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာများ အဘယ်ကြောင့် မတူခဲ့ကြသနည်း။ ယောဟန် မျက်မြင်ကြုံတွေ့ခဲ့သည်မှာ သန့်ရှင်းသော ဝိညာဉ်တော်ထံကပါ လာသော ရူပါရုံတစ်ခု ဖြစ်ပြီး၊ သူသည် သန့်ရှင်းသောဝိညာဉ်တော်က ပြောရန်ရည်ရွယ်သည့် နှုတ်ကပတ်တော်များကိုလည်း ပြောဆိုနိုင်ခဲ့သည်။ ယောဟန်၏ ကိုယ်ပိုင်လက္ခဏာသည် ယေရှု၏ ကိုယ်ပိုင်လက္ခဏာနှင့် အဘယ်ကြောင့် ကွာခြားသနည်း။" ဟု မေးကြလိမ့်မည်။ ယေရှုပြောသော နှုတ်ကပတ်တော်များသည် ဘုရားသခင်ကို အပြည့်အဝ ကိုယ်စားပြုနိုင်ပြီး၊ ဘုရားသခင်၏ အမှုကို အပြည့်အဝ ကိုယ်စားပြုခဲ့သည်။ ယောဟန်မြင်ခဲ့သည်မှာ ရူပါရုံတစ်ခုဖြစ်ပြီး သူသည် ဘုရားသခင်၏ အမှုကို အပြည့်အဝ ကိုယ်စားပြုနိုင်စွမ်း မရှိခဲ့ပေ။

ယောဟန်၊ ပေတရုနှင့် ပေါလုတို့သည် ယေရှုပြောခဲ့သကဲ့သို့ စကားများစွာ ပြောဆိုခဲ့ကြသော်လည်း၊ ယေရှုနှင့် တူညီသော ကိုယ်ပိုင်လက္ခဏာ အဘယ်ကြောင့် မရှိခဲ့ကြသနည်း။ ယင်းမှာ အဓိကအားဖြင့် ၎င်းတို့လုပ်ဆောင်ခဲ့သော အလုပ်သည် ကွဲပြားခြားနားသောကြောင့် ဖြစ်ပေသည်။ ယေရှုသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို ကိုယ်စားပြုခဲ့ပြီး တိုက်ရိုက် အမှုပြုနေသည့် ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်ခဲ့သည်။ သူသည် ခေတ်သစ်နှင့်သက်ဆိုင်သည့် အမှု၊ ယခင်က မည်သူမျှ မလုပ်ဆောင်ခဲ့သေးသည့် အမှုကို လုပ်ဆောင်ခဲ့သည်။ သူသည် အသစ်သောလမ်းကို ဖွင့်ပေးခဲ့သည်၊ သူသည် ယေဟောဝါကို ကိုယ်စားပြုခဲ့ပြီး ဘုရားသခင် ကိုယ်တိုင်ကို ကိုယ်စားပြုခဲ့သည်၊ ပေတရု၊ ပေါလုနှင့် ဒါဝိဒ်တို့မှာမူ သူတို့ကို မည်သို့ပင်ခေါ်သည်ဖြစ်စေ၊ ၎င်းတို့သည် ဘုရားသခင်၏ အဖန်ဆင်းခံတစ်ဦး၏ ကိုယ်ပိုင်လက္ခဏာကိုသာ ကိုယ်စားပြုခဲ့ကြသကဲ့သို့၊ ၎င်းတို့သည် ယေရှု သို့မဟုတ် ယေဟောဝါက စေလွှတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ အလုပ်မည်မျှလုပ်ဆောင်ခဲ့ကြပါစေ၊ ၎င်းတို့ ဆောင်ရွက်ခဲ့သည့် အံ့သြဖွယ်ရာများ မည်မျှ ကြီးမားခဲ့ပါစေ၊ ၎င်းတို့သည် ဘုရားသခင်၏ အဖန်ဆင်းခံများသာ ဖြစ်ကြဆဲဖြစ်ပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်ကို ကိုယ်စားမပြုနိုင်စွမ်း မရှိကြချေ။ ၎င်းတို့သည် ဘုရားသခင်၏ နာမဖြင့် အမှုပြုခဲ့ကြသည်၊ သို့မဟုတ် ဘုရားသခင်၏ စေလွှတ်ခြင်း ခံရပြီးနောက် အလုပ်လုပ်ခဲ့ကြပေသည်။ ထို့အပြင် ၎င်းတို့သည် ယေရှု သို့မဟုတ် ယေဟောဝါ စတင်ခဲ့သည့် ခေတ်များတွင် အလုပ်လုပ်ခဲ့ကြပြီး၊ အခြား မည်သည့်အလုပ်ကိုမျှ မလုပ်ဆောင်ခဲ့ကြချေ။ အဆုံးတွင် ၎င်းတို့သည် ဘုရားသခင်၏ အဖန်ဆင်းခံများမျှသာ ဖြစ်ခဲ့ကြပေသည်။ ဓမ္မဟောင်းကျမ်းတွင် ပရောဖက်များစွာသည် ဟောကိန်းများ ပြောဆိုခဲ့ကြသည်၊ သို့မဟုတ် အနာဂတ္တိကျမ်းများ ရေးသားခဲ့ကြလေသည်။ မည်သူကမျှ ၎င်းတို့သည် ဘုရားသခင်ဖြစ်သည်ဟု မပြောခဲ့သော်လည်း၊ ယေရှု စတင်အမှုပြုလျှင်ပြုချင်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ့ကို ဘုရားသခင်အဖြစ် သက်သေခံခဲ့သည်။ ယင်းမှာ အဘယ်ကြောင့်နည်း။ ဤအချိန်တွင် သင်သည် သိထားနှင့်ပြီး ဖြစ်သင့်သည်။ ယခင်က၊ တမန်တော်များနှင့် ပရောဖက်များသည် သြဝါဒစာအမျိုးမျိုးကို ရေးသားခဲ့ကြပြီး၊ ပရောဖက်ပြုချက်များစွာ ပြုလုပ်ခဲ့ကြသည်။ နောက်ပိုင်းတွင် လူတို့သည် ယင်းတို့ထဲမှအချို့ကို သမ္မာကျမ်းစာထဲတွင် ထည့်ဖို့ ရွေးချယ်ခဲ့ကြပြီး၊ အချို့မှာ ပျောက်ဆုံးသွားခဲ့သည်။ ၎င်းတို့ပြောသမျှ အရာရာတိုင်းသည် သန့်ရှင်းသော ဝိညာဉ်တော်မှ လာသည်ဟု ပြောကြသည့် လူများရှိသည့်အတွက်၊ အဘယ်ကြောင့် ထိုအရာထဲမှ အချို့သည် ကောင်းသည်ဟု မှတ်ယူခံရပြီး၊ အချို့သည် မကောင်းဟု မှတ်ယူခံရသနည်း။ ပြီးလျှင် အဘယ်ကြောင့် အချို့မှာ

ရွေးချယ်ခံရပြီး အခြားအရာများက အရွေးချယ်မခံရသနည်း။ ထိုအရာတို့သည် သန့်ရှင်းသောဝိညာဉ်တော်က အမှန်တကယ် ပြောဆိုထားသော နှုတ်ကပတ်တော်များဖြစ်ပါက၊ လူတို့အနေဖြင့် ယင်းတို့ကို ရွေးချယ်ရန် လိုအပ်မည်လော။ အဘယ်ကြောင့် ခရစ်ဝင်ကျမ်းလေးကျမ်း အသီးသီးတွင် ယေရှု၏ပြောခဲ့သည့် နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ခဲ့သည့် အမှုနှင့် သက်ဆိုင်သည့် ဖြစ်စဉ်များ ကွဲပြားရသနည်း။ ဤသည်မှာ ထိုအရာများကို မှတ်တမ်းတင်ခဲ့သူတို့၏ အမှားဖြစ်သည် မဟုတ်လော။ လူအချို့က၊ "ပေါလုနှင့် ဓမ္မသစ်ကျမ်း၏ အခြား စာရေးသူများ ရေးသားခဲ့သည့် ဩဝါဒစာများနှင့် ၎င်းတို့လုပ်ဆောင်ခဲ့သော အလုပ်သည် လူသား၏အလိုဆန္ဒမှ တစ်စိတ်တစ်ပိုင်း ထွက်ပေါ်လာခဲ့ပြီး၊ လူသား၏အယူအဆများနှင့် ရောယှက်ခဲ့သည့်အတွက်၊ ယနေ့တွင် ကိုယ်တော် (ဘုရားသခင်) ပြောဆိုသော နှုတ်ကပတ်တော်များတွင် လူသား၏ မစင်ကြယ်မှုများ မတည်ရှိပါသလော။ ၎င်းတို့သည် လူသား၏ အယူအဆများ တစ်ခုမျှ အမှန်တကယ် မပါရှိပါသလော" ဟု မေးကြလိမ့်မည်။ ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အမှု၏ဤအဆင့်သည် ပေါလုနှင့် များစွာသော တမန်တော်များနှင့် ပရောဖက်များ လုပ်ဆောင်ခဲ့သော အလုပ်နှင့် လုံးဝခြားနားပေသည်။ ကိုယ်ပိုင်လက္ခဏာတွင်သာ ကွဲပြားခြားနားရုံသာမက၊ အဓိကအားဖြင့် ဆောင်ရွက်ခဲ့ကြသည့် အလုပ်တွင်လည်း ခြားနားမှုရှိလေသည်။ သခင်၏ရှေ့မှောက်တွင် ပေါလုသည် ထိုးလှဲခံရပြီးနောက်၊ သူသည် အလုပ်လုပ်ဖို့ သန့်ရှင်းသော ဝိညာဉ်တော်၏ ဦးဆောင်လမ်းပြခြင်းကို ခံခဲ့ရကာ စေလွှတ်ခံရသူတစ်ဦး ဖြစ်လာခဲ့သည်။ ထို့ကြောင့် သူသည် အသင်းတော်များထံသို့ ဩဝါဒစာများ ရေးသားခဲ့ပြီး ဤဩဝါဒစာများ အားလုံးသည် ယေရှု၏သွန်သင်မှုများအတိုင်း လိုက်ခဲ့သည်။ ပေါလုသည် သခင်ယေရှု၏ နာမဖြင့် အလုပ်လုပ်ဖို့ စေလွှတ်ခံခဲ့ရသော်လည်း၊ ဘုရားသခင်ကိုယ်တိုင် ကြွလာခဲ့ချိန်တွင်၊ သူသည် မည်သည့်အမည်နာမဖြင့်မျှ အလုပ်မလုပ်ခဲ့သကဲ့သို့ သူ၏ အမှုတွင် ဘုရားသခင်၏ ဝိညာဉ်တော်ကိုသာ ကိုယ်စားပြုခဲ့သည်။ ဘုရားသခင်သည် သူ၏အမှုကို တိုက်ရိုက်လုပ်ဆောင်ရန် လာခဲ့သည်- သူသည် လူသားအားဖြင့် စုံလင်စေခြင်း မခံခဲ့ရသကဲ့သို့၊ သူ၏အမှုသည် မည်သူတစ်ဦးတစ်ယောက်မျှ၏ သွန်သင်မှုများအရ ဆောင်ရွက်ခဲ့သည် မဟုတ်ပေ။ အမှု၏ ဤအဆင့်တွင် ဘုရားသခင်သည် သူ၏ ပုဂ္ဂိုလ်ရေး အတွေ့အကြုံများနှင့်သက်ဆိုင်၍ ပြောဆိုခြင်းဖြင့် ဦးဆောင်သည်မဟုတ်ဘဲ၊ ယင်းအစား သူရှိသည့်အရာနှင့်အညီ သူ၏အမှုကို တိုက်ရိုက် ဆောင်ရွက်ခဲ့သည်။ ဥပမာအားဖြင့်၊ အစေခံသူများ၏ စမ်းသပ်မှု၊ ပြစ်တင်ဆုံးမခြင်း အချိန်အခါ၊ သေခြင်းတရား၏ စမ်းသပ်မှု၊ ဘုရားသခင်ကို ချစ်ခြင်း အချိန်အခါ။...ဤအရာအားလုံးသည် ယခင်က လုံးဝ

မလုပ်ဆောင်ဖူးသော အလုပ်ဖြစ်ပြီး၊ လူသား၏ အတွေ့အကြုံများထက် မျက်မှောက်ခေတ်၏ အလုပ် ဖြစ်သည်။ ငါပြောဆိုပြီးသော နှုတ်ကပတ်တော်များတွင် မည်သည့်အရာများသည် လူသား၏အတွေ့အကြုံများ ဖြစ်သနည်း။ ယင်းတို့အားလုံးသည် ဝိညာဉ်တော်မှ တိုက်ရိုက်လာသည် မဟုတ်လော၊ ပြီးလျှင် ယင်းတို့ကို ဝိညာဉ်တော်က ထုတ်ပြန်သည် မဟုတ်လော။ သမ္မာတရားကို သင်တို့ မရိပ်စားမိနိုင်သည်မှာ သင်၏အရည်အချင်း ညံ့ဖျင်းလွန်းသောကြောင့်သာ ဖြစ်သည်။ ငါပြောသော အသက်၏ လက်တွေ့ကျသည့် လမ်းခရီးသည် လမ်းကြောင်းကို လမ်းညွှန်ပေးဖို့ဖြစ်ပြီး၊ ယခင်က မည်သူ တစ်ဦးတစ်ယောက်ကမျှ လုံးဝ မပြောဆိုခဲ့ဖူးသကဲ့သို့ ဤလမ်းကြောင်းကို မည်သူကမျှ တွေ့ကြုံဖူးခြင်းလည်း မရှိပေ၊ သို့မဟုတ် ဤလက်တွေ့အရှိတရားကို သိရှိဖူးခြင်းမရှိခဲ့ပေ။ ဤနှုတ်ကပတ်တော်များကို ငါမမြွက်ဆိုမီ၊ ၎င်းတို့ကို မည်သူကမျှ မပြောခဲ့ဖူးပေ။ ထိုသို့သော အတွေ့အကြုံများကို မည်သူကမျှ မပြောဆိုခဲ့ဖူးသကဲ့သို့ ထိုသို့သော အသေးစိတ်များကိုလည်း မည်သည့်အခါကမျှ မပြောခဲ့ဖူးပေ၊ ထို့အပြင် မည်သူကမျှ ဤအရာများကို ထုတ်ဖော်ပြရန် ထိုသို့သောအခြေအနေများကို မည်သည့်အခါကမျှ မထောက်ပြခဲ့ဖူးချေ။ ယနေ့ ငါဦးဆောင်သော လမ်းကို မည်သူမျှ မဦးဆောင်ခဲ့ဖူးသကဲ့သို့ လူသားက ဦးဆောင်ခဲ့ပါကလည်း၊ ယင်းသည် အသစ်သောလမ်းဖြစ်မည် မဟုတ်ပေ။ ဥပမာအားဖြင့်၊ ပေတရုနှင့် ပေါလုတို့ကို ကြည့်လော့။ ယေရှုက လမ်းကြောင်းကို ဦးမဆောင်မီတွင် ၎င်းတို့သည် မိမိတို့ကိုယ်တိုင်၏ ပုဂ္ဂိုလ်ရေး အတွေ့အကြုံများ မရှိခဲ့ကြပေ။ ယေရှုပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များနှင့် ယေရှု ဦးဆောင်ခဲ့သည့် လမ်းကြောင်းကို ၎င်းတို့ တွေ့ကြုံခဲ့ကြသည်မှာ ယေရှုက လမ်းကြောင်းကို ဦးဆောင်ပြီးမှသာလျှင် ဖြစ်ခဲ့ပေသည်။ ဤအရာမှ၊ ၎င်းတို့သည် အတွေ့အကြုံများစွာ ရရှိခဲ့ကြပြီး၊ ဩဝါဒစာများ ရေးသားခဲ့ကြသည်။ ထို့ကြောင့်၊ လူသား၏ အတွေ့အကြုံများသည် ဘုရားသခင်၏အမှုနှင့် မတူသကဲ့သို့ ဘုရားသခင်၏အမှုသည် လူသား၏အယူအဆများနှင့် အတွေ့အကြုံများက ဖော်ပြသည့် အသိပညာနှင့် မတူပေ။ ယနေ့တွင် ငါသည် အသစ်သောလမ်းကြောင်းကို ဦးဆောင်နေပြီး အမှုသစ်ကို လုပ်ဆောင်နေသည်ဟု အဖန်ဖန် ငါပြောပြီးဖြစ်ကာ၊ ငါ၏အမှုနှင့် ငါ၏ မိန့်မြွက်ချက်များသည် ယောဟန်နှင့်၊ အခြားပရောဖက်များ၏ အမှုအရာများနှင့် ခြားနားပေသည်။ ငါသည် ပထမဦးစွာ အတွေ့အကြုံများရပြီး၊ ထို့နောက် ယင်းတို့ကို သင်တို့အား ပြောခြင်း လုံးဝမဟုတ်ပေ- ယင်းသည် စစ်မှန်သော ကိစ္စတစ်ရပ် လုံးဝ မဟုတ်ပေ။ ထိုသို့သာဖြစ်ခဲ့ပါက၊ ယင်းက သင်တို့ကို အချိန်ကြာမြင့်စွာကပင် နှောင့်နှေးစေပြီးဖြစ်မည် မဟုတ်လော။ အတိတ်ကာလတွင်၊ လူများစွာ ပြောဆိုခဲ့သော အသိပညာသည်လည်း

ချီးမြှောက်ခြင်း ခံခဲ့ရသော်ငြား၊ ၎င်းတို့၏ စကားအားလုံးသည် ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်များဟုခေါ်သော လူများ၏ စကားများပေါ် အခြေခံပြောဆိုခဲ့ခြင်းသာ ဖြစ်သည်။ ထိုစကားများသည် လမ်းခရီးကို မညွှန်ပြခဲ့ဘဲ ၎င်းတို့၏ အတွေ့အကြုံများမှ လာခဲ့ပေသည်၊ ၎င်းတို့တွေ့မြင်ခဲ့သည်များနှင့် ၎င်းတို့၏ အသိပညာတို့မှ လာခဲ့ပေသည်။ အချို့မှာ ၎င်းတို့၏ အယူအဆများဖြစ်ပြီး၊ အချို့မှာ ၎င်းတို့ အကျဉ်းချုပ်ထားသော ၎င်းတို့၏ အတွေ့အကြုံများ ပါဝင်ပေသည်။ ယနေ့တွင်၊ ငါ့အမှု၏သဘာဝသည် ၎င်းတို့ အလုပ်သဘာဝနှင့် လုံးဝကွာခြားသည်။ ငါသည် အခြားသူများ၏ ဦးဆောင်ခြင်းခံရသည့် အဖြစ်ကို မတွေ့ကြုံဖူးသကဲ့သို့၊ ငါသည် အခြားသူများ၏ စုံလင်စေခြင်းကို လက်မခံခဲ့ပေ။ ထို့အပြင် ငါပြောဆိုကာ မိတ်သဟာယပြုပြီးဖြစ်သည့် အရာအားလုံးသည် အခြားမည်သူနှင့်မျှ မတူသကဲ့သို့၊ အခြားမည်သူမျှကလည်း လုံးဝ မပြောဆိုဖူးပေ။ ယနေ့တွင်၊ သင်တို့ မည်သူဖြစ်သည်ဖြစ်စေ၊ သင်တို့၏အလုပ်သည် ငါပြောဆိုသော နှုတ်ကပတ်တော်များအပေါ် အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ဤမိန့်မြွက်ချက်များနှင့် အမှုတို့မရှိဘဲ၊ ဤအရာများ (အစေခံသူများ၏ စမ်းသပ်ခံရခြင်း၊ ပြစ်တင်ဆုံးမခြင်း အချိန်များ...) ကို မည်သူ တွေ့ကြုံနိုင်စွမ်း ရှိမည်နည်း၊ ပြီးလျှင် ထိုသို့သော အသိပညာကို မည်သူသည် ပြောဆိုနိုင်စွမ်း ရှိမည်နည်း။ သင်သည် ဤအရာကို အမှန်တကယ် မြင်နိုင်စွမ်းမရှိသလော။ အမှု၏ အဆင့်ကို ပဓာနမထားဘဲ၊ ငါ၏နှုတ်ကပတ်တော်များကို ပြောဆိုပြီးသည်နှင့်တစ်ပြိုင်နက်၊ သင်တို့သည် ငါ၏နှုတ်ကပတ်တော်များနှင့်အညီ စတင်မိတ်သဟာယ ပြုကြပြီး ယင်းတို့နှင့်အညီ အလုပ်လုပ်ကြကာ၊ ထိုအရာမှာ သင်တို့ထဲမှ မည်သူမျှ တွေးဖူးသည့် လမ်းခရီးမဟုတ်ပေ။ ဤနေရာအထိ ရောက်လာပြီးနောက်၊ သင်သည် ထိုသို့သော ရှင်းလင်းပြီး ရိုးရှင်းသည့် မေးခွန်းကို မြင်နိုင်စွမ်းမရှိသလော။ ယင်းမှာ တစ်စုံတစ်ဦး အကြံထုတ်ဖူးသည့် လမ်းခရီးမဟုတ်သကဲ့သို့၊ မည်သည့် ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်အပေါ်တွင်မျှလည်း အခြေခံထားခြင်း မဟုတ်ပေ။ ယင်းမှာ လမ်းကြောင်းသစ်ဖြစ်ပြီး တစ်ချိန်က ယေရှုပြောခဲ့သော နှုတ်ကပတ်တော်အများအပြားပင် သက်ဆိုင်ခြင်း မရှိတော့ပေ။ ငါပြောသည်မှာ ခေတ်သစ်တစ်ခုကို ဖွင့်လှစ်သည့် အမှုဖြစ်ပြီး၊ ယင်းသည် တစ်ခုတည်း တည်တံ့သည့် အမှုဖြစ်သည်။ ငါလုပ်ဆောင်သော အမှုနှင့် ငါပြောသောနှုတ်ကပတ်တော်များ အားလုံးသည် အသစ်ဖြစ်၏။ ဤသည်မှာ ယနေ့၏ အမှုသစ် မဟုတ်လော။ ယေရှု၏ အမှုသည်လည်း ဤကဲ့သို့ဖြစ်၏။ သူ၏အမှုသည်လည်း ဗိမာန်တော်အထဲရှိ လူများ၏အလုပ်နှင့် ကွဲပြားခြားနားပြီး၊ ယင်းသည် ဖာရိရှဲတို့၏အလုပ်နှင့်လည်း ခြားနားခဲ့သကဲ့သို့၊ ဣသရေလလူမျိုးအားလုံး လုပ်ခဲ့သော အလုပ်နှင့်လည်း မည်သည့်ဆင်တူခြင်းမျှ မရှိပေ။

ယင်းကို မျက်မြင်ကိုယ်တွေ့ကြုံပြီးနောက်၊ လူတို့သည် ဆုံးဖြတ်ချက် မချနိုင်ခဲ့ကြပေ- "ယင်းကို ဘုရားသခင်က အမှန်တကယ် လုပ်ဆောင်ခဲ့သလော။" ယေရှုသည် ယေဟောဝါ၏ ပညတ်တရားကို မကိုင်စွဲခဲ့ပေ။ လူသားကို သွန်သင်ရန် သူကြွလာချိန်တွင်၊ သူပြောဆိုခဲ့သမျှအားလုံးသည် အသစ်ဖြစ်ပြီး ဓမ္မဟောင်းကျမ်းမှ ရှေးသန့်ရှင်းသူများနှင့်ပရောဖက်များ ပြောဆိုခဲ့သောအရာနှင့် ခြားနားလေသည်၊ ဤအရာကြောင့် လူတို့သည် မရေမရာဖြစ်မြဲ ဖြစ်ခဲ့ကြသည်။ ဤသည်မှာ လူသားကို ကိုင်တွယ်ဖြေရှင်းဖို့ အလွန်ခက်ခဲစေသည့်အရာ ဖြစ်သည်။ အမှု၏ ဤအဆင့်သစ်ကို လက်ခံခြင်းမပြုမီတွင်၊ သင်တို့ အများစုလျှောက်လှမ်းသော လမ်းကြောင်းမှာ ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်များ၏ အခြေခံအုတ်မြစ်ကို လက်တွေ့လုပ်ဆောင်ရန်နှင့် ဝင်ရောက်ရန် ဖြစ်ခဲ့သည်။ သို့သော် ယနေ့တွင်၊ ငါလုပ်ဆောင်သောအလုပ်သည် အလွန် ခြားနားသောကြောင့် သင်တို့အနေဖြင့် ထိုအရာ မှန်သည်၊ မှားသည်ကို မခွဲခြားနိုင်ကြပေ။ ယခင်က သင်မည်သည့် လမ်းကြောင်း လျှောက်ခဲ့သည်ကို ငါဂရုမစိုက်သကဲ့သို့၊ ငါသည် မည်သူ၏ "အစာ" ကို သင်စားခဲ့သည် သို့မဟုတ် မည်သူ့ကို သင်၏ "ဖခင်" အဖြစ် သဘောထားခဲ့သည်ကိုလည်း စိတ်မဝင်စားပေ။ ငါသည် လူကို လမ်းပြရန် ကြွလာပြီး အမှုသစ်ကို ယူဆောင်လာခဲ့သည့်အတွက်၊ ငါ့နောက်လိုက်သူအားလုံးသည် ငါပြောသည့်အရာနှင့်အညီ ပြုမူလုပ်ဆောင်ကြရမည် ဖြစ်သည်။ သင် မွေးဖွားသည့် "မိသားစု" သည် မည်မျှအာဏာရှိသည် ဖြစ်စေ၊ သင်သည် ငါ့နောက်သို့လိုက်ရမည်၊ သင်သည် သင်၏ ယခင် အလေ့အထများနှင့်အညီ မပြုမူရ၊ သင်၏ "အုပ်ထိန်းသော ဖခင်" သည် ဖယ်ပေးသင့်ပြီး သင်သည် သင်၏ပိုင်ထိုက်သောဝေစုကို ရယူရန် သင်၏ဘုရားသခင်ရှေ့မှောက်သို့ လာသင့်သည်။ သင်၏အလုံးစုံသည် ငါ့လက်ထဲတွင်ရှိပြီး သင်သည် သင်၏အုပ်ထိန်းသူဖခင်အား ကျိုးကြောင်းမမြင်သည့် ယုံကြည်မှုကို အလွန်အမင်း မဆက်ကပ်သင့်ပေ။ သူသည် သင့်ကို လုံးလုံးလျားလျား မထိန်းချုပ်နိုင်ပေ။ ယနေ့၏အမှုသည် ထီးထီးမားမား တည်နေသည်။ ယနေ့ ငါပြောသမျှအားလုံးသည် အတိတ်က အခြေခံအုတ်မြစ်ပေါ်တွင် အခြေမပြုထားသည်မှာ သိသာပေသည်။ ယင်းသည် အသစ်သော စတင်မှုဖြစ်ပြီး ယင်းသည် လူသား၏လက်ဖြင့် ဖန်ဆင်းထားသည်ဟု သင်ပြောဆိုပါက၊ သင်သည် ကယ်တင်၍မရနိုင်လောက်အောင် မျက်စိကန်းနေသူ တစ်ဦး ဖြစ်ပေသည်။

ဟေရှာယ၊ ယေဇကျေလ၊ မောရှေ၊ ဒါဝိဒ်၊ အာဗြဟံနှင့် ဒံယေလတို့သည် ရွေးချယ်ခံထားရသည့် ဣသရေလလူမျိုးများထဲမှ ခေါင်းဆောင်များ သို့မဟုတ် ပရောဖက်များဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် ဘုရားသခင်ဟူ၍ အဘယ်ကြောင့် အခေါ် မခံခဲ့ကြရသနည်း။ သန့်ရှင်းသော

ဝိညာဉ်တော်သည် ၎င်းတို့ကို အဘယ်ကြောင့် သက်သေမခံခဲ့သနည်း။ ယေရှုက သူ၏အမှုကို စတင်ပြီး သူ၏ နှုတ်ကပတ်တော်များကို စတင်ပြောဆိုသည်နှင့် တစ်ပြိုင်နက် သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှုကို အဘယ်ကြောင့် သက်သေခံခဲ့သနည်း။ ပြီးလျှင် သန့်ရှင်းသော ဝိညာဉ်တော်သည် အခြားသူများကို အဘယ်ကြောင့် သက်သေ မခံခဲ့သနည်း။ ဇာတိပကတိနှင့် သက်ဆိုင်သည့် လူများဖြစ်ကြသော ၎င်းတို့သည် "သခင်" ဟု အခေါ် ခံခဲ့ကြရသည်။ ထိုသူတို့ မည်သို့ အခေါ် ခံခဲ့ကြရသည် ဖြစ်စေ၊ ၎င်းတို့၏ အလုပ်သည် ၎င်းတို့၏ ဖြစ်တည်မှုနှင့် ၎င်းတို့၏ အနှစ်သာရကို ကိုယ်စားပြုပြီး၊ ၎င်းတို့၏ ဖြစ်တည်မှုနှင့် ၎င်းတို့၏ အနှစ်သာရသည် ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာကို ကိုယ်စားပြုကြလေသည်။ ၎င်းတို့၏ အနှစ်သာရသည် ၎င်းတို့၏ အမည်နာမများနှင့် ဆက်နွယ်မှုမရှိပေ။ ယင်းကို ၎င်းတို့ ဖော်ပြသည့်အရာနှင့် ၎င်းတို့ အသက်ရှင် နေထိုင်သည့်အရာက ကိုယ်စားပြုပေသည်။ ဓမ္မဟောင်းကျမ်းတွင်၊ သခင်ဟု အခေါ် ခံရခြင်းတွင် ထူးခြားသည့်အရာ မည်သည့်အရာမျှ မရှိသကဲ့သို့ လူတစ်ဦးသည် မည်သည့်နည်းဖြင့်မဆို အခေါ် ခံရကောင်း ခံရမည် ဖြစ်သော်လည်း၊ ၎င်း၏ အနှစ်သာရနှင့် ပင်ကိုလက္ခဏာသည် ပြောင်းလဲ၍မရနိုင်ပေ။ ခရစ်တော် အတုအယောင်များ၊ ပရောဖက် အတုအယောင်များနှင့် လှည့်ဖြားသူများအကြားတွင် "ဘုရားသခင်" ဟု အခေါ် ခံရသူများလည်း ရှိသည် မဟုတ်လော။ ၎င်းတို့သည် အဘယ်ကြောင့် ဘုရားသခင် မဟုတ်ကြသနည်း။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဘုရားသခင်၏ အမှုကို လုပ်ဆောင်နိုင်စွမ်း မရှိသောကြောင့်ဖြစ်သည်။ အရင်းအမြစ်၌ ၎င်းတို့သည် လူတို့ကို လှည့်စားသူများ၊ လူသားများဖြစ်ကြပြီး၊ ဘုရားသခင်မဟုတ်ပေ၊ ထို့ကြောင့် ဘုရားသခင်၏ ကိုယ်ပိုင်လက္ခဏာ မရှိကြချေ။ မျိုးနွယ်စု ၁၂ စု ထဲတွင် ဒါဝိဒ်သည်လည်း သခင်ဟု အခေါ် ခံခဲ့ရသည် မဟုတ်လော။ ယေရှုသည်လည်း သခင်ဟု အခေါ် ခံခဲ့ရသည်- ယေရှုတစ်ဦးတည်းသာ လူ့ဇာတိခံ ဘုရားသခင်ဟု အဘယ်ကြောင့် အခေါ် ခံခဲ့ရသနည်း။ ယေရမိကိုလည်း လူသားဟု သိခဲ့ကြသည် မဟုတ်လော။ ပြီးလျှင် ယေရှုကို လူသားဟု သိကြသည် မဟုတ်လော။ ယေရှုသည် အဘယ်ကြောင့် ဘုရားသခင်ကိုယ်စား ကားစင်တင်ခံခဲ့ရသနည်း။ ယင်းမှာ ၎င်း၏ အနှစ်သာရသည် ကွဲပြားသောကြောင့် ဖြစ်သည်မဟုတ်လော။ ယင်းမှာ သူလုပ်ဆောင်ခဲ့သည့် အမှုသည် ကွဲပြားသောကြောင့် ဖြစ်သည်မဟုတ်လော။ အမည်နာမသည် အရေးပါသလော။ ယေရှုသည်လည်း လူသားဟုလည်း အခေါ် ခံခဲ့ရသော်လည်း၊ သူသည် ဘုရားသခင်၏ ပထမဦးဆုံး လူ့ဇာတိခံယူခြင်း ဖြစ်ခဲ့သည်၊ သူသည် တန်ခိုးအာဏာကို လက်ခံရန်နှင့် ရွေးနှုတ်ခြင်းအမှုကို ပြီးမြောက်အောင်ဆောင်ရွက်ရန် ကြွလာခဲ့ပြီးဖြစ်သည်။ ဤအရာက ယေရှု၏

ကိုယ်ပိုင်လက္ခဏာနှင့် အနှစ်သာရသည် လူသားဟု အခေါ် ခံခဲ့ရသော အခြားသူများနှင့် ကွဲပြားခြားနားသည်ကို သက်သေပြပေသည်။ ယနေ့တွင် သင်တို့ထဲမှ မည်သူသည် သန့်ရှင်းသောဝိညာဉ်တော်၏ အသုံးပြုခြင်းခံရသည့် လူများပြောသော စကားများအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်မှ လာသည်ဟု ပြောဝံ့သနည်း။ မည်သူမဆိုသည် ထိုသို့သောအရာများကို ပြောဝံ့သလော။ သင်သည် ထိုသို့သောအရာများကို ပြောဆိုပါက၊ ဧဇရအနာဂတ္တိကျမ်းသည် အဘယ်ကြောင့် ပယ်ဖျက်ခံခဲ့ရသနည်း၊ ပြီးလျှင် ရှေးသန့်ရှင်းသူများနှင့် ပရောဖက်များ၏ ကျမ်းများကိုလည်း အလားတူ အဘယ်ကြောင့် ပြုခဲ့သနည်း။ ၎င်းတို့အားလုံး သန့်ရှင်းသော ဝိညာဉ်တော်မှ လာသည်ဆိုပါက၊ သင်တို့သည် အဘယ်ကြောင့် ထိုသို့ပြောင်းလဲလွယ်သော ရွေးချယ်မှုများကို လုပ်ဝံ့ကြသနည်း။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ရွေးချယ်ရန် အရည်အချင်းပြည့်မီသလော။ ဣသရေလမှ အဖြစ်အပျက် အများအပြားသည်လည်း ပယ်ဖျက်ခြင်း ခံခဲ့ရသည်။ ပြီးလျှင် သင့်အနေဖြင့် အတိတ်က ဤရေးသားချက်များအားလုံး သန့်ရှင်းသော ဝိညာဉ်တော်မှ လာသည်ဟု ယုံကြည်ပါက၊ ကျမ်းများထဲမှ အချို့သည် အဘယ်ကြောင့် ပယ်ဖျက်ခံခဲ့ရပါသနည်း။ ယင်းတို့အားလုံး သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာပါက၊ ယင်းတို့အားလုံးကို ထားရှိသင့်ပြီး၊ အသင်းတော်များရှိ ညီအစ်ကို မောင်နှမများထံသို့ ဖတ်ရှုရန် ပေးပို့သင့်ပေသည်။ ယင်းတို့ကို လူ့သဘောဖြင့် ရွေးချယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း မပြုသင့်ပေ။ ထိုသို့လုပ်ခြင်းသည် မှားယွင်း၏။ ပေါလုနှင့် ယောဟန်တို့၏ အတွေ့အကြုံများသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေး အမြင်များနှင့် ရောထွေးသည်ဟု ပြောဆိုခြင်းသည် ၎င်းတို့၏ အတွေ့အကြုံများနှင့် အသိပညာသည် စာတန်ထံမှ လာသည်ဟု ဆိုလိုခြင်း မဟုတ်သော်လည်း၊ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ အတွေ့အကြုံများနှင့် ထိုးထွင်းသိမြင်မှုများမှ လာသည့်အရာများ ရှိခဲ့ကြခြင်းသာ ဖြစ်သည်။ ၎င်းတို့၏အသိပညာသည် ထိုအချိန်က ၎င်းတို့၏ တကယ့်အတွေ့အကြုံများ၏ နောက်ခံအကြောင်းအရာ နှင့်အညီ ဖြစ်ပြီး၊ ယင်းတို့အားလုံး သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာသည်ဟု မည်သူက ယုံကြည်စိတ်ချစွာ ပြောနိုင်မည်နည်း။ ခရစ်ဝင်ကျမ်းလေးကျမ်းလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်မှ လာပါက၊ မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့သည် ယေရှု၏အမှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာကွဲပြား၍ အဘယ်ကြောင့် အသီးသီး ပြောဆိုခဲ့ကြသနည်း။ ဤအရာကို သင်တို့ မယုံကြည်ပါက၊ ပေတရုက သခင်ကို သုံးကြိမ်ငြင်းဆိုခဲ့ပုံနှင့်ပတ်သက်သည့် ကျမ်းစာထဲက ဖြစ်စဉ်များကို ကြည့်လော့- ယင်းတို့ အားလုံး ကွဲပြားခြားနားနေပြီး ၎င်းတို့အသီးသီးသည် မိမိတို့၏

ကိုယ်ပိုင်ထူးခြားသော လက္ခဏာရပ်များ ရှိကြသည်။ မသိနားမလည်သောသူများစွာက၊ “လူ့ဇာတိခံ ဘုရားသခင်သည်လည်း လူသားတစ်ဦး ဖြစ်သည်။ သို့ဆိုလျှင် သူပြောဆိုသော စကားများသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လုံးဝ လာနိုင်ပါသလော။ ပေါလုနှင့် ယောဟန်တို့၏ စကားများသည် လူ့အလိုဆန္ဒဖြင့် ရောနှောခဲ့ပါက၊ ကိုယ်တော်ပြောဆိုသော စကားများသည် လူ့အလိုဆန္ဒဖြင့် အကယ်ပင် ရောနှောမနေပါသလော။” ဟု မေးကြသည်။ ထိုသို့သော အရာများကို ပြောဆိုသောလူများသည် မျက်ကန်း၍ မသိမိုက်မဲ ကြလေတကား။ ခရစ်ဝင်ကျမ်းလေးကျမ်းကို သေချာစွာ ဖတ်လော့။ ယေရှု လုပ်ဆောင်ခဲ့သောအရာများနှင့် သူ ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များနှင့်ပတ်သက်၍ ၎င်းတို့မှတ်တမ်းတင်ခဲ့သည့် အရာကို ဖတ်လော့။ ဖြစ်စဉ်အသီးသီးသည် အကယ်ပင် အတော်အတန်ကွဲပြားသကဲ့သို့၊ အသီးသီး၌ မိမိကိုယ်ပိုင် ရှုထောင့် ရှိလေသည်။ ဤကျမ်းများ၏ စာရေးသူများက ရေးသားခဲ့သည့် အရာ အားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာသည်ဆိုပါက၊ အားလုံးသည် တူညီပြီး တစ်သမတ်တည်း ဖြစ်သင့်ပေသည်။ သို့ဆိုလျှင် အဘယ်ကြောင့် ကွာဟချက်များ ရှိရသနည်း။ ဤအရာကို မမြင်နိုင်ရန်မှာ၊ လူသားသည် အလွန့်အလွန် မိုက်မဲသည် မဟုတ်လော။ ဘုရားသခင်ကို သက်သေခံရန် သင် စေခိုင်းခြင်း ခံရပါက၊ မည်သည့် သက်သေခံချက်မျိုးကို သင်ပေးနိုင်သနည်း။ ဘုရားသခင်ကို ထိုသို့သိရှိခြင်းနည်းလမ်းသည် သူ့ကို သက်သေခံနိုင်သလော။ အခြားသူများက သင့်ကို၊ “ယောဟန်နှင့် လုကာတို့၏ မှတ်တမ်းများသည် လူ့အလိုဆန္ဒများ ရောနှောနေခဲ့ပါက၊ သင်တို့၏ ဘုရားသခင်ပြောဆိုခဲ့သော နှုတ်ကပတ်တော်များသည် လူ့အလိုဆန္ဒနှင့် ရောနှောနေသည် မဟုတ်လော။” ဟု မေးပါက၊ ရှင်းလင်းသောအဖြေကို သင်ပေးနိုင်မည်လော။ လုကာနှင့် မဿဲတို့သည် ယေရှု၏နှုတ်ကပတ်တော်များကို ကြားခဲ့ကာ ယေရှု၏ အမှုကို မြင်ပြီးနောက်တွင်၊ ၎င်းတို့သည် ယေရှုလုပ်ဆောင်ခဲ့သော အမှုနှင့် သက်ဆိုင်သည့် အချက်အလက် အချို့ကို အသေးစိတ် ပြန်လည်ပြောပြသောပုံစံဖြင့် မိမိတို့၏ ကိုယ်ပိုင်အသိပညာကို ပြောပြခဲ့ကြသည်။ ၎င်းတို့၏ အသိပညာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အပြည့်အဝ ထုတ်ဖော်ပြခံရခြင်း ဖြစ်သည်ဟု သင်ပြောနိုင်သလော။ သမ္မာကျမ်းစာ ပြင်ပတွင်၊ ၎င်းတို့ထက် သာ၍ မြင့်မားသည့် အသိပညာတစ်ခုရှိသည့် ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်များစွာ ရှိခဲ့ကြပေသည်၊ သို့ဆိုလျှင် အဘယ်ကြောင့် ၎င်းတို့၏စကားများကို နောက်မျိုးဆက်များက လက်မခံခဲ့ကြသနည်း။ ၎င်းတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်း ခံခဲ့ကြရသည် မဟုတ်လော။ ယနေ့၏အမှုတွင် ငါသည် ယေရှု၏အမှု၏ အခြေခံအုတ်မြစ်ပေါ်တွင် အခြေခံ၍ ငါ၏ ကိုယ်ပိုင် ထိုးထွင်းသိမြင်မှုများကို ပြောဆိုနေခြင်းမဟုတ်သကဲ့သို့၊ ယေရှု၏ အမှု၏

နောက်ခံအကြောင်းအရာနှင့်ယှဉ်၍ ငါ၏ကိုယ်ပိုင် အသိပညာကို ပြောနေခြင်းလည်း မဟုတ်သည်ကို သိလော့။ ထိုအချိန်က ယေရှုသည် မည်သည့်အမှုကို လုပ်ဆောင်ခဲ့သနည်း။ ထို့အပြင် ယနေ့ ငါသည် မည်သည့်အမှုကို လုပ်ဆောင်နေသနည်း။ ငါ လုပ်ဆောင်ကာ ပြောဆိုသည့်အရာသည် အစဉ်အလာ မရှိပေ။ ယနေ့ ငါလျှောက်သောလမ်းသည် ယခင်က လုံးဝ မနင်းလျှောက်ဖူးပေ၊ အတိတ်က ခေတ်များနှင့်သက်ဆိုင်သည့် လူများနှင့် မျိုးဆက်များက မည်သည့်အခါတွင်မျှ မလျှောက်ဖူးကြပေ။ ယနေ့တွင်၊ ယင်းကို စတင်ဆောင်ရွက်ပြီးဖြစ်ကာ ဤသည်မှာ ဝိညာဉ်တော်၏ အမှု မဟုတ်သလော။ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုဖြစ်ခဲ့သော်ငြားလည်း၊ အတိတ်က ခေါင်းဆောင်များအားလုံးသည် ၎င်းတို့၏ အလုပ်ကို အခြားသူများ၏ အခြေခံအုတ်မြစ်ပေါ်တွင် ဆောင်ရွက်ခဲ့ကြသည်။ သို့သော်၊ ဘုရားသခင်ကိုယ်တိုင်၏အမှုသည် ကွဲပြားခြားနား၏။ ယေရှု၏ အမှုအဆင့်သည်လည်း အလားတူ ဖြစ်ခဲ့ပေသည်- သူသည် လမ်းခရီးသစ်တစ်ခုကို ဖွင့်လှစ်ခဲ့သည်။ သူကြွလာခဲ့ချိန်တွင်၊ သူသည် ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို ဟောပြောခဲ့ပြီး လူသားသည် နောင်တရပြီး ဝန်ချရမည်ဟု ပြောဆိုခဲ့သည်။ ယေရှုသည် သူ၏အမှုကို ပြည့်စုံစေခဲ့သည့်နောက်တွင်၊ ပေတရု၊ ပေါလုနှင့် အခြားသူများသည် ယေရှု၏အမှုကို စတင်၍ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ ယေရှုသည် လက်ဝါးကပ်တိုင်တွင် သံမှိုနှင့်ရိုက်ခံခဲ့ရပြီး၊ ကောင်းကင်သို့ တက်ကြွသွားခဲ့သည့်နောက်တွင်၊ ၎င်းတို့သည် ကားတိုင်၏ လမ်းခရီးကို ဖြန့်ဝေဖို့ ဝိညာဉ်တော်၏ စေလွှတ်ခြင်း ခံခဲ့ရသည်။ ပေါလု၏ စကားများသည် ချီးမြှောက်ခြင်း ခံခဲ့ရသော်လည်း၊ ယင်းတို့သည်လည်း သည်းခံခြင်း၊ ချစ်ခြင်းမေတ္တာ၊ ဒုက္ခခံစားခြင်း၊ ဦးခေါင်းအုပ်ခြင်း၊ ဗတ္တိဇံခံယူခြင်း၊ သို့မဟုတ် လိုက်လျှောက်ရမည့် အခြားအယူဝါဒများကဲ့သို့သော ယေရှု ပြောဆိုပြီးခဲ့သည့် အရာအားဖြင့် ချထားခဲ့သော အခြေခံအုတ်မြစ် အပေါ်တွင် အခြေခံထားခဲ့ပေသည်။ ဤအရာအားလုံးကို ယေရှု၏ နှုတ်ကပတ်တော်များ၏ အခြေခံအုတ်မြစ်ပေါ်တွင် ပြောဆို ထားခဲ့ပေသည်။ ၎င်းတို့သည် ဘုရားသခင် အသုံးပြုခဲ့သော လူများသာ ဖြစ်ခဲ့ကြသည့်အတွက်၊ အသစ်သော လမ်းခရီးကို ဖွင့်လှစ်နိုင်စွမ်း မရှိခဲ့ကြချေ။

ထိုအချိန်က ယေရှု၏မိန့်မြွက်ချက်များနှင့် အမှုသည် အယူဝါဒကို စွဲကိုင်မထားခဲ့သကဲ့သို့၊ သူသည် သူ၏အမှုကို ဓမ္မဟောင်းကျမ်း၏ ပညတ်တရားနှင့်သက်ဆိုင်သည့် အမှုနှင့်အညီ မဆောင်ရွက်ခဲ့ပေ။ ယင်းသည် ကျေးဇူးတော်ခေတ်တွင် လုပ်ဆောင်သင့်သည့် အမှုအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သူသည် သူထုတ်ဆောင်လာသည့် အမှုအတိုင်း၊ သူ၏ ကိုယ်ပိုင်အစီအစဉ်အတိုင်းနှင့် သူ၏ အမှုတော်အတိုင်း ကြိုးပမ်း လုပ်ဆောင်ခဲ့သည်။ သူသည်

ဓမ္မဟောင်းကျမ်း၏ ပညတ်တရားအတိုင်း အမှုမပြုခဲ့ပေ။ သူလုပ်ဆောင်ခဲ့သည့် မည်သည့် အရာမျှ ဓမ္မဟောင်းကျမ်း၏ ပညတ်တရားနှင့်အညီ မဟုတ်ခဲ့သကဲ့သို့၊ သူသည် ပရောဖက်များ၏ စကားများကို ပြည့်စုံစေရန် အမှုပြုဖို့ ကြွလာခဲ့သည်လည်း မဟုတ်ပေ။ ဘုရားသခင်၏အမှု၏ အဆင့်အသီးသီးသည် ရှေးပရောဖက်များ၏ ကြိုတင်ဟောကြားချက်များကို ပြည့်စုံစေဖို့အလို့ငှာ အသေအချာ ဆောင်ရွက်ခဲ့ခြင်း မဟုတ်သကဲ့သို့၊ သူသည် အယူဝါဒကို လိုက်နာဖို့ သို့မဟုတ် ရှေးပရောဖက်များ၏ ကြိုတင်ဟောကြားချက်များကို တမင်သက်သက် အကောင်အထည်ဖော်ရန် လာခဲ့ခြင်း မဟုတ်ပေ။ သို့ရာတွင် သူ၏လုပ်ဆောင်ချက်များသည် ရှေးပရောဖက်များ၏ ဟောကြားချက်များကို မနှောင့်ယှက်ခဲ့သကဲ့သို့၊ ယခင်က သူလုပ်ဆောင်ပြီးခဲ့သော အမှုကိုလည်း မနှောင့်ယှက်ခဲ့ပေ။ သူ့အမှု၏ အဓိကအချက်မှာ မည်သည့်အယူဝါဒကိုမျှ လိုက်နာခြင်း မဟုတ်ဘဲ၊ ယင်းအစား သူကိုယ်တိုင် လုပ်ဆောင်သင့်သောအမှုကို လုပ်ဆောင်ခြင်းဖြစ်သည်။ သူသည် ပရောဖက်မဟုတ်သကဲ့သို့ ရှေ့ဖြစ်ဟောသူလည်း မဟုတ်ခဲ့ဘဲ၊ သူ လုပ်ဆောင်သင့်သည့် အမှုကို လုပ်ဆောင်ဖို့ အမှန်တကယ် ကြွလာခဲ့သည့် လုပ်ဆောင်သူတစ်ဦးဖြစ်ပြီး သူသည် သူ၏အသစ်သောခေတ်ကို စတင် ဖွင့်လှစ်ရန်နှင့် သူ၏ အသစ်သော အမှုကို ဆောင်ရွက်ရန် ကြွလာခဲ့ပေသည်။ ဟုတ်ပေ၏၊ ယေရှုသည် သူ၏ အမှုကို လုပ်ဆောင်ရန် ကြွလာခဲ့ချိန်က၊ သူသည် ဓမ္မဟောင်းကျမ်းထဲက ရှေးပရောဖက်များ ပြောကြားခဲ့သော စကားများစွာကိုလည်း ပြည့်စုံစေခဲ့ပေသည်။ ထို့အတူ ယနေ့၏ အမှုသည်လည်း ဓမ္မဟောင်းကျမ်း ထဲက ရှေးပရောဖက်များ၏ ကြိုတင်ပြောကြားချက်များကို ပြည့်စုံစေခဲ့သည်။ ငါသည် “အဝါရောင်သမ်းနေသည့် နှစ်ချုပ် စာအုပ်ဟောင်း” ကို မကိုင်စွဲထားရုံသာ ဖြစ်၏၊ ထိုမျှသာ ဖြစ်ပေသည်။ ငါလုပ်ဆောင်ရမည့် သာ၍ များသော အမှုရှိသည့်အတွက်၊ သင်တို့ကို ငါပြောဆိုရမည့် သာ၍များသော နှုတ်ကပတ်တော်များ ရှိသကဲ့သို့၊ ဤအမှုနှင့် ဤနှုတ်ကပတ်တော်များသည် သမ္မာကျမ်းစာမှ ကျမ်းပိုဒ်များကို ရှင်းပြခြင်းထက် သာ၍များစွာ အရေးပါလှပေသည်။ အဘယ်ကြောင့် ဆိုသော် ထိုသို့သော အလုပ်သည် သင်တို့အတွက် ကြီးမားသော အရေးပါမှု သို့မဟုတ် တန်ဖိုးမရှိသကဲ့သို့၊ သင်တို့ကို မကူညီနိုင် သို့မဟုတ် မပြောင်းလဲနိုင်သောကြောင့် ဖြစ်သည်။ ငါသည် အသစ်သော အမှုကို လုပ်ဆောင်ဖို့ ရည်ရွယ်သည်မှာ သမ္မာကျမ်းစာ၏ မည်သည့် ကျမ်းပိုဒ်ကိုမှ ပြည့်စုံစေခြင်းအတွက် မဟုတ်ပေ။ ဘုရားသခင်သည် သမ္မာကျမ်းစာမှ ရှေးပရောဖက်များ၏ စကားများကို ပြည့်စုံစေရန်သာ ကမ္ဘာမြေသို့ ကြွလာခဲ့ပါက၊ မည်သူသည် ပို၍ ကြီးမြတ်သနည်း၊ လူ့ဇာတိကိုခံယူသော ဘုရားသခင်လော၊ သို့တည်းမဟုတ် ထိုရှေးပရောဖက်များလော။

အဆုံးတွင်၊ ပရောဖက်များသည် ဘုရားသခင်ကို စီမံကွပ်ကဲသလော၊ သို့မဟုတ် ဘုရားသခင်သည် ပရောဖက်များကို စီမံကွပ်ကဲသလော။ ဤစကားများကို သင်မည်သို့ ရှင်းပြသနည်း။

အစတွင်၊ ယေရှုသည် သူ၏အမှုတော်ကို တရားဝင် မလုပ်ဆောင် သေးမီတွင်၊ သူ၏နောက်သို့လိုက်သော တပည့်တော်များကဲ့သို့ပင် သူသည်လည်း တစ်ခါတစ်ရံ ဗိမာန်တော်ထဲတွင် အစည်းအဝေးများ တက်ရောက်ခဲ့သည်၊ ဓမ္မတေးများ သီဆိုခဲ့သည်၊ ချီးမွမ်းခြင်းများ ပေးကာ ဓမ္မဟောင်းကျမ်းကို ဖတ်ရှုခဲ့ပေသည်။ သူသည် ဗတ္တိဇံခံယူကာ ထလာပြီးနောက်တွင် ဝိညာဉ်တော်သည် သူ၏ ကိုယ်ပိုင်လက္ခဏာနှင့် သူတာဝန်ယူရမည့် အမှုတော်ကို ထုတ်ဖော်ပြရင်း၊ သူ့အပေါ်တွင် တရားဝင် ဆင်းသက်ခဲ့ကာ စတင်အလုပ်လုပ်ခဲ့သည်။ ဤမတိုင်မီတွင်၊ မာရိမှလွဲ၍ မည်သူကမျှ သူ၏ကိုယ်ပိုင်လက္ခဏာကို မသိခဲ့ကြသကဲ့သို့၊ ယောဟန်ပင်လျှင် မသိခဲ့ပေ။ ဗတ္တိဇံခံယူသည့်အချိန်တွင် ယေရှုသည် အသက် ၂၉ နှစ် ရှိခဲ့သည်။ ဗတ္တိဇံခံယူခြင်း ပြီးဆုံးသည့်နောက်တွင်၊ ကောင်းကင်သည် ဖွင့်လှစ်ပြီး၊ အသံတစ်ခုက ပြောသည်မှာ "ဤသူကား ငါနှစ်သက် မြတ်နိုးရာ ငါ၏ ချစ်သားပေတည်း။" ဟူ၍ ဖြစ်သည်။ ယေရှုသည် ဗတ္တိဇံခံယူပြီးသည်နှင့်တစ်ပြိုင်နက်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ဤနည်းဖြင့် သူ့ကို စတင် သက်သေခံခဲ့သည်။ အသက် ၂၉ နှစ်၌ ဗတ္တိဇံမခံမီတွင်၊ သူသည် စားရမည့် အချိန်တွင် စားရင်း၊ ပုံမှန် အိပ်ရင်းနှင့် ဝတ်စားဆင်ယင်ရင်း၊ ပုံမှန်လူတစ်ဦး၏ အသက်တာကို အသက်ရှင်နေထိုင်ခဲ့ပြီး၊ သူနှင့် ပတ်သက်သည့် မည်သည့်အရာမျှ အခြားသူများနှင့် ကွဲပြားခြားနားခြင်းမရှိခဲ့ပေ၊ မှန်ပေသည်၊ ယင်းမှာ လူ၏ ဇာတိဆန်သော အမြင်တွင်သာ ဖြစ်သည်။ တစ်ခါတစ်ရံတွင် သူသည်လည်း အားနည်းခဲ့ပြီး တစ်ခါတစ်ရံတွင် သူသည် အမှုအရာများကို မသိမြင်နိုင်ဘဲ ရှိသည်၊ ယင်းမှာ သမ္မာကျမ်းစာတွင် ရေးသားထားသည့်အတိုင်းသာ ဖြစ်သည်- "ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလေ၏။" ဤနှုတ်ကပတ်တော်များက သူသည် သာမန်နှင့် ပုံမှန်လူ့သဘာဝရှိပြီး အခြားသော ပုံမှန်လူများနှင့် မည်သို့မျှ အထူးတလည် ခြားနားခြင်း မရှိသည်ကိုသာ ပြသပေသည်။ သူသည် ပုံမှန်လူတစ်ဦးကဲ့သို့ ကြီးပြင်းခဲ့ပြီး သူနှင့်ပတ်သက်၍ ထူးခြားမှု ဘာမျှမရှိခဲ့ပေ။ သို့ရာတွင် သူသည် ဘုရားသခင်၏ စောင့်ရှောက်မှုနှင့် ကာကွယ်မှုအောက်တွင် ရှိခဲ့သည်။ ဗတ္တိဇံခံယူပြီးနောက်တွင်၊ သူသည် စတင် သွေးဆောင်ဖြားယောင်းခြင်း ခံခဲ့ရသည်။ ထို့နောက်တွင် သူသည် သူ၏ အမှုတော်ကို စတင်ဆောင်ရွက်ပြီး စတင်အမှုပြုကာ တန်ခိုး၊ ဉာဏ်ပညာနှင့် ဩဇာအာဏာတို့ကို ပိုင်ဆိုင်လာခဲ့သည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏ ဗတ္တိဇံမခံမီတွင်

သူ့အထဲ၌ အလုပ်လုပ်ခြင်း မရှိ သို့မဟုတ် သူ့အတွင်းတွင် မရှိခဲ့ဟု ပြောဖို့ မဟုတ်ပေ။ ဗတ္တိဇံမခံမီတွင်၊ ဘုရားသခင်သည် သူ၏အလုပ်ကို လုပ်သည့်အချိန်တွင် အကန့်အသတ်များရှိသည့်အပြင်၊ ပုံမှန် လူများသည် ပုံမှန်ကြီးထွားခြင်းဖြစ်စဉ်ရှိသည့်အတွက်၊ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း သူ့အတွင်းတွင် ကျိန်းဝပ်ပြီး ဖြစ်သော်လည်း၊ တရားဝင် အလုပ်စတင်ခြင်း မရှိသေးပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အတွင်းတွင် အစဉ်အမြဲ နေထိုင်ခဲ့ပြီး ဖြစ်သည်။ ယေရှုဖွားမြင်ခဲ့ချိန်တွင် သူသည် အခြားသူများနှင့် ခြားနားပြီး နံနက်မိုးသောက်ကြယ် ထွက်ပေါ် ခဲ့သည်။ သူ၏မွေးဖွားမှုမတိုင်မီတွင် ကောင်းကင်တမန် တစ်ပါးသည် ယောသပ်ထံ အိပ်မက်ထဲတွင် ပေါ်လာပြီး မာရိသည် သားယောကျ်ားလေး ဖွားမြင်မည့်အကြောင်းနှင့် ထိုကလေးသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေ စွဲယူမည့် အကြောင်း ပြောခဲ့သည်။ ယေရှု ဗတ္တိဇံခံယူပြီးနောက်တွင်၊ သန့်ရှင်းသော ဝိညာဉ်တော်က သူ၏အလုပ်ကို စတင်ခဲ့သော်လည်း၊ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှုပေါ်သို့ ဆင်းသက်ခဲ့ပြီးခါစသာ ဖြစ်သည်ဟု မဆိုလိုခဲ့ပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အပေါ် ချိုးငှက်ကဲ့သို့ သက်ဆင်းခဲ့သည်ဆိုသည့် ပြောဆိုချက်သည် သူ၏အမှုတော်ကို တရားဝင်စတင်ခဲ့ခြင်းကို ညွှန်းဆိုခြင်း ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ့အတွင်းတွင် ယခင်က ရှိခဲ့ပြီးဖြစ်သော်လည်း၊ အချိန် မရောက်သေးသည့်အတွက် သူသည် စတင်အမှုမပြုခဲ့သေးသကဲ့သို့၊ ဝိညာဉ်တော်သည် မဆင်မခြင် စတင်အလုပ်မလုပ်ခဲ့ပေ။ ဝိညာဉ်တော်သည် ဗတ္တိဇံခံယူခြင်းမှတစ်ဆင့် သူ့ကို သက်သေခံခဲ့သည်။ သူသည် ရေထဲမှ ထွက်လာသည့်အခါ၊ ဝိညာဉ်တော်သည် သူ့အထဲတွင် တရားဝင် စတင်အလုပ်လုပ်ခဲ့သည်၊ ယင်းမှာ ဘုရားသခင်၏ လူ့ဇာတိခံ သူ၏အမှုတော်ကို ဖြည့်ဆည်းဖို့ စတင်ခဲ့သည်ဆိုသည်နှင့်၊ ရွေးနုတ်ခြင်းအမှုကိုလည်း စတင်ခဲ့ကြောင်း၊ ဆိုလိုသည်မှာ ကျေးဇူးတော်ခေတ်သည် တရားဝင်စတင်ခဲ့ပြီးဖြစ်သည်ကို ဖော်ပြပေသည်။ သို့ဖြစ်ရာ သူသည် မည်သည့်အမှုကို လုပ်ဆောင်သည်ဖြစ်စေ၊ ဘုရားသခင်၏ အမှုအတွက် အချိန်ကာလတစ်ခု ရှိသည်။ သူ၏ဗတ္တိဇံခံယူပြီး နောက်ပိုင်းတွင် ယေရှုတွင် သီးခြားပြောင်းလဲမှုများ မရှိခဲ့ပေ။ သူသည် သူ၏မူလ လူ့ဇာတိထဲတွင် ရှိနေဆဲဖြစ်သည်။ ယင်းမှာ သူသည် သူ၏အမှုကို စတင်ခဲ့ပြီး သူ၏ ကိုယ်ပိုင်လက္ခဏာကို ထုတ်ဖော်ပြရုံသာဖြစ်ခဲ့ပြီး၊ သူသည် သြဇာအာဏာ၊ တန်ခိုးနှင့် ပြည့်ဝခဲ့သည်။ ဤအရာနှင့်စပ်လျဉ်း၍၊ သူသည် ယခင်ကနှင့် ကွာခြားခဲ့သည်။ သူ၏ ကိုယ်ပိုင်လက္ခဏာ ကွာခြားခဲ့သည်၊ ဆိုလိုသည်မှာ သူ၏အဆင့်အတန်းတွင် သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခု ရှိပေသည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ သက်သေခံချက်ဖြစ်ပြီး လူက

လုပ်ဆောင်ခဲ့သည့် အလုပ်မဟုတ်ပေ။ အစတွင်၊ လူတို့သည် မသိရှိခဲ့ကြသကဲ့သို့၊ သန့်ရှင်းသော ဝိညာဉ်တော်က ယေရှုကို ထိုသို့သော နည်းလမ်းအားဖြင့် သက်သေခံသည်နှင့်တစ်ပြိုင်နက် အနည်းငယ်သာ သိလာခဲ့ကြသည်။ ယေရှုသည် သူ့ကို သန့်ရှင်းသော ဝိညာဉ်တော်က သက်သေခံခြင်းမပြုမီတွင် ကြီးမားသောအမှုကို လုပ်ဆောင် ခဲ့သော်လည်း၊ ဘုရားသခင် ကိုယ်တိုင်၏ သက်သေခံခြင်းမရှိပါက၊ သူ၏အမှု မည်မျှကြီးမားစေကာမူ လူ၏ အမြင်သည် ယင်းကို မြင်နိုင်စွမ်းရှိခဲ့မည်မဟုတ်သည့်အတွက်၊ လူများသည် သူ၏ ကိုယ်ပိုင်လက္ခဏာကို လုံးဝ သိရှိကြပြီး ဖြစ်လိမ့်မည် မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ သက်သေခံခြင်း အဆင့်မရှိခဲ့ဘဲ၊ မည်သူမျှ သူ့ကို လူ့ဇာတိခံ ဘုရားသခင်အဖြစ် သတိပြုမိခဲ့မည်မဟုတ်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့ကို သက်သေခံပြီးနောက်တွင် ယေရှုသည် ခြားနားမှု တစ်ခုတစ်လေမျှ မရှိဘဲ၊ အလားတူနည်းလမ်းဖြင့် ဆက်လက်အမှုပြုခဲ့ပါက၊ ယင်းသည် ထိုသို့သက်ရောက်မှု ရှိခဲ့မည် မဟုတ်သကဲ့သို့၊ ဤအရာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကိုလည်း အဓိကအားဖြင့် ဖော်ပြထားပေသည်။ သန့်ရှင်းသော ဝိညာဉ်တော် သက်သေခံပြီးသည့်နောက်တွင်၊ သူသည် ဘုရားသခင်ဖြစ်ခဲ့သည်၊ သူ့အတွင်းတွင် ဘုရားသခင်၏ ဝိညာဉ်တော်ရှိခဲ့သည်ကို သင် ရှင်းလင်းစွာ ရှုမြင်နိုင်ဖို့အလို့ငှာ သန့်ရှင်းသော ဝိညာဉ်တော်သည် မိမိကိုယ်ကိုယ် ပြသဖို့ဖြစ်ခဲ့သည်။ ဘုရားသခင်၏ သက်သေခံခြင်းသည် မှားယွင်းခြင်းမရှိသကဲ့သို့၊ ဤအရာက သူ၏သက်သေခံခြင်း မှန်ကန်သည်ကို သက်သေပြနိုင်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော် သက်သေခံခြင်းမတိုင်မီနှင့် သက်သေခံခြင်းပြီးနောက်တွင် သူ၏ အမှုသည် တူညီခဲ့ပါက၊ သူ၏ လူ့ဇာတိခံ အမှုတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် ပေါ်လွင်ခဲ့မည်မဟုတ်ပေ၊ ထို့ကြောင့် ရှင်းလင်းသည့် ကွဲပြားခြားနားချက် ရှိခဲ့မည် မဟုတ်သည့်အတွက်၊ လူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သတိပြုမိနိုင်စွမ်း ရှိမည်မဟုတ်ပေ။ သက်သေခံပြီးသည့်နောက်တွင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ဤသက်သေခံချက်ကို ထိန်းသိမ်းဖို့ ဖြစ်ခဲ့ပြီး၊ ထို့ကြောင့် သူသည် အတိတ်ကာလ အချိန်များနှင့် ကွဲပြားခြားနားခဲ့သည့် သူ၏ဉာဏ်ပညာနှင့် သြဇာအာဏာတို့ကို ယေရှုအထဲတွင် ထင်ရှားစေဖို့ ဖြစ်ခဲ့သည်။ ဟုတ်ပေ၏၊ ဤသည်မှာ ဗတ္တိဇံခံယူခြင်း၏ အကျိုးတရား မဟုတ်ခဲ့ပေ- ဗတ္တိဇံ ခံယူခြင်းသည် အခမ်းအနား တစ်ခုမျှသာ ဖြစ်သည်- ယင်းမှာ ဗတ္တိဇံခံယူခြင်းသည် သူ၏အမှုတော်ကို ဆောင်ရွက်ဖို့ အချိန်ဖြစ်ခဲ့သည်ကို ပြသဖို့ နည်းလမ်းသာဖြစ်သည်။ ထိုသို့သောအမှုသည် ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးကို ပေါ်လွင်စေဖို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ သက်သေခံချက်ကို ပေါ်လွင်စေဖို့အလို့ငှာ ဖြစ်ခဲ့ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ဤသက်သေခံချက်ကို တကယ့် အဆုံးထိတိုင်

တာဝန်ယူမည်ဖြစ်သည်။ သူ၏အမှုတော်ကို မဆောင်ရွက်မီတွင်၊ ယေရှုသည်လည်း တရားဒေသနာများကို နားထောင်ခဲ့ပြီး ဧဝံဂေလိတရားကို နေရာအမျိုးမျိုးတွင် ဟောပြောကာ ဖြန့်ဝေခဲ့သည်။ သူ၏အမှုတော်ကို ဆောင်ရွက်ရန် သူ့အတွက် အချိန်မကျသေးသောကြောင့်၊ ပြီးလျှင် ဘုရားသခင် ကိုယ်တိုင်သည်လည်း လူ့ဇာတိတွင် နှိမ့်ချစွာ ကွယ်ဝှက်ခဲ့ပြီး အချိန်မကျရောက်မီအထိ ကြီးမားသောအမှု တစ်ခုတစ်လေကိုမျှ မလုပ်ဆောင်ခဲ့သောကြောင့် သူသည် ကြီးမြတ်သည့် မည်သည့် အမှုကိုမျှ မလုပ်ဆောင်ခဲ့ပေ။ ဗတ္တိဇံမခံယူမီ သူသည် အကြောင်းရင်း နှစ်ခုကြောင့် အမှုမပြုခဲ့ပေ- တစ်ခုမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် အလုပ်လုပ်ရန် သူ့အပေါ်သို့ တရားဝင် သက်ဆင်းခြင်း မရှိသေးသောကြောင့်ဖြစ်ပြီး၊ (ဆိုလိုသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသို့သော အမှုကိုလုပ်ဆောင်ရန် တန်ခိုးနှင့် ဩဇာအာဏာကို ယေရှုအပေါ် မအပ်နှင်းရသေးပေ။) သူသည် သူကိုယ်တိုင်၏ ကိုယ်ပိုင်လက္ခဏာကို သိခဲ့သည်ဆိုလျှင်ပင်၊ ယေရှုသည် နောက်ပိုင်းတွင် သူလုပ်ဆောင်ရန် ရည်ရွယ်ထားသည့် အမှုကို လုပ်ဆောင်နိုင်စွမ်း ရှိခဲ့မည် မဟုတ်သကဲ့သို့ သူ၏ဗတ္တိဇံခံယူသည့်နေ့ထိတိုင် စောင့်စားခဲ့ရမည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အချိန်ဖြစ်ပြီး၊ ယေရှုကိုယ်တိုင်ပင် အပါအဝင် မည်သူမျှ ဖောက်ဖျက်နိုင်စွမ်းရှိပေ။ ယေရှုကိုယ်တိုင်သည် သူကိုယ်တိုင်၏ အလုပ်ကို မနှောင့်ယှက်နိုင်ပေ။ ဟုတ်ပေ၏၊ ဤသည်မှာ ဘုရားသခင်၏ နှိမ့်ချခြင်းဖြစ်ပြီး ဘုရားသခင်အမှု၏ ဥပဒေသလည်း ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အလုပ်မလုပ်ပါက၊ မည်သူမျှ သူ၏ အမှုကို လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်။ ဒုတိယအနေဖြင့် သူဗတ္တိဇံမခံယူမီတွင်၊ သူသည် တကယ့်ကို သာမန် နှင့် ပုံမှန်လူတစ်ဦးသာဖြစ်ပြီး၊ အခြားသော သာမန်၊ ပုံမှန်လူများနှင့် ကွာခြားမှု မရှိပေ။ ဤသည်မှာ လူ့ဇာတိခံ ဘုရားသခင်က သဘာဝလွန်သောသူ မဟုတ်သည့်ပုံ၏ ရှုထောင့်တစ်ခု ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်သည် ဘုရားသခင် ဝိညာဉ်တော်၏ အစီအစဉ်များကို မဖောက်ဖျက်ခဲ့ပေ။ သူသည် စနစ်ကျသည့် နည်းလမ်းဖြင့် အမှုပြုခဲ့ပြီး တကယ့်ပုံမှန် အမှုပြုခဲ့သည်။ သူ၏ အမှုသည် ဩဇာအာဏာနှင့် တန်ခိုးရှိခဲ့သည်မှာ ဗတ္တိဇံခံယူပြီးနောက်မှသာ ဖြစ်သည်။ ဆိုလိုသည်မှာ၊ သူသည် လူ့ဇာတိခံ ဘုရားသခင် ဖြစ်ခဲ့သော်လည်း၊ သူသည် သဘာဝလွန် လုပ်ဆောင်ချက်များကို မဆောင်ရွက်ခဲ့သကဲ့သို့ အခြားသော ပုံမှန်လူများကဲ့သို့ အလားတူနည်းလမ်းဖြင့် ကြီးပြင်းခဲ့ပေသည်။ ယေရှုသည် သူကိုယ်တိုင်၏ ကိုယ်ပိုင်လက္ခဏာကို သိရှိနှင့်ပြီးဖြစ်ပါက၊ သူ၏ဗတ္တိဇံခံယူခြင်းမတိုင်မီ နယ်မြေအနှံ့တွင် ကြီးမားသော အလုပ်များ လုပ်ခဲ့ပြီးဖြစ်ကာ သူ့ကိုယ်သူ ထူးခြားသူအဖြစ် ပြသရင်း၊ ပုံမှန်လူများနှင့် ကွဲပြားခြားနားခဲ့ပြီးဖြစ်ပါက၊ ယောဟန်သည် သူ၏အလုပ်ကို

လုပ်ဆောင်ရန် ဖြစ်နိုင်ခဲ့မည်မဟုတ်သည်သာမက၊ ဘုရားသခင် အနေဖြင့် သူ၏အမှုနောက်အဆင့်ကို စတင်ရန် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်ခဲ့မည်မဟုတ်ပေ။ ထို့ကြောင့်၊ ဤအရာက ဘုရားသခင်လုပ်ဆောင်ခဲ့သော အရာသည် မှားယွင်းသည်ဟု သက်သေပြမည်ဖြစ်ကာ၊ လူသားအဖို့ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာသည် တူညီသော အရင်းအမြစ်မှ မလာခဲ့သည့်ပုံပေါ် ခဲ့ပေမည်ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသော ယေရှု၏အမှုသည် သူဗတ္တိဇံ ခံယူပြီးနောက် ဆောင်ရွက်သော အမှု၊ သုံးနှစ်တာ ကာလတစ်လျှောက် လုပ်ဆောင်ခဲ့သော အမှုဖြစ်ပေသည်။ သူသည် ဤအမှုကို ဗတ္တိဇံမခံယူမီတွင် မလုပ်ဆောင်ခဲ့သောကြောင့်၊ သမ္မာကျမ်းစာသည် ဗတ္တိဇံမခံယူမီ သူလုပ်ဆောင်ခဲ့သော အရာကို မှတ်တမ်းတင် ထားခြင်းမရှိပေ။ သူသည် ပုံမှန်လူတစ်ဦးမျှသာဖြစ်ပြီး ပုံမှန်လူ တစ်ဦးကို ကိုယ်စားပြုပေသည်။ ယေရှုသည် သူ၏ အမှုတော်ကို စတင်မဆောင်ရွက်မီတွင်၊ သူသည် ပုံမှန်လူများနှင့် ကွာခြားခြင်းမရှိခဲ့သကဲ့သို့၊ အခြားသူများသည် သူ့အထဲတွင် ကွဲပြားခြားနားချက် မတွေ့နိုင်ခဲ့ကြပေ။ သူသည် ဘုရားသခင်၏ အမှု အဆင့်တစ်ခုကို ပြည့်စုံစေဖို့ လာခဲ့ပြီးဖြစ်သည်ကို ယေရှု သိခဲ့သည်မှာ သူအသက် ၂၉ နှစ် ပြည့်ပြီး နောက်မှသာ ဖြစ်သည်။ ယခင် ဘုရားသခင်လုပ်ဆောင်သော အမှုသည် သဘာဝလွန် မဟုတ်သည့်အတွက် ဤအရာကို သူကိုယ်တိုင် မသိခဲ့ပေ။ အသက် ၁၂ နှစ်အရွယ်တွင် တရားဇရပ်၌ အစည်းအဝေး တစ်ခု သူတက်ရောက်ခဲ့ချိန်တွင်၊ မာရိသည် သူ့ကို ရှာဖွေနေခဲ့ပြီး၊ သူက အခြားသော ကလေးများ၏ ပုံစံအတိုင်း ဝါကျတစ်ကြောင်း ပြောဆိုခဲ့သည်- "အမေ၊ ငါသည် ငါ့ဖခင်၏ ဆန္ဒကို အခြားအရာ အားလုံးထက် ပိုပြီး ဦးထိပ်တင်ရမည်ကို မသိသလော။" ဟူ၍ ဖြစ်သည်။ ဟုတ်ပေ၏၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေ တည်ခဲ့ကတည်းက၊ ယေရှုသည် တစ်နည်းနည်းဖြင့် ထူးခြားမှု ရှိနေနိုင်သည် မဟုတ်ပါလော။ သို့ရာတွင် သူ၏ထူးခြားမှုဆိုသည်မှာ သူသည် သဘာဝလွန်ဖြစ်သည်ကို မဆိုလိုဘဲ၊ သူသည် ဘုရားသခင်ကို အခြားငယ်ရွယ်သော မည်သည့်ကလေးမဆိုထက် ပို၍ချစ်နေခြင်း ဖြစ်သည်။ သူသည် အသွင်အပြင်အားဖြင့် လူသားဖြစ်ခဲ့သော်လည်း၊ သူ၏အနှစ်သာရသည် အခြားသူများထက် ထူးခြားပြီး ခြားနားမှုရှိဆဲ ဖြစ်သည်။ သို့ရာတွင် သူ့အတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုနေသည်ကို သူခံစားမိသည်မှာ၊ သူသည် ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်ကို ခံစားမိသည်မှာ ဗတ္တိဇံခံယူယူပြီးသည့် နောက်ပိုင်းမှသာ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အားဖြင့် ကားစင်တင်ခံရခြင်း အမှုကို ဆောင်ရွက်ရန် ရည်ရွယ်ခဲ့သည်ကို သူ အမှန်တကယ် နားလည်ခဲ့သည်မှာ သူ အသက် ၃၃ နှစ်ရောက်သည့်အခါမှသာ ဖြစ်သည်။

အသက် ၃၂ နှစ်အရွယ်တွင်၊ သူသည် ရှင်မဿဲခရစ်ဝင်ကျမ်းတွင် ရေးထားသကဲ့သို့ပင် အတွင်းကျသော သမ္မာတရားအချို့ကို သိလာသည်- "ရှိမုန်ပေတရုက၊ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏။...ထိုမှတစ်ပါး ကိုယ်တော်သည် ယေရုရှလင်မြို့သို့ သွားရမည်။ လူအကြီးအကဲ၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့ လက်၌ များစွာခံရမည်။ အသေသတ်ခြင်းကိုလည်း ခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟူသော အကြောင်းများကို ထိုအခါမှစ၍ တပည့်တော်တို့အား ပြတော်မူ၏။" သူမည်သည့်အလုပ်ကို လုပ်ရမည်ဆိုသည်ကို သူသည် ကြိုတင်မသိထားခဲ့သော်လည်း၊ တိကျသည့်အချိန်တစ်ခုတွင် သိရှိခဲ့သည်။ ယင်းကို သူ မွေးဖွားခဲ့သည်နှင့်တစ်ပြိုင်နက် အပြည့်အဝ သူမသိခဲ့ပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အထဲတွင် တဖြည်းဖြည်း အလုပ်လုပ်ခဲ့ပြီး၊ အလုပ်အဖို့ လုပ်ငန်းစဉ်တစ်ခု ရှိခဲ့သည်။ တကယ့်အစတွင် သူသည် ဘုရားသခင်နှင့် ခရစ်တော်ဖြစ်ပြီး၊ လူ့ဇာတိခံ လူသားဖြစ်သည်၊ သူသည် ကားစင်တင်ခံရခြင်း အမှုကို ပြီးမြောက်စေဖို့ ဖြစ်သည်ကို သိရှိခဲ့ပြီးဖြစ်ပါက၊ အဘယ်ကြောင့် ယခင်က သူ အမှုမပြုခဲ့ပါသနည်း။ သူ၏သာသနာအကြောင်းကို သူ၏တပည့်တော်များအား ပြောပြီးသည့်နောက်တွင်သာ ယေရှုသည် ဝမ်းနည်းခြင်း ခံစားရပြီး ဤအတွက် လေးနက်စွာ ဆုတောင်းခဲ့သည်မှာ အဘယ်ကြောင့်နည်း။ သူနားမလည်ခဲ့သော အရာအများအပြားကို သူနားမလည်လာမီတွင်၊ သူ့အတွက် ယောဟန်သည် လမ်းဖွင့်ပေးခဲ့ပြီး ဗတ္တိဇံပေးခဲ့သည်မှာ အဘယ်ကြောင့်နည်း။ ဤအရာက သက်သေပြသည်မှာ သူသည် မိမိ၏ အမှုက ဝိညာဉ်တော်အားဖြင့် တိုက်ရိုက် လုပ်ဆောင်သည့် အမှုနှင့် ကွာခြားသည့် ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာဖြစ်သည့် အတွက်၊ ယင်းသည် လူ့ဇာတိခံ ဘုရားသခင်၏ အမှုဖြစ်သောကြောင့်၊ သူ့အတွက် နားလည်ဖို့နှင့် စွမ်းဆောင်ရရှိဖို့မှာ လုပ်ငန်းစဉ် တစ်ခုရှိသည်ဟူ၍ ဖြစ်သည်။

ဘုရားသခင်၏ အမှုနှင့်သက်ဆိုင်သည့် အဆင့်တိုင်းသည် တစ်ခုတည်းသော ရေစီးကြောင်းနောက်လိုက်ပြီး၊ ထို့ကြောင့် ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်တွင် ကမ္ဘာမြေကြီး၏ အခြေခံအုတ်မြစ်မှသည် ယနေ့အချိန်အထိ အဆင့်တစ်ခုစီကို နောက်အဆင့်တစ်ခုက နီးကပ်စွာ လိုက်လာပြီး ဖြစ်သည်။ လမ်းခင်းပေးရန် မည်သူမျှ မရှိခဲ့ပါက၊ နောက်က လိုက်မည့်သူ မည်သူမျှရှိမည်မဟုတ်ပေ။ နောက်ကလိုက်လာသော သူများ ရှိသည့်အတွက်၊ လမ်းဖောက်သော သူများ ရှိကြပေသည်။ ဤနည်းဖြင့် အမှုကို တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းလာပြီး ဖြစ်သည်။ အဆင့်တစ်ခုသည် အခြားတစ်ခုနောက်

လိုက်လာပြီး၊ လမ်းဖွင့်ပေးသူမရှိဘဲနှင့်၊ အမှုကိုစတင်ရန် ဖြစ်နိုင်မည် မဟုတ်သကဲ့သို့ ဘုရားသခင်သည် သူ၏အမှုကို ရှေ့သို့ယူဆောင်ရန် နည်းလမ်းရှိမည်မဟုတ်ပေ။ မည်သည့်အဆင့်ကမျှ အခြားတစ်ခုကို ဆန့်ကျင်ခြင်းမရှိသကဲ့သို့ ရေစီးကြောင်းတစ်ခုကို ပုံဖော်ဖို့ အသီးသီးသည် အခြားတစ်ခုနောက်သို့ အစဉ်လိုက် လိုက်လာလေသည်။ ဤအရာအားလုံးကို ဝိညာဉ်တစ်ခုတည်းက လုပ်ဆောင်သည်။ သို့ရာတွင် တစ်စုံတစ်ဦးက လမ်းဖွင့်သည်ဖြစ်စေ၊ နောက်တစ်ဦး၏အလုပ်ကို ဆက်လုပ်သည်ဖြစ်စေ၊ ဤအရာက ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာကို မသတ်မှတ်ပေ။ ယင်းမှာ မှန်သည်မဟုတ်လော။ ယောဟန်သည် လမ်းဖွင့်ပေးခဲ့ပြီး ယေရှုက သူ၏အမှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်၊ ထို့ကြောင့် ဤအရာက ယေရှု၏ ကိုယ်ပိုင်လက္ခဏာသည် ယောဟန်ထက် နိမ့်ကျသည်ကို သက်သေပြပါသလော။ ယေဟောဝါသည် သူ၏အမှုကို ယေရှုမတိုင်မီ ဆောင်ရွက်ခဲ့သည်၊ သို့ဖြစ်ရာ ယေဟောဝါသည် ယေရှုထက် ကြီးမြတ်သည်ဟု သင်ပြောနိုင်သလော။ ၎င်းတို့အနေဖြင့် လမ်းဖွင့်သည်ဖြစ်စေ၊ အခြားသူများ၏အလုပ်ကို ဆက်လုပ်သည် ဖြစ်စေ အရေးမကြီးပေ။ အရေးအကြီးဆုံးမှာ ၎င်းတို့အလုပ်၏ အနှစ်သာရဖြစ်ပြီး ယင်းက ကိုယ်စားပြုသော ကိုယ်ပိုင်လက္ခဏာ ဖြစ်သည်။ ဤအရာသည် မမှန်သလော။ ဘုရားသခင်သည် လူများအလယ်တွင် အမှုပြုရန် ရည်ရွယ်ထားသည့်အတွက် သူသည် လမ်းခင်းပေးသည့်အလုပ်ကို လုပ်ဆောင်နိုင်မည့်သူများကို ပြုစုပျိုးထောင်ခဲ့ရပေသည်။ ယောဟန်သည် စတင်၍ တရားဟောသည့်အခါ၊ "သခင် ကြွတော်မူရာ လမ်းကို ပြင်ကြလော့၊ သူ၏ လမ်းခရီးတော်ကို ဖြောင့်စေကြလော့။" "နောင်တရကြလော့ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ" ဟုသူပြောခဲ့သည်။ သူသည် တကယ့်အစမှ ထိုသို့ပြောဆိုခဲ့ပြီး၊ ဤစကားများကို သူအဘယ်ကြောင့် ပြောနိုင်ခဲ့သနည်း။ ဤစကားများကို ပြောထားသည့် အစီအစဉ်အရ၊ ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို ပထမဆုံးပြောခဲ့သူမှာ ယောဟန်ဖြစ်ပြီး ယေရှုသည် နောက်ပိုင်းတွင် ပြောခဲ့သူ ဖြစ်သည်။ လူ၏ အယူအဆများအရ၊ အသစ်သောလမ်းကို ဖွင့်ခဲ့သူမှာ ယောဟန်ဖြစ်ပြီး၊ ထို့ကြောင့် ယောဟန်သည် ယေရှုထက် ကြီးမြတ်သည်မှာ အမှန် ဖြစ်သည်ဟူ၍ ဖြစ်ပေသည်။ သို့ရာတွင် ယောဟန်သည် သူ ခရစ်တော်ဖြစ်သည်ဟု မပြောခဲ့သကဲ့သို့ ဘုရားသခင်သည် သူ့ကို ဘုရားသခင်၏ ချစ်လှစွာသော သားတော်အဖြစ် သက်သေခံခြင်း မရှိခဲ့ပေ၊ သို့ရာတွင် သူ့ကို သခင့်အတွက် လမ်းဖွင့်ရန်နှင့် လမ်းကိုပြင်ဆင်ပေးရန်သာ အသုံးပြုခဲ့သည်။ သူသည် ယေရှုအတွက် လမ်းခင်းပေးခဲ့သော်လည်း၊ ယေရှုကိုယ်စား အလုပ်မလုပ်နိုင်ခဲ့ပေ။ လူ၏ အလုပ်များအားလုံးကိုလည်း သန့်ရှင်းသော ဝိညာဉ်တော်က ထိန်းသိမ်းထားခဲ့ပေသည်။

ဓမ္မဟောင်းကျမ်းခေတ်တွင် လမ်းခရီးကို ဦးဆောင်လမ်းပြခဲ့သူမှာ ယေဟောဝါ ဖြစ်ခဲ့ပြီး၊ ယေဟောဝါ၏ အမှုသည် ဓမ္မဟောင်းကျမ်း ခေတ်တစ်ခုလုံးနှင့် ဣသရေလတွင် လုပ်ဆောင်ခဲ့သည့် အမှုအားလုံးကို ကိုယ်စားပြုခဲ့ပေသည်။ မောရှေသည် ကမ္ဘာမြေပေါ်တွင် ဤအမှုကို ထိန်းသိမ်းခဲ့ရုံသာရှိပြီး သူ၏ အားထုတ်မှုများကို လူမှ ပံ့ပိုးပေးသော ပူးပေါင်းလုပ်ဆောင်မှုအဖြစ် ယူမှတ်ထားပေသည်။ ထိုအချိန်က မောရှေကို ခေါ်လျက်၊ စကားပြောဆိုခဲ့သူမှာ ယေဟောဝါဖြစ်ပြီး၊ ဣသရေလ လူမျိုးတို့ အကြားတွင် ပြုစုပျိုးထောင်ပေးခဲ့ကာ မောရှေအား သူတို့ကို တောထဲနှင့် ခါနာန်ပြည်သို့ ဦးဆောင်စေခဲ့သည်။ ဤသည်မှာ မောရှေ ကိုယ်တိုင်၏ အလုပ်မဟုတ်ခဲ့ဘဲ၊ ယေဟောဝါက ကိုယ်တိုင်ကိုယ်ကျ ညွှန်ကြားခဲ့သည့်အရာဖြစ်ပြီး မောရှေကို ဘုရားသခင်ဟု ခေါ်ဆို၍မရနိုင်ပေ။ မောရှေသည်လည်း ပညတ်တရားကို ချမှတ်ခဲ့သော်လည်း၊ ဤပညတ်တရားကို ယေဟောဝါက ကိုယ်တိုင်ကိုယ်ကျ ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်သည်။ သူ့အနေဖြင့် မောရှေအား ဖော်ပြစေခဲ့ခြင်းသာဖြစ်သည်။ ယေရှုသည်လည်း ပညတ်တော်များကို ပြုလုပ်ခဲ့ပြီး ဓမ္မဟောင်းကျမ်းမှ ပညတ်တရားများကို ပယ်ဖျက်ကာ ခေတ်သစ်အတွက် ပညတ်ချက်များကို ချမှတ်ခဲ့သည်။ ယေရှုသည် အဘယ်ကြောင့် ဘုရားသခင်ကိုယ်တိုင် ဖြစ်ပါသနည်း။ အဘယ်ကြောင့်ဆိုသော် ကွဲပြားခြားနားမှုတစ်ခုရှိသောကြောင့် ဖြစ်သည်။ ထိုအချိန်က မောရှေလုပ်ဆောင်ခဲ့သော အလုပ်သည် ခေတ်ကိုကိုယ်စား မပြုခဲ့သကဲ့သို့ လမ်းသစ်ကိုလည်း မဖွင့်လှစ်ခဲ့ပေ။ သူ့ကို ယေဟောဝါက ကြိုတင်လမ်းညွှန်ခဲ့ခြင်းဖြစ်ပြီး၊ သူသည် ဘုရားသခင် အသုံးပြုခဲ့သည့် သူတစ်ဦးသာ ဖြစ်သည်။ ယေရှု ကြွလာခဲ့သောအခါတွင်၊ ယောဟန်သည် လမ်းခင်းပေးသည့် အလုပ် အဆင့်တစ်ခုကို ဆောင်ရွက်ခဲ့ပြီး ကောင်းကင်နိုင်ငံတော်၏ ဧဝံဂေလိတရားကို စတင်ဖြန့်ဝေခဲ့သည်။ (သန့်ရှင်းသော ဝိညာဉ်တော်က ဤအရာကို စတင်ခဲ့ပြီဖြစ်သည်။) ယေရှုကြွလာခဲ့ချိန်တွင်၊ သူသည် သူ၏ကိုယ်ပိုင်အလုပ်ကို တိုက်ရိုက် လုပ်ဆောင်ခဲ့သော်လည်း၊ သူ၏အလုပ်နှင့် မောရှေ၏ အလုပ်တို့ကြားတွင် ကြီးမားသော ခြားနားမှုတစ်ခု ရှိပေသည်။ ဟေရှာယသည်လည်း ပရောဖက်ပြုချက် အများအပြားကို ပြောဆိုခဲ့သော်လည်း၊ သူသည် အဘယ်ကြောင့် ဘုရားသခင် ကိုယ်တိုင် မဖြစ်ခဲ့ပါသနည်း။ ယေရှုသည် ပရောဖက် ပြုချက်များစွာကို မပြောဆိုခဲ့သော်လည်း၊ သူသည် အဘယ်ကြောင့် ဘုရားသခင် ကိုယ်တိုင် ဖြစ်ခဲ့ရပါသနည်း။ ထိုအချိန်က ယေရှု၏အမှုအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာသည်ဟု မည်သူမျှ မပြောဝံ့ခဲ့ကြသကဲ့သို့ အားလုံးသည် လူ၏ ဆန္ဒမှလာသည် သို့မဟုတ် ယင်းသည် လုံးဝ ဘုရားသခင် ကိုယ်တိုင်၏ အလုပ်ဖြစ်သည်ဟုလည်း မပြောဝံ့ခဲ့ကြပေ။

လူသည် ထိုသို့သောအရာများကို ခွဲခြမ်းစိတ်ဖြာရန် မဖြစ်နိုင်ခဲ့ပေ။ ယင်းမှာ ယေရှာယသည် ထိုသို့သော အလုပ်ကို လုပ်ဆောင်ခဲ့ပြီး ထိုသို့သော ပရောဖက်ပြုချက်များကို ပြောဆိုခဲ့ကာ အားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ လာသည်ဟု ဆိုနိုင်ပေသည်။ ယင်းတို့သည် ဟေရှာယ ကိုယ်တိုင်ထံမှ တိုက်ရိုက်လာခြင်း မဟုတ်ဘဲ၊ ယေဟောဝါထံမှ ဖွင့်ပြချက်များ ဖြစ်သည်။ ယေရှုသည် ကြီးမားသောအလုပ်ပမာဏကို လုပ်ဆောင်ခဲ့ခြင်း မရှိခဲ့ပေ၊ ပြီးလျှင် နှုတ်ကပတ်တော်အများအပြားကို မပြောခဲ့သကဲ့သို့ ပရောဖက်ပြုချက် အများအပြားကိုလည်း မပြောဆိုခဲ့ပေ။ လူအဖို့ သူ၏ ဟောကြားချက်များသည် အထူး ချီးမြှောက်ခံခဲ့ရပုံမရခဲ့သော်လည်း၊ သူသည် ဘုရားသခင် ကိုယ်တိုင် ဖြစ်ပြီး ဤသည်မှာ လူသားအားဖြင့် နားလည်ရခက်သည့်အရာ ဖြစ်သည်။ မည်သူမျှ ယောဟန် သို့မဟုတ် ဟေရှာယ သို့မဟုတ် ဒါဝိဒ်ကို ယုံကြည်ခြင်း မရှိခဲ့သကဲ့သို့ ၎င်းတို့ကို ဘုရားသခင် သို့မဟုတ် ဘုရားသခင်ဒါဝိဒ် သို့မဟုတ် ဘုရားသခင် ယောဟန်ဟုလည်း မည်သူမျှ မခေါ်ဖူးကြပေ။ မည်သူကမျှ ထိုသို့ မပြောဆိုဖူးသကဲ့သို့ ယေရှုသည်သာ ခရစ်တော်ဟု အခေါ် ခံရဖူးပေသည်။ ဤခွဲခြား သတ်မှတ်ချက်ကို ဘုရားသခင်၏ သက်သေခံခြင်း၊ သူတာဝန်ယူခဲ့သော အလုပ် နှင့် သူ ဆောင်ရွက်ခဲ့သော အမှုတော်အရ ပြုလုပ်ထားခြင်း ဖြစ်သည်။ အာဗြဟံ၊ ဒါဝိဒ်၊ ယောရှု၊ ဒံယေလ၊ ဟေရှာယ၊ ယောဟန်နှင့် ယေရှုကဲ့သို့သော သမ္မာကျမ်းစာ၏ ကြီးမြတ်သော လူများနှင့် စပ်လျဉ်း၍- ၎င်းတို့ လုပ်ဆောင်ခဲ့သော အလုပ်မှတစ်ဆင့်၊ မည်သူသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်ပြီး၊ မည်သို့သော သူစားမျိုးသည် ပရောဖက်များဖြစ်ပြီး မည်သူတို့သည် တမန်တော်များ ဖြစ်သည်ကို သင်ပြောနိုင်ပေသည်။ မည်သူသည် ဘုရားသခင်၏ အသုံးပြုခြင်းခံခဲ့ရပြီး၊ မည်သူသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်ခဲ့သည်ဆိုသည်ကို ၎င်းတို့ လုပ်ဆောင်ခဲ့သော အလုပ်၏ အနှစ်သာရ နှင့် အမျိုးအစားအားဖြင့် ခွဲခြားကာ သတ်မှတ်ထားခြင်း ဖြစ်သည်။ သင်သည် ခြားနားချက်ကို မပြောနိုင်ပါက၊ ဤအရာက ဘုရားသခင်၌ ယုံကြည်ဖို့မှာ မည်သည့်အရာဆိုလိုသည်ကို သင် မသိကြောင်း သက်သေပြပေသည်။ ယေရှုသည် နှုတ်ကပတ်တော်များစွာ ပြောဆိုခဲ့ပြီး အမှုများစွာ ပြုခဲ့သောကြောင့်၊ အထူးသဖြင့် သူ၏ နိမိတ်လက္ခဏာများ ပြသခြင်းကြောင့် ဘုရားသခင် ဖြစ်သည်။ အလားတူပင်၊ ယောဟန်သည်လည်း မောရှေ လုပ်ဆောင်ခဲ့သကဲ့သို့ အလုပ်များစွာ လုပ်ခဲ့ပြီး နှုတ်ကပတ်တော် အများအပြား ပြောဆိုခဲ့သည်။ ၎င်းတို့သည် အဘယ်ကြောင့် ဘုရားသခင်ဟု အခေါ်မခံခဲ့ရသနည်း။ အာဒံကို ဘုရားသခင်က တိုက်ရိုက်ဖန်ဆင်းခဲ့သည်။ သူ့ကို ဖန်ဆင်းခံသတ္တဝါဟု ခေါ်မည့်အစား အဘယ်ကြောင့် ဘုရားသခင်ဟု မခေါ် ခဲ့သနည်း။ အကယ်၍ တစ်စုံတစ်ယောက်က သင့်ကို "ယနေ့တွင် ဘုရားသခင်သည်

အလုပ်အများအပြားကိုလုပ်ဆောင်ပြီးဖြစ်ကာ နှုတ်ကပတ်တော် အများအပြားကို ပြောဆိုပြီးဖြစ်သည်။ သူသည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည်။ သို့ဆိုလျှင် မောရှေသည် စကားအများအပြား ပြောဆိုခဲ့သည့်အတွက်၊ သူသည်လည်း ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်ရပေမည်။" ဟု ပြောခဲ့လျှင်၊ သင်က၊ "ထိုအချိန်က၊ ဘုရားသခင်သည် ယောဟန်ကို မဟုတ်ဘဲ၊ ယေရှုကို အဘယ်ကြောင့် ဘုရားသခင် ကိုယ်တော်တိုင်အဖြစ် သက်သေခံခဲ့သနည်း။ ယောဟန်သည် ယေရှုမတိုင်မီ ကြွလာခဲ့သည် မဟုတ်သလော၊ မည်သည့်အရာ သာ၍ ကြီးမြတ်သနည်း၊ ယောဟန်၏ အလုပ်လော သို့မဟုတ် ယေရှု၏အလုပ်လော။ လူအဖို့ ယောဟန်၏ အလုပ်သည် ယေရှု၏အလုပ်ထက် ပိုမိုကြီးမြတ်သည်ဟု ထင်ရသော်လည်း၊ အဘယ်ကြောင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ယောဟန်ကို သက်သေမခံဘဲ ယေရှုကို သက်သေခံခဲ့သနည်း။" ဟု သူတို့ကို ပြန်လည်မေးသင့်သည်။ အလားတူအရာသည် ယနေ့ ဖြစ်ပျက်နေသည်။ ထိုအချိန်တုန်းက မောရှေသည် ဣသရေလ လူမျိုးတို့ကို ဦးဆောင်သောအခါ၊ ယေဟောဝါသည် တိမ်တိုက်များ အတွင်းမှ သူ့ကို စကားပြောခဲ့သည်။ မောရှေသည် တိုက်ရိုက် စကားမပြောခဲ့သော်လည်း၊ ယင်းအစား ယေဟောဝါ၏ တိုက်ရိုက် လမ်းညွှန်ခြင်း ခံခဲ့ရသည်။ ဤသည်မှာ ဓမ္မဟောင်းကျမ်းနှင့် သက်ဆိုင်သည့် ဣသရေလတို့၏ အလုပ်ဖြစ်သည်။ မောရှေ အတွင်းတွင် ဝိညာဉ်တော်မရှိခဲ့သကဲ့သို့၊ ဘုရားသခင်၏ဖြစ်ခြင်းလည်း မရှိခဲ့ပေ။ သူသည် ယင်းအလုပ်ကို လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်သောကြောင့်၊ သူလုပ်ဆောင်သည့် အလုပ်နှင့် ယေရှု လုပ်ဆောင်သည့် အလုပ်ကြားတွင် ကြီးမားသော ခြားနားမှုတစ်ခု ရှိပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော်၊ ၎င်းတို့ လုပ်ဆောင်ခဲ့သော အလုပ်သည် မတူကွဲပြားခဲ့သောကြောင့် ဖြစ်သည်။ တစ်စုံတစ်ယောက်သည် ဘုရားသခင်၏ အသုံးပြုခြင်း ခံရသည် သို့မဟုတ် ပရောဖက်တစ်ဦး၊ တမန်တော်တစ်ဦး သို့မဟုတ် ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်၊ မဖြစ်သည်ကို သူ၏ အလုပ်သဘာဝအားဖြင့် သိမြင်နိုင်ပြီး ဤအရာက သင်၏ သံသယများကို အဆုံးသတ်စေလိမ့်မည်။ သမ္မာကျမ်းစာထဲတွင် သိုးသငယ်သည်သာ တံဆိပ်ခုနှစ်ချက်ကို ဖွင့်နိုင်သည်ဟု ရေးသား ထားသည်။ ခေတ်များ တစ်လျှောက်လုံးတွင်၊ ထိုကြီးမြတ်သော လူပုဂ္ဂိုလ်များထဲတွင် သမ္မာကျမ်းစာကို ရှင်းလင်းဖော်ပြသူများစွာ ရှိခဲ့၏၊ သို့ဆိုလျှင် ၎င်းတို့အားလုံးသည် သိုးသငယ်ဖြစ်သည်ဟု သင်ပြောနိုင်သလော။ ၎င်းတို့၏ ရှင်းပြချက်များအားလုံး ဘုရားသခင် ထံမှ လာသည်ဟု သင်ပြောနိုင်သလော။ ၎င်းတို့သည် ရှင်းလင်းဖော်ပြသူများသာ ဖြစ်သည်။ သိုးသငယ်၏ ကိုယ်ပိုင်လက္ခဏာ ၎င်းတို့ မရှိကြချေ။ ၎င်းတို့အနေဖြင့် တံဆိပ်ခုနှစ်ချက်ကိုဖွင့်ရန် အဘယ်သို့ ထိုက်တန်နိုင်မည်နည်း။

"သိုးသငယ်သည်သာလျှင် တံဆိပ်ခုနှစ်ချက်ကို ဖွင့်နိုင်သည်။" ဆိုသည်မှာ မှန်ပေသည်၊ သို့သော် သူသည် တံဆိပ်ခုနှစ်ချက်ကို ဖွင့်ဖို့သာ လာသည်မဟုတ်ပေ။ ဤအလုပ်အဖို့ လိုအပ်ချက် မရှိပေ၊ ယင်းကို အမှတ်မထင် လုပ်ဆောင်ပေသည်။ သူသည် သူ၏ ကိုယ်ပိုင်အလုပ်နှင့်ပတ်သက်၍ လုံးဝ ရှင်းလင်းသည်။ သူ့အတွက် သမ္မာကျမ်းစာကို အနက်ဖွင့်ရန် အချိန်များစွာကုန်လွန်ဖို့ လိုအပ်ပါသလော။ "သမ္မာကျမ်းစာကို အနက်ဖွင့်သော သိုးသငယ်ခေတ်" ကို အနှစ်ခြောက်ထောင် အလုပ်တွင် ထည့်သွင်းရန် လိုအပ်မည်လော။ သူသည် အသစ်သော အမှုကို လုပ်ဆောင်ရန် ကြွလာသော်လည်း၊ နှစ်ခြောက်ထောင် အမှု၏ သမ္မာတရားကို လူတို့အား နားလည်စေရင်း အတိတ်ကာလက အမှုနှင့်ပတ်သက်သည့် ဖွင့်ပြချက်အချို့ကိုလည်း သူပေးလေသည်။ သမ္မာကျမ်းစာမှ ကျမ်းပိုဒ်များစွာကို ရှင်းပြရန် မလိုအပ်ပေ။ အဓိကသော့ချက် ဖြစ်သည့်အရာ၊ အရေးကြီးသည့်အရာမှာ ယနေ့၏ အလုပ်ဖြစ်သည်။ ဘုရားသခင်သည် အထူးသဖြင့် တံဆိပ်ခုနှစ်ချက်ကို ချိုးဖျက်ရန် လာသည် မဟုတ်ဘဲ၊ ကယ်တင်ခြင်းအမှုကို လုပ်ဆောင်ရန် ကြွလာသည်ကို သင်သိသင့်သည်။

နောက်ဆုံးသောကာလအတွင်းတွင် ယေရှု ဆင်းသက် လာမည်ကိုသာ သင်သိသည်၊ သို့သော် သူ မည်သို့ အတိအကျ ဆင်းသက်လာမည်နည်း။ ရွေးနုတ်ခြင်းခံရပြီးစဖြစ်ပြီး မပြောင်းလဲသေးသော၊ သို့မဟုတ် ဘုရားသခင်အားဖြင့် စုံလင်ခြင်းသို့ မရောက်သေးသော သင်တို့ကဲ့သို့ အပြစ်သားတစ်ဦးအနေဖြင့်၊ သင်သည် ဘုရားသခင်၏ စိတ်နှလုံးနှင့် ညီညွတ်နိုင်သလော။ လူဟောင်းအတိုင်း ရှိနေဆဲဖြစ်သည့် သင့်အတွက်၊ သင်သည် ယေရှုအားဖြင့် ကယ်တင်ခံခဲ့ရသည်ဆိုသည်နှင့် ဘုရားသခင်၏ ကယ်တင်ခြင်းကြောင့် သင်သည် အပြစ်သားအဖြစ် ယူဆမခံရသည်မှာ မှန်သော်လည်း၊ ဤအရာက သင်သည် အပြစ်မရှိသကဲ့သို့ မစင်ကြယ်သောသူ မဟုတ်သည်ကို သက်သေမပြပေ။ သင်သည် မပြောင်းလဲသေးပါက၊ မည်ကဲ့သို့ သန့်ရှင်းစင်ကြယ်ခြင်း ရှိနိုင်မည်နည်း။ အတွင်း၌ သင်သည် မစင်ကြယ်ခြင်း၊ အတ္တနှင့် ဆိုးရွားယုတ်မာခြင်းတို့ဖြင့် ပတ်ချာဝိုင်းနေသည့်တိုင်အောင် သင်သည် ယေရှုနှင့်အတူ ဆင်းသက်လိုနေဆဲဖြစ်သည်၊ သင်ထိုမျှ ကံကောင်းသလော။ သင်သည် ဘုရားသခင်၌ သင်၏ယုံကြည်ခြင်းတွင် အဆင့်တစ်ခု ချန်လှပ်မိပြီ ဖြစ်သည်။ သင်သည် ရွေးနုတ်ခြင်း ခံရရုံသာ ရှိသေးသော်လည်း၊ မပြောင်းလဲသေးပေ။ သင့်အတွက် ဘုရားသခင်၏ စိတ်နှလုံးနှင့် ညီညွတ်ရန်မှာ၊ ဘုရားသခင်သည် သင့်ကို ပြောင်းလဲစေခြင်းနှင့် သန့်စင်စေခြင်းအမှုကို ကိုယ်တိုင် လုပ်ရပေမည်။ သင်သည် ရွေးနုတ်ခြင်းသာ ခံရပါက၊ မွန်မြတ်သန့်ရှင်းခြင်းကို ရယူနိုင်စွမ်းရှိမည် မဟုတ်ပေ။ ဤနည်းဖြင့် သင်သည် ပြောင်းလဲခြင်းနှင့် စုံလင်စေခြင်း၏ အဓိကအဆင့်ဖြစ်သော လူကို စီမံခန့်ခွဲသည့်

ဘုရားသခင်၏အမှုတွင် အဆင့်တစ်ဆင့်ကို သင်လွတ်သွားခဲ့သည့် အတွက် သင်သည် ဘုရားသခင်၏ ကောင်းမြတ်သော ကောင်းချီးများကို ဝေမျှရန် အရည်အသွေးပြည့်မီလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ရွေးနုတ်ခံရပြီးစ အပြစ်သားတစ်ဦးဖြစ်သည့် သင်သည် ဘုရားသခင်၏ အမွေဥစ္စာကို တိုက်ရိုက်အမွေဆက်ခံနိုင်စွမ်း မရှိပေ။

ဤအမှု၏ အသစ်သော အဆင့်ကို မစတင်ဘဲ၊ ဧဝံဂေလိ ဟောသူများ၊ တရားဟောဆရာများ၊ သမ္မာကျမ်း ရှင်းလင်း ဖော်ပြသူများနှင့် ကြီးမြတ်သော ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်များဟု ခေါ်သော သင်တို့သည် မည်သည့် အတိုင်းအတာအထိ သွားကြမည်ကို မည်သူသိသနည်း။ အမှု၏ ဤအသစ်သောအဆင့်ကို စတင်ခြင်းမရှိဘဲ၊ သင်တို့ ပြောဆိုသည့်အရာသည် အသုံးဝင်တော့မည် မဟုတ်။ ယင်းသည် ထီးနန်းတက်ခြင်း သို့မဟုတ် ဘုရင်ဖြစ်လာခြင်း နှင့်ဆိုင်သည့် ဝိညာဉ်ရင့်ကျက်မှုကို ပြင်ဆင်ခြင်း တစ်ခုခုဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ငြင်းပယ်ခြင်း သို့မဟုတ် မိမိ၏ခန္ဓာကိုယ်ကို ချိုးနှိမ်ခြင်း ဖြစ်သည်။ သည်းခံခြင်း သို့မဟုတ် အရာအားလုံးမှ သင်ခန်းစာများ သင်ယူခြင်း ဖြစ်သည်။ နှိမ့်ချခြင်း သို့မဟုတ် ချစ်ခြင်းမေတ္တာဖြစ်သည်။ ဤသည်မှာ သံစဉ်ဟောင်းတစ်ခုတည်းကို သီဆိုခြင်း မဟုတ်လော။ ယင်းမှာ တစ်ခုတည်းသောအရာကို မတူကွဲပြားသည့် အမည်တစ်ခုဖြင့် ခေါ်ဆိုခြင်းဖြစ်သည်။ မိမိ၏ ခေါင်းကိုဖုံးထားခြင်းနှင့် မုန့်ကိုချိုးဖဲ့ခြင်း သို့မဟုတ် လက်တင်ခြင်းနှင့် ဆုတောင်းခြင်းဖြစ်စေ၊ ပြီးလျှင် နာမကျန်းသူကို ကုသခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်းဖြစ်စေ။ အသစ်သော အမှု တစ်ခုတစ်လေ ရှိနိုင်မည်လော။ တိုးတက်မှု အလားအလာ တစ်ခုတစ်လေ ရှိနိုင်မည်လော။ ဤလမ်းအတိုင်း သင် ဆက်လက် နေထိုင်ပါက၊ သင်သည် အယူဝါဒကို ကျိုးကြောင်းမမြင်ဘဲ လိုက်လျှောက်မိလိမ့်မည် သို့မဟုတ် အစဉ်အလာကို လိုက်နာမိလိမ့်မည် ဖြစ်သည်။ သင်တို့၏ အလုပ်သည် အလွန်မြင့်မားသည်ဟု သင်တို့ယုံကြည်သော်လည်း၊ ထိုအရာ အားလုံးကို ရှေးခေတ် "လူအိုကြီးများ" က လက်ဆင့်ကမ်းကာ သင်ကြားပေးခဲ့ခြင်းဖြစ်သည်ကို သင်တို့မသိသလော။ သင်တို့ ပြောဆိုကာ လုပ်ဆောင်သမျှအားလုံးသည် ထိုလူအိုကြီးများ၏ နောက်ဆုံးစကားများ ဖြစ်သည် မဟုတ်လော။ ယင်းသည် ဤလူအိုကြီးများက သူတို့မကွယ်လွန်မီ တာဝန်ပေးခဲ့သည့် အရာ မဟုတ်လော။ သင်တို့၏ လုပ်ဆောင်ချက်များသည် အတိတ်ကာလ မျိုးဆက်များ၏ တမန်တော်များနှင့် ပရောဖက်တို့၏ အလုပ်ထက် သာလွန်ပြီး အရာအားလုံးထက် ကျော်လွန်သည်ဟု သင်ထင်သလော။ အမှု၏ ဤအဆင့် အစပြုခြင်းသည် သက်သေခံ လီ၏ ဘုရင်ဖြစ်လာပြီး နန်းတက်ရန် ကြိုးစားနေသည့် အလုပ်ကို သင်တို့၏ကြည်ညိုမှု အဆုံးသတ်ကို ယူဆောင်လာပြီဖြစ်ကာ၊ သင်တို့သည် အမှု၏ ဤအဆင့်တွင်

မစွက်ဖက်နိုင်ရန်အလို့ငှာ သင်တို့၏မာနထောင်လွှားခြင်းနှင့် ခြိမ်းခြောက်ဟိန်းဟောက်ခြင်းကို ရပ်တန့်စေပြီး ဖြစ်သည်။ အမှု၏ဤအဆင့်မရှိဘဲနှင့်၊ သင်တို့သည် ရွေးနုတ်၍မရနိုင်သည်အထိ၊ အစဉ် သာ၍နက်ရှိုင်းစွာ နစ်မြုပ်သွားကြပေမည်။ သင်တို့အလယ်တွင် ဟောင်းသောအရာများလွန်းလှ၏။ ကံအားလျော်စွာ၊ ယနေ့အမှုသည် သင်တို့ကို ပြန်လည် ခေါ်ဆောင်လာပေပြီ။ သို့မဟုတ်ပါက သင်တို့ မည်သည့် ဦးတည်ရာသို့ သွားကြမည်ကို မည်သူသိမည်နည်း။ ဘုရားသခင်သည် အစဉ်အမြဲ အသစ်ဖြစ်ပြီး မည်သည့်အခါမျှ မအိုဟောင်းသော ဘုရားသခင်ဖြစ်သည့်အတွက် အဘယ်ကြောင့် အသစ်သော အရာများကို သင် မရှာဖွေသနည်း။ အဘယ်ကြောင့် ဟောင်းသော အရာများကို သင် စွဲကိုင်ထားသနည်း။ သို့ဖြစ်ရာ ယနေ့ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကိုသိခြင်းသည် အဆုံးစွန် အရေးကြီးသော အရာဖြစ်ပေသည်။

# စုံလင်စေခြင်းခံရပြီးသူများသာလျှင် အဓိပ္ပာယ်ရှိသော အသက်တာဖြင့် အသက်ရှင်နိုင်သည်

အမှန်အားဖြင့် ယခု လုပ်ဆောင်နေသော အမှုမှာ လူတို့အား ၎င်းတို့၏ ဘိုးဘေးဘီဘင်ဟောင်းဖြစ်သော စာတန်ကို စွန့်လွှတ်စေရန် ဖြစ်သည်။ နှုတ်ကပတ်တော်အားဖြင့် တရားစီရင်မှု အလုံးစုံသည် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးတတ်သော စိတ်သဘောထားကို ဖော်ထုတ်ရန်နှင့် အသက်တာ၏ အနှစ်သာရကို လူတို့နားလည်စေရန် ရည်ရွယ်သည်။ ထပ်တလဲလဲဖြစ်သော ဤတရားစီရင်မှုများသည် လူတို့၏ စိတ်နှလုံးများကို ထိုးဖောက်သည်။ ၎င်းတို့သည် ထိုအရာများ အားလုံးကို လက်လွှတ်နိုင်ကာ၊ ထိုသို့ဖြင့် အသက်တာကို သိနိုင်ဖို့၊ ညစ်ညူးသော ဤကမ္ဘာကြီးအကြောင်း သိနိုင်ဖို့၊ ဘုရားသခင်၏ ဉာဏ်ပညာနှင့် အနန္တတန်ခိုးအကြောင်းကို သိနိုင်ဖို့နှင့် စာတန်၏ဖျက်ဆီးခြင်း ခံထားရသော လူသားမျိုးနွယ်အကြောင်းကိုလည်း သိနိုင်ဖို့အလို့ငှာ၊ တရားစီရင်မှု တစ်ခုချင်းစီသည် ၎င်းတို့၏ ကံကြမ္မာနှင့် တိုက်ရိုက်ဆက်နွယ်ပြီး ၎င်းတို့၏ စိတ်နှလုံးကို ထိခိုက်စေရန် ရည်ရွယ်သည်။ လူသားသည် ဤကဲ့သို့သော ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်မှုမျိုးကို သာ၍ လက်ခံရရှိလေလေ၊ လူသား၏ စိတ်နှလုံးအား ပို၍ ထိခိုက်ဒဏ်ရာရစေနိုင်လေဖြစ်ပြီး သူ၏ဝိညာဉ်ကို ပို၍ နိုးထစေနိုင်လေဖြစ်သည်။ အလွန့်အလွန် ဖောက်ပြန်ပျက်စီးနေပြီး နက်နဲစွာ အလှည့်ဖြားခံရဆုံးသော ဤလူတို့၏

ဝိညာဉ်များကို နိုးထပေးရန်မှာ ဤတရားစီရင်မှုမျိုး၏ ရည်မှန်းချက် ပန်းတိုင် ဖြစ်သည်။ လူသား၌ ဝိညာဉ်မရှိ၊ ဆိုလိုသည်မှာ သူ၏ဝိညာဉ်သည် ကြာမြင့်သော အချိန်ကတည်းက သေဆုံးခဲ့ပြီး သူသည် ကောင်းကင်ဘုံ ရှိကြောင်းကို မသိ၊ ဘုရားသခင် တစ်ပါးရှိကြောင်းကို မသိပေ၊ ထို့ပြင် သေခြင်းတရား၏ ချောက်နက်ကြီးထဲတွင် သူရုန်းကန်နေမှန်း သူ သေချာပေါက် မသိပေ။ သူသည် ဤကမ္ဘာကြီးပေါ် ရှိ ဤဆိုးယုတ်သော ငရဲထဲတွင် အသက်ရှင်နေကြောင်း သူ မည်သို့သိနိုင်မည်နည်း။ သူ၏ပုပ်စပ်သော ဤအလောင်းသည် စာတန်၏ ဖောက်ပြန်ပျက်စီးခြင်းမှတစ်ဆင့် သေမင်း၏ မရဏာနိုင်ငံထဲသို့ ကျရောက်ပြီးဖြစ်ကြောင်း သူ မည်သို့များ သိနိုင်မည်နည်း။ ကမ္ဘာမြေကြီးပေါ် ရှိ အရာခပ်သိမ်းသည် ကြာမြင့်သော အချိန်ကတည်းက ပြုပြင်၍ မရနိုင်လောက်အောင် လူသားမျိုးနွယ်၏ ဖျက်ဆီးခြင်းကို ခံခဲ့ရပြီးသည်ကို သူ မည်သို့ သိနိုင်မည်နည်း။ ပြီးလျှင် ဖန်ဆင်းရှင်သည် မြေကြီးပေါ်သို့ ယနေ့ကြွလာကာ သူကယ်တင်နိုင်မည့် ဖောက်ပြန်ပျက်စီးသော လူတစ်စုကို ရှာဖွေနေကြောင်းကို သူ မည်သို့သိနိုင်မည်နည်း။ လူသားသည် ဖြစ်နိုင်သမျှသော စစ်ဆေးခြင်းနှင့် တရားစီရင်မှု အားလုံးကို ကြုံရသည့်နောက်တွင်ပင်၊ သူ၏ လေးလံထုံထိုင်းသော အသိစိတ်သည် နိုးကြားရုံမျှသာရှိနေဆဲဖြစ်ပြီး စင်စစ်တွင် တုံ့ပြန်ခြင်း မရှိသလောက် ဖြစ်နေသည်။ လူသားမျိုးနွယ်သည် အလွန် ကျဆင်းယိုယွင်းနေပါတကား။ ဤ တရားစီရင်မှုမျိုးသည် မိုးကောင်းကင်မှ ကျလာသော ရက်စက်ကြမ်းတမ်းသည့် မိုးသီးသဖွယ်ဖြစ်သော်လည်း ၎င်းသည် လူသားတို့အတွက် အကြီးမားဆုံးသော အကျိုးကျေးဇူးဖြစ်သည်။ လူတို့ကို ဤသို့တရားမစီရင်ပါက၊ ရလဒ်ရှိမည် မဟုတ်ဘဲ လူတို့ကို ဒုက္ခဆင်းရဲ ချောက်နက်ထဲမှ ကယ်တင်ရန် လုံးဝဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ ဤအမှုကြောင့်သာ မဟုတ်လျှင် လူတို့၏ စိတ်နှလုံးများသည် ရှေးမဆွကတည်းက သေဆုံးခဲ့ပြီး ၎င်းတို့၏ ဝိညာဉ်များသည် စာတန်၏ နင်းခြေမှုကို ရှေးမဆွကတည်းက ခံခဲ့ရသောကြောင့်၊ လူတို့သည် သေမင်း၏ မရဏာနိုင်ငံမှ လွတ်ရန် အလွန်ခက်ခဲမည် ဖြစ်သည်။ ဆုတ်ယုတ်ခြင်း၏ အနက်ဆုံးအတိုင်းအတာအထိ နစ်မြုပ်ပြီးဖြစ်သော သင်တို့ကို ကယ်တင်ခြင်းသည် သင်တို့ကို အစွမ်းကုန် ခေါ်ထုတ်ခြင်းနှင့် သင်တို့ကို အစွမ်းကုန် တရားစီရင်ခြင်းတို့လိုအပ်သည်၊ သို့မှသာလျှင် သင်တို့၏ အေးခဲနေသော စိတ်နှလုံးကို နိုးထစေနိုင်လိမ့်မည်။

သင်တို့၏ ဇာတိပကတိ၊ သင်တို့၏ လွန်ကဲသော အလိုဆန္ဒများ၊ သင်တို့၏ လောဘနှင့် သင်တို့၏ တဏှာရာဂတို့သည် သင်တို့အထဲ၌ နက်ရှိုင်းစွာ အမြစ်တွယ်လျက် ရှိသည်။ ဤအရာများသည် သင်တို့၏ စိတ်နှလုံးတို့ကို အမြဲတစေ ထိန်းချုပ်ထားလွန်းသဖြင့်

ပဒေသရာဇ်ဆန်ပြီး ကျဆင်းယိုယွင်းသော ထိုအတွေးအခေါ်များ၏ ထမ်းပိုးကို သင်တို့ စွန့်ပစ်နိုင်စွမ်း မရှိကြ။ သင်တို့သည် သင်တို့၏ လက်ရှိအခြေအနေကို ပြောင်းလဲရန်သော်လည်းကောင်း၊ အမှောင်၏ လွှမ်းမိုးမှုမှ လွတ်မြောက်ရန်သော်လည်းကောင်း မတမ်းတကြ။ သင်တို့သည် ထိုအရာများ၏ ချည်နှောင်ခြင်းကိုသာ ခံကြရသည်။ ဤအသက်တာသည် အလွန် နာကျင်ကြောင်းနှင့် ဤလူ့လောကသည် အလွန် မှောင်မိုက်ကြောင်းကို သင်တို့အားလုံး သိသော်လည်း၊ သင်တို့၏အသက်တာကို ပြောင်းလဲရန် သင်တို့ထဲမှ တစ်ဦးတစ်ယောက်မျှ သတ္တိမရှိပေ။ သင်တို့သည် ဤဘဝ၏ လက်တွေ့ကျမှုများမှ လွတ်မြောက်ရန်၊ စိတ်ဝိညာဉ်၏ ထူးကဲသာလွန်မှုကို ရရှိရန်နှင့် ငြိမ်သက်ပျော်ရွှင်ဖွယ် ကောင်းကင်ဘုံကဲ့သို့ ပတ်ဝန်းကျင်တစ်ခုတွင် အသက်ရှင်ရန်သာ တောင့်တမျှော်လင့်ကြသည်။ သင်တို့သည် သင်တို့၏ လက်ရှိအသက်တာကို ပြောင်းလဲရန်အတွက် ဆင်းရဲဒုက္ခများကို ကြံ့ကြံ့ခံရန် ဆန္ဒမရှိကြ၊ သင်တို့ဝင်ရောက်သင့်သော အသက်တာကို ဤတရားစီရင်မှုနှင့် ပြစ်တင်ဆုံးမခြင်းထဲ၌ ရှာဖွေရန်လည်း သင်တို့ ဆန္ဒမရှိကြ။ ထိုအစား သင်တို့သည် ဇာတိပကတိ၏အလွန် လှပသည့် ထိုကမ္ဘာအကြောင်း လုံးလုံး လက်တွေ့မကျသော အိပ်မက်များကိုသာ စိတ်ကူးယဉ် အိပ်မက်မက်ကြသည်။ သင်တို့ တောင့်တသော အသက်တာမှာ နာကျင်မှု တစ်စုံတစ်ရာကိုမျှ မခံစားရဘဲ သင် မပင်မပန်း ရယူနိုင်သော အသက်တာ ဖြစ်သည်။ ယင်းသည် လုံးဝ လက်တွေ့မဆန်လိုက်လေစွ။ အဘယ်ကြောင့် ဆိုသော် သင်တို့ မျှော်လင့်သည့်အရာမှာ အဓိပ္ပာယ်ရှိသော ဘဝတစ်ခုကို ဇာတိပကတိ၌ အသက်ရှင်နေထိုင်ရန်နှင့် တစ်သက်တာ ဘဝလမ်းကြောင်း၌ သမ္မာတရားကိုရရန်၊ ဆိုလိုသည်မှာ သမ္မာတရားအတွက် အသက်ရှင်ရန်နှင့် တရားမျှတမှုအတွက် ရပ်တည်ရန် မဟုတ်သောကြောင့် ဖြစ်သည်။ ယင်းသည် ထွန်းလင်း ပြောင်မြောက်သော အသက်တာဟူ၍ သင်တို့မှတ်ယူမည့် အရာမဟုတ်ပေ။ ယင်းသည် မက်မောဖွယ်ကောင်းသော သို့မဟုတ် အဓိပ္ပာယ်ရှိသော အသက်တာ ဖြစ်လိမ့်မည်မဟုတ်ဟု သင်တို့ထင်ကြသည်။ သင်တို့အမြင်တွင် ယင်းအသက်တာမျိုးကို ရှင်သန်နေခြင်းသည် မတရားမှု တစ်ခုအလား ခံစားရပေလိမ့်မည်။ ဤပြစ်တင်ဆုံးမခြင်းကို သင်တို့ ယနေ့လက်ခံသော်လည်း၊ သင်တို့ အားထုတ်နေသော အရာမှာမူ သမ္မာတရားကို ရရန် သို့မဟုတ် ပစ္စုပ္ပန်တွင် သမ္မာတရားဖြင့် အသက်ရှင်ရန် မဟုတ်ဘဲ၊ ယင်းထက် နောက်ပိုင်းတွင် သွေးသားခန္ဓာ ကျော်လွန်ပြီး ပျော်ရွှင်ဖွယ်ရာ အသက်တာထဲ ဝင်ရောက်နိုင်ရန် ဖြစ်သည်။ သင်တို့သည် သမ္မာတရားအတွက် ရှာဖွေနေခြင်း မဟုတ်၊ သမ္မာတရားအတွက် ရပ်တည်နေခြင်းလည်း မဟုတ်သည့်အပြင် သင်တို့သည် သမ္မာတရားအတွက် သေချာပေါက် တည်ရှိနေခြင်း မဟုတ်ပေ။ ယနေ့ သင်တို့သည်

ဝင်ရောက်ရန် အားထုတ်နေခြင်း မရှိဘဲ၊ ယင်းအစား သင်တို့၏ အတွေးများတွင် အနာဂတ်နှင့် နေ့ရက်တစ်ရက်တွင် ဖြစ်လာနိုင်သည့်အရာတို့က နေရာယူထားကြသည်- သင်တို့သည် ကောင်းကင်ပြာကြီးကို ငေးကြည့်လျက် ခါးသီးသော မျက်ရည်များကျပြီး ကောင်းကင်ဘုံသို့ တစ်နေ့နေ့တွင် ခေါ်ဆောင်ခြင်းခံရရန် မျှော်လင့်ကြ၏။ သင်တို့၏တွေးခေါ် ပုံသည် လက်တွေ့ဘဝနှင့် မအပ်စပ်နေနှင့်ပြီဖြစ်ကြောင်းကို သင်တို့ မသိကြသလော။ ဤလောကဝယ် အခက်အခဲနှင့် ဒုက္ခဆင်းရဲတို့ကို ကြုံကြုံခံခဲ့သော သင့်အား သနားကရုဏာအနန္တနှင့် အကြင်နာမေတ္တာ အနန္တရှိသော ကယ်တင်ရှင်သည် သူနှင့်အတူ ခေါ်ဆောင်သွားရန် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မလွဲမသွေ ကြွလာမည်ဖြစ်ပြီး၊ မတရားဖိနှိပ်ခံခဲ့ရပြီး ချုပ်ချယ်ခံခဲ့ရသော သင့်အစား လက်တုံ့မှု အရယူလိမ့်မည်ဖြစ်သည်ဟု သင်တို့ တွေးမြဲတွေးနေသည်။ သင်သည် အပြစ်တရားနှင့် ပြည့်နှက်နေသည် မဟုတ်လော။ ဤလောကထဲတွင် ဒုက္ခဆင်းရဲခဲ့ရပြီးသောသူမှာ သင် တစ်ယောက်တည်းလော။ သင်ကိုယ်တိုင်သည် စာတန်၏အုပ်စိုးမှုအောက်သို့ ကျရောက်ပြီး ဒုက္ခဆင်းရဲခံပြီးဖြစ်သည်၊ ဘုရားသခင်အနေဖြင့် သင့်အတွက် လက်တုံ့ပြန်ပေးရန် အမှန်တကယ် လိုအပ်နေဆဲလော။ ဘုရားသခင်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းနိုင်စွမ်း မရှိသောသူများသည် ဘုရားသခင်၏ ရန်သူများသာဖြစ်ကြသည် မဟုတ်လော။ လူ့ဇာတိခံဘုရားသခင်ကို မယုံကြည်သော သူများသည် အန္တိခရစ်များဖြစ်ကြသည် မဟုတ်လော။ သင်၏ ကောင်းမှုများသည် မည်သည့်အတွက် အရေးပါသနည်း။ ၎င်းတို့သည် ဘုရားသခင်အား ကိုးကွယ်သော စိတ်နှလုံး၏နေရာကို အစားထိုးနိုင်သလော။ ကောင်းမှုအချို့ကို ပြုရုံသက်သက်ဖြင့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို သင်မရနိုင်၊ ထို့အပြင် သင့်အနေဖြင့် မတရားဖိနှိပ် ချုပ်ချယ်ခံခဲ့ရသည်ဆိုရုံမျှနှင့် သင့်အပေါ် ပြုခဲ့ကြသည့် မတရားမှုများအတွက် ဘုရားသခင်က လက်တုံ့ပြန်ပေးမည် မဟုတ်။ ဘုရားသခင်ကို ယုံကြည်သော်လည်း ဘုရားသခင်ကို မသိဘဲ၊ ကောင်းမှုများကို ပြုသောသူများ အားလုံးသည်လည်း ပြစ်တင်ဆုံးမခြင်းကို ခံကြရသည် မဟုတ်လော။ သင်သည် ဘုရားသခင်ကို ယုံကြည်ရုံမျှသာ ယုံကြည်သည်၊ သင့်အပေါ် ပြုခဲ့သော မတရားမှုများကို ဘုရားသခင်က တရားသဖြင့် ပြုပေးရန်နှင့် လက်တုံ့ပြန်ပေးရန်သာ သင်အလိုရှိပြီး၊ နောက်ဆုံးတွင် သင် ဂုဏ်ယူဝင့်ကြွားနိုင်မည့် နေ့တစ်နေ့ဖြစ်သော သင်၏နေ့အား ဘုရားသခင်က သင့်ကိုပေးရန် သင်အလိုရှိသည်။ သို့သော်လည်း သင်သည် သမ္မာတရားကို အာရုံပြုရန် ငြင်းဆန်သည်သာမက၊ သမ္မာတရားဖြင့် အသက်ရှင်နေထိုင်ရန် ဆာငတ်ခြင်းလည်း သင်၌ မရှိ။ ခက်ခဲပြီး အနှစ်သာရမဲ့သော ဤအသက်တာထဲမှ လွတ်မြောက်နိုင်စွမ်းကား သင်၌ သာ၍မရှိပေ။ ထိုအစား သင်၏အသက်တာကို ဇာတိပကတိ၌

အသက်ရှင်နေစဉ်နှင့် သင်၏အပြစ်တရားနှင့်ပြည့်သော အသက်တာကို အသက်ရှင်နေစဉ်တွင် သင်၏နစ်နာချက်များကို ပုံမှန်ပြန်ဖြစ်စေရန်နှင့် သင်၏ ဖြစ်တည်မှု၏ မြူမှိုင်းကို ခွင်းပေးရန် ကူညီစောင်မဖို့ ဘုရားသခင်အား မျှော်လင့်တကြီးဖြင့် သင် ကိုးစားသည်။ သို့သော် ယင်းသည် ဖြစ်နိုင်သလော။ အကယ်၍ သမ္မာတရားကို သင်ပိုင်ဆိုင်ပါက ဘုရားသခင်နောက် သင် လိုက်နိုင်မည် ဖြစ်သည်။ အကယ်၍ သင်သည် အသက်ရှင်နေထိုင်ခြင်းရှိပါက ဘုရားသခင်၏ နှုတ်ကပတ်တော်၏ သရုပ်သကန်တစ်ခု ဖြစ်နိုင်သည်။ အကယ်၍ သင်၌ အသက်ရှိပါက ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို သင် ခံစားမွေ့လျော်နိုင်သည်။ သမ္မာတရားကို ပိုင်ဆိုင်သောသူများသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို ခံစားမွေ့လျော်နိုင်ကြ၏။ ဘုရားသခင်သည် သူ့အား စိတ်နှလုံး အကြွင်းမဲ့ချစ်ပြီး အခက်အခဲများနှင့် ဒုက္ခဆင်းရဲများကို ကြံ့ကြံ့ခံသော သူများအား တရားသဖြင့်ဖြစ်စေမည်မှာ သေချာသည်၊ သို့သော် မိမိတို့ကိုယ်ကိုသာ ချစ်ပြီး စာတန်၏ လိမ်လည်လှည့်ဖြားမှုများ၏ သားကောင်ဖြစ်သွားသော သူများကိုမူ တရားသဖြင့်ဖြစ်စေခြင်း မရှိချေ။ သမ္မာတရားကို မချစ်သောသူများ၏ အထဲတွင် ကောင်းမြတ်ခြင်း မည်သို့ရှိနိုင်မည်နည်း။ ဇာတိပကတိကိုသာ ချစ်သောသူများ၏အထဲတွင် ဖြောင့်မတ်ခြင်း မည်သို့ရှိနိုင်မည်နည်း။ ဖြောင့်မတ်ခြင်းနှင့် ကောင်းခြင်းတို့ကို သမ္မာတရားထံ ရည်ညွှန်းခြင်းအားဖြင့်သာ ပြောကြသည် မဟုတ်လော။ ယင်းတို့ကို ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ ချစ်သောသူများအတွက် သီးသန့်ထားသည် မဟုတ်လော။ သမ္မာတရားကို မချစ်သောသူနှင့် ပုပ်ပျက်သော အလောင်းကောင်များသာ ဖြစ်သောသူ-ဤလူများအားလုံးတို့သည် ဆိုးယုတ်ခြင်းကို လက်သင့်ခံထားကြသည် မဟုတ်လော။ သမ္မာတရားဖြင့် အသက်ရှင် မနေထိုင်နိုင်သောသူများ အားလုံးသည် သမ္မာတရား၏ ရန်သူများဖြစ်ကြသည် မဟုတ်လော။ ထိုသို့ဆိုပါက သင်တို့ရော အဘယ်သို့ရှိသနည်း။

အကယ်၍ သင်သည် ဤအမှောင်၏ လွှမ်းမိုးမှုများထဲမှ လွတ်မြောက်နိုင်ပြီး ထိုမစင်ကြယ်သောအရာများနှင့် သင့်ကိုယ်သင် ကင်းကွာစေနိုင်ပါက၊ အကယ်၍ သင်သည် သန့်ရှင်းသောသူ ဖြစ်လာနိုင်ပါက သင်သည် သမ္မာတရားကို ပိုင်ဆိုင်လိမ့်မည်။ ၎င်းသည် သင်၏သဘာဝဗီဇ ပြောင်းလဲသွားခြင်း မဟုတ်ဘဲ၊ သင်သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်ကာ ဇာတိပကတိကို စွန့်လွှတ်နိုင်ခြင်းသာ ဖြစ်သည်။ ဤအရာသည် သန့်ရှင်းစေခြင်းကို ခံရပြီးသောသူများ ပိုင်ဆိုင်သော အရည်အသွေး ဖြစ်သည်။ သိမ်းပိုက်ခြင်းအမှု၏ အဓိကပန်းတိုင်မှာ သမ္မာတရားကို လူသား ပိုင်ဆိုင်နိုင်ရန်အတွက် လူသားမျိုးနွယ်ကို သန့်ရှင်းစေရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားသည် သမ္မာတရားကို နားလည်သည်မှာ နည်းလွန်းခြင်းကြောင့် ဖြစ်သည်။ ဤကဲ့သို့သော လူတို့အပေါ်

သိမ်းပိုက်သော အမှုကို လုပ်ဆောင်ရန်မှာ အကြီးမားဆုံးသော အရေးပါမှုဖြစ်သည်။ သင်တို့အားလုံးသည် အမှောင်၏ လွှမ်းမိုးမှုအောက်သို့ ကျရောက်ခဲ့ပြီး အလွန်အမင်း ထိခိုက်ခံခဲ့ရသည်။ ထို့ကြောင့် ဤအမှု၏ ပန်းတိုင်မှာ လူ့သဘာဝဗီဇကို သင်တို့သိစေရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ထိုသို့ဖြင့် သမ္မာတရားဖြင့် အသက်ရှင်နေထိုင်နိုင်စေရန် ဖြစ်သည်။ စုံလင်စေခြင်းခံရခြင်းသည် ဖန်ဆင်းခံသတ္တဝါအားလုံး လက်ခံသင့်သော အရာတစ်ခု ဖြစ်သည်။ အကယ်၍ ဤအဆင့်၏အမှုတွင် လူတို့အား စုံလင်စေခြင်း တစ်ခုတည်းသာ ပါဝင်ပါက၊ ၎င်းကို ဗြိတိန် သို့မဟုတ် အမေရိက သို့မဟုတ် အစ္စရေးတွင် လုပ်ဆောင်နိုင်ခဲ့လိမ့်မည်။ ၎င်းကို မည်သည့်တိုင်းနိုင်ငံမဆို၏ လူတို့အပေါ်တွင် လုပ်ဆောင်နိုင်ခဲ့လိမ့်မည်။ သို့သော်လည်း သိမ်းပိုက်ခြင်းအမှုမှာ သီးသန့်ရွေးချယ်ပြီး လုပ်သောအမှုဖြစ်သည်။ သိမ်းပိုက်ခြင်း အမှု၏ ပထမအဆင့်မှာ ရေတိုဖြစ်သည်၊ ထို့အပြင် စာတန်အား အရှက်ရစေရန်နှင့် စကြဝဠာတစ်ခုလုံးကို သိမ်းပိုက်ရန် ယင်းကို အသုံးပြုပေလိမ့်မည်။ ဤသည်မှာ သိမ်းပိုက်ခြင်းအမှု၏ ကနဦးအမှုတည်း။ စုံလင်စေခြင်းခံရဆိုသည်မှာ ရေရှည်အပြောင်းအလဲပြီးမှသာ ရနိုင်သည့်အရာ ဖြစ်သောကြောင့်၊ ဘုရားသခင်ကို ယုံကြည်သော မည်သည့်ဖန်ဆင်းခံမဆို စုံလင်စေခြင်းခံရနိုင်သည်ဟု ဆိုနိုင်၏။ သို့သော်လည်း အသိမ်းပိုက်ခံရရန်မှာမူ ကွဲပြားသည်။ သိမ်းပိုက်ရန်အတွက် နမူနာနှင့် စံပြပုံစံမှာ အဝေးဆုံးတွင် နောက်ကျ ကျန်ရစ်နေသောသူ၊ အနက်ဆုံးသော အမှောင်ထဲတွင် အသက်ရှင်သောသူ ဖြစ်ရမည်။ ၎င်းတို့သည် အဆင့်အတန်း အနိမ့်ကျဆုံးသောသူ၊ ဘုရားသခင်ကို အသိအမှတ်ပြုရန် မလိုလားဆုံးသောသူနှင့် ဘုရားသခင်အား နာခံခြင်း မရှိဆုံးသောသူများ ဖြစ်ရမည်။ ဤသည်မှာ လူသည် သိမ်းပိုက်ခံရကြောင်းကို သက်သေခံနိုင်သော လူအမျိုးအစား အတိအကျ ဖြစ်သည်။ သိမ်းပိုက်ခြင်းအမှု၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ စာတန်ကို အနိုင်ယူရန် ဖြစ်သော်လည်း၊ လူတို့ကို စုံလင်စေခြင်း၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ လူတို့ကို ရယူရန် ဖြစ်သည်။ ယင်းမှာ အသိမ်းပိုက်ခံရပြီးသည့် နောက်ပိုင်းတွင် ဤသိမ်းပိုက်ခြင်း အမှုကို ဤနေရာ၌၊ သင်တို့ကဲ့သို့သော လူများအပေါ်၌ ဆောင်ရွက်ပြီး ဖြစ်ကြောင်းကို လူတို့ သက်သေခံနိုင်စေရန် ဖြစ်သည်။ ရည်ရွယ်ချက်မှာ အသိမ်းပိုက်ခံရပြီးသည့်နောက်တွင် လူတို့ကို သက်သေခံစေရန် ဖြစ်သည်။ စာတန်အား အရှက်ရစေခြင်း ရည်မှန်းချက်ပန်းတိုင်ကို အထမြောက်စေရန် ဤအသိမ်းပိုက်ခံရသော လူတို့ကို အသုံးပြုမည်။ ထိုသို့ဖြစ်လျှင် သိမ်းပိုက်ခြင်း၏ အဓိကနည်းလမ်းမှာ အဘယ်နည်း။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကြောင့်၊ လူတို့အကြွင်းမဲ့ လက်ခံယုံကြည်လာကြစေရန်အလို့ငှာ- ပြစ်တင်ဆုံးမခြင်း၊ တရားစီရင်မှု၊ ကျိန်ဆဲခြင်းနှင့်

ထုတ်ဖော်ခြင်းတို့ဖြစ်သည့်- ဖြောင့်မတ်သော စိတ်သဘောထားကို အသုံးပြုလျက် လူတို့ကို သိမ်းပိုက်ခြင်း ဖြစ်သည်။ လူတို့ကို သိမ်းပိုက်ရန်နှင့် ၎င်းတို့ကို အပြည့်အ၀ လက်ခံယုံကြည်လာကြစေရန်အတွက် နှုတ်ကပတ်တော်၏ လက်တွေ့ကျခြင်းနှင့် ဩဇာအာဏာကို အသုံးပြုခြင်း- ဤသည်မှာ သိမ်းပိုက်ခံရခြင်းသည် မည်သည့်အရာဖြစ်သည်ကို ဆိုလိုခြင်းဖြစ်၏။ စုံလင်စေခြင်းခံရပြီးသူများသည် သိမ်းပိုက်ခံရပြီးသည့်နောက်တွင်၊ နာခံခြင်း ရရှိနိုင်ကြသည်သာမက၊ တရားစီရင်ခြင်းအမှုနှင့်သက်ဆိုင်သည့် အသိပညာကိုလည်း ရနိုင်ကြကာ ၎င်းတို့၏ စိတ်သဘောထားကို ပြောင်းလဲနိုင်စွမ်း ရှိကြပြီး ဘုရားသခင်ကိုလည်း သိလာနိုင်ကြလေသည်။ ၎င်းတို့သည် ဘုရားသခင်ကို ချစ်မြတ်နိုးသောလမ်းကြောင်းကို တွေ့ကြုံခံစားပြီး သမ္မာတရားနှင့်လည်း ပြည့်ဝလာကြ၏။ ဘုရားသခင်၏အမှုကို မည်ကဲ့သို့ တွေ့ကြုံခံစားရမည်ကို ၎င်းတို့ သင်ယူကြပြီး ဘုရားသခင်အတွက် ဒုက္ခဆင်းရဲ ခံနိုင်စွမ်းရှိလာနိုင်ကာ ၎င်းတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒများ ရှိလာနိုင်ကြသည်။ စုံလင်စေခြင်း ခံရပြီးသူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ခံစားခဲ့ကြရသည့်ကျေးဇူးကြောင့်၊ သမ္မာတရားကို အမှန်တကယ် သိနားလည်မှုရှိသူများ ဖြစ်ကြသည်။ သိမ်းပိုက်ခံရသူများသည် သမ္မာတရားကို သိသော်လည်း၊ သမ္မာတရား၏ အဓိပ္ပာယ်အစစ်အမှန်ကို လက်မခံကြသူများ ဖြစ်သည်။ သိမ်းပိုက်ခံရပြီးနောက်တွင် ၎င်းတို့ နာခံကြသည်၊ သို့သော်လည်း ၎င်းတို့၏ နာခံခြင်းမှာ ၎င်းတို့ လက်ခံရရှိခဲ့သော တရားစီရင်မှု၏ ရလဒ်ကြောင့်သာ လုံးလုံးဖြစ်သည်။ ၎င်းတို့သည် သမ္မာတရားများစွာ၏ အဓိပ္ပာယ်အစစ်အမှန်ကို သိနားလည်ခြင်း လုံးဝမရှိကြ။ ၎င်းတို့သည် သမ္မာတရားကို နှုတ်ဖြင့် အသိအမှတ်ပြုကြသော်လည်း၊ သမ္မာတရားထဲ ဝင်ရောက်ခြင်း မရှိသေးပေ။ ၎င်းတို့သည် သမ္မာတရားကို နားလည်သဘောပေါက်သော်လည်း သမ္မာတရားကို အမှန်တကယ် တွေ့ကြုံမခံစားကြရသေးချေ။ စုံလင်စေခြင်းခံနေခံရသူတို့အပေါ် ပြုသောအမှုတွင် အသက်အထောက်အမနှင့်အတူ ပြစ်တင်ဆုံးမခြင်းများ၊ တရားစီရင်မှုများ ပါဝင်သည်။ သမ္မာတရားထဲ ဝင်ရောက်ခြင်းကို တန်ဖိုးထားသူတစ်ဦးသည် စုံလင်စေခြင်းခံရမည့်သူ တစ်ဦးဖြစ်သည်။ စုံလင်စေခြင်းခံရမည့်သူနှင့် သိမ်းပိုက်ခံရမည့်သူတို့အကြား ကွာခြားချက်မှာ ၎င်းတို့အနေဖြင့် သမ္မာတရားထဲသို့ ဝင်ရောက်ခြင်း ရှိ မရှိတွင် တည်၏။ စုံလင်စေခြင်းခံရပြီး သူများသည် သမ္မာတရားကို နားလည်သဘောပေါက်သူ၊ သမ္မာတရားထဲ ဝင်ရောက်ပြီးသူနှင့် သမ္မာတရားဖြင့် အသက်ရှင်သူများ ဖြစ်ကြသည်။ စုံလင်စေခြင်းကို မခံရနိုင်သူများသည် သမ္မာတရားကို နားလည်သဘောပေါက်ခြင်း မရှိသူနှင့် သမ္မာတရားထဲ မဝင်ရောက်သူ၊ ဆိုလိုသည်မှာ

သမ္မာတရားဖြင့် အသက်မရှင်သောသူများ ဖြစ်ကြသည်။ အကယ်၍ ယင်းသို့သော လူများသည် ယခုအခါ အကြွင်းမဲ့ နာခံနိုင်စွမ်း ရှိပါက၊ ၎င်းတို့သည် သိမ်းပိုက်ခြင်းကို ခံကြရမည် ဖြစ်သည်။ အကယ်၍ သိမ်းပိုက်ခံရသောသူများသည် သမ္မာတရားကို မရှာဖွေပါက၊ အကယ်၍ ၎င်းတို့သည် သမ္မာတရားကို လိုက်နာသော်လည်း သမ္မာတရားဖြင့် အသက်ရှင်နေထိုင်ခြင်း မရှိပါက၊ အကယ်၍ ၎င်းတို့သည် သမ္မာတရားကို ရိပ်ခနဲမြင်ကာ ကြားသော်လည်း၊ သမ္မာတရားဖြင့် အသက်ရှင်နေထိုင်ခြင်းကို တန်ဖိုးမထားပါက၊ ၎င်းတို့သည် စုံလင်စေခြင်းကို မခံရနိုင်ပေ။ စုံလင်စေခြင်းခံရမည့် လူတို့သည် စုံလင်ခြင်းသို့သွားရာ လမ်းကြောင်းတစ်လျှောက် ဘုရားသခင်၏ ပြဋ္ဌာန်းချက်များအတိုင်း သမ္မာတရားကို လက်တွေ့လုပ်ဆောင်ကြလေသည်။ ဤနည်းအားဖြင့် ၎င်းတို့သည် ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေကြပြီး ၎င်းတို့သည် စုံလင်စေခြင်းကို ခံကြရသည်။ သိမ်းပိုက်ခြင်းအမှု မပြီးဆုံးမီအထိ အဆုံးတိုင် လိုက်သောသူ မည်သူမဆိုသည် သိမ်းပိုက်ခံရသောသူ ဖြစ်သော်လည်း၊ စုံလင်စေခြင်းခံရသူတစ်ဦးဟု ထိုသူအား မဆိုနိုင်ပေ။ "စုံလင်စေခြင်း ခံရသူများ" ဟုဆိုရာ၌ သိမ်းပိုက်ခြင်းအမှု ပြီးဆုံးသည့်နောက်တွင် သမ္မာတရားအား လေ့လာလိုက်စားနိုင်ပြီး ဘုရားသခင်၏ရယူခြင်းကို ခံရနိုင်သောသူများကို ရည်ညွှန်းသည်။ ယင်းသည် သိမ်းပိုက်ခြင်းအမှု ပြီးဆုံးသည့်နောက် အတိဒုက္ခထဲတွင် ခိုင်ခံ့စွာ ရပ်တည်ပြီး သမ္မာတရားဖြင့် အသက်ရှင်နေထိုင်သူများကို ရည်ညွှန်းသည်။ သိမ်းပိုက်ခံရခြင်းအဖြစ်နှင့် စုံလင်စေခြင်းခံရခြင်းအဖြစ်တို့ကို ကွဲပြားစေသည့် အရာသည် အမှု၏အဆင့်များ၌ ကွာခြားမှုများနှင့် လူများ သမ္မာတရားကို နားလည်ပြီး သမ္မာတရားထဲသို့ ဝင်ရောက်သည့်အတိုင်းအတာ ကွာခြားမှုများ ဖြစ်သည်။ စုံလင်စေခြင်း လမ်းကြောင်းပေါ် တက်ရောက်ခြင်း မရှိသေးသောသူအားလုံး၊ ဆိုလိုသည်မှာ သမ္မာတရားကို မပိုင်ဆိုင်သူတို့သည် အဆုံးတွင် သုတ်သင်ဖယ်ရှားခြင်းကို ခံရဦးမည် ဖြစ်သည်။ သမ္မာတရားကို ပိုင်ဆိုင်ပြီး သမ္မာတရားဖြင့် အသက်ရှင်နေထိုင်သော သူများသာလျှင် ဘုရားသခင်၏ လုံးလုံးလျားလျား ရယူခြင်းကို ခံရနိုင်သည်။ ဆိုလိုသည်မှာ ပေတရု၏ ပုံသဏ္ဍာန် ဖြင့် အသက်ရှင်နေထိုင်သော သူများသည် စုံလင်စေခြင်းခံရသောသူများ ဖြစ်ကြပြီး အခြားသူအားလုံးမှာ သိမ်းပိုက်ခံရသောသူများ ဖြစ်ကြသည်။ သိမ်းပိုက်ခံရသောသူ အားလုံးအပေါ် ပြုသောအမှုတွင် ကျိန်ဆဲခြင်းများ ချမှတ်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် အမျက်ဒေါသပြခြင်းတို့ ပါဝင်ပြီး ၎င်းတို့ထံသို့ ရောက်လာသောအရာမှာ ဖြောင့်မတ်ခြင်းနှင့် ကျိန်ဆဲခြင်းများ ဖြစ်သည်။ ထိုသို့သောလူအပေါ် အမှုပြုခြင်းသည် ဟိတ်ဟန်မရှိဘဲ သို့မဟုတ် ယဉ်ကျေးသိမ်မွေ့မှု မရှိဘဲ ထုတ်ဖော်ခြင်း ဖြစ်သည်- ၎င်းတို့အနေဖြင့် ၎င်းတို့၏အတွင်းမှ ဖောက်ပြန်ပျက်စီးသော

စိတ်သဘောထားကို ၎င်းတို့ကိုယ်တိုင် သိမြင်ပြီး အပြည့်အဝ လက်ခံယုံကြည်ရန်အလို့ငှာ ၎င်းတို့၏အတွင်းမှ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ထုတ်ဖော်ရန် ဖြစ်သည်။ လူသားသည် အကြွင်းမဲ့ ကျိုးနွံနာခံလာသည့်အခါ၊ သိမ်းပိုက်ခြင်းအမှု ပြီးဆုံးသည်။ လူအများစုသည် သမ္မာတရားကို နားလည်ရန် မရှာဖွေကြသေးလျှင်ပင် သိမ်းပိုက်ခြင်းအမှုသည် ပြီးဆုံးသွားပြီး ဖြစ်လိမ့်မည် ဖြစ်သည်။

သင် စုံလင်ခြင်းခံရမည်ဆိုပါက၊ ပြည့်မီရမည့် စံများ ရှိသည်။ သင်၏သန္နိဋ္ဌာန်၊ သင်၏ဇွဲလုံ့လနှင့် သင်၏အသိစိတ်အားဖြင့်၊ ပြီးလျှင် သင်၏ လေ့လာလိုက်စားမှုအားဖြင့် သင်သည် အသက်ကို တွေ့ကြုံခံစားနိုင်လိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေနိုင်လိမ့်မည်။ ယင်းသည် သင်၏ ဝင်ရောက်မှု ဖြစ်ပြီး ဤအရာများသည် စုံလင်စေခြင်း လမ်းကြောင်းပေါ်တွင် လိုအပ်သောအရာများ ဖြစ်ကြသည်။ စုံလင်စေခြင်း အမှုကို လူ အားလုံးအပေါ်တွင် ပြုနိုင်သည်။ ဘုရားသခင် နောက်လိုက်သူ မည်သူမဆို စုံလင်စေခြင်းခံရနိုင်ပြီး စုံလင်စေခြင်းခံရရန် အခွင့်အရေးနှင့် အရည်အချင်းများ ရှိသည်။ ဤနေရာတွင် ပုံသေ စည်းမျဉ်းစည်းကမ်း မရှိပေ။ လူတစ်ဦး စုံလင်စေခြင်း ခံရနိုင်ခြင်း ရှိမရှိဆိုသည်မှာ ထိုလူ၏ လေ့လာလိုက်စားမှုအပေါ်တွင် အဓိက မူတည်သည်။ သမ္မာတရားကို မြတ်နိုးသောလူများနှင့် သမ္မာတရားဖြင့် အသက်ရှင်နေထိုင်နိုင်သော လူများသည် စုံလင်စေခြင်း ဧကန်အမှန် ခံရနိုင်ကြသည်။ သမ္မာတရားကို မမြတ်နိုးသော လူများသည် ဘုရားသခင်၏ ချီးကျူးခြင်းကို မခံကြရ။ ၎င်းတို့သည် ဘုရားသခင် တောင်းဆိုသော အသက်ကို မပိုင်ဆိုင်ကြသည့်အပြင်၊ ၎င်းတို့ကို စုံလင်စေ၍ မရပေ။ စုံလင်စေခြင်းအမှုသည် လူတို့အား ရရန်အတွက်သာ ဖြစ်ပြီး စာတန်အား ရင်ဆိုင် တိုက်ခိုက်ခြင်းအလုပ်၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပေ။ သိမ်းပိုက်ခြင်းအမှုသည် စာတန်အား ရင်ဆိုင် တိုက်ခိုက်ရန်အတွက်သာ ဖြစ်သည်၊ ဆိုလိုသည်မှာ စာတန်အား အနိုင်ယူရန် လူသားအား သိမ်းပိုက်ခြင်းကို အသုံးပြုခြင်း ဖြစ်သည်။ သိမ်းပိုက်ခြင်း အမှုသည် အဓိက အမှု ဖြစ်ပြီး အသစ်ဆုံး အမှုဖြစ်ကာ ထိုအမှုသည် ခေတ်ကာလ အားလုံးတွင် မည်သည့်အခါမျှ မလုပ်ခဲ့ရသေးသော အမှု ဖြစ်သည်။ အမှု၏ ဤအဆင့်၏ရည်မှန်းချက်ပန်းတိုင်မှာ စာတန်ကို အောင်နိုင်ရန် လူအားလုံးကို သိမ်းပိုက်ရန် အဓိကအားဖြင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ လူများကို စုံလင်စေခြင်းအမှု- ယင်းသည် အမှု အသစ် မဟုတ်ပေ။ ဘုရားသခင်၏ ဇာတိပကတိ၌အမှု အတောအတွင်းဝယ် အမှုအားလုံး၏ ရည်မှန်းချက်ပန်းတိုင်၏ အနှစ်သာရမှာ လူတို့အား သိမ်းပိုက်ရန် ဖြစ်သည်။ ယင်းမှာ ကားစင်တင်သတ်ခံခြင်းအားဖြင့် လူသားမျိုးနွယ်အားလုံးကို ရွေးနုတ်ခြင်းသည် အဓိကအမှုဖြစ်ခဲ့သည့်အချိန် ကျေးဇူးတော်ခေတ်ကကဲ့သို့ ဖြစ်သည်။

"လူတို့အား ရခြင်း" မှာ ဇာတိပကတိ၌ လုပ်ဆောင်သော အမှုအပြင် အပိုဖြစ်ပြီး ကားစင်တင်သတ်ခံခြင်း နောက်ပိုင်းမှသာ လုပ်ဆောင်ခဲ့၏။ ယေရှုကြွလာခဲ့ပြီး သူ၏အမှုကို လုပ်ဆောင်ခဲ့သည့်အချိန်က သူ၏ရည်မှန်းချက်ပန်းတိုင်မှာ စာတန်၏ စွမ်းအားကို အောင်မြင်ရန် သူကားစင်တင်သတ်ခံခြင်းကို အဓိကအသုံးပြုပြီး သေခြင်းနှင့် မရဏာနိုင်ငံ၏ ချုပ်နှောင်မှုအပေါ် အနိုင်ယူရန် ဖြစ်သည်- ဆိုလိုသည်မှာ စာတန်အား အောင်နိုင်ရန် ဖြစ်သည်။ ယေရှု ကားစင်တင်သတ်ခံရပြီးသည့် နောက်ပိုင်းမှသာ ပေတရုသည် စုံလင်ခြင်း လမ်းကြောင်းပေါ်သို့ ဖြည်းဖြည်းနှင့်မှန်မှန်တက်ခဲ့ခြင်း ဖြစ်သည်။ ပေတရုသည် ယေရှု အမှုပြုနေခဲ့စဉ် အချိန်က ယေရှုနောက် လိုက်ခဲ့သူများအကြား တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်မှာ မှန်သော်လည်း၊ သူသည် ထိုအချိန်အတောအတွင်းက စုံလင်စေခြင်း မခံခဲ့ရသေးပေ။ အတိအကျဆိုရလျှင် ယေရှုသည် သူ၏ အမှုကို လုပ်ဆောင်ပြီးမြောက်ခဲ့ပြီး နောက်ပိုင်းမှသာ ပေတရုသည် သမ္မာတရားကို တဖြည်းဖြည်း နားလည်ခဲ့ပြီးနောက် စုံလင်လာခဲ့ခြင်း ဖြစ်သည်။ လူ့ဇာတိခံယူသော ဘုရားသခင်သည် အဓိကကျပြီး အရေးကြီးသော အမှု၏ အဆင့်တစ်ဆင့်ကို အချိန်တိုအတွင်း လုပ်ဆောင်ပြီးစီးရန်အတွက်သာ ကမ္ဘာမြေကြီးပေါ်သို့ လာရောက်ခြင်းဖြစ်ပြီး လူတို့အား စုံလင်စေခြင်းငှာ ၎င်းတို့အကြား ကမ္ဘာမြေကြီးပေါ်တွင် ရေရှည်နေထိုင်ရန် မဟုတ်ပေ။ သူသည် ထိုအမှုကို မလုပ်ဆောင်ပေ။ သူသည် သူ၏ အမှုကို လက်စသတ်ရန် လူသား လုံးလုံးလျားလျား စုံလင်စေခြင်းခံရသည့် အချိန်အထိ မစောင့်ပေ။ ထိုအရာသည် သူ၏ လူ့ဇာတိခံယူခြင်း၏ ရည်မှန်းချက်ပန်းတိုင်နှင့် အရေးပါမှု မဟုတ်ပေ။ သူသည် လူသားမျိုးနွယ်အား ကယ်တင်သော ရေတိုအမှုကို လုပ်ဆောင်ရန်သာ လာခြင်းဖြစ်ပြီး လူသားမျိုးနွယ်အား စုံလင်စေသော ရေရှည်အမှုကို လုပ်ဆောင်ရန်အတွက် လာခြင်းမဟုတ်ပေ။ လူသားမျိုးနွယ်အားကယ်တင်ခြင်း အမှုသည် ကိုယ်စားပြုသော အမှု၊ ခေတ်ကာလ အသစ်ကို စတင် နိုင်စွမ်းရှိသော အမှု ဖြစ်သည်။ ၎င်းကို ကာလတိုအတွင်း လုပ်ဆောင်ပြီးစီးနိုင်သည်။ သို့သော်လည်း လူသားမျိုးနွယ်အား စုံလင်စေခြင်းမှာ လူသားတို့အား တိကျသော အဆင့်အတန်းတစ်ခုသို့ ရောက်စေရန်အတွက် ပြုစုပျိုးထောင်ပေးရန် လိုအပ်သည်၊ ၎င်းကဲ့သို့သောအမှုသည် အချိန်ကြာမြင့်သည်။ ၎င်းသည် ဘုရားသခင်၏ဝိညာဉ်တော်က လုပ်ဆောင်ရမည့်အမှု ဖြစ်သည်။ သို့သော် ၎င်းကို လူ့ဇာတိ၌လုပ်ဆောင်သည့်အမှု အချိန်အတောအတွင်း ပြောသော သမ္မာတရားအုတ်မြစ်ပေါ်တွင် လုပ်ဆောင်ခြင်း ဖြစ်သည်။ ၎င်းကို သူ၏ လူသားမျိုးနွယ်အား စုံလင်စေခြင်း ရည်မှန်းချက်ပန်းတိုင် စွမ်းဆောင်ရရှိရန်အတွက် ရေရှည် ဦးဆောင်လမ်းပြသည့် အမှုကိုလုပ်ရန် တမန်တော်များကို ပေါ်ထွန်းစေခြင်း အားဖြင့်လည်း လုပ်ဆောင်သည်။

လူ့ဇာတိခံယူသော ဘုရားသခင်သည် ဤ အမှုကို မလုပ်ဆောင်ပေ။ ယင်းသည် သူ၏ အမှုတော်ထဲတွင် မပါဝင်ခြင်းကြောင့် သမ္မာတရားကို လက်တွေ့ကျင့်သုံးရာတွင် လူသားနှင့်အတူ အဆက်မပြတ် လိုက်ပါနေခြင်းထက် လူတို့ နားလည်စေရန် အသက် လမ်းခရီး အကြောင်းကိုသာ ပြောပြပြီး လူသားမျိုးနွယ်အား သမ္မာတရားကိုသာ ပေးသည်။ ထို့ကြောင့် သူသည် လူသား သမ္မာတရားကို အကြွင်းမဲ့ နားလည်ပြီး သမ္မာတရားကို အကြွင်းမဲ့ ရရှိသည့် နေ့ရက်အထိ လူသားနှင့်အတူ လိုက်ပါနေလိမ့်မည် မဟုတ်ပေ။ လူသားသည် ဘုရားသခင်အား ယုံကြည်ခြင်း လမ်းကြောင်းမှန်ပေါ် စနစ်တကျ ဝင်ရောက်သည့်အခါ၊ လူသားသည် စုံလင်စေခြင်းခံရမည့် လမ်းကြောင်းမှန်ပေါ်သို့ ခြေချသည့်အခါ၊ သူ၏ ဇာတိပကတိ၌အမှု ပြီးဆုံးသည်။ ဤသည်မှာ သူသည် စာတန်အား လုံးလုံးလျားလျား အောင်နိုင်ပြီး လောကကြီးကို အောင်မြင်သော အချိန်လည်း အမှန်ပင် ဖြစ်သည်။ ထိုအချိန်တွင် လူသားသည် အဆုံး၌ သမ္မာတရားထဲသို့ ဝင်ရောက်ပြီးလိမ့်မည် ဟုတ် မဟုတ်ကို သူဂရုမစိုက်သည့်အပြင် လူသား၏ အသက်သည် ကြီးမြတ်သည် သို့မဟုတ် မပြောပလောက်သည်ကိုလည်း သူ ဂရုမစိုက်ပေ။ ထိုအရာများအနက် တစ်ခုမျှသည် ဇာတိပကတိ၌ သူ စီမံခန့်ခွဲနေသင့်သည့်အရာ မဟုတ်၊ ယင်းအရာများအနက် တစ်ခုမျှသည် လူ့ဇာတိခံဘုရားသခင်၏ အမှုတော်အတွင်း မရှိပေ။ သူသည် သူရည်ရွယ်ထားသော အမှုကို လုပ်ဆောင်ပြီးစီးသည့်အခါ၊ သူ၏ ဇာတိပကတိ၌အမှုကိုလည်း အပြီးသတ်မည်။ ထို့ကြောင့် လူ့ဇာတိခံယူသော ဘုရားသခင် လုပ်သော အမှုသည် ဘုရားသခင်၏ ဝိညာဉ်တော်က တိုက်ရိုက် မလုပ်ဆောင်နိုင်သည့် အမှုသာ ဖြစ်သည်။ ထို့အပြင် ထိုအရာသည် ရေတို ကယ်တင်ခြင်းအမှု ဖြစ်ပြီး ကမ္ဘာမြေကြီး ပေါ်တွင် သူရေရှည် လုပ်ဆောင်မည့် အမှု မဟုတ်ပေ။

သင်တို့၏ အရည်အသွေးကို မြှင့်တင်ခြင်းသည် ငါ့အမှု၏လောကအတွင်း မရှိ။ သင်တို့၏ အရည်အသွေးသည် နိမ့်ကျလွန်းနေခြင်းကြောင့်သာ၊ ဤအရာကို လုပ်ရန် သင်တို့အား ငါခိုင်းခြင်း ဖြစ်သည်။ အမှန်အားဖြင့် ဤအရာသည် စုံလင်စေခြင်းအမှု၏ အစိတ်အပိုင်း မဟုတ်ပေ၊ ထို့ထက် ယင်းသည် သင်တို့အပေါ် လုပ်ဆောင်နေသော အပို အမှုသာ ဖြစ်သည်။ ယနေ့ သင်တို့အပေါ် လုပ်ဆောင် ပြီးစီးနေသော အမှုသည် သင်တို့ လိုအပ်သောအရာနှင့်အညီ လုပ်ဆောင်ခြင်း ဖြစ်၏။ ၎င်းသည် ပင်ကိုယ်လက္ခဏာရှိပြီး စုံလင်စေခြင်းခံနေရသော သူအယောက်တိုင်း ဝင်ရောက်သင့်သော လမ်းကြောင်း တစ်ခု မဟုတ်ပေ။ သင်တို့၏ အရည်အသွေးသည် အတိတ်အချိန်က စုံလင်စေခြင်းခံခဲ့ရသောသူ မည်သူထက်မဆို နိမ့်ကျသောကြောင့်၊ သင်တို့အပေါ်တွင် ဤအမှု လုပ်သောအခါ များလွန်းသော အတားအဆီးများ ရှိနေကြ၏။ စုံလင်စေခြင်း၏ ရည်မှန်းများမှာ ကွဲပြားကြခြင်းကြောင့်၊

ငါသည် ဤအမှု အပိုကို သင်တို့ကြား လုပ်ဆောင်နေခြင်း ဖြစ်၏။ အခြေခံအားဖြင့် ဘုရားသခင်သည် ကမ္ဘာမြေကြီးသို့ ကြွလာသည့်အခါ၊ သူသည် သူ၏ မှန်ကန်သော တရားဝင် လုပ်ပိုင်ခွင့်အတွင်း ဆက်ရှိပြီး သူ၏ အမှုကို လုပ်ဆောင်ကာ အခြားသော မသက်ဆိုင်သည့် အမှုအရာများဖြင့် စိတ်အနှောင့်အယှက် အဖြစ်မခံပေ။ သူသည် မိသားစု ကိစ္စများတွင် ဝင်ရောက်ပတ်သက်ခြင်းသော်လည်းကောင်း၊ လူတို့၏ ဘဝများထဲတွင် ပါဝင်ခြင်းသော်လည်းကောင်း မပြုပေ။ သူသည် ယင်းကဲ့သို့သော အသေးအဖွဲ ကိစ္စများတွင် လုံးဝ စိတ်မဝင်စားပေ၊ ၎င်းတို့သည် သူ၏ အမှုတော်၏ အစိတ်အပိုင်း မဟုတ်ပေ။ သို့သော်လည်း သင်တို့၏ အရည်အသွေးသည် ငါ တောင်းဆိုခဲ့သည်ထက် လွန်စွာ နိမ့်ကျပြီး စင်စစ်တွင် မည်သို့မျှ နှိုင်းယှဉ်၍မရသည်မှာ- ယင်းက အမှုအတွက် အစွန်းရောက်သော အဟန့်အတားများကို ဖြစ်ပေါ်စေသည်။ ထို့အပြင် ဤအမှုကို ဤတရုတ်နိုင်ငံရှိ လူတို့အကြား၌ လုပ်ဆောင်ရမည်။ သင်တို့သည် ပညာရေးညံ့ဖျင်းလှသောကြောင့်၊ သင်တို့ကိုယ်သင်တို့ ပညာသင်ရန် ထုတ်ပြောပြီး တောင်းဆိုရန်မှတစ်ပါး ငါ၌ ရွေးစရာမရှိပေ။ ဤသည်မှာ အမှုအပို ဖြစ်ကြောင်း သင်တို့အား ငါ ပြောခဲ့ပြီးသော်လည်း၊ ယင်းသည် သင်တို့ ရယူရမည့်အရာလည်း ဖြစ်ပြီး၊ သင်တို့ စုံလင်သွားစေရန် အထောက်အကူပြုမည့်အရာ ဖြစ်သည်။ တကယ်တမ်းတွင် ပညာရေး၊ မိမိ၏ပြုမူနေထိုင်ခြင်းအကြောင်း အခြေခံအသိပညာနှင့် အသက်အကြောင်း အခြေခံ အသိပညာတို့အားလုံးသည် သင်တို့သဘာဝအလျောက် ပိုင်ဆိုင်သင့်သည့် အရာများ ဖြစ်ကြ၏။ ဤအရာများ အကြောင်းကို သင်တို့အား ငါပြောရန် မလိုအပ်သင့်။ သို့သော် သင်တို့၌ ဤအရာများ မရှိသည့် အားလျော်စွာ၊ သင်တို့ ကမ္ဘာလောကထဲသို့ မွေးဖွားလာပြီးနောက်တွင် သင်တို့ထဲသို့ ဤအရာများ သွတ်သွင်းပေးသည့် အမှုကို လုပ်ပေးရန်မှတစ်ပါး ငါ့တွင် အခြားရွေးစရာ မရှိပေ။ သင်တို့သည် ငါနှင့် ပတ်သက်ပြီး အယူအဆများစွာကို လက်သင့်ခံထားလျှင်ပင် ဤအရာကို သင်တို့ထံမှ ငါ တောင်းဆိုဆဲဖြစ်သည်၊ သင်တို့၏ အရည်အသွေးကို သင်တို့မြှင့်တင်ရန် ငါတောင်းဆိုဆဲ ဖြစ်သည်။ ငါ၏အမှုမှာ သင်တို့အား သိမ်းပိုက်ရန်၊ သင်တို့အား တရားစီရင်ခြင်းအားဖြင့် သင်တို့၏စုံလင်သော ခိုင်မာသည့် ထင်မြင်ယူချက်ကို ရယူရန်၊ ထိုနည်းအားဖြင့် သင်တို့ ဝင်ရောက်သင့်သော အသက်၏လမ်းခရီးကို ညွှန်ပြပေးရန်သာ ဖြစ်သောကြောင့် ဤအမှုကို လာ၍ လုပ်ရန်မှာ ငါ၏ ရည်ရွယ်ချက် မဟုတ်ပေ။ တစ်နည်းဆိုရလျှင် ငါသည် သင်တို့အား ငါ၏နှုတ်ကပတ်တော်ဖြင့် သိမ်းပိုက်ရန်လိုသည်ဟူသော အချက်အတွက်သာ မဟုတ်ပါက၊ သင်တို့ မည်မျှ ပညာတတ်ပါစေ၊ အသက်အကြောင်း နှံ့စပ်သိကျွမ်းခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေသည် ငါနှင့် လုံးဝမသက်ဆိုင်ပေ။ သိမ်းပိုက်ခြင်းအမှု၌ အကျိုးရလဒ်များ

သေချာပေါက် ရရှိစေရန်နှင့် နောက်ဆက်တွဲအနေဖြင့် သင်တို့ စုံလင်စေရန်အတွက် ဤအရာအားလုံးကို ဖြည့်ထားပေးခြင်း ဖြစ်သည်။ ၎င်းသည် သိမ်းပိုက်ခြင်းအမှု၏ အစိတ်အပိုင်းတစ်ခု မဟုတ်။ သင်တို့၏အရည်အသွေး နိမ့်ကျခြင်းကြောင့်နှင့် သင်တို့သည် ပျင်းရိပြီး ပေါ့ဆသောသူ၊ မိုက်မဲပြီး ဉာဏ်နည်းသောသူ၊ အသက်မပါသောသူ ဖြစ်ပြီး လူနုံလူအ ဖြစ်ခြင်းကြောင့်- သင်တို့သည် အလွန့်အလွန် ပုံမှန် မဟုတ်သောကြောင့်- သင်တို့၏ အရည်အသွေးကို သင်တို့ ဦးဆုံး မြှင့်တင်ရန် ငါလိုအပ်သည်။ စုံလင်စေခြင်းခံလိုသူ မည်သူမဆို သတ်မှတ်ချက်အချို့နှင့် ပြည့်မီရမည်။ စုံလင်စေခြင်းခံရရန် လူတစ်ဦးသည် ရှင်းလင်း တည်ကြည်သောစိတ် ရှိပြီး အဓိပ္ပာယ်ရှိသော အသက်တာဖြင့် အသက်ရှင်ရန် လိုလိုလားလား ရှိရမည်။ အကယ်၍ သင်သည် အနှစ်သာရမရှိသော အသက်တာဖြင့် အသက်ရှင်ရန် လိုလိုလားလား မရှိသောသူ၊ သမ္မာတရားကို လေ့လာလိုက်စားသောသူ၊ မိမိပြုသော အရာခပ်သိမ်း၌ အလွန် အလေးအနက်ထားသောသူ ဖြစ်ပြီး ထူးခြားစွာ သာမန် လူ့သဘောသဘာဝ ရှိသောသူ ဖြစ်ပါက၊ သင်သည် စုံလင်ခြင်းခံရရန် သတ်မှတ်ချက်များနှင့် ပြည့်မီသည်။

သင်တို့အကြား၌ လုပ်ဆောင်နေသော ဤအမှုသည် လုပ်ရန်လိုအပ်သော အမှုနှင့်အညီ သင်တို့ အပေါ် လုပ်ဆောင်နေခြင်း ဖြစ်သည်။ ဤလူတို့ကို သိမ်းပိုက်ပြီးနောက် လူတစ်စုသည် စုံလင်စေခြင်း ခံရလိမ့်မည်။ ထို့ကြောင့် ယခုအမှု၏ ပမာဏများစွာသည် သင်တို့အား စုံလင်စေရန်ဟူသော ရည်မှန်းချက်ပန်းတိုင်အတွက် ပြင်ဆင်ပေးခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စုံလင်ခြင်းခံရနိုင်သော သမ္မာတရားကို ဆာငတ်နေသူ များစွာရှိသောကြောင့် ဖြစ်သည်။ အကယ်၍ သင်တို့အပေါ်၌ သိမ်းပိုက်ခြင်းအမှုကို လုပ်ဆောင်ခဲ့ပြီး ၎င်းနောက်တွင် နောက်ထပ်လုပ်သောအမှု မရှိတော့ပါက၊ သမ္မာတရားကို တမ်းတသော လူအချို့တို့သည် ယင်းကို မရရန်အကြောင်း ဖြစ်လိမ့်မည် မဟုတ်လော။ ယခုမျက်မှောက်အမှုသည် လူတို့အား နောက်ပိုင်းတွင် စုံလင်စေရန်အတွက် လမ်းကြောင်းတစ်ခု ဖွင့်ပေးဖို့ ရည်ရွယ်သည်။ ငါ၏အမှုသည် သိမ်းပိုက်ခြင်း အမှုမျှသာ ဖြစ်သော်လည်း ငါပြောသော အသက် လမ်းခရီးသည် လူတို့အား နောက်ပိုင်းတွင် စုံလင်စေရန် ပြင်ဆင်ပေးခြင်းပင် ဖြစ်သည်။ သိမ်းပိုက်ခြင်း ပြီးနောက် လာသော အမှုသည် လူတို့အား စုံလင်စေခြင်းအပေါ် ဗဟိုပြုပြီး ထိုသိမ်းပိုက်ခြင်းသည် စုံလင်စေခြင်းအမှုအတွက် အုတ်မြစ်တစ်ခု ချပေးရန် လုပ်ဆောင်ခြင်း ဖြစ်သည်။ လူသားသည် သိမ်းပိုက်ခံရပြီးမှသာ စုံလင်စေခြင်းခံရနိုင်သည်။ ယခု မျက်မှောက်တွင် အဓိကအမှုတာဝန်မှာ သိမ်းပိုက်ရန် ဖြစ်သည်၊ နောက်ပိုင်းတွင် သမ္မာတရားကို ရှာဖွေကာ တောင့်တသောသူများသည်

စုံလင်စေခြင်း ခံရလိမ့်မည်။ စုံလင်စေခြင်းခံရခြင်းတွင် သင့်၌ ဘုရားသခင်ကို ချစ်သော စိတ်နှလုံး ရှိသလော။ သင် ဤလမ်းကြောင်းကို လျှောက်ပြီးဖြစ်သည့်အတွက် သင်၏အတွေ့အကြုံတို့၏ နက်နဲမှုမှာ အဘယ်နည်း။ ဘုရားသခင်အပေါ် သင်၏ ချစ်ခြင်းသည် မည်မျှ သန့်စင်သနည်း။ သမ္မာတရားကို သင် မည်မျှ တိတိကျကျ လက်တွေ့လုပ်ဆောင်သနည်း ဟူသည့် လူတို့၏ နိုးကြားထကြွသော ဝင်ရောက်ခြင်း သွင်ပြင်များ ပါဝင်သည်။ စုံလင်စေခြင်းခံရရန် လူတစ်ဦးတွင် လူ့သဘာဝ၏ သွင်ပြင်အားလုံးနှင့်သက်ဆိုင်သည့် အခြေခံ အသိပညာ ရှိရမည်။ ယင်းသည် အခြေခံလိုအပ်ချက်တစ်ခု ဖြစ်သည်။ သိမ်းပိုက်ခြင်း ခံရပြီးနောက် စုံလင်ခြင်းမခံနိုင်သောသူ အားလုံးသည် အသုံးတော်ခံ အရာဝတ္ထုများ ဖြစ်လာကာ ကန့်နှင့် ရောနှောသော မီးအိုင်ထဲသို့ နောက်ဆုံးတွင် အပစ်ချခံရဦးမည် ဖြစ်ပြီး အနက်ဆုံးသောတွင်းထဲသို့ ကျလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော် သင်၏ စိတ်သဘောထားသည် မပြောင်းလဲသေးဘဲ၊ သင်သည် စာတန်နှင့် သက်ဆိုင်ဆဲဖြစ်သောကြောင့် ဖြစ်၏။ အကယ်၍ လူသား တစ်ဦးသည် စုံလင်ခြင်းအတွက် အရည်အချင်းများ မရှိပါက၊ သူသည် သုံးမရသော သူ- သူသည် မီးဖြင့် စမ်းသပ်မှုကို မခံနိုင်သော အမှိုက်၊ တန်ဆာပလာ တစ်ခုသာ ဖြစ်လေစွ။ ယခုမျက်မှောက်တွင် ဘုရားသခင်အပေါ် သင်၏ ချစ်ခြင်းသည် မည်မျှ ကြီးမားသနည်း။ သင့်ကိုယ်သင် စက်ဆုပ်ရွံမုန်းခြင်းသည် မည်မျှ ကြီးမားသနည်း။ စာတန်ကို သင် မည်မျှ နက်နက်နဲနဲ အမှန်တကယ် သိသနည်း။ သင်တို့၏ သန္နိဋ္ဌာန်ကို သင်တို့ ခိုင်ခံ့အောင် လုပ်ပြီးပြီလော။ လူ့သဘာဝထဲက သင်တို့၏ အသက်တာသည် ကောင်းစွာ ထိန်းကျောင်း ခံထားရသလော။ သင်တို့၏အသက်တာ ပြောင်းလဲခဲ့ပြီလော။ အသစ်သော အသက်တာတစ်ခုဖြင့် သင်တို့ အသက်ရှင်နေသလော။ သင်တို့၏ အသက်တာ အမြင်သဘောထား ပြောင်းလဲခဲ့ပြီလော။ အကယ်၍ ထိုအရာများ မပြောင်းလဲသေးပါက၊ သင် နောက်မဆုတ်သည့်တိုင် သင်သည် စုံလင်စေခြင်း မခံရနိုင်ပေ။ ထို့ထက် သင်သည် သိမ်းပိုက်ခြင်းကိုသာ ခံရပြီးဖြစ်သည်။ သင့်ကို စမ်းသပ်ရန်အချိန် ရောက်သည့်အခါ သင်၌ သမ္မာတရား မရှိ၊ သင်၏ လူ့သဘောသဘာဝသည် ပုံမှန် မဟုတ်ဘဲ၊ သင်သည် ဝန်တင်တိရစ္ဆာန် တစ်ကောင်တမျှ နိမ့်ကျနေလိမ့်မည်။ သင်၏ တစ်ခုတည်းသော ကြိုးပမ်းအားထုတ်၍ ရရှိသောအရာသည် သိမ်းပိုက်ခံခဲ့ရခြင်း ဖြစ်လိမ့်မည်၊ သင်သည် ငါသိမ်းပိုက်သော အရာတစ်ခုမျှသာ ဖြစ်လိမ့်မည်။ သင်သည် သခင်၏ ကျာပွတ်စာ တစ်ခါ မိဖူးပြီးနောက် သခင်ကို မြင်သည့်အခါတိုင်း ဆိုးသွမ်းရန် ကြောက်ရွံ့ထိတ်လန့်သော မြည်းကဲ့သို့ ဖြစ်သွားသည်၊ သင်သည် အသိမ်းပိုက်ခံခဲ့ရသော မြည်းတစ်ကောင်မျှသာ ဖြစ်လိမ့်မည်။ အကယ်၍ လူတစ်ဦးသည် အပြုသဘောဆောင်သော ထိုသွင်ပြင်များ မရှိဘဲ

ယင်းအစား အရာအားလုံး၌ မတုန်မလှုပ် ဖြစ်နေခြင်း၊ ကြောက်ရွံ့ခြင်း၊ တွန့်ဆုတ်ခြင်းနှင့် တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေကာ မည်သည့်အရာကိုမျှ ရှင်းလင်းစွာ သိမြင်နိုင်ခြင်းမရှိ၊ သမ္မာတရားကို လက်ခံနိုင်ခြင်းမရှိ၊ လက်တွေ့လုပ်ဆောင်ရန် လမ်းကြောင်း မရှိဆဲ၊ ထို့မျှပင်မက ဘုရားသခင်ကို ချစ်တတ်သော စိတ်နှလုံးလည်း မရှိ- အကယ်၍ လူတစ်ဦးသည် ဘုရားသခင်ကို မည်သို့ ချစ်ရမည်ကို နားလည်ခြင်း မရှိ၊ အဓိပ္ပာယ်ရှိသော အသက်တာဖြင့် မည်သို့ အသက်ရှင်ရမည်ကို မသိ၊ သို့မဟုတ် စစ်မှန်သော လူတစ်ဦး မည်သို့ ဖြစ်ရမည်ကို မသိပါက- ယင်းကဲ့သို့သော လူသည် ဘုရားသခင်အတွက် မည်ကဲ့သို့ သက်သေခံနိုင်မည်နည်း။ ဤအရာက သင်၏အသက်တာသည် တန်ဖိုးအနည်းငယ်သာရှိပြီး သင်သည် သိမ်းပိုက်ခံရသော မြည်းတစ်ကောင်သာ ဖြစ်ကြောင်း ပြသလိမ့်မည်။ သင်သည် အသိမ်းပိုက် ခံရလိမ့်မည် ဖြစ်သော်လည်း ယင်းက သင်သည် အဆင်းနီသော နဂါးကြီးကို ကျောခိုင်းခဲ့ပြီးဖြစ်ကြောင်းနှင့် ၎င်း၏အုပ်စိုးမှုထံ ကျိုးနွံနာခံရန် ငြင်းပယ်ပြီး ဖြစ်ကြောင်းမျှသာ ဆိုလိုလိမ့်မည်။ သင်သည် ဘုရားသခင်ရှိသည်ဟု ယုံကြည်ကြောင်း၊ ဘုရားသခင်၏ အစီအစဉ်အားလုံးကို နာခံလိုပြီး ညည်းညူစရာ မရှိကြောင်း ယင်းက ဆိုလိုလိမ့်မည်။ သို့သော်လည်း အပြုသဘောဆောင်သော သွင်ပြင်များအတွက်ဆိုလျှင် သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသက်ရှင်နေထိုင်နိုင်စွမ်းနှင့် ဘုရားသခင်ကို ထင်ရှားစေနိုင်စွမ်း ရှိသလော။ အကယ်၍ သင့်၌ ဤသွင်ပြင် တစ်စုံတစ်ခုမျှ မရှိပါက သင်သည် ဘုရားသခင်၏ ရယူခြင်းကို မခံရသေးဘဲ သင်သည် သိမ်းပိုက်ခံရသော မြည်းတစ်ကောင်သာ ဖြစ်ကြောင်း ယင်းကဆိုလိုသည်။ သင့်အထဲ၌ နှစ်လိုဖွယ်ရာ တစ်စုံတစ်ရာမျှ မရှိ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲ၌ အမှု မလုပ်။ သင်၏လူ့သဘာဝသည် ချို့တဲ့လွန်းနေ၏၊ သင့်အား ဘုရားသခင် အသုံးပြုရန် မဖြစ်နိုင်။ သင်သည် ဘုရားသခင်၏ အတည်ပြုခြင်း ခံရရန် လိုအပ်ပြီး မယုံကြည်သော လူ့တိရစ္ဆာန်များ နှင့် အသက်မရှိဘဲ လမ်းလျှောက်နေသော သူတို့ထက် အဆတစ်ရာ ပို၍ သာလွန်ရန် လိုအပ်သည်။ ဤအဆင့်သို့ရောက်သော သူများသာ စုံလင်စေခြင်းခံရရန် အရည်အချင်း ပြည့်မီသည်။ အကယ်၍ အကြင်သူသည် လူ့သဘာဝရှိပြီး အသိစိတ် ရှိမှသာလျှင် ဘုရားသခင်၏ အသုံးပြုခြင်းအတွက် သင့်တော်သူ ဖြစ်သည်။ သင်တို့သည် စုံလင်စေခြင်းခံရပြီးသောအခါမှသာ လူသားဟူ၍ ယူဆခြင်းခံရနိုင်သည်။ စုံလင်စေခြင်း ခံရသူများသာလျှင် အဓိပ္ပာယ်ရှိသော အသက်တာများဖြင့် အသက်ရှင်သောသူများ ဖြစ်သည်။ ယင်းသို့သော သူများသာ ဘုရားသခင်ကို သာ၍ ထူးကဲစွာပင် သက်သေခံနိုင်ကြလေသည်။

# သင်တို့သည် အဆင့်အတန်းနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများကို ဘေးဖယ်ပြီး လူသားထံ ကယ်တင်ခြင်းကို ဆောင်ကြဉ်းဖို့ ဘုရားသခင်၏ အလိုကို နားလည်သင့်၏

လူ၏ရှုထောင့်အမြင်မှ၊ မောဘ၏သားစဉ်မြေးဆက်များအတွက် စုံလင်စေခြင်းခံရရန် မဖြစ်နိုင်သကဲ့သို့၊ ၎င်းတို့သည် ထိုသို့ ပြုလုပ်ခြင်းခံရရန် အရည်အချင်း မပြည့်မီကြပေ။ အခြားတစ်ဖက်တွင်၊ ဒါဝိဒ်၏သားသမီးများသည် သေချာပေါက် မျှော်လင့်ချက် ရှိကြပြီး ဧကန်အမှန် စုံလင်စေခြင်းခံရနိုင်ကြပေသည်။ တစ်စုံတစ်ဦးသည် မောဘ၏သားစဉ်မြေးဆက် ဖြစ်ပါက၊ ၎င်းတို့ စုံလင်စေခြင်း မခံရနိုင်ပေ။ ယခုတွင်ပင် သင်တို့အလယ် ပြုလျက်ရှိသည့် အမှု၏ အရေးပါမှုကို သင်တို့ မသိကြသေး။ ဤအဆင့်တွင် သင်တို့သည် သင်တို့၏စိတ်နှလုံးများထဲတွင် သင်တို့၏ အနာဂတ် မျှော်လင့်ချက်များကို စွဲကိုင်ထားကြဆဲဖြစ်ပြီး၊ ယင်းတို့ကို စွန့်လွှတ်ရန် စက်ဆုပ်ကြသည်။ ယနေ့ ဘုရားသခင်သည် သင်တို့ကိုယ်တိုင်ကဲ့သို့သော မထိုက်တန်ဆုံး လူတစ်စုအပေါ် အမှုပြုရန် အဘယ်ကြောင့် ရွေးချယ်ပြီးဖြစ်သည်ကို မည်သူမျှ အရေးမစိုက်ကြချေ။ သူသည် ဤအမှုတွင် အမှားတစ်ခု ပြုမိပြီးဖြစ်နိုင်မည်လော။ ဤအမှုသည် ယာယီ သတိမမူမိခြင်း တစ်ခုလော။ သင်တို့က မောဘ၏သားသမီးများ ဖြစ်သည်ကို အမြဲ သိထားပြီးဖြစ်သည့် ဘုရားသခင်သည် သင်တို့အလယ်တွင် အမှုပြုရန် အဘယ်ကြောင့် အတိအကျ ကြွဆင်းလာပြီနည်း။ ဤအရာကို မည်သည့်အခါမျှ သင်တို့ မတွေးကြသလော။ ဘုရားသခင်သည် သူ၏အမှုကို လုပ်ဆောင်နေချိန်တွင် ဤအရာကို လုံး၀ မစဉ်းစားလေသလော။ သူသည် မထီတရီ ပုံစံဖြင့် ပြုမူသလော။ သင်တို့သည် မောဘ၏သားစဉ်မြေးဆက်များ ဖြစ်ကြသည်ကို အစကတည်းက သူမသိခဲ့သလော။ ဤအရာများကို စဉ်းစားရန် သင်တို့ မသိကြသလော။ သင်တို့၏ အယူအဆများ ဘယ်ရောက် သွားကုန်ကြသနည်း။ သင်တို့၏ ကောင်းမွန်သော ထိုအတွေးအခေါ်သည် ပတ်ဝန်းကျင်နှင့် အံ့ချော်လာပြီလော။ သင်တို့၏ လိမ္မာပါးနပ်မှုနှင့် ဉာဏ်ပညာတို့ ဘယ်ရောက် သွားကုန်ကြပြီနည်း။ သင်တို့အနေဖြင့် ထိုသို့သော သေးငယ်သည့် ကိစ္စရပ်များကို အလေးဂရု မပြုကြသည်မှာ သင်တို့၌ သဘောထားကြီးသည့် အမူအရာ တစ်ခု ရှိကြသောကြောင့်လော။ သင်တို့၏ အနာဂတ် မျှော်လင့်ချက်များနှင့် သင်တို့၏ ကိုယ်ပိုင် ကံကြမ္မာကဲ့သို့သော အရာများအဖို့ သင်တို့၏စိတ်သည် အထိခိုက်လွယ်ဆုံး ဖြစ်၏၊ သို့သော်လည်း အခြားမည်သည့်အရာမဆိုနှင့် ပတ်သက် လာသည့်အခါ၊ သင်တို့၏

စိတ်များသည် ထုံထိုင်းကြသည်၊ နံ့အကာ လုံး၀ မသိနားမလည် ဖြစ်ကြ၏။ သင်တို့ မည်သည့်အရာကိုများ ယုံကြည်ကြသနည်း။ သင်တို့၏အနာဂတ် မျှော်လင့်ချက်များကိုလော။ သို့မဟုတ် ဘုရားသခင်ကိုလော။ သင် ယုံကြည်သမျှတိုင်းသည် သင်၏နှစ်သက်ဖွယ်ကောင်းသော ခရီးပန်းတိုင် ဖြစ်သည် မဟုတ်လော။ ယင်းမှာ သင်၏အနာဂတ် မျှော်လင့်ချက်များ ဖြစ်သည် မဟုတ်လော။ အသက်၏ လမ်းခရီးကို သင် ယခု မည်မျှ နားလည်သနည်း။ သင် မည်မျှ ရရှိပြီးပြီနည်း။ မောဘ၏ သားစဉ်မြေးဆက်များအပေါ် ယခုပြုလျက်ရှိသော အမှုသည် သင်တို့ကို အရှက်ရစေရန် ပြုခြင်းဖြစ်သည်ဟု သင်ထင်သလော။ သင်တို့၏ အကျည်းတန်ခြင်းကို ဖော်ထုတ်ရန် ယင်းကို တမင်တကာ လုပ်ဆောင်ခြင်း ဖြစ်သလော။ သင်တို့အား ပြစ်တင်ဆုံးမခြင်းကို လက်ခံစေရန် နှင့် ထို့နောက်တွင် မီးအိုင်ထဲသို့ သင်တို့ကို ပစ်ချရန် ယင်းကို တမင်တကာ လုပ်ဆောင်ခြင်း ဖြစ်သလော။ သင်တို့သည် ဖျက်ဆီးခံရကြမည် သို့မဟုတ် ထာဝရ ပြစ်ဒဏ် ခံစားရကြမည်ကို မဆိုထားနှင့်၊ အနာဂတ် အလားအလာများ သင်တို့ မရှိဟု ငါ လုံး၀ မပြောခဲ့ပေ။ ထိုသို့သော အရာများကို လူသိရှင်ကြား ငါကြေညာပြီး ဖြစ်သလော။ သင်တို့သည် မျှော်လင့်ချက် မရှိဟု ပြောကြသော်လည်း၊ ဤသည်မှာ သင်တို့ မိမိတို့ကိုယ်ကိုယ် ချမှတ်ကြသည့် သုံးသပ်ချက်တစ်ခု ဖြစ်သည် မဟုတ်လော။ ဤသည်မှာ သင်၏ ကိုယ်ပိုင် ပုံသေအတွေးအခေါ်၏ သက်ရောက်မှု မဟုတ်လော။ သင်၏ ကိုယ်ပိုင် သုံးသပ်ချက်သည် အရေးပါသလော။ အကယ်၍ သင်သည် ကောင်းချီးမခံစားရဟု ငါဆိုပါက၊ သင်သည် သေချာပေါက် ဖျက်ဆီးခြင်း ခံရသူ ဖြစ်လိမ့်မည်။ ပြီးလျှင် သင်သည် ကောင်းချီးခံစားရ၏ဟု ငါဆိုပါက၊ သင်သည် တကယ်ကို ဖျက်ဆီးခံရလိမ့်မည် မဟုတ်။ သင်သည် မောဘ၏သားစဉ်မြေးဆက် ဖြစ်သည်ဟုသာ ငါပြောနေခြင်း ဖြစ်သည်။ သင်သည် ဖျက်ဆီးခြင်းခံရလိမ့်မည်ဟု ငါမပြောခဲ့။ မောဘ၏ သားစဉ်မြေးဆက်များသည် ကျိန်ဆဲခံထားရပြီး ဖြစ်သည်သာဖြစ်ပြီး၊ ဖောက်ပြန်ပျက်စီးသော လူသားများထဲမှ အမျိုးအစားတစ်ခု ဖြစ်သည်။ အပြစ်ကို ယခင်က ပြောဆိုထားခဲ့သည်။ သင်တို့အားလုံး အပြစ်နှင့်ပြည့်ကြသည် မဟုတ်လော။ အပြစ်သားများ အားလုံးသည် စာတန်၏ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည် မဟုတ်လော။ အပြစ်သားများ အားလုံးသည် ဘုရားသခင်ကို အာခံပြီး ပုန်ကန်ကြသည် မဟုတ်လော။ ဘုရားသခင်ကို အာခံကြသူများသည် ကျိန်ဆဲခြင်း ခံရကြမည် မဟုတ်လော။ အပြစ်သားများ အားလုံး ဖျက်ဆီးခြင်း ခံရကြမည် မဟုတ်လော။ ထိုသို့ဖြစ်ပါက အသွေးအသား ရှိသော လူတို့ထဲမှ မည်သူသည် ကယ်တင်ခြင်း ခံရနိုင်သနည်း။ သင်တို့သည် ယနေ့ထိ မည်သို့ ရှင်သန်နိုင်ကြပြီနည်း။ သင်တို့သည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်ကြသောကြောင့်၊

တိုး၍ အပျက်သဘောဆောင် လာကြလေပြီ။ သင်တို့သည်လည်း အပြစ်သားများဖြစ်ကြသည့် လူသားများအဖြစ် မှတ်ယူ၍ရသည် မဟုတ်သလော။ သင်တို့သည် ယနေ့အထိ မည်သို့ ကြာရှည်ခံကြလေပြီနည်း။ စုံလင်ခြင်းကို ဖော်ပြသည့်အချိန်တွင်၊ သင်တို့ ပျော်ရွှင်လာကြ၏။ ကြီးမားသော အတိဒုက္ခအား သင်တို့ ကြုံတွေ့ရမည်ကို ကြားပြီးနောက်တွင်၊ ဤအရာက သင်တို့ကို သာ၍ ကောင်းချီးခံစားရစေသည်ဟု သင်တို့ ခံစားမိကြသည်။ အတိဒုက္ခမှ လွတ်လာပြီးသည့်နောက်တွင် သင်သည် အောင်မြင်သော သူတစ်ဦး ဖြစ်လာနိုင်သည့်အပြင်၊ ဤသည်မှာ ဘုရားသခင်၏ ကြီးမားသော ကောင်းချီးမင်္ဂလာနှင့် သင်တို့နှင့်သက်ဆိုင်သည့် သူ၏ ကြီးစွာသော ချီးမြှောက်ခြင်း ဖြစ်သည်ဟု သင်တို့ထင်ကြ၏။ မောဘနှင့်သက်ဆိုင်၍ ဖော်ပြသောအခါ၊ သင်တို့အလယ် အုတ်အော်သောင်းတင်း ဖြစ်ပေါ်၏။ လူကြီးများရော ကလေးများကပါ ပြောမပြနိုင်လောက်သည့် ဝမ်းနည်းမှုကို ခံစားကြရပြီး သင်တို့၏ စိတ်နှလုံးများတွင် ဝမ်းမြောက်မှု လုံးဝမရှိသကဲ့သို့၊ သင်တို့ မွေးဖွားခဲ့ခြင်းကို နောင်တရကြသည်။ မောဘ၏ သားစဉ်မြေးဆက်များ အပေါ် ပြုလျက်ရှိသော အမှု၏ ဤအဆင့်နှင့်ဆိုင်သည့် အရေးပါမှုကို သင်တို့ နားမလည်ကြချေ။ သင်တို့ မြင့်မားသော ရာထူးများကို ရှာဖွေရန်သာ သိကြပြီး၊ မျှော်လင့်ချက်မရှိဟု သင်တို့ တွေးဆမိသည့် အချိန်တိုင်းတွင် သင်တို့ ဒုံရင်းအခြေအနေ ပြန်ရောက်ကြသည်။ စုံလင်ခြင်းနှင့် အနာဂတ် ခရီးပန်းတိုင်တို့ကို ဖော်ပြသောအခါ၊ သင်တို့ ပျော်ရွှင်ကြ၏။ သင်တို့သည် ကောင်းချီးမင်္ဂလာများ ရရှိရန်အလို့ငှာနှင့် ကောင်းမွန်သော ခရီးပန်းတိုင် တစ်ခုကို သင်တို့ ရှိနိုင်ကြဖို့အလို့ငှာ၊ ဘုရားသခင်ကို သင်တို့ ယုံကြည်မှု ထားရှိကြပြီးဖြစ်သည်။ ယခုတွင် လူအချို့သည် ၎င်းတို့၏ အဆင့်အတန်းကြောင့် စိုးရိမ်ကြောင့်ကြမှု ခံစားကြရလေသည်။ ၎င်းတို့သည် နိမ့်ကျသော တန်ဖိုးနှင့် နိမ့်ကျသော အဆင့်အတန်းများ ရှိကြသောကြောင့်၊ ၎င်းတို့သည် စုံလင်စေခြင်းခံရဖို့ ကြိုးစားရန် ဆန္ဒမရှိကြချေ။ ပထမဦးစွာ၊ စုံလင်ခြင်းအကြောင်းကို ပြောဆိုထားခဲ့ပြီးနောက်၊ မောဘ၏သားစဉ်မျိုးဆက်များနှင့် သက်ဆိုင်၍ ဖော်ပြထား၏၊ ထို့ကြောင့် လူတို့သည် ယခင်က ဖော်ပြခဲ့သော စုံလင်ခြင်း လမ်းကြောင်းကို ငြင်းဆိုခဲ့ကြသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် အစမှ အပြီးသတ်သည်အထိ သင်တို့သည် ဤအမှု၏ အရေးပါမှုကို လုံးဝ မသိရှိဖူးကြသကဲ့သို့၊ ယင်း၏အရေးကြီးမှုနှင့်ပတ်သက်၍ သင်တို့ အရေးမစိုက်ကြသောကြောင့် ဖြစ်သည်။ သင်တို့သည် အလွန် သေးနုပ်သည့် ဝိညာဉ်ရင့်ကျက်မှု ရှိပြီး၊ အနည်းငယ်မျှသော အနှောင့်အယှက်ကိုပင် သည်းမခံနိုင်ကြပေ။ သင်တို့၏ ကိုယ်ပိုင် အဆင့်အတန်း အလွန် နိမ့်ကျသည်ကို သင်တို့ မြင်သည့်အခါတွင်၊ သင်တို့သည် အပျက်သဘောဆောင်လာကြပြီး

ဆက်လက် ရှာဖွေဖို့ရန် ယုံကြည်စိတ်ချမှု ပျောက်ဆုံးကြလေသည်။ လူတို့သည် ကျေးဇူးတော်ကို ရရှိခြင်းနှင့် ငြိမ်သက်ခြင်းနှင့်ဆိုင်သော မွေ့လျော်ခံစားခြင်းကို ယုံကြည်ခြင်း၏ သင်္ကေတများအဖြစ်မျှသာ မှတ်ယူကြပြီး၊ ကောင်းချီးမင်္ဂလာများ ရှာဖွေခြင်းအား ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်မှုအတွက် အခြေခံအကြောင်းရင်းအဖြစ် မြင်ကြသည်။ အလွန်နည်းပါးသော လူတို့သည် ဘုရားသခင်ကို သိရှိရန် ကြိုးစားကြသည် သို့မဟုတ် ၎င်းတို့၏စိတ်သဘောထားထဲက ပြောင်းလဲမှုကို ရှာဖွေကြလေသည်။ ၎င်းတို့၏ ယုံကြည်ခြင်းတွင်၊ လူတို့သည် ဘုရားသခင်ကို ၎င်းတို့အား သင့်တော်သည့် ခရီးပန်းတိုင်နှင့် ၎င်းတို့ လိုအပ်သည့် ကျေးဇူးတော်အားလုံးကို ပေးစေရန်၊ သူ့အား ၎င်းတို့၏ အစေခံအဖြစ် ပြုရန်၊ မည်သည့်အချိန်တွင်မဆို ၎င်းတို့အကြားတွင် မည်သည့် ပဋိပက္ခမျှ လုံး၀ မရှိရန်အလို့ငှာ ၎င်းတို့နှင့် ငြိမ်းချမ်းသည့် ရင်းနှီးသော ဆက်ဆံရေးကို ဘုရားသခင်အား ထိန်းသိမ်းစေရန် ကြိုးစားကြလေသည်။ ဆိုလိုသည်မှာ၊ ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်မှုသည် “သင်တို့ဆုတောင်းချက်အားလုံးကို ငါနားညောင်းမည်။” ဟူ၍ သမ္မာကျမ်းစာ၌ ၎င်းတို့ ဖတ်ရှုပြီးဖြစ်သည့် နှုတ်ကပတ်တော်များ နှင့်အညီ၊ ၎င်းတို့၏ လိုအပ်ချက်များ အားလုံးကို ဖြည့်ဆည်းပေးရန်နှင့် ၎င်းတို့ ဆုတောင်းသည့် မည်သည့်အရာကိုမဆို ၎င်းတို့အပေါ် အပ်နှင်းပေးရန် ဘုရားသခင်က ကတိပေးဖို့ကို တောင်းဆိုလေသည်။ ဘုရားသခင်သည် အချိန်တိုင်းနှင့် နေရာတိုင်း၌ လူတို့နှင့် ကောင်းမွန်သော ဆက်ဆံရေးတစ်ခုကို ထိန်းသိမ်းသည့် အမြဲတမ်း သနားကရုဏာနှင့်ပြည့်စုံသော ကယ်တင်ရှင်ယေရှု ဖြစ်သည့်အတွက်၊ ဘုရားသခင်အနေဖြင့် မည်သူကိုမျှ တရားမစီရင်ဖို့ရန် သို့မဟုတ် ကိုင်တွယ်ဖြေရှင်းခြင်း မပြုရန် ၎င်းတို့ မျှော်လင့်ကြလေသည်။ လူတို့ ဘုရားသခင်ကို ယုံကြည်ပုံမှာ ဤသို့ဖြစ်၏- ၎င်းတို့ ပုန်ကန်သည်ဖြစ်စေ၊ နာခံသည်ဖြစ်စေ၊ သူသည် ကျိုးကြောင်းမမြင်ဘဲ အရာရာကို ၎င်းတို့အား ပေးသနားမည်ဟု ယုံကြည်လျက် ၎င်းတို့သည် ဘုရားသခင်ထံ အရှက်မရှိ တောင်းဆိုမှုများသာ ပြုကြလေသည်။ ၎င်းတို့က ဘုရားသခင်သည် မည်သည့်အတိုက်အခံမျှ မရှိဘဲ၊ ၎င်းတို့ကို “ပြန်ဆပ်” ရမည်ဖြစ်သည့်အပြင် နှစ်ဆပေးရမည်ဟု ယုံကြည်လျက်၊ ဘုရားသခင်ထံ အဆက်မပြတ် “အကြွေးကောက်” ကြလေသည်။ ဘုရားသခင်က ၎င်းတို့ထံမှ တစ်ခုတစ်လေ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ သူသည် ၎င်းတို့၏ ကြိုးကိုင်ခြယ်လှယ်ခြင်းကိုသာ ခံရနိုင်ပြီး၊ သူသည် နှစ်ပေါင်းများစွာ ကွယ်ဝှက်ထားပြီးဖြစ်သည့် သူ၏ဉာဏ်ပညာနှင့် ဖြောင့်မတ်သော စိတ်သဘောထားတို့ကို သူ လိုချင်သည့်အခါတိုင်းနှင့် ၎င်းတို့၏ ခွင့်ပြုချက် မရှိဘဲ၊ လူတို့ထံ ထုတ်ဖော်ပြဖို့ မဆိုထားနှင့်၊ သူသည် လူတို့ကို စိတ်ကူးပေါက် ပေါက်သလို ကြိုးကိုင်ခြယ်လှယ်၍ မရနိုင်ဟု ၎င်းတို့

တွေးထင်ကြလေသည်။ ဘုရားသခင်က ယင်းတို့ကို ဖြေလွှတ်ပေးရုံမျှ ဖြေလွှတ်ပေးမည်၊ ထိုသို့ လုပ်ဆောင်ခြင်းကို သူ စိတ်ကုန်သွားမည် မဟုတ်သကဲ့သို့ ဤအရာ အစဉ်အမြဲ ဆက်ဖြစ်လိမ့်မည်ဟု ယုံကြည်လျက်၊ ဘုရားသခင်ထံ ၎င်းတို့၏ အပြစ်များကို ဝန်ခံရုံသက်သက် ဝန်ခံကြလေသည်။ သမ္မာကျမ်းစာထဲ၌ ဘုရားသခင်သည် သူတစ်ပါးကို စေစားခြင်းငှာ လာခြင်းမဟုတ်ဘဲ သူတစ်ပါး၏အစေခံခြင်းငှာ ကြွလာခဲ့သည်ဟု ရေးမှတ်ထားသောကြောင့်၊ သူသည် ၎င်းတို့ကို နာခံရုံသာ နာခံမည်ဖြစ်ပြီး၊ ၎င်းတို့၏ အစေခံဖြစ်ဖို့ ဤနေရာတွင် သူ ရှိခြင်းဖြစ်သည်ဟု ယုံကြည်လျက်၊ ဘုရားသခင်ကို သြဇာပေးကြလေသည်။ သင်တို့သည် ဤနည်းဖြင့် အမြဲ ယုံကြည်ကြပြီး ဖြစ်သည်မဟုတ်လော။ သင်တို့သည် ဘုရားသခင်ထံမှ တစ်စုံတစ်ရာကို မရနိုင်သည့်အခါတိုင်းတွင်၊ ထွက်ပြေးလိုကြသည်။ တစ်စုံတစ်ရာကို သင်တို့ နားမလည်သည့်အခါ၊ တိုး၍ အလွန် မကျေမချမ်း ဖြစ်ကြပြီး သူ့ကို ဆဲရေးခြင်းမျိုးစုံ သံကုန်ဟစ်သည်အထိပင် လုပ်ကြသည်။ သင်တို့သည် ဘုရားသခင် ကိုယ်တော်တိုင်အား သူ၏ ဉာဏ်ပညာနှင့် အံ့သြဖွယ်ရာကို အပြည့်အဝ ထုတ်ဖော်ပြရန် တကယ်ကို အခွင့်ပေးကြလိမ့်မည် မဟုတ်ပေ။ ထိုအစား သင်တို့သည် ယာယီသာယာမှုနှင့် သက်သောင့်သက်သာရှိခြင်းကိုသာ မွေ့လျော် ခံစားလိုကြသည်။ ယခုထိတိုင် ဘုရားသခင်၌ သင်တို့၏ယုံကြည်မှုထဲက သဘောထားသည် တူညီသည့် အိုဟောင်းသော အမြင်များသာ ပါရှိသည်။ အကယ်၍ ဘုရားသခင်သည် ဘုန်းအာနုဘော် စိုးစဉ်းမျှကိုသာ သင်တို့ကို ပြသပါက၊ သင်တို့ မပျော်မရွှင် ဖြစ်လာကြသည်။ ယခု သင်တို့၏ ဝိညာဉ်ရင့်ကျက်မှု မည်မျှ ကြီးမားသည်ကို အတိအကျ သိမြင်ကြပြီလော။ အမှန်တွင် သင်တို့၏အမြင်ဟောင်းများ မပြောင်းလဲသေးသည့်အချိန်၌၊ သင်တို့အားလုံးသည် ဘုရားသခင်ကို သစ္စာစောင့်သိကြသည်ဟု မယူဆကြနှင့်။ သင့်အပေါ် မည်သည့်အရာမျှ မကျရောက်ချိန်တွင်၊ အရာရာသည် ချောချောမောမော ဖြစ်နေသည်ဟု သင်တို့ ယုံကြည်ကြပြီး ဘုရားသခင်ကို သင်တို့၏ ချစ်ခြင်းက မြင့်မားသော အဆင့်တစ်ခုကို ရောက်ရှိသည်။ သေးငယ်သော တစ်စုံတစ်ရာ သင့်အပေါ် ကျရောက်သည့်အခါတွင်၊ သင်သည် မရဏာနိုင်ငံထဲသို့ ကျဆင်း လေတော့သည်။ ဤသည်မှာ ဘုရားသခင်ကို သစ္စာစောင့်သိခြင်း ဖြစ်သလော။

အကယ်၍ သိမ်းပိုက်ခြင်းအမှု၏ နောက်ဆုံးအဆင့်သည် ဣသရေလ ပြည်တွင် စတင်ခဲ့မည်ဆိုပါက၊ ထိုသို့သော သိမ်းပိုက်ခြင်းအမှုသည် အဓိပ္ပာယ်ရှိမည် မဟုတ်ပေ။ အမှုသည် တရုတ်ပြည်၌ လုပ်ဆောင်သည့် အချိန်နှင့် အသင်လူတို့အပေါ် လုပ်ဆောင်သည့်အချိန်တွင် အရေးအပါဆုံး ဖြစ်သည်။ သင်တို့သည် အနိမ့်ကျဆုံးသောလူများ၊

အသေးငယ်ဆုံးသော အဆင့်အတန်း ရှိကြသည့် လူများ ဖြစ်သည်။ သင်တို့သည် ဤလူမှုအဖွဲ့အစည်းထဲတွင် အနိမ့်ဆုံးသော အဆင့်၌ ရှိကြသူများ ဖြစ်ပြီး၊ အစတွင် ဘုရားသခင်ကို အသိအမှတ်ပြုခြင်း အနည်းဆုံးသော သူများ ဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်ထံမှ အဝေးဆုံးသို့ လမ်းလွဲကြပြီးဖြစ်သူများနှင့် အပြင်းထန်ဆုံး အန္တရာယ်ပေးခံရပြီးဖြစ်သည့် လူများ ဖြစ်ကြသည်။ အမှု၏ဤအဆင့်သည် သိမ်းယူခြင်းအတွက်သာ ဖြစ်သောကြောင့်၊ အနာဂတ် သက်သေကို ခံဖို့ ရွေးချယ်ခံရရန်မှာ သင်တို့အတွက် အသင့်လျော်ဆုံး ဖြစ်သည် မဟုတ်လော။ အကယ်၍ သိမ်းပိုက်ခြင်း အမှု၏ ပထမအဆင့်ကို အသင်လူတို့အပေါ် လုပ်ဆောင်ရန် မဟုတ်ခဲ့ပါက နောက်လာမည့် သိမ်းပိုက်ခြင်း အမှုသည် ယနေ့ ဤအမှုကို လုပ်ဆောင်လျက်ရှိခြင်းနှင့်ဆိုင်သည့် အချက်ပေါ် အခြေခံ၍ ရလဒ်များ စွမ်းဆောင်ရရှိလိမ့်မည် ဖြစ်သည့်အတွက်၊ လာမည့် သိမ်းပိုက်ခြင်းအမှုကို တိုးတက်စေရန်မှာ ခက်ခဲလာပေလိမ့်မည်။ လတ်တလော သိမ်းပိုက်ခြင်း အမှုသည် သိမ်းပိုက်ခြင်းအမှု အလုံးစုံ၏ အစသာဖြစ်သည်။ သင်တို့သည် သိမ်းပိုက်ခြင်းခံရမည့် ပထမအသုတ် ဖြစ်သည်၊ သင်တို့သည် သိမ်းပိုက်ခြင်းခံရမည့် လူသားမျိုးနွယ်အားလုံး၏ ကိုယ်စားပြုသူများ ဖြစ်ကြသည်။ အသိပညာကို စစ်မှန်စွာ ပိုင်ဆိုင်သည့်လူများသည် ယနေ့ ဘုရားသခင် လုပ်ဆောင်သော အမှုအားလုံးတို့သည် ကြီးမြတ်ပြီး၊ ဘုရားသခင်သည် လူတို့အား ၎င်းတို့၏ ကိုယ်ပိုင် ပုန်ကန်လိုစိတ်ကို သိရှိစေသည်သာမက၊ ၎င်းတို့၏ အဆင့်အတန်းကိုပါ ထုတ်ဖော်ပြသည်ကို မြင်ကြလိမ့်မည်။ သူ၏ နှုတ်ကပတ်တော်များ၏ ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်တို့မှာ လူတို့ကို စိတ်ပျက်စေရန်မဟုတ်သကဲ့သို့ ၎င်းတို့ကို လဲကျစေရန်လည်း မဟုတ်ပေ။ ယင်းမှာ ၎င်းတို့အတွက် သူ၏နှုတ်ကပတ်တော်များမှတစ်ဆင့် အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် ကယ်တင်ခြင်းကို ရရှိကြဖို့ ဖြစ်သည်။ ယင်းမှာ သူ၏ နှုတ်ကပတ်တော်အားဖြင့် ၎င်းတို့၏ စိတ်ဝိညာဉ်ကို နိုးထစေရန် ဖြစ်သည်။ ကမ္ဘာလောက၏ ဖန်ဆင်းခြင်း အချိန်ကတည်းက၊ လူသည် ဘုရားသခင်တစ်ပါး ရှိသည်ကို သိခြင်းမရှိသကဲ့သို့၊ ယုံကြည်ခြင်းလည်း မရှိဘဲ၊ စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ပြီးဖြစ်သည်။ ဤလူတို့သည် ဘုရားသခင်၏ ကြီးမြတ်သော ကယ်တင်ခြင်း၌ ပါဝင်နိုင်ပြီး ဘုရားသခင်၏ ကြီးစွာသော ချီးမြှောက်ခြင်းခံရနိုင်သည်မှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဧကန်အမှန် ပြသပေသည်။ အမှန်တကယ် နားလည်သူများ အားလုံးသည် ဤအရာကို ယုံကြည်ကြလိမ့်မည်။ ထိုသို့သော အသိပညာ မရှိသူများမှာ အဘယ်သို့ဖြစ်သနည်း။ ၎င်းတို့က၊ “ဟော၊ ကျွန်ုပ်တို့သည် မောဘ၏ သားစဉ်မြေးဆက်များ ဖြစ်ကြသည်ဟု ဘုရားသခင်ပြော၏။ သူသည် ဤအရာကို သူ၏ ကိုယ်ပိုင် စကားများဖြင့် ပြောဆိုခဲ့၏။ ကျွန်ုပ်တို့အနေဖြင့် ရလဒ်ကောင်းကို

ရရှိနိုင်သေးသလော။ ကျွန်ုပ်တို့ကို မောဘ၏သားစဉ်မြေးဆက်များအဖြစ် မည်သူ ဖြစ်စေသနည်း။ မည်သူက ကျွန်ုပ်တို့ကို ဘုရားသခင်အား အတိတ်တွင် အလွန်အမင်း ဆန့်ကျင်စေခဲ့သနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို စီရင်ရန် ကြွလာခဲ့ပေပြီ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အစကတည်းက အမြဲ မည်သို့ တရားစီရင်ပြီးဖြစ်သည်ကို သင်မမြင်သလော။ ဘုရားသခင်ကို ကျွန်ုပ်တို့အာခံကြပြီးဖြစ်သည့်အတွက် ဤသည်မှာ ကျွန်ုပ်တို့ ပြစ်တင်ဆုံးမခြင်း ခံရသင့်သည့်ပုံ ဖြစ်သည်။” ဟု ပြောကြလိမ့်မည်။ ဤစကားများသည် မှန်သလော။ ယနေ့ ဘုရားသခင်သည် သင်တို့ကို တရားစီရင်သည်၊ သင်တို့ကို ပြစ်တင်ဆုံးမပြီး ရှုတ်ချသည်၊ သို့သော် သင်တို့၏ ရှုတ်ချခံရခြင်း ဦးတည်ချက်မှာ သင့်အတွက် မိမိကိုယ်ကိုယ် သိရှိဖို့ ဖြစ်သည်ကို သင်သိရမည်။ သင်သည် မိမိကိုယ်ကိုယ် သိရှိဖို့အလို့ငှာ၊ သင်၏ စိတ်သဘောထား ပြောင်းလဲနိုင်ဖို့အလို့ငှာ၊ ထို့အပြင် သင်သည် သင်၏ တန်ဖိုးကို သိရှိပြီး၊ ဘုရားသခင်၏ လုပ်ရပ်အားလုံးသည် ဖြောင့်မတ်ပြီး သူ၏ စိတ်သဘောထားနှင့် သူ့အမှု၏ သတ်မှတ်ချက်များနှင့် အညီဖြစ်သည်၊ သူသည် လူသား၏ ကယ်တင်ခြင်းအတွက် သူ၏ အစီအစဉ်နှင့်အညီ အမှုပြုသကဲ့သို့၊ သူသည် လူကို ချစ်သည့်၊ ကယ်တင်သည့်၊ တရားစီရင်ပြီး ပြစ်တင်ဆုံးမသည့် ဖြောင့်မတ်သော ဘုရားသခင် ဖြစ်သည်ကို မြင်စေဖို့အလို့ငှာ၊ သူသည် ရှုတ်ချသည်၊ ကျိန်ဆိုသည်၊ တရားစီရင်ပြီး ပြစ်တင်ဆုံးမလေသည်။ အကယ်၍ သင်သည် နိမ့်ကျသော အဆင့်အတန်း ရှိကြောင်း၊ သင်သည် ဖောက်ပြန်ပျက်စီးကာ မနာခံတတ် ကြောင်းကိုသာလျှင် သင် သိသော်လည်း၊ ယနေ့ သင့်အထဲတွင် သူပြုသည့် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့မှတစ်ဆင့် ဘုရားသခင်သည် သူ၏ကယ်တင်ခြင်းကို ပေါ်လွင်ထင်ရှားစေရန် ဆန္ဒရှိသည်ကို သင် မသိပါက၊ သင်သည် ရှေ့ဆက်နိုင်စွမ်း ရှိဖို့ရန် မဆိုထားနှင့်၊ အတွေ့အကြုံ ရရှိဖို့နည်းလမ်းလည်း ရှိမည်မဟုတ်ပေ။ ဘုရားသခင်သည် သတ်ဖြတ်ရန်၊ သို့မဟုတ် ဖျက်ဆီးရန် ကြွလာခြင်း မဟုတ်ဘဲ၊ တရားစီရင်ရန်၊ ကျိန်ဆိုရန်၊ ပြစ်တင်ဆုံးမရန်နှင့် ကယ်တင်ရန် ကြွလာခြင်းဖြစ်သည်။ သူ၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ် အဆုံးမသတ်မီ- လူ အတန်းအစား အသီးသီး၏ အဆုံးသတ်ကို သူ ထုတ်ဖော်မပြမီတွင်- ကမ္ဘာပေါ် ရှိ ဘုရားသခင်၏အမှုသည် ကယ်တင်ခြင်းအတွက် ဖြစ်လိမ့်မည်။ ယင်း၏ ရည်ရွယ်ချက်မှာ သူ့ကိုချစ်သော သူများကို စုံလင်စေရန်- လုံးလုံးလျားလျား ထိုသို့ဖြစ်စေရန်- သက်သက် ဖြစ်ပြီး၊ သူ၏အုပ်စိုးမှုအောက် ကျိုးနွံနာခံခြင်းအဖြစ်သို့ ဆောင်ကြဉ်းရန် ဖြစ်သည်။ ဘုရားသခင်က လူတို့ကို မည်သို့ ကယ်တင်သည်ဖြစ်စေ၊ ယင်းကို ၎င်းတို့အား ၎င်းတို့၏ အိုဟောင်းသော ဆိုးယုတ်သည့် သဘောသဘာဝမှ လွတ်မြောက်စေခြင်းအားဖြင့်သာ လုပ်ဆောင်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ

၎င်းတို့အား အသက်ကို ရှာဖွေစေခြင်းဖြင့် သူက ၎င်းတို့ကို ကယ်တင်ခြင်း ဖြစ်သည်။ အကယ်၍ ၎င်းတို့သည် ထိုသို့ မလုပ်ဆောင်ကြပါက၊ ဘုရားသခင်၏ ကယ်တင်ခြင်းကို လက်ခံနိုင်ကြလိမ့်မည် မဟုတ်ပေ။ ကယ်တင်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်၏ အမှုဖြစ်ပြီး၊ အသက်ကို ရှာဖွေခြင်းသည် ကယ်တင်ခြင်းကို လက်ခံရန်အလို့ငှာ လူသားက ဆောင်ရွက်ရမည့် အရာတစ်ခု ဖြစ်သည်။ လူ၏အမြင်တွင်၊ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ဖြစ်ပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ပြစ်တင်ဆုံးမခြင်း၊ တရားစီရင်ခြင်းနှင့် ကျိန်ဆိုခြင်းတို့ မဖြစ်နိုင်ပေ။ ကယ်တင်ခြင်းသည် ချစ်ခြင်းမေတ္တာ၊ သနားကရုဏာ၊ ထို့အပြင် စိတ်သက်သာမှုပေးသည့် နှုတ်ကပတ်တော်များအပြင် ဘုရားသခင် အပ်နှင်းသည့် အကန့်အသတ်မဲ့ ကောင်းချီးမင်္ဂလာများ ပါဝင်ရမည် ဖြစ်သည်။ ဘုရားသခင်က လူကို ကယ်တင်သည့်အခါတွင် ၎င်းတို့အနေဖြင့် မိမိတို့၏ စိတ်နှလုံးများကို ဘုရားသခင်အား ပေးနိုင်ကြဖို့အလို့ငှာ၊ ၎င်းတို့ကို ကောင်းချီးမင်္ဂလာများနှင့် ကျေးဇူးတော်တို့ဖြင့် တို့ထိခြင်းအားဖြင့် ထိုသို့လုပ်ဆောင်သည်ဟု လူတို့က ယုံကြည်ကြသည်။ ယင်းမှာ လူအား သူ၏တို့ထိခြင်းသည် ၎င်းတို့အား သူ၏ ကယ်တင်ခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ ဤကယ်တင်ခြင်းမျိုးကို အပေးအယူ ပြုလုပ်ခြင်းအားဖြင့် လုပ်ဆောင်ထားခြင်း ဖြစ်သည်။ ဘုရားသခင်က ၎င်းတို့ကို အဆတစ်ရာ ပေးသနားသောအခါမှသာ လူသည် ဘုရားသခင်၏ နာမရှေ့မှောက်သို့ ကျိုးနွံနာခံလာလိမ့်မည်ဖြစ်ပြီး သူ့အတွက် ကောင်းစွာကြိုးပမ်း လုပ်ဆောင်ကာ သူ့ထံ ဘုန်းအသရေ ဆောင်ကြဉ်းမည် ဖြစ်သည်။ ဤသည်မှာ လူသားမျိုးနွယ်အတွက် ဘုရားသခင် ရည်ရွယ်သည့်အရာ မဟုတ်ပေ။ ဘုရားသည် ဖောက်ပြန်ပျက်စီးနေသော လူသားမျိုးနွယ်ကို ကယ်တင်ဖို့အလို့ငှာ ကမ္ဘာမြေပေါ်သို့ အမှုပြုရန်ကြွလာပြီဖြစ်သည်။ ဤအရာတွင် မုသားမပါပေ။ မုသား ပါရှိခဲ့ပါက၊ သူသည် သူ၏အမှုကို ပြုရန် ကိုယ်တိုင် သေချာပေါက် ကြွလာမည် မဟုတ်ပေ။ အတိတ်တွင် သူ၏ ကယ်တင်ခြင်းနည်းလမ်းတွင် အဆုံးစွန်သော ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာကို ပြသခြင်း ပါဝင်ခဲ့သည်မှာ သူသည် လူသားမျိုးနွယ် တစ်ရပ်လုံးအတွက် အလဲအလှယ်အနေဖြင့် သူ၏ အရာအားလုံးကို စာတန်အား ပေးအပ်ခဲ့သည်အထိ ဖြစ်သည်။ လက်ရှိသည် အတိတ်နှင့် မည်သို့မျှ မတူပေ။ ယနေ့ သင်တို့အပေါ် အပ်နှင်းသော ကယ်တင်ခြင်းသည် အသီးသီးကို အမျိုးအစားအလိုက် ခွဲခြားခြင်း အတောအတွင်းဖြစ်သည့် နောက်ဆုံးသောကာလနှင့်ဆိုင်သည့် အချိန်ကာလတွင် ဖြစ်ပေါ်ပေသည်။ သင်တို့၏ ကယ်တင်ခြင်း နည်းလမ်းမှာ ချစ်ခြင်းမေတ္တာ၊ သို့မဟုတ် သနားခြင်းကရုဏာ မဟုတ်ဘဲ၊ လူသားအနေဖြင့် ပို၍စေ့စေ့စပ်စပ်

ကယ်တင်ခံရနိုင်စေရန်အလို့ငှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် သင်တို့ရရှိသမျှအားလုံးသည် ပြစ်တင်ဆုံးမခြင်း၊ တရားစီရင်ခြင်းနှင့် မညှာမတာ ရိုက်နှက်ခြင်းတို့ ဖြစ်သော်လည်း၊ ဤအရာကို သိကြလော့- ဤသနားအကြင်နာမဲ့သော ရိုက်နှက်ခြင်းတွင် အပြစ်ဒဏ်ပေးခြင်း စိုးစဉ်းမျှ မပါပေ။ ငါ၏ နှုတ်ကပတ်တော်များ မည်မျှ ကြမ်းတမ်းသည်ဖြစ်စေ၊ သင်တို့အပေါ် ကျရောက်သည့်အရာမှာ သင်တို့အဖို့ လုံးဝ အကြင်နာမဲ့ပုံပေါ်သည့် နှုတ်ကပတ်တော် အနည်းငယ်သာ ဖြစ်ပြီး၊ ငါ မည်မျှ ဒေါသထွက်မည်ဖြစ်စေ၊ သင်တို့အပေါ်သို့ ကျရောက်သည်မှာ သွန်သင်ခြင်း နှုတ်ကပတ်တော်များ ဖြစ်နေဆဲဖြစ်သည်၊ ပြီးလျှင် ငါသည် သင်တို့ကို ထိခိုက်နစ်နာစေရန် သို့မဟုတ် သေခြင်းသို့ ရောက်စေရန် မရည်ရွယ်ပေ။ ဤသည်မှာ အမှန်တရားချည်းသာ မဟုတ်လော။ ယခုခေတ်တွင် ဖြောင့်မတ်သည့် တရားစီရင်မှုဖြစ်စေ၊ အကြင်နာကင်းမဲ့သည့် စစ်ဆေးခြင်းနှင့် ပြစ်တင်ဆုံးမခြင်းဖြစ်စေ အရာအားလုံးသည် ကယ်တင်ခြင်းအတွက် ဖြစ်သည်ကို သိမှတ်လော့။ ယနေ့ အသီးသီးကို အမျိုးအစားအလိုက် အုပ်စုခွဲခြားသည်ဖြစ်စေ၊ သို့မဟုတ် လူအမျိုးအစားများကို ချပြသည်ဖြစ်စေ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုအားလုံးတို့၏ ရည်ရွယ်ချက်သည် ဘုရားသခင်ကို အမှန်တကယ် ချစ်ကြသူများကို ကယ်တင်ရန် ဖြစ်သည်။ ဖြောင့်မတ်သည့် တရားစီရင်ခြင်းကို လူသားအား သန့်စင်ရန် ဆောင်ကြဉ်းခြင်း ဖြစ်သည်၊ အကြင်နာကင်းမဲ့သည့် စစ်ဆေးခြင်းကို ၎င်းတို့အား သန့်ရှင်းစေရန် လုပ်ဆောင်ခြင်း ဖြစ်သည်။ ကြမ်းတမ်းသောစကားများ၊ သို့မဟုတ် ပြစ်တင်ဆုံးမခြင်းတို့ကို သန့်စင်စေရန် လုပ်ဆောင်ခြင်းဖြစ်ပြီး ကယ်တင်ခြင်းအတွက် ဖြစ်သည်။ ထို့ကြောင့် ယနေ့ကယ်တင်ခြင်း၏ နည်းစနစ်သည် အတိတ်၏ နည်းစနစ်နှင့် မတူပေ။ ယနေ့တွင် ဖြောင့်မတ်သည့် တရားစီရင်ခြင်းမှတစ်ဆင့် သင်တို့ထံသို့ ကယ်တင်ခြင်းကို ဆောင်ကြဉ်းခြင်း ဖြစ်ပြီး၊ ဤသည်မှာ သင်တို့ အသီးသီးကို အမျိုးအစားအလိုက် ခွဲခြားခြင်းအတွက် ကောင်းမွန်သော တန်ဆာပလာတစ်ခု ဖြစ်သည်။ ထို့အပြင်၊ ရက်စက်သော ပြစ်တင်ဆုံးမခြင်းသည် သင်တို့၏ အဆုံးစွန် ကယ်တင်ခြင်းအဖြစ် အသုံးတော်ခံပြီး- ထိုသို့သော ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို ရင်ဆိုင်ရာတွင် သင်တို့သည် အဘယ်ပြောစရာ ရှိသနည်း။ သင်တို့သည် ကယ်တင်ခြင်းကို အစမှ အဆုံးတိုင် အမြဲ မွေ့လျော်ခံစားကြပြီး ဖြစ်သည် မဟုတ်လော။ သင်တို့သည် လူ့ဇာတိခံ ဘုရားသခင်ကို မြင်ကြပြီး ဖြစ်သကဲ့သို့ သူ၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းနှင့် ဉာဏ်ပညာတို့ကို သဘောပေါက်ကြပြီး ဖြစ်သည်။ ထို့အပြင်၊ ထပ်တလဲလဲ ရိုက်နှက်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို သင်တို့ တွေ့ကြုံကြရပြီး ဖြစ်သည်။ သို့သော် သင်တို့သည် အမြင့်ဆုံးသော

ကျေးဇူးတော်ကိုလည်း ရရှိကြပြီး ဖြစ်သည် မဟုတ်လော။ သင်တို့၏ ကောင်းချီးမင်္ဂလာများသည် အခြားမည်သူမဆို၏ ကောင်းချီးမင်္ဂလာများထက် ပို၍ ကြီးမားသည် မဟုတ်သလော။ သင်တို့၏ ကျေးဇူးတော်များသည် ရှောလမုန်မင်းကြီး စံစားခဲ့ရသည့် ဘုန်းအသရေနှင့် ကြွယ်ဝမှုများထက် ပို၍ အလျှံပယ်ဖြစ်သည် မဟုတ်လော။ စဉ်းစားကြည့်ကြလော့- ကြွလာရာတွင် ငါ၏ ရည်ရွယ်ချက်သည် သင်တို့ကို ကယ်တင်ဖို့ထက် ရှုတ်ချရန်နှင့် အပြစ်ပေးရန်ဖြစ်ပါက၊ သင်တို့၏နေ့ရက်များသည် အလွန် ကြာရှည်နိုင်ခဲ့မည်လော။ အသွေးအသား ရှိသည့် အပြစ်နှင့်ပြည့်သော သင်တို့သည် ယနေ့ထိတိုင် ရှင်သန်နိုင်ခဲ့မည်လော။ အကယ်၍ ငါ၏ ရည်မှန်းချက်သည် သင်တို့ကို အပြစ်ပေးရုံမျှ ပေးရန်သာဖြစ်ခဲ့ပါက၊ ငါသည် အဘယ့်ကြောင့် လူ့ဇာတိကိုခံယူပြီး ထိုသို့သော ကြီးမားသည့် လုပ်ငန်းတစ်ခုနှင့်ပတ်သက်၍ စတင်ခဲ့မည်နည်း။ သေမျိုးမျှသာဖြစ်သော သင်တို့အား အပြစ်ပေးခြင်းသည် စကားတစ်ခွန်းကို မြွက်ဆိုခြင်းမျှအားဖြင့် လုပ်ဆောင်နိုင်သည်မဟုတ်လော။ ငါသည် သင်တို့ကို တမင်သက်သက် ရှုတ်ချပြီးနောက် သင်တို့ကို ဖျက်ဆီးရန် လိုလိမ့်ဦးမည်လော။ ငါ၏ ဤနှုတ်ကပတ်တော်များကို သင်တို့ မယုံကြည်ကြသေးသလော။ ငါသည် ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာမှတစ်ဆင့်သာ လူကို ကယ်တင်နိုင်မည်လော။ သို့တည်းမဟုတ် လူကို ကယ်တင်ရန် ကားစင်တင်ခံရခြင်းကို ငါ အသုံးပြုနိုင်မည်လော။ ငါ၏ဖြောင့်မတ်သောစိတ်သဘောထားသည် လူကို လုံးဝ နာခံလာစေရန် ပို၍ ထောက်ကူသည် မဟုတ်လော။ ယင်းသည် လူကို သာ၍ ကယ်တင်နိုင်စွမ်း ရှိသည် မဟုတ်လော။

ငါ၏နှုတ်ကပတ်တော်များသည် ခက်ထန်ကောင်း ခက်ထန်နိုင်သော်လည်း၊ ငါသည် နှုတ်ကပတ်တော်များကိုသာ ပြောဆိုနေပြီး လူသား၏ ခန္ဓာကို အပြစ်ပေးနေခြင်း မဟုတ်သည်နှင့်အမျှ၊ ထိုအရာအားလုံးကို လူ၏ ကယ်တင်ခြင်းအတွက်သာ မြွက်ဆိုထားခြင်း ဖြစ်သည်။ ဤနှုတ်ကပတ်တော်များသည် လူသားကား အလင်းထဲတွင် အသက်ရှင်စေသည်၊ အလင်းတည်ရှိသည်ကို သိစေသည်၊ အလင်း တန်ဖိုးရှိသည်ကို သိစေပြီး၊ ထို့ထက်ပင်မက ဤနှုတ်ကပတ်တော်များသည် ၎င်းတို့အဖို့ မည်သို့ အကျိုးပြုသည်ကို သိရှိစေသည့်အပြင်၊ ဘုရားသခင်သည် ကယ်တင်ခြင်း ဖြစ်သည်ကို သိစေသည်။ ငါသည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းဆိုင်ရာ နှုတ်ကပတ်တော်များစွာကို မြွက်ဆိုပြီးဖြစ်သော်လည်း၊ ထိုအရာများက ကိုယ်စားပြုသည့်အရာကို သင်တို့ထံ ဧကန်အမှန် မလုပ်ဆောင်ရသေးပေ။ ငါသည် ငါ၏အမှုကို လုပ်ဆောင်ရန်နှင့် ငါ၏နှုတ်ကပတ်တော်များကို ပြောဆိုရန် ကြွလာပြီဖြစ်သည်၊ ငါ၏နှုတ်ကပတ်တော်များသည် ခက်ထန်ကောင်း ခက်ထန်နိုင်သော်လည်း၊ ယင်းတို့ကို

သင်တို့၏ ဖောက်ပြန်ပျက်စီးမှုနှင့် သင်တို့၏ ပုန်ကန်မှုတို့ကို တရားစီရင်ရာတွင် ပြောဆိုထားခြင်းဖြစ်၏။ ဤအရာကို ငါ လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်သည် စာတန်၏ အုပ်စိုးမှုမှ လူကို ကယ်တင်ရန်ဖြစ်နေဆဲ ဖြစ်သည်။ ငါသည် လူကို ကယ်တင်ရန် ငါ၏နှုတ်ကပတ်တော်များကို အသုံးပြုနေသည်။ ငါ၏ရည်ရွယ်ချက်မှာ လူကို ငါ၏နှုတ်ကပတ်တော်တို့ဖြင့် ထိခိုက် နစ်နာစေရန် မဟုတ်။ ငါ၏ နှုတ်ကပတ်တော်များသည် ငါ၏အမှု၌ ရလဒ်များ ရရှိဖို့အလို့ငှာ ခက်ထန်ပေသည်။ ထိုသို့သော အမှုမှတစ်ဆင့်သာ လူသည် မိမိတို့ကိုယ်ကိုယ် သိရှိလာနိုင်ပြီး ၎င်းတို့၏ ပုန်ကန်တတ်သည့် စိတ်နေသဘောထားမှ လွတ်မြောက်နိုင်ပေသည်။ နှုတ်ကပတ်တော်များ၏ အမှုနှင့်ဆိုင်သည့် အကြီးမားဆုံးသော အရေးပါမှုမှာ လူတို့ကို သမ္မာတရားအား နားလည်ပြီးနောက် လက်တွေ့လုပ်ဆောင်ခွင့်ပေးခြင်း၊ ၎င်းတို့၏ စိတ်နေသဘောထားတွင် ပြောင်းလဲမှုများ ရရှိခွင့်ပေးခြင်းနှင့် မိမိတို့ကိုယ်တိုင်နှင့် ဘုရားသခင်၏ အမှုနှင့်သက်ဆိုင်သည့် အသိပညာကို ရရှိခွင့်ပေးခြင်းတို့ ဖြစ်သည်။ နှုတ်ကပတ်တော်များကို ပြောဆိုခြင်းအားဖြင့် အမှုကို လုပ်ဆောင်ခြင်းသည်သာ ဘုရားသခင်နှင့် လူသားအကြား ဆက်သွယ်မှုကို ဖြစ်စေနိုင်ပြီး၊ နှုတ်ကပတ်တော်များသည်သာ သမ္မာတရားကို ရှင်းပြနိုင်သည်။ ဤနည်းလမ်းဖြင့် အလုပ်လုပ်ခြင်းသည် လူကို သိမ်းပိုက်ခြင်းနှင့်ဆိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ နှုတ်ကပတ်တော်များ၏ မိန့်မြွက်ချက်မှလွဲ၍ အခြားမည်သည့်နည်းစနစ်ကမျှ သမ္မာတရား၊ ဘုရားသခင်၏အမှုနှင့်ပတ်သက်သော သာ၍ ရှင်းလင်းသည့် သိနားလည်မှုကို လူတို့ကို ပေးနိုင်စွမ်း မရှိပေ။ ထို့ကြောင့် သူ့အမှု၏ နောက်ဆုံးအဆင့်တွင် လူတို့ကို ဘုရားသခင်ထံမှ စစ်မှန်သော လမ်းခရီးနှင့် အသက်ကို ရရှိခွင့်ပေးလျက်၊ ထိုသို့ဖြင့် သူ၏ အလိုကို ဖြည့်ဆည်းရင်း၊ ဘုရားသခင်သည် ၎င်းတို့ နားမလည်သေးသည့် သမ္မာတရားများနှင့် နက်နဲမှုများအားလုံးကို ဖွင့်ပြရန်အလို့ငှာ လူကို စကားပြောဆိုလေသည်။ လူသားအပေါ် ဘုရားသခင့်အမှု၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏အလိုကို ၎င်းတို့အား ဖြည့်ဆည်းနိုင်စေရန်ဖြစ်ပြီး ယင်းကို ၎င်းတို့ထံ ကယ်တင်ခြင်း ဆောင်ကြဉ်းဖို့ လုပ်ဆောင်ခြင်း ဖြစ်သည်။ ထို့ကြောင့် လူသားနှင့်ဆိုင်သည့် သူ၏ကယ်တင်ခြင်း အချိန်ကာလအတွင်းတွင်၊ သူသည် ၎င်းတို့အား အပြစ်ပေးခြင်းအမှုကို မလုပ်ဆောင်ပေ။ လူသားထံ ကယ်တင်ခြင်းကို ဆောင်ကြဉ်းနေစဉ်တွင်၊ ဘုရားသခင်သည် ဆိုးယုတ်သူများကိုလည်း အပြစ်မပေးသကဲ့သို့ ကောင်းသောသူများကို ဆုမချီးမြှင့်ဘဲ လူအမျိုးမျိုးတို့၏ ခရီးပန်းတိုင်များကိုလည်း ထုတ်ဖော်မပြပေ။ ထို့ထက်၊ သူ့အမှု၏ နောက်ဆုံးအဆင့် ပြီးစီးသည့်နောက်တွင်သာ ဆိုးယုတ်သူများကို အပြစ်ပေးခြင်းနှင့် ကောင်းသောသူများကို ဆုချီးမြှင့်ခြင်း အမှုကို

သူလုပ်ဆောင်လိမ့်မည် ဖြစ်ပြီး၊ ထိုအခါမှသာ မတူကွဲပြားသော လူအမျိုးအစားအားလုံး၏ အဆုံးသတ်များကို သူထုတ်ဖော်ပြလိမ့်မည်။ အပြစ်ပေးခံရသူများသည် အမှန်တကယ် ကယ်တင်၍မရနိုင်သူများ ဖြစ်ကြလိမ့်မည် ဖြစ်သော်လည်း၊ ကယ်တင်ခြင်းခံရသူများသည် လူသားနှင့်ဆိုင်သည့် သူ၏ ကယ်တင်ခြင်း အချိန်ကာလအတွင်း ဘုရားသခင်၏ ကယ်တင်ခြင်းကို ရရှိပြီးသူများ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်၏ ကယ်တင်ခြင်းအမှုကို ပြုနေစဉ်တွင် ကယ်တင်ခံရနိုင်သည့် လူတစ်ဦးစီတိုင်းသည် ဖြစ်နိုင်သမျှ ကယ်တင်ခံရလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင့်အမှု၏ ရည်ရွယ်ချက်မှာ လူကို ကယ်တင်ရန် ဖြစ်သည့်အတွက် ၎င်းတို့ထဲမှ မည်သူမျှ စွန့်ပစ်ခံရလိမ့်မည်မဟုတ်။ လူသားနှင့်ဆိုင်သည့် ဘုရားသခင်၏ ကယ်တင်ခြင်း အချိန်ကာလအတွင်း၊ ၎င်းတို့၏ စိတ်သဘောထား၌ ပြောင်းလဲမှုတစ်ခု မစွမ်းဆောင် မရရှိနိုင်ကြသူအားလုံး အပြင်— ဘုရားသခင်ထံ လုံးဝ ကျိုးနွံနာခံခြင်း မရှိနိုင်သူအားလုံးတို့သည်— အပြစ်ပေးခြင်း ခံရသူများ ဖြစ်လာကြလိမ့်မည်။ ၎င်းတို့အနေဖြင့် ဘုရားသခင်၏ အလိုနှင့် ၎င်းတို့နှင့်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များကို သိနားလည်နိုင်ဖို့အလို့ငှာ၊ ပြီးလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ပြီး ၎င်းတို့၏ စိတ်သဘောထားတွင် ပြောင်းလဲမှုများ စွမ်းဆောင်ရရှိဖို့ မရှိမဖြစ် ထားရှိရမည့် လိုအပ်ချက်များ ရှိနိုင်ကြဖို့အလို့ငှာ၊ အမှု၏ ဤအဆင့်- နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အမှုသည်- လူသားတို့ နားမလည်သည့် နည်းလမ်းများနှင့် နက်နဲမှုများအားလုံးကို ၎င်းတို့အတွက် ဖွင့်ပြလိမ့်မည် ဖြစ်သည်။ ဘုရားသခင်သည် သူ၏အမှုကို ပြုရန် နှုတ်ကပတ်တော်များကိုသာ အသုံးပြုပြီး၊ အနည်းငယ် ပုန်ကန်တတ်ခြင်းအတွက် လူတို့ကို အပြစ်မပေးပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ယခုအချိန်သည် ကယ်တင်ခြင်းအမှု၏ အချိန်ကာလ ဖြစ်သောကြောင့် ဖြစ်သည်။ အကယ်၍ ပုန်ကန်လျက် ပြုမူသောသူ မည်သူမဆိုကို အပြစ်ပေးမည်ဆိုပါက၊ မည်သူမျှ ကယ်တင်ခံ ရရန် အခွင့်အရေးရှိကြမည် မဟုတ်ပေ။ အယောက်တိုင်းသည် အပြစ်ပေးခံရမည် ဖြစ်ပြီး မရဏာနိုင်ငံသို့ ကျဆင်းကြရမည် ဖြစ်သည်။ လူကို တရားစီရင်သည့် နှုတ်ကပတ်တော်များ၏ ရည်ရွယ်ချက်မှာ ၎င်းတို့အား မိမိတို့ကိုယ်ကိုယ် သိရှိခွင့်ပေးရန်နှင့် ဘုရားသခင်ကို ကျိုးနွံနာခံခွင့် ပေးရန် ဖြစ်သည်။ ယင်းမှာ ထိုသို့သော တရားစီရင်ခြင်းဖြင့် ၎င်းတို့ကို အပြစ်ပေးရန် မဟုတ်ပေ။ နှုတ်ကပတ်တော်များ၏ အမှုနှင့်ဆိုင်သည့် အချိန်ကာလအတွင်းတွင်၊ များစွာသောလူတို့သည် ၎င်းတို့၏ ပုန်ကန်မှုနှင့် အာခံမှုအပြင် လူ့ဇာတိခံ ဘုရားသခင်အပေါ် ၎င်းတို့၏ မနာခံမှုကို ဖော်ထုတ်ကြလိမ့်မည် ဖြစ်သည်။ သို့သော်လည်း သူသည် ဤလူအားလုံးကို အကျိုးဆက်အနေဖြင့် အပြစ်ပေးလိမ့်မည် မဟုတ်ဘဲ၊ ယင်းအစား

ရိုးတွင်းခြင်ဆီအထိ ဖောက်ပြန်ပျက်စီးသော သူများနှင့် ကယ်တင်မခံရနိုင်သူများကိုသာ ဘေးဖယ်ထားလိမ့်မည်။ သူသည် ၎င်းတို့၏ ဇာတိခန္ဓာများကို စာတန်အား ပေးပစ်လိမ့်မည်ဖြစ်ပြီး အချို့အခြေအနေများတွင် ၎င်းတို့၏ဇာတိခန္ဓာကို အဆုံးသတ်ပစ်လိမ့်မည်။ ကျန်ရှိသောသူများသည် ပြစ်တင်ဆုံးမခြင်းနှင့် ပြုပြင်ခြင်းတို့ကို ဆက်လက် လိုက်လျှောက်ကာ ကြုံတွေ့ကြရလိမ့်မည်။ အကယ်၍ လိုက်လျှောက်နေစဉ်တွင် ဤလူများသည် ပြစ်တင်ဆုံးမခြင်းနှင့် ပြုပြင်ခြင်းတို့ကို လက်မခံနိုင်သေးသကဲ့သို့ ပို၍ပို၍ ဆုတ်ယုတ်လာကြပါက၊ ၎င်းတို့သည် ၎င်းတို့၏ ကယ်တင်ခြင်း အခွင့်အရေးကို ဆုံးရှုံးကြလိမ့်မည်။ နှုတ်ကပတ်တော်များအားဖြင့် သိမ်းပိုက်ခံရခြင်းကို ကျိုးနွံနာခံပြီးဖြစ်သည့် လူအသီးသီးသည် ကယ်တင်ခြင်းအတွက် လုံလောက်သော အခွင့်အရေးကို ရရှိကြလိမ့်မည်။ ဤလူများထဲမှ အသီးသီးနှင့်ဆိုင်သည့် ဘုရားသခင်၏ကယ်တင်ခြင်းသည် သူ၏အစွမ်းကုန် သက်ညှာမှုကို ပြသလိမ့်မည်။ တစ်နည်းအားဖြင့်၊ ၎င်းတို့သည် အစွမ်းကုန် သည်းခံပေးမှု ပြသခံရကြလိမ့်မည်။ လူတို့သည် လမ်းမှားကို ကျောခိုင်းနေကြသရွေ့ ပြီးလျှင် ၎င်းတို့ နောင်တရနိုင်သရွေ့ ဘုရားသခင်သည် သူ၏ကယ်တင်ခြင်းကိုရရှိရန် အခွင့်အရေးများအား ၎င်းတို့ကို ပေးလိမ့်မည်။ လူသားများက ဘုရားသခင်ကို ပထမဦးဆုံး ပုန်ကန်ကြချိန်တွင်၊ ၎င်းတို့ကို သေခြင်းသို့ပို့ရန် ဘုရားသခင် ဆန္ဒမရှိပေ။ ထို့ထက်၊ ၎င်းတို့ကို ကယ်တင်ရန် သူတတ်နိုင်သမျှအားလုံး လုပ်ဆောင်ခဲ့သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ကယ်တင်ခြင်းအတွက် အမှန်တကယ် အခွင့်အရေး မရှိပါက၊ ဘုရားသခင်သည် ၎င်းတို့ကို ဘေးဖယ်ထားလိမ့်မည် ဖြစ်သည်။ လူအချို့ကို ဘုရားသခင်က အပြစ်ပေးရန် နှေးရသည့် အကြောင်းရင်းမှာ သူသည် ကယ်တင်၍ ရနိုင်သူတိုင်းကို ကယ်တင်လိုသောကြောင့် ဖြစ်သည်။ သူသည် လူတို့ကို နှုတ်ကပတ်တော်များဖြင့်သာ တရားစီရင်သည်၊ အသိဉာဏ်ပွင့်လင်းစေပြီး၊ လမ်းပြကာ၊ ၎င်းတို့ကို သေခြင်းသို့ပို့ရန် လှံတံကို အသုံးမပြုပေ။ လူသားများထံ ကယ်တင်ခြင်း ဆောင်ကြဉ်းဖို့ နှုတ်ကပတ်တော်များကို အသုံးပြုခြင်းသည် အမှု၏ နောက်ဆုံးအဆင့်နှင့်ဆိုင်သော ရည်ရွယ်ချက်နှင့် အရေးပါမှု ဖြစ်သည်။

## မိမိ၏ အယူအဆများထဲ၌ ဘုရားသခင်ကို ဘောင်ခတ်ထားသော လူသားသည် ဘုရားသခင်၏ ဗျာဒိတ်တော်များကို မည်သို့ လက်ခံရရှိနိုင်မည်နည်း

ဘုရားသခင်၏အမှုသည် အစဉ် ရှေ့ဆက်လျက်ရှိပြီး၊ သူ၏အမှု ရည်ရွယ်ချက် မပြောင်းလဲသော်လည်း၊ သူအမှုပြုသည့် နည်းစနစ်များ စဉ်ဆက်မပြတ် ပြောင်းလဲလျက်ရှိသည်၊ ယင်းမှာ ဘုရားသခင်နောက် လိုက်လျှောက်သူများသည်လည်း စဉ်ဆက်မပြတ် ပြောင်းလဲလျက် ရှိသည်ဟု ဆိုလိုပေသည်။ ဘုရားသခင် အမှုပြုလေလေ၊ ဘုရားသခင်နှင့်သက်ဆိုင်သော လူသား၏ အသိပညာသည် စေ့စပ်သေချာလေလေဖြစ်သည်။ ဘုရားသခင်၏ အမှုနောက်ပိုင်းတွင် လူ၏ စိတ်သဘောထားထဲ၌လည်း အလားတူ လိုက်လျောညီထွေသော အပြောင်းအလဲများ ဖြစ်ပေါ်လေသည်။ သို့ရာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မသိသောသူများနှင့် သမ္မာတရားကို မသိသော အဓိပ္ပာယ်မရှိသည့် လူတို့သည် ဘုရားသခင်ကို စတင်ခုခံကြသည်မှာ ဘုရားသခင်၏ အမှုက အစဉ်ပြောင်းလဲနေခြင်းကြောင့် ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် အမြဲ သစ်လွင်ကာ မည်သည့်အခါမျှ အိုဟောင်းမသွားသကဲ့သို့ အမှုဟောင်းကို မည်သည့်အခါတွင်မျှ သူ ထပ်မံမလုပ်ဆောင်ဘဲ၊ ယင်းထက် ယခင်က လုံးဝ မလုပ်ဆောင်ဖူးသည့် အမှုကို တစ်ဟုန်ထိုး လုပ်ဆောင်သည့်အတွက်၊ ဘုရားသခင်၏ အမှုသည် မည်သည့်အခါတွင်မျှ လူသား၏ အယူအဆများနှင့် မကိုက်ညီပေ။ ဘုရားသခင်သည် သူ၏အမှုကို ထပ်၍ မလုပ်ဆောင်သကဲ့သို့ လူသားသည် ဘုရားသခင်၏ လက်ရှိအမှုကို သူ၏ အတိတ်က အမှုဖြင့် အစဉ်သဖြင့် ဝေဖန်အကဲဖြတ်သည်နှင့်အမျှ၊ ဘုရားသခင်အတွက် ခေတ်သစ်နှင့်ဆိုင်သည့် အမှု၏ အဆင့်အသီးသီးကို ဆောင်ရွက်ဖို့ အလွန့်အလွန် ခက်ခဲလာပြီဖြစ်သည်။ လူသားသည် အလွန်အကျွံ များလှသော အခက်အခဲများ ရှိပေသည်။ သူသည် မိမိ၏ တွေးခေါ်မှုတွင် အလွန် ရှေးရိုးစွဲလွန်းလှသည်။ ဘုရားသခင်၏အမှုကို မည်သူမျှ မသိသော်လည်း၊ အယောက်တိုင်းက ယင်းကို ဘောင်ခတ်လေသည်။ လူသားသည် ဘုရားသခင်ကို စွန့်ခွာသည့်အခါ၊ အသက်၊ သမ္မာတရားနှင့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ဆုံးရှုံးရ၏၊ သို့သော် သူသည် လူသားမျိုးနွယ်အပေါ် ဘုရားသခင် ပေးသနားသည့် သာ၍ကြီးမားသော ကောင်းချီးမင်္ဂလာများကို လက်ခံရန် မဆိုထားနှင့်၊ အသက်ကို လက်မခံသကဲ့သို့ သမ္မာတရားကိုလည်း လက်မခံပေ။ လူသားအားလုံးသည် ဘုရားသခင်အား ရရှိလိုကြသော်လည်း၊ ဘုရားသခင်၏ အမှုရှိ မည်သည့်အပြောင်းအလဲကိုမျှ သည်းခံနိုင်ခြင်းမရှိကြချေ။ ဘုရားသခင်၏ အမှုသစ်ကို လက်မခံသူများက ဘုရားသခင်၏ အမှုသည် မပြောင်းလဲနိုင်၊ အစဉ်ထာဝရ လုံးဝဥဿုံ ရပ်လျက်ရှိသည်ဟု ယုံကြည်ကြသည်။ ၎င်းတို့၏ ယုံကြည်မှုတွင်၊ ဘုရားသခင်ထံမှ ထာဝရကယ်တင်ခြင်းကိုရရှိရန် လိုအပ်သော အရာမှာ ပညတ်တော်ကို လိုက်နာခြင်းသာဖြစ်ပြီး၊ ၎င်းတို့ နောင်တရပြီး မိမိတို့၏ အပြစ်များကို

ဝန်ခံသရွေ့ ဘုရားသခင်၏ အလိုသည် အမြဲကျေနပ်ခြင်း ရှိလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် ပညတ်တော်အောက်၌ရှိသော ဘုရားသခင်နှင့် လူသားအတွက် ကားတိုင်ပေါ် သံမှိုရိုက်နှက်ခံခဲ့ရသည့် ဘုရားသခင်သာ ဖြစ်နိုင်သည်ဆိုသည့် အယူအဆရှိကြသည်။ ဘုရားသခင်သည် သမ္မာကျမ်းစာကို မကျော်လွန်သင့်သကဲ့သို့ မကျော်လွန်နိုင် ဆိုသည်မှာလည်း ၎င်းတို့၏ အယူအဆဖြစ်သည်။ ၎င်းတို့အား ပညတ်တရားဟောင်းများနှင့် ခိုင်မာစွာ ချုပ်နှောင်ပြီး စည်းမျဉ်းသေများဖြင့် ချုပ်နှောင်ထားသည်မှာ အတိအကျအားဖြင့် ဤအယူအဆများ ဖြစ်သည်။ ဘုရားသခင်၏ အမှုသစ်သည် မည်သည့်အရာပင် ဖြစ်ပါစေ၊ ၎င်းကို ဗျာဒိတ်များဖြင့် ခိုင်လုံစွာ တင်ပြနိုင်ရမည်ဖြစ်ပြီး၊ ထိုသို့သောအမှု၏ အဆင့်တစ်ခုစီတွင် "စစ်မှန်သော" နှလုံးသားဖြင့် သူ့နောက်လိုက်သောသူ အားလုံးတို့ကိုလည်း ဗျာဒိတ်များ ပြသကြရမည်၊ သို့မဟုတ်ပါက ထိုသို့သောအမှုသည် ဘုရားသခင်၏ အမှုမဖြစ်နိုင်ဟု ယုံကြည်ကြသူ သာ၍ပင် ရှိလေသည်။ လူသားအတွက် ဘုရားသခင်ကို သိရှိလာရန်မှာ လွယ်ကူသည့် အလုပ်တစ်ခု မဟုတ်နှင့်လေပြီဖြစ်သည်။ လူသား၏ အဓိပ္ပာယ်မရှိသည့် စိတ်နှလုံးနှင့် သူ၏ မိမိဘာသာ ကြီးကျယ်ကာ စိတ်ကြီးဝင်ခြင်း နှင့်ဆိုင်သည့် ပုန်ကန်တတ်သော သဘာဝတို့ အပြင် ယင်းကို ကြည့်ပါက၊ ဘုရားသခင်၏အမှုသစ်ကို လက်ခံရန် သူ့အတွက် သာ၍ပင် ခက်ခဲလာပေသည်။ လူသားသည် ဘုရားသခင်၏ အမှုသစ်ကို စေ့စပ်သေချာသော စဉ်းစားဆင်ခြင်ခြင်း မပြုသကဲ့သို့ ယင်းကို နှိမ့်ချခြင်းဖြင့်လည်း လက်မခံပေ။ ထိုအစား၊ ဘုရားသခင်ထံမှ ဗျာဒိတ်များနှင့် လမ်းပြမှုတို့ကို စောင့်ဆိုင်းနေစဉ် အထင်သေးသော သဘောထားကို သူ ထားရှိခံယူလေ၏။ ဤသည်မှာ ဘုရားသခင်ကို ပုန်ကန်ကာ ခုခံသောသူတို့၏ အပြုအမူဖြစ်သည် မဟုတ်လော။ ထိုသို့သော လူတို့သည် ဘုရားသခင်၏ လက်ခံခြင်းကို မည်သို့ ရရှိနိုင်မည်နည်း။

ယေရှု၏ အမှုသည် နောက်ကျကျန်ရစ်ပြီးဖြစ်သည်ဟု ယနေ့ ငါ ပြောသကဲ့သို့၊ ယေဟောဝါ၏အမှုသည် ကျေးဇူးတော်ခေတ်တွင် နောက်ကျကျန်ရစ်ခဲ့ပြီးဖြစ်သည်ဟု ယေရှု ပြောခဲ့သည်။ အကယ်၍ ပညတ်တော်ခေတ်သာရှိခဲ့ပြီး ကျေးဇူးတော်ခေတ်မရှိခဲ့ပါက၊ ယေရှုသည် ကားစင်တင်ခံခဲ့ရမည် မဟုတ်သကဲ့သို့ လူသားမျိုးနွယ် အားလုံးကို ရွေးနုတ်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ အကယ်၍ ပညတ်တော်ခေတ်တစ်ခုတည်းသာ ရှိခဲ့ပါက၊ လူသားမျိုးနွယ်သည် ယနေ့အကွာအဝေးအထိ တစ်ကြိမ်တစ်ခါမျှ ရောက်ရှိနိုင်ခဲ့မည်လော။ သမိုင်းသည် ရှေ့ဆက်လျက်ရှိပြီး၊ သမိုင်းသည် ဘုရားသခင်၏အမှု၏ သဘာဝနိယာမ မဟုတ်သလော။ ဤသည်မှာ စကြဝဠာ တစ်လျှောက်လုံး လူသားကို သူ၏ စီမံခန့်ခွဲခြင်းနှင့်ဆိုင်သည့် ပုံဖော်ချက်တစ်ခု ဖြစ်သည် မဟုတ်လော။ သမိုင်းသည်

ရှေ့ဆက်လျက်ရှိပြီး၊ ဘုရားသခင်၏အမှုသည်လည်း ထိုသို့ ရှေ့ဆက်လျက်ရှိသည်။ ဘုရားသခင်၏ အလိုသည် စဉ်ဆက်မပြတ် ပြောင်းလဲနေ၏။ ဘုရားသခင်သည် အမှု၏အဆင့်တစ်ခုတည်းတွင် အနှစ်ခြောက်ထောင်ကြာ မနေရစ်နိုင်ပေ၊ အဘယ်ကြောင့်ဆိုသော် အယောက်တိုင်း သိသည့်အတိုင်း၊ ဘုရားသခင်သည် အမြဲ သစ်လွင်ပြီး ဘယ်သောအခါမျှ အိုဟောင်းခြင်းမရှိသည့်အတွက်ကြောင့် ဖြစ်ပြီး၊ သူသည် ကားစင်တင်ခံရခြင်း၊ ကားတိုင်တွင် သံမှိုရိုက်နှက်ခံရခြင်းကဲ့သို့သော အမှုကို တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် လုပ်ဆောင်ပြီးရင်း လုပ်ဆောင်ခြင်းဌာ မဖြစ်နိုင်ပေ။... ထိုသို့ တွေးဖို့မှာ ရယ်ဖွယ်ရာ ဖြစ်ပေလိမ့်မည်။ ဘုရားသခင်သည် အမှုတစ်ခုတည်းကို လုပ်ဆောင်ပြီးရင်း လုပ်ဆောင်ခြင်း မရှိပေ။ ငါသည် နေ့စဉ် သင်တို့ကို အသစ်သော နှုတ်ကပတ်တော်များကို ပြောဆိုပြီး အမှုသစ်များကို လုပ်ဆောင်သမျှပင်၊ သူ၏အမှုသည် အစဉ်သဖြင့် ပြောင်းလဲနေပြီး အမြဲသစ်လွင်ပေသည်။ ဤသည်မှာ ငါလုပ်ဆောင်သော အမှုဖြစ်ပြီး၊ အဓိကသော့ချက်များမှာ "အသစ်" နှင့် "အံ့သြဖွယ်ရာ" ဟူသော စကားများ ဖြစ်သည်။ "ဘုရားသခင်သည် မပြောင်းလဲနိုင်သကဲ့သို့၊ ဘုရားသခင်သည် အစဉ်အမြဲ ဘုရားသခင် ဖြစ်လိမ့်မည်"- ဤစကားပုံသည် ဧကန်အမှန် မှန်ကန်ပေသည်။ ဘုရားသခင်၏ အနှစ်သာရသည် မပြောင်းလဲပေ၊ ဘုရားသခင်သည် အစဉ်အမြဲ ဘုရားသခင်ဖြစ်ပြီး၊ သူသည် မည်သည့်အခါမျှ စာတန် ဖြစ်မလာနိုင်ပေ၊ သို့ရာတွင် ဤအရာက ဘုရားသခင်၏အမှုသည် သူ၏အနှစ်သာရကဲ့သို့ ခိုင်မြဲကာ မပြောင်းလဲသည်ကို သက်သေမပြပေ။ ဘုရားသခင်သည် မပြောင်းလဲနိုင်ဟု သင် ကြေငြာသည်၊ သို့ရာတွင် ထိုသို့ဖြစ်လျှင် ဘုရားသခင်သည် အစဉ်အမြဲ သစ်လွင်ပြီး မည်သည့်အခါမျှ အိုဟောင်းခြင်း မရှိသည်ကို သင်မည်သို့ ရှင်းပြနိုင်မည်နည်း။ ဘုရားသခင်၏အမှုသည် မရပ်မနား ပျံ့နှံ့ပြီး စဉ်ဆက်မပြတ် ပြောင်းလဲကာ၊ သူ၏အလိုတော်ကို လူသားထံ အလျဉ်မပြတ် ထင်ရှားပြီး သိရှိစေပေသည်။ လူသားသည် ဘုရားသခင်၏အမှုကို တွေ့ကြုံသည်နှင့်အမျှ၊ ၎င်း၏ စိတ်သဘောထားသည် ၎င်း၏ အသိပညာကဲ့သို့ မရပ်မနား ပြောင်းလဲလေသည်။ သို့ဖြစ်လျှင် ဤပြောင်းလဲမှုသည် မည်သည့်နေရာက ဖြစ်ပေါ်သနည်း။ ယင်းသည် အစဉ်ပြောင်းလဲနေသည့် ဘုရားသခင်၏ အမှုမှ မဟုတ်လော။ အကယ်၍ လူသား၏ စိတ်သဘောထားသည် ပြောင်းလဲနိုင်ပါက၊ ငါ၏အမှုနှင့် ငါ၏နှုတ်ကပတ်တော်များကိုလည်း စဉ်ဆက်မပြတ် ပြောင်းလဲစေရန် အဘယ်ကြောင့် လူသားသည် ခွင့်မပြုနိုင်ရသနည်း။ ငါသည် လူသား၏ ကန့်သတ်ချက်များကို ခံရမည်လော။ ဤတွင်၊ အတင်းငြင်းခုံခြင်းနှင့် ကတ်သီးကတ်သတ်နိုင်သော ဆင်ခြင်တွေးခေါ်မှုစနစ်ကို သင် အသုံးပြုနေသည်မဟုတ်လော။

သူ၏ ရှင်ပြန်ထမြောက်ခြင်း ပြီးသည့်နောက်တွင် ယေရှုသည် သူ၏တပည့်တော်များထံ ပေါ်လာပြီး၊ "ငါ့ခမည်းတော်၏ ကတိရှိသည်အတိုင်း သင်တို့၌ ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်က တန်ခိုးကို မခံမီတိုင်အောင် ယေရုရှလင်မြို့၌ နေကြဦးလော့" ဟု မိန့်ဆိုခဲ့သည်။ ဤနှုတ်ကပတ်တော်များအား မည်သို့ရှင်းပြနိုင်သည်ကို သင်သိသလော။ သင်သည် ယခု သူ၏တန်ခိုးများဖြင့် ပြည့်စုံပြီလော။ "တန်ခိုး" က မည်သည့်အရာ ရည်ညွှန်းသည်ကို သင် နားလည်သလော။ နောက်ဆုံးသော ကာလအတွင်းတွင် သမ္မာတရား၏ ဝိညာဉ်တော်ကို လူသားအပေါ် အပ်နှင်းလိမ့်မည်ဟု ယေရှုက ကြေညာခဲ့သည်။ နောက်ဆုံးသောကာလသည် ယခု ရောက်ပြီ ဖြစ်၏။ သမ္မာတရား၏ ဝိညာဉ်တော်သည် နှုတ်ကပတ်တော်များအား မည်သို့ဖော်ပြသည်ကို သင်နားလည်သလော။ သမ္မာတရား၏ ဝိညာဉ်တော်သည် မည်သည့်နေရာတွင် ပေါ်ထွန်းပြီး အမှုပြုသနည်း။ ပရောဖက် ဟေရှာယ၏ အနာဂတ္တိကျမ်းထဲတွင် ယေရှုဟုအမည်ရသည့် သူငယ်သည် ဓမ္မသစ်ကျမ်း ခေတ်ကာလတွင် မွေးဖွားလိမ့်မည်ဟု မည်သည့်အခါမျှ မဖော်ပြခဲ့ပေ။ ဧမာနွေလအမည်ရှိ သားယောက်ျား တစ်ဦး မွေးဖွားလိမ့်မည်ဟုမျှသာ ရေးသားထားသည်။ အဘယ်ကြောင့် "ယေရှု" အမည်ကို ဖော်ပြမထားခဲ့သနည်း။ ဓမ္မဟောင်းကျမ်းတွင် မည်သည့်နေရာတွင်မျှ ဤအမည် မပေါ်လာပေ။ သို့ဖြစ်လျှင် အဘယ်ကြောင့် သင်သည် ယေရှု၌ ယုံကြည်ဆဲဖြစ်သနည်း။ သင်၏ မျက်လုံးများဖြင့် သူ့ကို မြင်ပြီးနောက်တွင်သာ ယေရှုကို သင် ဧကန်မုချ စတင်ယုံကြည်ခဲ့ခြင်း မဟုတ်၊ ဟုတ်ပါသလော။ သို့မဟုတ် ဗျာဒိတ်တစ်ခုကို ရရှိသည်နှင့် သင်စတင်ယုံကြည်ခဲ့သလော။ ဘုရားသခင်သည် ထိုသို့သော ကျေးဇူးတော်ကို သင့်အား အမှန်တကယ် ပြမည်လော။ ထိုသို့သော ကြီးမားသည့် ကောင်းချီးမင်္ဂလာကို သင့်အား သူအပ်နှင်းမည်လော။ ယေရှု၌ သင်၏ ယုံကြည်မှု၏ အခြေခံအကြောင်းရင်းမှာ အဘယ်နည်း။ ယနေ့တွင် ဘုရားသခင် လူ့ဇာတိခံယူပြီးဖြစ်သည်ကို သင်အဘယ်ကြောင့် မယုံကြည်သနည်း။ ဘုရားသခင်ထံမှ သင့်ထံသို့ ဗျာဒိတ် မရှိခြင်းသည် ဘုရားသခင် လူ့ဇာတိမခံယူရသေးသည်ကို သက်သေပြသည်ဟု သင်အဘယ်ကြောင့် ဆိုသနည်း။ ဘုရားသခင်သည် သူ၏အမှုကို စတင်မီ လူတို့ကို အသိပေးရမည်လော။ ၎င်းတို့၏ ထောက်ခံချက်ကို သူ ဦးစွာ ရရှိရမည်လော။ မွေးကင်းစ သားယောက်ျားလေးတစ်ဦး နွားစားခွက်ထဲတွင် မွေးဖွားလိမ့်မည်ဟုသာ ဟေရှာယက ကြွေးကြော်ခဲ့သည်။ မာရိအနေဖြင့် ယေရှုကို မွေးဖွားပေးလိမ့်မည်ဟု သူ မည်သည့်အခါတွင်မျှ ပရောဖက်မပြုခဲ့ပေ။ မာရိမှ မွေးဖွားသော ယေရှု၌ သင်၏ ယုံကြည်မှုကို မည်သည့်အရာတွင် သင် အတိအကျ အခြေပြုသနည်း။ သင်၏ယုံကြည်မှုသည် ဧကန်မုချ ရှုပ်ထွေးနေသည် မဟုတ်ပေ။ အချို့က ဘုရားသခင်၏ အမည်နာမသည် ပြောင်းလဲခြင်းမရှိဟု

ပြော၏။ သို့ဖြစ်လျှင် ယေဟောဝါ၏အမည်သည် အဘယ်သို့ ယေရှုဖြစ်လာခဲ့သနည်း။ မေရှိယ ကြွလာမည်ကို ပရောဖက်ပြုထားခဲ့၏၊ သို့ဖြစ်လျှင် ယေရှုဟူသော အမည်ရှိသည့် လူသားတစ်ဦး အဘယ်ကြောင့် ကြွလာခဲ့သနည်း။ ဘုရားသခင်၏ နာမသည် အဘယ်ကြောင့် ပြောင်းလဲခဲ့သနည်း။ ထိုသို့သော အမှုကို အချိန်ကြာမြင့်စွာက ဆောင်ရွက်ခဲ့သည် မဟုတ်လော။ ယနေ့တွင် ဘုရားသခင်သည် သာ၍သစ်လွင်သောအမှုကို မပြုနိုင်သလော။ ယမန်နေ့၏ အမှုသည် ပြောင်းလဲနိုင်သကဲ့သို့၊ ယေဟောဝါ၏ အမှုမှ ယေရှု၏အမှု လိုက်လာနိုင်ပေသည်။ ထိုသို့ဆိုလျှင် ယေရှု၏အမှုကိုလည်း အခြားအမှုက မဆက်ခံနိုင်သလော။ ယေဟောဝါ၏နာမသည် ယေရှုအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပါက၊ ယေရှု၏နာမသည်လည်း မပြောင်းလဲနိုင်သလော။ ဤအရာမှ မည်သည့်အရာမျှ မထူးဆန်းပေ။ ယင်းမှာ လူတို့သည် ရိုးအလွန်းကြခြင်းသာ ဖြစ်သည်။ ဘုရားသခင်သည် အစဉ်အမြဲ ဘုရားသခင်ဖြစ်လိမ့်မည်။ သူ၏အမှု မည်သို့ပြောင်းလဲသည်ဖြစ်စေ၊ ပြီးလျှင် သူ၏ အမည်နာမ မည်သို့ ပြောင်းလဲနိုင်သည်ကို ပဓာနမထားဘဲ၊ သူ၏စိတ်သဘောထားနှင့် ဉာဏ်ပညာတို့သည် မည်သည့်အခါတွင်မျှ ပြောင်းလဲလိမ့်မည်မဟုတ်။ ဘုရားသခင်ကို ယေရှု၏နာမဖြင့်သာ ခေါ်ဆိုနိုင်သည်ဟု သင်ယုံကြည်ပါက၊ သင်၏ အသိပညာသည် အလွန် နည်းပါးလွန်းလှပေသည်။ ယေရှုသည် ထာဝစဉ် ဘုရားသခင်၏ အမည်နာမ ဖြစ်လိမ့်မည်၊ ဘုရားသခင်သည် ယေရှုဟူသော အမည်ဖြင့်သာ ထာဝရ၊ အစဉ်အမြဲ နေသွားလိမ့်မည်ဖြစ်ပြီး ဤအရာသည် မည်သည့်အခါမျှ ပြောင်းလဲမည် မဟုတ်ဟု သင် အခိုင်အမာ ဆိုဝံ့သလော။ ပညတ်တော်ခေတ်ကို အဆုံးသတ်ခဲ့သည်မှာ ယေရှု၏ အမည်နာမဖြစ်ပြီး နောက်ဆုံးသော ခေတ်ကိုလည်း နိဂုံးချုပ် ပေးလိမ့်မည်ဟု သေချာမှုဖြင့် သင် အခိုင်အမာ ဆိုဝံ့ပါသလော။ ယေရှု၏ ကျေးဇူးတော်သည် ခေတ်ကို အဆုံးသတ်ပေးနိုင်သည်ဟု အဘယ်သူ ဆိုနိုင်သနည်း။ ဤသမ္မာတရားအပေါ် ရှင်းလင်းသည့် သိနားလည်မှု သင် မရှိပါက၊ သင်သည် ဧဝံဂေလိတရားကို ဟောပြောခြင်းငှာ တတ်စွမ်းနိုင်လိမ့်မည် မဟုတ်သည်သာမက၊ သင်ကိုယ်တိုင်သည်လည်း ခိုင်မာစွာ ရပ်တည်နိုင်လိမ့်မည် မဟုတ်ပေ။ ဘာသာရေးသမားများ၏ အခက်အခဲပြဿနာအားလုံးကို သင် ဖြေရှင်းပေးပြီး၊ ၎င်းတို့၏ အတွေးမှားများအားလုံးကို ခုခံချေပသည့် နေ့ရက်ရောက် လာသည့်အခါတွင်၊ ယင်းသည် သင့်အနေဖြင့် အမှု၏ ဤအဆင့်ကို လုံးဝ သေချာပြီး သံသယ စိုးစဉ်းမျှမရှိသည့် သက်သေဖြစ်လိမ့်မည်။ အကယ်၍ သင်သည် ၎င်းတို့၏ အတွေးမှားမှုများကို မချေပနိုင်ပါက၊ ၎င်းတို့သည် သင့်ကို အမှုဆင်ပြီး အသရေဖျက်ကြလိမ့်မည်။ ယင်းသည် အရှက်ရဖွယ် ဖြစ်မည် မဟုတ်လော။

ယုဒလူအားလုံးသည် ဓမ္မဟောင်းကျမ်းကို ဖတ်ရှုပြီး သားယောက်ျားတစ်ဦး နွားစားခွက်ထဲတွင် မွေးဖွားလိမ့်မည်ဟူသော ဟေရှာယ၏ ပရောဖက်ပြုချက်ကို သိခဲ့ကြသည်။ သို့ဆိုလျှင်၊ ဤပရောဖက်ပြုချက်ကို အပြည့်အဝ သိရှိသော်လည်း၊ ၎င်းတို့သည် အဘယ်ကြောင့် ယေရှုကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသေးသနည်း။ ယင်းမှာ ၎င်းတို့၏ ပုန်ကန်တတ်သော သဘာဝနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို မသိနားမလည်မှုကြောင့် ဖြစ်ခဲ့သည် မဟုတ်လော။ ထိုအချိန်က၊ ဖာရိရှဲများသည် ယေရှု၏အမှုမှာ ပရောဖက်ပြုထားသော သားယောက်ျားတစ်ဦးနှင့် ပတ်သက်၍ ၎င်းတို့ သိခဲ့သည့်အရာနှင့် ကွဲပြားသည်ဟု ယုံကြည်ခဲ့ကြပြီး၊ ယနေ့ လူတို့သည် လူ့ဇာတိခံယူသော ဘုရားသခင်၏အမှုက သမ္မာကျမ်းစာနှင့် မကိုက်ညီသောကြောင့် ဘုရားသခင်ကို ငြင်းပယ်ကြလေသည်။ ၎င်းတို့၏ ဘုရားသခင်အပေါ် ပုန်ကန်ခြင်း၏ အနှစ်သာရသည် တူညီသည် မဟုတ်လော။ သင်သည် သံသယမရှိဘဲ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုအားလုံးကို လက်ခံနိုင်သလော။ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုဖြစ်ပါက၊ မှန်ကန်သော ရေစီးကြောင်းဖြစ်ကြီး၊ မည်သည့် ဒွိဟမျှမရှိဘဲ သင် လက်ခံသင့်၏။ မည်သည့်အရာ လက်ခံရမည်ကို သင် မရွေးသင့်ပေ။ ဘုရားသခင်ထံမှ ထိုးထွင်းသိမြင်မှု သင် သာ၍ရရှိပြီး၊ သူ့အပေါ် သာ၍ သတိထားပါက၊ ယင်းသည် မဆီမဆိုင် ဖြစ်သည် မဟုတ်လော။ သင်သည် သမ္မာကျမ်းစာမှ နောက်ထပ်သက်သေပြမှုကို ရှာဖွေဖို့ မလိုအပ်ပေ။ သင်သည် ဘုရားသခင်နောက်လိုက်ဖို့ ဘုရားသခင်ကို ယုံကြည်သည့်အတွက်၊ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုဖြစ်ပါက သင် လက်ခံရမည်ဖြစ်ပြီး၊ သူ့ကို မစုံစမ်းမစစ်ဆေးသင့်ပေ။ ငါသည် သင်၏ဘုရားသခင်ဖြစ်သည်ကို သက်သေပြရန် ငါနှင့်သက်ဆိုင်သည့် နောက်ထပ် သက်သေ အထောက်အထားကို သင် မရှာဖွေသင့်ဘဲ၊ ထိုအစား ငါသည် သင့်အဖို့ အကျိုးဖြစ်သည်၊ မဖြစ်သည်ကို သင်သိမြင်သင့်သည်- ဤသည်မှာ အရေးအပါဆုံးသော အရာဖြစ်သည်။ သင်သည် သမ္မာကျမ်းစာ အတွင်း၌ များစွာ ငြင်းမရနိုင်သော သက်သေကို တွေ့ရှိခဲ့လျှင်ပင်၊ ယင်းက သင့်ကို ငါ့ရှေ့သို့ အပြည့်အဝ မဆောင်ကြဉ်းနိုင်ပေ။ သင်သည် သမ္မာကျမ်းစာ၏ ဘောင်ခတ်မှုများအတွင်းတွင် အသက်ရှင်ရုံမျှရှင်ပြီး ငါ၏ ရှေ့မှောက်တွင် အသက်မရှင်ပေ။ သမ္မာကျမ်းစာသည် ငါ့ကိုသိဖို့ရန် သင့်ကို မကူညီနိုင်သကဲ့သို့၊ ငါ့အတွက် သင်၏ချစ်ခြင်းမေတ္တာကို နက်သည်ထက်နက်မလာစေနိုင်ပေ။ သမ္မာကျမ်းစာက သားယောက်ျားတစ်ဦး မွေးဖွားမည်ဟု ပရောဖက် ပြုခဲ့သော်လည်း၊ လူသားသည် ဘုရားသခင်၏ အမှုကို မသိခဲ့သည့်အတွက်၊ မည်သူ့အပေါ် ထိုပရောဖက်ပြုချက် ဖြစ်လာမည်ကို မည်သူမျှ နားလည်သဘောပေါက်နိုင်ခြင်း မရှိပေ၊ ထို့အပြင် ဤသည်မှာ

ဖာရိရှဲများအား ယေရှုကို ဆန့်ကျင်ရပ်တည်စေခဲ့သည့်အရာဖြစ်သည်။ ငါ၏အမှုသည် လူသားတို့ အကျိုးစီးပွားများအတွက် ဖြစ်သည်ကို အချို့က သိရှိကြသည်၊ သို့သော် ယေရှုနှင့် ငါသည် အပြန်အလှန် သဟဇာတမဖြစ်နိုင်သော လုံးဝကွဲပြားသည့်သူ နှစ်ဦးဖြစ်သည်ဟု ၎င်းတို့က ဆက်လက် ယုံကြည်ကြသည်။ ထိုအချိန်က၊ ယေရှုသည် သူ၏တပည့်များအား မည်သို့လက်တွေ့လုပ်ဆောင်ရမည်၊ မည်သို့အတူတကွစုရုံးရမည်၊ ဆုတောင်းခြင်းတွင် မည်သို့တောင်းလျှောက်ရမည်၊ အခြားသူများကို မည်သို့ဆက်ဆံရမည် စသည်တို့ကဲ့သို့သော အကြောင်းအရာများ နှင့်ပတ်သက်၍ တရားဟောပြောချက် အတွဲများဖြင့်သာ ကျေးဇူးတော်ခေတ်တွင် မြွက်ကြားခဲ့သည်။ သူဆောင်ရွက်ခဲ့သည့် အမှုမှာ ကျေးဇူးတော်ခေတ်၏ အမှုဖြစ်ပြီး၊ တပည့်တော်များနှင့် သူ့နောက်လိုက်သူများအနေဖြင့် မည်သို့ လက်တွေ့ လုပ်ဆောင်သင့် သည်ကိုသာ အသေးစိတ် ရှင်းပြခဲ့သည်။ သူသည် ကျေးဇူးတော်ခေတ်၏ အမှုကိုသာ လုပ်ဆောင်ခဲ့ပြီး နောက်ဆုံးသောကာလ၏ မည်သည့်အမှုကိုမျှ မလုပ်ဆောင်ခဲ့ပေ။ ယေဟောဝါသည် ပညတ်တော်ခေတ်တွင် ဓမ္မဟောင်း ပညတ်တရားကို ချမှတ်ခဲ့ချိန်တွင်၊ ကျေးဇူးတော်ခေတ်၏အမှုကို အဘယ်ကြောင့် သူ မလုပ်ဆောင်ခဲ့သနည်း။ သူသည် အဘယ်ကြောင့် ကျေးဇူးတော်ခေတ်၏အမှုကို ကြိုတင်၍ ရှင်းသွားစေဖို့ မပြခဲ့သနည်း။ ဤအရာက ယင်းကို လူသား လက်ခံရန် အထောက်အကူ ပြုခဲ့မည်မဟုတ်လော။ သားယောကျ်ားလေးတစ်ဦး မွေးဖွားကာ တန်ခိုးအာဏာ ရှိလာလိမ့်မည်ဟုသာ သူက ပရောဖက် ပြုခဲ့သော်လည်း၊ ကျေးဇူးတော်ခေတ်၏ အမှုကို ကြိုတင် ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ခေတ်တစ်ခုစီထဲက ဘုရားသခင်၏ အမှုသည် ရှင်းလင်းပြတ်သားသော နယ်နိမိတ်များ ရှိ၏။ သူသည် လက်ရှိခေတ်၏ အမှုကိုသာ လုပ်ဆောင်ပြီး၊ အမှု၏ နောက်အဆင့်ကို မည်သည့်အခါမျှ ကြိုတင် မဆောင်ရွက်ပေ။ ထိုသို့ဖြင့်သာ ခေတ်အသီးသီးနှင့်ဆိုင်သည့် သူ၏ ကိုယ်စားပြုခြင်းအမှုသည် ရှေ့သို့ ရောက်ရှိနိုင်ပေသည်။ ယေရှုသည် နောက်ဆုံးသော ကာလ၏ နိမိတ်လက္ခဏာများ၊ မည်သို့ စိတ်ရှည်ရမည်၊ ပြီးလျှင် မည်သို့ ကယ်တင်ခြင်းခံရမည်၊ မည်သို့နောင်တရပြီး ဝန်ခံရမည်၊ ပြီးလျှင် ကားတိုင်ကို မည်သို့ ထမ်းရွက်ပြီး ဆင်းရဲဒုက္ခများကို မည်သို့ ကြံ့ကြံ့ခံရမည် ဆိုသည်တို့ကိုသာ ပြောဆိုခဲ့သည်။ နောက်ဆုံးသော ကာလထဲတွင်ရှိသည့် လူသားသည် ဝင်ရောက်မှုကို မည်သို့ ရရှိသင့်သည်ကို သူ လုံးဝ မပြောဆိုသကဲ့သို့၊ ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းဖို့ မည်သို့ကြိုးစားသင့်သည် ဆိုသည်နှင့်သက်ဆိုင်၍ လုံးဝ သူ မပြောဆိုခဲ့ပေ။ ထိုသို့ဖြစ်သဖြင့်၊ ဘုရားသခင်၏ နောက်ဆုံးသော ကာလအမှုအတွက် သမ္မာကျမ်းစာကို ရှာဖွေဖို့ဆိုသည်မှာ ရယ်ဖွယ်ကောင်းသည် မဟုတ်လော။ သမ္မာကျမ်းစာကို

ဖမ်းဆုပ်ထားခြင်းမျှဖြင့် မည်သည့်အရာကို သင် သိမြင်နိုင်သနည်း။ သမ္မာကျမ်းစာကို ရှင်းလင်းဖော်ပြသူဖြစ်စေ၊ တရားဟောဆရာဖြစ်စေ၊ အဘယ်သူသည် ယနေ့၏အမှုကို ကြိုတင်တွေ့မြင်နိုင်မည်နည်း။

"ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို၊ နားရှိသောသူ မည်သည် ကားကြားပါစေ။" သန့်ရှင်းသောဝိညာဉ်တော်၏ နှုတ်ကပတ်တော်များကို ယခု သင်တို့ ကြားပြီးပြီလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သင်တို့ အပေါ်သို့ ရောက်လာပေပြီ။ သင်တို့ကြားရသလော။ ဘုရားသခင်သည် နောက်ဆုံးသော ကာလတွင် နှုတ်ကပတ်တော်၏အမှုကို လုပ်ဆောင်ပြီး၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပြီး လူ့ဇာတိဖြစ်လာနိုင်သည့်အတွက် ထိုသို့သော နှုတ်ကပတ်တော်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏ နှုတ်ကပတ်တော်များဖြစ်သည်။ ထို့ကြောင့်၊ အတိတ်ကာလက ပြောဆိုခဲ့သည့်အတိုင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နှုတ်ကပတ်တော်များသည် ယနေ့ လူ့ဇာတိခံယူသော ဘုရားသခင်၏ နှုတ်ကပတ်တော်များ ဖြစ်၏။ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော် ပြောဆိုခြင်းဖြစ်သည့်အတွက် လူတို့ ကြားဖို့အတွက် သူ၏ အသံကို ကောင်းကင်မှ ပြောဆိုသင့်သည်ဟု ယုံကြည်သည့် အဓိပ္ပာယ်မရှိသော လူများစွာရှိပေသည်။ ဤသို့ တွေးထင်သောသူ မည်သူမဆိုသည် ဘုရားသခင်၏အမှုကို မသိပေ။ အမှန်တွင်၊ သန့်ရှင်းသော ဝိညာဉ်တော် ပြောဆိုသော မိန့်မြွက်ချက်များသည် လူ့ဇာတိခံယူသော ဘုရားသခင် ပြောဆိုသည့် မိန့်မြွက်ချက်များ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားထံ တိုက်ရိုက် စကားမပြောပေ။ ပညတ်တော်ခေတ်တွင်ပင်၊ ယေဟောဝါသည် လူတို့ထံ တိုက်ရိုက် စကားမပြောခဲ့ပေ။ ယနေ့ ဤခေတ်တွင် သူသည် ထိုသို့လုပ်နိုင်ချေ သာ၍ပင် နည်းပါးမည် မဟုတ်လော။ အမှုကို ဆောင်ရွက်ဖို့ ဘုရားသခင် မိန့်မြွက်ချက်များ ပြောဆိုရန်မှာ၊ သူသည် လူ့ဇာတိ ခံယူရမည် ဖြစ်သည်။ သို့မဟုတ်ပါက၊ သူ၏အမှုသည် ယင်း၏ရည်မှန်းချက်ကို ပြီးမြောက်နိုင်မည် မဟုတ်ပေ။ လူဇာတိခံ ဘုရားသခင်ကို ငြင်းပယ်သူများသည် ဝိညာဉ်တော်ကို သို့မဟုတ် ဘုရားသခင် အမှုပြုသည့် အခြေခံသဘောတရားများကို မသိသောသူများ ဖြစ်သည်။ ယခုအချိန်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ခေတ်ဖြစ်သည်ဟု ယုံကြည်သော်လည်း၊ သူ၏အမှုသစ်ကို လက်မခံသူများသည် မရေရာသကဲ့သို့ စိတ်ကူးသက်သက်ဖြစ်သော ယုံကြည်ခြင်း အလယ်တွင် အသက်ရှင်သူများ ဖြစ်သည်။ ထိုသို့သော လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မည်သည့်အခါတွင်မျှ ရရှိမည်မဟုတ်။ သန့်ရှင်းသော ဝိညာဉ်တော်အနေဖြင့် တိုက်ရိုက် စကားပြောဆိုပြီး သူ၏ အမှုကို တိုက်ရိုက် ဆောင်ရွက်ဖို့သာ

တောင်းဆိုပြီး လူ့ဇာတိခံဘုရားသခင်၏ နှုတ်ကပတ်တော်များ သို့မဟုတ် အမှုကို လက်မခံသောသူတို့သည် ခေတ်သစ်ထဲသို့ ဘယ်သောအခါမျှ ခြေလှမ်းနိုင်မည်မဟုတ်သကဲ့သို့ ဘုရားသခင်၏ စုံလင်သော ကယ်တင်ခြင်းကို ရရှိနိုင်မည် မဟုတ်ပေ။

# ဘုရားသခင်နှင့် သူ၏ အမှုကို သိရှိသူတို့သာ ဘုရားသခင်ကို ကျေနပ်စေနိုင်၏

လူ့ဇာတိခံ ဘုရားသခင်၏ အမှု၌ အစိတ်အပိုင်း နှစ်ခုပါဝင်သည်။ သူလူ့ဇာတိကိုခံယူခဲ့သည့် ပထမအကြိမ်တွင် လူတို့သည် သူ့ကိုမယုံကြည်ခဲ့ကြ၊ မသိရှိခဲ့ကြဘဲ ယေရှုကို လက်ဝါးကပ်တိုင်တွင် သံမှိုစွဲရိုက်နှက်ခဲ့ကြ၏။ ဒုတိယ အကြိမ်တွင်လည်း လူတို့ သူ့ကို မယုံကြည်ခဲ့ကြ၊ သာ၍ပင် မသိရှိခဲ့ကြဘဲ၊ တစ်ဖန် ခရစ်တော်ကို လက်ဝါးကပ်တိုင်တွင် သံမှိုစွဲခဲ့ကြပြန်၏။ လူသားသည် ဘုရားသခင်၏ ရန်သူဖြစ်သည် မဟုတ်လော။ လူသားသည် သူ့ကို မသိလျှင်၊ အဘယ်သို့ ဘုရားသခင်၏ အကျွမ်းဝင်သူ ဖြစ်နိုင်မည်နည်း။ သူသည် အဘယ်သို့ ဘုရားသခင်အဖို့ သက်သေခံရန် အရည်အချင်း ရှိနိုင်မည်နည်း။ ဘုရားသခင်ကို ချစ်၏၊ ဘုရားသခင်ကို အစေခံ၏၊ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေ၏ဟူသော ပြောဆိုချက်များ အားလုံးတို့သည် လှည့်ဖြားသော မုသားများ ဖြစ်သည် မဟုတ်လော။ သင်သည် ဤသဘာဝမကျ၊ လက်တွေ့မကျသော အရာများထံ သင့်ဘဝကို ပေးအပ်မြှုပ်နှံထားလျှင် သင်အချည်းနှီး ကြိုးပမ်းအားထုတ်သည် မဟုတ်လော။ ဘုရားသခင် အဘယ်သူ ဖြစ်သည်ကိုပင်လျှင် သင်မသိချိန် သင်သည် မည်သို့ ဘုရားသခင်၏ အကျွမ်းဝင်သူ ဖြစ်နိုင်မည်နည်း။ ထိုကဲ့သို့ လိုက်စားခြင်းသည် မရေမရာနှင့် စိတ်ကူးသက်သက်ဖြစ်သည် မဟုတ်လော။ လှည့်ဖြားသောအရာ မဟုတ်လော။ လူတစ်ဦးသည် အဘယ်သို့ ဘုရားသခင်၏ အကျွမ်းဝင်သူ တစ်ဦး ဖြစ်နိုင်သနည်း။ ဘုရားသခင်၏ အကျွမ်းဝင်သူတစ်ဦးဖြစ်ခြင်း၏ လက်တွေ့ကျသော အရေးပါမှုမှာ မည်သည့်အရာနည်း။ သင်သည် ဘုရားသခင်၏ ဝိညာဉ်၏ အကျွမ်းဝင်သူတစ်ဦး ဖြစ်နိုင်သလော။ ဝိညာဉ်သည် အဘယ်မျှ ကြီးမြတ်ကာ အဆင့်မြင့်သည်ကို သင်မြင်နိုင်သလော။ မမြင်နိုင်သော၊ လက်ဆုပ်လက်ကိုင်ပြ၍မရနိုင်သော ဘုရားသခင်၏ အကျွမ်းဝင်သူ ဖြစ်ဖို့- ယင်းမှာ စမ်းတဝါးဝါး နှင့် စိတ်ကူးသက်သက် ဖြစ်သည် မဟုတ်လော။ ထိုကဲ့သို့ လိုက်စားခြင်း၏ လက်တွေ့ကျသော အရေးပါမှုမှာ မည်သည့်အရာနည်း။ အားလုံးက လှည့်ဖြားသော မုသားများဖြစ်သည် မဟုတ်လော။ သင်

လိုက်စားသောအရာမှာ ဘုရားသခင်၏ အကျွမ်းဝင်သူ ဖြစ်ဖို့ရန်ဖြစ်သည်၊ သို့သော် သင်သည် ဘုရားသခင်ကို မသိသလို၊ မမြင်နိုင်၊ လက်ဆုပ်လက်ကိုင် မပြနိုင်သော၊ သင်၏ ကိုယ်ပိုင်ယူဆချက်များ၏ ရလဒ်တစ်ခု ဖြစ်သည့် မတည်ရှိသော "အရာခပ်သိမ်းတို့၏ ဘုရားသခင်ကို" လိုက်စားသည့်အတွက် အမှန်တွင် သင်သည် စာတန်၏ ခိုင်းဖတ်ဖြစ်လေသည်။ အကြမ်းဖျင်း ပြောရလျှင်၊ ထိုကဲ့သို့သော "ဘုရားသခင်" တစ်ပါးသည် စာတန်ဖြစ်ပြီး၊ လက်တွေ့ကျကျ ပြောရလျှင် ၎င်းမှာ သင်ကိုယ်တိုင်ဖြစ်၏။ သင်သည် သင်ကိုယ်တိုင်၏ အကျွမ်းဝင်သူဖြစ်ဖို့ ကြိုးပမ်းသော်လည်း၊ ဘုရားသခင်၏ အကျွမ်းဝင်သူဖြစ်ဖို့ သင်ကြိုးစားသည် ဟုဆိုသေး၏- ယင်းမှာ ဘုရားသခင်ကို ပြစ်မှားခြင်းမဟုတ်လော။ ထိုကဲ့သို့ လိုက်စားခြင်း၏ တန်ဖိုးမှာ အဘယ်နည်း။ ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ့ဇာတိမခံယူခဲ့ပါက၊ ဘုရားသခင်၏ အနှစ်သာရသည် လူသားအတွက် မမြင်နိုင်၊ ထိတွေ့၍မရသော အသက်၏ ဝိညာဉ်၊ သဏ္ဌာန်မဲ့ပြီး ပုံဆောင်မဲ့၊ ရုပ်ခန္ဓာမဲ့အမျိုးအစား၊ ချဉ်းကပ်၍မရနိုင်၊ နားလည်၍မရနိုင်သော အရာတစ်ခုသာ ဖြစ်သည်။ လူသားသည် ဤကဲ့သို့ အကောင်အထည်မရှိ၊ အံ့သြဖွယ်၊ နားမလည်နိုင်ဖွယ်ဖြစ်သော ဝိညာဉ်တော်၏ အကျွမ်းဝင်သူ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ ဤသည်မှာ ရယ်ဖွယ်တစ်ခု မဟုတ်လော။ ထိုသို့ အဓိပ္ပာယ်မရှိသော တွေးခေါ် မျှော်မြင်မှုသည် ယုတ္တိမတန်သလို လက်တွေ့လည်းမကျပေ။ အဖန်ဆင်းခံလူသားသည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ပင်ကိုအားဖြင့် ကွဲပြားခြားနားသော အမျိုးအစားတစ်ရပ် ဖြစ်သောကြောင့်၊ ၎င်းတို့နှစ်ဦးသည် အဘယ်သို့ အကျွမ်းဝင်နိုင်ကြမည်နည်း။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဇာတိပကတိ၌ ဖြစ်ပေါ်မလာခဲ့လျှင်၊ အကယ်၍ ဘုရားသခင်သည် လူ့ဇာတိမခံဘဲ အဖန်ဆင်းခံ တစ်ဦးဖြစ်လာခြင်းအားဖြင့် မိမိကိုယ်ကိုယ် မနှိမ့်ချခဲ့ပါလျှင်၊ အဖန်ဆင်းခံလူသားသည် သူ၏ အကျွမ်းဝင်သူတစ်ဦးဖြစ်ဖို့ရန် အရည်အချင်းလည်းမရှိ၊ အစွမ်းအစလည်း ရှိမည်မဟုတ်ပေ၊ ထို့အပြင် ၎င်းတို့၏ ဝိညာဉ်များ ကောင်းကင်နိုင်ငံထဲသို့ ဝင်ရောက်ပြီးနောက်တွင် ဘုရားသခင်၏အကျွမ်းဝင်သူများဖြစ်ဖို့ရန် အခွင့်အလမ်း ရရှိနိုင်သည့် ဘုရားတရားကိုင်းရှိုင်းသော ယုံကြည်သူများမှအပ၊ လူများစုသည် ဘုရားသခင်၏ ဝိညာဉ်၏ အကျွမ်းဝင်သူများ ဖြစ်လာကြဖို့ရန် တတ်စွမ်းနိုင်ကြလိမ့်မည် မဟုတ်ပါ။ ထို့ပြင် အကယ်၍ လူများသည် လူ့ဇာတိခံဘုရားသခင်၏ လမ်းညွှန်မှုအောက်မှ ကောင်းကင်ဘုံက ဘုရားသခင်၏ အကျွမ်းဝင်သူများဖြစ်လာရန် ဆန္ဒရှိလျှင်၊ ၎င်းတို့သည် အံ့အားသင့်ဖွယ် ကောင်းစွာ မိုက်မဲသည့် လူမဟုတ်သူများ ဖြစ်သည် မဟုတ်လော။ လူများသည် မမြင်ရသောဘုရားကို လိုက်စားရသည်မှာ လွယ်ကူလွန်းလှသည့်အတွက်၊ မမြင်ရသော ဘုရားသခင်တစ်ပါးအား

"သစ္စာရှိမှု" ကို လိုက်စားရုံသာ လိုက်စားပြီး မြင်ရသောဘုရားသခင်ကို အနည်းငယ်မျှ အလေးမထားပေ။ လူများသည် ၎င်းတို့နှစ်သက်သည့်အတိုင်း ဤအရာကို လုပ်ဆောင်နိုင်သော်လည်း၊ မြင်ရသော ဘုရားသခင်ကို လိုက်စားခြင်းမှာ လွယ်ကူလှသည် မဟုတ်ပေ။ မရေမရာ နှင့် စိတ်ကူးသက်သက်ဖြစ်သောအရာတို့သည် လူမှတွေးထင်ကြသည့် အရာအားလုံး ဖြစ်သောကြောင့် မရေရာသော ဘုရားသခင်တစ်ပါးကို ရှာဖွေသောသူသည် ဘုရားသခင်ကို ရရှိဖို့ရန် လုံးဝမတတ်စွမ်းနိုင်ပေ၊ ထို့အပြင် လူသားမှလည်း ရရှိနိုင်စွမ်း မရှိပေ။ သင်တို့အကြားတွင် ရောက်လာခဲ့သည့် ဘုရားသခင်သည် သင်တို့ လက်လှမ်း မမီနိုင်အောင် အလွန်မြင့်မားပြီး အဆင့်မြင့်သော ဘုရားသခင် ဖြစ်လျှင် သင်တို့သည် မည်သို့ သူ၏အလိုတော်ကို ရှာနိုင်မည်နည်း။ သင်တို့သည် မည်သို့ သူ့ကိုသိကျွမ်းပြီး နားလည်သဘောပေါက် ကြမည်နည်း။ သူသည် သူ၏အမှုကိုသာ လုပ်ဆောင်ပြီး လူသားနှင့် သာမန် အဆက်အသွယ် မရှိလျှင်၊ သို့မဟုတ် သာမန်လူ့သဘာဝကို ပိုင်ဆိုင်ခြင်းမရှိဘဲ၊ သေမျိုးသာသာဖြစ်သောသူတို့ ချဉ်းကပ် မရနိုင်သောသူ ဖြစ်လျှင်၊ သူသည် သင်တို့အတွက် အလုပ်များစွာပင် လုပ်ခဲ့သော်လည်း၊ သင်တို့သည် သူနှင့်အတူ အဆက်အသွယ် မရှိသလို သူ့ကို မမြင်နိုင်ခဲ့ကြလျှင်၊ သင်တို့သည် သူ့ကို အဘယ်သို့သိနိုင်ကြမည်နည်း။ သာမန်လူ့သဘာဝကို ပိုင်ဆိုင်သော ဤဇာတိပကတိအတွက်သာ မဟုတ်ခဲ့လျှင်၊ လူသားသည် ဘုရားသခင်ကို သိဖို့ နည်းလမ်းရှိလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏ လူ့ဇာတိခံခြင်းကြောင့်သာ လူသားသည် ဇာတိပကတိ၌ ရှိသော ဘုရားသခင်၏ အကျွမ်းဝင်သူဖြစ်ဖို့ရာ အရည်အချင်းရှိခြင်းဖြစ်သည်။ လူသားသည် သူနှင့် အဆက်အသွယ် ရှိလာသောကြောင့်၊ လူသားသည် သူနှင့်အတူတကွ အသက်ရှင်ပြီး၊ သူ၏အပေါင်းအသင်းအဖြစ် ဆက်ရှိကာ၊ သူ့ကို တဖြည်းဖြည်း သိလာသောကြောင့် ဘုရားသခင်၏ အကျွမ်းဝင်သူ ဖြစ်လာခြင်းဖြစ်သည်။ ထိုသို့မဟုတ်ခဲ့ပါလျှင်၊ လူသား၏ လိုက်စားမှုသည် အချည်းနှီးဖြစ်လိမ့်မည် မဟုတ်လော။ လူသားက ဘုရားသခင်၏ အကျွမ်းဝင်သူတစ်ဦး ဖြစ်နိုင်သည်မှာ ဘုရားသခင်၏ အမှုကြောင့် အားလုံးမဟုတ်ဘဲ၊ လူ့ဇာတိခံ ဘုရားသခင်၏ လက်တွေ့ကျမှုနှင့် သာမန်ဖြစ်ခြင်းကြောင့်ဟု ဆိုလိုခြင်း ဖြစ်သည်။ လူသားသည် မိမိတာဝန်ကို ထမ်းဆောင်ဖို့ အခွင့်အလမ်းရရှိပြီး စစ်မှန်သောဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန် အခွင့်အလမ်း ရရှိသည်မှာ ဘုရားသခင်က လူ့ဇာတိခံယူ သောကြောင့်သာလျှင် ဖြစ်သည်။ ဤသည်မှာ လက်တွေ့အကျဆုံးနှင့် ဖြစ်နိုင်ခြေအရှိဆုံး သမ္မာတရားဖြစ်သည် မဟုတ်လော။ ယခု သင်သည် ကောင်းကင်ဘုံက ဘုရားသခင်၏ အကျွမ်းဝင်သူဖြစ်ဖို့ ဆန္ဒရှိသေး သလော။ ဘုရားသခင်သည် မိမိကိုယ်ကိုယ် အဆင့်တစ်ခုအထိ နှိမ့်ချသောအခါမှသာ၊ ဆိုလိုသည်မှာ ဘုရားသခင်သည် လူ့ဇာတိခံယူ

သောအခါမှသာ၊ လူသားသည် သူ၏အကျွမ်းဝင်သူနှင့် ယုံကြည်စိတ်ချရသူ ဖြစ်နိုင်ပေသည်။ ဘုရားသခင်သည် ဝိညာဉ်တော်နှင့် စပ်ဆိုင်၏- လူများသည် အလွန်ကြီးမြင့်ပြီး ခက်ခဲနက်နဲလှသော ဤဝိညာဉ်တော်နှင့် အကျွမ်းဝင်သူများဖြစ်ရန် အဘယ်သို့ အရည်အချင်း ရှိသနည်း။ ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ့ဇာတိထဲသို့ ဆင်းသက်ပြီး လူသားကဲ့သို့ တူညီသော အပြင်ပန်းနှင့်အတူ ဖန်ဆင်းခံတစ်ဦး ဖြစ်လာသည့်အခါမှသာ လူများသည် သူ၏ အလိုတော်ကို နားလည်နိုင်ပြီး သူ၏ရယူခြင်းကို အမှန်တကယ် ခံရနိုင်မည်ဖြစ်သည်။ သူသည် လူ့ဇာတိဖြင့် ပြောဆိုလုပ်ကိုင်ပြီး၊ လူသားမျိုးနွယ်၏ ဝမ်းမြောက်ခြင်းများ၊ ဝမ်းနည်းခြင်းများနှင့် ဒုက္ခဆင်းရဲများကို မျှဝေခံစားပေးသည်၊ လူသားမျိုးနွယ်နေသည့် ကမ္ဘာတွင်ပင် အသက်ရှင်ပြီး၊ လူသားမျိုးနွယ်ကို အကာအကွယ်ပေးကာ ၎င်းတို့ကို လမ်းညွှန်ပေးသည်၊ ဤအရာမှတစ်ဆင့် သူသည် လူသားကို သန့်စင်စေကာ သူ၏ ကယ်တင်ခြင်းနှင့် ကောင်းချီးမင်္ဂလာတို့ကို ရရှိရန် လူသားကို ခွင့်ပြုလေသည်။ ဤအရာတို့ကို ရရှိခဲ့ပြီးနောက် လူများသည် ဘုရားသခင်၏အလိုတော်ကို အမှန်တကယ် နားလည်သဘောပေါက်ပြီး၊ ထိုအခါမှသာ သူသည် ဘုရားသခင်၏ အကျွမ်းဝင်သူတစ်ဦး ဖြစ်နိုင်ပေသည်။ ဤအရာသည်သာ လက်တွေ့ကျသောအရာဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် လူများအဖို့ မမြင်နိုင်၊ မထိတွေ့နိုင်လျှင်၊ လူများသည် သူနှင့် အကျွမ်းဝင်သူ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ ဤသည်မှာ အနှစ်မဲ့သောအယူဝါဒ မဟုတ်လော။

ယခုအချိန်ထိ ဘုရားသခင်ကိုယုံကြည်လျက်၊ လူများစွာတို့သည် စမ်းတဝါးဝါးနှင့် စိတ်ကူးသက်သက် ဖြစ်သောအရာကို လိုက်စားနေကြဆဲဖြစ်၏။ သူတို့သည် ဘုရားသခင်၏ ယနေ့ အမှု၏ လက်တွေ့ကျမှုကို နားမလည်ကြဘဲ၊ ကျမ်းဟောင်းတရားများနှင့် အယူဝါဒများကြားတွင် နေလျက်ရှိသေး၏။ ထို့အပြင် အများစုသည် “ဘုရားသခင်ကို ချစ်သောသူတို့၏ မျိုးဆက်သစ်များ”၊ “ဘုရားသခင်၏ အကျွမ်းဝင်သူများ”၊ “ဘုရားသခင်ကို ချစ်ခြင်း၌ စံနမူနာ နှင့် စံပြ”၊ “ပေတရု၏ ဟန်ပန်အမူအရာ” ကဲ့သို့သော စကားရပ်အသစ်များ၏ လက်တွေ့ကျမှုထဲသို့ မဝင်ရောက်ကြသေးဘဲ၊ ထိုအစား ၎င်းတို့၏ လိုက်စားခြင်းမှာ စမ်းတဝါးဝါးနှင့် စိတ်ကူးသက်သက် ဖြစ်နေဆဲဖြစ်သည်၊ ၎င်းတို့သည် အယူဝါဒထဲ စမ်းတဝါးဝါး လှည့်လည်ကြပြီး ဤနှုတ်ကပတ်တော်များ၏ လက်တွေ့ကျမှုကို နားလည်သဘောပေါက်ခြင်း မရှိကြပေ။ ဘုရားသခင်၏ ဝိညာဉ်သည် လူ့ဇာတိ ခံယူသောအခါ၊ သင်သည် ဇာတိပကတိ၌ သူ၏အမှုကို မြင်နိုင်ကာ ထိတွေ့နိုင်သည်။ သို့ရာတွင် သင့်အနေဖြင့် သူ၏ အကျွမ်းဝင်သူဖြစ်ရန် မတတ်စွမ်းနိုင်သေးလျှင်၊ သင့်အနေဖြင့် သူ၏ ယုံကြည်စိတ်ချရသူ မဖြစ်နိုင်သေးလျှင်၊ သင်သည် ဘုရားဝိညာဉ်တော်၏ ယုံကြည်စိတ်ချရသူ အဘယ်သို့

ဖြစ်နိုင်မည်နည်း။ သင်သည် ယနေ့၏ဘုရားသခင်ကို မသိလျှင်၊ ဘုရားသခင်ကို ချစ်သောသူတို့၏ မျိုးဆက်သစ်တစ်ဦး အဘယ်သို့ ဖြစ်နိုင်မည်နည်း။ ဤအရာများမှာ အနှစ်မဲ့သော ကျမ်းဟောင်းတရားများနှင့် အယူဝါဒများ ဖြစ်ကြသည် မဟုတ်လော။ သင်သည် ဝိညာဉ်တော်ကို တွေ့မြင်နိုင်ပြီး သူ၏အလိုတော်ကို နားလည်နိုင်သလော။ ဤအရာများသည် အနှစ်မဲ့သောစကားလုံးများ ဖြစ်သည်မဟုတ်လော။ သင်သည် ဤစကားစုများနှင့် ဝေါဟာရများကို ပြောရုံမျှဖြင့် မလုံလောက်သလို၊ သန္နိဋ္ဌာန်တစ်ခုတည်းအားဖြင့်လည်း ဘုရားသခင်၏ အားရကျေနပ်မှုကို မရရှိနိုင်ပေ။ သင်သည် ဤစကားလုံးများကို ပြောခြင်းဖြင့်သာ ကျေနပ်မှုရရှိခြင်းဖြစ်ပြီး၊ ထိုသို့ သင်လုပ်ဆောင်သည်မှာ သင်၏ကိုယ်ပိုင် လိုအင်ဆန္ဒများကို ကျေနပ်စေဖို့၊ သင်၏ လက်တွေ့မကျသော ကိုယ်ပိုင်စံနမူနာများကို ကျေနပ်စေဖို့ဖြစ်ပြီး၊ သင်၏ကိုယ်ပိုင်အယူအဆများနှင့် စဉ်းစား တွေးခေါ်မှုတို့ကို ကျေနပ်စေဖို့ ဖြစ်သည်။ ယနေ့၏ ဘုရားသခင်ကို သင်မသိလျှင်၊ သင်မည်သည့်အရာကို လုပ်သည်ဖြစ်စေ၊ သင်သည် ဘုရားသခင်စိတ်နှလုံး၏ အလိုဆန္ဒကို ကျေနပ်စေနိုင်လိမ့်မည် မဟုတ်ပေ။ ဘုရားသခင်၏ ယုံကြည်စိတ်ချရသူတစ်ဦး ဖြစ်ဖို့ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ သင်ဤအရာကို နားမလည်သေးသလော။ ဘုရားသခင်၏ အကျွမ်းဝင်သူမှာ လူသားဖြစ်သည့်အတွက် ဘုရားသခင်သည်လည်း လူသားဖြစ်ပေသည်။ ယင်းမှာ ဘုရားသခင်သည် လူ့ဇာတိခံယူပြီး၊ လူသားဖြစ်လာခဲ့ခြင်း ဖြစ်သည်။ အမျိုးအစားတူသောသူတို့သာ တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချရသူများအဖြစ် ခေါ်ဆိုနိုင်ကြပြီး၊ သို့မှသာ ၎င်းတို့ကို ရင်းနှီးကျွမ်းဝင်သူများအဖြစ် သတ်မှတ်နိုင်ပေသည်။ ဘုရားသခင်သည် ဝိညာဉ်နှင့် စပ်ဆိုင်လျှင် အဖန်ဆင်းခံ လူသားသည် သူ၏ အကျွမ်းဝင်သူ အဘယ်သို့ ဖြစ်လာနိုင်မည်နည်း။

ဘုရားသခင်၌ သင်၏ယုံကြည်ခြင်း၊ သင်၏ သမ္မာတရားကို လိုက်စားခြင်းနှင့် သင်မိမိကိုယ်ကို ပြုမူပုံပင်လျှင် လက်တွေ့ကျမှုအပေါ် အားလုံးအခြေပြုသင့်သည်- သင်ပြုသမျှအရာ အားလုံး လက်တွေ့ကျသင့်ပြီး၊ အရိပ်ပမာ၊ စိတ်ကူးယဉ်ဆန်သော အရာတို့ကို သင်မလိုက်စားသင့်ပေ။ ဤနည်းဖြင့် ပြုမူခြင်းမှာ တန်ဖိုးမဲ့သည့်အပြင်၊ ထိုသို့သော ဘဝတစ်ခုမှာ အရေးပါမှုမရှိပေ။ သင်၏ လိုက်စားခြင်းနှင့် ဘဝအသက်တာမှာ မုသားနှင့် လှည့်ဖြားမှုများကြားတွင်သာ သုံးစွဲခြင်းခံရပြီး၊ သင်သည် အဖိုးတန်ပြီး အရေးပါသောအရာတို့ကို မလိုက်စားခြင်းကြောင့်၊ သင်ရရှိသည့် တစ်ခုတည်းသော အရာမှာ သမ္မာတရားနှင့် မစပ်ဆိုင်သောအရာများဖြစ်သည့် အဓိပ္ပာယ်မရှိသော တွေးခေါ်မျှော်မြင်ခြင်းနှင့် အယူဝါဒတို့ ဖြစ်သည်။ ထိုသို့သော အရာတို့သည် သင့်ဖြစ်တည်မှု၏ အရေးပါမှု၊ တန်ဖိုးတို့နှင့် စပ်လျဉ်းခြင်းမရှိဘဲ အနှစ်သာရမရှိသော

နယ်ပယ်ဆီသို့သာ သင့်ကို ခေါ်ဆောင်သွားနိုင်သည်။ ဤနည်းအားဖြင့်၊ သင့်ဘဝတစ်ခုလုံးသည် တန်ဖိုး သို့မဟုတ် အရေးပါမှုမရှိဘဲ ဖြစ်လိမ့်မည်- ပြီးလျှင် သင်သည် အရေးပါသော အသက်တာကို မလိုက်စားလျှင် သင်အနှစ်တစ်ရာ အသက်ရှင်နိုင်ပြီး အားလုံး အချည်းနှီး ဖြစ်လိမ့်မည်။ ယင်းကို လူသားဘဝတစ်ခုဟု မည်သို့ ခေါ်ဆိုနိုင်မည်နည်း။ အမှန်တွင် ယင်းမှာ တိရစ္ဆာန်တစ်ကောင်၏ဘဝဖြစ်သည် မဟုတ်လော။ ထိုနည်းတူစွာ သင်တို့သည် ဘုရားသခင်၌ ယုံကြည်ချက် လမ်းကြောင်းအတိုင်း လိုက်လျှောက်ရန် ကြိုးစားကြသော်လည်း၊ မြင်တွေ့ရနိုင်သော ဘုရားသခင်ကို လိုက်စားဖို့ ကြိုးစားခြင်းမရှိဘဲ၊ ထိုအစား မမြင်နိုင် မထိတွေ့နိုင်သော ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြလျှင်၊ ထိုသို့သော လိုက်စားခြင်းသည် ပို၍ပင် အချည်းနှီးဖြစ်သည် မဟုတ်လော။ အဆုံးတွင် သင်၏ လိုက်စားခြင်းသည် ပျက်ဆီးခြင်း အစုအပုံတစ်ခု ဖြစ်လာလိမ့်မည်။ ထိုကဲ့သို့သော လိုက်စားခြင်းက သင့်အား မည်သည့် အကျိုးကျေးဇူး ဖြစ်စေသနည်း။ လူသားနှင့် ပတ်သက်၍ အကြီးမားဆုံးသော ပြဿနာမှာ၊ သူသည် မမြင်နိုင်သော သို့မဟုတ် ထိတွေ့မရနိုင်သော အရာများ၊ အလွန့်အလွန် လျှို့ဝှက်ဆန်းကြယ်ပြီး အံ့သြဖွယ် ဖြစ်သော အရာများ၊ လူသားမှ စိတ်ကူးမရနိုင်သော အရာများနှင့် သေမျိုးသာသာမျှဖြစ်သော သူတို့မှ မရရှိနိုင်သော အရာများကိုသာ ခုံမင်နှစ်သက်ခြင်း ဖြစ်သည်။ ဤအရာများ ပို၍ လက်တွေ့မကျလေလေ၊ လူများသည် အခြားအရာအားလုံးကို အလေးမထားဘဲ ၎င်းတို့အား ပိုမိုခွဲခြမ်းစိတ်ဖြာလေလေဖြစ်ပြီး၊ ၎င်းတို့ကို ရရှိရန် ကြိုးပမ်းလေသည်။ ၎င်းတို့ ပိုမိုလက်တွေ့မကျလေလေ၊ လူသားသည် ၎င်းတို့ကို ပိုမိုနီးကပ်စွာ စေ့စေ့စပ်စပ်ကြည့်ရှုကာ ခွဲခြမ်းစိတ်ဖြာလေလေဖြစ်ပြီး ၎င်းတို့အကြောင်း မိမိ၏ ပြည့်စုံ စေ့စပ်သော ကိုယ်ပိုင် စိတ်ကူးများကို ဖန်တီးသည်အထိပင် ဖြစ်လေသည်။ ဆန့်ကျင်ဖက်တွင် အမှုအရာတို့သည် ပိုလက်တွေ့ကျလေလေ၊ လူများက ၎င်းတို့နှင့်ပတ်သက်၍ ပိုအရေးမထားလေလေ ဖြစ်၏၊ သူတို့သည် ၎င်းတို့ကို လွယ်လွယ် အထင်အမြင်သေးကာ၊ မထီလေးစားပင် ပြုပေသည်။ ဤသည်မှာ ယနေ့ ငါလုပ်ဆောင်သော လက်တွေ့ကျသည့် အလုပ်အပေါ် သင်တို့၏သဘောထား အတိအကျဖြစ်သည် မဟုတ်လော။ ထိုကဲ့သို့သောအရာများ ပိုမိုလက်တွေ့ကျလေလေ၊ သင်တို့သည် ၎င်းတို့အပေါ် ပိုမိုဆန့်ကျင်၍ မစူးစမ်းဘဲ၊ ခွဲခြားဆက်ဆံ လေလေဖြစ်ကြ၏၊ ၎င်းတို့ကို ဆန်းစစ်ဖို့ သင်တို့အချိန်မပေးဘဲ လျစ်လျူရှု၍သာ ထားကြ၏၊ ဤလက်တွေ့ကျ၍ ရိုးရှင်းသော လိုအပ်ချက်များကို သင်တို့ အထင်အမြင်သေးပြီး၊ လက်တွေ့အကျဆုံးသော ဤဘုရားသခင် အကြောင်း များပြားလှသော အယူအဆများပင် တေးထားကာ၊ သူ၏ လက်တွေ့ကျမှုနှင့် သာမန်ဖြစ်ခြင်းတို့ကို လုံးဝ လက်ခံနိုင်စွမ်းမရှိကြပေ။ ဤနည်းအားဖြင့် သင်တို့သည် မရေရာမှုအလယ်တွင်

ယုံကြည်နေကြသည် မဟုတ်လော။ သင်တို့သည် အတိတ်ကာလ၏ မရေရာသော ဘုရားသခင်၌ မယိမ်းယိုင်သော ယုံကြည်မှုတစ်ခု ရှိကြပြီး၊ ယနေ့၏ လက်တွေ့ကျသော ဘုရားသခင်၌ စိတ်ပါဝင်စားမှုမရှိကြ။ ဤသည်မှာ မနေ့က ဘုရားသခင်နှင့် ယနေ့ ဘုရားသခင်တို့သည် ကွဲပြားသော ခေတ်ကာလနှစ်ခုမှ ဖြစ်သောကြောင့် မဟုတ်လော။ ယင်းမှာ မနေ့က ဘုရားသခင်သည် ကောင်းကင်ဘုံ၏ အဆင့်မြင့်သော ဘုရားသခင်ဖြစ်ပြီး ယနေ့ ဘုရားသခင်မှာမူ ကမ္ဘာမြေပေါ်က သေးငယ်သော လူသားတစ်ဦး ဖြစ်သောကြောင့်လည်း မဟုတ်လော။ ထို့အပြင် ယင်းမှာ လူသားမှကိုးကွယ်သော ဘုရားသခင်သည် သူ၏အယူအဆများမှ ထွက်ပေါ်သော ဘုရားသခင် တစ်ပါးဖြစ်ပြီး၊ ယနေ့၏ ဘုရားသခင်မှာမူ ကမ္ဘာမြေပေါ်၌ ထွက်ပေါ်သည့် စစ်မှန်သော ဇာတိပကတိနှင့် သက်ဆိုင်သောကြောင့် မဟုတ်လော။ အရာအားလုံး ထည့်သွင်းစဉ်းစားလိုက်ပါက၊ ယနေ့၏ ဘုရားသခင်သည် လက်တွေ့ကျလွန်းသောကြောင့် လူသားက မလိုက်စားခြင်းဖြစ်သည် မဟုတ်လော။ အဘယ်ကြောင့်ဆိုသော် ယနေ့၏ ဘုရားသခင်က လူများကို စေခိုင်းသောအရာမှာ လူများက မလုပ်ချင်ဆုံးသောအရာ အတိအကျဖြစ်၍၊ သူတို့ကို ရှက်ကြောက်စေသောအရာ ဖြစ်သောကြောင့် ဖြစ်၏။ ဤအရာက လူသားအဘို့ အမှုအရာတို့ကို ခက်ခဲစေသည် မဟုတ်လော။ ဤအရာက သူ၏အမာရွတ်များကို ဖော်ထုတ်ပြသည် မဟုတ်လော။ ဤနည်းအားဖြင့် လက်တွေ့ကျမှုကို မလိုက်စားသော သူများစွာတို့သည် လူ့ဇာတိခံ ဘုရားသခင်၏ ရန်သူများ ဖြစ်လာကြပြီး၊ အန္တိခရစ်များ ဖြစ်လာကြ၏။ ဤအရာသည် သိသာထင်ရှားသော အမှန်တရားတစ်ခု မဟုတ်လော။ ဘုရားသခင် လူ့ဇာတိ မခံယူသေးသည့် အတိတ်ကာလတွင်၊ သင်သည် ဘာသာရေး ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ဘုရားတရားကိုင်းရှိုင်းသော ယုံကြည်သူတစ်ဦး ဖြစ်ကောင်း ဖြစ်ခဲ့ပေမည်။ ဘုရားသခင်က လူ့ဇာတိ ဖြစ်လာခဲ့ပြီးနောက်၊ ထိုကဲ့သို့ ဘုရားတရား ကိုင်းရှိုင်းသော ယုံကြည်သူများစွာသည် အမှတ်တမဲ့ အန္တိခရစ်များ ဖြစ်လာကြသည်။ ဤနေရာတွင် မည်သို့ဖြစ်သည်ကို သင်သိသလော။ ဘုရားသခင်၌ သင်၏ ယုံကြည်ချက်အရ၊ သင်သည် လက်တွေ့ကျမှုကို အာရုံမစိုက် သို့မဟုတ် သမ္မာတရားကို မလိုက်စားပေ၊ သို့သော် ထိုအစား၊ မုသားများအပေါ် စွဲလမ်းလေသည်- ဤသည်မှာ လူ့ဇာတိခံဘုရားသခင်ကို ထားသော သင့်ရန်ငြိုး၏ အရှင်းလင်းဆုံး အရင်းအမြစ် ဖြစ်သည် မဟုတ်လော။ လူ့ဇာတိခံဘုရားသခင်ကို ခရစ်တော်ဟု ခေါ်သည်၊ ထို့ကြောင့် လူ့ဇာတိခံဘုရားသခင်ကို မယုံကြည်သောသူ အပေါင်းတို့သည် အန္တိခရစ်များဖြစ်ကြသည် မဟုတ်လော။ ထို့ကြောင့် သင်ယုံကြည်ပြီး အမှန်တကယ် ချစ်ခင်သောသူမှာ ဤလူ့ဇာတိခံဘုရားသခင်လော။ လက်တွေ့အကျဆုံးနှင့် သဘာဝထက်

လွန်ကဲစွာ သာမန်ဖြစ်သောသူမှာ အမှန်တကယ်ပင် ဤအသက်ရှင်ပြီး အသက်ရှူနေသော ဘုရားသခင်လော။ သင့်လိုက်စားခြင်း၏ ရည်ရွယ်ချက် အတိအကျမှာ မည်သည့်အရာနည်း။ ယင်းမှာ ကောင်းကင်ဘုံ၌လော သို့မဟုတ် မြေကြီးပေါ်မှာလော။ ယင်းမှာ အယူအဆတစ်ခုလော သို့မဟုတ် သမ္မာတရားလော။ ယင်းမှာ ဘုရားသခင်လော သို့မဟုတ် သဘာဝလွန်သက်ရှိ တစ်ရပ်လော။ အမှန်တွင်မူ သမ္မာတရားသည် ဘဝဆောင်ပုဒ်များ၏ အစစ်မှန်ဆုံးသော အရာဖြစ်ပြီး လူသားမျိုးနွယ်အားလုံးအကြား ထိုကဲ့သို့ဆောင်ပုဒ်များ၏ အမြင့်ဆုံးသောအရာဖြစ်သည်။ ယင်းမှာ ဘုရားသခင်က လူသားအပေါ် တောင်းဆိုချက်ဖြစ်ပြီး ဘုရားသခင်ကိုယ်တိုင် လုပ်ဆောင်သည့်အမှု ဖြစ်သောကြောင့် ယင်းကို ဘဝ၏ ဆောင်ပုဒ်ဟုခေါ် ခြင်း ဖြစ်သည်။ ယင်းမှာ တစ်စုံတစ်ရာမှ ကောက်ချက်ချထားသော ဆောင်ပုဒ်တစ်ခု မဟုတ်သလို၊ ကြီးမြတ်သောပုဂ္ဂိုလ်တစ်ဦးထံမှ နာမည်ကျော် ကိုးကားချက် တစ်ခုလည်း မဟုတ်ပေ။ ယင်းအစား၊ ၎င်းမှာ လူသားမျိုးနွယ်ဆီ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့၏ အရှင်သခင်ထံမှ မိန့်မြွက်ချက်ဖြစ်သည်။ လူသားမှ ကောက်ချက်ချထားသော စကားလုံးအချို့မဟုတ်ဘဲ၊ ဘုရားသခင်၏ ပင်ကိုအသက်ဖြစ်သည်။ ထို့ကြောင့် ယင်းကို ဘဝဆောင်ပုဒ်အပေါင်း၏ အမြင့်ဆုံးဟု ခေါ် ခြင်းဖြစ်သည်။ သမ္မာတရားကို လက်တွေ့ကျင့်သုံးခြင်းဟူသော လူများ၏ လိုက်စားခြင်းမှာ သူ၏တာဝန်ဝတ္တရားကို ထမ်းဆောင်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ သတ်မှတ်ချက်ကို ဖြည့်ဆည်းခြင်းနှင့် ဆိုင်သော လိုက်စားခြင်းဖြစ်သည်။ ဤသတ်မှတ်ချက်၏ အနှစ်သာရမှာ အဘယ်သူမျှ မရရှိနိုင်သော အချည်းနှီးအယူဝါဒထက်၊ သမ္မာတရား အားလုံး၏ အစစ်မှန်ဆုံးသောအရာ ဖြစ်သည်။ သင်၏ လိုက်စားခြင်းမှာ အယူဝါဒမှလွဲ၍ အခြားဘာမျှမဟုတ်ဘဲ စစ်မှန်မှု မပါဝင်လျှင်၊ သမ္မာတရားကို သင်ဆန့်ကျင်ပုန်ကန်သည် မဟုတ်လော။ သင်သည် သမ္မာတရားကို တိုက်ခိုက်သောသူတစ်ဦး ဖြစ်သည်မဟုတ်လော။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးသည် ဘုရားသခင်ကို ချစ်ရန် အဘယ်သို့ လိုက်စားနိုင်မည်နည်း။ လက်တွေ့ကျမှုမရှိသောလူတို့သည် သမ္မာတရားကို သစ္စာမဲ့သော သူများဖြစ်ကြပြီး၊ အားလုံးက ပင်ကိုအားဖြင့် ပုန်ကန်သောသူများ ဖြစ်ကြသည်။

မည်သို့ပင် သင်လိုက်စားနေသည်ဖြစ်စေ၊ သင်သည် ယနေ့ ဘုရားသခင် လုပ်ဆောင်သော အမှုကို အရာအားလုံးထက်ပို၍ နားလည်ရမည်ဖြစ်ပြီး ဤအမှု၏ အရေးပါမှုကို သိရမည်ဖြစ်သည်။ နောက်ဆုံးသောကာလ၌ ဘုရားသခင် ကြွလာသောအခါ၊ မည်သည့်အမှုကို သူယူဆောင်လာသည်၊ မည်သည့် စိတ်သဘောထားကို သူယူဆောင်လာသည်၊ လူသား၏အထဲ၌ မည်သည့်အရာကို ပြည့်စုံစေမည်ဆိုသည်တို့ကို နားလည်သဘောပေါက်ကာ

သိရှိထားရမည်။ လူ့ဇာတိ၌ သူလုပ်ဆောင်ရန် ကြွလာသည့် အမှုကို သင်မသိရှိ သို့မဟုတ် နားမလည်လျှင်၊ သူ၏အလိုကို သင်အဘယ်သို့ သဘောပေါက် မည်နည်း၊ ထို့အပြင် သင်သည် သူ၏အကျွမ်းဝင်သူ အဘယ်သို့ ဖြစ်လာနိုင်မည်နည်း။ အမှန်တွင် ဘုရားသခင်၏ အကျွမ်းဝင်သူ ဖြစ်ခြင်းမှာ ရှုပ်ထွေးသည် မဟုတ်၊ သို့သော် ရိုးရှင်းသည်လည်း မဟုတ်ပေ။ လူတို့သည် ယင်းကို အကုန်အစင် နားလည်နိုင်ပြီး လက်တွေ့လုပ်ဆောင်နိုင်ပါက၊ ယင်းသည် ရိုးစင်းလာပေသည်။ လူတို့သည် ယင်းကို အကုန်အစင် နားမလည်နိုင်ပါက၊ ယင်းမှာ များစွာ ပိုမိုခက်ခဲ၏၊ ထို့ပြင် ၎င်းတို့၏ လိုက်စားမှုက ၎င်းတို့ကို မရေရာမှုထဲသို့ ဦးတည်စေဖို့ အလားအလာရှိလာသည်။ ဘုရားသခင်ကို လိုက်စားခြင်း၌ လူသားသည် ရပ်တည်ရန် မိမိကိုယ်ပိုင် အနေအထားမရှိဘဲ၊ မည်သည့်သမ္မာတရား ဆွဲကိုင်သင့်သည်ကို သူမသိလျှင်၊ သူထံတွင် အခြေခံအုတ်မြစ်မရှိဟု ဆိုလိုပြီး၊ ထို့ကြောင့် သူ့အတွက် ခိုင်ခိုင်မာမာ ရပ်တည်ဖို့မှာ မလွယ်ကူပေ။ ယနေ့တွင် သမ္မာတရားကို နားမလည်သောသူ၊ အကောင်းနှင့် အဆိုးမခွဲခြားတတ်သောသူ သို့မဟုတ် ချစ်ရမည့်၊ မုန်းရမည့်အရာကို မသိသောသူ များစွာရှိသည်။ ထိုကဲ့သို့သော လူတို့သည် အခိုင်အမာ ရပ်တည်ဖို့ မဖြစ်နိုင်ပေ။ ဘုရားသခင်၌ ယုံကြည်မှုအတွက် အဓိကသော့ချက်မှာ၊ သမ္မာတရားကို လက်တွေ့ကျင့်သုံးပြီး၊ ဘုရားသခင်၏ အလိုတော်ကို ဂရုစိုက်ကာ၊ ဇာတိပကတိ၌ သူကြွလာချိန် လူသားအပေါ် ဘုရားသခင်၏အမှုနှင့် သူပြောဆိုသည့် အခြေခံသဘောတရားများကို သိရှိနိုင်စွမ်းရှိခြင်း ဖြစ်သည်။ လူထုနောက်ကို မလိုက်နှင့်။ သင်ဝင်ရောက်သင့်သည့် အရာအတွက် အခြေခံသဘောတရားများ သင့်မှာရှိရမည်ဖြစ်ပြီး ယင်းတို့ကို စွဲကိုင်ထားရမည်။ ဘုရားသခင်၏ ဉာဏ်အလင်းက ဆောင်ကြဉ်းပေးသော သင့်အတွင်းရှိ ထိုအရာတို့ကို ခိုင်ခိုင်မာမာ စွဲကိုင်ခြင်းသည် သင့်ကို အကူအညီဖြစ်စေသည်။ သင်မစွဲကိုင်လျှင်၊ သင်သည် ယနေ့ လမ်းတစ်ခု ချော်မည်၊ မနက်ဖြန် အခြားတစ်ခု ချော်မည်ဖြစ်ပြီး၊ စစ်မှန်သည့်အရာများကို မည်သည့်အခါမျှ သင်ရလိမ့်မည်မဟုတ်။ ဤသို့ဖြစ်ဖို့ရန်မှာ သင့်ကိုယ်ပိုင် ဘဝအတွက် အကျိုးမရှိပေ။ သမ္မာတရားကို နားမလည်သော သူတို့သည် အခြားသူများနောက် အမြဲလိုက်ကြ၏၊ လူတို့က ဤအရာသည် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ဖြစ်သည် ဟုဆိုလျှင်၊ သင်သည်လည်းပဲ ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ဖြစ်သည်ဟု ဆိုသည်၊ လူများက ယင်းမှာ နတ်ဆိုးတစ်ကောင်အလုပ် ဖြစ်သည်ဟုဆိုလျှင်၊ သင်သည်လည်းပဲ သံသယဖြစ်လာသည်၊ သို့မဟုတ် ယင်းမှာ နတ်ဆိုး တစ်ကောင်၏ အလုပ်ဖြစ်သည်ဟု ဆိုသည်။ သင်သည် အခြားသူတို့၏စကားကို အမြဲသံယောင်လိုက်ပြီး၊ မိမိကိုယ်တိုင် မည်သည့်အရာမှ ခွဲခြားနိုင်စွမ်းမရှိ သို့မဟုတ် ကိုယ့်အဖို့ကိုယ် စဉ်းစားနိုင်စွမ်းမရှိပေ။ ဤသည်မှာ

ရှုထောင့်တစ်ရပ် မရှိသောသူ၊ ခွဲခြားရန် မတတ်နိုင်သူဖြစ်သည်- ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးသည် တန်ဖိုးမဲ့ ကံဆိုးသူတစ်ဦးဖြစ်၏။ သင်သည် အခြားသူများ၏ စကားများကို လိုက်ပြောတတ်ကြသည်၊ ယနေ့ ဤအရာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ် ဖြစ်သည်ဟု ဆို၏၊ သို့သော် တစ်နေ့တွင် တစ်စုံတစ်ယောက်က ယင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် မဟုတ်ဘဲ၊ ယင်းမှာ အမှန်တကယ်တွင် လူသား၏ လုပ်ဆောင်ချက်သာဖြစ်သည်ဟု ပြောမည့် အလားအလာများ ရှိနေသည်- သို့သော် ဤအရာကို သင်ထိုးထွင်းမမြင်နိုင်ဘဲ၊ အခြားသူများမှ ပြောသည်ကို သင်မျက်မြင်ကိုယ်တွေ့ကြုံသောအခါ၊ သင်လည်း တထေရာတည်း ပြောလေသည်။ ယင်းမှာ အမှန်တကယ် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် ဖြစ်သော်လည်း၊ သင်က လူသား၏အလုပ်ဖြစ်သည်ဟု ဆိုသည်။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ပုတ်ခတ်ပြောဆိုသူတို့ထဲမှ တစ်ဦးဖြစ်လာပြီ မဟုတ်လော။ ဤအရာ၌ သင်သည် မခွဲခြားနိုင်သောကြောင့် ဘုရားသခင်ကို ဆန့်ကျင်ပြီမဟုတ်လော။ တစ်နေ့တွင် "ဤအရာသည် ဆိုးယုတ်သောဝိညာဉ်၏ အလုပ်ဖြစ်သည်။" ဟုဆိုသော မိုက်မဲသူ တစ်ဦး ပေါ်လာကောင်း ပေါ်လာနိုင်ပြီး၊ ထိုစကားများကို သင်ကြားသည့်အခါ၊ သင်သည် ဘာပြောရမှန်းမသိဖြစ်ကာ နောက်တဖန် အခြားသူများ၏ စကားများဖြင့် ချည်နှောင်ခြင်း ခံရနိုင်သည်။ တစ်စုံတစ်ဦးက အာရုံပျက်စေဖို့ ဖြစ်ပေါ်စေတိုင်း၊ သင်၏ အနေအထားမှ ရပ်တည်ခြင်းငှာ သင်မတတ်စွမ်းနိုင်၊ ဤအရာအားလုံး ဖြစ်ရသည်မှာ သင်သည် သမ္မာတရားကို မပိုင်ဆိုင်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၌ ယုံကြည်ခြင်းနှင့် ဘုရားသခင်ကို သိခြင်းကို လိုက်စားခြင်းသည် ရိုးရှင်းသောအရာ မဟုတ်ပေ။ ၎င်းတို့ကို အတူတကွ စည်းရုံးခြင်းနှင့် တရားဟောချက်ကို နားထောင်ခြင်းအားဖြင့်သာ မရရှိနိုင်သလို၊ စိတ်အားထက်သန်မှု တစ်ခုတည်းအားဖြင့် သင်သည် စုံလင်စေခြင်းမခံရနိုင်ပေ။ သင်သည် တွေ့ကြုံခံစားပြီး သိမှတ်ကာ၊ သင်၏ လုပ်ဆောင်ချက်များ၌ ကိုယ်ကျင့်တရားကောင်း ရမည်ဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို ရရှိရမည်။ အတွေ့အကြုံများကို သင် ဖြတ်သန်းပြီးသောအခါ သင်သည် အမှုအရာများစွာကို ခွဲခြားနိုင်လိမ့်မည်- သင်သည် ကောင်းမှုနှင့် မကောင်းမှု၊ ဖြောင့်မတ်ခြင်းနှင့် ဆိုးညစ်မှု၊ သွေးသားနှင့် ဆိုင်သောအရာနှင့် သမ္မာတရားနှင့်စပ်ဆိုင်သော အရာတို့အကြား ခွဲခြားနိုင်လိမ့်မည်။ သင်သည် ဤအရာအားလုံးတို့အကြား ခွဲခြားနိုင်စွမ်းရှိသင့်ပြီး၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့်၊ မည်သည့် အခြေအနေများတွင်မဆို၊ သင်သည် မည်သည့်အခါမျှ ပျောက်ဆုံး လိမ့်မည်မဟုတ်။ ဤအရာသည်သာ သင်၏ ဝိညာဉ်ရင့်ကျက်မှု အစစ်အမှန် ဖြစ်သည်။

ဘုရားသခင်၏ အမှုကို သိရှိခြင်းသည် ရိုးရှင်းသောအရာ မဟုတ်ပေ။ သင်၏ လိုက်စားခြင်း၌ သင်သည် စံချိန်စံညွှန်းများရှိသင့်ပြီး ရည်ရွယ်ချက်တစ်ခုရှိသင့်သည်၊ သင်သည် စစ်မှန်သောလမ်းခရီး ရှာပုံကိုသိသင့်ပြီး၊ ယင်းမှာ စစ်မှန်သောလမ်းခရီး ဟုတ် မဟုတ်ကို လည်းကောင်း၊ ဘုရားသခင်၏အမှု ဟုတ် မဟုတ်ကိုလည်းကောင်း အဘယ်သို့ ချင့်ချိန်ရမည်ကို သိသင့်၏။ စစ်မှန်သောလမ်းခရီးကို ရှာခြင်း၌ အခြေခံအကျဆုံးနိယာမမှာ မည်သည့်အရာနည်း။ သင့်အနေဖြင့် ဤလမ်းခရီး၌ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ရှိ မရှိ၊ ဤစကားလုံးများက သမ္မာတရားကို ဖော်ပြခြင်းများ ဖြစ် မဖြစ်၊ ယင်းက အဘယ်သူကို သက်သေခံသည်နှင့် သင့်ကို မည်သည့်အရာ ဆောင်ကြဉ်း ပေးနိုင်သည်တို့ကို ကြည့်ရမည်ဖြစ်သည်။ စစ်မှန်သောလမ်းခရီးနှင့် မှားယွင်းသောလမ်းတို့ကို ခွဲခြားခြင်းတွင် အခြေခံကျသော အသိပညာဆိုင်ရာ ရှုထောင့်အချို့လိုအပ်၏၊ အခြေခံအကျဆုံးသော အရာမှာ ယင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် ရှိ မရှိကို ကြည့်ရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အပေါ် လူသား ယုံကြည်မှု၏ အနှစ်သာရမှာ ဘုရားသခင်၏ ဝိညာဉ်တော်အပေါ် ယုံကြည်မှု ဖြစ်ပြီး၊ လူ့ဇာတိခံယူသော ဘုရားသခင်အပေါ် သူ၏ ယုံကြည်မှုသည်ပင်လျှင် ဤဇာတိခန္ဓာမှာ ဘုရားသခင့် ဝိညာဉ်တော်၏ ပြယုဂ်ဖြစ်ခြင်းကြောင့်ဖြစ်သည်။ ယင်းမှာ ထိုကဲ့သို့သော ယုံကြည်ခြင်းသည် ဝိညာဉ်တော်အပေါ် ယုံကြည်နေသေး သည်ဟု ဆိုလိုသည်။ ဇာတိခန္ဓာနှင့် ဝိညာဉ်တော်တို့အကြား ခြားနားမှုများရှိ၏၊ သို့သော် ဤဇာတိခန္ဓာသည် ဝိညာဉ်တော်ထံမှလာပြီး၊ နှုတ်ကပတ်တော်က လူ့ဇာတိခံယူသောကြောင့်၊ လူသားယုံကြည်သော အရာမှာ ဘုရားသခင်၏ ပင်ကိုအနှစ်သာရ ဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောလမ်းခရီး ဟုတ် မဟုတ်ကို ခွဲခြားရာတွင် အရာအားလုံးထက် သန့်ရှင်းသောဝိညာဉ်တော် ရှိ မရှိကို သင်ကြည့်ရမည်၊ ယင်းနောက် ဤလမ်းခရီး၌ သမ္မာတရား ရှိ မရှိကို သင်ကြည့်ရမည်ဖြစ်သည်။ ဤသမ္မာတရားသည် သာမန်လူ့သဘာဝ၏ အသက်တာစိတ်သဘောထားဖြစ်ပြီး၊ ယင်းမှာ အစအဦး၌ ဘုရားသခင်က လူသားကိုဖန်ဆင်းခဲ့ချိန်တွင် သူ့ထံမှတောင်းဆိုသော အရာကို ဆိုလိုသည်၊ အတိအကျ ပြောရသော် သာမန်လူ့သဘာဝနှင့် ဆိုင်သော အရာအားလုံးကို (လူသားအသိစိတ်၊ ထိုးထွင်းသိမြင်မှု၊ ဉာဏ်ပညာနှင့် လူသားဖြစ်ခြင်း၏ အခြေခံအသိပညာတို့ အပါအဝင်) ဆိုလိုသည်။ ယင်းမှာ ဤလမ်းခရီးက လူသားကို သာမန်လူ့သဘာဝ၏ အသက်တာ တစ်ခုထဲသို့ ပို့ဆောင်နိုင်ခြင်း ရှိမရှိ၊ ဟောပြောထားသော သမ္မာတရားကို သာမန်လူ့သဘာဝ၏ စစ်မှန်မှုအရ လိုအပ်မှုရှိမရှိ၊ ဤသမ္မာတရားက လက်တွေ့ကျပြီး စစ်မှန်မှုရှိမရှိနှင့် အချိန်အကိုက်ဆုံး

ဖြစ်မဖြစ်တို့ကို ကြည့်ရမည်။ သမ္မာတရားရှိလျှင် ထိုသမ္မာတရားက လူသားကို သာမန်ဖြစ်ပြီး စစ်မှန်သော အတွေ့အကြုံများထဲသို့ ပို့ဆောင်နိုင်၏။ ထို့ပြင် လူများသည် ပို၍ပို၍ ပုံမှန်ဖြစ်လာပြီး ၎င်းတို့၏ လူ့အသိစိတ်သည် ပို၍ပို၍ စုံလင်လာသည်၊ ဇာတိပကတိနှင့် ဝိညာဉ်အသက်တာ၌ ၎င်းတို့၏ဘဝသည် ပို၍ပို၍ စနစ်ကျလာပြီး၊ ၎င်းတို့၏ စိတ်ခံစားမှုများ ပို၍ပို၍ ပုံမှန်ဖြစ်လာလေသည်။ ဤအရာသည် ဒုတိယနိယာမဖြစ်၏။ လူများသည် ဘုရားသခင်ကို တိုး၍ သိကျွမ်းခြင်း ရှိ မရှိ၊ ထိုကဲ့သို့သော အမှုနှင့် သမ္မာတရားတို့ကို တွေ့ကြုံခြင်းက ၎င်းတို့၏အထဲ၌ ဘုရားသခင်အပေါ် ချစ်သောမေတ္တာကို လှုံ့ဆော်နိုင်ပြီး ၎င်းတို့ကို ဘုရားသခင်နှင့် တိုး၍ ရင်းနှီးလာစေရန် ဆောင်ကြဉ်းပေးနိုင်ခြင်း ရှိ မရှိဆိုသည့် အခြားသော နိယာမတစ်ခုရှိသည်။ ဤတွင် ဤလမ်းခရီးမှာ စစ်မှန်သောလမ်းခရီး ဟုတ် မဟုတ် တိုင်းတာ၍ ရနိုင်ပေသည်။ အခြေခံအကျဆုံးမှာ ထိုလမ်းခရီးက သဘာဝလွန်ဆိုသည်ထက် လက်တွေ့ကျသောအရာ ဟုတ် မဟုတ်၊ ထိုလမ်းခရီးက လူသား၏အသက်ကို ထောက်ပံ့ပေးနိုင်ခြင်း ရှိ မရှိ ဆိုသည့်အရာ ဖြစ်သည်။ ဤအခြေခံသဘောတရားများနှင့် ကိုက်ညီပါက၊ ထိုလမ်းခရီးသည် မှန်သောလမ်းခရီးဖြစ်သည်ဟု ကောက်ချက်ချ နိုင်ပေသည်။ သင်တို့၏ အနာဂတ်အတွေ့အကြုံများ၌ အခြားသော လမ်းခရီးများကို သင်တို့လက်ခံစေဖို့ ဤနှုတ်ကပတ်တော်များကို ငါပြောခြင်း မဟုတ်သကဲ့သို့၊ အနာဂတ်၌ အခြားသောခေတ်သစ်၏ အမှုရှိလိမ့်မည်ဟု ဟောကိန်းထုတ်ခြင်း တစ်ခုအနေဖြင့် ပြောဆိုခြင်းလည်း မဟုတ်ပေ။ ယနေ့၏အမှုအပေါ် သင်တို့၏ ယုံကြည်ချက်၌ တစ်ဝက်သာသေချာပြီး ထိုအမှုအပေါ် ထိုးထွင်းသိမြင်မှု မရနိုင်ခြင်း မရှိရအောင်နှင့် ယနေ့၏လမ်းခရီးမှာ စစ်မှန်သောလမ်းခရီး ဖြစ်သည်ကို သင်တို့သေချာစေနိုင်ဖို့ ထိုအရာတို့ကို ငါပြောခြင်းဖြစ်သည်။ တိကျသေချာ နေသော်ငြားလည်း၊ စိတ်ရှုပ်ထွေးမှုထဲ လိုက်လျှောက်နေဆဲရှိသူ များစွာရှိ၏၊ ထိုသို့သောသေချာမှု၌ အခြေခံသဘောတရား မရှိ၊ ထို့ပြင် ၎င်းတို့သည် အနှေးနှင့်အမြန် ဖယ်ရှားခြင်းကို ခံရကြလိမ့်မည်။ မိမိတို့ လိုက်လျှောက်ခြင်း၌ အထူး တက်ကြွကြသော သူတို့ပင်လျှင် အစိတ်အပိုင်း သုံးပိုင်းသေချာပြီး ငါးပိုင်းမသေချာကြ၊ ယင်းက ၎င်းတို့တွင် အခြေခံအုတ်မြစ် မရှိသည်ကို ပြသနေပေသည်။ သင်တို့၏ အစွမ်းအစက ညံ့ဖျင်းလှပြီး သင်တို့၏ အခြေခံအုတ်မြစ်မှာလည်း တိမ်လွန်းလှသောကြောင့် သင်တို့တွင် ပိုင်းခြားသိမြင်ခြင်းအပေါ် နားလည်သဘောပေါက်ခြင်း မရှိပေ။ ဘုရားသခင်သည် သူ၏အမှုတော်ကို အဖန်ဖန်မပြုလုပ်ပေ၊ လက်တွေ့မကျသော အလုပ်ကို ဘုရားသခင်မလုပ်ဆောင်ပေ၊ သူသည် လူသားကို အလွန်အကျွံ တောင်းဆိုမှုများ

မပြုလုပ်သလို၊ လူသား၏ အသိစိတ်ကို ကျော်လွန်သော အလုပ်ကိုလည်း သူမလုပ်ဆောင်ပေ။ သူလုပ်သော အမှုဟူသမျှသည် လူသား၏ သာမန်အသိစိတ် အတိုင်းအတာအတွင်း၌ရှိပြီး သာမန်လူ့သဘာဝ၏ အသိစိတ်ကို မကျော်လွန်သည့်အပြင် သူ၏အမှုသည် လူသားမျိုးနွယ်၏ သာမန်လိုအပ်ချက်များနှင့်အညီ ဖြစ်သည်။ ထိုအရာက သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ဖြစ်လျှင်၊ လူသားသည် ပို၍ပို၍ ပုံမှန်ဖြစ်လာပြီး သူ၏လူ့သဘာဝမှာ ပို၍ပို၍ ပုံမှန်ဖြစ်လာသည်။ လူတို့သည် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးကာ ဆိုးယုတ်သော စိတ်သဘောထားနှင့် လူသား၏အနှစ်သာရတို့ အပေါ် တိုးပွားသော အသိပညာတစ်ခုကို ရရှိပြီး သမ္မာတရားကို ပို၍ပို၍ ကြီးမားစွာ တောင့်တမှုတစ်ခု သူ၌ရှိလေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လူသား၏အသက်တာ ပိုမို ကြီးထွားလေလေ၊ လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားက ပိုမိုပြောင်းလဲနိုင်စွမ်း ရှိလာလေလေ ဖြစ်သည်— ယင်းအရာအားလုံးသည် ဘုရားသခင်က လူ့အသက် ဖြစ်လာခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ အကယ်၍ လမ်းခရီးတစ်ခုက လူသား၏အနှစ်သာရဖြစ်သော ထိုအရာများကို ထုတ်ဖော်နိုင်စွမ်း မရှိလျှင်၊ လူသား၏ စိတ်သဘောထားကို ပြောင်းလဲနိုင်စွမ်းမရှိလျှင်၊ ထို့အပြင် ဘုရားသခင်ရှေ့မှောက်သို့ သူ့ကို ခေါ်ဆောင်လာနိုင်စွမ်း မရှိလျှင်၊ သို့မဟုတ် ဘုရားသခင်နှင့်ပတ်သက်၍ စစ်မှန်သော သဘောပေါက် နားလည်မှုကို သူ့အား မပေးနိုင်လျှင်၊ ထို့အပြင် သူ၏လူ့သဘာဝကို ပို၍ပင် နိမ့်ကျစေပြီး သူ၏အသိစိတ်ကို ပို၍ မူမမှန်စေလျှင်၊ ဤလမ်းခရီးမှာ စစ်မှန်သောလမ်းခရီး မဟုတ်ပေ၊ ယင်းမှာ နတ်ဆိုးတစ်ကောင်၏ အလုပ်၊ သို့မဟုတ် လမ်းခရီးဟောင်းတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ တိုတိုပြောရလျှင် ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်အလုပ်မဖြစ်နိုင်ပေ။ ဤနှစ်များ တစ်လျှောက်လုံး သင်တို့သည် ဘုရားသခင်၌ ယုံကြည်ခဲ့ကြသော်လည်း၊ မှန်သောလမ်းခရီးနှင့် မှားသောလမ်းခရီးတို့အကြား ခွဲခြားခြင်း သို့မဟုတ် စစ်မှန်သောလမ်းခရီးကို ရှာဖွေခြင်းအတွက် အခြေခံ သဘောတရားများကို အရိပ်အမြွက်မျှပင် မသိကြချေ။ လူအများစုက ဤကိစ္စများကို စိတ်ပါဝင်စားမှုပင် မရှိကြ၊ အများစု သွားရာကိုသာ သူတို့သွားကြပြီး အများစု ပြောသောအရာကို လိုက်ပြောကြသည်။ ဤသည်မှာ စစ်မှန်သောလမ်းခရီးကို ရှာဖွေသော သူတစ်ဦး အဘယ်သို့ ဖြစ်မည်နည်း။ ထိုကဲ့သို့သော သူတို့သည် စစ်မှန်သောလမ်းခရီးကို အဘယ်သို့ ရှာတွေ့နိုင်ကြမည်နည်း။ သင်သည် ဤအခြေခံမူအချို့ကို နားလည် သဘောပေါက်လျှင်၊ မည်သည့်အရာပင် ပေါ်ပေါက်ပါစေ သင် လှည့်စားခံရလိမ့်မည် မဟုတ်ပေ။ ယနေ့ လူများသည် ခွဲခြားနိုင်ဖို့ရန် အရေးကြီး၏၊ ဤအရာသည် သာမန် လူ့သဘာဝမှ ပိုင်ဆိုင်သင့်သည့်အရာဖြစ်ပြီး၊ ၎င်းတို့၏အတွေ့အကြုံတွင်

လူများ ပိုင်ဆိုင်ရမည့်အရာ ဖြစ်သည်။ အကယ်၍ ယနေ့ပင်လျှင် လူများသည် ၎င်းတို့၏လိုက်လျှောက်မှု၌ အဘယ်အရာကိုမျှ မပိုင်းခြားသေးဘဲ ၎င်းတို့၏ လူသားအသိစိတ်က ကြီးထွားမှု မရှိသေးလျှင်၊ လူများသည် အလွန်မိုက်မဲသောသူများဖြစ်ပြီး၊ ၎င်းတို့၏ လိုက်စားခြင်းမှာ မှားယွင်းကာ လမ်းလွဲနေပေသည်။ ယနေ့တွင် သင်၏ လိုက်စားခြင်း၌ အနည်းငယ်မျှ ကွဲပြားခြားနားခြင်း မရှိပေ၊ သင်ဆိုသကဲ့သို့ မှန်ကန်သောလမ်းခရီးကို သင်တွေ့သည်မှာ မှန်သော်လည်း ထိုလမ်းခရီးကို သင်ရရှိပြီလော။ သင်သည် အရာတစ်ခုခုကို ခွဲခြားနိုင်ခဲ့ပြီလော။ စစ်မှန်သောလမ်းခရီး၏ အနှစ်သာရမှာ အဘယ်နည်း။ စစ်မှန်သောလမ်းခရီးတွင်၊ သင်သည် စစ်မှန်သောလမ်းခရီးကို ရရှိခဲ့ပြီမဟုတ်၊ သမ္မာတရား၏ အဘယ်အရာကိုမျှ သင်မရရှိခဲ့ရသေး၊ ယင်းမှာ ဘုရားသခင်က သင့်အား တောင်းဆိုသောအရာကို သင်မရရှိသေးဟု ဆိုလိုသည်၊ ထို့ကြောင့် သင်၏ပျက်စီးခြင်းတွင် အပြောင်းအလဲ မရှိသေးပေ။ သင်သည် ဤနည်းဖြင့် ဆက်လက် လိုက်စားလျှင်၊ အဆုံး၌ ပယ်ရှင်းခြင်းခံရလိမ့်မည်။ ယနေ့အထိ လိုက်လျှောက်ပြီးဖြစ်သဖြင့်၊ သင်လျှောက်ခဲ့ပြီးသော လမ်းကြောင်းမှာ မှန်ကန်သော လမ်းကြောင်းဖြစ်သည်ကို သေချာသင့်ပြီး နောက်ထပ် သံသယများ မထားသင့်ပေ။ လူများစွာတို့သည် သေးငယ်သော အကြောင်းကိစ္စရပ် အချို့ကြောင့် အမြဲ မသေချာမရေရာဖြစ်ကြကာ သမ္မာတရားကို လိုက်စားခြင်းအား ရပ်ဆိုင်းကြလေသည်။ ထိုသို့သောလူများသည် ဘုရားသခင်၏ အမှုတော်နှင့် သက်ဆိုင်သည့် အသိပညာမရှိကြသူများဖြစ်ပြီး၊ ဘုရားသခင်ကို စိတ်ရှုပ်ထွေးလျက် လိုက်လျှောက်ကြသူများ ဖြစ်သည်။ ဘုရားသခင်၏အမှုကို မသိရှိသော လူတို့သည် သူ၏ အကျွမ်းဝင်သူများ ဖြစ်ခြင်းငှာ မစွမ်းဆောင်နိုင်ကြ၊ သို့မဟုတ် သူ့အဖို့ သက်သေခံခြင်းငှာ မတတ်စွမ်းနိုင်ကြပေ။ ကောင်းချီးမင်္ဂလာကိုသာရှာပြီး စမ်းတဝါးဝါးနှင့် စိတ်ကူးသက်သက် ဖြစ်သောအရာကိုသာ လိုက်စားသောသူတို့အနေဖြင့် ၎င်းတို့ဘဝများ အဓိပ္ပာယ်ရှိစေခြင်းငှာ သမ္မာတရားကို ဖြစ်နိုင်သမျှ ချက်ချင်းလိုက်စားကြဖို့ ငါအကြံပြုသည်။ သင့်ကိုယ်သင် နောက်ထပ်အရူး မလုပ်လေနှင့်တော့။

# လူ့ဇာတိခံ ဘုရားသခင်၏အမှုတော်နှင့် လူ၏တာဝန်ကြား ကွဲပြားခြားနားမှု

သင်တို့သည် ဘုရားသခင့် အမှု၏ ရူပါရုံကို သိလာရမည်ဖြစ်ပြီး သူ့အမှု၏ ယေဘုယျ

ဦးတည်ချက်ကို သဘောပေါက်လာရမည်။ ဤသည်မှာ အပြုသဘောဆောင်သော ဝင်ရောက်ခြင်း ဖြစ်သည်။ ရူပါရုံ၏ သမ္မာတရားကို သင် မလွဲမသွေ ကျွမ်းကျင်ပိုင်နိုင်သည်နှင့်တစ်ပြိုင်နက်၊ သင်၏ ဝင်ရောက်ခြင်းမှာ လုံခြုံစိတ်ချရလိမ့်မည်။ ဘုရားသခင် အမှု မည်သို့ပင် ပြောင်းလဲသည်ဖြစ်စေ၊ သင်သည် မိမိ၏စိတ်နှလုံး၌ တည်ကြည်မြဲ တည်ကြည်နေမည်၊ ရူပါရုံနှင့်ပတ်သက်၍ ရှင်းလင်းလိမ့်မည် ဖြစ်ပြီး သင်၏ ဝင်ရောက်ခြင်းနှင့် အားထုတ်ခြင်းအတွက် ရည်မှန်းချက် တစ်ခု ရှိလိမ့်မည်။ ဤနည်းဖြင့် သင့်အတွင်းရှိ အတွေ့အကြုံနှင့် အသိပညာ အားလုံးသည် ပို၍ နက်ရှိုင်းစွာ ကြီးထွားကာ စေ့စပ်လာလိမ့်မည် ဖြစ်သည်။ ယင်း၏ အလုံးစုံ၌ သာ၍ ကြီးမားသည့် အခြေအနေကို သဘောပေါက်ပြီးသည်နှင့်တစ်ပြိုင်နက်၊ ဘဝတွင် မည်သည့် ဆုံးရှုံးမှုမျှ သင် ခံစားရမည် မဟုတ်သကဲ့သို့၊ သွေဖည်သွားလိမ့်မည်လည်း မဟုတ်ပေ။ အမှု၏ ဤအဆင့်များကို သင် သိရှိမလာပါက၊ အဆင့်အသီးသီးတွင် ဆုံးရှုံးမှု ခံစားရလိမ့်မည် ဖြစ်ပြီး၊ အမှုအရာများကို ပြောင်းလဲဖို့ သင်သည် ရက်အနည်းထက် ပိုကြာလိမ့်မည် ဖြစ်သကဲ့သို့၊ ရက်သတ္တပတ် တစ်ပတ်နှစ်ပတ်အကြာတွင်ပင် သင်သည် မှန်သောလမ်းကြောင်းပေါ်သို့ စတင်ရန် စိတ်ပိုင်းဖြတ်နိုင်လိမ့်မည် မဟုတ်ပေ။ ဤအရာက နှောင့်နှေးကြန့်ကြာမှုများကို ဖြစ်ပေါ်စေလိမ့်မည် မဟုတ်လော။ အပြုသဘောဆောင်သည့် ဝင်ရောက်ခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းတွင် သင်တို့ ကျွမ်းကျင်ပိုင်နိုင်ရမည့် အရာများစွာ ရှိသည်။ ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် ရူပါရုံများအတွက်မူ၊ အောက်ပါ အချက်များကို သင် သဘောပေါက်ရမည်- သူ၏ သိမ်းပိုက်ခြင်း အမှု၏ အရေးပါပုံ၊ စုံလင်ခံရခြင်းဆီသို့ သွားသည့် အနာဂတ် လမ်းကြောင်း၊ စမ်းသပ်မှုများနှင့် ဘေးဒုက္ခများကို ကြုံတွေ့ခြင်းမှတစ်ဆင့် ရရှိရမည့်အရာ၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း၏ အရေးပါမှု၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် နောက်ကွယ်ရှိ အခြေခံသဘောတရားများ၊ စုံလင်စေခြင်းနှင့် သိမ်းပိုက်ခြင်း နောက်ကွယ်ရှိ အခြေခံသဘောတရားများ ဖြစ်သည်။ ဤအရာအားလုံးသည် ရူပါရုံ၏ သမ္မာတရားနှင့် သက်ဆိုင်ပေသည်။ ကျန်သည့်အရာများမှာ ပညတ်တော်ခေတ်၊ ကျေးဇူးတော်ခေတ်နှင့် နိုင်ငံတော်ခေတ်ထဲက အမှု၏ အဆင့်သုံးဆင့်အပြင် အနာဂတ် သက်သေခံချက်လည်း ဖြစ်သည်။ ဤအရာများသည်လည်း ရူပါရုံနှင့်သက်ဆိုင်သော သမ္မာတရားများ ဖြစ်ကြပြီး ယင်းတို့သည် အခြေခံအကျဆုံးအပြင် အရေးပါဆုံးလည်း ဖြစ်ပေသည်။ လက်ရှိအချိန်တွင် သင်တို့ ဝင်ရောက်သင့်ပြီး လက်တွေ့ လုပ်ဆောင်သင့်သောအရာ အလွန် များစွာရှိပြီး ယင်းသည် ယခုတွင် ပို၍ အဆင့်ဆင့်ပြုလုပ်ထားပြီး သာ၍ အသေးစိတ်ကျလေသည်။ အကယ်၍ သင်သည်

ဤသမ္မာတရားများနှင့်သက်ဆိုင်သည့် အသိပညာမရှိပါက၊ ဤအရာက သင်သည် ဝင်ရောက်ခြင်း မရရှိသေးသည်ကို သက်သေပြပေသည်။ များသောအားဖြင့် သမ္မာတရားနှင့်သက်ဆိုင်သည့် လူတို့၏ အသိပညာသည် အလွန်တိမ်၏။ ၎င်းတို့သည် အချို့သော အခြေခံကျသည့် သမ္မာတရားအချို့ကို လက်တွေ့မလုပ်ဆောင်နိုင်သကဲ့သို့ အသေးအမွှား ကိစ္စများကိုပင် မည်သို့ ကိုင်တွယ်ရမည်ကို မသိကြချေ။ လူတို့သည် သမ္မာတရားကို လက်တွေ့မလုပ်ဆောင်နိုင်သည့် အကြောင်းရင်းမှာ ၎င်းတို့၏ စိတ်သဘောထားသည် ပုန်ကန်တတ်သောကြောင့်ဖြစ်ပြီး ယနေ့၏ အမှုနှင့်သက်ဆိုင်သော ၎င်းတို့၏အသိပညာသည် အလွန်ပေါ့တန်ကာ တစ်ဖက်သတ် ဆန်လွန်းသောကြောင့် ဖြစ်သည်။ ထို့ကြောင့် စုံလင်စေခြင်းခံရဖို့မှာ လူတို့အတွက် လွယ်ကူသည့် အလုပ် မဟုတ်ပေ။ သင်သည် အလွန်ပုန်ကန်တတ်လွန်းပြီး၊ သင်၏ဇာတိဟောင်းကို သင် များစွာ ထိန်းသိမ်းလွန်း၏။ သင်သည် သမ္မာတရားဘက်တွင် မရပ်တည်နိုင်သကဲ့သို့ ပကတိအတိုင်း အထင်ရှားဆုံး ဖြစ်ပြီးသော သမ္မာတရားများကိုပင် လက်တွေ့လုပ်ဆောင်နိုင်ချေ။ ထိုသို့သော လူများသည် ကယ်တင်၍ မရနိုင်သကဲ့သို့၊ သိမ်းပိုက်ခြင်း မခံရသေးသူများ ဖြစ်သည်။ သင်၏ဝင်ရောက်ခြင်းသည် စေ့စပ်ခြင်း မရှိသကဲ့သို့ ဓမ္မဓိဋ္ဌာန်လည်း မကျပါက၊ သင့်အဖို့ ကြီးထွားမှု နှေးကွေးလာပေမည်။ သင်၏ဝင်ရောက်ခြင်းတွင် လက်တွေ့အရှိတရား စိုးစဉ်းမျှ မရှိပါက၊ သင်၏အားထုတ်မှု အချည်းနှီး ဖြစ်လိမ့်မည်။ သင်သည် သမ္မာတရား၏အနှစ်သာရကို သတိမပြုမိပါက၊ မပြောင်းလဲဘဲ ဆက်ရှိနေမည်။ လူ၏ အသက်တာ၌ ကြီးထွားခြင်းနှင့် သူ၏ စိတ်သဘောထား၌ ပြောင်းလဲမှုများကို လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ခြင်းအားဖြင့်အပြင်၊ စေ့စပ်သည့် အတွေ့အကြုံများထဲသို့ ဝင်ရောက်ခြင်းမှတစ်ဆင့် စွမ်းဆောင်ရရှိပေသည်။ သင်၏ ဝင်ရောက်မှု အတောအတွင်းတွင် သင်သည် စေ့စပ်သည့် အတွေ့အကြုံ များစွာ ရှိပြီး၊ တကယ့် အသိပညာနှင့် ဝင်ရောက်မှု များစွာ ရှိပါက၊ သင်၏စိတ်သဘောထား အလျင်အမြန် ပြောင်းလဲလိမ့်မည်။ လက်ရှိတွင် လက်တွေ့လုပ်ဆောင်မှု အကြောင်းကို လုံးဝ မရှင်းလင်းလျှင်ပင်၊ အနည်းဆုံးအနေဖြင့် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် ရူပါရုံများ အကြောင်းကို ရှင်းလင်းရပေမည်။ သို့မဟုတ်ပါက သင်သည် ဝင်ရောက်နိုင်စွမ်း ရှိမည် မဟုတ်ပေ။ သင်သည် သမ္မာတရားနှင့်သက်ဆိုင်သည့် အသိပညာ ရှိသည့်အခါမှသာ၊ ဝင်ရောက်မှု ဖြစ်နိုင်ပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏ အတွေ့အကြုံတွင် သင့်ကို အသိဉာဏ်ပွင့်လင်းစေလျှင်သာ၊ သမ္မာတရားနှင့်သက်ဆိုင်သည့် သာ၍ နက်နဲသည့် သိနားလည်မှုနှင့် သာ၍ နက်ရှိုင်းသည့် ဝင်ရောက်မှု တစ်ခုကို ရရှိလိမ့်မည်ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏ အမှုကို

သိရှိလာရမည် ဖြစ်သည်။

အစအဦး၌ လူသားမျိုးနွယ်၏ ဖန်ဆင်းခြင်းနောက်တွင်၊ ဘုရားသခင်၏ အမှု အခြေခံအကြောင်းရင်းအဖြစ် အစေခံသူများမှာ ဣသရေလလူများ ဖြစ်ခဲ့သည်။ ဣသရေလမျိုးနွယ် တစ်ခုလုံးသည် ကမ္ဘာမြေကြီးပေါ်တွင် ယေဟောဝါ၏အမှု အခြေခံ ဖြစ်ခဲ့သည်။ ယေဟောဝါ၏အမှုမှာ လူသားအနေဖြင့် ပုံမှန် အသက်တာကို အသက်ရှင်နိုင်ပြီး ကမ္ဘာမြေပေါ်တွင် ယေဟောဝါကို ပုံမှန်နည်းဟန်ဖြင့် ကိုးကွယ်နိုင်ဖို့အလို့ငှာ၊ ပညတ်တရားများ ချမှတ်ခြင်းအားဖြင့် လူသားကို တိုက်ရိုက် ဦးဆောင်ပြီး ထိန်းကျောင်းဖို့ ဖြစ်ခဲ့သည်။ ပညတ်တော်ခေတ်ထဲက ဘုရားသခင်ကို လူသားက တွေ့မြင်နိုင်သကဲ့သို့ ထိလည်းမထိတွေ့နိုင်ခဲ့ပေ။ သူ လုပ်ဆောင်ခဲ့သမျှ အားလုံးမှာ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရသော အစောဆုံး လူတို့ကို သွန်သင်ရင်းနှင့် ထိန်းကျောင်းရင်း လမ်းပြခြင်းသာ ဖြစ်ခဲ့ပြီး၊ သူ၏နှုတ်ကပတ်တော်များသည် ပညတ်တရားများ၊ စီရင်ထုံးဖွဲ့ချက်များနှင့် လူသား အပြုအမူ၏ စံများသာ ပါရှိပြီး၊ ၎င်းတို့ကို အသက်တာနှင့်ဆိုင်သည့် သမ္မာတရားများ မပေးခဲ့ပေ။ သူ၏ ဦးဆောင်မှုအောက်က ဣသရေလလူများသည် စာတန်အားဖြင့် နက်နက်နဲနဲ ဖောက်ပြန်ပျက်စီးခြင်း မရှိခဲ့ကြပေ။ ပညတ်တော်နှင့်ဆိုင်သည့် သူ၏အမှုသည် ကယ်တင်ခြင်းအမှုတွင် ပထမဦးဆုံးသော အဆင့်၊ ကယ်တင်ခြင်းအမှု၏ တကယ့် အစအဦး ဖြစ်ပြီး၊ လူ၏ အသက်စိတ်သဘောထားရှိ ပြောင်းလဲမှုများနှင့် ဘာမျှ မပတ်သက်လုနီးနီး ဖြစ်သည်။ ထို့ကြောင့် ကယ်တင်ခြင်းအမှု၏ အစအဦးတွင် ဣသရေလပြည်၌ သူ၏အမှုအတွက် သူ့အနေဖြင့် လူ့ဇာတိခံယူရန် မလိုအပ်ခဲ့ချေ။ ဤသည်မှာ သူသည် လူသားနှင့် ထိတွေ့ဆက်ဆံရန်- တန်ဆာပလာတစ်ခု- ကြားခံတစ်ခု လိုအပ်ခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းခံသတ္တဝါများထဲမှ ယေဟောဝါ၏ကိုယ်စား စကားပြောကာ အမှုပြုမည့်သူများ ထွက်ပေါ် ခဲ့ပြီး၊ ယင်းမှာ လူ့အလယ်တွင် အမှုပြုဖို့ လူသားများနှင့် ပရောဖက်များ ရောက်လာခဲ့ကြပုံ ဖြစ်သည်။ လူသားများသည် လူတို့အလယ်တွင် ယေဟောဝါ၏ကိုယ်စား အမှုပြုခဲ့ကြသည်။ ယေဟောဝါအားဖြင့် “လူသားများ” ဟု အခေါ် ခံရဖို့ဆိုသည်မှာ ထိုသို့သော လူများသည် ယေဟောဝါ၏ကိုယ်စား ပညတ်တရားများကို ကြေညာသည်ဟု ဆိုလိုပေသည်။ ၎င်းတို့သည် ဣသရေလလူမျိုးများ အလယ်တွင် ယေဟောဝါ၏ စောင့်ရှောက်ခြင်းနှင့် ကွယ်ကာခြင်း ခံခဲ့ရပြီး၊ ၎င်းတို့အထဲတွင် ယေဟောဝါ၏ ဝိညာဉ် အမှုပြုခဲ့သည့် ယဇ်ပရောဟိတ်များလည်း ဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် လူတို့အလယ်တွင် ခေါင်းဆောင်များ ဖြစ်ကြပြီး ယေဟောဝါကို တိုက်ရိုက် အစေခံခဲ့ကြသည်။ တစ်နည်းအားဖြင့် ပရောဖက်များသည် နယ်မြေများနှင့်

လူမျိုးစုအားလုံး၏ လူများကို ယေဟောဝါ၏ကိုယ်စား စကားပြောခြင်းငှာ ဆက်ကပ်ထားခဲ့ကြပေသည်။ ၎င်းတို့သည် ယေဟောဝါ၏အမှုကိုလည်း ပရောဖက်ပြုခဲ့ကြသည်။ ၎င်းတို့သည် လူသားများဖြစ်စေ ပရောဖက်များ ဖြစ်စေ၊ အားလုံးကို ယေဟောဝါကိုယ်တိုင်၏ ဝိညာဉ်တော်က ပေါ်ထွန်းစေခဲ့ပြီး၊ ၎င်းတို့အထဲတွင် ယေဟောဝါ၏အမှု ရှိစေခဲ့ခြင်း ဖြစ်သည်။ လူတို့အလယ်တွင်၊ ၎င်းတို့သည် ယေဟောဝါကို တိုက်ရိုက် ကိုယ်စားပြုခဲ့သော သူများ ဖြစ်ကြသည်။ ၎င်းတို့သည် ၎င်းတို့၏ အလုပ်ကို လုပ်ဆောင်ခဲ့သည်မှာ ယေဟောဝါက ၎င်းတို့ကို ပေါ်ထွန်းစေခဲ့သောကြောင့်သာ ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော် ကိုယ်တိုင်က ၎င်းတို့၏ ဇာတိခန္ဓာအထဲတွင် လူ့ဇာတိခံယူခြင်း ကြောင့် မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ဘုရားသခင်၏ကိုယ်စား ထပ်တူထပ်မျှ စကားပြောပြီး အမှုပြုခဲ့ကြသော်လည်း၊ ပညတ်တော်ခေတ်ထဲက လူသားများနှင့် ပရောဖက်များသည် လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိခန္ဓာ မဟုတ်ခဲ့ကြပေ။ ကယ်တင်ခြင်းအမှုနှင့် လူကို တရားစီရင်ခြင်းအမှု နှစ်ခုလုံးကို လူ့ဇာတိခံ ဘုရားသခင် ကိုယ်တိုင် ပြုခဲ့ခြင်းဖြစ်ပြီး၊ ထို့ကြောင့် သူ၏ကိုယ်စား အမှုပြုရန် ပရောဖက်များနှင့် လူသားများကို နောက်တစ်ဖန် ပေါ်ထွန်းစေရန် တကယ်ကို မလိုအပ်သည့်အတွက်၊ ကျေးဇူးတော်ခေတ်ထဲက ဘုရားသခင်၏ အမှုနှင့် နောက်ဆုံးအဆင့်သည် အတိအကျ ဆန့်ကျင်လေသည်။ လူ၏ အမြင်တွင် ၎င်းတို့ အလုပ်၏ အနှစ်သာရနှင့် နည်းစနစ်ကြားတွင် ပဓာနကျသော ကွာခြားမှုများ မရှိပေ။ ဤအကြောင်းရင်းကြောင့် လူတို့သည် လူ့ဇာတိခံ ဘုရားသခင်၏ အမှုကို ပရောဖက်များနှင့် လူသားများ၏ အမှုနှင့် စဉ်ဆက်မပြတ် ရောထွေးမိကြခြင်း ဖြစ်ပေသည်။ လူ့ဇာတိခံ ဘုရားသခင်၏ သွင်ပြင်သည် အခြေခံအားဖြင့် ပရောဖက်များနှင့် လူသားများ၏ သွင်ပြင်နှင့် တူညီသည်။ ပြီးလျှင် လူ့ဇာတိခံ ဘုရားသခင်သည် ပရောဖက်များထက် သာ၍ပင် ပုံမှန်ဖြစ်ပြီး စစ်မှန်လေသည်။ ထိုကြောင့် လူသည် ၎င်းတို့ကြား ခွဲခြားနိုင်စွမ်း မရှိပေ။ နှစ်ဦးက အမှုပြုခြင်းနှင့် စကားပြောခြင်းတွင် ညီတူညီမျှ ဖြစ်ကြသော်လည်း၊ ၎င်းတို့ကြားတွင် ပဓာနကျသည့် ခြားနားချက် တစ်ခုရှိသည်ကို လုံးဝ သတိမမူမိဘဲ၊ လူသည် သွင်ပြင်လက္ခဏာများအပေါ် လုံးဝဉဿုံ အာရုံစိုက်လေသည်။ လူ၏ အမှုအရာများကို ခွဲခြားသိမြင်နိုင်စွမ်းသည် အလွန် ညံ့ဖျင်းသောကြောင့်၊ သူသည် အလွန် ရှုပ်ထွေးသည့်အရာ တစ်ခုကို မဆိုထားနှင့်၊ ရိုးရှင်းသည့်ကိစ္စရပ်များကိုပင် မခွဲခြားနိုင်ပေ။ ပရောဖက်များနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အသုံးပြုခြင်း ခံရသည့် လူများ အလုပ်လုပ်ပြီး စကားပြောခဲ့ချိန်တွင်၊ ဤသည်မှာ လူ၏တာဝန်များကို ဆောင်ရွက်ခြင်း ဖြစ်ခဲ့သည်၊ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ အလုပ်တာဝန်ကို အစေခံခြင်း ဖြစ်ခဲ့ပြီး၊ ယင်းမှာ လူက လုပ်ဆောင်သင့်သည့်

အရာတစ်ခု ဖြစ်ခဲ့သည်။ သို့သော် လူ့ဇာတိခံ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုသည် သူ၏အမှုတော်ကို ဆောင်ရွက်ရန် ဖြစ်ခဲ့သည်။ သူ၏ အပြင်ပန်း အသွင်သဏ္ဍာန်သည် ဖန်ဆင်းခံတစ်ဦး၏ အသွင်သဏ္ဍာန် ဖြစ်ခဲ့သော်လည်း၊ သူ၏အမှုမှာ သူ၏အလုပ်တာဝန်ကို မဟုတ်ဘဲ၊ သူ၏အမှုတော်ကို ဆောင်ရွက်ရန်ဖြစ်ခဲ့သည်။ "တာဝန်" ဟူသော ဝေါဟာရကို ဖန်ဆင်းခံသတ္တဝါများနှင့်စပ်လျဉ်း၍ အသုံးပြုသော်လည်း၊ "အမှုတော်" ဟူသော ဝေါဟာရကိုမူ လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိခန္ဓာနှင့်စပ်လျဉ်း၍ အသုံးပြုပေသည်။ ထိုဝေါဟာရ နှစ်ခုကြားတွင် ခြေခြေမြစ်မြစ်ရှိသော ကွာခြားမှု တစ်ခုရှိ၏- ယင်းတို့သည် အချင်းချင်း ဖလှယ်၍ မရနိုင်ပေ။ လူ၏အလုပ်မှာ သူ၏တာဝန်ကို လုပ်ဆောင်ရန်သာ ဖြစ်သည်၊ ဘုရားသခင်၏အမှုမှာမူ သူ၏အမှုတော်ကို စီမံခန့်ခွဲရန်နှင့် ဆောင်ရွက်ရန် ဖြစ်သည်။ ထို့ကြောင့် တမန်တော်များစွာသည် သန့်ရှင်းသောဝိညာဉ်တော်၏ အသုံးပြုခြင်းကို ခံခဲ့ရပြီး ပရောဖက်များစွာသည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝခဲ့ကြသော်လည်း၊ ၎င်းတို့၏ အမှုနှင့် စကားများသည် ၎င်းတို့၏တာဝန်ကို ဖန်ဆင်းခံသတ္တဝါများအနေဖြင့် ဆောင်ရွက်ရုံမျှ ဆောင်ရွက်ဖို့သာ ဖြစ်ခဲ့သည်။ ၎င်းတို့၏ ပရောဖက်ပြုချက်များသည် လူ့ဇာတိခံ ဘုရားသခင် ပြောဆိုသည့် အသက်လမ်းခရီးထက် သာလွန်ပြီး ဖြစ်ကောင်းဖြစ်နိုင်ကာ ၎င်းတို့၏ လူ့သဘာဝသည် လူ့ဇာတိခံ ဘုရားသခင်၏ လူ့သဘာဝကို ကျော်လွန်ပြီး ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ ၎င်းတို့သည် ၎င်းတို့၏တာဝန်ကို လုပ်ဆောင်နေခြင်းသာ ဖြစ်ပြီး အမှုတော်ကို ဖြည့်ဆည်းနေခြင်း မဟုတ်ခဲ့ပေ။ လူ၏တာဝန်သည် လူ၏ အလုပ်တာဝန်ကို ရည်ညွှန်းသည်။ ယင်းသည် လူက ရယူနိုင်သောအရာ ဖြစ်သည်။ သို့သော်လည်း လူ့ဇာတိခံ ဘုရားသခင် ထမ်းရွက်သောအမှုတော်သည် သူ၏စီမံခန့်ခွဲမှုနှင့် ဆက်နွယ်ပြီး ဤသည်မှာ လူက မရယူနိုင်ပေ။ လူ့ဇာတိခံ ဘုရားသခင် စကားပြောသည်ဖြစ်စေ၊ အမှုပြုသည်ဖြစ်စေ သို့မဟုတ် အံ့သြဖွယ်ရာများ ထင်ရှားစေသည် ဖြစ်စေ၊ သူသည် သူ၏စီမံခန့်ခွဲမှု အလယ်တွင် ကြီးမြတ်သောအမှုကို ပြုနေခြင်း ဖြစ်ပြီး ထိုသို့သောအမှုကို လူက သူ၏ကိုယ်စား လုပ်ဆောင်၍ မရနိုင်ပေ။ လူသားများ၏အလုပ်မှာ သတ်မှတ်ထားသည့် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု၏ သတ်မှတ်ထားသည့် အဆင့်တစ်ဆင့်တွင် ဖန်ဆင်းခံသတ္တဝါတစ်ဦးအနေဖြင့် သူ၏တာဝန်ကိုသာ လုပ်ဆောင်ရန် ဖြစ်သည်။ ဘုရားသခင်၏စီမံခန့်ခွဲမှု မရှိဘဲ၊ ဆိုလိုသည်မှာ လူ့ဇာတိခံ ဘုရားသခင်၏ အမှုတော် ဆုံးရှုံးခြင်းသို့ ရောက်ခဲ့မည်ဆိုပါက၊ ဖန်ဆင်းခံသတ္တဝါတစ်ဦး၏ တာဝန်သည်လည်း ဆုံးရှုံးခြင်းသို့ရောက်မည် ဖြစ်သည်။ သူ၏အမှုတော်ကို ဆောင်ရွက်ရာတွင် ဘုရားသခင်၏ အမှုမှာ လူသားကို စီမံခန့်ခွဲရန် ဖြစ်သည်၊ ၎င်း၏ တာဝန်နှင့်ဆိုင်သည့် လူ၏ ဆောင်ရွက်မှုမှာမူ

ဖန်ဆင်းရှင်၏ တောင်းဆိုချက်များကို စွမ်းဆောင်ဖို့ ၎င်း၏ကိုယ်ပိုင် ဝတ္တရားကို ဖြည့်ဆည်းခြင်း ဖြစ်ပြီး၊ မိမိ၏ အမှုတော်ကို ဆောင်ရွက်နေသည်ဟု ယူဆ၍မရနိုင်ပေ။ ဘုရားသခင်၏ ပင်ကိုအနှစ်သာရအဖို့- သူ၏ဝိညာဉ်တော်အဖို့- ဘုရားသခင် အမှုမှာ သူ၏စီမံခန့်ခွဲမှု ဖြစ်သော်လည်း၊ ဖန်ဆင်းခံ တစ်ဦး၏ အပြင်ပန်း အသွင်သဏ္ဌာန်ကို ယူတင်ဝတ်ဆင်သည့် လူ့ဇာတိခံ ဘုရားသခင်အဖို့မှာမူ သူ၏အမှုမှာ သူ၏အမှုတော်ကို ဆောင်ရွက်ခြင်း ဖြစ်သည်။ သူပြုသော မည်သည့်အမှုမဆိုသည် သူ၏အမှုတော်ကို ထမ်းရွက်ရန် ဖြစ်သည်။ လူသား လုပ်ဆောင်နိုင်သောအရာအားလုံးမှာ ဘုရားသခင်၏စီမံခန့်ခွဲမှု အတိုင်းအတာအတွင်းနှင့် သူ၏ လမ်းပြမှုအောက်တွင် အစွမ်းကုန် ကြိုးစား ဆောင်ရွက်ဖို့ ဖြစ်ပေသည်။

၎င်းတို့၏တာဝန်နှင့်သက်ဆိုင်သည့် လူ၏ ဆောင်ရွက်မှုသည် အမှန်အားဖြင့် လူသားအတွင်းရှိ ရှိရင်းစွဲ အရာအားလုံးနှင့်ဆိုင်သည့် ပြီးမြောက်အောင်မြင်ခြင်း ဖြစ်သည်၊ ဆိုလိုသည်မှာ လူသားအတွက် ဖြစ်နိုင်သည့် အရာဖြစ်သည်။ ထိုအခါ ယင်းမှာ ၎င်း၏တာဝန်ကို ဖြည့်ဆည်းခြင်း ဖြစ်ပေသည်။ သူ၏အစေခံမှုအတွင်း လူသား၏ အပြစ်အနာအဆာများသည် တိုးတက်သည့် အတွေ့ကြုံနှင့် တရားစီရင်ခြင်းအား သူ၏ကြုံရခြင်း ဖြစ်စဉ်မှတစ်ဆင့် တဖြည်းဖြည်း လျော့နည်းလာသည်။ ယင်းတို့သည် လူသား၏တာဝန်ကို မတားဆီးပေ သို့မဟုတ် မထိခိုက်ပေ။ အစေခံမှုကို ရပ်စဲသောသူ သို့မဟုတ် ၎င်းတို့၏ အစေခံမှုတွင် ချွတ်ယွင်းချက်များ ရှိကောင်းရှိနိုင်သည်ဟု ကြောက်ရွံ့ခြင်းအတွက် အလျှော့ပေးကာ နောက်ပြန်ဆုတ်သူများသည် အားလုံးထဲတွင် သတ္တိ အနည်းဆုံးသောသူများ ဖြစ်သည်။ လူတို့သည် အစေခံမှုအတွင်းတွင် ၎င်းတို့ ဖော်ပြသင့်သည့်အရာကို မဖော်ပြနိုင်သကဲ့သို့ သို့မဟုတ် ၎င်းတို့အတွက် ပင်ကိုအားဖြင့် ဖြစ်နိုင်သည့်အရာကို စွမ်းဆောင် မရရှိနိုင်သကဲ့သို့၊ ယင်းအစား တည်ကြည်လေးနက်မှု မရှိဘဲ ဟန်ဆောင်လုပ်ပြပါက၊ ၎င်းတို့သည် ဖန်ဆင်းခံ တစ်ဦး ရှိသင့်သည့် အလုပ်တာဝန်ကို ဆုံးရှုံးကြပြီး ဖြစ်ပေသည်။ ထိုသို့သော လူတို့သည် “သာမညညောင်ညများ” ဟု သိရသောအရာများ ဖြစ်သည်။ ၎င်းတို့သည် အသုံးမဝင်သော အမှိုက်သရိုက် ဖြစ်ကြသည်။ ထိုသို့သောလူတို့ကို ဖန်ဆင်းခံများဟု အဘယ်သို့ ကောင်းမွန်စွာ ခေါ်ဆို၍ ရနိုင်မည်နည်း။ ၎င်းတို့သည် အပြင်ပန်းတွင် တောက်ပြောင်သော်လည်း၊ အတွင်း၌ ပုပ်သိုးသော ဖောက်ပြန်ပျက်စီးသည့် သတ္တဝါများ ဖြစ်သည် မဟုတ်လော။ အကယ်၍ လူသားတစ်ဦးသည် မိမိကိုယ်ကိုယ် ဘုရားသခင်ဟူ၍ ခေါ်ဝေါ်သမုတ်သော်လည်း၊ ဘုရားသဘောသဘာဝ၏ ဖြစ်ခြင်းကို မဖော်ပြနိုင်ပါက၊ ဘုရားသခင် ကိုယ်တိုင်၏အမှုကို မပြုနိုင်ပါက၊ သို့မဟုတ် ဘုရားသခင်ကို ကိုယ်စားမပြုနိုင်ပါက၊ သူသည် ဘုရားသခင်၏

အနှစ်သာရ မရှိသည့်အတွက်၊ ဘုရားသခင် မဟုတ်သည်မှာ သေချာပြီး၊ ဘုရားသခင်က ပင်ကိုအားဖြင့် စွမ်းဆောင်ရရှိနိုင်သည့်အရာသည် သူ၏ အတွင်းတွင် မတည်ရှိပေ။ အကယ်၍ လူသားသည် ပင်ကိုအားဖြင့် သူ ရယူနိုင်သည့်အရာကို ဆုံးရှုံးရပါက၊ ၎င်းကို လူသားဟု ယူဆ၍ မရနိုင်တော့သကဲ့သို့၊ ဖန်ဆင်းခံသတ္တဝါအဖြစ် ရပ်တည်ရန် သို့မဟုတ် ဘုရားသခင် ရှေ့မှောက် လာရန်နှင့် သူ့ကို အစေခံရန် မထိုက်တန်ချေ။ ထို့အပြင် ၎င်းသည် ဘုရားသခင်၏ကျေးဇူးတော်ကို ရရှိရန် သို့မဟုတ် ဘုရားသခင်၏ ကြည့်ရှုစောင့်ရှောက်ခြင်း ခံရရန်၊ ကွယ်ကာခြင်း ခံရရန်နှင့် ဘုရားသခင်၏ စုံလင်စေခြင်းကို ခံရရန် မထိုက်တန်ပေ။ ဘုရားသခင်၏ ယုံကြည်မှုကို ဆုံးရှုံးသောသူ များစွာသည် ဘုရားသခင်၏ ကျေးဇူးတော်ကို ဆက်လက် ဆုံးရှုံးရသည်။ ၎င်းတို့သည် မိမိတို့၏ မကောင်းမှုများကို မစက်ဆုပ်ကြသည်သာမက၊ ဘုရားသခင်၏ လမ်းခရီးသည် မမှန်ကန်ဟူသော အယူအဆကို အရှက်မရှိ ဖြန့်ကြပြီး၊ ပုန်ကန်တတ်သောသူများသည် ဘုရားသခင်၏ တည်ရှိခြင်းကိုပင် ငြင်းပယ်ကြလေသည်။ ထိုသို့သော ပုန်ကန်မှုကို ပိုင်ဆိုင်သည့် ထိုသို့သော လူများသည် ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ခံစားပိုင်ခွင့် မည်သို့ ရှိနိုင်မည်နည်း။ မိမိတို့၏တာဝန်ကို မဆောင်ရွက်သောသူတို့သည် ဘုရားသခင်ကို အလွန် ပုန်ကန်တတ်ကြပြီး ဘုရားသခင်နှင့်ပတ်သက်၍ များစွာအကြွေးတင် ရှိကြပေသည်၊ သို့သော် ၎င်းတို့သည် လှည့်ကာ ဘုရားသခင် မှားယွင်းသည်ဟု ပယ်ပယ်နယ်နယ် ဝေဖန်ရှုတ်ချကြလေသည်။ ထိုသို့သော လူစားမျိုးသည် စုံလင်စေခြင်းခံရရန် မည်ကဲ့သို့ ထိုက်တန်နိုင်မည်နည်း။ ဤသည်မှာ သုတ်သင်ပယ်ရှင်းခြင်းနှင့် အပြစ်ပေးခြင်းကို ခံရဖို့ဖြစ်သည့် ရှေ့ပြေးနိမိတ်ဖြစ်သည် မဟုတ်လော။ ဘုရားသခင်၏ရှေ့မှောက်တွင် မိမိ၏တာဝန်ကို မလုပ်ဆောင်သော လူတို့သည် ပြစ်မှုများထဲမှ စက်ဆုပ်ရွံရှာဖွယ် အကောင်းဆုံးသော အပြစ်ရှိနှင့်ပြီးသားဖြစ်သည်၊ ယင်းအတွက် သေခြင်းတရားသည်ပင် မလုံလောက်သော ပြစ်ဒဏ်တစ်ခု ဖြစ်သည်၊ သို့သော် ၎င်းတို့သည် ဘုရားသခင်နှင့် ငြင်းခုံရဲကြသည်သာမက၊ မိမိတို့ကိုယ်ကိုယ် ဘုရားသခင်နှင့် တုပြိုင်ရဲကြလေသည်။ ထိုသို့သော လူများကို စုံလင်စေခြင်း၏ ထိုက်တန်မှုမှာ အဘယ်နည်း။ အကယ်၍ လူတို့သည် ၎င်းတို့၏တာဝန်ကို မဖြည့်ဆည်းနိုင်ပါက၊ ၎င်းတို့သည် အပြစ်ရှိခြင်းနှင့် အကြွေးတင်ရှိခြင်းတို့ကို ခံစားသင့်သည်။ ၎င်းတို့သည် ၎င်းတို့၏ အားနည်းချက်နှင့် အသုံးမကျမှု၊ ၎င်းတို့၏ ဆန့်ကျင်ပုန်ကန်မှုနှင့် ဖောက်ပြန်ပျက်စီးမှုတို့ကို စက်ဆုပ်ရွံရှာသင့်သည်၊ ထို့အပြင် ၎င်းတို့၏ အသက်တာကို ဘုရားသခင်အား ပေးသင့်ကြသည်။ ထိုအခါမှသာ ၎င်းတို့သည် ဘုရားသခင်ကို အမှန်တကယ် ချစ်မြတ်နိုးသော ဖန်ဆင်းခံများ ဖြစ်ကြပြီး၊ ထိုသို့သော လူများသည်သာ ဘုရားသခင်၏

ကောင်းချီးမင်္ဂလာများနှင့် ကတိတော်ကို မွေ့လျော်ခံစားထိုက်ပြီး သူ၏ စုံလင်စေခြင်း ခံရထိုက်ပေသည်။ ပြီးလျှင် သင်တို့ အများစုသည် အဘယ်သို့နည်း။ သင်တို့အလယ် အသက်ရှင်သော ဘုရားသခင်ကို သင်တို့ မည်သို့ ဆက်ဆံကြသနည်း။ သင်တို့သည် သူ၏ ရှေ့မှောက်တွင် သင်တို့၏တာဝန်ကို မည်သို့ ဆောင်ရွက်ကြသနည်း။ သင်တို့ လုပ်ဆောင်ရန် ပန်ကြားသည့် အရာအားလုံးကို သင်တို့၏ ကိုယ်ပိုင် အသက်ကိုပင် အဆုံးရှုံးအနစ်နာခံလျက်၊ လုပ်ဆောင်ကြပြီးပြီလော။ သင်တို့သည် မည်သည့်အရာကို စွန့်လွှတ်အနစ်နာခံပြီးပြီနည်း။ ငါ့ထံမှ သင်တို့ များစွာ မရရှိသေးသလော။ သင်တို့ သိမြင်နိုင်သလော။ သင်တို့သည် ငါ့အား မည်မျှ သစ္စာစောင့်သိကြသနည်း။ ငါ့အား မည်သို့ အစေခံကြပြီး ပြီနည်း။ ပြီးလျှင် သင်တို့အပေါ် ငါအပ်နှင်းပြီးဖြစ်ကာ သင်တို့အတွက် ငါပြုပြီးသော အရာအားလုံးသည် သင်တို့နှင့် မသက်ဆိုင်တော့ပြီလော။ ထိုအရာအားလုံးကို သင်တို့ချိန်ဆချင့်ချိန်ပြီးပြီလော။ သင်တို့အားလုံးသည် ဤအရာကို သင်တို့အတွင်းရှိသည့် အသိစိတ် အနည်းငယ်ဖြင့် အကဲဖြတ်ကာ နှိုင်းယှဉ် ပြီးပြီလော။ မည်သူသည် သင်တို့၏စကားများ၊ လုပ်ရပ်များနှင့် ထိုက်တန်နိုင်မည်နည်း။ သင်တို့၏ ထိုသို့သော မပြောပလောက်သည့် စွန့်လွှတ်အနစ်နာခံခြင်းသည် သင်တို့အပေါ် ငါ ပေးအပ်ခဲ့သမျှနှင့် ထိုက်တန်နိုင်သလော။ ငါသည် အခြားရွေးချယ်စရာ မရှိဘဲ၊ သင်တို့ကို စိတ်ပါလက်ပါ အစဉ်ချစ်ခင်ကာ သစ္စာရှိခဲ့သော်လည်း၊ သင်တို့သည် ဆိုးယုတ်သည့် ရည်ရွယ်ချက်များကို သိုထားကြပြီး ငါ့အပေါ် စိတ်မပါတပါ ဖြစ်ကြသည်။ ယင်းမှာ သင်တို့ တာဝန်၏ အတိုင်းအတာ၊ သင်တို့၏ တစ်ခုတည်းသော လုပ်ငန်းတာဝန် ဖြစ်သည်။ ဤသို့ မဟုတ်သလော။ သင်တို့သည် ဖန်ဆင်းခံတစ်ဦး၏ တာဝန်ကို လုံးဝ မဖြည့်ဆည်းနိုင်သေးသည်ကို မသိကြသလော။ သင်တို့ကို ဖန်ဆင်းခံသတ္တဝါဟူ၍ မည်သို့ ယူဆနိုင်မည်နည်း။ သင်တို့ ဖော်ပြနေပြီး အသက်ရှင်နေထိုင်နေသောအရာသည် မည်သည့်အရာ ဖြစ်သည်မှာ သင်တို့အဖို့ မရှင်းလင်းသလော။ သင်တို့သည် သင်တို့၏တာဝန်ကို မဖြည့်ဆည်းနိုင်သေးသော်လည်း၊ ဘုရားသခင်၏ သည်းခံခြင်းနှင့် အလျှံအပယ်ဖြစ်သော ကျေးဇူးတော်ကို ရရှိရန် သင်တို့ ကြိုးစားကြသည်။ ထိုသို့သော ကျေးဇူးတော်သည် သင်တို့ကဲ့သို့ အသုံးမကျသကဲ့သို့ ယုတ်ညံ့သောသူများအတွက် ပြင်ဆင်ထားသည် မဟုတ်ဘဲ၊ မည်သည့်အရာကိုမျှ မတောင်းဆိုဘဲ ဝမ်းမြောက်ဝမ်းသာ စွန့်လွှတ်အနစ်နာခံသော သူများအတွက် ဖြစ်သည်။ သင်တို့ကဲ့သို့သော သာမညောင်ညလူများ၊ ကောင်းကင်ဘုံ၏ ကျေးဇူးတော်ကို မွေ့လျော်ခံစားခြင်းငှာ လုံးဝ မထိုက်တန်ပေ။ အခက်အခဲနှင့် မဆုံးနိုင်သော အပြစ်ပေးခြင်းသာ သင်တို့၏ နေ့ရက်များကို အဖော်ပြုလိမ့်မည်။ အကယ်၍ သင်တို့သည် ငါ့ကို သစ္စာမရှိနိုင်ပါက၊

သင်တို့၏ကံကြမ္မာသည် ဆင်းရဲဒုက္ခခံရသော ကံကြမ္မာတစ်ခု ဖြစ်လေမည်။ အကယ်၍ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များနှင့် ငါအမှုများကို တာဝန်ခံနိုင်ခြင်း မရှိပါက၊ သင်တို့၏ ရလဒ်သည် ပြစ်ဒဏ်ပေးခြင်း ခံရသော ရလဒ်တစ်ခု ဖြစ်လိမ့်မည်။ ကျေးဇူးတော်၊ ကောင်းချီးမင်္ဂလာများနှင့် နှစ်သက်ဖွယ် နိုင်ငံတော် အသက်တာအားလုံးသည် သင်တို့နှင့် မည်သို့မျှ ပတ်သက်မည် မဟုတ်။ ဤသည်မှာ သင်တို့ ကြုံထိုက်သော အဆုံးသတ်ဖြစ်ပြီး သင်တို့ ကိုယ်တိုင်ပြုသည့် အကျိုးဆက်တစ်ခု ဖြစ်သည်။ မသိနားမလည်သကဲ့သို့ မာနထောင်လွှားသူများသည် အစွမ်းကုန် မကြိုးစားကြသကဲ့သို့ ၎င်းတို့၏တာဝန်ကို မဆောင်ရွက်ကြသည်သာမက၊ ၎င်းတို့ တောင်းသောအရာသည် ၎င်းတို့နှင့် ထိုက်တန်သည့်အလား၊ ၎င်းတို့၏ လက်များကို ဆန့်တန်းကာ ကျေးဇူးတော်ကိုလည်း တောင်းခံကြလေသည်။ ပြီးလျှင် ၎င်းတို့ တောင်းသောအရာကို မရရှိပါက၊ ၎င်းတို့သည် ယခင်ထက် သာ၍ပင် သစ္စာလျော့လာကြလေသည်။ ထိုသို့သောလူများကို ယုတ္တိတန်သောသူများဟု အဘယ်သို့ ယူဆနိုင်မည်နည်း။ သင်တို့သည် စီမံခန့်ခွဲခြင်း အမှုအတွင်းတွင် သင်တို့ ဖြည့်ဆည်းသင့်သည့် တာဝန်ကို လုံးဝ ဖြည့်ဆည်းနိုင်စွမ်းမရှိဘဲ၊ ညံ့ဖျင်းသော အရည်အချင်းရှိကြပြီး၊ ဆင်ခြင်တုံတရား ကင်းမဲ့ကြလေသည်။ သင်တို့၏တန်ဖိုးသည် ထိုးစိုက်ကျနှင့်ပြီး ဖြစ်သည်။ သင်တို့ကို ထိုသို့သော ကျေးဇူးတော် ပြသခြင်းအတွက် ငါ့ကို သင်တို့၏ ပြန်မပေးဆပ်နိုင်ခြင်းသည် လွန်ကဲသော ပုန်ကန်ခြင်း လုပ်ရပ်တစ်ခု ဖြစ်နှင့်ကာ၊ သင်တို့ကို ရှုတ်ချရန်နှင့် သင်တို့၏သူရဲဘောနည်းခြင်း၊ ညံ့ဖျင်းခြင်း၊ ယုတ်ညံ့ခြင်းနှင့် အသုံးမကျခြင်းတို့ကို ဖော်ပြရန် လုံလောက်ပေသည်။ သင်တို့၏လက်များကို ဆန့်တန်းရန် မည်သည့်အရာက သင်တို့ကို အခွင့်ရှိစေသနည်း။ သင်တို့သည် ငါ၏အမှုကို စိုးစဉ်းမျှ အထောက်အကူမဖြစ်နိုင်သည်မှာ၊ သစ္စာမစောင့်သိနိုင်သကဲ့သို့ ငါ့အတွက် သက်သေမရပ်တည်နိုင်သည်မှာ သင်တို့၏ မကောင်းမှုများနှင့် ချွတ်ယွင်းချက်များ ဖြစ်သော်လည်း၊ ယင်းအစား သင်တို့သည် ငါ့ကို တိုက်ခိုက်ကြသည်၊ ငါနှင့်သက်ဆိုင်၍ မုသားများပြောကြပြီး ငါသည် မဖြောင့်မတ်ဟု ညည်းညူကြလေသည်။ ဤသည်မှာ သင်တို့၏ သစ္စာစောင့်သိခြင်းနှင့် ညီမျှသောအရာ ဖြစ်သလော။ ဤသည်မှာ သင်တို့၏ချစ်ခြင်းနှင့် ညီမျှသောအရာ ဖြစ်သလော။ ဤအရာကိုကျော်လွန်၍ အခြားမည်သည့်အမှုကို သင်တို့ ပြုနိုင်သနည်း။ လုပ်ဆောင်ပြီးဖြစ်သည့် အမှုအားလုံးကို သင်တို့သည် မည်သို့ ပံ့ပိုးကြပြီနည်း။ သင်တို့ မည်မျှ အသုံးခံကြပြီးဖြစ်သနည်း။ ငါသည် သင်တို့ကို အပြစ်မတင်ခြင်းအားဖြင့် ကြီးမားသော သည်းခံမှုကို ပြသနှင့်ပြီးဖြစ်သည်၊ သို့သော် သင်တို့သည် အရှက်ကင်းမဲ့စွာဖြင့် ငါ့ကို ဆင်ခြေများပေးကာ ငါနှင့်ပတ်သက်၍ သီးသန့် မကျေမနပ်ပြောဆိုကြဆဲ ဖြစ်သည်။

သင်တို့သည် လူ့သဘာဝ အရိပ်အယောင် အနည်းငယ်မျှပင် ရှိကြသလော။ လူ၏တာဝန်သည် လူ၏စိတ်နှင့် သူ၏အယူအဆများဖြင့် စွန်းထင်းသော်လည်း၊ သင်၏တာဝန်ကို သင် လုပ်ဆောင်ရမည် ဖြစ်ပြီး သင်၏သစ္စာစောင့်သိမှုကို ပြသရမည်ဖြစ်သည်။ လူ၏ လုပ်ဆောင်ချက်ထဲရှိ မစင်ကြယ်မှုများမှာ သူ၏ အရည်အချင်းနှင့်ဆိုင်သည့် ပြဿနာတစ်ခု ဖြစ်သည်၊ စင်စစ်အားဖြင့် လူသည် သူ၏တာဝန်ကို မထမ်းဆောင်ပါက၊ ယင်းသည် သူ၏ပုန်ကန်ခြင်းကို ပြသပေသည်။ လူ၏တာဝန်နှင့် သူ ကောင်းချီးခံစားရခြင်း သို့မဟုတ် ကျိန်ခြင်းခံရခြင်း ရှိမရှိဆိုသည်တို့ကြားတွင် အချင်းချင်း ဆက်နွှယ်နေမှု မရှိပေ။ တာဝန်သည် လူက ဖြည့်ဆည်းသင့်သည့်အရာ ဖြစ်သည်။ ယင်းသည် ကောင်းကင်ဘုံပေးသည့် သူ၏အသက်မွေးအလုပ် ဖြစ်ပြီး၊ ဆုလာဘ်၊ အခြေအနေများ သို့မဟုတ် အကြောင်းရင်းများပေါ်တွင် မမူတည်သင့်ပေ။ ထိုအခါမှသာ သူ၏တာဝန်ကို သူ လုပ်ဆောင်နေခြင်း ဖြစ်သည်။ ကောင်းချီးမင်္ဂလာ ခံစားရဖို့ဟူသည်မှာ တစ်စုံတစ်ဦးသည် တရားစီရင်ခြင်းကို ကြုံရပြီးနောက် စုံလင်စေခြင်းခံရကာ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို မွေ့လျော်ရခြင်း ဖြစ်သည်။ ကျိန်ခြင်းအမင်္ဂလာခံရဖို့ဟူသည်မှာ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို ကြုံရပြီးနောက် တစ်စုံတစ်ဦး၏ စိတ်သဘောထား မပြောင်းလဲခြင်း ဖြစ်သည်၊ ယင်းမှာ ၎င်းတို့သည် စုံလင်စေခြင်းကို မတွေ့ကြုံရဘဲ အပြစ်ပေးခံရသည့်အချိန် ဖြစ်သည်။ ၎င်းတို့ ကောင်းချီးပေး ခံရသည်ဖြစ်စေ၊ ကျိန်ခြင်းခံရသည်ဖြစ်စေ၊ ဖန်ဆင်းခံသတ္တဝါများသည် ၎င်းတို့ လုပ်ဆောင်သင့်သည့်အရာကို လုပ်ဆောင်ရင်းနှင့် လုပ်ဆောင်နိုင်သည့်အရာကို လုပ်ဆောင်ရင်း၊ ၎င်းတို့၏တာဝန်ကို ဖြည့်ဆည်းသင့်ကြပေသည်။ ဤသည်မှာ လူတစ်ဦး၊ ဘုရားသခင်၏ ကျိန်ခြင်းခံရသည့် လူတစ်ဦးက အနည်းဆုံး လုပ်ဆောင်သင့်သည့်အရာ ဖြစ်သည်။ သင်သည် ကောင်းချီးမင်္ဂလာ ခံစားရရန်သာ သင်၏တာဝန်ကို မလုပ်ဆောင်သင့်သကဲ့သို့၊ ကျိန်ခြင်း ခံရမည်ကို ကြောက်ရွံ့ခြင်းအတွက် ဆောင်ရွက်ရန် မငြင်းဆန်သင့်ပေ။ ဤအရာတစ်ခုကို သင်တို့အား ငါပြောပါရစေ- သူ၏တာဝန်နှင့်သက်ဆိုင်သည့် လူ၏ စွမ်းဆောင်မှုသည် သူ လုပ်ဆောင်သင့်သည့်အရာ ဖြစ်ပြီး၊ သူသည် သူ၏တာဝန်ကို ဆောင်ရွက်နိုင်စွမ်း မရှိပါက၊ ဤသည်မှာ သူ၏ ပုန်ကန်မှု ဖြစ်သည်။ လူသည် တဖြည်းဖြည်း ပြောင်းလဲသည်မှာ သူ၏တာဝန်ကို လုပ်ဆောင်ခြင်း ဖြစ်စဉ်မှတစ်ဆင့်ဖြစ်ပြီး သူ၏ သစ္စာစောင့်သိမှုကို ပြသသည်မှာ ဤဖြစ်စဉ်မှတစ်ဆင့် ဖြစ်ပေသည်။ ထိုသို့ဖြင့် သင်သည် သင်၏တာဝန်ကို ပို၍ လုပ်ဆောင်နိုင်လေ၊ သာ၍ များသည့် သမ္မာတရားကို သင် ရရှိလေဖြစ်လိမ့်မည် ဖြစ်ပြီး၊ သင်၏ဖော်ပြချက်သည် သာ၍ စစ်မှန်လာလေ ဖြစ်လိမ့်မည် ဖြစ်သည်။ ၎င်းတို့၏တာဝန်ကို

လုပ်ဆောင်ရာတွင် ဟန်ဆောင်လုပ်ပြရုံမျှလုပ်ပြပြီး သမ္မာတရားကို မရှာဖွေသောသူတို့သည် အဆုံးတွင် သုတ်သင်ပယ်ရှင်းခြင်းကို ခံရလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့သော လူတို့သည် ၎င်းတို့၏ တာဝန်ကို သမ္မာတရားအား လက်တွေ့လုပ်ဆောင်ခြင်းဖြင့် မလုပ်ဆောင်ကြသကဲ့သို့၊ ၎င်းတို့၏ တာဝန်ကို ဖြည့်ဆည်းခြင်းတွင် သမ္မာတရားကို လက်တွေ့မလုပ်ဆောင်ကြသည့် အတွက် ဖြစ်သည်။ ၎င်းတို့သည် မပြောင်းမလဲ ရှိနေသူများဖြစ်ပြီး ကျိန်ခြင်းကို ခံကြရလိမ့်မည်။ ၎င်းတို့၏ ဖော်ပြချက်များသည် မစင်ကြယ်သည်သာမက၊ ၎င်းတို့ ဖော်ပြသည့် အရာတိုင်းသည် ဆိုးယုတ်လေသည်။

ကျေးဇူးတော်ခေတ်တွင် ယေရှုသည်လည်း နှုတ်ကပတ်တော်များစွာ ပြောဆိုခဲ့ပြီး အမှုများစွာ ပြုခဲ့သည်။ သူသည် ဟေရှာယနှင့် မည်သို့ ကွာခြားသနည်း။ သူသည် ဒံယေလနှင့် မည်သို့ ကွာခြားသနည်း။ သူသည် ပရောဖက်တစ်ပါး ဖြစ်သလော။ သူသည် ခရစ်တော် ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုထားသနည်း။ ၎င်းတို့ကြားတွင် ကွာခြားမှုများမှာ အဘယ်နည်း။ ၎င်းတို့အားလုံးသည် နှုတ်ကပတ်တော်များ ပြောဆိုခဲ့သည့် လူသားများ ဖြစ်ကြပြီး ၎င်းတို့၏ နှုတ်ကပတ်တော်များသည် လူသားအဖို့ အနည်းနှင့်အများ တူညီလေသည်။ ၎င်းတို့အားလုံးသည် နှုတ်ကပတ်တော်များ ပြောဆိုခဲ့ကြပြီး အမှု ပြုခဲ့ကြသည်။ ဓမ္မဟောင်းကျမ်း၏ ပရောဖက်များသည် ပရောဖက်ပြုချက်များကို ပြောဆိုခဲ့ကြပြီး၊ ထိုနည်းတူ ယေရှုသည်လည်း ပြောဆိုနိုင်ခဲ့သည်။ ဤသည်မှာ အဘယ်ကြောင့်နည်း။ ဤနေရာတွင် ကွဲပြားခြားနားချက်မှာ အမှု၏သဘောသဘာဝအပေါ် အခြေခံပေသည်။ ဤကိစ္စရပ်ကို ပိုင်းခြားသိမြင်ရန်၊ သင်သည် ဇာတိပကတိ၏ သဘောသဘာဝကို ထည့်သွင်းစဉ်းစားရမည် မဟုတ်သကဲ့သို့၊ ၎င်းတို့၏ နှုတ်ကပတ်တော်များ၏ အတိမ်အနက် သို့မဟုတ် ပေါ့ပြက်မှုကို ထည့်သွင်းစဉ်းစားရမည် မဟုတ်။ ၎င်းတို့၏ အမှုနှင့် လူ့အထဲတွင် ၎င်းတို့အမှု စွမ်းဆောင်ရရှိသည့် အကျိုးသက်ရောက်မှုများကို ဦးစွာပထမ အမြဲ သင် ထည့်သွင်းစဉ်းစားရမည်။ ထိုအချိန်က ပရောဖက်များ ပြောဆိုခဲ့ကြသည့် ပရောဖက်ပြုချက်များသည် လူ၏အသက်တာကို မထောက်ပံ့ပေးခဲ့သကဲ့သို့၊ ဟေရှာယ နှင့် ဒံယေလ ကဲ့သို့သောသူများက ရရှိခဲ့သည့် လှုံ့ဆော်မှုများမှာ ပရောဖက်ပြုချက်များမျှသာ ဖြစ်ပြီး၊ အသက်လမ်းခရီး မဟုတ်ခဲ့ပေ။ ယေဟောဝါ၏ တိုက်ရိုက် ဖွင့်ပြခြင်းကြောင့်သာ မဟုတ်ပါက၊ သေမျိုးများအတွက် မဖြစ်နိုင်သည့် ထိုအမှုကို မည်သူမျှ လုပ်ဆောင်နိုင်ပြီး ဖြစ်ခဲ့မည် မဟုတ်ပေ။ ယေရှုသည်လည်း နှုတ်ကပတ်တော်များစွာ ပြောဆိုခဲ့သည်၊ သို့သော် ထိုသို့သော နှုတ်ကပတ်တော်များသည် လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းတစ်ခုကို လူသားက ရှာတွေ့နိုင်သည့် အသက်လမ်းခရီး ဖြစ်ခဲ့ပေသည်။ ဆိုလိုသည်မှာ ပထမအနေဖြင့်

ယေရှုသည် အသက်ဖြစ်သည့်အတွက် လူသား၏ အသက်ကို သူ ထောက်ပံ့နိုင်ခဲ့သည်။ ဒုတိယအနေဖြင့် သူသည် လူသား၏ သွေဖည်မှုများကို ပြောင်းပြန် ဖြစ်စေနိုင်ခဲ့သည်။ တတိယအနေဖြင့် ခေတ်နှင့်ပတ်သက်၍ ဆောင်ရွက်ရန်အလို့ငှာ သူ၏ အမှုသည် ယေဟောဝါ၏ အမှုကို ဆက်ခံနိုင်ခဲ့သည်။ စတုတ္ထအချက်အနေဖြင့် သူသည် လူသားအတွင်းရှိ လိုအပ်ချက်များကို သဘောပေါက်နိုင်ပြီး လူသား ချို့တဲ့သည့်အရာကို နားလည်နိုင်ခဲ့သည်။ ပဉ္စမအနေဖြင့် သူသည် ခေတ်သစ်ကို ဖွင့်လှစ်ပေးနိုင်ပြီး ခေတ်ဟောင်းကို နိဂုံးချုပ်နိုင်ခဲ့သည်။ ယင်းမှာ သူ့ကို ဘုရားသခင်နှင့် ခရစ်တော်ဟု ခေါ်ဆိုခဲ့ရသည့် အကြောင်းရင်း ဖြစ်သည်။ သူသည် ဟေရှာယနှင့် သာမက အခြားသော ပရောဖက်များအားလုံးနှင့် ကွာခြားသည်။ ပရောက်ဖက်များ၏ အမှုအတွက် ဟေရှာယကို နှိုင်းယှဉ်ပြချက် တစ်ခုအဖြစ် ကြည့်လော့။ ပထမအနေဖြင့် သူသည် လူသား၏အသက်ကို မထောက်ပံ့နိုင်ခဲ့ပေ။ ဒုတိယအနေဖြင့် သူသည် ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ပေးနိုင်ခြင်း မရှိခဲ့ပေ။ သူသည် ယေဟောဝါ၏ ဦးဆောင်မှုအောက်တွင် အမှုပြုခဲ့ခြင်းဖြစ်ပြီး ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ရန် မဟုတ်ခဲ့ပေ။ တတိယအနေဖြင့် သူပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များကို သူ ဉာဏ်မမီနိုင်ခဲ့ပေ။ သူသည် ဘုရားသခင်၏ ဝိညာဉ်တော်ထံမှ ဖွင့်ပြချက်များကို တိုက်ရိုက် ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းတို့ကို နားထောင်ပြီးလျက်ပင်၊ အခြားသူများက နားလည်မည် မဟုတ်ပေ။ ထိုအနည်းငယ်သော အရာများသည်ပင် သူ၏ နှုတ်ကပတ်တော်များက ပရောဖက်ပြုချက်များထက် မပို၊ ယေဟောဝါ၏ ကိုယ်စား လုပ်ဆောင်ပြီးသည့် အမှု၏ ရှုထောင့်တစ်ခုထက် မပိုခဲ့သည်ကို သက်သေပြဖို့ လုံလောက်ပေသည်။ သို့သော် သူသည် ယေဟောဝါကို အပြည့်အဝ ကိုယ်စားမပြုနိုင်ခဲ့ပေ။ သူသည် ယေဟောဝါ၏ အစေခံ၊ ယေဟောဝါ၏ အမှုထဲက တန်ဆာပလာတစ်ခု ဖြစ်ခဲ့သည်။ သူသည် ပညတ်တော်ခေတ်အတွင်းနှင့် ယေဟောဝါ၏ အမှု နယ်ပယ်အတွင်း၌သာ အမှုပြုခဲ့ခြင်းဖြစ်သည်။ သူသည် ပညတ်တော်ခေတ်ကို ကျော်လွန်၍ အမှုမပြုခဲ့ပေ။ ဆန့်ကျင်ဘက်အနေဖြင့် ယေရှု၏အမှုသည် ကွာခြား၏။ သူသည် ယေဟောဝါ၏ အမှု နယ်ပယ်ကို ကျော်လွန်ခဲ့သည်။ သူသည် လူ့ဇာတိခံ ဘုရားသခင်အဖြစ် အမှုပြုခဲ့ပြီး၊ လူသားမျိုးနွယ် အားလုံးကို ရွေးနုတ်ရန် ကားစင်တင်ခြင်းကို ခံခဲ့ရသည်။ ယင်းမှာ သူသည် ယေဟောဝါပြုခဲ့သော အမှု၏အပြင်မှ အမှုအသစ်ကို ပြုခဲ့သည်ဟု ဆိုရပေမည်။ ဤသည်မှာ ခေတ်အသစ်တစ်ခုကို ဖွင့်လှစ်ခြင်း ဖြစ်သည်။ ထို့အပြင် သူသည် လူသားက စွမ်းဆောင်မရရှိနိုင်သည့် အရာကို ပြောဆိုနိုင်ခဲ့သည်။ သူ၏အမှုသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအတွင်းရှိ အမှုဖြစ်ပြီး လူသားမျိုးနွယ်တစ်ခုလုံး ပါဝင်ပတ်သက်သည်။ သူသည် လူအနည်းငယ်အထဲ၌သာ အမှုမပြုခဲ့သကဲ့သို့ သူ၏အမှုသည် အရေအတွက်

ကန့်သတ်ထားသည့် လူများကို ဦးဆောင်ရန်လည်း ရည်ရွယ်ခဲ့သည် မဟုတ်ပေ။ ဘုရားသခင်သည် လူသားတစ်ဦးအဖြစ် မည်သို့လူ့ဇာတိခံခဲ့သည်၊ ထိုအချိန်က သန့်ရှင်းသော ဝိညာဉ်တော်သည် ဗျာဒိတ်များကို မည်သို့ပေးခဲ့ပြီး၊ အမှုပြုရန် ဝိညာဉ်တော်သည် လူသားတစ်ဦးအပေါ် မည်သို့ဆင်းသက်ခဲ့သည် ဆိုသည်တို့အတွက်မူ- ဤအရာများသည် လူက မမြင်နိုင် သို့မဟုတ် မထိတွေ့နိုင်သည့် ကိစ္စရပ်များ ဖြစ်သည်။ သူသည် လူ့ဇာတိခံ ဘုရားသခင် ဖြစ်သည်ဟူသော သက်သေအဖြစ် ဤသမ္မာတရားများက အသုံးတော် ခံဖို့ဆိုသည်မှာ လုံးဝ မဖြစ်နိုင်ပေ။ ထိုသို့ဖြင့် လူအဖို့ လက်ဆုပ်လက်ကိုင် ပြနိုင်သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုအလယ်တွင်သာ ပိုင်းခြားခြင်းကို ပြု၍ရနိုင်ပေသည်။ ဤအရာသည်သာ စစ်မှန်၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တော်နှင့်ဆိုင်သော ကိစ္စရပ်များသည် သင့်အဖို့ မြင်၍မရနိုင်သကဲ့သို့၊ ဘုရားသခင် ကိုယ်တော်တိုင်သာ ရှင်းရှင်းလင်းလင်း သိနိုင်ပြီး၊ ဘုရားသခင်၏ လူ့ဇာတိခံ ဇာတိခန္ဓာသည်ပင် အလုံးစုံ မသိနိုင်သောကြောင့် ဖြစ်သည်။ သင်သည် သူလုပ်ဆောင်ပြီးဖြစ်သည့် အမှုမှသာ သူ ဘုရားသခင် ဖြစ်သည်၊ မဖြစ်သည်ကို အတည်ပြု စစ်ဆေးနိုင်သည်။ ပထမအနေဖြင့် သူ၏အမှုမှ သူသည် ခေတ်သစ်တစ်ခု ဖွင့်လှစ်ပေးနိုင်သည်။ ဒုတိယအနေဖြင့် သူသည် လူသား၏ အသက်ကို ထောက်ပံ့ပေးနိုင်ပြီး လိုက်လျှောက်ရမည့် လမ်းကို လူသားအား ပြသနိုင်သည်ကို မြင်နိုင်ပေသည်။ ဤသည်မှာ သူသည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ကို အခိုင်အမာ သက်သေထူရန် လုံလောက်ပေသည်။ အနည်းဆုံးအနေဖြင့် သူပြုသောအမှုသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို အပြည့်အဝ ကိုယ်စားပြုနိုင်ပြီး ထိုသို့သောအမှုမှ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ၏အတွင်း၌ ရှိသည်ကို မြင်နိုင်သည်။ လူ့ဇာတိခံ ဘုရားသခင် ပြုခဲ့သည့်အမှုသည် အဓိကအားဖြင့် ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ပေးရန်၊ အမှုသစ်ကို ဦးဆောင်ရန်နှင့် နယ်ပယ်သစ် တစ်ခုကို ဖွင့်လှစ်ရန် ဖြစ်ခဲ့သည်နှင့်အားလျော်စွာ၊ ဤအရာများကသာလျှင် သူသည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်ကြောင်းကို အခိုင်အမာ သက်သေထူရန် လုံလောက်ပေသည်။ ထို့ကြောင့် ဤအရာသည် သူ့အား ဟေရှာယ၊ ဒံယေလနှင့် ကြီးမြတ်သော အခြားပရောဖက်များမှ ကွဲပြားခြားနားစေသည်။ ဟေရှာယ၊ ဒံယေလနှင့် အခြားသူများ အားလုံးသည် အလွန်ပညာတတ်ကာ ပညာဗဟုသုတ ကြွယ်ဝသောလူများ ဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် ယေဟောဝါ၏ ဦးဆောင်မှုအောက်တွင် သာမန်ထက် ထူးခြားသူများ ဖြစ်ခဲ့သည်။ လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိခန္ဓာသည်လည်း ဗဟုသုတ နှံ့စပ်ခဲ့သကဲ့သို့ အသိစိတ် မကင်းမဲ့ခဲ့ပေ၊ သို့သော် သူ၏ လူ့သဘာဝသည် အထူးသဖြင့် ပုံမှန် ဖြစ်ခဲ့သည်။ သူသည် သာမန်လူ

တစ်ဦးဖြစ်ခဲ့ပြီး၊ သူနှင့်ပတ်သက်၍ မည်သည့် အထူး လူ့သဘာဝကိုမျှ ပကတိမျက်စိက မသိမြင်နိုင်ပေ သို့မဟုတ် အခြားသူများ၏ လူ့သဘာဝနှင့်မတူသည့် အရာတစ်ခုတစ်လေကို သူ၏ လူ့သဘာဝထဲတွင် သတိမပြုမိနိုင်ပေ။ သူသည် လုံးဝ သဘာဝလွန်မဟုတ် သို့မဟုတ် တစ်မူမထူးခြားခဲ့သကဲ့သို့ သူသည် ပို၍အဆင့်မြင့်သော ပညာရေး၊ အသိပညာ သို့မဟုတ် သဘောတရား တစ်ခုတစ်လေမျှ မပိုင်ဆိုင်ခဲ့ပေ။ သူပြောခဲ့သော အသက်နှင့် သူဦးဆောင်ခဲ့သော လမ်းကြောင်းသည် သဘောတရားမှတစ်ဆင့်၊ အသိပညာမှတစ်ဆင့်၊ ဘဝအတွေ့အကြုံမှတစ်ဆင့် သို့မဟုတ် မိသားစုက ပြုစုပျိုးထောင်ခြင်းမှတစ်ဆင့် ရရှိခဲ့သည် မဟုတ်ပေ။ ယင်းထက် ၎င်းတို့သည် လူ့ဇာတိခံ ဇာတိခန္ဓာ၏ အမှုဖြစ်သည့် ဝိညာဉ်တော်၏ တိုက်ရိုက်အမှု ဖြစ်ခဲ့ပေသည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် လူသည် ဘုရားသခင်နှင့်သက်ဆိုင်သည့် ကြီးမားသော အယူအဆများ ရှိခဲ့သောကြောင့် ဖြစ်ပြီး၊ အထူးသဖြင့် ဤအယူအဆများက မရေရာမှုနှင့် သဘာဝလွန် အစိတ်အပိုင်းများဖြင့် ပြုလုပ်ထားသောကြောင့်၊ လူ၏အမြင်တွင် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်အမှုများကို မပြုနိုင်သည့် လူ၏အားနည်းချက်များရှိသည့် ပုံမှန်ဘုရားသခင်သည် သေချာပေါက် ဘုရားသခင် မဟုတ်ဟု မြင်ကြလေသည်။ ဤသည်တို့သည် လူသားများ၏ မှားယွင်းသောအယူအဆများ မဟုတ်လော။ အကယ်၍ လူ့ဇာတိခံ ဘုရားသခင်၏ ဇာတိခန္ဓာသည် ပုံမှန်လူတစ်ဦး မဟုတ်ခဲ့ပါက၊ သူသည် လူ့ဇာတိကို ခံယူခဲ့သည်ဟု အဘယ်သို့ ဆိုနိုင်မည်နည်း။ လူ့ဇာတိ ရှိဖို့ဆိုသည်မှာ သာမန်၊ ပုံမှန်လူတစ်ဦး ဖြစ်ဖို့ ဖြစ်သည်။ အကယ်၍ သူသည် သာမန်ထက်လွန်ကဲသော သက်ရှိတစ်ဦးဖြစ်ခဲ့ပါက၊ သူသည် လူ့ဇာတိ ရှိပြီးလေမည် မဟုတ်ပေ။ သူ လူ့ဇာတိ ရှိသည်ကို သက်သေပြရန်၊ လူ့ဇာတိခံ ဘုရားသခင်သည် ပုံမှန် ဇာတိခန္ဓာတစ်ခုကို ပိုင်ဆိုင်ရန် လိုအပ်သည်။ ဤသည်မှာ လူ့ဇာတိခံယူခြင်း၏အရေးပါမှုကို ပြည့်စုံစေရန် သက်သက် ဖြစ်သည်။ သို့သော် ဤသည်မှာ ပရောဖက်များ၊ လူသားများနှင့် မသက်ဆိုင်ခဲ့ပေ။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်း ခံခဲ့ရသည့် ဆုကျေးဇူးရှိကြသည့် လူများဖြစ်ခဲ့ကြသည်။ လူ၏အမြင်တွင် ၎င်းတို့၏ လူ့သဘာဝသည် အထူးသဖြင့် ကြီးမြတ်ပြီး ပုံမှန် လူ့သဘာဝထက် ကျော်လွန်သော ဆောင်ရွက်ချက်များစွာကို ၎င်းတို့ ဆောင်ရွက်ခဲ့ကြသည်။ ဤအကြောင်းကြောင့် လူသားသည် ၎င်းတို့အား ဘုရားသခင်အဖြစ် မှတ်ယူခဲ့ကြသည်။ ယင်းသည် အတိတ်ခေတ်ကာလများထဲက လူအားလုံးကို အလွယ်တကူ မရှင်းမလင်း အဖြစ်စေဆုံးသော ပြဿနာဖြစ်သည့်အတွက်၊ ယခု သင်တို့အားလုံး ဤအရာကို ရှင်းလင်းစွာ နားလည်ရမည်ဖြစ်သည်။ ထို့အပြင် လူ့ဇာတိခံယူခြင်းသည် အရာအားလုံးထဲမှ အနက်နဲဆုံးဖြစ်ပြီး၊ လူ့ဇာတိခံ ဘုရားသခင်သည်

လူသားအတွက် လက်ခံရန် အခက်အခဲဆုံး ဖြစ်သည်။ ငါပြောသောအရာမှာ သင်တို့၏ အလုပ်တာဝန်ကို ဖြည့်ဆည်းခြင်းနှင့် လူ့ဇာတိခံယူခြင်း၏ နက်နဲမှုကို သင်၏ သိနားလည်ခြင်းအဖို့ အထောက်အကူ ဖြစ်ပေသည်။ ဤသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှု၊ ရူပါရုံများနှင့်သာ သက်ဆိုင်သည်။ ဤအရာနှင့်သက်ဆိုင်သည့် သင်တို့၏သိနားလည်ခြင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအမှုဖြစ်သည့်၊ ရူပါရုံများနှင့်သက်ဆိုင်သည့် အသိပညာကို ရရှိဖို့ သာ၍ အကျိုးပြုပေလိမ့်မည်။ ဤနည်းဖြင့် သင်တို့သည် မတူညီသော လူအမျိုးအစားများက ထမ်းဆောင်သင့်သော တာဝန်နှင့်သက်ဆိုင်သည့် သိနားလည်မှုများစွာကိုလည်း ရရှိကြလိမ့်မည်ဖြစ်သည်။ ဤစကားများသည် သင်တို့ကို လမ်းခရီးကို တိုက်ရိုက် မပြသော်လည်း၊ သင်တို့၏ လက်ရှိ အသက်တာများသည် ရူပါရုံများ အလွန်ချို့တဲ့နေသကဲ့သို့၊ ဤသည်မှာ သင်တို့၏ ဝင်ရောက်ခြင်းကို ဟန့်တားနေသည့် သိသာထင်ရှားသော အတားအဆီးတစ်ခု ဖြစ်လာလိမ့်မည် ဖြစ်သည့်အတွက်၊ ထိုစကားများသည် သင်တို့၏ဝင်ရောက်ခြင်းအဖို့ များစွာ အကူအညီ ဖြစ်ဆဲဖြစ်သည်။ အကယ်၍ သင်တို့သည် ဤကိစ္စရပ်များကို နားမလည်နိုင်ကြသေးပါက၊ သင်တို့၏ ဝင်ရောက်ခြင်းကို တိုက်တွန်းနေသည့် အရင်းခံအကြောင်းရင်း ရှိလိမ့်မည် မဟုတ်။ ပြီးလျှင် ထိုသို့သော အားထုတ်ခြင်းတစ်ခုသည် သင်တို့၏တာဝန်ကို အဘယ်သို့ သင့်အား အကောင်းဆုံး ဖြည့်ဆည်းနိုင်စေမည်နည်း။

# ဘုရားသခင်သည် ဖန်ဆင်းရာအားလုံး၏ သခင်ဖြစ်တော်မူ၏

လွန်ခဲ့သော ခေတ်နှစ်ခေတ်၏ အလုပ်အဆင့်တစ်ဆင့်ကို ဣသရေလပြည်၌ ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ကျန်တစ်ဆင့်ကို ယုဒပြည်တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယေဘုယျအားဖြင့် ပြောရမည်ဆိုလျှင် ထိုအလုပ်၏ မည်သည့်အဆင့်ကမျှ ဣသရေလပြည်မှ ထွက်သွားခဲ့ခြင်း မရှိဘဲ အလုပ်တစ်ခုစီကို ပထမဆုံး ရွေးကောက်ခံထားရသော လူများအပေါ် လုပ်ဆောင်ခဲ့ခြင်းဖြစ်၏။ အကျိုးဆက်အနေဖြင့် ဣသရေလ လူမျိုးတို့က ယေဟောဝါဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်သာဖြစ်သည်ဟု ယုံကြည်ကြလေသည်။ ယေရှုသည် ကားစင်တင်သတ်ခံရခြင်းဟူသည့် အလုပ်ကို ဆောင်ရွက်ခဲ့သည့် နေရာဖြစ်သော ယုဒပြည်၌ အလုပ်လုပ်ခဲ့သောကြောင့် ယုဒလူမျိုးတို့က သူ့ကို ယုဒလူမျိုးတို့၏ ရွေးနုတ်ရှင်အဖြစ် မြင်ကြသည်။ ယေရှုသည် ယုဒလူမျိုးတစ်မျိုးတည်း၏ ရှင်ဘုရင်သာဖြစ်ပြီး အခြားလူမျိုးတို့၏ ရှင်ဘုရင်မဟုတ်ဟု

သူတို့ထင်မှတ်ကြသည်။ ယေရှုသည် အင်္ဂလိပ်လူမျိုးကို ရွေးနုတ်ပေးသည့် သခင်မဟုတ်သကဲ့သို့ အမေရိကန်လူမျိုးတို့ကို ရွေးနုတ်ပေးသည့် သခင်လည်း မဟုတ်ဘဲ ဣသရေလ အမျိုးသားတို့ကို ရွေးနုတ်ပေးသည့် သခင်ဖြစ်သည်၊ ထို့အပြင် သူကယ်နုတ်ခဲ့သူတို့သည် ဣသရေလပြည်ရှိ ယုဒလူမျိုးတို့ ဖြစ်သည်ဟု သူတို့ထင်မှတ်ကြလေ၏။ စင်စစ်အားဖြင့် ဘုရားသခင်သည် အရာအားလုံး၏ အရှင်သခင်ဖြစ်၏။ သူသည် ဖန်ဆင်းရာအားလုံး၏ ဘုရားသခင်ဖြစ်သည်။ သူသည် ဣသရေလအမျိုးသားနှင့် ယုဒလူမျိုးတို့၏ ဘုရားသခင်ဖြစ်သည် သာမကဘဲ ဖန်ဆင်းရာအားလုံး၏ ဘုရားသခင်ဖြစ်၏။ လူတို့ထံ၌ အယူအဆအချို့ကို ဖြစ်ပေါ်စေခဲ့သည့် သူ့အလုပ်၏ ယခင်အဆင့်နှစ်ဆင့်သည် ဣသရေလပြည်၌ ဖြစ်ပျက်ခဲ့သည်။ ယေဟောဝါသည် သူ၏အလုပ်ကို ဣသရေလပြည်၌ လုပ်ခဲ့သည်၊ ယေရှုကိုယ်တိုင်သည် ယုဒပြည်၌ သူ၏အလုပ်ကို ဆောင်ရွက်ခဲ့သည်၊ ထို့အပြင် အလုပ်လုပ်ရန်အတွက် လူ့ဇာတိကို ယေရှုခံယူခဲ့ပြီး၊ မည်သို့ပင်ဖြစ်စေကာမူ ထိုအလုပ်သည် ဣသရေလပြည်ကို မကျော်လွန်ခဲ့ချေဟူ၍ သူတို့က ယုံကြည်ကြသည်။ ဘုရားသခင်သည် အဲဂုတ္တုလူမျိုး၊ သို့မဟုတ် အိန္ဒိယလူမျိုးတို့ထံတွင် အလုပ်မလုပ်ခဲ့ပေ။ ဣသရေလအမျိုးသားတို့ထံ၌သာ သူအလုပ်လုပ် ခဲ့၏။ ထို့ကြောင့် လူတို့သည် အမျိုးမျိုးသော အယူအဆများကို ပုံဖော်ကြပြီး ဘုရားသခင်၏အလုပ်ကို အတိုင်းအတာတစ်ခုအတွင်း အသေးစိတ် ရုပ်လုံးဖော်ကြလေသည်။ ဘုရားသခင် အလုပ်လုပ်သောအခါ သူ့အနေဖြင့် ရွေးကောက်ခံထားရသော လူများအကြား၌နှင့် ဣသရေလပြည်၌ လုပ်ရမည်ဖြစ်သည်ဟု သူတို့ပြောကြသည်။ ဣသရေလအမျိုးသားများမှလွဲ၍ ဘုရားသခင်သည် အခြားမည်သူ့အပေါ်၌မျှ အလုပ်မလုပ်သကဲ့သို့ သူ၏အလုပ်နှင့်ပတ်သက်ပြီး ပို၍ကြီးမားသော အတိုင်းအတာလည်း မရှိဟု သူတို့ပြောကြ၏။ လူ့ဇာတိခံ ဘုရားသခင်ကို ထိန်းချုပ်သည့်အရေးနှင့်ပတ်သက်လာလျှင် သူတို့သည် အထူးသဖြင့် တိကျကြပြီး ဣသရေလပြည်၏ နယ်နိမိတ်ကိုလွန်၍ သူ့အား လှုပ်ရှားခွင့် မပြုကြပေ။ ဤအရာအားလုံးမှာ လူသားတို့၏ အယူအဆများသာ ဖြစ်ကြသည် မဟုတ်လော။ ဘုရားသခင်သည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့၏၊ ဖန်ဆင်းရာအားလုံးကို သူဖန်ဆင်းခဲ့၏၊ ထို့အတွက်ကြောင့် သူ့အနေဖြင့် သူ၏အလုပ်ကို မည်သို့လျှင် ဣသရေလပြည်၌သာ ကန့်သတ်ထား၍ ရနိုင်မည်နည်း။ ထိုအတိုင်းသာဖြစ်နေပါက ဖန်ဆင်းရာအားလုံးကို သူဖန်ဆင်းခြင်းမှာ အဘယ်အကျိုးရှိ လိမ့်မည်နည်း။ တစ်လောကလုံးကို သူဖန်ဆင်းခဲ့၏၊ ထို့ပြင် သူ၏အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်ကို ဣသရေလပြည်၌ သာ မဟုတ်ဘဲ

စကြဝဠာရှိ လူပုဂ္ဂိုလ်အယောက်ချင်းစီတိုင်းအပေါ်၌ သူဆောင်ရွက်ခဲ့လေ၏။ ထိုသူတို့အနေဖြင့် တရုတ်ပြည်၌ နေကြသည်ဖြစ်စေ၊ အမေရိကန်ပြည်ထောင်စု၌ နေကြသည်ဖြစ်စေ၊ ဗြိတိသျှ၊ သို့မဟုတ် ရုရှားနိုင်ငံ၌ နေကြသည်ဖြစ်စေ လူတိုင်းသည် အာဒံ၏ သားစဉ်မြေးဆက်များ ဖြစ်ကြ၏။ သူတို့အားလုံးကို ဘုရားသခင်က ဖန်ဆင်းထားခြင်းဖြစ်သည်။ သူတို့ထဲမှ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖန်ဆင်းခြင်း၏နယ်နိမိတ်များကို မရှောင်တိမ်းနိုင်ကြ၊ ထို့ပြင် သူတို့ထဲမှ မည်သူတစ်ဦး တစ်ယောက်ကမျှ "အာဒံ၏ သားစဉ်မြေးဆက်" ဟူသည့် အမှတ်သညာမှ မိမိတို့ကိုယ်ကို မခွဲနိုင်ကြ။ သူတို့အားလုံးသည် ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများဖြစ်ကြသည်၊ သူတို့ အားလုံးသည် အာဒံ၏ ဆွေစဉ်မျိုးဆက်ဖြစ်ကြသည်၊ ထို့အပြင် သူတို့အားလုံးသည် အာဒံနှင့် ဧဝတို့၏ ဖောက်ပြန်ပျက်စီးနေသော သားစဉ်မြေးဆက်များလည်း ဖြစ်ကြ၏။ ဘုရားသခင်၏ ဖန်ဆင်းရာမှာ ဣသရေလတစ်မျိုးတည်းသာ မဟုတ်ဘဲ လူမျိုးအားလုံးဖြစ်သည်။ အချို့က ကျိန်ဆဲခံထားရပြီး အချို့က ကောင်းချီးပေးခံထားရခြင်းသာ ဖြစ်၏။ ဣသရေလအမျိုးသားနှင့် ပတ်သက်၍ နှစ်လိုဖွယ်ကောင်းသော အရာများ များစွာရှိသည်၊ သူတို့သည် အနည်းဆုံး ဖောက်ပြန်သောလူများ ဖြစ်ကြသောကြောင့် ဘုရားသခင်က အစအဦး၌ သူတို့အပေါ်တွင် အလုပ်လုပ်ခဲ့ခြင်း ဖြစ်သည်။ တရုတ်လူမျိုးတို့ကို သူတို့နှင့် သွားယှဉ်၍မရပေ၊ တရုတ်လူမျိုးတို့က များစွာ ပို၍နိမ့်ကျ၏။ ထို့ကြောင့် ဘုရားသခင်သည် ကနဦးတွင် ဣသရေလပြည်ရှိ လူတို့အကြား၌ အလုပ်လုပ်ခဲ့ခြင်းဖြစ်ပြီး သူ့အလုပ်၏ ဒုတိယအဆင့်ကို ယုဒပြည်၌သာ ဆောင်ရွက်ခဲ့၏၊ ယင်းက လူတို့အကြား၌ အယူအဆ များစွာနှင့် စည်းမျဉ်းများစွာကို ဖြစ်ပေါ်စေခဲ့သည်။ စင်စစ်အားဖြင့် ဘုရားသခင်သည် လူသားတို့၏အယူအဆများအတိုင်း လုပ်မည် ဆိုပါက သူသည် ဣသရေလအမျိုးသားတို့၏ ဘုရားသခင်သာ ဖြစ်နေလိမ့်မည်ဖြစ်၍ သူ၏အလုပ်ကို တစ်ပါးအမျိုးသား တိုင်းနိုင်ငံများထံ ချဲ့ထွင်ခြင်းငှာ တတ်စွမ်းနိုင်မည် မဟုတ်ချေ၊ အကြောင်းမှာ သူသည် ဣသရေလအမျိုးသားတို့၏ ဘုရားသခင်သာ ဖြစ်နေလိမ့်မည်ဖြစ်ပြီး ဖန်ဆင်းရာအားလုံး၏ ဘုရားသခင် ဖြစ်နေမည် မဟုတ်သောကြောင့်ဖြစ်သည်။ ယေဟောဝါ၏ အမည်နာမသည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြားတွင် ထင်ရှားလိမ့်မည်၊ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများသို့ ပျံ့နှံ့သွားလိမ့်မည်ဟု ပရောဖက်ပြုချက်များက ဆိုထားသည်။ အဘယ်ကြောင့် ထိုအရာကို ပရောဖက်ပြုထားသနည်း။ အကယ်၍ ဘုရားသခင်သည် ဣသရေလအမျိုးသားတို့၏ ဘုရားသခင်သာ ဖြစ်နေခဲ့ပါက သူသည် ဣသရေလပြည်၌သာ အမှုပြုခဲ့ပေလိမ့်မည်။ ထို့အပြင် ဤအလုပ်ကို သူဖြန့်ကြက်လိမ့်မည် မဟုတ်သကဲ့သို့

ထိုသို့သော ပရောဖက်ပြုချက်ကိုလည်း သူပြုခဲ့မည် မဟုတ်ချေ။ ထိုပရောဖက်ပြုချက်ကို သူပြုခဲ့သောကြောင့် သူသည် သူ၏အလုပ်ကို တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြား၊ တိုင်းနိုင်ငံအားလုံးနှင့် ကုန်းမြေအားလုံးအကြား ဧကန်အမှန် ချဲ့ထွင်လိမ့်မည် ဖြစ်သည်။ ထိုသို့သူပြောခဲ့သောကြောင့် ထိုအရာကို သူလုပ်ရပေလိမ့်မည်။ ဤသည်မှာ သူ၏အစီအစဉ်ဖြစ်သည်၊ အကြောင်းမှာ သူသည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သော သခင်ဖြစ်ပြီး ဖန်ဆင်းရာအားလုံး၏ ဘုရားသခင် ဖြစ်သောကြောင့် ဖြစ်ပေသည်။ ဣသရေလအမျိုးသားတို့အကြား၌ သူအလုပ်လုပ်သည်ဖြစ်စေ၊ သို့မဟုတ် ယုဒပြည်တစ်ဝှမ်းလုံး၌ သူအလုပ်လုပ်သည်ဖြစ်စေ သူလုပ်သော အလုပ်သည် စကြဝဠာ တစ်ခွင်လုံး၏ အလုပ်ဖြစ်ပြီး လူသားအားလုံး၏ အလုပ်ဖြစ်သည်။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံဖြစ်သော အဆင်းနီသည့် နဂါးကြီး၏ တိုင်းနိုင်ငံ၌ ယနေ့သူလုပ်သော အလုပ်သည် လူသားအားလုံး၏ အလုပ်ဖြစ်နေဆဲပင်ဖြစ်သည်။ ဣသရေလပြည်သည် မြေကြီးပေါ် ရှိ သူ၏အလုပ်အတွက် အခြေစိုက်စခန်း ဖြစ်နိုင်ခဲ့၏၊ တရုတ်နိုင်ငံ သည်လည်း တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြားရှိ သူ၏အလုပ် အတွက် အခြေစိုက်စခန်း ဖြစ်နိုင်သည်။ "ယေဟောဝါ၏ အမည်နာမသည် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြားတွင် ထင်ရှားလိမ့်မည်" ဟူသော ပရောဖက်ပြုချက်ကို သူယခု ပြည့်စုံစေခဲ့ပြီ မဟုတ်လော။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများ အကြားရှိ သူ့အလုပ်၏ ပထမအဆင့်မှာ အဆင်းနီသော နဂါးကြီး၏ တိုင်းနိုင်ငံ၌ သူလုပ်သော အလုပ်ဖြစ်သည့် ဤအလုပ်ပင်ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်သည် ဤတိုင်းပြည်၌ အလုပ်လုပ်ပြီး ကျိန်ဆဲခံထားရသော ဤလူတို့အကြား၌ အလုပ်လုပ်သည် ဟူသည်မှာ လူသားတို့၏ အယူအဆများနှင့် အထူးသဖြင့် ဆန့်ကျင် ကွဲလွဲနေသည်။ ထိုလူတို့မှာ အားလုံးအထဲတွင် အနိမ့်ကျဆုံးသောသူများ ဖြစ်ကြသည်၊ သူတို့၌ ဘာတန်ဖိုးမျှ မရှိကြ၊ ထို့အပြင် သူတို့သည် ကနဦး၌ ယေဟောဝါ၏ စွန့်ပစ်ထားခြင်းကို ခံခဲ့ရသူများ ဖြစ်ကြသည်။ လူတို့သည် အခြားလူများ၏ ပစ်ပယ်ခြင်းကို ခံနိုင်သော်လည်း ဘုရားသခင်၏ ပစ်ပယ်ခြင်းကို ခံရလျှင်မူ ထိုသူတို့ထက် အဆင့်အတန်း ပို၍မဲ့သောသူ၊ တန်ဖိုးပို၍နိမ့်ကျသောသူ မရှိတော့ပေ။ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအတွက် စာတန်၏ ပိုင်ဆိုင်ခြင်းကို ခံရခြင်း၊ သို့မဟုတ် လူတို့၏ ပစ်ပယ်ခြင်းကို ခံရခြင်းသည် အလွန်နာကျင်ခံစားရသော အရာဖြစ်၏၊ သို့သော်လည်း ဖန်ဆင်းရှင်၏ စွန့်ပစ်ခြင်းကို ခံရသော ဖန်ဆင်းခံသတ္တဝါတစ်ဦးအတွက်မူ ပို၍နိမ့်ကျသော အဆင့်အတန်း မရှိနိုင်တော့ချေ။ မောဘ၏ သားစဉ်မြေးဆက်တို့သည် ကျိန်ဆဲခြင်းကို ခံခဲ့ရသည်၊ ထို့ပြင် သူတို့သည် ခေတ်နောက်ကျန်သော ဤနိုင်ငံ၌ မွေးဖွားလာခဲ့ကြသည်။ အမှောင်ထု၏ လွှမ်းမိုးမှုအောက်တွင် ရှိကြကုန်သော လူအားလုံးထဲတွင် မောဘ၏

သားစဉ်မြေးဆက်တို့သည် အဆင့်အတန်းအနိမ့်ဆုံးဖြစ်ကြသည်မှာ သံသယဝင်ဖွယ်ရာ မရှိပေ။ ဤလူတို့သည် ယခင်က အနိမ့်ကျဆုံးသော အဆင့်အတန်း ရှိခဲ့ဖူးသူများဖြစ်ကြသောကြောင့် သူတို့အပေါ်၌ လုပ်သော အလုပ်သည် လူသားတို့၏ အယူအဆများကို အကောင်းဆုံးချေဖျက်နိုင်စွမ်းရှိပြီး ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ် တစ်ခုလုံးအတွက်လည်း အကျိုးအရှိဆုံးဖြစ်၏။ ဤလူတို့အကြား၌ ထိုသို့သောအလုပ်ကို လုပ်ခြင်းသည် လူသားတို့၏ အယူအဆများကို အကောင်းဆုံးချေဖျက်သည့် နည်းလမ်းဖြစ်ပြီး ထိုအလုပ်နှင့် ဘုရားသခင်သည် ခေတ်တစ်ခေတ်ကို အစပျိုး၏။ ထိုအလုပ်နှင့် သူသည် လူသားတို့၏ အယူအဆအားလုံးကို ချေဖျက်၏။ ထိုအလုပ်နှင့် ကျေးဇူးတော်ခေတ်တစ်ခေတ်လုံး၏ အလုပ်ကို အဆုံးသတ်လေသည်။ သူ၏ပထမအလုပ်ကို ဣသရေလပြည်၏ နယ်နိမိတ်အတွင်းရှိ ယုဒပြည်၌ ဆောက်ရွက်ခဲ့သည်။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြားတွင် သူသည် ခေတ်သစ်ကို အစပျိုးရန်အလို့ငှာ မည်သည့်အလုပ်ကိုမျှ မလုပ်ခဲ့ပေ။ အလုပ်၏ နောက်ဆုံးအဆင့်ကို တစ်ပါးအမျိုးသားတို့အကြားတွင် ဆောင်ရွက်သည်သာမကသေးဘဲ ကျိန်ဆဲခြင်းခံထားရသော သူများအကြားတွင် ပို၍ဆောင်ရွက်၏။ ဤအချက်တစ်ချက်က စာတန်ကို အရှက်အခွဲနိုင်ဆုံးသော သက်သေဖြစ်သည်။ ဤအကြောင်းကြောင့် ဘုရားသခင်သည် စကြဝဠာထဲရှိ ဖန်ဆင်းရာအားလုံး၏ ဘုရားသခင်၊ အရာခပ်သိမ်း၏ သခင်၊ အသက်ရှိသမျှတို့ ကိုးကွယ်ရသည့်အရာ "ဖြစ်လာ" လေသည်။

ယနေ့တွင် ဘုရားသခင် မည်သည့်အလုပ်သစ်ကို အစပြုပြီးဖြစ်သည်ကို နားမလည်ကြသေးသောသူများရှိသည်။ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြားတွင် ဘုရားသခင်သည် အသစ်သော အစအဦးတစ်ခုကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ခေတ်သစ်တစ်ခေတ်ကို သူစတင်ခဲ့ပြီး အလုပ်သစ်ကို သူအစပြုခဲ့၏၊ ထို့အပြင် သူသည် ဤအလုပ်ကို မောဘ၏ သားစဉ် မြေးဆက်များအပေါ် လုပ်ဆောင်သည်။ ယင်းသည် သူ၏ အသစ်ဆုံးသော အလုပ်ပင်ဖြစ်သည် မဟုတ်လော။ သမိုင်းတစ်လျှောက် မည်သူကမျှ ဤအလုပ်ကို မတွေ့ကြုံဖူးကြပေ။ ဤအလုပ်ကို နားလည်ဖို့ မဆိုထားနှင့် မည်သူကမျှ မကြားဖူးကြပေ။ ဘုရားသခင်၏ဉာဏ်ပညာ၊ ဘုရားသခင်၏အံ့သြဖွယ်ရာ၊ ဘုရားသခင်၏ဉာဏ်မမီနိုင်မှု၊ ဘုရားသခင်၏ကြီးမြတ်မှု၊ ထို့ပြင် ဘုရားသခင်၏သန့်ရှင်းမှု အားလုံးတို့သည် နောက်ဆုံးသောကာလ၏ အလုပ်ဖြစ်သည့် အလုပ်၏ဤအဆင့်မှတစ်ဆင့် ထင်ရှားစေခြင်းကို ခံကြရသည်။ ဤသည်မှာ လူသားတို့၏ အယူအဆများကို ချေဖျက်သည့် အလုပ်ဖြစ်သော အသစ်သောအလုပ်ပင်ဖြစ်သည် မဟုတ်လော။ "ဘုရားသခင်သည် မောဘကို

ကျိန်ဆဲခဲ့ပြီး မောဘ၏သားစဉ်မြေးဆက်များကို ပစ်ပယ်မည်ဟု ဆိုခဲ့သည့်အတွက် သူသည် ယခု သူတို့ကို မည်ကဲ့သို့ ကယ်တင်နိုင်မည်နည်း" ဟူ၍ တွေးကြသောသူများ ရှိကြသည်။ ထိုသူတို့မှာ ဘုရားသခင်၏ ကျိန်ဆဲခြင်းကို ခံခဲ့ရပြီး ဣသရေလပြည်မှ မောင်းထုတ်ခံခဲ့ရသည့် တစ်ပါးအမျိုးသားများ ဖြစ်ကြ၏၊ ဣသရေလအမျိုးသားတို့က ထိုသူတို့ကို "တစ်ပါးအမျိုးသားခွေးများ" ဟုခေါ် ခဲ့ကြသည်။ လူတိုင်း၏ အမြင်တွင် သူတို့သည် တစ်ပါးအမျိုးသားခွေးများ ဖြစ်ကြသည် သာမကဘဲ ပို၍ဆိုးသည်မှာ သူတို့သည် ဖျက်ဆီးခြင်း၏ သားများဖြစ်နေကြသည်၊ တစ်နည်းဆိုရလျှင် သူတို့သည် ဘုရားသခင်၏ ရွေးကောက်ခံလူများ မဟုတ်ကြပေ။ သူတို့သည် ဣသရေလနိုင်ငံ၏နယ်နိမိတ်အတွင်း၌ မွေးဖွားလာခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း သူတို့သည် ဣသရေလ အမျိုးသားများနှင့် မသက်ဆိုင်ကြဘဲ တစ်ပါးအမျိုးသား တိုင်းနိုင်ငံများသို့ နှင်ထုတ်ခြင်းခံထားရသူများ ဖြစ်ကြသည်။ သူတို့သည် လူအားလုံးအထဲ၌ အနိမ့်ကျဆုံးသောသူများ ဖြစ်ကြသည်။ လူတို့အထဲတွင် သူတို့သည် အနိမ့်ကျဆုံးသောသူများ ဖြစ်ကြသည့် အကြောင်းရင်းအတိအကျကြောင့်ပင် ဘုရားသခင်သည် ခေတ်သစ်တစ်ခေတ်ကို အစပျိုးသည့် သူ၏အလုပ်ကို သူတို့အကြားတွင် ဆောင်ရွက်ခြင်းဖြစ်၏၊ အကြောင်းမှာ သူတို့သည် ဖောက်ပြန်သော လူသားတို့ကို ကိုယ်စားပြုသောကြောင့် ဖြစ်လေသည်။ ဘုရားသခင်၏ အလုပ်သည် သီးသန့်ဖြစ်ပြီး သတ်သတ်မှတ်မှတ်ရှိ၏။ ဤလူတို့၌ ယနေ့သူလုပ်သောအလုပ်သည် ဖန်ဆင်းရာအပေါ်၌ သူဆောင်ရွက်ခဲ့သော အလုပ်လည်းဖြစ်သည်။ နောသည် ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါတစ်ဦးဖြစ်ခဲ့သည်၊ နော၏ သားစဉ်မြေးဆက်များသည်လည်း ထို့အတူပင် ဖြစ်သည်။ လောကကြီးထဲ၌ အသွေးနှင့် အသားရှိကြကုန်သော မည်သူမဆိုသည် ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများဖြစ်ကြ၏။ ဘုရားသခင်၏ အလုပ်သည် ဖန်ဆင်းရာအားလုံးအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ တစ်စုံတစ်ဦးအနေဖြင့် ဖန်ဆင်းခံရပြီးနောက်တွင် ကျိန်ဆဲခြင်းကို ခံခဲ့ရ၏၊ မခံခဲ့ရ၏အပေါ်တွင် ထိုအရာက မူတည်သည်မဟုတ်ပေ။ သူ၏စီမံခန့်ခွဲမှု အလုပ်သည် ဖန်ဆင်းရာအားလုံးတို့အတွက် ရည်ရွယ်ထားခြင်းဖြစ်၏၊ ကျိန်ဆဲခြင်းကို မခံထားရသည့် ရွေးကောက်ခံလူတို့အတွက် ရည်ရွယ်ထားခြင်း မဟုတ်ချေ။ ဘုရားသခင်သည် သူ၏အလုပ်ကို သူ၏ဖန်ဆင်းရာအကြား၌ ဆောင်ရွက်လိုသည့်အတွက် ထိုအလုပ်ကို သူသည် အောင်အောင်မြင်မြင် ပြီးမြောက်သွားသည်အထိ မလွဲကေန် လုပ်လိမ့်မည်ဖြစ်ပြီး သူ၏အလုပ်အတွက် အကျိုးရှိသော ထိုလူတို့အကြားတွင် သူအလုပ်လုပ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် သူသည် လူသားတို့အကြားတွင် အလုပ်လုပ်သောအခါ အစဉ်အလာများ အားလုံးကို

ချေဖျက်လိုက်၏၊ သူ့အတွက် “ကျိန်ဆဲခံရသည်”၊ “ပြစ်တင်ဆုံးမခံရသည်” နှင့် “ကောင်းချီးပေးခံရသည်” ဟူသော စကားလုံးတို့သည် အဓိပ္ပာယ်မရှိသော စကားလုံးများဖြစ်သည်။ ယုဒလူမျိုးတို့သည် ကောင်းမွန်ကြပြီး ဣသရေလပြည်ရှိ ရွေးကောက်ခံ လူတို့မှာလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ သူတို့သည် ကောင်းသော အစွမ်းအစနှင့် လူ့သဘာဝတို့ ရှိကြသောသူများဖြစ်သည်။ အစအဦးတွင် ယေဟောဝါ သူ၏အလုပ်ကို အစပျိုးခဲ့ပြီး သူ၏အစောဆုံးအလုပ်ကို လုပ်ဆောင်ခဲ့သည်မှာ ထိုသူတို့အကြားတွင်ဖြစ်သည်၊ သို့သော်လည်း ထိုသူတို့အပေါ်၌ သိမ်းပိုက်ခြင်းအလုပ်ကို ယနေ့လုပ်ဆောင်မည်ဆိုပါက အဓိပ္ပာယ်မရှိ ဖြစ်နေပေလိမ့်မည်။ ထိုသူတို့သည်လည်း ဖန်ဆင်းရာ၏ တစ်စိတ်တစ်ဒေသ ဖြစ်နေနိုင်ပြီး ထိုသူတို့နှင့် ပတ်သက်၍ အပြုသဘောဆောင်သောအရာ များစွာရှိနေနိုင်သော်လည်း အလုပ်၏ဤအဆင့်ကို သူတို့အကြား၌ လုပ်ဆောင်မည်ဆိုပါက အကျိုးမရှိ ဖြစ်နေပေလိမ့်မည်။ ဘုရားသခင်သည် လူတို့ကို သိမ်းပိုက်နိုင်လိမ့်မည် မဟုတ်သကဲ့သို့ ဖန်ဆင်းရာအားလုံးကိုလည်း သိမ်းသွင်းစည်းရုံးနိုင်မည် မဟုတ်ချေ။ ဘုရားသခင်သည် သူ၏အလုပ်ကို အဆင်းနီသော နဂါးကြီး၏ တိုင်းနိုင်ငံရှိ ဤလူတို့ထံ လှည့်ပြောင်းလိုက်ခြင်းမှာ ထိုအကြောင်းရင်းအတိအကျကြောင့်ပင် ဖြစ်သည်။ ဤနေရာ၌ အဓိပ္ပာယ်အရှိဆုံးသောအရာမှာ ခေတ်တစ်ခုကို ဘုရားသခင်အစပျိုးခြင်း၊ စည်းမျဉ်းများအားလုံးနှင့် လူသားတို့၏ အယူအဆများအားလုံးကို သူချေဖျက်ခြင်းနှင့် ကျေးဇူးတော်ခေတ် တစ်ခေတ်လုံး၏ အလုပ်ကို သူအဆုံးသတ်ခြင်း တို့ဖြစ်သည်။ အကယ်၍ သူ၏လက်ရှိအလုပ်ကို ဣသရေလ အမျိုးသားတို့အကြားတွင် ဆောင်ရွက်မည်ဆိုပါက သူ၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအစီအစဉ်က အဆုံးသတ်သို့ ရောက်လာသည့်အချိန်တွင် ဘုရားသခင်သည် ဣသရေလ အမျိုးသားတို့၏ ဘုရားသခင်သာဖြစ်သည်၊ ဣသရေလအမျိုးသားတို့ သာလျှင် ဘုရားသခင်၏ ရွေးကောက်ခံရသော လူတို့ဖြစ်ကြသည်၊ ဣသရေလအမျိုးသားတို့သာလျှင် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ နှင့် ကတိတော်ကို အမွေခံထိုက်သည်ဟု ယုံကြည်သွားကြ ပေလိမ့်မည်။ နောက်ဆုံးသောကာလအတောအတွင်း အဆင်းနီသော နဂါးကြီး၏နိုင်ငံဖြစ်သည့် တစ်ပါးအမျိုးသား တိုင်းနိုင်ငံ၌ ဘုရားသခင်လူ့ဇာတိခံယူခြင်းသည် ဖန်ဆင်းရာအားလုံး၏ ဘုရားဟူသည့် ဘုရားသခင်၏ အလုပ်ကို အထမြောက်စေ၏။ သူ၏ စီမံခန့်ခွဲမှုအလုပ် အလုံးစုံကို သူအပြီးသတ်၏၊ ထို့ပြင် အဆင်းနီသော နဂါးကြီး၏ တိုင်းနိုင်ငံရှိ သူ့အလုပ်၏ အချက်အချာကျသော အပိုင်းကို သူအဆုံးသတ်၏။ ဤအလုပ်အဆင့်သုံးဆင့်၏ အဓိကအချက်မှာ လူသားကို

ကယ်တင်ခြင်းဖြစ်သည်၊ အတိအကျဆိုရလျှင် ဖန်ဆင်းရှင်အား ဖန်ဆင်းရာအားလုံးက ဝတ်ပြုလာအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် အလုပ်၏ အဆင့်တစ်ဆင့်စီ၌ ကြီးမားသော အဓိပ္ပာယ်ရှိသည်။ ဘုရားသခင်သည် အဓိပ္ပာယ်၊ သို့မဟုတ် တန်ဖိုးတို့ မရှိဘဲနှင့် မည်သည့်အရာကိုမျှ မလုပ်ပေ။ တစ်ဖက်တွင် အလုပ်၏ ဤအဆင့်သည် ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ပေးပြီး လွန်လေပြီးသော ခေတ်နှစ်ခေတ်ကို အဆုံးသတ်ပေး၏။ အခြားတစ်ဖက်တွင်မူ ယင်းသည် လူသားတို့၏ အယူအဆအားလုံးကို ချေဖျက်ပြီး၊ လူသားတို့၏ယုံကြည်မှုနှင့် အသိပညာတို့၏ နည်းလမ်းဟောင်း အားလုံးကို ချေဖျက်လေသည်။ ယခင်ခေတ်နှစ်ခေတ်၏ အလုပ်ကို လူသားတို့၏ ကွဲပြားသော အယူအဆများအတိုင်း ဆောင်ရွက်ခဲ့၏။ သို့သော်လည်း ဤအဆင့်ကမူ လူသားတို့၏ အယူအဆများကို လုံးဝဥဿုံ ဖယ်ထုတ်ပစ်ပြီး ထိုသို့အားဖြင့် လူတို့ကို လုံးလုံးလျားလျား သိမ်းပိုက်၏။ မောဘ၏ သားစဉ်မြေးဆက်တို့ကို သိမ်းပိုက်ခြင်းအားဖြင့်၊ မောဘ၏ သားစဉ်မြေးဆက်တို့အကြားတွင် ဆောင်ရွက်သော အလုပ်အားဖြင့် ဘုရားသခင်သည် စကြဝဠာတစ်ခွင်ရှိ လူအားလုံးကို သိမ်းပိုက်မည်ဖြစ်သည်။ ဤသည်မှာ သူ့အလုပ်၏ ဤအဆင့်ရှိ အနက်ရှိုင်းဆုံးသော အဓိပ္ပာယ်ဖြစ်၏၊ ထို့အပြင် သူ့အလုပ်၏ ဤအဆင့်နှင့်ဆိုင်သည့် အဖိုးအတန်ဆုံးသော ရှုထောင့်လည်းဖြစ်သည်။ အကယ်၍ သင်ကိုယ်တိုင်၏ အဆင့်အတန်း နိမ့်ကျနေသည်ကို သင်ယခုသိပြီး မိမိတန်ဖိုးနိမ့်ကျသည်ကို သိသော်လည်း- သင်သည် ကြီးစွာသော ကောင်းချီးမင်္ဂလာကို အမွေခံထားရပြီး ကြီးစွာသော ကတိတော်ကို ရရှိထားသည်၊ ထို့ပြင် ဘုရားသခင်၏ ကြီးမြတ်သော ဤအလုပ် အထမြောက်အောင် သင်ကူညီနိုင်၏ဟူသော ဝမ်းမြောက်ဖွယ် အကောင်းဆုံးသောအရာနှင့် ကြုံတွေ့ခဲ့ရသည်ဟု ခံစားရဦးမည် ဖြစ်သည်။ ဘုရားသခင်၏ စစ်မှန်သော ရုပ်သွင်ကို သင်ဖူးမြင်ခဲ့ရပြီ၊ ဘုရားသခင်၏ ပင်ကိုစိတ်သဘောထားကို သင်သိ၏၊ ထို့ပြင် ဘုရားသခင်၏ အလိုတော်ကို သင်လုပ်ဆောင်သည်။ ဘုရားသခင်၏အလုပ်၏ ယခင်အဆင့်နှစ်ဆင့်ကို ဣသရေလပြည်၌ ဆောင်ရွက်ခဲ့သည်။ အကယ်၍ နောက်ဆုံးသောကာလ အတောအတွင်း သူ့အလုပ်၏ ဤအဆင့်ကိုလည်း ဣသရေလ အမျိုးသားတို့အကြားတွင် ဆောင်ရွက်မည်ဆိုပါက ဣသရေလ အမျိုးသားတို့ သာလျှင် ဘုရားသခင်၏ ရွေးကောက်ခံလူများ ဖြစ်ကြသည်ဟု ဖန်ဆင်းရာအားလုံးက ယုံကြည်သွားကြမည် သာမကဘဲ ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ် တစ်ခုလုံး သည်လည်း လိုချင်သော အကျိုးရလဒ်ကို ရနိုင်လိမ့်မည် မဟုတ်ပေ။ သူ့အလုပ်၏ အဆင့်နှစ်ဆင့်ကို ဣသရေလပြည်၌ သူလုပ်ဆောင်ခဲ့သည့် အချိန်အတောအတွင်းတွင် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြား၌ အလုပ်အသစ်ကိုသော်လည်းကောင်း၊ ခေတ်သစ်တစ်ခေတ်ကို

အစပျိုးသည့် အလုပ်ကိုသော်လည်းကောင်း မဆောင်ရွက်ခဲ့ပေ။ ခေတ်သစ်တစ်ခေတ်ကို အစပျိုးသည့် အလုပ်ဖြစ်သော အလုပ်၏ ယနေ့အဆင့်ကို တစ်ပါးအမျိုးသား တိုင်းနိုင်ငံများအကြား၌ ဦးစွာဆောင်ရွက်နေသည့်အပြင် မောဘ၏ သားစဉ်မြေးဆက်တို့အကြားတွင် ကနဦးဆောင်ရွက်နေပြီ ဖြစ်သည်။ ထို့ကြောင့် ခေတ်တစ်ခုလုံးကို အစပျိုးလျက်ရှိသည်။ လူသားတို့၏ အယူအဆများအတွင်း၌ ရှိနေသော အသိပညာ အားလုံးကို တစ်ခုတလေမျှ ကြွင်းကျန်ခွင့်မပေးဘဲ ဘုရားသခင်သည် ချေဖျက်ခဲ့၏။ သူ၏သိမ်းပိုက်ခြင်းအလုပ်တွင် သူသည် လူသားတို့၏ အယူအဆများ၊ ဟောင်းနေသည့် ထိုကနဦးလူတို့၏ အသိပညာနည်းလမ်းတို့ကို ချေဖျက်ခဲ့သည်။ ဘုရားသခင်ထံတွင် မည်သည့်စည်းမျဉ်းများမျှ မရှိကြောင်း၊ ဘုရားသခင်နှင့်ပတ်သက်၍ ဟောင်းသည့်အရာ ဘာမျှမရှိကြောင်း၊ သူလုပ်သော အလုပ်သည် လုံးဝချုပ်ချယ်မှုကင်းပြီး လုံးဝလွတ်လပ်ကြောင်း၊ ထို့အပြင် သူသည် လုပ်လေရာရာ၌ မှန်ကန်ကြောင်း လူတို့ကို သူမြင်စေသည်။ ဖန်ဆင်းရာအကြား၌ သူလုပ်သော မည်သည့်အလုပ်ကိုမဆို သင်သည် အပြည့်အဝနာခံရမည်။ သူလုပ်သော အလုပ်အားလုံး၌ အဓိပ္ပာယ်ရှိပြီး ထိုအလုပ်ကို သူ၏ကိုယ်ပိုင်အလိုတော်၊ သူ၏ကိုယ်ပိုင်ဉာဏ်ပညာနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကာ လူသားတို့၏ ရွေးချယ်ချက်များ၊ အယူအဆများနှင့်အညီ ဆောင်ရွက်ခြင်း မဟုတ်ချေ။ အကယ်၍ တစ်စုံတစ်ခုသည် သူ၏အလုပ်အတွက် အကျိုးရှိပါက ထိုအရာကို သူလုပ်၏။ ထို့ပြင် အကယ်၍ တစ်စုံတစ်ခုသည် သူ၏အလုပ်အတွက် အကျိုးမရှိပါက ထိုအရာသည် မည်မျှပင် ကောင်းနေသည်ဖြစ်စေ သူမလုပ်ချေ။ သူ၏အလုပ်ကို လက်ခံရရှိမည့်သူများနှင့် သူ့အလုပ်၏ တည်နေရာကို သူ့အလုပ်၏ အဓိပ္ပာယ်၊ ရည်ရွယ်ချက်တို့နှင့်အညီ ရွေးချယ်ပြီး သူအလုပ်လုပ်သည်။ သူအလုပ်လုပ်သောအခါ အတိတ်က စည်းမျဉ်းများကို သူမလိုက်နာသကဲ့သို့ ပုံသေနည်း အဟောင်းများကိုလည်း သူမလိုက်နာပေ။ ထိုသို့ပြုမည့်အစား သူ၏အလုပ်ကို အလုပ်၏အဓိပ္ပာယ်နှင့်အညီ သူစီစဉ်သည်။ နောက်ဆုံးတွင် သူသည် စစ်မှန်သော အကျိုးရလဒ်နှင့် မျှော်လင့်ထားသော ပန်းတိုင်ကို ရရှိပေလိမ့်မည်။ ဤအရာများကို ယနေ့ သင်နားမလည်ပါက ဤအလုပ်သည် သင့်အပေါ် အကျိုးသက်ရောက်လိမ့်မည် မဟုတ်ပေ။

## ဩဝါဒစာစောင် ဆယ့်သုံးစောင်နှင့် ပတ်သက်၍ သင် မည်သည့်နေရာတွင် ရပ်တည်သနည်း။

ကျမ်းစာ၏ ဓမ္မသစ်ကျမ်းတွင် ပေါလု၏ ဩဝါဒစာ ဆယ့်သုံးစောင် ပါရှိသည်။ သူ၏ အလုပ်ကို လုပ်ဆောင်သည့် ကာလတစ်လျှောက်တွင်၊ ပေါလုသည် သူ၏ စာစောင် ဆယ့်သုံးစောင်ကို ယေရှုခရစ်တော်အား ယုံကြည်သည့် အသင်းတော်များထံ ရေးသားခဲ့သည်။ ယင်းမှာ ယေရှု ကောင်းကင်သို့ တက်ကြွသွားသည့်နောက်တွင် ပေါလုသည် မြင့်တင်ခံရပြီး ဤစာစောင်များကို ရေးသားခဲ့ခြင်း ဖြစ်သည်။ ၎င်း၏ စာစောင်များသည် သခင်ယေရှု၏ သေခြင်းပြီးနောက် သူ၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ တက်ကြွသွားခြင်းတို့ နှင့်ဆိုင်သည့် သက်သေခံချက်များ ဖြစ်ကြပြီး၊ နောင်တနှင့် ကားတိုင်ထမ်းခြင်း လမ်းခရီးကိုလည်း ဖြန့်ဝေလေသည်။ ဟုတ်ပေ၏၊ ဤသတင်းစကားများနှင့် သက်သေခံချက်အားလုံးမှာ ထိုအချိန်က ယုဒပြည်အနီးတစ်ဝိုက်က နေရာအမျိုးမျိုးရှိ ညီအစ်ကိုမောင်နှမများကို သွန်သင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်က ပေါလုသည် သခင်ယေရှု၏ အစေခံဖြစ်ခဲ့ပြီး၊ သခင်ယေရှုအတွက် သက်သေခံဖို့ရန် သူသည် ပျိုးထောင်ခြင်း ခံခဲ့ရသောကြောင့်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့်ဆိုင်သော ကာလအသီးသီးအတွင်းတွင်၊ လူအမျိုးမျိုးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ မတူညီသော အမှုကို ဆောင်ရွက်ရန် မြှင့်တင်ခံရကြလေသည်၊ ယင်းမှာ၊ ဘုရားသခင်ကိုယ်တော်တိုင် ပြည့်စုံစေသည့်အမှုကို ဆက်လက်လုပ်ဆောင်ရန်အလို့ငှာ တမန်တော်များ၏ အလုပ်ကို လုပ်ဆောင်ဖို့ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်က ယင်းကို တိုက်ရိုက်လုပ်ဆောင်ခဲ့ပြီး မည်သူမျှ မြှင့်တင်ခြင်းမခံခဲ့ရပါက၊ အလုပ်ကို ဆောင်ရွက်ဖို့ရန်အတွက် အလွန်ခက်ခဲခဲ့ပေလိမ့်မည်။ ထို့သို့ဖြင့်၊ ပေါလုသည် ဒမာသက်သို့ သွားရာလမ်းပေါ်တွင် ထိုးလှဲခံခဲ့ရပြီးနောက် သခင်ယေရှုအတွက် သက်သေခံတစ်ဦးဖြစ်ဖို့ရန် မြှင့်တင်ခံခဲ့ရသူတစ်ဦး ဖြစ်လာခဲ့သည်။ သူသည် ယေရှု၏ တပည့်တော် ဆယ့်နှစ်ပါးအပြင် တမန်တော်တစ်ဦး ဖြစ်သည်။ ဧဝံဂေလိတရားကို ဖြန့်ဝေခြင်းအပြင်၊ တနည်းအားဖြင့် သခင့်ထဲက ညီအစ်ကို မောင်နှမများကို ဦးဆောင်ခြင်းဖြစ်သည့် အသင်းတော်များ၏ ညီအစ်ကိုမောင်နှမများကို ကြည့်ရှု စောင့်ရှောက်ခြင်းပါဝင်သော နေရာအမျိုးမျိုးရှိ အသင်းတော်များကို ထိန်းကျောင်းခြင်း အလုပ်ကိုလည်း သူတာဝန်ယူခဲ့သည်။ ပေါလု၏ သက်သေခံချက်မှာ သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ တက်ကြွသွားခြင်းနှင့်ဆိုင်သည့် အမှန်တရားကို သိရှိစေဖို့အပြင် လူတို့ကို နောင်တရဖို့၊ ဝန်ချဖို့နှင့် ကားတိုင်လမ်းကို လျှောက်လှမ်းရန် သွန်သင်ဖို့ ဖြစ်ခဲ့သည်။ သူသည် ထိုအချိန်က ယေရှုခရစ်တော်၏ သက်သေခံများထဲမှ တစ်ဦးဖြစ်ခဲ့သည်။

ပေါလု၏ ဩဝါဒစာ ဆယ့်သုံးစောင်ကို သမ္မာကျမ်းစာထဲတွင် အသုံးပြုဖို့အတွက်

ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ သူသည် နေရာ အမျိုးမျိုးတွင်ရှိသော လူတို့၏ အခြေအနေအမျိုးမျိုးကို ကိုင်တွယ်ဖို့ရန် စာတစ်ဆယ့်သုံးစောင်လုံးကို ရေးသားခဲ့၏။ ၎င်းတို့ကို ရေးသားဖို့ရန် သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ တို့ထိခြင်းခံခဲ့ရပြီး တမန်တော် တစ်ဦး၏ အနေအထားမှ (သခင်ယေရှု၏ အစေခံတစ်ဦး၏ ရှုထောင့်မှ) နေရာတိုင်းရှိ ညီအစ်ကို မောင်နှမများကို သွန်သင်ခဲ့သည်။ ထို့ကြောင့်၊ ပေါလု၏ စာစောင်များသည် ပရောဖက်ပြုချက်များမှ သို့မဟုတ် ရူပါရုံများမှ တိုက်ရိုက် ပေါ်ပေါက်ခဲ့ခြင်း မဟုတ်ဘဲ၊ သူ တာဝန်ယူခဲ့သည့် အလုပ်မှ လာခဲ့ခြင်း ဖြစ်သည်။ ဤစာစောင်များသည် မထူးဆန်းသကဲ့သို့ ပရောဖက်ပြုချက်များလောက် နားလည် သဘောပေါက်ရန် မခက်ပေ။ ၎င်းတို့ကို စာစောင်များအဖြစ် သက်သက်သာ ရေးသားခဲ့ခြင်း ဖြစ်ပြီး ပရောဖက်ပြုချက်များဖြစ်စေ နက်နဲမှုများဖြစ်စေ မပါဝင်ချေ။ ၎င်းတို့သည် သာမန် ပညာပေးသော နှုတ်ကပတ်တော်များသာ ပါရှိလေသည်။ ထိုစာစောင်များ၏ နှုတ်ကပတ်တော်များစွာသည် လူတို့အတွက် သဘောပေါက်ဖို့ ခက်ခဲကောင်း ခက်ခဲနိုင်သော်လည်း သို့မဟုတ် နားလည်ဖို့ ခက်ကောင်း ခက်နိုင်သော်လည်း၊ ၎င်းတို့သည် ပေါလုကိုယ်တိုင်၏ အနက်ပြန်မှုများ နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းမှသာ ဖြစ်ပေါ် ခဲ့ပေသည်။ ပေါလုသည် တမန်တော်တစ်ဦးသာ ဖြစ်ခဲ့သည်။ သူသည် သခင်ယေရှု အသုံးပြုသည့် အစေခံတစ်ဦးဖြစ်ခဲ့ပြီး ပရောဖက်တစ်ဦး မဟုတ်ပေ။ အမျိုးမျိုးသော နယ်မြေများကို ဖြတ်သန်း လျှောက်လှမ်းစဉ်တွင်၊ အသင်းတော်များ၏ ညီအစ်ကို မောင်နှမများထံ စာစောင်များ သူ ရေးသားခဲ့၏၊ သို့မဟုတ် သူ ဖျားနာစဉ်တွင်၊ အထူးသဖြင့် သူစိတ်ပူသော်လည်း မသွားရောက်နိုင်ခဲ့သည့် အသင်းတော်များထံ ရေးသားခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်သောကြောင့်၊ သူ၏ စာများကို လူတို့က ထိန်းသိမ်းထားခဲ့ကြပြီး နောက်ပိုင်းတွင် အနာဂတ် မျိုးဆက်များက စုဆောင်းခဲ့ကြသည်၊ စုစည်းကာ ကျမ်းစာထဲက ခရစ်ဝင်ကျမ်း လေးကျမ်းနောက်တွင် တင်ပြခဲ့ကြသည်။ ဟုတ်ပေ၏၊ သူရေးသားခဲ့သည့် အကောင်းဆုံး စာစောင်များအားလုံးကို ၎င်းတို့က ရွေးချယ်ပြီး ကျမ်းပြုခြင်းတစ်ခု လုပ်ဆောင်ခဲ့ကြသည်။
ဤဩဝါဒစာစောင်များသည် အသင်းတော်များ၏ ညီအစ်ကို မောင်နှမများ၏ အသက်တာများအဖို့ အကျိုးပြုပြီး၊ ပေါလု၏ အချိန်ကာလတွင် အထူး ကျော်ကြားခဲ့လေသည်။ ယင်းတို့ကို ပေါလု ရေးသာခဲ့ချိန်တွင်၊ သူ၏ ရည်ရွယ်ချက်မှာ သူ၏ ညီအစ်ကို မောင်နှမများကို လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းတစ်ခု ရှာတွေ့စေနိုင်မည့် ဝိညာဉ်ရေးရာ လက်ရာတစ်ခု သို့မဟုတ် သူကိုယ်တိုင်၏ အတွေ့အကြုံများကို ဖော်ပြဖို့ ဝိညာဉ်ရေးရာ အတ္ထုပ္ပတ္တိတစ်ခု ရေးသားဖို့ မဟုတ်ခဲ့ပေ။ စာရေးဆရာတစ်ဦးဖြစ်လာဖို့ စာအုပ် တစ်အုပ်ကို

ရေးသားရန် သူ မရည်ရွယ်ခဲ့ပေ။ သူသည် သခင်ယေရှု ခရစ်တော်၏ အသင်းတော်နှင့်ဆိုင်သော သူ၏ ညီအစ်ကို မောင်နှမများထံ စာများရေးသားနေခဲ့ခြင်း သက်သက်ဖြစ်သည်။ ပေါလုသည် သူ၏ ညီအစ်ကို မောင်နှမများကို ၎င်းတို့အား သူ၏ ဝန်တာ၊ သခင်ယေရှု၏ အလိုတော်နှင့် အနာဂတ်အတွက် လူတို့ကို သခင်ယေရှုက မည်သည့်အလုပ် အပ်ခဲ့ပြီး ဖြစ်သည်ဆိုသည်ကို ပြောပြဖို့ရန် အစေခံတစ်ဦး၏ အနေအထားမှ သွန်သင်ခဲ့သည်။ ဤသည်မှာ ပေါလု ဆောင်ရွက်ခဲ့သည့် အမှုဖြစ်၏။ သူ၏ နှုတ်ကပတ်တော်များသည် အနာဂတ် ညီအစ်ကို မောင်နှမများ အားလုံး၏ အတွေ့အကြုံအတွက် အတော် တည်ဆောက်စရာ ဖြစ်ခဲ့သည်။ ဤစာစောင်များစွာထဲတွင် သူ ဆွေးနွေးခဲ့သည့် သမ္မာတရားများမှာ ကျေးဇူးတော်ခေတ်ထဲက လူတို့ လက်တွေ့လုပ်ဆောင်သင့်သည့်အရာဖြစ်ခဲ့၏၊ ထို့ကြောင့် နောက်ပိုင်း မျိုးဆက်များက ဤစာစောင်များကို ဓမ္မသစ်ကျမ်းထဲသို့ စီစဉ်ထားရှိ ခဲ့ခြင်းဖြစ်သည်။ ပေါလု၏ ရလဒ်က မည်သို့ အဆုံးသတ်သည် ဖြစ်စေ၊ သူသည် မိမိ၏အချိန်ကာလတွင် အသုံးပြုခံခဲ့ရသူနှင့် အသင်းတော်ထဲက သူ၏ ညီအစ်ကို မောင်နှမများကို ထောက်ပံ့ပေးခဲ့သူတစ်ဦး ဖြစ်ခဲ့ပေသည်။ သူ၏ နိဂုံးကို သူ၏ အနှစ်သာရအပြင် သူ၏ ကနဦး၌ ထိုးလှဲခံခဲ့ရခြင်းအားဖြင့် ဆုံးဖြတ်ခံခဲ့ရသည်။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ပိုင်ဆိုင်ခဲ့သောကြောင့် ထိုအချိန်က ထိုနှုတ်ကပတ်တော်များကို သူ ပြောဆိုနိုင်ခဲ့ပြီး၊ အသင်းတော်များအတွက် ပေါလုက ဝန်တာတစ်ခု သယ်ဆောင်ခဲ့သည်မှာ ဤအလုပ်ကြောင့် ဖြစ်ပေသည်။ ထိုသို့ဖြစ်သဖြင့်၊ သူသည် မိမိ၏ ညီအစ်ကို မောင်နှမများကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ သို့သော်၊ သီးသန့် အခြေအနေအချို့ကြောင့်၊ အလုပ်လုပ်ဆောင်ဖို့ အသင်းတော်များထံ ကိုယ်တိုင်ကိုယ်ကျ သူ မသွားနိုင်ခဲ့ပေ၊ ထို့ကြောင့် သခင်၌ သူ၏ ညီအစ်ကို မောင်နှမဖြစ်သူများကို ဆိုဆုံးမဖို့ရန် ၎င်းတို့ထံ စာစောင်များ သူရေးသားခဲ့သည်။ အစတွင်၊ ပေါလုသည် သခင်ယေရှု၏ တပည့်တော်များကို ညှဉ်းပန်းနှိပ်စက်ခဲ့၏၊ သို့သော် ယေရှု ကောင်းကင်သို့ တက်ကြွပြီးသည့်နောက်တွင်- ဆိုလိုသည်မှာ၊ ပေါလုက "အလင်းကို မြင်ခဲ့သည့်" နောက်တွင်- သခင်ယေရှု၏ တပည့်တော်များအား ညှဉ်းပန်းနှိပ်စက်ခြင်းကို သူ ရပ်တန့်ခဲ့ပြီး သခင်၏ လမ်းခရီးအဖို့အလို့ငှာ ဧဝံဂေလိတရား ဟောပြောခဲ့သည့် ထိုသန့်ရှင်းသူတို့ကို သူ ညှဉ်းပန်းနှိပ်စက်ခြင်း မပြုတော့ပေ။ တောက်ပသည့် အလင်းတစ်ခုအနေဖြင့် ယေရှု သူ့ထံ ပေါ်လာသည်ကို ပေါလု မြင်ခဲ့ပြီးသည့်နောက်၊ သခင်၏ စေခိုင်းချက်ကို သူ လက်ခံခဲ့ပြီး၊ ထိုသို့ဖြင့် ဧဝံဂေလိတရား ဖြန့်ဝေဖို့ သန့်ရှင်းသော ဝိညာဉ်တော် အသုံးပြုသည့် သူတစ်ဦး ဖြစ်လာခဲ့လေသည်။

ထိုစဉ်အခါက ပေါလု၏ အလုပ်မှာ သူ၏ ညီအစ်ကို မောင်နှမများကို အားပေးပြီး

ထောက်ပံ့ပေးဖို့သာ ဖြစ်ခဲ့သည်။ သူသည် အသက်မွေးဝမ်းကြောင်းအလုပ်တစ်ခုကို အောင်မြင်ပြီးမြောက်အောင် ကြိုးစားလုပ်ဆောင်ရန် သို့မဟုတ် စာပေလက်ရာများ ထုတ်လုပ်ရန်၊ အခြားနည်းလမ်းများကို စူးစမ်းရှာဖွေရန်၊ သို့မဟုတ် အသင်းတော်များထဲက ဤလူများအားလုံး အသစ်သော ဝင်ရောက်ခြင်းကို ရရှိနိုင်ဖို့အလို့ငှာ သမ္မာကျမ်းစာကလွဲ၍ ဦးဆောင်ဖို့ လမ်းကြောင်းများကို ရှာဖို့ ဆန္ဒရှိသည့် အချို့သော လူများကဲ့သို့ မဟုတ်ခဲ့ချေ။ ပေါလုသည် အသုံးပြုခံခဲ့ရသည့် လူတစ်ဦး ဖြစ်သည်။ သူ လုပ်ဆောင်ခဲ့သည့် အရာများကို လုပ်ဆောင်ရာတွင်၊ သူ၏ တာဝန်ကို ဖြည့်ဆည်းနေခြင်း သက်သက်သာ ဖြစ်သည်။ သူသည် အသင်းတော်များအတွက် ဝန်မထမ်းခဲ့ပါက၊ သူ၏ တာဝန်ကို သူ လျစ်လျူရှုခဲ့ပြီဟု ယူဆခံခဲ့ရပေမည်။ အနှောင့်အယှက်ဖြစ်စေသော အရာတစ်ခုခု ဖြစ်ခဲ့ပါက၊ သို့မဟုတ် အသင်းတော်ထဲက လူတို့ကို မှုမမှန်သော အခြေအနေတစ်ခုဆီသို့ ပို့ဆောင်သည့် သစ္စာဖောက်သည့် အဖြစ်အပျက်တစ်ခု အသင်းတော်ထဲတွင် ရှိခဲ့ပါက၊ သူသည် သူ၏ အလုပ်ကို ကောင်းကောင်းမွန်မွန် မဆောင်ရွက်ခဲ့ဟု ယူဆ ခံရနိုင်ပေသည်။

အမှုတော်ဆောင်တစ်ဦးသည် အသင်းတော်အပေါ် ဝန်တာတစ်ခု ထမ်းဆောင်ပြီး ၎င်းတို့၏ အရည်အချင်းနှင့်အမျှ အကောင်းဆုံးလည်းလုပ်ပါက၊ ဤလူသည် အရည်အချင်းပြည့်မီသည့်၊ အသုံးပြုခံရရန် အရည်အချင်းပြည့်မီသည့် အမှုတော်ဆောင်တစ်ဦး ဖြစ်သည်ကို ဤအရာက သက်သေပြပေသည်။ လူတစ်ဦးသည် အသင်းတော်အတွက် မည်သည့် ဝန်တာမျှ မခံစားရသကဲ့သို့ ၎င်းတို့၏ အလုပ်တွင် မည်သည့်ရလဒ်မျှ မရရှိဘဲ၊ ၎င်းတို့ ဦးဆောင်သည့် လူအများစုမှာ အားနည်းကြပါက သို့မဟုတ် ၎င်းတို့ ပြိုလဲပင် ပြိုလဲပါက၊ ထိုသို့သော အမှုတော်ဆောင်တစ်ဦးသည် မိမိတို့၏ တာဝန်ကို မကျေပွန်ခဲ့ချေ။ ထိုနည်းတူ၊ ပေါလုသည် ခြွင်းချက် မဟုတ်ပေ၊ ယင်းကြောင့် အသင်းတော်များကို သူ စောင့်ရှောက်ခဲ့ရပြီး မကြာခဏ သူ၏ ညီအစ်ကို မောင်နှမများထံ စာစောင်များ ရေးသားခဲ့ရခြင်း ဖြစ်သည်။

အသင်းတော်များကို သူ ထောက်ပံ့ပြီး ညီအစ်ကို မောင်နှမများကို သူ စောင့်ရှောက်နိုင်ခဲ့သည်မှာ ဤနည်းဖြင့် ဖြစ်သည်။ သူ့ထံမှ ထောက်ပံ့မှုနှင့် ထိန်းကျောင်းမှုတို့ကို အသင်းတော်များက ရရှိနိုင်ခဲ့သည်မှာ ဤနည်းအားဖြင့်သာ ဖြစ်သည်။ သူရေးသားခဲ့သည့် စာများ၏ နှုတ်ကပတ်တော်များမှာ အလွန် နက်နဲခဲ့လေသည်၊ သို့သော် ထိုစာများကို သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးမှုကို ရရှိသည့် အခြေအနေတွင် သူ၏ ညီအစ်ကို မောင်နှမများထံ ရေးသားခဲ့ခြင်း ဖြစ်ပြီး သူ၏ အရေးအသားထဲတွင် သူ၏ ကိုယ်ရေးကိုယ်တာ အတွေ့အကြုံများနှင့် သူခံစားခဲ့သည့် ဝန်တာတို့ကို သူ ထည့်သွင်းခဲ့သည်။ ပေါလုသည် သန့်ရှင်းသော ဝိညာဉ်တော် အသုံးပြုခြင်းခံရသည့် လူတစ်ဦးမျှသာဖြစ်ပြီး

သူ့စာစောင်များ၏ အကြောင်းအရာများအားလုံးတွင် သူ၏ ကိုယ်ရေးကိုယ်တာ အတွေ့အကြုံများ ပါဝင်ရောယှက်ခဲ့ပေသည်။ သူ လုပ်ဆောင်ခဲ့သည့် အလုပ်က သန့်ရှင်းသော ဝိညာဉ်တော်က တိုက်ရိုက်ဆောင်ရွက်သည့် အမှုကိုမဟုတ်ဘဲ တမန်တော်တစ်ဦး၏ အလုပ်ကိုသာ ကိုယ်စားပြုခဲ့ပြီး၊ ခရစ်တော်၏ အမှုမှလည်း ကွဲပြားလေသည်။ ပေါလုသည် သူ၏ တာဝန်ကို ဖြည့်ဆည်းနေခဲ့ခြင်း သက်သက်သာ ဖြစ်သည်၊ ထို့ကြောင့် သခင်၌ဖြစ်သည့် ညီအစ်ကို မောင်နှမများကို သူ၏ ဝန်တာအပြင် သူ၏ ကိုယ်ရေးကိုယ်တာ အတွေ့အကြုံများနှင့် ထိုးထွင်းသိမြင်မှုတို့ဖြင့် သူ ထောက်ပံ့ခဲ့ခြင်း ဖြစ်သည်။ ပေါလုသည် သူကိုယ်တိုင်၏ ထိုးထွင်းသိမြင်မှုများနှင့် သိနားလည်မှုတို့ကို ပေးခြင်းအားဖြင့် ဘုရားသခင်၏ စေခိုင်းချက် အလုပ်ကို ဆောင်ရွက်နေခဲ့ခြင်းသာ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကိုယ်တိုင် တိုက်ရိုက် ဆောင်ရွက်ခဲ့သည့် အမှုနှင့်ဆိုင်သော ဖြစ်ရပ်တစ်ခု သေချာပေါက် မဟုတ်ခဲ့ပေ။ ထိုသို့ဖြင့်၊ ပေါလု၏ အလုပ်သည် လူသား၏အတွေ့အကြုံ၊ လူသား၏ အမြင်များနှင့် အသင်းတော်၏ အလုပ်အပေါ် သိနားလည်မှုတို့ဖြင့် ရောနှော ခဲ့လေသည်။ သို့သော်၊ ဤလူသား အမြင်များနှင့် သိနားလည်မှုတို့ကို နတ်ဆိုးများ၏အလုပ် သို့မဟုတ် အသွေးအသား၏ အလုပ်အဖြစ် ပြော၍မရနိုင်ပေ။ ၎င်းတို့ကို သန့်ရှင်းသောဝိညာဉ်တော်၏ ညဏ်အလင်းပေးခြင်းခံရပြီးဖြစ်သည့် လူတစ်ဦး၏ အသိပညာနှင့် အတွေ့အကြုံများအဖြစ်သာ ပြော၍ရနိုင်ပေသည်။ ငါဆိုလိုသည်မှာ၊ ပေါလု၏ စာစောင်များသည် ကောင်းကင်ဘုံမှ ကျမ်းအုပ်များ မဟုတ်။ ၎င်းတို့သည် မသန့်ရှင်းသကဲ့သို့ အားလုံးကို သန့်ရှင်းသော ဝိညာဉ်တော်က မိန့်မြွက်ခဲ့ခြင်း သို့မဟုတ် ဖော်ပြခဲ့ခြင်း လုံးဝ မဟုတ်ပေ။ ၎င်းတို့သည် အသင်းတော်အတွက် ပေါလု၏ ဝန်တာကို ဖော်ပြချက်တစ်ခုမျှ ဖြစ်သည်။ ဤအရာအားလုံးကို ပြောရာတွင် ငါ၏ ရည်ရွယ်ချက်မှာ၊ ဘုရားသခင်၏အမှုနှင့် လူသား၏အလုပ်ကြား ခြားနားမှုကို သင်တို့အား နားလည်စေဖို့ဖြစ်သည်- ဘုရားသခင်၏ အမှုက ဘုရားသခင်ကိုယ်တော်တိုင်ကို ကိုယ်စားပြုသော်လည်း လူသား၏ အလုပ်က လူသား၏ တာဝန်နှင့် အတွေ့အကြုံများကို ကိုယ်စားပြု၏။ လူတစ်ဦးသည် ဘုရားသခင်၏ သာမန်အမှုကို လူသား၏ အလိုဆန္ဒအဖြစ် မမှတ်ယူသင့်သကဲ့သို့ ကိုယ်တော်၏ သဘာဝထက်လွန်ကဲသော အမှုကို ဘုရားသခင်၏ အလိုတော်အဖြစ် မမှတ်ယူသင့်ပေ။ ထို့အပြင်၊ လူသား၏ မြင့်မားသော တရားဟောချက်ကို ဘုရားသခင်၏ မိန့်မြွက်ချက်များ သို့မဟုတ် ကောင်းကင်ဘုံမှ ကျမ်းအုပ်များအဖြစ် မမှတ်ယူသင့်။ ထိုသို့သော အမြင်အားလုံးသည် လူ့ကျင့်ဝတ်ကို သွေဖည်ပေလိမ့်မည်။ ပေါလု၏ ဩဝါဒစာ ဆယ့်သုံးစောင်ကို ငါ စိတ်ဖြာလေ့လာဆွေးနွေးသည်ကို ကြားရသည့်အခါ၊ လူများစွာတို့သည် ပေါလု၏ စာစောင်များမှာ ဖတ်ရှုရမည်မဟုတ်၊ ပြီးလျှင် ပေါလုသည်

ဆိုးဆိုးရွားရွား အပြစ်သားတစ်ဦး ဖြစ်သည်ဟု ယုံကြည်ကြသည်။ ငါ၏ နှုတ်ကပတ်တော်များက စာနာစိတ်မရှိ၊ ပေါလု၏ ဩဝါဒစာစောင်များ အပေါ် ငါ၏ ချင့်ချိန်ဆုံးဖြတ်ချက်မှာ မှန်ကန်မှုမရှိ၊ ပြီးလျှင် ထိုစာစောင်များကို လူသား၏ အတွေ့အကြုံများနှင့် ဝန်တာများအား ဖော်ပြချက်များအဖြစ် မှတ်ယူ၍ မရနိုင်ဟုပင် ထင်သောသူများစွာ ရှိလေသည်။ ယင်းအစား ထိုစာစောင်များကို ဘုရားသခင်၏ နှုတ်ကပတ်တော်များအဖြစ် မှတ်ယူသင့်သည်၊ ထိုစာစောင်များသည် ယောဟန်၏ ဗျာဒိတ်ကျမ်းလောက် အရေးကြီးသည်၊ ထိုစာစောင်များကို အကျဉ်းချုပ်၍ သို့မဟုတ် ဖြည့်စွက်၍ မရသည့်အပြင်၊ ယင်းတို့ကို သာမန်ကာလျှံကာ ရှင်းပြ၍မရနိုင်ဟု ၎င်းတို့ ယုံကြည်ကြသည်။ လူသား၏ ဤမှန်ကန်ကြောင်း အခိုင်အမာပြောဆိုချက်များ အားလုံးသည် မှားသည် မဟုတ်လော။ ယင်းမှာ လူတို့သည် နားမလည်သည့်အချက်ကြောင့် လုံးဝ ဖြစ်သည် မဟုတ်လော။ ပေါလု၏ စာစောင်များသည် လူတို့ကို များစွာ အကျိုးပြုသကဲ့သို့၊ ၎င်းတို့သည် နှစ် ၂၀၀၀ ကျော်ကြာ သမိုင်းတစ်ခု ရှိနှင့်ပြီး ဖြစ်သည်။ သို့သော် ထိုစဉ်အခါက သူပြောခဲ့သည့်အရာကို ယနေ့ထိ နားမလည်နိုင်သည့် လူများစွာ ရှိသေး၏။ လူတို့သည် ပေါလု၏ စာစောင်များကို ခရစ်ယာန်ဘာသာတစ်ခုလုံးတွင် အကြီးမြတ်ဆုံးသော အပြောင်မြောက်ဆုံး လက်ရာများအဖြစ် မြင်ကြပြီး၊ မည်သူမျှ ထိုစာစောင်များကို မရှင်းပြနိုင်သကဲ့သို့ ယင်းတို့ကို မည်သူမျှ အပြည့်အဝ နားမလည်နိုင်ဟု မြင်ကြသည်။ အမှန်တွင်၊ ဤစာစောင်များသည် ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်တစ်ဦး၏ အတ္ထုပ္ပတ္တိ အတိုင်းပင် ဖြစ်ပြီး ယေရှု၏ နှုတ်ကပတ်တော်များ သို့မဟုတ် ယောဟန် မြင်ခဲ့သည့် ကြီးမြတ်သည့် ရူပါရုံများနှင့် နှိုင်းယှဉ်၍ မရနိုင်ပေ။ ဆန့်ကျင်ဘက်အားဖြင့်၊ ယောဟန်မြင်ခဲ့သည့်အရာမှာ လူသားက မရရှိနိုင်သည့် ကောင်းကင်မှ ကြီးမြတ်သည့် ရူပါရုံများ- ဘုရားသခင် ကိုယ်တိုင်၏အမှုကို ပရောဖက်ပြုချက်များ- ဖြစ်ပြီး၊ ပေါလု၏ စာစောင်များမှာမူ လူသားတစ်ဦးက မြင်ပြီး တွေ့ကြုံခဲ့သည့်အရာကို ဖော်ပြချက်များသာ ဖြစ်သည်။ ၎င်းတို့သည် လူသား တတ်စွမ်း နိုင်သည့်အရာဖြစ်သော်လည်း ပရောဖက်ပြုချက်များ မဟုတ်သကဲ့သို့ ရူပါရုံများလည်း မဟုတ်ချေ။ ၎င်းတို့သည် နေရာအမျိုးမျိုးဆီ ပေးပို့ခဲ့သည့် စာစောင်များသာ ဖြစ်သည်။ သို့သော်၊ ထိုအချိန်က လူတို့အတွက် ပေါလုသည် အမှုတော်ဆောင်တစ်ဦးဖြစ်ခဲ့ပြီး သူသည် သူ့ကို ပေးအပ်ခဲ့သည့်အရာကို လက်ခံခဲ့သည့်သူတစ်ဦး ဖြစ်သောကြောင့် သူ၏ စကားများမှာ တန်ဖိုးရှိလေသည်။ ထို့ကြောင့်၊ သူ၏ စာစောင်များသည် ခရစ်တော်ကို ရှာဖွေခဲ့သူများအားလုံးအတွက် အကျိုးပြုခဲ့သည်။ ထိုနှုတ်ကပတ်တော်များကို ခရစ်တော်က ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက် မပြောဆိုခဲ့သော်လည်း၊ နောက်ဆုံးတွင် ၎င်းတို့၏

အချိန်ကာလအတွက် မုချလိုအပ်ခဲ့ပေသည်။ ထိုသို့ဖြင့်၊ ပေါလုပြီးနောက် လာကြသည့် လူတို့သည် သူ၏ စာစောင်များကို ကျမ်းစာထဲတွင် တင်ပြခဲ့ကြသည်၊ ထို့ကြောင့် ယင်းစာစောင်များကို ဤနေ့ထိ လက်ဆင့်ကမ်းလာနိုင်စေခဲ့သည်။ ငါ ဆိုလိုသည့် အဓိပ္ပါယ်ကို သင်တို့ နားလည်ကြသလော။ ဤစာစောင်များ၏ တိကျမှန်ကန်သည့် ရှင်းပြချက်တစ်ခုကို သင်တို့အား ငါ ပေးနေခြင်းသာ ဖြစ်ပြီး၊ လူတို့အဖို့ ရည်ညွှန်းချက်များ အဖြစ် ထိုစာစောင်များ၏ အကျိုးကျေးဇူးများနှင့် တန်ဖိုးများကို ငြင်းပယ်ခြင်း မရှိဘဲ၊ ၎င်းတို့ကို စိတ်ဖြာလေ့လာ ဆွေးနွေးနေခြင်း ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များကို ဖတ်ပြီးနောက်တွင် ပေါလု၏ စာစောင်များကို သင်တို့ ငြင်းပယ်ရုံသာမက ၎င်းတို့ကို မိစ္ဆာအယူအဖြစ် သို့မဟုတ် တန်ဖိုးမရှိသော အရာအဖြစ် သတ်မှတ်ပါက၊ သင်၏ ထိုးထွင်းသိမြင်မှုများနှင့် အမှုအရာများကို သင်၏ ဝေဖန်အကဲဖြတ်မှုများကဲ့သို့ပင် သင်၏ သဘောပေါက်နိုင်စွမ်းကလည်း အလွန် နည်းပါးသည်ဟုသာ ဆို၍ရနိုင်ပေသည်။ ငါ၏ နှုတ်ကပတ်တော်များက အလွန်အကျွံ တစ်ဖက်သတ်ဆန်သည်ဟု ပြော၍မရသည်ကား သေချာ၏။ ယခု သင်တို့ နားလည်ပြီလော။ သင်တို့အတွက် သဘောပေါက်ဖို့ အရေးကြီးသည့်အရာများမှာ ထိုအချိန်က ပေါလု အလုပ်၏ တကယ့် အခြေအနေနှင့် သူ၏ စာစောင်များကို ရေးသားထားသည့် နောက်ခံအကြောင်းအရာတို့ ဖြစ်သည်။ ဤအခြေအနေများအပေါ် မှန်ကန်သည့် အမြင်တစ်ခု သင်၌ ရှိပါက၊ ပေါလု၏ ဩဝါဒစာစောင်များအပေါ် မှန်ကန်သည့် အမြင်တစ်ခုလည်း ရှိလိမ့်မည်ဖြစ်သည်။ တစ်ချိန်တည်းတွင်၊ ထိုစာစောင်များ၏ အနှစ်သာရကို သင်တို့ နားလည်သဘောပေါက်သည် နှင့်တစ်ပြိုင်နက်၊ သမ္မာကျမ်းစာအပေါ် သင်၏ ချင့်ချိန်ဆုံးဖြတ်ချက်သည် မှန်ကန်လိမ့်မည်ဖြစ်ပြီး၊ ထိုအခါ ပေါလု၏ စာစောင်များကို နောက်ပိုင်း လူတို့၏ မျိုးဆက်များက အလွန်ကိုးကွယ်ခဲ့ကြရသည့် အကြောင်းရင်းအပြင်၊ အဘယ်ကြောင့် သူ့ကို ဘုရားသခင်သကဲ့သို့ပင် သဘောထားကြသည့် လူများစွာ ရှိသည်ကို သင် နားလည်လိမ့်မည်။ သင်နားမလည်ခဲ့ပါက သင်သည်လည်း ဤသို့တွေးထင်နေ၍ ဖြစ်လိမ့်မည် မဟုတ်လော။

ဘုရားသခင်ကိုယ်တော်တိုင် မဟုတ်သည့်သူသည် ဘုရားသခင် ကိုယ်တော်တိုင်ကို ကိုယ်စားမပြုနိုင်ပေ။ ပေါလု၏အလုပ်ကို လူသားအမြင်၏ တစ်စိတ်တစ်ပိုင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်း တစ်စိတ်တစ်ပိုင်းအဖြစ်သာ ဆိုနိုင်သည်။ ပေါလုသည် ဤနှုတ်ကပတ်တော်များကို သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ဉာဏ်အလင်းပေးမှုဖြင့် လူသားရှုထောင့်တစ်ခုမှ ရေးသားခဲ့၏။ ဤသည်မှာ ရှားပါးသည့်အရာတစ်ခု မဟုတ်။ ထို့ကြောင့် သူ၏ စကားများတွင် လူသားအတွေ့အကြုံအချို့

ပါဝင် ရောယှက်သည်ကို ရှောင်လွှဲ၍ မရနိုင်ပေ၊ ထို့အပြင် သူသည် ထိုအချိန်က သူ၏ ညီအစ်ကို မောင်နှမများကို ထောက်ပံ့ဖို့နှင့် အားပေးဖို့ရန် နောက်ပိုင်းတွင် မိမိကိုယ်တိုင်၏ ပုဂ္ဂိုလ်ရေး အတွေ့အကြုံများ အသုံးပြုခဲ့သည်။ သူရေးခဲ့သည့် စာစောင်များကို အသက်တာ လေ့လာမှုအဖြစ် သတ်မှတ်၍ မရနိုင်သကဲ့သို့ အတ္ထုပ္ပတ္တိများ သို့မဟုတ် သတင်းစကားအဖြစ်လည်း သတ်မှတ်၍ မရနိုင်ပေ။ ထို့အပြင်၊ ဤအရာများသည် အသင်းတော်များက လက်တွေ့လုပ်ဆောင်ခဲ့သည့် သမ္မာတရားများ မဟုတ်သကဲသို့ အသင်းတော်၏ စီမံခန့်ခွဲရေး အမိန့်များလည်း မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်လုပ်ဖို့ တာဝန်ပေးခံခဲ့ရသည့် လူတစ်ဦးဖြစ်သည့်၊ ဝန်တာ တစ်ခုရှိသည့် သူတစ်ဦးအနေဖြင့်- ဤသည်မှာ ၎င်း လုပ်ဆောင်ရမည့် အရာသာ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်က လူတို့ကို မြှင့်တင်ပြီး ၎င်းတို့ကို ဝန်တာတစ်ခု ပေးသော်လည်း၊ ၎င်းတို့က အသင်းတော်၏ အလုပ်ကို လက်မခံသကဲ့သို့ ယင်း၏ အရေးကိစ္စများကို ကောင်းကောင်းမွန်မွန် မစီမံနိုင်ပါက၊ သို့မဟုတ် ယင်း၏ ပြဿနာအားလုံးကို ကျေနပ်ဖွယ်ရာ မဖြေရှင်းနိုင်ပါက၊ ထိုလူများသည် မိမိတို့၏ တာဝန်များကို ကောင်းမွန်စွာ မဖြည့်ဆည်းကြသည်ကို ဤအရာက သက်သေပြ၏။ ထို့ကြောင့် တမန်တော်တစ်ဦးအနေဖြင့် ၎င်း၏ လုပ်ငန်းစဉ်တစ်လျှောက်တွင် စာစောင်များ ရေးသားနိုင်ဖို့ရန်မှာ အလွန်နက်နဲသော အရာတစ်ခု မဟုတ်ခဲ့ချေ။ ဤသည်မှာ ၎င်းတို့ အလုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ထိုအရာကို လုပ်ဆောင်ဖို့ ၎င်းတို့၌ တာဝန်ရှိလေသည်။ စာစောင်များကို ရေးသားရာတွင် ၎င်းတို့၏ ရည်ရွယ်ချက်မှာ အသက်တာ လေ့လာမှုတစ်ခု သို့မဟုတ် ဝိညာဉ်ရေးရာ အတ္ထုပ္ပတ္တိ တစ်ခု ရေးသားဖို့ မဟုတ်ခဲ့သကဲ့သို့ သန့်ရှင်းသူများအတွက် အခြားထွက်ပေါက်တစ်ခုကို ဖွင့်ပေးဖို့ လုံးဝ မဟုတ်ပေ။ ယင်းထက်၊ ဘုရားသခင်က ၎င်းတို့ကို ပေးအပ်ခဲ့သည့် အလုပ်များကို ပြီးအောင်ဆောင်ရွက်ခြင်းအားဖြင့် ဘုရားသခင်ထံ မှတ်တမ်းတစ်ခု ပေးနိုင်ကြဖို့အလို့ငှာ၊ မိမိတို့ကိုယ်တိုင်၏ လုပ်ငန်း တာဝန်ကို ဖြည့်ဆည်းဖို့နှင့် ဘုရားသခင်အပေါ် သစ္စာရှိသော အစေခံတစ်ဦးဖြစ်ဖို့ ထိုအရာကို ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်အတွက်နှင့် ၎င်းတို့ အလုပ်ထဲက ညီအစ်ကို မောင်နှမများအတွက် တာဝန်ယူခဲ့ကြရပြီး၊ မိမိတို့၏ အလုပ်ကို ကောင်းကောင်းမွန်မွန် လုပ်ဆောင်ရပြီး အသင်းတော်၏ အရေးကိစ္စများကို အလေးအနက်ထားခဲ့ရသည်။ ဤအရာ အားလုံးသည် ၎င်းတို့အလုပ်၏ တစ်စိတ်တစ်ဒေသသာ ဖြစ်ခဲ့သည်။

ပေါလု၏ စာစောင်များအပေါ် သိနားလည်မှုတစ်ခု သင်တို့ ရရှိပြီးဖြစ်ပါက၊ ပေါလုနှင့် ယောဟန်တို့နှစ်ဦးလုံး၏ ဩဝါဒ စာစောင်များနှင့် စပ်လျဉ်း၍ မှန်ကန်သော

ထင်မြင်ချက်တစ်ခုနှင့် ချင့်ချိန်ဆုံးဖြတ်ချက်တစ်ခုလည်း ရှိပေလိမ့်မည်။ ဤစာစောင်များကို သန့်ရှင်းပြီး ချိုးဖောက်၍မရသည့် ကောင်းကင်ဘုံမှ စာအုပ်များကဲ့သို့ ဘယ်သောအခါမျှ တစ်ဖန် ကြည့်လိမ့်မည်မဟုတ်သည့် အပြင်၊ သင်တို့သည် ပေါလုကို ဘုရားသခင်ကဲ့သို့ မှတ်ယူခြင်း သာ၍ပင် ပြုလိမ့်မည် မဟုတ်ပေ။ တကယ်တမ်းတွင်၊ ဘုရားသခင်၏ အမှုသည် လူ၏ အလုပ်နှင့် မတူကွဲပြား၏၊ ထို့အပြင် သူ၏ ဖော်ပြချက်များသည် အဘယ်သို့ ၎င်းတို့၏ ဖော်ပြချက်များနှင့် တူနိုင်မည်နည်း။ ဘုရားသခင်သည် သူ၏ ကိုယ်ပိုင် သီးသန့် စိတ်သဘောထား ရှိသော်လည်း၊ လူ၌ မိမိတို့ ဖြည့်ဆည်းသင့်သည့် တာဝန်များ ရှိ၏။ ဘုရားသခင်၏ စိတ်သဘောထားသည် သူ၏ အမှုတွင် ဖော်ပြခံရလေသည်၊ သို့သော် လူသား၏ တာဝန်သည် လူ၏ အတွေ့အကြုံများထဲတွင် သရုပ်ထင်ပြီး လူသား၏ လိုက်စားမှုများ ထဲတွင် ဖော်ပြခံရ၏။ ထို့ကြောင့် တစ်စုံတစ်ရာသည် ဘုရားသခင်၏ ဖော်ပြချက်ဟုတ် မဟုတ် သို့မဟုတ် လူသား၏ ဖော်ပြချက် ဟုတ် မဟုတ် ဆိုသည်မှာ လုပ်ဆောင်ခဲ့သည့် အလုပ်မှတဆင့် သိသာထင်ရှား လာလေသည်။ ဘုရားသခင် ကိုယ်တော်တိုင် ရှင်းပြဖို့ မလိုအပ်သကဲ့သို့ လူသားက သက်သေခံရန် ကြိုးပမ်းဖို့လည်း မလိုအပ်ပေ။ ထို့အပြင်၊ ဘုရားသခင်ကိုယ်တော်တိုင် မည်သည့် လူကိုမဆို ဖိနှိပ်ဖို့ မလိုအပ်ပေ။ ဤအရာအားလုံးသည် အလိုအလျောက် ထုတ်ဖော်ပြချက်တစ်ခု ဖြစ်သည်။ ယင်းသည် အတင်းအကျပ် လုပ်ဆောင်စေခြင်း မဟုတ်သကဲ့သို့ လူက ကြားဝင်နှောင့်ယှက်၍ရသည့် အရာတစ်ခုလည်း မဟုတ်ပေ။ လူသား၏ တာဝန်ကို ၎င်းတို့၏ အတွေ့အကြုံများမှတဆင့် သိနိုင်ပြီး အတွေ့အကြုံဆိုင်ရာ အလုပ်အပို တစ်ခုတစ်လေကိုမျှ လူတို့က လုပ်ဆောင်ဖို့ မလိုအပ်ပေ။ လူသား၏ အနှစ်သာရအားလုံးသည် ၎င်းတို့၏ တာဝန်ကို ၎င်းတို့ ဆောင်ရွက်စဉ် ထုတ်ဖော်ပြခံရနိုင်၏၊ ဘုရားသခင်မှာမူ မိမိ၏ ရှိရင်းစွဲ စိတ်သဘောထားကို သူ၏ အမှု ဆောင်ရွက်နေစဉ်တွင် ဖော်ပြနိုင်ပေသည်။ လူသား၏ အလုပ်ဖြစ်ပါက ယင်းကို ဖုံးကွယ်၍ မရနိုင်ပေ။ ဘုရားသခင်၏ အမှုဖြစ်ပါက၊ ဘုရားသခင်၏ စိတ်သဘောထားသည် လူသား၏ ထိန်းချုပ်ခံရဖို့ မဆိုနှင့်၊ မည်သူမဆို၏ ဖုံးကွယ်ထားဖို့ သာ၍ပင် မဖြစ်နိုင်ပေ။ မည်သည့်လူသားကိုမျှ ဘုရားသခင်အဖြစ် ပြော၍မရနိုင်သကဲ့သို့၊ ၎င်းတို့၏ အလုပ်နှင့် စကားများကို သန့်ရှင်းသည် သို့မဟုတ် ပြောင်းလဲ၍မရဟု မှတ်ယူ၍လည်း မရပေ။ ဘုရားသခင်သည် မိမိကိုယ်ကိုယ် ဇာတိပကတိဖြင့် ဆင်ထားခဲ့သောကြောင့် လူသားဟု ပြောဆိုနိုင်သော်လည်း၊ သူ၏ အမှုကို လူသား၏ အလုပ် သို့မဟုတ် လူသား၏ တာဝန်အဖြစ် ယူဆ၍ မရပေ။ ထို့အပြင်၊ ဘုရားသခင်၏ မိန့်မြွက်ချက်များနှင့် ပေါလု၏ စာစောင်များကို တန်းတူထား၍ မရနိုင်သကဲ့သို့၊ ဘုရားသခင်၏ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့်

လူသား၏ ပညာပေးစကားများကို တန်းတူဟု ပြောဆို၍ မရပေ။ ထို့ကြောင့်၊ ဘုရားသခင်၏ အမှုနှင့် လူသားအလုပ်ကို ခွဲခြားသိမြင်စေသည့် အခြေခံသဘောတရားများ ရှိလေသည်။ ဤအရာများကို အလုပ်၏ အတိုင်းအတာ သို့မဟုတ် ယင်း၏ ယာယီ ခရီးပေါက်မှုတို့ဖြင့် မဟုတ်ဘဲ ၎င်းတို့၏ အနှစ်သာရများနှင့်အညီ ခွဲခြားထားခြင်း ဖြစ်သည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍၊ လူအများစုက အခြေခံသဘောတရားနှင့်ဆိုင်သော အမှားများ ပြုမိကြသည်။ ဤသည်မှာ လူသားသည် ၎င်းတို့ စွမ်းဆောင်ရရှိနိုင်သည့် အပြင်ပန်းအရာများကိုသာ ကြည့်သော်လည်း၊ ဘုရားသခင်သည် လူသားမျိုးနွယ်၏ ပကတိမျက်လုံးများဖြင့် သတိမပြုမိနိုင်သည့် အနှစ်သာရကို ကြည့်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုကို သာမန်လူသားတစ်ဦး၏ တာဝန်များအဖြစ် မှတ်ယူပြီး၊ လူသား၏ ကြီးမားသည့် အလုပ်ပမာဏကို လူသား ဖြည့်ဆည်းသည့် တာဝန်ထက် လူ့ဇာတိ ဝတ်ဆင်ထားသည့် ဘုရားသခင်၏ အမှုအဖြစ် ရှုမြင်ပါက၊ သင်သည် အခြေခံသဘောတရား၌ မှားမိသည် မဟုတ်လော။ လူသား၏ စာစောင်များနှင့် အတ္ထုပ္ပတ္တိတို့ကို အလွယ်တကူ ရေးသား၍ ရသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် အခြေခံအုတ်မြစ်အပေါ်တွင်သာ ရေးသားနိုင်၏။ သို့သော်၊ ဘုရားသခင်၏မိန့်မြွက်ချက်များနှင့် အမှုတို့ကို လူသားက အလွယ်တကူ မလုပ်ဆောင်နိုင် သို့မဟုတ် လူသား၏ ဉာဏ်ပညာနှင့် တွေးခေါ်မှုတို့ အားဖြင့် မရရှိနိုင်သကဲ့သို့၊ ယင်းတို့ကို လေ့လာစူးစမ်းပြီးနောက် လူတို့က အကုန်အစင် မရှင်းပြနိုင်ပေ။ ဤအခြေခံသဘောတရားနှင့် သက်ဆိုင်သော ကိစ္စရပ်များက သင်တို့၌ မည်သည့်တုန့်ပြန်မှုကိုမျှ မဖြစ်ပေါ်စေပါက၊ သင်တို့၏ ယုံကြည်ခြင်းသည် သိပ်မမှန်ကန် သို့မဟုတ် မသန့်စင်သည်ကား သိသာပေသည်။ သင်၏ ယုံကြည်ခြင်းသည် မရေရာမှုဖြင့် ပြည့်ပြီး၊ ရှုပ်ထွေးနေသကဲ့သို့ မူလည်းမရှိဟုသာ ဆိုနိုင်ပေသည်။ ဘုရားသခင်နှင့် လူသား၏ အခြေခံအကျဆုံးသော ပဓာနကျသည့် ကိစ္စရပ်များကို သိနားလည်ခြင်းပင် မရှိဘဲ၊ ဤယုံကြည်ခြင်းမျိုးသည် အမြော်အမြင် ရှိခြင်း လုံးဝ ကင်းမဲ့သော အရာတစ်ခု ဖြစ်သည် မဟုတ်လော။ ပေါလုသည် သမိုင်းတစ်ရပ်လုံးတစ်လျှောက် အသုံးပြုခံရသည့် တစ်ဦးတည်းသော ပုဂ္ဂိုလ် အဘယ်သို့ ဖြစ်နိုင်မည်နည်း။ သူသည် အသင်းတော်အတွက် အလုပ်လုပ်ခဲ့ဖူးသည့် တစ်ဦးတည်းသောသူ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ သူသည် အသင်းတော်များထံ ၎င်းတို့အား အားပေးဖို့ စာရေးသားခဲ့သည့် တစ်ဦးတည်းသောသူ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ ဤလူတို့၏ အလုပ်ပမာဏ သို့မဟုတ် လွှမ်းမိုးမှုကို ထည့်သွင်းမစဉ်းစားဘဲ၊ သို့မဟုတ် ၎င်းတို့ အလုပ်၏ ရလဒ်များကိုပင် ထည့်သွင်းမစဉ်းစားဘဲ၊ ထိုသို့သော အလုပ်၏ အခြေခံ သဘောတရားများနှင့် အနှစ်သာရတို့မှာ အားလုံး ဆင်တူသည်

မဟုတ်လော။ ယင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ အမှုနှင့် လုံးဝ ကွဲပြားခြားနားသည့် အရာများ ရှိသည် မဟုတ်လော။ ဘုရားသခင်၏ အမှုအဆင့်အသီးသီးကြားတွင် သိသာထင်ရှားသည့် ခြားနားမှုများ ရှိသော်လည်း၊ သူ၏အမှု နည်းစနစ်များစွာသည် လုံးဝ တူညီသည် မဟုတ်သော်လည်း၊ ၎င်းတို့အားလုံးသည် အနှစ်သာရနှင့် အရင်းအမြစ် တစ်ခုတည်းသာ ရှိကြသည် မဟုတ်လော။ သို့ဖြစ်သောကြောင့်၊ လူတစ်ဦးသည် ဤအရာများနှင့် ပတ်သက်၍ ယခု မရှင်းမလင်း ဖြစ်နေသေးပါက၊ ၎င်းသည် ဆင်ခြင်တုံတရား ကင်းမဲ့လွန်းလှပေသည်။ ဤနှုတ်ကပတ်တော်များကို ဖတ်ရှုပြီးသည့်နောက်၊ ပေါလု၏ စာစောင်များသည် သန့်ရှင်းပြီး ချိုးဖောက်၍မရနိုင်သကဲ့သို့ မည်သည့် ဝိညာဉ်ရေးရာ အကျော်အမော် ပုဂ္ဂိုလ်မဆို၏ အတ္ထုပ္ပတ္တိ နှင့် ကွဲပြားသည်ဟု လူတစ်ဦးက ပြောနေသေးပါက၊ ဤလူ၏ ဆင်ခြင်တုံတရားက အလွန့်အလွန် ဖောက်ပြန်ပြီး၊ ထိုသို့သော လူတစ်ဦးသည် အသိစိတ် လုံးဝကင်းမဲ့သည့် ဩဝါဒဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး သေချာပေါက် ဖြစ်ပေသည်။ သင်သည် ပေါလုကို ကိုးကွယ်လျှင်ပင်၊ သူ့အတွက် သင်၏ ရင်းနှီးသော ခံစားချက်များကို အသုံးပြု၍ အချက်အလက်များနှင့် ဆိုင်သော အမှန်တရားကို လိုရာဆွဲပြော၍ မရသကဲ့သို့ သမ္မာတရားတည်ရှိခြင်းကို မှားယွင်းကြောင်းချေပ၍လည်း မရပေ။ ထို့အပြင်၊ ငါ ပြောပြီးသည့်အရာက ပေါလု၏ အလုပ်နှင့် စာစောင်များအားလုံးကို အုတ်အော်သောင်းတင်း လုံးဝ မဖြစ်စေသကဲ့သို့ ယင်းတို့၏ ရည်ညွှန်းချက်များအဖြစ် တန်ဖိုးကိုလည်း လုံးဝ မငြင်းပယ်ပေ။ မည်သို့ပင်ဖြစ်စေ၊ ဤနှုတ်ကပတ်တော်များကို ပြောဆိုရာ၌ ငါ၏ ရည်ရွယ်ချက်မှာ အမှုအရာများနှင့် လူအားလုံးတို့နှင့်ဆိုင်သော မှန်ကန်သည့် သိနားလည်မှုနှင့် ထိုက်သင့်သော ချင့်ချိန်ဆုံးဖြတ်ချက် တစ်ခု သင်တို့ ရရှိဖို့အတွက် ဖြစ်သည်- ဤအရာသည်သာ ပုံမှန် ဆင်ခြင်တုံတရား ဖြစ်သည်၊ ဤအရာသည်သာ သမ္မာတရားကို ပိုင်ဆိုင်သည့် ဖြောင့်မတ်သောလူများက မိမိတို့၌ ထားရှိသင့်သည့် အရာ ဖြစ်သည်။

# အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုသည် လူလျှောက်သော လမ်းကြောင်းအပေါ်တွင် မူတည်သည်

လူအများစုသည် ၎င်းတို့၏ အနာဂတ် ခရီးပန်းတိုင်အတွက် သို့မဟုတ် ခဏတာ ပျော်ရွှင်မှုအတွက် ဘုရားသခင်ကို ယုံကြည်ကြသည်။ မည်သည့် ကိုင်တွယ်ဖြေရှင်းခြင်းကိုမျှ မကြုံရသေးသည့် သူများအတွက်၊ ကောင်းကင်ဘုံသို့ ဝင်ရောက်ရန်အလို့ငှာ၊ ဆုလာဘ်များ

ရရှိရန်အလို့ငှာ ဘုရားသခင်ကို ၎င်းတို့ ယုံကြည်ကြလေသည်။ ၎င်းတို့သည် စုံလင်စေခြင်းခံရဖို့အလို့ငှာ သို့မဟုတ် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန်ကို ထမ်းဆောင်ရန်အလို့ငှာ ဘုရားသခင်ကို ယုံကြည်ကြခြင်း မဟုတ်ပေ။ ယင်းမှာ လူအများစုသည် ၎င်းတို့၏ တာဝန်များကို ဖြည့်ဆည်းရန် အလို့ငှာ၊ သို့မဟုတ် ၎င်းတို့၏ ဝတ္တရားကို ပြည့်စုံစေရန် အလို့ငှာ ဘုရားသခင်အား ယုံကြည်ကြခြင်း မဟုတ်ဟု ဆိုရပေမည်။ လူများသည် အဓိပ္ပာယ်ရှိသော အသက်တာများကို နေထိုင်ရန်အလို့ငှာ ဘုရားသခင်အား ယုံကြည်ခဲလှသကဲ့သို့၊ လူသည် အသက်ရှိသည့်အတွက် သူသည် ဘုရားသခင်အား ချစ်သင့်သည်၊ အကြောင်းမှာ ယင်းသို့ လုပ်ဆောင်ရန်မှာ ကောင်းကင်ဘုံ၏ ဥပဒေသနှင့် ကမ္ဘာမြေကြီး၏ အခြေခံသဘောတရားဖြစ်သောကြောင့် ဖြစ်ပြီး၊ လူ၏ ပင်ကို မွေးရာပါတာဝန် ဖြစ်သည်ဟူ၍ ယုံကြည်သော သူများလည်း မရှိပေ။ ဤသို့ဖြင့် မတူကွဲပြားသော လူအသီးသီးသည် မိမိတို့၏ကိုယ်ပိုင် ရည်မှန်းချက်ပန်းတိုင်များကို လိုက်စားကြသော်လည်း၊ ၎င်းတို့ လိုက်စားခြင်း၏ ရည်မှန်းချက်နှင့် ယင်းနောက်ကွယ်ရှိ ကြံရွယ်ချက်တို့သည် အားလုံးအတူတူ ဖြစ်သည်၊ ထို့အပြင် ၎င်းတို့ အများစုအတွက် ၎င်းတို့၏ ကိုးကွယ်ခြင်း ရည်မှန်းချက်များက များစွာ တူညီကြပေသည်။ ပြီးခဲ့သည့် ထောင်ချီနှစ်အချို့တွင်၊ ယုံကြည်သူများစွာ သေဆုံးကြပြီး ဖြစ်သည်၊ များစွာသောသူတို့သည်လည်း သေဆုံးခဲ့ကာ တစ်ဖန် မွေးဖွားကြပြီး ဖြစ်သည်။ ဘုရားသခင်ကို ရှာဖွေသောသူမှာ တစ်ဦး နှစ်ဦးသာ မဟုတ်သကဲ့သို့၊ တစ်ထောင် နှစ်ထောင်ပင် မဟုတ်ဘဲ၊ ဤလူအများစုသည် ၎င်းတို့၏ ကိုယ်ပိုင်အလားအလာများ သို့မဟုတ် အနာဂတ်အတွက် ၎င်းတို့၏ မွန်မြတ်သော မျှော်လင့်ချက်များအတွက် လိုက်စားကြပေသည်။ ခရစ်တော်ကို ဆည်းကပ်သော သူများသည် အခါကျဲ၍ အလာနည်းလေသည်။ ဘုရားဝတ်၌ မွေ့လျော်သော ယုံကြည်သူ များစွာသည် ၎င်းတို့၏ ကိုယ်ပိုင် ပိုက်ကွန်များတွင် ကျော့မိလျက် သေဆုံးဆဲဖြစ်ကြသကဲ့သို့၊ ထို့အပြင် အောင်မြင်ပြီးသော လူအရေအတွက်မှာ သေးဖွဲ နည်းပါးလှပေသည်။ ယနေ့ထိတိုင် လူများ ရှုံးနိမ့်ရသည့် အကြောင်းရင်းများ သို့မဟုတ် ၎င်းတို့ အောင်မြင်မှု၏ လျှို့ဝှက်ချက်များကို ၎င်းတို့ မသိရှိကြသေးချေ။ ခရစ်တော်ကို ဖွေရှာခြင်းအား စိတ်စွဲလမ်းကြသော သူများသည် ၎င်းတို့၏ ရုတ်ခြည်း ထိုးထွင်းသိမြင်မှု အခိုက်အတန့်ကို မရရှိကြသေးချေ၊ ၎င်းတို့သည် တကယ်ကို မသိကြသောကြောင့်၊ ဤနက်နဲမှုများ၏ အကြောင်းရင်းမှန်ကို စူးစမ်းဖော်ထုတ်ခြင်း မရှိခဲ့ကြသေးပေ။ ၎င်းတို့သည် ၎င်းတို့၏ အားထုတ်ခြင်းတွင် အပတ်တကုတ် အားထုတ်မှုများ ပြုကြသော်လည်း၊ ၎င်းတို့ လျှောက်သော လမ်းကြောင်းသည် တစ်ချိန်က ၎င်းတို့၏ အရင်လူများက လျှောက်ခဲ့သော ရှုံးနိမ့်မှု လမ်းကြောင်း ဖြစ်ပြီး၊

အောင်မြင်မှု လမ်းကြောင်း မဟုတ်ပေ။ ဤသို့ဖြင့် ၎င်းတို့ မည်မျှ ဖွေရှာသည် ဖြစ်စေ၊ ၎င်းတို့သည် အမှောင်သို့ ဦးတည်သည့် လမ်းကြောင်းကို လျှောက်ကြသည် မဟုတ်လော။ ၎င်းတို့ ရရှိသည်မှာ ခါးသက်သော အသီးအပွင့် ဖြစ်သည် မဟုတ်လော။ အတိတ်အချိန်ကာလများတွင် အောင်မြင်ခဲ့ကြသော သူများကို အတုယူကြသော လူများသည် နောက်ဆုံးတွင် အခွင့်အလမ်းကောင်း ရရှိကြမည်လော သို့မဟုတ် ဘေးဒုက္ခတွေ့ကြမည်လော ဆိုသည်ကို ကြိုတင်ခန့်မှန်းရန် ခက်ခဲသလောက်ဖြစ်ပေသည်။ သို့ဆိုလျှင် ရှုံးနိမ့်ခဲ့သော သူများ၏ ခြေလှမ်းများနောက် လိုက်လျှောက်ခြင်းဖြင့် ရှာဖွေကြသော သူများအတွက် အလားအလာ မည်မျှ ဆိုးရွားသနည်း။ ၎င်းတို့သည် သာ၍ ကြီးမားသည့် ရှုံးနိမ့်မှု အလားအလာ တစ်ခုတွင် ရှိသည် မဟုတ်လော။ ၎င်းတို့ လျှောက်သော လမ်းကြောင်းတွင် မည်သည့် တန်ဖိုးရှိသနည်း။ ၎င်းတို့သည် ၎င်းတို့၏ အချိန်ကို ဖြုန်းနေခြင်း ဖြစ်သည် မဟုတ်လော။ လူများသည် ၎င်းတို့၏ အားထုတ်ခြင်းတွင် အောင်မြင်သည်ဖြစ်စေ သို့မဟုတ် ရှုံးနိမ့်သည်ဖြစ်စေ၊ တိုတိုပြောရလျှင် ၎င်းတို့ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းတစ်ခု ရှိပြီး၊ ၎င်းတို့၏ အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုကို ၎င်းတို့ သဘောကျ ဖွေရှာခြင်းအားဖြင့် ဆုံးဖြတ်သည် မဟုတ်ပေ။

ဘုရားသခင်၌ လူ၏ ယုံကြည်ခြင်းနှင့်သက်ဆိုင်သည့် အခြေခံအကျဆုံးသော သတ်မှတ်ချက်မှာ သူသည် ရိုးသားသော နှလုံးသားရှိပြီး၊ မိမိကိုယ်ကိုယ် အပြည့်အဝ ဆက်ကပ်အပ်နှံကာ အမှန်တကယ် နာခံသည်ဆိုသည့်အရာ ဖြစ်သည်။ လူသားအတွက် အခက်ခဲဆုံးသောအရာမှာ စစ်မှန်သော ယုံကြည်မှုအတွက် အလဲအလှယ်ပြုရာတွင် သူ၏အသက်တာ တစ်ခုလုံးကို ပေးရန် ဖြစ်သည်၊ ယင်းမှတစ်ဆင့် သူသည် အလုံးစုံသော သမ္မာတရားကို ရရှိနိုင်ပြီး၊ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် သူ၏တာဝန်ကို ဖြည့်ဆည်းနိုင်ပေသည်။ ဤသည်မှာ ရှုံးနိမ့်သောသူတို့ ကြိုးပမ်းမရရှိနိုင်သည့် အရာ ဖြစ်ပြီး၊ ခရစ်တော်အား ရှာမတွေ့သော သူများက သာ၍ပင် ကြိုးပမ်းမရရှိနိုင်ပေ။ လူသည် မိမိကိုယ်မိမိ ဘုရားသခင်ထံ လုံးလုံးလျားလျား ဆည်းကပ်ခြင်းတွင် အရည်အချင်း မရှိသောကြောင့်၊ လူသည် ဖန်ဆင်းရှင်အဖို့ သူ၏ တာဝန်ကို ထမ်းဆောင်ရန် လိုလားခြင်း မရှိသောကြောင့်၊ လူသည် သမ္မာတရားကို မြင်တွေ့ပြီးဖြစ်သော်လည်း၊ ယင်းကို ရှောင်ဖယ်ကာ မိမိ၏ ကိုယ်ပိုင် လမ်းကြောင်းကို လျှောက်လှမ်းသောကြောင့်၊ လူသည် ရှုံးနိမ့်ပြီး ဖြစ်သော သူတို့၏ လမ်းကြောင်းနောက်လိုက်ခြင်းဖြင့် အမြဲ ဖွေရှာသောကြောင့်၊ လူသည် ကောင်းကင်ဘုံကို အမြဲ ဖီဆန်သောကြောင့်၊ ဤအကြောင်းကြောင့် လူသည် အမြဲ ကျရှုံး၏၊ စာတန်၏ လှည့်ကွက်အားဖြင့် အမြဲ အယုံသွင်းခံရကာ မိမိ၏ ကိုယ်ပိုင် ကွန်တွင် အမိခံရပေသည်။

လူသည် ခရစ်တော်ကို မသိသောကြောင့်၊ လူသည် သမ္မာတရားကို နားလည်ခြင်းနှင့် တွေ့ကြုံခြင်း၌ မကျွမ်းကျင်သောကြောင့်၊ လူသည် ပေါလုအား အလွန် ကြည်ညိုလေးစားပြီး ကောင်းကင်ဘုံအား အလွန် တပ်မက်သောကြောင့်၊ လူသည် သူ့အား နာခံရန် ခရစ်တော်ကို အမြဲတောင်းဆိုပြီး ဘုရားသခင်ကို ညွှန်ကြားပေးနေသောကြောင့်၊ ဤအကြောင်းကြောင့် ထိုကြီးမြတ်သည့် ပုဂ္ဂိုလ်များနှင့် လောက၏ သုခ၊ ဒုက္ခသံသရာကို ကြုံတွေ့ပြီးဖြစ်သည့် သူများသည် သေမျိုးဖြစ်နေဆဲဖြစ်ပြီး ဘုရားသခင်၏ ပြစ်တင်ဆုံးမမှု အလယ်တွင် သေဆုံးကြဆဲ ဖြစ်ပေသည်။ ထိုသို့သော လူများနှင့်ပတ်သက်၍ ငါပြောနိုင်သမျှအားလုံးမှာ ၎င်းတို့သည် ဝမ်းနည်းစရာ သေခြင်းဖြင့် သေဆုံးကြရပြီး၊ ၎င်းတို့အတွက် အကျိုးဆက်မှာ ၎င်းတို့၏ သေခြင်းသည် တရားမမျှတမှု မရှိပေ။ ၎င်းတို့၏ ရှုံးနိမ့်မှုသည် ကောင်းကင်ဘုံ၏ ဥပဒေသအဖို့ သာ၍ပင် သည်းမခံနိုင်စရာ ဖြစ်သည် မဟုတ်လော။ သမ္မာတရားသည် လူ့လောကမှ လာသော်ငြားလည်း၊ လူတို့ အလယ်ရှိ သမ္မာတရားကို ခရစ်တော်က လက်ဆင့်ကမ်းပေးခြင်း ဖြစ်သည်။ ယင်းသည် ခရစ်တော်ထံမှ၊ ဆိုလိုသည်မှာ ဘုရားသခင် ကိုယ်တိုင်ထံမှ ပေါ်ပေါက်ခြင်းဖြစ်ပြီး၊ ဤသည်မှာ လူ တတ်နိုင်စွမ်းသော အရာတစ်ခု မဟုတ်ပေ။ သို့သော် ခရစ်တော်သည် သမ္မာတရားကိုသာ ထောက်ပံ့ပေးသည်။ လူသည် ၎င်း၏ သမ္မာတရားကို လိုက်စားခြင်း၌ အောင်မြင်မည်၊ မအောင်မြင်မည်ကို ဆုံးဖြတ်ရန် သူ ကြွလာခြင်း မဟုတ်ပေ။ ထို့ကြောင့် သမ္မာတရား၌ အောင်မြင်ခြင်း သို့မဟုတ် ရှုံးနိမ့်ခြင်းသည် လူ၏ လိုက်စားခြင်းကြောင့်သာ ဖြစ်သည်မှာ ယုတ္တိရှိပေသည်။ လူ၏သမ္မာတရား၌ အောင်မြင်ခြင်း သို့မဟုတ် ရှုံးနိမ့်ခြင်းသည် လုံးဝ ခရစ်တော်နှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိဖူးဘဲ၊ ထိုအစား သူ၏ လိုက်စားခြင်းအားဖြင့်သာ သတ်မှတ်ခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကိုယ်တိုင်အတွက် အရေးကိစ္စမဟုတ်ဘဲ၊ ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါများ ဆောင်ရွက်သင့်သည့် တာဝန်နှင့် တိုက်ရိုက် ဆက်နွှယ်သောကြောင့်၊ ဘုရားသခင် ကိုယ်တော်တိုင်ကို ခေါင်းခံစေဖို့ရန်အလို့ငှာ၊ လူ၏ ခရီးပန်းတိုင်နှင့် သူ၏ အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုတို့ကို ဘုရားသခင်၏ ခေါင်းအပေါ်တွင် ပုံချထား၍ မရပေ။ လူအများစုသည် ပေါလုနှင့် ပေတရုတို့၏ လိုက်စားခြင်းနှင့် ခရီးပန်းတိုင်နှင့် ပတ်သက်၍ အသိပညာ အနည်းငယ် ရှိကြ၏၊ သို့သော်လည်း ပေတရုနှင့် ပေါလုတို့၏ ရလဒ်များထက် ပို၍ မည်သည့်အရာကိုမျှ မသိကြသကဲ့သို့၊ ပေတရု၏ အောင်မြင်မှု နောက်ကွယ်က လျှို့ဝှက်ချက် သို့မဟုတ် ပေါလု၏ ကျရှုံးမှုသို့ ဦးတည်စေသည့် ချို့တဲ့ခြင်းများနှင့် ပတ်သက်၍ မသိနားမလည်ကြချေ။ ထို့ကြောင့် သင်တို့သည် ၎င်းတို့၏ လိုက်စားခြင်းနှင့်ဆိုင်သော အနှစ်သာရကို လုံးဝ ရိပ်စားမိနိုင်စွမ်း မရှိပါက၊ သင်တို့အများစု၏ လိုက်စားခြင်းသည် ရှုံးနိမ့်လိမ့်ဦးမည် ဖြစ်ပြီး၊ သင်တို့ထဲမှ

အရေအတွက် အနည်းငယ် အောင်မြင်မည်ဆိုလျှင်ပင်၊ ၎င်းတို့သည် ပေတရုနှင့် တန်းတူ ဖြစ်လိမ့်ဦးမည် မဟုတ်ပေ။ သင်၏ လိုက်စားခြင်း လမ်းကြောင်းသည် မှန်ကန်သော လမ်းကြောင်းတစ်ခု ဖြစ်ပါက၊ သင့်တွင် အောင်မြင်ခြင်းနှင့်ဆိုင်သည့် မျှော်လင့်ချက် ရှိ၏။ သမ္မာတရားအား လိုက်စားခြင်းတွင် သင်နင်းလျှောက်သော လမ်းကြောင်းသည် မှားယွင်းသော လမ်းကြောင်းတစ်ခု ဖြစ်ပါက၊ သင်သည် အစဉ်အမြဲ အောင်မြင်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်သကဲ့သို့၊ ပေါလုကဲ့သို့ တူညီသော အဆုံးသတ်ကို ကြုံရလိမ့်မည် ဖြစ်သည်။

ပေတရုသည် စုံလင်စေခြင်းခံခဲ့ရသည့် လူတစ်ဦး ဖြစ်ခဲ့သည်။ ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်ခြင်းကို ကြုံတွေ့ပြီးသည့်နောက်၊ ထိုသို့ဖြင့် ဘုရားသခင်ကို ဖြူစင်သော ချစ်ခြင်းမေတ္တာတစ်ခု ရရှိပြီးသည့်နောက်မှသာ၊ သူသည် အပြည့်အဝ စုံလင်စေခြင်း ခံခဲ့ရသည်။ သူ လျှောက်လှမ်းသည့် လမ်းကြောင်းသည် စုံလင်စေခြင်း ခံခဲ့ရသည်။ ယင်းမှာ အစအဦးကတည်းက ပေတရု လျှောက်ခဲ့သော လမ်းကြောင်းသည် မှန်ကန်သော လမ်းကြောင်းတစ်ခု ဖြစ်ခဲ့ပြီး၊ ဘုရားသခင်၌ ယုံကြည်ခြင်းအတွက် သူ၏ ကြံရွယ်ချက်သည် မှန်ကန်သော ကြံရွယ်ချက် ဖြစ်ခဲ့ပြီး၊ ထို့ကြောင့် သူသည် စုံလင်စေခြင်းကို ခံခဲ့ရသူတစ်ဦး ဖြစ်ခဲ့ပြီး၊ ယခင်က လူသား လုံးဝ မလျှောက်လှမ်းခဲ့ဖူးသည့် လမ်းကြောင်းသစ်တစ်ခုကို သူ နင်းလျှောက်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ သို့သော် အစကတည်းက ပေါလု လျှောက်ခဲ့ပြီးသော လမ်းကြောင်းသည် ခရစ်တော်ကို ဆန့်ကျင်ခြင်း လမ်းကြောင်း ဖြစ်ခဲ့ပြီး၊ သူသည် ခရစ်တော်အတွက် ဆယ်စုနှစ် အချို့ကြာ အလုပ်လုပ်ခဲ့သည်မှာ သန့်ရှင်းသော ဝိညာဉ်တော်က သူ့ကို အသုံးပြုရန် နှင့် သူ၏ အလုပ်အတွက် ပေါလု၏ ဆုကျေးဇူးများနှင့် ၎င်း၏ ထူးချွန်မှုများ အားလုံးကို ကောင်းစွာအသုံးချဖို့ ဆန္ဒရှိခဲ့သောကြောင့်သာ ဖြစ်ပေသည်။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏အသုံးပြုခြင်းခံခဲ့ရသော တစ်စုံတစ်ဦးမျှသာ ဖြစ်ခဲ့ပြီး၊ ယေရှုက သူ၏ လူ့သဘာဝအပေါ် အကောင်းမြင်ခဲ့သောကြောင့် သူသည် အသုံးပြုခံခဲ့ရခြင်း မဟုတ်ဘဲ၊ သူ၏ ဆုကျေးဇူးများကြောင့်သာ ဖြစ်သည်။ ယေရှုအတွက် အလုပ်လုပ်နိုင်ခဲ့သည်မှာ သူသည် အောက်သို့ လှဲခြင်းခံခဲ့ရခြင်းကြောင့် ဖြစ်ပြီး၊ ထိုသို့လုပ်ရသည်ကို သူ ပျော်သောကြောင့် မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် လမ်းပြမှုကြောင့် ထိုသို့သော အလုပ်ကို သူ လုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်ပြီး၊ သူလုပ်ခဲ့သော အလုပ်သည် မည်သို့နှင့်မျှ သူ၏ လိုက်စားခြင်း သို့မဟုတ် သူ၏ လူ့သဘာဝကို လုံးဝ ကိုယ်စားမပြုခဲ့ပေ။ ပေါလု၏ အလုပ်သည် အစေခံ တစ်ယောက်၏ အလုပ်ကို ကိုယ်စားပြုသည်၊ ယင်းမှာ သူသည် တမန်တော်တစ်ဦး၏ အလုပ်ကို လုပ်ဆောင်ခဲ့သည်ဟု ဆိုရပေမည်။ သို့သော် ပေတရုက ကွဲပြားခြားနား၏။ သူသည်လည်း အလုပ်တချို့ကို လုပ်ဆောင်ခဲ့သည်။ ယင်းသည် ပေါလု၏

အလုပ်လောက် မကြီးမားခဲ့သော်လည်း၊ သူသည် မိမိ၏ကိုယ်ပိုင် ဝင်ရောက်ခြင်းအား လိုက်စားနေစဉ်တွင် အလုပ်လုပ်ခဲ့ခြင်းဖြစ်ပြီး၊ သူ၏ အလုပ်သည် ပေါလု၏ အလုပ်နှင့် ကွဲပြားခြားနားလေသည်။ ပေတရု၏ အလုပ်သည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်ခဲ့သည်။ သူသည် တမန်တော်တစ်ဦး၏ အခန်းကဏ္ဍဖြင့် အလုပ်မလုပ်ခဲ့ဘဲ၊ ဘုရားသခင်ကို ချစ်ခြင်းအား အားထုတ်နေစဉ်တွင် အလုပ်လုပ်ခဲ့သည်။ ပေါလု၏ အလုပ် ဆောင်ရွက်ပုံ နည်းလမ်းသည်လည်း သူ၏ကိုယ်ရေးကိုယ်တာ လိုက်စားခြင်း ပါရှိခဲ့သည်။ သူ၏ လိုက်စားခြင်းသည် အနာဂတ်အတွက် သူ၏ မျှော်လင့်ချက်များနှင့် ကောင်းမွန်သော ခရီးပန်းတိုင်တစ်ခုအတွက် သူ၏ ဆန္ဒတို့ထက် ဘာမျှမပိုခဲ့ပေ။ သူသည် သူ၏ အလုပ်အတွင်းတွင် စစ်ဆေးခြင်းကို လက်မခံခဲ့သကဲ့သို့၊ ပြုပြင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့ကိုလည်း လက်မခံခဲ့ပေ။ သူလုပ်သည့် အလုပ်သည် ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းပေးပြီး သူလုပ်သည့် အရာအားလုံးသည် ဘုရားသခင်အဖို့ နှစ်လိုဖွယ် ဖြစ်သရွေ့ နောက်ဆုံးတွင် ဆုလာဘ်က သူ့ကို စောင့်ကြိုမည်ဟု သူ ယုံကြည်ခဲ့သည်။ သူ၏ အလုပ်တွင် ကိုယ်ပိုင် အတွေ့အကြုံများ မရှိခဲ့ပေ။ ယင်းမှာ အားလုံးမှာ အလုပ် အတွက်သက်သက်သာ ဖြစ်ပြီး၊ ပြောင်းလဲခြင်းအား အားထုတ်ခြင်းအလယ်တွင် ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ သူ့အလုပ်ထဲရှိ အရာရာတိုင်းသည် အပေးအယူတစ်ခု ဖြစ်သည်၊ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန် သို့မဟုတ် ကျိုးနွံနာခံခြင်း တစ်ခုမျှ မပါဝင်ပေ။ သူ၏ အလုပ်ဖြစ်စဉ်အတွင်းတွင်၊ ပေါလု၏ ဟောင်းသော စိတ်သဘောထားထဲတွင် မည်သည့်ပြောင်းလဲမှုမျှ မဖြစ်ပွားခဲ့ချေ။ သူ၏အလုပ်မှာ အခြားသူများအား အစေခံခြင်းမျှ ဖြစ်ခဲ့ပြီး၊ သူ၏ စိတ်သဘောထားထဲ ပြောင်းလဲမှုများ ဆောင်ကြဉ်းနိုင်စွမ်း မရှိခဲ့ချေ။ ပေါလုသည် စုံလင်စေခြင်း မခံရဘဲ သို့မဟုတ် ကိုင်တွယ်ဖြေရှင်းခြင်းမခံရဘဲ သူ၏ အလုပ်ကို တိုက်ရိုက် ဆောင်ရွက်ခဲ့ပြီး၊ သူသည် ဆုလာဘ်အားဖြင့် လှုံ့ဆော်ခံခဲ့ရသည်။ ပေတရုမှာ ကွဲပြားခြားနားသည်။ သူသည် ပြုပြင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်း ခံခဲ့ရသူ တစ်ယောက်ဖြစ်ပြီး၊ စစ်ဆေးခြင်းကို ကြုံပြီးခဲ့သူ ဖြစ်သည်။ ပေတရုအလုပ်၏ ရည်မှန်းချက်နှင့် ကြံရွယ်ချက်သည် ပေါလု အလုပ်၏ ရည်မှန်းချက်နှင့် ကြံရွယ်ချက်တို့နှင့် အခြေခံအားဖြင့် ကွဲပြား ခြားနားသည်။ ပေတရုသည် ကြီးမားသည့် အလုပ်ပမာဏကို မလုပ်ဆောင်ခဲ့သော်ငြားလည်း၊ သူ၏ စိတ်သဘောထားသည် ပြောင်းလဲမှုများစွာ ကြုံခဲ့ရပြီး၊ သူဖွေရှာခဲ့သည့် အရာမှာ သမ္မာတရားနှင့် စစ်မှန်သော ပြောင်းလဲမှု ဖြစ်သည်။ သူ၏ အလုပ်ကို အလုပ်အတွက် သက်သက် ဆောင်ရွက်ခဲ့သည် မဟုတ်ပေ။ ပေါလုသည် များစွာသော အလုပ်ကို လုပ်ခဲ့သော်ငြားလည်း၊ ထိုအရာအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်

ဖြစ်ခဲ့ပြီး၊ ပေါလုသည် ဤအလုပ်ဖြင့် ပူးပေါင်းလုပ်ဆောင်ခဲ့သော်လည်း၊ ယင်းကို မတွေ့ကြုံခဲ့ရပေ။ ပေတရုသည် များစွာ သာ၍နည်းပါးသော အလုပ်ကို လုပ်ခဲ့ခြင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် သူမှတစ်ဆင့် များစွာသော အလုပ်ကို မလုပ်ခဲ့သောကြောင့်သာ ဖြစ်သည်။ ၎င်းတို့အလုပ်၏ ပမာဏသည် ၎င်းတို့မှာ စုံလင်စေခြင်း ခံခဲ့ရသည်၊ မခံခဲ့ရသည်ကို အဆုံးအဖြတ်မပေးပေ။ တစ်ယောက်သောသူ၏ လိုက်စားခြင်းသည် ဆုလာဘ်များ ရရှိရန်အလို့ငှာ ဖြစ်ပြီး၊ အခြား တစ်ယောက်၏ လိုက်စားခြင်းမှာ အဆုံးစွန် ဘုရားသခင်ကို ချစ်ခြင်းကို ရရှိရန်နှင့်၊ ဘုရားသခင်၏ အလိုကို ဖြည့်ဆည်းပေးရန်အလို့ငှာ ချစ်ခင်နှစ်သက်ဖွယ် ပုံရိပ်တစ်ခုကို နေထိုင်သွားနိုင်မည့် အတိုင်းအတာအထိ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် သူ၏ တာဝန်ကို ဖြည့်ဆည်းခြင်း ဖြစ်သည်။ အပြင်ပန်းအရ ၎င်းတို့သည် ကွဲပြားခြားနားကြပြီး၊ ၎င်းတို့၏ အနှစ်သာရများသည်လည်း ကွဲပြားခြားနားကြသည်။ ၎င်းတို့ အလုပ်ပမာဏ မည်မျှ လုပ်ဆောင်ခဲ့သည်ကို အခြေခံ၍ ၎င်းတို့ထဲမှ မည်သူ စုံလင်စေခြင်း ခံခဲ့ရသည်ကို သင် ဆုံးဖြတ်၍မရပေ။ ပေတရုသည် ဘုရားသခင် ချစ်ခင်သော လူတစ်ယောက်၏ ပုံရိပ်ကို အသက်ရှင်နေထိုင်ရန်၊ ဘုရားသခင်ကို နာခံသော သူတစ်ဦးဖြစ်ရန်၊ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြုပြင်ခြင်းတို့ကို လက်ခံသောသူတစ်ဦး ဖြစ်ရန်နှင့် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေဖြင့် သူ၏ တာဝန်ကို ဖြည့်ဆည်းခဲ့သူတစ်ဦး ဖြစ်ရန် ကြိုးစားခဲ့သည်။ သူသည် မိမိကိုယ်ကိုယ် ဘုရားသခင်ထံ ဆက်ကပ်နိုင်ခဲ့သည်၊ မိမိကိုယ်တိုင်၏ အလုံးစုံကို ဘုရားသခင်၏ လက်ထဲထားရှိနိုင်ခဲ့ပြီး၊ ဘုရားသခင်ကို သေသည်အထိ နာခံနိုင်ခဲ့သည်။ ယင်းမှာ သူ လုပ်ဆောင်ရန် ဆုံးဖြတ်ထားသည့်အရာဖြစ်ပြီး၊ ထို့အပြင် သူ စွမ်းဆောင် ရရှိခဲ့သည့်အရာ ဖြစ်သည်။ ဤသည်မှာ သူ၏ အဆုံးသတ်သည် နောက်ဆုံးတွင် ပေါလု၏အဆုံးသတ်နှင့် ကွဲပြားခြားနားရသည့် အခြေခံ အကြောင်းရင်း ဖြစ်သည်။ ပေတရုထဲတွင် သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်ခဲ့သည့် အမှုသည် သူ့ကို စုံလင်စေရန် ဖြစ်ပြီး၊ ပေါလုထဲ၌ သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်သောအမှုသည် သူ့ကို အသုံးပြုရန် ဖြစ်သည်။ ယင်းမှာ လိုက်စားခြင်းအပေါ် ၎င်းတို့၏ သဘာဝများနှင့် ၎င်းတို့၏ အမြင်များသည် မတူညီသောကြောင့် ဖြစ်သည်။ နှစ်ဦးလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ရှိကြသည်။ ပေတရုသည် ဤအလုပ်ကို မိမိကိုယ်ကိုယ်အဖို့ အသုံးချပြီး၊ အခြားသူများ ထံလည်း ထောက်ပံ့ပေးခဲ့သည်။ သို့သော်လည်း ပေါလုမှာမူ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်း အလုံးစုံကို အခြားသူများထံသာ ထောက်ပံ့ပေးခဲ့ပြီး၊ မိမိကိုယ်ကိုယ်အဖို့ ယင်းမှ မည်သည့်အရာကိုမျှ မရရှိခဲ့ပေ။ ဤသို့ဖြင့် သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏

လုပ်ဆောင်ခြင်းကို နှစ်ပေါင်းများစွာ တွေ့ကြုံခံစားခဲ့ရပြီးသည့်နောက်၊ ပေါလုအထဲမှ ပြောင်းလဲခြင်းသည် တကယ်မရှိသလောက် ဖြစ်သည်။ သူသည် သူ၏ သဘာဝ အခြေအနေတွင် ကျန်ရစ်ဆဲ ဖြစ်ပြီး၊ ယခင်က ပေါလု ဖြစ်နေဆဲ ဖြစ်သည်။ နှစ်ပေါင်းများစွာ အလုပ်လုပ်ခြင်းနှင့်ဆိုင်သော အခက်အခဲကို ကြုံကြုံခံပြီးနောက်တွင်သာ၊ သူသည် မည်သို့ အလုပ်လုပ်ရမည်ကို သင်ယူခဲ့ပြီးဖြစ်သကဲ့သို့၊ ခံနိုင်ရည်ကိုလည်း သင်ယူခဲ့ပြီးဖြစ်သော်လည်း၊ သူ၏ သဘာဝဟောင်းသည် သူ၏ အလွန် နိုင်လိုစိတ်ပြင်းကာ ကြေးစား သဘာဝသည် ကျန်ရှိနေဆဲ ဖြစ်သည်။ နှစ်ပေါင်းများစွာ အလုပ်လုပ်ပြီးနောက်တွင်၊ သူသည် သူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို မသိသကဲ့သို့၊ သူ၏ ဟောင်းသော စိတ်သဘောထားမှလည်း မိမိကိုယ်ကိုယ် မဖယ်ရှားခဲ့ပေ၊ ပြီးလျှင် ယင်းကို သူ၏ အလုပ်တွင် သိသာထင်ရှားစွာ မြင်၍ရနိုင်ဆဲဖြစ်ခဲ့သည်။ သူ၏အထဲတွင် သာ၍များသော အလုပ်အတွေ့အကြုံမျှသာ ရှိခဲ့သော်လည်း၊ ထိုသို့သော သေးနုပ်သော အတွေ့အကြုံ တစ်ခုတည်းသည် သူ့ကို ပြောင်းလဲပေးနိုင်စွမ်း မရှိသကဲ့သို့၊ ဖြစ်တည်မှုနှင့်ပတ်သက်သည့် သူ၏ အမြင်များ သို့မဟုတ် သူ၏ လိုက်စားခြင်းနှင့်ဆိုင်သော အရေးပါမှုတို့ကို မပြောင်းလဲနိုင်ခဲ့ပေ။ ခရစ်တော်အတွက် သူသည် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့ပြီး၊ သခင်ယေရှုကို မည်သည့်အခါတွင်မျှ တစ်ဖန် နှိပ်စက်ညှဉ်းပန်းခြင်း မပြုခဲ့သော်လည်း၊ သူ၏ နှလုံးသားရှိ ဘုရားသခင်နှင့် ပတ်သက်သည့် သူ၏ အသိပညာတွင် ပြောင်းလဲခြင်း မရှိခဲ့ပေ။ ဤသည်မှာ သူသည် ဘုရားသခင်အဖို့ မိမိကိုယ်ကိုယ် ဆက်ကပ်ရန်အလို့ငှာ အလုပ်လုပ်ခဲ့သည် မဟုတ်ဘဲ၊ ယင်းထက် သူ၏ အနာဂတ် ခရီးပန်းတိုင်အတွက် အတင်းအကျပ် မဖြစ်မနေ လုပ်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုလိုပေသည်။ အကြောင်းမှာ အစအဦး၌ သူသည် ခရစ်တော်ကို နှိပ်စက်ညှဉ်းပန်းခဲ့ပြီး၊ ခရစ်တော်ကို ကျိုးနွံနာခံခြင်း မရှိခဲ့သောကြောင့် ဖြစ်သည်။ သူသည် ပင်ကိုအားဖြင့် ခရစ်တော်အား တမင်တကာ ညှဉ်းဆဲသော ပုန်ကန်သူတစ်ဦးဖြစ်ခဲ့ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ အသိပညာ မရှိခဲ့သူ တစ်ဦးဖြစ်သည်။ သူ့အလုပ် အဆုံးသတ်ခါနီးတွင်၊ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းကို မသိခဲ့သေးသကဲ့သို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလိုကို စိုးစဉ်းမျှ အရေးမထားဘဲ၊ သူ၏ ပင်ကိုစရိုက်နှင့်အညီ မိမိ ဆန္ဒအလျောက် ပြုမူရုံမျှ ပြုမူခဲ့သည်။ ထို့ကြောင့် သူ၏ သဘာဝသည် ခရစ်တော်ကို မလိုမုန်းထားစိတ်ရှိခဲ့ပြီး၊ သမ္မာတရားကို မနာခံခဲ့ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်က စွန့်ပယ်ခြင်း ခံခဲ့ရပြီးသူ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မသိသူနှင့် ခရစ်တော်ကို ဆန့်ကျင်သူဖြစ်သည့် ထိုသို့သော လူတစ်ဦးသည် အဘယ်သို့ ကယ်တင်ခံရနိုင်မည်နည်း။

လူသည် ကယ်တင်ခံရနိုင်ခြင်း ရှိ မရှိဆိုသည်မှာ သူ အလုပ်မည်မျှ လုပ်ဆောင်သည်၊ သို့မဟုတ် သူ မည်မျှ ဆက်ကပ်သည် ဆိုသည်တို့အပေါ် မမူတည်ဘဲ၊ ထိုအစား သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သိခြင်း ရှိ မရှိ သူသည် သမ္မာတရားအား လက်တွေ့လုပ်ဆောင်နိုင်ခြင်း ရှိ မရှိဆိုသည်နှင့်၊ လိုက်စားခြင်းအပေါ် သူ၏ အမြင်များသည် သမ္မာတရားနှင့် ကိုက်ညီခြင်း ရှိ မရှိ စသည်တို့အားဖြင့် သတ်မှတ်ပေသည်။

ပေတရုသည် ယေရှုနောက် စတင်လိုက်သည့် နောက်တွင် သဘာဝအလျောက် ထုတ်ဖော်ပြခြင်းများ အမှန်တကယ် ဖြစ်ပွားခဲ့သော်လည်း၊ သဘာဝအရ သူသည်၊ အစအဦးကတည်းက သန့်ရှင်းသော ဝိညာဉ်တော်ကို ကျိုးနွံနာခံရန်နှင့် ခရစ်တော်ကို ဖွေရှာရန် လိုလားနေခဲ့သည့် သူတစ်ယောက်ဖြစ်ပေသည်။ သူ၏ သန့်ရှင်းသော ဝိညာဉ်တော်အား နာခံခြင်းသည် စင်ကြယ်ခဲ့သည်။ သူသည် ကျော်ကြားမှုနှင့် အခွင့်အလမ်းတို့ကို မဖွေရှာခဲ့ဘဲ၊ ထိုအစား သမ္မာတရားအား နာခံခြင်းအားဖြင့် လှုံ့ဆော်ခံခဲ့ရသည်။ ပေတရုသည် ခရစ်တော်ကို သိကျွမ်းခြင်းအား ငြင်းပယ်ခဲ့သည့်အချိန် သုံးကြိမ် ရှိခဲ့သော်လည်း၊ ပြီးလျှင် သူသည် သခင်ယေရှုအား အစုံအစမ်းပြုခဲ့ သော်ငြားလည်း၊ ထိုသို့သော လူသား၏ အနည်းငယ်သော အားနည်းမှုသည် သူ၏ သဘာဝနှင့် မည်သည့် ဆက်နွယ်မှုမျှ မရှိခဲ့ပေ၊ ယင်းသည် သူ၏ အနာဂတ် လိုက်စားခြင်းကို အကျိုးသက်ရောက်မှု မရှိခဲ့သကဲ့သို့၊ ယင်းက သူ၏ သွေးဆောင်မှုမှာ အန္တိခရစ်တစ်ဦး၏ လုပ်ရပ်ဖြစ်သည်ဟု လုံလောက်စွာ သက်သေမပြနိုင်ပေ။ ပုံမှန်လူသား အားနည်းချက်သည် လောကရှိ လူအားလုံး ပိုင်ဆိုင်ကြရသည့်အရာတစ်ခု ဖြစ်သည်- ပေတရုသည် ကွဲပြားခြားနားမှု တစ်ခုတလေ ရှိမည်ဟု သင် မျှော်လင့်သလော။ ပေတရုသည် မိုက်မဲသော အမှားတစ်ချို့ လုပ်ခဲ့သောကြောင့် လူများသည် သူနှင့်ပတ်သက်သည့် အချို့သော အမြင်များ ကိုင်စွဲထားကြသည် မဟုတ်လော။ ပြီးလျှင် လူများသည် ပေါလုအား သူလုပ်ဆောင်ခဲ့သော အလုပ်အားလုံးနှင့် သူရေးသားခဲ့သော ဩဝါဒစာစောင်များ အားလုံးကြောင့် သူ့ကို အလွန် ရိုသေလေးမြတ်ကြသည် မဟုတ်လော။ လူသည် အဘယ်နည်းနှင့် လူ၏ အနှစ်သာရကို ရိပ်စားမိနိုင်စွမ်း ရှိနိုင်မည်နည်း။ အသိစိတ် အမှန်တကယ်ရှိသော သူများသည် ထိုသို့သော မသိသာသည့် အရာကို ဧကန်မုချ မြင်နိုင်ကြပါသလော။ ပေတရု၏ နာကျင်မှုများနှင့် ပြည့်နေသည့် အတွေ့အကြုံ နှစ်ပေါင်းများစွာကို သမ္မာ ကျမ်းစာထဲတွင် မှတ်တမ်း မတင်ထားသော်လည်း၊ ဤအရာက ပေတရုသည် စစ်မှန်သော အတွေ့အကြုံများ မရှိခဲ့၊ သို့မဟုတ် ပေတရုသည် စုံလင်စေခြင်း မခံခဲ့ရဟု သက်သေမပြပေ။ ဘုရားသခင်၏ အမှုကို လူသားက မည်သို့ ပြည့်ဝစွာ နားလည်နိုင်မည်နည်း။ သမ္မာကျမ်းစာထဲရှိ မှတ်တမ်းများသည် ယေရှုက ကိုယ်တိုင်ကိုယ်ကျ

ရွေးချယ်ခဲ့ခြင်း မဟုတ်ဘဲ၊ နောက်ပိုင်း မျိုးဆက်များက စုဆောင်းပြုစု ထားခဲ့ခြင်း ဖြစ်သည်။ ထိုသို့ဖြစ်လျက် သမ္မာကျမ်းစာထဲရှိ မှတ်တမ်းတင်ထားသည့် အရာများအားလုံးသည် လူ၏ စိတ်ကူးများအတိုင်း ရွေးချယ်ထားခြင်း ဖြစ်သည် မဟုတ်လော။ ထို့အပြင် ပေတရုနှင့် ပေါလု၏ အဆုံးသတ်များကို ဩဝါဒစာများထဲတွင် အတိအကျ မဖော်ပြထားချေ၊ ထို့ကြောင့် လူသည် ပေတရုနှင့် ပေါလုကို သူ၏ ကိုယ်ပိုင် သိမြင်နားလည်ခြင်းများအတိုင်း၊ သူ၏ ကိုယ်ပိုင် နှစ်သက်မှုများအတိုင်း အကဲဖြတ်လေသည်။ ပေါလုသည် အလုပ်များစွာကို လုပ်ဆောင်ခဲ့သောကြောင့်၊ သူ၏ "ပံ့ပိုးမှုများ" သည် အလွန် ကြီးမားခဲ့သောကြောင့်၊ သူသည် လူထု၏ ယုံကြည်ခြင်းကို ရရှိခဲ့သောကြောင့် ဖြစ်သည်။ လူသည် အပေါ်ယံများအပေါ်သာ အာရုံစိုက်သည် မဟုတ်လော။ လူသည် လူ၏ အနှစ်သာရကို အဘယ်သို့ ရိပ်စားမိနိုင်စွမ်း ရှိနိုင်မည်နည်း။ ဖော်ပြရန်မလိုသည်မှာ၊ ပေါလုသည် နှစ်ထောင်ပေါင်းများကြာ ဝတ်ပြုကိုးကွယ်ခြင်း ခံရသူတစ်ဦးဖြစ်ပြီးသည်ကို ထောက်ဆလျှင်၊ မည်သူသည် သူ၏ အလုပ်အား မဆင်မခြင် ငြင်းပယ်ဝံ့မည်နည်း။ ပေတရုသည် တံငါသည်တစ်ဦးမျှသာ ဖြစ်ခဲ့သည်၊ ထို့ကြောင့် သူ၏ ပံ့ပိုးပါဝင်မှုသည် အဘယ်သို့ ပေါလုလောက် ကြီးမြတ်နိုင်ခဲ့မည်နည်း။ ၎င်းတို့ ပြုလုပ်ခဲ့ကြသည့် ပံ့ပိုးမှုများအရ၊ ပေါလုသည် ပေတရုထက်အလျင် ဆုချခံရသင့်ပြီး၊ သူသည် ဘုရားသခင်၏ လက်ခံမှုကို ရရှိရန် သာ၍ အရည်အချင်းပြည့်မီသော သူတစ်ယောက် ဖြစ်ခဲ့သင့်ပေသည်။ သူ၏ ပေါလုအား ဆက်ဆံခြင်းတွင်၊ ဘုရားသခင်သည် သူ့ကို သူ၏ ဆုကျေးဇူးများမှ တစ်ဆင့်သာ အလုပ်လုပ်စေခဲ့ပြီး၊ ပေတရုကိုမူ ဘုရားသခင်က စုံလင်စေခဲ့မည်ဟု မည်သူ စိတ်ကူးမိနိုင်ခဲ့မည်နည်း။ သခင်ယေရှုသည် ပေတရုနှင့် ပေါလုတို့အတွက် အစကတည်းက အစီအစဉ်များ ချမှတ်ခဲ့ခြင်း လုံးဝမဟုတ်ပေ၊ ယင်းထက် ၎င်းတို့သည် ၎င်းတို့၏ ပင်ကို သဘာဝများအရ စုံလင်စေခြင်း ခံခဲ့ရသည် သို့မဟုတ် အလုပ်လုပ်စေခြင်း ခံခဲ့ရပေသည်။ ထို့ကြောင့် လူတို့မြင်သည့်အရာမှာ လူ၏ အပြင်ပန်း ပံ့ပိုးမှုများသာ ဖြစ်သော်လည်း၊ ဘုရားသခင် မြင်သည့်အရာမှာမူ လူ၏ အနှစ်သာရအပြင်၊ အစမှ လူက လိုက်စားသည့် လမ်းကြောင်းနှင့် လူ၏ လိုက်စားခြင်း နောက်ကွယ်ရှိ ကြံရွယ်ချက် ဖြစ်သည်။ လူတို့သည် လူတစ်ဦးကို ၎င်းတို့၏ အယူအဆများအရနှင့် ၎င်းတို့၏ ကိုယ်ပိုင် သိမြင်နားလည်မှုများအရ အကဲဖြတ်သည်၊ သို့သော် လူတစ်ဦး၏ နောက်ဆုံး အဆုံးသတ်ကို သူ၏ အပြင်ပန်းအရာများအရ ဆုံးဖြတ်သည် မဟုတ်ပေ။ ထို့ကြောင့် အစကတည်းက သင်လျှောက်သော လမ်းကြောင်းသည် အောင်မြင်မှု၏ လမ်းကြောင်း ဖြစ်ပြီး၊ လိုက်စားခြင်းအပေါ် သင်၏ အမြင်ရှုထောင့်သည် အစကတည်းက မှန်ကန်သော

အမြင်ရှုထောင့်တစ်ခု ဖြစ်ခဲ့ပါက၊ သင်သည် ပေတရုကဲ့သို့ ဖြစ်သည်ဟု ငါပြော၏။ အကယ်၍ သင် နင်းလျှောက်သော လမ်းကြောင်းသည် ရှုံးနိမ့်မှု လမ်းကြောင်းဖြစ်ပါက၊ သင်သည် မည်သည့် အဖိုးအခကို ပေးဆပ်သည်ဖြစ်စေ၊ သင်၏ အဆုံးသတ်သည် ပေါလု၏ အဆုံးသတ်နှင့် တူညီလိမ့်ဦးမည် ဖြစ်သည်။ မည်သို့ပင် ဖြစ်စေကာမူ၊ သင်၏ ခရီးပန်းတိုင်နှင့် သင် အောင်မြင်ခြင်း သို့မဟုတ် ရှုံးနိမ့်ခြင်း ရှိ မရှိဆိုသည်တို့ နှစ်ခုလုံးသည် သင်၏ ဆက်ကပ်ခြင်း သို့မဟုတ် သင်ပေးဆပ်သော အဖိုးအခထက် သင်ဖွေရှာသည့် လမ်းကြောင်းသည် မှန်ကန်သည့် လမ်းကြောင်းတစ်ခု ဟုတ် မဟုတ်ဆိုသည့်အရာအားဖြင့် ဆုံးဖြတ်ပေသည်။ ပေတရုနှင့် ပေါလု၏ အနှစ်သာရများနှင့် ၎င်းတို့ လိုက်စားကြသည့် ပန်းတိုင်များသည် ကွဲပြားခြားနားခဲ့၏။ လူသည် ဤအရာများကို ဖွေရှာသိရှိနိုင်စွမ်း မရှိသကဲ့သို့၊ ဘုရားသခင်ကသာ ထိုအရာများကို အလုံးစုံ သိရှိနိုင်ပေသည်။ အကြောင်းမှာ ဘုရားသခင် မြင်သည့်အရာသည် လူ၏ အနှစ်သာရ ဖြစ်ပြီး၊ လူကမူ မိမိ၏ အနှစ်သာရနှင့် သက်ဆိုင်၍ မည်သည့်အရာကိုမျှ မသိရှိသောကြောင့် ဖြစ်သည်။ လူသည် လူ၏အတွင်းရှိ အနှစ်သာရ သို့မဟုတ် သူ၏ တကယ့် ဝိညာဉ်ရင့်ကျက်မှုကို ရှုမြင်နိုင်စွမ်း မရှိသကဲ့သို့၊ ထိုသို့ဖြင့် ပေါလုနှင့် ပေတရုတို့၏ ရှုံးနိမ့်မှုနှင့် အောင်မြင်မှု၏ အကြောင်းရင်းကို ခွဲခြားနိုင်စွမ်း မရှိပေ။ လူအများစုသည် ပေတရုကို မဟုတ်ဘဲ ပေါလုကို ကြည်ညိုလေးစားရသည့် အကြောင်းရင်းမှာ ပေါလုသည် အများပြည်သူ အလုပ်အတွက် အသုံးပြုခံခဲ့ရကာ၊ လူသည် ဤအလုပ်ကို သိမြင်နားလည်နိုင်သောကြောင့်ဖြစ်သည်၊ ထို့ကြောင့် လူများသည် ပေါလု၏ "ပြီးမြောက်အောင်မြင်ခြင်းများ" ကို အသိအမှတ် ပြုကြခြင်း ဖြစ်သည်။ သို့သော်လည်း ပေတရု၏ အတွေ့အကြုံများမှာ လူသားအဖို့ မြင်၍မရနိုင်သကဲ့သို့၊ သူရှာဖွေခဲ့သည့်အရာကို လူသားက ကြိုးပမ်းမရရှိနိုင်ပေ၊ ထို့ကြောင့် လူသည် ပေတရုကို စိတ်ဝင်စားခြင်း မရှိချေ။

ပေတရုသည် ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စစ်ဆေးခြင်းတို့မှတစ်ဆင့် စုံလင်စေခြင်း ခံခဲ့ရသည်။ သူက "ငါသည် အချိန်တိုင်းတွင် ဘုရားသခင်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းရမည်။ ငါပြုသော အရာအားလုံး၌ ဘုရားသခင်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းပေးဖို့သာ ငါ ရှာဖွေပြီး၊ ငါသည် ပြစ်တင်ဆုံးမခံရသည် ဖြစ်စေ၊ တရားစီရင်ခြင်း ခံရသည်ဖြစ်စေ၊ ထိုသို့ လုပ်ဆောင်ရန် ငါပျော်ရွှင်ဆဲ ဖြစ်သည်။" ဟု ပြောခဲ့သည်။ ပေတရုသည် သူ၏ အလုံးစုံကို ဘုရားသခင်အား ပေးခဲ့ပြီး၊ သူ၏အလုပ်၊ စကားများနှင့် အသက်တာတစ်ခုလုံးသည် ဘုရားသခင်အား ချစ်ခြင်းအတွက်သာ ဖြစ်ခဲ့သည်။ သူသည် သန့်ရှင်းခြင်းကို ဖွေရှာသောသူတစ်ဦး ဖြစ်ခဲ့ပြီး၊ သူ သာ၍ တွေ့ကြုံခဲ့ရလေလေ၊ သူ၏စိတ်နှလုံးထဲတွင် ဘုရားသခင်အတွက် သူ၏ ချစ်ခြင်းသည် သာ၍ ကြီးမားလေလေ ဖြစ်သည်။ သို့သော်လည်း ပေါလုမှာ အပြင်ပန်း အလုပ်ကိုသာ

လုပ်ဆောင်ခဲ့ပြီး၊ သူသည်လည်း ကြိုးစားလုပ်ဆောင်ခဲ့ သော်ငြားလည်း၊ သူ၏ အားထုတ်မှုများမှာ သူ၏ အလုပ်ကို ကောင်းမွန်စွာ လုပ်ဆောင်ရန်အတွက်ဖြစ်ခဲ့ပြီး၊ ထိုသို့ဖြင့် ဆုလာဘ်ရယူရန်အတွက် ဖြစ်သည်။ သူသည် မည်သည့် ဆုလာဘ်မျှ ရရှိမည် မဟုတ်သည်ကို သိခဲ့ပါက၊ သူသည် သူ၏ အလုပ်ကို လက်လျှော့မိပြီး ဖြစ်ပေမည်။ ပေတရု အလေးထားခဲ့သော အရာမှာ သူ၏ နှလုံးသားအတွင်းရှိ စစ်မှန်သော ချစ်ခြင်းမေတ္တာ ဖြစ်ပြီး၊ ယင်းသည် လက်တွေ့ကျကျ စွမ်းဆောင်ရရှိ၍ ရနိုင်ပေသည်။ သူသည် ဆုလာဘ် ရရှိမည်၊ မရရှိမည်ကို အရေးမစိုက်ခဲ့ဘဲ၊ သူ၏ စိတ်သဘောထား ပြောင်းလဲနိုင်ခြင်း ရှိ မရှိကို အရေးစိုက်ခဲ့သည်။ ပေါလုသည် သာ၍ အလုပ်ကြိုးစားလုပ်ခြင်းကို အရေးစိုက်ခဲ့သည်၊ သူသည် အပြင်ပန်း အလုပ်နှင့် ဆက်ကပ်ခြင်း၊ ပြီးလျှင် ပုံမှန်လူများက မတွေ့ကြုံသည့် အယူဝါဒများကို အရေးစိုက်ခဲ့သည်။ သူ၏အတွင်းနက်နက်ရှိ ပြောင်းလဲမှုများကို သူ အရေးမစိုက်ခဲ့သကဲ့သို့ ဘုရားသခင်ကို စစ်မှန်သော ချစ်ခြင်းကိုလည်း အရေးမစိုက်ခဲ့ပေ။ ပေတရု၏ အတွေ့အကြုံများသည် ဘုရားသခင်နှင့်သက်ဆိုင်သည့် စစ်မှန်သော ချစ်ခြင်းနှင့် စစ်မှန်သော အသိပညာတို့ကို စွမ်းဆောင်ရရှိရန် အလို့ငှာ ဖြစ်ခဲ့သည်။ သူ၏ အတွေ့အကြုံများသည် ဘုရားသခင်နှင့် သာ၍ နီးကပ်သော ဆက်ဆံရေးကို ရရှိရန်နှင့် လက်တွေ့ကျသော အသက်ရှင်နေထိုင်ခြင်း ရှိရန်အလို့ငှာ ဖြစ်ခဲ့သည်။ ပေါလု၏ အလုပ်မှာ ယေရှုက သူ့ကို ပေးအပ်ခဲ့သည့်အရာကြောင့် ဖြစ်ခဲ့ပြီး၊ သူတောင့်တသော အရာများကို ရရှိရန်အလို့ငှာ ဖြစ်ခဲ့သည်၊ သို့သော်ငြားလည်း ဤအရာများသည် သူကိုယ်တိုင်နှင့် ဘုရားသခင်နှင့်ဆိုင်သော အသိပညာနှင့် မည်သည့် ဆက်နွယ်မှုမျှ မရှိခဲ့ပေ။ သူ၏ အလုပ်သည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့မှ ရှန်းထွက်လွတ်မြောက်ရန်အတွက် လုံးဝဥဿုံ ဖြစ်ခဲ့သည်။ ပေတရု ဖွေရှာခဲ့သော အရာမှာ ဖြူစင်သော ချစ်ခြင်းဖြစ်ပြီး၊ ပေါလု ဖွေရှာခဲ့သော အရာမှာ ဓမ္မသရဖူ ဖြစ်ခဲ့သည်။ ပေတရုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်များကို နှစ်ပေါင်းများစွာ ကိုယ်တွေ့ကြုံခဲ့ရပြီး၊ ခရစ်တော်နှင့် ပတ်သက်၍ လက်တွေ့ကျသော အသိပညာရှိခဲ့သည့်အပြင်၊ မိမိကိုယ်တိုင်နှင့် ပတ်သက်၍ သိမ်မွေ့လေးနက်သော အသိပညာ ရှိခဲ့သည်။ ထို့ကြောင့် ဘုရားသခင်အား သူ၏ချစ်ခြင်းသည် ဖြူစင်ခဲ့ပေသည်။ နှစ်ပေါင်းများစွာကြာသော စစ်ဆေးခြင်းသည် ယေရှု၊ အသက်နှင့် ပတ်သက်သည့် သူ၏ အသိပညာကို မြှင့်တင်ပေးခဲ့ပြီးဖြစ်သကဲ့သို့၊ သူ၏ ချစ်ခြင်းသည် အခြေအနေအပေါ် မမူတည်သော ချစ်ခြင်း ဖြစ်သည်၊ ယင်းသည် အလိုအလျောက် ဖြစ်သော ချစ်ခြင်း ဖြစ်ကာ သူသည် အပြန်အလှန်အနေဖြင့် မည်သည့်အရာကိုမျှ မတောင်းခဲ့သကဲ့သို့ မည်သည့် အကျိုးအမြတ်ကိုမျှ မမျှော်လင့်ခဲ့ပေ။ ပေါလုသည် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သော်လည်း၊

သူသည် ခရစ်တော်နှင့် ပတ်သက်သည့် ကြီးမားသော အသိပညာကို မပိုင်ဆိုင်ခဲ့သကဲ့သို့ မိမိကိုယ်တိုင်နှင့် ပတ်သက်သည့် သူ၏ အသိပညာသည်လည်း သနားစရာကောင်းလောက်အောင် သေးနုပ်ခဲ့သည်။ သူသည် ခရစ်တော်ကို ချစ်ခြင်း တကယ်ကို မရှိခဲ့သကဲ့သို့ သူ၏ အလုပ်နှင့် သူပြေးခဲ့သော လမ်းကြောင်းသည် နောက်ဆုံး အောင်ပန်းကို ရရှိနိုင်ရန်အလို့ငှာ ဖြစ်သည်။ သူဖွေရှာခဲ့သော အရာသည် အကောင်းဆုံးသော သရဖူ ဖြစ်ပြီး၊ အစင်ကြယ်ဆုံး ချစ်ခြင်း မဟုတ်ခဲ့ပေ။ သူသည် တက်ကြွစွာ ဖွေရှာခြင်း မရှိခဲ့ဘဲ၊ မတုန်မလှုပ်ဖြစ်ခဲ့သည်။ သူသည် သူ၏ တာဝန်အား ထမ်းဆောင်နေခဲ့ခြင်း မဟုတ်ဘဲ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်အားဖြင့် သိမ်းပိုက်ခံရခြင်းနောက်တွင် သူ၏ လိုက်စားမှု မဖြစ်မနေလုပ်ခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် သူ၏ လိုက်စားခြင်းက သူသည် ဘုရားသခင်၏ အရည်အချင်း ပြည့်မီသော ဖန်ဆင်းခံ သတ္တဝါတစ်ဦးဖြစ်သည်ကို သက်သေ မပြပေ။ မိမိ၏ တာဝန်ကို ထမ်းဆောင်ပြီး ဘုရားသခင်၏ အရည်အချင်း ပြည့်မီသော ဖန်ဆင်းခံ သတ္တဝါတစ်ဦးဖြစ်ခဲ့သူမှာ ပေတရု ဖြစ်သည်။ ဘုရားသခင်ကို ပံ့ပိုးမှုတစ်ခု ပြုသူ အားလုံးသည် ဆုလာဘ် ရရှိသင့်သည်ဟု လူက ထင်သည်၊ ပံ့ပိုးမှု သာ၍ ကြီးမားလေလေ၊ ၎င်းတို့သည် ဘုရားသခင်၏ မျက်နှာသာကို လက်ခံရရှိသင့်သည်မှာ မှန်သည်ဟု မှတ်ယူလေလေ ဖြစ်သည်။ လူ့အမြင်ရှုထောင့်၏ အနှစ်သာရသည် အပေးအယူသဘော ဆန်ပြီး၊ သူသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် သူ၏ တာဝန်ကို တက်ကြွစွာ ထမ်းဆောင်ရန် သူ မကြိုးစားပေ။ ဘုရားသခင် အတွက်မူ၊ လူများသည် ဘုရားသခင်ကို စစ်မှန်သော ချစ်ခြင်းနှင့် ဘုရားသခင်အား ပြီးပြည့်စုံသော နာခံခြင်းကို ပို၍ ရှာလေလေ၊ ယင်းသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် ၎င်းတို့၏ တာဝန်ကို ထမ်းဆောင်ရန် ကြိုးစားခြင်းဟုလည်း ဆိုလိုသကဲ့သို့ ဘုရားသခင်၏ လက်ခံမှုကို ပို၍ ရရှိလေလေ ဖြစ်သည်။ ဘုရားသခင်၏ ရှုထောင့်အမြင်သည် လူအား သူ၏ နဂိုမူလ တာဝန်နှင့် အဆင့်အတန်းကို ပြန်ရရန် တောင်းဆိုဖို့ ဖြစ်သည်။ လူသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးဖြစ်သည်၊ ထို့ကြောင့် လူသည် ဘုရားသခင်အား တောင်းဆိုမှုများ ပြုခြင်းဖြင့် မိမိကိုယ်ကိုယ် ဘောင်မကျော်သင့်သကဲ့သို့ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် သူ၏ တာဝန်အား ထမ်းဆောင်ခြင်းမှလွဲ၍ မည်သည့်အရာမျှ မလုပ်ဆောင်သင့်ပေ။ ပေါလုနှင့် ပေတရုတို့၏ ခရီးပန်းတိုင်များကို ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် ၎င်းတို့၏ တာဝန်ကို ၎င်းတို့ ထမ်းဆောင်နိုင်ခြင်း ရှိ မရှိဆိုသည်အရ တိုင်းတာခြင်း ဖြစ်ပြီး၊ ၎င်းတို့၏ ပံ့ပိုးမှု အတိုင်းအတာအရ မဟုတ်ပေ။ ၎င်းတို့၏ ခရီးပန်းတိုင်များသည် အစကတည်းမှ ၎င်းတို့ ကြိုးစားခဲ့ကြသည့် အရာအတိုင်း သတ်မှတ်ခံခဲ့ရခြင်း ဖြစ်ပြီး၊ ၎င်းတို့ အလုပ်မည်မျှ

လုပ်ဆောင်ခဲ့သည်၊ သို့မဟုတ် ၎င်းတို့အပေါ် အခြားသူများ၏ ထင်မြင်ယူဆချက်များအတိုင်း မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် မိမိ၏ တာဝန်ကို တက်ကြွစွာ ထမ်းဆောင်ရန် ကြိုးစားခြင်းသည် အောင်မြင်မှုဆီသို့ လမ်းကြောင်း ဖြစ်သည်။ ဘုရားသခင်ကို စစ်မှန်သော ချစ်ခြင်း၏ လမ်းကြောင်းအား ဖွေရှာခြင်းသည် အမှန်ကန်ဆုံးသော လမ်းကြောင်း ဖြစ်သည်။ မိမိ၏ ဟောင်းသော စိတ်သဘောထား၌ ပြောင်းလဲမှုများကို ရှာဖွေခြင်းနှင့် ဘုရားသခင်အတွက် ဖြူစင်သော ချစ်ခြင်းအား ဖွေရှာခြင်းသည် အောင်မြင်မှုဆီသို့ လမ်းကြောင်း ဖြစ်သည်။ ထိုသို့သော အောင်မြင်မှုဆီသို့ လမ်းကြောင်းသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ နဂိုမူလတာဝန်နှင့် နဂိုမူလ အသွင်အပြင်ကို ပြန်ရရှိခြင်း လမ်းကြောင်းဖြစ်သည်။ ယင်းသည် ပြန်ရရှိခြင်း လမ်းကြောင်း ဖြစ်ပြီး၊ အစအဦးမှ အဆုံးထိတိုင် ဘုရားသခင်၏ အမှုအားလုံး၏ ရည်မှန်းချက်လည်း ဖြစ်သည်။ အကယ်၍ လူ၏ လိုက်စားခြင်းသည် ကိုယ်ရေးကိုယ်တာ လွန်ကဲသော တောင်းဆိုမှုများနှင့် ယုတ္တိမတန်သော တောင့်တခြင်းများဖြင့် စွန်းထင်းပါက၊ စွမ်းဆောင်ရရှိသည့် အကျိုးတရားသည် လူ၏ စိတ်သဘောထား၌ ပြောင်းလဲခြင်းများ ဖြစ်လိမ့်မည် မဟုတ်။ ဤအရာသည် ပြန်ရရှိခြင်း အလုပ်နှင့် ဆန့်ကျင်သည်။ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်က လုပ်ဆောင်သည့် အလုပ် ဧကန်မုချ မဟုတ်ပေ၊ ထို့ကြောင့် ဤအရာက ဤကဲ့သို့သော လိုက်စားခြင်းမျိုးကို ဘုရားသခင်က လက်မခံသည်ကို သက်သေပြပေသည်။ ဘုရားသခင်က လက်မခံသည့် လိုက်စားခြင်းတစ်ခုသည် မည်သည့် အရေးပါမှု ရှိပါသနည်း။

ပေါလု လုပ်ဆောင်ခဲ့သည့် အလုပ်ကို လူ၏ရှေ့တွင် ထုတ်ဖော်ပြသခံခဲ့ရသော်လည်း၊ သူ၏ ဘုရားသခင်အား ချစ်ခြင်းမှာမူ မည်မျှ သန့်စင်ခဲ့ပြီး သူ၏ စိတ်နှလုံးထဲတွင် ဘုရားသခင်အား သူမည်မျှ ချစ်ခဲ့သည် ဤအရာတို့ကို လူသားက မမြင်နိုင်ပေ။ လူသည် သူ လုပ်ဆောင်ခဲ့သော အလုပ်ကိုသာ ရှုမြင်နိုင်ပြီး၊ ယင်းမှ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဧကန်မုချ အသုံးပြုခြင်း ခံခဲ့ရသည်ကို လူသားက သိလေသည်၊ ထို့ကြောင့် ပေါလုသည် ပေတရုထက် သာလွန်သည်၊ သူသည် အသင်းတော်များကို ထောက်ပံ့ပေးနိုင် ခဲ့သည့်အတွက် သူ၏ အလုပ်သည် သာ၍ ကြီးမြတ်သည်ဟု လူက ထင်သည်။ ပေတရုသည် သူ၏ ကိုယ်ပိုင် အတွေ့အကြုံများကိုသာ ကြည့်ပြီး၊ သူ၏ ရံဖန်ရံခါ လုပ်ဆောင်သော အလုပ်အတောအတွင်း လူအနည်းငယ်ကိုသာ ရယူနိုင်ခဲ့သည်။ သူ့ထံမှ လူသိနည်းသည့် ဩဝါဒစာစောင် အနည်းငယ်မျှသာ ရှိသည်၊ သို့သော် သူ၏ စိတ်နှလုံးထဲတွင် ဘုရားသခင်အတွက် သူ၏ ချစ်ခြင်းမေတ္တာ မည်မျှကြီးမားသည်ကို မည်သူသိမည်နည်း။ နေ့စဉ် နေ့တိုင်း ပေါလုသည်

ဘုရားသခင်အတွက် အလုပ်လုပ်ခဲ့၊ သည် လုပ်ဆောင်ရမည့် အလုပ် ရှိသရွေ့ သူ လုပ်ဆောင်ခဲ့သည်။ ဤနည်းဖြင့် သူသည် သရဖူအား ရရှိနိုင်ပြီး၊ ဘုရားသခင်အား ကျေနပ်စေနိုင်မည်ဟု ခံစားခဲ့ရသည်၊ သို့သော် သူသည် သူ၏ အလုပ်မှတစ်ဆင့် မိမိကိုယ်ကိုယ် ပြောင်းလဲရန် နည်းလမ်းများ မဖွေရှာခဲ့ချေ။ ပေတရု အသက်တာထဲတွင် ဘုရားသခင်၏ စိတ်ဆန္ဒကို မကျေနပ်စေသည့် မည်သည့်အရာမဆိုသည် သူ့ကို မသက်မသာ ခံစားရစေသည်။ အကယ်၍ ယင်းသည် ဘုရားသခင်၏ စိတ်ဆန္ဒကို မကျေနပ်စေပါက၊ သူသည် နောင်တခံစားရလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ နှလုံးသားကို ကျေနပ်စေရန် သူကြိုးပမ်းနိုင်မည့် သင့်လျော်သော နည်းလမ်းတစ်ခုကို ရှာမည် ဖြစ်သည်။ သူ့ အသက်တာ၏ အသေးငယ်ဆုံးနှင့် အရေးမပါဆုံးသော ရှုထောင့်များ၌ပင်လျှင် သူသည် ဘုရားသခင်၏ စိတ်ဆန္ဒကို ကျေနပ်စေရန် မိမိကိုယ်ကိုယ် တောင်းဆိုဆဲဖြစ်ခဲ့သည်။ သူ၏ ဟောင်းသော စိတ်သဘောထားနှင့် ပတ်သက်လာသည့်အခါ သူသည် စိုးစဉ်းမျှ အမှားမခံခဲ့ဘဲ၊ သမ္မာတရားထဲသို့ သာ၍ နက်ရှိုင်းစွာ တိုးတက်သွားရန် မိမိကိုယ်ကိုယ် မိမိ သတ်မှတ်ချက်များတွင် သူသည် ယခင်ထက် တင်းကျပ်ခဲ့သည်။ ပေါလုသည် အပေါ်ယံ ဂုဏ်သတင်းနှင့် အဆင့်အတန်းကိုသာ ဖွေရှာခဲ့သည်။ လူ၏ရှေ့တွင် မိမိကိုယ်ကိုမိမိ ကြွားဝါရန် သူ ကြိုးစားခဲ့ပြီး၊ အသက် ဝင်ရောက်မှုတွင် သာ၍ နက်ရှိုင်းသော တိုးတက်မှုတစ်ခုတလေကို လုပ်ဆောင်ရန် သူ မကြိုးစားခဲ့ပေ။ သူ အရေးစိုက်သည်မှာ လက်တွေ့အရှိတရား မဟုတ်ဘဲ အယူဝါဒကို ဖြစ်ခဲ့သည်။ လူအချို့က “ပေါလုမှာ ဘုရားသခင်အတွက် များစွာသော အလုပ်ကို လုပ်ဆောင်ခဲ့၏၊ အဘယ်ကြောင့် သူသည် ဘုရားသခင်၏ အောက်မေ့ခြင်းကို မခံရသနည်း။ ပေတရုသည် ဘုရားသခင်အတွက် အလုပ် အနည်းငယ်သာ လုပ်ဆောင်ခဲ့ပြီး၊ သူသည် အသင်းတော်များအဖို့ ကြီးစွာသော ပံ့ပိုးမှုလည်း မပြုခဲ့ပါ၊ သို့ဆိုလျှင် အဘယ့်ကြောင့် သူသည် စုံလင်စေခြင်း ခံခဲ့ရသနည်း။” ဟု ပြောကြသည်။ ပေတရုသည် ဘုရားသခင်အား အတိုင်းအတာ တစ်ခုအထိ ချစ်ခဲ့ပြီး၊ ယင်းကို ဘုရားသခင်က တောင်းဆိုခဲ့ပေသည်။ ဤကဲ့သို့သော သူများသာ သက်သေခံချက် ရှိသည်။ ပေါလုမှာ အဘယ်နည်း။ ပေါလုသည် ဘုရားသခင်အား မည်သည့် အတိုင်းအတာအထိ ချစ်ခဲ့သနည်း။ သင် သိပါသလော။ ပေါလု၏ အလုပ်ကို မည်သည်အတွက် လုပ်ဆောင်ခဲ့သနည်း။ ပေတရု၏ အလုပ်ကို မည်သည်အတွက် လုပ်ဆောင်ခဲ့သနည်း။ ပေတရုသည် များစွာသော အလုပ်ကို မလုပ်ဆောင်ခဲ့သော်လည်း၊ သူ၏ စိတ်နှလုံးထဲတွင် အဘယ်အရာ ရှိသည်ကို သင်သိသလော။ ပေါလု၏ အလုပ်သည် အသင်းတော်များအား ထောက်ပံ့ခြင်းနှင့် အားပေးခြင်းတို့ဖြင့် နှီးနွှယ်သည်။ ပေတရု ကြုံတွေ့ခဲ့ရသော အရာမှာမူ သူ၏ အသက်စိတ်သဘောထား၌ ပြောင်းလဲမှုများ ဖြစ်သည်။ သူသည် ဘုရားသခင်ကို

ချစ်ခြင်းအား ကြုံတွေ့ခံစားခဲ့ရသည်။ ယခုတွင် သင်သည် ၎င်းတို့ အနှစ်သာရများရှိ ကွဲပြားခြားနားချက်များကို သိသည့်အတွက်၊ နောက်ဆုံးတွင် မည်သူသည် ဘုရားသခင်အား အမှန်တကယ် ယုံကြည်ခဲ့ပြီး၊ မည်သူသည် ဘုရားသခင်အား အမှန်တကယ် မယုံကြည်ခဲ့သည်ကို သင်မြင်နိုင်ပေသည်။ ၎င်းတို့ထဲမှ တစ်ဦးသည် ဘုရားသခင်အား အမှန်တကယ် ချစ်ခဲ့ပြီး၊ အခြားတစ်ယောက်သည် ဘုရားသခင်ကို အမှန်တကယ် မချစ်ခဲ့ပေ။ တစ်ဦးသည် သူ၏ စိတ်သဘောထား၌ ပြောင်းလဲမှုများ ကြုံခဲ့ရပြီး၊ အခြားတစ်ဦးက မကြုံခဲ့ရပေ။ တစ်ဦးသည် နှိမ့်ချစွာ အစေခံခဲ့ပြီး လူများက လွယ်ကူစွာ သတိမပြုမိခဲ့သကဲ့သို့ အခြားတစ်ဦးသည် လူများ၏ ကိုးကွယ်ခြင်း ခံခဲ့ရကာ ကြီးမြတ်သည့် ပုံရိပ်ရှိခဲ့သည်။ တစ်ဦးသည် သန့်ရှင်းခြင်းကို ရှာဖွေခဲ့ပြီး၊ အခြားတစ်ဦးကမူ မရှာဖွေခဲ့သကဲ့သို့ သူသည် မစင်ကြယ်သောသူ မဟုတ်ခဲ့သော်လည်း၊ သူသည် စင်ကြယ်သော ချစ်ခြင်းကို မပိုင်ဆိုင်ခဲ့ပေ။ တစ်ဦးသည် စစ်မှန်သော လူ့သဘာဝကို ပိုင်ဆိုင်ခဲ့ပြီး၊ အခြားတစ်ဦးသည် မပိုင်ဆိုင်ခဲ့။ တစ်ဦးသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ အသိစိတ် ပိုင်ဆိုင်ပြီး၊ အခြားတစ်ဦးက မပိုင်ဆိုင်ခဲ့ပေ။ ယင်းတို့မှာ ပေတရုနှင့် ပေါလုတို့၏ အနှစ်သာရများထဲရှိ ကွဲပြားခြားနားချက်များ ဖြစ်သည်။ ပေတရု လျှောက်ခဲ့သော လမ်းကြောင်းသည် အောင်မြင်မှု၏ လမ်းကြောင်း ဖြစ်သည်၊ ယင်းသည် ပုံမှန်လူ့သဘာဝနှင့် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါ တစ်ဦး၏ တာဝန်တို့ကို ပြန်ရရှိခြင်းအား စွမ်းဆောင်ရရှိခြင်း လမ်းကြောင်းလည်း ဖြစ်သည်။ ပေတရုသည် အောင်မြင်သော သူအားလုံးကို ကိုယ်စားပြုသည်။ ပေါလု လျှောက်ခဲ့သော လမ်းကြောင်းသည် ရှုံးနိမ့်မှု လမ်းကြောင်းဖြစ်ပြီး၊ သူသည် မိမိကိုယ်ကိုယ် အပေါ်ယံ ကျိုးနွံနာခံပြီး အသုံးခံသော သူအားလုံးကို ကိုယ်စားပြုကာ၊ ဘုရားသခင်ကို စစ်မှန်ရိုးသားစွာ မချစ်ပေ။ ပေါလုသည် သမ္မာတရားအား ပိုင်ဆိုင်ခြင်းမရှိသော သူအားလုံးကို ကိုယ်စားပြုသည်။ သူ၏ ဘုရားသခင်ကို ယုံကြည်ခြင်းတွင်၊ ပေတရုသည် အရာရာ၌ ဘုရားသခင်ကို ကျေနပ်စေရန် ကြိုးစားခဲ့ပြီး၊ ဘုရားသခင်ထံမှလာသော အရာအားလုံးကို နာခံရန် ကြိုးစားခဲ့သည်။ စိုးစဉ်းမျှ စောဒကတက်ခြင်း မရှိဘဲ၊ သူသည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းအပြင်၊ စစ်ဆေးခြင်း၊ အတိဒုက္ခနှင့် သူ့အသက်တာတွင် ချို့တဲ့မှုများဖြင့် အသက်ရှင်ခြင်းတို့ကို လက်ခံနိုင်ခဲ့သည်၊ ယင်းတို့အထဲမှ မည်သည့်အရာကမျှ သူ၏ ဘုရားသခင်အား ချစ်ခြင်းအား မပြောင်းလဲနိုင်ခဲ့ပေ။ ဤသည်မှာ ဘုရားသခင်ကို အဆုံးစွန် ချစ်ခြင်း မဟုတ်လော။ ဤသည်မှာ ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါတစ်ဦးနှင့်ဆိုင်သည့် တာဝန်ကို ဖြည့်ဆည်းခြင်း မဟုတ်လော။ ပြစ်တင်ဆုံးမခြင်း၌ဖြစ်စေ၊ တရားစီရင်ခြင်း၌ ဖြစ်စေ၊ သို့မဟုတ် အတိဒုက္ခ၌ ဖြစ်စေ၊

သင်သည် သေသည်အထိ နာခံခြင်းကို စွမ်းဆောင်ရရှိနိုင်စွမ်း ရှိပြီး၊ ဤသည်မှာ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးက စွမ်းဆောင်ရရှိသင့်သည့် အရာဖြစ်သည်၊ ဤသည်မှာ ဘုရားသခင်ကို ချစ်ခြင်း၏ စင်ကြယ်မှု ဖြစ်သည်။ အကယ်၍ လူသည် ဤမျှ စွမ်းဆောင် ရရှိနိုင်ပါက၊ သူသည် ဘုရားသခင်၏ အရည်အချင်းပြည့်မီသော ဖန်ဆင်းခံသတ္တဝါတစ်ဦး ဖြစ်ပြီး၊ ဖန်ဆင်းရှင်၏ စိတ်ဆန္ဒကို ဤအရာထက် သာ၍ကျေနပ်စေသည့်အရာ မည်သည့်အရာမျှမရှိချေ။ သင်သည် ဘုရားသခင်အတွက် အလုပ်လုပ်နိုင်သော်လည်း၊ ဘုရားသခင်ကို မနာခံသကဲ့သို့ ဘုရားသခင်အား အမှန်တကယ် ချစ်နိုင်စွမ်းမရှိဟု စိတ်ကူးကြည့်လော့။ ဤနည်းဖြင့် သင်သည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန်ကို မဖြည့်ဆည်းမည် သာမက၊ သင်သည် သမ္မာတရားကို မပိုင်ဆိုင်သူ၊ ဘုရားသခင်ကို နာခံနိုင်စွမ်း မရှိသကဲ့သို့၊ ဘုရားသခင်ကို မနာခံသောသူတစ်ဦး ဖြစ်သည့်အတွက်၊ ဘုရားသခင်၏ ပြစ်တင်ရှုတ်ချခြင်းကိုလည်း သင် ခံရမည် ဖြစ်သည်။ ဘုရားသခင်အတွက် အလုပ်လုပ်ရန်သာ သင် အရေးစိုက်ပြီး၊ သမ္မာတရားအား လက်တွေ့လုပ်ဆောင်ခြင်း သို့မဟုတ် မိမိကိုယ်ကိုယ် သိရှိခြင်းကို အရေးမစိုက်ပေ။ သင်သည် ဖန်ဆင်းရှင်ကို နားမလည် သို့မဟုတ် မသိသကဲ့သို့၊ ဖန်ဆင်းရှင်ကို မနာခံ သို့မဟုတ် မချစ်ပေ။ သင်သည် ဘုရားသခင်အား မွေးရာပါ မနာခံသူတစ်ဦး ဖြစ်သည်၊ ထို့ကြောင့် ထိုသို့သော လူများသည် ဖန်ဆင်းရှင်၏ နှစ်သက်မြတ်နိုးခြင်းကို မခံရပေ။

လူအချို့က "ပေါလုသည် ကြီးမားသော အလုပ် ပမာဏကို လုပ်ဆောင်ခဲ့ပြီး၊ သူသည် အသင်းတော်များအတွက် ကြီးစွာသော ဝန်ထုပ်များကို ထမ်းရွက်ခဲ့ကာ ၎င်းတို့အဖို့ အလွန်များစွာ ပံ့ပိုးခဲ့သည်။ ပေါလု၏ ဩဝါဒစာ ဆယ့်သုံးစောင်ကို ကျေးဇူးတော်ခေတ်၏ နှစ်ပေါင်း ၂၀၀၀ ကြာ ထိန်းသိမ်းခဲ့ကြပြီး၊ ခရစ်ဝင်ကျမ်း လေးကျမ်းနောက် ဒုတိယနေရာတွင် ရှိလေသည်။ သူနှင့် မည်သူ နှိုင်းယှဉ်နိုင်မည်နည်း။ ယောဟန်၏ ဗျာဒိတ်ကျမ်းကို မည်သူကမျှ ဖတ်ရှု၍ အဓိပ္ပာယ် မဖော်နိုင်ပေ၊ သို့သော် ပေါလု၏ ဩဝါဒ စာစောင်များကမူ အသက်တာကို ထောက်ပံ့ပေးပြီး၊ သူ လုပ်ဆောင်ခဲ့သည့် အလုပ်သည် အသင်းတော်များအဖို့ အကျိုးပြုခဲ့သည်။ ထိုသို့သော အရာများကို အခြားမည်သူက စွမ်းဆောင်ရရှိနိုင်မည်နည်း။ ပြီးလျှင် ပေတရုသည် မည်သည့်အလုပ်ကို လုပ်ဆောင်ခဲ့သနည်း။" ဟူ၍ ပြောကြသည်။ လူက အခြားသူများကို တိုင်းတာသည့်အခါ၊ ၎င်းတို့၏ ပံ့ပိုးမှုများနှင့်အညီ ထိုသို့ လုပ်ဆောင်လေသည်။ ဘုရားသခင်က လူကို အကဲဖြတ်သည့်အခါ၊ လူသား၏ သဘာဝနှင့်အညီ ထိုသို့ လုပ်ဆောင်ပေသည်။ အသက်ကို ဖွေရှာသော သူများအလယ်တွင်၊ ပေါလုသည် မိမိ၏ ကိုယ်ပိုင် အနှစ်သာရကို မသိသောသူတစ်ဦး ဖြစ်သည်။ သူသည် လုံးဝ မနှိမ့်ချခဲ့ သို့မဟုတ်

မနာခံခဲ့သကဲ့သို့၊ ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် သူ၏ အနှစ်သာရကိုလည်း မသိခဲ့ချေ။ ထို့ကြောင့် သူသည် အသေးစိတ်ကျသော အတွေ့အကြုံများကို မကြုံခဲ့ရသောသူဖြစ်ပြီး၊ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်ခဲ့သော သူတစ်ဦးလည်း ဖြစ်ခဲ့သည်။ ပေတရုမှာမူ ကွဲပြားခြားနားခဲ့၏။ သူသည် သူ၏ မပြည့်စုံမှုများ၊ အားနည်းချက်များနှင့် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါ တစ်ဦးအနေနှင့် သူ၏ ဖောက်ပြန်ပျက်စီးနေသော စိတ်သဘောထားကို သိခဲ့သည်၊ ထို့ကြောင့် သူ၏ စိတ်သဘောထားကို ပြောင်းလဲရန် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းတစ်ခု သူ ရှိခဲ့သည်။ သူသည် အယူဝါဒသာ ရှိသော်လည်း၊ လက်တွေ့အရှိတရား မပိုင်ဆိုင်သော သူများထဲမှ တစ်ဦး မဟုတ်ခဲ့ချေ။ ပြောင်းလဲသော သူတို့သည် ကယ်တင်ခြင်းခံရပြီးဖြစ်သည့် လူသစ်များ ဖြစ်ကြသည်၊ ၎င်းတို့သည် သမ္မာတရားအား လိုက်စားခြင်း၌ အရည်အချင်း ပြည့်မီကြသူများ ဖြစ်ကြသည်။ မပြောင်းလဲသော လူတို့သည် အလိုအလျောက် ခေတ်နောက်ကျသွားသော သူများနှင့် သက်ဆိုင်သည်။ ၎င်းတို့သည် ကယ်တင်ခြင်း မခံရသေးသော သူများ ဖြစ်ကြသည်၊ ဆိုလိုသည်မှာ ဘုရားသခင်၏ စက်ဆုပ်ရွံရှာခြင်းနှင့် ငြင်းပယ်ခြင်းခံရသော သူများ ဖြစ်ကြပေသည်။ ၎င်းတို့၏ အလုပ်သည် မည်မျှကြီးမြတ်သည် ဖြစ်ပါစေ၊ ဘုရားသခင်၏ အောက်မေ့ခြင်းကို ခံရလိမ့်မည် မဟုတ်။ ဤအရာကို သင်၏ ကိုယ်ပိုင် လိုက်စားခြင်းနှင့် နှိုင်းယှဉ်သောအခါတွင်၊ နောက်ဆုံးတွင် သင်သည် ပေတရု သို့မဟုတ် ပေါလုကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သည်၊ မဖြစ်သည်မှာ ပကတိရှင်းနေပြီးသား ဖြစ်သင့်သည်။ သင်ဖွေရှာသော အရာတွင် သမ္မာတရား မရှိသေးပါက၊ ပြီးလျှင် ယနေ့တွင်ပင်လျှင် သင်သည် ပေါလုကဲ့သို့ မာနထောင်လွှားပြီး ပမာမခန့် ဖြစ်နေဆဲဖြစ်ကာ၊ သူကဲ့သို့ ရွှန်းရွှန်းဝေအောင် ပြောတတ်ပြီး ဝါကြွားဆဲဖြစ်ပါက၊ သင်သည် ရှုံးနိမ့်သည့် အကျင့်ဆုတ်ယုတ်သူ တစ်ယောက် ဖြစ်သည်မှာ ယုံမှားဖွယ်မရှိပေ။ သင်သည် ပေတရုကဲ့သို့ ကြိုးစားပါက၊ သင်သည် လက်တွေ့လုပ်ဆောင်မှုများနှင့် စစ်မှန်သည့် ပြောင်းလဲခြင်းများကို ရှာဖွေပြီး၊ မာနမထောင်လွှားဘဲ သို့မဟုတ် တစ်ဇွတ်ထိုး မလုပ်ဘဲ၊ သင်၏ တာဝန်ကို ထမ်းဆောင်ရန် ကြိုးစားပါက၊ သင်သည် အောင်နိုင်ခြင်းကို စွမ်းဆောင်ရရှိနိုင်သည့် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး ဖြစ်ပေလိမ့်မည်။ ပေါလုသည် မိမိကိုယ်တိုင်၏ မနာခံခြင်းကို သိရန် မဆိုထားနှင့်၊ မိမိ ကိုယ်တိုင်၏ အနှစ်သာရ သို့မဟုတ် ဖောက်ပြန်ပျက်စီးခြင်းကို မသိခဲ့ချေ။ သူသည် ခရစ်တော်နှင့် သက်ဆိုင်သည့် သူ၏ စက်ဆုပ်ဖွယ် အာခံမှုကို မဖော်ပြခဲ့သကဲ့သို့၊ သူသည် လွန်ကဲစွာ နောင်တရခြင်းလည်း မရှိခဲ့ပေ။ အကျဉ်းရုံး ရှင်းပြချက်တစ်ခုကိုသာ သူပေးခဲ့ပြီး၊ သူ၏ စိတ်နှလုံးသားထဲတွင် ဘုရားသခင်ကို

လုံးဝ ကျိုးနွံနာခံခြင်း မရှိခဲ့ပေ။ သူသည် ဒမာသက်မြို့သို့ သွားရာလမ်းတွင် လဲကျခဲ့သော်လည်း၊ သူသည် မိမိ၏စိတ်တွင်း ကို မဆန်းစစ်ခဲ့ချေ။ သူသည် အလုပ်လုပ်မြဲ လုပ်နေရရုံမျှနှင့် ရောင့်ရဲခဲ့ပြီး၊ မိမိကိုယ်ကိုယ် သိခြင်းနှင့် သူ၏ စိတ်သဘောထားဟောင်းအား ပြောင်းလဲခြင်းတို့ကို အရေးပါဆုံးသော ကိစ္စရပ်များအဖြစ် သူ မမှတ်ယူခဲ့ချေ။ သမ္မာတရားအား ပြောဆိုခြင်းမျှဖြင့်၊ သူ၏ ကိုယ်ပိုင် ဩတ္တပ္ပစိတ်အတွက် အခြားသူများကို ကျွန်တစ်ဦးသဖွယ် ထောက်ပံ့ပေးခြင်းမျှဖြင့်၊ သူ့ကိုယ်သူ ဖြေသိမ့်ရန်နှင့် အတိတ်မှ သူ၏ အပြစ်များကို မိမိဘာသာ ဖြေလွှတ်ရန် ခရစ်တော်၏ နောက်လိုက်များအား နှိပ်စက်ညှဉ်းပန်းမှု မပြုတော့ခြင်းမျှဖြင့် သူသည် ကျေနပ်နေခဲ့သည်။ သူ လိုက်စားခဲ့သော ပန်းတိုင်သည် အနာဂတ် သရဖူနှင့် အချိန်ပိုင်းမျှသာခံသော အလုပ်ထက် ဘာမျှမပိုပေ၊ သူ လိုက်စားခဲ့သော ပန်းတိုင်သည် ကြွယ်ဝသော ကျေးဇူးတော် ဖြစ်သည်။ သူသည် လုံလောက်သော သမ္မာတရားကို မဖွေရှာခဲ့သကဲ့သို့၊ ယခင်က သူနားမလည်ခဲ့သော သမ္မာတရားထဲသို့လည်း သာ၍ နက်ရှိုင်းစွာ တိုးတက်ရန် မကြိုးစားခဲ့ချေ။ ထို့ကြောင့် မိမိကိုယ်တိုင်နှင့် ပတ်သက်သည့် သူ၏ အသိပညာသည် မှားယွင်းသည်ဟု ပြော၍ရပြီး၊ သူသည် ပြစ်တင်ဆုံးမခြင်း သို့မဟုတ် တရားစီရင်ခြင်းကို လက်မခံခဲ့ချေ။ သူ အလုပ်လုပ်နိုင်ခဲ့သည်မှာ သူသည် မိမိကိုယ်တိုင်၏ သဘာဝ သို့မဟုတ် အနှစ်သာရနှင့် ပတ်သက်၍ အသိပညာကို ပိုင်ဆိုင်ထားသည်ဟု မဆိုလိုပေ။ သူ၏ အာရုံစိုက်မှုမှာ အပြင်ပန်း လက်တွေ့လုပ်ဆောင်မှုများသာ ဖြစ်ခဲ့သည်။ ထို့အပြင် သူကြိုးပမ်းခဲ့သည့်အရာမှာ ပြောင်းလဲမှု မဟုတ်ဘဲ အသိပညာ ဖြစ်ခဲ့သည်။ သူ၏ အလုပ်သည် ဒမာသက်သို့ သွားရာလမ်းပေါ်တွင် ယေရှု၏ ပေါ်ထွန်းခြင်း ရလဒ် လုံးလုံးဖြစ်ခဲ့သည်။ ယင်းမှာ သူသည် မူလက လုပ်ဆောင်ရန် စိတ်ဆုံးဖြတ်ခဲ့သည့်အရာ မဟုတ်သကဲ့သို့၊ ယင်းမှာ သူ၏ စိတ်သဘောထားဟောင်းကို ပြုပြင်ခြင်းအား လက်ခံပြီးသည့်နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အလုပ်လည်း မဟုတ်ခဲ့ချေ။ သူသည် မည်သို့ အလုပ်လုပ်ခဲ့သည် ဖြစ်စေ၊ သူ၏ ဟောင်းသော စိတ်သဘောထားသည် မပြောင်းလဲခဲ့ချေ၊ ထို့ကြောင့် သူ၏ အလုပ်သည် သူ၏အတိတ်က အပြစ်များကို မဖြေလွှတ်ခဲ့ဘဲ၊ ထိုအချိန်က အသင်းတော်များအလယ် အချို့သော အခန်းကဏ္ဍ၌ လုပ်ဆောင်ခဲ့ရုံမျှ ဖြစ်ခဲ့သည်။ ဤကဲ့သို့သော မိမိ၏ စိတ်သဘောထားဟောင်းကို ပြောင်းလဲခြင်း မရှိသည့် လူတစ်ယောက်အနေနှင့် ဆိုလိုသည်မှာ၊ ကယ်တင်ခြင်းအား မရရှိခဲ့သကဲ့သို့ သာ၍ပင် သမ္မာတရား မရှိသောသူတစ်ဦးအနေဖြင့် သူသည် သခင်ယေရှုက လက်ခံသော သူများထဲမှ တစ်ဦး ဖြစ်လာနိုင်စွမ်း လုံးဝ မရှိခဲ့ပေ။ သူသည် ယေရှုခရစ်တော်အား ချစ်ခြင်းနှင့် ရိုသေလေးမြတ်မှုတို့ဖြင့် ပြည့်သည့် လူတစ်ဦး မဟုတ်ခဲ့သကဲ့သို့၊ သူသည် လူ့ဇာတိခံယူခြင်း၏

နက်နဲမှုကို ရှာဖွေခဲ့သူတစ်ဦး ဖြစ်ဖို့မဆိုထားနှင့်၊ သမ္မာတရားအား ဖွေရှာရာ၌ ကျွမ်းကျင်သော သူတစ်ဦးလည်း မဟုတ်ခဲ့ပေ။ သူသည် တစ်ပတ်ရိုက်ခြင်းတွင် ကျွမ်းကျင်သော သူတစ်ယောက်မျှ ဖြစ်ခဲ့ပြီး မိမိထက် မြင့်သောသူများ သို့မဟုတ် သမ္မာတရားကို ပိုင်ဆိုင်သော သူများကို အလျှော့မပေးမည့်သူ သူတစ်ယောက်မျှ ဖြစ်ခဲ့ပေသည်။ ဆုကျေးဇူးခံစားရသော ထိုသူများနှင့် ကြီးမြတ်သော ပုံရိပ်ကို ကိုယ်စားပြုပြီး သိမ်မွေ့နက်နဲသည့် အသိပညာကို ပိုင်ဆိုင်ထားကြသည့် သူများကို သာ၍ နှစ်သက်ရင်း၊ သူနှင့် ဆန့်ကျင်သော လူများ သို့မဟုတ် သမ္မာတရားများ သို့မဟုတ် သူ့ကို ရန်လိုသော သူများကို သူသည် မနာလိုဝန်တိုခဲ့သည်။ သူသည် မှန်သော လမ်းခရီးကို ရှာဖွေပြီး၊ သမ္မာတရားမှလွဲ၍ မည်သည့် အရာကိုမျှ အရေးမစိုက်သည့် ညံ့ဖျင်းသော လူများနှင့် ထိတွေ့ဆက်ဆံခြင်းကို သူ မနှစ်သက်သကဲ့သို့၊ ထိုအစား အယူဝါဒများကိုသာ ပြောဆိုကြပြီး၊ ကြွယ်ဝသော အသိပညာကို ပိုင်ဆိုင်ထားကြသည့် ဘာသာရေး အဖွဲ့အစည်းများမှ အဆင့်မြင့်သည့် ပုဂ္ဂိုလ်များကိုသာ စိတ်ဝင်စားခဲ့လေသည်။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်သောအလုပ်ကို ချစ်ခြင်း မရှိသကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်သော အလုပ်၏ လှုပ်ရှားမှုကိုလည်း အရေးမစိုက်ခဲ့ပေ။ ထိုအစား သူသည် ယေဘုယျ အမှန်တရားများထက် သာ၍ မြင့်သော ထိုစည်းမျဉ်းများနှင့် အယူဝါဒများကိုသာ ထောက်ခံခဲ့သည်။ သူ၏ သူတော်ကောင်း ယောင်ဆောင်ခြင်းသည် အလွန်များလှပြီး၊ သူ၏ မနာခံမှုသည် အလွန် ကြီးမားလှသည့်အတွက်၊ သူ၏ မွေးရာပါ အနှစ်သာရနှင့် သူ ရှာဖွေခဲ့သည့် အရာ၏အလုံးစုံတွင်၊ သူသည် ဘုရားသခင်၏ အိမ်တော်ရှိ သစ္စာရှိသော အစေခံတစ်ဦးဟု ခေါ်ဆိုခြင်း ခံရရန် မဆိုထားနှင့်၊ သမ္မာတရားအား အားထုတ်သော ခရစ်ယာန် တစ်ယောက်ဟု ခေါ်ဆိုခံရခြင်းပင် မထိုက်တန်ပေ။ သူ့ကို သခင်ယေရှု၏ အစေခံသူတစ်ဦးအဖြစ် သိထားကြသော်ငြားလည်း၊ အစမှ အဆုံးတိုင် သူ၏ လုပ်ရပ်များသည် ဖြောင့်မတ်သည်ဟု ခေါ်ဆို၍ မရသည့်အတွက်၊ သူသည် ကောင်းကင်နိုင်ငံတော်၏ တံခါးဝကို ဝင်ရောက်ရန် လုံးဝ မသင့်တော်ခဲ့ပေ။ သူ့ကို သူတော်ကောင်း ယောင်ဆောင်ခဲ့ပြီး မဖြောင့်မတ်မှု ပြုခဲ့ပြီး ခရစ်တော်အတွက် အလုပ်လုပ်ခဲ့သူ တစ်ဦးအဖြစ်မျှသာ မြင်၍ ရနိုင်ပေသည်။ သူ့ကို ဆိုးယုတ်သည်ဟု ခေါ်ဆို၍ မရသော်ငြားလည်း၊ မဖြောင့်မတ်မှုကို ပြုခဲ့သော လူတစ်ဦးဟု အလိုက်အထိုက်အားဖြင့် ခေါ်၍ ရသည်။ သူသည် များစွာသော အလုပ်ကို လုပ်ဆောင်ခဲ့သော်လည်း၊ သူလုပ်ဆောင်ခဲ့သည့် အလုပ်ပမာဏ အပေါ်တွင် သူ့ကို အကဲဖြတ်ရမည် မဟုတ်ဘဲ၊ ယင်း၏ အရည်အသွေးနှင့် အနှစ်သာရအပေါ်တွင်သာ အကဲဖြတ်ရမည် ဖြစ်သည်။ ဤနည်းလမ်းအားဖြင့်သာ ဤကိစ္စရပ်၏ အကြောင်းရင်းမှန်ကို

စူးစမ်းဖော်ထုတ်ရန် ဖြစ်နိုင်မည် ဖြစ်သည်။ သူ အမြဲ ယုံကြည်ခဲ့သည်မှာ- "ငါသည် အလုပ်လုပ်နိုင်စွမ်း ရှိသည်၊ ငါသည် လူအများစုထက် သာလွန်သည်။ ကြီးစွာသော အလင်းသည် ငါ့အပေါ် ထွန်းလင်းခဲ့ပြီး၊ ငါသည် ကြီးစွာသော အလင်းကို မြင်ခဲ့ရသည့်အတွက်၊ ငါသည် မည်သူနှင့်မျှမတူပဲ သခင်၏ ဝန်ထုပ်ကို ထောက်ထားညှာတာပြီး၊ မည်သူမျှ ငါ့လောက် နက်ရှိုင်းစွာ နောင်တရခြင်းမရှိပေ၊ ထို့ကြောင့် ငါ၏ နောင်တသည် အခြားမည်သူမဆိုထက် သာ၍ နက်ရှိုင်းသည်။" ဟူ၍ ဖြစ်သည်။ ထိုအချိန်တွင် ဤသည်မှာ သူ၏ စိတ်နှလုံးအတွင်း တွေးခဲ့သောအရာ ဖြစ်သည်။ သူ့အလုပ်၏ အဆုံးတွင် ပေါလုက "တိုက်လှန်ခြင်းကို ငါပြုပြီ၊ ပြေးရသောလမ်းကို အဆုံးတိုင်အောင် ပြေးပြီ၊ ဓမ္မသရဖူသည် ငါ့အဘို့ သိုထားလျက်ရှိ၏။" ဟု ပြောခဲ့သည်။ သူ၏ တိုက်လှန်ခြင်း၊ အလုပ်နှင့် လမ်းကြောင်းသည် ဓမ္မသရဖူအတွက် လုံးဝ ဖြစ်ခဲ့ပြီး၊ သူသည် တက်ကြွစွာ တစ်ဟုန်ထိုးမလုပ်ဆောင်ခဲ့ချေ။ သူသည် သူ၏အလုပ်တွင် ဝတ်ကျေတမ်းကျေ မဟုတ်ခဲ့သော်ငြားလည်း၊ သူ၏ အလုပ်သည် သူ၏ အမှားများကို ထေမိစေရန်အလို့ငှာ၊ သူ၏ သြတ္တပ္ပစိတ်၏ စွပ်စွဲချက်များကို ထေမိစေရန်အလို့ငှာမျှသာ ဖြစ်ခဲ့သည်။ သူတောင့်တသည့် ဓမ္မသရဖူအား သာ၍ မြန်ဆန်စွာ ရရှိနိုင်ရန်အလို့ငှာ၊ သူသည် သူ၏ အလုပ်ကို ပြည့်စုံစေရန်၊ သူ၏ပြေးရသောလမ်းကို အဆုံးတိုင် ပြေးရန်နှင့် သူ၏ တိုက်လှန်ခြင်းကို ဖြစ်နိုင်သမျှ မြန်မြန် ပြုရန်သာ သူ မျှော်လင့်ခဲ့သည်။
သူတောင့်တခဲ့သည့်အရာမှာ သူ၏ အတွေ့အကြုံများနှင့် စစ်မှန်သော အသိပညာဖြင့် သခင်ယေရှုအား တွေ့ဆုံရန် မဟုတ်ခဲ့ဘဲ၊ သူသည် သခင်ယေရှုနှင့် ဆုံတွေ့သောအခါ သူ၏အလုပ်က ကြိုးပမ်းရရှိခဲ့သော ဆုလာဘ်များကို လက်ခံ ရယူရန်အလို့ငှာ၊ သူ၏ အလုပ်ကို ဖြစ်နိုင်သမျှ မြန်မြန် ပြီးစီးရန်သာ ဖြစ်ခဲ့သည်။ သူသည် မိမိကိုယ်ကိုယ် နှစ်သိမ့်ရန်၊ အနာဂတ်သရဖူနှင့် အလဲအလှယ်လုပ်ရာတွင် ညှိနှိုင်းရန် သူ၏ အလုပ်ကို အသုံးချခဲ့သည်။ သူဖွေရှာခဲ့သောအရာမှာ သမ္မာတရား သို့မဟုတ် ဘုရားသခင် မဟုတ်ခဲ့ဘဲ၊ သရဖူကိုသာ ဖြစ်ခဲ့သည်။ ထိုသို့သော လိုက်စားခြင်းသည် အဘယ်သို့ စံချိန်မီနိုင်မည်နည်း။ သူ၏ ကြံရွယ်ချက်၊ သူ၏ အလုပ်၊ သူပေးဆပ်ခဲ့သော အဖိုးအခနှင့် သူ၏ ကြိုးထုတ်မှု အားလုံး သူ၏ အံ့ဖွယ် စိတ်ကူးယဉ်မှုများသည် အားလုံးကို ပျံ့နှံ့သွားခဲ့ပြီး၊ သူသည် သူကိုယ်တိုင်၏ စိတ်ဆန္ဒများအတိုင်း လုံးလုံးလျားလျား အလုပ်လုပ်ခဲ့လေသည်။ သူ၏ အလုပ်တစ်ခုလုံးတွင်၊ သူပေးဆပ်ခဲ့သော အဖိုးအခ၌ လိုလိုလားလားရှိခြင်း စိုးစဉ်းမျှ မရှိခဲ့ပေ။ သူသည် အပေးအယူလုပ်ခြင်းတွင် ပါဝင်ပတ်သက်ရုံမျှ ပတ်သက်ခဲ့သည်။ အားထုတ်မှုများကို သူ၏ တာဝန်အား ဆောင်ရွက်ရန်အလို့ငှာ လိုလိုလားလား ပြုလုပ်ခဲ့သည် မဟုတ်ဘဲ၊ အပေးအယူ၏ ရည်မှန်းချက်ကို အောင်မြင်ရရှိနိုင်ရန်အလို့ငှာ လိုလိုလားလား ပြုလုပ်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုသို့သော ကြိုးထုတ်မှုများသည် ထိုက်တန်ခြင်းတစ်ခုတလေ ရှိပါသလော။ သူ၏ မဖြူစင်သော အားထုတ်မှုများကို မည်သူက ချီးကျူးမည်နည်း။ ထိုသို့သော အားထုတ်မှုများတွင် စိတ်ဝင်စားမှုတစ်ခုတလေ မည်သူ ရှိပါသနည်း။ သူ၏ အလုပ်သည် အနာဂတ်အတွက် အိပ်မက်များနှင့် ပြည့်သည်၊ အံ့ဖွယ်အစီအစဉ်များနှင့် ပြည့်နေပြီး၊ လူသား၏ စိတ်သဘောထားကို ပြောင်းလဲပေးရန် လမ်းကြောင်း မပါရှိခဲ့ချေ။ ထို့ကြောင့် သူ၏ စေတနာအများစုမှာ ဟန်ဆောင်ခြင်းတစ်ခု ဖြစ်ခဲ့သည်။ သူ၏ အလုပ်သည် အသက်ကို ထောက်ပံ့မပေးခဲ့ဘဲ၊ ရည်မွန်မှု အတုအယောင် တစ်ခုသာ ဖြစ်ခဲ့သည်။ ယင်းသည် အပေးအယူ ပြုလုပ်ခြင်း ဖြစ်ခဲ့သည်။ ဤကဲ့သို့သော အလုပ်သည် အဘယ်သို့ လူကို သူ၏ နဂိုမူလ တာဝန်အား ပြန်လည်ရရှိခြင်း လမ်းကြောင်းဆီသို့ ဦးဆောင်နိုင်မည်နည်း။

ပေတရု ဖွေရှာခဲ့သည့် အရာအားလုံးမှာ ဘုရားသခင်၏ နှလုံးသားနှင့် ညီညွတ်ခဲ့သည်။ သူသည် ဘုရားသခင်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းရန် ကြိုးပမ်းခဲ့ပြီး၊ ဆင်းရဲဒုက္ခနှင့် အခက်အခဲတို့ကို ပဓာနမထားဘဲ၊ သူသည် ဘုရားသခင်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းရန် လိုလားနေဆဲ ဖြစ်ခဲ့သည်။ ဘုရားသခင်၌ ယုံကြည်သူတစ်ယောက်အားဖြင့် သာ၍ ကြီးမြတ်သော လိုက်စားခြင်း မရှိချေ။ ပေါလု ဖွေရှာခဲ့သည့်အရာမှာ သူ၏ ဇာတိပကတိ၊ သူကိုယ်တိုင်၏ အယူအဆများ၊ သူကိုယ်တိုင်၏ အစီအစဉ်များနှင့် အကြံအစည်များဖြင့် စွန်းထင်းခဲ့သည်။ သူသည် ဘုရားသခင်၏ အရည်အချင်းပြည့်မီသော ဖန်ဆင်းခံ သတ္တဝါတစ်ဦး လုံးဝ မဟုတ်ခဲ့ပေ၊ ဘုရားသခင်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းရန် ကြိုးစားသောတစ်ဦး မဟုတ်ခဲ့ချေ။ ပေတရုသည် ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုများကို ကျိုးနွံနာခံရန် ကြိုးစားခဲ့ပြီး၊ သူ လုပ်ဆောင်ခဲ့သော အလုပ်သည် မကြီးမားခဲ့သော်လည်း၊ သူ၏ လိုက်စားခြင်း နောက်ကွယ်ရှိ ကြံရွယ်ချက်နှင့် သူလျှောက်ခဲ့သော လမ်းကြောင်းတို့ မှန်ကန်ခဲ့ပေသည်။ သူသည် လူများစွာကို မရရှိနိုင်ခဲ့သော်ငြားလည်း၊ သူသည် သမ္မာတရား၏ လမ်းခရီးကို လိုက်စားနိုင်ခဲ့သည်။ ဤအရာကြောင့် သူသည် ဘုရားသခင်၏ အရည်အချင်းပြည့်မီသော ဖန်ဆင်းခံ သတ္တဝါတစ်ဦးဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ယနေ့ခေတ်တွင် သင်သည် အမှုတော်ဆောင်တစ်ဦး မဟုတ် လျှင်ပင်၊ သင်သည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန်ကို ထမ်းဆောင်နိုင်သင့်ပြီး၊ ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုများ အားလုံးကို ကျိုးနွံနာခံရန် ကြိုးစားနိုင်သင့်ပေသည်။ ဘုရားသခင် မည်သည့်အရာကို ပြောသည်ဖြစ်စေ သင်သည် နာခံနိုင်သင့်ပြီး၊ ဆင်းရဲဒုက္ခများနှင့် စစ်ဆေးခြင်း မျိုးစုံတို့ကို တွေ့ကြုံခံစားနိုင်သင့်သည်၊ ပြီးလျှင် သင်သည် အားနည်းသော်ငြားလည်း၊ သင်၏ စိတ်နှလုံးတွင် ဘုရားသခင်ကို သင် ချစ်နိုင်ဆဲ ဖြစ်သင့်ပေသည်။ မိမိတို့၏ ကိုယ်ပိုင် အသက်တာအတွက် တာဝန်ယူသော

သူများသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန်ကို ထမ်းဆောင်ရန် လိုလားနေကြပြီး၊ ထိုသို့သော လူများ၏ လိုက်စားခြင်းအပေါ် ရှုထောင့်အမြင်သည် မှန်ကန်သည့် ရှုထောင့်အမြင်တစ်ခု ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် လိုအပ်သော လူများ ဖြစ်သည်။ အကယ်၍ သင်သည် အလုပ်များစွာ လုပ်ဆောင်ကာ၊ အခြားသူများက သင်၏ သွန်သင်ချက်များကို ရယူနိုင်ကြသော်လည်း၊ သင်ကိုယ်၌က မပြောင်းလဲခဲ့သကဲ့သို့ မည်သည့် သက်သေမျှ မခံခဲ့ပါက၊ သို့မဟုတ် စစ်မှန်သော မည်သည့် အတွေ့အကြုံမျှ မရှိခဲ့သည်မှာ သင့်အသက်တာ၏ အဆုံးတွင်၊ သင်လုပ်ဆောင်ပြီးဖြစ်သည့်အရာများထဲမှ မည်သည့်အရာကမျှ သက်သေမခံပါက၊ သင်သည် ပြောင်းလဲပြီးသော သူတစ်ဦး ဖြစ်ပါသလော။ သင်သည် သမ္မာတရားကို လိုက်စားသောသူတစ်ဦး ဖြစ်ပါသလော။ ထိုအချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်ကို အသုံးပြုခဲ့သော်လည်း၊ သူသည် သင့်ကို အသုံးပြုသောအခါ၊ အလုပ်အဖို့ အသုံးပြုနိုင်သည့် အပိုင်းကိုသာ အသုံးပြုခဲ့ပြီး၊ အသုံးပြု၍ မရနိုင်မည့် အပိုင်းကို အသုံးမပြုခဲ့ချေ။ အကယ်၍ သင်သည် ပြောင်းလဲရန် ကြိုးစားခဲ့ပါက၊ သင်သည် အသုံးပြုခြင်းခံရသည့် ဖြစ်စဉ်အတောအတွင်းတွင် တဖြည်းဖြည်း စုံလင်စေခြင်း ခံရမည်ဖြစ်သည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် နောက်ဆုံးတွင် သင် ရယူခြင်းခံရမည်၊ မခံရမည် ဆိုသည်အတွက် တာဝန်မယူသကဲ့သို့၊ ဤသည်မှာ သင်၏ လိုက်စားခြင်း နည်းဟန်ပေါ်တွင် မူတည်ပေသည်။ သင်၏ ကိုယ်ပိုင် စိတ်သဘောထားတွင် မည်သည့် ပြောင်းလဲခြင်းမျှ မရှိပါက၊ ယင်းမှာ လိုက်ခြင်းအပေါ် သင်၏ ရှုထောင့်အမြင်သည် မှားယွင်းသောကြောင့် ဖြစ်သည်။ သင်သည် မည်သည့် ဆုလာဘ်မျှ အပ်နှင်းမခံရပါက၊ ယင်းမှာ သင်ကိုယ်တိုင်၏ ပြဿနာ ဖြစ်ပြီး၊ သင်ကိုယ်တိုင်သည် သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သကဲ့သို့ ဘုရားသခင်၏ စိတ်ဆန္ဒကို မဖြည့်ဆည်းနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်၏ ကိုယ်ပိုင် အတွေ့အကြုံများထက် မည်သည့်အရာကမျှ သာ၍ အရေးမကြီးသကဲ့သို့ သင်၏ ကိုယ်ပိုင် ဝင်ရောက်မှုထက် မည်သည့်အရာကမျှ သာ၍ အရေးမပါချေ။ အဆုံးတွင် အချို့သော လူများက၊ "အကျွန်ုပ်သည် ကိုယ်တော့်အတွက် အလွန် များလှစွာသော အလုပ်ကို လုပ်ဆောင်ပြီးဖြစ်ကာ၊ မည်သည့် ထင်ရှားသော စွမ်းဆောင်အောင်မြင်မှုတို့ ပြကောင်းပြနိုင်မည်မဟုတ်သော်လည်း၊ အကျွန်ုပ်သည် အကျွန်ုပ်၏ အားထုတ်မှုများတွင် လုံ့လရှိဆဲဖြစ်လေပြီ။ အသက်၏အသီးကို စားသုံးရန် ကောင်းကင်ဘုံထဲသို့ ကိုယ်တော်သည် အကျွန်ုပ်အား ဝင်ခွင့်သာပေး၍ မရသလော။" ဟူ၍ ပြောကြပေလိမ့်မည်။ မည်ကဲ့သို့သော လူမျိုးကို ငါ လိုချင်သည်ကို သင်သိရမည်။ မဖြူစင်သော သူများကို နိုင်ငံတော်အထဲသို့ ဝင်ရောက်ရန် အခွင့်မပြုထားပေ၊ မဖြူစင်သော

သူများကို သန့်ရှင်းသောမြေအား အသရေဖျက်စေရန် အခွင့်မပြုထားပေ။ သင်သည် အလွန်များသော အလုပ်ကို လုပ်ဆောင်ပြီးဖြစ်ကာ နှစ်ပေါင်းများစွာ အလုပ်လုပ်ပြီး ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ အဆုံး၌ သင်သည် မနှစ်မြို့ဖွယ်ရာ ညစ်ညူးနေဆဲ ဖြစ်ပါက၊ သင်သည် ငါ့နိုင်ငံတော်ထဲသို့ ဝင်ရောက်လိုသည်မှာ ကောင်းကင်ဘုံ၏ ဥပဒေသအဖို့ သည်းမခံနိုင်ဖွယ် ဖြစ်ပေလိမ့်မည်။ ကမ္ဘာလောကကို အုတ်မြစ်ချသည့် အချိန်မှသည် ယနေ့အထိ၊ ငါ့ကို မျက်နှာလို မျက်နှာရ ပြုကြသော ထိုသူများအား ငါ့နိုင်ငံတော်ထဲသို့ မည်သည့်အခါမျှ လွယ်ကူစွာ ဝင်ရောက်ခွင့် မပေးဖူးပေ။ ဤသည်မှာ ကောင်းကင်ဘုံဆိုင်ရာ စည်းမျဉ်း ဖြစ်ပြီး၊ မည်သူမျှ ချိုးဖောက်၍မရနိုင်။ သင်သည် အသက်အား ရှာဖွေရမည်။ ယနေ့ခေတ်တွင် ပြီးပြည့် စုံလင်စေခြင်း ခံရမည့် သူများသည် ပေတရုကဲ့သို့သော သူများ ဖြစ်ကြသည်။ ၎င်းတို့သည် မိမိတို့၏ ကိုယ်ပိုင် စိတ်သဘောထားတွင် ပြောင်းလဲမှုများကို ရှာဖွေသောသူများ ဖြစ်ကြပြီး၊ ဘုရားသခင်အား သက်သေခံရန်နှင့် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး အနေဖြင့် ၎င်းတို့၏ တာဝန်ကို ထမ်းဆောင်ရန် လိုလားနေကြသူများ ဖြစ်သည်။ ဤကဲ့သို့သော လူများသာ စုံလင်စေခြင်း ခံရပေလိမ့်မည်။ အကယ်၍ သင်သည် ဆုလာဘ်များကိုသာ မျှော်လင့်ပြီး၊ သင်၏ကိုယ်ပိုင် အသက်စိတ်သဘောထားကို ပြောင်းလဲရန် မကြိုးစားပါက၊ သင်၏ အားထုတ်မှု အားလုံးသည် အချည်းနှီး ဖြစ်သွားလိမ့်မည်၊ ဤသည်မှာ ပြောင်းလဲ၍ မရနိုင်သော သမ္မာတရားတစ်ခု ဖြစ်သည်။

ပေတရုနှင့် ပေါလုတို့၏ အနှစ်သာရများထဲက ကွဲပြားခြားနားမှုမှ အသက်အား မလိုက်စားသောသူများ အားလုံးသည် အချည်းနှီး အားထုတ်ကြသည်ကို သင် နားလည်သင့်သည်။ သင်သည် ဘုရားသခင်အား ယုံကြည်ပြီး ဘုရားသခင်နောက် လိုက်သည်၊ ထို့ကြောင့် သင်၏ စိတ်နှလုံးသားထဲတွင် သင်သည် ဘုရားသခင်အား ချစ်ရပေမည်။ သင်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို သင် ဘေးဖယ်ထားရမည်၊ ဘုရားသခင်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းရန် သင် ကြိုးစားရမည် ဖြစ်ပြီး၊ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါ တစ်ဦး၏ တာဝန်ကို သင် ထမ်းဆောင်ရပေမည်။ သင်သည် ဘုရားသခင်အား ယုံကြည်ကာ ဘုရားသခင် နောက်ကို လိုက်သည့်အတွက်၊ သင်သည် အရာရာကို သူ့ထံ ဆက်သသင့်ပြီး၊ ကိုယ်ပိုင် ရွေးချယ်မှုများ သို့မဟုတ် တောင်းဆိုမှုများ မပြုလုပ်သင့်သကဲ့သို့၊ ဘုရားသခင်၏ စိတ်ဆန္ဒအား ဖြည့်ဆည်းခြင်းကို သင် စွမ်းဆောင် ရရှိသင့်ပေသည်။ သင်သည် ဖန်ဆင်းခြင်း ခံခဲ့ရသည့်အတွက်၊ ပင်ကိုအားဖြင့် မိမိကိုယ်ကိုယ်အပေါ် အုပ်စိုးခြင်း မရှိသကဲ့သို့၊ မိမိ၏ ကိုယ်ပိုင် ကံကြမ္မာကို ထိန်းချုပ်နိုင်စွမ်း မရှိသည့်အတွက်၊ သင့်ကို ဖန်ဆင်းသည့် သခင်ကို သင်သည် နာခံသင့်ပေသည်။ သင်သည် ဘုရားသခင်အား ယုံကြည်သော လူတစ်ဦး

ဖြစ်သည့်အတွက်၊ သန့်ရှင်းခြင်းနှင့် ပြောင်းလဲခြင်းကို ဖွေရှာသင့်သည်။ သင်သည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး ဖြစ်သည့်အတွက်၊ သင်၏ တာဝန်ကို လိုက်နာစောင့်ထိန်းသင့်ပြီး၊ သင်၏ နေရာကို ထိန်းသိမ်းသင့်ကာ၊ သင်၏ တာဝန်ကို ဘောင်မကျော်သင့်ပေ။ ဤသည်မှာ သင့်အား ဘောင်ခတ်ရန်၊ သို့မဟုတ် သင့်ကို အယူဝါဒမှတစ်ဆင့် ချိုးနှိမ်ရန် မဟုတ်ဘဲ၊ ထိုအစား ဤသည်မှာ သင်၏ တာဝန်ကို သင် ထမ်းဆောင်နိုင်သည့် လမ်းကြောင်း ဖြစ်ပြီး၊ ယင်းကို ဖြောင့်မတ်ခြင်း ပြုသော သူအားလုံးက စွမ်းဆောင်ရရှိနိုင်သည် စွမ်းဆောင် ရရှိသင့်ပေသည်။ ပေတရုနှင့် ပေါလုတို့၏ အနှစ်သာရများကို သင် နှိုင်းယှဉ်ကြည့်ပါက၊ သင် မည်သို့ ဖွေရှာ သင့်သည်ကို သိပေလိမ့်မည်။ ပေတရုနှင့် ပေါလုတို့ လျှောက်ခဲ့သော လမ်းကြောင်းများထဲမှ၊ တစ်ခုသည် စုံလင်စေခြင်းကို ခံရခြင်း လမ်းကြောင်းဖြစ်ပြီး၊ တစ်ခုမှာ သုတ်သင်ပယ်ရှင်းခြင်း လမ်းကြောင်း ဖြစ်သည်။ ပေတရုနှင့် ပေါလုသည် မတူကွဲပြားသော လမ်းကြောင်းနှစ်ခုကို ကိုယ်စားပြုသည်။ အသီးသီးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းကို လက်ခံရရှိခဲ့ပြီး၊ အသီးသီးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်းကို ရရှိခဲ့ကာ၊ အသီးသီးသည် သခင်ယေရှုက ၎င်းတို့ကို ပေးအပ်ခဲ့သည့် အရာကို လက်ခံခဲ့ကြသော်ငြားလည်း၊ အသီးသီး၌ ဖြစ်ထွန်းသော အကျိုးတရားသည် မတူညီပေ။ တစ်ဦးသည် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပြီး အခြားတစ်ဦးက အကျိုးမဖြစ်ထွန်းခဲ့ချေ။ ၎င်းတို့၏ အနှစ်သာရများမှ၊ ၎င်းတို့ အပြင်ပန်းအားဖြင့် ဖော်ပြခဲ့သည့် ၎င်းတို့ လုပ်ဆောင်ခဲ့သော အလုပ်နှင့်၊ ၎င်းတို့၏ နောက်ဆုံး အဆုံးသတ်များမှ၊ မည်သည့်လမ်းကြောင်းကို သင်ရွေးချယ်သင့်သည်၊ မည်သည့် လမ်းကြောင်းကို သင် လျှောက်လှမ်းရန် ရွေးချယ်သင့်သည်ကို သင်နားလည်သင့်သည်။ ၎င်းတို့သည် သိသာထင်ရှားသည့် မတူကွဲပြားသော လမ်းကြောင်း နှစ်ခုကို လျှောက်ခဲ့ကြသည်။ ပေါလုနှင့် ပေတရု၊ ၎င်းတို့သည် လမ်းကြောင်း အသီးသီး၏ စံနမူနာပြ ဖြစ်ခဲ့ကြပြီး၊ ထို့ကြောင့် အစကတည်းမှ ၎င်းတို့သည် ဤလမ်းကြောင်းနှစ်ခုအား ကိုယ်စားပြုရန် စံပြုခံခဲ့ကြရသည်။ ပေါလု အတွေ့အကြုံများ၏ အဓိကအချက်များမှာ အဘယ်အရာများ ဖြစ်ကြပြီး၊ အဘယ့်ကြောင့် သူသည် မအောင်မြင်ခဲ့ရသနည်း။ ပေတရု အတွေ့အကြုံ၏ အဓိကအချက်များမှာ အဘယ်အရာများ ဖြစ်ကြပြီး၊ သူသည် စုံလင်စေခြင်းကို အဘယ်သို့ တွေ့ကြုံခံစားခဲ့ရသနည်း။ ၎င်းတို့ အသီးသီး အရေးစိုက်ခဲ့ကြသည့် အရာကို သင်နှိုင်းယှဉ်ကြည့်ပါက၊ ဘုရားသခင်သည် မည်ကဲ့သို့သော လူမျိုး အတိအကျကို လိုချင်သည်၊ ဘုရားသခင်၏ အလိုက အဘယ်အရာ ဖြစ်သည်၊ ဘုရားသခင်၏ စိတ်သဘောထားက

အဘယ်အရာ ဖြစ်သည်၊ မည်သို့သော လူစားမျိုးသည် နောက်ဆုံးတွင် စုံလင်စေခြင်း ခံရမည်ဆိုသည်နှင့်၊ မည်သို့သော လူစားမျိုးက စုံလင်စေခြင်း မခံရမည်ဆိုသည်ကိုလည်း သင် သိလိမ့်မည်။ စုံလင်စေခြင်း ခံရမည့် သူများ၏ စိတ်သဘောထားက အဘယ်အရာ ဖြစ်သည်ဆိုသည်နှင့် စုံလင်စေခြင်း မခံရမည့် သူများ၏ စိတ်သဘောထားက အဘယ်အရာ ဖြစ်သည်- ဤကိစ္စရပ်များ၏ အနှစ်သာရကို ပေတရုနှင့် ပေါလု၏ အတွေ့အကြုံများထဲတွင် မြင်တွေ့နိုင်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်၊ ထို့ကြောင့် သူသည် ဖန်ဆင်းခြင်း ခပ်သိမ်းကို သူ၏ အုပ်စိုးမှုအောက် လာစေပြီး၊ သူ၏ အုပ်စိုးမှုကို ကျိုးနွံနာခံစေသည်။ အရာခပ်သိမ်းက သူ၏ လက်ထဲတွင် ရှိသည့်အတွက်၊ သူသည် အရာ ခပ်သိမ်းကို ကွပ်ကဲအုပ်ချုပ်လိမ့်မည် ဖြစ်သည်။ တိရစ္ဆာန်များ၊ အပင်များ၊ လူသားမျိုးနွယ်၊ တောင်တန်းများ၊ မြစ်များနှင့် ရေကန်များ အပါအဝင် ဘုရားသခင်၏ ဖန်ဆင်းခြင်း ခပ်သိမ်း အားလုံးသည် သူ၏ အုပ်စိုးမှုအောက်သို့ လာရောက်ရမည် ဖြစ်သည်။ မိုးကောင်းကင်တွင် ရှိသော အရာခပ်သိမ်းနှင့် မြေကြီးပေါ်တွင် ရှိသော အရာခပ်သိမ်းသည် သူ၏ အုပ်စိုးမှုအောက်သို့ လာရောက်ရမည် ဖြစ်သည်။ ၎င်းတို့သည် မည်သည့် ရွေးချယ်မှုမျှ ရှိ၍မရသကဲ့သို့ သူ၏ စီစဉ်ညွှန်ကြားမှုများကို အားလုံး ကျိုးနွံနာခံရမည်။ ဤသည်မှာ ဘုရားသခင်က အမိန့်ပေးထားခြင်း ဖြစ်ပြီး၊ ဘုရားသခင်၏ ဩဇာအာဏာ ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ကွပ်ကဲအုပ်ချုပ်ပြီး၊ အသီးသီးကို အမျိုးအစားအလိုက် အသီးသီးကို ခွဲခြားထားပြီး ဘုရားသခင်၏ အလိုအတိုင်း ၎င်းတို့၏ ကိုယ်ပိုင် နေရာကို ခွဲဝေပိုင်းခြားပေးထားလျက်၊ အရာခပ်သိမ်းကို အမိန့်ပေးကာ အဆင့်အတန်း သတ်မှတ်ခဲ့သည်။ ယင်းသည် မည်မျှ ကြီးမြတ်သည်ဖြစ်စေ၊ မည်သည့်အရာကမျှ ဘုရားသခင်ကို မသာလွန်နိုင်ပေ၊ အရာခပ်သိမ်းသည် ဘုရားသခင် ဖန်ဆင်းခဲ့သည့် လူသားမျိုးနွယ်ကို အစေခံကြပြီး၊ မည်သည့်အရာကမျှ ဘုရားသခင်အား မနာခံခြင်း မပြုဝံ့ကြပေ သို့မဟုတ် ဘုရားသခင်အား မည်သည့် တောင်းဆိုမှုများကိုမျှ မပြုဝံ့ကြပေ။ ထို့ကြောင့် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေနှင့် လူသည်လည်း လူ၏တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။ သူသည် အရာခပ်သိမ်း၏ အရှင် သို့မဟုတ် အစောင့်ဖြစ်နေစေကာမူ၊ အရာခပ်သိမ်းအလယ်တွင် လူ၏ အဆင့်အတန်းသည် မည်မျှမြင့်မားစေကာမူ၊ သူသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်ရှိ သေးနုပ်သော လူသားတစ်ဦးမျှသာ ဖြစ်နေဆဲ ဖြစ်ပြီး၊ အရေးမပါသော လူသားတစ်ဦး၊ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦးထက် မပိုသကဲ့သို့၊ သူသည် မည်သည့်အခါမျှ ဘုရားသခင်၏ အထက်တွင် ရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူ၏ ချစ်ခြင်းနှင့် ထိုက်တန်သည့်အတွက်၊ ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါ

တစ်ဦးအနေနှင့်၊ လူသည် ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန်ကို ထမ်းဆောင်ရန် ကြိုးစားသင့်ပြီး၊ အခြားမည်သည့် ရွေးချယ်မှုမျှ မပြုဘဲ ဘုရားသခင်ကို ချစ်ရန် ကြိုးစားသင့်ပေသည်။ ဘုရားသခင်အား ချစ်ရန် ကြိုးစားသောသူတို့သည် မည်သည့်ပုဂ္ဂိုလ်ရေး အကျိုးအမြတ်များ ကိုမျှ မရှာဖွေသင့်ပေ သို့မဟုတ် ၎င်းတို့ ကိုယ်ရေးကိုယ်တာ တောင့်တသည့်အရာများကို မရှာဖွေသင့်ပေ။ ဤသည်မှာ လိုက်စားခြင်း၏ အမှန်ကန်ဆုံးသော နည်းလမ်း ဖြစ်သည်။ သင် ဖွေရှာသော အရာသည် သမ္မာတရားဖြစ်ပါက၊ ပြီးလျှင် သင်လက်တွေ့လုပ်ဆောင်သောအရာသည် သမ္မာတရား ဖြစ်ပါက၊ ပြီးလျှင် သင် ကြိုးပမ်းရရှိသော အရာသည် သင်၏ စိတ်သဘောထားထဲ ပြောင်းလဲခြင်းတစ်ခု ဖြစ်ပါက၊ သင် နင်းလျှောက်သော လမ်းကြောင်းသည် မှန်ကန်သော လမ်းကြောင်းတစ်ခု ဖြစ်သည်။ သင်ဖွေရှာသည့် အရာသည် ဇာတိပကတိ၏ ကောင်းချီးမင်္ဂလာများ ဖြစ်ပြီး၊ သင်လက်တွေ့ လုပ်ဆောင်သော အရာသည် သင်၏ ကိုယ်ပိုင် အယူအဆများနှင့်ဆိုင်သော အမှန်တရား ဖြစ်ပါက၊ ပြီးလျှင် သင်၏ စိတ်သဘောထားတွင် ပြောင်းလဲခြင်း မရှိသကဲ့သို့၊ သင်သည် လူ့ဇာတိ၌ ရှိသည့် ဘုရားသခင်ကို လုံးဝ နာခံခြင်း မရှိဘဲ၊ မရေရာမှု၌ သင် အသက်ရှင်ဆဲ ဖြစ်ပါက၊ သင် လျှောက်လှမ်းသော လမ်းကြောင်းသည် ရှုံးနိမ့်မှု လမ်းကြောင်း ဖြစ်သည့်အတွက်၊ သင် ဖွေရှာသော အရာသည် သင့်ကို ငရဲသို့ ဧကန်မုချ ခေါ်ဆောင်သွားလိမ့်မည် ဖြစ်သည်။ သင်သည် စုံလင်စေခြင်း ခံရမည် သို့မဟုတ် သုတ်သင်ပယ်ရှင်းခြင်း ခံရမည်မှာ သင်ကိုယ်တိုင်၏ လိုက်စားခြင်းအပေါ် မူတည်သည်၊ ယင်းမှာ အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုသည် လူ လျှောက်လှမ်းသော လမ်းကြောင်းအပေါ်တွင် မူတည်သည်ဟုလည်း ဆိုရမည် ဖြစ်သည်။

## ဘုရားသခင်၏ အမှုနှင့် လူသား၏အလုပ်

လူသား၏ အလုပ်မည်မျှသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ဖြစ်ပြီး၊ မည်မျှသည် လူသား၏ အတွေ့အကြုံ ဖြစ်သနည်း။ လူတို့သည် ဤမေးခွန်းများကို နားမလည်ကြသေးဟု ပြောကောင်းပြောနိုင်ပြီး၊ ယင်းအတွက် အကြောင်းရင်းမှာ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် နှင့်သက်ဆိုင်သော အခြေခံသဘောတရားများကို နားမလည်သောကြောင့် ဖြစ်သည်။ ဟုတ်ပေ၏၊ "လူသား၏အလုပ်" ဟု ငါ ပြောသည့်အခါ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ရှိသောသူများ သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်း

ခံရသောသူတို့၏ အလုပ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ လူသား၏ အလိုဆန္ဒမှ ပေါ်ပေါက်သော အလုပ်ကို ငါ ရည်ညွှန်းနေသည်မဟုတ်ဘဲ၊ သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်ချက် နယ်ပယ် အတွင်း၌ ကျရောက်သော တမန်တော်များ၊ လုပ်သားများ သို့မဟုတ် သာမန်ညီအစ်ကို မောင်နှမများ၏ အလုပ်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ ဤနေရာတွင်၊ "လူသား၏ အလုပ်" သည် လူ့ဇာတိခံ ဘုရားသခင်၏အလုပ်ကို မရည်ညွှန်းဘဲ၊ လူတို့အပေါ် ဆောင်ရွက်သော သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် နယ်ပယ် နှင့် အခြေခံသဘောတရားများကို ရည်ညွှန်းပေသည်။ ဤအခြေခံသဘောတရားများသည် သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်ချက် အခြေခံသဘောတရားများနှင့် နယ်ပယ်ဖြစ်လင့်ကစား၊ ၎င်းတို့သည် လူ့ဇာတိခံ ဘုရားသခင်၏ အလုပ်နှင့်သက်ဆိုင်သော အခြေခံသဘောတရားများနှင့် နယ်ပယ်တို့နှင့် မတူပေ။ လူသား၏ အလုပ်သည် လူသား၏ အနှစ်သာရနှင့် အခြေခံသဘောတရားများရှိပြီး၊ ဘုရားသခင်၏ အလုပ်သည် ဘုရားသခင်၏ အနှစ်သာရနှင့် အခြေခံသဘောတရားများ ရှိလေသည်။

ဘုရားသခင်ကိုယ်တိုင်၏အမှုဖြစ်စေ၊ အသုံးပြုခြင်းခံရသော လူများ၏ အလုပ်ဖြစ်စေ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းတွင်ရှိသော အလုပ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ဖြစ်သည်။ ဘုရားသခင် ကိုယ်တိုင်၏ အနှစ်သာရသည် သန့်ရှင်းသော ဝိညာဉ်တော် သို့မဟုတ် ခုနှစ်ဆပြင်းထန်သော ဝိညာဉ်တော်ဟု ခေါ်ဆိုနိုင်သော ဝိညာဉ်တော်ဖြစ်သည်။ အားလုံးခြုံကြည့်လျှင်၊ ဘုရားသခင်၏ ဝိညာဉ်တော်ကို မတူညီသော ခေတ်များတွင် မတူညီသည့် အမည်နာမများဖြင့် ခေါ်ဆိုသော်လည်း၊ ၎င်းတို့သည် ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်သည်။ ၎င်းတို့၏ အနှစ်သာရသည် တစ်ခုတည်း ဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင် ကိုယ်တိုင်၏ အမှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ဖြစ်သော်လည်း၊ လူ့ဇာတိခံ ဘုရားသခင်၏ အမှုသည် အလုပ်လုပ်နေသည့် သန့်ရှင်းသော ဝိညာဉ်တော်ထက် တစ်ပြားသားမျှ မလျော့ပေ။ အသုံးပြုခြင်း ခံရသော လူတို့၏ အလုပ်သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ဖြစ်သည်။ သို့သော် ဘုရားသခင်၏ အမှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ပြီးပြည့်စုံသော လုံးဝ မှန်ကန်သည့် ဖော်ပြချက် ဖြစ်သည်၊ အသုံးပြုခြင်းခံရသော လူတို့၏ အလုပ်မှာမူ လူသား၏ အမှုအရာများစွာနှင့် ရောနှောနေပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ ပြီးပြည့်စုံသော ဖော်ပြချက်ဖြစ်ဖို့ မဆိုထားနှင့် သူ၏ တိုက်ရိုက်ဖော်ပြချက်ပင် မဟုတ်ချေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် ကွဲပြားခြားနားပြီး မည်သည့် အခြေအနေများနှင့်မျှ ကန့်သတ်မထားပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏

လုပ်ဆောင်ချက်သည် ကွဲပြားသော လူများတွင် ကွဲပြားခြားနားသည်၊ ယင်းသည် ကွဲပြားသော အနှစ်သာရများကို ထင်ရှားစေပြီး၊ ခေတ်အပြင် နိုင်ငံများအားဖြင့် ကွဲပြားလေသည်။ ဟုတ်ပေ၏၊ သန့်ရှင်းသောဝိညာဉ်တော်သည် မတူညီသော နည်းလမ်း များစွာဖြင့် အလုပ်လုပ်ပြီး အခြေခံသဘောတရား များစွာအတိုင်း အလုပ်လုပ်သော်လည်း၊ အလုပ်ကို မည်သို့ လုပ်ဆောင်သည်ဖြစ်စေ၊ သို့မဟုတ် မည်သည့် လူအမျိုးအစားတို့အပေါ် လုပ်ဆောင်သည် ဖြစ်စေ ယင်း၏ အနှစ်သာရသည် အမြဲ ကွဲပြားခြားနားပေသည်။ မတူညီသော လူများအပေါ် လုပ်ဆောင်သော အလုပ်အားလုံးသည် ၎င်း၏ အခြေခံသဘောတရားများ ရှိပြီး၊ ထိုအလုပ်တစ်ခုလုံးသည် အပြုခံအရာများ၏ အနှစ်သာရကို ကိုယ်စားပြုနိုင်ပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် နယ်ပယ်အားဖြင့် အတော်အတန် တိကျပြီး အတော်အတန် ချင့်ချင့်ချိန်ချိန် ဖြစ်သောကြောင့် ဖြစ်သည်။ လူ့ဇာတိခံ ခန္ဓာ၌ လုပ်ဆောင်သည့် အမှုသည် လူတို့အပေါ် ဦးစီးဦးရွက်ပြုသော အလုပ်နှင့် မတူညီသကဲ့သို့၊ ထိုအလုပ်သည် ဦးစီးဦးရွက်ပြုခံရသော လူ၏ အရည်အချင်းနှင့်အညီလည်း ကွဲပြားလေသည်။ လူ့ဇာတိခံ ခန္ဓာတွင် လုပ်ဆောင်သော အလုပ်ကို လူတို့အပေါ် မလုပ်ဆောင်သကဲ့သို့ ယင်းသည် လူတို့အပေါ် လုပ်ဆောင်သော အလုပ်နှင့် မတူညီပေ။ အတိုချုပ်အားဖြင့်၊ ယင်းကို မည်သို့လုပ်ဆောင်သည်ဖြစ်စေ၊ ကွဲပြားသော အရာများအပေါ် ဆောင်ရွက်သော အမှုသည် လုံးဝ မတူညီသကဲ့သို့၊ သူလုပ်ဆောင်သည့် အခြေခံသဘောတရားများသည် သူအမှုပြုသော ကွဲပြားသည့် လူများ၏ အခြေအနေနှင့် သဘာဝဗီဇများနှင့်အညီ ကွဲပြားလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် မတူညီသော လူတို့၏ ရှိရင်းစွဲ အနှစ်သာရအပေါ် အခြေခံ၍ ၎င်းတို့အပေါ် အလုပ်လုပ်ပြီး၊ ယင်းအနှစ်သာရကို ကျော်လွန်သည့် တောင်းဆိုမှုများကို ၎င်းတို့အပေါ် မပြုသကဲ့သို့၊ ၎င်းတို့၏ မွေးရာပါ အရည်အချင်းကို ကျော်လွန်သည့် အမှုကိုလည်း ၎င်းတို့အပေါ် မလုပ်ဆောင်ချေ။ သို့ဖြစ်၍၊ လူသားအပေါ်တွင်ပြုသော သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်သည် ယင်းအလုပ်၏ အပြုခံအရာ၏ အနှစ်သာရကို လူတို့အား တွေ့မြင်ခွင့်ပေးလေသည်။ လူသား၏ ရှိရင်းစွဲ အနှစ်သာရသည် မပြောင်းလဲပေ။ သူ၏ မွေးရာပါ အရည်အချင်းသည် အကန့်အသတ်ရှိ၏။ ယင်းမှ လူတို့ အကျိုးရရှိနိုင်ဖို့အလို့ငှာ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့၏ အရည်အချင်း ကန့်သတ်ချက်များနှင့်အညီ လူတို့ကို အသုံးပြုသည် သို့မဟုတ် လူတို့အပေါ် အလုပ်လုပ်လေသည်။ အသုံးပြုခြင်း ခံရသည့် လူတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်သောအခါတွင်၊ ထိုလူတို့၏ ပါရမီများနှင့် မွေးရာပါ အရည်အချင်းသည် ထိန်ချန်မထားဘဲ ပွင့်အန်ထွက် လာလေသည်။ ၎င်းတို့၏ မွေးရာပါ

အရည်အချင်းသည် အမှုနှင့်သက်ဆိုင်သော ဝန်ဆောင်မှုတွင် အသုံးပြုခံရလေသည်။ သူသည် ယင်းအမှုတွင် ရလဒ်များ ရရှိဖို့အလို့ငှာ၊ လူများ၏ အသုံးပြု၍ရသော အစိတ်အပိုင်းများကို သူ၏ အမှုတွင် အသုံးပြုသည်ဟု ဆိုကောင်းဆိုနိုင်ပေသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ လူ့ဇာတိခံ ခန္ဓာ၌ လုပ်ဆောင်သော အမှုသည် ဝိညာဉ်တော်၏ အလုပ်ကို တိုက်ရိုက်ဖော်ပြပြီး၊ လူ၏စိတ်နှင့် အတွေးများဖြင့် ရောနှောခြင်းမရှိပေ။ လူသား၏ ပါရမီများဖြစ်စေ၊ လူ၏ အတွေ့အကြုံဖြစ်စေ၊ လူသား၏ မွေးရာပါအခြေအနေဖြစ်စေ ယင်းကို လက်လှမ်း မမီနိုင်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ မရေမတွက်နိုင်သော အလုပ်အားလုံးသည် လူသားကို အကျိုးပြုရန်နှင့် စိတ်ဓာတ်မြှင့်တင်ပေးရန် ရည်ရွယ်ပေသည်။ သို့ရာတွင် လူအချို့သည် စုံလင်စေခြင်း ခံရနိုင်သော်လည်း၊ အခြားသူများသည် စုံလင်စေခြင်းအတွက် သတ်မှတ်ချက်များ မပိုင်ဆိုင်ပေ၊ ယင်းမှာ ၎င်းတို့သည် စုံလင်စေခြင်း မခံရနိုင်သကဲ့သို့ နည်းနည်းမျှ ကယ်တင်မခံရနိုင်ဟု ဆိုလိုပြီး၊ ၎င်းတို့အနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ် ရှိခဲ့ကောင်း ရှိခဲ့နိုင်သော်လည်း၊ အဆုံး၌ ဖယ်ရှားခံကြရပေသည်။ ဤအရာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် လူတို့ကို စိတ်ဓာတ်မြှင့်တင်ရန် ဖြစ်သော်လည်း၊ ၎င်းတို့၏ လိုက်စားရှာဖွေမှုတွင် လူများစွာ လိုက်လျှောက်သော လမ်းကြောင်းသည် စုံလင်စေခြင်းဆီသို့သွားသည့် လမ်းကြောင်း မဟုတ်သောကြောင့်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ရရှိခဲ့ပြီးဖြစ်သည့် လူတိုင်း လုံးဝ စုံလင်စေခြင်း ခံရလိမ့်မည်ဟု ပြော၍မရနိုင်ဟု ဆိုခြင်းဖြစ်သည်။ ၎င်းတို့သည် ခံစားချက်အရဖြစ်သော လူသား၏ ပူးပေါင်းလုပ်ဆောင်မှု မရှိသကဲ့သို့ လူသား၏ မှန်ကန်သော အားထုတ်မှု မရှိဘဲ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ တစ်ဖက်သတ် လုပ်ဆောင်မှုသာ ရှိလေသည်။ ဤအကြောင်းကြောင့်၊ ဤလူတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် စုံလင်စေခြင်းခံရသော သူတို့ကို အစေခံရန် ဖြစ်လာလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို လူတို့က တိုက်ရိုက် မမြင်နိုင်သကဲ့သို့ လူတို့ကိုယ်တိုင် တိုက်ရိုက် မထိတွေ့နိုင်ပေ။ ယင်းသည် အမှုနှင့်သက်ဆိုင်သော ပါရမီရှိသူတို့ အားဖြင့်သာ ဖော်ပြခံရနိုင်လေသည်၊ ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို လူတို့ ပြုလုပ်သော ဖော်ပြချက်များမှတစ်ဆင့် နောက်လိုက်များအား ထောက်ပံ့ ပေးထားခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်သည် လူအမျိုးအစား များစွာနှင့် မတူညီသော အခြေအနေများစွာမှတစ်ဆင့် ပြီးမြောက်ကာ ပြည့်စုံလေသည်။ လူ့ဇာတိခံ ဘုရားသခင်၏ အမှုသည် ခေတ်တစ်ခုလုံး၏ အမှုကို ကိုယ်စားပြုနိုင်ပြီး ခေတ်တစ်ခုလုံးထဲက လူတို့၏ဝင်ရောက်မှုကို ကိုယ်စားပြုနိုင်သော်လည်း၊ လူတို့၏ ဝင်ရောက်မှု အသေးစိတ်နှင့်

ပတ်သက်သော အမှုကို လူ့ဇာတိခံ ဘုရားသခင်အားဖြင့် မဟုတ်ဘဲ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းခံရသော လူတို့အားဖြင့် လုပ်ဆောင်ဖို့ လိုအပ်ဆဲ ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်၏အမှု သို့မဟုတ် ဘုရားသခင်ကိုယ်တိုင်၏ သာသနာသည် လူက ဘုရားသခင်ကိုယ်စား မလုပ်ဆောင်နိုင်သည့် ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာ၏ အမှု ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် မတူညီသည့် လူအမျိုးအစားများစွာမှတစ်ဆင့် ပြည့်စုံလေသည်။ ယင်းကို မည်သည့် လူတစ်ဦးတစ်ယောက်တည်းကမျှ လုံးဝ မရရှိနိုင်သကဲ့သို့၊ လူတစ်ဦး တစ်ယောက်တည်းကလည်း လုံးလုံးလျားလျား မဖော်ပြနိုင်ပေ။ အသင်းတော်ကို ဦးဆောင်သော သူများသည်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို လုံးလုံးလျားလျား ကိုယ်စားမပြုနိုင်ပေ။ ၎င်းတို့သည် ဦးဆောင်သည့် အလုပ်အချို့ကိုသာ လုပ်ဆောင်နိုင်သည်။ ဤအကြောင်းကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို သုံးပိုင်းခွဲခြားနိုင်၏- ဘုရားသခင် ကိုယ်တိုင်၏အလုပ်၊ အသုံးပြုခြင်းခံရသော လူတို့၏အလုပ်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းအတွင်း၌ ရှိသော သူအားလုံးနှင့် ပတ်သက်သည့် အလုပ်ဟူ၍ ဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင်၏ အလုပ်သည် ခေတ်တစ်ခုလုံးကို ဦးဆောင်ရန်ဖြစ်သည်။ အသုံးပြုခြင်းခံရသော သူတို့၏ အလုပ်သည်၊ စေလွှတ် ခံရခြင်းဖြင့် သို့မဟုတ် ဘုရားသခင်က သူကိုယ်တိုင်၏ အလုပ် လုပ်ဆောင်ပြီးနောက် ပေးသည့် စေခိုင်းချက်တာဝန်များကို ရရှိခြင်းဖြင့်၊ ဘုရားသခင်၏ နောက်လိုက် အားလုံးကို ဦးဆောင်ရန်ဖြစ်ပြီး၊ ဤသူတို့သည် ဘုရားသခင်၏အမှုနှင့် ပူးပေါင်းဆောင်ရွက်ကြသူများ ဖြစ်သည်။ ရေစီးကြောင်းထဲတွင် ရှိသော သူတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် လုပ်ဆောင်သော အလုပ်သည် သူကိုယ်တိုင်၏ အလုပ်အားလုံးကို ထိန်းသိမ်းရန် ဖြစ်ပြီး၊ ယင်းမှာ သူ၏ စီမံခန့်ခွဲမှု တစ်ခုလုံးနှင့် သက်သေခံချက်ကို ထိန်းသိမ်းရန် ဖြစ်သော်လည်း၊ တစ်ချိန်တည်းတွင် စုံလင်စေခြင်းခံရနိုင်သူများကို စုံလင်စေခြင်း ဖြစ်ပေသည်။ ဤသုံးပိုင်းသည် အတူတကွ၊ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် အစုံအလင်ဖြစ်သော်လည်း၊ ဘုရားသခင် ကိုယ်တိုင်၏ အမှုမရှိဘဲနှင့်၊ စီမံခန့်ခွဲမှု အလုပ်သည် အလုံးစုံ တန့်သွားပေမည်။ ဘုရားသခင် ကိုယ်တိုင်၏ အမှုတွင် လူသားမျိုးနွယ် အားလုံး၏အလုပ် ပါဝင်ပြီး ယင်းသည် ခေတ်တစ်ခုလုံး၏ အလုပ်ကိုလည်း ကိုယ်စားပြု၏၊ ဆိုလိုသည်မှာ ဘုရားသခင်ကိုယ်တိုင်၏ အလုပ်သည် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်၏ အင်အားနှင့် လားရာတိုင်းကို ကိုယ်စားပြုပြီး၊ တမန်တော်များ၏ အလုပ်မှာမူ ဘုရားသခင်ကိုယ်တိုင်၏ အလုပ်နောက်တွင် ဖြစ်လာပြီး ယင်းမှ လိုက်လုပ်ခြင်းဖြစ်ကာ ခေတ်ကို မဦးဆောင်သကဲ့သို့၊ ခေတ်တစ်ခေတ်လုံးထဲက သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် လားရာကိုလည်း

ကိုယ်စားမပြုပေ။ ၎င်းတို့သည် စီမံခန့်ခွဲမှုအလုပ်နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိသည့် လူလုပ်ဆောင်သင့်သည့် အလုပ်ကို လုပ်ကြခြင်းသာ ဖြစ်သည်။ ဘုရားသခင် ကိုယ်တိုင် လုပ်ဆောင်သည့် အမှုသည် စီမံခန့်ခွဲမှုအလုပ်အတွင်းရှိ စီမံကိန်းတစ်ခု ဖြစ်သည်။ လူသား၏ အလုပ်မှာ အသုံးပြုခြင်းခံရသော လူတို့ ဖြည့်ဆည်းသည့် တာဝန်သာဖြစ်ပြီး စီမံခန့်ခွဲမှုအလုပ်နှင့် ဆက်နွယ်မှု မရှိပေ။ ၎င်းတို့နှစ်ခုလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ဖြစ်သော်လည်း၊ အလုပ်၏ ပင်ကိုလက္ခဏာများနှင့် ကိုယ်စားပြုမှုများထဲက ကွဲပြားမှုများကြောင့်၊ ဘုရားသခင် ကိုယ်တိုင်၏ အလုပ်နှင့် လူသား၏ အလုပ်ကြားတွင် ရှင်းလင်းပြီး ပဓာနကျသော ကွဲပြားမှုများရှိလေသည်။ ထို့အပြင် မတူညီသော ပင်ကိုလက္ခဏာများရှိသည့် အပြုခံအရာများအပေါ် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်၏ အတိုင်းအတာ ကွဲပြားလေသည်။ ဤအရာများသည် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်၏ အခြေခံသဘောတရားများနှင့် နယ်ပယ် ဖြစ်သည်။

လူသား၏အလုပ်သည် သူ၏အတွေ့အကြုံနှင့် သူ၏ လူ့သဘာဝတို့၏ လက္ခဏာပြသည်။ လူသားပေးသည့်အရာနှင့် သူလုပ်ဆောင်သည့်အလုပ်သည် သူ့ကို ကိုယ်စားပြု၏။ လူသား၏ ထိုးထွင်းသိမြင်မှု၊ လူသား၏ ဆင်ခြင်တုံတရား၊ လူသား၏ ဆင်ခြင်တွေးခေါ်မှုစနစ်နှင့် သူ၏ ကြွယ်ဝသော စိတ်ကူးစိတ်သန်း အားလုံးသည် သူ၏ အလုပ်တွင် ပါဝင်သည်။ အထူးသဖြင့် လူသား၏ အတွေ့အကြုံသည် သူ့အလုပ်၏လက္ခဏာကို ပြနိုင်ပြီး၊ လူတစ်ဦး အတွေ့အကြုံများသည် သူ့အလုပ်၏ အစိတ်အပိုင်းများ ဖြစ်လာလေသည်။ လူသား၏ အလုပ်သည် သူ၏ အတွေ့အကြုံကို ဖော်ပြနိုင်သည်။ လူအချို့သည် အပျက်သဘောဆောင်စွာ တွေ့ကြုံရချိန်တွင်၊ ၎င်းတို့ မိတ်သဟာယ၏ စကားအသုံးအနှုန်း အများစုသည် အပျက်သဘောဆောင်သော အရိပ်လက္ခဏာများ ပါရှိပေလိမ့်မည်။ ၎င်းတို့၏ အတွေ့အကြုံသည် အချိန်ကာလ တစ်ခုကြာ အပြုသဘောဆောင်ပြီး ၎င်းတို့သည် အထူးသဖြင့် အပြုသဘောဆောင်သည့် ရှုထောင့်ဖြင့် လမ်းကြောင်းတစ်ခု ပိုင်ဆိုင်ပါက၊ ၎င်းတို့၏ မိတ်သဟာယသည် အလွန် ခွန်အားရစရာဖြစ်ကာ လူတို့သည် ၎င်းတို့ထံမှ အပြုသဘောဆောင်သော ထောက်ပံ့မှုများကို ရရှိနိုင်ကြပေသည်။ အကယ်၍ လုပ်သားတစ်ဦးသည် အချိန်ကာလတစ်ခုကြာ အပျက်သဘောဆောင်လာပါက၊ သူ၏မိတ်သဟာယသည် အပျက်သဘောဆောင်သော အရိပ်လက္ခဏာများ အမြဲ သယ်ဆောင်လိမ့်မည်။ ဤမိတ်သဟာယမျိုးသည် ဝမ်းနည်းညိုးငယ်စေပြီး အခြားသူတို့သည် သူ၏ မိတ်သဟာယပြီးနောက် သတိမထားမိဘဲ၊ စိတ်မချမ်းမသာ ဖြစ်လာကြလိမ့်မည်။ နောက်လိုက်များ၏ အခြေအနေသည် ခေါင်းဆောင်၏ အခြေအနေပေါ်မူတည်၍

ပြောင်းလဲသည်။ လုပ်သားတစ်ဦးသည် အတွင်းတွင် မည်သည့်အရာနှင့် တူသည်ဖြစ်စေ၊ ယင်းသည် သူဖော်ပြသည့်အရာဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်သည် တစ်ခါတစ်ရံ လူသား၏ အခြေအနေနှင့်အညီ ပြောင်းလဲလေသည်။ သူသည် လူသား၏အတွေ့အကြုံနှင့်အညီ အလုပ်လုပ်ပြီး ၎င်းတို့ကို အတင်းအကျပ် မလုပ်စေဘဲ၊ ၎င်းတို့အတွေ့အကြုံ၏ ပုံမှန်လမ်းကြောင်းနှင့်အညီ လူတို့ကို တောင်းဆိုမှုများ ပြုလုပ်လေသည်။ ဤသည်မှာ လူသား၏မိတ်သဟာယသည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ကွဲပြားသည်ဟု ဆိုလိုပေသည်။ လူတို့ မိတ်သဟာယပြုသည့်အရာသည် ဘုရားသခင်၏ အမှုအရ ၎င်းတို့၏ ထိုးထွင်းသိမြင်မှုများနှင့် အတွေ့အကြုံတို့ကို ဖော်ပြရင်း၊ ၎င်းတို့တစ်ဦးချင်း၏ ထိုးထွင်းသိမြင်မှုများနှင့် အတွေ့အကြုံကို သိရှိစေသည်။ သူတို့၏တာဝန်မှာ ဘုရားသခင် အလုပ်လုပ်ပြီးနောက် သို့မဟုတ် စကားပြောဆိုပြီးနောက်တွင် ၎င်းတို့ လက်တွေ့ဆောင်သင့်သောအရာ သို့မဟုတ် ဝင်ရောက်သင့်သည့်အရာ မည်သည့်အရာဖြစ်သည်ကို သိရှိအောင်ပြုလုပ်ပြီး၊ ထို့နောက် နောက်လိုက်များထံသို့ ပေးပို့ရန်ဖြစ်သည်။ ထို့ကြောင့် လူသား၏အလုပ်သည် သူ၏ဝင်ရောက်မှုနှင့် လက်တွေ့လုပ်ဆောင်မှုတို့ကို ကိုယ်စားပြုသည်။ ဟုတ်ပေ၏၊ ထိုသို့သောအလုပ်သည် လူသား သင်ခန်းစာများနှင့် အတွေ့အကြုံ သို့မဟုတ် လူသား အတွေးများ အချို့နှင့် ရောနှောနေပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သို့အလုပ်လုပ်သည်ဖြစ်စေ၊ လူသားပေါ် အလုပ်လုပ်သည်ဖြစ်စေ လူ့ဇာတိခံ ဘုရားသခင်၌ အလုပ်လုပ်သည်ဖြစ်စေ၊ လုပ်သားများက ၎င်းတို့မည်သည့်အရာ ဖြစ်သည်ကို အမြဲဖော်ပြကြ၏။ အလုပ်လုပ်သူမှာ သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်သော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည် အခြေခံအုတ်မြစ် မရှိဘဲ အလုပ်မလုပ်သောကြောင့်၊ အလုပ်သည် လူသား ပင်ကိုအားဖြင့် ဖြစ်သည့်အရာအပေါ် အခြေခံလေသည်။ တစ်နည်းဆိုရသော်၊ အလုပ်သည် ဘာမျှမရှိခြင်းမှ မလာဘဲ၊ တကယ့်အခြေအနေများနှင့် စစ်မှန်သော အနေအထားများနှင့်အညီ အမြဲ လုပ်ဆောင်ရလေသည်။ ဤနည်းဖြင့်သာ လူသား၏ စိတ်သဘောထား ပြောင်းလဲနိုင်ပြီး သူ၏ အယူအဆဟောင်းများနှင့် အတွေးဟောင်းများ ပြောင်းလဲနိုင်ပေသည်။ လူသားက ဖော်ပြသည့်အရာသည် သူမြင်သော အရာ၊ တွေ့ကြုံရသောအရာနှင့် သူစိတ်ကူးနိုင်သောအရာ ဖြစ်ပြီး၊ ယင်းသည် အယူဝါဒများ သို့မဟုတ် အယူအဆများ ဖြစ်လျှင်ပင်၊ လူသား၏ တွေးခေါ်မှုအားဖြင့် ရရှိနိုင်ပေသည်။ လူသား၏ အလုပ်သည် ယင်းအလုပ်၏ အရွယ်အစားကို ပဓာနမထားဘဲ၊ လူသား၏ အတွေ့အကြုံဖြစ်စေ၊ လူသား မြင်သည့်အရာဖြစ်စေ လူသား စိတ်ကူးနိုင်သည့်အရာ သို့မဟုတ် စိတ်ကူးကြံစည်နိုင်သည့်အရာ၏ အတိုင်းအတာကို

မကျော်လွန်နိုင်ပေ။ ဘုရားသခင် ဖော်ပြသည့် အရာအားလုံးသည် ဘုရားသခင်ကိုယ်တိုင် ဖြစ်သည့်အရာဖြစ်ပြီး၊ ဤအရာကို လူသားက မရယူနိုင်ပေ- ဆိုလိုသည်မှာ ယင်းကို လူသား၏ တွေးခေါ်မှုက လက်လှမ်းမမီပေ။ သူသည် လူသားမျိုးနွယ်အားလုံးကို ဦးဆောင်ခြင်း အလုပ်အား ဖော်ပြပြီး ဤသည်မှာ လူသားအတွေ့အကြုံ၏ အသေးစိတ် အချက်အလက်များနှင့် ဆက်နွယ်မှုမရှိဘဲ၊ ယင်းအစား သူ၏ကိုယ်ပိုင်စီမံခန့်ခွဲမှုနှင့် သက်ဆိုင်လေသည်။ လူသား ဖော်ပြသည့်အရာသည် သူ၏အတွေ့အကြုံ ဖြစ်သော်လည်း၊ ဘုရားသခင် ဖော်ပြသည်မှာ လူသား လက်လှမ်းမမီသည့် သူ၏ ရှိရင်းစွဲ စိတ်သဘောထားဖြစ်သော သူ၏ဖြစ်တည်မှု ဖြစ်ပေသည်။ လူသား၏ အတွေ့အကြုံသည် ဘုရားသခင်၏ဖြစ်တည်မှုနှင့် သက်ဆိုင်၍ ဘုရားသခင်၏ဖော်ပြခြင်းအရ ဆည်းပူးရရှိသည့် ၎င်း၏ ထိုးထွင်းသိမြင်မှုနှင့် အသိပညာ ဖြစ်ပေသည်။ ထိုသို့သော ထိုးထွင်းသိမြင်မှုနှင့် အသိပညာတို့ကို လူသား၏ ဖြစ်တည်မှုဟု ခေါ် ပြီး၊ ၎င်းတို့၏ ဖော်ပြခြင်းနှင့် သက်ဆိုင်သည့် အခြေခံအကြောင်းရင်းမှာ၊ လူသား၏ မွေးရာပါ စိတ်သဘောထားနှင့် အရည်အချင်းတို့ ဖြစ်သည်- ဤသည်မှာ ယင်းတို့ကို လူသား၏ ဖြစ်တည်မှုဟုလည်း ခေါ်ဆိုရသည့် အကြောင်းရင်း ဖြစ်ပေသည်။ လူသားသည် သူတွေ့ကြုံပြီး မြင်ရသောအရာကို မိတ်သဟာယပြုနိုင်သည်။ ၎င်းတို့ မတွေ့ကြုံဖူးသည့်အရာ၊ မမြင်ဖူးသည့်အရာ သို့မဟုတ် ၎င်းတို့၏ တွေးခေါ်မှုက လက်လှမ်းမမီနိုင်သောအရာ၊ ထိုအရာများသည် ၎င်းတို့၏အတွင်းတွင် မရှိသောအရာများဖြစ်သဖြင့် ၎င်းတို့ကို မည်သူမျှ မိတ်သဟာယ မပြုနိုင်ပေ။ အကယ်၍ လူသားဖော်ပြသောအရာသည် သူ၏တွေ့ကြုံမှုမှ မဟုတ်ပါက၊ ယင်းသည် သူ၏ စိတ်ကူးစိတ်သန်း သို့မဟုတ် အယူဝါဒ ဖြစ်ပေသည်။ ရှင်းရှင်းပြောရလျှင်၊ သူ၏စကားများတွင် မည်သည့် လက်တွေ့အရှိတရားမျှ မရှိပေ။ သင်သည် လူ့အဖွဲ့အစည်း၏ အရာများနှင့် မည်သည့်အခါမျှ ထိတွေ့မှုရှိမလာခဲ့ပါက၊ သင်သည် လူ့အဖွဲ့အစည်း၏ ရှုပ်ထွေးသော ဆက်ဆံရေးများကို ရှင်းရှင်းလင်းလင်း မိတ်သဟာယပြုနိုင်မည် မဟုတ်ပေ။ သင်သည် မိသားစုမရှိလျှင်၊ အခြားသူများသည် မိသားစု အရေးကိစ္စများအကြောင်း ဆွေးနွေးကြမည်ဆိုပါက၊ ၎င်းတို့ပြောနေသည့်အရာ အများစုကို သင်နားလည်မည် မဟုတ်ပေ။ ထို့ကြောင့် လူသား မိတ်သဟာယ ပြုသောအရာနှင့် သူ လုပ်ဆောင်သောအလုပ်သည် သူ၏ အတွင်းဖြစ်တည်မှုကို ကိုယ်စားပြုပေသည်။ အကယ်၍ လူတစ်ယောက်သည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့နှင့်သက်ဆိုင်သည့် ၎င်း၏ သိနားလည်မှုကို မိတ်သဟာယ ပြုသော်လည်း၊ ယင်းနှင့်သက်ဆိုင်သည့် အတွေ့အကြုံ သင်၌ မရှိခဲ့ပါက၊ သင်သည် ထိုအရာ၌ တစ်ရာ ရာခိုင်နှုန်း သေချာဖို့ မဆိုထားနှင့်၊ သူ၏ အသိပညာကို

သင်ငြင်းဝံ့မည် မဟုတ်ချေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ မိတ်သဟာယသည် သင် လုံးဝ မတွေ့ကြုံဖူးသော အရာတစ်ခု၊ သင် လုံးဝ မသိဖူးသကဲ့သို့ သင်၏စိတ်က စိတ်မကူးနိုင်သည့် အရာတစ်ခု ဖြစ်သောကြောင့်တည်း။ ၎င်းတို့၏ အသိပညာမှ၊ သင် ရယူနိုင်သမျှမှာ အနာဂတ်တွင် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို ကြုံဖို့ လမ်းကြောင်းတစ်ခု ဖြစ်ပေသည်။ သို့သော် ဤလမ်းကြောင်းသည် အယူဝါဒဆိုင်ရာ အသိပညာထဲမှ တစ်ခုသာ ဖြစ်နိုင်၏။ ယင်းသည် သင်ကိုယ်တိုင်၏ အတွေ့အကြုံကို အစားထိုးနိုင်ဖို့မဆိုထားနှင့်၊ သင်ကိုယ်တိုင်၏သိနားလည်မှုကို အစားမထိုးနိုင်ပေ။ ၎င်းတို့ပြောသောအရာသည် အတော် မှန်သည်ဟု သင်ထင်ကောင်းထင်မည် ဖြစ်သော်လည်း၊ သင်၏ အတွေ့အကြုံတွင် ယင်းသည် နည်းလမ်းများစွာ လက်တွေ့မကျသည်ကို သင် တွေ့ရပေသည်။ သင် ကြားသောအရာထဲမှ အချို့သည် လုံးဝ လက်တွေ့မကျသည်ကို သင် ခံစားရကောင်း ခံစားရပေမည်။ ထိုအချိန်တွင် သင့်အနေဖြင့် ထိုအရာနှင့် ပတ်သက်၍ အယူအဆများ သိုထားပြီး၊ ယင်းကို သင် လက်ခံသော်လည်း အလွန် အင်တင်တင်ဖြင့်သာ လုပ်ဆောင်ပေသည်။ သို့ရာတွင် သင်ကိုယ်တိုင်၏ အတွေ့အကြုံတွင်၊ သင့်ကို အယူအဆများ ရရှိစေသည့် အသိပညာသည် သင်၏ လက်တွေ့လုပ်ဆောင်မှု နည်းလမ်း ဖြစ်လာပြီး၊ သင် လက်တွေ့လုပ်ဆောင်လေလေ သင်ကြားသည့် နှုတ်ကပတ်တော်များ၏ စစ်မှန်သော တန်ဖိုးနှင့် အဓိပ္ပာယ်ကို သင်နားလည်လေလေ ဖြစ်သည်။ သင်ကိုယ်တိုင်၏ အတွေ့အကြုံ ရှိပြီးသည့်နောက်တွင်၊ သင်သည် တွေ့ကြုံခဲ့သည့်အရာမှ သင် ရှိသင့်သည့် အသိပညာနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ပေသည်။ ထို့အပြင်၊ သင်သည် မိမိတို့၏ အသိပညာစစ်မှန်ပြီး လက်တွေ့ကျသော သူများနှင့် မိမိတို့၏အသိပညာက သုံးမရဘဲ၊ အယူဝါဒအပေါ်အခြေခံထား သူတို့ကြားလည်း ခွဲခြားနိုင်လိမ့်မည် ဖြစ်သည်။ ထို့ကြောင့် သင်ပြောဆိုသော အသိပညာသည် သမ္မာတရားနှင့် ကိုက်ညီခြင်းရှိမရှိသည် သင်၌ ယင်းနှင့်သက်ဆိုင်သည့် လက်တွေ့ကျသော အတွေ့အကြုံ ရှိမရှိဆိုသည့်အပေါ် ကြီးစွာ မူတည်လေသည်။ သင့်အတွေ့အကြုံတွင် သမ္မာတရားရှိပါက၊ သင်၏အသိပညာသည် လက်တွေ့ကျပြီး တန်ဖိုးရှိလိမ့်မည်။ သင်၏ အတွေ့အကြုံမှတစ်ဆင့်၊ သင်သည် ချင့်ချိန်နိုင်စွမ်းနှင့် ထိုးထွင်းသိမြင်မှုကိုလည်း ရရှိနိုင်ပြီး၊ သင်၏ အသိပညာ နက်သထက်နက်လာနိုင်ကာ၊ မိမိကိုယ်ကိုယ် မည်သို့ ပြုမူနေထိုင် ရမည်ဆိုသည်နှင့်ပတ်သက်၍ သင်၏ဉာဏ်ပညာနှင့် သာမန်အသိတို့ တိုးပွားနိုင်ပေသည်။ သမ္မာတရားကို မပိုင်ဆိုင်သော လူတို့ ဖော်ပြသည့် အသိပညာသည် မည်မျှပင် မြင့်မားကောင်း မြင့်မားပါစေ၊ အယူဝါဒ ဖြစ်ပေသည်။ ဤလူစားမျိုးသည် ဇာတိပကတိနှင့်ဆိုင်သည့် ကိစ္စများနှင့်

ပတ်သက်လာသည့်အခါ၊ အလွန် ဉာဏ်ရည်ဉာဏ်စွမ်း ကောင်းနိုင်သော်လည်း၊ ဝိညာဉ်ရေးရာကိစ္စများနှင့် ပတ်သက်လာသည့်အခါ၊ ခွဲခြားခြင်း မပြုနိုင်ကြချေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ထိုသို့သော လူတို့သည် ဝိညာဉ်ရေးရာ ကိစ္စများအားလုံးတွင် အတွေ့အကြုံမရှိသောကြောင့် ဖြစ်သည်။ ဤသူတို့သည် ဝိညာဉ်ရေးရာ ကိစ္စများတွင် ဉာဏ်အလင်း မရသောသူများဖြစ်ပြီး ဝိညာဉ်ရေးရာ ကိစ္စရပ်များကို နားမလည်ကြပေ။ သင်သည် မည်သည့်အသိပညာမျိုးကို ဖော်ပြသည်ဖြစ်စေ၊ သင်၏ ဖြစ်တည်မှု ဖြစ်နေသရွေ့ ယင်းသည် သင်၏ ပုဂ္ဂိုလ်ရေးအတွေ့အကြုံ၊ သင်၏ စစ်မှန်သော အသိပညာ ဖြစ်သည်။ အယူဝါဒကိုသာ ပြောဆိုသူများ- သမ္မာတရားကိုဖြစ်စေ လက်တွေ့အရှိတရားကိုဖြစ်စေ မပိုင်ဆိုင်သူများ- သည် နက်ရှိုင်းသည့် ဆင်ခြင်ခြင်းမှတစ်ဆင့် ၎င်းတို့၏ အယူဝါဒကို ရရှိပြီး၊ ယင်းသည် ၎င်းတို့၏ နက်ရှိုင်းသော ပြန်လည်တွေးဆခြင်း အကျိုးဆက်ဖြစ်သောကြောင့်၊ ၎င်းတို့ ဆွေးနွေးသောအရာကိုလည်း ၎င်းတို့၏ဖြစ်တည်မှုဟု ခေါ်ဆိုနိုင်ပေသည်။ သို့ရာတွင် ယင်းသည် အယူဝါဒသာဖြစ်ပြီး၊ စိတ်ကူးစိတ်သန်းထက် မပိုပေ။ လူအမျိုးအစားမျိုးစုံ၏ အတွေ့အကြုံများသည် ၎င်းတို့အတွင်းရှိ အရာများကို ကိုယ်စားပြုသည်။ ဝိညာဉ်ရေးရာ အတွေ့အကြုံ တစ်ခုတစ်လေမျှ မရှိသည့် မည်သူမဆိုသည် သမ္မာတရားနှင့်သက်ဆိုင်သော အသိပညာကို မပြောနိုင်သကဲ့သို့၊ အမျိုးမျိုးသော ဝိညာဉ်ရေးရာ အမှုအရာများအကြောင်း မှန်ကန်သော အသိပညာကို မပြောဆို နိုင်ပေ။ လူသားဖော်ပြသောအရာသည် အတွင်းတွင် သူ ဖြစ်သည့်အရာ ဖြစ်သည်- ဤသည်မှာ သေချာ၏။ အကယ်၍ လူတစ်ဦးသည် ဝိညာဉ်ရေးရာ အမှုအရာများနှင့် သက်ဆိုင်သော အသိပညာနှင့် သမ္မာတရားနှင့်သက်ဆိုင်သော အသိပညာ ရှိရန် ဆန္ဒရှိပါက၊ စစ်မှန်သော အတွေ့အကြုံ ရှိရပေမည်။ အကယ်၍ သင်သည် လူ့ဘဝနှင့် သက်ဆိုင်သော သာမန်အသိစိတ်အကြောင်း ရှင်းလင်းစွာ မပြောဆိုနိုင်ပါက၊ ဝိညာဉ်ရေးရာများ အမှုအရာများနှင့် ပတ်သက်၍ သင်သည် မည်မျှသာ၍ နည်းပါးစွာ ဆွေးနွေးနိုင်မည်နည်း။ အသင်းတော်များကို ဦးဆောင်နိုင်သူများ၊ လူတို့ကို အသက်ဖြင့် ထောက်ပံ့ပေးနိုင်ပြီး၊ လူတို့အဖို့ တမန်တော်များ ဖြစ်နိုင်သူများသည် တကယ့်အတွေ့အကြုံများ ရှိရပေမည်။ ၎င်းတို့အနေဖြင့် ဝိညာဉ်ရေးရာ အမှုအရာများနှင့် သက်ဆိုင်သည့် မှန်ကန်သော သိနားလည်မှု၊ သမ္မာတရားနှင့် သက်ဆိုင်သော မှန်ကန်သည့် တန်ဖိုးထားခြင်းနှင့် အတွေ့အကြုံတို့ ရှိရပေမည်။ ထိုသို့သောလူများသာ အသင်းတော်များကို ဦးဆောင်သော လုပ်သားများ သို့မဟုတ် တမန်တော်များဖြစ်ရန် အရည်အချင်း ပြည့်မီပေသည်။ သို့မဟုတ်ပါက ၎င်းတို့သည် လူတို့ကို အသက်ဖြင့် ထောက်ပံ့ ပေးနိုင်သည့် တမန်တော်များ ဖြစ်ဖို့ မဆိုထားနှင့်၊ အနည်းဆုံးအနေဖြင့် နောက်လိုက်ရုံသာ နောက်လိုက်နိုင်ပြီး ဦးမဆောင်နိုင်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော်

တမန်တော်များ၏ လုပ်ငန်းတာဝန်သည် ဟိုဟိုသည်သည် အပြေးအလွှားလုပ်ဆောင်ရန် သို့မဟုတ် တိုက်ခိုက်ရန် မဟုတ်ပေ။ ယင်းမှာ အသက်တာကို ပြုစုခြင်း အလုပ်ကို လုပ်ဆောင်ဖို့နှင့် အခြားသူတို့ကို ၎င်းတို့၏ စိတ်သဘောထားများ ပြောင်းလဲခြင်း၌ ဦးဆောင်ရန် ဖြစ်သည်။ ဤအလုပ်တာဝန်ကို ဆောင်ရွက်သောသူတို့သည် မည်သူမဆို ထမ်းရွက်နိုင်သည် မဟုတ်သည့် လေးလံသောတာဝန်ကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခံရကြလေသည်။ ဤအလုပ်မျိုးကို သမ္မာတရားနှင့် သက်ဆိုင်သော အတွေ့အကြုံရှိသူများဖြစ်သည့် အသက်၏ ဖြစ်တည်မှု ရှိသူတို့ကသာ တာဝန်ယူနိုင်ပေသည်။ ယင်းကို စွန့်လွှတ်နိုင်သူ၊ ဟိုဟိုသည်သည် အပြေးအလွှားလုပ်ဆောင်နိုင်သူ သို့မဟုတ် မိမိတို့ကိုယ်ကိုယ် အသုံးခံရန် လိုလားလျက်ရှိသူ မည်သူမဆိုက တာဝန်ယူနိုင်သည် မဟုတ်ပေ။ သမ္မာတရားနှင့် သက်ဆိုင်သော အတွေ့အကြုံမရှိသူ၊ ပြုပြင်ခြင်း သို့မဟုတ် တရားစီရင်ခြင်းမခံခဲ့ရဖူးသော လူတို့သည် ဤအလုပ်မျိုးကို မလုပ်ဆောင်နိုင်ပေ။ လက်တွေ့အရှိတရား မရှိသည့် လူများဖြစ်သည့် အတွေ့အကြုံမရှိသောသူ လူများသည် ၎င်းတို့ကိုယ်တိုင်သည် ဤဖြစ်တည်မှုမျိုး မရှိကြသောကြောင့် လက်တွေ့အရှိတရားကို ရှင်းလင်းစွာ မမြင်နိုင်ပေ။ သို့ဖြစ်၍ ဤလူစားမျိုးသည် ခေါင်းဆောင်မှုအလုပ်ကို မလုပ်နိုင်သည်သာမက၊ အချိန်အတော်ကြာ သမ္မာတရားမရှိဘဲနေပါက၊ ရှင်းလင်းသုတ်သင်ခြင်း ခံရသောအရာတစ်ခု ဖြစ်သွားပေမည်။ သင်ဖော်ပြသော ထိုးထွင်းသိမြင်မှုသည် အသက်တာ၌ သင်တွေ့ကြုံပြီးဖြစ်သည့် အခက်အခဲများ၊ သင် ပြစ်တင်ဆုံးမခံခဲ့ရသည့် အရာများနှင့် သင် တရားစီရင်ခံခဲ့ရသည့် ပြဿနာများ၏ သက်သေအဖြစ် ရပ်တည်နိုင်ပေသည်။ ဤအရာသည် စမ်းသပ်မှုများနှင့် ပတ်သက်၍လည်း မှန်ကန်ပေသည်- လူတစ်ဦး စစ်ဆေးခံရသည့် နေရာသည်၊ လူတစ်ဦး အားနည်းသည့်နေရာဖြစ်၏- ဤအရာများသည် လူတစ်ဦး ကြုံတွေ့ဖူးသည့်၊ လူတစ်ဦး လမ်းကြောင်းတစ်ခုရှိသည့် နယ်ပယ်များ ဖြစ်သည်။ ဥပမာအားဖြင့်၊ အကယ်၍ တစ်စုံတစ်ဦးသည် အိမ်ထောင်၌ စိတ်ပျက်စရာများ ခံစားရပါက၊ “ဘုရားသခင်ကို ကျေးဇူးတင်ပါသည်၊ ဘုရားသခင်ကို ချီးမွမ်းပါသည်၊ ကျွန်ုပ်သည် ဘုရားသခင်၏ စိတ်နှလုံး ဆန္ဒကို ကျေနပ်စေရမည်ဖြစ်ပြီး၊ ကျွန်ုပ်၏ အသက်တာတစ်ခုလုံးကို ဆက်ကပ်ရပါမည်၊ ပြီးလျှင် ကျွန်ုပ်၏ အိမ်ထောင်ကို ဘုရားသခင်၏ လက်တွင် ကျွန်ုပ် လုံးလုံးလျားလျား ထားရှိရပါမည်။ ကျွန်ုပ်၏ ဘဝတစ်ခုလုံးကို ဘုရားသခင်ထံ ပေးအပ်ရန် ကတိပြုဖို့ ကျွန်ုပ် လိုလားလျက် ရှိပါသည်။” ဟု ၎င်းတို့ မကြာခဏ မိတ်သဟာယပြုကြလိမ့်မည်။ မိတ်သဟာယမှတစ်ဆင့် လူ့အတွင်းရှိ အရာခပ်သိမ်းသည် သူ၏ ဖြစ်ခြင်းကို ပြသနိုင်ပေသည်။ လူတစ်ဦး၏ စကားအမြန်နှုန်း၊ ကျယ်ကျယ် ပြောသည်ဖြစ်စေ ညင်ညင်သာသာ

ပြောသည်ဖြစ်စေ- ထိုသို့သော ကိစ္စများသည် အတွေ့အကြုံနှင့် သက်ဆိုင်သော ကိစ္စများ မဟုတ်သကဲ့သို့ ၎င်းတို့ ရှိသည့်အရာနှင့် ဖြစ်သည့်အရာကို ကိုယ်စားမပြုနိုင်ပေ။ ဤအရာများသည် လူတစ်ဦး၏ အကျင့်စရိုက် ကောင်းသည် သို့မဟုတ် ဆိုးသည်ကိုသာ ပြောပြနိုင်သည်၊ သို့မဟုတ် ၎င်းတို့၏ သဘာဝ ကောင်းသည် သို့မဟုတ် ဆိုးသည်ကို ပြောပြနိုင်သော်လည်း၊ ယင်းတို့ကို လူတစ်ဦး၌ အတွေ့အကြုံ ရှိမရှိဆိုသည်နှင့် တန်းတူထား၍မရနိုင်ပေ။ စကားပြောချိန်တွင် မိမိကိုယ်ကိုယ် ဖော်ပြနိုင်စွမ်း သို့မဟုတ် ကျွမ်းကျင်မှု သို့မဟုတ် စကားအမြန်နှုန်းသည် အလေ့အကျင့်နှင့်သာ သက်ဆိုင်သော အရာဖြစ်ပြီး လူတစ်ဦး၏အတွေ့အကြုံကို အစားမထိုးနိုင်ပေ။ သင်၏တစ်ဦးချင်း အတွေ့အကြုံများအကြောင်း သင်ပြောပြချိန်တွင်၊ အရေးကြီးသည်ဟု သင်မြင်သော အရာနှင့် သင့်အတွင်းရှိ အရာအားလုံးကို သင်မိတ်သဟာယပြုလေသည်။ ငါ၏စကားသည် ငါ၏ဖြစ်တည်မှုကို ကိုယ်စားပြုသော်လည်း၊ ငါပြောသော အရာကို လူသားက လက်လှမ်းမမီနိုင်ပေ။ ငါပြောသောအရာသည် လူသားတွေ့ကြုံသည့် အရာမဟုတ်သကဲ့သို့၊ လူသားက မြင်နိုင်သည့် အရာတစ်ခု မဟုတ်ပေ။ ယင်းသည် လူသားက တွေ့ထိနိုင်သည့် အရာလည်း မဟုတ်ဘဲ၊ ငါ၏ဖြစ်တည်မှု ဖြစ်ပေသည်။ ငါမိတ်သဟာယဖွဲ့သော အရာသည် ငါတွေ့ကြုံဖူးသော အရာဖြစ်သည်ဟုသာ လူအချို့က အသိအမှတ်ပြု ကြသော်လည်း၊ ယင်းသည် ဝိညာဉ်တော်၏ တိုက်ရိုက်ဖော်ပြချက် ဖြစ်သည်ကို ၎င်းတို့ သတိမပြုမိကြချေ။ မှန်ပေ၏၊ ငါပြောသောအရာသည် ငါတွေ့ကြုံဖူးသောအရာ ဖြစ်သည်။ နှစ်ပေါင်း ခြောက်ထောင်ကျော်ကြာ စီမံခန့်ခွဲမှု အလုပ်ကို လုပ်ဆောင်ပြီးသည့်သူမှာ ငါဖြစ်၏။ ငါသည် လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်း အစအဦးမှ ယခုတိုင်အောင် အရာရာကို တွေ့ကြုံပြီးဖြစ်သည်။ ယင်းကို ငါ မည်သို့ မဆွေးနွေးနိုင်ဘဲ ရှိလိမ့်မည်နည်း။ လူသား၏သဘာဝနှင့် ပတ်သက်လာသည့်အခါ၊ ငါသည် ရှင်းလင်းစွာ မြင်ခဲ့ပြီးဖြစ်သည်။ ယင်းကို ငါ အချိန်ကြာမြင့်စွာက စောင့်ကြည့်ခဲ့ပေသည်။ ထိုအရာနှင့်ပတ်သက်၍ ငါသည် အဘယ်သို့ ရှင်းလင်းစွာ မပြောနိုင်ဘဲ ရှိလိမ့်မည်နည်း။ ငါသည် လူသား၏အနှစ်သာရကို ရှင်းလင်းစွာ တွေ့မြင်ပြီးဖြစ်သည့်အတွက်၊ လူသားကို ပြစ်တင်ဆုံးမရန်နှင့် တရားစီရင်ရန် ငါသည် အရည်အချင်းပြည့်မီ၏၊ အဘယ်ကြောင့်ဆိုသော် လူသား၏ အရာခပ်သိမ်းသည် ငါ့ထံမှ လာသော်လည်း၊ စာတန်၏ ဖျက်ဆီးခြင်းကို ခံရပြီးဖြစ်သောကြောင့် ဖြစ်သည်။ မှန်ပေ၏၊ ငါသည် ငါပြုသောအမှုကိုလည်း အကဲဖြတ်ရန် အရည်အချင်းပြည့်မီပေသည်။ ဤအမှုသည် ငါ၏ လူ့ဇာတိဖြင့် လုပ်ဆောင်ခဲ့ခြင်း မဟုတ်သော်လည်း၊ ဝိညာဉ်တော်၏ တိုက်ရိုက်ဖော်ပြချက်ဖြစ်ပြီး ဤသည်မှာ ငါ၏အရာအားလုံးနှင့် ငါ၏ဖြစ်ခြင်း ဖြစ်သည်။

ထို့ကြောင့်၊ ငါသည် ယင်းကိုဖော်ပြရန်နှင့် ငါလုပ်သင့်သောအလုပ်ကို လုပ်ဆောင်ရန် အရည်အချင်း ပြည့်မီပေသည်။ လူတို့ပြောသော အရာသည် ၎င်းတို့ တွေ့ကြုံပြီးသောအရာဖြစ်သည်။ ယင်းသည် ၎င်းတို့တွေ့မြင်ပြီးသောအရာ၊ ၎င်းတို့၏ စိတ်များ အလှမ်းမီနိုင်သောအရာနှင့် ၎င်းတို့အာရုံများက သတိပြုမိနိုင် သောအရာ ဖြစ်သည်။ ယင်းသည် ၎င်းတို့ မိတ်သဟာယပြုနိုင်သောအရာ ဖြစ်သည်။ ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာကပြောဆိုသော နှုတ်ကပတ်တော်များသည် ဝိညာဉ်တော်၏ တိုက်ရိုက်ဖော်ပြချက်ဖြစ်ပြီး ယင်းတို့သည် ဝိညာဉ်တော် လုပ်ဆောင်ပြီးသော အမှုကို ဖော်ပြလေသည်။ ယင်းကို ဇာတိခန္ဓာက မတွေ့ကြုံဖူး သို့မဟုတ် မမြင်ဖူးသော်လည်း၊ ဇာတိခန္ဓာ၏ အနှစ်သာရသည် ဝိညာဉ်တော် ဖြစ်သည့်အတွက် သူသည် သူ၏ဖြစ်ခြင်းကို ဖော်ပြဆဲဖြစ်ပြီး ဝိညာဉ်တော်၏ အလုပ်ကို သူ ဖော်ပြလေသည်။ ယင်းကို ဇာတိခန္ဓာက လက်လှမ်းမမီနိုင်သော်လည်း၊ ဝိညာဉ်တော် လုပ်ဆောင်နှင့်ပြီးသော အလုပ်ဖြစ်သည်။ လူ့ဇာတိခံယူခြင်းနောက်တွင်၊ ဇာတိခန္ဓာ၏ ဖော်ပြချက်မှတစ်ဆင့် သူသည် လူတို့ကို ဘုရားသခင်၏ဖြစ်တည်ခြင်းအား သိရှိနိုင်စေပြီး၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူပြုခဲ့သောအမှုတို့ကို မြင်တွေ့ ခွင့်ပေးလေသည်။ လူသား၏အလုပ်သည် လူတို့ကို ၎င်းတို့ ဝင်ရောက်သင့်သော အရာနှင့် ၎င်းတို့နားလည်သင့်သော အရာတို့နှင့် ပတ်သက်သည့် သာ၍ ရှင်းလင်းပြတ်သားမှုကို ပေးလေသည်။ ယင်းတွင် လူတို့ကို သမ္မာတရားကို သိနားလည်ခြင်းနှင့် တွေ့ကြုံခြင်းဆီသို့ ဦးဆောင်ခြင်း ပါဝင်လေသည်။ လူသား၏ အလုပ်သည် လူတို့ကို အားဖြည့်ရန်ဖြစ်သည်၊ ဘုရားသခင်၏ အမှုသည် လူသားမျိုးနွယ်အတွက် လမ်းကြောင်းသစ်များနှင့် ခေတ်သစ်များကို ဖွင့်လှစ်ပေးရန် ဖြစ်ပြီး၊ လူတို့ကို သူ၏ စိတ်သဘောထားအား သိရှိနိုင်စေရင်း၊ သေမျိုးများ မသိထားကြသည့် အရာကို လူများအား ထုတ်ဖော်ပြဖို့ ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် လူသားမျိုးနွယ် အားလုံးကို ဦးဆောင်ရန်ဖြစ်သည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်အားလုံးမှာ လူတို့ကို အကျိုးပြုရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းသည် လူတို့ကို စိတ်ဓာတ်မြှင့်တင်စေခြင်း အကြောင်းသာ ဖြစ်ပေသည်။ လူတို့ကို အကျိုးမပြုသောအလုပ် မရှိပေ။ သမ္မာတရားသည် နက်သည်ဖြစ်စေ၊ ပေါ့တန်သည်ဖြစ်စေ၊ ပြီးလျှင် သမ္မာတရားကို လက်ခံသောသူတို့၏ အရည်အချင်း မည်သို့ရှိပါစေ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ယင်းသည် လူတို့ကို အကျိုးပြုပေသည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်ကို တိုက်ရိုက် မလုပ်ဆောင်နိုင်ပေ။ ယင်းကို သူနှင့်အတူ ပူးပေါင်း လုပ်ဆောင်သော လူတို့မှတစ်ဆင့် ဖော်ပြရမည် ဖြစ်သည်။ ဤသို့အားဖြင့်သာ၊ သန့်ရှင်းသော

ဝိညာဉ်တော်အလုပ်၏ ရလဒ်များကို ရရှိနိုင်ပေသည်။ မှန်ပေ၏၊ သန့်ရှင်းသော ဝိညာဉ်တော်သည် တိုက်ရိုက် အလုပ်လုပ်သည့်အခါ၊ ယင်းသည် လုံးဝ ရောနှောခြင်းမရှိပေ၊ သို့ရာတွင် လူမှတစ်ဆင့် သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသည့်အခါတွင်၊ ယင်းသည် အလွန် စွန်းထင်းလာပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ မူလအလုပ် မဟုတ်တော့ပေ။ ထိုသို့ဖြစ်သဖြင့်၊ သမ္မာတရားသည် မတူညီသော အတိုင်းအတာများအထိ ပြောင်းလဲလေသည်။ နောက်လိုက်သူများသည် သန့်ရှင်းသောဝိညာဉ်တော်၏ မူလ ရည်ရွယ်ချက်ကို မရရှိကြဘဲ၊ သန့်ရှင်းသော ဝိညာဉ်တော်အလုပ်နှင့် လူသား၏အတွေ့အကြုံနှင့် အသိပညာတို့ ပေါင်းစပ်မှုတစ်ခုကို ရရှိကြလေသည်။ နောက်လိုက်သူများရရှိသည့် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်အစိတ်အပိုင်းသည် မှန်ကန်၏၊ ၎င်းတို့ ရရှိသည့် လူသား၏ အတွေ့အကြုံနှင့် အသိပညာမှာမူ လုပ်သားများ ကွဲပြားကြသောကြောင့် ခြားနားလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးမှုနှင့် လမ်းပြမှုရှိသည့် လုပ်သားများသည် ဤဉာဏ်အလင်းပေးခံရခြင်းနှင့် လမ်းပြမှုပေါ်တွင် အခြေခံ၍ ဆက်လက်တွေ့ကြုံခံစားကြလိမ့်မည် ဖြစ်သည်။ ဤအတွေ့အကြုံများ အတွင်းတွင် လူသား၏စိတ်နှင့် အတွေ့အကြုံအပြင် လူ့သဘာဝဖြစ်ခြင်းတို့ ပေါင်းစပ်ထားပြီး၊ ထို့နောက်တွင် ၎င်းတို့၌ရှိသင့်သည့် အသိပညာသို့မဟုတ် ထိုးထွင်းသိမြင်မှုကို ၎င်းတို့ရရှိကြသည်။ ဤသည်မှာ သမ္မာတရားကို တွေ့ကြုံပြီးနောက် လူသား၏ လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်း ဖြစ်သည်။ လူတို့သည် ကွဲပြားစွာ တွေ့ကြုံကြပြီး လူတို့ တွေ့ကြုံရသော အရာများ ကွဲပြားကြသောကြောင့်၊ ဤလက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းသည် အမြဲ တူညီသည် မဟုတ်ပေ။ ဤနည်းဖြင့်၊ အသိဉာဏ်ပွင့်လင်းခြင်းကို ရရှိသောသူတို့သည် ကွဲပြားကြသောကြောင့်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလားတူ အသိဉာဏ် ပွင့်လင်းစေခြင်းသည် ကွဲပြားသောအသိပညာနှင့် လက်တွေ့လုပ်ဆောင်မှုများဖြင့် အကျိုးဆက်ဖြစ်ပေါ်လေသည်။ လူအချို့သည် လက်တွေ့လုပ်ဆောင်သည့် အတောအတွင်းတွင် သေးငယ်သော အမှားများကို ပြုကြသော်လည်း၊ အချို့သည် ကြီးမားသော အမှားများ ပြုမိကြကာ၊ အချို့မှာ အမှားများသာ ပြုမိကြလေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူတို့သည် နားလည်နိုင်သောစွမ်းရည်များ ကွဲပြားသောကြောင့် ဖြစ်ပြီး၊ ၎င်းတို့၏ မွေးရာပါအရည်အချင်း ကွဲပြားသောကြောင့်လည်း ဖြစ်သည်။ လူအချို့သည် သတင်းစကားတစ်ခုကို ကြားသည့်နောက်တွင် သိနားလည်မှုတစ်မျိုး ရှိကြပြီး၊ အချို့မှာ သမ္မာတရားတစ်ခုကို ကြားသည့်နောက်တွင် သိနားလည်မှုမျိုး နောက်တစ်မျိုး ရှိကြလေသည်။ လူအချို့သည် အနည်းငယ် လမ်းလွဲကြသော်လည်း၊ အချို့မှာ သမ္မာတရား၏

စစ်မှန်သောအဓိပ္ပာယ်ကို လုံးဝ နားမလည်ကြပေ။ ထို့ကြောင့်၊ လူတစ်ဦး၏ သိနားလည်မှုသည် အခြားသူများကို မည်သို့ဦးဆောင်မည်ဆိုသည်ကို ဆုံးဖြတ်ပေးလေသည်။ လူတစ်ဦး၏ အလုပ်သည် မိမိ၏ ဖြစ်တည်မှုနှင့်ဆိုင်သည့် ဖော်ပြချက်တစ်ခုသက်သက် ဖြစ်သောကြောင့် ဤသည်မှာ အတိအကျ မှန်ကန်ပေသည်။ သမ္မာတရားနှင့် သက်ဆိုင်သည့် မှန်ကန်သော သိနားလည်မှုရှိသူများ၏ ဦးဆောင်ခြင်း ခံရသောလူများသည် သမ္မာတရားနှင့်သက်ဆိုင်သော မှန်ကန်သည့် သိနားလည်မှုတစ်ခုလည်း ရှိကြပေလိမ့်မည်။ ၎င်းတို့၏ သိနားလည်မှုတွင် မှားယွင်းမှုများရှိသောသူများ ရှိလျှင်ပင်၊ ၎င်းတို့ အလွန်နည်းပါးလိမ့်မည်ဖြစ်ပြီး အယောက်တိုင်း အမှားများ ရှိကြလိမ့်မည်မဟုတ်။ လူတစ်ဦးသည် သမ္မာတရားနှင့်သက်ဆိုင်သော ၎င်း၏ သိနားလည်မှုတွင် အမှားများရှိပါက၊ ၎င်း၏ နောက်သို့လိုက်သူများသည်လည်း ဧကန်မုချ မှားယွင်းကြလိမ့်မည်ဖြစ်ပြီး၊ ဤလူများသည် ဤစကားလုံး၏ အဓိပ္ပာယ်တိုင်းတွင် မှားယွင်းကြလိမ့်မည် ဖြစ်သည်။ သမ္မာတရားကို နောက်လိုက်သူများ နားလည်သည့် အတိုင်းအတာသည် လုပ်သားများအပေါ်တွင် ကြီးစွာမူတည်လေသည်။ ဟုတ်ပေ၏၊ ဘုရားသခင်ထံမှ သမ္မာတရားသည် မှန်ကန်ပြီး၊ အမှားမရှိသကဲ့သို့၊ လုံးဝသေချာပေသည်။ သို့ရာတွင် လုပ်သားများသည် လုံးလုံးလျားလျား မမှန်ကန်သကဲ့သို့၊ လုံးဝ ယုံကြည်စိတ်ချ၍ရနိုင်သည်ဟု မဆိုနိုင်ပေ။ လုပ်သားများသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဖို့ အလွန် လက်တွေ့ကျသည့် နည်းလမ်းတစ်ခု ရှိကြပါက၊ နောက်လိုက်သူများသည်လည်း လက်တွေ့လုပ်ဆောင်ရမည့် နည်းလမ်းတစ်ခု ရှိကြပေလိမ့်မည်။ အကယ်၍ လုပ်သားများသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဖို့ နည်းလမ်းတစ်ခုမရှိဘဲ အယူဝါဒသာရှိပါက၊ နောက်လိုက်သူများသည် လက်တွေ့အရှိတရား ရှိကြလိမ့်မည် မဟုတ်ပေ။ နောက်လိုက်များ၏ အရည်အချင်းနှင့် သဘာဝသည် မွေးဖွားစဉ် သတ်မှတ်ထားပြီး၊ လုပ်သားများနှင့် ဆက်နွယ်မှု မရှိသော်လည်း၊ သမ္မာတရားကို နောက်လိုက်သူများ နားလည်ပြီး ဘုရားသခင်ကို သိရှိသည့် အတိုင်းအတာသည် လုပ်သားများအပေါ် မူတည်ပေသည် (ဤသည်မှာ လူအချို့အတွက်သာ ဖြစ်သည်)။ လုပ်သားတစ်ဦးသည် မည်သည့်အရာနှင့် တူညီသည်ဖြစ်စေ၊ သူဦးဆောင်သော နောက်လိုက်များလည်း ထိုသို့ဖြစ်ကြလိမ့်မည်။ လုပ်သားတစ်ဦး ဖော်ပြသည့်အရာသည် သံသယမရှိဘဲ၊ သူကိုယ်တိုင်၏ ဖြစ်တည်မှုဖြစ်သည်။ သူ့နောက်လိုက်သော သူများအပေါ် သူပြုသော တောင်းဆိုချက်များသည် သူကိုယ်တိုင်ရရှိရန် လိုလားနေသောအရာ သို့မဟုတ် ရရှိနိုင်သောအရာ ဖြစ်လေသည်။ ၎င်းတို့၏ နောက်လိုက်များ လုံးဝ မရရှိနိုင်သည့်အရာများစွာ ရှိသကဲ့သို့- လူတစ်ဦး မရရှိနိုင်သည့်အရာသည် လူတစ်ဦး၏ ဝင်ရောက်မှုအတွက်

အတားအဆီးတစ်ခု ဖြစ်လာသော်လည်း၊ လုပ်သားအများစုသည် မိမိတို့ကိုယ်တိုင် လုပ်ဆောင်သော အရာများကို ၎င်းတို့၏ နောက်လိုက်များအပေါ် ပြုသော တောင်းဆိုချက်များအတွက် အခြေခံအကြောင်းရင်းတစ်ခုအဖြစ် အသုံးပြုကြလေသည်။

ပြုပြင်ခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်း၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို ကြုံပြီးသောသူများ၏ အလုပ်တွင် သွေဖည်မှု အလွန်နည်းပါးပြီး ၎င်းတို့အလုပ်၏ ဖော်ပြချက်သည် သာ၍များစွာ တိကျလေသည်။ အလုပ်လုပ်ရန် မိမိတို့၏ သဘာဝကျမှုအပေါ် အားထားသောသူများသည် အတော်အတန် အဓိကကျသော အမှားများကို ပြုမိကြသည်။ စုံလင်ခြင်း မခံရသော သူတို့၏အလုပ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို အဓိကအတားအဆီး ဖြစ်ပေါ်စေသည့် ၎င်းတို့ကိုယ်တိုင်၏ သဘာဝကျမှုကို အလွန်များလှစွာ ဖော်ပြလေသည်။ လူတစ်ဦး၏ အရည်အချင်း မည်မျှ ကောင်းသည်ဖြစ်စေ၊ ၎င်းတို့သည် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက် အလုပ်ကို မလုပ်ဆောင်နိုင်မီတွင် ပြုပြင်ခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် တရားစီရင်ခြင်းတို့ကိုလည်း ကြုံကြရမည်ဖြစ်သည်။ ၎င်းတို့သည် ထိုသို့သော တရားစီရင်မှုကို မကြုံရသေးပါက၊ ၎င်းတို့၏ အလုပ်သည် မည်မျှကောင်းစွာ လုပ်ဆောင်ထားသည်ဖြစ်စေ၊ သမ္မာတရား၏ အခြေခံသဘောတရားများနှင့် မကိုက်ညီနိုင်သကဲ့သို့ ၎င်းတို့ကိုယ်တိုင်၏ သဘာဝကျမှုနှင့် လူသား ကောင်းမြတ်မှု၏ ရလဒ်တစ်ခု အမြဲ ဖြစ်ပေလိမ့်မည်။ ပြုပြင်ခြင်း၊ ကိုင်တွယ်ဖြေရှင်းခံရခြင်းနှင့် တရားစီရင်ခြင်းတို့ကို ကြုံရပြီးသူများ၏ အလုပ်သည် ပြုပြင်ခြင်း၊ ကိုင်တွယ်ဖြေရှင်းခံရခြင်းနှင့် တရားစီရင်ခြင်းတို့ကို မခံရသေးသောသူများ၏ အလုပ်ထက် များစွာသာ၍ မှန်ကန်တိကျလေသည်။ တရားစီရင်မှုကို မကြုံရသေးသော သူများသည် လူ့အသိဉာဏ်နှင့် မွေးရာပါ ပါရမီများဖြင့် ရောနှောထားသည့် လူ့ဇာတိပကတိနှင့် အတွေးများကိုသာ ဖော်ပြပေသည်။ ဤသည်မှာ ဘုရားသခင်၏ အလုပ်နှင့် သက်ဆိုင်သည့် လူသား၏ တိကျသော ဖော်ပြချက် မဟုတ်ပေ။ ထိုသို့သော လူတို့နောက်လိုက်သူများသည် ၎င်းတို့၏ မွေးရာပါ အရည်အချင်းဖြင့် ၎င်းတို့ရှေ့သို့ ခေါ်ဆောင်ခံရခြင်း ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်၏ မူလရည်ရွယ်ချက်နှင့် ဆက်စပ်မှု မရှိလုနီးပါးဖြစ်သကဲ့သို့၊ ယင်းမှ အလွန်သွေဖည်လွန်းသည့် လူသား၏ များလွန်းလှသော ထိုးထွင်းသိမြင်မှုနှင့် အတွေ့အကြုံတို့ကို ဖော်ပြသောကြောင့်၊ ဤလူစားမျိုး၏ အလုပ်သည် လူတို့ကို ဘုရားသခင်ရှေ့သို့ မခေါ်ဆောင်နိုင်ဘဲ၊ လူရှေ့သို့သာ ပြန်လည်ခေါ်ဆောင်နိုင်သည်။ ထို့ကြောင့်၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို မကြုံရသေးသောသူများသည် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက် အလုပ်ကို လုပ်ဆောင်ရန် အရည်အချင်းမပြည့်မီပေ။

အရည်အချင်းပြည့်မီသော လုပ်သားတစ်ဦး၏ အလုပ်သည် လူတို့ကို မှန်ကန်သော လမ်းသို့ ခေါ်ဆောင်နိုင်ပြီး ၎င်းတို့ကို သမ္မာတရားထဲသို့ သာ၍ ကြီးမားသည့် ဝင်ရောက်မှု ပေးနိုင်လေသည်။ သူ့အလုပ်သည် လူတို့ကို ဘုရားသခင် ရှေ့သို့ ခေါ်ဆောင်နိုင်သည်။ ထို့အပြင်၊ သူလုပ်ဆောင်သော အလုပ်သည် တစ်ဦးနှင့် တစ်ဦး ကွဲပြားမှုရှိနိုင်ပြီး၊ လူတို့ကို လွတ်မြောက်မှုနှင့် လွတ်လပ်ခြင်းတို့ ရှိစေရင်း၊ စည်းမျဉ်းများဖြင့် ကန့်သတ်မထားသကဲ့သို့၊ အသက်တာတွင် လုပ်နိုင်စွမ်း တဖြည်းဖြည်း ကြီးထွားနိုင်ပြီး သမ္မာတရားထဲသို့ သာ၍နက်နဲသော ဝင်ရောက်မှုတစ်ခုကို ရရှိစေနိုင်သည်။ အရည်အချင်းမပြည့်မီသော လုပ်သားတစ်ဦး၏ အလုပ်သည် အလွန်အဆင့်မမီပေ။ သူ၏အလုပ်သည် မိုက်မဲ၏။ သူ့အနေဖြင့် လူတို့ကို စည်းမျဉ်းစည်းကမ်းများထဲသို့သာ ပို့ဆောင်နိုင်ပြီး၊ လူတို့ကို သူတောင်းဆိုသော အရာသည် တစ်ဦးနှင့်တစ်ဦး မကွာခြားပေ။ သူသည် လူတို့၏ တကယ့် လိုအပ်ချက်များနှင့်အညီ အလုပ်မလုပ်ပေ။ ဤအလုပ်အမျိုးအစားတွင်၊ စည်းမျဉ်းစည်းကမ်း အလွန်များလှပြီး အယူဝါဒ အလွန်များလှကာ၊ လူတို့ကို လက်တွေ့အရှိတရားထဲသို့၊ သို့မဟုတ် အသက်တာ ကြီးထွားမှုနှင့်သက်ဆိုင်သည့် ပုံမှန်လက်တွေ့လုပ်ဆောင်ခြင်းထဲသို့ မခေါ်ဆောင်နိုင်ပေ။ ယင်းသည် လူတို့ကို သုံးမရသော စည်းမျဉ်းစည်းကမ်း အနည်းငယ်တို့ကိုသာ လိုက်နာနိုင်စေသည်။ ထိုသို့သော လမ်းပြမှုမျိုးသည် လူတို့ကို လမ်းလွဲရုံသာ လမ်းလွဲစေနိုင်သည်။ သူသည် သင့်ကို သူနှင့်တူစေဖို့ ဦးဆောင်သည်။ သူသည် သင့်ကို သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းထဲသို့ ခေါ်ဆောင်နိုင်သည်။ နောက်လိုက်များအနေဖြင့် ခေါင်းဆောင်များ အရည်အချင်း ပြည့်မီခြင်း ရှိမရှိကို ရိပ်စားမိရန်၊ အဓိကသော့ချက်မှာ ၎င်းတို့ဦးဆောင်သော လမ်းကြောင်းနှင့် ၎င်းတို့အလုပ်၏ ရလဒ်များကို ကြည့်ရန်ဖြစ်ပြီး နောက်လိုက်များက သမ္မာတရားနှင့်အညီ အခြေခံသဘောတရားများကို ရရှိခြင်း ရှိ မရှိဆိုသည်နှင့် ၎င်းတို့၏ ပြောင်းလဲခြင်းအတွက် သင့်တော်သော လက်တွေ့လုပ်ဆောင်မှု နည်းလမ်းများ ရရှိခြင်း ရှိ မရှိဆိုသည်ကို ကြည့်ရန် ဖြစ်သည်။ သင်သည် မတူညီသောလူအမျိုးအစားတို့၏ မတူညီသည့် အလုပ်များကို ခွဲခြားသိမြင်သင့်သည်။ သင်သည် မိုက်မဲသော နောက်လိုက်တစ်ဦး မဖြစ်သင့်ပေ။ ဤသည်မှာ လူတို့၏ဝင်ရောက်မှု ကိစ္စနှင့် သက်ဆိုင်ပေသည်။ အကယ်၍ သင်သည် မည်သည့် လူ၏ဦးဆောင်မှုသည် လမ်းကြောင်းရှိပြီး၊ မည်သည့်လူ၏ ဦးဆောင်မှုက လမ်းကြောင်းမရှိသည်ကို မခွဲခြားမသိမြင်နိုင်ပါက၊ သင်သည် လွယ်ကူစွာ လှည့်စားခြင်းခံရလိမ့်မည်။ ဤအရာအားလုံးသည် သင်ကိုယ်တိုင်၏ အသက်တာနှင့် တိုက်ရိုက် သက်ဆိုင်ပေသည်။ စုံလင်ခြင်းမခံရသောလူများ၏ အလုပ်တွင် သဘာဝကျမှု အလွန်များလှ၏။ ယင်းသည်

အလွန်များလှစွာသော လူ၏လိုအင်ဆန္ဒဖြင့် ရောနှောထားသည်။ ၎င်းတို့၏ ဖြစ်တည်ခြင်းသည် သဘာဝကျမှု ဖြစ်သည်- ၎င်းတို့ မွေးကတည်းက ပါလာသည့်အရာ ဖြစ်သည်။ ယင်းသည် ကိုင်တွယ်ဖြေရှင်း ခံရပြီးနောက် အသက်တာ သို့မဟုတ် ပြောင်းလဲခြင်းခံရပြီးနောက် လက်တွေ့အရှိတရား မဟုတ်ပေ။ ထိုသို့သော လူစားမျိုးတို့သည် အသက်ကို လိုက်စားရှာဖွေသော သူတို့ကို မည်သို့ ထောက်ပံ့ပေးနိုင်မည်နည်း။ ထိုလူ၏ အသက်သည် မူလအားဖြင့် သူ၏ မွေးရာပါ ဉာဏ်ပညာ သို့မဟုတ် ပါရမီဖြစ်သည်။ ဤဉာဏ်ပညာ သို့မဟုတ် ပါရမီမျိုးသည် လူသားအတွက် ဘုရားသခင်၏ တိကျသော တောင်းဆိုချက်များနှင့် အတော်အတန် ဝေးကွာလေသည်။ အကယ်၍ လူတစ်ဦးသည် စုံလင်စေခြင်း မခံရသေးသကဲ့သို့၊ ၎င်း၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားသည် ပြုပြင်ခြင်းနှင့် ကိုင်တွယ်ခြင်းမခံရသေးပါက သူဖော်ပြသောအရာနှင့် သမ္မာတရားတို့ကြားတွင် ကြီးမားသောကွာဟမှုတစ်ခု ရှိလိမ့်မည်ဖြစ်သည်။ ၎င်းဖော်ပြသော အရာသည် ၎င်း၏စိတ်ကူးစိတ်သန်းနှင့် တစ်ဖက်သတ် အတွေ့အကြုံ ကဲ့သို့သော မရေရာသည့် အရာများဖြင့် ရောနှော နေပေလိမ့်မည်။ ထို့အပြင်၊ သူမည်သို့ အလုပ်လုပ်သည်ဖြစ်စေ၊ လူအားလုံး၏ ဝင်ရောက်မှုအတွက် သင့်တော်သည့် ယေဘုယျ ပန်းတိုင်နှင့် သမ္မာတရားမရှိဟု လူတို့ ခံစားရသည်။ လူတို့အပေါ် တောင်းဆိုထားသည့် အရာအများစုသည် ၎င်းတို့အနေဖြင့် ငှက်နားရာအိပ်တန်းများပေါ်သို့ နားစေခြင်းခံနေရလျက်ရှိသည့် ဘဲများအလား ၎င်းတို့၏ အစွမ်းအစကို ကျော်လွန်ပေသည်။ ဤသည်မှာ လူ့အလိုဆန္ဒ၏ အလုပ်ဖြစ်သည်။ လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား၊ ၎င်း၏အတွေးများနှင့် အယူအဆများသည် ၎င်း၏ကိုယ်ခန္ဓာအစိတ်အပိုင်းများ အားလုံးကို ပျံ့နှံ့ဝင်ရောက်လေသည်။ လူသားသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် ဗီဇဖြင့် မွေးဖွားခြင်း မဟုတ်သကဲ့သို့၊ သမ္မာတရားကို တိုက်ရိုက်နားလည်ရန် ဗီဇလည်း မရှိပေ။ ယင်း၌ ထိုလူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား ပေါင်းထည့်ပါက- ဤသဘာဝကျသည့် လူပုဂ္ဂိုလ်မျိုး အလုပ်လုပ်သောအခါတွင်၊ အနှောင့်အယှက်များ ဖြစ်ပေါ်စေသည် မဟုတ်လော။ သို့ရာတွင် စုံလင်စေခြင်း ခံရပြီးသော လူသားတစ်ဦးသည် သူ၏အလုပ်ထဲက မရေမရာနှင့် မစစ်မှန်သော အရာများ တဖြည်းဖြည်း မေးမှိန်ပျောက်ကွယ် သွားဖို့အလို့ငှာ၊ လူသား၏ အရောအနှောများ ပိုနည်းလာပြီး၊ သူ့အလုပ် နှင့် အစေခံမှုတို့သည် ဘုရားသခင် သတ်မှတ်ထားသည့် စံနှုန်းများနှင့် ယခင်ထက် သာ၍ နီးစပ်လာဖို့အလို့ငှာ၊ လူတို့ နားလည်သင့်သော သမ္မာတရား၏ အတွေ့အကြုံနှင့် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများနှင့် သက်ဆိုင်သည့် အသိပညာတို့ ရှိကြလေသည်။ ထို့ကြောင့်၊ ၎င်း၏အလုပ်သည် သမ္မာတရား

လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ပြီးဖြစ်ကာ၊ လက်တွေ့လည်း ကျလာပြီ ဖြစ်လေသည်။ လူသား၏စိတ်ထဲက အတွေးများသည် အထူးသဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ပိတ်ဆို့သည်။ လူသားသည် ကြွယ်ဝသော စိတ်ကူးစိတ်သန်းနှင့် ယုတ္တိတန်သော ဆင်ခြင်တွေးခေါ်မှုစနစ် ရှိပြီး၊ အရေးကိစ္စများကို ကိုင်တွယ်ခြင်း၌ ရှည်ကြာသော အတွေ့အကြုံ ရှိခဲ့ပြီးဖြစ်သည်။ အကယ်၍ လူသား၏ ဉာဏ်သွင်ပြင်လက္ခဏာများသည် ပြုပြင်ခြင်းနှင့် မှန်အောင်ပြင်ဆင်ခြင်းတို့ကို မကြုံရပါက၊ ယင်းတို့အားလုံးသည် အလုပ်အဖို့ အတားအဆီးများ ဖြစ်ပေသည်။ ထို့ကြောင့် လူသား၏အလုပ်၊ အထူးသဖြင့် စုံလင်စေခြင်းမခံရသော သူတို့၏ အလုပ်သည် တိကျမှန်ကန်မှု၏ အကြီးမားဆုံးသော အတိုင်းအတာကို မစွမ်းဆောင်နိုင်ပေ။

လူသား၏အလုပ်သည် အပိုင်းအခြားတစ်ခုအတွင်း ရှိနေပြီး အကန့်အသတ် ရှိ၏။ လူတစ်ဦးသည် အဆင့်တစ်ခုခု၏ အလုပ်ကိုသာ လုပ်နိုင်ပြီး ခေတ်တစ်ခေတ်လုံး၏ အလုပ်ကို မလုပ်နိုင်ပေ၊ သို့မဟုတ်ပါက သူသည် လူတို့ကို စည်းမျဉ်းစည်းကမ်းများ အလယ်သို့ ဦးဆောင်လိမ့်မည် ဖြစ်သည်။ လူသား၏အလုပ်သည် သီးခြား အချိန်တစ်ခု၊ သို့မဟုတ် အဆင့်တစ်ဆင့်နှင့်သာ သက်ဆိုင်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူသား၏ အတွေ့အကြုံသည် ယင်း၏ အတိုင်းအတာ တစ်ခုရှိသောကြောင့် ဖြစ်သည်။ လူ၏အလုပ်ကို ဘုရားသခင်၏အမှုနှင့် နှိုင်းယှဉ်၍ မရပေ။ လူ၏ လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းများနှင့် သမ္မာတရားနှင့် သက်ဆိုင်သော သူ၏အသိပညာသည် သီးသန့် အတိုင်းအတာတစ်ခုအတွက်သာ သက်ဆိုင်ပေသည်။ လူသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်သာ ဉာဏ်အလင်းပေးခံရနိုင်ပြီး သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် လုံးဝ မပြည့်ဝနိုင်သောကြောင့်၊ လူ လျှောက်သော လမ်းကြောင်းသည် လုံးဝ သန့်ရှင်းသော ဝိညာဉ်တော်၏ အလို ဖြစ်သည်ဟု သင်ပြော၍မရပေ။ လူ တွေ့ကြုံနိုင်သည့် အရာအားလုံးသည် ပုံမှန်လူ့သဘာဝ၏ အတိုင်းအတာ အတွင်းတွင်ရှိပြီး ပုံမှန်လူသား၏စိတ်ထဲက အတွေးများ၏ အပိုင်းအခြားကို မကျော်လွန်နိုင်ပေ။ သမ္မာတရား လက်တွေ့အရှိတရားကို အသက်ရှင်နေထိုင်နိုင်သူအားလုံးသည် ဤအပိုင်းအခြားအတွင်းတွင် တွေ့ကြုံကြရလေသည်။ သမ္မာတရားကို ၎င်းတို့ တွေ့ကြုံချိန်တွင် ယင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်း ခံရသည့် ပုံမှန်လူသား အသက်တာ၏ အတွေ့အကြုံတစ်ခု အမြဲဖြစ်၏။ ယင်းသည် ပုံမှန်လူသားအသက်တာမှ သွေဖည်သော တွေ့ကြုံခြင်းနည်းလမ်းတစ်ခု မဟုတ်ပေ။ ၎င်းတို့၏ လူသား အသက်တာများ အသက်ရှင်ခြင်း၏ အခြေခံအုတ်မြစ်ပေါ်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းခံရလျက် သမ္မာတရားကို ၎င်းတို့ တွေ့ကြုံကြရသည်။ ထို့အပြင်

ဤသမ္မာတရားသည် လူတစ်ဦးမှတစ်ဦး ကွဲပြားပြီး၊ ယင်း၏နက်ရှိုင်းမှုသည် လူ၏ အခြေအနေနှင့် ဆက်နွှယ်ပေသည်။ ၎င်းတို့လျှောက်သော လမ်းကြောင်းသည် သမ္မာတရားကို လိုက်စားရှာဖွေသူတစ်ဦး၏ ပုံမှန်လူ့အသက်တာဖြစ်ပြီး၊ ယင်းကို သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်း ခံရသည့် ပုံမှန်လူတစ်ဦး လျှောက်သော လမ်းကြောင်းဟု ခေါ်ကောင်းခေါ်ဆိုနိုင်သည်ဟုသာ ဆိုနိုင်ပေသည်။ ၎င်းတို့လျှောက်သော လမ်းကြောင်းသည် သန့်ရှင်းသော ဝိညာဉ်တော် လျှောက်သော လမ်းကြောင်း ဖြစ်သည်ဟု မဆိုနိုင်ပေ။ ပုံမှန်လူသား အတွေ့အကြုံတွင်၊ လိုက်စားရှာဖွေသော လူတို့သည် မတူညီသောကြောင့်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည်လည်း တူညီမှုမရှိပေ။ ထို့အပြင် လူတို့တွေ့ကြုံသော ပတ်ဝန်းကျင်များနှင့် ၎င်းတို့ အတွေ့အကြုံ၏ အပိုင်းအခြားများသည် မတူညီသောကြောင့်၊ ပြီးလျှင် ၎င်းတို့၏စိတ်နှင့်အတွေးများ ရောနှောခြင်းကြောင့်၊ ၎င်းတို့၏ အတွေ့အကြုံသည် မတူညီသော အတိုင်းအတာများထိ ရောနှောလျက်ရှိလေသည်။ လူအသီးသီးသည် ၎င်းတို့၏ ကွဲပြားခြားနားသည့်၊ တစ်ဦးချင်း အခြေအနေများနှင့်အညီ သမ္မာတရားကို နားလည်ကြသည်။ သမ္မာတရား၏ စစ်မှန်သော အဓိပ္ပာယ်နှင့် သက်ဆိုင်သည့် ၎င်းတို့၏နားလည်မှုသည် မပြည့်စုံသကဲ့သို့၊ ယင်း၏ ရှုထောင့်တစ်ခု သို့မဟုတ် ရှုထောင့်အချို့သာ ဖြစ်လေသည်။ လူတွေ့ကြုံသော သမ္မာတရား၏ နယ်ပယ်သည် လူအသီးသီး၏ အခြေအနေများနှင့် တစ်ပြေးညီ တစ်ဦးမှတစ်ဦး ကွဲပြားခြားနားလေသည်။ ဤနည်းဖြင့် တူညီသော သမ္မာတရားနှင့် သက်ဆိုင်သည့် အသိပညာကို မတူကွဲပြားသော လူများက ဖော်ပြသည့်အခါ ခြားနားကုန်ကြလေသည်။ ဆိုလိုသည်မှာ၊ လူ၏အတွေ့အကြုံသည် အမြဲ အကန့်အသတ်များရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အလိုကို လုံးဝ ကိုယ်စားမပြုနိုင်သကဲ့သို့၊ လူဖော်ပြသောအရာသည် ဘုရားသခင်၏ အလိုနှင့် အလွန်နီးကပ်စွာ ကိုက်ညီပြီး၊ လူ၏ အတွေ့အကြုံသည် သန့်ရှင်းသောဝိညာဉ်တော် ဆောင်ရွက်သော စုံလင်စေခြင်းနှင့် အလွန်နီးကပ်နေလျှင်ပင်၊ လူ၏အလုပ်ကို ဘုရားသခင်၏အမှုအဖြစ် မြင်၍ မရနိုင်ပေ။ လူသည် ဘုရားသခင် သူ့ကို ပေးအပ်ထားသည့် အလုပ်ကို လုပ်ဆောင်လျက် ဘုရားသခင်၏အစေခံသာ ဖြစ်နိုင်သည်။ လူသည် သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းခံရသည့် အသိပညာနှင့် သူ၏ ပုဂ္ဂိုလ်ရေး အတွေ့အကြုံများမှရရှိသော သမ္မာတရားများကိုသာ ဖော်ပြနိုင်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ထွက်ပေါက်ဖြစ်ရန် လူသည် အရည်အချင်းမပြည့်မီသကဲ့သို့ သတ်မှတ်ချက်များကို မပြည့်မီပေ။ သူ၏အလုပ်သည် ဘုရားသခင်၏ အမှုဖြစ်သည်ဟု သူ ဆိုပိုင်ခွင့်မရှိပေ။ လူတွင် လူ၏ အလုပ်လုပ်သည့် အခြေခံသဘောတရားများရှိပြီး၊

လူအားလုံးသည် ကွဲပြားသော အတွေ့အကြုံများရှိကာ မတူညီသော အခြေအနေများ ပိုင်ဆိုင်ကြသည်။ လူ၏အလုပ်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပေးမှုအောက်တွင်ရှိသည့် သူ၏ အတွေ့အကြုံအားလုံး ပါဝင်သည်။ ဤအတွေ့အကြုံများသည် လူ၏ဖြစ်တည်ခြင်းကိုသာ ကိုယ်စားပြုနိုင်ပြီး ဘုရားသခင်၏ဖြစ်တည်ခြင်း၊ သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်၏ အလိုကို ကိုယ်စားမပြုနိုင်ပေ။ ထို့ကြောင့် လူ၏အလုပ်သည် ဘုရားသခင်၏ အမှုကို ကိုယ်စားမပြုနိုင်သကဲ့သို့၊ လူ၏အလုပ်နှင့် လူ၏ အတွေ့အကြုံသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ပြည့်စုံသော အလိုတော် မဟုတ်သောကြောင့် လူလျှောက်သော လမ်းကြောင်းသည် သန့်ရှင်းသော ဝိညာဉ်တော် လျှောက်သော လမ်းကြောင်း ဖြစ်သည်ဟု ဆို၍မရပေ။ လူ၏အလုပ်သည် စည်းမျဉ်းများထဲသို့ ကျဆင်းလွယ်ပြီး၊ သူ့အလုပ်၏ နည်းစနစ်သည် ကန့်သတ်ထားသော နယ်ပယ်တစ်ခုသို့ လွယ်လင့်တကူ ဘောင်ခတ်ခံရကာ၊ လူတို့ကို အချုပ်အချယ်ကင်းသော လမ်းတစ်ခုသို့ ဦးဆောင်နိုင်ခြင်းမရှိပေ။ နောက်လိုက်အများစုသည် ကန့်သတ်ထားသော နယ်ပယ်တစ်ခုအတွင်းတွင် အသက်ရှင်ကြပြီး၊ ၎င်းတို့၏တွေ့ကြုံမှု နည်းလမ်းသည်လည်း ယင်း၏နယ်ပယ်ထဲတွင် ကန့်သတ်ခံရလေသည်။ လူ၏ အတွေ့အကြုံသည် အမြဲ အကန့်အသတ်ရှိ၏။ သူ၏အလုပ်နှင့်ဆိုင်သော နည်းစနစ်သည်လည်း အမျိုးအစား အနည်းငယ်ထိ ကန့်သတ်ခံရပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်၊ သို့မဟုတ် ဘုရားသခင် ကိုယ်တိုင်၏ အမှုနှင့် နှိုင်းယှဉ်၍ မရနိုင်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော်၊ နောက်ဆုံးတွင် လူ၏ အတွေ့အကြုံသည် အကန့်အသတ်ရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် သူ၏အမှုကို မည်သို့လုပ်ဆောင်သည်ဖြစ်စေ၊ ယင်းသည် စည်းမျဉ်းများအားဖြင့် ပိတ်ဆီးမခံရပေ။ ယင်းကို မည်သို့လုပ်ဆောင်ပြီးစီးသည်ဖြစ်စေ၊ နည်းစနစ် တစ်ခုတစ်လေမျှထိ ကန့်သတ်မထားပေ။ ဘုရားသခင်၏ အမှုအတွက် မည်သည့် စည်းမျဉ်းစည်းကမ်းမျှ မရှိပေ- သူ၏အမှုအားလုံးသည် လွတ်ငြိမ်းပြီး အချုပ်အနှောင် ကင်းလေသည်။ လူသည် သူ့နောက်လိုက်ရင်း အချိန်မည်မျှကုန်ဆုံးပါစေ၊ သူသည် ဘုရားသခင်၏ အမှုပြုသည့်နည်းလမ်းများကို စိုးမိုးသည့် မည်သည့်ဥပဒေသကိုမျှ အနှစ်မချုပ်နိုင်ပေ။ ဘုရားသခင်၏ အမှုသည် မူအရဖြစ်သော်လည်း၊ ယင်းကို နည်းလမ်းသစ်များဖြင့် အမြဲလုပ်ဆောင်ကာ အသစ်သော တိုးတက်မှုများ အမြဲရှိပြီး ယင်းကို လူက လက်လှမ်းမမီနိုင်ပေ။ အချိန်ကာလတစ်ခုတည်းတွင်၊ ဘုရားသခင်သည် မတူကွဲပြားသော အလုပ်အမျိုးအစား အချို့နှင့် လူတို့ကို မတူကွဲပြားသော ဦးဆောင်ခြင်း နည်းလမ်းများရှိနိုင်ကာ၊ ထိုသို့ပြုလုပ်ခြင်းဖြင့် လူတို့သည် အသစ်သော ဝင်ရောက်မှုများနှင့်

ပြောင်းလဲမှုများ အမြဲရှိလေသည်။ သူသည် အသစ်သော နည်းလမ်းများဖြင့် အမြဲ အမှုပြုသောကြောင့်၊ သင်သည် ဘုရားသခင်၏ အမှုနှင့်သက်ဆိုင်သော ဥပဒေသများကို မသိမြင်နိုင်ပေ၊ ပြီးလျှင် ထိုသို့ဖြင့်သာ ဘုရားသခင်၏ နောက်လိုက်များသည် စည်းမျဉ်းများအားဖြင့် ကန့်သတ်ခံလာရခြင်း မရှိပေ။ ဘုရားသခင် ကိုယ်တိုင်၏အမှုသည် လူတို့၏အယူအဆများကို အမြဲရှောင်ရှားပြီး ထိုအယူအဆများကို ဆန့်ကျင်လေသည်။ စစ်မှန်သော နှလုံးသားတစ်ခုဖြင့် ဘုရားသခင် နောက်သို့လိုက်ပြီး သူ့ကို လိုက်စားရှာဖွေသော သူတို့သာ ၎င်းတို့၏ စိတ်သဘောထားများ ပြောင်းလဲခြင်းခံရမည်ဖြစ်ပြီး မည်သည့် စည်းမျဉ်းအောက်တွင်မျှ မရှိဘဲ၊ သို့မဟုတ် မည်သည့် ဘာသာတရား အယူအဆများဖြင့်မျှ ချုပ်ထိန်းမခံရဘဲ၊ လွတ်လွတ်လပ်လပ် အသက်ရှင်နိုင်ပေသည်။ လူ၏အလုပ်သည် ၎င်း၏ ကိုယ်ပိုင် အတွေ့အကြုံနှင့် ၎င်းကိုယ်တိုင် စွမ်းဆောင်ရရှိနိုင်သည့်အရာပေါ် အခြေခံ၍ လူတို့ကို တောင်းဆိုမှုများ ပြုလေသည်။ ဤသတ်မှတ်ချက်များ၏ စံနှုန်းများသည် တိကျသည့် နယ်ပယ်တစ်ခုအတွင်းတွင် ကန့်သတ်ထားပြီး၊ လက်တွေ့လုပ်ဆောင်သည့် နည်းလမ်းများသည်လည်း အလွန် ကန့်သတ်မှုရှိလေသည်။ ဤသို့ဖြင့်၊ နောက်လိုက်များသည် ဤကန့်သတ်ထားသော နယ်ပယ်အတွင်းတွင် မရည်ရွယ်ဘဲနှင့် အသက်ရှင်မိကြသည်။ အချိန်ကုန်လွန် လာသည်နှင့်အမျှ ဤအရာများသည် စည်းမျဉ်းများနှင့် ရိုးရာဓလေ့များဖြစ်လာသည်။ အကယ်၍ ကာလတစ်ခု၏ အလုပ်သည် ဘုရားသခင်၏ ကိုယ်တိုင်ကိုယ်ကျ စုံလင်စေခြင်းကို မကြုံရသေးသကဲ့သို့၊ တရားစီရင်ခြင်းကို မရရှိသေးသည့် သူတစ်ဦး၏ ဦးဆောင်ခြင်းခံရပါက၊ ၎င်း၏နောက်လိုက်များအားလုံးသည် ဘာသာရေးသမားများနှင့် ဘုရားသခင်ကို ခုခံဆန့်ကျင်ရာတွင် ကျွမ်းကျင်သူများ ဖြစ်လာကြပေလိမ့်မည်။ ထို့ကြောင့်၊ အကယ်၍ တစ်စုံတစ်ယောက်သည် အရည်အချင်းပြည့်မီသော ခေါင်းဆောင်တစ်ဦးဖြစ်ပါက၊ ထိုလူသည် တရားစီရင်ခြင်းကို ကြုံရမည်ဖြစ်ပြီး စုံလင်စေခြင်းကို လက်ခံရပေမည်။ တရားစီရင်မှုကို မကြုံတွေ့သေးသောသူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ် ရှိကောင်းရှိနေနိုင်သော်လည်း၊ မရေရာသကဲ့သို့ မစစ်မှန်သော အရာများကိုသာ ဖော်ပြလေသည်။ အချိန်နှင့်အမျှ၊ ၎င်းတို့သည် လူတို့ကို မရေရာသကဲ့သို့ သဘာဝလွန်သော စည်းမျဉ်းများထဲသို့ ဦးဆောင်လိမ့်မည်။ ဘုရားသခင် လုပ်ဆောင်သော အမှုသည် လူ၏ ဇာတိပကတိနှင့် မကိုက်ညီပေ။ ယင်းသည် လူ၏ အတွေးများနှင့် မကိုက်ညီဘဲ၊ လူ၏ အယူအဆများကို ဆန့်ကျင်လေသည်။ ယင်းသည် မရေရာသော ဘာသာရေး အသွေးအရောင်များနှင့် မစွန်းထင်းပေ။ ဘုရားသခင်၏ အမှုရလဒ်များကို ဘုရားသခင်၏

စုံလင်စေခြင်းမခံရသေးသည့် သူတစ်ဦးဦးက မရရှိနိုင်ပေ။ ထိုရလဒ်များကို လူ၏အတွေးများက လက်လှမ်းမမီနိုင်ပေ။

လူ၏စိတ်ထဲရှိအလုပ်သည် ရရှိဖို့ လူသားအတွက် အလွန်လွယ်ကူလွန်းလှ ပေသည်။ ဥပမာအားဖြင့်၊ ဘာသာရေး လောကထဲက သင်းအုပ်များနှင့် ခေါင်းဆောင်များသည် မိမိတို့၏ အလုပ်ကို လုပ်ဆောင်ရန် ၎င်းတို့၏ ဆုကျေးဇူးများနှင့် ရာထူးများအပေါ် အမှီပြုကြသည်။ အချိန်ကြာမြင့်စွာ ၎င်းတို့နောက်လိုက်သော သူများသည် ၎င်းတို့၏ ဆုကျေးဇူးများဖြင့် ကူးစက်ခံရပြီး ၎င်းတို့၏ဖြစ်တည်မှု အချို့ဖြင့် လွှမ်းမိုးမှုခံရကြလိမ့်မည်။ ၎င်းတို့သည် လူတို့၏ ဆုကျေးဇူးများ၊ အစွမ်းအစများနှင့် အသိပညာတို့အပေါ် အာရုံစိုက်ပြီး၊ သဘာဝလွန်သည့်အရာများနှင့် နက်နဲပြီး လက်တွေ့မကျသော အယူဝါဒများကို (ဟုတ်ပေ၏၊ ဤနက်နဲသော အယူဝါဒများကို မရယူနိုင်ပေ။) အာရုံစိုက်ကြလေသည်။ ၎င်းတို့သည် လူတို့၏ စိတ်သဘောထားများထဲက ပြောင်းလဲမှုများအပေါ် အာရုံမစိုက်ဘဲ၊ ယင်းထက် တရားဟောဖို့နှင့် အလုပ်လုပ်ဖို့ လူတို့ကို လေ့ကျင့်ပေးခြင်း၊ လူတို့၏အသိပညာနှင့် ၎င်းတို့၏ အလှုံ့ပယ်ဖြစ်သော ဘာသာရေး အယူဝါဒများကို တိုးတက်စေခြင်းတို့အပေါ် အာရုံစိုက်ကြလေသည်။ လူတို့၏ စိတ်သဘောထားများ မည်မျှပြောင်းလဲသည်ဆိုသည့်အပေါ် ၎င်းတို့ အာရုံမစိုက်ကြသကဲ့သို့၊ သမ္မာတရားကို လူတို့ မည်မျှနားလည်သည်ဆိုသည့်အပေါ်လည်း အာရုံမစိုက်ပေ။ ၎င်းတို့သည် လူတို့၏သာမန်နှင့် သာမန်မဟုတ်သော အခြေအနေတို့ကို ရရှိဖို့ကြိုးစားရန် မဆိုထားနှင့်၊ လူတို့၏အနှစ်သာရကိုပင် စိတ်ပင်မဝင်စားကြပေ။ ၎င်းတို့သည် လူတို့၏ မပြည့်စုံမှုများ သို့မဟုတ် ဖောက်ပြန်ပျက်စီးခြင်းများအတွက် လူတို့ကို ပြုပြင်ရန်မဆိုထားနှင့်၊ ၎င်းတို့၏ အယူအဆများကို မဆန့်ကျင်ကြသကဲ့သို့၊ ၎င်းတို့၏အယူအဆများကို ထုတ်ဖော်ပြခြင်းမရှိပေ။ ၎င်းတို့နောက်လိုက်သောသူ အများစုသည် မိမိတို့၏ ဆုကျေးဇူးများဖြင့် အစေခံကြပြီး၊ သူတို့ထုတ်ဖော်ပြသမျှအားလုံးမှာ လက်တွေ့အရှိတရားနှင့် ကင်းကွာပြီး လူတို့အပေါ် အသက်အပ်နှင်းနိုင်ခြင်း လုံးဝမရှိသည့် ဘာသာရေး အယူအဆများနှင့် ဓမ္မပညာဆိုင်ရာ သဘောတရားများဖြစ်သည်။ အမှန်တွင်၊ ၎င်းတို့ အလုပ်၏ အနှစ်သာရသည် ပါရမီကို ပျိုးထောင်ခြင်း၊ ဘာမျှမရှိသည့် လူတစ်ဦးမှ နောက်ပိုင်းတွင် အလုပ်လုပ်ကာ ဦးဆောင်မည့် ပါရမီရှိသော ကျမ်းစာကျောင်း ဘွဲ့ရတစ်ဦးအဖြစ်သို့ ပျိုးထောင်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ အနှစ်ခြောက်ထောင် အမှုထဲက နည်းဥပဒေသ တစ်ခုတစ်လေကို သင် သိမြင်နိုင်ပါသလော။ လူလုပ်ဆောင်သောအလုပ်တွင် စည်းမျဉ်းများနှင့် ကန့်သတ်ချက်များစွာရှိပြီး လူသား ဦးနှောက်သည် အလွန် တစ်ယူသန်ဖြစ်လွန်းလှ၏။ ထို့ကြောင့် လူက ဖော်ပြသောအရာသည်

သူ၏အတွေ့အကြုံ နယ်ပယ်အတွင်းရှိ အသိပညာနှင့် သဘောပေါက်မိခြင်းတို့ဖြစ်သည်။ လူသည် ဤအရာမှလွဲ၍ မည်သည့်အရာကိုမျှ မဖော်ပြနိုင်ပေ။ လူ၏ အတွေ့အကြုံ သို့မဟုတ် အသိပညာသည် ၎င်း၏မွေးရာပါ ဆုကျေးဇူးများ သို့မဟုတ် ၎င်း၏ ဗီဇမှ ထွက်ပေါ်လာခြင်းမဟုတ်ပေ။ ယင်းတို့သည် ဘုရားသခင်၏ လမ်းပြမှုနှင့် တိုက်ရိုက်ထိန်းကျောင်းမှုတို့ကြောင့် ထွက်ပေါ်လာခြင်း ဖြစ်သည်။ လူသည် ဤထိန်းကျောင်းမှုကို လက်ခံနိုင်စွမ်းသာရှိပြီး၊ ဘုရား၏သဘောသဘာဝသည် အဘယ်အရာဖြစ်သည်ကို တိုက်ရိုက်ဖော်ပြရန် အစွမ်းအစမရှိချေ။ လူသည် အရင်းအမြစ်မဖြစ်နိုင်ပေ။ သူသည် အရင်းအမြစ်မှ လာသော ရေကိုလက်ခံသည့် အိုးတစ်ခုသာ ဖြစ်နိုင်သည်။ ဤသည်မှာ လူသား ဗီဇ၊ လူသားတစ်ဦးအနေဖြင့် ရှိသင့်သော အစွမ်းအစ ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံသည့် စွမ်းရည်ဆုံးရှုံးပြီး၊ လူသား ဗီဇကို ဆုံးရှုံးပါက၊ ထိုလူသည် တန်ဖိုးအရှိဆုံးသော အရာကိုလည်း ဆုံးရှုံးကာ ဖန်ဆင်းခံ လူသား၏ တာဝန်ကို ဆုံးရှုံးပေသည်။ အကယ်၍ လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော် သို့မဟုတ် သူ၏အမှုနှင့် သက်ဆိုင်သည့် အသိပညာ သို့မဟုတ် အတွေ့အကြုံမရှိပါက ထိုလူသည် သူ၏တာဝန်၊ ဖန်ဆင်းခံ သတ္တဝါတစ်ဦးအနေဖြင့် သူဆောင်ရွက်သင့်သော တာဝန်ကို ဆုံးရှုံးပြီး၊ ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ ဂုဏ်သိက္ခာကို ဆုံးရှုံးပေသည်။ လူ့ဇာတိ၌ ဖော်ပြသည်ဖြစ်စေ ဝိညာဉ်တော်အားဖြင့် တိုက်ရိုက်ဖော်ပြသည်ဖြစ်စေ၊ ဘုရားသဘောသဘာဝမှာ မည်သည့်အရာဖြစ်သည်ကို ဖော်ပြရန်မှာ ဘုရားသခင်၏ ပင်ကိုစရိုက် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ သာသနာဖြစ်သည်။ လူသည် ဘုရားသခင်၏ အမှုအတွင်း သို့မဟုတ် အမှုပြီးနောက်တွင် သူ၏ကိုယ်ပိုင်အတွေ့အကြုံများ သို့မဟုတ် အသိပညာကို ဖော်ပြလေသည် (ယင်းမှာ သူ၏ဖြစ်ခြင်းကို ဖော်ပြသည်ကို ဆိုလိုသည်)။ ဤသည်မှာ လူ၏ ပင်ကိုစရိုက်နှင့် လူ၏ တာဝန်ဖြစ်ပြီး၊ ယင်းသည် လူက စွမ်းဆောင်ရရှိသင့်သော အရာဖြစ်သည်။ လူ၏ ဖော်ပြချက်သည် ဘုရားသခင် ဖော်ပြသည့်အရာကို မမီသော်လည်း၊ လူဖော်ပြသည့် အရာသည် စည်းမျဉ်းများစွာဖြင့် ကန့်သတ်ခံရသော်လည်း၊ လူသည် သူဖြည့်ဆည်းသင့်သောတာဝန်ကို ဖြည့်ဆည်းရမည်ဖြစ်ပြီး၊ သူလုပ်သင့်သည့် အရာကိုလုပ်ရမည်ဖြစ်သည်။ လူသည် သူ၏တာဝန်ကိုဖြည့်ဆည်းရန် တတ်စွမ်းသမျှ ဖြစ်နိုင်သည့်အရာအားလုံးကို လုပ်ဆောင်သင့်ပြီး၊ သံသယ နည်းနည်းမျှပင် မရှိသင့်ပေ။

နှစ်များစွာကြာ အလုပ်လုပ်ပြီးနောက်တွင်၊ လူသည် သူ၏နှစ်ပေါင်းများစွာ ကြာသည့် အလုပ် အတွေ့အကြုံအပြင် သူစုဆောင်းထားခဲ့သော ဉာဏ်ပညာနှင့် စည်းမျဉ်းတို့ကို

အကျဉ်းချုပ်လိမ့်မည်။ အချိန်ကြာမြင့်စွာ အလုပ်လုပ်ဖူးသောသူသည် သန့်ရှင်းသော ဝိညာဉ်တော်အလုပ်၏ လှုပ်ရှားမှုအား မည်သို့ အာရုံခံရမည်ကို သိရှိလေသည်။ မည်သည့်အချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်ပြီး မည်သည့်အချိန်တွင် အလုပ်မလုပ်သည်ကို သူသိသည်။ ဝန်ထုပ်တစ်ခုကို သယ်ဆောင်စဉ် မည်သို့မိတ်သဟာယပြုရမည်ကို သူသိပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်အလုပ်၏ ပုံမှန်အခြေအနေနှင့် အသက်တာ၌ လူတို့၏ ကြီးထွားမှုအခြေအနေကို သိလေသည်။ ယင်းသည် နှစ်ပေါင်းများစွာ အလုပ်လုပ်ဖူးပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကိုသိသော လူတစ်ဦးဖြစ်သည်။ အချိန်ကြာမြင့်စွာ အလုပ်လုပ်ဖူးသောသူတို့သည် ခိုင်ခိုင်မာမာနှင့် စိတ်အေးလက်အေး စကားပြောကြ၏။ ၎င်းတို့ ပြောစရာ ဘာမျှမရှိသည့်အချိန်တွင်ပင် စိတ်တည်ငြိမ် ကြလေသည်။ အတွင်း၌၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်အလုပ်ကို ရှာဖွေရန် ဆက်လက်ဆုတောင်းနိုင်ကြသည်။ ၎င်းတို့သည် အလုပ်လုပ်ရာတွင် အတွေ့အကြုံ ရှိကြသည်။ အချိန်ကြာမြင့်စွာ အလုပ်လုပ်ဖူးပြီး အတွေ့အကြုံများစွာရှိကာ သင်ခန်းစာများစွာ သင်ယူပြီးသောလူတစ်ဦးသည် အတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်ကို တားဆီးသော အရာများစွာရှိ၏။ ဤသည်မှာ ၎င်း၏ ရေရှည်အလုပ်နှင့်ဆိုင်သော ချွတ်ယွင်းချက်တစ်ခုဖြစ်သည်။ ယခုတင် အလုပ်စလုပ်သော လူတစ်ဦးသည် လူသား သင်ခန်းစာများ သို့မဟုတ် အတွေ့အကြုံများဖြင့် ရောနှောမခံရသကဲ့သို့၊ အထူးသဖြင့် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်လုပ်ပုံနှင့်ပတ်သက်၍ ဘာပြောရမှန်းမသိ ဖြစ်ကြလေသည်။ သို့သော် အလုပ်လုပ်နေဆဲအတောအတွင်းတွင်၊ သူသည် သန့်ရှင်းသော ဝိညာဉ်တော် မည်သို့ အလုပ်လုပ်သည်ကို အာရုံခံရန် တဖြည်းဖြည်း သင်ယူပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကိုရရှိရန်အလို့ငှာ မည်သည့်အရာ လုပ်ဆောင်ရမည်၊ အခြားသူတို့၏ ပျော့ကွက်များကို အတိအကျ ထုန့ကိုရန်အလို့ငှာ မည်သည့်အရာ လုပ်ဆောင်ရမည်ဆိုသည်နှင့် အလုပ်လုပ်သူများ ပိုင်ဆိုင်သင့်သည့် ထိုသို့သော အခြား သာမန်အသိပညာကို သတိမူမိလာကြသည်။ အချိန်ကြာလာသည်နှင့်အမျှ၊ သူသည် အလုပ်လုပ်ခြင်းနှင့်သက်ဆိုင်သည့် ထိုသို့သော ဉာဏ်ပညာနှင့် သာမန်အသိပညာတို့ကို ကောင်းစွာ သိလာပြီး အလုပ်လုပ်နေချိန်တွင် ယင်းကို အလွယ်တကူ အသုံးပြုပုံပေါ်လေသည်။ သို့ရာတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် သူအလုပ်လုပ်သည့် နည်းလမ်းကို ပြောင်းလဲသည့်အခါတွင်၊ ထိုသူသည် အလုပ်နှင့်ဆိုင်သည့် သူ၏အသိပညာဟောင်းနှင့် စည်းမျဉ်းဟောင်းများကို လိုက်နာစောင့်ထိန်းဆဲဖြစ်ပြီး၊ အမှု၏ အသစ်သော လှုပ်ရှားမှုအကြောင်းကို အလွန်နည်းပါးစွာ သိလေသည်။ နှစ်ချီသော အလုပ်နှင့်

သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်နှင့် လမ်းပြမှု ပြည့်ဝခြင်းသည် သူ့အား အလုပ်နှင့်ပတ်သက်သည့် သင်ခန်းစာများနှင့် အတွေ့အကြုံများကို ပို၍ပို၍ ပေးလေသည်။ ထိုသို့သော အရာများသည် သူ့ကို မာနမဟုတ်သည့် မိမိကိုယ်ကို ယုံကြည်မှုဖြင့် ပြည့်စေသည်။ တစ်နည်းအားဖြင့်ဆိုသော်၊ သူသည် သူ့ကိုယ်ပိုင်အလုပ်ဖြင့် အတော်အတန် ကျေနပ်အားရပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်အလုပ်နှင့်ပတ်သက်၍ သူရရှိပြီးသော သာမန်အသိပညာဖြင့် တင်းတိမ်ရောင့်ရဲလေသည်။ အထူးသဖြင့် အခြားသူများ မရရှိခဲ့သည့်အရာများ သို့မဟုတ် မသိခဲ့သော အရာများသည် သူ့ကို သာ၍ပင် ယုံကြည်စိတ်ချမှုကို ပေးလေသည်။ ၎င်းအတွင်းရှိ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် မည်သည့်အခါတွင်မျှ မကွယ်ပျောက်နိုင်သည့်ပုံ ရသော်လည်း၊ အခြားသူများသည် ဤအထူးဆက်ဆံမှုအတွက် အရည်အချင်း မပြည့်မီကြချေ။ နှစ်ချီကြာ အလုပ်လုပ်ဖူးပြီး ယင်း၏ အသုံးဝင်မှုက အတော်တန်ဖိုးရှိသည့် ၎င်းကဲ့သို့သော လူစားမျိုးများသာလျှင် ယင်းကို မွေ့လျော်ခံစားရန် အရည်အချင်း ပြည့်မီကြလေသည်။ ဤအရာများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်သော လုပ်ဆောင်ချက်ကို ၎င်း၏လက်ခံမှုအဖို့ ကြီးမားသော အဟန့်အတားတစ်ခု ဖြစ်လာလေသည်။ အသစ်သော အလုပ်ကို ၎င်းက လက်ခံနိုင်လျှင်ပင်၊ ညတွင်းချင်း ထိုသို့ သူ မလုပ်ဆောင်နိုင်ပေ။ ယင်းကို လက်မခံမီ သူသည် အလှည့်အပြောင်း အချို့ကို ဖြတ်သန်းရဖို့ သေချာပေသည်။ ၎င်း၏ အယူအဆ ဟောင်းများသည် ကိုင်တွယ်ဖြေရှင်းခံရပြီး ၎င်းတို့၏ စိတ်သဘောထားဟောင်းများ တရားစီရင်ခံရပြီး နောက်တွင်သာ၊ ဤအခြေအနေသည် တဖြည်းဖြည်း ပြောင်းလဲနိုင်ပေသည်။ ဤအဆင့်များကို ဖြတ်သန်းခြင်းမရှိဘဲ၊ ၎င်းသည် လက်မလွတ်သကဲ့သို့ ၎င်း၏အယူအဆဟောင်းများနှင့် မကိုက်ညီသော သင်ယူမှုအသစ်များနှင့် အလုပ်တို့ကို အလွယ်တကူ လက်မခံပေ။ ဤသည်မှာ လူ့အထဲက ကိုင်တွယ်ဖြေရှင်းဖို့ အခက်ခဲဆုံးသော အရာဖြစ်ပြီး ပြောင်းလဲရန် မလွယ်ကူပေ။ အကယ်၍ လုပ်သားတစ်ဦးအနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်အား တစ်ပြိုင်နက် နားလည်မှုကို ရရှိနိုင်ပြီး ယင်း၏ လှုပ်ရှားမှုကို အကျဉ်းချုပ်နိုင်ပါက၊ ပြီးလျှင် ၎င်း၏ အတွေ့အကြုံနှင့် အလုပ်တို့ဖြင့် ကန့်သတ်မခံရနိုင်သကဲ့သို့၊ အလုပ်ဟောင်းအရ အလုပ်သစ်ကို လက်ခံနိုင်ပါက၊ သူသည် ပညာရှိသောသူဖြစ်ပြီး အရည်အချင်းပြည့်မီသော လုပ်သားတစ်ဦး ဖြစ်လေသည်။ လူတို့သည် မကြာခဏ ဤသို့ဖြစ်ကြလေသည်- ၎င်းတို့သည် မိမိတို့၏ အလုပ်နှင့်ဆိုင်သည့် အတွေ့အကြုံများကို အကျဉ်းချုံးနိုင်ခြင်းမရှိဘဲ၊ နှစ်ပေါင်းများစွာ အလုပ်လုပ်ကြသည်၊ သို့မဟုတ် အလုပ်နှင့်ပတ်သက်သည့် ၎င်းတို့၏အတွေ့အကြုံနှင့် ဉာဏ်ပညာကို အကျဉ်းချုံးပြီးနောက် အသစ်သော အလုပ်ကို လက်ခံရန် ဟန့်တားခြင်းခံရကာ၊

အလုပ်ဟောင်းနှင့် အလုပ်သစ်ကို ကောင်းမွန်စွာ နားလည်နိုင်ခြင်း သို့မဟုတ် မှန်ကန်စွာ သဘောထားနိုင်ခြင်းမရှိပေ။ လူတို့သည် ကိုင်တွယ်ရန် အမှန်တကယ် ခက်ခဲကြပေသည်။ သင်တို့အများစုသည် ဤသို့ဖြစ်ကြ၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို နှစ်ပေါင်းများစွာ တွေ့ကြုံပြီးဖြစ်သော သူတို့သည် အလုပ်သစ်ကို လက်ခံရန်ခက်ခဲကြပြီး ၎င်းတို့ ဘေးဖယ်မထားနိုင်သည့် အယူအဆများဖြင့် အမြဲပြည့်သော်လည်း၊ ယခုတင် အလုပ်စတင်လုပ်သော လူတစ်ဦးသည် အလုပ်နှင့်ပတ်သက်သည့် သာမန်အသိပညာ ကင်းမဲ့ပြီး၊ အရိုးရှင်းဆုံး ကိစ္စအချို့တို့ကိုပင် မည်သို့ကိုင်တွယ် ရမည်ကို မသိကြပေ။ အသင်လူတို့သည် အလွန်ပင် ခက်ခဲလှသည်။ ဝါရင့်မှုအချို့ရှိသူများသည် အလွန်မာန ကြီးကြပြီး စိတ်ကြီးဝင်ကြသည်မှာ ၎င်းတို့ မည်သည့်နေရာမှ လာခဲ့ကြသည်ကို မေ့လျော့ကြလေသည်။ သာ၍ ငယ်ရွယ်သောသူများအပေါ် ၎င်းတို့ အမြဲအထင်သေးကြသော်လည်း၊ ၎င်းတို့သည် အသစ်သော အမှုကို လက်မခံနိုင်ကြဘဲ၊ နှစ်များစွာ ၎င်းတို့ စုဆောင်းပြီး ထိန်းသိမ်းခဲ့ကြသော အယူအဆများကို လက်မလွှတ်နိုင်ကြပေ။ ထိုငယ်ရွယ်ပြီး ပညာမဲ့သော သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်သော လုပ်ဆောင်ချက်ကို အနည်းငယ် လက်ခံနိုင်ပြီး အတော်အတန် စိတ်အားထက်သန်ကြသော်လည်း၊ ပြဿနာများ ပေါ်ပေါက်သည့်အခါ အမြဲ စိတ်ရှုပ်ထွေးလာကြကာ မည်သည့်အရာ လုပ်ဆောင်ရမည်ကို မသိကြပေ။ ၎င်းတို့သည် စိတ်အားထက်သန်ကြသော်လည်း မသိနားမလည်ကြချေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်နှင့် သက်ဆိုင်သော အသိပညာ အနည်းငယ်သာ ၎င်းတို့ ရှိကြပြီး၊ ယင်းကို ၎င်းတို့အသက်တာများတွင် အသုံးမပြုနိုင်ကြပေ။ ယင်းသည် လုံးဝ အသုံးမကျသော အယူဝါဒသာ ဖြစ်သည်။ သင်တို့ကဲ့သို့သော လူများစွာရှိ၏။ မည်မျှသောသူတို့သည် အသုံးပြုရန် သင့်တော်ပါသနည်း။ သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းနှင့် အလင်းပေးခြင်းတို့ကို နာခံနိုင်ပြီး၊ ဘုရားသခင်၏အလိုတော်နှင့်အညီ စီမံခန့်ခွဲနိုင်သူ မည်မျှရှိသနည်း။ သင်တို့ထဲမှ ယခုထက်ထိ နောက်လိုက်များ ဖြစ်ကြပြီးဖြစ်သည့် သူများသည် အလွန်နာခံပုံရကြသော်လည်း၊ အမှန်တွင် သင်တို့သည် သင်တို့အယူအဆများကို လက်လွှတ်လိုက်ခြင်းမရှိသေးပေ၊ သင်တို့သည် သမ္မာကျမ်းထဲတွင် ရှာဖွေနေဆဲ၊ ဝေဝါးမှုများဖြင့် ယုံကြည်နေဆဲ သို့မဟုတ် အယူအဆများထဲတွင် သွားလာနေဆဲဖြစ်သည်။ ယနေ့၏ စစ်မှန်သော အလုပ်ကို သေချာစွာ စုံစမ်းသောသူ သို့မဟုတ် ထိုအလုပ်ထဲသို့ အလေးအနက်ထားသောသူ မည်သူမျှ မရှိပေ။ သင်တို့သည် ယနေ့လမ်းခရီးကို သင်တို့၏ အယူအဆဟောင်းများဖြင့် လက်ခံနေကြပေသည်။

ထိုသို့သော ယုံကြည်ချက်တစ်ခုဖြင့် သင်တို့ မည်သည့်အရာကို ရရှိနိုင်သနည်း။ သင်တို့အထဲတွင် ထုတ်ဖော်ပြမခံရသေးသည့် အယူအဆများစွာ ကွယ်ဝှက်ထားပြီး သင်တို့သည် ထိုအရာတို့ကို အလွယ်တကူ ထုတ်ဖော်ပြခြင်းမရှိဘဲ၊ ကွယ်ဝှက်ရန် အထွတ်အထိပ်အားထုတ်မှုတစ်ခု တကယ်ကို ပြုလုပ်နေသည်ဟု ဆိုနိုင်ပေသည်။ သင်တို့သည် အသစ်သော အမှုကို စစ်မှန်ရိုးသားစွာ လက်ခံခြင်းမရှိသကဲ့သို့၊ သင်တို့၏ အယူအဆဟောင်းများကို စွန့်လွှတ်ရန် အစီအစဉ်မရှိပေ။ သင်တို့သည် အသက်ရှင်သန်မှုအတွက် အလွန်များလှသော အတွေးအခေါ်များ ရှိပြီး၊ ယင်းတို့သည် အလွန်များပြားလှသည်။ သင်တို့သည် သင်တို့၏ အတွေးအခေါ်ဟောင်းများကို မစွန့်လွှတ်သကဲ့သို့ အလုပ်သစ်ကို အင်တင်တင်ဖြင့် ကိုင်တွယ်ဖြေရှင်းလေသည်။ သင်တို့၏ နှလုံးသားများသည် အလွန်ဆိုးယုတ်လှပြီး၊ သင်တို့သည် အမှုသစ်၏ အဆင့်များကို တကယ်ကို နှလုံးမသွင်းကြပေ။ သင်တို့ကဲ့သို့သော အပျင်းခိုသူများသည် ဧဝံဂေလိကို ဖြန့်ဝေခြင်းအလုပ်ကို လုပ်နိုင်ပါသလော။ ယင်းကို စကြဝဠာတစ်ခုလုံးဆီသို့ ဖြန့်ဝေခြင်းအလုပ်ကို သင်တို့တာဝန်ယူနိုင်ပါသလော။ သင်တို့၏ ဤလက်တွေ့လုပ်ဆောင်မှုများသည် သင်တို့၏ စိတ်သဘောထားများကို ပြောင်းလဲခြင်းနှင့် ဘုရားသခင်ကို သိရှိခြင်းတို့မှ သင်တို့ကို တားဆီးနေပါသလော။ အကယ်၍ သင်တို့သည် ဤသို့ရှေ့ဆက်နေပါက၊ သင်တို့ ပယ်ရှားခံရဖို့ သေချာပေ၏။

သင်တို့သည် ဘုရားသခင်၏အမှုကို လူ၏ အလုပ်မှ မည်သို့ခွဲခြားရမည်ဆိုသည်ကို သိရမည်။ လူ၏အလုပ်တွင် မည်သည့်အရာကို သင် မြင်နိုင်သနည်း။ လူ၏အလုပ်တွင် သူ့အတွေ့အကြုံ၏ အရိပ်လက္ခဏာများစွာ ရှိသည်။ လူ ဖော်ပြသည့် အရာသည် သူ၏ဖြစ်ခြင်းဖြစ်သည်။ ဘုရားသခင်၏ ကိုယ်ပိုင်အလုပ်သည်လည်း သူ၏ဖြစ်ခြင်းကို ဖော်ပြသည်၊ သို့ရာတွင် သူ၏ ဖြစ်ခြင်းသည် လူ၏ဖြစ်ခြင်းနှင့် ကွာခြားသည်။ လူ၏ ဖြစ်ခြင်းသည် လူ၏အတွေ့အကြုံနှင့် အသက်တာတို့ကို (လူ၏ အသက်တာတွင် သူတွေ့ကြုံသည့်အရာ၊ သို့မဟုတ် ကြုံဆုံရသည့်အရာ၊ သို့မဟုတ် သူ့တွင်ရှိသော အသက်ရှင်သန်မှုအတွက် ဒဿနများ) ကိုယ်စားပြုပြီး မတူကွဲပြားသော ပတ်ဝန်းကျင်များတွင် နေထိုင်သည့် လူများသည် မတူကွဲပြားသော ဖြစ်တည်မှုများကို ဖော်ပြလေသည်။ သင်သည် လူမှုအဖွဲ့အစည်းနှင့်သက်ဆိုင်သော အတွေ့အကြုံများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပြီးလျှင် သင်၏မိသားစုအတွင်း သင် အမှန်တကယ်အသက်ရှင်ပြီး တွေ့ကြုံပုံကို သင်ဖော်ပြသောအရာတွင် တွေ့နိုင်သည်၊ လူ့ဇာတိခံ ဘုရားသခင်က လူမှုရေး အတွေ့အကြုံများ ရှိ၊ မရှိဆိုသည်ကိုမူ သူ၏အမှုတွင် သင် မတွေ့နိုင်ပေ။ သူသည်

လူ၏အနှစ်သာရကို ကောင်းမွန်စွာ သိရှိပြီး၊ လူအမျိုးအစားအားလုံးနှင့် သက်ဆိုင်သည့် လက်တွေ့လုပ်ဆောင်မှု အမျိုးအစားအားလုံးကို သူ ထုတ်ဖော်ပြနိုင်သည်။ သူသည် လူသားများ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများနှင့် ပုန်ကန်တတ်သော အပြုအမူတို့ကို ဖော်ပြရာတွင် သာ၍ပင် တော်လေသည်။ သူသည် လောကီဆန်သော လူများအလယ်တွင် အသက်မရှင်ဘဲ၊ သူသည် သေမျိုးများ၏သဘာဝနှင့် လောကီဆန်သော လူများ၏ ဖောက်ပြန်ပျက်စီးမှုအားလုံးကို သိရှိလေသည်။ ဤသည်မှာ သူ၏ဖြစ်တည်ခြင်းဖြစ်သည်။ သူသည် လူသား သဘာဝကို အပြည့်အဝ နားလည်သောကြောင့်၊ လောကနှင့် ဆက်ဆံမှုမရှိသော်လည်း၊ ကမ္ဘာကြီးနှင့် ဆက်ဆံသည့် စည်းမျဉ်းများကို သူသိ၏။ သူသည် လူ့မျက်လုံးက မမြင်နိုင်သကဲ့သို့၊ လူ့နားများက မကြားနိုင်သည့် ယနေ့နှင့် အတိတ်နှစ်ခုလုံးထဲက ဝိညာဉ်တော်၏ အလုပ်အကြောင်းကို သိလေသည်။ ဤအရာတွင် အသက်ရှင်သန်မှုအတွက် အတွေးအခေါ်မဟုတ်သော ဉာဏ်ပညာနှင့် လူတို့ နားလည်သဘောပေါက်ရန် ခက်ခဲသော အံ့ဖွယ်ရာများပါဝင်သည်။ ဤသည်မှာ လူတို့ထံ ဖွင့်ဟလျက်ရှိပြီး လူတို့ထံမှလည်း ကွယ်ဝှက်လျက်ရှိသည့် သူ၏ဖြစ်တည်ခြင်းဖြစ်သည်။ သူဖော်ပြသည့်အရာသည် သာမန်ထက်လွန်ကဲသော လူတစ်ဦး၏ ဖြစ်ခြင်းမဟုတ်ဘဲ၊ ဝိညာဉ်တော်၏ ပင်ကိုအရည်အချင်းများနှင့် ဖြစ်ခြင်းတို့ ဖြစ်သည်။ သူသည် ကမ္ဘာလောကသို့ ခရီးမထွက်သော်လည်း၊ ယင်းနှင့်သက်ဆိုင်သည့် အရာရာတိုင်းကို သိသည်။ သူသည် အသိပညာ သို့မဟုတ် ထိုးထွင်းသိမြင်မှုမရှိသည့် "လူမျောက်ဝံများ" နှင့် အဆက်အသွယ်ရှိသော်လည်း၊ အသိပညာထက်မြင့်သကဲ့သို့ ကြီးမြတ်သော လူသားများအထက်တွင်ရှိသည့် စကားများကို ဖော်ပြလေသည်။ သူသည် လူ့သဘာဝမရှိသကဲ့သို့၊ လူသားမျိုးနွယ်၏ အစဉ်အလာများနှင့် အသက်ကို နားမလည်သည့် ထူကာ ထုံအသော လူတစ်စုအတွင်းတွင် အသက်ရှင်သော်လည်း၊ သူသည် လူသားမျိုးနွယ်ကို ပုံမှန်လူ့သဘာဝအား အသက်ရှင်နေထိုင်ရန် စေခိုင်းနိုင်သကဲ့သို့၊ တစ်ချိန်တည်းတွင် လူသားမျိုးနွယ်၏ ယုတ်ညံ့ကာ နိမ့်ကျသော လူ့သဘာဝကို ဖော်ပြနိုင်သည်။ ဤအရာအားလုံးသည် အသွေးအသားရှိသည့် မည်သည့်လူမဆို၏ ဖြစ်ခြင်းထက် မြင့်မားသည့် သူ၏ ဖြစ်ခြင်း ဖြစ်ပေသည်။ သူ့အတွက် သူလုပ်ဆောင်ရန်လိုအပ်သော အလုပ်ကိုလုပ်ရန်နှင့် ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်၏ အနှစ်သာရကို အကုန်အစင် ထုတ်ဖော်ပြရန် ရှုပ်ထွေးကာ၊ ဝန်လေးစေပြီး ယုတ်ညံ့သော လူမှုရေးအသက်တာကို တွေ့ကြုံရန် မလိုအပ်ပေ။ ယုတ်ညံ့သော လူမှုရေး အသက်တာသည် သူ၏ဇာတိခန္ဓာကို မတည်ဆောက်ပေးချေ။ သူ၏အမှုနှင့် နှုတ်ကပတ်တော်များသည် လူသား၏ မနာခံမှုကိုသာ ဖော်ပြပြီး၊ လူကို

လောကနှင့်ဆက်ဆံရန်အတွက် အတွေ့အကြုံများနှင့် သင်ခန်းစာများကို မထောက်ပံ့ပေးချေ။ သူသည် လူကို အသက်ဖြင့် ထောက်ပံ့ချိန်တွင်၊ လူ့အဖွဲ့အစည်း သို့မဟုတ် လူ၏မိသားစုကို လေ့လာစုံစမ်းရန် မလိုအပ်ပေ။ လူကို ဖော်ထုတ်ခြင်းနှင့် တရားစီရင်ခြင်းသည် သူ၏ ဇာတိခန္ဓာနှင့် သက်ဆိုင်သော အတွေ့အကြုံများ၏ ဖော်ပြချက်တစ်ခု မဟုတ်ပေ။ ယင်းသည် လူ၏မနာခံမှုကို အချိန်ကြာမြင့်စွာ သိရှိကာ လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးခြင်းကို စက်ဆုပ်ပြီးနောက် လူ၏မဖြောင့်မတ်မှုနှင့်သက်ဆိုင်သည့် သူ၏ ထုတ်ဖော်ပြခြင်း ဖြစ်ပေသည်။ သူပြုသော အမှုအားလုံးသည် လူ့ထံသို့ သူ၏စိတ်သဘောထားကို ထုတ်ဖော်ပြရန်နှင့် သူ၏ဖြစ်တည်မှုကို ဖော်ပြရန် ရည်ရွယ်ပေသည်။ သူသာလျှင် ဤအမှုကို လုပ်ဆောင်နိုင်၏။ ယင်းသည် အသွေးအသားနှင့် လူတစ်ဦးက စွမ်းဆောင်ရရှိနိုင်သည့် အရာတစ်ခု မဟုတ်ပေ။ သူ၏ အမှုမှ၊ သူ မည်သည့် လူစားမျိုးဖြစ်သည်ကို လူက မပြောနိုင်ပေ။ လူသည် သူ့ကို ဖန်ဆင်းခံလူသား တစ်ဦးအဖြစ်လည်း သူ၏ အမှုပေါ်အခြေပြု၍ အမျိုးအစားမသတ်မှတ်နိုင်ပေ။ သူ၏ ဖြစ်ခြင်းကလည်း သူ့ကို ဖန်ဆင်းခံ လူတစ်ဦးအဖြစ် အမျိုးအစား သတ်မှတ်၍မရနိုင်သောသူ ဖြစ်စေသည်။ လူသည် သူ့ကို လူသား မဟုတ်သောသူတစ်ဦးဟုသာ ယူဆနိုင်သော်လည်း၊ ဘုရားသခင်ကို မည်သည့် အမျိုးအစားတွင် ထားရှိရမည်ကို မသိပေ၊ ထို့ကြောင့် လူသည် ဘုရားသခင်ကို ဘုရားအမျိုးအစားတွင် စာရင်းသွင်းရန် တွန်းအားပေးခံရလေသည်။ ဘုရားသခင်သည် လူများကြားတွင် လူ မလုပ်ဆောင်နိုင်သည့် အမှုများစွာတို့ကို လုပ်ဆောင်ပြီး ဖြစ်သည့်အတွက်၊ လူ့အတွက် ထိုသို့ပြုရန် ယုတ္တိမတန်သောအရာ မဟုတ်ပေ။

ဘုရားသခင်လုပ်ဆောင်သော အမှုသည် သူ၏ ဇာတိခန္ဓာ၏ အတွေ့အကြုံကို ကိုယ်စားပြုသည့်အရာ မဟုတ်ပေ။ လူလုပ်သော အလုပ်မှာ သူ၏အတွေ့အကြုံကို ကိုယ်စားပြုသည့်အရာ ဖြစ်သည်။ အယောက်တိုင်းသည် မိမိတို့၏ ကိုယ်ပိုင် အတွေ့အကြုံနှင့် ပတ်သက်၍ ပြောဆိုကြ၏။ ဘုရားသခင်သည် သမ္မာတရားကို တိုက်ရိုက်ဖော်ပြနိုင်သော်လည်း၊ လူသည် သမ္မာတရားကို သူ၏ တွေ့ကြုံခြင်းနှင့် ကိုက်ညီသည့် အတွေ့အကြုံကိုသာ ဖော်ပြနိုင်လေသည်။ ဘုရားသခင်၏အမှုသည် စည်းမျဉ်းများ မရှိသကဲ့သို့၊ အချိန် သို့မဟုတ် ပထဝီဝင် အကန့်အသတ်များအောက်တွင် မရှိပေ။ သူသည် သူ၏ဖြစ်ခြင်းကို အချိန်မရွေး၊ နေရာမရွေး ဖော်ပြနိုင်သည်။ သူ နှစ်သက်သည့်အတိုင်း သူအလုပ်လုပ်လေသည်။ လူ၏အလုပ်သည် သတ်မှတ်ချက်များနှင့် ဆက်စပ် စဉ်းစားရမည့် အခြေအနေများ ရှိ၏။ ထိုအရာများ မရှိပါက၊ သူသည် အလုပ်လုပ်နိုင်မည်မဟုတ်သကဲ့သို့၊ ဘုရားသခင်နှင့်သက်ဆိုင်သော သူ၏အသိပညာ သို့မဟုတ် သမ္မာတရားနှင့်သက်ဆိုင်သော

သူ၏ အတွေ့အကြုံကို ဖော်ပြနိုင်မည်မဟုတ်ပေ။ တစ်စုံတစ်ရာသည် ဘုရားသခင်၏ ကိုယ်ပိုင်အမှုဖြစ်သည်၊ သို့မဟုတ် လူ၏အလုပ်ဖြစ်သည်ဆိုသည်ကို ပြောရန်၊ သင့်အနေဖြင့် ထိုနှစ်ခုကြားက ကွာခြားချက်များကို နှိုင်းယှဉ်ရုံနှိုင်းယှဉ်ရမည်ဖြစ်သည်။ ဘုရားသခင် ကိုယ်တိုင် ပြုသော အမှုမရှိဘဲ လူ၏အလုပ်သာရှိပါက၊ လူ၏ သွန်သင်ချက်များသည် မြင့်မားကာ အခြားမည်သူမဆို၏ တတ်စွမ်းနိုင်မှုကို ကျော်လွန်သည်ဟု သင် အလွယ်တကူသိရှိလိမ့်မည်။ ၎င်းတို့၏ စကားပြောသည့် အသံနေအသံထား၊ အမှုအရာတို့ကို ကိုင်တွယ်ရာတွင် ၎င်းတို့၏ အခြေခံသဘောတရားများနှင့် အလုပ်လုပ်ရာတွင် ၎င်းတို့၏ အတွေ့အကြုံရင့်ကျက်ပြီး တည်ငြိမ်သည့်ပုံစံကို အခြားသူများ လက်လှမ်းမမီနိုင်ပေ။ သင်တို့အားလုံးသည် ကောင်းမွန်သော အရည်အချင်းနှင့် မြင့်မားသော အသိပညာရှိသည့် ဤလူများကို လေးစားအားကျကြသည်၊ သို့ရာတွင် ဘုရားသခင်၏အမှုနှင့် နှုတ်ကပတ်တော်များမှ ဘုရားသခင်၏ လူ့သဘာဝ မည်မျှမြင့်မားသည်ကို သင်တို့မတွေ့မြင်နိုင်ပေ။ ထို့အစား၊ သူသည် သာမန်ဖြစ်ပြီး အလုပ်လုပ်နေသည့်အချိန်တွင် သူသည် ပုံမှန် ဖြစ်ကာ စစ်မှန်သော်လည်း၊ သေမျိုးများအနေဖြင့် တိုင်းတာ၍ မရနိုင်ပေ၊ ထို့ကြောင့် ယင်းသည် လူတို့အား သူ့ကို ကြည်ညိုမှုတစ်မျိုး ခံစားရစေလေသည်။ မိမိ၏ အလုပ်၌ရှိသည့် လူတစ်ဦး၏အတွေ့အကြုံသည် အထူးသဖြင့် တိုးတက်ကောင်းတိုးတက်မည် သို့မဟုတ် သူ၏ စိတ်ကူးစိတ်သန်းနှင့် ဆင်ခြင်တုံတရားတို့သည် အသိပညာအကြောင်းကို သာ၍ပင် လေ့လာသင်ယူခြင်းဆီသို့၊ သူ၏ လူ့သဘာဝသည် အထူးသဖြင့် ကောင်းမွန်ကောင်း ကောင်းမွန်နိုင်ပေသည်။ ထိုသို့သော အရည်အသွေးများ အားလုံးသည် လူတို့၏ လေးစားမှုကိုသာ ရရှိစေနိုင်သော်လည်း၊ ၎င်းတို့၏ အံ့သြခြင်းနှင့် ကြောက်ရွံ့မှုတို့ကို မနိုးကြွစေနိုင်ပေ။ လူအားလုံးတို့သည် ကောင်းမွန်စွာ အလုပ်လုပ်နိုင်သောသူများ၊ အထူးသဖြင့် နက်ရှိုင်းသော အတွေ့အကြုံရှိသူများနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်သူများကို လေးစားကြသော်လည်း၊ ထိုသို့သောလူတို့သည် အံ့သြမှုကို မထုတ်ဖော်နိုင်ဘဲ၊ လေးစားခြင်းနှင့် မနာလိုမှုတို့သာ ဖြစ်ပေသည်။ သို့ရာတွင် ဘုရားသခင်၏အမှုကို ကြုံတွေ့ပြီးဖြစ်သော လူများသည် ဘုရားသခင်ကို လေးစားမှုမရှိကြပေ။ ထို့အစား ဘုရားသခင်၏အမှုသည် လူ့အဖို့ လက်လှမ်းမမီနိုင်ဖြစ်ပြီး နားလည် သဘောမပေါက်နိုင်သည့်အရာဖြစ်သည်၊ ယင်းသည် လတ်ဆတ်ပြီး အံ့သြဖွယ် ဖြစ်သည်ဟု ၎င်းတို့ ခံစားကြရလေသည်။ ဘုရားသခင်၏အမှုကို လူတို့ကြုံတွေ့ရချိန်တွင်၊ သူနှင့်သက်ဆိုင်သည့် ၎င်းတို့၏ ပထမဦးဆုံးသော အသိမှာ ဘုရားသခင်သည် နားလည်သဘောပေါက်၍မရနိုင်သောသူ၊ ဉာဏ်ပညာရှိပြီး အံ့သြဖွယ်ကောင်းသူဟူ၍ ဖြစ်ပြီး၊ ၎င်းတို့သည် မသိလိုက်ဘဲ သူ့ကို ကြည်ညိုကာ

လူသားတို့စိတ်က ဉာဏ်မမီနိုင်သည့်အရာ ဖြစ်သည့် သူပြုသောအမှု၏ နက်နဲမှုကို ခံစားကြရသည်။ လူတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊ သူ၏ စိတ်ဆန္ဒများကို ကျေနပ်စေရန်သာ အလိုရှိကြသည်။ ဘုရားသခင် ပြုသည့် အမှုသည် လူ၏ အတွေးနှင့် စိတ်ကူးများကို ကျော်လွန်ပြီး သူ့ကိုယ်စား လူက မလုပ်ဆောင်နိုင်သောကြောင့် ၎င်းတို့သည် ဘုရားသခင်ကို ကျော်လွန်လိုသော ဆန္ဒမရှိပေ။ လူကိုယ်တိုင်ပင်လျှင် သူ၏ကိုယ်ပိုင်မပြည့်စုံမှုများကို မသိပေ၊ သို့ရာတွင် ဘုရားသခင်သည် လမ်းကြောင်းသစ်တစ်ခုကို ရှေ့ဆက်ပြီး လူကို သာ၍သစ်လွင်ကာ သာ၍လှပသော ကမ္ဘာတစ်ခုထဲသို့ ခေါ်ဆောင်ရန် ကြွလာပြီဖြစ်သည်၊ ထိုသို့လျှင် လူသားမျိုးနွယ်သည် အသစ်သောတိုးတက်မှုကို ပြုပြီးဖြစ်ကာ အသစ်သော စတင်မှု ရှိခဲ့ကြပြီးဖြစ်သည်။ ဘုရားသခင်အတွက် လူတို့ ခံစားရသည့်အရာမှာ လေးစားမှုမဟုတ်ပေ၊ သို့မဟုတ် ယင်းထက် လေးစားမှုတစ်ခုတည်း မဟုတ်ပေ။ ၎င်းတို့၏အနက်ရှိုင်းဆုံး အတွေ့အကြုံသည် ရိုသေခန့်ညားခြင်းနှင့် ချစ်ခြင်းမေတ္တာ ဖြစ်၏။ ၎င်းတို့၏ ခံစားချက်မှာ ဘုရားသခင်သည် အမှန်ပင် အံ့ဖွယ်ဖြစ်သည်ဟူ၏။ သူသည် လူ မလုပ်ဆောင်နိုင်သောအမှုကို လုပ်ဆောင်ပြီး၊ လူ မပြောနိုင်သောအရာကို ပြောလေသည်။ ဘုရားသခင်၏ အမှုကို တွေ့ကြုံပြီးသောလူတို့သည် ဖော်မပြနိုင်သော ခံစားချက်တစ်ခု အမြဲရှိကြသည်။ အတော်နက်ရှိုင်းသော အတွေ့အကြုံရှိသည့် လူတို့သည် ဘုရားသခင်ကို ချစ်ခြင်းအား နားလည်နိုင်ကြသည်။ ၎င်းတို့သည် ဘုရားသခင်၏ နှစ်လိုဖွယ်ကောင်းမှုကို ခံစားနိုင်ကြသည်၊ ဘုရားသခင်၏ အမှုသည် အလွန် အမြော်အမြင်ရှိသည်၊ အလွန် အံ့ဖွယ်ဖြစ်သည်ဟု ခံစားရပြီး၊ ထိုသို့ဖြင့် ၎င်းတို့ကြားတွင် အဆုံးမရှိသော တန်ခိုး ဖြစ်ပေါ်စေလေသည်။ ယင်းသည် ကြောက်ရွံ့ခြင်း သို့မဟုတ် ရံဖန်ရံခါ ချစ်ခြင်းနှင့် လေးစားမှု မဟုတ်ဘဲ လူ့အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် လူကို သည်းခံခြင်းနှင့်သက်ဆိုင်သည့် နက်ရှိုင်းသော အသိစိတ်တစ်ခု ဖြစ်သည်။ သို့ရာတွင်၊ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို တွေ့ကြုံပြီးသောသူများသည် သူ၏ ဘုန်းအာနုဘော်နှင့် မည်သည့် ပုန်ကန်ပြစ်မှားမှုကိုမျှ သူ သည်းမခံသည်ကို အာရုံခံစားရကြသည်။ ဘုရားသခင်၏အမှုများစွာကို ကြုံတွေ့ပြီးသော လူများပင်လျှင် သူ့ကို နားလည်သဘောပေါက်ရန် မတတ်နိုင်ကြပေ။ သူ့ကို အမှန်တကယ် ကြည်ညိုသောသူ အားလုံးက ဘုရားသခင်၏အလုပ်သည် လူတို့၏ အယူအဆများနှင့် မကိုက်ညီဘဲ၊ ၎င်းတို့၏အယူအဆများနှင့် အမြဲဆန့်ကျင်သည်ကို သိကြသည်။ ဘုရားသခင်သည် သူ့ကို အပြည့်အဝ လေးစားရန် သို့မဟုတ် သူ့ကို ကျိုးနွံနာခံမှု ပုံပန်းပြရန် လူတို့ကို မလိုအပ်ပေ။ ယင်းထက်၊ ၎င်းတို့အနေဖြင့် မှန်ကန်သော ကြည်ညိုမှုနှင့် မှန်ကန်သော

ကျိုးနွံနာခံမှုတို့ ရရှိသင့်ပေသည်။ ဘုရားသခင်၏ များစွာသော အမှုတွင် စစ်မှန်သော အတွေ့အကြုံရှိသူတို့သည် သူ့ကို လေးစားမှုထက် ပို၍မြင့်မားသော ကြည်ညိုမှု ခံစားကြရလေသည်။ လူတို့သည် ဘုရားသခင်၏ ဖြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကြောင့် သူ၏စိတ်သဘောထားကို တွေ့မြင်ကြရပြီးဖြစ်ကာ၊ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင်ကို မိမိတို့၏စိတ်နှလုံးများထဲတွင် ကြည်ညိုကြလေသည်။ ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် သူ၏ စိတ်သဘောထားတို့သည် အဖန်ဆင်းခံ တစ်ဦးနှင့် မတူသကဲ့သို့ အဖန်ဆင်းခံတစ်ဦး အထက်တွင် ရှိသောကြောင့်၊ ဘုရားသခင်ဆိုသည်မှာ ကြည်ညိုခံရရန်နှင့် နာခံခြင်း ခံရရန် ဖြစ်သည်။ ဘုရားသခင်သည် မိမိဘာသာတည်ရှိကာ ထာဝရဖြစ်သည်၊ သူသည် ဖန်ဆင်းခံတစ်ဦးမဟုတ်သကဲ့သို့၊ ဘုရားသခင်တစ်ပါးတည်းသာ ကြောက်ရွံ့မှုနှင့် နာခံမှုတို့ဖြင့် ထိုက်တန်ပေသည်။ လူသည် ဤအရာအတွက် အရည်အချင်းမပြည့်မီပေ။ ထို့ကြောင့်၊ ဘုရားသခင်၏ အမှုကို တွေ့ကြုံပြီးဖြစ်ကာ သူ့ကို အမှန်တကယ် သိသောသူ အားလုံးသည် ဘုရားသခင်အပေါ် ကြည်ညိုမှု ခံစားကြရလေသည်။ သို့ရာတွင်၊ ဘုရားသခင်နှင့်ပတ်သက်သည့် ၎င်းတို့၏ အယူအဆများကို လက်မလွှတ်သော သူများသည်- သူ့ကို ဘုရားသခင်ဟု သက်သက် မယူမှတ်သောသူများသည်- သူ့အပေါ် ကြည်ညိုမှု မရှိကြသကဲ့သို့၊ ၎င်းတို့သည် သူ့နောက်သို့ လိုက်ကြသော်လည်း၊ သိမ်းပိုက်ခြင်း မခံကြရပေ။ ၎င်းတို့သည် သဘာဝအားဖြင့် မနာခံသော လူများ ဖြစ်သည်။ ထိုသို့အမှုပြုခြင်းဖြင့် ဘုရားသခင် ရရှိဖို့ ရည်ရွယ်သည့်အရာမှာ ဖန်ဆင်းခံ သတ္တဝါများအားလုံးအနေဖြင့် ဖန်ဆင်းရှင်အတွက် ကြည်ညိုမှု စိတ်နှလုံးများ ရှိကြရန်၊ သူ့ကို ကိုးကွယ်ရန်နှင့် သူ၏အုပ်စိုးမှုကို ခြွင်းချက်မရှိ ကျိုးနွံနာခံရန်အတွက် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အမှုအားလုံးက ရရှိဖို့ ရည်ရွယ်သော နောက်ဆုံးရလဒ်များ ဖြစ်သည်။ ထိုသို့သောအမှုကို တွေ့ကြုံပြီးဖြစ်သော လူတို့သည် အနည်းငယ်မျှပင် ဘုရားသခင်ကို ကြည်ညိုမှုမရှိပါက၊ ပြီးလျှင် ၎င်းတို့၏အတိတ်က မနာခံမှုသည် ပြောင်းလဲခြင်း လုံးဝမရှိပါက၊ ၎င်းတို့ ပယ်ရှင်းခံကြရဖို့ သေချာပေသည်။ ဘုရားသခင်အပေါ် လူတစ်ဦး၏ သဘောထားသည် အဝေးမှ သူ့ကို လေးစားဖို့ သို့မဟုတ် ရိုသေမှုကို ပြသရန်သာဖြစ်ပြီး၊ နည်းနည်းကလေးမျှ သူ့ကို ချစ်ရန်မဟုတ်ပါက၊ ဤသည်မှာ ဘုရားသခင်ကိုချစ်သည့် နှလုံးသားမရှိသောလူတစ်ဦး ဆိုက်ရောက်သည့် အကျိုးဆက်ဖြစ်ပြီး၊ ထိုလူသည် စုံလင်စေခြင်းခံရဖို့ သတ်မှတ်ချက်များ ကင်းမဲ့ပေသည်။ အကယ်၍ များစွာသော အမှုတို့သည် လူတစ်ဦး၏ စစ်မှန်သော ချစ်ခြင်းမေတ္တာကို မရရှိနိုင်ပါက၊ ထိုလူသည် ဘုရားသခင်ကို မရရှိသေးသကဲ့သို့၊ သမ္မာတရားကို စစ်မှန်စွာ လိုက်လျှောက်ခြင်းမရှိပေ။ ဘုရားသခင်ကို မချစ်သော

လူတစ်ဦးသည် သမ္မာတရားကို မချစ်ပေ၊ သို့ဖြစ်ရာ သူသည် ဘုရားသခင်၏ လက်ခံမှုကို ရရှိရန်မဆိုထားနှင့်၊ ဘုရားသခင်ကို မရရှိနိုင်ပေ။ ထိုသို့သောလူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်ချက်ကို မည်သို့ တွေ့ကြုံသည်ဖြစ်စေ၊ တရားစီရင်မှုကို ၎င်းတို့ မည်သို့တွေ့ကြုံသည်ဖြစ်စေ၊ ဘုရားသခင်ကို ၎င်းတို့ မကြောက်ရွံ့နိုင်ကြပေ။ ဤသည်တို့မှာ မိမိတို့၏ သဘာဝအရ မပြောင်းလဲနိုင်သည့် လူများနှင့် အလွန့်အလွန် ဆိုးယုတ်သော စိတ်သဘောထားများ ရှိကြသူများ ဖြစ်သည်။ ဘုရားသခင်ကို မကြောက်ရွံ့သောသူအားလုံးသည် ပယ်ရှားခြင်းခံကြရမည်၊ အပြစ်ပေးခြင်း ခံရမည့်သူများဖြစ်မည်ဖြစ်ပြီး မတရားသောအရာများကို ပြုသောသူတို့ထက် ဆင်းရဲဒုက္ခခံစားဖို့၊ မကောင်းမှုပြုသူများကဲ့သို့ အပြစ်ပေးခံရမည် ဖြစ်သည်။

## ဘုရားသခင်၏ အမှုအဆင့် သုံးဆင့်ကို သိခြင်းသည် ဘုရားသခင်ကို သိခြင်း၏ လမ်းကြောင်းဖြစ်သည်

လူသားမျိုးနွယ်အား စီမံခန့်ခွဲခြင်းအမှုကို အဆင့်သုံးဆင့်ခွဲထား၏၊ ဆိုလိုသည်မှာ လူသားမျိုးနွယ်အား ကယ်တင်ခြင်းအမှုကို အဆင့်သုံးဆင့် ခွဲထားခြင်းဖြစ်သည်။ ဤအဆင့်သုံးဆင့်တွင် ကမ္ဘာလောကကို ဖန်ဆင်းခြင်းအမှု မပါဝင်ဘဲ၊ ယင်းထက် ပညတ်တော်ခေတ်၊ ကျေးဇူးတော်ခေတ်နှင့် နိုင်ငံတော်ခေတ်အမှု၏ အဆင့်သုံးဆင့်တို့ ဖြစ်ကြ၏။ ကမ္ဘာလောကကို ဖန်ဆင်းခြင်းအမှုသည် လူသားမျိုးနွယ် တစ်ရပ်လုံးကို ဖြစ်ပေါ်စေခြင်းအမှု ဖြစ်၏။ ယင်းသည် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှု မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှုနှင့် မည်သည့် ဆက်နွှယ်မှုမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးကို ဖန်ဆင်းခဲ့ချိန်၌ လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း မခံခဲ့ရသေးသဖြင့် လူသားမျိုးနွယ်အား ကယ်တင်ခြင်းအမှုကို ဆောင်ရွက်ရန် မလိုအပ်ခဲ့ပေ။ လူသားမျိုးနွယ်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရပြီးသည့်အချိန်တွင်သာ လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှု စတင်ခဲ့သည်၊ ထို့ကြောင့် လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်း အမှုသည်လည်း လူသားမျိုးနွယ်အနေနှင့် ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရပြီးသည့်အခါတွင်သာ စတင်ခဲ့ပေသည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်၏ လူသားအပေါ် စီမံခန့်ခွဲခြင်းသည် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှု၏ ရလဒ်အဖြစ် စတင်ခဲ့ခြင်း ဖြစ်ပြီး၊ ကမ္ဘာလောကကို ဖန်ဆင်းခြင်းအမှုမှ ပေါ်ပေါက်လာခဲ့ခြင်း

မဟုတ်ပေ။ လူသားမျိုးနွယ်က ဖောက်ပြန်ပျက်စီးသည့် စိတ်နေသဘောထားကို ရရှိခဲ့သည့်နောက်မှသာ စီမံခန့်ခွဲခြင်းအမှု ဖြစ်တည်လာခဲ့ခြင်း ဖြစ်သည်၊ ထို့ကြောင့် လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းအမှုတွင် အဆင့်လေးဆင့်၊ သို့မဟုတ် ခေတ်လေးခေတ်ထက် အပိုင်းသုံးပိုင်း ပါရှိပေသည်။ ဤသည်သာလျှင် ဘုရားသခင်၏ လူသားမျိုးနွယ်အပေါ် စီမံခန့်ခွဲခြင်းအမှုကို ရည်ညွှန်းသည့် မှန်ကန်သော နည်းလမ်း ဖြစ်သည်။ နောက်ဆုံးသော ခေတ်ပြီးဆုံးချိန်တွင်၊ လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းအမှုသည် ပြီးပြည့်စုံသော အဆုံးသတ်တစ်ခုသို့ ရောက်လာပြီးဖြစ်လိမ့်မည်။ စီမံခန့်ခွဲခြင်းအမှု ပြီးဆုံးခြင်းသည် လူသားမျိုးနွယ် အားလုံးကို ကယ်တင်ခြင်းအမှု လုံးဝ ပြီးဆုံးပြီးဖြစ်လိမ့်မည် ဖြစ်သကဲ့သို့၊ လူသားမျိုးနွယ်သည် ၎င်း၏ခရီးလမ်းဆုံးသို့ ရောက်ရှိပြီးဖြစ်လိမ့်မည်ဟု ဆိုလို၏။ လူသားမျိုးနွယ်တစ်ရပ်လုံးကို ကယ်တင်သည့်အမှု မရှိဘဲနှင့်၊ လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းအမှု ရှိမည် မဟုတ်သကဲ့သို့၊ အမှု၏ အဆင့် သုံးဆင့်လည်း ရှိမည် မဟုတ်ပေ။ ယေဟောဝါက ကမ္ဘာမြေကြီးအား ဖန်ဆင်းခြင်းကို အဆုံးသတ်ခဲ့ကာ ပညတ်တော်ခေတ်၏ အမှုကို စတင်ခဲ့သည်မှာ အတိအကျအားဖြင့် လူသားမျိုးနွယ်၏ အကျင့်ပျက်ပြားမှုကြောင့်နှင့် လူသားမျိုးနွယ်သည် ကယ်တင်ခြင်းကို အင်မတန် အရေးတကြီး လိုအပ်သောကြောင့် ဖြစ်သည်။ ထိုအခါတွင်မှ လူသားမျိုးနွယ်ကို စီမံခန့်ခွဲသည့်အမှု စတင်ခဲ့၏၊ ယင်းမှာ ထိုအခါတွင်မှ လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှု စတင်ခဲ့သည်ဟု ဆိုလိုပေသည်။ “လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်း” ဟူသည်မှာ ကမ္ဘာမြေကြီးပေါ်တွင် အသစ်ဖန်ဆင်းထားသည့် လူသားမျိုးနွယ် (ဆိုလိုသည်မှာ ဖျက်ဆီး မခံရသေးသည့် လူသားမျိုးနွယ်) ၏အသက်တာကို လမ်းပြခြင်းဟု မဆိုလိုပေ။ စင်စစ်အားဖြင့် ယင်းမှာ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည့် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းဖြစ်၏၊ ယင်းမှာ ဖောက်ပြန်ပျက်ဆီးသော ဤလူသားမျိုးနွယ်ကို ပြောင်းလဲရန် ဖြစ်သည်ဟု ဆိုရပေမည်။ ဤသည်မှာ “လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်း” ၏ အဓိပ္ပာယ်ဖြစ်သည်။ လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှုတွင် ကမ္ဘာလောကကို ဖန်ဆင်းခြင်း အမှု မပါဝင်ပေ၊ ထို့ကြောင့် လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်း အမှုတွင်လည်း ကမ္ဘာလောကကို ဖန်ဆင်းသည့်အမှု မပါဝင်ဘဲ၊ ယင်းထက် ကမ္ဘာလောကကို ဖန်ဆင်းခြင်းအမှုမှ သီးခြားဖြစ်သော အမှုအဆင့်သုံးဆင့်သာ ပါဝင်၏။ လူသားမျိုးနွယ်အား စီမံခန့်ခွဲခြင်းအမှုကို နားလည်ရန်၊ အမှု၏အဆင့် သုံးဆင့်နှင့်ဆိုင်သည့် နောက်ခံသမိုင်းကို သိရှိရန်လိုအပ်သည်- ဤသည်မှာ ကယ်တင်ခံရရန်အလို့ငှာ အယောက်တိုင်း သိရမည့်အရာ ဖြစ်၏။ ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများအနေဖြင့် လူသားကို ဘုရားသခင်က ဖန်ဆင်းထားသည်ကို သင်တို့ အသိအမှတ်ပြုသင့်ပြီး၊ လူသားမျိုးနွယ်၏

ဖောက်ပြန်ပျက်စီးခြင်း အရင်းအမြစ်ကို သင်တို့ အသိအမှတ်ပြုသင့်ကာ၊ ထို့အပြင် လူသား၏ ကယ်တင်ခြင်း လုပ်ငန်းစဉ်ကို သတိပြုသင့်သည်။ ဘုရားသခင်၏ မျက်နှာသာ ရရှိရန် ကြိုးစားအားထုတ်ရာတွင် အယူဝါဒအတိုင်း မည်သို့ပြုမူရမည်ကိုသာ သင်တို့ သိရှိသော်လည်း၊ လူသားမျိုးနွယ်ကို ဘုရားသခင်က မည်သို့ ကယ်တင်သည်ကို သို့မဟုတ် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးခြင်း အရင်းအမြစ်ကို အရိပ်အမြွက်မျှ မသိပါက၊ ဤသည်မှာ ဘုရားသခင်၏ ဖန်ဆင်းခံ သတ္တဝါအနေဖြင့် သင်တို့ ချို့တဲ့သည့်အရာ ဖြစ်သည်။ သင်သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုဆိုင်ရာ ပိုမိုကျယ်ပြန့်သော နယ်ပယ်အကြောင်းကို မသိနားမလည်ဘဲနေလျက်၊ လက်တွေ့လုပ်ဆောင်၍ ရနိုင်သည့် သမ္မာတရားများကို နားလည်ခြင်းဖြင့်သာ မကျေနပ်သင့်ပေ- ဤသို့ဖြစ်ပါက သင်သည် တစ်ယူသန်ဆန်လွန်း၏။ အမှု၏ အဆင့် သုံးဆင့်သည် လူသားအပေါ် ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့်ဆိုင်သော အတွင်းဇာတ်လမ်း၊ စကြဝဠာ တစ်ခွင်လုံး၏ ဧဝံဂေလိတရား ပေါ်ထွန်းခြင်း၊ လူသားမျိုးနွယ် အားလုံးအလယ် အကြီးမားဆုံးသော နက်နဲမှု ဖြစ်ပြီး၊ ယင်းတို့သည် ဧဝံဂေလိတရား ဖြန့်ဝေခြင်း၏ အခြေခံအုတ်မြစ်လည်း ဖြစ်၏။ သင်သည် သင့်အသက်တာနှင့် ဆက်နွယ်သည့် ရိုးရှင်းသော သမ္မာတရားများကို သိနားလည်ခြင်းအပေါ်သာ အာရုံစိုက်ပြီး နက်နဲမှုများနှင့် ရူပါရုံများ အနက် အကြီးမြတ်ဆုံးဖြစ်သည့် ဤအရာနှင့်သက်ဆိုင်၍ မည်သည့်အရာမျှ မသိရှိပါက၊ သင်၏ အသက်သည် ကြည့်ဖို့မှလွဲ၍ မည်သည့်အရာအတွက်မျှ မကောင်းသော ချွတ်ယွင်းနေသည့် ပစ္စည်းတစ်ခုနှင့် တူသည် မဟုတ်ပါလော။

အကယ်၍ လူသားသည် လက်တွေ့လုပ်ဆောင်မှုကိုသာ အာရုံစိုက်ပြီး၊ ဘုရားသခင်၏အမှုနှင့် လူသား၏အသိပညာတို့ကို သာမညအဖြစ် မြင်ပါက၊ ဤသည်မှာ သာ၍အရေးကြီးသည့် အရာများကို အလေးမထားဘဲလျက်၊ အရေးမပါသော အသေးအဖွဲလေးများကို စွဲလမ်းနေခြင်းနှင့် တူသည် မဟုတ်လော။ သင်သိရမည့်အရာကို သင်သိရမည်။ သင်လက်တွေ့လုပ်ဆောင်ရမည့်အရာကို သင်လက်တွေ့ လုပ်ဆောင်ရမည်။ ထိုအခါမှသာ သင်သည် သမ္မာတရားအား မည်ကဲ့သို့ လေ့လာလိုက်စားရမည်ကို သိသောသူတစ်ဦး ဖြစ်လိမ့်မည်။ ဧဝံဂေလိ တရားကို သင်ဖြန့်ဝေရမည့်နေ့ ရောက်လာသည့်အခါတွင်၊ ဘုရားသခင်သည် ကြီးမြတ်ကာ ဖြောင့်မတ်သည့် ဘုရားသခင် ဖြစ်ကြောင်း၊ သူသည် အမြင့်ဆုံးသော ဘုရားသခင်၊ ကြီးမြတ်သော မည်သည့်လူသားမျှ နှိုင်းယှဉ်၍ မရသော ဘုရားသခင် ဖြစ်ကြောင်းနှင့် မည်သူမျှ သာ၍ မြင့်မားခြင်း မရှိသော ဘုရားသခင် ဟုသာ သင်ပြောနိုင်ပါက...၊ မဆီလျော်သကဲ့သို့ အပေါ်ယံ ဖြစ်သော ဤစကားများကိုသာ သင် ပြောနိုင်သော်လည်း၊ အရေးပါလှသော စကားများနှင့် အနှစ်သာရရှိသော စကားများကို သင်

လုံးဝ ပြောနိုင်စွမ်း မရှိပါက၊ သင်သည် ဘုရားသခင်ကို သိကြောင်း သို့မဟုတ် ဘုရားသခင်၏ အမှုအကြောင်း မည်သည့်အရာမျှ ပြောစရာ မရှိသကဲ့သို့၊ ထို့အပြင် သမ္မာတရားကို ရှင်းပြနိုင်ခြင်းမရှိပါက၊ သို့မဟုတ် လူသား၌ ချို့တဲ့နေသည့်အရာကို မထောက်ပံ့ပေးနိုင်ပါက၊ သင်ကဲ့သို့သော သူတစ်ဦးသည် မိမိတို့၏တာဝန်ကို ကောင်းစွာ ထမ်းဆောင်နိုင်စွမ်း မရှိပေ။ ဘုရားသခင်အဖို့ သက်သေခံခြင်းနှင့် နိုင်ငံတော်၏ ဧဝံဂေလိတရားကို ဖြန့်ဝေခြင်းသည် ရိုးရှင်းသည့် ကိစ္စရပ် မဟုတ်ပေ။ ပထမဦးစွာ သင်သည် သမ္မာတရားနှင့် နားလည်ရမည့် ရူပါရုံများဖြင့် ပြင်ဆင်ထားရမည်။ သင်သည် ဘုရားသခင်၏ အမှု၏ ကွဲပြားသော ရှုထောင့်များနှင့်ဆိုင်သော ရူပါရုံများနှင့် သမ္မာတရား အကြောင်းကို ရှင်းလင်းစွာသိသည့်အခါတွင်၊ သင်၏ စိတ်နှလုံး၌ သင်သည် ဘုရားသခင်၏အမှုကို သိရှိလာပြီး၊ ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်သည် ဖြစ်စေ- ယင်းသည် ဖြောင့်မတ်သည့် တရားစီရင်ခြင်းဖြစ်စေ၊ လူသားကို စစ်ဆေးခြင်းဖြစ်စေ- သင်သည် သင်၏အခြေခံအုတ်မြစ်အဖြစ် အကြီးမားဆုံးသော ရူပါရုံကို ပိုင်ဆိုင်ပြီး လက်တွေ့လုပ်ဆောင်ရမည့် မှန်ကန်သော သမ္မာတရားကို ပိုင်ဆိုင်ပါက၊ သင်သည် အဆုံးတိုင်အောင် ဘုရားသခင်နောက်သို့ လိုက်နိုင်လိမ့်မည် ဖြစ်သည်။ သူမည်သည့်အမှုကို ပြုသည်ဖြစ်စေ ဘုရားသခင့်အမှု၏ ရည်မှန်းချက် ပြောင်းလဲခြင်း မရှိ၊ သူ၏ အမှု၏ အချက်အချာသည် ပြောင်းလဲခြင်း မရှိသကဲ့သို့၊ လူသားအပေါ် သူ၏အလို ပြောင်းလဲခြင်း မရှိသည်ကို သင်သိရမည်။ သူ၏နှုတ်ကပတ်တော်များ မည်မျှ ပြင်းထန်သည်ဖြစ်စေ၊ ပတ်ဝန်းကျင်က မည်မျှဆိုးရွားသည်ဖြစ်စေ၊ သူ့အမှု၏ အခြေခံသဘောတရားများ ပြောင်းလဲမည်မဟုတ်သကဲ့သို့၊ လူသားကို ကယ်တင်ခြင်းနှင့်ဆိုင်သည့် သူ၏ရည်ရွယ်ချက် ပြောင်းလဲလိမ့်မည်မဟုတ်ပေ။ သူ၏ အမှုသည် လူသား၏အဆုံးသတ် သို့မဟုတ် လူသား၏ ခရီးပန်းတိုင်ကို ဖွင့်ပြခြင်း အမှု မဟုတ်သရွေ့၊ နောက်ဆုံးအဆင့်၏ အမှုလည်း မဟုတ်သရွေ့ သို့မဟုတ် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အစီအစဉ်တစ်ခုလုံးကို အဆုံးသတ်သို့ ဆောင်ကြဉ်းခြင်း အမှု မဟုတ်သရွေ့၊ ပြီးလျှင် ယင်းသည် လူသားကို သူ အမှုပြုသည့် အချိန်အတောအတွင်း မဟုတ်သရွေ့၊ သူ့အမှု၏ အချက်အချာသည် ပြောင်းလဲလိမ့်မည် မဟုတ်ပေ။ သူ့အမှု၏ အချက်အချာသည် လူသားမျိုးနွယ်ကို ကယ်တင်ခြင်း အစဉ်အမြဲ ဖြစ်လိမ့်မည်။ ဤသည်မှာ ဘုရားသခင်၌ သင်တို့၏ ယုံကြည်ခြင်း အခြေခံ အုတ်မြစ် ဖြစ်သင့်သည်။ အမှု၏ အဆင့်သုံးဆင့်၏ ရည်မှန်းချက်မှာ လူသားမျိုးနွယ်အားလုံးကို ကယ်တင်ခြင်း ဖြစ်သည်- ဤသည်မှာ စာတန်၏အုပ်စိုးမှုအောက်မှ လူသားကို လုံးဝ ကယ်တင်ခြင်းဟု ဆိုလိုပေသည်။ အမှု၏ အဆင့်သုံးဆင့် အသီးသီးသည် မတူကွဲပြားသည့်

ရည်မှန်းချက်နှင့် အရေးပါမှု တစ်ခု ရှိသော်လည်း၊ အသီးသီးသည် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှု၏ အစိတ်အပိုင်း ဖြစ်ပြီး၊ အသီးသီးသည် လူသားမျိုးနွယ်နှင့်ဆိုင်သော သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သည့် မတူကွဲပြားသော ကယ်တင်ခြင်းအမှု ဖြစ်သည်။ အမှု၏ ဤအဆင့်သုံးဆင့်နှင့်ဆိုင်သော ရည်ရွယ်ချက်ကို သင်သိသည်နှင့် တစ်ပြိုင်နက်၊ သင်သည် အမှု၏ အဆင့်အသီးသီးနှင့်ဆိုင်သော အရေးပါမှုကို မည်သို့ နားလည်ရမည်ကို သိလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ စိတ်ဆန္ဒကို ဖြည့်ဆည်းရန်အလို့ငှာ မည်သို့လုပ်ဆောင်ရမည်ကို သင် သတိပြုမိလိမ့်မည်။ ဤအဆင့်ကို သင်ရောက်ရှိနိုင်ပါက၊ ရူပါရုံ အားလုံးအနက် အကြီးမားဆုံး ဖြစ်သော ဤအရာသည် ဘုရားသခင်၌ သင်၏ ယုံကြည်မှု၏ အခြေခံအုတ်မြစ် ဖြစ်လာလိမ့်မည်။ လက်တွေ့လုပ်ဆောင်နိုင်သည့် သမ္မာတရားများနှင့် ရူပါရုံများအပေါ် အခြေခံထားသည့် အသိပညာ နှစ်ခုလုံး ရှိဖို့အလို့ငှာ၊ သင်သည် လွယ်ကူသော လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းများ သို့မဟုတ် နက်ရှိုင်းသော သမ္မာတရားများကိုသာ မရှာဖွေသင့်ဘဲ၊ ရူပါရုံများကို လက်တွေ့လုပ်ဆောင်မှုဖြင့် ပေါင်းစပ်သင့်ပေသည်။ ထိုအခါမှသာ သင်သည် သမ္မာတရားကို လုံးလုံးလျားလျား လေ့လာလိုက်စားသူတစ်ဦး ဖြစ်လိမ့်မည်။

အမှု၏ အဆင့်သုံးဆင့်သည် ဘုရားသခင်၏ စီမံခန့်ခွဲမှု တစ်ခုလုံး၏ အချက်အချာတွင် ရှိပြီး၊ ယင်းတို့ထဲတွင် ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ဖြစ်ခြင်းတို့ကို ဖော်ပြထား၏။ ဘုရားသခင်၏ အမှုအဆင့် သုံးဆင့်ကို မသိသူတို့သည် ဘုရားသခင်က သူ၏ စိတ်သဘောထားအား မည်သို့ဖော်ပြသည်ကို သိရှိနိုင်စွမ်း မရှိကြသကဲ့သို့၊ ဘုရားသခင့်အမှု၏ ဉာဏ်ပညာကိုလည်း မသိကြပေ။ ၎င်းတို့သည် လူသားမျိုးနွယ်ကို သူကယ်တင်သည့် နည်းလမ်းများစွာနှင့် လူသားမျိုးနွယ် တစ်ရပ်လုံးအတွက် သူ၏ အလိုကိုလည်း မသိနားမလည်မဲ့ ရှိနေကြ၏။ အမှု၏ အဆင့်သုံးဆင့်သည် လူသားမျိုးနွယ်အား ကယ်တင်ခြင်း အမှုနှင့်ဆိုင်သည့် အပြည့်အဝ ဖော်ပြချက် ဖြစ်၏။ အမှု၏ အဆင့်သုံးဆင့်ကို မသိသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်အမှု၏ နည်းစနစ်များနှင့် အခြေခံသဘောတရား မျိုးစုံတို့ကို မသိနားမလည်ဘဲ ရှိလိမ့်မည် ဖြစ်ပြီး၊ အမှု၏ အဆင့်တစ်ခုခုမှ ကျန်ရှိသော အယူဝါဒကိုသာ တင်းကျပ်စွာ စွဲမြဲထားသူများသည် ဘုရားသခင်ကို အယူဝါဒဖြင့် ကန့်သတ်ထားသူများ ဖြစ်ကြပြီး၊ ၎င်း၏ ဘုရားသခင်၌ ယုံကြည်မှုသည် မရေမရာနှင့် မသေမချာ ဖြစ်လေသည်။ ထိုသို့သော လူများသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို မည်သည့်အခါမျှ ရရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်၏ အမှုအဆင့်သုံးဆင့်သာ ဘုရားသခင်၏ စိတ်နေသဘောထား အလုံးစုံကို အပြည့်အဝ ဖော်ပြနိုင်ပြီး၊ လူသားမျိုးနွယ် တစ်ရပ်လုံးကို

ကယ်တင်ခြင်းနှင့်ဆိုင်သည့် ဘုရားသခင်၏ ရည်ရွယ်ချက်နှင့် လူသားမျိုးနွယ်၏ကယ်တင်ခြင်း လုပ်ငန်းစဉ် တစ်ခုလုံးကို လုံးဝ ဖော်ပြနိုင်ပေသည်။ ဤသည်မှာ သူသည် စာတန်ကို အောင်နိုင်ပြီးဖြစ်ကာ လူသားမျိုးနွယ်ကို ရယူပြီးဖြစ်သည့် သက်သေ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အောင်မြင်ခြင်း သက်သေဖြစ်ပြီး၊ ဘုရားသခင်၏ စိတ်နေသဘောထား တစ်ခုလုံးနှင့်ဆိုင်သည့် ဖော်ပြချက် ဖြစ်သည်။ ဘုရားသခင် အမှု၏ အဆင့်သုံးဆင့်ထဲမှ တစ်ဆင့်ကိုသာ နားလည်သူတို့သည် ဘုရားသခင်၏ စိတ်သဘောထား တစ်စိတ်တစ်ဒေသကိုသာ သိကြ၏။ လူသား၏ အယူအဆများတွင်၊ ဤအဆင့်တစ်ဆင့်တည်းက အယူဝါဒဖြစ်လာရန် လွယ်ကူပြီး၊ လူသားအနေနှင့် ဘုရားသခင်နှင့်ပတ်သက်သည့် သတ်မှတ်ထားသော စည်းမျဉ်းများ ထူထောင်ဖို့နှင့် ဘုရားသခင်၏ စိတ်သဘောထား၏ ဤအစိတ်အပိုင်းတစ်ရပ်ကိုသာ ဘုရားသခင်၏ စိတ်သဘောထား တစ်ခုလုံး၏ ကိုယ်စားပြုမှု တစ်ခုအဖြစ် အသုံးပြုရန် အလားအလာ ရှိလာလေသည်။ ထို့အပြင် လူသား၏ စိတ်ကူးစိတ်သန်းအများစုသည် အတွင်းတွင် ရောယှက်နေသည်မှာ လူသားက ဘုရားသခင်မှာ တစ်ချိန်တစ်ခါက ဤသို့ဖြစ်ခဲ့ပါလျှင်၊ သူသည် တစ်ချိန်လုံး အလားတူ ဖြစ်မြဲဖြစ်နေမည် ဖြစ်ပြီး၊ မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်ဟု ယုံကြည်လျက်၊ ဘုရားသခင်၏ စိတ်သဘောထား၊ ဖြစ်ခြင်းနှင့် ဉာဏ်ပညာတို့အပြင် ဘုရားသခင့်အမှု၏ အခြေခံသဘောတရားများကို ကန့်သတ်ထားသည့် သတ်မှတ်ချက်ဘောင်အတွင်းတွင် တင်းကျပ်စွာ ဘောင်ခတ်လေသည်။ အမှု၏ အဆင့်သုံးဆင့်ကို သိပြီး၊ နားလည်သူများသာ ဘုရားသခင်ကို အပြည့်အဝနှင့် တိကျမှန်ကန်စွာ သိနိုင်ပေသည်။ အနည်းဆုံးအနေဖြင့် ၎င်းတို့သည် ဘုရားသခင်ကို ဣသရေလအမျိုးတို့၏ ဘုရားသခင်အဖြစ် သို့မဟုတ် ယုဒလူတို့၏ ဘုရားသခင်အဖြစ် သတ်မှတ်လိမ့်မည် မဟုတ်သကဲ့သို့၊ သူ့ကို လူသားအတွက် လက်ဝါးကပ်တိုင်တွင် အစဉ်အမြဲ သံမှိုရိုက်နှက် ခံထားရမည့် ဘုရားအဖြစ် မြင်လိမ့်မည် မဟုတ်ပေ။ တစ်ဦးတစ်ယောက်သည် ဘုရားသခင်ကို သူ၏အမှု၏ အဆင့်တစ်ဆင့်မှသာ သိလာပါက၊ ၎င်းတို့၏ အသိပညာသည် အလွန့် အလွန်သေးနုပ်ပြီး၊ သမုဒ္ဒရာထဲက ရေတစ်စက်နှင့်သာ ညီမျှပေသည်။ ထိုသို့မဟုတ်ပါက ရှေးဘာသာရေး အစောင့်များစွာက အဘယ်ကြောင့် ဘုရားသခင်ကို လက်ဝါးကားတိုင်တွင် အရှင်လတ်လတ် သံနှင့်ရိုက်ခဲ့မည်နည်း။ ယင်းမှာ လူသားသည် ဘုရားသခင်ကို ကန့်သတ်ချက် ဘောင်အချို့အတွင်း ကန့်သတ်ထားသောကြောင့် မဟုတ်လော။ များစွာသော လူတို့သည် ဘုရားသခင်၏ စုံလင်ကွဲပြားသော အမှုအမျိုးမျိုးကို မသိသောကြောင့်၊ ထို့အပြင် သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို တိုင်းတာရန် အသိပညာနှင့် အယူဝါဒ အနည်းငယ်သာ ပိုင်ဆိုင်

သောကြောင့် ဘုရားသခင်ကို ဆန့်ကျင်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို ပိတ်ဆို့ဟန့်တားကြသည် မဟုတ်လော။ ထိုသို့သော လူများ၏ အတွေ့အကြုံများသည် အပေါ်ယံ ဖြစ်သော်လည်း၊ သဘာဝ၌ မာနထောင်လွှားကာ စိတ်အလိုလိုက်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို အထင်သေးခြင်းဖြင့် မှတ်ယူကြသည်၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်ခြင်းများကို လျစ်လျူရှုကြသကဲ့သို့၊ ထို့အပြင် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို "အတည်ပြုရန်" ၎င်းတို့၏ အရေးမပါသည့် အိုဟောင်းသော အကြောင်းပြချက်များကို အသုံးပြုကြ၏။ ၎င်းတို့သည် ဟန်ဆောင်ခြင်းလည်း ပြုကာ ၎င်းတို့၏ ကိုယ်ပိုင် လေ့လာသင်ယူမှုနှင့် အသိပညာအပေါ် အပြည့်အဝ လက်ခံယုံကြည်ကြသကဲ့သို့၊ ၎င်းတို့ ကမ္ဘာအနှံ့ ခရီးသွားနိုင်သည်ဟု အခိုင်အမာ ယုံကြည်ကြလေသည်။ ထိုသို့သော လူများသည် သန့်ရှင်းသော ဝိညာဉ်တော်က စက်ဆုပ်မုန်းတီးပြီး ငြင်းပယ်သူများ မဟုတ်ပါလော၊ ၎င်းတို့ကို ခေတ်သစ်က ဖယ်ရှားလိမ့်မည် မဟုတ်လော။ ဘုရားသခင်၏ ရှေ့မှောက်သို့ လာပြီး၊ သူ့ကို ပွင့်လင်းစွာ ဆန့်ကျင်သူများသည် ၎င်းတို့ မည်မျှ အလွန် ထက်မြက်သည်ကို ပြရန်မျှသာ ကြိုးစားနေသော မသိနားမလည်သကဲ့သို့ အသိအမြင်လိုသေးသော လူကလေးများ မဟုတ်ပါလော။ နည်းပါးသော ကျမ်းစာ အသိပညာဖြင့်၊ ၎င်းတို့သည် ကမ္ဘာ့ "ပညာရေးလောက" ကို ခွရန် ကြိုးစားကြ၏။ လူတို့ကို သင်ကြားရန် အပေါ်ယံ အယူဝါဒဖြင့် ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို ပြောင်းပြန်လှန်ရန် ကြိုးပမ်းကြသည့်အပြင်၊ ထိုအမှုကို ၎င်းတို့တွေးခေါ်မှု ဖြစ်စဉ်ကို ဗဟိုပြုစေရန် ကြိုးစားကြ၏။ ၎င်းတို့သည် ရေရှည် မကြည့်တတ်ကြသည့်အတွက်၊ ဘုရားသခင်၏အနှစ်ခြောက်ထောင် အမှုကို အကြည့်တစ်ချက်ဖြင့် ရှုမြင်ရန် ကြိုးစားကြ၏။ ဤလူတို့သည် ပြောလောက်စရာ အသိစိတ် တစ်ခုတစ်လေမျှ မရှိကြပါတကား။ အမှန်တွင် လူတို့၏ ဘုရားသခင် အကြောင်း အသိပညာ သာ၍ များလေ၊ သူ၏အမှုကို ဝေဖန်ရန် နှေးလေလေဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် ယနေ့ခေတ်တွင် ဘုရားသခင်၏ အမှုနှင့်သက်ဆိုင်သည့် ၎င်းတို့၏ အသိပညာ အနည်းငယ်ကိုသာ ပြောဆိုကြသော်လည်း၊ ၎င်းတို့၏ ဝေဖန်မှုများတွင် အလျင်လိုခြင်း မရှိကြပေ။ လူတို့သည် ဘုရားသခင်အပေါ် သိကျွမ်းမှု နည်းလေလေ၊ ၎င်းတို့သည် သာ၍ မာနထောင်လွှားကာ မိမိကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲလေလေ ဖြစ်ပြီး၊ ဘုရားသခင်၏ ဖြစ်ခြင်းကို အကြောင်းမဲ့သက်သက် ထုတ်ဖော်ပြောလေလေ ဖြစ်သည်- သို့ရာတွင် ၎င်းတို့သည် သဘောတရားများကိုသာ ပြောဆိုပြီး စစ်မှန်သည့် အထောက်အထားများ လုံးဝမပေးပေ။ ထိုသို့သော လူတို့သည် တန်ဖိုး မည်သို့မျှ မရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို ကစားပွဲတစ်ခု အဖြစ်သာ မြင်သူတို့သည် ပေါ့တန်သောသူများ

ဖြစ်ကြ၏။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသစ်နှင့် ကြုံတွေ့သည့်အခါ သတိမထားသူတို့၊ ပါးစပ်စည်း မရှိသူတို့၊ ဝေဖန်ဖို့ မြန်ဆန်သောသူတို့၊ သန့်ရှင်းသော ဝိညာဉ်တော်အမှု၏ မှန်ကန်ခြင်းကို ငြင်းပယ်လိုသည့် ၎င်းတို့၏ သဘာဝဗီဇကို လွတ်လပ်စွာ ထိန်းချုပ်ခွင့်ပေးထားသူတို့နှင့် စော်ကားပုတ်ခတ်ပြီး ပြစ်မှားပြောဆိုမှုများလည်း ပြုလုပ်သူတို့- ထိုသို့သော လေးစားမှု မရှိသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့် ပတ်သက်၍ မသိနားမလည် ဖြစ်ကြသည် မဟုတ်လော။ ထို့အပြင် ၎င်းတို့သည် အလွန် မာနထောင်လွှားမှု ရှိသူများ၊ ပင်ကိုအားဖြင့် မာနကြီး၍ ထိန်းမရသူများ မဟုတ်လော။ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုအသစ်ကို ထိုသို့သောသူများ လက်ခံသည့်နေ့ရက် ရောက်လာလျှင်ပင် ဘုရားသခင်သည် ၎င်းတို့ကို သည်းခံလိမ့်ဦးမည် မဟုတ်ပေ။ ၎င်းတို့သည် ဘုရားသခင်အတွက် အမှုဆောင်သူများအပေါ် အထင်သေးရုံမျှမက၊ ဘုရားသခင်ကိုယ်တော်တိုင်ကိုပင် ဆန့်ကျင် ပြစ်မှားစော်ကားကြလေသည်။ ထိုကဲ့သို့ မိုက်ရူးရဲသောသူများသည် ဤခေတ်၌သော်လည်းကောင်း၊ နောက်လာမည့် ခေတ်၌သော်လည်းကောင်း၊ ခွင့်လွှတ်ခြင်းခံရလိမ့်မည် မဟုတ်သကဲ့သို့၊ ငရဲတွင် ထာဝရပျက်စီးဆုံးရှုံးကြမည် ဖြစ်သည်။ ထိုသို့သော လေးစားမှု ကင်းမဲ့သူများ၊ စိတ်အလိုလိုက်သူများသည် ဘုရားသခင်ကို ယုံကြည်ဟန်ဆောင်နေကြပြီး ၎င်းတို့ ဤသို့ သာ၍ ဖြစ်လေလေ၊ ၎င်းတို့သည် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပုန်ကန်ပြစ်မှားရန် အလားအလာများ လေလေ ဖြစ်သည်။ ပင်ကိုအားဖြင့် ထိန်းမနိုင်သိမ်းမရအောင်စိတ်ပြင်းပြသောသူများနှင့် မည်သူကိုမျှ လုံးဝ မနာခံဖူးသည့် ထိုမာနထောင်လွှားသူ အားလုံးသည် ဤလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကြသည် မဟုတ်လော။ ၎င်းတို့သည် တစ်နေ့ပြီးတစ်နေ့ အစဉ်အသစ်ဖြစ်ကာ မည်သည့်အခါမျှ အိုဟောင်းခြင်း မရှိသည့် ဘုရားသခင်ကို ဆန့်ကျင်ကြသည် မဟုတ်လော။ ယနေ့ သင်တို့သည် ဘုရားသခင်၏ အမှု အဆင့်သုံးဆင့်၏ အရေးပါမှုအား သိရမည့် အကြောင်းရင်းကို နားလည်သင့်ပေသည်။ ငါပြောသည့် နှုတ်ကပတ်တော်များသည် သင်တို့အဖို့ အကျိုးရှိပြီး၊ အနှစ်မဲ့ ပြောဆိုမှုသာ မဟုတ်ပေ။ အကယ်၍ သင်တို့သည် မြင်းကျောပေါ် ဒုန်းစိုင်းစီးနေစဉ် ပန်းများကို အားကျရှုစားသကဲ့သို့ ထိုအရာများကို ဖတ်ရှုမည်ဆိုပါက၊ ငါ၏ကြိုးစားအားထုတ်မှုသည် အချည်းနှီး ဖြစ်မည် မဟုတ်ပါလော။ သင်တို့အသီးသီးသည် သင်တို့ကိုယ်တိုင်၏ သဘာဝကို သိသင့်သည်။ သင်တို့ အများစုသည် ငြင်းခုံရာတွင် ကျွမ်းကျင်ကြ၏။ အယူအဆဆိုင်ရာ မေးခွန်းများ၏ အဖြေများကို သင်တို့နှုတ်မှ အလွယ်တကူ ပြောကြသော်လည်း၊ အနှစ်သာရ ပါဝင်သည့် မေးခွန်းများအပေါ် သင်တို့ ပြောစရာ ဘာမျှ မရှိကြပေ။ ယနေ့တွင် သင်တို့သည် သင်တို့၏ သဘာဝဟောင်းများကို ပြောင်းလဲနိုင်စွမ်း

မရှိကြဘဲ၊ ပေါ့ပြက်သည့် စကားစမြည် ပြောဆိုခြင်း၌ မွေ့လျော်ကြဆဲ ဖြစ်ပြီး၊ သင်တို့ အများစုတွင် ပို၍ မြင့်မားသော သမ္မာတရားကို ရရှိရေးအတွက် သင်တို့ လိုက်စားသည့် နည်းလမ်းကို ပြောင်းလဲရန် ရည်ရွယ်ချက် လုံးဝမရှိကြဘဲ၊ ယင်းအစား သင်တို့၏အသက်တာများကို စိတ်မပါ့တပါဖြင့်သာ အသက်ရှင်ကြ၏။ ထိုသို့သော လူများသည် ဘုရားသခင်နောက်သို့ အဆုံးတိုင်အောင် လိုက်နိုင်စွမ်း အဘယ်သို့ ရှိကြသနည်း။ သင်တို့သည် လမ်းကြောင်း အဆုံးထိ စိတ်မပါ့တပါဖြင့် ရောက်ခဲ့လျှင်ပင်၊ သင်တို့အဖို့ ယင်းသည် မည်သည့် အကျိုးရှိမည်နည်း။ စစ်မှန်စွာ လိုက်စားခြင်း ဖြစ်စေ၊ သို့မဟုတ်ပါက စောစီးစွာ နောက်ဆုတ်လိုက်ခြင်းဖြင့်ဖြစ်စေ၊ နောက်မကျ လွန်းမီ သင်တို့၏ စိတ်ကူးများကို ပြောင်းလဲဖို့ သာ၍ကောင်းသည်။ အချိန်ကြာလာသည်နှင့်အမျှ သင်သည် ကပ်စားနေသော ကပ်ပါးပိုး တစ်ကောင် ဖြစ်လာလိမ့်မည်- ထိုသို့နိမ့်ကျပြီး ယုတ်ညံ့သော အခန်းကဏ္ဍ တစ်ခုကို သင်တို့ပါဝင်ရန် လိုလားနေပါသလော။

အမှု၏အဆင့်သုံးဆင့်သည် ဘုရားသခင်၏ အမှုတစ်ရပ်လုံး၏ မှတ်တမ်းတစ်ခု ဖြစ်သည်။ ၎င်းတို့သည် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ ကယ်တင်ခြင်း မှတ်တမ်းဖြစ်ပြီး၊ ၎င်းတို့သည် စိတ်ကူးသက်သက်မဟုတ်ပေ။ ဘုရားသခင်၏ စိတ်သဘောထား တစ်ရပ်လုံးနှင့်ဆိုင်သည့် အသိပညာတစ်ခုကို ရှာဖွေရန် အမှန်တကယ် သင် ဆန္ဒရှိပါက၊ ဘုရားသခင် လုပ်ဆောင်သည့် အမှုအဆင့်သုံးဆင့်ကို သင်တို့သိရမည် ဖြစ်သည့်အပြင် သင်တို့သည် မည်သည့်အဆင့်ကိုမျှ မချန်ထားရ။ ဤသည်မှာ ဘုရားသခင်ကို သိရန်ကြိုးစားသူတို့ စွမ်းဆောင်ရရှိရမည့် အနည်းဆုံးအရာ ဖြစ်သည်။ လူသားကိုယ်တိုင် ဘုရားသခင်နှင့်ပတ်သက်သည့် စစ်မှန်သော အသိပညာကို လုပ်ကြံဖန်တီး၍ မရနိုင်ပေ။ ဤသည်မှာ လူသားကိုယ်တိုင် စိတ်ကူး၍ ရသောအရာ မဟုတ်သကဲ့သို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လူတစ်ဦးကို အထူး မျက်နှာပေးခြင်း၏ အကျိုးဆက်လည်း မဟုတ်ပေ။ ထို့ထက် ယင်းမှာ လူသားအနေဖြင့် ဘုရားသခင်၏အမှုကို ကြုံတွေ့ပြီးနောက် ဖြစ်လာသည့် အသိပညာတစ်ခု ဖြစ်ပြီး၊ ဘုရားသခင်အမှု၏ အမှန်တရားများကို ကြုံတွေ့ခြင်းနောက်မှသာ ဖြစ်လာသည့် ဘုရားသခင်နှင့်ဆိုင်သော အသိပညာတစ်ခု ဖြစ်သည်။ ထိုသို့သော အသိပညာတစ်ခုကို စိတ်ကူးပေါက်သည့်အတိုင်း မရရှိနိုင်သကဲ့သို့၊ ယင်းသည် သင်ကြားပေး၍ရသည့် အရာတစ်ခုလည်း မဟုတ်ပေ။ ထိုအရာမှာ ကိုယ်ပိုင်အတွေ့အကြုံနှင့် လုံးလုံးလျားလျား သက်ဆိုင်ပေသည်။ လူသားမျိုးနွယ်နှင့်ဆိုင်သည့် ဘုရားသခင်၏ ကယ်တင်ခြင်းသည် ဤအမှုအဆင့်သုံးဆင့်၏ ဗဟိုအချက်အချာတွင် ရှိသော်လည်း၊ ကယ်တင်ခြင်း အမှုအတွင်းတွင် အမှုပြုသည့်နည်းစနစ် အချို့နှင့် ဘုရားသခင်၏

စိတ်သဘောထားကို ထုတ်ဖော်ပြသော နည်းလမ်းအချို့ပါဝင်လေသည်။ ဤသည်မှာ လူသားအတွက် ပိုင်းခြားသိမြင်ရန် အခက်ခဲဆုံးသောအရာ ဖြစ်ပြီး လူသားအတွက် နားလည်ရန်လည်း ခက်ခဲသောအရာ ဖြစ်သည်။ ခေတ်ကာလများ ပိုင်းခြားခြင်း၊ ဘုရားသခင်၏အမှုထဲက ပြောင်းလဲခြင်းများ၊ အမှု၏ တည်နေရာ ပြောင်းလဲခြင်းများ၊ ဤအမှုကို လက်ခံရရှိသူတို့၌ ပြောင်းလဲခြင်းများ စသည်ဖြင့်- ဤအရာအားလုံးသည် အမှု၏ အဆင့်သုံးဆင့်တွင် ပါဝင်သည်။ အထူးသဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်လုပ်ခြင်း နည်းလမ်းရှိ ကွဲပြားခြားနားချက်အပြင်၊ ဘုရားသခင်၏ စိတ်သဘောထား၊ ပုံရိပ်၊ အမည်နာမ၊ ပင်ကိုလက္ခဏာထဲက ပြောင်းလဲခြင်းများ၊ သို့မဟုတ် အခြားပြောင်းလဲခြင်းများ အားလုံးတို့သည် အမှုအဆင့်သုံးဆင့်၏ တစ်စိတ်တစ်ဒေသ ဖြစ်၏။ အမှု၏ အဆင့်တစ်ဆင့်သည် အစိတ်အပိုင်း တစ်ရပ်ကိုသာ ကိုယ်စားပြုနိုင်ပြီး၊ နယ်ပယ်တစ်ခုခုအတွင်း ကန့်သတ်ထား၏။ ယင်းသည် အခြားကဏ္ဍများကို မဆိုထားနှင့်၊ ကာလများ ပိုင်းခြားထားခြင်း၊ သို့မဟုတ် ဘုရားသခင်၏အမှု၌ အပြောင်းအလဲများပင် မပါဝင်ပေ။ ဤသည်မှာ သိသာထင်ရှားစွာ မြင်သာသည့် အချက်တစ်ချက်ဖြစ်၏။ အမှု၏ အဆင့်သုံးဆင့်သည် လူသားမျိုးနွယ်ကို ကယ်တင်ခြင်း၌ ဘုရားသခင်၏ အမှု တစ်ရပ်လုံး ဖြစ်၏။ လူသားသည် ဘုရားသခင်၏အမှုနှင့် ကယ်တင်ခြင်းအမှုထဲက ဘုရားသခင်၏ စိတ်သဘောထားကို သိရမည် ဖြစ်သည်။ ဤအချက်မရှိဘဲနှင့် ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်တို့၏ အသိပညာသည် အနှစ်သာရကင်းမဲ့သော စကားများသာ ပါရှိပြီး၊ ထိုင်ရာမှမထဘဲ လူတတ်လုပ်နေခြင်းထက် ဘာမျှမပိုပေ။ ထိုသို့သော အသိပညာသည် လူသားကို သိမ်းသွင်းနိုင်ခြင်း မရှိသကဲ့သို့ သိမ်းပိုက်နိုင်ခြင်းလည်း မရှိပေ။ ယင်းသည် အမှန်တရားနှင့် ဆန့်ကျင်ကွဲလွဲပြီး၊ သမ္မာတရား မဟုတ်ပေ။ ယင်းသည် အလွန်ပေါများပြီး နားဝင်ချိုနိုင်သော်လည်း၊ ဘုရားသခင်၏ ပင်ကိုစိတ်သဘောထားနှင့် သဘောကွဲလွဲပါက၊ ဘုရားသခင်သည် သင့်ကို ချမ်းသာပေးမည် မဟုတ်ပေ။ သူသည် သင်၏အသိပညာကို ချီးကျူးလိမ့်မည် မဟုတ်သည်သာမက၊ သူ့ကို ပြစ်မှားစော်ကားသည့် အပြစ်သားတစ်ဦး ဖြစ်ခြင်းအတွက် သင့်အပေါ် ဒဏ်ခတ်ခြင်းလည်း ပြုလိမ့်မည် ဖြစ်သည်။ ဘုရားသခင်ကို သိခြင်းနှင့်ဆိုင်သည့် စကားများကို ပေါ့ပေါ့တန်တန် ပြောဆိုထားခြင်း မဟုတ်ပေ။ သင်သည် စကားကို ရွှန်းရွှန်းဝေအောင်ပြောတတ်ပြီး စကားကြွယ်ကာ၊ သင်၏စကားလုံးများသည် အမည်းကို အဖြူအဖြစ် နှင့် အဖြူကို အမည်းအဖြစ်သို့ ငြင်းခုံနိုင်လောက်အောင် အလွန် လိမ္မာပါးနပ်သော်လည်း၊ ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာအကြောင်း ပြောခြင်းနှင့် ပတ်သက်လာသည့်အခါ၊ သင်သည် ဉာဏ်မမီဆဲ ဖြစ်ပေသည်။ ဘုရားသခင်သည် သင်

မဆင်မခြင် ဝေဖန်၍ရသူတစ်ဦး သို့မဟုတ် သာမန်ကာလျှံကာ ချီးမွမ်း၍ရသူတစ်ဦး သို့မဟုတ် ခပ်တည်တည်နှင့် သိက္ခာချ၍ရသူတစ်ဦး မဟုတ်ပေ။ သင်သည် မည်သူ့ကိုမဆိုနှင့် အယောက်တိုင်းကို ချီးမွမ်းသော်လည်း၊ ဘုရားသခင်၏ ကြီးမြတ်သော ပါရမီနှင့်ပြည့်စုံခြင်းနှင့် သဘောထားကြီးခြင်းတို့ကို ဖော်ပြရန် သင့်တော်သည့် စကားလုံးများကို ရှာတွေ့ရန် သင် အပြင်းအထန် ကြိုးပမ်းရ၏- ဤသည်မှာ အရှုံးသမားတိုင်း သဘောပေါက် လာရသည့်အရာ ဖြစ်သည်။ ဘုရားသခင်ကို ဖော်ပြနိုင်စွမ်း ရှိသည့် ဘာသာစကား ကျွမ်းကျင်သူများစွာ ရှိသော်လည်း၊ ၎င်းတို့ ဖော်ပြသည့်အရာ၏ တိကျမှန်ကန်မှုမှာ ဘုရားသခင်နှင့်သက်ဆိုင်၍ ဝေါဟာရ အနည်းအကျဉ်းသာ ပိုင်ဆိုင်သော်လည်း၊ ဆွဲထုတ်ဖို့ ကြွယ်ဝသော အတွေ့အကြုံရှိသူတို့ ပြောဆိုသော သမ္မာတရား၏ တစ်ရာပုံတစ်ပုံသာရှိ၏။ ထို့ကြောင့် ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာသည် တိကျမှန်ကန်မှုနှင့် အဖြစ်မှန်တို့တွင် ရှိကြောင်း၊ စကားလုံးများကို ပါးနပ်စွာ အသုံးပြုခြင်း၊ သို့မဟုတ် ကြွယ်ဝသည့် ဝေါဟာရများတွင် မရှိကြောင်းနှင့်၊ လူသား၏ အသိပညာနှင့် ဘုရားသခင်၏ အသိပညာတို့သည် လုံးဝ တခြားစီ ဖြစ်ကြောင်းကို တွေ့နိုင်သည်။ ဘုရားသခင်ကို သိခြင်းသင်ခန်းစာသည် လူသားမျိုးနွယ်၏ မည်သည့် သဘာဝသိပ္ပံပညာရပ်မဆိုထက် ပို၍ မြင့်မား၏။ ယင်းမှာ ဘုရားသခင်ကို သိရန်ကြိုးစားသည့် အလွန်အလွန် နည်းပါးသော လူဦးရေသာ စွမ်းဆောင်ရရှိနိုင်သည့် သင်ခန်းစာ တစ်ရပ်ဖြစ်ပြီး ပါရမီရှိသည့် မည်သူမဆိုကမျှ စွမ်းဆောင်ရရှိနိုင်သည့်အရာ မဟုတ်ပေ။ ထို့ကြောင့် သင်တို့သည် ဘုရားသခင်ကို သိခြင်းနှင့် သမ္မာတရားအား အားထုတ်ခြင်းတို့ကို သာမန်ကလေး တစ်ဦးက ရယူနိုင်သော အရာများကဲ့သို့ မမြင်ရ။ သင်သည် သင်၏မိသားစုဘဝ၊ သို့မဟုတ် သင်၏အသက်မွေးအလုပ်၊ သို့မဟုတ် သင်၏အိမ်ထောင်ရေးတို့တွင် လုံးဝ အောင်မြင်ပြီးသူတစ်ဦး ဖြစ်ချင်ဖြစ်မည်၊ သို့ရာတွင် သမ္မာတရားနှင့် ဘုရားသခင်ကို သိခြင်း သင်ခန်းစာနှင့်ပတ်သက်လာသည့်အခါ သင်သည် မိမိကိုယ်ကိုယ်အတွက် ပြစရာဘာမျှမရှိသကဲ့သို့ မည်သည့်အရာကိုမျှ စွမ်းဆောင်ရရှိခြင်း မရှိလေပြီ။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းသည် သင်တို့အတွက် ကြီးမားသော အခက်အခဲရှိသည်ဟု ဆိုနိုင်ပြီး၊ ဘုရားသခင်ကို သိခြင်းသည် သာ၍ ကြီးမားသော ပြဿနာ ဖြစ်သည်ဟု ဆိုနိုင်သည်။ ဤသည်မှာ သင်တို့၏အခက်အခဲဖြစ်ပြီး လူသားမျိုးနွယ်တစ်ရပ်လုံး ရင်ဆိုင်ရသည့် အခက်အခဲလည်း ဖြစ်သည်။ ဘုရားသခင်ကို သိခြင်းလမ်းကြောင်းတွင် အောင်မြင်မှုအချို့ ရရှိပြီးသူ အချို့အလယ်တွင် အဆင့်အတန်းမီသူ လုံးဝ မရှိလုနီးပါး ဖြစ်သည်။ ဘုရားသခင်ကို သိခြင်းမှာ မည်သည်ကို ဆိုလိုကြောင်း သို့မဟုတ် ဘုရားသခင်ကိုသိရန် အဘယ်ကြောင့် လိုအပ်ကြောင်း သို့မဟုတ် ဘုရားသခင်ကို သိရှိရန်

မည်သည့် အတိုင်းအတာထိ ကြိုးပမ်းရရှိရမည်ကို လူသားသည် မသိပေ။ ဤသည်မှာ လူသားမျိုးနွယ်အဖို့ အလွန် ဝေခွဲမရဖြစ်ရသည့်အရာ ဖြစ်ပြီး၊ ယင်းသည် လူသားမျိုးနွယ် ရင်ဆိုင်ရသည့် အကြီးမားဆုံးသော ပဟေဠိဖြစ်သည်မှာ အတော်အတန် ရိုးရှင်းလှ၏- မည်သူမျှ ဤမေးခွန်းကို ဖြေနိုင်စွမ်း မရှိသကဲ့သို့ မည်သူမျှလည်း ဤမေးခွန်းကို ဖြေရန် လိုလားခြင်းမရှိပေ၊ အဘယ်ကြောင့်ဆိုသော် ယနေ့အထိ ဤအမှုကို လေ့လာရာတွင် လူသားမျိုးနွယ်အလယ် မည်သူမျှ အောင်မြင်ခြင်း မရှိသေးသောကြောင့် ဖြစ်သည်။ အမှု၏ အဆင့်သုံးဆင့်နှင့်ဆိုင်သည့် ပဟေဠိကို လူသားမျိုးနွယ်ထံ အသိပေးသည့်အခါ၊ ဘုရားသခင်ကို သိရှိသည့် ပါရမီရှင်အုပ်စု တစ်စုပြီးတစ်စု ပေါ်ကောင်း ပေါ်လာပေမည်။ ဟုတ်ပေ၏၊ ထိုသို့ဖြစ်သည်ကို ငါမျှော်လင့်မိပြီး၊ ထို့အပြင် ငါသည် ဤအမှုအား ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွင် ရှိပြီး၊ မကြာတော့သည့် အနာဂတ်တွင် ပိုမိုများပြားသည့် ထိုသို့သော ပါရမီရှင်များ ပေါ်ထွက်ခြင်းကိုတွေ့ရန် ငါမျှော်လင့်သည်။ ၎င်းတို့သည် ဤအမှုအဆင့်သုံးဆင့်၏ အဖြစ်မှန်များကို သက်သေခံသူများ ဖြစ်လာကြလိမ့်မည် ဖြစ်ပြီး၊ ဤအမှု၏ အဆင့်သုံးဆင့်အတွက် ပထမဆုံး သက်သေခံသူများလည်း ဖြစ်မည်မှာ အမှန်ဖြစ်သည်။ ဘုရားသခင်၏အမှု အဆုံးသတ်သည့်နေ့တွင် ထိုသို့သော ပါရမီရှင်များ မပေါ်ထွက်ပါက၊ သို့မဟုတ် လူ့ဇာတိခံ ဘုရားသခင်၏ စုံလင်စေခြင်းကို ကိုယ်တိုင်ကိုယ်ကျ လက်ခံပြီးသူ တစ်ဦး နှစ်ဦးသာ ရှိပါက၊ သာ၍ စိတ်သောကရောက်စရာနှင့် သာ၍နောင်တရစရာ မည်သည့်အရာမျှ ရှိမည်မဟုတ်ပေ။ သို့သော် ဤသည်မှာ အဆိုးဆုံး ဖြစ်နိုင်ခြေသာ ဖြစ်သည်။ မည်သို့ပင် ဖြစ်စေကာမူ၊ အမှန်တကယ် လိုက်စားသူများသည် ဤကောင်းချီးမင်္ဂလာကို ရရှိနိုင်မည်ဟု ငါမျှော်လင့်ဆဲဖြစ်၏။ အချိန်၏ အစကတည်းက၊ ဤကဲ့သို့သောအမှု တစ်ခါမျှ မရှိဖူးပေ။ လူသား၏ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းတွင် ထိုသို့သော တာဝန်တစ်ခုသည် မည်သည့်အခါမျှ မဖြစ်ပေါ်ဖူးပေ။ အကယ်၍ သင်သည် ဘုရားသခင်ကို အဦးဆုံးသိသူများထဲမှ တစ်ဦး အမှန်တကယ် ဖြစ်လာနိုင်ပါက၊ ဤသည်မှာ သတ္တဝါများအားလုံးအလယ်တွင် အမြင့်ဆုံးသော ဂုဏ်သိက္ခာတစ်ရပ် ဖြစ်မည်မဟုတ်လော။ လူသားမျိုးနွယ်ထဲမှ အဖန်ဆင်းခံသတ္တဝါ တစ်ဦးတစ်လေသည် ဘုရားသခင်၏ ချီးကျူးခြင်းကို သာ၍ ခံရမည်လော။ ထိုသို့သောအမှုကို စွမ်းဆောင်ရရှိရန် မလွယ်သော်လည်း၊ နောက်ဆုံးတွင် ဆုလာဘ်များ ရိတ်သိမ်းရလိမ့်ဦးမည် ဖြစ်သည်။ ၎င်းတို့ အမျိုးသား အမျိုးသမီးဖြစ်မှု၊ သို့မဟုတ် နိုင်ငံသားဖြစ်ခြင်းတို့ကို ပဓာနမထားဘဲ၊ ဘုရားသခင်၏အလိုတော်နှင့်ဆိုင်သည့် အသိပညာ ရရှိနိုင်စွမ်း ရှိသူများသည် နောက်ဆုံးတွင် ဘုရားသခင်၏ အကြီးမားဆုံးသော ဂုဏ်ပြုခြင်းကို ရရှိလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ သြဇာအာဏာကို ပိုင်ဆိုင်သည့်

တစ်ဦးတည်းသောသူများသာ ဖြစ်ကြလိမ့်မည်။ ဤသည်မှာ ယနေ့၏အမှုဖြစ်ပြီး အနာဂတ်၏အမှုလည်း ဖြစ်၏။ ဤသည်မှာ အနှစ်ခြောက်ထောင် အမှုတွင် ပြီးမြောက်မည့် နောက်ဆုံးနှင့် အမြင့်မားဆုံးသော အမှုဖြစ်ကာ လူသား၏ အတန်းအစားအသီးသီးကို ထုတ်ဖော်ပြသည့် အမှုပြုခြင်း နည်းလမ်းတစ်ခု ဖြစ်သည်။ လူသားအား ဘုရားသခင်ကို သိစေခြင်း အမှုမှတစ်ဆင့် လူသား၏ မတူကွဲပြားသည့် အဆင့်များကို ဖော်ထုတ်ပြသည်- ဘုရားသခင်ကို သိသူများသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ရရှိရန်နှင့် သူ၏ကတိများကို လက်ခံရန် အရည်အချင်းမီကြသော်လည်း၊ ဘုရားသခင်ကို မသိသူများသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ရရှိရန်နှင့် သူ၏ကတိများကို လက်ခံရန် အရည်အချင်း မမီကြပေ။ ဘုရားသခင်ကို သိသူများသည် ဘုရားသခင်နှင့် ရင်းနှီးသူများ ဖြစ်ပြီး၊ ဘုရားသခင်ကို မသိသူများအား ဘုရားသခင်နှင့် ရင်းနှီးသူများဟု ခေါ်၍မရပေ။ ဘုရားသခင်၏ ရင်းနှီးသူများသည် ဘုရားသခင်၏ မည်သည့် ကောင်းချီးမင်္ဂလာကိုမဆို လက်ခံရရှိနိုင်သော်လည်း၊ သူနှင့် မရင်းနှီးသူများသည် သူ၏မည်သည့် အမှုနှင့်မျှ မထိုက်တန်ပေ။ ဆင်းရဲဒုက္ခများဖြစ်စေ၊ စစ်ဆေးခြင်း ဖြစ်စေ၊ တရားစီရင်ခြင်းဖြစ်စေ၊ ဤအားလုံးသည် နောက်ဆုံးတွင် ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာအား လူသားကို ရရှိခွင့်ပေးခြင်းအတွက်နှင့် ဘုရားသခင်ကို လူသားက ကျိုးနွံနာခံနိုင်ရန်အလို့ငှာ ဖြစ်၏။ ဤသည်မှာ အဆုံးတွင်ရရှိမည့် တစ်ခုတည်းသော အကျိုးတရား ဖြစ်လိမ့်မည်။ အမှု၏ အဆင့်သုံးဆင့်ထဲမှ မည်သည့်အရာကိုမျှ ကွယ်ဝှက်ထားခြင်း မရှိသကဲ့သို့၊ ဤသည်မှာ ဘုရားသခင်နှင့် သက်ဆိုင်သည့် လူသား၏ အသိပညာအတွက် အကျိုးရှိပြီး၊ ဘုရားသခင်နှင့်ဆိုင်သည့် ပိုမိုပြည့်စုံပြီး စေ့စပ်သေချာသော အသိပညာကို ရရှိရန် လူသားအား အထောက်အကူပြုပေးသည်။ ဤအမှုအားလုံးသည် လူသားအဖို့ အကျိုးရှိ၏။

ဘုရားသခင်၏အမှုကို လူသားက မစွမ်းဆောင်မရရှိနိုင်သကဲ့သို့၊ လူသားက ပိုင်ဆိုင်ခြင်း မရှိသည့်အတွက်၊ ဘုရားသခင်ကိုယ်တော်တိုင်၏ အမှုသည် လူသားသိရမည့် ရူပါရုံ ဖြစ်၏။ အမှု၏အဆင့်သုံးဆင့်သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း တစ်ရပ်လုံး ဖြစ်ပြီး၊ လူသားမှ သိသင့်သည့် သာ၍ ကြီးမြတ်သော ရူပါရုံ မရှိပေ။ လူသားသည် ဤတန်ခိုးကြီးမားသော ရူပါရုံကို မသိပါက၊ ဘုရားသခင်ကို သိရန်မလွယ်ပေ၊ ဘုရားသခင်၏ အလိုကို နားလည်ရန် မလွယ်ကူသကဲ့သို့၊ ထို့အပြင် လူသား လျှောက်လှမ်းသည့် လမ်းကြောင်းသည် တိုး၍တိုး၍ ခက်ခဲကြမ်းတမ်း လာလိမ့်မည်။ ရူပါရုံများ မရှိဘဲ၊ လူသားသည် ဤမျှအထိ ရောက်လာနိုင်ခဲ့မည် မဟုတ်ပေ။ လူသားကို ယနေ့တိုင် ကာကွယ်ထားခဲ့ပြီး အကြီးမားဆုံးသော အကာအကွယ်ကို ပေးခဲ့သည်မှာ ဤရူပါရုံများ ဖြစ်၏။ အနာဂတ်တွင်၊ သင်တို့၏

အသိပညာသည် ပိုမိုနက်နဲလာရမည် ဖြစ်ကာ သင်တို့သည် သူ၏အလို အလုံးစုံနှင့် အမှု၏အဆင့်သုံးဆင့် အတွင်းရှိ သူ၏ဉာဏ်ပညာရှိသော အမှု၏ အနှစ်သာရကို သိလာရမည် ဖြစ်သည်။ ဤသည်သာလျှင် သင်တို့၏ စစ်မှန်သော ဝိညာဉ်ရင့်ကျက်မှု ဖြစ်၏။ အမှု၏ နောက်ဆုံးအဆင့်သည် သီးခြားရပ်တည်နေခြင်း မဟုတ်ဘဲ၊ ယခင်အဆင့်နှစ်ဆင့်နှင့်အတူတကွ ဖွဲ့စည်းထားသည့် တစ်ရပ်လုံး၏ အစိတ်အပိုင်း ဖြစ်သည်၊ ယင်းမှာ အမှု၏ အဆင့်သုံးဆင့်ထဲမှ တစ်ဆင့်ကိုသာ လုပ်ဆောင်ခြင်းဖြင့် ကယ်တင်ခြင်း အမှုတစ်ခုလုံးကို ပြီးစီးစေရန် မဖြစ်နိုင်ဟု ဆိုရပေမည်။ အမှု၏ နောက်ဆုံးအဆင့်သည် လူသားကို အပြည့်အဝ ကယ်တင်နိုင်သော်လည်း ဤအဆင့် တစ်ရပ်တည်းကိုသာ ဆောင်ရွက်ရန်သာ လိုအပ်ပြီး၊ စာတန်၏ စွမ်းအားမှ လူသားကို ကယ်တင်ရန် ယခင်အမှုအဆင့် နှစ်ဆင့်ကို မလိုအပ်ဟု မဆိုလိုပေ။ ကယ်တင်ခြင်း အမှု အလုံးစုံသည် အမှု၏ အဆင့်သုံးဆင့် ဖြစ်ပြီး၊ ၎င်းတို့အနက် အဆင့်တစ်ဆင့်တည်း မဟုတ်သည့်အတွက်၊ ဤအဆင့်သုံးဆင့်မှ မည်သည့် အဆင့်တစ်ဆင့်တည်းကိုမျှ လူသားမျိုးနွယ် အားလုံးသိရမည့် တစ်ခုတည်းသော ရူပါရုံဟု စွဲကိုင်ထား၍မရပေ။ ကယ်တင်ခြင်းအမှု မပြီးမြောက်သေးသရွေ့ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် ပြီးပြည့်စုံသည့် အဆုံးသတ်တစ်ခုသို့ ရောက်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်၏ ဖြစ်ခြင်း၊ စိတ်သဘောထားနှင့် ဉာဏ်ပညာတို့ကို ကယ်တင်ခြင်းအမှု အလုံးစုံတွင် ဖော်ပြထား၏။ ယင်းတို့ကို တကယ့်အစတွင် လူသားထံ ဖော်ပြမထားဘဲ၊ ကယ်တင်ခြင်းအမှုတွင် တဖြည်းဖြည်း ဖော်ပြထားပြီးဖြစ်သည်။ ကယ်တင်ခြင်းအမှု၏ အဆင့်အသီးသီးသည် ဘုရားသခင်၏ စိတ်သဘောထား တစ်စိတ်တစ်ဒေသနှင့် သူ၏ဖြစ်ခြင်း တစ်စိတ်တစ်ဒေသကို ဖော်ပြ၏။ အမှု၏ အဆင့်တိုင်းသည် ဘုရားသခင်၏ဖြစ်ခြင်း အလုံးစုံကို တိုက်ရိုက်နှင့် ပြီးပြည့်စုံစွာ ဖော်ပြနိုင်သည် မဟုတ်ပေ။ ထိုသို့ဖြင့် ကယ်တင်ခြင်းအမှုကို အမှု၏ အဆင့်သုံးဆင့် ပြီးစီးသည်နှင့်တစ်ပြိုင်နက်တွင်သာ အပြည့်အဝ အဆုံးသတ်နိုင်ပေသည်၊ ထို့ကြောင့် ဘုရားသခင်၏ အလုံးစုံနှင့်ဆိုင်သည့် လူသား၏အသိပညာကို ဘုရားသခင့်အမှု၏ အဆင့်သုံးဆင့်မှ သီးခြားခွဲ၍မရပေ။ အမှု၏ အဆင့်တစ်ရပ်မှ လူသားရရှိသည့် အရာသည် သူ၏အမှု အစိတ်အပိုင်းတစ်ရပ်တွင် ဖော်ပြထားသော ဘုရားသခင်၏ စိတ်သဘောထားမျှသာ ဖြစ်၏။ ယင်းသည် ယခင် သို့မဟုတ် နောက်ပိုင်း အဆင့်များတွင် ဖော်ပြထားသော စိတ်သဘောထားနှင့် ဖြစ်ခြင်းတို့ကို ကိုယ်စားမပြုနိုင်ပေ။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် လူသားမျိုးနွယ်အား ကယ်တင်ခြင်းအမှုကို ကာလတစ်ခုအတွင်း၊ သို့မဟုတ် တည်နေရာတစ်ခုတွင် ချက်ချင်း ပြီးဆုံးနိုင်ခြင်း မရှိဘဲ၊ မတူညီသော အချိန်ကာလများနှင့် မတူညီသော နေရာများတွင် လူသား၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်နှင့်အညီ တဖြည်းဖြည်း

နက်ရှိုင်းလာသောကြောင့် ဖြစ်၏။ ယင်းမှာ အဆင့်များဖြင့် ဆောင်ရွက်သည့် အမှုဖြစ်ပြီး အဆင့်တစ်ဆင့်တည်းဖြင့် မပြီးစီးပေ။ ထို့ကြောင့် ဘုရားသခင်၏ အလုံးစုံသော ဉာဏ်ပညာကို အဆင့်တစ်ဆင့်ချင်းထက် အဆင့်သုံးဆင့်တွင် ပုံဖော်ထား၏။ သူ၏ အလုံးစုံသော ဖြစ်ခြင်းနှင့် အလုံးစုံသော ဉာဏ်ပညာကို ဤအဆင့်သုံးဆင့်တွင် ချခင်းထားပြီး အဆင့်အသီးသီးသည် သူ၏ဖြစ်ခြင်းပါရှိကာ အဆင့်အသီးသီးသည် သူ့အမှု၏ ဉာဏ်ပညာနှင့်ဆိုင်သော မှတ်တမ်းတစ်ခု ဖြစ်၏။ လူသားသည် ဤအဆင့်သုံးဆင့်တွင် ဖော်ပြထားသော ဘုရားသခင်၏ အလုံးစုံသော စိတ်သဘောထားကို သိသင့်သည်။ ဘုရားသခင်၏ ဖြစ်ခြင်းနှင့်ဆိုင်သည့် ဤအရာအားလုံးသည် လူသားမျိုးနွယ်အားလုံးအဖို့ အရေးကြီးဆုံး ဖြစ်ပြီး၊ လူတို့သည် ဘုရားသခင်ကို ကိုးကွယ်သည့်အခါတွင် ဤအသိပညာမရှိပါက၊ ၎င်းတို့သည် ဗုဒ္ဓကို ကိုးကွယ်သူများနှင့် မခြားဖြစ်သည်။ လူသားအလယ် ဘုရားသခင်၏ အမှုကို လူသားထံမှ ကွယ်ဝှက်မထားသကဲ့သို့ ဘုရားသခင်ကို ကိုးကွယ်သူ အားလုံးက သိသင့်ပေသည်။ ဘုရားသခင်သည် လူသားအလယ်တွင် ကယ်တင်ခြင်းအမှု အဆင့်သုံးဆင့်ကို ဆောင်ရွက်ပြီး ဖြစ်သည့်အတွက်၊ လူသားသည် ဤအမှု၏ အဆင့်သုံးဆင့်အတွင်းတွင် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းနှင့်ဆိုင်သည့် ဖော်ပြချက်ကို သိသင့်သည်။ ဤသည်မှာ လူသားလုပ်ဆောင်ရမည့် အရာဖြစ်သည်။ လူသားထံမှ ဘုရားသခင် ကွယ်ဝှက်ထားသောအရာမှာ လူသားက စွမ်းဆောင်ရရှိနိုင်စွမ်း မရှိသော အရာဖြစ်ပြီး၊ လူသား မသိသင့်သော အရာဖြစ်ကာ၊ ဘုရားသခင်က လူသားကို ပြသည့်အရာမှာမူ လူသားက သိသင့်သည့် အရာဖြစ်ပြီး လူသား ပိုင်ဆိုင်သင့်သည့် အရာဖြစ်၏။ အမှု၏ ဤအဆင့်သုံးဆင့် အသီးသီးကို ယခင်အဆင့်၏ အခြေခံအုတ်မြစ် အပေါ်တွင် ဆောင်ရွက်ထားလေသည်။ ယင်းကို ကယ်တင်ခြင်းအမှုမှ သီးခြားခွဲလျက် အမှီအခိုကင်းစွာ လုပ်ဆောင်ထားခြင်း မဟုတ်ပေ။ ဆောင်ရွက်သည့် ခေတ်နှင့် အမှုအမျိုးအစားတို့တွင် ကြီးမားသော ကွာခြားမှုများ ရှိသော်လည်း၊ ယင်း၏ ဗဟိုအချက်အချာသည် လူသားမျိုးနွယ်၏ ကယ်တင်ခြင်းဖြစ်ဆဲ ဖြစ်ပြီး၊ ကယ်တင်ခြင်းအမှု၏ အဆင့်အသီးသီးသည် ပြီးခဲ့သည်အဆင့်ထက် ပို၍နက်ရှိုင်းလေသည်။ အမှု၏အဆင့်အသီးသီးသည် ဖျက်သိမ်းခြင်း မခံရသည့် ပြီးခဲ့သည့်အဆင့်၏ အခြေခံအုတ်မြစ်မှ ဆက်လက် လုပ်ဆောင်ခြင်းဖြစ်၏။ ဤနည်းဖြင့် အစဉ်သစ်လွင်ပြီး မည်သည့်အခါမျှ အိုဟောင်းခြင်းမရှိသော သူ၏အမှုတွင် ဘုရားသခင်သည် လူသားထံ ယခင်က လုံးဝ မဖော်ပြဖူးသည့် သူ့စိတ်သဘောထားနှင့် ပတ်သက်သည့် ရှုထောင့်များကို စဉ်ဆက်မပြတ် ထုတ်ဖော်ပြနေကာ လူသားထံ သူ၏အမှုသစ်နှင့် သူ၏ဖြစ်ခြင်းအသစ်တို့ကို အမြဲ ထုတ်ဖော်ပြသနေပြီး၊ ရှေးဘာသာရေး အစောင့်က

ဤအရာကို ခုခံရန် အစွမ်းကုန်ကြိုးစားကာ ထင်ထင်ပေါ်ပေါ် ဆန့်ကျင်သော်လည်း၊ ဘုရားသခင်သည် သူလုပ်ဆောင်ရန် ရည်ရွယ်သည့် အမှုအသစ်ကို အမြဲ လုပ်ဆောင်လေသည်။ သူ၏အမှုသည် အစဉ်ပြောင်းလဲနေပြီး၊ ဤအရာကြောင့် လူသား၏ ဆန့်ကျင်မှုကို အမြဲ ကြုံရလေသည်။ သူ၏ စိတ်သဘောထားသည်လည်း အမြဲ ပြောင်းလဲနေကာ၊ သူ့အမှု၏ခေတ်နှင့် လက်ခံရရှိသူတို့သည်လည်း အမြဲ ပြောင်းလဲနေ၏။ ထို့အပြင် သူသည် ယင်းနှင့်ဆန့်ကျင်ရန် လူသား၏အမြင်တွင် ယခင်က လုပ်ထားသည့်အမှုနှင့် ဆန့်ကျင်ပုံပေါက်သည့် အမှုကိုပင် လုပ်ဆောင်လျက်၊ ယခင်က ပြုလုပ်ဖူးခြင်း မရှိသောအမှုကို အမြဲ ဆောင်ရွက်လျက်ရှိလေသည်။ လူသားသည် အမှုတစ်မျိုးကိုသာ သို့မဟုတ် လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းတစ်ခုကိုသာ လက်ခံနိုင်ပြီး၊ ၎င်းတို့နှင့် သဘောကွဲလွဲသည့်၊ ၎င်းတို့ထက် မြင့်သော အမှု သို့မဟုတ် လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းများကို လက်ခံရန် လူသားအတွက် ခက်ခဲသည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် အမှုအသစ်ကို အမြဲ လုပ်ဆောင်နေသောကြောင့် ဘုရားသခင်၏ အမှုအသစ်ကို ဆန့်ကျင်သည့် ဘာသာရေး ကျွမ်းကျင်သူများအုပ်စု တစ်စုပြီးတစ်စု ပေါ်ပေါက်၏။ ဤလူတို့ ကျွမ်းကျင်သူများ ဖြစ်လာရပြီးဖြစ်သည်မှာ အတိအကျအားဖြင့် ဘုရားသခင်သည် အစဉ်အမြဲ သစ်လွင်ပြီး မည်သည့်အခါမျှ အိုဟောင်းခြင်း မရှိပုံနှင့်ဆိုင်သည့် အသိပညာကို လူသားက မရှိသကဲ့သို့၊ ဘုရားသခင့်အမှု၏ အခြေခံသဘောတရားများ နှင့်ဆိုင်သည့် အသိပညာ မရှိသည့်အပြင်၊ ဘုရားသခင်က လူသားကို ကယ်တင်သည့် နည်းလမ်းများစွာနှင့်ဆိုင်သည့် အသိပညာလည်း မရှိသောကြောင့် အတိအကျ ဖြစ်ပေသည်။ ထိုသို့ဖြင့်၊ လူသားသည် ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်မှလာသည့် အမှုဖြစ်သည် မဖြစ်သည်၊ ပြီးလျှင် ဘုရားသခင်ကိုယ်တော်တိုင်၏ အမှုဖြစ်သည် မဖြစ်သည်ကို လုံးဝ မပြောနိုင်ပေ။ တစ်စုံတစ်ရာသည် ယခင်က နှုတ်ကပတ်တော်များနှင့် ကိုက်ညီပါက ၎င်းတို့ လက်ခံပြီး၊ ယခင်က အမှုနှင့် ကွဲပြားချက်များရှိပါက ဆန့်ကျင်ကာ ငြင်းပယ်ကြသည့် သဘောထားကို လူများစွာက ဖက်တွယ်ကြ၏။ ယနေ့ခေတ်တွင် သင်တို့အားလုံးသည် ထိုသို့သော အခြေခံသဘောတရားများကို စောင့်ထိန်းလိုက်နာကြသည် မဟုတ်လော။ ကယ်တင်ခြင်းအမှု၏ အဆင့်သုံးဆင့်သည် သင်တို့ အပေါ်တွင် မည်သည့် ကြီးမားသည့် အကျိုးတရားမျှ မရှိသေးသကဲ့သို့၊ ယခင်အမှု အဆင့်နှစ်ဆင့်သည် ၎င်းတို့ တကယ်ကို သိရန်မလိုသော ဝန်ထုပ်ဝန်ပိုး တစ်ခု ဖြစ်သည်ဟု ယုံကြည်သူများရှိ၏။ ၎င်းတို့က အမှု၏ အဆင့်သုံးဆင့်ထဲက ယခင်အဆင့်နှစ်ဆင့်အားဖြင့် လူတို့ စိတ်မထိခိုက်ဖို့အလို့ငှာ ဤအဆင့်များကို လူစုလူဝေးများထံ မကြေညာသင့်သကဲ့သို့၊ ဖြစ်နိုင်သမျှ မြန်မြန်

ပြန်ရုပ်သိမ်းသင့်သည်ဟု ၎င်းတို့က တွေးထင်ကြလေသည်။ အမှု၏ ယခင်အဆင့်နှစ်ဆင့်ကို အသိပေးခြင်းသည် အလွန် ကွာလှမ်းလှသည့် အဆင့်တစ်ခု ဖြစ်ပြီး၊ ဘုရားသခင်ကို သိကျွမ်းခြင်းတွင် အထောက်အကူ မဖြစ်ဟု အများစုက ယုံကြည်ကြ၏- ယင်းသည် သင်တို့ တွေးထင်သည့်အရာ ဖြစ်သည်။ ယနေ့ခေတ်တွင် ဤသို့ပြုမူခြင်းသည် မှန်သည်ဟု သင်တို့အားလုံး ယုံကြည်ကြသော်လည်း၊ ငါ့အမှု၏ အရေးပါမှုကို သင်တို့ သဘောပေါက်သည့် နေ့ရက် ရောက်လာလိမ့်မည်။ ငါသည် အရေးပါမှု မရှိသည့် မည်သည့်အမှုကိုမျှ မလုပ်သည်ကို သိလော့။ ငါသည် အမှု၏အဆင့်သုံးဆင့်ကို သင်တို့ထံ ကြေညာနေသည့်အတွက်၊ ယင်းတို့သည် သင်တို့အဖို့ အကျိုးရှိရပေမည်။ အမှု၏ ဤအဆင့်သုံးဆင့်သည် ဘုရားသခင်၏ အလုံးစုံသော စီမံခန့်ခွဲမှု၏ ဗဟိုအချက်အချာတွင် ရှိသည့်အတွက်၊ ယင်းတို့သည် စကြဝဠာအနှံ့ရှိ အယောက်တိုင်း၏ အာရုံစိုက်ရာ ဖြစ်လာရမည်။ တစ်နေ့တွင် သင်တို့အားလုံးသည် ဤအမှု၏ အရေးပါမှုကို သဘောပေါက်ကြလိမ့်မည်။ သင်တို့သည် ဘုရားသခင်၏အမှု၏ အခြေခံသဘောတရားများကို မသိသောကြောင့်၊ ပြီးလျှင် သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို လုံလောက်စွာ အလေးအနက်မထားကြသောကြောင့်၊ ဘုရားသခင်၏ အမှုကို ဆန့်ကျင်ခြင်း၊ သို့မဟုတ် ယနေ့အမှုကို တိုင်းတာရန် သင်တို့၏ကိုယ်ပိုင် အယူအဆများကို အသုံးပြုခြင်း ဖြစ်သည်ကို သိကြလော့။ ဘုရားသခင်ကို သင်တို့၏ဆန့်ကျင်ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သင်တို့၏ ဟန့်တားပိတ်ဆို့ခြင်းသည် သင်တို့၏ အယူအဆများနှင့် ပင်ကို မာနထောင်လွှားမှုအားဖြင့် ဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ အမှုသည် မှားယွင်းသောကြောင့် မဟုတ်ဘဲ၊ သင်တို့သည် သဘာဝအားဖြင့် နာခံမှုမရှိလွန်းသောကြောင့် ဖြစ်သည်။ ဘုရားသခင်၌ ၎င်းတို့၏ယုံကြည်မှုကို ရှာတွေ့ပြီးနောက်တွင်၊ လူအချို့သည် လူသားက မည်သည့်နေရာမှ လာသည်ကိုပင် သေချာမှုဖြင့် ပြောဆိုနိုင်ခြင်း မရှိသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုနှင့်ဆိုင်သည့် အမှန်များနှင့် အမှားများကို သုံးသပ်သည့် လူသိရှင်ကြား ဟောပြောမှုများကို လုပ်ဝံ့ကြလေသည်။ ၎င်းတို့သည် မှတ်ချက်များ ပေးရင်းနှင့် အလှည့်မရောက်မီ ပြောဆိုရင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုသစ်ရှိသော တမန်တော်များကို ဆုံးမခြင်းပင်ပြုကြလေသည်။ ၎င်းတို့၏ လူ့သဘာဝသည် အလွန် နိမ့်ကျပြီး၊ ၎င်းတို့ထဲတွင် အသိစိတ် အနည်းငယ်မျှ မရှိပေ။ ထိုသို့သော လူများကို သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်က ငြင်းပယ်ပြီး ငရဲ၏မီးများဖြင့် လောင်ကျွမ်းစေခြင်း ခံရမည့်နေ့ ရောက်လာလိမ့်မည် မဟုတ်လော။ ၎င်းတို့သည် ဘုရားသခင်၏အမှုကို မသိကြဘဲ၊ ယင်းအစား သူ၏အမှုကို ဝေဖန်ကာ ဘုရားသခင်အား မည်သို့အမှုပြုရမည်ကို ညွှန်ကြားရန်လည်း

ကြိုးစားကြ၏။ ထိုသို့သော မလျော်ကန်သည့် လူတို့သည် ဘုရားသခင်ကို မည်သို့ သိနိုင်မည်နည်း။ လူသားသည် ဘုရားသခင်ကို ရှာဖွေခြင်းနှင့် တွေ့ကြုံခြင်း ဖြစ်စဉ်အတွင်း သိလာကြပေသည်။ လူသားသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းမှတစ်ဆင့် ဘုရားသခင်ကို သိလာခြင်းမှာ စိတ်ကူးပေါက်သည်အတိုင်း ဝေဖန်ခြင်းမှတစ်ဆင့် မဟုတ်ပေ။ ဘုရားသခင်နှင့်ဆိုင်သည့် လူတို့၏ အသိပညာ သာ၍ တိကျမှန်ကန်လေလေ၊ သူ့ကို ၎င်းတို့ ဆန့်ကျင်မှု လျော့နည်းလေလေ ဖြစ်၏။ ဆန့်ကျင်ဘက်အနေဖြင့် ဘုရားသခင်ကို လူတို့ အသိနည်းလေလေ၊ သူ့ကိုဆန့်ကျင်ရန် အလားအလာများလေလေ ဖြစ်၏။ သင်၏ အယူအဆများ၊ သင်၏ သဘာဝဟောင်းနှင့် သင်၏လူ့သဘာဝ၊ စရိုက်လက္ခဏာနှင့် ကိုယ်ကျင့်တရား အမြင်သဘောထားတို့သည် သင့်အနေနှင့် ဘုရားသခင်ကို ခုခံရာတွင် အသုံးပြုသည့် “အရင်းအနှီး” ဖြစ်ပြီး၊ သင်သည် သာ၍ ဖောက်ပြန်ပျက်ဆီးကာ အောက်တန်းကျပြီး ယုတ်ညံ့လာလေလေ၊ ဘုရားသခင်၏ ရန်သူ ဖြစ်လေလေ ဖြစ်၏။ အားကောင်းသော အယူအဆများ ပိုင်ဆိုင်ပြီး၊ မိမိကိုယ်ကိုယ် မှန်ကန်သည်ဟု ယူမှတ်သော စိတ်သဘောထား ရှိသူများသည် လူ့ဇာတိခံ ဘုရားသခင်နှင့်ဆိုင်သည့် ရန်လိုမှုတွင် သာ၍ ရှိကြလေသည်။ ထိုသို့သောလူများသည် အန္တိခရစ်များ ဖြစ်ကြ၏။ သင်၏အယူအဆများကို ပြုပြင်ခြင်း မရှိပါက၊ ယင်းတို့သည် ဘုရားသခင်ကို အစဉ် ဆန့်ကျင်နေလိမ့်မည်။ သင်သည် ဘုရားသခင်နှင့် မည်သည့်အခါမျှ သဟဇာတရှိလိမ့်မည် မဟုတ်သကဲ့သို့၊ သူ့ထံမှ အမြဲ ဝေးကွာလိမ့်မည် ဖြစ်သည်။

သင်၏ အယူအဆအဟောင်းတို့ကို ဘေးဖယ်ထားခြင်းအားဖြင့်သာ အသိပညာသစ်ကို သင် ရရှိနိုင်သည်၊ သို့သော် အသိပညာဟောင်းသည် အယူအဆအဟောင်းများနှင့် သေချာပေါက် မညီမျှပေ။ “အယူအဆများ” ဆိုသည်မှာ လူသားက စိတ်ကူးသည့် လက်တွေ့အရှိတရားနှင့် သဘောကွဲလွဲသော အရာများကို ရည်ညွှန်းသည်။ အသိပညာဟောင်းသည် ခေတ်ဟောင်းတွင် ခေတ်နောက်ကျပြီးသားဖြစ်ပြီး လူသားကို အမှုသစ်ထဲသို့ ဝင်ရောက်ခြင်းမှ တားဆီးခဲ့ပါက၊ ထိုသို့သော အသိပညာသည်လည်း အယူအဆတစ်ခု ဖြစ်၏။ လူသားသည် ထိုသို့သော အသိပညာကို မှန်ကန်သည့် ချဉ်းကပ်မှု လုပ်ဆောင်နိုင်ပြီး၊ အဟောင်းနှင့် အသစ် ပေါင်းစပ်လျက် ဘုရားသခင်ကို မတူကွဲပြားသော ရှုထောင့်အချို့မှ သိလာနိုင်ပါက၊ အသိပညာဟောင်းသည် လူသားအဖို့ အထောက်အကူ တစ်ရပ်ဖြစ်လာပြီး ခေတ်သစ်ထဲသို့ လူသားဝင်ရောက်သည့် အခြေခံအကြောင်းရင်း ဖြစ်လာ၏။ ဘုရားသခင်ကို သိခြင်းနှင့်ဆိုင်သည့် သင်ခန်းစာက သင့်ကို အခြေခံသဘောတရားများစွာ ကျွမ်းကျင်ပိုင်နိုင်ဖို့

တောင်းဆိုသည်- ဘုရားသခင်ကို သိကျွမ်းခြင်း လမ်းကြောင်းပေါ်သို့ မည်သို့ ဝင်ရောက်ရမည်၊ ဘုရားသခင်ကို သိရန်အလို့ငှာ မည်သည့် သမ္မာတရားများကို သင် နားလည်ရမည်နှင့် ဘုရားသခင်၏ အမှုသစ်နှင့်ဆိုင်သည့် စီမံခန့်ခွဲမှု အားလုံးကို သင် ကျိုးနွံနာခံနိုင်ရန်အလို့ငှာ သင်၏အယူအဆများနှင့် သဘာဝဟောင်းကို မည်သို့ဖယ်ရှားရမည်ဟူသည့် အခြေခံသဘောတရားများ ဖြစ်သည်။ သင်သည် ဤအခြေခံ သဘောတရားများကို ဘုရားသခင်ကို သိကျွမ်းခြင်းနှင့်ဆိုင်သည့် သင်ခန်းစာထဲသို့ ဝင်ရောက်ရန် အခြေခံအုတ်မြစ်အဖြစ် အသုံးပြုပါက၊ သင်၏အသိပညာသည် သာ၍သာ၍ နက်ရှိုင်းလာလိမ့်မည် ဖြစ်သည်။ သင်သည် အမှု၏ အဆင့်သုံးဆင့်နှင့်ဆိုင်သည့်- ဆိုလိုသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ် တစ်ခုလုံးနှင့်ဆိုင်သည့်- ရှင်းလင်းသော အသိပညာတစ်ခု ရှိပါက၊ ပြီးလျှင် သင်သည် ဘုရားသခင့်အမှု၏ ယခင်အဆင့်နှစ်ဆင့်ကို လက်ရှိအဆင့်နှင့် အပြည့်အဝ အပြန်အလှန် ဆက်စပ်နိုင်ပြီး ယင်းမှာ ဘုရားသခင် တစ်ဆူတည်းက လုပ်ဆောင်သည့် အမှုဖြစ်သည်ကို မြင်နိုင်ပါက၊ သင့်ထံတွင် မယှဉ်သာသည့် ခိုင်မာသော အခြေခံအုတ်မြစ် ရှိလိမ့်မည်ဖြစ်သည်။ အမှု၏ အဆင့်သုံးဆင့်ကို ဘုရားသခင်တစ်ဆူတည်းက လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ အကြီးမားဆုံးသော ရူပါရုံဖြစ်ပြီး၊ ဘုရားသခင်ကို သိကျွမ်းခြင်းဆီသို့ တစ်ခုတည်းသော လမ်းကြောင်းဖြစ်၏။ အမှု၏ အဆင့်သုံးဆင့်ကို ဘုရားသခင် ကိုယ်တော်တိုင်သာ လုပ်ဆောင်နိုင်ပြီးဖြစ်ကာ မည်သည့်လူသားမျှ သူ၏ ကိုယ်စား ထိုသို့သော အမှုကို လုပ်ဆောင်နိုင်မည် မဟုတ်ပေ- ဤသည်မှာ ဘုရားသခင် ကိုယ်တော်တိုင်သာလျှင် သူ၏ ကိုယ်ပိုင်အမှုကို အစမှ ယနေ့ထိတိုင် ဆောင်ရွက်နိုင်ပြီးဖြစ်သည်ဟု ဆိုရပေမည်။ ဘုရားသခင့်အမှု၏ အဆင့်သုံးဆင့်ကို မတူကွဲပြားသည့် ခေတ်များနှင့် တည်နေရာများတွင် ဆောင်ရွက်ပြီးဖြစ်သော်လည်း၊ အသီးသီး၏ အမှုသည် မတူကွဲပြားသော်လည်း၊ ယင်းမှာ တစ်ဆူတည်းသော ဘုရားသခင်က လုပ်ဆောင်ခဲ့သည့် အမှုသာ ဖြစ်သည်။ ရူပါရုံများ အားလုံးထဲတွင်၊ ဤသည်မှာ လူသား သိသင့်သည့် အကြီးမားဆုံးသော ရူပါရုံ ဖြစ်ပြီး၊ ယင်းကို လူသားက လုံးဝ နားလည်နိုင်ပါက၊ သူသည် ခိုင်မြဲစွာ ရပ်တည်နိုင်လိမ့်မည် ဖြစ်၏။ ယနေ့ခေတ်တွင် အမျိုးမျိုးသော ဘာသာတရားများနှင့် အမျိုးမျိုးသောဂိုဏ်းဂဏတို့ ရင်ဆိုင်နေရသည့် အကြီးဆုံးပြဿနာမှာ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို မသိကြသကဲ့သို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်မဟုတ်သည့် အလုပ်တို့အကြား မခွဲခြားနိုင်ကြခြင်းဖြစ်၏- ဤအရာကြောင့်၊ ၎င်းတို့သည် ပြီးခဲ့သည့် အမှု၏ အဆင့်နှစ်ဆင့်ကဲ့သို့ အမှု၏ ဤအဆင့်ကိုလည်း ယေဟောဝါ ဘုရားသခင်က လုပ်ဆောင်ခြင်း

ရှိမရှိဆိုသည်ကို မပြောနိုင်ကြပေ။ လူတို့သည် ဘုရားသခင်နောက် လိုက်ကြသော်လည်း၊ ယင်းက လမ်းခရီး အမှန်ဟုတ် မဟုတ်ဆိုသည်ကို အများစုက မပြောနိုင်ဘဲ ရှိကြသေးသည်။ ဤလမ်းခရီးသည် ဘုရားသခင်ကိုယ်တော်တိုင် ဦးဆောင်သည့်လမ်းခရီး ဟုတ်၊ မဟုတ်ဆိုသည်နှင့် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် ဖြစ်ရပ်မှန် ဟုတ်၊ မဟုတ်ဆိုသည်ကို လူသားက စိုးရိမ်ပြီး၊ လူအများစုသည် ထိုသို့သော အရာများကို မည်သို့ ပိုင်းခြားသိမြင်ရမည်ဆိုသည်နှင့်ပတ်သက်၍ ဘာမျှ မသိကြသေးပေ။ ဘုရားသခင်၏ နောက်လိုက်ကြသူတို့သည် လမ်းခရီးကို မဆုံးဖြတ်နိုင်ကြသောကြောင့်၊ ပြောဆိုထားသည့် သတင်းစကားများသည် ဤလူတို့အလယ်တွင် တစ်ပိုင်းတစ်စ သက်ရောက်မှု တစ်ခုသာရှိကာ၊ အပြည့်အဝ သက်ရောက်နိုင်စွမ်း မရှိပေ၊ ထို့ကြောင့် ဤသည်မှာ ထိုသို့သောလူတို့၏ အသက်ဝင်ရောက်ခြင်းကို သက်ရောက်လေသည်။ အမှု၏ အဆင့်သုံးဆင့်တွင် ယင်းတို့ကို ဘုရားသခင်ကိုယ်တော်တိုင်က မတူကွဲပြားသော အချိန်ကာလများ၊ ကွဲပြားသော နေရာများနှင့် ကွဲပြားသော လူများတွင် ဆောင်ရွက်ခဲ့သည်ကို လူသားက မြင်နိုင်ပါက၊ အမှုသည် ကွဲပြားသော်လည်း ယင်းအားလုံးကို တစ်ဆူတည်းသော ဘုရားသခင်က လုပ်ဆောင်ပြီး၊ ယင်းသည် တစ်ဆူတည်းသော ဘုရားသခင်က လုပ်ဆောင်သည့်အမှု ဖြစ်သည့်အတွက် မှန်ကန်ရမည် ဖြစ်ပြီး အမှားရှိရမည် မဟုတ်သကဲ့သို့၊ ယင်းသည် လူသား၏ အယူအဆများနှင့် သဘောကွဲလွဲသော်လည်း၊ တစ်ဆူတည်းသော ဘုရားသခင်၏ အမှုဖြစ်ကြောင်း ငြင်းပယ်စရာ မရှိသည်ကို လူသားအနေဖြင့် မြင်နိုင်ပါက- ယင်းသည် တစ်ဆူတည်းသော ဘုရားသခင်၏ အမှုဖြစ်သည်ကို လူသားက အသေအချာ ပြောနိုင်ပါက၊ လူသား၏ အယူအဆများသည် အသေးအဖွဲ့များ၊ ပြောဆိုရန် ထိုက်သင့်ခြင်း မရှိသော အရာများမျှအဖြစ်သို့သာ လျော့သွားလိမ့်မည် ဖြစ်သည်။ လူသား၏ ရူပါရုံများ မရှင်းသောကြောင့်နှင့် လူသားသည် ယေဟောဝါကို ဘုရားအဖြစ်၊ ယေရှုကို သခင်အဖြစ်သာသိပြီး၊ ယနေ့၏ လူ့ဇာတိခံ ဘုရားသခင်နှင့်ပတ်သက်၍ စိတ်နှစ်ခွတွင်ရှိသောကြောင့်၊ များစွာသော လူတို့သည် ယေဟောဝါနှင့် ယေရှုတို့၏အမှုကို ဆက်လက် ဆက်ကပ်လျက် ရှိကြပြီး၊ ယနေ့ခေတ်၏ အမှုနှင့်ပတ်သက်သည့် အယူအဆများ၏ ဝန်းရံဖိစီးခံရကာ၊ လူအများစုသည် အမြဲသံသယ ရှိပြီး၊ ယနေ့၏အမှုကို အလေးအနက် သဘောမထားကြချေ။ လူသားသည် မြင်၍မရနိုင်သည့် ပြီးခဲ့သော အဆင့်နှစ်ဆင့်အပေါ် အယူအဆများ မရှိပေ။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် လူသားသည် အမှု၏ ပြီးခဲ့သည့် အဆင့် နှစ်ဆင့်နှင့်ဆိုင်သော လက်တွေ့အရှိတရားကို နားမလည်သကဲ့သို့၊ ယင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ မျက်မြင်တွေ့ကြုံခြင်း မရှိခဲ့သောကြောင့် ဖြစ်သည်။ လူသားသည် သူ နှစ်သက်သည်အတိုင်း စိတ်ကူးသည်မှာ အမှု၏ ဤအဆင့်များကို

မြင်ရှုမရနိုင်သောကြောင့် ဖြစ်သည်။ သူသည် မည်သည့်အရာကို စိတ်ကူးပေါက်သည်ဖြစ်စေ၊ ထိုသို့သော စိတ်ကူးစိတ်သန်းများကို သက်သေပြရန် အချက်အလက်များ မရှိသကဲ့သို့၊ ယင်းတို့ကို အမှန်ပြင်ရန် မည်သူမျှ မရှိပေ။ သူ၏ စိတ်ကူးစိတ်သန်းများကို မှန်ကြောင်းစစ်ဆေးအတည်ပြုရန် အချက်အလက်များမရှိသောကြောင့်၊ လူသား၏ စိတ်ကူးစိတ်သန်းများသည် "အမှန်တရား" ဖြစ်လာကြသည့်အတွက်၊ ယင်းတို့အဖို့ သက်သေတစ်ခုတစ်လေ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ လူသားသည် မည်သည့်အရာကိုမျှ သတိမထားတော့ဘဲနှင့် စိတ်ကူးချင်တိုင်း စိတ်ကူးလျက်၊ သူ၏သဘာဝ ပင်ကိုစရိုက်ကို အထိန်းအကွပ်မဲ့ လွှတ်ထားလိုက်လေသည်။ ထို့ကြောင့် လူသားသည် သူ၏စိတ်ထဲတွင် သူကိုယ်တိုင်စိတ်ကူးထားသော ဘုရားသခင်ကို ယုံကြည်ပြီး လက်တွေ့အရှိတရား၏ ဘုရားသခင်ကို မရှာဖွေပေ။ လူတစ်ဦးသည် ယုံကြည်ခြင်း တစ်မျိုး ရှိပါက၊ လူတစ်ရာအလယ်တွင် ယုံကြည်ခြင်း အမျိုးတစ်ရာ ရှိ၏။ လူသားသည် ဘုရားသခင်၏ အမှု၏ လက်တွေ့အရှိတရားကို မမြင်ရသေးသောကြောင့်၊ သူသည် ယင်းကို သူ၏ နားများဖြင့်သာ ကြားဖူးပြီး သူ၏ မျက်လုံးများဖြင့် မရှုမြင်ရသေးကြောင့်၊ ထိုသို့သော ယုံကြည်မှုများ ရှိခြင်း ဖြစ်သည်။ လူသားသည် ဒဏ္ဍာရီများနှင့် ပုံပြင်များကို ကြားရပြီးဖြစ်သည်- သို့သော် သူသည် ဘုရားသခင့်အမှု၏ အချက်အလက်များနှင့်ဆိုင်သည့် အသိပညာကို ကြားရခဲ၏။ ထို့ကြောင့် ယုံကြည်သူများ ဖြစ်လာသည်မှာ တစ်နှစ်သာ ရှိသေးသော လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင်အယူအဆများမှ တစ်ဆင့် ဘုရားသခင်ကို ယုံကြည်လာကြခြင်း ဖြစ်သည်။ ၎င်းတို့၏ ဘဝတစ်ခုလုံး ဘုရားသခင်ကို ယုံကြည်ခဲ့သူများအတွက်လည်း အလားတူ မှန်ကန်ပေသည်။ အချက်အလက်များကို မမြင်နိုင်သူများသည် ဘုရားသခင်နှင့်ပတ်သက်သည့် အယူအဆများရှိသည့် ယုံကြည်ခြင်းမှ မည်သည့်အခါမျှ လွတ်မြောက်နိုင်ကြလိမ့်မည် မဟုတ်ပေ။ လူသားသည် သူ၏ အယူအဆအဟောင်းများ၏ အချုပ်အနှောင်များမှ မိမိကိုယ်ကိုယ် လွတ်မြောက်စေပြီးဖြစ်ကာ နယ်မြေသစ်ထဲသို့ ဝင်ရောက်ပြီးဖြစ်သည်ဟု ယုံကြည်သည်။ ဘုရားသခင်၏ စစ်မှန်သောမျက်နှာကို မမြင်နိုင်သူများ၏ အသိပညာသည် အယူအဆများနှင့် ကောလာဟလများသာ ဖြစ်သည်ကို လူသားမသိသလော။ လူသားက သူ၏အယူအဆများမှာ မှန်ကန်ပြီး အမှားမရှိဟု ထင်ကာ ဤအယူအဆများသည် ဘုရားသခင်ထံမှ လာသည်ဟု တွေးထင်၏။ ယနေ့ခေတ်တွင် လူသားသည် ဘုရားသခင်၏အမှုကို မျက်မြင်တွေ့သည့်အခါတွင်၊ နှစ်ပေါင်းများစွာ တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ပြီးဖြစ်သည့် အယူအဆများကို လွှတ်ပေးလိုက်လေသည်။ အတိတ်မှ စိတ်ကူးများနှင့် အကြံများသည် ဤအဆင့်၏အမှုအဖို့ အတားအဆီးတစ်ခု ဖြစ်လာပြီးဖြစ်ကာ

လူသားအတွက် ထိုသို့သော အယူအဆများကို လက်လွှတ်ရန်နှင့် ထိုသို့သော စိတ်ကူးများကို ချေပရန် ခက်ခဲလာပြီးဖြစ်သည်။ ယနေ့အထိ ဘုရားသခင်နောက်သို့ လိုက်ခဲ့ကြသူများစွာ၏ ဤတစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သည့် အမှုအပေါ် အယူအဆများသည် ယခင်ထက် ပို၍ ဆိုးရွားလာပြီးဖြစ်ကာ ဤလူတို့သည် လူ့ဇာတိခံ ဘုရားသခင်ကို ခေါင်းမာသော ရန်လိုမှုတစ်ခုကို တစ်ဖြည်းဖြည်း ဖြစ်ပေါ်စေကြပြီ ဖြစ်သည်။ ဤမုန်းတီးမှု၏ အရင်းအမြစ်သည် လူသား၏ အယူအဆများနှင့် စိတ်ကူးများတွင် တည်လေသည်။ လူသား၏ အယူအဆများနှင့် စိတ်ကူးများသည် ယနေ့ခေတ်အမှု၊ လူသား၏ အယူအဆများနှင့် သဘောကွဲလွဲသည့် အမှု၏ ရန်သူ ဖြစ်လာပြီး ဖြစ်သည်။ ဤသည်မှာ အတိအကျအားဖြင့် အမှန်တရားသည် လူသားကို သူ၏ စိတ်ကူးများအား ဇက်ပုံပေးခွင့်မပြုသကဲ့သို့၊ ထို့အပြင် လူသားအနေနှင့် ယင်းကို အလွယ်တကူ ချေပနိုင်ခြင်း မရှိဘဲ၊ လူသား၏ အယူအဆများနှင့် စိတ်ကူးစိတ်သန်းများသည် အမှန်တရား၏ တည်ရှိခြင်းကို ခွင့်မပြုသည်သာမက၊ လူသားသည် အချက်အလက်များ၏ အမှားထောက်ပြခြင်းနှင့် မှန်ကန်မှုအပေါ် စဉ်းစားခြင်း မရှိဘဲ၊ သူ၏ အယူအဆများကို စွဲစွဲမြဲမြဲ လွှတ်ပေးရုံမျှ လွှတ်ပေးပြီး သူ၏ကိုယ်ပိုင် စိတ်ကူးစိတ်သန်းကို အသုံးပြုသောကြောင့် ဖြစ်ပေသည်။ ဤအရာကို လူသား အယူအဆများ၏ အပြစ်ဟုသာပြောနိုင်ပြီး ဘုရားသခင့်အမှု၏ အပြစ်ဟု ပြော၍ မရပေ။ လူသားသည် သူဆန္ဒရှိသည့် မည်သည့်အရာကိုမဆို စိတ်ကူးကောင်း စိတ်ကူးနိုင်သော်လည်း၊ ဘုရားသခင်၏ အမှု၏ မည်သည့်အဆင့်ကိုမျှ၊ သို့မဟုတ် မည်သည့်အစိတ်အပိုင်းကိုမျှ လွတ်လပ်စွာ အငြင်းပွားနိုင်ခြင်း မရှိပေ။ ဘုရားသခင့်အမှု၏ အမှန်တရားကို လူသားက ချိုးဖောက်၍ မရပေ။ သင်သည် သင်၏စိတ်ကူးစိတ်သန်းကို ဇက်ပုံပေး၍ရနိုင်ပြီး၊ ယေဟောဝါနှင့် ယေရှုတို့၏ အမှုနှင့်ပတ်သက်သည့် ကောင်းမွန်သော အဖြစ်အပျက်များကို စုဆောင်းချင် စုဆောင်းနိုင်သော်လည်း၊ ယေဟောဝါနှင့် ယေရှုတို့၏အမှု အဆင့်အသီးသီး၏ အမှန်တရားကိုမူ သင် ချေပ၍ မရနိုင်ပေ။ ဤသည်မှာ အခြေခံသဘောတရား တစ်ရပ်ဖြစ်ပြီး၊ စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်လည်း ဖြစ်ကာ သင်တို့သည် ဤကိစ္စရပ်များ၏ အရေးပါမှုကို နားလည်သင့်သည်။ အမှု၏ ဤအဆင့်သည် လူသား၏အယူအဆများနှင့် သဟဇာတမဖြစ်သကဲ့သို့၊ ဤသည်မှာ အမှု၏ယခင်အဆင့် နှစ်ဆင့်အတွက် မဟုတ်ဟု ယုံကြည်သည်။ သူ၏စိတ်ကူးစိတ်သန်းတွင်၊ လူသားက ယခင်အဆင့်နှစ်ဆင့်၏ အမှုသည် ယနေ့ခေတ်အမှုနှင့် ဧကန်မုချ တူညီခြင်း မရှိဟု ယုံကြည်သည်- သို့သော် ဘုရားသခင်၏ အမှု၏ အခြေခံ သဘောတရားများသည် အားလုံး အတူတူပင် ဖြစ်သည်၊ သူ၏အမှုသည် အမြဲလက်တွေ့ကျပြီး၊ ခေတ်ကို ပဓာနမထားဘဲ သူ့အမှု၏ အမှန်တရားကို ခုခံကာ ဆန့်ကျင်သူ

မြောက်မြားစွာ အမြဲရှိမည်ကို သင် စဉ်းစားဖူးသလော။ အမှု၏ ဤအဆင့်ကို ယနေ့ ခုခံကာ ဆန့်ကျင်သူ အားလုံးတို့သည် အတိတ်ကာလများကလည်း ဘုရားသခင်ကို ဆန့်ကျင်ခဲ့မည်မှာ သံသယဖြစ်ဖွယ်ရာ မရှိပေ၊ အဘယ်ကြောင့်ဆိုသော် ထိုသို့သောသူများသည် ဘုရားသခင်၏ ရန်သူများ အစဉ်ဖြစ်လိမ့်မည် ဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင့်အမှု၏ အမှန်တရားကို သိသောလူများသည် အမှု၏အဆင့် သုံးဆင့်ကို တစ်ဆူတည်းသော ဘုရားသခင်၏ အမှုဟု မြင်လိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့၏ အယူအဆများကို လက်လွှတ်ကြလိမ့်မည်။ ဤလူတို့သည် ဘုရားသခင်ကို သိကြသူများဖြစ်ပြီး ထိုသို့သော လူများသည် ဘုရားသခင်နောက်ကို အမှန်တကယ် လိုက်သူများ ဖြစ်ကြ၏။ ဘုရားသခင်၏ စီမံခန့်ခွဲမှု တစ်ခုလုံး ပြီးဆုံးခါနီးအချိန်တွင်၊ ဘုရားသခင်သည် အရာခပ်သိမ်းကို အမျိုးအစားအလိုက် အတန်းအစား ခွဲခြားလိမ့်မည်။ လူသားကို ဖန်ဆင်းရှင်၏ လက်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆုံးတွင် သူသည် လူသားကို သူ၏ အုပ်စိုးမှုအောက် လုံး၀ ပြန်ပို့ရမည် ဖြစ်သည်။ ဤသည်မှာ အမှု၏ အဆင့်သုံးဆင့် အဆုံးသတ် ဖြစ်သည်။ နောက်ဆုံးသောကာလ အမှု၏ အဆင့်နှင့် ဣသရေလနှင့် ယုဒပြည်တို့ရှိ ယခင်အမှု၏ အဆင့် နှစ်ဆင့်တို့သည် စကြဝဠာ တစ်ခုလုံးရှိ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ် ဖြစ်သည်။ ဤအရာကို မည်သူမျှ မငြင်းနိုင်သကဲ့သို့ ယင်းသည် ဘုရားသခင့် အမှု၏ အမှန်တရား ဖြစ်သည်။ လူတို့သည် ဤအမှုကို များစွာ တွေ့ကြုံခြင်း၊ သို့မဟုတ် မျက်မြင်တွေ့ခြင်း မရှိသော်လည်း၊ အမှန်တရားများသည် အမှန်တရားများသာ ဖြစ်ဆဲဖြစ်ပြီး၊ ဤသည်ကို မည်သည့်လူသားကမျှ ငြင်းဆို၍မရနိုင်ပေ။ စကြဝဠာ၏ တိုင်းပြည်တိုင်း၌ ရှိကြကုန်သော ဘုရားသခင်ကို ယုံကြည်သူ အားလုံးတို့သည် အမှု၏အဆင့်သုံးဆင့်ကို လက်ခံကြလိမ့်မည်။ သင်သည် အမှု၏ သီးသန့်အဆင့် တစ်ဆင့်ကိုသာသိပြီး အမှု၏အခြားအဆင့် နှစ်ဆင့်ကို နားမလည်ပါက၊ အတိတ်အချိန်ကာလများရှိ ဘုရားသခင်၏အမှုကို နားမလည်ပါက၊ ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်းတွင် သင်သည် သူ့ကို မသိ သို့မဟုတ် နားမလည်သောကြောင့်၊ သင်သည် ဘုရားသခင်ကို သက်သေခံဖို့ မသင့်တော်သည့်အတွက်၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်တစ်ရပ်လုံး၏ သမ္မာတရား တစ်ရပ်လုံးကို ပြောနိုင်ခြင်း မရှိသကဲ့သို့ ဘုရားသခင်နှင့်ဆိုင်သည့် သင်၏ အသိပညာသည် တစ်ဖက်သတ် ဖြစ်လေသည်။ ဤအရာများနှင့်ဆိုင်သည့် သင်၏ လတ်တလော အသိပညာသည် နက်နဲသည်ဖြစ်စေ၊ အပေါ်ယံဖြစ်စေ၊ အဆုံးတွင် သင်တို့သည် အသိပညာရှိရမည် ဖြစ်ပြီး၊ သင်တို့အနေဖြင့် လုံးလုံးလျားလျား လက်ခံယုံကြည်ရမည် ဖြစ်ကာ၊ လူအားလုံးသည် ဘုရားသခင်၏ အမှု အလုံးစုံကို မြင်တွေ့ပြီး၊ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် ကျိုးနွံနာခံကြလိမ့်မည်။

ဤအမှု၏ အဆုံးတွင် ဘာသာတရား အားလုံးသည် တစ်ခုတည်းဖြစ်လာလိမ့်မည် ဖြစ်ပြီး၊ သတ္တဝါ အားလုံးသည် ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက်သို့ ပြန်လာကြလိမ့်မည်။ သတ္တဝါအားလုံးသည် စစ်မှန်သည့် တစ်ဆူတည်းသော ဘုရားသခင်ကို ကိုးကွယ်ကြလိမ့်မည် ဖြစ်ပြီး၊ ဆိုးယုတ်သော ဘာသာတရားအားလုံးသည် မည်သည့်အခါမျှ တစ်ဖန် ပေါ်မလာဘဲ အချည်းနှီး ဖြစ်လာလိမ့်မည် ဖြစ်သည်။

အမှု၏ အဆင့်သုံးဆင့်ကို အဘယ်ကြောင့် အဆက်မပြတ် ဤသို့ ရည်ညွှန်းရသနည်း။ ခေတ်များကုန်လွန်ခြင်း၊ လူမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝ၏ သွင်ပြင်အပြောင်းအလဲ အားလုံးတို့သည် အမှု၏ အဆင့်သုံးဆင့်ရှိ အပြောင်းအလဲများနောက် လိုက်ကြသည်။ လူသားမျိုးနွယ်သည် ဘုရားသခင်၏အမှုနှင့် အချိန်ကိုက် ပြောင်းလဲပြီး မိမိဘာသာ ဖွံ့ဖြိုးတိုးတက်သည် မဟုတ်ပေ။ သတ္တဝါအားလုံး၊ ဘာသာတရားတိုင်းနှင့် ဂိုဏ်းဂဏတိုင်းမှ လူအားလုံးတို့ကို တစ်ဆူတည်းသော ဘုရားသခင်၏ အုပ်စိုးမှုအောက်သို့ ခေါ်ဆောင်လာရန် အလို့ငှာ ဘုရားသခင်၏ အမှု အဆင့်သုံးဆင့်ကို ရည်ညွှန်းထားပေသည်။ သင်သည် မည်သည့်ဘာသာတရားနှင့် သက်ဆိုင်သည်ဖြစ်စေ၊ နောက်ဆုံးတွင် သင်တို့ အားလုံးသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် ကျိုးနွံ့နာခံကြလိမ့်မည်။ ဘုရားသခင် ကိုယ်တော်တိုင်သာလျှင် ဤအမှုကို ဆောင်ရွက်နိုင်သည်။ ယင်းကို မည်သည့်ဘာသာရေး ဦးသျှောင်ကမျှ မလုပ်ဆောင်နိုင်ပေ။ ကမ္ဘာတွင် အဓိကဘာသာတရား အချို့ရှိပြီး အသီးသီးသည် ၎င်း၏ကိုယ်ပိုင်ဦးသျှောင် သို့မဟုတ် ခေါင်းဆောင် ရှိပြီး၊ နောက်လိုက်များသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ကွဲပြားသည့် နိုင်ငံများနှင့် ဒေသများသို့ ပျံ့နှံ့နေကြ၏။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ နိုင်ငံတိုင်းသည် ၎င်း၏ အတွင်း၌ မတူကွဲပြားသည့် ဘာသာများရှိ၏။ သို့ရာတွင် ကမ္ဘာ့အနှံ့တွင် ဘာသာတရား မည်မျှပင်ရှိသည်ဖြစ်စေ၊ စကြဝဠာအတွင်းရှိ လူအားလုံးသည် နောက်ဆုံးတွင် တစ်ဆူတည်းသော ဘုရားသခင်၏ လမ်းပြမှုအောက်၌ တည်ရှိကြပြီး၊ ၎င်းတို့၏ ဖြစ်တည်မှုကို ဘာသာရေးဦးသျှောင်များ၊ သို့မဟုတ် ခေါင်းဆောင်များက လမ်းပြနေသည် မဟုတ်ပေ။ ဆိုလိုသည်မှာ လူသားမျိုးနွယ်ကို သီးသန့် ဘာသာရေးဦးသျှောင် သို့မဟုတ် ခေါင်းဆောင်က လမ်းပြနေခြင်း မဟုတ်ပေ။ ယင်းထက် လူသားမျိုးနွယ်တစ်ရပ်လုံးကို ကောင်းကင်၊ မြေကြီး၊ အရာခပ်သိမ်းနှင့် လူသားမျိုးနွယ်ကိုလည်း ဖန်ဆင်းခဲ့သည့် ဖန်ဆင်းရှင်က ဦးဆောင်လမ်းပြနေခြင်း ဖြစ်၏- ဤသည်မှာ အမှန်တရား ဖြစ်၏။ ကမ္ဘာလောကသည် အဓိက ဘာသာတရားအချို့ ရှိသော်လည်း၊ ၎င်းတို့ မည်မျှကြီးမြတ်စေကာမူ ၎င်းတို့အားလုံးသည် ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက်တွင် တည်ရှိပြီး၊ ၎င်းတို့ထဲမှ မည်သည့်ဘာသာကမျှ ဤအုပ်စိုးမှုနယ်ပယ်ကို

မကျော်လွန်နိုင်ပေ။ လူသားမျိုးနွယ်၏ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးတိုးတက်မှု၊ သဘာဝသိပ္ပံများ၏ တိုးတက်မှု- အသီးသီးသည် ဖန်ဆင်းရှင်၏ အစီအစဉ်များမှ ကင်းကွာ၍မရသကဲ့သို့၊ ဤအမှုသည် သတ်မှတ်ထားသည့် မည်သည့်ဘာသာရေး ဦးသျှောင်တစ်ဦးကမျှ လုပ်ဆောင်၍ရနိုင်သော အရာတစ်ခု မဟုတ်ပေ။ ဘာသာရေး ဦးသျှောင်များသည် သီးသန့်ဘာသာတရား တစ်ခု၏ ခေါင်းဆောင်များမျှသာ ဖြစ်ပြီး၊ ဘုရားသခင်ကို ကိုယ်စားမပြုနိုင်သကဲ့သို့ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းသူအား ကိုယ်စားမပြုနိုင်ပေ။ ဘာသာရေးဦးသျှောင်များသည် ဘာသာတရား တစ်ရပ်လုံးအတွင်း ရှိသူအားလုံးကို ဦးဆောင်နိုင်သော်လည်း၊ ကောင်းကင်အောက်ရှိ သတ္တဝါအားလုံးကို ကွပ်ကဲအုပ်ချုပ်နိုင်ခြင်း မရှိပေ- ဤသည်မှာ စကြဝဠာတစ်ခုလုံးက လူတကာအသိအမှတ်ပြုထားသည့် အချက်ဖြစ်၏။ ဘာသာရေးဦးသျှောင်များသည် ခေါင်းဆောင်များသာ ဖြစ်ပြီး၊ ဘုရားသခင် (ဖန်ဆင်းရှင်) နှင့် တန်းတူ မရပ်တည်နိုင်ပေ။ အရာအားလုံးသည် ဖန်ဆင်းရှင်၏ လက်ထဲတွင် ရှိကြပြီး၊ အဆုံးတွင် ၎င်းတို့အားလုံးသည် ဖန်ဆင်းရှင်၏ လက်ထဲသို့ ပြန်လာကြလိမ့်မည်။ လူသားမျိုးနွယ်ကို မူလက ဘုရားသခင် ပြုလုပ်ခဲ့ပြီး၊ မည်သည့်ဘာသာဖြစ်စေ၊ လူတိုင်း ဘုရားသခင်၏ အုပ်စိုးမှုအောက်သို့ ပြန်လာကြလိမ့်မည်- ဤသည်ကို ရှောင်လွှဲ၍မရပေ။ ဘုရားသခင်သည်သာ အရာခပ်သိမ်းအလယ် အမြင့်မားဆုံး ဖြစ်ပြီး၊ သတ္တဝါ အားလုံးအလယ် အမြင့်မားဆုံးသော အုပ်စိုးသူသည်လည်း သူ၏အုပ်စိုးမှုအောက်သို့ ပြန်လာရလိမ့်မည်။ လူသား၏ အဆင့်အတန်း မည်မျှမြင့်မားသည်ဖြစ်စေ၊ လူသည် လူသားမျိုးနွယ်ကို သင့်တော်သည့် ခရီးပန်းတိုင်သို့ ခေါ်ဆောင်သွားနိုင်ခြင်း မရှိသကဲ့သို့၊ မည်သူမျှ အရာခပ်သိမ်းကို အမျိုးအစားအလိုက် အတန်းအစား ခွဲခြားနိုင်ခြင်း မရှိပေ။ ယေဟောဝါကိုယ်တိုင်က လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ပြီး၊ အသီးသီးကို အမျိုးအစားအလိုက် အတန်းစား ခွဲခြားခံရပြီး၊ နောက်ဆုံးအချိန် ရောက်သည့်အခါ၊ သူသည် အရာခပ်သိမ်းကို အမျိုးအစားအလိုက် အတန်းအစား ခွဲခြားလျက် သူ၏ကိုယ်ပိုင်အမှုကို သူကိုယ်တိုင် လုပ်ဆောင်လိမ့်ဦးမည်- ဤအမှုကို ဘုရားသခင်မှလွဲ၍ မည်သူကမျှ မလုပ်ဆောင်နိုင်ပေ။ အစအဦးမှသည် ယနေ့ထိတိုင် ဆောင်ရွက်ခဲ့သည့် အမှု၏အဆင့်သုံးဆင့်ကို ဘုရားသခင်ကိုယ်တော်တိုင်က အားလုံး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကာ၊ တစ်ဆူတည်းသော ဘုရားသခင်က ဆောင်ရွက်ခဲ့ခြင်း ဖြစ်၏။ အမှု၏ အဆင့်သုံးဆင့်၏ အမှန်တရားသည် လူသားမျိုးနွယ်အားလုံးကို ဘုရားသခင်၏ ဦးဆောင်လမ်းပြခြင်း အမှန်တရား၊ မည်သူမျှ မငြင်းနိုင်သော အမှန်တရား ဖြစ်၏။ စကြဝဠာ တစ်ခုလုံးတွင် ဤတစ်ဆူတည်းသော ဘုရားသခင်သာ တည်ရှိပြီး၊ အခြားဘာသာတရားများ

မရှိသည့်အတွက်၊ အမှု၏ အဆင့်သုံးဆင့် အဆုံးတွင် အရာခပ်သိမ်းသည် အမျိုးအစားအလိုက် အတန်းစား ခွဲခြားခံရလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ အုပ်စိုးမှုအောက် ပြန်လာကြလိမ့်မည်။ ကမ္ဘာလောကကို ဖန်ဆင်းနိုင်စွမ်း မရှိသူသည် ယင်းကို အဆုံးသတ်နိုင်စွမ်းလည်း ရှိလိမ့်မည် မဟုတ်၊ ကမ္ဘာလောကကို ဖန်ဆင်းသူမှာမူ ကမ္ဘာလောကကို ကေန်မုချ အဆုံးသတ်ပေလိမ့်မည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်သည် ခေတ်ကို အဆုံးသတ်သို့ ဆောင်ကြဉ်းနိုင်ခြင်း မရှိသကဲ့သို့ လူသားကို သူ၏စိတ်အား ပျိုးထောင်ဖို့ အထောက်အကူပြုရုံသာ ပြုနိုင်ပါက၊ သူသည် ကေန်မုချ ဘုရားသခင် ဖြစ်လိမ့်မည် မဟုတ်သကဲ့သို့ လူသားမျိုးနွယ်၏သခင် ကေန်မုချ ဖြစ်လိမ့်မည် မဟုတ်ပေ။ သူသည် ထိုသို့သော ကြီးမားသည့်အမှုကို လုပ်ဆောင်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ။ ထိုသို့သောအမှုကို ဆောင်ရွက်နိုင်သူ တစ်ဦးတည်းသာ ရှိပြီး၊ ဤအမှုကို မလုပ်ဆောင်နိုင်သူ အားလုံးသည် ကေန်မုချ ရန်သူများဖြစ်ပြီး ဘုရားသခင် မဟုတ်ပေ။ ဆိုးယုတ်သော ဘာသာတရားအားလုံးသည် ဘုရားသခင်နှင့် သဟဇာတ မဖြစ်သကဲ့သို့ ယင်းတို့သည် ဘုရားသခင်နှင့် သဟဇာတ မဖြစ်သည့်အတွက် ဘုရားသခင်၏ရန်သူများ ဖြစ်ကြ၏။ အမှုအားလုံးကို ဤစစ်မှန်သော ဘုရားသခင်တစ်ဆူတည်းက လုပ်ဆောင်ပြီး စကြဝဠာ တစ်ခုလုံးကို ဤဘုရားသခင်တစ်ဆူတည်းက ကွပ်ကဲ၏။ သူ့အနေဖြင့် ဣသရေလနိုင်ငံ သို့မဟုတ် တရုတ်နိုင်ငံတွင် အမှုပြုနေသည်ဖြစ်စေ၊ အမှုကို ဝိညာဉ်တော် သို့မဟုတ် လူ့ဇာတိဖြင့် ဆောင်ရွက်သည်ဖြစ်စေ၊ အားလုံးကို ဘုရားသခင် ကိုယ်တော်တိုင်က လုပ်ဆောင်ပြီး၊ အခြားမည်သူကမျှ မလုပ်ဆောင်နိုင်ပေ။ မည်သည့် သတ်မှတ်ချက်များ၏ ဘောင်ခတ်ခံရခြင်း မရှိဘဲ၊ လွတ်လပ်စွာ သူ အမှုပြုသည်မှာ အတိအကျအားဖြင့် သူသည် လူသားမျိုးနွယ်အားလုံး၏ ဘုရားသခင် ဖြစ်သောကြောင့် ဖြစ်သည်- ဤသည်မှာ ရူပါရုံများ အားလုံးအနက် အကြီးမားဆုံး ဖြစ်၏။ ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါ တစ်ဦးအနေဖြင့်၊ သင်သည် ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါ တစ်ဦးတာဝန်ကို ထမ်းဆောင်ပြီး ဘုရားသခင်၏အလိုကို နားလည်လိုပါက၊ ဘုရားသခင်၏အမှုကို သင်နားလည်ရမည်၊ အဖန်ဆင်းခံ သတ္တဝါများအတွက် ဘုရားသခင်၏အလိုကို နားလည်ရမည်၊ သူ၏စီမံခန့်ခွဲမှု အစီအစဉ်ကို နားလည်ရမည်ဖြစ်ပြီး၊ သူ လုပ်ဆောင်သည့်အမှု၏ အရေးပါမှုအားလုံးကို နားလည်ရမည်။ ဤအရာကို နားမလည်သူများသည် ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါများဖြစ်ရန် အရည်အချင်းမပြည့်မီပေ။ ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါ တစ်ဦးအနေဖြင့် သင်သည် မည်သည့်နေရာမှ လာသည်ကို နားမလည်ပါက၊ လူသားမျိုးနွယ်၏ သမိုင်းနှင့် ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အမှုအားလုံးကို နားမလည်ပါက၊ ထို့အပြင်

လူသားမျိုးနွယ်သည် ယနေ့ထိတိုင် မည်သို့ တိုးတက်ဖွံ့ဖြိုးလာပြီး ဖြစ်သည်ကို နားမလည်သကဲ့သို့ လူသားမျိုးနွယ် တစ်ရပ်လုံးကို မည်သူက ကွပ်ကဲသည်ကို နားမလည်ပါက၊ သင်သည် သင်၏တာဝန်ကို ထမ်းဆောင်နိုင်စွမ်း မရှိပေ။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ယနေ့အထိ ဦးဆောင်လမ်းပြပြီးဖြစ်ကာ သူသည် ကမ္ဘာမြေကြီးပေါ်တွင် လူသားကို ဖန်ဆင်းချိန်ကတည်းက လူသားကို ချန်ရစ်ဖူးခြင်း မရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် အမှုပြုခြင်းကို မည်သည့်အခါမျှ မရပ်တန့်ပေ၊ လူသားမျိုးနွယ်အား ဦးဆောင်ခြင်းကို မည်သည့်အခါမျှ မရပ်တန့်ဖူးသကဲ့သို့ လူသားမျိုးနွယ်ကို မည်သည့်အခါမျှ ချန်ရစ်ထားဖူးခြင်း မရှိပေ။ သို့သော် လူသားမျိုးနွယ်သည် ဘုရားသခင်ကို သိရှိရန် မဆိုထားနှင့်၊ ဘုရားသခင် တစ်ပါးရှိကြောင်းကိုပင် မသိပေ။ ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါအားလုံးအတွက် ဤအရာထက်သာ၍ အရှက်ရစရာ တစ်ခုတစ်လေ ရှိသလော။ ဘုရားသခင်သည် လူသားကို ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်လမ်းပြသော်လည်း၊ လူသားသည် ဘုရားသခင်၏အမှုကို နားမလည်ပေ။ သင်သည် ဘုရားသခင်၏ အဖန်ဆင်းခံ သတ္တဝါတစ်ဦး ဖြစ်သော်လည်း၊ သင်၏ ကိုယ်ပိုင်သမိုင်းကို သင် နားမလည်သကဲ့သို့၊ သင်၏လမ်းခရီးတွင် မည်သူက သင့်ကို ဦးဆောင်လမ်းပြခဲ့သည်ကို သင်မသိပေ၊ သင်သည် ဘုရားသခင် လုပ်ဆောင်သည့်အမှုကို မသိသောကြောင့်၊ ဘုရားသခင်ကို မသိနိုင်ပေ။ သင် ယခုမသိပါက၊ သင့်အနေဖြင့် ဘုရားသခင်အဖို့ သက်သေခံရန် မည်သည့်အခါမျှ အရည်အချင်း ပြည့်မီလိမ့်မည် မဟုတ်ပေ။ ယနေ့ခေတ်တွင်၊ ဖန်ဆင်းရှင်သည် လူအားလုံးကို နောက်တစ်ဖန် ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ပြီး၊ လူအားလုံးကို သူ၏ဉာဏ်ပညာ၊ အနန္တတန်ခိုး၊ ကယ်တင်ခြင်းနှင့် အံ့သြဖွယ်ကောင်းခြင်းတို့ကို ရှုမြင်စေ၏။ သို့ရာတွင် သင်သည် သဘောမပေါက်သေး သို့မဟုတ် နားလည်းမလည်သေးပေ- ထို့ကြောင့် သင်သည် ကယ်တင်ခြင်း မရရှိမည့် လူတစ်ဦး မဟုတ်လော။ စာတန်နှင့် သက်ဆိုင်သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားမလည်သော်လည်း၊ ဘုရားသခင်နှင့် သက်ဆိုင်သူများသည် ဘုရားသခင်၏ အသံကို ကြားနိုင်ကြ၏။ ငါပြောဆိုသည့် နှုတ်ကပတ်တော်ကို သဘောပေါက်သူ အားလုံးသည် ကယ်တင်ခံရမည့်သူများနှင့် ဘုရားသခင်အဖို့ သက်သေခံမည့်သူများ ဖြစ်ကြ၏။ ငါပြောသည့် နှုတ်ကပတ်တော်များကို နားမလည်သူ အားလုံးတို့သည် ဘုရားသခင်အဖို့ သက်သေမခံနိုင်ကြသကဲ့သို့ ဖယ်ရှားခံရမည့် သူများဖြစ်ကြ၏။ ဘုရားသခင်၏ အလိုကို နားမလည်သကဲ့သို့၊ ဘုရားသခင်၏အမှုကို သဘောမပေါက်သူများသည် ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာကို ရရှိနိုင်စွမ်း မရှိသူများ ဖြစ်ပြီး ထိုသို့သောသူများသည် ဘုရားသခင်အဖို့ သက်သေခံလိမ့်မည် မဟုတ်ပေ။ သင်သည် ဘုရားသခင်အဖို့

သက်သေခံလိုပါက၊ ဘုရားသခင်ကို သိရမည်- ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာသည် ဘုရားသခင်၏အမှုမှတစ်ဆင့် ပြီးမြောက်ပေသည်။ အားလုံးကို ခြုံငုံကြည့်ပါက၊ သင်သည် ဘုရားသခင်ကို သိလိုပါက၊ ဘုရားသခင်၏အမှုကို သိရမည်- ဘုရားသခင်၏ အမှုကိုသိခြင်းသည် အရေးကြီးဆုံး ဖြစ်သည်။ အမှု၏ အဆင့်သုံးဆင့် အဆုံးသတ်သို့ ရောက်လာသည့်အခါ၊ ဘုရားသခင်အဖို့ သက်သေခံသူများ အုပ်စု၊ ဘုရားသခင်ကို သိသူများ အုပ်စုတစ်စုကို ပြုလုပ်လိမ့်မည်။ ဤလူအားလုံးသည် ဘုရားသခင်ကို သိလိမ့်မည် ဖြစ်ပြီး သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်ကြပေလိမ့်မည်။ ၎င်းတို့သည် လူ့သဘာဝနှင့် အသိစိတ်တို့ ပိုင်ဆိုင်မည် ဖြစ်ပြီး၊ ဘုရားသခင်၏ ကယ်တင်ခြင်း အမှု၏ အဆင့်သုံးဆင့်ကို အားလုံး သိကြလိမ့်မည်။ ဤသည်မှာ အဆုံးတွင် ပြီးမြောက်မည့် အမှုဖြစ်ပြီး၊ ဤလူတို့သည် အနှစ်ခြောက်ထောင် စီမံခန့်ခွဲခြင်း အမှု၏ ပုံဖော်ချက် ဖြစ်ကြသကဲ့သို့၊ စာတန်၏ အဆုံးစွန် ရှုံးနိမ့်မှုအဖို့ အားအကောင်းဆုံးသော သက်သေခံချက် ဖြစ်၏။ ဘုရားသခင်အဖို့ သက်သေခံနိုင်သူများသည် ဘုရားသခင်၏ကတိတော်နှင့် ကောင်းချီးမင်္ဂလာ တို့ကို ရရှိနိုင်လိမ့်မည် ဖြစ်ပြီး၊ တကယ့် အဆုံးတွင် ကျန်ရှိသည့်အုပ်စု၊ ဘုရားသခင်၏ သြဇာအာဏာကို ပိုင်ဆိုင်ပြီး ဘုရားသခင်အဖို့ သက်သေခံသည့် အုပ်စု ဖြစ်လိမ့်မည်။ သင်တို့အလယ် ရှိသူတို့အားလုံး သို့မဟုတ် တစ်ဝက်သည်သာ သို့မဟုတ် အနည်းငယ်သာလျှင် ဤအုပ်စု၏ အဖွဲ့ဝင် တစ်ယောက် ဖြစ်ကောင်း ဖြစ်လာနိုင်ပေမည်- ယင်းမှာ သင်တို့၏အလိုနှင့် သင်တို့၏ လိုက်စားခြင်းအပေါ် မူတည်ပေသည်။

## ဖောက်ပြန်ပျက်စီးနေသော လူသားမျိုးနွယ်သည် လူ့ဇာတိခံ ဘုရားသခင်၏ ကယ်တင်ခြင်းကို သာ၍လိုအပ်သည်

ဘုရားသခင် လူ့ဇာတိခံယူခဲ့သည်မှာ သူ့အမှု၏ ရည်မှန်းချက်သည် စာတန်၏ဝိညာဉ်၊ သို့မဟုတ် အကောင်အထည် မရှိသော အရာတစ်ခုတစ်လေမျှ မဟုတ်ဘဲ၊ ဇာတိခန္ဓာ ရှိပြီး စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရသော လူသား ဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် အသွေးအသားနှင့် လူသားကို သူ့အမှု၏ ရည်မှန်းချက် ဖြစ်စေလေသည်မှာ လူသား၏ ဇာတိခန္ဓာသည် ဖောက်ပြန်ပျက်စီးပြီး ဖြစ်သောကြောင့် အတိအကျ ဖြစ်သည်။ ထို့အပြင် လူသားသည် ဖောက်ပြန်ပျက်စီးခြင်းခံရသည့်အရာ ဖြစ်သောကြောင့်၊ ဘုရားသခင်သည် လူသားကို သူ၏ ကယ်တင်ခြင်းအမှု၏ အဆင့် အားလုံးတစ်လျှောက်တွင် သူ့အမှု၏

တစ်ခုတည်းသော ရည်မှန်းချက် ဖြစ်စေပြီးဖြစ်သည်။ လူသားသည် သေမျိုးဖြစ်သည်၊ အသွေးနှင့်အသား ရှိပြီး၊ ဘုရားသခင်သည် လူသားကို ကယ်တင်နိုင်သည့် တစ်ဦးတည်းသောသူ ဖြစ်သည်။ ဤနည်းဖြင့် ဘုရားသခင်သည် သူ၏အမှုက သာ၍ ကောင်းမွန်သော အကျိုးတရားများ ရရှိနိုင်ဖို့အလို့ငှာ၊ သူ၏အမှုကို လုပ်ဆောင်ရန် လူကဲ့သို့ တူညီသော ပင်ကိုအရည်အသွေးများ ပိုင်ဆိုင်သည့် လူ့ဇာတိတစ်ခုကို ခံယူရပေမည်။ ဘုရားသခင်သည် သူ၏အမှုကို ဆောင်ရွက်ရန် လူ့ဇာတိခံယူရမည့် အကြောင်းမှာ လူသားသည် ဇာတိခန္ဓာ ရှိပြီး၊ အပြစ်ကို အောင်မြင်နိုင်စွမ်း မရှိ သို့မဟုတ် ဇာတိပကတိမှ မိမိကိုယ်ကိုယ် ထုတ်ပစ်နိုင်စွမ်း မရှိသောကြောင့် အတိအကျ ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်၏ အနှစ်သာရနှင့် ပင်ကိုလက္ခဏာသည် လူသား၏အနှစ်သာရ၊ ပင်ကိုလက္ခဏာတို့နှင့် ကြီးမားစွာ မတူကွဲပြားသော်လည်း၊ သူ၏အသွင်သဏ္ဌာန်သည် လူနှင့် တထေရာတည်းတူလေသည်။ သူသည် သာမန်လူတစ်ဦး၏ အဆင်းသဏ္ဌာန် ရှိကာ၊ သာမန်လူတစ်ဦး၏ ဘဝကို နေထိုင်ကာ သူ့ကို မြင်သောသူများသည် သာမန်လူတစ်ဦးနှင့် ကွဲပြားမှုကို ပိုင်းခြားမသိမြင်နိုင်ပေ။ ဤပုံမှန်အဆင်းသဏ္ဌာန်နှင့် ပုံမှန်လူ့သဘာဝတို့သည် ပုံမှန်လူ့သဘာဝ၌ သူ၏ဘုရားသဘာဝအမှုကို လုပ်ဆောင်ရန် လုံလောက်ပေသည်။ သူ၏ဇာတိခန္ဓာသည် ပုံမှန်လူ့သဘာဝ၌ သူ၏အမှုကို သူ့အား လုပ်ဆောင်ခွင့်ပေးပြီး၊ လူသားအလယ် သူ၏ အမှုကို လုပ်ဆောင်ရန် ကူညီပေးကာ၊ ထို့အပြင် သူ၏ ပုံမှန်လူ့သဘာဝက လူသားအလယ် ကယ်တင်ခြင်းအမှုကို ဆောင်ရွက်ရန် သူ့ကို ကူညီလေသည်။ သူ၏ပုံမှန်လူ့သဘာဝသည် လူသားအလယ် များစွာသော အုတ်အော်သောင်းတင်းဖြစ်ခြင်းကို ဖြစ်စေပြီးဖြစ်သော်လည်း၊ ထိုသို့သော အုတ်အော်သောင်းတင်း ဖြစ်ခြင်းသည် သူ့အမှု၏ ပုံမှန်အကျိုးတရားများအပေါ် ထိခိုက်ခြင်း မရှိလေပြီ။ တိုတိုပြောရလျှင်၊ သူ၏ ပုံမှန်လူ့ဇာတိ၏ အမှုသည် လူသားအဖို့ အထွတ်အထိပ် အကျိုးရှိလေသည်။ လူအများစုသည် သူ၏ပုံမှန်လူ့သဘာဝကို လက်မခံကြသော်လည်း၊ သူ၏အမှုသည် ရလဒ်များ ရရှိနိုင်ဆဲဖြစ်ပြီး၊ ဤရလဒ်များကို သူ၏ ပုံမှန်လူ့သဘာဝကြောင့် ရရှိခြင်း ဖြစ်သည်။ ဤအရာနှင့်သက်ဆိုင်၍ ယုံမှားဖွယ်ရာမရှိပေ။ လူ့ဇာတိထဲက သူ၏အမှုမှ၊ ဘုရားသခင်၏ ပုံမှန်လူ့သဘာဝနှင့်ပတ်သက်၍ လူသားတို့အလယ် တည်ရှိသော အယူအဆများထက် လူသားသည် ဆယ်ဆ၊ သို့မဟုတ် များစွာပိုသော အရာတို့ကို ရရှိပြီး၊ ထိုသို့သော အယူအဆများ အားလုံးသည်လည်း နောက်ဆုံး၌ ဘုရားသခင့် အမှု၏ ဝါးမြိုခြင်းကို ခံရလိမ့်မည်။ ပြီးလျှင် သူ့အမှုက ရရှိပြီးဖြစ်သော အကျိုးတရား၊ ဆိုလိုသည်မှာ ဘုရားသခင်အပေါ် လူသားရှိသည့် အသိပညာသည် ဘုရားသခင်နှင့် ပတ်သက်သော လူသား၏ အယူအဆများထက် သာလွန်များပြားသည်။ သူ၏ဇာတိခန္ဓာသည် မည်သည့်

အသွေးအသားရှိသည့် လူသားနှင့်မျှ မတူညီသည့်အတွက်၊ လူ့ဇာတိ၌ သူပြုသော အမှုကို စိတ်ကူးရန်၊ သို့မဟုတ် တိုင်းတာရန် နည်းလမ်းမရှိပေ။ အပြင်ဘက် အကာသည် ဆင်တူသော်လည်း၊ အနှစ်သာရသည် မတူညီပေ။ ဘုရားသခင်၏ ဇာတိခန္ဓာသည် လူအလယ် ဘုရားသခင်နှင့် ပတ်သက်သော အယူအဆများစွာ ပေါက်ဖွားစေသည်၊ သို့ရာတွင် သူ၏ဇာတိခန္ဓာသည် လူသားကို အသိပညာများစွာပင် ရရှိရန်လည်း ခွင့်ပြုနိုင်ပြီး၊ တူညီသော အပြင်ပန်းအကာ ပိုင်ဆိုင်ထားသည့် မည်သည့်လူကိုမဆိုပင် သိမ်းပိုက်နိုင်သည်။ အကြောင်းမှာ သူသည် လူသားမျှ မဟုတ်ဘဲ၊ လူသား၏ အပြင်ပန်း အကာရှိသော ဘုရားသခင် ဖြစ်ပြီး၊ မည်သူမျှ သူ့ကို လုံးဝ ဉာဏ်မမီနိုင် သို့မဟုတ် နားမလည်နိုင်သောကြောင့် ဖြစ်သည်။ မြင်၍မရနိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင်ပြ၍ မရနိုင်သော ဘုရားသခင်ကို အားလုံးက ချစ်ပြီး ကြိုဆိုကြသည်။ အကယ်၍ ဘုရားသခင်သည် လူသားအဖို့ မမြင်ရသည့် ဝိညာဉ်တော်တစ်ပါးသာ ဖြစ်ပါက လူသားအတွက် ဘုရားသခင်ကို ယုံကြည်ရန် အလွန် လွယ်ကူသည်။ လူတို့သည် မိမိတို့၏စိတ်ကူးစိတ်သန်းများကို ဇက်ကုန်လွှတ်နိုင်သည်၊ မိမိတို့ကိုယ်ကိုယ် စိတ်ကျေနပ်စေရန်နှင့် မိမိတို့ကိုယ်ကိုယ် ပျော်ရွှင်စေရန် ၎င်းတို့နှစ်သက်သည့် မည်သည့်ပုံရိပ်ကိုမဆို ဘုရားသခင်၏ ပုံရိပ်အဖြစ် ရွေးချယ်နိုင်သည်။ ဤနည်းဖြင့်၊ လူတို့သည် ၎င်းတို့၏ကိုယ်ပိုင်ဘုရားသခင်က အကြိုက်နှစ်သက်ဆုံးအရာနှင့် ၎င်းတို့ကို လုပ်ဆောင်ရန် ဆန္ဒအရှိဆုံးသော မည်သည့်အရာကိုမဆို မည်သည့် သိက္ခာစောင့်စည်းမှုမျှ မရှိဘဲ လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်သည်။ ထို့အပြင် ဘုရားသခင်အပေါ် ၎င်းတို့ထက် မည်သူမျှ သစ္စာမစောင့်သိသကဲ့သို့ ဆက်ကပ်အပ်နှံခြင်းမရှိ၊ ပြီးလျှင် အခြားသူအားလုံးသည် တစ်ပါးအမျိုးသား ခွေးများဖြစ်ပြီး၊ ဘုရားသခင်အပေါ် သစ္စာစောင့်သိခြင်း မရှိကြဟု လူတို့ ယုံကြည်ကြလေသည်။ ဤသည်မှာ ၎င်းတို့၏ ဘုရားသခင်ကို ယုံကြည်မှုသည် မရေမရာဖြစ်ပြီး အယူဝါဒအပေါ် အခြေခံထားသည့်သူများက ရှာဖွေသည့်အရာ ဖြစ်သည်ဟု ဆိုနိုင်သည်။ ၎င်းတို့ရှာဖွေသောအရာအားလုံးသည် အပြောင်းအလဲ အနည်းငယ်ဖြင့် များစွာတူညီကြပေသည်။ ယင်းမှာ ၎င်းတို့၏ စိတ်ကူးများထဲရှိ ဘုရားသခင်၏ ပုံရိပ်များသည် မတူညီကြသော်လည်း၊ ယင်းတို့၏ အနှစ်သာရမှာ အမှန်တကယ် အတူတူမျှသာ ဖြစ်သည်။

လူသားသည် ဘုရားသခင်၌ သူ၏ကြောင့်ကြမဲ့သည့် ယုံကြည်မှုအားဖြင့် သောကမရောက်သကဲ့သို့၊ မိမိ စိတ်ကျေနပ်သည်အတိုင်း ဘုရားသခင်ကို ယုံကြည်လေသည်။ လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင် ဘုရားသခင်ကို ယုံကြည်ကြပြီး အခြားမည်သူမျှ၏ ဘုရားသခင်ကို မယုံကြည်ကြသည့်အတွက်၊ ဤသည်မှာ မည်သူမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်သည့် “လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ” ထဲမှ တစ်ခုဖြစ်သည်။ ယင်းသည်

၎င်းတို့၏ ကိုယ်ပိုင်သီးသန့် ပိုင်ဆိုင်မှုဖြစ်ပြီး ဤသီးသန့် ပိုင်ဆိုင်မှုမျိုးကို အယောက်တိုင်းနီးပါး ပိုင်ဆိုင်လေသည်။ လူတို့သည် ဤပိုင်ဆိုင်မှုကို အဖိုးထိုက်သော ရတနာတစ်ခု အဖြစ် မှတ်ယူကြသော်လည်း၊ လူ၏ ဤသီးသန့် ပိုင်ဆိုင်မှုထက် ဘုရားသခင်ကို ဆန့်ကျင်ခြင်းနှင့်ဆိုင်သည့် သာ၍ရှင်းလင်းသော ဖော်ပြချက် မရှိသည့်အတွက်၊ ဘုရားသခင်အဖို့ ယင်းထက် သာ၍ နိမ့်ကျသောအရာ၊ သို့မဟုတ် သာ၍ အသုံးမကျသောအရာ မရှိပေ။ ဘုရားသခင်သည် လက်ဆုပ်လက်ကိုင် ပြ၍ရသည့် ပုံသဏ္ဌာန်ဖြင့် လူ့ဇာတိတစ်ခုနှင့် လူသားက တွေ့မြင်နိုင်ပြီး ထိတွေ့နိုင်သည့်သူတစ်ဦး ဖြစ်လာသည်မှာ လူ့ဇာတိခံ ဘုရားသခင်၏ အမှုကြောင့် ဖြစ်သည်။ သူသည် ပုံသဏ္ဌာန် မရှိသော ဝိညာဉ်မဟုတ်ဘဲ၊ လူသားအနေဖြင့် တွေ့မြင်နိုင်ကာ ထိတွေ့လာနိုင်သည့် ဇာတိခန္ဓာတစ်ခု ဖြစ်သည်။ သို့ရာတွင် လူတို့ ယုံကြည်သည့် ဘုရားအများစုသည် ပုံသဏ္ဌာန် ကင်းမဲ့သည့်၊ လွတ်လပ်သည့် ပုံသဏ္ဌာန်ဖြင့်လည်း ရှိကြသည့် အသွေးအသားမဲ့ နတ်ဘုရားများ ဖြစ်သည်။ ဤနည်းဖြင့် လူ့ဇာတိခံ ဘုရားသခင်သည် ဘုရားသခင်ကို ယုံကြည်သောသူ အများစု၏ရန်သူ ဖြစ်လာပြီးဖြစ်ကာ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း အချက်ကို လက်မခံနိုင်သည့် သူများသည်လည်း ထိုနည်းတူစွာ ဘုရားသခင်၏ ရန်ဘက်များ ဖြစ်လာကြပြီးဖြစ်သည်။ လူသားသည် သူ၏စဉ်းစားမှုပုံစံကြောင့် သို့မဟုတ် သူ၏ ပုန်ကန်တတ်မှုကြောင့် အယူအဆများ ပိုင်ဆိုင်သည် မဟုတ်ဘဲ လူနှင့်ဆိုင်သည့် ဤသီးသန့် ပိုင်ဆိုင်မှုကြောင့် ဖြစ်သည်။ လူအများစု သေဆုံးကြသည်မှာ ဤပိုင်ဆိုင်မှုကြောင့် ဖြစ်ပြီး၊ လူ၏ အသက်တာကို ဖျက်ဆီးသည်မှာ ဤထိတွေ့၍မရ၊ မြင်၍မရသကဲ့သို့ လက်တွေ့အရှိတရားတွင် မတည်ရှိသော ဘုရားသခင် ဖြစ်သည်။ လူ၏အသက်တာသည် ကောင်းကင်ဘုံရှိ ဘုရားသခင်အားဖြင့် မဆိုထားနှင့်၊ လူ့ဇာတိခံ ဘုရားသခင်အားဖြင့် ဆုံးရှုံးရသည် မဟုတ်ဘဲ၊ လူ၏ ကိုယ်ပိုင်စိတ်ကူးနှင့်ဆိုင်သော ဘုရားကြောင့် ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်က လူ့ဇာတိအဖြစ်သို့ ကြွလာပြီးဖြစ်သည့် တစ်ခုတည်းသော အကြောင်းရင်းမှာ ဖောက်ပြန်ပျက်စီးနေသော လူသား၏ လိုအပ်ချက်များကြောင့် ဖြစ်သည်။ ယင်းသည် လူ၏ လိုအပ်ချက်များကြောင့် ဖြစ်ပြီး၊ ဘုရားသခင်၏ လိုအပ်ချက်ကြောင့် မဟုတ်ပေ၊ ပြီးလျှင် ဘုရားသခင်၏ စွန့်လွှတ်မှုများနှင့် ဆင်းရဲဒုက္ခအားလုံးသည် လူသားမျိုးနွယ်အတွက် ဖြစ်ပြီး၊ ဘုရားသခင် ကိုယ်တိုင်၏ အကျိုးအမြတ်အတွက် မဟုတ်ပေ။ ဘုရားသခင်အတွက် အကောင်းနှင့် အဆိုးများ၊ သို့မဟုတ် ဆုလာဘ်များ မရှိပေ။ သူသည် အနာဂတ် အကျိုးအမြတ်အချို့ကို ရိတ်သိမ်းလိမ့်မည် မဟုတ်ဘဲ၊ မူလက သူ့ကို အကြွေးတင်ထားခဲ့သည့် အရာတို့ကို ရိတ်သိမ်းလိမ့်မည် ဖြစ်သည်။ လူသားမျိုးနွယ်အတွက် သူ လုပ်ဆောင်ပြီး

စွန့်လွှတ်သည့်အရာ အားလုံးသည် ကြီးစွာသော ဆုလာဘ်များကို သူ ရရှိရန်အလို့ငှာ မဟုတ်ဘဲ၊ လူသားမျိုးနွယ်အတွက် သက်သက် ဖြစ်သည်။ လူ့ဇာတိ၌ ဘုရားသခင်၏ အမှုတွင် မစဉ်းစားနိုင်သော အခက်အခဲများစွာ ပါဝင်သော်လည်း၊ နောက်ဆုံးတွင် ယင်းက စွမ်းဆောင်ရရှိသည့် အကျိုးတရားများသည် ဝိညာဉ်တော်က တိုက်ရိုက်လုပ်ဆောင်သော အမှု၏ အကျိုးတရားများထက် သာလွန် များပြားသည်။ လူ့ဇာတိ၏ အမှုသည် များစွာသော အခက်အခဲများ ဖြစ်ပေါ်စေပြီး၊ လူ့ဇာတိသည် ဝိညာဉ်တော်ကဲ့သို့ အလားတူ သြဇာအာဏာကို ပိုင်ဆိုင်ရန် မဆိုထားနှင့်၊ ဝိညာဉ်တော်ကဲ့သို့ ကြီးမြတ်သည့် တူညီသော ပင်ကိုလက္ခဏာ မပိုင်ဆိုင်နိုင်၊ ဝိညာဉ်တော်ကဲ့သို့ တူညီသော သဘာဝလွန် လုပ်ဆောင်ချက်များကို မဆောင်ရွက်နိုင်ပေ။ သို့သော်လည်း ထူးခြားမှု မရှိသော ဤဇာတိခန္ဓာက လုပ်ဆောင်သောအမှု၏ အနှစ်သာရသည် ဝိညာဉ်တော်က တိုက်ရိုက်လုပ်ဆောင်သော အမှု၏ အနှစ်သာရ ထက်သာ၍ များစွာသာလွန်ပြီး၊ ဤလူ့ဇာတိ ကိုယ်တိုင်သည် လူသားမျိုးနွယ် တစ်ရပ်လုံး၏ လိုအပ်ချက်များအဖို့ အဖြေ ဖြစ်လေသည်။ ကယ်တင်ခြင်းခံရမည့် သူများအတွက် ဝိညာဉ်တော်၏ အသုံးပြုနိုင်သော တန်ဖိုးသည် လူ့ဇာတိကို အသုံးပြုနိုင်သည့် တန်ဖိုးထက် များစွာ နိမ့်ကျသည်။ ဝိညာဉ်တော်၏ အမှုသည် စကြဝဠာ တစ်ခုလုံး၊ တောင်တန်းများ၊ မြစ်များ၊ ရေကန်များနှင့် သမုဒ္ဒရာများ အားလုံးအနှံ့ ခြုံငုံနိုင်သော်လည်း၊ လူ့ဇာတိ၏ အမှုသည် သူနှင့် ထိတွေ့သော လူတိုင်းနှင့် သာ၍ ထိရောက်စွာ နီးနွယ်လေသည်။ ထို့အပြင် လက်ဆုပ်လက်ကိုင် ပြ၍ရသည့် ပုံသဏ္ဌာန်ဖြင့် ဘုရားသခင်၏ လူ့ဇာတိကို လူသားက ပို၍နားလည်နိုင်ပြီး ပို၍ယုံကြည်နိုင်ကာ၊ ဘုရားသခင်နှင့်ပတ်သက်သော လူ၏အသိပညာကို သာ၍နက်သည်ထက် နက်လာနိုင်စေပြီး၊ ဘုရားသခင်၏ တကယ့် လုပ်ဆောင်ချက်များ နှင့်ဆိုင်သော သာ၍နက်နဲသည့် ထင်မြင်ချက်များကို လူသားအပေါ် ချန်ထားနိုင်ပေသည်။ ဝိညာဉ်တော်၏ အမှုသည် နက်နဲမှုဖြင့် ပိတ်ဖုံးနေပြီး၊ သေမျိုးတို့အတွက် နားလည်ရန် ခက်ခဲကာ၊ တွေ့မြင်နိုင်ရန် သာ၍ပင်ခက်ခဲလေသည်၊ ထို့ကြောင့် ၎င်းတို့သည် အနှစ်မဲ့သော စိတ်ကူးစိတ်သန်းများ အပေါ်တွင်သာ မှီခိုနိုင်ကြလေသည်။ သို့ရာတွင် လူ့ဇာတိ၏ အမှုသည် ပုံမှန်ဖြစ်ပြီး၊ လက်တွေ့အရှိတရားအပေါ်တွင် အခြေခံကာ ကြွယ်ဝသော ဉာဏ်ပညာကို ပိုင်ဆိုင်သကဲ့သို့၊ လူသား၏ ရုပ်ခန္ဓာမျက်လုံးဖြင့် ရှုမြင်၍ရသည့် အမှန်တရားတစ်ခု ဖြစ်သည်။ လူသည် ဘုရားသခင့်အမှု၏ ဉာဏ်ပညာကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားနိုင်ကာ သူ၏ ပေါများလှသော စိတ်ကူးစိတ်သန်းများကို အသုံးချရန် မလိုအပ်ပေ။ ဤသည်မှာ လူ့ဇာတိ၌ ဘုရားသခင့်အမှု၏ တိကျမှန်ကန်မှုနှင့် စစ်မှန်သောတန်ဖိုး ဖြစ်သည်။ ဝိညာဉ်တော်သည် လူတို့ မမြင်နိုင်သကဲ့သို့ လူတို့ တွေးထင်ရန်

ခက်ခဲသောအရာများ၊ ဥပမာအားဖြင့် ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်း၊ ဝိညာဉ်တော်၏ တို့ထိခြင်းနှင့် ဝိညာဉ်တော်၏ လမ်းပြခြင်းတို့ကိုသာ လုပ်ဆောင်နိုင်သည်၊ သို့ရာတွင် ဉာဏ်ရှိသော လူသားအတွက် ဤအရာတို့သည် မည်သည့် ရှင်းလင်းသော အဓိပ္ပာယ်ကိုမျှ မပေးချေ။ ယင်းတို့သည် စိတ်ထိခိုက်စေသော သို့မဟုတ် ကျယ်ပြန့်သော အဓိပ္ပာယ်ကိုသာ ပေးပြီး၊ နှုတ်ကပတ်တော်များဖြင့် ညွှန်ကြားချက် တစ်ခုကို မပေးနိုင်ပေ။ သို့သော် လူ့ဇာတိ၌ ဘုရားသခင်၏အမှုမှာမူ အလွန် ကွာခြား၏။ ယင်းသည် နှုတ်ကပတ်တော်များ၏ တိကျမှန်ကန်သော လမ်းပြမှု ပါဝင်သည်၊ ရှင်းလင်းသော အလိုတော်နှင့် ရှင်းလင်းသော လိုအပ်သည့် ရည်မှန်းချက်ပန်းတိုင်များ ရှိသည်။ သို့ဖြစ်၍ လူသည် မှန်းဆချက်များကို ပြုလုပ်ရန်မဆိုထားနှင့်၊ စမ်းတဝါးဝါးပင် သွားလာနေစရာ၊ သို့မဟုတ် ၎င်း၏ စိတ်ကူးစိတ်သန်းများကို အသုံးပြုစရာ မလိုပေ။ ဤသည်မှာ လူ့ဇာတိ၌ရှိသည့် အမှု၏ ရှင်းလင်းပြတ်သားမှု ဖြစ်ပြီး ဝိညာဉ်တော်၏ အမှုမှ ယင်း၏ ကြီးမားသော ကွာခြားမှု ဖြစ်သည်။ ဝိညာဉ်တော်၏အမှုသည် ကန့်သတ်ထားသော နယ်ပယ်တစ်ခု အတွက်သာ သင့်လျော်ပြီး၊ လူ့ဇာတိ၏အမှုကို အစားမထိုးနိုင်ပေ။ လူ့ဇာတိ၏အမှုသည် ဝိညာဉ်တော်၏အမှုထက် လူသားကို အလွန်တရာ ပို၍ တိကျပြီး လိုအပ်သော ရည်မှန်းချက်ပန်းတိုင်များနှင့် များစွာ ပို၍ စစ်မှန်၊ တန်ဖိုးရှိသော အသိပညာကို ပေးလေသည်။ ဖောက်ပြန်ပျက်စီးသော လူသားအဖို့ အကြီးမားဆုံးသော တန်ဖိုးရှိသည့် အမှုသည် လိုက်စားရန် တိကျမှန်ကန်သော နှုတ်ကပတ်တော်များ၊ ရှင်းလင်းသော ပန်းတိုင်များကို ထောက်ပံ့ပေးသောအမှုဖြစ်ပြီး မြင်၍ရကာ ထိတွေ့၍ရသော အမှုဖြစ်သည်။ လက်တွေ့ကျသောအမှုနှင့် အချိန်မီလမ်းပြမှုတို့သည်သာ လူသား၏အကြိုက်များနှင့် ကိုက်ပြီး၊ စစ်မှန်သော အမှုသည်သာ လူကို သူ၏ ဖောက်ပြန်ပျက်စီးကာ အကျင့်ပျက်ပြားသော စိတ်သဘောထားမှ ကယ်တင်နိုင်သည်။ ဤအရာကို လူ့ဇာတိခံ ဘုရားသခင်အားဖြင့်သာ စွမ်းဆောင် ရရှိနိုင်ပေသည်။ လူ့ဇာတိခံ ဘုရားသခင်သာလျှင် လူသားကို ၎င်း၏ ယခင်က ဖောက်ပြန်ပျက်စီးကာ အကျင့်ပျက်ပြားသော စိတ်သဘောထားမှ ကယ်တင်နိုင်သည်။ ဝိညာဉ်တော်သည် ဘုရားသခင်၏ ရှိရင်းစွဲ အနှစ်သာရ ဖြစ်သော်လည်း၊ ဤသို့သောအမှုကို သူ၏လူ့ဇာတိဖြင့်သာ လုပ်ဆောင်နိုင်ပေသည်။ အကယ်၍ ဝိညာဉ်တော်သည် တစ်ဦးတည်း အလုပ်လုပ်မည်ဆိုပါက၊ သူ၏အမှုသည် အကျိုးသက်ရောက်မှုရှိရန် ဖြစ်နိုင်မည် မဟုတ်ပေ- ဤသည်မှာ ရှင်းလင်းသော အမှန်တရား ဖြစ်သည်။ လူအများစုသည် ဤလူ့ဇာတိကြောင့် ဘုရားသခင်၏ ရန်သူများ ဖြစ်လာကြပြီး ဖြစ်သော်လည်း၊ ဘုရားသခင်သည် သူ၏အမှုကို အဆုံးသတ်သောအခါ၊ သူ၏အလိုကို ဆန့်ကျင်သောသူများသည် သူ၏ရန်သူဖြစ်ခြင်းမှ

ရပ်တန့်လိမ့်မည် ဖြစ်သည်သာမက၊ ဆန့်ကျင်ဘက်အနေဖြင့် သူ၏ မျက်မြင်သက်သေများ ဖြစ်လာကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်၏ သိမ်းပိုက်ခြင်းခံရပြီးဖြစ်သည့် သက်သေများ၊ သူနှင့်သဟဇာတ ဖြစ်ပြီး သူနှင့်ခွဲ၍မရသော သက်သေများ ဖြစ်လာကြလိမ့်မည်။ သူသည် လူသားအဖို့ လူ့ဇာတိ၌ သူ့အမှု၏ အရေးကြီးခြင်းကို လူသားအား သိရှိစေမည် ဖြစ်ပြီး၊ လူသားသည် လူ၏တည်ရှိမှု အဓိပ္ပာယ်အဖို့ ဤလူ့ဇာတိ၏ အရေးပါမှုကို သိရှိလိမ့်မည်၊ လူ့အသက်တာ ကြီးထွားမှုအဖို့ ဘုရားသခင်၏ စစ်မှန်သောတန်ဖိုးကို သိရှိလိမ့်မည် ဖြစ်ပြီး၊ ထို့အပြင် ဤလူ့ဇာတိသည် လူသားက ခွဲခွာ၍မရသည့် အသက်စမ်းရေ ဖြစ်လာလိမ့်မည်ကို သိရှိပေမည်။ ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာသည် ဘုရားသခင်၏ ပင်ကိုလက္ခဏာနှင့် အနေအထားတို့နှင့်ကိုက်ညီခြင်းမှ အလှမ်းဝေးပြီး၊ လူသားအဖို့ ဘုရားသခင်၏ တကယ့် အဆင့်အတန်းနှင့် သဟဇာတဖြစ်ပုံ မရသော်လည်း၊ ဘုရားသခင်၏ စစ်မှန်သော ပုံသဏ္ဍာန် သို့မဟုတ် ဘုရားသခင်၏ စစ်မှန်သော ပင်ကိုလက္ခဏာကို မပိုင်ဆိုင်သော ဤလူ့ဇာတိသည် ဘုရားသခင်၏ဝိညာဉ်တော်က တိုက်ရိုက် မလုပ်ဆောင်နိုင်သော အမှုကို လုပ်ဆောင်နိုင်လေသည်။ ယင်းသည် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏ စစ်မှန်သောအရေးပါမှုနှင့် တန်ဖိုးဖြစ်ပြီး၊ လူသားအနေဖြင့် နားမလည်နိုင်သကဲ့သို့၊ အသိအမှတ်မပြုနိုင်သည်မှာ ဤအရေးပါမှုနှင့် တန်ဖိုးတို့ဖြစ်သည်။ လူသားမျိုးနွယ် တစ်ရပ်လုံးသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို ကြည်ညိုကြပြီး၊ ဘုရားသခင်၏ လူ့ဇာတိကို အထင်သေးကြသော်လည်း၊ ၎င်းတို့ မည်သို့ပင် ရှုမြင်သည်ဖြစ်စေ သို့မဟုတ် တွေးထင်စေကာမူ၊ လူ့ဇာတိ၏ စစ်မှန်သော အရေးပါမှုနှင့် တန်ဖိုးသည် ဝိညာဉ်တော်၏ စစ်မှန်သော အရေးပါမှုနှင့် တန်ဖိုးထက် များစွာသာလွန်ပါသည်။ မှန်ပေ၏၊ ဤသည်မှာ ဖောက်ပြန်ပျက်စီးနေသော လူသားမျိုးနွယ်နှင့်သာ သက်ဆိုင်ပေသည်။ သမ္မာတရားကို ရှာဖွေကာ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို တောင့်တသောသူ အားလုံးအတွက်၊ ဝိညာဉ်တော်၏ အမှုသည် တို့ထိမှု သို့မဟုတ် လှုံ့ဆော်မှု၊ ပြီးလျှင် ရှင်းပြ၍မရနိုင်သကဲ့သို့ မတွေးတတ်သော အံ့သြဖွယ်ခံစားချက်တစ်ခုနှင့် ကြီးမြတ်သော၊ ထူးကဲသာလွန်သကဲ့သို့ နှစ်လိုဖွယ်ကောင်းသော်လည်း အားလုံးအဖို့ ရယူရန်မဖြစ်နိုင်သကဲ့သို့ မရရှိနိုင်သောအရာလည်း ဖြစ်သည့် ခံစားချက်တစ်ခုကိုသာ ပေးနိုင်သည်။ လူသားနှင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် ၎င်းတို့ကြားတွင် ကြီးမားသည့် အကွာအဝေးတစ်ခု ရှိသည့်အလား၊ အဝေးမှသာ အချင်းချင်း ကြည့်ရှုနိုင်ကြပြီး၊ လူသားနှင့် ဘုရားသခင်တို့သည် မမြင်ရသော အပိုင်းအခြားတစ်ခုဖြင့် ခွဲခြားခံထားရသည့်နှယ် ၎င်းတို့သည် မည်သည့်အခါမျှ တူညီနိုင်ခြင်းမရှိပေ။ အမှန်တွင် ဤသည်မှာ ဝိညာဉ်တော်က လူသားကိုပေးထားသော အတွေးမှားတစ်ခု ဖြစ်သည်၊ ယင်းမှာ

ဝိညာဉ်တော်နှင့် လူသားသည် တစ်မျိုးတစ်စားတည်း မဟုတ်သကဲ့သို့ ဝိညာဉ်တော်နှင့် လူသားတို့သည် လောကတစ်ခုတည်းတွင် မည်သည့်အခါမျှ ယှဉ်တွဲနေထိုင်မည် မဟုတ်သောကြောင့် ဖြစ်ပြီး၊ ဝိညာဉ်တော်သည် လူနှင့်ဆိုင်သောအရာ မည်သည့်အရာမျှ မရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်တော်သည် လူသားက အလိုအပ်ဆုံးသော အမှုကို တိုက်ရိုက် မလုပ်ဆောင်နိုင်သည့်အတွက်၊ လူသားသည် ဝိညာဉ်တော်၏ လိုအပ်ချက် မရှိပေ။ လူ့ဇာတိ၏အမှုသည် လိုက်စားရမည့် စစ်မှန်သော ရည်မှန်းချက်များ၊ ရှင်းလင်းသော နှုတ်ကပတ်တော်များနှင့် သူသည် စစ်မှန်ကာ ပုံမှန်ဖြစ်သည်ဟူသော ခံစားမှုတစ်ခု၊ သူသည် နှိမ့်ချပြီး သာမန်ဖြစ်သည်ဟူသော ခံစားမှုတို့ကို လူသားကို ပေးသည်။ လူသားသည် သူ့ကို ကြောက်ရွံ့ကောင်း ကြောက်ရွံ့နိုင်သော်လည်း၊ လူအများစုအတွက် သူသည် နားလည်သဘောပေါက်ဖို့ လွယ်ကူသည်။ လူသားသည် သူ၏ မျက်နှာကို ရှုမြင်နိုင်ပြီး၊ သူ၏အသံကိုကြားနိုင်ကာ သူ့ကို အဝေးမှကြည့်ရန် မလိုအပ်ပေ။ ဤလူ့ဇာတိသည် လူသားကဲ့သို့ တူညီသော ကမ္ဘာလောကထဲတွင် ရှိသည့်အတွက်၊ ဤလူ့ဇာတိသည် လူသားအဖို့ ချဉ်းကပ်၍ရနိုင်သည်၊ မဝေးကွာဘဲ သို့မဟုတ် နားမလည်နိုင်စရာ မဟုတ်ဘဲ၊ မြင်၍ရနိုင်သကဲ့သို့ ထိတွေ့၍ရနိုင်ပေသည်။

ဇာတိခန္ဓာဖြင့် နေထိုင်သူအားလုံးအတွက် ၎င်းတို့၏ စိတ်သဘောထားကို ပြောင်းလဲခြင်းသည် လိုက်စားရမည့် ပန်းတိုင်များ လိုအပ်ကာ၊ ဘုရားသခင်ကို သိခြင်းသည် ဘုရားသခင်၏ စစ်မှန်သော လုပ်ဆောင်ချက်များနှင့် စစ်မှန်သော မျက်နှာကို မျက်မြင်တွေ့ခြင်း လိုအပ်ပေသည်။ နှစ်ခုလုံးကို ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာအားဖြင့်သာ စွမ်းဆောင်ရရှိနိုင်ပြီး၊ နှစ်ခုလုံးကို ပုံမှန်ဖြစ်ကာ စစ်မှန်သည့် လူ့ဇာတိဖြင့်သာ ဖြစ်မြောက်စေနိုင်သည်။ ဤသည်မှာ လူ့ဇာတိခံယူခြင်း လိုအပ်ရသည့် အကြောင်းရင်း ဖြစ်ပြီး၊ ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ် တစ်ရပ်လုံးက ယင်းကို လိုအပ်ရသည့် အကြောင်းရင်း ဖြစ်သည်။ လူတို့သည် ဘုရားသခင်ကို သိရှိရန်လိုအပ်သည့်အတွက်၊ မရေရာသကဲ့သို့ သဘာဝလွန်ဖြစ်သော ဘုရားများ၏ ပုံရိပ်များကို ၎င်းတို့၏နှလုံးသားများမှ ပပျောက်စေရမည် ဖြစ်ပြီး၊ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ဖယ်ရှားပစ်ရန် လိုအပ်သည့်အတွက်၊ ၎င်းတို့သည် ပထမဦးစွာ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို သိကြရမည် ဖြစ်သည်။ အကယ်၍ လူသည် လူတို့၏နှလုံးသားများထဲမှ မရေရာသော ဘုရားများ၏ပုံရိပ်များကို ပပျောက်စေသည့် အလုပ်ကိုသာ လုပ်ဆောင်ပါက၊ သူသည် သင့်လျော်သော အကျိုးသက်ရောက်မှုကို ရရှိမည် မဟုတ်ပေ။ လူတို့၏နှလုံးသားများထဲရှိ မရေရာသော ဘုရားများ၏ပုံရိပ်များကို စကားလုံးများတစ်ခုတည်းဖြင့်သာ ဖော်ထုတ်၍ မရနိုင်၊

ဖယ်ရှား၍ မရနိုင်ပေ သို့မဟုတ် လုံးဝ ပပျောက်သွားစေ၍ မရနိုင်ပေ။ ထိုသို့လုပ်ဆောင်ခြင်းဖြင့်၊ လူတို့ထံမှ နက်ရှိုင်းစွာ အမြစ်စွဲနေသော ဤအရာများကို ပပျောက်စေရန်မှာ နောက်ဆုံးတွင် ဖြစ်နိုင်ဦးမည် မဟုတ်ပေ။ ဤမရေမရာဖြစ်ပြီး သဘာဝလွန် အမှုအရာများကို လက်တွေ့ကျသော ဘုရားသခင်နှင့် ဘုရားသခင်၏ ပုံသဏ္ဌာန်အစစ်တို့ဖြင့် အစားထိုးခြင်းနှင့် လူတို့အား ယင်းတို့ကို တဖြည်းဖြည်း သိစေခြင်းအားဖြင့်သာ သတ်မှတ်ထားသော အကျိုးသက်ရောက်မှုကို ရရှိနိုင်ပေသည်။ လူသည် အတိတ်အချိန် ကာလများက ၎င်းရှာဖွေခဲ့သော ဘုရားသခင်သည် ရေရာမှု မရှိသကဲ့သို့ သဘာဝလွန် ဖြစ်သည်ကို သတိပြုမိလေသည်။ ဤအကျိုးတရားကို စွမ်းဆောင်ရရှိနိုင်သည်မှာ လူတစ်ဦးဦး၏ သွန်သင်မှုများဖြစ်ရန် မဆိုထားနှင့်၊ ဝိညာဉ်တော်၏ တိုက်ရိုက် ဦးဆောင်မှုပင် မဟုတ်ဘဲ၊ လူ့ဇာတိခံ ဘုရားသခင် ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်၏ သာမန်ဖြစ်ခြင်းနှင့် စစ်မှန်ခြင်းတို့သည် လူသား၏စိတ်ကူးထဲက မရေရာသကဲ့သို့ သဘာဝလွန်သော ဘုရားနှင့် ပကတိဆန့်ကျင်ဘက် ဖြစ်နေသောကြောင့်၊ လူ့ဇာတိခံ ဘုရားသခင်က သူ၏အမှုကို တရားဝင် လုပ်ဆောင်သောအခါ လူသား၏ အယူအဆများသည် ဖွင့်ချခံရလေသည်။ လူသား၏ မူလအယူအဆများကို လူ့ဇာတိခံ ဘုရားသခင်နှင့် ဆန့်ကျင်ကွဲလွဲသည့်အခါတွင်သာ ထုတ်ဖော်ပြနိုင်သည်။ လူ့ဇာတိခံ ဘုရားသခင်နှင့် နှိုင်းယှဉ်ခြင်းမရှိဘဲ၊ လူသား၏ အယူအဆများကို ထုတ်ဖော်ပြ၍ မရနိုင်ပေ။ တစ်နည်းအားဖြင့်၊ အဖြည့်ခံအဖြစ် လက်တွေ့အရှိတရား မရှိဘဲ၊ မရေရာသော အရာများကို ထုတ်ဖော်ပြ၍ မရနိုင်ပေ။ မည်သူမျှ ဤအမှုကို လုပ်ဆောင်ရန် စကားလုံးများ သုံးနိုင်စွမ်း မရှိပေသကဲ့သို့၊ စကားလုံးများကို အသုံးပြုလျက် မည်သူမျှ ဤအမှုကို ရှင်းရှင်းလင်းလင်း ပြောနိုင်စွမ်း မရှိပေ။ ဘုရားသခင်ကိုယ်တိုင်သာ သူ၏ကိုယ်ပိုင် အမှုကို လုပ်ဆောင်နိုင်ပြီး သူ၏ကိုယ်စား အခြားမည်သူမျှ ဤအမှုကို မလုပ်ဆောင်နိုင်ပေ။ လူသား၏ ဘာသာစကားသည် မည်မျှပင် ကြွယ်ဝနေစေကာမူ၊ လူသားသည် ဘုရားသခင်၏စစ်မှန်မှုနှင့် သာမန်ဖြစ်ခြင်းတို့ကို ရှင်းရှင်းလင်းလင်း ပြောပြနိုင်စွမ်း မရှိပေ။ ဘုရားသခင်သည် လူသားအလယ်တွင် ကိုယ်တိုင်ကိုယ်ကျ အမှုပြုကာ သူ၏ပုံသဏ္ဌာန်နှင့် သူ၏ဖြစ်ခြင်းတို့ကို လုံးဝ ထုတ်ပြသမှသာလျှင်၊ လူသားသည် ဘုရားသခင်ကို ပို၍လက်တွေ့ကျကျသိကာ ပို၍ရှင်းလင်းစွာ မြင်နိုင်ပေသည်။ ဤရလဒ်ကို ဇာတိခန္ဓာရှိသည့် မည်သည့်လူကမျှ စွမ်းဆောင်မရရှိနိုင်ပေ။ ဟုတ်ပေ၏၊ ဘုရားသခင်၏ ဝိညာဉ်တော်သည်လည်း ဤရလဒ်ကို စွမ်းဆောင်နိုင်စွမ်း မရှိပေ။ ဘုရားသခင်သည် ဖောက်ပြန်ပျက်စီးနေသော လူသားကို စာတန်၏ စွမ်းအားမှ ကယ်တင်နိုင်သော်လည်း၊ ဤအမှုကို ဘုရားသခင်၏ ဝိညာဉ်တော်က တိုက်ရိုက်

မပြီးမြောက်နိုင်ပေ။ ထို့ထက် ဤအမှုကို ဘုရားသခင်၏ ဝိညာဉ်တော်မှ ယူတင်ဝတ်ဆင်ထားသည့် ဇာတိခန္ဓာ၊ ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာကသာ လုပ်ဆောင်နိုင်သည်။ ဤလူ့ဇာတိသည် လူဖြစ်ပြီး ဘုရားလည်းဖြစ်သည်၊ ပုံမှန်လူ့သဘာဝကို ပိုင်ဆိုင်သည့် လူသားတစ်ယောက်နှင့် ဘုရားသဘောသဘာဝ အပြည့် ပိုင်ဆိုင်သော ဘုရားသခင်လည်း ဖြစ်သည်။ ထို့ကြောင့် ဤလူ့ဇာတိသည် ဘုရားသခင်၏ ဝိညာဉ်တော် မဟုတ်သကဲ့သို့ ဝိညာဉ်တော်နှင့် အလွန် ကွာခြားလှသော်လည်း၊ ယင်းသည် ဝိညာဉ်တော် ဖြစ်ပြီး လူ့ဇာတိလည်း ဖြစ်သော၊ လူသားကို ကယ်တင်သည့် လူ့ဇာတိခံ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ဆဲဖြစ်သည်။ သူ့ကို မည်သို့ခေါ်သည်ဖြစ်စေ နောက်ဆုံးတွင် လူသားမျိုးနွယ်ကို ကယ်တင်သည့် ဘုရားသခင် ကိုယ်တိုင် ဖြစ်နေဆဲဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ့ဇာတိနှင့် ခွဲခြား၍မရသကဲ့သို့ လူ့ဇာတိ၏ အမှုသည်လည်း ဘုရားသခင့်ဝိညာဉ်တော်၏ အမှု ဖြစ်သောကြောင့် ဖြစ်သည်။ ဤအမှုကို ဝိညာဉ်တော်၏ ပင်ကိုလက္ခဏာကို အသုံးပြုခြင်းဖြင့် လုပ်ဆောင်ထားခြင်း မဟုတ်ဘဲ၊ လူ့ဇာတိ၏ ပင်ကိုလက္ခဏာကို အသုံးပြုခြင်းဖြင့် လုပ်ဆောင်ထားခြင်းမျှသာ ဖြစ်သည်။ ဝိညာဉ်တော်အားဖြင့် တိုက်ရိုက် လုပ်ဆောင်ရန် လိုအပ်သည့် အမှုသည် လူ့ဇာတိခံယူခြင်းကို မလိုအပ်ပေ၊ ပြီးလျှင် လူ့ဇာတိက လုပ်ဆောင်ရန် လိုအပ်သည့် အမှုကိုလည်း ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်၍ မရနိုင်သကဲ့သို့ လူ့ဇာတိခံ ဘုရားသခင်ကသာ လုပ်ဆောင်နိုင်ပေသည်။ ဤသည်မှာ ဤအမှုအတွက် လိုအပ်သည့်အရာ ဖြစ်ပြီး၊ ဖောက်ပြန် ပျက်စီးနေသော လူသားမျိုးနွယ်က လိုအပ်သည့်အရာ ဖြစ်သည်။ ဘုရားသခင့်အမှု၏ အဆင့်သုံးဆင့်တွင် အဆင့်တစ်ဆင့်ကိုသာ ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်ခြင်းဖြစ်ပြီး ကျန်အဆင့်နှစ်ဆင့်ကို လူ့ဇာတိခံ ဘုရားသခင်က လုပ်ဆောင်ခြင်းဖြစ်ကာ၊ ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်ခြင်း မဟုတ်ပေ။ ဝိညာဉ်တော်က လုပ်ဆောင်ခဲ့သော ပညတ်တော်ခေတ်၏ အမှုသည် လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ပြောင်းလဲခြင်း မပါဝင်သကဲ့သို့ ဘုရားသခင်နှင့်ပတ်သက်သော လူ၏အသိပညာနှင့်လည်း မည်သည့်ဆက်နွယ်မှုမျှ မရှိပေ။ သို့သော် ကျေးဇူးတော်ခေတ်နှင့် နိုင်ငံတော်ခေတ်ထဲက ဘုရားသခင်၏ လူ့ဇာတိ အမှုသည် လူသား၏ ဖောက်ပြန်ပျက်စီးနေသော စိတ်သဘောထားနှင့် ဘုရားသခင်နှင့် ပတ်သက်သော သူ၏အသိပညာတို့ပါဝင်ကာ၊ ကယ်တင်ခြင်းအမှု၏ အရေးကြီးကာ အရေးပါလှသော အစိတ်အပိုင်းဖြစ်သည်။ ထို့ကြောင့် ဖောက်ပြန်ပျက်စီးနေသော လူသားမျိုးနွယ်သည် လူ့ဇာတိခံ ဘုရားသခင်၏ ကယ်တင်ခြင်းကို ပို၍လိုအပ်ပြီး၊ လူ့ဇာတိခံ ဘုရားသခင်၏ တိုက်ရိုက်အမှုကို ပို၍လိုအပ်သည်။

လူသားမျိုးနွယ်သည် ၎င်းကို ထိန်းကျောင်းပေးရန်၊ ပံ့ပိုးရန်၊ ရေလောင်းပေးရန်၊ ကျွေးမွေးရန်၊ တရားစီရင်ရန်နှင့် ပြစ်တင်ဆုံးမရန် လူ့ဇာတိခံ ဘုရားသခင်ကို လိုအပ်သကဲ့သို့၊ လူ့ဇာတိခံ ဘုရားသခင်ထံမှ ပို၍များသော ကျေးဇူးတော်နှင့် ပို၍ကြီးမားသော ရွေးနုတ်ခြင်းတို့ကို လိုအပ်လေသည်။ လူ့ဇာတိ၌ ရှိသည့် ဘုရားသခင်သာ လူသား၏ ယုံကြည်စိတ်ချရသူ၊ လူသား၏သိုးထိန်း၊ လူသား၏ အမြဲရှိနေသော အထောက်အမ ဖြစ်နိုင်ပြီး၊ ဤအရာအားလုံးသည် ယနေ့ရော အတိတ်ကာလများတွင်ပါ လူ့ဇာတိခံယူခြင်း၏ လိုအပ်မှုဖြစ်သည်။

လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို ခံရပြီးဖြစ်ကာ ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများ အားလုံးထဲမှ အမြင့်ဆုံး ဖြစ်သည်၊ ထို့ကြောင့် လူသားသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို လိုအပ်သည်။ ဘုရားသခင်၏ ကယ်တင်ခြင်း ရည်မှန်းချက်သည် စာတန် မဟုတ်ဘဲ လူသားဖြစ်ပြီး၊ ကယ်တင်ခြင်းခံရမည့်အရာမှာ လူသား၏ ဇာတိခန္ဓာနှင့် လူသား၏စိတ်ဝိညာဉ်ဖြစ်ကာ နတ်ဆိုးမဟုတ်ပေ။ စာတန်သည် ဘုရားသခင်၏ သုတ်သင်ခြင်း ခံရမည့်အရာ ဖြစ်ပြီး၊ လူသားသည် ဘုရားသခင်၏ ကယ်တင်ခြင်း ရည်မှန်းချက် ဖြစ်ကာ၊ လူသား၏ ဇာတိခန္ဓာကို စာတန်က ဖောက်ပြန်ပျက်စီးစေပြီးဖြစ်သည်၊ ထို့ကြောင့် ပထမဆုံး ကယ်တင်ရမည့်အရာမှာ လူသား၏ဇာတိခန္ဓာ ဖြစ်ရပေမည်။ လူ၏ ဇာတိခန္ဓာသည် အကြီးအကျယ် ဖောက်ပြန်ပျက်စီးစေခြင်း အခံရဆုံး ဖြစ်ကာ ယင်းသည် ဘုရားသခင်ကို ဆန့်ကျင်သည့်အရာတစ်ခု ဖြစ်လာပြီးဖြစ်သည်မှာ ဘုရားသခင်၏တည်ရှိမှုကိုပင် ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ကာ ငြင်းပယ်သည်အထိ ဖြစ်လေသည်။ ဤဖောက်ပြန်ပျက်စီးနေသော ဇာတိခန္ဓာသည် အလွန်ခက်ခဲလှပြီး၊ ဇာတိခန္ဓာ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားထက် မည်သည့်အရာမျှ ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် ပြောင်းလဲရန် သာ၍ မခက်ခဲပေ။ စာတန်သည် လူသား၏ ဇာတိခန္ဓာ ထဲသို့ နှောင့်ယှက်မှုများ လှုံ့ဆော်ရန် ဝင်ရောက်လာပြီး၊ ဘုရားသခင်၏ အမှုကို နှောင့်ယှက်ရန် နှင့် ဘုရားသခင်၏ အစီအစဉ်ကို ထိခိုက်စေရန် လူ၏ ဇာတိခန္ဓာကို အသုံးပြုပြီး၊ ထိုသို့ဖြင့် လူသားသည် စာတန် ဖြစ်လာကာ ဘုရားသခင်၏ရန်သူ ဖြစ်လာလေသည်။ လူသားအတွက် ကယ်တင်ခံဖို့ရန်၊ သူသည် ပထမဦးစွာ သိမ်းပိုက်ခြင်းကို ခံရမည်။ ဘုရားသခင်သည် စိန်ခေါ်မှုများကို ပိုင်နိုင်စွာ ဖြေရှင်းကာ သူပြုလုပ်ရန် ရည်ရွယ်သော အမှုကိုပြုရန်နှင့် စာတန်နှင့် တိုက်ပွဲဝင်ရန် လူ့ဇာတိခံယူသည်မှာ ဤအကြောင်းကြောင့် ဖြစ်သည်။ သူ၏ ရည်မှန်းချက်မှာ သူ့ကို ဆန့်ကျင်ပုန်ကန်သော စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရကာ ရှုံးနိမ့်ပြီး

ပျက်သုဉ်းစေခြင်းခံရပြီးဖြစ်သည့် လူသား၏ ကယ်တင်ခြင်းဖြစ်သည်။ ဘုရားသခင်သည် လူသားကို သိမ်းပိုက်ခြင်းနှင့်ဆိုင်သည့် သူ၏အမှုမှတစ်ဆင့် စာတန်ကို အနိုင်ယူစဉ်၊ တစ်ချိန်တည်းတွင် ဖောက်ပြန်ပျက်စီးနေသော လူသားမျိုးနွယ်ကို ကယ်တင်လေသည်။ ထို့ကြောင့်၊ ယင်းမှာ တစ်ပြိုင်နက် ရည်ရွယ်ချက် နှစ်ခုကို ဖြစ်မြောက်အောင်မြင်သည့် အမှုတစ်ခု ဖြစ်သည်။ လူသားနှင့် ပို၍ကောင်းစွာ ဆက်သွယ်နိုင်ရန်နှင့် လူသားကို ပို၍ကောင်းစွာ သိမ်းပိုက်နိုင်ရန်အလို့ငှာ၊ သူသည် လူ့ဇာတိဖြင့် အလုပ်လုပ်သည်၊ လူ့ဇာတိဖြင့် စကားပြောပြီး၊ လူ့ဇာတိဖြင့် အမှုအားလုံးကို ပြုလေသည်။ ဘုရားသခင်အနေဖြင့် နောက်ဆုံးအကြိမ် လူ့ဇာတိခံယူချိန်တွင်၊ နောက်ဆုံးသောကာလနှင့်ဆိုင်သည့် သူ၏အမှုသည် လူ့ဇာတိဖြင့် အဆုံးသတ်လိမ့်မည်။ သူသည် လူသားအားလုံးကို အမျိုးအစားအလိုက် ခွဲခြားလိမ့်မည် ဖြစ်သည်၊ သူ၏စီမံခန့်ခွဲမှု တစ်ခုလုံးကို အဆုံးသတ်လိမ့်မည် ဖြစ်ပြီး၊ လူ့ဇာတိ၌ရှိသည့် သူ၏အမှုအားလုံးကိုလည်း အဆုံးသတ်လိမ့်မည်။ ကမ္ဘာမြေပေါ် ရှိ သူ၏အမှုအားလုံး အဆုံးသို့ ရောက်သည့်နောက်တွင်၊ သူသည် လုံး၀ အောင်နိုင်လိမ့်မည်။ လူ့ဇာတိ၌ အမှုပြုခြင်းဖြင့်၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို အပြည့်အ၀ သိမ်းပိုက်ပြီးဖြစ်လိမ့်မည် ဖြစ်သကဲ့သို့၊ လူသားမျိုးနွယ်ကို အပြည့်အ၀ ရယူပြီး ဖြစ်လိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှုတစ်ခုလုံး အဆုံးသို့ ရောက်လာပြီးဖြစ်မည်ကို ဆိုလိုသည် မဟုတ်လော။ ဘုရားသခင်သည် လူ့ဇာတိ၌ သူ၏အမှုကို အဆုံးသတ်သောအခါ၊ စာတန်ကို သူ အပြည့်အ၀ အနိုင်ယူကာ အောင်နိုင်ပြီးဖြစ်သည်နှင့်အမျှ၊ စာတန်သည် လူသားကို ဖောက်ပြန်ပျက်စီးစေဖို့ နောက်ထပ် အခွင့်အရေး ရှိတော့မည် မဟုတ်ပေ။ ဘုရားသခင်၏ ပထမ လူ့ဇာတိခံယူခြင်း အမှုသည် လူသား၏ အပြစ်များကို ခွင့်လွှတ်ခြင်းနှင့် ရွေးနုတ်ခြင်း ဖြစ်သည်။ ယခုတွင် ယင်းသည် လူသားမျိုးနွယ်ကို သိမ်းပိုက်ခြင်းနှင့် အပြည့်အ၀ ရယူခြင်းနှင့်ဆိုင်သည့် အမှုဖြစ်ပေသည်၊ သို့မှသာ စာတန်သည် သူ၏အလုပ်ကို လုပ်ဆောင်ရန် မည်သည့် နည်းလမ်းမျှ ရှိတော့မည် မဟုတ်သကဲ့သို့ လုံး၀ရှုံးနိမ့်ကာ ဘုရားသခင်သည် အပြည့်အ၀ အောင်နိုင်ပြီးဖြစ်လိမ့်မည်။ ဤသည်မှာ လူ့ဇာတိ၏အမှုဖြစ်ပြီး ဘုရားသခင်ကိုယ်တော်တိုင် လုပ်ဆောင်သောအမှု ဖြစ်သည်။ ဘုရားသခင် အမှု၏ အဆင့်သုံးဆင့်နှင့်ဆိုင်သည့် ကနဦးအမှုကို ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်ပြီး လူ့ဇာတိက လုပ်ဆောင်ခြင်း မဟုတ်ပေ။ သို့သော် ဘုရားသခင် အမှု၏ အဆင့်သုံးဆင့်နှင့်ဆိုင်သည့် နောက်ဆုံးအမှုကို လူ့ဇာတိခံ ဘုရားသခင်က လုပ်ဆောင်ပြီး ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်ခြင်းမဟုတ်ပေ။ အလယ်အဆင့်၏ ရွေးနုတ်ခြင်း အမှုကိုလည်း လူ့ဇာတိ၌ရှိသည့် ဘုရားသခင်က လုပ်ဆောင်ခဲ့သည်။ စီမံခန့်ခွဲခြင်း

အမှုတစ်ခုလုံး တစ်လျှောက်တွင်၊ အရေး အကြီးဆုံးအမှုမှာ စာတန်၏စွမ်းအားမှ လူသားကို ကယ်တင်ရန် ဖြစ်သည်။ အဓိကအမှုမှာ ဖောက်ပြန်ပျက်စီးနေသော လူသားကို လုံးဝ သိမ်းပိုက်ခြင်း ဖြစ်သည်၊ ထိုသို့ဖြင့် သိမ်းပိုက်ခြင်းခံရသော လူသား၏နှလုံးသားထဲတွင် ဘုရားသခင်အပေါ် မူလရိုသေလေးမြတ်မှုကို နဂိုအတိုင်း ပြန်ဖြစ်စေခြင်းနှင့် လူသားကို သူ၏ပုံမှန်အသက်တာ၊ ဆိုလိုသည်မှာ ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါတစ်ဦး၏ ပုံမှန်အသက်တာကို ရရှိခွင့်ပေးခြင်း ဖြစ်သည်။ ဤအမှုသည် အရေးပါလှပြီး၊ စီမံခန့်ခွဲခြင်း အမှု၏ ဗဟိုချက်ဖြစ်သည်။ ကယ်တင်ခြင်းအမှု၏ အဆင့်သုံးဆင့်တွင် ပညတ်တော်ခေတ်၏ အမှုနှင့် သက်ဆိုင်သော ပထမအဆင့်သည် စီမံခန့်ခွဲခြင်း အမှု၏ဗဟိုချက်နှင့် အလှမ်းကွာဝေး၏။ ယင်းသည် ကယ်တင်ခြင်းအမှု၏ အသွင်သဏ္ဌာန် အနည်းငယ်သာ ရှိပြီး စာတန်၏အုပ်စိုးမှုမှ လူသားကို ကယ်တင်ခြင်းနှင့်ဆိုင်သည့် ဘုရားသခင်၏ အမှု အစမဟုတ်ပေ။ ပညတ်တော်အောက်တွင် လူသားသည် ပညတ်တော်ကို လိုက်နာရန်သာ သိရှိကြပြီး သာ၍ များသော သမ္မာတရား မရှိခဲ့ကြသောကြောင့်၊ ပြီးလျှင် ပညတ်တော်ခေတ်ထဲက အမှုသည် စာတန်၏အုပ်စိုးမှုမှ လူသားကို ကယ်တင်ပုံနှင့် သက်ဆိုင်သည့် အမှုနှင့်ပတ်သက်ရန် မဆိုထားနှင့်၊ လူသား၏ စိတ်သဘောထား ပြောင်းလဲခြင်းများ ပါဝင်မှု မရှိသလောက် ဖြစ်သောကြောင့်၊ အမှု၏ ပထမအဆင့်ကို ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်ခဲ့သည်။ ထိုသို့ဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် လူသား၏ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားနှင့်မပတ်သက်သော အလွန့်အလွန် ရိုးရှင်းသည့် ဤအမှုအဆင့်ကို လုပ်ဆောင်ပြီးစီးခဲ့သည်။ ဤအမှုအဆင့်သည် စီမံခန့်ခွဲခြင်း ဗဟိုချက်နှင့် ပတ်သက်မှု နည်းပါးပြီး၊ လူသား၏ ကယ်တင်ခြင်းနှင့်ဆိုင်သည့် တရားဝင်အမှုနှင့် ကြီးမားသော ဆက်စပ်မှု မရှိပေ၊ ထို့ကြောင့် ဘုရားသခင်အနေဖြင့် သူ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရန် လူ့ဇာတိခံယူဖို့ မလိုအပ်ခဲ့ပေ။ ဝိညာဉ်တော်က လုပ်ဆောင်သော အမှုသည် သွယ်ဝိုက်ပြီး၊ နားလည်၍ မရနိုင်သကဲ့သို့၊ ယင်းသည် လူသားအဖို့ အလွန်အမင်း ထိတ်လန့်ဖွယ်ကောင်းပြီး ချဉ်းကပ်၍ မရနိုင်ပေ။ ဝိညာဉ်တော်သည် ကယ်တင်ခြင်းအမှုကို တိုက်ရိုက် လုပ်ဆောင်ခြင်းနှင့် မသင့်တော်သကဲ့သို့၊ လူသားထံ အသက်ကို တိုက်ရိုက် ထောက်ပံ့ပေးရန် မသင့်တော်ပေ။ လူသားအတွက် အသင့်တော်ဆုံးမှာ ဝိညာဉ်တော်၏အမှုကို လူသားနှင့် နီးစပ်သည့် ချဉ်းကပ်နည်း တစ်ခုအဖြစ်သို့ အသွင်ပြောင်းရန် ဖြစ်သည်၊ ဆိုလိုသည်မှာ လူသားအတွက် အသင့်လျော်ဆုံးအရာမှာ ဘုရားသခင်သည် သူ၏အမှုကို လုပ်ဆောင်ရန် ရိုးရိုး ပုံမှန်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာရန် ပေတည်း။ ဤအရာက သူ၏ အမှုတွင် ဝိညာဉ်တော်၏နေရာကို ယူရန် ဘုရားသခင်သည် လူ့ဇာတိခံဖို့ လိုအပ်ပြီး၊

လူသားအတွက် ဘုရားသခင်အနေဖြင့် အမှုပြုရန် ထိုထက်ပို၍ သင့်တော်သော နည်းလမ်း မရှိတော့ပေ။ အမှု၏ ဤအဆင့်သုံးဆင့်ထဲတွင် အဆင့်နှစ်ဆင့်ကို လူ့ဇာတိက လုပ်ဆောင်ပြီး၊ ဤအဆင့်နှစ်ဆင့်သည် စီမံခန့်ခွဲခြင်း အမှု၏ အဓိကသော့ချက်အဆင့်များ ဖြစ်သည်။ လူ့ဇာတိခံယူခြင်း နှစ်ခုသည် နှစ်ဦးနှစ်ဖက် လိုက်ဖက်ညီကာ နှစ်ဦးနှစ်ဖက် လုံးဝ ပြည့်စုံစေသည်။ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း ပထမအဆင့်သည် ဒုတိယ အဆင့်အတွက် အခြေခံအုတ်မြစ်ကို ခင်းပေးပြီး၊ ယင်းမှာ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း နှစ်ခုသည် တစ်လုံးတစ်ဝတည်း ဖြစ်ကာ၊ အချင်းချင်း သဟဇာတမဖြစ်ခြင်းမရှိဟု ဆိုနိုင်သည်။ ဘုရားသခင့် အမှု၏ ဤအဆင့် နှစ်ဆင့်သည် စီမံခန့်ခွဲခြင်း အမှုတစ်ခုလုံးအတွက် အလွန် အရေးကြီးသောကြောင့်၊ ဘုရားသခင်သည် သူ၏လူ့ဇာတိခံ ပင်ကိုလက္ခဏာဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းသည် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း နှစ်ခုနှင့်ဆိုင်သည့် အမှုမရှိဘဲနှင့်၊ စီမံခန့်ခွဲခြင်း အမှုတစ်ခုလုံးသည် ရပ်တန့်သွားမည် ဖြစ်ပြီး၊ လူသားမျိုးနွယ်ကို ကယ်တင်ခြင်း အမှုသည် အနှစ်မဲ့သည့် စကားသာ ဖြစ်သွားမည်ဟု ပြော၍ရလုနီးနီး ဖြစ်သည်။ ဤအမှု အရေးကြီးသည် မကြီးသည်ဆိုသည်မှာ လူသားမျိုးနွယ်၏ လိုအပ်ချက်များအပေါ်၊ လူသားမျိုးနွယ်၏ အကျင့်ပျက်ပြားခြင်းနှင့်ဆိုင်သည့် လက်တွေ့အရှိတရားနှင့် စာတန်၏ မနာခံမှုနှင့် အမှုကို ၎င်း၏ နှောင့်ယှက်မှု ပြင်းထန်ခြင်းတို့အပေါ် အခြေခံသည်။ ဤအမှုကို လုပ်ဆောင်ဖို့လိုလားသည့် သင့်တော်သောသူကို အလုပ်လုပ်သူအားဖြင့် ထမ်းဆောင်သည့် အမှု၏သဘာဝနှင့် အမှု၏ အရေးပါမှုတို့အပေါ်တွင် ကြိုတင်ခန့်မှန်းရပေသည်။ ဤအမှု၏ အရေးကြီးမှုနှင့် ပတ်သက်လာသည့်အခါ- ဘုရားသခင်၏ ဝိညာဉ်တော်က တိုက်ရိုက်လုပ်ဆောင်သောအမှု၊ သို့မဟုတ် လူ့ဇာတိခံ ဘုရားသခင်က လုပ်ဆောင်သောအမှု၊ သို့မဟုတ် လူသားမှတစ်ဆင့် လုပ်ဆောင်သောအမှု- အမှုနှင့်ဆိုင်သည့် ခံယူရမည့် နည်းစနစ်အရ၊ ပထမဆုံး ဖယ်ရှားရမည်မှာ လူသားမှတစ်ဆင့် လုပ်ဆောင်သော အမှုဖြစ်ပြီး၊ အမှု၏သဘာဝ၊ ဝိညာဉ်တော်အမှုနှင့် လူ့ဇာတိ၏ အမှု၏ သဘာဝတို့အပေါ် အခြေခံ၍၊ လူသားအတွက် လူ့ဇာတိဖြင့် လုပ်ဆောင်သော အမှုသည် ဝိညာဉ်တော်က တိုက်ရိုက် လုပ်ဆောင်သော အမှုထက် ပို၍ အကျိုးရှိပြီး၊ သာ၍ အကျိုးကျေးဇူးများ ပေးသည်ကို နောက်ဆုံးတွင် ဆုံးဖြတ်လေသည်။ ဤသည်မှာ အမှုကို ဝိညာဉ်တော်ဖြင့် လုပ်ဆောင်မည်၊ သို့မဟုတ် လူ့ဇာတိဖြင့် လုပ်ဆောင်မည်ကို ဆုံးဖြတ်ချိန် ထိုအချိန်က ဘုရားသခင်၏အကြံအစည် ဖြစ်သည်။ အမှု၏အဆင့် အသီးသီးအဖို့ အရေးပါမှုနှင့် အခြေခံတို့ရှိသည်။ ယင်းတို့သည် အခြေအမြစ် မရှိသော စိတ်ကူးစိတ်သန်းများ မဟုတ်သကဲ့သို့ ထင်ရာမြင်ရာ ဆောင်ရွက်ခြင်း မဟုတ်ပေ။ ယင်းတို့အဖို့ တိကျသေချာသော

ဉာဏ်ပညာတစ်ခု ရှိပေသည်။ ယင်းသည် ဘုရားသခင်၏ အမှုအားလုံး နောက်ကွယ်မှ အမှန်တရား ဖြစ်သည်။ အထူးသဖြင့် လူ့ဇာတိခံ ဘုရားသခင်က လူသားအလယ် ကိုယ်တိုင်ကိုယ်ကျ အမှုပြုခြင်းကဲ့သို့သော ကြီးမားသည့် အမှုတစ်ခုတွင် ဘုရားသခင်၏ အစီအစဉ် သာ၍ပင် ရှိလေသည်။ ထို့ကြောင့် ဘုရားသခင်၏ ဉာဏ်ပညာနှင့် သူ၏ဖြစ်ခြင်း အလုံးစုံတို့သည် သူ၏ အမှုထဲက လုပ်ရပ်တိုင်း၊ အကြံအစည်တိုင်းနှင့် စိတ်ကူးတိုင်းတို့တွင် ထင်ဟပ်သည်။ ဤသည်မှာ သာ၍ ခိုင်လုံပြီး စနစ်ကျသော ဘုရားသခင်၏ ဖြစ်တည်ခြင်း ဖြစ်သည်။ ဤသိမ်မွေ့သော အကြံအစည်များနှင့် စိတ်ကူးများသည် လူသားအတွက် စိတ်ကူးရန် ခက်ခဲပြီး၊ ယုံကြည်ရန် ခက်ခဲကာ၊ ထို့အပြင် လူသားအတွက် သိရှိရန် ခက်ခဲပေသည်။ လူသားက လုပ်ဆောင်သောအမှုသည် လူသားအတွက် အလွန် စိတ်ကျေနပ်ဖွယ် ဖြစ်သော ယေဘုယျ အခြေခံသဘောတရားအတိုင်း လုပ်ဆောင်ခြင်း ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်၏အမှုနှင့် နှိုင်းယှဉ်ပါက၊ အလွန် ကြီးမားသော ကွာဟချက်တစ်ခု တကယ်ကို ရှိပေသည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များသည် ကြီးမြတ်ပြီး၊ ဘုရားသခင်၏အမှုသည် ခမ်းနားကြီးကျယ်သော အတိုင်းအတာတစ်ခု ရှိသော်လည်း၊ ယင်းတို့နောက်ကွယ်တွင် လူသားအဖို့ မတွေးတတ်သည့် သေးငယ်ပြီး တိကျသော စီမံချက်များနှင့် အစီအစဉ်များစွာ ရှိလေသည်။ သူ၏အမှု အဆင့်တိုင်းကို အခြေခံသဘောတရားအတိုင်း ဆောင်ရွက်ထားခြင်း ဖြစ်သည်သာမက၊ အဆင့်အသီးသီးသည် လူ့ဘာသာစကားဖြင့် ရှင်းရှင်းလင်းလင်း ပြောဆို၍ မရနိုင်သည့်အရာများစွာ ပါဝင်ကာ၊ ဤသည်တို့မှာ လူသားဖို့ မြင်၍မရနိုင်သည့် အရာများဖြစ်သည်။ ဝိညာဉ်တော်၏အမှု ဖြစ်စေ၊ သို့မဟုတ် လူ့ဇာတိခံ ဘုရားသခင်၏အမှု ဖြစ်စေ အသီးသီးသည် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အစီအစဉ်များ ပါရှိသည်။ ဘုရားသခင်သည် အခြေအမြစ် မရှိဘဲ အမှုမပြုသကဲ့သို့၊ အရေးမပါသော အမှုကို မလုပ်ဆောင်ပေ။ ဝိညာဉ်တော်သည် တိုက်ရိုက် အလုပ်လုပ်သောအခါတွင်၊ ယင်းသည် သူ၏ပန်းတိုင်များဖြင့် ဖြစ်ပြီး၊ အမှုပြုရန် သူလူ့ဇာတိခံယူချိန်တွင် (ဆိုလိုသည်မှာ သူ၏ပြင်ပအကာကို အသွင်ပြောင်းချိန်တွင်)၊ ယင်းသည် သာ၍ပင် သူ၏ ရည်ရွယ်ချက်များဖြင့် ဖြစ်ပေသည်။ သို့မဟုတ်ပါက သူသည် သူ၏ ပင်ကိုလက္ခဏာကို အဘယ်ကြောင့်များ လိုလိုလားလား ပြောင်းလဲမည်နည်း။ သို့မဟုတ်ပါက အဘယ်ကြောင့်များ သူသည် နိမ့်ကျသကဲ့သို့ မှတ်ယူခံရပြီး နှိပ်စက်ညှဉ်းပန်းခံရသည့် လူတစ်ယောက် ဖြစ်လာမည်နည်း။

အမှုနှင့်စပ်လျဉ်း၍ ပြောဆိုပါက လူ့ဇာတိထဲရှိ ဘုရားသခင်၏ အမှုသည် အရေးပါဆုံးဖြစ်ပြီး၊ အမှုကို နောက်ဆုံး အဆုံးသတ်ပေးသူမှာ လူ့ဇာတိခံ ဘုရားသခင် ဖြစ်ကာ ဝိညာဉ်တော်

မဟုတ်ပေ။ ဘုရားသခင်သည် မသိလိုက်သည့်အချိန်အချို့တွင် ကမ္ဘာမြေပေါ်သို့ ကြွကောင်းကြွလာနိုင်ပြီး လူသားထံ ပေါ်ထွန်းကာ၊ ပြီးနောက် မည်သူ့ကိုမျှ အလွတ်မပေးဘဲ တစ်ယောက်ပြီး တစ်ယောက်ကို စစ်ဆေးလျက်၊ လူသားမျိုးနွယ် တစ်ရပ်လုံးကို ကိုယ်တိုင်ကိုယ်ကျ တရားစီရင်မည်ဟု အချို့က ယုံကြည်ကြသည်။ ဤနည်းဖြင့် တွေးထင်သူတို့သည် လူ့ဇာတိခံယူခြင်း အမှု၏ ဤအဆင့်ကို မသိကြပေ။ ဘုရားသခင်သည် လူကို တစ်ယောက်ပြီး တစ်ယောက် တရားမစီရင်သကဲ့သို့၊ တစ်ယောက်ပြီး တစ်ယောက် မစစ်ဆေးပေ။ ထိုသို့ပြုခြင်းသည် တရားစီရင်ခြင်းအမှု ဖြစ်မည် မဟုတ်ပေ။ လူသားမျိုးနွယ် အားလုံး၏ ဖောက်ပြန်ပျက်စီးမှုသည် အတူတူ ဖြစ်သည် မဟုတ်လော။ လူသားမျိုးနွယ် တစ်ရပ်လုံး၏ အနှစ်သာရသည် အတူတူ ဖြစ်သည် မဟုတ်လော။ တရားစီရင်ခြင်း ခံရသည်မှာ လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးသော အနှစ်သာရ၊ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရသည့် လူသား၏အနှစ်သာရနှင့် လူသား၏ အပြစ်အားလုံးတို့ ဖြစ်သည်။ ဘုရားသခင်သည် လူသား၏ အသေးအဖွဲဖြစ်ပြီး အရေးမပါသော အမှားတို့ကို တရားမစီရင်ပေ။ တရားစီရင်ခြင်း အမှုသည် ကိုယ်စားပြုသောအရာဖြစ်ပြီး၊ အထူးသဖြင့် လူတစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ခြင်း မဟုတ်ပေ။ ထို့ထက် ယင်းသည် လူသားမျိုးနွယ် တစ်ရပ်လုံးနှင့်ဆိုင်သည့် တရားစီရင်ခြင်းကို ကိုယ်စားပြုရန်အလို့ငှာ လူတစ်စုက တရားစီရင်ခြင်း ခံရသည့် အမှုဖြစ်သည်။ လူတစ်စုအပေါ်၌ မိမိ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခြင်းအားဖြင့် လူ့ဇာတိဖြင့် ဘုရားသခင်သည် လူသားတစ်မျိုးနွယ်လုံး၏အမှုကို ကိုယ်စားပြုရန် သူ၏အမှုကို အသုံးပြုသည်၊ ထို့နောက်တွင် ယင်းသည် တဖြည်းဖြည်း ပျံ့နှံ့လေသည်။ ဤသည်မှာ တရားစီရင်ခြင်းအမှု ပြုသည့်ပုံလည်း ဖြစ်သည်။ ဘုရားသခင်သည် လူတစ်မျိုး၊ သို့မဟုတ် လူတစ်စုကို တရားစီရင်သည် မဟုတ်ဘဲ၊ လူသားမျိုးနွယ်တစ်ရပ်လုံး၏ မဖြောင့်မတ်ခြင်း- ဥပမာအားဖြင့် ဘုရားသခင်ကို လူသား၏ဆန့်ကျင်မှု၊ သို့မဟုတ် လူသား၏ ဘုရားသခင်အပေါ် မကြောက်ရွံ့မှု၊ သို့မဟုတ် ဘုရားသခင်၏အမှုကို လူသား၏ နှောင့်ယှက်ခြင်း အစရှိသည်တို့ကို တရားစီရင်သည်။ တရားစီရင်ခံရသည့်အရာမှာ ဘုရားသခင်ကို ဆန့်ကျင်သည့် လူသားမျိုးနွယ်၏ အနှစ်သာရဖြစ်ပြီး၊ ဤအမှုသည် နောက်ဆုံးသောကာလ၏ သိမ်းပိုက်ခြင်းအမှုဖြစ်သည်။ လူသားက မျက်မြင်တွေ့ကြုံရသည့် လူ့ဇာတိခံ ဘုရားသခင်၏အမှုနှင့် နှုတ်ကပတ်တော်သည် လူသားတို့ အတိတ်ကာလများအတောအတွင်း စိတ်ကူးပေါက်ခဲ့သော နောက်ဆုံးသောကာလ အတောအတွင်း ပလ္လင်ဖြူကြီးရှေ့က တရားစီရင်ခြင်း အမှုဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်က လတ်တလော လုပ်ဆောင်လျက်ရှိသော အမှုသည် ပလ္လင်ဖြူကြီးရှေ့

တရားစီရင်ခြင်း အတိအကျဖြစ်သည်။ မျက်မှောက်ခေတ် လူ့ဇာတိခံ ဘုရားသခင်သည် နောက်ဆုံးသောကာလအတွင်းတွင် လူသားမျိုးနွယ်တစ်ရပ်လုံးကို တရားစီရင်ဆုံးဖြတ်သည့် ဘုရားသခင် ဖြစ်သည်။ ဤဇာတိခန္ဓာနှင့် သူ၏အမှု၊ သူ၏ နှုတ်ကပတ်တော်နှင့် သူ၏ စိတ်သဘောထား တစ်ခုလုံးတို့သည် ဘုရားသခင်၏ အလုံးစုံ ဖြစ်သည်။ သူ့အမှု၏ နယ်ပယ်သည် ကန့်သတ်ချက် ရှိပြီး၊ စကြဝဠာတစ်ခုလုံး တိုက်ရိုက် ပါဝင်ခြင်း မရှိသော်လည်း၊ တရားစီရင်ခြင်းအမှု၏ အနှစ်သာရမှာ လူသားမျိုးနွယ်တစ်ရပ်လုံးကို တိုက်ရိုက် တရားစီရင်ခြင်း ဖြစ်သည်- တရုတ်နိုင်ငံမှ ရွေးချယ်ခံရသော လူတို့အတွက်သာ မဟုတ်သကဲ့သို့ လူအရေအတွက် အနည်းငယ်အတွက်လည်း မဟုတ်ပေ။ လူ့ဇာတိ၌ ဘုရားသခင်၏ အမှုအတောအတွင်းတွင်၊ ဤအမှု၏နယ်ပယ်သည် စကြဝဠာ တစ်ခွင်လုံး မပါဝင်သော်လည်း၊ စကြဝဠာတစ်ခွင်လုံး၏အမှုကို ကိုယ်စားပြုပြီး၊ သူ၏ ဇာတိခန္ဓာနှင့်ဆိုင်သည့် အမှု နယ်ပယ်အတွင်းရှိ အမှုကို သူ အဆုံးသတ်ပြီးသည့်နောက်တွင် ယေရှု၏ ဧဝံဂေလိတရားသည် သူ၏ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းနောက်တွင် စကြဝဠာအနှံ့ ပျံ့နှံ့သွားသည့်နည်းတူ သူသည် ဤအမှုကို စကြဝဠာတစ်ခွင်လုံးသို့ ချက်ချင်း တိုးချဲ့လိမ့်မည်။ ဝိညာဉ်တော်၏ အမှုဖြစ်စေ၊ လူ့ဇာတိ၏အမှု ဖြစ်စေ၊ ယင်းသည် ကန့်သတ်ထားသော နယ်ပယ်တစ်ခုအတွင်း ဆောင်ရွက်သော အမှု ဖြစ်သည်၊ သို့သော် ယင်းအမှုသည် စကြဝဠာတစ်ခွင်လုံး၏အမှုကို ကိုယ်စားပြုပေသည်။ နောက်ဆုံးသောကာလအတွင်းတွင်၊ ဘုရားသခင်သည် သူ၏လူ့ဇာတိခံ ပင်ကိုလက္ခဏာဖြင့် ပေါ်ထွန်းခြင်းအားဖြင့် သူ၏အမှုကို ဆောင်ရွက်ပြီး၊ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်သည် ဖြူသော ပလ္လင်ကြီးရှေ့တွင် လူသားကို တရားစီရင်သည့် ဘုရားသခင် ဖြစ်သည်။ သူသည် ဝိညာဉ်တော်ဖြစ်စေ၊ လူ့ဇာတိ ဖြစ်စေ၊ တရားစီရင်သည့်အမှုကို ပြုသူသည် နောက်ဆုံးသောကာလအတွင်း လူသားမျိုးနွယ်ကို တရားစီရင်သည့် ဘုရားသခင် ဖြစ်သည်။ ဤအရာကို သူ၏အမှုအပေါ် အခြေခံ၍ သတ်မှတ်ထားခြင်း ဖြစ်ပြီး၊ သူ၏ အပြင်ပန်းသဏ္ဌာန်၊ သို့မဟုတ် အခြားသော အကြောင်းခံအချို့နှင့်အညီ သတ်မှတ်ထားခြင်း မဟုတ်ပေ။ လူသားသည် ဤနှုတ်ကပတ်တော်များနှင့်ပတ်သက်သည့် အယူအဆများ သိုထားသော်လည်း၊ လူ့ဇာတိခံ ဘုရားသခင်၏ လူသားမျိုးနွယ်တစ်ရပ်လုံးကို တရားစီရင်ခြင်းနှင့် သိမ်းပိုက်ခြင်း အမှန်တရားကို မည်သူမျှ မငြင်းနိုင်ပေ။ ယင်းနှင့်သက်ဆိုင်၍ လူသားက မည်သို့ တွေးထင်သည်ဖြစ်စေ၊ အမှန်တရားများသည် နောက်ဆုံး၌ အမှန်တရားများသာ ဖြစ်သည်။ မည်သူကမျှ၊ "အမှုကို ဘုရားသခင်က လုပ်ဆောင်သော်လည်း လူ့ဇာတိသည် ဘုရားသခင်မဟုတ်။" ဟု မပြောနိုင်ပေ။ ဤအမှုကို လူ့ဇာတိ၌ ရှိသည့် ဘုရားသခင်မှလွဲ၍

မည်သူမျှ မလုပ်ဆောင်နိုင်သည့်အတွက်၊ ဤသည်မှာ အဓိပ္ပာယ်မရှိသော စကားဖြစ်သည်။ ဤအမှုသည် ပြီးစီးနှင့်ပြီးဖြစ်သည့်အတွက်၊ ဤအမှုနောက်တွင် ဘုရားသခင်၏ လူသားကို တရားစီရင်ခြင်း အမှုသည် ဒုတိယအကြိမ် ပေါ်ထွက်လာလိမ့်မည် မဟုတ်ပေ။ သူ၏ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်း၌ ဘုရားသခင်သည် အလုံးစုံသော စီမံခန့်ခွဲခြင်း အမှုအားလုံးကို အဆုံးသတ်နှင့်ပြီးဖြစ်ကာ၊ ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် စတုတ္ထအဆင့် ရှိလိမ့်မည် မဟုတ်ပေ။ တရားစီရင်ခြင်းကို ခံရသူမှာ လူသား၊ ဇာတိခန္ဓာရှိပြီး၊ ဖောက်ပြန်ပျက်စီးပြီးဖြစ်သော လူသားဖြစ်ကာ၊ တိုက်ရိုက် တရားစီရင်ခြင်းခံရသည့်သူမှာ စာတန်၏ ဝိညာဉ် မဟုတ်သောကြောင့်၊ တရားစီရင်ခြင်းအမှုကို ဝိညာဉ်ရေးရာလောက၌ ဆောင်ရွက်သည် မဟုတ်ဘဲ၊ လူသားအလယ်တွင် လုပ်ဆောင်ခြင်း ဖြစ်ပေသည်။ လူသား၏ ဇာတိပကတိ ဖောက်ပြန်ပျက်စီးမှုကို တရားစီရင်ခြင်း အမှုအတွက် လူ့ဇာတိ၌ရှိသည့် ဘုရားသခင်ထက် မည်သူမျှ သာ၍ မသင့်တော်သကဲ့သို့ သာ၍ အရည်အချင်းမပြည့်မီပေ။ အကယ်၍ တရားစီရင်မှုကို ဘုရားသခင်၏ ဝိညာဉ်တော်က တိုက်ရိုက် ဆောင်ရွက်ခဲ့မည်ဆိုပါက၊ အလုံးစုံခြုံငုံမိမည် မဟုတ်ပေ။ ထို့အပြင်၊ လူသားသည် ပုန်ကန်ပြစ်မှား၍ မရနိုင်သော ဘုရားသခင်၏ စိတ်သဘောထားကို သာ၍ ရှင်းလင်းစွာ ရှုမြင်နိုင်ရန် မဆိုထားနှင့်၊ ဝိညာဉ်တော်သည် လူသားထံ မျက်နှာချင်းဆိုင် မလာနိုင်သည့်အတွက်၊ ထိုသို့သောအမှုကို လူသားအနေဖြင့် လက်ခံရန် ခက်ခဲမည် ဖြစ်ပြီး၊ ဤအရာကြောင့် အကျိုးသက်ရောက်မှုများကို ချက်ချင်းရရှိမည် မဟုတ်ပေ။ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်သည် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးမှုကို တရားစီရင်မှသာလျှင် စာတန်ကို အပြည့်အဝ အနိုင်ယူနိုင်ပေသည်။ လူသားကဲ့သို့ ပုံမှန်လူ့သဘာဝကို ပိုင်ဆိုင်သည့်နည်းတူ၊ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်သည် လူသား၏ ဖြောင့်မတ်မှုမရှိခြင်းကို တိုက်ရိုက် တရားစီရင်ဆုံးဖြတ်နိုင်သည်၊ ဤသည်မှာ သူ၏ရှိရင်းစွဲ သန့်ရှင်းမှုနှင့် သူ၏သာမန်ထက်ထူးခြားမှု၏ အမှတ်လက္ခဏာ ဖြစ်သည်။ ဘုရားသခင်သည် သမ္မာတရားနှင့် ဖြောင့်မတ်ခြင်းကို ပိုင်ဆိုင်သောကြောင့် လူသားကို တရားစီရင်နိုင်သည့်အတွက်၊ သူသာလျှင် လူသားကို တရားစီရင်ရန် အရည်အချင်းပြည့်မီကာ တရားစီရင်နိုင်သည့် အနေအထားတွင်ရှိသည်။ သမ္မာတရားနှင့် ဖြောင့်မတ်ခြင်းမရှိသော သူတို့သည် အခြားသူများကို တရားစီရင်ရန် မသင့်တော်ပေ။ အကယ်၍ ဤအမှုကို ဘုရားသခင်၏ ဝိညာဉ်တော်က လုပ်ဆောင်ခဲ့ပါက၊ ယင်းသည် စာတန်အပေါ် အောင်နိုင်ခြင်းဟု အဓိပ္ပာယ်ရမည် မဟုတ်ပေ။ ဝိညာဉ်တော်သည် သေမျိုးများထက် ပင်ကိုအားဖြင့် သာ၍ ချီးမြှောက်ခြင်းခံရပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ပင်ကိုအားဖြင့် သန့်ရှင်းကာ

လူ့ဇာတိအပေါ် အောင်နိုင်သည်။ အကယ်၍ ဝိညာဉ်တော်သည် ဤအမှုကို တိုက်ရိုက်လုပ်ဆောင်ခဲ့ပါက၊ သူ့အနေဖြင့် လူသား၏ မနာခံမှုအားလုံးကို တရားစီရင်နိုင်ခြင်း ရှိလိမ့်မည် မဟုတ်သကဲ့သို့ လူသား၏ မဖြောင့်မတ်မှု အားလုံးကို ထုတ်ဖော်ပြနိုင်လိမ့်မည် မဟုတ်ပေ။ အကြောင်းမှာ တရားစီရင်ခြင်း အမှုကို လူသား၏ ဘုရားသခင်နှင့်ပတ်သက်သည့် အယူအဆများမှတစ်ဆင့်လည်း ဆောင်ရွက်ခြင်း ဖြစ်ပြီး၊ လူသားသည် ဝိညာဉ်တော်နှင့်ပတ်သက်၍ မည်သည့် အယူအဆမျှ မရှိသည့်အတွက် ဖြစ်သည်၊ ထို့ကြောင့် ဝိညာဉ်တော်သည် ထိုသို့သော မဖြောင့်မတ်မှုကို လုံးဝ ဖွင့်ချရန်မဆိုထားနှင့်၊ လူသား၏ မဖြောင့်မတ်မှုကိုပင် သာ၍ကောင်းစွာ ထုတ်ဖော်ပြနိုင်စွမ်း မရှိပေ။ လူ့ဇာတိခံ ဘုရားသခင်သည် သူ့ကို မသိသောသူများ အားလုံး၏ ရန်သူ ဖြစ်သည်။ လူသား၏ အယူအဆများနှင့် သူ့ကိုဆန့်ကျင်မှုများအား တရားစီရင်ခြင်းမှတစ်ဆင့်၊ ဘုရားသခင်သည် လူသားမျိုးနွယ်၏ မနာခံမှုအားလုံးကို လှစ်ဟထုတ်ဖော်သည်။ လူ့ဇာတိ၌ သူ့အမှု၏ အကျိုးတရားများသည် ဝိညာဉ်တော် အမှု၏ အကျိုးတရားများထက် ပို၍ သိသာထင်ရှားလေသည်။ ထို့ကြောင့် လူသားမျိုးနွယ် တစ်ရပ်လုံးကို တရားစီရင်ခြင်းအား ဝိညာဉ်တော်က တိုက်ရိုက်မဆောင်ရွက်ဘဲ၊ ယင်းသည် လူ့ဇာတိခံ ဘုရားသခင်၏ အမှုဖြစ်လေသည်။ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်ကို လူသားက မြင်ကာ ထိတွေ့နိုင်ပြီး လူ့ဇာတိ၌ရှိသည့် ဘုရားသခင်သည် လူသားကို လုံးဝ သိမ်းပိုက်နိုင်သည်။ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်နှင့် သူ၏ဆက်ဆံရေးတွင်၊ လူသားသည် ဆန့်ကျင်မှုမှ နာခံမှုသို့၊ ညှဉ်းပန်းနှိပ်စက်မှုမှ လက်ခံမှုသို့၊ အယူအဆများမှ အသိပညာသို့၊ ပြီးလျှင် ငြင်းပယ်ခြင်းမှ ချစ်ခြင်းမေတ္တာသို့ တိုးတက်သွားသည်- ဤသည်တို့မှာ လူ့ဇာတိခံ ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အကျိုးတရားများ ဖြစ်သည်။ လူသားသည် ဘုရားသခင်၏ တရားစီရင်မှုကို လက်ခံခြင်းမှတစ်ဆင့်သာ ကယ်တင်ခြင်း ခံရသည်၊ ဘုရားသခင်၏ နှုတ်ထွက်စကားများမှတစ်ဆင့်သာ လူသားသည် ဘုရားသခင်ကို တဖြည်းဖြည်း သိလာသည်၊ လူသည် ဘုရားသခင်ကို သူ၏ ဆန့်ကျင်ခြင်း အတောအတွင်းတွင် ဘုရားသခင်၏ သိမ်းပိုက်ခြင်းခံရပြီး၊ ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုကို လက်ခံခြင်း အတောအတွင်းတွင် အသက်အထောက်အပံ့ကို ဘုရားသခင်ထံမှ လူသားက ရရှိပေသည်။ ဤအမှုအားလုံးသည် လူ့ဇာတိ၌ရှိသည့် ဘုရားသခင်၏ အမှုဖြစ်ပြီး ဝိညာဉ်တော်အဖြစ် သူ၏ပင်ကိုလက္ခဏာ၌ ရှိသည့် ဘုရားသခင်၏ အမှု မဟုတ်ပေ။ လူ့ဇာတိခံ ဘုရားသခင် လုပ်ဆောင်သည့် အမှုသည် အကြီးမားဆုံးအမှုနှင့် အနက်နဲဆုံးသော အမှုဖြစ်ပြီး၊ ဘုရားသခင်အမှု၏ အဆင့်သုံးဆင့်ထဲမှ အရေးပါလှသော အပိုင်းများမှာ လူ့ဇာတိခံယူခြင်း အမှု၏ အဆင့်နှစ်ဆင့် ဖြစ်သည်။ လူသား၏ နက်နဲသော

ဖောက်ပြန်ပျက်စီးမှုသည် လူ့ဇာတိခံ ဘုရားသခင်၏ အမှုအဖို့ ကြီးမားသော အတားအဆီးတစ်ခု ဖြစ်သည်။ အထူးသဖြင့် နောက်ဆုံးသောကာလ၏ လူတို့အပေါ် ဆောင်ရွက်သည့် အမှုသည် အလွန်တရာ ခက်ခဲပြီး၊ ပတ်ဝန်းကျင်သည် ရန်လိုကာ လူတစ်မျိုးစီတိုင်း၏ အရည်အချင်းသည်လည်း အတော်အတန် ညံ့ဖျင်းလေသည်။ သို့ရာတွင် ဤအမှု၏အဆုံးတွင်၊ အပြစ်အနာအဆာများ မရှိဘဲ မှန်ကန်သည့် အကျိုးတရားကို ရရှိလိမ့်ဦးမည် ဖြစ်သည်။ ဤသည်မှာ လူ့ဇာတိ အမှု၏ အကျိုးတရား ဖြစ်ပြီး၊ ဤအကျိုးတရားသည် ဝိညာဉ်တော် အမှု၏ အကျိုးတရားထက် သာ၍ ဆွဲဆောင်နိုင်ပေသည်။ ဘုရားသခင် အမှု၏ အဆင့်သုံးဆင့်တို့ကို လူ့ဇာတိ၌ အဆုံးသတ်မည် ဖြစ်ပြီး၊ ယင်းတို့ကို လူ့ဇာတိခံ ဘုရားသခင်က နိဂုံးချုပ်ရမည် ဖြစ်သည်။ အရေးအကြီးဆုံးနှင့် အရေးအပါဆုံးအမှုကို လူ့ဇာတိဖြင့် လုပ်ဆောင်ပြီး၊ လူသား၏ ကယ်တင်ခြင်းကို လူ့ဇာတိ၌ရှိသည့် ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရမည် ဖြစ်သည်။ လူ့ဇာတိ၌ရှိသည့် ဘုရားသခင်သည် လူသားနှင့် ဆက်နွှယ်မှု မရှိပုံပေါ်သည်ဟု လူသားမျိုးနွယ် တစ်ရပ်လုံးက ခံစားကြရသော်လည်း၊ အမှန်တွင် ဤလူ့ဇာတိသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ကံကြမ္မာ၊ တည်ရှိမှုတို့နှင့် သက်ဆိုင်လေသည်။

ဘုရားသခင့်အမှု၏ အဆင့်တိုင်းကို လူသားမျိုးနွယ် တစ်ရပ်လုံးအတွက် အကောင်အထည် ဖော်ထားခြင်း ဖြစ်ပြီး၊ လူသားမျိုးနွယ် တစ်ရပ်လုံးကို ရည်ရွယ်ထားပေသည်။ ယင်းသည် လူ့ဇာတိ၌ သူ၏အမှုဖြစ်သော်လည်း၊ ယင်းသည် လူသားမျိုးနွယ် တစ်ရပ်လုံးကို ဦးတည်ထားဆဲ ဖြစ်သည်။ သူသည် လူသားမျိုးနွယ် တစ်ရပ်လုံး၏ ဘုရားသခင်ဖြစ်ပြီး ဖန်ဆင်းထားသော အရာများနှင့် မဖန်ဆင်းထားသောအရာများ အားလုံး၏ ဘုရားသခင် ဖြစ်သည်။ လူ့ဇာတိ၌ သူ၏အမှုသည် ကန့်သတ်ထားသော နယ်ပယ်တစ်ခု အတွင်းတွင်ရှိပြီး၊ ဤအမှု၏ ရည်မှန်းချက်သည်လည်း ကန့်သတ်မှု ရှိသော်ငြားလည်း၊ သူ၏အမှုကို လုပ်ဆောင်ရန် သူ လူ့ဇာတိခံယူသည့် အချိန်တိုင်းတွင် သူသည် အလွန့်အလွန် ကိုယ်စားပြုသော သူ့အမှု၏ ရည်မှန်းချက်တစ်ခုကို ရွေးချယ်သည်။ အမှုပြုရန် သူသည် ရိုးရှင်းပြီး၊ မထူးခြားသော လူတစ်စုကို မရွေးချယ်ဘဲ၊ ထို့အစား လူ့ဇာတိ၌ သူ၏ အမှုအတွက် ကိုယ်စားလှယ်များ ဖြစ်နိုင်စွမ်း ရှိသည့် လူတစ်စုကို သူ၏ အမှုနှင့်ဆိုင်သည့် ရည်မှန်းချက်အဖြစ် ရွေးချယ်လေသည်။ ဤလူစုကို ရွေးချယ်ရသည်မှာ လူ့ဇာတိ၌ သူ့အမှု၏ နယ်ပယ်သည် အကန့်အသတ် ရှိသောကြောင့် ဖြစ်ပြီး၊ အထူးသဖြင့် သူ၏ လူ့ဇာတိခံ ခန္ဓာအတွက် ပြင်ဆင်ထားခြင်းဖြစ်ကာ လူ့ဇာတိ၌ သူ၏အမှုအတွက် အထူး ရွေးချယ်ထားခြင်း ဖြစ်သည်။ သူ၏အမှုနှင့်ဆိုင်သည့် အပြုခံအရာများကို ဘုရားသခင်၏ ရွေးချယ်ခြင်းသည်

အခြေအမြစ် မရှိသည် မဟုတ်ဘဲ၊ အခြေခံသဘောတရားအတိုင်း ပြုခြင်း ဖြစ်သည်။ အမှု၏ ရည်မှန်းချက်သည် လူ့ဇာတိ၌ရှိသည့် ဘုရားသခင်၏အမှုကို အကျိုးပြုရမည် ဖြစ်ပြီး၊ လူသားမျိုးနွယ် တစ်ရပ်လုံးကို ကိုယ်စားပြုနိုင်ရမည် ဖြစ်သည်။ ဥပမာအားဖြင့် ဂျူးလူမျိုးများသည် ယေရှု၏ကိုယ်တိုင် ရွေးနုတ်ခြင်းကို လက်ခံရာတွင် လူသားမျိုးနွယ် တစ်ရပ်လုံးကို ကိုယ်စားပြုနိုင်ခဲ့ကြပြီး၊ တရုတ်လူမျိုးများသည် လူ့ဇာတိခံ ဘုရားသခင်၏ ကိုယ်တိုင် သိမ်းပိုက်ခြင်းကို လက်ခံရာတွင် လူသားမျိုးနွယ် တစ်ရပ်လုံးကို ကိုယ်စားပြုနိုင်ကြလေသည်။ ဂျူး လူမျိုးများ၏ လူသားမျိုးနွယ် တစ်ရပ်လုံးကို ကိုယ်စားပြုခြင်းအဖို့ အခြေခံအကြောင်းရင်း ရှိသကဲ့သို့ ဘုရားသခင်၏ ကိုယ်တိုင် သိမ်းပိုက်ခြင်းကို လက်ခံရာတွင် တရုတ်လူမျိုးများ၏ လူသားမျိုးနွယ် တစ်ရပ်လုံးကို ကိုယ်စားပြုခြင်းအဖို့လည်း အခြေခံအကြောင်းရင်းတစ်ခု ရှိပေသည်။ ဂျူးလူမျိုးများအလယ် လုပ်ဆောင်ခဲ့သော ရွေးနုတ်ခြင်း အမှုထက် ရွေးနုတ်ခြင်း၏ အရေးပါမှုကို မည်သည့်အရာကမျှ သာ၍ ထုတ်ဖော်မပြသကဲ့သို့ တရုတ်လူမျိုးများအလယ် လုပ်ဆောင်လျက် ရှိသည့် သိမ်းပိုက်ခြင်းအမှုထက် သိမ်းပိုက်ခြင်းအမှု၏ စေ့စပ်သေချာမှုနှင့် အောင်မြင်မှုတို့ကို မည်သည့်အရာကမျှ သာ၍ ထုတ်ဖော်မပြပေ။ လူ့ဇာတိခံ ဘုရားသခင်၏အမှုနှင့် နှုတ်ကပတ်တော်တို့သည် လူနည်းစု တစ်စုကိုသာ ရည်ညွှန်းသည့် ပုံပေါက်သော်လည်း၊ အမှန်တွင် ဤလူနည်းစုအလယ် သူ၏အမှုသည် စကြဝဠာတစ်ခွင်လုံး၏ အမှုဖြစ်ပြီး သူ၏ နှုတ်ကပတ်တော်သည် လူသားမျိုးနွယ်တစ်ရပ်လုံးကို ရည်ရွယ်ထားပေသည်။ လူ့ဇာတိ၌ သူ၏အမှု အဆုံးသတ်သို့ ရောက်ရှိချိန်တွင်၊ သူ့နောက်သို့လိုက်သောသူများသည် ၎င်းတို့အလယ် သူ လုပ်ဆောင်ခဲ့သော အမှုကို စတင်ဖြန့်ဝေလိမ့်မည်။ လူ့ဇာတိ၌ ဘုရားသခင့်အမှု၏ အကောင်းဆုံးသောအရာမှာ နောက်ပိုင်းတွင် သူ၏ နောက်လိုက်များသည် လူ့ဇာတိ၌ သူ၏ အမှုအားလုံးနှင့် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် သူ၏ အလိုကို ဤလမ်းခရီးအား လက်ခံသောသူတို့ထံ သာ၍ တိကျမှန်ကန်စွာနှင့် သာ၍ ခိုင်မာစွာ လက်ဆင့်ကမ်းနိုင်ကြဖို့အလို့ငှာ၊ သူသည် တိကျမှန်ကန်သော နှုတ်ကပတ်တော်များနှင့် တိုက်တွန်းနှိုးဆော်မှုများ၊ ပြီးလျှင် လူသားမျိုးနွယ်အတွက် သူ၏ အလိုတို့ကို သူ၏နောက်လိုက်သူများထံ ချန်ထားနိုင်ခြင်း ဖြစ်သည်။ လူ၏အလယ် လူ့ဇာတိ၌ရှိသည့် ဘုရားသခင်၏အမှုသည်သာ ဘုရားသခင်၏ဖြစ်ခြင်းနှင့် လူသားတို့နှင့် အတူတကွ နေထိုင်ခြင်းတို့နှင့်ဆိုင်သည့် အမှန်တရားကို အမှန်တကယ် ပြီးမြောက်လေသည်။ ဤအမှုသည်သာ ဘုရားသခင်၏ မျက်နှာကို ရှုမြင်ရန်၊ ဘုရားသခင်၏ အမှုကို မျက်မြင်တွေ့ကြုံရန်နှင့် ဘုရားသခင်၏ ကိုယ်ပိုင်နှုတ်ကပတ်တော်တို့ကို ကြားရန်ဖြစ်သည့်

လူသား၏ စိတ်ဆန္ဒကို ဖြည့်ဆည်းပေသည်။ လူ့ဇာတိခံ ဘုရားသခင်သည် ယေဟောဝါ၏ ကျောပြင်သာ လူသားမျိုးနွယ်ထံသို့ ပေါ်လာသည့်ခေတ်ကို အဆုံးသတ်သို့ ဆောင်ကြဉ်းပြီး၊ မရေရာသော ဘုရားသခင်၌ လူသားမျိုးနွယ်၏ ယုံကြည်မှုခေတ်ကိုလည်း နိဂုံးချုပ်ပေးသည်။ အထူးသဖြင့် နောက်ဆုံးလူ့ဇာတိခံ ဘုရားသခင်၏ အမှုသည် လူသားမျိုးနွယ် တစ်ရပ်လုံးကို သာ၍စစ်မှန်၊ သာ၍လက်တွေ့ကျသကဲ့သို့၊ သာ၍ နှစ်သက်ဖွယ်ကောင်းသော ခေတ်တစ်ခေတ်ထဲသို့ ဆောင်ကြဉ်းလေသည်။ သူသည် ပညတ်တော်နှင့် အယူဝါဒခေတ်ကို အဆုံးသတ်သည်သာမက၊ သာ၍အရေးကြီးသည်မှာ သူသည် လူသားမျိုးနွယ်ထံ စစ်မှန်ပြီး ပုံမှန်ဖြစ်သည့်၊ ဖြောင့်မတ်ပြီး သန့်ရှင်းသည့်၊ စီမံခန့်ခွဲခြင်း အစီအစဉ်နှင့်ဆိုင်သည့် အမှုကို ဖော်ထုတ်ပြီး လူသားမျိုးနွယ်၏ နက်နဲမှုများနှင့် ခရီးပန်းတိုင်တို့ကို ပြသသည့်၊ လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ပြီး စီမံခန့်ခွဲခြင်းအမှုကို အဆုံးသတ်သို့ ဆောင်ကြဉ်းသကဲ့သို့၊ နှစ်ထောင်ပေါင်းများစွာ ကွယ်ဝှက်လျက် ရှိလေပြီးသည့် ဘုရားသခင် တစ်ပါးကို ထုတ်ဖော်ပြလေသည်။ မရေရာခြင်း၏ ခေတ်ကို သူသည် လုံးဝအဆုံးသတ်ကာ၊ လူသားမျိုးနွယ်တစ်ရပ်လုံးက ဘုရားသခင်၏ မျက်နှာကို ရှာဖွေလိုသော်လည်း၊ မရှာဖွေနိုင်ခဲ့သည့်ခေတ်ကို နိဂုံးချုပ်သည်၊ သူသည် လူသားမျိုးနွယ်တစ်ရပ်လုံးက စာတန်ကို အစေခံသည့်ခေတ်ကို အဆုံးသတ်ပြီး၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို လုံးဝအသစ်ဖြစ်သော ခေတ်ဆီသို့ တစ်လျှောက်လုံး ဦးဆောင်လေသည်။ ဤအရာအားလုံးသည် ဘုရားသခင်၏ ဝိညာဉ်တော်ကိုယ်စား လူ့ဇာတိ၌ ရှိသည့် ဘုရားသခင်၏အမှု ရလဒ် ဖြစ်သည်။ ဘုရားသခင်သည် သူ၏လူ့ဇာတိ၌ အမှုပြုချိန်တွင်၊ သူ၏နောက်လိုက်များသည် ရှိပုံပေါ်သလို မရှိပုံလည်း ပေါ်သည့် ထိုအရာများနောက်သို့ မရှာဖွေတော့သကဲ့သို့ စမ်းတဝါးဝါး မသွားလာကြတော့ပေ၊ ပြီးလျှင် ၎င်းတို့သည် မရေရာသော ဘုရားသခင်၏ အလိုကို ခန့်မှန်းခြင်းအား ရပ်တန့်လိုက်ကြသည်။ ဘုရားသခင်သည် လူ့ဇာတိဖြင့် သူ၏အမှုကို ဖြန့်ဝေသောအခါတွင်၊ သူ့နောက်သို့ လိုက်သူများသည် လူ့ဇာတိဖြင့် သူလုပ်ဆောင်ပြီးသော အမှုကို ဘာသာတရားများနှင့် ဂိုဏ်းဂဏများ အားလုံးထံသို့ လက်ဆင့်ကမ်းကြလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့သည် လူသားမျိုးနွယ် တစ်ရပ်လုံး၏ နားများဆီသို့ သူ၏ နှုတ်ကပတ်တော် အားလုံးကို ဆက်သွယ်ပြောဆိုကြလိမ့်မည်။ သူ၏ဧဝံဂေလိတရားကို ရရှိသောသူတို့ ကြားနာခဲ့သည့် အရာအားလုံးသည် သူ့အမှု၏ အမှန်တရားများ ဖြစ်လိမ့်မည်၊ လူသားက ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ကာ ကြားသိရသောအရာများ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ အမှန်တရားများ ဖြစ်ကာ ကောလာဟလများ ဖြစ်လိမ့်မည် မဟုတ်ပေ။ ဤအချက်များသည် ဘုရားသခင်က သူ၏အမှုကို ဖြန့်ဝေနေသည့် သက်သေများဖြစ်ပြီး၊ ယင်းတို့သည် သူ၏အမှုကို

ဖြန့်ဝေရာတွင် သူအသုံးပြုသော တန်ဆာပလာများလည်းဖြစ်သည်။ ဤအချက်များ မတည်ရှိဘဲနှင့်၊ သူ၏ဧဝံဂေလိတရားသည် နိုင်ငံအားလုံးနှင့် နေရာအားလုံးအနှံ့ ပျံ့နှံ့မည် မဟုတ်ပေ။ အမှန်တရားများ မရှိဘဲ လူသား၏ စိတ်ကူးစိတ်သန်းများသာ ရှိပါက၊ သူသည် စကြဝဠာတစ်ခွင်လုံးကို သိမ်းပိုက်ခြင်းအမှုအား မည်သည့်အခါမျှ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ လူသားအဖို့ ဝိညာဉ်တော်သည် ကိုယ်ထည်မရှိ၊ တွေ့မြင်၍ မရနိုင်သကဲ့သို့၊ ဝိညာဉ်တော်၏အမှုသည် လူသားအတွက် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် သက်သေအထောက်အထား သို့မဟုတ် အချက်အလက်များကို ချန်ထားနိုင်စွမ်း မရှိပေ။ လူသားသည် ဘုရားသခင်၏ စစ်မှန်သော မျက်နှာကို မည်သည့်အခါမျှ ရှုမြင်ရမည် မဟုတ်ပေ၊ မတည်ရှိသည့် မရေရာသော ဘုရားသခင်ကိုသာ အမြဲ ယုံကြည်ရပေမည်။ လူသားသည် ဘုရားသခင်၏ မျက်နှာကို မည်သည့်အခါမျှ ရှုမြင်ရမည် မဟုတ်သကဲ့သို့ ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ ပြောဆိုသော နှုတ်ကပတ်တော်များကိုလည်း မည်သည့်အခါမျှ ကြားသိရမည် မဟုတ်ပေ။ အဆုံးတွင်တော့ လူသား၏ စိတ်ကူးစိတ်သန်းများသည် အနှစ်မဲ့ကာ ဘုရားသခင်၏ မှန်ကန်သော မျက်နှာကို အစားမထိုးနိုင်ပေ။ ဘုရားသခင်၏ ရှိရင်းစွဲ စိတ်သဘောထားနှင့် ဘုရားသခင်ကိုယ်တိုင်၏ အမှုကို လူသားက တုအောင်တု၍ မရနိုင်ပေ။ ကောင်းကင်ဘုံရှိ မမြင်နိုင်သော ဘုရားသခင်နှင့် သူ၏ အမှုကို လူသားအလယ် သူ၏ အမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်သည့် လူ့ဇာတိခံ ဘုရားသခင်အားဖြင့်သာ ကမ္ဘာမြေပေါ်သို့ ဆောင်ကြဉ်းနိုင်ပေသည်။ ဤသည်မှာ ဘုရားသခင်က လူသားတို့ထံ ပေါ်ထွန်းရန်အတွက်၊ လူသားသည် ဘုရားသခင်ကို တွေ့မြင်ကာ၊ ဘုရားသခင်၏ မှန်ကန်သော မျက်နှာကို သိရှိလာသည့် အကောင်းဆုံးသော နည်းလမ်း ဖြစ်ပြီး၊ ယင်းကို လူ့ဇာတိခံ မဟုတ်သည့် ဘုရားသခင်တစ်ပါးက စွမ်းဆောင် မရရှိနိုင်ပေ။ ဤအဆင့်အထိ သူ၏အမှုကို ဆောင်ရွက်ခြင်းဖြင့်၊ ဘုရားသခင်၏အမှုသည် အသင့်ဆုံးဖြစ်သော အကျိုးတရားကို ရရှိနှင့်ပြီးဖြစ်ကာ၊ လုံးဝ အောင်မြင်မှုတစ်ခု ဖြစ်ပြီးဖြစ်သည်။ လူ့ဇာတိ၌ ဘုရားသခင်၏ ကိုယ်တိုင် အမှုသည် သူ၏အလုံးစုံသော စီမံခန့်ခွဲခြင်း အမှု၏ ကိုးဆယ်ရာခိုင်နှုန်းကို ပြည့်စုံစေနှင့်ပြီးဖြစ်သည်။ ဤလူ့ဇာတိသည် သူ၏အမှုအားလုံးအဖို့ သာ၍ကောင်းသော အစပြုခြင်းတစ်ခုနှင့် သူ၏အမှုအားလုံးအတွက် အနှစ်ချုပ်တစ်ခုကို ပေးပြီးဖြစ်ကာ၊ သူ၏အမှုအားလုံးကို ထုတ်ပြန် ကြေညာပြီးဖြစ်သကဲ့သို့၊ ဤအမှုအားလုံးအဖို့ နောက်ဆုံး မခွင်းမချန် အားဖြည့်မှုကို ပြုလုပ်ပြီးဖြစ်သည်။ ဤချိန်မှစ၍နောင်တွင်၊ ဘုရားသခင့် အမှု၏ စတုတ္ထအဆင့်ကို လုပ်ဆောင်ရန် နောက်ထပ် လူ့ဇာတိခံ ဘုရားသခင်ရှိလိမ့်မည် မဟုတ်သကဲ့သို့၊ ဘုရားသခင်၏ တတိယ လူ့ဇာတိခံယူခြင်းနှင့်ဆိုင်သည့် မည်သည့်

အံ့ဖွယ်ရာအမှုမျှလည်း လုံးဝ ရှိလိမ့်မည် မဟုတ်ပေ။

လူ့ဇာတိခံ ဘုရားသခင်၏ အမှုအဆင့် အသီးသီးသည် ခေတ်တစ်ခုလုံးနှင့်ဆိုင်သည့် သူ၏ အမှုကို ကိုယ်စားပြုပြီး၊ လူသား၏ အလုပ်ကဲ့သို့ ကာလတစ်ခုခုကို ကိုယ်စားမပြုပေ။ ထို့ကြောင့် လူ့ဇာတိ၌ သူ၏ အမှုသည် ခေတ်တစ်ခုလုံးကို ကိုယ်စားပြုပြီး၊ လူ့ဇာတိ၌ သူ၏ အမှုကို သူ လုပ်ဆောင်သည့် ကာလကိုသာ ကိုယ်စားမပြုသည့်အတွက်၊ ဘုရားသခင်၏ နောက်ဆုံး လူ့ဇာတိခံယူခြင်းအမှု၏ အဆုံးသတ်သည် သူ့အမှုက လုံးဝအဆုံးသတ်သို့ ရောက်ရှိပြီးဖြစ်သည်ဟု မဆိုလိုပေ။ ယင်းမှာ ဘုရားသခင်သည် လူ့ဇာတိ၌ ရှိနေသည့် အချိန်အတောအတွင်းတွင် ခေတ်တစ်ခေတ်လုံးနှင့်ဆိုင်သည့် သူ၏အမှုကို ပြီးစီးခြင်းသာ ဖြစ်ပေသည်၊ ယင်းနောက်တွင် ထိုအမှုသည် နေရာအားလုံးသို့ ပျံ့နှံ့ သွားသည်။ လူ့ဇာတိခံ ဘုရားသခင်သည် သူ၏အမှုတော်ကို ဖြည့်ဆည်းသည့်နောက်တွင်၊ သူ၏ အနာဂတ် အမှုကို သူ့နောက်လိုက်သည့်သူများထံသို့ အပ်နှံလိမ့်မည် ဖြစ်သည်။ ဤနည်းဖြင့် ခေတ်တစ်ခေတ်လုံးနှင့်ဆိုင်သည့် သူ၏အမှုကို ပျက်စီးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်လိမ့်မည်။ လူ့ဇာတိခံယူခြင်း၏ ခေတ်တစ်ခေတ်လုံးနှင့်ဆိုင်သည့် အမှုသည် စကြဝဠာတစ်ခွင်လုံးသို့ ပျံ့နှံ့ပြီးသည်နှင့်တစ်ပြိုင်နက်မှသာ ပြီးစီးပြီဟု မှတ်ယူခံရပေမည်။ လူ့ဇာတိခံ ဘုရားသခင်၏အမှုသည် ခေတ်သစ်တစ်ခေတ်ကို အစပြုပြီး၊ သူ၏အမှုကို ဆက်လက် လုပ်ဆောင်သူများသည် သူ၏အသုံးပြုခြင်းကို ခံရသောသူများဖြစ်သည်။ လူသားလုပ်ဆောင်သော အလုပ်အားလုံးသည် လူ့ဇာတိ၌ရှိသည့် ဘုရားသခင်၏ အမှုတော်အတွင်းတွင် ရှိပြီး၊ ဤနယ်ပယ်ကို လွန်၍ သွားနိုင်စွမ်း မရှိပေ။ အကယ်၍ လူ့ဇာတိခံ ဘုရားသခင်သည် သူ၏အမှုကို လုပ်ဆောင်ရန် မကြွလာခဲ့ပါက၊ လူသားသည် ခေတ်ဟောင်းကို အဆုံးသတ်သို့ ဆောင်ကြဉ်းနိုင်မည် မဟုတ်သကဲ့သို့၊ ခေတ်သစ်ကို ဖွင့်လှစ်ပေးနိုင်မည် မဟုတ်ပေ။ လူသားလုပ်ဆောင်သော အလုပ်သည် လူ့အနေဖြင့် လုပ်ဖို့ ဖြစ်နိုင်သည့် သူ့တာဝန်၏ အတိုင်းအတာအတွင်းမျှသာ ရှိပြီး၊ ဘုရားသခင်၏အမှုကို ကိုယ်စားမပြုပေ။ လူ့ဇာတိခံ ဘုရားသခင်သာ ကြွလာ သူလုပ်သင့်သောအမှုကို ပြီးစီးနိုင်ပြီး၊ သူ့အပြင် သူ့ကိုယ်စား မည်သူမျှ ဤအမှုကို မလုပ်ဆောင်နိုင်ပေ။ ဟုတ်ပေ၏၊ ငါပြောသော အရာသည် လူ့ဇာတိခံယူခြင်း အမှုနှင့် စပ်လျဉ်း၍ ဖြစ်သည်။ ဤလူ့ဇာတိခံ ဘုရားသခင်သည် ပထမဦးစွာ လူသား၏ အယူအဆများနှင့် မကိုက်ညီသည့် အမှု၏ အဆင့်တစ်ခုကို လုပ်ဆောင်သည်၊ ယင်းနောက်တွင် လူသား၏ အယူအဆများနှင့် မကိုက်ညီသည့် နောက်ထပ် အမှုကို လုပ်ဆောင်လေသည်။ အမှု၏ ရည်မှန်းချက်မှာ လူသားကို သိမ်းပိုက်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်၊

ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် လူသား၏အယူအဆများနှင့် မကိုက်ညီပေ၊ ထို့အပြင် သူသည် လူသား၏ အယူအဆများနှင့် မကိုက်ညီသည့် ပို၍များသောအမှုကို လုပ်ဆောင်ပြီး၊ ထို့ကြောင့် လူသားသည် ဘုရားသခင်နှင့်ပတ်သက်သည့် ပို၍ပင် ဆန်းစစ်ဝေဖန်သည့် အမြင်များ ထွက်ပေါ်ကြလေသည်။ ဘုရားသခင်သည် သူနှင့်ပတ်သက်သော အယူအဆများ အသင်္ချေရှိသည့် လူသားအလယ်တွင် သိမ်းပိုက်ခြင်းအမှုကို လုပ်ဆောင်ခြင်းသာ ဖြစ်သည်။ ၎င်းတို့က သူ့ကို မည်သို့ ဆက်ဆံသည်ဖြစ်စေ၊ သူ၏အမှုတော်ကို သူ ပြီးစီးသည်နှင့်တစ်ပြိုင်နက်၊ လူအားလုံးသည် သူ၏ အုပ်စိုးမှုကို ခံလာရကြပြီး ဖြစ်လိမ့်မည်။ ဤအမှု၏ အမှန်တရားသည် တရုတ်လူမျိုးများအလယ်တွင် ထင်ဟပ်သည်သာမက၊ လူသားမျိုးနွယ်တစ်ရပ်လုံး မည်သို့ သိမ်းပိုက်ခြင်းခံရမည်ကိုလည်း ကိုယ်စားပြုပေသည်။ ဤလူတို့အပေါ် စွမ်းဆောင်ရရှိသော အကျိုးတရားများသည် လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် စွမ်းဆောင်ရရှိမည့် အကျိုးတရားများ၏ ရှေ့ပြေးနိမိတ်တစ်ခု ဖြစ်ပြီး၊ အနာဂတ်တွင် သူပြုသည့်အမှု၏ အကျိုးတရားများသည် ဤလူတို့အပေါ်က အကျိုးတရားများထက် တိုး၍ပင် သာလွန် များပြားလိမ့်မည်။ လူ့ဇာတိ၌ ဘုရားသခင်၏အမှုသည် ကြီးစွာသော ခမ်းကြီးနားကြီးဖြစ်မှု မပါဝင်သကဲ့သို့ မထင်ပေါ်ခြင်းဖြင့် ဖုံးလွှမ်းထားသည်လည်း မဟုတ်ပေ။ ယင်းသည် စစ်မှန်ပြီး တကယ်ဖြစ်ကာ တစ်နှင့်တစ်ပေါင်းလျှင် နှစ်ဖြစ်သည့် အမှု ဖြစ်သည်။ ယင်းသည် မည်သူ့ထံမျှ ကွယ်ဝှက်မထားသကဲ့သို့၊ မည်သူ့ကိုမျှလည်း လှည့်စားမထားပေ။ လူတို့တွေ့မြင်သည့်အရာသည် အမှန်တကယ် ဖြစ်ကာ စစ်မှန်သည့် အရာများဖြစ်ပြီး၊ လူသား ရရှိသောအရာမှာ စစ်မှန်သော သမ္မာတရားနှင့် အသိပညာ ဖြစ်သည်။ အလုပ်ပြီးဆုံးချိန်တွင်၊ လူသားသည် ဘုရားသခင်နှင့် ပတ်သက်သော အသိပညာအသစ် တစ်ခုကို ရရှိမည်ဖြစ်ပြီး၊ အမှန်တကယ် လိုက်စားသော သူတို့သည် ဘုရားသခင်နှင့် ပတ်သက်သည့် မည်သည့်အယူအဆချက်များမျှ ရှိတော့မည် မဟုတ်ပေ။ လူသားမျိုးနွယ်တစ်ရပ်လုံးကို သိမ်းပိုက်ခြင်းအမှုအဖို့ ဤလူ့ဇာတိ၊ ဤလူ့ဇာတိ၏အမှုနှင့် ဤလူ့ဇာတိ၏ အရာရာတိုင်းထက် သာ၍ အကျိုးပြုသည့်အရာ မရှိသည့်အတွက်၊ ဤသည်မှာ တရုတ်လူမျိုးတို့အပေါ် သူ့အမှု၏ အကျိုးတရားမျှသာ မဟုတ်ဘဲ၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို သိမ်းပိုက်ခြင်း၌ သူ့အမှု၏ အကျိုးတရားကိုလည်း ကိုယ်စားပြုပေသည်။ ယင်းတို့သည် ယနေ့ ဘုရားသခင်၏အမှုအဖို့ အကျိုးရှိသကဲ့သို့ အနာဂတ်ရှိ သူ၏အမှုအဖို့ အကျိုးပြုပေသည်။ ဤလူ့ဇာတိသည် လူသားမျိုးနွယ်တစ်ရပ်လုံးကို သိမ်းပိုက်လိမ့်မည် ဖြစ်ပြီး၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို ရယူလိမ့်မည်။ လူသားမျိုးနွယ်တစ်ရပ်လုံးက ယင်းမှတစ်ဆင့် ဘုရားသခင်ကို ရှုမြင်ရန်၊ နာခံရန်နှင့် သိရှိရန် သာ၍ ကောင်းသော အမှု မရှိပေ။ လူသား လုပ်ဆောင်သော အမှုသည်

ကန့်သတ်နယ်ပယ်တစ်ခုကိုသာ ကိုယ်စားပြုပြီး၊ ဘုရားသခင်က သူ၏အမှုကို လုပ်ဆောင်ချိန်တွင် သူသည် လူတစ်ဦးတစ်ယောက်ကို စကားမပြောဘဲ၊ လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် သူ၏ နှုတ်ကပတ်တော်များကို လက်ခံသောသူအားလုံးအား စကားပြောလေသည်။ သူ ကြေညာသော အဆုံးသည် လူသားမျိုးနွယ်အားလုံး၏ အဆုံးသတ်ဖြစ်သည်၊ လူသား တစ်ဦးတစ်ယောက်၏ အဆုံးသတ်သာ မဟုတ်ပေ။ ဘုရားသခင်သည် မည်သူ့ကိုမျှ အထူးဆက်ဆံခြင်းမပြုသကဲ့သို့ မည်သူကိုမျှ မတရား မဖိနှိပ်ပေ၊ ပြီးလျှင် သူသည် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် အမှုပြုပြီး စကားပြောဆိုလေသည်။ သို့ဖြစ်၍ ဤလူ့ဇာတိခံ ဘုရားသခင်သည် လူသားမျိုးနွယ်တစ်ရပ်လုံးကို အမျိုးအစားအလိုက် ခွဲခြားနှင့်ပြီး ဖြစ်သကဲ့သို့၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို တရားစီရင်နှင့်ပြီးဖြစ်ကာ၊ လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် သင့်လျော်သော ပန်းတိုင်တစ်ခုကို စီစဉ်ပေးပြီး ဖြစ်သည်။ ဘုရားသခင်သည် သူ၏အမှုကို တရုတ်နိုင်ငံတွင်သာ လုပ်ဆောင်လင့်ကစား၊ အမှန်တွင် သူသည် စကြဝဠာတစ်ခွင်လုံး၏အမှုကို ဖြေရှင်းနှင့်ပြီးဖြစ်သည်။ ဘုရားသခင်သည် သူ၏ မိန့်မြွက်ချက်များနှင့် အစီအစဉ်များကို တစ်ဆင့်ချင်းစီ မပြုမီ လူသားမျိုးနွယ်တစ်ရပ်လုံးအလယ် သူ၏အမှုပျံ့နှံ့သည်အထိ မစောင့်ဆိုင်းနိုင်ပေ။ ယင်းသည် အလွန်နောက်ကျမည် မဟုတ်လော။ ယခုတွင် သူသည် အနာဂတ်အမှုကို အပြည့်အဝ ကြိုတင်ပြီးစီးနိုင်သည်။ အမှုပြုနေသူသည် လူ့ဇာတိ၌ ဘုရားသခင် ဖြစ်သောကြောင့်၊ သူသည် အကန့်အသတ်ရှိသော နယ်ပယ် တစ်ခုအတွင်းတွင် အကန့်အသတ်မဲ့သော အမှုကို လုပ်ဆောင်နေပြီး၊ ထို့နောက်တွင် လူသားက လုပ်ဆောင်သင့်သောတာဝန်ကို လူသားအား သူ ဆောင်ရွက်စေမည် ဖြစ်သည်။ ဤသည်မှာ သူ့အမှု၏ အခြေခံသဘောတရား ဖြစ်သည်။ သူသည် လူသားနှင့် အချိန်တစ်ခုကြာသာ အသက်ရှင်နိုင်ပြီး၊ ခေတ်တစ်ခုလုံး၏အမှု အဆုံးသတ်သည်အထိ လူသားကို အဖော်မပြုနိုင်ပေ။ သူသည် သူ၏အနာဂတ်အမှုကို ကြိုတင်၍ ဟောကိန်းထုတ်သည်မှာ သူသည် ဘုရားသခင်ဖြစ်သောကြောင့် ဖြစ်သည်။ ထို့နောက်တွင်၊ သူသည် လူသားမျိုးနွယ်တစ်ရပ်လုံးကို သူ၏နှုတ်ကပတ်တော်များဖြင့် အမျိုးအစားအလိုက် ခွဲခြားမည်ဖြစ်ပြီး၊ လူသားမျိုးနွယ်သည် သူ၏ နှုတ်ကပတ်တော်များနှင့်အညီ သူ၏ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်သည့် အမှုထဲသို့ ဝင်ရောက်ကြလိမ့်မည်။ မည်သူမျှ လွတ်မြောက်မည် မဟုတ်သကဲ့သို့၊ အားလုံးသည် ဤအရာနှင့်အညီ လက်တွေ့လုပ်ဆောင်ကြလိမ့်မည်။ ထို့ကြောင့် အနာဂတ်တွင် ခေတ်ကို ဘုရားသခင်၏ နှုတ်ကပတ်တော်များက လမ်းပြလိမ့်မည်ဖြစ်ပြီး၊ ဝိညာဉ်တော်က လမ်းပြလိမ့်မည် မဟုတ်ပေ။

လူ့ဇာတိ၌ ဘုရားသခင်၏အမှုကို လူ့ဇာတိ၌ လုပ်ဆောင်ရမည်။ အကယ်၍ ယင်းကို ဘုရားသခင်၏ဝိညာဉ်တော်မှ တိုက်ရိုက် လုပ်ဆောင်ခဲ့ပါက၊ မည်သည့် အကျိုးတရားများမျှ ဖြစ်ထွန်းမည်မဟုတ်။ အကယ်၍ ယင်းကို ဝိညာဉ်တော်မှ လုပ်ဆောင်ခဲ့မည်ဆိုလျှင်ပင်၊ အမှုသည် ကြီးမားသည့် အရေးပါမှု ရှိမည်မဟုတ်သကဲ့သို့၊ နောက်ဆုံးတွင် ဆွဲဆောင်မှုရှိမည်မဟုတ်ပေ။ ဖန်ဆင်းရှင်၏ အမှုသည် အရေးပါမှု ရှိမရှိဆိုသည်နှင့် ယင်းက မည်သည့်အရာကိုယ်စားပြုသည်၊ မည်သည့်အရာအတွက် ယင်းကို လုပ်ဆောင်သည်၊ ဘုရားသခင်၏ အမှုသည် သြဇာအာဏာ၊ ဉာဏ်ပညာတို့နှင့် ပြည့်ဝခြင်း ရှိမရှိဆိုသည်နှင့်၊ ယင်းသည် အဆုံးစွန် တန်ဖိုးနှင့် အရေးပါမှု ရှိမရှိ ဆိုသည်တို့ကို ဖန်ဆင်းခံအားလုံးက သိရှိဖို့ ဆန္ဒရှိကြသည်။ သူပြုသော အမှုသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ကယ်တင်ခြင်းအတွက်၊ စာတန်ကို အနိုင်ယူခြင်းအတွက်နှင့် အရာခပ်သိမ်းအလယ်တွင် သူကိုယ်တိုင်အဖို့ သက်သေခံခြင်းအတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။ ထိုသို့ဖြင့်၊ သူပြုသောအမှုသည် ကြီးစွာသော အရေးပါမှု ရှိရပေမည်။ လူသား၏ ဇာတိပကတိကို စာတန်က ဖောက်ပြန်ပျက်စီးစေပြီးဖြစ်သကဲ့သို့၊ ယင်းသည် အဆုံးစွန် အလွန်အမင်း မျက်စိကန်းစေပြီးဖြစ်ကာ အကြီးအကျယ် ထိခိုက်နစ်နာစေပြီးဖြစ်သည်။ ဘုရားသခင်သည် လူ့ဇာတိ၌ ကိုယ်တိုင်ကိုယ်ကျ အမှုပြုရသည့် အခြေခံအကျဆုံး အကြောင်းရင်းမှာ သူ၏ကယ်တင်ခြင်း၏ ရည်မှန်းချက်သည် ဇာတိခန္ဓာရှိသော လူသားဖြစ်သောကြောင့်ဖြစ်ပြီး၊ စာတန်သည်လည်း ဘုရားသခင်၏ အမှုကို နှောင့်ယှက်ဖို့ လူသား၏ ဇာတိခန္ဓာကို အသုံးပြုသောကြောင့် ဖြစ်သည်။ စာတန်နှင့် တိုက်ပွဲသည် အမှန်တကယ်တွင် လူသားကို သိမ်းပိုက်ခြင်း အမှုဖြစ်ပြီး၊ တစ်ချိန်တည်းတွင် လူသားသည် ဘုရားသခင်၏ ကယ်တင်ခြင်း၏ ရည်မှန်းချက်လည်း ဖြစ်ပေသည်။ ဤနည်းဖြင့် လူ့ဇာတိခံ ဘုရားသခင်၏ အမှုသည် မုချ လိုအပ်ပေသည်။ စာတန်သည် လူသား၏ဇာတိခန္ဓာကို ဖောက်ပြန်ပျက်စီးစေခဲ့ပြီး၊ လူသားသည် စာတန်၏ ပြယုဂ်တစ်ခု ဖြစ်လာကာ၊ ဘုရားသခင်က အနိုင်ယူရမည့် အရာတစ်ခု ဖြစ်လာသည်။ ဤနည်းဖြင့်၊ စာတန်နှင့် တိုက်ပွဲဝင်ခြင်းနှင့် လူသားမျိုးနွယ်ကို ကယ်တင်ခြင်း အမှုသည် ကမ္ဘာမြေပေါ်တွင် ဖြစ်ပွားကာ ဘုရားသခင်သည် စာတန်နှင့် တိုက်ပွဲဝင်ရန် လူသား ဖြစ်လာရမည်ဖြစ်သည်။ ဤသည်မှာ အဆုံးစွန် လက်တွေ့ကျခြင်း အမှု ဖြစ်သည်။ ဘုရားသခင်သည် လူ့ဇာတိ၌ အမှုပြုနေချိန်တွင်၊ သူသည် လူ့ဇာတိ၌ စာတန်နှင့် အမှန်တကယ် တိုက်ပွဲဝင်နေခြင်း ဖြစ်သည်။ လူ့ဇာတိ၌ သူ အမှုပြုချိန်တွင်၊ သူသည် ဝိညာဉ်လောက၌ သူ၏အမှုကို လုပ်ဆောင်နေပြီး၊ ဝိညာဉ်လောကရှိ သူ၏အမှုတစ်ခုလုံးကို ကမ္ဘာမြေပေါ်တွင် အမှန်ဖြစ်စေသည်။ သိမ်းပိုက်ခြင်းခံရသောသူသည် လူသား၊ သူ့ကိုမနာခံသော လူသားဖြစ်ပြီး၊

အနိုင်ယူခြင်းခံရသူသည် သူနှင့် ရန်ဘက်ဖြစ်သော စာတန်၏ပြယုဂ် (ဟုတ်ပေ၏၊ ဤသည်မှာလည်း လူသားဖြစ်၏) ဖြစ်ကာ၊ နောက်ဆုံးတွင် ကယ်တင်ခံရသည့်သူမှာလည်း လူသားဖြစ်ပေသည်။ ဤနည်းဖြင့် ဘုရားသခင်သည် စာတန်နှင့် တကယ့်တိုက်ပွဲကို တိုက်နိုင်ဖို့၊ သူ့ကို မနာခံသကဲ့သို့ သူကဲ့သို့ အပြင်ပန်းအကာကို ပိုင်ဆိုင်ထားသော လူသားအား သိမ်းပိုက်ဖို့နှင့် သူ့ကဲ့သို့ အပြင်ပန်းအကာရှိပြီး စာတန်၏ အန္တရာယ်ပြုမှုကို ခံရပြီးဖြစ်သည့် လူသားကို ကယ်တင်နိုင်ရန်အလို့ငှာ၊ ဖန်ဆင်းခြင်း၏ အပြင်ပန်းအကာရှိသည့် လူသားတစ်ဦး ဖြစ်လာရန် ဘုရားသခင်အတွက် သာ၍ပင် လိုအပ်လေသည်။ သူ၏ရန်သူမှာ လူသားဖြစ်သည်၊ သူ၏ သိမ်းပိုက်ခြင်းခံရမည့်အရာမှာ လူသားဖြစ်ပြီး၊ သူ၏ကယ်တင်ခြင်းကို ခံရမည့်အရာမှာ သူဖန်ဆင်းခဲ့သော လူသားဖြစ်သည်။ ထို့ကြောင့် သူသည် လူသားဖြစ်လာရမည် ဖြစ်ပြီး ဤနည်းဖြင့် သူ၏အမှုသည် များစွာသာ၍ လွယ်ကူလာသည်။ သူသည် စာတန်ကို အနိုင်ယူနိုင်ပြီး၊ လူသားမျိုးနွယ်ကို သိမ်းပိုက်နိုင်သည်၊ ထို့အပြင် လူသားမျိုးနွယ်ကို ကယ်တင်လည်း ကယ်တင်နိုင်သည်။ ဤလူ့ဇာတိသည် ပုံမှန်ဖြစ်ပြီး စစ်မှန်သော်လည်း၊ သူသည် အများနှင့်တူသော လူ့ဇာတိမဟုတ်ပေ။ သူသည် လူသားသာ ဖြစ်သည့် လူ့ဇာတိ မဟုတ်ဘဲ၊ လူသားနှင့် ဘုရား နှစ်ခုလုံးဖြစ်သည့် လူ့ဇာတိဖြစ်သည်။ ဤသည်မှာ သူနှင့် လူသားကြားက ကွာခြားချက်ဖြစ်ပြီး၊ ဘုရားသခင်၏ ပင်ကိုလက္ခဏာနှင့် ဆိုင်သည့် အမှတ်အသား ဖြစ်သည်။ ဤသို့သော လူ့ဇာတိသာ သူလုပ်ဆောင်ရန် ရည်ရွယ်သည့်အမှုကို လုပ်ဆောင်နိုင်ပြီး၊ လူ့ဇာတိ၌ ဘုရားသခင်၏ အမှုတော်ကို ဖြည့်ဆည်းနိုင်ကာ၊ လူသားအလယ် သူ၏အမှုကို အပြည့်အဝ ပြီးစီးစေနိုင်သည်။ အကယ်၍ ထိုသို့မဟုတ်ပါက၊ လူသားအလယ် သူ၏အမှုသည် အမြဲ အနှစ်မဲ့ပြီး အပြစ်အနာအဆာရှိမည် ဖြစ်သည်။ ဘုရားသခင်သည် စာတန်၏ဝိညာဉ်နှင့် တိုက်ပွဲဆင်နွှဲနိုင်ပြီး အောင်နိုင်မှုလျက် ပေါ်ထွက်နိုင်သော်လည်း၊ ဖောက်ပြန်ပျက်စီးသော လူသား၏ ဇာတိဟောင်းကို မည်သည့်အခါမျှ ဖြေရှင်း၍ မရနိုင်ပေ၊ ပြီးလျှင် ဘုရားသခင်ကို မနာခံသကဲ့သို့ သူ့ကို ဆန့်ကျင်သောသူများသည် ဘယ်သောအခါမျှ သူ၏ အုပ်စိုးခြင်းခံရသည့်သူများ အမှန်တကယ် ဖြစ်မလာနိုင်ပေ၊ ဆိုလိုသည်မှာ သူသည် လူသားမျိုးနွယ်ကို မည်သည့်အခါမျှ မသိမ်းပိုက်နိုင်သကဲ့သို့ လူသားမျိုးနွယ်တစ်ရပ်လုံးကို မည်သည့်အခါမျှ မရယူနိုင်ပေ။ အကယ်၍ ကမ္ဘာမြေပေါ် ရှိ သူ၏အမှုကို ဖြေရှင်း၍မရနိုင်ပါက၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် မည်သည့်အခါမျှ အဆုံးသတ်နိုင်မည် မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ်တစ်ရပ်လုံးသည် ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဝင်ရောက်နိုင်လိမ့်မည် မဟုတ်ပေ။ အကယ်၍ ဘုရားသခင်သည် သူ၏ဖန်ဆင်းခံအားလုံးနှင့်အတူ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ မဝင်ရောက်နိုင်ပါက၊ ထိုသို့သော

စီမံခန့်ခွဲခြင်း အမှုအဖို့ ရလဒ်တစ်ခု မည်သည့်အခါတွင်မျှ ရှိမည်မဟုတ်သကဲ့သို့ သို့ဖြစ်၍ ဘုရားသခင်၏ ဘုန်းအသရေသည် ပျောက်ကွယ်သွားပေလိမ့်မည်။ သူ၏လူ့ဇာတိသည် ဩဇာအာဏာ မရှိသော်လည်း၊ သူလုပ်ဆောင်သောအမှုသည် ယင်း၏ အကျိုးတရားများ ရရှိပြီးဖြစ်လိမ့်မည်။ ဤသည်မှာ ရှောင်လွှဲမရနိုင်သော သူ့အမှု၏ ဦးတည်ရာ ဖြစ်သည်။ သူ၏ လူ့ဇာတိက ဩဇာအာဏာ ပိုင်ဆိုင်သည်ဖြစ်စေ၊ မပိုင်ဆိုင်သည်ဖြစ်စေ၊ ဘုရားသခင် ကိုယ်တော်တိုင်၏ အမှုကို သူလုပ်ဆောင်နိုင်စွမ်း ရှိသရွေ့ သူသည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည်။ ဤလူ့ဇာတိသည် မည်မျှ ပုံမှန်ဖြစ်ပြီး သာမန်ဖြစ်ပါစေ၊ ဤလူ့ဇာတိသည် ဘုရားသခင် ဖြစ်ပြီး လူသားတစ်ဦးသာ မဟုတ်သည့်အတွက်၊ သူသည် သူ လုပ်ဆောင်သင့်သောအမှုကို လုပ်ဆောင်နိုင်လေသည်။ ဤလူ့ဇာတိက လူမလုပ်နိုင်သည့် အမှုကို လုပ်ဆောင်နိုင်သည့်အကြောင်းရင်းမှာ သူ၏အတွင်းပိုင်း အနှစ်သာရသည် မည်သည့်လူသားနှင့်မျှ မတူသောကြောင့် ဖြစ်ပြီး၊ လူသားကို သူကယ်တင်နိုင်သည့် အကြောင်းရင်းမှာ သူ၏ ပင်ကိုလက္ခဏာသည် မည်သည့် လူသားမဆို၏ ပင်ကိုလက္ခဏာနှင့် မတူကွဲပြားသောကြောင့် ဖြစ်သည်။ သူသည် လူသားဖြစ်ပြီး၊ ထို့ထက်ပို၍ သူသည် ဘုရားသခင် ဖြစ်သောကြောင့်၊ ပြီးလျှင် သူသည် မည်သည့် ဇာတိပကတိရှိသည့် မည်သည့်သာမန်လူကမျှ မလုပ်ဆောင်နိုင်သည့် အမှုကို သူ လုပ်ဆောင်နိုင်သောကြောင့်၊ ပြီးလျှင် ကမ္ဘာမြေပေါ်တွင် သူနှင့်အတူ အသက်ရှင်သည့် ဖောက်ပြန်ပျက်စီးသော လူသားကို သူ ကယ်တင်နိုင်သောကြောင့်၊ ဤလူ့ဇာတိသည် လူသားမျိုးနွယ်အတွက် အလွန်အရေးကြီးလေသည်။ သူသည် လူသားနှင့် တထေရာတည်း ဖြစ်သော်လည်း၊ ဘုရားသခင်၏ဝိညာဉ်တော် မလုပ်ဆောင်နိုင်သော အမှုကို သူလုပ်ဆောင်နိုင်သည့်အတွက်၊ ဘုရားသခင်ကိုယ်တော်တိုင်ကို ဘုရားသခင်၏ ဝိညာဉ်တော်ထက် ပို၍သက်သေခံနိုင်သကဲ့သို့ ဘုရားသခင်၏ဝိညာဉ်တော်ထက် လူသားမျိုးနွယ်ကို အပြည့်အဝ ရယူနိုင်သည့်အတွက်၊ လူ့ဇာတိခံ ဘုရားသခင်သည် တန်ဖိုးရှိသည့် မည်သည့် လူသားထက်မဆို လူသားမျိုးနွယ်အဖို့ သာ၍အရေးကြီးသည်။ အကျိုးဆက်အနေဖြင့် ဤလူ့ဇာတိသည် ပုံမှန်ဖြစ်ပြီး သာမန် ဖြစ်သော်လည်း၊ လူသားမျိုးနွယ်အဖို့ သူ၏ပံ့ပိုးမှုနှင့် လူသားမျိုးနွယ်၏ တည်ရှိခြင်းအဖို့ သူ၏အရေးပါမှုသည် သူ့ကို အလွန် တန်ဖိုးရှိစေပြီး၊ ဤလူ့ဇာတိ၏ စစ်မှန်သောတန်ဖိုးနှင့် အရေးပါမှုကို မည်သည့် လူသားကမျှ တိုင်းတာ၍မရနိုင်ပေ။ ဤလူ့ဇာတိသည် စာတန်ကို တိုက်ရိုက် မဖျက်ဆီးနိုင်သော်လည်း၊ သူသည် လူသားကို သိမ်းပိုက်ရန်နှင့် စာတန်ကို ချေမှုန်းရန်၊ ပြီးလျှင် သူ့အုပ်စိုးမှုကို စာတန်အား အပြည့်အဝ ကျိုးနွံနာခံစေရန် သူ၏အမှုကို အသုံးပြုနိုင်လေသည်။ ဘုရားသခင်က စာတန်ကို အနိုင်ယူကာ လူသားမျိုးနွယ်ကို

ကယ်တင်နိုင်သည်မှာ လူ့ဇာတိခံယူသောကြောင့် ဖြစ်သည်။ သူသည် စာတန်ကို တိုက်ရိုက် မဖျက်ဆီးဘဲ၊ ယင်းအစား စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည့် လူသားမျိုးနွယ်ကို သိမ်းပိုက်ဖို့ အမှုပြုရန် လူ့ဇာတိခံယူလေသည်။ ဤနည်းဖြင့် သူသည် ဖန်ဆင်းခံများအလယ်တွင် မိမိကိုယ်ကိုယ် သာ၍ကောင်းစွာ သက်သေခံနိုင်ပြီး ဖောက်ပြန်ပျက်စီးနေသော လူသားကို သာ၍ ကယ်တင်နိုင်လေသည်။ လူ့ဇာတိခံ ဘုရားသခင်၏ စာတန်ကို အနိုင်ယူခြင်းသည် ဘုရားသခင်၏ ဝိညာဉ်တော်က စာတန်ကို တိုက်ရိုက် ဖျက်ဆီးသည်ထက် သာ၍ ကြီးမားသော သက်သေကိုခံပြီး၊ သာ၍ ဆွဲဆောင်မှုရှိသည်။ လူ့ဇာတိ၌ ဘုရားသခင်သည် လူသားအား ဖန်ဆင်းရှင်ကို သိရှိစေဖို့ သာ၍ကောင်းစွာ ကူညီနိုင်သကဲ့သို့၊ သူ၏ဖန်ဆင်းခံများအလယ်တွင် မိမိကိုယ်ကိုယ်အဖို့ သာ၍ကောင်းစွာ သက်သေခံနိုင်လေသည်။

## ဘုရားသခင် ကိန်းဝပ်သော ဇာတိပကတိ၏ အနှစ်သာရ

ပထမဦးဆုံးသော လူ့ဇာတိခံယူသည့် အခါ၌ ဘုရားသခင်သည် ကမ္ဘာပေါ်တွင် နှစ်ပေါင်းသုံးဆယ့်သုံးနှစ်ခွဲ နေထိုင်သွားခဲ့ပြီး၊ သူသည် သူ၏အမှုတော်ကို ထိုနှစ်များထဲမှ သုံးနှစ်ခွဲသာ ထမ်းဆောင်သွားခဲ့သည်။ သူ အမှုတော်ကို ဆောင်ရွက်ခဲ့သော အချိန်အတောအတွင်းနှင့် သူ၏အလုပ်ကို အစမပြုရသေးခင်အချိန် ထိုနှစ်ချိန်လုံးတွင် သူသည် သာမန် လူ့သဘာဝကို ပိုင်ဆိုင်ထားခဲ့သည်။ သူသည် သူ၏ သာမန် လူ့သဘာဝတွင် နှစ်ပေါင်းသုံးဆယ့်သုံးနှစ်ခွဲ နေထိုင်သွားခဲ့သည်။ နောက်ဆုံးသုံးနှစ်ခွဲတစ်လျှောက်တွင် သူသည် သူ့ကိုယ်သူ လူ့ဇာတိခံ ဘုရားသခင်အဖြစ် ဖော်ပြခဲ့သည်။ သူ၏အမှုတော်ကို စတင်၍ မထမ်းဆောင်ခင်တွင် သူသည် သူ၏ဘုရားသဘောသဘာဝ ဘာမျှမပြခဲ့ဘဲ၊ ပုံမှန်ဖြစ်သော သာမန်လူ့သဘာဝနှင့်သာ ပေါ်လာခဲ့ပြီး၊ သူ၏အမှုတော်ကို တရားဝင် စတင်ထမ်းဆောင်သည့် နောက်ပိုင်းမှသာ သူ၏ဘုရားသဘောသဘာဝမှာ ထင်ရှားလာခြင်းဖြစ်သည်။ ထိုပထမနှစ်ပေါင်း နှစ်ဆယ့်ကိုးနှစ်အတွင်း သူ၏အသက်တာနှင့် အလုပ်အားလုံးမှာ သူသည် စစ်မှန်သည့်လူ၊ လူသားနှင့် လူ့ဇာတိခန္ဓာ ရှိကြောင်း ဖော်ပြခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် သူ့အသက် နှစ်ဆယ့်ကိုးနှစ် နောက်ပိုင်းမှသာ သူ၏အမှုတော်သည် အလွန်လေးနက်စွာ စတင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ "လူ့ဇာတိခံယူခြင်း" သည် ဘုရားသခင် လူ့ဇာတိတွင် ပေါ်ထွန်းခြင်း ဖြစ်သည်၊ သူ၏ ဖန်ဆင်းခံ လူသားမျိုးနွယ်အကြားတွင် လူ့ဇာတိပုံသဏ္ဌာန်ဖြင့် အလုပ်လုပ်၏။ ထို့ကြောင့် ဘုရားသခင်အဖို့ လူ့ဇာတိခံယူရန်မှာ ရှေးဦးစွာ သူသည်

ဇာတိပကတိ ဖြစ်လာရမည်၊ သာမန်လူ့သဘာဝနှင့် ဇာတိပကတိ ဖြစ်လာရမည်၊ ဤအရာမှာ အခြေခံအကျဆုံးသော မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ အမှန်တွင် ဘုရားသခင် လူ့ဇာတိခံယူခြင်း၏ သွယ်ဝိုက်သော အနက်အဓိပ္ပာယ်မှာ ဘုရားသခင်သည် လူ့ဇာတိထဲတွင် အသက်ရှင်၍ အလုပ်လုပ်ခြင်း၊ ဘုရားသခင်သည် သူ၏ အနှစ်သာရ၌ လူ့ဇာတိခံယူခြင်း၊ လူသားတစ်ယောက် ဖြစ်လာခြင်းပင်ဖြစ်သည်။ သူ၏ လူ့ဇာတိခံအသက်တာနှင့် အလုပ်ကို အဆင့်နှစ်ဆင့် ခွဲခြား၍ရသည်။ ပထမအဆင့်မှာ သူ၏ အမှုတော်ကို မထမ်းဆောင်ခင် နေထိုင်ရှင်သန်ခဲ့သော အသက်တာဖြစ်သည်။ သူသည် သာမန်လူသားမိသားစု၊ လုံးဝ သာမန်လူ့သဘာဝဖြင့် လူ့ဘဝ၏ သာမန်ကိုယ်ကျင့်တရားများ၊ ပညတ်တရားများကို လိုက်နာရင်း၊ (အစားအစာ၊ အဝတ်အထည်၊ နေထိုင်စရာ၊ အိပ်ခြင်းစသည့်) သာမန်လူသား လိုအပ်ချက်များ၊ သာမန် လူ့အားနည်းချက်များနှင့် သာမန် လူ့ခံစားမှုများနှင့် နေထိုင်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဤပထမအဆင့် အတောအတွင်း သူသည် ဘုရား၏သဘောသဘာဝ မဟုတ်၊ လုံးဝ သာမန် လူ့သဘာဝ၌ သာမန်လူသား၏ လုပ်ဆောင်မှုများ အားလုံးတွင် ပါဝင်လုပ်ဆောင်ရင်း အသက်ရှင် နေထိုင်သည်။ ဒုတိယအဆင့်မှာ သူ၏ အမှုတော် စတင်ထမ်းဆောင်ပြီးနောက် အသက်ရှင် နေထိုင်သည့် အသက်တာ ဖြစ်သည်။ သူသည် သဘာဝလွန်ဖြစ်သည့် အပြင်ပန်းလက္ခဏာ ဘာမျှမပြဘဲ သာမန်လူ့ကိုယ်ထည်ဖြင့် သာမန် လူ့သဘာဝထဲတွင် ကျိန်းဝပ်နေသေးသည်။ သို့သော်လည်း သူသည် သူ၏အမှုတော်အတွက်သက်သက်သာ အသက်ရှင်ပြီး၊ ဤအချိန်အတောအတွင်း သူ၏သာမန်လူ့သဘာဝမှာ သူ၏ ဘုရားသဘောသဘာဝ၏ သာမန်အလုပ် ဆက်လက်တည်ရှိနိုင်ရန်အတွက် လုံးဝ တည်ရှိသည်၊ အဘယ်ကြောင့်ဆိုသော် ထိုအချိန်သို့ရောက်သောအခါ သူ၏ သာမန်လူ့သဘာဝသည် အမှုတော်ဆောင်နိုင်စွမ်းရှိသည့် အနေအထားအထိ ရင့်ကျက်လာပြီ ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သာမန်လူ့သဘာဝနှင့် အကြွင်းမဲ့ဘုရားသဘောသဘာဝ နှစ်မျိုးစလုံး၏ အသက်တာလည်းဖြစ်သော သူ့အသက်တာ၏ ဒုတိယအဆင့်သည် သူ၏အမှုတော်ကို သူ၏သာမန်လူ့သဘာဝနှင့် ထမ်းဆောင်ရန် ဖြစ်သည်။ သူ့အသက်တာ၏ ပထမအဆင့် အတောအတွင်းတွင် သူသည် လုံးဝ သာမန်လူ့သဘာဝထဲ နေရခြင်း၏ အကြောင်းရင်းမှာ သူ၏လူ့သဘာဝသည် ဘုရားသဘောသဘာဝ အလုပ်၏ အလုံးစုံကို ထိန်းသိမ်းနိုင်ခြင်း မရှိသေး၊ မရင့်ကျက်သေး၍ ဖြစ်သည်၊ သူ၏လူ့သဘာဝ ရင့်ကျက်လာပြီး သူ၏အမှုတော်အား ထမ်းဆောင်နိုင်စွမ်း ရှိလာသည့် နောက်ပိုင်းတွင်မှ သူထမ်းဆောင်သင့်သည့် သူ၏အမှုတော်ကို စတင်ထမ်းဆောင်နိုင်ခြင်း ဖြစ်သည်။ ဇာတိပကတိအနေနှင့် သူသည် ကြီးထွား ရင့်ကျက်ရန်

လိုအပ်သည့်အတွက် သူ့အသက်တာ၏ ပထမအဆင့်သည် သာမန်လူ့သဘာဝ အသက်တာပင်ဖြစ်ပြီး၊ ဒုတိယအဆင့်၌မူ သူ၏လူ့သဘာဝသည် သူ၏အလုပ်နှင့် အမှုတော်ကို ထမ်းဆောင်နိုင်စွမ်း ရှိသည့်အတွက် သူ၏အမှုတော်လုပ်ငန်းများ လုပ်နေသည့်အတောအတွင်း အသက်ရှင်သည့် လူ့ဇာတိခံဘုရားသခင်၏အသက်တာသည် လူ့သဘာဝနှင့် ဘုရား၏သဘောသဘာဝ လုံးလုံးလျားလျား နှစ်မျိုးလုံး ပင်ဖြစ်သည်။ အကယ်၍ လူ့ဇာတိခံ ဘုရားသခင်သည် သူမွေးဖွားသည့် အချိန်မှစ၍ သဘာဝလွန် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကိုပြပြီး သူ၏အမှုတော်ကို လေးနက်စွာ စတင်ခဲ့မည်ဆိုပါက၊ သူ့တွင် ခန္ဓာဆိုင်ရာ အနှစ်သာရရှိလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် သူ၏လူ့သဘာဝသည် သူ၏ခန္ဓာဆိုင်ရာ အနှစ်သာရအတွက် တည်ရှိခြင်းဖြစ်သည်၊ လူ့သဘာဝ မရှိဘဲနှင့် လူ့ဇာတိ မရှိနိုင်၊ လူ့သဘာဝမရှိသော ပုဂ္ဂိုလ်တစ်ယောက်သည်လည်း လူသားတစ်ဦး မဟုတ်ပေ။ ဤနည်းအားဖြင့် ဘုရားသခင်၏ ဇာတိပကတိ၏ လူ့သဘာဝသည် ဘုရားသခင် ခံယူထားသော ဇာတိပကတိ၏ ပင်ကိုဂုဏ်ဒြပ်ဖြစ်သည်။ "ဘုရားသခင်သည် လူ့ဇာတိခံယူသောအခါ သူသည် အကြွင်းမဲ့ ဘုရား၏သဘောသဘာဝ ဖြစ်ပြီး၊ လူသားလုံးဝမဟုတ်" ဟု ဆိုခြင်းသည် ဘုရားသခင်ကို စော်ကားခြင်းပင်ဖြစ်သည်၊ အကြောင်းမှာ ဤထွက်ဆိုချက်မျိုး လုံးဝမရှိဘဲ၊ လူ့ဇာတိခံယူခြင်း၏ အခြေခံသဘောတရားကို ချိုးဖောက်သောကြောင့် ဖြစ်သည်။ သူ၏အမှုတော်ကို စတင်ထမ်းဆောင်သည့် နောက်ပိုင်းတွင်ပင်လျှင်၊ သူ၏အလုပ်ကို ဆောင်ရွက်ချိန်၌ သူသည် သူ၏ ဘုရားသဘောသဘာဝထဲ၌ လူသားအပြင်ပန်းကိုယ်ထည်နှင့်အတူ နေထိုင်ဆဲပင်ဖြစ်သည်၊ ထိုအချိန်၌ပင် သူ၏လူ့သဘာဝသည် သူ၏ဘုရားသဘောသဘာဝကို သာမန်ဇာတိပကတိ၌ အလုပ်လုပ်စေသည့် ရည်ရွယ်ချက် တစ်ခုတည်းအတွက်သာ ဆောင်ရွက်ပေးသည်။ ထို့ကြောင့် အလုပ်ကို ဆောင်ရွက်သူမှာ သူ၏လူ့သဘာဝထဲတွင် ကိန်းဝပ်နေသည့် ဘုရား၏သဘောသဘာဝ ဖြစ်သည်။ လုပ်ဆောင်နေသည်မှာ သူ၏ဘုရားသဘောသဘာဝဖြစ်ပြီး သူ၏လူ့သဘာဝ မဟုတ်သော်ငြားလည်း ယင်းဘုရား၏သဘောသဘာဝကို သူ၏လူ့သဘာဝထဲ သိုဝှက်ထားသည်၊ အနှစ်သာရအားဖြင့် သူ၏အလုပ်ကို သူ၏ ဘုရား၏သဘောသဘာဝ လုံးလုံးလျားလျားက လုပ်ဆောင်ခြင်းဖြစ်ပြီး သူ၏လူ့သဘာဝက လုပ်ဆောင်ခြင်း မဟုတ်ပေ။ သို့သော်လည်း အလုပ်ကို ထမ်းရွက်သည်မှာကား သူ၏ဇာတိပကတိ ဖြစ်သည်။ သူသည် လူသားတစ်ဦးဖြစ်ပြီး ဘုရားသခင်လည်းဖြစ်သည်ဟု ပြောနိုင်သည်၊ အကြောင်းမှာ ဘုရားသခင်သည် လူ့ကိုယ်ထည်နှင့်၊ လူသားအနှစ်သာရသာမက ဘုရားသခင်၏ အနှစ်သာရပါ ရှိသည့်

ဇာတိပကတိထဲတွင် နေထိုင်သည့် ဘုရားသခင် ဖြစ်လာသောကြောင့် ဖြစ်သည်။ သူသည် ဘုရားသခင်၏ အနှစ်သာရနှင့် လူသားတစ်ယောက် ဖြစ်သည့်အတွက် ဖန်ဆင်းခံ မည်သည့်လူသားမဆို၏ အထက်၌ရှိပြီး၊ ဘုရားသခင်၏အလုပ်ကို ဆောင်ရွက်နိုင်သည့် မည်သည့်လူသားမဆို၏ အထက်၌လည်း ရှိသည်။ ထို့ကြောင့် သူကဲ့သို့ပင် လူ့ခန္ဓာအပြင်ပန်းကိုယ်ထည် ရှိကြသည့်သူများထဲတွင်၊ လူ့သဘာဝကို ပိုင်ဆိုင်ကြသည့်သူများထဲတွင်၊ သူတစ်ပါးတည်းသာလျှင် လူ့ဇာတိခံယူသည့် ဘုရားသခင် ကိုယ်တိုင်ဖြစ်ပြီး အခြားသူအားလုံးမှာမူ ဖန်ဆင်းခံလူသားများသာ ဖြစ်သည်။ ထိုသူအားလုံးတို့တွင် လူ့သဘာဝရှိကြသော်လည်း ဖန်ဆင်းခံလူသားများ၌ လူ့သဘာဝမှလွဲ၍ ဘာမျှမရှိကြပေ၊ လူ့ဇာတိခံယူသော ဘုရားသခင်ကမူ ကွဲပြားခြားနားသည်၊ သူ၏ဇာတိပကတိ၌ သူသည် လူ့သဘာဝရှိရုံသာမက ပိုအရေးကြီးသည်မှာ ဘုရား၏သဘောသဘာဝ ရှိနေခြင်းဖြစ်သည်။ သူ၏လူ့သဘာဝကို သူ့ဇာတိပကတိ၏ အပြင်ပန်းသဏ္ဍာန်နှင့် သူ၏နေ့စဉ်အသက်တာတွင် မြင်နိုင်သော်ငြားလည်း သူ၏ဘုရားသဘောသဘာဝကိုမူ သိမြင်ရန် ခက်ခဲသည်။ သူ၏ ဘုရားသဘောသဘာဝသည် သူ၌ လူ့သဘာဝရှိမှသာ ဖော်ပြခြင်း ဖြစ်သည့်အတွက်နှင့် လူများစိတ်ကူးထားသမျှ သဘာဝလွန် မဟုတ်သည့်အတွက်၊ ၎င်းကိုမြင်နိုင်ရန်မှာ လူတို့အဖို့ အလွန်တရာပင် ခက်ခဲလှသည်။ ယနေ့ကာလတွင်ပင် လူ့ဇာတိခံယူသော ဘုရားသခင်၏ စစ်မှန်သော အနှစ်သာရကို နားလည်နိုင်ရန်မှာ လူတို့အတွက် အခက်ခဲဆုံး ဖြစ်သည်။ ထိုအကြောင်းအရာကို ဤမျှရှည်လျားစွာ ငါပြောပြီးသော နောက်ပိုင်းတွင်ပင်၊ သင်တို့အများစုအတွက် ထိုအရာမှာ လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုပင် ဖြစ်နေပေဦးမည်ဟု ငါမျှော်လင့်သည်။ အမှန်တွင်၊ ဤအရေးကိစ္စမှာ အလွန်ပင်ရိုးရှင်း၏၊ ဘုရားသခင်သည် ဇာတိပကတိ ဖြစ်လာသည့်အတွက်၊ သူ၏ အနှစ်သာရသည် ဘုရား၏သဘောသဘာဝနှင့် လူ့သဘာဝတို့ ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ဤပေါင်းစပ်ခြင်းကို ဘုရားသခင်ကိုယ်တော်တိုင်ဟု၊ ကမ္ဘာပေါ်၌ရှိသော ဘုရားသခင် ကိုယ်တော်တိုင်ဟု ခေါ်သည်။

ယေရှု ကမ္ဘာပေါ်တွင် နေထိုင်သွားခဲ့သော အသက်တာမှာ ဇာတိပကတိ၏ သာမန်အသက်တာ ဖြစ်သည်။ သူသည် သူ့ဇာတိပကတိ၏ သာမန် လူ့သဘာဝထဲတွင် နေထိုင်ခဲ့သည်။ သူ၏အလုပ်ကို ဆောင်ရွက်ခြင်းနှင့် သူ၏နှုတ်ကပတ်တော်ကို ပြောဆိုခြင်းအတွက်၊ သို့မဟုတ် နာမကျန်းသောသူများကို ကျန်းမာစေပြီး နတ်ဆိုးများကို နှင်ထုတ်ခြင်းအတွက်၊ ထိုကဲ့သို့ ထူးကဲလှသောအရာများကို ပြုလုပ်ခြင်းအတွက် သူ၏သြဇာအာဏာသည် များသောအားဖြင့် သူ၏အမှုတော်ကို စတင်ခြင်း မပြုမီအချိန်အထိ မိမိကိုယ်ကိုယ် ပြသခဲ့ခြင်း မရှိပေ။

သူ၏အမှုတော်ကို မထမ်းဆောင်ခင်၊ သူ၏အသက် နှစ်ဆယ့်ကိုးနှစ် မတိုင်ခင်က သူ၏အသက်တာက သူသည် သာမန်ဇာတိပကတိပင် ဖြစ်ခဲ့ကြောင်း လုံလောက်သော သက်သေဖြစ်သည်။ ယင်းကြောင့်နှင့် သူ၏အမှုတော်ကို စတင်မထမ်းဆောင်ရသေးသည့် အတွက်တို့ကြောင့် လူများသည် သူ့အထဲတွင် ဘုရား၏ သဘောသဘာဝရှိသော အရာတစ်ခုမျှ မမြင်ခဲ့ကြ၊ သာမန်လူတစ်ယောက်ထက်ပို၍ ဘာတစ်ခုမျှ မမြင်ခဲ့ကြ၊ ၎င်းအချိန်တုန်းက လူအချို့တို့သည် သူ့ကို ယောသပ်၏သားဟု ယုံကြည်ခဲ့ကြသကဲ့သို့ သာမန် လူသားတစ်ယောက်ဟုသာ မြင်ခဲ့ကြသည်။ လူများက သူသည် သာမန်လူတစ်ယောက်၏သားဟု တွေးထင်ခဲ့ကြပြီး၊ သူသည် ဘုရားသခင်ခံယူထားသော လူ့ဇာတိပကတိ ဖြစ်သည်ဆိုခြင်းကို လုံး၀ မသိခဲ့ကြပေ၊ သူ၏အမှုတော်ကို ထမ်းဆောင်နေချိန် အတွင်းမှာပင်လျှင်၊ သူသည် အံ့သြဖွယ်ရာများစွာ ပြုလုပ်ခဲ့သော်ငြားလည်း၊ သူသည် သာမန်လူ့သဘာဝ အပြင်ပန်းကိုယ်ထည်နှင့် ခရစ်တော် ဖြစ်နေခဲ့သည့်အတွက်၊ လူအများစုသည် သူ့ကို ယောသပ်၏သားဖြစ်သည်ဟုသာ ပြောဆိုခဲ့ကြတုန်းဖြစ်၏။ သူ၏ သာမန်လူ့သဘာဝနှင့် သူ၏အလုပ်နှစ်ခုစလုံးသည် ပထမ လူ့ဇာတိခံယူခြင်း၏ အရေးပါမှုကို ဖြည့်စွမ်းရန်၊ ဘုရားသခင်သည် ဇာတိပကတိထဲသို့ အလုံးစုံ ဝင်ရောက်လာခဲ့ကြောင်း၊ သာမန်လူသားတစ်ယောက် လုံးလုံးလျားလျား ဖြစ်လာကြောင်းကို သက်သေပြရန်၊ တည်ရှိခဲ့ခြင်း ဖြစ်သည်။ သူ၏အလုပ်ကို မစတင်ခင်က သူ၏သာမန်လူ့သဘာဝသည် သူသည် သာမန်ဇာတိပကတိ ဖြစ်ကြောင်း သက်သေပင်ဖြစ်ပြီး၊ နောက်ပိုင်း သူအလုပ်လုပ်လုပ်ခဲ့ခြင်းမှာလည်း သူသည် သာမန် ဇာတိပကတိသာ ဖြစ်ခဲ့ကြောင်း သက်သေပြသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဇာတိပကတိ၌ သာမန် လူ့သဘာဝနှင့်ပင် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်သောအမှုများကို ဆောင်ရွက်ခဲ့ပြီး၊ နာမကျန်းသောသူတို့ကို ကျန်းမာစေကာ နတ်ဆိုးများကို နှင်ထုတ်ခဲ့သောကြောင့် ဖြစ်သည်။ နိမိတ်လက္ခဏာများ သူပြုနိုင်ခဲ့ခြင်း၏ အကြောင်းရင်းမှာ သူ၏ဇာတိပကတိသည် ဘုရားသခင်၏ သြဇာအာဏာရှိပြီး၊ ဘုရားသခင်၏ဝိညာဉ်တော် ဝတ်ဆင်ထားသည့် ဇာတိပကတိ ဖြစ်သောကြောင့် ဖြစ်သည်။ ဤသြဇာအာဏာကို သူပိုင်ဆိုင်ထားခြင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်ကြောင့်ဖြစ်ပြီး၊ ထိုသို့ပိုင်ဆိုင်ခြင်းကြောင့် သူသည် ဇာတိပကတိ မဟုတ်ကြောင်းကို ဆိုလိုခြင်း မဟုတ်ပေ။ နာမကျန်းသောသူတို့ကို ကျန်းမာစေခြင်း၊ နတ်ဆိုးများကို နှင်ထုတ်ခြင်းသည် သူ၏အမှုတော်တွင် ထမ်းဆောင်ရန်လိုအပ်သည့် အလုပ်ပင်ဖြစ်သည်၊ ၎င်းမှာ သူ၏လူ့သဘာဝထဲတွင် သိုဝှက်ထားသော ဘုရားသဘောသဘာဝ၏ ဖော်ပြချက်တစ်ရပ် ဖြစ်ပြီး၊ မည်သည့် နိမိတ်လက္ခဏာများကို

သူပြသည်ဖြစ်စေ၊ သူ၏ဩဇာအာဏာကို မည်ကဲ့သို့ပင်ပြသည်ဖြစ်စေ၊ သူသည် သာမန်လူ့သဘာဝထဲတွင် အသက်ရှင်ဆဲဖြစ်ပြီး၊ သာမန် ဇာတိပကတိ ဖြစ်နေဆဲဖြစ်သည်။ ကားတိုင်ပေါ်တွင် အသေခံပြီးနောက် ရှင်ပြန်ထမြောက်ခဲ့သည့် အချိန်အထိ၊ သူသည် သာမန် ဇာတိပကတိ၌ ကိန်းဝပ်ခဲ့သည်။ ကျေးဇူးတော်ကို အပ်နှင်းပေးခြင်း၊ နာမကျန်းသောသူကို ကျန်းမာစေခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်း အားလုံးတို့သည် သူ့အမှုတော်၏ အစိတ်အပိုင်းဖြစ်ပြီး၊ သူ၏သာမန် ဇာတိပကတိ၌ ဆောင်ရွက်ခဲ့သည့် အလုပ်အားလုံးပင်ဖြစ်သည်။ သူသည် ကားတိုင်သို့ မသွားခင်တွင် သူမည်သည့်အရာကို လုပ်နေခဲ့သည် ဖြစ်ပါစေ၊ သူ၏သာမန် လူ့ဇာတိပကတိနှင့် ဘယ်သောအခါမျှ မခွဲခွာခဲ့ပေ။ သူသည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်ပြီး၊ ဘုရားသခင်ကိုယ်တိုင်၏ အလုပ်ကို ဆောင်ရွက်နေခဲ့သော်ငြားလည်း၊ သူသည် ဘုရားသခင်ခံယူထားသော လူ့ဇာတိဖြစ်သည့်အတွက်၊ သူသည် အစာစားပြီး အဝတ် ဝတ်ဆင်ခဲ့သည်၊ သာမန်လူသား၏ လိုအပ်ချက်များ ရှိခဲ့ပြီး၊ သာမန်လူသား၏ အသိဉာဏ်နှင့် သာမန်လူသား၏စိတ်တို့ ရှိခဲ့သည်။ ဤအရာအားလုံးမှာ သူသည် သာမန် လူသားတစ်ယောက် ဖြစ်ကြောင်း သက်သေဖြစ်ပြီး၊ ဘုရားသခင် ခံယူထားသည့် လူ့ဇာတိသည် သာမန်လူ့သဘာဝ ရှိသည့် ဇာတိပကတိ ဖြစ်ကြောင်းနှင့် သဘာဝလွန် မဟုတ်ကြောင်းကို သက်သေပြ၏။ သူ၏လုပ်ငန်းတာဝန်မှာ ဘုရားသခင်၏ ပထမလူ့ဇာတိခံယူခြင်း အလုပ်ကို ပြီးပြည့်စုံစေရန်၊ ပထမလူ့ဇာတိခံယူခြင်းက ပြုလုပ်ရမည့် အမှုတော် ဖြည့်စွမ်းရန်ပင် ဖြစ်သည်။ လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်မှာ ရိုးရိုးပုံမှန်လူသား တစ်ယောက်သည် ဘုရားသခင် ကိုယ်တော်တိုင်၏ အလုပ်ကို ထမ်းဆောင်ခြင်း ဖြစ်သည်၊ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏ဘုရားသဘောသဘာဝ အလုပ်ကို လူ့သဘာဝနှင့် ထမ်းဆောင်ပြီး၊ ဤနည်းဖြင့် စာတန်ကို နှိမ်နင်းခဲ့ခြင်းဖြစ်သည်။ လူ့ဇာတိခံယူခြင်း ဆိုသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဇာတိခန္ဓာ တစ်ခု ဖြစ်လာခြင်းကို ဆိုလိုသည်၊ ယင်းသည် ဘုရားသခင်သည် ဇာတိပကတိ ဖြစ်လာခြင်း ဖြစ်သည်၊ ဇာတိပကတိပြုသော အလုပ်မှာ ဇာတိပကတိ၌ ပြည့်မြောက်သော၊ ဇာတိပကတိအားဖြင့် ဖော်ပြသော ဝိညာဉ်တော်၏ အလုပ်ပင်ဖြစ်သည်။ ဘုရားသခင်၏ ဇာတိပကတိမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ လူ့ဇာတိခံယူသော ဘုရားသခင်၏ အမှုတော်ကို ဖြည့်စွမ်းနိုင်ခြင်း မရှိပေ၊ ဆိုလိုသည်မှာ အခြားမည်သူတစ်ဦးမျှ မဟုတ်ဘဲ၊ ဘုရားသခင် ခံယူထားသော လူ့ဇာတိတစ်ခုတည်းသာ၊ ဤသာမန် လူ့သဘာဝ တစ်ခုတည်းသာ ဘုရားသဘောသဘာဝ၏ အလုပ်ကို ဖော်ပြနိုင်သည်။ အကယ်၍ သူ၏ ပထမအကြိမ် ကြွလာခြင်းတွင် ဘုရားသခင်သည် အသက်နှစ်ဆယ့်ကိုးနှစ် မတိုင်ခင်တွင် သာမန် လူ့သဘာဝ

မရှိခဲ့ပါက၊ အကယ်၍ သူမွေးဖွားပြီးသည်နှင့် ချက်ချင်းပင် နိမိတ်လက္ခဏာများ ပြနိုင်ခဲ့မည် ဆိုပါက၊ အကယ်၍ သူစကားပြောတတ်သည်နှင့် ချက်ချင်းပင် ကောင်းကင် ဘာသာစကားကို ပြောနိုင်ခဲ့မည် ဆိုပါက၊ အကယ်၍ ကမ္ဘာပေါ်၌ ပထမဆုံးအကြိမ် သူ၏ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် သူသည် လောကီရေးရာ အားလုံးကို နားလည်သဘောပေါက်ကာ၊ လူပုဂ္ဂိုလ်တိုင်းစီ၏ အတွေးများနှင့် ရည်ရွယ်ချက်များကို ထိုးထွင်းသိမြင်နိုင်မည် ဆိုပါက၊ ထိုသို့သော လူတစ်ဦးသည် သာမန်လူသားတစ်ယောက်ဟု ခေါ်ဆိုခြင်းခံရနိုင်ခဲ့မည် မဟုတ်သည့်အပြင်၊ ထိုသို့သော ဇာတိပကတိမှာလည်း လူသားဇာတိပကတိဟု ခေါ်ဆိုခြင်း ခံနိုင်ခဲ့ရမည် မဟုတ်ပေ။ အကယ်၍ ခရစ်တော်သည် ဤအတိုင်းဖြစ်ခဲ့မည်ဆိုပါက၊ ဘုရားသခင် လူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်နှင့် အနှစ်သာရသည်လည်း ပျောက်ဆုံးသွားမည် ဖြစ်သည်။ သူ သာမန် လူ့သဘာဝ ပိုင်ဆိုင်ခြင်းမှာ သူသည် လူ့ဇာတိခံယူထားသော ဘုရားသခင်ဖြစ်ကြောင်းကို သက်သေပြသည်၊ သာမန်လူသားတစ်ဦး၏ ကြီးထွားမှုဖြစ်စဉ်ကို သူကြုံရသည်ဟူသည့် အချက်သည်လည်း သူသည် သာမန် ဇာတိပကတိ ဖြစ်ကြောင်းကို ဆက်လက် ထင်ရှားစေသည်၊ ထို့အပြင် သူ၏အလုပ်မှာ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်၊ ဘုရားသခင်၏ ဝိညာဉ်တော်တို့ လူ့ဇာတိခံယူခြင်းဖြစ်ကြောင်းကို ဖော်ပြသည့် လုံလောက်သော သက်သေပင်ဖြစ်သည်။ သူ့အလုပ်၏ လိုအပ်ချက်များအရ ဘုရားသခင်သည် လူ့ဇာတိခံယူခြင်း ဖြစ်သည်၊ တစ်နည်းဆိုရလျှင် အလုပ်၏ ဤအဆင့်မှာ ဇာတိပကတိ၌ လုပ်ဆောင်ရန် လိုအပ်ပြီး၊ သာမန် လူ့သဘာဝနှင့် လုပ်ဆောင်ရန် လိုအပ်သည်။ ဤအရာသည် "လူ့ဇာတိ ခံယူသော နှုတ်ကပတ်တော်" နှင့် "လူ့ဇာတိတွင် ပေါ်လာသော နှုတ်ကပတ်တော်" အတွက် ကြိုတင်လိုအပ်သည့်အချက်ဖြစ်ပြီး၊ ဘုရားသခင်၏ လူ့ဇာတိ ခံယူသည့် အကြိမ်နှစ်ကြိမ်စလုံး၏ နောက်ကွယ်မှ ဖြစ်ရပ်အမှန်ပင် ဖြစ်သည်။ လူတို့က ယေရှုသည် သူ၏အသက်တာ တစ်လျှောက်လုံးမှာ အံ့သြဖွယ်ရာများ ပြုလုပ်ခဲ့ပြီး၊ ကမ္ဘာပေါ်မှ သူ့အလုပ် ဆုံးခန်းတိုင်သည့် အချိန်အထိ သူသည် သာမန်လူ့သဘာဝ၏လက္ခဏာကို မပြသခဲ့၊ သူ့တွင် သာမန်လူသား၏ လိုအပ်ချက်များ၊ သို့မဟုတ် အားနည်းချက်များ၊ သို့မဟုတ် လူသား စိတ်ခံစားမှုများ မရှိ၊ ဘဝ၏ အခြေခံ လိုအပ်ချက်များလည်း လိုအပ်ခဲ့ခြင်း မရှိ၊ သို့မဟုတ် သာမန်လူသား အတွေးများကိုလည်း စဉ်းစားခဲ့ခြင်းမရှိ စသဖြင့် ယုံကြည်ကောင်း ယုံကြည်ကြလိမ့်မည်။ သူတို့သည် ယေရှုကို လူ့ထက်သာလွန်သော ဉာဏ်သာရှိရမည်၊ သာလွန်ထူးကဲသော လူ့သဘာဝ ရှိရမည်ဟုသာ မှတ်ထင်ကြသည်။ သူသည် ဘုရားသခင် ဖြစ်သည့်အတွက် သာမန်လူသားတို့ တွေးခေါ် နေထိုင်သည့်အတိုင်း သူမပြုသင့်ဟု သူတို့ယုံကြည်ကြပြီး၊ သာမန်လူသားတစ်ယောက်ကသာ၊ လူသားအစစ် တစ်ဦးကသာလျှင်

သာမန်လူသားအတွေးအခေါ်များကို တွေးနိုင်ပြီး၊ သာမန် လူသားအသက်တာကို အသက်ရှင်နိုင်မည်ဟု ယုံကြည်ကြသည်။ ဤအရာအားလုံးသည် လူသား အတွေးအခေါ်နှင့် လူသား အယူအဆများဖြစ်ပြီး၊ ဤအယူအဆများသည် ဘုရားသခင် အလုပ်၏ မူလရည်ရွယ်ချက်များနှင့် ဆန့်ကျင်နေသည်။ သာမန်လူသား အတွေးအခေါ်သည် သာမန် လူသား ဆင်ခြင်ဉာဏ်နှင့် သာမန်လူ့သဘာဝကို ထောက်မသည်၊ သာမန် လူ့သဘာဝသည် ဇာတိပကတိ၏ သာမန် လုပ်ဆောင်ချက်များကို ထောက်မပြီး၊ ဇာတိပကတိ၏ သာမန် လုပ်ဆောင်ချက်များသည်လည်း ဇာတိပကတိ၏ သာမန်အသက်တာကို အပြည့်အဝ ဖြစ်စေသည်။ ထိုကဲ့သို့သော ဇာတိပကတိထဲတွင် လုပ်ဆောင်ခြင်းအားဖြင့်သာ ဘုရားသခင်သည် သူ၏လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ အကယ်၍ လူ့ဇာတိခံသော ဘုရားသခင်သည် ဇာတိပကတိ၏ အပြင်ပန်း ကိုယ်ထည်ကိုသာ ပိုင်ဆိုင်ထားပြီး၊ သာမန်လူသား အတွေးများကို တွေးခေါ် ခြင်း မရှိခဲ့ပါက၊ လူ့သဘာဝ အစစ်အမှန်ကို မဆိုထားနှင့် ဤဇာတိပကတိသည် လူ၏ ဆင်ခြင်ဉာဏ်ကိုပင် ပိုင်ဆိုင်လိမ့်မည် မဟုတ်ပေ။ လူ့သဘာဝ မရှိသည့် ဤကဲ့သို့သော ဇာတိပကတိသည် လူ့ဇာတိခံယူသော ဘုရားသခင် ဆောင်ရွက်သင့်သည့် အမှုတော်ကို အဘယ်သို့ ဖြည့်စွမ်းနိုင်မည်နည်း။ သာမန်စိတ်သည် လူသားအသက်တာ၏ ကဏ္ဍအားလုံးကို ထိန်းထားပေးသည်၊ သာမန်စိတ် မရှိပါက လူသားတစ်ယောက် မဟုတ်ပေ။ တစ်နည်းဆိုရလျှင်၊ သာမန် အတွေးအခေါ်များ တွေးခေါ် ခြင်းမရှိသော လူပုဂ္ဂိုလ်တစ်ဦးသည် စိတ်မနှံ့သူတစ်ဦး ဖြစ်သည်။ ဘုရား၏သဘောသဘာဝသာရှိပြီး လူ့သဘာဝ မရှိသော ခရစ်တော် အားလည်း ဘုရားသခင် ခံယူထားသော လူ့ဇာတိဟု ပြော၍ မရနိုင်ပေ။ ထို့ကြောင့် ဘုရားသခင် ခံယူထားသော လူ့ဇာတိသည် အဘယ်နည်းနှင့် သာမန် လူ့သဘာဝ မရှိနိုင်ရမည်နည်း။ ခရစ်တော်သည် သာမန်လူသားစိတ် မရှိဟု ပြောဆိုခြင်းသည် ဘုရားသခင်ကို စော်ကားခြင်းပင် မဟုတ်ပေလော။ သာမန် လူသားများ ဆောင်ရွက်သည့် လုပ်ဆောင်မှုအားလုံးသည် သာမန်လူသားစိတ်၏ လုပ်ဆောင်ခြင်းအပေါ်တွင် မူတည်သည်။ ထိုအရာမရှိပါက လူသားများသည် မူမမှန်စွာ ပြုမူကြမည်ဖြစ်သည်၊ သူတို့သည် အဖြူနှင့် အမည်းကြား၊ အကောင်းနှင့် အဆိုးကြားမှ ကွဲပြားခြားနားချက်ကိုပင် ပြောနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ၊ ထို့အပြင် သူတို့၌ ကိုယ်ကျင့်တရားများနှင့် လူ့ကျင့်ဝတ်တရားများလည်း ရှိလိမ့်မည် မဟုတ်ပေ။ ထိုနည်းတူစွာပင်၊ အကယ်၍ လူ့ဇာတိခံယူသော ဘုရားသခင်သည် သာမန်လူသားကဲ့သို့ မတွေးခေါ်ပါက၊ သူသည် စစ်မှန်သော ဇာတိပကတိ၊ သာမန်ဇာတိပကတိ ဖြစ်လိမ့်မည် မဟုတ်ပေ။ စဉ်းစားတွေးခေါ် ခြင်း မရှိသည့် ထိုကဲ့သို့သော ဇာတိပကတိသည်

ဘုရားသဘောသဘာဝ၏ အလုပ်ကို ထမ်းဆောင်နိုင်လိမ့်မည် မဟုတ်ချေ။ ကမ္ဘာပေါ်တွင် လူသားများနှင့် အတူတကွ နေထိုင်ရန် မဆိုထားနှင့်၊ သူသည် ပုံမှန်ဇာတိပကတိ၏ လုပ်ဆောင်မှုများကိုပင် ပုံမှန်အားဖြင့် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့်၊ ဘုရားသခင် လူ့ဇာတိခံယူရခြင်း၏ အရေးပါမှု၊ လူ့ဇာတိသို့ ဘုရားသခင်ကြွလာခြင်း၏ ပကတိ အနှစ်သာရသည် ပျောက်ဆုံး သွားခဲ့မည်ဖြစ်သည်။ လူ့ဇာတိခံယူသော ဘုရားသခင်၏ လူ့သဘာဝသည် ဇာတိပကတိ၌ သာမန် ဘုရားသဘောသဘာဝ၏ အလုပ်ကို ထိန်းသိမ်းရန် တည်ရှိသည်။ သူ၏ သာမန် လူသားအတွေးအခေါ်သည် သူ၏သာမန် လူ့သဘာဝနှင့် သူ၏ ခန္ဓာဆိုင်ရာ လုပ်ဆောင်မှုအားလုံးကို ထောက်မသည်။ သူ၏ သာမန် လူသားအတွေးအခေါ်သည် ဇာတိပကတိ၌ ဘုရားသခင်၏ အလုပ်အားလုံးကို ထောက်မရန် တည်ရှိသည်ဟု ပြော၍ရသည်။ အကယ်၍ ထိုဇာတိခန္ဓာသည် သာမန် လူသားစိတ်ကို မပိုင်ဆိုင်ပါက၊ ဘုရားသခင် ထိုဇာတိပကတိတွင် လုပ်ဆောင်နိုင်မည် မဟုတ်ပေ၊ ထို့အပြင် ဇာတိပကတိ၌ သူလုပ်ဆောင်ရန် လိုအပ်သည့် အရာကိုလည်း ဘယ်သောအခါမျှ ပြီးမြောက်အောင် လုပ်နိုင်မည် မဟုတ်ပေ။ လူ့ဇာတိခံယူသော ဘုရားသခင်သည် သာမန်လူသား စိတ်ကို ပိုင်ဆိုင်သော်ငြားလည်း၊ သူ၏အလုပ်သည် လူသားအတွေးအခေါ်နှင့် ရောနှောနေခြင်း မရှိပေ၊ စိတ်ရှိသော လူ့သဘာဝကို ပိုင်ဆိုင်ဖို့ လိုအပ်ချက်ဖြင့်၊ သူသည် လူ့သဘာဝထဲမှ အလုပ်ကို သာမန်လူသား အတွေးအခေါ်ကို အသုံးချခြင်းဖြင့် မဟုတ်ဘဲ သာမန်စိတ်နှင့် လုပ်ဆောင်သည်။ သူ့ဇာတိပကတိ၏ အတွေးအခေါ်များ မည်မျှပင် မြင့်မားနေပါစေ၊ သူ၏အလုပ်၌ ဆင်ခြင်တွေးခေါ်မှု သို့မဟုတ် အတွေးအခေါ် ဖြင့် စွန်းထင်းခြင်း မရှိပေ။ တစ်နည်းဆိုရလျှင်၊ သူ၏အလုပ်သည် သူ့ဇာတိပကတိ၏ စိတ်အားဖြင့် အကြံရလာခြင်း မဟုတ်ဘဲ၊ သူ၏ လူ့သဘာဝထဲရှိ ဘုရားသဘောသဘာဝ အလုပ်၏ တိုက်ရိုက် ဖော်ပြချက်ပင် ဖြစ်သည်။ သူ၏ အလုပ်အားလုံးသည် သူကျေပွန်အောင် ဆောင်ရွက်ရန် လိုအပ်သည့် အမှုတော်ပင်ဖြစ်ပြီး၊ ထိုအရာတစ်ခုကမျှ သူ၏ဦးနှောက်အားဖြင့် အကြံရလာခြင်း မဟုတ်ပေ။ ဥပမာအားဖြင့် နာမကျန်းသူကို ကျန်းမာစေခြင်း၊ နတ်ဆိုးများကို နှင်ထုတ်ခြင်းနှင့် ကားတိုင်တွင် အသေခံခြင်းတို့မှာ သူ၏ လူ့စိတ်မှ ထုတ်လုပ်သည့်အရာများ မဟုတ်ပေ၊ ၎င်းအရာများကို လူသားစိတ်ရှိသည့် မည်သည့် လူသားမျှ ဖြစ်မြောက်အောင်မြင်အောင် လုပ်နိုင်မည် မဟုတ်ပေ။ ထိုနည်းတူစွာပင်၊ ယနေ့ကာလ၏ သိမ်းပိုက်ခြင်း အလုပ်သည် လူ့ဇာတိခံယူသော ဘုရားသခင်က ထမ်းဆောင်ရမည့် အမှုတော်ဖြစ်ပြီး၊ ၎င်းမှာ လူသားဆန္ဒမှဖြစ်လာသော အလုပ် မဟုတ်ပေ၊ ၎င်းသည် သူ၏ဘုရားသဘောသဘာဝက လုပ်ဆောင်သင့်သည့် အလုပ်ဖြစ်ပြီး၊ မည်သည့် ဇာတိပကတိ ဆန်သော လူသားကမျှ

မစွမ်းဆောင်နိုင်သည့် အလုပ်ဖြစ်သည်။ ထို့ကြောင့် လူ့ဇာတိခံယူသော ဘုရားသခင်သည် သာမန် လူသားစိတ်ကို ပိုင်ဆိုင်ရမည်၊ သာမန် လူ့သဘာဝကို ပိုင်ဆိုင်ရမည်၊ အဘယ်ကြောင့်ဆိုသော် သူ၏အလုပ်ကို သူသည် လူ့သဘာဝ၌ သာမန်စိတ်နှင့် ထမ်းဆောင်ရမည် ဖြစ်သောကြောင့်ဖြစ်သည်။ ဤအရာသည် လူ့ဇာတိခံယူသော ဘုရားသခင်အလုပ်၏ အနှစ်သာရဖြစ်ပြီး၊ လူ့ဇာတိခံယူသော ဘုရားသခင်၏ အနှစ်သာရ စင်စစ်လည်း ဖြစ်သည်။

ယေရှုသည် အလုပ်ကို မဆောင်ရွက်မီ သူသည် သူ၏သာမန်လူ့သဘာဝတွင်သာ နေထိုင်ခဲ့သည်။ သူသည် ဘုရားသခင်ဖြစ်ကြောင်းကို မည်သူမျှမပြောနိုင်ခဲ့၊ သူသည် လူ့ဇာတိခံယူသော ဘုရားသခင်ဖြစ်ကြောင်းကို မည်သူမျှမသိခဲ့ကြပေ၊ လူတို့က သူ့ကို လုံးလုံးလျားလျား သာမန်လူသားတစ်ယောက်အဖြစ်သာ သိရှိခဲ့ကြသည်။ သူ၏ လုံးဝ ရိုးရိုးသာမန်လူ့သဘာဝမှာ ဘုရားသခင်သည် ဇာတိပကတိထဲသို့ လူ့ဇာတိခံယူခဲ့ပြီးဖြစ်ကြောင်းနှင့် ကျေးဇူးတော်ခေတ်ဆိုသည်မှာ လူ့ဇာတိခံယူသော ဘုရားသခင်၏ အလုပ်၏ခေတ် ဖြစ်ကြောင်း၊ ဝိညာဉ်တော်အလုပ်၏ ခေတ်မဟုတ်ကြောင်း သက်သေပင်ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဇာတိပကတိထဲတွင် လုံးလုံး အကောင်အထည်ဖော်ခဲ့ကြောင်းနှင့် ဘုရားသခင်၏ လူ့ဇာတိခံယူသည့်ခေတ်တွင် သူ၏ဇာတိပကတိသည် ဝိညာဉ်တော်၏အလုပ်အားလုံးကို ဆောင်ရွက်မည်ဖြစ်ကြောင်းတို့၏ သက်သေပင်ဖြစ်သည်။ သာမန် လူ့သဘာဝရှိသော ခရစ်တော်သည် ဝိညာဉ်တော်ကို အကောင်အထည်ဖော်သော ဇာတိပကတိဖြစ်ပြီး၊ သာမန် လူ့သဘာဝ၊ သာမန် အသိစိတ်နှင့် လူသားအတွေးအခေါ်တို့ ပိုင်ဆိုင်ထားသည်။ “အကောင်အထည်ဖော်ခံရခြင်း” ဆိုသည်မှာ ဘုရားသခင် လူသားဖြစ်လာခြင်း၊ ဝိညာဉ်တော် လူ့ဇာတိ ခံယူခြင်းကို ဆိုလိုသည်၊ ရှင်းရှင်းပြောရလျှင် ၎င်းမှာ ဘုရားသခင်ကိုယ်တိုင်က ဇာတိပကတိထဲတွင် သာမန် လူ့သဘာဝနှင့် ကိန်းဝပ်ပြီး၊ ၎င်းမှတစ်ဆင့် သူ၏ ဘုရားသဘောသဘာဝ အလုပ်ကို ဖော်ပြခြင်း ဖြစ်သည်၊ အကောင်အထည်ဖော်ခံရခြင်း သို့မဟုတ် လူ့ဇာတိခံယူခြင်း ဆိုသည်မှာ ဤအရာပင်ဖြစ်သည်။ သူ၏ ပထမအကြိမ် လူ့ဇာတိခံယူသည့် အတောအတွင်း သူ၏အလုပ်မှာ ရွေးနုတ်ရန် ဖြစ်သည့်အတွက် နာမကျန်းသောသူကို ကျန်းမာစေရန်နှင့် နတ်ဆိုးများကို နှင်ထုတ်ရန် ဘုရားသခင်အတွက် လိုအပ်ခဲ့သည်။ လူသားမျိုးနွယ် တစ်ရပ်လုံးကို ရွေးနုတ်ရန် အလို့ငှာ သူသည် သနားကြင်နာတတ်ရန်နှင့် ခွင့်လွှတ်တတ်ရန် လိုအပ်ခဲ့သည်။ ကားစင်တင်ခြင်း မခံရမီ သူလုပ်ဆောင်ခဲ့သည့် အလုပ်မှာ နာမကျန်းသောသူကို ကျန်းမာစေခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်း ဖြစ်ပြီး၊ ထိုအရာမှာ လူသားကို

အပြစ်တရားနှင့် မစင်ကြယ်ခြင်းမှ သူ၏ကယ်တင်ခြင်း အကြောင်းကို ကြိုတင်နိမိတ်ပြခဲ့ခြင်း ဖြစ်သည်။ ထိုခေတ်သည် ကျေးဇူးတော်ခေတ် ဖြစ်သည့်အတွက် နာမကျန်းသောသူများကို သူကျန်းမာအောင်လုပ်ပေးရန် လိုအပ်ခဲ့ပြီး ဤနည်းဖြင့် ထိုခေတ်တွင် ကျေးဇူးတော်ကို ကိုယ်စားပြုသည့် အရာများဖြစ်သော နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်သော အမှုများကို ပြသခဲ့သည်၊ အကြောင်းမှာ ကျေးဇူးတော်ခေတ်သည် ယေရှု၌ထားရှိသည့် လူများ၏ ယုံကြည်ခြင်း၏ အမှတ်သညာအားလုံးဖြစ်သော ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ရုပ်ဝတ္ထုပစ္စည်းများဖြင့် သင်္ကေတပြုထားသည့် ကျေးဇူးတော်ကို အပ်နှင်းခြင်း အပေါ်တွင် ဗဟိုပြုထားသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ နာမကျန်းသောသူကို ကုသပေးခြင်း၊ နတ်ဆိုးများကို နှင်ထုတ်ခြင်းနှင့် ကျေးဇူးတော်ကို အပ်နှင်းပေးခြင်းတို့သည် ကျေးဇူးတော်ခေတ်တွင် ယေရှု၏ ဇာတိပကတိက ပိုင်ဆိုင်သော ပင်ကိုစွမ်းရည်များပင် ဖြစ်သည်၊ ၎င်းတို့မှာ ဇာတိပကတိ၌ ဝိညာဉ်တော်က အကောင်အထည်ဖော်သော အလုပ်ဖြစ်သည်။ သို့သော် သူသည် ထိုသို့သော အလုပ်ကို လုပ်ဆောင်နေသည့်အချိန်တွင် ဇာတိပကတိ၌ ရှင်သန်ခဲ့ခြင်းဖြစ်သည်၊ ဇာတိပကတိကို ကျော်လွန်ခဲ့ခြင်း မရှိပေ။ မည်ကဲ့သို့သော အနာရောဂါငြိမ်းစေခြင်း အပြုအမူများကို သူထမ်းဆောင်ခဲ့သည်ဖြစ်စေ၊ သူသည် သာမန် လူ့သဘာဝကို ပိုင်ဆိုင်ဆဲပင်ဖြစ်ပြီး၊ သာမန် လူသားဘဝကို ရှင်သန်ခဲ့ဆဲပင် ဖြစ်သည်။ ဘုရားသခင် လူ့ဇာတိခံယူသည့်ခေတ် အတောအတွင်း ဝိညာဉ်တော်၏ အလုပ်အားလုံးကို ဇာတိပကတိက ထမ်းဆောင်သည်ဟု ငါပြောရခြင်း၏ အကြောင်းရင်းမှာ မည်သည့်အလုပ်ကို သူလုပ်ဆောင်သည်ဖြစ်စေ၊ သူသည် ဇာတိပကတိ၌ လုပ်ဆောင်ခဲ့သောကြောင့် ဖြစ်သည်။ သို့သော် သူ၏ အလုပ်ကြောင့် လူများသည် သူ၏ ဇာတိပကတိအား ခန္ဓာဆိုင်ရာ အနှစ်သာရများ အပြည့်အဝရှိသည်ဟု မမှတ်ယူခဲ့ကြပေ၊ အကြောင်းမှာ ဤဇာတိပကတိသည် အံ့သြဖွယ်သော အမှုများကို လုပ်ဆောင်နိုင်ပြီး၊ အချို့သော ထူးခြားသည့် အခိုက်အတန့်များတွင် ဇာတိပကတိကို ကျော်လွန်သောအရာများ လုပ်ဆောင်နိုင်သောကြောင့် ဖြစ်သည်။ မှန်ပေသည်၊ ဤအဖြစ်အပျက်များ အားလုံးသည် ရက်လေးဆယ် အစမ်းသပ်ခံခြင်း သို့မဟုတ် တောင်ပေါ်တွင် သူ၏အဆင်းသဏ္ဌာန် ပြောင်းလဲခြင်းတို့ကဲ့သို့ သူ၏ အမှုတော်ကို သူစတင်ထမ်းဆောင်သည့် နောက်ပိုင်းမှ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယေရှုနှင့် ဆိုပါက၊ ဘုရားသခင် လူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်သည် ပြီးပြည့်စုံခဲ့ခြင်း မရှိဘဲ၊ တစ်စိတ်တစ်ဒေသသာ ပြည့်စုံခဲ့သည်။ သူ၏အလုပ်ကို မစတင်မီ ဇာတိပကတိ၌ နေထိုင်ခဲ့သော သူ၏အသက်တာသည် အရာအားလုံးနှင့် စပ်လျဉ်း၍ လုံးဝ သာမန်ပင်ဖြစ်သည်။ အလုပ်ကို သူစတင်ပြီးနောက်တွင် သူသည် သူ့ဇာတိပကတိ၏

အပြင်ပန်းကိုယ်ထည်ကိုသာ ထိန်းသိမ်းထားခဲ့သည်။ သူ၏ အလုပ်မှာ ဘုရားသဘောသဘာဝ၏ ဖော်ပြချက်တစ်ရပ် ဖြစ်သဖြင့်၊ ၎င်းသည် ဇာတိပကတိ၏ သာမန် လုပ်ဆောင်ချက်များကို ကျော်လွန်ခဲ့သည်။ စင်စစ်မှာကား ဘုရားသခင် ခံယူထားသော လူ့ဇာတိသည် အသွေးအသားရှိသော လူသားများနှင့် ကွဲပြားခြားနားသည်။ သူ၏ နေ့စဉ်အသက်တာတွင် သူသည် အခြားသူများကဲ့သို့ပင် အစားအစာ၊ အဝတ်အထည်၊ အိပ်စက်ခြင်းနှင့် နေရာထိုင်ခင်းတို့ လိုအပ်ခဲ့သည်၊ သာမန်လိုအပ်ချက်များ အားလုံးကိုလည်း လိုအပ်ခဲ့သည်၊ သာမန်သက်ရှိလူသား တစ်ဦးကဲ့သို့ ကျိုးကြောင်းဆင်ခြင်၊ တွေးခေါ် ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ လူများသည် သူ့ကို သာမန်လူသား တစ်ယောက်အဖြစ် ထင်မှတ်နေခဲ့ကြဆဲပင် ဖြစ်သည်၊ သို့သော် သူ၏လုပ်ဆောင်ခဲ့သောအမှုက သဘာဝလွန်ဖြစ်သည်ဟု ထင်မှတ်နေကြဆဲဖြစ်သည်။ အမှန်အားဖြင့် သူမည်သည့်အရာပင် လုပ်ဆောင်ခဲ့သည် ဖြစ်ပါစေ၊ သူသည် ရိုးရိုး သာမန် လူ့သဘာဝထဲတွင် နေထိုင်ခဲ့သည်၊ ထို့မျှသာမကသေး၊ အလုပ်ကို သူထမ်းဆောင်ခဲ့သည့် အတိုင်းအတာအထိ သူ၏ ကျိုးကြောင်းဆင်ခြင်မှုသည် အထူးသဖြင့် သာမန်ဖြစ်နေခဲ့ပြီး၊ သူ၏ အတွေးအခေါ်များသည်လည်း အထူးသဖြင့် ရှင်းလင်းပြတ်သားနေခဲ့ကာ၊ အခြားမည်သည့် သာမန်လူသားထက်မဆို သာလွန်နေခဲ့သည်။ လူ့ဇာတိခံယူသော ဘုရားသခင်အတွက် ဤကဲ့သို့ တွေးတောရန်နှင့် ကျိုးကြောင်းဆင်ခြင်ရန် လိုအပ်ခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသဘောသဘာဝ၏အလုပ်ကို ဖော်ပြရန်အတွက် ဆင်ခြင်တုံတရား အလွန်ပင် သာမန်ဖြစ်ပြီး အတွေးများလည်း အလွန်ရှင်းသော ဇာတိပကတိတစ်ရပ် လိုသောကြောင့်ဖြစ်သည်၊ ဤနည်းလမ်းအားဖြင့်သာ သူ၏ ဇာတိပကတိသည် ဘုရားသဘောသဘာဝ၏ အလုပ်ကို ဖော်ပြနိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် နေထိုင်ခဲ့သည့် ယေရှု၏ နှစ်ပေါင်း သုံးဆယ့်သုံးနှစ်ခွဲ ကာလတစ်လျှောက်အတွင်း သူသည် သူ၏ သာမန် လူ့သဘာဝကို ထိန်းထားခဲ့သည်၊ သို့သော်လည်း သုံးနှစ်ခွဲ သာသနာအတွင်း သူ၏အလုပ်ကြောင့် လူများက သူသည် အလွန်ပင် ထူးကဲသာလွန်ပြီး၊ ယခင်ကထက်ပင် ပို၍ သဘာဝလွန်ဖြစ်ပေသည်ဟု တွေးထင်ခဲ့ကြသည်။ အမှန်တွင် ယေရှု၏ သာမန် လူ့သဘာဝသည် သူ၏အမှုတော်ကို သူမစတင်မီနှင့် စတင်ပြီး နောက်ပိုင်းတွင်ပါ မပြောင်းမလဲ ရှိနေခဲ့သည်၊ သူ၏ လူ့သဘာဝသည် တစ်လျှောက်လုံးတွင် အတူတူပင် ဖြစ်သည်၊ သို့သော် သူ၏အမှုတော်ကို သူမစတင်မီနှင့် စတင်ပြီး နောက်ပိုင်းကြား ကွဲပြားခြားနားမှုကြောင့် သူ၏ ဇာတိပကတိနှင့် ပတ်သက်၍ ကွဲပြားသော အမြင်နှစ်မျိုး ပေါ်ထွက်လာခဲ့သည်။ လူများ မည်သို့ပင် တွေးထင်ပါလေစေ၊ လူ့ဇာတိခံယူသော ဘုရားသခင်သည် သူ၏မူလ

သာမန်လူ့သဘာဝကို တစ်ချိန်လုံး ထိန်းထားခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လူ့ဇာတိခံယူခဲ့သည့်အတွက် သူသည် သာမန် လူ့သဘာဝရှိသည့် ဇာတိပကတိ၌ နေထိုင်ခဲ့သည်။ သူသည် သူ၏အမှုတော်ကို ထမ်းဆောင်နေသည် ဖြစ်စေ၊ မထမ်းဆောင်နေသည် ဖြစ်စေ၊ လူ့သဘာဝသည် ဇာတိပကတိ၏ အခြေခံ အနှစ်သာရ ဖြစ်သည့် အတွက် သူ့ဇာတိပကတိ၏ သာမန် လူ့သဘာဝကို ဖျောက်ဖျက်ပစ်၍ မရနိုင်ပေ။ ယေရှုသည် သူ၏ အမှုတော်ကို မထမ်းဆောင်မီတွင် သူ၏ ဇာတိပကတိသည် သာမန်လူတို့၏ လုပ်ဆောင်မှုများကို ဆောင်ရွက်လျက် အကြွင်းမဲ့ သာမန်အဖြစ် နေသည်၊ သူသည် အဘယ်နည်းနှင့်မျှ သဘာဝလွန်ပုံ မရခဲ့ဘဲ၊ မည်သည့် အံ့သြဖွယ် နိမိတ်လက္ခဏာများကိုမျှလည်း မပြသခဲ့ပေ။ ထိုအချိန်တွင် သူ၏ ကြိုးစားအားထုတ်မှုသည် မည်သူထက်မဆို သာ၍ရိုးသားခဲ့ပြီး သာ၍ စိတ်ရင်းမှန်ခဲ့သော်ငြားလည်း၊ သူသည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သော သာမန်လူသားတစ်ယောက် သက်သက်သာ ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ လုံးဝ သာမန်လူ့သဘာဝမှ ၎င်းကိုယ်ကိုယ် ဖော်ပြခြင်း ဖြစ်သည်။ သူ၏ အမှုတော်ကို အကောင်အထည်မဖော်မီ သူသည် မည်သည့်အလုပ်ကိုမျှ လုံးဝမလုပ်ခဲ့သောကြောင့်၊ မည်သူကမျှ သူမည်သူမည်ဝါ ဖြစ်ကြောင်းကို မသိခဲ့ကြ၊ သူ၏ ဇာတိပကတိသည် အခြားသူအားလုံး၏ ဇာတိပကတိနှင့် ကွဲပြားခြားနားသည်ဟုလည်း မည်သူကမျှ မပြောနိုင်ခဲ့ကြပေ၊ အကြောင်းမှာ သူသည် နိမိတ်လက္ခဏာ တစ်ခုလေးမျှပင် မလုပ်ဆောင်ခဲ့၊ ဘုရားသခင် ကိုယ်တိုင်၏အလုပ်ကို စိုးစဉ်းမျှပင် မလုပ်ဆောင်ခဲ့၍ ဖြစ်သည်။ သို့သော်လည်း၊ သူ၏ အမှုတော်ကို သူစတင် ထမ်းဆောင်ပြီးနောက်ပိုင်းတွင် သူသည် သာမန် လူ့သဘာဝ၏ အပြင်ပန်းကိုယ်ထည်ကို ဆက်ထိန်းသိမ်းထားပြီး သာမန်လူသား ဆင်ခြင်တုံတရားနှင့်ပင် ဆက်၍ နေထိုင်ခဲ့သည်၊ သို့သော် သူသည် ဘုရားသခင် ကိုယ်တော်တိုင်၏ အလုပ်ကို လုပ်ဆောင်ရန်၊ ခရစ်တော်၏ အမှုတော်ကို အကောင်အထည်ဖော်ရန်နှင့် သေမျိုးဖြစ်သော အသွေးအသား ဇာတိပကတိနှင့် လူသားတို့ တတ်စွမ်းနိုင်စွမ်း မရှိသော အလုပ်ကို လုပ်ဆောင်ရန် စတင်ခဲ့ပြီး ဖြစ်သောကြောင့်၊ လူများမှာ သူ၌ သာမန် လူ့သဘာဝ မရှိ၊ လုံးဝ သာမန် ဇာတိပကတိ မဟုတ်ဘဲ မပြည့်စုံသော ဇာတိပကတိသာ ရှိသည်ဟု ထင်မှတ်ခဲ့ကြသည်။ သူလုပ်ဆောင်ခဲ့သော အလုပ်ကြောင့် လူများက သူသည် ဇာတိပကတိရှိ ဘုရားသခင်သာ ဖြစ်ပြီး သာမန်လူ့သဘာဝ မရှိဟု ဆိုခဲ့ကြသည်။ လူများက ဘုရားသခင် လူ့ဇာတိခံယူခြင်း၏ ရည်ရွယ်ချက်ကို သဘောပေါက်နားလည်နိုင်ခြင်း မရှိသည့်အတွက်၊ ဤအရာမှာ လွဲမှားသော နားလည်မှုပင် ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင် ဖော်ပြခဲ့သည့် အမှုသည် သာမန် လူ့သဘာဝရှိသော

ဇာတိပကတိ၌ ဖော်ပြခဲ့သည့် ဘုရားသဘောသဘာဝ၏ အလုပ်ဖြစ်သောကြောင့် လူတို့ ထိုသို့ နားလည်မှု လွဲကြခြင်းဖြစ်သည်။ ဘုရားသခင်သည် ဇာတိပကတိကို ဝတ်ဆင်ထားပြီး၊ ဇာတိပကတိအထဲတွင် ကျိန်းဝပ်ခဲ့ကာ၊ သူ၏ လူ့သဘာဝထဲရှိ သူ၏အလုပ်သည် သူ၏လူ့သဘာဝ၏ သာမန် သဘောကို မှေးမှိန်စေခဲ့သည်။ ဤအကြောင်းကြောင့်ပင် လူများက ဘုရားသခင်သည် လူ့သဘာဝ မရှိဘဲ ဘုရားသဘောသဘာဝသာ ရှိသည်ဟု ယုံကြည်ခဲ့ကြခြင်း ဖြစ်သည်။

ပထမ လူ့ဇာတိခံယူသော ဘုရားသခင်သည် လူ့ဇာတိခံယူခြင်း၏ အလုပ်ကို ပြီးမြောက်အောင် မလုပ်ဆောင်ခဲ့ပေ၊ သူသည် ဘုရားသခင် ဇာတိပကတိ၌ လုပ်ဆောင်နိုင်ရန် လိုအပ်ခဲ့သည့် အလုပ်၏ ပထမအဆင့်ကိုသာ ပြီးမြောက်အောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လူ့ဇာတိခံယူခြင်း၏ အလုပ်ကို ပြီးဆုံးစေရန် အလို့ငှာ၊ ဘုရားသခင်သည် ဇာတိပကတိသို့ နောက်တစ်ကြိမ် ပြန်ကြွလာခဲ့ပြီး၊ ဇာတိပကတိ၏ သာမန်သဘောနှင့် စစ်မှန်သောသဘော အားလုံးကို အသက်ရှင်နေထိုင်သွားသည်၊ ဆိုလိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လုံးဝ ပုံမှန် ရိုးရိုးဇာတိပကတိထဲတွင် ထင်ရှားပြသစေခြင်း ဖြစ်သည်၊ ဤနည်းအားဖြင့် သူမလုပ်ဆောင်ရသေးသည့် ဇာတိပကတိထဲမှ အလုပ်ကို အဆုံးသတ်သွား၏။ ဒုတိယအကြိမ် ခံယူသော ဇာတိပကတိသည် အနှစ်သာရအားဖြင့် ပထမအကြိမ်နှင့် တူသော်လည်း၊ ပထမအကြိမ်ထက် သာ၍ပင် စစ်မှန်သည်၊ သာ၍ပင် ပုံမှန်ဖြစ်သည်။ အကျိုးဆက်အနေနှင့်၊ ဒုတိယအကြိမ် ခံယူသော ဇာတိပကတိ၏ ခံစားရသော ဆင်းရဲဒုက္ခသည် ပထမအကြိမ်ထက် ပို၍ ကြီးမားသည်၊ သို့သော် ဤဆင်းရဲဒုက္ခသည် လူ့ဇာတိ၌ လုပ်ဆောင်သော သူ့အမှုတော်၏ ရလဒ်သာဖြစ်ပြီး၊ ၎င်းသည် ဖောက်ပြန်ပျက်စီးနေသော လူသားများ၏ ဆင်းရဲဒုက္ခနှင့် ကွဲပြားခြားနားသည်။ ၎င်းသည်လည်း သူ့ဇာတိပကတိ၏ သာမန်သဘောနှင့် စစ်မှန်မှုမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ သူ၏ အမှုတော်ကို သူသည် လုံးဝသာမန်ဖြစ်ကာ စစ်မှန်သော ဇာတိပကတိ၌ ထမ်းဆောင်သည့်အတွက်၊ ဇာတိပကတိသည် အကြီးအကျယ် ခက်ခဲမှုကို ခံရပ်ရပေမည်။ သူ၏ဇာတိပကတိမှာ လက်တွေ့ကျပြီး သာမန်ဖြစ်လေလေ၊ သူ၏ အမှုတော်ကို ထမ်းဆောင်ရာတွင် သူ ဆင်းရဲဒုက္ခခံစားရလေလေ ဖြစ်လိမ့်မည်။ ဘုရားသခင်၏အလုပ်ကို လုံးဝသဘာဝလွန် မဟုတ်သော၊ အလွန်သာမန်ဖြစ်သော ဇာတိပကတိ၌ ဖော်ပြသည်။ သူ၏ ဇာတိပကတိသည် သာမန်ဖြစ်ပြီး လူသားအား ကယ်တင်ခြင်း အလုပ်ကိုလည်း တာဝန်ယူရမည် ဖြစ်သဖြင့်၊ သူသည် သဘာဝလွန် ဇာတိပကတိက ခံရမည့် ဆင်းရဲဒုက္ခထက် ပို၍ ကြီးမားသော အတိုင်းအတာကို ခံစားခဲ့ရသည်၊ ဤဆင်းရဲဒုက္ခ အားလုံးသည် သူ့ဇာတိပကတိ၏ စစ်မှန်မှုနှင့် သာမန်သဘောမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ သူတို့၏ အမှုတော်များကို

ထမ်းဆောင်နေစဉ်အတွင်း ဇာတိပကတိ နှစ်ခု ကြုံတွေ့ခဲ့ရသည့် ဆင်းရဲဒုက္ခမှ လူ့ဇာတိခံယူသော ဇာတိပကတိ၏ အနှစ်သာရကို တွေ့မြင်နိုင်သည်။ ဇာတိပကတိသည် သာမန်ဖြစ်လေလေ၊ အလုပ်ကို ဆောင်ရွက်ချိန်တွင် သူသည် ကြုံကြံခံရမည့် အခက်အခဲ ကြီးမားလေလေ ဖြစ်သည်၊ အလုပ်ကို လုပ်ဆောင်သည့် ဇာတိပကတိသည် စစ်မှန်လေလေ၊ လူများ၏ အယူအဆများ ပြင်းထန်လာလေလေ ဖြစ်ပြီး၊ သူ့အပေါ် ဘေးအန္တရာယ်များ ကျရောက်လာနိုင်လေလေ ဖြစ်သည်။ သို့သော်ငြားလည်း ဇာတိပကတိသည် စစ်မှန်လေလေ၊ ဇာတိပကတိသည် လိုအပ်ရာများနှင့် သာမန် သက်ရှိ လူသားတစ်ယောက်၏ အသိစိတ်အပြည့်အစုံတို့ကို ပိုင်ဆိုင်လေလေ ဖြစ်ပြီး၊ ဘုရားသခင်၏ အလုပ်ကို ဇာတိပကတိထဲ၌ သူသည် ဆောင်ရွက်နိုင်စွမ်း ရှိလေလေဖြစ်သည်။ ကားတိုင်ပေါ်တွင် သံမှို ရိုက်နှက်ခြင်း ခံခဲ့ရသည်မှာ ယေရှု၏ ဇာတိပကတိပင် ဖြစ်ပြီး၊ အပြစ်ဖြေရာယဇ်အနေနှင့် ပေးအပ်ခဲ့သော သူ၏ ဇာတိပကတိ ဖြစ်သည်၊ သူစာတန်ကို အနိုင်ယူပြီး လူသားကို လက်ဝါးကပ်တိုင်မှ အပြည့်အဝ ကယ်တင်ခဲ့ခြင်းမှာလည်း သာမန်လူ့သဘာဝရှိသော ဇာတိပကတိ အားဖြင့်ပင် ဖြစ်သည်။ ထို့အပြင် ဒုတိယအကြိမ် လူ့ဇာတိခံယူသော ဘုရားသခင်သည် သိမ်းပိုက်သော အလုပ်ကို ထမ်းဆောင်ပြီး စာတန်ကို အနိုင်ယူခြင်းမှာလည်း ပြီးပြည့်စုံသော ဇာတိပကတိ အနေနှင့်ပင် ဖြစ်သည်။ လုံးဝ သာမန်ဖြစ်ပြီး စစ်မှန်သော ဇာတိပကတိသာလျှင် သိမ်းပိုက်ခြင်း အလုပ်တစ်ခုလုံးကို ထမ်းဆောင်နိုင်မည်ဖြစ်ပြီး အစွမ်းထက်သော သက်သေခံချက်ပေးနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ၊ သဘာဝလွန်သော အံ့သြဖွယ်ရာများနှင့် ထုတ်ဖော်ခြင်းများမှတစ်ဆင့် မဟုတ်ဘဲ၊ ဇာတိပကတိထဲရှိ ဘုရားသခင်၏ စစ်မှန်ခြင်းနှင့် သာမန်သဘောမှတစ်ဆင့်သာ လူသားအား သိမ်းပိုက်ခြင်းကို ထိထိရောက်ရောက် လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဤလူ့ဇာတိခံယူသော ဘုရားသခင်၏ အမှုတော်မှာ စကားပြောရန်ဖြစ်ပြီး၊ ဤနည်းဖြင့် လူသားကို သိမ်းပိုက်ပြီး စုံလင်စေရန် ဖြစ်သည်၊ တစ်နည်းဆိုရလျှင်၊ ဇာတိပကတိထဲတွင် ပြီးပြည့်မြောက်သော ဝိညာဉ်တော်၏ အလုပ်၊ ဇာတိပကတိ၏ တာဝန်မှာ စကားပြောရန်ဖြစ်ပြီး ဤနည်းအားဖြင့် လူသားကို လုံးဝသိမ်းပိုက်၊ ဖွင့်ပြကာ စုံလင်စေပြီး ပယ်ရှင်းရန်ပင် ဖြစ်သည်။ ထို့ကြောင့် သိမ်းပိုက်ခြင်း အလုပ်အားဖြင့် ဇာတိပကတိ၌ ဘုရားသခင်၏ အလုပ်သည် အပြည့်အဝ ပြီးမြောက် အောင်မြင်မည် ဖြစ်သည်။ ကနဦး ရွေးနှုတ်ခြင်း အလုပ်သည် လူ့ဇာတိခံယူခြင်း အလုပ်၏ အစအဦးပိုင်းမျှသာ ဖြစ်သည်၊ သိမ်းပိုက်ခြင်း အလုပ်ကို လုပ်ဆောင်သည့် ဇာတိပကတိသည် လူ့ဇာတိခံယူခြင်း၏ အလုပ်တစ်ခုလုံးကို ပြီးပြည့်စုံစေ လိမ့်မည် ဖြစ်သည်။ လိင်သတ်မှတ်ချက်တွင်၊ တစ်ဦးသည် အမျိုးသားဖြစ်ပြီး၊ အခြားတစ်ဦးမှာ အမျိုးသမီး

ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင် လူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်သည် ပြီးပြည့်စုံသွားပြီ ဖြစ်ပြီး၊ ၎င်းသည် ဘုရားသခင်နှင့် ပတ်သက်သည့် လူသားများ၏ အယူအဆများကို ပပျောက်စေသည်၊ ဘုရားသခင်သည် အမျိုးသားရော၊ အမျိုးသမီးပါ နှစ်မျိုးစလုံးဖြစ်နိုင်ပြီး၊ လူ့ဇာတိခံယူသော ဘုရားသခင်သည် အနှစ်သာရအားဖြင့် လိင်သတ်မှတ်ချက် မရှိပေ။ သူသည် ယောက်ျားနှင့် မိန်းမ နှစ်မျိုးစလုံးကို ဖန်ဆင်းခဲ့ပြီး၊ သူ့အတွက် လိင်သတ်မှတ်ချက် မရှိပေ။ အလုပ်၏ ဤအဆင့်တွင် ဘုရားသခင်သည် နိမိတ် လက္ခဏာများနှင့် အံ့ဖွယ်သောအမှုများကို မလုပ်ဆောင်သည်မှာ အလုပ်သည် နှုတ်ကပတ်တော်များအားဖြင့် ရလဒ်များကို ရရှိရန်အတွက် ဖြစ်သည်။ ထို့အပြင်၊ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ လူ့ဇာတိခံယူသော ဘုရားသခင်၏အလုပ်မှာ ဤအကြိမ်တွင် နာမကျန်းသောသူကို ကျန်းမာစေရန်နှင့် နတ်ဆိုးများကို နှင်ထုတ်ရန် မဟုတ်ဘဲ၊ စကားပြောခြင်းအားဖြင့် လူသားကို သိမ်းပိုက်ရန်ဖြစ်သည်၊ ဆိုလိုသည်မှာ ဘုရားသခင် ခံယူထားသော ဤလူ့ဇာတိမှ ပိုင်ဆိုင်ထားသော ပင်ကိုစွမ်းရည်မှာ နှုတ်ကပတ်တော်များကို ပြောဆိုပြီး လူသားကို သိမ်းပိုက်ရန်ပင် ဖြစ်သည်၊ နာမကျန်းသူကို ကျန်းမာစေရန်နှင့် နတ်ဆိုးများကို နှင်ထုတ်ရန်မဟုတ်ပေ။ သာမန် လူ့သဘာဝထဲရှိ သူ၏အလုပ်သည် အံ့သြဖွယ်ရာများကို ပြုလုပ်ရန် မဟုတ်၊ နာမကျန်းသူတို့ကို ကျန်းမာစေရန်နှင့် နတ်ဆိုးများကို နှင်ထုတ်ရန်လည်း မဟုတ်ဘဲ၊ စကားပြောရန် ဖြစ်သည်၊ ထို့ကြောင့် ဒုတိယအကြိမ် ခံယူသော ဇာတိပကတိသည် လူများအတွက် ပထမတစ်ကြိမ်ထက် ပို၍ သာမန်ဖြစ်သည်ဟု ထင်ရသည်။ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းသည် မုသားမဟုတ်မှန်း သိမြင်ကြသော်လည်း၊ ဤလူ့ဇာတိခံယူသော ဘုရားသခင်သည် ယေရှု လူ့ဇာတိခံယူခြင်းနှင့် ကွဲပြားခြားနားပြီး၊ သူတို့ နှစ်ဦးစလုံးသည် လူ့ဇာတိခံယူသော ဘုရားသခင်ဖြစ်သော်လည်း၊ သူတို့သည် လုံးဝတူညီနေခြင်းကား မဟုတ်ပေ။ ယေရှုသည် ပုံမှန် လူ့သဘာဝ၊ သာမန် လူ့သဘာဝကို ပိုင်ဆိုင်ခဲ့သော်လည်း၊ နိမိတ်လက္ခဏာများ၊ အံ့သြဖွယ်ရာများစွာသည် သူနှင့်အတူရှိနေခဲ့သည်။ ဤလူ့ဇာတိခံယူသော ဘုရားသခင်တွင် လူသား၏မျက်လုံးများသည် နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်ရာများ၊ နာမကျန်းသောသူများကို ကျန်းမာစေခြင်း၊ နတ်ဆိုးများကို မောင်းထုတ်ခြင်း၊ ပင်လယ်ပေါ်၌ လမ်းလျှောက်ခြင်း၊ ရက်လေးဆယ် အစာရှောင်ခြင်း အစရှိသည်တို့ကို မြင်တွေ့ရလိမ့်မည် မဟုတ်ပေ။...သူသည် ယေရှု လုပ်ဆောင်ခဲ့သည့် အလုပ်ကို မလုပ်ဆောင်ပေ၊ အကြောင်းမှာ သူ၏ ဇာတိပကတိသည် အနှစ်သာရအားဖြင့် ယေရှု၏ ဇာတိပကတိနှင့် ကွဲပြားခြားနားသောကြောင့် မဟုတ်ဘဲ၊ သူ၏ အမှုတော်မှာ နာမကျန်းသောသူများကို ကျန်းမာစေရန်နှင့် နတ်ဆိုးများကို နှင်ထုတ်ရန် မဟုတ်သည့် အတွက်ကြောင့်ပင် ဖြစ်သည်။

သူသည် သူကိုယ်တိုင်၏ အလုပ်ကို မဖြိုဖျက်ပေ၊ သူကိုယ်တိုင်၏အလုပ်ကို မနှောင့်ယှက်ပေ။ သူသည် လူသားကို သူ၏ စစ်မှန်သော နှုတ်ကပတ်တော်များအားဖြင့် သိမ်းပိုက်သည့်အတွက်၊ လူသားကို အံ့သြဖွယ်ရာများနှင့် ချိုးနှိမ်ရန် မလိုအပ်တော့ပေ၊ ထို့ကြောင့် ဤအဆင့်သည် လူ့ဇာတိခံယူခြင်း အလုပ်ကို ပြီးပြည့်စုံစေရန် ဖြစ်သည်။ သင်ယနေ့ မြင်တွေ့ရသည့် လူ့ဇာတိခံယူသော ဘုရားသခင်သည် ဇာတိပကတိ လုံးလုံးလျားလျား ဖြစ်ပြီး၊ သူနှင့်ပတ်သက်ပြီး မည်သည့် သဘာဝလွန် အရာမျှ မရှိပေ။ သူသည် အခြားသူများကဲ့သို့ ဖျားနာသည်၊ အခြားသူများကဲ့သို့ပင် အစားအစာနှင့် အဝတ်အထည်ကို လိုအပ်သည်။ သူသည် အပြည့်အဝ ဇာတိပကတိတစ်ရပ် ဖြစ်သည်။ ဤတစ်ကြိမ်တွင်၊ လူ့ဇာတိခံယူသော ဘုရားသခင်သည် သဘာဝလွန်သော နိမိတ် လက္ခဏာများနှင့် အံ့ဖွယ်သော အမှုများကို ပြုလုပ်ပြီး၊ နာမကျန်းသောသူတို့ကို ကျန်းမာစေသည်၊ နတ်ဆိုးများကို နှင်ထုတ်သည်၊ သို့မဟုတ် နှုတ်ကပတ်တော်တစ်ခွန်းတည်းနှင့် သေစေနိုင်စွမ်း ရှိသည်ဆိုပါက၊ သိမ်းပိုက်ခြင်း အလုပ်ကို မည်သို့ လုပ်ဆောင်နိုင်မည်နည်း။ တစ်ပါးအမျိုးသား တိုင်းပြည်များသို့ ထိုအလုပ်သည် မည်သို့မည်ပုံ ပျံ့နှံ့နိုင်မည်နည်း။ နာမကျန်းသောသူများကို ကျန်းမာစေခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်ခြင်းသည် ကျေးဇူးတော်ခေတ်၏ အလုပ်ဖြစ်ပြီး၊ ရွေးနုတ်ခြင်းအလုပ်၏ ပထမအဆင့်လည်း ဖြစ်သည်၊ ယခုတွင် ဘုရားသခင်သည် လက်ဝါးကပ်တိုင်အားဖြင့် လူသားကို ကယ်တင်ခဲ့ပြီး ဖြစ်သောကြောင့်၊ သူသည် ထိုအလုပ်ကို မလုပ်ဆောင်တော့ပေ။ အကယ်၍ နောက်ဆုံးသော ကာလတွင် နာမကျန်းသောသူကို ကျန်းမာစေပြီး၊ နတ်ဆိုးများကို နှင်ထုတ်ကာ၊ လူသားအတွက် ကားစင်တင်ခံမည့် ယေရှုနှင့် အတူတူပင်ဖြစ်သော "ဘုရားသခင်" တစ်ပါး ပေါ်ထွက်လာခဲ့မည် ဆိုပါက၊ သမ္မာကျမ်းစာထဲရှိ ဘုရားသခင်၏ ဖော်ပြချက်များနှင့် ထပ်တူထပ်မျှဖြစ်ပြီး လူသားအတွက် လက်ခံရန် လွယ်ကူသော်ငြားလည်း၊ ၎င်း၏ အနှစ်သာရအရ ဘုရားသခင်၏ ဝိညာဉ်တော်က ယူတင်ဝတ်ဆင်ထားသော ဇာတိပကတိ ဖြစ်လိမ့်မည် မဟုတ်ဘဲ၊ နတ်ဆိုးက ယူတင်ဝတ်ဆင်ထားသော ဇာတိပကတိသာလျှင် ဖြစ်လိမ့်မည်။ အကြောင်းမှာ သူပြီးပြည့်စုံစေခဲ့ပြီးသော အရာကို မည်သည့်အခါမျှ ထပ်မလုပ်သည်မှာ ဘုရားသခင် အလုပ်၏ အခြေခံသဘောတရား ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ဘုရားသခင် ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်း၏ အလုပ်သည်လည်း ပထမအကြိမ်၏ အလုပ်နှင့် ကွဲပြားခြားနားသည်။ နောက်ဆုံးသော ကာလတွင်၊ ဘုရားသခင်သည် သိမ်းပိုက်ခြင်း အလုပ်ကို ရိုးရိုးပုံမှန် ဇာတိပကတိထဲတွင် အကောင်အထည်ဖော်သည်၊ သူသည် နာမကျန်းသူတို့ကို ကျန်းမာစေခြင်းမပြု၊ လူသားအတွက် ကားစင်တင်ခံရလိမ့်မည် မဟုတ်ဘဲ၊ ဇာတိပကတိ၌

ရိုးစင်းစွာနှင့် နှုတ်ကပတ်တော်များကို ပြောဆိုမည်ဖြစ်ပြီး၊ ဇာတိပကတိ၌ လူသားကို သိမ်းပိုက်မည် ဖြစ်သည်။ ထိုကဲ့သို့သော ဇာတိပကတိသာလျှင် ဘုရားသခင် ခံယူသော ဇာတိပကတိဖြစ်သည်၊ ထိုကဲ့သို့သော ဇာတိပကတိသာလျှင် ဘုရားသခင်၏ ဇာတိပကတိ၌ အလုပ်ကို ပြီးပြည့်စုံစေနိုင်မည် ဖြစ်သည်။

ဤအဆင့်တွင် လူ့ဇာတိခံယူသော ဘုရားသခင်သည် အခက်အခဲကို ကြံ့ကြံ့ခံနေသည် ဖြစ်စေ၊ သူ၏ အမှုတော်ကို ထမ်းဆောင်နေရသည် ဖြစ်စေ၊ လူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်ကို ပြီးပြည့်စုံစေရန် ထိုကဲ့သို့ သူလုပ်ဆောင်ခြင်း ဖြစ်သည်၊ အကြောင်းမှာ ဤသည်ကား ဘုရားသခင်၏ နောက်ဆုံး လူ့ဇာတိခံယူခြင်း ဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် နှစ်ကြိမ်တည်းသာ လူ့ဇာတိခံယူနိုင်သည်။ တတိယအကြိမ် မရှိနိုင်ပေ။ ပထမ လူ့ဇာတိခံယူခြင်းသည် အမျိုးသားဖြစ်ခဲ့ပြီး၊ ဒုတိယသည် အမျိုးသမီး ဖြစ်သည့်အတွက်ကြောင့်၊ ဘုရားသခင် ဇာတိပကတိ၏ ပုံရိပ်သည် လူသား၏ စိတ်တွင် ပြီးပြည့်စုံသွားပြီ ဖြစ်သည်၊ ထို့အပြင် လူ့ဇာတိခံယူခြင်း နှစ်ကြိမ်သည် ဇာတိပကတိထဲ၌ ဘုရားသခင်၏ အလုပ်ကို ပြီးဆုံးစေ ခဲ့ပြီးဖြစ်သည်။ ပထမအကြိမ် လူ့ဇာတိခံယူသော ဘုရားသခင်သည် လူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်ကို ပြီးပြည့်စုံစေရန် အလို့ငှာ ပုံမှန် လူ့သဘာဝကို ပိုင်ဆိုင်ခဲ့သည်။ ဤတစ်ကြိမ်တွင်လည်း သူသည် သာမန် လူ့သဘာဝကို ပိုင်ဆိုင်ထားသော်လည်း၊ ဤလူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်မှာမူ ကွဲပြားခြားနားသည်၊ ယင်းသည် ပို၍နက်ရှိုင်းပြီး၊ သူ၏ အလုပ်သည် သာ၍ နက်နဲသော အဓိပ္ပာယ် ရှိသည်။ ဘုရားသခင် လူ့ဇာတိကို နောက်တစ်ကြိမ် ပြန်၍ခံယူရခြင်း၏ အကြောင်းရင်းမှာ လူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်ကို ပြီးပြည့်စုံစေရန် ဖြစ်သည်။ ဘုရားသခင်သည် သူ့အလုပ်၏ ဤအဆင့်ကို လုံးဝနိဂုံးချုပ်ပြီးသောအခါ၊ လူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်အလုံးစုံ၊ ဆိုလိုသည်မှာ၊ ဇာတိပကတိ၌ ဘုရားသခင်၏ အလုပ်သည် ပြီးပြည့်စုံလိမ့်မည် ဖြစ်ပြီး၊ ဇာတိပကတိထဲတွင် လုပ်ဆောင်ရမည့် အလုပ်ရှိတော့မည် မဟုတ်ပေ။ ဆိုလိုသည်မှာ၊ ယခုအချိန်မှစ၍ ဘုရားသခင်သည် သူ၏အလုပ်ကို ဆောင်ရွက်ရန် ဇာတိပကတိသို့ နောက်တစ်ဖန် ဘယ်သောအခါမျှ ပြန်ကြွလာတော့မည် မဟုတ်ပေ။ လူသားမျိုးနွယ်ကို ကယ်တင်ရန်နှင့် စုံလင်စေရန်သာ ဘုရားသခင်သည် လူ့ဇာတိခံယူခြင်းအလုပ်ကို လုပ်ဆောင်ခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင်၊ သူ့အလုပ်အတွက်မှလွဲ၍ လူ့ဇာတိခံယူဖို့ ဆိုသည်မှာ ဘုရားသခင် လုပ်လေ့လုပ်ထရှိသည့် အရာတစ်ခု လုံးဝ မဟုတ်ပေ။ အလုပ်လုပ်ဆောင်ရန် ဇာတိပကတိထဲသို့ ကြွလာခြင်းအားဖြင့်၊ သူသည် စာတန်ကို ဘုရားသခင်မှာ ဇာတိပကတိ၊ သာမန် လူပုဂ္ဂိုလ်တစ်ဦး၊ ပုံမှန် လူပုဂ္ဂိုလ်တစ်ဦး

ဖြစ်သော်ငြားလည်း၊ သူသည် လောကအပေါ် ထူးကဲ အောင်မြင်စွာ အုပ်စိုးနိုင်ပြီး၊ စာတန်ကို နှိမ်နင်းနိုင်ကာ၊ လူသားမျိုးနွယ်ကို ရွေးနုတ်ကယ်တင်ပြီး၊ လူသားမျိုးနွယ်ကို သိမ်းပိုက်နိုင်ကြောင်း ပြခြင်းဖြစ်သည်။ စာတန်၏အလုပ်၏ပန်းတိုင်မှာ လူသားမျိုးနွယ်ကို ဖျက်စီးရန် ဖြစ်ပြီး၊ ဘုရားသခင်၏ ပန်းတိုင်မှာမူ လူသားမျိုးနွယ်ကို ကယ်တင်ရန် ဖြစ်သည်။ စာတန်သည် လူသားကို အောက်ခြေမဲ့သော တွင်းနက်ထဲတွင် ပိတ်လှောင်ပြီး၊ ဘုရားသခင်ကမူ လူသားကို ထိုတွင်းထဲမှ ကယ်နုတ်သည်။ စာတန်သည် လူသားအားလုံးကို သူ့အား ကိုးကွယ်စေသည်၊ ဘုရားသခင်ကမူ ၎င်းတို့အား သူ၏ အုပ်စိုးမှုကို ခံစေသည်၊ အကြောင်းမှာ သူသည် ဖန်ဆင်းခြင်း၏ သခင်ဖြစ်သောကြောင့် ဖြစ်သည်။ ဤအလုပ်အားလုံးသည် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း နှစ်ကြိမ်စလုံးမှတစ်ဆင့် ရရှိခဲ့ခြင်း ဖြစ်သည်။ သူ၏ ဇာတိပကတိသည် အနှစ်သာရအားဖြင့် ဘုရား၏သဘောသဘာဝနှင့် လူ့သဘာဝတို့ ပေါင်းစပ်ခြင်းပင်ဖြစ်ပြီး ပုံမှန် လူ့သဘာဝကို ပိုင်ဆိုင်သည်။ ထို့ကြောင့် ဘုရားသခင် ခံယူသော ဇာတိပကတိ မရှိပါက၊ ဘုရားသခင်သည် လူသားမျိုးနွယ်အား ကယ်တင်ရာတွင် ရလဒ်များကို ရရှိနိုင်မည် မဟုတ်ပေ၊ သူ့ဇာတိပကတိ၏ သာမန်လူ့သဘာဝ မရှိပါကလည်း၊ ဇာတိပကတိ၌ သူ၏ အလုပ်သည်လည်း ဤရလဒ်များကို ရနိုင်ဦးမည် မဟုတ်ပေ။ ဘုရားသခင် လူ့ဇာတိခံယူခြင်း၏ အနှစ်သာရမှာ သူသည် သာမန်လူ့သဘာဝကို ပိုင်ဆိုင်ရမည်အတွက် ဖြစ်သည်၊ အကြောင်းမှာ ဤကဲ့သို့မဟုတ်ပါက လူ့ဇာတိခံယူရခြင်းတွင် ဘုရားသခင်၏ မူလရည်ရွယ်ချက်နှင့် ဆန့်ကျင်နေမည် ဖြစ်သည်။

ယေရှု၏အလုပ်၌ လူ့ဇာတိခံယူခြင်း၏ အဓိပ္ပာယ်မှာ ပြီးပြည့်စုံခဲ့ခြင်းမရှိဟု ငါပြောရခြင်းမှာ အဘယ်ကြောင့်နည်း။ အကြောင်းမှာ နှုတ်ကပတ်တော်သည် ဇာတိပကတိ လုံးလုံးလျားလျား ဖြစ်မလာခဲ့သောကြောင့် ဖြစ်သည်။ ယေရှုပြုခဲ့သည့်အရာမှာ ဇာတိပကတိ၌ ဘုရားသခင်၏အလုပ်၏ တစ်ပိုင်းမျှသာ ဖြစ်သည်၊ သူသည် ရွေးနုတ်ခြင်း အလုပ်ကိုသာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ လူသားအား လုံးဝ ရယူပိုင်ဆိုင်ခြင်း အလုပ်ကို မလုပ်ဆောင်ခဲ့ပေ။ ဤအကြောင်းကြောင့် ဘုရားသခင်သည် နောက်ဆုံးသောကာလတွင် နောက်တစ်ကြိမ် လူ့ဇာတိခံယူခြင်းဖြစ်သည်။ အလုပ်၏ ဤအဆင့်ကိုလည်း သာမန်ဇာတိပကတိ၌ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ လုံးဝ သာမန်ဖြစ်သော၊ လူ့သဘာဝမှာ စိုးစဉ်းမျှပင် ထူးကဲသာလွန်ခြင်း မရှိသော လူသားတစ်ဦးမှ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အခြားတစ်နည်းနှင့် ဆိုရလျှင်၊ ဘုရားသခင်သည် လူသား လုံးဝ ဖြစ်သွားသည်၊ သူ၏ကိုယ်ပိုင်လက္ခဏာသည် ဘုရားသခင်၏ ကိုယ်ပိုင်လက္ခဏာ ဖြစ်ပြီး၊ အလုပ်ကို လုပ်ဆောင်နေသည့် လုံးဝသက်ရှိလူသား၊ လုံးဝ ဇာတိပကတိ ဖြစ်သည်။ လူ့မျက်စိသည် ကောင်းကင်

ဘာသာစကားကို ပြောဆိုနိုင်သော ပကတိ သာမန်လူပုဂ္ဂိုလ် တစ်ဦး၊ စည်းဝေးခန်းမကြီးများတွင် ဘာသာရေး၏ အတွင်းကျသော သမ္မာတရားကို ထုတ်ဖော်ပြရန် မဆိုထားနှင့် အံ့သြဖွယ် နိမိတ်လက္ခဏာများ ဘာမျှမပြသူ၊ အံ့ဖွယ်ရာများ ဘာမျှ မလုပ်ဆောင်သော၊ လုံးဝ ထူးကဲသာလွန်ခြင်း မရှိသော ဇာတိခန္ဓာကို မြင်သည်။ ဒုတိယ အကြိမ် ခံယူသော ဇာတိပကတိ၏ အလုပ်သည် လူများအတွက် ပထမ အကြိမ်နှင့် လုံးဝ မတူကွဲပြား နေသကဲ့သို့ ထင်ရသည်၊ ကွဲပြားလွန်းလှသည့်အတွက် သူတို့နှစ်ခုတွင် တူသောအရာ ဘာမျှ မရှိဟု ထင်မှတ်ရပြီး၊ ပထမ အလုပ်နှင့်သက်ဆိုင်သော မည်သည့်အရာကိုမျှ ဤတစ်ကြိမ်တွင် မမြင်တွေ့နိုင်ပေ။ ဒုတိယအကြိမ် ခံယူသော ဇာတိပကတိ၏ အလုပ်သည် ပထမအကြိမ်၏ အလုပ်နှင့် ကွဲပြားခြားနားသော်လည်း၊ ထိုအချက်က သူတို့၏ အရင်းအမြစ်သည် တူညီသောအရာ တစ်ခုတည်းမဟုတ်ကြောင်း သက်သေမပြပေ။ သူတို့၏ အရင်းအမြစ်သည် တစ်ခုတည်း ဟုတ်၊ မဟုတ် ဆိုသည်မှာ သူတို့၏ အပြင်ပိုင်းကိုယ်ထည်များအပေါ်၌ မူတည်ခြင်း မရှိဘဲ၊ ဇာတိပကတိများမှ လုပ်ဆောင်ခဲ့သည့် အလုပ်၏ သဘာဝအပေါ်တွင်သာ မူတည်သည်။ သူ့အလုပ်၏ အဆင့်သုံးဆင့် အတောအတွင်း၊ ဘုရားသခင်သည် နှစ်ကြိမ် လူ့ဇာတိခံယူခဲ့ပြီး၊ နှစ်ကြိမ်စလုံးတွင် ဘုရားသခင်၏ လူ့ဇာတိခံယူသော အလုပ်သည် ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ပေးသည်၊ အလုပ်သစ်တစ်ခုကို အစပြုပေးသည်၊ လူ့ဇာတိခံယူခြင်းများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ပြည့်စုံစေသည်။ အမှန်တကယ်အားဖြင့် ဇာတိပကတိနှစ်ပါးသည် အရင်းအမြစ် တစ်ခုတည်းမှ လာသည် ဆိုခြင်းကို လူသားမျက်လုံးများဖြင့် မြင်နိုင်ရန်မှာမူ မဖြစ်နိုင်ပေ။ ထိုသို့မြင်နိုင်ဖို့ဆိုသည်မှာ လူသားမျက်လုံးနှင့် လူသားစိတ်တို့၏ တတ်စွမ်းနိုင်သည်ထက် လွန်သည်ဆိုခြင်းကို ပြောရန်ပင် မလိုအပ်ပေ။ သို့သော် ၎င်းတို့၏ အနှစ်သာရ၌မူ ၎င်းတို့သည် အတူတူပင်ဖြစ်သည်၊ အကြောင်းမှာ သူတို့၏ အလုပ်သည် ဝိညာဉ်တော်တစ်ပါးတည်းမှ အရင်းခံသောကြောင့် ဖြစ်သည်။ ခံယူသော ဇာတိပကတိ နှစ်ပါးသည် တူညီသော အရင်းအမြစ်မှ ပေါ်ထွက်လာခြင်း ဟုတ်၊ မဟုတ်ဆိုသည်ကို သူတို့ မွေးဖွားခဲ့သည့် ခေတ်ကာလနှင့် နေရာဒေသများအားဖြင့် သို့မဟုတ် ထိုကဲ့သို့သော အခြားအကြောင်းရင်းများဖြင့် ဆုံးဖြတ်၍ မရဘဲ၊ သူတို့မှ ဖော်ပြသည့် ဘုရားသဘောသဘာဝ အလုပ်အားဖြင့်သာ ဆုံးဖြတ်၍ ရမည်ဖြစ်သည်။ ဒုတိယအကြိမ် ခံယူသော ဇာတိပကတိသည် ယေရှုလုပ်ဆောင်ခဲ့သော အလုပ်နှင့်သက်ဆိုင်သော မည်သည့်အရာကိုမျှ ဆောင်ရွက်ခြင်းမရှိပေ၊ အကြောင်းမှာ ဘုရားသခင်၏ အလုပ်သည် လုပ်ရိုးလုပ်စဉ်များကို မလိုက်နာဘဲ၊ အကြိမ်တိုင်းတွင် ၎င်းသည် လမ်းကြောင်းအသစ်ကို ဖွင့်ပေးသောကြောင့်

ဖြစ်သည်။ ဒုတိယအကြိမ် ခံယူသော ဇာတိပကတိသည် လူများ၏ စိတ်ထဲရှိသော ပထမ ဇာတိပကတိအပေါ် ထင်မြင်ချက်ကို နက်ရှိုင်းစေရန် သို့မဟုတ် ခိုင်ခံ့စေရန် မရည်ရွယ်ဘဲ၊ ဖြည့်စွက်ရန်နှင့် စုံလင်စေရန်၊ ဘုရားသခင်နှင့် ပတ်သက်သည့် လူသား၏ အသိပညာကို နက်ရှိုင်းစေရန်၊ လူတို့၏ နှလုံးသားများထဲ၌ တည်ရှိသော စည်းကမ်းများ အားလုံးကို ချိုးဖျက်ရန်နှင့် သူတို့၏ နှလုံးသားများထဲ၌ ရှိသော ဘုရားသခင်နှင့် ပတ်သက်သည့် မှားယွင်းသော ပုံရိပ်ကို သုတ်သင်ပယ်ရှင်းရန် ဖြစ်သည်။ ဘုရားသခင် ကိုယ်တိုင်၏အလုပ်၏ မည်သည့်သီးသန့်အဆင့် တစ်ဆင့်ကမျှ လူသားကို ကိုယ်တော်နှင့်ပတ်သက်သည့် စုံလင်သည့် အသိပညာကို မပေးနိုင်ဟု ပြော၍ရသည်၊ တစ်ဆင့်စီသည် အစိတ်အပိုင်း တစ်ခုကိုသာ ပေးပြီး၊ အလုံးစုံကို မပေးပေ။ ဘုရားသခင်သည် သူ၏ စိတ်သဘောထားကို အပြည့်အဝ ဖော်ပြခဲ့ပြီး ဖြစ်သော်လည်း၊ လူသား၏ နည်းပါးသော နားလည်နိုင်စွမ်းကြောင့် ဘုရားသခင်နှင့် ပတ်သက်သော သူ၏ အသိပညာမှာ မပြည့်မစုံဘဲ ရှိနေသည်။ လူ့ဘာသာ စကားကို အသုံးပြု၍ ဘုရားသခင်၏ စိတ်သဘောထား အလုံးစုံကို ဖော်ပြရန်မှာ မဖြစ်နိုင်ပေ၊ ထို့အပြင်၊ သူ့အလုပ်၏ အဆင့်တစ်ဆင့်တည်းက ဘုရားသခင်ကို အပြည့်အဝ အဘယ်သို့ ဖော်ပြနိုင်မည်နည်း။ သူ့သာမန် လူ့သဘာဝဖြင့် ကွယ်ဝှက်ထားသော ဇာတိပကတိဖြင့် သူအလုပ်လုပ်ပြီး သူ၏ ခန္ဓာကိုယ်ထည်အားဖြင့် မဟုတ်ဘဲ သူ၏ဘုရားသဘောသဘာဝ၏ ဖော်ပြမှုများအားဖြင့်သာ သူ့ကို သိကျွမ်းနိုင်သည်။ သူ၏ အမျိုးမျိုးသော အလုပ်အားဖြင့် လူသားက သူ့အားသိကျွမ်း လာနိုင်စေရန် ဘုရားသခင်သည် ဇာတိပကတိထဲသို့ ဆင်းကြွလာခြင်းဖြစ်ပြီး၊ သူ့အလုပ်၏ အဆင့်များသည် တစ်ဆင့်နှင့် တစ်ဆင့်လုံးဝ မတူပေ။ ဤနည်းလမ်းအားဖြင့်သာ လူသားသည် ရှုထောင့်တစ်ခုတည်းတွင်ပင် ပိတ်မိမနေဘဲ ဇာတိပကတိထဲရှိ ဘုရားသခင်၏အလုပ်နှင့် ပတ်သက်သည့် ပြည့်စုံသော အသိပညာကို ရရှိနိုင်မည်ဖြစ်သည်။ ခံယူသော ဇာတိပကတိ နှစ်ခု၏ အလုပ်သည် ကွဲပြားခြားနား သော်ငြားလည်း၊ ထိုဇာတိပကတိများ၏ အနှစ်သာရနှင့် သူတို့ အလုပ်၏ အရင်းအမြစ်မှာ ထပ်တူပင် ဖြစ်သည်၊ သူတို့သည် အလုပ်၏ မတူကွဲပြားသော အဆင့်နှစ်ဆင့်ကို ထမ်းဆောင်ရန် တည်ရှိပြီး၊ မတူကွဲပြားသော ခေတ်နှစ်ခေတ်တွင် ပေါ်ထွက်လာခြင်းသာ ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ၊ ဘုရားသခင်ခံယူသော ဇာတိပကတိများသည် အနှစ်သာရချင်းတူပြီး အရင်းအမြစ်တူသည်၊ ဤအရာသည် မည်သူမျှ ငြင်းဆို၍ မရနိုင်သော သမ္မာတရားပင် ဖြစ်သည်။

## ဘုရားသခင်၏ အမှုနှင့် လူ၏လက်တွေ့လုပ်ဆောင်မှု

လူသည် ဘုရားသခင် အမှု၏ ရည်မှန်းချက်ဖြစ်ပြီး ဘုရားသခင်ကို သက်သေခံနိုင်သည့် ဘုရားသခင် ဖန်ဆင်းထားသည့် တစ်ဦးတည်းသော အဖန်ဆင်းခံသတ္တဝါ ဖြစ်သည့်အတွက်၊ လူသားအလယ် ဘုရားသခင်၏ အမှုသည် လူနှင့် ခွဲ၍ မရပေ။ လူ၏ အသက်တာနှင့် လူ၏ လှုပ်ရှားမှုအားလုံးသည် ဘုရားသခင်နှင့် ခွဲ၍မရသကဲ့သို့ ဘုရားသခင်၏ လက်များက အားလုံးကို ထိန်းချုပ်ထားပြီး၊ မည်သည့်လူမျှ ဘုရားသခင်နှင့် သီးခြားစီ မတည်ရှိနိုင်ဟုပင် ပြောကောင်းပြောနိုင်သည်။ ယင်းသည် အမှန်တရား ဖြစ်သည့်အတွက်၊ မည်သူမျှ မငြင်းနိုင်ပေ။ ဘုရားသခင် လုပ်ဆောင်သမျှ အားလုံးသည် လူသားမျိုးနွယ် အကျိုးအတွက် ဖြစ်ပြီး၊ စာတန်၏ အကြံအစည်များကို ဦးတည်သည်။ လူ လိုအပ်သမျှအားလုံးသည် ဘုရားသခင်ထံမှလာပြီး ဘုရားသခင်သည် လူသား အသက်၏ အရင်းအမြစ်ဖြစ်သည်။ သို့ဖြစ်ရာ လူသည် ဘုရားသခင်မှ ရိုးရှင်းစွာ ခွဲမထွက်နိုင်ပေ။ ထို့အပြင် ဘုရားသခင်သည် လူသားထံမှ ခွဲခွာခြင်းနှင့်ဆိုင်သည့် မည်သည့် ရည်ရွယ်ချက်မျှ လုံးဝ မရှိဖူးပေ။ ဘုရားသခင် ပြုသောအမှုသည် လူသားမျိုးနွယ် အားလုံးအတွက် ဖြစ်ပြီး၊ သူ၏ အကြံအစည်များမှာ အမြဲ ကြင်နာတတ်လေသည်။ ထို့နောက် လူသားအတွက်၊ ဘုရားသခင်၏ အမှုနှင့် ဘုရားသခင်၏ အကြံအစည်များ (ယင်းမှာ ဘုရားသခင်၏ အလိုဖြစ်သည်) နှစ်ခုလုံးသည် လူသား သိထားသင့်သည့် "ရူပါရုံများ" ဖြစ်သည်။ ထိုသို့သော ရူပါရုံများသည်လည်း ဘုရားသခင်၏ စီမံခန့်ခွဲမှု ဖြစ်ပြီး လူသားက လုပ်နိုင်စွမ်း မရှိသော အမှုဖြစ်သည်။ ထိုအချိန်အတောအတွင်း၊ သူ၏ အမှုအတောအတွင်းတွင် လူနှင့်သက်ဆိုင်၍ ဘုရားသခင် ပြုသည့် သတ်မှတ်ချက်များကို လူ၏ "လက်တွေ့လုပ်ဆောင်မှု" ဟု ခေါ်သည်။ ရူပါရုံများသည် ဘုရားသခင် ကိုယ်တိုင်၏အမှု သို့မဟုတ် လူသားမျိုးနွယ်အတွက် သူ၏ အလို သို့မဟုတ် သူ့အမှု၏ ရည်မှန်းချက်များနှင့် အရေးပါမှု ဖြစ်သည်။ ဤစီမံခန့်ခွဲမှုသည် ဘုရားသခင်၏ အမှုဖြစ်သည့်အတွက်၊ ရူပါရုံများကို စီမံခန့်ခွဲမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ဟုလည်း ပြောနိုင်ပြီး ထိုရူပါရုံများသည် လူသားကို ရည်ရွယ်ပေသည်၊ ဆိုလိုသည်မှာ ယင်းသည် လူသားအလယ် ဘုရားသခင် ပြုသောအမှု ဖြစ်ပေသည်။ ဤအမှုသည် ဘုရားသခင်ကို လူက သိရှိလာရာ သက်သေအထောက်အထားနှင့် လမ်းကြောင်း ဖြစ်ပြီး လူသားအတွက် အဆုံးစွန် အရေးပါမှု တစ်ခုလည်း ဖြစ်သည်။ အကယ်၍ လူတို့သည် ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အသိပညာကို အာရုံစိုက်မည့်အစား ဘုရားသခင်၌ ယုံကြည်မှုနှင့်ဆိုင်သည့် အယူဝါဒများ သို့မဟုတ် မဖြစ်စလောက် အရေးမကြီးသော အသေးစိတ်များကိုသာ အာရုံစိုက်မည်ဆိုပါက၊ ၎င်းတို့သည် တကယ်ကို ဘုရားသခင်ကို သိကြလိမ့်မည် မဟုတ်သည့်အပြင်၊ ဘုရားသခင်၏ စိတ်နှလုံးနှင့်လည်း ညီညွတ်ကြလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်နှင့်ဆိုင်သည့် လူ၏ အသိပညာအဖို့ အလွန့်အလွန် အထောက်အကူ

ပြုသည့် ဘုရားသခင်၏ အမှုကို ရူပါရုံများဟု ခေါ်ပေသည်။ ဤရူပါရုံများသည် ဘုရားသခင်၏ အမှု၊ ဘုရားသခင်၏ အလို၊ ဘုရားသခင် အမှု၏ ရည်မှန်းချက်များနှင့် အရေးပါမှု ဖြစ်သည်- ယင်းတို့သည် လူသားအဖို့ အကျိုးကျေးဇူးသာ ဖြစ်ပေသည်။
လက်တွေ့လုပ်ဆောင်မှုဆိုသည်မှာ လူက လုပ်ဆောင်သင့်သောအရာ၊ ဘုရားသခင် နောက်လိုက်သော အဖန်ဆင်းခံသတ္တဝါများ လုပ်ဆောင်သင့်သောအရာကို ရည်ညွှန်းပြီး၊ ယင်းမှာ လူ၏ တာဝန်လည်း ဖြစ်သည်။ လူသားက လုပ်ဆောင်သင့်သော အရာသည် အစဦးကတည်းက လူသား နားလည်ခဲ့သော အရာမဟုတ်ဘဲ၊ ဘုရားသခင်က သူ၏အမှုအတွင်း လူသားအပေါ် ထားရှိသော သတ်မှတ်ချက်များ ဖြစ်သည်။ ဤသတ်မှတ်ချက်များသည် တဖြည်းဖြည်း နက်နဲလာပြီး ဘုရားသခင် အမှုပြုသည်နှင့်အမျှ ပို၍မြင့်မားလာခဲ့သည်။ ဥပမာအားဖြင့် ပညတ်တော်ခေတ်အတွင်းတွင်၊ လူသည် ပညတ်တော်ကို လိုက်နာဖို့ဖြစ်ခဲ့ပြီး၊ ကျေးဇူးတော်ခေတ်တွင် လူသားသည် ကားတိုင်ကို ထမ်းရွက်ဖို့ ဖြစ်ခဲ့သည်။ နိုင်ငံတော်ခေတ်သည် ကွာခြား၏- လူသားအပေါ် သတ်မှတ်ချက်များသည် ပညတ်တော်ခေတ်နှင့် ကျေးဇူးတော်ခေတ်များအတွင်းက သတ်မှတ်ချက်များထက် ပိုမို မြင့်မားလေသည်။ ရူပါရုံများက ပိုမို မြင့်မားလာသည်နှင့်အမျှ၊ လူသားအပေါ် သတ်မှတ်ချက်များသည်လည်း ပိုမြင့်မားလာပြီး ယခင်ထက် သာ၍ ရှင်းလင်းလာကာ သာ၍ စစ်မှန်လာသည်။ ထိုနည်းတူ ရူပါရုံများသည်လည်း တိုး၍ စစ်မှန်လာသည်။ ဤစစ်မှန်သော ရူပါရုံများစွာသည် လူသား၏ ဘုရားသခင်အား နာခံခြင်းကို အားဖြည့်ပေးသည်သာမက၊ ထို့အပြင် ဘုရားသခင်နှင့်ဆိုင်သည့် သူ၏ အသိပညာကိုလည်း အားဖြည့်ပေးလေသည်။

ယခင်ခေတ်များနှင့် နှိုင်းယှဉ်ရာတွင်၊ နိုင်ငံတော်ခေတ်အတွင်း ဘုရားသခင်၏ အမှုသည် သာ၍ လက်တွေ့ကျပြီး၊ လူသား၏ အနှစ်သာရနှင့် သူ၏ စိတ်သဘောထားထဲက ပြောင်းလဲမှုများကို သာ၍ ရည်ရွယ်သကဲ့သို့၊ သူ့နောက်လိုက်သူ အားလုံးအတွက်လည်း ဘုရားသခင် ကိုယ်တော်တိုင်ကို သာ၍ သက်သေခံစေနိုင်လေသည်။ တစ်နည်းဆိုသော် နိုင်ငံတော်ခေတ်အတွင်းတွင်၊ သူအမှုပြုသည်နှင့်အမျှ အတိတ်ကာလ မည်သည့်အချိန်ကထက်မဆို ဘုရားသခင်သည် လူသားထံ မိမိကိုယ်ကိုယ် ပြသလေသည်၊ ဆိုလိုသည်မှာ လူသားက သိသင့်သော ရူပါရုံများသည် ယခင် မည်သည့်ခေတ်မဆိုထက် ပိုမို မြင့်မားလေသည်။ လူသားအလယ်ရှိ ဘုရားသခင်၏ အမှုသည် ယခင် မရောက်ဖူးသော နယ်ပယ်ထဲသို့ ဝင်ရောက်ပြီးဖြစ်သောကြောင့်၊ နိုင်ငံတော်ခေတ်အတွင်း လူသားက သိသော ရူပါရုံများသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု အားလုံးတစ်လျှောက် အမြင့်ဆုံးဖြစ်လေသည်။ ဘုရားသခင်၏ အမှုသည် ယခင်က မရောက်ဖူးသေးသော

နယ်ပယ်ထဲသို့ ဝင်ရောက်ပြီးဖြစ်ကာ၊ ထို့ကြောင့် လူသားက သိရှိရမည့် ရှုပါရုံများသည် ရှုပါရုံများအားလုံးထဲမှ အမြင့်ဆုံး ဖြစ်လာပြီးဖြစ်ကာ၊ လူသား၏ လက်တွေ့လုပ်ဆောင်မှုသည် ရှုပါရုံများဖြင့် အဆင့်ဆင့် ပြောင်းလဲသည့်အတွက်၊ အကျိုးဆက်ဖြစ်သော လူသား၏ လက်တွေ့လုပ်ဆောင်မှုသည်လည်း ယခင်ခေတ်ထက် ပိုမို မြင့်မားပြီး၊ ရှုပါရုံများ၏ ပြည့်စုံခြင်းသည်လည်း လူသားနှင့်ဆိုင်သည့် သတ်မှတ်ချက်များ ပြည့်စုံခြင်းကို အမှတ်အသား ပြုပေသည်။ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအားလုံး ရပ်တန့် သွားသည်နှင့်တစ်ပြိုင်နက် လူသား၏ လက်တွေ့လုပ်ဆောင်မှုသည်လည်း ရပ်တန့်သွားသည်၊ ပြီးလျှင် ဘုရားသခင်၏ အမှု မရှိဘဲနှင့်၊ လူသည် အတိတ်ကာလများ၏ အယူဝါဒကို ထိန်းသိမ်းရန်မှလွဲ၍ ရွေးချယ်စရာ ရှိလိမ့်မည် မဟုတ်၊ သို့မဟုတ် တကယ်ကို အားကိုးရာမရှိဘဲ ဖြစ်လိမ့်မည်။ ရှုပါရုံအသစ်များ မရှိဘဲနှင့်၊ လူအားဖြင့် အသစ်သော လက်တွေ့ လုပ်ဆောင်မှုများ ရှိလိမ့်မည် မဟုတ်ပေ။ ပြီးပြည့်စုံသော ရှုပါရုံများ မရှိဘဲနှင့်၊ လူ၏ စုံလင်သော လက်တွေ့လုပ်ဆောင်မှု ရှိလိမ့်မည် မဟုတ်ပေ။ သာ၍ မြင့်မားသော ရှုပါရုံများ မရှိဘဲနှင့်၊ လူ၏ သာ၍ မြင့်မားသော လက်တွေ့လုပ်ဆောင်မှု ရှိလိမ့်မည် မဟုတ်ပေ။ လူ၏ လက်တွေ့ လုပ်ဆောင်မှုသည် ဘုရားသခင်၏ ခြေလှမ်းများနှင့်အတူ ပြောင်းလဲပြီး၊ ထိုနည်းတူ လူ၏ အသိပညာနှင့် အတွေ့အကြုံသည်လည်း ဘုရားသခင်၏ အမှုနှင့်အတူ ပြောင်းလဲသည်။ လူသည် မည်မျှ လုပ်ဆောင်နိုင်စွမ်း ရှိသည်ဖြစ်စေ၊ သူသည် ဘုရားသခင်နှင့် ခွဲ၍ မရနိုင်ဆဲ ဖြစ်သကဲ့သို့၊ အကယ်၍ ဘုရားသခင်သည် အမှုပြုခြင်းကို အချိန်အခိုက်အတန့်မျှ ရပ်တန့်ခဲ့မည် ဆိုပါက၊ လူသည် သူ၏ အမျက်ဒေါသကြောင့် ချက်ချင်း သေဆုံးသွားလိမ့်မည်။ ယနေ့ လူ၏ အသိပညာ မည်မျှ မြင့်မားသည်ဖြစ်စေ၊ သူ၏ အတွေ့အကြုံများ မည်မျှ နက်နဲသည်ဖြစ်စေ၊ လူသည် ဝါကြွားစရာ မည်သည့်အရာမျှ မရှိ၊ သူသည် ဘုရားသခင်၏ အမှုနှင့် ခွဲ၍မရနိုင်ပေ- အကြောင်းမှာ လူ၏ လက်တွေ့လုပ်ဆောင်မှုနှင့် ဘုရားသခင်၌ သူ၏ယုံကြည်မှုတွင် သူ ရှာဖွေသင့်သည့်အရာတို့သည် ရှုပါရုံများနှင့် ခွဲ၍ မရသည့်အတွက် ဖြစ်သည်။ ဘုရားသခင်၏ အမှု ဖြစ်စဉ်တိုင်းတွင် လူသားသိသင့်သော ရှုပါရုံများ ရှိပြီး၊ ဤအရာများနောက်တွင် လူသားနှင့်သက်ဆိုင်သည့် သင့်တော်သော သတ်မှတ်ချက်များကို ပြုလုပ်ထားပေသည်။ ဤရှုပါရုံများကို အခြေခံအုတ်မြစ်အဖြစ် မရှိဘဲ၊ လူသည် တကယ်ကို လက်တွေ့လုပ်ဆောင်နိုင်စွမ်း ရှိမည် မဟုတ်သကဲ့သို့၊ လူသည် ဘုရားသခင်နောက် မဆုတ်မနစ် လိုက်နိုင်မည်လည်း မဟုတ်ပေ။ အကယ်၍ လူသည် ဘုရားသခင်ကို မသိပါက၊ သို့မဟုတ် ဘုရားသခင်၏ အလိုကို နားမလည်ပါက၊ လူသား လုပ်ဆောင်သမျှအားလုံး အချည်းနှီး ဖြစ်ပြီး ဘုရားသခင်က လက်ခံနိုင်စွမ်း ရှိမည် မဟုတ်ပေ။ လူသား၏ ဆုကျေးဇူးများသည် မည်မျှ

များပြားသည် ဖြစ်စေ၊ သူသည် ဘုရားသခင်၏ အမှုနှင့် ဘုရားသခင်၏ လမ်းပြမှုမှ ခွဲ၍မရနိုင်ဆဲ ဖြစ်သည်။ လူ၏ လုပ်ရပ်များ မည်မျှ ကောင်းမွန်သည်ဖြစ်စေ၊ မည်မျှ များပြားသည့် လုပ်ရပ်များကို လူက ဆောင်ရွက်သည်ဖြစ်စေ၊ ယင်းတို့သည် ဘုရားသခင်၏ အမှုကို အစားမထိုးနိုင်သေးပေ။ သို့ဖြစ်ရာ မည်သည့် အခြေအနေအောက်တွင်မျှ လူ၏ လက်တွေ့ လုပ်ဆောင်မှုသည် ရူပါရုံများမှ ခွဲထွက်၍ မရနိုင်ပေ။ ရူပါရုံအသစ်များကို လက်မခံသူသည် လက်တွေ့လုပ်ဆောင်မှု အသစ်များ မရှိပေ။ ၎င်းတို့သည် အယူဝါဒကို လိုက်နာပြီး အသက်မဲ့သည့် ပညတ်တရားကို ထိန်းသိမ်းသောကြောင့်၊ ၎င်းတို့၏ လက်တွေ့လုပ်ဆောင်မှုသည် သမ္မာတရားနှင့် မည်သည့် ဆက်နွယ်မှုမျှ မရှိပေ။ ၎င်းတို့သည် ရူပါရုံသစ်များ လုံးဝ မရှိသကဲ့သို့ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် ခေတ်သစ်မှ မည်သည့်အရာကိုမျှ လက်တွေ့မလုပ်ဆောင်ကြပေ။ ၎င်းတို့သည် ရူပါရုံများ ပျောက်ဆုံးကြပြီးဖြစ်ကာ၊ ထိုသို့လုပ်ဆောင်ခြင်းကြောင့် ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကိုလည်း ဆုံးရှုံးကြပြီးဖြစ်သကဲ့သို့ သမ္မာတရားကို ဆုံးရှုံးကြပြီး ဖြစ်သည်။ သမ္မာတရားမရှိသူတို့သည် အဓိပ္ပာယ်မဲ့မှု၏ အစွန်းအမြိတ် ဖြစ်သည်၊ ၎င်းတို့သည် စာတန်၏ ပြယုဂ်ဖြစ်ကြသည်။ တစ်စုံတစ်ဦးသည် မည်သည့် ပုဂ္ဂိုလ်မျိုး ဖြစ်ပါစေ၊ ၎င်းတို့သည် ဘုရားသခင် အမှု၏ ရူပါရုံများ မရှိဘဲ မနေနိုင်သကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်ကို ကင်းမဲ့၍ မဖြစ်ပေ။ တစ်ဦးတစ်ယောက်သည် ရူပါရုံများ ဆုံးရှုံးသည်နှင့် တစ်ပြိုင်နက်၊ မရဏနိုင်ငံသို့ ချက်ချင်း သက်ဆင်းရပြီး အမှောင်ထုအလယ်တွင် အသက်ရှင်ကြရသည်။ ရူပါရုံများ မရှိသည့် လူတို့သည် ဘုရားသခင်နောက် မိုက်မဲစွာ လိုက်လျှောက်သူများ ဖြစ်သည်၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ကင်းမဲ့သူများ ဖြစ်ကြပြီး၊ ငရဲတွင် အသက်ရှင်နေကြပေသည်။ ထိုသို့သော လူများသည် သမ္မာတရားကို မလိုက်စားကြဘဲ၊ ယင်းအစား ဘုရားသခင်၏ နာမကို ဆိုင်းဘုတ်တစ်ခုပမာ ချိတ်ဆွဲထားကြလေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မသိသူ၊ လူ့ဇာတိခံ ဘုရားသခင်ကို မသိသူ၊ ဘုရားသခင်၏ စီမံခန့်ခွဲမှု တစ်ခုလုံးထဲက အမှုအဆင့် သုံးဆင့်ကို မသိသူ- ၎င်းတို့သည် ရူပါရုံများကို မသိကြ၊ ထို့ကြောင့် သမ္မာတရားလည်း မရှိကြပေ။ သမ္မာတရားကို မပိုင်ဆိုင်သူတို့သည် မကောင်းမှုပြုသူများသာ ဖြစ်သည် မဟုတ်လော။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် လိုလားနေသူ၊ ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာကို ရှာဖွေရန် လိုလားနေသူနှင့် ဘုရားသခင်နှင့် အမှန်တကယ် ပူးပေါင်းသောသူတို့အတွက် ရူပါရုံများက အခြေခံအုတ်မြစ်အဖြစ် ဆောင်ရွက်ပေးသည်။ ၎င်းတို့သည် ဘုရားသခင်နှင့် ပူးပေါင်း လုပ်ဆောင်ကြသောကြောင့်

၎င်းတို့ကို ဘုရားသခင် လက်ခံပြီး၊ လူသားက လက်တွေ့လုပ်ဆောင်သင့်သည်မှာ ဤပူးပေါင်းလုပ်ဆောင်မှု ဖြစ်သည်။

ရှုပါရုံများတွင် လက်တွေ့လုပ်ဆောင်ရမည့် လမ်းကြောင်းများစွာ ပါရှိသည်။ လူသားသိသင့်သော ဘုရားသခင်၏ အမှုကဲ့သို့ လူသားကို ပြုလုပ်ထားသည့် လက်တွေ့ကျသော တောင်းဆိုချက်များသည်လည်း ရှုပါရုံများအတွင်းတွင် ပါရှိလေသည်။ အတိတ်တွင် နေရာအမျိုးမျိုးတွင် ပြုလုပ်ခဲ့သည့် အထူးစုဝေးခြင်းများ သို့မဟုတ် ကြီးကျယ်ခမ်းနားသော စုဝေးခြင်းများအတွင်းတွင်၊ လက်တွေ့လုပ်ဆောင်မှု လမ်းကြောင်း၏ ရှုထောင့်တစ်ခုတည်းကိုသာ ပြောဆိုခဲ့ကြသည်။ ထိုသို့သော လက်တွေ့လုပ်ဆောင်မှုမှာ ကျေးဇူးတော်ခေတ်အတွင်း လက်တွေ့လုပ်ဆောင်ခဲ့သင့်သော အရာဖြစ်ပြီး၊ ကျေးဇူးတော်ခေတ်၏ ရုပါရုံသည် ယေရှု၏ ကားစင်တင်ခံရခြင်း ရှုပါရုံသာ ဖြစ်ခဲ့သည့်အတွက်၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာနှင့် မည်သည့် ဆက်နွှယ်မှုမျှပင် မရှိသကဲ့သို့ သာ၍ ကြီးမားသော ရှုပါရုံများ မရှိခဲ့ပေ။ ကားစင်တင်ခံရခြင်းမှတစ်ဆင့် လူသားမျိုးနွယ်ကို သူ၏ ရွေးနုတ်ခြင်း အမှုထက်ပို၍ လူအနေဖြင့် သိရှိရမည် မဟုတ်ဟု မှတ်ယူထားခဲ့ပြီး၊ ထို့ကြောင့် ကျေးဇူးတော်ခေတ် အတွင်းတွင် လူသားအတွက် သိရှိဖို့ အခြားရှုပါရုံများ မရှိခဲ့ပေ။ ဤနည်းဖြင့် လူသည် ဘုရားသခင်နှင့်ဆိုင်သည့် သာမန်ကာလျှံကာ အသိပညာ တစ်ခုသာ ရှိခဲ့ပြီး၊ ယေရှု၏ ချစ်ခြင်းနှင့် သနားကရုဏာနှင့်ဆိုင်သည့် အသိပညာမှလွဲ၍၊ သူ့အတွက် လက်တွေ့လုပ်ဆောင်စရာသည် ယနေ့နှင့် တခြားစီဖြစ်သည့် ရိုးရှင်းပြီး နုံချာသောအရာ အနည်းငယ်သာ ရှိခဲ့သည်။ အတိတ်တွင် သူ၏ အစုအဝေးက မည်သည့်ပုံသဏ္ဌာန်ကို ယူဆောင်ခဲ့သည်ဖြစ်စေ၊ လူသားအတွက် ဝင်ရောက်ဖို့ မည်သည့်အရာက အသင့်တော်ဆုံးသော လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းဖြစ်သည်ကို တစ်ဦးတစ်လေက ရှင်းလင်းစွာ ပြောနိုင်ခဲ့ဖို့ မဆိုထားနှင့်၊ လူသည် ဘုရားသခင် အမှုနှင့်ဆိုင်သည့် လက်တွေ့ကျသော အသိပညာတစ်ခုကိုပင် ပြောဆိုနိုင်စွမ်း မရှိခဲ့ပေ။ လူသည် စိတ်ရှည်ခြင်းနှင့် သည်းခံခြင်း၏ အခြေခံအုတ်မြစ်တစ်ခုကို ရိုးရှင်းသည့် အသေးစိတ် အချက်အလက် အနည်းငယ်အား ဖြည့်စွက်မျှရုံ ဖြည့်စွက်ခဲ့သည်။ ဘုရားသခင်သည် တူညီသည့် ခေတ်အတွင်းတွင် သာ၍ သစ်လွင်သော အမှု တစ်ခုတစ်လေကို မပြုခဲ့သကဲ့သို့၊ လူသားအပေါ် သူပြုခဲ့သည့် သတ်မှတ်ချက်များမှာ စိတ်ရှည်ခြင်းနှင့် သည်းခံခြင်း၊ သို့မဟုတ် လက်ဝါးကပ်တိုင်ကို ထမ်းခြင်းတို့သာ ဖြစ်ခဲ့သည့်အတွက်၊ သူ၏လက်တွေ့လုပ်ဆောင်မှု အနှစ်သာရတွင် တကယ်ကို မည်သည့် အပြောင်းအလဲမျှ မရှိခဲ့ပေ။ ထိုသို့သော လက်တွေ့လုပ်ဆောင်မှုများမှအပ၊ ယေရှု၏ ကားစင်တင်ခံရခြင်းထက် ပိုမြင့်မားသည့်

ရှုပါရုံများ မရှိခဲ့ပေ။ အတိတ်ကာလတွင် ဘုရားသခင်သည် များလှစွာသော အမှုကို မလုပ်ဆောင်ခဲ့သောကြောင့်၊ ပြီးလျှင် သူသည် လူသားအပေါ် နည်းပါးသော တောင်းဆိုမှုများသာ ပြုခဲ့သောကြောင့်၊ အခြားရှုပါရုံများကို ဖော်ပြပြောဆိုမှု မရှိခဲ့ပေ။ ဤနည်းဖြင့် လူက မည်သည့်အရာ လုပ်ဆောင်ခဲ့သည်ဖြစ်စေ၊ သူသည် လူသားအတွက် လက်တွေ့လုပ်ဆောင်ရန် ရိုးရှင်းပြီး ပေါ့တန်သော အရာအနည်းငယ် ဖြစ်သည့် ဤအကန့်အသတ် အတိုင်းအတာကို ချိုးဖောက်နိုင်စွမ်း မရှိခဲ့ပေ။ ယနေ့တွင် ပညတ်တော်ခေတ်နှင့် ကျေးဇူးတော်ခေတ်ထက် အဆပေါင်းများစွာ ပိုသည့် သာ၍များသော အမှုကို လုပ်ဆောင်ပြီး ဖြစ်သောကြောင့်၊ ယနေ့တွင် အခြားရှုပါရုံများ အကြောင်းကို ငါ ပြောပြရပေသည်။ လူနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များမှာလည်း အတိတ်ခေတ်ကာများထက် အဆပေါင်းများစွာ မြင့်မားလေသည်။ အကယ်၍ လူသည် ထိုသို့သော အမှုကို အပြည့်အဝ သိနိုင်စွမ်း မရှိပါက၊ ယင်းသည် ကြီးမားသည့် အရေးပါမှုကို ပိုင်ဆိုင်မည် မဟုတ်ပေ။ လူသည် တစ်သက်တာ အားထုတ်မှု တစ်ခုလုံးကို ယင်းအား မဆက်ကပ်ပါက၊ ထိုသို့သော အမှုကို အပြည့်အဝ သိရှိရာတွင် အခက်အခဲ ရှိလိမ့်မည်ဟု ပြောနိုင်သည်။ သိမ်းပိုက်ခြင်းအမှုတွင် လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းကိုသာ ပြောဆိုခြင်းသည် လူသားအား သိမ်းပိုက်ခြင်းကို မဖြစ်နိုင်စရာ ဖြစ်စေပေမည်။ လူနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များ မပြုဘဲနှင့်၊ ရှုပါရုံများကို သာ၍ ပြောဆိုခြင်းသည်လည်း လူသားအား သိမ်းပိုက်ခြင်းကို မဖြစ်နိုင်စရာ ဖြစ်စေပေမည်။ လက်တွေ့လုပ်ဆောင်သည့် လမ်းကြောင်းမှလွဲ၍ မည်သည့်အရာကိုမျှ ပြောဆိုခြင်း မရှိပါက၊ လူ၏ပျော့ကွက်ကို တိုက်ခိုက်ရန်၊ သို့မဟုတ် လူ၏အယူအဆများကို ပပျောက်စေရန် ဖြစ်နိုင်မည် မဟုတ်သကဲ့သို့၊ ထို့ကြောင့် လူသားကို အပြည့်အဝ သိမ်းပိုက်ရန်လည်း ဖြစ်နိုင်မည် မဟုတ်ပေ။ ရှုပါရုံများသည် လူသားကို သိမ်းပိုက်ခြင်း၏ အဓိက တန်ဆာပလာ ဖြစ်သည်၊ သို့သော်လည်း ရှုပါရုံများကလွဲ၍ လက်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်း မရှိပါက၊ လူသားသည် ဝင်ရောက်မည့် နည်းလမ်းတစ်ခုတစ်လေ ရှိဖို့ မဆိုထားနှင့်၊ လိုက်လျှောက်ရန် နည်းလမ်းပင် ရှိလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ အစမှ အဆုံးထိတိုင် ဘုရားသခင်အမှု၏ အခြေခံသဘောတရား ဖြစ်ပြီး ဖြစ်သည်- ရှုပါရုံများထဲတွင် လက်တွေ့လုပ်ဆောင်နိုင်သည့်အရာ ရှိပြီး၊ လက်တွေ့လုပ်ဆောင်မှု အပြင် ရှုပါရုံများလည်း ရှိလေသည်။ လူ့အသက်တာနှင့် သူ၏ စိတ်သဘောထား နှစ်ခုလုံးရှိ ပြောင်းလဲမှု အတိုင်းအတာသည် ရှုပါရုံများထဲက ပြောင်းလဲမှုများနှင့်အတူ ပါရှိလေသည်။ လူသည် သူ၏ကိုယ်ပိုင် အားထုတ်မှုကိုသာ အားကိုးခဲ့မည်ဆိုပါက၊ မည်သည့် ကြီးမားသည့် ပြောင်းလဲမှု

အတိုင်းအတာကိုမျှ စွမ်းဆောင်ရရှိရန် သူ့အတွက် ဖြစ်နိုင်မည် မဟုတ်ပေ။ ရုပ်ပါရုံများက ဘုရားသခင် ကိုယ်တိုင်၏အမှုနှင့် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ပြောဆိုသည်။ လက်တွေ့လုပ်ဆောင်မှုသည် လူ၏လုပ်တွေ့လုပ်ဆောင်ခြင်း လမ်းကြောင်းနှင့် လူ၏ဖြစ်တည်မှု နည်းလမ်းကို ရည်ညွှန်းသည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှု အားလုံးတွင် ရုပ်ပါရုံများနှင့် လက်တွေ့လုပ်ဆောင်မှုကြားက ဆက်နွယ်မှုသည် ဘုရားသခင်နှင့် လူကြားက ဆက်နွယ်မှု ဖြစ်သည်။ ရုပ်ပါရုံများကို ဖယ်ရှားခဲ့မည်ဆိုပါက၊ သို့မဟုတ် လက်တွေ့လုပ်ဆောင်မှုကို မပြောဘဲ ရုပ်ပါရုံများကိုသာ ပြောခဲ့မည်ဆိုပါက၊ သို့မဟုတ် ရုပ်ပါရုံများသာ ရှိခဲ့ပြီး လူ၏ လက်တွေ့လုပ်ဆောင်မှုများကို အမြစ်ဖြတ်ခဲ့မည်ဆိုပါက၊ ယင်းကို ဘုရားသခင်၏ အမှုသည် လူသားမျိုးနွယ်အတွက် လုပ်ဆောင်ခြင်း ဖြစ်သည်ဟု ပြောနိုင်ဖို့မဆိုထားနှင့်၊ ထိုသို့သော အရာများကို ဘုရားသခင်၏ စီမံခန့်ခွဲမှုအဖြစ် မှတ်ယူ၍ ရနိုင်မည် မဟုတ်ပေ။ ဤနည်းဖြင့် လူ၏တာဝန်သည် ဖယ်ရှားခံရမည်သာမက၊ ယင်းသည် ဘုရားသခင်အမှု၏ ရည်ရွယ်ချက်ကို ငြင်းပယ်ခြင်း တစ်ခုလည်း ဖြစ်ပေမည်။ အကယ်၍ အစမှအဆုံးတိုင် ဘုရားသခင်၏ အမှုမပါဝင်ဘဲ၊ လူသည် လက်တွေ့ လုပ်ဆောင်ရန်မျှ လိုအပ်ခဲ့မည်ဆိုပါက၊ ထို့အပြင် လူသည် ဘုရားသခင်၏ အမှုကို သိရန် မလိုအပ်ခဲ့ပါက၊ ထိုသို့သော အမှုကို ဘုရားသခင်၏ စီမံခန့်ခွဲမှုဟု သာ၍ပင် ခေါ်ဆိုနိုင်မည်မဟုတ်။ လူသည် ဘုရားသခင်ကို မသိရှိခဲ့သကဲ့သို့၊ ဘုရားသခင်၏ အလိုကို မသိ နားမလည်ဘဲ၊ မိမိ၏ လက်တွေ့လုပ်ဆောင်မှုကို မရေရာ၊ စိတ်ကူးသက်သက် ဖြစ်သည့် နည်းလမ်းဖြင့် ကျိုးကြောင်းမမြင်ဘဲ ဆောင်ရွက်ခဲ့မည်ဆိုပါက၊ သူသည် မည်သည့်အခါတွင်မျှ ပြည့်ဝစွာ အရည်အချင်းပြည့်မီသည့် အဖန်ဆင်းခံသတ္တဝါတစ်ဦး ဖြစ်လာမည် မဟုတ်ပေ။ ထို့ကြောင့် ဤအရာနှစ်ခုလုံးသည် မရှိမဖြစ် ဖြစ်သည်။ ဘုရားသခင်၏ အမှုတစ်ခုတည်းသာ ရှိခဲ့မည်ဆိုလျှင်၊ ဆိုလိုသည်မှာ ရုပ်ပါရုံများသာ ရှိခဲ့မည်ဆိုပါက၊ ပြီးလျှင် လူ၏ ပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် လက်တွေ့လုပ်ဆောင်မှု မရှိပါက၊ ထိုသို့သော အရာများကို ဘုရားသခင်၏ စီမံခန့်ခွဲမှုဟု ခေါ်ဆို၍ မရနိုင်ပေ။ လူ၏ လက်တွေ့လုပ်ဆောင်မှုနှင့် ဝင်ရောက်မှုသာ ရှိခဲ့မည် ဆိုပါက၊ မည်မျှမြင့်မားသည့် လမ်းကြောင်းကို လူက ဝင်ရောက်သည်ဖြစ်စေ၊ ဤအရာသည်လည်း လက်ခံနိုင်ဖွယ်ရာ ဖြစ်မည် မဟုတ်။ လူ၏ဝင်ရောက်မှုသည် အမှုနှင့် ရုပ်ပါရုံများနှင့်အညီ တဖြည်းဖြည်း ပြောင်းလဲရမည်။ ယင်းသည် စိတ်ကူးပေါက်သည့်အတိုင်း ပြောင်းလဲ၍ မရနိုင်ပေ။ လူ၏ လက်တွေ့လုပ်ဆောင်မှုနှင့်ဆိုင်သည့် အခြေခံသဘောတရားများသည် မလွတ်လပ်သကဲ့သို့၊ ထိန်းမနိုင်သိမ်းမရ မဖြစ်ဘဲ၊ အချို့သော အကန့်အသတ် အတိုင်းအတာအတွင်းတွင် တည်ရှိပေသည်။ ထိုသို့သော အခြေခံသဘောတရားများသည် အမှု၏ ရုပ်ပါရုံများနှင့်အညီ

ပြောင်းလဲလေသည်။ ထို့ကြောင့် နောက်ဆုံးတွင် ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် ဘုရားသခင်၏ အမှုနှင့် လူ၏ လက်တွေ့လုပ်ဆောင်မှု ပေါ်တွင်သာ မူတည်လေတော့သည်။

လူသားမျိုးနွယ်ကြောင့် စီမံခန့်ခွဲခြင်း အမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်၊ ဆိုလိုသည်မှာ လူသား၏ တည်ရှိခြင်းကြောင့် ယင်းက ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ လူသားမျိုးနွယ် မတိုင်မီတွင် သို့မဟုတ် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန် အစအဦးတွင် စီမံခန့်ခွဲခြင်း မရှိခဲ့ပေ။ ဘုရားသခင်၏ အမှုအားလုံးတွင်၊ လူသားအဖို့ အကျိုးရှိသည့် လက်တွေ့လုပ်ဆောင်မှု မရှိခဲ့ပါက၊ ဆိုလိုသည်မှာ ဘုရားသခင်သည် ဖောက်ပြန်ပျက်စီးနေသည့် လူသားမျိုးနွယ်အတွက် သင့်တော်သည့် သတ်မှတ်ချက်များကို မပြုလုပ်ခဲ့လျှင် (ဘုရားသခင် လုပ်ဆောင်သည့် အမှုတွင်၊ လူ၏ လက်တွေ့လုပ်ဆောင်မှုအတွက် သင့်တော်သည့် လမ်းကြောင်း မရှိခဲ့လျှင်)၊ ဤအမှုကို ဘုရားသခင်၏ စီမံခံခန့်ခွဲမှုဟု ခေါ်ဆို၍မရနိုင်ပေ။ ဘုရားသခင်၏ အမှုတစ်ခုလုံးသည် ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်အား ၎င်းတို့၏ လက်တွေ့လုပ်ဆောင်မှုကို မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို ပြောပြခြင်းသာ ပါဝင်ပြီး၊ ဘုရားသခင်သည် သူ၏ကိုယ်ပိုင် မည်သည့် လုပ်ငန်းကိုမျှ မလုပ်ဆောင်ခဲ့သကဲ့သို့၊ သူ၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်း သို့မဟုတ် ဉာဏ်ပညာကို စိုးစဉ်းမျှ ထုတ်ဖော် မပြသခဲ့ပါက၊ လူသားနှင့်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များ မည်မျှ မြင့်မားသည်စေ၊ လူသားအလယ် ဘုရားသခင် မည်မျှကြာ အသက်ရှင်ခဲ့သည်ဖြစ်စေ၊ လူသည် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် မည်သည့်အရာကိုမျှ သိရှိမည် မဟုတ်ပေ။ ထိုသို့ ဖြစ်ခဲ့မည်ဆိုပါက ဤအလုပ်မျိုးသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုဟု အခေါ် ခံရရန် သာ၍ ထိုက်တန်မည် မဟုတ်ပေ။ ရိုးရှင်းစွာပြောရလျှင် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုသည် ဘုရားသခင် လုပ်ဆောင်သည့် အမှုဖြစ်ပြီး၊ ဘုရားသခင်၏ ရယူခြင်း ခံရပြီးသူများက ဘုရားသခင်၏ လမ်းပြမှုအောက်တွင် လုပ်ဆောင်သော အလုပ်များ အားလုံး ဖြစ်ပေသည်။ ထိုသို့သောအမှုကို စီမံခန့်ခွဲမှုအဖြစ် အကျဉ်းရုံးနိုင်သည်။ တစ်နည်းအားဖြင့် လူသားအလယ် ဘုရားသခင်၏ အမှုအပြင်၊ သူ့နောက်လိုက်သူများ အားလုံး၏ သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းကို စုပေါင်း၍ စီမံခန့်ခွဲမှုဟု ခေါ်ဆိုပေသည်။ ဤတွင် ဘုရားသခင်၏အမှုကို ရူပါရုံများဟု ခေါ် ပြီး၊ လူ၏ပူးပေါင်းဆောင်ရွက်မှုကို လက်တွေ့လုပ်ဆောင်ခြင်းဟု ခေါ်သည်။ ဘုရားသခင်အမှု သာ၍ မြင့်မားလေ (ဆိုလိုသည်မှာ၊ ရူပါရုံများက သာ၍မြင့်မားလေ)၊ ဘုရားသခင်၏ စိတ်သဘောထားက လူသားများအဖို သာ၍ ပေါ်လွင်လေဖြစ်သည်၊ ယင်းသည် လူသား၏ အယူအဆများနှင့် သာ၍ ကွဲလွဲလေ ဖြစ်ပြီး၊ လူသား၏ လက်တွေ့လုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် သာ၍ မြင့်မားလာလေ

ဖြစ်သည်။ လူသားနှင့်ဆိုင်သည့် သတ်မှတ်ချက်များ သာ၍ မြင့်မားလေ၊ ဘုရားသခင်၏အမှုသည် လူ၏ အယူအဆများနှင့် သာ၍ ကွဲလွဲလေ ဖြစ်သည်၊ ယင်း၏ အကျိုးဆက်အနေဖြင့် လူနှင့်ဆိုင်သည့် စမ်းသပ်မှုများနှင့် သူ ဖြည့်ဆည်းဖို့ လိုအပ်သည့် စံနှုန်းများကလည်း သာ၍ မြင့်မားလာလေ ဖြစ်သည်။ ဤအမှု၏ အဆုံးသတ်တွင်၊ ရှုပါရုံများအားလုံး ပြီးပြည့်စုံသွားမည်ဖြစ်ပြီး၊ လူက လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည့်အရာများသည်လည်း စုံလင်ခြင်း၏ အထွတ်အထိပ်သို့ ရောက်ရှိပြီး ဖြစ်လိမ့်မည်။ လူက သိရှိရန် လိုအပ်သည့်အရာကို လူသားထံ ပြသပြီးဖြစ်လိမ့်မည်ဖြစ်သည့်အတွက်၊ ဤသည်မှာ အသီးသီးကို အမျိုးအစားအလိုက် ခွဲခြားသည့်အချိန်လည်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ရှုပါရုံများက ယင်းတို့၏အထွတ်အထိပ်သို့ ရောက်ချိန်တွင်၊ အမှုသည် လျော့ညီစွာ ယင်း၏ အဆုံးသတ်သို့ ချဉ်းကပ်လိမ့်မည် ဖြစ်ကာ၊ လူသား၏ လက်တွေ့လုပ်ဆောင်မှုသည်လည်း ယင်း၏ အထွတ်အထိပ်သို့ ရောက်ရှိပြီး ဖြစ်လိမ့်မည်။ လူ၏လက်တွေ့ လုပ်ဆောင်မှုသည် ဘုရားသခင်၏ အမှုအပေါ် အခြေခံထားပြီး၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် လူ၏လက်တွေ့လုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်သာ အပြည့်အဝ ဖော်ပြခြင်းကို ခံရပေသည်။ လူသည် ဘုရားသခင်အမှု၏ ပြရုပ်ဖြစ်ပြီး၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုအားလုံးနှင့်သက်ဆိုင်သည့် အမှု၏ ရည်မှန်းချက်နှင့် ဘုရားသခင်၏ စီမံခန့်ခွဲမှုတစ်ခုလုံး၏ ရလဒ်လည်း ဖြစ်ပေသည်။ အကယ်၍ ဘုရားသခင်သည် လူ၏ပူးပေါင်းဆောင်ရွက်မှု မပါဘဲ၊ တစ်ကိုယ်တည်း လုပ်ဆောင်ခဲ့မည်ဆိုပါက၊ သူ့အမှုတစ်ခုလုံး၏ အကောင်အထည် ပေါ်လာသည့်အရာအဖြစ် အသုံးတော်ခံနိုင်မည့်အရာ တစ်ခုတစ်လေမျှ ရှိမည်မဟုတ်သကဲ့သို့၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုအဖို့ အရေးပါမှု စိုးစဉ်းမျှ ရှိမည်မဟုတ်ပေ။ ဘုရားသခင်၏ အမှုအပြင်၊ သူ၏အမှုကို ဖော်ပြရန်နှင့် ယင်း၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းနှင့် ဉာဏ်ပညာကို သက်သေပြရန် သင့်တော်သည့် အပြုခံအရာများကို ဘုရားသခင်က ရွေးချယ်ခြင်းအားဖြင့်သာ၊ ဘုရားသခင်သည် သူ၏စီမံခန့်ခွဲမှု ရည်မှန်းချက်ကို စွမ်းဆောင်ရရှိနိုင်မည် ဖြစ်ပြီး၊ စာတန်ကို လုံးဝ ရှုံးနိမ့်စေဖို့ ဤအမှုအားလုံး အသုံးပြုခြင်း၏ ရည်မှန်းချက်ကို စွမ်းဆောင်ရရှိနိုင်သည်။ ထို့ကြောင့် လူသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုနှင့်ဆိုင်သည့် မရှိမဖြစ်သော အစိတ်အပိုင်းဖြစ်ပြီး၊ လူသားသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို အကျိုးဖြစ်ထွန်းစေနိုင်ပြီး ယင်း၏အဆုံးစွန်သော ရည်မှန်းချက်ကို စွမ်းဆောင်ရရှိစေနိုင်သည့် တစ်ဦးတည်းသောသူ ဖြစ်ပေသည်။ လူသားကလွဲ၍ အခြားမည်သည့် သက်ရှိအမျိုးအစားကမျှ ထိုကဲ့သို့သော အခန်းကဏ္ဍကို တာဝန် မယူနိုင်ပါ။ လူသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု၏ စစ်မှန်သည့်

အကောင်အထည်ပေါ်ခြင်း ဖြစ်လာဖို့ဆိုပါက၊ ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်၏ မနာခံမှုသည် လုံးဝ ပပျောက်သွားရမည်ဖြစ်သည်။ ဤအရာက လူကို မတူညီသည့် အချိန်ကာလများအတွက် သင့်တော်သည့် လက်တွေ့လုပ်ဆောင်မှု ပေးထားရမည်ဖြစ်ပြီး ဘုရားသခင်သည် လူသားအလယ် အလားတူ လိုက်လျောညီထွေသော အမှုကို ဆောင်ရွက်ရန် လိုအပ်ပေသည်။ ဤနည်းဖြင့်သာ ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု အကောင်အထည်ပေါ်ခြင်းဖြစ်သော လူတစ်စုသည် နောက်ဆုံးတွင် ရယူခြင်းခံရလိမ့်မည် ဖြစ်သည်။ ဘုရားသခင် တစ်ကိုယ်တည်းလုပ်ဆောင်သော အမှုမှတစ်ဆင့်မျှဖြင့် လူများအလယ် ဘုရားသခင်၏အမှုသည် ဘုရားသခင်ကိုယ်တိုင်ကို သက်သေမခံနိုင်ပေ။ ထိုသို့သော သက်သေခံချက်ကို စွမ်းဆောင်ရရှိရန် သူ၏ အမှုအတွက် သင့်တော်သည့် သက်ရှိလူသားများကိုလည်း လိုအပ်ပေသည်။ ပထမဦးစွာ ဘုရားသခင်သည် ဤလူများအပေါ် အမှုပြုလိမ့်မည် ဖြစ်သည်၊ ထို့နောက် ထိုသူများမှတစ်ဆင့် သူ၏ အမှုကို ထုတ်ဖော်ပြလိမ့်မည် ဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏ ထိုသို့သော သက်သေခံချက်သည် အဖန်ဆင်းခံ သတ္တဝါများအလယ်တွင် သက်သေခံလိမ့်မည် ဖြစ်ပြီး၊ ဤတွင် ဘုရားသခင်သည် သူ၏ အမှုနှင့်ဆိုင်သည့် ရည်မှန်းချက်ကို စွမ်းဆောင်ရရှိပြီး ဖြစ်လိမ့်မည်။ ဘုရားသခင်သည် အဖန်ဆင်းခံ သတ္တဝါများအလယ်တွင် မိမိကိုယ်ကိုယ် တိုက်ရိုက် သက်သေခံ၍ မရသောကြောင့်၊ သူသည် စာတန်ကို အနိုင်ယူရန် တစ်ကိုယ်တည်း အမှုမပြုပေ။ သူသည် ထိုသို့လုပ်ဆောင်ခဲ့မည်ဆိုပါက၊ လူသားကို လုံးဝ လက်ခံယုံကြည်စေရန် ဖြစ်နိုင်မည် မဟုတ်ပေ၊ ထို့ကြောင့် ဘုရားသခင်သည် လူကို သိမ်းပိုက်ရန် လူ့အပေါ် အမှုပြုရမည် ဖြစ်ပြီး၊ ထိုအခါမှသာ သူသည် အဖန်ဆင်းခံ သတ္တဝါများ အားလုံးအလယ်တွင် သက်သေခံချက်ကို ရရှိနိုင်မည် ဖြစ်သည်။ လူ၏ ပူးပေါင်းလုပ်ဆောင်မှု မရှိဘဲ၊ အမှုပြုသည်မှာ ဘုရားသခင်သာ ဖြစ်ခဲ့မည်ဆိုပါက၊ သို့မဟုတ် လူသည် ပူးပေါင်းလုပ်ဆောင်ရန် မလိုအပ်ခဲ့ပါက၊ လူသည် ဘုရားသခင်၏ စိတ်သဘောထားကို ဘယ်သောအခါမျှ သိနိုင်မည် မဟုတ်သကဲ့သို့ ဘုရားသခင်၏ အလိုကို အစဉ်အမြဲ သတိပြုမိမည် မဟုတ်ပေ။ ထိုအခါ ဘုရားသခင်၏ အမှုကို ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုဟု ခေါ်ဆို၍ ရနိုင်မည် မဟုတ်ပေ။ ဘုရားသခင်၏ အမှုကို သိနားလည်ခြင်း မရှိဘဲ၊ လူကသာ ကိုယ်တိုင် ကြိုးပမ်းပြီး၊ ရှာဖွေကာ ကြိုးစား အလုပ်လုပ်ခဲ့ရမည်ဆိုပါက၊ လူသည် နောက်ပြောင် ကျီစယ်နေခြင်း ဖြစ်ပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် မရှိဘဲနှင့်၊ လူလုပ်ဆောင်သည့် အရာသည် စာတန်နှင့်သက်ဆိုင်သည်၊ သူသည် ပုန်ကန်တတ်ပြီး မကောင်းမှုပြုသူတစ်ဦး ဖြစ်ပေသည်။ စာတန်သည် ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ် လုပ်ဆောင်သည့်အရာ အားလုံးတွင်

ထုတ်ဖော်ပြသခြင်း ခံရပြီး၊ ဘုရားသခင်နှင့် သဟဇာတ ဖြစ်သောအရာ မည်သည့်အရာမျှ မရှိသကဲ့သို့၊ လူလုပ်ဆောင်သည့် အရာအားလုံးသည် စာတန်၏ သရုပ်သကန် ဖြစ်ပေသည်။ ပြောထားပြီးဖြစ်သည့် အရာအားလုံးထဲတွင် မည်သည့်အရာမျှ ရူပါရုံများနှင့် လက်တွေ့လုပ်ဆောင်မှု မပါပေ။ ရူပါရုံများ၏ အခြေခံအုတ်မြစ်ပေါ်တွင် လူသည် သူ၏ အယူအဆများကို ဘေးဖယ်ပြီး အတိတ်က သူ မပိုင်ဆိုင်သေးသည့် အရာများကို ရရှိနိုင်ဖို့အလို့ငှာ၊ လက်တွေ့လုပ်ဆောင်မှုနှင့် နာခံခြင်း လမ်းကြောင်းကို ရှာတွေ့လေသည်။ လူသားက သူနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ သူ၏သတ်မှတ်ချက်များကို လူသားက လုံးဝ ကျိုးနွံနာခံရန်နှင့် ဘုရားသခင်ကိုယ်တိုင် လုပ်ဆောင်ပြီးသည့်အမှုကို ရှုမြင်ရန်၊ ဘုရားသခင်၏ အနန္တတန်ခိုးကို တွေ့ကြုံရန်နှင့် ဘုရားသခင်၏ စိတ်သဘောထားကို သိရှိရန် လူသားက တောင်းဆိုသည်ကို ဘုရားသခင် လိုအပ်ပေသည်။ အချုပ်အားဖြင့် ဤသည်တို့သည် ဘုရားသခင်၏ စီမံခန့်ခွဲမှု ဖြစ်သည်။ လူသားနှင့်အတူ ဘုရားသခင်၏ ပေါင်းစည်းခြင်းသည် စီမံခန့်ခွဲမှု ဖြစ်ပြီး၊ ယင်းသည် အကြီးမြတ်ဆုံးသော စီမံခန့်ခွဲမှု ဖြစ်သည်။

ရူပါရုံများ ပါဝင်သည့်အရာသည် အဓိကအားဖြင့် ဘုရားသခင် ကိုယ်တော်တိုင်၏ အမှုကို ရည်ညွှန်းပြီး၊ လက်တွေ့လုပ်ဆောင်မှု ပါဝင်သည့် အရာကို လူက လုပ်ဆောင်သင့်ကာ ဘုရားသခင်နှင့် မည်သို့မျှ ဆက်နွှယ်မှု မရှိချေ။ ဘုရားသခင်၏အမှုကို ဘုရားသခင် ကိုယ်တော်တိုင်က ပြည့်စုံစေပြီး၊ လူ၏လက်တွေ့လုပ်ဆောင်မှုကို လူကိုယ်တိုင်က စွမ်းဆောင်ရရှိပေသည်။ ဘုရားသခင် ကိုယ်တိုင် လုပ်ဆောင်သင့်သည့် အရာကို လူက လုပ်ဆောင်ရန် မလိုအပ်သကဲ့သို့၊ လူက လက်တွေ့လုပ်ဆောင်သင့်သည့်အရာသည်လည်း ဘုရားသခင်နှင့် မဆက်နွှယ်ပေ။ ဘုရားသခင်၏အမှုသည် သူ၏ကိုယ်ပိုင် အမှုတော် ဖြစ်ပြီး လူနှင့် ဆက်နွှယ်မှု မရှိပေ။ ဤအမှုကို လူက လုပ်ဆောင်ရန် မလိုအပ်သည့်အပြင်၊ ဘုရားသခင်လုပ်ဆောင်ရမည့် အမှုကို လူက လုပ်ဆောင်နိုင်စွမ်း မရှိပေ။ လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည့် အရာကို လူက ပြီးမြောက်ရမည် ဖြစ်သည်၊ ယင်းသည် သူ၏ အသက်ကို စတေးခြင်း ဖြစ်စေ၊ သို့မဟုတ် သက်သေရပ်တည်ရန် စာတန်ထံသို့ သူ့ကို လွှဲအပ်ခြင်းဖြစ်စေ- ဤအရာအားလုံးကို လူက ပြီးမြောက်ရမည် ဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင်သည် သူလုပ်ဆောင်သင့်သည့် အမှုအားလုံးကို ပြီးစီးပြီး၊ လူက လုပ်ဆောင် ရမည့်အရာကို လူသားထံ ပြသပြီးဖြစ်ကာ၊ ကျန်ရှိသည့် အလုပ်ကို လုပ်ဆောင်ဖို့ လူသားထံ ချန်ထားပေသည်။ ဘုရားသခင်သည် အပိုအလုပ်ကို မလုပ်ဆောင်ပေ။ သူသည် သူ၏အမှုတော်အတွင်း၌ ရှိသော အမှုကိုသာ လုပ်ဆောင်ပြီး၊ လမ်းခရီးကိုသာ လူအား ပြသပြီး၊ လမ်းဖွင့်ပေးခြင်း အလုပ်ကိုသာ လုပ်ဆောင်ကာ၊ လမ်းခင်းပေးခြင်း အလုပ်ကို

မလုပ်ဆောင်ပေ။ ဤအရာကို အားလုံး နားလည်ထားသင့်သည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းဆိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့လုပ်ဆောင်ခြင်းကို ဆိုလိုပြီး၊ ဤအရာအားလုံးသည် လူသား၏တာဝန်၊ လူက လုပ်ဆောင်သင့်သော အရာဖြစ်ပြီး ဘုရားသခင်နှင့် မည်သို့မျှ မသက်ဆိုင်ပေ။ ဘုရားသခင်သည်လည်း သမ္မာတရား၌ ညှဉ်းဆဲခြင်းနှင့် စစ်ဆေးခြင်းကို လူသားနည်းတူ ခံစားရန် လူက တောင်းဆိုပါက၊ လူသားသည် မနာခံတတ်ခြင်း ဖြစ်ပေသည်။ ဘုရားသခင်၏ အမှုသည် သူ၏အမှုတော်ကို ဆောင်ရွက်ရန် ဖြစ်ပြီး လူ၏တာဝန်မှာ ဘုရားသခင်၏ လမ်းပြမှု အားလုံးကို မည်သည့်အတိုက်အခံမျှ မရှိဘဲ နာခံရန်ဖြစ်သည်။ ဘုရားသခင်သည် မည်သည့်နည်းဟန်ဖြင့် အမှုပြုသည်ဖြစ်စေ၊ သို့မဟုတ် အသက်ရှင်သည်ဖြစ်စေ၊ လူက ရရှိရမည့်အရာကို သူ ပြီးမြောက်အပ်ပေသည်။ ဘုရားသခင် ကိုယ်တိုင်သည်သာ လူသားအပေါ် သတ်မှတ်ချက်များ ပြုလုပ်နိုင်သည်၊ ဆိုလိုသည်မှာ ဘုရားသခင် ကိုယ်တိုင်သာ လူသားအပေါ် သတ်မှတ်ချက်များ ပြုလုပ်ရန် သင့်တော်ပေသည်။ လူသားသည် မည်သည့်ရွေးချယ်မှုမျှ မရှိသင့်သကဲ့သို့၊ အပြည့်အဝ ကျိုးနွံနာခံကာ လက်တွေ့လုပ်ဆောင်သည်မှလွဲ၍ မည်သည့်အရာကိုမျှ မလုပ်ဆောင်သင့်ပေ။ ဤသည်မှာ လူသားအနေဖြင့် ပိုင်ဆိုင်ထားသင့်သည့် အသိစိတ် ဖြစ်သည်။ ဘုရားသခင် ကိုယ်တိုင် လုပ်ဆောင်သင့်သည့် အမှု ပြီးစီးသည်နှင့်တစ်ပြိုင်နက်၊ လူသည် ယင်းကို တစ်ဆင့်ပြီးတစ်ဆင့် တွေ့ကြုံရန် လိုအပ်သည်။ အကယ်၍ အဆုံးတွင် ဘုရားသခင်၏ စီမံခန့်ခွဲမှုအားလုံး ပြီးစီးသည့်အချိန်တွင်၊ ဘုရားသခင် တောင်းဆိုသည့်အရာကို လူသားက မလုပ်ဆောင်ပြီးသေးပါက၊ လူသားသည် အပြစ်ပေးခံသင့်ပေသည်။ လူသည် ဘုရားသခင်၏ သတ်မှတ်ချက်များကို မဖြည့်ဆည်းပါက၊ ဤသည်မှာ လူ၏ မနာခံမှုကြောင့် ဖြစ်သည်။ ယင်းမှာ ဘုရားသခင်သည် လုံလောက်အောင် မစေ့စပ်မသေချာလေပြီဟု မဆိုလိုပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့မလုပ်ဆောင်နိုင်သူအားလုံး၊ ဘုရားသခင်၏ သတ်မှတ်ချက်များကို မဖြည့်ဆည်းနိုင်သူအားလုံးနှင့်၊ မိမိတို့၏ သစ္စာစောင့်သိမှုကို မပေးနိုင်သကဲ့သို့ မိမိတို့၏တာဝန်ကို မဖြည့်ဆည်းနိုင်သူအားလုံးသည် အပြစ်ပေးခံရလိမ့်မည်။ ယနေ့တွင် သင် စွမ်းဆောင်ရရှိရန် လိုအပ်သည်မှာ နောက်ထပ်တောင်းဆိုမှုများ မဟုတ်ဘဲ၊ လူ၏ တာဝန်နှင့် လူအားလုံးက လုပ်ဆောင်သင့်သည့်အရာ ဖြစ်သည်။ အကယ်၍ မိမိ၏တာဝန်ကိုပင် သင်တို့ လုပ်ဆောင်နိုင်စွမ်း မရှိပါက၊ သို့မဟုတ် ယင်းကို ကောင်းစွာ လုပ်ဆောင်နိုင်စွမ်းမရှိပါက၊ သင်တို့သည် မိမိကိုယ်ကိုယ် ဒုက္ခရောက်စေခြင်း မဟုတ်လော။ သင်သည် သေခြင်းတရားကို ဖိတ်ခေါ်နေသည် မဟုတ်လော။ အနာဂတ်နှင့် အလားအလာများရှိဖို့ သင်သည် အဘယ်သို့

မျှော်လင့်နိုင်ဦးမည်နည်း။ ဘုရားသခင်၏ အမှုသည် လူသားမျိုးနွယ်အတွက် လုပ်ဆောင်ခြင်းဖြစ်ပြီး၊ လူ၏ ပူးပေါင်းဆောင်ရွက်မှုသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအတွက် ပေးထားခြင်း ဖြစ်သည်။ ဘုရားသခင်သည် သူလုပ်ဆောင်သင့်သည့်အရာ အားလုံးကို လုပ်ဆောင်ပြီးနောက်တွင်၊ လူသည် သူ၏ လက်တွေ့လုပ်ဆောင်မှုတွင် တွန့်တိုခြင်း မရှိရန်နှင့် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။ ဘုရားသခင်၏အမှုတွင် လူသည် မည်သည့်လုံ့လကိုမျှ မချန်သင့်၊ သူ၏သစ္စာစောင့်သိမှုကို ဆက်ကပ်သင့်ပြီး၊ အတော်များသော အယူအဆများတွင် မမွေ့လျော်သင့်ပေ သို့မဟုတ် မလှုပ်မယှက်ထိုင်ကာ သေခြင်းကို မစောင့်ဆိုင်းသင့်ပေ။ ဘုရားသခင်သည် မိမိကိုယ်ကိုယ် လူသားအတွက် စတေးနိုင်သည်၊ သို့ဆိုလျှင် လူသည် သူ၏သစ္စာစောင့်သိခြင်းကို ဘုရားသခင်အား အဘယ်ကြောင့် မဆက်ကပ်နိုင်သနည်း။ ဘုရားသခင်သည် လူသားအပေါ် တစ်စိတ်တစ်ဝမ်းတည်းရှိသည်၊ သို့ဆိုလျှင် လူသည် အဘယ်ကြောင့် ပူးပေါင်းဆောင်ရွက်မှု အနည်းငယ်ကို မဆက်ကပ်နိုင်ရသနည်း။ ဘုရားသခင်က လူသားမျိုးနွယ်အတွက် အမှုပြုသည်၊ သို့ဆိုလျှင် လူသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအတွက် မိမိ၏ တာဝန်အချို့ကို အဘယ်ကြောင့် မဆောင်ရွက်နိုင်သနည်း။ ဘုရားသခင်၏ အမှုသည် ဤအထိ ရောက်ရှိလာလေပြီ၊ သို့သော် သင်သည် မြင်သော်ငြား မလုပ်ဆောင်၊ ကြားသော်ငြား မလှုပ်ရှားချေ။ ထိုသို့သော လူများသည် ထာဝရ ပြစ်ဒဏ်ခံရသူများ ဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် သူ၏အရာအားလုံးကို လူသားအဖို့ ဆက်ကပ်အပ်နှံထားပြီး ဖြစ်သည်၊ သို့ဆိုလျှင် ယနေ့တွင် လူသည် သူ၏တာဝန်ကို အဘယ်ကြောင့် စိတ်အားထက်သန်စွာ ဆောင်ရွက်နိုင်စွမ်း မရှိသနည်း။ ဘုရားသခင် အတွက်၊ သူ၏အမှုသည် ပထမ ဦးစားပေးဖြစ်ပြီး၊ သူ့စီမံခန့်ခွဲခြင်း အမှုသည် အရေးအကြီးဆုံး ဖြစ်သည်။ လူသားအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းခြင်းတို့သည် သူ၏ ပထမ ဦးစားပေးဖြစ်သည်။ ဤအရာကို သင်တို့အားလုံး နားလည်သင့်သည်။ သင်တို့ကိုပြောဆိုထားသည့် နှုတ်ကပတ်တော်များသည် သင်တို့၏ အနှစ်သာရ၏ တကယ့်ဗဟိုချက်သို့ ရောက်ရှိပြီးဖြစ်ကာ၊ ဘုရားသခင်၏ အမှုသည် တစ်ခါမျှမရောက်ဖူးသည့် နယ်ပယ်ထဲသို့ ဝင်ရောက်ပြီး ဖြစ်သည်။ လူများစွာတို့သည် ဤလမ်းခရီး၏ အမှန်တရား သို့မဟုတ် မှသားကို နားမလည်ကြသေးချေ။ ၎င်းတို့သည် စောင့်နေဆဲဖြစ်ပြီး မြင်နေဆဲဖြစ်ကာ၊ ၎င်းတို့၏တာဝန်ကို ဆောင်ရွက်မနေကြသေးချေ။ ယင်းအစား ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် လုပ်ရပ်တိုင်းကို ဆန်းစစ်ကြပြီး၊ သူ စားသည့်အရာနှင့် ဝတ်သည့်အရာကို အာရုံစိုက်ကြကာ၊ ၎င်းတို့၏ အယူအဆများက ယခင်ထက် ပို၍ပင်

ဆိုးရွားလာသည်။ ထိုသို့သော လူများသည် ဘာမျှမဟုတ်သည်ကို ရေးကြီးခွင်ကျယ် လုပ်နေကြခြင်း ဖြစ်သည် မဟုတ်လော။ ထိုသို့သော လူများသည် ဘုရားသခင်ကို ရှာဖွေသူများ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ ပြီးလျှင် ၎င်းတို့သည် ဘုရားသခင်ကို ကျိုးနွံနာခံရန် ရည်ရွယ်ချက် ရှိသူများ မည်သို့ ဖြစ်နိုင်မည်နည်း။ ၎င်းတို့သည် ၎င်းတို့၏ သစ္စာစောင့်သိမှုနှင့် တာဝန်ကို လျစ်လျူရှုထားကြပြီး၊ ယင်းအစား ဘုရားသခင် ရှိသည့်နေရာများကို အာရုံစိုက်ကြသည်။ ၎င်းတို့သည် ရက်စက်ရမ်းကားသူတစ်ဦး ပါတကား။ အကယ်၍ လူသည် သူ နားလည်သင့်သည့်အရာ အားလုံးကို နားလည်ပြီးဖြစ်ကာ၊ သူ လက်တွေ့လုပ်ဆောင်သင့်သည့်အရာ အားလုံးကို လက်တွေ့လုပ်ဆောင်ပြီး ဖြစ်ပါက၊ လူကို ဘုရားသခင် တောင်းဆိုသည်မှာ လူ၏ တာဝန်နှင့် သူ လုပ်ဆောင်သင့်သည့်အရာ ဖြစ်သည့်အတွက်၊ ဘုရားသခင်သည် သူ၏ ကောင်းချီးမင်္ဂလာများကို လူသားအပေါ်သို့ ကေန်မုချ အပ်နှင်းမည် ဖြစ်လိမ့်မည် ဖြစ်သည်။ အကယ်၍ လူသည် သူနားလည်သင့်သည့်အရာကို နားလည်နိုင်စွမ်း မရှိသကဲ့သို့၊ သူလက်တွေ့လုပ်ဆောင်သင့်သည်ကို လက်တွေ့လုပ်ဆောင်နိုင်စွမ်း မရှိပါက၊ အပြစ်ပေးခံရလိမ့်မည်။ ဘုရားသခင်နှင့် ပူးပေါင်းမဆောင်ရွက်သည့် သူများသည် ဘုရားသခင်ကို ရန်လိုမှုတွင် ရှိကြပြီး၊ အမှုသစ်ကို လက်မခံသူများသည် ဆန့်ကျင်ရာတွင် သိသာထင်ရှားစွာ မရှိလျှင်ပင်၊ ယင်းကို ဆန့်ကျင်ကြပေသည်။ ဘုရားသခင်က တောင်းဆိုသည့် သမ္မာတရားအား လက်တွေ့မလုပ်ဆောင်သူ အားလုံးသည်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို အထူး အာရုံစိုက်ကြလျှင်ပင်၊ ထိုသို့သောသူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တမင်တကာ ဆန့်ကျင်ကာ မနာခံကြချေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မနာခံသကဲ့သို့၊ ဘုရားသခင်ကို မကျိုးနွံမနာခံသူများသည် ပုန်ကန်တတ်သူများ ဖြစ်ပြီး ဘုရားသခင်ကို ဆန့်ကျင်ရာတွင် ရှိကြပေသည်။ မိမိတို့၏ တာဝန်ကို မထမ်းဆောင်သူများသည် ဘုရားသခင်နှင့် မပူးပေါင်းမဆောင်ရွက်သူများ ဖြစ်ပြီး၊ ဘုရားသခင်နှင့် မပူးပေါင်းမဆောင်ရွက်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို လက်မခံသူများ ဖြစ်ကြသည်။

ဘုရားသခင်၏ အမှုနှင့် သူ၏ စီမံခန့်ခွဲမှုတို့ အဆင့်တစ်ခုထိ ရောက်ရှိသည့်အခါ၊ သူ၏စိတ်နှလုံးနှင့် ညီညွတ်သော သူအားလုံးသည် သူ၏သတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်း ရှိကြလေသည်။ ဘုရားသခင်သည် သူ၏ ကိုယ်ပိုင် စံနှုန်းများနှင့်အညီ၊ ပြီးလျှင် လူက စွမ်းဆောင်ရရှိနိုင်စွမ်း ရှိသည့်အရာနှင့်အညီ လူနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များ ပြုလုပ်သည်။ သူ့စီမံခန့်ခွဲမှု အကြောင်းကို ပြောနေစဉ်တွင်၊ သူသည်

လူအတွက် လမ်းခရီးကိုလည်း ညွှန်ပြပေးပြီး အသက်ရှင်မှုအတွက် လမ်းကြောင်းကို လူသားအား ပေးလေသည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့် လူ၏လက်တွေ့လုပ်ဆောင်မှု နှစ်ခုလုံးသည် အမှု၏ တူညီသည့် အဆင့်ဖြစ်ပြီး၊ တစ်ပြိုင်နက်တည်း ဆောင်ရွက်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှုအကြောင်း ပြောဆိုခြင်းသည် လူ၏စိတ်သဘောထားရှိ ပြောင်းလဲမှုများနှင့် ဆက်နွယ်ပြီး၊ လူသားက လုပ်ဆောင်သင့်သည့်အရာနှင့် လူသား၏ စိတ်သဘောထားရှိ ပြောင်းလဲမှုများ အကြောင်းကို ပြောဆိုခြင်းသည် ဘုရားသခင်၏ အမှုနှင့် ဆက်နွယ်ပေသည်။ ဤနှစ်ခု ခွဲခြားခံရနိုင်သည့် အချိန် မရှိပေ။ လူသား၏ လက်တွေ့လုပ်ဆောင်မှုသည် တစ်ဆင့်ချင်း ပြောင်းလဲနေသည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် လူနှင့်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များလည်း ပြောင်းလဲနေသောကြောင့် ဖြစ်ပြီး၊ ဘုရားသခင်၏ အမှုသည် အမြဲတမ်း ပြောင်းလဲနေကာ တိုးတက်နေသောကြောင့် ဖြစ်သည်။ အကယ်၍ လူသား၏ လုပ်ဆောင်မှုသည် အယူဝါဒ၌ ပိတ်မိနေဆဲ ဖြစ်ပါက၊ ဤအရာက သူသည် ဘုရားသခင်၏ အမှုနှင့် လမ်းပြမှု ကင်းမဲ့သည်ဟု သက်သေပြပေသည်။ အကယ်၍ လူသား၏ လက်တွေ့လုပ်ဆောင်မှုသည် ဘယ်သောအခါမျှ မပြောင်းလဲ သို့မဟုတ် သာ၍ နက်ရှိုင်းမလာပါက၊ ဤသည်မှာ လူ၏လက်တွေ့လုပ်ဆောင်မှုသည် လူ၏ အလိုအတိုင်း ဆောင်ရွက်ထားခြင်း ဖြစ်ပြီး၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း မဟုတ်သည်ကို သက်သေပြပေသည်။ အကယ်၍ လူသည် နင်းလျှောက်ရန် လမ်းကြောင်း မရှိပါက၊ သူသည် စာတန်၏ လက်အတွင်းသို့ ကျရောက်နှင့်ပြီးဖြစ်ကာ၊ စာတန်၏ ထိန်းချုပ်မှုကို ခံရပေသည်၊ ဆိုလိုသည်မှာ သူသည် ဆိုးယုတ်သော ဝိညာဉ်များ၏ ထိန်းချုပ်ခြင်းကို ခံရပေသည်။ အကယ်၍ လူ၏ လက်တွေ့လုပ်ဆောင်မှုသည် သာ၍ နက်ရှိုင်းမသွားပါက၊ ဘုရားသခင်၏ အမှု တိုးတက်ဖွံ့ဖြိုးလိမ့်မည် မဟုတ်ပေ၊ ပြီးလျှင် ဘုရားသခင်၏ အမှုတွင် ပြောင်းလဲမှု မရှိပါက၊ လူ၏ဝင်ရောက်မှုသည် ရပ်တန့်သွားပေလိမ့်မည်။ ဤသည်မှာ ရှောင်လွှဲ၍ မရပေ။ ဘုရားသခင်၏ အမှုအားလုံး တစ်လျှောက်တွင်၊ လူသည် ယေဟောဝါ၏ ပညတ်တရားကို အမြဲလိုက်နာရမည် ဆိုပါက၊ ခေတ်တစ်ခုလုံးကို အဆုံးသို့ ဆောင်ကြဉ်းဖို့ မဆိုထားနှင့်၊ ဘုရားသခင်၏ အမှုသည် တိုးတက်နိုင်မည်မဟုတ်ပေ။ အကယ်၍ လူသည် ကားတိုင်ကို အမြဲစွဲကိုင်ထားပြီး စိတ်ရှည်ခြင်းနှင့် နှိမ့်ချခြင်းကို အမြဲလက်တွေ့လုပ်ဆောင်ပါက၊ ဘုရားသခင်၏ အမှု ဆက်လက် တိုးတက်ရန် ဖြစ်နိုင်မည် မဟုတ်ပေ။ ပညတ်တရားများကိုသာ လိုက်နာသည့် လူတို့အလယ်တွင်၊ သို့မဟုတ် လက်ဝါးကပ်တိုင်ကိုသာ စွဲကိုင်ထားပြီး စိတ်ရှည်ခြင်းနှင့် နှိမ့်ချခြင်းတို့ကို အမြဲလက်တွေ့လုပ်ဆောင်သော လူသားများအလယ်တွင်၊

အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှုအား တကယ်ကို အဆုံးမသတ်နိုင်ပေ။ ယင်းအစား ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုတစ်ခုလုံးကို ဘုရားသခင်ကို သိရှိသူ၊ စာတန်၏ လက်တွင်းမှ ပြန်လည်ရယူခြင်း ခံရသူနှင့် စာတန်၏ စွမ်းအားမှ မိမိတို့ကိုယ်ကိုယ် အပြည့်အဝ ကင်းမဲ့စေပြီးသူများ ဖြစ်သည့် နောက်ဆုံးသော ကာလနှင့်သက်ဆိုင်သူများအလယ်တွင် အဆုံးသတ်ပေသည်။ ဤသည်မှာ ဘုရားသခင်အမှု၏ လွှဲရှောင်၍မရသော ဦးတည်ရာဖြစ်သည်။ ဘာသာရေး အသင်းတော်များ၌ ရှိသူတို့၏ လက်တွေ့လုပ်ဆောင်မှုသည် ခေတ်နောက်ကျသည်ဟု အဘယ်ကြောင့် ဆိုထားသနည်း။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ လက်တွေ့လုပ်ဆောင်သော အရာသည် ယနေ့အမှုမှ ကွဲကွာသောကြောင့် ဖြစ်သည်။ ကျေးဇူးတော်ခေတ်တွင် ၎င်းတို့ လက်တွေ့လုပ်ဆောင်ခဲ့သောအရာက မှန်ကန်ခဲ့သော်လည်း၊ ခေတ်ကုန်ဆုံးပြီးဖြစ်ကာ ဘုရားသခင်၏ အမှု ပြောင်းလဲပြီး ဖြစ်သည်နှင့်အမျှ၊ ၎င်းတို့၏ လက်တွေ့လုပ်ဆောင်မှုသည် တဖြည်းဖြည်း ခေတ်နောက်ကျလာပြီးဖြစ်သည်။ ယင်းကို အမှုသစ်နှင့် အလင်းသစ်တို့က နောက်ချန်ထားရစ်ပြီးဖြစ်သည်။ ထိုအမှု၏ မူလ အခြေခံအုတ်မြစ်ကို အခြေပြုလျက်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် သာ၍နက်နဲစွာ အဆင့်အချို့သို့ တိုးတက်ပြီး ဖြစ်သည်။ သို့သော် ထိုလူတို့သည် ဘုရားသခင်အမှု၏ မူလအဆင့်တွင် သောင်တင်ဆဲဖြစ်ပြီး၊ လက်တွေ့လုပ်ဆောင်မှု အဟောင်းများနှင့် အလင်းဟောင်းကို ဖက်တွယ်ထားဆဲ ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် သုံးနှစ်၊ သို့မဟုတ် ငါးနှစ်အတွင်း ကြီးမားစွာ ပြောင်းလဲနိုင်သည်၊ သို့ဖြစ်၍ အနှစ် ၂၀၀၀ ကာလအတွင်းတွင် ပိုမို ကြီးမားသည့် ပြောင်းလဲမှုများ ဖြစ်လာမည် မဟုတ်လော။ အကယ်၍ လူသားသည် အသစ်သောအလင်း၊ သို့မဟုတ် အသစ်သော လက်တွေ့လုပ်ဆောင်မှု မရှိပါက၊ ယင်းမှာ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို မီအောင်လိုက်ခြင်း မရှိလေပြီဟု ဆိုလိုပေသည်။ ဤသည်မှာ လူ၏ချွတ်ယွင်းချက် ဖြစ်သည်။ ယနေ့တွင် ယခင်က သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ရှိခဲ့သူများသည် ခေတ်နောက်ကျသည့် လက်တွေ့လုပ်ဆောင်မှုများကို လိုက်နာနေကြဆဲ ဖြစ်သောကြောင့်၊ ဘုရားသခင်၏ အသစ်သော အမှု တည်ရှိခြင်းကို ငြင်းမရနိုင်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သည် အမြဲ ရှေ့ဆက်နေပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းထဲတွင် ရှိသူအားလုံးသည်လည်း တစ်ဆင့်ပြီးတစ်ဆင့်၊ သာ၍နက်နဲစွာ တိုးတက်ပြီး ပြောင်းလဲနေသင့်ပေသည်။ ၎င်းတို့သည် အဆင့်တစ်ဆင့်တွင် မရပ်တန့်နေသင့်ပေ။ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို မသိသူများသာ သူ၏မူလအလုပ်တွင် ရှိမြဲရှိနေကြမည် ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်

အသစ်ကို လက်ခံကြမည် မဟုတ်ပေ။ နာခံခြင်းမရှိသူများသာ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ရရှိနိုင်စွမ်း မရှိဘဲ ဖြစ်မည်။ လူ၏လက်တွေ့ လုပ်ဆောင်မှုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်သော လုပ်ဆောင်ချက်ကို အမီမလိုက်နိုင်ပါက၊ လူ၏လက်တွေ့လုပ်ဆောင်မှုသည် ယနေ့အမှုနှင့် ကေန်မုချ ပြတ်တောက်ပြီး၊ ယနေ့အမှုနှင့် ကေန်မုချ သဟဇာတ မဖြစ်ပေ။ ဤကဲ့သို့သော ခေတ်နောက်ကျသည့် လူများသည် ဘုရားသခင်အဖို့ နောက်ဆုံးတွင် သက်သေခံရပ်တည်မည့်လူများ ဖြစ်လာရန် မဆိုထားနှင့်၊ ဘုရားသခင်၏ အလိုကို အကယ်ပင် ဖြည့်ဆည်းနိုင်စွမ်း မရှိကြချေ။ ထို့အပြင် စီမံခန့်ခွဲခြင်း အမှုတစ်ခုလုံးကို ထိုသို့သော လူတစ်စုအလယ်တွင် အဆုံးသတ်၍ မရနိုင်ပေ။ ယေဟောဝါ၏ ပညတ်တရားကို တစ်ချိန်က ကိုင်စွဲခဲ့သူများနှင့် ကားတိုင်အတွက် တစ်ချိန်က ဒုက္ခဆင်းရဲ ခံခဲ့ရသောသူတို့သည်၊ နောက်ဆုံးသောကာလ အမှု၏ အဆင့်ကို လက်မခံနိုင်ပါက၊ ၎င်းတို့လုပ်ဆောင်ခဲ့သမျှ အားလုံးသည် အချည်းနှီးနှင့် အလဟဿ ဖြစ်ပြီးဖြစ်ပေလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်နှင့်ဆိုင်သည့် အရှင်းဆုံးသော ဖော်ပြချက်မှာ အတိတ်ကို မဖက်တွယ်ဘဲ၊ ဤနေရာနှင့် ယခုအချိန်ကို လက်ခံယုံကြည်ခြင်းတွင် ရှိပေသည်။ ယနေ့အမှုကို အမီမလိုက်သူများနှင့် ယနေ့လက်တွေ့လုပ်ဆောင်မှုမှ ခွဲထွက်လားပြီး ဖြစ်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ဆန့်ကျင်ကာ လက်မခံသောသူများ ဖြစ်ကြသည်။ ထိုသို့သောလူများသည် ဘုရားသခင်၏ လက်ရှိအမှုကို အာခံကြသည်။ ၎င်းတို့သည် အတိတ်၏ အလင်းကို ဆုပ်ကိုင်ကြသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ၎င်းတို့ မသိကြသည်မှာ ငြင်းမရနိုင်ပေ။ လူ၏လက်တွေ့လုပ်ဆောင်မှု၌ ပြောင်းလဲမှုများ အကြောင်း၊ အတိတ်နှင့် ယနေ့အကြား လက်တွေ့လုပ်ဆောင်မှုရှိ မတူညီကွဲပြားမှုများအကြောင်း၊ ယခင်ခေတ်အတောအတွင်းတွင် လက်တွေ့လုပ်ဆောင်မှုကို ဆောင်ရွက်ခဲ့သည့်ပုံနှင့် ယနေ့တွင် ယင်းကို လုပ်ဆောင်သည့်ပုံတို့နှင့်ဆိုင်သည့် ဤပြောဆိုဆွေးနွေးမှုသာ အဘယ့်ကြောင့် ပြောဆိုရလေပြီနည်း။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် စဉ်ဆက်မပြတ် ရှေ့သို့ရွေ့ဆက်နေပြီး၊ ထို့သို့ဖြင့် လူသား၏ လက်တွေ့ လုပ်ဆောင်မှုသည် စဉ်ဆက်မပြတ် ပြောင်းလဲဖို့ လိုအပ်သောကြောင့်၊ လူသား၏ လက်တွေ့လုပ်ဆောင်မှုထဲက ထိုသို့သော အပိုင်းအခြားများ အကြောင်းကို အမြဲပြောဆိုရခြင်း ဖြစ်ပေသည်။ လူသည် အဆင့် တစ်ခုတွင် သောင်တင်နေပါက၊ ဤသည်မှာ သူသည် ဘုရားသခင်၏ အသစ်သော အမှုနှင့် အသစ်သောအလင်းကို အမီလိုက်နိုင်စွမ်း မရှိသည်ကို သက်သေပြပေသည်။ ယင်းက ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်သည် မပြောင်းလဲလေပြီဟု သက်သေမပြပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းပြင်ပတွင် ရှိသူများက ၎င်းတို့

မှန်ကန်သည်ဟု အမြဲတမ်း တွေးထင်ကြသော်ငြားလည်း၊ အမှန်တွင် ၎င်းတို့ထဲက ဘုရားသခင်၏အမှုသည် အချိန်ကြာမြင့်စွာက ရပ်တန့်ခဲ့ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် ၎င်းတို့ထံတွင် မရှိပေ။ ဘုရားသခင်၏ အမှုသည် ကြာမြင့်စွာကတည်းက အခြားလူတစ်စုဆီသို့၊ သူ၏အမှုသစ်ကို ပြည့်စုံစေရန် သူရည်ရွယ်ထားသည့် လူတစ်စုဆီသို့ လွှဲပြောင်းသွားခဲ့ပေသည်။ ဘာသာတရားထဲ ရှိသူများသည် ဘုရားသခင်၏ အမှုသစ်ကို လက်ခံနိုင်စွမ်း မရှိကြသကဲ့သို့၊ အတိတ်က အမှုဟောင်းကိုသာ စွဲကိုင်ထားကြသောကြောင့်၊ ဘုရားသခင်သည် ဤလူတို့ကို စွန့်လွှတ်ပြီးဖြစ်ကာ၊ ဤအမှုသစ်ကို လက်ခံသည့် သူများအပေါ် သူ၏အမှုသစ်ကို လုပ်ဆောင်ပေသည်။ ဤသည်တို့မှာ သူ၏အမှုသစ်၌ ပူးပေါင်းဆောင်ရွက်သည့် လူများဖြစ်ပြီး၊ ဤနည်းဖြင့်သာ သူ၏စီမံခန့်ခွဲမှုက ပြီးမြောက်နိုင်ပေသည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် အမြဲတမ်း ရှေ့ဆက်နေပြီး၊ လူ၏ လက်တွေ့လုပ်ဆောင်မှုသည် အမြဲ သာ၍ မြင့်မားစွာ တက်နေသည်။ ဘုရားသခင်သည် အမြဲ အမှုပြုနေပြီး၊ လူသည် အမြဲ လိုအပ်နေသည်မှာ နှစ်ဦးလုံးသည် ၎င်းတို့၏ အထွတ်အထိပ်သို့ ရောက်ရှိပြီး၊ ဘုရားသခင်နှင့် လူသည် ပြည့်စုံသည့် ပေါင်းစည်းမှုကို စွမ်းဆောင်ရရှိလေသည်။ ဤသည်မှာ ဘုရားသခင်၏ အမှု ပြီးမြောက်အောင်မြင်ခြင်း၏ ဖော်ပြချက်ဖြစ်ပြီး၊ ယင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲမှု တစ်ခုလုံး၏ နောက်ဆုံးရလဒ်ဖြစ်သည်။

ဘုရားသခင်၏ အမှု အဆင့်အသီးသီးတွင်၊ လူသားနှင့်ဆိုင်သော လိုက်လျောညီထွေသည့် သတ်မှတ်ချက်များလည်း ရှိပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းအတွင်း ရှိသူအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်နှင့် ဆုံးမပဲ့ပြင်ခြင်းတို့ကို ပိုင်ဆိုင်ကြပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းအတွင်း မရှိသူများသည် စာတန်၏ ကွပ်ကဲမှုအောက်တွင်ရှိကာ သန့်ရှင်းသော ဝိညာဉ်တော်၏ မည်သည့် လုပ်ဆောင်မှုမျှမရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်း၌ ရှိသူများသည် ဘုရားသခင်၏ အမှုသစ်ကို လက်ခံသူများ ဖြစ်ပြီး၊ ဘုရားသခင်၏ အမှုသစ်တွင် ပူးပေါင်းဆောင်ရွက်သူများ ဖြစ်သည်။ ဤရေစီးကြောင်းအတွင်း ရှိသူများသည် ပူးပေါင်းဆောင်ရွက်နိုင်စွမ်း မရှိကြသကဲ့သို့၊ ဤအချိန်အတောအတွင်း ဘုရားသခင် တောင်းဆိုသည့် သမ္မာတရားကို လက်တွေ့မလုပ်ဆောင်နိုင်ကြပါက၊ ၎င်းတို့သည် ဆုံးမပဲ့ပြင်ခြင်းကို ခံရလိမ့်မည်ဖြစ်ပြီး၊ အဆိုးဆုံးအနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ စွန့်ပစ်ခြင်းကို ခံရလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သစ်ကို လက်ခံသူများသည်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းအတွင်းတွင် အသက်ရှင်ကြလိမ့်မည် ဖြစ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ စောင့်ရှောက်ခြင်းနှင့် ကာကွယ်ခြင်းကို ရရှိကြလိမ့်မည်။ သမ္မာတရားကို

လက်တွေ့လုပ်ဆောင်ရန် လိုလားနေသူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းခံကြရကာ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် လိုလားခြင်းမရှိသူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်ခြင်းကို ခံရပြီး၊ အပြစ်ပေးခြင်းကိုပင် ခံရကောင်းခံရနိုင်သည်။ ၎င်းတို့သည် မည်သည့် လူစားမျိုးဖြစ်ပါစေ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းအတွင်း ၎င်းတို့ရှိမှသာ၊ ဘုရားသခင်သည် သူ၏အမှုသစ် လက်ခံသည့်သူအားလုံးကို သူ၏ နာမအတွက် တာဝန်ယူလိမ့်မည်။ သူ၏နာမကို ဘုန်းထင်ရှားစေပြီး၊ သူ၏နှုတ်ကပတ်တော်များကို လက်တွေ့လုပ်ဆောင်ရန် လိုလားနေသူများသည် သူ၏ကောင်းချီးမင်္ဂလာများကို ရရှိကြလိမ့်မည်။ သူ့ကိုမနာခံသကဲ့သို့ သူ၏နှုတ်ကပတ်တော်များကို လက်တွေ့ မလုပ်ဆောင်သူများသည် သူ၏အပြစ်ပေးခြင်းကို ခံရလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းတွင် ရှိသည့် လူများသည် အမှုသစ်ကို လက်ခံသူများဖြစ်ပြီး၊ အမှုသစ်ကို ၎င်းတို့ လက်ခံပြီးဖြစ်သည့်အတွက်၊ ၎င်းတို့သည် ဘုရားသခင်နှင့် သင့်တင့်လျောက်ပတ်စွာ ပူးပေါင်းဆောင်ရွက်သင့်သကဲ့သို့၊ မိမိတို့၏တာဝန်ကို မထမ်းဆောင်သည့် ပုန်ကန်သူများကဲ့သို့ မပြုမူသင့်ပေ။ ဤသည်မှာ လူသားနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ တစ်ခုတည်းသော သတ်မှတ်ချက်ဖြစ်သည်။ အမှုသစ်ကို လက်မခံသည့် လူများအတွက်မူ ထိုသို့မဟုတ်ပေ- ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းပြင်ပတွင် ရှိကြပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်မှုနှင့် အပြစ်တင်မှုတို့သည် သူတို့နှင့် မသက်ဆိုင်ပေ။ ဤလူများသည် တစ်နေ့တာလုံး ဇာတိပကတိအတွင်း၌ အသက်ရှင်ကြသည်၊ ၎င်းတို့၏ စိတ်အတွင်း၌ အသက်ရှင်ကြပြီး၊ ၎င်းတို့လုပ်ဆောင်သမျှအားလုံးသည် ၎င်းတို့ကိုယ်ပိုင် ဦးနှောက်များ၏ စိစစ်မှုနှင့် သုတေသနပြုခြင်းမှ ထွက်ပေါ်သည့် အယူဝါဒများအတိုင်းသာ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ရန်မဆိုထားနှင့်၊ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုသစ်က တောင်းဆိုသည့်အရာပင် မဟုတ်ပေ။ ဘုရားသခင်၏ အမှုသစ်ကို လက်မခံသူများသည် ဘုရားသခင်၏ မျက်မှောက် ကင်းမဲ့သည့်အပြင်၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများနှင့် ကာကွယ်ခြင်းတို့ မရှိပေ။ ၎င်းတို့၏ စကားများနှင့် လုပ်ဆောင်မှု အများစုတို့သည် သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်ချက်၏ ယခင် သတ်မှတ်ချက်များကို ထိန်းသိမ်းထားလေသည်။ ယင်းတို့သည် အယူဝါဒ ဖြစ်ပြီး၊ သမ္မာတရား မဟုတ်ချေ။ ထိုသို့သော အယူဝါဒနှင့် စည်းမျဉ်းသည် ဤလူများ အတူတကွ စုစည်းခြင်းက ဘာသာတရားမျှသာ ဖြစ်သည်ကို သက်သေပြရန် လုံလောက်သည်။ ၎င်းတို့သည် ရွေးချယ်ခံရသူများ၊ သို့မဟုတ် ဘုရားသခင်၏ အမှု ရည်မှန်းချက်များ မဟုတ်ပေ။

၎င်းတို့အားလုံးအလယ် စုစည်းမှုကို ဘာသာတရား၏ ကြီးကျယ်သော ညီလာခံတစ်ခုအဖြစ်သာ ခေါ်ဆိုနိုင်ပြီး၊ အသင်းတော်တစ်ခုအဖြစ် ခေါ်ဆို၍ မရနိုင်ပေ။ ဤသည်မှာ ပြောင်းလဲ၍မရသည့် အချက်တစ်ခုဖြစ်သည်။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သစ် မရှိကြပေ။ ၎င်းတို့လုပ်ဆောင်သည့်အရာသည် ဘာသာရေးရနံ့များ လှိုင်နေသည့်ပုံပေါ်သည်၊ ၎င်းတို့ အသက်ရှင်နေထိုင်သည့်အရာသည် ဘာသာတရားနှင့် ပြည့်နှက်ပုံ ပေါ်လေသည်။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်မှုနှင့် အသိဉာဏ်ပွင့်လင်းစေခြင်းကို ရရှိရန် သင့်လျော်ဖို့ မဆိုထားနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်နှင့် လုပ်ဆောင်ချက်ကိုပင် မပိုင်ဆိုင်ကြပေ။ ဤလူအားလုံးသည် အသက်မဲ့သည့် အလောင်းကောင်များနှင့် ဝိညာဉ်ရေးရာ လုံးဝမရှိသည့် လောက်ကောင်များ ဖြစ်ကြသည်။ ၎င်းတို့သည် ဘုရားသခင်၏ အမှုအားလုံးနှင့် ဘုရားသခင်၏ လက်ရှိအလိုတို့ကို သိရန်မဆိုထားနှင့်၊ လူ၏ပုန်ကန်မှုနှင့် ဆန့်ကျင်မှုတို့နှင့်သက်ဆိုင်သည့် အသိပညာမရှိ၊ လူသား၏ မကောင်းမှုပြုခြင်း အားလုံးနှင့်ဆိုင်သည့် အသိပညာ မရှိကြချေ။ ၎င်းတို့အားလုံးသည် မသိနားမလည်ကြသည့် လူများ၊ ယုတ်ညံ့သော လူများ ဖြစ်ကြပြီး၊ ယုံကြည်သူများဟု ခေါ်ဆိုရန် မထိုက်တန်သော ဆန်ကုန်မြေလေးများ ဖြစ်သည်။ ၎င်းတို့ လုပ်ဆောင်သည့် မည်သည့်အရာကမျှ ဘုရားသခင်၏ အစီအစဉ်များကို ထိခိုက်နိုင်ရန် မဆိုထားနှင့်၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့် မည်သို့မျှ မဆက်စပ်ပေ။ ၎င်းတို့၏စကားများနှင့် လုပ်ရပ်များက အလွန် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှသည်၊ အလွန် သနားဖွယ်ကောင်းလှပြီး၊ ဖော်ပြပြောဆိုရန် တကယ်ကို မထိုက်တန်ချေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းအတွင်း မရှိသူတို့ လုပ်ဆောင်သည့် အရာမှန်သမျှသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်သစ်နှင့် မည်သို့မျှ သက်ဆိုင်မှုမရှိချေ။ ဤအရာကြောင့် ၎င်းတို့မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်မှု မရှိသည့်အပြင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်း မရှိကြပေ။ အကြောင်းမှာ ၎င်းတို့အားလုံးသည် သမ္မာတရားအတွက် ချစ်ခြင်းမေတ္တာ မရှိကြသူများနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ မုန်းတီးခြင်းနှင့် ငြင်းပယ်ခြင်းကို ခံရပြီးသည့်သူများ ဖြစ်သည့်အတွက်ဖြစ်သည်။ ၎င်းတို့သည် ဇာတိပကတိ၌ လျှောက်လှမ်းကြပြီး၊ ဘုရားသခင်၏ ဆိုင်းဘုတ်အောက်တွင် ၎င်းတို့စိတ်ကျေနပ်သည့် မည်သည့်အရာကိုမဆို လုပ်ဆောင်ကြသောကြောင့်၊ ၎င်းတို့ကို မကောင်းမှုပြုသူများဟု ခေါ်သည်။ ဘုရားသခင် အမှုပြုစဉ်တွင်၊ ၎င်းတို့သည် တမင်တကာ သူ့ကိုရန်လိုပြီး သူနှင့်ဆန့်ကျင်ဘက်သို့ ပြေးကြလေသည်။ လူသားသည် ဘုရားသခင်နှင့်

ပူးပေါင်းမဆောင်ရွက်နိုင်ခြင်းမှာ အဆုံးစွန် ပုန်ကန်ခြင်း သက်သက်ဖြစ်သည်၊ သို့ဆိုလျှင် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်သို့ တမင်တကာ ပြေးကြသောသူတို့သည် အထူးသဖြင့် ၎င်းတို့နှင့် ထိုက်တန်သော ဒဏ်ခတ်ခြင်းကို ရရှိကြလိမ့်မည် မဟုတ်လော။ ဤလူများ၏ မကောင်းမှုပြုခြင်းကို ထုတ်ဖော်ရာဝယ်၊ လူအချို့သည် ၎င်းတို့ကို ကျိန်ဆဲရန် စိတ်ထက်သန်ကြစေကာမူ၊ ဘုရားသခင်သည် ၎င်းတို့ကို လျစ်လျူရှုလေသည်။ လူသားအဖို့ ၎င်းတို့၏ လုပ်ရပ်များသည် ဘုရားသခင်၏ နာမနှင့် သက်ဆိုင်သည့် ပုံပေါ်သော်လည်း၊ အမှန်တွင် ဘုရားသခင်အဖို့ ယင်းတို့သည် သူ၏ နာမနှင့် မည်သည့်ဆက်နွယ်မှုမျှ မရှိပေ သို့မဟုတ် သူ့ကို သက်သေခံခြင်းနှင့် မည်သည့် ဆက်နွယ်မှုမရှိပေ။ ဤလူများ မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ယင်းသည် ဘုရားသခင်နှင့် မသက်ဆိုင်ပေ။ ယင်းသည် ဘုရားသခင်နာမနှင့် သူ၏ လတ်တလော အမှုနှစ်ခုလုံးနှင့် သက်ဆိုင်မှု မရှိပေ။ ဤလူတို့သည် မိမိတို့ကိုယ်ကိုယ် အရှက်ရစေပြီး၊ စာတန်ကို ပေါ်လွင်ထင်ရှားစေသည်။ ၎င်းတို့သည် ဒေါသအမျက်ခံရာ နေ့ရက်အတွက် သိုမှီးနေကြသည့် မကောင်းမှုပြုသူများ ဖြစ်ကြသည်။ ယနေ့တွင် ၎င်းတို့၏ လုပ်ရပ်များကို ပဓာနမထားဘဲ၊ ၎င်းတို့သည် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို မပိတ်ဆို့သကဲ့သို့ ဘုရားသခင်၏ အမှုသစ်နှင့် ဘာမျှ မသက်ဆိုင်မှုသာလျှင်၊ ဒေါသအမျက်ခံရာ နေ့ရက်ကာလ မရောက်သေးသည့်အတွက်၊ ထိုသို့သော လူတို့သည် လိုက်လျောညီထွေသော ပြစ်ဒဏ်ခတ်ခြင်းကို ခံရလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်က ၎င်းတို့ကို ကိုယ်တွယ်ဖြေရှင်းနှင့်ပြီးဖြစ်သင့်ကာ၊ ထိုမကောင်းမှုပြုသူများသည် ဒဏ်ခတ်ခြင်းကို စောနိုင်သမျှ စောစွာ ခံရသင့်သည်ဟု များစွာသော လူတို့က ယုံကြည်ကြလေသည်။ သို့ရာတွင် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုသည် အဆုံးသတ်သို့ မရောက်သေးသကဲ့သို့၊ ဒေါသအမျက်ခံရာ နေ့ရက်ကာလ ရောက်မလာသေးသောကြောင့်၊ မဖြောင့်မတ်သောသူများသည် ၎င်းတို့၏ မဖြောင့်မတ်သည့် လုပ်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်နေကြဆဲ ဖြစ်သည်။ အချို့က၊ "ဘာသာရေးထဲတွင်ရှိသော သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက် သို့မဟုတ် လုပ်ဆောင်ချက်တို့ မရှိသကဲ့သို့၊ ဘုရားသခင်၏ နာမကို အရှက်ရစေသည်။ သို့ဆိုလျှင် ဘုရားသခင်က ၎င်းတို့၏ ထိန်းမနိုင်သိမ်းမရသော အပြုအမူကို သည်းခံနေဆဲ ဖြစ်ခြင်းထက်၊ အဘယ်ကြောင့် ၎င်းတို့ကို မဖျက်ဆီးသနည်း။" ဟု ဆိုကြသည်။ စာတန်၏ သရုပ်သကန်ဖြစ်ပြီး ဇာတိပကတိကို ဖော်ပြသည့် ဤလူတို့သည် မသိနားမလည်ကြသူများ၊ ယုတ်ညံ့သောလူများ ဖြစ်ကြသည်။ ၎င်းတို့သည် အဓိပ္ပာယ် မရှိသော လူများဖြစ်ကြသည်။ ဘုရားသခင်သည် သူ၏ အမှုကို လူသားအလယ် မည်သို့လုပ်ဆောင်သည်ကို ၎င်းတို့ နားလည် မလာမီတွင်၊ ဘုရားသခင်၏

အမျက်ဒေါသရောက်လာခြင်းကို ၎င်းတို့ရှုမြင်ရလိမ့်မည် မဟုတ်သကဲ့သို့ ၎င်းတို့ အပြည့်အဝ သိမ်းပိုက်ခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ ထိုမကောင်းမှုပြုသူ အားလုံးသည် ၎င်းတို့၏ ဒဏ်ခတ်ခံရခြင်းကို ရရှိကြလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့ထဲမှ မည်သူမျှ ဒေါသအမျက်ခံရာ နေ့ရက်ကာလကို လွတ်မြောက်နိုင်ကြလိမ့်မည် မဟုတ်ပေ။ ယခုအချိန်သည် လူသား၏ အပြစ်ဒဏ်ပေးခြင်းအတွက် အချိန်ကာလ မဟုတ်သေးဘဲ၊ သိမ်းပိုက်ခြင်းအမှုကို ဆောင်ရွက်နေသည့်အချိန် ဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ထိခိုက်စေသူများ မဟုတ်ပါက၊ ထိုကိစ္စတွင် ၎င်းတို့လုပ်ရပ်များ၏ ပြင်းထန်မှုအပေါ် အခြေခံ၍ အပြစ်ပေးခြင်းကို ၎င်းခံရကြလိမ့်မည်ဖြစ်သည်။ လူသားမျိုးနွယ်နှင့်ဆိုင်သည့် ဘုရားသခင်၏ စီမံခန့်ခွဲမှု အတောအတွင်းတွင်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ရေစီးကြောင်းအတွင်း ရှိသူများသည် ဘုရားသခင်နှင့် ဆက်နွယ်မှုရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ စက်ဆုပ်မုန်းတီးမှုနှင့် ငြင်းပယ်မှုကို ခံရသူများသည် စာတန်၏ စွမ်းအားအောက်တွင် အသက်ရှင်ကြပြီး၊ ၎င်းတို့ လက်တွေ့လုပ်ဆောင်သည့် အရာသည် ဘုရားသခင်နှင့် မည်သည့်ဆက်နွယ်မှုမျှ မရှိပေ။ ဘုရားသခင်၏ အမှုသစ်ကို လက်ခံပြီး၊ ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်သော သူများသာ ဘုရားသခင်နှင့် ဆက်နွယ်မှုရှိသည်၊ အကြောင်းမှာ ဘုရားသခင်၏ အမှုသည် ယင်းကို လက်ခံသည့် သူများကိုသာ ဦးတည်ထားပြီး၊ ၎င်းတို့ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ လူအားလုံးကို မဦးတည်သောကြောင့် ဖြစ်ပေသည်။ ဘုရားသခင် ပြုသည့်အမှုသည် အစဉ်သဖြင့် ရည်မှန်းချက် ရှိပြီး၊ စိတ်ကူးပေါက်ရာ လုပ်ဆောင်ခြင်းမဟုတ်ပေ။ စာတန်နှင့် ပေါင်းဖော်သူများသည် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ရန် သင့်တော်ဖို့ မဆိုထားနှင့်၊ ဘုရားသခင်ကို သက်သေခံရန်ပင် မသင့်တော်ကြချေ။

သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် အဆင့်အသီးသီးတွင်၊ လူသား၏ သက်သေခံချက်လည်း လိုအပ်ပေသည်။ လုပ်ဆောင်ချက် အဆင့်အသီးသီးသည် ဘုရားသခင်နှင့် စာတန်အကြား တိုက်ပွဲတစ်ခုဖြစ်ပြီး၊ တိုက်ပွဲ၏ ပစ်မှတ်မှာ စာတန် ဖြစ်သော်လည်း၊ ဤအမှုအားဖြင့် စုံလင်စေခြင်းခံရမည်မှာ လူသား ဖြစ်သည်။ ဘုရားသခင်၏ အမှုက အကျိုးဖြစ်ထွန်းသည်၊ မဖြစ်ထွန်းသည်မှာ ဘုရားသခင်အဖို့ လူ၏ သက်သေခံချက် နည်းဟန်အပေါ် မူတည်သည်။ ဤသက်သေခံချက်သည် သူ့နောက်လိုက်သူများနှင့်သက်ဆိုင်သည့် ဘုရားသခင် တောင်းဆိုသော အရာဖြစ်သည်။ ယင်းသည် စာတန်ရှေ့မှောက်တွင် ပြုလုပ်သည့် သက်သေခံချက ဖြစ်ပြီး၊ သူ၏ အမှု အကျိုးတရားနှင့်ဆိုင်သည့် သက်သေလည်း ဖြစ်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှု တစ်ခုလုံးကို

အဆင့်သုံးဆင့်ဖြင့် ပိုင်းခြားထားပြီး၊ အဆင့်အသီးသီးတွင်၊ သင့်တော်သည့် သတ်မှတ်ချက်များကို လူသားအပေါ် ပြုလုပ်ထားလေသည်။ ထို့အပြင် ခေတ်များကုန်လွန်ပြီး တိုးတက်သည်နှင့်အမျှ၊ လူသားမျိုးနွယ်နှင့်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များသည် ယခင်ထက် သာ၍ မြင့်မားလာသည်။ ထို့ကြောင့် တစ်ဆင့်ပြီးတစ်ဆင့်၊ ဘုရားသခင်၏ ဤစီမံခန့်ခွဲခြင်း အမှုသည် လူသားက "လူ့ဇာတိ၌ နှုတ်ကပတ်တော် ပေါ်ထွန်းခြင်း" နှင့်ဆိုင်သည့် အမှန်တရားကို ရှုမြင်သည်အထိ၊ ယင်း၏ အထွတ်အထိပ်သို့ ရောက်ရှိပြီး၊ ဤနည်းဖြင့် လူသားနှင့်ဆိုင်သည့် သတ်မှတ်ချက်များသည် လူသား၏ သက်သေခံရန် သတ်မှတ်ချက်များကဲ့သို့၊ သာ၍ပင် မြင့်မားလာလေသည်။ လူသည် ဘုရားသခင်နှင့် အမှန်တကယ် ပူးပေါင်းဆောင်ရွက်နိုင်စွမ်း ရှိလေ၊ ဘုရားသခင်ကို သာ၍ ဘုန်းထင်ရှားစေလေ ဖြစ်သည်။ လူသား၏ ပူးပေါင်းဆောင်ရွက်ခြင်းသည် သူ သက်သေခံရန်လိုအပ်သည့် သက်သေခံချက်ဖြစ်ပြီး၊ သူ သက်သေခံသည့် သက်သေခံချက်သည် လူ၏ လက်တွေ့လုပ်ဆောင်မှု ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ အမှုက ထိုက်သင့်သည့် အကျိုးသက်ရောက်မှု ရှိသည်၊ မရှိသည်၊ ပြီးလျှင် စစ်မှန်သည့် သက်သေခံချက် ရှိနိုင်သည်၊ မရှိနိုင်သည်မှာ လူသား၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သက်သေခံချက်တို့နှင့် ခွဲခြားမရဘဲ ဆက်နွယ်ပေသည်။ အမှု ပြီးစီးသည့်အခါတွင်၊ ဆိုလိုသည်မှာ၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုအားလုံး ယင်း၏ အဆုံးသတ်သို့ ရောက်ရှိသည့် အချိန်တွင်၊ လူသားသည် ပိုမိုမြင့်မားသည့် သက်သေခံချက်ကို ပြုလုပ်ရန် သက်သေခံရန် လိုအပ်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏အမှု အဆုံးသတ်သို့ ရောက်ရှိသည့်အချိန်တွင်၊ လူသား၏ လက်တွေ့လုပ်ဆောင်မှုနှင့် ဝင်ရောက်မှုတို့သည် ယင်းတို့၏ အထွတ်အထိပ်သို့ ရောက်ရှိလိမ့်မည် ဖြစ်သည်။ ယခင်က လူသားသည် ပညတ်တော်များ၊ ပညတ်ချက်များကို လိုက်နာရန် လိုအပ်ခဲ့ပြီး၊ စိတ်ရှည်သည်းခံကာ စိတ်နှိမ့်ချရန် လိုအပ်ခဲ့သည်။ ယနေ့တွင် လူသားအနေဖြင့် ဘုရားသခင်၏ စီစဉ်မှုအားလုံးကို လိုက်နာရန် လိုအပ်ပြီး၊ ဘုရားသခင်အပေါ် အမြင့်ဆုံး ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ရန် လိုအပ်သကဲ့သို့၊ နောက်ဆုံးတွင် ဆင်းရဲဒုက္ခအလယ်တွင် ဘုရားသခင်ကို ချစ်နေဆဲဖြစ်ဖို့ လိုအပ်လေသည်။ ဤအဆင့်သုံးဆင့်သည် သူ၏ စီမံခန့်ခွဲမှု တစ်ခုလုံး တစ်လျှောက် ဘုရားသခင်က လူသားအပေါ် တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်သော သတ်မှတ်ချက်များ ဖြစ်သည်။ ဘုရားသခင်၏ အမှုအဆင့်အသီးသီးသည် ပြီးခဲ့သည့်အဆင့်ထက် ပိုနက်ရှိုင်းသွားပြီး၊ အဆင့်အသီးသီးတွင် လူသားနှင့်ဆိုင်သည့် သတ်မှတ်ချက်များက ပြီးခဲ့သည့်အဆင့်ကထက်ပို၍ နက်နဲလာကာ၊ ဤသို့ဖြင့် ဘုရားသခင်၏ စီမံခန့်ခွဲမှုတစ်ခုလုံးသည် တဖြည်းဖြည်း ရုပ်လုံးပေါ်လာလေသည်။

ယင်းမှာ အတိအကျအားဖြင့် လူသားနှင့်ဆိုင်သည့် သတ်မှတ်ချက်များက ယခင်ထက် သာ၍ မြင့်မားလာသည်မှာ လူသား၏ စိတ်သဘောထားသည် ဘုရားသခင် တောင်းဆိုသည့် စံနှုန်းများနှင့် ယခင်ထက် သာ၍ နီးစပ်လာသောကြောင့် ဖြစ်ပြီး၊ ထိုအခါမှသာ ဘုရားသခင်၏ အမှုက စုံလင်သည့် အဆုံးသတ်တစ်ခုသို့ ရောက်လာချိန် လူသားမျိုးနွယ် တစ်ရပ်လုံးသည် စာတန်၏စွမ်းအားမှ ကယ်တင်ခံရပြီး ဖြစ်လိမ့်မည်အထိ၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် စာတန်၏စွမ်းအားမှ တဖြည်းဖြည်း စတင် ထွက်ခွာလေသည်။ ထိုအချိန် ရောက်ရှိလာသည့်အခါ၊ ဘုရားသခင်၏ အမှုသည် အဆုံးသတ်သို့ ရောက်ရှိပြီးဖြစ်လိမ့်မည် ဖြစ်ပြီး၊ လူသားက သူ၏စိတ်သဘောထား၌ ပြောင်းလဲမှုများ ရရှိရန်အလို့ငှာ ဘုရားသခင်နှင့် လူသား၏ ပူးပေါင်းဆောင်ရွက်မှုသည် နောက်ထပ်ရှိတော့မည် မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် ဘုရားသခင်၏ အလင်းတွင် အသက်ရှင်ကြလိမ့်မည် ဖြစ်ကာ၊ ထိုအချိန်မှစ၍ ဘုရားသခင်ကို ပုန်ကန်ခြင်းများ သို့မဟုတ် ဆန့်ကျင်ခြင်းများ ရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည်လည်း လူသားနှင့်သက်ဆိုင်သည့် တောင်းဆိုမှုများ ပြုလိမ့်မည် မဟုတ်သကဲ့သို့၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုက လုံး၀ ပြီးဆုံးပြီးနောက်နှင့် လူသားသည် စာတန်၏ လက်ခုပ်တွင်းမှ ဘုရားသခင်၏ ကယ်တင်ခြင်းခံရပြီးသည့်နောက် ဖြစ်လာမည့် အသက်တာဖြစ်သော၊ လူသားနှင့် ဘုရားသခင်တို့ အတူတကွ သက်ဆိုင်သည့် အသက်တာဖြစ်မည့်၊ လူနှင့် ဘုရားသခင်ကြားက သာ၍ သဟဇာတဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခု ရှိလိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏ ခြေလှမ်းများကို နီးကပ်စွာ မလိုက်လျှောက်နိုင်သူများသည် ထိုသို့သော အသက်တာတစ်ခုကို ရရှိနိုင်စွမ်း မရှိကြချေ။ ၎င်းတို့သည် ငိုကြွေးကာ အံသွားခဲကြိတ်နေရမည့် အမှောင်ထဲသို့ မိမိတို့ကိုယ်တိုင် ဆင်းကြရလိမ့်မည်။ ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်သော်လည်း၊ သူ့နောက်မလိုက်သူများ၊ ဘုရားသခင်ကို ယုံကြည်သော်လည်း သူ၏ အမှုအားလုံးကို မနာခံသူများ ဖြစ်ကြသည်။ လူသည် ဘုရားသခင်ကို ယုံကြည်သည့်အတွက်၊ သူသည် ဘုရားသခင်၏ ခြေလှမ်းများကို နီးကပ်စွာ တစ်လှမ်းပြီး တစ်လှမ်း၊ လိုက်လျှောက်ရမည်။ သူသည် “သိုးသငယ်သွားလေရာရာ အရပ်သို့ လိုက်” သင့်သည်။ ဤလူများသည်သာ မှန်သော လမ်းခရီးကို ရှာဖွေသည့် လူများဖြစ်သည်၊ ၎င်းတို့သာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို သိသောသူများ ဖြစ်ကြလေသည်။ ကျမ်းဟောင်းတရားများနှင့် အယူဝါဒများကို မျက်စိစုံမှိတ် လိုက်လျှောက်သော လူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်အားဖြင့် ပယ်ရှားခြင်းကို ခံရသည့် သူများဖြစ်ကြသည်။ အချိန်ကာလအသီးသီးတွင်၊ ဘုရားသခင်သည် အမှုသစ်ကို စတင်လိမ့်မည် ဖြစ်ပြီး၊ အချိန်ကာလ အသီးသီးတွင်၊ လူသားအလယ် အသစ်သော

စတင်မှု တစ်ခု ရှိလိမ့်မည်။ ၎င်းတို့နှင့် သက်ဆိုင်ရာ ခေတ်များကိုသာ အကျိုးသက်ရောက်မှု ရှိသည့် "ယေဟောဝါသည် ဘုရားသခင်ဖြစ်သည်" နှင့် "ယေရှုသည် ခရစ်တော်ဖြစ်သည်" ဟူသည့် အမှန်တရားများကိုသာ လူသားက လိုက်နာပါက၊ လူသားသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ဘယ်သောအခါမျှ အမီလိုက်နိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ထာဝရ ရရှိနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင် မည်သို့ အမှုပြုသည်ဖြစ်စေ၊ လူသားသည် သံသယ စိုးစဉ်းမျှမရှိဘဲ လိုက်လျှောက်ပြီး၊ နီးကပ်စွာ လိုက်လျှောက်လေသည်။ ဤနည်းဖြင့် လူသားသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဖယ်ရှားခြင်းကို မည်သို့ ခံရနိုင်မည်နည်း။ ဘုရားသခင် မည်သည့် အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ယင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ဖြစ်သည်ကို လူသားက သေချာပြီး၊ မည်သည့်သံသယမျှ မရှိဘဲ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ပူးပေါင်းဆောင်ရွက်ကာ၊ ဘုရားသခင်၏ သတ်မှတ်ချက်များကို ပြည့်မီအောင် ကြိုးစားသရွေ့ သူသည် အဘယ်သို့ အပြစ်ဒဏ်ပေး ခံရနိုင်မည်နည်း။ ဘုရားသခင်၏ အမှုသည် ဘယ်သောအခါမျှ ရပ်တန့်သွားခြင်းမရှိ၊ သူ၏ ခြေလှမ်းများသည် ဘယ်သောအခါမျှ ရပ်နားခြင်း မရှိသကဲ့သို့၊ သူ၏ စီမံခန့်ခွဲခြင်း အမှု ပြီးပြည့်စုံခြင်း မတိုင်မီတွင်၊ သူသည် အမြဲ အလုပ်များကာ ဘယ်သောအခါမျှ မရပ်တန့်ချေ။ သို့သော် လူသားက ကွဲပြား၏- သန့်ရှင်းသော ဝိညာဉ်တော်၏ အနည်းငယ်သော အလုပ်ကိုသာ ရရှိပြီးဖြစ်လျက်၊ သူသည် ယင်းကို ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည်မဟုတ်သည့်အလား သဘောထားလေသည်။ အသိပညာ အနည်းငယ် ရရှိပြီးဖြစ်လျက်၊ သူသည် ရှေ့ထွက်ကာ ဘုရားသခင်၏ သာ၍သစ်လွင်သော အမှု၏ ခြေလှမ်းများနောက် မလိုက်ပေ။ ဘုရားသခင်၏ အမှုအနည်းငယ်ကိုသာ မြင်ရပြီးဖြစ်လျက်၊ သူသည် ဘုရားသခင်ကို သီးသန့် သစ်သားရုပ်ပုံတစ်ခုအဖြစ် ချက်ချင်းသရုပ်ဖော်ပြီး၊ သူ့ရှေ့တွင် သူမြင်ရသည့် ဤပုံသဏ္ဌာန်ဖြင့် ဘုရားသခင်သည် အမြဲ ရှိနေလိမ့်မည်၊ အတိတ်က ဤကဲ့သို့ ဖြစ်ခဲ့ပြီး၊ အနာဂတ်တွင်လည်း ထိုသို့ အမြဲ ဖြစ်နေလိမ့်မည်ဟု သူ ယုံကြည်လေသည်။ အပေါ်ယံ အသိပညာ တစ်ခုကိုသာ ရရှိပြီးဖြစ်လျက်၊ လူသည် အလွန် မာနထောင်လွှားသည်မှာ သူ့ကိုယ်သူ မေ့လျော့ပြီး တကယ်ကို မတည်ရှိသည့် ဘုရားသခင်၏ စိတ်သဘောထားနှင့် ဖြစ်တည်ခြင်းတို့ကို လက်လွတ်စပယ် စတင် ကြေညာလေသည်၊ ပြီးလျှင် သန့်ရှင်းသော ဝိညာဉ်တော် အလုပ်၏ အဆင့်တစ်ခုနှင့်ပတ်သက်၍ သေချာလာလျက်၊ ဘုရားသခင်၏ အမှုသစ်ကို ကြေညာသည်မှာ မည်သည့်လူစားမျိုးဖြစ်စေ၊ လူသည် ယင်းကို လက်မခံပေ။ ဤသည်တို့မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သစ်ကို လက်မခံနိုင်သည့် လူများ ဖြစ်ကြသည်။ ၎င်းတို့သည် အလွန်

ရှေးရိုးစွဲကြပြီး၊ အသစ်သော အရာများကို လက်ခံနိုင်စွမ်း မရှိကြချေ။ ထိုသို့သော လူများသည် ဘုရားသခင်ကို ယုံကြည်သော်လည်း၊ ငြင်းပယ်ကြသူများလည်း ဖြစ်သည်။ ဣသရေလလူမျိုးတို့သည် "ယေဟောဝါကိုသာ ယုံကြည်ပြီး ယေရှုကို မယုံကြည်ကြ" သည်မှာ မှားယွင်းခဲ့ကြသည်ဟု လူတို့က ယုံကြည်ကြသည်၊ သို့သော် လူအများစုသည် "ယေဟောဝါကိုသာ ယုံကြည်ပြီး ယေရှုကို ငြင်းပယ်" သကဲ့သို့၊ "မေရှိယ၏ ပြန်ကြွလာခြင်းကို တောင့်တသော်လည်း၊ ယေရှုဟုခေါ်သည့် မေရှိယကို ဆန့်ကျင်သည့်" အခန်းကဏ္ဍကို ဆောင်ရွက်နေကြလေသည်။ ထိုအခါ ထိုလူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်တစ်ဆင့်တစ်ခုကို လက်ခံပြီးသည့်နောက်၊ စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ကြဆဲ ဖြစ်ပြီး၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို မရရှိကြသေးသည်မှာ မထူးဆန်းပေ။ ဤသည်ကား လူသား၏ ပုန်ကန်မှု ရလဒ် ဖြစ်သည် မဟုတ်ပေလော။ ယနေ့၏ အမှုသစ်ကို အမီမလိုက်ကြသည့် ကမ္ဘာတစ်လွှားရှိ ခရစ်ယာန်များအားလုံးသည် ၎င်းတို့၏ ဆန္ဒအသီးသီးကို ဘုရားသခင်က ဖြည့်ဆည်း ပေးလိမ့်မည်ဟု ယူဆလျက် ၎င်းတို့ ကံကောင်းလိမ့်မည်ဟူသည့် မျှော်လင့်ချက်ကို ဖက်တွယ်ထားကြလေသည်။ သို့တိုင် သူတို့စိတ်ကူးထားသည့် နေ့ရက်တွင် ယေရှုသည် ဖြူသောမိုးတိမ်ကို စီးပြီး ဧကန်အမှန် ရောက်လာမည် မရောက်လာမည်ကို လုံးဝ သေချာမှုဖြင့် ၎င်းတို့ ပြောနိုင်ရန် မဆိုထားနှင့်၊ ဘုရားသခင်က ၎င်းတို့ကို အဘယ်ကြောင့် တတိယကောင်းကင်သို့ ခေါ်ဆောင်သွားမည်ကို ၎င်းတို့ သေချာ မပြောနိုင်သကဲ့သို့၊ ဘုရားသခင်က ဖြူသောမိုးတိမ်ကို စီးလျက် ၎င်းတို့ကို လက်ခံဖို့ မည်သို့ ကြွလာမည်ဆိုသည်ကိုလည်း မသေချာကြပေ။ ၎င်းတို့အားလုံးသည် သောကရောက်ပြီး ဘာလုပ်ရမည်မှန်းမသိ ဖြစ်နေကြသည်။ ဘုရားသခင်သည် ဂိုဏ်းဂဏ အသီးသီးမှဖြစ်ကြသည့် ကွဲပြားသော နည်းပါးသည့် လက်တစ်ဆုပ်စာ ဖြစ်သည့် ၎င်းတို့ အသီးသီးကို ခေါ်ဆောင်မည် မခေါ်ဆောင်မည်ကိုပင် ၎င်းတို့ကိုယ်တိုင် မသိရှိကြပေ။ ယခုအချိန် မျက်မှောက်ခေတ်တွင် ဘုရားသခင်ပြုသည့် အမှု၊ ဘုရားသခင်၏ အလို- ဤအရာများထဲမှ မည်သည့်အရာကိုမျှ ၎င်းတို့ သဘောမပေါက်ကြသကဲ့သို့၊ ၎င်းတို့၏လက်ချောင်းများဖြင့် နေ့ရက်များကို ရေတွက်ရုံသာ တတ်နိုင်ကြသည်။ သိုးသငယ်၏ ခြေလှမ်းများကို အဆုံးတိုင် လိုက်လျှောက်သူများသာ နောက်ဆုံး ကောင်းချီးမင်္ဂလာကို ရရှိနိုင်သည်၊ အဆုံးထိ လိုက်မလျှောက်နိုင်သော်လည်း ၎င်းတို့ အလုံးစုံကို ရရှိပြီးဖြစ်သည်ဟု ယုံကြည်ကြသည့် ထို"လူတော်များ" များမှာမူ၊ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို သက်သေခံနိုင်စွမ်း မရှိကြချေ။ ၎င်းတို့သည် ကမ္ဘာမြေကြီးပေါ်တွင် အတော်ဆုံးလူများဖြစ်ကြသည်ဟု ၎င်းတို့ အသီးသီးက ယုံကြည်ကြပြီး၊

မည်သည့်အကြောင်းပြချက်မျှ မရှိဘဲ ဘုရားသခင် အမှု၏ ဆက်လက်တိုးတက်ဖွံ့ဖြိုးမှုကို ဖြတ်တောက်ကြကာ၊ "ဘုရားသခင်ကို အဆုံးစွန်သစ္စာရှိသူ၊ ဘုရားသခင်နောက်လိုက်သူနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လိုက်နာသူ" များဖြစ်သည့် ၎င်းတို့ကို ဘုရားသခင်က ကောင်းကင်ဘုံသို့ ခေါ်ဆောင်သွားလိမ့်မည်ဟု မုချသေချာစွာဖြင့် ယုံကြည်ကြပုံရလေသည်။ ၎င်းတို့သည် ဘုရားသခင် ပြောဆိုသော နှုတ်ကပတ်တော်များကို "အဆုံးစွန်သစ္စာစောင့်သိမှု" ရှိသော်လည်း၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်ကို ဆန့်ကျင်ပြီး၊ ဆိုးယုတ်မှုနှင့် လှည့်ဖြားမှုများကို ကျူးလွန်ကြသည့်အတွက်၊ ၎င်းတို့၏ စကားများနှင့် လုပ်ရပ်များသည် အလွန် ရွံရှာစက်ဆုပ်ဖွယ် ဖြစ်နေဆဲ ဖြစ်သည်။ အဆုံးထိတိုင် မလိုက်လျှောက်သော သူများ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို အမီမလိုက်သောသူများနှင့်၊ ဟောင်းသော အမှုကိုသာ ဖက်တွယ်သူတို့သည် ဘုရားသခင်အား သစ္စာစောင့်သိခြင်း မရှိကြသည်သာမက၊ ဆန့်ကျင်ဘက်အနေဖြင့် ဘုရားသခင်ကို ဆန့်ကျင်သူများ ဖြစ်လာကြပြီးဖြစ်သည်၊ ခေတ်သစ်၏ ငြင်းပယ်ခြင်းကို ခံရသည့်သူများနှင့် အပြစ်ပေးခံရမည့်သူများ ဖြစ်လာကြပြီးဖြစ်သည်။ ၎င်းတို့ထက်သာ၍ သနားစဖွယ်ကောင်းသည့်အရာ တစ်ခုတစ်လေ ရှိသလော။ ပညတ်တရားဟောင်းကို ပယ်ဖျက်ပြီး အမှုသစ်ကို လက်ခံသူတို့သည် အသိစိတ်မရှိသူများဖြစ်သည်ဟု များစွာသော လူတို့က ယုံကြည်ကြသည်။ "အသိစိတ်" ကိုသာ ပြောဆိုကြပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို မသိကြသည့် ဤလူတို့သည် နောက်ဆုံးတွင် ၎င်းတို့ကိုယ်တိုင်၏ အသိစိတ်များက ၎င်းတို့၏ မျှော်လင့်ချက်များ ဖြတ်တောက်သည်ကို ခံရလိမ့်မည်။ ဘုရားသခင်၏ အမှုသည် အယူဝါဒကို လိုက်နာခြင်းမရှိသကဲ့သို့၊ ယင်းသည် ဘုရားသခင်၏ ကိုယ်ပိုင်အမှု ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း၊ ဘုရားသခင်က မဖက်တွယ်သေးပေ။ ငြင်းပယ်ခံရသင့်သည့်အရာသည် ငြင်းပယ်ခံရပြီး၊ ဖယ်ထုတ်ခံရသင့်သည့်အရာသည် ဖယ်ထုတ်ခြင်း ခံရပေသည်။ လူသားသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု၏ သေးငယ်သည့် အစိတ်အပိုင်းတစ်ခုကိုသာ ဆုပ်ကိုင်ခြင်းအားဖြင့် မိမိကိုယ်ကိုယ် ဘုရားသခင်အား ရန်လိုမှုတွင် ရှိစေကြသည်။ ဤသည်မှာ လူသား၏ ရယ်ဖွယ်ကောင်းခြင်းတစ်ခု မဟုတ်လော။ ဤသည်မှာ လူသား၏ မသိနားမလည်မှု မဟုတ်လော။ လူသားများသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ မရရှိမည်ကို ကြောက်ရွံ့သောကြောင့်၊ ၎င်းတို့သည် တွန့်ဆုတ်ပြီး လိုသည်ထက် ပိုသတိရှိလေလေ၊ ၎င်းတို့သည် သာ၍ ကြီးမားသော ကောင်းချီးမင်္ဂလာများနှင့် နောက်ဆုံး ကောင်းချီးမင်္ဂလာများကို သာ၍ ရရှိနိုင်စွမ်း မရှိလေ ဖြစ်သည်။ ပညတ်တော်ကို စုံမှိတ်ပြီး လိုက်နာသည့် သူအားလုံးသည် ပညတ်တော်အပေါ် အဆုံးစွန် သစ္စာစောင့်သိမှုကို ပြသကြပြီး

၎င်းတို့သည် ပညတ်တော်အပေါ် ထိုသို့သော သစ္စာစောင့်သိမှုကို ပြသလေလေ၊ ၎င်းတို့သည် ဘုရားသခင်ကို ဆန့်ကျင်သည့် ပုန်ကန်သူများ သာ၍ဖြစ်လေလေ ဖြစ်သည်။ အကြောင်းမှာ ယခုသည် နိုင်ငံတော်ခေတ် ဖြစ်ပြီး ပညတ်တော်ခေတ် မဟုတ်သကဲ့သို့၊ ယနေ့အမှုနှင့် အတိတ်က အမှုတို့ကို တစ်ချိန်တည်းတွင် ဖော်ပြ၍ မရနိုင်သကဲ့သို့၊ အတိတ်က အမှုကိုလည်း ယနေ့အမှုနှင့် နှိုင်းယှဉ်၍ မရသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ အမှုသည် ပြောင်းလဲပြီးဖြစ်ကာ လူသား၏ လက်တွေ့လုပ်ဆောင်မှုသည်လည်း ပြောင်းလဲပြီး ဖြစ်သည်။ လူသား၏ လက်တွေ့လုပ်ဆောင်မှုသည် ပညတ်တော်ကို ကိုင်စွဲထားရန် သို့မဟုတ် လက်ဝါးကပ်တိုင်ကို ထမ်းထားရန် မဟုတ်တော့ပေ၊ ထို့ကြောင့် ပညတ်တော်နှင့် လက်ဝါးကပ်တိုင်အပေါ် လူတို့၏ သစ္စာစောင့်သိမှုသည် ဘုရားသခင်၏ ထောက်ခံမှုကို ရရှိမည် မဟုတ်ပေ။

နိုင်ငံတော်ခေတ်တွင် လူသားသည် စုံလင်စေခြင်း အပြည့်အဝ ခံရလိမ့်မည်။ သိမ်းပိုက်ခြင်း အမှုနောက်တွင်၊ လူသားသည် စစ်ဆေးခြင်းနှင့် အတိဒုက္ခကို ခံရလိမ့်မည်။ ဤဒုက္ခဆင်းရဲခြင်း အတောအတွင်းတွင် အောင်မြင်ကျော်လွှားနိုင်ပြီး သက်သေ ရပ်တည်နိုင်သူတို့သည်၊ နောက်ဆုံးတွင် စုံလင်စေခြင်း ခံရမည့်သူများ ဖြစ်သည်။ ၎င်းတို့သည် အောင်မြင်သောသူများ ဖြစ်ကြသည်။ ဤဒုက္ခဆင်းရဲခြင်းအတောအတွင်းတွင်၊ လူသားသည် ဤစစ်ဆေးခြင်းကို လက်ခံရန်လိုအပ်ပြီး၊ ဤစစ်ဆေးခြင်းသည် ဘုရားသခင် အမှု၏ နောက်ဆုံး ဖြစ်စဉ်ဖြစ်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုအားလုံး အဆုံးမသတ်မီတွင် လူသားက စစ်ဆေးခြင်း ခံရလိမ့်မည်မှာ နောက်ဆုံးအကြိမ်ဖြစ်ပြီး၊ ဘုရားသခင်နောက် လိုက်သည့်သူအားလုံးသည် ဤနောက်ဆုံးစမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းကို လက်ခံရမည်ဖြစ်သည်။ ဒုက္ခဆင်းရဲ၏ ပတ်ချာဝိုင်းခံရသော သူများသည်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်နှင့် ဘုရားသခင်၏ လမ်းပြခြင်း မရှိသူများ ဖြစ်ကြသည်၊ သို့သော် အမှန်တကယ် သိမ်းပိုက်ခံရပြီးဖြစ်ကာ ဘုရားသခင်ကို အမှန်တကယ် ရှာဖွေသူတို့သည် နောက်ဆုံးတွင် မားမားမတ်မတ် ရပ်တည်နိုင်ကြလိမ့်မည်။ ၎င်းတို့သည် လူ့သဘာဝကို ပိုင်ဆိုင်သူများနှင့် ဘုရားသခင်ကို အမှန်တကယ် ချစ်မြတ်နိုးသူများ ဖြစ်ကြသည်။ ဘုရားသခင် မည်သည့်အရာကိုပင် လုပ်ဆောင်သည်ဖြစ်စေ၊ ဤအောင်နိုင်သူတို့သည် ရူပါရုံများ ကင်းမဲ့လိမ့်မည် မဟုတ်သကဲ့သို့၊ ၎င်းတို့၏ သက်သေခံချက်များတွင် ကျရှုံးခြင်းမရှိဘဲ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဆဲ ဖြစ်လိမ့်မည်။ ၎င်းတို့သည် နောက်ဆုံးတွင် ဒုက္ခဆင်းရဲမှ ထွက်ပေါ်လာမည့်သူများ ဖြစ်သည်။ ဒုက္ခပင်လယ်တွင် ငါးဖမ်းသူများသည် ယနေ့တွင် ကပ်ပါးရပ်ပါးလုပ်နိုင်ကြသေးသော်လည်း၊ မည်သူမျှ နောက်ဆုံးသော ဒုက္ခဆင်းရဲကို မလွတ်မြောက်နိုင်သကဲ့သို့ မည်သူကမျှ

နောက်ဆုံးသော စမ်းသပ်ခြင်းကို မလွှတ်မြောက်နိုင်ပေ။ အောင်နိုင်သည့် သူများအတွက် ထိုသို့သော ဆင်းရဲဒုက္ခသည် ကြီးမားသည့် စစ်ဆေးခြင်း ဖြစ်သည်။ သို့သော်လည်း ဒုက္ခပင်လယ်တွင် ငါးဖမ်းသူများအတွက်၊ ယင်းသည် လုံးဝ ရှင်းလင်းသုတ်သင်ခြင်း အလုပ် ဖြစ်သည်။ ၎င်းတို့ကို မည်မျှ ကြိုးစားစေကာမူ၊ စိတ်နှလုံးထဲတွင် ဘုရားသခင်ရှိထားသူများ၏ သစ္စာခံခြင်းသည် မပြောင်းမလဲ ရှိနေသည်။ သို့သော် ၎င်းတို့၏ စိတ်နှလုံးထဲတွင် ဘုရားသခင်မရှိသော သူများအတွက်၊ ဘုရားသခင်၏ အမှုသည် ၎င်းတို့ဇာတိပကတိအတွက် အကျိုးမပြုသည်နှင့်တစ်ပြိုင်နက် ဘုရားသခင်နှင့်ဆိုင်သည့် ၎င်းတို့၏အမြင်ကို ၎င်းတို့ ပြောင်းလဲကြပြီး၊ ဘုရားသခင်ထံမှပင် စွန့်ခွာကြလေသည်။ ထိုသို့သောသူများသည် အဆုံးတွင် မြဲမြံစွာ မရပ်တည်မည့်သူများ၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကိုသာ ရှာဖွေပြီး မိမိတို့ကိုယ်ကိုယ် ဘုရားသခင်အတွက် အသုံးခံရန်နှင့် မိမိတို့ကိုယ်ကိုယ် သူ့အဖို့ ဆက်ကပ်ရန် ဆန္ဒမရှိကြသူများ ဖြစ်သည်။ ထိုသို့သော ယုတ်ညံ့သည့်လူများအားလုံးသည် ဘုရားသခင်၏အမှု အဆုံးသတ်သို့ ရောက်လာသည့်အချိန်တွင် နှင်ထုတ်ခံရလိမ့်မည်ဖြစ်ပြီး၊ မည်သည့် စာနာထောက်ထားခြင်းနှင့်မျှ မထိုက်တန်ကြချေ။ လူ့သဘာဝ မရှိသူများသည် ဘုရားသခင်ကို အမှန်တကယ် ချစ်နိုင်စွမ်း မရှိကြချေ။ ပတ်ဝန်းကျင်က လုံခြုံပြီး စိတ်ချရသောအခါ၊ သို့မဟုတ် အကျိုးအမြတ်များ ရှိသည့်အခါတွင်၊ ၎င်းတို့သည် ဘုရားသခင်ကို လုံးဝ နာခံကြသော်လည်း၊ ၎င်းတို့ ဆန္ဒရှိသည့်အရာသည် အထိခိုက် ခံရသည့်အခါ သို့မဟုတ် နောက်ဆုံးတွင် ငြင်းဆန်ခြင်းခံရသည့်အခါတွင်၊ ချက်ချင်း ပုန်ကန်ကြလေသည်။ တစ်ညတာ အချိန်လေးတွင်ပင်၊ ၎င်းတို့သည် ယုတ္တိယုတ္တာ သို့မဟုတ် အကြောင်းပြချက် မရှိဘဲ၊ ယမန်နေ့က ၎င်းတို့၏ ကျေးဇူးရှင်ကို ၎င်းတို့ အသေအကြေတိုက်မည့် ရန်သူအဖြစ် ရုတ်တရက် ဆက်ဆံရင်း၊ ပြုံးရွှင်နေသည့်၊ “စိတ်နှလုံးကောင်း” ရှိသည့် ပုဂ္ဂိုလ်အဖြစ်မှ ကြည့်ရဆိုးပြီး ရက်စက်ကြမ်းကြုတ်သည့် လူသတ်သမားအဖြစ်သို့ ပြောင်းလဲ သွားနိုင်လေသည်။ မျက်တောင်ပင်မခတ်ဘဲ သတ်ဖြတ်မည့် ဤမကောင်းဆိုးဝါးများကို မနှင်ထုတ်လျှင်၊ ၎င်းတို့သည် ကွယ်ဝှက်သော အန္တရာယ်ဖြစ်လာမည် မဟုတ်လော။ သိမ်းပိုက်ခြင်း အမှု ပြီးပြည့်စုံခြင်းနောက်တွင် လူသားကို ကယ်တင်ခြင်း အမှုအား စွမ်းဆောင်ရရှိခြင်း မဟုတ်ပေ။ သိမ်းပိုက်ခြင်း အမှုသည် အဆုံးသတ်သို့ ရောက်လာပြီးဖြစ်သော်လည်း၊ လူသားကို သန့်စင်စေခြင်း အမှုက အဆုံးမသတ်သေးပေ။ ထိုသို့သောအမှုသည် လူသားက အပြည့်အဝ သန့်စင်ခြင်း ခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်ကို အမှန်တကယ် ကိုးနွံနာခံသူများက စုံလင်စေခြင်း ခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ ပြီးလျှင် စိတ်နှလုံးထဲတွင် ဘုရားသခင် မရှိသည့် အယောင်ဆောင်များ နုတ်ပယ်ခြင်း

ခံရပြီးသည်နှင့်တစ်ပြိုင်နက်တွင်သာ ပြီးစီးလိမ့်မည် ဖြစ်သည်။ ဘုရားသခင်ကို သူ၏ အမှု နောက်ဆုံးအဆင့်တွင် စိတ်မကျေနပ်စေနိုင် သူများသည် လုံး၀ သုတ်သင်ပယ်ရှားခံရလိမ့်မည်ဖြစ်ပြီး၊ သုတ်သင်ပယ်ရှင်းခြင်း ခံရသူများသည် နတ်ဆိုးနှင့် သက်ဆိုင်ကြပေသည်။ ၎င်းတို့သည် ဘုရားသခင်ကို စိတ်ကျေနပ်စေနိုင်စွမ်း မရှိကြသည်နှင့်အမျှ၊ ၎င်းတို့သည် ဘုရားသခင်ကို ပုန်ကန်တတ်ကြပြီး၊ ဤလူတို့သည် ယနေ့တွင် ဘုရားသခင်နောက် လိုက်ကြသော်လည်း၊ ဤအရာက ၎င်းတို့သည် နောက်ဆုံးတွင် ကျန်ရှိကြလိမ့်မည်ဟု သက်သေမပြပေ။ "ဘုရားသခင်နောက်သို့ အဆုံးတိုင် လိုက်သောသူသည် ကယ်တင်ခြင်းကို ရရှိလိမ့်မည်။" ဟူသော နှုတ်ကပတ်တော်များတွင်၊ "နောက်သို့လိုက်ခြင်း" ၏ အဓိပ္ပာယ်မှာ ဒုက္ခဆင်းရဲ အလယ်တွင် မားမားမတ်မတ် ရပ်တည်ခြင်း ဖြစ်သည်။ ယနေ့တွင် လူများစွာတို့သည် ဘုရားသခင်နောက်သို့ လိုက်ခြင်းက လွယ်ကူသည်ဟု ထင်ကြသည်၊ သို့ရာတွင် ဘုရားသခင်၏ အမှု အဆုံးသတ်ခါနီးတွင်၊ "နောက်တော်သို့လိုက်ခြင်း" ၏ အဓိပ္ပာယ်အမှန်ကို သင်သိလိမ့်မည်။ သင်သည် သိမ်းပိုက်ခြင်း ခံရပြီးနောက် ယနေ့ ဘုရားသခင်နောက်သို့ လိုက်နိုင်သေးရုံမျှဖြင့်၊ ဤအရာက သင်သည် စုံလင်အောင် ပြုလုပ်ခြင်းခံရမည့် လူအများထဲမှ တစ်ဦးဖြစ်သည်ဟု သက်သေမပြပေ။ စမ်းသပ်မှုများကို မခံနိုင်သည့် သူများ၊ ဒုက္ခဆင်းရဲ၏ အလယ်တွင် အောင်နိုင်ခြင်း မရှိသူများသည် နောက်ဆုံးတွင် မားမားမတ်မတ် ရပ်တည်မနေနိုင်ဘဲ၊ ဘုရားသခင်နောက်သို့ အဆုံးတိုင်အောင် လိုက်လျှောက်နိုင်မည် မဟုတ်ပေ။ ဘုရားသခင်နောက်သို့ အမှန်တကယ် လိုက်လျှောက် သူများသည် ၎င်းတို့အလုပ်နှင့်ဆိုင်သည့် စမ်းသပ်မှုကို ခံနိုင်ရည် ရှိကြသည်၊ သို့ရာတွင် ဘုရားသခင်နောက်သို့ အမှန်တကယ် မလိုက်လျှောက်သူများမှာ ဘုရားသခင်၏ မည်သည့်စစ်ဆေးမှုကိုမျှ ခံရပ်နိုင်စွမ်းမရှိကြပေ။ အနှေးနှင့်အမြန် ၎င်းတို့သည် နှင်ထုတ်ခံရကြလိမ့်မည်ဖြစ်သော်လည်း၊ အောင်နိုင်သူများသည် နိုင်ငံတော်တွင် ကျန်ရှိကြလိမ့်မည်။ လူသားက ဘုရားသခင်ကို အမှန်တကယ် ရှာဖွေသည်၊ မရှာဖွေသည်ကို သူ၏အလုပ်နှင့်ဆိုင်သည့် စစ်ဆေးမှုအားဖြင့်၊ ဆိုလိုသည်မှာ ဘုရားသခင်၏ စမ်းသပ်မှုများအားဖြင့်၊ ဆုံးဖြတ်ခြင်းဖြစ်ကာ လူကိုယ်တိုင် ဆုံးဖြတ်ချက်နှင့် လားလားမျှ မသက်ဆိုင်ပေ။ ဘုရားသခင်သည် မည်သည့်လူကိုမျှ စိတ်ကူးပေါက်ရာ မငြင်းပယ်ပေ။ သူလုပ်ဆောင်သမျှသည့် လူသားကို လုံး၀ လက်ခံယုံကြည်စေနိုင်သည်။ သူသည် လူသားက မမြင်နိုင်သည့် မည်သည့်အရာကိုမျှ၊ သို့မဟုတ် လူသားကို လက်ခံမယုံကြည်စေနိုင်သည့် မည်သည့်အမှုကိုမျှ မလုပ်ဆောင်ပေ။ လူသား၏ ယုံကြည်ခြင်းက မှန်သည်၊ မှားသည်ဆိုသည်ကို အမှန်တရားများအားဖြင့် သက်သေပြခြင်း ဖြစ်ပြီး၊ လူသားက ဆုံးဖြတ်၍

မရနိုင်ပေ။ "ဂျုံစပါးပင်ကို တောပင်များအဖြစ်သို့ မပြုလုပ်နိုင်သကဲ့သို့ တောပင်များကိုလည်း ဂျုံစပါးပင်အဖြစ်သို့ မပြုလုပ်နိုင်ပါ" ဆိုသည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ ဘုရားသခင်ကို အမှန်တကယ် ချစ်မြတ်နိုးသူများအားလုံးသည် နောက်ဆုံးတွင် နိုင်ငံတော်ထဲ ကျန်ရှိကြလိမ့်မည် ဖြစ်ပြီး၊ သူ့ကို အမှန်တကယ် ချစ်မြတ်နိုးသည့် မည်သူကိုမဆို ဘုရားသခင်က နှိပ်စက်မည် မဟုတ်ပေ။ ၎င်းတို့၏ မတူညီသည့် လုပ်ငန်းဆောင်တာများနှင့် သက်သေခံချက်များကို အခြေခံ၍၊ နိုင်ငံတော်အတွင်းရှိ အောင်မြင်သောသူများသည် ယဇ်ပုရောဟိတ်များ၊ သို့မဟုတ် နောက်လိုက်များအဖြစ် အစေခံကြလိမ့်မည် ဖြစ်ပြီး၊ ဒုက္ခဆင်းရဲအလယ်တွင် အောင်နိုင်သောသူများသည် နိုင်ငံတော်ထဲတွင် ယဇ်ပုရောဟိတ်များအဖွဲ့ ဖြစ်လာလိမ့်မည်။ စကြဝဠာတစ်လျှောက် ဧဝံဂေလိတရားအလုပ် ပြီးဆုံးသည့်အချိန်တွင်၊ ယဇ်ပုရောဟိတ်များအဖွဲ့ ဖြစ်ပေါ်လိမ့်မည်။ ထိုအချိန်ရောက်သည့်အခါတွင်၊ လူ့အနေဖြင့် လုပ်သင့်သည့်အရာမှာ ဘုရားသခင်၏ နိုင်ငံတော်အတွင်း သူ၏တာဝန်ကို ထမ်းဆောင်ခြင်းနှင့် နိုင်ငံတော်အတွင်းတွင် ဘုရားသခင်နှင့်အတူတကွ သူ၏ အသက်ရှင်ခြင်း ဖြစ်လိမ့်မည်။ ယဇ်ပုရောဟိတ်များအဖွဲ့တွင် ယဇ်ပုရောဟိတ်မင်းများနှင့် ယဇ်ပုရောဟိတ်များ ရှိလိမ့်မည်ဖြစ်ပြီး၊ ကျန်ရှိသူများက ဘုရားသခင်၏လူများနှင့် သားများ ဖြစ်ကြလိမ့်မည်။ ဤအရာအားလုံးကို ဒုက္ခဆင်းရဲအတောအတွင်း၊ ဘုရားသခင်အတွက် ၎င်းတို့ပြုသည့် သက်သေခံချက်များအားဖြင့် အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။ ယင်းတို့သည် စိတ်ကူးတည့်ရာပေးသည့် ဂုဏ်ပုဒ်များ မဟုတ်ပေ။ လူ၏ အခြေအနေသည် အခြေခိုင်သည်နှင့် တစ်ပြိုင်နက်၊ အသီးသီးသည် ၎င်းတို့၏ ကိုယ်ပိုင် အမျိုးအစားအလိုက် ခွဲခြားခံရပြီး ၎င်းတို့၏မူလ အနေအထားသို့ ပြန်သွားကြကာ ယင်းသည် ဘုရားသခင်၏ အမှု အောင်မြင်ခြင်း၏ အမှတ်အသား ဖြစ်သည့်အတွက် ဘုရားသခင်၏ အမှုသည် ရပ်ဆိုင်းသွားမည် ဖြစ်သည်။ ယင်းသည် ဘုရားသခင်၏ အမှုနှင့် လူ၏ လက်တွေ့လုပ်ဆောင်ခြင်းတို့၏ နောက်ဆုံးရလဒ်ဖြစ်ပြီး ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် ရူပါရုံများနှင့် လူသား၏ပူးပေါင်းလုပ်ဆောင်မှုတို့၏ အကောင်အထည် ပေါ်လာခြင်း ဖြစ်သည်။ အဆုံးတွင် လူသားသည် ဘုရားသခင်၏ နိုင်ငံတော်တွင် ငြိမ်းချမ်းမှုကို ရှာတွေ့လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်သည်လည်း သူ၏ကျိန်းဝပ်ရာအရပ်သို့ အနားယူရန် ပြန်သွားလိမ့်မည်။ ဤသည်မှာ ဘုရားသခင်နှင့် လူသားအကြား အနှစ် ၆၀၀၀ ပူးပေါင်းဆောင်ရွက်မှု၏ နောက်ဆုံးရလဒ်ဖြစ်လိမ့်မည်။

# ခရစ်တော်၏ အနှစ်သာရမှာ ကောင်းကင်ဘုံရှိ ခမည်းတော်၏ အလိုတော်ကို နာခံခြင်းဖြစ်သည်

လူ့ဇာတိခံ ဘုရားသခင်ကို ခရစ်တော်ဟုခေါ် ပြီး ခရစ်တော်သည် ဘုရားသခင်၏ ဝိညာဉ်တော်က ဆင်မြန်းထားသည့် ဇာတိခန္ဓာ ဖြစ်သည်။ ဤဇာတိခန္ဓာသည် အသွေးအသားရှိသည့် မည်သည့် လူနှင့်မျှ မတူညီပေ။ ဤသို့ ကွဲပြားခြားနားရခြင်းမှာ ခရစ်တော်သည် အသွေးအသားနှင့် မဆိုင်သောကြောင့် ဖြစ်သည်။ သူသည် ဝိညာဉ်တော်၏ လူ့ဇာတိခံယူခြင်း ဖြစ်၏။ သူသည် ပုံမှန်လူ့သဘာဝနှင့် ပြီးပြည့်စုံသော ဘုရားသဘောသဘာဝ နှစ်ခုလုံးရှိသည်။ သူ၏ ဘုရားသဘောသဘာဝကို မည်သည့်လူကမျှ မပိုင်ဆိုင်ပေ။ သူ၏ဘုရားသဘောသဘာဝက ဘုရားသခင်ကိုယ်တော်တိုင်၏ အမှုကို ဆောင်ရွက်နေစဉ်တွင်၊ သူ၏ ပုံမှန်လူ့သဘာဝက ဇာတိခန္ဓာထဲက သူ၏ ပုံမှန် လှုပ်ရှားမှု အားလုံးကို အားဖြည့်ပေးလေသည်။ သူ၏ လူ့သဘာဝဖြစ်စေ သို့မဟုတ် ဘုရားသဘောသဘာဝ ဖြစ်စေ နှစ်ခုလုံးသည် ကောင်းကင်ဘုံရှိ ခမည်းတော်၏ အလိုကို ကျိုးနွံနာခံလေသည်။ ခရစ်တော်၏အနှစ်သာရမှာ ဝိညာဉ်တော် ဖြစ်သည်၊ ဆိုလိုသည်မှာ ဘုရားသဘောသဘာဝ ဖြစ်သည်။ ထို့ကြောင့် သူ၏အနှစ်သာရသည် ဘုရားသခင် ကိုယ်တော်တိုင်နှင့် သက်ဆိုင်ပေသည်။ ဤအနှစ်သာရသည် သူကိုယ်တိုင်၏ အမှုကို နှောင့်ယှက်လိမ့်မည်မဟုတ်၊ ပြီးလျှင် သူကိုယ်တိုင်၏ အမှုကို ဖျက်ဆီးမည့် မည်သည့်အရာကိုမဆို သူ လုပ်ဆောင်ဖို့ ဖြစ်နိုင်မည် မဟုတ်သကဲ့သို့၊ သူကိုယ်တိုင်၏ အလိုနှင့် ဆန့်ကျင်သည့် မည်သည့် စကားကိုမျှ တစ်ကြိမ်တစ်ခါမျှ သူ မိန့်မြွက်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် လူ့ဇာတိခံ ဘုရားသခင်သည် သူ၏ကိုယ်ပိုင်စီမံခန့်ခွဲမှုကို နှောင့်ယှက်သည့် မည်သည့်အမှုကိုမျှ မည်သည့်အခါတွင်မျှ လုံးဝ လုပ်ဆောင်လိမ့်မည် မဟုတ်ပေ။ ဤသည်မှာ လူအားလုံး နားလည်သင့်သည့်အရာ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော် အလုပ်၏ အနှစ်သာရသည် လူသားကို ကယ်တင်ရန်နှင့် ဘုရားသခင်၏ ကိုယ်ပိုင်စီမံခန့်ခွဲမှုအတွက် ဖြစ်သည်။ ထိုနည်းတူစွာ ခရစ်တော်၏ အမှုသည်လည်း လူသားကို ကယ်တင်ရန်နှင့် ဘုရားသခင်၏ အလိုအတွက် ဖြစ်သည်။ ဘုရားသခင်သည် လူ့ဇာတိခံယူသည်ကို ထောက်ဆလျှင်၊ သူသည် သူ၏ဇာတိခန္ဓာအတွင်းရှိ သူ၏အနှစ်သာရကို ရုပ်အကောင်အထည် ပေါ်စေသဖြင့် သူ၏ဇာတိခန္ဓာသည် သူ၏အမှုကို ဆောင်ရွက်ရန် လုံလောက်၏။ ထို့ကြောင့် လူ့ဇာတိခံခြင်း အချိန်ကာလအတွင်းတွင် ဘုရားဝိညာဉ်တော်၏ အလုပ်အားလုံးကို ခရစ်တော်၏ အမှုအားဖြင့် အစားထိုးလိုက်ပြီး၊ လူ့ဇာတိခံယူခြင်းအချိန် တစ်လျှောက်လုံးတွင် အမှုအားလုံး၏ အဓိက အချက်အချာတွင်

ခရစ်တော်၏အမှု ရှိပေသည်။ ယင်းသည် အခြားမည်သည့်ခေတ်မဆိုမှ အမှုဖြင့် ရောယှက်၍ မရပေ။ ပြီးလျှင် ဘုရားသခင်သည် လူ့ဇာတိခံလာသည့်အတွက်၊ သူသည် သူ၏ဇာတိခန္ဓာ၏ ပင်ကိုလက္ခဏာဖြင့် အမှုပြုသည်။ လူ့ဇာတိ ခံလာသည့်အတွက် သူသည် သူလုပ်သင့်သောအမှုကို ဇာတိခန္ဓာဖြင့် လုပ်ဆောင်ပြီးစီးသည်။ ဘုရားသခင်၏ ဝိညာဉ်ဖြစ်စေ သို့မဟုတ် ခရစ်တော်ဖြစ်စေ၊ နှစ်ခုလုံးသည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်ပြီး သူလုပ်သင့်သော အမှုကို သူလုပ်ဆောင်ပြီး သူဆောင်ရွက်သင့်သော အမှုတော်ကို သူ ဆောင်ရွက်လေသည်။

ဘုရားသခင်၏ တကယ့် အနှစ်သာရ ကိုယ်၌က သြဇာအာဏာကို ကိုင်စွဲသော်လည်း၊ သူသည် မိမိထံမှလာသော သြဇာအာဏာကို အပြည့်အဝ ကျိုးနွံနာခံနိုင်ပေသည်။ ဝိညာဉ်၏ အလုပ်ဖြစ်စေ သို့မဟုတ် ဇာတိခန္ဓာ၏ အလုပ်ဖြစ်စေ၊ တစ်ခုနှင့်တစ်ခု ကွဲလွဲဆန့်ကျင်ခြင်း မရှိပေ။ ဘုရားသခင်၏ ဝိညာဉ်သည် ဖန်ဆင်းခြင်းအားလုံးအပေါ် သြဇာအာဏာ ဖြစ်သည်။ ဘုရားသခင်၏ အနှစ်သာရဖြင့် ဇာတိခန္ဓာသည်လည်း သြဇာအာဏာကို ပိုင်ဆိုင်သည်၊ သို့သော် လူ့ဇာတိ၌ ရှိသော ဘုရားသခင်သည် ကောင်းကင်ဘုံရှိ ခမည်းတော်၏အလိုကို လိုက်နာသည့် အမှုအားလုံးကို လုပ်ဆောင်နိုင်သည်။ ဤအရာကို မည်သည့်လူတစ်ဦးတစ်ယောက်မျှ မရရှိနိုင် သို့မဟုတ် စိတ်ကူးမပေါက်နိုင်ကြပေ။ ဘုရားသခင် ကိုယ်တော်တိုင်သည် သြဇာအာဏာ ဖြစ်သည်၊ သို့သော် သူ၏ဇာတိခန္ဓာက သူ၏ သြဇာအာဏာကို ကျိုးနွံနာခံနိုင်သည်။ ဤသည်မှာ “ခရစ်တော်သည် ခမည်းတော် ဘုရားသခင်၏ အလိုကို နာခံသည်။” ဟု ပြောသည့်အခါ သွယ်ဝိုက်ညွှန်းဆိုသည့်အရာ ဖြစ်သည်။ ဘုရားသခင်သည် လူသား ဖြစ်လာနိုင်သကဲ့သို့ ဘုရားသခင်သည် ဝိညာဉ်တော် ဖြစ်ပြီး ကယ်တင်ခြင်း အမှုကို လုပ်ဆောင်နိုင်သည်။ မည်သို့ပင် ဆိုစေကာမူ၊ ဘုရားသခင် ကိုယ်တော်တိုင်သည် သူ၏အမှုကို လုပ်ဆောင်သည်။ ဝိညာဉ်တော်နှင့် လူ့ဇာတိတို့ လုပ်ဆောင်သည့် အမှု၏ အနှစ်သာရသည် တူညီသည့်အတွက်၊ သူသည် သက်သက် ကွဲလွဲသည့် အမှုကို ဆောင်ရွက်ဖို့ မဆိုထားနှင့်၊ သူသည် အနှောင့်အယှက် မပြုသကဲ့သို့ ဝင်ရောက်လည်းမစွက်ဖက်ပေ။ ဝိညာဉ်တော် ဖြစ်စေ သို့မဟုတ် လူ့ဇာတိဖြစ်စေ နှစ်ခုလုံးသည် တစ်ခုသော အလိုတော်ကို ဖြည့်ဆည်းရန်နှင့် တူညီသော အမှုကို စီမံခန့်ခွဲရန် လုပ်ဆောင်သည်။ ဝိညာဉ်တော်နှင့် ဇာတိခန္ဓာတို့သည် ခြားနားလွန်း၍ နှိုင်းယှဉ်မရသော အရည်အသွေး နှစ်မျိုး ရှိကြသော်လည်း၊ ၎င်းတို့၏ အနှစ်သာရမှာ တူညီလေသည်။ နှစ်ခုလုံးသည် ဘုရားသခင် ကိုယ်တိုင်၏ အနှစ်သာရရှိပြီး၊ ဘုရားသခင်ကိုယ်တော်တိုင်၏ ပင်ကိုလက္ခဏာ ရှိကြသည်။ ဘုရားသခင်ကိုယ်တော်တိုင်သည် မနာခံခြင်း၏ အရိပ်လက္ခဏာ မပိုင်ဆိုင်ပေ။ သူ၏ အနှစ်သာရက ကောင်းမွန်သည်။ သူသည် လုပမှုနှင့်

ကောင်းမွန်မှုအားလုံးအပြင် ချစ်ခြင်းမေတ္တာ အားလုံး၏ ဖော်ပြချက်ဖြစ်သည်။ ဇာတိခန္ဓာ၌ပင်လျှင် ဘုရားသခင်သည် ခမည်းတော် ဘုရားသခင်ကို မနာခံသည့် မည်သည့်အရာကိုမျှ မလုပ်ဆောင်ပေ။ မိမိအသက်ကို စတေးကာ ဆုံးရှုံးအနစ်နာခံလျက်ပင်၊ သူသည် စိတ်နှလုံးအကြွင်းမဲ့ ထိုသို့ လုပ်ဆောင်ရန် လိုလားနေမည် ဖြစ်ပြီး၊ အခြားရွေးချယ်မှုကို ပြုလုပ်မည်မဟုတ်ပေ။ ဘုရားသခင်သည် မိမိကိုယ်ကိုယ် မှန်သည်ဟု မှတ်ယူခြင်းနှင့် မိမိကိုယ်ကိုယ် ကြီးကျယ်ခြင်းတို့၏ အရိပ်လက္ခဏာများ မရှိပေ၊ သို့မဟုတ် စိတ်ကြီးဝင်ခြင်းနှင့် မာနထောင်လွှားမှုတို့၏ အရိပ်လက္ခဏာများ မရှိပေ။ သူသည် ကောက်ကျစ်မှု အရိပ်လက္ခဏာများ မပိုင်ဆိုင်ပေ။ ဘုရားသခင်ကို မနာခံသည့်အရာ မည်သည့်အရာမဆိုသည် စာတန်ထံမှ လာသည်။ စာတန်သည် အကျည်းတန်မှုနှင့် ဆိုးယုတ်မှု အားလုံး၏ အရင်းအမြစ်ဖြစ်သည်။ လူသားသည် စာတန်၏ အရည်အသွေးများနှင့် တူညီသည့် အရည်အသွေးများ ရှိရသည့်အကြောင်းရင်းမှာ လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းနှင့် စီမံပြုပြင်ခြင်းခံရပြီး ဖြစ်သောကြောင့် ဖြစ်သည်။ ခရစ်တော်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း မခံရလေပြီ၊ ထို့ကြောင့် သူသည် ဘုရားသခင်၏ ထူးခြားသော လက္ခဏာများကိုသာ ပိုင်ဆိုင်ပြီး၊ စာတန်၏ မည်သည့်လက္ခဏာမျှ မပိုင်ဆိုင်ပေ။ အမှုသည် မည်မျှခက်ခဲကြမ်းပါစေ သို့မဟုတ် လူ့ဇာတိသည် မည်မျှအားနည်းပါစေ၊ လူ့ဇာတိဖြင့် အသက်ရှင်စဉ်တွင် ဘုရားသခင်သည် ခမည်းတော် ဘုရားသခင်၏ အလိုကို မနာခံမှုဖြင့် စွန့်ပယ်ရန် မဆိုထားနှင့် ဘုရားသခင် ကိုယ်တိုင်၏အမှုကို နှောင့်ယှက်ဖြစ်သည့် မည်သည့်အရာကိုမျှ လုပ်ဆောင်လိမ့်မည် မဟုတ်ပေ။ သူသည် ခမည်းတော် ဘုရားသခင်၏ အလိုကို သစ္စာဖောက်ဖို့ထက် လူ့ဇာတိ၏ နာကျင်မှုများကိုသာ ခံစားချင်ခဲ့သည်။ ယင်းမှာ ယေရှုက သူ၏ဆုတောင်းချက်ထဲတွင်၊ “အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကိုလွှန်သွားနိုင်လျှင် လွှန်သွားပါစေသော်။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည့်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည့်အတိုင်း ဖြစ်ပါစေသော်။” ဟု ပြောသကဲ့သို့သာ ဖြစ်သည်။ လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်မှုများ ပြုလုပ်ကြသော်လည်း၊ ခရစ်တော်သည် မပြုလုပ်ပေ။ သူသည် ဘုရားသခင် ကိုယ်တိုင်၏ ပင်ကိုလက္ခဏာရှိသော်လည်း၊ ခမည်းတော် ဘုရားသခင်၏ အလိုကို ရှာဖွေဆဲဖြစ်ပြီး လူ့ဇာတိ၏ ရှုထောင့်မှ ခမည်းတော် ဘုရားသခင်က သူ့ကို တာဝန်ပေးစေခိုင်းထားသော အရာကို ဖြည့်ဆည်းလေသည်။ ဤသည်မှာ လူသားက ကြိုးပမ်း၍မရရှိနိုင်သည် အရာတစ်ခု ဖြစ်သည်။ စာတန်ထံမှ လာသောအရာသည် ဘုရားသခင်၏အနှစ်သာရ မရှိနိုင်ပေ။ ဘုရားသခင်ကို မနာခံသကဲ့သို့၊ ဆန့်ကျင်သည့်

အရာတစ်ခုသာ ရှိနိုင်သည်။ ယင်းသည် ဘုရားသခင်၏ အလိုကို လိုလားစွာ နာခံရန်မဆိုထားနှင့်၊ ဘုရားသခင်ကို အပြည့်အဝပင် မနာခံနိုင်ပေ။ ခရစ်တော်မှလွဲ၍ လူအားလုံးတို့သည် ဘုရားသခင်ကို ဆန့်ကျင်သည့်အရာ လုပ်ကောင်းလုပ်ဆောင်နိုင်ပြီး၊ ဘုရားသခင် အပ်နှင်းထားသည့် အမှုကို လူတစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက် မဆောင်ရွက်နိုင်ပေ။ ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ၎င်းတို့ ထမ်းဆောင်ရမည့် ကိုယ်ပိုင် တာဝန်အဖြစ် မည်သူမျှ မမှတ်ယူနိုင်ပေ။ ခရစ်တော်၏ အနှစ်သာရသည် ခမည်းတော် ဘုရားသခင်၏ အလိုကို ကျိုးနွံနာခံခြင်း ဖြစ်သည်။ ဘုရားသခင်ကို မနာခံခြင်းသည် စာတန်၏ ထူးခြားသော လက္ခဏာဖြစ်သည်။ ဤစရိုက်နှစ်ခုသည် သဟဇာတ မဖြစ်သကဲ့သို့ စာတန်၏ စရိုက်များရှိသည့် မည်သူကိုမဆို ခရစ်တော်ဟု ခေါ်၍မရနိုင်ပေ။ လူသားသည် ဘုရားသခင်၏ကိုယ်စား ဘုရားသခင်၏ အမှုကို မလုပ်နိုင်ရသည့် အကြောင်းရင်းမှာ လူသားသည် ဘုရားသခင်၏ မည်သည့် အနှစ်သာရမျှ မရှိသောကြောင့်ဖြစ်သည်။ လူသားသည် သူ၏ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားများနှင့် အနာဂတ် အလားအလာများအတွက် ဘုရားအတွက် အလုပ်လုပ်သော်လည်း၊ ခရစ်တော်သည် ခမည်းတော် ဘုရားသခင်၏ အလိုကို လုပ်ဆောင်ရန် အမှုပြုပေသည်။

ခရစ်တော်၏ လူ့သဘာဝကို သူ၏ဘုရားသဘောသဘာဝက အုပ်စိုးထားသည်။ သူသည် လူ့ဇာတိ၌ ရှိသော်လည်း၊ သူ၏ လူ့သဘာဝသည် ခန္ဓာရှိသည့် လူတစ်ဦး၏ လူ့သဘာဝနှင့် လုံးလုံးမတူညီပေ။ သူသည် သူ၏ ကိုယ်ပိုင် တစ်မူထူးခြားသော ဝိသေသလက္ခဏာရပ်ရှိပြီး ဤအရာကိုလည်း သူ၏ ဘုရားသဘောသဘာဝက အုပ်စိုးထားသည်။ သူ၏ဘုရားသဘာဝသည် အားနည်းမှု မရှိပေ။ ခရစ်တော်၏ အားနည်းချက်သည် သူ၏လူ့သဘာဝကို ရည်ညွှန်းပေသည်။ အတိုင်းအတာ တစ်ခုအထိ၊ ဤအားနည်းချက်က သူ၏ဘုရားသဘောသဘာဝကို ဘောင်ခတ်သော်လည်း၊ ထိုသို့သော အကန့်အသတ်များမှာ နယ်ပယ်နှင့် အချိန်ကာလအချို့ အတွင်း၌သာရှိပြီး အတိုင်းမသိ မဟုတ်ပေ။ သူ၏ ဘုရားသဘောသဘာဝနှင့်ဆိုင်သည့် အမှုကို ဆောင်ရွက်ဖို့ ရှိလာသည့်အခါတွင်၊ သူ၏ လူ့သဘာဝကို ပဓာနမထားဘဲ လုပ်ဆောင်လေသည်။ ခရစ်တော်၏ လူ့သဘာဝကို သူ၏ဘုရားသဘောသဘာဝက လုံးဝ ညွှန်ကြားလေသည်။ သူ၏ လူ့သဘာဝနှင့်ဆိုင်သည့် သာမန်ဘဝမှအပ သူ၏ လူ့သဘာဝနှင့်ဆိုင်သည့် အခြားလုပ်ဆောင်မှု အားလုံးတို့သည် သူ၏ဘုရားသဘောသဘာဝအားဖြင့် လွှမ်းမိုးခံရသည်၊ အကျိုးသက်ရောက်ခံရပြီး ညွှန်ကြားခံရလေသည်။ ခရစ်တော်သည် လူ့သဘာဝ ရှိလင့်ကစား၊ ယင်းသည် သူ၏ဘုရားသဘောသဘာဝ၏ အမှုကို မနှောင့်ယှက်သကဲ့သို့ ဤသည်မှာ ခရစ်တော်၏

လူ့သဘာဝကို သူ၏ဘုရားသဘောသဘာဝက တိုက်ရိုက် ညွှန်ကြားသောကြောင့် အတိအကျ ဖြစ်ပေသည်။ သူ၏လူ့သဘာဝသည် အခြားသူများနှင့် ပြုမူနေထိုင်ပုံတွင် မရင့်ကျက်သော်လည်း၊ သူ၏ ဘုရားသဘာဝ၏ ပုံမှန်အမှုကို မထိခိုက်ပေ။ သူ၏လူ့သဘာဝသည် ဖောက်ပြန်ပျက်စီးစေခြင်း မခံရသေးဟု ငါပြောရာတွင်၊ ခရစ်တော်၏ လူ့သဘာဝကို သူ၏ဘုရားသဘောသဘာဝက တိုက်ရိုက် ကွပ်ကဲနိုင်ပြီး၊ သူသည် သာမန်လူထက် သာ၍ မြင့်မားသည့် အသိစိတ် ပိုင်ဆိုင်သည်ကို ဆိုလိုပေသည်။ သူ၏ လူ့သဘာဝသည် သူ၏အမှုတွင် ဘုရားသဘောသဘာဝ၏ လမ်းညွှန်မှုကို ခံရဖို့ အသင့်လျော်ဆုံး ဖြစ်သည်၊ သူ၏လူ့သဘာဝသည် ဘုရားသဘာဝ၏အမှုကို အဖော်ပြနိုင်ဆုံး ဖြစ်ပြီး၊ ထိုသို့သော အမှုကို အကျိုးနွံအနာခံနိုင်ဆုံး ဖြစ်သည်။ ဘုရားသခင်သည် လူ့ဇာတိဖြင့် အမှုပြုသည်နှင့်အမျှ၊ လူ့ဇာတိ၌ရှိသည့် လူတစ်ဦးအနေဖြင့် ဖြည့်ဆည်းသင့်သည့် တာဝန်ကို ဘယ်သောအခါမျှ မျက်ခြည်မပြတ်ပေ။ သူသည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို စစ်မှန်သည့် နှလုံးသားဖြင့် ကိုးကွယ်နိုင်လေသည်။ သူသည် ဘုရားသခင်၏ အနှစ်သာရရှိပြီး၊ သူ၏ပင်ကိုလက္ခဏာသည် ဘုရားကိုယ်တိုင်၏ ပင်ကိုလက္ခဏာ ဖြစ်သည်။ ယင်းမှာ သူသည် ဖန်ဆင်းခံတစ်ဦး၏ အပြင်ပန်း အခွံဖြင့်၊ ကမ္ဘာမြေသို့ ကြွလာပြီး ဖန်ဆင်းခံတစ်ဦးဖြစ်လာခြင်းသာ ဖြစ်ပြီး၊ ယခုတွင် ယခင်က သူ့ထံတွင် မရှိခဲ့သည့် လူ့သဘာဝကို ပိုင်ဆိုင်ထားလေသည်။ သူသည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို ကိုးကွယ်နိုင်သည်။ ဤသည်မှာ ဘုရားသခင် ကိုယ်တိုင်၏ ဖြစ်တည်ခြင်း ဖြစ်ပြီး၊ လူသားအဖို့ တုပ၍ မရနိုင်ပေ။ သူ၏ ပင်ကိုလက္ခဏာသည် ဘုရားကိုယ်တိုင် ဖြစ်သည်။ ဘုရားသခင်ကို သူ ကိုးကွယ်သည်မှာ လူ့ဇာတိ၏ ရှုထောင့်မှ ဖြစ်သည်။ ထို့ကြောင့် "ခရစ်တော်သည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို ကိုးကွယ်သည်။" ဟူသည့် စကားများမှာ မမှားပေ။ လူသားကို သူတောင်းဆိုသည်မှာ သူ၏ကိုယ်ပိုင် ဖြစ်တည်ခြင်း အတိအကျ ဖြစ်သည်။ သူသည် လူသားကို ထိုသို့သောအရာများ မတောင်းဆိုမီတွင်၊ လူကို သူ တောင်းဆိုသည့် အရာအားလုံးကို စွမ်းဆောင်ရရှိနှင့်ပြီး ဖြစ်သည်။ ဤအရာအားလုံးသည် သူ၏ ဖြစ်တည်မှုတွင် ပါဝင်သည့်အတွက်၊ သူကိုယ်တိုင် ထိုအရာများမှ လွတ်ကင်းစဉ်တွင် အခြားသူများကို တောင်းဆိုချက်များ မည်သည့်အခါမျှ ပြုလုပ်မည် မဟုတ်ပေ။ သူသည် သူ၏အမှုကို မည်သို့ဆောင်ရွက်သည် ဖြစ်စေ၊ ဘုရားသခင်ကို မနာခံသည့် ပုံစံဖြင့် သူ ပြုမူလိမ့်မည် မဟုတ်ပေ။ လူသားကို မည်သည့်အရာ သူတောင်းဆိုသည်ဖြစ်စေ၊ မည်သည့် တောင်းဆိုချက်ကမျှ လူသားက ကြိုးပမ်းရရှိနိုင်သည်ကို မကျော်လွန်ပေ။ သူလုပ်ဆောင်သော အရာအားလုံးသည် ဘုရားသခင်၏ အလိုကို လုပ်ဆောင်သည့်အရာ ဖြစ်ပြီး၊

သူ၏စီမံခန့်ခွဲမှုအတွက် ဖြစ်သည်။ ခရစ်တော်၏ ဘုရားသဘောသဘာဝသည် လူအားလုံး အထက်၌ရှိသည်။ ထို့ကြောင့် သူသည် ဖန်ဆင်းခံ အရာအားလုံးထဲတွင် ဩဇာအာဏာ အမြင့်ဆုံး ဖြစ်သည်။ ဤဩဇာအာဏာသည် သူ၏ဘုရားသဘာဝဖြစ်ပြီး၊ ယင်းမှာ သူ၏ပင်ကိုလက္ခဏာကို ဆုံးဖြတ်ပေးသည့် ဘုရားကိုယ်တိုင်၏ စိတ်သဘောထားနှင့် ဖြစ်တည်မှု ဖြစ်သည်။ ထို့ကြောင့် သူ၏ လူ့သဘာဝက မည်မျှ ပုံမှန်ဖြစ်ပါစေ၊ သူသည် ဘုရားသခင် ကိုယ်တိုင်၏ ပင်ကိုလက္ခဏာရှိသည်မှာ ငြင်း၍မရနိုင်ပေ။ မည်သည့်ရှုထောင့်မှ သူ စကားပြောသည်ဖြစ်စေ၊ ပြီးလျှင် ဘုရားသခင်၏ အလိုကို မည်သို့မည်ပုံ သူနာခံသည်ဖြစ်စေ၊ သူသည် ဘုရားသခင် ကိုယ်တိုင် မဟုတ်ဟု မပြောနိုင်ပေ။ မိုက်မဲသူနှင့် မသိနားမလည်သောသူတို့သည် ခရစ်တော်၏ ပုံမှန်လူ့သဘာဝကို အပြစ်အနာအဆာ တစ်ခုကဲ့သို့ မကြာခဏ မှတ်ယူတတ်ကြသည်။ သူသည် သူ၏ဘုရားသဘာဝကို မည်သို့ဖော်ပြကာ ထုတ်ဖော်ပြစေကာမူ၊ သူသည် ခရစ်တော် ဖြစ်သည်ကို လူက အသိအမှတ် မပြုနိုင်ပေ။ ခရစ်တော်သည် သူ၏နာခံခြင်းနှင့် နှိမ့်ချခြင်းတို့ကို သာ၍ပြသလေလေ၊ မိုက်မဲသူတို့သည် ခရစ်တော်ကို ပေါ့ပေါ့တန်တန် သဘောထားလေ ဖြစ်သည်။ သူ့အပေါ် ထည့်မတွက်ခြင်းနှင့် အထင်သေးခြင်း သဘောထားတစ်ခုကို ခံယူကြသော်လည်း၊ မြင့်မြတ်သော ပုံရိပ်များရှိသည့် "ကြီးမြတ်သော လူများ" ကိုးကွယ်ရန် စားပွဲပေါ်တွင် ထားကြသူများပင် ရှိလေသည်။ လူသား၏ ဘုရားသခင်ကို ဆန့်ကျင်မှုနှင့် မနာခံမှုတို့သည် လူ့ဇာတိခံ ဘုရားသခင်၏ အနှစ်သာရသည် ဘုရားသခင်၏ အလိုကို ကျိုးနွံနာခံသည့် အချက်အပြင်၊ ခရစ်တော်၏ ပုံမှန် လူ့သဘာဝမှလည်း လာပေသည်။ ဤသည်မှာ ဘုရားသခင်ကို လူသား၏ ခုခံမှုနှင့် မနာခံမှုတို့၏ အရင်းအမြစ် ဖြစ်သည်။ အကယ်၍ ခရစ်တော်သည် သူ၏လူ့သဘာဝ တုပသောအသွင် မရှိသကဲ့သို့၊ ခမည်းတော် ဘုရားသခင်၏ အလိုကိုလည်း ဖန်ဆင်းခံတစ်ဦး၏ ရှုထောင့်မှ မရှာဖွေဘဲ၊ ထိုအစား မဟာလူ့သဘာဝ ပိုင်ဆိုင်မည်ဆိုပါက၊ လူသားအလယ်တွင် မနာခံမှုရှိနိုင်မည် မဟုတ်ပေ။ လူသားသည် ကောင်းကင်ဘုံရှိ မျက်မြင်မတွေ့နိုင်သည့် ဘုရားသခင်ကို အမြဲ ယုံကြည်ရန် လိုလားနေသည့် အကြောင်းရင်းမှာ ကောင်းကင်ဘုံရှိ ဘုရားသခင်သည် လူ့သဘာဝ မရှိသကဲ့သို့၊ ဖန်ဆင်းခံတစ်ဦး၏ စရိုက်ပင် တစ်ခုမျှ မရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူတို့သည် သူ့ကို အကြီးမားဆုံးသော လေးစားသမှုဖြင့် အမြဲ အလေးထားကြသော်လည်း၊ ခရစ်တော်အပေါ်ကိုမူ အထင်အမြင်သေးသည့် သဘောထားတစ်ခု စွဲကိုင်ထားကြပေသည်။

ကမ္ဘာမြေပေါ်၌ ခရစ်တော်သည် ဘုရားသခင် ကိုယ်တော်တိုင်ကိုယ်စား အမှုပြုနိုင်သော်လည်း၊ လူ့ဇာတိ၌ သူ၏ပုံသဏ္ဌာန်အား လူအားလုံးကို ပြသခြင်းငှာ ရည်ရွယ်ချက်ဖြင့်

ကြွလာသည်မဟုတ်ပေ။ လူသား အားလုံးက သူ့ကို မြင်ရန်အလို့ငှာ သူ ကြွလာသည်မဟုတ်။ လူသားတို့ကို သူ၏ လက်ဖြင့် ဦးဆောင်ခံရခွင့်ပေးဖို့ သူ ကြွလာခြင်း ဖြစ်ပြီး၊ ထိုသို့ဖြင့် လူသားသည် ခေတ်သစ်ထဲသို့ ဝင်ရောက်ပေသည်။ ခရစ်တော်၏ လူ့ဇာတိ အလုပ်တာဝန်မှာ ဘုရားသခင် ကိုယ်တော်တိုင်၏ အမှုအတွက် ဖြစ်သည်၊ ဆိုလိုသည်မှာ လူ့ဇာတိခံယူသည့် ဘုရားသခင်၏ အမှုအတွက်ဖြစ်ပြီး သူ၏ လူ့ဇာတိနှင့်ဆိုင်သည့် အနှစ်သာရကို လူသားအား အပြည့်အဝ နားလည်နိုင်စေရန် မဟုတ်ပေ။ သူမည်သို့ အမှုပြုသည်ဖြစ်စေ၊ သူ လုပ်ဆောင်သည့် မည်သည့်အရာမျှလူ့ဇာတိက ကြိုးပမ်းရရှိနိုင်သည်ထက် မကျော်လွန်ပေ။ သူ မည်သို့ အမှုပြုသည်ဖြစ်စေ၊ ပုံမှန်လူ့သဘာဝနှင့်အတူ လူ့ဇာတိဖြင့် ထိုသို့ သူ လုပ်ဆောင်ပြီး၊ ဘုရားသခင်၏ စစ်မှန်သော မျက်နှာကို လူသားထံ အပြည့်အဝ ထုတ်ဖော်မပြပေ။ ထို့အပြင် လူ့ဇာတိ၌ သူ၏ အမှုသည် လူသားက စိတ်ကူးကြံဆသကဲ့သို့ သဘာဝလွန် သို့မဟုတ် မခန့်မှန်းနိုင်လောက်သည့်အရာ လုံးဝ မဟုတ်ပေ။ ခရစ်တော်သည် လူ့ဇာတိ၌ ဘုရားသခင်ကိုယ်တိုင်ကို ကိုယ်စားပြုပြီး၊ ဘုရားသခင် ကိုယ်တိုင် လုပ်ဆောင်သင့်သော အမှုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်သော်လည်း၊ ကောင်းကင်ဘုံရှိ ဘုရားသခင်၏ တည်ရှိမှုကို သူ မငြင်းသကဲ့သို့ သူ၏လုပ်ဆောင်မှုများကိုလည်း အလွန် ပျာယာခတ်လျက် မကြွေးကြော်ပေ။ ယင်းထက် သူသည် သူ၏လူ့ဇာတိအတွင်း၌ နှိမ့်ချစွာ ကွယ်ဝှက်နေသည်။ ခရစ်တော်မှလွဲ၍ ခရစ်တော်အဖြစ် မှားယွင်းစွာ ကြွေးကြော်သူတို့သည် ခရစ်တော်၏ အရည်အသွေးများ မပိုင်ဆိုင်ကြချေ။ ထိုခရစ်တော်ယောင်ဆောင်သော သူများ၏ မာနထောင်လွှားမှုနှင့် မိမိကိုယ်ကိုယ် ချီးမြှောက်မှု စိတ်သဘောထားကို ယှဉ်တွဲပြသည့်အခါ၊ မည်သည့် လူ့ဇာတိပုံစံသည် စစ်မှန်သော ခရစ်တော်ဖြစ်သည် ဆိုသည်မှာ သိသာထင်ရှားလာလေသည်။ ၎င်းတို့ အယောင်ဆောင်လေလေ၊ ထိုသို့သော ခရစ်တော် အယောင်ဆောင်များသည် မိမိတို့ကိုယ်ကိုယ် ကြွားဝါလေလေဖြစ်ပြီး၊ လူသားကို လိမ်လည်လှည့်ဖြားရန် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို ပို၍ လုပ်နိုင်စွမ်းရှိလေလေ ဖြစ်သည်။ ခရစ်တော် အယောင်ဆောင်များသည် ဘုရားသခင်၏ အရည်အသွေးများ မရှိကြပေ။ ခရစ်တော်သည် ခရစ်တော် အယောင်အဆောင်များနှင့်ဆိုင်သည့် မည်သည့်လက္ခဏာမျှ မစွန်းထင်းပေ။ လူသားအား သူ့ကို မြင်တွေ့ခွင့်ပေးရုံမျှ မဟုတ်ဘဲ၊ လူ့ဇာတိ၏အလုပ်ကို ပြီးပြည့်စုံစေရန်သာ ဘုရားသခင်သည် လူ့ဇာတိခံယူခြင်း ဖြစ်သည်။ တကယ်တမ်းတွင် သူသည် သူ၏ အမှုအား သူ၏ပင်ကိုလက္ခဏာကို အတည်ပြုခွင့်ပေးပြီး သူ ထုတ်ဖော်ပြသောအရာအား သူ၏အနှစ်သာရကို မှန်ကန်ကြောင်း ထောက်ခံခွင့်ပြုလေသည်။ သူ၏အနှစ်သာရသည် အခြေအမြစ် မရှိသည်မဟုတ်။ သူ၏ပင်ကိုလက္ခဏာကို သူ၏လက်ဖြင့်

ဖမ်းဆုပ်ထားသည် မဟုတ်ပေ။ ယင်းကို သူ၏အမှုနှင့် သူ၏အနှစ်သာရတို့က သတ်မှတ်ခြင်း ဖြစ်သည်။ သူသည် ဘုရားသခင် ကိုယ်တော်တိုင်၏ အနှစ်သာရရှိပြီး ဘုရားသခင်ကိုယ်တော်တိုင်၏ အမှုကို လုပ်ဆောင်နိုင်စွမ်း ရှိသော်လည်း၊ အဆုံးတွင် သူသည် ဝိညာဉ်တော်နှင့် မတူဘဲ လူ့ဇာတိ ဖြစ်နေဆဲဖြစ်သည်။ သူသည် ဝိညာဉ်တော်၏ စရိုက်များရှိသော ဘုရားသခင် မဟုတ်ပေ။ သူသည် လူ့ဇာတိ၏အခွံရှိသည့် ဘုရားသခင် ဖြစ်သည်။ ထို့ကြောင့် သူသည် မည်မျှ ပုံမှန်ဖြစ်ပြီး မည်မျှ အားနည်းနေစေကာမူ၊ ပြီးလျှင် သူ့အနေဖြင့် ခမည်းတော် ဘုရားသခင်၏ အလိုကို မည်သို့မည်ပုံ ရှာဖွေစေကာမူ၊ သူ၏ဘုရားသဘောသဘာဝကို ငြင်းပယ်၍မရနိုင်ပေ။ လူ့ဇာတိခံ ဘုရားသခင် အတွင်းတွင် ပုံမှန်လူ့သဘာဝနှင့် ယင်း၏ အားနည်းချက်များ တည်ရှိလေသည်။ ဘုရားသဘာဝ၏ အံ့သြဖွယ်ရာဖြစ်ခြင်းနှင့် ဉာဏ်မမီနိုင်မှုအပြင်၊ လူ့ဇာတိ၌ သူ၏ လုပ်ဆောင်ချက်များလည်း တည်ရှိလေသည်။ ထို့ကြောင့် လူ့သဘာဝနှင့် ဘုရားသဘောသဘာဝ နှစ်ခုလုံးသည် ခရစ်တော်တွင်းတွင် အမှန်တကယ်ရော လက်တွေ့ကျကျပါ တည်ရှိလေသည်။ ဤသည်မှာ အနည်းဆုံး အနှစ်မဲ့သည့်အရာ သို့မဟုတ် သဘာဝလွန်သည့်အရာတစ်ခု မဟုတ်ပေ။ သူသည် အမှုကို ဆောင်ရွက်ခြင်းနှင့်ဆိုင်သည့် အဓိက ရည်မှန်းချက်ဖြင့် ကမ္ဘာမြေပေါ်သို့ ကြွလာပေသည်။ ကမ္ဘာမြေပေါ်၌ အမှုကို ဆောင်ရွက်ရန် ပုံမှန်လူ့သဘာဝကို ပိုင်ဆိုင်ထားရန် အလွန်အရေးကြီးသည်။ သို့မဟုတ်ပါက သူ၏ဘုရားသဘောသဘာဝ တန်ခိုးသည် မည်မျှပင်ကြီးမားသော်လည်း၊ ယင်း၏ မူလ လုပ်ငန်းဆောင်တာကို ကောင်းစွာ အသုံးမပြုနိုင်ပေ။ သူ၏လူ့သဘာဝသည် အလွန် အရေးကြီးသော်လည်း၊ ယင်းမှာ သူ၏အနှစ်သာရ မဟုတ်ပေ။ သူ၏ အနှစ်သာရသည် ဘုရားသဘောသဘာဝဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်၌ သူ၏အမှုတော်ကို စတင်ဆောင်ရွက်သည့် အခိုက်အတန့်သည် သူ၏ ဘုရားသဘောသဘာဝကို စတင်ဖော်ပြသည့် အခိုက်အတန့် ဖြစ်သည်။ သူ၏ ဘုရားသဘောသဘာဝက လူ့ဇာတိ၌ ပုံမှန်အနေဖြင့် အမှုကို ဆောင်ရွက်နိုင်ဖို့အလို့ငှာ၊ သူ၏လူ့သဘာဝသည် သူ၏ လူ့ဇာတိနှင့်ဆိုင်သည့် ပုံမှန်အသက်တာကို အဓိက အားဖြည့်ပေးရန် တည်ရှိပေသည်။ သူ၏အမှုကို လုံးဝ ညွှန်ကြားသည်မှာ ဘုရားသဘောသဘာဝ ဖြစ်သည်။ သူ၏အမှုကို သူ ပြီးစီးသည့်အချိန်တွင်၊ သူ၏သာသနာကို ပြည့်စုံစေပြီး ဖြစ်လိမ့်မည်။ လူသားက သိသင့်သည်မှာ သူ၏ အမှု အလုံးစုံဖြစ်ပြီး သူက လူသားအား သူ့ကို သိနိုင်စေသည်မှာ သူ၏အမှုမှတစ်ဆင့် ဖြစ်သည်။ သူ၏အမှု တစ်လျှောက်တွင်၊ လူ့သဘာဝဖြင့် မစွန်းထင်းသော စိတ်သဘောထား တစ်ခု သို့မဟုတ် လူသားအတွေးနှင့် အပြုအမူတို့ဖြင့် မစွန်းထင်းသော ဖြစ်တည်ခြင်း ဖြစ်သည့် သူ၏

ဘုရားသဘောသဘာဝကို အတော်အတန် ပြည့်ပြည့်ဝဝ ဖော်ပြသည်။ အချိန်တန်သောအခါ သူ၏အမှုတော်တစ်ခုလုံး အဆုံးသတ် တစ်ခုသို့ ရောက်လာပြီးသည့်အခါတွင်၊ သူဖော်ပြသင့်သော စိတ်သဘောထားကို ပြည့်စုံစွာနှင့် ပြည့်ဝစွာ ဖော်ပြနှင့်ပြီးဖြစ်လိမ့်မည်။ သူ၏ အမှုသည် မည်သည့်လူမျှ၏ ညွှန်ကြားမှုများဖြင့် လမ်းပြခြင်း မခံရပေ။ သူ၏ စိတ်သဘောထား ဖော်ပြချက်သည်လည်း အတော်အတန် လွတ်လပ်ပြီး စိတ်အားဖြင့် ထိန်းချုပ်မခံရ သို့မဟုတ် အတွေးအခေါ်အားဖြင့် စီမံပြုပြင်ခြင်းမခံရဘဲ၊ အလိုအလျောက် ထုတ်ဖော်ပြခံရပေသည်။ ဤသည်မှာ မည်သည့်လူကမျှ စွမ်းဆောင်မရရှိနိုင်သည့် အရာတစ်ခု ဖြစ်သည်။ ပတ်ဝန်းကျင်သည် ကြမ်းတမ်းလျှင်ပင် သို့မဟုတ် အခြေအနေများက မျက်နှာသာမပေးလျှင်ပင်၊ သူသည် မိမိ၏စိတ်သဘောထားကို သင့်လျော်သည့်အချိန်၌ ဖော်ပြနိုင်သည်။ ခရစ်တော်ဖြစ်သူတစ်ဦးက ခရစ်တော်၏ ဖြစ်တည်မှုကို ဖော်ပြသော်လည်း၊ ခရစ်တော်မဟုတ်သော သူများသည် ခရစ်တော်၏ စိတ်သဘောထားကို မပိုင်ဆိုင်ကြပေ။ ထို့ကြောင့် အားလုံးက သူ့ကို ခုခံလျှင်ပင် သို့မဟုတ် သူနှင့်ပတ်သက်သည့် အယူအဆများ ရှိလျှင်ပင်၊ ခရစ်တော်ဖော်ပြသော စိတ်သဘောထားသည် ဘုရားသခင်၏ စိတ်သဘောထားမဟုတ်ဟု လူသားတို့ အယူအဆအရ မည်သူမျှ ငြင်း၍မရနိုင်ပေ။ စစ်မှန်သော နှလုံးသားဖြင့် ခရစ်တော်နောက်ကို လိုက်သူ သို့မဟုတ် ဘုရားသခင်ကို ရည်ရွယ်ချက်ရှိရှိ ရှာဖွေသူ အားလုံးသည် သူ၏ ဘုရားသဘောသဘာဝနှင့်ဆိုင်သည့် ဖော်ပြချက်ပေါ် အခြေခံ၍ သူသည် ခရစ်တော် ဖြစ်သည်ကို ဝန်ခံကြလိမ့်မည်။ လူသား၏ အယူအဆများနှင့် မကိုက်ညီသည့် သူ၏ သွင်ပြင်လက္ခဏာ တစ်ခုတစ်လေအရ ၎င်းတို့သည် မည်သည့်အခါတွင်မျှ ခရစ်တော်ကို ငြင်းပယ်ကြမည် မဟုတ်ပေ။ လူသည် အလွန် မိုက်မဲလှသော်လည်း၊ မည်သည့်အရာက လူသား၏လိုအင် ဖြစ်ပြီး ဘုရားသခင်ထံမှ မည်သည့်အရာ ပေါ်ပေါက်သည်ကို အားလုံးက အတိအကျ သိကြသည်။ ယင်းမှာ လူအတော်များများသည် ၎င်းတို့၏ ရည်ရွယ်ချက်များ အကျိုးဆက်အနေဖြင့် ခရစ်တော်ကို တမင်တကာ ခုခံရုံမျှခုခံကြခြင်းသာ ဖြစ်သည်။ ဤအတွက်မဟုတ်ပါက ခရစ်တော် ဖော်ပြသည့် ဘုရားသဘာဝက ဧကန်အမှန် တည်ရှိပြီး၊ သူ၏ အမှုကို ပကတိမျက်စိဖြင့် မျက်မြင်တွေ့နိုင်သည့်အတွက်၊ ခရစ်တော်၏ တည်ရှိခြင်းကို လူတစ်ဦးကမျှ ငြင်းပယ်ဖို့ အကြောင်း ရှိမည်မဟုတ်ပေ။

ခရစ်တော်၏အမှုနှင့် ဖော်ပြချက်တို့က သူ၏အနှစ်သာရကို ဆုံးဖြတ်သည်။ သူသည် မိမိအား ပေးအပ်ထားပြီးဖြစ်သည့်အရာကို စစ်မှန်သော နှလုံးသားဖြင့် ပြီးပြည့်စုံစေနိုင်သည်။ သူသည် စစ်မှန်သော နှလုံးသားဖြင့် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို ကိုးကွယ်နိုင်ပြီး၊ ခမည်းတော်

ဘုရားသခင်၏ အလိုကိုလည်း စစ်မှန်သော နှလုံးသားဖြင့် ရှာဖွေနိုင်သည်။ ဤအရာအားလုံးကို သူ၏အနှစ်သာရက သတ်မှတ်သည်။ ထိုနည်းတူ သူ၏သဘာဝအလျောက် ထုတ်ဖော်ပြခြင်းကိုလည်း သူ၏ အနှစ်သာရက သတ်မှတ်သည်။ ဤအရာကို "သဘာဝအလျောက် ထုတ်ဖော်ပြခြင်း" ဟု ခေါ်ဆိုရသည့် အကြောင်းရင်းမှာ သူ၏ဖော်ပြချက်သည် တုပခြင်း သို့မဟုတ် လူသား ပညာရေး၏ ရလဒ် သို့မဟုတ် နှစ်ပေါင်းများစွာ လူသား၏ ပြုစုပျိုးထောင်ခြင်း ရလဒ် မဟုတ်သောကြောင့်ဖြစ်သည်။ သူသည် ယင်းကို မသင်ယူခဲ့ပေ သို့မဟုတ် ယင်းဖြင့် မိမိကိုယ်ကိုယ် မဆင်ယင်ခဲ့ပေ။ ယင်းထက် ထိုအရာသည် သူ၏အတွင်းတွင် မွေးရာပါဖြစ်သည်။ လူသားက သူ၏အမှု၊ သူ၏ ဖော်ပြချက်၊ သူ၏လူ့သဘာဝနှင့် သူ၏ ပုံမှန်လူ့သဘာဝနှင့်ဆိုင်သည့် အသက်တာ တစ်ခုလုံးကို ငြင်းဆန်ကောင်း ငြင်းဆန်နိုင်သော်လည်း၊ သူသည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို စစ်မှန်သော နှလုံးသားဖြင့် ကိုးကွယ်သည်ကို မည်သူမျှမငြင်းနိုင်ပေ။ ကောင်းကင်ဘုံရှိ ခမည်းတော်၏ အလိုကို ဖြည့်ဆည်းရန် သူကြွလာပြီးဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်သကဲ့သို့၊ စစ်မှန်ရိုးသားမှုဖြင့် ခမည်းတော် ဘုရားသခင်ကို သူ ရှာဖွေသည်ကို မည်သူမျှ မငြင်းနိုင်ပေ။ သူ၏ ပုံသဏ္ဌာန်သည် အာရုံခံစားမှုများအဖို့ နှစ်သက်ဖွယ် မဟုတ်သော်လည်း၊ သူ၏ အကျယ်တဝင့် ဟောပြောချက်သည် ထူးခြားသော ဟန်ပန်တစ်ခု မပိုင်ဆိုင်သကဲ့သို့၊ သူ၏အမှုသည် လူတို့တွေးထင်သလောက် ကမ္ဘာကို တုန်သွားစေလောက်သော သို့မဟုတ် ကောင်းကင်ဘုံကို လှုပ်ခါသွား စေလောက်သောအရာ မဟုတ်သော်ငြား၊ သူသည် ကောင်းကင်ဘုံရှိ ခမည်းတော်၏ အလိုကို စစ်မှန်သော နှလုံးသားဖြင့် ဖြည့်ဆည်းသည့်၊ ကောင်းကင်ဘုံရှိ ခမည်းတော်ကို လုံးဝ ကျိုးနွံနာခံသကဲ့သို့ သေသည်တိုင်အောင် နာခံသည့် ခရစ်တော် စင်စစ် ဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သူ၏အနှစ်သာရသည် ခရစ်တော်၏ အနှစ်သာရ ဖြစ်သောကြောင့်ဖြစ်သည်။ ဤသမ္မာတရားသည် လူသားအတွက် ယုံကြည်ရန် ခက်ခဲသော်လည်း၊ အမှန်တရား တစ်ခု ဖြစ်သည်။ ခရစ်တော်၏ အမှုတော်သည် အကုန်အစင် ပြည့်စုံပြီးဖြစ်ချိန်တွင်၊ သူ၏ စိတ်သဘောထားနှင့် သူ၏ ဖြစ်တည်မှုတို့သည် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဖြစ်တည်မှုတို့ကို ကိုယ်စားပြုသည်ကို သူ၏ အမှုမှ လူသားက မြင်နိုင်လိမ့်မည်။ ထိုအချိန်တွင် သူ၏ အမှု စုစုပေါင်းက သူသည် နှုတ်ကပတ်တော် ဖြစ်လာသည့် လူ့ဇာတိ ဧကန်အမှန် ဖြစ်ပြီး၊ အသွေးအသားရှိသည့် လူသားကဲ့သို့ မဟုတ်သည်ကို အတည်ပြုနိုင်ပေသည်။ ကမ္ဘာပေါ်၌ ခရစ်တော်၏ အမှုအဆင့်တိုင်းသည် ယင်း၏ ကိုယ်စားပြုသော အရေးပါမှုရှိသော်လည်း၊ အဆင့်အသီးသီး၏ တကယ့်အမှုကို တွေ့ကြုံရသည့် လူသည် သူ၏ အမှု၏ အရေးပါမှုကို သဘောမပေါက်နိုင်ပေ။

ဤသည်မှာ အထူးသဖြင့် သူ၏ ဒုတိယကြိမ် လူ့ဇာတိခံယူခြင်း၌ ဘုရားသခင် ဆောင်ရွက်ခဲ့သော အမှု၏ အဆင့် အချို့အတွက် ဖြစ်သည်။ ခရစ်တော်၏ နှုတ်ကပတ်တော်များကို ကြားရရုံ သို့မဟုတ် မြင်ရရုံလောက်သာရှိပြီး သူ့ကို တစ်ခါမျှ မမြင်ဖူးသူ အများစုသည် သူ၏ အမှုနှင့်ဆိုင်သည့် အယူအဆများ မရှိကြပေ။ ခရစ်တော်ကို မြင်ဖူးပြီး သူ၏နှုတ်ကပတ်တော်များကို ကြားဖူးသည့်အပြင် သူ၏အမှုကိုလည်း တွေ့ကြုံဖူးသူတို့သည် သူ၏အမှုကို လက်ခံရန် ခက်ခဲသည်ကို တွေ့ကြရသည်။ ဤသည်မှာ ခရစ်တော်၏ ပေါ်ထွန်းခြင်းနှင့် ပုံမှန်လူ့သဘာဝတို့သည် လူသား အကြိုက်မဟုတ်သောကြောင့် ဖြစ်သည် မဟုတ်လော။ ခရစ်တော် ထွက်သွားပြီးနောက် သူ၏အမှုကို လက်ခံသူတို့သည် သူ၏ အမှုကို လက်ခံရုံမျှလက်ခံပြီး ခရစ်တော်၏ ပုံမှန် လူ့သဘာဝနှင့် ထိတွေ့ခြင်း မရှိသည့်အတွက်၊ ထိုသို့သော အခက်အခဲများ ရှိလိမ့်မည်မဟုတ်ပေ။ လူသားသည် ဘုရားသခင်နှင့် ပတ်သက်သည့် သူ၏အယူအဆများကို မချန်ထားနိုင်သကဲ့သို့၊ ယင်းအစား ဘုရားသခင်ကို အလွန် ပြင်းထန်စွာ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးသည်။ ဤသည်မှာ လူသားသည် သူ၏ပုံပန်းသဏ္ဍာန် အပေါ်သာ အာရုံစိုက်ပြီး သူ၏အမှုနှင့် နှုတ်ကပတ်တော်များအပေါ် အခြေခံ၍ သူ၏အနှစ်သာရကို သတိမပြုမိနိုင်သောကြောင့် ဖြစ်သည်။ အကယ်၍ လူသားသည် ခရစ်တော်၏ ပုံပန်းသဏ္ဍာန်ကို လျစ်လျူရှုထားမည် သို့မဟုတ် ခရစ်တော်၏ လူ့သဘာဝကို ဆွေးနွေးခြင်းအား ရှောင်ရှားပြီး မည်သည့်လူသားမျှ ကြိုးပမ်း မရရှိနိုင်သည့် သူ၏အမှုနှင့် နှုတ်ကပတ်တော်များ ရှိသည့် သူ၏ ဘုရားသဘာဝကိုသာ ပြောဆိုမည်ဆိုပါက၊ လူသား၏ အယူအဆများသည် လူသား၏ အခက်အခဲများအားလုံးကို ပြေလည်သွားမည့် အတိုင်းအတာအထိပင် ထက်ဝက် ကျဆင်း သွားလိမ့်မည်။ လူ့ဇာတိခံ ဘုရားသခင် အမှုအတောအတွင်းတွင်၊ လူသားသည် သူ့ကို သည်းမခံနိုင်သကဲ့သို့၊ သူနှင့်ပတ်သက်သော အယူအဆ အမြောက်အမြားဖြင့် ပြည့်နှက်ပြီး၊ ခုခံမှုနှင့် မနာခံမှုတို့ ဖြစ်စဉ်များမှာ ဖြစ်နေကျ ဖြစ်သည်။ လူသည် ဘုရားသခင်၏ တည်ရှိခြင်းကို သည်းမခံနိုင်ပေ၊ ခရစ်တော်၏ နှိမ့်ချမှုနှင့် သိုဝှက်မှုတို့အပေါ် သက်ညှာမှု မပြသနိုင် သို့မဟုတ် ကောင်းကင်ဘုံရှိ ခမည်းတော်ကို နာခံသည့် ခရစ်တော်၏ အနှစ်သာရကို ခွင့်မလွှတ်ပေးနိုင်ပေ။ ထို့ကြောင့် လူသားသည် သူ့ကို ၎င်းတို့နှင့်အတူ အသက်ရှင်ဖို့ အခွင့်ပေးရန် လိုလားနေခြင်း မရှိသည့်အတွက်၊ ခရစ်တော်သည် သူ၏အမှု ပြီးစီးသွားပြီးနောက်တွင် လူသားနှင့် ထာဝရ မနေနိုင်ပေ။ လူသားသည် ခရစ်တော်၏ အမှုအတောအတွင်းတွင်၊ သူ့အပေါ် သက်ညှာမှု မပြသနိုင်ပါက၊ ခရစ်တော်သည် သူ၏ အမှုတော်ကို ဖြည့်ဆည်းပြီးသည့်နောက်တွင် သူ၏ နှုတ်ကပတ်တော်များအား လူသားတို့ တဖြည်းဖြည်း တွေ့ကြုံကြသည်ကို စောင့်ကြည့်သည်နှင့်အမျှ၊ ၎င်းတို့နှင့်အတူ သူ

အသက်ရှင်ခြင်းကို ၎င်းတို့ သည်းခံဖို့ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ သို့ဆိုလျှင် သူ့ကြောင့် များစွာသောလူတို့သည် ပြိုလဲကြမည် မဟုတ်လော။ ကမ္ဘာပေါ်၌ အမှုပြုရန်သာ လူသားက သူ့ကို အခွင့်ပေးသည်။ ဤသည်မှာ လူတို့သက်ညှာမှု၏ အကြီးမားဆုံး အတိုင်းအတာ တစ်ခု ဖြစ်သည်။ သူ၏အမှုအတွက် မဟုတ်ခဲ့ပါက၊ လူသည် သူ့ကို အချိန်ကြာမြင့်စွာက ကမ္ဘာမြေမှ နှင်ထုတ်ပြီးဖြစ်ပေမည်၊ ထို့ကြောင့် သူ၏အမှု ပြီးစီးသည်နှင့်တစ်ပြိုင်နက် လူတို့သည် သက်ညှာမှုကို မည်မျှသာ၍ နည်းပါးစွာ ပြသကြမည်နည်း။ ထို့နောက် လူသည် ခရစ်တော်ကို သေခြင်းသို့ပို့ဆောင်ပြီး သေသည်အထိ သူ့ကို ညှဉ်းဆဲကြမည် မဟုတ်လော။ အကယ်၍ သူသည် ခရစ်တော်ဟု အခေါ်မခံခဲ့ရပါက၊ လူတို့အလယ် အလုပ်လုပ်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ အကယ်၍ သူသည် ဘုရားသခင် ကိုယ်တိုင်၏ ပင်ကိုလက္ခဏာဖြင့် အလုပ်မလုပ်သကဲ့သို့ ထိုအစား ပုံမှန် လူတစ်ဦးအဖြစ်သာ အလုပ်လုပ်ခဲ့ပါက၊ လူသည် သူ၏ အမှုကို စိုးစဉ်းမျှ သည်းခံရန်မဆိုထားနှင့်၊ ဝါကျတစ်ကြောင်းကို သူ၏ မိန့်မြွက်ခြင်းအား သည်းခံမည်မဟုတ်ပေ။ ထို့ကြောင့် သူသည် သူ၏အမှုတွင် ဤပင်ကိုလက္ခဏာကို သူနှင့်အတူ သယ်ဆောင်ရုံသာ တတ်နိုင်သည်။ ဤနည်းဖြင့် လူအားလုံးသည် တည်မြဲပြီး ကြီးမားသော ပင်ကိုလက္ခဏာကို နာခံလိုက်လျှောက်ရန် လိုလားနေကြသည့်အတွက်၊ သူ၏အမှုသည် ထိုသို့ မလုပ်ဆောင်ခဲ့မည်ထက်ပင် ပို၍ အားကောင်းလေသည်။ သူသည် ဘုရားသခင် ကိုယ်တော်တိုင်အဖြစ် အမှုပြုသည်နှင့်အမျှ သို့မဟုတ် ပေါ်ထွန်းသည်နှင့်အမျှ ဘုရားသခင် ကိုယ်တော်တိုင်၏ ပင်ကိုလက္ခဏာကို သူ မသယ်ဆောင်ခဲ့ပါက၊ သူသည် အမှုပြုဖို့ အခွင့်အရေး လုံးဝ ရှိမည် မဟုတ်ပေ။ သူသည် ဘုရားသခင်၏ အနှစ်သာရနှင့် ခရစ်တော်၏ ဖြစ်ခြင်းတို့ကို ရှိထားသော်ငြားလည်း၊ လူသားမျိုးနွယ်အလယ်တွင် သူ၏အမှုကို လွယ်လင့်တကူ ဆောင်ရွက်ဖို့ သူ့ကို လူသားက လျှော့ပေါ့ပြီး အခွင့်ပေးမည် မဟုတ်ပေ။ သူသည် သူ၏အမှုတွင် ဘုရားသခင် ကိုယ်တိုင်၏ ပင်ကိုလက္ခဏာကို သယ်ဆောင်လေသည်။ ထိုသို့သော အမှုသည် ထိုသို့သော ပင်ကိုလက္ခဏာမပါဘဲ၊ လုပ်ဆောင်ခဲ့သည်ထက် အကြိမ်ပေါင်း မြောက်မြားစွာ တန်ခိုးသာ၍ ကြီးမားသော်ငြားလည်း၊ လူသားသည် သူ၏ အနှစ်သာရကို မဟုတ်ဘဲ၊ သူ၏ အဆင့်အတန်းကိုသာ ကျိုးနွံနာခံသည့်အတွက်၊ လူသည် သူ့ကို အပြည့်အဝ မနာခံသေးပေ။ သို့ဆိုလျှင် တစ်နေ့ ခရစ်တော်သည် သူ၏ရာထူးမှ နုတ်ထွက်မည့်အချိန်တွင်၊ လူသည် သူ့ကို တစ်ရက်တာမျှပင် ဆက်အသက်ရှင်ရန် ခွင့်ပြုနိုင်မည်လော။ ဘုရားသခင်သည် နောက်လာမည့် နှစ်များတွင် သူ၏ လက်ဖြင့်ပြုသော အမှုက ဖြစ်ပေါ်စေမည့် အကျိုးတရားများကို မြင်တွေ့နိုင်ဖို့အလို့ငှာ လူသားနှင့်အတူ ကမ္ဘာပေါ်၌ အတူတကွ နေထိုင်လိုသည်။ သို့သော် လူသားသည် သူ၏ မျက်မှောက်ကို

တစ်ရက်မျှပင် သည်းမခံနိုင်ပေ၊ ထို့ကြောင့် သူ့အနေနှင့် လက်လျှော့ရုံသာ တတ်နိုင်ခဲ့သည်။ ဘုရားသခင်အား လူသားအလယ်တွင် သူ လုပ်ဆောင်သင့်သည့် အမှုကို လုပ်ဆောင်ခွင့်ပေးပြီး သူ၏အမှုတော်ကို ဖြည့်ဆည်းခွင့်ပေးဖို့ ဆိုသည်မှာ လူသား၏ သက်ညှာမှုနှင့် ကျေးဇူးတော်တို့၏ အကြီးမားဆုံးသော အတိုင်းအတာ ဖြစ်နှင့်ပြီး ဖြစ်သည်။ သူ၏ ကိုယ်တိုင်ကိုယ်ကျ သိမ်းပိုက်ခြင်းခံခဲ့ရသော သူများသည် သူ့အား ထိုသို့သော ကျေးဇူးကို ပြကြသော်ငြားလည်း၊ ၎င်းတို့သည် သူ၏အမှု ပြီးစီးပြီးဖြစ်သည်အထိသာ သူ့ကို နေထိုင်ခွင့်ပြုဆဲ ဖြစ်ပြီး တစ်ဒင်္ဂမျှ နောက်ထပ် ခွင့်မပြုပေ။ ဤသို့ဆိုပါက သူ၏ သိမ်းပိုက်ခြင်း မခံရသူတို့အကြောင်းကား အဘယ်သို့နည်း။ လူသားသည် လူ့ဇာတိခံ ဘုရားသခင်ကို ဤသို့ဆက်ဆံသည့် အကြောင်းရင်းမှာ သူသည် ပုံမှန်လူသားတစ်ဦး၏ အခွံရှိသည့် ခရစ်တော် ဖြစ်သောကြောင့် မဟုတ်လော။ အကယ်၍ သူသည် ဘုရားသဘောသဘာဝသာရှိပြီး ပုံမှန်လူ့သဘာဝ မရှိပါက၊ လူသား၏ အခက်အခဲများကို အလွယ်ကူဆုံး ဖြေရှင်းလိုက်နိုင်မည် မဟုတ်လော။ သူ၏အနှစ်သာရသည် ကောင်းကင်ဘုံရှိ ခမည်းတော်၏ အလိုကို ကျိုးနွံနာခံသည့်ခရစ်တော်၏ အနှစ်သာရ အတိအကျဖြစ်သည် ဆိုသော်ငြားလည်း၊ လူသားသည် သူ၏ ဘုရားသဘောသဘာဝကို စိတ်မပါ့တစ်ပါ အသိအမှတ်ပြုပြီး သာမန်လူသား တစ်ဦးနှင့်ဆိုင်သည့် သူ၏ အကာကို စိတ်မဝင်စားပေ။ ထိုသို့ဖြင့် လူသည် သူ၏တည်ရှိခြင်းကို သည်းမခံနိုင်တော့သည့်အတွက် သူသည် ၎င်းတို့နှင့်အတူတကွ ပျော်ရွှင်မှုများနှင့် ဝမ်းနည်းမှုများကို မျှဝေနိုင်ရန် လူသားအလယ်တွင် ရှိခြင်းနှင့်ဆိုင်သည့် သူ၏ အမှုကို ပယ်ဖျက်ရုံသာ တတ်နိုင်လေသည်။

## လူ၏သာမန်ဘဝကို နဂိုအတိုင်း ပြန်ဖြစ်လာစေခြင်းနှင့် သူ့ကို အံ့သြဖွယ်ကောင်းသော ခရီးပန်းတိုင်သို့ ခေါ်ဆောင်သွားခြင်း

လူသားသည် ယနေ့အမှုနှင့် အနာဂတ်အမှုတို့ကို အနည်းအကျဉ်းသာ နားလည်၏၊ သို့ရာတွင် သူသည် လူသားမျိုးနွယ် ဝင်ရောက်မည့် ပန်းတိုင်ကို နားမလည်ပေ။ အဖန်ဆင်းခံတစ်ဦး အနေဖြင့် လူသားသည် အဖန်ဆင်းခံတစ်ဦး၏တာဝန်ကို ထမ်းဆောင်သင့်သည်- လူသားသည် ဘုရားသခင် လုပ်ဆောင်သည့်အရာတိုင်းတွင် ဘုရားသခင်နောက်လိုက်သင့်၏၊ သင်တို့သည် ငါပြောသမျှနည်းလမ်းအတိုင်း ဆက်လက် ဆောင်ရွက်သင့်သည်၊ သင်သည် မိမိကိုယ်ကိုယ်အတွက် အမှုအရာများကို စီမံနိုင်ခြင်းမရှိကဲ့သို့၊ မိမိကိုယ်ကိုယ်အပေါ်

ထိန်းချုပ်နိုင်ခြင်းလည်း မရှိပေ၊ အရာအားလုံးကို ဘုရားသခင်ထံ ဝကွက်အပ်ရမည်ဖြစ်ပြီး၊ အရာရာတိုင်းသည် သူ့လက်အတွင်း၌ ထိန်းချုပ်ခြင်းကို ခံရ၏။ ဘုရားသခင်၏အမှုသည် လူသားကို မျှော်မှန်းချိန်ထက်စော၍ ရလဒ်တစ်ခု၊ နှစ်သက်ပျော်ရွှင်ဖွယ် ပန်းတိုင်တစ်ခုပေးပြီး၊ ဘုရားသခင်သည် လူသားကိုသွေးဆောင်ရန်နှင့် လူသားကို သူ့နောက်သို့ လိုက်စေရန် ဤအရာကို အသုံးပြုပါက- သူသည် လူသားနှင့် အပေးအယူတစ်ရပ် လုပ်ပါက- ဤသည်မှာ သိမ်းပိုက်ခြင်းဖြစ်မည် မဟုတ်သကဲ့သို့၊ လူသား၏အသက်တာကို အမှုပြုဖို့လည်း မဟုတ်ပေ။ ဘုရားသခင်သည် လူသားကို ထိန်းချုပ်ပြီး၊ လူသား၏နှလုံးသားကို ရယူရန် လူသား၏ နိဂုံးကို အသုံးပြုမည်ဆိုပါက၊ ဤတွင် သူသည် လူသားကို စုံလင်နေစေခြင်း မဟုတ်သကဲ့သို့၊ လူသားကို ရရှိနိုင်မည်လည်းမဟုတ်ပေ၊ ယင်းအစား သူ့ကို ထိန်းချုပ်ရန် ပန်းတိုင်ကို အသုံးပြုနေခြင်းဖြစ်ပေမည်။ လူသားသည် အနာဂတ်နိဂုံး၊ နောက်ဆုံးခရီးပန်းတိုင်နှင့် မျှော်လင့်ရန် ကောင်းသောအရာတစ်ခုခု ရှိ မရှိတို့ထက် သာ၍ မည်သည့်အရာကိုမျှ အရေးမထားပေ။ သိမ်းပိုက်သည့်အမှုအတွင်းတွင် လူကို လှပသည့် မျှော်လင့်ချက်တစ်ရပ် ပေးခဲ့မည်ဆိုပါက၊ ပြီးလျှင် လူသားကို သိမ်းပိုက်ခြင်းမတိုင်မီတွင်၊ လိုက်စားရှာဖွေရမည့် သင့်တော်သော ခရီးပန်းတိုင်တစ်ခုကို သူ့အားပေးခဲ့ပါက၊ လူသားကို သိမ်းပိုက်ခြင်းသည် ယင်း၏ အကျိုးတရားကို ရရှိမည် မဟုတ်သည်သာမက၊ သိမ်းပိုက်ခြင်းအမှု၏ သက်ရောက်မှုသည်လည်း လွှမ်းမိုးခံရမည် ဖြစ်သည်။ ဆိုလိုသည်မှာ သိမ်းပိုက်ခြင်းအမှုသည် လူသား၏ကံကြမ္မာနှင့် အလားအလာများကို ယူဆောင်သွားခြင်း၊ ပြီးလျှင် လူသား၏ ပုန်ကန်သော စိတ်သဘောထားကို တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့အားဖြင့် ယင်း၏အကျိုးတရားကို စွမ်းဆောင်ရရှိသည်ဟုဆိုရပေမည်။ ယင်းကို လူသားနှင့် အပေးအယူတစ်ရပ် လုပ်ဆောင်ခြင်းဖြင့်၊ ဆိုလိုသည်မှာ လူသားကို ကောင်းချီးမင်္ဂလာများနှင့် ကျေးဇူးတော်တို့ကို ပေးခြင်းဖြင့် စွမ်းဆောင်ရရှိသည်မဟုတ်ဘဲ၊ ယင်းထက် လူသားအား ၎င်း၏ “လွတ်လပ်မှု” ကို လုံးဝဖယ်ရှားခြင်းနှင့် သူ၏အလားအလာများကို အမြစ်ဖြတ်ခြင်းမှ သူ၏သစ္စာ စောင့်သိမှုကို ထုတ်ဖော်ပြခြင်းအားဖြင့် ရရှိပေသည်။ ဤသည်မှာ သိမ်းပိုက်ခြင်းအမှု၏ အနှစ်သာရဖြစ်သည်။ တကယ့်အစအဦးတွင် လူသားကို နှစ်သက်ဖွယ်ကောင်းသော မျှော်လင့်ချက်ပေးခဲ့ပြီး၊ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းအမှုတို့ကို ထို့နောက်တွင် လုပ်ဆောင်ပါက၊ လူသားသည် အလားအလာများရှိခဲ့သည့် အခြေခံအကြောင်းရင်းအရ ဤပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို လက်ခံမည်ဖြစ်ပြီး၊ အဆုံးတွင် ဖန်ဆင်းရှင်ကို သူ၏အဖန်ဆင်းခံများအားလုံးက အကြွင်းမဲ့နာခံခြင်းနှင့် ကိုးကွယ်ခြင်းတို့အား

ရရှိမည်မဟုတ်ပေ။ ကျိုးကြောင်းမမြင်သည့် မသိနားမလည်သော နာခံမှုသာလျှင် ရှိမည်ဖြစ်သည်၊ သို့မဟုတ်ပါက လူသားသည် ကျိုးကြောင်းမမြင်ဘဲ ဘုရားသခင်အပေါ် တောင်းဆိုမှုများ ပြုမည်ဖြစ်သကဲ့သို့ လူသား၏နှလုံးသားကို အပြည့်အဝ သိမ်းပိုက်ရန်မှာ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ အကျိုးဆက်အနေဖြင့်၊ ထိုသို့သော သိမ်းပိုက်ခြင်းအမှုသည် လူသားကို ရရှိဖို့ ဖြစ်နိုင်မည် ဟုတ်ပေ၊ ထို့အပြင် ဘုရားသခင်အဖို့ သက်သေခံရန် ဖြစ်နိုင်မည်မဟုတ်ပေ။ ထိုသို့သော အဖန်ဆင်းခံများသည် ၎င်းတို့၏တာဝန်ကို ထမ်းဆောင်နိုင်မည် မဟုတ်သကဲ့သို့ ဘုရားသခင်နှင့် အပေးအယူများသာ လုပ်ဆောင်မည် ဖြစ်သည်။ ဤသည်မှာ သိမ်းပိုက်ခြင်း ဖြစ်မည်မဟုတ်ဘဲ၊ သနားခြင်းကရုဏာနှင့် ကောင်းချီးမင်္ဂလာသာ ဖြစ်ပေမည်။ လူသားနှင့်ပတ်သက်၍ အကြီးမားဆုံးသော ပြဿနာမှာ သူသည် သူ၏ကံကြမ္မာနှင့် အလားအလာများကိုသာ တွေးပြီး ဤအရာများကို မြတ်နိုးကိုးကွယ်ခြင်း ဖြစ်သည်။ လူသားသည် သူ၏ကံကြမ္မာနှင့် အလားအလာအတွက် ဘုရားသခင်ကို လိုက်လံရှာဖွေသည်။ ဘုရားသခင်ကို သူချစ်သောကြောင့် ကိုးကွယ်နေခြင်း မဟုတ်ပေ။ ထို့ကြောင့်၊ လူသားကို သိမ်းပိုက်ရာတွင်၊ လူသား၏ တစ်ကိုယ်ကောင်းဆန်ခြင်း၊ လောဘနှင့် ဘုရားသခင်ကို သူ၏ကိုးကွယ်မှုအား အတားဆီးဆုံးသောအရာများအားလုံးကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ဖယ်ရှားရမည် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့်၊ လူသားကို သိမ်းပိုက်ခြင်း အကျိုးတရားများကို ရရှိပေလိမ့်မည်။ အကျိုးဆက်အနေဖြင့်၊ လူသားကိုသိမ်းပိုက်ခြင်း၏ ပထမအဆင့်များတွင် လူသား၏ အထိန်းအကွပ်မဲ့သော ရည်မှန်းချက်များနှင့် အဆိုးရွားဆုံးသော အားနည်းချက်များကို သန့်စင်ပစ်ဖို့ လိုအပ်ပြီး၊ ဤအရာမှတစ်ဆင့် ဘုရားသခင်အပေါ် လူသား၏ ချစ်ခြင်းမေတ္တာကို ထုတ်ဖော်ပြဖို့နှင့် လူ့ဘဝနှင့်ဆိုင်သော သူ၏ အသိ၊ ဘုရားသခင်အပေါ် သူ၏အမြင်နှင့် သူ၏ဖြစ်တည်မှု အဓိပ္ပာယ်တို့ကို ပြောင်းလဲရန် လိုအပ်ပေသည်။ ဤနည်းဖြင့်၊ ဘုရားသခင်အပေါ် လူသား၏ ချစ်ခြင်းမေတ္တာသည် သန့်စင်သွား၏၊ ဆိုလိုသည်မှာ၊ လူသား၏ စိတ်နှလုံးသည် သိမ်းပိုက်ခံရပေသည်။ သို့ရာတွင် အဖန်ဆင်းခံများ အားလုံးအပေါ် ဘုရားသခင်၏ သဘောထားတွင်၊ ဘုရားသခင်သည် သိမ်းပိုက်ခြင်းအတွက်သာ သိမ်းပိုက်သည် မဟုတ်ဘဲ၊ အတိအကျ ဆိုရပါက သူ၏ ဘုန်းအသရေအတွက် လူသားကို ရရှိဖို့နှင့် လူသား၏ အစ၊ မူလ ပုံသဏ္ဌာန်ကို ပြန်ရရန်အလို့ငှာ သိမ်းပိုက်ခြင်းဖြစ်၏။ သူသည် သိမ်းပိုက်ခြင်းအတွက်သာ သိမ်းပိုက်မည်ဆိုပါက၊ သိမ်းပိုက်ခြင်း အမှု၏ အရေးပါမှုမှာ ပျောက်ဆုံးသွားပေလိမ့်မည်။ ဆိုလိုသည်မှာ လူသားကို သိမ်းပိုက်ပြီးနောက်၊ ဘုရားသခင်သည် လူသားနှင့် မပတ်သက်တော့သကဲ့သို့ လူသား၏သေခြင်း၊ ရှင်ခြင်းကို အရေးမစိုက်ပါက၊ ဤသည်မှာ

လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်း ဖြစ်လိမ့်မည် မဟုတ်သကဲ့သို့၊ လူသားကို သိမ်းပိုက်ခြင်းသည်လည်း သူ၏ကယ်တင်ခြင်း အတွက် ဖြစ်လိမ့်မည် မဟုတ်ဟု ဆိုလိုသည်။ လူသားကို သိမ်းပိုက်ပြီးနောက် သူ့ကိုရယူခြင်းနှင့် အံ့ဩဖွယ်ရာပန်းတိုင်သို့ လူသား၏ နောက်ဆုံး ရောက်ရှိခြင်းတို့သည်သာ ကယ်တင်ခြင်းအမှုတစ်ခုလုံး၏ အချက်အချာတွင် ရှိကာ၊ ဤအရာကသာ လူသား၏ကယ်တင်ခြင်း ရည်မှန်းချက်အား ရရှိနိုင်ပေသည်။ တစ်နည်းအားဖြင့်ဆိုလျှင်၊ လှပသည့် ပန်းတိုင်သို့ လူသားရောက်ရှိခြင်းနှင့် ငြိမ်သက်ခြင်းချမ်းသာထဲသို့ သူ၏ ဝင်ရောက်ခြင်းသည်သာ အဖန်ဆင်းခံအားလုံး ပိုင်ဆိုင်သင့်သည့် အလားအလာများဖြစ်ပြီး ဖန်ဆင်းရှင်အနေဖြင့် လုပ်ဆောင်သင့်သည့် အမှု ဖြစ်သည်။ အကယ်၍ လူသားသည် ဤအမှုကို လုပ်ဆောင်ရမည်ဆိုပါက၊ အလွန်အကန့်အသတ်ရှိပေမည်- ယင်းသည် လူသားကို အခြေအနေ တစ်ခုထိ ခေါ်ဆောင်သွားနိုင်မည်ဖြစ်သော်လည်း၊ လူသားကို ထာဝရ ပန်းတိုင်သို့ ခေါ်ဆောင်နိုင်မည် မဟုတ်ပေ။ လူသားသည် လူသား၏ကံကြမ္မာကို မဆုံးဖြတ်နိုင်သကဲ့သို့၊ ထို့အပြင် လူသား၏ အလားအလာများနှင့် အနာဂတ် ပန်းတိုင်ကိုလည်း မသေချာစေနိုင်ပေ။ သို့ရာတွင် ဘုရားသခင် လုပ်ဆောင်သည့်အမှုသည် ကွဲပြားခြားနား၏။ သူသည် လူသားကို ဖန်ဆင်းခဲ့သည့်အတွက်၊ လူသားကို သူဦးဆောင်လမ်းပြ၏။ လူသားကို သူကယ်တင်သည့်အတွက်၊ သူသည် လူသားကို လုံးလုံးလျားလျား ကယ်တင်ပြီး လုံး၀ ရယူလိမ့်မည်။ သူသည် လူသားကို ဦးဆောင်သည့်အတွက်၊ လူသားကို သင့်လျော်သည့် ပန်းတိုင်သို့ ပို့ဆောင်လိမ့်မည်။ ပြီးလျှင် သူသည် လူသားကိုဖန်ဆင်းခဲ့ပြီး စီမံခန့်ခွဲသည့်အတွက်၊ လူသား၏ကံကြမ္မာနှင့် အလားအလာများအတွက် သူတာဝန်ယူရမည် ဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းရှင် လုပ်ဆောင်သည့် အမှုဖြစ်သည်။ သိမ်းပိုက်ခြင်းအမှုကို လူသားအား သူ၏ အလားအလာများမှ သန့်စင်စေခြင်းဖြင့် ရရှိသော်လည်း၊ လူသားသည် နောက်ဆုံးတွင် ၎င်းအတွက် ဘုရားသခင် ပြင်ဆင်ထားသည့် သင့်တော်သော ပန်းတိုင်ထဲသို့ ခေါ်ဆောင်ခံရမည် ဖြစ်သည်။ လူသားသည် ပန်းတိုင်တစ်ခုရှိပြီး သူ၏ ကံကြမ္မာ သေချာသည်မှာ အတိအကျအားဖြင့် ဘုရားသခင်သည် လူသားအပေါ် အမှုပြုသောကြောင့် ဖြစ်ပေသည်။ ဤနေရာတွင် ရည်ညွှန်းထားသည့် သင့်တော်သော ပန်းတိုင်မှာ လူသား၏ အတိတ်က သန့်စင်ခံရသော မျှော်လင့်ချက်များနှင့် အလားအလာများ မဟုတ်ပေ။ ထိုနှစ်ခုမှာ ကွဲပြားခြားနား၏။ လူသားက မျှော်လင့်ပြီး လိုက်စားသည့် အရာများသည် လူသားနှင့်လျော်ကန်သော ပန်းတိုင်ဆိုသည်ထက်၊ ဇာတိပကတိ၏ လွန်ကဲသော အလိုဆန္ဒများကို သူ၏လိုက်စားမှုမှ ထွက်ပေါ်သော တမ်းတမှုများ ဖြစ်သည်။ ထိုစဉ်အတောအတွင်း လူသားအတွက် ဘုရားသခင်

ပြင်ဆင်ထားသည့်အရာများမှာ၊ လူသားကို ဖြူစင်စေပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းနှင့် ထိုက်သင့်သည့် ကောင်းချီးမင်္ဂလာများနှင့် ကတိများဖြစ်ပေသည်၊ ယင်းတို့မှာ ကမ္ဘာလောကကို ဖန်ဆင်းပြီးနောက် လူသားအတွက် ဘုရားသခင် ပြင်ဆင်ထားခဲ့ပြီး လူသား၏ ရွေးချယ်မှုများ၊ အယူအဆများ၊ စိတ်ကူးများ သို့မဟုတ် ဇာတိပကတိတို့ဖြင့် မစွန်းထင်းပေ။ ဤပန်းတိုင်ကို သီးခြားလူတစ်ဦးအတွက် ပြင်ဆင်ထားခြင်း မဟုတ်ဘဲ၊ လူသားမျိုးနွယ်တစ်ရပ်လုံး၏ နားခိုရာအရပ်ဖြစ်၏။ ထို့ကြောင့် ဤပန်းတိုင်သည် လူသားမျိုးနွယ်အတွက် အသင့်တော်ဆုံး ပန်းတိုင်ဖြစ်၏။

ဖန်ဆင်းရှင်သည် ဖန်ဆင်းခြင်း၏ သက်ရှိအားလုံးကို စီစဉ်ညွှန်ကြားရန် ရည်ရွယ်၏။ သူလုပ်ဆောင်သည့်အရာ မည်သည့်အရာကိုမျှ သင်သည် မစွန့်ပစ်ရ သို့မဟုတ် မနာခံရမည်မဟုတ်သကဲ့သို့၊ သူ့အပေါ် ပုန်လည်းမပုန်ကန်သင့်ပေ။ သူလုပ်ဆောင်သည့်အမှုသည် အဆုံးတွင် သူ၏ ရည်မှန်းချက်များကို ဖြစ်မြောက်စေသောအခါ၊ ဤအရာ၌ သူသည် ဘုန်းအသရေ ရရှိလိမ့်မည်။ ယနေ့တွင်၊ သင်သည် မောဘ၏ သားစဉ်မြေးဆက်ဖြစ်သည် သို့မဟုတ် အဆင်းနီသော နဂါးကြီး၏ သားသမီးများဖြစ်သည်ကို အဘယ်ကြောင့် မပြောထားပါသနည်း။ အဘယ်ကြောင့် ရွေးချယ်ထားသူများအကြောင်း မပြောဘဲ၊ အဖန်ဆင်းခံ သတ္တဝါများအကြောင်းသာ ပြောသနည်း။ အဖန်ဆင်းခံ သတ္တဝါ- ဤသည်မှာ လူ၏နဂိုမူလ အမည်နာမဖြစ်ပြီး၊ သူ၏မွေးရာပါ ပင်ကိုလက္ခဏာမှာ ဤအရာ ဖြစ်သည်။ အမှု၏ ခေတ်များနှင့် အချိန်ကာလများ ကွဲပြားသောကြောင့်သာ အမည်နာမများ ကွဲပြားခြင်းဖြစ်၏။ အမှန်တွင်၊ လူသည် သာမန်အဖန်ဆင်းခံတစ်ဦးသာ ဖြစ်၏။ အဖောက်ပြန်အပျက်စီးဆုံးဖြစ်စေ၊ အသန့်ရှင်းဆုံးဖြစ်စေ၊ အဖန်ဆင်းခံများ အားလုံးသည် အဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ တာဝန်ကို ထမ်းဆောင်ရ မည်ဖြစ်သည်။ ဘုရားသခင်သည် သိမ်းပိုက်ခြင်းအမှုကို ဆောင်ရွက်သည့်အခါ၊ သူသည် သင်၏အလားအလာများ၊ ကံကြမ္မာ သို့မဟုတ် ခရီးပန်းတိုင်ကို အသုံးပြုလျက် သင့်ကို မထိန်းချုပ်ပေ။ ဤနည်းဖြင့် အလုပ်လုပ်ရန် အမှန်တကယ် မလိုအပ်ပေ။ သိမ်းပိုက်ခြင်း အမှု၏ ရည်မှန်းချက်မှာ လူအား အဖန်ဆင်းခံ သတ္တဝါတစ်ဦး၏တာဝန်ကို ထမ်းဆောင်စေရန်၊ ဖန်ဆင်းရှင်ကို ကိုးကွယ်စေရန်ဖြစ်သည်။ ဤအရာကို ပြုပြီးမှသာ သူသည် နှစ်သက်ဖွယ်ကောင်းသော ခရီးပန်းတိုင်ထဲသို့ ဝင်ရောက်နိုင်မည် ဖြစ်သည်။ လူ၏ကံကြမ္မာကို ဘုရားသခင်၏လက်များက ထိန်းချုပ်ထား၏။ သင်သည် မိမိကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်း မရှိပေ- လူသည် သူ၏အကျိုးအတွက် အမြဲပြေးလွှားကာ အလုပ်ရှုပ်နေသော်လည်း၊ မိမိကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်း မရှိမြဲဖြစ်လေသည်။ သင်သည် သင်ကိုယ်တိုင်၏အလားအလာများကို သိနိုင်မည်ဆိုပါက၊

သင်၏ကံကြမ္မာကို ထိန်းချုပ်နိုင်မည်ဆိုပါက၊ သင်သည် အဖန်ဆင်းခံ သတ္တဝါတစ်ဦး ဖြစ်ဦးမည်လော။ တိုတိုပြောရလျှင်၊ ဘုရားသခင်သည် မည်သို့ အမှုပြုသည်ကို ပဓာနမထားဘဲ၊ သူ၏အမှုအားလုံးသည် လူသားအတွက်ဖြစ်၏။ ဥပမာအားဖြင့်၊ လူသားကို အလုပ်အကျွေးပြုရန် ဘုရားသခင် ဖန်ဆင်းခဲ့သည့် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ကြည့်လော့။ လူသားအတွက် သူဖန်ဆင်းခဲ့သည့် လ၊ နေနှင့် ကြယ်များ၊ တိရစ္ဆာန်များနှင့် အပင်များ၊ နွေဦးရာသီ၊ နွေရာသီ၊ ဆောင်းဦးရာသီနှင့် ဆောင်းရာသီ စသဖြင့်- အားလုံးသည် လူသား၏ဖြစ်တည်မှုအတွက် ဖန်တီးထားခြင်း ဖြစ်၏။ ထို့ကြောင့်၊ ဘုရားသခင်သည် လူကို မည်သို့ ပြစ်တင်ဆုံးမကာ တရားစီရင်သည်ဖြစ်စေ၊ အားလုံးသည် လူ၏ ကယ်တင်ခြင်းအတွက်သာ ဖြစ်၏။ သူသည် လူသားထံမှ ၎င်း၏ ဇာတိဆန်သည့် မျှော်လင့်ချက်များကို ဖယ်ရှားပစ်သော်လည်း၊ ယင်းသည် လူသားကို သန့်စင်စေခြင်းအတွက်ဖြစ်ပြီး လူ ရှင်သန်နိုင်ဖို့အလို့ငှာ လူကိုသန့်စင်ခြင်းကို လုပ်ဆောင်ခြင်း ဖြစ်သည်။ လူ၏ ခရီးပန်းတိုင်သည် ဖန်ဆင်းရှင်၏ လက်ထဲတွင်ရှိ၏၊ ထို့ကြောင့် လူသည် မိမိကိုယ်ကိုယ် မည်သို့ ထိန်းချုပ်နိုင်မည်နည်း။

သိမ်းပိုက်ခြင်းအမှု ပြီးပြည့်စုံသည်နှင့်တစ်ပြိုင်နက်၊ လူသည် လှပသော ကမ္ဘာလောကတစ်ခုထဲသို့ ခေါ်ဆောင်ခံရလိမ့်မည်။ ဟုတ်ပေ၏၊ ဤအသက်တာသည် ကမ္ဘာမြေကြီးပေါ်တွင် ရှိနေဆဲဖြစ်လိမ့်မည် ဖြစ်သော်လည်း၊ ယနေ့ လူသား၏အသက်တာနှင့် လုံးဝတူညီမည် မဟုတ်ပေ။ ယင်းသည် လူသားမျိုးနွယ် တစ်ရပ်လုံး သိမ်းပိုက်ခံရပြီးနောက်၊ လူသားမျိုးနွယ် ရှိမည့် အသက်တာဖြစ်သည်၊ ယင်းသည် ကမ္ဘာမြေကြီးပေါ် ရှိ လူသားအတွက် အသစ်စတင်ခြင်းတစ်ခု ဖြစ်လိမ့်မည်ဖြစ်ပြီး၊ လူသားမျိုးနွယ်အတွက် ထိုသို့သော အသက်တာတစ်ခု ရှိရန်မှာ လူသားမျိုးနွယ်သည် သစ်လွင်ပြီး လှပသော နယ်ပယ်တစ်ခုထဲသို့ ဝင်ရောက်ပြီးဖြစ်သည့် သက်သေ ဖြစ်လိမ့်မည်။ ယင်းသည် ကမ္ဘာမြေပေါ်တွင် လူနှင့် ဘုရားသခင်၏ ဘဝ စတင်ခြင်း ဖြစ်လိမ့်မည်။ ထိုသို့သော လှပသည့် အသက်တာ၏ အကြောင်းပြချက်မှာ လူသည် သန့်စင်ခံရကာ သိမ်းပိုက်ခံရပြီးနောက်တွင်၊ ဖန်ဆင်းရှင်ရှေ့မှောက်တွင် သူ ကျိုးနွံ့နာခံခြင်းကြောင့် ဖြစ်ရပေမည်။ ထို့ကြောင့်၊ သိမ်းပိုက်ခြင်း အမှုသည် လူသားမျိုးနွယ်က နှစ်သက်ဖွယ်ကောင်းသော ခရီးပန်းတိုင်ထဲသို့ မဝင်ရောက်မီ ဘုရားသခင်၏ အမှု၏ နောက်ဆုံးအဆင့် ဖြစ်သည်။ ထိုသို့သော အသက်တာတစ်ခုသည် ကမ္ဘာမြေပေါ်က လူ၏အနာဂတ် အသက်တာဖြစ်၏၊ ကမ္ဘာပေါ်က အလှပဆုံးသော အသက်တာဖြစ်၏၊ လူသား တောင့်တသော အသက်တာမျိုးဖြစ်၏၊ ကမ္ဘာ့သမိုင်းတွင် လူသားအနေဖြင့် တစ်ကြိမ်တစ်ခါမျှ မရရှိဖူးသော အသက်တာမျိုး ဖြစ်၏။ ယင်းသည် အနှစ်

၆၀၀၀ စီမံခန့်ခွဲခြင်းအမှု၏ နောက်ဆုံးရလဒ် ဖြစ်သည်။ ယင်းသည် လူသားမျိုးနွယ် အတမ်းတဆုံးသောအရာဖြစ်ပြီး လူသားထံ ဘုရားသခင်၏ ကတိလည်း ဖြစ်သည်။ သို့ရာတွင် ဤကတိသည် ချက်ချင်းဖြစ်မလာနိုင်ပေ။ နောက်ဆုံးသော ကာလ၏ အမှု ပြီးဆုံးပြီး လူသည် လုံးဝသိမ်းပိုက်ခံရပြီးမှသာ၊ ဆိုလိုသည်မှာ စာတန် လုံးဝ ရှုံးနိမ့်ပြီးဖြစ်သည်နှင့်တစ်ပြိုင်နက် လူသည် အနာဂတ် ခရီးပန်းတိုင်ထဲသို့ ဝင်ရောက်လိမ့်မည်။ လူသည် စစ်ဆေးခံရပြီးနောက်တွင်၊ အပြစ်ရှိသော သဘာဝမရှိဘဲ ဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် စာတန်ကို အနိုင်ယူပြီးဖြစ်လိမ့်မည် ဖြစ်သောကြောင့်ဖြစ်၏၊ ဆိုလိုသည်မှာ ရန်လိုသည့် အင်အားစုများ၏ ဝင်ရောက်စွက်ဖက်ခြင်း ရှိမည်မဟုတ်သကဲ့သို့၊ လူ၏ ဇာတိပကတိကို တိုက်ခိုက်နိုင်သည့် ရန်လိုသည့် အင်အားစုများ လုံးဝ ရှိလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် လူသည် လွတ်လပ်ကာ သန့်ရှင်းလိမ့်မည်- သူသည် ထာဝရကာလထဲသို့ ဝင်ရောက်ပြီး ဖြစ်လိမ့်မည်။ ရန်လိုသော အမှောင်အင်အားစုများကို ကျေးကျွန်ဘဝတွင် ထိန်းချုပ်ထားမှသာ လူသည် သွားလေရာရာ၌ လွတ်လပ်လိမ့်မည်ဖြစ်ပြီး၊ ထိုသို့ဖြင့် သူသည် ပုန်ကန်ခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းများ ရှိမည်မဟုတ်ပေ။ စာတန်သည် ကျေးကျွန်ဘဝတွင် ထိန်းချုပ်ခံရဖို့သာရှိပြီး၊ လူနှင့်ပတ်သက်၍ အားလုံး အဆင်ပြေလိမ့်မည်။ ကမ္ဘာမြေပေါ်က နေရာတိုင်းတွင် စာတန်သည် ဒုက္ခမွှေနှောက်လျက်ရှိဆဲ ဖြစ်သောကြောင့်နှင့် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအမှု တစ်ရပ်လုံး အဆုံးသို့ မရောက်ရှိသေးသောကြောင့် လတ်တလော အခြေအနေ တည်ရှိခြင်း ဖြစ်သည်။ စာတန် ကျရှုံးသည်နှင့် တစ်ပြိုင်နက်၊ လူသည် လုံးဝလွတ်မြောက်လိမ့်မည်ဖြစ်သည်။ လူသည် ဘုရားသခင်ကိုရရှိပြီး စာတန်၏ နယ်ပယ်အောက်မှ ထွက်လာသည့်အခါ၊ ၎င်းသည် ဖြောင့်မတ်ခြင်း၏နေမင်းကို ရှုမြင်ရလိမ့်မည်။ သာမန်လူသားတစ်ဦးနှင့် ထိုက်သင့်သည့်ဘဝကို ပြန်လည်ရရှိလိမ့်မည်။ အကောင်းအဆိုး သိမြင်နိုင်စွမ်းနှင့် မိမိကိုယ်ကိုယ် မည်သို့စားပြီး ဝတ်ဆင်ရမည်ကို နားလည်နိုင်စွမ်း၊ ပြီးလျှင် ပုံမှန်နေထိုင်နိုင်စွမ်း စသည့် ပုံမှန်လူသားတစ်ဦး ပိုင်ဆိုင်သင့်သည့် အရာအားလုံးကို ပြန်လည်ရရှိလိမ့်မည်။ ဧဝသည် မြွေ၏စုံစမ်းသွေးဆောင်ခြင်းကို မခံခဲ့ရပါက၊ လူသည် အစအဦးတွင် ဖန်ဆင်းခံရပြီးနောက်၊ ဤသို့သော ပုံမှန်ဘဝကို ရရှိခဲ့သင့်ပေသည်။ သူသည် စားသောက်၊ ဝတ်ဆင်ကာ ကမ္ဘာမြေပေါ်တွင် ပုံမှန် လူသားဘဝကို နေထိုင်ခဲ့သင့်သည်။ သို့ရာတွင် လူသည် အကျင့်ပျက်ပြား လာပြီးနောက်တွင်၊ ဤဘဝသည် မရနိုင်သည့် စိတ်၏ လှည့်စားမှုတစ်ခု ဖြစ်လာခဲ့ပြီး၊ ယနေ့တွင်ပင် လူသည် ထိုသို့သောအရာများကို စိတ်မကူးဝံ့ပေ။ အမှန်တွင်၊ လူသားတောင့်တသည့် ဤလှပသောဘဝသည် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်၏၊ အကယ်၍ လူသည် ထိုသို့သော ခရီးပန်းတိုင်တစ်ခု မရှိခဲ့ပါက၊ ကမ္ဘာမြေကြီးပေါ်က ၎င်း၏

အကျင့်ပျက်ပြားသောဘဝသည် မည်သည့်အခါမျှ ရပ်တန့်မည် မဟုတ်သကဲ့သို့၊ ထိုသို့သော လှပသည့် ဘဝသာ မရှိခဲ့ပါက၊ စာတန်၏ကံကြမ္မာ သို့မဟုတ် ကမ္ဘာမြေကြီးအပေါ် စာတန် တန်ခိုးအာဏာ စွဲကိုင်သည့် ခေတ်သည် အဆုံးသတ် ရှိလိမ့်မည် မဟုတ်ပေ။ လူသားသည် အမှောင် အင်အားများ လက်လှမ်းမမီနိုင်သည့် နယ်ပယ်တစ်ခုသို့ ရောက်ရှိရမည်ဖြစ်ကာ ထိုသို့ရောက်ရှိသည့်အခါတွင်၊ ဤအရာက စာတန် ရှုံးနိမ့်ပြီးဖြစ်သည်ကို သက်သေပြလိမ့်မည် ဖြစ်သည်။ ဤနည်းဖြင့် စာတန်၏နှောင့်ယှက်မှု မရှိသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင် ကိုယ်တိုင်သည် လူသားမျိုးနွယ်ကို ထိန်းချုပ်လိမ့်မည်ဖြစ်ပြီး၊ လူသား၏ ဘဝတစ်ခုလုံးကို ကွပ်ကဲကာ ထိန်းချုပ်လိမ့်မည် ဖြစ်သည်။ ထိုအခါမှသာ စာတန်သည် အမှန်တကယ် ရှုံးနိမ့်ပြီးလိမ့်မည်။ ယနေ့ လူ၏ဘဝသည် များသောအားဖြင့် ညစ်ညမ်းသည့်ဘဝ ဖြစ်သည်။ ယင်းသည် ဆင်းရဲဒုက္ခခံစားခြင်းနှင့် ဝေဒနာနှင့်ဆိုင်သော ဘဝ ဖြစ်နေဆဲဖြစ်သည်။ ဤသည်ကို စာတန်၏ ရှုံးနိမ့်ခြင်းဟု ခေါ်ဆို၍မရနိုင်ပေ။ လူသားသည် ဒုက္ခပင်လယ်မှ လွတ်မြောက်ရန် လိုသေးသည်၊ လူ့ဘဝ၏ အခက်အခဲ သို့မဟုတ် စာတန်၏လွှမ်းမိုးမှုမှ လွတ်မြောက်ရန် လိုသေးသကဲ့သို့၊ သူသည် ဘုရားသခင်နှင့်သက်ဆိုင်သည့် အလွန့်အလွန်တိုတောင်းသော အသိပညာတစ်ခုသာ ရှိဆဲ ဖြစ်သည်။ လူ၏အခက်အခဲအားလုံးကို စာတန်က ဖန်တီးခဲ့ခြင်းဖြစ်၏။ လူသား၏ဘဝထဲသို့ ဆင်းရဲဒုက္ခကို ယူဆောင်ခဲ့သူမှာ စာတန်ဖြစ်ပြီး၊ စာတန်ကို ကျေးကျွန်ဘဝတွင် ထားရှိသည့်နောက်တွင်သာ လူသည် ဒုက္ခပင်လယ်မှ လုံးဝ လွတ်မြောက်နိုင်လိမ့်မည်ဖြစ်သည်။ သို့ရာတွင် စာတန်၏ ကျေးကျွန်ဘဝကို လူ၏ စိတ်နှလုံးအား သိမ်းပိုက်ခြင်းနှင့် ရယူခြင်း၊ လူကို စာတန်နှင့် တိုက်ပွဲ၏ တိုက်၍ရသောပစ္စည်း ဖြစ်စေခြင်းအားဖြင့် စွမ်းဆောင်ရရှိပေသည်။

ယနေ့တွင်၊ အောင်မြင်သောသူတစ်ဦးဖြစ်လာခြင်းနှင့် စုံလင်စေခြင်း ခံရခြင်းနှင့် သက်ဆိုင်သည့် လူသား၏ လိုက်စားမှုသည် ကမ္ဘာမြေကြီးပေါ်တွင် ပုံမှန်လူသားဘဝ မရှိမီ သူ လိုက်စားသည့် အရာများဖြစ်ပြီး၊ ထိုအရာများသည် စာတန်ကို ကျေးကျွန်ဘဝတွင်မရှိစေမီ လူက ရှာဖွေသော ရည်မှန်းချက်များ ဖြစ်သည်။ အနှစ်သာရအားဖြင့်၊ အောင်မြင်သောသူတစ်ဦး ဖြစ်လာရန်နှင့် စုံလင်စေခြင်းကို ခံရခြင်း သို့မဟုတ် ကြီးမားစွာ အသုံးပြုခံရခြင်း နှင့်သက်ဆိုင်သည့် လူ၏ လိုက်စားရှာဖွေမှုသည် စာတန်၏ လွှမ်းမိုးမှုမှ လွတ်မြောက်ရန်ဖြစ်၏။ လူ၏လိုက်စားရှာဖွေမှုသည် အောင်မြင်သောသူတစ်ဦး ဖြစ်လာရန် ဖြစ်သော်လည်း၊ နောက်ဆုံးရလဒ်မှာ စာတန်၏လွှမ်းမိုးမှုမှ သူ၏ လွတ်မြောက်ခြင်း ဖြစ်လိမ့်မည်။ စာတန်၏လွှမ်းမိုးမှုမှ လွတ်မြောက်ခြင်းအားဖြင့်သာ လူသည် ကမ္ဘာမြေပေါ်တွင် ပုံမှန်လူသားဘဝ၊ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သည့် ဘဝကို နေထိုင်နိုင်ပေသည်။

ယနေ့တွင်၊ အောင်မြင်သောသူတစ်ဦး ဖြစ်လာခြင်းနှင့် စုံလင်စေခြင်းကို ခံရခြင်းနှင့် သက်ဆိုင်သည့် လူ၏ လိုက်စားရှာဖွေမှုသည် ကမ္ဘာမြေပေါ်တွင် လူက ပုံမှန် လူသားဘဝမရှိမီ လိုက်စားရှာဖွေခဲ့သော အရာများဖြစ်၏။ ယင်းတို့ကို သန့်စင်ခံရခြင်းနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းအတွက်၊ ပြီးလျှင် ဖန်ဆင်းရှင်ကို ကိုးကွယ်ရန်အလို့ငှာ အဓိက လိုက်စားရှာဖွေခြင်း ဖြစ်၏။ လူသည် ကမ္ဘာမြေပေါ်တွင် ပုံမှန် လူသားဘဝ၊ အခက်အခဲ သို့မဟုတ် ဒုက္ခဝေဒနာ မရှိသည့်ဘဝတစ်ခုကို ပိုင်ဆိုင်ပါက၊ လူသည် အောင်မြင်သောသူ တစ်ဦးဖြစ်လာခြင်းနှင့်ဆိုင်သည့် လိုက်စားရှာဖွေမှုတွင် ပါဝင်ပတ်သက်လိမ့်မည် မဟုတ်ပေ။ “အောင်မြင်သောသူတစ်ဦး ဖြစ်လာခြင်း” နှင့် “စုံလင်စေခြင်း ခံရခြင်း” တို့သည် ဘုရားသခင်က လူကို လိုက်စားရှာဖွေရန် ပေးသည့် ရည်မှန်းချက်များဖြစ်ပြီး၊ ဤရည်မှန်းချက်များကို လိုက်စားရှာဖွေခြင်းမှတစ်ဆင့် သူသည် လူသားအား သမ္မာတရားကို လက်တွေ့လုပ်ဆောင်ပြီး အဓိပ္ပာယ်ရှိသည့်ဘဝကို အသက်ရှင်ဖို့ ဖြစ်စေသည်။ ရည်မှန်းချက်မှာ လူကို ပြည့်စုံစေရန်နှင့် သူ့ကို ရယူရန်ဖြစ်ပြီး၊ အောင်မြင်သောသူတစ်ဦး ဖြစ်လာခြင်းနှင့် စုံလင်စေခြင်း ခံရခြင်းနှင့်သက်ဆိုင်သော လိုက်စားရှာဖွေမှုသည် နည်းလမ်းတစ်ခုမျှသာ ဖြစ်၏။ အကယ်၍ အနာဂတ်တွင် လူသည် အံ့သြဖွယ်ကောင်းသော ခရီးပန်းတိုင်ထဲသို့ ဝင်ရောက်ပါက၊ အောင်မြင်သောသူ တစ်ဦးဖြစ်လာခြင်းနှင့် စုံလင်စေခြင်း ခံရခြင်းအဖို့ ရည်ညွှန်းပြောဆိုချက် ရှိလိမ့်မည် မဟုတ်ပေ။ အဖန်ဆင်းခံ အသီးသီးက မိမိတို့၏တာဝန်ကို ဆောင်ရွက်ခြင်းသာ ရှိလိမ့်မည် ဖြစ်သည်။ ယနေ့တွင်၊ လူ၏ လိုက်စားရှာဖွေမှုသည် သာ၍ ရည်မှန်းခံရကာ လက်တွေ့ကျနိုင်ဖို့အလို့ငှာ၊ လူသားအတွက် နယ်ပယ်တစ်ခု သတ်မှတ်ရန်သက်သက်သာ ဤအရာများကို လူအား လိုက်စားစေခြင်း ဖြစ်သည်။ သို့မဟုတ်ပါက၊ လူသည် မရေရာသော စိတ်ကူးသက်သက်ဖြစ်ခြင်း အလယ်တွင် အသက်ရှင်ကာ ထာဝရ အသက်ထဲသို့ ဝင်ရောက်မှုကို အားထုတ်မိမည် ဖြစ်ပြီး၊ ဤသို့သာဖြစ်ပါက၊ လူသည် သာ၍ပင် သနားဖွယ် ဖြစ်မည်မဟုတ်လော။ ရည်မှန်းချက်များ သို့မဟုတ် အခြေခံ သဘောတရားများမရှိဘဲ၊ ဤနည်းဖြင့် လိုက်စားရှာဖွေရန်မှာ- ယင်းသည် မိမိကိုယ်ကိုယ်လှည့်ဖြားခြင်း ဖြစ်သည် မဟုတ်လော။ နောက်ဆုံးတွင် ဤလိုက်စားရှာဖွေမှုသည် အလိုအလျောက် အချည်းနှီးဖြစ်ပေမည်။ အဆုံးတွင် လူသည် စာတန်၏အုပ်စိုးမှုအောက်တွင် အသက်ရှင်ဦးမည်ဖြစ်ပြီး ယင်းမှ မိမိကိုယ်ကိုယ် လွတ်မြောက်စေနိုင်စွမ်းရှိမည် မဟုတ်ပေ။ အဘယ်ကြောင့် မိမိကိုယ်ကိုယ် ထိုသို့သော ခြေဦးတည့်ရာ လိုက်စားရှာဖွေမှု ပြုစေသနည်း။ လူသည် ထာဝရခရီးပန်းတိုင်ထဲသို့ ဝင်ရောက်သည့်အခါ၊ ဖန်ဆင်းရှင်ကို ကိုးကွယ်လိမ့်မည် ဖြစ်ပြီး၊ လူသည် ကယ်တင်ခြင်းရရှိပြီးဖြစ်ကာ ထာဝရကာလထဲသို့ ဝင်ရောက်ပြီး

ဖြစ်သောကြောင့်၊ လူသည် မည်သည့် ရည်မှန်းချက်များကိုမျှ လိုက်စားရှာဖွေလိမ့်မည် မဟုတ်သည့်အပြင်၊ သူသည် စာတန်၏ ဝန်းရံခြင်းခံရမည်ကို စိုးရိမ်စရာလည်း လိုအပ်မည်မဟုတ်ပေ။ ဤအချိန်တွင်၊ လူသည် သူ၏နေရာကို သိလိမ့်မည်ဖြစ်ပြီး၊ သူ၏ တာဝန်ကို ဆောင်ရွက်လိမ့်မည်ဖြစ်ကာ၊ ၎င်းတို့အနေဖြင့် ပြစ်တင်ဆုံးမခြင်း သို့မဟုတ် တရားစီရင်ခြင်း မခံကြရလျှင်ပင်၊ လူအသီးသီးသည် ၎င်းတို့၏တာဝန်ကို ထမ်းဆောင်ကြလိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင်၊ လူသားသည် ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းနှစ်ခုလုံးတွင် အဖန်ဆင်းခံတစ်ဦး ဖြစ်လိမ့်မည်။ အမြင့်အနိမ့် ခွဲခြားမှု ရှိတော့မည် မဟုတ်ပေ။ လူအသီးသီးသည် မတူကွဲပြားသည့် လုပ်ငန်းတာဝန်တစ်ခုကိုသာ ဆောင်ရွက်လိမ့်မည် ဖြစ်သည်။ သို့ရာတွင် လူသည် လူသားမျိုးနွယ်အတွက် စနစ်ကျပြီး သင့်တော်သော ခရီးပန်းတိုင်တစ်ခုတွင် အသက်ရှင်လိမ့်ဦးမည်ဖြစ်သည်။ ဖန်ဆင်းရှင်ကို ကိုးကွယ်ခြင်းအတွက် လူသည် သူ၏တာဝန်ကို ဆောင်ရွက်လိမ့်မည်ဖြစ်ပြီး၊ ထာဝရကာလနှင့်သက်ဆိုင်သော လူသားမျိုးနွယ်ဖြစ်လာမည်မှာ ဤလူသားမျိုးနွယ် ဖြစ်ပေသည်။ ထိုအချိန်တွင် လူသည် ဘုရားသခင်၏ အလင်းပေးခံရသည့် အသက်တာတစ်ခု၊ ဘုရားသခင်၏ စောင့်ရှောက်ခြင်းနှင့် ကာကွယ်မှုအောက်တွင် ရှိသည့် အသက်တာတစ်ခု၊ ဘုရားသခင်နှင့် အတူရှိသည့် အသက်တာတစ်ခုကို ရရှိပြီးဖြစ်လိမ့်မည်။ လူသားမျိုးနွယ်သည် ကမ္ဘာမြေပေါ်တွင် ပုံမှန်ဘဝတစ်ခုကို နေထိုင်လိမ့်မည်ဖြစ်ပြီး၊ လူအားလုံးသည် မှန်ကန်သော လမ်းကြောင်းပေါ်သို့ ဝင်ရောက်လိမ့်မည်ဖြစ်သည်။ အနှစ် ၆၀၀၀ စီမံခန့်ခွဲမှု အစီအစဉ်သည် စာတန်ကို လုံးဝရှုံးနိမ့်စေပြီးဖြစ်လိမ့်မည်၊ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏ဖန်ဆင်းမှုနောက်ပိုင်း လူသား၏နဂိုမူလ ပုံသဏ္ဌာန်ကို ပြန်ရရှိပြီးဖြစ်လိမ့်မည်ဖြစ်ကာ၊ ထိုသို့ဖြင့် ဘုရားသခင်၏ မူလရည်ရွယ်ချက်သည် ပြည့်စုံပြီးဖြစ်လိမ့်မည်။ အစအဦး၌ လူသားမျိုးနွယ်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း မခံရမီ ကမ္ဘာမြေပေါ်တွင် လူသားမျိုးနွယ်သည် ပုံမှန်ဘဝတစ်ခုကို နေထိုင်ခဲ့၏။ နောက်ပိုင်းတွင်၊ လူသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို ခံခဲ့ရပြီးနောက်တွင် ဤပုံမှန်ဘဝကို ဆုံးရှုံးခဲ့ကာ၊ ထိုကြောင့် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအမှုနှင့် လူ၏ပုံမှန် ဘဝကို ပြန်လည်ရရှိရန် စာတန်နှင့် တိုက်ပွဲတို့သည် စတင်ခဲ့၏။ ဘုရားသခင်၏ အနှစ် ၆၀၀၀ စီမံခန့်ခွဲခြင်း အမှု အဆုံးသတ်သို့ရောက်လာသည့်အခါမှသာ၊ လူသားမျိုးနွယ်အားလုံး၏ ဘဝသည် ကမ္ဘာမြေပေါ်တွင် တရားဝင်စတင်လိမ့်မည်ဖြစ်သည်။ ထိုအခါမှသာ လူသည် နှစ်သက်ဖွယ်ကောင်းသည့် ဘဝတစ်ခု ရှိလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် အစအဦး၌ လူသားကို ဖန်ဆင်းရာတွင် သူ၏ ရည်ရွယ်ချက်အပြင်၊ လူသား၏ နဂိုမူလပုံသဏ္ဌာန်တို့ကို

ပြန်လည်ရရှိလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် လူသားသည် ကမ္ဘာမြေပေါ်တွင် လူသားမျိုးနွယ်နှင့်သက်ဆိုင်သည့် ပုံမှန်ဘဝကို ရရှိပြီးသည်နှင့်တစ်ပြိုင်နက်၊ လူသည် သန့်ရှင်းလိမ့်မည်ဖြစ်သည့်အတွက် အောင်မြင်သောသူတစ်ဦး ဖြစ်လာခြင်း သို့မဟုတ် စုံလင်စေခြင်းခံရခြင်းအား လိုက်စားရှာဖွေမည်မဟုတ်ပေ။ လူတို့ပြောဆိုသည့် "အောင်မြင်သူများ" နှင့် "စုံလင်စေခြင်းခံရခြင်း" တို့သည် ဘုရားသခင်နှင့် စာတန်တို့အကြား တိုက်ပွဲကာလအတွင်း လိုက်စားရှာဖွေရန် လူသားကို ပေးထားသည့် ရည်မှန်းချက်များ ဖြစ်ကာ၊ လူသားအနေဖြင့် ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးသောကြောင့်သာ ၎င်းတို့ရှိနေခြင်း ဖြစ်သည်။ စာတန် ရှုံးနိမ့်လိမ့်မည်မှာ၊ သင့်ကို ရည်မှန်းချက်တစ်ခုပေးခြင်းနှင့် ဤရည်မှန်းချက်ကို သင့်အား လိုက်စားစေခြင်းအားဖြင့် ဖြစ်ပေသည်။ သင့်ကို အောင်မြင်သောသူ တစ်ဦးဖြစ်ရန် သို့မဟုတ် စုံလင်စေခြင်းခံရသူတစ်ဦး ဖြစ်ရန်၊ သို့မဟုတ် အသုံးပြုခြင်းခံစေရန် တောင်းဆိုခြင်းသည် စာတန်ကို အရှက်ရစေဖို့အလို့ငှာ သင် သက်သေခံသည်ကို လိုအပ်ပေသည်။ အဆုံးတွင်၊ လူသည် ကမ္ဘာမြေပေါ်တွင် ပုံမှန်လူသားဘဝကို နေထိုင်လိမ့်မည်ဖြစ်ပြီး၊ လူသည် သန့်ရှင်းလိမ့်မည် ဖြစ်သည်။ ဤအရာဖြစ်ပျက်သောအခါတွင်၊ လူတို့သည် အောင်မြင်သောသူများ ဖြစ်ရန် ကြိုးစားကြလိမ့်ဦးမည်လော။ ၎င်းတို့အားလုံးသည် ဖန်ဆင်းခံ သတ္တဝါများဖြစ်ကြသည် မဟုတ်လော။ အောင်မြင်သောသူတစ်ဦး ဖြစ်ခြင်းနှင့် စုံလင်စေခြင်းခံရသူတစ်ဦး ဖြစ်ခြင်းနှင့်စပ်လျဉ်း၍၊ ဤစကားလုံးများသည် စာတန်အား ရည်ညွှန်းခြင်း ဖြစ်ပြီး၊ လူသား၏ညစ်ညမ်းမှုတို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤ စကားလုံး "အောင်မြင်သောသူ" မှာ စာတန်နှင့် ရန်လိုသည့်အင်အားစုများအပေါ် အောင်နိုင်ခြင်းကို ရည်ညွှန်းထားခြင်း မဟုတ်လော။ သင်စုံလင်စေခြင်း ခံရပြီဟု သင် ဆိုသည့်အခါတွင် သင့်အတွင်းရှိ မည်သည့်အရာသည် စုံလင်စေခြင်း ခံရပြီးဖြစ်ပါသနည်း။ ယင်းမှာ သင့်အနေဖြင့် ဘုရားသခင်အား အထွတ်အထိပ်ချစ်ခြင်းကို ရရှိနိုင်ဖို့အလို့ငှာ သင်၏ ဖောက်ပြန်ပျက်စီးသည့် ဆိုးယုတ်သော စိတ်သဘောထားကို ထုတ်ပစ်ခဲ့ခြင်း ဖြစ်သည် မဟုတ်လော။ ထိုသို့သောအရာများကို လူသားအတွင်းရှိ ညစ်ညမ်းသောအရာများ နှင့်ပတ်သက်၍၊ ပြီးလျှင် စာတန်နှင့် ပတ်သက်၍ ပြောဆိုရပေသည်။ ယင်းတို့ကို ဘုရားသခင်နှင့် ပတ်သက်၍ မပြောဆိုရပေ။

ယခု သင်သည် အောင်မြင်သောသူတစ်ဦး ဖြစ်လာခြင်း သို့မဟုတ် စုံလင်စေခြင်းခံရသူတစ်ဦးဖြစ်ခြင်းကို မလိုက်စားပါက၊ အနာဂတ်တွင် လူသားမျိုးနွယ်က ကမ္ဘာမြေပေါ်၌ ပုံမှန်ဘဝကို နေထိုင်သည့်အခါ၊ ထိုသို့သော လိုက်စားမှုအတွက်

အခွင့်အရေးရှိလိမ့်မည်မဟုတ်ပါ။ ထိုအချိန်တွင် လူအမျိုးအစားတိုင်း၏ အဆုံးသတ်သည် ထုတ်ဖော်ပြခံရပြီး ဖြစ်လိမ့်မည်။ ထိုအချိန်တွင် သင် မည်သည့်အရာမျိုးဖြစ်သည်မှာ ရှင်းလင်းလိမ့်မည်ဖြစ်ပြီး၊ သင်သည် အောင်မြင်သောသူတစ်ဦး ဖြစ်လိုပါက၊ သို့မဟုတ် စုံလင်စေခြင်း ခံရသူတစ်ဦး ဖြစ်လိုပါက ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ။ လူသားသည် ၎င်း၏ ပုန်ကန်မှုကြောင့် ထုတ်ဖော်ပြခံရပြီးနောက်တွင် အပြစ်ပေးခံရလိမ့်မည်သာ ဖြစ်သည်။ ထိုအချိန်တွင်၊ လူ၏ လိုက်စားမှုသည် အခြားသူများထက် သာ၍ မြင့်မားလိမ့်မည်မဟုတ်၊ အချို့သူများအတွက် အောင်နိုင်သူများဖြစ်ရန်ဖြစ်ပြီး၊ အခြားသူများအတွက် စုံလင်စေခြင်းခံရသူများဖြစ်ရန်ဖြစ်သည်၊ သို့မဟုတ် အချို့အတွက် ဘုရားသခင်၏သားဦးများဖြစ်ရန်ဖြစ်ပြီး၊ အခြားသူများအတွက် ဘုရားသခင်၏ သားများဖြစ်ရန်ဖြစ်သည်၊ ၎င်းတို့သည် ဤအရာများကို လိုက်စားရှာဖွေလိမ့်မည် မဟုတ်ပေ။ အားလုံးသည် ဘုရားသခင်၏ အဖန်ဆင်းခံများ ဖြစ်ကြလိမ့်မည်၊ အားလုံးသည် ကမ္ဘာမြေပေါ် အသက်ရှင်ကြလိမ့်မည်ဖြစ်ပြီး အားလုံးသည် ကမ္ဘာမြေပေါ်တွင် ဘုရားသခင်နှင့်အတူ အသက်ရှင်ကြလိမ့်မည်။ ယခုသည် ဘုရားသခင်နှင့် စာတန်တို့ကြားက တိုက်ပွဲအချိန်ဖြစ်၏၊ ယင်းသည် ဤတိုက်ပွဲ အဆုံးမသတ်သေးသည့်အချိန်၊ လူသည် လုံး၀ ရယူခြင်းမခံရသေးသည့် အချိန်တစ်ခု ဖြစ်သည်။ ယင်းသည် အကူးအပြောင်းကာလတစ်ခု ဖြစ်၏။ ထို့ကြောင့် လူသားသည် အောင်မြင်သောသူတစ်ဦးဖြစ်စေ၊ ဘုရားသခင်၏ လူများထဲမှ တစ်ဦးဖြစ်စေ ဖြစ်လာခြင်းကို လိုက်စားဖို့ လိုအပ်ပေသည်။ ယနေ့တွင်၊ အဆင့်အတန်း၌ ကွာခြားမှုများရှိသော်လည်း၊ အချိန်ကျသည့် အခါတွင် ထိုသို့သောကွဲပြားမှုများ ရှိလိမ့်မည် မဟုတ်ပေ။ အောင်နိုင်ပြီး ဖြစ်သူများ အားလုံး၏ အဆင့်အတန်းသည် တူညီလိမ့်မည်၊ ၎င်းတို့အားလုံးသည် လူသားမျိုးနွယ်၏ အရည်အချင်းပြည့်မီသည့် မျိုးနွယ်ဝင်များဖြစ်ကြလိမ့်မည် ဖြစ်ပြီး၊ ကမ္ဘာမြေပေါ်တွင် တန်းတူအသက်ရှင်ကြလိမ့်မည်ဖြစ်သည်၊ ဆိုလိုသည်မှာ ၎င်းတို့အားလုံးသည် အရည်အချင်းပြည့်မီသော အဖန်ဆင်းခံ သတ္တဝါများဖြစ်ကြလိမ့်မည်ဖြစ်ပြီး၊ အားလုံးကို အလားတူ ပေးထားလိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏ အမှု၏ခေတ်များသည် ကွဲပြားပြီး သူ့အမှု၏ ရည်မှန်းချက်များ ကွဲပြားသောကြောင့်၊ ဤအမှုကို သင်တို့အထဲတွင် လုပ်ဆောင်ပါက၊ သင်တို့သည် စုံလင်စေခြင်းခံရရန်နှင့် အောင်မြင်သောသူများ ဖြစ်လာရန် သင့်လျော်ကြလိမ့်မည်။ ယင်းကို ပြည်ပတွင် လုပ်ဆောင်မည် ဆိုပါက၊ ထိုနေရာက လူတို့သည် သိမ်းပိုက်ခံရမည့် ပထမဦးဆုံးသော လူစုနှင့် စုံလင်စေခြင်းခံရမည့် ပထမဦးဆုံးသော လူစုဖြစ်လာဖို့ သင့်လျော်ကြမည် ဖြစ်သည်။ ယနေ့တွင်၊ ဤအမှုကို ပြည်ပတွင်

မလုပ်ဆောင်ထားပေ၊ ထို့ကြောင့် အခြားနိုင်ငံများမှ လူတို့သည် စုံလင်စေခြင်းခံရရန်နှင့် အောင်မြင်သောသူများ ဖြစ်လာရန် မသင့်လျော်ကြသကဲ့သို့ ပထမအုပ်စုဖြစ်လာရန် ၎င်းတို့အတွက် မဖြစ်နိုင်ပေ။ ဘုရားသခင်၏ အမှု၏ ရည်မှန်းချက်သည် ကွဲပြားသောကြောင့် ဘုရားအမှု၏ ခေတ်သည် ကွဲပြားကာ၊ ၎င်း၏ နယ်ပယ်သည် ကွဲပြား၏၊ ပထမအုပ်စုရှိ၏၊ ဆိုလိုသည်မှာ အောင်မြင်သောသူများရှိ၏၊ ထို့ကြောင့် စုံလင်စေခြင်းခံရသည့် ဒုတိယအုပ်စုသည်လည်း ရှိလိမ့်မည်။ စုံလင်စေခြင်းခံရပြီးသည့် ပထမအုပ်စု ရှိသည်နှင့်တစ်ပြိုင်နက်၊ နမူနာနှင့် ပုံစံ တစ်ခု ရှိလိမ့်မည်ဖြစ်သောကြောင့်၊ အနာဂတ်တွင် စုံလင်စေခြင်းခံရသည့် ဒုတိယနှင့် တတိယအုပ်စုများရှိကြလိမ့်မည်ဖြစ်သည်၊ သို့ရာတွင် ထာဝရကာလတွင် ၎င်းအားလုံး တူညီကြလိမ့်မည်ဖြစ်ကာ၊ အဆင့်အတန်း ခွဲခြားခြင်းများ ရှိလိမ့်မည် မဟုတ်ပေ။ ၎င်းတို့သည် ကွဲပြားသောအချိန်များတွင် စုံလင်စေခြင်း ခံရရုံမျှ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ အဆင့်အတန်းတွင် ကွာခြားမှုများ ရှိလိမ့်မည် မဟုတ်ပေ။ အယောက်တိုင်း စုံလင်စေခြင်း ခံရပြီးသည့် အချိန်ရောက်လာပြီး စကြဝဠာတစ်ခုလုံး၏ အမှု ပြီးဆုံးသည့်အချိန် ရောက်လာသည့်အခါတွင်၊ အဆင့်အတန်းတွင် ကွဲပြားမှုများ ရှိလိမ့်မည် မဟုတ်သကဲ့သို့ အားလုံး တန်းတူ အဆင့်အတန်း ရှိကြလိမ့်မည်ဖြစ်သည်။ ယနေ့တွင်၊ သင်တို့သည် အောင်မြင်သောသူများ ဖြစ်လာရန်အလို့ငှာ ဤအမှုကို သင်တို့အကြားတွင် လုပ်ဆောင်လေသည်။ ယင်းကို ဗြိတိန်တွင် လုပ်ဆောင်ခဲ့မည်ဆိုပါက၊ သင်တို့ ပထမအုပ်စု ဖြစ်မည့်နည်းတူ ဗြိတိန်တွင် ပထမအုပ်စုရှိလိမ့်မည်။ ယနေ့ သင်တို့အထဲတွင် ထိုအမှုကို လုပ်ဆောင်နေသည့်နည်းလမ်းဖြင့် သင်တို့သည် အထူးသဖြင့် ကျေးဇူးတော်နှင့် အထူးသဖြင့် ကောင်းကြီးပေးခံကြရပြီး ဖြစ်ရုံမျှဖြစ်ပြီး၊ ဤအမှုကို သင်တို့အထဲတွင် မလုပ်ဆောင်ခဲ့ပါက၊ သင်တို့သည် ဒုတိယအုပ်စု၊ သို့မဟုတ် တတိယ၊ သို့မဟုတ် စတုတ္ထ၊ သို့မဟုတ် ပဉ္စမအုပ်စု ဖြစ်လိမ့်မည်။ ဤသည်မှာ အမှု၏ အစီအစဉ်တွင် ကွဲပြားမှုကြောင့်မျှ ဖြစ်ပေသည်။ ပထမအုပ်စုနှင့် ဒုတိယအုပ်စုတို့သည် တစ်ခုမှ အခြားတစ်ခုထက် ပိုမြင့်သည်၊ ပိုနိမ့်သည်ဟု မဆိုလိုပေ၊ ဤလူတို့ကို စုံလင်စေသည့် အစီအစဉ်အထားအသိုကိုသာ ဆိုလိုပေသည်။ ယနေ့တွင် ဤနှုတ်ကပတ်တော်များကို သင်တို့ထံ ပြောပြထားသော်လည်း၊ သင်တို့သည် အဘယ်ကြောင့် စောစော အသိပေးမခံခဲ့ကြရသနည်း။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းစဉ်တစ်ရပ် မရှိဘဲ၊ လူတို့သည် အစွန်းရောက်တတ်ကြသောကြောင့် ဖြစ်၏။ ဥပမာအားဖြင့်၊ ယေရှုက သူ၏ အချိန်ကာလတွင်၊ "ငါသည် ထွက်ခွာခဲ့သည့်အတိုင်း ရောက်ရှိလာလိမ့်မည်" ဟု ပြောခဲ့သည်။ ယနေ့တွင်၊ များစွာသောသူတို့သည် ဤနှုတ်ကပတ်တော်များကို အရူးအမူးစွဲလမ်းကြပြီး၊ ဝတ်ရုံအဖြူများကို ဝတ်ဆင်ပြီး

ကောင်းကင်ဘုံသို့ ၎င်းတို့၏ချီဆောင်ခြင်းကိုသာ စောင့်ဆိုင်းချင်ကြ၏။ ထို့ကြောင့်၊ အလွန် စောစီးစွာ ပြောဆို၍မဖြစ်သည့် နှုတ်ကပတ်တော်များစွာရှိသည်။ ယင်းတို့ကို အလွန်စောစီးစွာ ပြောမိခဲ့မည် ဆိုပါက၊ လူသည် အစွန်းရောက်တတ်မည် ဖြစ်၏။ လူ၏ ဝိညာဉ်ရင့်ကျက်မှုသည် နုနယ်လွန်းပြီး၊ ဤနှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် သမ္မာတရားကို ရိပ်စားမိနိုင်စွမ်းမရှိကြချေ။

လူသည် ကမ္ဘာမြေပေါ်တွင် စစ်မှန်သည့် လူ့အသက်တာကို ရရှိပြီး စာတန်၏အင်အားစု တစ်ခုလုံး ကျေးကျွန်ဘဝတွင် ထားရှိခြင်းခံရသည့်အခါ၊ လူသည် ကမ္ဘာမြေပေါ်တွင် လွယ်ကူစွာ အသက်ရှင်လိမ့်မည်ဖြစ်သည်။ အမှုအရာများသည် ယနေ့လောက် ရှုပ်ထွေးလိမ့်မည်မဟုတ်ပေ- လူသားဆက်ဆံရေးများ၊ လူမှု ဆက်ဆံရေးများ၊ ရှုပ်ထွေးသည့် မိသားစုဆိုင်ရာ ဆက်ဆံရေးများ- ၎င်းတို့သည် များလှစွာသော ဒုက္ခ၊ များလှစွာသော ဝေဒနာကို ဆောင်ကြဉ်းလေသည်။ ဤနေရာရှိ လူ၏ဘဝသည် အလွန် စိတ်မချမ်းမြေ့စရာ ဖြစ်သည်။ လူသည် သိမ်းပိုက်ခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ သူ၏နှလုံးသားနှင့် စိတ်တို့ ပြောင်းလဲလိမ့်မည် ဖြစ်သည်။ ၎င်းသည် ဘုရားသခင်ကို ကြည်ညိုကာ ချစ်သော စိတ်နှလုံးတစ်ခု ရှိလိမ့်မည်။ ဘုရားသခင်ကို ချစ်ရန် ကြိုးစားသည့် စကြဝဠာအတွင်းရှိသည့် သူအားလုံး သိမ်းပိုက်ခြင်းခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ ဆိုလိုသည်မှာ စာတန်ရှုံးနိမ့်ပြီး ဖြစ်သည်နှင့်တစ်ပြိုင်နက်၊ အမှောင် အင်အားစုအားလုံးဖြစ်သည့် စာတန်ကို ကျေးကျွန်ဘဝတွင် ထားရှိပြီးသည်နှင့်တစ်ပြိုင်နက်၊ ကမ္ဘာမြေပေါ် ရှိ လူသား၏ဘဝသည် ဒုက္ခရှိလိမ့်မည်မဟုတ်သကဲ့သို့၊ သူသည် ကမ္ဘာမြေပေါ်တွင် လွတ်လပ်စွာ အသက်ရှင်နိုင်လိမ့်မည် ဖြစ်သည်။ လူ၏ဘဝသည် ဇာတိပကတိ ဆက်ဆံရေးများနှင့် ဇာတိပကတိ၏ အရှုပ်အထွေးများ မရှိပါက၊ လွန်စွာ သာ၍လွယ်ကူလိမ့်မည် ဖြစ်သည်။ လူ၏ ဇာတိပကတိ ဆက်ဆံရေးများသည် ရှုပ်ထွေးလွန်းသကဲ့သို့၊ လူသားအနေဖြင့် ထိုသို့သောအရာများရှိခြင်းသည် သူသည် စာတန်၏လွှမ်းမိုးမှုမှ မိမိကိုယ်ကိုယ် လွတ်မြောက်စေဖို့ လိုသေးသည့် သက်သေဖြစ်သည်။ သင်သည် သင်၏ညီအစ်ကို မောင်နှမများတစ်ဦးစီနှင့် အလားတူ ဆက်ဆံရေးရှိခဲ့ပါက၊ သင်၏မိသားစုဝင်တစ်ဦးစီနှင့် အလားတူ ဆက်ဆံရေးရှိခဲ့ပါက၊ သင်သည် ပူပန်စရာများ ရှိမည်မဟုတ်သကဲ့သို့၊ မည်သူမျှနှင့်ပတ်သက်၍ စိုးရိမ်ဖို့ လိုအပ်မည်မဟုတ်ပေ။ သာ၍ ကောင်းသည့်အရာ မရှိနိုင်သကဲ့သို့၊ ဤနည်းဖြင့် လူသည် ၎င်း၏ဒုက္ခတစ်ဝက် သက်သာရာရမည် ဖြစ်သည်။ ကမ္ဘာမြေပေါ်တွင် သာမန်လူသားဘဝတစ်ခုကို အသက်ရှင်ရင်း၊ လူသည် ကောင်းကင်တမန်များနှင့် အလားတူ ပေလိမ့်မည်။ ဇာတိပကတိ၏

ဖြစ်တည်မှုရှိဆဲဖြစ်သော်လည်း၊ သူသည် ကောင်းကင်တမန်တစ်ပါးနှင့် များစွာတူလိမ့်မည်ဖြစ်သည်။ ဤသည်မှာ နောက်ဆုံးကတိ၊ လူသားအပေါ် အပ်နှင်းသည့် နောက်ဆုံးကတိဖြစ်၏။ ယနေ့ လူသည် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို ကြုံရ၏။ ထိုသို့သောအရာများနှင့်သက်ဆိုင်သည့် လူသား၏ အတွေ့အကြုံသည် အဓိပ္ပာယ်ကင်းမဲ့သည်ဟု သင်ထင်ပါသလော။ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းအမှုကို အကြောင်းမရှိဘဲ လုပ်ဆောင်နိုင်မည်လော။ ယခင်က လူကို ပြစ်တင်ဆုံးမရန်နှင့် တရားစီရင်ရန်မှာ ၎င်းကို အနက်ဆုံးတွင်းထဲတွင် ထားရှိရန် ဖြစ်၏ဟု ဆိုထားခဲ့၏၊ ယင်းမှာ ၎င်း၏ကံကြမ္မာနှင့် အလားအလာများကို ယူဆောင်သွားခြင်းကို ဆိုလိုပေသည်။ ဤသည်မှာ တစ်ခုသောအရာ- လူသားကို သန့်စင်စေခြင်းအတွက်ဖြစ်၏။ ဘုရားသခင်သည် လူကို မပတ်သက်ဘဲနေပြီးနောက်၊ လူကို အနက်ဆုံးသော တွင်းထဲတွင် တမင်ထားရှိသည်မဟုတ်။ ထိုအစား၊ ယင်းသည် အဆုံးတွင် လူသား၏အတွင်းရှိ အရာများကို သန့်စင်စေခြင်းခံရနိုင်ဖို့အလို့ငှာ၊ ၎င်းသည် ဘုရားသခင်နှင့်သက်ဆိုင်သည့် မှန်ကန်သော အသိရှိပြီး သန့်ရှင်းသူတစ်ဦး ကဲ့သို့ ဖြစ်ရန်အလို့ငှာ၊ လူသား၏အတွင်းရှိ ပုန်ကန်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်ပေသည်။ ဤအရာကိုလုပ်ဆောင်ပါက၊ အားလုံး ပြီးမြောက်လိမ့်မည် ဖြစ်သည်။ အမှန်တွင်၊ လူသား၏အတွင်းရှိ ကိုင်တွယ်ဖြေရှင်းခံရဖို့ ရည်ရွယ်ထားသည့် အရာများကို ကိုင်တွယ်ဖြေရှင်းပြီး၊ လူသည် ထူးကဲလှသော သက်သေကို ခံသည့်အခါတွင်၊ စာတန်သည်လည်း ရှုံးနိမ့်လိမ့်မည်ဖြစ်ပြီး၊ လူသား၏အတွင်းတွင် လုံးဝ သန့်စင်မခံရသည့် မူလက ရှိသည့်အရာ အနည်းငယ် ရှိကောင်းရှိနိုင်သော်လည်း၊ စာတန်ရှုံးနိမ့်သည်နှင့်တစ်ပြိုင်နက်၊ ယင်းသည် ဒုက္ခ ပေးတော့မည် မဟုတ်ဘဲ၊ ထိုအချိန်တွင် လူသည် လုံးဝသန့်စင်ခြင်းခံရပြီး ဖြစ်လိမ့်မည်ဖြစ်သည်။ လူသည် ထိုသို့သော ဘဝတစ်ခုကို လုံးဝ တွေ့ကြုံဖူးခြင်း မရှိသော်လည်း၊ စာတန် ရှုံးနိမ့်သွားသည့် အခါတွင်၊ အားလုံး ကျေအေးသွားမည်ဖြစ်ကာ လူသား အတွင်းရှိ မပြောပလောက်သော အရာအားလုံး ဖြေရှင်းခံရလိမ့်မည် ဖြစ်ပြီး၊ ထိုအဓိကပြဿနာ ဖြေရှင်းပြီးသွားသည်နှင့်တစ်ပြိုင်နက်၊ အခြားဒုက္ခအားလုံး အဆုံးသတ်လိမ့်မည်ဖြစ်သည်။ ကမ္ဘာမြေပေါ် ဘုရားသခင်၏ ဤလူ့ဇာတိခံယူခြင်း အတောအတွင်းတွင်၊ သူသည် လူသားအလယ် သူ၏အမှုကို ကိုယ်တိုင်လုပ်ဆောင်သည့်အချိန်တွင်၊ သူ လုပ်ဆောင်သည့်အမှု အားလုံးသည် စာတန်ရှုံးနိမ့်စေရန် လုပ်ဆောင်ခြင်းဖြစ်ပြီး၊ လူကိုသိမ်းပိုက်ခြင်း မှတစ်ဆင့်၊ ပြီးလျှင် သင်တို့ကို စုံလင်စေခြင်းအားဖြင့် သူသည် စာတန်ကို အနိုင်ယူလိမ့်မည်ဖြစ်သည်။ သင်တို့သည် ထူးကဲသော သက်သေကို ခံကြသည့်အခါ၊ ဤသည်လည်း စာတန်၏ရှုံးနိမ့်ခြင်း

အမှတ်အသားတစ်ခု ဖြစ်လိမ့်မည်။ စာတန်ကို ရှုံးနိမ့်စေရန်အလို့ငှာ လူသည် ပထမဦးစွာ သိမ်းပိုက်ခံရပြီး၊ နောက်ဆုံးတွင် လုံးဝ စုံလင်စေခြင်းခံရလေသည်။ သို့ရာတွင် အနှစ်သာရအားဖြင့် စာတန်ရှုံးနိမ့်ခြင်းနှင့်အတူ ဤသည်မှာ ဤအနှစ်မဲ့သော ဒုက္ခပင်လယ်ထဲမှ လူသားမျိုးနွယ်အားလုံး၏ ကယ်တင်ခြင်းလည်း ဖြစ်၏။ အမှုကို စကြဝဠာတစ်ခုလုံးအနှံ့ ဆောင်ရွက်သည်ဖြစ်စေ၊ တရုတ်နိုင်ငံတွင် ဆောင်ရွက်သည်ဖြစ်စေ၊ ယင်းမှာ လူသားအနေဖြင့် ငြိမ်သက်ခြင်းချမ်းသာ ထဲသို့ ဝင်ရောက်နိုင်ဖို့အလို့ငှာ စာတန်ကိုရှုံးနိမ့်စေဖို့နှင့် လူသားမျိုးနွယ် တစ်ခုလုံးထံ ကယ်တင်ခြင်း ယူဆောင်လာဖို့သာ ဖြစ်သည်။ ဤပုံမှန်လူ့ဇာတိ ဖြစ်သည့် လူ့ဇာတိခံ ဘုရားသခင်သည် အတိအကျအားဖြင့် စာတန်ကို ရှုံးနိမ့်စေခြင်းအတွက် ဖြစ်၏။ လူ့ဇာတိ၌ ဘုရားသခင်၏ အမှုကို ကောင်းကင်အောက်ရှိ ဘုရားသခင်ကို ချစ်သောသူ အားလုံးထံ ကယ်တင်ခြင်းကို ယူဆောင်လာရန် အသုံးပြုပေသည်၊ ယင်းသည် လူသားမျိုးနွယ်အားလုံးကို သိမ်းပိုက်ခြင်းအတွက်အပြင်၊ စာတန်ကို ရှုံးနိမ့်စေခြင်းအလို့ငှာ ဖြစ်သည်။ ဘုရားသခင်၏စီမံခန့်ခွဲခြင်းအမှု၏ အချက်အချာကို လူသားမျိုးနွယ်အားလုံးထံ ကယ်တင်ခြင်း ယူဆောင်လာရန် စာတန်ကို ရှုံးနိမ့်စေခြင်းမှ ခွဲခြား၍ မရပေ။ ဤအမှု၏ နေရာများစွာတွင် သင်တို့ကို သက်သေခံစေခြင်းနှင့်သက်ဆိုင်၍ အဘယ်ကြောင့် အမြဲပြောဆိုထားပါသနည်း။ ပြီးလျှင် ဤသက်သေခံချက်မှာ မည်သူကို ဦးတည်ပါသနည်း။ စာတန်ကို ဦးတည်သည် မဟုတ်လော။ ဤသက်သေခံချက်သည် ဘုရားသခင်အဖို့ ပြုလုပ်ထားခြင်းဖြစ်ပြီး ဘုရားသခင်၏ အမှုသည် ယင်း၏လိုလားသည့် အကျိုးတရားကို ရရှိပြီးဖြစ်သည်ကို သက်သေခံရန် ပြုလုပ်ထားခြင်းဖြစ်၏။ သက်သေခံခြင်းသည် စာတန်ကို ရှုံးနိမ့်စေခြင်းအမှုနှင့် ဆက်နွှယ်သည်။ စာတန်နှင့် တိုက်ပွဲမရှိခဲ့ပါက၊ လူသည် သက်သေခံရန် လိုအပ်မည်မဟုတ်ပေ။ လူကို ကယ်တင်သည်နှင့်အမျှ တစ်ချိန်တည်းတွင် စာတန်ကို ရှုံးနိမ့်စေရမည် ဖြစ်သောကြောင့်၊ ဘုရားသခင်သည် ထိုလူကို သူ့အတွက် စာတန်၏ရှေ့မှောက်တွင် သက်သေခံရန် တောင်းဆိုပေသည်၊ ယင်းကို သူသည် လူအား ကယ်တင်ရန်နှင့် စာတန်နှင့် တိုက်ပွဲဆင်နွှဲရန် အသုံးပြုလေသည်။ အကျိုးဆက်အနေဖြင့်၊ လူသည် ကယ်တင်ခြင်း၏ ရည်မှန်းချက်ဖြစ်သကဲ့သို့ စာတန်ကို ရှုံးနိမ့်စေရာတွင် အသုံးပြုသည့် လက်နက်တစ်ခုပါ ဖြစ်လေသည်။ ထို့ကြောင့် လူသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုတစ်ခုလုံး၏ အချက်အချာတွင်ရှိသော်လည်း၊ စာတန်သည် ဖျက်ဆီးခံရမည့်အရာ၊ ရန်သူမျှသာ ဖြစ်၏။ သင်သည် မည်သည့်အရာမျှ မလုပ်ဆောင်သေးဟု ထင်ကောင်းထင်နိုင်သော်လည်း၊ သင်၏စိတ်သဘောထားထဲက ပြောင်းလဲမှုများကြောင့် သက်သေခံပြီးဖြစ်ကာ ဤသက်သေခံချက်သည် စာတန်ကို ရည်ရွယ်လျက်ရှိပြီး လူသားအဖို့ ပြုလုပ်ထားခြင်း

မဟုတ်ပေ။ လူသည် ထိုသို့သော သက်သေခံချက်ကို မွေ့လျော်ခံစားရန် မသင့်တော်ပေ။ ဘုရားသခင် လုပ်ဆောင်သည့်အမှုကို သူ မည်သို့ နားလည်နိုင်မည်နည်း။ ဘုရားသခင် တိုက်ခိုက်နေသည့်အရာမှာ စာတန်ဖြစ်သော်လည်း၊ လူသည် ကယ်တင်ခြင်း၏ ရည်ရွယ်ချက်သာ ဖြစ်လေသည်။ လူသည် ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်နေသဘောထားရှိပြီး၊ ဤအမှုကို နားလည်နိုင်စွမ်း မရှိပေ။ ဤသည်မှာ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကြောင့်ဖြစ်ပြီး လူသားအဖို့ မွေးရာပါ မဟုတ်သော်လည်း၊ စာတန်၏ စီမံညွှန်ကြားခြင်း ခံထားရပေသည်။ ယနေ့တွင်၊ ဘုရားသခင်၏ အဓိကအမှုသည် စာတန်ကို ရှုံးနိမ့်စေရန် ဖြစ်၏၊ ဆိုလိုသည်မှာ စာတန်၏ ရှေ့မှောက်တွင် လူသားသည် ဘုရားသခင်အဖို့ နောက်ဆုံး သက်သေခံနိုင်ဖို့အလို့ငှာ လူကို လုံးဝသိမ်းပိုက်ရန်ဖြစ်၏။ ဤနည်းဖြင့်၊ အရာခပ်သိမ်း ပြီးမြောက်လိမ့်မည် ဖြစ်သည်။ အခြေအနေအများအပြား၌၊ သင့်ပကတိမျက်လုံးတွင် မည်သည့်အရာမျှ မလုပ်ဆောင်ရသေးပုံပေါ်သော်လည်း၊ အမှန်တွင် အမှုသည် ပြီးဆုံးနှင့်ပြီဖြစ်၏။ လူသားအတွက် စုံလင်ခြင်းအမှုအားလုံး မြင်သာရန် လိုအပ်သော်လည်း၊ စာတန်သည် ကျိုးနွံနာခံပြီးဖြစ်သည့်အတွက်၊ ဆိုလိုသည်မှာ ၎င်းသည် လုံးဝရှုံးနိမ့်ပြီဖြစ်သည့်အတွက်၊ ဘုရားသခင်၏ဉာဏ်ပညာ၊ တန်ခိုးနှင့် ဩဇာအာဏာအားလုံးသည် စာတန်ကို နှိမ်နင်းပြီးဖြစ်သည့်အတွက်၊ သင့်အဖို့ မြင်သာစေခြင်းမရှိဘဲ၊ ငါသည် ငါ၏အမှုကို ပြည့်စုံစေပြီးပြီဖြစ်သည်။ ဤသည်မှာ အတိအကျ သက်သေခံရမည့် သက်သေခံချက်ဖြစ်ပြီး၊ ယင်းသည် လူသားတွင် ရှင်းလင်းသည့် ဖော်ပြချက်မရှိသော်လည်း၊ ပကတိမျက်လုံးတွင် မမြင်သာသော်လည်း၊ စာတန်သည် ရှုံးနိမ့်နှင့်ပြီးဖြစ်၏။ ဤအမှုတစ်ခုလုံးသည် စာတန်ကို ရည်ရွယ်ထားခြင်းဖြစ်ပြီး စာတန်နှင့်တိုက်ပွဲကြောင့် ဆောင်ရွက်ရခြင်း ဖြစ်သည်။ ထို့ကြောင့် လူသားအနေဖြင့် အောင်မြင်ပြီး ဖြစ်သကဲ့သို့ မမြင်သော်လည်း၊ ဘုရားသခင်၏ အမြင်တွင် အချိန်ကြာမြင့်စွာက အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပြီးဖြစ်သည့်အရာများစွာ ရှိလေသည်။ ဤသည်မှာ ဘုရားသခင်၏ အမှုအားလုံး၏ အတွင်း သမ္မာတရားများထဲမှ တစ်ခုဖြစ်သည်။

စာတန်ရှုံးနိမ့်ပြီးသည်နှင့်တစ်ပြိုင်နက်၊ ဆိုလိုသည်မှာ၊ လူသည် လုံးဝ သိမ်းပိုက်ခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ ဤအမှုအားလုံးသည် ကယ်တင်ခြင်း အတွက် ဖြစ်သည်၊ ပြီးလျှင် ဤကယ်တင်ခြင်း၏နည်းလမ်းမှာ စာတန်၏ လက်ထဲမှ လူတို့ကို သိမ်းယူရန်ဖြစ်သည်ကို လူက သဘောပေါက်လိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏ အနှစ် ၆၀၀၀ စီမံခန့်ခွဲခြင်း အမှုကို အဆင့်သုံးဆင့် ခွဲခြားထား၏- ပညတ်တော်ခေတ်၊ ကျေးဇူးတော်ခေတ်နှင့် နိုင်ငံတော်ခေတ်ဟူ၍ ဖြစ်သည်။ အမှု၏ ဤအဆင့်သုံးဆင့်အားလုံးသည် လူသားမျိုးနွယ်၏

ကယ်တင်ခြင်းအတွက် ဖြစ်၏၊ ဆိုလိုသည်မှာ ၎င်းတို့သည် စာတန်၏ ပြင်းထန်စွာ ဖောက်ပြန်ပျက်စီးစေခြင်းခံခဲ့ရသည့် လူသားမျိုးနွယ်၏ ကယ်တင်ခြင်းအတွက်ဖြစ်သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ၎င်းတို့သည် ဘုရားသခင်အနေဖြင့် စာတန်နှင့် တိုက်ပွဲဝင်နိုင်ရန်အလို့ငှာလည်း ဖြစ်၏။ ထို့ကြောင့်၊ ကယ်တင်ခြင်း အမှုသည် အဆင့်သုံးဆင့်ခွဲခြားထားသကဲ့သို့ပင်၊ စာတန်နှင့် တိုက်ပွဲသည်လည်း အဆင့်သုံးဆင့် ခွဲခြားထားသောကြောင့် ဘုရားသခင်၏အမှုနှင့်သက်ဆိုင်သည့် ဤကဏ္ဍနှစ်ရပ်ကို တစ်ပြိုင်နက် ဆောင်ရွက်လေသည်။ စာတန်နှင့် တိုက်ပွဲသည် အမှန်တကယ်တွင် လူသားမျိုးနွယ်၏ကယ်တင်ခြင်းအတွက် ဖြစ်ကာ၊ လူသားမျိုးနွယ်၏ ကယ်တင်ခြင်းအမှုသည် အဆင့်တစ်ဆင့်တည်းဖြင့် အောင်မြင်စွာ ပြီးဆုံး နိုင်သည့်အရာတစ်ခု မဟုတ်သောကြောင့်၊ စာတန်နှင့်တိုက်ပွဲသည်လည်း အဆင့်များနှင့် ကာလများအဖြစ် ပိုင်းခြားထားပြီး၊ လူသား၏လိုအပ်ချက်များနှင့် ၎င်းအပေါ် စာတန်၏ဖောက်ပြန်ပျက်စီးစေခြင်း အတိုင်းအတာတို့နှင့်အညီ စာတန်အပေါ် စစ်ပွဲဆင်နွှဲရလေသည်။ လူသား၏ စိတ်ကူးတွင် စစ်တပ်နှစ်တပ် အချင်းချင်းတိုက်ကြသကဲ့သို့၊ ဤတိုက်ပွဲတွင် ဘုရားသခင်က စာတန်ကို ဆန့်ကျင်၍ လက်နက်ကိုင် တိုက်ခိုက်လိမ့်မည်ဟု ယုံကြည်ကောင်း ယုံကြည်လိမ့်မည်။ ဤသည်မှာ လူသား၏အသိဉာဏ်က စိတ်ကူးနိုင်စွမ်း ရှိသည့် အရာမျှသာဖြစ်၏။ ယင်းသည် အလွန့်အလွန် မရေရာသကဲ့သို့၊ လက်တွေ့မကျသော အတွေးအခေါ်တစ်ရပ် ဖြစ်သော်လည်း၊ ယင်းမှာ လူသား ယုံကြည်သည့်အရာဖြစ်၏။ ပြီးလျှင် လူသား၏ ကယ်တင်ခြင်း နည်းလမ်းသည် စာတန်နှင့် တိုက်ပွဲဝင်ခြင်းမှတစ်ဆင့်ဖြစ်သည်ဟု ဤနေရာတွင် ငါပြောသောကြောင့်၊ ဤသည်မှာ တိုက်ပွဲဆင်နွှဲသည့်ပုံဖြစ်သည်ဟု လူသားက စိတ်ကူးမိလေသည်။ လူသား၏ကယ်တင်ခြင်းအမှုအဖို့ အဆင့်သုံးဆင့်ရှိ၏၊ ဆိုလိုသည်မှာ စာတန်ကို တစ်ကြိမ်တည်းနှင့် လုံးဝရှုံးနိမ့်စေဖို့အလို့ငှာ စာတန်နှင့်တိုက်ပွဲကို အဆင့်သုံးဆင့် ခွဲထားပေသည်။ သို့ရာတွင် စာတန်နှင့်တိုက်ပွဲ အမှုတစ်ခုလုံး၏ အတွင်းသမ္မာတရားမှာ အမှု၏ လူသားအပေါ် ကျေးဇူးတော် အပ်နှင်းခြင်း၊ လူသား၏ အပြစ်ဖြေရာယဇ် ဖြစ်လာခြင်း၊ လူသား၏ အပြစ်များကို ခွင့်လွှတ်ခြင်း၊ လူသားကို သိမ်းပိုက်ခြင်းနှင့် လူသားကို စုံလင်စေခြင်း ဟူသော အချို့သောအဆင့်တို့မှတစ်ဆင့် ၎င်း၏ အကျိုးတရားများကို ရရှိပေသည်။ အမှန်စင်စစ်ဆိုရလျှင်၊ စာတန်နှင့်တိုက်ပွဲသည် စာတန်ကိုဆန့်ကျင်၍ လက်နက်ကိုင် တိုက်ခိုက်ခြင်းမဟုတ်ဘဲ၊ လူသားသည် ဘုရားသခင်အဖို့ သက်သေခံနိုင်ရန်အလို့ငှာ လူသားကို ကယ်တင်ခြင်း၊ လူသား၏အသက်တာအပေါ် အမှုပြုခြင်းနှင့် လူသား၏စိတ်သဘောထားကို ပြောင်းလဲခြင်းတို့ ဖြစ်၏။ ဤသည်မှာ စာတန် ရှုံးနိမ့်သည့်ပုံဖြစ်သည်။ လူသား၏

ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ပြောင်းလဲခြင်းမှတစ်ဆင့် စာတန်သည် ရှုံးနိမ့်လေ၏။ စာတန် ရှုံးနိမ့်ပြီးသည့်အခါတွင်၊ ဆိုလိုသည်မှာ၊ လူသည် လုံးဝ ကယ်တင်ခံရပြီးသည့်အခါ၊ အရှက်ရသည့်စာတန်သည် လုံးဝချည်နှောင်ခံရလိမ့်မည်ဖြစ်ပြီး၊ ဤနည်းဖြင့် လူသားသည် လုံးဝ ကယ်တင်ခြင်းခံရပြီးဖြစ်လိမ့်မည်။ ထို့ကြောင့် လူသား၏ ကယ်တင်ခြင်း အနှစ်သာရသည် စာတန်နှင့်စစ်ပွဲဖြစ်ပြီး၊ ဤစစ်ပွဲသည် အဓိကအားဖြင့် လူသား၏ကယ်တင်ခြင်းတွင် ထင်ဟပ်လေသည်။ လူသားကို သိမ်းပိုက်ရမည့် နောက်ဆုံးသောကာလ အဆင့်သည် စာတန်နှင့်တိုက်ပွဲတွင် နောက်ဆုံးအဆင့် ဖြစ်ပြီး၊ ယင်းသည် စာတန်၏ အုပ်စိုးမှုမှ လူသား၏ ပြည့်စုံသော ကယ်တင်ခြင်း အမှုလည်းဖြစ်၏။ လူသားကို သိမ်းပိုက်ခြင်း၏ အတွင်းအဓိပ္ပာယ်မှာ စာတန်၏ပြယုဂ်ဖြစ်သည့် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံထားရသည့် လူသားကို ၎င်း၏ သိမ်းပိုက်ခံရခြင်းနောက်တွင် ဖန်ဆင်းရှင်ထံ ပြန်ပို့ခြင်းဖြစ်၏၊ ဤမှတစ်ဆင့် သူသည် စာတန်ကိုစွန့်လွှတ်ပြီး ဘုရားသခင်ထံ လုံးဝ ပြန်သွားလိမ့်မည်ဖြစ်၏။ ဤနည်းဖြင့်၊ လူသားသည် လုံးဝကယ်တင်ခံရပြီး ဖြစ်လိမ့်မည်။ ထို့ကြောင့် သိမ်းပိုက်ခြင်းအမှုသည် စာတန်နှင့် တိုက်ပွဲဝင်ရာတွင် နောက်ဆုံးအမှု ဖြစ်ပြီး၊ စာတန်၏ရှုံးနိမ့်မှုအတွက် ဘုရားသခင်၏စီမံခန့်ခွဲမှု နောက်ဆုံးအဆင့်ဖြစ်၏။ ဤအမှုမရှိပါက၊ လူသား၏ ပြည့်ဝသော ကယ်တင်ခြင်းသည် နောက်ဆုံးတွင် ဖြစ်နိုင်မည် မဟုတ်ပေ၊ စာတန်၏ လုံးဝရှုံးနိမ့်ခြင်းသည်လည်း ဖြစ်နိုင်မည် မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ်သည် အံ့ဩဖွယ်ကောင်းသော ခရီးပန်းတိုင်ထဲသို့ မည်သည့်အခါမျှ ဝင်ရောက်နိုင်မည် မဟုတ်ပေ၊ သို့မဟုတ် စာတန်၏ လွှမ်းမိုးမှုမှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။ အကျိုးဆက်အနေဖြင့်၊ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအမှု၏ အချက်အချာသည် လူသားမျိုးနွယ်၏ ကယ်တင်ခြင်းအလို့ငှာ ဖြစ်သည့်အတွက်၊ စာတန်နှင့် တိုက်ပွဲ အဆုံးမသတ်မီတွင် လူသားကို ကယ်တင်ခြင်းအမှုသည် အဆုံးသတ်၍ မရနိုင်ပေ။ အစောဆုံးလူသားမျိုးနွယ်သည် ဘုရားသခင်၏ လက်ထဲတွင်ရှိခဲ့သော်လည်း၊ စာတန်၏ ဖြားယောင်းသွေးဆောင်မှုနှင့် ဖောက်ပြန်ပျက်စီးစေခြင်းတို့ကြောင့် လူသားသည် စာတန်၏ချုပ်နှောင်ခြင်း ခံရကာ ဆိုးယုတ်သည့်သူ၏လက်ထဲသို့ ကျရောက်သွားခဲ့၏။ ထို့ကြောင့် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုတွင် စာတန်သည် အနိုင်ယူရမည့်သူတစ်ဦး ဖြစ်လာခဲ့၏။ စာတန်သည် လူသားကို ပိုင်ဆိုင်ထားသောကြောင့်၊ ပြီးလျှင် လူသားသည် စီမံခန့်ခွဲမှုအားလုံးကို ဆောင်ရွက်ဖို့ ဘုရားသခင် အသုံးပြုသည့် အရင်းအနှီးဖြစ်သောကြောင့်၊ လူသားအနေဖြင့် ကယ်တင်ခံရဖို့ဆိုပါက၊ သူ့ကို စာတန်၏လက်ထဲမှ ပြန်လည်လုယူရမည်ဖြစ်သည်၊ ဆိုလိုသည်မှာ စာတန်၏ ဖမ်းဆီးခြင်း ခံရပြီးနောက် လူသားကို ပြန်လည်ရယူရမည်ဖြစ်၏။

ထို့ကြောင့် လူသား၏ စိတ်သဘောထားဟောင်း၌ ပြောင်းလဲမှုများ၊ လူသား၏ မူလဆင်ခြင်တုံတရား အသိစိတ်ကို နဂိုအတိုင်း ပြန်ဖြစ်စေသည့် အပြောင်းအလဲများမှတစ်ဆင့်၊ စာတန်ကို အနိုင်ယူရမည်ဖြစ်သည်။ ဤနည်းဖြင့် ဖမ်းဆီးခံထားရသော လူသားသည် စာတန်၏လက်ထဲမှ ပြန်လည်လုယူခံရနိုင်ပေသည်။ လူသားသည် စာတန်၏လွှမ်းမိုးမှုနှင့် ကျေးကျွန်ဘဝတို့မှ လွတ်မြောက်ပါက၊ စာတန်သည် အရှက်ရလိမ့်မည်၊ လူသားသည် နောက်ဆုံးတွင် ပြန်လည်ရယူခြင်း ခံရမည်ဖြစ်ပြီး၊ စာတန်သည် ရှုံးနိမ့်လိမ့်မည် ဖြစ်သည်။ ပြီးလျှင် လူသားသည် စာတန်၏ အမှောင် လွှမ်းမိုးမှုမှ လွတ်မြောက်ပြီးဖြစ်သောကြောင့်၊ လူသားသည် ဤတိုက်ပွဲ တစ်ရပ်လုံး၏ လက်ရပစ္စည်းများ ဖြစ်လာလိမ့်မည်ဖြစ်ပြီး၊ စာတန်သည် ဤတိုက်ပွဲပြီးသည်နှင့်တစ်ပြိုင်နက် အပြစ်ပေးခံရမည့်သူ ဖြစ်ပေလိမ့်မည်၊ ယင်းနောက်တွင် လူသားမျိုးနွယ်၏ ကယ်တင်ခြင်းအမှု တစ်ရပ်လုံး ပြီးဆုံးပြီး ဖြစ်လိမ့်မည်။

ဘုရားသခင်သည် ဖန်ဆင်းခြင်း သတ္တဝါများအပေါ် မည်သည့် အငြိုးမျှ မထားပေ။ စာတန်ကိုသာ အနိုင်ယူရန် ဆန္ဒရှိ၏။ ပြစ်တင်ဆုံးမခြင်းဖြစ်စေ၊ တရားစီရင်ခြင်းဖြစ်စေ၊ သူ၏အမှုအားလုံးသည် စာတန်ကို ရည်ရွယ်ထားခြင်း ဖြစ်၏။ ယင်းကို လူသားမျိုးနွယ်၏ ကယ်တင်ခြင်းအတွက် ဆောင်ရွက်ခြင်း ဖြစ်သည်၊ အားလုံးသည် စာတန်အနိုင်ယူရန်အလို့ငှာဖြစ်ပြီး၊ တကယ့်အဆုံးထိ စာတန်နှင့်တိုက်ပွဲဆင်နွှဲရန်ဟူသော ရည်မှန်းချက်တစ်ခုရှိ၏။ ဘုရားသခင်သည် စာတန်အပေါ် မအောင်နိုင်သရွေ့ လုံးဝ နားမည်မဟုတ်ပေ။ စာတန်ကို အနိုင်ယူပြီးသည့်အခါမှသာ သူ အနားယူမည်ဖြစ်သည်။ ဘုရားသခင်လုပ်ဆောင်သည့်အမှု အားလုံးသည် စာတန်ကို ရည်ရွယ်ထားသောကြောင့်၊ ပြီးလျှင် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရသူများသည် စာတန်၏ပိုင်နက် ထိန်းချုပ်မှုအောက်တွင် အားလုံးရှိပြီး၊ စာတန်၏ပိုင်နက်အောက်တွင် အသက်ရှင်ကြသောကြောင့်၊ စာတန်နှင့် ဆန့်ကျင်တိုက်ပွဲဆင်နွှဲခြင်းနှင့် ၎င်းကို ချိုးဖျက်ခြင်း မပြုဘဲနှင့်၊ စာတန်သည် ဤလူတို့အပေါ် ၎င်း၏ချုပ်ကိုင်မှုကို လျှော့ပေးမည်မဟုတ်သကဲ့သို့၊ ၎င်းတို့သည် ရယူခြင်းခံရနိုင်မည် မဟုတ်ပေ။ ၎င်းတို့ ရယူခြင်းမခံရပါက၊ ယင်းမှာ စာတန်သည် ရှုံးနိမ့်ခြင်းမရှိသေး၊ ၎င်းသည် နှိမ်နင်းခြင်း မခံရသေးသည်ကို သက်သေပြပေမည်။ ထို့ကြောင့် ဘုရားသခင်၏ အနှစ် ၆၀၀၀ စီမံခန့်ခွဲခြင်းအစီအစဉ်၌ ပထမအဆင့်အတွင်းတွင် သူသည် ပညတ်တရားအမှုကို လုပ်ဆောင်ခဲ့သည်၊ ဒုတိယအဆင့်အတွင်းတွင် သူသည် ကျေးဇူးတော်ခေတ်၏ အမှုကို လုပ်ဆောင်ခဲ့သည်၊ ယင်းမှာ ကားစင်တင်ခံရခြင်း အမှုဖြစ်ပြီး၊ တတိယအဆင့်အတွင်းတွင် သူသည် လူသားမျိုးနွယ်အား သိမ်းပိုက်ခြင်းအမှုကို လုပ်ဆောင်ခဲ့၏။ ဤအမှုအားလုံးသည် စာတန်က လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေခဲ့သည့် အတိုင်းအတာကို

ရည်ရွယ်ထားပေသည်၊ အားလုံးမှာ စာတန်ကို အနိုင်ယူရန်အလို့ငှာ ဖြစ်ပြီး အဆင့်များနှင့်သက်ဆိုင်သည့် အယောက်တိုင်းသည် စာတန်ကို အနိုင်ယူခြင်း အတွက် ဖြစ်ပေသည်။ ဘုရားသခင်၏ အနှစ် ၆၀၀၀ စီမံခန့်ခွဲခြင်းအမှု၏ အနှစ်သာရသည် အဆင်းနီသော နဂါးကြီးကို ဆန့်ကျင်သည့်တိုက်ပွဲဖြစ်ပြီး လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းအမှုသည်လည်း စာတန်ကို အနိုင်ယူခြင်းအမှု၊ စာတန်နှင့် တိုက်ပွဲဆင်နွှဲခြင်းအမှုဖြစ်၏။ ဘုရားသခင်သည် အနှစ် ၆၀၀၀ ကြာ တိုက်ပွဲဆင်နွှဲပြီးဖြစ်သည်၊ ထို့ကြောင့် နောက်ဆုံးတွင် လူကို နယ်ပယ်သစ်ထဲသို့ ခေါ်ဆောင်ဖို့အလို့ငှာ အနှစ် ၆၀၀၀ ကြာ သူ အမှုပြုပြီး ဖြစ်ပေသည်။ စာတန်ကို အနိုင်ယူသည့်အခါတွင်၊ လူသားသည် လုံးဝလွတ်မြောက်လိမ့်မည် ဖြစ်၏။ ဤသည်မှာ ယနေ့ ဘုရားသခင်၏အမှု ဦးတည်ချက် ဖြစ်သည် မဟုတ်သလော။ ဤသည်မှာ ယနေ့ အမှု၏ ဦးတည်ချက် အတိအကျ ဖြစ်ပေသည်- လူသားသည် မည်သည့် စည်းမျဉ်းများ၏ အောက်တွင်မျှမရှိသကဲ့သို့ မည်သည့် အချုပ်အနှောင်များ သို့မဟုတ် မည်သည့် ကန့်သတ်ချက်များဖြင့် ကန့်သတ်မရဖို့အလို့ငှာ လူသား၏ လုံးဝလွတ်မြောက်ခြင်းနှင့် လွတ်လပ်ခြင်း ဖြစ်သည်။ ဤအမှုအားလုံးကို သင်တို့၏ဝိညာဉ်ရင့်ကျက်မှုနှင့် သင်တို့၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေသည်၊ ဆိုလိုသည်မှာ သင်တို့ ဖြစ်မြောက်နိုင်သည့် အရာဟူသမျှဖြင့် သင်တို့ကို ထောက်ပံ့ပေးထားပေသည်။ ယင်းသည် "ဘဲတစ်ကောင်ကို အိပ်တန်းသို့ မောင်းနှင်ခြင်း"၊ သင်တို့အပေါ် တစ်စုံတစ်ခုမျှ သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့်သက်ဆိုင်သည့် ကိစ္စတစ်ရပ် မဟုတ်ပေ။ ထို့ထက် ဤအမှုအားလုံးကို သင်တို့၏ စစ်မှန်သော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားပေသည်။ အမှု၏ အဆင့်အသီးသီးကို လူသား၏ တကယ့်လိုအပ်ချက်များနှင့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ဖြစ်သည်။ အမှု၏ အဆင့်အသီးသီးသည် စာတန်ကို ရှုံးနိမ့်စေရန်အတွက် ဖြစ်၏။ အမှန်တွင်၊ အစအဦး၌ ဖန်ဆင်းရှင်နှင့် သူ၏ အဖန်ဆင်းခံများအကြားတွင် အတားအဆီးများ မရှိပေ။ ဤအတားအဆီးများအားလုံးကို စာတန်က ဖြစ်စေခဲ့ခြင်းဖြစ်၏။ သူ့ကို စာတန် နှောင့်ယှက်ကာ ဖောက်ပြန်ပျက်စီးစေခဲ့ပုံကြောင့် လူသားသည် မည်သည့်အရာကိုမျှ မမြင်နိုင် သို့မဟုတ် မထိနိုင် ဖြစ်လာပြီးဖြစ်သည်။ လူသားသည် ဒုက္ခခံရသူ၊ လှည့်ဖြားခံရသူ ဖြစ်၏။ စာတန်ကို အနိုင်ယူပြီးသည်နှင့်တစ်ပြိုင်နက်၊ အဖန်ဆင်းခံ သတ္တဝါများသည် ဖန်ဆင်းရှင်ကို ရှုမြင်လိမ့်မည်ဖြစ်ပြီး၊ ဖန်ဆင်းရှင်သည် အဖန်ဆင်းခံ သတ္တဝါများအပေါ် ကြည့်ရှုလိမ့်မည်ဖြစ်ကာ ၎င်းတို့ကို ကိုယ်တိုင်ကိုယ်ကျ လမ်းပြနိုင်ပေလိမ့်မည်။ ဤသည်သာလျှင် လူသားအနေဖြင့် ကမ္ဘာမြေပေါ်တွင် ရှိသင့်သည့် အသက်တာ ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်၏ အမှုသည် အဓိကအားဖြင့် စာတန်ကို

အနိုင်ယူရန်အလို့ငှာ ဖြစ်ပြီး၊ စာတန်ကို ရှုံးနိမ့်ခံရပြီးသည်နှင့် တစ်ပြိုင်နက်၊ အရာရာသည် ပြေလည်သွားပေလိမ့်မည်။ ယနေ့တွင်၊ လူသားအလယ် ကြွလာဖို့မှာ ဘုရားသခင်အတွက် ရိုးရှင်းသော ကိစ္စတစ်ခု မဟုတ်သည်ကို သင် တွေ့မြင်ပြီး ဖြစ်သည်။ သူသည် နေ့စဉ် သင်တို့ကို အပြစ်ရှာရင်း အချိန်ကုန်ဆုံးရန်၊ ဟိုဟို သည်သည် ပြောရန်၊ သို့မဟုတ် သူမည်သည့်အရာနှင့် တူသည်၊ ပြီးလျှင် သူ မည်သို့ စကားပြောဆိုပြီး အသက်ရှင်သည်တို့ကို သင်တို့အား တွေ့မြင်ခွင့်ပေးရန်သက်သက် သူ ကြွလာသည် မဟုတ်ပေ။ ဘုရားသခင်သည် သင်တို့အား သူ့ကိုကြည့်ရှုခွင့်ပေးရန် သို့မဟုတ် သင်တို့၏ မျက်လုံးများကို ဖွင့်ပေးရန် သို့မဟုတ် သူပြောဆိုခဲ့သည့် နက်နဲမှုများနှင့် သူဖွင့်ခဲ့သည့် တံဆိပ်ခုနစ်ချက်တို့ကို သင်တို့အား နားထောင်ခွင့်ပေးရန်မျှအတွက် လူ့ဇာတိ ခံလာသည် မဟုတ်။ ယင်းထက်၊ စာတန်ကို အနိုင်ယူရန် သူသည် လူ့ဇာတိခံလာလေပြီဖြစ်သည်။ သူသည် လူကို ကယ်တင်ဖို့နှင့် စာတန်နှင့် တိုက်ပွဲဆင်နွှဲဖို့ လူသားအလယ် လူ့ဇာတိဖြင့် ကိုယ်တိုင်ကိုယ်ကျ ကြွလာပြီးဖြစ်သည်။ ဤသည်မှာ သူ၏လူ့ဇာတိ ခံယူခြင်း အရေးပါမှု ဖြစ်သည်။ ယင်းသည် စာတန်ကို အနိုင်ယူရန်အလို့ငှာ မဟုတ်ခဲ့ပါက၊ သူသည် ဤအမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူသားတို့အလယ် သူ၏အမှုကို လုပ်ဆောင်ရန်၊ လူသားထံ မိမိကိုယ်ကိုယ် ကိုယ်တိုင်ကိုယ်ကျ ထုတ်ဖော်ပြရန်နှင့် လူသားအား သူ့ကို ရှုမြင်ခွင့်ပေးရန် ကမ္ဘာမြေသို့ ကြွလာပြီးဖြစ်သည်။ ဤသည်မှာ သေးငယ်သည့် ကိစ္စတစ်ရပ် ဖြစ်ပါသလော။ ယင်းသည် အမှန်တကယ် မရိုးရှင်းပေ။ ယင်းမှာ- လူသားအနေဖြင့် သူ့ကို ကြည်ညိုနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် စစ်မှန်ပြီး မရေရာ သို့မဟုတ် အနှစ်သာရမရှိသောအရာ မဟုတ်သကဲ့သို့၊ ဘုရားသခင်သည် မြင့်မားသော်လည်း နှိမ့်ချလည်းနှိမ့်ချသူဖြစ်သည်ကို နားလည်နိုင်ဖို့အလို့ငှာ ဘုရားသခင် ကြွလာလေပြီဖြစ်သည်- ဟူသော လူသား စိတ်ကူးသကဲ့သို့ မဟုတ်ပေ။ ယင်းသည် ထိုမျှလွယ်ကူနိုင်မည်လော။ ယင်းမှာ အတိအကျအားဖြင့် စာတန်သည် လူသား၏ ဇာတိပကတိကို ဖောက်ပြန်ပျက်စီးစေပြီးဖြစ်ကာ လူသားသည် ဘုရားသခင်က ကယ်တင်ရန် ရည်ရွယ်သည့်သူတစ်ဦး ဖြစ်သောကြောင့်၊ ဘုရားသခင်သည် စာတန်နှင့် တိုက်ပွဲဆင်နွှဲဖို့နှင့် လူကို ကိုယ်တိုင်ကိုယ်ကျ ထိန်းကျောင်းဖို့ရန် လူ့ဇာတိခံယူရမည်ဖြစ်သောကြောင့် ဖြစ်ပေသည်။ ဤအရာသည်သာ သူ၏အမှုကို အကျိုးပြုပေသည်။ ဘုရားသခင်၏ လူ့ဇာတိခံ ဇာတိခန္ဓာနှစ်ခုသည် စာတန်ကို အနိုင်ယူဖို့ရန်အလို့ငှာနှင့် လူကို သာ၍ ကောင်းမွန်စွာ ကယ်တင်ဖို့အလို့ငှာ တည်ရှိပြီးဖြစ်ပေသည်။ ယင်းမှာ ဘုရားသခင်၏ ဝိညာဉ်ဖြစ်စေ၊ ဘုရားသခင်၏ လူ့ဇာတိခံယူသော ဇာတိခန္ဓာဖြစ်စေ- စာတန်နှင့်တိုက်ပွဲဆင်နွှဲသူမှာ ဘုရားသခင်သာ

ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ တိုတိုပြောရလျှင်၊ စာတန်နှင့် တိုက်ပွဲဆင်နွှဲနေသောသူသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရသည့် လူသားဖြစ်နိုင်ဖို့ မဆိုထားနှင့်၊ ကောင်းကင်တမန်များပင် မဖြစ်နိုင်ပေ။ ကောင်းကင်တမန်များသည် ဤတိုက်ပွဲကို တိုက်ရန် တန်ခိုးမဲ့ကြသကဲ့သို့၊ လူသားသည် သာ၍ပင် မစွမ်းဆောင်နိုင်ပေ။ ထို့သို့ဖြင့်၊ ဘုရားသခင်သည် လူသား၏ အသက်တာ၌ အမှုပြုရန်ဆန္ဒရှိပါက၊ လူသားကို ကယ်တင်ရန် ကမ္ဘာမြေပေါ်သို့ ကိုယ်တိုင်ကိုယ်ကျ ကြွလာရန် ဆန္ဒရှိပါက၊ သူသည် ကိုယ်တိုင်ကိုယ်ကျ လူ့ဇာတိ ခံယူရမည်ဖြစ်သည်- ဆိုလိုသည်မှာ သူသည် ကိုယ်တိုင်ကိုယ်ကျ လူ့ဇာတိ အသွင်ဆောင်ရမည်ဖြစ်ပြီး၊ သူ၏ရှိရင်းစွဲ ပင်ကိုလက္ခဏာနှင့် သူလုပ်ဆောင်ရမည့် အမှုနှင့်အတူ၊ လူသားအလယ် ကြွလာကာ လူကို ကိုယ်တိုင်ကိုယ်ကျ ကယ်တင်ရမည် ဖြစ်၏။ သို့မဟုတ်ပါက ဤအမှုကို ဆောင်ရွက်သူသည် ဘုရားသခင်၏ဝိညာဉ် သို့မဟုတ် လူသားဖြစ်ခဲ့ပါက၊ ဤတိုက်ပွဲမှ မည်သည့်အရာမျှ အစဉ်ဖြစ်လာမည် မဟုတ်သကဲ့သို့၊ ယင်းသည် လုံးဝ ပြီးဆုံးမည် မဟုတ်ပေ။ ဘုရားသခင်သည် စာတန်ကို ကိုယ်တိုင်ကိုယ်ကျ ဆန့်ကျင်တိုက်ပွဲဝင်ရန် လူသားအလယ် လူ့ဇာတိခံလာသည့်အခါမှသာ၊ လူသားသည် ကယ်တင်ခြင်း အခွင့်အလမ်းတစ်ခု ရှိပေသည်။ ထို့အပြင် ထိုအခါမှသာ စာတန်သည် အရှက်ရပြီး၊ အသုံးချဖို့ မည်သည့်အခွင့်အရေးမျှ သို့မဟုတ် အကောင်အထည်ဖော်ရန် မည်သည့် အစီအစဉ်မျှ မရှိဘဲ ကျန်ရစ်လိမ့်မည်။ လူ့ဇာတိခံ ဘုရားသခင် လုပ်ဆောင်သော အမှုသည် လူသား အသက်တာအတွက်ဖြစ်ပြီး လူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ပြောင်းလဲဖို့အလို့ငှာ ဖြစ်သည့်အတွက်၊ လူ့ဇာတိခံ ဘုရားသခင် ဆောင်ရွက်သည့်အမှုကို ဘုရားသခင်၏ ဝိညာဉ်က မစွမ်းဆောင်နိုင်သကဲ့သို့၊ ဇာတိဆန်သူ မည်သည့်လူသားအတွက်မျှ ဘုရားသခင် ကိုယ်စား ထိုအရာကို လုပ်ဆောင်ရန် သာ၍ပင် ဖြစ်နိုင်မည်မဟုတ်ပေ။ လူသည် ဤတိုက်ပွဲတွင် ပါဝင်ရမည်ဆိုပါက၊ သူသည် ဆိုးဆိုးရွားရွား ကစဉ့်ကလျားဖြစ်လျက် ထွက်ပြေးမိမည်သာ ဖြစ်ပြီး၊ သူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ပြောင်းလဲခြင်းငှာ တကယ့်ကို တတ်စွမ်းနိုင်မည်မဟုတ်ပေ။ သူသည် လူသားကို လက်ဝါးကပ်တိုင်မှ ကယ်တင်ခြင်းငှာ သို့မဟုတ် ပုန်ကန်တတ်သည့် လူသားမျိုးနွယ်အားလုံးကို သိမ်းပိုက်ခြင်းငှာ တတ်စွမ်းနိုင်မည် မဟုတ်ဘဲ၊ အခြေခံသဘောတရားများထက် မပိုသည့် အမှုဟောင်းအနည်းငယ်ကိုသာ သို့မဟုတ်ပါက စာတန်၏ရှုံးနိမ့်ခြင်းနှင့် မသက်ဆိုင်သည့် အမှုကိုသာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အဘယ်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခံမည်နည်း။ စာတန် အနိုင်ယူဖို့ မဆိုထားနှင့် လူသားမျိုးနွယ်ကို မရရှိနိုင်သည့်အမှု၏ အရေးပါမှုမှာ အဘယ်နည်း။ ထို့ကြောင့်

စာတန်နှင့်တိုက်ပွဲသည် ဘုရားသခင် ကိုယ်တိုင်သာ ဆောင်ရွက်နိုင်ပြီး၊ လူသားအတွက် ထိုအရာကို လုပ်ဆောင်ရန် သက်သက်ဖြစ်နိုင်မည် မဟုတ်ပေ။ လူသားသည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းခြင်းနှင့် ဆင်ဆင်တူသော အမှုကို မလုပ်နိုင်သကဲ့သို့ စာတန်နှင့် တိုက်ပွဲဝင်သည့် အမှုကိုလည်း မဆောင်ရွက်နိုင်သည့်အတွက်၊ လူသား၏တာဝန်မှာ နာခံရန်နှင့် လိုက်နာရန်ဖြစ်၏။ လူသည် ဘုရားသခင်ကိုယ်တိုင်၏ ဦးဆောင်မှုအောက်တွင်၊ ဖန်ဆင်းရှင်ကို စိတ်ကျေနပ်စေရုံကျေနပ်စေနိုင်၏၊ ယင်းမှတစ်ဆင့် စာတန်သည် အနိုင်ယူခြင်းခံရလေသည်။ ဤအရာသည် လူသား လုပ်ဆောင်နိုင်သည့် တစ်ခုတည်းသော အရာ ဖြစ်သည်။ ထို့ကြောင့် တိုက်ပွဲအသစ်တစ်ခု စတင်သည့်အခါတိုင်းတွင်၊ ဆိုလိုသည်မှာ ခေတ်သစ်တစ်ခု၏ အမှုစတင်သည့် အခါတိုင်းတွင်၊ ဤအမှုကို ဘုရားသခင်ကိုယ်တိုင် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ပေသည်၊ ယင်းမှတစ်ဆင့် သူသည် ခေတ်တစ်ခေတ်လုံးကို ဦးဆောင်ပြီး လူသားမျိုးနွယ်တစ်ခုလုံးအတွက် လမ်းကြောင်းသစ်တစ်ခုကို ဖွင့်ပေးလေသည်။ ခေတ်သစ်အသီးသီး၏ အစသည် စာတန်နှင့်တိုက်ပွဲအသစ် စတင်ခြင်းဖြစ်၏၊ ယင်းမှ တစ်ဆင့် လူသားသည် သာ၍သစ်လွင်သည့်၊ သာ၍လှပသော လောကနှင့် ဘုရားသခင်ကိုယ်တိုင် ဦးဆောင်သည့် ခေတ်သစ်သို့ ဝင်ရောက်ပေသည်။ လူသားသည် အရာခပ်သိမ်း၏ ဆရာသခင် ဖြစ်သော်လည်း၊ ရယူခံရပြီးသူများသည် စာတန်နှင့်တိုက်ပွဲအားလုံး၏ အသီးအပွင့်များ ဖြစ်လာကြလိမ့်မည်။ စာတန်သည် အရာခပ်သိမ်းကို ဖောက်ပြန်ပျက်စီးစေသူ ဖြစ်ပြီး၊ တိုက်ပွဲအားလုံးအဆုံးတွင် ရှုံးနိမ့်သူဖြစ်ကာ ဤတိုက်ပွဲများ နောက်တွင် အပြစ်ပေးခံရမည့်သူ ဖြစ်ပေသည်။ ဘုရားသခင်၊ လူသားနှင့် စာတန်တို့ထဲတွင် စာတန်သည်သာ မုန်းတီးရွံရှာခံရပြီး ငြင်းပယ်ခံရမည့်သူဖြစ်၏။ စာတန်၏ ရယူခြင်းခံခဲ့ရသော်လည်း၊ ဘုရားသခင်၏ ပြန်လည်ရယူခြင်း မခံရသူများသည် ထိုစဉ်အတောအတွင်းတွင် စာတန်၏ ကိုယ်စား အပြစ်ပေးခြင်းကို ရရှိမည့်သူများ ဖြစ်လာပေသည်။ ဤသုံးဦးထဲမှ၊ ဘုရားသခင် တစ်ပါးတည်းသာ အရာခပ်သိမ်း၏ ကိုးကွယ်မှုကို ခံရသင့်ပေသည်။ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရသော်လည်း၊ ဘုရားသခင်၏ ပြန်လည် ရယူခြင်းခံရသူများနှင့် ဘုရားသခင်၏လမ်းခရီး နောက်လိုက် လျှောက်သူများသည် ထိုစဉ်အတောအတွင်းတွင် ဘုရားသခင်၏ကတိကို ရရှိကာ ဘုရားသခင်အတွက် ဆိုးယုတ်သူများကို တရားစီရင်မည့်သူများ ဖြစ်လာကြ၏။ ဘုရားသခင်သည် ဧကန်မုချ အောင်နိုင်လိမ့်မည်ဖြစ်ပြီး၊ စာတန်သည် ဧကန်မုချ ရှုံးနိမ့်လိမ့်မည်ဖြစ်သော်လည်း၊ လူသားအလယ်တွင် အနိုင်ရမည့်သူများနှင့် ရှုံးနိမ့်မည့်သူများ ရှိလေသည်။ အနိုင်ရသူများသည် အောင်မြင်သူများနှင့် သက်ဆိုင်လိမ့်မည်ပြီး၊ ရှုံးနိမ့်သူများမှာ အရှုံးသမားများနှင့် သက်ဆိုင်လိမ့်မည်။ ဤသည်မှာ

အမျိုးအစားအလိုက် အသီးသီးကို အတန်းစားခွဲခြားခြင်း ဖြစ်သည်၊ ယင်းမှာ ဘုရားသခင်၏အမှုအားလုံး၏ နောက်ဆုံး အဆုံးသတ် ဖြစ်သည်။ ယင်းသည် ဘုရားသခင်၏ အမှုအားလုံး၏ ရည်မှန်းချက်လည်းဖြစ်ပြီး၊ မည်သည့်အခါမျှ ပြောင်းလဲမည် မဟုတ်ပေ။ ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်၏ အဓိကအမှုနှင့်သက်ဆိုင်သည့် အချက်အချာမှာ လူသား၏ ကယ်တင်ခြင်းအပေါ် အာရုံစူးစိုက်ထားကာ ဘုရားသခင်သည် အဓိကအားဖြင့် ဤအချက်အချာအတွက်၊ ဤအမှုအတွက်နှင့် စာတန်ကို ရှုံးနိမ့်စေဖို့အလို့ငှာ လူ့ဇာတိ ခံယူလာခြင်းဖြစ်၏။ ဘုရားသခင် ပထမအကြိမ် လူ့ဇာတိခံယူခဲ့ခြင်းသည်လည်း စာတန်ကို ရှုံးနိမ့်စေဖို့အလို့ငှာဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ ရွေးနုတ်ခြင်း အမှုဖြစ်သည့် ပထမဆုံး တိုက်ပွဲနှင့်ဆိုင်သည့် အမှုကို ပြည့်စုံစေဖို့အလို့ငှာ ကိုယ်တိုင်ကိုယ်ကျ လူ့ဇာတိခံလာခဲ့ပြီး ကားတိုင်ထက်တွင် ကိုယ်တိုင်ကိုယ်ကျ သံမှိုရိုက်နှက်ခံခဲ့ပေသည်။ အလားတူပင်၊ အမှု၏ ဤအဆင့်သည်လည်း လူသားအလယ် သူ၏အမှုကို လုပ်ဆောင်ရန်၊ သူ၏နှုတ်ကပတ်တော်ကို ကိုယ်တိုင်ကိုယ်ကျ ပြောဆိုရန်နှင့် လူသားအား သူ့ကို မြင်တွေ့ခွင့်ပေးရန် လူ့ဇာတိခံယူသော ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခြင်းဖြစ်သည်။ ဟုတ်ပေ၏၊ ထိုအမှုများ ဆောင်ရွက်နေစဉ် တစ်လျှောက် သူသည် အခြားအမှုတစ်ချို့ကိုလည်း လုပ်ဆောင်သည်မှာ ရှောင်လွှဲ၍မရသော်လည်း၊ သူ၏အမှုကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခြင်း၏ အဓိက အကြောင်းရင်းမှာ စာတန်ကို အနိုင်ယူဖို့၊ လူသားမျိုးနွယ် တစ်ရပ်လုံးကို သိမ်းပိုက်ဖို့နှင့် ဤလူတို့ကို ရယူဖို့အလို့ငှာ ဖြစ်ပေသည်။ ထို့ကြောင့်၊ ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း အမှုသည် အမှန်တကယ် မရိုးရှင်းပေ။ သူ၏ ရည်ရွယ်ချက်မှာ လူသားကို ဘုရားသခင်သည် စိတ်နှိမ့်ချကာ ကွယ်ဝှက်ပြီး၊ ဘုရားသခင်သည် စစ်မှန်သည်ဆိုသည်ကို ပြသဖို့သာ ဖြစ်ခဲ့မည်ဆိုပါက၊ ယင်းမှာ ဤအမှုကို ဆောင်ရွက်ရန်အတွက်သာ ဖြစ်ခဲ့မည်ဆိုပါက၊ လူ့ဇာတိ ခံယူလာရန် လိုအပ်ခဲ့မည် မဟုတ်ပေ။ ဘုရားသခင်သည် လူ့ဇာတိမခံယူခဲ့လျှင်ပင်၊ သူသည် သူ၏စိတ်နှိမ့်ချခြင်းနှင့် ကွယ်ဝှက်ခြင်း၊ သူ၏ကြီးမြတ်ခြင်းနှင့် သန့်ရှင်းခြင်းတို့ကို လူသားထံ တိုက်ရိုက် ထုတ်ဖော်ပြနိုင်ခဲ့ပေမည်၊ သို့ရာတွင် ထိုသို့သော အရာများသည် လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းအမှုနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိပေ။ ၎င်းတို့သည် စာတန်ကို အနိုင်ယူနိုင်ဖို့မဆိုထားနှင့်၊ လူသားကို ကယ်တင်ခြင်းငှာ သို့မဟုတ် ပြည့်စုံစေခြင်းငှာ မတတ်စွမ်းနိုင်ပေ။ စာတန်ကို ရှုံးနိမ့်စေခြင်းတွင် ဝိညာဉ်တော်က ဝိညာဉ်တစ်ပါးနှင့် တိုက်ပွဲဆင်နွှဲခြင်းသာပါဝင်ပါက၊ ထိုသို့သောအမှုသည် သာ၍ လက်တွေ့ကျသည့် တန်ဖိုး သာ၍ပင် လျော့နည်းပေမည်။ ယင်းသည် လူသားကို ရယူခြင်းငှာ တတ်စွမ်းနိုင်မည် မဟုတ်သကဲ့သို့၊ လူသား၏ကံကြမ္မာနှင့် အလားအလာများကို

ဖျက်ဆီးလိမ့်မည်။ ထို့သို့ဖြင့်၊ ယနေ့ ဘုရားသခင်၏အမှုသည် လေးနက်သည့် အဓိပ္ပာယ်ရှိ၏။ ယင်းမှာ လူသားအနေဖြင့် သူ့ကို တွေ့နိုင်ဖို့အလို့ငှာ၊ သို့မဟုတ် လူသား၏အမြင်များ ပွင့်နိုင်ဖို့အလို့ငှာ သို့မဟုတ် တို့ထိခံရကာ အားပေးခံရသည့် ခံစားချက်အသိစိတ်အနည်းငယ်ကို သူ့အား ပေးရန်အလို့ငှာသာ မဟုတ်ပေ။ ထိုသို့သော အမှုသည် အရေးပါမှု မရှိပေ။ သင်သည် ဤအသိပညာမျိုးကိုသာ ပြောနိုင်ပါက၊ ယင်းသည် သင့်အနေဖြင့် ဘုရားသခင်၏ လူ့ဇာတိခံယူခြင်းနှင့်သက်ဆိုင်သည့် မှန်ကန်သော အဓိပ္ပာယ်အား မသိရှိသည်ကို သက်သေပြ၏။

ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုလုံးနှင့်ဆိုင်သည့် အမှုကို ဘုရားသခင်ကိုယ်တိုင်က ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ထားပေသည်။ ပထမဆုံးအဆင့်- ကမ္ဘာလောကကို ဖန်ဆင်းခြင်း- သည် ဘုရားသခင်ကိုယ်တိုင်က ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ထားခြင်းဖြစ်ကာ၊ ထိုသို့ မဟုတ်ခဲ့ပါက၊ လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းငှာ မည်သူမျှ တတ်စွမ်းနိုင်မည် မဟုတ်ချေ။ ဒုတိယအဆင့်သည် လူသားမျိုးနွယ်အားလုံးကို ရွေးနုတ်ခြင်းဖြစ်ခဲ့ပြီး ယင်းကိုလည်း ဘုရားသခင်ကိုယ်တိုင်က ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခဲ့ ပေသည်။ တတိယအဆင့်မှာ ပြောရန်မလိုပေ။ ဘုရားသခင် ကိုယ်တိုင် လုပ်ဆောင်ရမည့် အမှုအားလုံး၏ နိဂုံးကို ဘုရားသခင်ကိုယ်တိုင် လုပ်ဆောင်ဖို့ သာ၍ပင် လိုအပ်ပေသည်။ လူသားမျိုးနွယ်တစ်ခုလုံးကို ရွေးနုတ်ခြင်း၊ သိမ်းပိုက်ခြင်း၊ ရယူခြင်းနှင့် စုံလင်စေခြင်းအမှုအားလုံးကို ဘုရားသခင် ကိုယ်တိုင်က ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ထားပေသည်။ သူသည် ဤအမှုကို ကိုယ်တိုင်ကိုယ်ကျ မလုပ်ဆောင်ပါက၊ သူ၏ ပင်ကိုလက္ခဏာကို လူသားက ကိုယ်စားပြုနိုင်မည် မဟုတ်သကဲ့သို့၊ သူ၏အမှုကို လူသားက လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ စာတန်ကို အနိုင်ယူရန်အလို့ငှာ၊ လူသားမျိုးနွယ်ကို ရယူရန်အလို့ငှာနှင့် လူသားကို ကမ္ဘာမြေကြီးပေါ်တွင် ပုံမှန်အသက်တာတစ်ခု ပေးရန်အလို့ငှာ၊ သူသည် ကိုယ်တိုင်ကိုယ်ကျ လူသားကို ဦးဆောင်ပြီး လူသားအလယ်တွင် ကိုယ်တိုင်ကိုယ်ကျ အမှုပြုလေသည်။ သူ၏ စီမံခန့်ခွဲမှုအစီအစဉ် တစ်ခုလုံးအတွက်၊ ပြီးလျှင် သူ၏အမှုအားလုံးအတွက် သူသည် ဤအမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရမည်ဖြစ်၏။ သူ့ကို လူသားက မြင်တွေ့နိုင်ဖို့အလို့ငှာ၊ လူသားကို ပျော်ရွှင်စေခြင်းအတွက် ဘုရားသခင် ကြွလာခဲ့သည်ဟုသာ လူသားကယုံကြည်ပါက၊ ထိုသို့သော ယုံကြည်မှုများသည် တန်ဖိုး မရှိ၊ အရေးပါမှုမရှိပေ။ လူသား၏သိနားလည်မှုသည် အလွန်အပေါ်ယံ ဖြစ်လွန်း၏။ ဤအမှုကို သူကိုယ်တိုင် ဆောင်ရွက်ခြင်း အားဖြင့်သာ ဘုရားသခင်သည် ဤအမှုကို စေ့စေ့စပ်စပ်နှင့် လုံးဝ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ လူသားသည် ယင်းကို ဘုရားသခင်ကိုယ်စား

လုပ်ဆောင်ခြင်းငှာ မတတ်စွမ်းနိုင်ပေ။ သူသည် ဘုရားသခင်၏ ပင်ကိုလက္ခဏာ သို့မဟုတ် သူ၏အနှစ်သာရ မရှိသဖြင့်၊ ဘုရားသခင်၏အမှုကို လုပ်ဆောင်နိုင်စွမ်း မရှိသကဲ့သို့ လူသားသည် ဤအမှုကို လုပ်ဆောင်ခဲ့လျှင်ပင်၊ မည်သည့် အကျိုးတရားမျှ ရှိမည် မဟုတ်ပေ။ ပထမအကြိမ် ဘုရားသခင် လူ့ဇာတိခံခဲ့သည်မှာ ရွေးနုတ်ခြင်းအတွက်ဖြစ်၏၊ လူသားမျိုးနွယ်အားလုံးကို အပြစ်မှ ရွေးနုတ်ရန်၊ လူသားကို သန့်စင်ခံရပြီး သူ၏အပြစ်များအတွက် ခွင့်လွှတ်ခံရနိုင်စွမ်း ရှိစေဖို့ ဖြစ်သည်။ သိမ်းပိုက်ခြင်းအမှုကိုလည်း လူသားအလယ်တွင် ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ပေသည်။ အကယ်၍ ဤအဆင့်အတွင်းတွင် ဘုရားသခင်သည် ပရောဖက်ပြုချက်ကို ပြောဆိုရန်သာဖြစ်ပါက၊ သူ၏ နေရာယူရန် ပရောဖက်တစ်ဦး သို့မဟုတ် ပင်ကိုစွမ်းရည်ရှိသူတစ်ဦးဦးကို ရှာတွေ့နိုင်ပေသည်။ ပရောဖက်ပြုချက်ကိုသာ ပြောဆိုထားခဲ့မည်ဆိုပါက၊ ဘုရားသခင်အတွက် လူသားက အစားဝင်ပေးနိုင်၏။ သို့ရာတွင် လူသားသည် ဘုရားသခင်ကိုယ်တိုင်၏အမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရန် ကြိုးစားခဲ့ပြီး၊ လူသား၏အသက်တာ၌ အမှုပြုဖို့ကြိုးစားခဲ့ပါက၊ ဤအမှုကို လုပ်ဆောင်ရန် သူ့အတွက် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ ယင်းကို ဘုရားသခင်ကိုယ်တိုင် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရမည် ဖြစ်၏။ ဤအမှုကို လုပ်ဆောင်ရန် ဘုရားသခင်သည် ကိုယ်တိုင်ကိုယ်ကျ လူ့ဇာတိခံယူရမည်ဖြစ်၏။ နှုတ်ကပတ်တော်ခေတ်တွင် ပရောဖက်ပြုချက်ကိုသာ ပြောဆိုထားခဲ့မည်ဆိုပါက၊ ဟေရှာယ သို့မဟုတ် ပရောဖက် ဧလိယတို့ကို ဤအမှုလုပ်ဆောင်ရန် ရှာတွေ့နိုင်ခဲ့မည်ဖြစ်ပြီး၊ ဘုရားသခင်ကိုယ်တိုင် ထိုအမှုကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရန် လိုအပ်မည်မဟုတ်ပေ။ ဤအဆင့်တွင် လုပ်ဆောင်သည့်အမှုသည် ပရောဖက်ပြုချက်ကို ပြောရုံမျှ မဟုတ်သောကြောင့်၊ ပြီးလျှင် လူသားကို သိမ်းပိုက်ရန်နှင့် စာတန်ကို အနိုင်ယူရန် နှုတ်ကပတ်တော်၏အမှုကို အသုံးပြုသည်မှာ သာ၍ အရေးကြီးသောကြောင့်၊ ဤအမှုကို လူသားက မလုပ်ဆောင်နိုင်ဘဲ၊ ဘုရားသခင်ကိုယ်တိုင်က ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရမည်ဖြစ်၏။ ပညတ်တော်ခေတ်တွင်၊ ယေဟောဝါသည် သူ၏အမှု တစ်စိတ်တစ်ဒေသကို လုပ်ဆောင်ခဲ့၏၊ ယင်းနောက်တွင် သူသည် နှုတ်ကပတ်တော်အချို့ကို ပြောဆိုခဲ့ပြီး၊ ပရောဖက်များမှတစ်ဆင့် အမှုတစ်ချို့ကို လုပ်ဆောင်ခဲ့၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူသားသည် ယေဟောဝါကို သူ၏အမှု၌ အစားဝင်ပေးနိုင်ခဲ့သကဲ့သို့ ပရောဖက်တို့သည် အမှုအရာများကို ကြိုတင်ဟောပြောနိုင်ကြပြီး သူ၏ကိုယ်စား အိပ်မက်အချို့ကို အနက်ပြန်နိုင်ခဲ့ကြသောကြောင့် ဖြစ်၏။ အစအဦး၌ လုပ်ဆောင်ခဲ့သည့် အမှုသည် လူသား၏ စိတ်သဘောထားကို တိုက်ရိုက်ပြောင်းလဲခြင်းအမှု မဟုတ်ခဲ့သကဲ့သို့

လူသား၏အပြစ်နှင့် ဆက်နွှယ်မှု မရှိပေ၊ ပြီးလျှင် လူသားသည် ပညတ်တော်ကို လိုက်နာရန်သာ လိုအပ်ခဲ့၏။ ထို့ကြောင့် ယေဟောဝါသည် လူ့ဇာတိမခံယူခဲ့သကဲ့သို့ လူသားထံ မိမိကိုယ်ကိုယ် ထုတ်ဖော်မပြခဲ့ပေ။ ထိုအစား သူသည် မောရှေနှင့် အခြားသူများကို တိုက်ရိုက် စကားပြောဆိုခဲ့ပြီး၊ ၎င်းတို့အား သူ့ကိုယ်စား စကားပြောကာ အမှုပြုစေပြီး၊ လူသားမျိုးနွယ်ကြားတွင် သူ့ကိုယ်စား တိုက်ရိုက် အမှုပြုစေခဲ့သည်။ ဘုရားသခင်၏အမှု၏ ပထမအဆင့်သည် လူသားကို ဦးဆောင်လမ်းပြမှု ဖြစ်ခဲ့၏။ ယင်းသည် စာတန်နှင့် တိုက်ပွဲအစဖြစ်သော်လည်း၊ ဤတိုက်ပွဲသည် တရားဝင် မစတင်ရသေးပေ။ စာတန်နှင့်တရားဝင်စစ်ပွဲမှာ ဘုရားသခင်၏ ပထမ လူ့ဇာတိခံယူခြင်းနှင့်အတူ စတင်ခဲ့ပြီး၊ ယင်းသည် ယနေ့အထိ ဆက်လက်ဖြစ်၏။ ဤစစ်ပွဲ၏ ပထမတိုက်ပွဲသည် ကားတိုင်တွင် လူ့ဇာတိခံဘုရားသခင် သံမှိုရိုက်နှက်ခံရချိန်တွင် ဖြစ်သည်။ လူ့ဇာတိခံ ဘုရားသခင်၏ ကားစင်တင်ခံရခြင်းက စာတန်ကို အနိုင်ယူခဲ့ပြီး၊ ယင်းသည် စစ်ပွဲ၌ ပထမဦးဆုံး အောင်မြင်သော အဆင့်ဖြစ်၏။ လူ့ဇာတိခံ ဘုရားသခင်က လူသား၏ အသက်တာ၌ တိုက်ရိုက်အမှုပြုဖို့ စတင်ချိန်တွင်၊ ဤသည်မှာ လူသားကို ပြန်လည်ရယူခြင်း အမှု၏ တရားဝင်အစဖြစ်ခဲ့ပြီး၊ ဤသည်မှာ လူသား၏ စိတ်သဘောထားအဟောင်းကို ပြောင်းလဲခြင်းအမှု ဖြစ်ခဲ့သောကြောင့်၊ ယင်းသည် စာတန်နှင့် တိုက်ပွဲဆင်နွှဲခြင်း အမှု ဖြစ်ခဲ့ပေသည်။ အစအဦး၌ ယေဟောဝါ လုပ်ဆောင်ခဲ့သည့် အမှုအဆင့်သည် ကမ္ဘာမြေပေါ်တွင် လူသား၏ဘဝကို ဦးဆောင်လမ်းပြခြင်းမျှ ဖြစ်၏။ ယင်းသည် ဘုရားသခင်၏အမှု အစဖြစ်ပြီး၊ မည်သည့်တိုက်ပွဲမျှ သို့မဟုတ် မည်သည့်အဓိကအမှုမျှ မပါဝင်သေး သော်လည်း၊ လာမည့်တိုက်ပွဲနှင့်သက်ဆိုင်သည့် အမှုအတွက် အခြေခံအုတ်မြစ်ကို ချမှတ်ခဲ့၏။ နောက်ပိုင်းတွင်၊ ကျေးဇူးတော်ခေတ်အတွင်းရှိ အမှု၏ဒုတိယ အဆင့်သည် လူသား၏စိတ်သဘောထားဟောင်းကို ပြောင်းလဲခြင်း ပါဝင်လေသည်၊ ယင်းမှာ ဘုရားသခင် ကိုယ်တိုင်သည် လူသား၏အသက်ကို ဖြစ်ပေါ်စေခဲ့သည်ဟု ဆိုလိုပေသည်။ ဤအရာကို ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ဖို့ဖြစ်ခဲ့သည်- ယင်းသည် ဘုရားသခင်အနေဖြင့် ကိုယ်တိုင်ကိုယ်ကျ လူ့ဇာတိခံယူရန် လိုအပ်ခဲ့သည်။ သူ့အနေဖြင့် လူ့ဇာတိ မခံယူခဲ့ပါက၊ အမှု၏ဤအဆင့်သည် စာတန်နှင့် တိုက်ရိုက်တိုက်ခိုက်ခြင်း အမှုကို ကိုယ်စားပြုခဲ့သည့်အတွက်၊ အခြားမည်သူမျှ သူ့ကို အမှု၏ဤအဆင့်တွင် အစားထိုးနိုင်ခဲ့မည် မဟုတ်ပေ။ အကယ်၍ ဤအမှုကို လူသားက ဘုရားသခင်၏ကိုယ်စား လုပ်ဆောင်ခဲ့ပါက၊ စာတန် ရှေ့မှောက်တွင် လူသား ရပ်တည်သည့်အခါတွင်၊ စာတန်သည် ကျိုးနွံနာခံခဲ့မည် မဟုတ်သကဲ့သို့ ၎င်းကို အနိုင်ယူရန်မှာ ဖြစ်နိုင်ခဲ့မည် မဟုတ်ပေ။ လူ့ဇာတိခံ ဘုရားသခင်၏

အနှစ်သာရသည် ဘုရားသခင် ဖြစ်ဆဲဖြစ်ပြီး၊ သူသည် လူသား၏အသက် ဖြစ်နေဆဲဖြစ်ကာ ဖန်ဆင်းရှင်ဖြစ်ဆဲဖြစ်သည့်အတွက်၊ ၎င်းကို အနိုင်ယူဖို့ လာခဲ့သူမှာ လူ့ဇာတိခံဘုရားသခင် ဖြစ်ဖို့လိုခဲ့ပေသည်။ မည်သည့်အရာ ဖြစ်ပါစေ၊ သူ၏ ပင်ကိုလက္ခဏာနှင့် အနှစ်သာရသည် ပြောင်းလဲမည် မဟုတ်ပေ။ ထို့ကြောင့် စာတန် လုံးဝကျိုးနွံနာခံစေဖို့ သူသည် လူ့ဇာတိကို ဆောင်ယူခဲ့ပြီး အမှုကို လုပ်ဆောင်ခဲ့၏။ နောက်ဆုံးသောကာလ အမှု၏ အဆင့်အတွင်းတွင်၊ လူသားသည် ဤအမှုကို လုပ်ဆောင်ပြီး နှုတ်ကပတ်တော်များကို တိုက်ရိုက် ပြောဆိုစေခြင်း ခံခဲ့ရသည်ဆိုပါက၊ သူသည် ယင်းတို့ကို ပြောဆိုနိုင်ခဲ့မည် မဟုတ်သကဲ့သို့ ပရောဖက်ပြုချက်ကို ပြောဆိုခဲ့မည်ဆိုပါက၊ ဤပရောဖက်ပြုချက်သည် လူသားကို သိမ်းပိုက်ခြင်းငှာ တတ်စွမ်းနိုင်မည် မဟုတ်ပေ။ လူ့ဇာတိခံယူခြင်းဖြင့်၊ ဘုရားသခင်သည် စာတန်ကို အနိုင်ယူရန် ကြွလာပြီး၊ ၎င်းကို လုံးဝ အညံ့ခံစေ၏။ သူသည် စာတန်ကို လုံးဝ အနိုင်ယူချိန်တွင်၊ လူသားကို အပြည့်အဝ သိမ်းပိုက်ပြီး လုံးဝ ရယူချိန်တွင်၊ အမှု၏ဤအဆင့် ပြီးဆုံးလိမ့်မည်ဖြစ်ပြီး အောင်မြင်မှု ရရှိလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းတွင်၊ လူသားသည် ဘုရားသခင်အတွက် မရပ်တည်ပေးနိုင်ပေ။ အထူးသဖြင့်၊ ခေတ်ကို ဦးဆောင်လမ်းပြခြင်းနှင့် အမှုသစ်စတင်ခြင်း အမှုသည် ဘုရားသခင် ကိုယ်တိုင်၏ ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခြင်းကို သာ၍ပင် လိုအပ်၏။ လူသားကို ထုတ်ဖော်ခြင်းပေးခြင်းနှင့် ပရောဖက်ပြုချက်ဖြင့် ထောက်ပံ့ပေးခြင်းတို့ကို လူသားက လုပ်ဆောင်နိုင်သော်လည်း၊ ယင်းသည် ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရမည့်အမှု၊ ဘုရားသခင်ကိုယ်တိုင်နှင့် စာတန်ကြားက တိုက်ပွဲနှင့် သက်ဆိုင်သည့်အမှု ဖြစ်ပါက၊ ဤအမှုကို လူသားက မလုပ်ဆောင်နိုင်ပေ။ အမှု၏ပထမအဆင့်အတွင်းတွင်၊ စာတန်နှင့် တိုက်ပွဲမရှိခဲ့သည့်အခါ၊ ယေဟောဝါသည် ပရောဖက်များပြောဆိုခဲ့သည့် ပရောဖက်ပြုချက်ကို အသုံးပြုရင်း ဣသရေလအမျိုးတို့ကို ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ခဲ့၏။ ထို့နောက်တွင်၊ အမှု၏ ဒုတိယအဆင့်မှာ စာတန်နှင့် တိုက်ပွဲဖြစ်ခဲ့ပြီး၊ ဤအမှုကို လုပ်ဆောင်ရန် ဘုရားသခင်ကိုယ်တိုင်သည် ကိုယ်တိုင်ကိုယ်ကျ လူ့ဇာတိ ခံယူခဲ့ပြီး၊ လူ့ဇာတိအဖြစ်သို့ ရောက်လာခဲ့၏။ စာတန်ကို တိုက်သည့်တိုက်ပွဲနှင့် ပတ်သက်သည့်အရာတိုင်းသည်လည်း ဘုရားသခင်၏လူ့ဇာတိခံယူခြင်းနှင့် ပတ်သက်၏၊ ယင်းမှာ ဤတိုက်ပွဲကို လူသားက ဆင်နွှဲ၍မနိုင်ဟု ဆိုလိုပေသည်။ လူသားသည် တိုက်ပွဲဝင်ရမည်ဆိုပါက၊ သူသည် စာတန်ကို အနိုင်ယူခြင်းငှာ တတ်စွမ်းနိုင်မည် မဟုတ်ပေ။ ၎င်း၏အုပ်စိုးမှုအောက်တွင် ရှိနေသေးစဉ်တွင် သူသည် ၎င်းကို ဆန့်ကျင်တိုက်ခိုက်ရန် ခွန်အား မည်သို့ရှိနိုင်မည်နည်း။ လူသားသည် အလယ်တွင်ရှိနေ၏- သင်သည် စာတန်ဘက်သို့

တိမ်းပါက၊ သင်သည် စာတန်နှင့်သက်ဆိုင်၏၊ သို့ရာတွင် သင်သည် ဘုရားသခင်ကို စိတ်ကျေနပ်စေပါက၊ သင်သည် ဘုရားသခင်နှင့် သက်ဆိုင်၏။ ဤတိုက်ပွဲနှင့်သက်ဆိုင်သည့် အမှုတွင် လူသားသည် ဘုရားသခင်အတွက် ကြိုးစားကာ အစားဝင်ပေးရမည်ဆိုပါက၊ လုပ်ဆောင်နိုင်ပါမည်လော။ အစားဝင်ပေးခဲ့ပါက၊ သူသည် ကာလကြာမြင့်စွာကပင် ပျက်စီးဆုံးရှုံးပြီးဖြစ်မည် မဟုတ်လော။ ကာလကြာမြင့်စွာကပင် သူသည် အောက်အရပ်လောကထဲသို့ ဝင်ရောက်ပြီးဖြစ်မည် မဟုတ်သလော။ ထို့ကြောင့် လူသားသည် ဘုရားသခင်၏ အမှု၌ ဘုရားသခင်ကို အစားမထိုးနိုင်ပေ၊ ဆိုလိုသည်မှာ လူသားသည် ဘုရားသခင်၏အနှစ်သာရ မရှိသကဲ့သို့၊ သင်သည် စာတန်နှင့် တိုက်ပွဲဝင်ခဲ့ပါက၊ သူ့ကို အနိုင်ယူခြင်းငှာ သင် တတ်စွမ်းနိုင်မဟုတ်ပေ။ လူသားသည် အချို့သောအမှုကိုသာ လုပ်ဆောင်နိုင်၏။ သူသည် လူအချို့ကို သိမ်းသွင်းနိုင်၏၊ သို့ရာတွင် ဘုရားသခင် ကိုယ်တိုင်၏ အမှုတွင် သူသည် ဘုရားသခင်အတွက် အစားမဝင်ပေးနိုင်ပေ။ လူသားသည် စာတန်နှင့် မည်သို့ တိုက်ပွဲဝင်နိုင်မည်နည်း။ သင် မစမီကပင် စာတန်သည် သင့်ကို ဖမ်းဆီးမိမည် ဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင် စာတန်နှင့် တိုက်ပွဲဝင်ပြီး ဤအခြေခံအရ လူသားသည် ဘုရားသခင်နောက် လိုက်ပြီး သူ့ကို နာခံသောအခါမှသာ၊ လူသားသည် ဘုရားသခင်၏ ရယူခြင်းကို ခံရနိုင်ပြီး စာတန်၏ အချုပ်အနှောင်များမှ လွတ်မြောက်နိုင်ပေသည်။ လူသားက မိမိ၏ ကိုယ်ပိုင်ဉာဏ်ပညာနှင့် အစွမ်းအစတို့ဖြင့် စွမ်းဆောင်ရရှိနိုင်သည့် အရာများမှာ နည်းပါးလွန်းလှပေသည်။ သူသည် လူသားကို ပြည့်စုံစေခြင်း၊ သူ့ကို ဦးဆောင်လမ်းပြခြင်းအပြင် စာတန်ကို အနိုင်ယူခြင်းတို့ကို မတတ်စွမ်းနိုင်ပေ။ လူသား၏ အသိဉာဏ်နှင့် အမြော်အမြင်တို့သည် စာတန်၏အကြံအစည်များကို ကဖျက်ယဖျက် မလုပ်နိုင်ပေ၊ ထို့ကြောင့် လူသားသည် ၎င်းနှင့် မည်သို့တိုက်ပွဲဝင်နိုင်မည်နည်း။

စုံလင်စေခြင်း ခံရဖို့ လိုလားလျက် ရှိသူအားလုံးသည် စုံလင်စေခြင်း ခံရဖို့ အခွင့်အရေးရှိ၏၊ ထို့ကြောင့် အယောက်တိုင်း စိတ်အေးလက်အေးထားရမည်- အနာဂတ်တွင် သင်တို့အားလုံး ပန်းတိုင်ထဲသို့ ဝင်ရောက်ကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် သင်သည် စုံလင်စေခြင်းခံရရန် လိုလားမနေသကဲ့သို့၊ အံ့သြဖွယ်ကောင်းသော နယ်ပယ်ထဲသို့ဝင်ရောက်ရန် လိုလားနေခြင်း မရှိပါက၊ ဤသည်မှာ သင်ကိုယ်တိုင်၏ ပြဿနာ ဖြစ်၏။ စုံလင်စေခြင်းခံရရန် လိုလားနေပြီး ဘုရားသခင်ကို သစ္စာစောင့်သိသူအားလုံး၊ နာခံသူအားလုံးနှင့် ၎င်းတို့၏ အလုပ်တာဝန်ကို သစ္စာရှိစွာ ဆောင်ရွက်သူ အားလုံး- ထိုသို့သော လူအားလုံးသည် စုံလင်စေခြင်းခံရနိုင်၏။ ယနေ့တွင်၊ ၎င်းတို့၏ တာဝန်ကို သစ္စာစောင့်သိစွာ ဆောင်ရွက်ခြင်းမရှိသူအားလုံး၊ ဘုရားသခင်ကို သစ္စာမစောင့်သိသူအားလုံး၊ ဘုရားသခင်ကို ကျိုးနွံနာခံခြင်းမရှိသူ အားလုံး၊

အထူးသဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်း ဖွင့်ပြခြင်းနှင့် အလင်းပေးခြင်းတို့ကို ရရှိပြီးဖြစ်သော်လည်း၊ လက်တွေ့မလုပ်ဆောင်သောသူ အားလုံး— ထိုသို့သော လူအားလုံးသည် စုံလင်စေခြင်း မခံရနိုင်ပေ။ ဘုရားသခင်ကို သစ္စာစောင့်သိပြီး နာခံရန်လိုလားနေသော သူအားလုံးသည် အနည်းငယ် မသိနားမလည်ကြလျှင်ပင် စုံလင်စေခြင်း ခံနိုင်၏။ လိုက်စားရှာဖွေရန် လိုလားနေသူ အားလုံးသည် စုံလင်စေခြင်းခံရနိုင်၏။ ဤအရာနှင့်ပတ်သက်၍ စိုးရိမ်စရာမလိုပေ။ ဤဦးတည်ချက်ဖြင့် လိုက်စားရှာဖွေရန် သင်လိုလားနေသရွေ့ သင်သည် စုံလင်စေခြင်း ခံရနိုင်၏။ ငါသည် သင်တို့ထဲမှ မည်သူ့ကိုမျှ စွန့်ပစ်ရန် သို့မဟုတ် ဖယ်ရှားရန် လိုလားခြင်းမရှိသော်လည်း၊ လူသားသည် ကောင်းမွန်စွာ လုပ်ဆောင်ရန် မကြိုးပမ်းပါက၊ သင်သည် မိမိကိုယ်ကိုယ် ဖျက်ဆီးနေခြင်းသာဖြစ်၏။ သင့်ကို ဖယ်ရှားသည်မှာ ငါမဟုတ်၊ သင်ကိုယ်တိုင် ဖြစ်၏။ သင်ကိုယ်တိုင်က ကောင်းမွန်စွာ လုပ်ဆောင်ရန် မကြိုးပမ်းပါက— သင်သည် ပျင်းရိပါက၊ သို့မဟုတ် သင်၏တာဝန်ကို မဆောင်ရွက်ပါက၊ သို့မဟုတ် သစ္စာမစောင့်သိပါက၊ သို့မဟုတ် သမ္မာတရားကို မလိုက်စားသကဲ့သို့၊ သင် နှစ်သက်သည်အတိုင်း အမြဲလုပ်ဆောင်ပါက၊ သင်သည် မဆင်မခြင် ပြုမူပါက၊ သင်ကိုယ်တိုင်၏ ကျော်ကြားမှုနှင့် အခွင့်အလမ်းအတွက် တိုက်ခိုက်ပြီး ဆန့်ကျင်ဘက်လိင်နှင့် သင်၏ဆက်ဆံမှုများတွင် မရိုးဖြောင့်ပါက၊ သင်သည် သင် ကိုယ်တိုင်၏ အပြစ်များ၏ ဝန်ထုပ်ကို သယ်ဆောင်ရလိမ့်မည်ဖြစ်သည်။ သင်သည် မည်သူမဆို၏ သနားကြင်နာမှုနှင့်မျှ မထိုက်တန်ပေ။ ငါ၏ရည်ရွယ်ချက်မှာ၊ အမှု၏ ဤအဆင့်ကို အောင်မြင်စွာ ပြည့်စုံစေနိုင်ဖို့အလို့ငှာ၊ သင်တို့အားလုံးကို စုံလင်စေခြင်း ခံရဖို့နှင့် အနည်းဆုံးအနေဖြင့် သိမ်းပိုက်ခံရရန် ဖြစ်၏။ ဘုရားသခင်၏အလိုဆန္ဒမှာ လူတိုင်း စုံလင်စေခြင်းခံရဖို့၊ နောက်ဆုံးတွင် သူ၏ရယူခြင်းခံရဖို့၊ သူ၏ လုံးဝသန့်စင်စေခြင်းကို ခံရဖို့နှင့် သူချစ်သော လူများဖြစ်လာကြရန် ဖြစ်၏။ သင်တို့ ခေတ်နောက်ကျန်နေသည် သို့မဟုတ် အရည်အချင်း ညံ့ဖျင်းသည်ဟု ငါပြောသည် မပြောသည်မှာ အရေးမကြီးပေ— ဤအရာအားလုံးမှာ အမှန်တရားဖြစ်၏။ ငါ ဤသို့ပြောဆိုခြင်းမှာ ငါသည် သင်တို့ကို ကယ်တင်ရန် လိုလားခြင်းမရှိဖို့ မဆိုထားနှင့်၊ သင့်ကို စွန့်ပစ်ရန် ငါရည်ရွယ်သည်၊ ငါသည် သင်တို့၌ မျှော်လင့်ချက် ကုန်ဆုံးသည်ကို သက်သေမပြပေ။ ယနေ့တွင် ငါသည် သင်တို့၏ ကယ်တင်ခြင်းအမှုကို လုပ်ဆောင်ရန် ကြွလာပြီဖြစ်သည်၊ ဆိုလိုသည်မှာ ငါ လုပ်ဆောင်သည့်အမှုသည် ကယ်တင်ခြင်းအမှု၏ အဆက် ဖြစ်ပေသည်။ လူတိုင်း စုံလင်စေခြင်း ခံရမည့် အခွင့်အရေးရှိ၏- သင်သည် လိုလားခြင်းရှိမှသာ၊ သင်သည် လိုက်စားရှာဖွေခြင်းရှိမှသာ၊ အဆုံးတွင် သင်သည် ဤရလဒ်ကို ရရှိနိုင်လိမ့်မည် ဖြစ်ပြီး၊

သင်တို့ထဲမှ တစ်ဦးမျှ စွန့်ပစ်ခံရမည် မဟုတ်ပေ။ သင်သည် အရည်အချင်းညံ့ဖျင်းပါက၊ သင်နှင့်သက်ဆိုင်သည့် ငါ၏ သတ်မှတ်ချက်များသည် သင်၏ညံ့ဖျင်းသည့် အရည်အချင်းနှင့်အညီ ဖြစ်လိမ့်မည်။ သင်သည် အရည်အချင်းမြင့်မားပါက၊ သင်နှင့်သက်ဆိုင်သည့် ငါ၏သတ်မှတ်ချက်များသည် သင်၏မြင့်မားသည့် အရည်အချင်းနှင့်အညီ ဖြစ်လိမ့်မည်။ သင်သည် မသိနားမလည်ဖြစ်ကာ စာမတတ်ပါက၊ သင်နှင့်သက်ဆိုင်သည့် ငါ၏သတ်မှတ်ချက်များသည် သင်၏ စာမတတ်ခြင်းနှင့်အညီ ဖြစ်လိမ့်မည်။ သင်သည် စာတတ်ပါက၊ သင်နှင့်သက်ဆိုင်သည့် ငါ၏သတ်မှတ်ချက်များသည် သင် စာတတ်မြောက်သည့် အချက်နှင့်အညီ ဖြစ်လိမ့်မည်။ သင်သည် သက်ကြီးရွယ်အို တစ်ဦးဖြစ်ပါက၊ သင်နှင့်သက်ဆိုင်သည့် ငါ၏သတ်မှတ်ချက်များသည် သင်၏ အသက်နှင့်အညီ ဖြစ်လိမ့်မည်။ သင်သည် ဧည့်ဝတ်ပျူငှာနိုင်စွမ်း ရှိပါက၊ သင်နှင့်သက်ဆိုင်သည့် ငါ၏သတ်မှတ်ချက်များသည် ဤတတ်စွမ်းနိုင်မှုနှင့်အညီ ဖြစ်လိမ့်မည်။ သင်သည် ဧည့်ဝတ်ပျူငှာမှုမပေးနိုင်ဘဲ၊ ဧဝံဂေလိတရား ဖြန့်ဝေခြင်းဖြစ်စေ၊ အသင်းတော်ကို စောင့်ရှောက်ခြင်းဖြစ်စေ၊ အခြားသော အထွေထွေအရေးကိစ္စများကို အာရုံစိုက်လုပ်ဆောင်ခြင်း ဖြစ်စေ၊ တာဝန်တချို့ကိုသာ လုပ်ဆောင်နိုင်သည်ဟု သင်ဆိုပါက သင့်ကို ငါ၏စုံလင်စေခြင်းသည် သင်ဆောင်ရွက်သည့် တာဝန်နှင့်အညီ ဖြစ်လိမ့်မည်။ သစ္စာစောင့်သိခြင်း၊ တကယ့်အဆုံးထိ နာခံခြင်းနှင့် ဘုရားသခင်ကို အဆုံးစွန် ချစ်ခြင်းရှိဖို့ ကြိုးစားခြင်း- ဤသည်မှာ သင် ဖြစ်မြောက်ရမည့်အရာ ဖြစ်ပြီး၊ ဤအရာသုံးခုထက် သာ၍ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်မှုများ မရှိပေ။ နောက်ဆုံးတွင် လူသားသည် ဤအရာသုံးခုကို ရရှိရန်လိုအပ်ပြီး၊ ၎င်းတို့ကို ရရှိနိုင်ပါက စုံလင်စေခြင်းခံရလိမ့်မည်ဖြစ်သည်။ သို့ရာတွင်၊ အရေးကြီးဆုံးမှာ သင်သည် အမှန်တကယ် လိုက်စားရှာဖွေရမည်၊ သင်သည် ရှေ့သို့နှင့် အထက်သို့ တက်ကြွစွာ တက်လှမ်းရမည်ဖြစ်ပြီး၊ ယင်းနှင့်ပတ်သက်၍ မတုန်မလှုပ် မနေရ။ လူတိုင်းတွင် စုံလင်စေခြင်းခံရရန် အခွင့်အရေးရှိပြီး၊ စုံလင်စေခြင်းခံရနိုင်စွမ်း ရှိကာ၊ ဤသည်မှာ မှန်ကန်ကြောင်းကို ငါပြောပြီးဖြစ်သော်လည်း၊ သင်သည် သင်၏ လိုက်စားရှာဖွေမှုတွင် သာ၍ ကောင်းမွန်ရန် မကြိုးစားပေ။ အကယ်၍ သင်သည် ဤစံသုံးရပ်ကို မရရှိပါက၊ အဆုံးတွင် ဖယ်ရှားခြင်းခံရပေမည်။ ဤသည်မှာ သင်တို့ အသီးသီး ဆောင်ရွက်သင့်သည့် တာဝန်ဖြစ်သောကြောင့်၊ ငါသည် အယောက်တိုင်းကို အမီလိုက်စေလိုသည်၊ အယောက်တိုင်းကို အမှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းပေးမှု ရှိစေလိုပြီး၊ တကယ့်အဆုံးထိတိုင် နာခံနိုင်စေလိုသည်။ သင်တို့ အားလုံး သင်တို့၏တာဝန်ကို ထမ်းဆောင်ပြီးသည့်အခါတွင်၊ သင်တို့အားလုံး စုံလင်စေခြင်း ခံရပြီး ဖြစ်လိမ့်မည်၊

ထူးကဲလှသော သက်သေခံချက်လည်း သင်တို့ ရှိကြလိမ့်မည်။ သက်သေခံချက်ရှိသူ အားလုံးသည် စာတန်အပေါ် အောင်နိုင်ပြီးသူများနှင့် ဘုရားသခင်၏ကတိကို ရရှိပြီးသူများဖြစ်ကာ ၎င်းတို့သည် အံ့သြဖွယ်ကောင်းသော ပန်းတိုင်တွင် အသက်ရှင်ရန် ကျန်ရစ်ကြမည့်သူများ ဖြစ်ပေသည်။

## ဘုရားသခင်နှင့် လူသားသည် ငြိမ်သက်ခြင်းချမ်းသာထဲသို့ အတူတကွ ဝင်ရောက်ကြလိမ့်မည်

အစအဦး၌ ဘုရားသခင်သည် အနားယူလျက် ရှိခဲ့သည်။ ထိုအချိန်က ကမ္ဘာမြေကြီးပေါ်တွင် လူသားများ သို့မဟုတ် အခြားမည်သည့်အရာမျှ မရှိခဲ့သကဲ့သို့၊ ဘုရားသခင်သည် မည်သည့်အလုပ်ကိုမျှ မလုပ်ရသေးဘဲ ရှိခဲ့သည်။ ဘုရားသခင်သည် သူ၏စီမံခန့်ခွဲခြင်း အမှုကို လူသားမျိုးနွယ် တည်ရှိသည်နှင့်တစ်ပြိုင်နက်၊ ပြီးလျှင် လူသား ဖောက်ပြန်ပျက်စီး ပြီးနောက်တွင်သာ စတင်ခဲ့သည်။ ထိုအချိန်မှစ၍ သူသည် အနားမယူတော့ဘဲ ယင်းအစား လူသားများအကြားတွင် သူကိုယ်တိုင် စတင် အလုပ်များခဲ့သည်။ ဘုရားသခင်သည် သူ၏ ငြိမ်သက်ခြင်းချမ်းသာကို ဆုံးရှုံးခဲ့သည်မှာ လူသား၏ ဖောက်ပြန်ပျက်စီးမှုကြောင့် ဖြစ်ပြီး၊ ကောင်းကင်တမန်မင်း၏ ပုန်ကန်မှုကြောင့်လည်း ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် စာတန်ကို နှိမ်နင်းပြီး ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်ကို မကယ်တင်ပါက၊ သူသည် ငြိမ်သက်ခြင်းချမ်းသာထဲသို့ မည်သည့်အခါမျှ တစ်ဖန် ဝင်ရောက်နိုင်မည် မဟုတ်ပေ။ လူသားသည် ငြိမ်သက်ခြင်းချမ်းသာ ကင်းမဲ့သကဲ့သို့ ဘုရားသခင်သည်လည်း ကင်းမဲ့ပြီး၊ သူ နောက်တစ်ကြိမ် အနားယူသည့်အခါတွင် လူသားသည်လည်း အနားယူလိမ့်မည်ဖြစ်သည်။ ငြိမ်သက်ခြင်းချမ်းသာထဲတွင် အသက်ရှင်ခြင်းဆိုသည်မှာ စစ်ပွဲ မရှိ၊ ညစ်ညမ်းမှု မရှိသကဲ့သို့၊ မဆုတ်မနစ်သော မဖြောင့်မတ်မှုတို့ မရှိသည့် အသက်တာတစ်ခုကို ဆိုလိုပေသည်။ ယင်းမှာ စာတန်၏ နှောင့်ယှက်ခြင်းများ (ဤနေရာတွင် "စာတန်" ဆိုသည်မှာ ရန်လိုသော အင်အားစုများကို ရည်ညွှန်းသည်)၊ စာတန်၏ ဖောက်ပြန်ပျက်စီးခြင်း ကင်းမဲ့သကဲ့သို့ ဘုရားသခင်ကို ဆန့်ကျင်ရာတွင် ရှိသည့် အင်အားစု တစ်ခုတစ်လေ၏ ကျူးကျော်ခြင်း ခံရလေ့မရှိသည့် အသက်တာ တစ်ခု ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းမှာ အရာအားလုံးက မိမိ၏အမျိုးအစားနောက် လိုက်ကြပြီး ဖန်ဆင်းခြင်း၏ သခင်ကို ကိုးကွယ်နိုင်ကြကာ၊ ကောင်းကင်နှင့် မြေကြီး လုံးဝ ငြိမ်သက်အေးချမ်းလျက် ရှိသည့် အသက်တာ တစ်ခု ဖြစ်သည်-

ဤသည်မှာ "လူသားများ၏ အေးအေးလူလူ ရှိသော အသက်တာ" ဟူသည့် စကားများဖြင့် ဆိုလိုသည့်အရာ ဖြစ်သည်။ ဘုရားသခင် အနားယူသည့်အခါတွင်၊ မဖြောင့်မတ်မှုသည် ကမ္ဘာမြေကြီးပေါ်တွင် ဆက်လက် တည်ရှိလိမ့်မည် မဟုတ်တော့ဘဲ၊ ရန်သူအင်အားစုတို့၏ နောက်ထပ် ကျူးကျော်မှု တစ်ခုတစ်လေမျှလည်း ရှိတော့မည် မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ်သည် နယ်ပယ်သစ်ထဲသို့ ဝင်ရောက်ကြလိမ့်မည်- စာတန်၏ ဖောက်ပြန်ဖျက်ဆီးခြင်း ခံထားရသော လူသားမျိုးနွယ် ဖြစ်ကြတော့မည် မဟုတ်ဘဲ၊ ယင်းထက် စာတန်၏ ဖောက်ပြန်ဖျက်ဆီးခြင်း ခံရပြီးနောက် ကယ်တင်ခံရပြီးဖြစ်သော လူသားမျိုးနွယ် ဖြစ်ကြလိမ့်မည်။ လူသားမျိုးနွယ်၏ အနားယူသောနေ့ရက်သည် ဘုရားသခင်၏ အနားယူသောနေ့ရက်လည်း ဖြစ်လိမ့်မည်။ ဘုရားသခင်သည် နဂိုမူလက အနားမယူနိုင်ခဲ့သောကြောင့် မဟုတ်ဘဲ၊ လူသား၏ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်နိုင်စွမ်း မရှိခြင်းကြောင့်၊ ဘုရားသခင်သည် သူ၏ ငြိမ်သက်ခြင်း ချမ်းသာကို ဆုံးရှုံးခဲ့ရပေသည်။ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်မှုဆိုသည်မှာ အရာရာတိုင်း ရပ်တန့်သွားသည် သို့မဟုတ် တိုးတက်ဖွံ့ဖြိုးမှု ရပ်စဲသွားသည်ဟု မဆိုလိုသကဲ့သို့၊ ဘုရားသခင်က အမှုပြုခြင်း ရပ်တန့်သွားသည် သို့မဟုတ် လူသားများက အသက်ရှင်မှု ရပ်တန့်သည်ကိုလည်း မဆိုလိုပေ။ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ခြင်း လက္ခဏာမှာ စာတန်သည် ဖျက်ဆီးခြင်းခံရပြီး ဖြစ်သည့်အချိန်၊ ၎င်း၏ မကောင်းမှုပြုခြင်းတွင် ၎င်းနှင့်အတူ ပူးပေါင်းပါဝင်ကြသော ထိုဆိုးယုတ်သည့် လူများ အပြစ်ဒဏ်ပေးခံရကာ ဖယ်ရှားခံပြီးသည့်အချိန်နှင့်၊ ဘုရားသခင်ကို ရန်လိုသည့် အင်အားစုအားလုံး တည်ရှိခြင်း ရပ်စဲသွားချိန် ဖြစ်လိမ့်မည်။ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဘုရားသခင် ဝင်ရောက်ခြင်း ဆိုသည်မှာ သူသည် လူသားမျိုးနွယ်၏ ကယ်တင်ခြင်းနှင့်ဆိုင်သည့် သူ၏အမှုကို ဆောင်ရွက်တော့မည်မဟုတ်သည်ကို ဆိုလိုပေသည်။ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ လူသားမျိုးနွယ် ဝင်ရောက်ခြင်း ဆိုသည်မှာ စာတန်၏ ဖောက်ပြန်ပျက်စီးခြင်း မရှိဘဲ၊ လူသားမျိုးနွယ် အားလုံးသည် ဘုရားသခင်၏ အလင်းအတွင်းနှင့် သူ၏ ကောင်းချီးမင်္ဂလာ အောက်တွင် အသက်ရှင်ကြလိမ့်မည် ဖြစ်ပြီး မည်သည့် မတရားမှုမျှ ဖြစ်ပွားလိမ့်မည် မဟုတ်သည်ကို ဆိုလိုသည်။ ဘုရားသခင်၏ စောင့်ရှောက်မှု အောက်တွင်၊ လူသားများသည် ကမ္ဘာမြေပေါ်တွင် ပုံမှန် နေထိုင်ကြလိမ့်မည် ဖြစ်သည်။ ဘုရားသခင်နှင့် လူသားမျိုးနွယ်သည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ အတူတကွ ဝင်ရောက်သည့်အခါတွင်၊ ယင်းမှာ လူသားမျိုးနွယ်သည် ကယ်တင်ခံရပြီး ဖြစ်ကာ စာတန်သည် ဖျက်ဆီးခြင်းခံရပြီး ဖြစ်သည်၊ လူသားများ၌ ဘုရားသခင်၏အမှု လုံးဝ ပြီးဆုံးသည်ကို ဆိုလိုပေသည်။ ဘုရားသခင်သည်

လူသားများတွင် ဆက်လက် အမှုပြုတော့မည် မဟုတ်သကဲ့သို့ ၎င်းတို့သည် စာတန်၏ အုပ်စိုးမှုအောက်တွင် နေထိုင်ကြတော့မည် မဟုတ်ပေ။ ထိုသို့ဖြင့် ဘုရားသခင်သည် ဆက်လက် အလုပ်များတော့မည် မဟုတ်သကဲ့သို့ လူသားများသည် စဉ်ဆက်မပြတ် လှုပ်ရှားရတော့မည် မဟုတ်ပေ။ ဘုရားသခင်နှင့် လူသားမျိုးနွယ်သည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ တစ်ပြိုင်နက် ဝင်ရောက်ကြလိမ့်မည်။ ဘုရားသခင်သည် သူ၏မူလနေရာသို့ ပြန်သွားလိမ့်မည်ဖြစ်ပြီး လူအသီးသီးသည် ၎င်းတို့၏ သက်ဆိုင်ရာ နေရာအသီးသီးသို့ ပြန်သွားကြလိမ့်မည်။ ဤသည်တို့မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှု တစ်ခုလုံး ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ဘုရားသခင်နှင့် လူသားများ နေထိုင်သွားကြမည့် ခရီးပန်းတိုင်များ ဖြစ်သည်။ ဘုရားသခင်၌ ဘုရားသခင်၏ ခရီးပန်းတိုင် ရှိပြီး လူသားမျိုးနွယ်သည် လူသားမျိုးနွယ်၏ ခရီးပန်းတိုင်ရှိသည်။ အနားယူနေစဉ်တွင် ဘုရားသခင်သည် လူသားများ အားလုံးကို ကမ္ဘာမြေပေါ် ရှိ ၎င်းတို့၏ အသက်တာများ၌ ဆက်လက် လမ်းပြမည် ဖြစ်ပြီး၊ သူ၏ အလင်းအတွင်း ရှိနေစဉ်၊ လူသားများသည် ကောင်းကင်ဘုံရှိ တစ်ဆူတည်းသော စစ်မှန်သည့် ဘုရားသခင်ကို ကိုးကွယ်ကြလိမ့်မည်။ ဘုရားသခင်သည် လူသားမျိုးနွယ် အလယ်တွင် နေထိုင်တော့မည် မဟုတ်သကဲ့သို့ လူသားများသည်လည်း ဘုရားသခင်၏ ခရီးပန်းတိုင်တွင် ဘုရားသခင်နှင့်အတူ နေထိုင်နိုင်ကြလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်နှင့် လူသားတို့သည် နယ်ပယ် တစ်ခုတည်းအတွင်းတွင် အသက်မရှင်နိုင်ချေ။ ယင်းထက် နှစ်ဦးသည် မိမိတို့၏ကိုယ်ပိုင် သက်ဆိုင်ရာ နေထိုင်ပုံနည်းဟန်များ ရှိကြသည်။ ဘုရားသခင်သည် လူသားမျိုးနွယ် အားလုံးကို လမ်းပြသောသူ ဖြစ်ပြီး၊ လူသားမျိုးနွယ် အားလုံးမှာ ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု၏ ပုံဆောင်ခဲ ဖြစ်သည်။ လူသားများသည် ဦးဆောင်ခံရသူများ ဖြစ်ကြပြီး၊ ဘုရားသခင်ကဲ့သို့ တူညီသော အနှစ်သာရ မရှိချေ။ "အနားယူ" ဖို့ဆိုသည်မှာ မိမိ၏ မူလနေရာသို့ ပြန်သွားဖို့ ဖြစ်သည်။ သို့ဖြစ်ရာ ဘုရားသခင်သည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်သည့်အခါတွင်၊ ယင်းမှာ ဘုရားသခင်သည် မိမိ၏မူလနေရာသို့ ပြန်သွားသည်ကို ဆိုလိုသည်။ သူသည် ကမ္ဘာမြေကြီးပေါ်တွင် ဆက်လက် နေထိုင်တော့မည် မဟုတ်၊ သို့မဟုတ် လူသားမျိုးနွယ် အလယ်တွင် ၎င်းတို့၏ ဝမ်းမြောက်ခြင်းနှင့် ဆင်းရဲဒုက္ခများကို ဝေမျှခံစားဖို့ ရှိတော့မည် မဟုတ်ပေ။ လူသားများသည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်သောအခါတွင်၊ ယင်းမှာ ၎င်းတို့သည် စစ်မှန်သည့် ဖန်ဆင်းခြင်းခံရသည့် အရာများ ဖြစ်လာကြပြီးဖြစ်သည်ကို ဆိုလိုသည်။ ၎င်းတို့သည် ဘုရားသခင်ကို ကမ္ဘာမြေပေါ်မှ ကိုးကွယ်ကြလိမ့်မည် ဖြစ်ပြီး ပုံမှန်လူသား အသက်တာများကို အသက်ရှင်ကြလိမ့်မည်။ လူတို့သည် ဘုရားသခင်ကို နာမခံတော့မည် မဟုတ်၊ သို့မဟုတ်

ဘုရားသခင်ကို ဆန့်ကျင်တော့မည် မဟုတ်သကဲ့သို့ အာဒံနှင့် ဧဝတို့၏ မူလဘဝသို့ ပြန်သွားကြလိမ့်မည်။ ဤသည်တို့မှာ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ပြီးနောက်တွင် ဘုရားသခင်နှင့် လူသားတို့၏ သက်ဆိုင်ရာ ဘဝများနှင့် ခရီးပန်းတိုင်များ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်နှင့် စာတန်တို့အကြား စစ်ပွဲတွင် စာတန်၏ ရှုံးနိမ့်မှုမှာ မလွဲမရှောင်သာသည့် ဦးတည်ရာ တစ်ခု ဖြစ်သည်။ ထိုသို့ဖြင့် သူ၏စီမံခန့်ခွဲခြင်း အမှု ပြီးပြည့်စုံပြီးနောက်တွင် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဘုရားသခင်၏ ဝင်ရောက်ခြင်းနှင့် လူသားမျိုးနွယ်၏ ပြည့်စုံသော ကယ်တင်ခြင်းနှင့် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ခြင်းတို့သည်လည်း အလားတူ ရှောင်လွှဲ၍မရသော ဦးတည်ရာများ ဖြစ်လာကြပြီး ဖြစ်သည်။ လူသားမျိုးနွယ်၏ အနားယူရာအရပ်မှာ ကမ္ဘာမြေကြီးပေါ်တွင် ဖြစ်ပြီး၊ ဘုရားသခင်၏ အနားယူရာ အရပ်မှာ ကောင်းကင်ဘုံတွင် ဖြစ်သည်။ လူသားများသည် ငြိမ်သက်ခြင်း ချမ်းသာ၌ ဘုရားသခင်ကို ကိုးကွယ်စဉ်တွင်၊ ၎င်းတို့သည် ကမ္ဘာမြေပေါ်တွင် နေထိုင် လိမ့်မည်ဖြစ်ကာ၊ ဘုရားသခင်သည် ငြိမ်သက်ခြင်း ချမ်းသာထဲ၌ ကျန်သော လူသားမျိုးနွယ်ကို ဦးဆောင်နေစဉ်တွင်၊ သူသည် ကမ္ဘာမြေကြီးပေါ်မှ မဟုတ်ဘဲ ကောင်းကင်ဘုံမှ ၎င်းတို့ကို ဦးဆောင်လိမ့်မည်။ ဘုရားသခင်သည် နာမ်ဝိညာဉ် ဖြစ်နေဆဲ ဖြစ်စဉ်တွင်၊ လူသားများသည် အသွေးအသား ဖြစ်လိမ့်ဦးမည် ဖြစ်သည်။ ဘုရားသခင်နှင့် လူသားတို့ နှစ်ဦးလုံးသည် မတူညီသော ပုံစံတစ်ခုဖြင့် အနားယူကြလိမ့်မည်။ ဘုရားသခင် အနားယူစဉ်တွင်၊ သူသည် လူသားများအလယ်တွင် ကြွလာကာ ကိုယ်ထင်ပြလိမ့်မည်။ လူသားများ အနားယူစဉ်တွင်၊ ၎င်းတို့သည် ကောင်းကင်ဘုံသို့ လည်ပတ်ရန်အပြင်၊ ထိုနေရာ၌ အသက်တာကို မွေ့လျော်ရန် ဘုရားသခင်၏ ဦးဆောင်မှုကို ခံရကြလိမ့်မည်။ ဘုရားသခင်နှင့် လူသားမျိုးနွယ်သည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ပြီးသည့်နောက်တွင်၊ စာတန်သည် တည်ရှိတော့မည် မဟုတ်။ ထိုနည်းတူ ဆိုးယုတ်သော ထိုလူတို့သည်လည်း ဆက်လက် တည်ရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်နှင့် လူသားမျိုးနွယ်တို့ အနားမယူမီတွင်၊ ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်ကို တစ်ချိန်က နှိပ်စက်ညှဉ်းပန်းခဲ့ကြသည့် ဆိုးယုတ်သော သူများအပြင်၊ ကမ္ဘာမြေပေါ်၌ ဘုရားသခင်ကို မနာခံခဲ့ကြသည့် ရန်သူတို့သည် ဖျက်ဆီးခံကြရနှင့်ပြီး ဖြစ်လိမ့်မည်။ ၎င်းတို့သည် နောက်ဆုံးသောကာလ၏ ကြီးမားသည့် ကပ်ဘေးများအားဖြင့် ချေမှုန်းသုတ်သင်ခံရကြပြီး ဖြစ်လိမ့်မည်။ ထိုဆိုးယုတ်သော လူများ လုံးဝ အမြစ်ဖြတ် ချေမှုန်းခံပြီးသည်နှင့်တစ်ပြိုင်နက်၊ ကမ္ဘာမြေကြီးသည် စာတန်၏ နှောင့်ယှက်ခြင်းကို မည်သည့်အခါမျှ တစ်ဖန် ကြုံရလိမ့်မည် မဟုတ်ပေ။ ထိုအခါမှသာ လူသားမျိုးနွယ်သည် ပြီးပြည့်စုံသော ကယ်တင်ခြင်းကို ရရှိလိမ့်မည် ဖြစ်ပြီး ဘုရားသခင်၏အမှုသည်

လုံးလုံးလျားလျား ပြီးဆုံးသွားလိမ့်မည်။ ဤသည်တို့မှာ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ရန် ဘုရားသခင်နှင့် လူသားမျိုးနွယ်အတွက် မရှိမဖြစ် ရှိထားရမည့် လိုအပ်ချက်များ ဖြစ်သည်။

အရာခပ်သိမ်း၏ အဆုံးသတ် ချဉ်းကပ်လာမှုသည် ဘုရားသခင့် အမှု ပြီးပြည့်စုံခြင်းအပြင်၊ လူသားမျိုးနွယ်၏ ဖွံ့ဖြိုးတိုးတက်မှု အဆုံးတစ်ခုကို ညွှန်ပြပေသည်။ ဤသည်မှာ စာတန်၏ ဖောက်ပြန်ပျက်စီးခြင်း ခံရသည်နှင့်အမျှ၊ လူသားများသည် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှု အဆုံးကို ရောက်ရှိကြပြီး ဖြစ်လိမ့်မည်ဖြစ်ကာ အာဒံနှင့် ဧဝ၏ သားစဉ်မြေးဆက်များသည် ၎င်းတို့၏ မျိုးပွားခြင်းအား ပြည့်စုံစေပြီး ဖြစ်လိမ့်မည်ကို ဆိုလိုပေသည်။ ယင်းမှာ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရလျက်၊ ထိုသို့သော လူသားမျိုးနွယ်အနေဖြင့် ဆက်လက် ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်နိုင်လိမ့်မည် မဟုတ်သည်ကိုလည်း ဆိုလိုသည်။ အစအဦးတွင် အာဒံနှင့် ဧဝတို့သည် ဖောက်ပြန်ပျက်စီးစေခြင်း မခံခဲ့ရသော်လည်း၊ ဒေင်ဥယျာဉ်မှ နှင်ထုတ်ခြင်းခံခဲ့ရသော အာဒံနှင့် ဧဝတို့သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရသည်။ ဘုရားသခင်နှင့် လူသားတို့သည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ အတူတကွ ဝင်ရောက်သောအခါ၊ ဒေင်ဥယျာဉ်အတွင်းမှ နှင်ထုတ်ခံခဲ့ရသော အာဒံ၊ ဧဝနှင့် ၎င်းတို့၏ သားစဉ်မြေးဆက်များသည် နောက်ဆုံးတွင် အဆုံးသတ်သွားကြလိမ့်မည်။ အနာဂတ် လူသားမျိုးနွယ်သည် အာဒံနှင့် ဧဝတို့၏ သားစဉ်မြေးဆက်များ ဆက်လက်ပါဝင်လိမ့်ဦးမည် ဖြစ်သော်လည်း၊ ၎င်းတို့သည် စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်သော လူသားများ ဖြစ်ကြမည်မဟုတ်ချေ။ ယင်းထက်၊ ၎င်းတို့သည် ကယ်တင်ခံရပြီး သန့်စင်ခံခဲ့ရသောလူများ ဖြစ်ကြလိမ့်မည်။ ဤသည်မှာ တရားစီရင်ခံရပြီး ပြစ်တင်ဆုံးမခံရပြီးဖြစ်သည့် လူသားမျိုးနွယ်နှင့် သန့်ရှင်းသူ ဖြစ်ကြလိမ့်မည်။ ဤလူတို့သည် နဂိုမူလ ရှိခဲ့သော လူသားမျိုးနွယ်စုနှင့် တူလိမ့်မည်မဟုတ်ပေ။ ၎င်းတို့သည် အစအဦးက အာဒံနှင့် ဧဝတို့မှ လုံးဝကွဲပြားခြားနားသော လူသားမျိုးနွယ်တစ်ခု ဖြစ်လိမ့်မည်ဟု ဆို၍ ရနိုင်လုနီးပါး ဖြစ်သည်။ ဤလူတို့သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရသော သူအားလုံးထဲမှ ရွေးကောက်ခံရပြီး ဖြစ်လိမ့်မည် ဖြစ်ကာ ၎င်းတို့သည် နောက်ဆုံးတွင် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအတွင်း အခိုင်အမာ ရပ်တည်ကြပြီးသူများ ဖြစ်ကြလိမ့်မည်။ ၎င်းတို့သည် ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်ထဲမှ နောက်ဆုံးကျန်ရှိသော လူစုဖြစ်လိမ့်မည်။ ဤလူများသာ ဘုရားသခင်နှင့်အတူ နောက်ဆုံးသော ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်နိုင်ကြလိမ့်မည်။ နောက်ဆုံးသောကာလအတွင်း ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း၏အမှု အတောအတွင်း- ဆိုလိုသည်မှာ သန့်စင်စေခြင်း၏ နောက်ဆုံးသောအမှု အတောအတွင်း-

အခိုင်အမာ ရပ်တည်နိုင်သူများသည် ဘုရားသခင်နှင့် အတူ နောက်ဆုံးသော ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ကြမည့် သူများဖြစ်သည်။ ထိုသို့ဖြင့် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်သော သူအားလုံးသည် ဘုရားသခင်၏ နောက်ဆုံး သန့်စင်စေခြင်း အမှုကို ကြုံပြီးနောက်တွင်၊ စာတန်၏ လွှမ်းမိုးခြင်းမှ ချိုးဖောက် လွတ်မြောက်ပြီးဖြစ်လိမ့်မည်ဖြစ်ကာ၊ ဘုရားသခင်၏ ရယူခြင်းကို ခံရပြီး ဖြစ်ကြလိမ့်မည်။ နောက်ဆုံး၌ ဘုရားသခင်၏ ရယူခြင်းကို ခံရပြီးဖြစ်လိမ့်မည် ဖြစ်သော ဤလူသားများသည် နောက်ဆုံးသော ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ကြလိမ့်မည်။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း အမှု၏ ပဓာနကျသော ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်ကို သန့်ရှင်းစေရန်နှင့် ၎င်းတို့၏ နောက်ဆုံးသော ငြိမ်သက်ခြင်း ချမ်းသာအတွက် ၎င်းတို့ကို ပြင်ဆင်ရန် ဖြစ်သည်။ ထိုသို့သော သန့်ရှင်းစေခြင်း မရှိဘဲနှင့်၊ လူသားမျိုးနွယ်ထဲမှ တစ်ဦးမျှသည် မတူညီသော အမျိုးအစားအလိုက် ခွဲခြားခံရနိုင်မည် မဟုတ်ပေ၊ သို့မဟုတ် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်နိုင်ကြမည် မဟုတ်ပေ။ ဤအမှုသည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ရန် လူသားမျိုးနွယ်၏ တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည်။ ဘုရားသခင်၏ သန့်စင်စေခြင်းအမှုသည်သာ လူသားများကို ၎င်းတို့၏ မဖြောင့်မတ်ခြင်းမှ သန့်စင်စေလိမ့်မည်ဖြစ်ပြီး သူ၏ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်း အမှုသည်သာလျှင် လူသားမျိုးနွယ်ထဲမှ မနာခံသော ထိုလူစုများကို ဖော်ထုတ်လိမ့်မည်၊ ထိုသို့ဖြင့် ကယ်တင်ခံရနိုင်သူတို့ကို ကယ်တင်မခံရနိုင်သူတို့မှ ခွဲခြားပြီး ကျန်ရှိမည့်သူများကို မကျန်ရှိမည့်သူများမှ ခွဲခြားထားလိမ့်မည်ဖြစ်သည်။ ဤအမှု အဆုံးသတ်သောအခါတွင်၊ ကျန်ရှိခွင့် ပေးထားသောလူများ အားလုံး သန့်စင်စေခြင်း ခံရလိမ့်မည်ဖြစ်ပြီး၊ ကမ္ဘာမြေပေါ်တွင် သာ၍ နှစ်သက်ဖွယ်ဖြစ်သော ဒုတိယ လူ့ဘဝကို ၎င်းတို့ မွေ့လျော်မည့် သာ၍ မြင့်မားသော လူ့သဘာဝ၏ အခြေအနေထဲသို့ ဝင်ရောက်ကြလိမ့်မည်။ တစ်နည်းအားဖြင့် ၎င်းတို့သည် ၎င်းတို့၏ လူသား အနားယူရာနေ့ကို စတင်ကြလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်နှင့်အတူ ယှဉ်တွဲနေထိုင်ကြလိမ့်မည်။ ကျန်ရှိခွင့် မရကြသူတို့ ပြစ်တင်ဆုံးမခံရကာ တရားစီရင်ခံကြရ ပြီးနောက်တွင်၊ ၎င်းတို့၏ စရိုက်အမှန်သည် လုံးဝ ဖော်ထုတ်ခံရလိမ့်မည်၊ ယင်းနောက်တွင် ၎င်းတို့အားလုံးသည် စာတန်ကဲ့သို့ ဖျက်ဆီးခြင်းကိုခံကြရမည်ဖြစ်ပြီး ကမ္ဘာမြေကြီးပေါ်တွင် ရှင်သန်ခွင့်ရှိတော့မည် မဟုတ်ပေ။ အနာဂတ် လူသားမျိုးနွယ်တွင် ဤလူစားမျိုးထဲမှ မည်သူမျှ ပါဝင်တော့မည် မဟုတ်ပေ။ ထိုသို့သော လူများသည် အဆုံးစွန် ငြိမ်သက်ခြင်း ချမ်းသာခြင်းနှင့်ဆိုင်သည့် ပြည်ထဲသို့ ဝင်ရောက်ရန် မသင့်တော်ကြသကဲ့သို့၊ ၎င်းတို့သည် အပြစ်ပေးခြင်းနှင့်ဆိုင်သည့် ပစ်မှတ်များ ဖြစ်ကြပြီး ဆိုးယုတ်ကာ၊

မဖြောင့်မတ်သောလူများ ဖြစ်ကြသည့်အတွက်၊ ဘုရားသခင်နှင့် လူသားမျိုးနွယ်တို့ မျှဝေခံစားကြမည့် အနားယူရာ နေ့ရက်၌ အတူပါဝင်ရန်လည်း မသင့်တော်ကြပေ။ ၎င်းတို့သည် တစ်ကြိမ် ရွေးနုတ်ခြင်း ခံခဲ့ရပြီး၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကိုလည်း ခံခဲ့ကြရသည်။ ၎င်းတို့သည် ဘုရားသခင်ထံလည်း တစ်ချိန်က အစေခံခဲ့ကြသည်။ သို့သော် နောက်ဆုံးနေ့ရက် ရောက်လာသောအခါ၊ ၎င်းတို့၏ ဆိုးယုတ်မှုကြောင့်နှင့်၊ ၎င်းတို့၏ မနာခံခြင်းနှင့် ရွေးနုတ်ခံရရန် မတတ်စွမ်းနိုင်ခြင်း၏ အကျိုးအဆက်အနေဖြင့်၊ ဖယ်ရှားခံရကာ ဖျက်ဆီးခံရလိမ့်ဦးမည် ဖြစ်သည်။ ၎င်းတို့သည် အနာဂတ် ကမ္ဘာလောကတွင် မည်သည့်အခါတွင်မျှ တစ်ဖန် ဖြစ်တည်လာလိမ့်မည် မဟုတ်သကဲ့သို့၊ အနာဂတ် လူသားမျိုးနွယ်စု အလယ်တွင် အသက်ရှင်ကြတော့မည် မဟုတ်ပေ။ လူသားမျိုးနွယ်ထဲမှ သန့်ရှင်းသူတို့ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်သည်နှင့်တစ်ပြိုင်နက်၊ လူသေ၏ ဝိညာဉ်များဖြစ်စေ၊ အသွေးအသားဖြင့် အသက်ရှင်ဆဲ လူများဖြစ်စေ မကောင်းမှုပြုသောသူ အားလုံးနှင့်၊ ကယ်တင်ခြင်းမခံရသေးသောသူ အားလုံးသည် ဖျက်ဆီးခြင်းခံကြ ရလိမ့်မည်။ ဤမကောင်းမှုပြုသည့် ဝိညာဉ်များနှင့် လူသားများ၊ သို့မဟုတ် ဖြောင့်မတ်သည့်လူများနှင့် ဖြောင့်မတ်ခြင်းကိုပြုသော သူများ၏ ဝိညာဉ်များသည် ၎င်းတို့ မည်သည့်ခေတ်တွင် ရှိသည်ကို ပဓာနမထားဘဲ၊ မကောင်းမှုပြုသူ အားလုံးသည် နောက်ဆုံးတွင် ဖျက်ဆီးခံလိမ့်ရမည် ဖြစ်ပြီး၊ ဖြောင့်မတ်သောသူ အားလုံးသည် ရှင်ကျန်ရစ်ကြလိမ့်မည်။ လူတစ်ဦး သို့မဟုတ် ဝိညာဉ်တစ်ခုအနေဖြင့် ကယ်တင်ခြင်းရမည်၊ မရမည်ကို နောက်ဆုံးသောခေတ်၏ အမှုအရ လုံးလုံး မဆုံးဖြတ်ပေ။ ယင်းထက် ၎င်းတို့သည် ဘုရားသခင်အပေါ် ဆန့်ကျင်ခဲ့ခြင်း ရှိမရှိ၊ သို့မဟုတ် မနာခံခဲ့ခြင်း ရှိမရှိ ဆိုသည့်အရာအားဖြင့် ဆုံးဖြတ်ပေသည်။ အကယ်၍ ယခင်ခေတ်က မကောင်းမှု ကျူးလွန်ပြီး ကယ်တင်ခြင်း မရနိုင်ခဲ့သည့် လူများသည် အပြစ်ပေးခြင်းနှင့်ဆိုင်သည့် ပစ်မှတ်များ သေချာပေါက် ဖြစ်ကြလိမ့်မည် ဖြစ်ပြီး၊ မကောင်းမှုကို ကျူးလွန်ပြီး ကယ်တင်မခံရနိုင်သည့် လက်ရှိခေတ်ကာလထဲ ရှိသူများသည်လည်း သေချာပေါက် အပြစ်ဒဏ်ပေးခြင်းအတွက် ပစ်မှတ်များ ဖြစ်ကြလိမ့်မည်။ လူသားများကို ကောင်းမှုနှင့် မကောင်းမှုအပေါ်တွင် အခြေခံ၍ ခွဲခြားသည်၊ ၎င်းတို့ အသက်ရှင်သည့် ခေတ်ကိုအခြေခံ၍ ခွဲခြားခြင်းမဟုတ်ပေ။ ထို့သို့ အမျိုးအစားခွဲခြားသည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် ချက်ချင်း အပြစ်ပေးခြင်း သို့မဟုတ် ဆုလာဘ်ပေးခြင်း ခံရမည်မဟုတ်ပေ။ ယင်းထက် ဘုရားသခင်သည် နောက်ဆုံးကာလတွင် သူ၏သိမ်းပိုက်ခြင်းအမှုကို ဆောင်ရွက်ပြီးစီးသည့်နောက်တွင်သာ သူ၏ မကောင်းသောသူများကို အပြစ်ဒဏ်ပေးခြင်းနှင့် ကောင်းသောသူများကို

ဆုလာဘ်ပေးခြင်းအမှုကို ဆောင်ရွက်လိမ့်မည်။ အမှန်တကယ်အားဖြင့်၊ သူသည် လူသားတို့အလယ်တွင် သူ၏အမှုကို စတင်လုပ်ဆောင်နေခဲ့ကတည်းက၊ ကောင်းသောသူနှင့် မကောင်းသောသူများအဖြစ်သို့ လူသားများကို ခွဲခြားနေခဲ့ပြီးဖြစ်သည်။ သူ၏အမှု အဆုံးသတ်သို့ ရောက်လာသည့်နောက်တွင်သာ သူသည် ဖြောင့်မတ်သူများကို ဆုလာဘ်ပေးလိမ့်မည် ဖြစ်ပြီး ဆိုးယုတ်သောသူတို့ကို အပြစ်ပေးလိမ့်မည်သာ ဖြစ်သည်။ သူသည် သူ၏ အမှု ပြီးပြည့်စုံသည်နှင့် ၎င်းတို့ကို အတန်းအစားထဲသို့ ခွဲခြားပြီးနောက် ချက်ချင်း ဆိုးယုတ်သူများကို အပြစ်ပေးခြင်းနှင့် ကောင်းသောသူများကို ဆုလာဘ်ချီးမြှင့်ခြင်း အလုပ်ကို စတင်မည် မဟုတ်ပေ။ မကောင်းသောသူများကို အပြစ်ဒဏ်ပေးခြင်းနှင့် ကောင်းသောသူများကို ဆုလာဘ်ပေးခြင်းဟူသည့် ဘုရားသခင်၏ အဆုံးစွန် အမှုနောက်ကွယ်က ရည်ရွယ်ချက် တစ်ခုလုံးမှာ သူသည် သန့်ရှင်းသော လူသားမျိုးနွယ် သက်သက်ကို ထာဝရ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဆောင်ယူသွားနိုင်ဖို့အလို့ငှာ လူသားများ အားလုံးကို လုံးလုံးလျားလျား သန့်စင်စေရန် ဖြစ်သည်။ သူ့အမှု၏ ဤအဆင့်သည် အရေးကြီးဆုံး ဖြစ်သည်။ ယင်းသည် သူ၏ စီမံခန့်ခွဲခြင်း အမှုတစ်ခုလုံး၏ နောက်ဆုံးအဆင့် ဖြစ်သည်။ အကယ်၍သာ ဘုရားသခင်သည် ဆိုးယုတ်သူများကို မဖျက်ဆီးဘဲ၊ ယင်းအစား ၎င်းတို့ကို ကျန်ရှိခွင့်ပေးပါက၊ လူသားတိုင်းသည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ မဝင်ရောက်နိုင်သေးဘဲ ရှိမည်ဖြစ်သကဲ့သို့၊ ဘုရားသခင်သည် လူသားမျိုးနွယ် အားလုံးကို ပိုမိုကောင်းမွန်သော နယ်ပယ်တစ်ခုထဲသို့ ခေါ်ဆောင်သွားနိုင်မည် မဟုတ်ပေ။ ထိုသို့သော အမှုသည် ပြီးပြည့်စုံမည် မဟုတ်။ သူ၏အမှု ပြီးစီးသည့်အခါတွင် လူသားမျိုးနွယ် တစ်ခုလုံးသည် လုံး၀ သန့်ရှင်းကြလိမ့်မည်။ ဤနည်းဖြင့်သာ ဘုရားသခင်သည် ငြိမ်သက်ခြင်း ချမ်းသာ၌ ငြိမ်းချမ်းစွာ နေထိုင်နိုင်လိမ့်မည် ဖြစ်သည်။

ယနေ့ခေတ် လူတို့သည် ဇာတိပကတိနှင့်ဆိုင်သည့် အရာများကို လက်မလွှတ်နိုင်ကြသေးပေ။ ၎င်းတို့သည် ဇာတိပကတိ၏ ပျော်ရွှင်မှု၊ ကမ္ဘာလောက၊ ငွေ သို့မဟုတ် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားများကို မစွန့်လွှတ်နိုင်ကြချေ။ လူအများစုသည် ၀တ်ကျေတမ်းကျေ ပုံစံတစ်ခုဖြင့် ၎င်းတို့၏ လိုက်စားမှုများကို လုပ်ဆောင်ကြသည်။ အမှန်တွင် ဤလူများသည် ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင်ကို လုံး၀ လက်သင့်ခံခြင်းမရှိပေ။ သာ၍ပင် ဆိုးသည်မှာ ၎င်းတို့သည် ဘုရားသခင်ကို မကြောက်ရွံ့ကြပေ။ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင် မရှိကြသောကြောင့်၊ ဘုရားသခင် မိန့်မြွက်သော နှုတ်ကပတ်တော်များကို ယုံကြည်နိုင်စွမ်း ရှိဖို့ မဆိုထားနှင့်၊ ဘုရားသခင် လုပ်ဆောင်သောအရာ အားလုံးကို မသိမြင်နိုင်ကြပေ။ ထိုသို့သော

လူများသည် ဇာတိ အလွန်ဆန်လွန်းကြသည်။ ၎င်းတို့သည် အလွန် နက်နက်ရှိုင်းရှိုင်း ဖောက်ပြန်ပျက်စီးနေကြပြီး သမ္မာတရားဟူ၍ ဘာဆိုဘာမျှ မရှိကြပေ။ ထို့အပြင် ဘုရားသခင် လူ့ဇာတိခံယူနိုင်သည်ကို ၎င်းတို့ မယုံကြည်ကြပေ။ လူ့ဇာတိခံ ဘုရားသခင်ကို မယုံကြည်သောသူ မည်သူမဆိုသည်- ဆိုလိုသည်မှာ မြင်တွေ့နိုင်သော ဘုရားသခင် သို့မဟုတ် သူ၏အမူနှင့် နှုတ်ကပတ်တော်တို့ကို မယုံကြည်သကဲ့သို့ ယင်းအစား ကောင်းကင်ဘုံရှိ မမြင်နိုင်သော ဘုရားသခင်ကို ကိုးကွယ်သူ မည်သူမဆိုသည်- ၎င်းတို့၏စိတ်နှလုံးတွင် ဘုရားသခင် မရှိသည့် လူတစ်ဦး ဖြစ်သည်။ ထိုသို့သော လူများသည် ဘုရားသခင်ကို ပုန်ကန်ပြီး ခုခံတတ်ကြသည်။ ၎င်းတို့သည် သမ္မာတရားကို ထည့်မတွက်နှင့်ဦး၊ လူ့သဘာဝနှင့် ဆင်ခြင်တုံတရားတို့ ချို့တဲ့ကြသည်။ ထို့အပြင် ဤလူများအတွက်၊ မြင်တွေ့နိုင်ပြီး လက်ဆုပ်လက်ကိုင် ပြ၍ရသည့် ဘုရားသခင်ကို အခြားအရာများထက် ပို၍ပင် ယုံကြည်၍ မရနိုင်သော်လည်း၊ မမြင်တွေ့နိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင် ပြ၍မရသည့် ဘုရားသခင်ကို အယုံကြည်ရဆုံးနှင့် ဝမ်းမြောက်ဝမ်းသာ အဖြစ်စေဆုံး ဖြစ်သည်ဟု ၎င်းတို့ ယူဆကြလေသည်။ ၎င်းတို့ ရှာဖွေသည်မှာ ဘုရားသခင်၏ အလို ဖြစ်ဖို့မဆိုထားနှင့်၊ တကယ့် အမှန်တရား မဟုတ်သကဲ့သို့ အသက်၏ မှန်ကန်သော အနှစ်သာရလည်း မဟုတ်ပေ။ ယင်းထက် ၎င်းတို့သည် စိတ်လှုပ်ရှားမှုကို ရှာဖွေကြသည်။ ၎င်းတို့၏ ကိုယ်ပိုင် ဆန္ဒများကို ဖြည့်ဆည်း အပေးနိုင်ဆုံးသော မည်သည့် အရာများမဆိုသည် ယုံမှားဖွယ်ရာမလိုဘဲ၊ ၎င်းတို့ ယုံကြည်သည့်အရာနှင့် ၎င်းတို့ လိုက်စားသည့်အရာ ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင် ဆန္ဒများကို ဖြည့်ဆည်းရန်အလို့ငှာ ဘုရားသခင်ကို ယုံကြည်ခြင်းသာ ဖြစ်ပြီး သမ္မာတရားကို ရှာဖွေရန် မဟုတ်ပေ။ ထိုသို့သော လူများသည် မကောင်းမှုပြုသူများ မဟုတ်ပါလော။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် အလွန်အမင်း ယုံကြည်စိတ်ချကြပြီး ကောင်းကင်ဘုံရှိ ဘုရားသခင်သည် ၎င်းတို့ကိုယ်တိုင်ကဲ့သို့သော အလွန် "ကောင်းမွန်သည့် လူများ" ကို ဖျက်ဆီးလိမ့်မည်ဟု လုံးဝ မယုံကြည်ကြပေ။ ယင်းအစား ၎င်းတို့သည် ဘုရားသခင်က ၎င်းတို့ကို ကျန်ရှိရန် ခွင့်ပြုမည်ဖြစ်သည့်အပြင်၊ ဘုရားသခင်အတွက် အမှုအရာများစွာကို လုပ်ဆောင်ပြီးဖြစ်သကဲ့သို့ သူ့အပေါ် အတော်အတန် "သစ္စာစောင့်သိမှု" ကို ပြသခဲ့ခြင်းတို့အတွက် ၎င်းတို့ကို ရက်ရက်ရောရော ဆုလာဘ် ပေးသနားမည်ဟု ယုံကြည်ကြလေသည်။ အကယ်၍သာ ၎င်းတို့သည် မြင်တွေ့နိုင်သော ဘုရားသခင်ကိုလည်း လိုက်စားခဲ့ကြမည်ဆိုပါက၊ ၎င်းတို့၏ ဆန္ဒများ ပြည့်မီသည်နှင့်တစ်ပြိုင်နက်၊ ချက်ချင်း ဘုရားသခင်ကို ပြန်လည် တိုက်ခိုက်ကြလိမ့်မည် သို့မဟုတ် ယမ်းပုံမီးကျ ဖြစ်ကြလိမ့်မည်ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ ကိုယ်တိုင်၏ အလိုဆန္ဒများကို

ဖြည့်ဆည်းရန်သာ အမြဲကြိုးပမ်းကြသည့် စက်ဆုပ်ဖွယ်ကောင်းသော လူများအဖြစ် မိမိတို့ကိုယ်ကိုယ် ပြသကြလေသည်။ ၎င်းတို့သည် သမ္မာတရားကို လိုက်စားရာတွင် ဂုဏ်သိက္ခာရှိသောသူများ မဟုတ်ကြပေ။ ထိုသို့သောလူများသည် ခရစ်တော်နောက်ကို လိုက်သည့် ဆိုးယုတ်သော လူများဟု ခေါ်ဆိုသည့်လူများ ဖြစ်သည်။ သမ္မာတရားကို မရှာဖွေသောသူတို့သည် သမ္မာတရားကို ယုံကြည်ဖို့ မဖြစ်နိုင်သကဲ့သို့ မြင်တွေ့နိုင်သော ဘုရားသခင်၏ မည်သည့် အမှု သို့မဟုတ် နှုတ်ကပတ်တော်များကိုမျှ မယုံကြည်ကြသည့်အတွက်၊ ၎င်းတို့သည် လူသားမျိုးနွယ်၏ အနာဂတ် ရလဒ်ကို သာ၍ပင် မသိမြင်နိုင်ကြပေ- ပြီးလျှင် ဤသည်မှာ လူသားမျိုးနွယ်၏ အနာဂတ် ခရီးပန်းတိုင်ကို မယုံကြည်နိုင်ခြင်း ပါဝင်ပေသည်။ ထို့ကြောင့် ၎င်းတို့သည် မြင်တွေ့နိုင်သော ဘုရားသခင်နောက် လိုက်ကြလျှင်ပင်၊ မကောင်းမှုကို ကျူးလွန်ကြဆဲ ဖြစ်ပြီး သမ္မာတရားကို လုံးဝ မရှာဖွေကြသကဲ့သို့ ငါ တောင်းဆိုသော သမ္မာတရားကိုလည်း လက်တွေ့မလုပ်ဆောင်ကြပေ။ ၎င်းတို့ ဖျက်ဆီးခံရလိမ့်မည်ကို မယုံကြည်သော ထိုလူတို့သည် ဆန့်ကျင်ဖက်အားဖြင့် တကယ့်ကို ဖျက်ဆီးခြင်းခံရမည့် သူများ ဖြစ်သည်။ ၎င်းတို့အားလုံးသည် သူတို့ကိုယ်သူတို့ အလွန် လိမ္မာပါးနပ်သူများဟု ယုံကြည်ကြပြီး ၎င်းတို့သည် သူတို့ကိုယ်သူတို့ သမ္မာတရားကို လက်တွေ့လုပ်ဆောင်သူများဟု ယုံကြည်ကြသည်။ ၎င်းတို့သည် ၎င်းတို့၏ မကောင်းသော လုပ်ရပ်များကို သမ္မာတရားအဖြစ် ယူဆကြသောကြောင့်၊ ယင်းကို မြတ်နိုးတန်ဖိုး ထားကြသည်။ ထိုသို့သော ဆိုးယုတ်သည့် လူများသည် မိမိကိုယ်ကိုယ် အလွန် ယုံကြည်စိတ်ချကြသည်။ ၎င်းတို့သည် သမ္မာတရားကို အယူဝါဒအဖြစ် မှတ်ယူကြပြီး၊ ၎င်းတို့၏ မကောင်းမှုလုပ်ရပ်များကို သမ္မာတရားအဖြစ် မှတ်ယူကြသော်လည်း၊ နောက်ဆုံးတွင် ၎င်းတို့စိုက်ပျိုးသည့်အရာကိုသာ ၎င်းတို့ ရိတ်သိမ်းနိုင်ကြပေသည်။ လူများသည် မိမိကိုယ်ကိုယ် ပို၍ယုံကြည်စိတ်ချပြီး သာ၍ မာန်မာန ထောင်လွှားလေလေ၊ သမ္မာတရားကို ၎င်းတို့ ပို၍ မရရှိနိုင်လေဖြစ်သည်။ ကောင်းကင်ဘုံရှိ ဘုရားသခင်ကို လူတို့အနေဖြင့် ပိုမိုယုံကြည်လေ၊ ဘုရားသခင်ကို ၎င်းတို့ ပို၍ ခုခံကြလေ ဖြစ်သည်။ ဤလူများသည် အပြစ်ပေးခံရမည့်သူများ ဖြစ်သည်။ လူသားမျိုးနွယ်က ငြိမ်သက်ခြင်းချမ်းသာထဲသို့ မဝင်ရောက်မီ၊ လူအမျိုးအစား အသီးသီးသည် အပြစ်ပေးခံရမည် သို့မဟုတ် ဆုလာဘ်ချီးမြှင့်ခံရမည်ဆိုသည်ကို သမ္မာတရားကို ၎င်းတို့ ရှာဖွေခြင်း ရှိမရှိ၊ ဘုရားသခင်ကို ၎င်းတို့ သိကျွမ်းခြင်း ရှိမရှိဆိုသည်နှင့် မြင်တွေ့နိုင်သော ဘုရားသခင်ကို ၎င်းတို့ ကျိုးနွံနာခံနိုင်ခြင်း ရှိမရှိ ဆိုသည်တို့နှင့်အညီ ဆုံးဖြတ်လိမ့်မည် ဖြစ်သည်။ မြင်တွေ့နိုင်သော ဘုရားသခင်ကို အစေခံပြီးဖြစ်သော်လည်း၊ သူ့ကို မသိသကဲ့သို့ ကျိုးနွံမနာခံသောသူတို့သည်

သမ္မာတရား ကင်းမဲ့ကြသည်။ ထိုသို့သော လူများသည် မကောင်းမှုပြုသူများ ဖြစ်ပြီး၊ မကောင်းမှုပြုသူများသည် ကေန်အမှန် အပြစ်ပေးခံကြရလိမ့်မည်။ ထို့အပြင် ၎င်းတို့သည် ၎င်းတို့၏ ဆိုးယုတ်သော လုပ်ရပ်အတိုင်း အပြစ်ဒဏ် ပေးခံကြရလိမ့်မည်။ လူသားအတွက် ဘုရားသခင်သည် ယုံကြည်ရမည့်သူ ဖြစ်ပြီး၊ သူသည် ၎င်းတို့၏ နာခံမှုနှင့်လည်း ထိုက်တန်သည်။ မရေရာသကဲ့သို့ မမြင်တွေ့နိုင်သော ဘုရားသခင်ကိုသာ ယုံကြည်သူတို့သည် ဘုရားသခင်ကို မယုံကြည်သူများ ဖြစ်ကြပြီး၊ ဘုရားသခင်ကို ကျိုးနွံမနာခံနိုင်ကြသူများ ဖြစ်သည်။ ဘုရားသခင်၏ သိမ်းပိုက်ခြင်းအမှု ပြီးဆုံးသွားသည့် အချိန်တွင် ဤလူတို့သည် မြင်တွေ့နိုင်သော ဘုရားသခင်ကို မယုံကြည်နိုင်သေးသကဲ့သို့၊ လူ့ဇာတိ၌ မြင်တွေ့နိုင်သော ဘုရားသခင်ကို ဆက်လက်၍ မနာခံဘဲ ခုခံနေပါက၊ ဤ "မရေရာသောသူများ" သည် ယုံမှားဖွယ်ရာ မရှိ၊ ဖျက်ဆီးခြင်းခံရမည့် အရာများ ဖြစ်လာကြလိမ့်မည်။ ယင်းမှာ သင်တို့ထဲမှ အချို့သော သူများကဲ့သို့သာ ဖြစ်သည်- လူ့ဇာတိခံ ဘုရားသခင်ကို နှုတ်အားဖြင့် အသိအမှတ်ပြုသော်လည်း၊ လူ့ဇာတိခံ ဘုရားသခင်ကို ကျိုးနွံနာခံခြင်းနှင့်ဆိုင်သည့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်ခြင်း မရှိသောသူ မည်သူမဆိုသည် နောက်ဆုံးတွင် ဖယ်ရှားခံရပြီး ဖျက်ဆီးခံရမည့် အရာများ ဖြစ်လာကြလိမ့်မည်။ ထို့အပြင် သူဖော်ပြသည့် သမ္မာတရားကို စားသောက်သော်လည်း၊ မရေရာ၍ မမြင်တွေ့နိုင်သော ဘုရားသခင်ကိုလည်း ရှာဖွေရင်း၊ မြင်တွေ့နိုင်သော ဘုရားသခင်ကို နှုတ်အားဖြင့် အသိအမှတ်ပြုသူ မည်သူမဆိုသည် အနာဂတ်တွင် သာ၍ပင် ဖျက်ဆီးခံရဖို့ အလားအလာ ရှိလိမ့်မည်။ ဤလူများထဲမှ မည်သူမျှသည် ဘုရားသခင်၏အမှု ပြီးစီးသည့်နောက် လာမည့် အနားယူခြင်း အချိန်ကာလရောက်သည်အထိ ကျန်ရှိနိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ ထိုသို့သော လူများနှင့်အလားတူသည့် သူတစ်ဦးတစ်ယောက်မျှသည် ထိုအနားယူခြင်း အချိန်ကာလတွင် မကျန်ရှိနိုင်ပေ။ မကောင်းဆိုးဝါးဆန်သော လူတို့မှာ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သောသူများ ဖြစ်ကြသည်။ ၎င်းတို့၏ အနှစ်သာရမှာ ဘုရားသခင်ကို ခုခံခြင်းနှင့် မနာခံခြင်း အနှစ်သာရတစ်ခု ဖြစ်ပြီး၊ ၎င်းတို့သည် သူ့ကို ကျိုးနွံနာခံခြင်း ရည်ရွယ်ချက် စိုးစဉ်းမျှ မရှိကြပေ။ ထိုသို့သော လူများအားလုံးသည် ဖျက်ဆီးခံကြရလိမ့်မည်။ သင်သည် သမ္မာတရား ရှိပြီး၊ ဘုရားသခင်ကို ခုခံခြင်း ရှိမရှိဆိုသည်မှာ သင်၏ သွင်ပြင် သို့မဟုတ် အခါအားလျော်စွာ သင် မည်သို့ စကားပြောမည် သို့မဟုတ် မိမိကိုယ်ကိုယ် မည်သို့ ပြုမူနေထိုင်မည်ဆိုသည်တို့အပေါ် မဟုတ်ဘဲ၊ သင်၏ အနှစ်သာရပေါ်တွင် မူတည်ပေသည်။ တစ်ဦးတစ်ယောက်သည် ဖျက်ဆီးခံရခြင်း ရှိမည်၊ မရှိမည်မှာ မိမိ၏ အနှစ်သာရအားဖြင့် သတ်မှတ်ခံရပေသည်။ ယင်းကို မိမိ၏ အပြုအမူနှင့် မိမိ၏ သမ္မာတရား လိုက်စားမှုက

ထုတ်ဖော်ပြသည့် အနှစ်သာရနှင့်အညီ ဆုံးဖြတ်ပေသည်။ ၎င်းတို့ အလုပ်လုပ်ရာတွင် အချင်းချင်းကဲ့သို့ တူညီသူများနှင့် တူညီသော အလုပ်ပမာဏများကို လုပ်ဆောင်ကြသူ လူများထဲတွင်၊ မိမိ၏ လူသားအနှစ်သာရ ကောင်းမွန်ပြီး၊ သမ္မာတရားကို ပိုင်ဆိုင်သောသူများသည် ကျန်ရှိမည့်သူများ ဖြစ်သော်လည်း၊ မိမိ၏ လူသားအနှစ်သာရများ ဆိုးယုတ်ပြီး၊ မြင်တွေ့နိုင်သော ဘုရားသခင်ကို မနာခံသူတို့သည် ဖျက်ဆီးခြင်းခံရမည့် သူများဖြစ်လိမ့်မည်။ လူသားမျိုးနွယ်၏ ခရီးပန်းတိုင်နှင့် ဆက်နွယ်သည့် ဘုရားသခင်၏အမှု သို့မဟုတ် နှုတ်ကပတ်တော်များသည် တစ်ဦးချင်းစီ၏ အနှစ်သာရနှင့်အညီ လူတို့ကို သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ဖြေရှင်း လိမ့်မည်။ အမှားအယွင်း စိုးစဉ်းမျှ ဖြစ်ပွားမည် မဟုတ်သကဲ့သို့၊ အမှားတစ်ခုကိုမျှ ပြုလုပ်လိမ့်မည်မဟုတ်ပေ။ လူသား၏စိတ်ခံစားမှု သို့မဟုတ် အဓိပ္ပာယ်တို့ ရောနှောသွားသည်မှာ လူတို့ အလုပ်လုပ်ကြသည့် အချိန်တွင်သာ ဖြစ်သည်။ ဘုရားသခင် ပြုသော အမှုသည် အသင့်လျော်ဆုံး ဖြစ်သည်။ သူသည် မည်သည့် ဖန်ဆင်းခံသတ္တဝါထံကိုမျှ မှားယွင်းသည့် တောင်းဆိုမှုများ လုံးဝ မဆောင်ကြဉ်းချေ။ လတ်တလောတွင် လူသားမျိုးနွယ်၏ အနာဂတ် ခရီးပန်းတိုင်ကို မသိမြင်နိုင်သည့်သူများနှင့် ငါ မိန့်မြွက်သော နှုတ်ကပတ်တော်များကို မယုံကြည်ကြသော လူများစွာ ရှိ၏။ မယုံကြည်သောသူအားလုံးအပြင်၊ သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သော သူများသည် မကောင်းဆိုးဝါးများ ဖြစ်ကြသည်။

ယနေ့ခေတ်တွင် ရှာဖွေသောသူတို့နှင့် မရှာဖွေသောသူတို့သည် ၎င်းတို့၏ ခရီးပန်းတိုင်များလည်း အလွန် ကွဲပြားခြားနားသည့်၊ လုံးဝ မတူကွဲပြားသော လူနှစ်မျိုးနှစ်စား ဖြစ်ကြသည်။ သမ္မာတရားနှင့်ဆိုင်သည့် အသိပညာကို လိုက်စားပြီး၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်သူတို့သည် ဘုရားသခင်က ကယ်တင်ခြင်း ဆောင်ကြဉ်းပေးမည့်သူများ ဖြစ်သည်။ မှန်သောလမ်းခရီးကို မသိသောသူတို့သည် မကောင်းဆိုးဝါးများနှင့် ရန်သူများဖြစ်ကြသည်။ ၎င်းတို့သည် ကောင်းကင်တမန်မင်း၏ သားစဉ်မြေးဆက်များ ဖြစ်ကြပြီး၊ ဖျက်ဆီးခြင်းခံရမည့် သူများ ဖြစ်ကြလိမ့်မည်။ မရေရာသော ဘုရားသခင်နှင့်သက်ဆိုင်သည့် ဘုရားတရားကိုင်းရှိုင်းသည့် ယုံကြည်သူများသည်ပင်- ၎င်းတို့သည်လည်း မကောင်းဆိုးဝါးများ ဖြစ်ကြသည် မဟုတ်လော။ ကောင်းမွန်သော အသိတရားများ ပိုင်ဆိုင်သော်လည်း၊ မှန်သောလမ်းခရီးကို လက်မခံသော လူတို့သည် မကောင်းဆိုးဝါးများ ဖြစ်ကြသည်။ ၎င်းတို့၏ အနှစ်သာရမှာ ဘုရားသခင်ကို ခုခံခြင်းနှင့်ဆိုင်သည့် အနှစ်သာရတစ်ခု ဖြစ်သည်။ မှန်သောလမ်းခရီးကို လက်မခံသူတို့သည် ဘုရားသခင်ကို ခုခံသူများဖြစ်ပြီး ထိုသို့သော လူများသည် အခက်အခဲများစွာကို

ကြွံကြွံခံလျှင်ပင်၊ ဖျက်ဆီးခြင်းခံရလိမ့်ဦးမည် ဖြစ်သည်။ လောကကို စွန့်လွှတ်ရန် လိုလားခြင်း မရှိသူ၊ မိမိတို့၏ မိဘများနှင့် မခွဲခွာရက်သူနှင့် ၎င်းတို့၏ ကိုယ်ပိုင်ဇာတိပကတိ ပျော်ပါးမှုများမှ မိမိတို့ကိုယ်ကိုယ် မဖယ်ရှားရက်နိုင်သူ အားလုံးသည် ဘုရားသခင်ကို မနာခံကြသကဲ့သို့ ၎င်းတို့အားလုံးသည် ဖျက်ဆီးခြင်းခံရမည့် သူများ ဖြစ်ကြလိမ့်မည်။ လူ့ဇာတိခံ ဘုရားသခင်ကို မယုံကြည်သောသူ မည်သူမဆိုသည် မကောင်းဆိုးဝါးဆန်ပြီး၊ ထို့အပြင် ဖျက်ဆီးခံရလိမ့်မည်။ ယုံကြည်ခြင်း ရှိသော်လည်း သမ္မာတရားကို လက်တွေ့မလုပ်ဆောင်သူများ၊ လူ့ဇာတိခံ ဘုရားသခင်ကို မယုံကြည်သူများနှင့် ဘုရားသခင်၏ တည်ရှိမှုကို လုံးဝ မယုံကြည်သူ အားလုံးသည် ဖျက်ဆီးခြင်းခံရမည့် သူများ ဖြစ်ကြလိမ့်မည်။ ကျန်ရှိခွင့် ရှိလိမ့်မည့်သူအားလုံးမှာ စစ်ဆေးခြင်းနှင့်ဆိုင်သည့် ဆင်းရဲဒုက္ခကို ကြုံရပြီးဖြစ်ကာ ခိုင်ခိုင်မာမာ ရပ်တည်ပြီးဖြစ်သည့် လူများ ဖြစ်သည်။ ဤသည်တို့မှာ စမ်းသပ်မှုများကို အမှန်တကယ် ကြွံကြွံခံပြီးသည့် လူများ ဖြစ်သည်။ ဘုရားသခင်ကို အသိအမှတ် မပြုသူ မည်သူမဆိုသည် ရန်သူ ဖြစ်၏။ ဆိုလိုသည်မှာ လူ့ဇာတိခံ ဘုရားသခင်ကို အသိအမှတ်မပြုသောသူ မည်သူမဆိုသည်- ဤရေစီးကြောင်းအတွင်း သို့မဟုတ် ပြင်ပတွင် ၎င်းတို့ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ- အန္တိခရစ်တစ်ဦး ဖြစ်ပေသည်။ ဘုရားသခင်၌ မယုံကြည်သည့် ခုခံသူများ မဟုတ်ပါက၊ မည်သူသည် စာတန်ဖြစ်သနည်း၊ မည်သူတို့မှာ မကောင်းဆိုးဝါးများ ဖြစ်ပြီး၊ မည်သူတို့မှာ ဘုရားသခင်၏ ရန်သူများ ဖြစ်သနည်း။ ၎င်းတို့သည် ဘုရားသခင်ကို မနာခံသောသူများ ဖြစ်ကြသည် မဟုတ်လော။ ၎င်းတို့သည် ယုံကြည်ခြင်း ရှိသည်ဟု အခိုင်အမာ ပြောဆိုသော်လည်း သမ္မာတရား ကင်းမဲ့သောသူများ မဟုတ်လော။ ၎င်းတို့သည် ကောင်းချီးမင်္ဂလာများ ရရန်မျှ ကြိုးစားကြသော်လည်း၊ ဘုရားသခင်အတွက် သက်သေမခံနိုင်သူများ ဖြစ်ကြသည် မဟုတ်လော။ သင်သည် ယနေ့ ထိုမကောင်းဆိုးဝါးများနှင့် ရောနှောဆဲဖြစ်ပြီး ၎င်းတို့အပေါ် အသိတရားနှင့် ချစ်ခြင်းမေတ္တာ ထားရှိနေနိုင်ဆဲ ဖြစ်သည်၊ သို့သော် ဤကိစ္စတွင် သင်သည် စာတန်အပေါ် ကောင်းသော ရည်ရွယ်ချက်များကို လက်ကမ်း ပေးနေခြင်း မဟုတ်လော။ သင်သည် မကောင်းဆိုးဝါးများနှင့် ပေါင်းဖော်နေခြင်း မဟုတ်လော။ အကယ်၍ ဤနေ့ရက်များတွင် လူတို့သည် အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်ခြင်း မရှိသေးသကဲ့သို့၊ ဘုရားသခင်၏အလိုကို ရှာဖွေရန် မည်သည့်ရည်ရွယ်ချက်မျှ မရှိဘဲ သို့မဟုတ် ဘုရားသခင်၏ ရည်ရွယ်ချက်များကို မိမိတို့ကိုယ်ပိုင်အဖြစ် မည်သည့်နည်းနှင့်မျှ လက်သင့်ခံနိုင်ခြင်း မရှိဘဲ၊ ဆက်လက်၍ ကျိုးကြောင်းမမြင်ဘဲ ချစ်တတ်ပြီး သနားကရုဏာစိတ်ရှိနေပါက၊ ၎င်းတို့၏ အဆုံးသတ်များသည် ပို၍ပင် စုတ်ချာလိမ့်မည်။ လူ့ဇာတိ၌ ရှိသော ဘုရားသခင်ကို မယုံကြည်သောသူ မည်သူမဆိုသည် ဘုရားသခင်၏ ရန်သူ

ဖြစ်သည်။ သင်သည် ရန်သူအပေါ် အသိစိတ်နှင့် ချစ်ခြင်းမေတ္တာ ထားရှိနိုင်ပါက၊ သင်၌ ဖြောင့်မတ်ခြင်းသဘော ကင်းမဲ့သည် မဟုတ်လော။ ငါ စက်ဆုပ်ရွံရှာပြီး ငါ သဘောမတွေ့သော သူတို့နှင့် သင်သည် သဟဇာတ ဖြစ်ပြီး၊ ၎င်းတို့အပေါ် ချစ်ခြင်းမေတ္တာ သို့မဟုတ် ပုဂ္ဂိုလ်ရေး ခံစားချက်များ ထားရှိနေသေးပါက၊ သင်သည် မနာခံသောသူဖြစ်သည် မဟုတ်လော။ သင်သည် တမင်တကာ ဘုရားသခင်ကို ဆန့်ကျင်နေခြင်း မဟုတ်လော။ ထိုသို့သော လူတစ်ဦးသည် သမ္မာတရားကို ပိုင်ဆိုင်သလော။ လူတို့သည် ရန်သူများအပေါ် အသိစိတ်၊ မကောင်းဆိုးဝါးများအတွက် ချစ်ခြင်းမေတ္တာနှင့် စာတန်အတွက် သနားကရုဏာ ထားရှိပါက၊ ၎င်းတို့သည် ဘုရားသခင်၏အမှုကို တမင်တကာ နှောင့်ယှက်နေကြသည် မဟုတ်လော။ ဘုရားသခင်ကိုပင် မယုံကြည်သူများကို မဆိုထားနှင့်၊ သခင်ယေရှုကိုသာ ယုံကြည်ပြီး နောက်ဆုံးကာလအတွင်းတွင် လူ့ဇာတိခံ ဘုရားသခင်ကို မယုံကြည်သော လူများအပြင်၊ လူ့ဇာတိခံ ဘုရားသခင်ကို နှုတ်အားဖြင့် ယုံကြည်သည်ဟု အခိုင်အမာ ပြောဆိုသော်လည်း၊ မကောင်းမှု ပြုသောသူတို့အားလုံးသည် အန္တိခရစ်များ ဖြစ်ကြသည်။ ဤလူအားလုံးသည် ဖျက်ဆီးခြင်းခံရမည့် သူများ ဖြစ်ကြလိမ့်မည်။ လူသားများက အခြားလူသားများကို ဝေဖန်အကဲဖြတ်သည့် စံနှုန်းမှာ ၎င်းတို့၏ အပြုအမူပေါ်တွင် အခြေခံသည်။ ၎င်းတို့၏ အပြုအမူ ကောင်းမွန်သောသူများသည် ဖြောင့်မတ်ကြသော်လည်း၊ ၎င်းတို့၏ အပြုအမူက စက်ဆုပ်ဖွယ်ကောင်းသူများသည် ဆိုးယုတ်ကြပေသည်။ လူသားများကို ဘုရားသခင် တရားစီရင်သော စံနှုန်းမှာ ၎င်းတို့၏ အနှစ်သာရက သူ့ကို ကျိုးနွံနာခံမှု ရှိမရှိဆိုသည့်အပေါ် အခြေခံသည်။ ဤလူ၏ အပြုအမူ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ပြီးလျှင် ၎င်းတို့၏ စကားက မှန်သည်ဖြစ်စေ၊ မမှန်ကန်သည်ဖြစ်စေ၊ ဘုရားသခင်ကို ကျိုးနွံနာခံသောသူသည် ဖြောင့်မတ်သူတစ်ဦး ဖြစ်သော်လည်း၊ ဘုရားသခင်ကို ကျိုးနွံမနာခံသောသူသည် ရန်သူတစ်ဦးနှင့် ဆိုးယုတ်သူတစ်ဦး ဖြစ်သည်။ လူအချို့သည် အနာဂတ်တွင် ကောင်းသော ခရီးပန်းတိုင်ကို ရရှိရန် ကောင်းသောလုပ်ရပ်များကို အသုံးပြုရန် ဆန္ဒ ရှိကြပြီး၊ လူအချို့သည် ကောင်းသော ခရီးပန်းတိုင်ကို ရယူရန် ကောင်းမွန်သော စကားများကို အသုံးပြုရန် ဆန္ဒရှိကြသည်။ ဘုရားသခင်သည် ၎င်းတို့၏ အပြုအမူကို စောင့်ကြည့်ပြီးနောက်တွင် သို့မဟုတ် ၎င်းတို့၏ စကားကို နားထောင်ပြီးနောက် လူတို့၏ ရလဒ်များကို ဆုံးဖြတ်သည်ဟု လူတို့သည် မှားယွင်းစွာ ယုံကြည်ကြသည်။ ထို့ကြောင့် များစွာသော လူတို့သည် ၎င်းတို့အား ယာယီ မျက်နှာသာတစ်ခု ပေးစေခြင်းအဖြစ်သို့ ဘုရားသခင်ကို လှည့်ဖြားဖို့ ဤအရာကို ကောင်းစွာ အသုံးပြုရန် ဆန္ဒ ရှိကြလေသည်။ အနာဂတ်တွင် အနားယူခြင်း အခြေအနေတစ်ခု၌ ရှင်သန်ကြမည့် လူအားလုံးသည် ဘေးဒုက္ခ နေ့ရက်ကို သည်းခံကြရပြီးဖြစ်လိမ့်မည်

ဖြစ်သကဲ့သို့ ဘုရားသခင်အတွက် သက်သေလည်း ခံကြပြီး ဖြစ်လိမ့်မည်။ ၎င်းတို့အားလုံးသည် မိမိတို့၏တာဝန်များကို ဖြည့်ဆည်းပြီးသူများနှင့် ဘုရားသခင်ကို တမင်သက်သက် ကျိုးနွံနာခံပြီးသူများ ဖြစ်ကြလိမ့်မည်။ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ဖို့ ရှောင်ရှားရန် ရည်ရွယ်ချက်ဖြင့် အစေခံခြင်း ပြုဖို့ အခွင့်အရေးကို အသုံးပြုရန် ဆန္ဒရှိရုံမျှ ရှိသူတို့သည် ကျန်ရှိခွင့် ရှိကြလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် တစ်ဦးစီတိုင်း၏ ရလဒ်နှင့်ဆိုင်သည့် အစီအစဉ်အတွက် သင့်လျော်သော စံချိန်စံညွှန်းများ ရှိသည်။ သူသည် တစ်ဦးတစ်ယောက်၏ စကားလုံးများနှင့် အပြုအမူနှင့်အညီ ဤဆုံးဖြတ်ချက်များကို မပြုလုပ်သကဲ့သို့ အချိန်ကာလ တစ်ခုအတွင်း တစ်ဦးတစ်ယောက် မည်သို့ ပြုမူသည်ဆိုသည့်အပေါ် အခြေခံကာ ဤဆုံးဖြတ်ချက်များကို ပြုလုပ်သည်လည်း မဟုတ်ပေ။ သူ့အတွက် ၎င်းတို့၏ အတိတ်က အစေခံမှုကြောင့် တစ်ဦးတစ်ယောက်၏ ဆိုးယုတ်သော အပြုအမူနှင့် စပ်လျဉ်း၍ ဘုရားသခင်သည် လုံးဝ သက်ညှာလိမ့်မည် မဟုတ်သကဲ့သို့ ဘုရားသခင်အတွက် တစ်ကြိမ်တစ်ခါမျှ အသုံးခံခဲ့မှုကြောင့်လည်း၊ တစ်ဦးတစ်ယောက်ကို သေခြင်းမှ ချမ်းသာပေးလိမ့်မည် မဟုတ်ပေ။ ၎င်းတို့၏ ဆိုးယုတ်မှုအတွက် မည်သူမျှ ပြစ်ဒဏ်ပေးဆပ်ခြင်းကို မရှောင်လွှဲနိုင်သကဲ့သို့ မည်သူကမျှ ၎င်းတို့၏ ဆိုးယုတ်သော အပြုအမူကို ဖုံးကွယ်ကာ၊ ထိုသို့ဖြင့် ဖျက်ဆီးခံရခြင်း၏ ညှဉ်းဆဲမှုများကို မရှောင်တိမ်းနိုင်ပေ။ လူတို့သည် မိမိတို့၏ ကိုယ်ပိုင် တာဝန်ကို အမှန်တကယ် ဖြည့်ဆည်းနိုင်ကြပါက၊ ယင်းမှာ ၎င်းတို့သည် ကောင်းချီးမင်္ဂလာများ ရရှိသည်ဖြစ်စေ သို့မဟုတ် ကံဆိုးခြင်းကို ခံစားရသည်ဖြစ်စေ၊ ဘုရားသခင်ကို ထာဝရ သစ္စာရှိပြီး ဆုလာဘ်များကို ရှာဖွေခြင်း မရှိဟု ဆိုလိုပေသည်။ လူများသည် ကောင်းချီးမင်္ဂလာကို မြင်ရသောအခါ ဘုရားသခင်ကို သစ္စာရှိသော်လည်း၊ မည်သည့် ကောင်းချီးမင်္ဂလာကိုမျှ မတွေ့မြင်ရသည့်အခါ ၎င်းတို့၏ သစ္စာရှိမှု ဆုံးရှုံးပါက၊ ပြီးလျှင် နောက်ဆုံးတွင် ဘုရားသခင်အတွက် သက်သေကို မခံနိုင်ကြဆဲဖြစ်ပါက သို့မဟုတ် ၎င်းတို့ တာဝန်ရှိသည့် တာဝန်များကို မဖြည့်ဆည်းနိုင်ဆဲဖြစ်ပါက၊ ၎င်းတို့သည် တစ်ချိန်က ဘုရားသခင်ကို သစ္စာရှိသည့် အစေခံမှု ယခင်က ပေးခဲ့ကြသော်လည်း၊ ဖျက်ဆီးခြင်းခံရမည့် သူများ ဖြစ်ကြဆဲ ဖြစ်လိမ့်မည်။ အတိုချုပ်ပြောရလျှင် ဆိုးယုတ်သော လူတို့သည် ထာဝရကာလတစ်လျှောက် ရှင်သန်နိုင်မည် မဟုတ်သကဲ့သို့ ငြိမ်သက်ခြင်းချမ်းသာထဲသို့လည်း မဝင်ရောက်နိုင်ကြပေ။ ဖြောင့်မတ်သော သူတို့သည်သာ ငြိမ်သက်ခြင်းချမ်းသာ၏ အရှင်သခင်များ ဖြစ်သည်။ လူသားမျိုးနွယ်သည် မှန်ကန်သော လမ်းကြောင်းပေါ် ရှိသည်နှင့်တစ်ပြိုင်နက်၊ လူများသည် ပုံမှန်လူသားဘဝများ ရှိကြလိမ့်မည်။ ၎င်းတို့အားလုံးသည် မိမိတို့၏ ကိုယ်ပိုင်

သက်ဆိုင်ရာတာဝန်များကို လုပ်ဆောင်ကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ကို လုံးဝ သစ္စာရှိကြလိမ့်မည်။ ၎င်းတို့သည် ၎င်းတို့၏ မနာခံမှုနှင့် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို လုံးဝ ခါချကြလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့သည် ဘုရားသခင်အတွက် အသက်ရှင်ကြလိမ့်မည် ဖြစ်ကာ၊ ဘုရားသခင်ကြောင့် မနာခံမှုနှင့် ခုခံမှုတို့ နှစ်ခုလုံး ကင်းမဲ့ကြလိမ့်မည်ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို လုံးဝ ကျိုးနွံနာခံနိုင်ကြလိမ့်မည်။ ဤသည်မှာ ဘုရားသခင်နှင့် လူသားမျိုးနွယ်၏ အသက်တာဖြစ်လိမ့်မည်။ ယင်းသည် နိုင်ငံတော်၏ အသက်တာဖြစ်လိမ့်မည်ဖြစ်ပြီး၊ ငြိမ်သက်ခြင်း ချမ်းသာနှင့်ဆိုင်သည့် အသက်တာတစ်ခု ဖြစ်လိမ့်မည်။

လုံးဝ မယုံကြည်သော မိမိတို့၏ ကလေးများနှင့် ဆွေမျိုးများကို ဘုရားကျောင်းထဲသို့ ဆွဲခေါ်လာသူများ အားလုံးသည် အလွန်တရာ အတ္တကြီးပြီး ၎င်းတို့သည် ကြင်နာမှုကို ထုတ်ဖော်ပြနေကြခြင်းသာ ဖြစ်သည်။ ဤလူများသည် ၎င်းတို့ ယုံကြည်သည် မယုံကြည်သည်ကို ပဓာနမထားဘဲ၊ ပြီးလျှင် ယင်းမှာ ဘုရားသခင်၏ အလိုတော် ဟုတ်သည် မဟုတ်သည်ကို ပဓာနမထားဘဲ၊ ချစ်ခင်ခြင်းအပေါ်သာ အာရုံစိုက်ကြသည်။ အချို့သည် မိမိတို့၏ ဇနီးများကို ဘုရားသခင်ရှေ့မှောက်သို့ ခေါ်ဆောင်လာကြသည်၊ သို့မဟုတ် မိမိတို့၏ မိဘများကို ဘုရားသခင် ရှေ့မှောက်သို့ ဆွဲခေါ်လာပြီး၊ ဤအရာနှင့်ပတ်သက်၍ သန့်ရှင်းသော ဝိညာဉ်တော်က သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့အထဲတွင် အမှုပြုနေသည်ဖြစ်စေ မပြုသည်ဖြစ်စေ၊ ၎င်းတို့သည် ဘုရားသခင်အတွက် ကျိုးကြောင်းမမြင်စွာ "ပင်ကိုစွမ်းရည် ရှိသည့် လူများအဖြစ် ခံယူသည်။" ဤမယုံကြည်သူများ အပေါ် ကြင်နာမှုကို လက်ကမ်းပေးခြင်းမှ မည်သည့်အကျိုးကျေးဇူး ရနိုင်ခြေရှိသနည်း။ သန့်ရှင်းသော ဝိညာဉ်တော်၏မျက်မှောက် မပါရှိသော ၎င်းတို့သည် ဘုရားသခင် နောက်လိုက်ရန် ရုန်းကန်ကြလျှင်ပင်၊ ၎င်းတို့သည် တစ်ဦးတစ်ယောက်က ယုံကြည်မည်ကဲ့သို့ ကယ်တင်ခြင်းမခံရနိုင်ဆဲ ဖြစ်သည်။ ကယ်တင်ခြင်းကို ရရှိနိုင်သူတို့သည် ရရှိဖို့ အမှန်တကယ် လွယ်ကူသည် မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏အမှုနှင့် စမ်းသပ်မှုများကို မကြုံရသေးသကဲ့သို့၊ လူ့ဇာတိခံ ဘုရားသခင်၏ စုံလင်စေခြင်းကို မခံရသေးသော သူတို့သည် စုံလင်စေခြင်း ခံရနိုင်စွမ်း လုံးဝ မရှိကြပေ။ သို့ဖြစ်ရာ ဘုရားသခင်ကို အမည်ခံအားဖြင့် စတင် လိုက်လျှောက်သည့် အခိုက်အတန့်မှ၊ ဤလူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏မျက်မှောက် ကင်းမဲ့လေသည်။ ၎င်းတို့၏ အနေအထားများနှင့် တကယ့် အခြေအနေများအရ၊ ၎င်းတို့သည် တကယ်ကို စုံလင်စေခြင်း မခံရနိုင်ပေ။ ထို့သို့ဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့အပေါ် အားအင်များစွာ မစိုက်ထုတ်ရန် ဆုံးဖြတ်သကဲ့သို့၊ ၎င်းတို့ကို မည်သည့်

အသိဉာဏ်ပွင့်လင်းစေခြင်းမျှ မပေးပေ၊ သို့မဟုတ် မည်သည့်နည်းနှင့်မျှ ၎င်းတို့ကို လမ်းမပြပေ။ သူသည် ၎င်းတို့ကို အတူတကွ လိုက်လျှောက်ရုံမျှသာ ခွင့်ပြုပြီး ၎င်းတို့၏ရလဒ်ကို နောက်ဆုံးတွင် ထုတ်ဖော်ပြလိမ့်မည်- ဤသည်မှာ လုံလောက်ပေ၏။ လူသားမျိုးနွယ်၏ စိတ်အားထက်သန်မှုနှင့် ရည်ရွယ်ချက်များသည် စာတန်ထံမှလာပြီး ဤအရာများက သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို မည်သည့်နည်းဖြင့်မျှ မပြည့်စုံစေနိုင်ပေ။ လူတို့ မည်သည့်အရာနှင့် တူသည်ဖြစ်စေ၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် ရှိရမည်။ လူသားများသည် လူသားများကို စုံလင်စေနိုင်သလော။ လင်ယောကျ်ားသည် သူ၏ဇနီးမယားကို အဘယ်ကြောင့် ချစ်သနည်း။ ဇနီးမယားသည် သူမ၏ လင်ယောကျ်ားကို အဘယ်ကြောင့် ချစ်သနည်း။ သားသမီးများက သူတို့၏မိဘများအပေါ် အဘယ်ကြောင့် သားသမီးဝတ် ကျေပွန်ကြသနည်း။ မိဘများက ၎င်းတို့၏ သားသမီးများအပေါ် အဘယ်ကြောင့် အလွန် ချစ်ကြသနည်း။ လူများသည် အမှန်တကယ်တွင် မည်သည့် ရည်ရွယ်ချက်မျိုးများကို သိုထားကြသနည်း။ ၎င်းတို့၏ အကြံမှာ မိမိတို့၏ ကိုယ်ပိုင် အစီအစဉ်များနှင့် တစ်ကိုယ်ကောင်းဆန်သော ဆန္ဒများကို ဖြည့်ဆည်းရန် ဖြစ်သည် မဟုတ်လော။ ၎င်းတို့သည် ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်အတွက် အမှန်တကယ် ပြုမူဖို့ ရည်ရွယ်ပါသလော။ ဘုရားသခင်၏ အမှုအတွက် ၎င်းတို့ အမှန်တကယ် ဆောင်ရွက်နေခြင်း ဖြစ်သလော။ ၎င်းတို့၏ အကြံမှာ ဖန်ဆင်းခံသတ္တဝါတစ်ဦး၏ တာဝန်ကို ဖြည့်ဆည်းရန် ဖြစ်သလော။ ဘုရားသခင်ကို စတင်ယုံကြည်သည့် အချိန်ကတည်းက၊ သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်ကို မရရှိနိုင်သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုကို မည်သည့်အခါမျှ မရနိုင်ပေ။ ဤလူတို့သည် ဖျက်ဆီးခြင်း ခံရမည့်သူများ အဖြစ် သတ်မှတ်ခံထားရပြီးဖြစ်သည်။ ၎င်းတို့အတွက် တစ်ဦးတစ်ယောက်သည် ချစ်ခြင်းမည်မျှ ရှိသည်ဖြစ်စေ၊ ယင်းက သန့်ရှင်းသော ဝိညာဉ်တော်၏အမှုကို အစားထိုး၍ မရနိုင်ပေ။ လူတို့၏ စိတ်ထက်သန်မှုနှင့် ချစ်ခြင်းမေတ္တာသည် လူသား ရည်ရွယ်ချက်များကို ကိုယ်စားပြုသော်လည်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကို ကိုယ်စား မပြုနိုင်သကဲ့သို့ ဘုရားသခင်၏အမှုအတွက်လည်း အစားထိုးမှုတစ်ခု မဖြစ်နိုင်ပေ။ ဘုရားသခင်ကို အမည်ခံအားဖြင့် ယုံကြည်ပြီး ဘုရားသခင်၌ ယုံကြည်ဖို့ဆိုသည်မှာ မည်သည့်အရာ အမှန်တကယ် ဆိုလိုသည်ကို မသိဘဲ၊ သူ့နောက်လိုက် ဟန်ဆောင်သူများအပေါ် တစ်ဦးတစ်ယောက်သည် ကြီးနိုင်သမျှ အကြီးမားဆုံးသော ချစ်ခြင်းမေတ္တာ သို့မဟုတ် သနားကရုဏာ ပမာဏကို လက်ကမ်းလျှင်ပင်၊ ၎င်းတို့သည် ဘုရားသခင်၏ ကရုဏာကို ရရှိကြလိမ့်ဦးမည် မဟုတ်သကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကိုလည်း

ရရှိကြလိမ့်မည် မဟုတ်ပေ။ ရိုးသားစစ်မှန်စွာ ဘုရားသခင်နောက်လိုက်သည့် လူများသည် ညံ့ဖျင်းသည့် အရည်အချင်း ရှိကြပြီး သမ္မာတရားများစွာကို နားမလည်နိုင်လျှင်ပင်၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ရံဖန်ရံခါ ရရှိနိုင်သေးသည်။ သို့သော် အတော်အတန် ကောင်းမွန်သော အရည်အချင်းရှိသော်လည်း၊ ရိုးသားစစ်မှန်စွာ မယုံကြည်သောသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်မှောက်ကို အကယ်ပင် မရရှိနိုင်ပေ။ ထိုသို့သောသူများနှင့်ပတ်သက်၍ ကယ်တင်ခြင်းအတွက် ဖြစ်နိုင်ချေ လုံးဝ မရှိပေ။ ၎င်းတို့အနေဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုလျှင်ပင်၊ သို့မဟုတ် ရံဖန်ရံခါ ဒေသနာများကို နားထောင်လျှင်ပင်၊ သို့မဟုတ် ဘုရားသခင်ထံ ချီးမွမ်းသီချင်းများ သီဆိုလျှင်ပင်၊ ၎င်းတို့သည် နောက်ဆုံးတွင် ငြိမ်သက်ခြင်း ချမ်းသာနှင့်ဆိုင်သည့် အချိန်ရောက်သည်ထိတိုင် ရှင်သန်နိုင်ကြမည် မဟုတ်ပေ။ လူတို့သည် လေးလေးနက်နက် ရှာဖွေခြင်း ရှိမရှိဆိုသည်ကို အခြားသူတို့က ၎င်းတို့ကို မည်သို့ အကဲဖြတ်သည် သို့မဟုတ် ၎င်းတို့ အနီးအနားရှိ လူများက ၎င်းတို့ကို မည်သို့ ရှုမြင်သည်ဆိုသည်အားဖြင့် ဆုံးဖြတ်ခြင်း မဟုတ်ဘဲ၊ သန့်ရှင်းသော ဝိညာဉ်တော်က ၎င်းတို့အပေါ် အမှုပြုခြင်း ရှိမရှိဆိုသည်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏မျက်မှောက်ကို ၎င်းတို့ ရရှိပြီးခြင်း ရှိမရှိဆိုသည်တို့အားဖြင့် ဆုံးဖြတ်ပေသည်။ ထို့အပြင် ယင်းသည် ၎င်းတို့၏ စိတ်သဘောထား ပြောင်းလဲမှု ရှိမရှိနှင့် အချိန်အတိုင်းအတာ တစ်ခုအတွင်း သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ကြုံပြီးသည့်နောက်တွင် ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာ ၎င်းတို့ ရပြီးခြင်း ရှိမရှိတို့အပေါ် မူတည်ပေသည်။ လူတစ်ဦးအပေါ် သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသည့်အခါတွင်၊ ဤလူ၏ စိတ်သဘောထားသည် တဖြည်းဖြည်း ပြောင်းလဲလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၌ ယုံကြည်ခြင်းအပေါ် ၎င်းတို့၏ ရှုထောင့်အမြင်သည် တဖြည်းဖြည်း တိုး၍ ဖြူစင်လိမ့်မည် ဖြစ်သည်။ လူတို့သည် မည်မျှကြာကြာ ဘုရားသခင် နောက်လိုက်သည်ကို ပဓာန မထားဘဲ၊ ၎င်းတို့ ပြောင်းလဲပြီးသရွေ့ ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့အပေါ် အမှုပြုနေသည်ဟု ဆိုလိုသည်။ အကယ်၍ ၎င်းတို့ မပြောင်းလဲသေးပါက၊ ယင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့အပေါ် အမှုပြုနေခြင်း မရှိသည်ကို ဆိုလိုပေသည်။ ဤလူများသည် အစေခံမှုအချို့ ပေးကြလျှင်ပင်၊ ထိုသို့လုပ်ဆောင်ရန် ၎င်းတို့ကို လှုံ့ဆော်သည်မှာ ကောင်းမွန်သော အခွင့်အလမ်း ရရှိလိုသည့် ဆန္ဒတစ်ခု ဖြစ်သည်။ ရံဖန်ရံခါ အစေခံမှုကို လုပ်ဆောင်ခြင်းမျှသည် ၎င်းတို့၏ စိတ်သဘောထား၌ ပြောင်းလဲမှုတစ်ခုကို တွေ့ကြုံခြင်းအား အစားမထိုးနိုင်ပေ။ နောက်ဆုံးတွင် စုံလင်စေခြင်းခံရပြီးသူများနှင့် ဘုရားသခင်ကို သစ္စာရှိသူတို့အား အစေခံမှုပြုရန် နိုင်ငံတော်ထဲတွင် အစေခံသူများ လိုအပ်မည်

မဟုတ်သကဲ့သို့ စိတ်သဘောထား မပြောင်းလဲသေးသူ မည်သူ့ကိုမျှ လိုအပ်လိမ့်မည် မဟုတ်သည့်အတွက်၊ ၎င်းတို့သည် ဖျက်ဆီးခံရလိမ့်ဦးမည် ဖြစ်သည်။

"တစ်ဦးတစ်ယောက်သည် သခင့်ကို ယုံကြည်သောအခါ၊ အခွင့်အလမ်းသည် ထိုသူ၏မိသားစုတစ်ခုလုံးအပေါ် မျက်နှာသာပေးသည်။" ဆိုသည့် အတိတ်က ပြောဆိုထားသည့် ထိုစကားများသည် ကျေးဇူးတော်ခေတ်အတွက် သင့်တော်သော်လည်း၊ လူသားမျိုးနွယ်၏ ခရီးပန်းတိုင်နှင့် မဆက်နွယ်ပေ။ ယင်းတို့သည် ကျေးဇူးတော်ခေတ်အတွင်းရှိ အဆင့်တစ်ဆင့်အတွက်သာ သင့်လျော်ခဲ့သည်။ ဤစကားလုံးများ၏ ဂယက်အနက်မှာ လူများပျော်မွေ့သော ငြိမ်သက်ခြင်းနှင့် လူတို့ မွေ့လျော်သည့် ရုပ်ဝတ္ထုဆိုင်ရာ ကောင်းချီးများကိုသာ ဦးတည်သည်။ ယင်းတို့က သခင့်ကိုယုံကြည်သူ တစ်ဦး၏ မိသားစုတစ်ခုလုံး ကယ်တင်ခြင်းခံရလိမ့်မည်ဟု မဆိုလိုခဲ့သကဲ့သို့၊ တစ်ဦးတစ်ယောက်သည် ကောင်းမွန်သော အခွင့်အလမ်းကို ရရှိသည့်အခါ သူ၏ မိသားစုတစ်ခုလုံးသည် ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဆောင်ယူခြင်းခံရနိုင်သည်ဟုလည်း မဆိုလိုခဲ့ပေ။ တစ်ဦးတစ်ယောက်သည် ကောင်းချီးများ ရရှိခြင်း သို့မဟုတ် ကံအကြောင်း မလှသည့် ဖြစ်ရပ် ခံစားရခြင်း ရှိမရှိဆိုသည်မှာ သူ၏အနှစ်သာရအရ ဆုံးဖြတ်ခြင်း ဖြစ်သည်၊ အခြားသူများနှင့် မျှဝေခံစားသည့် မည်သည့် ဘုံအနှစ်သာရအရမျှ မဟုတ်ပေ။ ထိုသို့သော ဆိုရိုးစကား သို့မဟုတ် စည်းမျဉ်းသည် နိုင်ငံတော်တွင် တကယ်ကို နေရာမရှိပေ။ အကယ်၍ လူတစ်ဦးသည် နောက်ဆုံးတွင် ရှင်သန်နိုင်ပါက၊ ယင်းမှာ ၎င်းတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များကို ပြည့်မီကြပြီးဖြစ်သောကြောင့် ဖြစ်ပြီး၊ အကယ်၍ ၎င်းတို့သည် ငြိမ်သက်ခြင်းချမ်းသာနှင့်ဆိုင်သည့် အချိန်ကာလအထိ နောက်ဆုံးတွင် မကျန်ရှိနိုင်ပါက၊ ယင်းမှာ ၎င်းတို့သည် ဘုရားသခင်အပေါ် မနာခံကြသကဲ့သို့၊ ဘုရားသခင်၏ သတ်မှတ်ချက်များကို မဖြည့်ဆည်းသေးသောကြောင့် ဖြစ်သည်။ အယောက်တိုင်းသည် သင့်လျော်သော ခရီးပန်းတိုင်တစ်ခု ရှိသည်။ ဤခရီးပန်းတိုင်များကို တစ်ဦးချင်းစီ၏ အနှစ်သာရနှင့်အညီ ဆုံးဖြတ်ထားခြင်း ဖြစ်ပြီး၊ အခြားလူများနှင့် လုံးဝ မသက်ဆိုင်ပေ။ ကလေးတစ်ယောက်၏ ဆိုးယုတ်သော အပြုအမူကို သူ၏မိဘများထံ လွှဲပြောင်းပေး၍ မရသကဲ့သို့၊ ကလေးတစ်ယောက်၏ ဖြောင့်မတ်ခြင်းကိုလည်း သူ၏မိဘများနှင့် ဝေမျှ၍မရနိုင်ပေ။ မိဘတစ်ဦး၏ ဆိုးယုတ်သော အပြုအမူကို ၎င်းတို့၏သားသမီးများထံ လွှဲပြောင်း၍ မရသကဲ့သို့၊ မိဘ၏ ဖြောင့်မတ်ခြင်းကိုလည်း ၎င်းတို့၏ သားသမီးများနှင့် ဝေမျှ၍မရနိုင်ပေ။ အယောက်တိုင်းသည် မိမိတို့၏ သက်ဆိုင်ရာအပြစ်များကို သယ်ပိုးကြပြီး အယောက်တိုင်းသည် မိမိတို့၏ သက်ဆိုင်ရာ ကံကြမ္မာကို မွေ့လျော်ခံစားကြရသည်။ မည်သူမျှ အခြား လူအတွက်

အစားထိုးတစ်ခု မဖြစ်နိုင်ပေ။ ဤသည်မှာ ဖြောင့်မတ်ခြင်း ဖြစ်သည်။ လူသား၏အမြင်မှ၊ မိဘများသည် ကောင်းမွန်သော ကံကြမ္မာရရှိပါက၊ ၎င်းတို့၏ သားသမီးများလည်း ရရှိသင့်ပြီး၊ သားသမီးများက မကောင်းမှုကို ကျူးလွန်ပါက၊ ၎င်းတို့၏မိဘများသည် ထိုအပြစ်များအတွက် ပြေရာပြေကြောင်း ပြုလုပ်ရမည် ဖြစ်သည်။ ဤသည်မှာ လူသား ရှုထောင့်အမြင်ဖြစ်ပြီး လူသား၏ အမှုအရာများကို လုပ်ဆောင်သည့် နည်းလမ်းဖြစ်သည်။ ယင်းသည် ဘုရားသခင်၏ ရှုထောင့်အမြင်မဟုတ်ပေ။ အယောက်တိုင်း၏ ရလဒ်သည် ၎င်းတို့၏ အပြုအမူမှလာသော အနှစ်သာရနှင့်အညီ ဆုံးဖြတ်ခြင်း ဖြစ်ပြီး၊ ယင်းကို အမြဲ သင့်တင့်လျောက်ပတ်စွာ ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ မည်သူမျှ အခြားသူ၏ အပြစ်များကို မသယ်ပိုးနိုင်ပေ။ ထို့ထက်မက မည်သူမျှ အခြားသူကိုယ်စား အပြစ်ပေးခြင်းကို လက်မခံနိုင်ပေ။ ဤသည်မှာ အကြွင်းမဲ့ဖြစ်သည်။ မိဘတစ်ဦး၏ မိမိတို့သားသမီးများအပေါ် မေတ္တာဖြင့် စောင့်ရှောက်မှုသည် မိမိတို့၏ သားသမီးများကိုယ်စား ဖြောင့်မတ်သော လုပ်ဆောင်ချက်များ လုပ်ဆောင်နိုင်သည်ဟု မညွှန်ပြသကဲ့သို့၊ ကလေးတစ်ဦး၏ သူ့မိဘများ အပေါ် သားသမီးဝတ္တရားကျေသော ချစ်ခင်မှုသည် ၎င်းတို့အနေဖြင့် ၎င်းတို့၏ မိဘများကိုယ်စား ဖြောင့်မတ်သော လုပ်ဆောင်မှုများကို လုပ်ဆောင်နိုင်သည်ဟု မညွှန်ပြပေ။ ဤသည်မှာ၊ "ထိုအခါ လယ်၌ရှိသော လူနှစ်ယောက်တို့တွင် တစ်ယောက်ကိုသိမ်းယူ၍ တစ်ယောက်မူကား နေရစ်ရလတံ့။ ကြိတ်ဆုံကြိတ်သောသူနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍ တစ်ယောက်မူကား နေရစ်ရလတံ့။" ဟူသော နှုတ်ကပတ်တော်များက အမှန်တကယ် ရည်ရွယ်သည့်အရာ ဖြစ်သည်။ လူတို့သည် မိမိတို့၏ သားသမီးများအတွက် နက်ရှိုင်းသော ချစ်ခြင်းမေတ္တာပေါ် အခြေခံ၍ မိမိတို့၏ မကောင်းမှုပြုသော သားသမီးများကို ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဆောင်ယူ၍ မရနိုင်သကဲ့သို့၊ မည်သူကမျှ ၎င်းတို့၏ဇနီး (သို့မဟုတ် ခင်ပွန်း) ကို ၎င်းတို့ကိုယ်တိုင်၏ ဖြောင့်မတ်သော လုပ်ဆောင်မှုပေါ် အခြေခံ၍ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဆောင်ယူ၍မရနိုင်ပေ။ ဤသည်မှာ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းတစ်ခု ဖြစ်သည်။ မည်သူအတွက်မျှ ခြွင်းချက်များ မရှိနိုင်ပေ။ အဆုံးသတ်တွင် ဖြောင့်မတ်ခြင်းကို လုပ်ဆောင်သူများမှာ ဖြောင့်မတ်ခြင်းကို လုပ်ဆောင်သူများဖြစ်ပြီး မကောင်းမှုပြုသူများသည် မကောင်းမှုပြုသူများဖြစ်ကြသည်။ ဖြောင့်မတ်သူတို့သည် နောက်ဆုံးတွင် ရှင်သန်ခွင့် ရကြလိမ့်မည်ဖြစ်သော်လည်း၊ မကောင်းမှုပြုသူများသည် ဖျက်ဆီးခံကြရလိမ့်မည်။ သန့်ရှင်းသူများသည် သန့်ရှင်းသူများ ဖြစ်သည်။ ၎င်းတို့သည် မညစ်ညမ်းကြပေ။ ညစ်ညမ်းသောသူတို့သည် ညစ်ညမ်းသူများ ဖြစ်ကြပြီး ၎င်းတို့ထဲမှ အစိတ်အပိုင်းတစ်ခုမျှ မသန့်ရှင်းပေ။ ဆိုးယုတ်သူတစ်ဦး၏ ကလေးများသည် ဖြောင့်မတ်သော

လုပ်ဆောင်ချက်များကို ဆောင်ရွက်လျှင်ပင်၊ ပြီးလျှင် ဖြောင့်မတ်သူတစ်ဦး၏ မိဘများက ဆိုးယုတ်သော လုပ်ဆောင်ချက်များ ကျူးလွန်လျှင်ပင်- ဖျက်ဆီးခံရမည့် လူများမှာ ဆိုးယုတ်သောသူများသာ ဖြစ်ပြီး၊ ရှင်သန်မည့်သူများမှာ ဖြောင့်မတ်သောသူများသာ ဖြစ်သည်။ ယုံကြည်သော ခင်ပွန်းသည်တစ်ဦးနှင့် မယုံကြည်သော ဇနီးတစ်ဦးအကြားတွင် မည်သည့် ဆက်နွယ်မှုမျှ မရှိသကဲ့သို့၊ ယုံကြည်သော သားသမီးများနှင့် မယုံကြည်သော မိဘများကြားတွင် မည်သည့်ဆက်နွယ်မှုမျှ မရှိပေ။ ဤလူနှစ်မျိုးနှစ်စားသည် လုံး၀ သဟဇာတ မဖြစ်ပေ။ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ မ၀င်ရောက်မီတွင်၊ တစ်ဦးတစ်ယောက်သည် ရုပ်ခန္ဓာပိုင်းဆိုင်ရာ ဆွေမျိုးများရှိသော်လည်း၊ ငြိမ်သက်ခြင်းချမ်းသာထဲသို့ ၀င်ရောက်ပြီးသည်နှင့်တစ်ပြိုင်နက်၊ ပြောဆိုစရာ ရုပ်ခန္ဓာပိုင်းဆိုင်ရာ ဆွေမျိုးများ ရှိတော့မည် မဟုတ်ပေ။ မိမိတို့၏ တာ၀န်ကို လုပ်ဆောင်သူများသည် မလုပ်ဆောင်သူများ၏ ရန်သူများ ဖြစ်ကြသည်။ ဘုရားသခင်ကို ချစ်မြတ်နိုးသူများနှင့် ဘုရားသခင်ကို မုန်းတီးသော သူတို့သည် တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ကြသည်။ ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ၀င်ရောက်မည့်သူများနှင့် ဖျက်ဆီးခြင်းခံရပြီးဖြစ်မည့်သူများသည် သဟဇာတ မဖြစ်သည့် ဖန်ဆင်းခံသတ္တ၀ါအမျိုးအစား နှစ်မျိုး ဖြစ်သည်။ ၎င်းတို့၏ တာ၀န်များကို ဖြည့်ဆည်းသော ဖန်ဆင်းခံသတ္တ၀ါတို့သည် ရှင်သန်နိုင်ကြလိမ့်မည် ဖြစ်သော်လည်း၊ ၎င်းတို့၏တာ၀န်များကို မဖြည့်ဆည်းသော သူတို့သည် ဖျက်ဆီးခြင်းခံရမည့် သူများ ဖြစ်ကြလိမ့်မည်။ ထို့အပြင် ဤသည်မှာ ထာ၀ရကာလတစ်လျှောက် တည်တံ့လိမ့်မည်။ သင်သည် ဖန်ဆင်းခံသတ္တ၀ါ တစ်ဦးအဖြစ် မိမိတာ၀န်ကို ဖြည့်ဆည်းရန်အလို့ငှာ သင်၏ခင်ပွန်းကို ချစ်သလော။ သင်သည် ဖန်ဆင်းခံသတ္တ၀ါတစ်ဦးအဖြစ် မိမိတာ၀န်ကို ဖြည့်ဆည်းရန်အလို့ငှာ သင်၏ဇနီးကို ချစ်သလော။ သင်သည် ဖန်ဆင်းခံသတ္တ၀ါတစ်ဦးအဖြစ် မိမိတာ၀န်ကို ဖြည့်ဆည်းရန်အလို့ငှာ မယုံကြည်သော သင်၏မိဘများကို ၀တ္တရားကျေသလော။ ဘုရားသခင်ကို ယုံကြည်ခြင်းနှင့်ပတ်သက်၍ လူသား၏ အမြင်သည် မှန်သလော၊ သို့မဟုတ် မှားသလော။ ဘုရားသခင်ကို အဘယ်ကြောင့် သင်ယုံကြည်သနည်း။ သင်သည် အဘယ်အရာကို ရရှိရန် ဆန္ဒရှိသနည်း။ ဘုရားသခင်ကို သင် မည်သို့ချစ်သနည်း။ ဖန်ဆင်းခံသတ္တ၀ါများအဖြစ် မိမိတို့၏တာ၀န်များကို မဖြည့်ဆည်းနိုင်သူများနှင့် အပြည့်အ၀ အားထုတ်မှု မပြုနိုင်သူတို့သည် ဖျက်ဆီးခြင်း ခံကြရမည့်သူများ ဖြစ်လာကြလိမ့်မည်။ ယနေ့လူများကြားတွင် ရုပ်ပိုင်းဆိုင်ရာ ဆက်ဆံရေးများရှိကြသည့်အပြင် အသွေးအားဖြင့်လည်း နှီးနွယ်ဆက်စပ်မှုများ ရှိကြသည်၊ သို့သော် အနာဂတ်တွင် ဤအရာအားလုံး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားလိမ့်မည်။ ယုံကြည်သူများနှင့် မယုံကြည်သူများသည် သဟဇာတ မဖြစ်ကြပေ။ ယင်းထက် ၎င်းတို့သည်

တစ်ဦးနှင့် တစ်ဦး ဆန့်ကျင်ကြသည်။ ငြိမ်သက်ခြင်း ချမ်းသာ၌ ရှိသူတို့သည် ဘုရားသခင် တစ်ဆူရှိသည်ဟု ယုံကြည်ကြပြီး ဘုရားသခင်ကို ကျိုးနွံနာခံကြသည်၊ ဘုရားသခင်ကို မနာခံသော သူတို့အားလုံးမှာမူ ဖျက်ဆီးခြင်းခံရပြီး ဖြစ်ကြလိမ့်မည်။ ကမ္ဘာမြေကြီးပေါ်တွင် မိသားစုများ တည်ရှိတော့မည် မဟုတ်။ မိဘများ သို့မဟုတ် ကလေးများ သို့မဟုတ် ခင်ပွန်းများနှင့် ဇနီးများအကြား ဆက်ဆံမှုများ မည်သို့ရှိနိုင်မည်နည်း။ ယုံကြည်မှုနှင့် မယုံကြည်မှု၏ လွန်စွာ သဟဇာတမဖြစ်ခြင်းသည် ထိုသို့သော ရုပ်ပိုင်းဆိုင်ရာ ဆက်ဆံရေးများကို လုံးဝ ဖြတ်တောက်ပြီး ဖြစ်လိမ့်မည်။

မူလက လူသားမျိုးနွယ်အလယ်တွင် မိသားစုများမရှိခဲ့ပေ။ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး- ခြားနားသော လူသားနှစ်မျိုးသာ- တည်ရှိခဲ့သည်။ မိသားစုများကို မဆိုထားနှင့်၊ နိုင်ငံများပင် မရှိခဲ့ပေ၊ သို့သော် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးမှု အကျိုးဆက်အနေဖြင့်၊ လူမျိုးပေါင်းစုံတို့သည် မိမိတို့ကိုယ်ကိုယ် လူမျိုးစုအနွယ်များ တစ်ခုစီအဖြစ်သို့ ဖွဲ့စည်းခဲ့ကြပြီး၊ နောက်ပိုင်းတွင် နိုင်ငံများနှင့် လူမျိုးများအဖြစ်သို့ တိုးတက် ပြောင်းလဲ လာခဲ့ကြသည်။ ဤနိုင်ငံများနှင့် လူမျိုးများသည် သေးငယ်သည့် မိသားစုတစ်စုချင်းစီ ပါဝင်ပြီး၊ ဤပုံစံဖြင့် လူမျိုးစုံသည် အမျိုးမျိုးသော လူမျိုးစုများအလယ် ဘာသာစကား မတူညီမှုနှင့် နယ်နိမိတ်များအပေါ် အခြေခံ၍ ပျံ့နှံ့သွားခဲ့ကြသည်။ အမှန်တွင် ကမ္ဘာလောကတွင် လူမျိုးနွယ်စုများ မည်မျှပင်များပြားသည်ဖြစ်စေ၊ လူသားမျိုးနွယ်သည် ဘိုးဘေးတစ်ခုသာ ရှိပေသည်။ အစအဦး၌ လူသား နှစ်မျိုးသာရှိခဲ့ပြီး၊ ဤနှစ်မျိုးမှာ လူမိန်းမနှင့် လူယောကျ်ားတို့ဖြစ်ကြသည်။ သို့သော် ဘုရားသခင်၏အမှု တိုးတက်ခြင်း၊ သမိုင်း၏ ရွေ့လျားမှုနှင့် ပထဝီအနေအထားပြောင်းလဲမှုများကြောင့်၊ ဤလူသား အမျိုးအစားနှစ်မျိုးသည် သာ၍ပင်များသော လူသားအမျိုးအစားများအဖြစ်သို့ အမျိုးမျိုးသော အတိုင်းအတာထိ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အခြေခံအားဖြင့် လူသားမျိုးနွယ်စု မည်မျှက လူသားမျိုးနွယ်ကို ဖွဲ့စည်းသည်ဖြစ်စေ၊ လူသားမျိုးနွယ်အားလုံးသည် ဘုရားသခင်၏ ဖန်ဆင်းခြင်း ဖြစ်နေဆဲဖြစ်သည်။ လူများသည် မည်သည့်လူမျိုးနွယ်စုနှင့် သက်ဆိုင်သည်ဖြစ်စေ၊ ၎င်းတို့ အားလုံးသည် သူ၏ဖန်ဆင်းခံသတ္တဝါများ ဖြစ်ကြသည်။ ၎င်းတို့အားလုံးသည် အာဒံနှင့် ဧဝ၏ သားစဉ်မြေးဆက်များ ဖြစ်ကြသည်။ ၎င်းတို့သည် ဘုရားသခင်၏လက်ဖြင့် ပြုလုပ်ခြင်း မခံခဲ့ရသော်လည်း၊ ၎င်းတို့သည် ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ ဖန်ဆင်းခဲ့သည့် အာဒံနှင့် ဧဝ၏ သားစဉ်မြေးဆက်များ ဖြစ်ကြသည်။ လူတို့သည် မည်သို့သော ဖြစ်တည်မှု အမျိုးအစားနှင့် သက်ဆိုင်သည်ဖြစ်စေ၊ ၎င်းတို့အားလုံးသည် ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများ ဖြစ်ကြသည်။ ၎င်းတို့သည် ဘုရားသခင် ဖန်ဆင်းခဲ့သည့်

လူသားမျိုးနွယ်နှင့် သက်ဆိုင်သည့်အတွက်၊ ၎င်းတို့၏ ခရီးပန်းတိုင်သည် လူသားမျိုးနွယ်ရှိသင့်သည့် ခရီးပန်းတိုင်ဖြစ်ပြီး၊ ၎င်းတို့ကို လူသားများအား စီစဉ်ထားသည့် စည်းမျဉ်းများနှင့်အညီ ခွဲခြားထားပေသည်။ ယင်းမှာ မကောင်းမှုပြုသူများနှင့် ဖြောင့်မတ်သောသူများအားလုံးသည် နောက်ဆုံးတွင် ဖန်ဆင်းခံသတ္တဝါများပင်ဖြစ်သည်ဟု ဆိုရပေမည်။ မကောင်းမှုကို ကျူးလွန်သည့် ဖန်ဆင်းခံသတ္တဝါများသည် နောက်ဆုံးတွင် ဖျက်ဆီးခံရလိမ့်မည် ဖြစ်ပြီး၊ ဖြောင့်မတ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်သည့် ဖန်ဆင်းခံသတ္တဝါများသည် ရှင်သန်ကြလိမ့်မည်။ ဤသည်မှာ ထိုဖန်ဆင်းခံသတ္တဝါနှစ်မျိုးအတွက် အသင့်တော်ဆုံးသော အစီအစဉ်ပင်တည်း။ မကောင်းမှုပြုသူများသည် ၎င်းတို့၏နာမခံမှုကြောင့် ၎င်းတို့မှာ ဘုရားသခင်၏ ဖန်ဆင်းခြင်းများ ဖြစ်ကြသော်လည်း၊ စာတန်၏ ဖမ်းဆီးခြင်းခံကြရပြီးဖြစ်သောကြောင့် ကယ်တင်မခံရနိုင်ကြသည်ကို ငြင်းပယ်၍ မရနိုင်ပေ။ ဖြောင့်မတ်စွာ မိမိတို့ကိုယ်ကိုယ် ပြုမူနေထိုင်ကြသည့် ဖန်ဆင်းခံသတ္တဝါများသည် ၎င်းတို့ ရှင်သန်ကြလိမ့်မည် ဆိုသည့်အချက်ကို အခြေခံ၍၊ ၎င်းတို့သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းခံရပြီးဖြစ်သော်လည်း စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကိုခံခဲ့ရပြီးနောက်၊ ကယ်တင်ခြင်း ရရှိကြပြီး ဖြစ်သည်ကို ငြင်းပယ်၍ မရနိုင်ပေ။ မကောင်းမှုပြုသူများသည် ဘုရားသခင်အပေါ် မနာခံသည့် ဖန်ဆင်းခံသတ္တဝါများ ဖြစ်ကြသည်။ ၎င်းတို့သည် ကယ်တင်ခြင်းမခံရနိုင်သည့် ဖန်ဆင်းခံသတ္တဝါများဖြစ်ကြပြီး စာတန်၏ လုံးလုံးလျားလျား ဖမ်းဆီးခံထားရနှင့်ပြီး ဖြစ်ကြသည်။ မကောင်းမှု ကျူးလွန်သည့် လူများသည်လည်း လူများဖြစ်ကြသည်။ ၎င်းတို့သည် အဆုံးစွန် ဖောက်ပြန်ပျက်စီးကြပြီးဖြစ်သည့် သူများနှင့် ကယ်တင်မခံရနိုင်သည့် လူသားများဖြစ်ကြသည်။ ၎င်းတို့သည်လည်း ဖန်ဆင်းခံသတ္တဝါများသာ ဖြစ်သည်နှင့်အမျှ၊ ဖြောင့်မတ်သော အပြုအမူရှိသည့် လူများသည်လည်း ဖောက်ပြန်ပျက်စီးခြင်းခံခဲ့ရပြီးဖြစ်သည်၊ သို့သော် ၎င်းတို့သည် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားကို ချိုးဖျက်လွတ်မြောက်ရန် လိုလားနေပြီး၊ ဘုရားသခင်ကို ကျိုးနွံနာခံနိုင်စွမ်း ရှိလာကြပြီးသည့် လူသားများ ဖြစ်သည်။ ဖြောင့်မတ်သော အပြုအမူရှိသည့် လူတို့သည် ဖြောင့်မတ်ခြင်းနှင့် မပြည့်လျှမ်းကြပေ။ ယင်းထက် ၎င်းတို့သည် ကယ်တင်ခြင်း ရရှိကြပြီးဖြစ်ကာ၊ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားမှ ချိုးဖျက် လွတ်မြောက်ကြပြီးဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို ကျိုးနွံနာခံနိုင်ကြသည်။ ယင်းမှာ ၎င်းတို့သည် မည်သည့်အခါတွင်မျှ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း မခံရဖူးကြဟု ဆိုရမည် မဟုတ်သော်လည်း၊ အဆုံးတွင် ခိုင်မာစွာ ၎င်းတို့ ရပ်တည်ကြလိမ့်မည်။ ဘုရားသခင်၏အမှု အဆုံးသတ်ပြီးနောက်၊ သူ၏ဖန်ဆင်းခံ သတ္တဝါအားလုံးအလယ်တွင်၊

ဖျက်ဆီးခံရမည့်သူများ ရှိလိမ့်မည် ဖြစ်သကဲ့သို့ ရှင်သန်မည့် သူများ ရှိလိမ့်မည်။ ဤကား သူ၏ စီမံခန့်ခွဲခြင်း အမှု၏ မလွဲမသွေဖြစ်သည့် ဦးတည်ရာတစ်ခု ဖြစ်သည်။ မည်သူမျှ ယင်းကို မပြင်းနိုင်ပေ။ မကောင်းမှု ပြုသူများသည် ရှင်သန်ခွင့်ရကြလိမ့်မည် မဟုတ်ချေ။ ဘုရားသခင်ကို အဆုံးထိ ကျိုးနွံနာခံပြီး နောက်လိုက်သောသူတို့သည် ရှင်သန်ဖို့ သေချာသည်။ ဤအမှုသည် လူသားမျိုးနွယ်၏ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည်နှင့်အမျှ၊ ကျန်ရှိမည့် သူများနှင့် ပယ်ရှားခြင်းခံရမည့်သူများ ရှိလိမ့်မည်။ ဤသည်တို့မှာ မတူညီသော လူအမျိုးအစားတို့အတွက် မတူညီသည့် ရလဒ်များဖြစ်ပြီး၊ ယင်းတို့သည် ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများအတွက် အသင့်တော်ဆုံးသော စီစဉ်မှုများဖြစ်သည်။ လူသားများသည် နောက်ဆုံးတွင်တော့ ဘိုးဘေးတစ်ခုတည်းမှ ဆင်းသက်ခဲ့ကြပြီး ဘုရားသခင်၏ ဖန်ဆင်းခြင်း ဖြစ်သည့်အတွက်၊ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ အဆုံးစွန် အစီအစဉ်မှာ တိုင်းနိုင်ငံများကို ဖျက်ဆီးပစ်ရင်းနှင့် မိသားစုများ သို့မဟုတ် တိုင်းနိုင်ငံနယ်နိမိတ်များမရှိဘဲ၊ အစီအစဉ်တစ်ခုဖြင့် နိုင်ငံနယ်နိမိတ်များကို အစိတ်အစိတ်အမြွှာမြွှာကွဲစေရင်း မိသားစုများကို ကွဲစေခြင်းဖြင့် ၎င်းတို့ကို ခွဲခြားရန် ဖြစ်သည်။ အတိုချုပ်ပြောရလျှင်၊ မကောင်းမှုပြုသည့် ဖန်ဆင်းခံသတ္တဝါများအားလုံး ဖျက်ဆီးခံရလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ကို နာခံသည့် ဖန်ဆင်းခံသတ္တဝါများသည် အသက်ရှင်လိမ့်မည်။ ဤနည်းဖြင့်၊ ရောက်လာမည့် ငြိမ်သက်ခြင်း ချမ်းသာနှင့်ဆိုင်သည့် အချိန်ကာလတွင် မိသားစုများ ရှိလိမ့်မည်မဟုတ်၊ နိုင်ငံများ ရှိလိမ့်မည် မဟုတ်သကဲ့သို့၊ အထူးသဖြင့် လူမျိုးများ ရှိလိမ့်မည် မဟုတ်ပေ။ ဤသို့သော လူသားမျိုးနွယ် အမျိုးအစားသည် အသန့်ရှင်းဆုံးသော လူသားမျိုးနွယ် အမျိုးအစား ဖြစ်လိမ့်မည်။ လူသားမျိုးနွယ်သည် ကမ္ဘာမြေကြီးပေါ်ရှိ အရာခပ်သိမ်းကို ကြည့်ရှုစောင့်ရှောက်နိုင်ရန်အလို့ငှာ အာဒံနှင့် ဧဝတို့သည် မူလအစက ဖန်ဆင်းခံခဲ့ရခြင်း ဖြစ်သည်၊ လူသားများသည် မူလအစက အရာအားလုံး၏ အရှင်သခင်များ ဖြစ်ခဲ့ကြသည်။ လူသားမျိုးနွယ်သည် မူလက ဖောက်ပြန်ပျက်စီးခဲ့ခြင်း မရှိသကဲ့သို့၊ မကောင်းမှုကို ကျူးလွန်နိုင်စွမ်း မရှိကြသည့်အတွက်၊ လူသားများကို ဖန်ဆင်းရာတွင် ယေဟောဝါ၏ ရည်ရွယ်ချက်မှာ ၎င်းတို့ကို ကမ္ဘာမြေကြီးပေါ်တွင် တည်ရှိခွင့်ပေးရန်နှင့် ယင်းအပေါ် ရှိ အရာခပ်သိမ်းကို ကြည့်ရှုစောင့်ရှောက်ခွင့်ပေးရန်ဖြစ်သည်။ သို့သော် လူသားများ ဖောက်ပြန်ပျက်စီးလာခဲ့ကြသည့်နောက်တွင်၊ ၎င်းတို့သည် အရာခပ်သိမ်းကို ကြည့်ရှုစောင့်ရှောက်သူများ မဟုတ်ကြတော့ပေ။ ဘုရားသခင်၏ ကယ်တင်ခြင်း ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်၏ ဤအလုပ်တာဝန်ကို မူလအတိုင်း ပြန်ဖြစ်စေရန်၊ လူသားမျိုးနွယ်၏ မူလ ဆင်ခြင်တုံတရားနှင့် မူလနာခံမှုကို ပြန်ပေးရန် ဖြစ်သည်။

ငြိမ်သက်ခြင်းချမ်းသာ၌ ရှိသည့် လူသားမျိုးနွယ်သည် ဘုရားသခင်က သူ၏ ကယ်တင်ခြင်းအမှုဖြင့် ရရှိရန် မျှော်လင့်သည့် ရလဒ်၏ တကယ့် ကိုယ်စားပြုခြင်း ဖြစ်လိမ့်မည်။ ယင်းသည် ဧဒင်ဥယျာဉ်ထဲက အသက်တာကဲ့သို့သော အသက်တာတစ်ခု ဖြစ်တော့မည် မဟုတ်သော်လည်း၊ ၎င်းတို့၏အနှစ်သာရက တူညီလိမ့်မည်။ လူသားမျိုးနွယ်သည် ၎င်းတို့၏ အစောပိုင်း မဖောက်ပြန်မပျက်စီးသည့် ဇာတိမျိုး ရှိတော့မည် မဟုတ်ဘဲ၊ ယင်းထက် ဖောက်ပြန်ပျက်စီးလာခဲ့သည့်နောက်တွင် ကယ်တင်ခြင်း ရရှိခဲ့သည့် လူသားမျိုးနွယ်တစ်ခု ဖြစ်လိမ့်မည်။ ကယ်တင်ခြင်းရရှိပြီးဖြစ်သည့် ဤလူများသည် နောက်ဆုံးတွင် (ဆိုလိုသည်မှာ ဘုရားသခင်၏အမှု ပြီးဆုံးသည့်နောက်တွင်) ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ကြလိမ့်မည်။ ထိုနည်းတူ အပြစ်ပေးခြင်းခံရပြီးဖြစ်သည့် သူများ၏ ရလဒ်များသည်လည်း အဆုံးတွင် လုံးဝ ထုတ်ဖော်ပြခံရလိမ့်မည် ဖြစ်သကဲ့သို့၊ ဘုရားသခင်၏အမှု ပြီးဆုံးပြီးသည့်နောက်တွင်သာ ၎င်းတို့ ဖျက်ဆီးခံရလိမ့်မည်။ တစ်နည်းအားဖြင့် လူအမျိုးအစား မျိုးစုံကို ဖော်ထုတ်ခြင်း အမှုအား (၎င်းတို့သည် မကောင်းမှုပြုသူများဖြစ်စေ သို့မဟုတ် ကယ်တင်ခြင်းခံရသည့်သူများဖြစ်စေ) အယောက်တိုင်းအပေါ် တစ်ပြိုင်နက် ဆောင်ရွက်လိမ့်မည် ဖြစ်သည့်အတွက်၊ သူ၏အမှု ပြီးဆုံးသည့်နောက်တွင်၊ မကောင်းမှုပြုသူများနှင့် ကယ်တင်ခြင်းခံရပြီး သူများအားလုံးသည် ဖော်ထုတ်ခံရလိမ့်မည်။ မကောင်းမှုပြုသူများသည် ပယ်ရှားခြင်းခံရလိမ့်မည် ဖြစ်ပြီး၊ ကျန်ရှိခွင့် ရကြမည့်သူများသည် တစ်ပြိုင်နက်တည်း ဖော်ထုတ်ခံရလိမ့်မည်။ ထို့ကြောင့် လူအမျိုးအစားအားလုံး၏ ရလဒ်များသည် တစ်ချိန်တည်းတွင် ထုတ်ဖော်ပြခံရလိမ့်မည်။ မကောင်းမှုပြုသူများကို တစ်ကြိမ်လျှင် အနည်းငယ်စီမျှ ဘေးဖယ်ခြင်းနှင့် တရားစီရင်ခြင်း သို့မဟုတ် အပြစ်ဒဏ်ပေးခြင်းတို့ကို မပြုလုပ်မီတွင်၊ ဘုရားသခင်သည် ကယ်တင်ခြင်း ဆောင်ကြဉ်းခံရပြီးဖြစ်သည့် လူတစ်စုကို ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဝင်ရောက်ရန် ခွင့်ပြုလိမ့်မည် မဟုတ်ပေ။ ယင်းသည် အမှန်တရားများနှင့် ကိုက်ညီလိမ့်မည် မဟုတ်။ မကောင်းမှုပြုသူများ ဖျက်ဆီးခြင်းခံရပြီး အသက်ရှင်သန်နိုင်သူတို့သည် ငြိမ်သက်ခြင်းချမ်းသာထဲသို့ ဝင်ရောက်ကြချိန်တွင်၊ စကြဝဠာတစ်လျှောက်လုံးရှိ ဘုရားသခင်၏အမှု ပြီးပြည့်စုံလိမ့်မည်။ ကောင်းချီးမင်္ဂလာများ ရရှိသူများနှင့် ကံဆိုးမှုကို ခံစားရသူများအကြားတွင် ဦးစားပေး အစီအစဉ် ရှိလိမ့်မည်မဟုတ်။ ကောင်းချီးမင်္ဂလာများ ရရှိသူများသည် ထာဝရ အသက်ရှင်ကြလိမ့်မည် ဖြစ်သော်လည်း၊ ကံဆိုးမှုကို ခံစားရသူများက ထာဝရကာလပတ်လုံး ပျက်စီးကြရလိမ့်မည်။ အမှု၏ ဤအဆင့်နှစ်ဆင့်သည် တစ်ပြိုင်နက်တည်း ပြီးပြည့်စုံလိမ့်မည်။ ကျိုးနွံနာခံသည့် သူများ၏ ဖြောင့်မတ်ခြင်း

ထုတ်ဖော်ခံရလိမ့်မည်မှာ နာခံခြင်း မရှိသောလူများ၏ တည်ရှိခြင်းကြောင့် အတိအကျ ဖြစ်ပြီး၊ မကောင်းမှုပြုသူများက ၎င်းတို့၏ ဆိုးယုတ်သော အပြုအမူအတွက် ခံစားရသည့် ကံဆိုးခြင်းအား ထုတ်ဖော်ပြခံရလိမ့်မည်မှာ ကောင်းချီးမင်္ဂလာများရရှိသော သူများရှိသောကြောင့် အတိအကျ ဖြစ်သည်။ ဘုရားသခင်သည် မကောင်းမှုပြုသူတို့ကို မဖော်ထုတ်ခဲ့ပါက၊ ဘုရားသခင်ကို ရိုးသားစစ်မှန်စွာ ကျိုးနွံနာခံသောလူတို့သည် မည်သည့်အခါမျှ နေကို မြင်ကြရလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် သူ့ကို ကျိုးနွံနာခံသူတို့အား သင့်တင့်လျောက်ပတ်သော ခရီးပန်းတိုင် တစ်ခုဆီသို့ မဆောင်ယူခဲ့ပါက၊ ဘုရားသခင်ကို မနာခံသောသူတို့သည် ၎င်းတို့နှင့် ထိုက်သင့်သည့် အပြစ်ဒဏ်ပေးခြင်းကို ရရှိနိုင်ကြလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်၏ အမှု လုပ်ငန်းစဉ် ဖြစ်သည်။ အကယ်၍ သူသည် မကောင်းသောသူများကို အပြစ်ဒဏ်ပေးပြီး ကောင်းသောသူများကို ဆုလာဘ်ပေးခြင်းနှင့်ဆိုင်သည့် ဤအမှုကို မဆောင်ရွက်ခဲ့ပါက၊ သူ၏ဖန်ဆင်းခံ သတ္တဝါများသည် ၎င်းတို့၏ သက်ဆိုင်သော ခရီးပန်းတိုင်များထဲသို့ မည်သည့်အခါမျှ ဝင်ရောက်နိုင်ကြမည် မဟုတ်ပေ။ လူသားမျိုးနွယ်သည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ပြီးသည်နှင့် တစ်ပြိုင်နက်၊ မကောင်းမှုပြုသူတို့သည် ဖျက်ဆီးခံရကြလိမ့်မည် ဖြစ်ပြီး၊ လူသားမျိုးနွယ် အားလုံးသည် မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရှိကြလိမ့်မည် ဖြစ်သည်။ လူအမျိုးအစားအားလုံးသည် ၎င်းတို့ဆောင်ရွက်သင့်သော လုပ်ငန်းတာဝန်များနှင့်အညီ ၎င်းတို့၏ ကိုယ်ပိုင်အမျိုးအစားနှင့်အတူ ရှိကြလိမ့်မည်။ ဤအရာသည်သာလျှင် လူသားမျိုးနွယ်၏ ငြိမ်သက်ခြင်း ချမ်းသာနှင့်ဆိုင်သည့် နေ့ရက် ဖြစ်လိမ့်မည်၊ ယင်းသည် လူသားမျိုးနွယ်၏ ဖြစ်ပေါ်တိုးတက်မှုအတွက် မလွဲမရှောင်သာသော ဦးတည်ရာ ဖြစ်လိမ့်မည် ဖြစ်ပြီး၊ လူသားမျိုးနွယ်သည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်သောအခါမှသာ ဘုရားသခင်၏ ကြီးမြတ်ပြီး အဆုံးစွန်သော စွမ်းဆောင်အောင်မြင်မှုသည် ပြီးပြည့်စုံခြင်းသို့ ရောက်ရှိလိမ့်မည်။ ဤသည်မှာ သူ၏အမှု၏ နောက်ဆုံးအပိုင်း ဖြစ်လိမ့်မည်။ ဤအမှုသည် လူသားမျိုးနွယ် အားလုံး၏ ဇာတိပကတိနှင့်ဆိုင်သည့် ယိုယွင်းပျက်စီးသော် ဘဝအပြင်၊ ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်၏ ဘဝကိုပါ အဆုံးသတ် ပေးလိမ့်မည် ဖြစ်သည်။ ထိုနေရာမှစ၍ လူသားများသည် နယ်ပယ်သစ် တစ်ခုထဲသို့ ဝင်ရောက်ကြလိမ့်မည်။ လူသားအားလုံးသည် ဇာတိပကတိ၌ အသက်ရှင်ကြသော်လည်း၊ အသက်၏ အနှစ်သာရနှင့် ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်၏ အသက်တာအကြားတွင် သိသာထင်ရှားသော ခြားနားချက်များ ရှိသည်။ တည်ရှိမှု၏ အရေးပါမှုနှင့် ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်၏ တည်ရှိမှုသည်လည်း

ခြားနားကြသည်။ ဤသည်မှာ လူအမျိုးအစားသစ်၏ အသက်တာ ဖြစ်လိမ့်မည် မဟုတ်သော်လည်း၊ ကယ်တင်ခြင်း ရရှိပြီးသော လူသားမျိုးနွယ်၏ အသက်တာအပြင်၊ လူ့သဘာဝနှင့် ဆင်ခြင်တုံတရားတို့ ပြန်လည်ရရှိပြီးဖြစ်သည့် အသက်တာ တစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဤသည်တို့မှာ တစ်ချိန်က ဘုရားသခင်ကို မနာခံခဲ့သည့်၊ ဘုရားသခင်၏ သိမ်းပိုက်ခြင်း ခံရပြီးနောက် သူ၏ကယ်တင်ခြင်းကို ခံခဲ့ရသည့် လူများ ဖြစ်သည်။ ဤသည်တို့မှာ ဘုရားသခင်ကို ဂုဏ်သရေ ညှိုးစေခဲ့ကြပြီးနောက် သူ့ကို သက်သေခံခဲ့သူများ ဖြစ်ကြသည်။ ဘုရားသခင်၏ စစ်ဆေးခြင်းကို ကြုံကြာ ရှင်သန်ပြီးသည့်နောက်တွင်၊ ၎င်းတို့၏တည်ရှိခြင်းသည် အဓိပ္ပာယ် အရှိဆုံးသော တည်ရှိမှုဖြစ်သည်။ ၎င်းတို့သည် စာတန်၏ ရှေ့မှောက်တွင် ဘုရားသခင်ကို သက်သေခံသူများ ဖြစ်ကြပြီး၊ အသက်ရှင်ရန် သင့်တော်သည့် လူသားများ ဖြစ်သည်။ ဖျက်ဆီးခြင်းခံရမည့်သူများမှာ ဘုရားသခင်ကို သက်သေခံ မရပ်တည်နိုင်သူများ ဖြစ်ပြီး၊ ဆက်လက် အသက်ရှင်ရန် မသင့်တော်သူများ ဖြစ်သည်။ ၎င်းတို့၏ ပျက်စီးခြင်းသည် ၎င်းတို့၏ ဆိုးယုတ်သော အပြုအမူ၏ အကျိုးဆက်တစ်ခု ဖြစ်လိမ့်မည် ဖြစ်ပြီး၊ ထိုသို့သော ပျက်သုဉ်းခြင်းသည် ၎င်းတို့အတွက် အကောင်းဆုံး ခရီးပန်းတိုင်ဖြစ်သည်။ အနာဂတ်တွင် လူသားမျိုးနွယ်သည် နှစ်သက်ဖွယ်သော နယ်ပယ်ထဲသို့ ဝင်ရောက်သောအခါတွင်၊ လူတို့က တွေ့ရှိလိမ့်မည်ဟု စိတ်ကူးကြသည့် ခင်ပွန်းနှင့် ဇနီးအကြား၊ ဖခင်နှင့် သမီးအကြား သို့မဟုတ် မိခင်နှင့် သားအကြား ဆက်ဆံရေးများ တစ်ခုမျှ ရှိလိမ့်မည် မဟုတ်ပေ။ ထိုအချိန်တွင် လူသားအသီးသီးသည် မိမိတို့၏ ကိုယ်ပိုင်အမျိုးအစားနောက်ကို လိုက်ကြလိမ့်မည်ဖြစ်ပြီး မိသားစုများသည် အစိတ်စိတ်အမြွှာမြွှာပြိုကွဲနှင့်ပြီး ဖြစ်လိမ့်မည်။ လုံးဝ ကျဆုံးလျက်၊ စာတန်သည် လူသားမျိုးနွယ်ကို မည်သည့်အခါမျှ တစ်ဖန် နှောင့်ယှက်လိမ့်မည် မဟုတ်သကဲ့သို့၊ လူသားများသည် ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထား ရှိတော့မည် မဟုတ်ပေ။ နာခံခြင်း မရှိသော ထိုလူတို့သည် ဖျက်ဆီးခံရနှင့်ပြီး ဖြစ်လိမ့်မည်၊ ပြီးလျှင် ကျိုးနွံနာခံသော လူများသည်သာ ကျန်ရှိလိမ့်မည်။ ထိုသို့ဖြင့် အလွန်နည်းပါးသော မိသားစုများသည် မပျက်မစီးဘဲ ရှင်သန်လိမ့်မည်။ ရုပ်ပိုင်းဆိုင်ရာ ဆက်ဆံရေးများသည် အဘယ်သို့ ဆက်လက် တည်ရှိနိုင်မည်နည်း။ လူသားမျိုးနွယ်၏ ယခင် ဇာတိပကတိ အသက်တာသည် လုံးဝ တားမြစ်ခံရလိမ့်မည်။ ထိုအခါ လူတို့အကြား ရုပ်ပိုင်းဆိုင်ရာ ဆက်ဆံရေးများ မည်သို့ တည်ရှိနိုင်မည်နည်း။ ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထားများ မရှိဘဲ၊ လူသား အသက်တာသည် အတိတ်၏ အသက်တာဟောင်း ဖြစ်တော့မည် မဟုတ်ဘဲ၊ ယင်းထက် အသစ်သော အသက်တာတစ်ခု ဖြစ်လိမ့်မည်။

မိဘများသည် သားသမီးများကို ဆုံးရှုံးလိမ့်မည် ဖြစ်ပြီး သားသမီးများသည် မိဘများကို ဆုံးရှုံးလိမ့်မည်။ ခင်ပွန်းများသည် ဇနီးများကို ဆုံးရှုံးလိမ့်မည်ဖြစ်ပြီး ဇနီးများသည် ခင်ပွန်းများကို ဆုံးရှုံးလိမ့်မည်။ လတ်တလောတွင် လူများကြား၌ ရုပ်ပိုင်းဆိုင်ရာ ဆက်ဆံရေးများ တည်ရှိသော်လည်း၊ အယောက်တိုင်း ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်ပြီးသည်နှင့်တစ်ပြိုင်နက်၊ ရုပ်ပိုင်းဆိုင်ရာ ဆက်ဆံရေးများ ရှိတော့မည်မဟုတ်ပေ။ ဤသို့သော လူသားမျိုးနွယ်မျိုးသည်သာ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းတို့ကို ပိုင်ဆိုင်လိမ့်မည်။ ဤလူသားမျိုးနွယ်မျိုးသည်သာ ဘုရားသခင်ကို ကိုးကွယ်နိုင်ပေသည်။

ဘုရားသခင်သည် လူသားများကို ဖန်ဆင်းခဲ့ပြီး ကမ္ဘာမြေကြီးပေါ်တွင် ထားရှိခဲ့ကာ ထိုအချိန်ကတည်းက ၎င်းတို့ကို ဦးဆောင်ပြီးဖြစ်သည်။ ထို့နောက် သူသည် ၎င်းတို့ကို ကယ်တင်ခဲ့ပြီး လူသားမျိုးနွယ်အတွက် အပြစ်ဖြေရာယဇ် အဖြစ် အစေခံခဲ့သည်။ အဆုံးတွင် သူသည် လူသားမျိုးနွယ်ကို သိမ်းပိုက်ရဦးမည်၊ လူသားများကို လုံးဝ ကယ်တင်ရဦးမည် ဖြစ်ပြီး၊ ၎င်းတို့ကို ၎င်းတို့၏ မူလ ပုံသဏ္ဌာန်သို့ ပြန်ဖြစ်စေရဦးမည် ဖြစ်သည်။ ဤသည်မှာ အစအဦးကတည်းက သူပါဝင်လုပ်ဆောင်ပြီးဖြစ်သည့် အမှု- လူသားမျိုးနွယ်ကို ၎င်း၏မူရင်း ပုံသဏ္ဌာန်နှင့် ရုပ်ဆင်းသဏ္ဌာန်သို့ ပြန်ဖြစ်စေခြင်း- ဖြစ်သည်။ ဘုရားသခင်သည် သူ၏နိုင်ငံတော်ကို တည်ထောင်လိမ့်မည် ဖြစ်ပြီး လူသားများ၏ မူလရုပ်ဆင်းသဏ္ဌာန်ကို နဂိုအတိုင်း ပြန်ဖြစ်စေလိမ့်မည်၊ ဆိုလိုသည်မှာ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်နှင့် ဖန်ဆင်းခြင်းအားလုံး အလယ်တွင် သူ၏ ဩဇာအာဏာကို နဂိုအတိုင်း ပြန်ဖြစ်စေမည် ဖြစ်သည်။ လူသားမျိုးနွယ်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးနောက်တွင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်း စိတ်နှလုံးအပြင်၊ ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများ တာဝန်ရှိသည့် အလုပ်တာဝန်ကိုလည်း ဆုံးရှုံးခဲ့ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်ကို မနာခံသော ရန်သူတစ်ဦး ဖြစ်လာခဲ့သည်။ ထို့နောက် လူသားမျိုးနွယ်သည် စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ခဲ့ပြီး စာတန်၏အမိန့်များကို လိုက်နာခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏ဖန်ဆင်းခံသတ္တဝါများ ကြားတွင် အလုပ်လုပ်ရန် နည်းလမ်း မရှိခဲ့သကဲ့သို့၊ ၎င်းတို့၏ ကြောက်ရွံ့တတ်သော ကြည်ညိုမှုကို သာ၍ပင် မရရှိနိုင် ဖြစ်လာခဲ့သည်။ လူသားများသည် ဘုရားသခင်၏ ဖန်ဆင်းခြင်း ခံခဲ့ရပြီး ဘုရားသခင်ကို ကိုးကွယ်သင့်သော်လည်း၊ ၎င်းတို့သည် ဘုရားသခင်ကို အမှန်တကယ် ကျောခိုင်းခဲ့ကြကာ ယင်းအစား စာတန်ကို ကိုးကွယ်ခဲ့ကြသည်။ စာတန်သည် ၎င်းတို့ စိတ်နှလုံးများထဲတွင် အသည်းကြော် ဖြစ်လာခဲ့သည်။ သို့ဖြစ်ရာ ဘုရားသခင်သည် ၎င်းတို့၏ စိတ်နှလုံးများတွင် သူ၏ရပ်တည်မှုကို ဆုံးရှုံးခဲ့ရ၏၊ ယင်းမှာ သူသည် လူသားမျိုးနွယ်အား ဖန်ဆင်းခြင်း နောက်ကွယ်က အဓိပ္ပာယ်ကို ဆုံးရှုံးခဲ့သည်ဟု

ဆိုရပေမည်။ ထို့ကြောင့် လူသားမျိုးနွယ်ကို သူဖန်ဆင်းခြင်း နောက်ကွယ်က အဓိပ္ပာယ်ကို ပြန်လည်ရယူရန်၊ သူသည် ၎င်းတို့၏ မူလရုပ်ဆင်းသဏ္ဌာန်ကို နဂိုအတိုင်း ပြန်ဖြစ်စေရမည်ဖြစ်ပြီး လူသားမျိုးနွယ်ကို ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများမှ ဖယ်ရှားပစ်ရမည် ဖြစ်သည်။ စာတန်ထံမှ လူသားများကို ပြန်လည်ရယူရန်၊ သူသည် ၎င်းတို့ကို အပြစ်မှ ကယ်တင်ရမည်။ ဤနည်းလမ်းဖြင့်သာ ဘုရားသခင်သည် ၎င်းတို့၏ မူလရုပ်ဆင်းသဏ္ဌာန်နှင့် လုပ်ငန်းဆောင်တာကို တဖြည်းဖြည်း နဂိုအတိုင်း ပြန်ဖြစ်စေနိုင်ပြီး၊ နောက်ဆုံးတွင် သူ၏နိုင်ငံတော်ကို နဂိုအတိုင်း ပြန်ဖြစ်စေနိုင်ပေသည်။ လူသားများကို ဘုရားသခင်အား သာ၍ ကောင်းစွာ ဝတ်ပြုကိုးကွယ်ခွင့်ပေးရန်နှင့် ကမ္ဘာမြေကြီးပေါ်တွင် ပိုမိုကောင်းမွန်စွာ ရှင်သန်ခွင့်ပေးရန် ငြင်းဆန်သောသူတို့ကို အဆုံးစွန် ဖျက်ဆီးခြင်းကိုလည်း ဆောင်ရွက်လိမ့်မည် ဖြစ်သည်။ ဘုရားသခင်သည် လူသားများကို ဖန်ဆင်းခဲ့သောကြောင့်၊ သူသည် ၎င်းတို့ကို သူ့အား ကိုးကွယ်စေမည် ဖြစ်သည်။ သူသည် လူသားမျိုးနွယ်၏ မူလ လုပ်ငန်းဆောင်တာကို နဂိုအတိုင်းပြန်ဖြစ်စေလိုသောကြောင့်၊ ယင်းကို လုံး၀ နဂိုအတိုင်းပြန်ဖြစ်စေမည် ဖြစ်ပြီး မည်သည့် မစင်ကြယ်မှုမျှ ရှိစေမည် မဟုတ်ပေ။ သူ၏ ဩဇာအာဏာကို နဂိုအတိုင်းပြန်ဖြစ်စေခြင်း ဆိုသည်မှာ လူသားများအား သူ့ကို ကိုးကွယ်စေကာ ကျိုးနွံနာခံစေခြင်း ဖြစ်သည်။ ယင်းမှာ ဘုရားသခင်သည် လူသားများကို သူ့ကြောင့် အသက်ရှင်စေလိမ့်မည် ဖြစ်ပြီး သူ၏ဩဇာအာဏာ၏ အကျိုးဆက်အနေဖြင့် သူ၏ရန်သူများကို ပျက်စီးစေလိမ့်မည်ဟု ဆိုလိုသည်။ ယင်းမှာ ဘုရားသခင်သည် မည်သူထံကမျှ ခုခံမှုမရှိစေဘဲ သူနှင့် ပတ်သက်သည့် အရာရာတိုင်းကို လူသားများအလယ်တွင် ဖြစ်ပေါ်စေမြဲ ဖြစ်ပေါ်စေလိမ့်မည်ဟု ဆိုလိုသည်။ သူတည်ထောင်လိုသော နိုင်ငံတော်သည် သူ၏ကိုယ်ပိုင် နိုင်ငံတော် ဖြစ်သည်။ သူအလိုရှိသော လူသားမျိုးနွယ်သည် သူ့ကို ကိုးကွယ်မည့်သူ၊ သူ့ကို လုံး၀ ကျိုးနွံနာခံမည့်သူနှင့် သူ၏ဘုန်းအသရေကို ထင်ရှားစေမည့်သူ ဖြစ်သည်။ ဘုရားသခင်သည် ဖောက်ပြန်ပျက်စီးနေသော လူသားမျိုးနွယ်ကို မကယ်တင်ပါက၊ လူသားမျိုးနွယ်ကို သူဖန်ဆင်းခြင်း နောက်ကွယ်က အဓိပ္ပာယ်သည် ပျောက်ဆုံးလိမ့်မည် ဖြစ်သည်။ သူသည် လူသားများအလယ်တွင် နောက်ထပ် ဩဇာအာဏာ ရှိတော့မည် မဟုတ်သကဲ့သို့၊ သူ၏ နိုင်ငံတော်သည် ကမ္ဘာမြေပေါ်တွင် တည်ရှိနိုင်တော့မည် မဟုတ်ပေ။ သူ့ကို မနာခံသော ရန်သူများကို ဘုရားသခင် မဖျက်ဆီးပါက၊ သူသည် မိမိ၏စုံလင်သော ဘုန်းအသရေကို ရရှိနိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ ကမ္ဘာမြေကြီးပေါ်တွင် သူ၏နိုင်ငံတော်ကိုလည်း တည်ထောင်နိုင်လိမ့်မည် မဟုတ်ပေ။ ဤသည်တို့မှာ သူ၏အမှု

စုံလင်ခြင်းနှင့်- လူသားမျိုးနွယ် အလယ်ရှိ သူ့ကို မနာခံသည့် သူများကို လုံးဝဖျက်ဆီးရန်နှင့် စုံလင်စေခြင်း ခံရပြီးသူများကို ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဆောင်ကြဉ်းဖို့ ဖြစ်သည်- သူ၏ ကြီးမားသည့် အောင်မြင်ခြင်း အမှတ်လက္ခဏာများ ဖြစ်လိမ့်မည်။ လူသားများကို ၎င်းတို့၏ မူလ ရုပ်ဆင်းသဏ္ဌာန်အတိုင်း ပြန်ဖြစ်စေပြီးသည့်အချိန်နှင့်၊ ၎င်းတို့သည် ၎င်းတို့၏ သက်ဆိုင်ရာ တာဝန်များကို ဖြည့်ဆည်းနိုင်ချိန်၊ ၎င်းတို့၏ ကိုယ်ပိုင် မှန်ကန်သော နေရာများကို ထိန်းသိမ်းပြီး ဘုရားသခင်၏ အစီအစဉ်များ အားလုံးကို ကျိုးနွံနာခံသည့်အချိန်တွင်၊ ဘုရားသခင်သည် သူ့ကို ကိုးကွယ်သည့် ကမ္ဘာမြေကြီးပေါ် ရှိ လူတစ်စုကို ရရှိပြီးဖြစ်လိမ့်မည် ဖြစ်ကာ ကမ္ဘာမြေကြီးပေါ် ရှိ သူ့ကို ကိုးကွယ်သော နိုင်ငံတော်တစ်ခုကိုလည်း တည်ထောင်ပြီးဖြစ်လိမ့်မည်။ သူသည် ကမ္ဘာမြေကြီးပေါ်တွင် ထာဝရ အောင်မြင်ခြင်းကို ရရှိလိမ့်မည် ဖြစ်ပြီး၊ သူ့ကိုဆန့်ကျင်သူ အားလုံးသည် ထာဝရကာလပတ်လုံး ပျက်စီးကြလိမ့်မည်။ ဤအရာသည် လူသားမျိုးနွယ်အား ဖန်ဆင်းရာတွင် သူ၏ မူလရည်ရွယ်ချက်ကို နဂိုအတိုင်းပြန်ဖြစ်စေလိမ့်မည် ဖြစ်သည်။ ယင်းသည် အရာခပ်သိမ်းအား ဖန်ဆင်းရာတွင် သူ၏ ရည်ရွယ်ချက်ကို နဂိုအတိုင်း ပြန်ဖြစ်စေလိမ့်မည် ဖြစ်ပြီး ကမ္ဘာမြေကြီးပေါ်တွင် အရာခပ်သိမ်းအလယ်နှင့် သူ၏ ရန်သူများအလယ်တွင် သူ၏ဩဇာအာဏာကိုလည်း နဂိုအတိုင်း ပြန်ဖြစ်စေလိမ့်မည်။ ဤသည်တို့မှာ သူ၏ လုံးဝဥသုံ အောင်မြင်ခြင်း သင်္ကေတများဖြစ်လိမ့်မည်။ ထိုအချိန်မှစ၍ လူသားမျိုးနွယ်သည် ငြိမ်သက်ခြင်း ချမ်းသာထဲသို့ ဝင်ရောက်လိမ့်မည် ဖြစ်ပြီး၊ လမ်းကြောင်းမှန်ပေါ်တွင် ရှိသည့် အသက်တာတစ်ခု စတင်လိမ့်မည်။ သူသည်လည်း ထာဝရ ငြိမ်သက်ခြင်းချမ်းသာထဲသို့ လူသားမျိုးနွယ်နှင့်အတူ ဝင်ရောက်လိမ့်မည် ဖြစ်ပြီး၊ သူကိုယ်တိုင်နှင့် လူသားများ အတူတကွမျှဝေသည့် ထာဝရအသက်တစ်ခုကို စတင်လိမ့်မည်။ ကမ္ဘာမြေကြီးပေါ် ရှိ ညစ်ညမ်းမှုနှင့် မနာခံခြင်းတို့သည် ပျောက်ကွယ်ပြီးဖြစ်လိမ့်မည် ဖြစ်သကဲ့သို့၊ ငိုကြွေးမြည်တမ်းခြင်း အားလုံးသည် ကွယ်ပျောက်ပြီးဖြစ်လိမ့်မည်၊ ပြီးလျှင် ဤကမ္ဘာလောကထဲက ဘုရားသခင်ကို ဆန့်ကျင်သည့် အရာရာတိုင်းသည် တည်ရှိလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်နှင့် ကယ်တင်ခြင်းသို့ သူ ဆောင်ကြဉ်းပြီးဖြစ်သည့် လူများသာ ကျန်ရှိလိမ့်မည်။ သူ၏ ဖန်ဆင်းခြင်းသာ ကျန်ရှိလိမ့်မည်။

# အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏ နှုတ်ကပတ်တော်များ ၄ (၁၉၉၆ ခုနှစ် မှ ၁၉၉၇ ခုနှစ် အထိ၊ ၂၀၀၃ ခုနှစ်

## မှ ၂၀၀၅ ခုနှစ် အထိ)

## ယေရှု၏ဝိညာဉ်ခန္ဓာကို သင်တွေ့မြင်သည့်အချိန်တွင် ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို အသစ်တစ်ဖန် ပြုလုပ်ပြီးဖြစ်လိမ့်မည်

သင်သည် ယေရှုကိုမြင်တွေ့လိုသလော။ ယေရှုနှင့်အတူ အသက်ရှင်လိုသလော။ ယေရှုပြောသည့် နှုတ်ကပတ်တော်များကို ကြားလိုသလော။ သို့ဖြစ်ပါက တစ်ဖန် ပြန်ကြွလာသည့် ယေရှုကို သင်မည်သို့ ကြိုဆိုမည်နည်း။ သင် အပြည့်အဝ ပြင်ဆင်ပြီးပြီလော။ ယေရှု၏ ပြန်ကြွလာခြင်းကို မည်သည့်ပုံစံဖြင့် သင် ကြိုဆိုမည်နည်း။ ယေရှုနောက်သို့လိုက်သည့် ညီအစ်ကိုမောင်နှမတိုင်းသည် ယေရှုကို ကောင်းစွာ ကြိုဆို ချင်ကြလိမ့်မည်ဟု ငါထင်သည်။ သို့သော် ဤအရာကို သင်တို့ စဉ်းစားပြီးပြီလော- ယေရှု ပြန်ကြွလာချိန်တွင် သူ့ကို သင် အမှန်တကယ် သိလိမ့်မည်လော။ သူပြောသည့် အရာတိုင်းကို သင်တို့ အမှန်တကယ် သဘောပေါက်လိမ့်မည်လော။ သူဆောင်ရွက်သည့် အမှုအားလုံးကို သင်တို့ အမှန်တကယ် ခြွင်းချက်မရှိ လက်ခံလိမ့်မည်လော။ သမ္မာကျမ်းစာဖတ်ဖူးသူတိုင်း ယေရှု၏ ပြန်ကြွလာကြခြင်းကို သိရှိကြပြီး၊ ကျမ်းစာဖတ်ဖူးသူတိုင်းက သူ၏ ကြွလာခြင်းကို မမှိတ်မသုန် စောင့်နေကြ၏။ ထိုအခိုက်အတန့် ရောက်ရှိလာခြင်းနှင့်ပတ်သက်၍ သင်တို့အားလုံး အစွဲအလမ်းကြီးကြပြီး၊ သင်တို့၏ ရိုးသားစစ်မှန်မှုသည် ချီးကျူးထိုက်၏၊ သင်တို့၏ ယုံကြည်ခြင်းသည် အမှန်တကယ် အားကျစရာကောင်းသော်လည်း၊ သင်တို့သည် ကြီးလေးသော အမှားတစ်ရပ်ကိုကျူးလွန်မိပြီးဖြစ်သည်ကို နားလည်ကြသလော။ ယေရှုသည် မည်သည့် ပုံစံဖြင့် ပြန်ကြွလာမည်နည်း။ ယေရှုသည် ဖြူသောမိုးတိမ်စီးကာ ပြန်ကြွလာမည်ဟု သင်တို့ ယုံကြည်သည်၊ သို့သော် သင်တို့ကို ငါမေးသည်- ဤဖြူသော မိုးတိမ်သည် မည်သည့်အရာကို ရည်ညွှန်းသနည်း။ သူ၏ ပြန်ကြွလာခြင်းကို စောင့်ဆိုင်းနေသည့် ယေရှု၏ နောက်လိုက်များစွာဖြင့်၊ မည်သည့် လူများအလယ်တွင် သူဆင်းသက်မည်နည်း။ သင်တို့သည် ယေရှု ဆင်းသက်သောသူတို့အထဲတွင် ပထမဦးဆုံးဖြစ်ပါက၊ အခြားသူများသည် ဤအရာကို အလွန်အကျွံ မတရားမှုဟု မြင်လိမ့်မည်မဟုတ်လော။ သင်တို့သည် ယေရှုအပေါ် လွန်စွာရိုးသားစစ်မှန်ပြီး သစ္စာစောင့်သိသည်ကို ငါသိသော်လည်း၊ သင်တို့သည် ယေရှုကို မြင်ဖူးသလော။ သူ၏စိတ်သဘောထားကို သင်တို့ သိသလော။ သူနှင့်အတူ နေဖူးသလော။ သူနှင့်ပတ်သက်၍ သင်တို့ အမှန်တကယ် မည်မျှနားလည်သနည်း။ အချို့က ဤစကားများသည်

၎င်းတို့ကို အနေရခက်သည့် စိတ်အကျပ်အတည်းထဲသို့ ရောက်စေသည်ဟု ဆိုလိမ့်မည်။ ၎င်းတို့က၊ "ကျွန်ုပ်သည် ကျမ်းစာကို အစအဆုံး ကြိမ်ဖန်များစွာ ဖတ်ပြီးပါပြီ။ ယေရှုကို ကျွန်ုပ် နားမလည်ဘဲ အဘယ်သို့ ရှိနိုင်မည်နည်း။ ယေရှု၏စိတ်သဘောထားကိုမဆိုနှင့်- ကိုယ်တော် ဝတ်ဆင်လိုသည့် အဝတ်အစား အရောင်ကိုပင် ကျွန်ုပ်သိသည်။ ယေရှုကို ကျွန်ုပ်နားမလည်ဟု သင်ဆိုသည့်အခါ ကျွန်ုပ်ကို သေးသိမ်စေသည် မဟုတ်ပါလား။" ဟု ဆိုလိမ့်မည်။ ဤကိစ္စရပ်များကို သင် အငြင်းမပွားနှင့်ဟု ငါအကြံပြု၏။ စိတ်ငြိမ်စေပြီး အောက်ပါမေးခွန်းများအကြောင်းကို မိတ်သဟာယပြုသင့်သည်။ ဦးစွာပထမ၊ လက်တွေ့အရှိတရားသည် မည်သည့်အရာဖြစ်ပြီး သဘောတရားသည် မည်သည့်အရာ ဖြစ်သည်ကို သင်သိပါသလော။ ဒုတိယအနေဖြင့်၊ အယူအဆများက မည်သည့်အရာများဖြစ်ပြီး၊ သမ္မာတရားသည် မည်သည့်အရာဖြစ်သည်ကို သင်သိပါသလော။ တတိယအနေဖြင့်၊ မည်သည့်အရာသည် စိတ်ကူးထားသည့်အရာ ဖြစ်ပြီး မည်သည့်အရာသည် စစ်မှန်သည်ကို သင်သိပါသလော။

လူအချို့က ယေရှုကို ၎င်းတို့ နားမလည်သည်ကို ငြင်းဆိုကြသည်။ သို့သော် သင်တို့သည် သူ့ကို အနည်းငယ်မျှပင် နားမလည်သကဲ့သို့၊ ယေရှု၏နှုတ်ကပတ်တော်တစ်လုံးကိုမျှ နားမလည်ကြဟု ငါဆို၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သင်တို့ တစ်ဦးချင်းစီသည် ကျမ်းစာ၏ အဖြစ်အပျက်များကြောင့်၊ အခြားသူများက ပြောဆိုထားသောအရာကြောင့် သူ့နောက်သို့ လိုက်ကြသောကြောင့် ဖြစ်၏။ သင်တို့သည် ယေရှုနှင့်အတူနေဖို့မဆိုနှင့်၊ သူ့ကို လုံးဝ တွေ့မြင်ဖူးခြင်းပင် မရှိသကဲ့သို့၊ သူ့အား တစ်ခဏမျှ အဖော်မပြုဖူးပေ။ ထိုသို့ဖြင့်၊ ယေရှုနှင့်သက်ဆိုင်သည့် သင်တို့၏ သိနားလည်ခြင်းသည် သဘောတရားသာ ဖြစ်သည် မဟုတ်လော။ ယင်းမှာ လက်တွေ့အရှိတရား ကင်းမဲ့သည် မဟုတ်လော။ လူအချို့က ယေရှု၏ပုံတူကို မြင်ကောင်း မြင်ဖူးလိမ့်မည်၊ သို့မဟုတ် အချို့က ယေရှု၏အိမ်သို့ ကိုယ်တိုင် အလည်အပတ် သွားကောင်း သွားဖူးလိမ့်မည်။ အချို့က ယေရှု၏ အဝတ်အစားများကို ထိဖူးကောင်း ထိဖူးနိုင်သည်။ သို့သော် ယေရှုစားသည့် အစာကို သင်ကိုယ်တိုင် မြည်းဖူးလျှင်ပင်၊ သူနှင့် သက်ဆိုင်သည့် သင်၏ သိနားလည်မှုသည် သဘောတရားသာ ဖြစ်ဆဲဖြစ်ပြီး လက်တွေ့မကျပေ။ မည်သို့ပင်ဖြစ်စေ၊ သင်သည် ယေရှုကို တစ်ခါမျှ မမြင်ဖူးသကဲ့သို့၊ ဇာတိခန္ဓာအသွင်ဖြင့် တစ်ခါမျှ သူနှင့်အတူ အဖော်မပြုဖူးချေ၊ ထို့ကြောင့် ယေရှုနှင့် သက်ဆိုင်သည့် သင်၏သိနားလည်မှုသည် အစဉ်ပင် လက်တွေ့အရှိတရား ကင်းမဲ့သည့် အချည်းနှီးသော သဘောတရားသာ ဖြစ်ပေမည်။ ငါ၏နှုတ်ကပတ်တော်များသည် သင့်အဖို့ စိတ်ဝင်စားမှု နည်းပါးကောင်း နည်းပါးလိမ့်မည်၊ သို့သော် သင့်ကိုငါ ဤသို့မေး၏-

သင်သည် သင်အကြိုက်နှစ်သက်ဆုံးသော စာရေးဆရာ၏ လက်ရာများစွာကို ဖတ်ကောင်း ဖတ်နိုင်မည်ဖြစ်သော်လည်း၊ သူနှင့်အတူ အချိန်မကုန်ဆုံးဖူးဘဲနှင့် သူ့ကို သင် အပြည့်အဝ နားလည်နိုင်ပါသလော။ သူ၏ ပင်ကိုစရိုက်က မည်သည့်အရာနှင့်တူသည်ကို သင် သိပါသလော။ မည်သည့် ဘဝမျိုး သူနေထိုင်သည်ကို သင်သိသလော။ သူ၏စိတ်ခံစားချက် အခြေအနေနှင့် သက်ဆိုင်သည့်အရာ တစ်ခုတစ်လေကို သင် သိပါသလော။ သင် လေးစားသည့် လူတစ်ဦးကိုပင် သင် အပြည့်အဝနားမလည်နိုင်ပေ၊ ထို့ကြောင့် ယေရှုခရစ်ကို သင် နားလည်ဖို့ မည်သို့ဖြစ်နိုင်မည်နည်း။ ယေရှုနှင့် သက်ဆိုင်သည့် သင် နားလည်သည့် အရာတိုင်းသည် စိတ်ကူးစိတ်သန်းများနှင့် အယူအဆများ အပြည့်ရှိပြီး၊ သမ္မာတရား သို့မဟုတ် လက်တွေ့အရှိတရား စွဲကိုင်ခြင်း မရှိပေ။ ယင်းသည် နံဟောင်ပြီး ဇာတိပကတိနှင့် ပြည့်ဝနေ၏။ ထိုသို့သော သိနားလည်ခြင်းသည် ယေရှု၏ ပြန်လည်ကြွလာခြင်းကို ကြိုဆိုဖို့ သင့်ကို အရည်အချင်းပြည့်မီစေနိုင်မည်နည်း။ ဇာတိပကတိ၏ စိတ်ကူးယဉ်မှုများ၊ အယူအဆများဖြင့် ပြည့်နေသူများကို ယေရှုလက်ခံလိမ့်မည် မဟုတ်ပေ။ ယေရှုကို နားမလည်သူများသည် သူ့ကို ယုံကြည်သူများဖြစ်ရန် မည်သို့သင့်တော်နိုင်မည်နည်း။

ဖာရိရှဲတို့က ယေရှုကို ဆန့်ကျင်ခဲ့သည့် အကြောင်းရင်း၏ အရင်းအမြစ်ကို သင်တို့ သိလိုပါသလော။ ဖာရိရှဲတို့၏ အနှစ်သာရကို သင်တို့သိရှိရန် ဆန္ဒရှိသလော။ ၎င်းတို့သည် မေရှိယနှင့် ပတ်သက်သည့် စိတ်ကူးယဉ်မှုများနှင့် ပြည့်နှက်ခဲ့ကြသည်။ ထို့အပြင်၊ မေရှိယလာမည်ဟုသာ ၎င်းတို့ယုံကြည်ခဲ့ကြသော်လည်း၊ အသက် သမ္မာတရားကို မရှာခဲ့ကြချေ။ ထို့ကြောင့် ၎င်းတို့သည် အသက်၏လမ်းခရီးနှင့် သက်ဆိုင်သည့် အသိမရှိသကဲ့သို့၊ သမ္မာတရား၏လမ်းခရီးက မည်သည့်အရာဖြစ်သည်ကို မသိကြသည့်အတွက်၊ ယနေ့တွင်ပင် ၎င်းတို့သည် မေရှိယကို စောင့်ဆိုင်းဆဲဖြစ်၏။ ထိုသို့ မိုက်မဲသည့်၊ ခေါင်းမာပြီး မသိနားမလည်သော သူတို့သည် ဘုရားသခင်၏ ကောင်းချီး မင်္ဂလာကို ရရှိနိုင်မည်ဟု သင်တို့ မည်သို့ဆိုနိုင်မည်နည်း။ မေရှိယကို ၎င်းတို့ မည်သို့ ရှုမြင်နိုင်မည်နည်း။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှု ဦးတည်ရာကို မသိကြသောကြောင့်၊ ယေရှုပြောသည့် သမ္မာတရား၏လမ်းခရီးကို မသိကြသောကြောင့်၊ ထို့အပြင် မေရှိယကို ၎င်းတို့ နားမလည်ခဲ့ကြသောကြောင့် ယေရှုကို ဆန့်ကျင်ခဲ့ကြခြင်း ဖြစ်သည်။ ၎င်းတို့သည် မေရှိယကို လုံးဝ မမြင်ဖူးကြသကဲ့သို့၊ မေရှိယနှင့် အဖော်ပြုခြင်း လုံးဝမရှိကြသည့်အတွက်၊ မေရှိယ၏ အနှစ်သာရကို ဖြစ်နိုင်သမျှ မည်သည့်နည်းနှင့်မဆို ဆန့်ကျင်နေစဉ်တွင် မေရှိယ၏ နာမကို အချည်းနှီး ဖက်တွယ်နေခြင်းတည်းဟူသော အမှားကို ပြုမိခဲ့ကြ၏။ ဤဖာရိရှဲတို့သည် အနှစ်သာရအားဖြင့် ခေါင်းမာကြသည်၊ မာနထောင်လွှားပြီး၊

သမ္မာတရားကို မနာခံခဲ့ကြချေ။ ၎င်းတို့၏ ဘုရားသခင်ကို ယုံကြည်ခြင်း အခြေခံသဘောတရားမှာ- သင်၏ဟောပြောမှု မည်မျှ နက်နဲသည်ဖြစ်စေ၊ သင်၏ သြဇာအာဏာ မည်မျှ မြင့်မားသည်ဖြစ်စေ၊ မေရှိယဟု အခေါ်မခံရပါက သင်သည် ခရစ်တော်မဟုတ်ဟူ၍ ဖြစ်သည်။ ဤအမြင်များသည် မဖြစ်နိုင်သကဲ့သို့ ရယ်ဖွယ်ကောင်းသည် မဟုတ်လော။ သင်တို့ကို နောက်ထပ် ငါ မေးမည်- ယေရှုနှင့်သက်ဆိုင်သည့် သိနားလည်မှု အနည်းငယ်မျှ မရှိသည်ကို ထောက်ဆလျှင်၊ အစောဆုံးကျသည့် ဖာရိရှဲတို့၏ အမှားများကို သင်တို့ ကျူးလွန်ရန် အလွန်အလွန် လွယ်ကူသည် မဟုတ်လော။ သင်သည် သမ္မာတရား၏ လမ်းခရီးကို ထိုးထွင်းသိမြင်နိုင်သလော။ သင်သည် ခရစ်တော်ကို ဆန့်ကျင်မည်မဟုတ်ဟု အမှန်တကယ် အာမခံနိုင်သလော။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်နောက် လိုက်နိုင်ပါသလော။ သင်သည် ခရစ်တော်ကို ဆန့်ကျင်မည်၊ မဆန့်ကျင်မည်ကို မသိပါက၊ သင်သည် သေခြင်း၏ချောက်ကမ်းစွန်းတွင် အသက်ရှင်နေနှင့်ပြီးဖြစ်သည်ဟု ငါဆိုသည်။ မေရှိယကို မသိခဲ့သောသူအားလုံးသည် ယေရှုကိုဆန့်ကျင်နိုင်စွမ်းရှိကြသည်၊ ယေရှုကိုငြင်းပယ်နိုင်စွမ်းရှိကြသည်၊ သူ့ကို အသရေဖျက်နိုင်စွမ်းရှိကြလေသည်။ ယေရှုကို နားမလည်သောလူ အားလုံးသည် သူ့ကို ငြင်းပယ်နိုင်စွမ်းရှိကြပြီး သူ့ကို ဝေဖန်ပုတ်ခတ်နိုင်စွမ်း ရှိသည်။ ထို့အပြင်၊ ၎င်းတို့သည် ယေရှု၏ ပြန်ကြွလာခြင်းကို စာတန်၏ လှည့်ဖြားမှုအဖြစ် မြင်နိုင်စွမ်းရှိကြပြီး ယေရှု လူ့ဇာတိ ပြန်လည်ခံယူသည်ကို သာ၍ များသော လူတို့က ရှုတ်ချကြလိမ့်မည်။ ဤအရာအားလုံးက သင်တို့ကို စိုးရွံ့စေသည် မဟုတ်လော။ သင် ရင်ဆိုင်သည့်အရာမှာ သန့်ရှင်းသောဝိညာဉ်တော်ကို ပြစ်မှားစော်ကားခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်က အသင်းတော်များထံ မြွက်ဆိုသော နှုတ်ကပတ်တော်များအား ယိုယွင်းပျက်စီးစေခြင်းနှင့် ယေရှု ဖော်ပြခဲ့သည့် အရာအားလုံးကို ပစ်ပယ်ခြင်းတို့ ဖြစ်လိမ့်မည်။ သင်တို့သည် အလွန် စိတ်ရှုပ်ထွေးပါက၊ ယေရှုထံမှ မည်သည့်အရာကို ရရှိနိုင်မည်နည်း။ သင်တို့၏အမှားများကို နားလည်ဖို့ ခေါင်းမာစွာ ငြင်းဆိုပါက၊ ယေရှုသည် ဖြူသောမိုးတိမ်စီးကာ လူ့ဇာတိ ပြန်လည်ခံယူချိန်တွင် သူ၏ အမှုကို သင်တို့ မည်ကဲ့သို့ နားလည်နိုင်ကြမည်နည်း။ ဤအရာကို သင်တို့အား ငါ ပြော၏- သမ္မာတရားကို လက်မခံသော်လည်း၊ ယေရှု ဖြူသောမိုးတိမ်စီးကာ ကြွရောက်ခြင်းကို ကြောင်းကျိုးမမြင်ဘဲ စောင့်ဆိုင်းသည့် လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ဧကန်မုချ ပြစ်မှားစော်ကားမိမည်ဖြစ်ပြီး၊ ၎င်းတို့သည် ဖျက်ဆီးခံရမည့် အမျိုးအစားဖြစ်ပေသည်။ သင်တို့သည် ယေရှု၏ကျေးဇူးတော်ကိုမျှ အလိုရှိပြီး၊ ကောင်းကင်ဘုံ၏ အတိသုခပြည့်စုံသော နယ်ပယ်ကိုမျှ လိုချင်သော်လည်း၊

ယေရှုပြောခဲ့သည့် နှုတ်ကပတ်တော်များကို သင်သည် မည်သည့်အခါတွင်မျှ မနာခံဖူးသကဲ့သို့ သူ ပြန်လည် လူ့ဇာတိခံယူချိန်တွင် ယေရှု ဖော်ပြသည့် သမ္မာတရားကို မည်သည့်အခါတွင်မျှ ရရှိဖူးခြင်း မရှိပေ။ ယေရှု ဖြူသောမိုးတိမ်စီးကာ ပြန်ကြွလာခြင်း အချက်အတွက် အလဲအလှယ်အဖြစ် သင်တို့ မည်သည့်အရာကို စံပြုကြမည်နည်း။ အပြစ်များကို သင်တို့ ထပ်တလဲလဲ ကျူးလွန်ပြီးနောက် သင်တို့၏ ဝန်ချမှုကို ပြောဆိုသည့် ရိုးသားစစ်မှန်မှုကိုလော။ ဖြူသောမိုးတိမ်စီးကာ ပြန်ကြွလာသည့် ယေရှုကို သင်တို့ မည်သည့်အရာ ဆက်ကပ်ပူဇော်ကြလိမ့်မည်နည်း။ သင်တို့ မိမိတို့ကိုယ်ကိုယ် ချီးမြှောက်သည့် နှစ်ပေါင်းများစွာကြာသော အလုပ်ကိုလော။ ပြန်ကြွလာသည့် ယေရှုက သင်တို့ကို ယုံကြည်စိတ်ချစေရန် မည်သည့်အရာကို သင်တို့ စံပြုကြလိမ့်မည်နည်း။ မည်သည့်သမ္မာတရားကိုမျှ နာခံခြင်းမရှိသည့် သင်တို့၏ မာနထောင်လွှားသော သဘာဝကိုလော။

သင်တို့၏ သစ္စာစောင့်သိမှုသည် စကားဖြင့်သာ ဖြစ်၏၊ သင်တို့၏အသိသည် ဉာဏ်နှင့်သာဆိုင်ပြီး အယူအဆနှင့်သာဆိုင်၏၊ သင်တို့၏ အားထုတ်မှုများသည် ကောင်းကင်ဘုံ၏ ကောင်းချီးမင်္ဂလာများ ရရှိခြင်းအတွက်ဖြစ်သည်၊ ထို့ကြောင့် သင်တို့၏ယုံကြည်ခြင်းသည် မည်သည့်အရာကဲ့သို့ ဖြစ်ရမည်နည်း။ ယနေ့တွင်ပင်၊ သင်တို့သည် သမ္မာတရား၏ စကားတစ်လုံး စီတိုင်းကို နားမထောင်ကြပေ။ ဘုရားသခင်က မည်သည့်အရာဖြစ်သည်ကို သင်တို့မသိ၊ ခရစ်တော်က မည်သည့်အရာဖြစ်သည်ကို သင်တို့မသိ၊ ယေဟောဝါကို မည်သို့ကြည်ညိုရမည်ကို သင်တို့မသိ၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ထဲသို့ မည်သို့ဝင်ရောက် ရမည်ကို သင်တို့မသိကြသကဲ့သို့၊ ဘုရားသခင်ကိုယ်တိုင်၏ အမှုနှင့် လူသား၏လှည့်ဖြားမှုများကြား မည်သို့ခွဲခြားရမည်ကို သင်တို့ မသိကြချေ။ သင်၏ အတွေးနှင့် မကိုက်ညီသော ဘုရားသခင် ဖော်ပြသည့် သမ္မာတရား၏ နှုတ်ကပတ်တော်တစ်ခုတစ်လေကို ရှုတ်ချရန်သာ သင်သိသည်။ သင်၏ နှိမ့်ချမှုသည် အဘယ်မှာနည်း။ သင်၏ နာခံမှုသည် အဘယ်မှာနည်း။ သင်၏သစ္စာစောင့်သိမှုသည် အဘယ်မှာနည်း။ သင်၏ သမ္မာတရားရှာဖွေလိုစိတ်သည် အဘယ်မှာနည်း။ ဘုရားသခင်အတွက် သင်၏ကြည်ညိုမှုသည် အဘယ်မှာနည်း။ နိမိတ်လက္ခဏာများကြောင့် ဘုရားသခင်ကို ယုံကြည်သောသူများသည် ဖျက်ဆီးခံရမည့် အမျိုးအစားကေန်မုချ ဖြစ်ကြသည်ဟု သင်တို့ကို ငါပြော၏။ လူ့ဇာတိအဖြစ်သို့ ပြန်ကြွလာပြီးဖြစ်သော ယေရှု၏နှုတ်ကပတ်တော်များကို ရရှိနိုင်စွမ်းမရှိသူများသည် ငရဲ၏သားသမီးများ၊ ကောင်းကင်တမန်မင်း၏ သားစဉ်မြေးဆက်များ၊ ထာဝရပျက်စီးခြင်း ခံရမည့် အမျိုးအစား ကေန်မုချ ဖြစ်ပေသည်။ ငါပြောသည့် အရာကို များစွာသော လူတို့သည်

ဂရုမစိုက်ဘဲနေကောင်းနေနိုင်သည်၊ သို့သော် ယေရှုသည် ဖြူသောမိုးတိမ်စီးကာ ကောင်းကင်ဘုံမှ ဆင်းသက်လာသည်ကို သင်တို့မျက်စိဖြင့်တွေ့သည့်အခါ၊ ဤသည်မှာ ဖြောင့်မတ်ခြင်း၏နေမင်း လူသိရှင်ကြား ပေါ်ထွက်လာခြင်းဖြစ်လိမ့်မည်ဟု သန့်ရှင်းသူများဟုဆိုသော ယေရှု၏နောက်သို့ လိုက်သူတိုင်းကို ငါပြောလိုသေး၏။ သင့်အတွက် ထိုအချိန်သည် အလွန်စိတ်လှုပ်ရှားဖွယ် ကောင်းသည့်အချိန်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်သည်၊ သို့သော် ယေရှု ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို သင် မျက်မြင်ကြုံတွေ့ချိန်သည် အပြစ်ပေးခံရရန် သင် ငရဲသို့ ဆင်းသည့်အချိန်လည်း ဖြစ်သည်ကို သင်သိသင့်သည်။ ယင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ် အဆုံးသတ်ချိန် ဖြစ်လိမ့်မည်ဖြစ်ပြီး ဘုရားသခင်က ကောင်းသောသူများကို ဆုလာဘ်ချီးမြှင့်ကာ ဆိုးယုတ်သောသူများကို အပြစ်ပေးသည့်အချိန် ဖြစ်လိမ့်မည်။ အကြောင်းမှာ သမ္မာတရား၏ ဖော်ပြချက်သာရှိသည့် အချိန်တွင်၊ လူသည် နိမိတ်လက္ခဏာများကို မမြင်မီ ဘုရားသခင်၏ တရားစီရင်ခြင်း အမှု ပြီးဆုံးပြီးဖြစ်လိမ့်မည် ဖြစ်သောကြောင့်တည်း။ သမ္မာတရားကိုလက်ခံပြီး၊ နိမိတ်လက္ခဏာများကို မရှာဖွေသကဲ့သို့၊ ထိုသို့ဖြင့် သန့်စင်ခံရပြီးသူများသည် ဘုရားသခင်၏ပလ္လင်ရှေ့သို့ ပြန်လာကြပြီး ဖြစ်လိမ့်မည်ဖြစ်ကာ ဖန်ဆင်းရှင်၏ ထွေးပိုက်မှုထဲသို့ ဝင်ရောက်ရပြီးဖြစ်လိမ့်မည်။ "ဖြူသော မိုးတိမ်မစီးသည့် ယေရှုသည် ယေရှု အယောင်ဆောင်သောသူ ဖြစ်သည်" ဟု မလျှော့တမ်း ယုံကြည်ကြသူများသည်သာ ထာဝရအပြစ်ဒဏ်ပေးခြင်း ခံရမည်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် နိမိတ် လက္ခဏာများပြသော ယေရှု၌သာ ယုံကြည်ကြပြီး၊ ပြင်းထန်သည့် တရားစီရင်မှုကို ကြေညာကာ စစ်မှန်သော အသက်လမ်းခရီးကို ထုတ်ပြန်သော ယေရှုကို အသိအမှတ်မပြုကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ယေရှုသည် ဖြူသောမိုးတိမ်စီးကာ လူပုံအလယ်တွင် ပြန်ကြွလာချိန်တွင် ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းသည်သာ ဖြစ်နိုင်ပေသည်။ ၎င်းတို့သည် ခေါင်းမာလွန်း၏။ မိမိတို့ကိုယ်ကိုယ် ယုံကြည်စိတ်များလွန်းသည်၊ မာနထောင်လွှားလွန်းကြလေသည်။ ထိုသို့သော ကိုယ်ကျင့်တရားပျက်သူများကို ယေရှုက မည်သို့ဆုလာဘ်ချီးမြှင့်နိုင်မည်နည်း။ ယေရှု၏ ပြန်ကြွလာခြင်းသည် သမ္မာတရားကို လက်ခံနိုင်စွမ်းရှိသူများအတွက် ကြီးမားသည့် ကယ်တင်ခြင်းတစ်ရပ် ဖြစ်သော်လည်း သမ္မာတရားကို လက်ခံနိုင်စွမ်းမရှိသူများအတွက် ယင်းမှာ ပြစ်ဒဏ်စီရင်ခြင်း၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ သင်တို့သည် မိမိတို့၏ ကိုယ်ပိုင်လမ်းကြောင်းကို ရွေးချယ်သင့်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်ကို မပြစ်မှားမစော်ကားသင့်သကဲ့သို့ သမ္မာတရားကို မငြင်းပယ်သင့်ပေ။ သင်တို့သည်

မသိနားမလည်သူနှင့် မာနထောင်လွှားသူ တစ်ဦး မဖြစ်သင့်ဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကို နာခံပြီး၊ သမ္မာတရားကို တောင့်တကာ ရှာဖွေသူများ ဖြစ်သင့်ပေသည်။ ဤနည်းဖြင့်သာ သင်တို့သည် အကျိုးရှိလိမ့်မည်။ ဘုရားသခင်အား ယုံကြည်မှုလမ်းကြောင်းကို သတိဖြင့်လျှောက်ရန် သင်တို့ကို ငါအကြံပြု၏။ မြန်မြန်ဆန်ဆန် ကောက်ချက်များမချလိုက်နှင့်။ ထို့အပြင် ဘုရားသခင်၌ သင်တို့၏ ယုံကြည်မှုတွင် သာမန်ကာလျှံကာဖြစ်ကာ စာနာ ထောက်ထားမှု မကင်းမဲ့စေနှင့်။ အနည်းဆုံးအနေဖြင့် ဘုရားသခင်ကို ယုံကြည်သောသူတို့သည် စိတ်နှိမ့်ချပြီး ရိုသေလေးမြတ်မှု ရှိရမည်ဖြစ်သည်ကို သင်တို့သိသင့်သည်။ သမ္မာတရားကို ကြားပြီးဖြစ်သော်လည်း၊ နှာခေါင်းရှုံ့သောသူတို့သည် မိုက်မဲပြီး၊ အသိဉာဏ် ကင်းမဲ့ကြ၏။ သမ္မာတရားကို ကြားပြီးဖြစ်သော်လည်း၊ သတိမမူဘဲ အမြန် ကောက်ချက်ချသူများ သို့မဟုတ် ရှုတ်ချသူများသည် မာနထောင်လွှားမှုဖြင့် ဒုက္ခရောက်ကြရလေသည်။ ယေရှုကို ယုံကြည်သူ မည်သူမျှသည် အခြားသူများအား ကျိန်ဆဲရန် သို့မဟုတ် ရှုတ်ချရန် မသင့်တော်ပေ။ သင်တို့အားလုံးသည် အသိစိတ်ရှိပြီး သမ္မာတရားကို လက်ခံသူ တစ်စုံတစ်ဦး ဖြစ်သင့်ပေသည်။ သမ္မာတရားလမ်း အကြောင်းကို ကြားခြင်းနှင့် အသက်နှင့်ဆိုင်သော နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းဖြင့်၊ ဤစကားလုံး ၁၀,၀၀၀ အနက် စကားတစ်လုံးသာလျှင် သင်၏လက်ခံယုံကြည်ချက်များ၊ သမ္မာကျမ်းစာတို့နှင့် ကိုက်ညီသည်ဟု သင် ယုံကြည်ကောင်းယုံကြည်မည်ဖြစ်ပြီး၊ သို့ဆိုပါက ဤစကားလုံးများထဲမှ ၁၀,၀၀၀ မြောက်သောစကားလုံးကို သင် ဆက်လက်ရှာဖွေသင့်ပေသည်။ သင့်ကို နှိမ့်ချမှုရှိရန်၊ မိမိကိုယ်ကိုယုံကြည်စိတ် မလွန်ကဲရန်နှင့် မိမိကိုယ်ကို လွန်ကဲစွာ မချီးမြှောက်ရန် ငါ အကြံပြုသေး၏။ သင်၏နှလုံးသားက ဘုရားသခင်အတွက် အင်မတန် နည်းပါးသော ရိုသေလေးမြတ်မှု ရှိခြင်းဖြင့်၊ သင်သည် သာ၍ကြီးမားသော အလင်းကိုရလိမ့်မည်။ သင်သည် ဤနှုတ်ကပတ်တော်များကို သေချာစွာစစ်ဆေးပြီး ထပ်သလဲလဲ တွေးဆပါက၊ ၎င်းတို့ သမ္မာတရား ဟုတ်မဟုတ်ဆိုသည်နှင့် ၎င်းတို့ အသက်ဟုတ်မဟုတ်ဆိုသည်တို့ကို သင်နားလည်လိမ့်မည်။ ဝါကျအနည်းငယ်ကိုသာ ဖတ်လျက်၊ လူအချို့က "ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်ပွင့်လင်းစေခြင်းအချို့ထက် ဘာမျှမပိုပါ။" သို့မဟုတ် "ဤသည်မှာ လူတို့အားလှည့်ဖြားရန် လာသည့် ခရစ်တော်၏ အယောင်ကိုဆောင်သောသူဖြစ်၏။" ဟု ဆိုရင်း၊ ဤနှုတ်ကပတ်တော်များကို ကြောင်းကျိုးမမြင်ဘဲ ရှုတ်ချကောင်းရှုတ်ချကြပေမည်။ ထိုသို့သောအရာများကို ပြောသူတို့သည် မသိနားမလည်မှုဖြင့် မျက်စိကန်းကြပေသည်။ သင်သည် ဘုရားသခင်၏အမှုနှင့် ဉာဏ်ပညာကို အလွန်နည်းပါးစွာ နားလည်ပြီး၊ အစမှပြန်စရန် သင့်ကို ငါ

အကြံပြု၏။ နောက်ဆုံးကာလထဲက ခရစ်တော်၏အယောင်ကို ဆောင်သောသူများ ပေါ်ထွက်ခြင်းကြောင့် သင်တို့သည် ဘုရားသခင် ဖော်ပြသော နှုတ်ကပတ်တော်များကို ကျိုးကြောင်းမမြင်ဘဲ မရှုတ်ချရ၊ ပြီးလျှင် သင်တို့သည် လှည့်ဖြားမှုကို ကြောက်ရွံ့သောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ကို ပြစ်မှားစော်ကားသော သူတစ်ဦး မဖြစ်ရ။ ယင်းသည် လွန်စွာ သနားဖွယ်ကောင်းမည် မဟုတ်လော။ များစွာစစ်ဆေးပြီးသည့်နောက် ဤနှုတ်ကပတ်တော်များသည် သမ္မာတရားမဟုတ်၊ လမ်းခရီးမဟုတ်သကဲ့သို့ ဘုရားသခင်၏ ဖော်ပြချက်မဟုတ်ဟု သင်ယုံကြည်ဆဲ ဖြစ်ပါက၊ သင်သည် နောက်ဆုံးတွင် အပြစ်ပေးခံရလိမ့်မည်ဖြစ်ပြီး၊ ကောင်းချီးမင်္ဂလာများ မရှိဘဲ ဖြစ်လိမ့်မည်။ ထိုသို့ အလွန် သိသိသာသာနှင့် ရှင်းလင်းစွာ ပြောဆိုထားသည့် သမ္မာတရားကို သင်လက်မခံနိုင်ပါက၊ သင်သည် ဘုရားသခင်၏ကယ်တင်ခြင်းနှင့် မသင့်တော်သည် မဟုတ်လော။ သင်သည် ဘုရားသခင်၏ပလ္လင်တော်ရှေ့ ပြန်လာရလောက်အောင် ကောင်းချီးမခံစားရသော သူတစ်ဦး ဖြစ်သည် မဟုတ်လော။ ယင်းနှင့် ပတ်သက်၍ စဉ်းစားကြည့်လော့။ အလျင်မလိုနှင့်၊ စိတ်မြန်လက်မြန် မဖြစ်နှင့်၊ ပြီးလျှင် ဘုရားသခင်၌ ယုံကြည်မှုကို ကစားပွဲတစ်ခုအဖြစ် သဘောမထားနှင့်။ သင်၏ခရီးဆုံးပန်းတိုင်အတွက်၊ သင်၏ အလားအလာများ အတွက်၊ သင်၏အသက်တာအတွက် စဉ်းစားလော့၊ ပြီးလျှင် မိမိကိုယ်ကိုယ် မလှည့်စားနှင့်။ ဤနှုတ်ကပတ်တော်များကို သင်လက်ခံနိုင်ပါသလော။

## ခရစ်တော်နှင့် သဟဇာတမဖြစ်သောသူများသည် အကယ်စင်စစ် ဘုရားသခင်၏ ရန်ဘက်များဖြစ်ကြသည်

လူသားများအားလုံးသည် ယေရှု၏ မျက်နှာတော်အစစ်ကို မြင်လိုကြပြီး သူနှင့်အတူ ရှိလိုကြ၏။ ယေရှုကို မမြင်လို သို့မဟုတ် သူနှင့်အတူ မရှိလိုပါဟု မည်သည့်ညီအစ်ကိုမောင်နှမ တစ်ဦးတစ်ယောက်ကမျှ ပြောမည်မဟုတ်ကြောင်း ငါယုံကြည်သည်။ ယေရှုကို သင်တို့မမြင်ဖူးမီ၊ ဆိုလိုသည်မှာ လူဇာတိခံယူထားသော ဘုရားသခင်ကို သင်တို့မမြင်ဖူးမီ၊ သင်တို့တွင် ဥပမာအားဖြင့် ယေရှု၏ပုံပန်း၊ သူ၏စကားပြောပုံ၊ သူ၏ဘဝနေထိုင်ပုံ အစရှိသည်တို့အပေါ် ထင်မြင်ချက်မျိုးစုံ လက်သင့်ခံထားနိုင်ဖွယ် ရှိသည်။ သို့ရာတွင် သင်တို့သည် သူ့ကို အမှန်တကယ်မြင်ရသည့်အခါ သင်တို့၏ ထင်မြင်ချက်များသည် လျင်မြန်စွာ ပြောင်းလဲသွားလိမ့်မည်။ ဤသည်မှာ အဘယ့်ကြောင့်နည်း။ သင်တို့သိလိုသလော။

လူသား၏သဘောထားကို လျစ်လျူရှု၍ မရသည်မှာ မှန်သော်လည်း၊ ခရစ်တော်၏အနှစ်သာရကို လူသားက ပြောင်းလဲရန်မှာ ပို၍ပင် သည်းမခံနိုင်စရာဖြစ်သည်။ သင်တို့သည် ခရစ်တော်ကို ထာဝရ အသက်ရှင်သောသူ သို့မဟုတ် ပညာရှိဟု မှတ်ယူသော်လည်း ခရစ်တော်အား ဘုရားသဘောသဘာဝ၏ အနှစ်သာရကို ပိုင်ဆိုင်ထားသော သာမန်လူဟု မည်သူကမျှ မှတ်ယူခြင်းမရှိ။ ထိုအတိုင်းဆိုလျှင် ဘုရားသခင်ကို မြင်တွေ့ရန် နေ့ရောညပါ တောင့်တကြသူအများအပြားသည် အကယ်စင်စစ် ဘုရားသခင်၏ ရန်သူများဖြစ်ပြီး သူနှင့် သဟဇာတမဖြစ်ကြပေ။ ဤသည်မှာ လူသားဘက်က အမှားမဟုတ်ပေသလော။ ယခုတိုင်အောင် သင်တို့သည် သင်တို့၏ယုံကြည်ချက်နှင့် သစ္စာစောင့်သိမှုတို့နှင့်ဆိုပါက ခရစ်တော်၏မျက်နှာတော်ကို ရှုမြင်ထိုက်ရန် လုံလောက်သည်ဟု ထင်နေကြဆဲဖြစ်သည်။ သို့သော် ပို၍လက်တွေ့ကျသောအရာများဖြင့် မိမိကိုယ်ကို ပြင်ဆင်ထားကြရန် သင်တို့ကို ငါတိုက်တွန်းပေ၏။ အကြောင်းမူကား အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ခရစ်တော်နှင့် ထိတွေ့ဆက်ဆံခဲ့သူ အများအပြားမှာ ကျရှုံးခဲ့ကြသည် သို့မဟုတ် ကျရှုံးကြလိမ့်မည် ဖြစ်သောကြောင့်ဖြစ်သည်၊ ထိုသူတို့အားလုံးသည် ဖာရိရှဲတို့၏အခန်းကဏ္ဍမှ ပါဝင်ကြ၏။ သင်တို့ကျရှုံးရသည့် အကြောင်းရင်းမှာ အဘယ်နည်း။ ဤသည်မှာ သင်တို့၏ အယူအဆများထဲတွင် ကြီးမြတ်ထည်ဝါပြီး ကြည်ညို လေးစားထိုက်သော ဘုရားသခင်တစ်ပါး ရှိနေခြင်းကြောင့်သာလျှင် ဖြစ်သည်။ သို့သော် အမှန်တရားမူကား လူသား၏အလိုအတိုင်းမဟုတ်။ ခရစ်တော်သည် ကြီးမြတ်ထည်ဝါခြင်းမရှိရုံသာမက သူသည် အထူးသဖြင့် သေးသိမ်၏။ သူသည် လူသားဖြစ်ရုံသာမက သာမန် လူသားတစ်ဦးဖြစ်၏။ သူသည် ကောင်းကင်ဘုံသို့ တက်ကြွသွားနိုင်ခြင်း မရှိရုံသာမက မြေကြီးပေါ်၌ပင် လွတ်လပ်စွာ သွားလာနိုင်ခြင်းမရှိ။ ထိုသို့ဖြစ်သောကြောင့် လူများက “စစ်မှန်သောခရစ်တော်” ကြွလာရန် စောင့်စားနေဆဲ အချိန်ကာလတစ်လျှောက်တွင် သူ့အား သာမန်လူတစ်ဦးကို ဆက်ဆံရသကဲ့သို့ ဆက်ဆံကြ၏၊ သူနှင့်အတူရှိစဉ် သူ့ကို ပေါ့ပေါ့တန်တန် ဆက်ဆံကြပြီး သူ့ကို ဂရုမစိုက်ဘဲ ပြောဆိုကြ၏။ သင်တို့သည် ကြွလာပြီးသော ခရစ်တော်ကို သာမန်လူတစ်ဦးကဲ့သို့ သဘောထားပြီး သူ၏နှုတ်ကပတ်တော်များကို သာမန်လူတစ်ဦး၏စကားကဲ့သို့ မှတ်ယူ၏။ ဤအကြောင်းကြောင့် ခရစ်တော်ထံမှ မည်သည့်အရာကိုမျှ သင်တို့မရရှိသည့်အပြင် သင်တို့၏အကျည်းတန်မှုကို အလင်းတွင် လုံးဝမြင်သာအောင် ပြသခဲ့ပြီဖြစ်၏။

ခရစ်တော်နှင့် ထိတွေ့ဆက်ဆံမှုမပြုမီ သင်၏စိတ်နေ သဘောထားသည် လုံးလုံးလျားလျား ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း၊ သင်သည် ခရစ်တော်၏ သစ္စာစောင့်သိသော

နောက်လိုက်ဖြစ်ကြောင်း၊ ခရစ်တော်၏ ကောင်းချီးမင်္ဂလာများကို သင့်ထက် ပို၍ခံစားထိုက်သူမည်သူမျှမရှိကြောင်း သင့်အနေဖြင့် ထင်မြင်ယူဆကောင်း ယူဆနိုင်သည်၊ ထို့ပြင် လမ်းခရီးများစွာ ဖြတ်သန်းခဲ့ပြီး အလုပ်များစွာ လုပ်ဆောင်ခဲ့ကာ အသီးအပွင့်များစွာ သီးပွင့်စေခဲ့ပြီဖြစ်သောကြောင့် သင်သည် နောက်ဆုံးတွင် သရဖူကိုဆွတ်ခူးရမည့်သူတစ်ဦး အသေအချာဖြစ်လိမ့်မည်ဟု သင့်အနေဖြင့် ထင်မြင်ယူဆကောင်း ယူဆနိုင်၏။ သို့ရာတွင် သင်သိမည်မဟုတ်သော အမှန်တရား တစ်ရပ်ရှိ၏၊ လူသားသည် ခရစ်တော်ကိုမြင်သောအခါ သူ၏ဖောက်ပြန်ပျက်စီးသော စိတ်နေသဘောထား၊ သူ၏ပုန်ကန်မှုနှင့် တွန်းလှန်ခြင်းတို့မှာ ထုတ်ဖော်ခြင်းခံရပြီး၊ ဤအချိန်တွင် ထုတ်ဖော်ခြင်းခံရသည့် ပုန်ကန်မှုနှင့် တွန်းလှန်ခြင်းတို့သည် အခြားအချိန်ထက်ပို၍ အသေအချာ ပြည့်စုံစွာ ပေါ်လွင်နေလိမ့်မည်။ ဤသည်မှာ ခရစ်တော်သည် လူသားတော်ဖြစ်ပြီး သာမန်လူ့သဘာဝကို ပိုင်ဆိုင်ထားသည့် လူသားတော်ဖြစ်သဖြင့် လူတို့သည် သူ့ကိုရိုသေခြင်းမရှိ၊ လေးစားခြင်းလည်း မရှိသောကြောင့်ပင်ဖြစ်သည်။ ဘုရားသခင်သည် ဇာတိခန္ဓာ၌ အသက်ရှင်သည့်အတွက် လူသား၏ ပုန်ကန်မှုသည် အလွန်စေ့စေ့စပ်စပ်နှင့် အသေးစိတ် ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ခံရခြင်းဖြစ်၏။ ထို့ကြောင့် ခရစ်တော်ကြွလာခြင်းက လူသားမျိုးနွယ်၏ ပုန်ကန်မှုအားလုံးကို တူးဖော်ပြသခဲ့ပြီး လူသားမျိုးနွယ်၏ သဘောသဘာဝကို အထင်းသား ပေါ်လွင်စေခဲ့ပြီဟု ငါဆို၏။ ဤအရာကို "ကျားတစ်ကောင်ကို တောင်အောက်သို့ဆင်းလာအောင် ဖျားယောင်းခြင်း" နှင့် "ဝံပုလွေ တစ်ကောင်ကို သူ၏တွင်းအပြင်သို့ ထွက်လာအောင် သွေးဆောင်ခြင်း" ဟု ခေါ်သည်။ သင်သည် ဘုရားသခင်အပေါ် သစ္စာစောင့်သိသည်ဟု ဆိုဝံ့သလော။ သင်သည် ဘုရားသခင်အပေါ် အပြည့်အဝ နာခံမှုကို ပြသသည်ဟု ဆိုဝံ့သလော။ သင်သည် မပုန်ကန်တတ်ပါဟု ဆိုဝံ့သလော။ "ဘုရားသခင်သည် ကျွန်ုပ်ကို ပတ်ဝန်းကျင်သစ် တစ်ခုတွင် နေရာချပေးတိုင်း ကျွန်ုပ်သည် ညည်းတွားခြင်းမရှိဘဲ အစဉ်သဖြင့် ကျိုးနွံနာခံသည့်အပြင် ကျွန်ုပ်သည် ဘုရားသခင် အကြောင်း ယူဆချက်များလည်း လက်သင့်ခံမထားပါ" ဟု အချို့သူများကဆိုကြလိမ့်မည်။ အချို့သူများက "ဘုရားသခင် ကျွန်ုပ်ကို စေခိုင်းသည့် အရာမှန်သမျှကို ကျွန်ုပ်အစွမ်းရှိသမျှလုပ်ဆောင်ပြီး မည်သည့်အခါမျှ တာဝန်မပေါ့လျော့ပါ" ဟု ဆိုလိမ့်မည်။ သို့ဆိုလျှင် သင်တို့ကို ဤသို့ငါမေး၏၊ သင်တို့သည် ခရစ်တော်နှင့်အတူ အသက်ရှင်နေထိုင်သည့်အခါ သူနှင့် သဟဇာတဖြစ်နိုင်မည်လော။ ထို့ပြင် သူနှင့်မည်မျှကြာကြာ သဟဇာတဖြစ်မည်နည်း။ တစ်ရက်လော။ နှစ်ရက်လော။ တစ်နာရီလော။ နှစ်နာရီလော။ သင်တို့၏ ယုံကြည်ခြင်းသည် ချီးမွမ်းထိုက်ဖွယ်ဖြစ်နိုင်သော်လည်း သင်တို့တွင်

တည်ကြည်ခိုင်မာမှုသဘော များစွာမရှိပေ။ သင်သည် ခရစ်တော်နှင့် အမှန်တကယ် အသက်ရှင်နေထိုင်သောအခါ သင်၏စကားများနှင့် အပြုအမူများမှတစ်ဆင့် မိမိကိုယ်ကို မှန်ကန်သည်၊ မိမိကိုယ်ကို အရေးပါသည်ဟု ထင်နေခြင်းတို့ တစ်စတစ်စပေါ်လွင်လာမည်ဖြစ်ပြီး သင်၏ ထောင်လွှားသောဆန္ဒများနှင့် သင်၏ နာခံမှုမရှိသော စိတ်ဓာတ်နှင့် ရောင့်ရဲတင်းတိမ်မှုကင်းမဲ့ခြင်းတို့သည်လည်း ပကတိ အတိုင်း ထုတ်ဖော်ပြသခံရလိမ့်မည်။ နောက်ဆုံးတွင် ရေသည်မီးနှင့် သဟဇာတမဖြစ်သည့်နည်းတူ သင်သည် ခရစ်တော်နှင့် သဘောကွဲလွဲသည်အထိ သင်၏မောက်မာခြင်းသည် သာ၍ကြီးမား လာပြီးနောက် သင်၏သဘောသဘာဝသည် လုံးလုံးမြင်သာ လာလိမ့်မည်။ ထိုအချိန်တွင် သင်၏ယူဆချက်များကို ဖုံးကွယ်ထား၍ မရနိုင်တော့ပါ၊ သင်၏မကျေနပ်ချက်များသည်လည်း ပကတိအတိုင်း ထွက်ပေါ်လာပြီး သင်၏ယုတ်ညံ့နိမ့်ကျသော လူ့သဘာဝမှာလည်း လုံးလုံးလျားလျား ထုတ်ဖော်ပြသခံရလိမ့်မည်။ သို့သော် ထိုအခါ၌ပင် သင်သည် သင်ကိုယ်တိုင်၏ပုန်ကန်မှုကို အသိအမှတ်ပြုရန် ဆက်လက်ငြင်းဆိုနေသေး၏။ ထို့အစား ဤကဲ့သို့သော ခရစ်တော်ကို လူသားအနေဖြင့် လက်ခံရန်မလွယ်ကူကြောင်း၊ သူသည် လူသားအပေါ် လွန်စွာမှပင် တောင်းဆိုလွန်းကြောင်း၊ အကယ်၍ သူသည် ပို၍ကြင်နာတတ်သော ခရစ်တော်ဖြစ်ခဲ့လျှင် မိမိသည် အပြည့်အဝ ကျိုးနွံနာခံလိမ့်မည်ဟု သင့်အနေဖြင့် ထင်မြင်ယူဆသည်။ သင်တို့၏ ပုန်ကန်ခြင်းမှာ တရားပြီး သူသည် သင်တို့ကို တရားလွန်အောင် တွန်းအားပေးသည့်အခါမှသာ သူ့ကိုပုန်ကန်တတ်သည်ဟု သင်တို့ ယူဆထားသည်။ သင်သည် ခရစ်တော်ကို ဘုရားသခင်ဟု မမှတ်ယူကြောင်းကိုလည်းကောင်း၊ သင်သည် သူ့ကိုနာခံရန် ရည်ရွယ်ချက်မရှိကြောင်းကိုလည်းကောင်း သင်တို့အနေဖြင့် မည်သည့် အခါကမျှ မထည့်တွက်ခဲ့ကြပေ။ စင်စစ်အားဖြင့် ခရစ်တော်သည် သင့်ကိုယ်ပိုင်သဘောဆန္ဒများအတိုင်း လုပ်ဆောင်ရမည်ဟု သင်ခေါင်းမာစွာ တောင်းဆိုပြီး၊ သူသည် သင့်ကိုယ်ပိုင်စိတ်ကူးနှင့် သဘောကွဲလွဲသည့်အရာတစ်ခုမျှ ပြုလုပ်သည်နှင့်တစ်ပြိုင်နက် သူသည် ဘုရားသခင်မဟုတ်ဘဲ လူသားတစ်ဦးသာဖြစ်သည်ဟု သင်ထင်မြင် ယူဆတော့သည်။ သင်တို့ထဲတွင် ဤနည်းဖြင့် သူနှင့်ဖက်ပြိုင်ခဲ့သူ အများအပြား မရှိပေသလော။ သို့ဖြစ်လျှင် သင်တို့ယုံကြည်သောသူမှာ အဘယ်သူနည်း။ ထို့ပြင် သင်တို့ မည်သည့်နည်းဖြင့် ရှာဖွေသနည်း။

သင်တို့သည် အမြဲပင် ခရစ်တော်ကို တွေ့လိုကြသည်၊ သို့သော်လည်း သင်တို့အနေဖြင့် မိမိကိုယ်ကို လွန်စွာ အထင်မကြီးကြရန် ငါတိုက်တွန်း၏။ မည်သူမဆို ခရစ်တော်ကို မြင်ကောင်းမြင်နိုင်သော်လည်း မည်သူမျှ ခရစ်တော်ကိုမမြင်ထိုက်ဟု ငါဆိုသည်။

လူသား၏သဘောသဘာဝသည် ဆိုးယုတ်ခြင်း၊ မောက်မာခြင်း၊ ပုန်ကန်လိုခြင်းတို့နှင့် ပြည့်နေသောကြောင့် သင်သည် ခရစ်တော်ကို မြင်သောအခိုက်တွင် သင်၏သဘောသဘာဝသည် သင့်ကို ဖျက်ဆီးပြီး သေခြင်းသို့ စီရင်ချက်ချမှတ်လိမ့်မည်။ ညီအစ်ကို (သို့မဟုတ် ညီအစ်မ) တစ်ဦးနှင့် သင်၏ပေါင်းသင်းဆက်ဆံမှုတွင် သင့်အကြောင်း များစွာပေါ်လွင်မည် မဟုတ်သော်လည်း သင့်အနေဖြင့် ခရစ်တော်နှင့် ပေါင်းသင်းဆက်ဆံသည့်အခါ ဤမျှမလွယ်ကူပါ။ မည်သည့်အချိန်တွင်မဆို သင်၏အယူအဆများ အမြစ်စွဲလာနိုင်ပြီး သင်၏မောက်မာမှု အပင်ပေါက်လာကာ သင်၏ပုန်ကန်မှုသည်လည်း သဖန်းသီးကို သီးစေလိမ့်မည်။ ဤကဲ့သို့သော လူ့သဘာဝ ရှိနေသည့်သင်သည် ခရစ်တော်နှင့် ပေါင်းသင်းဆက်ဆံရန် မည်သို့ ထိုက်တန်နိုင်မည်နည်း။ သင်သည် နေ့တိုင်းအချိန်တိုင်း သူ့ကို အမှန်တကယ်ပင် ဘုရားသခင်အဖြစ် ဆက်ဆံနိုင်မည်လော။ ဘုရားသခင်ကို ကျိုးနွံနာခံမှု၏ စစ်မှန်မှု သင်၌ရှိလိမ့်မည်လော။ သင်တို့သည် မိမိတို့စိတ်နှလုံးများထဲရှိ မြင့်မြတ်သောဘုရားကို ယေဟောဝါအဖြစ် ကိုးကွယ်ကြသော်လည်း မြင်နိုင်သည့်ခရစ်တော်ကိုမူ လူသားတစ်ဦးအဖြစ် မှတ်ယူကြ၏။ သင်တို့၏အသိစိတ်သည် နိမ့်ကျလွန်းပြီး သင်တို့၏ လူ့သဘာဝသည်လည်း ယုတ်ညံ့လွန်း၏။ သင်တို့သည် ခရစ်တော်ကို ဘုရားသခင်အဖြစ် အမြဲတစေ မှတ်ယူနိုင်ခြင်းမရှိ၊ ရံဖန်ရံခါ သင်တို့သဘောတွေ့သည့်အခါမှသာလျှင် သူ့ကို ဖမ်းဆွဲဆုပ်ကိုင်၍ ဘုရားသခင်အဖြစ် ကိုးကွယ်ကြ၏။ ဤအကြောင်းကြောင့် သင်တို့သည် ဘုရားသခင်ကို ယုံကြည်သူများမဟုတ်၊ ခရစ်တော်ကို ဆန့်ကျင်တိုက်ခိုက်သည့် ကြံရာပါလူတစ်စုဖြစ်၏ဟု ငါဆို၏။ တစ်ပါးသူများကို ကြင်နာမှုပြသသောသူများပင်လျှင် ကျေးဇူးဆပ် ခံရသည်၊ သို့သော် သင်တို့အကြားတွင် ထိုသို့သောအမှုကို ဆောင်ရွက်ခဲ့သည့် ခရစ်တော်ကမူ လူသား၏ ချစ်ခြင်းကိုလည်းမရ၊ သူ၏ တုံ့ပြန်မှုဆုလာဘ်နှင့် ကျိုးနွံနာခံမှုကိုလည်း မရခဲ့ပေ။ ဤသည်မှာ ကြေကွဲဖွယ်ကောင်းသော အရာတစ်ခုမဟုတ်သလော။

သင့်အနေဖြင့် ဘုရားသခင်ကိုယုံကြည်သည့် နှစ်ကာလများ တစ်လျှောက်တွင် မည်သူ့ကိုမျှ ကျိန်ဆဲခဲ့ဖူးခြင်း၊ သို့မဟုတ် မကောင်းမှုကို ကျူးလွန်ခဲ့ဖူးခြင်း မရှိသော်လည်း ခရစ်တော်နှင့် သင်၏ပေါင်းသင်းဆက်ဆံရာ၌ အမှန်တရားကို မပြောနိုင်၊ ရိုးသားစွာ မပြုမူနိုင်၊ သို့မဟုတ် ခရစ်တော်၏နှုတ်ကပတ်တော်ကို မနာခံနိုင် ခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့ဆိုလျှင် သင်သည် ကမ္ဘာပေါ်တွင် အန္တရာယ်အရှိဆုံးနှင့် မလိုမုန်းထားစိတ် အကြီးမားဆုံးသောသူဟု ငါဆိုသည်။ သင်သည် သင်၏ဆွေမျိုးများ၊ မိတ်ဆွေများ၊ ဇနီး (သို့မဟုတ် ခင်ပွန်း)၊ သားသမီးများနှင့် မိဘများအပေါ် အထူး ဖော်ရွေရင်းနှီး၍ အစဉ်သစ္စာရှိပြီး၊ သူတစ်ပါးအပေါ်

မည်သည့်အခါမျှ အခွင့်အရေးမယူခြင်းတို့ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း အကယ်၍ သင်သည် ခရစ်တော်နှင့် သဟဇာတမဖြစ်ပါက၊ သင်သည် သူနှင့် လိုက်လျောညီထွေစွာ အပြန်အလှန်မတုံ့လှယ်နိုင်ပါက၊ သင်သည် သင်၏အိမ်နီးချင်းများ သက်သာရာရစေရန် မိမိပိုင်ဆိုင်သမျှကို သုံးစွဲခြင်း သို့မဟုတ် သင့်အဖ၊ အမိနှင့် အိမ်သူအိမ်သားများကို စေ့စပ်စွာစောင့်ရှောက်ခြင်းတို့ ပြုလုပ်ပေးလျှင်ပင် သင်သည် ဆိုးယုတ်သည့်အပြင် ကောက်ကျစ်စဉ်းလဲသောလှည့်စားမှုနှင့် ပြည့်နေသေးသောသူဟု ငါဆိုမည်။ သင်သည် အခြားသူများနှင့် အဆင်ပြေသောကြောင့် သို့မဟုတ် ကောင်းမှုအနည်းငယ်ပြု သောကြောင့် သင့်အနေဖြင့် ခရစ်တော်နှင့် သဟဇာတဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ်မထင်နှင့်။ သင်၏ဒါနပြုလိုသောရည်ရွယ်ချက်က ကောင်းကင်မှ ကောင်းချီးမင်္ဂလာများကို လိမ်လည်ရယူနိုင်သည်ဟု သင်ထင်သလော။ ကောင်းမှုအနည်းငယ်ပြုလုပ်ခြင်းသည် သင်၏ နာခံမှုကို အစားထိုးသည့်အရာတစ်ခုဟု သင်ထင်သလော။ သင်တို့တစ်ဦးမျှ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြုပြင်ခြင်းတို့ကို လက်မခံနိုင်ကြ။ ထို့အပြင် သင်တို့အားလုံးသည် ခရစ်တော်၏ သာမန်လူ့သဘာဝကိုလက်ခံယုံကြည်ရန် အခက်အခဲတွေ့ကြ သော်ငြားလည်း ဘုရားသခင်ကို သင်တို့နာခံကြောင်း အဆက်မပြတ် အသံကောင်းဟစ်နေကြသည်။ သင်တို့၏ ယုံကြည်ခြင်းမျိုးက ထိုက်တန်သော အပြစ်ဒဏ်ခတ်ခံရခြင်းကို ဖြစ်ပွားစေလိမ့်မည်။ စိတ်ကူးယဉ်အယုံမှားများထဲတွင် မွေ့လျော်၍ ခရစ်တော်ကိုမြင်တွေ့ရန် ဆန္ဒရှိနေခြင်းကို ရပ်လော့။ အကြောင်းမှာ သင်တို့၏ ဝိညာဉ်အသက်တာသည် သူ့ကိုမြင်တွေ့ရန် မထိုက်တန်လောက် အောင်ပင် သေးငယ်လွန်းသောကြောင့်ဖြစ်သည်။ သင်သည် သင်၏ ပုန်ကန်မှုကို အလျှင်းနုတ်ပယ်သန့်စင်၍ ခရစ်တော်နှင့် လိုက်လျောညီထွေရှိနိုင်သည့် ထိုအခိုက်အတန့်တွင် ဘုရားသခင်သည် သင့်ရှေ့တွင် အလိုအလျောက် ပေါ်လာလိမ့်မည်။ သင့်အနေဖြင့် ပြုပြင်ခြင်း သို့မဟုတ် စီရင်ခြင်းကို မခံခဲ့ရဘဲ ဘုရားသခင်ကို သွားတွေ့ပါက သင်သည် ဘုရားသခင်၏ရန်ဘက်တစ်ဦး ဧကန်မုချ ဖြစ်လာပြီး ပျက်စီးခြင်းအဖို့ သတ်မှတ်ခံရလိမ့်မည်။ လူသား၏ သဘောသဘာဝသည် ပင်ကိုအားဖြင့် ဘုရားသခင်ကို ရန်လို၏။ အကြောင်းမှာ လူသားများအားလုံးသည် စာတန်၏ အကြီးအကျယ် ဖောက်ပြန်ဖျက်ဆီးခြင်းကို ခံထားရခြင်းကြောင့်ဖြစ်သည်။ လူသားသည် သူ၏ဖောက်ပြန်ပျက်စီးခြင်းထဲမှနေ၍ ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံရန် ကြိုးစားနေသည်ဆိုပါက ဤအရာမှ ကောင်းမွန်သောအရာ ဘာမျှထွက်မလာနိုင်သည်မှာ သေချာသည်။ သူ၏လုပ်ရပ်များနှင့် စကားလုံးများက နေရာတိုင်းအချိန်တိုင်း၌ သူ၏ဖောက်ပြန်ပျက်စီးမှုကို မြင်သာအောင်ပြမည်မှာ အသေအချာ ဖြစ်ပြီး၊ သူသည်

ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံသည့်အခါ သူ၏ပုန်ကန်မှုမှာ ရှုထောင့်တိုင်းမှ ဖော်ထုတ်ခြင်းခံရလိမ့်မည်။ အမှုမဲ့အမှတ်မဲ့ဖြင့် လူသားသည် ခရစ်တော်ကို ဆန့်ကျင်လာမည်၊ ခရစ်တော်ကို လှည့်ဖြားလာမည်၊ ခရစ်တော်ကို ပစ်ပယ်လာမည်။ ဤအရာဖြစ်လာသည့်အခါ လူသားသည် ပို၍ပင် စိတ်မချရသော အခြေအနေသို့ ရောက်လိမ့်မည်ဖြစ်ပြီး ဤသို့ဆက်ဖြစ်ပါက သူသည် အပြစ်ဒဏ်ပေးခံရသည့်သူ ဖြစ်လာလိမ့်မည်။

ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်းသည် အလွန်အန္တရာယ်ရှိ သည်ဆိုပါက ဘုရားသခင်ကို ခပ်တန်းတန်းဆက်ဆံလျှင် ပို၍တော်ကာကျမည်ဟု အချို့က ယူဆနိုင်၏။ ဤကဲ့သို့သောသူများသည် မည်သည့်အရာကို ရရှိနိုင်မည်နည်း။ သူတို့သည် ဘုရားသခင်အပေါ် သစ္စာစောင့်သိနိုင်ပါမည်လော။ သေချာသည်မှာ ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်းသည် အလွန်ခက်ခဲ၏။ သို့သော် ဤသည်မှာ လူသားသည် ဖောက်ပြန်ပျက်စီးနေသောကြောင့်သာဖြစ်ပြီး၊ ဘုရားသခင်သည် လူသားနှင့် ဆက်ဆံနိုင်စွမ်းမရှိသောကြောင့် မဟုတ်ပေ။ မိမိကိုယ်ကိုသိခြင်း၏ သမ္မာတရားကို အမှန်တကယ်သိရန် ပို၍ကြိုးစားအားထုတ်လျှင် သင်တို့အတွက် အကောင်းဆုံးဖြစ်မည်။ သင်တို့သည် အဘယ်ကြောင့် ဘုရားသခင်ထံမှ မျက်နှာသာ မရသေးသနည်း။ သင်တို့၏ စိတ်သဘောထားသည် အဘယ်ကြောင့် သူ့အတွက် စက်ဆုပ်ဖွယ်ကောင်းနေသနည်း။ သင်တို့၏ စကားပြောခြင်းသည် အဘယ်ကြောင့် သူ၏ရွံရှာမှုကို နှိုးဆွပေးနေသနည်း။ သင်တို့သည် သစ္စာစောင့်သိမှုအနည်းငယ်ကို ပြသပြီးသည်နှင့် ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းပြောဆိုကြပြီး၊ အနည်းငယ် ထည့်ဝင်လှူဒါန်းရခြင်းအတွက် ဆုလာဘ်တောင်းဆိုကြသည်၊ သင်တို့သည် နာခံမှု အသင့်အတင့်ပြနိုင်လျှင် သူတစ်ပါးကို အထင်အမြင်သေးပြီး၊ သေးငယ်သောအမှုတစ်ခုခုကို ပြီးမြောက်လျှင် ဘုရားသခင်ကို ပမာမခန့်ပြုလာကြ၏။ ဘုရားသခင်ကို ကြိုဆိုဧည့်ခံသည့်အတွက် ငွေကြေး၊ လက်ဆောင်များနှင့် ချီးမွမ်းစကားများကို သင်တို့တောင်းဆိုကြ၏။ ငွေတစ်ပြားနှစ်ပြား ပေးလှူသည့်အခါ သင်တို့၏နှလုံးများ နာကျင်၏၊ တစ်ဆယ်ပေးသည့်အခါ ကောင်းချီးမင်္ဂလာများ တောင့်တ၍ ဂုဏ်ထူးအသရေဖြင့် ဆက်ဆံခံလိုကြ၏။ သင်တို့၏ လူ့သဘာဝအကြောင်း ပြောရကြားရသည်မှာ အကယ်ပင် မသတီစရာကောင်း၏။ သင်တို့၏စကားများ၊ အပြုအမူများတွင် ချီးမွမ်းထိုက်သောအရာ ရှိသလော။ မိမိတို့၏တာဝန်ကို ဆောင်ရွက်သူများနှင့် မဆောင်ရွက်သူများ၊ ဦးဆောင်သူများနှင့် နောက်လိုက်သူများ၊ ဘုရားသခင်ကို ကြိုဆိုဧည့်ခံသူများနှင့် ဧည့်မခံသူများ၊ ပေးကမ်းသူများနှင့် မပေးကမ်းသူများ၊ တရားဟောသူများနှင့် နှုတ်ကပတ်တော်ကို လက်ခံသူများ စသည်ဖြင့်

ထိုကဲ့သို့သော လူအားလုံးတို့သည် မိမိကိုယ်ကို ချီးမွမ်းကြ၏။ ဤအရာသည် ရယ်ဖွယ်ကောင်းသည်ဟု သင်တို့မထင်ပေသလော။ သင်တို့သည် ဘုရားသခင်ကိုယုံကြည်ကြောင်း အသေအချာ သိသော်ငြားလည်း သင်တို့သည် ဘုရားသခင်နှင့် သဟဇာတ မဖြစ်နိုင်ကြ။ သင်တို့တွင် ကောင်းကျိုး လုံးဝမရှိကြောင်းကို အသေအချာ သိသော်ငြားလည်း သင်တို့သည် မလျှော့တမ်း ဝါကြွားကြ၏။ သင်တို့တွင် မိမိကိုယ်ကိုချုပ်တည်းနိုင်ခြင်း မရှိတော့သည်အထိ သင်တို့၏အသိစိတ်သည် ယိုယွင်းလာခဲ့ပြီကို သင်တို့ မခံစားရပေသလော။ ဤကဲ့သို့သော အသိစိတ်မျိုးနှင့် သင်တို့သည် ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံရန် မည်သို့ သင့်တော်မည်နည်း။ ဤအခြေအနေမျိုးတွင် သင်တို့သည် ကိုယ့်ကိုယ်ကိုယ်အတွက် မစိုးရိမ်ကြသလော။ သင်တို့သည် ဘုရားသခင်နှင့် သဟဇာတမဖြစ်နိုင်သည်အထိ သင်တို့၏ စိတ်နေသဘောထားသည် ယိုယွင်းခဲ့ပြီ။ ဤသို့ဖြစ်သဖြင့် သင်တို့၏ ယုံကြည်ခြင်းသည် ရယ်ဖွယ်မကောင်းပေသလော။ သင်တို့၏ ယုံကြည်ခြင်းသည် ယုတ္တိကင်းမဲ့မနေသလော။ သင်၏အနာဂတ်ကို သင်မည်သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း။ အဘယ်လမ်းကြောင်းအား သွားရမည်ဆိုသည်ကို သင်မည်သို့ ရွေးချယ်တော့မည်နည်း။

# ခေါ်တော်မူသောသူအများရှိသော်လည်း ရွေးကောက်တော်မူသောသူနည်း၏

ကမ္ဘာမြေပေါ်၌ များစွာသောသူတို့ကို ငါ၏နောက်လိုက်များဖြစ်ဖို့ ငါ ရှာဖွေပြီးဖြစ်သည်။ ဤနောက်လိုက်အားလုံးထဲတွင် ယဇ်ပရောဟိတ်များအဖြစ် အစေခံသူများ၊ ဦးဆောင်သူများ၊ ဘုရားသခင်၏သားများ၊ ဘုရားသခင်၏လူမျိုးများနှင့် အစေခံမှုကို ပြုသောသူများ ရှိကြ၏။ ငါ့ကို ၎င်းတို့ ပြသသော သစ္စာစောင့်သိမှုအပေါ် အခြေခံ၍ ၎င်းတို့ကို ငါအတန်းအစားခွဲခြား၏။ အားလုံးသည် အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခံရပြီးဖြစ်သည့်အခါ၊ ဆိုလိုသည်မှာ၊ လူအမျိုးအစား အသီးသီး၏ သဘာဝကို သိသာထင်ရှားစေပြီးသည့်အခါတွင်၊ လူသားမျိုးနွယ်အား ငါ၏ကယ်တင်ခြင်း ရည်မှန်းချက်ကို စွမ်းဆောင်ရရှိဖို့အလို့ငှါ၊ ငါသည် ၎င်းတို့အသီးသီးကို ၎င်းတို့ရှိထိုက်သော အတန်းအစားထဲတွင် ရေတွက်မည်ဖြစ်ပြီး၊ ၎င်းတို့၏ သင့်တော်သည့်နေရာထဲတွင် အမျိုးအစားအသီးသီးကို ထားရှိမည်ဖြစ်သည်။ ငါကယ်တင်လိုသောသူများကို ငါ၏အိမ်တော်သို့ အစုလိုက် ငါဆင့်ခေါ် ပြီးနောက်၊

နောက်ဆုံးသောကာလ ငါ၏ အမှုကို ၎င်းတို့အားလုံးအား လက်ခံစေသည်။ တစ်ချိန်တည်းတွင်၊ ငါသည် ၎င်းတို့ကို အတန်းအစားအလိုက် အမျိုးအစားသတ်မှတ်ပြီး အသီးသီးကို ၎င်းတို့၏ လုပ်ရပ်များပေါ် အခြေခံ၍ ဆုလာဘ်ပေးသည်၊ သို့မဟုတ် အပြစ်ပေးသည်။ ယင်းတို့မှာ ငါ၏အမှု၌ ဖွဲ့စည်းပါဝင်သော အဆင့်များ ဖြစ်ကြ၏။

ယနေ့တွင်၊ ငါသည် ကမ္ဘာမြေပေါ်၌ နေထိုင်ပြီး၊ လူသားအလယ် နေထိုင်၏။ လူတို့သည် ငါ၏အမှုကို တွေ့ကြုံခံစားကြရပြီး၊ ငါ၏ မိန့်မြွက်ချက်များကို စောင့်ကြည့်ကြရကာ၊ ၎င်းတို့အနေဖြင့် ငါ့ထံမှ အသက်ကို ရရှိနိုင်ကြဖို့အလို့ငှာနှင့် ထိုသို့ဖြင့် ၎င်းတို့ နင်းလျှောက်နိုင်သည့် လမ်းကြောင်းတစ်ခုကို ရရှိကြဖို့အလို့ငှာ၊ ဤအရာနှင့်အတူ ငါသည် ငါ၏ နောက်လိုက်အသီးသီးအပေါ် သမ္မာတရားများအားလုံးကို အပ်နှင်း၏။ အကြောင်းမှာ၊ ငါသည်ဘုရားသခင်၊ အသက်ကို ပေးသူဖြစ်၏။ ငါ့အမှု၏ နှစ်ကာလများစွာအတွင်းတွင် လူတို့သည် များစွာ ရရှိကြပြီးဖြစ်ကာ များစွာ စွန့်လွှတ်ကြပြီးဖြစ်သည်၊ သို့သော် ၎င်းတို့သည် ငါ့ကို အမှန်တကယ် မယုံကြည်ကြဟု ငါ ပြောဆဲ ဖြစ်သည်။ အကြောင်းမှာ၊ လူတို့သည် ငါဘုရားသခင်ဖြစ်သည်ကို ၎င်းတို့၏ နှုတ်များဖြင့် အသိအမှတ်ပြုရုံမျှပြုကြသော်လည်း၊ ငါပြောဆိုသော သမ္မာတရားများကို ၎င်းတို့ သဘောမတူကြသည့်အပြင်၊ ၎င်းတို့ကို ငါ စေခိုင်းသည့် သမ္မာတရားများကို လက်တွေ့လုပ်ဆောင်ခြင်း မရှိကြချေ။ ယင်းမှာ လူတို့သည် ဘုရားသခင်၏ တည်ရှိခြင်းကိုသာ အသိအမှတ်ပြုကြသော်လည်း၊ သမ္မာတရား၏ တည်ရှိခြင်းကို အသိအမှတ်မပြုကြ။ လူတို့သည် ဘုရားသခင်၏ တည်ရှိခြင်းကို အသိအမှတ်ပြုကြသော်လည်း၊ အသက်၏ တည်ရှိခြင်းကို အသိအမှတ်မပြုကြ။ လူတို့သည် ဘုရားသခင်၏နာမကို အသိအမှတ်ပြုကြသော်လည်း သူ၏ အနှစ်သာရကို အသိအမှတ်မပြုကြဟု ဆိုလိုသည်။ ၎င်းတို့သည် ငါ့ကိုလှည့်ဖြားဖို့ သာယာသော စကားများကိုသာ အသုံးပြုကြသည့်အတွက်၊ ငါသည် ၎င်းတို့ကို ၎င်းတို့၏စိတ်အားထက်သန်မှုအတွက် စက်ဆုပ်ရွံရှာ၏။ ၎င်းတို့ထဲမှ မည်သူမျှ ငါ့ကို အမှန်တကယ် မကိုးကွယ်ကြချေ။ သင်တို့၏ စကားများသည် မြွေ၏သွေးဆောင်ဖြားယောင်းခြင်း ပါရှိ၏။ ထို့အပြင်၊ ယင်းတို့သည် ကောင်းကင်တမန်မင်း၏ ကြေငြာချက်သဖွယ် လွန်လွန်ကဲကဲ စိတ်ကြီးဝင်ကြလေသည်။ ထို့အပြင်၊ သင်တို့၏ လုပ်ဆောင်ချက်များသည် အလွန်ဆိုးဝါးသော အတိုင်းအတာတစ်ခုထိ စုတ်ပြတ်ကာ ပေါက်ပြဲနေသည်။ သင်တို့၏ လွန်ကြူးသော စိတ်ဆန္ဒများနှင့် တပ်မက်သော ရည်ရွယ်ချက်များသည် နားကြားပြင်းကပ်စရာ ဖြစ်ကြသည်။ သင်တို့အားလုံးသည် ငါ၏အိမ်တွင် ပိုးဖလံများ၊ စက်ဆုပ်ရွံ့ရှာခြင်းဖြင့် စွန့်ပစ်ရမည့်အရာဝတ္ထုများ

ဖြစ်သွားကြပြီးဖြစ်သည်။ အကြောင်းမှာ သင်တို့ထဲမှ မည်သူမျှ သမ္မာတရားကို မချစ်ပေ။ ထိုအစား၊ သင်တို့သည် ကောင်းချီးမင်္ဂလာ ခံစားရန်၊ ကောင်းကင်ဘုံသို့ တက်ရန်၊ ကမ္ဘာမြေပေါ်၌ ခရစ်တော်က သူ၏ တန်ခိုးအာဏာ ကိုင်စွဲခြင်းနှင့်ဆိုင်သည့် ခမ်းနားသော ရူပါရုံကို ရှုမြင်ရန် ဆန္ဒရှိကြပေသည်။ သို့သော်၊ သင်တို့ကဲ့သို့ ဘုရားသခင် အဘယ်အရာဖြစ်သည်ကို မသိလေသူ၊ အလွန်အမင်း ဖောက်ပြန်ပျက်စီးနေသောသူ တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏နောက်လိုက်ခြင်းငှာ အဘယ်သို့ ထိုက်တန်နိုင်မည်ကို သင်တို့ တွေးကြဖူးပါသလော။ ကောင်းကင်ဘုံသို့ သင်တို့ အဘယ်သို့ တက်ရောက်နိုင်ကြမည်နည်း။ ထိုသို့သော ခမ်းနားသည့် မြင်ကွင်းများ၊ ၎င်းတို့၏ ထည်ဝါမှုတွင် အစဉ်အလာမရှိသည့် မြင်ကွင်းများကို ရှုမြင်ခြင်းငှာ သင်တို့ အဘယ်သို့ ထိုက်တန်နိုင်ကြမည်နည်း။ သင်တို့၏ နှုတ်များသည် လှည့်ဖြားတတ်ကာ ညစ်ညူးသော စကားလုံးများ၊ သစ္စာဖောက်တတ်ပြီး မာနထောင်လွှားသော စကားများဖြင့် ပြည့်နေသည်။ သင်တို့သည် ငါကို ရိုးသားစစ်မှန်မှု စကားများ၊ သန့်ရှင်းသော စကားများ၊ ငါ၏ နှုတ်ကပတ်တော်ကို တွေ့ကြုံပြီးနောက် ငါ့ကို ကျိုးနွံနာခံခြင်း စကားများအား မည်သည့်အခါတွင်မျှ သင်တို့ မပြောဖူးကြပေ။ နောက်ဆုံးတွင်၊ သင်တို့၏ယုံကြည်ခြင်းသည် မည်သည့်အရာနှင့် တူသနည်း။ သင်တို့၏ စိတ်နှလုံးများထဲတွင် လိုချင်တပ်မက်မှုနှင့် ငွေကြေးကလွဲ၍ မည်သည့်အရာမျှမရှိသကဲ့သို့၊ သင်တို့၏ စိတ်များထဲတွင် ရုပ်ဝတ္ထုပစ္စည်းများမှလွဲ၍ မည်သည့်အရာမျှမရှိပေ။ နေ့တိုင်း၊ သင်တို့သည် ငါ့ထံမှ တစ်စုံတစ်ရာ မည်သို့ရရှိမည်ကို တွက်ချက်ကြသည်။ နေ့တိုင်း၊ သင်တို့သည် ငါ့ထံမှ ချမ်းသာကြွယ်ဝမှု မည်မျှနှင့် ရုပ်ဝတ္ထုပစ္စည်း မည်မျှ ရရှိပြီးဖြစ်သည်ကို ရေတွက်နေကြသည်။ နေ့တိုင်း၊ သင်တို့သည် သင်တို့ မွေ့လျော်ခံစားနိုင်သည့် အရာများကို သာ၍များပြားသော အရေအတွက်များနှင့် သာ၍ မြင့်မားသော အဆင့်အတန်းတစ်ခုဖြင့် မွေ့လျော်ခံစားနိုင်ဖို့အလို့ငှာ၊ သင်တို့အပေါ် ကောင်းချီးမင်္ဂလာများ ယခင်ထက် သာ၍ သက်ဆင်းလာဖို့ရန် သင်တို့ စောင့်စားကြ၏။ သင်တို့၏ အတွေးများ၌ အချိန်တိုင်းရှိသည်မှာ ငါမဟုတ်သကဲ့သို့၊ ငါ့ထံမှလာသော သမ္မာတရားလည်း မဟုတ်ဘဲ၊ ယင်းထက်၊ သင်တို့၏ခင်ပွန်း သို့မဟုတ် ဇနီး၊ သင်တို့၏ သားများနှင့် သမီးများ၊ ပြီးလျှင် သင်တို့ စားသောက်ပြီး ဝတ်ဆင်သောအရာများ ဖြစ်ကြ၏။ သင်တို့သည် ယခင်ထက် သာ၍ ကြီးမားသည့်၊ ယခင်ထက် သာ၍ မြင့်မားသည့် ပျော်ရွှင်မှု မည်သို့ရရှိနိုင်သည်ကို စဉ်းစားကြသည်။ သို့သော်၊ သင်တို့သည် ကွဲထွက်မတတ် သင်တို့၏ ဗိုက်များကို ဖြည့်ပြီးသည့်အချိန်တွင်ပင်၊ အလောင်းကောင်တစ်ကောင် ဖြစ်နေဆဲ ဖြစ်သည် မဟုတ်လော။

အပြင်ပန်းအားဖြင့်၊ သင်တို့သည် အင်မတန် လှပသည့် အဝတ်အစားဖြင့် မိမိတို့ကိုယ်ကိုယ် ဆင်မြန်းကြသည့်အချိန်တွင်ပင်၊ သင်တို့သည် အသက်ကင်းမဲ့သည့် လမ်းလျှောက်နေသော အလောင်းကောင်တစ်ကောင် ဖြစ်နေဆဲ မဟုတ်လော။ သင်တို့၏ ဆံပင်များ အဖြူရောင်ဖြင့် အစင်းအကျားဖြစ်သည်အထိ၊ သင်တို့၏ ဝမ်းဗိုက်အတွက် သင်တို့ ပင်ပန်းကြီးစွာအလုပ်လုပ်ကြ၏၊ သို့သော်၊ သင်တို့ထဲမှ မည်သူမျှ ငါ၏အမှုအတွက် ဆံချည်တစ်ပင်မျှ မစွန့်လွှတ်ကြချေ။ သင်တို့သည် သင်တို့ကိုယ်တိုင်၏ ဇာတိခန္ဓာအတွက်နှင့် သင်တို့၏သားများနှင့် သမီးများအတွက် သင်တို့၏ခန္ဓာကို ခက်ခဲပင်ပန်းစေကာ ဦးနှောက်ခြောက်အောင် စဉ်းစားရင်း၊ စဉ်ဆက်မပြတ် အလုပ်များနေသည်- သို့သော်၊ သင်တို့ထဲမှ တစ်ဦးတစ်ယောက်ကမျှ ငါ၏ အလိုအတွက် စိုးရိမ်ခြင်း သို့မဟုတ် ပူပန်ခြင်း တစ်ခုတစ်လေမျှ မပြပေ။ ငါ့ထံမှ ရရှိဖို့ သင်တို့ မျှော်လင့်ကြသေးသည်မှာ မည်သည့်အရာနည်း။

ငါသည် အမှုပြုသောအခါ မည်သည့်အခါတွင်မျှ အလျင်စလိုမဖြစ်ပေ။ လူတို့က ငါ့နောက် မည်သို့လိုက်ကြသည်ကို ပဓာနမထားဘဲ၊ ငါသည် ငါ၏ အမှုကို အဆင့်အသီးသီးနှင့်အညီ၊ ငါ၏ အစီအစဉ်နှင့်အညီ လုပ်ဆောင်သည်။ ထို့ကြောင့်၊ ငါ့ကို သင်တို့၏ ဆန့်ကျင်ပုန်ကန်မှုအားလုံး ရှိလင့်ကစား၊ ငါသည် ရပ်နားခြင်းမရှိဘဲ အမှုပြုနေဆဲဖြစ်ပြီး၊ ငါပြောရမည့်နှုတ်ကပတ်တော်များကို ငါဆက်လက်ပြောနေဆဲ ဖြစ်သည်။ ငါ၏ ကြိုတင်ခွဲခန့်မှတ်သားခြင်းခံရသောသူများသည် ငါ၏ နှုတ်ကပတ်တော်များကို နားဆင်ကြဖို့အလို့ငှာ၊ ၎င်းတို့ကို ငါ့အိမ်တော်သို့ ငါဆင့်ခေါ်၏။ ငါ၏ နှုတ်ကပတ်တော်များကို ကျိုးနွံနာခံသူများ၊ ငါ၏ နှုတ်ကပတ်တော်များကို တမ်းတသူများအားလုံးကို၊ ငါ၏ပလ္လင်ရှေ့သို့ ငါ ခေါ်ဆောင်၏။ ငါ၏ နှုတ်ကပတ်တော်များကို ကျောခိုင်းသောသူများ၊ ငါ့ကိုမနာခံသောသူများနှင့် ငါ့ကို အတိအလင်း ဖီဆန်သူများအားလုံးကို ၎င်းတို့၏ နောက်ဆုံးအပြစ်ဒဏ်ပေးခြင်းကို စောင့်ဆိုင်းရန် တစ်ဖက်သို့ ငါဖယ်ထား၏။ လူအားလုံးသည် ဖောက်ပြန်ပျက်စီးခြင်း အလယ်နှင့် မာရ်နတ်၏ လက်အောက်တွင် အသက်ရှင်ကြ၏၊ ထို့ကြောင့် ငါ့နောက်လိုက်သောသူများထဲမှ သမ္မာတရားကို အောက်မေ့သူ မများပေ။ ယင်းမှာ အများစုသည် ငါ့ကို အမှန်တကယ် မကိုးကွယ်ကြဟု ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် ငါ့ကို သမ္မာတရားဖြင့် မကိုးကွယ်ကြဘဲ၊ ဖောက်ပြန်ပျက်စီးခြင်းနှင့် ပုန်ကန်ခြင်းမှတဆင့်၊ လှည့်ဖြား တတ်သော နည်းလမ်းများဖြင့် ငါ၏ယုံကြည်မှုကိုရယူရန် ကြိုးစားကြလေသည်။ ဤအကြောင်းရင်းကြောင့် ခေါ်တော်မူသောသူအများရှိသော်လည်း ရွေးကောက်တော်မူသောသူ နည်းသည်ဟု ငါပြောရခြင်း ဖြစ်သည်။ ခေါ်တော်မူခြင်း

ခံရသောသူများသည် အကြီးအကျယ် ဖောက်ပြန်ပျက်စီးစေခြင်း ခံကြရပြီးဖြစ်ကာ ၎င်းတို့အားလုံး တစ်ခေတ်တည်းတွင် အသက်ရှင်ကြသည်- သို့သော်၊ ရွေးကောက်ခြင်းခံရသောသူတို့သည် ၎င်းတို့၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြပြီး၊ ၎င်းတို့သည် သမ္မာတရားကို ယုံကြည်ကာ အသိအမှတ်ပြုကြသူများနှင့် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ကြသောသူများ ဖြစ်ကြသည်။ ဤလူများသည် တစ်ခုလုံး၏ အလွန်သေးငယ်သော အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပြီး၊ ၎င်းတို့အလယ်မှ ငါသည် ဘုန်းအသရေသာ၍ ရရှိပေလိမ့်မည်။ ဤနှုတ်ကပတ်တော်များနှင့်ယှဉ်၍ တိုင်းတာရာတွင်၊ သင်တို့သည် ရွေးကောက်ခံရသူများထဲတွင် ရှိသည်မရှိသည်ကို သိကြပါသလော။ သင်တို့၏ နိဂုံးသည် မည်သည့်အရာနှင့် တူလိမ့်မည်နည်း။

ငါဆိုခဲ့သည့်အတိုင်း၊ ငါ့နောက်လိုက်သောသူများသည် များပြားသော်လည်း ငါ့ကို အမှန်တကယ် ချစ်သောသူများသည် နည်းပါး၏။ အချို့က "ကိုယ်တော့်ကို ကျွန်ုပ် မချစ်ခဲ့ပါက၊ ထိုမျှကြီးမားသော အဖိုးအခကို ကျွန်ုပ်ပေးဆပ်ခဲ့ပါမည်လော။ ကိုယ်တော့်ကို ကျွန်ုပ်မချစ်ခဲ့ပါက၊ ဤအချိန်အထိ နောက်သို့ကျွန်ုပ်လိုက်ခဲ့ပါမည်လော" ဟု ပြောကောင်းပြောကြပေမည်။ သင့်တို့သည် အကြောင်းပြချက်များစွာ ကေန်မုချ ရှိကြပြီး၊ သင်၏ချစ်ခြင်းမေတ္တာသည် ကေန်မုချ အလွန်ကြီးမား၏၊ သို့သော် ငါ့အတွက် သင်တို့ ချစ်ခြင်းမေတ္တာ၏အနှစ်သာရသည် မည်သည့်အရာ ဖြစ်သနည်း။ "ချစ်ခြင်းမေတ္တာ"ဟု ခေါ်ဆိုသည့်အရာသည် ဖြူစင်ပြီး အပြစ်အနာအဆာကင်းသော စိတ်ခံစားမှုတစ်ခု၊ ချစ်ရန်၊ ခံစားရန်နှင့် ထောက်ထားရန် သင်၏ စိတ်နှလုံးကို သင် အသုံးပြုသည့်အခိုက်ကို ရည်ညွှန်းပေသည်။ ချစ်ခြင်းမေတ္တာတွင် သတ်မှတ်ချက်များမရှိ၊ အတားအဆီးများမရှိသကဲ့သို့၊ အကွာအဝေးမရှိပေ။ ချစ်ခြင်းမေတ္တာတွင် သံသယစိတ်မရှိ၊ လှည့်ဖြားခြင်းမရှိသကဲ့သို့၊ ကောက်ကျစ်စဉ်းလဲခြင်း မရှိပေ။ ချစ်ခြင်းမေတ္တာတွင် အရောင်းအဝယ်မရှိသကဲ့သို့၊ မဖြူစင်သည့်အရာ မည်သည့်အရာမျှ မရှိပေ။ သင်ချစ်ပါက၊ လှည့်ဖြားမည် မဟုတ်၊ မကျေမနပ်ဖြစ်မည် မဟုတ်၊ သစ္စာဖောက်မည် မဟုတ်၊ ပုန်ကန်မည် မဟုတ်၊ အတင်းတောင်းဆိုမည် မဟုတ်၊ သို့မဟုတ် တစ်စုံတစ်ခုကို ရရှိဖို့ ပမာဏတစ်ခုခုကို ရရှိဖို့ ကြိုးစားမည် မဟုတ်ပေ။ သင်ချစ်လျှင်၊ သင်သည် သင့်ကိုယ်သင် ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်မြှုပ်နှံလိမ့်မည်၊ အခက်အခဲကို ဝမ်းမြောက်ဝမ်းသာ ခံစားလိမ့်မည်။ သင်သည် ငါနှင့်သဟဇာတဖြစ်လိမ့်မည်၊ ငါ့အတွက် သင်၌ ရှိသမျှအားလုံးကို စွန့်လွှတ်လိမ့်မည်၊ သင်၏ မိသားစု၊ သင်၏ အနာဂတ်၊ သင်၏ ငယ်ရွယ်နုပျိုမှုနှင့် သင်၏ အိမ်ထောင်ရေးကို စွန့်လွှတ်လိမ့်မည်။ ထိုသို့မဟုတ်ပါက၊ သင်၏ ချစ်ခြင်းမေတ္တာသည် ချစ်ခြင်းမေတ္တာ လုံးဝ

ဖြစ်မည်မဟုတ်ဘဲ၊ လှည့်ဖြားခြင်းနှင့် သစ္စာဖောက်ခြင်းတို့သာ ဖြစ်ပေမည်။ သင်၏ ချစ်ခြင်းမေတ္တာသည် မည်သို့သော ချစ်ခြင်းမေတ္တာမျိုး ဖြစ်သနည်း။ ယင်းသည် စစ်မှန်သောချစ်ခြင်းမေတ္တာလော။ သို့တည်းမဟုတ် အယောင်ဆောင်လော။ မည်မျှ သင်စွန့်လွှတ်ပြီးပြီနည်း။ မည်မျှ သင် ပူဇော်ပြီးပြီနည်း။ ငါသည် သင့်ထံမှ ချစ်ခြင်းမေတ္တာမည်မျှ ရရှိပြီးပြီနည်း။ သင်သိသလော။ သင်တို့၏စိတ်နှလုံးများသည် မကောင်းမှု၊ သစ္စာဖောက်ခြင်းနှင့် လှည့်ဖြားခြင်းတို့ဖြင့် ပြည့်နေလေသည်- ပြီးလျှင် ထိုသို့ဖြစ်နေသဖြင့်၊ သင်တို့၏ချစ်ခြင်းမေတ္တာ မည်မျှသည် မဖြူစင်သနည်း။ သင်တို့သည် ငါ့အတွက် အလုံအလောက် စွန့်လွှတ်ပြီးဖြစ်သည်ဟု ထင်မှတ်ကြ၏။ ငါ့အတွက် သင်တို့၏ချစ်ခြင်းမေတ္တာသည် လုံလောက်နှင့်ပြီးဖြစ်သည်ဟု သင်တို့ထင်မှတ်ကြ၏။ သို့ရာတွင် ထိုသို့ဆိုပါက သင်တို့၏စကားများနှင့် လုပ်ရပ်များသည် အဘယ်ကြောင့် အမြဲ ပုန်ကန်တတ်ပြီး လှည့်ဖြားတတ်သနည်း။ သင်တို့သည် ငါ့နောက်လိုက်ကြသော်လည်း ငါ၏ နှုတ်ကပတ်တော်များကို အသိအမှတ်မပြုကြပေ။ ဤအရာကို ချစ်ခြင်းမေတ္တာဟု မှတ်ယူသလော။ သင်တို့သည် ငါ့နောက်လိုက်ကြသော်လည်း၊ ငါ့ကို ဘေးဖယ်ထားကြ၏။ ဤအရာကို ချစ်ခြင်းမေတ္တာဟု မှတ်ယူသလော။ သင်တို့သည် ငါ့နောက်လိုက်ကြသော်လည်း၊ ငါ့ကို အယုံအကြည်ကင်းမဲ့ကြသည်။ ဤအရာကို ချစ်ခြင်းမေတ္တာဟု မှတ်ယူသလော။ သင်တို့သည် ငါ့နောက်လိုက်ကြသော်လည်း၊ ငါ၏ တည်ရှိခြင်းကို လက်မခံနိုင်ကြချေ။ ဤအရာကို ချစ်ခြင်းမေတ္တာဟု မှတ်ယူသလော။ သင်တို့သည် ငါ့နောက်လိုက်ကြသော်လည်း၊ ငါ အဘယ်သူဖြစ်သည်ဆိုသည်နှင့် သင့်လျော်စွာ ငါ့ကို မဆက်ဆံကြသကဲ့သို့၊ အလှည့်တိုင်းတွင် သင်တို့သည် ငါ့အတွက် အမှုအရာများ ခက်ခဲစေကြသည်။ ဤအရာကို ချစ်ခြင်းမေတ္တာဟု မှတ်ယူသလော။ သင်တို့သည် ငါ့နောက်လိုက်ကြသော်လည်း၊ ကိစ္စရပ်တိုင်းတွင် ငါ့ကို လှည့်စားဖို့နှင့် လှည့်ဖြားဖို့ သင်တို့ ကြိုးစားကြ၏။ ဤအရာကို ချစ်ခြင်းမေတ္တာဟု မှတ်ယူသလော။ သင်တို့သည် ငါ့ကို အစေခံကြသော်လည်း၊ ငါ့ကို မကြောက်ကြ။ ဤအရာကို ချစ်ခြင်းမေတ္တာဟု မှတ်ယူသလော။ သင်တို့သည် အချက်အားလုံးနှင့် အရာအားလုံးတွင် ငါ့ကို ဆန့်ကျင်ကြသည်။ ဤအရာအားလုံးကို ချစ်ခြင်းမေတ္တာဟု မှတ်ယူသလော။ သင်တို့သည် များစွာဆက်ကပ်မြှုပ်နှံကြပြီးဖြစ်သည်၊ ဤသည်မှာ မှန်၏။ သို့သော် သင်တို့ကို ငါတောင်းဆိုသောအရာကို သင်တို့ လုံးဝ လက်တွေ့မလုပ်ဆောင်ခဲ့ကြပေ။ ဤအရာကို ချစ်ခြင်းမေတ္တာဟု မှတ်ယူ၍ရနိုင်သလော။ စေ့စပ်သေချာသော တွက်ဆမှုက သင်တို့အတွင်းတွင် ငါ့ကို ချစ်ခြင်းအရိပ်အယောင် စိုးစဉ်းမျှ မရှိသည်ကို ပြသ၏။ နှစ်ပေါင်းများစွာ အမှုပြုပြီးနောက်နှင့် အားလုံးသော

နှုတ်ကပတ်တော်များစွာ ငါ ထောက်ပံ့ပြီးသည့် နောက်တွင်၊ သင်တို့ မည်မျှ အမှန်တကယ် ရရှိပြီးပြီနည်း။ ဤအရာသည် သေချာပြန်စဉ်းစားထိုက်သည် မဟုတ်လော။ ငါသည် သင်တို့ကို ဆိုဆုံးမ၏- ငါ့ထံသို့ ငါခေါ်သောသူများသည် ဖောက်ပြန်ပျက်စီးစေခြင်းမခံရဖူးသော သူများမဟုတ်။ ယင်းထက်၊ ငါရွေးချယ်သောသူတို့သည် ငါ့ကို အမှန်တကယ် ချစ်သောသူများ ဖြစ်သည်။ ထို့ကြောင့်၊ သင်တို့သည် သင်တို့၏ စကားများနှင့် လုပ်ဆောင်ချက်များတွင် သတိဝီရိယရှိရမည်ဖြစ်ပြီး၊ စည်းမကျော်ဖို့ရန်လို့ဌာ သင်တို့၏ ရည်ရွယ်ချက်များနှင့် အတွေးများကို ဆန်းစစ်ရမည် ဖြစ်သည်။ နောက်ဆုံးသောကာလ၏ အချိန်ကာတွင်၊ ငါ၏ အမျက်ဒေါသသည် သင်တို့ထံမှ လုံးဝ မထွက်ခွာမည်ကို စိုးရသဖြင့်၊ သင်တို့၏ချစ်ခြင်းမေတ္တာကို ငါ၏ ရှေ့မှောက်တွင် ပူဇော်ဖို့ အစွမ်းကုန် ကြိုးစားကြလော့။

# သင်သည် ခရစ်တော်နှင့် သဟဇာတဖြစ်ရာလမ်းကို ရှာဖွေသင့်သည်

ငါသည် လူတို့အကြားတွင် များစွာသောအမှုကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ကာ၊ ၎င်းကာလအတွင်း ငါသည် နှုတ်ကပတ်တော်များစွာကိုလည်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤနှုတ်ကပတ်တော်တို့သည် လူသား၏ကယ်တင်ခြင်းအတွက်ဖြစ်၍၊ လူသားသည် ငါနှင့်သဟဇာတ ရှိလာနိုင်ရန် ၎င်းတို့ကို ဖော်ပြခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ငါသည် ကမ္ဘာမြေကြီးပေါ်တွင် ငါနှင့်သဟဇာတဖြစ်သော လူအနည်းငယ်ကိုသာ ရရှိခဲ့သဖြင့်၊ လူသားသည် ငါ၏နှုတ်ကပတ်တော်တို့ကို တန်ဖိုးမထားဟု ငါဆို၏။ ယင်းမှာ လူသားသည် ငါနှင့်သဟဇာတမဖြစ်သောကြောင့် ဖြစ်သည်။ ဤနည်းအားဖြင့်၊ ငါလုပ်ဆောင်သောအမှုသည် လူသားက ငါ့အား ကိုးကွယ်နိုင်ရုံအတွက်သာ မဟုတ်ဘဲ၊ ပို၍အရေးကြီးသည်မှာ လူသားသည် ငါနှင့်သဟဇာတဖြစ်နိုင်ရန်အတွက် ဖြစ်၏။ လူသားသည် ဖျက်ဆီးခြင်းခံပြီး စာတန်၏ ထောင်ချောက်တွင် အသက်ရှင်နေကြ၏။ လူတို့အားလုံးသည် ဇာတိပကတိ၌ အသက်ရှင်နေကြ၏။ အတ္တဆန်သော လိုအင်ဆန္ဒများဖြင့် အသက်ရှင်နေကြကာ ၎င်းတို့ထဲတွင် ငါနှင့်သဟဇာတဖြစ်သူ တစ်ဦးတစ်ယောက်မျှမရှိပေ။ ငါနှင့် သဟဇာတဖြစ်သည်ဟု ဆိုသူများရှိကြသော်လည်း ထိုကဲ့သို့သောသူတို့သည် ဝိုးတဝါးဖြစ်သောရုပ်တုဆင်းတုများကို ကိုးကွယ်ကြ၏။ ၎င်းတို့သည် ငါ၏နာမအား သန့်ရှင်းသည်ဟု အသိအမှတ်ပြုကြသော်လည်း ငါနှင့်ဆန့်ကျင်သောလမ်းတွင် လျှောက်လှမ်းကြသည့်အပြင် ၎င်းတို့၏စကားများသည် မောက်မာမှု၊ မိမိကိုယ်ကိုယုံကြည်မှုများနှင့် ပြည့်နှက်လျက်ရှိ၏။ ဤသည်မှာ ၎င်းတို့အားလုံးသည် အခြေခံအားဖြင့် ငါ့ကိုဆန့်ကျင်ကြလျက် ငါနှင့်သဟဇာတမဖြစ်ကြသောကြောင့် ဖြစ်၏။

ၚင်းတို့သည် သမ္မာကျမ်းစာထဲတွင် ငါ၏တစ်စွန်းတစ်စလက္ခဏာများကို နေ့စဉ်ရှာဖွေကာ၊ အလျဉ်းသင့်ရာ “သင့်တော်သည့်” ကျမ်းပိုဒ်များကို တွေ့ရှိကြလျက် အတောမသတ်ဖတ်ကြကာ သမ္မာကျမ်းပိုဒ်များအဖြစ် ရွတ်ဆိုကြ၏။ ထိုသူတို့သည် ငါနှင့်သဟဇာတဖြစ်ရန်နည်းလမ်းကို မသိကြပေ။ ငါ့ကို ဆန့်ကျင်ခြင်း၏ အနက်အဓိပ္ပာယ်ကိုလည်း မသိကြပေ။ ထို့အပြင် သမ္မာကျမ်းပိုဒ်များကို အကျိုးအကြောင်းမမြင်ဘဲသာ ဖတ်ကြ၏။ ကျမ်းစာထဲတွင် ၎င်းတို့ တစ်ခါမျှ မမြင်ဖူးသော၊ ၎င်းတို့မြင်နိုင်စွမ်းမရှိသော ဝိုးတဝါးဖြစ်သည့်ဘုရားသခင်တစ်ပါးကို ၎င်းတို့သည် ဘောင်ခတ်ထား၍ ၎င်းတို့အားလပ်သည့်အချိန်၌ ထုတ်ကြည့်ကြ၏။ ၎င်းတို့သည် သမ္မာကျမ်းစာ၏ အတိုင်းအတာအတွင်း၌သာ ငါ၏တည်ရှိမှုကို ယုံကြည်ကြပြီး ငါ့ကို သမ္မာကျမ်းစာနှင့် တန်းတူထား၏၊ သမ္မာကျမ်းစာမရှိဘဲ ငါသည်မရှိ၊ ငါမရှိဘဲ သမ္မာကျမ်းစာမရှိ။ ၎င်းတို့သည် ငါ၏တည်ရှိခြင်း သို့မဟုတ် ငါ၏လုပ်ဆောင်ချက်များကို လုံးဝဂရုမစိုက်ကြဘဲ၊ ၎င်းအစား သမ္မာကျမ်းစာ၏စကားလုံးတိုင်းကို အလွန်အကျွံ အထူးဂရုပြုကြ၏။ ထို့အပြင် သမ္မာကျမ်းစာမှ ကြိုတင်ဟောကြားခြင်း မရှိပါက ငါလုပ်ဆောင်လိုသည့် မည်သည့်အရာကိုမျှ မလုပ်သင့်ဟု သာ၍များပြားသောသူတို့က ယုံကြည်ကြသည်။ ၎င်းတို့သည် သမ္မာကျမ်းစာကို အလွန်အကျွံ အရေးပေးကြ၏။ ၎င်းတို့သည် ငါပြောသည့် နှုတ်ကပတ်တော်တိုင်းကို အကဲဖြတ်ရန်နှင့် ငါ့ကို ပြစ်တင်ရှုတ်ချရန် သမ္မာကျမ်းစာမှ ကျမ်းပိုဒ်များကို အသုံးပြုသည်အထိ ကျမ်းစာထဲရှိ စကားလုံးများနှင့် ဖော်ပြချက်များကို အရေးကြီးလွန်းသည်ဟု မြင်ကြသည်ဟု ဆိုနိုင်၏။ ၎င်းတို့ရှာဖွေသည်မှာ ငါနှင့်သဟဇာတဖြစ်ရန် လမ်းမဟုတ်၊ သမ္မာတရားနှင့် သဟဇာတဖြစ်ရန် လမ်းလည်း မဟုတ်ဘဲ သမ္မာကျမ်းစာရှိစကားလုံးများနှင့် သဟဇာတဖြစ်ရန် လမ်းသာဖြစ်၍၊ သမ္မာကျမ်းစာနှင့် ကိုက်ညီခြင်းမရှိသည့် မည်သည့်အရာမဆိုသည် ခြွင်းချက်မရှိ ငါ၏အမှုမဟုတ်ဟု ၎င်းတို့ ယုံကြည်သည်။ ထိုကဲ့သို့သောလူတို့သည် ဖာရိရှဲများ၏ တာဝန်ကျေသော သားစဉ်မြေးဆက်များ မဟုတ်ပေဘူးလော။ ယုဒ ဖာရိရှဲတို့သည် ယေရှုကို ပြစ်တင်ရှုတ်ချရန် မောရှေ၏ပညတ်ကို အသုံးပြုခဲ့ကြ၏။ ၎င်းတို့သည် ထိုကာလကယေရှုနှင့် သဟဇာတဖြစ်ရန် ကြိုးပမ်းခြင်း မပြုခဲ့ကြသော်လည်း၊ အပြစ်မဲ့သောယေရှုကို ဓမ္မဟောင်းကျမ်း၏ ပညတ်တော်ကို မလိုက်နာခြင်း၊ မေရှိယ မဟုတ်ခြင်းတို့ဖြင့် တရားစွဲဆိုပြီးနောက်၊ အဆုံးတွင် ကားစင်တင်သည့်အထိ ပညတ်တရားကို ဝီရိယရှိစွာ အတိအကျလိုက်နာခဲ့၏။ ၎င်းတို့၏ပင်ကိုသဘာဝကား အဘယ်နည်း။ ယင်းမှာ ၎င်းတို့သည် သမ္မာတရားနှင့် သဟဇာတဖြစ်သည့်လမ်းကို မရှာဖွေခဲ့ခြင်း မဟုတ်သလော။ ၎င်းတို့သည် သမ္မာကျမ်းစာ၏စကားလုံး တစ်လုံးချင်းစီအပေါ် စွဲလမ်းခဲ့ကြသော်လည်း

ငါ၏အလိုဆန္ဒသော်လည်းကောင်း ငါ့အမှု၏အဆင့်များနှင့် နည်းလမ်းများကိုသော်လည်းကောင်း လုံးဝဂရုပြုခြင်း မရှိပေ။ ၎င်းတို့သည် သမ္မာတရားကို ရှာဖွေခဲ့ကြသူများ မဟုတ်ဘဲ စကားလုံးများကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ခဲ့ကြသူများဖြစ်ခဲ့၏။ ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်ခဲ့ကြသူများ မဟုတ်ဘဲ သမ္မာကျမ်းစာကို ယုံကြည်ခဲ့ကြသူများ ဖြစ်၏။ အဓိကအားဖြင့် ၎င်းတို့သည် ကျမ်းစာကို စောင့်ကြပ်သူများ ဖြစ်ခဲ့ကြ၏။ သမ္မာကျမ်းစာ၏အကျိုးစီးပွားတို့ကို ကာကွယ်ရန်၊ သမ္မာကျမ်းစာ၏ဂုဏ်ကို ထိန်းသိမ်းထားရန်နှင့် သမ္မာကျမ်းစာ၏ ဂုဏ်သတင်းကို ကာကွယ်ရန်၊ ၎င်းတို့သည် ကရုဏာရှင်ယေရှုကို ကားစင်တင်သည်အထိ ပြုခဲ့ကြ၏။ ၎င်းတို့သည် သမ္မာကျမ်းစာကို ကာကွယ်ရုံအတွက်နှင့် လူတို့၏နှလုံးသားတွင် သမ္မာကျမ်းစာ၏ စကားလုံးတိုင်း၏ အနေအထားကို ထိန်းသိမ်းထားရန်အတွက်သာ ဤသို့ပြုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် သမ္မာကျမ်းစာ၏ အယူဝါဒနှင့် ကိုက်ညီခြင်းမရှိခဲ့သော ယေရှုအား သေဒဏ်ချမှတ်ရေးအတွက် ၎င်းတို့၏အနာဂတ်နှင့် အပြစ် ဖြေရာယဇ်တို့ကို စွန့်ပယ်ရန် ပိုမိုလိုလားခဲ့ကြ၏။ ထိုသူတို့သည် သမ္မာကျမ်းစာ၏ စကားလုံးတိုင်း၏ လက်ပါးစေများ ဖြစ်ခဲ့သည် မဟုတ်လော။

ယနေ့လူတို့ရော မည်သို့ရှိသနည်း။ ခရစ်တော်သည် သမ္မာတရားကို ထုတ်ပြန်ရန် ကြွလာခဲ့သော်လည်း ၎င်းတို့သည် ကောင်းကင်ဘုံသို့ ဝင်ရောက်နိုင်ရန်နှင့် ကျေးဇူးတော် လက်ခံရရှိရန်အတွက် သူ့အား ဤလောကမှ နှင်ထုတ်ရန်ကို သာ၍လိုလားခဲ့ကြ၏။ သမ္မာကျမ်းစာ၏ အကျိုးစီးပွားတို့ကို ကာကွယ်ရန် ၎င်းတို့သည် သမ္မာတရားကြွလာခြင်းကို လုံးဝငြင်းဆိုရန်ကို သာ၍လိုလားခဲ့ကြကာ၊ သမ္မာကျမ်းစာ ထာဝရတည်ရှိအောင် ပြုလုပ်ရန်အတွက် လူ့ဇာတိခံ၍ တစ်ဖန်ပြန်ကြွလာသော ခရစ်တော်ကို တစ်ဖန်ကားစင်တင်ရန်ကို သာ၍လိုလားခဲ့ကြ၏။ လူသား၏နှလုံးသားတွင် မလိုမုန်းထားမှုများ များလွန်းပြီး၊ သူ၏သဘာဝသည် ငါ့ကိုဆန့်ကျင်လွန်းသောအခါ၊ သူသည် ငါ၏ကယ်တင်ခြင်းကို မည်သို့လက်ခံရရှိနိုင်မည်နည်း။ ငါသည် လူတို့ထဲတွင်နေသော်လည်း လူသည် ငါရှိကြောင်းကို မသိပေ။ ငါသည် ငါ၏အလင်းကို လူသားအပေါ် ထွန်းလင်းသည့်အခါ သူသည် ငါရှိကြောင်းကို မသိဘဲရှိနေသေး၏။ ငါ၏အမျက်ဒေါသကို လူသားအပေါ် လွှတ်လိုက်သည့်အခါ သူသည် ငါရှိနေကြောင်းကို ပို၍ကြီးမားသောအားမာန်ဖြင့် ငြင်းဆို၏။ လူသားသည် စကားလုံးများ၊ သမ္မာကျမ်းစာများတို့နှင့် သဟဇာတဖြစ်ရေးကို ရှာ၏။ သို့ရာတွင် သမ္မာတရားနှင့် သဟဇာတဖြစ်ရေးအတွက် လမ်းကိုရှာဖွေရန် ငါ့ရှေ့မှောက်လာရောက်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ လူသားသည် ကောင်းကင်၌ရှိသော ငါ့ကို မျှော်ကြည့်၍

ကောင်းကင်၌ ငါရှိနေခြင်းကို အထူးအလေးထားသော်လည်း၊ လူ့ဇာတိခန္ဓာ၌ရှိနေသော ငါ့အကြောင်းကို မည်သူကမျှ အရေးမပေးပေ။ အဘယ်ကြောင့်ဆိုသော် လူသားအကြားတွင်နေလျက်ရှိသော ငါသည် အရေးမပါလွန်းသောကြောင့်သာ ဖြစ်သည်။ သမ္မာကျမ်းစာ၏ စကားလုံးများနှင့် သဟဇာတဖြစ်ရန်သာ ကြိုးစားသူများနှင့် ဝေဝါးသောဘုရားသခင်နှင့် သဟဇာတဖြစ်ရန်သာ ကြိုးစားသူများသည် ငါ့အတွက် စိတ်ဆင်းရဲစရာ မြင်ကွင်းတစ်ခုသာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကိုးကွယ်သည့်အရာမှာ သက်မဲ့စကားလုံးများနှင့် ၎င်းတို့အား ပြောမပြနိုင်လောက်အောင် မြောက်မြားစွာသောရတနာများကို ပေးနိုင်စွမ်းရှိသော ဘုရားသခင်တစ်ပါးသာဖြစ်သောကြောင့် ဖြစ်သည်။ ၎င်းတို့ကိုးကွယ်သည့်အရာမှာ လူသား၏တန်ခိုးလက်အောက်တွင် ရှိမည့်ဘုရားသခင်၊ မတည်ရှိသောဘုရားသခင် ဖြစ်၏။ ထိုအခါ ထိုသို့သောလူတို့သည် ငါ့ထံမှ မည်သည့်အရာကို ရရှိနိုင်မည်နည်း။ လူသားသည် နိမ့်ကျလွန်းသဖြင့် ဖော်ပြ၍ပင် မရချေ။ ငါ့ကိုဆန့်ကျင်သူများ၊ ငါ့ထံမှ အကန့်အသတ်မရှိ တောင်းဆိုသူများ၊ သမ္မာတရားကိုမမြတ်နိုးသူများ၊ ငါ့ကိုပုန်ကန်သူများ— ထိုသူတို့သည် ငါနှင့် မည်သို့ သဟဇာတ ဖြစ်နိုင်ကြမည်နည်း။

ငါ့ကိုဆန့်ကျင်သူများသည် ငါနှင့်သဟဇာတမဖြစ်သူများ ဖြစ်ကြ၏။ သမ္မာတရားကို မမြတ်နိုးသောသူများသည်လည်း ထိုသို့ပင်ဖြစ်၏။ ငါ့ကိုပုန်ကန်သူများသည် ငါ့ကို သာ၍ပင် ဆန့်ကျင်ကာ ငါနှင့်သာ၍ပင် သဟဇာတမဖြစ်ကြပေ။ ငါနှင့်သဟဇာတ မဖြစ်သူအားလုံးကို ငါသည် မာရ်နတ်၏လက်ထဲသို့ ပို့ပြီး ငါသည် ၎င်းတို့အား မာရ်နတ်၏ပျက်စီးခြင်းထဲသို့ စွန့်လွှတ်၏၊ ၎င်းတို့၏ဆိုးသွမ်းမှုများကို ထုတ်ဖော်ရန် ၎င်းတို့ဆန္ဒရှိသည်အတိုင်း လုပ်စေလျက်၊ အဆုံးတွင် ဝါးမျိုခြင်းခံရရန် ငါသည် ၎င်းတို့အား မာရ်နတ်၏ လက်ထဲသို့ အပ်လိုက်၏။ လူဘယ်နှစ်ဦး ငါ့အားကိုးကွယ်သည်ကို ငါသည် ဂရုမစိုက်။ လူဘယ်နှစ်ဦး ငါ့အားယုံကြည်သည်ကို ငါဂရုမစိုက်ဟု ဆိုလိုခြင်းဖြစ်သည်။ လူဘယ်နှစ်ဦး ငါနှင့်သဟဇာတ ဖြစ်သည်ကိုသာ ငါအာရုံစိုက်၏။ ယင်းမှာ ငါနှင့်သဟဇာတ မဖြစ်သူအားလုံးသည် ငါ့အပေါ်သစ္စာဖောက်သည့် ဆိုးယုတ်သူများဖြစ်သောကြောင့် ဖြစ်သည်။ ထိုသူတို့သည် ငါ၏ရန်သူများဖြစ်ကြကာ၊ ငါ၏ရန်သူများကို ငါ့အိမ်တွင် ငါသည် "အမြတ်တနိုးထား" မည်မဟုတ်။ ငါနှင့်သဟဇာတ ဖြစ်သူများသည် ငါ့အိမ်တွင် ငါ့အား ထာဝရအစေခံလျက်၊ ငါ့ကို ဆန့်ကျင်သူများသည် ငါ၏အပြစ်ဒဏ်ကို ထာဝရခံစားရမည်။ ကျမ်းစာ၏စကားလုံးများကိုသာ အရေးပေးသူများနှင့် သမ္မာတရားကို အလေးမထားသူများသော်လည်းကောင်း ငါ၏ခြေလှမ်းများကို ရှာဖွေရန် အရေးမပေးသူများသော်လည်းကောင်း— ထိုသူတို့သည် ငါ့ကို

ဆန့်ကျင်ကြ၏။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် ငါ့အား သမ္မာကျမ်းစာအတိုင်း ကန့်သတ်ကြကာ၊ သမ္မာကျမ်းစာအတွင်းတွင် ငါ့ကို ဘောင်ခတ်ထားကြသဖြင့် ငါ့ကို လွန်ကဲစွာပြစ်မှားကြသောကြောင့် ဖြစ်၏။ ထိုသို့သောသူများ ငါ၏ရှေ့မှောက်သို့ မည်သို့လာနိုင်မည်နည်း။ ထိုသူတို့သည် ငါ၏လုပ်ဆောင်ချက်များ၊ သို့မဟုတ် ငါ၏အလိုဆန္ဒ၊ သို့မဟုတ် သမ္မာတရားကို လုံးဝဂရုမစိုက်ဘဲ သေစေသော စကားလုံးများကိုသာ စွဲလမ်းကြ၏။ ထိုကဲ့သို့သောလူတို့သည် ငါနှင့် မည်သို့ သဟဇာတဖြစ်နိုင်မည်နည်း။

ငါသည် နှုတ်ကပတ်တော်များစွာကို ဖော်ပြခဲ့ပြီးဖြစ်ပြီး ငါ၏အလိုဆန္ဒနှင့် စိတ်သဘောထားတို့ကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်၏။ သို့သော်ငြားလည်း လူတို့သည် ငါ့ကို သိနိုင်စွမ်းနှင့် ငါ့ကို ယုံကြည်နိုင်စွမ်း မရှိကြသေးပေ။ သို့မဟုတ် လူတို့သည် ငါ့ကို နာခံနိုင်စွမ်း မရှိကြသေးဟု ဆိုနိုင်ပေသည်။ သမ္မာကျမ်းစာအတွင်းတွင် နေထိုင်သူများ၊ ပညတ်တော်အတွင်းတွင် နေထိုင်သူများ၊ လက်ဝါးကပ်တိုင်ပေါ်တွင် နေသူများ၊ အယူဝါဒအတိုင်း နေထိုင်သူများ၊ ယနေ့ ငါပြုသည့်အမှုအကြား နေသူများ— ၎င်းတို့အနက် မည်သူသည် ငါနှင့် သဟဇာတဖြစ်သနည်း။ သင်တို့သည် ကောင်းချီးမင်္ဂလာများနှင့် ဆုလာဘ်များကို ရရှိရန်သာ စဉ်းစား၍ ငါနှင့် မည်သို့ သဟဇာတဖြစ်ရန် သို့မဟုတ် ငါကိုဆန့်ကျင်ခြင်းမပြုရန် သင်တို့ကိုယ်သင်တို့ မည်သို့ တားဆီးရမည်ကို စိုးစဉ်းမျှပင် မည်သည့်အခါကမျှ မစဉ်းစားခဲ့ကြဖူးပေ။ ငါသည် သင်တို့အပေါ် လွန်စွာစိတ်ပျက်၏။ အဘယ်ကြောင့်ဆိုသော် ငါသည် သင်တို့ကို များစွာပေးခဲ့ပြီးဖြစ်သော်လည်း ငါသည် သင်တို့ထံမှ အနည်းငယ်သာ ရရှိခဲ့၏။ သင်တို့၏ လှည့်ဖြားမှု၊ သင်တို့၏မောက်မာမှု၊ သင်တို့၏လောဘ၊ သင်တို့၏ လွန်ကဲသောအလိုဆန္ဒများ၊ သင်တို့၏ သစ္စာဖောက်မှု၊ သင်တို့၏ မနာခံမှု— ၎င်းတို့အနက် မည်သည့် အရာသည် ငါ၏သတိပြုမိခြင်းမှ လွတ်မြောက်နိုင်မည်နည်း။ သင်တို့သည် ငါ့အား ပေါ့ပေါ့ဆဆ သဘောထား၏၊ ငါ့အား လှည့်စား၏၊ ငါ့အား စော်ကား၏၊ ငါ့အား နားပူနားဆာလုပ်၏၊ ယဇ်ကောင်များအတွက် ငါ့အား အတင်းအကျပ်တောင်းဆို၏၊ ငါ့ထံမှ အဓမ္မယူ၏— ထိုကဲ့သို့သော ဒုစရိုက်သည် ငါ၏အပြစ်ဒဏ်မှ မည်သို့ ရှောင်တိမ်းနိုင်မည်နည်း။ ဤဆိုးယုတ်မှုတစ်ခုလုံးသည် ငါ့အပေါ် သင်တို့၏ရန်လိုသောသဘော၏ အထောက်အထားဖြစ်ပြီး၊ သင်တို့သည် ငါနှင့်သဟဇာတမဖြစ်ကြောင်း အထောက်အထားဖြစ်၏။ သင်တို့ တစ်ဦးချင်းစီသည် သင်တို့ကိုယ်သင်တို့ ငါနှင့်အလွန်သဟဇာတဖြစ်သည်ဟု ယူဆကြ၏။ သို့သော် ထိုသို့ဖြစ်ပါက မှားယွင်းကြောင်းမငြင်းဆိုနိုင်သော ဤအထောက်အထားသည် မည်သူနှင့် သက်ဆိုင်သနည်း။ သင်တို့ကိုယ်သင်တို့ ငါ့အပေါ် အဆုံးစွန်သော စစ်မှန်မှုရှိပြီး သစ္စာရှိသည်ဟု ယူဆကြ၏။

သင်တို့သည် ကြင်နာလွန်း၍ ကရုဏာတရားကြီးမားလွန်းကာ ငါ့ကို လွန်စွာဆက်ကပ်ခဲ့ပြီးပြီဟု ထင်ကြ၏။ သင်တို့သည် ငါ့အတွက် လုံလောက်သည်ထက်ပို၍ ဆောင်ရွက်ပေးခဲ့ပြီးပြီဟု ထင်ကြ၏။ သို့သော် ဤထင်မြင်ချက်ကို သင်တို့၏ အပြုအမူများနှင့် နှိုင်းယှဉ်ခဲ့ဖူးသလော။ သင်တို့သည် လွန်စွာမောက်မာသည်၊ လွန်စွာ လောဘကြီးသည်၊ ဝတ်ကျေတမ်းကျေသာ လွန်စွာပြုသည်ဟု ငါဆို၏။ သင်တို့ငါ့အားလှည့်စားသည့် လှည့်ကွက်များသည် လွန်စွာပါးနပ်ပြီး၊ သင်တို့တွင် လွန်စွာစက်ဆုပ်ဖွယ်ကောင်းသော ရည်ရွယ်ချက်များနှင့် စက်ဆုပ်ဖွယ်ကောင်းသော နည်းလမ်းများရှိကြ၏။ သင်တို့၏ သစ္စာရှိမှုသည် လွန်စွာနည်းပါး၏။ သင်တို့၏ စိတ်အားထက်သန်မှုသည် လွန်စွာသေးနုပ်၍ သင်တို့၏ အသိတရားသည် ပို၍ပင်မရှိ ဖြစ်နေ၏။ သင်တို့၏နှလုံးသားများတွင် မလိုမုန်းထားမှုများ များလွန်း၍ သင်၏မလိုမုန်းထားမှုမှ မည်သူမျှ မကင်းလွတ်၊ ငါသည်ပင် မကင်းလွတ်ပေ။ သင်တို့၏သားသမီးများအတွက်၊ သို့မဟုတ် သင်တို့၏ ခင်ပွန်းအတွက် သို့မဟုတ် သင်တို့ကိုယ်တိုင် ရှင်သန်မှုအတွက် ကြိုးပမ်းရန် သင်တို့သည် ငါ့ကို ပယ်ထားကြ၏။ ငါ့အပေါ်ဂရုစိုက်မည့်အစား သင်တို့သည် သင်တို့၏မိသားစု၊ သင်တို့၏သားသမီးများ၊ သင်တို့၏ဂုဏ်သိမ်၊ သင်တို့၏အနာဂတ်နှင့် သင်တို့ကိုယ်တိုင် အားရကျေနပ်ရန်အတွက် သင်တို့ အာရုံစိုက်ကြ၏။ သင်တို့ပြောဆိုလုပ်ကိုင်ခဲ့စဉ် မည်သည့်အခါက သင်တို့သည် ငါ့ကို စဉ်းစားမိခဲ့ဖူးသနည်း။ ရာသီဥတုအလွန်အေးစိမ့်သည့် နေ့များတွင် သင်တို့၏အတွေးများသည် သင်တို့၏သားသမီးများ၊ သင်တို့၏ ခင်ပွန်း၊ သင်တို့၏ဇနီး၊ သို့မဟုတ် သင်တို့၏ မိဘများထံသို့ ရောက်သွားကြ၏။ ရာသီဥတုအလွန်ပူပြင်းသည့် နေ့များတွင်လည်း ငါသည် သင်တို့၏ အတွေးများတွင် နေရာမရရှိပေ။ သင်သည် သင်၏တာဝန်ကို ထမ်းဆောင်သည့်အခါ သင်ကိုယ်တိုင်၏ အကျိုးစီးပွားများ၊ သင်ကိုယ်တိုင်၏ ဘေးကင်းလုံခြုံရေး၊ သင်၏မိသားစုဝင်များကို စဉ်းစားနေ၏။ သင်သည် ငါ့အတွက် မည်သည့်အရာ ဆောင်ရွက်ခဲ့ဖူးသနည်း။ သင်သည် ငါ့ကို မည်သည့်အခါက စဉ်းစားခဲ့ဖူးသနည်း။ မည်သို့ပင်အနစ်နာခံရသည်ဖြစ်စေ ငါနှင့် ငါ၏အမှု အတွက် သင့်ကိုယ်သင် မည်သည့်အခါက ဆက်ကပ်ခဲ့ဖူးသနည်း။ ငါနှင့်သင် သဟဇာတဖြစ်မှုအထောက်အထားက အဘယ်မှာနည်း။ ငါ့အပေါ် သင်၏သစ္စာရှိမှု၏ စစ်မှန်မှုက အဘယ်မှာနည်း။ ငါ့အပေါ် သင်၏နာခံမှု၏ စစ်မှန်မှုက အဘယ်မှာနည်း။ သင်၏ရည်ရွယ်ချက်များသည် ငါ၏ကောင်းချီးမင်္ဂလာများကို ခံစားရရေးအတွက် မဟုတ်သည့်အချိန်သည် မည်သည့်အခါက ဖြစ်ခဲ့ဖူးသနည်း။ သင်တို့သည် ငါ့ကိုလှည့်စား၍ လှည့်ဖြား၏။ သင်တို့သည် သမ္မာတရားနှင့်ကစားကာ၊ သမ္မာတရားရှိကြောင်း ဖုံးကွယ်ထားကြလျက် သမ္မာတရား၏ အနှစ်သာရကို သစ္စာဖောက်ကြ၏။ ဤနည်းဖြင့် ငါ့ကို

ဆန့်ကျင်ခြင်းအားဖြင့် အနာဂတ်တွင် သင်တို့ကို မည်သည့်အရာက စောင့်နေသနည်း။ သင်တို့သည် ဝေဝါးသော ဘုရားသခင်တစ်ပါးနှင့် သဟဇာတဖြစ်ရေးကိုသာ ကြိုးစားကြ၍ ဝေဝါးသော ယုံကြည်ခြင်းကိုသာ ရှာဖွေကြ၏။ သို့ရာတွင် သင်တို့သည် ခရစ်တော်နှင့် သဟဇာတမဖြစ်ပေ။ သင်တို့၏ဒုစရိုက်သည် ဆိုးယုတ်သူတို့ရရှိထိုက်သည့် ဒဏ်ခတ်ခြင်းကို မရရှိထိုက်ပေဘူးလော။ ထိုအချိန်တွင် ခရစ်တော်နှင့်သဟဇာတမဖြစ်သူ မည်သူမျှ အမျက်တော်ထွက်ရာနေ့မှ မလွတ်မြောက်နိုင်ကြောင်းကို သင်တို့ သိကြလိမ့်မည်ဖြစ်၍၊ ခရစ်တော်ကို ဆန့်ကျင်သူများအပေါ် မည်ကဲ့သို့သော ပြစ်ဒဏ်မျိုးကျရောက်မည်ကိုလည်း သင်တို့ တွေ့ရှိကြလိမ့်မည်။ ထိုနေ့ကျရောက်သောအခါ ဘုရားသခင်၌ သင်တို့၏ယုံကြည်ခြင်းအတွက် ကောင်းချီးမင်္ဂလာခံစားရခြင်းနှင့် ကောင်းကင်ဘုံသို့ ဝင်ရောက်ခြင်းအကြောင်း သင်တို့၏စိတ်ကူးအားလုံးတို့သည် တစ်စစီပျက်ပြယ်သွားလိမ့်မည်။ သို့ရာတွင် ခရစ်တော်နှင့် သဟဇာတဖြစ်သောသူတို့အတွက်မူကား ဤသို့ဖြစ်လိမ့်မည်မဟုတ်ပေ။ ထိုသူတို့သည် များစွာဆုံးရှုံးခဲ့ကြသော်လည်း၊ အခက်အခဲများစွာကို ခံစားခဲ့ကြရသော်လည်း၊ လူသားမျိုးနွယ်အပေါ် ငါပေးသည့် အမွေအားလုံးကို ရကြလိမ့်မည်။ အဆုံးတွင် ငါသည်သာလျှင် ဖြောင့်မတ်သောဘုရားသခင်ဖြစ်ကြောင်းနှင့် ငါသည်သာလျှင် လူသားမျိုးနွယ်အား သူ၏လှပသောပန်းတိုင်သို့ ခေါ်ဆောင်သွားနိုင်စွမ်းရှိကြောင်း သင်တို့ နားလည်ကြလိမ့်မည်။

## သင်သည် ဘုရားသခင်ကို ယုံကြည်သူစစ်စစ်တစ်ယောက် ဖြစ်သလော

ဘုရားသခင်ကို သင် ယုံကြည်ခြင်း လမ်းကြောင်းကို တစ်နှစ်၊ သို့မဟုတ် နှစ်နှစ်ကျော်ကြာ လျှောက်လှမ်းပြီးဖြစ်ကောင်း ဖြစ်နိုင်သကဲ့သို့၊ သင့်ဘဝတွင် ဤနှစ်ကာလများအတောအတွင်း အခက်အခဲများစွာ ကြုံကြုံခဲ့ရပြီး ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် သင့်အနေဖြင့် အခက်အခဲများစွာ ကြုံကြုံမခံရဘဲ၊ ယင်းအစား ကျေးဇူးတော် များစွာကို လက်ခံရရှိပြီး ဖြစ်ကောင်းဖြစ်မည်။ သင်သည် အခက်အခဲဖြစ်စေ ကျေးဇူးတော်ဖြစ်စေ မတွေ့ကြုံရလေဘဲ၊ ယင်းထက် မထူးခြားသော အသက်တာတစ်ခု အသက်ရှင်ပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ သင်သည် ဘုရားသခင်၏ နောက်လိုက်တစ်ဦး ဖြစ်နေဆဲဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်နောက်လိုက်ခြင်း အကြောင်းအရာနှင့်ပတ်သက်၍ မိတ်သဟာယပြုကြစို့။ သို့ရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် သူ့ကို အသိအမှတ်ပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ လူအားလုံးဆီသို့ ရည်ရွယ်သည် မဟုတ်ဘဲ၊ ဘုရားသခင်ကို

အသိအမှတ်ပြုပြီး ဘုရားသခင်နောက်သို့ လိုက်သောသူအားလုံး အတွက်သာ ရည်ရွယ်ထားခြင်း ဖြစ်ကြောင်း ဤစကားများကို ဖတ်ရှုသောသူတို့အားလုံးကို ငါ သတိပေးရမည်။ အကယ်၍ ဘုရားသခင်သည် မြောက်မြားစွာသောလူထုထံ၊ ကမ္ဘာလောကရှိ လူအားလုံးထံသို့ စကားပြောဆိုသည်ဟု သင် ယုံကြည်ပါက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင့်အပေါ်၌ အကျိုးသက်ရောက်မှု ရှိလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် သင်သည် ဤနှုတ်ကပတ်တော်များ အားလုံးကို သင်၏စိတ်နှလုံးထဲတွင် အောက်မေ့သင့်ပြီး၊ ယင်းတို့မှ သင့်ကိုယ်သင် အမြဲမချန်လှပ်သင့်ပေ။ မည်သို့ပင်ဖြစ်စေ ငါတို့အိမ်၌ မည်သည့်အရာ ဖြစ်ပျက်နေသည်နှင့်ပတ်သက်၍ ပြောဆိုကြပါစို့။

သင်တို့အားလုံးသည် ဘုရားသခင်၌ ယုံကြည်ခြင်း၏ စစ်မှန်သော အဓိပ္ပာယ်ကို ယခု သဘောပေါက်သင့်ပေသည်။ ယခင်က ငါပြောခဲ့သည့် ဘုရားသခင်၌ ယုံကြည်ခြင်း၏ အဓိပ္ပာယ်သည် သင်တို့၏ အပြုသဘောဆောင်သော ဝင်ရောက်မှုနှင့် ဆက်စပ်ပေသည်။ ယနေ့သည် ကွဲပြားခြားနားသည်- ယနေ့ သင်တို့၏ ဘုရားသခင်၌ ယုံကြည်ခြင်း၏ အနှစ်သာရကို ငါ စိစစ်လိုသည်။ ဟုတ်ပေ၏၊ ဤသည်မှာ သင်တို့ကို အပျက်သဘောဆောင်သည့် ရှုထောင့်တစ်ခုမှ လမ်းပြနေခြင်း ဖြစ်သည်။ အကယ်၍ ငါသည် လမ်းမပြခဲ့ပါက၊ သင်တို့သည် သင်တို့၏ စစ်မှန်သော မျက်နှာကို မည်သည့်အခါမျှ သိရှိလိမ့်မည် မဟုတ်သကဲ့သို့၊ သင်တို့၏ ဘုရားတရား ကိုင်းရှိုင်းမှုနှင့် သစ္စာရှိမှုတို့နှင့် ပတ်သက်၍ သင်တို့ အစဉ်အမြဲ ကြွားဝါမည် ဖြစ်သည်။ သင်တို့၏ နှလုံးသား အတွင်းနက်နက်ရှိ အကျည်းတန်မှုကို ငါဖော်ထုတ်မပြပါက၊ သင်တို့ အသီးသီးသည် သင်တို့၏ ခေါင်းပေါ်တွင် သရဖူထားရှိကာ မိမိကိုယ်ကိုယ်အတွက် ဂုဏ်အသရေကို ထိန်းသိမ်းကြမည် ဖြစ်သည်။ သင်တို့၏ မာနထောင်လွှားပြီး စိတ်ကြီးဝင်သည့် သဘာဝသည် သင်တို့၏ ကိုယ်ပိုင်အသိစိတ်များကို သစ္စာဖောက်ရန်၊ ခရစ်တော်ကို ပုန်ကန်ပြီး ခုခံမိစေရန်နှင့်၊ သင်တို့၏အကျည်းတန်မှုကို ထုတ်ဖော်ပြသရန်၊ ထိုသို့ဖြင့် သင်တို့၏ရည်ရွယ်ချက်များ၊ အယူအဆများ၊ လွန်ကျူးသော အလိုဆန္ဒများနှင့် လောဘနှင့်ပြည့်သော မျက်လုံးများကို ဖော်ထုတ်ဖို့ တိုက်တွန်းလေသည်။ သို့သော် သင်တို့သည် ခရစ်တော်၏ အမှုအတွက် သင်တို့၏ ရာသက်ပန် စိတ်ထက်သန်မှု အကြောင်းနှင့်ပတ်သက်၍ ဆက်လက် တတွတ်တွတ်ပြောကြပြီး၊ အချိန်ကြာမြင့်စွာက ခရစ်တော်ပြောခဲ့သော သမ္မာတရားများကို ထပ်ခါတလဲလဲ ပြန်လည်ပြောဆိုကြသည်။ ဤသည်မှာ သင်တို့၏ "ယုံကြည်ခြင်း"- "အညစ်အကြေး မရှိသော သင်တို့၏ ယုံကြည်ခြင်း" ဖြစ်သည်။ ငါသည် တစ်လျှောက်လုံး လူသားကို တင်းကျပ်သော စံနှုန်းတစ်ခု သတ်မှတ်ထားပြီးဖြစ်သည်။ အကယ်၍ သင်၏ သစ္စာစောင့်သိမှုသည်

ရည်ရွယ်ချက်များနှင့် သတ်မှတ်ချက်များဖြင့် လာပါက၊ ၎င်းတို့၏ ရည်ရွယ်ချက်များမှတစ်ဆင့် ငါ့ကို လှည့်ဖြားပြီး၊ သတ်မှတ်ချက်များဖြင့် ငါ့ကို ခြိမ်းခြောက်ညှစ်ယူသောသူတို့ကို ငါ စက်ဆုပ်သည့်အတွက်၊ သင်၏ သစ္စာစောင့်သိမှုဟု ခေါ်သောအရာမရှိဘဲသာ နေလိုက်ချင်သည်။ လူ့အနေဖြင့် ငါ့အား လုံးဝ သစ္စာစောင့်သိကြရန်နှင့်- ယုံကြည်ခြင်း-ဟူသော စကားလုံး တစ်လုံးအတွက်- သက်သေပြရန်အလို့ငှာ- အရာခပ်သိမ်းကို လုပ်ဆောင်ဖို့ကိုသာ ငါ အလိုရှိသည်။ ငါသည် သင်တို့ကို စစ်မှန်ရိုးသားမှုဖြင့် အမြဲ ဆက်ဆံခဲ့ပြီး၊ ထို့ကြောင့် သင်တို့သည်လည်း ငါ့အပေါ် စစ်မှန်သော ယုံကြည်ခြင်းဖြင့် ပြုမူရန် ငါ ဆန္ဒရှိသည့်အတွက်၊ ငါကို ဝမ်းမြောက်စေရန် ကြိုးစားဖို့ သင်တို့၏ ချော့လုံးမြောက်လုံးများ အသုံးပြုခြင်းကို ငါ စက်ဆုပ်ရွံရှာသည်။ ယုံကြည်ခြင်းနှင့်ပတ်သက် လာသည့်အခါ၊ လူများစွာက ၎င်းတို့သည် ယုံကြည်ခြင်းရှိသောကြောင့် ဘုရားသခင်နောက်သို့ ၎င်းတို့ လိုက်ကြသည်ဟု တွေးထင်ကြပြီး တစ်နည်းအားဖြင့် ထိုသို့သော ဆင်းရဲဒုက္ခကို ၎င်းတို့ သည်းခံကြမည် မဟုတ်ပေ။ ထို့ကြောင့် ငါသည် သင့်ကို ဤသို့မေးသည်- ဘုရားသခင်၏ တည်ရှိခြင်းကို သင်ယုံကြည်လျှင်၊ သူ့ကို အဘယ်ကြောင့် မကြောက်ရွံ့သနည်း။ ဘုရားသခင်၏ တည်ရှိခြင်းကို သင် ယုံကြည်လျှင်၊ သင့်စိတ်နှလုံးထဲ၌ အဘယ်ကြောင့် သူ့ကိုကြောက်ရွံ့ခြင်း စိုးစဉ်းမျှ မရှိသနည်း။ ခရစ်တော်သည် ဘုရား၏ လူ့ဇာတိခံယူခြင်း ဖြစ်သည်ကို သင်လက်ခံသည်၊ သို့ဆိုလျှင် အဘယ်ကြောင့် သင်သည် သူ့ကို မထီမဲ့မြင်ပြုသနည်း။ အဘယ်ကြောင့် သင်သည် သူ့အပေါ် မလေးမခန့် ပြုမူသနည်း။ သူ့ကို အဘယ်ကြောင့် ပေါ်ပေါ်တင်တင် ဝေဖန်အကဲဖြတ်သနည်း။ သူ၏လှုပ်ရှားမှုများ အပေါ် အဘယ်ကြောင့် သင် အမြဲ စောင့်ကြည့်ရသနည်း။ သူ၏အစီအစဉ်များကို အဘယ်ကြောင့် မကျိုးနွံမနာခံသနည်း။ အဘယ်ကြောင့် သင်သည် သူ၏ နှုတ်ကပတ်တော်နှင့်အညီ မပြုမူသနည်း။ သူ၏ လှူဖွယ်ပစ္စည်းများကို အဘယ်ကြောင့် သူ့ထံမှ ခြိမ်းခြောက်ညှစ်ယူပြီး လုယက်ဖို့ ကြိုးစားသနည်း။ အဘယ်ကြောင့် သင်သည် ခရစ်တော်၏နေရာမှ စကားပြောသနည်း။ သူ၏အမှုနှင့် နှုတ်ကပတ်တော်တို့က မှန်သည်၊ မမှန်သည်ကို အဘယ်ကြောင့် သင်ဝေဖန်အကဲဖြတ်သနည်း။ သူ၏ နောက်ကွယ်တွင် အဘယ်ကြောင့် သူ့ကို ပြစ်မှားစော်ကားဝံ့သနည်း။ ဤအရာများနှင့် အခြားအရာများသည် သင်တို့၏ ယုံကြည်ခြင်းတွင် ပါဝင်သည့်အရာများ ဖြစ်သည် မဟုတ်လော။

သင်တို့၏စကားများနှင့် အပြုအမူတွင် သင်တို့၏ ခရစ်တော်၌ မယုံကြည်မှု အရိပ်လက္ခဏာများ ထုတ်ဖော်ပြလေသည်။ သင်တို့ လုပ်ဆောင်သည့်အရာအားလုံး၏ ကြံရွယ်ချက်များနှင့် ရည်မှန်းများသည် မယုံကြည်မှုဖြင့် ပြည့်နှက်နေသည်။ သင်တို့ အကြည့်၏ ဝိသေသလက္ခဏာသည်ပင် ခရစ်တော်ကို မယုံကြည်မှု ပါဝင်နေသည်။ မိနစ်တိုင်းတွင် သင်တို့

အသီးသီးသည် မယုံကြည်မှု အရိပ်လက္ခဏာများ သိုထားကြသည်ဟု ဆိုနိုင်ပေသည်။ ဤသည်မှာ သင်တို့၏ ခန္ဓာကိုယ်ကို ဖြတ်သန်းစီးဆင်းသည့် သွေးများသည် လူ့ဇာတိခံ ဘုရားသခင်ကို မယုံကြည်မှုဖြင့် စိမ်ထားလျက်ရှိသည့်အတွက်၊ အခိုက်အတန့်တိုင်းတွင် သင်တို့သည် ခရစ်တော်အား သစ္စာဖောက်သွားနိုင်သည့် အန္တရာယ် ရှိသည်ကို ဆိုလိုပေသည်။ ထို့ကြောင့် ဘုရားသခင်၌ ယုံကြည်ခြင်း လမ်းကြောင်း ပေါ်တွင် သင်တို့ ချန်ထားသော ခြေရာတို့သည် စစ်မှန်မှု မရှိဟု ငါပြော၏။ ဘုရားသခင်၌ ယုံကြည်ခြင်းလမ်းကြောင်းကို သင်တို့ လျှောက်လှမ်းသည်နှင့်အမျှ၊ သင်တို့သည် သင်တို့၏ ခြေများကို မြေပြင်ပေါ် ခိုင်မာစွာ ချမထားကြချေ- သင်တို့သည် ဟန်ဆောင်လုပ်ပြကြခြင်းမျှ ဖြစ်သည်။ သင်တို့သည် ခရစ်တော်၏ နှုတ်ကပတ်တော်ကို မည်သည့်အခါမျှ အပြည့်အဝ မယုံကြည်ကြသကဲ့သို့၊ ယင်းတို့ကို ချက်ချင်း လက်တွေ့လုပ်ဆောင်နိုင်စွမ်း မရှိကြချေ။ ဤသည်မှာ ခရစ်တော်၌ သင်တို့ ယုံကြည်ခြင်း မရှိကြသည့် အကြောင်းရင်း ဖြစ်သည်။ သူနှင့်ပတ်သက်၍ အယူအဆများ အမြဲရှိခြင်းသည် သူ့ကို သင်တို့ ယုံကြည်မှု မရှိခြင်း၏ နောက်ထပ် အကြောင်းရင်း ဖြစ်သည်။ ခရစ်တော်၏ အမှုနှင့်ပတ်သက်၍ အစဉ် ယုံကြည်မှုကင်းမဲ့ခြင်း၊ ခရစ်တော်၏ နှုတ်ကပတ်တော်များကို နားမထောင်ခြင်း၊ ခရစ်တော်ပြုသော မည်သည့်အမှုမဆိုနှင့်ပတ်သက်၍ အယူအဆများ ရှိခြင်းနှင့် ဤအမှုကို မှန်ကန်စွာ နားမလည်နိုင်ခြင်း၊ မည်သည့် ရှင်းပြချက်ကိုမဆို သင် ရရှိသည်ဖြစ်စေ သင်၏ အယူအဆများကို ဘေးဖယ်ထားရန် အပြင်းအထန် ကြိုးပမ်းရခြင်း စသဖြင့်- ဤအရာများသည် သင်တို့၏နှလုံးသားများထဲ၌ ရောနှောနေသော မယုံကြည်မှု၏ အရိပ်လက္ခဏာများ အားလုံး ဖြစ်သည်။ သင်တို့သည် ခရစ်တော်၏ အမှုနောက်သို့လိုက်ပြီး၊ မည်သည့်အခါမျှ နောက်မကျန်ရစ်ဖူးသော်လည်း၊ သင်တို့၏နှလုံးသားများထဲ၌ ရောနှောထားသည့် ပုန်ကန်မှုများ အလွန်များလှသည်။ ဤပုန်ကန်မှုသည် ဘုရားသခင်၌ သင်၏ယုံကြည်မှုထဲက အညစ်အကြေးတစ်ခု ဖြစ်သည်။ သင်တို့အနေနှင့် ဤအရာ မှန်သည်ဟု တွေးထင်ကောင်း တွေးထင်မည် မဟုတ်သော်လည်း၊ ဤအရာအတွင်းမှ သင်၏ရည်ရွယ်ချက်များကို သတိပြုနိုင်စွမ်း သင်မရှိပါက၊ ဘုရားသခင်သည် သူနှင့်သက်ဆိုင်၍ အယုံအကြည် ကင်းမဲ့သူများနှင့် အနည်းဆုံးအနေဖြင့် သူသည် ဘုရားသခင် ဖြစ်သည်ဟု မည်သည့်အခါတွင်မျှ မယုံကြည်ဖူးဘဲလျက် သူ့နောက် အင်တင်တင်ဖြင့် လိုက်သောသူအားလုံးကို မစုံလင်စေဘဲ၊ သူ့ကို အမှန်တကယ် ယုံကြည်သူများကိုသာ စုံလင်စေသည့်အတွက်၊ သင်သည် ပျက်စီးသည့်သူများထဲတွင် ပါဝင်ဖို့ သေချာပေသည်။

လူအချို့သည် တရားစီရင်မှုကို မဆိုထားနှင့်၊ သမ္မာတရား၌ပင် ဝမ်းမမြောက်ကြပေ။ ထို့အစား

၎င်းတို့သည် တန်ခိုးအာဏာနှင့် ကြွယ်ဝမှုများတွင် ဝမ်းမြောက်ကြသည်။ ထိုသို့သော လူများကို တန်ခိုးအာဏာ ရှာဖွေသူများဟု ခေါ်သည်။ ၎င်းတို့သည် ကမ္ဘာလောကထဲက လွှမ်းမိုးမှုရှိသော ဂိုဏ်းဂဏများကိုသာ ရှာဖွေကြပြီး၊ ကျမ်းစာကျောင်းများမှလာသော သင်းအုပ်များနှင့် ဆရာများကိုသာ ရှာဖွေကြသည်။ ၎င်းတို့ သမ္မာတရား၏ လမ်းခရီးကို လက်ခံကြပြီး ဖြစ်သော်လည်း၊ တစ်ဝက်တစ်ပျက်သာ ယုံကြည်နေကြပေသည်။ ၎င်းတို့သည် ၎င်းတို့၏ နှလုံးသားများနှင့် စိတ်များအားလုံးကို ပေးနိုင်စွမ်း မရှိကြချေ၊ ၎င်းတို့၏ နှုတ်များက ဘုရားသခင်အတွက် အသုံးခံခြင်းကို ပြောဆိုကြသော်လည်း၊ ၎င်းတို့မျက်လုံးများသည် ကြီးမြတ်သည့် သင်းအုပ်များနှင့် ဆရာများအပေါ်တွင်သာ အာရုံစိုက်ကာ၊ ခရစ်တော်ကို အာရုံမစိုက်ကြပေ။ သူတို့၏ နှလုံးသားများသည် ကျော်ကြားမှု၊ အခွင့်အလမ်းနှင့် ဂုဏ်အသရေတို့အပေါ်သာ အစွဲအလမ်းကြီးနေသည်။ ထိုသို့သော သေးသိမ်သည့် လူတစ်ဦးသည် အလွန်များစွာသော သူတို့ကို သိမ်းပိုက်နိုင်စွမ်းရှိမည်၊ သိပ်မထူးခြားသော သူတစ်ဦးက လူသားကို စုံလင်စေနိုင်မည်ဆိုသည်တို့မှာ မဖြစ်နိုင်ဟု ၎င်းတို့ တွေးထင်ကြသည်။ ဖုန်မှုန့်နှင့် နွားချေးပုံများထဲက ဤအညတရများသည် ဘုရားသခင်၏ ရွေးချယ်ခြင်းကို ခံထားရသောသူများ မဖြစ်နိုင်ဟု ၎င်းတို့ တွေးထင်ကြလေသည်။ အကယ်၍ ထိုသို့သော လူများသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို ခံရမည့်သူများ ဖြစ်ပါက၊ ကောင်းကင်နှင့်မြေကြီး ပြောင်းပြန်လှန်မည် ဖြစ်ပြီး၊ လူအားလုံး ထိန်းမနိုင်သိမ်းမရ ရယ်မောကြမည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ ဘုရားသခင်သည် ထိုသို့သော အညတရလူများကို စုံလင်စေဖို့ ရွေးချယ်ခဲ့ပါက၊ ထိုကြီးမြတ်သော လူများသည် ဘုရားသခင်ကိုယ်တိုင် ဖြစ်လာကြလိမ့်မည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ ၎င်းတို့၏ ရှုထောင့်များသည် မယုံကြည်မှုဖြင့် စွန်းထင်းသည်။ မယုံကြည်ခြင်းထက်၊ ၎င်းတို့သည် ယုတ္တိမရှိသော သားရဲတိရစ္ဆာန်များ သက်သက် ဖြစ်ကြပေသည်။ အကြောင်းမှာ ၎င်းတို့သည် အဆင့်အတန်း၊ ဂုဏ်သိက္ခာနှင့် တန်ခိုးအာဏာတို့ကိုသာ တန်ဖိုးထားကြပြီး၊ လူအုပ်ကြီးများနှင့် ဂိုဏ်းဂဏကြီးများကိုသာ အထင်ကြီးကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ခရစ်တော်၏ ဦးဆောင်ခြင်းခံရသောသူများကို စိုးစဉ်းမျှ အလေးမထားကြပေ။ ၎င်းတို့သည် ခရစ်တော်ကို၊ သမ္မာတရားနှင့် အသက်ကို ကျောခိုင်းသော သစ္စာဖောက်များ သက်သက် ဖြစ်ကြပေသည်။

သင် လေးစားအားကျသည်မှာ ခရစ်တော်၏နှိမ့်ချမှု မဟုတ်ဘဲ ထင်ရှားသည့် အဆင့်အတန်း ရှိသော သိုးထိန်းယောင်ဆောင်သူများကို ဖြစ်သည်။ သင်သည် ခရစ်တော်၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းမှု၊ သို့မဟုတ် ဉာဏ်ပညာကို မကြည်ညိုဘဲ၊ ကမ္ဘာလောက၏ ဆိုးညစ်မှုတွင် မွေ့လျော်နေသည့်အကျင့်သီလမဲ့သူများကို ကြည်ညိုပေသည်။ ခေါင်းချရန်

နေရာ မရှိသော ခရစ်တော်၏ နာကျင်မှုဝေဒနာကို သင် လျောင်သွေးသွမ်းသည်၊ သို့သော် လှူဖွယ်ပစ္စည်းများကို ရှာဖွေပြီး၊ သောက်စားပျော်ပါးမှုတွင် အသက်ရှင်သည့် အလောင်းကောင်များကို သင် လေးစားအားကျ၏။ သင်သည် ခရစ်တော်နှင့်အတူ ဆင်းရဲဒုက္ခခံစားရန် လိုလားမနေဘဲ၊ သင့်ကို ဇာတိပကတိ၊ စကားလုံးများနှင့် ထိန်းချုပ်မှုတို့ကိုသာ ပေးသည့် အဆင်အခြင်မဲ့သော အန္တိခရစ်များ၏ ရင်ခွင်ထဲသို့ ဝမ်းပန်းတသာ ခြေစုံပစ်ဝင်သည်။ ယခုတွင်ပင် သင်၏ နှလုံးသားသည် ၎င်းတို့ထံ၊ ၎င်းတို့၏ဂုဏ်သတင်းထံ၊ ၎င်းတို့၏ အဆင့်အတန်းထံ၊ ၎င်းတို့၏ လွှမ်းမိုးမှုထံသို့ လှည့်ထားဆဲ ဖြစ်သည်။ သို့တိုင်အောင် သင်သည် ခရစ်တော်၏အမှုကို လက်ခံရန် ခက်ခဲပြီး၊ ယင်းကို သင် လက်ခံလိုခြင်း မရှိသည့် သဘောထား တစ်ခုကို ဆက်လက် စွဲကိုင်လေသည်။ ဤသည်မှာ သင်သည် ခရစ်တော်ကို အသိအမှတ်ပြုရန် ယုံကြည်ခြင်း ကင်းမဲ့သည်ဟု ငါ ပြောရသည့် အကြောင်းရင်း ဖြစ်သည်။ သင့်အနေဖြင့် ယနေ့ထိ ခရစ်တော်နောက်သို့ လိုက်ရသည်အကြောင်းရင်းမှာ သင်သည် အခြားရွေးစရာ မရှိခဲ့သောကြောင့်သာ ဖြစ်သည်။ ဟိတ်ဟန်ကြီးသော ပုံရိပ်တသီတတန်းသည် သင့်နှလုံးသားတွင် အစဉ်အမြဲ လွှမ်းမိုးနေသည်။ ၎င်းတို့၏ စကားလုံးတိုင်းနှင့် လုပ်ရပ်တိုင်းကို သင်တို့ မမေ့လျော့နိုင်ကြသကဲ့သို့၊ ၎င်းတို့၏ သြဇာညောင်းသော စကားလုံးများနှင့် လက်ရာများကို သင်မမေ့နိုင်ပေ။ သင်တို့၏နှလုံးသားတွင် ၎င်းတို့သည် အစဉ်အမြဲ အမြင့်ဆုံးနှင့် ထာဝရ သူရဲကောင်းများ ဖြစ်ကြသည်။ သို့ရာတွင် ယနေ့၏ ခရစ်တော်အတွက်မူ ထိုသို့မဟုတ်ပေ။ သူသည် သင်၏နှလုံးသားတွင် အစဉ်ထာဝရ အရေးမပါသကဲ့သို့၊ အစဉ်ထာဝရ ရိုသေလေးစားခြင်း မခံထိုက်ပေ။ အကြောင်းမှာ သူသည် အလွန်သာမန် ဖြစ်လွန်းပြီး၊ နည်းပါးလွန်းသည့် သြဇာအရှိန်အဝါရှိကာ မြင့်မြတ်မှုမှ အလွန် အလှမ်းဝေးသောကြောင့် ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ၊ သမ္မာတရားကို တန်ဖိုးမထားသူ အားလုံးသည် မယုံကြည်သူများနှင့် သမ္မာတရားကို သစ္စာဖောက်သူများ ဖြစ်ကြသည်ဟု ငါပြော၏။ ထိုသို့သောသူများသည် ခရစ်တော်၏ လက်ခံမှုကို မည်သည့်အခါမျှ ရကြမည် မဟုတ်ပေ။ သင်၏ အတွင်းတွင် မယုံကြည်မှု မည်မျှရှိပြီး ခရစ်တော်ကို သစ္စာဖောက်မှု သင် မည်မျှရှိသည်ကို ယခု သင် ပိုင်းခြားသိမြင်ပြီးပြီလော။ ထို့ကြောင့် သင့်ကို ငါတိုက်တွန်းသည်- သင်သည် သမ္မာတရားလမ်းကို ရွေးချယ်ပြီးဖြစ်သည့်အတွက်၊ မိမိကိုယ်ကိုယ် စိတ်နှလုံးအကြွင်းမဲ့ ပေးအပ်မြှုပ်နှံသင့်သည်။ စိတ်နှစ်ခွမဖြစ်နှင့်၊ သို့မဟုတ် စိတ်မပါ့တပါ မဖြစ်နှင့်။ ဘုရားသခင်သည် လောကကြီးနှင့် မသက်ဆိုင်သကဲ့သို့ မည်သည့် လူတစ်ဦးနှင့်မျှ မသက်ဆိုင်ဘဲ၊ သူ့ကို အမှန်တကယ် ယုံကြည်သောသူအားလုံး၊ သူ့ကို ကိုးကွယ်သူအားလုံးနှင့်

မိမိကိုယ်ကိုယ် သူ့ထံဆက်ကပ်ပြီး သစ္စာရှိသောသူများအားလုံးနှင့် သက်ဆိုင်သည်ကို သင်နားလည်သင့်သည်။

ယနေ့တွင်၊ သင်တို့အတွင်းတွင် မယုံကြည်မှုများစွာ ကျန်ရှိနေသည်။ မိမိတို့ကိုယ်ကိုယ်အတွင်းသို့ ကြိုးကြိုးစားစားကြည့်လော့၊ ပြီးလျှင် သင်တို့၏အဖြေကို သင်တို့ ဧကန်မုချ တွေ့ကြလိမ့်မည်။ စစ်မှန်သောအဖြေကို သင်တွေ့ရှိသောအခါတွင်၊ သင်သည် ဘုရားသခင်ကို ယုံကြည်သူတစ်ဦး မဟုတ်ဘဲ၊ ယင်းထက် သူ့ကို လှည့်ဖြားသူ၊ စော်ကားပြောဆိုသူ၊ သူ့ကို သစ္စာဖောက်သောသူနှင့် သူ့ကို သစ္စာမစောင့်သိသောသူ ဖြစ်သည်ကို သင် ဝန်ခံလိမ့်မည် ဖြစ်သည်။ ထို့နောက် ခရစ်တော်သည် လူမဟုတ်ဘဲ၊ ဘုရားဖြစ်သည်ကို သင် သဘောပေါက်လိမ့်မည်။ ထိုနေ့ရက် ရောက်လာသည့်အခါ၊ သင်သည် ခရစ်တော်ကို ကြည်ညို၊ ကြောက်ရွံ့ကာ အမှန်တကယ် ချစ်လိမ့်မည်။ လက်ရှိတွင် သင်တို့နှလုံးသား၏ သုံးဆယ်ရာခိုင်နှုန်းသာ ယုံကြည်ခြင်းနှင့် ပြည့်သော်လည်း၊ အခြားခုနစ်ဆယ်ရာခိုင်နှုန်းသည် သံသယနှင့် ပြည့်လေသည်။ ခရစ်တော် လုပ်ဆောင်ခဲ့ပြီး ပြောဆိုခဲ့သမျှတိုင်းသည် သင်တို့အား သူနှင့်ပတ်သက်သည့် အယူအဆများနှင့် အမြင်များ၊ သူ၌ သင်တို့၏ လုံးဝ မယုံကြည်မှုမှ အရင်းခံသည့် အယူအဆများနှင့် အမြင်များကို ပေးဖွယ်ရှိလေသည်။ သင်သည် ကောင်းကင်ဘုံရှိ မမြင်ရသော ဘုရားသခင်ကိုသာ ကြည်ညိုပြီး ကြောက်ရွံ့ကာ၊ မြေကြီးပေါ် အသက်ရှင်လျက်ရှိသော ခရစ်တော်ကို အလေးမထားပေ။ ဤအရာသည်လည်း သင်တို့၏ မယုံကြည်မှုဖြစ်သည် မဟုတ်လော။ သင်တို့သည် အတိတ်တွင် အမှုပြုခဲ့သော ဘုရားသခင်ကိုသာ တမ်းတသော်လည်း၊ ယနေ့၏ ခရစ်တော်ကို မရင်ဆိုင်ကြပေ။ ဤအရာအားလုံးသည် သင်တို့၏ စိတ်နှလုံးများတွင် အစဉ်အမြဲ ရောနှောထားသည့်၊ ယနေ့၏ ခရစ်တော်ကို မယုံကြည်သော “ယုံကြည်ခြင်း” ဖြစ်ပေသည်။ သင်တို့အတွင်းတွင် မယုံကြည်မှု များလွန်းသည့်အတွက်၊ သင်တို့ထဲတွင် မစင်ကြယ်သကဲ့သို့ စိတ်ဖြာဆန်းစစ် ရမည့်အရာ အလွန်များလှသည့်အတွက်၊ ငါသည် သင်တို့ကို လျှော့တွက်နေခြင်း မဟုတ်ပေ။ ဤမစင်ကြယ်မှုများသည် သင်တို့ ယုံကြည်ခြင်း လုံးဝ မရှိသည့် အမှတ်လက္ခဏာ ဖြစ်သည်။ ယင်းတို့သည် ခရစ်တော်ကို သင်တို့ စွန့်လွှတ်ခြင်းနှင့်ဆိုင်သည့် အမှတ်အသား ဖြစ်ပြီး သင်တို့ကို ခရစ်တော်အား သစ္စာဖောက်သူအဖြစ် တံဆိပ်ခတ်လေသည်။ ယင်းတို့သည် ခရစ်တော်နှင့် ပတ်သက်သော သင်တို့၏အသိပညာကို ဖုံးကာလျက်ရှိသည့် အဖုံးအကာတစ်ခု ဖြစ်ပြီး၊ ခရစ်တော်၏ရယူခြင်းကို သင်တို့ ခံရခြင်းအဖို့ အတားအဆီးတစ်ခု ဖြစ်ကာ၊ ခရစ်တော်နှင့် သင်တို့ သဟဇာတ ဖြစ်ခြင်းအဖို့ အဟန့်အတားတစ်ခု ဖြစ်ပြီး၊ ခရစ်တော်က သင်တို့ကို

လက်မခံသည့် သက်သေ ဖြစ်သည်။ ယခုသည် သင်တို့အသက်တာ၏ အစိတ်အပိုင်းအားလုံးကို ဆန်းစစ်ရမည့် အချိန် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် သင်တို့ကို ဘက်ပေါင်းစုံဖြင့် အကျိုးပြုလိမ့်မည်။

## ခရစ်တော်သည် တရားစီရင်ခြင်း အမှုကို သမ္မာတရားဖြင့် ဆောင်ရွက်၏

အချိန်သည် နီးကပ်လာပြီး ဘုရားသခင်၏နေ့ရက်သည် ရောက်လာပြီဖြစ်သည့်အတွက်၊ နောက်ဆုံးသောကာလ၏ အမှုသည် အားလုံးကို ၎င်းတို့၏ အမျိုးအစားအလိုက် ခွဲခြားရန်နှင့် ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ်ကို အပြီးသတ်ရန်ဖြစ်သည်။ ဘုရားသခင်သည် သူ၏နိုင်ငံတော်ထဲသို့ ဝင်ရောက်သူအားလုံး- တကယ့်အဆုံးတိုင် သူ့ကို သစ္စာစောင့်သိသူအားလုံးကို ဘုရားသခင် ကိုယ်တော်တိုင်၏ ခေတ်ထဲသို့ ဆောင်ကြဉ်း၏။ သို့သော် ဘုရားသခင် ကိုယ်တော်တိုင်၏ခေတ် မရောက်ရှိမီတွင်၊ ဘုရားသခင်၏ အမှုသည် လူသား၏လုပ်ဆောင်ချက်များကို စောင့်ကြည့်လေ့လာရန်၊ သို့မဟုတ် လူသား၏ဘဝကို စုံစမ်းရန် မဟုတ်ဘဲ၊ လူသား၏မနာခံမှုကို တရားစီရင်ရန်ဖြစ်၏၊ အကြောင်းမှာ ဘုရားသခင်သည် သူ၏ ပလ္လင်ရှေ့သို့ လာသူတိုင်းကို သန့်စင်ပေးမည် ဖြစ်သောကြောင့်တည်း။ ဤနေ့အထိ ဘုရားသခင်၏ ခြေလှမ်းများနောက် လိုက်လျှောက်ခဲ့သူ အားလုံးသည် ဘုရားသခင်၏ ပလ္လင်ရှေ့သို့ လာကြသူများ ဖြစ်ပြီး၊ ထိုသို့ဖြစ်သဖြင့်၊ ဘုရားသခင်၏ အမှုကို ယင်း၏နောက်ဆုံးအဆင့်တွင် လက်ခံသောလူ တစ်ဦးစီတိုင်းသည် ဘုရားသခင်၏ သန့်စင်စေခြင်းကို ခံရသည့်သူများ ဖြစ်ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် ဘုရားသခင်၏အမှုကို ယင်း၏နောက်ဆုံးအဆင့်တွင် လက်ခံသူ အယောက်တိုင်းသည် ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံရသည့်သူများဖြစ်ကြ၏။

ယခင်အချိန်များကပြောခဲ့သည့် ဘုရားသခင်၏အိမ်တော်မှ အစပြုသည့် တရားစီရင်ခြင်းတွင်၊ ဤနှုတ်ကပတ်တော်များထဲမှ "တရားစီရင်ခြင်း" သည် နောက်ဆုံးသောကာလတွင် သူ၏ ပလ္လင်ရှေ့သို့ လာကြသော သူများအပေါ် ယနေ့ ဘုရားသခင်ချမှတ်သော တရားစီရင်ခြင်းကို ရည်ညွှန်းပေသည်။ နောက်ဆုံးသောကာလ ရောက်လာပြီးချိန်တွင်၊ ဘုရားသခင်သည် ကောင်းကင်ဘုံတွင် ကြီးမားသော စားပွဲတစ်လုံးကို တည်ပေလိမ့်မည်၊ ယင်းအပေါ်တွင် အဖြူရောင် စားပွဲခင်းကြီးကို ဖြန့်ခင်းထားလိမ့်မည်ဖြစ်ပြီး၊ ထို့နောက် လူအားလုံး မြေပေါ် ဒူးထောက်လျက်နှင့် ကြီးမြတ်သော ပလ္လင်ပေါ်တွင် ထိုင်ရင်း၊ သူသည် လူအသီးသီး၏

အပြစ်များကို ထုတ်ဖော်ပြကာ၊ ထိုသို့ဖြင့် ၎င်းတို့သည် ကောင်းကင်ဘုံသို့ တက်ရမည်၊ သို့မဟုတ် ကန့်မီးအိုင်ထဲသို့ အပို့ခံရမည်ဆိုသည်ကို ဆုံးဖြတ်မည် ဟူသကဲ့သို့သော သဘာဝလွန် စိတ်ကူးများကို ယုံကြည်သော သူများ ရှိကောင်းရှိပေမည်။ လူသားက မည်သည့်အရာကို စိတ်ကူးသည်ဖြစ်စေ၊ ဘုရားသခင် အမှု၏ အနှစ်သာရကို မပြောင်းလဲနိုင်ပေ။ လူသား၏ စိတ်ကူးစိတ်သန်းများသည် လူသား၏ အတွေးများမှ ဖန်တီးမှုများသာ ဖြစ်သည်။ ယင်းတို့သည် လူသား၏ဦးနှောက်မှ လာသည်၊ လူသား မြင်ပြီးကြားပြီးသော အရာများမှ ပေါင်းရုံးကာ ဆက်စပ်ယူထားခြင်း ဖြစ်သည်။ ထို့ကြောင့် ငါပြောမည်၊ စိတ်ကူးပေါက်သည့် ပုံရိပ်များက မည်မျှတောက်ပသည်ဖြစ်စေ၊ ယင်းတို့သည် သရုပ်ဖော်ချက်များသာ ဖြစ်ပြီး၊ ဘုရားသခင်၏ အမှု၏ အစီအစဉ်ကို အစားထိုးနိုင်စွမ်း မရှိချေ။ အဆုံးတွင်၊ လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံရပြီးဖြစ်သည်၊ ထို့ကြောင့် သူသည် ဘုရားသခင်၏ အတွေးများကို အဘယ်သို့ နားလည် သဘောပေါက်နိုင်မည်နည်း။ လူသားသည် ဘုရားသခင်၏ တရားစီရင်ခြင်းအမှုကို ဆန်းပြားသော အရာတစ်ခုအဖြစ် ယူဆ၏။ သူက တရားစီရင်ခြင်းအမှုကို လုပ်ဆောင်သည်မှာ ဘုရားသခင်ကိုယ်တိုင်ဖြစ်သည့်အတွက် ဤအမှုသည် အကြီးမားဆုံးသော အတိုင်းအတာ ဖြစ်ရမည်ဖြစ်ပြီး၊ သေမျိုးများအဖို့ နားမလည်နိုင်သောအရာ ဖြစ်ရမည်ဖြစ်ကာ၊ ကောင်းကင် တစ်လျှောက်လုံး ပဲ့တင်ထပ်ပြီး မြေကြီးကို လှုပ်ခါစေရမည်၊ သို့မဟုတ်ပါက၊ ယင်းသည် ဘုရားသခင်၏ တရားစီရင်ခြင်းအမှု အဘယ်သို့ ဖြစ်နိုင်မည်နည်းဟု ယုံကြည်လေသည်။ သူသည် ဤသည်မှာ တရားစီရင်ခြင်းအမှု ဖြစ်သည်နှင့်အမျှ၊ ဘုရားသခင်သည် သူအမှုပြုသည့် အချိန်တွင် အထူးသဖြင့် ခံ့ညားထည်ဝါပြီး ကြီးကျယ်ခမ်းနားရမည်ဖြစ်ကာ၊ တရားစီရင်ခံရလျက်ရှိသော သူတို့သည် မျက်ရည်များဖြင့် ငိုကြွေးမြည်တမ်းနေပြီး၊ သနားညှာတာမှုအတွက် ဒူးထောက်၍ တောင်းခံနေကြရမည်ဟု ယုံကြည်လေသည်။ ထိုသို့သော မြင်ကွင်းများသည် ဧကန်မုချ ကြီးကျယ်ခမ်းနားမည်ဖြစ်ကာ၊ နက်နက်ရှိုင်းရှိုင်း နိုးကြားတက်ကြွစေပေမည်။... ဘုရားသခင်၏ တရားစီရင်ခြင်း အမှုကို အံ့သြဖွယ်ဖြစ်ဖို့ အယောက်တိုင်း စိတ်ကူးကြ၏။ သို့သော်၊ ဘုရားသခင်သည် တရားစီရင်ခြင်းအမှုကို လူသားအလယ် အချိန်ကြာမြင့်စွာကတည်းက စတင်ပြီးသည့်အချိန်တွင်၊ သင်သည် ထိုင်းမှိုင်းလေးကန်သော အိပ်စက်ခြင်းဖြင့် ဝင်ကွေးနေသည်ကို သင်သိသလော။ ဘုရားသခင်၏ တရားစီရင်ခြင်းအမှုသည် တရားဝင် စတင်ပြီးဖြစ်သည်ဟု သင်ထင်သည့်အချိန်တွင်၊ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို အသစ်တဖန် ပြုလုပ်နှင့်ပြီးဖြစ်လိမ့်မည်။ ထိုအချိန်တွင်၊ သင်သည် ဘဝ၏အဓိပ္ပာယ်ကို

နားလည်လာပြီးဖြစ်ရုံမျှသာ ဖြစ်ကောင်း ဖြစ်ပေမည်၊ သို့သော် ဘုရားသခင်၏ မငဲ့ညှာသော ပြစ်ဒဏ်ပေးခြင်းအမှုသည် သင့်အား နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲတွင် ငရဲထဲသို့ ခေါ်ဆောင်သွား လိမ့်မည်။ ထိုအခါမှသာ ဘုရားသခင်၏ စီရင်ခြင်းအမှုသည် အဆုံးသတ်နှင့်ပြီးဖြစ်သည်ကို သင် ရုတ်တရက် နားလည်လိမ့်မည်။

ငါတို့၏ အဖိုးတန်သော အချိန်ကို မဖြုန်းတီးဘဲနေကာ၊ ဤစကားဆုပ်ပြီး မုန်းတီးဖွယ်ကောင်းသော အကြောင်းအရာများကို နောက်ထပ် မပြောဘဲနေကြစို့။ ထိုအစား တရားစီရင်ခြင်းတွင် မည်သည့်အရာများ ပါရှိသည်ကို ပြောကြစို့။ "တရားစီရင်ခြင်း" ဟူသော စကားလုံးကို ဖော်ပြသည်နှင့်၊ နေရာအားလုံးသို့ ယေဟောဝါ ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များနှင့် ယေရှုက ဖာရိရှဲတို့ကို ပြောဆိုခဲ့သည့် ပြစ်တင်မောင်းမဲသည့် နှုတ်ကပတ်တော်များကို သင်တို့ စဉ်းစားမိကောင်းစဉ်စားမိနိုင်သည်။ ၎င်းတို့၏ပြင်းထန်မှုများ အားလုံးရှိလင့်ကစား၊ ဤနှုတ်ကပတ်တော်များသည် လူသားအပေါ် ဘုရားသခင်၏ တရားစီရင်မှု မဟုတ်ပေ။ ယင်းတို့သည် မတူညီသော နောက်ခံအကြောင်းအရာများ ဖြစ်သည့်၊ မတူညီသော ပတ်ဝန်းကျင်များအတွင်း ဘုရားသခင် ပြောဆိုထားခဲ့သည့် နှုတ်ကပတ်တော်များသာ ဖြစ်သည်။ ဤနှုတ်ကပတ်တော်များသည် နောက်ဆုံးသောကာလ၌ ခရစ်တော်က လူသားကို တရားစီရင်သည် နှင့်အမျှ သူပြောဆိုထားသော နှုတ်ကပတ်တော်များနှင့် မတူပေ။ နောက်ဆုံးသောကာလတွင် ခရစ်တော်သည် လူသားကို သွန်သင်ရန်၊ လူသား၏အနှစ်သာရကို ဖော်ထုတ်ရန်နှင့် လူသား၏ အပြုအမူများနှင့် စကားလုံးများကို စိတ်ဖြာလေ့လာရန် အမျိုးမျိုးသော သမ္မာတရားများကို အသုံးပြု၏။ ဤနှုတ်ကပတ်တော်များသည် လူသား၏တာဝန်၊ လူသားသည် ဘုရားသခင်ကို မည်သို့နာခံသင့်ပုံ၊ လူသားသည် ဘုရားသခင်ကို မည်သို့သစ္စာရှိသင့်ပုံ၊ လူသားသည် သာမန်လူ့သဘာဝကို မည်သို့ အသက်ရှင်နေထိုင်သင့်ပုံအပြင်၊ ဘုရားသခင်၏ ဉာဏ်ပညာနှင့် စိတ်သဘောထား စသည်တို့ကဲ့သို့သော အမျိုးမျိုးသော သမ္မာတရားများ ပါဝင်သည်။ ဤနှုတ်ကပတ်တော်များ အားလုံးသည် လူသား၏အနှစ်သာရနှင့် သူ၏ဖောက်ပြန်ပျက်စီးနေသော စိတ်သဘောထားတို့ကို ဦးတည်ထား ပေသည်။ အထူးသဖြင့်၊ ဘုရားသခင်ကို လူသားက မည်သို့ ပစ်ပယ်သည်ကို ဖော်ထုတ်ပြသည့် နှုတ်ကပတ်တော်များမှာ လူသားသည် စာတန်၏ပြယုဂ်နှင့် ဘုရားသခင်ကိုဆန့်ကျင်သည့်ရန်သူအင်အား တစ်ခု မည်သို့ဖြစ်သည်နှင့် စပ်လျဉ်း၍ ပြောဆိုထားပေသည်။ သူ၏တရားစီရင်ခြင်းအမှုကို ဆောင်ရွက်ရာတွင်၊ ဘုရားသခင်သည် လူသား၏သဘာဝကို စကားလုံးအနည်းငယ်မျှဖြင့် ရှင်းလင်းရုံမျှ ရှင်းလင်းစေသည် မဟုတ်။ သူသည် ရေရှည်နှင့်ပတ်သက်၍ ဖော်ထုတ်သည်၊

ကိုင်တွယ်ဖြေရှင်းပြီး၊ ပြုပြင်လေသည်။ ဤဖော်ထုတ်ခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြုပြင်ပေးခြင်း နည်းလမ်းများကို သာမန်စကားလုံးများဖြင့် အစားထိုး၍မရနိုင်ဘဲ၊ လူသားတွင် လုံးဝကင်းမဲ့နေသော သမ္မာတရားဖြင့် အစားထိုးနိုင်ပေသည်။ ဤသို့သော နည်းလမ်းများကိုသာ တရားစီရင်မှုဟု ခေါ်ဆိုနိုင်သည်။ ဤတရားစီရင်မှုမျိုးမှတစ်ဆင့်သာ လူသားသည် ချိုးနှိမ်ခံရနိုင်ပြီး၊ ဘုရားသခင်ထံ ကျိုးနွံနာခံခြင်းအဖြစ်သို့ လုံးလုံးလျားလျား သိမ်းသွင်းစည်းရုံးခံရနိုင်သည့်အပြင်၊ ဘုရားသခင်နှင့် ပတ်သက်သည့် စစ်မှန်သော အသိပညာကို ရရှိနိုင်ပေသည်။ တရားစီရင်ခြင်းက ဖြစ်ပေါ်စေသည့်အရာမှာ ဘုရားသခင်၏မျက်နှာအစစ်အမှန်နှင့် သူကိုယ်တိုင်၏ ပုန်ကန်မှုနှင့်ပတ်သက်သည့် အမှန်တရားကို လူသားက သိနားလည်ခြင်း ဖြစ်သည်။ တရားစီရင်ခြင်းအမှုသည် ဘုရားသခင်၏ အလို၊ ဘုရားသခင်အမှု၏ ရည်ရွယ်ချက်နှင့် လူသား နားမလည်နိုင်သော နက်နဲမှုများတို့နှင့် ပတ်သက်သည့် များပြားလှသော သိနားလည်မှုကို လူသားအား ရရှိခွင့်ပေးသည်။ ယင်းသည် လူသားကို သူ၏ ဖောက်ပြန်ပျက်စီးသော အနှစ်သာရနှင့် သူ၏ ဖောက်ပြန်ပျက်စီးမှု အရင်းအမြစ်များကို သတိပြုကာ သိရှိခွင့်ပေးသည့်အပြင် လူသား၏ အကျည်းတန်မှုကို သိရခွင့် ပေးလေသည်။ ဤအကျိုးသက်ရောက်မှုအားလုံးတို့ကို တရားစီရင်ခြင်း အမှုက ဖြစ်ပေါ်စေခြင်းဖြစ်သည်၊ အကြောင်းမှာ ဤအမှု၏ အနှစ်သာရသည် ဘုရားသခင်၌ ယုံကြည်ခြင်းရှိသူများ အားလုံးထံသို့ ဘုရားသခင်၏သမ္မာတရား၊ လမ်းခရီးနှင့် အသက်တို့ကို အမှန်တကယ် ဖွင့်ပြပေးသည့် အမှု ဖြစ်သောကြောင့် ဖြစ်သည်။ ဤအမှုသည် ဘုရားသခင် လုပ်ဆောင်သော တရားစီရင်ခြင်းအမှု ဖြစ်၏။ အကယ်၍ သင်သည် ဤသမ္မာတရားများကို အရေးကြီးသကဲ့သို့ မမှတ်ယူပါက၊ ယင်းတို့ကို မည်သို့ ရှောင်ရှားရမည်ကိုသာ သို့မဟုတ် ထိုအရာများ မပါဝင်သည့် အသစ်သော ထွက်ပေါက်တစ်ခုကို မည်သို့ ရှာဖွေရမည်ကိုသာ သင် တွေးတောပါက၊ သင်သည် အလွန်ဆိုးရွားသော အပြစ်သား တစ်ဦးဖြစ်သည်ဟု ငါပြော၏။ သင်သည် ဘုရားသခင်၌ ယုံကြည်မှု ရှိသော်လည်း၊ သမ္မာတရား သို့မဟုတ် ဘုရားသခင်၏ အလိုကို မရှာဖွေသကဲ့သို့၊ သင့်ကို ဘုရားသခင်နှင့် သာ၍ နီးကပ်စေသည့် လမ်းခရီးကိုလည်း မနှစ်သက်ပါက၊ သင်သည် တရားစီရင်မှုကို ရှောင်တိမ်းရန် ကြိုးစားနေသူ တစ်ဦးဖြစ်ပြီး၊ သင်သည် ဖြူသောပလ္လင်ကြီးမှ ထွက်ပြေးနေသော ရုပ်သေးရုပ်တစ်ရုပ်နှင့် သစ္စာဖောက်တစ်ဦး ဖြစ်သည်ဟု ငါပြောသည်။ ဘုရားသခင်သည် သူ၏ မျက်စိအောက်မှ လွဲရှောင်သော ပုန်ကန်သူ မည်သူ့ကိုမျှ ချမ်းသာပေးလိမ့်မည် မဟုတ်။ ထိုသို့သောလူတို့သည် သာ၍ ပြင်းထန်သော အပြစ်ဒဏ်ကိုပင် ရရှိကြလိမ့်မည်။ တရားစီရင်ခြင်းခံရဖို့ ဘုရားသခင်၏ ရှေ့မှောက်သို့ လာသည့်အပြင်

သန့်စင်ခံရပြီးဖြစ်သောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်တွင် အစဉ်အမြဲ အသက်ရှင်ရလိမ့်မည်။ ဤသည်မှာ အနာဂတ်နှင့် သက်ဆိုင်သော အရာတစ်ခု ဖြစ်သည်မှာ မှန်ပေ၏။

တရားစီရင်ခြင်းအမှုသည် ဘုရားသခင်ကိုယ်တိုင်၏အမှု ဖြစ်၏။ ထို့ကြောင့် ယင်းအား ဘုရားသခင်ကိုယ်တော်တိုင် ဆောင်ရွက် ရမည်မှာ ဟုတ်ပေသည်။ သူ့အစား၊ လူသားက အစားထိုး၍ ဆောင်ရွက် မပေးနိုင်ပေ။ တရားစီရင်ခြင်းသည် လူသားမျိုးနွယ်ကို သိမ်းပိုက်ဖို့ သမ္မာတရားကို အသုံးပြုခြင်း ဖြစ်သည့်အတွက်၊ လူသားအလယ် ဤအမှုကို ဆောင်ရွက်ရန် ဘုရားသခင်သည် လူ့ဇာတိခံ ပုံသဏ္ဌာန်ဖြင့် ပေါ်ထွန်းဦးမည်မှာ မေးစရာမလိုချေ။ ဆိုလိုသည်မှာ နောက်ဆုံးသောကာလတွင် ခရစ်တော်သည် ကမ္ဘာလောကအနှံ့ရှိ လူတို့ကို သွန်သင်ရန် သမ္မာတရားကို အသုံးပြုမည်ဖြစ်ပြီး၊ သမ္မာတရားအားလုံးကို သူတို့အား သိစေမည်။ ဤသည်မှာ ဘုရားသခင်၏ တရားစီရင်ခြင်း အမှုဖြစ်၏။ လူတို့က ဘုရားသခင်သည် တရားစီရင်ခြင်းအမှုကို လုပ်ဆောင်ဖို့ လူ့ဇာတိခံယူသည်ကို ယုံကြည်ဖို့ အခက်တွေ့ကြသည့်အတွက်၊ များစွာသော သူတို့သည် ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်းနှင့် ပတ်သက်၍ မကောင်းသော ခံစားချက်များရှိကြလေသည်။ သို့သော်လည်း ဘုရားသခင်၏ အမှုသည် လူသား၏ မျှော်လင့်ချက်များထက် မကြာခဏ ကျော်လွန်တတ်ပြီး လူသားစိတ်က လက်ခံရန် ခက်ခဲတတ်သည်ကို သင့်ကို ငါ ပြောရမည်။ လူတို့သည် ကမ္ဘာမြေကြီးပေါ်က လောက်ကောင်များသာ ဖြစ်သော်လည်း၊ ဘုရားသခင်မှာမူ စကြဝဠာကို ပြည့်စေသည့် အမြင့်ဆုံးသော သူဖြစ်သည့်အတွက် ဖြစ်သည်။ လူသား၏စိတ်သည် လောက်ကောင်များကိုသာ ပေါက်ပွားစေသည့် ညစ်ညမ်းသော ရေတွင်းတစ်ခုကဲ့သို့ ဖြစ်သည်၊ ဘုရားသခင်၏ အကြံအစည်များက ညွှန်ကြားသော အမှု၏ အဆင့်အသီးသီးမှာမူ ဘုရားသခင်၏ ဉာဏ်ပညာ၏ အကျိုးရလဒ် ဖြစ်ပေသည်။ လူတို့သည် ဘုရားသခင်ကို ဖက်ပြိုင်ရန် အမြဲ ကြိုးစားနေကြသည်၊ ယင်းတွင် နောက်ဆုံး၌ မည်သူ ဆုံးရှုံးမည်မှာ ပကတိအတိုင်း ရှင်းနေပြီဖြစ်သည်ဟု ငါပြောပေသည်။ သင်တို့အနေဖြင့် မိမိတို့ကိုယ်ကိုယ် ရွှေထက် သာ၍ တန်ဖိုးရှိသည်ဟု မထင်မှတ်ဖို့ သင်တို့ကို ငါ တိုက်တွန်း၏။ အခြားသူများသည် ဘုရားသခင်၏ တရားစီရင်ခြင်းကို လက်ခံနိုင်လျှင်၊ သင်သည် အဘယ်ကြောင့် လက်မခံနိုင်သနည်း။ သင်သည် အခြားသူများထက် မည်မျှ သာ၍ မြင့်မားစွာ ရပ်တည်သနည်း။ အခြားသူများသည် သမ္မာတရားရှေ့တွင် မိမိတို့၏ ဦးခေါင်းများကို ညွှတ်နိုင်ကြပါက၊ သင်သည်လည်း အဘယ်ကြောင့် မလုပ်နိုင်ရသနည်း။ ဘုရားသခင်၏ အမှုသည် ရပ်တန့်မရနိုင်သော အရှိန်အဟုန်တစ်ခု ရှိ၏။ သင် ပြုလုပ်ပြီးသော “ထောက်ပံ့မှု”

ကြောင့်သာ သူသည် တရားစီရင်သည့် အမှုကို ထပ်လုပ်မည် မဟုတ်သကဲ့သို့ သင်သည် ထိုသို့သော အခွင့်ကောင်းတစ်ခုကို လွဲချော်စေခြင်းကြောင့် နောင်တစိတ်ဖြင့် မွှန်ထူသွားပေမည်။ သင်သည် ငါ၏နှုတ်ကပတ်တော်များကို မယုံကြည်ပါက၊ မိုးကောင်းကင်ရှိ ထိုဖြူသောပလ္လင်ကြီးက သင့်အပေါ် တရားစီရင်ချက်ချမည်ကိုသာ စောင့်လော့။ ကာလရှေလလူ အားလုံးသည် ယေရှုကို ပစ်ပယ်ကာ ငြင်းပယ်ခဲ့ကြသော်လည်း၊ ယေရှု၏ လူသားမျိုးနွယ်ကို ရွေးနုတ်ခြင်း အမှန်တရားသည် စကြဝဠာတစ်လျှောက်လုံးနှင့် ကမ္ဘာမြေစွန်းများထိတိုင် တိုးချဲ့ဆဲ ဖြစ်ခဲ့သည်ကို သင်တို့ သိရမည်။ ဤသည်မှာ လွန်ခဲ့သော အချိန်များစွာက ဘုရားသခင်ပြုခဲ့သည့် လက်တွေ့အရှိတရား ဖြစ်သည် မဟုတ်လော။ အကယ်၍ သင်သည် ယေရှုက သင့်ကို ကောင်းကင်သို့ ဆောင်ယူမည်ကို စောင့်ဆိုင်းနေဆဲဖြစ်ပါက၊ သင်သည် ခေါင်းမာသော သစ်ခြောက်တစ်ခု ဖြစ်သည်ဟု ငါပြောသည်။ သမ္မာတရားကို သစ္စာစောင့်သိမှုမရှိသကဲ့သို့ ကောင်းချီးများကိုသာ ရှာဖွေသည့် သင်ကဲ့သို့သော အယောင်ဆောင် ယုံကြည်သူတစ်ဦးကို ယေရှုသည် အသိအမှတ်ပြုလိမ့်မည် မဟုတ်ပေ။ ဆန့်ကျင်ဖက်အနေဖြင့်၊ သူသည် နှစ်ထောင်သောင်းချီ လောင်ကျွမ်းဖို့ မီးအိုင်ထဲသို့ သင့်ကို ချပစ်ရာတွင် သနားညှာတာမှု ပြမည်မဟုတ်ပေ။

မည်သည့်အရာက တရားစီရင်မှု ဖြစ်ပြီး မည်သည့်အရာက သမ္မာတရား ဖြစ်သည်ကို ယခု သင်နားလည်သလော။ သင်နားလည်ပါက၊ တရားစီရင်ခံရခြင်းအဖြစ်ကို ကျိုးနွံစွာ နာခံဖို့ သင့်ကို ငါ တိုက်တွန်း၏၊ သို့မဟုတ်ပါက သင်သည် ဘုရားသခင်၏ ချီးကျူးခံရမည့် သို့မဟုတ် သူ၏နိုင်ငံတော်ထဲသို့ သူ၏ ခေါ်ဆောင်ခြင်းကို ခံရမည့် အခွင့်အရေးကို မည်သည့်အခါတွင်မျှ ရလိမ့်မည် မဟုတ်ပေ။ တရားစီရင်ခြင်းကိုသာ လက်ခံသော်လည်း၊ မည်သည့်အခါမျှ သန့်စင်မခံရနိုင်သော သူတို့သည်၊ ဆိုလိုသည်မှာ တရားစီရင်ခြင်းအမှု အလယ်၌ ထွက်ပြေးသောသူများသည် ဘုရားသခင်၏ စက်ဆုပ်မှုနှင့် ငြင်းပယ်မှုကို ထာဝရ ခံကြရလိမ့်မည်။ ၎င်းတို့သည် ဘုရားသခင်ကို သစ္စာဖောက်ခဲ့ပြီးဖြစ်ကာ ပုန်ကန်ခဲ့ကြပြီးဖြစ်သည့်အတွက်၊ ၎င်းတို့၏ အပြစ်များသည် ဖာရိရှဲတို့၏ပြစ်များထက် သာလွန်များပြားကာ၊ သာ၍ ဆိုးရွားလေသည်။ အစေခံခြင်းကို လုပ်ဆောင်ရန်ပင် မထိုက်တန်သည့် ထိုသို့သောလူများသည် သာ၍ ပြင်းထန်သော အပြစ်ဒဏ်၊ ထို့အပြင် ထာဝရတည်တံ့သည့် အပြစ်ဒဏ်တစ်ခုကို ရရှိမည်ဖြစ်သည်။ ဘုရားသခင်သည် သူ့ကို တစ်ချိန်က စကားဖြင့် သစ္စာစောင့်သိမှု ပြခဲ့ကြသော်လည်း၊ ထို့နောက် သစ္စာဖောက်သွားသော မည်သည့်သစ္စာဖောက်ကိုမျှ ချမ်းသာပေးလိမ့်မည် မဟုတ်ပေ။ ဤကဲ့သို့သော လူတို့သည် စိတ်၊ ဝိညာဉ်နှင့် ကိုယ်ခန္ဓာတို့၏ အပြစ်ဒဏ်ပေးခြင်းမှတစ်ဆင့် ဒဏ်ခတ်မှုကို ရရှိကြလိမ့်မည်။

ဤသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်နေသဘောထား၏ တိကျစွာ ဖွင့်ပြခြင်းတစ်ခု ဖြစ်သည် မဟုတ်လော။ ဤသည်မှာ လူသားကို တရားစီရင်ခြင်းနှင့် ထုတ်ဖော်ခြင်းတို့တွင် ဘုရားသခင်၏ ရည်ရွယ်ချက် ဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် တရားစီရင်ရာ အချိန်ကာလအတောအတွင်းတွင် ဆိုးယုတ်သော လုပ်ဆောင်ချက်မျိုးစုံကို ဆောင်ရွက်သူအားလုံးကို ဆိုးယုတ်သော ဝိညာဉ်များ သောင်းကျန်းသည့် နေရာတစ်ခုဆီသို့ လွှဲအပ်ပြီး၊ ဤဆိုးယုတ်သော ဝိညာဉ်များကို ၎င်းတို့၏ အသွေးအသားခန္ဓာအား စိတ်ကြိုက်ဖျက်ဆီးခွင့် ပေးကာ၊ ထိုလူတို့၏ ခန္ဓာကိုယ်များသည် အလောင်းကောင်အပုပ်နံ့ ထုတ်လွှတ်လေသည်။ ယင်းမှာ ၎င်းတို့နှင့် သင့်တော်သော ဒဏ်ခတ်ခြင်း ဖြစ်သည်။ ဘုရားသခင်သည် သစ္စာမရှိသော အယောင်ဆောင်ယုံကြည်သူများ၊ အယောင်ဆောင် တမန်တော်များနှင့် အယောင်ဆောင် အမှုတော်ဆောင်များ အယောက်စီ၏ အပြစ်များ တစ်ခုစီတိုင်းကို ၎င်းတို့၏ မှတ်တမ်းစာအုပ်များထဲတွင် ရေးမှတ်၏။ ထို့နောက် အချိန်ကျသောအခါတွင်၊ ၎င်းတို့အနေဖြင့် မည်သည့်အခါတွင်မျှ လူမဝင်စားနိုင်ဖို့နှင့် မည်သည့်အခါတွင်မျှ အလင်းကို တစ်ဖန် မမြင်နိုင်ကြဖို့အလို့ငှာ၊ သူသည် ညစ်ညမ်းသော ဝိညာဉ်များအား ၎င်းတို့၏ ခန္ဓာတစ်ခုလုံးကို စိတ်ကြိုက် ဖျက်ဆီးရမ်းကားစေခွင့် ပြုလျက်၊ ၎င်းတို့ကို ဤညစ်ညမ်းသော ဝိညာဉ်များအလယ်သို့ ပစ်လိုက်သည်။ ၎င်းတို့သည် ယုတ်မာသူတို့၏ တိုက်တွန်းခြင်းသို့ လိုက်ကြပြီး ၎င်းတို့၏ ဖရိုဖရဲ ဖြစ်နေသော ဝရုန်းသုန်းကား လူအုပ်တွင် ပါဝင်ဖို့အလို့ငှာ၊ အချိန်တစ်ခုကြာ အစေခံခြင်း ပြုကြသော်လည်း၊ အဆုံးတိုင် သစ္စာစောင့်သိနေနိုင်စွမ်း မရှိကြသည့် သူတော်ကောင်းအယောင်ဆောင်များကို ဘုရားသခင်သည် ယုတ်မာသူတို့ အထဲတွင် ထည့်တွက်၏။ နောက်ဆုံးတွင် ဘုရားသခင်သည် ၎င်းတို့ကို အမြစ်ဖြတ် ချေမှုန်းလိမ့်မည်။ ခရစ်တော်ကို မည်သည့်အခါတွင်မျှ သစ္စာမစောင့်သိခဲ့သည့် သို့မဟုတ် မိမိတို့၏ခွန်အားဖြင့် မည်သည့်အခါတွင်မျှ ကူညီပံ့ပိုးခြင်းမရှိသော သူတို့ကို ဘုရားသခင်သည် ဖယ်ထုတ်၍ ဂရုပြုခြင်းမရှိဘဲ၊ ခေတ်အပြောင်းအလဲတွင် ၎င်းတို့အားလုံးကို အမြစ်ဖြတ် ချေမှုန်းလိမ့်မည်။ ၎င်းတို့သည် ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ ဝင်ရာလမ်းကိုရရှိရန် မဆိုထားနှင့်၊ ကမ္ဘာမြေပေါ်တွင်ပင် တည်ရှိတော့မည် မဟုတ်ပေ။ ဘုရားသခင်အပေါ် မည်သည့်အခါတွင်မျှ စိတ်ရင်းမမှန်ခဲ့ကြဘဲ၊ သူ့ကို ဝတ်ကျေတမ်းကျေ ဆက်ဆံရန် အခြေအနေဖြင့် တွန်းအားပေးခြင်းခံရသူတို့သည် ဘုရားသခင်၏လူတို့အတွက် အစေခံသောသူတို့အထဲတွင် ထည့်တွက်ခြင်းခံရကြ၏။ ထိုသို့သော လူများထဲမှ အရေအတွက် အနည်းငယ်သာ ရှင်ကျန်ရစ်မည် ဖြစ်သော်လည်း၊ အများစုသည် အစေခံခြင်းကို လုပ်ဆောင်ရန်ပင် အရည်အချင်း မပြည့်မီကြသော

သူတို့နှင့်အတူ ပျက်စီးကြရလိမ့်မည်။ နောက်ဆုံးတွင်၊ ဘုရားသခင်နှင့် စိတ်သဘောတူညီသူများ၊ ဘုရားသခင်၏ လူများနှင့်သားများ၊ ပြီးလျှင် ယဇ်ပရောဟိတ်များအဖြစ် ဘုရားသခင်က ကြိုတင်ခွဲခန့် မှတ်သားထားသော သူများအားလုံးကို ဘုရားသခင်သည် သူ၏နိုင်ငံတော်ထဲသို့ ဆောင်ကြဉ်းလိမ့်မည်။ ၎င်းတို့သည် ဘုရားသခင်၏အမှု၏ အကျိုးရလဒ် ဖြစ်လိမ့်မည်။ ဘုရားသခင် ချမှတ်ထားသော အမျိုးအစားတစ်ခုတစ်လေထဲတွင် သတ်မှတ်ခြင်း မခံရနိုင်သောသူများကိုမူ မယုံကြည်သူများအထဲတွင် ထည့်တွက်ခြင်း ခံရလိမ့်မည်- ပြီးလျှင် ၎င်းတို့၏ရလဒ် အဘယ်အရာ ဖြစ်မည်ကို သင်တို့အနေဖြင့် ဧကန်မုချ စိတ်ကူးကြည့်နိုင်သည်။ ငါပြောသင့်သည့် အရာအားလုံးကို သင်တို့အား ငါပြောနှင့်ပြီး ဖြစ်သည်။ သင်တို့ရွေးချယ်သောလမ်းမှာ သင်တို့၏ ရွေးချယ်မှု ချည်းသက်သက်သာ ဖြစ်သည်။ သင်တို့နားလည်သင့်သည့်အရာမှာ ဤသို့ဖြစ်၏- ဘုရားသခင်၏အမှုသည် သူ့ကို မီအောင် မလိုက်နိုင်သောသူ မည်သူမဆိုကို လုံး၀ မစောင့်ဆိုင်းသကဲ့သို့၊ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားသည် မည်သည့် လူသားကိုမျှ သနားညှာတာမှု မပြပေ။

အောက်ခြေမှတ်စု(များ)-

က။ သစ်ခြောက်တစ်ခု- "ကူညီ၍မရနိုင်တော့သော" ဟု ဆိုလိုသည့် တရုတ်ဥပစာစကားတစ်ရပ်။

# သင်သိခဲ့သလော ဘုရားသခင်သည် လူသားများကြား၌ ကြီးမားသောအမှုကို ပြုခဲ့ပြီးပြီ

ခေတ်ဟောင်းကုန်လွန်သွား၍ ခေတ်သစ်ကို ရောက်ရှိလာခဲ့ပြီ။ တစ်နှစ်ပြီးတစ်နှစ်၊ တစ်နေ့ပြီးတစ်နေ့ ဘုရားသခင်သည် အမှုများစွာကို ပြုခဲ့ပြီဖြစ်သည်။ သူသည် ကမ္ဘာကြီးထဲသို့ ရောက်လာခဲ့ပြီးသည့်နောက် ပြန်ထွက်သွားခဲ့သည်။ ဤသံသရာမှာ မျိုးဆက်များတစ်လျှောက် မိမိဘာသာ ထပ်တလဲလဲပေါ်ပေါက်ခဲ့ပြီ။ ယနေ့တွင် ဘုရားသခင်သည် ယနေ့တိုင်အောင် အနားယူဖို့ လိုသေးသည့်အတွက် သူသည် ယခင်ကကဲ့သို့ သူပြုရမည့်အမှု၊ အပြီးသတ်ရဦးမည့်အမှုကို ဆက်ပြီးလုပ်ဆောင်နေသည်။ ဖန်ဆင်းမှုကာလမှနေ၍ ယနေ့ထက်ထိ ဘုရားသခင်သည် အမှုများစွာကို ပြုခဲ့ပြီးပြီဖြစ်သည်။ သို့သော် ဘုရားသခင်က

ယနေ့တွင် ယခင်ကထက် ပိုများသောအမှုကို ပြုနေပြီး သူ့အမှု၏ အတိုင်းအတာမှာ ယခင်ကထက် များစွာ ပို၍ကြီးမားသည်ကို သင်သိခဲ့သလော။ သို့ဖြစ်၍ ဘုရားသခင်သည် လူသားများအကြား၌ ကြီးမားသောအမှုကို ပြုခဲ့ပြီဖြစ်သည်ဟု ငါပြောခြင်းပင်ဖြစ်သည်။ ဘုရားသခင့်အမှု၏ အချက်တိုင်းက လူသားနှင့် ပတ်သက်နေသည့်အတွက် သူ၏အမှုအားလုံးတို့သည် လူသားအတွက် ဖြစ်စေ၊ ဘုရားသခင်အတွက်ဖြစ်စေ အလွန်အရေးကြီးသည်။

ဘုရားသခင်၏အမှုကို ကမ္ဘာကြီးအနေနှင့် မြင်တွေ့နိုင်ရန်ဝေးစွ၊ မြင်လည်းမမြင်နိုင်၊ သဘောလည်း မပေါက်နိုင်သည့်အတွက် ၎င်းသည် ကြီးမားသောအရာတစ်ခုခု အဘယ်သို့ ဖြစ်နိုင်သနည်း။ မည်သည့် အရာမျိုးကိုမှ ကြီးမားသည်ဟု ယူဆရမည်နည်း။ ဘုရားသခင် မည်သည့်အမှုကို ပြုသည်ဖြစ်စေ ယင်းကို ကြီးမားကြသည်ဟု မှတ်ယူနိုင်ကြောင်း မည်သူမျှ မငြင်းနိုင်သည်မှာ သေချာသော်လည်း၊ ယနေ့ ဘုရားသခင်ပြုသော အမှုကို အဘယ်ကြောင့် ဤသို့ ငါပြောရသနည်း။ ဘုရားသခင်က ကြီးမားသောအမှုကို ပြုခဲ့ပြီဟု ငါပြောဆိုရာတွင် ဤအရာ၌ လူသားအနေနှင့် နားလည်ဖို့လိုသေးသည့် များစွာသော နက်နဲရာများ ပါဝင်သည်မှာ ဧကန်မုချဖြစ်သည်။ ယင်းတို့ကို ယခုပြောကြစို့။

ယေရှုသည် သူ၏တည်ရှိမှုကို လက်သင့်မခံနိုင်ခဲ့သည့် ခေတ်တစ်ခေတ်၌ နွားစားခွက်ထဲ မွေးဖွားခဲ့စေကာမူ ကမ္ဘာကြီးက သူ့အား မတားဆီးနိုင်ခဲ့ဘဲ၊ သူသည် ဘုရားသခင်၏ စောင်မမှုဖြင့် လူတို့ကြား၌ သုံးဆယ့်သုံးနှစ်ကြာ နေထိုင်ခဲ့သည်။ သက်ရှင်နေထိုင်ခဲ့သည့် ဤနှစ်များစွာတွင် သူသည် လောကကြီး၏ ခါးသီးမှုကို တွေ့ကြုံခံစားခဲ့ရပြီး ကမ္ဘာပေါ်က ဒုက္ခဝေဒနာနှင့်ပြည့်နှက်သော ဘဝကို မြည်းစမ်းခဲ့ရသည်။ လူသားမျိုးနွယ် တစ်ရပ်လုံးကို ရွေးနုတ်ရန်အလို့ငှာ သူသည် ကားစင်တင်၍ အဆုံးစီရင်ခံခဲ့ရခြင်းဟူသော ကြီးမားသည့်ဝန်ကို ထမ်းဆောင်ခဲ့သည်။ သူသည် စာတန်၏ အုပ်စိုးမှုအောက်၌ နေထိုင်ခဲ့ကြရသည့် အပြစ်သားများ အားလုံးကို ရွေးနုတ်ခဲ့ပြီး၊ နောက်ဆုံးတွင် သူ၏ ထမြောက်သည့် ခန္ဓာကိုယ်မှာ သူ၏ကျိန်းဝပ်ရာအရပ်သို့ ပြန်သွားခဲ့သည်။ ယခုတွင် ဘုရားသခင်၏အမှုသစ်က အစပြုပြီဖြစ်ပြီး၊ ယင်းက ခေတ်သစ်၏ အစကနဦးလည်းဖြစ်သည်။ ဘုရားသခင်သည် ကယ်တင်ခြင်းအမှုသစ်ကို အစပြုရန် ရွေးနုတ်ခြင်းခံရပြီးသော သူတို့ကို မိမိအိမ်သို့ ခေါ်ဆောင်သည်။ ဤတစ်ကြိမ်တွင် ကယ်တင်ခြင်းအမှုက လွန်လေပြီးသော ကာလများထက် ပို၍စေ့စပ်သည်။ လူသားကို မိမိဖာသာ ပြောင်းလဲစေရန် သူ့အထဲ၌ အမှုပြုနေသည်မှာ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်မည်မဟုတ်သကဲ့သို့၊ လူသားများအကြား၌ ဤအမှုကိုပြုရန်

ပေါ်ထွက်လာသည်မှာလည်း ယေရှု၏ခန္ဓာကိုယ် ဖြစ်မည်မဟုတ်ဘဲ၊ ဤအမှုကို အခြားနည်းလမ်းအားဖြင့် ပြုရန်မှာ အလားအလာမရှိဆုံး ဖြစ်သည်။ ထို့ထက် အမှုကိုပြုပြီး စီမံညွှန်ကြားသည်မှာ လူ့ဇာတိခံ ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်လိမ့်မည် ဖြစ်သည်။ သူသည် ယင်းကို လူသားအား အမှုသစ်ထဲသို့ ခေါ်ဆောင်သွားရန်အလို့ငှာ ဤနည်းအတိုင်း လုပ်ဆောင်လေသည်။ ဤသည်မှာ ကြီးမားသောအမှု မဟုတ်ပေလော။ ဘုရားသခင်သည် ဤအမှုကို လူအချို့မှတစ်ဆင့် သို့မဟုတ် ပရောဖက်ပြုချက်များအားဖြင့် လုပ်ဆောင်သည်မဟုတ်။ ထို့ထက် ဘုရားသခင်က ယင်းကို ကိုယ်တော်တိုင် လုပ်ဆောင်ခြင်းဖြစ်သည်။ အချို့တို့က ဤသည်မှာ ကြီးမားသောအမှု မဟုတ်ကြောင်းနှင့် ယင်းက လူသားကို စိတ်ဓာတ်တက်ကြွခြင်း မယူဆောင်ပေးနိုင်ပါဟု ဆိုကောင်း ဆိုနိုင်သည်။ သို့သော် ဘုရားသခင်၏အမှုသည် ဤအရာသက်သက် မဟုတ်ဘဲ၊ ပိုကြီးမားပြီး ပိုများပြားသည်ဟု သင့်ကိုငါ ပြောရလိမ့်မည်။

ယခုတစ်ကြိမ်တွင်မူ ဘုရားသခင်သည် ဝိညာဏခန္ဓာကိုယ်အားဖြင့် မဟုတ်ဘဲ အလွန်သာမညကျသော ခန္ဓာကိုယ်အားဖြင့် အမှုပြုရန် ကြွလာသည်။ ထို့ပြင် ယင်းမှာ ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူသည့် ခန္ဓာကိုယ်ဖြစ်ရုံသာမက၊ ဇာတိအသွေးအသားသို့ ဘုရားသခင်ပြန်ကြွလာသည့် ခန္ဓာကိုယ်လည်း ဖြစ်သည်။ ယင်းမှာ အလွန်သာမညကျသော ဇာတိခန္ဓာဖြစ်သည်။ သူ့အား အခြားသူတို့အနက် ပေါ်လွင်ထင်ရှားစေသည့် အရာတစ်ခုကိုမျှ သင်မမြင်နိုင်သော်လည်း၊ ယခင်က မကြားသိခဲ့ရသည့် သမ္မာတရားများကို သူ့ထံမှ သင်ရရှိနိုင်သည်။ ဤအရေးမပါသော ဇာတိခန္ဓာသည် ဘုရားသခင်ထံမှ သမ္မာတရား၏ နှုတ်ကပတ်တော်များအားလုံးကို သရုပ်ထင်စေသည့်အရာ၊ နောက်ဆုံးသော ကာလတွင် ဘုရားသခင်၏အမှုကို ထမ်းဆောင်သောအရာနှင့်၊ လူသားက နားလည်ရန်အတွက် ဘုရားသခင်၏ စိတ်သဘောထားတစ်ရပ်လုံးကို ဖော်ပြသောအရာလည်း ဖြစ်သည်။ သင်သည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကိုမြင်ရဖို့ ဆန္ဒကြီးစွာ မရှိသလော။ သင်သည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို သိနားလည်ဖို့ ဆန္ဒကြီးစွာ မရှိသလော။ သင်သည် လူသားမျိုးနွယ်၏ ခရီးဆုံးပန်းတိုင်ကို မြင်ရဖို့ ဆန္ဒကြီးစွာ မရှိသလော။ သူသည် မည်သည့်လူသားကမျှ သင့်ကို ပြောပြနိုင်စွမ်းမရှိခဲ့သည့် ဤလျှို့ဝှက်ချက်များ အားလုံးကို သင့်အားပြောပြမည်ဖြစ်ပြီး၊ သင်နားမလည်သည့် သမ္မာတရားများကိုလည်း သင့်အား သူပြောမည်ဖြစ်သည်။ သူသည် နိုင်ငံတော်အတွင်းဝင်ရောက်ရာ သင်၏ တံခါးဝဖြစ်ပြီး ခေတ်သစ်ထဲသို့ ဝင်ရောက်ရာ သင်၏လမ်းပြရှင်ဖြစ်သည်။ ထိုကဲ့သို့သော သာမန်ဇာတိခန္ဓာသည် ဉာဏ်မမီနိုင်သည့်

များစွာသော နက်နဲရာများကို ဆုပ်ကိုင်ထားသည်။ သူ၏လုပ်ဆောင်ချက်များမှာ သင့်အတွက် နားမလည်နိုင်စရာ ဖြစ်နိုင်သော်လည်း၊ သူလုပ်ဆောင်သည့် အမှု၏ ပန်းတိုင်တစ်ခုလုံးမှာ သူသည် လူတို့ယုံကြည်သကဲ့သို့ ရိုးရိုးဇာတိခန္ဓာ မဟုတ်သည်ကို သင့်အား မြင်ခွင့်ပေးရန်အတွက် လုံလောက်သည်။ အကြောင်းမှာ သူသည် ဘုရားသခင်၏အလိုတော်နှင့် နောက်ဆုံးသောကာလ၌ လူသားမျိုးနွယ်ထံ ဘုရားသခင်ပြသသည့် ဂရုစိုက်မှုကို ကိုယ်စားပြုလေသည်။ သင်သည် ကောင်းကင်နှင့် မြေကြီးကို တုန်လှုပ်စေပုံရသည့် သူ၏ နှုတ်ကပတ်တော်များကို မကြားနိုင် သို့မဟုတ် ဟုန်းဟုန်းတောက်နေသော မီးလျှံများနှင့်တူသည့် သူ၏မျက်လုံးများကို မမြင်နိုင်သော်လည်း၊ ထို့ပြင် သင်သည် သူ၏သံလုံ့တံ၏ ဆုံးမပဲ့ပြင်မှုကို မခံစားရနိုင်သော်ငြားလည်း၊ သင်သည် သူ၏နှုတ်ကပတ်တော်များမှနေ၍ ဘုရားသခင်သည် အမျက်ဒေါသ ထွက်သည်ကို ကြားနိုင်ပြီး ဘုရားသခင်သည် လူသားတို့အပေါ် သနားခြင်းကရုဏာကို ပြနေကြောင်း သိနိုင်သည်။ သင်သည် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့် သူ၏ဉာဏ်ပညာကို မြင်တွေ့နိုင်သည့်အပြင် လူသားမျိုးနွယ် တစ်ရပ်လုံး အတွက် ဘုရားသခင်၏ အရေးတယူရှိမှုကို နားလည်သဘောပေါက် နိုင်သည်။ နောက်ဆုံးသောကာလတွင် ဘုရားသခင်၏အမှုသည် မြေကြီးပေါ် ရှိ လူသားများကြားတွင် နေထိုင်လျက်ရှိသော ကောင်းကင်ဘုံရှိ ဘုရားသခင်ကို လူသားအား မြင်တွေ့ခွင့်ပေးရန်၊ ထို့ပြင် လူသားအနေဖြင့် ဘုရားသခင်အား သိရှိရန်၊ နာခံရန်၊ ကြောက်ရွံ့ရန်နှင့် ချစ်ရန်အတွက် ထောက်ကူပေးဖို့ဖြစ်သည်။ ဤအကြောင်းကြောင့် သူသည် ဒုတိယအကြိမ် လူ့ဇာတိကို ခံယူရန် ပြန်ကြွဆင်းလာခဲ့ခြင်းပင် ဖြစ်သည်။ သည်ကနေ့တွင် လူသားက မြင်ရသည်မှာ လူသားနှင့်တူညီသော ဘုရားသခင်၊ နှာခေါင်းတစ်ခုနှင့် မျက်လုံးနှစ်လုံးပါသည့် ဘုရားသခင်၊ ထို့ပြင် ထူးခြားမှုမရှိသော ဘုရားသခင်ဖြစ်သော်လည်း၊ နောက်ဆုံးတွင် ဤလူသားသာ မတည်ရှိခဲ့လျှင် ကောင်းကင်နှင့် မြေကြီးသည် ကြီးမားသော အပြောင်းအလဲကို ကြုံရမည်ဖြစ်ကြောင်း၊ ဤလူသားသာ မတည်ရှိခဲ့လျှင် ကောင်းကင်သည် မှောင်မည်းလာကာ၊ မြေကြီးသည် ပရမ်းပတာ အခြေအနေထဲ ကျရောက်သွားမည်ဖြစ်ပြီး၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် မွတ်သိပ်ခြင်းနှင့် ကပ်ဆိုးများအလယ်တွင် နေထိုင်ရမည်ဖြစ်ကြောင်း ဘုရားသခင်က သင်တို့ကို ပြသမည်ဖြစ်သည်။ နောက်ဆုံးသောကာလတွင် လူ့ဇာတိခံယူသော ဘုရားသခင်သည် သင်တို့ကို ကယ်တင်ရန် ကြွမလာခဲ့လျှင် ဘုရားသခင်သည် လူသားမျိုးနွယ် တစ်ရပ်လုံးကို လွန်ခဲ့သောအချိန်ကပင် ငရဲပြည်၌ ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သင်တို့ကို သူပြသမည်ဖြစ်သည်။ ဤဇာတိခန္ဓာသာ မတည်ရှိခဲ့လျှင်၊ သင်တို့သည် အဓိကအပြစ်သားများ

အစဉ်အမြဲ ဖြစ်ကြမည်ဖြစ်ပြီး၊ အလောင်းကောင်များ အမြဲတမ်း ဖြစ်ကြမည်ဖြစ်သည်။ ဤဇာတိခန္ဓာသာ မတည်ရှိခဲ့လျှင်၊ လူသားမျိုးနွယ် တစ်ရပ်လုံးသည် မရှောင်လွှဲနိုင်သော ဘေးဒုက္ခကို ရင်ဆိုင်ရမည်ဖြစ်ပြီး နောက်ဆုံးသောကာလတွင် လူသားမျိုးနွယ်အပေါ် ဘုရားသခင် စီရင်ချမှတ်မည့် ပို၍ပင် ပြင်းထန်သော အပြစ်ဒဏ်ပေးခြင်းမှ လွတ်မြောက်ရန် မဖြစ်နိုင်ကြောင်း တွေ့ရှိရမည်ကို သင်တို့သိသင့်သည်။ ဤသာမန်ဇာတိခန္ဓာသာ မမွေးဖွားခဲ့ပါက၊ သင်တို့အားလုံးသည် အသက်မရှင်နိုင်ဘဲ ရှင်ခြင်းအတွက် တောင်းဆိုပြီး၊ အသက်မသေနိုင်ဘဲ သေခြင်းအတွက် ဆုတောင်းရမည့် အခြေအနေတစ်ခု၌ ရောက်ရှိကြမည်ဖြစ်သည်။ ဤဇာတိခန္ဓာသာ မတည်ရှိလျှင် သင်တို့သည် ယနေ့တွင် သမ္မာတရားကို ရယူနိုင်ကြမည် မဟုတ်သည့်အပြင်၊ ဘုရားသခင်၏ ပလ္လင်တော်ရှေ့ ရောက်လာနိုင်ကြမည် မဟုတ်ဘဲ၊ ထို့ထက် သင်တို့သည် သင်တို့၏ ကြီးလေးသော အပြစ်များကြောင့် ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းကို ခံကြရမည်။ သင်တို့သိခဲ့ပါ၏လော၊ ယင်းမှာ ဇာတိခန္ဓာသို့ ဘုရားသခင်၏ပြန်လာခြင်း မရှိခဲ့လျှင်၊ မည်သူ့၌မျှ ကယ်တင်ခြင်း၌ မည်သူမျှ အခွင့်အလမ်း ရှိခဲ့မည်မဟုတ်ပေ၊ ထို့ပြင် ဤဇာတိခန္ဓာ၏ ကြွလာခြင်း မရှိခဲ့လျှင်၊ ဘုရားသခင်သည် ခေတ်ဟောင်းကို လွန်ခဲ့သောအချိန်ကပင် အဆုံးသတ်ခဲ့ပြီး ဖြစ်လိမ့်မည်။ သို့ဖြစ်လျှင် သင်တို့သည် ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူခြင်းကို ငြင်းပယ်နိုင်သေးသလော။ သင်တို့သည် ဤသာမည လူသားထံမှ အလွန်များပြားသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်ဖြစ်ရာ သင်တို့သည် သူ့ကို အဘယ်ကြောင့် ဝမ်းပန်းတသာ လက်မခံကြသနည်း။

ဘုရားသခင်၏အမှုမှာ သင်သဘောမပေါက်နိုင်သော အရာတစ်ခု ဖြစ်သည်။ အကယ်၍ သင်သည် သင်၏ရွေးချယ်မှု မှန်မမှန်ကို အပြည့်အဝ နားမလည်နိုင်သကဲ့သို့၊ ဘုရားသခင်၏အမှု အောင်မြင်နိုင်မည် မအောင်မြင် နိုင်မည်ကို မသိနိုင်ပါက၊ သင်၏ကံတရားကို စမ်းသပ်ပြီး ဤသာမည လူသားက သင့်အတွက် ကြီးမားသောအကူအညီ ဖြစ်နိုင်မဖြစ်နိုင်မည်နှင့်၊ ဘုရားသခင်က ကြီးမားသောအမှုကို အမှန်ပင် လုပ်ဆောင်ပြီးပြီလော ဟူသည်ကို အဘယ်ကြောင့် မစမ်းသပ်သနည်း။ သို့သော်လည်း နောဧခေတ်တုန်းက လူများသည် သောက်စားနေခဲ့ကြပြီး လက်ထပ်ကြလျက်၊ ဘုရားသခင်အနေနှင့် မြင်တွေ့ရန် မခံမရပ်ခဲ့သည့် အတိုင်းအတာထိ အိမ်ထောင်ပြုခဲ့ကြသောကြောင့် သူသည် လူသားမျိုးနွယ်ကို ဖျက်ဆီးရန် ကြီးစွာသောရေလွှမ်းမိုးမှုကို စေလွှတ်လျက် လူရှစ်ဦးရှိသည့် နောဧမိသားစု၊ ငှက်များနှင့် သားရဲမျိုးစုံတို့ကိုသာ ချမ်းသာပေးခဲ့သည်ကို သင့်အား ငါပြောပြရမည်။ သို့သော်လည်း နောက်ဆုံးသောကာလတွင် ဘုရားသခင် ချမ်းသာပေးခဲ့သူအားလုံးတို့မှာ

သူ့အပေါ် အဆုံးထိ သစ္စာရှိနေခဲ့သောသူတို့ပင်ဖြစ်သည်။ ခေတ်နှစ်ခေတ်စလုံးသည် ဘုရားသခင်အနေနှင့် မြင်တွေ့ရန် မခံမရပ်နိုင်သည့် အကြီးအကျယ် ဖောက်ပြန်ပျက်စီးခြင်း ကာလများဖြစ်ခဲ့ပြီး နှစ်ခေတ်စလုံးတွင် လူသားမျိုးနွယ်က ဘုရားသခင်သည် သူတို့၏သခင်ဖြစ်သည်ကို ငြင်းဆိုခဲ့သည်အထိပင် အလွန် ဖောက်ပြန်ပျက်စီးလာခဲ့သော်လည်း၊ ဘုရားသခင်သည် နောခေတ်တုန်းက လူတို့ကိုသာ ဖျက်ဆီးခဲ့လေသည်။ ခေတ်နှစ်ခေတ်စလုံးတွင် လူသားမျိုးနွယ်သည် ဘုရားသခင်အား ကြီးစွာသော ထိခိုက်နာကျင်မှု ပေးခဲ့စေကာမူ ဘုရားသခင်သည် ယခုထိ နောက်ဆုံးသောကာလ၌ရှိသော လူများကို ဆက်လက်၍ သည်းခံခဲ့ပြီဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်နည်း။ သင်တို့သည် အဘယ်ကြောင့်နည်းဟူသည်ကို မည်သည့်အခါမျှ မစဉ်းစားဖူးသလော။ သင်တို့ အမှန်တကယ် မသိပါက၊ သင်တို့ကို ငါပြောရမည်။ ဘုရားသခင်က နောက်ဆုံးသောကာလတွင် လူတို့ကို ကျေးဇူးတော် ပေးအပ်နိုင်သည့် အကြောင်းရင်းက သူတို့သည် နောခေတ်ကလူတို့ထက် လျော့၍ ဖောက်ပြန်ပျက်စီးသောကြောင့်၊ သို့မဟုတ် နောက်ဆုံးသောကာလ၌ စက်မှုနည်းပညာသည် လွန်စွာတိုးတက်နေသဖြင့် ဘုရားသခင်က သူတို့ကို ဖျက်ဆီးရန် ကိုယ့်ကိုကိုယ် မစေခိုင်းနိုင်ခြင်းမျိုး ဖြစ်ဖို့ဝေးစွ၊ သူတို့သည် ဘုရားသခင်အား နောင်တရခြင်းကို ပြခဲ့ကြပြီးသောကြောင့်လည်း မဟုတ်ပါ။ ထို့ထက် ယင်းမှာ ဘုရားသခင်သည် နောက်ဆုံးသောကာလတွင် လူအုပ်စုတစ်စုထဲ၌ အမှုပြုရန် ရှိသောကြောင့်ဖြစ်ပြီး ဘုရားသခင်သည် ဤအမှုကို မိမိကိုယ်တိုင် လူ့ဇာတိခံယူခြင်းအားဖြင့် လုပ်ဆောင်လိုသောကြောင့် ဖြစ်သည်။ ထိုမျှမက ဘုရားသခင်သည် ဤအုပ်စုထဲကတစ်ချို့ကို သူ့ကယ်တင်ခြင်းအတွက် ရည်စူးထားသူများနှင့် သူ့စီမံခန့်ခွဲမှုအစီအစဉ်၏ အသီးအပွင့်ဖြစ်လာရန် ရွေးချယ်ပြီးလျှင် ဤလူတို့ကို နောက်တစ်ခေတ်ထဲသို့ ခေါ်ဆောင်သွားလိုသည်။ သို့ဖြစ်၍ မည်သို့ပင်ဖြစ်စေ ဘုရားသခင်ပေးဆပ်ခဲ့သည့် ဤတန်ဖိုးသည် နောက်ဆုံးသောကာလ၌ သူ၏ လူဇာတိခံယူထားသော ဇာတိခန္ဓာက ပြုလုပ်မည့်အမှုအား ပြင်ဆင်ရန်အတွက်ချည်းသာ ဖြစ်နေခဲ့သည်။ ယနေ့ သင်တို့ရောက်ရှိလာခဲ့သည့် အဖြစ်မှာ ဤဇာတိခန္ဓာကြောင့်ပင် ဖြစ်သည်။ သင်တို့၌ အသက်ရှင်နေထိုင်ဖို့ အခွင့်အရေးရှိခြင်းမှာ ဘုရားသခင်က ဇာတိခန္ဓာ၌ ရှိနေသောကြောင့် ဖြစ်သည်။ ဤကံကောင်းခြင်းအလုံးစုံကို ဤသာမညလူသားအတွက်ကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။ ဤအရာသာမက အဆုံးတွင် လူမျိုးတိုင်းသည် ဤသာမညလူသားကို ဝတ်ပြုကိုးကွယ်ကြမည် ဖြစ်သကဲ့သို့၊ ဤမထင်ရှားသော လူသားကို ကျေးဇူးတင်ပြီး နာခံကြမည်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ယင်းသည် လူသားမျိုးနွယ်တစ်ရပ်လုံးကို

ကယ်တင်ပြီးပြီဖြစ်သည့် သူယူဆောင်ခဲ့သော သမ္မာတရား၊ အသက်နှင့် လမ်းခရီးတို့ပင် ဖြစ်ပြီး၊ လူသားနှင့် ဘုရားသခင်ကြားက ပဋိပက္ခကို ပြေလည်စေခဲ့ကာ သူတို့ကြားက အကွာအဝေးကို တိုစေပြီးလျှင် ဘုရားသခင်နှင့် လူသား၏ သဘောထားများကြား၌ ဆက်သွယ်ချက်တစ်ခုကို လမ်းဖွင့်ပေးခဲ့သည်။ ဘုရားသခင်အတွက် သာ၍ပင်ကြီးမားသော ဘုန်းအသရေကို ရယူပြီးခဲ့သူမှာလည်း သူပင်ဖြစ်သည်။ ဤကဲ့သို့သော သာမညလူသားသည် သင်၏ယုံကြည်စိတ်ချမှုနှင့် ကြည်ညိုလေးစားမှုတို့နှင့် မထိုက်တန်သလော။ ထိုကဲ့သို့သော သာမညဇာတိခန္ဓာသည် ခရစ်တော်ဟု ခေါ်ဆိုခြင်းခံရရန် မသင့်တော်သလော။ ထိုကဲ့သို့သော သာမညလူသားသည် လူများကြား၌ ဘုရားသခင်၏ထုတ်ဖော်ချက် ဖြစ်မလာနိုင်သလော။ လူသားမျိုးနွယ်ကို ဘေးဒုက္ခမှ ချမ်းသာပေးခဲ့သည့် ထိုလူသားသည် သင်၏ချစ်ခြင်းမေတ္တာနှင့် သူ့အားဖက်တွယ်ထားရန် သင်၏ဆန္ဒတို့နှင့် မထိုက်တန်သလော။ သင်တို့သည် သူ၏နှုတ်မှ ဖော်ပြခဲ့သည့် သမ္မာတရားများကို ငြင်းပယ်ကာ၊ သင်တို့အလယ်၌ သူ၏တည်ရှိမှုကို စက်ဆုပ်ပါက၊ အဆုံး၌ သင်တို့ ဘာဖြစ်သွားမည်နည်း။

နောက်ဆုံးသောကာလရှိ ဘုရားသခင်၏ အမှုအားလုံးကို ဤသာမညလူသားအားဖြင့် လုပ်ဆောင်လျက်ရှိသည်။ သူသည် အရာခပ်သိမ်းကို သင့်အပေါ် အပ်နှင်းမည်ဖြစ်ပြီး၊ ထို့ထက်ပို၍ သင်နှင့်ပတ်သက်သော အရာခပ်သိမ်းကို သူက ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သောလူသားသည် ထုတ်ဖော်ရန် မထိုက်တန်လောက်အောင် အလွန်ရိုးစင်းသည့် လူသားဖြစ်သည်ဟု သင်တို့သူ့ကို ယုံကြည်သည့်အတိုင်း ဖြစ်နိုင်သလော။ သူ၏သမ္မာတရားက သင်တို့ကို အကြွင်းမဲ့ လက်ခံယုံကြည်စေဖို့အတွက် မလုံလောက်သလော။ သူ၏လုပ်ဆောင်ချက်များကို မျက်မြင်တွေ့ရခြင်းက သင့်တို့ကို အကြွင်းမဲ့ လက်ခံယုံကြည်စေဖို့ မလုံလောက်သလော။ သို့မဟုတ် သင်တို့ကို သူခေါ်ဆောင်သွားသည့် လမ်းကြောင်းကို သင်တို့အနေနှင့် လိုက်လျှောက်ရန် မထိုက်တန်သလော။ အဆုံးစွန်အနေဖြင့် သင်တို့အား သူ့ကို စက်ဆုပ်ရွံမုန်းပြီး သူ့ကို ဖယ်ထုတ်ကာ ရှောင်ဖယ်စေသည်မှာ မည်သည့်အရာနည်း။ သမ္မာတရားကို ဖော်ပြသည်မှာ ဤသူပင်ဖြစ်သည်၊ သမ္မာတရားကို ထောက်ပံ့ပေးသည်မှာ ဤသူပင်ဖြစ်သည်၊ ထို့ပြင် သင်တို့လိုက်လျှောက်ရန် လမ်းကြောင်းတစ်ခု ပေးသည်မှာ ဤသူပင် ဖြစ်သည်။ သင်တို့သည် ဤသမ္မာတရားများထဲ၌ ဘုရားသခင့်အမှု၏ သဲလွန်စများကို ရှာမတွေ့နိုင်သေးသည်မှာ ဖြစ်နိုင်သလော။ ယေရှု၏အမှု မပါရှိလျှင်၊ လူသားမျိုးနွယ်သည် လက်ဝါးကပ်တိုင်မှ ဆင်းလာနိုင်ခဲ့မည်မဟုတ်၊ မည်သို့ဆိုစေ မျက်မှောက်ကာလ၏ လူ့ဇာတိခံယူမှု မရှိလျှင်လည်း၊ လက်ဝါးကပ်တိုင်မှ ဆင်းလာသူတို့က ဘုရားသခင်၏ သဘောကျနှစ်သက်မှုကို မည်သည့်အခါမျှ ရရှိနိုင်မည် မဟုတ်သကဲ့သို့၊ ခေတ်သစ်ထဲသို့လည်း

ဝင်ရောက်နိုင်မည် မဟုတ်ပေ။ ဤသာမညလူသား၏ ကြွဆင်းလာခြင်း မရှိလျှင်၊ သင်တို့တွင် ဘုရားသခင်၏ မျက်နှာတော်အစစ်အမှန်ကို မြင်တွေ့ရန် မည်သည့်အခါမျှ အခွင့်အလမ်းရရှိမည် မဟုတ်သကဲ့သို့ မြင်တွေ့ဖို့လည်း အရည်အချင်း ပြည့်မီမည် မဟုတ်ပေ၊ အကြောင်းမှာ သင်တို့အားလုံးသည် လွန်ခဲ့သော အချိန်ကပင် ဖျက်ဆီးခြင်းခံသင့်ခဲ့သည့် အရာများပင် ဖြစ်ကြပေသည်။ ဘုရားသခင်၏ ဒုတိယအကြိမ် လူ့ဇာတိခံယူမှု၏ ကြွလာခြင်းကြောင့်သော ဘုရားသခင်သည် သင်တို့ကို ခွင့်လွှတ်ခဲ့ပြီဖြစ်ကာ သနားကရုဏာကို ပြသခဲ့ပြီဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အဆုံး၌ သင်တို့အား ငါချန်ထား ပေးရမည့် စကားမှာ ဤအရာသာလျှင်ဖြစ်သည်- လူ့ဇာတိခံယူသော ဘုရားသခင်ဖြစ်သည့် ဤသာမညလူသားမှာ သင်တို့အတွက် မရှိမဖြစ် အရေးပါသူပင် ဖြစ်သည်။ ဤသည်မှာ လူသားများကြား၌ ဘုရားသခင် ပြုခဲ့ပြီးဖြစ်သည့် ကြီးမားသောအမှုပင် ဖြစ်ပေ၏။

## နောက်ဆုံးသော ကာလ၏ ခရစ်တော်သည်သာ လူသားအား ထာဝရအသက်၏ လမ်းခရီးကို ပေးနိုင်သည်

အသက်၏ လမ်းခရီးသည် မည်သူမဆို ပိုင်ဆိုင်နိုင်သည့် အရာတစ်ခု မဟုတ်သကဲ့သို့ မည်သူမဆို အလွယ်တကူ ရယူနိုင်သောအရာ တစ်ခုလည်း မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် အသက်သည် ဘုရားသခင်ထံမှသာ လာနိုင်သောကြောင့်ဖြစ်၏၊ ဆိုလိုသည်မှာ ဘုရားသခင် ကိုယ်တိုင်သည်သာ အသက်၏အနှစ်သာရကို ပိုင်ဆိုင်ပြီး၊ ဘုရားသခင်ကိုယ်တိုင်သာ အသက်၏ လမ်းခရီး ရှိလေသည်။ ထို့ကြောင့် ဘုရားသခင်သာလျှင် အသက်၏အရင်းအမြစ်ဖြစ်ပြီး၊ အစဉ်စီးဆင်းနေသော ရှင်သန်သည့် အသက်စမ်းရေဖြစ်၏။ ကမ္ဘာလောကကို သူဖန်ဆင်းခဲ့ချိန်ကတည်းမှစ၍ ဘုရားသခင်သည် အသက်၏ စွမ်းအားပါဝင်သည့် အမှုများစွာကို လုပ်ဆောင်ပြီး ဖြစ်သည်၊ လူသားထံ အသက် ဆောင်ကြဉ်းပေးသည့် အမှုများစွာကို လုပ်ဆောင်ပြီးဖြစ်သကဲ့သို့ လူသားအနေဖြင့် အသက်ရရှိစေနိုင်ရန် အလို့ငှာ ကြီးမားသော အဖိုးအခတစ်ခုကို ပေးဆပ်ပြီးဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် ကိုယ်တော်တိုင်သည် ထာဝရအသက်ဖြစ်ပြီး၊ ဘုရားသခင် ကိုယ်တော်တိုင်သည် လူသားကို ရှင်ပြန်ထမြောက်စေသည့် လမ်းခရီး ဖြစ်သောကြောင့် ဖြစ်၏။ ဘုရားသခင်သည် လူသား၏နှလုံးသားမှ မည်သည့်အခါမျှ ကင်းမဲ့ခြင်းမရှိသကဲ့သို့ လူသားအလယ်တွင် တစ်ချိန်လုံး အသက်ရှင်နေပေသည်။ သူသည်

လူသား အသက်ရှင်မှု၏ လွှမ်းမိုးစေ့ဆော်မှု၊ လူသားဖြစ်တည်မှု၏ အရင်းအမြစ်နှင့် မွေးဖွားပြီးနောက် လူ၏ ဖြစ်တည်မှုအတွက် ကြွယ်ဝသော သိုက် ဖြစ်သည်။ သူသည် လူသားကို ပြန်လည်မွေးဖွားဖို့ ဖြစ်စေပြီး၊ ၎င်းကို ၎င်း၏အခန်းကဏ္ဍတိုင်းကို ဇွဲနပဲကြီးစွာ အသက်ရှင်နေထိုင်နိုင်စေ၏။ သူ၏တန်ခိုးနှင့် သူ၏ငြိမ်းသတ်၍မရသော အသက် အင်အားကြောင့် လူသားသည် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် အသက်ရှင်ပြီး ဖြစ်သည်၊ ယင်းကာလတစ်လျှောက်လုံး ဘုရားသခင်၏ အသက်တန်ခိုးသည် လူသား တည်ရှိမှု၏ အဓိကပံ့ပိုးမှုဖြစ်ကာ၊ ယင်းအတွက် မည်သည့်သာမန်လူသားကမျှ ပေးဆပ်ဖူးခြင်းမရှိသော အဖိုးအခကို ဘုရားသခင် ပေးဆပ်ပြီးဖြစ်သည်။ ဘုရားသခင်၏ အသက်အင်အားသည် မည်သည့်တန်ခိုးကိုမဆို အောင်နိုင်၏။ ထို့အပြင် မည်သည့်တန်ခိုးထက်မဆို သာလွန်၏။ သူ၏အသက်သည် ထာဝရဖြစ်၏၊ သူ၏တန်ခိုးသည် ထူးကဲသာလွန်ကာ၊ သူ၏ အသက်အင်အားကို မည်သည့် အဖန်ဆင်းခံ သတ္တဝါ၊ သို့မဟုတ် မည်သည့် ရန်သူအင်အားကမျှ မလွှမ်းမိုးနိုင်ပေ။ အချိန်၊ သို့မဟုတ် နေရာကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ အသက်အင်အားသည် တည်ရှိ၍ ၎င်း၏တောက်ပသောရောင်ခြည်ကို ထွန်းလင်း၏။ ကောင်းကင်နှင့် မြေကြီးသည် ကြီးမားသော ပြောင်းလဲမှုများကို ကြုံကောင်းကြုံရနိုင်သော်လည်း၊ ဘုရားသခင်၏ အသက်မှာမူ ထာဝရ မပြောင်းလဲပေ။ ဘုရားသခင်သည် အရာခပ်သိမ်း၏ တည်ရှိခြင်း အရင်းအမြစ်ဖြစ်ပြီး၊ ၎င်းတို့တည်ရှိခြင်း၏ ရေသောက်မြစ် ဖြစ်သည့်အတွက်၊ အရာခပ်သိမ်း မတည်သော်လည်း၊ ဘုရားသခင်၏ အသက်သည် ဆက်လက်တည်ရှိလိမ့်မည်။ လူသား၏အသက်သည် ဘုရားသခင်ထံမှ အစပြု၏။ ကောင်းကင်၏ တည်ရှိခြင်းသည် ဘုရားသခင်ကြောင့်ဖြစ်ပြီး၊ ကမ္ဘာမြေကြီး တည်ရှိခြင်းသည် ဘုရားသခင်၏ အသက်တန်ခိုးကြောင့်ဖြစ်၏။ အသက်၏ စွမ်းအားရှိသည့် မည်သည့်အရာမျှ ဘုရားသခင်၏ အချုပ်အခြာ အာဏာကို ကျော်လွန်နိုင်ခြင်း မရှိသကဲ့သို့၊ အားမာန်ရှိသည့် မည်သည့်အရာမျှ ဘုရားသခင်၏ ဩဇာ အာဏာပိုင်နက်မှ မလွတ်မြောက်နိုင်ပေ။ ဤနည်းဖြင့် မည်သူပင်ဖြစ်စေ အယောက်တိုင်း ဘုရားသခင်၏ အုပ်စိုးမှုအောက် နာခံရမည်၊ အယောက်တိုင်း ဘုရားသခင်၏ ကွပ်ကဲမှုအောက်တွင် အသက်ရှင်ရမည်ဖြစ်ပြီး၊ မည်သူမျှ သူ၏လက်မှ မလွတ်မြောက်နိုင်ပေ။

ယခု သင် ဆန္ဒရှိသည်မှာ အသက်ကိုရရှိဖို့ ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် သင်သည် သမ္မာတရားကို ရရှိဖို့ ဆန္ဒရှိကောင်းရှိမည်။ မည်သို့ပင်ဖြစ်စေ၊ သင်သည် ဘုရားသခင်ကို ရှာတွေ့ရန်၊ သင် မှီခိုနိုင်ပြီး သင့်ကို ထာဝရအသက်ပေးနိုင်သော ဘုရားသခင်ကို ရှာတွေ့ရန် ဆန္ဒရှိသည်။ သင်သည် ထာဝရအသက်ကို ရရှိလိုပါက၊ ထာဝရအသက်၏ အရင်းအမြစ်ကို

ပထမဦးစွာ သင်နားလည်ရမည်ဖြစ်ပြီး၊ ဘုရားသခင် မည်သည့်နေရာတွင် ရှိသည်ကို ပထမဦးစွာ သိရမည်ဖြစ်သည်။ ဘုရားသခင်သာလျှင် မပြောင်းလဲနိုင်သော အသက်ဖြစ်ကြောင်းနှင့် ဘုရားသခင်သာလျှင် အသက်၏ လမ်းခရီးကို ပိုင်ဆိုင်ကြောင်း ငါပြောနှင့်ပြီးဖြစ်သည်။ သူ၏အသက်သည် မပြောင်းလဲနိုင်သည့်အတွက်၊ ထာဝရဖြစ်၏။ ဘုရားသခင်သာလျှင် အသက်၏ လမ်းခရီး ဖြစ်သည့်အတွက်၊ ဘုရားသခင် ကိုယ်တော်တိုင်သည် ထာဝရအသက်၏ လမ်းခရီးဖြစ်၏။ ထိုသို့ဖြင့်၊ သင်သည် ဘုရားသခင် မည်သည့်နေရာတွင် ရှိသည်ဆိုသည်နှင့် ဤထာဝရအသက်၏ လမ်းခရီးအား မည်သို့ရရှိရမည်ကို ပထမဦးစွာ နားလည်သင့်ပေသည်။ ယခု ဤကိစ္စနှစ်ရပ်အား သီးခြားစီ ဆွေးနွေးကြပါစို့။

ထာဝရအသက် လမ်းခရီးကို သင်အမှန်တကယ် ရရှိလိုပြီး၊ ယင်းကို ရှာဖွေရာတွင် သင်သည် စိတ်ပြင်းပြပါက၊ ပထမဦးစွာ ဤမေးခွန်းကို ဖြေဆိုလော့။ ယနေ့တွင် ဘုရားသခင် မည်သည့်နေရာတွင် ရှိသနည်း။ "ဘုရားသခင် ကောင်းကင်တွင် နေသည် ဟုတ်ပေသည်- သူသည် သင့်အိမ်တွင် နေလိမ့်မည်မဟုတ်။ ဟုတ်ပါသလား။" ဟု သင် ဖြေကောင်းဖြေမည်။ ဘုရားသခင်သည် အရာခပ်သိမ်းအလယ်တွင် သိသာထင်ရှားစွာ နေ၏ သို့မဟုတ် ဘုရားသခင်သည် လူအသီးသီး၏ နှလုံးသားတွင်နေ၏။ သို့မဟုတ် ဘုရားသခင်သည် ဝိညာဉ်လောကတွင် ရှိသည်ဟု သင်ဆိုကောင်းဆိုပေမည်။ ဤအရာထဲမှ မည်သည့်အရာကိုမျှ ငါမငြင်းဆိုပေ၊ သို့သော် ကိစ္စရပ်ကို ငါရှင်းလင်းစေရမည်။ ဘုရားသခင်သည် လူသား၏ နှလုံးသားထဲတွင် နေသည်ဟုဆိုခြင်းမှာ လုံး၀ မှန်ကန်သည် မဟုတ်၊ သို့သော် လုံး၀ မှားသည်လည်း မဟုတ်ပေ။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကို ယုံကြည်သူတို့ အလယ်တွင် မိမိတို့၏ ယုံကြည်မှု စစ်မှန်သူများနှင့် မိမိတို့၏ယုံကြည်မှု မှားယွင်းသောသူများ ရှိ၏၊ ဘုရားသခင် လက်ခံသောသူများနှင့် လက်မခံသောသူများ ရှိပြီး၊ သူ့ကို စိတ်ကျေနပ်စေသူများနှင့် သူစက်ဆုပ်ရွံရှာသူများ ရှိကာ သူ စုံလင်စေသောသူများရှိပြီး သူ ဖယ်ရှားသောသူများ ရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် လူအနည်းငယ်၏ နှလုံးသားထဲတွင်သာ နေပြီး၊ ဤလူများသည် ဘုရားသခင်ကို စစ်မှန်စွာ ယုံကြည်သူများ၊ ဘုရားသခင်က လက်ခံသူများ၊ ဘုရားသခင်ကို စိတ်ကျေနပ်စေသူများနှင့် သူ စုံလင်စေသည့်သူများ အသေအချာ ဖြစ်သည်ဟု ငါဆိုရပေသည်။ ၎င်းတို့သည် ဘုရားသခင်၏ ဦးဆောင်ခြင်းခံရသူများ ဖြစ်ကြ၏။ ၎င်းတို့သည် ဘုရားသခင်၏ ဦးဆောင်ခြင်းခံရသည့်အတွက်၊ ၎င်းတို့သည် ဘုရားသခင်၏ ထာဝရအသက် လမ်းခရီးကို ကြားကာ မြင်နှင့်ပြီးသော လူများ ဖြစ်ကြ၏။ ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်မှု

မှားယွင်းသောသူများ၊ ဘုရားသခင်က လက်မခံသောသူများ၊ ဘုရားသခင်က စက်ဆုပ်သောသူများ၊ ဘုရားသခင်၏ ဖယ်ရှားခြင်းခံရသောသူများ- ၎င်းတို့သည် ဘုရားသခင်၏ ငြင်းပယ်ခြင်းကို ခံရမည်မှာ သေချာပြီး အသက်၏ လမ်းခရီးမရှိဘဲ နေရဖို့ သေချာကာ၊ ဘုရားသခင် မည်သည့်နေရာတွင် ရှိသည်ကို မသိဘဲနေရဖို့ သေချာပေသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ ၎င်းတို့၏ နှလုံးသားတွင် ဘုရားသခင် အသက်ရှင်သည့်သူများမှာမူ ဘုရားသခင် မည်သည့်နေရာတွင် ရှိသည်ကို သိကြ၏။ ၎င်းတို့သည် ဘုရားသခင်က ထာဝရအသက် လမ်းခရီးကို အပ်နှင်းသည့် လူများဖြစ်ပြီး၊ ဘုရားသခင် နောက်သို့ လိုက်သောသူများ ဖြစ်ကြ၏။ ဘုရားသခင် မည်သည့်နေရာတွင် ရှိသည်ကို ယခု သင် သိပြီလော။ ဘုရားသခင်သည် လူသား၏ နှလုံးသားတွင် ရှိသကဲ့သို့ လူသား၏ နံဘေးတွင်လည်း ရှိ၏။ သူသည် ဝိညာဉ်လောကနှင့် ခပ်သိမ်းသော အမှုအရာအထက်တွင် ရှိသည်သာမက၊ လူသားတည်ရှိသော ကမ္ဘာမြေကြီးပေါ်တွင်လည်း သာ၍ ရှိပေသည်။ ထို့ကြောင့် နောက်ဆုံးသောကာလ ရောက်ရှိခြင်းသည် ဘုရားသခင်၏ အမှုအဆင့်များကို အသစ်သော နယ်မြေပိုင်နက်ထဲသို့ ယူဆောင်သွားပြီဖြစ်သည်။ ဘုရားသခင်သည် စကြဝဠာရှိ အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာ ကိုင်စွဲထားပြီး၊ သူသည် လူသား၏ နှလုံးသားတွင် လူသား၏ အဓိက အစိတ်အပိုင်း ဖြစ်သည့်အပြင်၊ လူသားအလယ်တွင် ရှိလေသည်။ ဤနည်းဖြင့်သာ၊ သူသည် လူသားမျိုးနွယ်ထံ အသက်၏ လမ်းခရီးကို ဆောင်ကြဉ်း ပေးနိုင်ပြီး၊ အသက်၏ လမ်းခရီးထဲသို့ လူသားကို ခေါ်ဆောင်နိုင်၏။ လူသားသည် အသက်၏ လမ်းခရီးကို ရရှိရန်နှင့် လူသားအနေဖြင့် တည်ရှိနိုင်ဖို့အလို့ငှာ ဘုရားသခင်သည် ကမ္ဘာမြေပေါ်သို့ ကြွလာပြီဖြစ်ပြီး၊ လူသားအလယ်တွင် အသက်ရှင်လေသည်။ တစ်ချိန်တည်းတွင်၊ လူသားအလယ် သူ၏ စီမံခန့်ခွဲမှုနှင့်အတူ ၎င်းတို့ ပူးပေါင်းလုပ်ဆောင်နိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် စကြဝဠာရှိ အရာခပ်သိမ်းကိုလည်း ကွပ်ကဲလေသည်။ ထို့ကြောင့် ဘုရားသခင်သည် ကောင်းကင်နှင့် လူသား၏ နှလုံးသားထဲတွင် ရှိသည်ဟူသော အယူဝါဒကိုသာ သင်အသိအမှတ်ပြုသော်လည်း၊ လူသားအလယ် ဘုရားသခင်၏ တည်ရှိခြင်း သမ္မာတရားကို အသိအမှတ်မပြုပါက၊ သင်သည် မည်သည့်အခါတွင်မျှ အသက်ကို ရရှိလိမ့်မည် မဟုတ်သကဲ့သို့၊ သမ္မာတရား၏ လမ်းခရီးကို မည်သည့်အခါတွင်မျှ ရရှိလိမ့်မည် မဟုတ်ပေ။

ဘုရားသခင် ကိုယ်တော်တိုင်သည် အသက်ဖြစ်သည်၊ သမ္မာတရားလည်း ဖြစ်ပြီး၊ သူ၏အသက်နှင့် သမ္မာတရားသည် အတူယှဉ်တွဲ တည်ရှိကြ၏။ သမ္မာတရားကို ရရှိနိုင်စွမ်း မရှိသူများသည် မည်သည့်အခါတွင်မျှ အသက်ကို ရရှိလိမ့်မည် မဟုတ်။ သမ္မာတရား၏

လမ်းပြမှု၊ ပံ့ပိုးမှုနှင့် ထောက်ပံ့မှုမရှိဘဲနှင့်၊ သင်သည် ကျမ်းဟောင်းတရားများ၊ အယူဝါဒများနှင့် အားလုံးထက် သေခြင်းကိုသာ ရရှိလိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏ အသက်သည် အစဉ်ရှိနေပြီး၊ သူ၏သမ္မာတရားနှင့် အသက်တို့သည် အတူယှဉ်တွဲတည်ရှိ၏။ သင်သည် သမ္မာတရား၏ အရင်းအမြစ်ကို ရှာမတွေ့နိုင်ပါက၊ အသက်၏အာဟာရကို ရရှိလိမ့်မည် မဟုတ်ပေ။ သင်သည် အသက်၏ ထောက်ပံ့မှုကို မရရှိနိုင်ပါက၊ ဧကန်မုချ သမ္မာတရား ရှိလိမ့်မည် မဟုတ်၊ ထို့ကြောင့် စိတ်ကူးစိတ်သန်းများနှင့် အယူအဆများမှအပ၊ သင်၏ခန္ဓာကိုယ် တစ်ခုလုံးသည် အသွေးအသား၊ သင်၏ နံစော်သော အသွေးအသားကလွဲ၍ မည်သည့်အရာမျှ ဖြစ်လိမ့်မည် မဟုတ်။ စာအုပ်တို့၏ စကားလုံးများသည် အသက်ဟု မယူဆသည်ကို သိလော့၊ သမိုင်းမှတ်တမ်းများကို သမ္မာတရားအဖြစ် ဂုဏ်ပြု၍ မရနိုင်သကဲ့သို့၊ အတိတ်၏ စည်းမျဉ်းစည်းကမ်းများသည် ဘုရားသခင်က ယခုပြောသော နှုတ်ကပတ်တော်များ၏ မှတ်တမ်းတစ်ခုအဖြစ် အသုံးမခံနိုင်ပေ။ ဘုရားသခင် ကမ္ဘာမြေသို့ ကြွလာပြီး၊ လူသားအလယ် နေထိုင်ချိန်တွင် ဖော်ပြသော အရာသည်သာ သမ္မာတရား၊ အသက်၊ ဘုရားသခင်၏ အလိုနှင့် သူ၏လက်ရှိ အမှုပြုသည့် နည်းလမ်း ဖြစ်၏။ အတိတ်ခေတ်များမှ ယနေ့ထိ အတောအတွင်း၊ ဘုရားသခင် ပြောဆိုခဲ့သော နှုတ်ကပတ်တော်များ၏ မှတ်တမ်းများကို သင် အသုံးချပါက၊ ယင်းက သင့်ကို ရှေးဟောင်းသုတေသီတစ်ဦးဖြစ်စေပြီး၊ သင့်ကို ဖော်ပြရမည့် အကောင်းဆုံးသော နည်းလမ်းမှာ သမိုင်းဆိုင်ရာ အမွေအနှစ်နှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးဟူ၍ ဖြစ်သည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် သင်သည် အတိတ် အချိန်ကာလများတွင် ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အမှု၏ အရိပ်အယောင်များကို အမြဲ ယုံကြည်သောကြောင့်၊ ယခင်က လူသားအလယ် ဘုရားသခင် အမှုပြုခဲ့ချိန်တွင် ကျန်ရစ်ခဲ့သည့် ဘုရားသခင်၏အရိပ်ကိုသာ သင် ယုံကြည်ပြီး၊ ယခင်အချိန်များတွင် ဘုရားသခင်က သူ၏ နောက်လိုက်များကို ပေးခဲ့သည့် လမ်းခရီးကိုသာ ယုံကြည်သောကြောင့် ဖြစ်ပေသည်။ သင်သည် ယနေ့ ဘုရားသခင် အမှု၏ ဦးတည်ရာကို မယုံကြည်ပေ၊ ယနေ့ ဘုရားသခင်၏ ဘုန်းထင်ရှားသော မျက်နှာကို မယုံကြည်သကဲ့သို့၊ ယခု ဘုရားသခင် ဖော်ပြသည့် သမ္မာတရား၏ လမ်းခရီးကို မယုံကြည်ပေ။ ထို့ကြောင့် သင်သည် လက်တွေ့အရှိတရားနှင့် လုံးဝ ကင်းကွာသည့် စိတ်ကူးယဉ်သမား တစ်ဦးသာဖြစ်သည်မှာ ငြင်းမရနိုင်အောင် ဖြစ်သည်။ ယခု သင်သည် လူသားကို အသက် ဆောင်ကြဉ်းပေးနိုင်စွမ်းရှိသည့် စကားများကို ဖက်တွယ်နေဆဲဖြစ်ပါက၊ သင်သည် ရှေးရိုးစွဲဆန်လွန်းသည့်အတွက်၊ ပေကပ်ကပ် နိုင်လွန်းသည့်အတွက်၊ ကျိုးကြောင်းဆင်ခြင်၍ မရသည့်အတွက်၊ မျှော်လင့်ချက်မရှိသော သစ်ခြောက်တစ်ခု[က] ဖြစ်ပေသည်။

လူ့ဇာတိခံယူသော ဘုရားသခင်ကို ခရစ်တော်ဟုခေါ်သည်၊ ထို့ကြောင့် လူတို့ကို သမ္မာတရား ပေးနိုင်သော ခရစ်တော်ကို ဘုရားသခင်ဟု ခေါ်၏။ သူသည် ဘုရားသခင်၏ အနှစ်သာရ ပိုင်ဆိုင်ပြီး၊ သူ၏ အမှုတွင် လူသားက မရရှိနိုင်သည့် ဘုရားသခင်၏ စိတ်သဘောထားနှင့် ဉာဏ်ပညာတို့ ပိုင်ဆိုင်သည့်အတွက်၊ ဤအရာနှင့်ပတ်သက်၍ လွန်ကဲသောအရာတစ်ခုမျှ မရှိပေ။ မိမိတို့ကိုယ်ကိုယ် ခရစ်တော်ဟု ခေါ်သော်လည်း၊ ဘုရားသခင်၏အမှုကို မလုပ်ဆောင်နိုင်သော သူတို့သည် လူလိမ်များ ဖြစ်၏။ ခရစ်တော်သည် ကမ္ဘာမြေကြီးပေါ် ရှိ ဘုရားသခင်၏ သရုပ်သကန်ဖြစ်ရုံသာမက၊ ဘုရားသခင်က လူသားအလယ် သူ၏အမှုကို ဆောင်ရွက်ပြီး၊ ပြည့်စုံစေသည်နှင့်အမျှ သူခံယူသော အထူးလူ့ဇာတိလည်း ဖြစ်၏။ ဤဇာတိခန္ဓာကို မည်သည့်လူသားမဆိုက အစားထိုး၍ မရနိုင်ဘဲ၊ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏အမှုကို ပြည့်စုံလုံလောက်စွာ တာဝန်ယူ ထမ်းဆောင်နိုင်ပြီး ဘုရားသခင်၏ စိတ်သဘောထားကို ဖော်ပြနိုင်ကာ၊ ဘုရားသခင်ကို ကောင်းစွာ ကိုယ်စားပြုနိုင်သကဲ့သို့ လူသားကို အသက်ဖြင့် ထောက်ပံ့ပေးနိုင်သော ဇာတိခန္ဓာ တစ်ခုဖြစ်၏။ ၎င်းတို့သည် ခရစ်တော်ဖြစ်သည်ဟု အခိုင်အမာ ဆိုကြသော်လည်း၊ ခရစ်တော်၏ အနှစ်သာရထဲမှ မည်သည့်အရာမျှ မပိုင်ဆိုင်ကြသည့်အတွက်၊ အနှေးနှင့်အမြန်၊ ခရစ်တော်၏ အယောင်ကိုဆောင်သော သူအားလုံးတို့သည် ကျရှုံးကြလိမ့်မည်။ ထို့ကြောင့် ခရစ်တော်၏ စစ်မှန်မှုကို လူသားက သတ်မှတ်၍ မရနိုင်ဘဲ၊ ဘုရားသခင် ကိုယ်တိုင်က တာဝန်ယူကာ ဆုံးဖြတ်ထားခြင်းဖြစ်သည်ဟု ငါပြောရပေသည်။ ဤပုံစံဖြင့် သင်သည် အသက်၏ လမ်းခရီးကို အမှန်တကယ် ရှာဖွေလိုပါက၊ လူသားကို သူ အသက်၏ လမ်းခရီး အပ်နှင်းသည်မှာ ကမ္ဘာမြေကြီးပေါ်သို့ ကြွလာခြင်းအားဖြင့် ဖြစ်သည်ကို ပထမဦးစွာ သင် အသိအမှတ် ပြုရမည်ဖြစ်ပြီး၊ လူသားကို အသက်၏ လမ်းခရီး အပ်နှင်းရန် ကမ္ဘာမြေသို့ သူ ကြွလာသည်မှာ နောက်ဆုံးသော ကာလအတွင်းတွင် ဖြစ်သည်ကို သင် အသိအမှတ် ပြုရမည်ဖြစ်သည်။ ဤသည်မှာ အတိတ်တွင် မဟုတ်။ ယနေ့ ဖြစ်ပျက်နေခြင်း ဖြစ်၏။

နောက်ဆုံးသောကာလ၏ ခရစ်တော်သည် အသက် ယူဆောင်လာပြီး၊ အစွန့်ရှည်စွာ တည်တံ့ကာ ထာဝရတည်ရှိသော သမ္မာတရား၏ လမ်းခရီးကို ယူဆောင်လာ၏။ ဤသမ္မာတရားသည် လူသားက အသက်ရရှိသည့် လမ်းကြောင်းဖြစ်ပြီး၊ လူသားက ဘုရားသခင်ကို သိမည့် တစ်ခုတည်းသော လမ်းကြောင်းနှင့် ဘုရားသခင်၏ လက်ခံခြင်းခံရမည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်၏။ နောက်ဆုံးသောကာလ၏ ခရစ်တော်ပေးသည့် အသက်၏လမ်းခရီးကို သင်မရှာဖွေပါက၊ သင်သည် သမိုင်း၏ ရုပ်သေးရုပ်ရော အကျဉ်းသားပါ ဖြစ်သည့်အတွက်၊ ယေရှု၏ လက်ခံမှုကို မည်သည့်အခါမျှ သင် ရရှိမည်မဟုတ်သကဲ့သို့

ကောင်းကင်နိုင်ငံတော်၏ တံခါးကိုဝင်ရန် မည်သည့်အခါမျှ အရည်အချင်းမီမည် မဟုတ်ပေ။ စည်းမျဉ်းစည်းကမ်းများ၊ ကျမ်းဟောင်းတရားများ၏ ထိန်းချုပ်မှုခံရပြီး၊ သမိုင်း၏ ချုပ်နှောင်မှုခံရသူများသည် မည်သည့်အခါတွင်မျှ အသက်ကို ရရှိနိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ အသက်၏ ထာဝရလမ်းခရီးကို ရရှိနိုင်မည် မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ထိုသူတို့အားလုံးသည် ပလ္လင်မှ စီးဆင်းသည့် အသက်ရေ ဖြစ်မည့်အစား နှစ်ပေါင်းထောင်ပေါင်းများစွာ တစ်နေရာတည်းတွင် ရှိနေသော နောက်ကျိသည့် ရေများ ဖြစ်ကြသောကြောင့် ဖြစ်၏။ အသက်ရေဖြင့် ထောက်ပံ့မှု မခံရသောသူတို့သည် လူသေကောင်များ၊ စာတန်၏ ကစားစရာများနှင့် ငရဲ၏သားများအဖြစ် ထာဝရရှိနေကြလိမ့်မည်။ သို့ဖြစ်ပါက ၎င်းတို့သည် ဘုရားသခင်ကို မည်သို့ ရှုမြင်နိုင်မည်နည်း။ သင်သည် အတိတ်ကို ဖက်တွယ်ရန်သာ ကြိုးစားပါက၊ တည်ငြိမ်စွာ ရပ်နေခြင်းဖြင့် အမှုအရာများကို ၎င်းတို့ရှိနေသည့်အတိုင်း ထိန်းသိမ်းရန်သာ ကြိုးစားပြီး၊ ပိုနေမြဲ ကျားနေမြဲ အခြေအနေကို ပြောင်းလဲရန်နှင့် သမိုင်းကို စွန့်ပစ်ရန် မကြိုးစားပါက၊ သင်သည် ဘုရားသခင်ကို အမြဲဆန့်ကျင်နေမည် မဟုတ်လော။ ဘုရားသခင် အမှု၏ အဆင့်များသည်- တလိပ်လိပ်တက်နေသော လှိုင်းတံပိုးများနှင့် မြည်ဟည်းနေသော မိုးချုန်းသံကဲ့သို့- ကြီးမားကျယ်ပြန့်ကာ တန်ခိုးကြီးသော်လည်း၊ သင်သည် ပျက်စီးခြင်းကို မလှုပ်မယှက် စောင့်ဆိုင်းရင်း၊ သင်၏မိုက်မဲမှုကို ဖက်တွယ်ရင်းနှင့် မည်သည့်အရာမျှ မလုပ်ဆောင်ဘဲနေရင်း ထိုင်နေသည်။ ဤနည်းဖြင့်၊ သိုးသငယ်၏ ခြေလှမ်းနောက် လိုက်သူတစ်ဦးအဖြစ် သင့်ကို မည်သို့ယူဆ၍ရနိုင်မည်နည်း။ သင် ဖက်တွယ်ထားသော ဘုရားသခင်သည် အစဉ်အသစ်ဖြစ်ကာ၊ မည်သည့်အခါမျှ အိုဟောင်းခြင်းမရှိသည့် ဘုရားသခင်အဖြစ် သင် မည်သို့ မှန်ကန်ကြောင်းပြနိုင်မည်နည်း။ သင်၏ အဝါရောင် သန်းနေသော စာအုပ်များ၏ စကားလုံးများသည် သင့်ကို ခေတ်သစ်တစ်လျှောက် မည်သို့ သယ်ဆောင်သွားနိုင်မည်နည်း။ ဘုရားသခင့်အမှု၏ အဆင့်များကို ရှာဖွေရန် ယင်းတို့သည် သင့်ကို မည်သို့ဦးဆောင်နိုင်မည်နည်း။ ပြီးလျှင် ၎င်းတို့သည် သင့်ကို ကောင်းကင်သို့ မည်သို့ခေါ်ဆောင်သွားနိုင်မည်နည်း။ သင်၏ လက်ထဲတွင် သင်ကိုင်စွဲသည့်အရာမှာ သင့်ကို ယာယီဖြေသိမ့်မှုသာ ပေးနိုင်သည့် ကျမ်းဟောင်းတရားများသာဖြစ်သည်၊ အသက် ပေးနိုင်စွမ်းရှိသည့် သမ္မာတရားများ မဟုတ်ပေ။ သင်ဖတ်သည့် သမ္မာကျမ်းများမှာ သင်၏နှုတ်ကိုသာ ကြွယ်ဝစေနိုင်ပြီး၊ သင့်ကို စုံလင်စေခြင်းဆီသို့ ဦးဆောင်လမ်းပြပေးနိုင်သော လမ်းကြောင်းများဖြစ်ဖို့ မဆိုထားနှင့်၊ လူ့အသက်တာကို သိရှိရန် သင့်ကို ကူညီနိုင်သည့် ဉာဏ်ပညာနှင့်ဆိုင်သော စကားများပင် မဟုတ်ပေ။ ဤကွာဟချက်သည် သင့်ကို

ပြန်လည်သုံးသပ်ရန် အကြောင်းတရား မပေးပါသလော။ ယင်းသည် အတွင်းတွင် ပါရှိသည့် နက်နဲမှုများကို သင့်အား နားလည်စေပါသလော။ သင်သည် ဘုရားသခင်ကို သင့်ဘာသာ တွေ့ဆုံရန် မိမိကိုယ်ကိုယ် ကောင်းကင်ဘုံသို့ ပို့ဆောင်နိုင်သလော။ ဘုရားသခင်၏ ကြွလာခြင်းမရှိဘဲနှင့်၊ သင်သည် ဘုရားသခင်နှင့် မိသားစုပျော်ရွှင်မှုကို မွေ့လျော်ခံစားရန် သင့်ကိုယ်သင် ကောင်းကင်ဘုံထဲသို့ ခေါ်ဆောင်သွားနိုင်သလော။ သင်သည် ယခု စိတ်ကူးယဉ် နေသေးသလော။ သို့ဆိုပါက စိတ်ကူးယဉ်ခြင်းကို ရပ်တန့်ပြီး၊ ယခု မည်သူအမှုပြုနေသည်ကို ကြည့်ရန်- နောက်ဆုံးသောကာလတွင် လူသားကို ကယ်တင်ခြင်းအမှုအား ယခု မည်သူ ဆောင်ရွက်နေသည်ကို မြင်ရန် ကြည့်ဖို့- ငါအကြံပြု၏။ သင် ထိုသို့မလုပ်ဆောင်ပါက၊ သမ္မာတရားကို မည်သည့်အခါတွင်မျှ သင် ရရှိလိမ့်မည်မဟုတ်သကဲ့သို့၊ အသက်ကို မည်သည့်အခါတွင်မျှ ရရှိလိမ့်မည် မဟုတ်ပေ။

ခရစ်တော်ပြောဆိုခဲ့သည့် သမ္မာတရားကို အားကိုးခြင်းမရှိဘဲ အသက်ရရှိလိုသူတို့သည် ကမ္ဘာမြေပေါ်တွင် အဓိပ္ပာယ်မရှိဆုံးသော လူများဖြစ်ပြီး၊ ခရစ်တော်ယူဆောင်လာသည့် အသက်၏လမ်းခရီးကို လက်မခံသောသူတို့သည် စိတ်ကူးယဉ်အိပ်မက်ထဲတွင် ပျောက်ဆုံးကြပေသည်။ ထို့ကြောင့် နောက်ဆုံးသောကာလ ခရစ်တော်ကို လက်မခံသူများသည် ဘုရားသခင်၏ စက်ဆုပ်ရွံရှာမှုကို ထာဝရခံရမည်ဖြစ်သည်ဟု ငါဆို၏။ ခရစ်တော်သည် နောက်ဆုံးသော ကာလအတွင်းတွင် နိုင်ငံတော်သို့ လူသားဝင်ရောက်ရန် တံခါးပေါက်ဖြစ်ပြီး၊ သူ့ကို ရှောင်ကွင်းသွားနိုင်သူ မည်သူမျှမရှိပေ။ ခရစ်တော်ကို အမှီမပြုလျှင် မည်သူမျှ ဘုရားသခင်၏ စုံလင်စေခြင်းကို မခံရနိုင်ပေ။ သင်သည် ဘုရားသခင်ကို ယုံကြည်သောကြောင့်၊ သူ၏နှုတ်ကပတ်တော်များကို လက်ခံရမည်ဖြစ်ပြီး သူ၏လမ်းခရီးကို နာခံရမည်ဖြစ်သည်။ သမ္မာတရားကို လက်ခံနိုင်စွမ်းမရှိဘဲနှင့် အသက်၏ထောက်ပံ့မှုကို လက်ခံနိုင်စွမ်းမရှိဘဲ၊ ကောင်းချီးမင်္ဂလာ ရရှိရေးကိုသာ သင် စဉ်းစား၍မရပေ။ သူ့ကို စစ်မှန်စွာ ယုံကြည်သူအားလုံးသည် အသက်ဖြင့် ထောက်ပံ့ခံရဖို့အလို့ငှာ၊ ခရစ်တော်သည် နောက်ဆုံးသောကာလအတွင်း ကြွလာခြင်း ဖြစ်သည်။ သူ၏အမှုသည် ခေတ်အဟောင်းကို အဆုံးသတ်ခြင်းနှင့် ခေတ်သစ်တစ်ခုထဲသို့ ဝင်ရောက်ခြင်းအတွက် ဖြစ်ပြီး၊ သူ၏ အမှုသည် ခေတ်အသစ်ထဲသို့ ဝင်ရောက်မည့်သူအားလုံး လျှောက်ရမည့် လမ်းကြောင်းဖြစ်၏။ သင်သည် သူ့ကို အသိအမှတ်ပြုနိုင်စွမ်း မရှိဘဲ၊ ယင်းအစား သူ့ကို ပြစ်တင်ရှုတ်ချပါက၊ ပြစ်မှားစော်ကားပါက၊ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်းပင် ပြုပါက၊ သင်သည် ထာဝရလောင်ကျွမ်းခံရဖို့ သေချာပြီး၊ ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ မည်သည့်အခါမျှ ဝင်ရောက်ရလိမ့်မည် မဟုတ်ပေ။ အကြောင်းမှာ ဤခရစ်တော်ကိုယ်တော်တိုင်သည်

သန့်ရှင်းသော ဝိညာဉ်တော်၏ ဖော်ပြချက်၊ ဘုရားသခင်၏ ဖော်ပြချက်၊ ဘုရားသခင်က ကမ္ဘာမြေကြီးတွင် သူ၏အမှုကို ဆောင်ရွက်ရန် တာဝန်ပေး စေခိုင်းထားသူ ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးသောကာလ ခရစ်တော် လုပ်ဆောင်ခဲ့သည့် အရာအားလုံးကို သင်လက်မခံနိုင်ပါက၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ပြစ်မှားစော်ကားသည်ဟု ငါပြောရပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို ပြစ်မှားစော်ကားသူတို့ ခံရမည့် ပြစ်ဒဏ်ခတ်ခြင်းမှာ အားလုံးအဖို့ ပကတိအတိုင်း ရှင်းနေပြီးဖြစ်သည်။ သင်သည် နောက်ဆုံးသောကာလ ခရစ်တော်ကို ဆန့်ကျင်ပါက၊ နောက်ဆုံးသော ကာလ ခရစ်တော်ကို သင် ပစ်ပယ်ပါက၊ သင်၏ ကိုယ်စား အကျိုးဆက်များကို ခံစားပေးမည့်သူ တစ်ဦးမျှရှိလိမ့်မည်မဟုတ်ဟုလည်း ငါသင့်ကို ပြော၏။ ထို့အပြင် ယနေ့မှစ၍ သင်သည် ဘုရားသခင်၏ လက်ခံမှုကိုရရှိရန် နောက်ထပ်အခွင့်အရေး ရှိမည် မဟုတ်ပေ။ သင်သည် မိမိကိုယ်ကိုယ် ရွေးနုတ်ရန် ကြိုးစားလျှင်ပင်၊ ဘုရားသခင်၏မျက်နှာကို မည်သည့်အခါတွင်မျှ တစ်ဖန် မြင်ရလိမ့်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် သင်ဆန့်ကျင်သည်မှာ လူသားတစ်ဦးမဟုတ်၊ သင် ပစ်ပယ်သည်မှာ မဆိုစလောက်သတ္တဝါတစ်ဦးဦး မဟုတ်ဘဲ ခရစ်တော်ဖြစ်သောကြောင့် ဖြစ်၏။ ဤအရာ၏ အကျိုးဆက်များသည် မည်သည်တို့ ဖြစ်လိမ့်မည်ကို သင်သိပါသလော။ သင်သည် သေးငယ်သည့် အမှားတစ်ခု ပြုမိပြီးဖြစ်လိမ့်မည်မဟုတ်ဘဲ၊ အလွန်စက်ဆုပ်ရွံရှာ ဖွယ်ကောင်းသော ပြစ်မှုတစ်ရပ် ကျူးလွန်မိပြီး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သမ္မာတရားသည်သာ သင့်ကို အသက် ဆောင်ကြဉ်းပေးနိုင်ပြီး၊ သမ္မာတရားမှလွဲ၍ မည်သည့်အရာကမျှ သင့်ကို ပြန်လည်မွေးဖွားမပေးနိုင်သကဲ့သို့၊ ဘုရားသခင်၏မျက်နှာကို တစ်ဖန် ရှုမြင်ခွင့် မပေးနိုင်သည့်အတွက်၊ သမ္မာတရား ရှေ့မှောက်တွင် ကြမ်းကြုတ်သည့် တုန့်ပြန်မှုများမပြုရန် သို့မဟုတ် အရေးမထားသည့် ဝေဖန်မှုများ မလုပ်ရန် အယောက်တိုင်းကို ငါအကြံပြု၏။

အောက်ခြေမှတ်စု(များ)-

က။ သစ်ခြောက်တစ်ခု- "ကူညီ၍မရနိုင်တော့သော" ဟု ဆိုလိုသည့် တရုတ်ဥပစာစကားတစ်ရပ်။

# သင်၏ ပန်းတိုင်အတွက် လုံလောက်သော ကောင်းမှုများကို

# ပြင်ဆင်လော့

ငါသည် သင်တို့အကြားတွင် အလုပ်များစွာကို ပြုလုပ်ခဲ့ပြီးဖြစ်၍ မိန့်မြွက်ချက်အချို့ကိုလည်း မြွက်ကြားခဲ့ပြီးသည်မှာ မှန်ပေ၏။ သို့သော် ငါ၏နှုတ်ကပတ်တော်များနှင့် ငါ၏အလုပ်တို့သည် နောက်ဆုံးသောကာလ ငါ့အမှု၏ ရည်ရွယ်ချက်ကို လုံးလုံးလျားလျား ဖြည့်ဆည်းခဲ့ပြီးခြင်း မရှိဟု ငါမထင်ဘဲ မနေနိုင်။ အကြောင်းမူကား နောက်ဆုံးသော ကာလတွင် ငါ၏အမှုသည် လူတစ်ဦး သို့မဟုတ် လူအချို့အတွက် မဟုတ်ဘဲ ငါ၏ပင်ကို စိတ်နေသဘောထားကို ပြသရန်အတွက် ဖြစ်သောကြောင့် ဖြစ်သည်။ သို့ရာတွင် အချိန်ရှားပါးခြင်း သို့မဟုတ် ဗျာများသော အလုပ်အချိန်ဇယားတို့ ဖြစ်နိုင်သည့် အကြောင်းရင်း အသင်္ချေကြောင့် လူတို့သည် ငါ၏စိတ်သဘောထားမှ ငါ့အကြောင်း တစ်စုံတစ်ရာကိုမျှ သိရှိခဲ့ပြီးခြင်းမရှိ။ သို့ဖြစ်၍ ငါ၏ တည်ရှိမှုကြောင့် ငါ့ကို တွေ့သူခပ်သိမ်းသည် ၎င်းတို့၏ရင်ဘတ်ကို ထု၍ မရပ်မနား ငိုစေရန်အလို့ငှာ ငါသည် ငါ၏အစီအစဉ်သစ်နှင့် ငါ၏နောက်ဆုံးအလုပ်ကို စတင်ကာ ငါ၏အလုပ် အသစ်စတင်သည်။ ဤသည်မှာ ငါသည် လူသားမျိုးနွယ်၏အဆုံးကို လောကသို့ ယူဆောင်လာကာ ဤအချိန်မှ စ၍ ငါသည် အမှန်တကယ်ပင် လူ့လောကသို့ လာခဲ့ပြီဖြစ်ကြောင်း၊ အရာခပ်သိမ်း တိုးပွားသည့်နေရာဖြစ်သော ကမ္ဘာမြေပေါ်သို့ လာခဲ့ကြောင်း ငါ့ကို သိသူခပ်သိမ်းနှင့် မသိသူများအားလုံး မျက်စိအရသာ ခံစားနိုင်ရန် ငါသည် လူသားမျိုးနွယ်ရှေ့တွင် ငါ၏ စိတ်နေသဘောထား တစ်ရပ်လုံးကို ထုတ်ဖော်ပြခြင်းကြောင့် ဖြစ်သည်။ ဤသည်မှာ လူသားမျိုးနွယ်ကို ငါဖန်ဆင်းသည့်အချိန်ကတည်းက ငါ၏အစီအစဉ်နှင့် ငါ၏တစ်ခုတည်းသော "ဝန်ခံချက်" ဖြစ်၏။ ငါ၏လုံ့တံတော်သည် လူသားမျိုးနွယ်အနီး၊ ငါ့ကိုဆန့်ကျင်သူ အားလုံးအနီးထံသို့ တစ်ဖန်ပြန်၍ ချဉ်းကပ်လာသည်ဖြစ်ရာ သင်တို့သည် ငါ၏လှုပ်ရှားမှုတိုင်းကို မမှိတ်မသုန် အာရုံစိုက်နိုင်ကြပါစေ။

ငါလုပ်ဆောင်ရမည့်အမှုကို ကောင်းကင်နှင့်အတူ ငါစတင်ဆောင်ရွက်သည်။ သို့ဖြစ်၍ ရွေ့လျားသွားလာနေသော လူတသီတတန်းအကြား ငါ၏လှုပ်ရှားမှုများ သို့မဟုတ် ငါ၏နှုတ်ကပတ်တော်များကို မည်သူတစ်ဦးတစ်ယောက်ကမှ မည်သည့်အခါမျှ သတိမမူဘဲ၊ ငါသည် သတိဖြင့်သွားပြီး ကောင်းကင်နှင့် မြေကြီးအကြား လှုပ်ရှားသွားလာ၏။ ထို့ကြောင့် ငါ၏အစီအစဉ်သည် ချောမွေ့စွာ ဆက်လက် တိုးတက်နေသည်။ သင်တို့၏ အာရုံအားလုံးသည် ထုံလာလွန်းသဖြင့် ငါ့အမှု၏အဆင့်များကို သတိမမူမိခြင်းသာ ဖြစ်၏။ သို့သော် ငါ၏ရည်ရွယ်ချက်များကို သင်တို့သိလာမည့်နေ့ အသေအချာပင် ရောက်လာမည် ဖြစ်သည်။

ယနေ့ ငါသည် သင်တို့နှင့်အတူနေ၍ သင်တို့နှင့်အတူ ဒုက္ခခံ၏။ လူသားမျိုးနွယ် ငါ့အပေါ် ရှိသည့် သဘောထားကို ငါနားလည်လာခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဤအရာကို ဒီထက်ပို၍ ငါပြောလိုသည့် ဆန္ဒမရှိပေ။ ဤနာကျင်ဖွယ်ကောင်းသည့် အကြောင်းအရာနှင့် ပတ်သက်သည့် နောက်ထပ် ဥပမာများပေးခြင်းအားဖြင့် သင်တို့ကို အရှက်ရစေခြင်းငှာ သာ၍ပင်မပြုလိုပါ။ ငါတို့ ပြန်ဆုံသည့်နေ့တွင် ငါတို့၏ဖြစ်စဉ်များကို နှိုင်းယှဉ်နိုင်ရန် သင်တို့ လုပ်ခဲ့သမျှအရာခပ်သိမ်းကို သင်တို့၏ စိတ်နှလုံးများတွင် မှတ်မိရန်သာ ငါမျှော်လင့်၏။ ငါသည် မှန်မှန်ကန်ကန်၊ မျှတစွာနှင့် ဂုဏ်သိက္ခာရှိစွာ အစဉ်ပြုမူခဲ့သဖြင့် သင်တို့အကြားရှိ မည်သူ့ကိုမျှ မှားယွင်းစွာ ငါမစွပ်စွဲလို။ သင်တို့သည် ရိုးသားတည်ကြည်နိုင်ကာ ကောင်းကင်နှင့် မြေကြီး သို့မဟုတ် သင်ကိုယ်တိုင်၏အသိတရားကို ဆန့်ကျင်သည့် မည်သည့်အရာကိုမျှ မပြုရန် ငါမျှော်လင့်သည်မှာလည်း ဟုတ်၏။ ဤသည်မှာ သင်တို့ထံမှ ငါတောင်းဆိုသည့် တစ်ခုတည်းသောအရာ ဖြစ်သည်။ လူအများအပြားသည် ဆိုးရွားလွန်းသော အမှားများကို ကျူးလွန်မိခဲ့၍ ဂနာမငြိမ်ဖြစ်ပြီး စိတ်ကသိကအောက် ဖြစ်ကြသည်။ ထို့အပြင် အများအပြားသည် ကောင်းမှုတစ်ခုမျှ မပြုခဲ့ဖူးသဖြင့် သူတို့ကိုယ်သူတို့ ရှက်ကြ၏။ သို့သော် ၎င်းတို့၏အပြစ်များကြောင့် သိက္ခာကျသည်ဟု ခံစားရန် ဝေးစွ၊ ဆိုးသည်ထက် ပိုဆိုးသွားပြီး အပြည့်အဝ ထုတ်ဖော်မပြရသေးသည့် သူတို့၏ အကျည်းတန် ရုပ်အင်္ဂါရပ်များကို ဖုံးထားသည့် မျက်နှာဖုံးအား လုံးဝချွတ်ကာ ငါ၏စိတ်သဘောကို စမ်းလိုသူများလည်း အများအပြား ရှိပေသည်။ ငါသည် မည်သူ တစ်စုံတစ်ယောက်၏ လုပ်ဆောင်ချက်များကိုမှ ဂရုမပြုသလို အရေးလည်းမစိုက်ပေ။ ထိုသို့ ပြုမည့်အစား ငါသည် သတင်းအချက်အလက် စုဆောင်းခြင်းဖြစ်စေ၊ မြေကြီးပေါ် လှည့်ပတ်သွားလာခြင်းဖြစ်စေ၊ ငါ စိတ်ဝင်စားရာတို့အနက် တစ်စုံတစ်ရာကို လုပ်သည် ဖြစ်စေ ငါလုပ်သင့်သည့်အလုပ်ကို လုပ်သည်။ အဓိကကျသည့် အချိန်များတွင် ငါသည် မူလက ကြံရွယ်ထားသည့်အတိုင်း တစ်စက္ကန့်မျှ နောက်ကျလွန်းခြင်း၊ စောလွန်းခြင်း မရှိဘဲ၊ ငါ၏အမှုကို လူသားများအကြားတွင် သက်သောင့်သက်သာ ရှိစွာနှင့် အလျင်အမြန် ထိရောက်စွာ ရှေ့ဆက်ဆောင်ရွက်သည်။ သို့ရာတွင် လူအချို့၏ မြောက်ပင့်ခြင်း နည်းလမ်းများနှင့် ဟန်ဆောင်၍ ခယဝယလုပ်ခြင်းများကို ငါစက်ဆုပ်သည့်အတွက် ငါ့အမှု၏ အဆင့်တိုင်း၌ ထိုသူများကို ဘေးသို့ဖယ်ရှားသည်။ ငါစက်ဆုပ်ရွံရှာသူများသည် တမင်ရည်ရွယ်၍ ဖြစ်စေ၊ မတော်တဆဖြစ်စေ သေချာပေါက် စွန့်ပစ်ခံရလိမ့်မည်။ တိုတိုပြောရလျှင် ငါစက်ဆုပ်ရွံရှာသူ ခပ်သိမ်းကို ငါနှင့်ဝေးရာတွင် ရှိနေစေချင်သည်။ ငါ၏အိမ်တော်တွင် ကျန်ရှိနေသည့် ကောက်ကျစ် စဉ်းလဲသူများကို ငါချမ်းသာပေးလိမ့်မည် မဟုတ်သည်မှာ ပြောစရာမလိုပေ။ လူသားအပြစ်ဒဏ်ပေးခြင်းခံရမည့် နေ့သည်

နီးကပ်ပြီဖြစ်၍ စက်ဆုပ်ဖွယ်သော ဤဝိညာဉ်များအားလုံးကို ငါ့အိမ်တော်မှ အတင်းမောင်း ထုတ်ရန် ငါအလျင်မလိုပေ၊ အကြောင်းမှာ ငါ့တွင် ငါ့ကိုယ်ပိုင် အစီအစဉ်ရှိ၍ ဖြစ်သည်။

ယခုအချိန်သည် လူတစ်ဦးစီအတွက် အဆုံးသတ်ခြင်းကို ငါဆုံးဖြတ်သည့်အချိန်ဖြစ်ပြီး လူသားကို ငါ စတင် အမှုပြုသည့် အဆင့် မဟုတ်ပေ။ လူတစ်ဦးစီ၏ စကားများနှင့် လုပ်ဆောင်ချက်များ၊ ငါ့နောက်သို့ လိုက်ရာတွင် ထိုသူတို့၏လမ်းကြောင်းများ၊ အရင်းခံ ထူးခြားသော လက္ခဏာများနှင့် သူတို့နောက်ဆုံးတွင် မည်သို့ကျင့်ကြံပြုမူသည် ဆိုသည်တို့ကို ငါ၏မှတ်တမ်းစာအုပ်ထဲတွင် တစ်ခုပြီးတစ်ခု ငါချရေးသည်။ ဤနည်းအားဖြင့် ထိုသူတို့သည် မည်သို့သောလူစားမျိုး ဖြစ်နေပါစေ၊ မည်သူမျှ ငါ၏လက်မှ မလွတ်မြောက်နိုင်။ ထို့အပြင် ခပ်သိမ်းသောလူတို့သည် ငါချမှတ်ပေးသည့်အတိုင်း ၎င်းကဲ့သို့သော လူစားများနှင့် ရှိနေရမည်။ ငါသည် လူတစ်ဦးစီ၏ ပန်းတိုင်ကို အသက်၊ ဝါ၊ ဒုက္ခခံရသည့်ပမာဏနှင့် အနည်းဆုံးအနေဖြင့် ၎င်းအပေါ် သနားစိတ်ပေါ်စေသည့် အတိုင်းအတာတို့ကို အခြေပြု၍ ဆုံးဖြတ်ခြင်း မဟုတ်ဘဲ၊ သမ္မာတရားကို ၎င်းတို့ ပိုင်ဆိုင်ခြင်း ရှိမရှိအပေါ်တွင် မူတည်၍ ဆုံးဖြတ်ခြင်းဖြစ်၏။ ဤအရာမှတစ်ပါး တခြားရွေးချယ်စရာ မရှိ။ ဘုရားသခင်၏ အလိုတော်ကို မလိုက်သူအားလုံး အပြစ်ပေးခြင်း ခံရမည်ကို သင်တို့ သဘောပေါက်ရမည်။ ဤသည်မှာ မပြောင်းလဲနိုင်သော အချက်ဖြစ်၏။ ထို့ကြောင့် အပြစ်ပေးခံရသူအားလုံးသည် ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့၏ များလှစွာသော ဆိုးယုတ်သည့် လုပ်ရပ်များကြောင့် ဒဏ်ခတ်ခြင်း အဖြစ်လည်းကောင်း ဤသို့ အပြစ်ပေးခံရခြင်း ဖြစ်၏။ ငါ့အစီအစဉ်၏ ကနဦးအစကတည်းက ငါသည် ယင်းကို အပြောင်းအလဲ တစ်ခုမျှ မလုပ်ရသေးပေ။ လူသားနှင့်ပတ်သက်လျှင် ငါ၏ နှုတ်ကပတ်တော်ကို ငါဦးတည်ချက်ထားသူ ဦးရေ နည်းပါးလာပုံရသကဲ့သို့၊ ငါအမှန်တကယ် လက်ခံသူ ဦးရေသည်လည်း နည်းပါးလာပုံရနေ၍သာ ဖြစ်သည်။ သို့ရာတွင် ငါ၏အစီအစဉ်သည် မည်သည့်အခါမျှ မပြောင်းလဲခဲ့ဟု ငါခံယူသည်။ အကယ်ဆိုရလျှင် လူတစ်ဦးစီသည် ငါ့ကို မျက်နှာလိုမျက်နှာရ လုပ်ရာမှ ငါ့အပေါ် အေးတိအေးစက်ဖြစ်ပြီး ငါ့ကိုစွန့်ပစ်ရန်ပင် ဖြစ်နိုင်သည်အထိ အမြဲပြောင်းလဲ၊ အမြဲလျော့နည်းလာသည်မှာ လူသား၏ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာသာလျှင် ဖြစ်ပေသည်။ ငါသည် ရွံရှာ၍ စက်ဆုပ်စိတ်ပေါ်ကာ အဆုံးတွင် အပြစ်ဒဏ်ပေးသည့်တိုင်အောင် သင်တို့အပေါ် ငါ၏ သဘောထားမှာ ပူခြင်း၊ အေးခြင်းမရှိပေ။ သို့ရာတွင် သင်တို့ကို အပြစ်ပေးသော နေ့တွင် ငါသည် သင်တို့ကို တွေ့ဦးမည် ဖြစ်သော်လည်း၊ သင်တို့သည် ငါ့ကို မြင်နိုင်တော့မည် မဟုတ်ချေ။ သင်တို့အကြား နေရသည့်ဘဝမှာ ငြီးငွေ့ဖွယ်၊ ပျင်းစဖွယ်ကောင်းလာပြီ ဖြစ်သဖြင့်၊ သင်တို့၏ မလိုမုန်းထား စကားများ၏ နာကျင်စေမှုကို

ရှောင်ရှားရန်နှင့် မခံမရပ်နိုင်လောက်အောင် ယုတ်ညံ့သည့် အပြုအမူမှ ဝေးရာသို့သွားရန်၊ သင်တို့သည် ငါ့ကို ဆက်၍လှည့်စားနိုင်ခြင်း မရှိတော့သကဲ့သို့၊ ဝတ်ကျေတမ်းကျေ ဆက်ဆံ၍ မရတော့ရန် ငါသည် အခြားနေစရာ ပတ်ဝန်းကျင်များကို ရွေးခဲ့ပြီးဖြစ်သည်မှာ အံ့အားသင့်စရာ မဟုတ်ပေ။ သင်တို့ထံမှ ငါထွက်ခွာမသွားမီ သင်တို့အား သမ္မာတရားနှင့် မကိုက်ညီသည့် အရာများကို လုပ်ဆောင်ခြင်းမှ ရှောင်ရှားရန် ငါအလေးအနက် တိုက်တွန်းရဦးမည်။ အကယ်စင်စစ် လူ့ခပ်သိမ်းအား စိတ်ကျေနပ်စေမည့်အရာ၊ လူ့ခပ်သိမ်းအတွက် အကျိုးရှိမည့်အရာနှင့် သင်ကိုယ်တိုင်၏ပန်းတိုင်အတွက် အကျိုးရှိမည့်အရာကို သင် လုပ်သင့်သည်။ သို့မဟုတ်ပါက ကပ်ဘေးအလယ်တွင် ဒုက္ခခံစားရမည့်သူမှာ အခြားမည်သူမျှ မဟုတ်ဘဲ သင်သာလျှင် ဖြစ်လိမ့်မည်။

ငါ့ကိုချစ်ပြီး မိမိကိုယ်ကို ငြင်းပယ်သူတို့အား ငါ၏သနားကရုဏာကို ဖော်ပြ၏။ သို့သော်လည်း ကောက်ကျစ်စဉ်းလဲသူတို့အပေါ် ကျရောက်သည့် အပြစ်ဒဏ်မှာ ငါ၏ဖြောင့်မတ်သော စိတ်သဘောထား၏ သက်သေအတိအကျဖြစ်ပြီး ငါ့အမျက်ဒေါသအား သက်သေခံချက် သာ၍ပင် ဖြစ်၏။ ဘေးဒုက္ခ ရောက်လာသည့်အခါ ငါ့ကိုဆန့်ကျင်သူ အားလုံးသည် ၎င်းတို့အပေါ် အငတ်ဘေးနှင့် ကပ်ဆိုးကျရောက်သည်နှင့်အမျှ ငိုကြွေးကြလိမ့်မည်။ ကောက်ကျစ် စဉ်းလဲမှုအမျိုးမျိုး ကျူးလွန်ခဲ့သော်လည်း ငါ့နောက်သို့ နှစ်ပေါင်းများစွာ လိုက်ခဲ့သူများသည် မိမိတို့၏အပြစ်များအတွက် ပေးဆပ်ရခြင်းမှ လွတ်မြောက်လိမ့်မည် မဟုတ်။ ၎င်းတို့သည်လည်း နှစ်သန်းပေါင်းများစွာ တစ်လျှောက်လုံး မြင်တွေ့ရခဲသော ဘေးဒုက္ခမျိုးထဲသို့ ထိုးဆင်း၍ စဉ်ဆက်မပြတ် ထိတ်လန့်တုန်လှုပ်၊ ကြောက်ရွံ့ခြင်း၌ အသက်ရှင်ရလိမ့်မည်။ ထို့အပြင် ငါ့အပေါ်၌ သစ္စာစောင့်သိမှုကို ပြသပြီးဖြစ်သော ငါ၏နောက်လိုက်များသည် ဝမ်းမြောက်၍ ငါ၏အစွမ်းသတ္တိကို ချီးမွမ်းကြလိမ့်မည်။ သူတို့သည် ပြောမပြနိုင်လောက်သော ရောင့်ရဲတင်းတိမ်မှုကို ကြုံတွေ့ရပြီး ယခင်က လူသားမျိုးနွယ်အပေါ် ငါမနှင်းအပ်ခဲ့ဖူးသော ဝမ်းမြောက်ခြင်းအလယ် အသက်ရှင်ကြလိမ့်မည်။ အကြောင်းမူကား ငါသည် လူသား၏ ကောင်းမွန်သော လုပ်ဆောင်ချက်များကို တန်ဖိုးထား၍ ၎င်းတို့၏ ဆိုးယုတ်သော လုပ်ဆောင်ချက်များကို စက်ဆုပ်သောကြောင့်ဖြစ်၏။ ငါသည် လူသားမျိုးနွယ်ကို စတင်ဦးဆောင်ခဲ့စဉ်မှစ၍ ငါ၏စိတ်တော်နှင့် တညီတညွတ်တည်းဖြစ်သော လူတစ်စုကိုရရှိရန် စိတ်အားထက်သန်စွာဖြင့် မျှော်လင့်နေခဲ့သည်။ သို့သော်လည်း ငါ၏စိတ်တော်နှင့် တညီတညွတ်တည်း မရှိသောသူတို့ကိုမူ ငါသည် မည်သည့်အခါမျှ မေ့လျော့ခြင်း မရှိပေ။ ထိုသူတို့အပေါ် အပြစ်ဒဏ်ခတ်ရန် အခွင့်အရေးကို မြင်တွေ့ရလျှင် ငါသည် သဘောတွေ့မည် ဖြစ်ပြီး၊ ယင်းအခွင့်အရေးကိုသာ စောင့်စားလျက် ငါ့နှလုံးသားထဲတွင်

သူတို့ကို ငါအမြဲတစေ စက်ဆုပ်ရွံရှာ၏။ ယခု ငါ၏နေ့ရက်သည် နောက်ဆုံးတွင် ရောက်လာပြီဖြစ်ပြီး ငါသည် ဆက်လက် စောင့်ဆိုင်းရန် မလိုတော့ပေ။

ငါ၏နောက်ဆုံးအလုပ်သည် လူသားကို အပြစ်ပေးရန်အတွက်သာ မဟုတ်ဘဲ၊ လူသား၏ ပန်းတိုင်ကို စီစဉ်ရန် အတွက်လည်းဖြစ်၏။ ထို့ထက်မက ယင်းသည် ငါ၏ ပြုမူလုပ်ဆောင်ချက်များကို လူအားလုံး အသိအမှတ်ပြုရန်အလို့ငှာ ဖြစ်သည်။ ငါပြုလုပ်ခဲ့သည့် အမှုအရာအားလုံးသည် မှန်ကန်ကြောင်းနှင့် ငါပြုလုပ်ခဲ့သည့် အမှုအရာ အားလုံးသည် ငါ၏ စိတ်သဘောထားကို ဖော်ပြခြင်းဖြစ်ကြောင်း လူခပ်သိမ်းတို့အား ငါသိစေလို၏။ လူသားမျိုးနွယ်ကို မွေးဖွားခဲ့သည့်အရာသည် လူသား၏လုပ်ဆောင်ချက် မဟုတ်၊ သဘာဝကြောင့် သာ၍ပင်မဟုတ်ဘဲ ဖန်ဆင်းခြင်းတွင် သက်ရှိအရာတိုင်းကို အာဟာရပေးသည်မှာ ငါ ဖြစ်သည်။ ငါမရှိလျှင် လူသားမျိုးနွယ်သည် ပျက်စီးခြင်းသို့သာ ရောက်ပြီး ကပ်ဘေးများစွာ၏ဒုက္ခကို ခံစားရလိမ့်မည်။ လှပသည့်နေနှင့်လ သို့မဟုတ် စိမ်းလန်းစိုပြေသည့် ကမ္ဘာမြေကို မည်သည့်လူသားမျှ နောက်ထပ် မြင်တွေ့ရလိမ့်မည် မဟုတ်ပေ။ လူသားမျိုးနွယ်သည် အလွန်အေးစက်သော ညများနှင့် ရှောင်လွှဲမရသည့် သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ဝှမ်းနှင့်သာ ကြုံတွေ့ရလိမ့်မည်။ ငါသာလျှင် လူသားမျိုးနွယ်၏ တစ်ခုတည်းသော ကယ်တင်ရာဖြစ်၏။ ငါသာလျှင် လူသားမျိုးနွယ်၏ တစ်ခုတည်းသော မျှော်လင့်ရာ ဖြစ်သည်သာမက၊ ငါသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ တည်ရှိခြင်းအတွက် တည်မှီရာဖြစ်သည်။ ငါမရှိလျှင် လူသားမျိုးနွယ်သည် ချက်ချင်း လုံးဝဥဿုံရပ်တန့်သွားမည်။ ငါ့ကို မည်သူမျှ အလေးမစိုက်သော်လည်း၊ ငါမရှိလျှင် လူသားမျိုးနွယ်သည် ရုတ်တရက် ဖြစ်ပွားသည့် ကပ်ဘေးဒဏ်ခံရပြီး တစ္ဆေအမျိုးမျိုးတို့၏ ဖဝါးအောက် နင်းချေခြင်းခံရလိမ့်မည်။ အခြားမည်သူမျှ မပြုနိုင်သည့်အမှုကို ငါပြုခဲ့ပြီဖြစ်ပြီး လူသားသည် ငါ့ကို အချို့သော ကောင်းမှုများဖြင့် ကျေးဇူးပြန်ဆပ်ရန်သာ ငါမျှော်လင့်သည်။ ငါ့ကို ကျေးဇူးဆပ်နိုင်သူတို့မှာ အလွန်နည်းပါးသော်လည်း၊ ငါသည် ဤလူ့လောကတွင် ငါ၏ခရီးကို အဆုံးသတ်ပြီး ငါ၏ဖွင့်လှစ်ပြခြင်းအမှု၏ နောက်တစ်ဆင့်ကို စတင်ဦးမည် ဖြစ်သည်၊ အကြောင်းမူကား ဤနှစ်ပေါင်းများစွာ လူသားအကြား ငါ၏ခေါက်တုံ့ခေါက်ပြန် အပူတပြင်း လုပ်ဆောင်မှုသည် အကျိုးဖြစ်ထွန်းပြီးဖြစ်၍ ငါသည် အလွန်ကျေနပ်၏။ ငါအရေးစိုက်သည်မှာ လူအရေအတွက် မဟုတ်ဘဲ၊ သူတို့၏ ကောင်းမှုများသာ ဖြစ်၏။ မည်သို့ပင်ဖြစ်စေကာမူ သင်တို့ကိုယ်တိုင်၏ ပန်းတိုင်အတွက် ကောင်းမှုများအလုံအလောက် သင်တို့ပြင်ဆင်မည်ဟု ငါမျှော်လင့်၏။ ထိုအခါ ငါကျေနပ်လိမ့်မည်။ သို့မဟုတ်ပါက သင်တို့ အပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်ကို သင်တို့တစ်ဦးမျှ ရှောင်နိုင်မည် မဟုတ်။

ဤဘေးဒုက္ခသည် ငါ့ထံမှစတင်၍ ငါစီစဉ်ညွှန်ကြားခြင်း ဖြစ်သည်မှာ မှန်ပေသည်။ ငါ၏အမြင်၌ သင်တို့သည် ကောင်းမွန်ပုံ မပေါက်လျှင် သင်တို့သည် ဘေးဒုက္ခခံစားရခြင်းမှ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ပေ။ သင်တို့၏ယုံကြည်ခြင်းနှင့် ချစ်ခြင်းတို့သည် အနှစ်သာရ မရှိဖြစ်ခဲ့ကြပြီး သင်တို့သည် တွန့်ဆုတ်တတ်သူများ သို့မဟုတ် ခက်ထန်သောသူများ အဖြစ်သာ မိမိကိုယ်ကိုယ် ပြသခဲ့ကြသောကြောင့်၊ ကြီးစွာသော ဆင်းရဲဒုက္ခအကြားတွင် သင်တို့၏ ပြုမူလုပ်ဆောင်ချက်များသည် လုံးလုံးလျားလျား သင့်လျော်သည်ဟု ယူဆခြင်း မခံခဲ့ရပေ။ ဤအရာနှင့်ပတ်သက်၍ ကောင်း၏၊ ဆိုး၏ကိုသာ တရားစီရင်မှုတစ်ခု ငါပြုမည်။ သင်တို့တစ်ဦးစီ ပြုမူပုံနှင့် မိမိကိုယ်ကိုယ် ဖော်ပြပုံသာ ငါ၏အမှုထားစရာကိစ္စ ဖြစ်မြဲဖြစ်နေပြီး ၎င်းတို့အပေါ်အခြေခံ၍ သင်တို့၏နိဂုံးကို ငါဆုံးဖြတ်အံ့။ သို့ရာတွင် ဆင်းရဲဒုက္ခကြီးစွာ ခံစားရချိန်များတွင် ငါ့အပေါ် စိုးစဉ်းမျှ သစ္စာစောင့်သိမှု မပြသခဲ့သူများအား ငါသည် နောက်ထပ် သနားကြင်နာတော့မည် မဟုတ်ဘဲ ငါ၏ကရုဏာသည် အကန့်အသတ်ရှိကြောင်းကို ငါရှင်းလင်းစေရမည်။ ထို့ပြင် တစ်ချိန်က ငါ့ကို သစ္စာဖောက်ခဲ့သူ မည်သူ့ကိုမျှ ငါနှစ်သက်ခြင်းမရှိ၊ ၎င်းတို့၏မိတ်ဆွေများ၏ အကျိုးအပေါ် သစ္စာဖောက်သူများနှင့် ငါသည် သာ၍ပင် ပတ်သက်ဆက်နွှယ်လိုခြင်း မရှိ။ ထိုသူသည် မည်သူပင်ဖြစ်စေ ဤသည်မှာ ငါ၏စိတ်သဘောထား ဖြစ်သည်။ ငါ၏နှလုံးကို ကြေကွဲစေသူ မည်သူမဆို ငါ့ထံမှ ဒုတိယအကြိမ် သက်ညှာမှု ရလိမ့်မည် မဟုတ်ကြောင်းနှင့် ငါ့အပေါ်သစ္စာရှိနေခဲ့သောသူ မည်သူမဆို ငါ၏နှလုံးသားတွင် ထာဝရ တည်ရှိနေမည် ဖြစ်ကြောင်း သင်တို့ကို ငါပြောကြားရမည်။

# သင်မည်သူ့ကို သစ္စာစောင့်သိသနည်း

သင်တို့ လက်ရှိဖြတ်သန်းနေရသော နေ့ရက်တိုင်းသည် အရေးပါလှပြီး၊ သင်တို့၏ ပန်းတိုင်နှင့် ကံကြမ္မာအတွက် အခရာအကျဆုံးဖြစ်သည်ဖြစ်၍ ယနေ့ သင်တို့၌ရှိသော အရာအားလုံးနှင့် ကုန်ဆုံးသွားသော မိနစ်တိုင်းကို သင်တို့တန်ဖိုးထားရမည်။ သင်တို့သည် ဤဘဝကို အချည်းနှီး အသက်မရှင်သွားရန်အလို့ငှာ သင်တို့ကိုယ်သင်တို့ အကြီးမားဆုံးသော အကျိုးများပေးနိုင်ရန် သင်တို့၏အချိန်ကို ဖြစ်နိုင်သမျှ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ရမည်။ ဤနှုတ်ကပတ်တော်များကို အဘယ်ကြောင့် ငါပြောနေခြင်းနှင့် ပတ်သက်၍ သင်တို့ခေါင်းရှုပ်ကောင်း ခေါင်းရှုပ်နိုင်သည်။ ပွင့်ပွင့်လင်းလင်းပြောပါက သင်တို့အားလုံး၏ ပြုမူ လုပ်ဆောင်ပုံများကို ငါအားမရ မကျေနပ်။ အကြောင်းမှာ သင်တို့အတွက်ထားရှိသော

ငါ၏မျှော်လင့်ချက်များသည် သင်တို့ ယခုဖြစ်နေသောအရာမျှသာ မဟုတ်၍ဖြစ်၏။ ဤအကြောင်းကြောင့် ငါဤသို့ပြောနိုင်၏၊ သင်တို့ အယောက်ချင်းစီတိုင်းသည် အန္တရာယ်နှင့် လက်တစ်ကမ်းအလို၌ ရောက်နေကြ၏။ အကူအညီရရန်အတွက် သင်တို့ ယခင်က ဟစ်ကြော်ခဲ့ခြင်းများနှင့် သမ္မာတရားကို လေ့လာလိုက်စားရန်၊ အလင်းကို ရှာဖွေရန်တို့အတွက် သင်တို့၏ အလျင်က ပြင်းပြသော ဆန္ဒများသည် နိဂုံးချုပ်တော့မည်။ ဤသည်မှာ သင်တို့ငါ့ကို နောက်ဆုံးကျေးဇူးဆပ်ပုံဖြစ်ပြီး ထိုအရာကို မည်သည့်အခါမျှ ငါမမျှော်လင့်ခဲ့ပေ။ သင်တို့ကြောင့် ငါအင်မတန် စိတ်ပျက်ခဲ့ရသည့်အတွက် အမှန်တရားများနှင့် ဆန့်ကျင်၍ ပြောရန် ငါအလိုမရှိ။ သင်တို့သည် ဤကိစ္စကို ငုံ့ခံရန် အလိုမရှိ၊ လက်တွေ့အရှိတရားကို ရင်မဆိုင်ရဲသော်လည်း ငါသည် သင်တို့အား ဤမေးခွန်းကို လေးလေးနက်နက် မေးရလိမ့်မည်၊ ဤနှစ်များတစ်လျှောက် သင်တို့၏ နှလုံးသားများထဲ၌ အဘယ်အရာများနှင့် ပြည့်နေခဲ့သနည်း။ မည်သူ့ကို သင်တို့ နှလုံးသားများက သစ္စာစောင့်သိသနည်း။ ဤမေးခွန်းများသည် အလွန်အမင်း ရုတ်ခြည်းဖြစ်လှသည်ဟု မပြောနှင့်၊ ထို့ပြင် ထိုကဲ့သို့သောအရာများကို အဘယ်ကြောင့် ငါမေးသနည်းဟု မမေးမြန်းနှင့်။ ဤအချက်ကို သိထားလော့- သင်တို့ အကြောင်းကို ငါဂဃနဏသိပြီး သင်တို့ကို ငါအင်မတန် ဂရုစိုက်ကာ သင်တို့လုပ်သည့်အရာ၌ ငါ့နှလုံးသားကို များစွာပေးအပ်မြှုပ်နှံထားသည့်အတွက် သင်တို့ကို မပြီးနိုင် မဆုံးနိုင် ဖြေရှင်းခိုင်းကာ ခါးသီးလှသော အခက်အခဲကို ငါသည်းခံခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သင်တို့သည် အရေးမစိုက်မှုနှင့် မခံမရပ်နိုင်လောက်သော ကျောခိုင်းသွားခြင်း တို့နှင့်သာ ငါ့ကိုပြန်ပေးဆပ်ကြသည်။ သင်တို့သည် ငါ့အပေါ် အလွန်မေ့လျော့ပေါ့ဆနိုင်လွန်းသည်၊ ထိုအရာကို မည်သို့လျှင် ငါလုံးဝမသိဘဲ ရှိမည်နည်း။ ဤအရာဖြစ်နိုင်သည်ဟု သင်တို့ယုံကြည်ပါက သင်တို့သည် ငါ့အပေါ် ကြင်နာခြင်းနှင့် ဧကန်အမှန် မဆက်ဆံကြောင်းကို ထိုအချက်က တိုး၍ သက်သေပြသည်။ သို့အတွက်ကြောင့် သင်တို့သည် မျက်စိမှိတ် နားပိတ်ပြီး မသိချင်ယောင်ဆောင်နေကြသည်ဟု ငါပြောသည်။ သင်တို့အားလုံးသည် အလွန်တော်တတ်နေကြရကား သင်တို့ အဘယ်အရာ လုပ်နေသနည်းဆိုသည်ကိုပင် သင်တို့မသိကြ၊ ထိုသို့ဆိုလျှင် သင်တို့သည် ငါ့ကို ရှင်းပြဖို့ရန် အဘယ်အရာကို အသုံးပြုကြမည်နည်း။

ငါ့အတွက် အလေးအထားရဆုံးမေးခွန်းမှာ သင်တို့၏ နှလုံးသားများသည် မည်သူ့ကို သစ္စာစောင့်သိသနည်း ဟူသည်ပင် ဖြစ်သည်။ သင်တို့အယောက်ချင်းစီတိုင်းသည် မိမိတို့၏အတွေးများကို စုစည်းလျက် မည်သူ့ကို မိမိတို့သစ္စာ စောင့်သိသနည်း၊ မည်သူ့အတွက် မိမိတို့အသက်ရှင်နေ သနည်းဆိုသည်ကို မိမိတို့ကိုယ်မိမိ မေးကြည့်ကြဖို့လည်း

ငါမျှော်လင့်သည်။ သင်တို့အနေဖြင့် ဤမေးခွန်းများကို တစ်ခါမျှ ဂရုတစိုက် မစဉ်းစားမဆင်ခြင်ခဲ့ဖူးခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင် သဖြင့် ဤအဖြေများကို သင်တို့အတွက် ငါဖော်ပြပေးမည် ဆိုလျှင် မည်သို့သဘောရသနည်း။

လူသားသည် မိမိအတွက်သာ ရပ်တည်နေထိုင်၍ မိမိကိုယ်ကိုသာ သစ္စာစောင့်သိသည် ဟူသောအချက်ကို မှတ်ဉာဏ်ရှိသူတိုင်း လက်ခံကြလိမ့်မည်။ သင်တို့သည် မိမိတို့၏ သက်ဆိုင်ရာ ဘဝများထဲ၌ ရှင်သန်ရပ်တည်နေကြပြီး အသီးသီးသည် ကိုယ့်ဒုက္ခနှင့်ကိုယ် ရုန်းကန်နေကြရကား သင်တို့၏အဖြေများသည် ရာနှုန်းပြည့်မှန်ကန်မည်ဟု ငါမယုံကြည်။ ထို့ကြောင့် သင်တို့သည် သင်တို့ချစ်သောသူများ၊ သင်တို့ကို စိတ်ကျေနပ်စေသော အရာများကို သစ္စာစောင့်သိကြပြီး သင်တို့ကိုယ်သင်တို့မူ ရာနှုန်းပြည့် သစ္စာမစောင့်သိကြချေ။ သင်တို့နှင့် နီးစပ်ရာလူများ၊ အဖြစ်အပျက်များနှင့် အကြောင်းအရာများက သင်တို့ တစ်ယောက်ချင်းစီကို လွှမ်းမိုးထားသောကြောင့် သင်တို့ကိုယ် သင်တို့ အပြည့်အဝ သစ္စာမစောင့်သိနိုင်ကြခြင်းဖြစ်၏။ သင်တို့အနေဖြင့် မိမိတို့ကိုယ်ကို သစ္စာရှိခြင်းအား ငါထောက်ခံရန် ဤနှုတ်ကပတ်တော်များကို ငါပြောနေခြင်းမဟုတ်ဘဲ တစ်ခုခုအပေါ် သင်တို့၏ သစ္စာစောင့်သိမှုကို ဖော်ထုတ်ဖို့ရန် ပြောခြင်းဖြစ်၏၊ အကြောင်းမှာ နှစ်ပေါင်းမြောက်မြားစွာတစ်လျှောက်တွင် သင်တို့တစ်ဦးတလေထံမှ သစ္စာစောင့်သိမှုကို မည်သည့်အခါမျှ ငါမရရှိခဲ့သောကြောင့်ဖြစ်၏။ သင်တို့သည် ဤနှစ်ပေါင်းများစွာ တစ်လျှောက်လုံးတွင် ငါ့နောက်သို့ လိုက်လျှောက်နေခဲ့ ကြသော်လည်း ငါ့အပေါ်၌ မြူမှုန်မျှပင် သစ္စာမစောင့်သိခဲ့ကြ။ ယင်းအစား သင်တို့သည် သင်တို့ချစ်သောသူများနှင့် သင်တို့ကို စိတ်ကျေနပ်စေသော အရာများကိုသာ အမြဲတမ်း ဗဟိုပြုကြ လွန်းသည့်အတွက် သင်တို့သွားလေရာရာ၌ ထိုအရာများကို သင်တို့မြတ်နိုးတန်ဖိုးထားကြပြီး လုံးဝမစွန့်လွှတ်ကြပေ။ သင်တို့သည် ငါ့နောက်သို့ လိုက်လျှောက်သည့် အချိန်အတော အတွင်း ဖြစ်တတ်သည့် မိမိတို့ချစ်မြတ်နိုးသော အရာတစ်ခုနှင့် ပတ်သက်၍ စိတ်ထက်သန်လာချိန်၊ သို့တည်းမဟုတ် သဲကြီးမဲကြီး ဖြစ်လာသောအချိန်၊ သို့မဟုတ် သင်တို့သည် ငါ့နှုတ်ကပတ်တော်များကို နားထောင်နေချိန်၌ပင်လျှင် ထိုသို့ဖြစ်တတ်ကြသည်။ ထို့ကြောင့် သင်တို့ကို ငါတောင်းဆို သည့်အတိုင်း ငါ့ကို သစ္စာစောင့်သိရမည့်အစား သင်တို့သည် မိမိတို့၏ "အချစ်တော်များ" ကိုသာ သစ္စာစောင့်သိပြီး ချစ်ခင်မြတ်နိုးကြသည်ဟု ငါပြောမည်။ ငါ့အတွက် တစ်ခု၊ နှစ်ခုမျှ သင်တို့ စွန့်လွှတ်နိုင်ကောင်း စွန့်လွှတ်နိုင်သော်ငြားလည်း ထိုအရာသည် သင်တို့၏ အရာအားလုံးကို ကိုယ်စားမပြု၊ သင်တို့ အမှန်တကယ် သစ္စာစောင့်သိသူမှာ ငါဖြစ်သည်ဆိုခြင်းကိုလည်း မပြသပေ။ သင်တို့သည် သင်တို့အရှုံးအမူးဖြစ်သောအရာကို

လုပ်ဆောင်ခြင်းများနှင့်သာ ဆက်စပ်ပတ်သက်ချင်ကြ၏- အချို့က သားနှင့်သမီးများအပေါ် သစ္စာစောင့်သိကြသည်၊ အချို့မှာမူ လင်ယောကျ်ား၊ ဇနီးမယား၊ စည်းစိမ်ဥစ္စာ၊ အလုပ်အကိုင်၊ အထက်လူကြီး၊ ဂုဏ်အရှိန်အဝါ၊ သို့မဟုတ် မိန်းမများအပေါ် သစ္စာစောင့်သိကြသည်။ သင်တို့ သစ္စာစောင့်သိသော အရာများအတွက် သင်တို့သည် စိတ်ပင်ပန်းခြင်း၊ သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်ခြင်းမျိုး မည်သည့်အခါမျှ မရှိကြပေ၊ ထိုအစား သင်တို့သည် သင်တို့သစ္စာစောင့်သိသည့်အရာများကို သာ၍မြင့်မားသော အရည်အသွေးနှင့် သာ၍များသော အရေအတွက်ပါ ပိုင်ဆိုင်ဖို့ရန် တိုး၍ တောင့်တကြပြီး မည်သည့်အခါမျှ စိတ်ပျက်အားလျော့ခြင်း မရှိချေ။ ငါကိုယ်တိုင်နှင့် ငါ၏ နှုတ်ကပတ်တော်များသည် သင်တို့ အရှုံးအမှူးဖြစ်နေသော အရာများ၏နောက်ဆုံးကို အမြဲတွန်းပို့ခံနေရသည်။ ထိုအရာများကို နောက်ဆုံး၌ နေရာချရန်မှလွဲ၍ သင်တို့မှာ အခြားရွေးစရာမရှိ။ မိမိတို့ ယခုတိုင် ရှာမတွေ့သေးသော သစ္စာစောင့်သိရမည့်အရာအတွက် ထိုနောက်ဆုံးနေရာကိုပင် ကွက်လပ်ချန်ထားကြသောသူများပင် ရှိကြသေး၏။ ထိုသူတို့၏ နှလုံးသားများထဲ၌ ငါဟူသည်မှာ အရိပ်အယောင်မျှပင် တစ်ခါမျှ မရှိခဲ့စဖူး။ သင်တို့ကို ငါတောင်းဆိုသောအရာများ များလွန်း နေ၏၊ သို့မဟုတ် ငါသည် သင်တို့ကို အမှားမှားအယွင်းယွင်း စွပ်စွဲနေသည်ဟု သင်တို့ ထင်ကောင်းထင်လိမ့်မည်၊ သို့သော် သင်တို့မိသားစုများနှင့် ပျော်ရွှင်စွာ အချိန်ဖြုန်းနေသည့်အချိန်၌ သင်တို့သည် ငါ့ကို တစ်ကြိမ်တစ်ခါမျှ သစ္စာမစောင့်သိခဲ့ ဆိုသည့်အချက်ကို သင်တို့စဉ်းစားမိကြ၏လော။ ဤကဲ့သို့သော အချိန်များ၌ သင်တို့ မနာကျင်ကြသလော။ သင်တို့၏ နှလုံးသားများသည် ဝမ်းမြောက်ခြင်းနှင့် ပြည့်နှက်နေသောအခါ၊ သင်တို့၏ အားထုတ်မှုများအတွက် ဆုချခံရသောအခါ သင်တို့သည် မိမိတို့ကိုယ်မိမိ လုံလောက်သော သမ္မာတရားနှင့် ဖြည့်ဆည်းမထားသည်ကို အားမငယ်သလော။ ငါ၏ ထောက်ခံချက် မရသဖြင့် သင်တို့သည် မည်သည့်အချိန်က ငိုကြွေးခဲ့ကြဖူးသနည်း။ သင်တို့၏ သားများ၊ သမီးများအတွက် သင်တို့သည် ဦးနှောက်အခြောက်ခံ၊ ဒုက္ခအကြီးအကျယ်ခံ နေသော်လည်း သင်တို့သည် အားမရနိုင်သေး၊ သူတို့အတွက် သင်တို့၏ကြိုးစားမှုက မလုံလောက်သေး၊ သူတို့အတွက် သင်တို့၏လုံ့လအားလုံးကို မပေးအပ် မမြှုပ်နှံရသေးဟု သင်တို့ ယုံကြည်နေကြ၏။ သို့သော် ငါ့ကိုမူ သင်တို့သည် အမြဲတမ်း မေ့လျော့ပေါ့ဆ၍ ဂရုမစိုက်ဘဲ နေကြသည်၊ ငါ့ကို သင်တို့၏ မှတ်ဉာဏ်များထဲ၌သာထားပြီး သင်တို့၏ နှလုံးသားထဲ၌ကား ငါ့ကို ကြာရှည် တည်နေစေခြင်းမရှိ။ သင်တို့အပေါ်ထားသော ငါ၏ပေးအပ်မြှုပ်နှံမှုနှင့် လုံ့လများကို သင်တို့သည် အမြဲတမ်း မခံစားကြဘဲ နားလည်အသိအမှတ်ပြုမှုလည်း သင်တို့၌ တစ်စက်မျှ

မရှိခဲ့ကြ။ သင်တို့သည် အတိုချုံးသာ နှိုင်းဆဆင်ခြင်ကြပြီး ထိုအရာမှာ လုံလောက်ပြီဟု ယုံကြည်ကြသည်။ ဤသို့သော "သစ္စာစောင့်သိမှု" မျိုးမှာ ကြာမြင့်စွာ ငါတောင့်တခဲ့သောအရာ မဟုတ်ဘဲ ကြာမြင့်စွာ ကတည်းက ငါစက်ဆုပ်သောအရာဖြစ်သည်။ သို့သော် ငါအဘယ်အရာကို ပြောသည်ဖြစ်စေ သင်တို့သည် တစ်ခု၊ နှစ်ခုကိုသာ ဆက်လက်ဝန်ခံနေကြပြီး အပြည့်အဝ လက်ခံရန်မှု မတတ်နိုင်ကြ၊ အကြောင်းမှာ သင်တို့အားလုံးသည် သင်တို့ကိုယ်သင်တို့ အလွန် "ယုံကြည်စိတ်ချ" နေကြပြီး ငါပြောသော နှုတ်ကပတ်တော်များထဲမှ အဘယ်အရာအား လက်ခံရမည်ကို သင်တို့သည် အမြဲတမ်း ရွေးချယ် ကောက်ယူကြ၏။ အကယ်၍ သင်တို့သည် ယနေ့တွင် ဤအတိုင်း ရှိနေသေးပါက သင်တို့၏ မိမိတို့ကိုယ်မိမိ ယုံကြည်နေမှုကို တုံ့ပြန်ဖို့နည်းလမ်းအချို့ ငါ၌ရှိသည်။ ထို့အပြင် ငါ၏ နှုတ်ကပတ်တော်အားလုံးသည် မှန်ကန်ကြောင်းနှင့် အချက်အလက်ကို လိုရာဆွဲ၍ မမှန်မကန်ပြောဆိုခြင်း မဟုတ်ကြောင်း သင်တို့လက်ခံလာအောင် ငါပြုမည်။

အကယ်၍ ယခုတွင် ငါသည် သင်တို့ရှေ့၌ ငွေကြေးအချို့ကို ပုံပေးပြီး လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးပါက၊ ထို့ပြင် ငါသည် သင်တို့၏ ရွေးချယ်မှုအတွက် သင်တို့ကို ပြစ်တင်ရှုတ်ချမည် မဟုတ်ပါက အများစုသည် ငွေကြေးကိုသာ ရွေးပြီး သမ္မာတရားကို ပစ်ပယ်ကြပေလိမ့်မည်။ သင်တို့ထဲက ပိုကောင်းသောလူများသည် ငွေကြေးကို မယူဘဲ သမ္မာတရားကို အင်တင်တင်နှင့် ရွေးချယ်ကြလိမ့်မည်၊ ထိုနှစ်မျိုးကြားထဲမှ လူများမှာမူ လက်တစ်ဖက်နှင့် ငွေကြေးကို ဖမ်းကိုင်လျက် ကျန်လက်တစ်ဖက်နှင့် သမ္မာတရားကို ဖမ်းကိုင်ကြလိမ့်မည်။ ဤနည်းနှင့်ဆိုပါက သင်တို့၏ ဗီဇရုပ်များသည် ပကတိအတိုင်း ရှင်းသွားလိမ့်မည် မဟုတ်လော။ သမ္မာတရားနှင့် သင်တို့သစ္စာစောင့်သိသော အရာတစ်ခုခုကို ရွေးကြစတမ်း ဆိုပါက သင်တို့အားလုံးသည် ထိုကဲ့သို့သော ရွေးချယ်မှုမျိုးကိုသာ ပြုကြလိမ့်မည်ဖြစ်ပြီး သင်တို့၏ သဘောထားသည် တစ်ပုံစံတည်း ရှိနေရစ်မည်ဖြစ်သည်။ ထိုသို့ဖြစ်သည် မဟုတ်လော။ သင်တို့ထဲ၌ အမှားနှင့် အမှန်ကြား ဗျာများနေသောသူများ များစွာရှိသည် မဟုတ်လော။ အပြုသဘောနှင့် အနုတ်သဘော၊ အဖြူနှင့် အမည်းကြားရှိ ယှဉ်ပြိုင်ပွဲများ၌ သင်တို့သည် မိသားစုနှင့် ဘုရားသခင်ကြား၊ သားသမီးများနှင့် ဘုရားသခင်ကြား၊ ငြိမ်းချမ်းခြင်းနှင့် ပြိုကွဲပျက်စီးခြင်းကြား၊ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းကြား၊ ဂုဏ်ဒြပ်ရှိခြင်းနှင့် ဂုဏ်ဒြပ်မဲ့ခြင်းကြား၊ ထောက်ခံမှုခံရခြင်းနှင့် ဘေးဖယ်ထားမှုခံရခြင်း အစရှိသည်တို့အကြား၌ သင်တို့ပြုခဲ့သော ရွေးချယ်မှုများကို သင်တို့ အသေအချာသိသည်။ ငြိမ်းချမ်းသော မိသားစုနှင့် အိမ်ထောင်ကွဲ မိသားစုအကြားဆိုလျှင် သင်တို့သည် တုံ့ဆိုင်းမနေဘဲ ပထမတစ်ခုကို ရွေးကြသည်၊ စည်းစိမ်ဥစ္စာနှင့် တာဝန်ဝတ္တရား ဆိုလျှင်လည်း

ကမ်းခြေသို့ ပြန်ဆိုက်က လိုစိတ်ပင် မရှိဘဲ ပထမတစ်ခုကိုသာ ထပ်ရွေးကြသည်၊ စည်းစိမ်ရှိခြင်းနှင့် ဆင်းရဲမှုအကြားဆိုလျှင်လည်း ပထမတစ်ခုကိုသာ ရွေးကြသည်၊ သမီး၊ သား၊ ဇနီး၊ ယောကျ်ားနှင့် ငါ၏အကြားဆိုလျှင်လည်း ပထမတစ်ခုကိုသာ ရွေးကြသည်၊ အယူအဆနှင့် သမ္မာတရား ဆိုလျှင်လည်း ပထမတစ်ခုကိုသာ ရွေးကြသည်။ သင်တို့၏ ဒုစရိုက်လုပ်ရပ်များ အားလုံးကို ရင်ဆိုင်ရပြီးသောနောက် သင်တို့အပေါ်ထားသော ငါ၏ယုံကြည်မှုမှာ လုံးဝပင် ပျောက်ဆုံးသွား၏။ သင်တို့၏စိတ်နှလုံးများသည် ပျော့ပျောင်းဖို့ တင်းခံနိုင်လွန်းကြသည်ကို ငါအလွန်အံ့ဩမိသည်။ ကြည့်ရ သရွေ့ နှစ်ပေါင်းများစွာတိုင်အောင် ပေးအပ်မြုပ်နှံမှုနှင့် လုံ့လထုတ်မှုသည် ကျောခိုင်းမှုနှင့် သင်တို့၏ စိတ်ပျက် အားလျော့ခြင်းတို့ကိုသာ ငါ့ထံယူဆောင်လာပေးခဲ့သည်။ သို့သော် တစ်ယောက်ချင်းစီ၏ရှေ့၌ ငါ၏နေ့ရက်ကို အလုံးစုံချခင်းထားပြီး ဖြစ်သည့်အတွက် သင်တို့အပေါ်ထားသော ငါ၏မျှော်လင့်ချက်များမှာ တစ်နေ့ပြီးတစ်နေ့ ပိုကြီးထွားလာ၏။ သို့သော်လည်း သင်တို့သည် အမှောင်ထုအပြင် မကောင်းမှုနှင့် သက်ဆိုင်သောအရာများကို မလျှော့တမ်း ရှာဖွေနေကြပြီး ၎င်းတို့ကို စွန့်လွှတ်ဖို့ ငြင်းဆန်ကြသည်။ ထိုသို့ဆိုလျှင် သင်တို့၏ ရလဒ်ကား အဘယ်အရာဖြစ်မည်နည်း။ ဤအကြောင်းကို သင်တို့ သေသေချာချာ တွေးကြည့်ဖူးသလော။ အကယ်၍ သင်တို့ကို ထပ်ရွေးခိုင်းပါက သင်တို့၏ရပ်တည်ချက်သည် မည်သို့ဖြစ်လိမ့်မည်နည်း။ ယခင်အတိုင်းပင် ဖြစ်ကြဦးမည်လော။ သင်တို့က ငါ့ကို စိတ်ပျက်မှုနှင့် စုတ်ချာချာ ဝမ်းနည်းမှုတို့ကို ထပ်ပေးဦးမည်လော။ သင်တို့၏ နှလုံးသားများသည် ငွေ့ငွေ့လေးသာ နွေးနေဦးမည်လော။ ငါ၏ နှလုံးသားကို နှစ်သိမ့်စေဖို့ရန်အတွက် အဘယ်အရာလုပ်ရမည်ကို သင်တို့ မသိဘဲနေဦးမည်လော။ ယခုအခိုက်အတန့်၌ သင်တို့သည် အဘယ်အရာကို ရွေးချယ်မည်နည်း။ သင်တို့အနေဖြင့် ငါ၏နှုတ်ကပတ်တော်များကို နာခံမည်လော၊ ငြီးငွေ့မည်လော။ ငါ၏နေ့ရက်ကို သင်တို့၏ ရှေ့မှောက်၌ ချခင်းထားပြီးပြီဖြစ်ကာ သင်တို့ရင်ဆိုင်ရသောအရာမှာ ဘဝသစ်နှင့် အစပြုမှတ်အသစ် ဖြစ်သည်။ သို့သော် ဤအစပြုမှတ်အသစ်ဆိုသည်မှာ အတိတ်က အလုပ်သစ်တစ်ခု၏ အစမဟုတ်ဘဲ အလုပ်ဟောင်း၏ အဆုံးသတ်ဖြစ်သည်။ တစ်နည်းအားဖြင့် ဤသည်မှာ နောက်ဆုံးအလုပ်ဖြစ်၏။ ဤအစပြုမှတ်နှင့်ပတ်သက်၍ အဘယ် အရာက တစ်မူထူးခြားသည်ကို သင်တို့အားလုံး နားလည်ကြ မည်ဟု ငါယုံကြည်၏။ သို့သော် မကြာမီတစ်နေ့တွင် သင်တို့သည် ဤအစပြုမှတ်၏ စစ်မှန်သော အဓိပ္ပာယ်ကို နားလည်လာမည် ဖြစ်သည့်အတွက် ၎င်းကို အတူတကွ ဖြတ်ကျော်ပြီး လာမည့်ဇာတ်သိမ်းပိုင်းကို ကြိုဆိုကြစို့။ သို့သော် ငါစိတ်မသက်မသာဖြစ်နေဆဲ အကြောင်းမှာ

အဓမ္မနှင့် ဓမ္မကို ရင်ဆိုင်ရသောအခါ သင်တို့သည် အဓမ္မကို အမြဲ ရွေးချယ်နေကြဆဲ ဖြစ်သည့်အကြောင်းပင်။ သို့သော် ထိုအရာအားလုံးသည် သင်တို့အတိတ်ကဖြစ်သည်။ သင်တို့၏ အတိတ်က အရာအားလုံးကို ငါသည်လည်း မေ့ပစ်ချင်၏၊ သို့သော် ဤအရာ ပြုလုပ်ရန်မှာ ခက်ကားခက်လှ၏။ သို့ဖြစ်စေကာမူ ဤသည်ကို လုပ်နိုင်မည့် အလွန် ကောင်းသောနည်းလမ်းတစ်ခု ငါ၌ရှိ၏။ အနာဂတ်သည် အတိတ်ကို အစားထိုးပါစေ၊ သင်တို့၏ ယနေ့ သရုပ်မှန်အတွက် အတိတ်က အရိပ်များကို လွင့်ပြယ်သွားခွင့်ပေးလော့။ ထို့ကြောင့် နောက်ထပ်တစ်ခါ ရွေးချယ်မှုပြုရန် ငါသည် သင်တို့ကို ဒုက္ခပေးရပေဦးမည်- သင်တို့အနေဖြင့် မည်သူ့ကို အတိအကျ သစ္စာစောင့်သိကြသနည်း။

အောက်ခြေမှတ်စု(များ)-

က။ ကမ်းခြေသို့ ပြန်ဆိုက်- ဤသည်မှာ တရုတ်ဓလေ့သုံးစကားဖြစ်ပြီး "ဒုစရိုက်လမ်းများကို ကျောခိုင်းသည်" ဟု အဓိပ္ပာယ်ရ၏။

# ခရီးပန်းတိုင်နှင့်ပတ်သက်၍

ခရီးပန်းတိုင်ကို ဖော်ပြသည့်အခါတိုင်းတွင်၊ သင်တို့သည် ယင်းကို အထူးလေးနက်စွာ သဘောထားကြသည်။ ထို့အပြင်၊ ယင်းသည် အထူးသဖြင့် သင်တို့အားလုံး ဆတ်ဆတ်ထိမခံသော အရာတစ်ခု ဖြစ်သည်။ အချို့သော လူများသည် ကောင်းမွန်သော ခရီးပန်းတိုင်တစ်ခု ရရှိဖို့အလို့ငှာ ဘုရားသခင်ရှေ့တွင် ဒူးထောက်ဦးချရင်း၊ မရမက လုပ်ဆောင်ဖို့ မစောင့်နိုင်အောင် ဖြစ်ကြလေသည်။ စကားလုံးများဖြင့် ဖော်ပြဖို့ မလိုအပ်သည့် သင်တို့၏ စိတ်အားထက်သန်မှုကို ငါ တန်းတူ ခံစားနိုင်သည်။ ယင်းသည် သင်တို့အနေဖြင့် အနာဂတ်တွင် ထာဝရ အပြစ်ဒဏ်ပေးခြင်းထဲသို့ သက်ဆင်းရန် ဆန္ဒရှိဖို့မဆိုထားနှင့်၊ သင်တို့၏ ခန္ဓာကို ကပ်ဘေးထဲသို့ မကျရောက်စေလိုသည်ထက် မပိုပေ။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် အနည်းငယ် သာ၍ လွတ်လပ်စွာ၊ အနည်းငယ် သာ၍ လွယ်ကူစွာ အသက်ရှင်ခွင့်ပေးရန်သာ မျှော်လင့်ကြသည်။ ထို့ကြောင့် သင်တို့သည် လုံလုံလောက်လောက် အာရုံမစိုက်မိပါက၊ ဘုရားသခင်ကို သင်တို့ ပုန်ကန်ပြစ်မှားမိနိုင်ပြီး၊ ထိုသို့ဖြင့် သင်တို့နှင့်ထိုက်တန်သည့် ဒဏ်ခတ်ခြင်း ခံရမည်ကို အလွန်စိုးရွံ့လျက်၊ ခရီးပန်းတိုင်ကို ဖော်ပြသည့်အခါတိုင်း

သင်တို့သည် အထူးသဖြင့် စိတ်လှုပ်ရှားကြလေသည်။ သင်တို့သည် သင်တို့၏ ခရီးပန်းတိုင်အတွက် အပေးအယူများ ပြုလုပ်ရန် မတွန့်ဆုတ်ကြ သကဲ့သို့၊ သင်တို့ထဲမှ တစ်ချိန်က မရိုးသားသကဲ့သို့ ပေါ့ပေါ့တန်တန် ရှိခဲ့ကြသူများစွာသည်ပင် ရုတ်တရက် ထူးထူးခြားခြား နူးညံ့သိမ်မွေ့ပြီး ရိုးသားစစ်မှန် လာကြလေသည်။ သင်တို့၏ စစ်မှန်ရိုးသားမှု သွင်ပြင်က လူတို့ကို ရိုးတွင်းခြင်ဆီထိ အေးစိမ့်သွားစေသည်။ သို့သော်၊ သင်တို့အားလုံးသည် "ရိုးသားသော" စိတ်နှလုံးများ ပိုင်ဆိုင်ကြပြီး၊ နာကြည်းချက်ဖြစ်စေ၊ လှည့်ဖြားမှု သို့မဟုတ် ဆက်ကပ်မှုဖြစ်စေ၊ မည်သည့်အရာကိုမျှ ထိန်ချန်မထားဘဲ၊ သင်တို့ စိတ်နှလုံးများထဲက လျှို့ဝှက်ချက်များကို ငါ့ထံ တစ်သမတ်တည်း ဖွင့်ဟခဲ့ကြပြီး ဖြစ်သည်။ ခြုံကြည့်သော်၊ သင်တို့သည် သင်တို့၏ ဖြစ်တည်မှု အနက်ရှိုင်းဆုံးသော နေရာများအတွင်း တည်ရှိသည့် ခြေခြေမြစ်မြစ်ရှိသော အရာများကို ငါ့ထံ အလွန် ပွင့်ပွင့်လင်းလင်း "ဝန်ခံ" ခဲ့ကြပြီး ဖြစ်သည်။ ဟုတ်ပေ၏၊ ငါ့အတွက် ထိုအရာများအားလုံးသည် လွန်စွာ အကျွမ်းဝင်လာပြီးဖြစ်သည့်အတွက်၊ ငါသည် ထိုသို့သော အရာများကို မည်သည့်အခါတွင်မျှ မရှောင်လွှဲ ခဲ့ဖူးပေ။ သင်တို့သည် ဘုရားသခင်၏ လက်ခံမှုကို ရရှိဖို့ ဆံချည်တစ်မျှင် ဆုံးရှုံးရသည်ထက် သင်တို့၏ ခရီးပန်းတိုင်အတွက် မီးပင်လယ်ထဲသို့ ဝင်ရောက်လိုကြသည်။ ယင်းမှာ ငါသည် သင်တို့နှင့်ပတ်သက်၍ တစ်ယူသန်ဖြစ်လွန်းခြင်း မဟုတ်။ သင်တို့သည် ငါပြုသည့် အရာအားလုံးနှင့် မျက်နှာချင်းဆိုင်လာဖို့ရန် ဆက်ကပ်မှုရှိသော စိတ်နှလုံးတစ်ခု ကင်းမဲ့လွန်းခြင်း ဖြစ်ပေသည်။ ငါ ခုတင် ပြောသည့်အရာကို သင်တို့ နားလည်ကောင်း နားလည်နိုင်မည်မဟုတ်၊ ထို့ကြောင့် ရိုးရိုးဖြောင့်ဖြောင့် ရှင်းပြချက်တစ်ခု ငါပေးမည်- သင်တို့ လိုအပ်သည့်အရာသည် ငါ၏ အပတ်တကုတ် ကြိုးစား အားထုတ်သည့် အလုပ် ဖြစ်ဖို့မဆိုထားနှင့်၊ သမ္မာတရားနှင့် အသက် မဟုတ်သကဲ့သို့၊ မည်သို့ပြုမူနေထိုင်ရမည်ဟူသော ကိုယ်ကျင့်တရားများလည်း မဟုတ်ပေ။ ယင်းထက်၊ သင်တို့ လိုအပ်သောအရာမှာ ဇာတိပကတိ၌ သင်တို့ ပိုင်ဆိုင်သမျှ အရာရာ ဖြစ်သည့်- ချမ်းသာကြွယ်ဝမှု၊ အဆင့်အတန်း၊ မိသားစု၊ အိမ်ထောင်ရေး၊ စသည်တို့ ဖြစ်သည်။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များနှင့် ငါ၏အမှုကို လုံးဝ အထင်အမြင် သေးကြသည်။ ထို့ကြောင့် သင်တို့၏ ယုံကြည်ခြင်းကို ဝတ်ကျတမ်းကျေ ဟူသော စကားတစ်လုံးဖြင့် အကျဉ်းချုံးနိုင်သည်။ သင်တို့သည် သင်တို့ လုံးလုံးလျားလျား ဆက်ကပ်ထားသော အရာများကို ရရှိဖို့ရန် မည်သည့်အတိုင်းအတာထိမဆို လုပ်ဆောင်ကြလိမ့်မည် ဖြစ်သော်လည်း၊ သင်တို့၏ ဘုရားသခင်၌ ယုံကြည်ခြင်းနှင့် ဆက်နွှယ်သည့် ကိစ္စများအတွက် အလားတူ လုပ်ဆောင်ကြမည် မဟုတ်သည်ကို ငါ သိရှိပြီး ဖြစ်သည်။ အတိအကျဆိုရပါက၊ သင်တို့သည် အတော်အသင့်သာ သစ္စာရှိပြီး

အတော်အသင့်သာ လေးလေးနက်နက်ရှိကြသည်။ ယင်းမှာ အဆုံးစွန် ရိုးသားစစ်မှန်မှုရှိသည့် စိတ်နှလုံးတစ်ခု ကင်းမဲ့သောသူတို့သည် ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်ခြင်းတွင် ရှုံးနိမ့်သောသူများ ဖြစ်ကြသည်ဟု ငါ ပြောရသည့် အကြောင်းရင်း ဖြစ်ပေသည်။ သေချာစွာစဉ်းစားလော့- သင်တို့အထဲတွင် ရှုံးနိမ့်သူများစွာ ရှိသလော။

ဘုရားသခင်၌ ယုံကြည်မှုတွင် အောင်မြင်မှုကို လူတို့ကိုယ်တိုင်၏ လုပ်ရပ်များ၏ ရလဒ်တစ်ခုအဖြစ် ရရှိသည်ကို သင်တို့ သိသင့်သည်။ လူတို့သည် မအောင်မြင်ဘဲ၊ ယင်းအစား ကျရှုံးသည့်အခါ၊ ယင်းသည်လည်း ၎င်းတို့ကိုယ်တိုင်၏ လုပ်ရပ်များကြောင့် ဖြစ်ပြီး၊ အခြားမည်သည့်အကြောင်းရင်း၏ စိုးမိုးမှုတစ်ခုကြောင့်မျှ မဟုတ်ပေ။ သင်တို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းထက် သာ၍ ခက်ခဲပြီး သာ၍ ဆင်းရဲဒုက္ခ ဖြစ်ပေါ်စေသည့် အရာတစ်ခုကို ရရှိဖို့ လိုအပ်သည့်အရာဟူသမျှ လုပ်ဆောင်ကြမည်ဖြစ်ပြီး ယင်းကို အလွန်လေးနက်စွာ သင်တို့ သဘောထားမည်မှာ သင်တို့အနေဖြင့် မည်သည့်အမှားကိုမျှ သည်းမခံလိုသည်အထိ ဖြစ်မည်ဆိုသည်ကို ငါ ယုံကြည်သည်။ ဤသည်တို့မှာ သင်တို့၏ အသက်တာများတွင် သင်တို့အားလုံး ထားရှိသည့် မနားမနေ အားထုတ်မှုမျိုးများ ဖြစ်သည်။ သင်တို့သည် သင်တို့ကိုယ်တိုင်၏ မိသားစုဝင်တစ်ဦးတစ်ယောက်ကိုမျှ လှည့်ဖြားမည် မဟုတ်သည့် အခြေအနေမျိုးတွင်ပင် ငါ၏ လူ့ဇာတိကို လှည့်ဖြားခြင်းငှာ တတ်စွမ်းနိုင်ကြလေသည်။ ဤသည်မှာ သင်တို့၏ တစ်သမတ်တည်းဖြစ်သော အပြုအမူနှင့် သင်တို့ အသက်ရှင်သည့် အခြေခံသဘောတရား ဖြစ်သည်။ သင်တို့၏ ခရီးပန်းတိုင်သည် လုံးဝ လှပပြီး သင်တို့ ဆန္ဒရှိသမျှအားလုံး ဖြစ်နိုင်ဖို့အလို့ငှာ၊ သင်တို့သည် သင်တို့၏ ခရီးပန်းတိုင်အတွက် ငါ့ကို လှည့်ဖြားဖို့ အယောင်ဆောင်သော အပြင်ပန်းသွင်ပြင်တစ်ခုကို ပြသနေကြဆဲ ဖြစ်သည် မဟုတ်လော။ သင်တို့၏ ဆက်ကပ်မှုသည် သင်တို့၏ စစ်မှန်ရိုးသားမှုကဲ့သို့၊ ခဏတာမျှသာ ဖြစ်သည်ကို ငါ သိ၏။ သင်တို့၏ စိတ်ဆုံးဖြတ်ချက်နှင့် သင်တို့ ပေးသော အဖိုးအခသည် အနာဂတ်အတွက် မဟုတ်၊ လက်ရှိအခိုက်အတန့်အတွက်သာ ဖြစ်သည် မဟုတ်လော။ သင်တို့သည် အလဲအလှယ်တစ်ခု ပြုလုပ်ခြင်းဟူသော တစ်ခုတည်းသော ရည်မှန်းချက်ဖြင့်၊ လှပသည့် ပန်းတိုင်တစ်ခုကို ရယူဖို့ ကြိုးပမ်းရန် နောက်ဆုံးတစ်ကြိမ်သာ အားထုတ်လိုကြလေသည်။ သင်တို့သည် ငါပေးပြီးသည့် အဖိုးအခအတွက် ငါ့ကို ပြန်ပေးဆပ်ဖို့ မဆိုထားနှင့်၊ သမ္မာတရားကို ကျေးဇူးကြွေးတင်ရှိလာခြင်းအား ရှောင်ရှားရန် ဤအားထုတ်မှုကို လုပ်ဆောင်ခြင်း မဟုတ်ပေ။ တိုတိုပြောရလျှင်၊ သင်တို့သည် သင်တို့ လိုချင်သည့်အရာကို ရရှိဖို့ ပါးနပ်သော ပရိယာယ်ကို အသုံးပြုရန်သာ လိုလားနေကြသော်လည်း၊ ယင်းအတွက် ပွင့်လင်းသော တိုက်ပွဲကို

မတိုက်လိုကြပေ။ ဤသည်မှာ သင်တို့၏ အူလှိုက်သည်းလှိုက်ဖြစ်သော စိတ်ဆန္ဒဖြစ်သည် မဟုတ်လော။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ရုပ်ဖျက်ရမည် မဟုတ်သကဲ့သို့၊ သင်တို့ မစားနိုင်၊ မအိပ်နိုင်ဖြစ်ကြသည့်အခြေအနေထိ သင်တို့၏ ခရီးပန်းတိုင်အပေါ် ဦးနှောက်ခြောက်အောင် မစဉ်းစားရ။ နောက်ဆုံးတွင် သင်တို့၏ နိဂုံးက ဆုံးဖြတ်ထားနှင့်ပြီး ဖြစ်လိမ့်မည်မှာ မှန်သည် မဟုတ်လော။ သင်တို့သည် ပွင့်လင်းပြီး ရိုးသားသော စိတ်နှလုံးများဖြင့် သင်တို့၏တာဝန်ကို အစွမ်းကုန် အသီးသီး လုပ်ဆောင်သင့်ပြီး၊ လိုအပ်သည့် မည်သည့်အဖိုးအခကိုမဆို ပေးရန် လိုလားလျက် ရှိနေသင့်ပေသည်။ သင်တို့ ပြောကြပြီးသည့်အတိုင်း၊ နေ့ရက်အချိန် ကျရောက်လာသည့်အခါ၊ ဘုရားသခင်သည် သူ့အတွက် ဆင်းရဲဒုက္ခခံခဲ့သူ သို့မဟုတ် အဖိုးအခတစ်ခု ပေးဆပ်ခဲ့သူ မည်သူမဆိုအပေါ် တာဝန်ပေါ့လျော့မည် မဟုတ်ပေ။ ဤသို့သော ခံယူချက်မျိုးသည် ထိန်းသိမ်းထားထိုက်သကဲ့သို့၊ ယင်းကို သင်တို့ မည်သည့်အခါမျှ မမေ့သင့်သည်မှာ မှန်ပေသည်။ ဤနည်းဖြင့်သာ ငါသည် သင်တို့နှင့်ပတ်သက်၍ ငါ၏ စိတ်ကို သက်သာစေနိုင်ပေသည်။ သို့မဟုတ်ပါက၊ သင်တို့သည် ငါ၏ စိတ်ကို သက်သာစေနိုင်မည် မဟုတ်သည့် လူများ ထာဝရ ဖြစ်ကြလိမ့်မည်ဖြစ်ပြီး၊ သင်တို့သည် ငါ၏ စက်ဆုပ်ခြင်းကို ခံကြရသူများ ထာဝရ ဖြစ်ကြလိမ့်မည်။ သင်တို့ အားလုံးသည် ငါ၏အမှုအတွက် မည်သည့်အားထုတ်မှုမျှ မချန်ဘဲလျက်၊ ပြီးလျှင် ငါ၏ ဧဝံဂေလိအမှုအဖို့ တစ်သက်တာ အားအင်ကို ဆက်ကပ်ရင်း၊ သင်တို့၏ အသိစိတ်ကို လိုက်နာနိုင်ပြီး ငါ့အတွက် သင်တို့၏ အရာအားလုံးကို ပေးနိုင်ပါက၊ ငါ၏စိတ်နှလုံးသည် သင်တို့အတွက်ကြောင့် ဝမ်းမြောက်မှုဖြင့် မကြာခဏ ခုန်ပေါက် လိမ့်မည် မဟုတ်လော။ ဤနည်းဖြင့်၊ ငါသည် သင်တို့နှင့်စပ်လျဉ်း၍ ငါ၏ စိတ်ကို လုံးလုံးလျားလျား သက်သာစေနိုင်မည်၊ မဟုတ်လော။ သင်တို့ လုပ်ဆောင်နိုင်သည့်အရာသည် ငါမျှော်လင့်ထားသည့်အရာ၏ အလွန်တရာ သေးနုပ်သည့် အစိတ်အပိုင်းလေးတစ်ခုသာ ဖြစ်သည်မှာ စိတ်ပျက်ဖွယ် ဖြစ်သည်။ ဤသို့ဖြစ်သည့်အတွက်၊ သင်တို့သည် သင်တို့ မျှော်လင့်သည့်အရာကို ငါ့ထံမှ အဘယ်သို့ တောင်းခံရဲရသနည်း။

သင်တို့၏ခရီးပန်းတိုင်နှင့် ကံကြမ္မာသည် သင်တို့အဖို့ အလွန် အရေးကြီး၏- ၎င်းတို့သည် အရေးကြီးသည့် အမှုထားစရာကိစ္စ ဖြစ်သည်။ သင်တို့သည် အမှုအရာများကို အလွန်ဂရုတစိုက် မလုပ်ဆောင်ပါက၊ ယင်းသည် သင်တို့အနေဖြင့် ခရီးပန်းတိုင် မရှိတော့ခြင်း၊ သင်တို့ကိုယ်တိုင်၏ကံကြမ္မာကို သင်တို့ ဖျက်ဆီးလိုက်ခြင်းဟု ဆိုလိုလိမ့်မည်ဟု သင်တို့ ယုံကြည်ကြလေသည်။ သို့သော်၊ ၎င်းတို့၏ ခရီးပန်းတိုင်တစ်ခုတည်းအတွက် အားထုတ်မှုကို အသုံးပြုသောသူတို့သည် အချည်းနှီး ကြိုးပမ်းနေကြသည်ဟု သင်တို့ အတွေးပေါ်လာဖူးသလော။ ထိုသို့သော ကြိုးပမ်းအားထုတ်မှုသည် မစစ်မှန်ပေ- ၎င်းတို့သည်

အတုအယောင်နှင့် လှည့်ဖြားမှု ဖြစ်သည်။ ဤသို့ဖြစ်ပါက၊ ဘုရားသခင်၌ မိမိ၏ယုံကြည်မှုတွင် ကျရှုံးခြင်းသည် လှည့်ဖြားမှုကြောင့် ဖြစ်သည့်အတွက်၊ မိမိတို့၏ ခရီးပန်းတိုင် အတွက်သာ အလုပ်လုပ်သောသူတို့သည် ၎င်းတို့၏ နောက်ဆုံး ရှုံးနိမ့်မှု၏ လက်တစ်ကမ်းတွင် ရှိကြပေသည်။ ငါသည် မြှောက်ပင့်ခံရဖို့ သို့မဟုတ် မျက်နှာလိုမျက်နှာရလုပ်ခံရဖို့ သို့မဟုတ် စိတ်အားထက်သန်မှုဖြင့် ဆက်ဆံခံရဖို့ မနှစ်သက်သည်ကို ယခင်က ငါ ပြောပြီး ဖြစ်သည်။ ငါသည် ရိုးသားသောလူတို့ကို ငါ၏ သမ္မာတရားနှင့် ငါ၏ မျှော်လင့်ချက်တို့ကို ရင်ဆိုင်ကြစေလိုသည်။ ထို့ထက်ပင်ပို၍၊ လူတို့သည် ငါ၏ စိတ်နှလုံးအတွက် အဆုံးစွန် ဂရုစိုက်မှုနှင့် အရေးထားမှုတို့ကို ပြသနိုင်သည့်အခါ၊ ပြီးလျှင် ငါ့အတွက် အရာရာကိုပင် စွန့်လွှတ်နိုင်စွမ်းရှိကြသည့်အခါတွင် ငါနှစ်သက်သည်။ ဤနည်းဖြင့်သာ ငါ၏ စိတ်နှလုံး နှစ်သိမ့်ခံရနိုင်ပေသည်။ ယခု၊ သင်တို့နှင့် ပတ်သက်၍ ငါမနှစ်သက်သည့်အရာ မည်မျှရှိပါသနည်း။ သင်တို့နှင့် ပတ်သက်၍ ငါနှစ်သက်သည့်အရာ မည်မျှရှိသနည်း။ သင်တို့၏ ခရီးပန်းတိုင်အတွက် သင်တို့ ပြုလုပ်ပြီးဖြစ်သည့် အကျည်းတန်မှု၏ သရုပ်သကန်မျိုးစုံကို သင်တို့ထဲမှ မည်သူမျှ နားမလည်သေးသည်မှာ ဖြစ်နိုင်သလော။

ငါ၏ စိတ်နှလုံးထဲတွင်၊ မိမိ၏ တာဝန်ကို သစ္စာရှိစွာ လုပ်ဆောင်နေသူ မည်သူမဆို၏ အားအင်ကို လျော့စေလိုသည့်ဆန္ဒ ရှိဖို့မဆိုထားနှင့်၊ အပြုသဘောဆောင်ပြီး ရည်ရွယ်ချက်မြင့်မားသော မည်သည့်စိတ်နှလုံးကိုမဆို ထိခိုက်နာကျင်စေလိုသောဆန္ဒ မရှိပေ။ မည်သို့ပင်ဆိုစေကာမူ၊ သင်တို့၏ မစုံလင်မှုများနှင့် သင်တို့ စိတ်နှလုံးများ၏ အနက်ရှိုင်းဆုံးသော နေရာများတွင် တည်ရှိသည့် ညစ်ညူးသော ဝိညာဉ်နှင့်သက်ဆိုင်၍ သင်တို့အသီးသီးကို ငါ သတိပေးရပေမည်။ ငါ အမုန်းတီးဆုံးသော အရာမှာ ငါ့အပေါ် လူတို့၏ လှည့်ဖြားမှုဖြစ်သောကြောင့်၊ ငါ၏ နှုတ်ကပတ်တော်များနှင့် မျက်နှာချင်းဆိုင်လာရာတွင် သင်တို့၏ စစ်မှန်သော စိတ်နှလုံးကို သင်တို့ ပူဇော်ပေးအပ်နိုင်ကြလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ငါသည် ထိုသို့ လုပ်ဆောင်ခြင်းဖြစ်သည်။ ငါ၏ အမှု နောက်ဆုံးအဆင့်တွင်၊ သင်တို့သည် သင်တို့၏ အပြောင်မြောက်ဆုံးသော စွမ်းဆောင်မှုကို ပေးနိုင်လိမ့်မည်ဖြစ်ပြီး၊ စိတ်မပါ့တပါ မဖြစ်တော့ဘဲ၊ မိမိတို့ကိုယ်ကိုယ် စိတ်ပါလက်ပါ ဆက်ကပ်ကြလိမ့်မည်ဟုသာ ငါ မျှော်လင့်၏။ ဟုတ်ပေ၏၊ သင်တို့ အားလုံး ကောင်းမွန်သော ခရီးပန်းတိုင်တစ်ခု ရှိကြဖို့လည်း ငါ မျှော်လင့်ပေသည်။ သို့သော်လည်း၊ ငါ၌ ငါ၏ သတ်မှတ်ချက် ရှိဆဲဖြစ်၏၊ ယင်းမှာ သင်တို့၏ တစ်ခုတည်းနှင့် နောက်ဆုံးဖြစ်သော ဆက်ကပ်မှုကို ငါ့အား ပေးအပ်ရာတွင် အကောင်းဆုံး ဆုံးဖြတ်ချက်ကို သင်တို့ ပြုလုပ်ဖို့ ဖြစ်သည်။ တစ်စုံတစ်ဦးသည် ထိုတစ်ခုတည်းသော ဆက်ကပ်မှုမရှိပါက၊ သူသည် စာတန်၏ တန်ဖိုးထားရသော ပိုင်ဆိုင်မှုတစ်ခုဖြစ်ပြီး၊

ငါသည် သူ့ကို ဆက်လက်အသုံးပြုတော့မည် မဟုတ်ဘဲ၊ သူ၏မိဘများ၏ ကြည့်ရှုစောင့်ရှောက်မှုကို ခံရဖို့ သူ့ကို အိမ်သို့ ပို့မည်ဖြစ်သည်။ ငါ၏ အမှုသည် သင်တို့အဖို့ ကြီးမားသော အထောက်အကူတစ်ခု ဖြစ်၏။ သင်တို့ထံမှ ငါရဖို့ မျှော်လင့်သည့်အရာမှာ ရိုးသားပြီး ရည်ရွယ်ချက်မြင့်မားသော နှလုံးသားတစ်ခု ဖြစ်သော်လည်း၊ ယခုထိ ငါသည် လက်ချည်းဗလာ ဖြစ်နေဆဲဖြစ်သည်။ ထိုအရာနှင့်ပတ်သက်၍ စဉ်းစားကြလော့- တစ်နေ့တွင် ငါသည် ပြောဖို့ စကားလုံးများ၏ အတိုင်းအတာ ကျော်လွန်သည်အထိ၊ အလွန်စိတ်ထိခိုက်ရဆဲဖြစ်ပါက၊ သင်တို့အပေါ် ငါ၏ သဘောထားသည် အဘယ်အရာဖြစ်လိမ့်မည်နည်း။ ထိုအခါ ငါသည် ယခုကဲ့သို့ သင်တို့ကို ဖော်ရွေမည်လော။ ထိုအခါတွင် ငါ၏စိတ်နှလုံးသည် ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမည်လော။ ဒုက္ခသုခခံ၍ စိုက်ကွင်းကို ထွန်ယက်လျက်၊ ဂျုံစပါးတစ်စေ့ကိုမျှ မရိတ်သိမ်းရသေးသည့် လူတစ်ဦး၏ ခံစားချက်များကို သင်တို့ နားလည်သလော။ အလွန် ထိုးကြိတ်ခံရပြီးသည့်အခါတွင်၊ လူတစ်ဦး၏ နှလုံးသားသည် မည်မျှကြီးမားစွာ အနာတရဖြစ်သည်ကို သင်တို့ နားလည်သလော။ တစ်ချိန်က မျှော်လင့်ချက် အလွန်ပြည့်ခဲ့လျက်၊ မသင့်မြတ်၍ ခွဲခွာခဲ့ရပြီးသည့် လူတစ်ဦး၏ ခါးသီးမှုကို သင်တို့ မြည်းစမ်းနိုင်သလော။ ရန်စခံခဲ့ရသော လူတစ်ဦးထံမှ ထွက်သည့် အမျက်ဒေါသကို သင်တို့ မြင်ဖူးသလော။ မလိုမုန်းထားစိတ်နှင့် လှည့်ဖြားမှုတို့ဖြင့် ဆက်ဆံခံရပြီးသော လူတစ်ဦး၏ လက်စားချေဖို့အတွက် စိတ်ထက်သန်မှုကို သင်တို့ သိနိုင်သလော။ ဤလူတို့၏ စိတ်နေသဘောထားကို သင်တို့ နားလည်ပါက၊ သူ၏ ဒဏ်ခတ်ခြင်း အချိန်ကာလတွင် ဘုရားသခင် ထားရှိမည့် သဘောထားကို တွေးကြည့်ဖို့ သင်တို့အတွက် မခက်ခဲသင့်ဟု ငါ ထင်သည်။ နောက်ဆုံးအနေဖြင့်၊ သင်တို့၏ အားထုတ်မှုများတွင် လှည့်ဖြားသော နည်းလမ်းကို အသုံးမပြုသည်က သာ၍ ကောင်းမည်ဖြစ်သော်လည်း၊ သင်တို့၏ ခရီးပန်းတိုင်အတွက် လေးနက်သော အားထုတ်မှုကို သင်တို့အားလုံး ထားရှိမည်ဟု ငါ မျှော်လင့်၏၊ သို့မဟုတ်ပါက၊ ငါ၏စိတ်နှလုံးထဲ၌ သင်တို့ကို ဆက်လက် စိတ်ပျက်နေမိလိမ့်မည်ဖြစ်သည်။ ထိုသို့သော စိတ်ပျက်ခြင်းသည် မည်သည့်အရာသို့ ဦးတည်သနည်း။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် လှည့်စားနေခြင်း မဟုတ်လော။ မိမိတို့၏ ခရီးပန်းတိုင်ကို ဆင်ခြင်တွေးတောမှုပြုသော်လည်း၊ ယင်းကို ဖျက်ဆီးသောသူများသည် ကယ်တင်ခံရဖို့ အနည်းဆုံးသော လူများဖြစ်သည်။ သူသည် စိတ်တိုလာပြီး ဒေါသထွက်လာလျှင်ပင်၊ အဘယ်သူသည် ထိုသို့သော လူတစ်ဦးအပေါ် သနားမည်နည်း။ အားလုံး ခြုံကြည့်သော်၊ သင့်လျော်ကာ ကောင်းမွန်သော ခရီးပန်းတိုင်တစ်ခုရှိဖို့ သင်တို့အတွက် ငါ ဆန္ဒရှိဆဲ ဖြစ်သကဲ့သို့၊ ထို့ထက်ပင်ပို၍၊ သင်တို့ထဲမှ

မည်သူမျှ ကပ်ဘေးထဲသို့ ကျရောက်လိမ့်မည်မဟုတ်ဟု ငါမျှော်လင့်သည်။

## သတိပေးချက် သုံးချက်

ဘုရားသခင်အား ယုံကြည်သူတစ်ဦးအနေဖြင့် အခြားအရာ အားလုံးထက် ဘုရားသခင်ကိုသာ သစ္စာစောင့်သိကာ အရာအားလုံးတွင် သူ၏ အလိုတော်ကိုလိုက်နာသင့်ပေသည်။ သို့ရာတွင် ဤအဆိုအမိန့်ကို လူတိုင်းနားလည်သော်ငြားလည်း၊ လူသား၏ အမျိုးမျိုးသော အခက်အခဲများဖြစ်သည့် မသိနားမလည်မှု၊ ရယ်ဖွယ်ကောင်းမှု၊ ဖောက်ပြန်ပျက်စီးမှုတို့ကြောင့် ဥပမာအားဖြင့်- အပေါ်လွင်ဆုံးနှင့် အခြေခံအကျဆုံး ဤသမ္မာတရားများကို သူ့ထံတွင် ပြည့်စုံစွာ မြင်ရနိုင်မည်မဟုတ်ပေ၊ ထို့ကြောင့် သင်တို့၏ အဆုံးသတ်သည် ပြောင်းလဲဖို့ မခက်ခဲလာမီ သင်တို့အတွက် အရေးအကြီးဆုံးဖြစ်မည့်အရာ အနည်းငယ်ကို ပထမဦးစွာ ငါ ပြောမည်။ ငါရှေ့ဆက်မပြောမီ သင်တို့ ဦးစွာနားလည်ထားရမည်မှာ- ငါပြောသည့် နှုတ်ကပတ်တော်များသည် လူသားအားလုံးကို တိုက်ရိုက်ရည်ရွယ်သော သမ္မာတရားများဖြစ်ပြီး လူတစ်ဦးတစ်ယောက် သို့မဟုတ် လူအမျိုးအစား တစ်မျိုးတည်း အတွက်သာ ရည်ရွယ်ပြောခြင်း မဟုတ်ပေ။ ထို့ကြောင့် သမ္မာတရား၏ ရှုထောင့်မှ ငါ၏နှုတ်ကပတ်တော်များကို နားလည်ခြင်းအား အာရုံစိုက်သင့်သကဲ့သို့ မမိုတ်မသုန်အာရုံစိုက်သော သဘောထားတစ်ရပ် နှင့် ရိုးသားမှု ရှိသင့်သည်။ ငါပြောသည့်နှုတ်ကပတ်တော် သို့မဟုတ် သမ္မာတရားကို တစ်လုံးတစ်ပါဒမှ လျစ်လျူရှုခြင်း မပြုရသည့်အပြင် ငါ၏ နှုတ်ကပတ်တော်အားလုံးကို မထီမဲ့မြင် မပြုရ။ သင်တို့ဘဝများ၌ သင်တို့ပြုသောအရာများစွာသည် သမ္မာတရားနှင့် ဆီလျော်မှုမရှိသည်ကို ငါတွေ့သောကြောင့်၊ ငါသည် သင်တို့အား သမ္မာတရား၏ အစေခံသူများ ဖြစ်လာစေဖို့၊ စဉ်းလဲမှုနှင့် အကျည်းတန်မှုတို့၏ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေဖို့၊ သမ္မာတရားကို မနင်းချေဖို့ သို့မဟုတ် ဘုရားအိမ်တော်၏ နေရာတစ်ခုတစ်လေကိုမျှ ဖျက်ဆီးရမ်းကားခြင်း မရှိဖို့ သင်တို့ကို အထူးတလည် တောင်းဆိုနေခြင်း ဖြစ်သည်။ ဤအချက်သည် သင်တို့အား ငါ၏သတိပေးချက် ဖြစ်သည်။ ယခု လက်ရှိအကြောင်းအရာအား ငါစတင်ပြောမည်။

ပထမဦးစွာ သင်တို့၏ ကံကြမ္မာအတွက် ဘုရားသခင်၏ လက်သင့်ခံမှုကို သင်တို့ရှာဖွေသင့်သည်။ ဆိုလိုသည်မှာ သင်တို့သည် ဘုရားအိမ်တော်၏ အိမ်တော်သားတစ်ယောက်ဖြစ်သည်ကို အသိအမှတ် ပြုသဖြင့်၊ သင်တို့သည်

ဘုရားသခင်ထံသို့ စိတ်နှလုံး တည်ငြိမ်အေးချမ်းခြင်းကို ယူဆောင် လာသင့်ပြီး အရာရာတွင် ဘုရားသခင်ကို စိတ်ကျေနပ်စေသင့်သည်။ တစ်နည်းအားဖြင့် သင်၏ လုပ်ရပ်များ၌ ကိုယ်ကျင့်တရား ကောင်းကာ၊ ထိုလုပ်ရပ်များတွင် သမ္မာတရားနှင့် လိုက်လျောညီထွေ နေသင့်သည်။ အကယ်၍ ဤသည်မှာ သင်၏ လုပ်ဆောင် နိုင်စွမ်းထက်ကျော်လွန်ပါက၊ သင်သည် ဘုရားသခင်၏ ရွံမုန်းခြင်းနှင့် ငြင်းပယ်ခြင်းကို ခံရကာ လူတိုင်း၏ ပစ်ပယ်ခြင်းကို ခံရလိမ့်မည်။ ထိုကဲ့သို့ အကျပ်အတည်းနှင့် သင် ရင်ဆိုင်တွေ့ပါက၊ သင့်ကို ဘုရားသခင်၏ အိမ်တော်ထဲတွင် ထည့်သွင်းစဉ်းစား၍ မရနိုင်တော့ပေ။ ဤသည်မှာ ဘုရားသခင်၏ လက်သင့်ခံမှုကို မရရှိခြင်း၏ အဓိပ္ပာယ် အတိအကျဖြစ်လေသည်။

ဒုတိယအချက်အနေဖြင့် ဘုရားသခင်က ရိုးသားသူကို နှစ်သက်မှန်း သင်တို့သိထားသင့်သည်။ ဘုရားသခင်၌ သစ္စာရှိခြင်း၏ အနှစ်သာရ ရှိသဖြင့် သူ၏နှုတ်ကပတ်တော်များကို အမြဲ ယုံကြည်စိတ်ချနိုင်သည်။ ထို့အပြင် သူ၏ လုပ်ဆောင်ချက်များမှာ အမှားကင်းပြီး သံသယ ရှိရန်မလိုပေ၊ ထိုအကြောင်းကြောင့် သူ့အပေါ် ပကတိ ရိုးသားဖြောင့်မတ်သူများကို ဘုရားသခင်က နှစ်သက်ခြင်း ဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းဆိုသည်မှာ ဘုရားသခင်ထံ သင့်နှလုံးသားကို ပေးအပ်ခြင်း၊ အရာခပ်သိမ်းတွင် ဘုရားသခင်ကို သဘောရိုးအတိုင်း ဆက်ဆံခြင်း၊ အရာအားလုံးတွင် ဘုရားသခင်နှင့် ပွင့်လင်းမှုရှိခြင်း၊ အမှန်တရားကို မည်သည့်အခါမျှ ကွယ်ဝှက်မထားခြင်း၊ မိမိအထက်မှ လူများနှင့် အောက်မှလူများကို လှည့်စားခြင်းကို မည်သည့်အခါမျှ မပြုခြင်းနှင့်၊ ဘုရားသခင်အား မျက်နှာလိုမျက်နှာရ မပြုခြင်းတို့ပင် ဖြစ်သည်။ အတိုချုံး၍ဆိုရလျှင် ရိုးသားဖြောင့်မတ်မှုရှိခြင်း ဆိုသည်မှာ သင်၏ လုပ်ရပ်များနှင့် စကားများတွင် စင်ကြယ်ဖို့နှင့် ဘုရားသခင်ကို ဖြစ်စေ၊ လူသားကိုဖြစ်စေ မလှည့်စားခြင်းဖြစ်သည်။ ငါပြောသောအရာမှာ အလွန် ရိုးရှင်းသော်ငြားလည်း၊ သင်တို့အတွက် နှစ်ဆ ခက်ခဲနေပေလိမ့်မည်။ အများစုမှာ ရိုးသားစွာ ပြောဆိုပြုမူခြင်းထက် ငရဲသို့ စီရင်ခြင်းကိုသာ ခံလိုကြသည်။ မရိုးဖြောင့်သောသူများ အတွက် ငါ၌ ကုစားမှု အခြားတစ်ခု ရှိသေးသည်မှာ အံ့သြဖွယ်မကောင်းပေ။ သင်တို့သည် ရိုးသားဖို့ မည်မျှ ခက်ခဲသည်ကို ငါကောင်းစွာ သိသည်မှာ မှန်ပေ၏။ သင်တို့အားလုံးသည် အလွန် လိမ္မာပါးနပ်ကာ၊ သင်တို့၏သေးနုပ်သော စံပေတံလေးနှင့် လူများကို တိုင်းတာရာတွင် အလွန် ကျွမ်းကျင်လှသောကြောင့် ငါ့အမှုသည် သာ၍ ရိုးရှင်းသွားသည်။ ထို့အပြင် သင်တို့တစ်ဦးစီသည် သင်တို့၏ လျှို့ဝှက်ချက်များကို သင်တို့၏ရင်ခွင်၌ ပိုက်ထွေးထားသည့်အတွက်၊ သို့ဆိုလျှင် သင်တို့ တစ်ဦးပြီးတစ်ဦးကို မီးဖြင့် “သင်ယူဖို့ရန်” ဒုက္ခဆင်းရဲထဲသို့ စေလွှတ်မည်၊ သို့မှသာ ယင်းနောက်တွင် သင်တို့သည် ငါ၏

နှုတ်ကပတ်တော်များကို အကြွင်းမဲ့ ယုံကြည် လာနိုင်မည်ဖြစ်သည်။ နောက်ဆုံး၌ "ဘုရားသခင်သည် သစ္စာစောင့်သိသော ဘုရားသခင်တစ်ပါး" ဆိုသည့် စကားများကို သင်တို့၏ နှုတ်မှ ငါ ဆွဲနုတ်ယူမည် ဖြစ်ပြီး၊ သို့ဖြစ်၍ သင်တို့သည် ရင်ဘတ်စည်တီး၍ "လှည့်ဖျားတတ်သည်မှာ လူသား၏ နှလုံးသားဖြစ်သည်။" ဟု ငိုချင်းချလိမ့်မည်။ ဤအချိန်တွင် သင်တို့ စိတ်အခြေအနေမှာ အဘယ်သို့ ရှိမည်နည်း။ သင်သည် ယခုကဲ့သို့ အောင်မြင်၍ တက်ကြွပျော်မြူးအားရနေလိမ့်မည် မဟုတ်ဟု ငါထင်သည်။ ထို့အပြင် သင်သည် ယခုကဲ့သို့ "သိမ်မွေ့ပြီးနက်နဲ" ရန်မှာ သာ၍ နည်းပေမည်။ တချို့သူများသည် ဘုရားသခင် ရှေ့မှောက်တွင် အလွန် မှန်ကန်စွာပြုမူ၍ "အပြုအမူကောင်းများ" ရှိရန် အလွန် ကြိုးစားသော်လည်း၊ ဝိညာဉ်တော် ရှေ့မှောက်တွင်မူ ခြိမ်းခြောက်သည့် ဟန်ပန်များ လုပ်ပြလေသည်။ ရိုးသားခြင်း အဆင့်များထဲတွင် ထိုကဲ့သို့သော လူသားကို သင်တို့ ထည့်တွက်မည်လား။ အကယ်၍ သင်သည် ကြောင်သူတော် တစ်ဦးဖြစ်ပြီး "အပြန်အလှန် ဆက်ဆံရေးများ" အထူးကျွမ်းကျင်ပါက၊ သင်သည် ဘုရားသခင်အား မထီမဲ့မြင်ပြုသူ ဖြစ်သည်မှာ သေချာသည်ဟု ငါဆိုသည်။ အကယ်၍ သင့်စကားများက ဆင်ခြေများ၊ အဖိုးမတန်သော ကျိုးကြောင်းပြချက်များနှင့် ပြည့်နှက်နေမည် ဆိုပါက၊ သင်သည် သမ္မာတရား လက်တွေ့ကျင့်သုံး ရမည်ကို အလွန်တရာကို စက်ဆုပ်သောသူတစ်ဦး သာဖြစ်သည်ဟု ငါဆို၏။ အကယ်၍ သင်ထံတွင် လျှို့ဝှက်ကိစ္စများစွာ ရှိသဖြင့် သင်သည် ဝေမျှရန် ဝန်လေးနေပါက၊ သင်သည် အလင်း၏ လမ်းကို ရှာဖွေဖို့ အခြားသူများရှေ့တွင် သင်၏ လျှို့ဝှက်ချက်များကို- သင်၏ အခက်အခဲများကို- ချခင်းပြရန် အပြင်းအထန် ငြင်းဆန်နေပါက- သင်သည် ကယ်တင်ခြင်းကို အလွယ်တကူ မရရှိနိုင်သောသူ၊ အမှောင်ထုထဲမှ လွယ်ကူစွာ မထွက်နိုင်သူ ဖြစ်သည်ဟုငါဆို၏။ သမ္မာတရား၏ လမ်းခရီးကိုရှာဖွေခြင်းသည် သင့်ကို ကောင်းစွာ သဘောကျ ကျေနပ်စေသည်ဆိုပါက၊ သင်သည် အလင်းထဲ၌ အစဉ်အမြဲ နေထိုင်သူတစ်ဦးဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ အိမ်တော်၌ မထင်မရှားနေပြီး ကြိုးကြိုးစားစားနှင့် တာဝန်သိသိ အသိဉာဏ်ရှိရှိ အလုပ်လုပ်လျက်၊ အမြဲတမ်းပေးကမ်း၍ မည်သည့်အခါမျှ ရယူခြင်းမရှိသော အစေခံသူတစ်ဦး ဖြစ်ရသည်ကို အလွန် ဝမ်းမြောက်ပါက၊ သင်သည် သစ္စာရှိသော သန့်ရှင်းသူ တစ်ယောက် ဖြစ်သည်ဟု ငါဆိုသည်၊ အဘယ်ကြောင့်ဆိုသော် သင်သည် ဆုလာဘ်ကို မမျှော်ကိုးဘဲ၊ ပကတိ ရိုးသားသူတစ်ယောက်သာ ဖြစ်သောကြောင့်တည်း။ သင်သည် ပွင့်လင်းရန် လိုလိုလားလား ရှိလျှင်၊ သင်သည် သင်၏အလုံးစုံကို အသုံးခံရန် လိုလိုလားလားရှိလျှင်၊ သင်သည် ဘုရားသခင်အတွက် သင့်ဘဝကိုစတေးနိုင်ကာ သက်သေရပ်တည် နိုင်လျှင်၊ သင်သည်

မိမိအတွက် မစဉ်းစားဘဲ သို့မဟုတ် မိမိကိုယ်ကျိုးမပါဘဲ ဘုရားသခင် ကျေနပ်သဘောကျရန်ကိုသာ သိသောအဆင့်အထိ ရိုးသားသည်ဆိုပါက၊ ဤလူတို့သည် အလင်းထဲတွင် အားဖြည့်ပေးခြင်းခံရကာ နိုင်ငံတော်တွင် ထာဝရ အသက်ရှင်မည့်သူများ ဖြစ်သည်ဟု ငါဆိုသည်။ သင့်အထဲ၌ စစ်မှန်သော ယုံကြည်ခြင်းနှင့် စစ်မှန်သော သစ္စာစောင့်သိမှု ရှိ မရှိ၊ သင့်ထံ၌ ဘုရားသခင်အတွက် ဆင်းရဲဒုက္ခခံမှု မှတ်တမ်းတစ်ခု ရှိ မရှိနှင့် ဘုရားသခင်ထံ၌ သင် အပြည့်အဝ ကျိုးနွံနာခံပြီးခြင်း ရှိ မရှိ စသည်တို့ကို သင်သိသင့်သည်။ သင်သည် ဤအရာများ မရှိပါက၊ သင့်အတွင်း၌ မနာခံမှု၊ လှည့်ဖြားမှု၊ လောဘနှင့် မကျေနပ်မှုများသာ ကျန်ရစ်လိမ့်မည်။ သင်၏နှလုံးသားသည် ရိုးသားမှုနှင့်အလှမ်း ကွာဝေးသကဲ့သို့၊ သင်သည် ဘုရားသခင်ထံမှ အပြုသဘောဆောင်သော အသိအမှတ်ပြုမှုကိုလည်း မည်သည့်အခါမျှ မရရှိဘဲ၊ အလင်းထဲတွင် မည်သည့်အခါမျှ မနေခဲ့ရဖူးပေ။ လူတစ်ယောက်၏ကံကြမ္မာသည် အဆုံး၌ မည်သို့ဖြစ်မည်ဆိုသည်မှာ သူ့ထံ၌ ရိုးသားမှုနှင့် သွေးသို့နီသော နှလုံးသားရှိ မရှိအပေါ်နှင့် သူ့ထံ၌ စင်ကြယ်သော စိတ်နှလုံး ရှိ မရှိတို့အပေါ်တွင် မူတည်သည်။ အကယ်၍ သင်သည် အလွန်မရိုးဖြောင့်သောသူတစ်ဦး၊ မလိုတမာစိတ်ရှိသူတစ်ဦး၊ မစင်ကြယ်သော စိတ်ဝိညာဉ်ရှိသူတစ်ဦး ဖြစ်နေပါက၊ သင်၏ ကံကြမ္မာမှတ်တမ်းတွင် ရေးသားသကဲ့သို့ လူတို့ အပြစ်ပေး ခံရသည့် နေရာတွင် သင် အဆုံးသတ်မည်မှာ သေချာ၏။ အကယ်၍ သင်သည် အလွန်တရာ ရိုးသားသည်ဟုဆိုသော်လည်း၊ သမ္မာတရားနှင့် ညီညွတ်စွာ ပြုမူခြင်း၊ အမှန်တရားနှင့်ဆိုင်သော စကားတစ်ခွန်းကိုမျှ ပြောဆိုခြင်းတို့ကို မည်သည့်အခါမျှ မပြုဖူးပါက၊ သင်သည် ဘုရားသခင်ကို သင့်အား ဆုချပေးစေရန် စောင့်မျှော်နေဆဲလော။ ဘုရားသခင်က သင့်ကို သူ၏ အချစ်မြတ်နိုးဆုံးသူအဖြစ် သတ်မှတ်ရန် စောင့်မျှော်နေသေးသလော။ ယင်းသည် ရယ်ဖွယ်ကောင်းသော တွေးနည်း မဟုတ်လော။ သင်သည် အရာရာ၌ ဘုရားသခင်ကို လှည့်စားသည်၊ ထို့ကြောင့် သင်ကဲ့သို့သော လက်မသန့်ရှင်းသူ တစ်ယောက်ကို ဘုရားသခင်၏အိမ်တော်၌ မည်ကဲ့သို့ နေရာ ပေးနိုင်မည်နည်း။

တတိယအချက်အနေဖြင့်ပြောလိုသည်မှာ- လူတိုင်းသည် ဘုရားသခင်၌ ယုံကြည်မှုဖြင့် အသက်ရှင်နေထိုင်သည့် ၎င်းတို့၏ အသက်တာ တစ်လျှောက်တွင်၊ ဘုရားသခင်အပေါ် ခုခံပြီး လှည့်စားသည့် အရာများ ပြုပြီးဖြစ်ကြသည်။ အချို့သော မကောင်းမှုများအား ပြစ်မှုအဖြစ် မှတ်သားရန် မလိုသော်လည်း၊ အချို့အရာများသည် ခွင့်လွှတ်နိုင်စရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ဖောက်ဖျက်သော ဘုရားသခင်၏ စိတ်သဘောထားကို စော်ကားရာရောက်သော လုပ်ရပ်များစွာ

ရှိသောကြောင့်ဖြစ်သည်။ မိမိ၏ကံကြမ္မာအတွက် စိုးရိမ်သူ အများအပြားက ဤလုပ်ရပ်များမှာ အဘယ်နည်းဟု မေးမြန်းနိုင် ကြသည်။ သင်တို့သည် သဘာဝအားဖြင့် မာနကြီးပြီး မောက်မာကာ အမှန်တရားများကို နာခံရန် လိုလိုလားလား မရှိသည်ကို သိသင့်သည်။ ဤအကြောင်းရင်းကြောင့် သင့်ကိုယ်သင် ပြန်လည်သုံးသပ် ပြီးသည့်နောက် နည်းနည်းချင်း ငါပြောပြမည်။ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များထဲမှ ပါဝင်သည့် အကြောင်းအရာကို သင်တို့ ပိုမို နားလည်လာကြစေရန်နှင့် ဘုရားသခင်၏ စိတ်သဘောထားကို သင်တို့ သိရှိအောင် အားထုတ်ရန် ငါ တိုက်တွန်းသည်။ သို့မဟုတ်လျှင် သင်တို့အနေဖြင့်နှုတ်များကို ပိတ်ထားရန်နှင့် လျှာအရိုးမရှိတိုင်း ဟိတ်ဟန်ထွားသောစကားများ လွန်စွာပြောခြင်းကိုတားမြစ်ရန် ခက်ခဲပြီး၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် အလင်း၏ မျက်မှောက်ကို ဆုံးရှုံးရလျက်၊ ဘုရားသခင်၏ စိတ်သဘောထားကို အမှုမဲ့အမှတ်မဲ့ ပြစ်မှားမိကာ အမှောင်ထဲသို့ ကျဆင်းရလိမ့်မည်။ သင်တို့သည် သင်တို့၏ အပြုအမူများ၌ ကိုယ်ကျင့်တရား မကောင်းသောကြောင့်၊ မပြောသင့် မလုပ်သင့်သည့် အရာများကို သင်ပြောမိလုပ်မိသောကြောင့်၊ ထိုက်သင့်သော ဒဏ်ခတ်မှုကို သင်ခံရလိမ့်မည်။ သင်သိသင့်သည့် အချက်မှာ သင်သည် အပြောနှင့်အလုပ်၌ သိက္ခာမဲ့သော်ငြားလည်း၊ ဘုရားသခင်က ထိုကိစ္စရပ်နှစ်ခုစလုံး၌ လွန်စွာသိက္ခာရှိသူဖြစ်သည်။ သင့်ကို ဒဏ်ခတ်ရခြင်း အကြောင်းရင်းမှာလည်း သင်သည် လူသားတစ်ဦးကို စော်ကားမိခဲ့ခြင်း မဟုတ်၊ ဘုရားသခင်ကို စော်ကားမိခဲ့ခြင်းကြောင့် ဖြစ်သည်။ အကယ်၍ သင့်ဘဝ၌ သင်သည် ဘုရားသခင်၏ စိတ်သဘောထားအား ပြစ်မှားစော်ကားခြင်းကို များစွာ ကျူးလွန်မိလျှင်၊ ငရဲသားဖြစ်ရန် သေချာသည်။ လူသားအတွက် သမ္မာတရားနှင့် မကိုက်ညီသည့် လုပ်ဆောင်ချက် အနည်းငယ်ကိုသာ ကျူးလွန်မိပြီး သည်ထက်မပိုပုံ ရနိုင်သည်။ သို့ရာတွင် ဘုရားသခင်၏ အမြင်၌ သင်သည် သင့်အတွက် အပြစ်ဖြေရာယဇ် မရှိတော့သောသူတစ်ဦး ဖြစ်နှင့်ပြီးသည်ကို သတိပြုမိသလော။ သင်သည် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို တစ်ကြိမ်ထက်ပို ဖောက်ဖျက်ပြီးသည့်အပြင် နောင်တရသည့် အရိပ်လက္ခဏာ မပြခဲ့ခြင်းကြောင့် ဘုရားသခင်က လူသားအား အပြစ်ပေးသည့်ငရဲသို့ သင် ကျဆင်းသွားရမည်မှာ မလွဲကေန် ဖြစ်သည်။ ဘုရားသခင်၏ နောက်သို့လိုက်စဉ် လူနည်းစုတစ်စုက ကိုယ်ကျင့်တရား ဖောက်ဖျက်သည့် လုပ်ရပ်အချို့ကို ကျူးလွန်မိကြသည်၊ သို့ရာတွင် ကိုင်တွယ်ဖြေရှင်းပြီး၊ လမ်းပြခြင်း ခံရပြီးသည့်နောက်တွင်၎င်းတို့သည် ၎င်းတို့၏ စာရိတ္တပျက်စီးမှုကို တဖြည်းဖြည်း သိမြင်လာကြပြီးနောက် စစ်မှန်မှု လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည် ရောက်ရှိလာကာ ယနေ့အထိ ကောင်းကောင်း အသိတရားရှိစွာ ဆက်လက် နေထိုင်သွားကြသည်။ ထိုကဲ့သို့သော လူသားများသည် အဆုံး၌ ကျန်ရှိနေမည့် သူများ

ဖြစ်ကြသည်။ သို့သော် ငါရှာဖွေနေသည်မှာ ရိုးသားသူများဖြစ်သည်၊ အကယ်၍ သင်သည် ရိုးသားသူ တစ်ယောက်ဖြစ်ပြီး အခြေခံသဘောတရားအတိုင်း ပြုမူသူဖြစ်လျှင် သင်သည် ဘုရားသခင်၏ လူယုံတော် တစ်ယောက် ဖြစ်နိုင်သည်။ သင်၏ပြုမူချက်များတွင် သင်သည် ဘုရားသခင်၏ စိတ်နေသဘောထားကို မပြစ်မှားမိဘဲ၊ ဘုရားသခင်၏ အလိုတော်ကို ရှာဖွေကာ ဘုရားသခင်ကို ကြည်ညိုသည့်နှလုံးသား ရှိသူဖြစ်လျှင် သင်၏သက်ဝင်ယုံကြည်မှုသည် စံချိန်မီသည်။ ဘုရားသခင်ကို မကြည်ညိုဘဲ၊ ကြောက်ရွံ့တုန်လှုပ်သည့် စိတ်နှလုံးမရှိသူ မည်သူမဆိုသည် ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို အလွယ်တကူ ချိုးဖောက်ဖြစ်လိမ့်မည်။ လူအများအပြားက ၎င်းတို့၏စိတ်အားထက်သန်မှု အင်အားကြောင့် ဘုရားသခင်ထံတွင် အစေခံကြသော်လည်း၊ ဘုရားသခင်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို နားမလည်ကြဘဲ၊ သူ၏ နှုတ်ကပတ်တော်များ၏ သွယ်ဝိုက်ပြောဆိုမှုကို အရိပ်အမြွက်မျှ သိနားလည်ဖို့ သာ၍ နည်းပါးနေသေးသည်။ ထို့ကြောင့် ၎င်းတို့၏ ရည်ရွယ်ချက်ကောင်းများဖြင့် အဆုံး၌ ဘုရားသခင်၏ စီမံခန့်ခွဲမှုကို မကြာခဏ နှောင့်ယှက်တတ်သည့် အရာများလုပ်ဆောင်ကြပေသည်။ ပြင်းထန်ဆိုးရွားသော ကိစ္စများ၌ ထိုသူတို့ကိုဖယ်ရှားပြီး ဘုရားသခင်၏နောက်သို့ထပ်မံ လိုက်ပါ ခွင့်မပြုတော့ဘဲ၊ အဆုံး၌ ဘုရားသခင်၏ အိမ်တော်နှင့် ဆက်နွယ်မှု အားလုံးတို့ကို ဖြတ်တောက်ကာ ငရဲသို့ပစ်ချခံရသည်။ ဤလူများသည် ဘုရားသခင်၏ အိမ်တော်၌ ၎င်းတို့၏ မသိနားမလည်သော ရည်ရွယ်ချက်ကောင်းများ၏ ခွန်အားဖြင့် လုပ်ကိုင်ကြပြီး ဘုရားသခင်၏ စိတ်သဘောထားကို ဒေါသဖြစ်စေခြင်းဖြင့် အဆုံးသတ်ကြ၏။ လူတို့သည် ဘုရားသခင်၏ အိမ်တော်သို့ ၎င်းတို့၏အကြီးအကဲများနှင့် သခင်များကို အလုပ်အကျွေး ပြုပုံများ ယူဆောင်လာပြီး၊ ဤနေရာ၌ ၎င်းတို့ကို သက်သောင့်သက်သာ အလွယ်ကလေးနှင့် အသုံးချနိုင်မည်ဟု အချည်းနှီးတွေးထင်ကြကာ ထည့်သွင်း လုပ်ဆောင်ရန် ကြိုးပမ်းကြသည်။ ဘုရားသခင်ထံတွင် သိုး၏ စိတ်သဘောထားမရှိဘဲ၊ ခြင်္သေ့၏ စိတ်သဘောထားသာ ရှိသည်ကို ထိုသူတို့ မည်သည့်အခါမျှ မတွေးမိခဲ့ကြပေ။ ထို့ကြောင့် ဘုရားသခင်နှင့် ပထမဦးဆုံး ပတ်သက်သူများသည် ဘုရားသခင်နှင့် ဆက်သွယ်ပြောဆို၍ မရနိုင်ပေ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ နှလုံးသားသည် လူသား၏နှလုံးသားနှင့် မတူသောကြောင့်ဖြစ်သည်။ သမ္မာတရား များစွာကို သင်နားလည်ပြီးသည့် နောက်မှသာ ဘုရားသခင် အကြောင်းကို သင် အဆက်မပြတ် သိနိုင်လာလိမ့်မည်။ ဤအသိသည် စကား အသုံးအနှုန်းများ၊ အယူဝါဒများတို့ဖြင့် ဖွဲ့စည်းထားခြင်း မဟုတ်ဘဲ၊ ဘုရားသခင်က သင့်ကို ကျေနပ်ပီတိဖြစ်သည့် သက်သေ အဖြစ်လည်းကောင်း၊ ဘုရားသခင် ထံပါးသို့ ယုံကြည်မှုရှိရှိ

ဝင်ရောက်နိုင်ခြင်းအတွက် ရတနာတစ်ပါး အနေဖြင့်လည်းကောင်း အသုံးပြုနိုင်သည်။ သင့်ထံတွင် လက်တွေ့ကျသော အသိမရှိ၊ သမ္မာတရားနှင့် ပြည့်စုံခြင်းလည်း မရှိပါက၊ သင်၏ ပြင်းပြသော အစေခံမှုသည် သင့်ထံသို့ ဘုရားသခင်၏ စက်ဆုပ်မှုနှင့် ရွံရှာမှုတို့သာ ယူဆောင်လာ ပေးနိုင်သည်။ ယခုဆိုလျှင် ဘုရားသခင်အား ယုံကြည်ခြင်းသည် ဓမ္မပညာကို လေ့လာခြင်းသက်သက် မဟုတ်ကြောင်း ကို သင် သိရှိပြီးလောက်ပြီ ဖြစ်သည်။

သင်တို့အား ငါသတိပေးဆုံးမသည့် နှုတ်ကပတ်တော်များသည် တိုတောင်းသော်လည်း၊ ငါဖော်ပြခဲ့သည်အားလုံးမှာ သင်တို့ထံ၌ အကင်းမဲ့ဆုံး အရာများပင်ဖြစ်သည်။ ယခုငါပြောနေသော အရာသည် လူသားတို့အကြား ငါ၏ နောက်ဆုံးအလုပ်အတွက် ဖြစ်ပြီး လူသား၏ ဆုံးခန်းကို ငါဆုံးဖြတ်ပေးရန် ဖြစ်သည်ကို သင်တို့ သိသင့်သည်။ အသုံးမကျသော အမှုကို ဆက်လက်လုပ်ဆောင်ရန် ငါအလိုမရှိသကဲ့သို့၊ ဆွေးမြေ့နေသော သစ်ကဲ့သို့ မျှော်လင့်ချက် ကင်းမဲ့သူတို့အား ဆက်လက်လမ်းပြခြင်းတို့ကို ငါ မလုပ်လိုတော့ဘဲ၊ မကောင်းသော အကြံအစည်များကို လျှို့ဝှက်စွာ အငြိုးထားသော သူများကို ဆက်လက်၍ ဦးဆောင်ရန် သာ၍ပင် မလိုလားပေ။ တစ်နေ့တွင် ငါ၏ နှုတ်ကပတ်တော်များ နောက်ကွယ်မှ အလွန် စိတ်ထက်သန်သော ရည်ရွယ်ချက်များနှင့် လူသားမျိုးနွယ်အတွက် ငါပြုခဲ့သော ထောက်ပံ့မှုများကို သင်တို့နားလည်ကောင်း နားလည်နိုင်လိမ့်မည်။ တစ်နေ့သ၌ သင့်ကိုယ်ပိုင် အဆုံးသတ်အတွက် သင် ဆုံးဖြတ်ချက် ချနိုင်စေမည့် အဆိုအမိန့်တစ်ခုကို သင် နားလည်ကောင်း နားလည်နိုင်လိမ့်မည်။

## လွန်ကျူးခြင်းအပြစ်များက လူသားကိုငရဲသို့ ဦးဆောင်လမ်းပြလိမ့်မည်

ငါသည် သင်တို့ကို များစွာသော သတိပေးချက်များ ပေးပြီးဖြစ်သကဲ့သို့၊ သင်တို့ကို သိမ်းပိုက်ဖို့ ရည်ရွယ်လျက် များစွာသော သမ္မာတရားများကို သင်တို့အပေါ် ငါအပ်နှင်းပြီး ဖြစ်သည်။ ယခုတွင်၊ သင်တို့အားလုံးသည် အတိတ်က ကြွယ်ဝခဲ့သည်ထက် သိသိသာသာ သာ၍ ကြွယ်ဝသည်ဟု ခံစားရသည်၊ လူတစ်ဦး မည်သို့ဖြစ်သင့်သည်နှင့်သက်ဆိုင်သော အခြေခံသဘောတရားများစွာ နားလည်လာကြပြီးဖြစ်ကာ သစ္စာရှိသော သူတို့ ရှိသင့်သည့် သာမန်အသိစိတ် များစွာကို ပိုင်ဆိုင်လာကြပြီး ဖြစ်သည်။ ဤအရာအားလုံးသည် နှစ်ပေါင်းများစွာ တစ်လျှောက် သင်တို့ ရိတ်သိမ်းလာခဲ့သည့် အကျိုး ဖြစ်သည်။ ငါသည် သင်တို့၏အောင်မြင်မှုများကို မငြင်းသော်လည်း၊ သင်တို့ထဲတွင် သန့်ရှင်းသူ တစ်ဦးမျှ

မရှိသည့်အတွက်၊ ဤနှစ်များစွာအတွင်း သင်တို့အနေဖြင့် ငါ့အပေါ်
သင်တို့၏မြောက်မြားလှသည့် မနာခံခြင်းများနှင့် ပုန်ကန်ခြင်းများ တို့ကိုလည်း ငါ မငြင်းဟု
တကယ်ကိုပွင့်လင်းစွာ ငါပြောရပေမည်။ သင်တို့သည် ခြွင်းချက်မရှိ၊ စာတန်၏ ဖျက်ဆီးခြင်း
ခံရပြီးဖြစ်သည့် လူများ ဖြစ်သည်။ သင်တို့သည် ခရစ်တော်၏ ရန်သူများ ဖြစ်ကြ၏။ ယနေ့ထိ၊
သင်တို့၏ လွန်ကျူးခြင်းအပြစ်များနှင့် မနာခံမှုများသည် ရေတွက်ဖို့ များပြားလွန်းလှ၏၊
ထို့ကြောင့် ငါသည် သင်တို့အား မိမိဘာသာ စဉ်ဆက်မပြတ် အဖန်ဖန်ထပ်ပြောနေသည်ကို
ထူးဆန်းသည်ဟု မယူဆနိုင်ပေ။ ငါသည် ဤပုံစံဖြင့် သင်တို့နှင့်အတူ အတူတည်ရှိရန်
ဆန္ဒမရှိပေ- သို့သော် သင်တို့၏ အနာဂတ်များအတွက်၊ သင်တို့၏ ခရီးပန်းတိုင်များအတွက်၊
ယခု ဤနေရာတွင် ငါပြောနှင့်ပြီးသည့်အရာကို နောက်တစ်ဖန် ငါထပ်ပြောမည်။ သင်တို့သည်
ငါ့ကို ခွင့်လွှတ်နားလည်သည့်အပြင်၊ ငါ၏ မိန့်မြွက်ချက်တိုင်းကို ယုံကြည်နိုင်ပြီး
ငါ၏နှုတ်ကပတ်တော်များ၏ နက်ရှိုင်းသော သွယ်ဝိုက်သည့် အနက်အဓိပ္ပာယ်များကို
ကောက်ချက် ချနိုင်မည်ဟု မျှော်လင့်သည်။ ငါ၏ နှုတ်ကပတ်တော်များကို သင်
ဆန္ဒရှိသည်အတိုင်း ရွေးချယ်ပြီး သဘောရှိ ဘေးသို့ပစ်လိုက်ဖို့ နေနေသာသာ၊
ငါပြောသည့်အရာကို သံသယမရှိနှင့်။ ဤသည်မှာ ငါ သည်းမခံနိုင်စရာ ဖြစ်သည်။ ငါ၏
နှုတ်ကပတ်တော်များကို မဝေဖန်နှင့်၊ ပြီးလျှင် ငါ၏ နှုတ်ကပတ်တော်များကို သာ၍ပင်
ပေါ့ပေါ့တန်တန် သဘောမထားနှင့်၊ သို့မဟုတ် ငါသည်သင်တို့အား အစဉ်
သွေးဆောင်နေသည်ဟု မပြောနှင့်၊ သို့မဟုတ် သာ၍ဆိုးသည်မှာ သင်တို့အား ငါပြောပြီးသော
အရာသည် တိကျမှန်ကန်မှု မရှိဟု မပြောနှင့်။ ဤအရာများသည်လည်း ငါသည်းမခံနိုင်စရာ
ဖြစ်၏။ သင်တို့သည် ငါ၏ နှုတ်ကပတ်တော်များကို ဘယ်သောအခါမျှ လက်သင့်မခံသကဲ့သို့
ငါ့ကို လျစ်လျူရှုရင်း၊ ငါနှင့် ငါပြောသောအရာကို အလွန့်အလွန် သံသယဖြင့်
ဆက်ဆံသောကြောင့်၊ သင်တို့အသီးသီးကို လုံး၀ လေးနက်မှုဖြင့် ငါ ပြောသည်မှာ-
ငါပြောသော အရာကို အတွေးအခေါ်နှင့် မချိတ်ဆက်နှင့်၊ ငါ၏ နှုတ်ကပတ်တော်များကို
ဆရာယောင်တို့၏ အလိမ်အညာများနှင့် မချိတ်ဆက်နှင့်။ ငါ၏ နှုတ်ကပတ်တော်များကို
အထင်သေးခြင်းဖြင့် သာ၍ပင် မတုံ့ပြန်သင့်ပေ။ သင်တို့ကို ငါ မည်သည့်အရာပြောနေသည်ကို
အနာဂတ်တွင် မည်သူမျှ သင်တို့ကို ပြောပြကောင်း ပြောပြနိုင်မည်မဟုတ်၊ သို့မဟုတ်
သင်တို့ကို အလွန်ညှာတာစိတ်ရှိစွာ ပြောဆိုမည်မဟုတ် သို့မဟုတ် ထို့ထက်မက သာ၍ပင်
စိတ်ရှည်စွာနှင့် သင်တို့ကို ဤအချက်များတစ်ခုပြီးတစ်ခု ရှင်းပြမည်မဟုတ်။ သင်တို့သည်
လာမည့်နေ့ရက်များ၌ အချိန်အခါကောင်းများကို ပြန်လည်အမှတ်ရရင်း၊ သို့မဟုတ်
ကျယ်လောင်စွာ ရှိုက်ငိုရင်း၊ သို့မဟုတ် နာကျင်မှုဖြင့် ညည်းတွားရင်း ကုန်ဆုံးရလိမ့်မည်၊

သို့မဟုတ် သင်တို့သည် သမ္မာတရား သို့မဟုတ် အသက်၏ ထောက်ပံ့မှု စိုးစဥ်းမျှ မရှိဘဲ အမှောင်ညများတစ်လျှောက် အသက်ရှင်နေရလိမ့်မည် သို့မဟုတ် သင်သည် မျှော်လင့်ချက်မဲ့စွာ စောင့်ဆိုင်းရုံ စောင့်ဆိုင်းနေရလိမ့်မည် သို့မဟုတ် သင်တို့ ဆင်ခြင်တုံတရားအားလုံး ဆုံးရှုံးသည်ထိ အင်မတန် ခါးသီးသော နောင်တဖြင့် နေထိုင်နေရလိမ့်မည်...။ သင်တို့ထဲမှ မည်သူမျှနီးပါး ဤဖြစ်နိုင်ချေများကို မလွတ်မြောက်နိုင်ကြချေ။ အဘယ့်ကြောင့်ဆိုသော် သင်တို့ထဲမှ မည်သူမျှ ဘုရားသခင်ကို သင်တို့ အမှန်တကယ် ကိုးကွယ်သည့် ရိပ်မြုံကို နေရာမယူကြဘဲ၊ အသက်နှင့် သမ္မာတရားတို့နှင့် မည်သို့မျှ မသက်ဆိုင်သည့် အရာများစွာနှင့် အမှန်တွင် ယင်းအရာများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အရာများကို သင်တို့၏ ယုံကြည်ချက်များထဲသို့၊ စိတ်များထဲသို့၊ ဝိညာဉ်များထဲသို့၊ ခန္ဓာကိုယ်များထဲသို့ ရောထွေးမိရင်း၊ လိင်ကိစ္စတွင် ကိုယ်ကျင့်သိက္ခာမဲ့မှုနှင့် မကောင်းမှု လောကထဲတွင် မိမိတို့ကိုယ်ကိုယ် မြှုပ်နှံကြလေသည်။ ထို့ကြောင့် သင်တို့အတွက် ငါမျှော်လင့်သည့် အရာမှာ သင်တို့သည် အလင်း၏ လမ်းကြောင်းသို့ ဆောင်ယူခြင်းခံရနိုင်ဖို့ ဖြစ်သည်။ ငါ၏ တစ်ခုတည်းသော မျှော်လင့်ချက်မှာ သင်တို့သည် မိမိတို့ကိုယ်ကိုယ် စောင့်ရှောက်နိုင်စွမ်းရှိလာဖို့၊ မိမိတို့ကိုယ်ကိုယ် ဂရုစိုက်နိုင်စွမ်းရှိလာဖို့နှင့်၊ သင်တို့၏ အပြုအမူနှင့် ဒုစရိုက်အပြစ်များကို စိတ်မဝင်စားခြင်းဖြင့် ကြည့်ရှုစဉ်၊ သင်တို့၏ ခရီးပန်းတိုင်အပေါ် အလွန်တရာ အလေးအနက် ထားခြင်း မရှိရန် ဖြစ်သည်။

အချိန်ကြာမြင့်စွာ၊ ဘုရားသခင်၌ယုံကြည်သည့် လူများအားလုံးသည် လှပသည့် ခရီးဆုံးပန်းတိုင်တစ်ခုအတွက် လေးနက်စွာ မျှော်လင့်နေခဲ့ကြပြီး၊ ဘုရားသခင်၏ ယုံကြည်သူအားလုံးသည် ၎င်းတို့အပေါ် ကောင်းမွန်သည့် ကံသည် ရုတ်တရက် ရောက်လာလိမ့်မည်ကို မျှော်လင့် ကြသည်။ ၎င်းတို့ မသိလိုက်ခင်တွင်၊ ကောင်းကင်ဘုံ၌ တစ်နေရာ သို့မဟုတ် နောက်တစ်နေရာတွင် ငြိမ်းချမ်းစွာ ထိုင်လျက်သား မိမိတို့ကိုယ်ကိုယ် တွေ့ရှိရလိမ့်မည်ဟု ၎င်းတို့အားလုံး မျှော်လင့်ကြလေသည်။ သို့သော် မိမိတို့၏ နှစ်သက်ဖွယ် အတွေးများနှင့်အတူ ဤလူများသည် ၎င်းတို့အနေဖြင့် ကောင်းကင်ဘုံမှ ကျဆင်းလာသည့် ထိုသို့သော ကောင်းမွန်သည့် အခွင့်အလမ်းကို ရရှိဖို့ သို့မဟုတ် ထိုနေရာရှိ ထိုင်ခုံတစ်ခုပေါ် ထိုင်ဖို့ပင် အရည်အချင်း ပြည့်မီခြင်း ရှိ၊ မရှိကို ဘယ်သောအခါမျှ မသိကြလေပြီဟု ငါပြော၏။ လက်ရှိအချိန်တွင် သင်တို့သည် မိမိတို့ကိုယ်တိုင်နှင့် သက်ဆိုင်သည့် ကောင်းမွန်သော အသိပညာရှိသော်လည်း၊ နောက်ဆုံးသောကာလ၏ ကပ်ဘေးများနှင့် ဆိုးသွမ်းသူတို့အား အနန္တတန်ခိုးရှင် ဘုရားသခင်က အပြစ်ပေးသည့် အချိန်တွင် သူ၏ လက်မှ လွတ်မြောက်ဖို့ သင်တို့ မျှော်လင့်ဆဲ ဖြစ်သည်။ ယင်းမှာ ချိုမြိန်သော အိပ်မက်များရှိခြင်းနှင့် ၎င်းတို့

နှစ်သက်သည်အတိုင်းသာ အရာရာကို လိုချင်ခြင်းသည် စာတန်၏ ဖောက်ပြန်ပျက်စီးခြင်းခံရပြီးဖြစ်သော လူအားလုံးတို့၏ ဘုံအင်္ဂါရပ်တစ်ခုဖြစ်ပြီး၊ တစ်ကိုယ်တည်းဖြစ်သည့် မည်သည့် တစ်ဦးတစ်ယောက်မျှ၏ ထူးထူးကဲကဲ လက်ဖျားခါလောက်သော စိတ်ကူးတစ်ချို့မဟုတ်ပုံရပေသည်။ ထိုသို့ဖြစ်လျက်ပင်၊ ပြီးလျှင် သင်တို့၏ ဤလွန်ကဲသော စိတ်ဆန္ဒများအပြင် ကောင်းချီးမင်္ဂလာများ ရရှိရန် သင်တို့၏ စိတ်ထက်သန်မှုကို ငါသည် အဆုံးသတ်ပေးရန် ဆန္ဒရှိနေဆဲ ဖြစ်သည်။ သင်တို့၏ ဒုစရိုက်အပြစ်များက အတော်များပြားပြီး၊ သင်တို့၏ မနာခံမှုက အစဉ်ကြီးထွားနေသည့်အချက်ကို ထောက်ဆလျှင်၊ ဤအရာများသည် အနာဂတ်အတွက် သင်တို့၏ နှစ်သက်ဖွယ်ဖြစ်သော စီမံချက်များနှင့် မည်သို့သင့်တော်နိုင်မည်နည်း။ သင်တို့ကို မည်သည့်အရာကမျှ ထိန်းမထားဘဲ အမှားထဲတွင် ဆက်ရှိနေရင်း၊ သင်နှစ်သက်သည့်အတိုင်း ဆက်လက်လုပ်ဆောင်လိုသော်လည်း၊ တစ်ချိန်တည်းတွင် သင်၏အိပ်မက်များ အမှန်တကယ်ဖြစ်လာဖို့ သင် လိုချင်နေဆဲဖြစ်ပါက၊ သင်၏ မိန်းမောခြင်းတွင် ဆက်ရှိပြီး ဘယ်သောအခါမျှ မနိုးထရန် သင့်အား ငါတိုက်တွန်းသည်- အကြောင်းမှာ သင်၏ အိပ်မက်သည် အနှစ်မဲ့သော အိပ်မက်တစ်ခု ဖြစ်ပြီး၊ ဖြောင့်မတ်သော ဘုရားသခင်၏ မျက်မှောက်တွင်၊ သူသည် သင့်ကို ခြွင်းချက်တစ်ခု ဖြစ်စေမည်မဟုတ်ပေ။ သင်သည် သင်၏ အိပ်မက်များကို အမှန်တကယ် ဖြစ်လာဖို့ သက်သက် လိုချင်ပါက၊ ဘယ်သောအခါမျှ အိပ်မက်မမက်နှင့်။ ယင်းထက်၊ သမ္မာတရားနှင့် အမှန်တရားများကို ထာဝစဉ် ရင်ဆိုင်လော့။ ဤသည်မှာ သင် ကယ်တင်ခံရဖို့ တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်။ ခိုင်လုံသော သတ်မှတ်ချက်များအရ၊ ဤနည်းလမ်း၏ အဆင့်များသည် မည်သည့်အရာများ ဖြစ်ပါသနည်း။

ပထမဦးစွာ၊ သင်၏ ဒုစရိုက်အပြစ်များ အားလုံးကို ကြည့်ရှုပြီး၊ သမ္မာတရားနှင့် မကိုက်ညီသော သင်၌ရှိသည့် မည်သည့် အပြုအမူနှင့် အတွေးများကိုမဆို ဆန်းစစ်လော့။

ဤသည်မှာ သင်တို့ အလွယ်တကူ လုပ်ဆောင်နိုင်သည့် အရာတစ်ခုဖြစ်ပြီး၊ ဉာဏ်စွမ်းဉာဏ်စရှိသည့် လူအားလုံးက ဤအရာကို လုပ်ဆောင်နိုင်သည်ဟု ငါယုံကြည်သည်။ သို့သော်၊ ဒုစရိုက်အပြစ်များနှင့် သမ္မာတရားဆိုသည်မှာ မည်သည့်အရာအား ဆိုလိုသည်ကို လုံးဝ မသိရှိသည့် ထိုလူများသည် ခြွင်းချက်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် အခြေခံကျသော အဆင့်အရ၊ ၎င်းတို့သည် ဉာဏ်စွမ်းဉာဏ်စရှိသူများ မဟုတ်ကြသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ လက်ခံခြင်းခံရပြီးသော လူများ၊ ရိုးသားသော သူများ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ပြင်းထန်စွာ ကျူးလွန်ခြင်း မရှိသော လူများနှင့် မိမိတို့၏

ဒုစရိုက်အပြစ်များကို အလွယ်တကူ သိမြင်နိုင်သည့် လူများကို ငါပြောနေခြင်းဖြစ်သည်။ ဤသည်မှာ သင်တို့နှင့်သက်ဆိုင်၍ ငါတောင်းဆိုသည့် အရာတစ်ခုနှင့် သင်တို့အတွက် ပြီးမြောက်ရန် လွယ်ကူသောအရာတစ်ခု ဖြစ်သော်လည်း၊ ယင်းသည် သင်တို့နှင့် ပတ်သက်၍ ငါ တောင်းဆိုသည့် တစ်ခုတည်းသော အရာမဟုတ်ပေ။ မည်သို့ပင် ဖြစ်စေ၊ သင်တို့သည် ဤသတ်မှတ်ချက်များအား သီးသန့် ရယ်သွမ်းသွေးကြလိမ့်မည် မဟုတ်သကဲ့သို့၊ အထူးသဖြင့် ယင်းအပေါ် အထင်သေးလိမ့်မည်မဟုတ် သို့မဟုတ် ပေါ့ပေါ့တန်တန် သဘောထားမည်မဟုတ်ဟု ငါမျှော်လင့်သည်။ သင်တို့အနေဖြင့်၊ ယင်းကို လေးနက်စွာ သဘောထားပြီး မလွဲချော်သင့်ပေ။

ဒုတိယအနေဖြင့်၊ သင်၏ ဒုစရိုက်အပြစ်များနှင့် မနာခံခြင်း အသီးသီးအတွက်၊ လိုက်လျောညီထွေသော သမ္မာတရားကို သင်တို့ ရှာဖွေသင့်ပြီး၊ ထို့နောက် ထိုပြဿနာများကို ဖြေရှင်းဖို့ ဤသမ္မာတရားများကို အသုံးပြုသင့်ပေသည်။ ယင်းနောက်တွင်၊ သင်၏ ဒုစရိုက်လွန်ကျူးသော လုပ်ရပ်များနှင့် မနာခံသော အတွေးများနှင့် လုပ်ရပ်များကို သမ္မာတရားအား လက်တွေ့လုပ်ဆောင်ခြင်းဖြင့် အစားထိုးလော့။

တတိယအနေဖြင့်၊ သင်တို့သည် အမြဲ လိမ္မာပါးနပ်ပြီး စဉ်ဆက်မပြတ် လှည့်ဖြားတတ်သောသူ မဟုတ်ဘဲ၊ ရိုးသားသောသူတစ်ယောက် ဖြစ်သင့်သည်။ (ဤတွင် ငါသည် သင့်တို့အား ရိုးသားသောသူ တစ်ယောက်ဖြစ်ရန် တစ်ဖန် တောင်းဆိုနေခြင်း ဖြစ်သည်။)

သင်သည် ဤအရာသုံးခုလုံးကို ပြီးမြောက်နိုင်ပါက၊ သင်သည် ကံကောင်းထောက်မသောသူများထဲမှ တစ်ဦး- မိမိ၏ အိပ်မက်များ အမှန်တကယ် ဖြစ်လာပြီး ကောင်းမွန်သော အခွင့်အလမ်းကို ရရှိသည့် လူတစ်ဦး ဖြစ်သည်။ သင်တို့သည် စိတ်မပါသော သတ်မှတ်ချက်များကို လေးလေးနက်နက် သဘောထားကောင်း သဘောထားမည် သို့မဟုတ် ယင်းတို့ကို တာဝန်မဲ့စွာ သဘောထားကောင်း သဘောထားပေမည်။ မည်သို့ပင်ဖြစ်စေ၊ ငါ၏ ရည်ရွယ်ချက်သည် သင်တို့၏ အိပ်မက်များကို ဖြည့်ဆည်းပေးရန်နှင့် သင်၏ စံများကို လက်တွေ့လုပ်ဆောင်စေရန်ဖြစ်ပြီး၊ သင်တို့ကို လှောင်ဖို့ သို့မဟုတ် သင်တို့ကို အရူးလုပ်ဖို့ မဟုတ်ပေ။

ငါ၏ တောင်းဆိုချက်များသည် ရိုးရှင်းကောင်း ရိုးရှင်းနိုင်သော်လည်း၊ သင်တို့ကို ငါပြောနေသည့်အရာသည် တစ် အပေါင်း တစ်သည် နှစ်ဖြစ်သည်ဆိုသကဲ့သို့ သိပ်မရိုးရှင်းပေ။ သင်တို့ လုပ်ဆောင်သမျှ အားလုံးသည် ဤအရာနှင့်ပတ်သက်၍ သာမန်ကာလျှံကာ ပြောဆိုဖို့

သို့မဟုတ် အနှစ်မဲ့၊ ကြီးကျယ်သည့် ပြောဆိုချက်များနှင့်ပတ်သက်၍ စကားအူပေါက်ပြောဖို့ ဖြစ်ပါက၊ သင်တို့၏ စီမံချက်များနှင့် သင်တို့၏ဆန္ဒများသည် အစဉ်အမြဲ ဗလာစာရွက်တစ်ရွက်သာ ဖြစ်ပေလိမ့်မည်။ သင်တို့အထဲမှ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခခံပြီး အလွန်ကြိုးစား အလုပ်လုပ်သော်လည်း၊ ယင်းအတွက် ပြသစရာ မည်သည့်အရာမျှ မရှိသူများအတွက် ငါသည် သနားသောစိတ် ရှိမည်မဟုတ်။ ဆန့်ကျင်ဖက် အနေဖြင့်၊ ငါ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းမပေးလေသော သူများကို စာနာသနားခြင်းတစ်ခုတစ်လေဖြင့် မဆိုထားနှင့်၊ ဆုလာဘ်များမရှိဘဲ အပြစ်ပေးခြင်းဖြင့် ငါ ဆက်ဆံမည်ဖြစ်သည်။ သင်တို့အနေဖြင့် နှစ်ပေါင်းများလှစွာ နောက်လိုက်တစ်ဦးဖြစ်ရင်း၊ သင်တို့သည် မည်သို့ပင်ဖြစ်စေ အလုပ်ကြိုးစားပြီးဖြစ်ကာ၊ အစေခံသူတစ်ဦး ဖြစ်ခြင်းမျှ အတွက် ဘုရားသခင်၏ အိမ်တော်ထဲတွင် ထမင်း တစ်ပန်းကန် ရရှိသင့်သည်ဟု တွေးကောင်း တွေးကြပေမည်။ သင်တို့သည် အမှုအရာများထဲမှ မည်သို့ အခွင့်အရေးယူရမည်ဆိုသည်နှင့် မည်သို့ အခွင့်အရေးယူမခံရအောင်ပြုရမည်ဆိုသည်နှင့်သက်ဆိုင်သော အခြေခံ သဘောတရားကို အမြဲ လိုက်စားကြပြီးဖြစ်သည့်အတွက်၊ သင်တို့ထဲမှ အများစုသည် ထိုသို့ တွေးကြသည်ဟု ငါပြောမည်။ ထို့ကြောင့် ယခုတွင် ငါသည် သင်တို့ကို လေးနက်မှုအလုံးစုံဖြင့် ပြောမည်- သင်၏ ကြိုးစားလုပ်ဆောင်မှု မည်မျှပင် ချီးမွမ်းထိုက်သည်၊ သင်၏ အရည်အချင်းများ မည်မျှ အထင်ကြီးစရာဖြစ်သည်၊ သင်သည် ငါ့နောက်သို့ မည်မျှ နီးကပ်စွာ လိုက်သည်၊ သင်သည် မည်မျှ ကျော်ကြားသည်၊ သို့မဟုတ် သင်၏ သဘောထားကို သင် မည်မျှတိုးတက်စေပြီးဖြစ်သည်တို့ကို ငါဂရုမစိုက်ပေ။ သင်သည် ငါ၏တောင်းဆိုချက်များကို မဖြည့်ဆည်း သေးသရွေ့ ငါ၏ချီးမွမ်းခြင်းကို သင် လုံးဝ ရရှိနိုင်မည် မဟုတ်။ သင်တို့၏ ထိုစိတ်ကူးများနှင့် တွက်ချက်မှုများအားလုံးကို အမြန်ဆုံး ပယ်ဖျက်ပြီး ငါ၏ သတ်မှတ်ချက်များကို လေးလေးနက်နက် စတင် သဘောထားလော့။ သို့မဟုတ်လျှင်၊ ငါ၏အမှုကို အဆုံးသတ်သို့ ရောက်စေရန်အလို့ငှာ အယောက်တိုင်းကို ပြာအဖြစ်သို့ ငါပြောင်းလဲပစ်မည် ဖြစ်ပြီး၊ ငါ၏ နိုင်ငံတော်ထဲသို့ ငါ၏ ရန်သူများနှင့် ဆိုးယုတ်မှု အနံ့ထွက်ကာ စာတန်၏ သွင်ပြင်ရှိသော လူတို့ကို ငါ မခေါ်ဆောင်နိုင်သည့်အတွက် သို့မဟုတ် ၎င်းတို့ကို နောက်တစ်ခေတ်ထဲသို့ ခေါ်ဆောင်မသွားနိုင်သည့်အတွက်၊ အညှာတာဆုံး ဆိုရလျှင် ငါ၏နှစ်ပေါင်းများစွာ လုပ်ဆောင်ချက်နှင့် ဆင်းရဲဒုက္ခခံစားခြင်းကို အချည်းနှီးအဖြစ်သို့ ပြောင်းလဲပစ်မည် ဖြစ်သည်။

ငါသည် မျှော်လင့်ချက်များစွာရှိ၏။ သင်တို့သည် မိမိတို့ကိုယ်ကိုယ် မှန်ကန်ပြီး လိမ္မာသော ပုံစံဖြင့် ပြုမူနေထိုင်နိုင်ဖို့၊ သင်တို့၏တာဝန်ကို သစ္စာရှိစွာ ဖြည့်ဆည်းနိုင်ဖို့၊ သမ္မာတရားနှင့်

လူ့သဘာဝကို ပိုင်ဆိုင်နိုင်ဖို့ ဘုရားသခင်အတွက် ၎င်းတို့ ရှိသမျှတိုင်းနှင့် မိမိတို့၏ အသက်များကိုပင် စွန့်လွှတ်နိုင်သည့် လူများဖြစ်နိုင်ကြဖို့ စသည်တို့ကို ငါ မျှော်လင့်သည်။ ဤမျှော်လင့်ချက် အားလုံးသည် သင်တို့၏မပြည့်စုံခြင်းများ၊ သင်တို့၏ ဖောက်ပြန်ပျက်စီးခြင်းနှင့် မနာခံခြင်းတို့မှ အရင်းခံ၏။ ငါသည် သင်တို့နှင့် ရှိခဲ့ပြီးဖြစ်သည့် စကားပြောဆိုခြင်းတစ်ခုမျှ သင်တို့၏ အာရုံကို ဆွဲဆောင်ဖို့ မလုံလောက်ပါက၊ ယခု ငါလုပ်နိုင်သမျှအားလုံးမှာ နောက်ထပ်ဘာမျှ မပြောဖို့သာ ဖြစ်နိုင်ဖွယ်ရှိသည်။ သို့သော်ငြားလည်း၊ ယင်း၏ အကျိုးဆက်က မည်သည့်အရာဖြစ်မည်ကို သင်တို့ နားလည်ကြပေသည်။ ငါသည် မည်သည့်အခါမျှ အနားယူခြင်းမရှိ၊ ထို့ကြောင့် အကယ်၍ ငါစကားမပြောပါက၊ လူတို့ကြည့်စရာ တစ်စုံတစ်ခုကို ငါလုပ်ဆောင်မည် ဖြစ်သည်။ တစ်စုံတစ်ဦး၏ လျှာကို ငါ ပုပ်စေနိုင်သည် သို့မဟုတ် တစ်စုံတစ်ဦးကို အစိတ်စိတ်အပိုင်းပိုင်းဖြတ်ခံရလျက် သေဆုံးစေနိုင်သည်၊ သို့မဟုတ် လူများကို အာရုံကို မူမမှန်မှုများ ဖြစ်စေနိုင်ပြီး၊ ၎င်းတို့အား နည်းလမ်းများစွာဖြင့် အကျည်းတန်ပုံပေါက်စေနိုင်သည်။ ထို့နောက် တစ်ဖန်၊ ၎င်းတို့အတွက် အထူးသဖြင့် ငါစီစဉ်ထားသည့် ညှဉ်းပန်းမှုများကို လူတို့အား ငါ သည်းခံစေနိုင်သည်။ ဤနည်းဖြင့် ငါသည် ဝမ်းမြောက်ဝမ်းသာ ခံစားရမည်၊ အလွန် ပျော်ရွှင်မည်ဖြစ်ပြီး အလွန် ကျေနပ်အားရပေမည်။ “ကောင်းသောအရာကို ကောင်းသောအရာဖြင့် လည်းကောင်း၊ မကောင်းမှုကို မကောင်းမှုအားဖြင့်လည်းကောင်း ပြန်လည် ဆပ်ပေးခံရသည်” ဟူ၍ အမြဲဆိုထားပေသည်၊ ထိုသို့ဆိုလျှင် ယခု အဘယ်ကြောင့် ထိုသို့မဖြစ်သနည်း။ သင်သည် ငါ့အား ဆန့်ကျင်ရန်နှင့် ငါနှင့်ပတ်သက်၍ ဝေဖန်အကဲဖြတ်မှုအချို့ပြုလုပ်ရန် ဆန္ဒရှိပါက၊ ငါသည် သင်၏နှုတ်ကို ပုပ်စေမည်ဖြစ်ပြီး၊ ထိုအရာက ငါ့ကို အဆုံးမရှိ ကျေနပ်နှစ်သိမ့်စေမည် ဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးတွင်၊ သင်လုပ်ဆောင်ခဲ့သော အရာသည် အသက်နှင့် တစ်ခုတစ်လေ သက်ဆိုင်ဖို့ မပြောနှင့်၊ သမ္မာတရားပင် မဟုတ်ဘဲ၊ ငါပြုသမျှ အရာရာတိုင်းမှာမူ သမ္မာတရား ဖြစ်သောကြောင့်ဖြစ်သည်။ ငါ၏ လုပ်ရပ်အားလုံးသည် ငါ့အမှု၏ အခြေခံသဘောတရားများနှင့် ငါထုတ်ဖော်ကြေငြာသော စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များနှင့် ဆက်စပ်ပေသည်။ ထို့ကြောင့်၊ စင်ကြယ်သောအကျင့်သီလအချို့ကို စုဆောင်းဖို့ အလွန်များလှသော မကောင်းမှုကို ကျူးလွန်ခြင်းအား ရပ်တန့်ဖို့နှင့် သင်၏ အားလပ်ချိန်တွင် ငါ၏တောင်းဆိုချက်များကို အရေးစိုက်ဖို့ သင်တို့ အသီးသီးကို ငါတိုက်တွန်း၏။ ထိုအခါ ငါသည် ပျော်ရွှင်ခြင်း ခံစားရမည်ဖြစ်သည်။ သင်တို့သည် ဇာတိပကတိထဲသို့ သင်တို့ ထားရှိသည့် ကြိုးပမ်းအားထုတ်မှု၏ တစ်ထောင်ပုံ တစ်ပုံမျှကို သမ္မာတရားအဖို့

ဖြည့်ဆည်းမည် (သို့မဟုတ် ပေးလှူမည်) ဆိုပါက၊ သင်သည် မကြာခဏ ဒုစရိုက်အပြစ်များကို ပြုမိမည်မဟုတ်သကဲ့သို့ ပုပ်နေသည့် နှုတ်တို့ ရှိမည်မဟုတ်ဟု ငါပြောမည်။ ဤသည်မှာ သိသာထင်ရှားသည် မဟုတ်လော။

သာ၍များသော ဒုစရိုက်အပြစ်များ သင် ကျူးလွန်လေ၊ ကောင်းမွန်သည့် ခရီးပန်းတိုင်ကို ရရှိဖို့ အခွင့်အရေးများ သင် သာ၍နည်းပါးလေလေ ဖြစ်မည်။ အပြန်အလှန်အားဖြင့်၊ သာ၍ နည်းပါးသော ဒုစရိုက်အပြစ်များ သင်ပြုလေ၊ ဘုရားသခင်၏ ချီးမွမ်းခြင်းကို ခံလာရဖို့ အခွင့်အလမ်း သာ၍ ကောင်းလေလေပင် ဖြစ်သည်။ သင့်ကို ခွင့်လွှတ်ရန် ငါ့အတွက် မဖြစ်နိုင်သည့်အခြေအနေထိ၊ သင်၏ ဒုစရိုက်အပြစ်များ တိုးပွားပါက၊ သင်သည် ခွင့်လွှတ်ခြင်း ခံရမည့် သင်၏ အခွင့်အရေးများကို လုံးဝ ဖြုန်းတီးမိပြီး ဖြစ်လိမ့်မည်။ ထိုသို့ဖြင့်၊ သင်၏ ခရီးပန်းတိုင်သည် အထက်အရပ် မဟုတ်ဘဲ အောက်အရပ် ဖြစ်ပေလိမ့်မည်။ သင်သည် ငါ့ကို မယုံကြည်ပါက၊ ရဲရင့်ကာ အမှားကို လုပ်ဆောင်လော့၊ ပြီးလျှင် ယင်းက သင့်အား အဘယ်အရာ ပေးသည်ကို ကြည့်လော့။ သင်သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်သော စိတ်ထက်သန်သည့် လူတစ်ဦးဖြစ်ပါက၊ သင်၏ ဒုစရိုက်အပြစ်များအတွက် ခွင့်လွှတ်ခံရဖို့ အခွင့်အရေးတစ်ခု ဧကန်မုချ သင် ရရှိမည်ဖြစ်ပြီး၊ သင်၏ နာမခံတတ်မှုသည် မကြာမကြာ နည်းသထက် နည်းပေလိမ့်မည်။ သင်သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် လိုလားခြင်းမရှိသောလူတစ်ဦးဖြစ်ပါက၊ ဘုရားသခင်၏ ရှေ့၌ သင်၏ ဒုစရိုက်အပြစ်များသည် ဧကန်မုချ အရေအတွက် တိုးပွားလိမ့်မည်ဖြစ်ပြီး၊ သင်၏ လုံး၀ဥဿုံ ပျက်စီးခြင်း အချိန်ကာလဖြစ်မည့် အကန့်အသတ်သို့ သင် ရောက်ရှိသည်အထိ၊ သင်သည် မကြာခဏ သာ၍ သာ၍ မနာခံတတ်လေလေ ဖြစ်လိမ့်မည်။ ဤသည်မှာ သင်၏ ကောင်းချီးများ ရရှိခြင်းနှင့်ဆိုင်သည့် ကြည်နူးဖွယ်အိပ်မက် ပျက်စီးသွားမည့် အချိန်ဖြစ်သည်။ သင်၏ ဒုစရိုက်အပြစ်များကို မရင့်ကျက်သူတစ်ဦး သို့မဟုတ် မိုက်မဲသောသူတစ်ဦး၏ အမှားတစ်ခုမျှအဖြစ် မမှတ်ယူနှင့်။ သင်၏ ညံ့ဖျင်းသော အရည်အချင်းက ထိုသို့လုပ်ဆောင်ဖို့ မဖြစ်နိုင်စေ သောကြောင့်၊ သမ္မာတရားကို သင် လက်တွေ့မလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟူသော ဆင်ခြေကို အသုံးမပြုနှင့်။ ထို့အပြင်၊ သင် ကျူးလွန်ပြီးဖြစ်သည့် ဒုစရိုက်အပြစ်များကို မည်သည့်အရာကိုမျှ သာ၍ ကောင်းကောင်းမသိခဲ့သော တစ်စုံတစ်ဦး၏ လုပ်ရပ်များအဖြစ် အလွယ်တကူ မမှတ်ယူနှင့်။ သင်သည် မိမိကိုယ်ကိုယ် ခွင့်လွှတ်ရာတွင် တော်ပြီး၊ မိမိကိုယ်ကိုယ် ရက်ရောမှုဖြင့် ဆက်ဆံရာတွင် တော်ပါက၊ သင်သည် သမ္မာတရားကို မည်သည့်အခါမျှ ရရှိမည်မဟုတ်သည့် သူရဲဘောကြောင်သောသူတစ်ဦး ဖြစ်သကဲ့သို့ သင်၏ ဒုစရိုက် အပြစ်များသည် သင့်ကို ခြောက်လှန့်ခြင်းအား မည်သည့်အခါတွင်မျှ ရပ်တန့်လိမ့်မည်

မဟုတ်ဟု သင့်ကို ငါ ပြော၏။ ၎င်းတို့သည် သင့်အား သမ္မာတရား၏ တောင်းဆိုမှုများကို ဖြည့်ဆည်းခြင်းမှ ထိန်းထားလိမ့်မည် ဖြစ်ပြီး၊ စာတန်၏ သစ္စာရှိသော အပေါင်းအဖော်အဖြစ် သင့်အား ထာဝရဆက်ရှိစေမည် ဖြစ်သည်။ သင့်အဖို့ ငါ၏အကြံပေးချက်မှာ ဤသို့ဖြစ်နေဆဲဖြစ်သည်- သင်၏ ကွယ်ဝှက်ထားသော အပြစ်ဒုစရိုက်များကို သတိမပြုမိဘဲလျက် ရှိစဉ်တွင်၊ သင်၏ ခရီးပန်းတိုင် တစ်ခုတည်းကိုသာ အာရုံမစိုက်နှင့်။ ဒုစရိုက်အပြစ်များကို အလေးအနက် သဘောထားလော့၊ ပြီးလျှင် သင်၏ခရီးပန်းတိုင်ကို စိတ်ပူပန်မှုကြောင့် ၎င်းတို့ထဲမှ မည်သည့်အရာကိုမျှ လျစ်လျူမရှုမိစေနှင့်။

# ဘုရားသခင်၏ စိတ်နေသဘောထားကို နားလည်ရန်မှာ အလွန်အရေးကြီးပေ၏

သင်တို့စွမ်းဆောင်ရရှိရန် ငါမျှော်လင့်ထားသည့်အရာများ မြောက်မြားစွာရှိ၏၊ သို့သော်လည်း သင်တို့၏လုပ်ရပ်များအားလုံးနှင့် သင်တို့၏အသက်တာနှင့်ဆိုင်သော အရာခပ်သိမ်းတို့သည် ငါတောင်းဆိုသောအရာကို ဖြည့်ဆည်းရန် တတ်စွမ်းနိုင်သည်ကား မဟုတ်ချေ၊ ထို့ကြောင့် ငါ့အနေဖြင့် လိုရင်းကို တဲ့တိုးပြောရန်နှင့် ငါ၏အလိုကို သင်တို့အား ရှင်းပြရန်သာ ရှိတော့သည်။ သင်တို့၏ ချင့်ချိန်နိုင်စွမ်းသည် နုံချာပြီး သင်တို့၏ သဘောပေါက်မှုသည်လည်း အလားတူပင် နုံချာသည်ကို ထောက်ရှုသော် သင်တို့အနေဖြင့် ငါ၏စိတ်နေသဘောထားနှင့် အနှစ်သာရတို့အကြောင်းကို လုံးဝနီးပါး မသိဘဲလျက် ရှိနေကြသောကြောင့် ၎င်းတို့အကြောင်းကို သင်တို့အား ငါအသိပေးရန်မှာ အလောသုံးဆယ်ကိစ္စတစ်ရပ်ပင် ဖြစ်တော့၏။ သင့်အနေဖြင့် ယခင်က မည်မျှပင် နားလည်ခဲ့သည်ဖြစ်စေ၊ ဤကိစ္စရပ်များကို နားလည်ရန် သင်၌ ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းတို့အကြောင်းကို သင်တို့အား ငါသည် အသေးစိတ် ရှင်းပြရပေဦးမည်။ ဤကိစ္စရပ်များသည် သင်တို့အတွက် လုံးဝအစိမ်းသက်သက် ဖြစ်နေသည်ကား မဟုတ်ချေ၊ သို့သော်လည်း ၎င်းတို့အထဲတွင် ပါဝင်သော အဓိပ္ပာယ်နှင့်ပတ်သက်၍မူ သင်တို့၌ နားလည်မှုများစွာ၊ အကျွမ်းဝင်ခြင်း များစွာ ကင်းမဲ့နေသည်။ သင်တို့ထဲမှ လူအတော်များများ၌ ရေးရေး နားလည်မှုအချို့သာ ရှိကြပြီး ထိုနားလည်မှုမှာလည်း တစ်ဝက်တစ်ပျက် ဖြစ်ကာ မစုံလင်ပေ။ သင်တို့အနေဖြင့် သမ္မာတရားကို ပိုမိုကောင်းမွန်စွာ လက်တွေ့ကျင့်သုံးနိုင်ရန်၊ ငါ၏နှုတ်ကပတ်တော်များကို ပိုမိုကောင်းမွန်စွာ လက်တွေ့ကျင့်သုံးနိုင်ရန် အကူအညီဖြစ်စိမ့်သောငှာ ပထမဦးဆုံး

ဤကိစ္စရပ်များကို သင်တို့သိမှဖြစ်မည်ဟု ငါထင်သည်။ သို့မဟုတ်ပါက သင်တို့၏ ယုံကြည်ခြင်းသည် မရေမရာ၊ အယောင်ဆောင်အဖြစ် ရှိနေဦးမည်ဖြစ်ပြီး ဘာသာတရား၏ အဆောင်ယောင်များနှင့် ပြည့်နေဦး မည်ဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ စိတ်နေသဘောထားကို နားမလည်ပါက သူ့အတွက် သင်လုပ်ဆောင်သင့်သည့် အလုပ်ကို လုပ်ရန်မှာ သင့်အတွက် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ ဘုရားသခင်၏ အနှစ်သာရကို သင်မသိပါက သူ့အပေါ် ရိုသေလေးမြတ်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ သင်၌ရှိရန်မှာ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ၊ ထိုအရာများအစား အလေးမထားသော ဝတ်ကျေတမ်းကျေပြုမူမှုနှင့် မလိမ့်တပတ် ပြုမူမှုတို့သာ ရှိမည်ဖြစ်သည့်အပြင် ဘုရားသခင်အပေါ် ပြုပြင်၍မရသော စော်ကားမှုသာရှိပေလိမ့်မည်။ ဘုရားသခင်၏ စိတ်နေသဘောထားကို နားလည်ခြင်းမှာ အကယ်ပင် အရေးကြီးသော်လည်း၊ ထို့ပြင် ဘုရားသခင်၏ အနှစ်သာရကို သိခြင်းအား လျစ်လျူရှု၍ မရသော်လည်း ဤကိစ္စရပ်များကို မည်သူမျှ စေ့စေ့စပ်စပ် မဆန်းစစ်ဖူးကြ၊ သို့မဟုတ် နှိုက်နှိုက်ချွတ်ချွတ် မစူးစမ်းဖူးကြပေ။ သင်တို့အားလုံးသည် ငါထုတ်ပြန်ထားသော စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ထုတ်ဖယ်ခဲ့ကြပြီး ဖြစ်သည်ကို ထင်ထင်ရှားရှားမြင်ရသည်။ အကယ်၍ သင်တို့သည် ဘုရားသခင်၏ စိတ်နေသဘောထားကို နားမလည်ကြပါက သင်တို့အနေဖြင့် သူ၏ စိတ်နေသဘောထားကို ပုန်ကန်ပြစ်မှားမိကြရန် အလားအလာ အလွန်များလိမ့်မည်။ သူ၏စိတ်နေသဘောထားကို ပုန်ကန် ပြစ်မှားခြင်းသည် ဘုရားသခင်ကိုယ်တိုင်၏ အမျက်ကို သွားဆွသည့် သဘောသက်ရောက်ပြီး ထိုသို့ဖြစ်လျှင် သင့်လုပ်ရပ်များ၏ နောက်ဆုံးအသီး အပွင့်သည် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်ခြင်းဖြစ် လိမ့်မည်။ ဘုရားသခင်၏ အနှစ်သာရကို သင်သိပါက သူ၏စိတ်နေ သဘောထားကို သင်နားလည်နိုင်ကြောင်းကိုလည်း ယခုတွင် သင်သဘောပေါက်လောက်ပေပြီ၊ သူ၏စိတ်နေသဘောထားကို သင်နားလည်သောအခါ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကိုလည်း သင်နားလည်ပြီးသား ဖြစ်ပေလိမ့်မည်။ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များထဲ၌ ပါဝင်သောအရာ အများစုသည် ဘုရားသခင်၏ စိတ်နေသဘောထားအကြောင်း အချုပ်အားဖြင့် ပြောပြသည်ကို ပြောစရာပင်မလိုပေ၊ သို့သော်လည်း စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များထဲတွင် သူ၏စိတ်နေသဘောထား အလုံးစုံကို ဖော်ပြထားခြင်းကား မဟုတ်ချေ။ ထို့ကြောင့် ဘုရားသခင်၏ စိတ်နေသဘောထားအပေါ် သင်၏နားလည်ခြင်းကို တိုးတက်စေခြင်း အရာ၌ ဤသည်ထက်ပို၍ လုပ်ဆောင်ရမည်ဖြစ်သည်။

ယနေ့ ငါသည် သာမန်စကားစမြည်ပြောခြင်းအဖြစ် သင်တို့နှင့် ပြောဆိုနေခြင်း မဟုတ်ပေ၊

ထို့ကြောင့် သင်တို့အနေဖြင့် ငါ၏နှုတ်ကပတ်တော်များကို ဂရုတစိုက် ချဉ်းကပ်ထိုက်သည့်အပြင် အလေးအနက် စဉ်းစားဆင်ခြင်ထိုက်ပေသည်။ ဤသို့ပြောရာ၌ သင်တို့သည် ငါပြောထားသော နှုတ်ကပတ်တော်များအပေါ် မဖြစ်စလောက် နည်းပါးလှသော လုံ့လကိုသာ စိုက်ထုတ်ခဲ့ကြောင်းကို ငါဆိုလိုသည်။ သင်တို့သည် ဘုရားသခင်၏ စိတ်နေသဘောထားကို ချင့်ချိန်တွေးဆရန် ပို၍ပင် မလိုလားပေ၊ ထိုကိစ္စနှင့်ပတ်သက်၍ လုံ့လစိုက်ထုတ်သည့်သူ ရှိခဲလှသည်။ ဤအကြောင်းကြောင့် သင်တို့၏ ယုံကြည်ခြင်းသည် စကားကြီးစကားကျယ်ထက် ဘာမျှမပိုဟု ငါပြောခြင်းဖြစ်သည်။ ယခုတွင်ပင်လျှင် သင်တို့ထဲမှ မည်သူတစ်ဦးတစ်ယောက်ကမျှ သင်တို့၏ ပဓာနအကျဆုံးသော အားနည်းချက်အပေါ် လေးနက်သည့် လုံ့လစိုက်ထုတ်မှုကို မနှစ်မြှုပ်ထားကြသေးပေ။ သင်တို့အတွက် အပတ်တကုတ် ငါကြိုးပမ်းပြီးသည့်နောက်တွင် သင်တို့သည် ငါ့ကို စိတ်ပျက်စေကြလေပြီ။ သင်တို့ထံ၌ ဘုရားသခင်အပေါ် အလေးထားမှု မရှိဘဲ သင်တို့၏ အသက်တာများသည်လည်း သမ္မာတရားနှင့် ကင်းမဲ့နေကြသည်မှာ အံ့သြစရာမရှိပေ။ ထိုကဲ့သို့သော လူများကို မည်ကဲ့သို့လျှင် သန့်ရှင်းသူများဟု မှတ်ယူ၍ရနိုင်မည်နည်း။ မိုးကောင်းကင်တရားသည် ထိုသို့သောကိစ္စကို သည်းခံလိမ့်မည် မဟုတ်ပေ။ ဤအကြောင်းနှင့်ပတ်သက်၍ သင်တို့၌ နားလည်မှု မဖြစ်စလောက် လေးသာ ရှိကြသောကြောင့် ငါ့အနေဖြင့် ပို၍လေကုန်ခံရန်သာ ရှိတော့သည်။

ဘုရားသခင်၏ စိတ်နေသဘောထားဟူသည်မှာ လူတိုင်းအတွက် အလွန်အမင်း စိတ်ကူးယဉ်ဆန်သည်ဟုထင်ရသည့် အကြောင်းအရာ တစ်ရပ်ဖြစ်သည့်အပြင် လက်ခံရန်မှာလည်း လူတိုင်းအတွက် လွယ်ကူလှသည့်အရာ မဟုတ်ပေ၊ အကြောင်းမှာ သူ၏ စိတ်နေသဘောထားသည် လူသားတစ်ဦး၏ ပင်ကိုစရိုက်နှင့် မတူသောကြောင့်ဖြစ်သည်။ ဘုရားသခင်၌လည်း ဝမ်းသာခြင်း၊ ဒေါသထွက်ခြင်း၊ ဝမ်းနည်းမှုနှင့် ပျော်ရွှင်မှုဟူသည့် သူ့ကိုယ်ပိုင် စိတ်ခံစားမှုများ ရှိသည်၊ သို့သော်လည်း ဤစိတ်ခံစားမှုများသည် လူသား၏ စိတ်ခံစားမှုများနှင့် ကွဲပြားသည်။ ဘုရားသခင်သည် သူ၏ဖြစ်ခြင်းအတိုင်း သူဖြစ်ပြီး သူ၏ရှိခြင်းအတိုင်း သူရှိပေသည်။ သူဖော်ပြသမျှနှင့် ထုတ်ဖော်သမျှတို့သည် သူ၏အနှစ်သာရနှင့် သူ၏ကိုယ်ပိုင်လက္ခဏာတို့၏ ကိုယ်စားပြုခြင်းများဖြစ်သည်။ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းအပါအဝင် သူ၏အနှစ်သာရနှင့် ကိုယ်ပိုင်လက္ခဏာတို့သည် မည်သည့်လူသားကမျှ အစားထိုး၍မရနိုင်သော အရာများဖြစ်သည်။ သူ၏စိတ်နေသဘောထား၌ လူသားမျိုးနွယ်အတွက် သူ၏ချစ်ခြင်း၊ လူသားမျိုးနွယ်ကို နှစ်သိမ့်ပေးမှု၊ လူသားမျိုးနွယ်အပေါ် မုန်းတီးမှု၊ ထို့မျှမက လူသားမျိုးနွယ်အပေါ် အစုံအစေ့

နားလည်မှုတို့ အကျုံးဝင်သည်။ သို့သော်လည်း လူသား၏ပင်ကိုစရိုက်မှာမူ အကောင်းမြင်ခြင်း၊ ထကြွလုံ့လရှိခြင်း၊ သို့မဟုတ် စာနာစိတ်မရှိခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဘုရားသခင်၏ စိတ်နေသဘောထားမှာ သက်ရှိသက်မဲ့ အရာအားလုံးတို့ကို အုပ်စိုးသောသူနှင့် သက်ဆိုင်ပြီး ဖန်ဆင်းခြင်းခံသိမ်း၏ သခင်နှင့် သက်ဆိုင်သည်။ သူ၏ စိတ်နေသဘောထားသည် ဂုဏ်ပြုခြင်း၊ တန်ခိုး၊ မြင့်မြတ်ခြင်း၊ ကြီးမြတ်ခြင်းကို ကိုယ်စားပြုပြီး အရေးကြီးဆုံးမှာ သာလွန်ကြီးစိုးခြင်းကို ကိုယ်စားပြုသည်။ သူ၏စိတ်နေသဘောထားသည် ဩဇာအာဏာ၏ သင်္ကေတဖြစ်ပြီး ဖြောင့်မတ်သောအရာအားလုံး၏ သင်္ကေတဖြစ်ကာ လှပ၍ ကောင်းမွန်သည့်အရာအားလုံး၏ သင်္ကေတလည်း ဖြစ်ပေသည်။ ထိုထက်မက ထိုစိတ်နေသဘောထားသည် အမှောင်ထုနှင့် မည်သည့် ရန်သူအင်အားကမျှ အနိုင်ယူ၍မရနိုင်သော^၊ သို့မဟုတ် ထိပါး၍ မရနိုင်သော သူ၏ သင်္ကေတဖြစ်ပြီး၊ မည်သည့်ဖန်ဆင်းခံ သတ္တဝါကမျှ ပုန်ကန်ပြစ်မှား၍ မရနိုင်သော (ပုန်ကန်ပြစ်မှားခြင်းကိုလည်း သူသည်းခံမည် မဟုတ်ပေ)^ သူ၏ သင်္ကေတလည်း ဖြစ်သည်။ သူ၏စိတ်နေသဘောထားသည် အမြင့်ဆုံးသောတန်ခိုး၏ သင်္ကေတဖြစ်၏။ မည်သည့်လူကမျှ၊ သို့မဟုတ် မည်သည့်လူအများကမျှ သူ၏အမှု၊ သို့တည်းမဟုတ် သူ၏စိတ်နေသဘောထားကို မနှောင့်ယှက်နိုင်ပေ၊ သို့မဟုတ် နှောင့်ယှက်ခွင့်ရှိမည်လည်း မဟုတ်ပေ။ သို့သော် လူသား၏ ပင်ကိုစရိုက်မှာမူ သားရဲတိရစ္ဆာန်ထက် လူသားက အနည်းငယ် သာလွန်မှု၏ သင်္ကေတမျှသာဖြစ်သည်။ လူသားသည် သူကိုယ်၌က မည်သည့်ဩဇာအာဏာမျှမရှိ၊ မည်သည့်လုပ်ပိုင်ခွင့်မျှမရှိ၊ ထို့ပြင် မိမိကိုယ်ကို ကျော်လွန်နိုင်စွမ်းလည်း မရှိပေ၊ သို့သော်လည်း သူ၏အနှစ်သာရ၌မူ သူသည် လူအမျိုးမျိုး၊ ဖြစ်ရပ်အမျိုးမျိုးနှင့် အခြေအနေအမျိုးမျိုးတို့၏ ပြုသမျှ နုရမည့် ကြောက်ဒူးတုန်နေသူဖြစ်သည်။ ဘုရားသခင်၏ ဝမ်းသာခြင်းသည် ဖြောင့်မတ်ခြင်းနှင့် အလင်းတို့၏ တည်ရှိမှုနှင့် ထွက်ပေါ်လာမှုတို့ကြောင့်ဖြစ်သည်၊ အမှောင်ထုနှင့် ဆိုးယုတ်မှုတို့၏ ပျက်စီးမှုကြောင့်ဖြစ်သည်။ လူသားမျိုးနွယ်အတွက် အလင်းနှင့် ကောင်းမွန်သော အသက်တာကို ယူဆောင်လာပေးခြင်းအပေါ် သူဝမ်းမြောက်သည်၊ သူ၏ဝမ်းသာခြင်းသည် ဖြောင့်မှန်သော ဝမ်းသာခြင်းဖြစ်ပြီး အပြုသဘောဆောင်သော အရာအားလုံးတို့ တည်ရှိမှု၏ သင်္ကေတဖြစ်ကာ ထိုမျှမက မင်္ဂလာရှိခြင်း၏ သင်္ကေတလည်းဖြစ်၏။ ဘုရားသခင်၏ ဒေါသမှာ မတရားမှု၏ တည်ရှိခြင်းနှင့် နှောင့်ယှက်ခြင်းတို့က လူသားမျိုးနွယ်အပေါ် သင့်ရောက်စေသော အန္တရာယ်ကြောင့် ဖြစ်သည်၊ ဆိုးယုတ်မှုနှင့် အမှောင်ထုတို့၏ တည်ရှိမှုကြောင့်ဖြစ်သည်၊ သမ္မာတရားကို နှင်ထုတ်သော အမှုအရာများ၏ တည်ရှိမှုကြောင့်ဖြစ်သည်၊ ထိုမျှမက ကောင်းမွန်ပြီး လှပသောအရာများကို

ဆန့်ကျင်သည့် အမှုအရာများ၏ တည်ရှိမှုကြောင့်ဖြစ်သည်။ သူ၏ဒေါသသည် အပျက်သဘောဆောင်သော အရာများအားလုံး မတည်ရှိတော့ခြင်း၏ သင်္ကေတဖြစ်ပြီး ထိုထက်ပို၍ သူ့သန့်ရှင်းခြင်း၏ သင်္ကေတပင်ဖြစ်သည်။ သူ၏ဝမ်းနည်းမှုမှာ မျှော်လင့်ချက်များ သူထားခဲ့သော်ငြားလည်း အမှောင်ထုထဲသို့ ကျဆင်းသွားသော လူသားမျိုးနွယ်ကြောင့်ဖြစ်ပြီး လူသားအပေါ် သူပြုသောအမှုမှာ သူ၏မျှော်မှန်းချက်များအတိုင်း ဖြစ်မလာ သောကြောင့်ဖြစ်ကာ သူချစ်သော လူသားမျိုးနွယ်မှာ အလင်းထဲတွင် အားလုံးမနေနိုင်ကြသောကြောင့်ဖြစ်သည်။ အပြစ်ကင်းမဲ့သော လူသားမျိုးနွယ်အတွက်၊ ရိုးသားသော်လည်း ပညာမဲ့သော လူသားအတွက်၊ ထို့ပြင် လူကောင်းဖြစ်သော်လည်း မိမိကိုယ်ပိုင်အမြင်များ ကင်းမဲ့နေသော လူသားအတွက် သူဝမ်းနည်းရသည်။ သူ၏ဝမ်းနည်းမှုမှာ သူ၏ကောင်းမြတ်ခြင်းနှင့် သူ့ကရုဏာတို့၏ သင်္ကေတဖြစ်ပြီး လှပခြင်းနှင့် ကြင်နာခြင်းတို့၏ သင်္ကေတဖြစ်သည်။ သူ၏ပျော်ရွှင်မှုသည် သူ၏ရန်သူများကို အနိုင်ရခြင်းနှင့် လူသား၏ စိတ်ရင်းကောင်းကို ရရှိခြင်းတို့မှ လာသည်မှာ မှန်ပေ၏။ ထို့မျှမက ထိုပျော်ရွှင်မှုသည် ရန်သူ့အင်အား အားလုံးတို့၏ နှင်ထုတ်ခံရခြင်းနှင့် ပျက်စီးခြင်းတို့မှ ပေါ်ပေါက်လာပြီး ကောင်းမွန်ပြီး ငြိမ်းအေးသော အသက်တာကို လူသားမျိုးနွယ်တို့ ရရှိခြင်းကြောင့် ပေါ်ပေါက်လာသည်။ ဘုရားသခင်၏ ပျော်ရွှင်မှုသည် လူသား၏ ဝမ်းသာမှုနှင့် မတူပေ၊ စင်စစ်အားဖြင့် ထိုပျော်ရွှင်မှုသည် အသီးအပွင့်ကောင်းများကို စုဆောင်းရခြင်း၏ ခံစားချက်ဖြစ်ပြီး ဝမ်းသာမှုထက် ပို၍ကြီးမားသော စိတ်ခံစားချက် ဖြစ်သည်။ သူ၏ပျော်ရွှင်မှုသည် ဤအချိန်မှစ၍ ရှေ့လျှောက်တွင် လူသားမျိုးနွယ်တို့ ဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်း၏ သင်္ကေတဖြစ်ပြီး အလင်းလောကသို့ လူသားမျိုးနွယ်ဝင်ရောက်ခြင်း၏ သင်္ကေတလည်း ဖြစ်၏။ သို့သော်ငြားလည်း လူသားမျိုးနွယ်၏ စိတ်ခံစားမှုများမှာမူ သူ၏ကိုယ်ပိုင်အကျိုးအလို့ငှာသာ ထွက်ပေါ်လာခြင်းဖြစ်ပြီး ဖြောင့်မြတ်ခြင်း၊ အလင်း၊ သို့မဟုတ် လှပသောအရာအလို့ငှာ ထွက်ပေါ်လာခြင်း မဟုတ်သကဲ့သို့ ယုတ်စွအဆုံး ကောင်းကင်ဘုံက ချပေးသနားသော ကျေးဇူးတော်အလို့ငှာ ထွက်ပေါ်လာခြင်းလည်း မဟုတ်ပေ။ လူသားမျိုးနွယ်၏ စိတ်ခံစားမှုများမှာ တစ်ကိုယ်ကောင်းဆန်ပြီး အမှောင်လောကနှင့် သက်ဆိုင်သည်။ ၎င်းတို့သည် ဘုရားသခင်၏ အစီအစဉ်အလို့ငှာ တည်ရှိဖို့ဝေးစွ၊ ဘုရားသခင်၏ အလိုတော်အတွက်ပင် မတည်ရှိပေ၊ ထို့ကြောင့် လူသားနှင့် ဘုရားသခင်ကို တစ်ချိန်တည်းတွင် အတူပြော၍ မရနိုင်ချေ။ ဘုရားသခင်သည် အစဉ်အမြဲ အထွတ်အထိပ်ဖြစ်၍ အမြဲဂုဏ်သရေရှိသည်၊ လူသားမှာမူ အစဉ်အမြဲ ယုတ်ညံ့၍ အစဉ်အမြဲ သုံးမရပေ။ ဤသို့ဖြစ်ရခြင်းမှာ ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် စွန့်လွှတ်မှုများ

အမြဲပြုပေးကာ သူ့ကိုယ်သူ ပေးအပ်မြှုပ်နှံထားသောကြောင့် ဖြစ်သည်၊ သို့သော်လည်း လူသားမှာမူ အစဉ်အမြဲ မိမိအတွက်သာလျှင် ရယူပြီး ကြိုးပမ်းလေ၏။ ဘုရားသခင်သည် လူသားမျိုးနွယ်၏ ရှင်သန်ရေးအတွက် အစဉ်အမြဲ အပတ်တကုတ် ကြိုးပမ်းနေသော်လည်း လူသားကမူ အလင်းအတွက်၊ သို့မဟုတ် ဖြောင့်မတ်ခြင်းအတွက် မည်သည့်အရာကိုမျှ လုံးဝမထောက်ကူပေးပေ။ လူသားအနေဖြင့် တစ်ခဏတာမျှ လုံ့လစိုက်ထုတ်လျှင်ပင် ထိုလုံ့လမှာ အားနည်းလွန်း လှသောကြောင့် ထိုးနှက်ချက် တစ်ခုကိုမျှပင် ခံနိုင်မည်မဟုတ်ပေ၊ အကြောင်းမှာ လူသား၏လုံ့လသည် သူ့ကိုယ်ပိုင်အကျိုးအတွက်သာ အစဉ်အမြဲ ဖြစ်နေပြီး အခြားသူများအတွက် မဟုတ်သောကြောင့်ပင် ဖြစ်သည်။ လူသားသည် အစဉ်အမြဲ တစ်ကိုယ်ကောင်းဆန်၏၊ ဘုရားသခင်ကမူ အစဉ်အမြဲ ကိုယ်ကျိုးမငဲ့ပေ။ ဘုရားသခင်သည် တရားမျှတသောအရာ၊ ကောင်းသောအရာနှင့် လှပသောအရာအားလုံး၏ အရင်းအမြစ်ဖြစ်ပြီး လူသားမှာမူ အကျည်းတန်ပြီး ဆိုးယုတ်သော အရာအားလုံးကို ဆက်ခံကာ ထင်ရှားအောင် ပြုလုပ်သူဖြစ်၏။ ဘုရားသခင်သည် သူ၏ဖြောင့်မတ်ပြီး လှပသည့် အနှစ်သာရကို မည်သည့်အခါမျှ ပြောင်းလဲမည် မဟုတ်ပေ၊ သို့သော် လူသားကမူ အချိန်မရွေး၊ အခြေအနေမရွေး၌ ဖြောင့်မတ်ခြင်းကို သစ္စာဖောက်ကာ ဘုရားသခင်ထံမှ လမ်းလွဲသွားကြရန် ကောင်းကောင်းတတ်နိုင်၏။

ငါပြောထားသော ဝါကျတိုင်းသည် အတွင်း၌ ဘုရားသခင်၏ စိတ်နေသဘောထား ပါဝင်၏။ သင်တို့သည် ငါ၏နှုတ်ကပတ်တော်များကို ဂရုတစိုက် ဆင်ခြင်တွေးဆသင့်သည်၊ ထိုသို့ပြုလျှင် ထိုအရာများထံမှ ဧကန်မုချပင် ကြီးစွာအကျိုးခံစားရလိမ့်မည်။ ဘုရားသခင်၏ စိတ်နေသဘောထားကို နားလည်သဘောပေါက်ရန်မှာ အလွန်ခက်လှသည်၊ သို့သော်လည်း ဘုရားသခင်၏ စိတ်နေသဘောထားနှင့်ပတ်သက်၍ သင်တို့အားလုံး၌ အနည်းဆုံးအနေဖြင့် နားလည်မှုတစ်ခုခု ရှိကြပြီဟု ငါယုံသည်။ ထိုသို့ဖြစ်လျှင် သင်တို့သည် ဘုရားသခင်၏ စိတ်နေသဘောထားကို ပုန်ကန်ပြစ်မှားခြင်း မပြုသော အရာများကို ပိုမိုလုပ်ဆောင်ကြ၍ ငါ့အား ပိုမိုပြသကြမည်ဟု ငါမျှော်လင့်သည်။ ထိုသို့ဆိုလျှင် ငါသည် စိတ်ချလက်ချရှိပေလိမ့်မည်။ ဥပမာအားဖြင့် သင်၏နှလုံးသားထဲ၌ ဘုရားသခင်ကို အချိန်တိုင်း သိမ်းထားလော့။ သင်ပြုမူသည့်အခါ သူ၏နှုတ်ကပတ်တော်များအတိုင်း ပြုမူလော့။ အရာရာ၌ သူ၏ရည်ရွယ်ချက်များကို ဖွေရှာပြီး ဘုရားသခင်ကို အရိုအသေတန်စေကာ အရှက်ရစေသော အရာများအား လုပ်ဆောင်ခြင်းကို ရှောင်ကြဉ်လော့။ သင့်နှလုံးသားထဲရှိ အနာဂတ် လစ်ဟာနေခြင်းကို ဖြည့်ရန် ဘုရားသခင်ကို သင်၏အတွေးထဲ၌ နောက်သို့ပို့ထားခြင်းမျိုး သာ၍ပင် မပြုသင့်ပေ။ သင့်အနေဖြင့် ဤသို့ပြုမည်ဆိုလျှင် ဘုရားသခင်၏

စိတ်နေသဘောထားကို ပုန်ကန်ပြစ်မှားခဲ့ပြီး ဖြစ်ပေလိမ့်မည်။ ထို့အတူ အကယ်၍ သင်သည် သင့်ဘဝတစ်လျှောက်တွင် ဘုရားသခင်အပေါ် စော်ကားသော မှတ်ချက်များ၊ သို့မဟုတ် မကျေမနပ်ပြောဆိုချက်များ လုံးဝမပြုပါက၊ ထို့အတူ အကယ်၍ သင်သည် သင့်ဘဝတစ်လျှောက်တွင် သင့်အပေါ် သူတာဝန်ပေးစေခိုင်းထားသည့်အရာအားလုံးကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပြီး သူ၏နှုတ်ကပတ်တော်အားလုံးကို ကျိုးနွံနာခံနိုင်သည် ဆိုပါက သင်သည် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ဖောက်ဖျက်ခြင်းအား ရှောင်ရှားပြီး ဖြစ်လိမ့်မည်။ ဥပမာအားဖြင့် “ကိုယ်တော်သည် ဘုရားသခင်ဖြစ်၏ဟု ကျွန်ုပ်အဘယ်ကြောင့် မထင်ရသနည်း”၊ “ဤနှုတ်ကပတ်တော်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်ပွင့်လင်းစေမှုတစ်ခုခုထက် ဘာမျှမပိုဟု ကျွန်ုပ်ထင်သည်”၊ “ကျွန်ုပ်၏အမြင်ကိုပြောရလျှင် ဘုရားသခင်ပြုသမျှမှာ မှန်လှသည်လည်း မဟုတ်ပါ”၊ “ဘုရားသခင်၏ လူ့သဘာဝသည် ကျွန်ုပ်ထက် သာလွန်နေသည်ကား မဟုတ်ပါ”၊ “ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ယုံကြည်လက်ခံချင်စရာကို မကောင်းပါ”၊ သို့တည်းမဟုတ် ထိုသို့သော ဝေဖန်သည့် အခြားမှတ်ချက်များကို သင့်အနေဖြင့် ပြောခဲ့ဖူးပါလျှင် သင်၏အပြစ်များကို တိုး၍ဝန်ခံပြီး တိုး၍နောင်တရရန် ငါအလေးအနက်တိုက်တွန်း၏။ ထိုသို့မဟုတ်လျှင် သင်၌ ခွင့်လွှတ်ခြင်းခံရရန် အခွင့်အရေး မည်သည့်အခါမျှ ရှိမည်မဟုတ်ပေ၊ အကြောင်းမှာ သင်သည် လူသားတစ်ယောက်ကို မဟုတ်ဘဲ ဘုရားသခင်ကိုယ်တော်တိုင်ကို ပုန်ကန်ပြစ်မှားသောကြောင့် ဖြစ်သည်။ သင့်အနေဖြင့် လူသားတစ်ယောက်ကို ဝေဖန်နေသည်ဟု ထင်ကောင်း ထင်နေလိမ့်မည်၊ သို့သော်လည်း ဘုရားသခင်၏ ဝိညာဉ်တော်ကမူ ထိုသို့မမှတ်ယူပေ။ သူ၏ဇာတိခန္ဓာကို သင်၏မလေးမစားပြုမူခြင်းသည် သူ့ကို မလေးမစားပြုခြင်းနှင့် တန်းတူညီသည်။ ထိုသို့ဖြစ်လျှင် သင်သည် ဘုရားသခင်၏ စိတ်နေသဘောထားကို ပုန်ကန်ပြစ်မှားမိပြီ မဟုတ်လော။ ဘုရားသခင်၏ ဝိညာဉ်တော်ပြုခဲ့သမျှသော အရာအားလုံးသည် လူ့ဇာတိထဲရှိ သူ၏အမှုကို ကာကွယ်ရန်အလို့ငှာ ပြုခဲ့ခြင်းဖြစ်ပြီး ဤအမှုကို ကောင်းမွန်စွာ လုပ်ဆောင်ရန်အလို့ငှာ ပြုခဲ့ခြင်းဖြစ်သည်။ အကယ်၍ သင်သည် ဤအရာကို လျစ်လျူရှုပါလျှင် သင်သည် ဘုရားသခင်ကို ယုံကြည်ခြင်းအရာ၌ လုံးဝအောင်မြင်မည်မဟုတ်သောသူ တစ်ယောက် ဖြစ်သည်ဟု ငါဆို၏။ သင်သည် ဘုရားသခင်၏ အမျက်ဒေါသကို သွားဆွခဲ့သောကြောင့် သင့်ကို သင်ခန်းစာပေးရန်အတွက် ထိုက်တန်သော အပြစ်ဒဏ်ပေးခြင်းကို သူအသုံးပြုပေလိမ့်မည်။

ဘုရားသခင်၏ အနှစ်သာရကို သိကျွမ်းလာခြင်းအရာသည် မပြောပလောက်သော ကိစ္စရပ်

မဟုတ်ပေ။ သင့်အနေဖြင့် သူ၏စိတ်နေသဘောထားကို နားလည်ရပေမည်။ ဤနည်းအားဖြင့် သင်သည် တဖြည်းဖြည်း အမှုမဲ့အမှတ်မဲ့နှင့် ဘုရားသခင်၏ အနှစ်သာရကို သိကျွမ်းလာလိမ့်မည်။ ဤအသိတရားကို သင်ရရှိပြီးသည့်အခါ ပို၍ မြင့်မားပြီး ပို၍လှပသော အခြေအနေထဲသို့ သင်ဝင်ရောက်နေသည်ကို တွေ့ရလိမ့်မည်။ အဆုံးတွင် သင်သည် သင်၏အကျည်းတန်သော စိတ်ကို ရှက်လာမည်ဖြစ်သည့်အပြင် သင်၏အရှက်ရခြင်းမှ ပုန်းကွယ်ရန်နေရာ မရှိဟု ခံစားရလိမ့်မည်။ ထိုအချိန်တွင် သင်၏အပြုအမူ၌ ဘုရားသခင်၏ စိတ်နေသဘောထားကို ပုန်ကန်ပြစ်မှားသောအရာ ပို၍ပို၍ နည်းလာမည်ဖြစ်ပြီး သင်၏နှလုံးသားသည် ဘုရားသခင်၏ နှလုံးသားနှင့် တိုး၍တိုး၍ နီးကပ်လာမည်ဖြစ်ကာ သူ့ကိုချစ်ခြင်းသည် သင်၏နှလုံးသား ထဲတွင် တဖြည်းဖြည်း ကြီးထွားလာလိမ့်မည်။ ဤသည်မှာ လှပသော အခြေအနေထဲသို့ လူသားမျိုးနွယ် ဝင်ရောက်ခြင်း၏ သင်္ကေတဖြစ်သည်။ သို့သော်လည်း ယခုတိုင် သင်တို့သည် ဤအရာကို မရရှိကြသေးပေ။ သင်တို့အားလုံးသည် သင်တို့၏ကံကြမ္မာအတွက် ပြေးလွှားလုပ်ကိုင် ကြသည့်အားလျော်စွာ ဘုရားသခင်၏ အနှစ်သာရကို သိကျွမ်းရန်အတွက် ကြိုးစားခြင်းအရာ၌ စိတ်ဝင်စားသောသူ မည်သူရှိသနည်း။ ဤသို့ဆက်ဖြစ် နေပါလျှင် သင်တို့သည် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို အမှုမဲ့အမှတ်မဲ့ ချိုးဖောက်မိကြလိမ့်မည်၊ အကြောင်းမှာ သင်တို့သည် ဘုရားသခင်၏ စိတ်နေသဘောထားကို မဖြစ်စလောက်မျှသာ နားလည်ကြ သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သင်တို့ ယခုပြုကြသည့်အရာမှာ ဘုရားသခင်၏ စိတ်နေသဘောထားကို ပုန်ကန်ပြစ်မှားခြင်းများ၏ အခြေခံအုတ်မြစ်ကို ချနေကြခြင်းပင် မဟုတ်လော။ ဘုရားသခင်၏ စိတ်နေသဘောထားကို နားလည်ရန် သင်တို့ကို ငါတောင်းဆိုခြင်းသည် ငါ၏အမှုနှင့် ဆန့်ကျင်ကွဲလွဲခြင်း မရှိပေ။ အကြောင်းမှာ သင်တို့သည် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို မကြာမကြာ ချိုးဖောက်နေပါက သင်တို့အထဲမှ မည်သူက အပြစ်ဒဏ်ပေးခြင်းမှ လွတ်မြောက်လိမ့်မည်နည်း။ ထိုသို့ဆိုပါက ငါ၏အမှုသည် အချည်းနှီးသက်သက် ဖြစ်နေခဲ့လိမ့်မည် မဟုတ်လော။ ထို့ကြောင့် သင်တို့၏ ကိုယ်ပိုင်အပြုအမူကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးကြရန်အပြင် သင်တို့လှမ်းသော ခြေလှမ်းများကိုပါ သတိထားကြရန် ယခုတိုင် ငါတောင်းဆိုနေခြင်းဖြစ်သည်။ ဤသည်မှာ သင်တို့အပေါ် ငါပြုသည့် ပို၍မြင့်မားသော တောင်းဆိုချက်ဖြစ်ပြီး သင်တို့အားလုံးသည် ထိုအရာကို ဂရုတစိုက် ဆင်ခြင်သုံးသပ်ကြကာ အလွန်ထက်သန်သော အလေးထားမှု ပြုကြလိမ့်မည်ဟု ငါမျှော်လင့်သည်။ သင်တို့၏လုပ်ရပ်များသည် ငါ့ကို ရှူးရှူးရှားရှား ဒေါသဖြစ်စေသည်အထိ စိတ်လာဆွသည့်နေ့ ရောက်လာပါက အကျိုးဆက်များမှာ သင်တို့

အတွက်သာလျှင် သုံးသပ်ဆင်ခြင်စရာ ဖြစ်လိမ့်မည်၊ ထို့အပြင် သင်တို့ကိုယ်စား အပြစ်ဒဏ်ပေးခြင်းကို ခံပေးမည့် အခြားမည်သူမျှ ရှိလိမ့်မည် မဟုတ်ပေ။

အောက်ခြေမှတ်စု(များ)-

က။ မူရင်းစာသားတွင် "အနိုင်ယူခြင်း မခံရနိုင်သော သင်္ကေတ"။

ခ။ မူရင်းစာသားတွင် "ပုန်ကန်ပြစ်မှားခြင်းကို မခံရနိုင်သော (ထို့ပြင် ပုန်ကန်ပြစ်မှားခံရခြင်းကို သည်းမခံသော) သင်္ကေတ"။

# မြေကြီးပေါ် ရှိ ဘုရားသခင်ကို သိရှိနိုင်ပုံ

သင်တို့အားလုံးသည် ဘုရားသခင်၏ရှေ့၌ ဆုချီးမြှင့်ခံလိုကြပြီး ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို ခံလိုကြသည်၊ လူတိုင်းသည် ဘုရားသခင်ကို စတင်ယုံကြည်သောအခါ ထိုသို့သောအရာများကို မျှော်လင့်ကြသည်၊ အဘယ်ကြောင့်ဆိုသော် လူတိုင်းသည် သာ၍မြင့်မားသော အရာများနောက် ကောက်ကောက်ပါအောင် လိုက်ခြင်းတွင် အာရုံများနေပြီး မည်သူကမျှ အခြားသူများ၏နောက်တွင် မကျန်ခဲ့လိုသောကြောင့် ဖြစ်သည်။ လူတို့သည် ထိုအတိုင်းပင် ဖြစ်ကြသည်။ ထိုအကြောင်းအတိအကျကြောင့်ပင် သင်တို့အထဲမှ လူတော်တော်များများသည် ကောင်းကင်ဘုံရှိ ဘုရားသခင်ကို မျက်နှာလို မျက်နှာရလုပ်ရန် စဉ်ဆက်မပြတ် ကြိုးစားနေကြခြင်းဖြစ်သည်၊ သို့သော် စင်စစ်အားဖြင့် ဘုရားသခင်အပေါ်၌ထားသော သင်တို့၏ သစ္စာစောင့်သိမှုနှင့် ရိုးသားပွင့်လင်းမှုသည် သင်တို့၏ ကိုယ့်ကိုယ်ကိုယ် အပေါ်ထားသော သစ္စာစောင့်သိမှု၊ ရိုးသားပွင့်လင်းမှုတို့နှင့်ယှဉ်လျှင် အလွန်ပင် နည်းလှသည်။ ငါအဘယ်ကြောင့် ဤသို့ပြောသနည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အပေါ်၌ထားရှိသော သင်တို့၏ သစ္စာစောင့်သိမှုကို ငါလုံးဝအသိအမှတ်မပြုသောကြောင့်ဖြစ်သည့်အပြင် သင်တို့၏နှလုံးသားအထဲ၌ရှိသော ဘုရားသခင်၏တည်ရှိမှုကို ငါလက်မခံ သောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သင်တို့ကိုးကွယ်သော ဘုရားသခင်၊ သင်တို့မြတ်နိုးသော မရေရာသည့် ဘုရားသခင်သည် လုံးဝမတည်ရှိ။ ဤကဲ့သို့ ငါတပ်အပ်ပြောနိုင်သည်မှာ သင်တို့သည် စစ်မှန်သော ဘုရားသခင်နှင့် အလွန်ဝေးကွာနေသောကြောင့် ဖြစ်သည်။ သင်တို့၏သစ္စာစောင့်သိမှုသည်

သင်တို့၏နှလုံးသားအထဲ၌ရှိသော ရုပ်တုဆင်းတုကြောင့်ဖြစ်သည်၊ ထိုအချိန်အတောအတွင်း ကြီးလည်း မကြီးမြတ်၊ သေးလည်းမသေးငယ်ဟူ၍ သင်တို့မှတ်ယူကြသော ဘုရားသခင်ဖြစ်သည့် ငါ့ကိုမူ သင်တို့သည် စကားလုံးများဖြင့်သာ အသိအမှတ်ပြုကြသည်။ သင်တို့သည် ဘုရားသခင်နှင့် ဝေးကွာနေသည်ဟု ငါပြောသောအခါ စစ်မှန်သော ဘုရားသခင်နှင့် သင်တို့ကွာ လှမ်းနေလင့်ကစား မရေရာသော ဘုရားသခင်ကမူ အနီးအပါးတွင် ရှိနေသည့်ပုံရသည်ဟု ငါဆိုလိုခြင်းဖြစ်သည်။ "မကြီးမြတ်" ဟူသည့် စကားကို ငါပြောသောအခါ သင်တို့ယနေ့ယုံကြည်သော ဘုရားသခင်သည် ကြီးကြီးမားမား အစွမ်းအစများမရှိသော လူတစ်ယောက်မျှသာ၊ သိပ်မမြင့်မြတ်သော လူတစ်ယောက်မျှသာ ဖြစ်သည်ဟု ထင်ရသည့်ပုံကို ရည်ညွှန်း၍ ပြောခြင်းဖြစ်သည်။ "မသေးငယ်" ဟူသည့်စကားကို ငါပြောသောအခါ ဤလူသည် လေလာအောင် မဆင့်ခေါ် နိုင်၊ မိုးရွာအောင် အမိန့်မပေးနိုင်သော်လည်း မည်သို့ပင်ဆိုစေကာမူ လူတို့အား လုံးဝမိန်းမောတွေဝေသွားစေလျက် ကောင်းကင်နှင့် မြေကြီးကို တုန်လှုပ်စေသည့် အမှုကိုပြုရန်အလို့ငှာ ဘုရားသခင်၏ ဝိညာဉ်တော်ကို သူခေါ်ဆိုနိုင်သည်ဟု ဆိုလိုသည်။ အပြင်ပန်းအားဖြင့် သင်တို့အားလုံးသည် မြေကြီးပေါ် ရှိ ခရစ်တော်ကို အလွန်နာခံကြသည်ဟု ထင်ရသော်လည်း စင်စစ်အားဖြင့် သင်တို့၌ ခရစ်တော်ကို ယုံကြည်ခြင်း မရှိကြသကဲ့သို့ သူ့ကို ချစ်လည်းမချစ်ကြပေ။ ဆိုလိုသည်မှာ သင်တို့ ဧကန်အမှန် ယုံကြည်သောသူသည် သင်တို့၏ခံစားချက်များနှင့်ဆိုင်သည့် မရေရာသော ဘုရားသခင်သာဖြစ်ပြီး သင်တို့ဧကန်အမှန်ချစ်သည့်သူမှာ နေ့ညမပြတ် သင်တို့တောင့်တသော်လည်း လူကိုယ်တိုင် မည်သည့်အခါမျှ မမြင်ဖူးသည့် ဘုရားသခင်သာဖြစ်သည်။ ဤခရစ်တော်အပေါ်၌ထားသော သင်တို့၏ ယုံကြည်ခြင်းမှာမူ စိုးစဉ်းမျှသာဖြစ်ပြီး သူ့အပေါ် သင်တို့၏ ချစ်ခြင်းမှာလည်း ဘာမျှမဟုတ်ပေ။ ယုံကြည်ခြင်းဟုဆိုရာ၌ ယုံကြည်မှုနှင့် စိတ်ချမှုကိုဆိုလို၍ ချစ်ခြင်းသည် မည်သည့်အခါမျှ ခွဲခွာခြင်းမရှိသည့် ကြည်ညိုခြင်းနှင့် စိတ်နှလုံးထဲ၌ နှစ်ထောင်းအားရ သဘောကျခြင်းကို ဆိုလိုသည်။ သို့တိုင် ယနေ့ကာလ၏ ခရစ်တော်အပေါ်၌ထားရှိသော သင်တို့၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းသည် ထိုအရာကိုမီရန် များစွာလိုအပ်နေ၏။ ယုံကြည်ခြင်းနှင့်ပတ်သက်၍ သင်တို့အနေဖြင့် သူ့ကို မည်သို့ယုံကြည်သနည်း။ ချစ်ခြင်းနှင့်ပတ်သက်၍ သင်တို့အနေဖြင့် သူ့ကို မည်သို့ချစ်သနည်း။ သင်တို့သည် သူ၏စိတ်သဘောထားကို လုံးဝ နားမလည်ကြ၊ သူ၏အနှစ်သာရကို သာ၍ပင် မသိကြ၊ ထိုသို့ဖြစ်သောကြောင့် သင်တို့သည် သူ့ကို မည်သို့ယုံကြည်ကြသနည်း။ သူ့အပေါ် သင်တို့ယုံကြည်ခြင်း၏ စစ်မှန်မှုသည် အဘယ်မှာနည်း။ သင်တို့အနေဖြင့် သူ့ကို

မည်သို့ချစ်သနည်း။ သူ့ကို သင်တို့ချစ်ခြင်း၏ စစ်မှန်မှုသည် အဘယ်မှာနည်း။

လူအများအပြားသည် ယနေ့ထက်ထိတိုင် ငါ့နောက်သို့ မဆိုင်းမတွ လိုက်ခဲ့ကြသည်။ ထို့ကြောင့် ယခင်နှစ်များတစ်လျှောက်၌ သင်တို့သည် အလွန်ပင်ပန်းနွမ်းလျမှုကိုလည်း ခံစားခဲ့ကြရ၏။ ငါသည် သင်တို့ အယောက်စီတိုင်း၏ ပင်ကိုစရိုက်နှင့် အလေ့အထများကို စေ့စေ့စပ်စပ် နားလည်ပြီးဖြစ်သည်၊ သင်တို့တစ်ယောက်စီတိုင်းနှင့် ဆက်ဆံရသည်မှာ အလွန့်အလွန်ပင် ခဲယဉ်းလှသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ငါသည် သင်တို့အကြောင်း များစွာသိထားသော်လည်း သင်တို့သည် ငါ့အကြောင်းကို နည်းနည်းလေးမျှပင် နားမလည်ကြခြင်းဖြစ်သည်။ ထို့ကြောင့် စိတ်ရှုပ်ထွေးနေသည့်အချိန်၌ သင်တို့သည် နှပ်ချခြင်းကိုခံလိုက်ရသည်ဟု လူတို့က ပြောကြသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပေ။ စင်စစ် သင်တို့သည် ငါ၏စိတ်ထဲ၌ ရှိသည့်အရာကို နားလည်ရန်ဝေးစွ၊ ငါ၏စိတ်သဘောထားကိုပင် လုံးဝနားမလည်ကြချေ။ ယခုခေတ်တွင် သင်တို့၌ရှိသည့် ငါနှင့်ပတ်သက်သော လွဲမှားသည့် အမြင်များသည် တစ်မုဟုတ်ချင်း ကြီးထွားလာနေပြီး ငါ့အပေါ်၌ထားသော သင်တို့၏ ယုံကြည်ခြင်းသည်လည်း ဇဝေဇဝါဖြစ်နေသော ယုံကြည်ခြင်းဖြစ်နေသေးသည်။ သင်တို့သည် ငါ့ကိုယုံကြည်ကြသည်ဟု ပြောသည်ထက် သင်တို့သည် ငါ့ကို မျက်နှာလို မျက်နှာရလုပ်ရန် ကြိုးစားနေကြပြီး ငါ့ကို ကြိုးစားဖားနေကြသည်ဟု ပြောခြင်းက ပို၍သင့်တော်လိမ့်မည်။ ငါ့အား ဆုချနိုင်သူ မည်သူမဆို၏နောက်သို့ ငါလိုက်မည်ဖြစ်ပြီး၊ ဘုရားသခင်ဖြစ်စေ၊ မည်သည့်ဘုရားတစ်ပါးပါးဖြစ်စေ ငါ့အား ကြီးစွာသော ဘေးအန္တရာယ်ဆိုးများမှ လွတ်မြောက်စေနိုင်သူကို ငါယုံကြည်မည်ဟူသော သင်တို့၏ ရည်ရွယ်ချက်များသည် အလွန်ပင် ရိုးရှင်းလှသည်။ ယင်းတို့တွင် ငါအမှုထားစရာကိစ္စ တစ်ခုမျှမရှိပေ။ သင်တို့အထဲတွင် ထိုသို့သောသူများစွာရှိကာ ဤအခြေအနေသည် အလွန်စိုးရိမ်ဖွယ်ကောင်း၏။ အကယ်၍ တစ်နေ့တွင် သင်တို့အထဲမှ မည်ရွေ့မည်မျှတို့သည် ခရစ်တော်၏အနှစ်သာရကို ထိုးထွင်းမြင် သောကြောင့် ခရစ်တော်ကို ယုံကြည်ကြသည်ကို သိရန် စမ်းသပ်မှု တစ်ရပ်ပြုမည်ဆိုပါက သင်တို့အထဲမှ တစ်ယောက်တလေကမျှ ငါ့အတွက် စိတ်ကျေနပ်ဖွယ်မဖြစ်မည်ကို ငါစိုးရိမ်သည်။ သို့ဖြစ်၍ သင်တို့ ယုံကြည်သော ဘုရားသခင်သည် ငါနှင့် များစွာကွာခြားသည်၊ ထိုသို့ဖြစ်သောကြောင့် ဘုရားသခင်အပေါ်၌ထားသော သင်တို့ ယုံကြည်ခြင်း၏ အနှစ်သာရမှာ အဘယ်နည်းဟူသည့် မေးခွန်းကို သင်တို့အယောက်စီတိုင်း သုံးသပ်ဆင်ခြင်ကြည့်ပါက အကျိုးယုတ်မည် မဟုတ်ပေ။ သင်တို့၏ ဘုရားသခင်ဟုဆိုသောအရာကို သင်တို့ ယုံကြည်လေလေ၊ သင်တို့သည် ငါနှင့်ဝေးရာသို့ လမ်းလွဲလေလေဖြစ်သည်။ သို့ဖြစ်လျှင် ဤပြဿနာ၏ အဓိကအချက်မှာ အဘယ်နည်း။ ဤမေးခွန်းမျိုးကို သင်တို့အနေဖြင့်

မသုံးသပ်မဆင်ခြင်ဖူးသည်မှာ သေချာသည်၊ သို့သော် ဤမေးခွန်း၏ လေးနက်မှုကို သင်တို့ စဉ်းစားမိဖူးသလော။ ဤပုံစံမျိုးနှင့် ဆက်လက်ယုံကြည်နေခြင်း၏ အကျိုးဆက်များကို သင်တို့စဉ်းစားဖူးသလော။

ယနေ့ခေတ်တွင် သင်တို့သည် အရေးကိစ္စများစွာကို ရင်ဆိုင်နေရ၏၊ ထို့အပြင် သင်တို့အထဲမှ မည်သူကမျှ ပြဿနာဖြေရှင်းခြင်းကို မကျွမ်းကျင်ကြချေ။ ဤအခြေအနေအတိုင်း ဆက်ဖြစ်နေမည်ဆိုပါက ဆုံးရှုံးရန်အလားအလာရှိသူများမှာ သင်တို့ကိုယ်တိုင်သာ ဖြစ်သည်။ ဤအရေးကိစ္စများကို သင်တို့ခွဲခြားသိနိုင်အောင် သင်တို့ကို ငါကူညီမည်၊ သို့သော် ၎င်းတို့ကို ဖြေရှင်းရန်မှာမူ သင်တို့အပေါ် မူတည်၏။

အခြားသူများအပေါ် သံသယမထားသည့်သူများကို ငါသဘောကျသည်၊ ထို့အပြင် သမ္မာတရားကို မဆိုင်းမတွ လက်ခံသောသူများကိုလည်း ငါနှစ်သက်၏၊ ထိုသို့သောလူနှစ်မျိုးကို ငါအလွန်ဂရုစိုက်သည်၊ အဘယ်ကြောင့်ဆိုသော် ငါ၏အမြင်၌ သူတို့သည် ရိုးသားသောသူများ ဖြစ်ကြသောကြောင့်ဖြစ်သည်။ အကယ်၍ သင်တို့သည် လိမ်လည်လှည့်ဖျားတတ်လျှင် လူတိုင်းနှင့် ကိစ္စတိုင်းကို သတိထားပြီး သံသယဝင်နေမည်ဖြစ်၍ ငါ့အပေါ်၌ထားသော သင်တို့၏ ယုံကြည်ခြင်းသည် သံသယအုတ်မြစ်အပေါ်၌ တည်ထားသည့် ယုံကြည်ခြင်း ဖြစ်နေလိမ့်မည်။ ထိုသို့သော ယုံကြည်ခြင်းကို မည်သည့်အခါမျှ ငါအသိအမှတ်ပြုနိုင်မည် မဟုတ်ပေ။ စစ်မှန်သော ယုံကြည်ခြင်း မရှိသော သင့်တွင် စစ်မှန်သော ချစ်ခြင်းမေတ္တာ သာ၍ပင် ကင်းမဲ့နေသည်။ အကယ်၍ သင်သည် ဘုရားသခင်ကို သံသယဝင်တတ်သည့်အပြင် သင်ဆန္ဒရှိသည့်အတိုင်း သူ့အကြောင်းကို ထင်ကြေးပေးတတ်လျှင် သင်သည် လူတို့ထဲတွင် အလိမ်လည် အလှည့်ဖျားတတ်ဆုံးသူဖြစ်သည်မှာ သံသယဖြစ်စရာ မလိုပေ။ ခွင့်မလွှတ်နိုင်သော အပြစ်များဖြင့် ပြည့်နေသော၊ သေးသိမ်သည့် စရိုက်လက္ခဏာရှိသော၊ တရားမျှတမှုနှင့် ဆင်ခြင်တုံတရား ကင်းမဲ့သော၊ တရားမျှတသောသဘော ကင်းမဲ့သော၊ ရက်စက်သည့် နည်းပရိယာယ်များ ပြုတတ်သော၊ ဖောက်ပြန်ပြီး ကောက်ကျစ်သော၊ ဆိုးယုတ်မှုနှင့် အမှောင်ထုကို နှစ်သက်သော စသည့်စရိုက်လက္ခဏာများရှိသူ လူသားနှင့် ဘုရားသခင်တူနိုင်မတူနိုင်ကို သင်မှန်းဆသည်။ လူတို့၌ ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာ စိုးစဉ်းမျှပင် မရှိသောကြောင့် ၎င်းတို့တွင် ထိုသို့သောအတွေးများရှိခြင်းဖြစ်သည် မဟုတ်လော။ ထိုသို့သော ယုံကြည်ခြင်းသည် အပြစ်နှင့်ဘာမျှမထူး။ ထို့အပြင် ငါနှစ်သက်သောသူများသည် ခယဝယလုပ်ကာ ဖားတတ်သောသူများ အတိအကျပင်ဖြစ်ကြောင်း၊ ထိုသို့မလုပ်တတ်သူများသည် ဘုရားသခင်၏ အိမ်တော်တွင်

ကြိုဆိုခြင်းခံရမည်မဟုတ်ဘဲ သူတို့သည် ထိုအိမ်တော်ရှိ မိမိတို့၏နေရာကို ဆုံးရှုံးလိမ့်မည်ဖြစ်ကြောင်း ယုံကြည်ကြသူအချို့ပင် ရှိသည်။ ဤနှစ်များတစ်လျှောက် သင်တို့ဆည်းပူးထားသည်မှာ ဤအသိပညာတစ်ခုသာလော။ ဤသည်မှာ သင်တို့ရရှိခဲ့သောအရာလော။ ထို့ပြင် ငါနှင့်ပတ်သက်သော သင်တို့၏အသိအမြင်သည် ထိုသို့သော အထင်အမြင်မှားများသာမကပေ၊ သာ၍ဆိုးသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်ကို သင်တို့၏ စော်ကားခြင်းနှင့် ကောင်းကင်ဘုံကို ရှုတ်ချပြောဆိုခြင်းတို့ဖြစ်သည်။ ထို့ကြောင့် သင်တို့၏ ထိုသို့သော ယုံကြည်ခြင်းသည် ငါနှင့်ဝေးရာသို့ သင်တို့ကို လမ်းလွဲသွားစေ မည်သာဖြစ်ပြီး သင်တို့အား ငါ့ကို ပိုပြီးဆန့်ကျင်သူများ ဖြစ်စေမည်သာ ဖြစ်သည်ဟု ငါပြောခြင်းဖြစ်၏။ နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သည့် ကာလအတွင်းတွင် သင်တို့သည် သမ္မာတရားများစွာကို မြင်ခဲ့ပြီးဖြစ်သည်၊ သို့သော် ငါ၏နားက မည်သည့်အရာများ ကြားခဲ့သည်ကို သင်တို့သိသလော။ သင်တို့အထဲမှ လူမည်မျှသည် သမ္မာတရားကို လက်ခံရန် လိုလားကြသနည်း။ သမ္မာတရားအတွက် အဖိုးအခကိုပေးရန် သင်တို့လိုလိုလားလား ရှိသည်ဟု သင်တို့အားလုံးယုံကြည်ကြသည်၊ သို့သော် သင်တို့ထဲမှ လူမည်မျှသည် သမ္မာတရားအတွက် အမှန်တကယ် ဒုက္ခခံခဲ့ဖူးသနည်း။ သင်တို့၏ နှလုံးသားများထဲ၌ မဖြောင့်မတ်မှုများသာ ရှိသောကြောင့် မည်သူပင်ဖြစ်ပါစေ လူတိုင်းသည် ညီတူညီမျှပင် လိမ်လည်လှည့်ဖျားတတ်ပြီး ကောက်ကျစ်ကြသည်ဟု သင်တို့ယုံကြည်ကြ သည်မှာ လူ့ဇာတိခံယူသော ဘုရားသခင်သည် သာမန်လူတစ်ယောက် ကဲ့သို့ပင် ကြင်နာတတ်သော နှလုံးသား၊ သို့မဟုတ် စေတနာ မေတ္တာမရှိသူဟုပင် ယုံကြည်ကြသည်အထိ ဖြစ်တော့၏။ ထိုမျှမကသေး မြင့်မြတ်သော စရိုက်နှင့် သနားကြင်နာတတ်ကာ ကောင်းမြတ်သော သဘာဝသည် ကောင်းကင်ဘုံရှိ ဘုရားသခင်၌သာလျှင် ရှိသည်ဟု သင်တို့ယုံကြည်ကြသည်။ ထိုသို့သော သန့်ရှင်းသူမျိုးမရှိကြောင်း၊ မြေကြီးပေါ်တွင် အမှောင်ထုနှင့် ဆိုးယုတ်မှုကသာ အုပ်စိုးကြောင်း သင်တို့ယုံကြည်ကြပြီး ဘုရားသခင်ဆိုသည်မှာမူ ကောင်းသောအရာများ နှင့် လှပသောအရာများကို တောင့်တသော လူ၏ဆန္ဒကို ဖြည့်ဆည်းပေးမည့်သူ၊ လူတို့က လုပ်ကြံဖန်တီးထားသော ဒဏ္ဍာရီလာ ပုဂ္ဂိုလ်ဖြစ်သည်ဟု သင်တို့ယုံကြည်ကြသည်။ သင်တို့၏စိတ်ထဲတွင် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်သည် အလွန်တော်မှန်၍ ဖြောင့်မတ်ကာ ကြီးမြတ်ပြီး ကိုးကွယ်ခြင်းနှင့် နှစ်သက်လေးစားခြင်းကို ခံထိုက်သည်ဟု မြင်ကြပြီး မြေကြီးပေါ်၌ရှိသော ဤဘုရားသခင်မှာမူ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ကို အစားထိုးထားသူဖြစ်ပြီး တန်ဆာပလာတစ်ခုမျှသာ ဖြစ်သည်ဟု မြင်ကြသည်။ ဤဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်နှင့်

မတူညီနိုင်၊ တစ်တန်းတည်းထား၍ ဖော်ပြဖို့ဆိုသည်မှာ သာ၍မဖြစ်နိုင်ဟု သင်တို့ယုံကြည်ကြသည်။ ဘုရားသခင်၏ ကြီးမြတ်မှု၊ ဂုဏ်အသရေ နှင့်ပတ်သက်လာပါက ၎င်းတို့သည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်နှင့်သက်ဆိုင်သော်လည်း လူတို့၏သဘာဝ၊ ဖောက်ပြန်မှု နှင့်ပတ်သက်၍မူ ၎င်းတို့သည် မြေကြီးပေါ်၌ရှိသော ဘုရားသခင်နှင့် ဆိုင်သည့် ဂုဏ်သတ္တိများ ဖြစ်သည်ဟု သင်တို့ယုံကြည်ကြသည်။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်သည် ထာဝစဉ်မြင့်မြတ်သော်လည်း မြေကြီးပေါ်၌ရှိသော ဘုရားသခင်မှာမူ အစဉ်သဖြင့် အရေးမပါဘဲ အားနည်းကာ အရည်အချင်း မပြည့်မီဟု သင်တို့ယုံကြည်ကြသည်။ ကောင်းကင်ဘုံရှိ ဘုရားသခင်သည် စိတ်ခံစားမှုအတိုင်းမလုပ်တတ်၊ ဖြောင့်မတ်ခြင်းသာ ဖြစ်သော်လည်း မြေကြီးပေါ်တွင်ရှိသော ဘုရားသခင်၌မူ တစ်ကိုယ်ကောင်းဆန်သော ရည်ရွယ်ချက်များသာရှိပြီး မည်သည့်တရားမျှတမှု၊ သို့မဟုတ် မည်သည့်ဆင်ခြင်တုံတရားမျှ မရှိဟု သင်တို့ယုံကြည်ကြသည်။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်၌ ကောက်ကျစ်မှု အနည်းငယ်မျှ မရှိ၊ သူသည် အစဉ်အမြဲ သစ္စာရှိသော်လည်း မြေကြီးပေါ် ရှိ ဘုရားသခင်၌မူ မရိုးသားသောသဘောထား အစဉ်အမြဲရှိသည်ဟု သင်တို့ယုံကြည်ကြသည်။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်သည် လူသားကို မြတ်မြတ်နိုးနိုး ချစ်သော်လည်း မြေကြီးပေါ်၌ရှိသော ဘုရားသခင်မှာမူ လူသားကို ကောင်းကောင်း ဂရုမစိုက်၊ လုံးဝလျစ်လျူရှုထားခြင်းပင် ပြုသည်ဟု သင်တို့ယုံကြည် ကြသည်။ ဤမှားယွင်းသည့်အသိကို သင်တို့၏နှလုံးသားများထဲ၌ သိုထားသည်မှာ အချိန်ကြာပြီဖြစ်ပြီး အနာဂတ်တွင်လည်း အလားတူ ဆက်ဖြစ်နေနိုင်သည်။ ခရစ်တော်၏ လုပ်ဆောင်ချက်အားလုံးကို သင်တို့သည် မဖြောင့်မတ်သောသူတို့၏ ရှုထောင့်ဖြင့် ကြည့်ကြကာ ခရစ်တော်၏အလုပ်အပြင် ခရစ်တော်၏ ကိုယ်ပိုင်လက္ခဏာနှင့် အနှစ်သာရတို့ကိုလည်း သင်တို့သည် ကောက်ကျစ်သူတို့၏ ရှုထောင့်မှ သုံးသပ်ကြသည်။ သင်တို့ရှေ့မှလူများ မည်သည့်အခါကမျှ မလုပ်ဖူးသည့် ကြီးမားသော အမှားတစ်ခုကို သင်တို့ ကျူးလွန်ခဲ့ကြပြီ။ တစ်နည်းဆိုသော် ဦးခေါင်း၌ သရဖူဆောင်းထားသည့် ကောင်းကင်ဘုံရှိ မြင့်မြတ်သော ဘုရားသခင်ကိုသာ သင်တို့အစေခံကြပြီး အလွန်အရေးမပါလွန်းသဖြင့် သင်တို့အတွက် မြင်နိုင်စွမ်းမရှိဟု မှတ်ယူသည့် ဘုရားသခင်ကိုမူ မည်သည့်အခါကမျှ သင်တို့အစေမခံပေ။ ဤသည်မှာ သင်တို့၏အပြစ် မဟုတ်လော။ ဤသည်မှာ ဘုရားသခင်၏ စိတ်သဘောထားကို သင်တို့စော်ကားမှု၏ ဖြစ်ရိုးဖြစ်စဉ်နမူနာတစ်ခု မဟုတ်လော။ သင်တို့သည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ကို ကိုးကွယ်ကြသည်။ မြင့်မားသော ရုပ်တုများကို မြတ်နိုးကြပြီး နှုတ်ရေးကြွယ်ခြင်းကြောင့် ကျော်ကြားသူများကို အထင်ကြီးကြသည်။

သင်၏လက်ထဲသို့ ကြွယ်ဝချမ်းသာမှုများ ဖြည့်ပေးသော ဘုရားသခင်၏ အမိန့်ပေးခြင်းကို သင်ဝမ်းမြောက်စွာခံယူ၍ သင်၏အလိုဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေး နိုင်သည့် ဘုရားသခင်ကို အလွန်တမ်းတသည်။ သင်မကိုးကွယ်သည့် တစ်ဦးတည်းသောသူမှာ မမြင့်မြတ်သော ဤဘုရားသခင်သာ ဖြစ်သည်၊ သင်မုန်းသည့် တစ်ခုတည်းသောအရာမှာ မည်သည့်လူကမျှ အထင်မကြီးနိုင်သည့် ဤဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်းပင် ဖြစ်သည်။ သင်မလုပ်လိုသည့် တစ်ခုတည်းသောအရာမှာ သင့်ကို အသပြာတစ်ပြားမျှ မပေးဖူးသည့် ဤဘုရားသခင်ကို အစေခံခြင်းပင် ဖြစ်သည်၊ သူ့ကို သင်တောင့်တလာအောင် မလုပ်နိုင်သည့် တစ်ဦးတည်းသော သူမှာ ချစ်ဖွယ်မကောင်းသော ဤဘုရားသခင် ဖြစ်သည်။ ဤကဲ့သို့သော ဘုရားသခင်မျိုးသည် သင်၏ဆန္ဒကို ဖြည့်ဆည်းပေးဖို့ရန် မဆိုထားနှင့် သင်၏အမြင်ကျယ်လာအောင်၊ ရတနာတစ်ခုကိုတွေ့သကဲ့သို့ သင်ခံစားရအောင် မလုပ်ပေးနိုင်သော ဘုရားသခင်ဖြစ်သည်။ သို့ဖြစ်လျှင် သင်သည် အဘယ်ကြောင့် သူ့နောက်ကို လိုက်သနည်း။ ဤသို့သောမေးခွန်းမျိုးကို သင်တွေးတောခဲ့ ဖူးသလော။ သင်ပြုသောအရာသည် ခရစ်တော်ကို စော်ကားသည်သာ မဟုတ်ပေ၊ သာ၍အရေးကြီးသည်မှာ ထိုအရာသည် ကောင်းကင်ဘုံ၌ ရှိသော ဘုရားသခင်ကိုလည်း စော်ကားခြင်းဖြစ်၏။ ဘုရားသခင်ကို သင်တို့ယုံကြည်ခြင်း၏ ရည်ရွယ်ချက်မှာ ထိုသို့စော်ကားဖို့ မဟုတ်ဟု ငါထင်သည်။

သင်တို့ကို ဘုရားသခင်အားရနှစ်သက်ရန် သင်တို့တောင့်တကြသည်၊ သို့သော် သင်တို့သည် ဘုရားသခင်နှင့် ဝေးကွာလျက်ရှိ၏။ ထိုသို့ဆိုလျှင် ပြဿနာမှာ အဘယ်အရာဖြစ်သနည်း။ သင်တို့သည် သူ၏ နှုတ်ကပတ်တော်များကိုသာ လက်ခံကြပြီး သူ၏အစီအစဉ်တိုင်းကို လက်ခံနိုင်ရန်၊ သူ့ကို အပြည့်အဝယုံကြည်နိုင်ရန်ဝေးစွ၊ သူ၏ကိုင်တွယ် ဖြေရှင်းခြင်းနှင့် ပြုပြင်ခြင်းကိုပင် လက်မခံကြပေ။ ထိုသို့ဆိုလျှင် ပြဿနာမှာ အဘယ်အရာဖြစ်သနည်း။ နောက်ဆုံးဆန်းစစ်ကြည့်လျှင် သင်တို့၏ ယုံကြည်ခြင်းသည် အကောင်လုံးဝမပေါက်နိုင်သော ဗလာဥခွံဖြစ်သည်။ အကြောင်းမှာ သင်တို့၏ ယုံကြည်ခြင်းသည် သင်တို့ထံသို့ သမ္မာတရား မယူဆောင်လာပေး၊ သို့မဟုတ် အသက်ကို မပေးဘဲ ထိုအစား ဆက်လက်အသက်ရှင်နိုင်သည်ဟူသည့် လွဲမှားသော ခံစားချက်နှင့် မျှော်လင့်ခြင်းကိုသာ ပေးခဲ့သည်။ ဘုရားသခင်ကို သင်တို့ယုံကြည်ခြင်း၏ ရည်ရွယ်ချက်မှာ ထိုသို့သော လွဲမှားသည့် ခံစားချက်နှင့် မျှော်လင့်ခြင်းဖြစ်သည်၊ သမ္မာတရားနှင့် အသက်တို့ မဟုတ်ပေ။ ထို့အတွက်ကြောင့် ဘုရားသခင်ကို သင်တို့ယုံကြည်ခြင်း၏ ဖြစ်စဉ်သည် ခယဝယလုပ်ခြင်းနှင့် အရှက်အကြောက်မဲ့ခြင်းမှတစ်ဆင့် ဘုရားသခင်ကို မျက်နှာလို မျက်နှာရလုပ်ရန် ကြိုးစားခြင်းသက်သက်ဖြစ်၍ စစ်မှန်သော ယုံကြည်ခြင်းအဖြစ် မည်သည့်နည်းနှင့်မျှ

မသတ်မှတ်နိုင်ဟု ငါပြောခြင်းဖြစ်၏။ ဤသို့သော ယုံကြည်ခြင်းမျိုးမှ မည်သို့လျှင် အကောင်ပေါက်နိုင်မည်နည်း။ တစ်နည်းအားဖြင့် ဤသို့သော ယုံကြည်ခြင်းမျိုးသည် မည်သည့်အရာကို အထမြောက်စေနိုင်သနည်း။ ဘုရားသခင်ကို သင်တို့ယုံကြည်ကြခြင်း၏ ရည်ရွယ်ချက်မှာ သင်တို့၏ ကိုယ်ပိုင်ရည်မှန်းချက်များကို စွမ်းဆောင်ရရှိရန် သူ့ကို အသုံးချဖို့ဖြစ်၏။ ဤသည်မှာ ဘုရားသခင်၏ စိတ်သဘောထားကို သင်တို့စော်ကားခြင်း အကြောင်း နောက်ထပ်အချက်အလက်တစ်ခုဖြစ်သည် မဟုတ်လော။ သင်တို့သည် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ တည်ရှိမှုကို ယုံသော်လည်း မြေကြီးပေါ် ရှိ ဘုရားသခင်၏ တည်ရှိမှုကိုမူ ငြင်းပယ်ကြ၏၊ သို့ရာတွင် သင်တို့၏အမြင်များကို ငါအသိအမှတ်မပြု၊ လက်တွေ့ကျကာ မြေကြီးပေါ်၌ရှိသော ဘုရားသခင်ကို အစေခံသောသူများကိုသာ ငါချီးကျူးပြီး မြေကြီးပေါ်၌ရှိသော ခရစ်တော်ကို တစ်ကြိမ်တစ်ခါမျှ အသိအမှတ် မပြုသူများကိုမူ ငါလုံးဝမချီးကျူးပေ။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ကို ထိုသို့သောသူများက မည်မျှပင် သစ္စာစောင့်သိသည်ဖြစ်စေ အဆုံး၌ သူတို့သည် ကောက်ကျစ်သောသူများကို အပြစ်ပေးသည့် ငါ့လက်မှ လွတ်မြောက်မည်မဟုတ်။ ထိုသူတို့သည် ကောက်ကျစ်သော သူများ ဖြစ်ကြ၏၊ ဘုရားသခင်ကို ဆန့်ကျင်ပြီး ခရစ်တော်ကို မည်သည့်အခါကမျှ ဝမ်းမြောက်ဝမ်းသာ မနာခံဖူးသော ဆိုးယုတ်သူများ ဖြစ်ကြသည်။ မှန်ပေ၏၊ ထိုသူတို့အထဲတွင် ခရစ်တော်ကို မသိသောသူများ၊ ထို့အပြင် ခရစ်တော်ကို အသိအမှတ်မပြုသောသူများအားလုံး ပါဝင်သည်။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်အပေါ် သစ္စာစောင့်သိနေသရွေ့ ခရစ်တော်ကို မိမိစိတ်ကြိုက် ဆက်ဆံနိုင်သည်ဟု သင်ယုံကြည်သလော။ မှားလေစွ။ ခရစ်တော်ကို သင်မသိခြင်းသည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ကို မသိခြင်းပင် ဖြစ်သည်။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ကို မည်မျှပင် သင်သစ္စာစောင့်သိသည်ဖြစ်စေ ယင်းမှာ အချည်းနှီးစကားနှင့် ဟန်ဆောင်မှုမျှသာဖြစ်သည်၊ အဘယ်ကြောင့် ဆိုသော် မြေကြီးပေါ်၌ရှိသော ဘုရားသခင်သည် သမ္မာတရားနှင့် သာ၍နက်နဲသော အသိဉာဏ်ကို လူတို့လက်ခံရရှိရာတွင် အခရာကျသည် သာမကဘဲ လူကို ဝေဖန်ရှုတ်ချခြင်းနှင့် ထိုအရာပြီးနောက် ကောက်ကျစ်သောသူများကို အပြစ်ဒဏ်ပေးရန် အချက်အလက်များ ရယူရာတွင်လည်း အခရာကျသောကြောင့်ဖြစ်သည်။ ကောင်းသည့် ရလဒ်များ နှင့် ဆိုးသည့်ရလဒ်များကို သင်နားလည်ပြီလော။ ထိုရလဒ်များကို သင်ခံစားဖူးပြီလော။ ဘုရားသခင်ကို သိဖို့အတွက် သင်တို့သည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်ကို သိရမည်သာမက သာ၍အရေးကြီးသည်မှာ မြေကြီးပေါ်၌ရှိသော ဘုရားသခင်ကို သိရမည်ဟူသည့် သမ္မာတရားကို သင်တို့တစ်နေ့နားလည်လာဖို့ ငါအလိုရှိသည်။

မည်သည့်အရာကို ဦးစားပေးသင့်ကြောင်းကို ဇဝေဇဝါမဖြစ်နှင့်၊ သို့မဟုတ် အဓိကမဟုတ်သည့် အရာကို အဓိကနှင့် အစားမထိုးနှင့်။ သို့မှသာ ဘုရားသခင်နှင့် ကောင်းမွန်သော ဆက်ဆံရေးကို အမှန်တကယ် သင်တည်ဆောက်နိုင်မည်၊ ဘုရားသခင်နှင့် အမှန်တကယ် ပိုရင်းနှီးနိုင်မည်၊ သင်၏နှလုံးသားကို ဘုရားသခင်နှင့် ပိုနီးအောင် အမှန်တကယ် လုပ်ဆောင်နိုင်မည် ဖြစ်သည်။ သင့်အနေဖြင့် ယုံကြည်လာသည်မှာ နှစ်ပေါင်းများစွာကြာနေပြီး ငါနှင့်ပေါင်းသင်းဆက်ဆံလာခဲ့သည်မှာ ကာလကြာမြင့်နေပြီဖြစ်သော်လည်း ငါနှင့် ဝေးကွာ နေသေးလျှင် သင်သည် ဘုရားသခင်၏ စိတ်သဘောထားကို မကြာခဏ စော်ကားသောကြောင့် ဖြစ်ရမည်ဖြစ်ပြီး သင်၏အဆုံးကိုလည်း ခန့်မှန်းဖို့ အလွန်ခက်ပေလိမ့်မည်ဟု ငါပြော၏။ ငါနှင့် နှစ်ပေါင်းများစွာကြာအောင် ပေါင်းသင်းဆက်ဆံခဲ့ခြင်းက သင့်ကို လူ့သဘာဝရှိသောသူ၊ သမ္မာတရားရှိသောသူအဖြစ် ပြောင်းလဲအောင် ဆောင်ရွက်နိုင်ခြင်း မရှိသည်သာမက သင်၏ဆိုးယုတ်သော စရိုက်များကို သင်၏သဘာဝထဲတွင် အရိုးစွဲသွားအောင်ပြုပါက၊ ထို့အပြင် သင်သည် ယခင်ကထက် နှစ်ဆနှစ်ပြန် မာနထောင်လွှားလာသည်သာမကဘဲ ငါ့အပေါ် သင်၏အထင်အမြင်လွဲခြင်းများသည်လည်း တိုးပွားလာလိုက် သည်မှာ ငါ့ကိုပင် သင်၏လက်ထောက်လေးတစ်ဦးအဖြစ် သဘောထား လာသည်အထိ ဖြစ်လာပါက သင်၏ရောဂါသည် အရေပြား၌သာမက အရိုးထိတိုင်အောင် စွဲနေပြီဟု ငါပြော၏။ သင်လုပ်ရန်မှာ သင့်အတွက် အသုဘအစီအစဉ် လုပ်ပေးသည်ကို စောင့်ရန်သာ ကျန်တော့၏။ သို့ပြုလျှင် သင်သည် ငါ့ကို သင်၏ဘုရားသခင်ဖြစ်ပေးပါရန် အသနားခံဖို့ မလိုတော့ပေ၊ အကြောင်းမှာ သင်သည် ခွင့်မလွှတ်နိုင်သောအပြစ်၊ သေဒဏ်ပေးထိုက်သောအပြစ်ကို ကျူးလွန်ထားသောကြောင့် ဖြစ်သည်။ ငါသည် သင့်ကို ကရုဏာထားနိုင်သော်မှ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်က သင်၏အသက်ကို နုတ်ယူဖို့ အပြင်းအထန် တောင်းဆိုမည်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ စိတ်သဘောထားကို သင်၏စော်ကားခြင်းသည် သာမန်ပြဿနာတစ်ခု မဟုတ်ဘဲ အလွန်ကြီးလေးသည့်သဘာဝရှိသော ပြဿနာတစ်ခု ဖြစ်သောကြောင့်ဖြစ်သည်။ အချိန်တန်လျှင် သင့်ကို ကြိုတင်၍ သတိမပေးဟု ငါ့ကို အပြစ်မတင်နှင့်။ အစပြန်ကောက်ရမည်ဆိုလျှင်- သင်သည် မြေကြီးပေါ်၌ရှိသော ဘုရားသခင်ဖြစ်သူ ခရစ်တော်ကို သာမန်လူတစ်ဦးအဖြစ်သာ သတ်မှတ်ဆက်ဆံလျှင်၊ တစ်နည်းအားဖြင့် ဤဘုရားသခင်သည် သာမန်လူတစ်ယောက်ထက်မပိုဟု ယုံကြည်လျှင် သင်ပျက်စီးရပေလိမ့်မည်။ ဤသည်မှာ သင်တို့အားလုံးအတွက် ငါ၏တစ်ခုတည်းသော သတိပေးချက်ပင်တည်း။

# အလွန်ကြီးလေးသော ပြဿနာတစ်ခု- သစ္စာဖောက်ခြင်း (၁)

များမကြာမီ ငါ၏အမှု ပြီးစီးမည်ဖြစ်ကာ အတူဖြတ်သန်းသော နှစ်ပေါင်းစွာသည် မခံရပ်နိုင်သော မှတ်ဉာဏ်တစ်ခု ဖြစ်လာလေပြီ။ ငါသည် ငါ၏နှုတ်ကပတ်တော်တို့ကို မရပ်မနား ထပ်တလဲလဲ ပြောဆိုကာ ငါ၏ အမှုသစ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်လေပြီ။ ဟုတ်ပေ၏၊ ငါ၏ အကြံပြုချက်သည် ငါလုပ်ဆောင်သော အမှု အပိုင်းအစ အသီးသီး၏ မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ငါ၏ အကြံဉာဏ်မပါဘဲနှင့်၊ သင်တို့အားလုံး လမ်းလွဲသွားမည် ဖြစ်သည့်အပြင် လုံးဝ ဘာလုပ်ရ၊ ဘာပြောရမှန်းမသိပင် ဖြစ်နေကြကြောင်း သင်တို့ကိုယ်သင်တို့ တွေ့လိမ့်မည်။ ငါ၏အမှုသည် ယခု ပြီးစီးတော့မည်ဖြစ်ပြီး ယင်း၏ နောက်ဆုံးအဆင့်တွင် ရှိ၏။ အကြံဉာဏ် ပေးခြင်းအမှုကို ငါ လုပ်ဆောင်ဖို့ ဆန္ဒရှိသေး၏၊ ဆိုလိုသည်မှာ သင်တို့ ကြားဖို့ အကြံပြုစကားများ ပေးရန်ဖြစ်သည်။ ငါမျှော်လင့်သည်မှာ သင်တို့အနေဖြင့် ငါ ခံစားပြီးဖြစ်သည့် နာကျင်မှုများကို အလဟဿဖြစ်ခွင့် ပေးနိုင်ကြမည် မဟုတ်သကဲ့သို့၊ ထို့ထက် ငါလုပ်ဆောင်ပြီးဖြစ်သည့် စဉ်းစဉ်းစားစား စောင့်ရှောက်မှုကို သင်တို့ နားလည်နိုင်ကာ၊ ငါ၏နှုတ်ကပတ်တော်များကို လူသားတစ်ဦးအနေနှင့် သင်တို့ ပြုမူပုံ၏ အခြေခံအုတ်မြစ်အဖြစ် သဘောထားနိုင်ကြလိမ့်မည်ဟုသာ ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များသည် သင်တို့ နားထောင်လိုသည့် စကားမျိုး ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ၊ ၎င်းတို့အား လက်ခံရခြင်း၌ သင်တို့ မွေ့လျော်သည်ဖြစ်စေ မမွေ့လျော်သည်ဖြစ်စေ၊ သို့မဟုတ် ကသိကအောက်ဖြစ်ခြင်းဖြင့်သာ ၎င်းတို့ကို သင်တို့ လက်ခံနိုင်သည်ဖြစ်စေ၊ ထိုနှုတ်ကပတ်တော်တို့ကို သင်တို့ အလေးအနက် သဘောထားရမည်။ သို့မဟုတ်ပါက သင်တို့၏ သာမန်ကာလျှံကာဖြစ်ပြီး အရေးမစိုက်သော စိတ်သဘောထားများနှင့် ပြောဆိုပြုမူပုံတို့သည် ငါ့ကို အပြင်းအထန် စိတ်မချမ်းမြေ့ဖြစ်စေမည်ဖြစ်ပြီး၊ ကေန်အမှန် ငါ့ကို စက်ဆုပ်ရွံရှာစေလိမ့်မည်။ သင်တို့အားလုံးသည် ငါ၏ နှုတ်ကပတ်တော်များကို အဖန်တလဲလဲ- အကြိမ်ထောင်ချီ- ဖတ်ရှုနိုင်ပြီး ၎င်းတို့ကို အလွတ်ကျက်မှတ်၍ပင် သိရှိလာနိုင်မည်ဟု ငါလွန်စွာ မျှော်လင့်သည်။ ဤနည်းဖြင့်သာ သင်တို့သည် သင်တို့နှင့်ဆိုင်သော ငါ၏မျှော်လင့်ချက်များကို ပျက်ကွက်နိုင်မည် မဟုတ်ချေ။ သို့ရာတွင် ယခုအခါ သင်တို့ တစ်ဦးတစ်ယောက်မျှ ဤသို့ အသက်ရှင်ခြင်း မရှိကြပေ။ ဆန့်ကျင်ဘက်အနေဖြင့်၊ သင်တို့အားလုံးသည် ကိုယ်ကျင့်တရားပျက်သော ဘဝတစ်ခု၊ သင်တို့ အားရကျေနပ်သည်အထိ စားသောက်သည့် ဘဝတစ်ခုတွင် နစ်မြုပ်ကြပြီး၊ သင်တို့ထဲမှ မည်သူမျှ သင်တို့၏ စိတ်နှလုံးနှင့်

စိတ်ဝိညာဉ်ကို ကြွယ်ဝချမ်းသာစေဖို့ ငါ၏နှုတ်ကပတ်တော်များကို အသုံးမပြုကြပေ။ ဤအကြောင်းကြောင့် လူသားမျိုးနွယ်၏ စစ်မှန်သော စရိုက်နှင့်ပတ်သက်၍ ကောက်ချက်တစ်ခု ချလိုက်ပြီဖြစ်သည်- လူသားသည် ငါ့ကို အချိန်မရွေး သစ္စာဖောက်နိုင်ပြီး မည်သူမျှ ငါ၏ နှုတ်ကပတ်တော်များကို အကြွင်းမဲ့ သစ္စာမရှိနိုင်ပေ။

"လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို အလွန်ခံရပြီးဖြစ်သည်မှာ လူ့အသွင်သဏ္ဍာန် မရှိတော့ချေ။" လူအများစုက ဤစကားရပ်ကို အတိုင်းအတာတစ်ခုထိ ယခု သတိပြုမိကြသည်။ ငါရည်ညွှန်းသည့် "သတိပြုမိခြင်း" သည် စစ်မှန်သော အသိပညာနှင့် ဆန့်ကျင်ဘက်ဖြစ်သော အပေါ်ယံ အသိအမှတ်ပြုခြင်းမျှသာ ဖြစ်သောကြောင့် ဤအရာကို ငါပြောရခြင်း ဖြစ်သည်။ သင်တို့တွင် မည်သူမျှ မိမိကိုယ်ကိုယ် တိတိကျကျ အကဲဖြတ်ခြင်း သို့မဟုတ် စေ့စပ်စွာ စိစစ်နိုင်ခြင်း မရှိသဖြင့်၊ သင်တို့သည် ငါ၏နှုတ်ကပတ်တော်များနှင့် ပတ်သက်၍ မရေမရာ ဖြစ်မြဲဖြစ်ကြလေသည်။ သို့သော် ယခုတစ်ကြိမ်တွင် ငါသည် သင်တို့အတွင်း၌ တည်ရှိသော အဆိုးရွားဆုံး ပြဿနာကို ရှင်းပြဖို့ အမှန်တရားများကို ငါအသုံးပြုလျက် ရှိသည်။ ထိုပြဿနာသည် သစ္စာဖောက်ခြင်း ဖြစ်သည်။ သင်တို့အားလုံးသည် "သစ္စာဖောက်ခြင်း" ဟူသည့် စကားနှင့် ရင်းနှီးကြ၏၊ အဘယ်ကြောင့်ဆိုသော် လူအများစုသည် လင်ယောကျာ်းက မိမိမယားကို သစ္စာဖောက်ခြင်း၊ မယားက မိမိလင်သားကို သစ္စာဖောက်ခြင်း၊ သားဖြစ်သူက ဖခင်ကို သစ္စာဖောက်ခြင်း၊ သမီးဖြစ်သူက သူမ၏မိခင်ကို သစ္စာဖောက်ခြင်း၊ ကျွန်ဖြစ်သူက သူ၏သခင်ကို သစ္စာဖောက်ခြင်း၊ မိတ်ဆွေအချင်းချင်း သစ္စာဖောက်ခြင်း၊ ဆွေမျိုးသားချင်း အချင်းချင်းသစ္စာဖောက်ခြင်း၊ ကုန်ရောင်းသူများက ဝယ်သူတို့ကို သစ္စာဖောက်ခြင်း စသည်တို့ကဲ့သို့သော သူတစ်ပါးကို သစ္စာဖောက်သည့် အရာတစ်ခုခု လုပ်မိကြပြီး ဖြစ်သောကြောင့် ဖြစ်သည်။ ဤသာဓကများအားလုံးတွင် သစ္စာဖောက်ခြင်း၏ အနှစ်သာရ ပါရှိ၏။ အတိုချုပ်အားဖြင့်၊ သစ္စာဖောက်ခြင်းသည် ကတိတစ်ခုကို ချိုးဖောက်ခြင်း၊ ကိုယ်ကျင့်တရား စည်းမျဉ်းများကို ချိုးဖောက်ခြင်း၊ သို့မဟုတ် လူမှု ကျင့်ဝတ်များကို ဆန့်ကျင်လျက် ပြုမူခြင်း၊ လူသားသဘာဝ ဆုံးရှုံးမှု ပြသခြင်း ပုံစံတစ်ခု ဖြစ်သည်။ ယေဘုယျအားဖြင့် ပြောရလျှင်၊ ဤလောကထဲသို့ မွေးဖွားခဲ့သည့် လူသားတစ်ဦးအနေဖြင့်၊ အခြားလူသား တစ်ဦးအပေါ် သစ္စာဖောက်သည့် တစ်ခုခု လုပ်ဖူးသည်ကို သတိရသည်ဖြစ်စေ သို့မဟုတ် ယခင်က အခြားသူများကို ကြိမ်ဖန်များစွာ သစ္စာဖောက်ဖူးသည်ဖြစ်စေ၊ သင်တို့သည် သမ္မာတရားကို သစ္စာဖောက်ခြင်းနှင့်ညီမျှသည့် အရာတစ်ခုကို ကျူးလွန်ပြီး ဖြစ်ပေလိမ့်မည်။ သင်၏မိဘများ သို့မဟုတ် မိတ်ဆွေများကို သင် သစ္စာဖောက်နိုင်စွမ်း ရှိသဖြင့်၊ သင်သည် တစ်ပါးသူများကို သစ္စာဖောက်နိုင်စွမ်းရှိပြီး၊ ထို့အပြင် ငါ့ကို

သစ္စာဖောက်နိုင်စွမ်း ရှိကာ ငါစက်ဆုပ်သောအရာများကို လုပ်နိုင်စွမ်းရှိပေသည်။ တစ်နည်းအားဖြင့်ပြောရလျှင်၊ သစ္စာဖောက်ခြင်းသည် အပေါ်ယံ အကျင့်ပျက်သော အပြုအမူတစ်ခုမျှသာ မဟုတ်ဘဲ၊ သမ္မာတရားနှင့် ဆန့်ကျင်သည့် အရာတစ်ခု ဖြစ်သည်။ ဤသည်မှာ ငါ့အပေါ် လူသားမျိုးနွယ်၏ ခုခံခြင်းနှင့် မနာခံခြင်း၏ အရင်းအမြစ် အတိအကျ ဖြစ်သည်။ ထို့ကြောင့် အောက်ပါ ထွက်ဆိုချက်ဖြင့် ငါ အကျဉ်းချုပ်ရခြင်း ဖြစ်သည်- သစ္စာဖောက်ခြင်းသည် လူ့သဘာဝ ဖြစ်ပြီး၊ ဤသဘာဝသည် ငါနှင့် ကိုက်ညီသည့် လူအသီးသီး၏ ကြီးမားသော ရန်သူ ဖြစ်သည်။

ငါ့ကို အကြွင်းမဲ့ မနာခံနိုင်သော အပြုအမူသည် သစ္စာဖောက်ခြင်း ဖြစ်၏။ ငါ့အပေါ် သစ္စာမစောင့်သိနိုင်သည့် အပြုအမူသည် သစ္စာဖောက်ခြင်း ဖြစ်သည်။ ငါ့ကို လိမ်လည်ခြင်းနှင့် ငါ့ကို လှည့်စားရန် မုသားများကို သုံးခြင်းသည် သစ္စာဖောက်ခြင်း ဖြစ်သည်။ အယူအဆများစွာကို သိုထားခြင်းနှင့် ထိုအယူအဆများကို နေရာအနှံ့တွင် ဖြန့်ခြင်းသည် သစ္စာဖောက်ခြင်း ဖြစ်၏။ ငါ၏ သက်သေခံချက်များနှင့် အကျိုးစီးပွားများကို မထိန်းသိမ်းနိုင်ခြင်းသည် သစ္စာဖောက်ခြင်း ဖြစ်သည်။ စိတ်နှလုံးထဲ၌ ငါနှင့် ဝေးကွာချိန်တွင် ဟန်ဆောင်အပြုံးများ ပြုံးပြခြင်းသည် သစ္စာဖောက်ခြင်း ဖြစ်၏။ ဤအရာများအားလုံးသည် သင်တို့ အမြဲလုပ်နိုင်စွမ်းရှိခဲ့သည့် သစ္စာဖောက်ခြင်း လုပ်ရပ်များဖြစ်ပြီး၊ ၎င်းတို့သည် သင်တို့ကြားတွင် မဆန်းတော့ပေ။ သင်တို့ထဲမှ မည်သူမျှက ဤအရာကို ပြဿနာတစ်ခုအဖြစ် ထင်ကြမည် မဟုတ်နိုင်သော်လည်း၊ ငါ တွေးထင်သည်မှာ ဤသို့မဟုတ်ပေ။ ငါသည် ငါ့အပေါ် လူတစ်ဦး၏ သစ္စာဖောက်ခြင်းအား အရေးမကြီးသော ကိစ္စတစ်ခုအဖြစ် သဘောမထားနိုင်သကဲ့သို့၊ ထိုအရာကို ဧကန်မုချ ငါ လျစ်လျူမရှုနိုင်။ ယခုတွင် ငါသည် သင်တို့အလယ် အလုပ်လုပ်သည့်အချိန်တွင်၊ သင်တို့သည် ဤနည်းဖြင့် ပြုမူကြ၏- သင်တို့ကို စောင့်ရှောက်မည့်သူ တစ်ဦးမျှမရှိသည့် နေ့ရောက်လာပါက၊ သင်တို့သည် မိမိတို့ကိုယ်ကိုယ် ရှင်ဘုရင်များအဖြစ် ကြွေးကြော်ခဲ့ကြသည့် ဓားပြများကဲ့သို့ ဖြစ်ကြလိမ့်မည် မဟုတ်လော။ ထိုသို့ ဖြစ်ပျက်ပြီး ကပ်ဘေးတစ်ခုကို သင်တို့ ဖြစ်စေသည့်အခါ၊ သင့်နောက်တွင် ရှင်းလင်းဖို့ မည်သူ ရှိလိမ့်မည်နည်း။ အချို့သော သစ္စာဖောက်သည့် လုပ်ရပ်များသည် သင်တို့၏ ထပ်တလဲလဲ ဖြစ်သော အပြုအမူမဟုတ်ဘဲ၊ ရံဖန်ရံခါဖြစ်တတ်သော ဖြစ်ရပ်များမျှသာ ဖြစ်ပြီး၊ သင်တို့၏ မာနကို ထိခိုက်သည့်နည်းလမ်းဖြင့် ထိုသို့ ပြင်းပြင်းထန်ထန် ဆွေးနွေးဖို့ မထိုက်တန်ဟု သင်တို့ ထင်ကြသည်။ သင်တို့သည် ထိုသို့အမှန်တကယ် တွေးထင်ပါက၊ သင်တို့သည် အသိစိတ်မဲ့ကြပေသည်။ ထိုသို့တွေးခြင်းသည် ပုန်ကန်မှု၏ နမူနာနှင့် ပုံစံတစ်ခု ဖြစ်သည်။ လူသား၏ သဘာဝသည် သူ၏အသက် ဖြစ်သည်။ ယင်းသည် သူ ရှင်သန်ဖို့

အားထားသည့် စည်းမျဉ်းတစ်ခု ဖြစ်ပြီး၊ ယင်းကို သူ မပြောင်းလဲနိုင်ပေ။ သစ္စာဖောက်ခြင်း၏ သဘောသဘာဝသည်လည်း ထိုနည်းတူဖြစ်၏- သင်သည် ဆွေမျိုး သို့မဟုတ် မိတ်ဆွေတစ်ဦးကို သစ္စာဖောက်ဖို့ တစ်စုံတစ်ခုကို လုပ်ဆောင်နိုင်ပါက၊ ယင်းသည် သင့်ဘဝ၏ အစိတ်အပိုင်းဖြစ်ပြီး မွေးရာပါ သဘာဝ ဖြစ်သည်ကို သက်သေပြပေသည်။ ဤသည်မှာ မည်သူမျှ မငြင်းနိုင်သည့် အရာတစ်ခု ဖြစ်သည်။ ဥပမာအနေဖြင့်၊ လူတစ်ဦးသည် သူတစ်ပါးထံမှ ခိုးယူခြင်းကို မွေ့လျော်ပါက၊ ၎င်းတို့အနေဖြင့် တစ်ခါတစ်ရံ ခိုးယူနိုင်ပြီး၊ တစ်ခါတစ်ရံ မခိုးယူနိုင်သော်လည်း၊ ဤ ''ခိုးယူခြင်းကို ပျော်မွေ့ခြင်း'' သည် ၎င်းတို့၏ ဘဝအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ၎င်းတို့ ခိုးသည်ဖြစ်စေ၊ မခိုးသည်ဖြစ်စေ၊ ၎င်းတို့၏ ခိုးယူခြင်းသည် အမူအကျင့် တစ်မျိုးမျှသာ ဖြစ်သည်ဟု သက်သေမပြနိုင်ပေ။ ယင်းထက် ၎င်းတို့၏ ခိုးယူခြင်းသည် ၎င်းတို့ဘဝ၏ အစိတ်အပိုင်းဖြစ်သည်ကို သက်သေပြပေသည်- ယင်းမှာ ၎င်းတို့၏ သဘာဝဖြစ်၏။ အချို့က မေးလိမ့်မည်- ခိုးယူခြင်းသည် ၎င်းတို့၏ သဘာဝဖြစ်သည့်အတွက်၊ ပစ္စည်းကောင်းများကို ၎င်းတို့ မြင်သည့်အခါ၊ တစ်ခါတစ်ရံ အဘယ်ကြောင့် မခိုးကြသနည်း။ အဖြေမှာ အလွန်ရိုးရှင်း၏။ ၎င်းတို့ မခိုးရသည့် အကြောင်းရင်း များစွာရှိ၏။ စောင့်ကြည့်နေသော မျက်စိများအောက်မှ အလစ်သုတ်ဖို့ ထိုအရာက ကြီးလွန်းသောကြောင့် သို့မဟုတ် လုပ်ဖို့ အဆင်ပြေသည့်အချိန် မရှိသောကြောင့်၊ သို့မဟုတ် အရာတစ်ခုသည် ဈေးကြီးလွန်းပြီး အလွန်တင်းကျပ်စွာ စောင့်ကြပ်ထားသောကြောင့်၊ သို့မဟုတ် ထိုအရာကို ၎င်းတို့ အထူး စိတ်ဝင်စားမှု မရှိကြ၍ ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် သူတို့အဖို့ ထိုအရာက မည်သို့ အသုံးဝင်မည်ကို မသိနိုင်ကြသောကြောင့် စသည်ဖြင့် တစ်စုံတစ်ရာကို ၎င်းတို့ မခိုးယူခြင်း ဖြစ်ကောင်း ဖြစ်နိုင်ပေ။ ဤအကြောင်းရင်းများ အားလုံးသည် ဖြစ်နိုင်၏။ သို့သော် မည်သို့ပင်ဖြစ်စေကာမူ၊ အရာတစ်ခုကို ၎င်းတို့ ခိုးသည် ဖြစ်စေ၊ မခိုးသည်ဖြစ်စေ၊ ယင်းက ဤအတွေးသည် တစ်ခဏ လျှပ်တစ်ပြက်သာ တည်ရှိသည်ဟု သက်သေမပြနိုင်ပေ။ ဆန့်ကျင်ဘက်အနေဖြင့်၊ ယင်းသည် သာ၍ ကောင်းဖို့အတွက် ပြောင်းလဲရန် ခက်ခဲသည့် ၎င်းတို့ သဘာဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ထိုသို့သော လူတစ်ဦးသည် တစ်ကြိမ်မျှ ခိုးယူခြင်းဖြင့် မကျေနပ်ပေ။ အခြားသူတို့၏ ပိုင်ဆိုင်မှုများကို မိမိတို့၏ ကိုယ်ပိုင်အဖြစ် ယူသည့် ထိုသို့သော အတွေးများသည် ကောင်းသောအရာတစ်ခုခု သို့မဟုတ် သင့်တော်သည့် အခြေအနေတစ်ခုနှင့် ကြုံသည့်အချိန်တိုင်း ဖြစ်ပေါ်လေသည်။ ထို့ကြောင့် ဤအတွေး၏ ဇာစ်မြစ်သည် တစ်ခါတစ်ရံ ကြုံခိုက်ဆုံခိုက် မရည်ရွယ်ဘဲ ပြုလုပ်သည့် အရာတစ်ခုမျှသာ မဟုတ်ဘဲ၊ ဤလူ၏ ကိုယ်ပိုင် သဘာဝထဲတွင် ရှိသည့်အရာတစ်ခု ဖြစ်သည်ဟု ငါ ပြောရခြင်း ဖြစ်သည်။

မည်သူမဆို မိမိတို့၏ စစ်မှန်သော သွင်ပြင်ကို ကိုယ်စားပြုဖို့ မိမိတို့၏ ကိုယ်ပိုင် စကားများနှင့် လုပ်ရပ်များကို အသုံးပြုနိုင်၏။ ဟုတ်ပေ၏၊ ဤစစ်မှန်သော သွင်ပြင်သည် ၎င်းတို့၏ သဘာဝ ဖြစ်သည်။ သင်သည် ဝေ့လည်ကြောင်ပတ် နည်းလမ်းဖြင့် စကားပြောသူ ဖြစ်ပါက၊ သင်သည် ကွေ့ကောက်သော သဘာဝ ရှိ၏။ သင်၏သဘာဝသည် ကောက်ကျစ်စဉ်းလဲပါက၊ သင်သည် လှည့်ဖြားတတ်သော နည်းလမ်းဖြင့် ပြုမူပြီး အခြားသူများအနေဖြင့် သင်၏ လှည့်ဖြားမှုကို ခံရဖို့ အလွန် လွယ်ကူစေသည်။ သင်၏ သဘာဝသည် အလွန်ယုတ်မာပါက၊ သင်၏စကားများသည် နားဝင်ချိုလိမ့်မည် ဖြစ်သော်လည်း၊ သင့်အပြုအမူများသည် သင်၏ ယုတ်မာသော လှည့်ကွက်များကို မဖုံးကွယ်နိုင်ပေ။ သင်၏သဘာဝသည် ပျင်းရိပါက၊ သင် ပြောသမျှအားလုံးသည် သင်၏ ဝတ်ကျေတမ်းကျေ ဖြစ်ခြင်းနှင့် ပျင်းရိမှုအတွက် တာဝန်ယူမှုကို ခေါင်းရှောင်ရန်သာ ရည်ရွယ်သည်။ ပြီးလျှင် သင်၏ လုပ်ရပ်များသည် နှေးကွေးကာ ဝတ်ကျေတမ်းကျေ ဖြစ်လိမ့်မည်ဖြစ်ပြီး၊ သမ္မာတရားကို ဖုံးကွယ်ရာတွင် အတော်အတန် ကျွမ်းကျင်လိမ့်မည်။ သင်၏သဘာဝသည် စာနာတတ်ပါက၊ သင်ပြောသော စကားသည် အကျိုးသင့် အကြောင်းသင့် ရှိလိမ့်မည်ဖြစ်ပြီး၊ သင်၏ လုပ်ဆောင်ချက်များသည်လည်း သမ္မာတရားနှင့် ကောင်းစွာ ကိုက်ညီလိမ့်မည်။ သင်၏သဘာဝသည် သစ္စာရှိပါက၊ သင်၏စကားများသည် ဧကန်မုချ ရိုးသားစစ်မှန်ပြီး သင် လုပ်ဆောင်ပုံသည် သင်၏ သခင်ကို မသက်မသာ ဖြစ်စေနိုင်မည့် မည်သည့်အရာမဆိုနှင့် ကင်းရှင်းလျက် အခြေခိုင်ပေသည်။ သင်၏သဘာဝသည် ရာဂစိတ်ပြင်းထန်ပါက သို့မဟုတ် ငွေကို တပ်မက်ခြင်းရှိပါက၊ သင်၏စိတ်နှလုံးသည် ဤအရာများဖြင့် မကြာခဏ ပြည့်နှက်နေလိမ့်မည်ဖြစ်ကာ၊ သင်သည် လူတို့ ပေါ့ပေါ့တန်တန် မေ့ပျောက်မည် မဟုတ်သကဲ့သို့၊ လူတို့ကို စက်ဆုပ်ရွံရှာစေမည့် စံသွေပြီး အကျင့်ပျက်သော လုပ်ဆောင်ချက်များကို အမှတ်တမဲ့ ကျူးလွန်မိလိမ့်မည်။ ငါပြောခဲ့သည့်အတိုင်းပင်၊ သင်သည် သစ္စာဖောက်တတ်သော သဘာဝရှိပါက၊ ထိုသဘာဝမှ သင့်ကိုယ်သင် မည်သည့်အခါမျှ မလွတ်မြောက်စေနိုင်ပေ။ သင်သည် အခြားသူများအပေါ် အမှားမကျူးလွန်ဖူးပါက၊ သင်၌ သစ္စာဖောက်တတ်သော သဘာဝ မရှိဟူ၍ ကံကို မကိုးစားနှင့်။ သင်ဤသို့တွေးထင်ပါက၊ သင်သည် အကယ်ပင် ရွံစရာကောင်းပေသည်။ ငါပြောသည့် အကြိမ်တိုင်း၊ ငါ၏စကားများ အားလုံးသည် လူတစ်ဦး သို့မဟုတ် လူတစ်မျိုးကိုသာ မရည်ရွယ်ဘဲ၊ လူအားလုံးကို ရည်ရွယ်ပေသည်။ ကိစ္စတစ်ခု၌ ငါ့ကို သင် သစ္စာမဖောက်ခြင်းကြောင့်သာ အခြားကိစ္စတွင် ငါ့ကို သင် သစ္စာမဖောက်နိုင်ဟု သက်သေမပြပေ။ သမ္မာတရားကို ရှာဖွေရာတွင်၊ လူအချို့သည် ၎င်းတို့၏ အိမ်ထောင်ရေးထဲက ဆုတ်ဆိုင်းမှုများ အတောအတွင်းတွင် ၎င်းတို့၏

ယုံကြည်မှုစိတ်ချမှု ပျောက်ဆုံးကြသည်။ လူအချို့သည် မိသားစု ပြိုကွဲသည့် အတောအတွင်းတွင် ငါ့ကို သစ္စာရှိဖို့ ၎င်းတို့၏ တာဝန်ကို စွန့်လွှတ်ကြသည်။ လူအချို့သည် တဒင်္ဂ ပျော်ရွှင်မှုနှင့် စိတ်လှုပ်ရှားမှုကို ရှာရန် ငါ့ကို စွန့်ပစ်ကြသည်။ လူအချို့မှာ အလင်းတွင် အသက်ရှင်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်၌ မွေ့လျော်ခြင်းကို ရရှိသည်ထက် မှောင်မိုက်သော လှိုဏ်ထဲ ကျဆင်းလိုကြသည်။ လူအချို့သည် မိမိတို့၏ ကြွယ်ဝချမ်းသာမှုကို တပ်မက်မောခြင်းကို ဖြည့်ဆည်းဖို့အတွက် မိတ်ဆွေများ၏ အကြံပြုချက်ကို လျစ်လျူရှုကြပြီး၊ ယခုပင်လျှင် ၎င်းတို့၏ အမှားများကို ဝန်မခံနိုင်ကြသကဲ့သို့ ၎င်းတို့၏ လမ်းကြောင်းကို မပြောင်းလဲနိုင်ကြပေ။ လူအချို့သည် ငါ၏ကွယ်ကာမှုကို ရရှိရန်အလို့ငှာ ငါ့နာမအောက်တွင် ခဏတစ်ဖြုတ် အသက်ရှင်ကြစဉ်တွင်၊ အခြားသူတို့မှာ အသက်ကို ဖက်တွယ်ပြီး သေခြင်းကို ကြောက်ရွံ့ကြသောကြောင့် မတတ်သာ၍ ငါ့ထံ အနည်းငယ်မျှသာ ဆက်ကပ် အပ်နှံကြလေသည်။ ဤအရာများနှင့် အခြားသော အကျင့်ပျက်သည့်အပြင် သိက္ခာမဲ့သော လုပ်ရပ်များသည် လူတို့ ၎င်းတို့ စိတ်နှလုံး အတွင်းနက်ရှိုင်းသော နေရာထဲတွင် အချိန်ကြာမြင့်စွာကတည်းက ငါ့ကို သစ္စာဖောက်ကြပြီးဖြစ်သည့် အပြုအမူများ ဖြစ်သည် မဟုတ်လော။ ဟုတ်ပေ၏၊ လူတို့သည် ငါ့ကို သစ္စာဖောက်ဖို့ ကြိုတင်မစီစဉ်ကြသည်ကို ငါ သိ၏။ ၎င်းတို့၏ သစ္စာဖောက်ခြင်းသည် ၎င်းတို့၏ သဘာဝဗီဇ၏ သဘာဝအလျောက် ဖော်ပြချက်ဖြစ်သည်။ မည်သူမျှ ငါ့ကို သစ္စာမဖောက်လိုကြသကဲ့သို့၊ ငါ့ကို သစ္စာဖောက်ဖို့ တစ်စုံတစ်ရာ လုပ်ဆောင်ခဲ့သောကြောင့် မည်သူမျှ မပျော်ရွှင်ပေ။ ဆန့်ကျင်ဘက်အနေဖြင့်၊ ၎င်းတို့သည် ကြောက်ရွံ့မှုဖြင့် တုန်လှုပ်နေကြသည် မဟုတ်လော။ ထို့ကြောင့် ဤသစ္စာဖောက်မှုများကို မည်သို့ အဖတ်ဆယ်ကြမည်ဆိုသည်နှင့် လက်ရှိအခြေအနေကို မည်သို့ ပြောင်းလဲမည်ဆိုသည်ကို သင်တို့ တွေးနေကြသလော။

# အလွန်ကြီးလေးသော ပြဿနာတစ်ခု- သစ္စာဖောက်ခြင်း (၂)

လူသား၏ သဘာဝဗီဇသည် ငါ၏ အနှစ်သာရနှင့် အတော်အတန် ကွဲပြား၏။ အဘယ်ကြောင့်ဆိုသော် လူသား၏ ဖောက်ပြန်ပျက်စီးသော သဘာဝမှာ စာတန်ထံမှ လုံးလုံးလျားလျား အစပြုသည့်အတွက်၊ လူသား၏ သဘာဝဗီဇသည် စာတန်၏ စီမံပြုပြင်ခြင်းခံရပြီး ဖျက်ဆီးခြင်းခံရသည့်အတွက် ဖြစ်၏။ ယင်းမှာ လူသားသည် စာတန်၏ ဆိုးယုတ်မှုနှင့် အကျည်းတန်မှု၏ လွှမ်းမိုးမှုအောက် အသက်ရှင်ခြင်းဖြစ်သည်။ လူသားသည် သမ္မာတရား၏ လောက သို့မဟုတ် သန့်ရှင်းသော ပတ်ဝန်းကျင် တစ်ခုထဲတွင်ပင်

မကြီးပြင်းပေ၊ ထို့အပြင် အလင်းထဲတွင် အသက်ရှင်ခြင်း သာ၍ပင် မရှိပေ။ ထို့ကြောင့်၊ မည်သူမဆိုသည် မွေးဖွားခြင်း အခိုက်အတန့်မှ ၎င်းတို့၏ သဘာဝဗီဇအတွင်းတွင် သမ္မာတရားကို ပိုင်ဆိုင်ဖို့မှာ မဖြစ်နိုင်သကဲ့သို့ မည်သူမဆို ဘုရားသခင်ကို ကြောက်ရွံ့ပြီး နာခံသော အနှစ်သာရတစ်ခုဖြင့် မွေးဖွားဖို့ သာ၍ မဖြစ်နိုင်ပေ။ ဆန့်ကျင်ဘက်အနေဖြင့်၊ လူတို့သည် ဘုရားသခင်ကို အာခံသည့်၊ ဘုရားသခင်ကို မနာခံသည့် သဘာဝဗီဇတစ်ခုရှိပြီး သမ္မာတရားအတွက် ချစ်ချင်းမေတ္တာ မရှိချေ။ ဤသဘာဝဗီဇသည် ငါ ဆွေးနွေးချင်သည့် ပြဿနာ- သစ္စာဖောက်ခြင်း- ဖြစ်၏။ သစ္စာဖောက်ခြင်းသည် ဘုရားသခင်အပေါ် လူအသီးသီး အာခံခြင်း၏ အရင်းအမြစ်ဖြစ်သည်။ ဤသည်မှာ လူသားထဲတွင်သာ တည်ရှိပြီး ငါ့အထဲတွင် မရှိသည့် ပြဿနာတစ်ခု ဖြစ်သည်။ ခရစ်တော်ကဲ့သို့ပင် လူအားလုံး လောကထဲတွင် အသက်ရှင်သည့်အတွက်၊ လူသားအားလုံးတွင် ဘုရားသခင်ကို သစ္စာဖောက်သည့် သဘာဝရှိသော်လည်း ခရစ်တော်၌ အဘယ်ကြောင့် မရှိပါသနည်းဟု အချို့က မေးကြလိမ့်မည်။ ဤသည်မှာ သင်တို့အား ရှင်းရှင်းလင်းလင်း ရှင်းပြရမည့် ပြဿနာတစ်ခု ဖြစ်သည်။

လူသားမျိုးနွယ်တည်ရှိခြင်း၏ အခြေခံမှာ ဝိညာဉ်၏ အဖန်ဖန် လူဝင်စားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင်၊ ၎င်းတို့၏ ဝိညာဉ်က လူဝင်စားချိန်တွင် လူတိုင်းသည် ဇာတိပကတိဖြင့် လူ့ဘဝတစ်ခုကို ရရှိ၏။ လူ့ခန္ဓာတစ်ခု မွေးဖွားပြီးနောက်တွင်၊ နောက်ဆုံးအခိုက်အတန့်ဖြစ်သည့် ဝိညာဉ်က မိမိ၏ အခွံကို စွန့်ခွာသည့်အချိန်၊ ဇာတိပကတိက နောက်ဆုံး ဆက်၍ မရှင်သန်နိုင်တော့သည်အထိ ထိုခန္ဓာ၏ အသက်သည် ဆက်လက် ရှင်သန်လေသည်။ လူတစ်ဦး၏ ဝိညာဉ်သည် အကြိမ်ကြိမ် သွားလိုက် လာလိုက် ဖြစ်နေလျက်၊ ဤဖြစ်စဉ်သည် အဖန်ဖန် ဖြစ်ကာ၊ ဤသို့ဖြင့် လူသားမျိုးနွယ်၏ တည်ရှိခြင်းကို ဆက်လက် ထိန်းသိမ်း ထားလေသည်။ ဇာတိပကတိ၏ အသက်သည် လူ့ဝိညာဉ်၏ အသက်လည်းဖြစ်ပြီး၊ လူ့ဝိညာဉ်က လူသား၏ ဇာတိပကတိ တည်ရှိခြင်းကို ထောက်ပံ့ပေးလေသည်။ ယင်းမှာ လူအသီးသီး၏ အသက်သည် ၎င်းတို့၏ ဝိညာဉ်ထံမှ လာပြီး အသက်သည် ဇာတိပကတိတွင် မွေးရာပါ မဟုတ်ဟု ဆိုလိုသည်။ ထို့ကြောင့် လူ့သဘာဝဗီဇသည် ဝိညာဉ်ထံမှလာပြီး၊ ဇာတိပကတိထံမှ မဟုတ်ချေ။ လူအသီးသီး၏ ဝိညာဉ်ကသာ စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းများ၊ ဝေဒနာနှင့် ဖောက်ပြန်ပျက်စီးခြင်းတို့အား ၎င်းတို့ မည်သို့ တွေ့ကြုံကြပြီးဖြစ်သည်ကို သိသည်။ ဤအရာများသည် လူသား၏ ဇာတိပကတိအဖို့ မသိရှိနိုင်သော အရာများ ဖြစ်သည်။ ထို့ကြောင့်၊ လူသားနှင့် ငါကိုယ်တိုင်ကြားက အကွာအဝေးမှာ သာ၍ ကြီးမားလာပြီး လူသားမျိုးနွယ်အတွက် အသက်တာသည် သာ၍ သာ၍ မှောင်မိုက်လာစဉ်တွင်၊ လူသားမျိုးနွယ်သည် အမှတ်တမဲ့ သာ၍ မှောင်မိုက်လာသည်၊ သာ၍

ညစ်ညူးလာပြီး သာ၍ သာ၍ ဆိုးညစ်လာလေသည်။ စာတန်သည် လူသားမျိုးနွယ်၏ ဝိညာဉ်များကို သူ၏ လက်ထဲတွင် ထိန်းသိမ်းထားသောကြောင့်၊ လူသား၏ ဇာတိပကတိသည်လည်း စာတန်၏ သိမ်းပိုက်ခြင်း ခံရသည်မှာ မှန်ပေ၏။ ထိုသို့သော ဇာတိပကတိနှင့် ထိုသို့သော လူသားမျိုးနွယ်သည် ဘုရားသခင်ကို အဘယ်သို့ မဆန့်ကျင်ဘဲ နေနိုင်မည်နည်း။ ၎င်းတို့သည် သူနှင့် အဘယ်သို့ ပင်ကိုအားဖြင့် သဟဇာတဖြစ်နိုင်မည်နည်း။ စာတန်ကို လေထုထဲသို့ ငါ ပစ်ချသည့်အကြောင်းရင်းမှာ သူသည် ငါ့ကို သစ္စာဖောက်သောကြောင့် ဖြစ်သည်။ ထို့နောက် လူသားတို့သည် ၎င်းတို့၏ ပတ်သက်မှု အဘယ်သို့ လွတ်ကင်းနိုင်မည်နည်း။ ဤသည်မှာ သစ္စာဖောက်ခြင်းက လူသား သဘာဝဗီဇဖြစ်ရသည့် အကြောင်းရင်း ဖြစ်သည်။ ဤတွေးခေါ်မြော်မြင်မှုကို သင်တို့ နားလည်သည်နှင့်တစ်ပြိုင်နက် ခရစ်တော်၏ အနှစ်သာရကိုလည်း သင်တို့ ယုံကြည်မှုရှိသင့်သည်ဟု ငါယုံကြည်၏။ ဘုရားသခင်၏ ဝိညာဉ် ဝတ်ဆင်ခဲ့သည့် ခန္ဓာသည် ဘုရားသခင်ကိုယ်တိုင်၏ ခန္ဓာဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်သည် အထွတ်အထိပ်ဖြစ်၏။ သူသည် အနန္တတန်ခိုးရှိသည်၊ သန့်ရှင်းပြီး ဖြောင့်မတ်လေသည်။ အလားတူပင်၊ သူ၏ခန္ဓာသည်လည်း အထွတ်အထိပ်ဖြစ်ပြီး၊ အနန္တတန်ခိုးရှိကာ သန့်ရှင်း၍ ဖြောင့်မတ်လေသည်။ ထိုသို့သော ခန္ဓာတစ်ခုသည် ဖြောင့်မတ်ပြီး လူသားမျိုးနွယ်အဖို့ အကျိုးပြုသည့်အရာ၊ သန့်ရှင်းပြီး၊ မွန်မြတ်ကာ အနန္တတန်ခိုးနှင့်ပြည့်စုံသည့် အရာကိုသာ လုပ်ဆောင်နိုင်လေသည်။ သူသည် သမ္မာတရားကို ချိုးဖောက်သည့်၊ ကိုယ်ကျင့်တရားနှင့် တရားမျှတမှုတို့ကို ချိုးဖောက်သည့် မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်စွမ်းမရှိသည့်အပြင် ဘုရားသခင်၏ ဝိညာဉ်ကို သစ္စာဖောက်သည့်အရာ မည်သည့်အရာကိုမဆို သာ၍ပင် လုပ်နိုင်စွမ်းမရှိပေ။ ဘုရားသခင်၏ ဝိညာဉ်သည် သန့်ရှင်း၏၊ ထို့ကြောင့် သူ၏ ခန္ဓာကို စာတန်က မဖျက်ဆီးနိုင်ပေ။ သူ၏ ခန္ဓာသည် လူသား၏ ဇာတိပကတိနှင့် ကွဲပြားသော အနှစ်သာရ ရှိလေသည်။ အကြောင်းမူကား၊ စာတန်၏ ဖျက်ဆီးခြင်းခံရသည်မှာ ဘုရားသခင်မဟုတ်ဘဲ လူဖြစ်သောကြောင့် ဖြစ်သည်။ စာတန်သည် ဘုရားသခင်၏ ခန္ဓာကို ဖောက်ပြန်ပျက်စီးစေဖို့ မဖြစ်နိုင်ပေ။ ထို့ကြောင့်၊ လူသားနှင့် ခရစ်တော်သည် နေရာတစ်ခုတည်းအတွင်း နေထိုင်ကြသည် ဆိုသည့်အချက် ရှိသော်ငြားလည်း၊ စာတန်၏ ဝင်ပူးခြင်းခံရကာ၊ အသုံးပြုခံရပြီး အမိဖမ်းခံရသည်မှာ လူသားသာ ဖြစ်သည်။ ဆန့်ကျင်ဖက်အနေဖြင့်၊ ခရစ်တော်ကို စာတန်၏ ဖောက်ပြန်ပျက်စီးခြင်း ထာဝရ မသက်ရောက်နိုင်ပေ၊ အဘယ့်ကြောင့်ဆိုသော် စာတန်သည် အမြင့်ဆုံးသော နေရာသို့ တက်ကြွခြင်းငှာ ဘယ်သောအခါမျှ တတ်စွမ်းနိုင်လိမ့်မည် မဟုတ်သကဲ့သို့၊ ဘုရားသခင်ထံ

ဘယ်သောအခါမျှ တိုးဝင်ချဉ်းကပ် နိုင်လိမ့်မည် မဟုတ်သောကြောင့်ဖြစ်သည်။ ယနေ့တွင်၊ စာတန်၏ ဖျက်ဆီးခြင်းခံရသည်နှင့်အမျှ ငါ့ကို သစ္စာဖောက်သည်မှာ လူသားမျိုးနွယ်သာ ဖြစ်သည်ကို သင်တို့အားလုံး သိသင့်၏။ သစ္စာဖောက်ခြင်းသည် ခရစ်တော် နည်းနည်းမျှ ပါဝင်သည့် ကိစ္စရပ် ဘယ်သောအခါမျှ ဖြစ်လိမ့်မည် မဟုတ်ပေ။

စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရသည့် ဝိညာဉ် အားလုံးသည် စာတန်၏ အုပ်စိုးမှုထဲတွင် ထိန်းသိမ်းခံထားရသည်။ ခရစ်တော်ကို ယုံကြည်သောသူတို့ကိုသာ ခွဲထားပြီး၊ စာတန်၏ စခန်းမှ ကယ်တင်ခံရကာ ယနေ့၏ နိုင်ငံတော်ထဲသို့ ခေါ်ဆောင်ခံရလေသည်။ ဤလူများသည် စာတန်၏ လွှမ်းမိုးမှုအောက်တွင် အသက်မရှင်ကြတော့ချေ။ သို့သော်ငြားလည်း၊ လူသား၏ သဘာဝ ဗီဇသည် လူသား၏ ဇာတိပကတိထဲ အမြစ်တွယ်ဆဲဖြစ်သည်၊ ယင်းမှာ သင်တို့၏ ဝိညာဉ်သည် ကယ်တင်ခံရပြီးဖြစ်သော်လည်း သင်တို့၏ သဘာဝဗီဇက ယခင်အတိုင်း ရှိဆဲဖြစ်ပြီး၊ ငါ့ကို သင်တို့ သစ္စာဖောက်မည့် အလားအလာက တစ်ရာရာခိုင်နှုန်း ရှိနေဆဲ ဖြစ်သည်ဟု ဆိုလိုသည်။ ထို့ကြောင့် သင်တို့၏ သဘာဝဗီဇက ပေကတ်ကတ်နိုင်သည်နှင့်အမျှ ငါ၏ အမှု အလွန်ရှည်ကြာရခြင်း ဖြစ်သည်။ ယခု၊ သင်တို့၏ တာဝန်များကို သင်တို့ ဖြည့်ဆည်းကြသည်နှင့်အမျှ၊ သင်တို့၏ အရည်အချင်းရှိသမျှ ဆင်းရဲဒုက္ခများကို သင်တို့အားလုံး ကြုံနေကြရပေသည်၊ သို့တိုင် သင်တို့အသီးသီးသည် ငါ့ကို သစ္စာဖောက်နိုင်စွမ်းရှိကြပြီး စာတန်၏ အုပ်စိုးမှုဆီသို့၊ သူ၏ စခန်းဆီသို့ ပြန်သွားနိုင်စွမ်းရှိကြသကဲ့သို့၊ သင်တို့၏ အသက်တာဟောင်းများဆီသို့ ပြန်သွားနိုင်စွမ်း ရှိကြသည်- ဤသည်မှာ ငြင်းမရနိုင်သည့် အချက်တစ်ခု ဖြစ်သည်။ ထိုအချိန်တွင်၊ ယခု သင်တို့ ပြသကဲ့သို့ လူ့သဘာဝ သို့မဟုတ် လူသားနှင့် ဆင်တူမှု အနည်းငယ်မျှ ပြဖို့ရန် သင်တို့အတွက် ဖြစ်နိုင်လိမ့်မည် မဟုတ်။ ကြီးလေးသည့် ကိစ္စရပ်များတွင်၊ သင်တို့ ဖျက်ဆီးခံရလိမ့်မည်ဖြစ်ပြီး၊ ထို့ထက်ပို၍၊ ထာဝရ ကံဆိုးမိုးမှောင်ကျကိန်းကြုံလိမ့်မည်၊ ပြင်းပြင်းထန်ထန် အပြစ်ပေးခံရလိမ့်မည်၊ ဘယ်သောအခါမျှ တစ်ဖန် လူဝင်စားလိမ့်မည် မဟုတ်ချေ။ ဤသည်မှာ သင်တို့ရှေ့တွင် ချထားသည့် ပြဿနာ ဖြစ်သည်။ ဤနည်းဖြင့် သင်တို့ကို ငါ သတိပေးသည်မှာ ပထမဦးစွာ ငါ၏ အမှု အချည်းနှီးမဖြစ်ဖို့ရန် အလို့ငှာဖြစ်ပြီး၊ ဒုတိယအနေဖြင့် အလင်း၏ နေ့ရက်များထဲတွင် သင်တို့အားလုံး အသက်ရှင်နိုင်ကြဖို့ အလို့ငှာ ဖြစ်သည်။ အမှန်တွင်၊ ငါ၏ အမှု အချည်းနှီးဖြစ်သည်၊ မဖြစ်သည်က အရေးကြီးသည့် ပြဿနာ မဟုတ်ပေ။ အရေးကြီးသည့်အရာမှာ သင်တို့သည် ပျော်ရွှင်သော ဘဝများနှင့် အံ့သြဖွယ် အနာဂတ်တစ်ခု ရှိနိုင်ကြဖို့ ဖြစ်သည်။ ငါ၏ အမှုမှာ လူတို့၏ ဝိညာဉ်များကို ကယ်တင်ခြင်း အမှု ဖြစ်သည်။ သင်၏ ဝိညာဉ်သည် စာတန်၏ လက်ထဲသို့ ကျရောက်ပါက၊ သင်၏ ခန္ဓာသည်

ငြိမ်သက်ခြင်းဖြင့် အသက်ရှင် လိမ့်မည် မဟုတ်။ ငါသည် သင်၏ ခန္ဓာကို ကွယ်ကာပေးနေပါက၊ သင်၏ ဝိညာဉ်သည်လည်း ငါ၏ စောင့်ရှောက်မှုအောက်တွင် ဧကန်မုချ ရှိလိမ့်မည်။ သင့်ကို အမှန်တကယ် ငါ စက်ဆုပ်ပါက၊ သင်၏ ခန္ဓာနှင့် ဝိညာဉ်တို့သည် စာတန်၏ လက်ထဲသို့ တစ်ပြိုင်နက်တည်း ကျရောက်လိမ့်မည်။ ထိုအခါ သင်၏ အခြေအနေကို သင် စိတ်ကူးနိုင်သလော။ တစ်နေ့ ငါ၏ နှုတ်ကပတ်တော်များသည် သင့်အပေါ် ကျွဲပါးစောင်းတီးဖြစ်ပါက၊ ငါ့ကို သစ္စာဖောက်သည့် သင်တို့၏ စိတ်နှလုံးများ ဘယ်သောအခါမျှ ပြောင်းလဲလိမ့်မည် မဟုတ်သည့်အတွက်၊ ငါ၏ အမျက်ဒေါသ လုံး၀ ကွယ်ပျောက်သည်အထိ သင့်ကို ဝေဒနာပြင်းထန်သော ညှဉ်းဆဲမှုကို ခံစေမည့် စာတန်ဆီ လုံး၀ ငါ လွှဲပြောင်းပေးအပ်မည်၊ သို့မဟုတ် ရွေးနှုတ်ကယ်တင်မရသည့် အသင် လူသားတို့ကို ငါ ကိုယ်တိုင်ကိုယ်ကျ အပြစ်ပေးမည်။

သင်တို့အားလုံးသည် ငါ့ကို သစ္စာဖောက်ခြင်း မည်မျှ သင်တို့အတွင်း ကျန်ရှိသည်ကို မြင်ဖို့ရန် ယခု မြန်နိုင်သမျှမြန်မြန် မိမိကိုယ်ကိုယ် စုံစမ်းစစ်ဆေးသင့်၏။ သင်တို့၏ တုန့်ပြန်မှုကို စိတ်မရှည်စွာ ငါ စောင့်ဆိုင်းနေ၏။ ငါနှင့် ဆက်ဆံရာတွင် ဝတ်ကျေတမ်းကျေ မဖြစ်နှင့်။ လူတို့နှင့် ငါ ဘယ်သောအခါမျှ ပေါ့ပေါ့ဆဆ ဆက်ဆံခြင်းမရှိ။ တစ်စုံတစ်ရာ ငါပြုမည်ဟု ဆိုပါက၊ ထိုအရာကို သေချာပေါက် ငါ ပြု၏။ သင်တို့ အသီးသီးသည် ငါ၏ နှုတ်ကပတ်တော်များကို အလေးအနက် ခံယူကြသည့် သူတစ်ဦးဖြစ်ပြီး ၎င်းတို့ကို သိပ္ပံ စိတ်ကူးယဉ်ဇာတ်လမ်းကဲ့သို့ ထင်လိမ့်မည်မဟုတ်ဟု ငါ မျှော်လင့်၏။ ငါလိုချင်သည်မှာ သင်တို့ထံမှ ခိုင်လုံသော လုပ်ရပ်ဖြစ်သည်၊ သင်တို့၏ စိတ်ကူးစိတ်သန်းများ မဟုတ်ပေ။ ထို့နောက်၊ ငါ၏ အောက်ပါ မေးခွန်းများကို သင်တို့ ဖြေကြရမည်- ၁။ သင်သည် အမှန်တကယ် အစေခံသူတစ်ဦး ဖြစ်ပါက၊ လျော့ရဲမှု သို့မဟုတ် အပျက်သဘောဆောင်ခြင်း တစ်ခုမျှ မပါဘဲ၊ သင်သည် ငါ့ကို သစ္စာရှိရှိ အစေခံမှု ပေးနိုင်သလော။ ၂။ သင့်ကို ငါ လုံး၀ အသိအမှတ်မပြုသည်ကို သင် တွေ့ရှိပါက၊ သင်သည် ဆက်လက် နေထိုင်ပြီး ငါ့ကို ရာသက်ပန် အစေခံမှု ပေးနိုင်ဦးမည်လော။ ၃။ သင်သည် အားထုတ်မှုများစွာ အသုံးပြုပြီးဖြစ်သော်လည်း သင့်ကို ငါ အလွန်စိမ်းကားဆဲဖြစ်ပါက၊ မထင်ပေါ်ဘဲ သင်သည် ငါ့အတွက် ဆက်လက် အလုပ်လုပ်နေနိုင်မည်လော။ ၄။ ငါ့အတွက် သုံးစွဲခြင်းများ ပြုပြီးသည့်နောက်၊ သင်၏ အသေးအဖွဲ တောင်းဆိုချက်များကို ငါ မဖြည့်ဆည်းပေးပါက၊ သင်သည် ငါနှင့်ပတ်သက်၍ စိတ်အားငယ်ကာ စိတ်ပျက်လာမည်လော သို့မဟုတ်၊ ဒေါသပင် ထွက်လာပြီး အော်ဟစ် ဆဲရေးမည်လော။ ၅။ ငါ့အတွက် ချစ်ခြင်းများစွာနှင့်အတူ အစဉ်အမြဲ အလွန် သစ္စာစောင့်သိပြီးသည့်တိုင် မကျန်းမာမှု၊ ဆင်းရဲမှုနှင့် သင်၏ မိတ်ဆွေများ၊ ဆွေမျိုးများ၏

စွန့်ပစ်ခြင်းတည်းဟူသော ညှဉ်းဆဲမှုကို သင် ခံရပါက၊ သို့မဟုတ် ဘဝတွင် အခြားကံအကြောင်းမလှသည့် ဖြစ်ရပ်တစ်ခုကို သင် ကြုံကြွခံရပါက၊ ငါ့အတွက် သင်၏ သစ္စာစောင့်သိခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ ဆက်ရှိဦးမည်လော။ ၆။ သင်၏ စိတ်နှလုံးထဲက သင် စိတ်ကူးထားသည့် မည်သည့်အရာကမျှ ငါ လုပ်ဆောင်ခဲ့သည့်အရာနှင့် တစ်ထပ်တည်းမဖြစ်ပါက၊ သင်၏ အနာဂတ်လမ်းကြောင်းကို သင် မည်သို့ လျှောက်လှမ်းလိမ့်မည်နည်း။ ၇။ သင် ရရှိဖို့ မျှော်လင့်ခဲ့သည့် အရာများ တစ်ခုကိုမျှ သင် မရရှိပါက၊ သင်သည် ငါ၏ နောက်လိုက်အဖြစ် ဆက်လက်ရှိနိုင်မည်လော။ ၈။ ငါ့အမှု၏ ရည်ရွယ်ချက်နှင့် အဓိပ္ပါယ်ကို သင် လုံးဝ နားမလည်ပါက၊ သင်သည် ထင်ရာမြင်ရာ ဝေဖန်မှုများနှင့် ကောက်ချက်ချမှုများ မပြုလုပ်သည့် နာခံသော လူတစ်ဦး ဖြစ်နိုင်သလော။ ၉။ ငါသည် လူသားမျိုးနွယ်နှင့်အတူတကွ ရှိစဉ်တွင်၊ ငါ ပြောပြီးသည့် နှုတ်ကပတ်တော်များအားလုံးနှင့် ငါပြုပြီးသည့် အမှုအားလုံးကို သင် တန်ဖိုးထားနိုင်သလော။ ၁၀။ သင်သည် မည်သည့်အရာကိုမျှ မရရှိသော်လည်း ငါ့အတွက် တစ်သက်တာ ဆင်းရဲဒုက္ခကို ကြုံကြွခံရန် လိုလားလျက် ငါ၏ သစ္စာရှိသော နောက်လိုက်တစ်ဦး ဖြစ်နိုင်သလော။ ၁၁။ ငါ့အဖို့အလို့ငှာ၊ သင်၏ အနာဂတ် ရှင်သန်ရေး လမ်းကြောင်းအတွက် စဉ်းစားဆင်ခြင်ခြင်း၊ စီစဉ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို သင် စွန့်လွှတ်နိုင်သလော။ ဤမေးခွန်းများသည် သင်တို့အပေါ် ငါ၏ သတ်မှတ်ချက်များကို ကိုယ်စားပြုပြီး၊ သင်တို့အားလုံး ငါ့ကို အဖြေများပေးနိုင်ဖို့ ငါမျှော်လင့်၏။ သင်တို့ကို ဤမေးခွန်းများက တောင်းဆိုသည့်အရာ တစ်ခု သို့မဟုတ် နှစ်ခုကို သင် ဖြည့်ဆည်းပြီးဖြစ်ပါက၊ သင် ဆက်လက် ကြိုးပမ်းရမည်။ ဤသတ်မှတ်ချက်များထဲမှ တစ်ခုတစ်လေကို သင် မပြီးမြောက်နိုင်ပါက၊ သင်သည် ဧကန်မုချ ငရဲထဲသို့ ပစ်ချခံရမည့် လူအမျိုးအစား ဖြစ်သည်။ ထိုသို့သော လူတို့အဖို့၊ ၎င်းတို့သည် ငါနှင့် ကိုက်ညီနိုင်သည့်လူများ မုချ မဟုတ်သည့်အတွက် မည်သည့်အရာကိုမျှ ငါ ထပ်ပြောဖို့မလို။ မည်သည့်အခြေအနေတွင်မဆို ငါ့ကို သစ္စာဖောက်နိုင်မည့်သူတစ်ဦးကို ငါ၏ အိမ်တွင် အဘယ်သို့ ငါ ထားနိုင်မည်နည်း။ အခြေအနေအများစု၌ ငါ့ကို သစ္စာဖောက်နိုင်ဦးမည့် သူများအတွက်မူ၊ အခြား အစီအစဉ်များ ငါ မပြုမီ ၎င်းတို့၏ ဆောင်ရွက်ချက်ကို ငါ လေ့လာမည်။ သို့သော်၊ မည်သည့် အခြေအနေတွင်မဆို ငါ့ကို သစ္စာဖောက်နိုင်စွမ်းရှိကြသူအားလုံးကို ငါ လုံးဝ မေ့လျော့မည် မဟုတ်။ ၎င်းတို့ကို ငါ၏ စိတ်နှလုံးထဲတွင် ငါ အမှတ်ရမည်ဖြစ်ပြီး ၎င်းတို့၏ ဆိုးယုတ်သည့် လုပ်ရပ်များကို ပြန်ဆပ်ဖို့ အခွင့်အရေး စောင့်ဆိုင်းမည်။ ငါ တင်ပြပြီးသည့် သတ်မှတ်ချက်များမှာ သင်တို့ မိမိကိုယ်ကိုယ် ဆန်းစစ်ရမည့် ပြဿနာများ ဖြစ်သည်။ ၎င်းတို့ကို သင်တို့အားလုံး လေးလေးနက်နက်

စဉ်းစားဆင်ခြင်နိုင်ပြီး ငါ့ကို ဝတ်ကျေတမ်းကျေ မဆက်ဆံဖို့ ငါ မျှော်လင့်၏။ မဝေးသည့် အနာဂတ်တွင်၊ ငါ၏ သတ်မှတ်ချက်များ နှင့်ယှဉ်၍ ငါ့ကို သင်တို့ ပေးပြီးသည့် အဖြေများကို ငါ စစ်ဆေးမည်။ ထိုအချိန်တွင်၊ သင်တို့ထံမှ မည်သည့်အရာကိုမျှ နောက်ထပ် ငါ တောင်းဆိုမည် မဟုတ်သကဲ့သို့၊ သာ၍ လေးနက်သည့် ဆိုဆုံးမမှုကို ငါ ပေးမည်မဟုတ်။ ယင်းအစား၊ ငါ၏ ဩဇာအာဏာကို ငါကျင့်သုံးမည်။ ထားသင့်သည့်သူများကို ထားမည်၊ ချီးမြှင့်ခံရသင့်သူများ ချီးမြှင့်ခံရလိမ့်မည်၊ စာတန်ထံ လွှဲအပ်ခံရသင့်သူများ စာတန်ထံ လွှဲအပ်ခံရလိမ့်မည်၊ ပြင်းပြင်းထန်ထန် အပြစ်ပေးခံရသင့်သူများ ပြင်းပြင်းထန်ထန် အပြစ်ပေးခံရလိမ့်မည် ဖြစ်ပြီး၊ ပျက်စီးသင့်သူများ ဖျက်ဆီး ခံရလိမ့်မည်။ ထို့ကြောင့်၊ ငါ၏ နေ့ရက်ကာလတွင် ငါ့ကို နှောင့်ယှက်ဖို့ မည်သူမျှ ရှိတော့မည်မဟုတ်။ ငါ၏ နှုတ်ကပတ်တော်များကို သင် ယုံကြည်သလော။ ဒဏ်ခတ်ခံရခြင်းကို သင် ယုံကြည်သလော။ ငါ့ကို လှည့်ဖြားပြီး သစ္စာဖောက်သည့် ဆိုးညစ်သူများအားလုံးကို ငါ အပြစ်ပေးမည်ကို သင် ယုံကြည် သလော။ ထိုနေ့ရက် အစောတလျင် ရောက်လာဖို့အတွက် သင် မျှော်လင့်သလော၊ သို့မဟုတ် နောက်မှ ရောက်လာဖို့အတွက် သင် မျှော်လင့်သလော။ သင်သည် ပြစ်ဒဏ်ပေးခြင်းကို ကြောက်လန့် သူတစ်ဦးလော၊ သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို ကြုံကြုံခံရမည် ဖြစ်သော်လည်း ငါ့ကို အာခံမည့်သူတစ်ဦးလော။ ထိုနေ့ရက် ရောက်သည့်အခါ၊ သင်သည် ဩဘာသံများနှင့် ရယ်သံများကြား အသက်ရှင်မည်လော၊ သို့မဟုတ် သင် ငိုကြွေးကာ အံသွားကြိတ်ခဲလိမ့်မည်လော ဆိုသည်ကို သင် စိတ်ကူးနိုင်သလော။ မည်သည့် နိဂုံးနှင့်ကြုံဖို့ သင် မျှော်လင့်သနည်း။ သင် ကျွန်ုပ်ကို တစ်ရာရာခိုင်နှုန်း ယုံကြည်သလော၊ သို့မဟုတ် တစ်ရာရာခိုင်နှုန်း သံသယရှိသလော ဆိုသည်ကို သင် လေးနက်စွာ စဉ်းစား ဆင်ခြင်ဖူးသလော။ သင်၏ လုပ်ရပ်များနှင့် အပြုအမူများက မည်သည့် အကျိုးဆက်များနှင့် ရလဒ်မျိုးများ သင့်အပေါ် ကျရောက်မည်ကို သင် ဂရုတစိုက် စဉ်းစားဆင်ခြင်ဖူးသလော။ တစ်လှည့်အနေဖြင့် ငါ၏ နှုတ်ကပတ်တော်များအားလုံး ပြည့်စုံလိမ့်မည်ဟု သင် အမှန်တကယ် မျှော်လင့်သလော သို့မဟုတ် တစ်လှည့်အနေဖြင့် ငါ၏ နှုတ်ကပတ်တော်များ ပြည့်စုံမည်ကို သင် ကြောက်လန့်သလော။ ငါ၏ အမှုများကို ဖြည့်ဆည်းဖို့ရန်အလို့ငှာ မကြာမီ ငါထွက်ခွာသည်ကို သင် မျှော်လင့်ပါက၊ သင်ကိုယ်တိုင်၏ စကားများနှင့် လုပ်ရပ်များကို သင် မည်သို့ သဘောထားသင့်သနည်း။ ငါ၏ ထွက်ခွာခြင်းကို သင် မမျှော်လင့်သကဲ့သို့ ငါ၏ နှုတ်ကပတ်တော်များအားလုံး ချက်ချင်း ပြည့်စုံဖို့ သင်မမျှော်လင့်ပါက၊ ငါ့ကို သင် အဘယ်ကြောင့် ယုံကြည်သေးသနည်း။ သင် အဘယ်ကြောင့် ငါ့ နောက်လိုက်နေသည်ကို သင် အမှန်တကယ် သိသလော။ သင်၏ အကြောင်းပြချက်က သင်၏ နယ်ပယ်များကို

ကျယ်ပြန့်စေဖို့မျှ ဖြစ်ပါက၊ သင် ထိုသို့ ဒုက္ခရှာစရာ မလိုပေ။ ကောင်းချီးခံစားဖို့နှင့် လာမည့် ဘေးအန္တရာယ်ကို ရှောင်လွှဲဖို့ဖြစ်ပါက၊ သင်သည် အဘယ်ကြောင့် သင်ကိုယ်တိုင်၏ အပြုအမူကို မပူပန်သနည်း။ ငါ၏ သတ်မှတ်ချက်များကို သင် ဖြည့်ဆည်းနိုင်ခြင်း ရှိ၊မရှိဆိုသည်ကို သင့်ကိုယ်သင် အဘယ်ကြောင့် မမေးသနည်း။ လာမည့် ကောင်းချီးများကို ရရှိဖို့ သင်သည် အရည်အချင်းပြည့်မီခြင်း ရှိ မရှိဆိုသည်ကိုလည်း သင့်ကိုယ်သင် အဘယ်ကြောင့် မမေးသနည်း။

# နိုင်ငံတော်ခေတ်၌ ဘုရားသခင် ရွေးချယ်ထားသောသူများ လိုက်နာရမည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်တော် ဆယ်ရပ်

၁။ လူသားသည် မိမိကိုယ်ကိုယ် မကြီးမြတ်စေသင့်သကဲ့သို့၊ မိမိကိုယ်ကိုယ် မချီးမြှောက်သင့်ပေ။ ဘုရားသခင်ကို ကိုးကွယ်ကာ ချီးမြှောက်သင့်ပေသည်။

၂။ ဘုရားသခင်၏အမှုအတွက် အကျိုးရှိသည့်အရာတိုင်းကို ဆောင်ရွက်ပြီး ဘုရားသခင်၏ အမှုနှင့်ဆိုင်သည့် အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသည့် မည်သည့်အရာကိုမျှ မလုပ်ဆောင်နှင့်။ ဘုရားသခင်၏နာမတော်၊ ဘုရားသခင်၏ သက်သေခံချက်နှင့် ဘုရားသခင်၏အမှုတော်တို့ကို ကာကွယ်ရမည်။

၃။ ဘုရားသခင်အိမ်တော်ရှိ ငွေ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် ပိုင်ဆိုင်မှု အားလုံးတို့သည် လူသားက ပေးသင့်သည့် လှူဖွယ်ပစ္စည်းများ ဖြစ်သည်။ လူ၏ လှူဖွယ်ပစ္စည်းများသည် ဘုရားသခင်၏ မွေ့လျော်ခံစားခြင်းအတွက် ဖြစ်သောကြောင့်၊ ဤလှူဖွယ်ပစ္စည်းများကို ယဇ်ပုရောဟိတ်နှင့် ဘုရားသခင်မှတစ်ပါး မည်သူမျှ ခံစား၍မရပေ။ ဘုရားသခင်သည် ဤလှူဖွယ်ပစ္စည်းများကို ယဇ်ပုရောဟိတ်နှင့်သာ မျှဝေခံစားသည်။ အခြားမည်သူမျှ ယင်းတို့၏ မည်သည့်အစိတ်အပိုင်းကိုမျှ ခံစားရန် အရည်အချင်း မပြည့်မီပေ၊ သို့မဟုတ် ခံစားခွင့် မရှိပေ။ (ငွေကြေးနှင့် မွေ့လျော်ခံစား၍ရသည့် ရုပ်ဝတ္ထုပစ္စည်းများ အပါအဝင်) လူသား၏ လှူဖွယ်ပစ္စည်းများ အားလုံးကို လူကို မဟုတ်ဘဲ၊ ဘုရားသခင်အား ပေးအပ်ခြင်း ဖြစ်ပြီး၊ ထို့ကြောင့် ဤအရာတို့ကို လူသားက မမွေ့လျော်မခံစားသင့်ပေ။ လူသားသည် ယင်းတို့ကို မွေ့လျော်ခံစားခဲ့မည်ဆိုပါက၊ သူသည် လှူဖွယ်ပစ္စည်းများကို ခိုးယူခြင်း ဖြစ်မည်။ ယုဒသည်လည်း သစ္စာဖောက်တစ်ဦး ဖြစ်ခြင်းအပြင်၊ ငွေအိတ်ထဲသို့ ထည့်သည့်အရာကို

အခွင့်မရှိဘဲ ယူဆောင်သည့်အတွက်၊ ဤအရာပြုသောသူ မည်သူမဆိုသည် ယုဒ ဖြစ်၏။

၄။ လူသားသည် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား ရှိပြီး၊ ထို့အပြင် စိတ်ခံစားမှုများ ရှိသည်။ ထို့သို့ဖြင့် ဘုရားသခင်ကို အစေခံချိန်တွင် ဆန့်ကျင်ဘက်လိင် အသင်းသား နှစ်ဦးအား အဖော်မပါဘဲ၊ အတူတကွ အလုပ်လုပ်ခြင်းကို လုံးဝ တားမြစ်ထား၏။ ထိုသို့လုပ်ဆောင်နေသည်ကို အမိခံရသူ မည်သူမဆိုသည် ခြွင်းချက်မရှိ ထုတ်ပယ်ခြင်းခံရလိမ့်မည်။

၅။ ဘုရားသခင်ကို မဝေဖန်နှင့်၊ ပြီးလျှင် ဘုရားသခင်နှင့် ဆက်နွှယ်သည့် ကိစ္စရပ်များကို သာမန်ကာလျှံကာ မဆွေးနွေးနှင့်။ လူ လုပ်သင့်သည့်အတိုင်း လုပ်ဆောင်လော့၊ လူ ပြောသင့်သည့်အတိုင်း ပြောလော့၊ ပြီးလျှင် ကန့်သတ်ချက်များကို မကျော်လွန်နှင့်၊ စည်းဘောင်များကို မကျူးကျော်နှင့်။ ဘုရားသခင်၏ စိတ်သဘောထားကို ပုန်ကန်ပြစ်မှားသည့်အရာ တစ်ခုတစ်လေ လုပ်ဆောင်ခြင်းကို ရှောင်ရှားဖို့ သင်၏နှုတ်ကို စောင့်ထိန်းပြီး သင် ခြေလှမ်းလှမ်းရာကို သတိပြုလော့။

၆။ လူ ပြုသင့်သောအရာကို ပြုပြီး၊ သင်၏ဝတ္တရားများကို ဆောင်ရွက်ကာ သင်၏ တာဝန်များကို ဖြည့်ဆည်းပြီး၊ သင်၏ တာဝန် စောင့်ထိန်းလော့။ သင်သည် ဘုရားသခင်ကို ယုံကြည်သည့်အတွက်၊ ဘုရားသခင်၏ အမှုအဖို့ သင်၏ ဖြည့်ဆည်းမှုကို သင် ပြုသင့်ပေသည်။ သင် ဖြည့်ဆည်းမှု မပြုပါက၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအား စားသောက်ဖို့ မသင့်တော်သကဲ့သို့၊ ဘုရားသခင်၏ အိမ်ထောင်စုတွင် အသက်ရှင်ဖို့ မသင့်တော်ပေ။

၇။ အသင်းတော်၏အလုပ်နှင့် ကိစ္စရပ်များတွင် ဘုရားသခင်ကို နာခံခြင်းမှလွဲ၍ အရာရာတိုင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အသုံးပြုခြင်းခံရသည့် လူ၏ ညွှန်ကြားချက်များကို လိုက်နာလော့။ အနည်းငယ်မျှသော ချိုးဖောက်မှုကိုပင် လက်ခံ၍မရပေ။ အကြွင်းမဲ့ လေးစားလိုက်နာလော့၊ ပြီးလျှင် အမှန်၊ အမှား မစိစစ်နှင့်။ မှန်သည့်အရာ သို့မဟုတ် မှားသည့်အရာသည် သင်နှင့်မသက်ဆိုင်ပေ။ အကြွင်းမဲ့နာခံခြင်းကိုသာ စိတ်ဝင်စားလော့။

၈။ ဘုရားသခင်ကို ယုံကြည်သောလူတို့သည် ဘုရားသခင်ကို နာခံကာ ကိုးကွယ်သင့်သည်။ မည်သည့်လူကိုမျှ မချီးမြှောက် သို့မဟုတ် မကြည်ညိုနှင့်။ သင်သည် ဘုရားသခင်အား ပထမနေရာ ပေးပြီး သင် ကြည်ညိုသောသူများကို ဒုတိယနေရာ ပေးကာ သင့်ကိုယ်သင် တတိယနေရာ ပေးခြင်း မပြုရ။ မည်သည့်လူမျှ သင်၏ စိတ်နှလုံးတွင် နေရာ မယူသင့်သကဲ့သို့

လူတို့ကို- အထူးသဖြင့် သင် ကြည်ညို လေးစားသူများကို- ဘုရားသခင်နှင့် တန်းတူဟု မယူဆသင့်ပေ။ ဤသည်မှာ ဘုရားသခင်ဖို့ သည်းမခံနိုင်ဖွယ်ရာ ဖြစ်သည်။

၉။ အသင်းတော်၏အလုပ်ကို အမြဲ တွေးလော့။ သင်ကိုယ်တိုင်၏ အသွေးအသား မျှော်လင့်ချက်များကို ဘေးဖယ်လော့၊ မိသားစု ကိစ္စများနှင့်ပတ်သက်၍ တိကျပြတ်သားလော့၊ ဘုရားသခင်၏ အမှုအဖို့ မိမိကိုယ်ကိုယ် စိတ်နှလုံးအကြွင်းမဲ့ ဆက်ကပ်ပြီး၊ ဘုရားသခင်၏အမှုကို ပထမဦးစားပေးကာ သင်ကိုယ်တိုင်၏ ဘဝကို ဒုတိယထားလော့။ ဤသည်မှာ သန့်ရှင်းသူတစ်ဦး၏ ကျင့်ဝတ်ဖြစ်၏။

၁၀။ (သင်၏သားသမီးများ၊ သင်၏ခင်ပွန်း သို့မဟုတ် ဇနီး၊ သင်၏ညီအမများ သို့မဟုတ် မိဘများ စသည်ဖြင့်) ယုံကြည်ခြင်း မရှိသည့် ဆွေမျိုးသားချင်းများကို အသင်းတော်ထဲသို့ အတင်းအကျပ် မသွင်းသင့်ပေ။ ဘုရားသခင်၏အိမ်ထောင်စုသည် အသင်းသားများ နည်းပါးနေခြင်း မရှိသကဲ့သို့ အသုံးမဝင်သည့် လူများဖြင့် ယင်း၏ အရေအတွက်ကို ဖန်တီးဖို့မလိုအပ်ပေ။ မယုံကြည်သောသူအားလုံးကို အသင်းတော်ထဲသို့ ဝမ်းမြောက်ဝမ်းသာ ခေါ်မလာရ။ ဤအမိန့်သည် လူခပ်သိမ်းကို ရည်ရွယ်ပေသည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ သင်တို့သည် အချင်းချင်း စစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် သတိပေးခြင်းများ ပြုလုပ်သင့်သည်။ မည်သူတစ်ဦးမျှ ယင်းကို ချိုးဖောက်ခွင့်မရှိ။ မယုံကြည်သူ ဆွေမျိုးသားချင်းများသည် အသင်းတော်ထဲသို့ အင်တင်တင်ဖြင့် ဝင်သည့်အခါတွင်ပင် ၎င်းတို့ကို စာအုပ်များ ထုတ်ပေးရမည် မဟုတ်သကဲ့သို့ အမည်သစ်လည်း မပေးရ။ ထိုသို့သော လူများသည် ဘုရားသခင်၏ အိမ်ထောင်စုနှင့် မသက်ဆိုင်သကဲ့သို့ ၎င်းတို့၏ အသင်းတော်ထဲသို့ ဝင်ရောက်ခြင်းကို လိုအပ်သည့် မည်သည့်နည်းဖြင့်မဆို ရပ်တန့်စေရမည်။ မကောင်းဆိုးဝါးများ၏ ကျူးကျော်ဝင်ရောက်မှုကြောင့် အသင်းတော်အပေါ် ဒုက္ခကျရောက်သည်ရှိသော်၊ သင်ကိုယ်တိုင်သည် ထုတ်ပယ်ခြင်း ခံရလိမ့်မည် သို့မဟုတ် သင့်အပေါ် ကန့်သတ်ချက်များ ထားရှိခံရလိမ့်မည်။ တိုတိုပြောရလျှင်၊ ဤကိစ္စရပ်၌ အယောက်တိုင်းတွင် တာဝန်ရှိသည်၊ သို့သော် သင်သည် မဆင်မခြင် မပြုသင့်သကဲ့သို့ ကိုယ်ရေးကိုယ်တာ မကျေနပ်ချက်များကို ပြန်ချေပခြင်းများအတွက်လည်း ယင်းကို အသုံးမပြုသင့်ပေ။

## သင်တို့၏ လုပ်ဆောင်ချက်များကို သင်တို့ သုံးသပ်ဆင်ခြင်သင့်သည်

သင်တို့သည် ချို့တဲ့လွန်းနေပြီး သင်တို့၏ အသိပညာနှင့် ရရှိနိုင်စွမ်းတို့သည် အလွန်နည်းပါးသည့်အတွက်၊ သင်တို့ကို ပြန်လည် ဖြည့်တင်းပေးရန် နေ့စဉ် သင်တို့အား ငါ၏ နှုတ်ကပတ်တော်များ ကျမ်းတစ်ပိုဒ်ဖြင့် ထောက်ပံ့ပေးရမည်ကို ဘဝတွင် သင်တို့၏ လုပ်ဆောင်ချက်နှင့် လုပ်ရပ်တိုင်းက ပြသပေသည်။ သင်တို့၏ နေ့စဉ် ဘဝများတွင်၊ သင်တို့သည် သမ္မာတရား သို့မဟုတ် ကောင်းသော ဆင်ခြင်တုံတရားမရှိသည့် အခြေအနေ သို့မဟုတ် ပတ်ဝန်းကျင် အလယ်တွင် နေထိုင်ကြသည်။ သင်တို့သည် ရှင်သန်ဖို့ အရင်းအနှီး ကင်းမဲ့ပြီး ငါ့ကို သို့မဟုတ် သမ္မာတရားကို သိရှိဖို့ အခြေခံအုတ်မြစ် မရှိပေ။ သင်တို့၏ ယုံကြည်ခြင်းသည် မရေရာသကဲ့သို့၊ စိတ်ကူးသက်သက် ယုံကြည်ခြင်း သို့မဟုတ် အလွန်တစ်ယူသန်သော အသိပညာနှင့် ဘာသာရေး ဓလေ့ထုံးတမ်းတို့အပေါ်၌သာ တည်ဆောက် ထားသည်။ နေ့စဉ်နေ့တိုင်း ငါသည် သင်တို့၏ ရည်ရွယ်ချက်များနှင့် ဆိုးယုတ်သော အကျိုးတရားများကို ဆန်းစစ်ရင်း၊ သင်တို့၏ လှုပ်ရှားမှုများကို စောင့်ကြည့်ကာ၊ ဘယ်သောအခါမျှ ရွေ့လျားခြင်း မရှိသော ငါ၏ယဇ်ပလ္လင်ထက်တွင် မိမိတို့၏ နှလုံးသားနှင့် စိတ်ဝိညာဉ်ကို အမှန်တကယ် ထားရှိသောသူ တစ်ဦးတစ်ယောက်ကိုမျှ ငါမတွေ့ဖူးသေးပေ။ ထို့ကြောင့် ထိုသို့သော လူသားမျိုးနွယ်ထံ ငါဖော်ပြလိုသော နှုတ်ကပတ်တော် အားလုံးကို ဖွင့်ချရင်း အချိန်ဖြုန်းတီးဖို့ ငါ လိုလားနေခြင်းမရှိ။ ငါ၏စိတ်နှလုံးရှိ တစ်ခုတည်းသော အစီအစဉ်များမှာ ငါ၏မပြီးစီးသေးသော အမှုအတွက်နှင့် လူသားမျိုးနွယ်ကြားက ငါ မကယ်တင်ရသေးသည့် သူတို့အတွက် ဖြစ်သည်။ သို့ရာတွင်၊ ငါ့နောက်လိုက်သူများ အားလုံး ငါ၏ ကယ်တင်ခြင်းနှင့် လူသားအပေါ် ငါ၏ နှုတ်ကပတ်တော် အပ်နှင်းသော သမ္မာတရားများကို လက်ခံရရှိဖို့အတွက် ငါ ဆန္ဒရှိသည်။ တစ်နေ့ သင်၏မျက်လုံးများကို သင် မှိတ်သောအခါ- မှောင်မိုက်သော တိမ်တိုက်များက မိုးကောင်းကင်ကို ပိတ်ကွယ်ကာ အော်ဟစ်သံများ မည်သည့်အခါမျှ မဆိတ်သုဉ်းသည့် ညိုမှိုင်း အေးစက်နေသော ကမ္ဘာကို မဟုတ်ဘဲ- လေတွင် မွှေးရနံ့သင်းပျံ့ပြီး၊ အသက်ရေစီးနေသော စမ်းချောင်းများ ရှိသည့် လောကတစ်ခုကို သင် တွေ့မြင်ဖို့ ငါ မျှော်လင့်သည်။

နေ့ရက်စဉ်တိုင်းတွင်၊ လူတစ်ဦးစီတိုင်း၏ လုပ်ဆောင်ချက်များနှင့် အတွေးများသည် တစ်ပါးတည်းသောသူ၏ မျက်လုံးများဖြင့် ကြည့်ရှု ခံရလျက်ရှိကာ၊ တစ်ချိန်တည်းတွင် ၎င်းတို့ကိုယ်တိုင်၏ မနက်ဖြန် အတွက် ပြင်ဆင်လျက်ရှိပေသည်။ ဤသည်မှာ အသက်ရှင်လျက် ရှိသောသူအားလုံး လျှောက်လှမ်းရမည့် လမ်းကြောင်းဖြစ်၏။ ယင်းမှာ အားလုံးအတွက် ငါကြိုတင် ခွဲခန့်မှတ်သားထားသော လမ်းကြောင်း ဖြစ်ပြီး၊ ယင်းကို မည်သူမျှ မလွတ်မြောက်နိုင်သကဲ့သို့၊ ယင်းမှ မည်သူမျှ လွတ်ငြိမ်းခွင့်မရပေ။ ငါပြောပြီးသော

နှုတ်ကပတ်တော်များသည် အရေအတွက်မဲ့သည့်အပြင်၊ ငါပြုသော အမှုသည် အတိုင်းအဆမဲ့သည်။ နေ့စဉ်နေ့တိုင်း၊ လူအသီးသီးသည် မိမိတို့၏ ပင်ကို သဘာဝနှင့် ၎င်းတို့၏ သဘာဝဗီဇနှင့်သက်ဆိုင်သည့် ဖြစ်ပျက်နေမှုများတို့နှင့်အညီ ၎င်းတို့ လုပ်ဆောင်ဖို့ရှိသည့် အရာအားလုံးကို အလိုအလျောက် ဆောင်ရွက်သည်နှင့်အမျှ၊ ငါသည် စောင့်ကြည့်၏။ ကွဲပြားသော လူအမျိုးအစားများကို ပေါ်လွင်စေဖို့ ငါချမှတ်ထားသော "မှန်ကန်သည့် လမ်းကြောင်း" အပေါ်တွင် များစွာသောသူတို့သည် အမှုမဲ့အမှတ်မဲ့ဖြင့် စတင်နှင့်ကြပြီးဖြစ်သည်။ ဤ ကွဲပြားသော လူအမျိုးအစားများကို ငါသည် ကွဲပြားသော ပတ်ဝန်းကျင်များတွင် ကာလကြာမြင့်စွာ ကတည်းက ထားရှိနှင့်ပြီးဖြစ်ကာ၊ ၎င်းတို့၏ သက်ဆိုင်ရာ နေရာများတွင် အသီးသီးသည် မိမိတို့၏ ပင်ကိုအရည်အချင်းများကို ဖော်ကြပြီး ဖြစ်သည်။ ၎င်းတို့ကို ချည်နှောင်ဖို့ မည်သူမျှ မရှိသကဲ့သို့ သွေးဆောင်မည့်သူ မည်သူမျှ မရှိပေ။ ၎င်းတို့သည် အလုံးစုံ လွတ်လပ်မှုရှိပြီး၊ ၎င်းတို့ဖော်ပြသည့် အရာကို အလွယ်တကူ ဖော်ပြနိုင်ပေသည်။ ၎င်းတို့ကို ထိန်းချုပ်ထားသည့် တစ်ခုတည်းသော အရာမှာ ငါ၏ နှုတ်ကပတ်တော်များ ဖြစ်သည်။ ထို့ကြောင့် လူအချို့တို့သည် ငါ၏ နှုတ်ကပတ်တော်များကို မည်သည့်အခါတွင်မျှ လက်တွေ့ကျင့်သုံးခြင်းမရှိဘဲ၊ သေခြင်းကို ရှောင်လွှဲရန်သာ ဆောင့်ကြီးအောင့်ကြီးနှင့် ဖတ်ရှုကြသည်။ ထိုစဉ်အတောအတွင်းတွင်၊ အခြားသူတို့မှာ ၎င်းတို့ကို လမ်းပြကာ ထောက်ပံ့ဖို့ ငါ၏ နှုတ်ကပတ်တော်များမရှိဘဲ၊ နေ့ရက်များကို ကြံ့ကြံ့ခံဖို့ ခက်ခဲသည်ကို တွေ့ရှိကြသောကြောင့် ၎င်းတို့သည် ငါ၏နှုတ်ကပတ်တော်များကို အချိန်တိုင်း အလိုအလျောက် ကိုင်စွဲထားကြသည်။ အချိန်ကုန်လွန် သွားသည်နှင့်အမျှ ၎င်းတို့သည် လူ့ဘဝ၏ လျှို့ဝှက်ချက်၊ လူသားမျိုးနွယ်တို့၏ ပန်းတိုင်နှင့် လူသားဖြစ်ခြင်း၏ တန်ဖိုးတို့ကို သိကြရလေသည်။ ဤသည်မှာ ငါ၏နှုတ်ကပတ်တော်များ၏ မျက်မှောက်တွင် လူသားမျိုးနွယ် ရှိကြသည့်ပုံ သက်သက်ဖြစ်ပြီး၊ ငါသည် ကိစ္စရပ်များကို သူ့ဘာသာသူ ဖြစ်ခွင့် ပေးရုံပေး၏။ ငါ၏ နှုတ်ကပတ်တော်များကို ၎င်းတို့ တည်ရှိခြင်း၏ အခြေခံအုတ်မြစ် ဖြစ်စေဖို့ရာ လူတို့ကို အတင်းအကျပ် ပြုသည့် မည်သည့်အမှုကိုမျှ ငါ မလုပ်ဆောင်ပေ။ ထို့ကြောင့် အသိတရား လုံး၀ မရှိဖူးသူတို့နှင့် မိမိတို့၏ တည်ရှိမှုက မည်သည့်အခါတွင်မျှ တန်ဖိုးမရှိဖူးသူတို့သည် အမှုအရာများ မည်သို့ဖြစ်သည်ကို တိတ်ဆိတ်စွာ စောင့်ကြည့်လေ့လာ ပြီးနောက် ငါ၏ နှုတ်ကပတ်တော်များကို ရဲတင်းစွာ ဘေးဖယ်ထားလိုက်ကြပြီး၊ ၎င်းတို့ ဆန္ဒရှိသည့်အတိုင်း လုပ်ဆောင်ကြသည်။ ၎င်းတို့သည် သမ္မာတရားနှင့် ငါ့ထံမှလာသော အရာအားလုံးကို တိုး၍ ငြီးငွေ့စပြုလာကြသည်။ ထို့အပြင်၊ ငါ၏အိမ်တွင် နေရခြင်းကိုလည်း တိုး၍ ငြီးငွေ့ကြ၏။ ၎င်းတို့သည် အစေခံခြင်းအမှုကို ပေးနေကြလျှင်ပင်၊ ၎င်းတို့၏ ပန်းတိုင်အတွက်နှင့်

အပြစ်ပေးခြင်းမှ လွတ်မြောက်ဖို့အတွက် ဤလူများသည် ငါ၏ အိမ်တွင် အချိန်တစ်ခုကြာ နေထိုင်ကြလေသည်။ သို့ရာတွင်၊ ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် လုပ်ရပ်များ မည်သည့်အခါတွင်မျှ မပြောင်းလဲပေ။ ဤအရာက ကောင်းချီး မင်္ဂလာအတွက် ၎င်းတို့၏ လိုအင်ဆန္ဒကို တိုးပွားစေပြီး ကောင်းကင်နိုင်ငံတော်ထဲသို့ တစ်ကြိမ်တည်း ဝင်ရောက်ပြီးနောက်တွင် ထာဝရ နေရစ်ဖို့- ထာဝရကောင်းကင်ဘုံသို့ ဝင်ရောက်ဖို့ပင်- ၎င်းတို့၏ လိုအင်ဆန္ဒကို တိုးပွားစေလေသည်။ ငါ၏နေ့ရက် မကြာမီ ရောက်လာဖို့ ၎င်းတို့ တမ်းတလေလေ၊ သမ္မာတရားသည် ၎င်းတို့၏ လမ်းတွင် အတားအဆီးတစ်ခု၊ ခလုတ်တံသင်းတစ်ခု ဖြစ်လာပြီဟု ခံစားရလေလေ ဖြစ်သည်။ ၎င်းတို့အားလုံးသည် သမ္မာတရားကို အားထုတ်ရန် သို့မဟုတ် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို လက်ခံရန် မလိုအပ်သကဲ့သို့၊ အထူးသဖြင့်၊ ငါ၏အိမ်အတွင်းတွင် ခယဝပ်တွားဖို့နှင့် ငါမိန့်ဆိုသည့် အတိုင်း လုပ်ဆောင်ဖို့ မလိုအပ်ဘဲ- ကောင်းကင်နိုင်ငံတော်၏ ကောင်းချီးမင်္ဂလာများကို ထာဝရ မွေ့လျော်ဖို့ ကောင်းကင် နိုင်ငံတော်ထဲသို့ ခြေချဖို့ရန် မစောင့်နိုင်အောင် ဖြစ်ကြလေသည်။ ဤလူများသည် ငါ၏ အိမ်ထဲသို့ ဝင်ရောက်ကြသည်မှာ သမ္မာတရားကို ရှာဖွေဖို့ဖြစ်သော ၎င်းတို့၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းဖို့ မဟုတ်သကဲ့သို့၊ ငါ၏ စီမံခန့်ခွဲမှုနှင့်အတူ ပူးပေါင်းလုပ်ဆောင်ဖို့လည်း မဟုတ်ပေ။ ၎င်းတို့၏ ရည်မှန်းချက်မှာ လာမည့် ခေတ်တွင် ဖျက်ဆီးခြင်းမခံရမည့် သူများအလယ်တွင် ရှိဖို့မျှ ဖြစ်သည်။ ထို့ကြောင့်၊ ၎င်းတို့၏ နှလုံးသားများသည် သမ္မာတရား အဘယ်အရာဖြစ်သည် သို့မဟုတ် သမ္မာတရားကို မည်ကဲ့သို့ လက်ခံရမည်ကို ဘယ်သောအခါမျှ မသိဖူးကြပေ။ ဤသည်မှာ ထိုသို့သော လူများသည် သမ္မာတရားကို မည်သည့်အခါတွင်မျှ လက်တွေ့ကျင့်သုံးခြင်းမရှိသကဲ့သို့၊ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးခြင်း၏ အတိမ်အနက်ကို သဘောမပေါက် ကြသော်လည်း၊ ငါ၏အိမ်တွင် တစ်ချိန်လုံး “အစေခံများ” အဖြစ် နေထိုင်ကြပြီးဖြစ်သည့် အကြောင်းရင်းဖြစ်သည်။ ၎င်းတို့သည် ငါ၏နေ့ရက် ရောက်ရှိလာခြင်းကို “စိတ်ရှည်စွာ” ဖြင့် စောင့်ဆိုင်းကြပြီး၊ ငါ၏အမှု၏ နည်းဟန်အားဖြင့် ၎င်းတို့ လူးလှိမ့်ကြရသလောက် မောလည်း မမောပန်းနိုင်ကြပေ။ သို့သော် ၎င်းတို့၏ ကြိုးပမ်း အားထုတ်မှုများ မည်မျှကြီးမားပါစေ၊ သို့မဟုတ် မည်သည့် အဖိုးအခကို ၎င်းတို့ ပေးသည်ဖြစ်စေ၊ သမ္မာတရားအတွက် ၎င်းတို့ ဆင်းရဲဒုက္ခ ခံစားရသည်ကို သို့မဟုတ် ငါ့အတွက် တစ်ခုတစ်လေ ပေးသည်ကို မည်သူမျှ မတွေ့မြင်ဖူးကြပေ။ ၎င်းတို့၏ စိတ်နှလုံးသားများတွင် ခေတ်ဟောင်းကို ငါအဆုံးသတ်သည့် နေ့ရက်အား မြင်ရဖို့ တစ္ဆရူးဖြစ်နေကြပြီး၊ ထို့အပြင် ငါ၏တန်ခိုးနှင့် ဩဇာအာဏာတို့ မည်မျှကြီးမားသည်ကို သိဖို့ရန် မစောင့်နိုင်အောင်ဖြစ် ကြလေသည်။ လုပ်ဆောင်ဖို့ ၎င်းတို့

ဘယ်သောအခါမျှ အလျင်မလိုကြသည့်အရာမှာ မိမိတို့ကိုယ်ကိုယ် ပြောင်းလဲရန်နှင့် သမ္မာတရားကို အားထုတ်ဖို့ ဖြစ်သည်။ ငါစိတ်ပျက်ငြီးငွေ့သောအရာကို ၎င်းတို့ချစ်ကြပြီး၊ ငါချစ်သောအရာကို စိတ်ပျက်ငြီးငွေ့ကြသည်။ ငါမုန်းတီးသောအရာကို ၎င်းတို့ တောင့်တကြသော်လည်း၊ ငါ စက်ဆုပ်ရွံမုန်းသော အရာကို ဆုံးရှုံးရမည်ကို ကြောက်ရွံ့ကြသည်။ ၎င်းတို့သည် ဤဆိုးယုတ်သော ကမ္ဘာတွင် ယင်းကို ဘယ်သောအခါမျှ စက်ဆုပ်ခြင်းမရှိဘဲ အသက်ရှင်ကြပြီး၊ သို့တိုင် ယင်းကို ငါဖျက်ဆီးပစ်မည်ကို အလွန်အမင်း ကြောက်ရွံ့ကြလေသည်။ ၎င်းတို့၏ ကွဲလွဲနေသော ရည်ရွယ်ချက်များ အလယ်တွင်၊ ငါစက်ဆုပ်ရွံရှာသော ဤကမ္ဘာကို ၎င်းတို့ ချစ်ကြသော်လည်း၊ ၎င်းတို့အနေဖြင့် ဖျက်ဆီးခြင်း၏ ဆင်းရဲဒုက္ခမှ လွတ်နိုင်ကြဖို့ရန်နှင့် နောက်တစ်ခေတ်၏ အရှင်သခင်များ အဖြစ်သို့ ပြောင်းလဲနိုင်ကြဖို့အလို့ငှာ၊ မှန်သော လမ်းခရီးမှ ၎င်းတို့ သွေဖည်မသွားမီ၊ ယင်းကို ငါအလျင်အမြန် ဖျက်ဆီးဖို့လည်း တမ်းတကြလေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် သမ္မာတရားကို မချစ်သကဲ့သို့၊ ငါ့ထံမှလာသော အရာအားလုံးကို စိတ်ပျက် ငြီးငွေ့ကြသောကြောင့်ပင် ဖြစ်သည်။ ၎င်းတို့သည် ကောင်းချီးမင်္ဂလာများကို မဆုံးရှုံးစေရန်အတွက် တိုတောင်းသော အချိန်တစ်ခုအကြာတွင် “နာခံသောလူများ” ဖြစ်ကောင်း ဖြစ်လာ နိုင်သော်လည်း၊ ကောင်းချီးခံစားရဖို့ ၎င်းတို့၏ စိုးရိမ်ပူပန်မှုနှင့် ပျက်စီးဆုံးရှုံးခြင်းနှင့် လောင်ကျွမ်းနေသော မီးအိုင်ထဲသို့ ဝင်ရောက် ရမည်ကို ကြောက်ရွံ့မှုသည် ဘယ်သောအခါမျှ ဖုံးဖိမရနိုင်ပေ။ ငါ၏နေ့ရက် နီးကပ်လာသည်နှင့်အမျှ၊ ၎င်းတို့၏ စိတ်ဆန္ဒသည် မှန်မှန် တိုး၍အားကောင်းလာသည်။ ဘေးဒုက္ခ ကြီးမားလာလေ၊ ငါ့ကို ဝမ်းမြောက်စေဖို့နှင့် ရှည်ကြာစွာ ၎င်းတို့ တမ်းတခဲ့ကြသည့် ကောင်းချီးမင်္ဂလာများကို ဆုံးရှုံးခြင်းအား ရှောင်လွှဲဖို့ ဘယ်က အစပြုရမည်ကို မသိဘဲ၊ ၎င်းတို့ကို ခိုကိုးရာမဲ့ ဖြစ်စေလေလေ ဖြစ်သည်။ ငါ၏လက်၏အမှုကို အစပြုသည်နှင့်တစ်ပြိုင်နက်၊ ထိုသို့သော လူများသည် ရှေ့ပြေးတပ်အဖြစ် အစေခံဖို့ ဆောင်ရွက်ရန် စိတ်ထက်သန်ကြလေသည်။ ၎င်းတို့ကို ငါ မမြင်တွေ့မည်ကို အလွန်အမင်း စိုးရွံ့ရင်း၊ ၎င်းတို့သည် တပ်ဖွဲ့များ၏ တကယ့်ရှေ့တန်းသို့ တစ်ရှိန်ထိုးတက်ဖို့သာ စဉ်းစားကြလေသည်။ ၎င်းတို့ လုပ်ရပ်များနှင့် လုပ်ဆောင်ချက်များက သမ္မာတရားနှင့် မည်သည့်အခါတွင်မျှ မဆီလျော်ဖူးသည့်အပြင်၊ ၎င်းတို့၏ လုပ်ဆောင်ချက်များက ငါ၏ အစီအစဉ်များကို နှောင့်ယှက်ကာ ဝင်ရောက်စွက်ဖက်ရုံမျှ ပြုသည်ကို လုံးဝ မသိဘဲ၊ ၎င်းတို့ တွေးသည့်အရာကို မှန်ကန်သည့်အရာအဖြစ် လုပ်ဆောင် ပြောဆိုကြလေသည်။ ၎င်းတို့အနေဖြင့် ကြီးမားသော အားထုတ်မှု ပြုခဲ့ကောင်းပြုခဲ့နိုင်ပြီး အခက်အခဲများကို ခံရပ်ဖို့ ၎င်းတို့၏ အလိုဆန္ဒနှင့်

ရည်ရွယ်ချက်တို့သည် မှန်ကောင်းမှန်နိုင်သော်လည်း၊ ငါ၏ ယဇ်ပလ္လင်ပေါ်တွင် ၎င်းတို့ တစ်ခုတစ်လေ ထားရှိသည်ကို ငါ မြင်ဖူးဖို့ မဆိုထားနှင့်၊ ၎င်းတို့၏ လုပ်ဆောင်ချက်များက ကောင်းမွန်သော ရည်ရွယ်ချက်များမှ လာသည်ကို ငါ မည်သည့်အခါတွင်မျှ မမြင်ဖူးသည့် အတွက်၊ ၎င်းတို့ လုပ်ဆောင်သည့် မည်သည့်အရာမျှ ငါနှင့် မပတ်သက်ပေ။ ယင်းမှာ ဤနှစ်များစွာတစ်လျှောက် ငါ၏ရှေ့တွင် ၎င်းတို့ ပြုထားသည့် လုပ်ဆောင်ချက်များ ဖြစ်သည်။

မူလက၊ ငါသည် သင်တို့ကို သာ၍များသော သမ္မာတရားများဖြင့် ထောက်ပံ့ရန် ဆန္ဒရှိခဲ့သော်လည်း၊ သမ္မာတရားအပေါ် သင်တို့၏ သဘောထားသည် များစွာအေးစက်လွန်းကာ စိတ်မဝင်စားသောကြောင့်၊ ဤအရာမှ ငါ ရှောင်ကြဉ်ခဲ့ရသည်။ ငါ၏ အားထုတ်မှုများ ဖြုန်းတီး ခံရဖို့အတွက် ငါဆန္ဒမရှိသကဲ့သို့၊ လူတို့သည် ငါ၏ နှုတ်ကပတ်တော်များကို ကိုင်စွဲလျက်ရှိကြသော်လည်း၊ အခြေအနေ အားလုံးတွင် ငါ့ကို ခုခံသည့်အရာ၊ အပုပ်ချပြီး ပြစ်မှားစော်ကားသည့် အရာကို လုပ်ဆောင်နေကြသည်ကိုလည်း တွေ့မြင်ရန် ဆန္ဒမရှိပေ။ သင်တို့၏ သဘောထားများနှင့် လူ့သဘောသဘာဝကြောင့်၊ ငါသည် သင်တို့ကို လူသားမျိုးနွယ်အလယ် ငါ၏စမ်းသပ်ခြင်းအမှုအဖြစ် အသုံးတော်ခံသော ငါ၏နှုတ်ကပတ်တော်များ၏ သေးငယ်ပြီး သင်တို့အတွက် အလွန်အရေးကြီးသည့် အစိတ်အပိုင်းကို ထောက်ပံ့ပေးရုံမျှ ငါပြုသည်။ ငါပြုပြီးသည့် ဆုံးဖြတ်ချက်များနှင့် အစီအစဉ်သည် သင်တို့၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည့်အပြင်၊ လူသားမျိုးနွယ်အပေါ် ငါ၏သဘောထားသည် မှန်ကန်သော သဘောထား တစ်ခုဖြစ်သည်ကို ယခုအချိန်မှသာ ငါ အမှန်တကယ် အတည်ပြုရ၏။ ငါ့ရှေ့တွင် သင်တို့၏နှစ်ပေါင်းများစွာ အပြုအမူသည် ယခင်က ငါတစ်ကြိမ်တစ်ခါမျှ မရဖူးသော အဖြေကို ငါ့အား ပေးခဲ့ပြီး ဤအဖြေ၏ မေးခွန်းမှာ- “သမ္မာတရားနှင့် စစ်မှန်သော ဘုရားသခင် ရှေ့တွင် လူသား၏ သဘောထားသည် အဘယ်နည်း။” ဟူ၍ ဖြစ်သည်။ လူသားအဖို့ ငါဆက်ကပ်သော အားထုတ်မှုများသည် လူသားအတွက် ငါ၏ချစ်ခြင်းမေတ္တာ၏ အနှစ်သာရကို သက်သေပြပြီး၊ ငါ၏ရှေ့မှောက်က လူသား၏ လုပ်ရပ်တိုင်းသည် သမ္မာတရားအပေါ် ၎င်း၏ စက်ဆုပ်ရွံရှာမှုနှင့် ငါ့ကို ဆန့်ကျင်ခြင်းတို့၏ အနှစ်သာရကို သက်သေပြပေသည်။ အချိန်တိုင်း၊ ငါသည် ငါ့နောက်သို့ လိုက်သောသူ အားလုံးအတွက် စိတ်ပူပန်၏၊ သို့ရာတွင် ငါ့နောက်လိုက်သူများသည် ငါ၏နှုတ်ကပတ်တော်များကို မည်သည့်အခါတွင်မျှ လက်ခံနိုင်ခြင်း မရှိကြပေ။ ၎င်းတို့သည် ငါ၏အကြံပေးချက်များကိုပင် လက်မခံနိုင်ကြ။ ဤသည်မှာ ငါ့ကို အားလုံးထဲမှ ဝမ်းအနည်းစေဆုံးသော အရာ ဖြစ်သည်။ ငါ၏သဘောထားသည် စစ်မှန်ပြီး ငါ၏နှုတ်ကပတ်တော်များသည် နူးညံ့သော်လည်း၊ မည်သူမျှ ငါ့ကို

နားမလည်နိုင်ဖူးကြသည့်အပြင်၊ ငါ့အား မည်သူမျှ လက်မခံနိုင်ဖူးကြပေ။ အယောက်တိုင်းသည် ၎င်းတို့အား ငါပေးအပ်သည့် အလုပ်ကို မိမိတို့၏ ကိုယ်ပိုင် စိတ်ကူးများအတိုင်း လုပ်ဆောင်ဖို့ ကြိုးစားကြသည်။ ၎င်းတို့အား ငါ တောင်းဆိုသည့်အရာကို မေးမြန်းဖို့ မဆိုထားနှင့်၊ ငါ၏ ရည်ရွယ်ချက်များကို ၎င်းတို့ မရှာဖွေကြပေ။ ၎င်းတို့သည် ငါ့ကို ဆန့်ကျင်ပုန်ကန်ကြစဉ်တွင်၊ ငါ့ကို သစ္စာစောင့်သိစွာ အစေခံကြောင်း အခိုင်အမာဆိုကြသေး၏။ များစွာသောသူတို့သည် ၎င်းတို့ လက်မခံနိုင်သည့် သမ္မာတရားများ သို့မဟုတ် ၎င်းတို့ လက်တွေ့မကျင့်သုံးနိုင်သည့် သမ္မာတရားများသည် သမ္မာတရားများ မဟုတ်ဟု ယုံကြည်ကြသည်။ ထိုသို့သော လူသားများတွင်၊ ငါ၏သမ္မာတရားများသည် ငြင်းပယ်ခံရကာ ဘေးဖယ်ထားခံရသည့် အရာတစ်ခု ဖြစ်လာသည်။ တစ်ချိန်တည်းတွင်၊ ငါ့ကို ဘုရားသခင်အဖြစ် လူတို့သည် စကားဖြင့် အသိအမှတ်ပြုသော်လည်း၊ သမ္မာတရား၊ လမ်းခရီး သို့မဟုတ် အသက်မဟုတ်သည့် အပြင်လူတစ်ဦးအဖြစ်လည်း ငါ့ကို ယုံကြည်ကြလေသည်။ ဤအမှန်တရားကို မည်သူမျှ မသိပေ- ငါ၏ နှုတ်ကပတ်တော်များသည် ထာဝရမပြောင်းလဲသော သမ္မာတရား ဖြစ်၏။ ငါသည် လူသားအတွက် အသက်နှင့်ဆိုင်သည့် အထောက်အပံ့ဖြစ်ပြီး လူသားမျိုးနွယ်အတွက် တစ်ဦးတည်းသော လမ်းပြ ဖြစ်သည်။ ငါ၏ နှုတ်ကပတ်တော်များ၏ တန်ဖိုးနှင့် အဓိပ္ပာယ်သည် ၎င်းတို့ကို လူသားမျိုးနွယ်က အသိအမှတ်ပြု မပြု သို့မဟုတ် လက်ခံခြင်း ရှိ၊ မရှိ ဆိုသည့်အရာဖြင့် သတ်မှတ်ထားခြင်း မဟုတ်ဘဲ၊ နှုတ်ကပတ်တော်များ ကိုယ်တိုင်၏ အနှစ်သာရဖြင့် သတ်မှတ်ထားခြင်း ဖြစ်သည်။ ဤကမ္ဘာပေါ်မှ လူတစ်ဦးကမျှ ငါ၏နှုတ်ကပတ်တော်များကို လက်မခံနိုင်လျှင်ပင်၊ မည်သည့်လူသားမျှ ငါ၏နှုတ်ကပတ်တော်များ၏ တန်ဖိုးနှင့် လူသားမျိုးနွယ်အား ၎င်းတို့၏မစမှုကို ခန့်မှန်း၍မရနိုင်ပေ။ သို့ဖြစ်၍၊ ငါ၏ နှုတ်ကပတ်တော်များကို ပုန်ကန်သော၊ ချေပ ပြောဆိုသော သို့မဟုတ် လုံး၀ အထင်သေးသော လူများစွာနှင့် ရင်ဆိုင်ရသည့်အခါ၊ ငါ၏ ရပ်တည်မှုသည်- အချိန်နှင့် အမှန်တရားများသည် ငါ၏ သက်သေဖြစ်ပြီး ငါ၏ နှုတ်ကပတ်တော်များသည် သမ္မာတရား၊ လမ်းခရီးနှင့် အသက် ဖြစ်သည်ကို ပြသပါစေဟူ၍သာ ဖြစ်သည်။ ၎င်းတို့သည် ငါပြောသမျှအားလုံး မှန်ကန်သည်၊ ယင်းမှာ လူသားအနေဖြင့် ဖြည့်ဆည်းထားသင့်သည့်အရာ ဖြစ်သည်၊ ထို့အပြင် လူသားက လက်ခံသင့်သည့်အရာဖြစ်သည်ကို ပြသပါစေ။ ငါ၏ နှုတ်ကပတ်တော်များကို အပြည့်အ၀ လက်မခံနိုင်သော သူများ၊ ငါ၏ နှုတ်ကပတ်တော်များကို လက်တွေ့မကျင့်သုံးနိုင်သူများ၊ ငါ၏ နှုတ်ကပတ်တော်များထဲတွင် ရည်ရွယ်ချက်တစ်ခုကို ရှာမတွေ့နိုင် သူများနှင့် ငါ၏နှုတ်ကပတ်တော်များကြောင့် ကယ်တင်ခြင်းကို မရရှိနိုင်သူများသည် ငါ့နှုတ်ကပတ်တော်များအားဖြင့် ပြစ်တင်ရှုတ်ချခြင်းခံ

ရပြီးဖြစ်သည့်အပြင် ငါ၏ ကယ်တင်ခြင်းကို ဆုံးရှုံးပြီးသောသူများ ဖြစ်ကာ ငါ၏ တုတ်သည် ၎င်းတို့ထံမှ မည်သည့်အခါတွင်မျှ သွေဖည်မည် မဟုတ်ပေ- ဟူသည့် အမှန်တရားကို ငါ့နောက်လိုက်သော သူအားလုံးအား ငါ သိရှိစေမည်။

၂၀၀၃ ခုနှစ်၊ ဧပြီလ ၁၆ ရက်

# ဘုရားသခင်သည် လူ့အသက်၏ အရင်းအမြစ်ဖြစ်သည်

ကမ္ဘာကြီးထဲသို့ သင်ငိုယိုကာ ရောက်ရှိလာသည့်အချိန်မှစ၍ သင်သည် သင်၏တာဝန်ကို စတင်ဖြည့်ဆည်းရပေတော့သည်။ ဘုရားသခင်၏ အစီအစဉ်နှင့် ဘုရားသခင် ရည်စူးထားသည့်အတိုင်း သင်၏ကဏ္ဍကို သင်ဆောင်ရွက်ရပါတော့သည်၊ သင့်ဘဝ၏ ခရီးစဉ်ကို သင်စတင်ရတော့သည်။ သင့်နောက်ကြောင်းနှင့် သင့်ရှေ့ဆက်ခရီးတို့ မည်သို့ပင် ဖြစ်နေစေကာမူ မည်သူတစ်ဦးတစ်ယောက်ကမျှ ကောင်းကင်ဘုံ၏ စီစဉ်ညွှန်ကြားမှုများနှင့် စီစဉ်ခြင်းများကို မရှောင်နိုင်သကဲ့သို့ မိမိကံတရားကို ထိန်းချုပ်နိုင်သူလည်း မရှိပေ၊ အကြောင်းမှာ အရာခပ်သိမ်းကို အုပ်စိုးတော်မူသော ဘုရားသခင်တစ်ပါး တည်းသာလျှင် ထိုသို့သောအရာများကို လုပ်နိုင်သောကြောင့်ဖြစ်သည်။
လူသားစတင်ဖြစ်တည်လာသည့်နေ့မှစကာ ဘုရားသခင်သည် စကြဝဠာကို စီမံခန့်ခွဲလျက်၊ အရာအားလုံးအတွက် ပြောင်းလဲမှု စည်းမျဉ်းများနှင့် ၎င်းတို့ရွေ့လျားသည့် လမ်းကြောင်းကို လမ်းညွှန်ပြသပေးလျက် ဤကဲ့သို့ အမှုပြုလာခဲ့သည်။ ခပ်သိမ်းသော အရာများနည်းတူ လူသားသည် ဘုရားသခင်ထံမှ ချိုမြိန်သာယာမှု၊ မိုးရေနှင့် နှင်းစက်နှင်းပေါက်တို့၏ အာဟာရပေးမှုကို တိတ်တဆိတ်နှင့် အမှုမဲ့အမှတ်မဲ့ ရရှိနေသည်၊
ခပ်သိမ်းသောအရာများနည်းတူ လူသားသည် ဘုရားသခင်၏လက်တော်၏ စီစဉ်ညွှန်ကြားမှုအောက်တွင် အမှုမဲ့အမှတ်မဲ့ နေထိုင်လျက်ရှိသည်။ လူသား၏ နှလုံးသားနှင့် စိတ်ဝိညာဉ်ကို ဘုရားသခင်သည် လက်၌ကိုင်ဆောင်ထားပြီး၊ လူသား၏ ဘဝတစ်ခုလုံးကို ဘုရားသခင်သည် သူ၏မျက်လုံးများဖြင့် ကြည့်ရှုလျက်ရှိသည်။ သင်သည် ဤအချက်ကို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ သက်ရှိဖြစ်ဖြစ်၊ သက်မဲ့ဖြစ်ဖြစ် အရာအားလုံးသည် ဘုရားသခင်၏ အကြံအစည်များနှင့်အညီ ရွေ့လျားပြောင်းလဲကာ ပြန်လည်စတင်ပြီး ကွယ်ပျောက်သွားရမည်ဖြစ်သည်။ ဤသည်မှာ အရာအားလုံးကို ဘုရားသခင်တာဝန်ယူသည့် နည်းလမ်းဖြစ်သည်။

ညအချိန်သည် တိတ်တဆိတ် ချဉ်းကပ်လာသောအခါ လူသားသည် သတိမပြုမိပေ၊ အကြောင်းမှာ လူသား၏နှလုံးသားအနေဖြင့် ညသည် မည်ကဲ့သို့ချဉ်းကပ်လာသည်၊ သို့မဟုတ် မည်သည့်နေရာမှ လာသည်ကို သတိမမူမိနိုင်သောကြောင့်ဖြစ်သည်။ ညသည် တိတ်တဆိတ် တစ်စတစ်စပျောက်ကွယ်သွားချိန်တွင် လူသားသည် နေ့၏ အလင်းရောင်ကို ကြိုဆိုသည်၊ သို့သော်လည်း မည်သည့်နေရာမှ အလင်းလာပြီး ည၏အမှောင်ထုကို မည်သို့နှင်ထုတ်လိုက်ပုံကိုမူ လူသားသည် သာ၍ပင် မသိရှိကြပေ၊ သာ၍ပင် သတိမထားမိကြပေ။ ထိုသို့ ထပ်တလဲဖြစ်ပေါ်နေသော နေ့နှင့်ညတစ်လှည့်စီ ဖြစ်ပေါ်မှုများသည် လူတို့ကို ကာလတစ်ခုမှ အခြားကာလတစ်ခုသို့၊ သမိုင်းကြောင်းနောက်ခံအနေအထားတစ်ခုမှ အခြားတစ်ခုသို့ ပို့ဆောင်ပေးပြီး၊ တစ်ဖက်တွင်လည်း ခေတ်ကာလတိုင်းရှိ ဘုရားသခင်၏ အမှုနှင့် ခေတ်တိုင်းအတွက် သူ၏အကြံအစည်တို့ ဆောင်ရွက်ပြီးသည်ကို သေချာစေလျက်ရှိသည်။ လူသားသည် ဘုရားသခင်နှင့်အတူ ဤခေတ်ကာလများကို လျှောက်လှမ်းခဲ့သော်လည်း ဘုရားသခင်သည် အရာအားလုံးနှင့် သက်ရှိတို့၏ ကံကြမ္မာကို ပိုင်စိုးသည်ကို မသိသကဲ့သို့ ဘုရားသခင်သည် အရာအားလုံးကို စီစဉ်ညွှန်ကြားပြီး လမ်းညွှန်ပြပေး သည်ကိုလည်း သူမသိပေ။ ရှေးအတီတေကာလမှ ယနေ့မျက်မှောက်ထိ လူသားသည် ထိုအချက်ကို သဘောမပေါက်ပေ။ အကြောင်းရင်းမှာ ဘုရားသခင်၏ လုပ်ဆောင်ချက်များသည် သိုဝှက်လွန်းခြင်းကြောင့် မဟုတ်သကဲ့သို့ ဘုရားသခင်၏ အကြံအစည်မှာ မပြည့်မြောက်သေး သောကြောင့် မဟုတ်ဘဲ၊ လူသားသည် ဘုရားသခင်နောက် လိုက်နေစေကာမူ စာတန်ကို အစေခံလျက်ရှိနေသေးသော်လည်း ထိုအချက်ကို မသိသည်အထိပင် လူသား၏နှလုံးသားနှင့် စိတ်ဝိညာဉ်သည် ဘုရားသခင်နှင့် ဝေးကွာလွန်းခြင်းကြောင့် ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ဘုရားသခင်၏ ခြေလှမ်းများနှင့် ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို တက်တက်ကြွကြွ ရှာဖွေခြင်းမရှိပေ၊ ထို့ပြင် မည်သူတစ်ဦးတစ်ယောက်မျှ ဘုရားသခင်၏ စောင့်ရှောက်ပေးမှုနှင့် ထိန်းသိမ်းပေးမှုထဲ၌ တည်နေလိုသောဆန္ဒ မရှိကြပေ။ ထိုသို့ပြုမည့်အစား သူတို့သည် ဤလောကကြီးနှင့် လိုက်လျောညီထွေဖြစ်ရန်အလို့ငှာ၊ ထို့အပြင် ဆိုးသွမ်းသော လူသားမျိုးနွယ်တို့ လိုက်နာကျင့်သုံးသည့် ဖြစ်တည်မှုစည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်ရန်အလို့ငှာ ဆိုးယုတ်သည့်သူဖြစ်သော စာတန်၏ ယိုယွင်းပျက်စီးခြင်းအပေါ် အမှီပြုလိုကြသည်။ ဤအချိန်တွင် လူသား၏ နှလုံးသားနှင့် စိတ်ဝိညာဉ်တို့သည် စာတန်အတွက် လူသား၏ လက်ဆောင်ပဏ္ဏာ ဖြစ်သွားခဲ့ကာ စာတန်၏ ခဲဖွယ်စားဖွယ် ဖြစ်သွားသည်။ ထိုထက်ပင်ပို၍ လူသား၏ နှလုံးသားနှင့် စိတ်ဝိညာဉ်သည်

စာတန်နေထိုင်နိုင်သည့် နေရာတစ်ခုနှင့် ၎င်းနှင့် သင့်တော်သည့် ပျော်ပါးရာနေရာတစ်ခုဖြစ်လာသည်။ ဤနည်းအားဖြင့် လူသားသည် လူသားဖြစ်ရခြင်း၏ နိယာမများနှင့်ဆိုင်သည့် သူ၏ နားလည်ခြင်း၊ ထို့ပြင် လူသားဖြစ်တည်မှု၏ တန်ဖိုးနှင့် အဓိပ္ပာယ်တို့ နှင့်ဆိုင်သည့် သူ၏နားလည်ခြင်းတို့ကို အမှုမဲ့အမှတ်မဲ့ ဆုံးရှုံးလိုက် ရသည်။ ဘုရားသခင်၏ ပညတ်တရားများနှင့် ဘုရားသခင်နှင့် လူသားကြားမှ ပဋိညာဉ်သည် လူသား၏နှလုံးသားထဲမှ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်ပြီး သူသည် ဘုရားသခင်ကို ရှာဖွေခြင်း၊ သို့မဟုတ် ဂရုပြုခြင်း မရှိတော့ပေ။ အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ လူသားသည် ဘုရားသခင်က သူ့အား အဘယ်ကြောင့် ဖန်ဆင်းခဲ့သည်ကို နားမလည်တော့သကဲ့သို့ ဘုရားသခင်၏ နှုတ်မှလာသော နှုတ်ကပတ်တော်များနှင့် ဘုရားသခင်ထံမှလာသော အရာအားလုံးတို့ကို နားမလည်တော့ပေ။ ထို့နောက် လူသားသည် ဘုရားသခင်၏ ပညတ်တရားများနှင့် အမိန့်များကို စတင်အာခံလာသည်၊ ထို့ပြင် သူ၏နှလုံးသားနှင့် စိတ်ဝိညာဉ်တို့သည် ထုံထိုင်းလာသည်...။ ဘုရားသခင်သည် သူမူလအစက ဖန်ဆင်းထားသော လူသားကို ဆုံးရှုံးသွားပြီး လူသားသည် သူ၏ မူလအရင်းအမြစ်ကို ဆုံးရှုံးသွားသည်။ ၎င်းသည် ဤလူသားမျိုးနွယ်အတွက် ဝမ်းနည်းစရာဖြစ်သည်။ အမှန်တကယ်အားဖြင့် အစအဦးမှစပြီး ယခုအချိန်အထိ၊ ဘုရားသခင်သည် ဇာတ်ဆောင်နှင့် ဒုက္ခခံရသူနှစ်ခုစလုံးမှာ လူသားဖြစ်သည့် ပူဆွေးမှု ပြဇာတ်တစ်ခုကို လူသားတို့အတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည်။ ထိုပူဆွေးမှုပြဇာတ်၏ ဒါရိုက်တာမှာ မည်သူမည်ဝါဖြစ်သည်ကို မည်သူမျှ မဖြေဆိုနိုင်ပေ။

အပြောကျယ်လှသော ဤလောကကြီးတွင် ကွင်းပြင်များအတွင်းသို့ သမုဒ္ဒရာရေများ နုန်းတင်ခြင်း၊ သမုဒ္ဒရာအတွင်းသို့ ကွင်းပြင်များ ဖုံးလွှမ်းသွားခြင်းတို့ကဲ့သို့သော မရေတွက်နိုင်သည့် ပြောင်းလဲမှုများသည် ထပ်ခါထပ်ခါ ဖြစ်ပွားခဲ့သည်။ စကြဝဠာရှိ အရာအားလုံးကို အစိုးရသော ဘုရားသခင်မှတစ်ပါး မည်သူမျှ ဤလူသားမျိုးနွယ်ကို မဦးဆောင်၊ မည္ွန်ကြားနိုင်ပေ။ ဤလူသားမျိုးနွယ်အတွက် ကြိုးပမ်းရန်၊ သို့မဟုတ် ပြင်ဆင်မှုများ လုပ်ဆောင်ရန် အင်အားကြီးသောသူ တစ်ယောက်မျှ မရှိပေ၊ ဤလူသားမျိုးနွယ်ကို အလင်းပန်းတိုင်ဆီသို့ ဦးဆောင်သွား နိုင်သူနှင့် ကမ္ဘာကြီး၏ မတရားမှုများမှ လွတ်မြောက်စေနိုင်သူ သာ၍ပင် မရှိပေ။ ဘုရားသခင်သည် လူသားတို့၏ အနာဂတ်အတွက် ဝမ်းနည်းသည်၊ လူသားတို့၏ ကျဆင်းမှုအတွက် ပူဆွေးသောက ရောက်သည်၊ ထို့ပြင် လူသားတို့သည် ယိုယွင်းပျက်စီးခြင်းနှင့် ပြန်လမ်းမဲ့လမ်းကြောင်းဆီသို့ တဖြည်းဖြည်း ချီတက်သွားနေခြင်း အတွက် ဝမ်းနည်းပူဆွေးရသည်။ ဘုရားသခင်၏

စိတ်နှလုံးကို ကြေကွဲစေခဲ့ပြီး၊ ဆိုးယုတ်သောသူကို ရှာဖွေရန် ဘုရားသခင်ကို စွန့်လွှတ်ခဲ့ကြသည့် လူသားတို့ပင်ဖြစ်သည်၊ ဤကဲ့သို့သော လူသားတို့ ရွေးရွှသွားနိုင်သည့် ဦးတည်ချက်နှင့် ပတ်သက်ပြီး စဉ်းစားခဲ့ဖူးသောသူ ရှိသလော။ ဘုရားသခင်၏ အမျက်ဒေါသကို မည်သူမျှ သတိမပြုမိကြခြင်း၊ ဘုရားသခင်ကို ကျေနပ်သဘောကျစေမည့်လမ်းကို မည်သူမျှ မရှာဖွေကြခြင်း၊ သို့မဟုတ် ဘုရားသခင်ထံတော်သို့ တိုးဝင်ချဉ်းကပ်ရန် မည်သူမျှ မကြိုးစားကြခြင်း၊ ထိုထက်ပို၍ပင် ဘုရားသခင်၏ ပူဆွေးမှုနှင့် နာကျင်ရမှုတို့ကို နားလည်ပေးရန် မည်သူမျှ မကြိုးစားကြခြင်းတို့မှာ ထိုအကြောင်းကြောင့်ပင် ဖြစ်တော့သည်။ ဘုရားသခင်၏ အသံတော်ကို ကြားပြီးသည့်နောက်တွင်ပင် လူသားသည် သူ့လမ်းသူ ဆက်လျှောက်နေ၏၊ ဘုရားသခင်ထံမှ လမ်းလွှဲသွားရန် မလျှော့တမ်း ပေလုပ်နေပြီး၊ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဂရုစိုက်မှုကို ရှောင်ဖယ်ကာ ဘုရားသခင်၏ သမ္မာတရားကို ရှောင်ရှားလျက် ဘုရားသခင်၏ ရန်သူဖြစ်သော စာတန်ထံသို့ သူ့ကိုယ်သူ ရောင်းချရန်သာ ပိုနှစ်သက်နေသည်။ လူသားသည် ဆက်လက်ခေါင်းမာ နေမည်ဆိုပါက ဘုရားသခင်သည် နောင်တရခြင်းမရှိဘဲ သူ့ကိုပစ်သွားသည့် ဤလူသားတို့အပေါ် မည်ကဲ့သို့ တုံ့ပြန်မည်ဆိုသည်ကို မည်သူစဉ်းစားဖူးသနည်း။ ဘုရားသခင်၏ အကြိမ်ကြိမ် သတိပေးခြင်းနှင့် တိုက်တွန်းနှိုးဆော်ရခြင်းများ၏ အကြောင်းရင်းမှာ လူသား၏ခန္ဓာနှင့် စိတ်ဝိညာဉ်တို့ ခံရပ်နိုင်မည် မဟုတ်သည့် တစ်ခါမျှမဖြစ်ဖူးသေးသော ကပ်ဘေးကို သူ၏ လက်တော်ထဲတွင် ပြင်ဆင်ထားသောကြောင့်ဖြစ်ကြောင်းကို မည်သူမျှမသိပေ။ ဤကပ်ဘေးသည် ခန္ဓာအတွက်သာ မဟုတ်ဘဲ စိတ်ဝိညာဉ်အတွက်ပါ အပြစ်ဒဏ်ပေးခြင်း ဖြစ်သည်။ ဘုရားသခင်၏ အကြံအစည် ပျက်ပြားသွားပြီး၊ သူ၏သတိပေးချက်များနှင့် တိုက်တွန်းနှိုးဆော်ချက်များအပေါ် တုံ့ပြန်မှုများ မရှိပါက သူ့အနေဖြင့် မည်သို့အမျက်မျိုး ထုတ်လွှတ်မည်ကို သင်သိသင့်သည်။ သူ၏အမျက်သည် ဖန်ဆင်းခံသူတို့ ကြုံတွေ့ဖူးသော၊ ကြားဖူးသော အရာများနှင့် လုံးဝတူညီမည်မဟုတ်ပေ။ ထို့ကြောင့် ထိုကပ်ဘေးသည် မကြုံစဖူးသောအရာဖြစ်ပြီး မည်သည့်အခါမျှလည်း ထပ်မံ ဖြစ်ပေါ်လာမည် မဟုတ်ဟု ငါပြောသည်။ အကြောင်းမှာ ဘုရားသခင်၏ အကြံအစည်သည် လူသားမျိုးနွယ်ကို ဤတစ်ကြိမ်သာ ဖန်ဆင်း၍ ဤတစ်ကြိမ်သာ ကယ်တင်ရန် ဖြစ်သောကြောင့်ဖြစ်သည်။ ဤအကြိမ်မှာ ပထမဆုံးအကြိမ်ဖြစ်သကဲ့သို့ နောက်ဆုံးအကြိမ်လည်း ဖြစ်သည်။ ထို့ကြောင့် လူသားမျိုးနွယ်ကို ဤတစ်ကြိမ်ကယ်တင်သော ဘုရားသခင်၏ စေ့စပ်သေချာသည့် ရည်ရွယ်ချက်များနှင့် စိတ်ထက်သန်သော မျှော်လင့်စောင့်စားမှုတို့ကို မည်သူမျှ

နားမလည်နိုင်ပေ။

ဘုရားသခင်သည် ဤကမ္ဘာကြီးကို ဖန်ဆင်းခဲ့ပြီး၊ အသက်ကို သူအပ်နှင်းပေးခဲ့သည့် သက်ရှိသတ္တဝါဖြစ်သော လူသားကို ထိုအထဲသို့ ခေါ်ဆောင်ခဲ့သည်။ ထို့နောက် လူသားသည် မိဘဆွေမျိုးများရှိလာပြီး တစ်ဦးတည်း မဟုတ်တော့ပေ။ လူသားသည် ဤရုပ်ဝတ္ထုကမ္ဘာကြီးကို စတင်တွေ့မြင်သည့်အချိန်မှစကာ သူသည် ဘုရားသခင်၏ စီမံမှု အတွင်းတွင်သာ တည်နေရန် စီရင်ခြင်းခံခဲ့ရသည်။ ဘုရားသခင်ထံမှ ဇီဝအသက်သည် သက်ရှိတစ်ဦးချင်းစီတိုင်းကို အရွယ်ရောက်သူအဖြစ် ကြီးထွားလာရန် တောက်လျှောက်ပံ့ပိုးပေးသည်။ ဤဖြစ်စဉ်အတွင်းတွင် လူသားသည် ဘုရားသခင်၏ စောင့်ရှောက်မှုအောက်၌ ကြီးထွားနေ သည်ဟု မည်သူမျှ မခံစားရကြပေ၊ ယင်းအစား လူသားသည် သူ့မိဘ၏ ချစ်ခင်ကြင်နာသည့် စောင့်ရှောက်မှုအောက်တွင် ကြီးထွားလာပြီး၊ သူ၏ကြီးထွားမှုကို သူ့အသက်၏ပင်ကိုအသိစိတ်က လမ်းပြပေးသည်ဟု ၎င်းတို့ယုံကြည်ကြသည်။ အကြောင်းရင်းမှာ လူသားသည် သူ့အား အသက်ကို အပ်နှင်းပေးခဲ့သောသူကို မသိသောကြောင့်၊ သို့မဟုတ် ထိုအသက်သည် မည်သည့်အရပ်မှ လာသည်ကို မသိသောကြောင့် ဖြစ်သည်၊ အသက်၏ပင်ကိုအသိစိတ်က အံ့ဖွယ်တို့အား မည်ကဲ့သို့ ဖန်တီးပေးသည်ကို သာ၍ပင် မသိကြသောကြောင့်လည်းဖြစ်သည်။ လူသားသည် အစားအစာမှာ အသက်ဆက်ရန် အခြေခံဖြစ်ကြောင်း၊ ဇွဲရှိခြင်းသည် သူတည်ရှိနေခြင်း၏ အရင်းအမြစ်ဖြစ်ကြောင်းနှင့် သူ့စိတ်ထဲရှိ ယုံကြည်မှုများသည် သူဆက်လက်ရှင်သန်နိုင်ရန် မှီခိုနေရသည့် အရင်းအနှီးဖြစ်သည်ဟုသာ သိရှိကြသည်။ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ထောက်မမှုတို့ကို လူသားသည် လုံးဝ သတိမမူမိပေ၊ ထို့ကြောင့် သူ့အပေါ် ဘုရားသခင်အပ်နှင်းပေးထားသော အသက်ကို သူဖြုန်းတီးပစ်သည်...။ ဘုရားသခင်က နေ့ရောညပါ စောင့်ရှောက်သည့် ဤလူသားတို့အထဲမှ တစ်ဦးတစ်ယောက်မျှပင် မိမိအသိနှင့်မိမိ ဘုရားသခင်ကို မဝတ်ပြုမကိုးကွယ်ကြပေ။ ဘုရားသခင်သည် သူမျှော်လင့်ချက်မထားထားသော လူသားအပေါ် သူစီစဉ်ထား သည့်အတိုင်း ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ သူထိုသို့ပြုလုပ်ရခြင်းမှာ တစ်နေ့တွင် လူသားသည် သူ၏အိပ်မက်မှ နိုးထကာ ဘဝ၏တန်ဖိုးနှင့် အဓိပ္ပာယ်၊ ဘုရားသခင်က သူ့ကိုပေးထားသည့် အရာအားလုံးအတွက် ပေးဆပ်ခဲ့ရသည့် အဖိုးအခနှင့် လူသားအနေဖြင့် သူ့ထံပြန်လှည့်လာစေရန် ဘုရားသခင်သည် စိတ်ထက်သန်သော ဂရုစိုက်မှုဖြင့် စောင့်ဆိုင်းနေသည်ကို ရုတ်တရက် နားလည်စေရန် ဖြစ်သည်။ လူသားအသက်၏ မူလအစနှင့် ရှေ့ဆက်မှုတို့ကို ထိန်းချုပ် ထားသည့် လျှို့ဝှက်ချက်များကို မည်သူမျှ စုံစမ်းစစ်ဆေးခဲ့ဖူးခြင်း

မရှိပေ။ ဤအရာအားလုံးကို နားလည်တော်မူသော ဘုရားသခင်သည်သာ အရာအားလုံးကို ဘုရားသခင်ထံမှ ရရှိထားသော်လည်း ကျေးဇူးတင်ခြင်းမရှိသော လူသားက သူ့ကိုပေးသည့် နာကျင်မှုနှင့် ထိုးနှက်မှုတို့ကို တစ်ခွန်းမျှမဟဘဲ သည်းခံလျက်ရှိသည်။ လူသားသည် ဘဝက ယူဆောင်လာသော အရာအားလုံးကို ပေါ့ပေါ့တန်တန် သဘောထားသည်၊ ထိုနည်းတူပင် ဘုရားသခင်သည် လူသား၏ သစ္စာဖောက်ခံရပြီး မေ့လျော့ခံရကာ ခြိမ်းခြောက် တောင်းယူခံရခြင်းမှာလည်း "ဖြစ်ရိုးဖြစ်စဉ်" ဖြစ်သည်။ ဘုရားသခင်၏ အစီအစဉ်သည် အမှန်တကယ်ပင် ထိုမျှ အရေးကြီးနေနိုင်သလော။ ဘုရားသခင်၏ လက်တော်မှလာသော ဤသက်ရှိလူသားသည် အမှန်တကယ်ပင် ထိုမျှအရေးကြီးနေနိုင်သလော။ ဘုရားသခင်၏ အစီအစဉ်သည် အရေးကြီးသည်ကား သေချာပေ၏၊ သို့ရာတွင် ဘုရားသခင်၏လက်တော်ဖြင့် ဖန်ဆင်းခဲ့သော ဤသက်ရှိသည် သူ၏အစီအစဉ်အတွက် တည်ရှိနေခြင်းဖြစ်သည်။ သို့ဖြစ်ရာ ဤလူသားမျိုးနွယ်ကို မုန်းတီးခြင်းကြောင့် ဘုရားသခင်သည် သူ၏အစီအစဉ်ကို အလဟဿ အဖြစ်မခံနိုင်ပေ။ သူ၏အစီအစဉ်နှင့် သူမှုတ်သွင်းထားခဲ့သည့် ဇီဝအသက်ကြောင့်သာ ဘုရားသခင်သည် ညှဉ်းဆဲမှုအားလုံးကို သည်းခံနေခြင်းဖြစ်ပြီး လူသား၏ သွေးသားခန္ဓာအတွက် မဟုတ်ဘဲ လူသား၏ အသက်အတွက်ဖြစ်သည်။ သူသည် လူသား၏ သွေးသားခန္ဓာကို ပြန်ယူရန်မဟုတ်ဘဲ သူမှုတ်သွင်းခဲ့သော အသက်ကို ပြန်ယူရန် ထိုသို့ပြုခြင်းဖြစ်သည်။ ဤသည်မှာ သူ၏အစီအစဉ်ဖြစ်သည်။

ဤကမ္ဘာမြေကြီးထဲသို့ ရောက်ရှိလာသူ အားလုံးသည် အသက်ရှင်ခြင်းနှင့် သေခြင်းကို ကြုံတွေ့ရမည်ဖြစ်ပြီး၊ ၎င်းတို့အထဲမှ အများစုသည် သေဆုံးခြင်းနှင့် ပြန်လည်မွေးဖွားခြင်း သံသရာကို ကြုံတွေ့ခဲ့ကြပြီးဖြစ်သည်။ အသက်ရှင်နေသူများသည် မကြာမီတွင် သေဆုံးရမည်ဖြစ်ပြီး၊ သေဆုံးသူများသည် မကြာမီ ပြန်လာရလိမ့်မည်။ ဤအရာအားလုံးသည် သက်ရှိတစ်ဦးစီအတွက် ဘုရားသခင် စီစဉ် ပေးထားသော ဘဝလမ်းကြောင်းဖြစ်သည်။ ဤလမ်းကြောင်းနှင့် သံသရာသည် လူသားကို ဘုရားသခင်မှ မြင်တွေ့စေလိုသည့် အမှန်တရားအတိအကျပင် ဖြစ်သည်၊ ဘုရားသခင်မှ လူသားအပေါ် အပ်နှင်းထားသော အသက်သည် အဆုံးမရှိကြောင်း၊ အသွေးအသား၊ အချိန်၊ သို့မဟုတ် နေရာတို့၏ နှောင်ဖွဲ့ထားခြင်းကို မခံရကြောင်းပင် ဖြစ်သည်။ ယင်းမှာ လူသားအပေါ် ဘုရားသခင် အပ်နှင်းပေးထားသော အသက်၏နက်နဲရာဖြစ်ပြီး အသက်သည် သူ့ထံမှလာကြောင်း သက်သေလည်းဖြစ်သည်။ အသက်သည် ဘုရားသခင်ထံမှ လာသည်ကို လူအတော်များများက မယုံကြည်ကြသော်ငြားလည်း၊ ဘုရားသခင်၏ တည်ရှိမှုကို ၎င်းတို့ယုံကြည်သည်ဖြစ်စေ၊ ငြင်းဆိုသည်ဖြစ်စေ လူသားတို့သည် ဘုရားသခင်ထံမှ လာသောအရာအားလုံးကို မလွဲဧကန်

မွေ့လျော်နေကြပေသည်။ အကယ်၍ ဘုရားသခင်သည် တစ်နေ့၌ ရုတ်တရုတ် စိတ်ပြောင်းကာ ကမ္ဘာကြီးပေါ်တွင် တည်ရှိသော အရာအားလုံးနှင့် သူပေးခဲ့သောအသက်ကို ပြန်သိမ်းလိုပါက အရာအားလုံးသည် တည်ရှိတော့မည်မဟုတ်ပေ။ ဘုရားသခင်သည် သူ၏စွမ်းအားနှင့် ဩဇာအာဏာတို့ကို အရင်းခံ၍ အရာအားလုံးကို စည်းစနစ်ကျနစေခြင်းဖြင့် သက်ရှိသက်မဲ့ အရာအားလုံးကို သူ၏အသက်ကိုအသုံးပြု၍ ထောက်ပံ့သည်။ ယင်းမှာ မည်သူမျှ စိတ်ကူး၍မရနိုင်သည့် သို့မဟုတ် နားမလည်နိုင်သည့် အမှန်တရားဖြစ်ပြီး၊ ဤနားမလည်နိုင်သော အမှန်တရားများသည် ဘုရားသခင်၏ အသက်စွမ်းအားအတွက် သက်သေခံချက်နှင့် ၎င်း၏ သရုပ်သကန်ပင်ဖြစ်သည်။ ယခုသင့်ကို လျှို့ဝှက်ချက်တစ်ခု ငါပြောပြမည်၊ ဘုရားသခင့်အသက်၏ ကြီးမားမှုနှင့် သူ့အသက်၏ တန်ခိုးကို မည်သည့်ဖန်ဆင်းခံကမျှ ဉာဏ်မမီနိုင်ပေ။ ဤအချက်သည် ယခု၊ ယခင်နှင့် နောင်လာမည့် ကာလအတွက်လည်း ထိုအတိုင်းပင် ဖြစ်နေမည်ဖြစ်သည်။ ငါပေးမည့် ဒုတိယလျှို့ဝှက်ချက်မှာ ဖန်ဆင်းခံအရာ အားလုံးသည် ပုံစံအရ၊ သို့မဟုတ် တည်ဆောက်ပုံအရ မည်သို့ပင် ကွဲပြားနေစေကာမူ ၎င်းတို့အားလုံးအတွက် အသက်၏ အရင်းအမြစ်သည် ဘုရားသခင်ထံမှ လာကြောင်းပင်ဖြစ်သည်။ သင်သည် မည်သည့်သက်ရှိအမျိုးအစား ဖြစ်နေစေကာမူ ဘုရားသခင် ချမှတ်ထားသည့် အသက်လမ်းကြောင်းကို မချိုးဖောက် နိုင်ပေ။ မည်သို့ပင်ဖြစ်စေ လူသားအနေဖြင့် အောက်ပါအချက်ကို နားလည်ရန်သာ ငါအလိုရှိသည်- ဘုရားသခင်၏ စောင့်ရှောက်မှု၊ ထိန်းသိမ်းမှုနှင့် ထောက်ပံ့ပေးမှုတို့ မရှိပါက လူသားသည် မည်မျှပင် ဝီရိယရှိရှိ ကြိုးစားစေကာမူ၊ သို့မဟုတ် မည်မျှပင် အားသွန်ခွန်စိုက် ရုန်းကန်စေကာမူ သူရရှိရန် ရည်ရွယ်ထားသမျှ အရာအားလုံးကို မရနိုင်ပေ။ ဘုရားသခင်ထံမှ အသက်ထောက်ပံ့ပေးခြင်း မရှိပါက လူသားသည် အသက်ရှင်ခြင်း၏ တန်ဖိုးနှင့် အသက်၏အဓိပ္ပာယ်တို့ကို ဆုံးရှုံးရမည်ဖြစ်သည်။ ဘုရားသခင်သည် သူ့အသက်၏တန်ဖိုးကို ပေါ့ပြက်ပြက်ဖြုန်းတီးပစ်သော လူသားကို မည်သို့လျှင် အလွန်အမင်း ပူပင်ကြောင့်ကြကင်းမဲ့ခွင့် ပေးထားနိုင်မည်နည်း။ ယခင်က ငါပြောခဲ့သည့်အတိုင်း ဘုရားသခင်သည် သင့်အသက်၏ အရင်းအမြစ် ဖြစ်သည်ကို မမေ့နှင့်။ အကယ်၍ လူသားသည် ဘုရားသခင် အပ်နှံပေးထားသော အရာအားလုံးကို မြတ်နိုးတန်ဖိုးထားရန် ပျက်ကွက် ပါက၊ ဘုရားသခင်သည် အစအဦး၌ သူပေးထားသည့် အရာများကို ပြန်ယူမည်သာမကဘဲ သူပေးထားခဲ့သော အရာအားလုံး၏ အဖိုးအခ နှစ်ဆကို လူသားထံမှ နစ်နာကြေးအဖြစ် အရယူမည်ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ မေလ ၂၆ ရက်

# အနန္တတန်ခိုးရှင် သက်ပြင်းချတော်မူခြင်း

သင်၏စိတ်နှလုံးထဲ၌ အလွန်ကြီးမားသော လျှို့ဝှက်ချက် တစ်ခုရှိ၍ သင်သည် အလင်းကင်းမဲ့သောလောကထဲ၌ အသက်ရှင် နေထိုင်နေသည့်အတွက်ကြောင့် ၎င်းကို မည်သည့်အခါမျှ သတိမမူမိ ခဲ့ချေ။ သင်၏စိတ်နှလုံးနှင့် ဝိညာဉ်သည် ဆိုးယုတ်သောသူ၏ ဆွဲလုခြင်းကို ခံခဲ့ရ၏။ သင်၏မျက်လုံးများသည် မှောင်မိုက်၏ ဖုံးကွယ်ခြင်းကို ခံရပြီး သင်သည် ကောင်းကင်မှနေလုံးကိုသာမက ညအခါ မှိတ်တုတ်မှိတ်တုတ်လင်းသောကြယ်ကိုလည်း မြင်နိုင်ခြင်း မရှိပေ။ သင်၏နားများမှာ လိမ်လည်လှည့်ဖြားသောစကားများဖြင့် ပိတ်ဆို့ခြင်းကိုခံရပြီး သင်သည် ယေဟောဝါ၏ မြည်ဟည်းသော အသံကိုသာမက ပလ္လင်တော်မှ စီးဆင်းသောရေတို့၏အသံကိုလည်း မကြားရချေ။ သင်သည် တရားသဖြင့်ပိုင်ဆိုင်သမျှ၊ သင့်အပေါ် အနန္တတန်ခိုးရှင် ပေးအပ်သောအရာမှန်သမျှကို ဆုံးရှုံးခဲ့လေပြီ။ ကယ်မရန် တန်ခိုးမရှိ၊ ဆက်လက်ရှင်သန်ရန် မျှော်လင့်ချက်မရှိဘဲ အဆုံးမဲ့ဒုက္ခပင်လယ်တစ်ခုသို့ သင်ဝင်ရောက်ခဲ့ပြီး သင်ပြုသမျှမှာ ရုန်းကန်ခြင်းနှင့် အလောတကြီးလုပ်ဆောင်ခြင်းသာ ဖြစ်၏။ ယင်းအခိုက်အတန့်မှအစပြု၍ သင်သည် ဆိုးယုတ်သောသူ၏ ဖိစီးနှိပ်စက်ခြင်းကိုခံရန်၊ အနန္တတန်ခိုးရှင်၏ကောင်းချီးမင်္ဂလာများနှင့် ဝေးကွာစေရန်၊ အနန္တတန်ခိုးရှင်၏ထောက်ပံ့မှုများနှင့် အလှမ်းဝေး စေရန်၊ ပြန်လမ်းမရှိသောလမ်းမတစ်ခု၌ လျှောက်လှမ်းစေရန် ပျက်စီးကိန်းသို့ရောက်ခဲ့၏။ အကြိမ်တစ်သန်း ခေါ်တော်မူခြင်းမှာ သင်၏စိတ်နှလုံးနှင့်ဝိညာဉ်ကို အနည်းငယ်မျှနိုးဆွနိုင်ခြင်းမရှိပေ။ သင်သည် လမ်းညွှန် သို့မဟုတ် လမ်းပြအမှတ်အသားများမရှိသော အကန့်အသတ်မဲ့နယ်ပယ်တစ်ခုထဲသို့ သင့်အား သွေးဆောင်ခဲ့သည့် ဆိုးယုတ်သောသူ၏လက်ထဲ၌ နှစ်ခြိုက်စွာအိပ်စက်လေ၏။ ထိုအချိန် မှစ၍နောင်တွင် သင်သည် သင်၏မူလအပြစ်ကင်းစင်ခြင်းနှင့် သန့်ရှင်းခြင်းကို ဆုံးရှုံးခဲ့ရပြီး အနန္တတန်ခိုးရှင်၏စောင့်ရှောက်ခြင်းကို စတင်ရှောင်ရှားခဲ့၏။ သင်၏စိတ်နှလုံးအတွင်း၌ ဆိုးယုတ်သော သူသည် ကိစ္စအားလုံး၌ သင့်ကို ပဲ့ကိုင်ပြီး သင်၏အသက် ဖြစ်လာခဲ့သည်။ သင်သည် သူ့ကို ကြောက်ရွံ့ခြင်း၊ ရှောင်တိမ်းခြင်း သို့မဟုတ် သံသယဖြစ်ခြင်း မရှိတော့ဘဲ သင်၏စိတ်နှလုံးထဲ၌ သူ့ကို ဘုရားသခင်အဖြစ် သဘောထားသည်။ သင်သည် သူ့ကို စတင်ကာ ရိုသေကိုးရှိုးခြင်း၊ ကိုးကွယ်ခြင်းပြု၍ သင်တို့နှစ်ဦးသည် သေခြင်းတရား၌ စိတ်နှစ်မြှုပ်သကဲ့သို့ အသက်ရှင်ခြင်း၌လည်း စိတ်နှစ်မြှုပ်ကာ ခန္ဓာကိုယ်နှင့် အရိပ်ကဲ့သို့ တစ်ပူးတွဲတွဲ ဖြစ်လာလေ၏။ သင်သည် မည်သည့်နေရာမှလာခဲ့ကြောင်း၊ အဘယ်ကြောင့်

မွေးဖွားလာခဲ့ကြောင်း သို့မဟုတ် အဘယ်ကြောင့် သေဆုံးမည်ဖြစ်ကြောင်းကို လုံးဝမသိချေ။ သင်သည် အနန္တတန်ခိုးရှင်ကို သူစိမ်းတစ်ဦးကဲ့သို့ သဘောထား၏၊ သင့်အတွက် သူလုပ်ပေးခဲ့သည့်အရာအားလုံးကို သိရန်မဆိုထားနှင့် သူ၏ ဇာစ်မြစ်များကိုပင် သင်မသိပေ။ သူ့ထံမှ လာသမျှသည် သင့်အတွက် မုန်းတီးဖွယ် ဖြစ်လာ၏၊ သင်သည် ၎င်းကို ချစ်ခင်မြတ်နိုးခြင်း မရှိသကဲ့သို့ ၎င်း၏တန်ဖိုးကိုလည်း မသိချေ။ သင်သည် အနန္တတန်ခိုးရှင်၏ထောက်ပံ့ခြင်းကို လက်ခံရရှိခဲ့သည့်နေ့မှအစပြု၍ ဆိုးယုတ်သောသူနှင့်တွဲဖက်၍ လျှောက်လှမ်းလေ၏။ သင်သည် ဆိုးယုတ်သောသူနှင့်အတူ မိုးသက်လေပြင်းများနှင့် မုန်တိုင်းများကို နှစ်ထောင်ပေါင်းများစွာ ကြံ့ကြံ့ခံခဲ့ပြီး သင်၏အသက်အရင်း အမြစ်ဖြစ်သော ဘုရားသခင်ကို သူနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ဆန့်ကျင်၏။ သင်သည် ပျက်စီးခြင်းချောက်ကမ်းပါး၌ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရန်မဆိုထားနှင့်၊ နောင်တတရားအကြောင်း ဘာမျှမသိချေ။ ဆိုးယုတ်သောသူသည် သင့်ကို သွေးဆောင် ဖြားယောင်းပြီး ဖိစီးနှိပ်စက်ကြောင်း သင်မေ့လျော့လေပြီ၊ သင်သည် သင်၏ဇာစ်မြစ်များကို မေ့လျော့ခဲ့ခြင်းဖြစ်လေတကား။ ဆိုးယုတ်သော သူသည် လမ်းခရီးအဆင့်တိုင်း၌ သင့်အား ယနေ့တိုင် ဤနည်းအတိုင်း ဖိစီးနှိပ်စက်ခဲ့ခြင်းဖြစ်၏။ သင်၏စိတ်နှလုံးနှင့် ဝိညာဉ်တို့သည် ထုံထိုင်းပြီး ယိုယွင်းပျက်စီးစေခြင်းခံရ၏။ သင်သည် လူ့လောကကြီး ထဲမှ စိတ်အနှောင့်အယှက်များအကြောင်း ညည်းတွားခြင်းကို ရပ်စဲခဲ့သည်၊ လောကကြီးမှာ တရားမျှတမှုမရှိဟူ၍ သင်ထင်မြင် ယူဆခြင်း မရှိတော့ပေ။ သင်သည် အနန္တတန်ခိုးရှင် တည်ရှိသည်၊ မတည်ရှိသည်ကို သာ၍ပင် ဂရုမစိုက်ချေ။ ဤအရာမှာ အဘယ်ကြောင့်နည်းဟူမူကား ဆိုးယုတ်သောသူသည် သင်၏ စစ်မှန်သောဖခင် ဖြစ်သည်ဟု ကာလအတန်ကြာက သင်ယူဆခဲ့၍ သူ့ထံမှ မခွဲခွာနိုင်ခြင်းကြောင့်ဖြစ်၏။ ဤသည်မှာ သင်၏ စိတ်နှလုံးအတွင်းမှ လျှို့ဝှက်ချက်ပေတည်း။

အရုဏ်ဦးရောက်သည့်အခါ မိုးသောက်ကြယ်သည် အရှေ့အရပ်၌ စတင်ထွန်းလင်းလေ၏။ ဤကြယ်သည် ထိုနေရာ၌ ယခင်က တစ်ခါမျှမရှိဖူးသော ကြယ်ဖြစ်ပြီး ငြိမ်သက်အေးချမ်း၍ မှိတ်တုတ် မှိတ်တုတ်လင်းနေသော မိုးကောင်းကင်များကို အလင်းရောင်ပေးကာ လူတို့၏စိတ်နှလုံးများထဲ၌ ကွယ်ပျောက်စေခြင်းခံခဲ့ရသည့်အလင်းကို တဖန်လောင်မြိုက်စေ၏။ သင်နှင့် အခြားသူများအပေါ်၌ ထပ်တူထပ်မျှထွန်းလင်းသော ဤအလင်း၏ကျေးဇူးကြောင့် လူသားတို့သည် အထီးကျန်ခြင်း မဖြစ်တော့ချေ။ သို့သော်လည်း သင်တစ်ဦးတည်း ညအမှောင်ထဲ၌ နှစ်ခြိုက်စွာအိပ်ပျော်လျက်နေ၏။ သင်သည် အသံလည်းမကြား၊ အလင်းလည်းမမြင်ပေ၊ အသစ်သော ကောင်းကင်နှင့်

မြေကြီးပေါ်ထွန်းကြောင်း၊ ခေတ်ကာလအသစ် ပေါ်ထွန်းကြောင်းကို မသိပေ၊ အဘယ်ကြောင့်ဆိုသော် သင်၏အဖက "ငါ့သား၊ မထနှင့်ဦး၊ စောသေးသည်။ ရာသီဥတုလည်းအေးသည်၊ ထို့အတွက်ကြောင့် အပြင်သို့မသွားနှင့်၊ သင့်မျက်လုံးများ ခါးလုံ့ဖြင့် ထိုးမိမည့်အကြောင်း စိုးရိမ်စရာရှိ၍ဖြစ်၏" ဟု ဆိုသောကြောင့် ဖြစ်သည်။ သင်သည် သင့်အဖ၏ သတိပေးချက်များကိုသာ ယုံကြည်စိတ်ချ၏၊ အဘယ်ကြောင့်ဆိုသော် သင့်အဖသည် သင့်ထက် အသက်အရွယ်အိုမင်း၍ သင့်ကိုအလွန်အမင်းချစ်သောကြောင့် သင့်အဖသာမှန်သည်ဟု သင်ယုံကြည်ခြင်းကြောင့်ဖြစ်၏။ ယင်းကဲ့သို့ သတိပေးချက်များနှင့် ချစ်ခြင်းသည် လောကကြီးထဲ၌ အလင်းရှိသည်ဟူသော ဒဏ္ဍာရီအပေါ် ယုံကြည်မှုကို ရပ်တန့်စေသည်၊ ၎င်းတို့သည် ဤလောကကြီးထဲ၌ သမ္မာတရား တည်ရှိသေးခြင်း ရှိမရှိကို အရေးမစိုက်ဘဲနေစေ၏။ သင်သည် အနန္တတန်ခိုးရှင်၏ ကယ်မခြင်းကို ဆက်လက်၍ မမျှော်လင့်ရဲတော့ချေ။ သင်သည် ရှိရင်းစွဲအခြေအနေအပေါ် တင်းတိမ်နေ၏၊ အလင်းပေါ်ထွန်းမှုကို မျှော်မှန်းခြင်း၊ ဒဏ္ဍာရီထဲ၌ ဆိုထားသကဲ့သို့ အနန္တတန်ခိုးရှင် ကြွလာခြင်းကို ရှာဖွေခြင်း မရှိတော့ချေ။ သင့်အနေနှင့်၊ လှပသောအရာမှန်သမျှသည် ပြန်လည်လန်းဆန်းစေနိုင်ခြင်း မရှိ၊ ၎င်းမှာ တည်ရှိနိုင်ခြင်းမရှိဟု ထင်လေ၏။ သင်၏အမြင်တွင် လူသားမျိုးနွယ်၏ နံနက်ဖြန်၊ လူသားမျိုးနွယ်၏ အနာဂတ်သည် ကွယ်ပျောက်သွား၍ ချေဖျက်ခြင်းခံရသည်ဟု မြင်လေ၏။ သင်၏ခွန်အားရှိသမျှဖြင့် သင့်အဖ၏အဝတ်အစားကို တွယ်ဖက် ထား၏၊ အခက်အခဲများကို မျှဝေခံစားရန် အပူအပင်မရှိ၊ သင်၏ခရီးသွားဖော်နှင့် သင်၏ ဝေးလံသောခရီး၏ ဦးတည်ချက် တို့အား ဆုံးရှုံးရမည်ကို အလွန်အမင်း ကြောက်ရွံ့လေ၏။ ကျယ်ပြောပြီး ဝိုးတိုးဝါးတားဖြစ်သော လူ့လောကကြီးသည် ဤလောက၏ မတူညီသော အခန်းကဏ္ဍများ၌ ဖြည့်စွက်ရာတွင် တွန့်ဆုတ်ခြင်း မရှိဘဲ တုန်လှုပ်ခြင်းကင်းမဲ့လျက်ရှိသော သင်တို့များစွာကို ဖွဲ့စည်းခဲ့သည်။ ၎င်းသည် သေခြင်းတရားကို မကြောက်ရွံ့သော "စစ်သည်" များစွာကို ဖန်တီးပေးခဲ့၏။ ထို့မျှမက ၎င်းသည် မိမိတို့ကိုဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်ကို မသိနားမလည်သည့် ထုံထိုင်း၍ တုံ့ဆိုင်းရပ်တန့်နေသော လူသားများကို တစ်သုတ်ပြီး တစ်သုတ် ပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ အနန္တတန်ခိုးရှင်၏ မျက်လုံးများသည် ပြင်းပြင်းထန်ထန် ဖိစီးနှိပ်စက်ခံရသော လူသားမျိုးနွယ်ထဲမှ တစ်ဦးချင်းစီနှင့် မျိုးနွယ်ဝင်အယောက်တိုင်းကို ကြည့်ရှုသုံးသပ်လေ၏။ သူကြားရသောအရာမှာ ဒုက္ခဆင်းရဲ ခံနေရသောသူတို့၏ မြည်တမ်းသံဖြစ်၏၊ သူမြင်ရသောအရာမှာ ဖိစီးနှိပ်စက်ခံရသော သူတို့၏ အရှက်တရားကင်းမဲ့မှုဖြစ်ပြီး သူခံစား ရသောအရာမှာ ကယ်တင်ခြင်းကျေးဇူးတော်ကို ဆုံးရှုံးခဲ့ပြီးသော လူသားမျိုးနွယ် တစ်ခု၏

ခိုကိုးရာမဲ့မှုနှင့် စိုးရိမ်ပူပန်မှုဖြစ်၏။ လူသားမျိုးနွယ်သည် သူ၏စောင့်မခြင်းကို ငြင်းပယ်ကာ မိမိတို့ ကိုယ်တိုင်၏လမ်းကြောင်း၌ လျှောက်လှမ်းရန် ရွေးချယ်ကြပြီး သူ၏မျက်လုံးများဖြင့် စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို ရှောင်တိမ်းရန် ကြိုးစားကြ၍ ရန်သူနှင့်အတူ နက်ရှိုင်းသောပင်လယ်၏ခါးသီးမှုကို နောက်ဆုံးအစက်အထိပင် တစိမ့်စိမ့်အရသာခံရန် ပို၍နှစ်သက်ကြ၏။ အနန္တတန်ခိုးရှင်၏ သက်ပြင်းချတော်မူခြင်းကို လူသားတို့ကြားရခြင်း မရှိတော့ချေ၊ အနန္တတန်ခိုးရှင်၏ လက်တော်များသည် ဝမ်းနည်းဖွယ်ရာဖြစ်သော ဤလူသားမျိုးနွယ်ကို ကြင်နာစွာ ထွေးပိုက်ရန် အလိုမရှိတော့ချေ။ သူသည် ကြိမ်ဖန်များစွာ ပြန်ဖမ်းပြီး ကြိမ်ဖန်များစွာ လက်လွှတ် ရပြန်သည်၊ သူပြုသောအမှုမှာ ဤကဲ့သို့ အဖန်တလဲလဲ ဖြစ်လေ၏။ ထိုအခိုက်အတန့်မှစ၍ သူသည် ပင်ပန်းခြင်း၊ စိတ်ကုန်ခြင်းတို့ကို စတင်ခံစားရသဖြင့် လက်ထဲမှ အလုပ်ကို သူရပ်ကာ လူသားမျိုးနွယ် အကြား၌ လျှောက်လှမ်းခြင်းကို ရပ်တန့်လေ၏…။ လူသားတို့သည် ဤအပြောင်းအလဲများအကြောင်း တစ်စုံတစ်ရာကိုမျှ လုံးလုံး သတိမမူမိကြဘဲ အနန္တတန်ခိုးရှင်၏ သွားခြင်းနှင့် လာခြင်း၊ ဝမ်းနည်းခြင်းနှင့် လွမ်းဆွေးခြင်းကို သတိမမူမိကြပေ။

ဤလောက၏အရာခပ်သိမ်းသည် အနန္တတန်ခိုးရှင်၏ အတွေးများနှင့် သူ၏မျက်လုံးများအောက်၌ လျင်မြန်စွာ ပြောင်းလဲ လေ၏။ လူသားမျိုးနွယ် တစ်ခါမျှမကြားခဲ့ဖူးသောအရာများ ရုတ်တရက်ရောက်လာသော်လည်း လူသားမျိုးနွယ် ကာလတာရှည်စွာ ပိုင်ဆိုင်ခဲ့သောအရာများမှာ အမှုမဲ့အမှတ်မဲ့ တစ်စတစ်စဆုံးရှုံးလျက် နေ၏။ အနန္တတန်ခိုးရှင် မည်သည့်နေရာ၌ရှိကြောင်းကို မည်သူမျှ နားလည်သဘောပေါက်ခြင်း မရှိနိုင်ဘဲ အနန္တတန်ခိုးရှင်နှင့်ဆိုင်သည့် အသက်စွမ်းအား၏ အစွမ်းတန်ခိုး ကြီးမြတ်ခြင်းနှင့် သာလွန်ခြင်းကို မည်သူမျှ သာ၍ပင် မသိနိုင်ပေ။ လူသားတို့ သတိမမူမိသောအရာကို မြင်နိုင်သည့်အတွက် သူသည်သာလွန်၏။ လူသားမျိုးနွယ်၏ ပစ်ပယ်ခြင်းကို ခံရသောသူဖြစ်သော်လည်း လူသားမျိုးနွယ်ကို ကယ်တင်သည့်အတွက် သူသည်ကြီးမြတ်၏။ သူသည် အသက်ရှင်ခြင်းနှင့် သေခြင်း၏အဓိပ္ပာယ်ကို သိပြီး၊ ထို့မျှမက သူဖန်ဆင်းခဲ့သောလူသားမျိုးနွယ်၏ဘဝကို အုပ်ထိန်းရန်အတွက် မည်သည့်စည်းမျဉ်းများမှာ သင့်လျော်ကြောင်းကို သူသိ၏။ သူသည် လူသားဖြစ်တည်ခြင်း၏ အုတ်မြစ်ဖြစ်ပြီး လူသားမျိုးနွယ်ကို ရှင်ပြန်ထမြောက်စေသော ရွေးနှုတ်ကယ်တင်ရှင်ဖြစ်၏။ သူသည် ရွှင်လန်းသောစိတ်နှလုံးများကို ဝမ်းနည်းခြင်းဖြင့် ဝန်ပိစေ၍ ဝမ်းနည်းခြင်းနှင့်ပြည့်သောစိတ်နှလုံးများကို ရွှင်လန်းခြင်းဖြင့် ချီမလေ၏၊ ယင်းတို့အားလုံးမှာ သူ၏အလုပ်နှင့် သူ၏အစီအစဉ် အဖို့အလို့ငှာ ဖြစ်၏။

အနန္တတန်ခိုးရှင်၏ အသက်ထောက်မခြင်းထံမှ လမ်းလွဲပြီး သောအခါ လူသားတို့သည် ဘဝရည်ရွယ်ချက်ကို မသိနားမလည်ကြ သော်လည်း မည်သို့ပင်ဆိုစေကာမူ သေခြင်းတရားကို ကြောက်ရွံ့ကြ၏။ ၎င်းတို့၌ အကူအညီ သို့မဟုတ် စောင့်မမှုကင်းမဲ့ကြသော်လည်း မိမိတို့၏မျက်လုံးများကို မှိတ်ရန်ဝန်လေးနေကြဆဲဖြစ်၍ ဤလောကကြီးထဲ၌ ယုတ်ညံ့သောဘဝကို အချိန်ဆွဲရန် မိမိတို့ ကိုယ်ကို စိတ်တင်းထားကြ၏၊ မိမိတို့ကိုယ်တိုင်၏ စိတ်ဝိညာဉ်များ အကြောင်း မသိသည့် လူစဉ်မမီသောသူများပေတည်း။ သင်သည် မျှော်လင့်ချက်၊ ရည်မှန်းချက်ကင်းမဲ့စွာဖြင့် အခြားသူများနည်းတူ ဤပုံစံဖြင့် အသက်ရှင်၏။ ဒဏ္ဍာရီလာ သန့်ရှင်းသူတစ်ပါးတည်းသာ မိမိတို့၏ဒုက္ခဆင်းရဲအလယ်၌ ညည်းတွားလျက်နေကာ သူ၏ ကြွရောက်လာခြင်းကို အသည်းအသန် စောင့်မျှော်နေသောလူများကို ကယ်တင်လိမ့်မည်။ ယခုအချိန်အထိ အသိဉာဏ်မရှိသောလူများ၌ ယင်းကဲ့သို့ယုံကြည်မှုမျိုး ဖြစ်မြောက်ဖူးခြင်းမရှိပေ။ မည်သို့ပင် ဆိုစေကာမူ လူတို့သည် ၎င်းကို အလွန်တမ်းတနေကြဆဲဖြစ်၏။ အနန္တတန်ခိုးရှင်သည် အလွန်အမင်း ဒုက္ခဆင်းရဲကိုခံဖူးသော ဤလူများအပေါ် သနားကရုဏာရှိ၏၊ တစ်ချိန်တည်းတွင် သူသည် လူသားတို့ထံမှ အဖြေတစ်ခုကို စောင့်ဆိုင်းနေခဲ့ရသည်မှာ အလွန်ကြာလှပြီဖြစ်သောကြောင့် အသိဉာဏ်ကင်းမဲ့သော ဤလူများ ကိုလည်း စိတ်ပျက်၏။ သင်သည် ရေငတ်ခြင်းနှင့် ဆာလောင်ခြင်းကို မခံရတော့မည့်အကြောင်း သူသည် ရှာဖွေရန်၊ သင်၏စိတ်နှလုံးနှင့် ဝိညာဉ်ကို ရှာဖွေရန်၊ သင့်ထံ ရေနှင့် အစာကို ယူဆောင်လာရန်နှင့် သင့်ကို နှိုးရန် ဆန္ဒရှိတော်မူ၏။ သင် ပင်ပန်းနွမ်းနယ်သောအခါနှင့် ဤလောကကြီး၏ စိတ်ဓာတ်ကျဖွယ် ပျက်စီးခြောက်ကပ်ခြင်း တစ်စုံတစ်ရာကို စတင်ခံစားရသောအခါ၊ လမ်းပျောက်ခြင်းမရှိစေနှင့်၊ မငိုကြွေးလေနှင့်။ စောင့်ကြည့်တော်မူသောသူ အနန္တတန်ခိုးရှင် ဘုရားသခင်သည် သင်၏ရောက်လာခြင်းကို အချိန်မရွေး လက်ခံ ပွေ့ဖက်လေမည်။ သူသည် သင့်ထံပါး၌ အိပ်ဖန်စောင့်လျက် သင်နောက်ပြန်လှည့်လာရန် စောင့်ဆိုင်းနေ၏။ သင်၏မှတ်ဉာဏ် ရုတ်တရက် ပြန်ရသောနေ့ရက်ကို သူစောင့်ဆိုင်းလျက်နေ၏၊ ထိုနေ့ရက်မှာ သင်သည် ဘုရားသခင်ထံမှ လာခဲ့ကြောင်း၊ မသိခဲ့သောအချိန်တစ်ချိန်တွင် သင်ဦးတည်ချက်ပျောက်ခဲ့ကြောင်း၊ မသိခဲ့သောအချိန်တစ်ချိန်တွင် လမ်းပေါ်၌ အသိဉာဏ် ပျောက်ဆုံး ခဲ့ရကြောင်းနှင့် မသိခဲ့သောအချိန်တစ်ချိန်တွင် “အဖ” တစ်ဦးရ ခဲ့ကြောင်း သဘောပေါက်သောနေ့ရက်၊ ထို့ပြင်မက အနန္တတန်ခိုးရှင်သည် အစဉ်သဖြင့် အိပ်ဖန်စောင့်နေကာ သင်ပြန်လာမည်ကို ထိုနေရာ၌ အလွန့်အလွန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းလျက်နေကြောင်း သင်သဘောပေါက်သောနေ့ရက် ဖြစ်ပေသည်။ သူသည် ပြင်းပြသောတောင့်တမှုဖြင့်

စောင့်ကြည့် နေကာ အဖြေမပါသော တုံ့ပြန်မှုတစ်ခုကို စောင့်ဆိုင်းလျက်နေ၏။ သူ၏အမြဲတစေ စောင့်ကြည့်ခြင်းမှာ တန်ဖိုးမဖြတ်နိုင်ပေ၊ ထို့ပြင် ၎င်းမှာ လူသား၏စိတ်နှလုံးနှင့် ဝိညာဉ်အဖို့အလို့ငှာ ဖြစ်၏။ ဤသို့ အမြဲတစေစောင့်ကြည့်ခြင်းမှာ အချိန်အကန့်အသတ်မဲ့ ဖြစ်ကောင်း ဖြစ်နိုင်၍ ၎င်းမှာ ဆုံးခန်း၌လည်း ရှိကောင်းရှိနေနိုင်သည်။ သို့သော်လည်း ယခုအခါ သင်၏စိတ်နှလုံးနှင့် ဝိညာဉ်တို့မှာ မည်သည့်နေရာ၌ ရှိနေကြောင်းကို သင်အတိအကျ သိသင့်ပေသည်။

၂၀၀၃ ခုနှစ်၊ မေလ ၂၈ ရက်

# ဘုရားသခင်၏ ပေါ်ထွန်းခြင်းသည် ခေတ်သစ်တစ်ခေတ်ကို အစပြုခဲ့၏

ဘုရားသခင်၏ နှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်က အဆုံးသတ်သို့ ရောက်လာနေပြီ ဖြစ်သည်။ ထို့ပြင် ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ရှာဖွေသူများအားလုံးအတွက် နိုင်ငံတော်၏ တံခါးသည်လည်း ဖွင့်ထားနှင့်ပြီးဖြစ်သည်။ ချစ်သော ညီအစ်ကို မောင်နှမတို့၊ သင်တို့ မည်သည့်အရာကို စောင့်မျှော်နေကြသနည်း။ မည်သည့်အရာကို ရှာဖွေနေကြသနည်း။ ဘုရားသခင် ပေါ်ထွန်းခြင်းကို သင်တို့စောင့်မျှော်နေသလော။ ဘုရားသခင်၏ ခြေရာများကို သင်တို့ ရှာဖွေနေကြသလော။ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို မြင်တွေ့နိုင်ရန် လူများ အလွန်ပင်တောင့်တကြသည်တကား။ ထို့ပြင် ဘုရားသခင်၏ ခြေရာများကို တွေ့ရန်မှာလည်း အလွန်ပင် ခက်ခဲလှသည်တကား။ ဤကဲ့သို့သောခေတ်၊ ဤကဲ့သို့သောလောကမှာ ဘုရားသခင် ပေါ်ထွန်းသည့်နေ့ရက်ကို မျက်မြင်တွေ့ကြုံနိုင်ဖို့အတွက် မည်သည့်အရာကို ငါတို့ လုပ်ဆောင်ရမည်နည်း။ ဘုရားသခင်၏ ခြေလှမ်းများကို အမီလိုက်ရန် ငါတို့အနေဖြင့် မည်သို့ လုပ်ဆောင်ရမည်နည်း။ ဘုရားသခင် ပေါ်ထွန်းရန် စောင့်မျှော်နေသည့် သူများအားလုံး ဤမေးခွန်းများနှင့် ရင်ဆိုင်ကြရသည်။ သင်တို့ အားလုံးလည်း ဤမေးခွန်းများကို တစ်ခါထက်မက စဉ်းစားဖူး ကြသည်။ သို့သော် မည်သည့်ရလဒ်ကို ရရှိကြသနည်း။ ဘုရားသခင်သည် မည်သည့်အရပ်၌ ပေါ်ထွန်းသနည်း။ ဘုရားသခင်၏ ခြေရာများ မည်သည့်နေရာ၌ ရှိသနည်း။ သင်တို့၌ အဖြေရှိပြီလော။ လူတော်တော်များများက “ဘုရားသခင်က သူ့နောက်လိုက်သောသူ အားလုံးအကြား၌ ပေါ်ထွန်းပြီး ကိုယ်တော်၏ ခြေရာများသည်လည်း ကျွန်ုပ်တို့အကြား၌ ရှိသည်၊ ထိုမျှပင် ရိုးစင်းလှသည်။” ဟု ဖြေကြမည် ဖြစ်သည်။ မည်သူမဆို ပုံသေကားကျ စကားလုံးများပါသည့် အဖြေမျိုးကို ပေးနိုင်ပါသည်၊

သို့သော် ဘုရားသခင်၏ ပေါ်ထွန်းခြင်း သို့မဟုတ် သူ၏ခြေရာများဟုဆိုရာ၌ အဘယ်အရာအား ဆိုလိုသည်ကို သင်တို့နားလည်ကြသလော။ ဘုရားသခင်၏ ပေါ်ထွန်းခြင်းဟူသည်မှာ ဘုရားသခင်က သူ၏အလုပ်ကို ကိုယ်တိုင်ကိုယ်ကျလုပ်ရန်အတွက် လောကသို့ ဆိုက်ရောက်လာခြင်းကို ရည်ညွှန်းသည်။ ခေတ်တစ်ခေတ်ကို အစပြုသည့်အမှုနှင့် ခေတ်တစ်ခေတ်ကို အဆုံးသတ်သည့်အမှုတို့ကို လုပ်ဆောင်ရန် သူ၏ကိုယ်ပိုင်လက္ခဏာနှင့် စိတ်သဘောထား၊ ထို့ပြင် သူ့နည်းသူ့ဟန်နှင့် လူသားများထဲသို့ သူဆင်းကြွလာသည်။ ဤပေါ်ထွန်းခြင်းမျိုးသည် အခမ်းအနားအသွင် တစ်ခု မဟုတ်ပါ။ ယင်းမှာ သင်္ကေတတစ်ခုလည်းမဟုတ်၊ ပုံဆောင်မှု တစ်ခု၊ အံ့သြဖွယ်တစ်ခု၊ သို့မဟုတ် ခမ်းနားသည့် မြင်ကွင်းတစ်ခုလည်း မဟုတ်ပေ။ ထို့အပြင် ဘာသာရေးဖြစ်စဉ်မျိုး သာ၍ပင် မဟုတ်ပေ။ ၎င်းသည် စစ်မှန်သည့် အချက်အလက် တစ်ခုဖြစ်ပြီး ကိုင်တွယ်တို့ထိနိုင်သော၊ မည်သူမဆို မြင်နိုင်သောအရာ ဖြစ်သည်။ ဤပေါ်ထွန်းခြင်းမျိုးသည် ဟန်ဆောင် လုပ်ပြခြင်းအလို့ငှာ မဟုတ်ပေ၊ သို့မဟုတ် ရေတိုလုပ်ဆောင်မှုအလို့ငှာ မဟုတ်ပေ၊ စင်စစ်အားဖြင့် သူ၏စီမံခန့်ခွဲမှုအစီအစဉ်အတွင်းရှိ အလုပ်အဆင့် တစ်ဆင့်အလို့ငှာ ဖြစ်သည်။ ဘုရားသခင်၏ ပေါ်ထွန်းခြင်းသည် အမြဲအဓိပ္ပာယ်ရှိသည့်အပြင် သူ၏စီမံခန့်ခွဲမှု အစီအစဉ်နှင့်လည်း ဆက်စပ်မှုအချို့အမြဲရှိသည်။ ဤနေရာ၌ပြောသည့် “ပေါ်ထွန်းခြင်း” ဆိုသည်မှာ လူသားကို ဘုရားသခင် လမ်းပြ၊ ဦးဆောင်ပြီး ဉာဏ်အလင်းပေးသည့် “ပေါ်ထွန်းခြင်း” နှင့် လုံးဝမတူပါ။ ဘုရားသခင်သည် မိမိကိုယ်မိမိ ထုတ်ဖော်ပြသည့် အကြိမ်တိုင်း၌ ကြီးမြတ်သော သူ့အလုပ်၏ အဆင့်တစ်ဆင့်ကို လုပ်ဆောင် လေ့ရှိသည်။ ထိုအလုပ်သည် အခြားမည်သည့်ခေတ်၏ အလုပ်နှင့်မဆို ကွဲပြားခြားနားသည်။ လူသားအနေဖြင့် မစဉ်းစားတတ်သည့်အလုပ်၊ မည်သည့်အခါကမျှ မကြုံတွေ့ဖူးသော အလုပ်ဖြစ်သည်။ ၎င်းသည် ခေတ်ဟောင်းကို အဆုံးသတ်ပြီး ခေတ်သစ်တစ်ခေတ်ကို အစပြုသော အလုပ်ဖြစ်သည်၊ လူတို့ကို ကယ်တင်ခြင်းအတွက် အသစ်သော အလုပ်ပုံစံတစ်ခု၊ သာ၍ကောင်းသော အလုပ်ပုံစံတစ်ခု ဖြစ်သည်။ ထို့အပြင် လူသားများကို အသစ်သောခေတ်ထဲသို့ ပို့ဆောင်ပေးသည့် အလုပ်လည်း ဖြစ်သည်။ ဘုရားသခင်၏ ပေါ်ထွန်းခြင်းမှာ ထိုသဘောကိုဆောင်သည်။

ဘုရားသခင်၏ ပေါ်ထွန်းခြင်းမှာ အဘယ်အရာအား ဆိုလိုသည်ကို သင်တို့နားလည်သွားသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်၏ ခြေရာများကို သင်တို့မည်သို့ရှာဖွေသင့်သနည်း။ ဤမေးခွန်းမှာ ဖြေရှင်းရန် မခက်ပါ။ ဘုရားသခင် ပေါ်ထွန်းသော နေရာတိုင်း၌ ဘုရားသခင်၏ ခြေလှမ်းများကို တွေ့ရမည်ဖြစ်သည်။ ထိုသို့သောအဖြေက ရိုးစင်းသည်ဟု ထင်ရသည်၊ သို့သော် လုပ်ဆောင်ဖို့ရန် လွယ်လှသည်ကား

မဟုတ်ချေ၊ အဘယ်ကြောင့်ဆိုသော် များစွာသော လူတို့သည် ဘုရားသခင်က သူ့ကိုယ်သူ မည်သည့်အရပ်၌ ထုတ်ဖော်လိုကြောင်း၊ သို့မဟုတ် မည်သည့်အရပ်၌ သူထုတ်ဖော် သင့်ကြောင်းကို သိရန်မဆိုထားနှင့် ဘုရားသခင်သည် သူ့ကိုယ်သူ မည်သည့်အရပ်၌ ထုတ်ဖော်သည်ကိုပင် မသိကြသောကြောင့်ဖြစ်သည်။ အချို့ကလည်း သန့်ရှင်းသော ဝိညာဉ်တော် အမှုပြုသော နေရာတိုင်း၌ ဘုရားသခင် ပေါ်ထွန်းသည်ဟု စိတ်ကူးပေါက်ရာ ယုံကြည်ကြသည်။ သို့မဟုတ်ပါက ဝိညာဉ်ရေးရာ၌ ထင်ရှားသောပုဂ္ဂိုလ်များ ရှိသည့်နေရာတိုင်း၌ ဘုရားသခင် ပေါ်ထွန်းသည်ဟု ယုံကြည်ကြသည်။ သို့မဟုတ်ပါက လူသိများသော လူများရှိသည့်နေရာတိုင်း၌ ဘုရားသခင် ပေါ်ထွန်းသည်ဟု ယုံကြည်ကြသည်။ လတ်တလောတွင်မူ ထိုသို့သော ယုံကြည်မှုများသည် မှန်သလော သို့မဟုတ် မှားသလော ဟူသည့် အချက်ကို အသာထားကြဦးစို့။ ထိုသို့သောမေးခွန်းကို ဖြေရှင်းရန် အတွက် ပထမဦးဆုံးအနေနှင့် ငါတို့၌ ရှင်းလင်းသော ရည်ရွယ်ချက် ရှိရပေမည်၊ ငါတို့သည် ဘုရားသခင်၏ ခြေရာများကို ရှာဖွေနေကြခြင်း ဖြစ်သည်။ ဝိညာဉ်ရေးရာ၌ ထင်ရှားသော ပုဂ္ဂိုလ်များကို ငါတို့ရှာဖွေနေခြင်း မဟုတ်၊ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များ၏ နောက်သို့ လိုက်နေကြခြင်း သာ၍ပင် မဟုတ်ပါ၊ ငါတို့သည် ဘုရားသခင်၏ ခြေရာများနောက်သို့ လိုက်နေကြခြင်း ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ငါတို့သည် ဘုရားသခင်၏ ခြေရာများကို ရှာဖွေနေကြသည့်အတွက်၊ ဘုရားသခင်၏အလို၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သူ၏မိန့်မြွက်ချက်များကို ငါတို့ရှာဖွေအပ်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် မိန့်ကြားသည့် အသစ်သော နှုတ်ကပတ်တော်များရှိသော မည်သည့် နေရာ၌မဆို ဘုရားသခင်၏ အသံရှိပြီး၊ ဘုရားသခင်၏ ခြေလှမ်းများ ရှိသော မည်သည့်နေရာ၌မဆိုလည်း ဘုရားသခင်၏ လုပ်ဆောင်မှုများ ရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ ဖော်ပြချက်ရှိသော နေရာတိုင်း၌ ဘုရားသခင်ပေါ်ထွန်းပြီး၊ ဘုရားသခင်ပေါ်ထွန်းသော နေရာတိုင်း၌ လမ်းခရီး၊ သမ္မာတရားနှင့် အသက်တို့ တည်ရှိသည်။ ဘုရားသခင်၏ ခြေရာများကို ရှာသောအခါ၌ "ဘုရားသခင်သည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။" ဟူသည့် နှုတ်ကပတ်တော်များကို သင်တို့ လျစ်လျူရှုခဲ့ကြသည်။ ထို့ကြောင့် များစွာသောလူတို့သည် သမ္မာတရားကို ရရှိသောအခါ၌ ပင်လျှင်၊ ဘုရားသခင်၏ ခြေရာများကို သူတို့ရှာတွေ့ပြီဟု မယုံကြည်ကြသည့်အပြင်၊ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို သာ၍ပင် အသိအမှတ် မပြုကြပေ။ အလွန်ပင် စိုးရိမ်ဖွယ်ကောင်းလှသော အမှားပေတကား။ ဘုရားသခင်၏ ပေါ်ထွန်းခြင်းသည် လူတို့၏ အယူအဆများနှင့် ဆက်စပ်ကိုက်ညီမှု မရှိနိုင်ပါ၊ လူသား၏ စေခိုင်းချက်ကြောင့် ပေါ်ထွန်းသည့် ဘုရားသခင် လုံးဝမဟုတ်ပါ။ ဘုရားသခင်သည်

မိမိ၏အလုပ်ကို လုပ်သောအခါ၌၊ မိမိကိုယ်ပိုင် ရွေးချယ်ချက်များနှင့် မိမိကိုယ်ပိုင်အစီအစဉ်များကို ချမှတ်သည်။ ထို့အပြင် သူ၌ မိမိကိုယ်ပိုင် ရည်ရွယ်ချက်များနှင့် မိမိကိုယ်ပိုင် နည်းစနစ်များ ရှိသည်။ မည်သည့်အလုပ်ကို သူလုပ်သည်ဖြစ်စေ၊ လူနှင့်တိုင်ပင်ဖို့ သို့မဟုတ် လူ့ထံမှ အကြံဉာဏ်တောင်းဖို့ မလိုအပ်ပေ၊ အယောက်စီတိုင်းကို သူ၏အလုပ်အကြောင်း အသိပေးဖို့လည်း သာ၍ပင် မလိုအပ်ပေ။ ဤသည်မှာ ဘုရားသခင်၏ စိတ်သဘောထား ဖြစ်သည့်အပြင် လူတိုင်း အသိအမှတ်ပြုသင့်သည့် အချက်ဖြစ်သည်။ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို သင်တို့မြင်တွေ့လိုလျှင်၊ ဘုရားသခင်၏ ခြေလှမ်းများနောက်သို့ လိုက်လိုလျှင်၊ ရှေးဦးစွာ သင်တို့၏ ကိုယ်ပိုင်အယူအဆများကို စွန့်ပစ်ရမည်ဖြစ်သည်။ ဘုရားသခင်ကို သင်၏ကိုယ်ပိုင်အကန့်အသတ်ထဲတွင် ဘောင်ခတ်ထားရန်နှင့် သင်၏ကိုယ်ပိုင်အယူအဆများအတွင်း ကန့်သတ် ထားရန်တို့ကို မဆိုထားနှင့်၊ ဘုရားသခင်ကို ဟိုအရာလုပ်၊ သည်အရာလုပ်ဟုပင် မတောင်းဆိုရပေ။ ထိုအစား ဘုရားသခင်၏ ခြေရာများကို သင်တို့ မည်သို့ရှာဖွေရမည်၊ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို မည်သို့ လက်ခံရမည်၊ ထို့ပြင် ဘုရားသခင်၏ အသစ်သော အလုပ်ကို မည်သို့ နာခံရမည်တို့ကို မေးသင့်သည်၊ ဤသည်မှာ လူတို့ လုပ်ဆောင်သင့်သည့်အရာ ဖြစ်သည်။ လူသည် သမ္မာတရား မဟုတ်သည့်အပြင် သမ္မာတရားကိုလည်း မပိုင်ဆိုင်သောကြောင့် သူ့အနေဖြင့် ရှာဖွေကာ လက်ခံပြီး နာခံသင့်ပေသည်။

သင်သည် အမေရိကန်လူမျိုး ဖြစ်သည်ဖြစ်စေ၊ ဗြိတိသျှလူမျိုး ဖြစ်သည်ဖြစ်စေ သို့မဟုတ် အခြားမည်သည့်လူမျိုးပင် ဖြစ်နေပါစေ၊ သင်၏ကိုယ်ပိုင်လူမျိုး အကန့်အသတ်ဘောင်ထဲက ထွက်လာသင့်သည်၊ သင်၏အတ္တကိုယ်ကို ကျော်လွန်လျက် ဖန်ဆင်းခံ သတ္တဝါတစ်ဦး၏ ရှုထောင့်မှနေ၍ ဘုရားသခင်၏ အလုပ်ကို ရှုမြင်သင့်သည်။ ဤနည်းဖြင့် သင်သည် ဘုရားသခင်၏ ခြေရာများအပေါ် ကန့်သတ်ချက်များ မထားလိမ့်မည်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ယနေ့ခေတ်၌ ဘုရားသခင်သည် တစ်စုံတစ်ရာသော နိုင်ငံတစ်နိုင်ငံ သို့မဟုတ် တစ်စုံတစ်ရာသော လူမျိုးအကြား၌ ပေါ်ထွန်းလာမည်ကို များစွာသောလူတို့က မဖြစ်နိုင်ဟု ထင်မြင်ကြသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ အလုပ်၏ အရေးပါမှုသည် အလွန်ပင် လေးနက်လှသည်တကား၊ ဘုရားသခင်၏ ပေါ်ထွန်းခြင်းသည်လည်း အလွန်ပင် အရေးပါလှသည် တကား။ လူ၏ အယူအဆများနှင့် အတွေးအခေါ်တို့ဖြင့် ၎င်းတို့ကို မည်သို့လျှင် အကဲဖြတ်နိုင်မည်နည်း။ ထို့ကြောင့် ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ရှာဖွေရန်အလို့ငှာ သင့်အနေဖြင့် မိမိ၏လူမျိုး သို့မဟုတ် မိမိမျိုးနွယ်စု၏ အယူအဆများမှ ထိုးဖောက်ထွက်သင့်သည်ဟု ငါပြောသည်။ ထိုသို့အားဖြင့်သာ သင်သည်

သင့်အယူအဆများ၏ ဘောင်ခတ်ခြင်းကို မခံရဘဲ ရှိလိမ့်မည်၊ ထိုသို့အားဖြင့်သာ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ကြိုဆိုဖို့ရန် သင်သည် အရည်အချင်းပြည့်မီလိမ့်မည်။ သို့မဟုတ်ပါက သင်သည် ထာဝရအမှောင်ထုထဲ၌ ကျန်ရစ်နေမည်ဖြစ်ပြီး ဘုရားသခင်၏ ထောက်ခံခြင်းကို ဘယ်သောအခါမျှ ရရှိမည် မဟုတ်ပေ။

ဘုရားသခင်သည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ဘုရားဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးကသာ သီးသန့်ပိုင်သည့် ဘုရားအဖြစ် ဘုရားသခင်က သူ့ကိုယ်သူ မသတ်မှတ်ထားဘဲ၊ မည်သည့်ပုံစံ၊ မည်သည့်တိုင်းနိုင်ငံ၊ သို့မဟုတ် မည်သည့်လူမျိုးမျှ၏ ဘောင်ခတ်ခြင်းကို မခံဘဲ၊ သူကြံစည်ထားသည့်အတိုင်း အလုပ်ကို လုပ်နေသည်။ သင့်အနေဖြင့် ထိုပုံစံကို တစ်ခါမျှ စိတ်မကူးမိခဲ့ဖူးခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် ထိုပုံစံနှင့်ပတ်သက်သော သင့်သဘောထားသည် ငြင်းဆန်သောသဘောထား ဖြစ်ကောင်းဖြစ်နိုင်သည်၊ သို့မဟုတ် ဘုရားသခင်အနေဖြင့် မိမိကိုယ်မိမိ ဖော်ထုတ် ပြသည့် အရပ်ဖြစ်သော တိုင်းနိုင်ငံနှင့် လူမျိုးတို့သည် တိုက်တိုက် ဆိုင်ဆိုင်ပင် လူအားလုံးတို့၏ ခွဲခြားဆက်ဆံမှု ခံနေရပြီး ကမ္ဘာပေါ်၌ ခေတ်နောက်အကျန်ဆုံး ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် ဘုရားသခင်၌ သူ၏ဉာဏ်ပညာရှိသည်။ သူ၏ ကြီးမြတ်သောတန်ခိုး၊ သူ၏ သမ္မာတရားနှင့် သူ၏စိတ်သဘောထားအားဖြင့် ဘုရားသခင်သည် သူနှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်သည့် လူတစ်စုကို အမှန်ရရှိခဲ့သည်၊ အမျိုးမျိုးသော စမ်းသပ်မှုများနှင့် ဒုက္ခဆင်းရဲများ၊ အမျိုးမျိုးသော နှိပ်စက်မှုများကို ကြံ့ကြံ့ခံပြီး သူ့နောက်သို့ အဆုံးတိုင် လိုက်နိုင်သည့် သူသိမ်းပိုက်ထားသော လူစုဖြစ်သည့် စုံလင်အောင် သူပြုလိုသော လူတစ်စုကို အမှန်ပင် သူရရှိခဲ့သည်။ မည်သည့်ပုံစံ၊ သို့မဟုတ် တိုင်းနိုင်ငံ၏ ကန့်သတ်ခြင်းများ မရှိသည့် ဘုရားသခင့်ပေါ်ထွန်းခြင်း၏ ရည်ရွယ်ချက်မှာ သူကြံစည်ထားသည့် အတိုင်း အလုပ်ကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်ဖို့ဖြစ်သည်။ ဤသည်မှာ ယုဒပြည်၌ ဘုရားသခင် လူ့ဇာတိခံယူခဲ့သောအခါက ကဲ့သို့ပင် ဖြစ်သည်၊ ထိုအခါက သူ၏ရည်ရွယ်ချက်မှာ လူသားမျိုးနွယ် တစ်ရပ်လုံးကို ရွေးနုတ်ရာတွင် ကားတိုင်တင်ခံရခြင်း အမှုကို စုံလင်စေဖို့ ဖြစ်သည်။ သို့သော်လည်း ဂျူးလူမျိုးများက ဘုရားသခင်အနေဖြင့် ထိုသို့ပြုရန်မှာ မဖြစ်နိုင်ဟု ယုံကြည်ခဲ့ကြသည်၊ ထို့ပြင် ဘုရားသခင်က လူ့ဇာတိခံယူပြီး သခင်ယေရှု၏အသွင်ကို ဆောင်ယူရန်မှာ မဖြစ်နိုင်ဟု ထင်ခဲ့ကြသည်။ သူတို့၏ “မဖြစ်နိုင်” ဟူသည့်အချက်မှာ သူတို့အနေဖြင့် ဘုရားသခင်ကို ပြစ်တင်ရှုတ်ချကာ ဆန့်ကျင်ခဲ့ကြခြင်း၏ အခြေခံအကြောင်းရင်း ဖြစ်လာခဲ့ပြီး နောက်ဆုံးတွင် ဣသရေလနိုင်ငံ ပျက်စီးခြင်းသို့ ဦးတည်သွားစေခဲ့သည်။ ယနေ့ခေတ်၌လည်း များစွာသောလူတို့သည် အလားတူ အမှားမျိုးကို

ကျူးလွန်ခဲ့ကြသည်။ ဘုရားသခင် ပေါ်ထွန်းမည့်အချိန် နီးပြီဖြစ်ကြောင်းကို အစွမ်းကုန် ကြေညာကြသော်လည်း၊ တစ်ချိန်တည်းတွင် ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ပြစ်တင်ရှုတ်ချကြသည်။ သူတို့၏ "မဖြစ်နိုင်" ဟူသည့်အချက်က သူတို့စိတ်ကူးနိုင်စွမ်း၏ အကန့်အသတ်များအတွင်း ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ထပ်မံ၍ ဘောင်ခတ်ထားကြသည်။ ထို့ကြောင့်ပင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှတ်မထင် တွေ့ကြုံသွားပြီးသည့်နောက် ရှန့်ကြမ်းကျယ်လောင်စွာနှင့် အတောမသတ် ရယ်မောတတ်ကြသော လူများစွာကို ငါတွေ့ဖူးခဲ့ပြီ။ သို့သော် ထိုရယ်မောခြင်းသည် ဘုရားသခင်ကို ပြစ်တင်ရှုတ်ချပြီး စော်ကားခဲ့ကြသည့် ဂျူးလူမျိုးများ၏ လုပ်ရပ်နှင့် ဘာမျှမခြားနားပါ။ သမ္မာတရား၏ မျက်မှောက်၌ သင်တို့သည် ရိုသေလေးမြတ်ခြင်း မရှိကြပေ၊ ထို့ထက်မက သင်တို့၏သဘောထားမှာလည်း သမ္မာတရားကို တောင့်တသည့် သဘောထားမျိုး သာ၍ပင် မဟုတ်ပေ။ သင်တို့သည် မစဉ်းစား မဆင်ခြင်ဘဲ လေ့လာရုံသက်သက် လေ့လာကြပြီး အပူအပင်အကြောင့်အကြမရှိ စောင့်နေကြသည်။ ထိုကဲ့သို့သော လေ့လာခြင်းနှင့် စောင့်မျှော်ခြင်းမှ သင့်အနေဖြင့် အဘယ်အရာကို ရနိုင်မည်နည်း။ ဘုရားသခင်၏ ကိုယ်တိုင်ကိုယ်ကျ လမ်းပြခြင်းကို သင်ရရှိခြင်း ဖြစ်မည်လော။ ဘုရားသခင်၏ မိန့်မြွက်ချက်များကို သင်ပိုင်းခြားမသိနိုင်ပါက၊ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ကိုယ်တိုင် မြင်တွေ့နိုင်ဖို့အတွက် သင်သည် မည်သည့်နည်းဖြင့် အရည်အချင်း ပြည့်မီမည်နည်း။ ဘုရားသခင် ပေါ်ထွန်းသော နေရာတိုင်းသည် သမ္မာတရားဖော်ပြခြင်းခံရသောနေရာ၊ ဘုရားသခင်၏အသံ ရှိမည်ဖြစ်သောနေရာ ဖြစ်သည်။ သမ္မာတရားကို လက်ခံနိုင်သောသူများသာ ဘုရားသခင်၏ အသံကို ကြားနိုင်လိမ့်မည် ဖြစ်ပြီး ထိုသို့သော သူများသည်သာ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ကိုယ်တိုင်မြင်တွေ့နိုင်ဖို့အတွက် အရည်အချင်း ပြည့်မီသူများ ဖြစ်သည်။ သင်၏ အယူအဆများကို ဘေးဖယ်ထားလော့။ တိတ်တိတ်နေကာ ဤနှုတ်ကပတ်တော်များကို သေသေချာချာ ဖတ်လော့။ သင့်အနေဖြင့် သမ္မာတရားကို တောင့်တလျှင် ဘုရားသခင်သည် သင့်ကို ဉာဏ်အလင်း ပေးလိမ့်မည်ဖြစ်ပြီး သူ၏အလိုနှင့် သူ၏ နှုတ်ကပတ်တော်များကို သင်နားလည်လိမ့်မည်။ "မဖြစ်နိုင်" ဟူသည့် သင့်အမြင်များကို ဘေးဖယ်ထားလော့။ လူများအနေဖြင့် တစ်စုံတစ်ခုကို မဖြစ်နိုင်ဟု ယုံကြည်လေလေ၊ ယင်းမှာ ဖြစ်နိုင်ခြေ များလေလေဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ဉာဏ်ပညာသည် ကောင်းကင်ထက် မားမားစွင့်စွင့် မြင့်မားပေ၏၊ ဘုရားသခင်၏ အကြံအစည်များသည်လည်း လူ၏ အကြံအစည်များထက် သာ၍မြင့်မားကာ ဘုရားသခင်၏ အလုပ်သည် လူ့အတွေးအခေါ်နှင့် အယူအဆတို့၏ အကန့်အသတ်များကို

သာလွန်သောကြောင့် ဖြစ်သည်။ တစ်စုံတစ်ခုသည် မဖြစ်နိုင်ဟု ထင်ရလေလေ၊ ယင်း၌ ရှာဖွေနိုင်သည့် သမ္မာတရား သာ၍များလေလေ ဖြစ်သည်။ တစ်စုံတစ်ခုသည် လူတို့၏ အယူအဆနှင့် စိတ်ကူးနိုင်စွမ်းထက် ကျော်လွန်သော အရာဖြစ်လေလေ၊ ယင်း၌ ဘုရားသခင်၏ အလိုဆန္ဒ သာ၍ပါလေလေဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်နေရာ၌ ဘုရားသခင်က သူ့ကိုယ်သူ ထုတ်ဖော်သည်ဖြစ်စေ ဘုရားသခင်သည် ဘုရားသခင်ပင် ဖြစ်သည်။ ထို့ပြင် ဘုရားသခင် ပေါ်ထွန်းသည့် နည်းဟန် သို့မဟုတ် တည်နေရာကြောင့် သူ၏အနှစ်သာရမှာ ဘယ်သောအခါမျှ ပြောင်းလဲမည် မဟုတ်ပေ။ ဘုရားသခင်၏ ခြေရာများ မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ ဘုရားသခင်၏ စိတ်သဘောထားက ပြောင်းလဲခြင်း မရှိပါ၊ ထို့ပြင် ဘုရားသခင်၏ ခြေရာများ မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ ဘုရားသခင်သည် လူသားအားလုံး၏ ဘုရားသခင်ဖြစ်သည်၊ ယင်းအချက်မှာ သခင်ယေရှုသည် ဣသရေလလူမျိုးတို့၏ ဘုရားသာမဟုတ်ဘဲ အာရှ၊ ဥရောပနှင့် အမေရိကတိုက်ရှိ လူအားလုံး၏ ဘုရားဖြစ်သည်သာမက၊ စကြဝဠာတစ်ခုလုံး၌ တစ်ဆူတည်းသော ဘုရားပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ အလိုကို ငါတို့ ရှာဖွေကြပါစို့။ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို သူ၏မိန့်မြွက်ခြင်းများထဲတွင် ရှာဖွေကြပါစို့၊ ထို့ပြင် သူ၏ခြေလှမ်းများကို အမီလိုက်ကြပါစို့။ ဘုရားသခင်သည် လမ်းခရီးဖြစ်သည်၊ သမ္မာတရားလည်း ဖြစ်သည်၊ အသက်လည်း ဖြစ်သည်။ သူ၏နှုတ်ကပတ်တော်များနှင့် သူ၏ပေါ်ထွန်းခြင်းတို့သည် တစ်ပြိုင်တည်း တည်ရှိကြသည်၊ သူ၏ စိတ်သဘောထားနှင့် ခြေရာများသည်လည်း လူသားများအဖို့ အစဉ် လမ်းဖွင့်ပေးထားသည်။ ချစ်သော ညီအစ်ကို မောင်နှမတို့၊ ဤနှုတ်ကပတ်တော်များထဲ၌ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို သင်တို့မြင်နိုင်မည်ဟု ငါမျှော်လင့်သည်၊ ခေတ်သစ်တစ်ခေတ်ထဲသို့ သင်တို့ရှေ့တိုးလျက် လှမ်းသွားသည်နှင့် ဘုရားသခင်၏ ခြေလှမ်းများ နောက်သို့ စတင်လျှောက်လှမ်းပြီး ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို စောင့်မျှော်နေကြသူများအတွက် ဘုရားသခင် ပြင်ဆင်ပေးထားသည့် လှပသော ကောင်းကင်သစ်နှင့် မြေကြီးသစ်ဆီသို့ ဝင်ရောက်ကြ လိမ့်မည်ဟု ငါမျှော်လင့်သည်။

## လူသားမျိုးနွယ်တစ်ရပ်လုံး၏ ကံကြမ္မာအပေါ် ဘုရားသခင် တာဝန်ယူဦးဆောင်သည်

ငါတို့၏ဖြစ်တည်မှုအလုံးစုံသည် ဘုရားသခင်ထံမှလာပြီး ဘုရားသခင်၏

အချုပ်အခြာအာဏာကြောင့် တည်ရှိသည့်အတွက်၊ လူသားမျိုးနွယ်ဝင်များနှင့် ဘုရားတရားကိုင်းရှိုင်းသော ခရစ်ယာန်များ အနေဖြင့် ဘုရားသခင်၏တာဝန်ပေးစေခိုင်းချက်ကို ဖြည့်ဆည်းခြင်းအတွက် ငါတို့၏ စိတ်နှင့် ခန္ဓာများကို ဆက်ကပ်ပူဇော်ရန်မှာ ငါတို့အားလုံး၏ တာဝန်နှင့် ဝတ္တရားဖြစ်သည်။ အကယ်၍ ငါတို့၏စိတ်နှင့် ခန္ဓာတို့သည် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်အတွက် မဟုတ်သကဲ့သို့၊ လူသားမျိုးနွယ်၏ ဖြောင့်မတ်ခြင်း အကြောင်းတရားအတွက် မဟုတ်ပါက၊ ငါတို့၏ ဝိညာဉ်များသည် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်အတွက် မာတုရဖြစ်ခဲ့ကြသူများနှင့် ထိုက်တန်လိမ့်မည် မဟုတ်သကဲ့သို့၊ ငါတို့ကို အရာရာ ထောက်ပံ့ပေးပြီးဖြစ်သည့် ဘုရားသခင်အတွက် များစွာသာ၍ ထိုက်တန်လိမ့်မည် မဟုတ်ချေ။

ဘုရားသခင်သည် ဤကမ္ဘာလောကကို ဖန်ဆင်းခဲ့ပြီး၊ ဤလူသားမျိုးနွယ်ကို သူဖန်ဆင်းခဲ့၏၊ ထို့အပြင် သူသည် ရှေးခေတ် ဂရိယဉ်ကျေးမှုနှင့် လူသားတို့၏ လူမှုအဖွဲ့အစည်းတိုးတက်မှု၏ ဗိသုကာ ဖြစ်ခဲ့သည်။ ဘုရားသခင်သည်သာ ဤလူသားမျိုးနွယ်ကို နှစ်သိမ့်မှု ပေးပြီး ဘုရားသခင်သည်သာ ဤလူသားမျိုးနွယ်ကို နေ့ရောညပါ စောင့်ရှောက်သည်။ လူသားများ၏ ဖွံ့ဖြိုးမှုနှင့် တိုးတက်မှုတို့ကို ဘုရားသခင်၏ အချုပ်အခြာအာဏာမှ ခွဲထုတ်၍မရနိုင်သကဲ့သို့၊ လူသားမျိုးနွယ်၏ သမိုင်းနှင့် အနာဂတ်သည်လည်း ဘုရားသခင်၏ အကြံအစည်များမှ ခွဲခြား၍မရနိုင်ပေ။ အကယ်၍ သင်သည် စစ်မှန်သော ခရစ်ယာန်တစ်ဦးဖြစ်ပါက၊ မည်သည့်တိုင်းနိုင်ငံ သို့မဟုတ် မည်သည့် လူမျိုးမဆို၏ ပေါ်ထွန်းခြင်းနှင့် ကျဆုံးခြင်းတို့သည် ဘုရားသခင်၏ အကြံအစည်များအတိုင်း ဖြစ်ပေါ်သည်ကို သင် ဧကန်မုချ ယုံကြည်ပေလိမ့်မည်။ ဘုရားသခင် တစ်ပါးတည်းသာ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူမျိုးတစ်မျိုး၏ ကံကြမ္မာကို သိပြီး ဘုရားသခင် တစ်ပါးတည်းသာ ဤလူသားမျိုးနွယ်၏ လမ်းကြောင်းကို ထိန်းချုပ်သည်။ အကယ်၍ လူသားမျိုးနွယ်သည် ကောင်းမွန်သော ကံကြမ္မာတစ်ခု ရှိလိုပါက၊ နိုင်ငံတစ်ခုသည် ကံကြမ္မာကောင်းတစ်ခု ရှိလိုပါက၊ လူသားသည် ဘုရားသခင်ထံ ပျပ်ဝပ်ကိုးကွယ်ရမည်၊ နောင်တရပြီး ဘုရားသခင်၏ ရှေ့မှောက်တွင် ဝန်ချရမည်ဖြစ်သည်၊ သို့မဟုတ်ပါက လူသား၏ ကံကြမ္မာနှင့် ခရီးပန်းတိုင်သည် ရှောင်လွှဲမရသော ကပ်ဘေးတစ်ခု ဖြစ်ပေလိမ့်မည်။

နောဧ သင်္ဘောကို တည်ဆောက်ခဲ့သည့် အချိန်ကာလကို ပြန်ကြည့်ပါက- လူသားမျိုးနွယ်သည် အလွန်အမင်း ဖောက်ပြန်ပျက်စီးခဲ့သည်၊ လူတို့သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာမှ သွေဖည်ခဲ့ကြပြီးဖြစ်သည်၊ ဘုရားသခင်၏ စောင့်ရှောက်မှုကို

မခံကြရတော့သကဲ့သို့ ဘုရားသခင်၏ ကတိများကိုလည်း ဆုံးရှုံးခဲ့ကြပြီးဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်၏ အလင်းမရှိဘဲ အမှောင်ထဲတွင် အသက်ရှင်ခဲ့ကြသည်။ ထို့နောက် ၎င်းတို့သည် သဘာဝအားဖြင့် လိင်ကိစ္စတွင် ကိုယ်ကျင့်သိက္ခာ ကင်းမဲ့လာခဲ့ကြပြီး၊ အကျည်းတန်သော အကျင့်ပျက်ခြင်းထဲတွင် လုံးလုံးလျားလျား ပျော်မွေ့နေခဲ့ကြသည်။ ထိုသို့သော လူများသည် ဘုရားသခင်၏ ကတိတော်ကို မရရှိနိုင်ကြတော့ပေ။ ၎င်းတို့သည် ဘုရားသခင်ကို စွန့်ခွာခဲ့ပြီးဖြစ်ကာ ဘုရားသခင်က ၎င်းတို့အပေါ် နှင်းအပ်ပေးထားသမျှကို ဖယ်ထားခဲ့ကြပြီးဖြစ်သကဲ့သို့ ဘုရားသခင်၏ သွန်သင်မှုများကို မေ့လျော့ခဲ့ကြပြီးဖြစ်သည့်အတွက်၊ ဘုရားသခင်၏ မျက်နှာကို မျက်မြင်ကြုံတွေ့ရန်၊ သို့မဟုတ် ဘုရားသခင်၏ အသံကိုကြားရန် မထိုက်တန်ခဲ့ကြပေ။ ၎င်းတို့၏ စိတ်နှလုံးသည် ဘုရားသခင်ထံမှ သွေဖည်သည်ထက် သွေဖည်ခဲ့ကြပြီး၊ ထိုသို့ဖြစ်ခဲ့သည်နှင့်အမျှ ၎င်းတို့သည် ဆင်ခြင်တုံတရားနှင့် လူ့သဘာဝအားလုံးကို ကျော်လွန်၍ အကျင့်ပျက်ပြားလာခဲ့ကြပြီး တိုး၍တိုး၍ ဆိုးယုတ်လာခဲ့ကြသည်။ ထို့နောက် ၎င်းတို့သည် သေခြင်းနှင့် နီးသည်ထက်နီးအောင် လျှောက်လှမ်းခဲ့ကြပြီး ဘုရားသခင်၏ အမျက်ဒေါသနှင့် အပြစ်ဒဏ်ပေးခြင်းအောက်တွင် လဲကျခဲ့ကြသည်။ နောဧတစ်ဦးတည်းသာလျှင် ဘုရားသခင်ကို ကိုးကွယ်ပြီး မကောင်းမှုကို ရှောင်ကြဉ်ခဲ့သည်၊ ထို့ကြောင့် သူသည် ဘုရားသခင်၏ အသံနှင့် ညွှန်ကြားချက်များကို ကြားနိုင်ခဲ့သည်။ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ညွှန်ကြားချက်များအတိုင်း သင်္ဘောကို တည်ဆောက်ခဲ့ပြီး သက်ရှိသတ္တဝါ မျိုးစုံကို စုစည်းခဲ့သည်။ ဤနည်းဖြင့် အားလုံးပြင်ဆင်ခဲ့ပြီးသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည် ကမ္ဘာကြီး အပေါ် သူ၏ ဖျက်ဆီးခြင်းကို ထုတ်လွှတ်ခဲ့သည်။ နောဧသည် ယေဟောဝါကို ဝတ်ပြုကိုးကွယ်ခဲ့ပြီး မကောင်းမှုကို ရှောင်ကြဉ်ခဲ့သည့် အတွက် နောဧနှင့် အခြား သူ၏မိသားစုဝင် ခုနစ်ဦးသာ ထိုပျက်စီးခြင်းမှ အသက်ရှင်ခဲ့သည်။

ယခု မျက်မှောက်ခေတ်ကို ကြည့်လော့- ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ပြီး မကောင်းမှုကို ရှောင်ကြဉ်နိုင်ခဲ့သည့် နောဧ ကဲ့သို့သော ဖြောင့်မတ်သည့်လူများ မတည်ရှိလေပြီ။ သို့တိုင် ဘုရားသခင်သည် ဤလူသားမျိုးနွယ်အပေါ် ကရုဏာ ကျေးဇူးပြုတော်မူဆဲဆဲဖြစ်ပြီး ဤနောက်ဆုံးသော ခေတ်အတွင်းတွင် ၎င်းတို့ကို ဖြေလွှတ်ပေးဆဲ ဖြစ်သည်။ ဘုရားသခင်သည် သူ ပေါ်ထွန်းလာဖို့ တောင့်တကြသူများကို ရှာဖွေသည်။ သူသည် သူ၏နှုတ်ကပတ်တော်များကို ကြားနိုင်သူများ၊ သူ၏တာဝန်ပေးစေခိုင်းချက်ကို မမေ့လျော့သေးသကဲ့သို့ မိမိတို့၏စိတ်နှလုံးနှင့် ခန္ဓာတို့ကို သူ့ထံ ပူဇော်ဆက်ကပ်သူများကို ရှာဖွေလေသည်။ သူ၏ ရှေ့တော်မှောက်တွင် ကလေးသူငယ်များလောက် နာခံတတ်ပြီး သူ့ကို

မဆန့်ကျင်သူများကို သူ ရှာဖွေသည်။ သင်သည် မည်သည့် တန်ခိုးအာဏာ သို့မဟုတ် အင်အား၏ ပိတ်ဆီးခြင်းကိုမခံဘဲ၊ မိမိကိုယ်ကိုယ် ဘုရားသခင်ထံ ဆက်ကပ်အပ်နှံနိုင်ပါက၊ ဘုရားသခင်သည် သင့်ကို မျက်နှာသာပေးပြီး သူ၏ ကောင်းချီးမင်္ဂလာများကို အပ်နှင်းလိမ့်မည်။ အကယ်၍ သင်သည် မြင့်မားသည့် ရာထူးအဆင့်အတန်းရှိပါက၊ ဂုဏ်ယူစရာ နာမည်ဂုဏ်သတင်း ရှိပါက၊ အလျှံပယ်သော အသိပညာ ပိုင်ဆိုင်ပါက၊ ပေါများသော ပစ္စည်းဥစ္စာများ ပိုင်ဆိုင်သူ ဖြစ်ပြီး၊ များစွာသောလူတို့၏ ထောက်ခံအားပေးခြင်းကို ခံရသော်လည်း၊ ဤအရာများက ဘုရားသခင်၏ ခေါ်ခြင်းနှင့် သူ၏တာဝန်ပေး စေခိုင်းချက်ကို လက်ခံရန်နှင့် ဘုရားသခင်စေခိုင်းသည့်အရာကို လုပ်ဆောင်ရန် ဘုရားသခင်၏ ရှေ့မှောက်သို့ လာခြင်းမှ သင့်ကို မတားဆီးပါက၊ သင်လုပ်ဆောင်သမျှအားလုံးသည် ကမ္ဘာပေါ်က အဓိပ္ပာယ်အရှိဆုံး အကြောင်းတရားနှင့် လူသားမျိုးနွယ်ထဲမှ အဖြောင့်မတ်ဆုံး တာဝန် ဖြစ်လိမ့်မည်။ သင်သည် အဆင့်အတန်းနှင့် သင်၏ကိုယ်ပိုင် ရည်မှန်းချက်များအတွက် ဘုရားသခင်၏ ခေါ်ခြင်းကို ငြင်းပယ်ပါက၊ သင်လုပ်ဆောင်သမျှအားလုံးသည် ကျိန်ဆဲခြင်းကို ခံရလိမ့်မည် ဖြစ်ပြီး ဘုရားသခင်၏ စက်ဆုပ်ရွံရှာခြင်းကိုပင် ခံရလိမ့်မည်။ သင်သည် သမ္မတတစ်ဦး၊ သိပ္ပံပညာရှင်တစ်ဦး၊ သင်းအုပ်တစ်ဦး သို့မဟုတ် အကြီးအကဲတစ်ဦး ဖြစ်ကောင်းဖြစ်လိမ့်မည်၊ သို့သော် သင်၏ရာထူး မည်မျှပင်မြင့်မားသည်ဖြစ်စေ၊ သင်၏ တာဝန်များတွင် သင်၏ အသိပညာနှင့် အရည်အချင်းအပေါ် သင် အားထားပါက၊ ဘုရားသခင်သည် သင်လုပ်ဆောင်သည့် မည်သည့်အရာကိုမျှ လက်မခံသကဲ့သို့၊ သင်၏တာဝန်က ဖြောင့်မတ်သောအရာတစ်ခုဟု လက်မခံသောကြောင့် သို့မဟုတ် သင်သည် လူသားမျိုးနွယ်၏ အကျိုးအတွက် အလုပ်လုပ်နေသည်ဟု သူလက်မခံသောကြောင့်၊ သင်သည် အမြဲကျရှုံးလိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ အမြဲကင်းမဲ့လိမ့်မည် ဖြစ်သည်။ သင် လုပ်ဆောင်သည့် အရာတိုင်းသည် ဘုရားသခင်၏ လူသားတို့အပေါ် ကွယ်ကာမှုကို ပယ်ဖျက်ရန် နှင့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ငြင်းပယ်ရန် လူသားမျိုးနွယ်၏ အသိပညာနှင့် အစွမ်းအစကို အသုံးပြုဖို့ လုပ်ဆောင်ခြင်းဖြစ်သည်ဟု သူ ဆိုလိမ့်မည်။ သင်သည် လူသားမျိုးနွယ်ကို အမှောင်ထုဆီသို့၊ သေခြင်းတရားဆီသို့၊ ပြီးလျှင် လူသားက ဘုရားသခင်နှင့် သူ၏ ကောင်းချီးမင်္ဂလာများကို ဆုံးရှုံးသွားသည့် အကန့်အသတ်မဲ့ တည်ရှိမှုတစ်ခု၏ အစဆီသို့ ဦးဆောင်နေသည်ဟု သူ ဆိုလိမ့်မည်။

လူမှုရေးသိပ္ပံပညာများနှင့်ဆိုင်သည့် လူသားမျိုးနွယ်၏ ဖန်တီးနိုင်မှု စွမ်းရည်နောက်တွင်၊ လူသား၏ စိတ်ကို သိပ္ပံပညာနှင့် အသိပညာများက နေရာယူလာကြပြီးဖြစ်သည်။ သိပ္ပံနှင့်

အသိပညာသည် လူသားမျိုးနွယ်ကို အုပ်စိုးခြင်းအတွက် တန်ဆာပလာများဖြစ်လာပြီး ဖြစ်ကာ လူသားအတွက် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန် အခွင့်အလမ်း လုံလုံလောက်လောက် မရှိတော့သကဲ့သို့ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းအတွက် သာ၍သင့်လျော်သော အခြေအနေများ မရှိတော့ပေ။ ဘုရားသခင်၏နေရာသည် လူ၏ နှလုံးသားထဲတွင် ယခင်ထက် သာ၍နိမ့်ဆင်းပြီးဖြစ်သည်။ သူ၏ စိတ်နှလုံးတွင် ဘုရားသခင် မရှိဘဲနှင့်၊ လူသား၏ အတွင်းကမ္ဘာသည် မှောင်မိုက်၏၊ မျှော်လင့်ချက်ကင်းမဲ့ကာ အနှစ်မဲ့သွားလေသည်။ နောက်ပိုင်းတွင် လူသားမျိုးနွယ်၏ စိတ်နှင့် နှလုံးသားကို ဖြည့်ဆည်းရန် လူသားကို ဘုရားသခင် ဖန်ဆင်းခဲ့သည်ဆိုသည့် သမ္မာတရားနှင့် ဆန့်ကျင်သည့် လူမှုသိပ္ပံ သဘောတရားများ၊ လူသားဆင့်ကဲဖြစ်စဉ် သဘောတရားနှင့် အခြားသော သဘောတရားများကို ဖော်ပြရန် လူမှုရေးသိပ္ပံပညာရှင်များ၊ သမိုင်းပညာရှင်များနှင့် နိုင်ငံရေးသမားများ များစွာ ရှေ့တန်းရောက်လာခဲ့ကြသည်။ ဤနည်းဖြင့် ဘုရားသခင်က အရာရာကို ဖန်ဆင်းခဲ့ကြောင်းကို ယုံကြည်သူများ နည်းသည်ထက် နည်းပါးလာခဲ့ပြီး ဆင့်ကဲဖြစ်စဉ် သဘောတရားကို ယုံကြည်သူများက အရေအတွက်အားဖြင့် ယခင်ထက် ပိုမိုများပြားလာခဲ့လေသည်။ ဓမ္မဟောင်း ခေတ်ကာလအတွင်း ဘုရားသခင်၏ အမှုနှင့် သူ၏နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် မှတ်တမ်းများကို ဒဏ္ဍာရီများနှင့် ရိုးရာပုံပြင်များအဖြစ် သဘောထားသော လူများ ပို၍ ပို၍ များလာလေသည်။ ၎င်းတို့၏ စိတ်နှလုံးများထဲတွင်၊ လူတို့သည် ဘုရားသခင်၏ ဂုဏ်သိက္ခာနှင့် ကြီးမြတ်မှု၊ ဘုရားသခင် တည်ရှိပြီး အရာခပ်သိမ်းအပေါ် အုပ်စိုးမှု ကိုင်စွဲသည်ဆိုသည့် သက်ဝင်ယုံကြည်မှုများကို ဂရုမစိုက်ကြတော့ပေ။ လူသားမျိုးနွယ်၏ ရှင်သန်မှုနှင့် နိုင်ငံများနှင့် လူမျိုးများ၏ ကံကြမ္မာတို့သည် ၎င်းတို့အဖို့ အရေးမပါတော့သကဲ့သို့ လူသည် စားခြင်း၊ သောက်ခြင်းနှင့် အပျော်အပါး လိုက်စားခြင်းတို့ကိုသာ အလေးထားသည့် အနှစ်သာရ ကင်းမဲ့သည့် လောကကြီးတွင် အသက်ရှင်လေသည်။...ဘုရားသခင်က ယနေ့ သူ၏ အမှုကို မည်သည့်နေရာတွင် လုပ်ဆောင်သည်ကို ရှာဖွေရန် သို့မဟုတ် လူသား၏ ခရီးပန်းတိုင်ကို ဘုရားသခင်က မည်သို့ တာဝန်ယူပြီး စီစဉ်ပေးသည်ကို ရှာဖွေရန် မိမိတွင် တာဝန်ရှိသည်ဟု လူအနည်းငယ်ကသာ ခံယူထားကြသည်။ ဤနည်းဖြင့် လူသားက မသိလိုက်ဘဲ၊ လူမှုအဖွဲ့အစည်းတိုးတက်မှုသည် လူသား၏ လိုအင်ဆန္ဒများကို လိုက်နာနိုင်မှု နည်းသည်ထက် နည်းလာခဲ့ပြီး၊ ထိုသို့သောလောကတွင် အသက်ရှင်ရလျက်၊ ကွယ်လွန်ပြီးနှင့် သူများထက် ၎င်းတို့က ပျော်ရွှင်မှု သာ၍ လျော့နည်းသည်ဟု ခံစားရသည့် လူများစွာပင် ရှိလေသည်။ ယဉ်ကျေးမှု အဆင့်အတန်းတိုးတက်မှု မြင့်မားသော နိုင်ငံများမှ လူများသည်ပင် ထိုသို့သော

မကျေနပ်ချက်များကို ဖွင့်ဟပြောဆို ကြလေသည်။ အကြောင်းမှာ ဘုရားသခင်၏လမ်းပြမှုမရှိဘဲနှင့်၊ အုပ်ချုပ်သူများနှင့် လူမှုဗေဒပညာရှင်များအနေဖြင့် လူမှုအဖွဲ့အစည်းတိုးတက်မှုကို ထိန်းသိမ်းရန် မည်မျှပင် ဦးနှောက်ခြောက်အောင် စဉ်းစားစေကာမူ၊ အချည်းနှီး ဖြစ်ပေသည်။ မည်သူမျှ လူသား၏အသက် မဖြစ်နိုင်သကဲ့သို့၊ လူသားကို သူ ဖိစီးနှိပ်စက်ခံရသည့် လစ်ဟာမှုမှ မည်သည့် လူမှုသဘောတရားကမျှ မလွတ်မြောက်စေနိုင်သည့်အတွက်၊ လူသား၏ နှလုံးသားထဲရှိ အနှစ်မဲ့မှုကို မည်သူမျှ မဖြည့်ဆည်းပေးနိုင်ပေ။ သိပ္ပံပညာ၊ အသိပညာ၊ လွတ်လပ်မှု၊ ဒီမိုကရေစီ၊ နားနေချိန်၊ ကိုယ်စိတ်ချမ်းသာမှု- ဤအရာများက လူသားထံ ယာယီ နှစ်သိမ့်မှုတစ်ခုသာ ဆောင်ကြဉ်းပေးသည်။ ဤအရာများဖြင့်ပင်လျှင်၊ လူသားသည် မလွဲမသွေ အပြစ်ကျူးလွန်လိမ့်မည်ဖြစ်ပြီး လူမှုအဖွဲ့အစည်း၏ မတရားမှုများကို ညည်းတွားကြလိမ့်မည်။ ဤအရာများက လူသား၏ တောင့်တမှုနှင့် စူးစမ်းလေ့လာလိုစိတ်ကို မချုပ်ထိန်းနိုင်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူသားကို ဘုရားသခင်က ဖန်ဆင်းခဲ့ခြင်း ဖြစ်ပြီး လူသား၏ အသိတရားမဲ့သော စွန့်လွှတ်အနစ်နာခံမှုများနှင့် စူးစမ်းလေ့လာမှုများသည် ပို၍သာ စိတ်သောက ရောက်စေနိုင်ပြီး လူသားမျိုးနွယ်၏ အနာဂတ်ကို မည်သို့ရင်ဆိုင်ရမည် သို့မဟုတ် ရှေ့တွင်ရှိသော လမ်းကြောင်းကို မည်သို့ရင်ဆိုင်ရမည်ကို မသိဘဲလျက်၊ လူကို အတောမသတ်သော ကြောက်ရွံ့ခြင်း အခြေအနေတစ်ခုတွင် တည်ရှိဖို့သာ ဖြစ်စေလိမ့်မည်ဖြစ်သောကြောင့် ဖြစ်သည်။ လူသားသည် သိပ္ပံနှင့် အသိပညာတို့ကိုပင် ကြောက်ရွံ့လာလိမ့်မည် ဖြစ်ပြီး အနှစ်မဲ့ခြင်း ခံစားချက်ကို ပို၍ပင် ကြောက်ရွံ့လာလိမ့်မည် ဖြစ်သည်။ ဤကမ္ဘာလောကတွင် သင်သည် လွတ်လပ်သော နိုင်ငံတစ်ခု သို့မဟုတ် လူ့အခွင့်အရေးများမရှိသည့် နိုင်ငံတစ်ခုတွင် နေထိုင်သည် ဖြစ်စေ၊ သင်သည် လူသားမျိုးနွယ်၏ ကံကြမ္မာကို လွတ်မြောက်နိုင်စွမ်း လုံးဝမရှိပေ။ သင်သည် အုပ်စိုးသူဖြစ်စေ၊ အုပ်စိုးခံသူဖြစ်စေ သင်သည် စိတ်ရှုပ်ထွေးစေသော အနှစ်မဲ့မှု ခံစားချက်မှ လွတ်မြောက်နိုင်စွမ်းရှိဖို့ မဆိုထားနှင့်၊ လူသားမျိုးနွယ်၏ ကံကြမ္မာ၊ လျှို့ဝှက်ဆန်းကြယ်မှုများနှင့် ခရီးပန်းတိုင်တို့ကို လေ့လာစူးစမ်းလိုသည့် စိတ်ဆန္ဒမှ လွတ်မြောက်နိုင်စွမ်း လုံးဝမရှိပေ။ လူသားမျိုးနွယ် အားလုံးအဖို့ ဖြစ်တတ်သော အဆိုပါဖြစ်စဉ်ကို လူမှုသိပ္ပံပညာရှင်များက လူမှုဖြစ်စဉ်ဟု ခေါ်ကြသော်လည်း၊ ထိုသို့သော ပြဿနာများကို ဖြေရှင်းရန် မည်သည့် မဟာလူသားမျှ ထွက်မလာနိုင်ပေ။ အဆုံးတွင်တော့ လူသားသည် လူသားသာ ဖြစ်ပြီး၊ ဘုရားသခင်၏ နေရာနှင့် အသက်ကို မည်သည့်လူသားကမျှ အစားမထိုးနိုင်ပေ။ လူသားမျိုးနွယ်သည် အယောက်တိုင်း ကောင်းကောင်းမွန်မွန်

ကျွေးမွေးခံရပြီး သာတူညီမျှဖြစ်ကာ လွတ်လပ်သည့် တရားမျှတသော လူမှုအဖွဲ့အစည်းကိုသာ လိုအပ်သည်မဟုတ်ပေ။ လူသားမျိုးနွယ် လိုအပ်သည်မှာ ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ၎င်းတို့အဖို့ သူ၏ အသက်အထောက်အပံ့ ဖြစ်သည်။ လူသားအနေဖြင့် ဘုရားသခင်၏ အသက်ထောက်ပံ့မှုနှင့် သူ၏ ကယ်တင်ခြင်းကို ရရှိသောအခါမှသာ၊ လူသား၏ လိုအပ်ချက်များ၊ စူးစမ်းလေ့လာရန် စိတ်ဆန္ဒနှင့် ဝိညာဉ်ရေးရာ အနှစ်မဲ့မှုတို့သည် ပြေလည်သွားနိုင်ပေသည်။ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူမျိုးတစ်မျိုး၏ လူများသည် ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် စောင့်ရှောက်မှုကို မခံယူနိုင်ပါက၊ ထိုနိုင်ငံ သို့မဟုတ် လူမျိုးသည် အမှောင်ထုဆီသို့ ပျက်စီးခြင်း လမ်းကို နင်းလျှောက် ရလိမ့်မည် ဖြစ်ပြီး ဘုရားသခင်၏ သုတ်သင်ဖယ်ရှားခြင်းကို ခံရပေလိမ့်မည်။

သင်၏နိုင်ငံသည် လတ်တလောတွင် ချမ်းသာကြွယ်ဝကောင်း ကြွယ်ဝနေနိုင်သည်၊ သို့သော် သင်၏ပြည်သူများကို ဘုရားသခင်ထံမှ လမ်းလွဲသွားရန် သင်ခွင့်ပြုပါက၊ သင်၏နိုင်ငံသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို တိုး၍တိုး၍ ဆုံးရှုံးသည်ကို မိမိဘာသာ တွေ့ရလိမ့်မည်။ သင့်နိုင်ငံ၏ လူ့ယဉ်ကျေးမှုအဖွဲ့အစည်းသည်လည်း ခြေဖဝါးအောက်တွင် တိုး၍တိုး၍ ချနင်းခံရလိမ့်မည်ဖြစ်ပြီး မကြာမီတွင် လူတို့သည် ဘုရားသခင်ကို ထကြွဆန့်ကျင်ပြီး ကောင်းကင်ဘုံကို ကျိန်ဆဲလာကြလိမ့်မည်။ ထိုသို့ဖြင့် လူသားမသိလိုက်ဘဲနှင့်၊ နိုင်ငံတစ်ခု၏ ကံကြမ္မာသည် ပျက်စီးဆုံးရှုံးသွားလိမ့်မည်။ ဘုရားသခင်သည် ဘုရားသခင်၏ကျိန်ခြင်းခံထားရသော ထိုနိုင်ငံများကို ကိုင်တွယ်ဖြေရှင်းရန် အင်အားကြီးနိုင်ငံများကို ပေါ်ထွန်းစေလိမ့်မည် ဖြစ်ပြီး ယင်းတို့ကို ကမ္ဘာမြေမျက်နှာပြင်ပေါ်မှ ဖယ်ရှားခြင်းပင် ပြုနိုင်သည်။ နိုင်ငံတစ်ခု သို့မဟုတ် လူမျိုးတစ်မျိုး၏ ပေါ်ထွန်းခြင်းနှင့် ကျဆုံးခြင်းသည် ထိုနိုင်ငံ၏ အုပ်ချုပ်သူများက ဘုရားသခင်ကို ကိုးကွယ်ခြင်း ရှိမရှိဆိုသည်နှင့် ၎င်းတို့၏ ပြည်သူများကို ဘုရားသခင်နှင့် သာ၍နီးကပ်စေပြီး ဘုရားသခင်ကို ကိုးကွယ်စေခြင်း ရှိမရှိ ဆိုသည့်အပေါ် အခြေခံသည်။ သို့တိုင် ဤနောက်ဆုံးသော ခေတ်တွင် ဘုရားသခင်ကို အမှန်တကယ် ရှာဖွေပြီး ကိုးကွယ်သော သူများသည် တိုး၍တိုး၍ ရှားပါးလာသောကြောင့်၊ ခရစ်ယာန်ဘာသာကို နိုင်ငံတော် ဘာသာအဖြစ် သတ်မှတ်ထားသည့် နိုင်ငံများအပေါ် ဘုရားသခင်သည် အထူးမျက်နှာသာ အပ်နှင်းလေသည်။ ဘုရားသခင်သည် ထိုနိုင်ငံများကို အတော်အတန် သမာဓိရှိသော ကမ္ဘာ့စခန်းအဖြစ် ဖွဲ့စည်းရန် အတူတကွ စုစည်းသော်လည်း၊ ဘုရားမဲ့နိုင်ငံများနှင့် စစ်မှန်သောဘုရားသခင်ကို မကိုးကွယ်သော နိုင်ငံများသည် သမာဓိရှိသော စခန်း၏ ရန်ဘက်များ ဖြစ်လာလေသည်။ ဤနည်းဖြင့် ဘုရားသခင်သည် လူသားတို့ အလယ်တွင် သူ၏ အမှုကို ဦးစီးဦးရွက်ပြုသည့် နေရာတစ်ခု ရှိသည်သာမက၊ သူ့ကို

ဆန့်ကျင်သည့် နိုင်ငံများအပေါ် အရေးယူမှုများနှင့် ကန့်သတ်ချက်များ ပြဋ္ဌာန်းခွင့် ပေးလျက်၊ ဖြောင့်မတ်သော ဩဇာအာဏာကို ကျင့်သုံးနိုင်သည့် နိုင်ငံများကိုလည်း ရရှိလေသည်။ ဤသို့ဖြစ်သော်လည်း လူသည် ဘုရားသခင်ထံမှ အလွန်ဝေးကွာစွာ လမ်းလွဲပြီးဖြစ်ကာ ဘုရားသခင်ကို အချိန်ကြာမြင့်လွန်းစွာ မေ့လျော့မိပြီးဖြစ်သောကြောင့်၊ ဘုရားသခင်ကို ကိုးကွယ်ရန် ရှေ့ထွက်လာသည့်လူများ ပိုများမလာသေးပေ။ ကမ္ဘာမြေပေါ်တွင် ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးပြီး မတရားမှုကို ဆန့်ကျင်သော နိုင်ငံများသာ ဆက်လက်ကျန်ရှိလေသည်။ သို့သော် မည်သည့်နိုင်ငံအုပ်ချုပ်သူကမျှ ဘုရားသခင်ကို ၎င်းတို့၏ ပြည်သူများအပေါ် ဦးဆောင်ခွင့်ပြုမည် မဟုတ်သကဲ့သို့ မည်သည့် နိုင်ငံရေးပါတီကမျှ ၎င်းတို့၏လူများကို ဘုရားသခင်အား ကိုးကွယ်ရန် စုရုံးပေးမည် မဟုတ်သည့်အတွက်၊ ဤသည်မှာ ဘုရားသခင်၏ အလိုဆန္ဒများနှင့် ဝေးကွာပေသည်။ ဘုရားသခင်သည် နိုင်ငံတိုင်း၊ လူမျိုးတိုင်း၊ အုပ်ချုပ်နေဆဲ ပါတီတိုင်း၏ နှလုံးသားထဲနှင့် လူတိုင်း၏ နှလုံးသားထဲတွင်ပင် မိမိ၏နေရာမှန်ကို ဆုံးရှုံးပြီးဖြစ်သည်။ ဤကမ္ဘာလောကတွင် ဖြောင့်မတ်သည့် အင်အားစုများ အမှန် တည်ရှိသော်လည်း၊ လူ၏ နှလုံးသားထဲတွင် ဘုရားသခင် ကိုင်စွဲသည့် နေရာမရှိသည့် အုပ်ချုပ်ရေးမှာ မခိုင်ခံ့ပေ။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာမရှိဘဲနှင့်၊ နိုင်ငံရေးနယ်ပယ်သည် ဖရိုဖရဲဖြစ်လိမ့်မည် ဖြစ်ပြီး ထိုးနှက်တိုက်ခိုက်မှုကို ခုခံနိုင်စွမ်းရှိလိမ့်မည်မဟုတ်ပေ။ လူသားမျိုးနွယ်အတွက်၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာမရှိခြင်းသည် နေမရှိခြင်းနှင့် တူပေသည်။ အုပ်ချုပ်သူများအနေဖြင့် ၎င်းတို့၏ ပြည်သူများအတွက် မည်မျှ စေ့စေ့စပ်စပ်နှင့် ကြိုးစားပမ်းစား အလုပ်လုပ်စေကာမူ၊ လူသားမျိုးနွယ်အနေဖြင့် ဖြောင့်မှန်သော ညီနိုင်းဆွေးနွေးပွဲများ မည်မျှ အတူတကွ ကျင်းပစေကာမူ၊ ဤအရာထဲမှ ဖြစ်ရပ်များ၏ လမ်းကြောင်းကို ပြောင်းလဲလိမ့်မည်မဟုတ်၊ သို့မဟုတ် လူသားတို့၏ ကံကြမ္မာကို ပြောင်းလဲစေလိမ့်မည်မဟုတ်ပေ။ လူသားသည် ပြည်သူများ စားရေး၊ ဝတ်ရေး ပြေလည်သည့် နိုင်ငံ၊ ၎င်းတို့ အတူတကွ ငြိမ်းချမ်းစွာ နေထိုင်ကြသည့် နိုင်ငံတစ်ခုကို နိုင်ငံကောင်းတစ်ခုနှင့် ကောင်းမွန်သော ခေါင်းဆောင်မှုရှိသည့် နိုင်ငံတစ်ခုဟု ယုံကြည်ကြသည်။ သို့သော် ဘုရားသခင်က ထိုသို့ မတွေးထင်ပေ။ မည်သူမျှ သူ့ကို မကိုးကွယ်သည့် နိုင်ငံသည် သူ သုတ်သင်ဖယ်ရှားမည့်နိုင်ငံဟု သူ ယုံကြည်သည်။ လူသား၏ တွေးခေါ် ပုံသည် ဘုရားသခင်၏တွေးခေါ် ပုံနှင့် အလွန် ဆန့်ကျင်လေသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ ခေါင်းဆောင်သည် ဘုရားသခင်ကို မကိုးကွယ်ပါက၊ ဤနိုင်ငံ၏ ကံကြမ္မာသည် ဝမ်းနည်းဖွယ်ရာ ကံကြမ္မာတစ်ခု ဖြစ်လိမ့်မည်ဖြစ်ပြီး ထိုနိုင်ငံသည် ခရီးပန်းတိုင် ရှိလိမ့်မည်မဟုတ်ပေ။

ဘုရားသခင်သည် လူသား၏နိုင်ငံရေးတွင် မပါဝင်သော်လည်း၊ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူမျိုးတစ်မျိုး၏ ကံကြမ္မာကို ဘုရားသခင် ထိန်းချုပ်ထားလေသည်။ ဘုရားသခင်သည် ဤကမ္ဘာလောကနှင့် စကြဝဠာတစ်ခုလုံးကို ထိန်းချုပ်၏။ လူသား၏ ကံကြမ္မာနှင့် ဘုရားသခင်၏ အကြံအစည်သည် အတွင်းကျကျ ဆက်နွှယ်ပြီး၊ မည်သည့်လူ၊ မည်သည့်နိုင်ငံကမျှ ဘုရားသခင်၏ အချုပ်အခြာအာဏာမှ မကင်းလွတ်ကင်းပေ။ အကယ်၍ လူသားသည် မိမိ၏ကံကြမ္မာကို သိလိုပါက၊ ဘုရားသခင်၏ရှေ့သို့ လာရပေမည်။ ဘုရားသခင်သည် သူ၏ နောက်ကို လိုက်လျှောက်ပြီး သူ့အား ကိုးကွယ်သောသူများကို အောင်မြင်ကြီးပွားစေပြီး၊ သူ့ကို ဆန့်ကျင်ကာ ငြင်းပယ်သောသူများ အပေါ် ကျဆင်းမှုနှင့် မျိုးသုဉ်းပျောက်ကွယ်ခြင်း ဆောင်ကြဉ်းလိမ့်မည် ဖြစ်သည်။

သောဒုံမြို့ကို ဘုရားသခင်က ဖျက်ဆီးခြင်း ဖြစ်ပေါ် ခဲ့ချိန် သမ္မာကျမ်းစာထဲက အဖြစ်အပျက်ကို ပြန်လည်သတိရလော့၊ ပြီးလျှင် လောတ၏မိန်းမသည် မည်ကဲ့သို့ဆားတိုင်ဖြစ်လာခဲ့သည်ကိုလည်း စဉ်းစားကြည့်လော့။ နိနေဝေမြို့သားများသည် လျှော်တေအဝတ်နှင့် ပြာများဖြင့် မိမိတို့၏အပြစ်များအား မည်သို့နောင်တရခဲ့သည်ကို ပြန်စဉ်းစားပြီး၊ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ က ယေရှုကို ယုဒလူမျိုးများ ကားတိုင်ပေါ်တွင် သံမှိုရိုက်ထားပြီးနောက် မည်သည့်အရာဖြစ်ခဲ့သည်ကို ပြန်သတိရလော့။ ယုဒလူမျိုးများသည် ဣသရေလနိုင်ငံမှ နှင်ထုတ်ခံခဲ့ရပြီး ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများဆီသို့ ထွက်ပြေး သွားခဲ့ကြသည်။ များစွာတို့သည် အသတ်ခံခဲ့ရပြီး ယုဒလူမျိုးတစ်မျိုးလုံး မကြုံစဖူးသော ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့သည် ဘုရားသခင်ကို ကားတိုင်ပေါ်တွင် သံမှိုရိုက်ခဲ့ကြပြီး- စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အပြစ်တစ်ခုကို ကျူးလွန်ခဲ့ကြပြီး- ဘုရားသခင်၏ စိတ်သဘောထားကို ရန်စခဲ့ကြသည်။ ၎င်းတို့လုပ်ခဲ့သည့် အရာအတွက် ၎င်းတို့ပေးဆပ်ခဲ့ရပြီး ၎င်းတို့လုပ်ရပ်များ၏ အကျိုးဆက်များ အားလုံးကို ခံခဲ့ကြရသည်။ ၎င်းတို့သည် ဘုရားသခင်ကို ရှုတ်ချခဲ့ကြသည်၊ ငြင်းပယ်ခဲ့ကြသည်၊ ထို့ကြောင့် ၎င်းတို့သည် ကံကြမ္မာတစ်ခုသာ ရှိခဲ့သည်- ဘုရားသခင်၏ အပြစ်ပေးခံရခြင်းခံရဖို့ ဖြစ်ပေသည်။ ဤသည်မှာ ၎င်းတို့၏ အုပ်စိုးသူများက မိမိတို့၏ နိုင်ငံနှင့် လူမျိုးအပေါ် ယူဆောင်ခဲ့ကြသည့် ခါးသီးသော အကျိုးဆက်နှင့် ဘေးဒုက္ခ ဖြစ်ခဲ့ပေသည်။

ယနေ့တွင် ဘုရားသခင်သည် သူ၏ အမှုကို လုပ်ဆောင်ရန် ကမ္ဘာလောကသို့ ပြန်ကြွလာပြီးဖြစ်သည်။ သူ၏ ပထမဆုံးမှတ်တိုင်မှာ အာဏာရှင်အုပ်ချုပ်သူများ၏ ခမ်းနားသော အစုအဝေး- ဘာသာမဲ့ အယူဝါဒ၏ ခိုင်မာသော ခံတပ်ဖြစ်သည့် တရုတ်နိုင်ငံ

ဖြစ်သည်။ ဘုရားသခင်သည် သူ၏ဉာဏ်ပညာနှင့် တန်ခိုးတို့အားဖြင့် လူတစ်စုကို ရယူပြီးဖြစ်သည်။ ဤကာလအတွင်းတွင်၊ ဘုရားသခင်သည် တရုတ်နိုင်ငံ အာဏာရပါတီ၏ နည်းအမျိုးမျိုးဖြင့် လိုက်လံဖမ်းဆီးခြင်းကို ခံရပြီးဖြစ်ကာ ခေါင်းချစရာနေရာမရှိ၊ အကွယ်အကာ ရှာမတွေ့နိုင်ဘဲ၊ ကြီးမားသော ဆင်းရဲဒုက္ခကို ခံရပြီးဖြစ်သည်။ ဤသို့ဖြစ်စေကာမူ၊ ဘုရားသခင်သည် သူ လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် အမှုကို ဆက်လက်လုပ်ဆောင်ဆဲ ဖြစ်သည်- သူသည် သူ၏အသံကို မိန့်မြွက်ပြီး ဧဝံဂေလိတရားကို ဖြန့်သည်။ ဘုရားသခင်၏ အနန္တတန်ခိုးကို မည်သူမျှ နားလည် သဘောပေါက်နိုင်ခြင်း မရှိပေ။ ဘုရားသခင်ကို ရန်သူကဲ့သို့ မှတ်ယူသော နိုင်ငံတစ်ခုဖြစ်သည့် တရုတ်နိုင်ငံတွင်၊ ဘုရားသခင်သည် သူ၏ အမှုကို လုံးဝ မရပ်တန့်ဖူးပေ။ ယင်းအစား ဘုရားသခင်သည် လူသားမျိုးနွယ်ဝင် အယောက်စီတိုင်းကို ကယ်တင်ရန် တတ်နိုင်သမျှ လုပ်ဆောင်သည့်အတွက်၊ သာ၍ များသောလူတို့သည် သူ၏ အမှုနှင့် နှုတ်ကပတ်တော်ကို လက်ခံကြပြီး ဖြစ်သည်။ ဘုရားသခင် ရယူရန် အလိုရှိသည့်အရာကို မည်သည့်နိုင်ငံ သို့မဟုတ် မည်သည့် တန်ခိုးအာဏာကမျှ မတားဆီးနိုင်သည်ကို ငါတို့ယုံကြည်သည်။ ဘုရားသခင်၏ အမှုကို နှောင့်ယှက်သူများ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆန့်ကျင်ကာ ဘုရားသခင်၏ အကြံအစည်ကို နှောင့်ယှက်ပြီး ထိခိုက်စေသူများသည် နောက်ဆုံးတွင် ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းကို ခံရကြလိမ့်မည်။ ဘုရားသခင်၏ အမှုကို အာခံဖီဆန်သူသည် ငရဲသို့ ပို့ခံရလိမ့်မည်။ ဘုရားသခင်၏ အမှုကို အာခံဖီဆန်သော မည်သည့်နိုင်ငံမဆိုသည် ဖျက်ဆီးခြင်းကိုခံရလိမ့်မည်။ ဘုရားသခင်၏ အမှုကို ဆန့်ကျင်ရန် ထကြွသည့် မည်သည့် လူမျိုးမဆိုသည် ဤကမ္ဘာမြေမှ ဖယ်ရှားခံရလိမ့်မည်ဖြစ်ပြီး အပြီးတိုင် ကွယ်ပျောက်သွားလိမ့်မည်။ လူမျိုးအားလုံး၊ နိုင်ငံအားလုံးနှင့် စက်မှုလုပ်ငန်း အားလုံး၏ လူများကို ဘုရားသခင်၏ အသံအား နားထောင်ရန်၊ ဘုရားသခင်၏ အမှုကို ရှုစားရန်နှင့် လူသားမျိုးနွယ်၏ ကံကြမ္မာကို အာရုံစိုက်ရန်၊ ဘုရားသခင်ကို အသန့်ရှင်းဆုံး၊ ဂုဏ်အသရေ အရှိဆုံး၊ အမြင့်မားဆုံးနှင့် လူသားမျိုးနွယ်အလယ် တစ်ခုတည်းသော ကိုးကွယ်ဆည်းကပ်ရာ ဖြစ်စေဖို့နှင့် အာဗြဟံ၏ သားစဉ်မြေးဆက်များက ယေဟောဝါ၏ ကတိတော်များအောက်၌ အသက်ရှင်ခဲ့ကြသကဲ့သို့ပင်၊ ပြီးလျှင် ပထမဦးစွာ ဘုရားသခင် ဖန်ဆင်းခဲ့သော အာဒံနှင့်ဧဝတို့က ဧဒင်ဥယျာဉ်ထဲတွင် အသက်ရှင် ခဲ့သကဲ့သို့ပင်၊ လူသားမျိုးနွယ် တစ်ရပ်လုံးအား ဘုရားသခင်၏ ကောင်းချီးမင်္ဂလာအောက်၌ အသက်ရှင်ခွင့်ပေးရန် ငါ တိုက်တွန်း၏။

ဘုရားသခင်၏အမှုသည် ကြီးမားသော လှိုင်းလုံးတစ်ခုကဲ့သို့ ရှေ့သို့

တစ်ဟုန်ထိုးတက်လေသည်။ မည်သူကမျှ သူ့ကို မထိန်းနိုင်သကဲ့သို့ မည်သူကမျှ သူ၏ ချီတက်ခြင်းကို မရပ်တန့်စေနိုင်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သေချာစွာ နားထောင်သောသူများနှင့် ဘုရားသခင်ကို ရှာဖွေကာ ဆာငတ်သောသူတို့သာ ဘုရားသခင်၏ ခြေလှမ်းများနောက်လိုက်နိုင်ပြီး၊ သူ၏ကတိကို ရရှိနိုင်ပေသည်။ ထိုသို့မဟုတ်သူများသည် ပြင်းထန်သော ဘေးဒုက္ခနှင့် အလွန် ထိုက်တန်သည့် အပြစ်ပေးခြင်းကို ခံရကြလိမ့်မည်ဖြစ်သည်။

# ဘုရားသခင်၏ စီမံခန့်ခွဲမှုအလယ်၌သာ လူသားသည် ကယ်တင်ခြင်း ခံရနိုင်သည်

လူတို့က ဘုရားသခင်၏ စီမံခန့်ခွဲမှုကိုငင်းတို့နှင့် အလွန်အမင်း ကွာခြားသကဲ့သို့ တွေးထင်သောကြောင့်၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် လူတိုင်း၏ အမြင်တွင် အလွန် အကျွမ်းတဝင်မရှိသော အရာတစ်ခု ဖြစ်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် ဘုရားသခင်၏ အမှု ချည်းသက်သက် ဖြစ်ပြီး၊ သူနှင့်သာ သက်ဆိုင်သည်ဟု လူတို့ ထင်ကြကာ၊ ထို့ကြောင့် လူသားမျိုးနွယ်သည် ဘုရားသခင်၏ စီမံခန့်ခွဲမှုကို စိတ်မဝင်စားကြပေ။ ဤနည်းဖြင့် လူသားမျိုးနွယ်၏ ကယ်တင်ခြင်းသည် မရေမရာနှင့် မပြတ်မသား ဖြစ်လာကာ ယခုတွင် အနှစ်မဲ့သည့် လေလုံးသာ ဖြစ်ပေသည်။ လူသားသည် ကယ်တင်ခြင်း ရရှိဖို့နှင့် နှစ်သက်ဖွယ် ခရီးပန်းတိုင်ထဲသို့ ဝင်ရောက်ဖို့ ဘုရားသခင် နောက်သို့လိုက်သော်လည်း၊ ဘုရားသခင်က သူ၏အမှုကို မည်သို့ ဦးစီးဦးရွက်ပြုသည်ဆိုသည်ကို အလေးမထားပေ။ လူသားသည် ဘုရားသခင်က မည်သည့်အရာ စီစဉ်ပြီးဖြစ်သည်ကို ဂရုမစိုက်သကဲ့သို့၊ ကယ်တင်ခံရဖို့အလို့ငှာ သူ ဆောင်ရွက်ရမည့်အပိုင်းကို ဂရုမစိုက်ချေ။ ဤသည်မှာ အမှန်တကယ် ဝမ်းနည်းဖွယ်ဖြစ်၏။ လူသား၏ကယ်တင်ခြင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုမှ ခွဲ၍မရနိုင်သကဲ့သို့၊ သူ၏ အစီအစဉ်မှ ခွဲခြား၍လည်း မရနိုင်ပေ။ သို့သော်လည်း လူသားသည် ဘုရားသခင်၏စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှ မစဉ်းစားပေ၊ ထို့ကြောင့် သူ့ထံမှ ယခင်ထက် တိုး၍ ပို၍ေးကွာလာသည်။ ဤအရာက သူ၏ နောက်လိုက်လူတန်းစားတွင် ပါဝင်ဖို့- ဖန်ဆင်းခြင်းက မည်သည့်အရာဖြစ်သည်၊ ဘုရားသခင်၌ ယုံကြည်မှုက မည်သည့်အရာဖြစ်သည်၊ ဘုရားသခင်ကို မည်သို့ကိုးကွယ်ရမည်၊ စသဖြင့်- ကယ်တင်ခြင်းနှင့်ဆိုင်သည့် မေးခွန်းနှင့် နီးကပ်စွာ ဆက်နွယ်သော ကိစ္စများကို လုံးဝ မသိသည့်

လူအရေအတွက် တိုးပွားလာခြင်းကို ဖြစ်စေပြီးဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ နောက်လိုက် အသီးသီးက သူ့နောက်လိုက်ပြီး သူ့ကို ယုံကြည်ခြင်းဆိုသည်မှာ မည်သည့်အရာဆိုလိုသည်ကို ရှင်းရှင်းလင်းလင်း နားလည်ဖို့အလို့ငှာ ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ယခု ငါတို့ ဆွေးနွေးရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းက ကောင်းချီးမင်္ဂလာများ ရရှိရုံမျှအဖို့ သို့မဟုတ် ကပ်ဘေးများကို ရှောင်ရှားရုံမျှအဖို့ သို့မဟုတ် အခြားသူတို့အလယ် ထင်ပေါ် ရုံမျှအဖို့ ဘုရားသခင် နောက်လိုက်ခြင်းထက်၊ ၎င်းတို့ နင်းလျှောက်ရမည့် လမ်းကြောင်းကို သာ၍ မှန်ကန်တိကျစွာ ရွေးချယ်ဖို့ လူအသီးသီးကို ကူညီလိမ့်မည်ဖြစ်သည်။

ဘုရားသခင်၏စီမံခန့်ခွဲမှုသည် နက်နဲသော်လည်း၊ လူသား၏ နားလည်နိုင်စွမ်းကို မကျော်လွန်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ အမှုအားလုံးသည် လူသားမျိုးနွယ်ကို ကယ်တင်ဖို့ သူ၏ စီမံခန့်ခွဲမှုနှင့် သူ၏ အမှုတို့ဖြင့် ဆက်စပ်ပြီး၊ လူသားမျိုးနွယ်၏ အသက်၊ ရှင်သန်ခြင်းနှင့် ခရီးပန်းတိုင်တို့နှင့် သက်ဆိုင်သောကြောင့် ဖြစ်သည်။ လူသားအလယ်နှင့် လူသားအပေါ် ဘုရားသခင် လုပ်ဆောင်သည့် အမှုသည် အလွန်လက်တွေ့ကျပြီး အဓိပ္ပာယ်ရှိသည်ဟု ဆိုနိုင်သည်။ ယင်းကို လူသားက မြင်နိုင်ပြီး တွေ့ကြုံနိုင်ကာ စိတ်ကူးသက်သက်ဖြစ်သည့်အရာနှင့် အလှမ်းဝေးလေသည်။ လူသည် ဘုရားသခင် လုပ်ဆောင်သည့် အမှုအားလုံးကို လက်ခံနိုင်စွမ်းမရှိပါက၊ သူ၏ အမှု၏ အရေးပါမှုမှာ အဘယ်နည်း။ ထိုသို့သော စီမံခန့်ခွဲမှုက လူသားကို ကယ်တင်ခြင်းသို့ မည်သို့ ဦးဆောင်နိုင်မည်နည်း။ ဘုရားသခင်နောက်လိုက်သူများစွာက ကောင်းချီးမင်္ဂလာများ မည်သို့ရရှိမည် သို့မဟုတ် ကပ်ဘေးကို မည်သို့ တွန်းလှန်ပယ်ရှားရမည်ဆိုသည်ကိုသာ စိတ်ဝင်စားကြသည်။ ဘုရားသခင်၏ အမှုနှင့် စီမံခန့်ခွဲမှုတို့ကို ဖော်ပြလိုက်သည်နှင့်၊ ၎င်းတို့သည် နှုတ်ဆိတ် သွားကြပြီး စိတ်ဝင်စားမှုအားလုံး ပျောက်ဆုံးသွားကြသည်။ ထိုသို့သော ငြီးငွေ့ဖွယ်မေးခွန်းများကို နားလည်ခြင်းသည် ၎င်းတို့၏အသက်တာများကို ကြီးထွားဖို့ သို့မဟုတ် အကျိုးကျေးဇူး တစ်ခုတစ်လေ ပေးဖို့ ကူညီလိမ့်မည် မဟုတ်ဟု ထင်ကြလေသည်။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့သည် ဘုရားသခင်၏စီမံခန့်ခွဲမှုအကြောင်း ကြားပြီးကြသော်လည်း၊ မဆိုစလောက် ဂရုပြုကြလေသည်။ ၎င်းတို့က ယင်းကို ၎င်းတို့ အသက်တာများ၏ အစိတ်အပိုင်းအဖြစ် လက်ခံဖို့ မဆိုထားနှင့်၊ လက်ခံရမည့် တန်ဖိုးရှိသော အရာတစ်ခုအဖြစ်ပင် မမြင်ကြချေ။ ထိုသို့သော လူတို့သည် ဘုရားသခင် နောက်လိုက်ရာတွင် ရိုးရှင်းသည့် ရည်မှန်းချက်တစ်ခုသာရှိပြီး၊ ယင်းရည်မှန်းချက်မှာ ကောင်းချီးမင်္ဂလာများ ရရှိရန်ဖြစ်သည်။ ထိုသို့သော လူတို့သည် ဤရည်မှန်းချက် တိုက်ရိုက် မပါဝင်သည့် အခြား

မည်သည့်အရာကိုမျှ အလေးဂရုပြုဖို့ အပင်ပန်းမခံနိုင်ကြပေ။ ၎င်းတို့အဖို့ ကောင်းချီးမင်္ဂလာများရရှိရန် ဘုရားသခင်ကို ယုံကြည်ခြင်းထက် သာ၍ သဘာဝကျသည့် ရည်မှန်းချက် မရှိချေ- ယင်းမှာ ၎င်းတို့ယုံကြည်ခြင်း၏ တကယ့်တန်ဖိုး ဖြစ်သည်။ တစ်စုံတစ်ရာသည် ဤရည်မှန်းချက်ကို မပံ့ပိုးပေးပါက၊ ၎င်းတို့သည် ထိုအရာအားဖြင့် လုံးဝ တို့ထိမခံရဘဲရှိမြဲ ရှိကြလေသည်။ ဤသည်မှာ ယနေ့ ဘုရားသခင်၌ ယုံကြည်သူအများစုနှင့် ပတ်သက်သည့် ကိစ္စရပ် ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဘုရားသခင်၌ ယုံကြည်သည်နှင့်အမျှ၊ ဘုရားသခင်အတွက်လည်း ၎င်းတို့ အသုံးခံကြသောကြောင့်၊ ဘုရားသခင်ထံ မိမိတို့ကိုယ်ကိုယ် ဆက်ကပ် အပ်နှံကြပြီး ၎င်းတို့တာဝန်ကို ထမ်းဆောင်ကြသောကြောင့်၊ ၎င်းတို့၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်တို့သည် သဘာဝကျပုံပေါ်လေသည်။ ၎င်းတို့သည် ၎င်းတို့၏ယော်ရွယ်မှုကို စွန့်လွှတ်ကြသည်၊ မိသားစုနှင့် အသက်မွေးအလုပ်တို့ကို စွန့်ပစ်ပြီး၊ မိမိတို့ကိုယ်ကိုယ် အလုပ်များစေလျက် အိမ်နှင့်ဝေးရာတွင် နှစ်ပေါင်းများစွာပင် ကုန်ဆုံးကြလေသည်။ ၎င်းတို့၏ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်အတွက်၊ ၎င်းတို့သည် မိမိတို့၏ ကိုယ်ပိုင်စိတ်ဝင်စားမှုများကို ပြောင်းလဲကြသည်၊ ဘဝအပေါ် ၎င်းတို့၏ အမြင်နှင့် ၎င်းတို့ ရှာဖွေသည့် ဦးတည်ချက်ကိုပင် ပြောင်းလဲကြသည်။ သို့ရာတွင် ဘုရားသခင်၌ ၎င်းတို့ယုံကြည်မှု၏ ရည်မှန်းချက်ကို မပြောင်းလဲနိုင်ကြပေ။ ၎င်းတို့၏ ကိုယ်ပိုင် စံများနှင့်ဆိုင်သည့် စီမံခန့်ခွဲမှုအတွက် ၎င်းတို့ အလုပ်ရှုပ်နေကြသည်။ လမ်းမည်မျှ ဝေးသည်ဖြစ်စေ၊ လမ်းတစ်လျှောက် အခက်အခဲများနှင့် အတားအဆီးများ မည်မျှရှိသည်ဖြစ်စေ၊ ၎င်းတို့သည် မဆုတ်မနစ်ကြိုးပမ်းကြပြီး သေခြင်းကိုမကြောက်ကြချေ။ မည်သည့်တန်ခိုးက ၎င်းတို့ကို ဤနည်းဖြင့် မဖြစ်မနေ ဆက်လက်ဆက်ကပ်စေသနည်း။ ယင်းမှာ ၎င်းတို့၏ အသိစိတ်လော။ ၎င်းတို့၏ ကြီးမြတ်ပြီး မွန်မြတ်သည့် အကျင့်စရိုက်လော။ မကောင်းမှု အင်အားများကို တကယ့်အဆုံးထိ တိုက်ခိုက်ရန်ဖြစ်သည့် ၎င်းတို့၏ စိတ်ပိုင်းဖြတ်ချက်လော။ ယင်းမှာ ဆုလာဘ်ကို မရှာဖွေဘဲ၊ ဘုရားသခင်ကို သက်သေခံရန်ဖြစ်သည့် ၎င်းတို့၏ ယုံကြည်ခြင်းလော။ ယင်းမှာ ဘုရားသခင်၏အလိုကို စွမ်းဆောင်ရရှိရန် အရာရာတိုင်းကို စွန့်လွှတ်ဖို့ လိုလားရာတွင် ၎င်းတို့၏ သစ္စာစောင့်သိမှုလော။ သို့မဟုတ် ယင်းသည် လွန်ကဲသည့် ကိုယ်ရေးကိုယ်တာ တောင်းဆိုချက်များကို အမြဲ လက်လွှတ်ဖို့ဖြစ်သည့် ၎င်းတို့၏ ဆက်ကပ်မှု စိတ်ဓာတ်လော။ အတော်အတန် ရိုးရှင်းစွာပြောရပါက၊ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအမှုကို မည်သည့်အခါတွင်မျှ နားမလည်ဖူးသူအတွက် ဤမျှပေးဆပ်ဆဲဖြစ်ဖို့မှာ အံ့သြဖွယ်ရာတစ်ခု ဖြစ်ပေသည်။ အချိန်တစ်ခဏကြာ၊ ဤလူတို့ မည်မျှပေးဆပ်ပြီးဖြစ်သည်ကို မဆွေးနွေးကြပါစို့နှင့်။ သို့ရာတွင်

၎င်းတို့၏အပြုအမူကို ငါတို့ အလွန် စိစစ်ထိုက်ပေသည်။ ၎င်းတို့နှင့် အလွန်အနီးကပ် ဆက်စပ်သည့် အကျိုးကျေးဇူးများမှလွဲ၍၊ ဘုရားသခင်ကို မည်သည့်အခါကမျှ နားမလည်ဖူးသော သူတို့က သူ့အတွက် အလွန်များလှစွာ ပေးဆပ်ရမည့် အခြားအကြောင်းရင်းတစ်ခုတစ်လေ ရှိနိုင်မည်လော။ ဤတွင် ယခင်က အမည်မဖော်နိုင်ခဲ့သည့် ပြဿနာတစ်ရပ်ကို ငါတို့ ရှာဖွေ တွေ့ရှိပေသည်- လူသား၏ ဘုရားသခင်နှင့် ဆက်ဆံရေးမှာ ပကတိ မိမိ၏ကိုယ်ကျိုးစီးပွားတစ်ခုမျှသာ ဖြစ်ပေသည်။ ယင်းသည် ကောင်းချီးမင်္ဂလာများ လက်ခံရရှိသူနှင့် ပေးသူတို့အကြား ဆက်ဆံရေးတစ်ခု ဖြစ်သည်။ ရှင်းရှင်းပြောပါက၊ အလုပ်သမားနှင့် အလုပ်ရှင်တို့အကြား ဆက်ဆံရေးနှင့် ဆင်ဆင်တူပေသည်။ အလုပ်သမားသည် အလုပ်ရှင် ချပေးသော ဆုလာဘ်များကို လက်ခံရရှိရန်သာ အလုပ်လုပ်သည်။ ထိုသို့သော ဆက်ဆံရေးတစ်ရပ်တွင် ချစ်ခင်ခြင်းမရှိပေ၊ အပေးအယူသာ ရှိသည်။ ချစ်ခြင်း သို့မဟုတ် အချစ်ခံရခြင်းမရှိ၊ ပေးကမ်းစွန့်ကြဲခြင်းနှင့် သနားကရုဏာသာ ရှိသည်။ နားလည်မှုမရှိ၊ မျိုသိပ်ထားသော နာကြည်းမှုနှင့် လှည့်ဖြားခြင်းသာ ရှိသည်။ ရင်နှီးမှုမရှိ၊ ဖြတ်သန်းမရနိုင်သည့် ကွာဟချက်သာ ရှိသည်။ အမှုအရာများက ဤအဆင့်သို့ ရောက်ပြီးဖြစ်သဖြင့်၊ မည်သူသည် ထိုသို့သော လမ်းကြောင်းတစ်ခုကို ပြောင်းပြန် လှည့်နိုင်မည်နည်း။ ဤဆက်ဆံရေးက မည်မျှ ကြောက်မက်ဖွယ်ဖြစ်လာပြီး ဖြစ်သည်ကို လူမည်မျှက အမှန်တကယ် နားလည်နိုင်စွမ်းရှိသနည်း။ လူများသည် ကောင်းချီးမင်္ဂလာခံစားရခြင်း၏ ဝမ်းမြောက်မှုတွင် မိမိတို့ကိုယ်ကိုယ် နှစ်မြုပ်ထားသည့်အခါ၊ ဘုရားသခင်နှင့် ထိုသို့သော ဆက်ဆံရေးက မည်မျှရှက်ဖွယ်ကောင်းပြီး မြင်မကောင်း ရှုမကောင်း ဖြစ်သည်ကို မည်သူမျှ စိတ်မကူးနိုင်ဟု ငါယုံကြည်သည်။

ဘုရားသခင်၌ လူသားမျိုးနွယ်၏ ယုံကြည်မှုနှင့်ပတ်သက်၍ ဝမ်းနည်းဖွယ် အကောင်းဆုံးသော အရာမှာ၊ လူသည် ဘုရားသခင်၏ အမှုအလယ်တွင် မိမိကိုယ်တိုင်၏ စီမံခန့်ခွဲမှုကို ဦးစီးဦးရွက်ပြုသော်လည်း၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုကို အလေးဂရုမပြုခြင်း ဖြစ်သည်။ လူသား၏အကြီးမားဆုံးသော ကျရှုံးမှုသည် ဘုရားသခင်ကို ကျိုးနွံနာခံဖို့နှင့် ကိုးကွယ်ရန် ကြိုးစားနေသည့် တစ်ချိန်တည်းတွင်၊ လူသားသည် မိမိ၏ ကိုယ်ပိုင်အကြိုက်နှစ်သက်ဆုံး ခရီးပန်းတိုင်ကို တည်ဆောက်နေကာ အကြီးမားဆုံး ကောင်းချီးမင်္ဂလာနှင့် အကောင်းဆုံး ခရီးပန်းတိုင်ကို မည်သို့ ရရှိမည်ကို ကြံစည်နေပုံတွင် တည်ရှိလေသည်။ ၎င်းတို့မည်မျှ သနားဖွယ်ကောင်းသည်၊ မုန်းတီးဖွယ်ကောင်းပြီး၊ ရင်နင့်ဖွယ်ကောင်းသည်ကို နားလည်လျှင်ပင်၊ မည်မျှက ၎င်းတို့၏ စံများနှင့် မျှော်လင့်ချက်များကို အဆင်သင့် စွန့်လွှတ်နိုင်သနည်း။ ပြီးလျှင် မည်သူသည် ၎င်း၏ ကိုယ်ပိုင်ခြေလှမ်းများကို ရပ်တန့်နိုင်ပြီး

မိမိတို့အတွက်သာ စဉ်းစားခြင်းမှ ရပ်တန့်နိုင်သနည်း။ ဘုရားသခင်သည် သူ၏စီမံခန့်ခွဲမှုကို ပြီးပြည့်စုံစေအောင် သူနှင့်အတူ နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်မည့်သူများ လိုအပ်ပေသည်။ သူ၏ စီမံခန့်ခွဲခြင်း အမှုအဖို့ စိတ်နှင့် ခန္ဓာတစ်ခုလုံးကို ဆက်ကပ်ခြင်းအားဖြင့် သူ့ကို ကျိုးနွံနာခံမည့်သူများကို သူ လိုအပ်လေသည်။ သူသည် အနည်းငယ်ပေးပြီး ဆုလာဘ်ချီးမြှင့်ခံရဖို့ စောင့်ဆိုင်းသူများကို လိုအပ်ဖို့ မဆိုထားနှင့်၊ နေ့စဉ် သူ့ထံမှ တောင်းခံရန် လက်ဖြန့်သည့်လူများကို မလိုအပ်ပေ။ မဖြစ်စလောက် ပံ့ပိုးမှုပြုလုပ်ပြီးနောက် မိမိတို့၏ အောင်ဆုများ အပေါ် အခြေပြုသောသူတို့ကို ဘုရားသခင်က စက်ဆုပ်ရွံရှာသည်။ သူ၏ စီမံခန့်ခွဲခြင်း အမှုကို သဘောမကျဖြစ်ကာ ကောင်းကင်ဘုံသို့ သွားခြင်းနှင့် ကောင်းချီးမင်္ဂလာများ ရရှိခြင်းအကြောင်းကိုသာ ဆွေးနွေးလိုကြသည့် သွေးအေးသူများကို သူ မုန်းသည်။ သူသည် လူသားမျိုးနွယ်ကို ကယ်တင်ရာတွင် သူ လုပ်ဆောင်သည့် အမှုက ပေးသည့် အခွင့်အရေးကို ကောင်းကောင်း အသုံးချသူများအတွက် သာ၍ ကြီးမားသည့် စက်ဆုပ်ရွံရှာမှု ရှိလေသည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ဤလူတို့သည် ဘုရားသခင်က သူ၏စီမံခန့်ခွဲခြင်း အမှုမှတစ်ဆင့် မည်သည့်အရာ စွမ်းဆောင်လိုပြီး မည်သည့်အရာ ရရှိလိုသည်ကို လုံးဝ ဂရုမစိုက်ဖူးကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ကောင်းချီးမင်္ဂလာများ ရရှိရန် ဘုရားသခင်၏အမှုက ပေးသည့် အခွင့်အရေးအား ၎င်းတို့ မည်သို့အသုံးချနိုင်သည်ဆိုသည်ကိုသာ စိတ်ဝင်စားကြလေသည်။ ၎င်းတို့၏ မျှော်လင့်ချက်များနှင့် ကံကြမ္မာတို့ဖြင့် လုံးလုံးလျားလျား နစ်မြုပ်လျက်၊ ၎င်းတို့သည် ဘုရားသခင်၏ စိတ်နှလုံးနှင့် ပတ်သက်၍ ဂရုမစိုက်ကြပေ။ ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုကို သဘောမကျသကဲ့သို့၊ လူသားမျိုးနွယ်ကို ဘုရားသခင် မည်သို့ ကယ်တင်သည်ဆိုသည်နှင့် သူ၏ အလိုကို အနည်းငယ်မျှပင် စိတ်ဝင်စားခြင်း မရှိသောသူတို့သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအမှုမှ ခွဲထွက်သည့် နည်းလမ်းဖြင့် မိမိတို့ကိုယ်ကိုယ်အား ကျေနပ်စေသည့် အရာကိုသာ လုပ်ဆောင်နေကြလေသည်။ ၎င်းတို့၏အပြုအမူကို ဘုရားသခင်က ထောက်ခံလျက် ကြည်ညိုဖို့ မဆိုထားနှင့်၊ ဘုရားသခင်က အောက်မေ့ခြင်း မရှိသကဲ့သို့ လက်ခံခြင်းလည်း မရှိပေ။

စကြဝဠာနှင့် အာကာသ၏ ကျယ်ပြောမှုထဲတွင်၊ မရေမတွက်နိုင်သော သတ္တဝါများ နေထိုင်ပြီး မျိုးပွားကြသည်၊ ထပ်တလဲလဲ ဖြစ်နေသော ဘဝနိယာမကို လိုက်လျှောက်ကာ ပုံသေစည်းမျဉ်းတစ်ရပ်ကို လိုက်နာစောင့်ထိန်းကြသည်။ သေသူများသည် ရှင်သူများ၏ အဖြစ်အပျက်များကို ၎င်းတို့နှင့်အတူ ယူဆောင်သွားကြပြီး ရှင်နေသူများသည် သေဆုံးပြီးသောသူများ၏ အလားတူ ဝမ်းနည်းဖွယ်ရာ သမိုင်းကို တစ်ဖန်ပြန်လုပ်ကြသည်။

ထို့ကြောင့် လူသားမျိုးနွယ်သည် မိမိကိုယ်ကိုယ်- ငါတို့သည် အဘယ်ကြောင့် အသက်ရှင်ကြသနည်း။ အဘယ်ကြောင့် သေကြရသနည်း။ ဤကမ္ဘာလောကကို မည်သူ ကွပ်ကဲ အုပ်ချုပ်သနည်း။ ဤလူသားမျိုးနွယ်ကို မည်သူ ဖန်ဆင်းခဲ့သနည်း။ လူသားမျိုးနွယ်ကို သဘာဝတရားမိခင်က အမှန်တကယ် ဖန်ဆင်းခဲ့သလော။ လူသားမျိုးနွယ်သည် မိမိ၏ကံကြမ္မာကို အမှန်တကယ် ထိန်းချုပ်သလော...ဟု မမေးဘဲ မနေနိုင်ပေ။ နှစ်ပေါင်းထောင်ပေါင်းများစွာကြာ လူသားမျိုးနွယ်က မရပ်မနား မေးကြပြီးဖြစ်သည့် မေးခွန်းများ ရှိလေသည်။ အကြောင်းအပေါင်း မသင့်၍၊ လူသားမျိုးနွယ်သည် ဤမေးခွန်းများကို သာ၍ စွဲလမ်းလာလေလေ၊ သိပ္ပံပညာကို ဆာငတ်မှုတစ်ခု သာ၍ဖြစ်ပေါ်လေ ဖြစ်သည်။ သိပ္ပံပညာသည် ခဏတာ ကျေနပ်အားရခြင်းနှင့် အသေးအသား၏ ယာယီပျော်ရွှင်မှုကို ပေးသော်လည်း၊ လူသားကို အဖော်မဲ့ခြင်း၊ အထီးကျန်ခြင်းနှင့် သူ၏ စိတ်ဝိညာဉ်အတွင်းနက်နက်ရှိ မလုံ့တလုံဖြစ်နေသော ကြောက်ရွံ့မှုနှင့် အကူအညီမဲ့နေခြင်းတို့မှ လွတ်မြောက်စေဖို့ လုံလောက်ရန် ဝေးပါသေးသည်။ လူသားမျိုးနွယ်သည် ပကတိမျက်လုံးဖြင့် မြင်နိုင်ပြီး သူ၏ ဦးနှောက်ဖြင့် နားလည်နိုင်သည့် သိပ္ပံပညာအသိကို မိမိ၏နှလုံးသားအား ထုံစေရန်အလို့ငှာ သုံးရုံမျှ အသုံးပြုလေသည်။ သို့ရာတွင် ထိုသို့သော သိပ္ပံပညာအသိသည် လူသားမျိုးနွယ်အား နက်နဲမှုများကို စူးစမ်းလေ့လာခြင်းမှ ရပ်တန့်စေဖို့ မလုံလောက်ပေ။ လူသားမျိုးနွယ်သည် လူသားမျိုးနွယ်၏အစနှင့် အနာဂတ်တို့ကို မဆိုထားနှင့်၊ စကြဝဠာနှင့် အရာခပ်သိမ်း၏ အချုပ်အခြာ အာဏာရှင် မည်သူဖြစ်သည်ကိုပင် တကယ်ကို မသိပေ။ လူသားမျိုးနွယ်သည် ဤနိယာမအလယ်တွင် မတတ်သာ၍ အသက်ရှင်ရုံမျှ ရှင်လေသည်။ အရာခပ်သိမ်းအလယ်နှင့် ကောင်းကင်တွင် ကမ္ဘာအဆက်ဆက် အရာရာတိုင်းအပေါ် အချုပ်အခြာအာဏာ ကိုင်စွဲသောသူ တစ်ဦးသာ ရှိသည့်အတွက်၊ မည်သူမျှ ယင်းကို မလွတ်မြောက်နိုင်သကဲ့သို့ မည်သူမျှ မပြောင်းလဲနိုင်ပေ။ သူသည် လူသားက မည်သည့်အခါမျှ မရှုမြင်ဖူးသောသူ၊ လူသားမျိုးနွယ်က မည်သည့်အခါမျှ မသိဖူးသူ၊ ၎င်းတည်ရှိခြင်းကို လူသားမျိုးနွယ်က မည်သည့်အခါမျှ မယုံကြည်ဖူးသူ ဖြစ်သည်- သို့ရာတွင် သူသည် လူသားမျိုးနွယ်၏ ဘိုးဘေးများအထဲ ဇီဝအသက်ကို မှုတ်သွင်းခဲ့ပြီး လူသားမျိုးနွယ်ကို အသက်ပေးခဲ့သူဖြစ်သည်။ သူသည် လူသားမျိုးနွယ်ကို တည်ရှိခွင့်ပေးလျက်၊ ထောက်ပံ့ကာ အားဖြည့်ပေးသူ ဖြစ်ပြီး၊ သူသည် လူသားမျိုးနွယ်ကို မျက်မှောက်ခေတ်အထိ လမ်းပြပြီးသူ ဖြစ်သည်။ ထို့အပြင် သူတစ်ပါးတည်းသာ လူသားမျိုးနွယ်က ရှင်သန်နေခြင်းအတွက် အားထားသည့်သူ ဖြစ်သည်။ သူသည် အရာခပ်သိမ်းအပေါ် အချုပ်အခြာ အာဏာ စွဲကိုင်ပြီး၊ စကြဝဠာထဲရှိ

သက်ရှိသတ္တဝါအားလုံးကို အုပ်စိုးလေသည်။ သူသည် ရာသီလေးပါးကို ကွပ်ကဲအုပ်ချုပ်ပြီး လေ၊ ဆီးနှင်းခဲ၊ နှင်းနှင့် မိုးတို့ကို ခေါ်သောသူမှာ သူဖြစ်သည်။ သူသည် လူသားမျိုးနွယ်ထံ နေရောင် ဆောင်ကြဉ်းပေးပြီး၊ ညကို ဖွင့်လှစ် ပေးလေသည်။ သူသည် လူသားကို တောင်များ၊ ရေကန်များ၊ မြစ်များနှင့် ၎င်းတို့အတွင်းရှိ သက်ရှိအားလုံးကို ထောက်ပံ့ပေးရင်း၊ ကောင်းကင်နှင့် မြေကြီးကို ခင်းကျင်းသူ ဖြစ်သည်။ သူ၏ လုပ်ဆောင်ချက်များသည် နေရာတိုင်းတွင်ရှိ၏၊ သူ၏တန်ခိုးသည် နေရာတိုင်းတွင် ရှိ၏၊ သူ၏ ဉာဏ်ပညာသည် နေရာတိုင်းတွင်ရှိပြီး၊ သူ၏ ဩဇာအာဏာသည် နေရာတိုင်းတွင်ရှိ၏။ ဤနိယာမနှင့် စည်းမျဉ်းအသီးသီးသည် သူ၏ လုပ်ဆောင်ချက်များ၏ ပြယုဂ်ဖြစ်ပြီး အသီးသီးသည် သူ၏ဉာဏ်ပညာနှင့် တန်ခိုးတို့ကို ထုတ်ဖော်ပြသသည်။ အဘယ်သူသည် သူ၏ အချုပ်အခြာအာဏာမှ ကင်းလွတ်နိုင်သနည်း။ ပြီးလျှင် သူ၏ အကြံအစည်များမှ အဘယ်သူသည် မိမိကိုယ်ကိုယ် ထုတ်ပစ်နိုင်သနည်း။ သူ၏အကြည့်အောက်တွင် အရာခပ်သိမ်းတည်ရှိပြီး၊ ထို့အပြင် အရာခပ်သိမ်းသည် သူ၏ အချုပ်အခြာအာဏာ အောက်တွင် အသက်ရှင်လေသည်။ သူ၏ လုပ်ဆောင်ချက်များနှင့် တန်ခိုးတို့က လူသားမျိုးနွယ်အား သူသည် အမှန်တကယ် တည်ရှိပြီး အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာ စွဲကိုင်သည်ကို အသိအမှတ်ပြုရုံကလွဲ၍ အခြား ရွေးချယ်စရာမရှိဘဲ ဖြစ်ရစ်စေလေသည်။ သူမှလွဲ၍ မည်သည့်အရာမျှ ဤလူသားမျိုးနွယ်ကို မပြီးနိုင်မဆုံးနိုင် ထောက်ပံ့ပေးဖို့ မဆိုထားနှင့်၊ စကြဝဠာကိုပင် မကွပ်ကဲမအုပ်ချုပ်နိုင်ပေ။ သင်သည် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သတိပြုနိုင်သည်ဖြစ်စေ၊ သတိမပြုနိုင်သည် ဖြစ်စေ၊ ပြီးလျှင် သင်သည် ဘုရားသခင်၏ တည်ရှိခြင်းကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ သင်၏ ကံကြမ္မာကို ဘုရားသခင် ပိုင်းဖြတ်သည်မှာ သေချာပြီး၊ ဘုရားသခင်သည် အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာ အမြဲ စွဲကိုင်ထားမည်မှာ သေချာပေသည်။ သူ၏ တည်ရှိခြင်းနှင့် ဩဇာအာဏာတို့သည် လူသား၏ သတိပြုခံရကာ နားလည်ခြင်း ရှိမရှိဆိုသည့်အပေါ် အခြေမခံပေ။ သူသာလျှင် လူသား၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို သိပြီး၊ သူသာလျှင် လူသားမျိုးနွယ်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်သည်။ ဤအချက်ကို သင်လက်ခံနိုင်သည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ ဤအရာအားလုံးကို လူသားမျိုးနွယ်က မိမိ၏မျက်စိဖြင့် မျက်မြင်ကြုံရမည့် အချိန်သည် ကြာမြင့်လိမ့်မည်မဟုတ်သကဲ့သို့၊ ဤသည်မှာ ဘုရားသခင်က မကြာမီ ကျရောက်စေမည့်အချက် ဖြစ်သည်။ ဘုရားသခင်၏ မျက်စိအောက်တွင် လူသားမျိုးနွယ်သည် အသက်ရှင်ကာ သေဆုံးကြရသည်။ လူသားသည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအတွက်

အသက်ရှင်ဖြစ်ပြီး နောက်ဆုံးအကြိမ် ၎င်းတို့မျက်စိမှိတ်သည့်အခါသည်လည်း ဤစီမံခန့်ခွဲမှု အတွက်ပင် ၎င်းတို့ မှိတ်ကြခြင်း ဖြစ်သည်။ လူသားသည် ထပ်ခါတလဲလဲ ခေါက်တုံ့ခေါက်ပြန် သွားလိုက်လာလိုက် ဖြစ်သည်။ ထိုအရာအားလုံးမှာ ခြွင်းချက်မရှိ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် သူ၏ အကြံအစည်တို့၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် မည်သည့်အခါတွင်မျှ မရပ်တန့်ပေ။ ယင်းသည် မရပ်မနား တိုးတက်နေသည်။ သူသည် လူသားမျိုးနွယ်အား သူ၏ တည်ရှိခြင်းကို သိစေလိမ့်မည်၊ သူ၏ အချုပ်အခြာအာဏာကို ယုံကြည်ကိုးစားစေလိမ့်မည်၊ သူ၏လုပ်ဆောင်ချက်များကို ရှုမြင်စေလိမ့်မည်ဖြစ်ပြီး သူ၏နိုင်ငံတော်သို့ ပြန်လာစေလိမ့်မည်ဖြစ်သည်။ ဤသည်မှာ သူ၏အစီအစဉ်ဖြစ်ပြီး နှစ်ထောင်ချီကြာ သူ စီမံခန့်ခွဲနေပြီးဖြစ်သည့် အမှု ဖြစ်သည်။

ဘုရားသခင်၏စီမံခန့်ခွဲခြင်း အမှုသည် ကမ္ဘာလောကကို ဖန်ဆင်းခြင်းတွင် စတင်ခဲ့ပြီး၊ လူသားသည် ဤအမှု၏ ဗဟိုအချက်အချာတွင် ရှိလေသည်။ ဘုရားသခင်၏ အရာခပ်သိမ်း ဖန်ဆင်းခြင်းသည် လူသားအတွက်ဖြစ်သည်ဟု ပြော၍ရပေသည်။ သူ၏ စီမံခန့်ခွဲခြင်း အမှုသည် နှစ်ထောင်ချီ လွှမ်းခြုံပြီး၊ မိနစ် သို့မဟုတ် စက္ကန့်မျှ အချိန်အတွင်း၊ သို့မဟုတ် မျက်စိတစ်မှိတ် သို့မဟုတ် တစ်နှစ်၊ နှစ်နှစ်အတွင်း လုပ်ဆောင်ခဲ့ခြင်းမဟုတ်ပေ၊ သူသည် လူသားမျိုးနွယ်၏ ရှင်သန်မှုအတွက် လိုအပ်သည့် နေ၊ လ၊ သက်ရှိ သတ္တဝါမျိုးစုံ၊ အစားအစာနှင့် သာတောင့်သာယာရှိသော ပတ်ဝန်းကျင်ကဲ့သို့သော နောက်ထပ် အမှုအရာများကို ဖန်ဆင်းခဲ့ရသည်။ ဤသည်မှာ ဘုရားသခင်၏စီမံခန့်ခွဲမှု အစ ဖြစ်ပေသည်။

ထို့နောက်တွင် ဘုရားသခင်သည် လူသားမျိုးနွယ်ကို စာတန်ထံ လွှဲအပ်နှံခဲ့ပြီး၊ လူသားသည် စာတန်၏ ပိုင်နက်အောက် အသက်ရှင်ခဲ့ရသည်၊ ယင်းက ဘုရားသခင်အမှု၏ ပထမဆုံးခေတ်- ပညတ်တော်ခေတ်၏ အဖြစ်အပျက်သို့ ဖြည်းဖြည်းချင်း ဆိုက်ရောက်သွားစေခဲ့သည်။ ပညတ်တော်ခေတ် အတောအတွင်း နှစ် နှစ်ထောင် သုံးထောင် တစ်လျှောက်အတောအတွင်းတွင်၊ လူသားမျိုးနွယ်သည် ပညတ်တော်ခေတ်၏ လမ်းပြမှုဖြင့် ကျင့်သားရလာခဲ့ပြီး၊ ယင်းကို အလေးမမူခဲ့ပေ။ လူသားသည် ဘုရားသခင်၏ စောင့်ရှောက်မှုကို တဖြည်းဖြည်းနှင့် စွန့်ခွာခဲ့သည်။ ထို့ကြောင့် ပညတ်တော်ကို လိုက်လျှောက်နေစဉ်တွင်၊ ၎င်းတို့သည် ရုပ်တုဆင်းတုများကိုလည်း ကိုးကွယ်ခဲ့ကြပြီး၊ မကောင်းမှုများကိုလည်း ကျူးလွန်ခဲ့ကြသည်။ ၎င်းတို့သည် ယေဟောဝါ၏ ကွယ်ကာမှု မရှိခဲ့ကြသကဲ့သို့၊ ၎င်းတို့၏ အသက်တာများကို ဗိမာန်တော်ထဲက ယဇ်ပလ္လင်ရှေ့တွင် အသက်ရှင်ရုံမျှ ရှင်ခဲ့ကြသည်။ အမှန်တွင် ဘုရားသခင်၏ အမှုသည် ၎င်းတို့ကို အချိန်ကြာမြင့်စွာက စွန့်ခွာခဲ့ပြီးဖြစ်ကာ၊

ဣသရေလတို့သည် ပညတ်တော်ကို ဆက်လက် ဖက်တွယ်ဆဲဖြစ်ပြီး ယေဟောဝါ၏ အမည်ကို ပြောဆိုကာ ၎င်းတို့သာလျှင် ယေဟောဝါ၏ လူများဖြစ်ပြီး ယေဟောဝါ၏ ရွေးချယ်ခံရသည့် လူများဖြစ်သည်ဟုပင် ဂုဏ်ယူစွာ ယုံကြည်ကြသော်လည်း၊ ဘုရားသခင်၏ ဘုန်းအသရေသည် ၎င်းတို့ကို တိတ်တဆိတ် စွန့်ပစ်ခဲ့ပြီးဖြစ်သည်။...

ဘုရားသခင်သည် သူ၏ အမှုကို လုပ်ဆောင်သည့်အခါ၊ သူသည် တစ်နေရာကို အမြဲ တိတ်တဆိတ် စွန့်ခွာပြီး၊ နောက်တစ်နေရာတွင် သူ စတင်သည့် အမှုသစ်ကို ညင်သာစွာ ဆောင်ရွက်လေသည်။ ဤသည်မှာ ထုံထိုင်းနေသော လူတို့အတွက် မယုံကြည်နိုင်စရာဖြစ်နေသည်။ လူတို့သည် ဟောင်းသော အရာကို အမြဲ တန်ဖိုးထားပြီး၊ ရင်းနှီးမှုမရှိသည့် အသစ်သောအရာအပေါ် မလိုမုန်းထားစိတ်ဖြင့် စောင့်ကြည့်ကြသည်၊ သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စရာအဖြစ် မြင်ကြသည်။ ထို့ကြောင့် ဘုရားသခင်က မည်သည့်အမှုသစ်ကို လုပ်ဆောင်သည် ဖြစ်စေ အစမှအဆုံးထိ လူသားသည် အရာခပ်သိမ်းထဲတွင် ယင်းကို နောက်ဆုံးမှ သိရှိရလေသည်။

အမြဲဖြစ်ရိုးဖြစ်စဉ်အတိုင်း၊ ပညတ်တော်ခေတ်ထဲက ယေဟောဝါ၏ အမှုပြီးသည့်နောက်တွင်၊ ဘုရားသခင်သည် ဒုတိယအဆင့်နှင့်ဆိုင်သည့် သူ၏အမှုကို စတင်ခဲ့သည်- လူ့ဇာတိကို ခံယူခြင်း- ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ကြာ လူသားအဖြစ် လူ့ဇာတိခံယူခြင်းနှင့်- ယုံကြည်သူများအလယ် စကားပြောခြင်းနှင့် သူ၏ အမှုကို လုပ်ဆောင်ခြင်းတို့ ဖြစ်သည်။ သို့ရာတွင် ခြွင်းချက်မရှိ၊ ယင်းကို မည်သူမျှမသိခဲ့သကဲ့သို့၊ သခင်ယေရှုက ကားတိုင်တွင် သံမှိုရိုက်ခံခဲ့ရကာ ရှင်ပြန်ထမြောက် ပြီးနောက်တွင် သူသည် လူ့ဇာတိခံ ဘုရားသခင်ဖြစ်ခဲ့သည်ကို လူအရေအတွက် အနည်းငယ်ကသာ အသိအမှတ်ပြုခဲ့ကြသည်။ ပြဿနာမှာ ပေါလုဟု ခေါ်သည့် ဘုရားသခင်ကို အသေအကြေမုန်းသူအဖြစ် မိမိကိုယ်ကိုယ် သတ်မှတ်ခဲ့သူတစ်ဦး ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ သူသည် ဒဏ်ခတ်ခံခဲ့ရပြီး တမန်တော်တစ်ပါး ဖြစ်လာပြီးသည့်နောက်တွင်ပင် ပေါလုသည် သူ၏ သဘာဝဟောင်းကို မပြောင်းလဲခဲ့သကဲ့သို့၊ သူသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်း လမ်းကြောင်းအား ဆက်လက် လျှောက်လှမ်းခဲ့၏။ သူ အလုပ်လုပ်ခဲ့ချိန် အတောအတွင်းတွင်၊ ပေါလုသည် ဩဝါဒစာ အများအပြားရေးသားခဲ့သည်။ အကြောင်းအပေါင်းမသင့်၍၊ နောင်မျိုးဆက်များသည် သူ၏ဩဝါဒစာများကို ဘုရားသခင်၏ နှုတ်ကပတ်တော်များအဖြစ် မွေ့လျော်ခဲ့ကြပြီး ဓမ္မသစ်ကျမ်းတွင်ပင် ထည့်သွင်းစေခဲ့ကြကာ၊ ဘုရားသခင်ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များနှင့် ရောထွေး သွားစေခဲ့ကြသည်။ ဤသည်မှာ သမ္မာကျမ်းစာ ပေါ်ထွန်းလာကတည်းမှစ၍ အကြွင်းမဲ့ ဂုဏ်အသရေပျက်ခြင်း တစ်ခု

ဖြစ်ပြီးဖြစ်သည်။ ဤသည်မှာ လူသား၏ အဆုံးစွန် မိုက်မဲမှုကြောင့် ကျူးလွန်မိခဲ့သည့် အမှား မဟုတ်ခဲ့ပါသလော။ ကျေးဇူးတော်ခေတ်ထဲက ဘုရားသခင်၏အမှုနှင့်ဆိုင်သည့် မှတ်တမ်းများတွင် လူ၏ ဩဝါဒစာများ သို့မဟုတ် ဝိညာဉ်ရေးဆိုင်ရာ စာပေများသည် ဘုရားသခင်၏ အမှုနှင့် နှုတ်ကပတ်တော်များကို တူအောင်တုဖို့ ရှိမနေသင့်သည်ကို ၎င်းတို့ မသိကြချေ။ သို့ရာတွင် ဤသည်မှာ၊ ထို့ကြောင့် ငါတို့၏ မူလ အကြောင်းအရာသို့ ပြန်သွားကြပါစို့။ ဘုရားသခင်၏ အမှု ဒုတိယအဆင့် ပြည့်စုံခဲ့သည်နှင့်တစ်ပြိုင်နက်- ကားစင်တင်ခံရခြင်းနောက်တွင်- လူသားကို အပြစ်မှ ပြန်ကယ်သည့် ဘုရားသခင်၏အမှု (ဆိုလိုသည်မှာ စာတန်၏ လက်မှ လူသားကို ကယ်ယူခြင်းဖြစ်သည်) ပြီးမြောက်သွားခဲ့သည်။ ထို့ကြောင့် ၎င်းအချိန်မှစ၍ လူသားမျိုးနွယ်သည် ၎င်း၏ အပြစ်များ ခွင့်လွှတ်ခံရရန် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံရန်သာ ရှိခဲ့သည်။ သဘောပြောရလျှင်၊ လူသား၏ အပြစ်များသည် သူ၏ ကယ်တင်ခြင်းရရှိခြင်းနှင့် ဘုရားသခင်၏ ရှေ့မှောက်လာရာတွင် အတားအဆီးတစ်ခု မဟုတ်တော့သကဲ့သို့၊ စာတန်က လူသားကို စွပ်စွဲရန် အသုံးပြုသည့် သြဇာလည်း မဟုတ်တော့ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ကိုယ်တိုင်သည် စစ်မှန်သည့် အမှုကို လုပ်ဆောင်ပြီးဖြစ်သောကြောင့်၊ အပြစ်နှင့်ပြည့်သည့် လူ့ဇာတိ သဏ္ဌာန်နှင့် နမူနာ ဖြစ်လာခဲ့ပြီးဖြစ်ကာ၊ ဘုရားသခင် ကိုယ်တိုင်သည် အပြစ်ဖြေရာယဇ် ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ ဤနည်းဖြင့် လူသားသည် ကားတိုင်မှ သက်ဆင်းပြီး ဘုရားသခင် လူ့ဇာတိ- အပြစ်နှင့်ပြည့်သည့် ဤလူ့ဇာတိ ပုံသဏ္ဌာန်- မှတစ်ဆင့် ရွေးနုတ်ခံခဲ့ရကာ ကယ်တင်ခံခဲ့ရပေသည်။ ထို့ကြောင့် စာတန်၏ဖမ်းဆီးခြင်းခံရပြီးနောက်၊ လူသားသည် ဘုရားသခင် ရှေ့တွင် သူ၏ကယ်တင်ခြင်းကို လက်ခံခြင်းသို့ ခြေတစ်လှမ်း သာ၍နီးကပ်လာခဲ့သည်။ ဟုတ်ပေ၏၊ အမှု၏ ဤအဆင့်သည် ပညတ်တော်ခေတ်အတောအတွင်း ဘုရားသခင်၏ စီမံခန့်ခွဲမှုထက် သာ၍ နက်ရှိုင်းကာ သာ၍ တိုးတက်လေသည်။

ယင်းမှာ ဘုရားသခင်၏ စီမံခန့်ခွဲမှု ဖြစ်သည်- ဘုရားသခင်၏ ဖြစ်ခြင်းကို မသိသော၊ ဖန်ဆင်းရှင်၏ဖြစ်ခြင်းကို မသိသော၊ ဘုရားသခင်ကို မည်သို့ကိုးကွယ်ရမည်ကို မသိသော၊ သို့မဟုတ် ဘုရားသခင်ကို ကျိုးနွံနာခံရန် အဘယ်ကြောင့် လိုအပ်သည်ကို မသိသော လူသားမျိုးနွယ်ကို စာတန်လက်သို့ လွှဲအပ်ပြီး စာတန်အား သူ့ကို ဖောက်ပြန်ပျက်စီးစေခွင့်ပေးခြင်း ဖြစ်သည်။ ထို့နောက် လူသားက ဘုရားသခင်ကို အပြည့်အဝ ကိုးကွယ်ပြီး စာတန်ကို ငြင်းပယ်သည်အထိ ဘုရားသခင်သည် တစ်ဆင့်ပြီးတစ်ဆင့် လူသားကို စာတန်လက်မှ ပြန်ယူလေသည်။ ဤသည်မှာ ဘုရားသခင်၏ စီမံခန့်ခွဲမှုဖြစ်သည်။ ဤသည်မှာ

ဒဏ္ဍာရီ ပုံပြင်ဆန်သကဲ့သို့ ထင်ရပြီး၊ စိတ်ရှုပ်ဖွယ် ဖြစ်ပုံရလေသည်။ ၎င်းတို့သည် စကြဝဠာနှင့် အာကာသထဲတွင် အဖြစ်အပျက်ပေါင်း မည်မျှဖြစ်ပွားပြီးဖြစ်သည်ကို သိရန်မဆိုထားနှင့်၊ လွန်ခဲ့သည့် နှစ်ထောင်ချီအချိန်အတွင်း လူသားထံ မည်မျှဖြစ်ပျက်ပြီး ဖြစ်သည်ကို အရိပ်အမြွက် မသိလေသောကြောင့်၊ လူတို့က ဤအရာကို ဒဏ္ဍာရီ ပုံပြင်တစ်ပုဒ်ကဲ့သို့ ထင်ကြလေသည်။ ထို့အပြင် ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ရုပ်ဝတ္ထု လောကကို ကျော်လွန်၍ တည်ရှိသော်လည်း၊ ၎င်းတို့၏ သေမျိုးဖြစ်သည့် မျက်လုံးများက မမြင်အောင် တားဆီးထားသည့် သာ၍ အံ့အားသင့်ဖွယ်၊ သာ၍ ကြောက်ရွံ့ဖွယ်ဖြစ်စေသော ကမ္ဘာလောကကို နားမလည်နိုင်ကြသောကြောင့် ဖြစ်သည်။ လူသည် လူသားမျိုးနွယ်ကို ဘုရားသခင်၏ ကယ်တင်ခြင်း၏ အရေးပါမှု သို့မဟုတ် သူ၏ စီမံခန့်ခွဲခြင်း အမှု၏ အရေးပါမှုနှင့်ဆိုင်သည့် သိနားလည်မှု မရှိသကဲ့သို့၊ ဘုရားသခင်က နောက်ဆုံးတွင် လူသားမျိုးနွယ်ကို မည်သို့ဖြစ်စေချင်သည်ကို နားမလည်သောကြောင့်၊ ယင်းမှာ လူသားဖို့ နားမလည်နိုင်စရာဟု ထင်ရပေသည်။ ယင်းသည် အာဒံနှင့် ဧဝတို့ ဖြစ်ခဲ့ကြသကဲ့သို့၊ စာတန်အားဖြင့် လုံးဝ ဖောက်ပြန်ပျက်စီးဖို့ ဖြစ်သလော။ မဟုတ်ပေ။ ဘုရားသခင်၏ စီမံခန့်ခွဲမှု ရည်ရွယ်ချက်မှာ ဘုရားသခင်ကို ကိုးကွယ်ပြီး သူ့ကို ကျိုးနွံနာခံသည့် လူတစ်စုကို ရရှိရန်ဖြစ်သည်။ ဤလူတို့သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းခံရပြီးသော်လည်း၊ ၎င်းတို့သည် စာတန်ကို ၎င်းတို့၏ဖခင်ဟု မမြင်တော့ပေ။ စာတန်၏ ရွံရှာဖွယ် မျက်နှာကို ၎င်းတို့ သတိပြုမိကြပြီး ၎င်းကို ငြင်းပယ်ကြကာ၊ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမမှုတို့ကို လက်ခံရန် ဘုရားသခင်ရှေ့သို့ လာကြလေသည်။ ၎င်းတို့သည် မည်သည့်အရာက အကျည်းတန်သည် ဆိုသည်နှင့် ယင်းသည် သန့်ရှင်းသည့်အရာနှင့် မည်သို့ ဆန့်ကျင်သည် ဆိုသည်တို့ကို သိရှိလာကြပြီး ဘုရားသခင်၏ ကြီးမြတ်မှုနှင့် စာတန်၏ ဆိုးယုတ်မှုတို့ကို သတိပြုမိလာကြလေသည်။ ဤသို့သော လူသားမျိုးနွယ်သည် စာတန်အတွက် အလုပ်မလုပ်တော့ပေ၊ သို့မဟုတ် စာတန်ကို မကိုးကွယ်ကြတော့ပေ၊ သို့မဟုတ် စာတန်ကို အမြတ်တနိုး မရှိကြတော့ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ဘုရားသခင်က အမှန်တကယ် ရယူပြီးဖြစ်သည့် လူတစ်စုဖြစ်ကြသောကြောင့် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းအမှု၏ အရေးပါမှုဖြစ်သည်။ ဤအချိန်ကာလနှင့်ဆိုင်သည့် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု အတောအတွင်းတွင်၊ လူသားမျိုးနွယ်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းနှင့် ဘုရားသခင်၏ ကယ်တင်ခြင်းနှစ်ခုလုံးကို ခံရသူတစ်ဦးဖြစ်ပြီး၊ လူသားသည် ဘုရားသခင်နှင့် စာတန်တို့ တိုက်ခိုက်ကြရသည့် အကျိုးဖြစ်ပေသည်။ ဘုရားသခင်က သူ၏ အမှုကို

ဆောင်ရွက်သည်နှင့်အမျှ၊ သူသည် လူသားကို စာတန်လက်မှ တဖြည်းဖြည်း ပြန်ယူနေပြီး၊ ထို့ကြောင့် လူသားသည် ဘုရားသခင်နှင့် ယခင်ထက် သာ၍ နီးကပ်လာပေသည်...

ထို့နောက် ကောင်းကင်နိုင်ငံတော်ခေတ် ရောက်လာသည်၊ ယင်းသည် အမှု၏ သာ၍ လက်တွေ့ကျသော အဆင့်ဖြစ်သော်လည်း၊ လူသားအတွက် လက်ခံရန် အခက်ခဲဆုံးလည်း ဖြစ်သည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် လူသားသည် ဘုရားသခင်နှင့် သာ၍ နီးကပ်လေလေ၊ ဘုရားသခင်၏ လှံတံသည် လူသားထံ သာ၍ ချဉ်းကပ်လေလေ ဖြစ်ပြီး၊ ဘုရားသခင်၏မျက်နှာကို လူသားထံ ရှင်းလင်းစွာ သာ၍ ထုတ်ဖော်ပြလေလေ ဖြစ်သောကြောင့် ဖြစ်သည်။ လူသားမျိုးနွယ်၏ ရွေးနုတ်ခြင်းနောက်တွင်၊ လူသားသည် ဘုရားသခင်၏ မိသားစုထံ တရားဝင် ပြန်သွားလေသည်။ လူသားက ယခုသည် ပျော်ရွှင်ခြင်း အချိန်ကာလဖြစ်သည်ဟု ထင်ခဲ့သော်လည်း၊ သူသည် မည်သူကမျှ ကြိုတင်မသိခဲ့သော ဘုရားသခင်၏ အပြည့်အဝ ထိပ်တိုက် ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကို ခံရလေသည်။ အမှန်တွင်တော့၊ ဤသည်မှာ ဘုရားသခင်၏လူတို့ "ပျော်မွေ့ရန်" ရှိသည့် ဗတ္တိဇံတစ်ရပ် ဖြစ်သည်။ ထိုသို့သော ဆက်ဆံမှုအောက်တွင် လူတို့သည် ရပ်တန့်ကာ၊ "ငါသည် ဘုရားသခင်က ပြန်ဝယ်ယူရန် များလှစွာ အကုန်အကျခံခဲ့သည့် နှစ်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့သော သိုးသငယ်ဖြစ်သည်၊ သို့ဆိုလျှင် ဘုရားသခင်သည် ငါ့ကို အဘယ်ကြောင့် ဤသို့ဆက်ဆံသနည်း။ ယင်းမှာ ငါ့ကို ဘုရားသခင် လှောင်ပြောင်ခြင်းနှင့် ငါ့ကို ထုတ်ဖော်ခြင်း နည်းလမ်းဖြစ်သလော။..." ဟု မိမိဘာသာ စဉ်းစားဖို့မှအပ အခြား ရွေးချယ်စရာ မရှိပေ။ နှစ်ကာလများစွာ ကျော်လွန်ပြီးနောက် လူသားသည် စစ်ဆေးခြင်းနှင့် ပြစ်တင်ဆုံးမခြင်း အခက်အခဲကို တွေ့ကြုံရလျက်၊ ရာသီဥတု ဒဏ်မပြတ်ခံထားလာရပြီး ဖြစ်သည်။ လူသည် အတိတ်အချိန်ကာလများ၏ "ဘုန်းအသရေ"နှင့် "ကြည်နူးဆွတ်ပျံ့ဖွယ်ရာ" တို့ ပျောက်ဆုံးသွားပြီး ဖြစ်သော်လည်း၊ သူသည် မသိလိုက်ဘဲနှင့် လူသား အပြုအမူနှင့်ဆိုင်သည့် အခြေခံသဘောတရားများကို နားလည်လာပြီး ဖြစ်ကာ လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအဖို့ ဘုရားသခင်၏ နှစ်ပေါင်းများစွာ ဆက်ကပ်မြှုပ်နှံမှုကို အသိအမှတ်ပြုလာရပြီးဖြစ်သည်။ လူသားသည် တဖြည်းဖြည်းနှင့် ၎င်းကိုယ်တိုင်၏ ရိုင်းစိုင်းမှုကို စတင် စက်ဆုပ်ရွံရှာလေသည်။ သူ မည်မျှရိုင်းစိုင်းသည်၊ ဘုရားသခင်အပေါ် သူ၏ အထင်လွဲမှားမှုများအားလုံးနှင့် ဘုရားသခင်ထံ သူပြုခဲ့သည့် မလျော်ကန်သော တောင်းဆိုချက်များကို စတင်မုန်းတီးလေသည်။ အချိန်သည် နောက်ပြန်လှည့်၍မရပေ။ အတိတ်က အဖြစ်အပျက်များသည် လူသား၏ နောင်တရစရာ အမှတ်တရများ ဖြစ်လာပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ချစ်ခြင်းမေတ္တာတို့သည် လူသား၏ဘဝသစ်တွင် တွန်းအား ဖြစ်လာလေသည်။

တစ်နေ့ပြီးတစ်နေ့ လူသား၏ ဒဏ်ရာဒဏ်ချက်များ ပျောက်ကင်းသည်၊ သူ၏ ခွန်အားပြန်ရှိလာပြီး သူသည် မတ်တတ်ရပ်ကာ အနန္တတန်ခိုးရှင်၏ မျက်နှာကို ဖူးမျှော်လေသည်...သူသည် မိမိ၏နံဘေးတွင် အမြဲရှိကြောင်းနှင့် သူ၏အပြုံးနှင့် သူ၏ လှပသောမျက်နှာတို့သည် လွန်စွာ လှုပ်ရှားစေနိုင်ဆဲ ဖြစ်ကြောင်းတို့ကိုသာ တွေ့ရပေသည်။ သူ၏စိတ်နှလုံးသည် သူ ဖန်ဆင်းခဲ့သော လူသားမျိုးနွယ်အတွက် ပူပန်မှုများ ပွေ့ပိုက်ဆဲဖြစ်ပြီး သူ၏လက်များသည် အစအဦးကကဲ့သို့ နွေးထွေးပြီး တန်ခိုးရှိနေဆဲဖြစ်သည်။ ယင်းမှာ လူသားက ဧဒင်ဥယျာဉ်သို့ ပြန်သွားခဲ့သည့်အလား ဖြစ်သည်၊ သို့သော် ဤအကြိမ်တွင် မြွေ၏ ဖြားယောင်းသွေးဆောင်မှုများကို လူသားက နားမထောင်တော့ သကဲ့သို့၊ ယေဟောဝါ၏ မျက်နှာမှ လှည့်ထွက် မသွားတော့ပေ။ လူသည် ဘုရားသခင် ရှေ့မှောက်တွင် ဒူးထောက်၏၊ ဘုရားသခင်၏ ပြုံးနေသော မျက်နှာကို မော်ဖူးပြီး သူ၏အဖိုးတန်ဆုံးယဇ်ကို ပူဇော်လေသည်- အို၊ ကျွန်ုပ်၏သခင်။ ကျွန်ုပ်၏ ဘုရားသခင်။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာသည် သူ့စီမံခန့်ခွဲခြင်း အမှု၏ အသေးစိတ်တစ်ခုစီတိုင်းကို စိမ့်ဝင်ပျံ့နှံ့ပြီး လူတို့အနေဖြင့် ဘုရားသခင်၏ ကောင်းမွန်သော ရည်ရွယ်ချက်များကို နားလည်နိုင်သည် ဖြစ်စေ၊ နားမလည်နိုင်သည်ဖြစ်စေ၊ ဘုရားသခင်သည် ပြီးမြောက်ရန် စီစဉ်ထားသည့် အမှုကို မမောနိုင်မပန်းနိုင် လုပ်ဆောင်နေဆဲဖြစ်သည်။ ဘုရားသခင်၏စီမံခန့်ခွဲမှုကို လူတို့ မည်မျှနားလည်သည်ဖြစ်စေ၊ ဘုရားသခင်၏ အမှုက လူသားထံ ဆောင်ကြဉ်းခဲ့သည့် အကူအညီနှင့် အကျိုးကျေးဇူးများကို အယောက်တိုင်း နားလည်နိုင်ပေသည်။ ဤနေ့တွင်၊ သင်သည် ဘုရားသခင် ပေးထားသော မည်သည့် ချစ်ခြင်းမေတ္တာနှင့် အသက်ကိုမျှ ခံစားရကောင်း ခံစားရမည်မဟုတ်သော်လည်း၊ ဘုရားသခင်ကို သင် မစွန့်လွှတ်သကဲ့သို့ သမ္မာတရားကို လိုက်စားရန် သင်၏ ဆုံးဖြတ်ချက်အပေါ် လက်မလျှော့သရွေ့၊ ဘုရားသခင်၏အပြုံး သင့်ထံ ပေါ်ထွက်လာသည့် တစ်နေ့ ရှိလာလိမ့်မည်။ အကြောင်းမှာ ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု၏ ရည်မှန်းချက်မှာ စာတန်၏ အုပ်စိုးမှုအောက်ရှိသည့် လူတို့ကို ပြန်ယူရန်ဖြစ်ပြီး၊ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံထားရပြီးဖြစ်ကာ ဘုရားသခင်ကို ဆန့်ကျင်သည့် လူတို့ကို စွန့်ပစ်ဖို့ မဟုတ်သည့်အတွက် ဖြစ်ပေသည်။

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်

# အသင်းတော်များတွင် ခရစ်တော် လျှောက်သွားစဉ် သူ၏

# နှုတ်ကပတ်တော်များ (၏အဆက်) (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

## ဘုရားသခင်ကို သိခြင်းသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်းဆီသို့ သွားရာလမ်းဖြစ်၏

ဘုရားသခင်၏နောက်ကို လိုက်နေစဉ်တွင် သင့်အနေဖြင့် ဘုရားသခင်ကို အမှန်တကယ် နားလည်ထားခြင်း ရှိမရှိ၊ အမှန်တကယ် သဘောပေါက်ထားခြင်း ရှိမရှိ၊ အမှန်တကယ် သိကျွမ်းလာခြင်း ရှိမရှိတို့ကို မြင်နိုင်ရန်၊ လူအမျိုးမျိုးအထွေထွေအပေါ်တွင် ဘုရားသခင်ထားရှိသော သဘောထားကို သင်အမှန်တကယ် သိမသိကို မြင်နိုင်ရန်၊ ထို့အပြင် သင့်အပေါ်တွင် ဘုရားသခင်ပြုနေသော အမှုနှင့် သင်၏လုပ်ဆောင်မှုတိုင်းအား ဘုရားသခင်က မည်ကဲ့သို့အနက်ဖွင့်သည်ကို သင်အမှန်တကယ် နားလည်ခြင်းရှိမရှိကို မြင်နိုင်ရန် အယောက်စီတိုင်းသည် မိမိတို့၏ အသက်တာတစ်လျှောက်၌ ဘုရားသခင်အား မည်ကဲ့သို့ယုံကြည်နေခဲ့သည်ကို အသစ်တစ်ဖန် ပြန်လည်ဆန်းစစ်သင့်ပေသည်။ သင့်တိုးတက်မှု၏ ဦးတည်ရာကို လမ်းညွှန်ပေးပြီး သင့်ကံကြမ္မာကို စီမံကာ သင့်လိုအပ်ချက်များကို ပံ့ပိုးပေးလျက် သင့်အပါး၌ရှိနေသော ဤဘုရားသခင်ကို သင့်အနေဖြင့် နောက်ဆုံးခြုံငုံ၍ ကြည့်လိုက်လျှင် မည်မျှနားလည်သနည်း။ ဤဘုရားသခင်အကြောင်းကို သင်မည်မျှအမှန်တကယ်သိသနည်း။ နေ့စဉ်နေ့တိုင်း သင့်အပေါ်တွင် သူမည်သည့်အမှုပြုသည်ကို သင်သိသလော။ သူ၏လုပ်ဆောင်မှုတိုင်းအား မည်သည့်နိယာမများနှင့် ရည်ရွယ်ချက်များအပေါ် အခြေပြုထားသည်ကို သင်သိသလော။ သင့်အား သူမည်ကဲ့သို့လမ်းပြသည်ကို သင်သိသလော။ သင့်အား မည်သည့်နည်းလမ်းများဖြင့် သူထောက်ပံ့နေသည်ကို သင်သိသလော။ သင့်အား သူဦးဆောင်သော နည်းလမ်းများကို သင်သိသလော။ သင့်ထံမှ မည်သည့်အရာကို သူရယူလိုသည်၊ သင့်ထံတွင် မည်သည့်အရာကို သူပြီးမြောက်အောင်မြင်လိုသည်ကို သင်သိသလော။ သင်ပြုမူသော နည်းလမ်းအမျိုးမျိုးတို့အပေါ် သူမည်သို့သဘောထားသည်ကို သင်သိသလော။ သင်သည် သူ၏ချစ်မြတ်နိုးခြင်းကို ခံရသောလူတစ်ယောက် ဟုတ်မဟုတ်ကို သင်သိသလော။ သူ၏ဝမ်းမြောက်မှု၊ ဒေါသ၊ ဝမ်းနည်းမှုနှင့် ပျော်ရွှင်မှုတို့၏ မူလရင်းမြစ်၊ ယင်းတို့၏နောက်ကွယ်ရှိ စိတ်ကူးများနှင့် အကြံအစည်များအပြင် သူ၏အနှစ်သာရတို့ကို

သင်သိသလော။ နောက်ဆုံးအနေဖြင့် သင်ယုံကြည်သော ဤဘုရားသခင်မှာ မည်ကဲ့သို့သော ဘုရားသခင်ဖြစ်ကြောင်းကို သင်သိသလော။ ဤမေးခွန်းများနှင့် အလားတူ အခြားမေးခွန်းများသည် သင့်အနေဖြင့် မည်သည့်အခါကမျှ နားမလည်ခဲ့သည့်၊ သို့မဟုတ် မစဉ်းစားခဲ့သည့်အရာများ ဖြစ်နေသလော။ ဘုရားသခင်ကို ယုံကြည်ခြင်းအား သင်လိုက်စားရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှန်တကယ် နားလည်သဘောပေါက်ခြင်းနှင့် တွေ့ကြုံခံစားခြင်းအားဖြင့် သူနှင့်ပတ်သက်သည့် သင်၏နားလည်မှုလွဲနေခြင်းများကို ရှင်းလင်းပြီးပြီလော။ ဘုရားသခင်၏ ပဲ့ပြင်ခြင်းနှင့် ရိုက်နှက်ဆုံးမခြင်းတို့ကို ခံယူပြီးနောက်တွင် စစ်မှန်သော နာခံခြင်းနှင့် အရေးစိုက်ခြင်းတို့ကို သင်ရရှိပြီးပြီလော။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့အလယ်တွင် သင်သည် လူသား၏ ပုန်ကန်လိုစိတ်နှင့် စာတန်နှင့်ဆိုင်သည့် သဘာဝတို့ကို သိမြင်လာပြီး၊ ဘုရားသခင်၏ သန့်ရှင်းခြင်းအကြောင်းကို အနည်းငယ်မျှလောက် နားလည်ပြီးပြီလော။ ဘုရားနှုတ်ကပတ်တော်များ၏ လမ်းညွှန်မှုနှင့် ဉာဏ်ပွင့်စေခြင်းတို့အောက်တွင် အသက်တာအပေါ် ရှုမြင်ပုံအသစ်ကို သင်စတင်ရရှိပြီလော။ ဘုရားသခင်စေလွှတ်သော စမ်းသပ်ခြင်းများအလယ်တွင် လူသားတို့၏ ပြစ်မှုများအပေါ် ဘုရားသခင်၏ သည်းမခံမှုအပြင် သင့်ထံမှ သူတောင်းဆိုသောအရာနှင့် သင့်အား သူမည်သို့ကယ်တင်နေပုံတို့ကို သင်ခံစားရပြီးပြီလော။ ဘုရားသခင်အပေါ် နားလည်မှုလွဲခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို သင်မသိပါက၊ သို့မဟုတ် ဤနားလည်မှုလွဲခြင်းကို မည်သို့ရှင်းလင်းရမှန်း သင်မသိပါက သင်၌ ဘုရားသခင်နှင့် စစ်မှန်သည့် ဆက်ဆံရေး မည်သည့်အခါမျှ မရှိခဲ့သည့်အပြင် ဘုရားသခင်ကို မည်သည့်အခါမျှ သင်နားမလည်ခဲ့ဟု ပြောနိုင်သည်၊ သို့မဟုတ် ယုတ်စွအဆုံး သင်၌ ဘုရားသခင်ကို နားလည်လိုစိတ် မည်သည့်အခါကမျှ မရှိခဲ့ဟု ပြောနိုင်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ ပဲ့ပြင်ခြင်းနှင့် ရိုက်နှက်ဆုံးမခြင်းတို့က မည်သည့်အရာဖြစ်သည်ကို မသိပါမူ နာခံခြင်းနှင့် အရေးစိုက်ခြင်းတို့မှာ မည်သည့်အရာတို့ဖြစ်သည်ကိုလည်း သင်ကေန်မုချမသိပေ၊ သို့တည်းမဟုတ် ယုတ်စွအဆုံး သင်သည် ဘုရားသခင်ကို အမှန်တကယ် နာခံခဲ့ခြင်း၊ သို့မဟုတ် အရေးစိုက်ခဲ့ခြင်းတို့ မည်သည့်အခါကမျှ မရှိခဲ့ပေ။ အကယ်၍ သင်သည် ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို မည်သည့်အခါကမျှ မတွေ့ကြုံခဲ့ရပါက သူ၏သန့်ရှင်းခြင်းက မည်သည့်အရာဖြစ်သည်ကို ကေန်မုချ သိလိမ့်မည်မဟုတ်သကဲ့သို့ လူသား၏ ပုန်ကန်ခြင်းမှာ မည်သည့်အရာဖြစ်သည်ကိုလည်း သာ၍ပင် ရှင်းလင်းလိမ့်မည် မဟုတ်ပေ။ အကယ်၍ သင့်ထံ၌ အသက်တာအပေါ် မှန်ကန်သည့် ရှုမြင်ပုံ၊ သို့မဟုတ်

အသက်တာ၌ မှန်ကန်သည့် ရည်မှန်းချက်တို့ မည်သည့်အခါကမျှ အမှန်တကယ် မရှိခဲ့ဘဲ၊ အသက်တာ၌ ရှေ့သို့ဆက်လျှောက်ရန် ချီတုံချတုံဖြစ်သည်အထိပင် သင့်အနာဂတ်လမ်းနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးပြီး စိတ်မပိုင်းဖြတ်နိုင်သည့် အခြေအနေတွင် ရှိနေသေးပါလျှင် ဘုရားသခင်၏ ဉာဏ်အလင်းပွင့်စေခြင်းနှင့် လမ်းညွှန်ခြင်းတို့ကို မည်သည့်အခါကမျှ သင်မရရှိခဲ့ကြောင်း သေချာပေသည်၊ ထို့ပြင် သင်သည် ဘုရားနှုတ်ကပတ်တော်များ၏ ထောက်ပံ့ပေးခြင်း၊ သို့မဟုတ် ဖြည့်တင်းပေးခြင်းတို့ကို မည်သည့်အခါကမျှ အမှန်တကယ် ခံခဲ့ရခြင်း မရှိဟူ၍လည်း ပြောနိုင်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ စမ်းသပ်ခြင်းကို မခံရသေးပါက လူသား၏ ပြစ်မှုများအပေါ် ဘုရားသခင်၏ သည်းမခံမှုကိုလည်း သင်လုံးဝမသိကြောင်းကို ပြောစရာပင်မလိုသကဲ့သို့ အဆုံးတွင် သင့်ထံမှ ဘုရားသခင်တောင်းဆိုသည့်အရာကိုလည်း သင်နားလည်မည်မဟုတ်၊ ထို့အပြင် လူသားကို စီမံခန့်ခွဲပြီး ကယ်တင်သည့် ဘုရားသခင်၏အလုပ်ကိုလည်း သင့်အနေဖြင့် သာ၍ပင် နားလည်မည်မဟုတ်။ လူတစ်ယောက်သည် ဘုရားသခင်ကို ယုံကြည်လာခဲ့သည်မှာ နှစ်ပေါင်းမည်မျှပင် ကြာနေစေကာမူ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲတွင် တစ်စုံတစ်ရာကို တွေ့ကြုံခံစားဖူးခြင်း၊ သို့မဟုတ် သိမြင်နားလည်ဖူးခြင်းတို့ လုံးဝမရှိခဲ့ပါလျှင် ထိုသူသည် ကယ်တင်ခြင်းသို့ သွားသောလမ်းကို လျှောက်လှမ်းနေခြင်း မဟုတ်ကြောင်း၊ ဘုရားသခင်အပေါ် သူ၏ယုံကြည်ခြင်းသည် အမှန်တကယ် အနှစ်မပါကြောင်း၊ ဘုရားသခင်နှင့်ပတ်သက်၍ သူ၏အသိပညာမှာလည်း သုညဖြစ်နေကြောင်း သေချာလှသည်၊ ထို့ပြင် ဘုရားသခင်အား ရိုသေလေးမြတ်ခြင်းက မည်သည့်အရာဖြစ်သည်ကို သူမသိကြောင်းကိုမူ ပြောနေရန်ပင် မလိုချေ။

ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်း၊ ဘုရားသခင်၏ အနှစ်သာရ၊ ဘုရားသခင်၏ စိတ်သဘောထား စသည်တို့အားလုံးကို သူ၏ နှုတ်ကပတ်တော်များမှတစ်ဆင့် လူသားမျိုးနွယ်အား သိရှိစေပြီး ဖြစ်သည်။ လူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခံစားရသည့်အခါ၊ ၎င်းတို့ကို လက်တွေ့ကျင့်သုံးစဉ်တွင် ဘုရားသခင်ပြောဆိုသော နှုတ်ကပတ်တော်များ၏ နောက်ကွယ်မှ ရည်ရွယ်ချက်ကို နားလည်လာလိမ့်မည်၊ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ အရင်းအမြစ်နှင့် နောက်ခံအကြောင်းတို့ကို နားလည်လာလိမ့်မည်ဖြစ်ပြီး ဘုရားသခင့်နှုတ်ကပတ်တော်များ၏ ရည်ရွယ်ထားသည့် ရလဒ်တို့ကို နားလည်လာကာ သဘောပေါက်လာလိမ့်မည်။ လူသားမျိုးနွယ်အတွက်၊ သမ္မာတရားနှင့် အသက်ကို ရရှိဖို့ရန်၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကို သဘောပေါက်ရန်၊ မိမိ၏စိတ်သဘောထားထဲတွင် ပုံသဏ္ဌာန်ပြောင်းလဲလာရန်နှင့် ဘုရားသခင်၏

အချုပ်အခြာအာဏာနှင့် စီစဉ်ခြင်းများကို နာခံလာနိုင်ရန်အလို့ငှာ ဤအရာများအားလုံးသည် လူသား တွေ့ကြုံရမည့်၊ နားလည်သဘောပေါက်ရမည့်၊ ရယူရမည့်အရာများ ဖြစ်သည်။ ဤအရာများကို လူသားက တွေ့ကြုံကာ နားလည်သဘောပေါက်ပြီး ရယူသည်နှင့် တစ်ချိန်တည်းမှာပင် ဘုရားသခင်နှင့်ဆိုင်သော သိနားလည်မှုကို သူတဖြည်းဖြည်း ရရှိလာပြီးဖြစ်လိမ့်မည်၊ ထို့ပြင် ဤအချိန်တွင် ဘုရားသခင်နှင့်ဆိုင်သည့် အမျိုးမျိုးသော အသိပညာအဆင့်များကိုလည်း သူရရှိပြီးဖြစ်လိမ့်မည်။ ဤနားလည်ခြင်းနှင့် အသိပညာတို့သည် လူသား စိတ်ကူးထားသည့်အရာ၊ သို့မဟုတ် ရေးစပ်ထားသည့်အရာမှ ထွက်ပေါ်လာခြင်း မဟုတ်ဘဲ သူ၏အတွင်းစိတ်ထဲ၌ သူသဘောပေါက်ကာ တွေ့ကြုံ၍ ခံစားရပြီး အတည်ပြုသည့်အရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤအရာတို့ကို သဘောပေါက်ကာ တွေ့ကြုံ၍ ခံစားလျက် အတည်ပြုပြီးသည့်နောက်တွင်သာ ဘုရားသခင်နှင့်ဆိုင်သည့် လူသား၏အသိပညာသည် အနှစ်သာရ ရှိလာလေသည်။ ဤအချိန်၌ လူသားရရှိသည့် အသိပညာသည်သာလျှင် လက်တွေ့ကျကာ စစ်မှန်ပြီး တိကျမှန်ကန်မှု ရှိလေသည်၊ ထို့ပြင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သဘောပေါက်ခြင်း၊ တွေ့ကြုံခြင်း၊ ခံစားခြင်းနှင့် အတည်ပြုခြင်းတို့မှတစ်ဆင့် ဘုရားသခင်နှင့်ဆိုင်သည့် စစ်မှန်သော သိနားလည်မှုနှင့် အသိပညာတို့ကို ရယူခြင်းတည်းဟူသော ဤဖြစ်စဉ်သည် လူသားနှင့် ဘုရားသခင်၏ စစ်မှန်သည့် ဆက်ဆံရေးပင် ဖြစ်ပေသည်။ ဤသို့သော ဆက်ဆံရေးမျိုးအလယ်တွင် လူသားသည် ဘုရားသခင်၏ ရည်ရွယ်ချက်များကို အမှန်တကယ် နားလည်ကာ သဘောပေါက်လာသည်၊ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို အမှန်တကယ် နားလည်ကာ သိရှိလာသည်၊ ဘုရားသခင်၏အနှစ်သာရကို အမှန်တကယ် နားလည်ကာ သိရှိလာသည်၊ ဘုရားသခင်၏ စိတ်သဘောထားကို တဖြည်းဖြည်း နားလည်ကာ သိရှိလာသည်၊ ဖန်ဆင်းရာအပေါင်းတို့အပေါ် ဘုရားသခင်၏ အုပ်စိုးမှုဟူသော အမှန်တရားနှင့် ပတ်သက်၍ မှန်ကန်သော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် စစ်မှန်သော စိတ်ချသေချာမှုတို့ကို ရလာသည်၊ ထို့ပြင် ဘုရားသခင်၏ ကိုယ်ပိုင်လက္ခဏာ၊ ဂုဏ်အဆင့်အတန်းနှင့်ပတ်သက်၍ ပဓာနကျသော ဆက်စပ်မှုနှင့် အသိပညာတို့ကို ရရှိလာသည်။ ဤကဲ့သို့ ဆက်ဆံရေးမျိုးအလယ်တွင် ဘုရားသခင်အကြောင်း မရှိကိုအရှိလုပ်၍ စိတ်ကူးကြည့်ခြင်း၊ ဘုရားသခင်နှင့်ပတ်သက်သည့် မိမိ၏ကိုယ်ပိုင်သံသယများကို ဇက်ကုန်လွှတ်လိုက်ခြင်း၊ ဘုရားသခင်ကို နားလည်မှုလွဲခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ ဝေဖန်ခြင်း၊ သို့မဟုတ် သံသယဝင်ခြင်းတို့ မလုပ်တော့ဘဲ လူသားသည် ဘုရားသခင်နှင့်ပတ်သက်သည့် သူ၏အမြင်များကို တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလေသည်။ ဤကဲ့သို့ဖြင့် လူသားသည်

ဘုရားသခင်နှင့် ငြင်းခုံခြင်း သာ၍နည်းလာမည်ဖြစ်ပြီး ဘုရားသခင်နှင့် ပဋိပက္ခဖြစ်မှု သာ၍နည်းလာမည်ဖြစ်ကာ ဘုရားသခင်ကို ပုန်ကန်သည့် ဖြစ်ရပ်များ သာ၍နည်းလာပေမည်။ အပြန်အလှန်အားဖြင့် ဘုရားသခင်အပေါ် လူသား၏ အရေးစိုက်ခြင်းနှင့် နာခံခြင်းတို့မှာ တိုး၍ကြီးထွားလာမည်ဖြစ်ပြီး ဘုရားသခင်ကို သူ၏ရိုသေလေးမြတ်မှုမှာ ပို၍စစ်မှန်လာမည်ဖြစ်သည့်အပြင် ပို၍လည်း နက်နဲလာလိမ့်မည်။ ဤကဲ့သို့ ဆက်ဆံရေးမျိုးအလယ်တွင် လူသားသည် သမ္မာတရား၏ အထောက်အပံ့၊ အသက်နှင့်ဆိုင်သော ဗတ္တိဇံတို့ကို ရလိမ့်မည်သာမကဘဲ တစ်ချိန်တည်းမှာပင် ဘုရားသခင်နှင့်ဆိုင်သည့် မှန်ကန်သည့် အသိပညာကိုလည်း ရရှိလိမ့်မည် ဖြစ်သည်။ ဤကဲ့သို့ ဆက်ဆံရေးမျိုးအလယ်တွင် လူသားသည် သူ၏စိတ်သဘောထားထဲ၌ ပုံသဏ္ဌာန်ပြောင်းလဲပြီး ကယ်တင်ခြင်းကို ရရှိမည်သာမကဘဲ တစ်ချိန်တည်းတွင် ဘုရားသခင်အပေါ်ထားသည့် ဖန်ဆင်းခံတစ်ဦး၏ စစ်မှန်သော ရိုသေလေးမြတ်ခြင်းနှင့် ကိုးကွယ်ခြင်းတို့ကိုလည်း ရှာမှီးလိမ့်မည်။ ဤကဲ့သို့ ဆက်ဆံရေးမျိုးကို ရရှိပြီးနောက် ဘုရားသခင်ကို လူသား၏ ယုံကြည်ခြင်းသည် စာရွက်အလွတ်တစ်ရွက်၊ သို့မဟုတ် အပြောသက်သက်ဖြစ်သည့် နှုတ်ကတိတစ်ခု၊ သို့မဟုတ် မျက်စိစုံမှိတ် လိုက်စားခြင်းနှင့် ပုဂ္ဂိုလ်ရေးရာ ကိုးကွယ်ခြင်းပုံစံမျိုး ဖြစ်တော့မည် မဟုတ်ချေ။ ဤကဲ့သို့ ဆက်ဆံရေးမျိုးဖြင့်သာ လူသား၏အသက်သည် တစ်ရက်ပြီးတစ်ရက် ရင့်ကျက်ခြင်းဆီသို့ ကြီးထွားလာမည်ဖြစ်ပြီး၊ ထိုအချိန်မှသာ သူ၏စိတ်သဘောထားက တဖြည်းဖြည်းချင်း ပုံသဏ္ဌာန်ပြောင်းလဲလာမည်ဖြစ်ကာ ဘုရားသခင်ကို သူ၏ယုံကြည်ခြင်းသည် မရေရာ၊ မသေချာသော ယုံကြည်ခြင်းမှ စစ်မှန်သည့် နာခံခြင်းနှင့် အရေးစိုက်ခြင်း၊ စစ်မှန်သည့် ရိုသေလေးမြတ်ခြင်းအဖြစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားမည်ဖြစ်သည်၊ ထို့ပြင် လူသားသည် ဘုရားသခင်၏နောက်ကို လိုက်နေစဉ်တွင် တုံ့ဏှိဘာဝေနေနေသည့်အဖြစ်မှ နိုးကြားထကြွသည့်အဖြစ်သို့၊ အပျက်သဘောမှ အပြုသဘောသို့လည်း တဖြည်းဖြည်းချင်း တိုးတက်သွားပေလိမ့်မည်။ ဤကဲ့သို့ ဆက်ဆံရေးမျိုးဖြင့်သာ လူသားသည် ဘုရားသခင်ကို မှန်မှန်ကန်ကန် သိနားလည်ပြီး သဘောပေါက်ကာ ဘုရားသခင်နှင့်ဆိုင်သည့် မှန်ကန်သော အသိပညာကို ရရှိလိမ့်မည်။ လူအများစုသည် ဘုရားသခင်နှင့် စစ်မှန်သည့် ဆက်ဆံရေးမရှိသောကြောင့်၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် ၎င်းတို့၏အသိပညာမှာ သဘောတရားအဆင့်၊ ကျမ်းဟောင်းတရားများနှင့် အယူဝါဒများအဆင့်၌သာ ရပ်တန့်နေသည်။ ဆိုလိုသည်မှာ လူအများစုသည် ဘုရားသခင်ကို ယုံကြည်လာခဲ့သည်မှာ နှစ်ပေါင်းမည်မျှပင် ကြာနေပြီဖြစ်စေ ဘုရားသခင်ကို သိရှိခြင်းအပိုင်းတွင်မူ ၎င်းတို့သည် မိမိတို့နှင့် နီးနွှယ်နေသည့်

ခေတ်နောက်ကျနေသော အယူသီးမှုများနှင့် စိတ်ကူးယဉ်ဆန်သော အသွေးအရောင်တို့ဖြင့် ရိုးရာဓလေ့ဆိုင်ရာ ဂါရဝပြုခြင်းပုံစံများတွင် သောင်တင်နေလျက် ၎င်းတို့စတင်ခဲ့သည့် တစ်နေရာတည်းမှာပင် ချောင်ပိတ်မိနေကြဆဲဖြစ်သည်။ ဘုရားသခင်နှင့်ဆိုင်သည့် လူသား၏အသိပညာသည် စတင်ခဲ့သည့်နေရာတွင်ပင် ရပ်တန့်နေခြင်းမှာ ထိုအသိပညာသည် မရှိသလောက်နီးပါးပင် ဖြစ်သည်ဟု ဆိုလိုသည်။ ဘုရားသခင်၏ ဂုဏ်အဆင့်အတန်းနှင့် ကိုယ်ပိုင်လက္ခဏာတို့အပေါ် လူသား၏ခံယူချက်မှလွဲ၍၊ ဘုရားသခင်ကို လူသား၏ယုံကြည်မှုသည် မရေရာ မသေချာသည့် အဆင့်မှာသာ ရှိနေသေး၏။ သို့ဆိုလျှင် လူသား၌ ဘုရားသခင်အပေါ် စစ်မှန်သော ရိုသေလေးမြတ်ခြင်း မည်မျှရှိနိုင်သနည်း။

ဘုရားသခင်၏တည်ရှိခြင်းကို သင်မည်မျှခိုင်ခိုင်မာမာ ယုံကြည်စေကာမူ ဤအရာက ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏အသိပညာကိုလည်းကောင်း၊ ဘုရားသခင်အပေါ် သင်၏ရိုသေလေးမြတ်ခြင်းကိုလည်းကောင်း အစားမထိုးနိုင်ပေ။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများနှင့် သူ၏ကျေးဇူးတော်ကို သင်မည်မျှမွေ့လျော်ပြီးဖြစ်ပါစေ ဤအရာက ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏အသိပညာကို အစားမထိုးနိုင်ပေ။ ဘုရားသခင်အဖို့အလို့ငှာ သင်၏အရာအားလုံးကို ဆက်ကပ်၍ အသုံးတော်ခံရန် သင်မည်မျှလိုလားနေသည်ဖြစ်စေ ဤအရာက ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏အသိပညာကို အစားမထိုးနိုင်ပေ။ သင့်အနေဖြင့် ဘုရားသခင်ပြောဆိုသော နှုတ်ကပတ်တော်များနှင့် အလွန်ရင်းနှီးကျွမ်းဝင်လာခြင်း ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် ထိုနှုတ်ကပတ်တော်များကို သင်အလွတ်ပင်ရကာ သွက်လက်စွာပင် ရွတ်ပြနိုင်ခြင်း ဖြစ်ကောင်းဖြစ်မည်၊ သို့တိုင်အောင် ဤအရာက ဘုရားသခင်နှင့်ဆိုင်သည့် သင်၏အသိပညာကို အစားမထိုးနိုင်ပေ။ ဘုရားသခင်နောက်ကို လိုက်ခြင်းအပေါ် လူသားအနေဖြင့် မည်မျှပင် ယတိပြတ် ဆုံးဖြတ်ထားသည်ဖြစ်စေ၊ အကယ်၍ သူ၌ ဘုရားသခင်နှင့် စစ်မှန်သော ဆက်ဆံရေး လုံးဝမရှိခဲ့ပါက၊ သို့မဟုတ် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် စစ်မှန်သော အတွေ့အကြုံ လုံးဝမရှိခဲ့ပါက၊ ဘုရားသခင်နှင့်ဆိုင်သည့် သူ၏အသိပညာမှာ အနှစ်မဲ့သော ဗလာနတ္ထိ၌၊ သို့မဟုတ် အဆုံးအစမဲ့သော အတွေးနယ်ချဲ့ခြင်း၌ အခြေခံထားခြင်းသာ ဖြစ်ပေလိမ့်မည်။ သင့်အနေဖြင့် ဘုရားသခင်နှင့် အလျဉ်းသင့်၍ “ပခုံးချင်းတိုက်” ခဲ့ဖူးကောင်း တိုက်ခဲ့ဖူးမည်၊ သို့မဟုတ် သူနှင့် မျက်နှာချင်းဆိုင် တွေ့ခဲ့ဖူးကောင်း တွေ့ခဲ့ဖူးမည်ဖြစ်သော်လည်း ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏အသိပညာမှာ နတ္ထိသုညသာလျှင် ဖြစ်နေဆဲဖြစ်လိမ့်မည်၊ ထို့အပြင် ဘုရားသခင်အပေါ် သင်၏ရိုသေလေးမြတ်ခြင်းမှာလည်း

အနှစ်မဲ့သော ကြွေးကြော်သံ၊ သို့မဟုတ် စိတ်ကူးယဉ် အယူအဆတစ်ခုထက် ပိုမည်မဟုတ်ပေ။

လူများစွာတို့က ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဖတ်ရှုဖို့ရန် တစ်နေ့တခြား စွဲကိုင်ကြသည်မှာ ထိုနှုတ်ကပတ်တော်များထဲမှ ဂန္တဝင်မြောက် ကျမ်းပိုဒ်များအားလုံးကို ၎င်းတို့၏ တန်ဖိုးအထားရဆုံး ပိုင်ဆိုင်မှုတစ်ခုအလား မှတ်ဉာဏ်ထဲ သေချာစွာ မှတ်သားထားကြသည်အထိ၊ ထို့ပြင် အခြားသူများအား ဘုရားသခင်၏နှုတ်ကပတ်တော်များဖြင့် ထောက်ပံ့ပြီး ပံ့ပိုးလျက် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နေရာအနှံ့ ဟောကြသည်အထိပင် ဖြစ်၏။ ထိုသို့ပြုခြင်းသည် ဘုရားသခင်ကို သက်သေခံခြင်းဖြစ်ကြောင်း၊ သူ၏နှုတ်ကပတ်တော်များကို သက်သေခံခြင်းဖြစ်ကြောင်း၊ ဘုရားသခင်၏ လမ်းခရီးနောက်ကို လိုက်ခြင်းဖြစ်ကြောင်း ၎င်းတို့က တွေးကြသည်။ ထိုသို့ပြုခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်ခြင်းဖြစ်ကြောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့၏ တကယ့်အသက်တာများထဲသို့ ယူဆောင်လာခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုလျှင် ဘုရားသခင်၏ ချီးကျူးခြင်းကို ၎င်းတို့လက်ခံရရှိမည်ဖြစ်ပြီး ကယ်တင်ခြင်းနှင့် စုံလင်စေခြင်းကို ခံရမည်ဖြစ်ကြောင်း ၎င်းတို့တွေးထင်ကြသည်။ သို့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ဟောကြားနေစဉ်တွင်ပင် ၎င်းတို့သည် လက်တွေ့၌ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်သည့်အခါမျှ မလိုက်နာသကဲ့သို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များတွင် ထုတ်ဖော်ပြထားသည့်အရာနှင့်ကိုက်ညီအောင် ကိုယ်တိုင်အားမထုတ်နိုင်ကြပေ။ ထိုအစား ၎င်းတို့သည် လိမ်လည်လှည့်စားမှုအားဖြင့် အခြားသူများ၏ ကြည်ညိုမှုနှင့် ယုံကြည်မှုတို့ကို ရရှိရန်၊ မိမိတို့ဘာသာ စီမံခန့်ခွဲရန်နှင့် ဘုရားသခင်၏ ဘုန်းအသရေကို အလွဲသုံးစားလုပ်ပြီး ခိုးယူရန် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အသုံးချကြလေသည်။ ဘုရားသခင်၏ အမှုပြုခြင်းနှင့် သူ၏ချီးကျူးခြင်းတို့ကို ရရှိရန်အလို့ငှာ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖြန့်ဝေခြင်းအားဖြင့် ရလာသည့် အခွင့်အလမ်းကို အမြတ်ထုတ်ဖို့ အချည်းနှီးမျှော်လင့်ကြ၏။ နှစ်ပေါင်းမြောက်မြားစွာ ကုန်ဆုံးသွားခဲ့သော်လည်း ဤလူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဟောကြားစဉ်တွင် ဘုရားသခင်၏ ချီးကျူးခြင်းကို ရရှိနိုင်စွမ်း မရှိရုံသာမက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သက်သေခံစဉ်တွင် ၎င်းတို့လိုက်လျှောက်သင့်သည့် လမ်းခရီးကို ရှာဖွေနိုင်စွမ်း မရှိရုံသာမက၊ အခြားသူများအား ဘုရားသခင်၏ နှုတ်ကပတ်တော်များဖြင့် ထောက်ပံ့ပြီး ပံ့ပိုးစဉ်တွင် မိမိတို့ကိုယ်ကို ထောက်ပံ့နိုင်စွမ်းသော်လည်းကောင်း၊ ပံ့ပိုးနိုင်စွမ်းသော်လည်းကောင်း မရှိရုံသာမက၊

ဤအရာအားလုံးကို လုပ်ဆောင်နေစဉ်တွင် ဘုရားသခင်ကို သိကျွမ်းနိုင်စွမ်းသော်လည်းကောင်း၊ မိမိတို့အတွင်း၌ ဘုရားသခင်အတွက် စစ်မှန်သော ရိုသေလေးမြတ်မှု နိုးကြားလာအောင် လုပ်နိုင်စွမ်းသော်လည်းကောင်း မရှိသည်သာမကသေးဘဲ၊ ဆန့်ကျင်ဖက်အားဖြင့် ဘုရားသခင်အပေါ် ၎င်းတို့၏ အထင်လွဲမှုများသည်လည်း တိုး၍တိုး၍ နက်ရှိုင်းလာသည်၊ သူ့အပေါ် ၎င်းတို့၏ အယုံအကြည် ကင်းမဲ့မှုများသည်လည်း ပို၍ပို၍ ဆိုးရွားလာသည်၊ ထို့ပြင် သူနှင့်ပတ်သက်သည့် ၎င်းတို့၏စိတ်ကူးများသည်လည်း ပို၍ပို၍ ချဲ့ကားလာခဲ့သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ပတ်သက်သည့် ၎င်းတို့၏ အယူအဆများအားဖြင့် ထောက်ပံ့ပြီး လမ်းညွှန်ခံရလျက်၊ ၎င်းတို့သည် ၎င်းတို့နှင့် လုံးဝအံကိုက်ဖြစ်သည့် အနေအထား၌ ရောက်နေသည့်အလား ထင်ရသည်၊ ၎င်းတို့၏ကျွမ်းကျင်မှုများကို အားမစိုက်ရဘဲ သက်သောင့်သက်သာ အသုံးပြုနေကြသည့်အလား၊ အသက်တာ၌ ၎င်းတို့၏ရည်ရွယ်ချက်၊ ဘဝပေးတာဝန်ကို ရှာတွေ့ထားပြီဖြစ်သည့်အလား ထင်ရသည်၊ ထို့ပြင် ၎င်းတို့သည် အသက်တာအသစ်တစ်ခုကို ကြိုးပမ်းရရှိပြီး ကယ်တင်ခံထားရပြီးသည့်အလား၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့ရွတ်ဆိုရာတွင် ထိုနှုတ်ကပတ်တော်များက ၎င်းတို့၏နှုတ်လျှာမှ ကျစ်လျစ်ပြည့်စုံစွာ လိုမ့်ဆင်းလာ၍ ၎င်းတို့အနေဖြင့် သမ္မာတရားကို ရရှိပြီးဖြစ်သည့်အလား၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကို နားလည်သဘောပေါက်ပြီးဖြစ်သည့်အလား၊ ထို့ပြင် ဘုရားသခင်ကို သိကျွမ်းခြင်း လမ်းကြောင်းကို ရှာဖွေတွေ့ရှိပြီးဖြစ်သည့်အလား ထင်ရပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဟောကြားစဉ်တွင် ၎င်းတို့သည် ဘုရားသခင်နှင့် မကြာခဏ မျက်နှာချင်းဆိုင်တွေ့ရပြီးဖြစ်သည့်အလား ထင်ရသည်။ ထို့အပြင် ၎င်းတို့သည် မကြာခဏ ငိုပွဲများဆင်နွှဲကြသည်ထိ "တို့ထိ" ခံကြရပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲတွင် "ဘုရားသခင်" ၏ မကြာခဏ ဦးဆောင်လမ်းပြခြင်းကို ခံကြရသဖြင့် ၎င်းတို့သည် ဘုရားသခင်၏ အလွန်စိတ်ထက်သန်သော ဂရုစိုက်မှုနှင့် ကြင်နာသော ရည်ရွယ်ချက်တို့ကို မရပ်မနား နားလည်သဘောပေါက်နေသည်ဟု ထင်ရပြီး၊ တစ်ချိန်တည်းမှာပင် လူသားကို ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ဘုရားသခင်၏စီမံခန့်ခွဲမှုတို့ကို နားလည်သဘောပေါက်ထားပြီး သူ၏အနှစ်သာရကို သိကျွမ်းထားသည့်အပြင် သူ၏ဖြောင့်မတ်သော စိတ်သဘောထားကို နားလည်သဘောပေါက်ထားသည်ဟု ထင်ရသည်။ ဤအခြေခံအုတ်မြစ်ပေါ် အခြေပြု၍ ၎င်းတို့သည် ဘုရားသခင်၏ တည်ရှိမှုကို ပို၍ပင် ခိုင်မာစွာ ယုံကြည်နေကြပုံရကာ၊ သူ၏ချီးမြှောက်ခံရသည့် အခြေအနေကို ပို၍သတိပြုမိကြပြီး၊ သူ၏ကြီးကျယ်ခမ်းနားခြင်းနှင့်

ထူးကဲသာလွန်ခြင်းတို့ကို ပို၍ပင် နက်နက်ရှိုင်းရှိုင်း ခံစားနေကြပုံရသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်များကို အပေါ်ယံမျှသာ သိသည့်အသိတွင် စုံးစုံးမြုပ်နေ၍ ၎င်းတို့၏ ယုံကြည်မှုသည် ကြီးထွားလာသည့်ပုံ၊ ဆင်းရဲဒုက္ခကို ကြံ့ကြံ့ခံမည့် ၎င်းတို့၏ သန္နိဋ္ဌာန်က အားကောင်းလာသည့်ပုံ ထင်ရသည့်အပြင် ဘုရားသခင်ကို ၎င်းတို့၏သိခြင်းက ပို၍နက်ရှိုင်းလာသည့်ပုံ ထင်ရပေလိမ့်မည်။ ၎င်းတို့လုံးဝ မသိသည်မှာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ၎င်းတို့အမှန်တကယ် တွေ့ကြုံခံစားခြင်း မရှိသေးခင်အထိ ဘုရားသခင်နှင့် ပတ်သက်သည့် ၎င်းတို့၏ အသိပညာများနှင့် ထင်မြင်ချက်များအားလုံးသည် ၎င်းတို့ဖြစ်စေချင်သော စိတ်ကူးများနှင့် မှန်းဆချက်များမှ ထွက်ပေါ်လာခြင်းသာ ဖြစ်သည်။ ၎င်းတို့၏ ယုံကြည်မှုသည် ဘုရားသခင်ထံမှလာသည့် မည်သည့်စမ်းသပ်မှုမျိုးကိုမျှ ခံနိုင်မည် မဟုတ်ပေ၊ ၎င်းတို့၏ ဝိညာဉ်ရေးနှင့် ဝိညာဉ်ရင့်ကျက်မှုဟု ဆိုသောအရာတို့သည် ဘုရားသခင်၏ စမ်းသပ်မှုကိုဖြစ်စေ၊ စစ်ဆေးမှုကိုဖြစ်စေ အကယ်ပင် ခံနိုင်မည် မဟုတ်ချေ၊ ၎င်းတို့၏ သန္နိဋ္ဌာန်သည် သဲပေါ်တွင်ဆောက်ထားသည့် ရဲတိုက်တစ်ခုမျှသာ ဖြစ်၏၊ ထို့ပြင် ဘုရားသခင်နှင့်ဆိုင်သည့် ၎င်းတို့၏ အသိပညာဟုဆိုသောအရာမှာလည်း ၎င်းတို့၏ စိတ်ကူးအထင်သက်သက်သာ ဖြစ်တော့သည်။ စင်စစ်အားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ပတ်သက်ပြီး လုံ့လများစွာ စိုက်ထည့်ထားသည့် ဤလူများသည် စစ်မှန်သော ယုံကြည်မှု၊ စစ်မှန်သော နာခံခြင်း၊ စစ်မှန်သော အရေးစိုက်မှု၊ သို့မဟုတ် ဘုရားသခင်နှင့်ဆိုင်သည့် စစ်မှန်သော အသိပညာတို့သည် မည်သည့်အရာ ဖြစ်သည်ကို လုံးဝနားမလည်ကြဘိသည့်အလားပင် ဖြစ်ပေသည်။ ၎င်းတို့သည် အယူအဆ၊ စိတ်ကူးစိတ်သန်း၊ အသိပညာ၊ ဆုကျေးဇူး၊ ရိုးရာဓလေ့၊ အယူသီးကြီးခြင်းတို့အပြင် လူသားမျိုးနွယ်၏ ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများကိုပင် ယူကြကာ ထိုအရာတို့ကို ဘုရားသခင်အား ယုံကြည်ခြင်းနှင့် သူ့နောက်လိုက်ခြင်းတို့အတွက် "အရင်းအနှီး" နှင့် "လက်နက်အမျိုးမျိုး" အဖြစ် ပြုလုပ်ကြသည်သာမကဘဲ ဘုရားသခင်အား ၎င်းတို့ယုံကြည်ခြင်းနှင့် သူ့နောက် ၎င်းတို့လိုက်ခြင်းတို့အတွက် အခြေခံအုတ်မြစ်များအဖြစ်ပင် ပြုလုပ်ကြလေသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့သည် ဘုရားသခင်၏ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းများ၊ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို ရင်ဆိုင်ခြင်းနှင့် ဖြေရှင်းခြင်းတို့အတွက် ဤအရင်းအနှီးနှင့် လက်နက်အမျိုးမျိုးတို့ကို ယူကာ ဘုရားသခင်ကို သိကျွမ်းဖို့ အသုံးပြုသည့် မှော်အဆောင်လက်ဖွဲ့များအဖြစ် ပြုလုပ်ကြသည်။ အဆုံး၌ ၎င်းတို့ရှာမှီးသည့်အရာတွင် ဘုရားသခင်အကြောင်း ကောက်ချက်များဖြစ်သည့် ဘာသာရေးဂယက်အနက်တွင်လည်းကောင်း၊ ခေတ်နောက်ကျနေသည့်

အယူသီးမှုတွင်လည်းကောင်း၊ စိတ်ကူးယဉ်ဆန်ကာ သဘာဝမကျသကဲ့သို့ ပဟေဠိဆန်သောအရာအားလုံးထဲတွင်လည်းကောင်း စုံးစုံးမြုပ်နေသည့် ကောက်ချက်များသာ ပါဝင်နေသည်။ ဘုရားသခင်ကို ၎င်းတို့သိကျွမ်းပြီး အဓိပ္ပာယ်ဖွင့်သည့်ပုံမှာ အထက်ကောင်းကင်ဘုံကိုသာ ယုံကြည်သော၊ သို့မဟုတ် မိုးကောင်းကင်ရှိ အဘိုးအိုကိုသာ ယုံကြည်ကြသော လူများနှင့် တစ်ထေရာတည်းပင်ဖြစ်သည်၊ သို့သော်လည်း စစ်မှန်သော ဘုရားသခင် ကိုယ်တော်တိုင်နှင့် ဆက်နွယ်လျက်ရှိသော အရာအားလုံးဖြစ်သည့် ဘုရားသခင်၏ စစ်မှန်မှု၊ သူ၏အနှစ်သာရ၊ သူ၏စိတ်သဘောထား၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းစသည်တို့မှာမူ ၎င်းတို့၏ အသိပညာက နားလည်နိုင်ခြင်းမရှိသည့် အရာများဖြစ်နေသည်၊ ထိုအရာများသည် ၎င်းတို့၏ အသိပညာနှင့် လုံးလုံးကင်းကွာပြီး၊ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတမျှပင် ဝေးကွာလေသည်။ ဤနည်းအားဖြင့် ဤလူများသည် ဘုရားသခင့်နှုတ်ကပတ်တော်များ၏ ထောက်ပံ့မှုနှင့် အာဟာရဖြည့်ပေးခြင်းကို ခံယူလျက် အသက်ရှင်ကြသော်လည်း ၎င်းတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်း လမ်းကြောင်းကို အမှန်တကယ် လျှောက်လှမ်းနိုင်ခြင်းမရှိကြပေ။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းအရင်းမှန်မှာ ၎င်းတို့သည် ဘုရားသခင်နှင့် မည်သည့်အခါမျှ သိကျွမ်းခဲ့ဖူးခြင်းမရှိသကဲ့သို့၊ သူနှင့် စစ်မှန်သော ဆက်သွယ်မှု၊ သို့မဟုတ် စစ်မှန်သော ဆက်ဆံရေးလည်း မရှိသောကြောင့် ဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် ဘုရားသခင်နှင့် အပြန်အလှန် နားလည်သဘောပေါက်မှု ရရှိဖို့ မဖြစ်နိုင်သကဲ့သို့၊ ၎င်းတို့အတွင်း၌ ဘုရားသခင်ကို စစ်မှန်စွာ ယုံကြည်ခြင်း၊ ဘုရားသခင်နောက်ကို လိုက်ခြင်း၊ သို့မဟုတ် ဘုရားသခင်ကို ကိုးကွယ်ခြင်းတို့ နိုးကြားလာအောင် လုပ်ရန်လည်း မဖြစ်နိုင်ပေ။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ဘုရားသခင်ကို ဤနည်းဖြင့် သဘောထားကြသည်- ဤအမြင်ရှုထောင့်နှင့် သဘောထားတို့က ၎င်းတို့ကို ၎င်းတို့၏ အားထုတ်ကြိုးပမ်းမှုများမှ လက်ချည်းသက်သက်လှည့်ပြန်ရကိန်း ဆိုက်စေခဲ့ပြီး၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်း လမ်းကြောင်းကို ထာဝရလျှောက်လှမ်းနိုင်စွမ်း မရှိသည့်ကိန်း ဆိုက်စေသည်။ ၎င်းတို့ရည်မှန်းနေသည့် ပန်းတိုင်နှင့် ၎င်းတို့သွားနေသည့် ဦးတည်ချက်တို့က ၎င်းတို့သည် ထာဝရကာလတိုင် ဘုရားသခင်၏ရန်သူများ ဖြစ်လာမည် ဖြစ်ကြောင်းနှင့် ကယ်တင်ခြင်းကို ထာဝရကာလတိုင် လုံးဝရရှိနိုင်မည် မဟုတ်ကြောင်း ညွှန်ပြနေပေသည်။

အကယ်၍ ဘုရားသခင်၏နောက်ကို နှစ်ပေါင်းများစွာ လိုက်လျှောက်ပြီး၊

ဘုရားနှုတ်ကပတ်တော်များ၏ ထောက်ပံ့မှုကို နှစ်ပေါင်းများစွာ မွေ့လျော်ခံစားထားသည့် လူတစ်ယောက်အနေဖြင့် ဘုရားသခင်အပေါ် သူ၏အမိဟ္ပာယ်ဖွင့်ဆိုမှုက ရုပ်တုဆင်းတုများရှေ့တွင် ဝပ်စင်းလျက် ဂါရဝပြုသူတစ်ယောက်၏ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် အခြေခံအားဖြင့် တစ်ထေရာတည်း ဖြစ်နေပါလျှင် ထိုလူသည် ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားကို မရရှိသေးသည့် လက္ခဏာပင်ဖြစ်ပေလိမ့်မည်။ ဤသို့ဖြစ်ရခြင်းမှာ ထိုသူအနေဖြင့် ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ မဝင်ရောက်ရသေးခြင်းသက်သက်ကြောင့်သာ ဖြစ်၏၊ ထို့အပြင် ဤအကြောင်းရင်းကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲတွင် ရှိရင်းစွဲဖြစ်သော လက်တွေ့အရှိတရား၊ သမ္မာတရား၊ ရည်ရွယ်ချက်များနှင့် လူသားမျိုးနွယ်အပေါ် တောင်းဆိုမှုများအားလုံးသည် ထိုလူနှင့် မည်သို့မျှ မသက်ဆိုင်ပေ။ တစ်နည်းအားဖြင့်ဆိုလျှင် ထိုသို့သော လူတစ်ယောက်သည် ဘုရားသခင့်နှုတ်ကပတ်တော်များ၏ အပေါ်ယံအဓိပ္ပာယ်အတွက် မည်မျှပင် ကြိုးစားပမ်းစား ဆောင်ရွက်နေပါစေ အားလုံးက အချည်းနှီးသာ ဖြစ်လေသည်။ အကြောင်းမှာ ထိုသူလိုက်စားသည့်အရာသည် စကားလုံးများသက်သက်သာ ဖြစ်ပြီး၊ ထိုသူရရှိသည့်အရာသည်လည်း မလွှဲမရှောင်သာပင် စကားလုံးများသက်သက် ဖြစ်နေလိမ့်မည်။ ဘုရားသခင်မိန့်ထားသည့် နှုတ်ကပတ်တော်များသည် အပြင်ပန်းအသွင်အပြင်တွင် ရိုးရှင်းသည်ဖြစ်စေ၊ နက်နဲသိမ်မွေ့သည်ဖြစ်စေ၊ ထိုနှုတ်ကပတ်တော်များအားလုံးတို့သည် လူတစ်ယောက်အနေဖြင့် အသက်ထဲသို့ ဝင်ရောက်သည့်အခါတွင် သူ့အတွက် မရှိမဖြစ်သော သမ္မာတရားများ အားလုံးဖြစ်လေသည်။ ထိုနှုတ်ကပတ်တော်များသည် လူသားကို ဝိညာဉ်နှင့် ဇာတိခန္ဓာနှစ်ခုလုံးတွင် ရှင်သန်စေသည့် အသက်ရေများ၏ ရေသောက်မြစ်ဖြစ်သည်။ ထိုနှုတ်ကပတ်တော်များက အသက်ရှင်သန်နေဖို့ လူသားလိုအပ်သည့်အရာကို ထောက်ပံ့ပေးသည်။ လူသား၏နေ့စဉ်အသက်တာကို စီမံခန့်ခွဲခြင်းအတွက် အခြေခံသဘောတရားများနှင့် အယူဝါဒတို့ကို ထောက်ပံ့ပေးသည်။ ကယ်တင်ခြင်း ရရှိဖို့အလို့ငှာ သူဖြတ်ကျော်ရမည့် လမ်းကြောင်း၊ ပန်းတိုင်နှင့် ဦးတည်ချက်တို့ကို ထောက်ပံ့ပေးသည်။ ဘုရားသခင်ရှေ့တော်မှောက်တွင် ဖန်ဆင်းခံသတ္တဝါတစ်ဦးအနေဖြင့် သူပိုင်ဆိုင်သင့်သည့် သမ္မာတရားတိုင်းကို ထောက်ပံ့ပေးသည်။ ထို့ပြင် လူသားအနေဖြင့် ဘုရားသခင်ကို မည်သို့ကိုးကွယ်ပုံ၊ မည်သို့နာခံပုံတို့နှင့်ပတ်သက်သည့် သမ္မာတရားတိုင်းကို ထောက်ပံ့ပေးသည်။ ထိုနှုတ်ကပတ်တော်များသည် လူသား၏ရှင်သန်မှုကို သေချာစေသည့် အာမခံချက်ဖြစ်သည်၊ ထိုနှုတ်ကပတ်တော်များသည် လူသား၏ အသက်မွေးလောက်သော အစာဖြစ်သည်၊ ထို့ပြင်

ထိုနှုတ်ကပတ်တော်များသည် လူသားကို သန့်မာစေပြီး မတ်မတ်ရပ်နိုင်စေသည့် ကြံ့ကြံ့ခံသော ထောက်ပံ့မှုလည်း ဖြစ်သည်။ ထိုနှုတ်ကပတ်တော်များသည် ဖန်ဆင်းခံ လူသားမျိုးနွယ်အနေဖြင့် သာမန်လူ့သဘာဝဖြင့် အသက်ရှင်နေထိုင်ခြင်းနှင့် သက်ဆိုင်သည့် သမ္မာတရား လက်တွေ့အရှိတရားဖြင့် ကြွယ်ဝလေသည်။ ဖောက်ပြန်ပျက်စီးမှုမှ ရုန်းထွက်လွတ်မြောက်ဖို့နှင့် စာတန်၏ကျော့ကွင်းများကို ရှောင်တိမ်းဖို့ လူသားမျိုးနွယ်တို့ အသုံးပြုသည့် သမ္မာတရားဖြင့် ကြွယ်ဝသည်၊ ဖန်ဆင်းခံ လူသားမျိုးနွယ်ကို ဖန်ဆင်းရှင်က ပေးသည့် မမောမပန်းသော အဆုံးအမ၊ တိုက်တွန်းမှု၊ အားပေးမှုနှင့် ဖြေသိမ့်မှုတို့ဖြင့် ကြွယ်ဝလေသည်။ ထိုနှုတ်ကပတ်တော်များသည် လူသားများအား အပြုသဘောဆောင်သည့် အရာအားလုံးကို နားလည်စေဖို့ လမ်းပြပြီး ဉာဏ်အလင်းပေးသည့် မီးရှူးတန်ဆောင် ဖြစ်သည်၊ ဖြောင့်မတ်ပြီး ကောင်းမြတ်သည့် အရာအားလုံးကို လူတို့က ကျင့်သုံးနေထိုင်ပြီး ပိုင်ဆိုင်ဖို့ သေချာစေသည့် အာမခံချက်ဖြစ်သည်၊ လူများ၊ အဖြစ်အပျက်များနှင့် အရာဝတ္ထုများအားလုံးကို တိုင်းတာသည့် စံနှုန်းမှတ်ကျောက်လည်း ဖြစ်သည်၊ ထို့ပြင် လူတို့ကို ကယ်တင်ခြင်းနှင့် အလင်းလမ်းကြောင်းဆီသို့ ဦးဆောင်လမ်းပြသည့် လမ်းကြောင်းပြ အမှတ်အသားလည်း ဖြစ်သည်။ ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့ကျသော အတွေ့အကြုံထဲ၌သာလျှင် လူသားသည် သမ္မာတရားနှင့် အသက်တို့ဖြင့် ထောက်ပံ့ခြင်းကို ခံရနိုင်သည်။ ထိုအတွေ့အကြုံထဲ၌သာလျှင် လူသားသည် မည်သည့်အရာက သာမန်လူ့သဘာဝဖြစ်ကြောင်း၊ မည်သည့်အရာက အဓိပ္ပာယ်ရှိသော အသက်တာဖြစ်ကြောင်း၊ မည်သည့်အရာက စစ်မှန်သော ဖန်ဆင်းခံ သတ္တဝါဖြစ်ကြောင်း၊ မည်သည့်အရာက ဘုရားသခင်ကို စစ်မှန်သော နာခံခြင်းဖြစ်ကြောင်းတို့ကို နားလည်လာနိုင်သည်။ ထိုအတွေ့အကြုံထဲ၌သာလျှင် လူသားသည် ဘုရားသခင်ကို သူ့အနေဖြင့် မည်သို့အရေးစိုက်သင့်ကြောင်း၊ ဖန်ဆင်းခံသတ္တဝါတစ်ဦး၏ တာဝန်ကို မည်သို့ထမ်းဆောင်ပြီး၊ စစ်မှန်သော လူသားတစ်ယောက်၏ ပုံသဏ္ဌာန်အား မည်သို့ပိုင်ဆိုင်ရမည်ဖြစ်ကြောင်းတို့ကို နားလည်လာနိုင်သည်။ ထိုအတွေ့အကြုံထဲ၌သာလျှင် လူသားသည် စစ်မှန်သော ယုံကြည်မှုနှင့် စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းတို့မှာ မည်သည့်အရာအား ဆိုလိုသည်ကို နားလည်လာနိုင်သည်။ ထိုအတွေ့အကြုံထဲ၌သာလျှင် လူသားသည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့၏ အုပ်စိုးရှင်မှာ မည်သူဖြစ်ကြောင်းကို နားလည်လာနိုင်သည်။ ထိုအတွေ့အကြုံထဲ၌သာလျှင် လူသားသည် ဖန်ဆင်းရာအားလုံး၏ အရှင်သခင်ဖြစ်သူက ဖန်ဆင်းရာကို အုပ်စိုးကာ ဦးဆောင်လမ်းပြပြီး ထောက်ပံ့ပေးသော နည်းလမ်းများကို နားလည်လာနိုင်သည်။ ထို့အပြင် ထိုအတွေ့အကြုံထဲ၌သာလျှင် လူသားသည်

ဖန်ဆင်းရာအားလုံး၏ အရှင်သခင်ဖြစ်သူ တည်ရှိကာ အထင်အရှားပြလာပြီး အမှုပြုသည့် နည်းလမ်းများကို နားလည်လာပြီး သဘောပေါက်လာနိုင်သည်။ ဘုရားနှုတ်ကပတ်တော်များ၏ စစ်မှန်သော အတွေ့အကြုံနှင့် ကင်းကွာပါက လူသား၌ ဘုရားနှုတ်ကပတ်တော်များနှင့် သမ္မာတရားတို့ကို စစ်မှန်သော သိကျွမ်းမှု၊ သို့မဟုတ် ထိုးထွင်းအမြင်တို့ မရှိတော့ပေ။ ထိုကဲ့သို့သော လူတစ်ယောက်သည် ရှင်သန်နေသော အလောင်းကောင်တစ်ခုသက်သက်၊ လုံးလုံးအခွံတစ်ခုသက်သက်သာဖြစ်ပြီး၊ ဖန်ဆင်းရှင်နှင့်ဆိုင်သည့် အသိပညာအားလုံးသည် သူနှင့် မည်သို့မျှပတ်သက်ခြင်းမရှိပေ။ ဘုရားသခင်၏အမြင်တွင် ထိုကဲ့သို့သော လူတစ်ယောက်သည် သူ့ကို တစ်ခါမျှ မယုံကြည်သည့်လူဖြစ်သကဲ့သို့ သူ့နောက်ကိုလည်း တစ်ခါမျှ မလိုက်ခဲ့သည့်လူ ဖြစ်ပေသည်၊ ထို့ကြောင့် ဘုရားသခင်က ထိုသူကို စစ်မှန်သော ဖန်ဆင်းခံ သတ္တဝါတစ်ဦးအဖြစ် မဆိုထားနှင့်၊ သူ၏ယုံကြည်သူတစ်ယောက်ဟုပင် အသိအမှတ် မပြုသကဲ့သို့ သူ့နောက်လိုက်အဖြစ်လည်း အသိအမှတ်မပြုပေ။

ဖန်ဆင်းခံသတ္တဝါအစစ်အမှန်သည် ဖန်ဆင်းရှင်က မည်သူဖြစ်သည်ကို သိရမည်။ လူသားအား မည်သည့်အတွက် ဖန်ဆင်းထားသည်ကို သိရမည်။ ဖန်ဆင်းခံတစ်ဦး၏ တာဝန်ဝတ္တရားများအား မည်သို့လုပ်ဆောင်ရမည်ကို သိရမည်။ ဖန်ဆင်းရာအားလုံး၏ အရှင်သခင်အား မည်သို့ကိုးကွယ်ရမည်ကို သိရမည်။ ဖန်ဆင်းရှင်၏ ရည်ရွယ်ချက်များ၊ ဆန္ဒများနှင့် တောင်းဆိုချက်များကို နားလည်၍ သဘောပေါက်ကာ သိကျွမ်းပြီး အရေးစိုက်ရမည်။ ထို့အပြင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်းဖြစ်သည့် ဖန်ဆင်းရှင်၏ လမ်းစဉ်အတိုင်း လုပ်ဆောင်ရမည်။

ဘုရားသခင်ကို ကြောက်ရွံ့ခြင်းဆိုသည်မှာ အဘယ်နည်း။ မကောင်းသောအကျင့်ကို မည်သို့ရှောင်နိုင်သနည်း။

“ဘုရားသခင်ကို ကြောက်ရွံ့ခြင်း” ဆိုသည်မှာ ဖော်ပြမရနိုင်လောက်အောင် ဆိုးရွားသော ကြောက်လန့်ခြင်းနှင့် တုန်လှုပ်ခြင်းတို့ကို မဆိုလိုသကဲ့သို့၊ ရှောင်ဖယ်ခြင်းလည်း မဟုတ်သည့်အပြင်၊ ခပ်ဝေးဝေးနေခြင်းလည်းမဟုတ်ပေ၊ ထို့ပြင် ပုဂ္ဂိုလ်ရေးရာ ကိုးကွယ်ခြင်း၊ သို့မဟုတ် အယူသီးခြင်းလည်း မဟုတ်ပေ။ ယင်းထက် ၎င်းသည် ကြည်ညိုခြင်း၊ မြတ်နိုးလေးစားခြင်း၊ ယုံကြည်ကိုးစားခြင်း၊ နားလည်သဘောပေါက်ခြင်း၊ အရေးစိုက်ခြင်း၊ နာခံခြင်း၊ အထွတ်အမြတ်ထားခြင်း၊ ချစ်ခြင်းတို့ဖြစ်သည်၊ ထို့အပြင် အကြွင်းမဲ့ပြီး ညည်းညူခြင်းကင်းသော ဝတ်ပြုကိုးကွယ်မှု၊ အတုံ့အလှယ်ပေးဆပ်ခြင်းနှင့် ကျိုးနွံနာခံခြင်းတို့လည်းဖြစ်သည်။ ဘုရားသခင်နှင့်ဆိုင်သည့် စစ်မှန်သော အသိပညာမရှိပါက

လူသားမျိုးနွယ်၌ စစ်မှန်သော ကြည်ညိုခြင်း၊ စစ်မှန်သော ယုံကြည်ကိုးစားခြင်း၊ စစ်မှန်သော နားလည်သဘောပေါက်ခြင်း၊ စစ်မှန်သော အရေးစိုက်ခြင်း၊ သို့မဟုတ် စစ်မှန်သော နာခံခြင်းတို့ ရှိလိမ့်မည် မဟုတ်ဘဲ၊ ထိတ်လန့်ခြင်းနှင့် စိုးရိမ်ပူပန်ခြင်း၊ မယုံသင်္ကာဖြစ်ခြင်း၊ အထင်မှားခြင်း၊ ရှောင်တိမ်းခြင်းနှင့် ရှောင်ရှားခြင်းတို့သာ ရှိနေလိမ့်မည်။ ဘုရားသခင်နှင့်ဆိုင်သည့် စစ်မှန်သော အသိပညာမရှိပါက လူသားမျိုးနွယ်၌ စစ်မှန်သော အထွတ်အမြတ်ထားခြင်းနှင့် အတုံ့အလှယ်ပေးဆပ်ခြင်းတို့ ရှိလိမ့်မည်မဟုတ်။ ဘုရားသခင်ကို စစ်မှန်သော သိကျွမ်းမှု မရှိပါက လူသားမျိုးနွယ်၌ စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းနှင့် ကျိုးနွံနာခံခြင်းတို့ ရှိလိမ့်မည် မဟုတ်ဘဲ၊ မျက်စိစုံမှိတ် ပုဂ္ဂိုလ်ရေးရာ ကိုးကွယ်ခြင်းနှင့် အယူသီးခြင်းတို့သာ ရှိလိမ့်မည်။ ဘုရားသခင်ကို စစ်မှန်သော သိကျွမ်းမှု မရှိပါက လူသားမျိုးနွယ်သည် ဘုရားသခင်၏ လမ်းစဉ်အတိုင်း မပြုမူနိုင်သကဲ့သို့၊ ဘုရားသခင်ကို မကြောက်နိုင်၊ သို့မဟုတ် မကောင်းသောအကျင့်ကိုလည်း မရှောင်နိုင်ပေ။ အပြန်အလှန်အားဖြင့် လူတို့လုပ်ဆောင်သမျှ အမှုကိစ္စတိုင်းနှင့် အပြုအမူတိုင်းသည် ပုန်ကန်မှုနှင့် အာခံမှု၊ ဘုရားသခင်ကို သွားပုပ်လေလွင့် အပြစ်တင်ယိုးစွပ်မှုများအပြင် ဘုရားသခင်ကို အပုပ်ချသည့် ဝေဖန်အကဲဖြတ်မှုများနှင့် ပြည့်နေလိမ့်မည်ဖြစ်ပြီး သမ္မာတရားအပြင် ဘုရားနှုတ်ကပတ်တော်များ၏ စစ်မှန်သော အဓိပ္ပာယ်တို့နှင့် ဆန့်ကျင်သည့် ဆိုးယုတ်သော အပြုအမူနှင့် ပြည့်နေလိမ့်မည်။

လူသားမျိုးနွယ်၌ ဘုရားသခင်ကို အမှန်တကယ် ယုံကြည်ကိုးစားခြင်း ရှိသည်နှင့်တစ်ပြိုင်နက် ၎င်းတို့သည် ဘုရားသခင်၏နောက်ကို လိုက်ခြင်းနှင့် သူ့အပေါ် မှီခိုရာတွင် စစ်မှန်လာလိမ့်မည်။ ဘုရားသခင်ကို အမှန်တကယ် ယုံကြည်ကိုးစားပြီး မှီခိုခြင်းဖြင့်သာ လူသားမျိုးနွယ်၌ စစ်မှန်သော သိနားလည်ခြင်းနှင့် သဘောပေါက်ခြင်းတို့ ရှိနိုင်သည်။ ဘုရားသခင်ကို အစစ်အမှန် သဘောပေါက်ခြင်းနှင့်အတူ သူ့ကို အစစ်အမှန် အရေးစိုက်ခြင်း တွဲပါလာသည်။ ဘုရားသခင်ကို အစစ်အမှန် အရေးစိုက်ခြင်းဖြင့်သာ လူသားမျိုးနွယ်၌ စစ်မှန်သော နာခံခြင်း ရှိနိုင်သည်။ ဘုရားသခင်ကို အစစ်အမှန် နာခံခြင်းဖြင့်သာ လူသားမျိုးနွယ်၌ စစ်မှန်သော အထွတ်အမြတ်ထားခြင်း ရှိနိုင်သည်။ ဘုရားသခင်ကို အစစ်အမှန် အထွတ်အမြတ်ထားခြင်းဖြင့်သာ လူသားမျိုးနွယ်၌ အကြွင်းမဲ့ပြီး ညည်းညူခြင်းကင်းသော စစ်မှန်သည့် အတုံ့အလှယ်ပေးဆပ်ခြင်း ရှိနိုင်သည်။ စစ်မှန်သည့် ကိုးစားခြင်းနှင့် မှီခိုခြင်း၊ စစ်မှန်သည့် နားလည်မှုနှင့် အရေးစိုက်ခြင်း၊ စစ်မှန်သည့် နာခံခြင်း၊ စစ်မှန်သည့် အထွတ်အမြတ်ထားခြင်းနှင့် အတုံ့အလှယ်ပေးဆပ်ခြင်းတို့ဖြင့်သာ လူသားမျိုးနွယ်သည် ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရကို အမှန်တကယ် သိကျွမ်းလာနိုင်ပြီး ဖန်ဆင်းရှင်၏ ကိုယ်ပိုင်လက္ခဏာကို အမှန်တကယ် သိကျွမ်းလာနိုင်သည်။ ဖန်ဆင်းရှင်အား

၎င်းတို့ အမှန်တကယ် သိကျွမ်းလာသည့်အခါမှသာ လူသားမျိုးနွယ်သည် ၎င်းတို့အထဲ၌ စစ်မှန်သည့် ကိုးကွယ်မှုနှင့် ကျိုးနွံနာခံခြင်းတို့ နိုးကြားလာအောင် လုပ်နိုင်မည် ဖြစ်သည်။ ၎င်းတို့၌ ဖန်ဆင်းရှင်ကို စစ်မှန်သည့် ကိုးကွယ်ခြင်းနှင့် ကျိုးနွံနာခံခြင်းတို့ ရှိသည့်အခါမှသာ လူသားမျိုးနွယ်သည် မိမိတို့၏ ဆိုးယုတ်သော လမ်းများကို အမှန်တကယ် ဘေးဖယ်ထားနိုင်ကြလိမ့်မည်၊ တစ်နည်းအားဖြင့်ဆိုလျှင် မကောင်းသောအကျင့်ကို ရှောင်နိုင်ကြလိမ့်မည်။

ဤတွင် "ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်း" လုပ်ငန်းစဉ်တစ်ခုလုံး ပါဝင်၏၊ ထို့ပြင် ဤသည်မှာ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်း၏ အကြောင်းအရာ အလုံးစုံလည်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်းသို့ ရောက်ရန်အတွက် ကျော်ဖြတ်ရမည့် လမ်းကြောင်းလည်း ဖြစ်ပေသည်။

"ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းသောအကျင့်ကို ရှောင်ခြင်း" နှင့် ဘုရားသခင်ကို သိခြင်းတို့သည် မြောက်မြားစွာသော ကြိုးမျှင်တို့ဖြင့် ခွဲ၍မရနိုင်အောင် ချိတ်ဆက်နေပြီး ၎င်းတို့အကြား ဆက်နွယ်မှုမှာ ပကတိအတိုင်း ရှင်းနေပြီးဖြစ်သည်။ အကယ်၍ တစ်ဦးတစ်ယောက်အနေဖြင့် မကောင်းသော အကျင့်ကို ရှောင်ခြင်းအား ရရှိလိုပါက ဦးစွာပထမ ထိုသူ၌ ဘုရားသခင်ကို စစ်မှန်သော ကြောက်ရွံ့မှု ရှိရမည်။ အကယ်၍ တစ်ဦးတစ်ယောက်အနေဖြင့် ဘုရားသခင်ကို စစ်မှန်သော ကြောက်ရွံ့ခြင်း ရရှိလိုပါက ဦးစွာပထမ ထိုသူ၌ ဘုရားသခင်နှင့်ဆိုင်သည့် စစ်မှန်သော အသိပညာရှိရမည်။ အကယ်၍ တစ်ဦးတစ်ယောက်အနေဖြင့် ဘုရားသခင်နှင့်ဆိုင်သည့် စစ်မှန်သော အသိပညာ ရရှိလိုပါက ဦးစွာပထမ ထိုသူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံရမည်၊ ဘုရားနှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားထဲသို့ ဝင်ရောက်ရမည်၊ ဘုရားသခင်၏ ရိုက်နှက်ဆုံးမခြင်းနှင့် ပဲ့ပြင်ခြင်း၊ သူ၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို တွေ့ကြုံရမည် ဖြစ်သည်။ အကယ်၍ တစ်ဦးတစ်ယောက်အနေဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံလိုပါက ဦးစွာပထမ ထိုသူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် တွေ့တွေ့ဆိုင်ဆိုင် ဆုံရမည်၊ ဘုရားသခင်နှင့် မျက်နှာချင်းဆိုင် ဆုံရမည်ဖြစ်ပြီး၊ လူများ၊ အဖြစ်အပျက်များနှင့် အရာဝတ္ထုများပါဝင်သော ပတ်ဝန်းကျင်မျိုးစုံ ပုံစံဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို တွေ့ကြုံခြင်းငှာ အခွင့်အရေးများပေးပါရန် ဘုရားသခင်အား တောင်းလျှောက်ရပေမည်။ အကယ်၍ တစ်ဦးတစ်ယောက်အနေဖြင့်

ဘုရားသခင်နှင့်၊ ထို့ပြင် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် တွေ့တွေ့ဆိုင်ဆိုင် ဆုံချင်ပါက ဦးစွာပထမ ထိုသူသည် ရိုးစင်းကာ ရိုးသားသော နှလုံးသား၊ သမ္မာတရားကို လက်ခံရန် အဆင်သင့်ဖြစ်မှု၊ ဆင်းရဲဒုက္ခကို ကြံ့ကြံ့ခံလိုသည့် စိတ်ဆန္ဒ၊ မကောင်းသောအကျင့်ကို ရှောင်ရန် ဆုံးဖြတ်ချက်နှင့် သတ္တိ၊ စစ်မှန်သော ဖန်ဆင်းခံတစ်ဦး ဖြစ်လာရန် ပြင်းပြသည့် ဆန္ဒတို့ကို ပိုင်ဆိုင်ထားရမည်။...ဤနည်းအားဖြင့် ရှေ့သို့ တစ်လှမ်းချင်း လှမ်းခြင်းဖြင့် သင်သည် ဘုရားသခင်ထံ သာ၍ တိုးဝင်ချဉ်းကပ်လာလိမ့်မည်၊ သင့်နှလုံးသားသည် ပို၍သန့်စင်လာလိမ့်မည်ဖြစ်ပြီး သင့်အသက်တာနှင့် ရှင်သန်ခြင်းတန်ဖိုးတို့သည် ဘုရားသခင်နှင့်ဆိုင်သည့် သင်၏အသိပညာနှင့်အတူ သာ၍ အဓိပ္ပာယ်ရှိလာမည်ဖြစ်ကာ ပို၍ပင် တောက်ပ အရောင်လက်လာလိမ့်မည်။ တစ်နေ့၊ ဖန်ဆင်းရှင်မှာ ပဟေဠိမဟုတ်တော့ကြောင်း၊ ဖန်ဆင်းရှင်သည် သင့်ထံမှ မည်သည့်အခါမျှ ပုန်းကွယ်မနေခဲ့ကြောင်း၊ ဖန်ဆင်းရှင်သည် သူ့မျက်နှာအား သင့်ထံမှ မည်သည့်အခါမျှ ဖုံးကွယ်မထားကြောင်း၊ ဖန်ဆင်းရှင်သည် သင်နှင့် လုံးဝ မဝေးကွာကြောင်း၊ ဖန်ဆင်းရှင်သည် သင့်အတွေးများထဲတွင် စဉ်ဆက်မပြတ် တမ်းတသော်လည်း သင့်ခံစားချက်များဖြင့် လက်လှမ်းမမီနိုင်သည့်သူ မဟုတ်တော့ကြောင်း၊ သင့်အသက်တာကို ပံ့ပိုးပေးရင်း၊ သင်၏ကံကြမ္မာကို ထိန်းချုပ်ပေးရင်း သူသည် သင်၏လက်ဝဲနှင့် လက်ျာနှစ်ဖက်ကို ဧကန်စင်စစ်စောင့်ရှောက်နေကြောင်း သင်ခံစားလာရလိမ့်မည်။ သူသည် ဝေးလံလှသော မိုးကုပ်စက်ဝိုင်းတွင် ရှိနေသည်မဟုတ်သကဲ့သို့ မိမိကိုယ်ကို တိမ်တောင်မြင့်မြင့်ကြားတွင် ဝှက်ထားသည်လည်း မဟုတ်ပေ။ သူသည် သင်၏အရာအားလုံးကို ဦးဆောင်လျက် သင့်နံဘေးတွင် ရှိနေသည်။ သူသည် သင်၌ရှိသမျှ အရာခပ်သိမ်းဖြစ်ပြီး သင်၌ရှိသည့် တစ်ခုတည်းသောအရာ ဖြစ်သည်။ ထိုကဲ့သို့သော ဘုရားသခင်သည် သင့်စိတ်နှလုံးဖြင့် သူ့ကိုချစ်ခွင့်၊ သူ့ကို ဖက်တွယ်ခွင့်၊ သူ့ကို နီးကပ်စွာ ဆုပ်ကိုင်ခွင့်၊ သူ့ကို ကြည်ညိုခွင့်၊ သူ့ကို ဆုံးရှုံးရမည်အား ကြောက်ရွံ့ခွင့်တို့ကို ပေးပြီး သူ့ကို စွန့်ခွာရန်၊ သူ့ကို မနာခံရန်၊ သူ့ကို ရှောင်ဖယ်ရန်၊ သို့မဟုတ် သူ့ကို ခပ်ဝေးဝေးတွင်ထားရန် မလိုမလား ဖြစ်စေသည်။ သူ့ကို အရေးစိုက်ရန်၊ နာခံရန်၊ သင့်ကို သူပေးသမျှအား တုံ့ပြန်ရန်နှင့် သူ၏အုပ်စိုးမှုကို ကျိုးနွံနာခံရန်သာ သင်လိုချင်တော့သည်။ သင်သည် သူ၏လမ်းညွှန်မှု၊ ပံ့ပိုးမှု၊ စောင့်ကြည့်မှုနှင့် ကာကွယ်စောင့်ရှောက်မှုတို့ကို ခံယူရန် မငြင်းပယ်တော့သကဲ့သို့၊ သင့်အတွက် သူဆုံးဖြတ်ပေးပြီး ဘိသိက်ပေးသည့် အရာတို့ကိုလည်း သင်မငြင်းပယ်တော့ပေ။ သူ့နောက်လိုက်ရန်၊ သူ၏နံဘေးတွင် သူနှင့်အတူ လျှောက်လှမ်းရန်သာ သင်လိုချင်၏၊ သူ့ကို သင်၏ တစ်ခုတည်းသော အသက်အဖြစ် လက်ခံရန်၊ သင်၏ တစ်ဦးတည်းသော သခင်၊

တစ်ဦးတည်းသော ဘုရားသခင်အဖြစ် လက်ခံရန်သာ သင်လိုချင်လေတော့သည်။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်

# ဘုရားသခင်၏ စိတ်နေသဘောထားနှင့် သူ့အမှုတော်မှရရှိမည့် ရလဒ်များကို သိနားလည်ပုံ

ဦးစွာ ဓမ္မတေးတစ်ပုဒ်ကို သီဆိုကြပါစို့- ကောင်းကင်နိုင်ငံတော်သီချင်း (၁) နိုင်ငံတော် မြေကြီးပေါ် ဆင်းသက်လာပြီ။

အတွဲအဖက်- လူထုအပေါင်းတို့သည် ငါ့ကို ဩဘာပေးကြ၏။ လူထုအပေါင်းတို့သည် ငါ့ကို ချီးမွမ်းကြ၏။ နှုတ်ခပ်သိမ်းတို့သည် တစ်ဆူတည်းသော စစ်မှန်သည့် ဘုရားသခင်ကို အမည်မှည့် ခေါ်ကြ၏။ နိုင်ငံတော်သည် လူ့လောကပေါ်သို့ ဆင်းသက်၏။

၁။ လူထုအပေါင်းတို့သည် ငါ့ကို ဩဘာပေးကြ၏။ လူထုအပေါင်းတို့သည် ငါ့ကို ချီးမွမ်းကြ၏။ နှုတ်ခပ်သိမ်းတို့သည် တစ်ဆူတည်းသော စစ်မှန်သည့် ဘုရားသခင်ကို အမည်မှည့် ခေါ်ကြ၏၊ လူခပ်သိမ်းတို့သည် ငါ၏ ဆောင်ရွက်ချက်တို့ကို မော်ကြည့်ကြ၏။ နိုင်ငံတော်သည် လူ့လောကပေါ်သို့ ဆင်းသက်၏၊ ငါ၏ ဇာတိအဖြစ်တော်သည် ကြွယ်ဝကာ အလျှံပယ်ဖြစ်၏။ အဘယ်သူသည် ဤအရာ၌ ဝမ်းမမြောက်ဘဲ ရှိမည်နည်း။ အဘယ်သူသည် ဝမ်းမြောက်ခြင်းအတွက် မကခုန်ဘဲနေမည်နည်း။ အို…ဇိအုန်၊ ငါ့ကို ချီးကျူးဂုဏ်ပြုရန် သင်၏အောင်လံကို လွှင့်ထူလော့။ ငါ၏ သန့်ရှင်းသောနာမကို ဖြန့်ကြက်ရန် သင်၏ အောင်ပွဲခံသီချင်းကို သီဆိုလော့။

၂။ မြေကြီးစွန်းတိုင်အောင်ရှိ ဖန်ဆင်းခြင်းအပေါင်းတို့၊ သင်တို့သည် ငါ့အတွက် ပူဇော်သက္ကာများ ဖြစ်စေခြင်း ခံရနိုင်ဖို့အလို့ငှာ မိမိကိုယ်ကိုယ် အလျင်အမြန် သန့်စင်ကြလော့။ အထက်ကောင်းကင်က ကြယ်တာရာတို့၊ မိုးမျက်နှာကြက်၌ ငါ၏ အားကြီးသောတန်ခိုးကို ပြသရန် သင်တို့၏အရပ်များသို့ အလျင်အမြန် ပြန်ကြလော့။ ငါသည် ငါ့အတွက်မိမိတို့၏ အသဒ္ဓါချစ်ခြင်းနှင့် ချစ်ကြောက်ရိုသေခြင်းကို သီချင်းဖြင့် သွန်းလောင်းသော မြေကြီးပေါ် ရှိ လူတို့၏ အသံများကို နားစိုက်ထောင်၏။ ဤနေ့ရက်တွင် ခပ်သိမ်းသော ဖန်ဆင်းခြင်း ပြန်လည် အသက်ဝင်လာချိန်တွင်၊ လူ့လောကထဲသို့ ငါဆင်းကြွလာ၏။ ဤအချိန်၌ ဤအဆင့်တွင်ပင် ပန်းများအပေါင်းတို့သည် ပြုန်းခနဲ ဝေဝေဆာဆာ ပွင့်လန်းကြသည်၊ ငှက်များအပေါင်းတို့

သံပြိုင်သီချင်းဆိုကြသည်၊ အရာခပ်သိမ်းတို့သည် ဝမ်းမြောက်မှုဖြင့် တုန်လှုပ်ကြ၏။ ကောင်းကင်နိုင်ငံတော်၏ ဂုဏ်ပြုခြင်း အသံတွင်၊ စာတန်၏နိုင်ငံတော် ပြိုလဲ၏၊ ကောင်းကင်နိုင်ငံတော်သီချင်း၏ မြည်ဟည်းသံတွင် နောက်တစ်ဖန် လုံးဝ မပေါ်ထွန်းတော့ရန် အမြစ်ဖြတ်ချေမှုန်းခံရ၏။

၃။ ကမ္ဘာပေါ်က မည်သူသည် ထ၍ဆန့်ကျင်ဝံ့သနည်း။ မြေကြီးပေါ်သို့ ငါဆင်းသက်သည်နှင့်အမျှ၊ ငါသည် လောင်ကျွမ်းခြင်းကို ဆောင်ကြဉ်း၏၊ အမျက်ဒေါသကို ဆောင်ကြဉ်း၏၊ ကပ်ဘေးမျိုးစုံကို ဆောင်ကြဉ်း၏။ လောကီနိုင်ငံတို့သည် ယခုတွင် ငါ၏ နိုင်ငံတော်ဖြစ်လေပြီ။ ကောင်းကင်ထက်တွင် တိမ်များလူးလိမ့်ပြီး တလိပ်လိပ်ထကြ၏။ ကောင်းကင်အောက်တွင် အိုင်များနှင့်မြစ်များ တစ်ဟုန်ထိုးစီးကာ၊ စိတ်လှုပ်ရှားစေသော တေးသွားတစ်ပုဒ်ကို ရွှင်ရွှင်မြူးမြူး ထုတ်ဆိုကြ၏။ နားနေသည့်တိရစ္ဆာန်များက ၎င်းတို့၏ သားရဲတွင်းများမှ ထွက်လာကြကာ လူမျိုးအပေါင်းတို့သည် အိပ်စက်ခြင်းမှ ငါ့ကြောင့် နိုးထကြ၏။ နောက်ဆုံးတွင် များလှစွာသောလူမျိုးတို့ စောင့်စားခဲ့သည့်နေ့ရက် ရောက်လာပေပြီ။ သူတို့သည် ငါ့အား အသာယာဆုံး သီချင်းများ ပူဇော်ကြ၏။

ဤသီချင်းကို သင်တို့သီဆိုသည့် အချိန်တိုင်း မည်သည့်အရာကို ဆင်ခြင်မိသနည်း။ (ကျွန်ုပ်တို့သည် အလွန်စိတ်လှုပ်ရှားကာ ပျော်မြူးကြပြီး၊ နိုင်ငံတော်၏ လှပခြင်းသည် မည်မျှဂုဏ်သရေရှိကြောင်း၊ လူသားမျိုးနွယ်နှင့် ဘုရားသခင်သည် မည်သို့ ထာဝစဉ် အတူရှိမည့်အကြောင်း ဆင်ခြင်မိသည်။) ဘုရားသခင်နှင့်အတူရှိနေရန် လူတို့အနေဖြင့် ဆောင်ယူရမည့် အသွင်သဏ္ဌာန် အကြောင်းကို တစ်စုံတစ်ဦးက ဆင်ခြင်ဖူးသလော။ ဘုရားသခင်နှင့်အတူ ဆုံစည်းရန်နှင့် နိုင်ငံတော်ထဲတွင် လိုက်ပါလာမည့် ဘုန်းအသရေနှင့်ပြည့်ဝသော အသက်တာကို မွေ့လျော်ရန်အတွက် သင်တို့၏ စိတ်ကူးများထဲတွင် လူတို့သည် မည်ကဲ့သို့ ဖြစ်ရမည်နည်း။ (၎င်းတို့၏ စိတ်သဘောထားများ ပြောင်းလဲသင့်သည်။) ၎င်းတို့၏ စိတ်သဘောထားများ ပြောင်းလဲသင့်သည်မှာ မည်သည့် အတိုင်းအတာအထိနည်း။ စိတ်သဘောထား ပြောင်းလဲသွားပြီးနောက် ၎င်းတို့သည် မည်ကဲ့သို့ ဖြစ်လာကြမည်နည်း။ (၎င်းတို့သည် သန့်ရှင်းလာကြမည် ဖြစ်သည်။) သန့်ရှင်းခြင်းအတွက် စံနှုန်းမှာ အဘယ်နည်း။ (လူတစ်ဦး၏ ထင်မြင်ချက်များနှင့် အရေးထားမှုများသည် ခရစ်တော်နှင့် သဟဇာတ ဖြစ်ရမည်။) ယင်းသို့ သဟဇာတဖြစ်ခြင်းသည် မည်ကဲ့သို့ ပေါ်လွင်သနည်း။ (လူသည် ဘုရားသခင်ကို ခုခံခြင်း သို့မဟုတ် သစ္စာဖောက်ခြင်း မရှိဘဲ၊ ဘုရားသခင်ထံ အကြွင်းမဲ့ နာခံနိုင်ပြီး ၎င်း၏ စိတ်နှလုံးထဲတွင် ဘုရားသခင်ကို

အလွန်တရာကြောက်ရွံ့ခြင်း ရှိသည်။) သင်တို့၏ အဖြေအချို့မှာ လမ်းကြောင်းမှန် ပေါ်၌ ရှိသည်။ သင်တို့အားလုံး၊ သင်တို့၏ စိတ်နှလုံးများကို ဖွင့်ဟကာ သင်တို့အား သင်တို့ ပြောလိုသောအရာကို ရင်ဖွင့်ကြလော့။ (ဘုရားသခင်နှင့်အတူ နိုင်ငံတော်ထဲ၌ အသက်ရှင်သော လူတို့သည် သမ္မာတရားကို လေ့လာလိုက်စား၍ တစ်စုံတစ်ဦး၊ တစ်စုံတစ်ခုသောဖြစ်ရပ် သို့မဟုတ် အရာတစ်ခု၏ ချုပ်ထိန်းမှုကို မခံရဘဲ ၎င်းတို့၏ တာဝန်ကို သစ္စာရှိစွာ ထမ်းရွက်နိုင်ကြသည်။ ထိုအခါ ၎င်းတို့အနေဖြင့် အမှောင်၏ လွှမ်းမိုးမှုမှ လွတ်မြောက်ရန်၊ ၎င်းတို့၏ စိတ်နှလုံးများကို ဘုရားသခင်နှင့် ကိုက်ညီစေရန်နှင့် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်ရန် ဖြစ်နိုင်ခြေရှိလာပေမည်။) (အမှုအရာများအပေါ် ကျွန်ုပ်တို့၏ရှုထောင့်မှာ ဘုရားသခင်နှင့် ကိုက်ညီလာနိုင်ပြီး အမှောင်၏ လွှမ်းမိုးမှုအောက်မှ ကျွန်ုပ်တို့ လွတ်မြောက်နိုင်မည် ဖြစ်သည်။ အနည်းဆုံး အနေဖြင့် ကျွန်ုပ်တို့သည် စာတန်၏ အသုံးချခြင်းကို နောက်ထပ်မခံရမည့် နေရာနှင့်၊ မည်သည့် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများကိုမဆို စွန့်ပစ်ပြီး ဘုရားသခင်အား နာခံသည့်နေရာကို ရောက်ရှိနိုင်သည်။ လူတို့သည် အမှောင်၏လွှမ်းမိုးမှုအောက်မှ လွတ်မြောက်ရန်မှာ ပဓာနကျသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ အမှောင်၏ လွှမ်းမိုးမှုအောက်နှင့် စာတန်၏ ချည်နှောင်မှုများမှ ထွက်ပြေးလွတ်မြောက်ခြင်း မရှိသော လူတို့သည် ဘုရားသခင်၏ ကယ်တင်ခြင်းကို မရကြသေးချေ။) (ဘုရားသခင်အားဖြင့် စုံလင်ခြင်းသို့ ရောက်ခြင်းအတွက် စံနှုန်းကိုဖြည့်ဆည်းရန် လူတို့သည် ဘုရားသခင်နှင့်အတူ တစ်စိတ်တည်း တစ်နှလုံးတည်း ဖြစ်ရမည်ဖြစ်ပြီး သူ့ကို နောက်ထပ်ခုခံခြင်း မပြုရတော့ပေ။ သူတို့သည် မိမိကိုယ်ကိုယ် သိနိုင်ရမည်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်နိုင်ရမည်၊ ဘုရားသခင်ကို နားလည် သဘောပေါက်ခြင်း ရရှိနိုင်ရမည်၊ ဘုရားသခင်ကို ချစ်နိုင်ပြီး ဘုရားသခင်နှင့် ကိုက်ညီနိုင်ရမည် ဖြစ်သည်။ ဤသည်မှာ ယင်းကလိုအပ်သမျှဖြစ်သည်။)

## လူတို့၏ အဆုံးသတ်များက သူတို့၏စိတ်နှလုံးများထဲတွင် အဘယ်မျှလေးလံသနည်း

သင်တို့လျှောက်လှမ်းသင့်သော လမ်းကြောင်းနှင့် ပတ်သက်၍ သင်တို့မှာ ထင်မြင်ချက်တချို့ ရှိဟန်တူပြီး ၎င်းကို နားလည်မှု သို့မဟုတ် တန်ဖိုးထားမှု အချို့အား ရရှိထားပြီး ဖြစ်သည်။ သို့သော်လည်း သင်တို့ ပြောထွက်ခဲ့သမျှ စကားလုံးများအားလုံးမှာ အနှစ်သာရမဲ့နေသလော သို့မဟုတ် စစ်မှန်နေသလော ဆိုသည်မှာ နေ့တဓူဝ လက်တွေ့လုပ်ဆောင်မှုထဲ၌ သင်တို့၏ အာရုံစိုက်မှုအပေါ် မူတည်သည်။ လွန်ခဲ့သော နှစ်များအတွင်း ဩဝါဒနှင့် သမ္မာတရား၌ အမှန်တကယ်ပါဝင်သော အကြောင်းအရာ နှစ်မျိုးအားဖြင့် သမ္မာတရား၏ ရှုထောင့်တစ်ခုစီမှ

အသီးအပွင့်အချို့ကို သင်တို့အားလုံး ရိတ်သိမ်းခဲ့ပြီး ဖြစ်သည်။ ဤအရာက ယနေ့ခေတ်လူများသည် သမ္မာတရားအတွက် ကြိုးပမ်းမှုအပေါ် များစွာအလေးထားကြောင်းနှင့် ရလဒ်တစ်ခု အနေဖြင့် သမ္မာတရား၏ ရှုထောင့်နှင့် အချက် တစ်ခုစီတိုင်းသည် လူအချို့၏ စိတ်နှလုံးများထဲ၌ ဧကန်မုချ အမြစ်ချပြီးဖြစ်ကြောင်း သက်သေပြသည်။ သို့သော်လည်း ငါ အကြောက်ဆုံးမှာ မည်သည့်အရာ ဖြစ်သနည်း။ ယင်းမှာ သမ္မာတရား၏ ဤအကြောင်းအရာများနှင့် ဤအယူအဆများသည် သင်တို့၏ နှလုံးသားထဲတွင် အမြစ်စွဲထားပြီး ဖြစ်သော်လည်း၊ ၎င်းတို့ အမှန်တကယ်ပါဝင်သော အကြောင်းအရာတွင် အနှစ်သာရ အနည်းငယ်သာရှိခြင်းပင် ဖြစ်သည်။ ပြဿနာများကို သင်တို့ကြုံတွေ့ပြီး စမ်းသပ်မှုများနှင့် ရွေးချယ်စရာများကို ရင်ဆိုင်ရသည့်အခါ၊ သင်တို့အတွက် လက်တွေ့အသုံးချမှု အဘယ်မျှသည် ဤသမ္မာတရားများ၏ စစ်မှန်မှု ဖြစ်လိမ့်မည်နည်း။ ယင်းသည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းထားလျက်၊ သင်တို့အား အခက်အခဲများကို ကျော်လွန်စေကာ၊ စမ်းသပ်မှုများမှ လွတ်စေရန် ကူညီမည်လော။ သင်တို့သည် သင်တို့၏ စမ်းသပ်မှုများထဲ၌ မြဲမြံစွာ ရပ်တည်ပြီး ဘုရားသခင်အတွက် ထူးကဲသော သက်သေကို ခံမည်လော။ ဤအကြောင်းအရာများကို သင်တို့ စိတ်ဝင်စားဖူးပါ၏လော။ သင်တို့ကို ငါမေးအံ့- သင်တို့၏ စိတ်နှလုံးထဲ၌၊ သင်တို့၏ နေ့စဉ်အတွေးများနှင့် ဆင်ခြင်သုံးသပ်မှုများ အားလုံးထဲ၌ သင်တို့အတွက် အရေးကြီးဆုံးအရာမှာ မည်သည့်အရာ ဖြစ်သနည်း။ ဤအရာနှင့် ပတ်သက်၍ သုံးသပ်ချက်တစ်ခု သင်တို့ ရရှိဖူးကြသလော။ သင်တို့အတွက် အရေးကြီးဆုံးအရာမှာ မည်သည့်အရာဖြစ်သည်ဟု ယုံကြည်သနည်း။ လူအချို့က “သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းပင် ဖြစ်သည်။” ဟု ပြောစဉ်၊ လူအချို့ကမူ “ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နေ့စဉ်ဖတ်ခြင်းပင်ဖြစ်သည်” ဟု ပြောကြသည်။ လူအချို့က “မှန်ပေသည်၊ ဘုရားသခင်ရှေ့မှောက်သို့လာကာ ဘုရားသခင်ထံ နေ့စဉ် ဆုတောင်းခြင်းပင်ဖြစ်သည်။” ဟု ဆိုကြသည့်အပြင်၊ “မှန်ပေသည်၊ ကျွန်ုပ်၏တာဝန်ကို နေ့စဉ် ကောင်းမွန်စွာ ထမ်းရွက်ခြင်းပင် ဖြစ်သည်။” ဟု ဆိုသောသူများလည်းရှိသည်။ ဘုရားသခင်ကို မည်ကဲ့သို့ ကျေနပ်စေမည့်အကြောင်း၊ အရာခပ်သိမ်း၌ သူ့အား မည်ကဲ့သို့ နာခံမည့်အကြောင်းနှင့် သူ၏ အလိုတော်နှင့် ကိုက်ညီအောင် မည်ကဲ့သို့ လုပ်ဆောင်မည့်အကြောင်းကိုသာ အစဉ်တွေးနေသည် ဟူ၍ပင် ဆိုသောသူအချို့ရှိသည်။ ယင်းကမှန်သလော။ ဤသည်မှာ အားလုံးအကုန်အစင် ဖြစ်သလော။ ဥပမာအားဖြင့် “ဘုရားသခင်ကို နာခံရန်သာ ကျွန်ုပ် အလိုရှိသော်လည်း၊ ပြဿနာကြုံတွေ့ရတိုင်း ကျွန်ုပ်

မနာခံနိုင်ပါ။" ဟု ဆိုသောသူ အချို့ရှိသည်။ အခြားသူများက "ဘုရားသခင်ကို ကျေနပ်စေရန်သာ ကျွန်ုပ် အလိုရှိပြီး အကယ်၍ သူ့ကို တစ်ကြိမ်တစ်ခါမျှသာ ကျွန်ုပ် ကျေနပ်စေနိုင်ခဲ့လျှင်ပင် ကောင်းလိမ့်မည်၊ သို့သော် ကျွန်ုပ်သူ့ကို မည်သည့်အခါမျှ မကျေနပ်စေနိုင်ပါ။" ဟု ဆိုကြသည်။ လူအချို့က "ဘုရားသခင်ကို နာခံရန်သာ ကျွန်ုပ် အလိုရှိသည်။ စမ်းသပ်မှုခံရသော အချိန်များတွင် ညည်းညူခြင်း သို့မဟုတ် တောင်းဆိုခြင်း တစ်စုံတစ်ရာ မပြုဘဲ၊ သူ၏ စီစဉ်ညွှန်ကြားမှုများ၊ သူ၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များကို ကျိုးနွံနာခံရန်သာ ကျွန်ုပ် အလိုရှိသည်၊ သို့သော်လည်း အချိန်တိုင်းလိုလို နာခံရန် ကျွန်ုပ် ပျက်ကွက်သည်။" ဟု ဆိုကြသည်။ အခြားသောလူအချို့က "ဆုံးဖြတ်ချက်များနှင့် ကျွန်ုပ်ရင်ဆိုင်ရသည့်အခါ၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် ကျွန်ုပ် မည်သည့်အခါမျှ မရွေးချယ်နိုင်ပါ။ ကျွန်ုပ်သည် ဇာတိပကတိကို အမြဲဖြည့်ဆည်းလိုပြီး ကျွန်ုပ်၏ တစ်ကိုယ်ကောင်းဆန်သော ပုဂ္ဂိုလ်ရေးလိုအင်ဆန္ဒများကို အမြဲဖြည့်ဆည်းလိုသည်။" ဟု ဆိုကြသေးသည်။ ဤအရာအတွက် အကြောင်းရင်းမှာ အဘယ်နည်း။ ဘုရားသခင်၏ စမ်းသပ်မှု မရောက်လာမီ၊ သင်တို့သည် သင်တို့ကိုယ်သင်တို့ အကြိမ်ကြိမ် စိန်ခေါ် ပြီး သင်တို့ကိုယ်သင်တို့ ထပ်ခါထပ်ခါ စမ်းသပ်ကာ စစ်ဆေးနှင့်ပြီး ဖြစ်လိမ့်မည်လော။ သင်တို့သည် ဘုရားသခင်ကို စစ်မှန်စွာ နာခံနိုင်ခြင်း၊ အမှန်တကယ် ကျေနပ်စေနိုင်ခြင်း ရှိမရှိနှင့် ဘုရားသခင်ကို သင်သစ္စာမဖောက်မည်ကို အာမခံနိုင်ခြင်း ရှိမရှိ ကြည့်လော။ သင်တို့ကိုယ်သင်တို့ ကျေနပ်စေခြင်း၊ သင်တို့၏ တစ်ကိုယ်ကောင်းဆန်သော အလိုဆန္ဒများကို ဖြည့်ဆည်းခြင်းမှ ရှောင်ကြဉ်ကာ၊ သင်တို့၏ ကိုယ်စီရွေးချယ်မှုများ ပြုလုပ်ခြင်း မရှိဘဲ ဘုရားသခင်ကိုသာ ကျေနပ်စေနိုင်ခြင်းရှိမရှိ ကြည့်လော့။ တစ်စုံတစ်ဦးက ဤသို့ပြုသလော။ အကယ်စင်စစ် သင်တို့၏ မျက်လုံးများရှေ့၌ ချထားပြီးသော အမှန်တရား တစ်ခုသာရှိသည်။ ၎င်းမှာ သင်တို့အယောက်တိုင်း စိတ်ဝင်စားဆုံးသောအရာ၊ သင်တို့သိရန် အလိုဆုံးရှိသောအရာဖြစ်ပြီး အယောက်တိုင်း၏ အဆုံးသတ် ရလဒ်နှင့် ခရီးဆုံးပန်းတိုင် နှင့်သက်ဆိုင်သော အကြောင်းအရာပင်ဖြစ်သည်။ ၎င်းကို သင်တို့ သဘောပေါက် ကောင်းပေါက်မည် မဟုတ်သော်လည်း၊ ဤသည်မှာ မည်သူမျှ မငြင်းနိုင်သည့်အရာတစ်ခု ဖြစ်သည်။ လူတို့၏ အဆုံးသတ်များ၊ လူသားတို့အတွက် ဘုရားသခင်၏ ကတိတော်နှင့် ဘုရားသခင်သည် လူကို မည်ကဲ့သို့သော ခရီးပန်းတိုင်ထဲသို့ ခေါ်ဆောင်ရန် ရည်ရွယ်သနည်း ဟူသည်နှင့် သက်ဆိုင်သည့် သမ္မာတရားနှင့် ပတ်သက်လာပါက၊ ဤအကြောင်းအရာများ နှင့်စပ်လျဉ်း၍ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အကြိမ်ကြိမ် လေ့လာထားပြီးသော လူအချို့ရှိကြောင်း ငါသိသည်။ ထိုသို့ဖြင့် အဖြေကို ထပ်တလဲလဲ ရှာဖွေလျက်နေပြီး ၎င်းတို့၏

ဦးနှောက်ထဲ၌ အချိန်ယူ စဉ်းစားနေသောသူများ ရှိကြသော်ငြားလည်း၊ ၎င်းတို့သည် မည့်သည့်အဖြေမျှ မရကြသေးပေ သို့မဟုတ် မရေရာသော ကောက်ချက်ချခြင်းတစ်ခုသို့သာ ရောက်ရှိပြီး အဆုံးသတ်ကောင်း အဆုံးသတ်နိုင်သည်။ အဆုံးတွင် မည်သည့် အဆုံးသတ်မျိုးက ၎င်းတို့အား စောင့်နေကြောင်း မသေချာကြသေးပေ။ ၎င်းတို့၏တာဝန်ကို ထမ်းဆောင်သည့်အခါ၊ လူအများစုသည် ဆက်လက်ဖော်ပြပါ မေးခွန်းများအတွက် ခိုင်မာသောအဖြေများကို သိရန် ရည်ရွယ်ကြသည်- “ကျွန်ုပ်၏ အဆုံးသတ်မှာ အဘယ်အရာ ဖြစ်မည်နည်း။ ကျွန်ုပ်သည် ဤလမ်းကြောင်းကို အဆုံးတိုင်အောင် လျှောက်နိုင်မည်လော။ လူသားတို့အပေါ် ဘုရားသခင်၏ သဘာထားမှာ အဘယ်နည်း။” ဤသို့ဖြင့် “ကျွန်ုပ်သည် အတိတ်က အမှုအရာအချို့ကို လုပ်ခဲ့ပြီ၊ အချို့သော အကြောင်းအရာများကို ပြောခဲ့မိပြီ၊ ဘုရားသခင်ကို ကျွန်ုပ် နာခံခဲ့ခြင်းမရှိ၊ ဘုရားသခင်အပေါ် သစ္စာမဲ့သော အမှုအရာအချို့ကို ကျွန်ုပ် လုပ်ခဲ့ပြီးလျှင်၊ အချို့သော ဖြစ်ရပ်များတွင် ကျွန်ုပ်သည် ဘုရားသခင်ကို ကျေနပ်စေရန် ပျက်ကွက်ခဲ့သည်၊ ဘုရားသခင်၏ ခံစားချက်များကို နာကျင်စေခဲ့သည်၊ ဘုရားသခင်ကို စိတ်ပျက်စေခဲ့ကာ၊ ကျွန်ုပ်ကို ဘုရားသခင် မုန်းတီးပြီး စက်ဆုပ်ရွံရှာအောင် လုပ်ခဲ့မိသည်။ ထို့ကြောင့် ကျွန်ုပ်၏ အဆုံးသတ်မှာ မရေမရာ ဖြစ်ကောင်း ဖြစ်နိုင်သည်။” ဟူ၍ပင် လူအချို့က စိုးရိမ်တတ်ကြသည်။ လူအများစုသည် ၎င်းတို့ကိုယ်တိုင်၏ အဆုံးသတ် နှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြသည်ဟု ဆိုရန်မှာ တရားမျှတပါသည်။ “ကျွန်ုပ်သည် အောင်မြင်ကျော်လွှားသူ ဖြစ်လိမ့်မည်ဟု ရာနှုန်းပြည့် သေချာကြောင်း ခံစားရသည်၊ ကျွန်ုပ်သည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းနိုင်မည်ဟု ရာနှုန်းပြည့် သေချာသည်။ ကျွန်ုပ်သည် ဘုရားသခင်၏ စိတ်နှလုံးနှင့် ကိုက်ညီသောသူတစ်ဦး ဖြစ်သည်၊ ကျွန်ုပ်သည် ဘုရားသခင် ချီးကျူးသောသူတစ်ဦး ဖြစ်သည်” ဟူ၍ မည်သူမျှ မပြောဝံ့ပေ။ ဘုရားသခင်၏ လမ်းခရီးကိုလိုက်နာရန် အထူးသဖြင့် ခက်ခဲပြီး သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းမှာ အရာခပ်သိမ်းတွင် အခက်ခဲဆုံး ဖြစ်သည်ဟု လူအချို့က ထင်ကြသည်။ အကျိုးဆက်အနေဖြင့် ဤကဲ့သို့သောလူများက မိမိတို့သည် ကူညီ၍ မရနိုင်လောက်အောင် ဖြစ်သည်ဟု ယုံကြည်ကြပြီး အဆုံးသတ်ကောင်းတစ်ခု ရရှိဖို့အတွက် မိမိတို့၏ မျှော်လင့်ချက်များကို မဖော်ထုတ်ဝံ့ကြပေ။ သို့တည်းမဟုတ် မိမိတို့သည် ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းနိုင်သောကြောင့် အောင်မြင်ကျော်လွှားသူများ ဖြစ်လာနိုင်မည်မဟုတ် ဟူ၍ ၎င်းတို့က ယုံကြည်ကြလေသည်။ ဤအကြောင်းကြောင့် ၎င်းတို့ထံ၌ အဆုံးသတ် မရှိကြောင်းနှင့် ကောင်းသောခရီးဆုံးပန်းတိုင် မရနိုင်ကြောင်း အခိုင်အမာ ဆိုကြသည်။ လူတို့သည် မည်သို့ပင် အတိအကျ စဉ်းစားစေကာမူ သူတို့အားလုံးသည် ၎င်းတို့၏

အဆုံးသတ်အကြောင်းကို ကြိမ်ဖန်များစွာ သိချင်ကြသည်။ ၎င်းတို့၏ အနာဂတ်နှင့် ပတ်သက်သည့် မေးခွန်းများ၊ ဘုရားသခင်သည် သူ၏အမှုကို အပြီးသတ်သည့်အခါ၊ မည်သည့်အရာကို ၎င်းတို့ရမည့်အကြောင်းနှင့် ပတ်သက်သည့် မေးခွန်းများအပေါ် ၎င်းတို့သည် တွက်ချက်ခြင်းနှင့် စီစဉ်ခြင်းကို အမြဲတစေ ပြုနေကြသည်။ အချို့က အဖိုးအခနှစ်ဆကို ပေးကြသည်၊ အချို့က ၎င်းတို့၏ မိသားစုများနှင့် အလုပ်များကို စွန့်ကြသည်၊ အချို့က ၎င်းတို့၏ အိမ်ထောင်ရေးကို အဆုံးရှုံးခံကြသည်၊ အချို့က ဘုရားသခင်အတွက် မိမိကိုယ်ကိုယ် အသုံးခံရန် အလုပ်မှနုတ်ထွက်ကြသည်၊ အချို့က ၎င်းတို့၏တာဝန်ကို ဖြည့်ဆည်းရန် ၎င်းတို့၏အိမ်များကို စွန့်ခွာကြသည်၊ အချို့က ခက်ခဲမှုကို ရွေးချယ်ကြပြီး အခါးသီးဆုံးနှင့် အပင်ပန်းဆုံး အလုပ်များကို စတင်လုပ်ဆောင်ကြသည်၊ အချို့က မိမိ၏ ဓနဥစ္စာနှင့် မိမိ၏ တတ်နိုင်သမျှ အစွမ်းကုန် ဆက်ကပ်ရန် ရွေးချယ်ကြပြီး၊ အခြားသူများက သမ္မာတရားကို အားထုတ်ရန် ရွေးချယ်ပြီး ဘုရားသခင်ကို သိကျွမ်းရန် ကြိုးပမ်းကြသေးသည်။ သင်တို့သည် လက်တွေ့လုပ်ဆောင်ရန် မည်သို့ပင် ရွေးချယ်ပါစေ၊ သင်တို့ လက်တွေ့လုပ်ဆောင်သည့် ပုံစံမှာ အရေးကြီးသလော မကြီးသလော။ (အရေးမကြီးပါ။) ထိုသို့ဆိုသော် ဤ “အရေးမကြီးမှု” ကို ကျွန်ုပ်တို့ မည်ကဲ့သို့ ရှင်းပြမည်နည်း။ အကယ်၍ လက်တွေ့လုပ်ဆောင်မှု ပုံစံမှာ အရေးမကြီးပါက၊ အရေးကြီးသည့် အရာမှာ အဘယ်နည်း။ (အပြင်ပန်း ကောင်းမွန်သော အပြုအမူသည် သမ္မာတရားအား လက်တွေ့လုပ်ဆောင်ခြင်းကို ကိုယ်စားမပြုပေ။) (လူအယောက်တိုင်း၏ ထင်မြင်ချက်များမှာ အရေးမကြီးပေ။ ဤနေရာတွင် အဓိကအချက်မှာ ကျွန်ုပ်တို့သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း ရှိမရှိ နှင့် ဘုရားသခင်ကို ချစ်မချစ် ဖြစ်သည်။) (အန္တိခရစ်များနှင့် ခေါင်းဆောင် အတုအယောင်များ၏ ရှုံးနိမ့်ခြင်းက အပြင်ပန်းအပြုအမူမှာ အရေးကြီးဆုံး အရာ မဟုတ်ကြောင်းကို ကျွန်ုပ်တို့ နားလည်စေရန် ကူညီပေးသည်။ ၎င်းတို့သည် အပြင်ပန်းအားဖြင့် မြောက်မြားစွာကို စွန့်လွှတ်ခဲ့ပြီးသယောင် ထင်ရပြီး အဖိုးအခကို ပေးဆပ်ရန် အလိုရှိသယောင် ထင်ရသည်၊ သို့သော် အနီးကပ်စစ်ဆေးသည့်အခါ ၎င်းတို့သည် ဘုရားသခင်ကို အမှန်တကယ် ချစ်ကြောက်ရိုသေခြင်း မရှိကြောင်း၊ ထိုအစား အရာအားလုံးတွင် ဘုရားသခင်ကို ဆန့်ကျင်ကြောင်းကို ကျွန်ုပ်တို့ မြင်နိုင်သည်။ ၎င်းတို့သည် အရေးပါသော အချိန်များတွင် စာတန်နှင့်အတူ အမြဲပူးပေါင်းကာ ဘုရားသခင်၏ အလုပ်ကို နှောင့်ယှက်ကြသည်။ ထို့ကြောင့် ဤနေရာတွင် အဓိက ဆင်ခြင်သုံးသပ်ရမည့် အချက်များမှာ ကျွန်ုပ်တို့သည် အချိန်ကျသည့်အခါ၊ မည်သည့်ဘက်၌ ရပ်တည်သည်ဟူသည်နှင့် အမှုအရာများအပေါ် ကျွန်ုပ်တို့၏သဘောထားများမှာ မည်သည့်အရာတို့ဖြစ်သည် ဟူ၍ဖြစ်သည်။)

သင်တို့အားလုံးသည် ကောင်းစွာ ပြောဆိုတတ်ကြပြီး သင်တို့၌ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် လူသားတို့ထံမှ ဘုရားသခင်တောင်းဆိုသည့် အရာများနှင့် ပတ်သက်၍ အခြေခံနားလည်မှုနှင့် အသုံးပြုမည့် စံနှုန်းတစ်ခု ပိုင်ဆိုင်ထားပြီးဟန်တူသည်။ ဤကဲ့သို့ သင်တို့ပြောဆိုနိုင်ခြင်းမှာ အလွန်ပင် စိတ်လှုပ်ရှားဖွယ် ဖြစ်သည်။ သင်တို့ပြောဆိုသည့် အချို့အရာမှာ သိပ်မတိကျသော်လည်း၊ သမ္မာတရားအပေါ် ထိုက်လျောက်သော ရှင်းပြချက်ရှိခြင်းသို့ နီးစပ်လုပြီ ဖြစ်သောကြောင့်၊ ဤအချက်က သင်တို့သည် သင်တို့ အနီးအနားရှိ လူများ၊ ဖြစ်ရပ်များနှင့် အရာဝတ္ထုများ၊ ဘုရားသခင်စီစဉ်ထားသည့် သင်တို့၏ ပတ်ဝန်းကျင်များ အားလုံးနှင့် သင်တို့မြင်နိုင်သမျှနှင့် ပတ်သက်၍ သင်၏ကိုယ်ပိုင် စစ်မှန်သော သိနားလည်ခြင်းကို တိုးတက်စေခဲ့ပြီး ဖြစ်ကြောင်း သက်သေပြ လေသည်။ ဤသည်မှာ သမ္မာတရားနှင့် နီးစပ်သည့် သိနားလည်ခြင်းဖြစ်သည်။ သင်တို့ ပြောခဲ့သောအရာမှာ အကြွင်းမဲ့ ပြည့်စုံခြင်းမရှိဘဲ သင်တို့၏ စကားလုံးအနည်းငယ်မှာ ဆီလျော်မှု သိပ်မရှိသော်လည်း၊ သင်တို့၏ သဘောပေါက်နားလည်ခြင်းမှာ သမ္မာတရား၏ စစ်မှန်မှုနှင့် နီးစပ်လုပြီဖြစ်သည်။ သင်တို့ ဤ ပုံစံအတိုင်း ပြောခြင်းကို ကြားရသည်မှာ ငါ့ကို အလွန် အားရကျေနပ်စေသည်။

## လူတို့၏ ယုံကြည်ချက်များသည် သမ္မာတရားကို အစားမထိုးနိုင်ပေ

အချို့လူတို့သည် အခက်အခဲများကို သည်းခံနိုင်ခြင်း၊ အဖိုးအခကို ပေးနိုင်ခြင်း၊ အပြင်ပန်းတွင် အလွန်ကျန့်ခြေရခြင်း၊ ကောင်းစွာ လေးစားခံရခြင်း ရှိကြပြီး အခြားသူများ၏ လေးစားမှုကို အကျိုးခံစားကြသည်။ ဤကဲ့သို့ အပြင်ပန်း အပြုအမူမျိုးသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း အဖြစ် ယူဆနိုင်သည်ဟု သင်တို့ဆိုမည်လော။ လူတစ်ဦးက ဤသို့သော လူတို့သည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းနေသည်ဟု ဆုံးဖြတ်နိုင်သလော။ လူတို့သည် ဤကဲ့သို့ လူပုဂ္ဂိုလ်မျိုးကို မြင်ရပြီး ၎င်းတို့သည် ဘုရားသခင်ကို ကျေနပ်စေသည်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်သော လမ်းကြောင်းကို လျှောက်လှမ်းကြသည်၊ ဘုရားသခင်၏ လမ်းအတိုင်း သွားကြသည်ဟု ကြိမ်ဖန်များစွာ ထင်ကြသည်မှာ အဘယ်ကြောင့်နည်း။ လူအချို့သည် အဘယ်ကြောင့် ဤကဲ့သို့ တွေးကြသနည်း။ ၎င်းအတွက် ရှင်းပြချက် တစ်ခုသာ ရှိသည်။ ယင်းမှာ မည်သည့်ရှင်းပြချက်နည်း။ ယင်းမှာ မြောက်မြားစွာသော လူတို့အတွက် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်း၊ ဘုရားသခင်ကို ကျေနပ်စေခြင်းနှင့်၊ သမ္မာတရား၏ စစ်မှန်မှု အမှန်တကယ်ရှိခြင်းမှာ အဘယ်နည်း ဟူသော မေးခွန်းတချို့က သိပ်မရှင်းလင်းခြင်းပင်

ဖြစ်သည်။ ထို့ကြောင့် အပြင်ပန်းအားဖြင့် ဝိညာဉ်ရေးပြည့်ဝသယောင်၊ မြင့်မြတ်သယောင် ခံ့ညားပြီး ကြီးမြတ်သယောင် ထင်ရသောသူများ၏ လှည့်စားခြင်းကို မကြာခဏခံရသော လူအချို့ရှိလေသည်။ ကျမ်းဟောင်းတရားများ နှင့် အယူဝါဒများကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သောသူများနှင့် ၎င်းတို့၏ အဟောအပြောနှင့် လုပ်ရပ်များမှာ လေးစားထိုက်သယောင် ထင်ရသောသူများနှင့်ပတ်သက်၍၊ ၎င်းတို့၏ လှည့်စားခြင်းကို ခံရသူများသည် ၎င်းတို့လုပ်ရပ်များ၏ အနှစ်သာရ၊ ၎င်းတို့လုပ်ဆောင်ချက်များ၏ နောက်ကွယ်မှ နိယာမများ၊ ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်များမှာ မည်သည်တို့ဖြစ်ကြောင်းကို မည်သည့်အခါမျှ ကြည့်ရှုစစ်ဆေးခြင်း မပြုလုပ်ဖူးကြပေ။ ထို့အပြင် သူတို့သည် ထိုလူတို့က ဘုရားသခင်ကို အမှန်တကယ် နာခံခြင်းရှိ မရှိကို မည်သည့်အခါမျှ စစ်ဆေးကြည့်ရှုခြင်း မရှိခဲ့ကြသည့်အပြင်၊ ထိုလူတို့သည် ဘုရားသခင်ကို စစ်မှန်စွာ ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်သောသူ ဟုတ်မဟုတ်ကို မည်သည့်အခါမျှ မစိစစ်ခဲ့ကြဖူးပေ။ သူတို့သည် ထိုလူတို့၏ လူသားဖြစ်ခြင်းအနှစ်သာရကို မည်သည့်အခါမျှ သတိပြုမိခဲ့ခြင်း မရှိပေ။ ထို့ထက် ထိုသူတို့နှင့် သိကျွမ်းလာသည့် ပထမခြေလှမ်းမှစတင်ကာ သူတို့သည် တဖြည်းဖြည်းချင်း ထိုလူတို့ကို အားကျခြင်း၊ ကြည်ညိုလေးစားခြင်း ဖြစ်လာပြီး၊ အဆုံးတွင် ထိုလူတို့သည် သူတို့၏ ကိုးကွယ်ရာပုဂ္ဂိုလ်များ ဖြစ်လာတော့သည်။ ထို့ပြင်မက လူအချို့၏ စိတ်ထဲတွင်ကား သူတို့ဆည်းကပ်သော ကိုးကွယ်ရာ ပုဂ္ဂိုလ်များ၊ ၎င်းတို့၏ မိသားစုများနှင့် အလုပ်များကို စွန့်လွှတ်နိုင်ကြသည်ဟု သူတို့ ယုံကြည်သောသူများနှင့် အပေါ်ယံတွင် အဖိုးအခပေးနိုင်ဟန်ရှိသောသူများ၊ ထိုပုဂ္ဂိုလ်များမှာ ဘုရားသခင်ကို အမှန်တကယ် ကျေနပ်စေသောသူများနှင့် အဆုံးသတ်ကောင်းများနှင့် ခရီးဆုံး ပန်းတိုင်ကောင်းများကို အမှန်တကယ် ရရှိနိုင်သောသူများပင် ဖြစ်ကြသည်။ သူတို့၏ စိတ်ထဲတွင်မူ ဤကိုးကွယ်ရာ ပုဂ္ဂိုလ်များမှာ ဘုရားသခင် ချီးမွမ်းသောသူများ ဖြစ်ကြသည်။ မည်သည့်အရာက သူတို့အား ဤကဲ့သို့ ယုံကြည်ချက်မျိုးကို ရှိစေသနည်း။ ဤအရေးကိစ္စ၏ အနှစ်သာရမှာ အဘယ်နည်း။ ယင်းက ဖြစ်စေနိုင်သော အကျိုးဆက်များမှာ အဘယ်နည်း။ ၎င်း၏ အနှစ်သာရကိစ္စကို ပထမဦးစွာ ဆွေးနွေးကြပါစို့။

လူတို့၏ ရှုထောင့်အမြင်များ၊ လူတို့၏ လက်တွေ့ကျင့်သုံးခြင်း နည်းလမ်းများ၊ မည်သည့် လက်တွေ့ကျင့်သုံးမှု နိယာမများကို သူတို့ ခံယူရန် ရွေးချယ်သည်နှင့် သူတို့အယောက်တိုင်း မည်သည့်အရာကို အလေးထားရန် ရည်ရွယ်သည်နှင့်စပ်လျဉ်းသော ဤကိစ္စရပ်များမှာ အခြေခံအားဖြင့် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ တောင်းဆိုချက်များနှင့် သက်ဆိုင်ခြင်း မရှိပေ။ လူတို့သည် ပေါ့တန်သော အကြောင်းအရာများ သို့မဟုတ် လေးနက်သော

အကြောင်းအရာများ၊ သို့တည်းမဟုတ် ကျမ်းဟောင်းတရားများ နှင့် ဩဝါဒများ သို့မဟုတ် စစ်မှန်မှုအပေါ် အာရုံစိုက်သည်ဖြစ်စေ၊ မစိုက်သည်ဖြစ်စေ သူတို့သည် ၎င်းတို့ လိုက်နာစောင့်ထိန်းသင့်ဆုံးသော အရာကို လိုက်နာစောင့်ထိန်းခြင်း မရှိသည့်အပြင် ၎င်းတို့ အသိသင့်ဆုံးသောအရာမှာ မည်သည့်အရာ ဖြစ်ကြောင်းကိုလည်း မသိကြချေ။ ဤအရာ၏ အကြောင်းရင်းမှာ လူတို့သည် သမ္မာတရားကို လုံးဝ မနှစ်သက်ခြင်းကြောင့် ဖြစ်သည်။ သို့ဖြစ်၍ သူတို့သည် ဘုရားသခင်၏ မိန့်မြွက်ချက်များတွင် တွေ့ရသော လက်တွေ့ကျင့်သုံးမှု နိယာမများကို ရှာဖွေရန်နှင့် လက်တွေ့လုပ်ဆောင်ရန် အချိန်နှင့်လုံ့လ မစိုက်ထုတ်လိုကြခြင်း ဖြစ်သည်။ ထိုအစား ၎င်းတို့သည် ဖြတ်လမ်းများကို အသုံးပြုရန်နှင့် ကောင်းသောအလေ့အထနှင့် ကောင်းသောအပြုအမူ ဖြစ်မည်ဟု ၎င်းတို့ နားလည်သိကျွမ်းသော အရာတို့ကို ပေါင်းရုံးရန် ပို၍နှစ်သက်ကြသည်။ ထိုအခါ ဤအကျဉ်းချုပ်သည် လိုက်လျှောက်ရမည့် ၎င်းတို့၏ကိုယ်ပိုင် ရည်မှန်းချက်ပန်းတိုင်ဖြစ်လာပြီး ယင်းကို လက်တွေ့ကျင့်သုံးရမည့် သမ္မာတရားအဖြစ် ၎င်းတို့ သဘောထားကြသည်။ ဤအရာ၏ တိုက်ရိုက် အကျိုးဆက်မှာ လူတို့သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန်အတွက် လူ၏ ကောင်းသောအပြုအမူကို အစားထိုးသည့် အရာတစ်ခုအဖြစ် အသုံးပြုကြသည်၊ ၎င်းက ဘုရားသခင်ထံ မျက်နှာလိုမျက်နှာရလုပ်ရန် လူတို့၏ လိုအင်ဆန္ဒကိုလည်း ဖြည့်ဆည်းပေးသည်။ ဤအရာက သူတို့အား သမ္မာတရားနှင့် ယှဉ်ပြိုင်ရန်အတွက် အရင်းအနှီးပေးပြီး၊ ယင်းကို လူတို့က ဘုရားသခင်အား အကြောင်းပြချက်ပေးပြီး ယှဉ်ပြိုင်ရန် အတွက်လည်း အသုံးပြုကြသည်။ တစ်ချိန်တည်းတွင် လူတို့သည် ဘုရားသခင်ကို မရိုးမဖြောင့်စွာဖြင့် ဘေးဖယ်ထားပြီး ၎င်းတို့၏ ကိုးကွယ်ရာပုဂ္ဂိုလ်များကို ဘုရားသခင်၏ နေရာ၌ ထားကြသည်။ လူတို့အား ဤသို့ပညာမဲ့သော လုပ်ရပ်များနှင့် ရှုထောင့်အမြင်များ သို့မဟုတ် တစ်ဖက်သတ်ဆန်သော ထင်မြင်ချက်များနှင့် ကျင့်သုံးမှုများကို ရရှိစေသော အဓိကအကြောင်းရင်း တစ်ခုသာရှိပြီး ထိုအကြောင်းကို သင်တို့အား ငါ ယနေ့ပြောမည်- အကြောင်းရင်းမှာ လူတို့သည် ဘုရားသခင်နောက်သို့ လိုက်လျှောက်ခြင်း၊ နေ့စဉ် သူ့ထံ ဆုတောင်းခြင်းနှင့် သူ၏ မိန့်မြွက်ချက်များကို နေ့စဉ်ဖတ်ရှုခြင်း ပြုကောင်းပြုနိုင်သော်လည်း၊ ၎င်းတို့သည် ဘုရားသခင်၏ အလိုတော်ကို အမှန်တကယ် နားမလည်ကြပေ။ ပြဿနာ၏ အကြောင်းရင်းမှာ ဤနေရာတွင်ရှိသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ စိတ်နှလုံးကို သိနားလည်ခြင်း၊ သူနှစ်သက်သောအရာ၊ သူစက်ဆုပ်ရွံရှာသောအရာ၊ သူအလိုရှိသောအရာ၊ သူငြင်းပယ်သောအရာ၊ မည်ကဲ့သို့ လူအမျိုးအစားကို သူချစ်ကြောင်း၊ မည်ကဲ့သို့

လူအမျိုးအစားကို သူမနှစ်သက်ကြောင်း၊ လူတို့အပေါ် သူ၏တောင်းဆိုမှုများ ပြုရာတွင် မည်သည့်စံနှုန်းမျိုးကို သူအသုံးပြုကြောင်းနှင့်၊ သူတို့ကို စုံလင်အောင်ပြုလုပ်ပေးရန်အတွက် မည်သည့်နည်းလမ်းမျိုးကို သူကျင့်သုံးကြောင်း သိနားလည်ပါက၊ ထိုလူထံ၌ သူကိုယ်တိုင်၏ တစ်ကိုယ်ရေ ထင်မြင်ချက်များ ရှိနိုင်ဦးမည်လော။ ဤသို့သော လူတို့က အခြားသူတစ်ဦးကို အမှန်ပင် ကိုးကွယ်နိုင်သလော။ သာမန်လူတစ်ဦးသည် ၎င်းတို့၏ ကိုးကွယ်ရာ ပုဂ္ဂိုလ် ဖြစ်လာနိုင်သလော။ ဘုရားသခင်၏ အလိုတော်ကို နားလည်သော လူတို့က ထို့ထက် အနည်းငယ်ပို၍ ဆင်ခြင်တုံတရားရှိသော အမြင်ရှုထောင့်ကို ပိုင်ဆိုင်ပါသည်။ ၎င်းတို့သည် ဖောက်ပြန်ပျက်စီးသော လူတစ်ဦးကို ထင်ရာမြင်ရာ ပုဂ္ဂိုလ်ရေးကိုးကွယ်မည် မဟုတ်သည့်အပြင်၊ သမ္မာတရားအား လက်တွေ့လုပ်ဆောင်သည့် လမ်းကြောင်းကို လျှောက်စဉ် ရိုးရှင်းသော စည်းမျဉ်းများ သို့မဟုတ် နိယာမများ အနည်းငယ်ကို ထင်ရာမြင်ရာ လိုက်နာစောင့်ထိန်းခြင်းသည် သမ္မာတရားကို လက်တွေ့ကျင့်ဆောင်ခြင်းသဘော သက်ရောက်သည်ဟုလည်း ၎င်းတို့ ယုံကြည်ကြလိမ့်မည် မဟုတ်ပေ။

## လူတို့၏ အဆုံးသတ်များကို ဘုရားသခင် ဆုံးဖြတ်ရာတွင် အသုံးပြုသည့် စံနှုန်းနှင့်ပတ်သက်၍ ထင်မြင်ချက်များစွာရှိသည်

ဤခေါင်းစဉ်ကို ပြန်ကြည့်ပြီး အဆုံးသတ်ကိစ္စကို ဆက်၍ ဆွေးနွေးကြပါစို့။

လူအယောက်တိုင်း ပူပန်သောအရာမှာ ၎င်းတို့၏ အဆုံးသတ်ပင် ဖြစ်သည်ကို ထောက်ဆလျက်၊ ဘုရားသခင်သည် ထိုအဆုံးသတ်ကို မည်ကဲ့သို့ အဆုံးအဖြတ်ပေးကြောင်း သင်တို့သိသလော။ ဘုရားသခင်သည် လူတစ်ဦး၏ အဆုံးသတ်ကို မည်သည့်ပုံစံဖြင့် သတ်မှတ်သနည်း။ ထို့ပြင် ယင်းကိုသတ်မှတ်ရန် မည်သည့်စံနှုန်း အမျိုးအစားကို သူအသုံးပြုသနည်း။ လူ၏ အဆုံးသတ်ကို မသတ်မှတ်ရသေးသည့်အချိန်တွင်၊ ဘုရားသခင်သည် ယင်းကို ထုတ်ဖော်ရန်အတွက် မည်သည့်အရာကို ပြုလုပ်သနည်း။ တစ်ယောက်ယောက် သိသလော။ ခုတင်က ငါပြောခဲ့သည်နှင့်အညီ လူတို့၏ အဆုံးသတ်အကြောင်း၊ ဤအဆုံးသတ်များကို ပိုင်းခြားသည့် အတန်းအစားများအကြောင်းနှင့် ခြားနားသော လူအမျိုးမျိုးကို စောင့်ဆိုင်းလျက်ရှိသော အဆုံးသတ် အမျိုးမျိုးအကြောင်း သဲလွန်စများကို ရှာဖွေရန် အားထုတ်ရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အချိန်ကြာမြင့်စွာ သုတေသနပြုနှင့်ပြီးသောသူ အချို့ရှိသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လူတို့၏ အဆုံးသတ်များကို မည်ကဲ့သို့ သတ်မှတ်ကြောင်း၊ သူက မည်သည့်စံနှုန်းမျိုးကို အသုံးပြုကြောင်းနှင့် လူတစ်ဦး၏ အဆုံးသတ်ကို သူ မည်သို့ အတိအကျ

သတ်မှတ်ကြောင်းတို့ကိုလည်း ရှာဖွေတွေ့ရှိရန် မျှော်လင့်ကြသည်။ သို့သော်လည်း အဆုံးတွင် ဤလူတို့သည် မည်သည့်အဖြေကိုမျှ လုံးဝမတွေ့ရှိဖြစ်ကြပေ။ အမှန်အားဖြင့် ဘုရားသခင်၏ မိန့်မြွက်ချက်များထဲတွင် ထိုကိစ္စနှင့်ပတ်သက်၍ အလွန်နည်းပါးစွာ ဖော်ပြထားလေသည်။ ဤသည်မှာ အဘယ်ကြောင့်နည်း။ လူတို့၏ အဆုံးသတ်များကို မထုတ်ဖော်သေးသရွေ့ ဘုရားသခင်သည် အဆုံးတွင် အဘယ်အရာ ဖြစ်ပျက်မည့်အကြောင်းအား မည်သူ့ကိုမျှ မပြောလိုသည့်အပြင်၊ သူသည် မည်သူ့ကိုမျှ ၎င်းတို့၏ ခရီးဆုံးပန်းတိုင်အကြောင်း ကြိုတင်၍ အသိပေးလိုခြင်းမရှိ၊ အကြောင်းမှာ ထိုသို့ပြုခြင်းက လူသားတို့အတွက် မည်သည့်အကျိုးကျေးဇူးမျှ ရှိမည်မဟုတ်သောကြောင့် ဖြစ်သည်။ ယခု ဤနေရာတွင် လူ၏ အဆုံးသတ်ကို ဘုရားသခင် သတ်မှတ်သော ပုံစံအကြောင်း၊ ဤအဆုံးသတ် ရလဒ်များကို ဆုံးဖြတ်ရန်နှင့် ထင်ရှားစေရန်အတွက် သူ၏အမှုထဲတွင် သူအသုံးချသော နိယာမများအကြောင်းအပြင်၊ တစ်စုံတစ်ဦးက အောင်မြင်ကျော်လွှားနိုင်ခြင်းရှိ မရှိ သတ်မှတ်ရန်အတွက် သူသုံးသော စံနှုန်းအကြောင်းကိုသာ ငါ သင်တို့အား ပြောလိုသည်။ ဤသည်တို့မှာ သင်တို့ အပူပန်ဆုံးသော မေးခွန်းများ ဖြစ်သည်မဟုတ်လော။ ထိုသို့ဆိုသော် ဘုရားသခင်သည် လူတို့၏ အဆုံးသတ်များကို မည်ကဲ့သို့ သတ်မှတ်သည်ဟု လူတို့ ယုံကြည်ကြသနည်း။ ယင်း၏ တစ်စိတ်တစ်ပိုင်းကို ယခုလေးတင် သင်တို့ ဖော်ပြခဲ့ကြသည်- သင်တို့အချို့က ၎င်းသည် လူတစ်ဦး၏ တာဝန်များကို သစ္စာရှိစွာ လုပ်ဆောင်ခြင်း၊ ဘုရားသခင်အတွက် အသုံးခံခြင်းနှင့်ဆိုင်သည်ဟု ဆိုကြသည်။ အချို့က ဘုရားသခင်ကို ကျိုးနွံနာခံခြင်းနှင့် သူ့ကို ကျေနပ်စေခြင်းအကြောင်း ဖြစ်သည်ဟု ပြောကြသည်၊ အချို့က အခြေခံအကြောင်းမှာ ဘုရားသခင် စီရင်သမျှကို ခံယူခြင်း ဖြစ်သည်ဟု ဆိုကြပြီး၊ အချို့က အဓိကအချက်မှာ ရိုးရိုးကုပ်ကုပ် အသက်တာကို နေထိုင်ခြင်းဖြစ်သည်ဟု ဆိုကြသည်။...သင်တို့သည် ဤသမ္မာတရားများကို လက်တွေ့လုပ်ဆောင်သည့် အခါနှင့် သင်တို့သည် မှန်ကန်သည်ဟု ယုံကြည်သော နိယာမများနှင့်အညီ လက်တွေ့လုပ်ဆောင်သည့်အခါ၊ ဘုရားသခင်က မည်သို့ သဘောရကြောင်းကို သင်တို့သိသလော။ ဤကဲ့သို့ ရှေ့ဆက်ခြင်းက ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းခြင်းရှိ မရှိ သင်တို့ ဆင်ခြင်သုံးသပ်ဖူးသလော။ ၎င်းက သူ၏စံနှုန်းကို ပြည့်မီသလော။ ၎င်းက သူ၏ တောင်းဆိုချက်များကို ဖြည့်တင်းပေးသလော။ လူအများစုသည် ဤမေးခွန်းများကို အမှန်တကယ် အချိန်ယူ မစဉ်းစားကြသည်ကို ငါယုံကြည်သည်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် အစိတ်အပိုင်းတစ်ခု၊ သို့မဟုတ် တရားဟောချက်များ အစိတ်အပိုင်းတစ်ခု၊ သို့မဟုတ် ၎င်းတို့ ပုဂ္ဂိုလ်ရေးကိုးကွယ်သည့် အချို့သော ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်တို့၏

စံနှုန်းများကို စက်ရုပ်ကဲ့သို့သာ ကျင့်သုံးပြီး မိမိကိုယ်ကို ဟိုဟာသည်ဟာလုပ်ရန် ဖိအားပေးလျက်ရှိသည်။ ဤသည်မှာ မှန်ကန်သောနည်းလမ်း ဖြစ်သည်ဟု ၎င်းတို့ ယုံကြည်ကြသောကြောင့် အဆုံး၌ မည်သို့ဖြစ်လာစေကာမူ ၎င်းကို ဆက်၍ လိုက်နာစောင့်ထိန်းပြီး လုပ်ဆောင်ကြသည်။ လူအချို့က "ကျွန်ုပ်သည် နှစ်ပေါင်းအတော်ကြာ ယုံကြည်မှုရှိခဲ့ပြီးပြီ၊ ဤနည်းလမ်းကို ကျွန်ုပ်အမြဲ လက်တွေ့လုပ်ဆောင်ခဲ့ပြီးပြီ။ ကျွန်ုပ်သည် ဘုရားသခင်ကို အမှန်တကယ် ကျေနပ်စေပြီဟု ခံစားရပြီး ထိုမှ မြောက်မြားစွာကို ရရှိခဲ့ပြီဟုလည်း ကျွန်ုပ် ခံစားရသည်။ အဘယ်ကြောင့်ဆိုသော် ဤကာလအတွင်း ကျွန်ုပ်သည် မြောက်မြားစွာသော သမ္မာတရားများအပြင် ယခင်က ကျွန်ုပ်နားမလည်ခဲ့သော အမှုအရာများစွာကို နားလည်လာခဲ့ခြင်းကြောင့် ဖြစ်သည်။ အထူးသဖြင့် ကျွန်ုပ်၏ အတွေးအခေါ်များနှင့် အမြင်များစွာ ပြောင်းလဲခဲ့သည်၊ ကျွန်ုပ်၏ အသက်တာ တန်ဖိုးများ အကြီးအကျယ် ပြောင်းလဲခဲ့ပြီဖြစ်ပြီး ဤလောကကြီးအပေါ် အတော်အတန်ကောင်းသော နားလည်ခြင်း ယခု ကျွန်ုပ်၌ရှိသည်။" ဟု ထင်တတ်ကြသည်။ ယင်းကဲ့သို့သော လူများက ဤသည်မှာ ရိတ်သိမ်းမှု တစ်ခုဖြစ်ပြီး လူသားမျိုးနွယ်အတွက် ဘုရားသခင့်အမှု၏ နောက်ဆုံးရလဒ် ဖြစ်သည်ဟု ယုံကြည်ကြသည်။ သင်တို့၏ ထင်မြင်ချက်ထဲတွင် ဤစံနှုန်းများနှင့် သင်တို့၏ လက်တွေ့လုပ်ဆောင်မှု အားလုံးကို ခြုံငုံ၍ဆိုပါက သင်တို့သည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းနေသလော။ လူအချို့က "ဟုတ်ပါသည်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်အညီ လက်တွေ့လုပ်ဆောင် နေသည်၊ ကျွန်ုပ်တို့သည် အထက်တွင် ဟောပြောပြီး မိတ်သဟာယဖွဲ့ခဲ့သည့် အရာနှင့်အညီ လက်တွေ့လုပ်ဆောင်နေသည်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ တာဝန်ကို အမြဲထမ်းရွက်နေကြပြီး ဘုရားသခင်နောက် အမြဲလိုက်နေကြကာ ဘုရားသခင်ကို ကျွန်ုပ်တို့ မည်သည့်အခါမှ စွန့်ခွာခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျေနပ်စေကြောင်း ယုံကြည်မှုအပြည့်အဝဖြင့် ပြောနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်များကို မည်မျှပင် နားလည်ပါစေ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မည်မျှပင် နားလည်ပါစေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သဟဇာတဖြစ်ရန် ကြိုးစားရှာဖွေနေခြင်း လမ်းကြောင်းပေါ်၌ အမြဲရှိနေခဲ့သည်။ ကျွန်ုပ်တို့သည် မှန်ကန်စွာပြုမူပြီး မှန်ကန်စွာ လက်တွေ့ လုပ်ဆောင်နေသရွေ့ မှန်ကန်သောရလဒ် ရရှိရန် သေချာပါသည်" ဟု အကြွင်းမဲ့ သေချာမှုဖြင့် ဆိုကြမည်ဖြစ်သည်။ ဤရှုထောင့်နှင့်ပတ်သက်၍ သင်တို့ မည်ကဲ့သို့ထင်သနည်း။ ၎င်းမှာ မှန်ကန်သလော။ "ဤအရာများကို ယခင်က ကျွန်ုပ် တစ်ခါမျှ မတွေးမိခဲ့ပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏တာဝန်ကို ဆက်လက် ဖြည့်ဆည်းပြီး ဘုရားသခင့် မိန့်မြွက်ချက်များ၏

တောင်းဆိုချက်များနှင့်အညီ ဆက်၍ လုပ်ဆောင်နေသရွေ့ ကျွန်ုပ်သည် အောင်မြင်ကျော်လွှားနိုင်လိမ့်မည်ဟုသာ ကျွန်ုပ်ထင်သည်။ ကျွန်ုပ်သည် ဘုရားသခင်၏ စိတ်နှလုံးကို ကျေနပ်စေနိုင်ခြင်းရှိ မရှိ ဟူသော မေးခွန်းကို ကျွန်ုပ် တစ်ခါမျှ ဆင်ခြင်သုံးသပ်ခဲ့ခြင်း မရှိသကဲ့သို့၊ ကျွန်ုပ်သည် သူသတ်မှတ်ထားသော စံနှုန်းနှင့် ပြည့်မီခြင်း ရှိမရှိကို ကျွန်ုပ်တစ်ခါမျှ ဆင်ခြင်သုံးသပ်ခဲ့ခြင်းလည်း မရှိပါ။ ဘုရားသခင်သည် ကျွန်ုပ်အား ရှင်းလင်းသောလမ်းညွှန်ချက် တစ်ခုကိုမျှ ပြောပြခဲ့ခြင်း သို့မဟုတ် ပေးအပ်ခဲ့ခြင်း မရှိသည့်အတွက် ကျွန်ုပ်သည် ဆက်လက်၍ ကြိုးစားလုပ်ဆောင်ပြီး မရပ်တန့်သရွေ့၊ ဘုရားသခင်သည် ကျေနပ်မည်ဖြစ်ပြီး ကျွန်ုပ်ကို နောက်ထပ် တောင်းဆိုချက်များ ပြုမည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်သည်။” ဟု ဆိုသော သူအချို့လည်း ရှိကောင်းရှိမည်။ ဤယုံကြည်ချက်များမှာ မှန်သလော။ ငါ၏ခံယူချက်မှာ ဤကဲ့သို့ လက်တွေ့လုပ်ဆောင်ခြင်း၊ ဤကဲ့သို့ တွေးခေါ်ခြင်းနှင့် ဤ ရှုထောင့်အမြင်များအားလုံးတွင် စိတ်ကူးယဉ်မှုများအပြင် ကျိုးကြောင်း မမြင်မှုလည်း အနည်းငယ်ပါဝင်သည်။ ဤအရာကို ငါပြောသည့်အခါ၊ “ကျိုးကြောင်းမမြင်မှု ဟုတ်စ၊ အကယ်၍ ဤအရာက ကျိုးကြောင်းမမြင်မှု ဖြစ်လျှင်၊ ကယ်တင်ခြင်းနှင့် အောင်မြင်ကျော်လွှားခြင်းအတွက် ကျွန်ုပ်တို့၏ မျှော်လင့်ချက်မှာ အလွန်ပင်နည်းပြီး မသေမချာဖြစ်သည် မဟုတ်လော။ ထိုကဲ့သို့ သုံးနှုန်းခြင်းဖြင့် ကိုယ်တော် ကျွန်ုပ်တို့ကို စိတ်ပျက်စေသည် မဟုတ်လော။” ဟု စဉ်းစား၍ အချို့သောသင်တို့ကို အနည်းငယ် စိတ်ပျက်အားလျော့ကောင်း အားလျော့စေမည်။ သင်တို့ မည်သည့်အရာကို ယုံကြည်ပါစေ၊ ငါပြောသောအရာများနှင့် ပြုသောအရာများသည် သင်တို့ကို စိတ်ပျက်စေသကဲ့သို့ ခံစားရစေရန် ရည်ရွယ်ခြင်းမဟုတ်ပေ။ ထိုသို့မဟုတ်ဘဲ ၎င်းတို့မှာ ဘုရားသခင်၏ ရည်ရွယ်ချက်များအပေါ် သင်တို့၏ သိနားလည်မှု တိုးတက်စေပြီး ဘုရားသခင် စဉ်းစားသောအရာ၊ သူဖြစ်မြောက်လိုသောအရာ၊ သူသဘောကျသော လူအမျိုးအစားများ၊ သူစက်ဆုပ်ရွံရှာသောအရာ၊ သူရွံမုန်းသော အရာ၊ သူရယူလိုသော လူအမျိုးအစားနှင့် သူပစ်ပယ်သော လူအမျိုးအစားနှင့်ပတ်သက်၍ သင်တို့၏ နားလည်သဘောပေါက်မှု တိုးပွားစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ၎င်းတို့မှာ သင်တို့၏ စိတ်အာရုံတို့ကို ရှင်းလင်းမှုပေးရန်၊ သင်တို့ တစ်ဦး တစ်ယောက်ချင်းစီ၏ လုပ်ဆောင်မှုများနှင့် အတွေးများသည် ဘုရားသခင် သတ်မှတ်ထားသော စံနှုန်းမှ အဘယ်မျှ လမ်းလွဲနေခဲ့ပြီ ဖြစ်ကြောင်းကိုသာ သင်တို့အား ရှင်းလင်းသောနားလည်မှု ပေးရန်အတွက် ရည်ရွယ်ခြင်းဖြစ်သည်။ ဤအကြောင်းအရာများကို ဆွေးနွေးရန် မဖြစ်မနေ လိုအပ်သလော။ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ကြာမြင့်စွာ ယုံကြည်ခဲ့ပြီး များလှစွာသော

တရားဟောချက်တို့ကို နားထောင်ခဲ့ပြီးဖြစ်ကြောင်း ငါသိသည်၊ သို့သော်လည်း ဤသည်တို့မှာ သင်တို့ အချို့တွဲဆုံးသော အရာများပင် အတိအကျဖြစ်သည်။ သမ္မာတရားတိုင်းကို မှတ်စု စာအုပ်များထဲတွင် သင်တို့ ရေးမှတ်ခဲ့ကြပြီး သင်တို့ဘာသာ အရေးကြီးသည်ဟု ယုံကြည်သည့် အချို့သောအရာများကို သင်တို့စိတ်နှလုံးထဲ၌ ကျက်မှတ်ကာ ကမ္ပည်းထိုးထားကြစေကာမူ၊ ထို့ပြင် သင်တို့လက်တွေ့လုပ်ဆောင်စဉ်အတွင်း ဘုရားသခင်ကို ကျေနပ်စေဖို့ ဤအရာများကို အသုံးပြုရန်၊ သင်တို့ မိမိကိုယ်ကိုယ် အကူအညီလိုအပ်သည်ဟု တွေ့မြင်သောအခါ ၎င်းတို့ကို အသုံးပြုရန်၊ ရှေ့လျှောက်ရှိနေသည့် ခက်ခဲသောအချိန်များကို ကျော်ဖြတ်ရာတွင် ၎င်းတို့ကို အသုံးပြုရန်၊ သို့မဟုတ် သင်တို့၏ အသက်တာများကို နေထိုင်စဉ် ဤအရာများကို သင်တို့နှင့်အတူ ပါရှိစေရန်သက်သက်သာ အသုံးပြုရန် သင်တို့ ကြံစည်ထားကြစေကာမူ၊ ငါ၏ခံယူချက်မှာ သင်တို့ မည်သို့မည်ပုံ လုပ်ဆောင်ပါစေ သင်တို့သည် ယင်းကိုသာ ပြုလုပ်နေပါက၊ ယင်းက သိပ်အရေးမကြီးပေ။ ထိုသို့ဆိုသော် အလွန်အရေးကြီးသည့် အရာမှာ အဘယ်နည်း။ အရေးကြီးဆုံးမှာ သင် လက်တွေ့လုပ်ဆောင်နေစဉ်တွင် သင် လုပ်ဆောင်နေသမျှ၊ လုပ်ဆောင်မှု တစ်ခုစီတိုင်းသည် ဘုရားသခင် အလိုရှိသောအရာနှင့် သင့်မြတ်မှုရှိမရှိ၊ ထို့ပြင် သင်၏ လုပ်ရပ်များအားလုံး၊ သင်၏ စိတ်ကူးများအားလုံးနှင့် သင်ရရှိလိုသော ရလဒ်များနှင့် ရည်မှန်းချက် ပန်းတိုင်တို့သည် ဘုရားသခင်၏ အလိုတော်ကို အမှန်တကယ် ကျေနပ်စေခြင်းနှင့် ဘုရားသခင်၏ တောင်းဆိုချက်များကို ဖြည့်တင်းပေးခြင်းရှိမရှိ၊ ထို့ပြင် ၎င်းတို့အား ဘုရားသခင် လက်ခံမခံ ဆိုသည်တို့ကို သင်၏ စိတ်နှလုံးက လုံးဝကျိန်းသေသိရမည်ဖြစ်သည်။ ဤသည်တို့မှာ အလွန်အရေးကြီးသော အရာများဖြစ်သည်။

## ဘုရားသခင်၏ လမ်းခရီး၌ လျှောက်လော့- ဘုရားသခင်ကို ကြောက်ရွံ့၍ မကောင်းမှုကို ရှောင်လော့

သင်တို့ မှတ်သားသင့်သည့် ဆိုရိုးစကားတစ်ခုရှိ၏။ ဤဆိုရိုးစကားမှာ အလွန်အရေးကြီးသည်ဟု ငါယုံကြည်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် နေ့စဉ်နေ့တိုင်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ငါ၏အတွေးထဲ ရောက်လာသောကြောင့် ဖြစ်သည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ဦးနှင့် ငါမျက်နှာချင်းဆိုင်သည့် အချိန်တိုင်း၊ တစ်စုံတစ်ဦး၏ ဇာတ်ကြောင်းကို ငါကြားရသည့် အချိန်တိုင်း၊ လူတစ်ဦး၏ အတွေ့အကြုံ သို့မဟုတ် ဘုရားသခင်ကို ယုံကြည်ခြင်းအကြောင်း သက်သေခံချက်ကို ငါ ကြားရသည့် အချိန်တိုင်း၊ ဤလူပုဂ္ဂိုလ်သည် ဘုရားသခင် အလိုရှိသော လူအမျိုးအစားနှင့်

ဘုရားသခင် သဘောကျသော လူအမျိုးအစား ဟုတ်မဟုတ် ငါ၏ စိတ်နှလုံးထဲ၌ အဆုံးအဖြတ်ပေးရန် ဤဆိုရိုးစကားကို ငါ အမြဲအသုံးပြုခြင်းကြောင့် ဖြစ်သည်။ ထိုသို့ဆိုလျှင် ဤဆိုရိုးစကားမှာ အဘယ်နည်း။ ယခု ငါသည် သင်တို့အားလုံး စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေစေသည်။ နှစ်ပေါင်းများစွာ အလုပ်မပါဘဲ အပြောသက်သက်ဖြင့်သာ အစေခံနေကြသောသူများ ရှိခြင်းကြောင့်၊ ဤဆိုရိုးစကားကို ငါဖော်ထုတ်သည့်အခါ၊ သင်တို့ စိတ်ပျက်ကောင်း စိတ်ပျက်ကြလိမ့်မည်။ သို့သော် ငါမူကား မည်သည့်အခါမျှ အပြောသက်သက်ဖြင့်သာ အစေခံခဲ့ဖူးခြင်း အလျင်းမရှိပေ။ ဤဆိုရိုးစကားသည် ငါ၏စိတ်နှလုံးထဲ၌ တည်ရှိသည်။ ထိုသို့ဆိုသော် ဤဆိုရိုးစကားမှာ အဘယ်နည်း။ ဤသည်မှာ- “ဘုရားသခင်၏ လမ်းခရီး၌ လျှောက်လော့- ဘုရားသခင်ကို ကြောက်ရွံ၍ မကောင်းမှုကို ရှောင်လော့။” ဟူ၍ ဖြစ်သည်။ ဤသည်မှာ အလွန့်အလွန် ရိုးရှင်းသော စကားရပ်တစ်ခု မဟုတ်လော။ သို့ပါလျက် ဤဆိုရိုးစကားမှာ ရိုးရှင်းစေကာမူ ဤစကားလုံးများအပေါ် နက်နဲသော နားလည်မှု အမှန်တကယ်ရှိသော သူတို့အနေဖြင့် ၎င်းတို့တွင် သြဇာသက်ရောက်မှု ပါရှိကြောင်း၊ ဤဆိုရိုးစကားမှာ လူတစ်ဦး၏ လက်တွေ့လုပ်ဆောင်မှုအတွက် လွန်စွာတန်ဖိုးရှိကြောင်း၊ ၎င်းသည် သမ္မာတရား၏စစ်မှန်မှု ပါဝင်သော ဘဝ၏ ဘာသာစကားမှလာသည့် စာကြောင်းပင်ဖြစ်ကြောင်း၊ ယင်းက ဘုရားသခင်ကို ကျေနပ်စေရန် ကြိုးစားလျက်ရှိသော သူများအတွက် ရာသက်ပန် ရည်မှန်းချက်ကို ပုံဖော်ကြောင်းနှင့် ဘုရားသခင်၏ ရည်ရွယ်ချက်များကို အရေးထားသည့် မည်သူမဆို လိုက်နာသင့်သော ရာသက်ပန် လမ်းခရီးတစ်ခုဖြစ်ကြောင်း ခံစားရကြလိမ့်မည်။ ထို့ကြောင့် သင်တို့ အဘယ်သို့ ထင်သနည်း- ဤ ဆိုရိုးစကားက သမ္မာတရား မဟုတ်လော။ ၎င်း၌ ဤမျှ အရေးပါမှု ရှိသလော သို့မဟုတ် မရှိသလော။ ထို့ပြင် သင်တို့အချို့သည် ဤဆိုရိုးစကားအကြောင်းကို စဉ်းစားနေပြီး ၎င်းကို နားလည်သဘောပေါက်ရန် ကြိုးစားကောင်း ကြိုးစားနေနိုင်ပြီး၊ ၎င်းကို သံသယဖြစ်သော လူအချို့ပင် ရှိကောင်းရှိနိုင်သည်- ဤဆိုရိုးစကားမှာ အလွန် အရေးကြီးသလော။ ၎င်းက အလွန်အရေးကြီးသလော။ ၎င်းကို လွန်စွာ အလေးထားရန် လိုအပ်သလော။ သင်တို့အချို့သည် ဤဆိုရိုးစကားကို သိပ်သဘောမကျသောသူများလည်း ရှိကောင်းရှိနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ လမ်းခရီးကိုယူကာ ၎င်းကို ဤဆိုရိုးစကား တစ်ခုထဲသို့ အနှစ်ချုပ်ခြင်းမှာ အလွန့်အလွန် ပေါ့ပြက်ပြက်လုပ်ခြင်းဖြစ်သည်ဟု ထင်ကြသောကြောင့် ဖြစ်သည်။ ဘုရားသခင်ပြောခဲ့သော အရာအားလုံးကိုယူကာ ဆိုရိုးစကားတစ်ခုအဖြစ် အကျဉ်းချုံးခြင်း- ယင်းမှာ ဘုရားသခင်ကို တစ်ဆိတ် သေးသိမ်လွန်းအောင် ပြုလုပ်ရာ မကျသလော။ ယင်းက ဤသို့ပင်ဖြစ်သလော။

သင်တို့အများစုက ဤစကားလုံးများ၏ လေးနက်သောအဓိပ္ပာယ်ကို အပြည့်အဝ နားမလည်နိုင်ခြင်းကြောင့် ဖြစ်နိုင်သည်။ သင်တို့အားလုံးသည် ၎င်းကို မှတ်စုရေးမှတ်ခဲ့သော်လည်း၊ ဤဆိုရိုးစကားကို သင်တို့၏ စိတ်နှလုံးထဲ၌ သိုထားရန် ရည်ရွယ်ခြင်းမရှိပေ၊ ၎င်းကို အားလပ်ချိန်တွင် ပြန်ကြည့်ရန်နှင့် ဆင်ခြင်တွေးတောရန်အတွက် သင်တို့၏ မှတ်စုစာအုပ်ထဲတွင် ရေးချရုံမျှသာ ရေးချခဲ့ကြခြင်း ဖြစ်သည်။ သင်တို့အချို့သည် ၎င်းကို ကောင်းစွာအသုံးချရန် ကြိုးစားဖို့နေနေသာသာ၊ ဤဆိုရိုးစကားကို အလွတ်ကျက်မှတ်ရန်ပင် ဒုက္ခခံကြမည် မဟုတ်ပေ။ သို့သော် ငါသည် ဤဆိုရိုးစကားကို အဘယ်ကြောင့် ဖော်ပြလိုသနည်း။ သင်တို့၌ မည်သည့်သဘောထား ရှိပါစေ၊ သို့မဟုတ် သင်တို့ အဘယ်သို့ထင်ပါစေ၊ ဤဆိုရိုးစကားကို ငါ ဖော်ပြရမည်၊ အကြောင်းမှာ ၎င်းသည် ဘုရားသခင်က လူတို့၏ အဆုံးသတ်များကို အဆုံးအဖြတ်ပေးပုံနှင့် အလွန်အမင်း သက်ဆိုင်သောကြောင့် ဖြစ်သည်။ ဤဆိုရိုးစကားအား သင်တို့၏ လက်ရှိ သိနားလည်ခြင်းမှာ အဘယ်သို့ပင်ဖြစ်စေ သို့မဟုတ် ယင်းကို သင်တို့ မည်ကဲ့သို့ပင် သဘောထားသည်ဖြစ်စေ၊ သင်တို့အား ဤအရာကို ငါ ပြောဦးမည်- အကယ်၍ လူတို့သည် ဤဆိုရိုး၏ စကားလုံးများကို လက်တွေ့လုပ်ဆောင်ပြီး တွေ့ကြုံနိုင်ကာ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်ခြင်း၏ စံနှုန်းကို ရရှိနိုင်ပါက သူတို့သည် အောင်မြင်စွာကျော်လွှားသူများ သေချာပေါက် ဖြစ်လာပြီး အဆုံးသတ်ကောင်းများ ရရှိရန် သေချာသည်။ သို့သော် အကယ်၍ သင်သည် ဤဆိုရိုးစကားက ဖော်ပြထားသော စံနှုန်းကို မပြည့်မီနိုင်ပါက၊ သင်၏အဆုံးသတ်မှာ မသေမချာ ဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ငါသည် သင်တို့အား ဤဆိုရိုးစကား အကြောင်းကို သင်တို့ကိုယ်၌၏ စိတ်ပိုင်းဆိုင်ရာ အသင့်ပြင်ဆင်မှုအတွက် ပြောခြင်းဖြစ်ပြီး၊ ဘုရားသခင်သည် သင်တို့ကို တိုင်းတာရန် မည်သည့်စံနှုန်းမျိုးကို အသုံးပြုကြောင်း သင်တို့သိစေရန် ဖြစ်သည်။ ခုလေးတင် ငါပြောပြခဲ့သည့်အတိုင်း ဤဆိုရိုးစကားသည် လူသားတို့အား ဘုရားသခင်၏ ကယ်တင်ခြင်းနှင့်သာမက၊ လူတို့၏ အဆုံးသတ်များကို သူဆုံးဖြတ်သည့်ပုံနှင့် အလွန်အမင်း သက်ဆိုင်ပေသည်။ ၎င်းက မည်သည့်နည်းအားဖြင့် သက်ဆိုင်သနည်း။ သင်တို့ အမှန်တကယ်ပင် သိလိုကြမည် ဖြစ်သောကြောင့် ထိုအကြောင်းကို ယနေ့ ငါတို့ပြောကြမည်။

## လူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ခြင်းရှိမရှိ စစ်ဆေးရန် ဘုရားသခင်သည် အမျိုးမျိုးသော စမ်းသပ်မှုများကို အသုံးချသည်

ခေတ်ကာလတိုင်း၌ ဘုရားသခင်သည် လူသားများကြား အမှုပြုနေစဉ် သူတို့အပေါ်

နှုတ်ကပတ်တော်အချို့ကို ပေးအပ်ကာ သမ္မာတရားအချို့ကို သူတို့အား ပြောပြသည်။ ဤသမ္မာတရားများသည် လူတို့ လိုက်နာ စောင့်ထိန်းသင့်သည့် လမ်းခရီး၊ သူတို့ လျှောက်လှမ်းရမည့် လမ်းခရီး၊ သူတို့အား ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်စေနိုင်သော လမ်းခရီး၊ ထို့ပြင် လူတို့ လက်တွေ့လုပ်ဆောင်သင့်ပြီး ၎င်းတို့၏ အသက်တာများထဲနှင့် ၎င်းတို့၏ အသက်တာခရီးများ တစ်လျှောက်လုံးတွင် လိုက်နာစောင့်ထိန်းသင့်သော လမ်းခရီးအဖြစ် အသုံးတော်ခံသည်။ ဤအကြောင်းရင်းများကြောင့် ဘုရားသခင်သည် လူသားတို့အပေါ် ဤမိန့်မြွက်ချက်များကို ဖော်ပြခြင်း ဖြစ်သည်။ ဘုရားသခင်ထံမှလာသော ဤနှုတ်ကပတ်တော်များကို လူတို့ လိုက်နာစောင့်ထိန်းသင့်ပြီး ၎င်းတို့အား လိုက်နာစောင့်ထိန်းခြင်းမှာ အသက်ကို လက်ခံရယူခြင်းပင် ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် ၎င်းတို့အား လိုက်နာစောင့်ထိန်းခြင်းမရှိ၊ ၎င်းတို့အား လက်တွေ့လုပ်ဆောင်ခြင်း မရှိသည့်အပြင် မိမိတို့၏ အသက်တာထဲတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များအတိုင်း အသက်ရှင်နေထိုင်ခြင်း မရှိပါက၊ ဤသူသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်နေခြင်း မရှိပေ။ ထို့ပြင် လူတို့သည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်နေခြင်း မရှိပါက၊ သူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကိုရှောင်ခြင်း မရှိသည့်အပြင် ဘုရားသခင်ကို ကျေနပ်စေနိုင်မည် မဟုတ်ပေ။ ဘုရားသခင်ကို ကျေနပ်စေနိုင်ခြင်း မရှိသော လူတို့က သူ၏ချီးကျူးခြင်းကို ရရှိနိုင်မည် မဟုတ်သည့်အပြင် ဤကဲ့သို့သောလူတို့၌ အဆုံးသတ် မရှိပေ။ ထိုသို့ဆိုသော် ဘုရားသခင် အလုပ်လုပ်နေစဉ်တစ်လျှောက်တွင်၊ သူသည် လူတစ်ဦး၏ အဆုံးသတ်ကို မည်ကဲ့သို့ သတ်မှတ်သနည်း။ လူတစ်ဦး၏ အဆုံးသတ်ကို သတ်မှတ်ရန် ဘုရားသခင်သည် မည်သည့်နည်းလမ်းများကို အသုံးပြုသနည်း။ လောလောဆယ်တွင် သင်တို့သည် ဤအရာအပေါ် အနည်းငယ် ယောင်ဝါးဝါးရှိကြဆဲ ဖြစ်နိုင်သော်လည်း၊ သင်တို့အား ဖြစ်စဉ်ကို ငါပြောပြသောအခါ၊ ၎င်းမှာ အတော်ပင် ရှင်းလင်းလာလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် သင်တို့များစွာသည် ၎င်းကို ကိုယ်တိုင် တွေ့ကြုံခံစားနှင့်ပြီး ဖြစ်ကြောင့်ပင်တည်း။

အစအဦးမှစ၍ သူ့အမှု၏ ဖြစ်စဉ်တစ်လျှောက် ဘုရားသခင်သည် လူအယောက်တိုင်းအတွက်- သို့မဟုတ် သူ၏နောက်သို့လိုက်သောသူ အယောက်တိုင်းအတွက်ဟု ဆိုနိုင်သည်- စမ်းသပ်မှုများကို စီစဉ်ထားခဲ့ပြီး ဤစမ်းသပ်မှုများမှာ အတိုင်းအတာအမျိုးမျိုးဖြင့် လာတတ်သည်။ မိမိတို့ မိသားစု၏ ငြင်းပယ်ခြင်းခံရသော စမ်းသပ်မှုကို တွေ့ကြုံဖူးသောသူများ၊ ဆိုးရွားသော ပတ်ဝန်းကျင်များအားဖြင့် စမ်းသပ်မှုကို

တွေ့ကြုံဖူးသောသူများ၊ ဖမ်းဆီးခြင်းနှင့် နှိပ်စက်ခြင်း ခံရသော စမ်းသပ်မှုကို တွေ့ကြုံဖူးသောသူများ၊ ရွေးချယ်မှုများနှင့် ရင်ဆိုင်ရသော စမ်းသပ်မှုကို တွေ့ကြုံဖူးသောသူများနှင့် ငွေကြေးနှင့် ရာထူးဂုဏ်ဒြပ်အားဖြင့် စမ်းသပ်မှုများကို ရင်ဆိုင်ဖူးသောသူများ ရှိကြသည်။ ယေဘုယျအနေဖြင့် ဆိုပါက သင်တို့အယောက်တိုင်းသည် စမ်းသပ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖူးပြီ ဖြစ်သည်။ ဘုရားသခင်သည် အဘယ်ကြောင့် ထိုကဲ့သို့ အလုပ်လုပ်သနည်း။ ဘုရားသခင်သည် အယောက်တိုင်းကို ထိုကဲ့သို့ အဘယ်ကြောင့် ပြုမူသနည်း။ မည်သည့်ရလဒ်မျိုးကို သူရှာသနည်း။ သင်တို့အား ငါမိတ်သဟာယပြုလိုသော အချက်မှာ ဤသို့ဖြစ်သည်- ဤသူသည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်သော လူအမျိုးအစား ဟုတ်မဟုတ်ကို ဘုရားသခင် မြင်လိုသည်။ ဤအရာမှာ ဘုရားသခင်သည် သင့်အား စမ်းသပ်မှုတစ်ခုကို ပေးနေသောအခါနှင့် အခြေအနေတစ်ခု မဟုတ် တစ်ခုကို သင့်အား ရင်ဆိုင်စေသောအခါ၊ သူ၏ ရည်ရွယ်ချက်မှာ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်သောသူ ဟုတ်မဟုတ် စမ်းသပ်ရန်အတွက် ဖြစ်သည်ကို ဆိုလိုသည်။ အကယ်၍ တစ်စုံတစ်ဦးသည် အလှူငွေကို ထိန်းသိမ်းရသည့် တာဝန်နှင့် ရင်ဆိုင်ရပြီး ထိုတာဝန်သည် ဘုရားသခင်၏ အလှူငွေအား ထိတွေ့ကိုင်တွယ်ရန် ဖြစ်လာပါက၊ ဤသည်မှာ ဘုရားသခင် စီစဉ်ထားသောအရာတစ်ခု ဖြစ်သည်ဟု သင် ဆိုမည်လော။ ဧကန်မုချပင် ဖြစ်သည်။ သင် ကြုံတွေ့ရသော အရာခပ်သိမ်းမှာ ဘုရားသခင် စီစဉ်ထားသော အရာတစ်ခု ဖြစ်သည်။ ဤကိစ္စနှင့် သင်ရင်ဆိုင်ရသည့်အခါ၊ ဘုရားသခင်သည် သင့်အား တိတ်တဆိတ် လေ့လာကာ၊ မည်သည့်ရွေးချယ်မှုများ သင်ပြုလုပ်သည်၊ သင် မည်ကဲ့သို့ လက်တွေ့လုပ်ဆောင်သည်၊ သင်၌ မည်သည့်အတွေးများ ရှိသည်တို့ကို စောင့်ကြည့်နေမည်ဖြစ်သည်။ ဘုရားသခင် အလေးထားဆုံးသော အရာမှာ နောက်ဆုံးရလဒ် ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သင်သည် ဤစမ်းသပ်မှု၌ပင် သူ၏စံနှုန်းနှင့် လျော်ညီအောင် နေခဲ့ပြီးခြင်း ရှိမရှိကို သူ့အား အကဲဖြတ်ခွင့် ပေးမည့်အရာမှာ ဤရလဒ် ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော်လည်း လူတို့သည် ပြဿနာတစ်ခုကို ကြုံတွေ့ရတိုင်း၊ သူတို့သည် ယင်းကို အဘယ်ကြောင့် ရင်ဆိုင်နေရကြောင်း၊ ဘုရားသခင်က သူတို့ မည်သည့်စံနှုန်းကို ပြည့်မီရန် မျှော်လင့်ထားကြောင်း၊ သူက သူတို့အထဲတွင် မည်သည့်အရာကို တွေ့မြင်လိုကြောင်း သို့မဟုတ် ၎င်းတို့ထံမှ သူ မည်သည့်အရာကို ရရှိလိုကြောင်းကို စဉ်းစားလေ့မရှိကြပေ။ ဤပြဿနာကို ရင်ဆိုင်ရသည့်အခါ ထိုကဲ့သို့သော လူတို့က "ဤအရာသည် ကျွန်ုပ် ရင်ဆိုင်ရသည့်အရာတစ်ခု ဖြစ်သည်၊ ကျွန်ုပ် သတိထားရမည်၊ ဂရုမစိုက်ဘဲ မနေရ။ မည်သို့ပင်ဖြစ်စေ ဤအရာမှာ ဘုရားသခင်၏ အလှူငွေဖြစ်ပြီး ၎င်းကို

ကျွန်ုပ်ထိ၍မရပါ။” ဟူ၍သာ တွေးတတ်ကြသည်။ လူတို့သည် ဤကဲ့သို့သော လွယ်သယောင် ရှိသော အတွေးများဖြင့် ပြည့်ဝနေကာ ၎င်းတို့၏ တာဝန်ကို ဖြည့်ဆည်းခဲ့ပြီးပြီဟု ယုံကြည်တတ်ကြသည်။ ဤစမ်းသပ်မှု၏ ရလဒ်က ဘုရားသခင်ကို ကျေနပ်မှုရရှိစေမည်လော သို့မဟုတ် မရရှိစေဘဲ နေမည်လော။ ဤအကြောင်းကို ဆက်၍ ပြောကြလော့။ (အကယ်၍ လူတို့သည် ၎င်းတို့၏ စိတ်နှလုံးထဲတွင် ဘုရားသခင်ကို ကြောက်ရွံ့ပါက၊ ဘုရားသခင်၏ အလှူငွေကို ထိတွေ့ကိုင်တွယ်ခွင့်ရသော တာဝန်တစ်ခုကို ရင်ဆိုင်ရသည့်အခါ၊ ၎င်းတို့က ဘုရားသခင်၏ စိတ်သဘောထားကို ပြစ်မှားဖို့ အဘယ်မျှပင် လွယ်ကူမည်ကြောင်း ဆင်ခြင်သုံးသပ်ကြလိမ့်မည် ဖြစ်ပြီး ယင်းက ၎င်းတို့ကို သတိဖြင့်ဆက်လုပ်ရန် သေချာစေလိမ့်မည်။) သင်၏တုံ့ပြန်မှုမှာ မှန်ကန်သော လမ်းကြောင်းပေါ်၌ ရှိသော်လည်း၊ ယင်းမှာ သိပ်မဟုတ်သေးပေ။ ဘုရားသခင်၏ လမ်းခရီး၌ လျှောက်လှမ်းခြင်းမှာ အပေါ်ယံစည်းကမ်းများကို လိုက်နာခြင်းအကြောင်း မဟုတ်ပေ။ ယင်းထက် သင်သည် ပြဿနာတစ်ခုကို ရင်ဆိုင်ရသည့်အခါ၊ ပထမဦးစွာ ၎င်းကို ဘုရားသခင် စီစဉ်ထားသော အခြေအနေတစ်ခု၊ သင့်အား သူပေးအပ်ထားသော ဝတ္တရားတစ်ခု သို့မဟုတ် သင့်အား သူ ယုံကြည်အပ်နှံထားသော အလုပ်တာဝန်တစ်ခုအဖြစ် သင်ရှုမြင်ခြင်းကို ဆိုလိုသည်။ ဤပြဿနာကို သင်ရင်ဆိုင်နေရသောအခါ၊ ၎င်းကို ဘုရားသခင်က သင့်အပေါ်ထားရှိသော စမ်းသပ်မှုတစ်ခုအဖြစ်ပင်လျှင် မြင်သင့်သည်။ ဤပြဿနာကို သင်ကြုံတွေ့ရသောအခါ၊ သင်၏စိတ်နှလုံးထဲ၌ စံနှုန်းတစ်ခု သင်ရှိရမည်ဖြစ်ပြီး၊ ဤကိစ္စသည် ဘုရားသခင်ထံမှ လာခဲ့ခြင်းဖြစ်သည်ဟု သင်ထင်မြင်ယူဆရမည်။ သင်သည် ဘုရားသခင်ကို ဆက်လက်၍ သစ္စာစောင့်သိလျက် သင်၏ဝတ္တရားကို ဖြည့်ဆည်းနိုင်မည့် နည်းလမ်းအားဖြင့် ဤကိစ္စရပ်ကို မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းမည့် အကြောင်းကိုလည်းကောင်း၊ ဘုရားသခင်ကို ဒေါသမထွက်စေဘဲ သို့မဟုတ် သူ၏ စိတ်နေသဘောထားကို မပြစ်မှားဘဲ ၎င်းကို မည်သို့ပြုလုပ်ရမည့် အကြောင်းကိုလည်းကောင်း စဉ်းစားရမည်။ အလှူငွေများကို ထိန်းသိမ်းခြင်းအကြောင်း ငါတို့အခုလေးတင် ပြောခဲ့ပြီးဖြစ်သည်။ ဤကိစ္စရပ်တွင် အလှူငွေများပါဝင်ပြီး သင်၏တာဝန်နှင့် သင်၏ဝတ္တရားလည်း အကျုံးဝင်သည်။ ဤဝတ္တရား ကျေပွန်စေရန် သင်၌ တာဝန်ရှိသည်။ သို့သော်လည်း ဤကိစ္စရပ်ကို သင်ရင်ဆိုင်ရသည့်အခါ၊ စုံစမ်းသွေးဆောင်ခြင်း တစ်စုံတစ်ရာ ရှိသလော။ ရှိပေသည်။ ဤစုံစမ်းသွေးဆောင်ခြင်းက မည်သည့်နေရာမှ လာသနည်း။ ဤစုံစမ်းသွေးဆောင်ခြင်းသည် စာတန်ထံမှလာပြီး ၎င်းသည် လူသားတို့၏ ဆိုးယုတ်ပြီး ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများမှလည်း လာသည်။ စုံစမ်းနှောင့်ယှက်ခြင်း ရှိသည်ကို ထောက်ဆလျှင်၊ ဤအရေးကိစ္စတွင် လူတို့

ရပ်တည်သင့်သည့် သက်သေရပ်တည်ခြင်း ပါဝင်ပြီး၊ ယင်းမှာ သင်၏ဝတ္တရားနှင့် တာဝန်လည်း ဖြစ်သည်။ လူအချို့က "ဤအရာမှာ အသေးအမွှားကိစ္စရပ်တစ်ခု ဖြစ်သည်၊ ထိုမှနေ၍ ပုံကြီးချဲ့ရန် အမှန်တကယ် လိုအပ်သလော။" ဟု ဆိုကြသည်။ လိုအပ်ပေသည်။ ဤသည်မှာ ဘုရားသခင်၏ လမ်းခရီး၌ လျှောက်လှမ်းရန် ငါတို့ သို့မဟုတ် ငါတို့ဝန်းကျင်၌ ဖြစ်ပျက်သည့် မည်သည့်အရာကိုမဆို၊ အသေးအမွှား အမှုအရာများကိုပင်လျှင် ငါတို့လက်လွှတ်၍ မရသောကြောင့် ဖြစ်သည်။ ငါတို့သည် ၎င်းကို အာရုံစိုက်သင့်သည်ဟု စဉ်းစားသည်ဖြစ်စေ မစဉ်းစားသည်ဖြစ်စေ၊ အခြေအနေ တစ်ခုခုက ငါတို့ကို ရင်ဆိုင်နေပါက၊ ၎င်းကို ငါတို့ လက်မလွှတ်သင့်ပေ။ ဖြစ်ပျက်သည့်အရာ အားလုံးကို ငါတို့အတွက် ဘုရားသခင်ပေးထားသော စစ်ဆေးမှုများအဖြစ် ရှုမြင်သင့်ပေသည်။ အမှုအရာများအား ဤသို့ရှုမြင်ခြင်းကို သင် မည်သို့သဘောထားသနည်း။ အကယ်၍ သင်၌ ဤသဘောထားမျိုး ရှိပါက၊ ၎င်းက သင်သည် စိတ်နှလုံးထဲ၌ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်လိုသည်ဟူသော အဖြစ်မှန်တစ်ခုကို အတည်ပြုသည်။ သင်၌ ဘုရားသခင်ကို ကျေနပ်စေရန် ဤဆန္ဒရှိပါက၊ သင်လက်တွေ့လုပ်ဆောင်သော အရာမှာ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်းဟူသော စံနှုန်းနှင့် အလှမ်းဝေးလိမ့်မည် မဟုတ်ပေ။

လူတို့ များစွာအရေးမစိုက်သော ကိစ္စရပ်များနှင့် အများအားဖြင့် ဖော်ပြလေ့မရှိသော ကိစ္စရပ်များမှာ အရေးမပါသော အသေးအဖွဲမျှသာဖြစ်ပြီး ၎င်းတို့က သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် သက်ဆိုင်မှုမရှိဟူ၍ ယုံကြည်သောသူများ ရှိတတ်သည်။ ဤလူတို့သည် ယင်းကဲ့သို့သော ကိစ္စရပ်ကို ရင်ဆိုင်ရသည့်အခါ၊ ယင်းကို များစွာ မဆင်ခြင်ဘဲ သတိလက်လွတ် ထားကြသည်။ သို့သော်လည်း အမှန်မှာ ဤအကြောင်းအရာသည် သင်လေ့လာသင့်သော သင်ခန်းစာတစ်ခု၊ ဘုရားသခင်ကို ကြောက်ရွံ့နည်းနှင့် မကောင်းမှုကို ရှောင်နည်းဆိုင်ရာ သင်ခန်းစာတစ်ခု ဖြစ်ခဲ့လေသည်။ ထိုမျှမက သင် ပို၍ပင်အလေးထားသင့်သည့် အရာမှာ သင့်ကိုရင်ဆိုင်ရန် ဤကိစ္စ ပေါ်ပေါက်သည့်အခါ၊ ဘုရားသခင်သည် မည်သည့်အရာကို လုပ်ဆောင်နေကြောင်း သိခြင်းပင် ဖြစ်သည်။ ဘုရားသခင်သည် သင်၏နံဘေး၌ ရှိကာ၊ သင်၏ စကားလုံးတိုင်းနှင့် လုပ်ဆောင်မှုတိုင်းကို အကဲခတ်နေပြီး သင်လုပ်ဆောင်သမျှနှင့် သင်၏ အတွေးများထဲတွင် မည်သည့် အပြောင်းအလဲများ ဖြစ်ပျက်သည်ကို စောင့်ကြည့်နေသည်၊ ဤသည်မှာ ဘုရားသခင်၏ အလုပ်ပင်။ လူအချို့က "ဤသို့မှန်လျှင် ၎င်းကို ကျွန်ုပ် အဘယ်ကြောင့် မခံစားခဲ့ရသနည်း။" ဟု မေးကြသည်။ သင်မခံစားရသည့်အကြောင်းမှာ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို

ရှောင်သည့်လမ်းခရီးကို သင်၏ ပဓာနလမ်းစဉ်အဖြစ် သင် လိုက်နာစောင့်ထိန်းခြင်း မရှိခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်သည် လူအထဲ၌ ဘုရားသခင်ပြုလုပ်သည့် သိမ်မွေ့သောအမှုကို မခံစားနိုင်ရခြင်း ဖြစ်သည်၊ ၎င်းက လူတို့၏ အတွေးအခေါ်များနှင့် ပြုမူပုံအမျိုးမျိုးနှင့်အညီ ပေါ်လွင်ခြင်းဖြစ်သည်။ သင်သည် နမော်နမဲ့နိုင်သူတစ်ဦး ဖြစ်ပေတကား။ အရေးပါသော ကိစ္စရပ်မှာ အဘယ်နည်း။ အရေးမပါသော ကိစ္စရပ်မှာ အဘယ်နည်း။ ဘုရားသခင်၏ လမ်းခရီး၌ လျှောက်လှမ်းခြင်း ပါဝင်သော ကိစ္စရပ်များကို အရေးပါသော သို့မဟုတ် အရေးမပါသော ကိစ္စရပ်များဟူ၍ ပိုင်းခြားမထားပေ၊ ထိုအရာကို သင် လက်ခံနိုင်သလော။ (၎င်းကို ကျွန်ုပ်တို့ လက်ခံနိုင်ပါသည်။) နေ့စဉ်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အလွန်ကြီးမားပြီး အရေးပါသည်ဟု လူတို့ရှုမြင်ကြသော ကိစ္စရပ်အချို့ရှိပြီး အရေးမပါသော အသေးအမွှားများဟု ရှုမြင်ခံရသော အခြားအရာများ ရှိပေသည်။ လူတို့သည် ဤကြီးမားသော ကိစ္စရပ်များကို အလွန်အရေးကြီးသည်ဟု မြင်တတ်ကြပြီး ၎င်းတို့မှာ ဘုရားသခင် ပို့ဆောင်ပေးထားသည်ဟု သူတို့က ယူဆကြသည်။ သို့သော်လည်း ဤကိစ္စရပ်များ ဖြစ်ပျက်နေသည့်အခါတွင်၊ လူတို့၏ မရင့်ကျက်သော ဝိညာဉ်ရင့်ကျက်မှုနှင့် သူတို့၏ ညံ့ဖျင်းသော အစွမ်းအစတို့ကြောင့် လူတို့သည် ယေဘုယျအားဖြင့် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းရန် အဆင့်မမီဘဲရှိကာ၊ မည်သည့် ဗျာဒိတ်တော်ကိုမျှ မရနိုင်သည့်အပြင် တန်ဖိုးရှိသော တကယ့်အသိပညာကို မရရှိနိုင်ကြပေ။ သေးငယ်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၎င်းတို့သည် လူတို့၏ လျစ်လျူရှုခြင်း၊ တစ်စတစ်စ လက်လွတ်ဆုံးရှုံးသွားရန် စွန့်ပစ်ခြင်းကို ခံကြရသည်။ သို့ဖြစ်၍ လူတို့သည် ဘုရားသခင်ရှေ့၌ စစ်ကြောခြင်းနှင့် စစ်ဆေးခြင်းကို ခံရရန် အခွင့်အရေးများစွာ ဆုံးရှုံးခဲ့ကြပြီ ဖြစ်သည်။ သင်သည် လူများ၊ အမှုအရာများ၊ ကိစ္စရပ်များနှင့် ဘုရားသခင် သင့်အတွက် စီစဉ်ပေးထားသော အခြေအနေများကို အမြဲလျစ်လျူရှုပါက၊ ဤသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။ ၎င်းမှာ သင်သည် နေ့စဉ်နေ့တိုင်းနှင့် အချိန်တိုင်းမှာပင် သင့်အပေါ် ဘုရားသခင်၏ စုံလင်အောင်ပြုလုပ်ပေးခြင်းကိုရော သူ၏ ခေါင်းဆောင်မှုကိုပါ အမြဲပစ်ပယ် နေသည်ဟု အဓိပ္ပာယ် သက်ရောက်သည်။ ဘုရားသခင်သည် သင့်အတွက် အခြေအနေတစ်ရပ်ကို စီစဉ်ပေးသည့် အခါတိုင်းတွင်၊ သူသည် တိတ်တဆိတ် စောင့်ကြည့်နေလျက်၊ သင်၏ စိတ်နှလုံးကို စိုက်ကြည့်နေပြီး၊ သင်၏စိတ်ကူးများနှင့် သုံးသပ်ချက်များကို အကဲခတ်နေ၍၊ သင် မည်သို့တွေးပုံကို စောင့်ကြည့်နေကာ သင်မည်ကဲ့သို့ ပြုမူမည့်ပုံတို့ကို ကြည့်ရှုရန် စောင့်ဆိုင်းနေပါသည်။ အကယ်၍ သင်သည် ဂရုမစိုက်သော လူတစ်ဦး၊ ဘုရားသခင်၏ လမ်းခရီး၊ သူ၏ နှုတ်ကပတ်တော်များ သို့မဟုတ်

သမ္မာတရားနှင့်ပတ်သက်၍ မည်သည့်အခါမျှ အလေးအနက် မရှိခဲ့သောသူ ဖြစ်နေပါက၊ ဘုရားသခင်သည် သင့်အတွက် အခြေအနေတစ်စုံတစ်ရာကို စီစဉ်ပေးသောအခါ၊ သင်သည် ဘုရားသခင် ပြည့်စုံစေလိုသည့်အရာ သို့မဟုတ် သင်ဖြည့်ဆည်းပေးရန် သူမျှော်လင့်ထားသည့် တောင်းဆိုချက်များကို သင် သတိမူလိမ့်မည်မဟုတ် သို့မဟုတ် အာရုံစိုက်လိမ့်မည် မဟုတ်ပေ။ ထို့ပြင် သင်ကြုံတွေ့သော လူများ၊ ဖြစ်ရပ်များနှင့် အရာဝတ္ထုများသည် သမ္မာတရား သို့မဟုတ် ဘုရားသခင်၏ အလိုတော်နှင့် မည်ကဲ့သို့ ဆက်စပ်မှု ရှိကြောင်းကိုလည်း သင်သိလိမ့်မည် မဟုတ်ပေ။ သင်သည် ဤကဲ့သို့ အကြိမ်ကြိမ်ဖြစ်ပွားသော အခြေအနေများနှင့် အကြိမ်ကြိမ်ဖြစ်ပွားသော စမ်းသပ်မှုများကို ရင်ဆိုင်ပြီးနောက် ဘုရားသခင်သည် သင့်အထဲတွင် မည်သည့်ရလဒ်ကိုမျှ မမြင်တွေ့ပါက၊ သူသည် မည်သို့ဆက်လုပ်မည်နည်း။ စမ်းသပ်မှုများကို အကြိမ်ကြိမ်အခါအခါ ရင်ဆိုင်ပြီးနောက် သင်သည် သင်၏စိတ်နှလုံးထဲ၌ ဘုရားသခင်ကို ကြီးမြတ်စေခြင်း သို့မဟုတ် သင့်အတွက် ဘုရားသခင် စီစဉ်ပေးသော အခြေအနေများကို ဘုရားသခင်ထံမှလာသော စမ်းသပ်မှုများနှင့် စစ်ဆေးမှုများ အဖြစ် အရှိကိုအရှိအတိုင်း ရှုမြင်ခြင်း မရှိခဲ့ပေ။ ထိုအစား သင့်အား ဘုရားသခင် ပေးအပ်ခဲ့သော အခွင့်အရေးများကို တစ်ခုပြီးတစ်ခု သင် ငြင်းပယ်ပြီဖြစ်ပြီး ၎င်းတို့အား အကြိမ်ကြိမ်အခါခါ လက်လွှတ် ဆုံးရှုံးခံလျက်ရှိသည်။ ဤသည်မှာ လူတို့ထုတ်ဖော်ပြသည့် လွန်ကဲသော မနာခံခြင်းပင် မဟုတ်လော။ (ဟုတ်ပေသည်။) ဤအရာကြောင့် ဘုရားသခင်သည် စိတ်နာကျင် ထိခိုက်မည်လော။ (သူ နာကျင်ထိခိုက်ပါလိမ့်မည်။) ဘုရားသခင်သည် စိတ်နာကျင်ထိခိုက်မည်မဟုတ်။ ဤကဲ့သို့ ငါပြောသည်ကို ကြားရခြင်းက သင်တို့ကို နောက်ထပ်တစ်ကြိမ် ထိတ်လန့်စေပြန်ပြီ။ “ဘုရားသခင်သည် အမြဲ စိတ်နာကျင် ထိခိုက်မည်ဟု အစောပိုင်း၌ ပြောခဲ့သည် မဟုတ်လော။ ထို့ကြောင့် ဘုရားသခင် နာကျင်ထိခိုက်ခြင်းမရှိဘဲ နေမည်လော။ သို့ဆိုလျှင် သူသည် မည်သည့်အချိန်တွင် နာကျင်ထိခိုက်သနည်း။” ဟု သင်တွေးနေနိုင်သည်။ တိုတိုပြောရလျှင် ဘုရားသခင်သည် ဤအခြေအနေ၌ နာကျင်ထိခိုက်မည် မဟုတ်ပေ။ ထိုသို့ဆိုသော် အထက်တွင် အကြမ်းဖျင်းဖော်ပြထားသော အပြုအမူ အမျိုးအစားအပေါ် ဘုရားသခင်၏ သဘောထားမှာ အဘယ်နည်း။ လူတို့သည် ၎င်းတို့ထံ ဘုရားသခင် စေလွှတ်သော စမ်းသပ်မှုများနှင့် စစ်ဆေးမှုများကို ငြင်းပယ်သည့်အခါနှင့် ထိုအရာများထံမှ ၎င်းတို့ ခေါင်းရှောင်သည့်အခါ၊ ဤသို့သော လူများအပေါ် ဘုရားသခင်၏ သဘောထား တစ်ခုတည်းသာ ရှိသည်။ ဤသဘောထားမှာ အဘယ်နည်း။ ဘုရားသခင်သည် ဤကဲ့သို့သောလူကို သူ၏ အနက်ရှိုင်းဆုံး နှလုံးသားထဲမှ ပစ်ပယ်သည်။ “ပစ်ပယ်သည်” ဟူသော စကားလုံးအတွက် အဓိပ္ပာယ်နှစ်လွှာ ရှိသည်။

၎င်းတို့ကို ငါ၏ ရှုထောင့်အမြင်မှ အဘယ်သို့ ရှင်းပြရအံ့နည်း။ အမှန်မှာ "ပစ်ပယ်" ဟူသော စကားလုံးသည် စက်ဆုပ်ရွံရှာခြင်းနှင့် မုန်းတီးခြင်းဟူသော ဂယက်အနက်ကို ဆောင်သည်။ ထိုအဓိပ္ပာယ်၏ အခြားအလွှာမှာ အဘယ်နည်း။ ၎င်းမှာ တစ်စုံတစ်ခုအား စွန့်ခြင်းကို ညွှန်းဆိုသော အပိုင်းဖြစ်သည်။ "စွန့်ခြင်း" ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုကြောင်း သင်တို့အားလုံး သိကြသည် မဟုတ်သလော။ လိုရင်းတိုရှင်းဆိုရလျှင် "ပစ်ပယ်ခြင်း" ဆိုသည်မှာ ဤသို့နည်းဖြင့် ပြုမူနေကြသော ထိုလူများအပေါ် ဘုရားသခင်၏ အဆုံးစွန်သော တုံ့ပြန်မှုနှင့် သဘောထားကို သရုပ်ဖော်သည့် စကားလုံးဖြစ်သည်။ ယင်းမှာ ၎င်းတို့ကို အလွန်အမင်း မုန်းတီးခြင်းနှင့် ရွံမုန်းခြင်းဖြစ်သောကြောင့်၊ ၎င်းတို့ကို စွန့်ပစ်မည့် ဆုံးဖြတ်ချက်အဖြစ် အကျိုးသက်ရောက်သည်။ ဤသည်မှာ ဘုရားသခင်၏ လမ်းခရီး၌ မည်သည့်အခါမျှ မလျှောက်လှမ်းခဲ့သောသူတစ်ယောက်နှင့် ဘုရားသခင်ကို မည်သည့်အခါမျှ ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်ခြင်း မရှိခဲ့သော လူတစ်ဦးအပေါ် ဘုရားသခင်၏ နောက်ဆုံး ဆုံးဖြတ်ချက်ပင် ဖြစ်သည်။ ငါအစောပိုင်းက ပြောခဲ့သော ထိုဆိုရိုးစကား၏ အရေးပါပုံကို ယခု သင်တို့အားလုံး မြင်နိုင်ကြပြီလော။

လူတို့၏ အဆုံးသတ်ကို သတ်မှတ်ရန်အတွက် ဘုရားသခင် အသုံးပြုသော နည်းလမ်းကို ယခု သင်တို့ နားလည်ကြပြီလော။ (နေ့စဉ်နေ့တိုင်းပင် မတူညီသောအခြေအနေများကို သူစီစဉ်သည်။) "မတူညီသော အခြေအနေများကို သူစီစဉ်သည်။" ဟု ဆိုရာ၌ ဤအရာတို့မှာ လူတို့ခံစားပြီး ထိတွေ့နိုင်သော အရာများဖြစ်သည်။ ထိုသို့ဆိုသော် ဤသို့ပြုခြင်းအတွက် ဘုရားသခင်၏ အကြောင်းရင်းမှာ အဘယ်နည်း။ သူ၏ရည်ရွယ်ချက်မှာ ဘုရားသခင်သည် လူတစ်ဦးချင်းစီတိုင်းအား မတူညီသော အချိန်များနှင့် မတူညီသော နေရာများ၌ စမ်းသပ်မှုအမျိုးမျိုးကို ပေးရန်ဖြစ်သည်။ စမ်းသပ်မှုတစ်ခုအတွင်းတွင် လူ၏ မည်သည့်ကဏ္ဍမှာ စစ်ဆေးခြင်းကို ခံရသနည်း။ သင်သည် သင်ရင်ဆိုင်ရသော၊ ကြားရ၊ မြင်ရသော၊ ထို့ပြင် ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရသော အကြောင်းကိစ္စတိုင်း၌ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်သော လူအမျိုးအစား ဟုတ် မဟုတ် စမ်းသပ်မှုက အဆုံးအဖြတ်ပေးသည်။ ဘုရားသခင်သည် လူအားလုံးအပေါ် တရားမျှတသောကြောင့် အယောက်တိုင်းက ဤစမ်းသပ်မှု အမျိုးအစားကို ရင်ဆိုင်ကြရလိမ့်မည်။ သင်တို့ထဲမှ အချို့က "ကျွန်ုပ်သည် ဘုရားသခင်ကို နှစ်ပေါင်းများစွာ ယုံကြည်ခဲ့ပါပြီ၊ ထို့ကြောင့် စမ်းသပ်မှုတစ်ခုမျှ ကျွန်ုပ် အဘယ်ကြောင့် ရင်မဆိုင်ရဖူးသနည်း။" ဟု ဆိုကြသည်။ မည်သည့်စမ်းသပ်မှုကိုမျှ မရင်ဆိုင်ဖူးကြောင်း သင်ခံစားရခြင်းမှာ ဘုရားသခင်သည် သင့်အတွက် အခြေအနေများကို စီစဉ်ပေးသောအခါတိုင်း၊ သင်သည် ၎င်းတို့ကို အလေးအနက် မထားခဲ့ဘဲ၊ ဘုရားသခင်၏

လမ်းခရီး၌ လိုက်လျှောက်လိုခဲ့ခြင်း မရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်သည် ဘုရားသခင်၏ စမ်းသပ်မှုများကို လုံးလုံး သတိမပြုမိခြင်းသာ ဖြစ်သည်။ လူအချို့က “ကျွန်ုပ်သည် စမ်းသပ်မှု အနည်းငယ်ကို ရင်ဆိုင်ခဲ့ဖူးသည်၊ သို့သော် ကျွန်ုပ်သည် မည်သို့ မှန်မှန်ကန်ကန် လက်တွေ့လုပ်ဆောင်ရမည်ကို မသိပါ။ ကျွန်ုပ်သည် လက်တွေ့လုပ်ဆောင်ခဲ့သောအခါ၌ပင် ဘုရားသခင်၏ စမ်းသပ်မှုများအတွင်း ကျွန်ုပ် မြဲမြံစွာရပ်တည်ခဲ့ခြင်း ရှိ မရှိကို မသိသေးပါ။” ဟု ဆိုကြသည်။ ဤအခြေအနေမျိုး၌ရှိသော လူများမှာ လူနည်းစုထဲ၌ မရှိကြသည်မှာ သေချာပါသည်။ ထိုသို့ဆိုသော် လူတို့အား ဘုရားသခင်တိုင်းတာသော စံနှုန်းမှာ အဘယ်နည်း။ ၎င်းမှာ စောစောက ငါပြောခဲ့သည့်အတိုင်းပင် ဖြစ်သည်- သင်လုပ်သမျှ၊ တွေးသမျှနှင့် ထုတ်ဖော်ပြသမျှ၌ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ခြင်း ရှိ မရှိပင် ဖြစ်သည်။ ဤသည်မှာ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်သောသူတစ်ဦး ဟုတ်မဟုတ်ကို အဆုံးအဖြတ်ပေးပုံ ဖြစ်သည်။ ဤအယူအဆမှာ ရိုးရှင်းသလော၊ မရိုးရှင်းဘူးလော။ ပြောရသည်မှာ ရိုးရှင်းသော်လည်း၊ လက်တွေ့လုပ်ဆောင်ရန် လွယ်ကူသလော။ (သိပ်မလွယ်ကူပါ။) ၎င်းမှာ အဘယ်ကြောင့် သိပ်မလွယ်ကူသနည်း။ (အဘယ်ကြောင့်ဆိုသော် လူတို့သည် ဘုရားသခင်ကို မသိကြသည့်အပြင်၊ ဘုရားသခင်သည် လူတို့အား မည်ကဲ့သို့ စုံလင်အောင် ပြုလုပ်ပေးသည်ကို သူတို့မသိကြပေ၊ ထို့ကြောင့် ၎င်းတို့သည် ကိစ္စရပ်များကို ရင်ဆိုင်ရသည့်အခါ၊ မိမိတို့၏ ပြဿနာများကို ဖြေရှင်းရန်အတွက် သမ္မာတရားအား မည်ကဲ့သို့ ရှာဖွေရမည်ကို မသိကြခြင်းဖြစ်သည်။ လူတို့သည် ဘုရားသခင်အား ကြောက်ရွံ့ခြင်း၏ လက်တွေ့အရှိတရားကို မပိုင်ဆိုင်နိုင်မီ၊ အမျိုးမျိုးသော စမ်းသပ်မှုများ၊ စစ်ဆေးခြင်းများ၊ ပြစ်တင်ဆုံးမခြင်းများနှင့် တရားစီရင်ခြင်းများကို သူတို့ ဖြတ်သန်းကြရသည်။) သင်တို့ ထိုကဲ့သို့ ဆိုကောင်း ဆိုနိုင်သော်လည်း၊ သင်တို့၏ ထင်မြင်ချက်တွင် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်ခြင်းမှာ ယခုပင်လျှင် လွယ်ကူစွာ လုပ်ဆောင်၍ရနိုင်သယောင် ထင်ရသည်။ ဤသို့ အဘယ်ကြောင့် ငါပြောသနည်း။ အဘယ်ကြောင့်ဆိုသော် သင်တို့သည် တရားဟောချက် မြောက်မြားစွာကို နားထောင်ခဲ့ကြပြီဖြစ်ပြီး သမ္မာတရား၏ စစ်မှန်မှုမှ ပမာဏ မနည်းသော ရေလောင်းပေးခြင်းကို ခံခဲ့ကြပြီးသောကြောင့် ဖြစ်သည်။ ဤအရာက သင်တို့အား သဘောတရားအရနှင့် ဉာဏ်ပညာအရ ဘုရားသခင်အား မည်ကဲ့သို့ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ရမည်ကို နားလည်စေပြီဖြစ်သည်။ ထိုသို့ ဘုရားသခင်အား ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုအား ရှောင်ခြင်းကို လက်တွေ့လုပ်ဆောင်ပုံ နှင့်ပတ်သက်၍၊

ဤသိနားလည်ခြင်း အားလုံးသည် အလွန် အထောက်အကူ ဖြစ်နေပြီး ထိုကဲ့သို့သော အရာတစ်ခုကို လွယ်ကူစွာ ရရှိနိုင်သကဲ့သို့ သင်တို့အား ခံစားစေခဲ့သည်။ ထိုသို့ဆိုသော် လူတို့သည် ၎င်းကို အဘယ်ကြောင့် မည်သည့်အခါမျှ အမှန်တကယ် မရရှိနိုင်ကြသနည်း။ ဤသည်မှာ လူ့သဘာဝ၏ အနှစ်သာရသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်း မရှိဘဲ၊ မကောင်းမှုကို နှစ်သက်ခြင်းကြောင့် ဖြစ်သည်။ ဤသည်မှာ တကယ့်အကြောင်းရင်းဖြစ်သည်။

## ဘုရားသခင်ကို မကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို မရှောင်ခြင်းမှာ ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်သည်

"ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်း" ဟူသော ဤဆိုရိုးစကား မည်သည့်နေရာမှ လာခဲ့ကြောင်း သင်တို့ကို မေးခြင်းအားဖြင့် ငါအစပြုမည်။ (ယောဘဝတ္ထု။) ယောဘကို ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီဖြစ်၍၊ သူ့အကြောင်းကို ဆွေးနွေးကြပါစို့။ ယောဘ၏ခေတ်တွင် ဘုရားသခင်သည် လူသားတို့ကို ကယ်တင်ခြင်းနှင့် သိမ်းပိုက်ခြင်းအတွက် အလုပ်လုပ်နေခဲ့သလော။ သူ လုပ်မနေခဲ့ပါ။ ထိုသို့မဟုတ်သလော။ ယောဘနှင့်စပ်လျဉ်း၍လည်း ထိုအချိန်တွင် ဘုရားသခင်အကြောင်း သူ၌ အသိပညာမည်မျှ ရှိခဲ့သနည်း။ (များစွာ မရှိခဲ့ပေ။) ထို့ပြင် ထိုဘုရားသခင်အားသိသော အသိနှင့် သင်တို့ ယခုခေတ်တွင် သင်တို့သိသောအသိကို အဘယ်သို့ နှိုင်းယှဉ်ခဲ့သနည်း။ သင်တို့ မဖြေဝံ့ကြသည်မှာ အဘယ်ကြောင့်နည်း။ ယောဘက ယခု သင်တို့၌ရှိသော အသိပညာထက် များခဲ့သလော သို့မဟုတ် နည်းခဲ့သလော။ (နည်းခဲ့သည်။) ဤအရာမှာ အလွန်ဖြေရ လွယ်ကူသော မေးခွန်းတစ်ခုဖြစ်သည်။ နည်းခဲ့သည်။ ၎င်းမှာ အသေအချာပင်။ သင်တို့သည် ယခုအခါ ဘုရားသခင်နှင့် မျက်နှာချင်းဆိုင်ရှိ၍ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် မျက်နှာချင်းဆိုင် ရှိကြသည်။ သင်တို့သည် ယောဘထက် ဘုရားသခင်ကိုသိသော အသိသည် များစွာပိုသည်။ ဤအရာကို အဘယ်ကြောင့် ငါတင်ပြရသနည်း။ ဤအရာများကို ပြောပြရာ၌ ငါ၏ရည်ရွယ်ချက်မှာ အဘယ်နည်း။ သင်တို့အား အဖြစ်မှန်တစ်ခုကို ငါရှင်းပြလိုသည်၊ သို့သော် ငါမရှင်းပြမီ သင်တို့အား မေးခွန်းတစ်ခုကို မေးလိုသည်- ယောဘသည် ဘုရားသခင်အကြောင်း တကယ့်အနည်းအကျဉ်းသာ သိခဲ့သော်လည်း၊ သူ့ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်နိုင်ခဲ့သေးသည်။ ယနေ့ခေတ် လူတို့သည် အဘယ်ကြောင့် ထိုသို့ပြုရန် ပျက်ကွက်ကြသည်မှာ အဘယ့်ကြောင့်နည်း။ (သူတို့သည် အကြီးအကျယ် ဖောက်ပြန်ပျက်စီးကြသည်။) "အကြီးအကျယ် ဖောက်ပြန်ပျက်စီးခြင်း"- ဤသည်မှာ ပြဿနာကို ဖြစ်ပွားစေသော အပေါ်ယံဖြစ်ရပ် ဖြစ်သည်၊ သို့သော်လည်း ငါသည် ၎င်းကို

ထိုနည်းအတိုင်း ဘယ်သောအခါမှ ယူဆမည် မဟုတ်ပေ။ "အကြီးအကျယ် ဖောက်ပြန်ပျက်စီးခြင်း"၊ "ဘုရားသခင်ကို ပုန်ကန်ခြင်း"၊ "ဘုရားသခင်အပေါ် သစ္စာမဲ့ခြင်း"၊ "နာခံမှုမရှိခြင်း"၊ "သမ္မာတရားကို မနှစ်သက်ခြင်း" စသည်တို့ကဲ့သို့သော ခဏခဏအသုံးပြုသည့် ဩဝါဒများနှင့် ဝေါဟာရများကို မကြာခဏမှတ်ယူကာ ဤမှတ်သားရလွယ်သော စကားရပ်များအား အရေးကိစ္စ တစ်ခုချင်းစီ၏ အနှစ်သာရကို ရှင်းပြရန် အသုံးပြုတတ်ကြသည်။ ဤသည်မှာ အားနည်းချက်ရှိသော လက်တွေ့လုပ်ဆောင်မှု နည်းလမ်းတစ်မျိုး ဖြစ်သည်။ ကွဲပြားသော သဘောသဘာဝများ၏ အရေးကိစ္စများကို ရှင်းပြရန် တူညီသောအဖြေကို အသုံးပြုခြင်းက သမ္မာတရားနှင့် ဘုရားသခင်အကြောင်း ပြစ်မှားစော်ကားသော သံသယများကို မလွဲမရှောင်သာ ဖြစ်ပေါ်စေသည်။ ဤကဲ့သို့သော အဖြေမျိုး ကြားရသည်ကို ငါမကြိုက်ပေ။ ၎င်းကို လုံးစေ့ပတ်စေ့ ဆင်ခြင်လော့။ သင်တို့ တစ်ဦးတစ်ယောက်မျှ ဤအကြောင်းအရာကို ဆင်ခြင်ခဲ့ဖူးခြင်း မရှိကြပေ၊ သို့သော်လည်း ၎င်းကို နေ့စဉ် ငါမြင်နိုင်ပြီး နေ့စဉ် ငါခံစားနိုင်သည်။ ထို့ကြောင့် သင်တို့ လုပ်ဆောင်နေကြစဉ် ငါစောင့်ကြည့်နေ၏။ သင်တို့သည် တစ်စုံတစ်ခုကို ပြုလုပ်နေသည့်အချိန်တွင်၊ ၎င်း၏ အနှစ်သာရကို မခံစားနိုင်ကြပေ၊ သို့သော် ငါကြည့်သည့်အခါ ၎င်း၏အနှစ်သာရကို ငါမြင်နိုင်ပြီး ၎င်း၏အနှစ်သာရကိုလည်း ငါခံစားနိုင်သည်။ ထိုသို့ဆိုသော် ဤအနှစ်သာရမှာ အဘယ်နည်း။ အဘယ်ကြောင့် ယနေ့ခေတ် လူများသည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်နိုင်စွမ်း မရှိကြသနည်း။ သင်တို့၏အဖြေများမှာ ဤပြဿနာ၏ အနှစ်သာရကို ရှင်းလင်းနိုင်ရန်အတွက် အလှမ်းဝေးသည့်အပြင်၊ ၎င်းတို့က ထိုအရာကိုလည်း မရှင်းပြနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်း၌ သင်တို့ သတိမပြုမိသော အရင်းအမြစ်တစ်ခု ရှိသောကြောင့်ဖြစ်သည်။ ဤအရင်းအမြစ်မှာ အဘယ်နည်း။ ထိုအကြောင်းကို သင်တို့ ကြားလိုကြောင်း ငါသိသည်၊ ထို့ကြောင့် ဤပြဿနာ၏ အရင်းအမြစ်အကြောင်းကို သင်တို့အား ငါ ပြောပြမည်။

ဘုရားသခင်သည် အမှုကို စလုပ်ခဲ့ကတည်းက သူသည် လူသားများကို မည်သို့ သဘောထားခဲ့သနည်း။ ဘုရားသခင်သည် သူတို့ကို ကယ်ဆယ်ခဲ့သည်။ သူသည် လူသားတို့ကို သူ၏မိသားစုဝင်များအဖြစ်၊ သူ့အမှု၏ ဦးတည်ရာများအဖြစ်၊ သူ သိမ်းပိုက်ပြီး ကယ်တင်လိုခဲ့သောသူများနှင့်၊ သူ စုံလင်စေလိုသောသူများအဖြစ် ရှုမြင်ထားခဲ့သည်။ ဤသည်မှာ သူ့အမှု၏ အစ၌ လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ သဘောထား ဖြစ်ခဲ့သည်။ သို့ဆိုလျှင် ထိုအချိန်က ဘုရားသခင်အပေါ် လူသားတို့၏ သဘောထားမှာ အဘယ်နည်း။ ဘုရားသခင်သည် လူသားများအတွက် စိမ်းနေခဲ့ပြီး ဘုရားသခင်ကို သူတို့က

သူစိမ်းတစ်ယောက်အဖြစ် သဘောထားခဲ့ကြသည်။ ဘုရားသခင်အပေါ် သူတို့၏သဘောထားမှာ မှန်ကန်သော ရလဒ်များကို မဖြစ်ထွန်းစေခဲ့ဘဲ၊ သူတို့က ဘုရားသခင်ကို မည်ကဲ့သို့ ဆက်ဆံသင့်ကြောင်း ရှင်းလင်းသော နားလည်ခြင်း မရှိခဲ့ကြပါဟု ဆိုနိုင်ပါသည်။ သို့ဖြစ်၍ သူတို့သည် ဘုရားသခင်ကို သူတို့အလိုရှိသကဲ့သို့ ဆက်ဆံခဲ့ပြီး သူတို့နှစ်သက်သည့် အရာမှန်သမျှကို လုပ်ခဲ့ကြသည်။ သူတို့၌ ဘုရားသခင်နှင့် ပတ်သက်သော ထင်မြင်ချက်တစ်စုံတစ်ရာ ရှိခဲ့ကြသလော။ အစ၌ သူတို့ မရှိကြပေ။ သူတို့၏ မည်ကာမတ္တ ထင်မြင်ချက်များတွင် ဘုရားသခင်နှင့် သက်ဆိုင်သည့် အချို့သော အယူအဆများနှင့် ခန့်မှန်းစိတ်ကူးများသာ ပါဝင်ခဲ့သည်။ သူတို့သည် သူတို့၏ အယူအဆများနှင့် ကိုက်ညီသည့်အရာကို လက်ခံခဲ့ပြီး၊ တစ်စုံတစ်ရာက သူတို့၏အယူအဆများနှင့် မကိုက်ညီသောအခါ၊ သူတို့က ယင်းကို အပေါ်ယံ၌သာ နာခံခဲ့ကြသော်လည်း၊ စိတ်နှလုံးထဲတွင် ၎င်းကို ပြင်းထန်စွာ ကွဲလွဲသည်ဟု ခံစားပြီး ယင်းကို ဆန့်ကျင်ခဲ့ကြသည်။ ဤသည်မှာ အစအဦး၌ ဘုရားနှင့် လူသားများကြားက ဆက်ဆံရေး ဖြစ်ခဲ့သည်- ဘုရားသခင်က သူတို့ကို မိသားစုဝင်များအဖြစ် သဘောထားခဲ့သော်လည်း၊ သူတို့က ဘုရားသခင်ကို သူစိမ်းတစ်ဦးအဖြစ် ဆက်ဆံခဲ့ကြသည်။ သို့သော်လည်း ဘုရားသခင့်အမှု၏ အချိန်ကာလတစ်ခုနောက်တွင် သူက မည်သည့်အရာကိုရရှိရန် ကြိုးစားနေကြောင်းကို လူသားတို့ နားလည်လာခဲ့ကြပြီး သူသည် စစ်မှန်သော ဘုရားဖြစ်ကြောင်းကို သူတို့ သိခဲ့ကြသည်။ သူတို့သည် ဘုရားသခင်ထံမှ မည်သည့်အရာကို ရရှိနိုင်ကြောင်းကိုလည်း သူတို့ သိလာခဲ့ကြသည်။ ဤအချိန်၌ လူတို့သည် ဘုရားသခင်ကို မည်ကဲ့သို့ သဘောထားခဲ့ကြသနည်း။ သူတို့သည် သူ့ကို အသက်သွေးကြောအဖြစ် ရှုမြင်ခဲ့ကြပြီး သူ၏ကျေးဇူးတော်၊ ကောင်းချီးမင်္ဂလာများနှင့်၊ ကတိတော်များကို ပေးအပ်ခြင်းခံရရန် မျှော်လင့် ခဲ့ကြသည်။ ဤအချိန်တွင် ဘုရားသခင်သည် လူသားတို့အား မည်ကဲ့သို့ သဘောထားခဲ့သနည်း။ သူသည် လူတို့အား သူ့သိမ်းပိုက်ခြင်း၏ ပစ်မှတ်များအဖြစ် ရှုမြင်ခဲ့သည်။ ဘုရားသခင်သည် သူတို့ကို တရားစီရင်ရန်၊ သူတို့ကို စစ်ဆေးရန်နှင့်၊ သူတို့အား စမ်းသပ်မှုများကြား၌ ထားရှိရန်အတွက် နှုတ်ကပတ်တော်များကို အသုံးပြုလိုခဲ့သည်။ သို့သော်လည်း ထိုအချိန်၌ လူတို့အနေဖြင့် ဘုရားသခင်သည် သူတို့ကိုယ်တိုင်၏ ရည်မှန်းချက်ပန်းတိုင်များ ရရှိရန် သူတို့အသုံးပြုနိုင်သော အရာဝတ္ထုတစ်ခုမျှ ဖြစ်ခဲ့သည်။ ဘုရားသခင် ထုတ်ပြန်သော သမ္မာတရားသည် ၎င်းတို့အား သိမ်းပိုက်ပြီး ကယ်တင်နိုင်ကြောင်းနှင့် ၎င်းတို့သည် ဘုရားသခင်ထံမှ ၎င်းတို့အလိုရှိသော အရာတို့ကို ရရန်သော်လည်းကောင်း၊ ၎င်းတို့အလိုရှိသော ခရီးဆုံးပန်းတိုင်သို့

ရောက်ရန်သော်လည်းကောင်း ၎င်းတို့၌ အခွင့်အရေး တစ်ခုရှိကြောင်း မြင်ခဲ့ကြသည်။ ဤအရာကြောင့် ၎င်းတို့၏ စိတ်နှလုံးထဲ၌ ရိုးသားမှု အစအနလေး ဖြစ်တည်လာခဲ့ပြီး ၎င်းတို့သည် ဤဘုရားသခင် နောက်သို့လိုက်ရန် အလိုရှိလာခဲ့ကြသည်။ အချိန်ကျော်လွန်ခဲ့သည်နှင့်အမျှ လူတို့၌ ဘုရားသခင် အကြောင်း အပေါ်ယံနှင့် ဩဝါဒဆိုင်ရာ သိနားလည်မှု ရှိလာခဲ့ခြင်းကြောင့်၊ လူသားတို့သည် ဘုရားသခင်နှင့် သူပြောဆိုသော နှုတ်ကပတ်တော်များ၊ သူ၏ ဟောပြောချက်၊ သူထုတ်ပြန်လိုက်သော သမ္မာတရားများနှင့် သူ၏အမှုတို့နှင့် စတင် "ရင်းနှီးကျွမ်းဝင်" လာသည်ဟုပင် ဆိုနိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့မှာ ဘုရားသခင်သည် မစိမ်းတော့ကြောင်းနှင့် ၎င်းတို့သည် ဘုရားသခင်နှင့် သဟဇာတဖြစ်လာမည့် လမ်းကြောင်း၌ လျှောက်လှမ်းနှင့်ပြီးပြီဖြစ်ကြောင်း မှားယွင်းသော အယူအဆ အောက်တွင် ရှိခဲ့ကြသည်။ ယခုတွင်မူ လူတို့သည် သမ္မာတရားနှင့်စပ်လျဉ်း၍ တရားဟောချက်များစွာကို နားထောင်ခဲ့ကြပြီး ဘုရားသခင်၏ များစွာသောအမှုတို့ကို တွေ့ကြုံခဲ့ဖူးကြပြီ ဖြစ်သည်။ သို့သော်လည်း အမျိုးမျိုးသော အကြောင်းရင်းများနှင့် အခြေအနေများက ဖြစ်ပေါ်စေသော နှောင့်ယှက်မှုနှင့် တားဆီးပိတ်ဆို့မှုတို့ကြောင့် လူအများစုသည် သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရာ၌ မအောင်မြင်နိုင်ကြသလို၊ ဘုရားသခင်ကိုလည်း မကျေနပ်စေနိုင်ကြချေ။ လူတို့သည် ပို၍ပို၍ လျော့ရဲလာကြပြီး ယုံကြည်စိတ်ချမှုအပိုင်း၌ ပို၍ပို၍ ချို့တဲ့လာကြသည်။ ၎င်းတို့ကိုယ်တိုင်၏ အဆုံးသတ်ကို မသိရပါဟု ပို၍ပို၍ ခံစားလာကြရသည်။ ၎င်းတို့သည် လွန်ကဲသော အကြံအစည် တစ်စုံတစ်ရာမျှ မရှိဝံ့ကြဘဲ၊ တိုးတက်မှု ပြုလုပ်ရန်အတွက် မကြိုးပမ်းကြတော့ပေ၊ ၎င်းတို့သည် အင်တင်တင်ဖြင့်သာ လိုက်ပါကြပြီး ရှေ့သို့ တစ်လှမ်းချင်း သွားနေကြသည်။ လူသားတို့၏ လက်ရှိအခြေအနေနှင့် ပတ်သက်၍ သူတို့အပေါ် ဘုရားသခင်၏ သဘောထားမှာ အဘယ်နည်း။ ဘုရားသခင်သည် လူတို့အား ဤသမ္မာတရားများကို ပေးရန်နှင့် သူ၏ လမ်းခရီးကို လူတို့အထဲ၌ ပြည့်ဝစေပြီး သူတို့ကို မတူညီသော ပုံစံများဖြင့် စစ်ဆေးရန်အတွက် အမျိုးမျိုးသော အခြေအနေများကို စီစဉ်ရန်သာ အလိုရှိသည်။ သူ၏ ရည်မှန်းချက်ပန်းတိုင်မှာ ဤနှုတ်ကပတ်တော်များ၊ ဤသမ္မာတရားများနှင့် သူ၏ အမှုတို့ကိုယူကာ လူသားများသည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်နိုင်စွမ်းရှိလာမည့် အဆုံးသတ်တစ်ခုကို ဖြစ်ပေါ်စေရန် ဖြစ်သည်။ ငါမြင်ဖူးသော လူအများစုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ယူကာ ဩဝါဒများ၊ စာရွက်ပေါ်က ကျမ်းဟောင်းတရားသက်သက်၊ လိုက်နာရမည့် စည်းမျဉ်းများအဖြစ်သာလျှင် သဘောထားကြသည်။ သူတို့၏ လုပ်ဆောင်များနှင့် စကားပြောဆိုပုံတို့တွင်၊ သို့မဟုတ် စမ်းသပ်မှုများကို ရင်ဆိုင်ရသည့်အခါ၊ သူတို့သည် ဘုရားသခင်၏ လမ်းခရီးကို သူတို့

လိုက်နာသင့်သော လမ်းခရီးတစ်ခုအဖြစ် သဘောမထားကြချေ။ ဤသည်မှာ လူတို့သည် ကြီးမားသော စမ်းသပ်မှုများကို ရင်ဆိုင်ရသည့်အခါ အထူးသဖြင့် မှန်ပေသည်။ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုရှောင်သည့် ဦးတည်ရာဘက်၌ လက်တွေ့လုပ်ဆောင်နေသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ ငါမမြင်ဖူးပေ။ ဤအရာကြောင့် လူသားများ အပေါ် ဘုရားသခင်၏ သဘောထားမှာ အလွန်အမင်း စက်ဆုပ်ရွံရှာခြင်းနှင့် မနှစ်သက်ခြင်းတို့ဖြင့် ပြည့်လျက်ရှိပေသည်။ ဘုရားသခင်သည် လူတို့အား စမ်းသပ်မှုများကို အကြိမ်ရာပေါင်းများစွာပင် အဖန်ဖန် ပေးခဲ့ပြီးသော်လည်း၊ ၎င်းတို့က "ငါသည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်လိုပါသည်။" ဟူသည့် စိတ်ပိုင်းဖြတ်ချက်ကို လက်တွေ့ပြသည့် ရှင်းလင်းသော မည်သည့်သဘောထားကိုမျှ မရှိကြသေးပေ။ လူတို့၌ ဤစိတ်ပိုင်းဖြတ်ချက် မရှိကြဘဲ၊ ဤကဲ့သို့ ပြသခြင်းမျိုး မရှိကြသည့်အတွက် ၎င်းတို့အပေါ် ဘုရားသခင်၏ လက်ရှိသဘောထားသည် အတိတ်ကကဲ့သို့ သူတို့အား သူ၏ သနားခြင်းကရုဏာ၊ သည်းခံခြင်း၊ သဘောထားကြီးခြင်းနှင့် စိတ်ရှည်ခြင်းကို တိုးပေးခဲ့သည့်အချိန်နှင့် မတူညီတော့ပေ။ ထိုအစား သူသည် လူသားတို့အပေါ် အလွန်အမင်း စိတ်ပျက်လာသည်။ မည်သူက ဤစိတ်ပျက်ခြင်းကို ဖြစ်စေခဲ့သနည်း။ လူသားတို့အပေါ် ရှိသော ဘုရားသခင်၏ သဘောထားမှာ မည်သူ့အပေါ် မူတည်သနည်း။ ၎င်းမှာ ဘုရားသခင်နောက်လိုက်သောသူ အယောက်တိုင်းအပေါ် မူတည်သည်။ သူ၏ နှစ်ပေါင်းများစွာ အလုပ်လုပ်နေသည့် ကာလအတွင်း ဘုရားသခင်သည် လူတို့အား တောင်းဆိုချက်များစွာ ပြုခဲ့ပြီး သူတို့အတွက် အခြေအနေများစွာကို စီစဉ်ခဲ့သည်။ သို့သော်လည်း သူတို့သည် မည်သို့ပင် လုပ်ဆောင်ထားပြီးစေကာမူ၊ ဘုရားသခင်အပေါ် သူတို့၏ သဘောထားမှာ မည်သို့ပင်ဖြစ်ပါစေ၊ လူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်း၏ ရည်မှန်းချက်ပန်းတိုင် နှင့် လုံး၀အညီ လက်တွေ့လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြသည်။ ထို့ကြောင့် ငါသည် အနှစ်ချုပ်စကားရပ်တစ်ခုကို ပေးပြီး လူတို့သည် အဘယ်ကြောင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်းဟူသော ဘုရားသခင်၏ လမ်းခရီး၌ မလျှောက်လှမ်းနိုင်ခြင်းနှင့် ပတ်သက်၍ ငါတို့ ယခုတင်ပြောခဲ့သည့် အရာမှန်သမျှကို ရှင်းပြရန် ဤစကားရပ်ကို ငါအသုံးပြုမည်။ ဤစကားရပ်မှာ အဘယ်နည်း။ ယင်းမှာ- ဘုရားသခင်သည် လူသားများကို သူ့ကယ်တင်ခြင်း၏ ဦးတည်ရာများနှင့် သူ့အမှု၏ ဦးတည်ရာများအဖြစ် သဘောထားပြီး၊ လူသားများက ဘုရားသခင်ကို သူတို့၏ရန်သူ၊ သူတို့၏ ပကတိဆန့်ကျင်ဘက်အဖြစ် သဘောထားကြသည် ဟူ၍ဖြစ်သည်။ ဤအကြောင်းအရာအပေါ် ရှင်းလင်းသောနားလည်မှု သင် ယခုရှိပြီလော။ လူသားမျိုးနွယ်၏ သဘောထားမှာ

မည်သည့်အရာဖြစ်ကြောင်း၊ ဘုရားသခင်၏ သဘောထားမှာ မည်သည့်အရာဖြစ်ကြောင်းနှင့်၊ လူသားများနှင့် ဘုရားသခင်အကြား ဆက်ဆံရေးမှာ မည်သို့ဖြစ်ကြောင်းတို့မှာ အလွန်ပင် ရှင်းလင်းပေသည်။ သင်တို့သည် တရားဟောချက် မည်မျှကို နားထောင်ခဲ့စေကာမူ၊ ဘုရားသခင်အပေါ် သစ္စာရှိခြင်း၊ ဘုရားသခင်ကို ကျိုးနွံနာခံခြင်း၊ ဘုရားသခင်နှင့် သဟဇာတဖြစ်လာမည့်လမ်းကို ရှာဖွေခြင်း၊ ဘုရားသခင်အတွက် ရာသက်ပန် အသုံးတော်ခံလိုခြင်းနှင့်၊ ဘုရားသခင်အတွက် အသက်ရှင်လိုခြင်းကဲ့သို့သော သင်တို့ကိုယ်တိုင်၏ ကောက်ချက်ဆွဲခြင်းများ၊ ငါ့အတွက်မူကား ထိုအရာများမှာ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်းတည်းဟူသော ဘုရားသခင်၏ လမ်းခရီး၌ သတိရှိစွာ လျှောက်လှမ်းခြင်း၏ ပြယုဂ်များ မဟုတ်ပေ၊ ထို့ထက် ၎င်းတို့မှာ သေချာသော ရည်မှန်းချက်ပန်းတိုင်များကို သင်တို့ ရနိုင်သော လမ်းကြောင်းများသာလျှင် ဖြစ်သည်။ ဤရည်မှန်းချက်ပန်းတိုင်များကို ရယူရန် သင်တို့သည် အချို့သော စည်းမျဉ်းများကို ဝန်လေးစွာဖြင့် လိုက်နာကြသည်၊ ထို့အပြင် လူတို့အား ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်း၏ လမ်းခရီးမှ ပို၍ပင် အဝေးသို့ ခေါ်ဆောင်သွားပြီး ဘုရားသခင်အား လူတို့နှင့် ဆန့်ကျင်ဘက်အဖြစ် နောက်ထပ် တစ်ကြိမ် ရောက်ရှိစေသည်မှာ ဤစည်းမျဉ်းများပင် အတိအကျဖြစ်သည်။

ယနေ့ ခေါင်းစဉ်မှာ အနည်းငယ် ခက်ခဲနက်နဲပါသည်၊ သို့သော် မည်သို့ပင်ဖြစ်စေ၊ သင်တို့သည် ရောက်လာမည့် အတွေ့အကြုံများနှင့် ကျရောက်လာမည့် အချိန်များကို ကျော်ဖြတ်သည့်အခါ၊ သင်တို့အား ငါ ယခုလေးတင် ပြောခဲ့သောအရာများကို သင်တို့လုပ်နိုင်ကြမည်ဟု ငါ မျှော်လင့်နေဆဲဖြစ်သည်။ ဘုရားသခင်ကို ဘာမျှမရှိသော လေထုကြီးကဲ့သို့၊ သင့်အတွက် အသုံးဝင်သည့်အခါ၌ သူတည်ရှိသော်လည်း၊ အသုံးမဝင်သည့် အခါ၌ သူမတည်ရှိသကဲ့သို့ သဘောမထားကြနှင့်။ သင်သည် ဤကဲ့သို့သော အတွေးမျိုး သင်၏မသိစိတ်ထဲတွင် ရှိသည့်အခါ၊ သင်သည် ဘုရားသခင်ကို ဒေါသထွက်စေပြီ ဖြစ်သည်။ “ကျွန်ုပ်သည် ဘုရားသခင်ကို ဘာမျှမရှိသော လေသက်သက်အဖြစ် သဘောမထားပါ။ ဘုရားသခင်ထံ ကျွန်ုပ် အမြဲဆုတောင်းပြီး ဘုရားသခင်ကို ကျေနပ်စေရန် ကျွန်ုပ် အမြဲကြိုးစားသည့်အပြင်၊ ကျွန်ုပ်ပြုသမျှမှာ ဘုရားသခင်တောင်းဆိုသော နယ်ပယ်၊ စံနှုန်းနှင့် နိယာမများအတွင်း၌ ရှိပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ကိုယ်ပိုင်စိတ်ကူးများဖြင့် လက်တွေ့လုပ်ဆောင်ခြင်း လုံးဝမပြုပါ။” ဟု ဆိုသောလူများ ရှိကောင်းရှိနိုင်ပါသည်။ ဟုတ်ပါသည်၊ သင်လက်တွေ့လုပ်ဆောင်နေသော ပုံစံမှာ မှန်ကန်ပါသည်။ သို့သော်လည်း ပြဿနာတစ်ခုကို မျက်နှာချင်းဆိုင် သင်ရင်ဆိုင်ရသည့်အခါ၊ သင် မည်ကဲ့သို့ စဉ်းစားသနည်း။ ကိစ္စရပ်တစ်ခုကို

သင်ရင်ဆိုင်ရသည့်အခါ၊ သင် မည်ကဲ့သို့ လက်တွေ့လုပ်ဆောင်သနည်း။ လူအချို့က ၎င်းတို့ ဘုရားသခင်ထံ ဆုတောင်းသည့်အခါနှင့် ဘုရားသခင်ထံ အသနားခံသည့်အခါ ဘုရားသခင် တည်ရှိကြောင်း ခံစားကြသော်လည်း၊ ပြဿနာတစ်ခုကို ကြုံတွေ့ရသည့်အခါတိုင်း ၎င်းတို့သည် မိမိတို့၏ကိုယ်ပိုင် စိတ်ကူးများ ရလာပြီး ယင်းတို့ကို လိုက်နာလိုကြသည်။ ဤသည်မှာ သူတို့က ဘုရားသခင်အား ဘာမျှမရှိသော လေထုကြီးကဲ့သို့ သဘောထားသည်ဟု ဆိုလိုခြင်းဖြစ်ပြီး ဤကဲ့သို့သော အခြေအနေမျိုးက ၎င်းတို့၏ စိတ်ထဲ၌ ဘုရားသခင်ကို မတည်ရှိသောသူ ဖြစ်စေသည်။ လူတို့က ဘုရားသခင်သည် ၎င်းတို့ သူ့ကို လိုအပ်သည့်အချိန်၌ ရှိသင့်ပြီး ၎င်းတို့ သူ့ကို မလိုအပ်သည့်အခါ၊ မရှိသင့်ဟု တွေးတတ်ကြသည်။ လူတို့က ၎င်းတို့၏ကိုယ်ပိုင် စိတ်ကူးများအပေါ် အခြေခံ၍ လက်တွေ့လုပ်ဆောင်ခြင်းမှာ လုံလောက်သည်ဟု ထင်ကြသည်။ ၎င်းတို့က မိမိနှစ်သက်သည့် မည်သည့်အရာကိုမဆို လုပ်နိုင်သည်ဟု ထင်တတ်ကြသည်။ ၎င်းတို့သည် ဘုရားသခင်၏ လမ်းခရီးကို ရှာဖွေရန် လိုအပ်သည်ဟု တကယ့်ကို မတွေးကြပေ။ ဤကဲ့သို့သော အနေအထားမျိုး၌ လောလောဆယ် ရှိနေပြီး ဤကဲ့သို့သော အခြေအနေမျိုး၌ နစ်နေသော လူများအနေဖြင့် သူတို့သည် အန္တရာယ်ကို ဖိတ်ခေါ်နေကြသည် မဟုတ်လော။ လူအချို့က "ကျွန်ုပ်သည် အန္တရာယ်ကို ဖိတ်ခေါ်နေသည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ၊ ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ယုံကြည်ခဲ့ပြီဖြစ်၍ ဘုရားသခင်သည် ကျွန်ုပ်အား စွန့်ပစ်ရက်မည် မဟုတ်သောကြောင့် ကျွန်ုပ်အား စွန့်ပစ်လိမ့်မည် မဟုတ်ဟု ကျွန်ုပ်ယုံကြည်သည်။" ဟု ဆိုကြသည်။ အခြားလူတို့က "ကျွန်ုပ်သည် မိခင်၏ဝမ်းထဲ၌ ရှိနေခဲ့သည့် အချိန်မှစ၍ သခင့်ကို ယုံကြည်ခဲ့ပြီ။ နှစ်ပေါင်းလေးဆယ် သို့မဟုတ် ငါးဆယ် ရှိပြီဖြစ်သဖြင့် အချိန်အားဖြင့်ဆိုလျှင် ကျွန်ုပ်သည် ဘုရားသခင်၏ ကယ်တင်ခြင်းကိုခံရရန် အရည်အချင်း အပြည့်မီဆုံးဖြစ်ပြီး ကျွန်ုပ်သည် အောင်မြင်ကျော်လွှားရန် အရည်အချင်း အပြည့်မီဆုံးဖြစ်သည်။ ဤဆယ်စုနှစ် လေးစု သို့မဟုတ် ငါးစုအတွင်း ကျွန်ုပ်သည် ကျွန်ုပ်၏မိသားစုနှင့် ကျွန်ုပ်၏အလုပ်ကို စွန့်ပစ်ထားခဲ့သည်။ ငွေကြေး၊ ရာထူးဂုဏ်ပုဒ်၊ ပျော်ရွှင်မှုနှင့် မိသားစုအချိန် ကဲ့သို့သော ကျွန်ုပ်၌ရှိသမျှ အရာများအားလုံးကို စွန့်လွှတ်ခဲ့သည်။ အရသာရှိသည့် အစားအစာများစွာ ကျွန်ုပ်မစားဖူးခဲ့၊ ပျော်ရွှင်စရာများစွာ ကျွန်ုပ်မပျော်မွေ့ဖူးခဲ့ပါ၊ စိတ်ဝင်စားဖွယ်ကောင်းသော နေရာများစွာ ကျွန်ုပ် မလည်ပတ်ခဲ့ဖူးပါ၊ ထို့ပြင် ကျွန်ုပ်သည် သာမန်လူတို့ မခံနိုင်သော ဒုက္ခဆင်းရဲကိုပင် ကြုံတွေ့ခံစားခဲ့ဖူးသည်။ အကယ်၍ ဘုရားသခင်သည် ဤအရာအားလုံးအတွက်ကြောင့် ကျွန်ုပ်အား မကယ်တင်နိုင်ပါက၊ ကျွန်ုပ်သည် မျှတမှုမရှိဘဲ ဆက်ဆံခံနေရပြီဖြစ်ပြီး ဤကဲ့သို့သော ဘုရားသခင်မျိုးကို ကျွန်ုပ် မယုံကြည်နိုင်ပါ" ဟု ဆိုကြသည်။ ဤကဲ့သို့သော အမြင်မျိုးရှိသည့် လူတို့ များစွာရှိသလော။ (များစွာရှိပါသည်။)

ထိုသို့ဆိုသော် ယနေ့ သင်တို့အား အဖြစ်မှန်တစ်ခုကို နားလည်စေဖို့ ငါကူညီမည်- ဤကဲ့သို့သော အမြင်မျိုးနှင့် လူတို့အားလုံးမှာ မိမိတို့ကိုယ်ကိုယ် အခက်တွေ့အောင် လုပ်နေကြခြင်းပင် ဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မိမိတို့၏ကိုယ်ပိုင် စိတ်ကူးများဖြင့် မိမိတို့၏မျက်လုံးများကို ဖုံးကွယ် နေကြသောကြောင့် ဖြစ်သည်။ လူသားများ ဖြည့်ဆည်းရန် ဘုရားသခင်တောင်းဆိုသော စံနှုန်းကို အစားထိုးပြီး ဘုရားသခင်၏ တကယ့်ရည်ရွယ်ချက်များကို လက်ခံခြင်းမှ ၎င်းတို့အား ဟန့်တားထားသည်မှာ ဤစိတ်ကူးများရော သူတို့၏ကိုယ်ပိုင် ကောက်ချက်များပါ ဧကန်ဖြစ်သည်။ ယင်းက သူတို့အား ဘုရားသခင်၏ အမှန်တကယ် တည်ရှိခြင်းကို မခံစားရနိုင်စေရန် ပြုလုပ်ပြီး ယင်းက သူတို့အား ဘုရားသခင်၏ ကတိတော်ထဲတွင်ရှိသော အစိတ်အပိုင်း သို့မဟုတ် ဝေစုဟူသမျှကို ပစ်ပယ်ကာ ဘုရားသခင်၏ စုံလင်အောင်ပြုလုပ်ပေးခြင်းကို ခံရမည့် အခွင့်အရေးကိုလည်း ဆုံးရှုံးစေပါသည်။

## လူတို့၏ အဆုံးသတ်များကို ဘုရားသခင် သတ်မှတ်ပုံနှင့် ထိုသို့ပြုရာ၌ သူအသုံးပြုသော စံနှုန်းများ

သင်သည် မည်သည့်အမြင် သို့မဟုတ် ကောက်ချက် တစ်စုံတစ်ရာကို မရွေးချယ်မီ သင်သည် သင့်အပေါ်၌ ရှိသော ဘုရားသခင်၏ သဘောထားနှင့် သူ စဉ်းစားနေသည့်အရာကို ဦးစွာ နားလည်သင့်ပြီး၊ ထို့နောက် သင်၏ကိုယ်ပိုင် အတွေးအခေါ် မှန်သည်မမှန်သည်ကို ဆုံးဖြတ်နိုင်သည်။ ဘုရားသခင်သည် လူတစ်ဦး၏ အဆုံးသတ်ကို သတ်မှတ်ရန်အတွက် အချိန်ကို အတိုင်းအတာယူနစ်အဖြစ် မည်သည့်အခါမျှ အသုံးပြုခြင်း မရှိခဲ့ဖူးသကဲ့သို့ သူသည် လူတစ်ဦးက မည်မျှ ဒုက္ခခံစားခဲ့ရသည် ဟူသည့် စိစစ်သတ်မှတ်ခြင်းမျိုး အပေါ်၌လည်း မည်သည့်အခါမျှ အခြေမံပြုခဲ့ဖူးပါပေ။ ထိုသို့ဆိုသော် လူတစ်ဦး၏ အဆုံးသတ်ကို သတ်မှတ်ရန် စံနှုန်းတစ်ခုအဖြစ် မည်သည့်အရာကို ဘုရားသခင် အသုံးပြုသနည်း။ အချိန်ကို အခြေခံ၍ သတ်မှတ်ခြင်းမှာ လူတို့၏ အယူအဆများနှင့် အကိုက်ညီဆုံးသော အရာပင်ဖြစ်မည်။ ထို့အပြင် သင်တို့ မကြာခဏတွေ့မြင်ရသည့် တစ်ချိန်တစ်ခါက များစွာ ဆက်ကပ်ခဲ့သော၊ အသုံးတော်ခံခဲ့သော၊ အဖိုးအခကြီးစွာ ပေးခဲ့သော၊ ကြီးမားစွာ ဒုက္ခဆင်းရဲခံခဲ့သောသူများ ရှိသည်။ သင်တို့၏အမြင်တွင် ထိုသူများမှာ ဘုရားသခင်၏ ကယ်တင်ခြင်းကို ခံရနိုင်သောသူများ ဖြစ်ကြသည်။ ဤလူများ လက်တွေ့ပြသပြီး အသက်ရှင်နေထိုင်ခဲ့သည့်အရာ မှန်သမျှသည် လူတစ်ဦး၏ အဆုံးသတ်ကို သတ်မှတ်ရန်အတွက် ဘုရားသခင်ချမှတ်ထားသော စံနှုန်းများနှင့်ပတ်သက်၍ လူသားတို့၏

အယူအဆများနှင့် အတိအကျ ကိုက်ညီပေသည်။ သင်တို့ မည်သည့်အရာကို ယုံကြည်သည်ဖြစ်စေ၊ ငါသည် ဤဥပမာများကို တစ်ခုပြီးတစ်ခု စာရင်းမှတ်မည်မဟုတ်ပေ။ အချုပ်အားဖြင့်ဆိုရလျှင် ဘုရားသခင်ကိုယ်တိုင်၏ အယူအဆ၌ ရှိသော စံနှုန်းမဟုတ်သည့်အရာ မှန်သမျှသည် လူ၏ စိတ်အထင်မှ လာခြင်းသာဖြစ်ပြီး ထိုကဲ့သို့သော အရာအားလုံးမှာ လူ၏ အယူအဆများပင် ဖြစ်သည်။ သင်၏ ကိုယ်ပိုင်အယူအဆများ နှင့် စိတ်ကူးများအပေါ် ကျိုးကြောင်းမမြင်ဘဲ မလျှော့တမ်း ပြောနေလျှင် ရလဒ်က အဘယ်အရာဖြစ်မည်နည်း။ ဤအရာ၏ အကျိုးဆက်မှာ ဘုရားသခင် သင့်အား ပစ်ပယ်ခြင်းသာလျှင် ဖြစ်နိုင်သည်မှာ အတော်ပင် သိသာပါသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သင်သည် သင်၏ အရည်အချင်းများကို ဘုရားသခင်ရှေ့၌ အမြဲကြွားလုံးထုတ်ကာ သူနှင့် ယှဉ်ပြိုင်ပြီး သူနှင့် အငြင်းပွားသောကြောင့် ဖြစ်ပြီး၊ သင်တို့သည် သူ၏ တွေးခေါ်ခြင်းကို အမှန်တကယ် နားလည်သဘောပေါက်ရန် မကြိုးစားသည့်အပြင် လူသားမျိုးနွယ်အပေါ် သူ၏အလိုတော်နှင့် သူ၏သဘောထားကို နားလည်သဘောပေါက်ရန် မကြိုးစားကြသောကြောင့် ဖြစ်သည်။ ဤပုံစံအတိုင်း ရှေ့ဆက်ခြင်းက သင့်ကိုယ်သင် အရာခပ်သိမ်းအထက်၌ ချီးမြှောက်ခြင်းဖြစ်ပြီး၊ ဘုရားသခင်ကို ချီးပင့်မြှောက်စားခြင်း မဟုတ်ပေ။ သင်သည် သင့်ကိုယ်သင် ယုံကြည်ပြီး၊ ဘုရားသခင်ကို မယုံကြည်ပေ။ ဘုရားသခင်သည် ဤကဲ့သို့သော လူတို့ကို အလိုမရှိသည့်အပြင် သူသည် သူတို့အတွက် ကယ်တင်ခြင်းကိုလည်း ယူဆောင်လာမည် မဟုတ်ပေ။ အကယ်၍ သင်သည် ဤအမြင်မျိုးကို လက်လွှတ်နိုင်သည်သာမက၊ အတိတ်က သင်ရှိခဲ့သည့် မှားယွင်းသော ထိုအမြင်များကို ပြုပြင်နိုင်ပါက၊ အကယ်၍ သင်သည် ဘုရားသခင်၏ တောင်းဆိုချက်များနှင့်အညီ ရှေ့ဆက်နိုင်ပါက၊ ယခုအချိန်မှစ၍ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုအား ရှောင်ခြင်းလမ်းခရီးကို လက်တွေ့လုပ်ဆောင် နိုင်ပါက၊ အရာခပ်သိမ်းတွင် ဘုရားသခင်ကို ကြီးမြတ်သောအရှင်အဖြစ် ချီးမြှောက်လာနိုင်ပြီး မိမိကိုယ်ကိုယ်နှင့် ဘုရားသခင်ကို အဓိပ္ပာယ်ဖွင့်ရန်အတွက် သင်ကိုယ်တိုင်၏ တစ်ကိုယ်ရေစိတ်ကူးများ၊ သဘောထားများ၊ သို့မဟုတ် ယုံကြည်ချက်များကို အသုံးပြုခြင်းမှ ရှောင်ကြဉ်နိုင်ပါက၊ ထို့ပြင် ယင်းအစား သင်သည် ကဏ္ဍတိုင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်များကို ရှာဖွေနိုင်ခြင်း၊ လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ သဘောထားအား သဘောပေါက်ခြင်းနှင့် သိနားလည်ခြင်းကို ရရှိလာခြင်းနှင့် သူ၏စံနှုန်းများကို ဖြည့်ဆည်းပေးခြင်း အားဖြင့် သူ့ကို ကျေနပ်စေခြင်းတို့ ရှိမည်ဆိုပါက၊ ၎င်းမှာ ချီးကျူးလောက်စရာ ဖြစ်ပေမည်။ ယင်းက သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်သည့် လမ်းခရီးပေါ်၌

စတင်လုနီးပါးဖြစ်ကြောင်း ညွှန်ပြလိမ့်မည်။

ဘုရားသခင်သည် လူတို့၏ အဆုံးသတ်များကို သတ်မှတ်ပေးမည့် စံနှုန်းများအဖြစ် သူတို့၏ အမျိုးမျိုးသော စိတ်ကူးများ၊ ထင်မြင်ချက်များနှင့် သဘောထားများကို အသုံးမပြုပါက၊ လူတို့၏ အဆုံးသတ်များကို သတ်မှတ်ရန်အတွက် မည်သည့် စံနှုန်းမျိုးကို သူအသုံးပြုသနည်း။ ဘုရားသခင်သည် သူတို့၏ အဆုံးသတ်များကို သတ်မှတ်ရန် စမ်းသပ်မှုများကို အသုံးပြုပါသည်။ လူတို့၏ အဆုံးသတ်များကို သတ်မှတ်ရန် စမ်းသပ်မှုများကို ဘုရားသခင် အသုံးပြုခြင်းအတွက် စံနှုန်းနှစ်ခု ရှိလေသည်- ပထမမှာ လူတို့ ကြုံတွေ့ရသော စမ်းသပ်မှုအရေအတွက်ဖြစ်ပြီး ဒုတိယမှာ ဤစမ်းသပ်မှုများက လူတို့အပေါ်တွင် ရရှိသော ရလဒ်များပင် ဖြစ်သည်။ လူတစ်ဦး၏ အဆုံးသတ်ကို သတ်မှတ်ပေးသောအရာမှာ ဤအညွှန်းနှစ်ခုပင် ဖြစ်သည်။ ယခု ငါတို့ ဤစံနှုန်းနှစ်ခုနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းကြမည်။

ဦးစွာ လူတစ်ဦးသည် ဘုရားသခင်ထံမှ စမ်းသပ်မှုတစ်ခုကို ရင်ဆိုင်ရပါက (မှတ်သားရန်- ဤစမ်းသပ်မှုသည် သင်၏အမြင်တွင် ဖော်ပြရန် မထိုက်တန်သည့်၊ သေးငယ်သော စမ်းသပ်မှုတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။)၊ ဤသည်မှာ သင့်အပေါ် သူ၏ပြုလုပ်ချက်ဖြစ်ကြောင်းနှင့် ဤအခြေအနေကို သင့်အတွက် စီစဉ်ခဲ့သူမှာ သူဖြစ်ကြောင်းကို ဘုရားသခင်သည် သင့်အား ထင်ရှားစွာ သတိပြုမိစေမည်။ သင်သည် ဝိညာဉ်ရင့်ကျက်မှု မရင့်ကျက်သေးသည့်အခါ ဘုရားသခင်သည် သင့်ကို စစ်ဆေးရန်အလို့ငှာ စမ်းသပ်မှုများကို စီစဉ်ပေးလိမ့်မည်ဖြစ်ပြီး ဤစမ်းသပ်မှုများမှာ သင်၏ ဝိညာဉ်ရင့်ကျက်မှု၊ သင်တို့ သဘောပေါက်နိုင်သည့် အရာနှင့် သင်တို့ ကြံ့ကြံ့ခံနိုင်သော အရာတို့နှင့် ညီမျှပါလိမ့်မည်။ သင်၏ မည်သည့်အပိုင်းက စစ်ဆေးခြင်း ခံရမည်နည်း။ ဘုရားသခင်အပေါ် သင်၏ သဘောထားပင်။ ဤသဘောထားမှာ အလွန် အရေးကြီးသလော။ အမှန်တကယ် အရေးကြီးပါသည်။ ၎င်းမှာ အထူးအရေးကြီးသည့် အရာဖြစ်သည်။ လူသားတို့၌ရှိသော ဤသဘောထားမှာ ဘုရားသခင် အလိုရှိသော ရလဒ်ပင်ဖြစ်သောကြောင့် ဘုရားသခင်နှင့် ပတ်သက်၍ကား ၎င်းမှာ အားလုံးထက် အရေးကြီးဆုံးသောအရာ ဖြစ်သည်။ ထိုသို့မဟုတ်ပါက ဘုရားသခင်သည် ထိုသို့သောအလုပ်ကို ဝင်ရောက်လုပ်ဆောင်ခြင်းအားဖြင့် လူတို့အပေါ်တွင် သူ၏ကြိုးပမ်းမှုများကို အသုံးပြုခဲ့လိမ့်မည် မဟုတ်ပေ။ ဤစမ်းသပ်မှုများအားဖြင့် ဘုရားသခင်သည် သူ့အပေါ် သင်၏ သဘောထားကို မြင်လိုသည်။ သင်သည် မှန်သောလမ်းကြောင်းပေါ်၌ ရှိမရှိကို သူမြင်လိုသည်။ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး

မကောင်းမှုကို ရှောင်ခြင်းရှိမရှိကိုလည်း သူမြင်လိုသည်။ ထို့ကြောင့် သင်သည် သီးသန့်အချိန်တစ်ခုခု၌ သမ္မာတရားကို များစွာ သို့မဟုတ် အနည်းငယ် နားလည်သည်ဖြစ်စေ သင်သည် ဘုရားသခင်၏ စမ်းသပ်မှုများကို ရင်ဆိုင်ရဦးမည် ဖြစ်ပြီး သင်နားလည်သော သမ္မာတရားအတိုင်းအတာ တိုးပွားလာပြီးနောက်တွင် သင့်အတွက် ဆီလျော်သော စမ်းသပ်မှုများကို သူ ဆက်လက်စီစဉ်လိမ့်မည် ဖြစ်သည်။ သင်သည် စမ်းသပ်မှုတစ်ခုကို နောက်ထပ်တစ်ကြိမ် ရင်ဆိုင်ရသည့်အခါ၊ သူ့အပေါ်ထားသော သင်၏ရှုထောင့်၊ အတွေးအခေါ်များနှင့် သဘောထားတို့သည် ထိုကြားကာလအချိန်အတွင်း တိုးတက်မှုတစ်စုံတစ်ရာ ရှိမရှိကို ဘုရားသခင်မြင်လိုသည်။ လူအချို့က “ဘုရားသခင်က အဘယ်ကြောင့် လူတို့၏ သဘောထားများကို အမြဲမြင်လိုသနည်း။ ၎င်းတို့သည် သမ္မာတရားကို မည်ကဲ့သို့ လက်တွေ့လုပ်ဆောင်ကြောင်းကို ဘုရားသခင် မမြင်သေးသလော။ လူတို့၏ သဘောထားများကို အဘယ်ကြောင့် သူမြင်လိုရသေးသနည်း” ဟု တွေးတတ်ကြသည်။ ဤသည်မှာ ထင်ရာမြင်ရာပြောသော ပေါက်ကရစကား ပါတကား။ ဘုရားသခင်သည် ဤပုံစံအတိုင်း အမှုပြုသည်ကို ထောက်ဆလျှင်၊ သူ၏ အလိုတော်မှာ ယင်း၌ရှိရမည်။ ဘုရားသခင်သည် ဘေးမှနေ၍ လူတို့ကို အမြဲတမ်း လေ့လာနေကာ၊ သူတို့၏ စကားလုံးနှင့် လုပ်ဆောင်မှုတိုင်း၊ သူတို့၏ ဆောင်ရွက်ချက်နှင့် လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်နေသည်။ သူသည် ၎င်းတို့၏ အတွေးနှင့် စိတ်ကူးတိုင်းကိုပင် စောင့်ကြည့်သည်။ ၎င်းတို့၏ ကောင်းသော လုပ်ဆောင်ချက်များ၊ ၎င်းတို့၏ အမှားများ၊ ၎င်းတို့၏ ကျူးလွန်ပြစ်မှားမှုများ၊ ၎င်းတို့၏ ပုန်ကန်မှုများနှင့် သစ္စာဖောက်မှုများစသည့် လူတို့၌ ဖြစ်ပျက်သမျှကိုပင်လျှင် ဘုရားသခင်သည် ၎င်းတို့၏ အဆုံးသတ်များကို သတ်မှတ်ရာ၌ အထောက်အထားအဖြစ် မှတ်သားထားသည်။ ဘုရားသခင်၏ အမှုသည် တစ်ဆင့်ပြီးတစ်ဆင့် အရှိန်မြင့်လာသည်နှင့်အမျှ သင်သည် နောက်ထပ် သမ္မာတရားများကို ကြားရပြီး အပြုသဘောဆောင်သော အရာများနှင့် အချက်အလက်တို့ကို နောက်ထပ် လက်ခံလာမည် ဖြစ်သည့်အပြင် သင်သည် သမ္မာတရား၏ စစ်မှန်မှုကို နောက်ထပ်ရရှိလိမ့်မည် ဖြစ်သည်။ ဤဖြစ်စဉ်တစ်လျှောက်တွင် သင့်အပေါ် ဘုရားသခင်၏ တောင်းဆိုချက်များမှာလည်း တိုးပွားလာမည် ဖြစ်ကာ တိုးပွားလာသည်နှင့်အမျှ ဘုရားသခင်သည် သင့်အတွက် ပို၍ပြင်းထန်သော စမ်းသပ်မှုများကို စီစဉ်ပေးလိမ့်မည်။ သူ၏ရည်မှန်းချက်မှာ ဘုရားသခင် အပေါ်၌ရှိသော သင်၏ သဘောထားသည် ထိုအချိန်အတောအတွင်း ရင့်ကျက်လာခြင်း ရှိမရှိကို ဆန်းစစ်ရန် ဖြစ်သည်။ ဤသို့ဖြစ်သောအခါ သင့်အား ဘုရားသခင် တောင်းဆိုသော အမြင်သဘောထားက သမ္မာတရား၏ စစ်မှန်မှုအပေါ် သင်၏နားလည်မှုနှင့် ကိုက်ညီမည်မှာ အမှန်ပင် ဖြစ်သည်။

သင်၏ ဝိညာဉ်ရင့်ကျက်မှု တဖြည်းဖြည်း ကြီးထွားလာသည်နှင့်အမျှ သင့်အား ဘုရားသခင်တောင်းဆိုသော စံနှုန်းမှာလည်း တဖြည်းဖြည်း မြင့်တက်လာမည် ဖြစ်သည်။ သင် မရင့်ကျက်သေးသည့်အခါ၊ ဘုရားသခင်သည် သင်ဖြည့်ဆည်းဖို့ အလွန်နိမ့်သော စံနှုန်းတစ်ခုကို ချမှတ်ပေးမည် ဖြစ်သည်၊ သင်၏ ဝိညာဉ်ရင့်ကျက်မှု အနည်းငယ်ကြီးမားသည့်အခါ သူသည် သင့်စံနှုန်းကို အနည်းငယ်ပိုမြင့်ပေးမည် ဖြစ်သည်။ သို့သော်လည်း သမ္မာတရားအားလုံးကို သင် နားလည်ခြင်း ရရှိပြီးနောက်တွင် ဘုရားသခင်သည် မည်ကဲ့သို့ ပြုလိမ့်မည်နည်း။ သူသည် သင့်အား ပို၍ပင် ကြီးမားသော စမ်းသပ်မှုများကို ရင်ဆိုင်စေမည် ဖြစ်သည်။ ဤစမ်းသပ်မှုများ အကြားတွင်၊ ဘုရားသခင် သင့်အား ရရှိစေလိုသောအရာ၊ ဘုရားသခင် သင့်ထံမှ မြင်တွေ့လိုသောအရာမှာ ဘုရားသခင်အပေါ် ပို၍နက်ရှိုင်းသော သိနားလည်ခြင်းနှင့် သူ့အပေါ် သင်၏ စစ်မှန်သော ကြောက်ရွံ့မှု ဖြစ်သည်။ ဤအချိန်တွင် သင့်အပေါ် ဘုရားသခင်၏ တောင်းဆိုချက်များမှာ ယခင်က သင်၏ ပို၍ နုနယ်သေးသည့် ဝိညာဉ်ရင့်ကျက်မှုထက် ပို၍မြင့်လာပြီး "ပို၍ပြင်းထန်" လာလိမ့်မည် ဖြစ်သည် (မှတ်ချက်- လူတို့က ၎င်းကို ပြင်းထန်သည်ဟု မြင်သော်လည်း၊ ဘုရားသခင်က ၎င်းမှာ အသင့်အတင့် ဖြစ်သည်ဟု မြင်သည်။) ဘုရားသခင်သည် လူတို့အား စမ်းသပ်နေသည့်အခါ မည်ကဲ့သို့သော စစ်မှန်မှုမျိုးကို သူဖန်တီးလိုခြင်း ဖြစ်သနည်း။ ဘုရားသခင်က လူတို့အား မိမိတို့၏ စိတ်နှလုံးကိုပေးရန် အဆက်မပြတ် တောင်းနေသည်။ လူအချို့က "၎င်းကို ကျွန်ုပ် မည်ကဲ့သို့ပေးရမည်နည်း။ ကျွန်ုပ်သည် ကျွန်ုပ်၏ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ပြီ။ နေအိမ်နှင့် အသက်မွေးဝမ်းကျောင်းကို စွန့်လွှတ်ခဲ့ပြီး ကျွန်ုပ်သည် မိမိကိုယ်ကိုယ် အသုံးတော်ခံခဲ့သည်။ ဤအရာများအားလုံးမှာ ကျွန်ုပ်၏ စိတ်နှလုံးကို ဘုရားသခင်အားပေးခြင်း၏ သာဓကများပင် ဖြစ်သည်မဟုတ်လော။ ကျွန်ုပ်၏ စိတ်နှလုံးကို ဘုရားသခင်အား နောက်ထပ်မည်ကဲ့သို့ ပေးနိုင်မည်နည်း။ ဤအရာများမှာ ကျွန်ုပ်၏ စိတ်နှလုံးကို ဘုရားသခင်အားပေးသော နည်းလမ်းများ အမှန်တကယ် မဟုတ်ခြင်းကြောင့် ဖြစ်နိုင်သလော။ ဘုရားသခင်၏ တောင်းဆိုချက် အတိအကျမှာ အဘယ်နည်း။" ဟု ဆိုတတ်ကြသည်။ သတ်မှတ်ချက်မှာ အလွန် လွယ်ကူရိုးရှင်းလှသည်။ အမှန်အားဖြင့် ၎င်းတို့၏ အမျိုးမျိုးသော စမ်းသပ်မှုများ အဆင့်ဆင့်တွင် ၎င်းတို့၏ စိတ်နှလုံးများကို ခြားနားသော အတိုင်းအတာဖြင့် ဘုရားသခင်အား ပေးနှင့်ပြီးသောသူအချို့ရှိလေသည်၊ သို့သော်လည်း လူပေါင်းမြောက်မြားစွာတို့သည် ၎င်းတို့၏ စိတ်နှလုံးကို ဘုရားသခင်အား မည်သည့်အခါမျှ မပေးကြပေ။ ဘုရားသခင်သည် သင့်အား စစ်ကြောသောအခါ၊ သင်၏ စိတ်နှလုံးသည် ဘုရားသခင်၌၊ ဇာတိပကတိ၌ သို့မဟုတ် စာတန်၌ ရှိ မရှိကို သူ မြင်သည်။ ဘုရားသခင်သည် သင့်အား စမ်းသပ်သည့်အခါ၊ သင်သည်

ဘုရားသခင်ကို ဆန့်ကျင်ခြင်းရှိ မရှိ သို့မဟုတ် ဘုရားသခင်နှင့် သဟဇာတ ဖြစ်သည့် အနေအထား၌ ရပ်တည်ခြင်းရှိ မရှိ၊ ဘုရားသခင်မြင်ပြီး သင်၏ စိတ်နှလုံးသည် သူ့ဘက်၌ရှိ မရှိကို သူမြင်သည်။ သင်သည် ရင့်ကျက်ခြင်းမရှိဘဲ၊ စမ်းသပ်မှုများကို ရင်ဆိုင်ရသည့်အခါ၊ သင်၌ မိမိကိုယ်ကိုယ်ယုံကြည်မှု နည်းပါးပြီး သင်၌ သမ္မာတရားအား သိနားလည်ခြင်းမှာ နည်းပါးသောကြောင့်၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန်အလို့ငှာ သင်ပြုဖို့လိုအပ်သည့်အရာကို အတိအကျ သိနိုင်မည် မဟုတ်ပေ။ သို့သော်လည်း အကယ်၍ သင်သည် ဘုရားသခင်ထံ စစ်မှန်စွာနှင့် ရိုးသားစွာ ဆုတောင်းနိုင်သေးပါက၊ ထို့ပြင် သင့်စိတ်နှလုံးကို သူ့အားပေးရန်၊ သူ့အား သင်၏ အချုပ်အခြာအာဏာပိုင် ဖြစ်စေရန်နှင့် တန်ဖိုးအရှိဆုံးဟု သင်ယုံကြည်သော ထိုအရာများအားလုံးကို ဘုရားသခင်ထံ ဆက်ကပ်ရန် ဆန္ဒရှိပါက၊ သင်သည် သင်၏စိတ်နှလုံးကို ဘုရားသခင်ထံ ပေးနှင့်ပြီးဖြစ်လိမ့်သည်။ သင်သည် နောက်ထပ် တရားဒေသနာများကို နားထောင်ပြီး သမ္မာတရားကို ပို၍နားလည် လာသည်နှင့်အမျှ၊ သင်၏ ဝိညာဉ်ရင့်ကျက်မှု သည်လည်း တဖြည်းဖြည်း ကြီးထွားလာမည် ဖြစ်သည်။ ဤအချိန်တွင် ဘုရားသခင့် တောင်းဆိုချက်များ၏ စံနှုန်းမှာ သင်မရင့်ကျက်သည့် အချိန်ကနှင့် တူတော့မည် မဟုတ်ပေ။ သူသည် သင့်အား ပိုမြင့်သော စံနှုန်းတစ်ခုကို တောင်းဆိုလိမ့်မည်။ လူတို့သည် မိမိတို့၏ စိတ်နှလုံးကို တဖြည်းဖြည်းချင်း ဘုရားသခင်ထံ ပေးလာသည့်အခါ၊ ၎င်းတို့၏ စိတ်နှလုံးသည် တဖြည်းဖြည်းချင်း ဘုရားသခင်နှင့် သာ၍နီးကပ်လာသည်၊ လူတို့သည် ဘုရားသခင်ထံ အမှန်တကယ် နီးကပ်လာနိုင်သည်နှင့်အမျှ၊ ၎င်းတို့၏ စိတ်နှလုံးသည် သူ့ကို သာ၍ပင် ချစ်ကြောက်ရိုသေလာလိမ့်မည် ဖြစ်သည်။ ဘုရားသခင် အလိုရှိသော အရာမှာ ထိုစိတ်နှလုံးမျိုးပင် ဖြစ်သည်။

ဘုရားသခင်သည် တစ်စုံတစ်ဦး၏ စိတ်နှလုံးကို ရလိုသည့်အခါ၊ သူသည် ထိုသူအား စမ်းသပ်မှုအတော်များများကို ခံစားစေလိမ့်မည်။ ဤစမ်းသပ်မှုများ အတွင်း အကယ်၍ ဘုရားသခင်သည် ထိုသူ၏ စိတ်နှလုံးကိုမရ သို့မဟုတ် ထိုသူ၌ သဘောထား တစ်စုံတစ်ရာရှိကြောင်း မမြင်သည့်အခါ၊ တစ်နည်းအားဖြင့်ဆိုသော် ဤလူသည် ဘုရားသခင်ကို ချစ်ကြောက်ရိုသေသောပုံစံဖြင့် လက်တွေ့ကျင့်သုံးကြောင်း သို့မဟုတ် ပြုမူကြောင်း သူ မမြင်ရသည့်အခါ၊ ပြီးလျှင် ဤလူထံ၌ မကောင်းမှုကို ရှောင်ရှားသည့် သဘောထားနှင့် စိတ်ဆုံးဖြတ်ချက်ကိုလည်း မမြင်ရသည့်အခါ၊ စမ်းသပ်မှု အတော်များများ အပြီးတွင် ထိုသူအပေါ် ဘုရားသခင်၏ စိတ်ရှည်ခြင်းကို ရုပ်သိမ်းမည်ဖြစ်ပြီး ဤလူကို သူ နောက်ထပ်သည်းခံတော့မည် မဟုတ်ပေ။ သူသည် ဤလူအား ဆက်၍စစ်ကြောတော့မည် မဟုတ်သည့်အပြင်၊ သူသည် သူ့အပေါ် အမှုပြုတော့မည် မဟုတ်ပေ။ ထိုသို့ဆိုလျှင် ဤလူ၏

အဆုံးသတ်အတွက် ယင်းက အဘယ်အရာကို ညွှန်ပြသနည်း။ ၎င်းတို့၌ အဆုံးသတ် မရှိဟု ဆိုလိုခြင်းဖြစ်သည်။ ဤလူသည် မကောင်းမှု ပြုဖူးကောင်းပြုဖူးမည် မဟုတ်ပါ။ ၎င်းတို့သည် မည်သည့်အရာမျှ ဖျက်လိုဖျက်ဆီး မလုပ်ဖူးသည့်အပြင် အနှောင့်အယှက်လည်း မဖြစ်ပေါ် စေခဲ့ဖူးလောက်ပေ။ ၎င်းတို့သည် ဘုရားသခင်အား ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ခြင်း မပြုဖူးလောက်ပါပေ။ သို့သော်လည်း ဤလူ၏စိတ်နှလုံးသည် ဘုရားသခင်ထံမှ ဆက်လက် ဖုံးကွယ်ထားလေသည်။ ၎င်းတို့ထံ၌ ဘုရားသခင်အပေါ် ရှင်းလင်းသော သဘောထားနှင့် အမြင် မည်သည့်အခါမျှ မရှိခဲ့ပေ၊ ထို့ပြင် ၎င်းတို့၏ စိတ်နှလုံးကို သူ့အား ပေးပြီးခဲ့ကြောင်း သို့မဟုတ် ၎င်းတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်ရန် ကြိုးပမ်းနေကြောင်းကို သူ ရှင်းလင်းစွာ မမြင်ရပေ။ ဘုရားသခင်သည် ဤကဲ့သို့သော လူများအပေါ် စိတ်ရှည်ခြင်း ကုန်ဆုံးပြီး၊ သူတို့အတွက် မည်သည့်အဖိုးအခပေးခြင်း၊ သူတို့အား မည်သည့် သနားခြင်းကရုဏာကိုမျှ တိုးပေးခြင်း သို့မဟုတ် ၎င်းတို့အပေါ် အမှုပြုခြင်း နောက်ထပ် ပြုတော့မည်မဟုတ်ပေ။ ဘုရားသခင်အပေါ် ဤကဲ့သို့သောလူ၏ ယုံကြည်ခြင်း အသက်တာမှာ အဆုံးသတ်နှင့်ပြီးဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သူတို့အား ဘုရားသခင်ပေးပြီးသည့် များစွာသော စမ်းသပ်မှုများ အားလုံး၌ ဘုရားသခင်သည် သူ အလိုရှိသော ရလဒ်ကို မရသေးခြင်းကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်အလင်းပြခြင်းနှင့် အလင်းပေးခြင်းကို ငါ တစ်ခါမျှ မမြင်ခဲ့ဖူးသော လူတစ်စုရှိ၏။ ဤအရာကို အဘယ်သို့ မြင်ရနိုင်မည်နည်း။ ဤလူတို့သည် ဘုရားသခင်ကို နှစ်ပေါင်းများစွာ ယုံကြည်ခဲ့ပြီးသားဖြစ်ကောင်းဖြစ်နိုင်ပြီး အပေါ်ယံတွင် ၎င်းတို့သည် အားကြိုးမာန်တက် ပြုမူခဲ့ကြပြီးဖြစ်သည်။ ၎င်းတို့သည် စာအုပ်များစွာကို ဖတ်ရှုခဲ့ပြီးကာ၊ အရေးကိစ္စများစွာကို ကိုင်တွယ်ခဲ့ကြပြီး မှတ်စုစာအုပ် ၁၂ အုပ်ခန့်ကို ရေးမှတ်ခဲ့ကြပြီးသကဲ့သို့ ဝေါဟာရများနှင့် ဩဝါဒများ မြောက်မြားစွာကို ကျွမ်းကျင်ပိုင်နိုင်ခဲ့ကြပြီဖြစ်သည်။ သို့သော်လည်း သူတို့၌ သိသာထင်ရှားသော မည်သည့်ကြီးထွားမှုမျှ လုံးဝမရှိ၊ ဘုရားသခင်အပေါ် သူတို့၏ရှုထောင့်များမှာ သိသာထင်ရှားမှု မရှိသေးသည့်အပြင် သူတို့၏ သဘောထားများမှာ ရှင်းလင်းမှု မရှိသေးပေ။ တစ်နည်းအားဖြင့် သူတို့၏ စိတ်နှလုံးကို မမြင်ရနိုင်ပေ။ ၎င်းတို့၏ စိတ်နှလုံးမှာ အမြဲလုံးထွေးနေပြီး ၎င်းတို့မှာ ဘုရားသခင်ထံမှ ပိတ်ဆို့ထားကြသည်- အကျိုးဆက်မှာ သူသည် သူတို့၌စစ်မှန်သော စိတ်နှလုံးကို မမြင်ဖူးခဲ့ရ၊ ဘုရားသခင်သည် ဤလူတို့အထဲ၌ သူ့အား စစ်မှန်သော ချစ်ကြောက်ရိုသေခြင်းကို မမြင်ဖူးခဲ့ရသည့်အပြင်၊ ထိုမျှမက ဤလူတို့သည် ဘုရားသခင်၏ လမ်းခရီး၌ မည်ကဲ့သို့ လျှောက်လှမ်းကြောင်းကို သူ မမြင်ခဲ့ဖူးပါပေ။ အကယ်၍ ယခုတိုင်အောင် ဘုရားသခင်သည်

ဤသို့သော လူတို့ကို မရယူရသေးပါက၊ အနာဂတ်တွင် ၎င်းတို့ကို သူ ရယူနိုင်မည်လော။ မရယူနိုင်ပါပေ။ ဘုရားသခင်သည် မရယူနိုင်သော အရာများအတွက် ဆက်၍ ကြိုးစားပမ်းစား တောင်းဆိုလိမ့်မည်လော။ တောင်းဆိုလိမ့်မည်မဟုတ်။ ထိုအခါ ဤသို့သော လူများအပေါ် ဘုရားသခင်၏ လက်ရှိသဘောထားမှာ အဘယ်နည်း။ (သူသည် ၎င်းတို့အား ပစ်ပယ်ပြီး၊ မသိကျိုးကျွန်ပြုသည်။) သူသည် ၎င်းတို့ကို မသိကျိုးကျွန်ပြုသည်။ ဘုရားသခင်သည် ဤသို့သော လူတို့ကို အလေးဂရုမပြုပေ၊ ၎င်းတို့ကို သူပစ်ပယ်ထားသည်။ သင်တို့သည် ဤနှုတ်ကပတ်တော်များကို အလွန်လျင်မြန်စွာနှင့် အလွန် တိကျမှန်ကန်စွာ အလွတ်ကျက်မှတ်ကြပြီး ဖြစ်သည်။ သင်တို့သည် သင်တို့ကြားခဲ့ပြီးသော အရာကို နားလည်ပြီးသကဲ့သို့ ထင်ရပါသည်တကား။

ဘုရားသခင်နောက်သို့ စလိုက်သည့်အချိန်တွင် ရင့်ကျက်ခြင်း မရှိဘဲ မသိနားမလည်သော လူအချို့ ရှိလေသည်။ ၎င်းတို့သည် ဘုရားသခင်၏ အလိုတော်ကို နားမလည်သည့်အပြင်၊ ဘုရားသခင်ကို ယုံကြည်ခြင်းမှာ အဘယ်အရာ ဖြစ်ကြောင်းကိုလည်း ၎င်းတို့ မသိကြပေ။ ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းနှင့် နောက်လိုက်လျှောက်ခြင်း နှင့်ပတ်သက်၍ လူ့စိတ်ကူးဖြစ်ပြီး လွဲမှားသော နည်းလမ်းတစ်ခုကို ခံယူကြသည်။ ဤကဲ့သို့သော လူတို့သည် စမ်းသပ်မှုများကို ရင်ဆိုင်ရသည့်အခါ၊ ၎င်းတို့သည် ယင်းကို သတိမထားမိကြဘဲ၊ ဘုရားသခင်၏ လမ်းညွှန်မှုနှင့် ဉာဏ်အလင်းပေးခြင်းအပေါ် တုံ့ပြန်မှု ကင်းမဲ့မြဲ ကင်းမဲ့ကြလေသည်။ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးကို ဘုရားသခင်ထံ ပေးခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်သည် သို့မဟုတ် စမ်းသပ်မှုတစ်ခုအတွင်း မြဲမြံစွာရပ်တည်ခြင်းဆိုသည်မှာ မည်သည့်အရာ ဖြစ်သည်ကို မသိကြပေ။ ဘုရားသခင်သည် ဤသို့သော လူတို့အား အချိန်အကန့်အသတ်တစ်ခုကို ပေးပြီး ဤအချိန်အတောအတွင်း သူသည် ၎င်းတို့အား သူ့စမ်းသပ်မှုများ၏ သဘောသဘာဝနှင့် သူ၏ရည်ရွယ်ချက်များမှာ အဘယ်အရာ ဖြစ်ကြောင်းကို နားလည်စေမည် ဖြစ်သည်။ ထို့နောက်တွင် ဤလူများသည် ၎င်းတို့၏ ရှုထောင့်အမြင်များကို ပြသရပေမည်။ ဤအဆင့်၌ရှိသော ထိုလူများကို ဘုရားသခင် စောင့်ဆိုင်းနေဆဲ ဖြစ်သည်။ အမြင်အချို့ရှိသော်လည်း၊ ယိမ်းယိုင်နေသေးသော သူများ၊ ၎င်းတို့၏ စိတ်နှလုံးကို ဘုရားသခင်အား ပေးလိုသော်လည်း၊ ထိုသို့ပေးရန် မပြေလည်သောသူများနှင့်၊ အခြေခံ သမ္မာတရားအချို့ကို လက်တွေ့လုပ်ဆောင်ခဲ့ပြီးစေကာမူ ကြီးမားသော စမ်းသပ်မှုများကို ရင်ဆိုင်ရသည့်အခါ၊ ပုန်းရှောင်ပြီး လက်လျှော့ရန် ကြိုးစားသောသူများ နှင့်ပတ်သက်၍ ၎င်းတို့အပေါ် ဘုရားသခင်၏ သဘောထားမှာ အဘယ်နည်း။ ဘုရားသခင်သည် ၎င်းတို့အပေါ် အနည်းငယ် မျှော်လင့်နေသေးပြီး ရလဒ်မှာမူ

၎င်းတို့၏ သဘောထားနှင့် လုပ်ဆောင်မှုအပေါ် မူတည်ပါသည်။ အကယ်၍ လူတို့သည် တိုးတက်ခြင်း၌ ထိရောက်မှုမရှိလျှင် ဘုရားသခင် မည်သို့ပြုသနည်း။ ၎င်းတို့အား သူလက်လျှော့လိုက်၏။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သင့်ကို လက်မလျှော့မီ သင်သည် သင့်ကိုယ်သင် လက်လျှော့နှင့်ပြီးပြီဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင် ဤသို့လက်လျှော့ခြင်းကြောင့် သူ့ကို အပြစ်တင်၍ မရနိုင်သည် မဟုတ်လော။ ဤသည်မှာ တရားမျှတသလော၊ မမျှတသလော။ (မျှတပါသည်။)

## လက်တွေ့ကျသော မေးခွန်းတစ်ခုက လူတို့အထဲ၌ ဖြစ်ပေါ်စေသည့် အမျိုးမျိုးသော အကျပ်အတည်းများ

အားလုံးထဲတွင် ဝမ်းနည်းဖွယ်အကောင်းဆုံး အဆုံးသတ်ရှိသော အခြားလူအမျိုးအစား တစ်မျိုးရှိသည်။ ဤသည်မှာ ငါမဖော်ပြချင်ဆုံးသော လူအမျိုးအစားပင် ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းကို ရရှိထားသဖြင့် သို့မဟုတ် ၎င်းတို့အပေါ် ဘုရားသခင်၏ တောင်းဆိုချက်များမှာ ပြင်းထန်ခြင်းကြောင့် ၎င်းတို့၌ ဝမ်းနည်းဖွယ် အဆုံးသတတစ်ခု ရရှိထားသဖြင့် ဝမ်းနည်းဖွယ်ကောင်းခြင်း မဟုတ်ပေ။ ယင်းထက် ၎င်းတို့သည် မည်သူမပြု မိမိမှုဖြစ်သောကြောင့် ဝမ်းနည်းဖွယ်ကောင်းခြင်း ဖြစ်သည်။ ကိုယ့်သေတွင်း ကိုယ်တူးသည် ဟူသည့် အများသိသော ဆိုရိုးစကား ရှိသကဲ့သို့ပင် ဖြစ်သည်။ မည်သို့သော လူအမျိုးအစားက ဤသို့ပြုသနည်း။ ဤလူတို့သည် မှန်ကန်သော လမ်းကြောင်းကို မလျှောက်ကြသဖြင့် ၎င်းတို့၏ အဆုံးသတ်များမှာ ကြိုတင်၍ ထုတ်ဖော်ပြထားပြီးဖြစ်သည်။ ဘုရားသခင်၏အမြင်တွင် ဤလူအမျိုးအစားမှာ သူ၏ စက်ဆုပ်ရွံရှာခြင်းကို အများဆုံးခံရသောသူများပင် ဖြစ်သည်။ လူ့အသုံးအနှုန်းအရ ဤကဲ့သို့သော လူတို့မှာ သနားစရာ အကောင်းဆုံး ဖြစ်ကြသည်။ ဤသို့သော လူတို့သည် ဘုရားသခင်နောက်သို့ စလိုက်သည့်အချိန်တွင် အလွန် စိတ်အားထက်သန် ကြသည်။ ၎င်းတို့သည် အဖိုးအခများစွာ ပေးကြပြီး ဘုရားသခင့်အလုပ်၏ အလားအလာအပေါ် ကောင်းသောအမြင် ရှိကြသည်သာမက၊ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင်အနာဂတ်နှင့်ပတ်သက်၍ စိတ်ကူးစိတ်သန်း အပြည့်ရှိကြသည်။ ၎င်းတို့သည် အထူးသဖြင့် ဘုရားသခင်အပေါ် စိတ်ချယုံကြည်မှုလည်း ထားကြကာ၊ သူက လူသားများကို စုံလင်စေနိုင်ပြီး သူတို့ကို ဘုန်းအသရေရှိသော ခရီးဆုံးပန်းတိုင်တစ်ခုသို့ ခေါ်ဆောင်နိုင်သည်ဟု ယုံကြည်ကြသည်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဤလူတို့သည် ဘုရားသခင် အလုပ်လုပ်နေဆဲအချိန်တွင် ထွက်ပြေးကြသည်။ ဤနေရာ၌ “ထွက်ပြေးသည်” ဆိုသည်မှာ

အဘယ်အရာကို ဆိုလိုသနည်း။ ၎င်းတို့သည် နှုတ်မဆက်ဘဲ အသံပင်မပြုဘဲ ပျောက်ကွယ်ခြင်းကို ဆိုလိုသည်။ ၎င်းတို့သည် ဘာမျှမပြောဘဲ ထွက်သွားကြသည်။ ဤကဲ့သို့သော လူတို့သည် ဘုရားသခင်ကို ယုံကြည်သည်ဟု အခိုင်အမာဆိုသော်လည်း၊ ၎င်းတို့သည် မိမိတို့၏ ယုံကြည်ခြင်း လမ်းကြောင်းပေါ်၌ မည်သည့်အခါမျှ အမှန်တကယ် အမြစ်မချကြချေ။ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင်ကို မည်မျှကြာမြင့်စွာ ယုံကြည်ခဲ့ပြီးဖြစ်စေ၊ ၎င်းတို့သည် ဘုရားသခင်ကို ကျော၍ခိုင်းနိုင်စွမ်း ရှိကြသေးသည်။ လူအချို့သည် စီးပွားရေးလုပ်ငန်းထဲသို့ ထွက်သွားကြသည်၊ အချို့က ၎င်းတို့၏ဘဝကို နေထိုင်ရန် ထွက်သွားကြသည်၊ အချို့က ကြွယ်ဝချမ်းသာရန် ထွက်သွားကြသည်၊ အချို့က အိမ်ထောင်ပြု၊ ကလေးယူရန် ထွက်သွားကြသည်။...ထွက်သွားကြသော သူများထဲတွင် နောင်အခါ အသိစိတ်၏ ထိုးနှက်မှုများ ရရှိကာ ပြန်လာလိုကြသူ အချို့နှင့် လောကထဲ၌ နှစ်ပေါင်းမြောက်မြားစွာ ဖူလုံရန် အလွန်ခက်ခဲပြီး မကောင်းသော အခြေအနေသို့ တစ်စတစ်စကျရောက်လျက် အဆုံးသတ်ကြရသော အခြားသူများ ရှိကြသည်။ ဤလွင့်မျောသူများသည် ဒုက္ခဆင်းရဲများစွာကို ကြုံတွေ့ခံစားကြသဖြင့် လောကထဲရှိနေခြင်းမှာ အလွန် နာကျင်ဖွယ်ဖြစ်ကြောင်းနှင့် ၎င်းတို့သည် ဘုရားသခင်နှင့်ခွဲခွာ၍ နေနိုင်မည်မဟုတ်ကြောင်း ယုံကြည်ကြသည်။ ၎င်းတို့သည် နှစ်သိမ့်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို ရရှိရန် ဘုရားသခင်၏ အိမ်တော်သို့ ပြန်လာလိုကြပြီး ဘေးအန္တရာယ်မှ လွတ်မြောက်ရန်အလို့ငှာ သို့မဟုတ် ကယ်တင်ခြင်းနှင့် သာယာလှပသော ခရီးဆုံးပန်းတိုင်တစ်ခုကို ရရန်အလို့ငှာ ဘုရားသခင်ကို ဆက်လက် ယုံကြည်လိုကြသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဤလူတို့က ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အကန့်အသတ်မဲ့ကြောင်းနှင့်၊ သူ၏ ကျေးဇူးတော်သည် မကုန်မခမ်းနိုင်ကြောင်း ယုံကြည်ကြခြင်းကြောင့် ဖြစ်သည်။ တစ်စုံတစ်ဦးသည် မည်သည့်အရာကိုမဆို ပြုခဲ့စေကာမူ ဘုရားသခင်သည် ၎င်းတို့အား ခွင့်လွှတ်သင့်ပြီး ၎င်းတို့၏အတိတ်ကို သည်းခံသင့်သည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ ဤလူများက ၎င်းတို့သည် ပြန်လာ၍ ၎င်းတို့၏တာဝန်ကို လုပ်ဆောင်လိုသည်ဟု အထပ်ထပ် အခါခါဆိုကြသည်။ အသင်းတော်အား မိမိတို့၏ ပိုင်ဆိုင်မှုများ အချို့ကို လှူဒါန်းခြင်းဖြင့် ဤအရာက ဘုရားသခင်၏ အိမ်တော်သို့ မိမိတို့၏ အပြန်လမ်းကို ခင်းပေးလိမ့်မည်ဟု မျှော်လင့်သောသူများပင် ရှိသည်။ ဤကဲ့သို့သော လူတို့အပေါ် ဘုရားသခင်၏ သဘောထားမှာ အဘယ်နည်း။ ဘုရားသခင်သည် ၎င်းတို့၏ အဆုံးသတ်များကို မည်ကဲ့သို့ သတ်မှတ်သင့်သနည်း။ ထုတ်ဖော်ပြောဆိုရန် ဝန်မလေးပါနှင့်။ (ဘုရားသခင်သည် ဤလူအမျိုးအစားကို လက်ခံမည်ဟု ထင်ခဲ့သော်လည်း၊ ထိုအရာကို

ယခုလေးတင် ကြားပြီးနောက်တွင် ၎င်းတို့အား ဘုရားသခင် လက်ခံနိုင်မည်မဟုတ်ဟု ထင်ပါသည်။) သင်၏ အကြောင်းပြချက်ကို ပြောပြပါ။ (ဤကဲ့သို့သော လူတို့က မိမိ၏ အဆုံးသတ်မှာ သေခြင်းတရား မဖြစ်ရန်အလို့ငှာသာ ဘုရားသခင်ရှေ့သို့ လာကြခြင်းဖြစ်သည်။ ၎င်းတို့သည် စစ်မှန်သော ရိုးသားမှုမှနေ၍ ဘုရားသခင်ကို ယုံကြည်ရန်လာကြခြင်း မဟုတ်ပေ။ ဘုရားသခင်၏ အမှုသည် မကြာမီ ပြီးဆုံးတော့မည်ကို သိကြသောကြောင့် ရောက်လာကြခြင်းဖြစ်ပြီး၊ ထို့ကြောင့် ၎င်းတို့သည် လာရောက်ပြီး ကောင်းချီးမင်္ဂလာများကို လက်ခံရရှိနိုင်သည်ဟူသော လှည့်စားမှုအောက်၌ ရှိကြသည်။) ဤလူတို့သည် ဘုရားသခင်ကို ရိုးသားမှန်ကန်စွာ မယုံကြည်သောကြောင့်၊ ဘုရားသခင်သည် ၎င်းတို့အား လက်မခံနိုင်ဟု သင်ဆိုနေသည် မဟုတ်လော။ (ဟုတ်ပါသည်။) (ဤကဲ့သို့သော လူတို့မှာ အခွင့်အရေးသမားများသာ ဖြစ်ပြီး ဘုရားသခင်ကို စစ်မှန်စွာ မယုံကြည်ကြ ဟူသည်မှာ ငါ၏နားလည်ပုံဖြစ်သည်။) ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်ရန် ရောက်လာကြသည်မဟုတ်၊ ၎င်းတို့သည် အခွင့်အရေးသမားများ ဖြစ်သည်။ မှန်လိုက်လေ။ ဤအခွင့်အရေးသမားများမှာ လူတိုင်း မုန်းတီးသော လူအမျိုးအစား ဖြစ်သည်။ ၎င်းတို့သည် လေတိုက်သော မည်သည့် ဦးတည်ရာဘက်သို့မဆို ရွက်လွှင့်ကြပြီး တစ်စုံတစ်ခုကို သူတို့ရမည် မဟုတ်ပါက မည်သည့်အရာကိုမျှ လုပ်ဖို့ အပင်ပန်း မခံနိုင်ကြပေ၊ ထို့ကြောင့် ၎င်းတို့မှာ အမှန်ပင် စက်ဆုပ်ရွံရှာဖွယ် ကောင်းကြသည်တကား။ အခြားညီအစ်ကိုများ သို့မဟုတ် မောင်နှမများက သူတို့ဝေမျှလိုသည့် ထင်မြင်ချက် ရှိသလော။ (ဘုရားသခင်၏ အလုပ်သည် ပြီးစီးလုနီးပါးဖြစ်၍ ယခုအချိန်သည် လူတို့၏ အဆုံးသတ်များကို သတ်မှတ်လျက်နေပြီ ဖြစ်သောကြောင့် ဘုရားသခင်သည် ၎င်းတို့အား လက်ခံမည် မဟုတ်ပေ။ ဤလူတို့သည် သမ္မာတရားကို အမှန်တကယ် အားထုတ်လိုခြင်းကြောင့် မဟုတ်ဘဲ၊ ဘေးအန္တရာယ်များ ကျရောက်လာနေခြင်းကို ၎င်းတို့မြင်ခြင်းကြောင့်၊ သို့မဟုတ် ၎င်းတို့သည် ပြင်ပအကြောင်းအရာများ၏ လွှမ်းမိုးခြင်းကို ခံနေရခြင်းကြောင့် ၎င်းတို့ ပြန်လာလိုကြသည်မှာ ဤအချိန်ပင် ဖြစ်သည်။ အကယ်၍ ၎င်းတို့ထံ၌ သမ္မာတရားကို အားထုတ်မည့် ရည်ရွယ်ချက် အမှန်တကယ်ရှိခဲ့ပါက၊ ၎င်းတို့သည် ဘုရားသခင်၏အမှု တစ်ဝက်တစ်ပျက်ဖြင့် လုံးဝ ထွက်ပြေးကြလိမ့်မည် မဟုတ်ပေ။) အခြားထင်မြင်ချက် တစ်စုံတစ်ရာ ရှိသလော။ (၎င်းတို့ကို လက်ခံလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် ၎င်းတို့အား အမှန်တကယ် အခွင့်အရေးများ ပေးခဲ့ပြီးဖြစ်သည်၊ သို့သော် ၎င်းတို့သည် ဘုရားသခင်အပေါ် အလေးမစိုက်သော သဘောထားတစ်ခု ရှိမြဲရှိခဲ့ကြသည်။ ဤလူတို့၏ ရည်ရွယ်ချက်များမှာ မည်သို့ပင်ဖြစ်စေကာမူ၊ ထို့ပြင် ၎င်းတို့သည် အမှန်တကယ်ပင် နောင်တရစေကာမူ

ဘုရားသခင်သည် ၎င်းတို့ကို ပြန်လာဖို့ ခွင့်ပြုတော့မည် မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သူသည် ၎င်းတို့အား အခွင့်အရေးများစွာကို ပေးခဲ့ပြီးသော်လည်း၊ ၎င်းတို့သည် မိမိတို့၏ သဘောထားကို အထင်အရှားပြခဲ့ကြပြီး ဖြစ်သောကြောင့်ပင်တည်း- ၎င်းတို့သည် ဘုရားသခင်ထံမှ ထွက်သွားလိုခဲ့သည်။ ဤအကြောင်းကြောင့် ၎င်းတို့ ယခု ပြန်လာဖို့ကြိုးစားလျှင်၊ ဘုရားသခင် ၎င်းတို့အား လက်ခံမည် မဟုတ်တော့ပေ။) (ဘုရားသခင်သည် ဤလူအမျိုးအစားအား လက်မခံခြင်းကို ငါလည်း အသိအမှတ်ပြုသည်၊ အဘယ်ကြောင့်ဆိုသော် အကယ်၍ လူတစ်ဦးသည် မှန်သောလမ်းခရီးကို မြင်တွေ့ခဲ့ကာ၊ ဘုရားသခင်၏အမှုကို အချိန်ကာလ ကြာမြင့်စွာ ကြုံတွေ့ခံစားခဲ့ရပြီး၊ လောကနှင့် စာတန်၏ ပွေ့ဖက်မှုသို့ ပြန်သွားနိုင်သေးပါက၊ ဤသည်မှာ ဘုရားသခင်ကို ကြီးမားစွာ သစ္စာဖောက်ခြင်းပင် ဖြစ်သည်။ ဘုရားသခင်၏ အနှစ်သာရမှာ သနားကရုဏာနှင့် ချစ်ခြင်းမေတ္တာ ဖြစ်လင့်ကစား၊ ထိုအနှစ်သာရက မည်သည့် လူအမျိုးအစားကို ဦးတည်နေသည် ဟူသည့်အပေါ် မူတည်သည်။ အကယ်၍ ဤလူသည် နှစ်သိမ့်မှုကို ရှာရန် သို့မဟုတ် သူတို့၏ မျှော်လင့်ချက်များအတွက် ပုံ၍အားထားနိုင်မည့် တစ်စုံတစ်ရာကို ရှာဖွေရန် ဘုရားသခင်ရှေ့သို့ လာပါက၊ သူတို့သည် ဘုရားသခင်ကို မှန်ကန်ရိုးသားစွာ ယုံကြည်သောသူ အမျိုးအစား တကယ့်ကို မဟုတ်သဖြင့် ထိုကဲ့သို့သော လူတို့အပေါ် ဘုရားသခင်၏ သနားကရုဏာမှာ ဤမျှလောက်သာ ဖြစ်လေသည်။) ဘုရားသခင်၏ အနှစ်သာရမှာ သနားကရုဏာ ဖြစ်သည်ဆိုလျှင်၊ သူသည် ဤလူအမျိုးအစားကို အဘယ်ကြောင့် သနားကရုဏာ အနည်းငယ် ထပ်မပေးသနည်း။ အနည်းငယ်ပိုသော သနားကရုဏာကြောင့်၊ ဤသူသည် အခွင့်အရေးတစ်ခု ရမည်မဟုတ်လော။ ယခင်က ဘုရားသခင်သည် လူအယောက်တိုင်းကို ကယ်တင်ခံရစေလိုပြီး မည်သူ့ကိုမျှ ထာဝရပြစ်ဒဏ်ကို မခံစားစေလိုပေ။ အကယ်၍ သိုးတစ်ရာထဲမှ သိုးတစ်ကောင်ပျောက်ပါက၊ ဘုရားသခင်သည် ပျောက်သောတစ်ကောင်ကို ရှာဖွေရန် ကိုးဆယ့်ကိုးကောင်ကို ချန်ခဲ့မည် ဖြစ်သည်။ ယနေ့တွင် ဤလူတို့နှင့်ပတ်သက်၍၊ ၎င်းတို့၏ စစ်မှန်သောယုံကြည်မှုကြောင့် ဖြစ်ပါက၊ ဘုရားသခင်သည် ၎င်းတို့ကို လက်ခံသင့်ပြီး ဒုတိယကြိမ် အခွင့်အရေး ပေးသင့်သလော။ စင်စစ် ၎င်းမှာ ခက်ခဲသောမေးခွန်းတစ်ခု မဟုတ်ပေ။ အလွန် ရိုးရှင်းလွယ်ကူပေသည်။ အကယ်၍ သင်သည် ဘုရားသခင်ကို အမှန်တကယ် နားလည်ပြီး ဘုရားသခင်အကြောင်း စစ်မှန်သော သိကျွမ်းခြင်းရှိပါက၊ များများစားစား ရှင်းပြရန် မလိုအပ်ပေ၊ ထင်မြင်ချက် မြောက်မြားစွာလည်း မလိုအပ်သည် မဟုတ်လော။ သင်တို့၏ အဖြေများသည် မှန်သောလမ်းကြောင်းပေါ်၌ ရှိသော်လည်း၊ ၎င်းတို့မှာ ဘုရားသခင်၏ သဘောထားကို လုံး၀

မပြည့်မီသေးချေ။

ဘုရားသခင်သည် ဤလူအမျိုးအစားကို လက်ခံနိုင်လောက်မည် မဟုတ်ကြောင်း ကျိန်းသေမှုကို သင်တို့အချို့က အခုလေးတင် ဖော်ပြခဲ့ကြသည်။ အခြားသူတို့မှာမူ ဘုရားသခင်က ၎င်းတို့ကို လက်ခံနိုင်မည် သို့မဟုတ် လက်မခံနိုင်မည်ကို တွေးလျက် သိပ်မရှင်းလင်းခဲ့ကြပေ- ဤသဘောထားမှာ ပို၍အသင့်အတင့်ဖြစ်သော သဘောထားဖြစ်သည်။ သင်တို့တွင် ဘုရားသခင်သည် ဤလူအမျိုးအစားကို လက်ခံလိမ့်မည်ဖြစ်ကြောင်း မျှော်လင့်သည့် ရှုထောင့်ရှိသောသူများလည်း ရှိခဲ့သည်၊ ဤသဘောထားမှာ ပို၍မရေရာသော သဘောထားဖြစ်သည်။ မိမိထင်သည့်အရာ၌ ကျိန်းသေနေသော သင်တို့က ဘုရားသခင်သည် အချိန်ကြာမြင့်စွာ အလုပ်လုပ်ခဲ့ပြီးပြီ၊ ထို့ပြင် သူ၏အမှုမှာ ပြီးပြည့်စုံသောကြောင့် သူသည် ဤလူများကို သည်းခံရန် မလိုအပ်ပါဟူ၍ ယုံကြည်ကြသည်။ ထိုသို့ဖြစ်၍ သူသည် ၎င်းတို့အား နောက်တစ်ဖန် လက်ခံလိမ့်မည်မဟုတ်ဟု ယုံကြည်ကြသည်။ သင်တို့အထဲမှ အသင့်အတင့်ဖြစ်သော သူများက ဤအရေးကိစ္စများကို တစ်ဦးချင်းစီ၏ အခြေအနေများအရ ကိုယ်တွယ်ဖြေရှင်းသင့်သည်ဟု ယုံကြည်ကြသည်၊ အကယ်၍ ဤလူ၏ စိတ်နှလုံးသည် ဘုရားသခင်ထံမှ ခွဲခွာ၍ မရနိုင်ပါက၊ ထို့ပြင် ၎င်းတို့မှာ ဘုရားသခင်ကို အမှန်တကယ်ယုံကြည်ပြီး သမ္မာတရားကို အားထုတ်ပါက၊ ဘုရားသခင်သည် ၎င်းတို့၏ ယခင်အားနည်းချက်များနှင့် အမှားများကို မေ့လျော့သင့်သည်၊ သူသည် ဤလူတို့အား ခွင့်လွှတ်သင့်ကာ၊ ၎င်းတို့အား ဒုတိယကြိမ်အခွင့်အရေး ပေးသင့်ပြီး၊ ၎င်းတို့အား သူ၏အိမ်တော်သို့ ပြန်လာ၍ သူ၏ကယ်တင်ခြင်းကို လက်ခံခွင့်ပေးသင့်ပေသည်။ သို့သော်လည်း အကယ်၍ ဤလူတို့သည် နောင်အခါ နောက်ထပ်တစ်ကြိမ် ထွက်ပြေးပါက၊ ဘုရားသခင်သည် ဤလူကို အလိုရှိတော့မည် မဟုတ်ဘဲ၊ ၎င်းတို့အား ပစ်ပယ်ခြင်းကို မတရားမှုတစ်ခုအဖြစ် သတ်မှတ်၍ မရနိုင်ပေ။ ဘုရားသခင်က ဤသို့သောလူကို လက်ခံနိုင်မည်ဟု မျှော်လင့်သော အခြားအုပ်စုရှိသည်။ ဘုရားသခင်က အမှန်တကယ် ဤသို့ပြုမည် မပြုမည်ကို ဤအုပ်စုက သိပ်မသေချာပေ။ အကယ်၍ ဘုရားသခင်သည် ဤသို့သောလူမျိုးကို လက်ခံသင့်ပါသည်ဟု သူတို့ ယုံကြည်သော်လည်း၊ ဘုရားသခင် လက်မခံပါက၊ ဤအမြင်သည် ဘုရားသခင်၏ ရှုထောင့်နှင့် အနည်းငယ် ကိုက်ညီမှု မရှိသကဲ့သို့ ထင်ရသည်။ အကယ်၍ ၎င်းတို့က ဘုရားသခင်သည် ဤသို့သောလူအား လက်မခံသင့်ပါဟု ယုံကြည်ကြသော်လည်း၊ လူသားတို့အပေါ် သူ၏ ချစ်ခြင်းမေတ္တာမှာ အကန့်အသတ် မရှိသဖြင့် ဤသို့သောလူအား နောက်တစ်ကြိမ် အခွင့်အရေးပေးရန် သူအလိုရှိသည်ဟု ဘုရားသခင် ပြောဖြစ်လိုက်ပါက၊ ဤသည်မှာ လူသား၏ မသိနားမလည်ခြင်းကို ဖော်ထုတ်ပြခြင်း၏

သာဓကတစ်ခုပင် ဖြစ်သည် မဟုတ်လော။ မည်သို့ပင်ဆိုစေ သင်တို့အားလုံး၌ သင်တို့၏ ကိုယ်ပိုင်ရှုထောင့်များ ရှိကြသည်။ ဤရှုထောင့်များမှာ သင်တို့၏ ကိုယ်ပိုင်အတွေးများထဲမှ အသိပညာတစ်မျိုးကို သရုပ်ဖော်သည်၊ ၎င်းတို့မှာ သမ္မာတရားအပေါ် နှင့် ဘုရားသခင်၏ အလိုတော်အပေါ် သင်တို့ နားလည်ခြင်း၏ နက်ရှိုင်းမှုကို ထင်ဟပ်ခြင်းလည်း ဖြစ်သည်။ ဤသို့ဆိုခြင်းမှာ မှန်ကန်သည် မဟုတ်သလော။ သင်တို့၌ ဤကိစ္စနှင့် ပတ်သက်၍ ထင်မြင်ချက်များ ရှိကြသည်မှာ ကောင်းလေစွ။ သို့သော်လည်း သင်တို့၏ ထင်မြင်ချက်များမှန် မမှန် နှင့် ပတ်သက်သည့် မေးခွန်း ရှိသေးသည်။ သင်တို့အားလုံး အနည်းငယ် စိုးရိမ်ကြသည် မဟုတ်သလော။ "ထိုသို့ဆိုသော် မည်သည့် အရာက မှန်သနည်း။ ကျွန်ုပ်သည် ရှင်းလင်းစွာ မမြင်နိုင်ဘဲ၊ ဘုရားသခင်က မည်သည့်အရာကို စဉ်းစားနေကြောင်း ကျွန်ုပ် အတိအကျ မသိရသည့်အပြင်၊ ဘုရားသခင်က ကျွန်ုပ်ကို တစ်စုံတစ်ခုမျှ မပြောထားခဲ့ပေ။ သူ မည်သည့်အရာကို စဉ်းစားနေကြောင်း ကျွန်ုပ် အဘယ်သို့သိနိုင်မည်နည်း။ လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ သဘောထားမှာ ချစ်ခြင်းမေတ္တာ ဖြစ်သည်။ အတိတ်က ဘုရားသခင်၌ ရှိခဲ့ပြီးသော သဘောထားအတိုင်း လိုက်နာပါက၊ သူသည် ဤသို့သောလူကို လက်ခံသင့်သည်၊ သို့သော် ဘုရားသခင်၏ လက်ရှိ သဘောထားနှင့်ပတ်သက်၍ ကျွန်ုပ်သိပ်မရှင်းပါ။ သူသည် ဤလူကို လက်ခံကောင်း လက်ခံလိမ့်မည်၊ သို့မဟုတ် လက်ခံကောင်း လက်ခံလိမ့်မည် မဟုတ် ဟုသာ ကျွန်ုပ်ပြောနိုင်သည်။" ဤအရာမှာ ရယ်ဖွယ်ရာ ဖြစ်သည် မဟုတ်လော။ ဤမေးခွန်းက သင်တို့အား အမှန်တကယ်ပင် အကျပ်ရိုက်စေပြီ ဖြစ်သည်။ အကယ်၍ သင်တို့၌ ဤကိစ္စနှင့်ပတ်သက်၍ မှန်ကန်သောအမြင် မရှိပါက၊ သင်တို့၏ အသင်းတော်သည် ဤသို့သောလူမျိုးနှင့် တကယ် ရင်ဆိုင်ရသည့်အခါ၊ သင်တို့ အဘယ်သို့ပြုကြမည်နည်း။ သင်တို့သည် အခြေအနေကို မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းခြင်း မပြုပါက၊ ဘုရားသခင်ကို သင်တို့ ပြစ်မှားကောင်း ပြစ်မှားမိနိုင်သည်။ ဤသည်မှာ အန္တရာယ်ရှိသော ကိစ္စတစ်ခု ဖြစ်သည်မဟုတ်လော။

ငါ ယခုတင်လေး တင်ပြခဲ့သော အကြောင်းအရာနှင့်ပတ်သက်၍ သင်တို့၏ အမြင်များအကြောင်းကို အဘယ်ကြောင့် ငါ မေးလိုသနည်း။ သင်တို့၏ ရှုထောင့်များကို ငါ စမ်းသပ်ရန်၊ သင်တို့၌ ဘုရားသခင်အကြောင်း အသိပညာ မည်မျှရှိကြောင်းနှင့် သင်တို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် သဘောထားအကြောင်း မည်မျှနားလည်ကြောင်း စမ်းသပ်လိုခြင်း ဖြစ်သည်။ အဖြေမှာ အဘယ်နည်း။ အဖြေက သင်တို့၏ အမြင်ရှုထောင့်များကိုယ်တိုင်ပင် ဖြစ်သည်။ သင်တို့အချို့သည် အလွန်ရှေးရိုးဆန်ကြပြီး သင်တို့အချို့သည် မှန်းဆဖို့အတွက် သင်တို့၏ စိတ်ကူးများကို အသုံးပြုနေကြသည်။

"မှန်းဆခြင်း" ဆိုသည်မှာ အဘယ်နည်း။ ၎င်းမှာ ဘုရားသခင် မည်ကဲ့သို့ စဉ်းစားကြောင်းကို မသိမြင်နိုင်ဘဲ၊ သို့ဖြစ်၍ ဘုရားသခင်သည် နည်းလမ်းအချို့ဖြင့် စဉ်းစားသင့်သည်ဟူသည့် အခြေအမြစ်မရှိသော ထင်ကြေးရှိခြင်းကို ဆိုလိုသည်။ သင် မှန်သည် သို့မဟုတ် မှားသည်ကို သင်ကိုယ်တိုင် အမှန်တကယ် မသိကြသောကြောင့် သင်တို့သည် မရေရာသော အမြင်ရှုထောင့်တစ်ခုကို ထုတ်ဖော်ခြင်းဖြစ်သည်။ ဤဖြစ်ရပ်နှင့် ရင်ဆိုင်ရသည့်အခါ၊ သင်တို့ မည်သည့်အရာကို မြင်တွေ့ပြီနည်း။ ဘုရားသခင်နောက်သို့ လိုက်သည့်အခါ၊ လူတို့သည် သူ၏အလိုတော်ကို အာရုံစိုက်ခဲ့ကြပြီး လူသားများအပေါ် သူ၏အတွေးများနှင့် သူ၏သဘောထားတို့ကို သူတို့ ဂရုစိုက်ခဲကြသည်။ လူတို့သည် ဘုရားသခင်၏ အတွေးများကို နားမလည်ကြသဖြင့် သူ၏ရည်ရွယ်ချက်များနှင့် သူ၏ စိတ်နေသဘောထားအကြောင်း မေးသည့်အခါ၊ သင်တို့ စိတ်ရှုပ်ထွေးတတ်ကြသည်။ သင်တို့သည် ကြီးမားသော မသေချာမှုထဲသို့ ရောက်ရှိသွားပြီးနောက် မှန်းဆခြင်းဖြစ်စေ အလောင်းအစားဖြစ်စေ သင်တို့ပြုကြသည်။ ဤသည်မှာ မည်သို့သော အတွေးအခေါ်မျိုး ဖြစ်သနည်း။ ၎င်းက ဘုရားသခင်ကို ယုံကြည်ကြသော လူအများစုသည် သူ့ကို ဘာမျှမရှိသော လေထုကြီးအဖြစ်၊ ထို့ပြင် တဒင်္ဂသာရှိပြီး တစ်ခဏနေ မရှိတော့ပုံရသည့် အရာတစ်ခုအဖြစ် သဘောထားကြသည့်အချက်ကို သက်သေပြပါသည်။ ထိုကဲ့သို့ ငါ အဘယ်ကြောင့် ဆိုသနည်း။ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ကိစ္စတစ်ခုကို ရင်ဆိုင်ရသည့်အခါ၊ ဘုရားသခင်၏ အလိုတော်ကို သင်တို့ မသိကြပေ။ သူ၏အလိုတော်ကို သင်တို့ အဘယ်ကြောင့် မသိကြသနည်း။ ယခုမှသာမဟုတ်၊ အစမှအဆုံးတိုင်၊ ဤကိစ္စအပေါ် ဘုရားသခင်၏ သဘောထားကို သင်တို့မသိကြပေ။ သင်သည် ယင်းကို နားလည်သဘောပေါက်နိုင်ခြင်း မရှိသည့်အပြင်၊ ဘုရားသခင်၏ သဘောထားက အဘယ်အရာဖြစ်သည်ကို မသိသော်လည်း၊ သင်သည် ၎င်းကို ကောင်းစွာ ဆင်ခြင်သုံးသပ်ဖူးသလော။ ၎င်းကို သိနားလည်ရန် သင် ရှာဖွေဖူးသလော။ ထိုအကြောင်းကို သင် မိတ်သဟာယ ပြုဖူးသလော။ မလုပ်ဖူးပါ။ ဤအရာက သင့်ယုံကြည်ချက် နှင့်ယှဉ်သော ဘုရားသခင်နှင့် စစ်မှန်မှုနှင့်ယှဉ်သော ဘုရားသခင်မှာ ဆက်စပ်မှုမရှိပါ ဟူသည့်အချက်ကို အတည်ပြုပေသည်။ ဘုရားသခင်အပေါ် သင်၏ယုံကြည်ခြင်းတွင် သင်သည် သင်၏ကိုယ်ပိုင် ရည်ရွယ်ချက်များနှင့် သင့်ခေါင်းဆောင်များ၏ ရည်ရွယ်ချက်များကိုသာ ချင့်ချိန်တွေးဆသည်၊ သင်သည် ဘုရားသခင့် နှုတ်ကပတ်တော်များ၏ အပေါ်ယံနှင့် ဩဝါဒဆိုင်ရာ အဓိပ္ပာယ်ကိုသာလျှင် စဉ်းစားသုံးသပ်ကာ ဘုရားသခင်၏ အလိုတော်ကိုသိဖို့ သို့မဟုတ် ရှာဖွေဖို့ အမှန်တကယ်ကြိုးစားခြင်း လုံးဝမရှိပေ။ ဤသည်မှာ စစ်မှန်သော ကိစ္စတစ်ရပ် ဖြစ်သည်မဟုတ်လော။ ဤကိစ္စ၏ အနှစ်သာရမှာ

အတော့်ကို ဆိုးရွားလိုက်လေခြင်း။ နှစ်ပေါင်းများစွာပြီးမှ ငါသည် ဘုရားသခင်ကို ယုံကြည်သော လူမြောက်မြားစွာကို မြင်ဖူးသည်။ သူတို့၏ စိတ်ထဲတွင် သူတို့၏ယုံကြည်မှုက ဘုရားသခင်ကို မည်သည့်အရာအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲလိုက်ကြသနည်း။ လူအချို့က ဘုရားသခင်သည် ဘာမျှမရှိသော လေထုကြီးဖြစ်သကဲ့သို့ ယုံကြည်ကြသည်။ ဤလူများ၌ ဘုရားသခင်၏ တည်ရှိခြင်းဆိုင်ရာ မေးခွန်းများအတွက် အဖြေမရှိပေ၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဘုရားသခင်၏ ရှိခြင်း သို့မဟုတ် မရှိခြင်းကို ရှင်းလင်းစွာ သိမြင်ခြင်း သို့မဟုတ် နားလည်ခြင်း ရှိဖို့နေနေသာသာ၊ ခံစားနိုင်ခြင်း သို့မဟုတ် သိနိုင်ခြင်း မရှိကြချေ။ မသိစိတ်၏ နှိုးဆော်မှုအရ ဤလူများက ဘုရားသခင်မတည်ရှိဟု ထင်တတ်ကြသည်။ အခြားသူများက ဘုရားသခင်သည် လူသားတစ်ဦး ဖြစ်သကဲ့သို့ ယုံကြည်ကြသည်။ ဤလူတို့က ၎င်းတို မလုပ်နိုင်သော အရာများအားလုံးကို ဘုရားသခင်လည်း မလုပ်နိုင်ပါ ဟူ၍လည်းကောင်း၊ ဘုရားသခင်သည် ၎င်းတို့ တွေးသည့်ပုံစံအတိုင်း တွေးရလိမ့်မည် ဟူ၍လည်းကောင်း ယုံကြည်ကြသည်။ ဘုရားသခင်အပေါ် သူတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "မမြင်ရသော၊ ထိတွေ့၍မရသော ပုဂ္ဂိုလ်တစ်ဦး" ပင် ဖြစ်သည်။ ဘုရားသခင်သည် ရုပ်သေးရုပ် တစ်ရုပ်အလား ဖြစ်သည်ဟု ယုံကြည်သော လူတစ်စုလည်း ရှိသည်။ ဤလူများက ဘုရားသခင်၌ ခံစားချက်မရှိဟု ယုံကြည်ကြသည်။ သူတို့က ဘုရားသခင်သည် ရွှံ့စေးရုပ်တုတစ်ရုပ် ဖြစ်ပြီး ကိစ္စတစ်ရပ်ကို ရင်ဆိုင်ရသည့်အခါ၊ ဘုရားသခင်၌ သဘောထားမရှိ၊ အမြင်ရှုထောင့်မရှိ၊ သို့မဟုတ် အတွေးအခေါ်များမရှိဟု ထင်ကြသည်။ သူသည် လူ၏ ပြုသမျှနုရမည်ဟု သူတို့က ယုံကြည်ကြသည်။ လူတို့သည် ၎င်းတို့ ယုံကြည်လိုသည့်အတိုင်းသာ ယုံကြည်ကြသည်။ အကယ်၍ ၎င်းတို့က သူ့အား ကြီးမြတ်စေပါက၊ သူ ကြီးမြတ်သည်၊ အကယ်၍ ၎င်းတို့က သူ့အား သေးသိမ်စေပါက၊ သူ သေးသိမ်သည်။ လူတို့သည် အပြစ်ပြုပြီး ဘုရားသခင်၏ သနားခြင်းကရုဏာ၊ သည်းခံခြင်းနှင့် ချစ်ခြင်းမေတ္တာကို လိုအပ်သည့်အခါ၊ ဘုရားသခင်သည် သူ၏ သနားကရုဏာကို ပေးသင့်သည်ဟု သူတို့ယူဆကြသည်။ ဤလူများသည် ၎င်းတို့၏ ကိုယ်ပိုင်အတွေးများထဲ၌ "ဘုရားသခင်" တစ်ပါးကို ပုံဖော်ကြကာ၊ ဤ "ဘုရားသခင်" အား ၎င်းတို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန်နှင့် ၎င်းတို့၏ အလိုဆန္ဒအားလုံးကို ပြည့်ဝစေရန် ခိုင်းတတ်ကြသည်။ မည်သည့်အချိန် သို့မဟုတ် မည်သည့်နေရာ၌ဖြစ်စေ၊ ထို့ပြင် ဤသို့သော လူတို့သည် မည်သည့်အရာ ပြုလုပ်သည်ဖြစ်စေ ၎င်းတို့သည် ဘုရားသခင်အပေါ် ၎င်းတို့၏ ဆက်ဆံမှုနှင့် ၎င်းတို့၏ ယုံကြည်မှု၌ ဤစိတ်ကူးကို ခံယူကြလိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏ စိတ်သဘောထားကို အနှောင့်အယှက် ပေးမိပြီးနောက် ဘုရားသခင်သည်

၎င်းတို့အား ကယ်တင်နိုင်မည်ဟူ၍ ယုံကြည်ကြသော သူများပင် ရှိသည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အကန့်အသတ်မဲ့သည်၊ သူ၏ စိတ်သဘောထားသည် ဖြောင့်မတ်ပြီး၊ လူတစ်ဦးက ဘုရားသခင်ကို မည်မျှပင်ပြစ်မှားပါစေ သူသည် ထိုအရာ တစ်စုံတစ်ခုကိုမျှ အမှတ်ရလိမ့်မည်မဟုတ်ဟု ယူဆကြခြင်းကြောင့် ဖြစ်သည်။ လူ၏ အမှားများ၊ လူ၏ ကျူးလွန်မှုများ နှင့် လူ၏ မနာခံမှုတို့မှာ ထိုလူ့စိတ်သဘောထား၏ တဒင်္ဂဖော်ပြချက်များ ဖြစ်သောကြောင့်၊ ဘုရားသခင်သည် လူတို့အား အခွင့်အရေးများကိုပေးပြီး ၎င်းတို့အပေါ် သည်းခံကာ စိတ်ရှည်လိမ့်မည်ဟု သူတို့က ထင်ကြသည်။ ဘုရားသခင်က ၎င်းတို့အား ယခင်ကကဲ့သို့ပင် ချစ်နေဦးမည်ဟု သူတို့ယုံကြသည်။ ထို့ကြောင့် ၎င်းတို့သည် ကယ်တင်ခြင်းကို ရရှိရန်အတွက် မြင့်မားသော မျှော်လင့်ချက်များကို ဆုပ်ကိုင်ထားကြသည်။ အမှန်မှာ လူတို့သည် ဘုရားသခင်ကို မည်သို့ပင် ယုံကြည်စေကာမူ၊ သူတို့သည် သမ္မာတရားကို အားထုတ်နေခြင်း မရှိပါက၊ ဘုရားသခင်သည် ၎င်းတို့အပေါ် အပျက်သဘောဆောင်သော သဘောထားတစ်ခုကို စွဲကိုင်ထားမည် ဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သင်သည် ဘုရားသခင်ကို သင်ယုံကြည်စဉ်တစ်လျှောက်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်စာအုပ်ကို ရတနာအဖြစ် သတ်မှတ်ရှုမြင်ထားကာ ၎င်းကို နေ့စဉ် လေ့လာဖတ်ရှုသော်လည်း၊ သင်သည် စစ်မှန်သော ဘုရားသခင်ကို ဘေးဖယ်ထားသောကြောင့် ဖြစ်သည်။ သင်သည် သူ့အား ဘာမျှမရှိသော လေသက်သက်အဖြစ် သို့မဟုတ် လူတစ်ဦးသက်သက်အဖြစ် သဘောထားပြီးလျှင်၊ သင်တို့အချို့က သူ့ကို ရုပ်သေးရုပ်တစ်ရုပ် အဖြစ်လောက်သာ သဘောထားကြသည်။ ငါသည် ယင်းကို အဘယ်ကြောင့် ဤသို့ဆိုရသနည်း။ ဤသို့ ငါဆိုခြင်းမှာ အဘယ်ကြောင့်ဆိုသော် ၎င်းကို ငါမြင်သည့်ပုံစံအတိုင်းဆိုလျှင် သင်တို့သည် ကိစ္စတစ်ရပ်ကို ရင်ဆိုင်ရသည်ဖြစ်စေ သို့မဟုတ် အခြေအနေတစ်ခုခုကို ကြုံတွေ့ရသည်ဖြစ်စေ သင်တို့၏ မသိစိတ်ထဲ၌ရှိသော ထိုအရာများ၊ အတွင်း၌ သင်ကြီးထွားလာစေသော ထိုအရာများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ သို့မဟုတ် သမ္မာတရားအား အားထုတ်ခြင်းနှင့် မည်သည့်ဆက်နွယ်မှုမျှ လုံးဝ မရှိခဲ့ဖူးပေ။ သင်သည် သင်ကိုယ်တိုင် မည်သည့်အရာကို တွေးနေသည်၊ သင်၏ ကိုယ်ပိုင်ရှုထောင့်က မည်သည့်အရာ ဖြစ်သည်ကိုသာ သိပြီး၊ ထို့ပြင် သင်သည် သင်၏ကိုယ်ပိုင် အတွေးအခေါ်များနှင့် ရှုထောင့်များအတိုင်း ဘုရားသခင်အပေါ် အတင်းအကျပ်ပြုကြသည်။ သင်၏ စိတ်ထဲတွင် ၎င်းတို့သည် ဘုရားသခင်၏ ရှုထောင့်များ ဖြစ်လာကြပြီး ဤရှုထောင့်များကို မဆုတ်မနစ် လိုက်နာစောင့်ထိန်းသည့် စံနှုန်းများအဖြစ် သင် ပြုလေသည်။

အချိန်ကြာလာသည်နှင့်အမျှ ဤကဲ့သို့ ရှေ့ဆက်သွားခြင်းက သင့်ကို ဘုရားသခင်ထံမှ သာ၍သာ၍ ဝေးကွာသွားစေသည်။

## ဘုရားသခင်၏ သဘောထားကို နားလည်ပြီး ဘုရားသခင်အပေါ် နားလည်မှုလွဲမှားခြင်းများ အားလုံးကို စွန့်လော့

သင်တို့ လက်ရှိယုံကြည်ကြသော ဤဘုရားသခင်သည် မည်ကဲ့သို့သော ဘုရားသခင်ပင် ဖြစ်သနည်း။ ထိုအကြောင်းကို သင်တို့ စဉ်းစားဖူးသလော။ ဆိုးယုတ်သောသူတစ်ဦး မကောင်းမှုများ ကျူးလွန်နေသည်ကို သူမြင်သည့်အခါ၊ ယင်းကို သူစက်ဆုပ်ရွံရှာသလော။ (စက်ဆုပ်ရွံရှာပါသည်။) မသိနားမလည်သော လူများက အမှားများ ပြုလုပ်သည်ကို သူမြင်သည့်အခါ သူ၏သဘောထားမှာ အဘယ်သို့ ရှိသနည်း။ (ဝမ်းနည်းခြင်း။) သူ၏ အလှူငွေများကို လူတို့ ခိုးယူနေသည်ကို သူမြင်သည့်အခါ၊ သူ၏သဘောထားမှာ အဘယ်နည်း။ (၎င်းတို့ကို သူ စက်ဆုပ်ရွံရှာသည်။) ဤအရာအားလုံးမှာ အလွန်ရှင်းသည်၊ မှန်သလော။ သမ္မာတရားကို လေ့လာလိုက်စားခြင်း လုံးဝမရှိသောသူ တစ်စုံတစ်ဦးသည် ဘုရားသခင်အပေါ် ၎င်း၏ ယုံကြည်မှုတွင် ရှုပ်ထွေးနေသည်ကို သူမြင်သည့်အခါ၊ ဘုရားသခင်၏ သဘောထားမှာ အဘယ်သို့ ရှိသနည်း။ သင်တို့ သိပ်မသေချာကြသည် မဟုတ်လော။ "ရှုပ်ထွေးခြင်း" မှာ သဘောထားတစ်ခု ဖြစ်သည့်အတွက်၊ အပြစ်မဟုတ်သကဲ့သို့ ၎င်းက ဘုရားသခင်ကို စော်ကားပြစ်မှားရာလည်း မရောက်သည့်အပြင်၊ ၎င်းမှာ ကြီးမားသောအမှားမျိုး မဟုတ်ပါဟု လူတို့က ယူဆကြသည်။ ထိုသို့ဆိုသော် ငါ့အားပြောလော့၊ ဤအရေးကိစ္စတွင် ဘုရားသခင်၏ သဘောထားမှာ အဘယ်နည်း။ (သူသည် ၎င်းတို့ကို အသိအမှတ် မပြုလိုပေ။) "အသိအမှတ် မပြုလိုခြင်း"၊ ဤသည်မှာ အဘယ်သို့သော သဘောထားမျိုး ဖြစ်သနည်း။ ၎င်းမှာ ဘုရားသခင်က ဤလူများကို အထင်အမြင်သေးပြီး သူတို့အား အရေးမစိုက်ခြင်းကို ဆိုလိုလေသည်။ ထိုကဲ့သို့သော လူတို့ကို ဘုရားသခင် ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းမှာ သူတို့ကို အေးတိအေးစက်ဖြင့် ဆက်ဆံလိုက်ခြင်းပင်ဖြစ်သည်။ သူ၏ ကိုင်တွယ်ဖြေရှင်းနည်းမှာ ၎င်းတို့အပေါ် မည်သည့်အလုပ်ကိုမျှ မပြုလုပ်ဘဲ၊ ၎င်းတို့အား ဘေးဖယ်ထားခြင်းဖြစ်ပြီး၊ ဤအရာတွင် ဉာဏ်ပွင့်စေခြင်း၊ အလင်းပေးခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းဆိုင်ရာ အလုပ်တို့ ပါဝင်လေသည်။ ထိုကဲ့သို့သော လူတို့ကို ဘုရားသခင်၏ အမှုထဲ၌ အမှန်ပင် ထည့်သွင်းရေတွက်မထားပေ။ သူ၏ စိတ်သဘောထားကို အနှောင့်အယှက်ပေးပြီး သူ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်သော သူတို့အပေါ် ဘုရားသခင်၏ သဘောထားမှာ အဘယ်နည်း။ အလွန်အမင်း

စက်ဆုပ်ရွံ့ရှာခြင်းပင်။ သူ၏ စိတ်သဘောထားကို အနှောင့်အယှက်ပေးခြင်းနှင့် ပတ်သက်၍ နောင်တမရသော လူများအားဖြင့် ဘုရားသခင်သည် အလွန်အမင်း ဒေါသထွက်သည်။ "ဒေါသထွက်သည်" ဆိုသည်မှာ ခံစားမှုတစ်ခု၊ စိတ်နေစိတ်ထား တစ်ခုမျှသာ မဟုတ်တော့ပေ၊ ၎င်းသည် ရှင်းလင်းသော သဘောထားတစ်ခုနှင့် အလားတူခြင်းမရှိပေ။ သို့သော်လည်း ဤခံစားမှု၊ ဤစိတ်နေစိတ်ထားက ဤသို့သော လူတို့အတွက် အဆုံးသတ်တစ်ခုကို ဖြစ်ပေါ်စေမည် ဖြစ်သည်- ယင်းက ဘုရားသခင်ကို အလွန်အမင်း စက်ဆုပ်ရွံရှာမှုဖြင့် ပြည့်စေလိမ့်မည် ဖြစ်ပါတကား။ ဤအလွန်အမင်း စက်ဆုပ်ရွံရှာမှု၏ အကျိုးဆက်မှာ အဘယ်နည်း။ ၎င်းမှာ ဘုရားသခင်သည် ဤလူကို ဘေးဖယ်ထားပြီး လောလောဆယ် တုန့်ပြန်မှု ပြုလိမ့်မည် မဟုတ်ခြင်းဖြစ်သည်။ ထို့နောက် "ဆောင်းဦးကာလပြီးနောက်" တွင် ၎င်းတို့ကို အပြစ်ပေးရန် သူ စောင့်ဆိုင်းလိမ့်မည်။ ဤသည်မှာ မည်သည့်အရာကို သွယ်ဝိုက်ညွှန်းဆိုသနည်း။ ဤလူတို့၌ အဆုံးသတ်များ ရှိလိမ့်ဦးမည်လော။ ဘုရားသခင်သည် ဤသို့သော လူတို့ကို မည်သည့်အဆုံးသတ်ကိုမျှပေးရန် လုံးဝ မရည်ရွယ်ခဲ့ပါပေ။ ထို့ကြောင့် ဘုရားသခင်သည် ဤသို့သော လူတို့ကို ယခု မတုံ့ပြန်သည်မှာ လုံးဝ ပုံမှန်ပင်ဖြစ်သည် မဟုတ်လော။ (ပုံမှန်ဖြစ်ပါသည်။) ဤသို့သော လူတို့သည် မည်သည့်အရာ ပြုလုပ်ရန် ပြင်ဆင်နေသင့်သနည်း။ ၎င်းတို့သည် ၎င်းတို့၏ အပြုအမူနှင့် ၎င်းတို့ကျူးလွန်ခဲ့ပြီးသည့် မကောင်းသော လုပ်ရပ်များ၏ အပျက်သဘောဆောင်သော အကျိုးဆက်များကို တာဝန်ယူရန် ပြင်ဆင်သင့်သည်။ ဤသည်မှာ ဤကဲ့သို့သော လူစားမျိုးအတွက် ဘုရားသခင်၏ တုံ့ပြန်မှုဖြစ်သည်။ ထို့ကြောင့် ဤကဲ့သို့သော လူတို့ကို ယခု ငါ ရှင်းရှင်းလင်းလင်း ပြောမည်- သင်တို့၏ ထင်ယောင်ထင်မှားဖြစ်ခြင်းများကို နောက်ထပ် ဆုပ်ကိုင်မထားကြနှင့်၊ ထို့ပြင် ဖြစ်လိုသော စိတ်ကူးများကို ဆက်၍ မတွေးကြနှင့်။ ဘုရားသခင်သည် လူတို့ကို အကန့်အသတ်မဲ့ သည်းခံလိမ့်မည် မဟုတ်ပေ။ သူသည် ၎င်းတို့၏ ကျူးလွန်မှုများ သို့မဟုတ် မနာခံမှုတို့ကို ထာဝရသည်းခံလိမ့်မည် မဟုတ်ပေ။ လူအချို့က "ကျွန်ုပ်သည်လည်း ဤကဲ့သို့သော လူအနည်းငယ်ကို မြင်ဖူးပြီး ၎င်းတို့ ဆုတောင်းသောအခါ၊ အထူးသဖြင့် ဘုရားသခင်၏ တို့ထိခြင်းကို ၎င်းတို့ခံကြရကာ အသည်းအသန် ငိုကြွေးကြသည်။ အများအားဖြင့် ၎င်းတို့သည် အလွန်လည်း ပျော်ရွှင်ကြသည်။ ၎င်းတို့သည် မိမိတို့အပေါ် ဘုရားသခင်၏ မျက်မှောက်တော်နှင့် ဘုရားသခင်၏ လမ်းပြမှုကို ရရှိဟန်တူသည်။" ဟု ဆိုကြလိမ့်မည်။ ထိုကဲ့သို့ အဓိပ္ပာယ်မရှိသော စကားကို မပြောလေနှင့်။ အသည်းအသန် ငိုကြွေးခြင်းမှာ ဘုရားသခင်၏ လမ်းပြမှုဖြစ်စ်ဖို့ နေနေသာသာ၊ ဘုရားသခင်၏ တို့ထိမှုကိုခံရခြင်း သို့မဟုတ် ဘုရားသခင်၏ မျက်မှောက်တော်အား အကျိုးခံစားရခြင်းကို

သေချာပေါက် ဆိုလိုသည်မဟုတ်ပေ။ အကယ်၍ လူတို့သည် ဘုရားသခင်ကို ဒေါသထွက်စေပါက၊ ဘုရားသခင်သည် ၎င်းတို့အား လမ်းပြဦးမည်လော။ အချုပ်အားဖြင့် ဘုရားသခင်သည် တစ်စုံတစ်ဦးကို သုတ်သင်ဖယ်ရှင်းရန်နှင့် စွန့်ပစ်ရန် ဆုံးဖြတ်ပြီးသောအခါ၊ ထိုလူ၌ အဆုံးသတ် ကင်းမဲ့နှင့်ပြီဖြစ်သည်။ ၎င်းတို့ ဆုတောင်းသည့်အခါ၊ ၎င်းတို့၏ ခံစားချက်များမှာ မည်သို့ပင် အားရကျေနပ်ဖွယ် ကောင်းသည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်အပေါ် ယုံကြည်မှု မည်မျှပင် ရှိသည်ဖြစ်စေ ယင်းက အကျိုးဆက်နှင့် မဆိုင်တော့ပါ။ အရေးကြီးသည့်အရာမှာ ဘုရားသခင်သည် ဤယုံကြည်မှုမျိုးကို မလိုအပ်ပေ၊ သူသည် ဤလူတို့ကို ပစ်ပယ်ထားနှင့်ပြီးဖြစ်သည်။ အနာဂတ်တွင် ၎င်းတို့အား မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်မှာလည်း အရေးမကြီးပေ။ အရေးကြီးသောအရာမှာ ဤလူတို့က ဘုရားသခင်ကို ဒေါသထွက်စေသည့် အခိုက်အတန့်မှာပင် ၎င်းတို့၏ အဆုံးသတ်များမှာ သတ်မှတ်ထားပြီး ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် ဤကဲ့သို့သော လူတို့ကို ကယ်တင်ရန် ဆုံးဖြတ်ထားပြီး မဟုတ်ပါက၊ ၎င်းတို့သည် ပြစ်ဒဏ်ခတ်ခံရရန်အတွက် ချန်ရစ်ထားခြင်းကို ခံရလိမ့်မည် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ သဘောထားပင် ဖြစ်သည်။

ဘုရားသခင်၏ အနှစ်သာရတွင် ချစ်ခြင်းမေတ္တာ၏ အခြေခံသဘောတရားပါဝင်ပြီး သူသည် တစ်ဦးတစ်ယောက်စီတိုင်းအား သနားကရုဏာစိတ် ရှိသော်လည်း၊ သူ၏ အနှစ်သာရမှာ ဂုဏ်သိက္ခာရှိသောသူလည်း ဖြစ်သည် ဟူသည့်အချက်ကို လူတို့ လျစ်လျူရှုပြီး မေ့လျော့ကြပြီးဖြစ်သည်။ သူ၌ ချစ်ခြင်းမေတ္တာရှိ၏ ဟူသည်မှာ သူ့အထဲ၌ ခံစားချက်များ သို့မဟုတ် တုံ့ပြန်ချက်တစ်ခုကို နှိုးဆွခြင်းမရှိဘဲ၊ လူတို့က သူ့ကို လွတ်လပ်စွာ ပြစ်မှားနိုင်သည်ဟု ဆိုလိုခြင်း မဟုတ်သည့်အပြင် သူ၌ သနားခြင်းကရုဏာ ရှိ၏ ဟူသည်မှာ လူတို့ကို သူဆက်ဆံသည့်ပုံစံ၌ အခြေခံစည်းမျဉ်းများ မရှိပါဟု ဆိုလိုခြင်း မဟုတ်ပေ။ ဘုရားသခင်သည် အသက်ရှင်နေသည်၊ သူသည် အမှန်တကယ် တည်ရှိသည်။ သူသည် စိတ်ကူးဖြင့်ပုံဖော်ထားသော ရုပ်သေးရုပ်တစ်ရုပ် မဟုတ်သကဲ့သို့၊ အခြားအရာဝတ္ထု တစ်ခုခုလည်း မဟုတ်ပေ။ သူသည် တည်ရှိသည့်အတွက်၊ ငါတို့သည် သူ့စိတ်နှလုံး၏ဖွင့်ဟချက်ကို အချိန်တိုင်း ဂရုတစိုက် နားထောင်သင့်ကာ၊ သူ၏ စိတ်နေသဘောထားကို သေချာစွာ အာရုံစိုက်ပြီး သူ၏ ခံစားချက်များကို နားလည်လာသင့်သည်။ ငါတို့သည် ဘုရားသခင်ကို အဓိပ္ပာယ်ဖွင့်ရန်အတွက် လူသား၏ စိတ်ကူးများကို အသုံးမပြုသင့်သကဲ့သို့၊ ဘုရားသခင်အား လူသား၏ စိတ်ကူးများအပေါ် အခြေခံ၍ လူ့နည်းဟန်ဖြင့် လူတို့ကို ဆက်ဆံစေကာ၊ သူ့အပေါ် လူ့ထင်မြင်ချက်များ သို့မဟုတ်

ဆန္ဒပြုချက်များကို မသွတ်သွင်းသင့်ပေ။ အကယ်၍ သင် ဤသို့ပြုပါက၊ သင်သည် ဘုရားသခင်ကို ဒေါသထွက်စေခြင်း၊ သူ၏ အမျက်ဒေါသကို ဆွဲဆောင်ခြင်းနှင့် သူ၏ ဂုဏ်သိက္ခာကို စိန်ခေါ်ခြင်းပင် ဖြစ်နေပေသည်။ ထို့ကြောင့် ဤကိစ္စ၏ ကြီးလေးမှုကို သင်တို့ နားလည် လာပြီးသည်နှင့်တစ်ပြိုင်နက်၊ သင်တို့ အယောက်စီတိုင်းကို သင်တို့၏ လုပ်ဆောင်ချက်များ၌ သတိထားရန်နှင့် ချင့်ချိန်တတ်ရန် ငါတိုက်တွန်းသည်။ သင်တို့၏ စကားပြောခြင်း၌လည်း သတိထားပြီး ချင့်ချိန်မှု ရှိကြလော့၊ ဘုရားသခင်ကို သင်တို့ မည်ကဲ့သို့ ဆက်ဆံသည်နှင့်စပ်လျဉ်း၍ သင်တို့သည် ပို၍သတိထားပြီး ပို၍ချင့်ချိန်လေ ပို၍ကောင်းလေ ဖြစ်လေသည်။ သင်သည် ဘုရားသခင်၏ သဘောထားမှာ မည်သည့်အရာ ဖြစ်သည်ကို နားမလည်သောအခါ၊ မဆင်မခြင်စကားပြောခြင်းမှ ရှောင်ကြဉ်လော့၊ သင်၏ လုပ်ဆောင်ချက်များ၌ မဆင်မခြင် မပြုနှင့်၊ ထို့ပြင် ပေါ့ပေါ့တန်တန် အမည်ပေးသမုတ်ခြင်း မပြုနှင့်။ ပို၍ပင် အရေးကြီးသည်မှာ ထင်ရာမြင်ရာ မည်သည့် ကောက်ချက်ချခြင်းများကိုမျှ မပြုလေနှင့်။ ထို့အစား သင်သည် စောင့်ဆိုင်းပြီး ရှာဖွေသင့်သည်။
ဤလုပ်ဆောင်ချက်များမှာလည်း ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်ခြင်း၏ သရုပ်သကန်တစ်ခု ဖြစ်သည်။ အကယ်၍ အရာခပ်သိမ်းထက် ဤအရာကို သင်ရရှိနိုင်ပြီး အရာခပ်သိမ်းထက် ဤသဘောထားကို သင်ပိုင်ဆိုင်နိုင်ပါက၊ ဘုရားသခင်သည် သင်၏ မိုက်မဲခြင်း၊ မသိနားမလည်ခြင်းနှင့် အမှုအရာများနောက်ကွယ်မှ အကြောင်းအရင်းများအား နားလည်မှု ကင်းမဲ့ခြင်းတို့အတွက် သင့်ကို အပြစ်တင်မည်မဟုတ်ပေ။ ထို့ထက် ဘုရားသခင်အား ပြစ်မှားမိမည်ကို ကြောက်ရွံ့ခြင်းနှင့်ယှဉ်သော သင်၏ သဘောထား၊ သူ၏ ရည်ရွယ်ချက်များအပေါ် ရိုသေလေးစားခြင်းနှင့် သူ့အားနာခံရန် ဆန္ဒရှိခြင်းတို့ကြောင့် ဘုရားသခင်က သင့်ကို အောက်မေ့မည်၊ သင့်ကို လမ်းပြပြီး ဉာဏ်အလင်းပွင့်စေမည်၊ သို့မဟုတ် သင်၏ မရင့်ကျက်ခြင်းနှင့် မသိနားမလည်ခြင်းကို သည်းခံမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် အကယ်၍ သူ့အပေါ် သင်၏သဘောထားမှာ သူ့ကို မိမိသဘောကျ တရားစီရင်ခြင်း သို့မဟုတ် ဘုရားသခင်၏ အတွေးအခေါ်များကို ထင်ရာမြင်ရာ မှန်းဆခြင်းနှင့် အဓိပ္ပာယ်ဖွင့်ခြင်းဖြင့် မထီမဲ့မြင်ပြုမည်ဆိုပါက၊ ဘုရားသခင်သည် သင့်ကို စီရင်ချက်ချမည်၊ ဆုံးမပဲ့ပြင်မည်၊ ထို့ပြင် အပြစ်ဒဏ်ပင် ခတ်လိမ့်မည်။ သို့မဟုတ်ပါက သူသည် သင့်ကို သုံးသပ်ချက် ပေးကောင်းပေးမည် ဖြစ်သည်။ ဤသုံးသပ်ချက်တွင် သင်၏ အဆုံးသတ် ပါဝင်ကောင်းပါဝင်လိမ့်မည်။ ထို့ကြောင့် ငါသည် နောက်ထပ်တစ်ကြိမ် အသားပေး၍ ပြောလိုသည်- သင်တို့ အယောက်စီတိုင်းသည် ဘုရားသခင်ထံမှ လာသောအရာ မှန်သမျှအပေါ် သတိရှိပြီး ဆင်ခြင်မြော်တွေးသင့်သည်။ မဆင်မခြင် စကားမပြောနှင့်၊ ထို့ပြင် သင်၏

လုပ်ဆောင်ချက်များ၌ သတိလက်လွတ် မဖြစ်စေနှင့်။ တစ်စုံတစ်ခုကို သင်မပြောမီ ရပ်ဆိုင်းပြီး ဆင်ခြင်သင့်သည်- ကျွန်ုပ်၏ ဤလုပ်ဆောင်ချက်က ဘုရားသခင်ကို ဒေါသထွက်စေမည်လော။ ဤအရာကို လုပ်ရာတွင် ဘုရားသခင်ကို ကျွန်ုပ် ကြောက်ရွံ့ရိုသေ ပါ၏လော။ သာမန်ကိစ္စရပ်များ၌ပင်လျှင် ဤမေးခွန်းများကို ဆက်၍ သင် နားလည်သဘောပေါက်ရန် ကြိုးစားပြီး ၎င်းတို့ကို ဆင်ခြင်သုံးသပ်ရန် အချိန်ပိုယူသင့်သည်။ အကယ်၍ သင်သည် ဤနိယာမများနှင့်အညီ ကဏ္ဍတိုင်း၊ အမှုအရာတိုင်း၊ အချိန်တိုင်းတွင် အမှန်တကယ် လက်တွေ့လုပ်ဆောင်နိုင်ပြီး အထူးသဖြင့် သင် တစ်စုံတစ်ခုကို နားမလည်သောအခါ၊ ထိုကဲ့သို့သော သဘောထားကို ခံယူနိုင်ပါက ဘုရားသခင်သည် သင့်ကို အမြဲလမ်းပြပြီး လိုက်လျှောက်ရန် လမ်းကြောင်း တစ်ခုကို သင့်အား ပေးမည်ဖြစ်သည်။ လူတို့သည် မည်သည့် အပြင်ပန်း သဏ္ဍာန်မျိုးကို ဟန်ဆောင်ပြသစေကာမူ ဘုရားသခင်သည် ယင်းတို့ကို အတော်ပင် ရှင်းလင်းပြတ်သားစွာ မြင်သည်ဖြစ်၍ သူသည် သင်၏ ဤထုတ်ဖော်ပြချက်များအပေါ် မှန်ကန်တိကျပြီး သင့်လျော်သော သုံးသပ်ချက်တစ်ခုကို ပေးလိမ့်မည်။ သင်သည် နောက်ဆုံးစမ်းသပ်မှုကို တွေ့ကြုံခံစားပြီးနောက်တွင်၊ ဘုရားသခင်သည် သင်၏ အပြုအမူအားလုံးကို ယူကာ သင်၏ အဆုံးသတ်ကို သတ်မှတ်ရန်အတွက် ၎င်းကို ပြည့်စုံစွာ ပေါင်းရုံးသုံးသပ်မည် ဖြစ်သည်။ ဤရလဒ်က တစ်ဦးတစ်ယောက်စီတိုင်းကို သံသယအရိပ်အငွေ့ မရှိဘဲ၊ လက်ခံယုံကြည်စေမည်။ ဤတွင် သင်တို့ကို ငါပြောလိုသောအရာမှာ ဤသို့ဖြစ်သည်- သင်တို့၏ လုပ်ဆောင်ချက်တိုင်း၊ သင်တို့၏ အပြုအမူတိုင်းနှင့် သင်တို့၏ စိတ်ကူးတိုင်းက သင်တို့၏ကံကြမ္မာကို အဆုံးအဖြတ်ပေးပါသည်။

## လူတို့၏ အဆုံးသတ်များကို မည်သူ သတ်မှတ်သနည်း

ဆွေးနွေးဖို့ရန် အဆုံးစွန်အရေးကြီးသော အခြားကိစ္စရှိပြီး ၎င်းမှာ ဘုရားသခင်အပေါ် သင်တို့၏ သဘောထားပင် ဖြစ်သည်။ ဤသဘောထားမှာ အလွန်တရာ အရေးပါပေသည်။ သင်တို့သည် နောက်ဆုံးတွင် ပျက်စီးခြင်းရှိရာသို့ လျှောက်လှမ်းမည် မလှမ်းမည် သို့မဟုတ် သင်တို့အတွက် ဘုရားသခင် ပြင်ဆင်ပေးထားသည့် လှပသော ခရီးဆုံးပန်းတိုင်တစ်ခုထဲသို့ လျှောက်လှမ်းမည် မလှမ်းမည်ကို ၎င်းသဘောထားက အဆုံးအဖြတ်ပေးသည်။ နိုင်ငံတော်ခေတ်တွင် ဘုရားသခင်သည် နှစ်ပေါင်းနှစ်ဆယ်မက အလုပ်လုပ်ခဲ့ပြီးဖြစ်၍ ဤဆယ်စုနှစ်ခု ကာလအတွင်း သင်တို့သည် စိတ်နှလုံးထဲတွင် သင်တို့၏ ဆောင်ရွက်ခဲ့ပုံနှင့် ပတ်သက်ပြီး အနည်းငယ် မရေမရာ ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော်လည်း ဘုရားသခင်၏ စိတ်နှလုံးထဲ၌ သူသည် သင်တို့ အယောက်စီတိုင်းအတွက် အမှန်တကယ်ရှိပြီး ရိုးသားမှန်ကန်သော

မှတ်တမ်းကို မှတ်သားခဲ့ပြီး ဖြစ်သည်။ လူတစ်ယောက်ချင်းစီသည် သူ့နောက်သို့ စတင်လိုက်လျှောက်ပြီး သူ၏ တရားဟောချက်များကို နားထောင်သည့် အချိန်မှစ၍ သမ္မာတရားကို ပို၍ပို၍ နားလည်လာပြီး ၎င်းတို့၏တာဝန်ကို ၎င်းတို့ စတင်လုပ်ဆောင်သည်အထိ ဘုရားသခင်က လူတစ်ဦးစီအတွက် မှတ်သားနိုင်သော အပြုအမူ အမျိုးမျိုးအတွက် မှတ်တမ်းတစ်ခု ရေးမှတ်ထားသည်။ ၎င်းတို့၏ တာဝန်ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင်နှင့် စမ်းသပ်မှု အမျိုးမျိုးကို ရင်ဆိုင်ရသည့်အခါ၊ လူတို့၏ သဘောထားမှာ အဘယ်နည်း။ ၎င်းတို့သည် မည်ကဲ့သို့ ဆောင်ရွက်ကြသနည်း။ ၎င်းတို့သည် မိမိတို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်အပေါ် မည်ကဲ့သို့ ခံစားကြသနည်း။...ဘုရားသခင်၌ ဤအရာအားလုံး၏ စာရင်းတစ်ခုရှိသည်၊ သူ၌ ထိုအရာ အားလုံး၏ မှတ်တမ်းတစ်ခု ရှိသည်။ သင်တို့၏ ရှုထောင့်မှကြည့်ပါက၊ ဤကိစ္စရပ်များမှာ ရှုပ်ထွေးကောင်း ရှုပ်ထွေးနိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်ရပ်တည်သည့်ဘက်မှ ကြည့်ပါက၊ ၎င်းတို့မှာ ရှင်းလင်းပြတ်သားပြီး ဖြစ်ကတတ်ဆန်းဖြစ်သော အရိပ်အယောင် စိုးစဉ်းမျှပင် မရှိချေ။ ဤသည်မှာ လူတစ်ဦးချင်းစီ၏ အဆုံးသတ် ပါဝင်ပြီး လူတစ်ဦးချင်းစီ၏ ကံကြမ္မာနှင့် အနာဂတ်အလားအလာများကိုပါ သက်ရောက်မှုရှိသော ကိစ္စရပ်တစ်ခု ဖြစ်သည်၊ ထိုမျှမက ဤသည်မှာ ဘုရားသခင်သည် သူ၏ အပတ်တကုပ် ကြိုးပမ်းမှုအားလုံးကို သုံးစွဲသည့်နေရာ ဖြစ်သည်။ ထို့အတွက်ကြောင့် ဘုရားသခင်သည် ၎င်းကို တစ်စက်မျှပင် လုံးဝလျစ်လျူရှုမည် မဟုတ်သည့်အပြင် မည်သည့် အရေးမထားမှုကိုမျှ သည်းမခံပေ။ အစအဦးမှ အဆုံးထိတိုင်အောင် ဘုရားသခင်သည် လူသားမျိုးနွယ်အကြောင်း ဤစာရင်းကို မှတ်တမ်းတင်နေကာ၊ ဘုရားသခင်နောက်သို့ သူတို့လိုက်ရာတွင် လူသားတို့၏ လမ်းကြောင်း တစ်ခုလုံးကို မှတ်စုရေးထားလျက် ရှိသည်။ ဤကာလ အတောအတွင်း၌ ဘုရားသခင်အပေါ် သင်၏ သဘောထားက သင်၏ ကံကြမ္မာကို အဆုံးအဖြတ် ပေးပြီးဖြစ်သည်။ ဤအရာမှာ မမှန်သလော။ ဘုရားသခင် ဖြောင့်မတ်ကြောင်းကို သင်တို့ ယခု ယုံကြည်သလော။ ဘုရားသခင်၏ လုပ်ဆောင်ချက်များမှာ လျော်ကန်သလော။ သင်တို့၏ စိတ်ထဲတွင် ဘုရားသခင်အကြောင်း အခြားသော စိတ်ကူးစိတ်သန်း တစ်စုံတစ်ရာ ရှိနေဆဲလော။ (မရှိပါ။) ထိုသို့ဆိုသော် လူတို့၏ အဆုံးသတ်များမှာ ဘုရားသခင် သတ်မှတ်ဖို့ဖြစ်သည် သို့မဟုတ် လူတို့ မိမိတို့ကိုယ်တိုင် သတ်မှတ်ဖို့ဖြစ်သည်ဟု သင်တို့ဆိုမည်လော။ (၎င်းတို့မှာ ဘုရားသခင် သတ်မှတ်ဖို့ဖြစ်သည်။) ၎င်းတို့ကို သတ်မှတ်သောသူမှာ အဘယ်သူ ဖြစ်သနည်း။ (ဘုရားသခင်ပင်။) သင်တို့ မသေချာကြပေ၊ ဟုတ်သလော။ ဟောင်ကောင်မှ ညီအစ်ကို မောင်နှမတို့ အသံကျယ်ကျယ် ပြောကြလော၊ ၎င်းတို့ကို အဘယ်သူ သတ်မှတ်သနည်း။

(လူတို့ကိုယ်တိုင်က ၎င်းတို့ကို သတ်မှတ်သည်။) ၎င်းတို့ကို လူတို့က ကိုယ်တိုင်သတ်မှတ်သလော။ ထိုသို့ဆိုသော် လူတို့၏ အဆုံးသတ် ရလဒ်များမှာ ဘုရားသခင်နှင့် မသက်ဆိုင်ဟု ဆိုလိုခြင်း ဖြစ်မည်မဟုတ်လော။ တောင်ကိုးရီးယားမှ ညီအစ်ကိုမောင်နှမများ၊ အသံကျယ်ကျယ် ပြောကြလော့။ (ဘုရားသခင်သည် လူတို့၏ အဆုံးသတ် ရလဒ်များကို ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့် လုပ်ဆောင်မှုများ အားလုံးအပေါ် အခြေခံသည့်အပြင် ၎င်းတို့ မည်သည့်လမ်းကြောင်းပေါ် ရှိသည် ဟူသည်နှင့်အညီ သတ်မှတ်သည်။) ဤအရာမှာ အလွန်စမ္မဓိဋ္ဌာန်ကျသော အဖြေတစ်ခုပင် ဖြစ်သည်။ ဤတွင် သင်တို့အားလုံးကို ငါအသိပေးရမည့် အချက်တစ်ခု ရှိသည်- ဘုရားသခင်၏ ကယ်တင်ခြင်းအမှု တစ်လျှောက်တွင် သူသည် လူသားများအတွက် စံနှုန်းတစ်ခုကို ချမှတ်ထားသည်။ ဤစံနှုန်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သူတို့ နာခံပြီး ဘုရားသခင်၏ လမ်းခရီး၌ လျှောက်လှမ်းရမည် ဟူသည်ပင်ဖြစ်သည်။ လူတို့၏ အဆုံးသတ်များကို တွက်ဆရန် အသုံးပြုသည့်အရာမှာ ဤစံနှုန်းပင် ဖြစ်သည်။ အကယ်၍ သင်သည် ဘုရားသခင်၏ ဤစံနှုန်းနှင့်အညီ လက်တွေ့လုပ်ဆောင်ပါက၊ သင်သည် ကောင်းသော အဆုံးသတ်ကို ရရှိနိုင်သည်၊ အကယ်၍ သင် ထိုသို့မပြုပါက ကောင်းသော အဆုံးသတ်ကို သင် မရနိုင်ပေ။ ထိုသို့ဆိုသော် ဤအဆုံးသတ်ကို မည်သူသတ်မှတ်သည်ဟု သင်ဆိုမည်နည်း။ ၎င်းကို သတ်မှတ်သည်မှာ ဘုရားသခင် တစ်ပါးတည်းမဟုတ်ဘဲ၊ ယင်းထက် ဘုရားသခင်နှင့် လူသားများ အတူတကွပင် ဖြစ်သည်။ ဤအရာမှာ မှန်သလော။ (မှန်ပါသည်။) ၎င်းမှာ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် လူသားမျိုးနွယ်၏ ကယ်တင်ခြင်းအမှု၌ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန်နှင့် လူသားတို့အတွက် လှပသော ခရီးဆုံးပန်းတိုင်တစ်ခုကို ပြင်ဆင်ပေးရန် ဆန္ဒရှိသူမှာ ဘုရားသခင်ပင်လျှင် ဖြစ်သည်၊ လူသားများသည် ဘုရားသခင့်အမှု၏ အပြုခံများဖြစ်ပြီး ဤအဆုံးသတ်၊ ဤခရီးဆုံးပန်းတိုင်သည် သူတို့အတွက် ဘုရားသခင်ပြင်ဆင်ထားသောအရာ ဖြစ်သည်။ အကယ်၍ သူ အမှုပြုရန်အတွက် အပြုခံများ မရှိခဲ့ပါက သူသည် ဤအမှုကိုပြုရန် လိုအပ်မည်မဟုတ်ပေ။ သူ ဤအမှုကို ပြုနေခြင်းမရှိပါက၊ လူတို့၌ ကယ်တင်ခြင်းကို ရယူရန်အတွက် အခွင့်အရေးရှိလိမ့်မည် မဟုတ်ပေ။ လူသားများမှာ ကယ်တင်ခံရမည့်သူများ ဖြစ်ပြီး ကယ်တင်ခံရခြင်းမှာ ဤလုပ်ငန်းစဉ်၏ ပြုခြင်းခံရသောအပိုင်း ဖြစ်သော်လည်း၊ ယင်းမှာ ဘုရားသခင်က လူသားမျိုးနွယ်ကို ကယ်တင်မည့် သူ၏အလုပ်တွင် အောင်မြင်မည် မအောင်မြင်မည်ကို အဆုံးအဖြတ်ပေးသည့် ဤအပိုင်းကို ဆောင်ရွက်နေသောသူများ၏ သဘောထားဖြစ်သည်။ အကယ်၍ သင့်ကို ဘုရားသခင်ပေးသော လမ်းပြမှုကြောင့် မဟုတ်ပါက၊ သင်သည် သူ၏စံနှုန်းကိုသိမည်

မဟုတ်သည့်အပြင်၊ သင်၌ ရည်မှန်းချက်လည်း ရှိလိမ့်မည်မဟုတ်ပေ။ အကယ်၍ သင်၌ ဤစံနှုန်း၊ ဤရည်မှန်းချက် ရှိသော်လည်း၊ သင်သည် ပူးပေါင်းဆောင်ရွက်ခြင်း၊ ၎င်းကို လက်တွေ့လုပ်ဆောင်ခြင်း၊ သို့မဟုတ် အဖိုးအခပေးခြင်း မရှိပါက၊ သင်သည် ဤအဆုံးသတ်ကို ရရှိလိမ့်မည် မဟုတ်ပေ။ ဤအကြောင်းရင်းကြောင့် လူတစ်ဦး၏ အဆုံးသတ်ကို ဘုရားသခင်နှင့် ခွဲခြား၍ မရနိုင်ကြောင်းနှင့် ၎င်းကို ထိုလူနှင့်လည်း ခွဲခြား၍ မရနိုင်ကြောင်း ငါပြောရခြင်းဖြစ်သည်။ သို့ဖြစ်၍ ယခုတွင် လူတို့၏ အဆုံးသတ်များကို မည်သူသတ်မှတ်ကြောင်း သင်တို့သိကြလေပြီ။

## လူတို့သည် အတွေ့အကြုံကို အခြေခံကာ ဘုရားသခင်ကို အဓိပ္ပာယ်ဖွင့်တတ်ကြသည်

ဘုရားသခင်ကိုသိခြင်းဟူသည့် ခေါင်းစဉ်အပေါ် မိတ်သဟာယပြုသောအခါ၊ သင်တို့သည် တစ်စုံတစ်ခုကို သတိပြုခဲ့မိသလော။ မျက်မှောက်ခေတ်၌ ဘုရားသခင်၏ သဘောထားက အပြောင်းအလဲတစ်ခု ကြုံရပြီးဖြစ်သည်ကို သင်တို့ သတိပြုမိပြီးပြီလော။ လူသားများအပေါ် သူ၏ သဘောထားမှာ ပြောင်းလဲ၍ရနိုင်သလော။ ဘုရားသခင်သည် လူသားများအပေါ် သူ၏ ချစ်ခြင်းမေတ္တာနှင့် သနားခြင်းကရုဏာ အလုံးစုံကို အကန့်အသတ်မရှိပေးလျက်၊ ဤကဲ့သို့ အမြဲသည်းခံလိမ့်မည်လော။ ဤအကြောင်းအရာတွင် ဘုရားသခင်၏ အနှစ်သာရလည်း ပါဝင်သည်။ အစောပိုင်းတွင် ဖော်ပြထားသည့် ပျောက်သောသားဟု ဆိုသောသူအကြောင်း မေးခွန်းကို ပြန်သွားကြပါစို့။ ဤမေးခွန်းကို မေးခဲ့ပြီးနောက်တွင် သင်တို့၏ အဖြေများမှာ သိပ်မရှင်းလင်းခဲ့ပေ။ တစ်နည်းအားဖြင့် သင်တို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်များအပေါ် တကယ်ခိုင်မာသော နားလည်မှု မရှိကြသေးချေ။ ဘုရားသခင်က လူသားမျိုးနွယ်ကို ချစ်ကြောင်း သိသည့်အခါ၊ သူတို့က သူ့အား ချစ်ခြင်းမေတ္တာ၏ သင်္ကေတတစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ကြသည်- လူတို့ မည်သည့်အရာကို လုပ်ပါစေ၊ ၎င်းတို့ မည်ကဲ့သို့ ပြုမူပါစေ၊ ဘုရားသခင်ကို ၎င်းတို့ မည်ကဲ့သို့ ပြုမူဆက်ဆံပြီး ၎င်းတို့သည် မည်မျှ မနာခံတတ်ကြပါစေ၊ ထိုအရာတစ်ခုမျှ အမှန်တကယ် အရေးမကြီးပေ၊ အကြောင်းမှာ ဘုရားသခင်၌ ချစ်ခြင်းမေတ္တာရှိပြီး သူ၏ ချစ်ခြင်းမေတ္တာသည် အကန့်အသတ်မဲ့ကာ တိုင်းတာ၍မရသောကြောင့် ဖြစ်သည်။ ဘုရားသခင်၌ ချစ်ခြင်းမေတ္တာ ရှိသောကြောင့်၊ သူသည် လူတို့ကို သည်းခံနိုင်ခြင်း ဖြစ်သည်၊ ထို့ပြင် ဘုရားသခင်၌ ချစ်ခြင်းမေတ္တာ ရှိသောကြောင့်၊ သူသည် လူတို့အပေါ် သနားကရုဏာ ရှိနိုင်ခြင်း၊ ၎င်းတို့၏ မရင့်ကျက်ခြင်းအပေါ် သနားကရုဏာရှိနိုင်ခြင်း၊ ၎င်းတို့၏ ပညာမဲ့ခြင်းအပေါ် သနားကရုဏာ ရှိနိုင်ခြင်းနှင့် ၎င်းတို့၏ နာခံမှုမရှိခြင်းအပေါ် သနားကရုဏာရှိနိုင်ခြင်းပင် ဖြစ်သည်။ ဤသည်မှာ အမှန်တကယ်

ထိုကဲ့သို့ဖြစ်သလော။ အချို့လူ အတွက်မူကား ဘုရားသခင်၏ စိတ်ရှည်ခြင်းကို သူတို့ တစ်ကြိမ် သို့မဟုတ် အကြိမ်အနည်းငယ် ခံစားဖူးသောအခါ၊ သူသည် ၎င်းတို့အပေါ် ထာဝစဉ်သည်းခံပြီး သနားခြင်းကရုဏာ ထားလိမ့်မည်ဟု ယုံကြည်လျက်၊ သူတို့သည် ဘုရားသခင် အပေါ် ၎င်းတို့ကိုယ်တိုင်၏ သိနားလည်ခြင်းတွင် ဤအတွေ့အကြုံများကို အရင်းအဖြစ် သဘောထားကြမည်ဖြစ်ပြီး၊ ထို့နောက် ၎င်းတို့၏ ဘဝ တစ်လျှောက်လုံး သူတို့သည် ဘုရားသခင်၏ ဤစိတ်ရှည်ခြင်းကိုယူကာ ယင်းအား ဘုရားသခင် ၎င်းတို့ကိုဆက်ဆံသော စံနှုန်းအဖြစ် သတ်မှတ်ကြသည်။ ဘုရားသခင်၏ သည်းခံခြင်းကို တစ်ကြိမ်ခံစားပြီးနောက်တွင် ဘုရားသခင်ကို သည်းခံခြင်းအဖြစ် အစဉ်အမြဲအဓိပ္ပာယ်ဖွင့်ပြီး သူတို့၏စိတ်ထဲတွင် ဤသည်းခံခြင်းမှာ အကန့်အသတ်မဲ့၊ အကြွင်းမဲ့၊ လုံးလုံးလျားလျား မူမရှိခြင်းပင် ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ကြသော လူများလည်းရှိသည်။ ဤကဲ့သို့သော ယုံကြည်ချက်များမှာ မှန်ကန်သလော။ ဘုရားသခင်၏ အနှစ်သာရ သို့မဟုတ် ဘုရားသခင်၏ စိတ်သဘောထားနှင့်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးသည့်အခါတိုင်း၊ သင်တို့မှာ စိတ်ရှုပ်ထွေးသွားဟန်တူသည်။ သင်တို့အား ဤကဲ့သို့ မြင်ရသည်မှာ ငါ့ကို အလွန် စိုးရိမ်ပူပန်စေသည်။ ဘုရားသခင်၏ အနှစ်သာရနှင့်သက်ဆိုင်သော သမ္မာတရား မြောက်မြားစွာကို သင်တို့ ကြားခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏ စိတ်သဘောထားနှင့် ပတ်သက်၍ဆို အလွန်တရာ များပြားသော ဆွေးနွေးချက်များကို သင်တို့ နားထောင်ခဲ့ကြပြီး ဖြစ်သည်။ သို့သော်လည်း သင်တို့၏ စိတ်ထဲတွင် ဤအရေးကိစ္စများနှင့် ဤကဏ္ဍများ၏ အမှန်တရားမှာ အယူအဆနှင့် ရေးထားသော စကားလုံးများအပေါ် အခြေခံသော မှတ်ဉာဏ်များသာ ဖြစ်ကြသည်။ သင်တို့၏ နေ့စဉ် အသက်တာများထဲတွင် ဘုရားသခင်၏ စိတ်သဘောထားကို အမှန်တကယ် သူဖြစ်သည့်အတိုင်းပင် သင်တို့ တစ်ဦးတစ်ယောက်မျှ ခံစားခြင်း သို့မဟုတ် တွေ့မြင်ခြင်း မရှိနိုင်ဖူးကြပေ။ ထို့ကြောင့် သင်တို့သည် သင်တို့၏ ယုံကြည်မှုများထဲ၌ အကုန်လုံး ယောင်ချာချာဖြစ်ကာ သင်တို့၌ ဘုရားသခင်အပေါ် မရိုသေသော သဘောထားရှိပြီး သူ့ကို ဘေးဖယ်ထားသည်အထိပင် သင်တို့အားလုံး မျက်စိစုံလုံးကန်း ယုံကြည်ကြသည်။ ဘုရားသခင်အပေါ် သင်တို့၏ ဤကဲ့သို့ သဘောထားမျိုးက အဘယ်သို့ ဦးတည်သနည်း။ ၎င်းသည် သင်တို့အား ဘုရားသခင်အကြောင်း အမြဲတစေ ကောက်ချက်ချသည့် ဘက်သို့ ဦးတည်ပေးသည်။ သင်တို့သည် အနည်းငယ်သော သိနားလည်ခြင်းကို ရထားပြီးသည့်အခါ၊ ဘုရားသခင်၏ အလုံးစုံကို ရရှိထားကြသကဲ့သို့ အလွန်ကျေနပ်အားရ ဖြစ်ကြသည်။ ထို့နောက်တွင် သင်တို့က ဤသည်မှာ ဘုရားသခင် ဖြစ်သည့်ပုံစံဟု ကောက်ချက်ချပြီး သူ့အား လွတ်လပ်စွာလှုပ်ရှားခွင့် မပြုတော့ပေ။ ထို့ပြင်

ဘုရားသခင်သည် အမှုသစ်တစ်ခုကို ပြုသောအခါတိုင်း၊ သင်တို့က သူသည် ဘုရားသခင်ဖြစ်ကြောင်းကို တကယ်ဝန်ခံကြခြင်း မရှိပေ။ တစ်နေ့သောအခါ ဘုရားသခင်က "ငါသည် လူသားမျိုးနွယ်ကို မချစ်တော့ပေ၊ လူသားတို့ကို သနားကရုဏာ နောက်ထပ်ပေးမည် မဟုတ်တော့ပေ၊ ငါသည် သူတို့အပေါ် ဆက်၍ မည်သည့်သည်းခံခြင်း သို့မဟုတ် စိတ်ရှည်ခြင်းမျှ မရှိတော့ပေ၊ ငါသည် သူတို့အပေါ် အလွန်အမင်း စက်ဆုပ်ရွံရှာခြင်းနှင့် ရွံမုန်းခြင်းတို့နှင့် ပြည့်လျက်ရှိသည်။" ဟု ပြောသောအခါ ထိုကဲ့သို့သော ပြောဆိုချက်များက လူတို့၏ စိတ်နှလုံးအတွင်းထဲ၌ ပဋိပက္ခကို ဖြစ်ပေါ်စေလိမ့်မည်။ ၎င်းတို့ထဲမှ အချို့က "ကိုယ်တော်သည် ကျွန်ုပ်၏ ဘုရားသခင်မဟုတ်တော့၊ ကိုယ်တော်သည် ကျွန်ုပ် နောက်လိုက်လိုသော ဘုရားသခင် မဟုတ်တော့ပေ။ အကယ်၍ ဤအရာမှာ ကိုယ်တော်ပြောသည့်အရာ ဖြစ်ပါက၊ ကိုယ်တော်သည် ကျွန်ုပ်၏ ဘုရားသခင်ဖြစ်ဖို့ အရည်အချင်း မပြည့်မီတော့သဖြင့် ကျွန်ုပ်သည် ကိုယ်တော့်နောက်သို့ ဆက်လိုက်ဖို့ မလိုအပ်ပေ။ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်အား သနားကရုဏာ၊ ချစ်ခြင်းမေတ္တာနှင့် သည်းခံခြင်းကို မပေးတော့ပါက၊ ကိုယ်တော့်နောက်သို့ ကျွန်ုပ် ဆက်၍လိုက်မည် မဟုတ်ပေ။ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်အပေါ် အတိုင်းမသိ သည်းခံခြင်းရှိမည်၊ ကျွန်ုပ်အပေါ် အမြဲစိတ်ရှည်ပြီး၊ ကိုယ်တော်သည် ချစ်ခြင်းမေတ္တာဖြစ်ကြောင်း၊ ကိုယ်တော်သည် စိတ်ရှည်ခြင်းဖြစ်ကြောင်း၊ ကိုယ်တော်သည် သည်းခံခြင်းဖြစ်ကြောင်း ကျွန်ုပ်ကို မြင်တွေ့ခွင့်ပေးမှသာ ကျွန်ုပ်သည် ကိုယ်တော့်နောက်သို့ လိုက်နိုင်မည်ဖြစ်ပြီး၊ သို့မှသာ အဆုံးတိုင်အောင် ကိုယ်တော့်နောက်လိုက်ရန် ကျွန်ုပ်၌ ယုံကြည်စိတ်ချမှု ရှိလိမ့်မည် ဖြစ်သည်။ ကျွန်ုပ်၌ ကိုယ်တော်၏ စိတ်ရှည်ခြင်းနှင့် သနားခြင်းကရုဏာ ရှိခြင်းကြောင့်၊ ကျွန်ုပ်၏မနာခံခြင်းနှင့် ကျွန်ုပ်၏ ကျူးလွန်မှုများက အကန့်အသတ်မရှိ ခွင့်လွှတ်ခြင်းနှင့် လွတ်ငြိမ်းစေခြင်းကို ခံရနိုင်မည် ဖြစ်သည်၊ ထို့အပြင် ကျွန်ုပ်သည် အချိန်မရွေး နေရာမရွေး အပြစ်ပြုနိုင်မည်၊ အချိန်မရွေး နေရာမရွေး အပြစ်ဝန်ခံပြီး လွတ်ငြိမ်းရာရနိုင်မည် ဖြစ်၍ ကိုယ်တော့်အား အချိန်မရွေး နေရာမရွေး ဒေါသထွက်စေနိုင်မည် ဖြစ်သည်။ ကျွန်ုပ်နှင့်ပတ်သက်၍ ကိုယ်တော်၌ မည်သည့်ထင်မြင်ချက် သို့မဟုတ် သုံးသပ်ချက်မျှ မရှိသင့်ပေ။" ဟူ၍ပင် ဆိုကြလိမ့်မည်။ သင်တို့ တစ်ဦးတစ်ယောက်သည် ဤအရေးကိစ္စမျိုးကို လွန်စွာ ပုဂ္ဂလဓိဋ္ဌာန်ကျကျ သို့မဟုတ် သတိပြုမိသောပုံစံဖြင့် တွေးကောင်းတွေးမည် မဟုတ်သော်လည်း၊ သင်သည် ဘုရားသခင်အား သင်၏အပြစ်များကို ခွင့်လွှတ်ရန်အတွက် တန်ဆာပလာတစ်ခုအဖြစ် သို့မဟုတ် သာယာသော ခရီးဆုံးပန်းတိုင်တစ်ခုကို ရောက်ရှိရန်အတွက် အသုံးပြုသည့် အရာဝတ္ထု တစ်ခုအဖြစ် သဘောထားသည့်အခါတိုင်း၊

သင်သည် အသက်ရှင်သော ဘုရားသခင်ကို သင်၏ရန်သူအဖြစ် သင်၏ ဆန့်ကျင်ဘက်၌ မသိမသာ ထားရှိပြီးပြီဖြစ်သည်။ ဤသည်မှာ ငါမြင်သောအရာ ဖြစ်သည်။ "ကျွန်ုပ်သည် ဘုရားသခင်ကို ယုံကြည်သည်၊" "ကျွန်ုပ်သည် သမ္မာတရားကို အားထုတ်သည်၊" "ကျွန်ုပ်သည် ကျွန်ုပ်၏ စိတ်သဘောထားကို ပြောင်းလိုသည်၊" "ကျွန်ုပ်သည် အမှောင်စွမ်းအားမှ လွတ်မြောက်လိုသည်၊" "ကျွန်ုပ်သည် ဘုရားသခင်ကို ကျေနပ်စေလိုသည်၊" "ကျွန်ုပ်သည် ဘုရားသခင်ကို ကျိုးနွံနာခံလိုသည်၊" "ကျွန်ုပ်သည် ဘုရားသခင်အပေါ် သစ္စာရှိလိုပြီး ကျွန်ုပ်၏တာဝန်ကို ကောင်းစွာ ထမ်းရွက်လိုသည်၊" အစရှိသဖြင့် ထိုကဲ့သို့သော အရာတို့ကို သင် ဆက်၍ ပြောကောင်းပြောနိုင်သည်။ သို့သော်လည်း သင်၏စကားလုံးများသည် မည်မျှ ကြားကောင်းပါစေ၊ အယူအဆ မည်မျှကို သင်သိပါစေ၊ ထိုအယူအဆမှာ မည်သို့ပင် ထည်ဝါပါစေ သို့မဟုတ် သိက္ခာရှိပါစေ၊ အကြောင်းအရာ၏ အမှန်တရားမှာ ယခုတွင် ဘုရားသခင်အကြောင်း ကောက်ချက်များချရန်အတွက် သင်တို့ ကျွမ်းကျင် တတ်မြောက်ထားသော စည်းမျဉ်းများ၊ ဩဝါဒများ၊ အယူအဆများအား မည်ကဲ့သို့အသုံးပြုပုံကို လေ့လာထားပြီးသည့် များစွာသောသင်တို့ ရှိသောကြောင့်၊ ဘုရားသခင်အား သင်တို့နှင့် ဆန့်ကျင်ဘက်၌ အလိုအလျောက် ထားကြခြင်း ဖြစ်သည်။ သင်သည် ကျမ်းဟောင်းတရားများနှင့် ဩဝါဒများကို ကျွမ်းကျင်တတ်မြောက်ပြီး ဖြစ်နိုင်သော်လည်း၊ သမ္မာတရား၏ စစ်မှန်မှုထဲသို့ အမှန်တကယ် မဝင်ရောက်သေးသဖြင့် ဘုရားသခင်နှင့် နီးကပ်ရန်၊ ဘုရားသခင်ကို သိရန်နှင့်၊ ဘုရားသခင်ကို နားလည်ရန်မှာ သင့်အတွက် အလွန်ခက်ခဲပေသည်။ ဤသည်မှာ ကြေကွဲဝမ်းနည်းဖွယ်ပါတကား။

ဆက်လက်ဖော်ပြမည့် ဇာတ်ဝင်ခန်းကို ဗွီဒီယိုတစ်ခုတွင် ငါမြင်ခဲ့သည်- ညီအစ်မအချို့က နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်လာ၏ ဟူသောစာအုပ်ကို ကိုင်ကာ ယင်းကို အပေါ်သို့ မြှောက်ထားကြသည်။ ၎င်းတို့သည် စာအုပ်ကို ၎င်းတို့၏အလယ်တွင် ၎င်းတို့၏ ဦးခေါင်းထက်သို့ မြှောက်၍ ကိုင်ထားကြသည်။ ဤသည်မှာ ပုံရိပ်တစ်ခုသာ ဖြစ်ခဲ့သော်လည်း ငါ၏အတွင်း၌ လှုံ့ဆော်သောအရာမှာ ပုံရိပ်တစ်ခု မဟုတ်ပေ။ ထို့ထက် လူအယောက်တိုင်းက ၎င်းတို့၏ စိတ်နှလုံးထဲ၌ မြှောက်၍ကိုင်ထားသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော် မဟုတ်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်စာအုပ်သာ ဖြစ်ကြောင်း ငါ့ကို ဆင်ခြင်မိစေသည်။ ဤသည်မှာ အလွန်ဝမ်းနည်းဖွယ် အကြောင်းအရာတစ်ခုပင် ဖြစ်သည်။ ဤကဲ့သို့သော လုပ်ဆောင်ချက်သည် ဘုရားသခင်အား မြှောက်၍ကိုင်ထားခြင်းနှင့် လုံးဝမတူညီပေ၊ အဘယ်ကြောင့်ဆိုသော် သင်တို့၏ ဘုရားသခင်အား နားလည်ခြင်းကင်းမဲ့မှုက အလွန်သိသာသော မေးခွန်းတစ်ခု၊ အလွန်တရာ သေးငယ်သော အရေးကိစ္စတစ်ခု၌ပင်

သင်တို့ကို မိမိတို့၏ ကိုယ်ပိုင်အယူအဆများ ရရှိစေသည့် အဆင့်အထိ ရောက်ရှိလာပြီဖြစ်သည်။ သင်တို့အား အမှုအရာများကို ငါမေးသည့်အခါ၊ သင်တို့အား ငါအလေးအနက်ထားသည့်အခါ၊ သင်တို့သည် ထင်ကြေးနှင့် သင်တို့၏ ကိုယ်ပိုင် စိတ်ကူးစိတ်သန်းများဖြင့် တုံ့ပြန်ကြသည်၊ သင်တို့အချို့သည် သံသယလေသံဆောင်ကာ ငါ၏မေးခွန်းများကို မေးခွန်းများဖြင့်ပင် ပြန်၍တုန့်ပြန်ကြသည်။ ဤအရာက သင်တို့ယုံကြည်သော ဘုရားသခင်မှာ စစ်မှန်သောဘုရားသခင် မဟုတ်ကြောင်း ငါ့ကို ပိုမိုရှင်းလင်းစွာ ပြောပြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နှစ်ပေါင်းများစွာ ဖတ်ရှုပြီးနောက်၊ ဘုရားသခင်အကြောင်း နောက်တစ်ဖန် ကောက်ချက်များချရန်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ဘုရားသခင်၏အမှုနှင့် နောက်ထပ် ဩဝါဒများကို သင်တို့ အသုံးပြုကြသည်။ ထိုမှူမက သင်တို့သည် ဘုရားသခင်ကို နားလည်ရန် မည်သည့်အခါမျှ ကြိုးပမ်းခြင်းမရှိပေ၊ သူ၏ရည်ရွယ်ချက်များကို နားလည်သဘောပေါက်ရန်၊ လူသားများအပေါ် ဘုရားသခင်၏ သဘောထားကို နားလည်ရန် သို့မဟုတ် ဘုရားသခင် မည်ကဲ့သို့ စဉ်းစားကြောင်း၊ သူသည် အဘယ်ကြောင့် ဝမ်းနည်းကြောင်း၊ သူသည် အဘယ်ကြောင့် ဒေါသထွက်ကြောင်း၊ သူသည် လူတို့ကို အဘယ်ကြောင့် ပစ်ပယ်ကြောင်းနှင့် ယင်းကဲ့သို့သော အခြားမေးခွန်းများကို သဘောပေါက်ရန် သင် မည်သည့်အခါမျှ ကြိုးစားခြင်း မရှိပေ။ ထိုထက်မက ဘုရားသခင်သည် လူသားတို့၏ အမျိုးမျိုးသော လုပ်ဆောင်ချက်များအပေါ် သဘောထား သို့မဟုတ် ထင်မြင်ချက်များမရှိဘဲ စောင့်ကြည့်ရုံသာ ကြည့်နေသောကြောင့်၊ ဘုရားသခင်သည် အမြဲတစေ တိတ်ဆိတ်နေခဲ့သည်ဟု မြောက်မြားစွာသော လူတို့ကပင် ယုံကြည်ကြသည်။ အခြားလူအုပ်စုက ဘုရားသခင်က သဘောတူလိုက်လျောပြီး ဖြစ်သောကြောင့်၊ သူက အသံမထွက်ခြင်း ဖြစ်သည်၊ သူသည် စောင့်ဆိုင်းနေသောကြောင့် သို့မဟုတ် သူ၌ သဘောထားမရှိသောကြောင့် နှုတ်ဆိတ်နေခြင်း ဖြစ်သည်ဟု ယုံကြည်ကြပြန်သည်။ ဘုရားသခင်၏ သဘောထားကို စာအုပ်ထဲ၌ အပြည့်အဝ အသေးစိတ်ဖော်ပြထားနှင့်ပြီဖြစ်ပြီး ယင်းသဘောထား အလုံးစုံကို လူသားမျိုးနွယ်အား ဖော်ပြထားပြီ ဖြစ်သောကြောင့်၊ ၎င်းကို လူတို့အား အကြိမ်ကြိမ်အခါခါ ပြောရန် မလိုအပ်ပါဟု ဤလူများက တွေးထင်ကြသည်။ ဘုရားသခင်သည် နှုတ်ဆိတ်၍နေသော်လည်း၊ သူ၌ သဘောထားတစ်ခုနှင့် ရှုထောင့်တစ်ခုအပြင် လူတို့အမှီလိုက်ရန် သူတောင်းဆိုသော စံနှုန်းတစ်ခုလည်း ရှိနေဆဲဖြစ်သည်။ လူတို့သည် သူ့ကို နားလည်ရန် သို့မဟုတ် သူ့ကို ရှာဖွေရန် မကြိုးစားကြသော်လည်း၊ ဘုရားသခင်၏ သဘောထားမှာ အလွန် ရှင်းလင်းပါသည်။ တစ်ချိန်က ဘုရားသခင်နောက်သို့ စိတ်အားထက်သန်စွာ လိုက်ခဲ့သော်လည်း၊ တစ်ချိန်ချိန်၌

သူ့ကိုစွန့်ပစ်ပြီး ထွက်ခွာသွားခဲ့သောသူ တစ်စုံတစ်ဦးကို ဆင်ခြင်လော့။ အကယ်၍ ဤလူသည် ထူးထူးဆန်းဆန်း ယခုအခါ ပြန်လာချင်ခဲ့ပါက၊ ဘုရားသခင်၏ ရှုထောင့်မှာ အဘယ်သို့ရှိမည် သို့မဟုတ် သူ၏ သဘောထားမှာ အဘယ်သို့ရှိမည်ကို သင်တို့ မသိကြပေ။ ဤသည်မှာ အလွန်ပင် ဝမ်းနည်းဖွယ်ကောင်းသည် မဟုတ်လော။ အမှန်အားဖြင့် ဤသည်မှာ အတော်အတန် အပေါ်ယံကိစ္စတစ်ခုပင် ဖြစ်သည်။ အကယ်၍ သင်တို့သည် ဘုရားသခင်၏ စိတ်နှလုံးကို အမှန်တကယ် နားလည်ပါက၊ ဤလူစားမျိုးအပေါ် သူ၏သဘောထားကို သင်တို့ သိကြမည်ဖြစ်၍ မရေရာသော အဖြေတစ်ခုကို သင်တို့ ပေးကြမည် မဟုတ်ပေ။ သင်တို့ မသိကြသောကြောင့်၊ ငါ့ကို သင်တို့အား ပြည့်ပြည့်စုံစုံ ပြောပြခွင့်ပြုလော့။

## သူ၏အမှုတော်အတွင်း ထွက်ပြေးသောသူများအပေါ် ဘုရားသခင်၏ သဘောထား

ဤကဲ့သို့သော လူများမှာ နေရာတကာတွင်ရှိသည်- ၎င်းတို့သည် ဘုရားသခင်၏ လမ်းခရီးနှင့်ပတ်သက်၍ သေချာသိပြီးသောအခါ၊ အကြောင်းအမျိုးမျိုးကြောင့် နှုတ်ဆက်စကား တစ်ခွန်းမျှမပြောဘဲ၊ ၎င်းတို့၏ စိတ်နှလုံး အလိုဆန္ဒရှိတိုင်း သွားလုပ်ရန် တိတ်တဆိတ် ထွက်ခွာသွားကြသည်။ ယခုလောလောဆယ်တွင် ဤလူတို့ ထွက်ခွာသွားရသည့် အကြောင်းရင်းများကို ငါတို့ အသေးစိတ် ကြည့်မည်မဟုတ်ပေ။ ဤကဲ့သို့သော လူမျိုးအပေါ် ဘုရားသခင်၏ သဘောထားမှာ အဘယ်သို့ဖြစ်ကြောင်းကို ပထမဦးစွာ ငါတို့ကြည့်ကြမည်။ ၎င်းမှာ အလွန်ရှင်းပါသည်။ ဤလူတို့ ထွက်သွားသည့် အခိုက်အတန့်မှစ၍ ဘုရားသခင်၏ အမြင်တွင် ၎င်းတို့၏ ယုံကြည်မှုသက်တမ်း ကုန်လွန်ပြီဖြစ်သည်။ သက်တမ်းကို အဆုံးသတ်ခဲ့သူမှာ ဤလူကိုယ်တိုင်မဟုတ်ဘဲ၊ ဘုရားသခင်သာ ဖြစ်သည်။ ဤလူက ဘုရားသခင်အား စွန့်ခွာခဲ့ခြင်းမှာ ၎င်းတို့သည် ဘုရားသခင်အား ငြင်းပယ်ပြီးဖြစ်ကြောင်း၊ ၎င်းတို့သည် ဘုရားသခင်ကို အလိုမရှိတော့ကြောင်းနှင့် ၎င်းတို့သည် ဘုရားသခင်၏ ကယ်တင်ခြင်းကို လက်မခံတော့ကြောင်းကို ဆိုလိုသည်။ ဤသို့သောလူတို့က ဘုရားသခင်ကို အလိုမရှိသည့်အတွက် ဘုရားသခင်က ၎င်းတို့အား အလိုရှိနိုင်ဦးမည်လော။ ထို့မျှမက ဤကဲ့သို့သော လူတို့က ဤသဘောထားမျိုး၊ ဤအမြင်မျိုးကို ပိုင်ဆိုင်ပြီး ဘုရားသခင်ကို စွန့်ခွာရန် ဆုံးဖြတ်လာပြီးသောအခါ၊ ၎င်းတို့သည် ဒေါသပေါက်ကွဲပြီး ဘုရားသခင်ကို ဆဲဆိုခြင်း မရှိခဲ့ကြစေကာမူ၊ ၎င်းတို့သည် ဆိုးညစ်သော သို့မဟုတ် လွန်ကဲသော မည်သည့်အပြုအမူကိုမျှ မပြုခဲ့ကြစေကာမူ၊ ထို့ပြင် ဤလူတို့က “ကျွန်ုပ်သည် အပြင်တွင် အီလောက်သည်အထိ ပျော်ပါးခဲ့ပြီးသော သို့မဟုတ် တစ်စုံတစ်ခုအတွက် ဘုရားသခင်ကို ကျွန်ုပ် လိုအပ်သေးသောတစ်နေ့ ရောက်ရှိလာပါက၊ ကျွန်ုပ်ပြန်လာမည်။ သို့မဟုတ် အကယ်၍

ဘုရားသခင်သည် ကျွန်ုပ်ကို ခေါ်ဆိုပါက ကျွန်ုပ် ပြန်လာမည်။” ဟု စဉ်းစားနေကြသည် သို့မဟုတ် ၎င်းတို့က “ကျွန်ုပ်သည် အပြင်၌ ထိခိုက်နာကျင်သည့်အခါ၊ သို့မဟုတ် အပြင်လောကသည် အလွန်မှောင်မိုက်၍ အလွန်ဆိုးယုတ်ကြောင်းကို ကျွန်ုပ် မြင်သောအခါနှင့် ကျွန်ုပ်သည် အလိုက်သင့်စီးမျောလိုခြင်း မရှိတော့သည့်အခါ ဘုရားသခင်ထံ ကျွန်ုပ်ပြန်လာမည်။” ဟု ပြောကြစေကာမူ၊ ဤသည်မှာ ၎င်းတို့သည် ဘုရားသခင်၏ စိတ်သဘောထားကို နှောင့်ယှက်ပြီးဖြစ်သည်။ ဤလူတို့သည် ၎င်းတို့၏စိတ်ထဲတွင် မည်သည့်အချိန် အတိအကျ၌ ၎င်းတို့ပြန်လာမည်ကို တွက်ချက်ထားသော်လည်း၊ ထို့ပြင် ၎င်းတို့သည် ၎င်းတို့၏အပြန်အတွက် တံခါးကိုဖွင့်ထားရန် ကြိုးစားထားသော်လည်း၊ ၎င်းတို့အနေဖြင့် မည်သည့်အရာကို ယုံကြည်ပြီး သို့မဟုတ် မည်သို့ပင် ကြံစည်စေကာမူ၊ ဤအရာအားလုံးမှာ ဆန္ဒအတွေးသက်သက်သာ ဖြစ်ကြောင်းကို ၎င်းတို့ သဘောမပေါက်ကြချေ။ ၎င်းတို့၏ အကြီးမားဆုံးအမှားမှာ ၎င်းတို့ ထွက်ခွာလိုသည့်ဆန္ဒက ဘုရားသခင်ကို မည်သို့ခံစားစေကြောင်း မသဲကွဲခြင်းပင် ဖြစ်သည်။ ဘုရားသခင်ကို စွန့်ခွာရန် သူတို့ ဆုံးဖြတ်ခဲ့သည့် အချိန်မှစ၍ပင်၊ ဘုရားသခင်က ၎င်းတို့ကို လုံးလုံးလျားလျား စွန့်ပစ်လိုက်သည်၊ ထိုစဉ်တွင် ဘုရားသခင်သည် သူ၏စိတ်နှလုံးထဲ၌ ထိုသို့သောလူ၏ အဆုံးသတ်ကို သတ်မှတ်ထားပြီး ဖြစ်သည်။ ယင်းမှာ မည်သည့်အဆုံးသတ်နည်း။ ဤလူသည် သနားစရာ့ သတ္တဝါလေးများထဲမှ တစ်ကောင်ဖြစ်သဖြင့် အခြားသတ္တဝါတို့နှင့်အတူ ပျက်စီးခြင်းသို့ ရောက်လိမ့်မည် ဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် ဘုရားသခင်ကို စွန့်ပစ်သော်လည်း၊ ပြစ်ဒဏ်ခတ်ခြင်းကို မခံရသည့် ဤအခြေအနေမျိုးကို လူတို့ မကြာခဏ မြင်ရခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ကိုယ်ပိုင် နိယာမများနှင့်အညီ စီမံခန့်ခွဲသည်။ အမှုအရာအချို့ကိုသာ မြင်ရနိုင်ပြီး အခြားအမှုအရာတို့မှာ ဘုရားသခင်၏ စိတ်နှလုံးထဲ၌သာ ဆုံးဖြတ်ချက်ချသောကြောင့်၊ လူတို့သည် ရလဒ်များကို မမြင်နိုင်ကြပေ။ လူတို့အတွက် မြင်ရသောအရာများမှာ အမှုအရာများ၏ စစ်မှန်သောဘက် သေချာပေါက် မဟုတ်ပေ၊ သို့သော်လည်း သင်မမြင်သောဘက်၊ ထိုတစ်ဘက်ခြမ်းတွင် ဘုရားသခင်၏ စစ်မှန်သော ရင်တွင်းဖြစ် အတွေးများနှင့် သုံးသပ်ချက်များ အမှန်ပင် ပါရှိလေသည်။

## ဘုရားသခင်၏ အမှုတော်ကာလအတွင်း ထွက်ပြေးသောလူများမှာ စစ်မှန်သောလမ်းခရီးကို စွန့်ပစ်သောသူများပင် ဖြစ်သည်

ထို့ကြောင့် ဘုရားသခင်သည် ဤကဲ့သို့သော လူစားမျိုးများအား အဘယ်ကြောင့် ထိုမျှပြင်းထန်သော အပြစ်ဒဏ်ကို ပေးနိုင်သနည်း။ ၎င်းတို့အပေါ် အဘယ်ကြောင့် သူ

အလွန်ဒေါသထွက်ရသနည်း။ ပထမဦးစွာ ဘုရားသခင်၏ စိတ်နေသဘောထားသည် ဘုန်းအာနုဘော်နှင့် အမျက်ဒေါသ ဖြစ်ကြောင်းကို ငါတို့သိကြသည်။ သူသည် လူတို့ အလိုရှိသည့်အတိုင်း ထိန်းချုပ်ခြင်းခံရမည့် ရုပ်သေးရုပ်တစ်ခု ဖြစ်ဖို့မဆိုနှင့်၊ တစ်စုံတစ်ဦး၏ သတ်ဖြတ်ခြင်းကို ခံရမည့် သိုးတစ်ကောင် မဟုတ်ပေ။ သူသည် ဩဇာပေးခံရမည့် ဘာမျှမရှိသော လေပွေတစ်ခုလည်း မဟုတ်ပေ။ သင်သည် ဘုရားသခင်တည်ရှိကြောင်းကို အမှန်တကယ်ယုံကြည်ပါက၊ သင်၌ ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်နှလုံးရှိသင့်ပြီး ဘုရားသခင်၏ အနှစ်သာရမှာ ဒေါသထွက်အောင် လုပ်ရမည့်အရာတစ်ခု မဟုတ်ကြောင်းကို သင် သိသင့်ပေသည်။ ဤဒေါသကို စကားတစ်လုံးအားဖြင့်၊ သို့မဟုတ် အတွေးတစ်ခု အားဖြင့်၊ သို့မဟုတ် ဆိုးညစ်သော အပြုအမူတစ်မျိုးမျိုးအားဖြင့်ဖြစ်စေ၊ သို့မဟုတ် လူတို့၏အမြင်နှင့် လူသားတို့၏ ကိုယ်ကျင့်တရားအားဖြင့် အတန်အသင့်ဖြစ်သော သိမ်မွေ့သည့် အပြုအမူအားဖြင့်ဖြစ်စေ ဖြစ်ပွားစေနိုင်သည်။ သို့တည်းမဟုတ် ယင်းကို ဩဝါဒတစ်ခု သို့မဟုတ် အယူအဆသဘောတရား တစ်ခုအားဖြင့် နှိုးဆွပေးနိုင်သည်။ သို့သော်လည်း ဘုရားသခင်ကို သင် ဒေါသ ထွက်စေပြီးသည်နှင့် တစ်ပြိုင်နက် သင်၏ အခွင့်အရေးပျောက်ဆုံးပြီး သင်၏ နောက်ဆုံးနေရက်များ ရောက်ရှိလာပြီဖြစ်သည်။ ဤသည်မှာ ဆိုးဝါးသော အရာတစ်ခုပင်။ အကယ်၍ ဘုရားသခင်အား ပုန်ကန်ပြစ်မှား၍ မရသည်ကို သင် နားမလည်ပါက၊ သင်သည် ဘုရားသခင်ကို မကြောက်ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပြီး သင်သည် သူ့အား အချိန်တိုင်းလိုလို ပြစ်မှားနေခြင်း ဖြစ်နိုင်သည်။ သင်သည် ဘုရားသခင်အား မည်ကဲ့သို့ ကြောက်ရွံ့ရမည်ကို မသိပါက၊ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့နိုင်စွမ်း မရှိသည့်အပြင် သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ခြင်းတည်းဟူသော ဘုရားသခင်၏ လမ်းခရီး၌ လျှောက်လှမ်းခြင်း လမ်းကြောင်းပေါ်သို့ မိမိကိုယ်ကိုယ် မည်သို့ထားရှိရမည်ကို သိလိမ့်မည်မဟုတ်ပေ။ သင်သည် ဘုရားသခင်ကို ပြစ်မှား၍မရကြောင်း သတိပြုမိလာပြီး အသိနိုးကြားသည်နှင့်တစ်ပြိုင်နက် သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်ခြင်းမှာ အဘယ်အရာ ဖြစ်ကြောင်း သိလိမ့်မည်ဖြစ်သည်။

ဘုရားသခင်ကိုကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်ခြင်း၏ လမ်းကြောင်းတွင် လျှောက်ခြင်းမှာ သမ္မာတရားကို သင်မည်မျှသိသည်၊ စမ်းသပ်မှု မည်မျှကို သင် ကြုံတွေ့ခဲ့ဖူးသည် သို့မဟုတ် ဆုံးမပဲ့ပြင်ခြင်းကို သင်မည်မျှခံခဲ့ဖူးသည် ဟူသည့်အကြောင်း သေချာပေါက် မဟုတ်ပေ။ ယင်းထက် ၎င်းမှာ သင်၏ စိတ်နှလုံး၌ ဘုရားသခင်အပေါ် သင် ထားရှိသည့် သဘောထားမျိုးနှင့် မည်သည့် အနှစ်သာရကို သင် ဖော်ပြသည် ဆိုသည့်အပေါ် မူတည်သည်။

လူတို့၏အနှစ်သာရများနှင့် သူတို့၏ ပုဂ္ဂလဓိဌာန်ကျသော သဘောထားများ၊ ဤအရာများမှာ အလွန်အရေးကြီးပြီး အလွန်အဓိကကျသည်။ ဘုရားသခင်ကို ကျောခိုင်းပြီး စွန့်ခွာသွားခဲ့သော ထိုလူများနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ဘုရားသခင်အပေါ် စက်ဆုပ်ဖွယ် သဘောထားများနှင့် သမ္မာတရားကို မထီမဲ့မြင်ပြုသော ၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင်၏ စိတ်နေသဘောထားကို အနှောင့်အယှက်ဖြစ်စေနှင့်ပြီ ဖြစ်သောကြောင့် ဘုရားသခင်နှင့် ပတ်သက်သရွေ့ ၎င်းတို့သည် မည်သည့်အခါမျှ ခွင့်လွှတ်ခြင်း ခံရလိမ့်မည် မဟုတ်ပေ။ ၎င်းတို့သည် ဘုရားသခင်၏ တည်ရှိခြင်းကို သိထားကြပြီ၊ ဘုရားသခင် ရောက်ရှိပြီဖြစ်ကြောင်း သတင်းရရှိခဲ့ပြီဖြစ်ပြီး၊ ဘုရားသခင်၏ အသစ်သောအမှုကိုပင် ကြုံတွေ့ခဲ့ကြပြီးဖြစ်သည်။ ၎င်းတို့၏ ထွက်ခွာခြင်းမှာ ၎င်းတို့သည် ထွက်ခွာသွားရန် အတင်းအကျပ် ဖိအားပေးခံရဖို့ မဆိုထားနှင့်၊ ထင်ယောင်ထင်မှားဖြစ်ခြင်းနှင့် ဝိုးတိုးဝါးတား ဖြစ်ခြင်းကိုစ္စတစ်ခု မဟုတ်ပေ။ ထို့ထက် ၎င်းတို့သည် အသိနိုးကြားလျက်နှင့် ပြတ်သားသောစိတ်ဖြင့် ဘုရားသခင်ကို စွန့်ခွာရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ ထွက်ခွာခြင်းမှာ ၎င်းတို့ လမ်းပျောက်ခြင်းကိစ္စ မဟုတ်သကဲ့သို့ ၎င်းတို့ နှင်ထုတ်ခံရခြင်းလည်း မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်၏အမြင်တွင် ၎င်းတို့မှာ အပြင်တွင် မိမိ၏လမ်းပျောက်ဆုံးသော ပျောက်သောသားများ ဖြစ်ဖို့နေနေသာသာ၊ သိုးအုပ်ထဲမှ လမ်းလွဲသွားသော သိုးများပင် မဟုတ်ကြပေ။ ၎င်းတို့သည် ဒဏ်ခတ်မခံရဘဲ ထွက်ခွာခဲ့ကြပြီး ယင်းအနေအထားတစ်ခု၊ ယင်းအခြေအနေ တစ်ခုက ဘုရားသခင်၏ စိတ်နေသဘောထားကို အနှောင့်အယှက် ဖြစ်စေကာ၊ ဤအနှောင့်အယှက် ဖြစ်စေခြင်းကြောင့် သူသည် ၎င်းတို့အား မျှော်လင့်ချက်မဲ့သော အဆုံးသတ်များကို ပေးခြင်းဖြစ်လေသည်။ ဤကဲ့သို့သော အဆုံးသတ် ရလဒ်မျိုးမှာ ကြောက်မက်ဖွယ် မကောင်းသလော။ ထို့ကြောင့် လူတို့သည် ဘုရားသခင်ကို မသိပါက ဘုရားသခင်ကို ပြစ်မှားမိနိုင်သည်။ ဤအရာမှာ သေးငယ်သောကိစ္စ မဟုတ်ပါပေ။ အကယ်၍ လူတို့သည် ဘုရားသခင်၏ သဘောထားကို အလေးအနက်မထားဘဲ၊ မိမိတို့သည် သူ၏ ပျောက်ဆုံးနေသော သိုးများဖြစ်ပြီး ပြောင်းလဲသော စိတ်နှလုံးသားရှိရန် သူတို့ကို ဘုရားသခင်ဆက်၍ စောင့်ဆိုင်းနေခြင်းဖြစ်သောကြောင့်၊ သူတို့ပြန်အလာကို ဘုရားသခင်က မျှော်နေသည်ဟု ယုံကြည်နေသေးပါက၊ ဤလူတို့သည် မိမိတို့၏ ပြစ်ဒဏ်ခတ်ခံရမည့်နေ့ရက်နှင့် မဝေးလှချေ။ ဘုရားသခင်သည် ၎င်းတို့အား လက်ခံရန် ငြင်းပယ်ရုံငြင်းပယ်လိမ့်မည် မဟုတ်ပေ၊ ဤသည်မှာ သူ၏ စိတ်သဘောထားကို ၎င်းတို့ အနှောင့်အယှက်ပေးခြင်းက ဒုတိယအကြိမ် ဖြစ်သည့်အတွက် ထိုကိစ္စမှာ ပို၍ပင် ဆိုးဝါးလှသည်တကား။ ဤလူတို့၏ မရိုသေသော သဘောထားများက ဘုရားသခင်၏

စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို ချိုးဖောက်ပြီးဖြစ်လေသည်။ ဘုရားသခင်သည် ၎င်းတို့ကို လက်ခံလိမ့်ဦး မည်လော။ သူ၏စိတ်နှလုံးထဲတွင် ဤအကြောင်းအရာနှင့် ပတ်သက်သည့် ဘုရားသခင်၏ နိယာမများမှာ၊ အကယ်၍ တစ်စုံတစ်ဦးသည် စစ်မှန်သောလမ်းခရီးက အဘယ်လမ်းဖြစ်သည် ဟူသည့်အကြောင်းကို သေချာမှု ရထားလင့်ကစား၊ ဘုရားသခင်ကို အသိနိုးကြားလျက်နှင့် ပြတ်သားသောစိတ်ဖြင့် ငြင်းပယ်နိုင်သေးပြီး ဘုရားသခင်ထံမှ သွေဖည်ပါက၊ ဘုရားသခင်သည် ထိုသို့သောလူ၏ ကယ်တင်ခြင်းလမ်းကို ပိတ်ဆို့ပြီး နိုင်ငံတော်၏ ဂိတ်ဝသည် ဤအချိန်မှစ၍ ထိုသူအတွက် ပိတ်ထားလိမ့်မည် ဖြစ်သည်။ ဤလူသည် နောက်ထပ်တစ်ကြိမ် တံခါးလာခေါက်သည့်အခါ၊ ဘုရားသခင်သည် တံခါးဖွင့်ပေးလိမ့်မည် မဟုတ်ပေ။ ဤလူကို ထာဝရ အဝင်ခံလိမ့်မည်မဟုတ်ပေ။ သင်တို့အချို့သည် သမ္မာကျမ်းစာထဲမှ မောရှေ၏ ဇာတ်ကြောင်းကို ဖတ်ဖူးကောင်း ဖတ်ဖူးကြမည် ဖြစ်သည်။ မောရှေသည် ဘုရားသခင်၏ ဘိသိက်ပေးခြင်း ခံခဲ့ရပြီးနောက် သူ၏ လုပ်ဆောင်ချက်များနှင့် အမျိုးမျိုးသော အခြားအကြောင်းရင်းများကြောင့်၊ ခေါင်းဆောင်အယောက် ၂၅၀ တို့က မောရှေအား သူတို့၏ မနာခံမှုကို ပြသခဲ့ကြသည်။ ၎င်းတို့သည် မည်သူ့ကို ကျိုးနွံနာခံရန် ငြင်းဆန်ခဲ့ကြသနည်း။ ၎င်းက မောရှေမဟုတ်ပါ။ ၎င်းတို့သည် ဘုရားသခင်၏ စီစဉ်မှုများကို ကျိုးနွံနာခံရန် ငြင်းဆန်ခဲ့ကြသည်၊ ၎င်းတို့သည် ဤအရေးနှင့်ပတ်သက်၍ ဘုရားသခင်၏အမှုကို ကျိုးနွံနာခံရန် ငြင်းဆန်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့က ဆက်လက်ဖော်ပြပါအတိုင်း ပြောခဲ့ကြသည်မှာ- “သင်တို့သည် ပရိသတ်အပေါ် အလွန်အကျွံ တာဝန်ယူကြ၏။ ပရိသတ်အပေါင်း၊ အယောက်တိုင်းတို့သည် သန့်ရှင်းကြသည်ကို မြင်ရပြီး ယေဟောဝါသည် သူတို့အလယ်တွင် ရှိတော်မူ၏။…” ဟူ၍ဖြစ်သည်။ လူသား၏ ရှုထောင့်အမြင်မှနေ၍ ဤစကားများနှင့် စာကြောင်းများမှာ အလွန်လေးနက် ပြင်းထန်သလော။ ၎င်းတို့မှာ မပြင်းထန်ပါပေ။ အနည်းဆုံးအနေဖြင့် ဤစကားလုံးများ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ မပြင်းထန်ပေ။ တရားဥပဒေ သဘောအရ ၎င်းတို့မှာ မည်သည့်ဥပဒေကိုမျှ ချိုးဖောက်ခြင်း မရှိပေ၊ အဘယ်ကြောင့်ဆိုသော် ၎င်း၌ မည်သည့် ရန့်ရင်းကြမ်းတမ်းသော ဂယက်အနက်များ ပါဖို့မဆိုထားနှင့်၊ ယင်း၏ တကယ့်အပေါ်ယံ၌ ဤသည်မှာ ရန်လိုသော အသုံးအနှုန်း သို့မဟုတ် ဝေါဟာရပင် မဟုတ်ပေ။ ဤသည်တို့မှာ သာမန်ဝါကျများဖြစ်ပြီး ဘာမျှမပိုပေ။ ထိုသို့ဆိုလျှင် ဤစကားလုံးများက ဘုရားသခင်ထံမှ အမျက်ကို အဘယ်ကြောင့် နှိုးဆော်နိုင်သနည်း။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ထိုစကားများမှာ လူကို ပြောဆိုခြင်းမဟုတ်ဘဲ၊ ဘုရားသခင်ကို ပြောဆိုနေခြင်းပင် ဖြစ်သည်။ ၎င်းတို့ ထုတ်ဖော်ပြသော သဘောထားနှင့်

စိတ်သဘောထားသည် ဘုရားသခင်၏ စိတ်သဘောထားကို အနှောင့်အယှက်ဖြစ်စေသောအရာ အတိအကျပင်ဖြစ်ပြီး၊ အထူးသဖြင့် ပုန်ကန်ပြစ်မှား၍ မရသည့် ဘုရားသခင်၏ စိတ်သဘောထားကို ၎င်းတို့ ပုန်ကန်ပြစ်မှားကြခြင်း ဖြစ်သည်။ နောက်ဆုံး၌ ထိုခေါင်းဆောင်တို့၏ အဆုံးသတ်များမှာ မည်သည့်အရာ ဖြစ်ကြောင်းကို ငါတို့အားလုံးသိကြသည်။ ဘုရားသခင်ကို စွန့်လွှတ်ထားခဲ့သော သူများနှင့်ပတ်သက်၍ ၎င်းတို့၏ ရှုထောင့်မှာ အဘယ်နည်း။ ၎င်းတို့၏ သဘောထားမှာ အဘယ်နည်း။ ထို့ပြင် ၎င်းတို့၏ ရှုထောင့်နှင့် သဘောထားက ဘုရားသခင်အား ၎င်းတို့ကို ထိုကဲ့သို့သော ပုံစံဖြင့် အဘယ်ကြောင့် ကိုင်တွယ်ဖြေရှင်းစေသနည်း။ အကြောင်းရင်းမှာ ၎င်းတို့က သူသည် ဘုရားသခင်ဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း သိကြသော်လည်း၊ သူတို့သည် သူ့ကို သစ္စာဖောက်ရန် ရွေးချယ်ခဲ့သေးသောကြောင့်ဖြစ်ပြီး ထိုအကြောင်းကြောင့် ၎င်းတို့သည် ကယ်တင်ခြင်းအတွက် ၎င်းတို့၏ အခွင့်အရေးကို လုံးလုံးလျားလျား ချွတ်ယူခံရခြင်း ဖြစ်သည်။ သမ္မာကျမ်းစာ ထဲတွင် ရေးထားသည်နှင့်အညီ၊ “အကြောင်းမူကား၊ သမ္မာတရားကို သိပြီးမှ ကိုယ်အလိုသို့ လိုက်၍ ပြစ်မှားပြန်လျှင်၊ နောက်တဖန် အပြစ်ဖြေသောယဇ်ကို ပူဇော်ရာအခွင့် မရှိ။” ဟူ၍ ဖြစ်သည်။ ယခု ဤအကြောင်းအရာနှင့်ပတ်သက်၍ သင်တို့တွင် ရှင်းလင်းသော နားလည်မှု ရှိပြီလော။

## လူတို့၏ ကံကြမ္မာများကို ဘုရားသခင်အပေါ်၌ရှိသော သူတို့၏ သဘောထားအားဖြင့် ဆုံးဖြတ်သည်

ဘုရားသခင်သည် အသက်ရှင်သော ဘုရားသခင်ဖြစ်ပြီး လူတို့က ခြားနားသော အခြေအနေများတွင် ခြားနားစွာ ပြုမူကြသကဲ့သို့၊ ဘုရားသခင်သည် ရုပ်သေးရုပ်တစ်ရုပ် မဟုတ်သကဲ့သို့ ဘာမျှမရှိသော လေတစ်ပွေ့ မဟုတ်သောကြောင့်၊ ဤပြုမူချက်များအပေါ် သူ၏သဘောထားမှာ ကွဲပြား ပေသည်။ ဘုရားသခင်၏ သဘောထားကိုသိရခြင်းမှာ လူသားမျိုးနွယ် အတွက် ထိုက်သင့်သော လေ့လာလိုက်စားမှု တစ်ခုပင် ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ သဘောထားကို သိခြင်းအားဖြင့် ဘုရားသခင်၏ စိတ်သဘောထားကို တဖြည်းဖြည်းချင်း မည်ကဲ့သို့သိနိုင်မည့်အကြောင်းနှင့် သူ၏စိတ်နှလုံးကို နားလည်လာရန် လေ့လာသင်ယူသင့်သည်။ သင်သည် ဘုရားသခင်၏ စိတ်နှလုံးကို တဖြည်းဖြည်းချင်း နားလည်လာသောအခါ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ခြင်းမှာ လုပ်ဆောင်ပြီးမြောက်ဖို့ အင်မတန်ခက်ခဲသောအရာတစ်ခု ဖြစ်သည်ဟု သင်ခံစားရလိမ့်မည် မဟုတ်ပေ။ ထို့ပြင် သင်သည် ဘုရားသခင်ကို နားလည်သည့်အခါ၊ သင်သည်

သူနှင့်ပတ်သက်၍ ကောက်ချက်များချရန် အလားအလာ ရှိတော့မည် မဟုတ်ပေ။ ဘုရားသခင်အကြောင်း ကောက်ချက်များချခြင်းကို သင် ရပ်လိုက်သည့်အခါ၊ သင်သည် ဘုရားသခင်ကို ပြစ်မှားရန် အလားအလာ လျော့နည်းသွားမည် ဖြစ်ပြီး ဘုရားသခင်သည် သင့်အား သူ၏အကြောင်း သိကျွမ်းခြင်းရရှိစေရန် သင်သတိမထားလိုက်ဘဲ၊ ဦးဆောင်သွားမည် ဖြစ်သဖြင့် ဤအရာက သင်၏စိတ်နှလုံးကို ဘုရားသခင်အား ချစ်ကြောက်ရိုသေနှင့် ပြည့်ဝစေလိမ့်မည် ဖြစ်သည်။ ထိုအခါ သင်ကျွမ်းကျင်တတ်မြောက်သော သြဝါဒများ၊ ကျမ်းဟောင်းတရားများနှင့် အယူအဆ သဘောတရားများကို အသုံးပြု၍ ဘုရားသခင်အား အဓိပ္ပာယ်ဖွင့်ခြင်းကို သင်ရပ်တန့်လိမ့်မည် ဖြစ်သည်။ ထိုအစား အရာခပ်သိမ်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်များကို အစဉ်ရှာဖွေခြင်းဖြင့် သင်သည် ဘုရားသခင်၏ စိတ်နှလုံးနှင့် ညီညွတ်သော လူတစ်ဦး ဖြစ်မှန်းမသိ ဖြစ်လာလေမည်။

ဘုရားသခင်၏အမှုကို လူသားများက မြင်နိုင်ခြင်းနှင့် ကိုင်တွယ်နိုင်ခြင်း မရှိသော်လည်း၊ ဘုရားသခင်နှင့် ပတ်သက်သရွေ့ သူ့အပေါ် လူတစ်ဦး တစ်ယောက်ချင်းစီ၏ သဘောထားနှင့်အတူ လုပ်ဆောင်ချက်များမှာ ဘုရားသခင် အတွက် သိသာထင်ရှားသည်သာမက မြင်လည်းမြင်နိုင်ပေသည်။ ဤအရာမှာ လူတိုင်းလက်ခံထားပြီး ရှင်းရှင်းလင်းလင်း သိသင့်သောအရာ ဖြစ်သည်။ သင်သည် သင့်ကိုယ်သင် "ဤနေရာတွင် ကျွန်ုပ် လုပ်နေသောအရာကို ဘုရားသခင် သိသလော။ ယခုလက်ငင်း ကျွန်ုပ်တွေးနေသောအရာကို သူသိသလော။ သူ သိကောင်းသိနိုင်သည်၊ မသိကောင်းလည်း မသိနိုင်။" ဟု အမြဲတစေ မေးနေနိုင်သည်။ အကယ်၍ သင်သည် ဤသို့ရှုထောင့်မျိုးကို ခံယူကာ ဘုရားသခင်ကို ယုံကြည်ပြီး နောက်သို့လိုက်နေလျက်နှင့် သူ၏အမှုနှင့် သူ၏တည်ရှိခြင်းကို သံသယထားပါက၊ သင်သည် အန္တရာယ်ရှိသော ချောက်ကမ်းပါးတစ်ခု၏ အစပ်တွင် ယိုင်တီးယိုင်တိုင် လျှောက်နေပြီ ဖြစ်သောကြောင့်၊ သင် သူ၏ဒေါသကို နိုးဆွပေးမည့် နေ့ရက်တစ်ခု အနေးနှင့်အမြန် ရောက်လာမည် ဖြစ်သည်။ ဘုရားသခင်ကို နှစ်ပေါင်းများစွာ ယုံကြည်ခဲ့ပြီးသော်လည်း၊ ဘုရားသခင်၏ အလိုတော်ကို နားလည်ဖို့ မဆိုနှင့်၊ သမ္မာတရား၏ စစ်မှန်မှုကို မရသေးသော လူတို့ကို ငါတွေ့မြင်ခဲ့ပြီ။ ဤလူတို့သည် ၎င်းတို့၏ဘဝနှင့် ဝိညာဉ်ရင့်ကျက်မှု၌ တိုးတက်မှုမရှိဘဲ၊ အတိမ်ပါးဆုံးသော သြဝါဒများကိုသာ လိုက်နာစောင့်ထိန်းလျက် ရှိကြသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဤသို့သော လူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုယ်၌ကို အသက်အဖြစ် မည်သည့်အခါမျှ သဘောထားခြင်း မရှိဖူးခဲ့ကြသည့်အပြင်၊ ၎င်းတို့သည် ဘုရားသခင်၏ တည်ရှိခြင်းကို မည်သည့်အခါမျှ ရင်ဆိုင်ခြင်းနှင့် လက်ခံခြင်း မရှိဖူးခဲ့ကြသောကြောင့် ဖြစ်သည်။

ဘုရားသခင်သည် ယင်းကဲ့သို့သော လူများကိုမြင်သောအခါ၊ ပျော်ရွှင်မှုဖြင့် ပြည့်နေမည်ဟု သင် ထင်သလော။ ၎င်းတို့သည် သူ့ကို စိတ်ချမ်းသာစေကြသလော။ ထို့ကြောင့် ယင်းမှာ ၎င်းတို့၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးသည့် ဘုရားသခင်အပေါ် လူတို့ ယုံကြည်သည့်ပုံစံပင် ဖြစ်သည်။ လူတို့က ဘုရားသခင်ကို မည်သို့ရှာဖွေပြီး၊ မည်သို့ချဉ်းကပ်ကြောင်းနှင့် ပတ်သက်၍ လူတို့၏ သဘောထားများသည် အထူးသဖြင့် အရေးကြီးပါသည်။ ဘုရားသခင်သည် သင်၏ ဦးခေါင်းအနောက်ဘက်မှ ဘာမျှမရှိသော လေထုကဲ့သို့သမျှ သူ့အား လျစ်လျူမရှုနှင့်။ သင် ယုံကြည်သော ဘုရားသခင်သည် အသက်ရှင်သော ဘုရားသခင်၊ စစ်မှန်သောဘုရားသခင် ဖြစ်ကြောင်းကို အမြဲ ဆင်ခြင်လော့။ သူသည် ဘာမျှလုပ်စရာမရှိဘဲ တတိယကောင်းကင်ဘုံထက်၌ ငုတ်တုတ်ထိုင်နေခြင်း မဟုတ်ပါ။ ထို့ထက် သူသည် အယောက်တိုင်းစီ၏ စိတ်နှလုံးထဲကို အစဉ်မပြတ် ကြည့်ရှုစစ်ဆေးလျက်၊ သင် လုပ်ဆောင်မည့်အရာကို အကဲခတ်ခြင်း၊ သင်၏ သေးငယ်သော စကားလုံးတိုင်းနှင့် သေးငယ်သော လုပ်ဆောင်မှုတိုင်းကို စောင့်ကြည့်ခြင်း၊ သင် မည်ကဲ့သို့ပြုမူပုံကို စောင့်ကြည့်ခြင်းနှင့် ဘုရားသခင်အပေါ် သင်၏ သဘောထားမှာ အဘယ်သို့ရှိကြောင်းကို ကြည့်မြင်ခြင်းတို့ကို ပြုလုပ်နေသည်။ သင်သည် ဘုရားသခင်အတွက် သင့်ကိုယ်သင် ပေးလိုသည်ဖြစ်စေ မပေးလိုသည်ဖြစ်စေ၊ သင်၏အပြုအမူနှင့် သင်၏ အတွင်းကျကျ အတွေးများနှင့် စိတ်ကူးများအားလုံးသည် ဘုရားသခင်ရှေ့၌ ထီးတည်းပြသလျက် ရှိပြီး သူ၏စောင့်ကြည့်ခြင်းကို ခံနေကြရသည်။ သင်၏ အပြုအမူကြောင့်၊ သင်၏ လုပ်ဆောင်ချက်များကြောင့်အပြင် ဘုရားသခင်အပေါ် သင်၏သဘောထားကြောင့် သင့်အပေါ် သူ၏ခံယူချက်နှင့် သင့်အပေါ် သူ၏သဘောထားမှာ အဆက်မပြတ် ပြောင်းလဲနေခြင်း ဖြစ်သည်။ လူတချို့ကို ငါအကြံတချို့ ပေးလိုသည်- ဘုရားသခင်သည် သင့်ကို အလွန်ချစ်သင့်သကဲ့သို့၊ သင့်ကို သူဘယ်သောအခါမျှ မစွန့်ခွာနိုင်သကဲ့သို့၊ သင့်အပေါ် သူ၏ သဘောထားမှာ လုံးဝပုံသေဖြစ်ပြီး ဘယ်သောအခါမျှ မပြောင်းလဲနိုင်သကဲ့သို့ ဘုရားသခင်၏ လက်ထဲတွင် မွေးကင်းစကလေးများကဲ့သို့ သင်တို့ကိုယ်သင်တို့ မထားကြနှင့်၊ ထို့ပြင် စိတ်ကူးယဉ်နေသည်ကို ရပ်တန့်လိုက်ဖို့ သင့်ကို ငါအကြံပေးသည်။ ဘုရားသခင်သည် လူအယောက်စီတိုင်းအပေါ် သူ၏ဆက်ဆံမှု၌ ဖြောင့်မတ်ပေသည်၊ ပြီးလျှင် လူတို့အား သိမ်းပိုက်ခြင်းနှင့် ကယ်တင်ခြင်း အမှုတို့အတွက် သူ၏လုပ်ကိုင်ပုံ၌ အလွန်စိတ်အားထက်သန်သည်။ ဤသည်မှာ သူ၏စီမံခန့်ခွဲမှု ဖြစ်သည်။ သူသည် လူတစ်ဦးချင်းစီကို နောက်ပြောင်ကျီစယ်စရာ အိမ်မွေးတိရစ္ဆာန် တစ်ကောင်ကဲ့သို့ မဟုတ်ဘဲ၊ အလေးအနက်ထား၍ ဆက်ဆံသည်။ လူသားများအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှာ

ပိုးမွေးသကဲ့သို့သော သို့မဟုတ် အလိုလိုက်ပြီး ပျက်စီးစေသော ချစ်ခြင်းမေတ္တာမျိုး မဟုတ်သကဲ့သို့ လူသားမျိုးနွယ်အပေါ် သူ၏ သနားခြင်းကရုဏာနှင့် သည်းခံခြင်းမှာ အလိုလိုက်ခြင်း သို့မဟုတ် အမှုမဲ့အမှတ်မဲ့ပြုခြင်း မဟုတ်ပေ။ ဆန့်ကျင်ဘက်အနေဖြင့် လူသားများအပေါ် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှာ အမြတ်တနိုးထားခြင်း၊ သနားကြင်နာခြင်းနှင့် ဘဝကို အလေးထားခြင်းတို့ ပါဝင်သည်၊ သူ၏ သနားခြင်းကရုဏာနှင့် သည်းခံခြင်းသည် လူအပေါ် သူ၏မျှော်မှန်းချက်များကို သိရှိစေပြီး၊ ယင်းတို့မှာ လူသားတို့ အသက်ဆက်ရန်အတွက် လိုအပ်သောအရာပင် ဖြစ်သည်။ ဘုရားသခင်သည် အသက်ရှင်ပြီး အမှန်တကယ် တည်ရှိသည်၊ လူသားမျိုးနွယ်အပေါ် သူ၏သဘောထားမှာ စည်းစနစ်ကျပြီး တရားသေ စည်းမျဉ်းများ တစ်ပွေ့တစ်ပိုက် လုံးဝမဟုတ်ဘဲ၊ ၎င်းမှာ ပြောင်းလဲနိုင်သည်။ လူသားတို့အပေါ် သူ၏ ရည်ရွယ်ချက်များသည် အချိန်နှင့်အမျှ၊ အခြေအနေ ဖြစ်ပေါ်လာသည့်အပေါ် မူတည်ပြီး လူအယောက်စီတိုင်း၏ သဘောထားအလိုက် တဖြည်းဖြည်း ပြောင်းလဲလျက် အသွင်ပြောင်းနေ၏။ ထို့ကြောင့် သင်သည် ဘုရားသခင်၏ အနှစ်သာရမှာ ပြောင်းလဲခြင်းမရှိကြောင်း နှင့် သူ၏ စိတ်သဘောထားသည် မတူညီသော အချိန်များနှင့် မတူညီသော အခြေအနေများတွင် ထွက်ပေါ်လာလိမ့်မည် ဖြစ်ကြောင်းကို သင်၏ စိတ်နှလုံးထဲတွင် လုံးလုံးလျားလျား ရှင်းလင်းပြတ်သားမှုဖြင့် သိထားသင့်သည်။ ဤအရာမှာ လေးနက်သော ကိစ္စတစ်ခုဖြစ်သည်ဟု သင် ထင်ကောင်းထင်မည် မဟုတ်သည့်အပြင်၊ ဘုရားသခင်က အမှုအရာတို့ကို မည်ကဲ့သို့ ပြုသင့်ကြောင်း စိတ်ကူးရန် သင်၏ကိုယ်ပိုင် တစ်ကိုယ်ရေ အယူအဆများကို သင်အသုံးပြုကောင်း ပြုမည်။ သို့သော်လည်း သင့်ရှုထောင့်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည့်အရာသည် မှန်ကန်သည့် အချိန်များရှိပြီး ဘုရားသခင်ကို ကြိုးစား၍ တွက်ချက်ရန် သင်၏ကိုယ်ပိုင် တစ်ကိုယ်ရေ အယူအဆများကို အသုံးပြုခြင်းဖြင့် သင်သည် သူ့ကို ဒေါသထွက်စေပြီးပြီ ဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူပြုမည်ဟု သင်ထင်သည့်နည်းအတိုင်း စီမံခန့်ခွဲခြင်း မဟုတ်သည့်အပြင်၊ ဤအကြောင်းအရာကို ဤသို့သူမှတ်ယူမည်ဟု သင်ပြောသည့်အတိုင်း မမှတ်ယူခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်၏ ပတ်လည်၌ရှိသော အရာမှန်သမျှအပေါ် သင် ကိုင်တွယ်ဖြေရှင်းရာတွင် သတိထားရန်နှင့် မြော်မြင်ချင့်ချိန်ရန်သာမက အရာခပ်သိမ်းတွင် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ခြင်းတည်းဟူသော ဘုရားသခင်၏ လမ်းခရီး၌ လျှောက်လှမ်းသည့် နိယာမအား မည်ကဲ့သို့ လိုက်လျှောက်ရမည်ကို သင်ယူလေ့လာရန် သင့်အား ငါသတိပေးခြင်း ဖြစ်သည်။ သင်သည် ဘုရားသခင်၏အလိုတော်နှင့် ဘုရားသခင်၏ သဘောထားဆိုင်ရာ အကြောင်းအရာများနှင့်

စပ်လျဉ်း၍ ခိုင်ခံ့သော နားလည်ခြင်းတစ်ခု တိုးပွားလာရမည်၊ ဤအကြောင်းအရာများကို ပြောဆိုဆွေးနွေးပေးရန် ဉာဏ်အလင်းဖွင့်ပြခံရသောလူများကို ရှာရမည်ဖြစ်ပြီး သင် အလွန်စိတ်ထက်သန်စွာ ရှာဖွေရမည်။ သင်ယုံကြည်သည့် ဘုရားသခင်ကို သဘောရှိ တရားစီရင်ခြင်း၊ သူ့အပေါ် စိတ်ထင်ရာ ကောက်ချက်ချခြင်းများနှင့်၊ ဘုရားသခင်နှင့်ထိုက်တန်သော ရိုသေလေးစားမှုဖြင့် ဘုရားသခင်အား မဆက်ဆံခြင်းအားဖြင့် ရုပ်သေးရုပ် တစ်ရုပ်အဖြစ် မရှုမြင်နှင့်။ ဘုရားသခင်သည် သင့်အား ကယ်တင်ခြင်း ယူဆောင်လာစဉ်နှင့် သင်၏ အဆုံးသတ်ကို သတ်မှတ်နေစဉ် သူသည် သင့်အား သနားခြင်းကရုဏာ၊ သို့မဟုတ် သည်းခံခြင်း၊ သို့မဟုတ် တရားစီရင်ခြင်း နှင့် ပြစ်တင်ဆုံးမခြင်းကို ပေးကောင်း ပေးနိုင်သော်လည်း၊ မည်သို့ပင်ဖြစ်စေ သင့်အပေါ် သူ၏ သဘောထားမှာ ပုံသေမဟုတ်ပေ။ ၎င်းမှာ ဘုရားသခင်အပေါ် သင်၏သဘောထားသာမက သူ့အပေါ် သင်၏ သိနားလည်ခြင်းအပေါ် မူတည်သည်။ ဘုရားသခင်အပေါ် တစ်ခဏမျှသာ ဖြစ်သော သင်၏သိခြင်း သို့မဟုတ် နားလည်မှု ရှုထောင့်တစ်ခုအား သူ့ကို ရာသက်ပန် အဓိပ္ပာယ်ဖွင့်ရန် အခွင့်မပေးနှင့်။ အသက်မရှိသော ဘုရားသခင်ကို မယုံကြနှင့်၊ အသက်ရှင်သော ဘုရားသခင်ကို ယုံကြည်ကြလော့။ ဤအရာကို အောက်မေ့ကြလော့။ ဤနေရာတွင် သင်တို့ကြားရန် လိုအပ်ခဲ့သော အမှန်တရားအချို့ကို ငါ ဆွေးနွေးပြီးသော်လည်း၊ သင်တို့၏ လက်ရှိ အခြေအနေနှင့် လက်ရှိ ဝိညာဉ်ရင့်ကျက်မှုအရ သင်တို့၏ စိတ်အားထက်သန်မှု မကုန်ခန်းစေရန်အတွက် ငါသည် ပို၍ကြီးမားသော မည်သည့် တောင်းဆိုချက်များကိုမျှ ပြုလုပ်မည်မဟုတ်ပေ။ ထိုသို့လုပ်ခြင်းသည် သင်တို့၏ စိတ်နှလုံးများကို စိတ်ဓာတ်ကျစရာ မြောက်များစွာနှင့် ပြည့်နှက်စေ၍ သင်တို့အား ဘုရားသခင်အပေါ် စိတ်ပျက်မှု မြောက်များစွာကို ခံစားရစေနိုင်ပါသည်။ ယင်းအစား သင်တို့သည် သင်တို့၏ စိတ်နှလုံးထဲ၌ရှိသည့် ဘုရားသခင်ကို ချစ်ခြင်းမေတ္တာကို အသုံးပြုနိုင်ပြီး ရှေ့တွင်ရှိသည့်လမ်းကြောင်း၌ လျှောက်လှမ်းသည့်အခါ၊ ဘုရားသခင်အပေါ် ရိုသေလေးစားသော သဘောထားတစ်ခုကို အသုံးပြုနိုင်မည်ဟု ငါမျှော်လင့်ပါသည်။ ဘုရားသခင် အပေါ် မည်သို့ယုံကြည်ရမည့် အကြောင်းအရာကို အိုးနင်းခွက်နင်း မပြုနှင့်။ ယင်းကို အကြီးမားဆုံးသော ရှိရင်းစွဲပြဿနာများထဲမှ တစ်ခုအဖြစ် သဘောထားလော့။ ၎င်းကို သင်၏ စိတ်နှလုံးထဲ၌ ထားလော့၊ ၎င်းကို လက်တွေ့လုပ်ဆောင်ပြီး၊ ၎င်းကို လက်တွေ့ဘဝနှင့် ဆက်စပ်လော့။ နှုတ်ပြောမျှဖြင့်သာ မပြုကြနှင့်၊ အဘယ်ကြောင့်ဆိုသော် ဤအရာမှာ သေရေးရှင်ရေး ကိစ္စတစ်ခုဖြစ်ပြီး သင်၏ ကံတရားကို ဆုံးဖြတ်မည့် ကိစ္စတစ်ခု ဖြစ်သည်။ ၎င်းကို ဟာသတစ်ခုအဖြစ် သို့မဟုတ် အလွန်လွယ်ကူသောအရာ တစ်ခုကဲ့သို့

သဘောမထားကြလေနှင့်။ ဤနှုတ်ကပတ်တော်များကို သင်တို့အား ယနေ့ ငါဝေငှပြီးနောက်တွင် သင်တို့၏ စိတ်နှလုံးက သိနားလည်ခြင်း အဘယ်မျှ ဆွတ်ခူးထားသည်ကို ငါသိလိုသည်။ ယနေ့ ဤနေရာတွင် ငါပြောခဲ့ပြီးသော အရာများနှင့်ပတ်သက်၍ သင်တို့မေးလိုသော မေးခွန်းတစ်စုံတစ်ရာ ရှိသလော။

ဤအကြောင်းအရာများမှာ အနည်းငယ် အသစ်ဖြစ်ပြီး သင်တို့၏ အမြင်များ၊ သင်တို့၏ ပုံမှန်လေ့လာလိုက်စားမှုများနှင့် အာရုံစိုက်သောအရာများနှင့် အနည်းငယ် ခြားနားသော်လည်း၊ ၎င်းတို့ကို အချိန်ကာလတစ်ခုအထိ သင်တို့ မိတ်သဟာယပြုပြီးသည့်အခါ ဤနေရာတွင် ငါပြောခဲ့ပြီးသော အရာတိုင်းအပေါ် သင်တို့၌ သာမန်သိနားလည်ခြင်း တိုးပွားလာမည်ဟု ငါထင်ပါသည်။ ဤအရာများမှာ လုံးဝအသစ်ချည်းဖြစ်ပြီး ယခင်က သင်တို့ ဆင်ခြင်သုံးသပ်ခြင်း လုံးဝမရှိခဲ့ဖူးသော အကြောင်းအရာအသစ်များ ဖြစ်သောကြောင့် ၎င်းတို့က မည်သည့်နည်းနှင့်မျှ သင်တို့၏ဝန်ကို ထပ်တိုးစေလိမ့်မည် မဟုတ်ဟု ငါမျှော်လင့်ပါသည်။ ငါသည် ယနေ့ ဤ နှုတ်ကပတ်တော်များကို သင်တို့အား ခြောက်လှန့်ရန် ပြောနေခြင်း မဟုတ်သည့်အပြင် သင်တို့ကို အရေးယူမည့် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနေခြင်းလည်း မဟုတ်ပေ။ ထို့ထက် ငါ၏ရည်မှန်းချက်မှာ အမှန်တရား၏ တကယ့်အချက်အလက်များကို သင်တို့နားလည်ဖို့ အကူအညီပေးရန်ပင် ဖြစ်သည်။ လူသားမျိုးနွယ်နှင့် ဘုရားသခင်အကြားတွင် ကွာဟချက်တစ်ခုရှိသောကြောင့် လူတို့သည် ဘုရားသခင်ကို ယုံကြည်ကြသော်လည်း၊ သူတို့သည် ဘုရားသခင်ကို မည်သည့်အခါမျှ နားလည်ခြင်း သို့မဟုတ် သူ၏သဘောထားကို သိခြင်း မရှိခဲ့ပေ။ လူတို့သည် ဘုရားသခင်၏ သဘောထားအတွက် သူတို့၏ အလေးထားမှုတွင် မည်သည့်အခါမျှ စိတ်အားထက်သန်ခဲ့ဖူးခြင်းလည်း မရှိပေ။ ထို့ထက် သူတို့သည် မမြင်မကန်းနှင့် ယုံကြည်လျက် ရှေ့ဆက်ခဲ့ပြီး ဘုရားသခင်အပေါ် သူတို့၏ သိကျွမ်းခြင်းနှင့် နားလည်မှုတွင် အရေးထားခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ငါသည် သင်တို့အတွက် ဤအကြောင်းအရာများကို ရှင်းလင်းရန်နှင့် သင်တို့ ယုံကြည်သော ဤဘုရားသခင်မှာ မည်ကဲ့သို့သော ဘုရားသခင်မျိုးဖြစ်ကြောင်းသာမက သူသည် မည်သည့်အရာကို စဉ်းစားနေကြောင်း၊ မတူညီသော လူအမျိုးမျိုးအပေါ် သူ၏ဆက်ဆံမှု၌ သူ၏သဘောထားမှာ မည်သည့်အရာဖြစ်ကြောင်း၊ သူ၏ သတ်မှတ်ချက်များ ဖြည့်ဆည်းခြင်းမှ သင်တို့ မည်မျှဝေးကွာနေကြောင်းနှင့် သင်တို့၏ လုပ်ဆောင်ချက်များနှင့် သူတောင်းဆိုသော စံနှုန်းအကြား ကွာဟချက်မှာ မည်မျှကြီးမားကြောင်း သင်တို့ နားလည်စေဖို့ မဖြစ်မနေကူညီရမည်ဟု ငါခံစားရသည်။ ဤအရာများကို သင်တို့အား အသိပေးခြင်း၏ ရည်မှန်းချက်မှာ မိမိကိုယ်ကိုယ် တိုင်းတာရမည့် စံတစ်ခုကိုပေးရန် ဖြစ်ပြီး သို့မှသာ

သင်တို့ရှိနေသောလမ်းသည် မည်ကဲ့သို့သော အကျိုးဆက်မျိုးရှိရာဆီ ဦးတည်နေပြီဖြစ်ကြောင်း၊ ဤလမ်းပေါ်တွင် သင်တို့မရရှိသေးသော အရာများနှင့် မည်သည့်နယ်ပယ်များတွင် သင်တို့ တကယ်မပါဝင်ရသေးကြောင်း သင်တို့ သိလိမ့်မည်ဖြစ်သည်။ သင်တို့အကြားတွင် မိတ်သဟာယပြုသောအခါ၊ သင်တို့သည် အတိုင်းအတာ အလွန်ကျဉ်းမြောင်းပြီး အချက်အလက်၌ အလွန်တိမ်ပါးသည့် ဆွေးနွေးနေကျ အကြောင်းအရာများ အနည်းငယ်အပေါ်တွင် အများအားဖြင့် ပြောဆိုလေ့ရှိကြသည်။ သင်တို့ ဆွေးနွေးသောအရာနှင့် ဘုရားသခင်၏ ရည်ရွယ်ချက်များအကြား၌ လည်းကောင်း၊ သင်တို့၏ ဆွေးနွေးချက်များနှင့် ဘုရားသခင့် တောင်းဆိုချက်များ၏ အတိုင်းအတာနှင့် စံနှုန်းအကြားတွင် လည်းကောင်း အကွာအဝေးတစ်ခု၊ ကွာဟချက်တစ်ခု ရှိသည်။ ဤကဲ့သို့ ရှေ့ဆက်ခြင်းဖြင့် အချိန်ကြာလာသည်နှင့်အမျှ သင်တို့၏ လမ်းလွဲခြင်းသည် ဘုရားသခင်၏ လမ်းမှ ပို၍ပို၍ ဝေးကွာသွားစေလိမ့်မည် ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏ လက်ရှိနှုတ်ကပတ်တော်များကို ယူ၍ ၎င်းတို့ကို ကိုးကွယ်ရာပစ္စည်းများအဖြစ် ပြောင်းလဲကာ၊ ၎င်းတို့ကို ထုံးတမ်းဓလေ့များနှင့် စည်းမျဉ်းများအဖြစ် ရှုမြင်နေကြသည်။ ၎င်းမှာ သင်တို့လုပ်နေသမျှပင် ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဘုရားသခင်သည် သင်တို့၏ စိတ်နှလုံးထဲ၌ နေရာလုံးလုံး မရှိသည့်အပြင် သူသည် သင်တို့၏ စိတ်နှလုံးကို မည်သည့်အခါမျှ အမှန်တကယ် မရရှိခဲ့ပေ။ လူအချို့က ဘုရားသခင်ကို သိရန်မှာ အလွန်ခက်ခဲသည်ဟု ထင်ကြပြီး ဤသည်မှာ အမှန်တရားပင် ဖြစ်သည်။ ခက်ခဲပေစွ။ လူတို့ကို အပြင်ပန်းအားဖြင့် ၎င်းတို့၏ တာဝန်များကို လုပ်ဆောင်ရန်နှင့် အမှုအရာများကို လုပ်ဆောင်ပြီးစီးစေရန်အပြင် ကြိုးစားလုပ်ဆောင်ရန် ခိုင်းစေပါက၊ လူတို့က ဘုရားသခင်ကို ယုံကြည်ခြင်းမှာ အလွန်လွယ်ကူသည်ဟု ထင်ကြလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ထိုအရာအားလုံးမှာ လူ့တတ်နိုင်စွမ်း၏ အတိုင်းအတာအတွင်း၌ ရှိခြင်းကြောင့်ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် လူသားတို့အပေါ် ဘုရားသခင်၏ သဘောထားဘက်သို့ အကြောင်းအရာ ပြောင်းသွားသည်နှင့်တစ်ပြိုင်နက်၊ လူတိုင်း၏ ရှုထောင့်မှနေ၍ အမှုအရာများက အမှန်တကယ် အနည်းငယ်ပို၍ ခက်ခဲလာသည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ဤအရာတွင် သမ္မာတရားအပေါ် လူတို့၏ နားလည်မှုနှင့် စစ်မှန်မှုထဲ သူတို့၏ ဝင်ရောက်ခြင်း ပါဝင်သောကြောင့် ဖြစ်သည်၊ ထို့ကြောင့် ခက်ခဲမှု အတိုင်းအတာတစ်ခု အမှန်ပင် ရှိမည်ဖြစ်လေသည်။ သို့သော်လည်း သင်သည် ပထမတံခါးကို ဖြတ်ကျော်ပြီး ဝင်ရောက်မှုကို စတင်ရရှိပြီးနောက်တွင် ၎င်းတို့သည် တဖြည်းဖြည်း ပို၍ လွယ်ကူလာမည် ဖြစ်သည်။

## ဘုရားသခင်ကို ကြောက်ရွံ့ခြင်း၏အစမှာ သူ့အား ဘုရားသခင်အဖြစ် ဆက်ဆံခြင်း ဖြစ်သည်

တစ်စုံတစ်ဦးက ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယောဘထက်ပင် ပို၍သိသော်လည်း၊ ဘုရားသခင်ကို ကျွန်ုပ်တို့ ချစ်ကြောက်ရိုသေခြင်း မရှိနိုင်သေးသည်မှာ အဘယ်သို့နည်းဟူသော မေးခွန်းတစ်ခုကို ခုလေးတင် မေးခဲ့၏။ ဤအကြောင်းနှင့်ပတ်သက်၍ ယခင်က ကျွန်ုပ်တို့ အနည်းငယ် ဆွေးနွေးခဲ့သည် မဟုတ်လော။ အမှန်အားဖြင့် ဤမေးခွန်း၏ အနှစ်သာရကိုလည်း ယခင်က ကျွန်ုပ်တို့ ဆွေးနွေးခဲ့ပြီးဖြစ်သည်၊ ၎င်းမှာ ယောဘသည် ထိုစဉ်အချိန်က ဘုရားသခင်ကို မသိခဲ့သော်လည်း၊ သူသည် ဘုရားသခင်ကို ဘုရားသခင်အဖြစ် ဆက်ဆံခဲ့ပြီး သူ့အား ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့၏ အရှင်သခင်အဖြစ် မှတ်ယူခဲ့သည် ဟူသောအချက် ဖြစ်သည်။ ယောဘသည် ဘုရားသခင်အား ရန်သူတစ်ဦးအဖြစ် သဘောထားခဲ့ခြင်းမရှိပေ။ ယင်းထက်၊ သူသည် ဘုရားသခင်အား အရာခပ်သိမ်း၏ ဖန်ဆင်းရှင်အဖြစ် ကိုးကွယ်ခဲ့သည်။ ယနေ့ခေတ် လူတို့သည် ဘုရားသခင်ကို အဘယ်ကြောင့် အလွန်ပင် ဆန့်ကျင်ကြသနည်း။ ဘုရားသခင်ကို သူတို့ အဘယ်ကြောင့် မကြောက်ရွံ့နိုင်သနည်း။ အကြောင်းရင်းတစ်ခုမှာ ၎င်းတို့သည် စာတန်၏ အလွန်အမင်း ဖျက်ဆီးခြင်းကို ခံထားရပြီး အလွန်အမင်း အရိုးစွဲနေသည့် ဆိုးယုတ်သော သဘာဝနှင့်အတူ သူတို့သည် ဘုရားသခင်၏ ရန်သူများ ဖြစ်လာကြပြီဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်ပြီး လက်ခံကြသော်လည်း၊ ၎င်းတို့သည် ဘုရားသခင်ကို အတိုက်အခံပြုပြီး ၎င်းတို့ကိုယ်ကို ဘုရားသခင်အား ဆန့်ကျင်သည့် အခြေအနေတွင် ရောက်နိုင်ကြသေးကြသည်။ ဤအရာကို လူသား သဘာဝအားဖြင့် ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ အခြားသော အကြောင်းရင်းမှာ ဘုရားသခင်၌ သူတို့၏ယုံကြည်မှု ရှိလင့်ကစား လူတို့သည် ဘုရားသခင်ကို ဘုရားသခင်အဖြစ် တကယ့်ကို သဘောမထားကြပေ။ ယင်းအစား၊ သူတို့က ဘုရားသခင်ကို လူ၏ ဆန့်ကျင်ဘက်အဖြစ် သဘောထားကြသည်၊ သူ့ကို သူတို့၏ ရန်သူအဖြစ် မှတ်ယူကြပြီး ၎င်းတို့သည် ဘုရားသခင်နှင့် မကျေအေးနိုင်ကြပေ။ ၎င်းမှာ ရိုးရှင်းပါသည်။ ဤအကြောင်းအရာကို ယခင်အစည်းအဝေးအတွင်း၌ အစပျိုးထားခဲ့သည် မဟုတ်သလော။ ၎င်းကို စဉ်းစားကြည့်ပါ- ယင်းမှာ အကြောင်းရင်း မဟုတ်သလော။ သင်၌ ဘုရားသခင်အကြောင်း အနည်းငယ်သော သိနားလည်ခြင်း ရှိနိုင်သော်လည်း၊ ဤသိနားလည်ခြင်းက မည်သည့်အရာကို ဖြစ်ပေါ်စေသနည်း။ ဤအရာမှာ အယောက်တိုင်းက ပြောနေသော အရာဖြစ်သည် မဟုတ်သလော။ ၎င်းမှာ ဘုရားသခင် သင့်အား ပြောခဲ့သောအရာ ဖြစ်သည် မဟုတ်သလော။ သင်သည် အယူအဆဆိုင်ရာနှင့် ဩဝါဒဆိုင်ရာ ရှုထောင့်များကိုသာ အကျွမ်းတဝင် ရှိသည်၊ သို့သော် သင်သည် ဘုရားသခင်၏ စစ်မှန်သော ရှုထောင့်ကို

နားလည်သက်ဝင်ဖူးသလော။ သင်၌ ပုဂ္ဂလဓိဋ္ဌာန်ကျသော သိနားလည်ခြင်းရှိသလော။ သင်၌ လက်တွေ့ကျသော သိနားလည်ခြင်းနှင့် အတွေ့အကြုံ ရှိသလော။ အကယ်၍ ဘုရားသခင်သည် သင့်အား မပြောထားခဲ့ပါက၊ သင် သိနိုင်ခဲ့မည်လော။ သင်၏ အယူအဆဆိုင်ရာ သိနားလည်ခြင်းသည် စစ်မှန်သော သိနားလည်ခြင်းကို ကိုယ်စားမပြုပေ။ အချုပ်အားဖြင့် ယင်းကို သင် မည်မျှပင်သိပြီး သို့မဟုတ် သင် မည်သို့ပင် သိလာခဲ့သည်ဖြစ်စေ၊ ဘုရားသခင်အကြောင်း စစ်မှန်သော သိနားလည်ခြင်း တစ်ခုကို သင် မရမီတိုင်အောင် ဘုရားသခင်သည် သင်၏ ရန်သူဖြစ်လိမ့်မည် ဖြစ်ပြီး သင်သည် ဘုရားသခင်ကို အမှန်တကယ် ဘုရားသခင်ကဲ့သို့ စတင်ဆက်ဆံရသည်တိုင်အောင် သင်သည် စာတန်၏ ပြယုဂ်တစ်ခု ဖြစ်သောကြောင့် သင် အမှန်တကယ် သဘောမထားမီ သူသည် သင်ကို ဆန့်ကျင်ပေလိမ့်မည်။

သင်သည် ခရစ်တော်နှင့်အတူ ရှိသည့်အချိန်တွင် သင်သည် သူ့အား တစ်နေ့သုံးကြိမ် ထမင်းကျွေးခြင်း၊ သို့မဟုတ် သူ့အား လက်ဘက်ရည် တည်ခင်းပေးခြင်းနှင့် သူ၏ ဘဝလိုအပ်ချက်များကို ကူညီလုပ်ဆောင်ပေးခြင်း ရှိကောင်းရှိနိုင်ပြီး ခရစ်တော်ကို ဘုရားသခင်အဖြစ် သဘောထားသည့်ပုံ ပေါက်မည်ဖြစ်သည်။ တစ်စုံတစ်ခု ဖြစ်သည့်အခါတိုင်း၊ လူတို့၏ ရှုထောင့်များမှာ ဘုရားသခင်၏ ရှုထောင့်များနှင့် အမြဲဆန့်ကျင်ဘက် ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ရှုထောင့်ကို နားလည်ရန်နှင့် လက်ခံရန် အမြဲပျက်ကွက်ကြသည်။ လူတို့သည် ဘုရားသခင်နှင့် အပေါ်ယံအားဖြင့် အဆင်ပြေကောင်း ပြေနိုင်သော်လည်း၊ ဤသည်မှာ ၎င်းတို့သည် သူနှင့် သဟဇာတဖြစ်သည်ဟု မဆိုလိုပါ။ တစ်စုံတစ်ခု ဖြစ်လျှင်ဖြစ်ချင်း လူသားတို့၏ မနာခံခြင်း အမှန်တရားသည် ထွက်ပေါ်လာပြီး လူသားများနှင့် ဘုရားသခင်ကြား၌ရှိသော ရန်လိုမှုကို ခိုင်မာစေလျက်ရှိသည်။ ဤရန်လိုမှုမှာ ဘုရားသခင်က လူကို ဆန့်ကျင်နေခြင်း သို့မဟုတ် ဘုရားသခင်က လူအပေါ် ရန်လိုရန် ဆန္ဒရှိနေခြင်းမျိုး မဟုတ်သည့်အပြင်၊ ယင်းမှာ သူက လူတို့ကို သူ၏ ဆန့်ကျင်ဘက်၌ထားပြီး သူတို့ကို ထိုကဲ့သို့ ဆက်ဆံနေခြင်းမျိုးလည်း မဟုတ်ပေ။ ထို့ထက် လူသားများ၏ ပုဂ္ဂလဓိဋ္ဌာန်ကျသော အလိုဆန္ဒနှင့် သူတို့၏ မသိစိတ်ထဲတွင် ဖြစ်ပေါ်နေသည့် ဘုရားသခင်အား ဆန့်ကျင်ဘက်ပြုသော ဤအနှစ်သာရကိစ္စပင် ဖြစ်သည်။ လူတို့သည် ဘုရားသခင်ထံမှလာသည့် အရာခပ်သိမ်းကို သူတို့၏ သုတေသနပြုစရာများအဖြစ် မှတ်ယူခြင်းကြောင့် ဘုရားသခင်ထံမှ လာသည့်အရာအပေါ်နှင့် ဘုရားသခင် ပါဝင်ပတ်သက်သော အရာတိုင်းအပေါ် သူတို့၏ တုံ့ပြန်မှုမှာ အဓိကအားဖြင့် မှန်းဆခြင်း၊ သံသယဖြစ်ခြင်းနှင့်၊ ဘုရားသခင်ကိုဆန့်ကျင်ပြီး ပုန်ကန်တတ်သော သဘောထားတစ်ခုကို အလျင်အမြန် ခံယူခြင်းတို့ပင် ဖြစ်သည်။ များမကြာမီတွင် လူတို့သည်

အပျက်သဘောဆောင်သော စိတ်နေစိတ်ထားတစ်ခုကိုယူကာ ထိုကဲ့သို့သော ဘုရားသခင်ကို နောက်လိုက်ဖို့ ထိုက်တန်မထိုက်တန် သံသယဖြစ်သည့် အဆင့်အထိ ဘုရားသခင်နှင့် ငြင်းခုံခြင်းများ သို့မဟုတ် ယှဉ်ပြိုင်ခြင်းများသို့ ရောက်ရှိကြသည်။ သူတို့၏ ဆင်ခြင်တုံတရားက သူတို့သည် ဤပုံစံအတိုင်း ရှေ့မဆက်သင့်ကြောင်း ပြောသော်လည်း၊ သူတို့သည် အလိုလို ထိုသို့လုပ်ရန် ရွေးချယ်လိမ့်မည်ဖြစ်ပြီး အဆုံးတိုင်အောင် တွန့်ဆုတ်ခြင်းမရှိဘဲ ရှေ့ဆက်ဦးမည့် သဘောဖြစ်သည်။ ဥပမာအားဖြင့်၊ လူအချို့သည် ဘုရားသခင် နှင့်ပတ်သက်သည့် ကောလာဟလများ သို့မဟုတ် မဟုတ်မမှန် ပြောသောစကားကို ကြားသည့်အခါ ၎င်းတို့ ပြုလုပ်တတ်သည့် ပထမဆုံးတုံ့ပြန်ချက်မှာ အဘယ်နည်း။ သူတို့၏ ပထမဆုံး တုံ့ပြန်ချက်မှာ ဤကောလာဟလများ မှန်မမှန်နှင့် ဤကောလာဟလများ တကယ်ရှိမရှိကို စဉ်းစားရန်နှင့် စောင့်ကြည့်တတ်သည့် စိတ်ထားကို ခံယူရန်ပင် ဖြစ်သည်။ ထို့နောက် သူတို့သည် "ဤအရာကို မှန်ကန်ကြောင်း အတည်ပြုရန် စစ်ဆေးမည့် နည်းလမ်းမရှိပေ။ ၎င်းမှာ အမှန်တကယ် ဖြစ်ပျက်သလော။ ဤ ကောလာဟလက မှန်သလော သို့မဟုတ် မမှန်သလော" ဟူ၍ စတင် စဉ်းစားကြသည်။ ဤကဲ့သို့သော လူတို့သည် အပေါ်ယံတွင် ဤသို့ မဖော်ပြသော်လည်း၊ ၎င်းတို့၏ စိတ်နှလုံးထဲက စတင်သံသယရှိထားပြီဖြစ်ပြီး ဘုရားသခင်ကို စတင်၍ ငြင်းပယ်ထားပြီး ဖြစ်သည်။ ဤကဲ့သို့သော သဘောထားနှင့် ဤကဲ့သို့သော ရှုထောင့်၏ အနှစ်သာရမှာ အဘယ်နည်း။ ၎င်းမှာ သစ္စာဖောက်ခြင်းပင် မဟုတ်လော။ ဤအကြောင်းအရာကို ၎င်းတို့ မရင်ဆိုင်ရမချင်း ဤလူတို့၏ ရှုထောင့်များမှာ အဘယ်အရာဖြစ်ကြောင်းကို သင်မမြင်နိုင်ပေ။ ၎င်းတို့သည် ဘုရားသခင်နှင့် ကွဲပြားဆန့်ကျင်မှု မရှိသကဲ့သို့၊ ထို့ပြင် ၎င်းတို့သည် ဘုရားသခင်ကို ရန်သူတစ်ဦးအဖြစ် မှတ်ယူခြင်း မရှိသကဲ့သို့ ထင်ရသည်။ သို့သော်လည်း ၎င်းတို့သည် ပြဿနာတစ်ခုကို ရင်ဆိုင်ရလျှင်ရချင်း စာတန်ဘက်၌ ချက်ချင်း ရပ်တည်ကာ ဘုရားသခင်ကို ပုန်ကန်ကြလေသည်။ ဤအရာက မည်သည့်အရာကို ညွှန်ပြသနည်း။ ၎င်းမှာ လူနှင့် ဘုရားသခင်သည် ဆန့်ကျင်ဘက် ဖြစ်ကြောင်းကို ညွှန်ပြပေသည်။ ဘုရားသခင်က လူသားမျိုးနွယ်ကို ရန်သူအဖြစ် မှတ်ယူသည် မဟုတ်သော်လည်း၊ လူ၏အနှစ်သာရ ကိုယ်၌က ဘုရားသခင်အပေါ် ရန်လိုခြင်းပင် ဖြစ်သည်။ တစ်စုံတစ်ဦးသည် ဘုရားသခင်နောက်သို့ မည်မျှကြာကြာ လိုက်ခဲ့ပြီးပါစေ သို့မဟုတ် ၎င်းတို့သည် မည်မျှကြီးမားစွာ ပေးဆပ်ခဲ့ပြီးပါစေ၊ ထို့ပြင် သူတို့က ဘုရားသခင်ကို မည်သို့ပင် ချီးမွမ်းပါစေ၊ သူတို့က ဘုရားသခင်ကို အတိုက်အခံမပြုမိရန် မိမိကိုယ်ကိုယ် မည်သို့ရှောင်ပါစေ၊ သူတို့က ဘုရားသခင်ကို ချစ်ရန် မိမိကိုယ်ကိုယ် မည်သို့ပင် အစွမ်းကုန်နှိုးဆော်ပါစေ၊ သူတို့သည် ဘုရားသခင်ကို

ဘုရားသခင်အဖြစ် မည်သည့်အခါမျှ ဆက်ဆံနိုင်ခြင်း မရှိပေ။ ဤအရာကို လူတို့၏ အနှစ်သာရအားဖြင့် အဆုံးအဖြတ်ပေးသည် မဟုတ်လော။ အကယ်၍ သင်သည် သူ့ကို ဘုရားသခင်အဖြစ် သဘောထားပြီး သူ့ကို ဘုရားသခင်ဖြစ်သည်ဟု စစ်မှန်စွာ ယုံကြည်ပါက၊ သင်၌ သူ့အပေါ် သံသယတစ်စုံတစ်ရာ ရှိနိုင်သေးသလော။ သင်၏စိတ်နှလုံးက သူနှင့်ပတ်သက်၍ ယုံမှားသံသယဖြစ်ခြင်း တစ်စုံတစ်ရာ ကိန်းအောင်းစေနိုင်ဦးမည်လော။ နောက်ထပ်မရှိနိုင်သည် မဟုတ်လော။ ဤလောက၏ ဦးတည်ရာများမှာ အလွန်ဆိုးယုတ်ပြီး ဤလူသားမျိုးသည်လည်း အလွန်ဆိုးယုတ်သည်ဆိုလျှင်၊ သင်၌ ၎င်းတို့နှင့်ပတ်သက်၍ မည်သည့်အယူအဆမျှ မရှိသည်မှာ အဘယ်သို့ ဖြစ်နိုင်မည်နည်း။ သင်ကိုယ်တိုင်ပင်လျှင် အလွန်ကောက်ကျစ်သည်ဆိုလျှင်၊ သင်၌ ၎င်းနှင့်ပတ်သက်၍ အယူအဆတစ်ခုမျှ မရှိသည်မှာ အဘယ်သို့နည်း။ သို့သော်လည်း ကောလာဟလ အနည်းငယ်နှင့် မဟုတ်မမှန် စကားအချို့က ဘုရားသခင်နှင့်ပတ်သက်၍ ထိုမျှကြီးမားသော အယူအဆများကို ဖြစ်ပေါ်စေနိုင်ပြီး သင်၏ စိတ်ကူးစိတ်သန်း၌ များစွာသောအရာတို့ကို ပေါ်လာစေနိုင်သည်၊ ၎င်းက သင်၏ ဝိညာဉ်ရင့်ကျက်မှု အဘယ်မျှ ရင့်ကျက်မှုမရှိကြောင်းကို ပြသသည်တကား။ ခြင်အနည်းငယ်နှင့် ရွံစရာကောင်းသော ယင်ကောင်အနည်းငယ် "တဝီဝီ" မြည်သံအလား သင့်ကို လှည့်စားရန် ဤမျှသာ လိုအပ်သလော။ ဤသည်မှာ မည်ကဲ့သို့သော လူအမျိုးအစားနည်း။ ဤကဲ့သို့သော လူတို့ကို ဘုရားသခင်သည် မည်ကဲ့သို့ယူဆကြောင်း သင်သိသလော။ ဘုရားသခင်သည် ဤလူများကို ဆက်ဆံပုံနှင့်စပ်လျဉ်း၍ သူ၏သဘောထားမှာ အမှန်အားဖြင့် အလွန် ရှင်းလင်းပါသည်။ ဤလူတို့အား ဘုရားသခင်၏ ဆက်ဆံမှုမှာ ၎င်းတို့အား တမင်အဖက်မလုပ်ခြင်းသာ ဖြစ်ကာ၊ သူ၏ သဘောထားမှာ ၎င်းတို့အား မည်သည့်အာရုံစိုက်မှုမျှ မပြုခြင်းနှင့် ပညာမဲ့သော ဤလူတို့အား အလေးအနက် မထားခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့် ဖြစ်သနည်း။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် သူ၏ စိတ်နှလုံးထဲတွင် သူ့အပေါ် အဆုံးအထိပင် ရန်လိုဖို့ ကတိပြုခဲ့ပြီး သူနှင့် သဟဇာတကျမည့် လမ်းခရီးကို ရှာဖွေရန်အတွက် မည်သည့်အခါမျှ မရည်ရွယ်ထားသော ထိုလူများကိုရယူရန် ဘုရားသခင်သည် လုံးဝ မကြံစည်ခဲ့သောကြောင့် ဖြစ်သည်။ ငါမိန့်မြွက်ထားသော ဤနှုတ်ကပတ်တော်များက လူတချို့ကို နာကျင်ကောင်း နာကျင်စေမည်။ ကောင်းပြီ၊ သင်တို့အား ငါ ဤသို့ အမြဲနာကျင်စေရန် သင်တို့ အလိုရှိသလော။ သင်တို့ အလိုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ငါပြောသမျှမှာ အမှန်တရား ဖြစ်သည်။ အကယ်၍ ငါသည် သင့်တို့အား ဤသို့ အမြဲတမ်းနာကျင်စေပြီး သင်တို့၏အမာရွတ်များကို ထုတ်ဖော်ပြပါက၊ သင်တို့၏ စိတ်နှလုံးထဲမှ အလွန်မြင့်မြတ်သော ဘုရားသခင်၏ ပုံသဏ္ဌာန်ကို ယင်းက

ထိခိုက်စေမည်လော။ (မထိခိုက်စေပါ။) ယင်းက ထိခိုက်စေမည် မဟုတ်ကြောင်း ငါ လက်ခံသည်။ အဘယ်ကြောင့်ဆိုသော် သင်တို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင် တကယ်ကို မရှိခြင်းကြောင့်သာလျှင် ဖြစ်သည်။ သင်၏ စိတ်နှလုံးထဲ၌ နေထိုင်သော အလွန်မြင့်မြတ်သည့် ဘုရားသခင်၊ သင်တို့ အပြင်းအထန် ခုခံပြီး ကာကွယ်သောသူမှာ ဘုရားသခင် မဟုတ်ပေ။ ထို့ထက် သူသည် လူ့စိတ်အာရုံ၏ စိတ်ကူးသက်သက်ဖြစ်သည်၊ သူသည် တကယ်ပင် မတည်ရှိပေ။ ထို့ကြောင့် ငါသည် ဤပဟေဋ္ဌိ၏ အဖြေကို ဖော်ထုတ်ခြင်းမှာ ပို၍ပင်ကောင်းပေသည်။ ဤအရာက သမ္မာတရားတစ်ခုလုံးကို ဖွင့်ချသည်မဟုတ်လော။ စစ်မှန်သော ဘုရားသခင်မှာ လူသားများက သူ အဘယ်အရာဖြစ်မည်ဟု စိတ်ကူးကြသည့်အရာ မဟုတ်ပေ။ ဤအမှန်တရားကို သင်တို့အားလုံး ရင်ဆိုင်နိုင်မည်ဟု ငါမျှော်လင့်ပြီး ယင်းက ဘုရားသခင်အပေါ် သင်တို့၏ သိနားလည်ခြင်းအတွက် အထောက်အကူပြုလိမ့်မည်။

## ဘုရားသခင်၏ အသိအမှတ်ပြုခြင်းမခံရသော ထိုလူများ

ဘုရားသခင်၏ စိတ်နှလုံးထဲတွင် သူတို့၏ယုံကြည်ခြင်း မည်သည့်အခါမျှ အသိအမှတ်ပြုမခံရသော လူတချို့ ရှိလေသည်။ တစ်နည်းအားဖြင့် ဘုရားသခင်က ထိုလူများသည် သူ၏နောက်လိုက်များ ဖြစ်သည်ဟု အသိအမှတ်မပြုပေ၊ အဘယ်ကြောင့်ဆိုသော် သူသည် ၎င်းတို့၏ ယုံကြည်မှုများကို ချီးကျူးခြင်းမရှိသောကြောင့်ဖြစ်ပေသည်။ ဤလူများမှာမူ ဘုရားသခင်နောက်သို့ နှစ်ပေါင်းမည်မျှ သူတို့လိုက်ခဲ့ပြီးသည်ဖြစ်စေ ၎င်းတို့၏ အတွေးများနှင့် အမြင်များမှာ မည်သည့်အခါမျှ ပြောင်းလဲခြင်း မရှိပါပေ။ ၎င်းတို့သည် မယုံကြည်သူများကဲ့သို့ပင် ဖြစ်ကာ မယုံကြည်သူများ၏ နိယာမများနှင့် အမှုအရာများ လုပ်ပုံလုပ်နည်းများအပြင် မယုံကြည်သူများ၏ အသက်ရှင်သန်ရေးနှင့် ယုံကြည်မှုဆိုင်ရာ ပညတ်ချက်များကို လိုက်နာစောင့်ထိန်းကြသည်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ၎င်းတို့၏ အသက်အဖြစ် မည်သည့်အခါမျှ လက်ခံခဲ့ခြင်းမရှိ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ကြောင်း မည်သည့်အခါမျှ ယုံကြည်ခဲ့ခြင်းမရှိ၊ ဘုရားသခင်၏ ကယ်တင်ခြင်းကို လက်ခံရန် မည်သည့်အခါမျှ ရည်ရွယ်ခဲ့ခြင်း မရှိသည့်အပြင် ဘုရားသခင်ကို ၎င်းတို့၏ ဘုရားသခင်အဖြစ် မည်သည့်အခါမျှ လက်ခံခဲ့ခြင်း မရှိကြပေ။ ဘုရားသခင်အား ယုံကြည်ခြင်းကို အပျော်တမ်း ဝါသနာတစ်မျိုးအဖြစ် ၎င်းတို့က မှတ်ယူကြပြီး ဘုရားသခင်ကို ဝိညာဉ်ရေးရာ အာဟာရအဖြစ်မျှသာ သဘောထားကြသည်။ သို့ဖြစ်၍ ၎င်းတို့က

ဘုရားသခင်၏ စိတ်သဘောထား သို့မဟုတ် အနှစ်သာရကို ကြိုးစား၍ နားလည်ဖို့ မထိုက်တန်ပါဟု ထင်ကြသည်။ စစ်မှန်သောဘုရားသခင်နှင့် စပ်လျဉ်းသော အရာမှန်သမျှမှာ ဤလူတို့နှင့် မသက်ဆိုင်ပါဟု ဆိုနိုင်ပါသည်။ ၎င်းတို့သည် အာရုံစိုက်မှုပေးရန် စိတ်ဝင်စားခြင်း မရှိသည့်အပြင် စိတ်အနှောင့်အယှက်လည်း မခံနိုင်ကြပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ စိတ်နှလုံးထဲ၌ "ဘုရားသခင်ကို မျက်မြင်မရ၊ ကိုင်တွယ်၍မရသဖြင့် မတည်ရှိပါ။" ဟူ၍ ၎င်းတို့အား အမြဲပြောနေသည့် အလွန်ပြင်းထန်သော အသံတစ်သံရှိနေသည်။ ဤကဲ့သို့သော ဘုရားသခင်မျိုးကို နားလည်ရန် ကြိုးစားခြင်းမှာ သူတို့ကြိုးပမ်းရကျိုးနပ်မည် မဟုတ်သည့်အပြင်၊ ထိုသို့ပြုလုပ်ခြင်းမှာ ၎င်းတို့ မိမိကိုယ်ကိုယ်သာ အရူးလုပ်ခြင်း ဖြစ်သည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ ၎င်းတို့သည် အမှန်တကယ် မည်သည့်ရပ်တည်မှုမျှ မထားဘဲ ဘုရားသခင်ကို စကားလုံးများဖြင့်သာ အသိအမှတ်ပြုခြင်း သို့မဟုတ် မိမိကိုယ်ကိုယ် အမှန်တကယ် မည်သည့် လုပ်ရပ်ဆောင်ချက်၌မျှ ပေးဆပ်မှုမရှိခြင်းအားဖြင့် မိမိကိုယ်ကိုယ် တော်လှပြီဟု ယုံကြည်နေကြသည်။ ဘုရားသခင်သည် ဤသို့သောလူတို့အပေါ် မည်ကဲ့သို့ ထင်မြင်ယူဆသနည်း။ သူသည် ၎င်းတို့အား မယုံကြည်သူများအဖြစ် ရှုမြင်သည်။ လူအချို့က "မယုံကြည်သူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်နိုင်သလော။ ၎င်းတို့သည် ၎င်းတို့၏ တာဝန်ကို ထမ်းရွက်နိုင်သလော။ ၎င်းတို့က 'ကျွန်ုပ်သည် ဘုရားသခင်အတွက် အသက်ရှင်မည်' ဟူသော စကားများကို ဆိုနိုင်သလော။" ဟု မေးကြသည်။ လူသားများက ယေဘုယျအားဖြင့် မြင်သောအရာမှာ လူတို့ အပေါ်ယံခင်းကျင်းသည့် ပြသချက်များပင် ဖြစ်သည်။ ၎င်းတို့သည် လူတို့၏ အနှစ်သာရကို မမြင်ကြပေ။ သို့သော်လည်း ဘုရားသခင်သည် ဤအပေါ်ယံ ပြသချက်များကို မကြည့်ပေ။ သူသည် ၎င်းတို့၏ အတွင်းမှ အနှစ်သာရကိုသာ ကြည့်သည်။ ထို့ကြောင့် ဤသည်မှာ ဤလူတို့အပေါ် ဘုရားသခင်ထားသည့် သဘောထားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးပင် ဖြစ်သည်။ ဤလူတို့က "ဘုရားသခင်သည် အဘယ်ကြောင့် ဤအရာကို ပြုသနည်း။ ဘုရားသခင်သည် အဘယ်ကြောင့် ထိုအရာကို ပြုသနည်း။ ဤအရာကို ကျွန်ုပ်နားမလည်ပါ၊ ထိုအရာကို ကျွန်ုပ်နားမလည်ပါ၊ ဤအရာသည် လူ၏အယူအဆများနှင့် မကိုက်ညီပါ၊ ၎င်းကို ကိုယ်တော် ကျွန်ုပ်အား ရှင်းပြရမည်။..." ဟု ပြောတတ်ကြသည်။ ဤအရာကို ဖြေဖို့အတွက် ငါပြန်မေးသည်မှာ- ဤအကြောင်းအရာများကို သင့်အား ရှင်းပြရန် အမှန်ပင် လိုအပ်သလော။ ဤအကြောင်းအရာများသည် အမှန်တကယ် သင်နှင့် တစ်စုံတစ်ရာ သက်ဆိုင်သလော။ သင့်ကိုယ်သင် မည်သူဟု သင်ထင်သနည်း။ သင် မည်သည့်နေရာမှ လာခဲ့သနည်း။ သင်သည် ဘုရားသခင်ကို အကြံဉာဏ်များ ပေးရန်

အမှန်တကယ် အရည်အချင်း ပြည့်မီသလော။ သူ့ကို သင်ယုံကြည်သလော။ သူသည် သင်၏ယုံကြည်မှုကို အသိအမှတ် ပြုသလော။ သင်၏ယုံကြည်မှုသည် ဘုရားသခင်နှင့် မသက်ဆိုင်ခြင်းကြောင့် သူ၏ လုပ်ဆောင်မှုများတွင် သင်မည်သည့်အကြောင်းကိစ္စ ရှိသနည်း။ သင်သည် ဘုရားသခင်၏ စိတ်နှလုံးထဲတွင် မည်သည့်နေရာ၌ ရှိနေကြောင်းကို မသိသောကြောင့် သင်သည် ဘုရားသခင်နှင့် အပြန်အလှန်ဆွေးနွေးမှု ပြုလုပ်ရန် အဘယ်သို့ အရည်အချင်း ပြည့်မီနိုင်မည်လော။

## သတိပေးချက်ဆိုင်ရာ နှုတ်ကပတ်တော်များ

ဤမှတ်ချက်များကို ကြားပြီးနောက်တွင် သင်တို့သည် နေမထိထိုင်မသာ မဖြစ်ကြသလော။ သင်တို့သည် ၎င်းတို့ကို နားထောင်ရန် အလိုမရှိခြင်း သို့မဟုတ် ၎င်းတို့ကို လက်ခံရန် အလိုမရှိခြင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ၎င်းတို့အားလုံးမှာ အမှန်တရားများပင် ဖြစ်သည်။ အမှု၏ ဤအဆင့်ကို ဘုရားသခင်လုပ်ဆောင်ရမည် ဖြစ်သောကြောင့် သင်တို့သည် သူ၏ ရည်ရွယ်ချက်များနှင့် မသက်ဆိုင်ပါက၊ သူ၏ သဘောထားကို အလေးထားမှု မရှိပါက၊ ထို့ပြင် သူ၏ အနှစ်သာရနှင့် စိတ်နေသဘောထားကို နားမလည်ပါက၊ နောက်ဆုံးတွင် အခွင့်အရေးဆုံးရှုံးရမည့်သူမှာ သင်ဖြစ်လိမ့်မည်။ ငါ၏ နှုတ်ကပတ်တော်များမှာ နားထောင်ရန် ခက်ခဲသည့်အတွက် အပြစ်မတင်နှင့်၊ ထို့ပြင် သင်တို့၏ စိတ်အားထက်သန်မှု လျော့ကျခြင်းအတွက် ၎င်းတို့ကို အပြစ်မတင်ကြနှင့်။ ငါသည် အမှန်တရားကို ပြော၏။ သင်တို့ စိတ်ဓာတ်ကျစေရန်မှာ ငါ၏ ရည်ရွယ်ချက်မဟုတ်ပါ။ သင်တို့အား ငါ မည်သည့်အရာကို စေခိုင်းသည်ဖြစ်စေ၊ ထို့ပြင် ၎င်းကိုလုပ်ဆောင်ရန် သင်တို့အား မည်ကဲ့သို့ သတ်မှတ်ထားသည်ဖြစ်စေ သင်တို့သည် မှန်ကန်သောလမ်းကြောင်းကို လျှောက်ကာ ဘုရားသခင်၏လမ်းသို့ လိုက်လျှောက်မည့်အကြောင်းနှင့် မှန်ကန်သောလမ်းကြောင်းမှ မည်သည့်အခါမျှ လမ်းလွဲမသွားမည့်အကြောင်း၊ ငါ မျှော်လင့်ပါသည်။ အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်အညီ ရှေ့ဆက်ခြင်းမရှိပါက သို့မဟုတ် သူ၏ လမ်းခရီးနောက်သို့ မလိုက်လျှောက်ပါက သင်သည် ဘုရားသခင်ကို ပုန်ကန်နေပြီး မှန်ကန်သောလမ်းကြောင်းမှ သွေဖည်သွားပြီ ဖြစ်သည်မှာ သံသယဖြစ်စရာ မရှိနိုင်ပေ။ ထို့ကြောင့် သင်တို့ကို ငါ ရှင်းပြပေးရမည့် အကြောင်းအရာ အချို့ရှိပြီး တိတိကျကျ၊ ရှင်းရှင်းလင်းလင်းနှင့် မသေချာမှု တစ်စက်မျှမရှိဘဲ သင်တို့ကို ယုံကြည်စေရမည် ဖြစ်သည့်အပြင် ဘုရားသခင်၏ သဘောထား၊ သူ၏ ရည်ရွယ်ချက်များ၊ သူကလူကို စုံလင်အောင် ပြုလုပ်ပေးပုံနှင့် လူတို့၏ အဆုံးသတ်များကို မည်သည့်ပုံစံဖြင့်

သူသတ်မှတ်ကြောင်း ရှင်းလင်းသော နားလည်မှုတစ်ခု သင်တို့ရရှိရန် ကူညီပေးရမည်ဖြစ်သည်ဟု ငါယူဆသည်။ သင်သည် ဤလမ်းကြောင်းကို မစတင်နိုင်သော နေ့ရက်တစ်ရက် ရောက်ခဲ့ပါလျှင် ငါ၌တာဝန်မရှိပေ၊ အကြောင်းမှာ ဤနှုတ်ကပတ်တော်များကို သင့်အား အလွန်ရှင်းလင်းစွာ ပြောခဲ့ပြီးပြီဖြစ်သည်။ သင်ကိုယ်တိုင်၏ အဆုံးသတ်ကို သင်မည်သို့ကိုင်တွယ်ဖြေရှင်းသည်နှင့်စပ်လျဉ်း၍၊ ဤသည်မှာ သင့်အပေါ်၌ လုံးလုံးလျားလျား မူတည်သည့်ကိစ္စ ဖြစ်သည်။ ဘုရားသခင်၌ မတူညီသော လူအမျိုးအစားများ၏ အဆုံးသတ်များနှင့် စပ်လျဉ်း၍ခြားနားသော သဘောထားများရှိသည်၊ သူ၌ ၎င်းတို့ကို ချိန်ဆသည့် ကိုယ်ပိုင် နည်းလမ်းများရှိပြီး ၎င်းတို့အတွက် သတ်မှတ်ချက်များနှင့်ဆိုင်သော သူ၏ ကိုယ်ပိုင်စံနှုန်းလည်း ရှိသည်။ လူတို့၏ အဆုံးသတ်များကို ချိန်ဆသည့် သူ၏စံနှုန်းမှာ အယောက်တိုင်းအတွက် မျှတသောစံနှုန်းတစ်ခု ဖြစ်ကာ၊ ထိုအရာအတွက် သံသယမရှိပါပေ။ ထို့ကြောင့် အချို့တို့၏ စိုးရိမ်ကြောက်ရွံ့မှုများမှာ မလိုအပ်ပေ။ သင်တို့ ယခု စိတ်သက်သာရာ ရကြပြီလော။ ယနေ့အတွက် ဤမျှလောက်ပင် ဖြစ်သည်။ နှုတ်ဆက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်

# ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် (၁)

ယနေ့တွင် ငါတို့သည် အရေးကြီးသည့် အကြောင်းအရာ တစ်ခုနှင့်ပတ်သက်၍ မိတ်သဟာယပြုနေကြခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏အမှု စတင်ချိန်ကစ၍ ဆွေးနွေးကြခဲ့သည့် အကြောင်းအရာ တစ်ခုဖြစ်ပြီး ယင်းသည် လူတစ်ဦးစီတိုင်းအတွက် အလွန်တရာကြီးမားသည့် အရေးပါမှု ရှိပေသည်။ တစ်နည်းအားဖြင့်၊ ဤသည်မှာ ဘုရားသခင်၌ ယုံကြည်ခြင်းလမ်းကြောင်း တစ်လျှောက်တွင် အယောက်တိုင်း ကြုံမည့် ကိစ္စရပ်တစ်ခု ဖြစ်သည်။ ယင်းသည် ကြုံကိုကြုံရမည့် ကိစ္စရပ်တစ်ခု ဖြစ်သည်။ ယင်းသည် အရေးပါလှသည့် ကိစ္စရပ်တစ်ခု၊ လူသားမျိုးနွယ်က ခေါင်းရှောင်၍မရသည့် ရှောင်လွှဲမရသော ကိစ္စရပ်တစ်ခု ဖြစ်သည်။ အရေးပါမှုကို ပြောဆိုရာတွင် ဘုရားသခင်ကို ယုံကြည်သူတိုင်းအတွက် မည်သည့်အရာသည် အရေးပါဆုံးဖြစ်သနည်း။ လူအချို့က အရေးကြီးဆုံးသောအရာမှာ ဘုရားသခင်၏ အလိုကို နားလည်ခြင်းဖြစ်သည်ဟု တွေးထင်ကြသည်။ အချို့က ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သာ၍ စားသောက်ဖို့မှာ

အရေးကြီးဆုံးဖြစ်သည်ဟု ယုံကြည်ကြသည်။ အချို့က အရေးကြီးဆုံးမှာ မိမိတို့ကိုယ်ကိုယ် သိရှိဖို့ဖြစ်သည်ဟု ထင်ကြသည်။ အခြားသူတို့က အရေးအကြီးဆုံးသောအရာမှာ ဘုရားသခင်မှတစ်ဆင့် ကယ်တင်ခြင်းကို မည်သို့ ရှာတွေ့ရမည်၊ ဘုရားသခင်နောက် မည်သို့လိုက်ရမည် ဆိုသည်နှင့် ဘုရားသခင်၏ အလိုကို မည်ကဲ့သို့ ဖြည့်ဆည်းရမည်ဆိုသည်တို့ကို သိရှိခြင်းသည် အရေးအကြီးဆုံးသော အရာဖြစ်သည်ဟု ထင်မြင်ချက် ရှိကြသည်။ ယနေ့အတွက် ဤအကြောင်းအချက် အားလုံးကို ငါတို့ မေ့ထားကြမည်။ သို့ဆိုလျှင် မည်သည့်အရာကို ငါတို့ဆွေးနွေးနေကြသနည်း။ အကြောင်းအရာမှာ ဘုရားသခင်ဖြစ်သည်။ ဤသည်မှာ လူတိုင်းအတွက် အရေးပါဆုံးသော အကြောင်းအရာ ဖြစ်သည် မဟုတ်လော။ ဤအကြောင်းအရာ၌ မည်သည့်အရာသည် ပါဝင်နေသနည်း။ ဟုတ်ပေ၏၊ ယင်းကို ဘုရားသခင်၏ စိတ်သဘောထား၊ ဘုရားသခင်၏အနှစ်သာရနှင့် ဘုရားသခင်၏ အမှုတို့မှ သေချာပေါက် ခွဲထုတ်၍မရပေ။ ထို့ကြောင့် ယနေ့တွင် "ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်" အကြောင်းအရာကို ဆွေးနွေးကြစို့။

လူသားသည် ဘုရားသခင်ကို စတင်ယုံကြည်ခဲ့သည့် အချိန်မှစ၍၊ ၎င်းတို့သည် ဘုရားသခင်၏အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် ကဲ့သို့သော အကြောင်းအရာများနှင့် ကြုံကြရပြီးဖြစ်သည်။ ဘုရားသခင်၏အမှုနှင့် ပတ်သက်လာသောအခါတွင်၊ လူတချို့က- "ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်။" ဟု ဆိုကြလိမ့်မည်။ ဘုရားသခင်၏ စိတ်သဘောထားနှင့်ပတ်သက်၍ ပြောဆိုသည့်အခါ၊ အချို့က- "ဘုရားသခင်၏ စိတ်သဘောထား ဆိုသည်မှာ ကျွန်ုပ်တို့ အသက်တာများ တစ်ခုလုံးတွင် ကျွန်ုပ်တို့ လေ့လာ၊ စူးစမ်းစစ်ဆေးပြီး အာရုံစိုက်သည့် အကြောင်းအရာတစ်ခု ဖြစ်ပါသည်၊ ထို့ကြောင့် ထိုအရာကို ကျွန်ုပ်တို့ အကျွမ်းတဝင် ရှိသင့်သည်။" ဟု ဆိုကြလိမ့်မည်။ ဘုရားသခင် ကိုယ်တော်တိုင်အတွက်မူ၊ အချို့က- "ဘုရားသခင် ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့လိုက်လျှောက်သောသူ၊ ကျွန်ုပ်တို့ ယုံကြည်သောသူဖြစ်ပြီး၊ ကျွန်ုပ်တို့ လိုက်ရှာဖွေသော သူတစ်ဦးဖြစ်သည်။ သူနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ကြားဖူးနားဝမရှိသည် မဟုတ်ပါ။" ဟု ပြောဆိုကြလိမ့်မည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်းကတည်းက သူ့အမှုကို မည်သည့် အခါမျှ မရပ်တန့်ခဲ့ပေ။ သူ၏ အမှုတစ်လျှောက်လုံးတွင် သူသည် သူ၏ စိတ်သဘောထားကို ဆက်လက်ဖော်ပြထားကာ သူ၏နှုတ်ကပတ်တော်ကို ဖော်ပြရန် နည်းလမ်း အမျိုးမျိုးကို အသုံးပြုထားသည်။ တစ်ချိန်တည်းတွင်၊ လူသားမျိုးနွယ်ထံ

မိမိကိုယ်ကိုယ်နှင့် မိမိ၏ အနှစ်သာရတို့ကို ဖော်ပြခြင်း၊ လူသားအပေါ် သူ၏ အလိုနှင့် လူထားထံမှ သူတောင်းဆိုသောအရာတို့ကို ဖော်ပြခြင်းအား မည်သည့်အခါမျှ မရပ်တန့်ခဲ့ပေ။ ထို့ကြောင့် တိုက်ရိုက်စကားရပ်များအရ၊ မည်သူမျှ ဤအကြောင်းအရာများနှင့် မစိမ်းပေ။ သို့သော် ယနေ့ ဘုရားသခင်နောက်လိုက်သော လူများအဖို့၊ ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်တို့သည် မရင်းနှီးသော အရာများအားလုံး ဖြစ်လေသည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။ လူသားသည် ဘုရားသခင်၏အမှုကို ကြုံတွေ့ရသည့်အမျှ၊ ၎င်းတို့ကို ဘုရားသခင်၏ စိတ်သဘောထားအား နားလည်သည့်အလား သို့မဟုတ် ယင်းက မည်သည့်အရာနှင့်တူသည်ဆိုသည့် အသိအချို့ ရှိသည့်အလား ခံစားရစေရင်း၊ ၎င်းတို့သည်လည်း ဘုရားသခင်နှင့် ထိတွေ့လာကြလေသည်။ သို့ဖြစ်သောကြောင့် လူသားသည် မိမိမှာ ဘုရားသခင်၏ အမှု သို့မဟုတ် ဘုရားသခင်၏ စိတ်သဘောထားနှင့် အစိမ်းသက်သက်ဖြစ်သည်ဟု မတွေးထင်ပေ။ ယင်းထက် သူသည် ဘုရားသခင်နှင့် အလွန်ရင်းနှီးပြီး ဘုရားသခင်အကြောင်းကို များစွာနားလည်သည်ဟု လူသားက တွေးထင်လေသည်။ သို့သော် လက်ရှိအခြေအနေအရ၊ များစွာသောအရာများ ထဲတွင်၊ ဘုရားသခင်နှင့် သက်ဆိုင်သည့် ဤသိနားလည်မှုသည် စာအုပ်များ၌ ၎င်းတို့ဖတ်ရှုပြီး ဖြစ်သည့် အရာများ၌သာ ကန့်သတ်ခံထားရသည်၊ ပုဂ္ဂိုလ်ရေး အတွေ့အကြုံ၌သာ ကန့်သတ်ခံထားရသည်၊ စိတ်ကူးစိတ်သန်းများဖြင့် ချုပ်ထိန်းခံရပြီး၊ အခြားအရာအားလုံးထက်၊ ၎င်းတို့ ကိုယ်တိုင်၏ မျက်စိများဖြင့် မြင်နိုင်သည့် အချက်အလက်များ၌သာ ဘောင်ခတ် ခံထားရလေသည်- ထိုအရာ အားလုံးသည် စစ်မှန်သော ဘုရားသခင်ကိုယ်တော်တိုင်ထံမှ များစွာကွာခြားပေသည်။ ပြီးလျှင် ဤ “များစွာ” ဆိုသည်မှာ မည်မျှများပြားသနည်း။ လူသားသည် မိမိကိုယ်ကိုယ် မသေမချာ ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် အသိစိတ် အနည်းငယ် သို့မဟုတ် အရိပ်အမြွက်တစ်ခု ရှိကောင်းရှိမည်- သို့ရာတွင် ဘုရားသခင်ကိုယ်တော်တိုင်နှင့် ပတ်သက်လာသည့်အခါ၊ သူနှင့်သက်ဆိုင်သည့် လူသား၏ သိနားလည်ခြင်းသည် စစ်မှန်သော ဘုရားသခင် ကိုယ်တော်တိုင်၏ အနှစ်သာရမှ များစွာ ကွာခြားလွန်းလှပေသည်။ ထို့ကြောင့် ဤသည်မှာ၊ “ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်” ကဲ့သို့သော အကြောင်းအရာအတွက်၊ စနစ်ကျကျ ခိုင်မာသောနည်းဖြင့် မိတ်သဟာယတွင် ပါဝင်ဖို့သည် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးရသည့် အကြောင်းရင်း ဖြစ်သည်။

အမှန်တွင် ဘုရားသခင်သည် မည်သူ့ကိုမျှ သိလျက်နှင့် မည်သည့်အခါတွင်မျှ မရှောင်ဖူးသကဲ့သို့၊ လူတို့ကို သူ့အား သိရှိခြင်းမှ သို့မဟုတ် သူ့ကို သိနားလည်ခြင်းမှ တားဆီးဖို့

မိမိကိုယ်ကိုယ် မည်သည့်အခါတွင်မျှ သိလျက်နှင့် မကွယ်ဝှက်ဖူးသောကြောင့်၊ ဘုရားသခင်၏ စိတ်သဘောထားသည် အယောက်တိုင်းအဖို့ ဖွင့်ဟထားပြီး ဖုံးကွယ်မထားပေ။ ဘုရားသခင်၏ စိတ်သဘောထားသည် အမြဲပင် ဖွင့်ပြထားရန်ဖြစ်ပြီး လူအသီးသီးကို ပွင့်ပွင့်လင်းလင်း ရင်ဆိုင်ရန် ဖြစ်သည်။ ဘုရားသခင်၏စီမံခန့်ခွဲမှုတွင်၊ ဘုရားသခင်သည် အယောက်တိုင်းကို ရင်ဆိုင်ရင်း၊ သူ၏အမှုကို လုပ်ဆောင်ကာ လူအယောက်စီတိုင်းအပေါ်၌ သူ၏ အမှုကို လုပ်ဆောင်လေသည်။ သူသည် ဤအမှုကို လုပ်ဆောင်သည်နှင့်အမျှ၊ လူအယောက်စီတိုင်းကို လမ်းပြကာ ထောက်ပံ့ဖို့ သူ၏စိတ်သဘောထားကို မရပ်မနား ထုတ်ဖော်ပြနေပြီး၊ သူ၏အနှစ်သာရ၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို စဉ်ဆက်မပြတ် အသုံးပြုနေ၏။ ခေတ်တိုင်းနှင့် အဆင့်တိုင်းတွင် အခြေအနေများ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ၊ ဘုရားသခင်၏စိတ်သဘောထားကို အယောက်စီတိုင်းအား အမြဲ ဖွင့်ပြထားပြီး၊ သူ၏ အသက်သည် လူသားမျိုးနွယ်ကို စဉ်ဆက်မပြတ်နှင့် မရပ်မနား ထောက်ပံ့ကာ ပံ့ပိုးပေးနေသကဲ့သို့ပင်၊ သူ၏ ပိုင်ဆိုင်မှုများနှင့် ဖြစ်ခြင်းတို့ကို အယောက်စီတိုင်းအဖို့ အမြဲ ဖွင့်ပြထားပေသည်။ ဤအရာအားလုံး ဖြစ်နေစေကာမူ၊ ဘုရားသခင်၏ စိတ်သဘောထားသည် တချို့အဖို့ ဖုံးကွယ်နေမြဲဖြစ်သည်။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်ဆိုသော် ဤလူတို့သည် ဘုရားသခင်၏ အမှုအတွင်းတွင် အသက်ရှင်ပြီး ဘုရားသခင် နောက်သို့ လိုက်ကြ သော်လည်း၊ ၎င်းတို့သည် ဘုရားသခင်နှင့် သာ၍ နီးစပ်ဖို့မဆိုထားနှင့်၊ ဘုရားသခင်ကို သိနားလည်ဖို့ မည်သည့်အခါတွင်မျှ မကြိုးစားခဲ့ကြသကဲ့သို့၊ ဘုရားသခင်ကို မည်သည့်အခါတွင်မျှ သိကျွမ်းလိုခြင်း မရှိခဲ့ကြသောကြောင့် ဖြစ်ပေသည်။ ဤလူတို့အဖို့ ဘုရားသခင်၏ စိတ်သဘောထားကို နားလည်ခြင်းသည် ၎င်းတို့၏နိဂုံးသည် နီးပြီဟူသည်ကို နိမိတ်ပြပေသည်။ ယင်းက ၎င်းတို့သည် ဘုရားသခင်၏ စိတ်သဘောထား အားဖြင့် တရားစီရင်ခံရကာ ရှုတ်ချခြင်းခံရတော့မည် ဖြစ်သည်ကို ဆိုလိုပေသည်။ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင် သို့မဟုတ် သူ၏စိတ်သဘောထားကို သိနားလည်ဖို့ မည်သည့်အခါတွင်မျှ စိတ်ဆန္ဒမရှိဖူး ကြသကဲ့သို့၊ ဘုရားသခင်၏အလိုနှင့်သက်ဆိုင်သည့် သာ၍ နက်ရှိုင်းသော သိနားလည်မှု သို့မဟုတ် အသိပညာကိုလည်း မည်သည့်အခါမျှ မတပ်မက်ဖူး ကြပေ။ ၎င်းတို့သည် သတိရှိသည့် ပူးပေါင်းလုပ်ဆောင်ခြင်းမှတစ်ဆင့် ဘုရားသခင်၏ အလိုကို သဘောပေါက်ဖို့ မကြိုးစားကြပေ- ၎င်းတို့သည် ၎င်းတို့ လုပ်ဆောင်လိုသည့်အရာများ လုပ်ဆောင်ရခြင်းကို အစဉ်အမြဲ ပျော်မွေ့ပြီး မည်သည့်အခါတွင်မျှ မငြီးငွေ့ကြပေ။ ၎င်းတို့ ယုံကြည်ချင်သော ဘုရားသခင်ကို ၎င်းတို့ ယုံကြည်ကြ၏။ ၎င်းတို့၏ စိတ်ကူးများ၌သာ တည်ရှိသည့် ဘုရားသခင်၊ ၎င်းတို့၏

အယူအဆများ၌သာ တည်ရှိသည့် ဘုရားသခင်ကို ၎င်းတို့ယုံကြည်ကြပြီး၊ ၎င်းတို့၏နေ့စဉ် အသက်တာများတွင် ၎င်းတို့နှင့် ခွဲထုတ်၍မရသော ဘုရားသခင်ကို ယုံကြည်ကြလေသည်။ စစ်မှန်သော ဘုရားသခင်ကိုယ်တိုင်နှင့် ပတ်သက်လာသည့် အခါတွင်၊ ၎င်းတို့သည် သူနှင့် သာ၍ နီးစပ်ရန် ဆန္ဒရှိဖို့ မဆိုထားနှင့်၊ သူ့ကို လုံးဝ အထင်အမြင်သေးပြီး သူ့ကို နားလည်ဖို့ သို့မဟုတ် သူ့ကို အရေးစိုက်ဖို့ စိတ်ဆန္ဒမရှိကြချေ။ ၎င်းတို့သည် ဘုရားသခင် ဖော်ပြသည့် နှုတ်ကပတ်တော်များကို မိမိတို့ကိုယ်ကိုယ် တန်ဆာဆင်ဖို့၊ မိမိတို့ကိုယ်ကိုယ် ပြရုပ်တင်ဖို့သာ အသုံးပြုနေကြသည်။ ၎င်းတို့အဖို့၊ ဤအရာက ၎င်းတို့၏ စိတ်နှလုံးထဲတွင် ၎င်းတို့ကို အောင်မြင်သော ယုံကြည်သူများနှင့် ဘုရားသခင်၌ ယုံကြည်ခြင်းရှိသူများ ဖြစ်စေနှင့်ပြီး ဖြစ်သည်။ ၎င်းတို့၏စိတ်နှလုံးများတွင်၊ ၎င်းတို့သည် မိမိတို့၏စိတ်ကူးစိတ်သန်းများ၊ မိမိတို့၏ အယူအဆများနှင့် ဘုရားသခင်နှင့် သက်ဆိုင်သည့် မိမိတို့၏ပုဂ္ဂိုလ်ရေး အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့်ပင် လမ်းပြခြင်း ခံရသည်။ အခြားတစ်ဘက်တွင်မူ၊ စစ်မှန်သော ဘုရားသခင် ကိုယ်တိုင်သည် ၎င်းတို့နှင့် မည်သို့မျှ ပတ်သက်မှုမရှိပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် စစ်မှန်သော ဘုရားသခင် ကိုယ်တိုင်ကို သိနားလည်ခဲ့ကြမည်ဆိုပါက၊ ဘုရားသခင်၏ စစ်မှန်သော စိတ်သဘောထားကို ၎င်းတို့ သိနားလည်ပြီး၊ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို နားလည်ခဲ့ကြမည်ဆိုပါက၊ ၎င်းတို့၏ လုပ်ဆောင်ချက်များ၊ ၎င်းတို့၏ယုံကြည်ခြင်းနှင့် ၎င်းတို့၏ အားထုတ်မှုတို့သည် ရှုတ်ချခြင်းကိုခံရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင်၏ အနှစ်သာရကို နားလည်ဖို့ကို စက်ဆုပ်ကြသကဲ့သို့၊ ဘုရားသခင်ကို သာ၍ ကောင်းစွာ သိနားလည်ဖို့၊ ဘုရားသခင်၏ အလိုကို သာ၍ ကောင်းစွာ သိရှိဖို့နှင့် ဘုရားသခင်၏ စိတ်သဘောထားကို သာ၍ ကောင်းစွာ နားလည်ဖို့ တက်ကြွစွာ ကြိုးစားရန် သို့မဟုတ် ဆုတောင်းရန် စက်ဆုပ်ပြီး လိုလားခြင်း မရှိရသည့် အကြောင်းရင်း ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ကို ဖန်တီးထားသည့်အရာတစ်ခု၊ အနှစ်သာရမဲ့ပြီး မရေရာသည့်အရာတစ်ခုသာ တကယ်တမ်း ဖြစ်စေလိုကြသည်။ ၎င်းတို့သည် ဘုရားသခင်ကို ၎င်းတို့ တွေးထင်ထားသည့်အတိုင်း အတိအကျ ဖြစ်သည့်သူ တစ်ဦး၊ ၎င်းတို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းရန် အသင့်ရှိနေလျက်၊ ထောက်ပံ့မှု မကုန်မခမ်းရှိနေပြီး အမြဲရှိနေနိုင်သူတစ်ဦးသာ တကယ်တမ်း ဖြစ်စေလိုကြသည်။ ဘုရားသခင်၏ကျေးဇူးတော်ကို ၎င်းတို့ မွေ့လျော်ချင်သည့်အခါတွင်၊ ထိုကျေးဇူးတော် ဖြစ်ပေးရန် ဘုရားသခင်ကို တောင်းဆိုကြသည်။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို ၎င်းတို့ လိုအပ်သောအခါ၊ ထိုကောင်းချီးမင်္ဂလာဖြစ်ပေးရန် ဘုရားသခင်ကို တောင်းဆိုကြသည်။ ဒုက္ခဘေးဆိုးနှင့် ရင်ဆိုင်ကြရသောအခါ၊ ၎င်းတို့ကို

ရဲဆေးတင်ပေးရန်၊ ၎င်းတို့၏ နောက်ကျော အကွယ်အကာဖြစ်ဖို့ ဘုရားသခင်ကို တောင်းဆိုတတ် ကြသည်။ ဤလူတို့၏ ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာသည် ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာ ခွင်အတွင်းတွင် ပိတ်မိနေသည်။ ဘုရားသခင်၏ အမှု၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်နှင့်သက်ဆိုင်သည့် ၎င်းတို့၏ သိနားလည်ခြင်းသည်လည်း ၎င်းတို့၏စိတ်ကူးများ၊ ကျမ်းဟောင်းတရားများနှင့် အယူဝါဒများ၌သာ ကန့်သတ်ခံရလေသည်။ သို့ရာတွင် ဘုရားသခင်၏ စိတ်သဘောထားကို နားလည်ဖို့ စိတ်ထက်သန်သည့်လူများ၊ ဘုရားသခင် ကိုယ်တော်တိုင်ကို အကယ်ပင် တွေ့မြင်လိုပြီး၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို အမှန်တကယ် နားလည်လိုသော လူအချို့ ရှိကြပေသည်။ ဤလူတို့သည် သမ္မာတရား၏စစ်မှန်မှုနှင့် ဘုရားသခင်၏ ကယ်တင်ခြင်းတို့ကို ရှာဖွေလျက် ရှိကြပြီး၊ ဘုရားသခင်၏ သိမ်းပိုက်ခြင်း၊ ကယ်တင်ခြင်းနှင့် စုံလင်စေခြင်းတို့ကို ရရှိရန် ကြိုးစားကြလေသည်။ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုရန် ၎င်းတို့၏စိတ်နှလုံးများကို အသုံးပြုကြသည်၊ ၎င်းတို့အတွက် ဘုရားသခင် စီစဉ်ထားပြီးဖြစ်သည့် အခြေအနေတိုင်းနှင့် လူတိုင်း၊ အဖြစ်အပျက်တိုင်းနှင့် အမှုအရာတိုင်းအတွက် ကျေးဇူးတင်ဖို့ မိမိတို့၏ စိတ်နှလုံးများကို အသုံးပြုကြပြီး၊ စစ်မှန်ရိုးသားမှုဖြင့် ဆုတောင်းကာ ရှာဖွေကြလေသည်။ ၎င်းတို့အနေဖြင့် ဘုရားသခင်ကို ပုန်ကန်ပြစ်မှားခြင်း မရှိနိုင်တော့ရန်နှင့် ၎င်းတို့၏ အတွေ့အကြုံများ မှတစ်ဆင့် ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ဖြစ်ခြင်းနှင့် သူ၏ စစ်မှန်သည့်ဘက်ကို သာ၍ မြင်နိုင်ကြဖို့အလို့ငှာ၊ ၎င်းတို့ အသိချင်ဆုံးသော အရာမှာ ဘုရားသခင်၏ အလိုဖြစ်ပြီး၊ နားအလည်ချင်ဆုံးသောအရာမှာ ဘုရားသခင်၏ စစ်မှန်သော စိတ်သဘောထားနှင့် အနှစ်သာရဖြစ်သည်။ ယင်းမှာ အမှန်ပင် စစ်မှန်သော ဘုရားသခင်သည် ၎င်းတို့၏စိတ်နှလုံးများထဲတွင် တည်ရှိရန်နှင့် သူတို့အနေဖြင့် စိတ်ကူးစိတ်သန်းများ၊ အယူအဆများ သို့မဟုတ် မရေရာမှုအလယ်တွင် မကျင်လည်ကြတော့သည်အထိ၊ ဘုရားသခင်သည် ၎င်းတို့၏စိတ်နှလုံးထဲ၌ နေရာတစ်နေရာ ရှိရန်အလို့ငှာလည်း ဖြစ်သည်။ ဤလူများအတွက်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အနှစ်သာရတို့ကို နားလည်ဖို့ အပူတပြင်း ဆန္ဒရှိကြသည့် အကြောင်းရင်းမှာ၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရတို့ကို လူသားမျိုးနွယ်က မိမိတို့၏ အတွေ့အကြုံများတစ်လျှောက်တွင် တစ်ချိန်ပြီးတစ်ချိန် လိုအပ်သောကြောင့် ဖြစ်သည်။ လူတစ်ဦး၏ တစ်သက်တာတစ်လျှောက် အသက်ကို ထောက်ပံ့ ပေးသည်မှာ ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရ ဖြစ်သည်။ ဘုရားသခင်၏ စိတ်သဘောထားကို ၎င်းတို့

သိနားလည်သည် နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်ကို ၎င်းတို့ သာ၍ ကောင်းစွာ ကြည်ညိုနိုင်ကြလိမ့်မည်၊ ဘုရားသခင်၏ အမှုနှင့်အတူ သာ၍ကောင်းစွာ ပူးပေါင်းလုပ်ဆောင်နိုင်ကြလိမ့်မည် ဖြစ်ပြီး၊ ဘုရားသခင်၏အလိုအပေါ် သာ၍ အရေးထားနိုင်ကြလိမ့်မည် ဖြစ်ကာ၊ ၎င်းတို့၏ တာဝန်ကို မိမိတို့အစွမ်းရှိသမျှ လုပ်ဆောင်နိုင်ကြလိမ့်မည် ဖြစ်သည်။ ထိုကဲ့သို့သဘောထားများမှာ လူနှစ်မျိုးနှစ်စားက ဘုရားသခင်၏ စိတ်သဘောထား အပေါ်ထားရှိသော ၎င်းတို့၏ သဘောထားများ ဖြစ်သည်။ ပထမလူစားမှာ ဘုရားသခင်၏ စိတ်သဘောထားကို နားမလည်ချင်ပေ။ ဘုရားသခင်၏ စိတ်သဘောထားကို နားလည်ချင်သည်၊ ဘုရားသခင် ကိုယ်တိုင်ကို သိရှိလိုသည်၊ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို မြင်တွေ့လိုပြီး၊ ဘုရားသခင်၏ အလိုကို စစ်မှန်ရိုးသားစွာ အသိအမှတ် ပြုလိုသည်ဟု ၎င်းတို့ ပြောဆိုကြသော်လည်း၊ စိတ်ထဲတွင် ဘုရားသခင် မတည်ရှိရန်ကိုသာ ပိုမိုလိုလားကြသည်။ ယင်းမှာ အဘယ့်ကြောင့်ဆိုသော် ဤလူစားမျိုးများသည် ဘုရားသခင်ကို တစ်သမတ်တည်း နာခံခြင်း မရှိကြသကဲ့သို့ ခုခံကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ရာထူးအတွက် ဘုရားသခင်ကို ၎င်းတို့ ကိုယ်တိုင်၏ စိတ်နှလုံးထဲတွင် တိုက်ခိုက်ကြပြီး၊ ဘုရားသခင်၏တည်ရှိခြင်းကို မကြာခဏ သံသယ ရှိကြသည်၊ သို့မဟုတ် ငြင်းပင် ငြင်းပယ်ကြလေသည်။ ၎င်းတို့သည် ဘုရားသခင်၏စိတ်သဘောထား သို့မဟုတ် စစ်မှန်သည့် ဘုရားသခင် ကိုယ်တော်တိုင်ကို ၎င်းတို့၏ စိတ်နှလုံးထဲ၌ နေရာယူခွင့် မပေးလိုကြပေ။ မိမိတို့၏ ကိုယ်ပိုင် လိုအင်ဆန္ဒများ၊ စိတ်ကူးများနှင့် ရည်မှန်းချက်များကိုသာ ၎င်းတို့ ဖြည့်ဆည်းလိုကြသည်။ သို့ဖြစ်၍၊ ဤလူတို့သည် ဘုရားသခင်ကို ယုံကြည်ကောင်း ယုံကြည်နိုင်သည်၊ ဘုရားသခင်နောက် လိုက်ကောင်း လိုက်နိုင်ပြီး၊ သူ့အတွက် ၎င်းတို့၏ မိသားစုများနှင့် အလုပ်များကိုလည်း စွန့်လွှတ်ကောင်း စွန့်လွှတ်နိုင်ကြမည် ဖြစ်သော်လည်း၊ ၎င်းတို့၏ ဆိုးယုတ်သောလမ်းများကို မစွန့်ကြချေ။ အခြားသူများသည် မိမိတို့ကိုယ်ကိုယ်အကြောင်း ထပ်တလဲလဲ သက်သေခံဖို့၊ မိမိတို့၏ ဩဇာအာဏာ အရှိန်အဝါကို မြှင့်တင်ဖို့နှင့် လူများနှင့် အဆင့်အတန်းအတွက် ဘုရားသခင်နှင့် ယှဉ်ပြိုင်ရန် မိမိတို့၏ ရာထူးများကို အသုံးပြုကောင်း အသုံးပြုကြစဉ်တွင်၊ အချို့မှာ အလှူငွေများကို ခိုးပင် ခိုးယူကြသည်၊ သို့မဟုတ် ဖြုန်းပင် ဖြုန်းတီးကြသည်၊ သို့မဟုတ် ဘုရားသခင်ကို တိတ်တဆိတ် ကျိန်ဆဲကြလေသည်။ ၎င်းတို့သည် လူများကို သိမ်းသွင်းနိုင်ဖို့နှင့် ထိန်းချုပ်ဖို့ စဉ်ဆက်မပြတ် ကြိုးစားရင်း၊ လူတို့ကို ၎င်းတို့အား ကိုးကွယ်စေရန် နည်းလမ်းအမျိုးမျိုးနှင့် ဆောင်ရွက်မှုအမျိုးမျိုးကို အသုံးပြုကြလေသည်။ အချို့သည် ဘုရားသခင်ကဲ့သို့ ဆက်ဆံခြင်းခံရနိုင်ဖို့အလို့ငှာ၊ ၎င်းတို့မှာ ဘုရားသခင်

ဖြစ်သည်ဟု တွေးထင်စေရန် လူများကို တမင်တကာ လှည့်စားကြသည်။ ၎င်းတို့သည် ဖောက်ပြန်ဖျက်ဆီးခြင်း ခံခဲ့ရဖူးသည်- ၎င်းတို့သည်လည်း ဖောက်ပြန်ပျက်စီးပြီး မာနထောင်လွှားသော သူများဖြစ်သည်၊ ၎င်းတို့ကို မကိုးကွယ်ကြဖို့နှင့် သူတို့မည်မျှကောင်းစွာ လုပ်ဆောင်ကြသည်ဖြစ်စေ ထိုအရာအားလုံးမှာ ဘုရားသခင်၏ ချီးမြှောက်ခြင်းကြောင့် ဖြစ်ပြီး၊ မည်သို့ပင်ဖြစ်စေ ၎င်းတို့ လုပ်ဆောင်သင့်သည့်အရာကို ၎င်းတို့ လုပ်ဆောင်နေခြင်း ဖြစ်သည်ဟု တစ်စုံတစ်ဦးကို မည်သည့်အခါတွင်မျှ ပြောမည်မဟုတ်။ အဘယ့်ကြောင့် ဤအရာများကို ၎င်းတို့ မပြောကြသနည်း။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် လူတို့၏ စိတ်နှလုံးထဲ၌ မိမိတို့၏နေရာ ဆုံးရှုံးသွားမည်ကို အလွန်အမင်း စိုးရွံ့ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုသို့သောလူတို့သည် ဘုရားသခင်ကို သိနားလည်ရန် မည်သည့်အခါမျှ မကြိုးစားကြသကဲ့သို့၊ ဘုရားသခင်ကို မည်သည့်အခါတွင်မျှ မချီးမြှောက်ဘဲ ဘုရားသခင်အတွက် မည်သည့်အခါတွင်မျှ သက်သေ မခံကြပေ။ ၎င်းတို့သည် ဘုရားသခင်ကို နားလည်ခြင်းမရှိဘဲ၊ ဘုရားသခင်ကို သိကျွမ်းနိုင်သလော။ မဖြစ်နိုင်ပေ။ ထို့ကြောင့်၊ "ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်" ဟူသည့် အကြောင်းအရာထဲက နှုတ်ကပတ်တော်များသည် ရိုးရှင်းကောင်း ရိုးရှင်းနိုင်သော်လည်း၊ လူအသီးသီးအတွက် ကွဲပြားသော အဓိပ္ပာယ်များ ရှိကြလေသည်။ ဘုရားသခင်ကို မကြာခဏ မနာခံသောသူ၊ ဘုရားသခင်ကို ခုခံသောသူနှင့် ဘုရားသခင်အပေါ် ရန်လိုသောသူ တစ်ဦးအတွက်၊ ထိုနှုတ်ကပတ်တော်များက ပြစ်တင်ရှုတ်ချခြင်းကို နိမိတ်ပြသည်။ သမ္မာတရား၏ လက်တွေ့အရှိတရားကို လိုက်စားပြီး၊ ဘုရားသခင်၏အလိုကို ရှာဖွေရန် ဘုရားသခင် ရှေ့မှောက်သို့ မကြာခဏ လာသောသူတစ်ဦးကမူ၊ ထိုသို့သော နှုတ်ကပတ်တော်များကို လွယ်ကူသကဲ့သို့ မှတ်ယူလိမ့်မည်။ ထို့ကြောင့် သင်တို့အထဲတွင် ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင်၏ အမှုအကြောင်း ပြောဆိုသည်ကို ကြားရသည့်အခါ၊ ခေါင်းစကိုက်လာပြီး ၎င်းတို့၏စိတ်နှလုံးသည် ခုခံမှုနှင့် တိုး၍ ပြည့်နှက်လာကာ အလွန့်အလွန် ကသိကအောက်ဖြစ်ကြသူများ ရှိ၏။ သို့သော် သင်တို့အထဲတွင်- ဤအကြောင်းအရာသည် ငါ့ကို အလွန် အကျိုးပြုသောကြောင့်၊ ငါလိုအပ်သော အကြောင်းအရာ အတိအကျဖြစ်သည်၊ ယင်းသည် ငါ့ဘဝအတွေ့အကြုံမှ လွတ်သွား၍ မဖြစ်သည့်အရာ တစ်ခု ဖြစ်သည်၊ အခရာထဲမှ အခရာကျသည့်အရာ၊ ဘုရားသခင်ကို ယုံကြည်ခြင်း၏ အခြေခံအုတ်မြစ်နှင့် လူသားမျိုးနွယ်က မစွန့်လွှတ်နိုင်သည့် အရာတစ်ခု ဖြစ်သည်ဟူ၍ တွေးတောသည့် အခြားသူများ ရှိပေသည်။ သင်တို့အားလုံးအတွက်၊ ဤအကြောင်းအရာသည် နီးသည်ဟု ထင်ရသကဲ့သို့၊

ဝေးသည်ဟုလည်း ထင်ကောင်းထင်ရမည်၊ မသိသော်လည်း ရင်းနှီးသည်ဟု ထင်ကောင်း ထင်ရပေမည်။ သို့သော် မည်သို့ပင်ဖြစ်စေ ဤသည်မှာ အယောက်တိုင်း နားထောင်ရမည့်၊ သိရှိကာ နားလည်ရမည့် အကြောင်းအရာ ဖြစ်သည်။ ယင်းကို သင်မည်သို့ ကိုင်တွယ်ဖြေရှင်းသည်ဖြစ်စေ၊ ယင်းကို မည်သို့ ရှုမြင်သည်ဖြစ်စေ သို့မဟုတ် မည်သို့ နားလည်သည်ဖြစ်စေ ဤအကြောင်းအရာ၏ အရေးပါမှုကို လျစ်လျူရှု၍ မရနိုင်ပေ။

ဘုရားသခင်သည် လူသားမျိုးနွယ်ကို သူ ဖန်ဆင်းခဲ့ကတည်းက၊ သူ၏အမှုကို သူလုပ်ဆောင်နေခဲ့ပြီး ဖြစ်၏။ အစတွင် ယင်းသည် အလွန်ရိုးရှင်းသော အမှုဖြစ်ခဲ့သော်လည်း၊ ယင်း၏ရိုးရှင်းမှု ရှိစေကာမူ၊ ဘုရားသခင်၏ အနှစ်သာရ နှင့် စိတ်သဘောထားတို့၏ ဖော်ပြမှုများ ပါရှိခဲ့ပေသည်။ ဘုရားသခင်၏အမှုသည် ယခုချီးမြှောက်ခြင်းခံရပြီးဖြစ်ကာ၊ သူ့နောက်လိုက်သော လူတိုင်းအပေါ် ပြုသည့် ဤအမှုသည် သူ၏ နှုတ်ကပတ်တော်နှင့် သက်ဆိုင်သည့် ကြီးမားသော ဖော်ပြချက်နှင့်အတူ အံ့မခန်း ကြီးမားများပြားလာကာ ခိုင်ခံ့လာစဉ်တွင်၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်သည် လူသားမျိုးနွယ်ထံမှ တစ်လျှောက်လုံး ကွယ်ဝှက်ထားခဲ့သည်။ ကိုယ်တော်သည် သမ္မာကျမ်းစာဆိုင်ရာ ဖြစ်စဉ်များ၏ အချိန်ကာလမှစ၍ မျက်မှောက်ခေတ် အချိန်ကာလအထိ၊ လူ့ဇာတိကို နှစ်ကြိမ် ခံယူပြီးသော်လည်း၊ မည်သူသည် ဘုရားသခင်၏ စစ်မှန်သည့် ဇာတိ အဖြစ်တော်ကို တွေ့ဖူးသနည်း။ သင်တို့၏ သိနားလည်မှုပေါ်အခြေခံ၍၊ ဘုရားသခင်၏ စစ်မှန်သော ဇာတိအဖြစ်တော်ကို တစ်ဦးတစ်ယောက်က တွေ့မြင်ဖူးပါသလော။ မတွေ့ဖူးကြပေ။ မည်သူမျှ ဘုရားသခင်၏ စစ်မှန်သော ဇာတိအဖြစ်တော်ကို မမြင်ဖူးပေ၊ ဆိုလိုသည်မှာ မည်သူမျှ ဘုရားသခင်၏ ပင်ကိုအမှန်ကို မတွေ့ဖူးပေ။ ဤသည်မှာ အယောက်တိုင်း လက်ခံထားကြသည့် အရာတစ်ခု ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ စစ်မှန်သော ဇာတိ အဖြစ်တော် သို့မဟုတ် ဘုရားသခင်၏ဝိညာဉ်တော်သည် သူဖန်ဆင်းခဲ့သည့် အာဒံနှင့်ဧဝအပါအဝင်၊ ပြီးလျှင် သူလက်ခံခဲ့သော ဖြောင့်မတ်သည့် ယောဘအပါအဝင် လူသားမျိုးနွယ် အားလုံးထံမှ ဖုံးကွယ်ထားပေသည်။ ၎င်းတို့ထဲမှ မည်သူမျှ ဘုရားသခင်၏ စစ်မှန်သည့် ဇာတိအဖြစ်တော်ကို မတွေ့မြင်ခဲ့ပေ။ သို့သော် ဘုရားသခင်သည် သူ၏ စစ်မှန်သော ဇာတိအဖြစ်တော်ကို တမင်တကာ အဘယ့်ကြောင့် ဖုံးကွယ်သနည်း။ လူအချို့က “ဘုရားသခင်သည် လူများအထိတ်တလန့် ဖြစ်မည်ကို စိုးရွံ့သည်။” ဟု ဆိုကြသည်။ အခြားသူများက၊ “လူသားသည် အလွန်သေးငယ်ပြီး ဘုရားသခင်မှာ ကြီးမြတ်လွန်းသောကြောင့် ဘုရားသခင်သည် သူ၏စစ်မှန်သော ဇာတိအဖြစ်တော်ကို ဖုံးကွယ်ထားသည်။ လူသားများသည် ဘုရားသခင်ကို မတွေ့မြင်နိုင်ပေ၊ သို့မဟုတ်ပါက ၎င်းတို့

သေဆုံးသွားကြလိမ့်မည်။" ဟု ဆိုကြသည်။ "ဘုရားသခင်သည် နေ့စဉ် သူ၏အမှုကို စီမံခန့်ခွဲလျက် အလုပ်များနေပြီး၊ အခြားသူများက သူ့အား မြင်နိုင်ကြဖို့အလို့ငှာ ပေါ်ထွန်းရန် သူ၌ အချိန်မရှိခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။" ဟု ဆိုကြသူများလည်း ရှိပေသည်။ သင်တို့ မည်သည့်အရာကို ယုံကြည်သည် ဖြစ်စေ၊ ဤနေရာတွင် ငါ၌ သုံးသပ်ချက်တစ်ခု ရှိသည်။ ထိုသုံးသပ်ချက်မှာ အဘယ်နည်း။ ယင်းမှာ ဘုရားသခင်သည် လူတို့အား သူ၏ စစ်မှန်သည့် ဇာတိအဖြစ်တော်ကို တကယ့်ကို မတွေ့မြင်စေလို၍ ဖြစ်သည်။ လူသားမျိုးနွယ်ထံမှ ပုန်းကွယ်မြဲ ပုန်းကွယ်နေခြင်းသည် ဘုရားသခင် တမင်တကာ လုပ်ဆောင်သည့် အရာတစ်ခု ဖြစ်သည်။ တစ်နည်းအားဖြင့်၊ သူ၏ စစ်မှန်သည့် ဇာတိအဖြစ်တော်ကို မတွေ့မြင်ရန်မှာ လူတို့အတွက် ဘုရားသခင်၏ရည်ရွယ်ချက် ဖြစ်သည်။ ယခု ဤအရာသည် အားလုံးအဖို့ ရှင်းလင်းသွားသင့်ပေပြီ။ အကယ်၍ ဘုရားသခင်သည် မိမိ၏ဇာတိအဖြစ်တော်ကို မည်သူ့ထံမျှ ထုတ်ဖော်မပြဖူးပါက၊ ဘုရားသခင်၏ ဇာတိအဖြစ်တော် တည်ရှိသည်ဟု သင်တို့ ထင်ကြသလော။ (သူ တည်ရှိပါသည်။) မှန်သည်၊ သူတည်ရှိပေသည်။ ဘုရားသခင်၏ ဇာတိအဖြစ်တော် တည်ရှိခြင်းကို လုံးဝ ငြင်း၍မရပေသည်။ သို့ရာတွင် ဘုရားသခင်၏ ဇာတိအဖြစ်တော် အဘယ်မျှ ကြီးမြတ်သည် သို့မဟုတ် မည်သည့်အရာနှင့် တူသည်ဆိုသည်အတွက်မူ၊ ဤမေးခွန်းများကို လူသားမျိုးနွယ်က စုံစမ်းမေးမြန်း သင့်သလော။ မမေးမြန်းသင့်ပေ။ အဖြေမှာ ငြင်းပယ်ရမည့်သဘော ဖြစ်သည်။ ဘုရားသခင်၏ ဇာတိအဖြစ်တော်သည် ငါတို့စူးစမ်းလေ့လာသင့်သည့် အကြောင်းအရာမဟုတ်ပါက၊ ငါတို့ စူးစမ်းလေ့လာ သင့်သည်မှာ မည်သည့်အရာနည်း။ (ဘုရားသခင်၏ စိတ်သဘောထားဖြစ်ပါသည်။) (ဘုရားသခင်၏ အမှုတော် ဖြစ်ပါသည်။) သို့သော်၊ တရားဝင် အကြောင်းအရာနှင့် ပတ်သက်၍ မိတ်သဟာယ ပြုခြင်းကို ငါတို့ မစတင်မီတွင်၊ လွန်ခဲ့သည့် အခိုက်အတန့်က ငါတို့ဆွေးနွေးနေခဲ့သော အရာကို ပြန်ပြောကြစို့။ ဘုရားသခင်သည် သူ၏ ဇာတိအဖြစ်တော်ကို အဘယ့်ကြောင့် လူသားမျိုးနွယ်ထံ မည်သည့်အခါမျှ ထုတ်ဖော်မပြဖူးသနည်း။ ဘုရားသခင်သည် မိမိ၏ဇာတိအဖြစ်တော်ကို လူသားမျိုးနွယ်ထံမှ အဘယ့်ကြောင့် တမင်တကာ ဖုံးကွယ်သနည်း။ အကြောင်းပြချက် တစ်ခုသာရှိပြီး ယင်းမှာ- ဘုရားသခင် ဖန်ဆင်းခဲ့သည့် လူသားသည် ဘုရားသခင်၏အမှုကို နှစ်ပေါင်းထောင်ချီ တွေ့ကြုံရပြီး ဖြစ်သော်လည်း၊ ဘုရားသခင်၏အမှု၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင်၏ အနှစ်သာရကို သိရှိသည့်လူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ဘုရားသခင်၏ အမြင်၌ ထိုသို့သော လူများသည် သူနှင့် ဆန့်ကျင်ဘက်တွင်ရှိကြပြီး၊ သူ့အပေါ် ရန်လိုသော လူများထံ ဘုရားသခင်သည် မိမိကိုယ်ကိုယ် ပြသမည် မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်က

သူ၏ ဇာတိအဖြစ်တော်ကို လူသားမျိုးနွယ်ထံ မည်သည့်အခါမျှ ထုတ်ဖော်မပြဖူးသည့် တစ်ခုတည်းသော အကြောင်းရင်းနှင့် လူသားမျိုးနွယ် ထံမှ သူ၏ ဇာတိအဖြစ်တော်ကို တမင်တကာ ကွယ်ထားရသည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်၏စိတ်သဘောထားကို သိရှိခြင်း၏ အရေးပါမှုသည် ယခု သင်တို့ဖို့ ရှင်းပြီလော။

ဘုရားသခင်၏စီမံခန့်ခွဲမှု တည်ရှိကတည်းက၊ ဘုရားသခင်သည် သူ၏အမှုကို ဆောင်ရွက်ရန် အမြဲ အပြည့်အဝ ဆက်ကပ်ထားပြီးဖြစ်သည်။ သူသည် လူသားထံမှ သူ၏ဇာတိအဖြစ်တော်ကို ဖုံးကွယ်ထားသော်လည်း၊ လူသားအပေါ် အမှုပြုရင်း၊ သူ၏စိတ်သဘောထားကို ဖော်ပြရင်း၊ လူသားမျိုးနွယ် အားလုံးကို သူ၏အနှစ်သာရဖြင့် လမ်းပြပေးရင်း၊ ပြီးလျှင် သူ၏အစွမ်းတန်ခိုး၊ သူ၏ဉာဏ်ပညာနှင့် သူ၏ဩဇာအာဏာတို့မှတစ်ဆင့် လူတစ်ဦးချင်းစီ အပေါ်တွင် သူ၏အမှုကို လုပ်ဆောင်ရင်း၊ ထိုသို့ဖြင့် ပညတ်တော်ခေတ်၊ ကျေးဇူးတော်ခေတ်နှင့် ယနေ့နိုင်ငံတော်ခေတ် ဖြစ်တည်မှုကို ဆောင်ကြဉ်းရင်း လူသားကို သူ အမြဲထောက်ပံ့ပေးခဲ့သည်။ ဘုရားသခင်သည် သူ၏ဇာတိ အဖြစ်တော်ကို လူသားထံမှ ဖုံးကွယ်သော်လည်း၊ သူ၏ စိတ်သဘောထား၊ သူ၏ဖြစ်ခြင်းနှင့် ပိုင်ဆိုင်မှုများ၊ ပြီးလျှင် လူသားမျိုးနွယ်အပေါ် သူ၏အလိုတို့သည် လူသားက မြင်တွေ့ပြီး တွေ့ကြုံခံစားရန် ပြည့်ပြည့်ဝဝ ဖော်ပြထားပေသည်။ တစ်နည်းအားဖြင့်၊ လူသားများသည် ဘုရားသခင်ကိုမမြင်နိုင် သို့မဟုတ် မထိတွေ့နိုင်သော်လည်း၊ လူသားမျိုးနွယ်က ကြုံရသည့် ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရတို့သည် ဘုရားသခင်ကိုယ်တိုင်၏ အပြည့်အဝ ဖော်ပြချက်များ ဖြစ်သည်။ ယင်းမှာ သမ္မာတရား မဟုတ်ပေလော။ သူ၏ အမှုအတွက် ဘုရားသခင်ရွေးချယ်သည့် ကိုင်တွယ်ဖြေရှင်းမှု၏ နည်းလမ်း သို့မဟုတ် ရှုထောင့်ကို ပဓာနမထားဘဲ၊ ဘုရားသခင်သည် လူတို့ကို သူ၏ စစ်မှန်သော ပင်ကိုလက္ခဏာမှတစ်ဆင့် အမြဲဆက်ဆံသည်၊ သူ တာဝန်ရှိသည့်အမှုကို လုပ်ဆောင်ပြီး သူပြောရမည့် စကားများကို ပြောလေသည်။ မည်သည့်အနေအထားမှ ဘုရားသခင် ပြောဆိုသည်ဖြစ်စေ- သူသည် တတိယကောင်းကင်တွင် ရပ်နေနိုင်သည်၊ သို့မဟုတ် လူ့ဇာတိ၌ ရပ်နေနိုင်သည်၊ သို့မဟုတ် သာမန် လူတစ်ဦးအဖြစ်ပင် ရပ်နေနိုင်သည်- သူသည် လှည့်စားခြင်းနှင့် ဖုံးကွယ်ထားခြင်းမရှိဘဲ၊ သူ၏စိတ်နှလုံး အကြွင်းမဲ့ဖြင့် လူသားကို သူ အမြဲ စကားပြောဆို၏။ သူ၏ အမှုကို ဆောင်ရွက်ချိန်တွင်၊ ဘုရားသခင်သည် မည်သည့် ခြွင်းချန်မှုမျှ မရှိဘဲ၊ သူ၏နှုတ်ကပတ်တော်နှင့် သူ၏စိတ်သဘောထားတို့ကို ဖော်ပြပြီး သူ၏အရာအားလုံးနှင့်ဖြစ်ခြင်းကို ဖော်ပြ၏။ လူသားမျိုးနွယ်ကို သူ၏အသက်၊ သူ၏ဖြစ်ခြင်းနှင့် ပိုင်ဆိုင်မှုတို့ဖြင့် သူ လမ်းပြ၏။ ဤသည်ကား၊ “မြင်၍မရနိုင်သကဲ့သို့ ထိတွေ့၍မရသော” ဘုရားသခင်၏ လမ်းပြမှုအောက်တွင် လူသားက လူသားမျိုးနွယ်၏

အစပျိုးရာခေတ်ဖြစ်သည့် ပညတ်တော်ခေတ်ကို အသက်ရှင်ဖြတ်သန်းခဲ့ပုံ ဖြစ်ပေသည်။

ဘုရားသခင်သည် ပညတ်တော်ခေတ်ပြီးနောက်တွင် ပထမဆုံး အကြိမ်
လူ့ဇာတိကိုခံယူခဲ့သည်- သုံးဆယ့်သုံးနှစ်ခွဲကြာခဲ့သည့် လူ့ဇာတိခံယူခြင်း တစ်ခု ဖြစ်သည်။
လူသားတစ်ဦးအတွက်၊ သုံးဆယ့်သုံးနှစ်ခွဲသည် ရှည်ကြာသော အချိန်ကာလ တစ်ခုလော။
(မရှည်ကြာပါ။) လူသားတစ်ဦး၏ သက်တမ်းသည် ပုံမှန်အားဖြင့် နှစ်ပေါင်း
သုံးဆယ်ကျော်ထက် များစွာရှည်ကြာသည့် အတွက်၊ ဤသည်မှာ လူသားတစ်ဦးအတွက်
သိပ်မရှည်ကြာသည့် အချိန်ကာလတစ်ခု ဖြစ်သည်။ သို့သော် လူ့ဇာတိခံ ဘုရားသခင်အတွက်မူ
ဤသုံးဆယ့်သုံးနှစ်ခွဲသည် ဧကန်အမှန် ရှည်ကြာခဲ့သည်။ သူသည် လူတစ်ဦး၊ ဘုရားသခင်၏
အမှုတော်နှင့် တာဝန်ပေး စေခိုင်းချက်ကို လက်ခံဆောင်ရွက်ခဲ့သည့် သာမန်လူတစ်ဦး
ဖြစ်လာခဲ့သည်။ ဤသည်မှာ သာမန်လူတစ်ဦး မခံရပ်နိုင်သော ဆင်းရဲဒုက္ခကိုလည်း
ကြံ့ကြံ့ခံနေရင်း သာမန်လူတစ်ဦး မကိုင်တွယ်နိုင်သည့် အလုပ်ကို တာဝန်ယူခဲ့ရသည်ဟု
ဆိုလိုပေသည်။ သူ၏အမှု အစပြုရာမှ ကားတိုင်ပေါ်တွင် သူ သံမှိုရိုက်နှက် ခံခဲ့ရသည်အထိ၊
ကျေးဇူးတော်ခေတ်အတွင်း သခင်ယေရှု ကြံ့ကြံ့ခံခဲ့ရသည့် ဆင်းရဲဒုက္ခပမာဏသည် ယနေ့
လူတို့က လူကိုယ်တိုင် မျက်မြင်ကြုံတွေ့နိုင်မည့် အရာမျိုး မဟုတ်သော်လည်း၊
သင်တို့အနေဖြင့် သမ္မာကျမ်းစာထဲက အဖြစ်အပျက်များမှတစ်ဆင့် ယင်းကို
အနည်းဆုံးအနေဖြင့် တစ်စုံတစ်ရာ သဘောမပေါက်နိုင်ကြသလော။
ဤမှတ်တမ်းတင်ထားသည့် အချက်အလက်များတွင် အသေးစိတ်အချက်များ မည်မျှရှိသည်
ဖြစ်စေ၊ အားလုံးခြုံကြည့်သော် ဤကာလအတွင်း ဘုရားသခင်၏ အမှုသည် ခက်ခဲမှုနှင့်
ဆင်းရဲဒုက္ခများဖြင့် ပြည့်နှက်နေခဲ့ပေသည်။ ဖောက်ပြန်ပျက်စီးသည့် လူသားတစ်ဦးအတွက်၊
သုံးဆယ့် သုံးနှစ်ခွဲသည် ရှည်ကြာသည့် အချိန်ကာလတစ်ခုမဟုတ်ပေ။ အနည်းငယ်သော
ဆင်းရဲဒုက္ခသည် မပြောပလောက်ပေ။ သို့ရာတွင် လူသားမျိုးနွယ်အားလုံး၏ အပြစ်များကို
ခံခဲ့ရပြီး၊ အပြစ်သားများနှင့် အတူစား၊ အတူအိပ်ကာ အတူ အသက်ရှင်နေထိုင်ခဲ့ရသည့်
သန့်ရှင်းကာ ပြစ်မျိုးမှဲ့မထင်သော ဘုရားသခင်အတွက်မူ ဤဒုက္ခသည်
မယုံကြည်နိုင်လောက်အောင် ကြီးမားလှပေသည်။ သူသည် ဖန်ဆင်းရှင်ဖြစ်သည်၊
အရာခပ်သိမ်း၏ ဦးသျှောင်နှင့် အရာရာတိုင်း၏ အုပ်စိုးရှင် ဖြစ်သော်လည်း၊ လောကထဲသို့
သူကြွလာခဲ့ချိန်တွင်၊ ဖောက်ပြန်ပျက်စီးသော လူသားများ၏ ဖိနှိပ်မှုနှင့် ရက်စက်မှုတို့ကို
ကြံ့ကြံ့ခံခဲ့ရသည်။ သူ၏အမှုကို ပြည့်စုံစေဖို့နှင့် လူသားများကို ဒုက္ခပင်လယ်မှ
ကယ်ဆယ်ဖို့ရန်အလို့ငှာ၊ သူသည် လူသား၏ ပြစ်တင်ရှုတ်ချခြင်းကို ခံခဲ့ရပြီး
လူသားမျိုးနွယ်အားလုံး၏ အပြစ်များကို ခံခဲ့ရသည်။ သူ ဖြတ်သန်းခဲ့ရသည့် ဆင်းရဲဒုက္ခ

အတိုင်းအတာကို သာမန်လူတို့က နားလည်သဘောပေါက်နိုင်ဖို့ မဖြစ်နိုင်သကဲ့သို့ အသိအမှတ်ပြုခံရရန်မှာလည်း မဖြစ်နိုင်ပေ။ ဤဆင်းရဲဒုက္ခသည် မည်သည့်အရာကို ကိုယ်စားပြုသနည်း။ ယင်းသည် လူသားမျိုးနွယ်အဖို့ ဘုရားသခင်၏ ကြီးမားသောသံယောဇဉ်ကို ကိုယ်စားပြုပေသည်။ ယင်းသည် လူသားများကို ၎င်းတို့၏ အပြစ်များထဲမှ ရွေးနုတ်ရန်နှင့် သူ့အမှု၏ ဤအဆင့်ကို ပြည့်စုံစေရန်၊ သူခံစားခဲ့ရသည့် အရှက်ရခြင်းနှင့် လူသားတို့၏ ကယ်တင်ခြင်းအတွက် သူပေးဆပ်ခဲ့ရသည့် အဖိုးအခကို ကိုယ်စားပြု၏။ ယင်းမှာ လူသားသည် ဘုရားသခင်အားဖြင့် ကားတိုင်မှ ရွေးနုတ်ခြင်းခံရလိမ့်မည်ဟုလည်း ဆိုလိုသည်။ ဤသည်မှာ အသွေး၊ အသက်ဖြင့် ပေးဆပ်သည့် အဖိုးအခတစ်ခုဖြစ်ပြီး၊ မည်သည့် ဖန်ဆင်းခံသတ္တဝါမျှ မတတ်နိုင်သည့် အဖိုးအခတစ်ခု ဖြစ်သည်။ သူသည် ဤဆင်းရဲဒုက္ခမျိုးကို ခံနိုင်ခဲ့ပြီး ဤအမှုမျိုးကို လုပ်ဆောင်နိုင်သည်မှာ သူသည် ဘုရားသခင်၏ အနှစ်သာရရှိပြီး ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို ပိုင်ဆိုင်သောကြောင့် ဖြစ်ပေသည်။ ဤသည်မှာ သူ ဖန်ဆင်းထားသည့် မည်သည့် သတ္တဝါကမျှ သူ့ကိုယ်စား လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်သည့် အရာတစ်ခုဖြစ်သည်။ ဤသည်မှာ ကျေးဇူးတော်ခေတ်အတွင်းက ဘုရားသခင်၏ အမှုဖြစ်ပြီး သူ၏စိတ်သဘောထားနှင့် သက်ဆိုင်သည့် ထုတ်ဖော်ပြခြင်းတစ်ခု ဖြစ်ပေသည်။ ဤအရာက ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာ တစ်ခုတစ်လေကို ထုတ်ဖော်ပြသလော။ ယင်းကို လူသားမျိုးနွယ်က သိရှိထိုက်သလော။

ထိုခေတ်တွင်၊ လူသားသည် ဘုရားသခင်၏ ဇာတိ အဖြစ်တော်ကို မမြင်ခဲ့ရသော်လည်း၊ ၎င်းတို့သည် ဘုရားသခင်၏ အပြစ်ဖြေရာယဇ်ကို ရရှိခဲ့ကြပြီး ဘုရားသခင်အားဖြင့် ကားတိုင်မှ ရွေးနုတ်ခြင်းခံခဲ့ကြ၏။ လူသားမျိုးနွယ်သည် ကျေးဇူးတော်ခေတ်အတွင်းတွင် ဘုရားသခင်လုပ်ဆောင်ခဲ့သည့်အမှုနှင့် ရင်းနှီးမှုမရှိ ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း၊ ဤကာလအတွင်း၌ ဘုရားသခင်ဖော်ပြခဲ့သည့် စိတ်သဘောထားနှင့် အလိုတို့နှင့် ရင်းနှီးသည့်သူ တစ်စုံတစ်ဦးရှိသလော။ လူသားသည် ကွဲပြားသည့် ခေတ်များအတွင်းနှင့် အမျိုးမျိုးသော လမ်းကြောင်းများမှတစ်ဆင့် ဘုရားသခင်အမှု၏ အသေးစိတ် အကြောင်းအရာများကို သိရုံမျှသိသည်၊ သို့မဟုတ် ဘုရားသခင်သည် သူ၏အမှုကို ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ဖြစ်ပျက်ခဲ့သည့် ဘုရားသခင်နှင့် ဆက်စပ်သည့် ဖြစ်ရပ်များကို သိရုံမျှ သိလေသည်။ ဤအသေးစိတ် အချက်အလက်များနှင့် အဖြစ်အပျက်များသည် အများဆုံးအနေဖြင့် ဘုရားသခင်အကြောင်း သတင်းအချက်အလက်အချို့ သို့မဟုတ် ဒဏ္ဍာရီများ ဖြစ်ပြီး ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရတို့နှင့် ဘာမျှပတ်သက်မှု

မရှိပေ။ ထို့ကြောင့် လူတို့သည် ဘုရားသခင်နှင့် ပတ်သက်သည့် အဖြစ်အပျက်များ မည်မျှ သိရှိသည်ဖြစ်စေ၊ ယင်းက ၎င်းတို့သည် ဘုရားသခင်၏ စိတ်သဘောထား သို့မဟုတ် သူ၏အနှစ်သာရနှင့်သက်ဆိုင်သည့် နက်နဲသော သိနားလည်မှုနှင့် အသိပညာတစ်ခု ရှိသည်ဟု မဆိုလိုပေ။ ပညတ်တော်ခေတ်၌ကဲ့သို့၊ ကျေးဇူးတော်ခေတ်ထဲက လူများသည် လူ့ဇာတိ၌ရှိသည့် ဘုရားသခင်နှင့် အနီးဆုံးနှင့် ရင်းနှီးသော တွေ့ဆုံခြင်းကို ကြုံခဲ့ကြသော်လည်း၊ ဘုရားသခင်၏ စိတ်သဘောထား နှင့် အနှစ်သာရတို့နှင့် သက်ဆိုင်သည့် ၎င်းတို့၏ အသိသည် မရှိသလောက် ဖြစ်ခဲ့သည်။

နိုင်ငံတော်ခေတ်တွင်၊ ပထမအကြိမ်က သူလုပ်ဆောင်ခဲ့သည့်နည်းနှင့် အလားတူနည်းလမ်းဖြင့်၊ ဘုရားသခင်သည် နောက်တစ်ကြိမ် လူ့ဇာတိခံခဲ့သည်။ ဤအမှုကာလအတွင်းတွင်၊ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်ကို ပွင့်ပွင့်လင်းလင်း ဖော်ပြဆဲဖြစ်သည်၊ သူလုပ်ဆောင်ရမည့် အမှုကို လုပ်ဆောင်ကာ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို ဖော်ပြဆဲဖြစ်၏။ တစ်ချိန်တည်းတွင်၊ လူသား၏ မနာခံမှုနှင့် မသိနားမလည်မှုကို သူသည် ဆက်လက်၍ ကြံ့ကြံ့ခံကာ သည်းခံလေသည်။ ဘုရားသခင်သည် ဤအမှုကာလအတွင်းတွင်လည်း သူ၏ စိတ်သဘောထားကို အလျဉ်မပြတ် ထုတ်ဖော်ပြီး သူ၏ အလိုကို ဖော်ပြသည် မဟုတ်လော။ ထို့ကြောင့် လူသားကို ဖန်ဆင်းခြင်းမှစ၍ ယနေ့ထိ၊ ဘုရားသခင်၏ စိတ်သဘောထား၊ သူ၏ဖြစ်ခြင်းနှင့် ပိုင်ဆိုင်မှုများ၊ သူ၏ အလိုတို့ကို အယောက်တိုင်းထံ အမြဲ ဖွင့်ပြထားပြီးဖြစ်၏။ ဘုရားသခင်သည် သူ၏ အနှစ်သာရ၊ သူ၏စိတ်သဘောထား သို့မဟုတ် သူ၏အလိုတို့ကို မည်သည့်အခါမျှ တမင်တကာ မကွယ်ဝှက်ထားဖူးပေ။ လူသားမျိုးနွယ်က ဘုရားသခင် မည်သည့်အရာ လုပ်ဆောင်နေသည်၊ ဘုရားသခင်၏ အလို မည်သည့်အရာဖြစ်သည် ဆိုသည်တို့ကို အလေးမထားခြင်းသာ ဖြစ်သည်- ထို့ကြောင့် လူသားသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် အင်မတန် နုံချာသော သိနားလည်မှု ရှိရခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်သည် သူ၏ဇာတိအဖြစ်တော်ကို ဖုံးကွယ်ထားစဉ်တွင်၊ သူ၏အလို၊ သူ၏ စိတ်သဘောထားနှင့် အနှစ်သာရများကို အချိန်တိုင်း ပွင့်ပွင့်လင်းလင်း ဖော်ပြရင်း၊ လူသားမျိုးနွယ်ကိုလည်း အခိုက်အတန့်တိုင်းထောက်ပံ့လျက်နေ၏။ တစ်နည်းအားဖြင့်၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်ကိုလည်း လူတို့ထံ ဖွင့်ပြ ထားသော်လည်း၊ လူသား၏ ကျိုးကြောင်းမမြင်မှုနှင့် မနာခံမှုတို့ကြောင့် ၎င်းတို့သည် ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို လုံးဝ မမြင်နိုင်ကြပေ။ ထိုသို့ဖြစ်ပါက၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်ကို သိနားလည်ခြင်းသည် အယောက်တိုင်းအတွက် လွယ်ကူသင့်သည်

မဟုတ်လော။ ယင်းမှာ ဖြေဆိုရန် အလွန်ခက်ခဲသော မေးခွန်းတစ်ခု ဖြစ်သည် မဟုတ်လော။ ယင်းသည် လွယ်ကူသည်ဟု သင်တို့ဆိုနိုင်သည်၊ သို့သော် လူအချို့က ဘုရားသခင်ကို သိကျွမ်းဖို့ ကြိုးစားကြစဉ်တွင်၊ ၎င်းတို့သည် သူ့ကို အမှန်တကယ် မသိရှိနိုင်ကြပေ၊ သို့မဟုတ် ဘုရားသခင်နှင့် သက်ဆိုင်သည့် ရှင်းလင်းသော သိနားလည်မှုတစ်ခု မရနိုင်ကြချေ- ယင်းသည် အမြဲမထင်မရှားနှင့် မရေရာ ဖြစ်လေသည်။ သို့သော် ယင်းသည် မလွယ်ကူဟု သင်တို့ ဆိုပါကလည်း၊ မမှန်ပြန်ပေ။ အချိန်ကြာမြင့်စွာ ဘုရား အမှု၏ အပြုခံ ဖြစ်ရင်းဖြင့်၊ အယောက်တိုင်းသည် ၎င်းတို့၏ အတွေ့အကြုံများ မှတစ်ဆင့် ဘုရားသခင်နှင့် စစ်မှန်သော ဆက်ဆံမှု ရှိခဲ့သင့်ပြီဖြစ်သည်။ ၎င်းတို့သည် အနည်းဆုံးအနေဖြင့် ၎င်းတို့၏ စိတ်နှလုံးထဲတွင် ဘုရားသခင်ကို အတိုင်းအတာတစ်ခုထိ သတိပြုမိပြီးဖြစ်သင့်သည်၊ သို့မဟုတ် ဘုရားသခင်နှင့် ဝိညာဉ်ရေးရာ တွေ့ထိခြင်းတစ်ခု ရှိပြီးဖြစ်သင့်ပြီး အနည်းဆုံးအနေဖြင့် ဘုရားသခင်၏စိတ်သဘောထားနှင့် သက်ဆိုင်သည့် အမြော်အမြင်ရှိသော အသိအချို့ ရှိသင့်ပြီဖြစ်သည်၊ သို့မဟုတ် သူနှင့်သက်ဆိုင်သည့် သိနားလည်မှုအချို့ကို ရရှိသင့်ပြီဖြစ်သည်။ လူသားသည် ဘုရားသခင်နောက်ကို လိုက်သည့် အချိန်မှစ၍ ယခုထိ လူသားမျိုးနွယ်သည် အလွန်များလှစွာ ရရှိပြီးဖြစ်သော်လည်း၊ လူသား၏ ညံ့ဖျင်းသော အရည်အချင်း၊ မသိနားမလည်ခြင်း၊ ပုန်ကန်ခြင်းနှင့် အမျိုးမျိုးသော ကြံရွယ်ချက်များ ဖြစ်သည့် အကြောင်းရင်းမျိုးစုံကြောင့်၊ လူသားမျိုးနွယ်သည် ယင်းနှင့်ပတ်သက်၍လည်း အလွန်များစွာ ဆုံးရှုံးရပြီး ဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို လုံလုံလောက်လောက် ပေးထားပြီးဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် သူ၏ဇာတိအဖြစ်တော်ကို လူသားမျိုးနွယ်ထံမှ ကွယ်ဝှက်သော်လည်း၊ သူသည် လူသားများကို သူ၏အရာအားလုံးနှင့်ဖြစ်ခြင်း၊ ပြီးလျှင် သူ၏အသက်တို့ဖြင့် ထောက်ပံ့လေသည်။ ဘုရားသခင်နှင့်သက်ဆိုင်သည့် လူသားမျိုးနွယ်၏ အသိသည် ယခုဖြစ်သည့်အရာသာ မဖြစ်သင့်ပေ။ ထိုအကြောင်းရင်းကြောင့် ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် ဟူသည့် အကြောင်းအရာနှင့် ပတ်သက်၍ သင်တို့နှင့် နောက်ထပ်မိတ်သဟာယပြုဖို့ လိုအပ်သည်ဟု ငါထင်ရခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ လူသား၌ ဘုရားသခင် အပ်နှင်းထားသည့် နှစ်ပေါင်းထောင်နှင့်ချီသည့် စောင့်ရှောက်မှုနှင့် အရေးထားမှုတို့သည် အချည်းနှီးအဆုံးသတ် မသွားရန်ဖြစ်ပြီး လူသားမျိုးနွယ်အနေဖြင့် ၎င်းတို့အပေါ် ဘုရားသခင်၏ အလိုကို စစ်မှန်စွာ သိနားလည်ကာ အရေးကြီးကြောင်းသိရှိနိုင်ဖို့ရန်အလို့ငှာ ဖြစ်ပေသည်။ ယင်းမှာ လူတို့သည် ဘုရားသခင်နှင့်သက်ဆိုင်သည့် ၎င်းတို့၏ အသိပညာတွင် အဆင့်သစ်ဆီသို့

တက်လှမ်းနိုင်ဖို့အလို့ငှာ ဖြစ်သည်။ ယင်းသည် ဘုရားသခင်ကို လူသားတို့၏နှလုံးသားထဲက သူ၏နေရာမှန်သို့ ပြန်ပို့ပေးလိမ့်မည် ဖြစ်သည်၊ ဆိုလိုသည်မှာ သူ့ကို အကောင်းဆုံးဆက်ဆံရန် ဖြစ်သည်။

ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်ကို နားလည်ရန်၊ သင်တို့သည် သေးငယ်သောအရာနှင့် အစပြုရမည်ဖြစ်သည်။ သို့သော် မည်သည့်နေရာမှ သေးငယ်သည့်အရာဖြင့် အစပြုရမည်နည်း။ အစပြုဖို့ သမ္မာကျမ်းစာမှ အခန်းကြီး အချို့ကို ငါရွေးချယ်ပြီးဖြစ်သည်။ အောက်ပါ အချက်အလက်သည် ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် ဆိုသည့် အကြောင်းအရာနှင့် ဆက်စပ်သည့် ကျမ်းပိုဒ်အချို့ပါရှိသည်။ ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်တို့ကို သင်တို့ သိရှိရန် ကူညီဖို့ မှီငြမ်းစာပေများအဖြစ် ဤကောက်နုတ်ချက်များကို အထူးသဖြင့် ငါရှာတွေ့ထားပေသည်။ ထိုအရာများကို မျှဝေခြင်းဖြင့်၊ ဘုရားသခင်သည် သူ၏ အတိတ်က အမှုမှတစ်ဆင့် မည်သည့် စိတ်သဘောထားမျိုး ထုတ်ဖော်ပြပြီး ဖြစ်သည်ဆိုသည်နှင့် သူ၏ အနှစ်သာရနှင့် သက်ဆိုင်သည့် မည်သည့် ရှုထောင့်များကို လူသားက မသိသေးသည်ကို ငါတို့ မြင်နိုင်ပေမည်။ ဤအခန်းကြီးများသည် အိုဟောင်းကောင်း အိုဟောင်းနိုင်သော်လည်း၊ ငါတို့ မိတ်သဟာယ ပြုနေသည့် အကြောင်းအရာသည် လူများအနေဖြင့် မပိုင်ဆိုင်ကြသကဲ့သို့၊ လုံးဝ မကြားဖူးသည့် အသစ်သော အရာတစ်ခု ဖြစ်သည်။ သင်တို့ထဲမှ အချို့သည် ထိုအရာကို မယုံကြည်နိုင်လောက်သည့်အရာအဖြစ် မြင်ကောင်းမြင်လိမ့်မည်- အာဒံနှင့်ဧဝအကြောင်းကို တင်ပြပြီး နောဧအကြောင်းကို ပြန်သွားခြင်းသည် တူညီသော အဆင့်များကို ခြေရာပြန်ကောက်ခြင်း မဟုတ်လော။ သင်တို့ မည်သည့်အရာကို တွေးထင်ကြပါစေ၊ ဤအခန်းကြီးများသည် ယခုအကြောင်းအရာနှင့် ပတ်သက်၍ မိတ်သဟာယပြုခြင်းအဖို့ အလွန် အကျိုးရှိပြီး၊ ယနေ့မိတ်သဟာယအတွက် သင်ကြားပို့ချချက် ပြဋ္ဌာန်းစာအုပ်များ သို့မဟုတ် မူရင်းစာပေများအဖြစ် ဆောင်ရွက်နိုင်ပေသည်။ ဤမိတ်သဟာယ ငါပြီးဆုံးသည်နှင့်၊ ဤအခန်းကြီးများကို ရွေးချယ်ခြင်း၏နောက်ကွယ်က ငါ၏ ရည်ရွယ်ချက်များကို သင်တို့နားလည်ကြလိမ့်မည်။ သမ္မာကျမ်းစာကို ယခင်က ဖတ်ရှုပြီးသူများအနေဖြင့် ဤကျမ်းချက်အနည်းငယ်ကို ဖတ်ရှုပြီးကောင်း ဖတ်ရှုပြီးကြလိမ့်မည်ဖြစ်သော်လည်း၊ အမှန်တကယ် နားလည်ကောင်း နားလည်လိမ့်မည် မဟုတ်ပေ။ ပထမဦးစွာ ထိုကျမ်းချက်များကို အချုပ်အားဖြင့် ပြန်လည်သုံးသပ်ပြီးနောက်၊ ငါတို့၏ မိတ်သဟာယ ပြုခြင်းတွင် တစ်ခုချင်းစီ အသေးစိတ် သုံးသပ်ကြစို့။

အာဒံနှင့်ဧဝတို့သည် လူသားမျိုးနွယ်၏ ဘိုးဘေးများ ဖြစ်ကြ၏။ ငါတို့အနေဖြင့် သမ္မာကျမ်းစာထဲမှ ဇာတ်ကောင်များကို ဖော်ပြရမည်ဆိုပါက၊ ၎င်းတို့နှစ်ယောက်ဖြင့် စတင်ရမည်ဖြစ်သည်။ နောက်တစ်ဦးမှာ လူသားမျိုးနွယ်၏ ဒုတိယဘိုးဘေးဖြစ်သည့် နောဧ ဖြစ်သည်။ တတိယဇာတ်ကောင်မှာ မည်သူနည်း။ (အာဗြဟံ ဖြစ်ပါသည်။) အာဗြဟံ၏ ဘဝ ဇာတ်ကြောင်းကို သင်တို့အားလုံး သိကြသလော။ သင်တို့ထဲမှ အချို့ သိကောင်းသိနိုင်သော်လည်း၊ အခြားသူများအတွက် ယင်းသည် သိပ်ရှင်းလင်းမည် မဟုတ်။ စတုတ္ထဇာတ်ကောင်မှာ မည်သူနည်း။ သောဒုံမြို့ ဖျက်ဆီးခံရခြင်း အဖြစ်အပျက်၌ မည်သူ့ကို ဖော်ပြထားသနည်း။ (လောတကို ဖော်ပြထားပါသည်။) သို့ရာတွင် လောတကို ဤနေရာတွင် ရည်ညွှန်းမထားပေ။ မည်သူကို ရည်ညွှန်း ထားသနည်း။ (အာဗြဟံကို ရည်ညွှန်းထားပါသည်။) အာဗြဟံ၏အဖြစ်အပျက်တွင် အဓိက ဖော်ပြထားသည်မှာ ယေဟောဝါ ဘုရားသခင် ပြောဆိုခဲ့ပြီးဖြစ်သည့်အရာ ဖြစ်သည်။ သင်တို့ မြင်ကြပါသလော။ ပဉ္စမဇာတ်ကောင်သည် မည်သူနည်း။ (ယောဘ ဖြစ်ပါသည်။) ဘုရားသခင်သည် သူ၏ အမှု၏ လတ်တလော အဆင့်အတောအတွင်းတွင် ယောဘ၏ ဇာတ်ကြောင်းကို များစွာ ဖော်ပြသည် မဟုတ်လော။ သို့ဆိုလျှင် သင်တို့သည် ဤဇာတ်ကြောင်းကို လွန်စွာ အရေးစိုက်ကြပါသလော။ သင်တို့ လွန်စွာ အရေးစိုက်ပါက၊ သမ္မာကျမ်းစာထဲက ယောဘ၏ ဇာတ်ကြောင်းကို သင်တို့ သေချာစွာ ဖတ်ရှုပြီး ကြပြီလော။ ယောဘ မည်သည့်အရာကို ပြောဆိုခဲ့သည်၊ ပြီးလျှင် မည်သည့်အရာ လုပ်ဆောင်ခဲ့သည်ကို သင်တို့သိကြပါသလော။ ယင်းကို အများဆုံး ဖတ်ရှုပြီးသူများအဖို့ သင်တို့ အကြိမ်ရေမည်မျှ ဖတ်ရှုပြီးဖြစ်သနည်း။ မကြာခဏ ဖတ်ကြသလော။ ဟောင်ကောင်မှ ညီအစ်မတို့၊ ငါတို့ကို ပြောပြကြလော့။ (ယခင် ကျွန်ုပ်တို့ ကျေးဇူးတော်ခေတ်၌ ရှိခဲ့ချိန်တွင် နှစ်ကြိမ် သုံးကြိမ်မျှ ဖတ်ဖြစ်ခဲ့ပါသည်။) ထိုအချိန်ကတည်းက သင်တို့ ထိုဇာတ်ကြောင်းကို တစ်ဖန် မဖတ်ဖြစ်သေးသလော။ ယင်းမှာ စိတ်ပျက်ဖွယ်ရာ ဖြစ်သည်။ သင်တို့ကို ငါပြောပါရစေ- ဘုရားသခင်၏ အမှု၏ ဤအဆင့်အတောအတွင်းတွင် ဘုရားသခင်သည် ယောဘကို အကြိမ်များစွာ ဖော်ပြခဲ့သည်၊ ယင်းသည် ဘုရားသခင်၏ ရည်ရွယ်ချက်များ ထင်ဟပ်မှုတစ်ခု ဖြစ်သည်။ ဘုရားသခင်သည် ယောဘအကြောင်းကို အကြိမ်များစွာ ပြောဆိုခဲ့သော်လည်း၊ သင်တို့၏ အာရုံစိုက်မှုကို မနိုးကြားစေခဲ့သည်မှာ- သင်တို့သည် ကောင်းမြတ်သည့် လူများနှင့် ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှုကို ရှောင်ကြဉ်သည့်လူများ ဖြစ်ခြင်းကို စိတ်မဝင်စားကြသည့် အမှန်တရား၏ သက်သေတစ်ခု ဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ဘုရားသခင်က သာဓကအဖြစ် ညွှန်းခဲ့သည့် ယောဘ၏ အဖြစ်အပျက်နှင့် ပတ်သက်၍ အကြမ်းဖျင်း

နားလည်သဘောပေါက်မှုတစ်ခု ရှိခြင်းဖြင့်သာ ကျေနပ်ကြသောကြောင့် ဖြစ်သည်။ သင်တို့သည် အဖြစ်အပျက်ကိုယ်၌ကို နားလည်ခြင်းမျှဖြင့် ရောင့်ရဲကြသည်၊ သို့ရာတွင် ယောဘက မည်သူ ဖြစ်သည်ဟူသည့် အသေးစိတ် အချက်အလက်များနှင့် ဖြစ်ရပ်များစွာတွင် ဘုရားသခင်က ယောဘကို ရည်ညွှန်းရသည့် အကြောင်းအရင်း၏ နောက်ကွယ်မှ ရည်ရွယ်ချက်ကို အရေးမစိုက်ကြသကဲ့သို့၊ သိရှိ နားလည်ရန် မကြိုးစားကြချေ။ ဘုရားသခင် ချီးမွမ်းခဲ့သည့် ထိုသို့သော လူသည် သင်တို့ကို စိတ်မဝင်စားစေပါက၊ သင်တို့သည် မည်သည့်အရာကို အတိအကျ အာရုံစိုက်နေကြပါသနည်း။ ဘုရားသခင် ဖော်ပြခဲ့သည့် ထိုသို့သော အရေးကြီးသည့် လူတစ်ဦးကို သင်တို့သည် အရေးမစိုက်ကြပါက သို့မဟုတ် နားလည်ရန် မကြိုးစားကြပါက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် ထားရှိသည့် သင်တို့၏ သဘောထားနှင့်ပတ်သက်၍ ယင်းက မည်သည့်အရာကို ဆိုနိုင်သနည်း။ ယင်းသည် မနှစ်မြို့ဖွယ် ဖြစ်မည် မဟုတ်လော။ သင်တို့အများစုသည် လက်တွေ့ကျသည့် အရာများ၌ ပါဝင်ပတ်သက်ခြင်းမရှိ သို့မဟုတ် သမ္မာတရားကို လိုက်စားခြင်းမရှိဟု ယင်းက သက်သေပြမည် မဟုတ်လော။ သင်သည် သမ္မာတရားကို အမှန် လိုက်စားပါက၊ ဘုရားသခင် ထောက်ခံသည့် လူများနှင့် ဘုရားသခင် ပြောဆိုသည့် ဇာတ်ကောင်များ၏ အဖြစ်အပျက်များကို သင်သည် လိုအပ်သည့် အာရုံစိုက်လိမ့်မည် ဖြစ်သည်။ သင့်အနေဖြင့် ၎င်းတို့အတိုင်း လျော်ညီအောင် နေနိုင်သည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ အဖြစ်အပျက်များက ထင်သာမြင်သာရှိသည်ဟု သင် မြင်သည်ဖြစ်စေ၊ သင်သည် ၎င်းတို့နှင့်ပတ်သက်၍ အလျင်အမြန် သွား၍ ဖတ်ရှုလိမ့်မည်၊ ၎င်းတို့အတွက် သဘောပေါက်ရန် ကြိုးစားလိမ့်မည်၊ ၎င်းတို့၏ ပုံသက်သေအတိုင်း လိုက်လျှောက်ရန် နည်းလမ်းများကို ရှာလိမ့်မည်ဖြစ်ပြီး၊ သင်လုပ်နိုင်သည့်အရာကို သင် အစွမ်းရှိသမျှ သင် လုပ်ဆောင်လိမ့်မည်။ ဤသည်မှာ သမ္မာတရားကို တောင့်တသောသူတစ်ဦး ပြုမူသင့်သည့် ပုံဖြစ်သည်။ သို့သော် အမှန်မှာ၊ ဤနေရာတွင် ထိုင်နေကြသည့် သင်တို့ထဲမှ အများစုသည် ယောဘ၏ဇာတ်ကြောင်းကို လုံးဝ မဖတ်ရှုဖူးကြပေ- ယင်းမှာ ပြောလောက်စရာ ဖြစ်ပေသည်။

ယခုတင် ငါဆွေးနွေးနေခဲ့သည့် အကြောင်းအရာကို ပြန်ဆွေးနွေးကြစို့။ ဓမ္မဟောင်းကျမ်း ပညတ်တော်ခေတ်နှင့် သက်ဆိုင်သည့် ကျမ်းစာ၏ ဤအပိုင်းတွင်၊ သမ္မာကျမ်းစာကို ဖတ်သည့် လူအများစု ရင်းနှီးလိမ့်မည်ဖြစ်သည့် အလွန်စံထားထိုက်သော ဇာတ်ကောင်များ နှင့်ပတ်သက်သည့် တချို့သော အဖြစ်အပျက်များ အပေါ် အာရုံစိုက်ဖို့ ငါ ရွေးချယ်ထားပြီးဖြစ်သည်။ ဤဇာတ်ကောင်များ၏ ဇာတ်ကြောင်းများကို ဖတ်ရှုဖူး သူများသည် ၎င်းတို့အပေါ် ဘုရားသခင်ပြုခဲ့သည့် အမှုနှင့် ၎င်းတို့ထံ

ဘုရားသခင်ပြောဆိုခဲ့သည့် နှုတ်ကပတ်တော်များသည် ယနေ့ခေတ်လူများအတွက် ညီတူညီမျှ လက်ဆုပ်လက်ကိုင်ပြနိုင်ပြီး၊ နားလည်ရန် လွယ်သည်ကို ခံစားနိုင်လိမ့်မည်ဖြစ်သည်။ သင့်အနေဖြင့် သမ္မာကျမ်းစာထဲမှ မှတ်တမ်းများဖြစ်သည့် ဤဇာတ်ကြောင်းများကို ဖတ်ရှုသည့်အခါတွင်၊ သမိုင်းထဲက ထိုအချိန်ကာလများအတွင်းတွင် ဘုရားသခင်သည် သူ၏အမှုကို မည်သို့ ဆောင်ရွက်ခဲ့ပြီး လူများကို မည်သို့ ဆက်ဆံခဲ့သည်ကို သာ၍ ကောင်းစွာ နားလည်နိုင်လိမ့်မည် ဖြစ်သည်။ သို့ရာတွင် ယနေ့ ဤအခန်းကြီးများကို ဆွေးနွေးဖို့ ငါ ဆုံးဖြတ်ရသည့် အကြောင်းရင်းမှာ အဖြစ်အပျက်များချည်းသက်သက် သို့မဟုတ် ထိုအဖြစ်အပျက်များထဲက ဇာတ်ကောင်များ အပေါ် အာရုံစိုက်ရန် သင် ကြိုးစားကြဖို့ မဟုတ်ပေ။ ယင်းထက်၊ ဤဇာတ်ကောင်များ၏ အဖြစ်အပျက်များ မှတစ်ဆင့် ဘုရားသခင်၏ လုပ်ဆောင်မှုများနှင့် သူ၏စိတ်သဘောထားကို သင်တို့ အသိအမှတ် ပြုနိုင်ကြဖို့အလို့ငှာ ဖြစ်သည်။ ဤအရာက သင်တို့ကို ဘုရားသခင်အား သာ၍ လွယ်ကူစွာ သိရှိကာ နားလည်နိုင်စေလိမ့်မည်၊ ဘုရားသခင်၏ စစ်မှန်သည့် ဘက်ခြမ်းကို တွေ့မြင်နိုင်စေလိမ့်မည်ဖြစ်သည်။ ယင်းက သူနှင့်ပတ်သက်သည့် သင်၏ထင်မြင်ချက်များ နှင့် အယူအဆများကို ပပျောက်စေလိမ့်မည်ဖြစ်ပြီး၊ မရေရာမှုများဖြင့် ပတ်ချာဝိုင်းသည့် ယုံကြည်ခြင်းမှ သင့်ကို အဝေးသို့ လမ်းကြောင်းပေးလိမ့်မည်ဖြစ်သည်။ ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုမရှိပါက၊ ဘုရားသခင်၏ စိတ်သဘောထားကို နားလည်ရန်နှင့် ဘုရားသခင်ကိုယ်တော်တိုင်ကို သိရှိခြင်းငှာ ကြိုးစားခြင်းသည် အကူအညီမဲ့ခြင်း၊ အစွမ်းအစ မရှိခြင်းနှင့် မည်သည့်နေရာတွင် စတင်ရမည်ကိုပင် မသေချာမှု အသိစိတ်တစ်ခုဆီသို့ မကြာခဏ ဆိုက်ရောက်စေနိုင်ပေသည်။ ဤသည်မှာ သင့်ကို ဘုရားသခင်အား သာ၍ကောင်းစွာ နားလည် သဘောပေါက်ရန်၊ ဘုရားသခင်၏ အလိုကို ပိုမိုစစ်မှန်စွာ အသိအမှတ်ပြုရန်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တိုင်ကို သိရှိရန် ကူညီနိုင်ပြီး၊ ဘုရားသခင်၏ တည်ရှိခြင်းကို စစ်မှန်စွာ ခံစားခွင့် ပေးနိုင်ကာ လူသားမျိုးနွယ်အပေါ် သူ၏ အလိုကို အသိအမှတ်ပြုခွင့်ပေးနိုင်သည့် နည်းစနစ်နှင့် ချဉ်းကပ်မှု တစ်ခုကို ဖြစ်ပေါ်စေဖို့ ငါ့ကို စေ့ဆော်ခဲ့သည့်အရာ ဖြစ်သည်။ ဤအရာသည် သင်တို့၏ အကျိုးအားလုံးအဖို့ ဖြစ်မည် မဟုတ်လော။ ယခုတွင် ဤဇာတ်ကြောင်းများနှင့် ဤကျမ်းစာ၏ အစိတ်အပိုင်းများကို သင်တို့ ပြန်လေ့လာ ကြသည့်အခါတွင်၊ သင်တို့၏ စိတ်နှလုံးများထဲတွင် မည်သည့်အရာ ခံစားရသနည်း။ ငါရွေးချယ်ထားသည့် ကျမ်းစာအစိတ်အပိုင်းများသည် မလိုလားအပ်သော အရာများဖြစ်သည်ဟု သင်တို့ ထင်ကြသလော။ ခုတင် ငါသင်တို့ကို ငါပြောခဲ့သည့်အရာကို ငါ ပြန်လည် အလေးထားပြောရပေမည်- ဤဇာတ်ကောင်များ၏

ဇာတ်ကြောင်းများကို သင်တို့အား ဖတ်ရှုစေခြင်း၏ ရည်မှန်းချက်မှာ လူတို့အပေါ် ဘုရားသခင်သည် သူ၏အမှုကို မည်သို့ပြုသည်ကို သင်တို့ မြင်ရန် ကူညီဖို့နှင့် လူသားမျိုးနွယ်အပေါ် သူ၏ သဘောထားကို သာ၍ကောင်းစွာ သိနားလည်စေဖို့ ဖြစ်သည်။ ဤသိနားလည်ခြင်းသို့ရောက်ဖို့ သင်တို့ကို မည်သည့်အရာက ကူညီလိမ့်မည်နည်း။ အတိတ်က ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အမှုကို သိနားလည်ခြင်း နှင့် ယင်းကို ယခု ဘုရားသခင် လုပ်ဆောင်နေသည့် အမှုနှင့် ဆက်နွယ်စေခြင်း- ဤအရာက သူ၏ မရေမတွက်နိုင်သော သွင်ပြင်လက္ခဏာများကို သင် အသိအမှတ်ပြုရန် ကူညီပေးလိမ့်မည်ဖြစ်သည်။ ဤမရေမတွက်နိုင်သည့် သွင်ပြင်လက္ခဏာများသည် စစ်မှန်ပြီး ဘုရားသခင်ကို သိရှိရန် ဆန္ဒရှိသူများ အားလုံးက သိရှိပြီး အသိအမှတ်ပြုရမည့် အရာ ဖြစ်သည်။

ကျမ်းစာမှ ကိုးကားချက်တစ်ခုဖြင့် စတင်ရင်း၊ အာဒံနှင့် ဧဝတို့ ဇာတ်ကြောင်းဖြင့် ငါတို့အစပြုကြစို့။

**က။ အာဒံနှင့်ဧဝ**

၁။ အာဒံအတွက် ဘုရားသခင်၏ အမိန့်

ကမ္ဘာဦးကျမ်း ၂:၁၅-၁၇ ထိုအခါ ယေဟောဝါ ဘုရားသခင်သည် လူကိုယူပြီး ဧဒင်ဥယျာဉ်ထဲတွင် ပြုစုစောင့်ရှောက်စေရန် ထားတော်မူ၏။ ယေဟောဝါ ဘုရားသခင်က ဥယျာဉ်ထဲရှိသည့် ခပ်သိမ်းသောအပင်တို့ကို သင်သည် လွတ်လပ်စွာ စားသုံးနိုင်၏။ သို့သော် အကောင်း၊ အဆိုး သိကျွမ်းရာအပင်ကို သင်သည် မစားရ။ သင်စားသောနေ့တွင် ဧကန်မုချ သေရမည်ဟု လူကို အမိန့်ပေးတော်မူ၏။

ဤကျမ်းချက်များမှ သင်တို့ မည်သည့်အရာကို နားလည်ကြသနည်း။ ကျမ်းစာ၏ ဤအပိုင်းက သင်တို့ကို မည်သို့ ခံစားရစေသနည်း။ အာဒံထံ ဘုရားသခင်၏ အမိန့်အကြောင်းကို ပြောဆိုဖို့ အဘယ်ကြောင့် ငါ ဆုံးဖြတ်ပြီနည်း။ ယခုတွင် သင်တို့ တစ်ဦးချင်းစီသည် သင်တို့၏စိတ်ထဲ၌ ဘုရားသခင်နှင့် အာဒံ၏ ပုံရိပ်တစ်ခု ရှိကြပါသလော။ သင်တို့ ကြိုးစားစိတ်ကူး ကြည့်နိုင်သည်- သင်တို့သည် ထိုအဖြစ်အပျက်တွင် ရှိသူတစ်ဦးဖြစ်ခဲ့ပါက၊ စိတ်ထဲတွင် ဘုရားသခင်သည် မည်သည့်အရာနှင့် တူခဲ့မည်ဟု သင်တို့ ထင်သနည်း။ ဤအကြောင်းကို စဉ်းစားခြင်းက သင်တို့ကို မည်သို့ ခံစားရစေသနည်း။ ဤသည်မှာ တို့ထိပြီး ကြည်နူးအားရဖွယ်ကောင်းသည့် ရုပ်ပုံတစ်ပုံ ဖြစ်သည်။ ထိုပုံတွင် ဘုရားသခင်နှင့် လူသားသာ ပါရှိသော်လည်း၊ ၎င်းတို့အကြားက ရင်းနှီးကျွမ်းဝင်မှုသည် သင့်ကို လေးစားမှု အသိစိတ် တစ်ခုဖြင့်

ပြည့်စေသည်။ ဘုရားသခင်၏ ပြည့်လျှမ်းနေသည့် ချစ်ခြင်းမေတ္တာကို လူသားအပေါ် အခမဲ့ အပ်နှင်းထားပြီး လူသားကို ဝန်းရံလျက်ရှိသည်။ လူသားသည် ဘုရားသခင်၏ ကြည့်ရှုမှုအောက်တွင် ချမ်းမြေ့ပျော်ရွှင်စွာ အသက်ရှင်ရင်း၊ အပြစ်မဲ့ကာ ဖြူစင်သည်၊ ဝန်ထုပ်ဝန်ပိုးမရှိသကဲ့သို့ ပူပင် ကြောင့်ကြမဲ့သည်။ လူသည် ဘုရားသခင်၏ ကွယ်ကာမှုနှင့် ကောင်းချီးမင်္ဂလာအောက်တွင် အသက်ရှင်စဉ်တွင် ဘုရားသခင်သည် လူသားကို ပူပန်လေသည်။ လူသား လုပ်ဆောင်ကာ ပြောဆိုသည့် အမှုအရာတစ်ခုစီတိုင်းသည် ဘုရားသခင်နှင့် ခွဲခြားမရအောင် ဆက်စပ်ထားကာ ဘုရားသခင်ထံမှ ခွဲခွာ၍ မရပေ။

ဤအရာကို လူသားကို ဖန်ဆင်းပြီးနောက် သူ့အဖို့ ဘုရားသခင်၏ ပထမဆုံးအမိန့်ဟု ခေါ်ဆိုနိုင်ပေသည်။ ဤအမိန့်က မည်သည့်အရာကို သိရှိစေသနည်း။ ယင်းသည် ဘုရားသခင်၏ အလိုကို သိရှိစေရုံသာမက၊ လူသားမျိုးနွယ်အတွက် သူ၏ စိုးရိမ်ပူပန်မှုများကိုလည်း သိရှိစေသည်။ ဤသည်မှာ ဘုရားသခင်၏ ပထမဆုံးအမိန့်ဖြစ်ပြီး လူသားအတွက် စိုးရိမ်ပူပန်မှုကို ဘုရားသခင် ဖော်ပြသည့် ပထမဦးဆုံးသော အကြိမ်လည်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် လူသားကို ဖန်ဆင်းလိုက်သည့် အခိုက်အတန့်မှစ၍ သူ့ထံတွင် လူသားနှင့် ပတ်သက်၍တာဝန်ရှိခြင်းကို သူခံစားရပြီးဖြစ်သည်။ သူ၏တာဝန်မှာ အဘယ်နည်း။ လူသားကို သူကာကွယ်ရမည်၊ လူသားကို သူ ကြည့်ရှုစောင့်ရှောက်ရမည်။ လူသားအနေဖြင့် သူ၏ နှုတ်ကပတ်တော်များကို ယုံကြည်ကိုးစားပြီး နာခံဖို့ ဘုရားသခင် မျှော်လင့်သည်။ ဤသည်မှာ လူသားနှင့် သက်ဆိုင်သည့် ဘုရားသခင်၏ ပထမဆုံးသော မျှော်လင့်ချက်လည်း ဖြစ်သည်။ အောက်ပါအရာများကို ဘုရားသခင် ပြောဆိုသည်မှာ ဤမျှော်လင့်ချက်နှင့် ဖြစ်သည်- "ဥယျာဉ်ထဲရှိသည့် ခပ်သိမ်းသောအပင်တို့ကို သင်သည် လွတ်လပ်စွာ စားသုံးနိုင်၏။ သို့သော် အကောင်း၊ အဆိုး သိကျွမ်းရာအပင်ကို သင်သည် မစားရ။ သင်စားသောနေ့တွင် ဧကန်မုချ သေရမည်။" ဤရိုးရှင်းသော နှုတ်ကပတ်တော်များသည် ဘုရားသခင်၏ အလိုကို ကိုယ်စားပြုကြ၏။ ၎င်းတို့က သူ၏စိတ်နှလုံးထဲတွင် ဘုရားသခင်သည် လူသားအတွက် စိုးရိမ်ပူပန်မှု စတင်ပြသပြီး ဖြစ်သည်ကိုလည်း ထုတ်ဖော်ပြပေသည်။ ခပ်သိမ်းသော အရာများထဲတွင် အာဒံတစ်ဦးတည်းကိုသာ ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့် အညီ ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ အာဒံသည် ဘုရားသခင်၏ ဇီဝအသက်ရှိသည့် တစ်ဦးတည်းသော သက်ရှိဖြစ်သည်။ သူသည် ဘုရားသခင်နှင့်အတူ လမ်းလျှောက်နိုင်သည်၊ ဘုရားသခင်နှင့်အတူ စကားစမြည်ပြောဆိုနိုင်သည်။ ယင်းမှာ သူ့ကို ဘုရားသခင်က ဤအမိန့် ပေးခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်သည် သူ၏ အမိန့်တွင် လူက လုပ်ဆောင်နိုင်သည့် အရာနှင့် မလုပ်ဆောင်နိုင်သည့် အရာကို အလွန် ပေါ်လွင်စေခဲ့သည်။

ဤရိုးရှင်းသည့် နှုတ်ကပတ်တော်အနည်းငယ်ထဲတွင် ဘုရားသခင်၏နှလုံးသားကို ငါတို့မြင်တွေ့ရသည်။ သို့ရာတွင် မည်သည့်နှလုံးသားမျိုးက မိမိဘာသာ ထင်ရှားပါသနည်း။ ဘုရားသခင်၏နှလုံးသားထဲတွင် ချစ်ခြင်းမေတ္တာ ရှိသလော။ စိုးရိမ်ပူပန်မှု ရှိသလော။ ဤကျမ်းချက်များထဲတွင်၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် စိုးရိမ်ပူပန်မှုတို့ကို အသိအမှတ်ပြု၍ ရနိုင်သည်သာမက၊ အတွင်းကျကျ ခံစား၍လည်း ရနိုင်ပေသည်။ သင်တို့သဘောတူမည်မဟုတ်လော။ ဤအရာအား ငါပြောသည်ကို ကြားပြီးနောက်တွင်၊ ဤအရာများသည် ရိုးရှင်းသည့် နှုတ်ကပတ်တော် အနည်းငယ်သာ ဖြစ်သည်ဟု သင်တို့ထင်သေးသလော။ တကယ်တော့ ၎င်းတို့ သိပ်မရိုးရှင်းကြပေ၊ ဟုတ်ပါသလော။ ယခင်က ဤအရာကို သင်တို့ သိခဲ့ကြပါသလော။ ဘုရားသခင်သည် ဤနှုတ်ကပတ်တော် အနည်းငယ်ကို သင်တို့အား ကိုယ်တိုင်ကိုယ်ကျ ပြောဆိုခဲ့ပါက၊ အတွင်းတွင် သင်တို့ မည်သို့ ခံစားရမည်နည်း။ သင်သည် လူဆန်သော လူသားတစ်ဦး မဟုတ်ပါက၊ သင့်နှလုံးသားသည် အေးစက်မာကျောခဲ့မည် ဆိုပါက၊ သင်သည် တစ်ခုခုကို ခံစားရမည်မဟုတ်၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သင်အသိအမှတ်ပြုမည် မဟုတ်သကဲ့သို့၊ ဘုရားသခင်၏ စိတ်နှလုံးကို နားလည်ဖို့ သင် ကြိုးစားမည် မဟုတ်ပေ။ သို့ရာတွင်၊ ဆင်ခြင်တုံတရား နှင့် လူ့သဘာဝ အသိစိတ်ရှိသည့် လူတစ်ဦးအနေဖြင့် သင်သည် ကွဲပြားစွာ ခံစားရပေမည်။ သင်သည် နွေးထွေးမှုကို ခံစားရမည်။ ဂရုစိုက်ခံရပြီး အချစ်ခံရသည်ကို ခံစားရမည်ဖြစ်ပြီး၊ ပျော်ရွှင်မှုကို ခံစားရပေမည်။ မှန်သည် မဟုတ်လော။ ဤအရာများကို သင်ခံစားရသည့်အခါတွင်၊ ဘုရားသခင်အပေါ် သင်မည်သို့ ပြုမူမည်နည်း။ ဘုရားသခင်ကို သံယောဇဉ် တွယ်သွားမည်လော။ ဘုရားသခင်ကို လှိုက်လှိုက်လှဲလှဲ ချစ်ပြီး ရိုသေလေးစားမည်လော။ သင့်နှလုံးသားက ဘုရားသခင်နှင့် တိုး၍ နီးစပ်မည်လော။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် လူသားအဖို့ မည်မျှ အရေးကြီးသည်ကို ဤအရာမှ သင်မြင်တွေ့နိုင်သည်။ သို့ရာတွင် သာ၍ပင် အရေးကြီးသည်မှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ နှင့်သက်ဆိုင်သည့် လူသား၏ အသိအမှတ်ပြုမှုနှင့် သဘောပေါက်နားလည်မှု ဖြစ်သည်။ အမှန်တွင် ဘုရားသခင်သည် သူ့အမှု၏ ဤအဆင့်အတွင်းတွင် ဆင်တူသော အရာများစွာ ပြောဆိုသည် မဟုတ်လော။ ယနေ့တွင် ဘုရားသခင်၏ နှလုံးသားကို အသိအမှတ်ပြုသော လူများ ရှိကြပါသလော။ ခုလေးတင် ငါပြောသွားသည့် ဘုရားသခင်၏အလိုကို သင်တို့ သဘောပေါက် နိုင်သလော။ ဤမျှခိုင်လုံပြီး လက်ဆုပ်လက်ကိုင် ပြနိုင်ကာ စစ်မှန်သည့်အချိန်တွင် ဘုရားသခင်၏အလိုကို သင်တို့ အသိအမှတ်မပြုနိုင်ကြချေ။ ယင်းမှာ သင်တို့သည် ဘုရားသခင်နှင့် သက်ဆိုင်သည့် စစ်မှန်သည့် အသိနှင့် နားလည်မှု မရှိဟု ငါ ဆိုရသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ

မှန်သည် မဟုတ်လော။ သို့သော် ယခုအတွက် ယင်းကို ထိုမျှဖြင့် ထားလိုက်ကြစို့။

၂။ ဘုရားသခင် ဇဝကို ဖန်ဆင်းသည်

ကမ္ဘာဦးကျမ်း ၂:၁၈-၂ဝ ထိုအခါ ယေဟောဝါ ဘုရားသခင်က လူသည် တစ်ယောက်တည်းနေမည်မှာ မကောင်းပေ။ သူ့အတွက် သူနှင့်သင့်တော်သော အထောက်အမကို ငါဖန်တီးမည်။ ယေဟောဝါ ဘုရားသခင်သည် မြေထဲမှ မြေသားရဲတိရစ္ဆာန်တိုင်းနှင့် မိုးကောင်းကင် ငှက်အားလုံးတို့ကို ဖြစ်ပေါ်စေခဲ့ပြီး ၎င်းတို့ကို အာဒံ အဘယ်သို့ သတ်မှတ်ခေါ်ဝေါ်လိမ့်မည်ကို သိရန်အတွက် သူ့ထံသို့ ခေါ်ဆောင်လာခဲ့သည်။ အသက်ရှင်သော သတ္တဝါအပေါင်းတို့ကို အာဒံ သတ်မှတ်ခေါ်ဝေါ်သော အမည်တိုင်းမှာ ယင်းနှင့် သက်ဆိုင်သောအမည် ဖြစ်လာခဲ့သည်။ အာဒံသည် ကျွဲနွား တိရစ္ဆာန်အပေါင်း၊ မိုးကောင်းကင်ငှက်များနှင့် မြေသားရဲ တိရစ္ဆာန်တိုင်းကို အမည်များပေးလေသည်။ သို့သော်လည်း အာဒံအတွက် သူနှင့် သင့်တော်သော အထောက်အမ မတွေ့ရသေးပေ။

ကမ္ဘာဦးကျမ်း ၂:၂၂-၂၃ ထိုအခါ ယေဟောဝါ ဘုရားသခင်သည် လူထဲကယူခဲ့သောနံရိုးဖြင့် မိန်းမတစ်ဦးကို ဖန်ဆင်းကာ လူသားထံသို့ သူမကို ဆောင်ခဲ့လေ၏။ ထို့နောက် အာဒံက ယခု ဤသူမှာ ငါ၏အရိုးများထဲကအရိုး၊ ငါ၏အသားထဲကအသား ဖြစ်၏၊ သူ့ကို လူ၏အထဲမှ ထုတ်ယူသောကြောင့် လူမိန်းမဟု ခေါ်ရမည်ဟု ဆိုလေသည်။

သမ္မာကျမ်းစာ၏ ဤအပိုင်း၌ အဓိကကျသည့် စာကြောင်းတစ်ကြောင်း ရှိသည်- "အသက်ရှင်သော သတ္တဝါအပေါင်းတို့ကို အာဒံ သတ်မှတ်ခေါ်ဝေါ်သော အမည်တိုင်းမှာ ယင်းနှင့် သက်ဆိုင်သောအမည် ဖြစ်လာခဲ့သည်။" သို့ဆိုလျှင် သက်ရှိသတ္တဝါအားလုံးကို မည်သူက နာမည်ပေးခဲ့သနည်း။ အာဒံဖြစ်သည်၊ ဘုရားသခင် မဟုတ်ပေ။ ဤစာကြောင်းက လူသားမျိုးနွယ်အား အမှန်တရားတစ်ခုကို ပြောသည်- လူသားကို ဖန်ဆင်းခဲ့ချိန်တွင် ဘုရားသခင်သည် သူ့ကို အသိဉာဏ်ပေးခဲ့သည်။ ဆိုလိုသည်မှာ၊ လူသား၏ အသိဉာဏ်သည် ဘုရားသခင်ထံမှ လာပေသည်။ ဤသည်မှာ ကျိန်းသေဖြစ်သည်။ သို့သော် အဘယ်ကြောင့်နည်း။ ဘုရားသခင်သည် အာဒံကိုဖန်ဆင်း ပြီးနောက် အာဒံသည် ကျောင်းတက်ခဲ့သလော။ မည်သို့စာဖတ်ရမည်ကို သူသိခဲ့ပါသလော။ ဘုရားသခင်သည် သက်ရှိသတ္တဝါအမျိုးမျိုးကို ဖန်ဆင်းပြီးနောက်တွင် ဤသတ္တဝါအားလုံးကို အာဒံ သတိပြုမိခဲ့သလော။ ၎င်းတို့၏နာမည်များက မည်သည့်အရာများဖြစ်သည်ကို ဘုရားသခင်က အာဒံကို ပြောခဲ့သလော။ ဟုတ်ပေ၏၊ ဤသတ္တဝါများ၏ အမည်များအား မည်သို့

စိတ်ကူးရမည်ကို ဘုရားသခင်က သူ့ကို သင်မပေးခဲ့ပေ။ ယင်းမှာ အမှန်တရားဖြစ်သည်။ သို့ဆိုလျှင်၊ ဤသတ္တဝါများအား ၎င်းတို့၏နာမည်များ မည်သို့ ပေးရမည်ဆိုသည်နှင့် မည်သည့် နာမည်မျိုးပေးရမည် ဆိုသည်ကို အာဒံက မည်သို့သိခဲ့သနည်း။ ဤသည်မှာ ဘုရားသခင်က အာဒံကို ဖန်ဆင်းခဲ့ချိန်တွင် သူ့ကို အဘယ်အရာ ထည့်ပေးလိုက်သည် ဆိုသည့် မေးခွန်းနှင့် ဆက်နွှယ်ပေသည်။ ဘုရားသခင်သည် လူကို ဖန်ဆင်းခဲ့ချိန်တွင်၊ သူ၏အသိဉာဏ်ကို လူသားထံ ထည့်သွင်းပေးခဲ့သည်ကို အချက်အလက်များက သက်သေပြပေသည်။ ဤသည်မှာ အဓိကကျသည့် အချက်ဖြစ်သည်၊ ထို့ကြောင့် သေချာစွာ နားထောင်ကြလော့။ သင်တို့ နားလည်သင့်သည့် နောက်ထပ် အဓိကကျသည့်အချက်လည်း ရှိပေသည်။ ဤသက်ရှိသတ္တဝါများကို အာဒံက ၎င်းတို့၏ နာမည်များ ပေးပြီးသည့်နောက်တွင်၊ ဤနာမည်များသည် ဘုရားသခင်၏ ဝေါဟာရထဲတွင် သတ်မှတ် ခံလာခဲ့ရသည်။ ဤအရာကို ငါအဘယ်ကြောင့် ဖော်ပြရသနည်း။ အဘယ်ကြောင့်ဆိုသော် ဤအရာသည်လည်း ဘုရားသခင်၏စိတ်သဘောထား ပါဝင်သောကြောင့်ဖြစ်ပြီး ဤသည်မှာ ငါ နောက်ထပ် အသေးစိတ်ရှင်းပြရမည့် အချက်တစ်ချက် ဖြစ်သောကြောင့် ဖြစ်သည်။

ဘုရားသခင်သည် လူကိုဖန်ဆင်းခဲ့သည်၊ ၎င်း၏အထဲသို့ ဇီဝအသက်ကို မှုတ်သွင်းခဲ့ပြီး၊ သူ၏အသိဉာဏ်၊ သူ၏ အစွမ်းအစများနှင့် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းထဲမှ အချို့ကိုလည်း လူကို ပေးခဲ့သည်။ ဘုရားသခင်သည် လူကို ဤအရာအားလုံးပေးခဲ့ပြီးနောက်တွင်၊ လူသားသည် အချို့အရာများကို အမှီအခိုကင်းစွာ လုပ်ဆောင်နိုင်ခဲ့ပြီး၊ မိမိဘာသာ တွေးခေါ် နိုင်ခဲ့သည်။ လူသားက စိတ်ကူးရပြီး လုပ်ဆောင်သည့်အရာများသည် ဘုရားသခင်၏ အမြင်၌ ကောင်းမွန်ပါက၊ ဘုရားသခင်သည် လက်ခံပြီး ဝင်ရောက်စွက်ဖက်ခြင်း မရှိပေ။ လူသား လုပ်ဆောင်သည့် အရာက မှန်ကန်ပါက၊ ဘုရားသခင်က တည်နေခွင့်ပေးမည် ဖြစ်သည်။ သို့ဆိုလျှင် “အသက်ရှင်သော သတ္တဝါအပေါင်းတို့ကို အာဒံ သတ်မှတ်ခေါ်ဝေါ်သော အမည်တိုင်းမှာ ယင်းနှင့် သက်ဆိုင်သောအမည် ဖြစ်လာခဲ့သည်။” ဟူသည့် စကားရပ်သည် မည်သည့်အရာကို ညွှန်ပြသနည်း။ ယင်းက သတ္တဝါအမျိုးမျိုးတို့ကို ပေးထားသည့် အမည် တစ်ခုတစ်လေကို ပြောင်းလဲရန် သင့်တော်သည်ဟု ဘုရားသခင် မမြင်သည်ကို ညွှန်ပြပေသည်။ သတ္တဝါ တစ်ကောင်ကို အာဒံက မည်သည့် နာမည်ပေးသည်ဖြစ်စေ၊ ဘုရားသခင်က သတ္တဝါ၏ အမည်ကို အတည်ပြုပေးရင်း၊ “ထိုသို့ ဖြစ်စေ” ဟု ပြောပေမည်။ ထိုကိစ္စရပ်နှင့်ပတ်သက်၍ ဘုရားသခင်သည် ထင်မြင်ချက်တစ်ခုတစ်လေကို ဖော်ပြခဲ့ပါသလော။ မဖော်ပြခဲ့၊ ဘုရားသခင်က သေချာပေါက် မဖော်ပြခဲ့ပေ။ သို့ဆိုလျှင် ဤအရာမှ မည်သည့်အရာကို သင်တို့ နားလည်လိုက်သနည်း။ ဘုရားသခင်သည် လူကို အသိဉာဏ်ပေးခဲ့ပြီး လူသည်

အမှုအရာများကို လုပ်ဆောင်ရန် သူ၏ ဘုရားပေးထားသည့် အသိဉာဏ်ကို အသုံးပြုခဲ့သည်။ လူလုပ်ဆောင်သည့်အရာသည် ဘုရားသခင်၏ အမြင်တွင် အပြုသဘောဆောင်ပါက၊ မည်သည့် အကဲဖြတ်ခြင်း သို့မဟုတ် ဝေဖန်ခြင်းမျှမရှိဘဲ ဘုရားသခင်သည် ယင်းကို အတည်ပြုပေးသည်၊ အသိအမှတ်ပြုပြီး လက်ခံပေးခဲ့သည်။ ဤသည်မှာ မည်သည့်လူဖြစ်စေ၊ သို့မဟုတ် မည်သည့် ဆိုးယုတ်သော ဝိညာဉ်ဖြစ်စေ သို့မဟုတ် စာတန်ကဖြစ်စေ လုပ်ဆောင်နိုင်သည့်အရာတစ်ခု မဟုတ်ပေ။ ဤတွင် ဘုရားသခင်၏စိတ်သဘောထား ဖွင့်ပြမှုကို သင်တို့မြင်သလော။ လူသားတစ်ဦး၊ ဖောက်ပြန်ပျက်စီးနေသည့် လူတစ်ဦး သို့မဟုတ် စာတန်သည် ၎င်းတို့၏ မျက်စိအောက်တွင်ပင် တစ်ဦးတစ်ယောက်က ၎င်းတို့၏ အမည်ဖြင့် တစ်စုံတစ်ရာ လုပ်ဆောင်ဖို့ ခွင့်ပြုမည်လော။ ခွင့်ပြုမည် မဟုတ်သည်မှာ မှန်ပေ၏။ ၎င်းတို့သည် ဤရာထူးနှင့်ပတ်သက်၍ ၎င်းတို့နှင့်မတူညီသည့် အခြားလူ သို့မဟုတ် အခြား အင်အားစုနှင့် တိုက်ခိုက်မည်လော။ တိုက်ခိုက်ကြပေမည်မှာ မှန်ပေ၏။ ထိုအချိန်က အာဒံနှင့်အတူရှိခဲ့သည်မှာ ဖောက်ပြန်ပျက်စီးသည့် လူတစ်ဦး သို့မဟုတ် စာတန်ဖြစ်ခဲ့မည်ဆိုပါက၊ ၎င်းတို့သည် အာဒံ လုပ်ဆောင်နေခဲ့သည့်အရာကို သေချာပေါက် ငြင်းပယ်ခဲ့ကြမည် ဖြစ်သည်။ ၎င်းတို့အနေဖြင့် အမှီအခိုကင်းစွာ စဉ်းစားနိုင်စွမ်းရှိပြီး၊ ၎င်းတို့၏ ကိုယ်ပိုင် တစ်မူထူးသော ထိုးထွင်းသိမြင်မှုရှိသည်ကို သက်သေပြရန် အာဒံလုပ်ဆောင်ခဲ့သည့် အရာတိုင်းကို လုံးဝ ငြင်းပယ်ခဲ့ကြမည် ဖြစ်သည်- "၎င်းကို ဤသို့ သင်ခေါ်ချင်သလော။ ကောင်းပြီ၊ ၎င်းကို ဤသို့ ငါခေါ်မည်မဟုတ်၊ ထိုသို့ ငါခေါ်မည်။ သင်က တွမ်ဟု ခေါ်သော်လည်း၊ ငါက ဟယ်ရီဟု ခေါ်မည်။ ငါမည်မျှ လိမ္မာပါးနပ်သည်ကို ပြသရမည်။" ဤသည်မှာ မည်သည့် သဘာဝမျိုး ဖြစ်သနည်း။ ယင်းမှာ လွန်လွန်ကဲကဲ မာနထောင်လွှားသည် မဟုတ်လော။ ဘုရားသခင်နှင့် သက်ဆိုင်၍ မည်သည့်အရာ ဖြစ်သနည်း။ ဘုရားသခင်သည် ထိုသို့သော စိတ်သဘောထားတစ်ခု ရှိသလော။ အာဒံ လုပ်ဆောင်သည့်အရာကို ဘုရားသခင်က တစ်မူထူးခြားသည့် ကန့်ကွက်မှုများတစ်ခုတစ်လေ ရှိခဲ့သလော။ အဖြေမှာ ပြတ်ပြတ်သားသား မရှိဟူ၍ ဖြစ်သည်။ ဘုရားသခင်ဖော်ပြသည့် စိတ်သဘောထားနှင့် သက်ဆိုင်၍၊ အငြင်းအခုန်ပြုခြင်း၊ မာနထောင်လွှားခြင်း၊ သို့မဟုတ် မိမိကိုယ်ကိုယ် မှန်သည်ဟု မှတ်ယူခြင်းတို့၏ အရိပ်အယောင် နည်းနည်းမျှ မရှိပေ။ ဤတွင် ထိုမျှ ရှင်းပေသည်။ ဤသည်မှာ အသေးအဖွဲဖြစ်သော အချက်တစ်ခု ဖြစ်ပုံရနိုင်သော်လည်း၊ ဘုရားသခင်၏ အနှစ်သာရကို သင်နားမလည်ပါက၊ ဘုရားသခင် မည်သို့ ပြုမူပြီး ဘုရားသခင်၏သဘောထားက မည်သည့်အရာ ဖြစ်သည်ကို သဘောပေါက်ဖို့ သင်မကြိုးစားပါက၊ သင်သည် ဘုရားသခင်၏ စိတ်သဘောထားကို သိလိမ့်မည်မဟုတ်၊

သို့မဟုတ် ဘုရားသခင်၏ စိတ်သဘောထား ဖော်ပြချက်နှင့် ဖွင့်ပြချက်တို့ကို သင်မြင်လိမ့်မည် မဟုတ်ပေ။ ယင်းမှာ မမှန်ကန်သလော။ သင့်ကို ငါ ခုလေးတင် ရှင်းပြခဲ့သည့်အရာကို သင် သဘောတူသလော။ အာဒံ၏လုပ်ရပ်များကို တုန့်ပြန်ရာတွင်၊ ဘုရားသခင်က "ကောင်းစွာ သင်ပြုလေပြီ၊ မှန်ကန်စွာ သင်ပြုပြီဖြစ်ကာ ငါထောက်ခံသည်။" ဟူ၍ ကိန်းကြီးခမ်းကြီးနိုင်စွာ မကြွေးကြော်ပေ။ သို့ရာတွင် ဤအရာတွင် သူ၏ စိတ်နှလုံးထဲ၌ ဘုရားသခင်သည် အာဒံ လုပ်ဆောင်ခဲ့သည့်အရာကို အတည်ပြုခဲ့သည်၊ အသိအမှတ်ပြုခဲ့ပြီး ချီးကျူးခဲ့သည်။ ဤသည်မှာ ဖန်ဆင်းခြင်းကတည်းက ဘုရားသခင်၏ ညွှန်ကြားချက်ဖြင့် ဘုရားသခင်အတွက် လူသားက လုပ်ဆောင်သည့် ပထမဆုံးသောအရာဖြစ်သည်။ ယင်းမှာ လူသားက ဘုရားသခင်၏ကိုယ်စားနှင့် ဘုရားသခင်ကို ကိုယ်စားပြုခြင်းဖြင့် လုပ်ဆောင်ခဲ့သည့် အရာတစ်ခု ဖြစ်သည်။ ဘုရားသခင်၏အမြင်တွင်၊ ဤသည်မှာ လူသားကို သူပေးသနားခဲ့သည့် အသိဉာဏ်မှ ပေါ်ထွက်လာခဲ့ပေသည်။ ယင်းကို ကောင်းမြတ်သည့် အရာတစ်ခု၊ အပြုသဘောဆောင်သည့်အရာတစ်ခုအဖြစ် ဘုရားသခင်က မြင်ခဲ့သည်။ ထိုအချိန်က အာဒံ လုပ်ဆောင်ခဲ့သည့်အရာသည် လူသားအထဲက ဘုရားသခင်၏ အသိဉာဏ်၏ ပထမဆုံးသော သရုပ်သကန် ဖြစ်ခဲ့သည်။ ယင်းသည် ဘုရားသခင်၏ ရှုထောင့်အမြင်မှ ကောင်းမွန်သည့် သရုပ်သကန်တစ်ခု ဖြစ်ခဲ့သည်။ ဤတွင် သင်တို့ကို ငါပြောလိုသည့် အရာမှာ လူသားထံ သူ၏အရာအားလုံးနှင့်ဖြစ်ခြင်း၊ သူ၏ အသိဉာဏ်နှင့် သက်ဆိုင်သည့် တစ်စုံတစ်ရာကို လူသားထံ ပေးရာတွင် ဘုရားသခင်၏ ရည်မှန်းချက်မှာ လူသားမျိုးနွယ်အနေဖြင့် ဘုရားသခင်ကို ထင်ရှားစေသည့် သက်ရှိသတ္တဝါ ဖြစ်နိုင်ဖို့အလို့ငှာ ဖြစ်သည်။ ထိုသို့သော သက်ရှိ သတ္တဝါတစ်ဦးအနေဖြင့် သူ့ကိုယ်စား ပြုမူဖို့သည်ကို တွေ့မြင်ရန်မှာ ဘုရားသခင် တောင့်တနေခဲ့ပြီး ဖြစ်သည့်အရာ အတိအကျ ဖြစ်ခဲ့ပေသည်။

၃။ ဘုရားသခင်သည် အာဒံနှင့် ဧဝအတွက် သားရေဝတ်လုံကို ဖန်တီးပေး၏

ကမ္ဘာဦးကျမ်း ၃:၂၀-၂၁ သူသည် အသက်ရှင်သောသူ အပေါင်းတို့၏အမိဖြစ်သောကြောင့် အာဒံက သူ့ဇနီး၏အမည်ကို ဧဝဟု ခေါ်လေသည်။ ထို့အပြင် အာဒံနှင့် သူ၏ဇနီးတို့အတွက် ယေဟောဝါ ဘုရားသခင်သည် သားရေဖြင့် အင်္ကျီကို ပြုလုပ်ပြီးလျှင် သူတို့ကို ဝတ်စေခဲ့သည်။

အာဒံက ဧဝကို ပေးသည့် နာမည်၏နောက်ကွယ်၌ ဧကန်အမှန် အဓိပ္ပာယ်တစ်ခုရှိသည်ကို ဖော်ပြသည့် ဤတတိယ ကျမ်းပိုဒ်ကို တစ်ချက် ကြည့်ကြစို့။ ဖန်ဆင်းခြင်းခံရပြီးနောက် အာဒံသည် သူ၏ ကိုယ်ပိုင် အတွေးများ ရှိခဲ့ပြီး အမှုအရာများစွာကို သူ နားလည်ခဲ့သည်ဆိုသည်ကို ဤအရာက ပြသပေသည်။ သို့ရာတွင် ယခုတွင်မူ၊ ငါတို့သည် အာဒံ

မည်သည့်အရာကို နားလည်ခဲ့သည် သို့မဟုတ် မည်မျှနားလည်ခဲ့သည်ကို လေ့လာ သို့မဟုတ် စူးစမ်းရှာဖွေမည်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ယင်းသည် တတိယကျမ်းပိုဒ်ကို ဆွေးနွေးရာတွင် ငါ၏ အဓိက ရည်မှန်းချက် မဟုတ်သောကြောင့် ဖြစ်သည်။ သို့ဆိုလျှင် ငါ အသားပေးလိုသည့် အဓိကအချက်မှာ အဘယ်နည်း။ "အာဒံနှင့် သူ၏ဇနီးတို့အတွက် ယေဟောဝါ ဘုရားသခင်သည် သားရေဖြင့် အင်္ကျီကို ပြုလုပ်ပြီးလျှင် သူတို့ကို ဝတ်စေခဲ့သည်။" ဟူသည့် စာကြောင်းကို တစ်ချက် ကြည့်ကြစို့။ ယနေ့ ငါတို့၏ မိတ်သဟာယတွင် ကျမ်းစာ၏ ဤစာကြောင်းကို ငါတို့ မဆွေးနွေးပါက၊ ဤနှုတ်ကပတ်တော်များ၏ ပါဝင်ပတ်သက်မှုများကို သင်တို့ လုံးဝ နားလည်နိုင်မည် မဟုတ်ပေ။ ပထမဦးစွာ၊ သဲလွန်စအချို့ကို ငါပေးပါရစေ။ သင်တို့သည် အာဒံနှင့် ဧဝနှင့်အတူ ဧဒင်ဥယျာဉ်ထဲတွင် အသက်ရှင် နေထိုင်ရသည်ကို စိတ်ကူးကြည့်လော့။ ဘုရားသခင်က ၎င်းတို့ထံ သွားရောက် လည်ပတ်သော်လည်း၊ ၎င်းတို့က အဝတ်အချည်းစည်း ဖြစ်ကြသောကြောင့် ပုန်းကွယ်နေကြသည်။ ဘုရားသခင်သည် ၎င်းတို့ကို မမြင်နိုင်ပေ၊ ပြီးလျှင် ၎င်းတို့ကို သူက အော်ခေါ်လိုက်ပြီးနောက်၊ ၎င်းတို့က "ကျွန်ုပ်တို့ ကိုယ်ခန္ဓာများသည် အဝတ်အချည်းစည်း ဖြစ်နေသည့်အတွက် ကိုယ်တော်နှင့် မတွေ့ဝံ့ပါ။" ဟု ပြောကြသည်။ ၎င်းတို့သည် အဝတ်အချည်းစည်း ဖြစ်ကြသောကြောင့် ဘုရားသခင်ကို မတွေ့ဝံ့ကြပေ။ ထို့ကြောင့် ယေဟောဝါ ဘုရားသခင်သည် ၎င်းတို့အတွက် အဘယ်အရာကို လုပ်ဆောင်ပေးသနည်း။ မူရင်းစာသားက၊ "အာဒံနှင့် သူ၏ဇနီးတို့အတွက် ယေဟောဝါ ဘုရားသခင်သည် သားရေဖြင့် အင်္ကျီကို ပြုလုပ်ပြီးလျှင် သူတို့ကို ဝတ်စေခဲ့သည်။" ဟု ဆိုလေသည်။ ဤအရာမှ ၎င်းတို့၏ အဝတ်အစားများကို ဖန်တီးရန် ဘုရားသခင်က မည်သည့်အရာ အသုံးပြုခဲ့သည်ကို သင်တို့ နားလည်ကြပါသလော။ ဘုရားသခင်သည် ၎င်းတို့၏ အဝတ်အစားများကို ပြုလုပ်ပေးရန် တိရစ္ဆာန် သားရေများကို အသုံးပြုခဲ့သည်။ ဆိုလိုသည်မှာ အဝတ်အစားအဖြစ် ဝတ်ဆင်ဖို့ လူသားအတွက် သားမွေးဝတ်လုံများ ဖန်တီးခဲ့ပေသည်။ ဤအရာများမှာ လူသားအတွက် ဘုရားသခင် ပြုလုပ်ပေးခဲ့သည့် ပထမဆုံးသော အဝတ်အစားများ ဖြစ်သည်။ ယနေ့စံနှုန်းများအရ သားမွေးဝတ်လုံသည် တန်ဖိုးကြီး ပစ္စည်းတစ်ခု ဖြစ်ပြီး၊ လူတိုင်း ဝတ်ဆင်ဖို့ တတ်နိုင်သည့်အရာတစ်ခု မဟုတ်ပေ။ တစ်စုံတစ်ဦးက သင့်ကို- ငါတို့၏ ဘိုးဘေးများ ဝတ်ဆင်ခဲ့သည့် ပထမဆုံးသော အဝတ်အစားမှာ မည်သည့်အရာနည်းဟု မေးခဲ့ပါက၊ သားမွေးဝတ်လုံဖြစ်သည်ဟု သင် ဖြေနိုင်သည်။ မည်သူသည် ဤသားမွေးဝတ်လုံကို ပြုလုပ်ခဲ့သနည်း။ ထိုအခါ သင်က- ဘုရားသခင် ပြုလုပ်ခဲ့သည်ဟု ပြန်ဖြေနိုင်သည်။ ယင်းမှာ အဓိကအချက်ဖြစ်သည်။ ဤအဝတ်အစားကို ဘုရားသခင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ

ဆွေးနွေးထိုက်သည့်အရာတစ်ခု ဖြစ်သည် မဟုတ်လော။ ငါ၏ ဖော်ပြချက်ကို ကြားပြီးနောက်၊ ပုံရိပ်တစ်ခု သင်တို့စိတ်ထဲတွင် ပေါ်လာပြီလော။ အနည်းဆုံး အကြမ်းဖျင်းပုံရိပ်တစ်ခု သင်ရှိသင့်သည်။ ယနေ့ သင်တို့ကို ဤအရာ ပြောပြရခြင်း၏ အဓိကချက်မှာ လူသား၏ ပထမဆုံးအဝတ်က အဘယ်အရာဖြစ်သည်ကို သင်တို့ သိကြဖို့ မဟုတ်ပေ။ သို့ဆိုလျှင် ဆိုလိုရင်းက မည်သည့်အရာဖြစ်သနည်း။ ဆိုလိုရင်းမှာ သားရေဝတ်လုံ မဟုတ်ဘဲ- ဘုရားသခင်က ဤတွင် သူလုပ်ဆောင်ခဲ့သည့်အရာ၌ ထုတ်ဖော်ပြသည်နှင့်အမျှ- သူ၏ စိတ်သဘောထား၊ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို လူတို့ မည်သို့ သိရှိလာကြသည်ဆိုသည့်အချက် ဖြစ်သည်။

“အာဒံနှင့် သူ၏ဇနီးတို့အတွက် ယေဟောဝါ ဘုရားသခင်သည် သားရေဖြင့် အင်္ကျီကို ပြုလုပ်ပြီးလျှင် သူတို့ကို ဝတ်စေခဲ့သည်။” ဤအဖြစ်အပျက်တွင် အာဒံနှင့်ဧဝတို့နှင့် အတူရှိချိန်တွင် ဘုရားသခင်သည် မည်သည့်အခန်းကဏ္ဍမျိုး ဆောင်ရွက်သည်ကို ငါတို့ တွေ့ရသနည်း။ လူသားနှစ်ဦးတည်းနှင့်အတူ ဤလောကတွင် ဘုရားသခင်သည် မည်သည့် နည်းလမ်းဖြင့် မိမိကိုယ်ကိုယ် ထင်ရှားစေပါသနည်း။ သူသည် ဘုရားသခင်၏ အခန်းကဏ္ဍဖြင့် မိမိကိုယ်ကိုယ် ထင်ရှားစေသလော။ ဟောင်ကောင်မှ ညီအစ်ကို မောင်နှမများ ကျေးဇူးပြု၍ ဖြေကြလော့။ (မိဘတစ်ဦး၏ အခန်းကဏ္ဍဖြင့် ဖြစ်ပါသည်။) တောင်ကိုးရီးယားမှ ညီအစ်ကို မောင်နှမတို့၊ ဘုရားသခင်သည် မည်သည့်အခန်းကဏ္ဍမှ ပေါ်ထွန်းသည်ဟု သင်တို့ ထင်သနည်း။ (မိသားစု၏ ဦးသျှောင် ဖြစ်ပါသည်။) ထိုင်ဝမ်မှ ညီအစ်ကို မောင်နှမတို့၊ သင်တို့ မည်သို့ထင်သနည်း။ (အာဒံနှင့်ဧဝတို့၏ မိသားစုရှိ တစ်စုံတစ်ဦး၏ အခန်းကဏ္ဍ၊ မိသားစုဝင် တစ်ဦး၏အခန်းကဏ္ဍမှ ဖြစ်ပါသည်။) သင်တို့ထဲမှ အချို့က ဘုရားသခင်သည် အာဒံနှင့်ဧဝ၏ မိသားစုဝင်တစ်ဦးအဖြစ် ပေါ်ထွန်းသည်ဟု ထင်ပြီး၊ အချို့က ဘုရားသခင်သည် မိသားစု၏ ဦးစီးအနေနှင့် ပေါ်ထွန်းသည်ဟု ဆိုကြကာ အခြားသူတို့က မိဘအနေဖြင့်ဟု ပြောသည်။ ဤအရာအားလုံး အလွန် ဆီလျော်လှသည်။ သို့ရာတွင် ငါဆိုလိုသည့်အရာကို သင်တို့ မြင်ကြပါသလော။ ဘုရားသခင်သည် ဤလူနှစ်ဦးကို ဖန်ဆင်းခဲ့ပြီး သူ၏အပေါင်းအဖော်များ အဖြစ် ဆက်ဆံခဲ့သည်။ ၎င်းတို့၏ တစ်ခုတည်းသော မိသားစုအနေနှင့် ဘုရားသခင်သည် ၎င်းတို့၏ ဘဝများကို စောင့်ရှောက်ခဲ့ပြီး ၎င်းတို့၏ အစားအစာ၊ အဝတ်အစားနှင့် အမိုးအကာ လိုအပ်ချက်များကို ဂရုစိုက်ပေးခဲ့သည်။ ဤတွင် ဘုရားသခင်သည် အာဒံနှင့်ဧဝ၏ မိဘအနေနှင့် ပေါ်ထွန်းသည်။ ဤအရာကို ဘုရားသခင် လုပ်ဆောင် နေစဉ်တွင်၊ ဘုရားသခင် မည်မျှမြင့်မြတ်သည်ကို လူသားက မမြင်ပေ။ ဘုရားသခင်၏ ကြီးမြတ်သည့်သာလွန်မှု၊ သူ၏နက်နဲမှုနှင့် အထူးသဖြင့် သူ၏အမျက်ဒေါသ သို့မဟုတ် ဘုန်းအာနုဘော်တို့ကို မမြင်ပေ။

သူမြင်သမျှမှာ ဘုရားသခင်၏ နှိမ့်ချမှု၊ သူ၏ချစ်ခင်မှု၊ လူသားအတွက် သူ၏ပူပန်မှုနှင့် လူသားအတွက် သူ၏တာဝန်ရှိခြင်းနှင့် ဂရုစိုက်မှုတို့ ဖြစ်သည်။ အာဒံနှင့် ဧဝတို့ကို ဘုရားသခင် ဆက်ဆံခဲ့သည့် သဘောထားနှင့် နည်းလမ်းသည် မိဘများက ၎င်းတို့သားသမီးအတွက် ပူပန်မှုကို ပြသပုံနှင့် ဆင်တူသည်။ ယင်းသည် မိဘများသည် မိမိတို့၏ကိုယ်ပိုင် သားသမီးများကို ချစ်သည့်နည်းလမ်း၊ ကြည့်ရှုစောင့်ရှောက်ကာ ဂရုစိုက်သည့် နည်းလမ်းနှင့်လည်း ဆင်တူသည်- စစ်မှန်သည်၊ ထင်သာမြင်သာရှိကာ လက်ဆုပ်လက်ကိုင်ပြ၍ရနိုင်၏။ မိမိကိုယ်ကိုယ် မြင့်မားပြီး တန်ခိုးကြီးမားသည့် နေရာတစ်ခုတွင် ချီးမြှောက်မည့်အစား၊ ဘုရားသခင်သည် လူသားအတွက် အဝတ်အစားပြုလုပ်ရန် သားရေကို ကိုယ်တိုင်ကိုယ်ကျ အသုံးပြုခဲ့သည်။ ဤသားမွေးဝတ်လုံကို ၎င်းတို့၏ အရှက်ကိုကွယ်ဖို့ အသုံးပြုသည်ဖြစ်စေ၊ သို့မဟုတ် အအေးဒဏ်မှ ၎င်းတို့ကို ကာကွယ်ဖို့ အသုံးပြုသည်ဖြစ်စေ အရေးမကြီးပေ။ အရေးကြီးသည်မှာ လူ့ကိုယ်ခန္ဓာကို ဖုံးကာဖို့အတွက်ဖြစ်သည့် ဤအဝတ်အစားသည် ဘုရားသခင်က မိမိ၏ ကိုယ်ပိုင်လက်များဖြင့် ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင် လုပ်ဆောင်မည်ဟု လူတို့ စိတ်ကူးသကဲ့သို့ အတွေးသက်သက်ဖြင့် အဝတ်အစားကို ဖြစ်တည်စေခြင်း သို့မဟုတ် အခြား အံ့သြဖွယ် နည်းလမ်းအချို့ကို အသုံးပြုခြင်းထက် ဘုရားသခင်သည် လူများက ဘုရားသခင်အနေဖြင့် လုပ်မည်မဟုတ်သကဲ့သို့ လုပ်လည်း မလုပ်သင့်ဟု ထင်ထားသည့်အရာတစ်ခုကို တရားဝင် လုပ်ဆောင်ခဲ့သည်။ ဤသည်မှာ အသေးအဖွဲ့ အရာတစ်ခုကဲ့သို့ ထင်ရသော်လည်း- အချို့က ဖော်ပြန်ရန်ပင် မထိုက်တန်ဟု ထင်ကောင်းထင်ကြမည် ဖြစ်သော်လည်း- ဤအရာက ဘုရားသခင်နှင့် ပတ်သက်၍ မရေရာသည့် ယူဆချက်များနှင့် ပတ်ချာဝိုင်းခံရသည့် ဘုရားသခင်၏ မည်သည့် နောက်လိုက်ကိုမဆို သူ၏ စစ်မှန်မှုနှင့် ချစ်ခင်ဖွယ်ကောင်းခြင်းထဲသို့ ထိုးထွင်းသိမြင်မှုတစ်ခု ရရှိခွင့်ပေးပြီး၊ သူ၏ သစ္စာရှိခြင်းနှင့် နှိမ့်ချမှုတို့ကို မြင်တွေ့ခွင့် ပေးလေသည်။ ယင်းက ၎င်းတို့သည် မြင့်မားပြီး အစွမ်းကြီးမားသည်ဟု ထင်ကြသည့် သည်းမခံနိုင်လောက်အောင် မာနထောင်လွှားသည့် လူတို့ကို ဘုရားသခင်၏ စစ်မှန်ခြင်းနှင့် နှိမ့်ချခြင်းတို့ရှေ့တွင် အရှက်ဖြင့် မိမိတို့၏ စိတ်ကြီးဝင်သော ဦးခေါင်းများကို ကိုင်းညွှတ်စေသည်။ ဤတွင် ဘုရားသခင်၏ စစ်မှန်မှုနှင့် နှိမ့်ချခြင်းတို့က သူ မည်မျှ ချစ်ဖွယ်ဖြစ်သည်ကို လူတို့အား နောက်ထပ် မြင်တွေ့နိုင်စေလေသည်။ ဆန့်ကျင်ဘက်အနေဖြင့် ၎င်းတို့၏စိတ်နှလုံးများထဲတွင် လူတို့ ကိုင်စွဲထားကြသည့် “အလွန့်အလွန် ကြီးမားသည့်” ဘုရားသခင်၊ “ချစ်ဖွယ်ကောင်းသည့်” ဘုရားသခင်နှင့် “အရာခပ်သိမ်း တတ်နိုင်စွမ်းရှိသည့်”

ဘုရားသခင်သည် မဖြစ်စလောက်ဖြစ်ပြီး အကျည်းတန်လာကာ အနည်းငယ်မျှ တို့ထိသည်နှင့် တစ်စစီပျက်စီးသွားသည့်အရာ ဖြစ်လာပြီဖြစ်သည်။ သင့်အနေဖြင့် ဤကျမ်းပိုဒ်ကို မြင်ပြီး ဤအဖြစ်အပျက်ကို ကြားသည့်အခါ၊ ထိုသို့သောအရာကို ဘုရားသခင် လုပ်ဆောင်ခဲ့သောကြောင့် သူကို သင် အထင်သေးပါသလော။ လူအချို့က အထင်သေးကောင်း အထင်သေးမည်၊ သို့သော် အခြားသူများက ဆန့်ကျင်ဘက်ဖြစ်သည့် တုန့်ပြန်မှု ရှိကြလိမ့်မည်။ ဘုရားသခင်သည် စစ်မှန်ပြီး ချစ်ဖွယ်ဖြစ်သည်ဟု ၎င်းတို့ထင်မြင်ကြလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့ကို တို့ထိသည်မှာ ဘုရားသခင်၏စစ်မှန်မှုနှင့် ချစ်ဖွယ်ကောင်းမှု အတိအကျဖြစ်သည်။ ဘုရားသခင်၏ စစ်မှန်သောဘက်ကို ၎င်းတို့ သာ၍မြင်လေ၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ အမှန်တကယ်တည်ရှိမှု၊ ၎င်းတို့ စိတ်နှလုံးသားထဲက ဘုရားသခင်၏ အရေးပါမှုနှင့် အချိန်တိုင်း၌ ၎င်းတို့ နံဘေးတွင် ဘုရားသခင် ရပ်တည်ပုံတို့ကို ၎င်းတို့ သာ၍ အသိအမှတ်ပြုနိုင်လေ ဖြစ်သည်။

ယခု ငါတို့၏ဆွေးနွေးမှုကို ပစ္စုပ္ပန်ကာလနှင့် ပြန်ချိတ်ဆက်ကြစို့။ အစအဦး၌ သူဖန်ဆင်းခဲ့သည့် လူသားများအတွက် ဘုရားသခင်သည် အမျိုးမျိုးသော ဤသေးငယ်သည့်အရာလေးများ၊ လူတို့ မတွေးဝံ့သည့်အရာများ သို့မဟုတ် မမျှော်လင့်ဝံ့သည့် အရာများကိုပင် လုပ်ဆောင်ပေးနိုင်ပါက၊ ယနေ့ လူတို့အတွက် ဘုရားသခင်သည် ထိုသို့သော အရာများကို လုပ်ဆောင်နိုင်မည်လော။ အချို့လူများက "လုပ်နိုင်သည်" ဟုပြောကြသည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အနှစ်သာရသည် အယောင်ဆောင်ထားခြင်း မဟုတ်သောကြောင့် ဖြစ်ပြီး၊ သူ၏ ချစ်ဖွယ်ကောင်းခြင်းသည် အယောင်ဆောင်ထားခြင်း မဟုတ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ အနှစ်သာရသည် အမှန်တကယ်တည်ရှိပြီး အခြားလူများ ဖြည့်စွက်ထားသည့်အရာတစ်ခု မဟုတ်သကဲ့သို့ မတူညီသော အချိန်များ၊ နေရာများနှင့် ခေတ်ကာလများနှင့်အတူ ပြောင်းလဲသည့်အရာတစ်ခု သေချာပေါက် မဟုတ်ပေ။ ဘုရားသခင်၏ စစ်မှန်မှုနှင့် ချစ်ခင်ဖွယ်ဖြစ်ခြင်းတို့သည် မထူးခြားသကဲ့သို့ အရေးမပါသည့်အရာဟု လူများထင်ကြသည့် အရာတစ်ခု- မဖြစ်စလောက် ဖြစ်လွန်းသဖြင့် တစ်ချိန်ချိန်တွင် ဘုရားသခင် လုပ်ဆောင်မည်ဟု လူတို့ ထင်ပင်မထင်ထားကြသည့် အရာတစ်ခုကို- လုပ်ဆောင်ခြင်းအားဖြင့်သာ အမှန်တကယ် ဖြစ်ပေါ်လာနိုင်ပေသည်။ ဘုရားသခင်သည် လေလုံးမထွားပေ။ သူ၏စိတ်သဘောထားနှင့် အနှစ်သာရတွင် ချဲ့ကားခြင်း၊ ဟန်ဆောင်ခြင်း၊ ပလွှားမှု သို့မဟုတ် မာနထောင်လွှားခြင်းတို့ မရှိပေ။ သူသည် မည်သည့်အခါတွင်မျှ မကြွားဝါဘဲ၊ ယင်းအစား သစ္စာရှိခြင်းနှင့် စိတ်ရင်းအမှန်တို့ဖြင့် သူဖန်ဆင်းခဲ့သည့် လူသားများကို ချစ်ခင်သည်၊ ပူပန်မှုပြသည်၊ စောင့်ရှောက်ပြီး

ဦးဆောင်လမ်းပြလေသည်။ ဘုရားသခင် လုပ်ဆောင်သည့်အရာကို လူများက မည်မျှနည်းပါးစွာ အသိအမှတ်ပြုနိုင်သည်ဖြစ်စေ၊ ခံစားနိုင်သည်ဖြစ်စေ၊ သို့မဟုတ် မြင်နိုင်သည်ဖြစ်စေ၊ ဘုရားသခင်က ယင်းကို လုပ်ဆောင်နေသည်မှာ အသေချာဆုံး ဖြစ်ပေသည်။ ဘုရားသခင်သည် ထိုသို့သော အနှစ်သာရရှိသည်ကို သိရှိခြင်းက သူ့ကို လူတို့၏ ချစ်ခြင်းအား သက်ရောက်မှု ရှိမည်လော။ ဘုရားသခင်အား ၎င်းတို့၏ ကြောက်ရွံ့ခြင်းကို လွှမ်းမိုးသွားမည်လော။ သင်သည် ဘုရားသခင်၏စစ်မှန်သည့် ဘက်ကို နားလည်သောအခါတွင်၊ သင်သည် သူနှင့် တိုး၍ပင် နီးကပ်လိမ့်မည်ဖြစ်ပြီး၊ လူသားမျိုးနွယ်အတွက် သူ၏ချစ်ခြင်းမေတ္တာနှင့် ဂရုစိုက်မှုကို သာ၍ အမှန်တကယ် အသိအမှတ်ပြုနိုင်လိမ့်မည် ဖြစ်သည့်အပြင်၊ သင်၏ နှလုံးသားကို ဘုရားသခင်အား ပေးပြီး သူနှင့်ပတ်သက်သည့် မသေချာမှုများနှင့် ယုံမှားသံသယများမှ ကယ်တင်ခံရလိမ့်မည်ဟု ငါမျှော်လင့်သည်။ ဘုရားသခင်သည် လူသားအတွက် အရာရာတိုင်းကို တိတ်ဆိတ်စွာ လုပ်ဆောင်ပေးနေသည်၊ ထိုအရာအားလုံးကို သူ၏စိတ်ရင်းအမှန်၊ သစ္စာရှိမှုနှင့် ချစ်ခြင်းမေတ္တာတို့ဖြင့် တိတ်ဆိတ်စွာ လုပ်ဆောင်ပေးနေသည်။ သို့သော် သူသည် သူလုပ်ဆောင်သည့် မည်သည့်အရာမဆိုနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ သို့မဟုတ် နောင်တရမှုများ တစ်ခုတစ်လေမျှ မရှိသကဲ့သို့၊ သူ့ကို တစ်နည်းနည်းနှင့်ပြန်ပေးဆပ်ဖို့ မည်သူ့ကိုမျှ တစ်ကြိမ်တစ်ခါမျှ မလိုအပ်ခဲ့ပေ သို့မဟုတ် လူသားမျိုးနွယ်ထံမှ တစ်ခုခုကို ရရှိခြင်းငှာ ရည်ရွယ်ချက်များလည်း မရှိဖူးပေ။ သူလုပ်ဆောင်ဖူးသည့်အရာများ အားလုံး၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်၏ စစ်မှန်သည့် ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာကို သူရရှိနိုင်ရန်ဖြစ်သည်။ ယင်းနှင့်အတူ၊ ပထမအကြောင်းအရာကို ဤနေရာတွင် ငါ အဆုံးသတ်မည်။

ဤဆွေးနွေးမှုများက သင်တို့ကို အထောက်အကူ ဖြစ်စေသလော။ မည်မျှအထောက်အကူ ဖြစ်သနည်း။ (ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်သက်ဆိုင်သည့် နားလည်မှုနှင့် အသိ သာ၍ ကျွန်ုပ်တို့ ရှိပါသည်။) (ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သာ၍ကောင်းစွာ နားလည်ရန်၊ ဘုရားသခင် ရှိခဲ့သည့် စိတ်ခံစားမှုများနှင့် အမှုအရာများကို သူပြောဆိုချိန်တွင် သူပြောဆိုသည့် အမှုအရာများနောက်ကွယ်က အဓိပ္ပာယ်များကို သဘောပေါက်ရန်နှင့် ထိုအချိန်တွင် သူမည်သည့်အရာကို ခံစားခဲ့ရသည်ဆိုသည်ကို သတိပြုမိရန် အနာဂတ်တွင် ဤမိတ်သဟာယ နည်းလမ်းက ကျွန်ုပ်တို့ကို ကူညီနိုင်ပါသည်။) ဤနှုတ်ကပတ်တော်များကို ဖတ်ရှုပြီးသည့်နောက်တွင် ဘုရားသခင်၏ တကယ့် တည်ရှိမှုကို သင်တို့အထဲမှ တစ်ဦးဦးက သာ၍ ပြင်းပြင်းပြပြ သိရှိသလော။ ဘုရားသခင်၏တည်ရှိမှုသည် မပေါ့တန်တော့ သို့မဟုတ်

မရေမရာမဖြစ်တော့သည်ကို သင်တို့ ခံစားရသလော။ ဤခံစားချက်ကို သင်တို့ ရှိသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည် သင်တို့၏ဘေး၌ ရှိနေသည်ကို သင်တို့ ခံစားနိုင်သလော။ အတွေ့အထိက ယခုအချိန်၌ သိသာမှု ရှိကောင်းရှိလိမ့်မည် မဟုတ် သို့မဟုတ် သင်သည် ထိုအရာကို ခံစားကောင်း ခံစားနိုင်ဦးမည်မဟုတ်ပေ။ သို့သော် တစ်နေ့တွင် သင် စိတ်နှလုံး၌ ဘုရားသခင်၏ စိတ်သဘောထား၊ အနှစ်သာရနှင့်သက်ဆိုင်သည့် နက်ရှိုင်းသည့် သဘောပေါက်ခြင်းနှင့် စစ်မှန်သည့် အသိတစ်ခု အမှန်တကယ် ရှိသည့်အချိန်တွင်၊ ဘုရားသခင်သည် သင့်နံဘေးတည့်တည့်တွင် ရှိနေသည်ကို သင်ခံစားရလိမ့်မည်- သင့်အနေဖြင့် ဘုရားသခင်ကို သင်၏ စိတ်နှလုံးထဲတွင် မည်သည့်အခါမျှ စစ်မှန်စွာ လက်မခံဖူးသေးခြင်းသာ ဖြစ်သည်။ ယင်းမှာ အမှန်တရားဖြစ်၏။

ဤမိတ်သဟာယ ပြုသည့်နည်းလမ်းကို သင်တို့ မည်သို့ထင်သနည်း။ သင်တို့ အမီလိုက်နိုင်သလော။ ဘုရားသခင်၏ အမှုနှင့် ဘုရားသခင်၏ စိတ်သဘောထား အကြောင်းအရာနှင့် ပတ်သက်သည့် ဤမိတ်သဟာယမျိုးသည် အလွန် ခက်ခဲနက်နဲလှသည်ဟု သင်တို့ ထင်သလော။ သင်တို့ မည်သို့ခံစားရသနည်း။ (အလွန် ကောင်းပါသည်။ စိတ်လှုပ်ရှားပါသည်။) မည်သည့်အရာက သင်တို့ကို ကောင်းသည်ဟု ခံစားစေသနည်း။ အဘယ်ကြောင့် စိတ်လှုပ်ရှားခဲ့ ကြသနည်း။ (ယင်းမှာ ဒေင်ဥယျာဉ်ထဲသို့ ပြန်သွားရသကဲ့သို့၊ ဘုရားသခင်၏ထံပါးသို့ ပြန်ရောက် နေသကဲ့သို့ ဖြစ်ပါ၏။) "ဘုရားသခင်၏ စိတ်သဘောထား" သည် လူတို့အဖို့ အမှန်တကယ် သာ၍ မရင်းနှီးသည့် အကြောင်းအရာတစ်ခုဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သင်တို့ စိတ်ကူးနေကျအရာ၊ စာအုပ်များ၌ သင်တို့ ဖတ်နေကျအရာ၊ သို့မဟုတ် မိတ်သဟာယများ၌ သင်တို့ ကြားနေကျ အရာများက သင့်ကို ဆင်တစ်ကောင်အား တို့ထနေသည့် မျက်ကန်းတစ်ဦးကဲ့သို့ အနည်းငယ် ခံစားစေလေ့ရှိသောကြောင့်ဖြစ်သည်- သင်သည် သင့်လက်ဖြင့်သာ လိုက်စမ်းနေခြင်း ဖြစ်ပြီး မည်သည့်အရာကိုမျှ အမှန်တကယ် ရုပ်ကိုမဖမ်းမိနိုင်ပေ။ ဘုရားသခင်နှင့်သက်ဆိုင်သည့် ရှင်းလင်းသော ယူဆချက် ရှိဖို့မဆိုထားနှင့်၊ မမြင်မကန်းနှင့် ဟိုစမ်းစမ်း သည်စမ်းစမ်း လုပ်ခြင်းသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် အကြမ်းဖျင်း သိနားလည်မှုတစ်ခုကိုပင် သင့်ကို မပေးနိုင်ပေ။ ယင်းက ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရများက မည်သည့်အရာ ဖြစ်သည်ကို တိတိကျကျ ဖွင့်ဆိုခြင်းမှ သင့်ကို တားဆီးရင်း၊ သင်၏ စိတ်ကူးစိတ်သန်းများကိုသာ နောက်ထပ် လှုံ့ဆော်ပေးသကဲ့သို့၊ သင်၏ စိတ်ကူးစိတ်သန်းမှ ထွက်ပေါ်လျက်ရှိသည့် မရေရာ မသေချာမှုများက သင်၏စိတ်နှလုံးကို သံသယများဖြင့် အစဉ်သဖြင့် ပြည့်စေလိမ့်မည်ဖြစ်သည်။ သင့်အနေဖြင့် တစ်စုံတစ်ခုနှင့် ပတ်သက်၍ မသေချာသော်လည်း၊

နားလည်အောင် ကြိုးစားနေဆဲဖြစ်ချိန်တွင်၊ သင်၏ စိတ်နှလုံးထဲ၌ ကွဲလွဲခြားနားခြင်းများနှင့် ဝိရောဓိတို့ အမြဲရှိလိမ့်မည် ဖြစ်ကာ၊ သင့်ကို လမ်းပျောက်စေကာ စိတ်ရှုပ်စေရစ်ရင်း၊ အနှောင့်အယှက် ဖြစ်သည့် ခံစားချက်တစ်ခုပင် ရှိလိမ့်မည်။ ဘုရားသခင်ကို သင်ရှာဖွေချင်၊ ဘုရားသခင်ကို သိချင်ပြီး သူ့ကို ရှင်းလင်းစွာ မြင်လိုသော်လည်း၊ အဖြေများကို မည်သည့်အခါတွင်မျှ ရှာတွေ့နိုင်မည့်ပုံမရသည်မှာ မချိတင်ကဲဖြစ်ရသည့် အရာတစ်ခု မဟုတ်လော။ မှန်ပေ၏၊ ဤနှုတ်ကပတ်တော်များသည် ဘုရားသခင်ကို ကြောက်ရွံ့စွာ ကြည်ညိုရန်နှင့် စိတ်ကျေနပ်စေရန် ကြိုးစားလိုစိတ်ရှိသူများကိုသာ ရည်ရွယ်ပေသည်။ ထိုသို့သောအရာများကို မည်သို့မျှ အာရုံမစိုက်သည့် လူတို့အတွက်၊ ဤအရာသည် အမှန်တကယ် အရေးမကြီးပေ၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ လုပ်ချင်သည့် မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်ဖို့၊ ၎င်းတို့အနေဖြင့် အကြီးမားဆုံးနှင့် အရေးအပါဆုံးသောသူ ဖြစ်နိုင်ဖို့၊ အကျိုးဆက်များကို အရေးထားခြင်းမရှိဘဲ မကောင်းမှု ကျူးလွန်နိုင်ဖို့၊ အပြစ်ဒဏ်ပေးခြင်းကို ၎င်းတို့ မရင်ဆိုင်ရဖို့ သို့မဟုတ် မည်သည့် တာဝန်မျှ ယူစရာမလိုဖို့နှင့် ဒုစရိုက်ကိုပြုသောသူများနှင့်ပတ်သက်၍ ဘုရားသခင် ပြောဆိုသည့်အရာများပင်လျှင် ၎င်းတို့နှင့် မသက်ဆိုင်ဖို့အလို့ငှာ၊ ဘုရားသခင်၏ စစ်မှန်မှုနှင့် တည်ရှိခြင်းသည် ယုံတမ်းစကားတစ်ခု သို့မဟုတ် စိတ်ကူးယဉ်သက်သက်မျှ ဖြစ်ဖို့ဆိုသည်မှာ ၎င်းတို့ အမျှော်လင့်ဆုံးသောအရာ ဖြစ်သောကြောင့် ဖြစ်သည်။ ဤလူများသည် ဘုရားသခင်၏စိတ်သဘောထားကို သဘောပေါက်ရန် လိုလားခြင်းမရှိပေ။ ၎င်းတို့သည် ဘုရားသခင်နှင့် သူနှင့်သက်ဆိုင်သည့် အရာအားလုံးကို သိဖို့ရန်ကြိုးစားခြင်းကို ငြီးငွေ့ကာ စိတ်ကုန်နေ ကြသည်။ ဘုရားသခင် မတည်ရှိဖို့ကိုသာ ၎င်းတို့ ပိုပြီးနှစ်သက် ကြသည်။ ဤလူများသည် ဘုရားသခင်ကို ဆန့်ကျင်ကြပြီး သုတ်သင်ဖယ်ရှင်းခံရမည့်သူများထဲတွင် ရှိကြလေသည်။

နောက်ထပ်၊ နောဧ၏အဖြစ်အပျက်နှင့် ထိုအဖြစ်အပျက်က ဘုရားသခင်၏အမှုတော် ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်ဟူသည့် အကြောင်းအရာနှင့် မည်သို့ ဆက်နွှယ်သည်ကို ငါတို့ ဆွေးနွေးကြမည်။

ကျမ်းစာ၏ ဤအပိုင်း၌ နောဧအပေါ် ဘုရားသခင် အဘယ်အရာပြုနေသည်ကို သင်တို့မြင်သနည်း။ ဤနေရာတွင် ထိုင်နေကြသူ အယောက်တိုင်းက ကျမ်းစာကို ဖတ်ရှုခြင်းမှ ထိုအရာနှင့်ပတ်သက်၍ တစ်စုံတစ်ရာ သိကောင်းသိမည်ဖြစ်သည်။ ဘုရားသခင်သည် နောဧကို သင်္ဘောဆောက်စေသည်၊ ထို့နောက် ကမ္ဘာလောကကို ရေလွှမ်းမိုးခြင်းဖြင့် ဘုရားသခင်က

ဖျက်ဆီးခဲ့သည်။ နောဧတို့ မိသားစုရှစ်ယောက်ကို ကယ်တင်ရန် ဘုရားသခင်သည် နောဧကို သင်္ဘောဆောက်စေခဲ့သည်၊ ယင်းက ၎င်းတို့ကို အသက်ရှင်ကျန်ကာ လူသားမျိုးနွယ်၏ နောက်မျိုးဆက် အတွက် ဘိုးဘေးများ ဖြစ်လာခွင့်ပေးခဲ့သည်။ ယခု ကျမ်းစာကို ဖတ်ကြည့်ကြစို့။

**ခ။ နောဧ**

၁။ ဘုရားသခင်သည် ကမ္ဘာလောကကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးရန် ရည်ရွယ်ကာ နောဧကို သင်္ဘောဆောက်ရန် ညွှန်ကြားသည်

ကမ္ဘာဦး ၆:၉-၁၄ နောဧအေတ္ထုပ္ပတ္တိဟူမူကား၊ နောဧသည် ဖြောင့်မတ်သောသူ၊ မိမိအမျိုး၌ စုံလင်သောသူဖြစ်၏။ ဘုရားသခင်နှင့် အတူသွားလာ၏။ နောဧသည် ရှေမ၊ ဟာမ၊ ယာဖက်တည်းဟူသော သားသုံးယောက်ကို မြင်လေ၏။ ထိုအခါ မြေကြီးသည် ဘုရားသခင့်ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ ဘုရားသခင်သည် မြေကြီးကို ကြည့်ရှုသောခါ၊ ပုပ်စပ်လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖေါက်ပြန်ခြင်းသို့ ရောက်ကြပြီ။ ထိုအခါ ဘုရားသခင်သည်၊ နောဧအား မိန့်တော်မူသည်ကား၊ သတ္တဝါအပေါင်းတို့၏ အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ သူတို့ကြောင့် မြေကြီးသည် အဓမ္မမှုနှင့် ပြည့်စုံလေ၏။ အကယ်စင်စစ် မြေကြီးနှင့်တကွ သူတို့ကို ငါဖျက်ဆီးမည်။ ဂေါဖရသစ်သားဖြင့် သင်္ဘောကို ကိုယ်ဘို့ တည်လုပ်လော့။ အထဲ၌လည်း အခန်းများကို လုပ်လော့။ အတွင်း၊ ပြင်၊ ပတ်လည်ကို ထင်းရှူးစေးနှင့်သုတ်လော့။

ကမ္ဘာဦး ၆:၁၈-၂၂ သင်၌မူကား၊ ငါ့ပဋိညာဉ်ကို ငါတည်စေမည်။ သင်သည် သား၊ မယား၊ ချွေးမများနှင့်တကွ၊ သင်္ဘောထဲသို့ ဝင်ရမည်။ အသက်ရှင်သော တိရစ္ဆာန် အမျိုးမျိုးထဲက၊ အထီးအမ၊ အစုံတို့ကိုယူ၍၊ သင်နှင့်အတူ အသက်ချမ်းသာစေခြင်းငှါ၊ သင်္ဘောထဲသို့ သွင်းရမည်။ ငှက်လည်းအမျိုးအလိုက်၊ သားလည်း အမျိုးအလိုက်၊ တွားတက်သော တိရစ္ဆာန်အပေါင်းလည်း အမျိုးအလိုက်၊ အထီးအမ၊ အစုံတို့သည် အသက်ချမ်းသာ စေခြင်းငှါ၊ သင့်ထံသို့ လာကြလိမ့်မည်။ ကိုယ်စားစရာအဘို့၊ တိရစ္ဆာန်တို့ စားစရာအဘို့၊ စားအပ်သော အစာအမျိုးမျိုးကို ယူ၍ သိုထားရမည်ဟု၊ ဘုရားသခင် မှာထားတော်မူ၏။ မှာထားတော်မူသည် အတိုင်းလည်း နောဧ ပြုလေ၏။

ဤကျမ်းပိုဒ်များကိုဖတ်ပြီးသည့်နောက် နောဧ မည်သူဖြစ်သည်ကို သင်တို့အနေဖြင့်

အကြမ်းဖျင်း သိနားလည်ခြင်း တစ်ခု ယခု ရှိကြသလော။ နောဧက မည်သို့သောပုဂ္ဂိုလ်မျိုးဖြစ်ခဲ့သနည်း။ မူရင်းစာက၊ "နောသေည် ဖြောင့်မတ်သောသူ၊ မိမိအမျိုး၌ စုံလင်သောသူဖြစ်၏။" ဟုဆိုထားသည်။ ခေတ်သစ်လူများ၏ နားလည်မှုအရ၊ ထိုအချိန်အခါက "ဖြောင့်မတ်သောသူ" ဆိုသည်မှာ မည်သို့သော လူမျိုးနည်း။ ဖြောင့်မတ်သောသူသည် စုံလင်သည့်သူ ဖြစ်ရပေမည်။ ဤစုံလင်သည့်လူသည် လူ့အမြင်၌ စုံလင်သည်၊ သို့တည်းမဟုတ် ဘုရားသခင်၏ အမြင်၌ စုံလင်ခြင်းသည် ဆိုသည်ကို သင်တို့သိသလော။ ဤစုံလင်သည့် လူသည် လူ့အမြင်တွင် မဟုတ်ဘဲ၊ ဘုရားသခင်၏အမြင်၌ စုံလင်သည့်သူ ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပေ။ ဤအရာသည် သေချာ၏။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် လူသားသည် မျက်စိကန်းပြီး မမြင်နိုင်သောကြောင့်ဖြစ်ပြီး ဘုရားသခင်သည်သာ ကမ္ဘာတစ်ခုလုံးနှင့် လူတစ်ဦးချင်းစီတိုင်း အပေါ်ကြည့်ရှုကာ နောသေည် စုံလင်သောသူဖြစ်သည်ကို ဘုရားသခင် တစ်ပါးတည်းသာ သိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးရန် ဖြစ်သော ဘုရားသခင်၏အစီအစဉ်သည် နောဧကို သူခေါ်သည့် အခိုက်အတန့်မှ စတင်ခဲ့သည်။

ထိုခေတ်တွင် ဘုရားသခင်သည် အင်မတန် အရေးကြီးသည့် အရာတစ်ခုကိုလုပ်ဆောင်ဖို့ နောဧကို ခေါ်ရန် ရည်ရွယ်ခဲ့သည်။ အဘယ်ကြောင့် ဤအလုပ်ကို လုပ်ဆောင်ခဲ့ရသနည်း။ ထိုအခိုက်အတန့်တွင် ဘုရားသခင်သည် သူ၏ စိတ်နှလုံးထဲတွင် ဘုရားသခင်သည် အစီအစဉ်တစ်ခု ရှိခဲ့သောကြောင့် ဖြစ်သည်။ သူ၏အစီအစဉ်မှာ ကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးရန်ဖြစ်သည်။ ကမ္ဘာကြီးကို သူ အဘယ်ကြောင့် ဖျက်ဆီးသနည်း။ ဤတွင် ပြောထားသည်မှာ- "ထိုအခါ မြေကြီးသည် ဘုရားသခင့်ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။" ဟူ၍ဖြစ်သည်။ "မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏" ဟူသည့် စကားရပ်မှ သင်တို့ မည်သည့်အရာကို နားလည်ကြသနည်း။ ယင်းမှာ ကမ္ဘာလောကနှင့် ကမ္ဘာသူကမ္ဘာသားများသည် အဆုံးစွန်အထိ ဖောက်ပြန်ပျက်စီးလာပြီးဖြစ်သည့် ကမ္ဘာမြေပေါ်က ဖြစ်ရပ်တစ်ခုဖြစ်သည်။ ထို့ကြောင့် "မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။" ယနေ့ခေတ်စကားဖြင့်၊ "အဓမ္မအမှုနှင့် ပြည့်စုံလေ၏" ဆိုသည်မှာ အရာအားလုံး ကမောက်ကမဖြစ်နေခြင်းကို ဆိုလိုသည်။ လူသားအဖို့ ဘဝ၏ ကဏ္ဍတိုင်းတွင် စနစ်ကျသည့် ပုံစံအားလုံး ပျောက်ဆုံးသွားပြီး အရာရာသည် ဖရိုဖရဲဖြစ်ကာ စီမံခန့်ခွဲ၍မရနိုင်ဖြစ်လာသည်ဟု ဆိုလိုသည်။ ဘုရားသခင်၏အမြင်တွင်၊ ယင်းမှာ ကမ္ဘာသူ ကမ္ဘာသားများ အလွန် ဖောက်ပြန်ပျက်စီးလာခဲ့ကြပြီဟု ဆိုလိုသည်။ သို့သော် မည်သည့်အတိုင်းအတာထိ

ဖောက်ပြန်ပျက်စီး ကြသနည်း။ ဘုရားသခင်က မကြည့်နိုင်တော့သည့်အထိ၊ သို့မဟုတ် ၎င်းတို့နှင့်ပတ်သက်၍ သည်းမခံနိုင်တော့သည်အထိ ဖောက်ပြန်ပျက်စီးကြသည်။ ဘုရားသခင်က ၎င်းတို့ကို ဖျက်ဆီးပစ်ရန် ရည်ရွယ်သည်အထိ ဖောက်ပြန်ပျက်စီး ကြလေသည်။ ကမ္ဘာလောကို ဖျက်ဆီးရန် ဘုရားသခင် ဆုံးဖြတ်ခဲ့ချိန်တွင်၊ သင်္ဘောတစ်စီး တည်ဆောက်ဖို့ တစ်စုံတစ်ဦးကို ရှာဖွေရန် သူ စီစဉ်ခဲ့သည်။ ဘုရားသခင်က ဤအလုပ်ကို ဆောင်ရွက်ရန် နောဧကို ရွေးချယ်ခဲ့သည်။ ဆိုလိုသည်မှာ နောဧကို သင်္ဘောဆောက် စေခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့် နောဧကို သူရွေးချယ်ခဲ့သနည်း။ ဘုရားသခင်၏ အမြင်တွင် နောဧသည် ဖြောင့်မတ်သည့် လူတစ်ဦး ဖြစ်သည်။ ဘုရားသခင်က သူ့ကို လုပ်ဆောင်ဖို့ မည်သည့်အရာ ညွှန်ကြားသည်ဖြစ်စေ လျော်ညီစွာ နောဧက လုပ်ဆောင်ခဲ့ပေသည်။ ယင်းမှာ နောဧသည် သူ့ကို ဘုရားသခင် လုပ်ဆောင်ရန် ပြောသည့် မည်သည့်အရာကိုမဆို လုပ်ဆောင်ရန် လိုလားလျက် ရှိခဲ့သည်ဟု ဆိုရပေမည်။ ဘုရားသခင်သည် သူနှင့်အတူ အမှုပြုဖို့၊ သူပေးအပ်ထားသည့်အရာကို ပြည့်စုံစေဖို့- ကမ္ဘာမြေပေါ်က သူ၏ အမှုကို ပြည့်စုံစေဖို့- ဤကဲ့သို့သော တစ်စုံတစ်ဦးကို ရှာတွေ့လိုခဲ့ပေသည်။ ထိုအချိန်အခါက ထိုသို့သော အလုပ်ကို ပြည့်စုံစေနိုင်မည့်သူ နောဧအပြင် အခြားလူ ရှိခဲ့ပါသလော။ သေချာပေါက် မရှိခဲ့ပေ။ နောဧသည် တစ်ဦးတည်းသော သင့်တော်သူ၊ ဘုရားသခင် ပေးအပ်သည့်အရာကို ပြည့်စုံစေနိုင်မည့် တစ်ဦးတည်းသော လူ ဖြစ်ခဲ့ပြီး၊ ထို့ကြောင့် ဘုရားသခင်က သူ့ကို ရွေးချယ်ခဲ့လေသည်။ သို့ရာတွင် လူတို့ကို ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ အကန့်အသတ်များနှင့် စံသတ်မှတ်ချက်များမှာ ထိုအချိန်ကကဲ့သို့ ယခု အတူတူဖြစ်ပါသလော။ အဖြေမှာ တကယ်ကို ကွဲပြားခြားနားမှုတစ်ခု ရှိ၏။ အဘယ်ကြောင့် ဤအရာကို ငါမေးသနည်း။ ထိုအချိန် အတောအတွင်းတွင် ဘုရားသခင်၏အမြင်၌ နောဧသည် တစ်ဦးတည်းသော ဖြောင့်မတ်သည့်လူဖြစ်ခဲ့သည်၊ ယင်းက သူ၏ မိန်းမ၊ သူ၏သားများ သို့မဟုတ် ချွေးမများထဲမှ မည်သူမျှ ဖြောင့်မတ်သည့်လူများ မဟုတ်ခဲ့ဟု သွယ်ဝိုက် ညွှန်းဆိုပေသည်၊ သို့ရာတွင် ဘုရားသခင်သည် နောဧကြောင့် ၎င်းတို့ကို ချမ်းသာပေးဆဲဖြစ်ခဲ့ပေသည်။ ဘုရားသခင်သည် ယခု သူတောင်းဆိုသကဲ့သို့၊ ၎င်းတို့အပေါ် တောင်းဆိုမှုများ မထားခဲ့ဘဲ၊ ယင်းအစား နောဧ၏မိသားစု ရှစ်ယောက်လုံးကို အသက်ရှင်မြဲ ရှင်စေခဲ့သည်။ နောဧ၏ ဖြောင့်မတ်မှုကြောင့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို ၎င်းတို့ ရရှိခဲ့ကြသည်။ နောဧ မရှိဘဲနှင့်၊ ဘုရားသခင် ပေးအပ်ခဲ့သည့်အရာကို ၎င်းတို့ထဲမှမည်သူမျှ ပြည့်စုံစေနိုင်ခဲ့မည်မဟုတ်ပေ။ ထို့ကြောင့် နောဧသည် ထိုသို့ ကမ္ဘာကို ဖျက်ဆီးခြင်းမှ အသက်ရှင်ကျန်သင့်သည့် တစ်ဦးတည်းသောလူဖြစ်ခဲ့ပြီး၊ အခြားသူများမှာ

ဆက်စပ်အကျိုးခံစားရသည့်သူများ ဖြစ်ခဲ့သည်။ ဤအရာက ဘုရားသခင်သည် သူ၏ စီမံခန့်ခွဲသည့်အမှုကို တရားဝင် မစတင်မီ ခေတ်ကာလထဲတွင်၊ လူတို့ကို သူဆက်ဆံခဲ့ပြီး တောင်းဆိုခဲ့သည့် အခြေခံသဘောတရားများနှင့် စံနှုန်းများသည် အတော်အတန် သက်သာမှုရှိခဲ့သည်ကို ပြပေသည်။ ယနေ့ခေတ်လူများအဖို့ နောဧ၏မိသားစု ရှစ်ယောက်ကို ဘုရားသခင် ဆက်ဆံခဲ့သည့်ပုံစံသည် "မျှတမှု" မရှိဟု ထင်ရသည်။ သို့သော် ယခု လူတို့အပေါ် သူလုပ်ဆောင်သည့် ကြီးမားသော အမှုပမာဏနှင့် ယခု သူ သိရှိစေသည့် ကြီးမားသော သူ၏နှုတ်ကပတ်တော် ပမာဏနှင့် ယှဉ်ကြည့်လျှင်၊ နောဧ၏ မိသားစု ရှစ်ယောက်ကို ဘုရားသခင်၏ ဆက်ဆံမှုသည် ထိုအချိန်က သူ၏အမှု နောက်ခံအကြောင်းအရာကို ပေးထားသည့် အမှု၏ အခြေခံသဘောတရားတစ်ခုသာ ဖြစ်သည်။ ယှဉ်ကြည့်ခြင်းဖြင့် နောဧ၏ မိသားစု ရှစ်ယောက်သည် ဘုရားသခင်ထံမှ သာ၍ရရှိသလော သို့မဟုတ် ယနေ့ခေတ် လူများက သာ၍ရရှိသလော။

နောသေည် ခေါ် ခြင်းခံရသည်မှာ ရိုးရှင်းသည့် အချက်တစ်ခုဖြစ်သော်လည်း၊ ဤမှတ်တမ်းထဲက ဘုရားသခင်၏ စိတ်သဘောထား၊ သူ၏အလိုတော်နှင့် သူ၏အနှစ်သာရဖြစ်သည့် ငါတို့ပြောဆိုနေသည့် အဓိကအချက်ဖြစ်မှာ မရိုးရှင်းပေ။ ဘုရားသခင်၏ ဤသွင်ပြင်လက္ခဏာအချို့ကို နားလည်ရန်၊ ပထမဦးစွာ ဘုရားသခင် ခေါ်လိုသည့် လူစားမျိုးကို ငါတို့ နားလည်ရမည်၊ ပြီးလျှင် ဤအရာမှတစ်ဆင့် သူ၏စိတ်သဘောထား၊ အလိုနှင့် အနှစ်သာရတို့ကို နားလည်ရမည် ဖြစ်သည်။ ဤသည်မှာ အရေးကြီးလှပေသည်။ သို့ဆိုလျှင် ဘုရားသခင်၏ အမြင်တွင်၊ သူခေါ်သည့် ဤလူသည် မည်သို့သော လူစားမျိုး ဖြစ်ပါသနည်း။ ဤသူမှာ သူ၏ နှုတ်ကပတ်တော်များကို နားထောင်နိုင်သူနှင့် သူ၏ညွှန်ကြားချက်များကို လိုက်လျှောက်နိုင်သူ ဖြစ်ရပေမည်။ တစ်ချိန်တည်းတွင် ဤသူသည် တာဝန်သိစိတ် ရှိသူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ၎င်းတို့ ဖြည့်ဆည်းရမည့် တာဝန်နှင့် ဝတ္တရားအဖြစ် သဘောထားခြင်းဖြင့် ဆောင်ရွက်မည့်သူတစ်ဦးလည်း ဖြစ်ရပေမည်။ သို့ဆိုလျှင် ဤလူသည် ဘုရားသခင်ကို သိရှိသောသူတစ်ဦး ဖြစ်ဖို့ လိုအပ်ပါသလော။ မလိုအပ်ပေ။ ထိုအချိန်အခါက နောသေည် ဘုရားသခင်၏ သွန်သင်မှုများကို သိပ်မကြားဖူးခဲ့ပေ သို့မဟုတ် ဘုရားသခင်၏အမှုကို မတွေ့ကြုံဖူးခဲ့ပေ။ ထို့ကြောင့် နောသေည် ဘုရားသခင်နှင့် သက်ဆိုင်သည့် အသိပညာ အလွန် နည်းပါးခဲ့သည်။ နောသေည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့သည်ဟု ဤနေရာတွင် မှတ်တမ်းတင် ထားသော်လည်း၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်ကို သူ မြင်ခဲ့ဖူးပါသလော။ အဖြေမှာ လုံးဝ မမြင်ဖူးပေ။ အဘယ်ကြောင့်ဆိုသော် ထိုနေ့ရက်များတွင် ဘုရားသခင်၏

စေတမန်များသာ လူတို့အလယ် လာခဲ့ပေသည်။ ၎င်းတို့သည် အမှုအရာများကို ပြောဆိုခြင်းနှင့် လုပ်ဆောင်ရာတွင်၊ ဘုရားသခင်ကို ကိုယ်စားပြုနိုင်ခဲ့သော်လည်း၊ ၎င်းတို့သည် ဘုရားသခင်၏အလိုနှင့် ရည်ရွယ်ချက်များကို သယ်ဆောင်ပေးရုံမျှသာ ဖြစ်ခဲ့သည်။ ဘုရားသခင်၏ ဇာတိအဖြစ်တော်သည် လူသားကို မျက်နှာချင်းဆိုင် ထုတ်ဖော်ပြခြင်း မရှိခဲ့ပေ။ ကျမ်းစာ၏ ဤအပိုင်း၌ ငါတို့ အခြေခံအားဖြင့် မြင်ကြရသည်မှာ နောဧ လုပ်ဆောင်ဖို့ရှိခဲ့သည့်အရာနှင့် သူ့အဖို့ ဘုရားသခင်၏ ရည်ရွယ်ချက်များက မည်သည့်အရာများ ဖြစ်ခဲ့သည်ဆိုသည်တို့ ဖြစ်သည်။ သို့ဆိုလျှင် ဤနေရာတွင် ဘုရားသခင်ဖော်ပြခဲ့သည့် အနှစ်သာရမှာ မည်သည့်အရာ ဖြစ်ခဲ့သနည်း။ ဘုရားသခင်လုပ်ဆောင်သည့် အရာအားလုံးသည် တိတိကျကျ စီစဉ်ထားခြင်းဖြစ်သည်။ ဘုရားသခင်သည် အမှုအရာတစ်ခုကို မြင်သည့်အခါ၊ သို့မဟုတ် အခြေအနေတစ်ခု ဖြစ်ပေါ်နေသည်ကို မြင်သည့်အခါ၊ သူ၏ အမြင်တွင် ယင်းကို တိုင်းတာဖို့ စံတစ်ခု ရှိပြီး၊ ဤစံနှုန်းက ယင်းကို ကိုင်တွယ်ဖြေရှင်းဖို့ အစီအစဉ် တစ်ခု သူ စတင်သည် မစတင်သည်၊ သို့မဟုတ် ဤအရာ သို့မဟုတ် အခြေအနေကို ကိုင်တွယ် ဖြေရှင်းရာတွင် မည်သည့်နည်းလမ်း ခံယူရမည်ဆိုသည်ကို အကြောင်းအရာများကို ဆုံးဖြတ်ပေးလေသည်။ သူသည် အရာရာအပေါ် စိတ်မဝင်စားခြင်း သို့မဟုတ် ခံစားချက်မရှိခြင်း မဟုတ်ပေ။ ယင်းသည် အမှန်တကယ်တွင် လုံးဝ ဆန့်ကျင်ဘက်ဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်က နောဧကိုပြောခဲ့သည့် အရာကို ဖော်ပြသည့် ကျမ်းတစ်ချက် ရှိသည်- "သတ္တဝါအပေါင်းတို့၏ အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ သူတို့ကြောင့် မြေကြီးသည် အဓမ္မမှုနှင့် ပြည့်စုံလေ၏။ အကယ်စင်စစ် မြေကြီးနှင့်တကွ သူတို့ကို ငါဖျက်ဆီးမည်။" ဤအရာကို ဘုရားသခင် ပြောဆိုခဲ့ချိန်တွင်၊ သူသည် လူသားများကိုသာ ဖျက်ဆီးမည်ဟု ဆိုလိုခဲ့ပါသလော။ မဟုတ်ပေ။ ဘုရားသခင်က သူသည် အသွေးအသားရှိသည့် သက်ရှိသတ္တဝါအားလုံးကို ဖျက်ဆီးမည်ဟု ပြောခဲ့ပေသည်။ ဘုရားသခင်သည် အဘယ်ကြောင့် ဖျက်ဆီးခြင်းကို လိုချင်ခဲ့သနည်း။ ဤနေရာတွင် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် နောက်ထပ် ဖွင့်ပြချက်ရှိပေသည်။ ဘုရားသခင်၏ အမြင်တွင် လူသား၏ ဖောက်ပြန်ပျက်စီးမှု၊ သတ္တဝါ အားလုံးတို့၏ ညစ်ညမ်းမှု၊ အဓမ္မအမှုနှင့် မနာခံမှုတို့အပေါ် သူ၏သည်းခံမှု အကန့်အသတ် တစ်ခုရှိပေသည်။ သူ၏ အကန့်အသတ်သည် မည်သည့်အရာဖြစ်သနည်း။ ဘုရားသခင်၊ "ဘုရားသခင်သည် မြေကြီးကို ကြည့်ရှုသောအခါ ပုပ်စပ်လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖေါက်ပြန်ခြင်းသို့ ရောက်ကြပြီ။" ဟု ပြောခဲ့သကဲ့သို့ ဖြစ်သည်။ "အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖေါက်ပြန်ခြင်းသို့ ရောက်ကြပြီ"

ဟူသည့် စကားရပ်သည် မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းက ဘုရားသခင်နောက် လိုက်ခဲ့ကြသူများ၊ ဘုရားသခင်၏ နာမကို ခေါ်ဆိုခဲ့ကြသူများ၊ တစ်ချိန်က ဘုရားသခင်ထံ မီးရှို့ရာယဇ်ကို ပူဇော်ခဲ့ကြသူများ၊ ဘုရားသခင်ကို နှုတ်အားဖြင့် ဝန်ခံပြီး ချီးမွမ်းပင် ချီးမွမ်းခဲ့ကြသူများအပါအဝင် မည်သည့် သက်ရှိ သတ္တဝါကိုမဆို ဆိုလိုပေသည်- ၎င်းတို့၏ အပြုအမူသည် ဖောက်ပြန်ပျက်စီးမှုတို့နှင့်ပြည့်ပြီး ဘုရားသခင်၏ မျက်မှောက်သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက်၊ ၎င်းတို့ကို ဘုရားသခင် ဖျက်ဆီးရမည် ဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ အကန့်အသတ် ဖြစ်၏။ သို့ဆိုလျှင် ဘုရားသခင်သည် လူသားနှင့် သတ္တဝါအားလုံး၏ ဖောက်ပြန်ပျက်စီးခြင်းနှင့်ပတ်သက်၍ မည်မျှ အတိုင်းအတာထိ သည်းခံမြဲ သည်းခံခဲ့သနည်း။ ဘုရားသခင်၏ နောက်လိုက်များ ဖြစ်စေ သို့မဟုတ် မယုံကြည်သူများဖြစ်စေ လူအားလုံးသည် လမ်းမှန်ကို လျှောက်မနေခဲ့သည့် အတိုင်းအတာထိဖြစ်သည်။ လူသားသည် ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ဖောက်ပြန်ပျက်စီးကာ မကောင်းမှုနှင့်ပြည့်ရုံသာမက၊ ကမ္ဘာလောကကို ဘုရားသခင်က အုပ်စိုးပြီး၊ ဘုရားသခင်သည် လူတို့ကို အလင်းနှင့် မှန်ကန်သည့်လမ်းကြောင်းကို ယူဆောင်ပေးနိုင်သည်ဟု ယုံကြည်သူ တစ်ဦးတစ်လေ ရှိဖို့မဆိုထားနှင့်၊ ဘုရားသခင်၏ တည်ရှိမှုကို ယုံကြည်ခဲ့သူ တစ်ဦးမျှ မရှိခဲ့သည့် အတိုင်းအတာအထိ ဖြစ်သည်။ လူသားသည် ဘုရားသခင်၏ တည်ရှိမှုကို စက်ဆုပ်ရွံရှာပြီး ဘုရားသခင်ကို တည်ရှိခွင့်မပေးသည့် အတိုင်းအတာထိ ဖြစ်သည်။ လူသား၏ ဖောက်ပြန်ပျက်စီးခြင်းသည် ဤအခြေအနေကိုရောက်သည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည် နောက်ထပ် သည်းမခံနိုင်တော့ပေ။ ယင်းကို မည်သည့်အရာက အစားထိုး မည်နည်း။ ဘုရားသခင်၏ အမျက်ဒေါသနှင့် ဘုရားသခင်၏ အပြစ်ဒဏ်ခတ်ခြင်းတို့ ကျရောက်လာခြင်း ဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏စိတ်သဘောထား နှင့်သက်ဆိုင်သည့် တစ်ဝက်တစ်ပျက် ဖွင့်ပြခြင်းတစ်ခု မဟုတ်ခဲ့ပါသလော။ ဤလက်ရှိခေတ်ကာလတွင်၊ ဘုရားသခင်၏အမြင်၌ ဖြောင့်မတ်သည့်လူ မည်သူမျှ မရှိသလော။ ဘုရားသခင်၏အမြင်၌ စုံလင်သည့်လူ မည်သူမျှမရှိသလော။ ဤခေတ်သည် ကမ္ဘာပေါ် ရှိ သတ္တဝါအားလုံး၏ အပြုအမူက ဘုရားသခင်၏အမြင်တွင် ဖောက်ပြန်ပျက်စီးသည့် ခေတ်တစ်ခေတ်ဖြစ်သလော။ ဤနေ့ရက်နှင့် ခေတ်ကာလတွင်၊ ဘုရားသခင်က စုံလင်စေလိုသူများ၊ ဘုရားသခင်၏နောက်လိုက်နိုင်ပြီး သူ၏ကယ်တင်ခြင်းကို လက်ခံနိုင်သည့်သူများမှလွဲ၍- အသွေးအသားရှိသည့် လူအားလုံးသည် ဘုရားသခင်၏ သည်းခံမှုအကန့်အသတ်ကို စိန်ခေါ်နေကြသည် မဟုတ်လော။ သင်တို့၏ဘေးတွင် ဖြစ်ပျက်သည့်အရာရာတိုင်း- သင်တို့၏

မျက်စိများဖြင့် မြင်သည့်အရာနှင့် နားများဖြင့် ကြားရသည့်အရာများ၊ ပြီးလျှင် ဤလောကတွင် နေ့စဉ် သင်တို့ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရသည့်အရာများသည် အဓမ္မ အမှုနှင့် ပြည့်သည် မဟုတ်လော။ ဘုရားသခင်၏ အမြင်တွင်၊ ထိုသို့သောကမ္ဘာ၊ ထိုသို့သောခေတ်သည် အဆုံးသတ်သင့်သည် မဟုတ်လော။ လက်ရှိခေတ်ကာလ၏ နောက်ခံသည် နောဧ၏ အချိန်ကာလ နောက်ခံနှင့် လုံးဝ မကွဲပြားသော်လည်း၊ လူသား၏ ဖောက်ပြန်ပျက်စီးမှုအပေါ် ဘုရားသခင်၏ ခံစားမှုများနှင့် အမျက်ဒေါသသည် အတိအကျ တူညီဆဲဖြစ်ပေသည်။ ဘုရားသခင်သည် သူ၏အမှုကြောင့် စိတ်ရှည်သည်းခံနိုင်သော်လည်း၊ အခြေအနေများနှင့် အနေအထားများအရ၊ ဘုရားသခင်၏ အမြင်တွင် ဤကမ္ဘာလောကသည် အချိန်ကြာမြင့်စွာက ဖျက်ဆီးခြင်းခံရသင့်ပြီး ဖြစ်သည်။ အခြေအနေများသည် ကမ္ဘာကြီးက ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးခံခဲ့ရသည့် အချိန်ထက် များစွာ ကျော်လွန်ပေသည်။ သို့ရာတွင် ကွာခြားချက်မှာ အဘယ်နည်း။ ဤသည်မှာ ဘုရားသခင်၏ စိတ်နှလုံးကို ဝမ်းအနည်းစေဆုံးသော အရာတစ်ခုလည်း ဖြစ်ပြီး သင်တို့ထဲမှ မည်သူမျှ နားမလည်နိုင်သည့် အရာတစ်ခုလည်း ဖြစ်ကောင်းဖြစ်ပေမည်။

ဘုရားသခင်သည် ကမ္ဘာကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးခဲ့ချိန်တွင်၊ သင်္ဘောဆောက်ပြီး ပြင်ဆင်ခြင်း အလုပ်တစ်ချို့ လုပ်ဆောင်ရန် နောဧကို ဘုရားသခင် ခေါ် နိုင်ခဲ့သည်။ ဘုရားသခင်သည် ဤအမှုအရာများ တသီတတန်းကို လုပ်ဆောင်ဖို့ နောဧဟူသည့် လူတစ်ဦးကို ခေါ်ယူနိုင်ခဲ့သည်။ သို့ရာတွင် လက်ရှိခေတ်ကာလတွင် ခေါ်ယူရန် ဘုရားသခင်ထံတွင် မည်သူမျှ မရှိပေ။ အဘယ်ကြောင့်နည်း။ ဤနေရာတွင် ထိုင်နေကြသည့် လူတစ်ဦးချင်းစီတိုင်းသည် အကြောင်းရင်းကို အလွန်ကောင်းစွာ နားလည်ပြီး သိသည်မှာ သေချာသလောက်ဖြစ်သည်။ သင်တို့သည် ငါ့ကို ထုတ်ဖော်ပြောစေလိုသလော။ ယင်းကို ကျယ်လောင်စွာ ထုတ်ဖော်ပြောဆိုခြင်းက သင်တို့ကို အရှက်ရစေပြီး အယောက်တိုင်းကို စိတ်ပျက်သွားစေနိုင်သည်။ လူအချို့က၊ “ဘုရားသခင်၏အမြင်တွင် ကျွန်ုပ်တို့သည် ဖြောင့်မတ်သည့်လူများနှင့် စုံလင်သည့် လူများ မဟုတ်သော်လည်း၊ ဘုရားသခင်က ကျွန်ုပ်တို့ကို တစ်စုံတစ်ခုပြုလုပ်ရန် ညွှန်ကြားပါက၊ ကျွန်ုပ်တို့သည် ထိုအရာကို လုပ်နိုင်စွမ်းရှိဦးမည် ဖြစ်သည်။ ယခင်က၊ ကပ်ဘေးတစ်ခု ကျရောက်တော့မည်ဟု ဘုရားသခင် ပြောခဲ့ချိန်တွင်၊ ကျွန်ုပ်တို့သည် ကပ်ဘေးထဲတွင် လိုအပ်မည့် အစားအစာများနှင့် ပစ္စည်းများကို စတင်ပြင်ဆင်ခဲ့ကြပါသည်။ ဤအရာအားလုံးသည် ဘုရားသခင်၏ တောင်းဆိုချက်များနှင့်အညီ လုပ်ဆောင်ခဲ့ကြသည် မဟုတ်ပါလား။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုနှင့် အမှန်တကယ် ပူးပေါင်း လုပ်ဆောင်နေခဲ့ကြသည် မဟုတ်ပါလား။

ကျွန်ုပ်တို့ လုပ်ခဲ့သည့် ဤအရာများသည် နောဧ လုပ်ဆောင်ခဲ့သည့်အရာနှင့် ယှဉ်၍ မရနိုင်ပါသလား။ ကျွန်ုပ်တို့ လုပ်ခဲ့သည့်အရာကို လုပ်ဆောင်ခြင်းသည် စစ်မှန်သည့် နာခံမှု မဟုတ်ပါလား။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ညွှန်ကြားချက်များကို လိုက်နာ နေခဲ့ကြသည် မဟုတ်ပါလား။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ ကျွန်ုပ်တို့ ယုံကြည်ချက် ရှိကြသောကြောင့် ဘုရားသခင်ပြောသည့်အရာကို ကျွန်ုပ်တို့ လုပ်ခဲ့ကြသည် မဟုတ်ပါလား။ သို့ဆိုလျှင် ဘုရားသခင်သည် အဘယ်ကြောင့် ဝမ်းနည်း နေသေးသနည်း။ သူခေါ်စရာ မည်သူမျှမရှိဟု အဘယ်ကြောင့် ဘုရားသခင် ပြောသနည်း" ဟု ပြောကောင်းပြောကြပေမည်။ သင်တို့၏လုပ်ရပ်များနှင့် နောဧ၏လုပ်ရပ်ကြားတွင် ကွာခြားချက်တစ်ခုတစ်လေ ရှိသလော။ ကွာခြားချက်မှာ အဘယ်နည်း။ (ကပ်ဘေးအတွက် ယနေ့တွင် အစားအစာ ပြင်ဆင်ခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင် ရည်ရွယ်ချက် ဖြစ်ပါသည်။) (ကျွန်ုပ်တို့၏ လုပ်ရပ်များသည် "ဖြောင့်မတ်သောသူ" ဖြစ်ခြင်းနှင့် မညီမျှနိုင်ပါ၊ နောဧမှာမူ ဘုရားသခင်၏အမြင်တွင် ဖြောင့်မတ်သူ တစ်ဦး ဖြစ်ပါသည်။) သင်တို့ပြောသည့် အရာများသည် သိပ်အလှမ်းမကွာခြားလှပေ။ နောဧလုပ်ခဲ့သည့်အရာမှာ ယခု လူများလုပ်နေသည့်အရာနှင့် အခြေခံအားဖြင့် ကွဲပြားပေသည်။ ဘုရားသခင် ညွှန်ကြားခဲ့သကဲ့သို့ နောဧလုပ်ဆောင်ခဲ့ချိန်တွင်၊ ဘုရားသခင်၏ ရည်ရွယ်ချက်များက မည်သည့်အရာဖြစ်သည်ကို သူ မသိခဲ့ပေ။ ဘုရားသခင်က မည်သည့်အရာ ပြီးမြောက်လိုခဲ့သည်ကို သူမသိခဲ့ပေ။ ဘုရားသခင်သည် သူ့ကို အမိန့်တစ်ခုသာပေးခဲ့ပြီး တစ်စုံတစ်ရာကို လုပ်ဆောင်ဖို့ ညွှန်ကြားခဲ့ကာ၊ ရှင်းပြချက် သိပ်မရှိဘဲ နောဧသည် ရှေ့ဆက်ပြီး လုပ်ဆောင်ခဲ့သည်။ သူသည် ဘုရားသခင်၏ရည်ရွယ်ချက်များကို နားလည်ဖို့ တိတ်တဆိတ် မကြိုးစားခဲ့သကဲ့သို့ ဘုရားသခင်ကို မခုခံခဲ့ပေ သို့မဟုတ် သစ္စာမရှိခြင်းကို မပြသခဲ့ပေ။ သူသည် ဖြူစင်ပြီး ရိုးရှင်းသည့် စိတ်နှလုံးနှင့် လျော်ညီစွာ သွားရောက်၊ လုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်။ ဘုရားသခင်က သူ့ကို မည်သည့်အရာ လုပ်ဆောင်စေခဲ့သည်ဖြစ်စေ၊ သူ လုပ်ဆောင်ခဲ့ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်းနှင့် နားထောင်ခြင်းတို့သည် သူ လုပ်ဆောင်ခဲ့သည့် အရာ၌ သူ၏ ယုံကြည်မှုကို ကျောထောက် နောက်ခံပြု ခဲ့ပေသည်။ ယင်းမှာ ဘုရားသခင် ပေးအပ်သည့်အရာနှင့် ပတ်သက်၍ ရိုးရိုးတန်းတန်းနှင့် ရိုးရှင်းစွာ သူကိုင်တွယ်ခဲ့သည့်ပုံ ဖြစ်သည်။ သူ၏ အနှစ်သာရ- သူ၏အပြုအမူများ၏ အနှစ်သာရသည် နာခံခြင်းဖြစ်ပြီး၊ ဝေဖန်သုံးသပ်ခြင်း မဟုတ်၊ ခုခံခြင်း မဟုတ်သည့်အပြင်၊ မိမိ၏ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်များ သို့မဟုတ် သူ၏ အမြတ်အစွန်းများ နှင့် ဆုံးရှုံးမှုများကို တွေးခြင်း မဟုတ်ပေ။ ထို့အပြင် ဘုရားသခင်သည် ကမ္ဘာလောကကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးမည်ဟုပြောသည့်အချိန်တွင်၊

မည်သည့် အချိန်တွင် ဖြစ်မည် သို့မဟုတ် မည်သည့်အရာများ ဖြစ်လာမည် ဆိုသည်ကို နောဧ မမေးခဲ့သကဲ့သို့၊ ကမ္ဘာလောကကို ဘုရားသခင်က မည်သို့ ဖျက်ဆီးမည် ဆိုသည်ကို ဘုရားသခင်အား သူ သေချာပေါက် မမေးခဲ့ပေ။ ဘုရားသခင် ညွှန်ကြားခဲ့သည့်အတိုင်းသာ သူလုပ်ဆောင်ခဲ့သည်။ ဘုရားသခင်က ထိုအရာကို မည်သို့မည်ပုံ လုပ်စေလိုသည်ဖြစ်စေ၊ မည်သည့်အရာနှင့် လုပ်စေလိုသည်ဖြစ်စေ၊ ဘုရားသခင် စေခိုင်းခဲ့သည့် အတိုင်း အတိအကျ သူလုပ်ခဲ့ပြီး ချက်ချင်း စတင် လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်ကို ကျေနပ်စေလိုသည့် သဘောထားတစ်ခုဖြင့် သူသည် ဘုရားသခင်၏ ညွှန်ကြားချက်များအတိုင်း ပြုမူခဲ့သည်။ ကပ်ဘေးမှ မိမိကိုယ်ကိုယ် ရှောင်လွှဲစေဖို့ ထိုအရာကို သူလုပ်ခဲ့ခြင်း ဖြစ်သလော။ မဟုတ်ပေ။ ကမ္ဘာကြီး ဖျက်ဆီးခြင်းမခံရမီတွင် မည်မျှကြာမည်ဆိုသည်ကို ဘုရားသခင်အား သူမေးခဲ့သလော။ မမေးခဲ့ပေ။ သင်္ဘောကို တည်ဆောက်ဖို့ အချိန်မည်မျှ ကြာမည်ဆိုသည်ကို ဘုရားသခင်အား သူမေးခဲ့သလော သို့မဟုတ် သူ သိခဲ့သလော။ ယင်းကိုလည်း သူမသိခဲ့ပေ။ သူသည် ရိုးရိုးရှင်းရှင်း နာခံခဲ့သည်၊ နားထောင်ခဲ့ပြီး လျော်ညီစွာ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်။ ယခု လူများမှာ မတူကြပေ- ဘုရားသခင်၏ နှုတ်ကပတ်တော်မှတစ်ဆင့် သတင်းအချက်အလက် အနည်းငယ် ပေါက်ကြားလျှင် ပေါက်ကြားချင်း၊ အနှောင့်အယှက် သို့မဟုတ် လေထဲက သစ်ရွက်လှုပ်ခတ်သံ သဲ့သဲ့မျှ ကြားရလျှင် ကြားရချင်း၊ ၎င်းတို့သည် ကပ်ဘေးအပြီးတွင် စားရမည့်အရာ၊ သောက်ရမည့်အရာနှင့် အသုံးပြုမည့်အရာကို ပြင်ဆင်ဖို့၊ ကပ်ဘေးကျရောက်လျှင် ထွက်ပြေးလွတ်မြောက်ရန် လမ်းများကိုပင် ပြင်ဆင်ရင်း၊ မည်သည့်အဖိုးအခပင် ဖြစ်ပါစေ၊ အဖိုးအခကို ဂရုမထားဘဲ ချက်ချင်း စတင်ဆောင်ရွက်ကြလေသည်။ သာ၍ စိတ်ဝင်စားစရာ ကောင်းသည်မှာ ဤအဓိကကျသည့် အခိုက်အတန့်တွင် လူဦးနှောက်များသည် "အလုပ်တာဝန်ကို ပြီးစီးအောင် လုပ်ဆောင်ရာတွင်" အင်မတန် တော်ကြပေသည်။ ဘုရားသခင်က မည်သည့် ညွှန်ကြားချက်မျှ မပေးသည့်အခြေအနေအောက်တွင်၊ လူသားသည် အရာအားလုံးအတွက် အလွန်သင့်တော်စွာ စီစဉ်နိုင်လေသည်။ ထိုသို့သော အစီအစဉ်များကို ဖော်ပြရန် "စုံလင်သည်" ဟူသည့် စကားကို သင်တို့အသုံးပြုနိုင်သည်။ ဘုရားသခင်ပြောသည့်အရာ၊ ဘုရားသခင်၏ ရည်ရွယ်ချက်များ မည်သည့်အရာဖြစ်သည် သို့မဟုတ် ဘုရားသခင် လိုချင်သည့်အရာ မည်သည့်အရာ ဖြစ်သည်ကိုမူ မည်သူမျှ ဂရုမစိုက်ကြသကဲ့သို့၊ မည်သူမျှ နားလည်ရန် မကြိုးစားကြပေ။ ယင်းသည် ယနေ့ခေတ် လူများနှင့် နောဧတို့ကြားက အကြီးမားဆုံးသော ကွာခြားချက် ဖြစ်သည် မဟုတ်သလော။

ဤနောဧ၏ အဖြစ်အပျက် မှတ်တမ်းတွင်၊ ဘုရားသခင်၏ စိတ်သဘောထား

တစ်စိတ်တစ်ပိုင်းကို သင်တို့ မြင်ကြသလော။ လူသား၏ ဖောက်ပြန်ပျက်စီးခြင်း၊ ညစ်ညမ်းမှုနှင့် အဓမ္မမှုတို့အပေါ် ဘုရားသခင်၏ သည်းခံမှုသည် အကန့်အသတ်ရှိ၏။ ထိုအကန့်အသတ်ကို သူရောက်သွားသည့်အခါ၊ သူသည် ဆက်လက် သည်းခံတော့မည် မဟုတ်သကဲ့သို့၊ ယင်းအစား သူ၏စီမံခန့်ခွဲမှု အသစ်နှင့် အစီအစဉ် အသစ်တို့ကို အစပြုလိမ့်မည်၊ သူလုပ်ရမည့်အရာကို စတင် လုပ်ဆောင်လိမ့်မည်၊ သူ၏ လုပ်ဆောင်ချက်များနှင့် သူ့စိတ်သဘောထား၏ အခြားတစ်ဖက်ကို ထုတ်ဖော်ပြလိမ့်မည်။ သူ၏ ဤလုပ်ရပ်သည် လူသား၏ ပုန်ကန်ပြစ်မှားမှုကို သူသည် မည်သည့်အခါတွင်မျှ ခံရမည်မဟုတ်သည်ကို ပြသဖို့၊ သို့မဟုတ် သူသည် သြဇာအာဏာ၊ အမျက်ဒေါသတို့နှင့် ပြည့်သည်ကို ပြသရန်မဟုတ်သကဲ့သို့၊ သူသည် လူသားမျိုးနွယ်အား ဖျက်ဆီးပစ်နိုင်သည်ကို ပြသရန်လည်းမဟုတ်ပေ။ ယင်းမှာ သူ၏စိတ်သဘောထားနှင့် သူ၏သန့်ရှင်းသည့် အနှစ်သာရသည် ဤသို့သောလူသားမျိုးနွယ်ကို သူ၏ မျက်မှောက်တွင် ရှင်သန်ခွင့်ပေးရန်၊ သူ၏ အုပ်စိုးမှုအောက်တွင် ရှင်သန်ခွင့်ပေးရန် ခွင့်မပြုနိုင်တော့ခြင်း သို့မဟုတ် စိတ်ရှည်သည်းခံမှု မရှိတော့ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ လူသားမျိုးနွယ် အားလုံးသည် သူ့ကို ဆန့်ကျင်သည့်အခါ၊ တစ်ကမ္ဘာလုံးတွင် သူကယ်နိုင်သည့်သူ တစ်ဦးမျှ မရှိသည့်အခါတွင်၊ သူသည် ထိုသို့သော လူသားမျိုးနွယ်ကို ဆက်၍ သည်းခံတော့မည် မဟုတ်သကဲ့သို့၊ ဤလူသားမျိုးနွယ်မျိုးကို ဖျက်ဆီးရန် သူ၏အစီအစဉ်ကို မည်သည့်ဒွိဟမျှမရှိဘဲ ဆောင်ရွက်မည် ဖြစ်သည်။ ထိုသို့သော ဘုရားသခင်၏ လုပ်ရပ်ကို သူ့စိတ်သဘောထားဖြင့် ဆုံးဖြတ် ထားပေသည်။ ဤသည်မှာ မလွဲမရှောင်သာသည့် အကျိုးဆက်ဖြစ်ပြီး ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် ရှိသည့် ဖန်ဆင်းခံ သတ္တဝါအားလုံး ခံယူရမည့် အကျိုးဆက်ဖြစ်သည်။ ဤအရာက လက်ရှိခေတ်ကာလတွင်၊ ဘုရားသခင်သည် သူ၏အစီအစဉ်ကို ပြည့်စုံစေရန်နှင့် သူကယ်တင်လိုသည့် လူများကို ကယ်တင်ရန် စိတ်အားထက်သန်နေသည်ကို ပြသည် မဟုတ်လော။ ဤအခြေအနေများအောက်တွင် ဘုရားသခင်သည် မည်သည့်အရာကို ဂရုအစိုက်ဆုံး ဖြစ်သနည်း။ သူ့နောက်ကို လုံးဝမလိုက်သည့်သူများ၊ သို့မဟုတ် သူ့ကို ဆန့်ကျင်သူများက မည်သို့မည်ပုံ ဆက်ဆံပုံ သို့မဟုတ် ခုခံပုံကို မဟုတ်၊ သို့မဟုတ် လူသားမျိုးနွယ်က သူ့ကို မည်ကဲ့သို့ မကောင်း ပြောဆိုကြပုံကို မဟုတ်ပေ။ သူ၏စီမံခန့်ခွဲမှု အစီအစဉ်ထဲက သူ၏ကယ်တင်ခြင်းခံရသူများဖြစ်သည့် သူ့နောက်လိုက်သူများသည် သူ၏ စုံလင်စေခြင်းခံရသည် မခံရသည်၊ သူ ကျေနပ်အားရထိုက်သူများ ဖြစ်လာ၏ မဖြစ်လာ၏ ဆိုသည်ကိုသာ သူဂရုစိုက်သည်။ သူ့နောက်ကိုလိုက်သူများမှလွဲ၍ အခြားလူများအတွက်မူ သူ၏အမျက်ဒေါသကိုဖော်ပြရန် ပြစ်ဒဏ်ပေးခြင်း အနည်းငယ်ကို ရံဖန်ရံခါမျှ

သူပေးလေသည်။ ဥပမာအားဖြင့်- ဆူနာမီများ၊ လျောင်လှုပ်ခြင်းများ၊ မီးတောင်ပေါက်ကွဲခြင်းများ ဖြစ်သည်။ တစ်ချိန်တည်းတွင် သူ့နောက်ကိုလိုက်ကာ သူ့အားဖြင့် ကယ်တင်ခြင်း ခံရဆဲဆဲရှိသည့် သူများကို သူသည် ခိုင်မာစွာ ကွယ်ကာပြီး စောင့်ရှောက်နေသည်။ ဘုရားသခင်၏ စိတ်သဘောထားမှာ ဤသို့ဖြစ်သည်- တစ်ဖက်တွင်၊ သူသည် စုံလင်စေရန် သူရည်ရွယ်ထားသည့် လူများအပေါ် အဆုံးစွန်သော စိတ်ရှည်ခြင်းနှင့် သည်းခံခြင်းရှိနိုင်ပြီး၊ ၎င်းသူတို့ကို သူတတ်နိုင်သရွေ့ စောင့်ဆိုင်းနိုင်သည်။ အခြားတစ်ဖက်တွင်၊ သူ့နောက်ကိုမလိုက်ဘဲ သူ့ကိုဆန့်ကျင်သည့် စာတန်ပုံစံ လူများကို အလွန်အမင်း မုန်းတီးကာ စက်ဆုပ်လေသည်။ ဤစာတန်ပုံစံ လူများသည် သူ့နောက်ကိုလိုက်ခြင်း သို့မဟုတ် သူ့ကို ကိုးကွယ်ခြင်းများ ရှိ မရှိဆိုသည်ကို သူ ဂရုမစိုက်သော်လည်း၊ သူ၏ စိတ်နှလုံးထဲတွင် ၎င်းတို့အတွက် သည်းခံစိတ်ရှိစဉ်တွင်၊ ၎င်းတို့ကို သူ စက်ဆုပ်ရွံရှာဆဲဖြစ်ပြီး ဤစာတန်ပုံစံ လူများ၏ အဆုံးသတ်ကို သူ ချမှတ်သည်နှင့်အမျှ၊ သူ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အဆင့်များ ရောက်ရှိလာခြင်းကိုလည်း သူ စောင့်ဆိုင်းနေပေသည်။

နောက်ကျမ်းပိုဒ်ကို ကြည့်ကြစို့။

၂။ ရေလွှမ်းမိုးခြင်းပြီးနောက် နောဧကိုပေးသော ဘုရားသခင်၏ကောင်းချီးမင်္ဂလာ

ကမ္ဘာဦး ၉:၁-၆ ဘုရားသခင်သည်လည်း၊ နောဧနှင့် သူ၏သား တို့ကိုကောင်းကြီးပေးတော်မူ၍၊ သင်တို့သည် များပြားစွာ မွေးဖွားလျက် မြေကြီးပြည့်စေကြလော့။ မြေတိရစ္ဆာန်၊ မိုဃ်းကောင်းကင်ငှက်အစရှိသော၊ မြေပေါ်မှာ လှုပ်ရှားတတ်သမျှနှင့်၊ ပင်လယ်ငါးအပေါင်းတို့သည်၊ သင်တို့ရှေ့မှာကြောက်ရွံ့တုန်လှုပ်ခြင်းသဘောရှိကြလိမ့်မည်။ ထိုတိရစ္ဆာန်တို့ကို သင်တို့ လက်၌ငါ အပ်၏။ အသက်ရှင်၍ လှုပ်ရှားတတ်သမျှသည်၊ အသီးအရွက်ကဲ့သို့၊ သင်တို့စားစရာဘို့ ဖြစ်ရမည်။ ခပ်သိမ်း သောအရာတို့ကို သင်တို့၌ ငါအပ်ပေး၏။ သို့သော်လည်း အသက်တည်းဟူသော အသွေးနှင့်တကွ အသားကို မစားရ။ သင်တို့၏ အသက်တည်းဟူသော သင်တို့၏ အသွေးကိုသွန်းသောသူ မည်သူမဆိုသည် သားရဲတိရစ္ဆာန်ဖြစ်စေ၊ လူဖြစ်စေ၊ ခပ်သိမ်းသော လူတို့၏ ညီအစ်ကိုများဖြစ်စေ ၎င်းတို့၏ အသက်ကို ငါတောင်းမည်။ အကြင်သူသည် လူ၏အသွေးကို သွန်း၏။ ထိုသူ၏အသွေးကို လူလက်ဖြင့် သွန်းရမည်။ အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။

ဤကျမ်းပိုဒ်မှ မည်သည့်အရာကို သင်တို့ တွေ့မြင်သနည်း။ ဤကျမ်းပိုဒ်ကို အဘယ်ကြောင့်

ငါရွေးခဲ့သနည်း။ သင်္ဘောပေါ်က နောနှင့်သူ့မိသားစု၏ ဘဝအကြောင်း ကောက်နုတ်ချက်တစ်ခုကို အဘယ်ကြောင့် ငါမရွေးချယ်ခဲ့သနည်း။ အဘယ်ကြောင့် ဆိုသော်၊ ထိုအချက်အလက်သည် ယနေ့ ငါတို့ ပြောဆိုနေသည့် အကြောင်းအရာနှင့် များစွာဆက်စပ်မှု မရှိသောကြောင့် ဖြစ်သည်။ ငါတို့အာရုံစိုက်နေသည်မှာ ဘုရားသခင်၏ စိတ်သဘောထား ဖြစ်သည်။ ထိုအသေးစိတ် အချက်အလက်များကို သင်တို့ သိချင်သည် ဆိုပါက၊ သင်တို့ကိုယ်တိုင် ဖတ်ရှုဖို့ သမ္မာကျမ်းစာကို ရွေးချယ်နိုင်သည်။ ယင်းနှင့် ပတ်သက်၍ ဤနေရာတွင် ငါတို့ ပြောမည်မဟုတ်။ ယနေ့ ငါတို့ပြောဆိုဆွေးနွေးနေသည့် အဓိကအရာမှာ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို မည်သို့ သိရှိရမည် ဆိုသည့်အကြောင်း ဖြစ်သည်။

နောသည် ဘုရားသခင်၏ညွှန်ကြားချက်များကို လက်ခံပြီး သင်္ဘောကိုတည်ဆောက်ကာ ကမ္ဘာကြီးကို ဖျက်ဆီးဖို့ ရေလွှမ်းမိုးခြင်းကို ဘုရားသခင် အသုံးပြုသည့်နေ့ရက်များကို ဖြတ်သန်းခဲ့ပြီးနောက်၊ သူ၏မိသားစုဝင် ရှစ်ဦးလုံး အသက်ရှင်ကျန်ရစ်ခဲ့သည်။ နော၏ မိသားစု ရှစ်ဦးမှလွဲ၍ လူသားမျိုးနွယ်အားလုံး ဖျက်ဆီးခြင်းခံခဲ့ရပြီး ကမ္ဘာပေါ် ရှိ သက်ရှိသတ္တဝါအားလုံး ဖျက်ဆီးခံခဲ့ရသည်။ နောကိုမူ ဘုရားသခင်သည် ကောင်းချီးမင်္ဂလာများပေးခဲ့ပြီး သူနှင့်သူ၏သားများကို အချို့အရာများ ပြောဆိုခဲ့သည်။ ဤအရာများမှာ ဘုရားသခင်က သူ့ကို ပေးသနားခဲ့သည့် အရာများဖြစ်ပြီး သူ့အပေါ် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာလည်း ဖြစ်သည်။ ဤသည်မှာ သူ့ကို နားထောင်နိုင်ပြီး သူ၏ညွှန်ကြားချက်များကို လက်ခံနိုင်သူကို ဘုရားသခင်ပေးသည့် ကောင်းချီးမင်္ဂလာနှင့် ကတိတို့ဖြစ်ကာ ဘုရားသခင်က လူတို့ကို ဆုချီးမြှင့်သည့် နည်းလမ်းလည်း ဖြစ်သည်။ ဆိုလိုသည်မှာ၊ နောသည် ဘုရားသခင်အမြင်တွင် စုံလင်သောသူဖြစ်ခဲ့သည်ဖြစ်စေ သို့မဟုတ် ဖြောင့်မတ်သည့်လူ ဖြစ်ခဲ့သည်ဖြစ်စေ ပဓာနမထားဘဲ၊ ပြီးလျှင် ဘုရားသခင်အကြောင်းကို သူမည်မျှ သိသည်ဆိုသည်ကို ပဓာနမထားဘဲ၊ တိုတိုပြောရလျှင်၊ နောနှင့် သူ့သားသုံးယောက်လုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားထောင်ခဲ့သည်၊ ဘုရားသခင်၏ အမှုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ ဘုရားသခင်၏ ညွှန်ကြားချက်များနှင့်အညီ သူတို့ လုပ်သင့်သည့်အရာကို လုပ်ဆောင်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့သည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအစီအစဉ် နောက်တစ်ဆင့်အတွက် ကြီးမားသည့်အထောက်အပံ့ ဖြစ်စေရင်း၊ ရေလွှမ်းမိုးခြင်းအားဖြင့် ကမ္ဘာကို ဖျက်ဆီး ခဲ့ပြီးနောက်ပိုင်းတွင် လူသားများနှင့် သက်ရှိသတ္တဝါ အမျိုးမျိုးကို ဘုရားသခင်အတွက် ထိန်းသိမ်းခဲ့ကြသည်။ နော လုပ်ဆောင်ခဲ့သည့် အရာရာတိုင်းကြောင့်၊ ဘုရားသခင်သည် သူ့ကို ကောင်းချီးပေးခဲ့သည်။ ယနေ့ခေတ်လူများအတွက်မူ နောလုပ်ခဲ့သည့် အရာသည် ထုတ်ဖော်ပြောဆိုရန်ပင်

ထိုက်တန်ခြင်းမရှိ ဖြစ်ကောင်း ဖြစ်နိုင်သည်။ အချို့က- နောသည် မည်သည့်အရာမျှ မလုပ်ခဲ့ပေ။ သူ့ကို ချမ်းသာပေးဖို့ ဘုရားသခင်က စိတ်ပိုင်းဖြတ်ခဲ့ပြီးဖြစ်သည်၊ ထို့ကြောင့် သူသည် တကယ်ကို ကယ်တင်ခြင်းခံခဲ့ရမည် ဖြစ်သည်။ သူ၏ အသက်ရှင်ကျန်ရစ်ခြင်းသည် သူ ကိုယ်တိုင်၏ ထူးချွန်မှုများကြောင့် မဟုတ်ခဲ့ပေ။ လူသည် မလှုပ်မယှက်ဖြစ်သောကြောင့် ဤသည်မှာ ဘုရားသခင်က ဖြစ်စေချင်ခဲ့သည့်အရာဖြစ်သည်ဟူ၍ တွေးပင် တွေးပေလိမ့်မည်။ သို့ရာတွင် ဤသည်မှာ ဘုရားသခင် စဉ်းစားနေခဲ့သည့်အရာ မဟုတ်ပေ။ ဘုရားသခင်အဖို့၊ လူတစ်ယောက် ကြီးမြတ်သည်ဖြစ်စေ သို့မဟုတ် အရေးမပါသည်ဖြစ်စေ၊ ၎င်းတို့အနေဖြင့် သူ့ကို နားထောင်နိုင်သရွေ့၊ သူ၏ညွှန်ကြားချက်များနှင့် သူ ပေးအပ်သည့်အရာကို နာခံနိုင်သရွေ့ ပြီးလျှင် သူ၏အလိုနှင့် သူ၏အစီအစဉ်တို့ ချောမွေ့စွာ ပြီးမြောက်နိုင်ရန်အလို့ငှာ သူ၏အမှု၊ သူ၏အလိုနှင့် သူ၏ အစီအစဉ်တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်သရွေ့ ထိုလုပ်ရပ်သည် သူ၏ အမှတ်ရခြင်းနှင့် ကောင်းချီးမင်္ဂလာကို ရရှိဖို့ ထိုက်တန်ပေသည်။ ဘုရားသခင်သည် ထိုသို့သောလူများကို တန်ဖိုးထားပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များ၊ ၎င်းတို့၏ ချစ်ခြင်းနှင့် သူ့အတွက် ချစ်ခင်မှုများကို နှစ်သက်မြတ်နိုးသည်။ ဤသည်မှာ ဘုရားသခင်၏ သဘောထား ဖြစ်သည်။ သို့ဆိုလျှင် ဘုရားသခင်သည် နောကို အဘယ်ကြောင့် ကောင်းချီးပေးခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ လူသား၏ ထိုသို့သော လုပ်ရပ်များနှင့် နာခံခြင်းကို ဘုရားသခင် ဆက်ဆံသည့် ပုံစံ ဖြစ်သောကြောင့် ဖြစ်သည်။

နောနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာနှင့် စပ်လျဉ်း၍၊ လူအချို့က- “လူသည် ဘုရားသခင်ကို နားထောင်ပြီး ဘုရားသခင်ကို စိတ်ကျေနပ်စေပါက၊ ဘုရားသခင်သည် လူသားကို ကောင်းချီးပေးသင့်ပါသည်။ ဤအချက်က သိသာထင်ရှားပေသည် မဟုတ်လော” ဟု ပြောကြလိမ့်မည်။ ငါတို့ ထိုကဲ့သို့ ပြောနိုင်သလော။ “မပြောနိုင်ပါ” ဟု လူအချို့က ပြောသည်။ အဘယ်ကြောင့် ထိုကဲ့သို့ ငါတို့ မပြောနိုင်ရသနည်း။ လူအချို့က “လူသားသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို မွေ့လျော်ခြင်းငှာ မထိုက်တန်ပါ။” ဟု ပြောကြသည်။ ယင်းသည် လုံးဝဥဿုံ မမှန်ပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က ၎င်းတို့ကို ပေးအပ်သည့်အရာကို လူတစ်ဦးက လက်ခံလိုက်သည့်အခါ၊ ၎င်းတို့၏ လုပ်ရပ်များက ကောင်းသည် ဆိုးသည်၊ ပြီးလျှင် ထိုလူက နာခံသည် မနာခံသည်၊ ထိုလူက ဘုရားသခင်၏အလိုကို ဖြည့်ဆည်းပေးသည် မဖြည့်ဆည်းပေးသည်ဆိုသည်နှင့် ၎င်းတို့ လုပ်ဆောင်သည့် အရာသည် စံနှုန်းမီသည် မမီသည်ဆိုသည်တို့ကို အကဲဖြတ်ခြင်းအတွက် ဘုရားသခင်ထံတွင် စံနှုန်းတစ်ခုရှိပေသည်။ ဘုရားသခင်

ဂရုစိုက်သည့်အရာမှာ လူ၏စိတ်နှလုံး ဖြစ်သည်၊ အပေါ်ယံက ၎င်းတို့၏
လုပ်ရပ်များမဟုတ်ပေ။ ၎င်းတို့ မည်သို့လုပ်ဆောင်သည်ကို ပဓာနမထားဘဲ၊ တစ်စုံတစ်ရာကို
၎င်းတို့လုပ်ဆောင်သရွေ့ ဘုရားသခင်က တစ်စုံတစ်ဦးကို ကောင်းချီး ပေးသင့်သည်
ဆိုသည်မှာ မမှန်ပေ။ ဤသည်မှာ ဘုရားသခင်နှင့် ပတ်သက်၍ လူတို့ရှိကြသည့်
နားလည်မှုလွဲခြင်းတစ်ခု ဖြစ်သည်။ ဘုရားသခင်သည် အမှုအရာများ၏ အဆုံးသတ်
ရလဒ်ကိုသာ ကြည့်သည်မဟုတ်ဘဲ၊ အမှုအရာများ တိုးတက်မှု ဖြစ်စဉ်အတွင်း၌
လူတစ်ဦး၏စိတ်နှလုံးက မည်သို့ရှိပြီး လူတစ်ဦး၏သဘောထားက မည်သို့ရှိသည်
ဆိုသည်တို့အပေါ် သာ၍အလေးပေးကာ၊ ၎င်းတို့၏ စိတ်နှလုံးထဲတွင် နာခံမှု၊ အရေးထားမှုနှင့်
ဘုရားသခင်ကို စိတ်ကျေနပ်စေဖို့ ဆန္ဒတို့ ရှိမရှိ ဆိုသည်ကိုလည်း ကြည့်ရှုလေသည်။
ထိုအချိန်အခါက နောသည် ဘုရားသခင်အကြောင်းကို မည်မျှ သိခဲ့သနည်း။ ယင်းသည် ယခု
သင်တို့သိသည့် အယူဝါဒများလောက် များခဲ့သလော။ ဘုရားသခင်၏ အယူအဆများနှင့်
အသိပညာကဲ့သို့သော သမ္မာတရား၏ ရှုထောင့်များအရ၊ သူသည် သင်တို့ကဲ့သို့
ရေလောင်းပေးမှုနှင့် ထိန်းကျောင်းပေးမှုများကို ရရှိခဲ့သလော။ မရခဲ့ပေ။ သို့ရာတွင်
ငြင်း၍မရသည့် အချက်တစ်ချက်ရှိသည်။ ယနေ့ခေတ်လူတို့၏ အသိ၊ စိတ်များနှင့် နှလုံးသား၏
နက်ရှိုင်းသော နေရာများတွင်ပင်၊ ဘုရားသခင်အပေါ် ၎င်းတို့၏ အယူအဆများနှင့်
သဘောထားသည် ဝေဝါးပြီး မရေမရာ ဖြစ်လေသည်။ လူအချို့သည် ဘုရားသခင်၏
တည်ရှိမှုအပေါ်တွင် အပျက်သဘောဆောင်သည့် သဘောထားတစ်ခု ကိုင်စွဲထားသည်ဟုပင်
ပြောနိုင်သည်။ သို့ရာတွင် နော၏ နှလုံးသားနှင့် သူ၏အသိထဲတွင်၊ ဘုရားသခင်၏
တည်ရှိမှုသည် အကြွင်းမဲ့ဖြစ်ပြီး ယုံမှားဖွယ်ရာ နည်းနည်းမျှ မရှိခဲ့ပေ၊ ထို့ကြောင့်
ဘုရားသခင်အပေါ် သူ၏နာခံမှုသည် အစစ်အမှန်ဖြစ်ပြီး စမ်းသပ်မှုကို ခံနိုင်ခဲ့ပေသည်။ သူ၏
စိတ်နှလုံးသည် ဘုရားသခင်အပေါ် ဖြူစင်ပြီး ပွင့်လင်းသည်။
ဘုရားသခင်၏နှုတ်ကပတ်တော်တိုင်းကို လိုက်လျှောက်ဖို့ မိမိကိုယ်ကိုယ် သိမ်းသွင်းဖို့ရန်
အယူဝါဒများနှင့်ဆိုင်သည့် အသိပညာများစွာကို သူမလိုအပ်ခဲ့သကဲ့သို့၊ ဘုရားသခင်က သူ့ကို
ပေးအပ်သည့်အရာကို လက်ခံနိုင်ဖို့နှင့် ဘုရားသခင် လုပ်စေသည့် မည်သည့်အရာကိုမဆို
လုပ်ဆောင်နိုင်စွမ်း ရှိဖို့ရန် ဘုရားသခင်၏ တည်ရှိမှုကို သက်သေပြဖို့
အချက်အလက်များစွာကိုလည်း သူမလိုအပ်ခဲ့ပေ။ ဤသည်မှာ နောနှင့်
ယနေ့ခေတ်လူများကြား ပဓာနကျသည့် ခြားနားချက်ဖြစ်သည်။ ယင်းမှာ
ဘုရားသခင်၏အမြင်၌ စုံလင်သည့်လူဆိုသည်မှာ တိတိကျကျ မည်သည့်အရာ
ဖြစ်သည်ဆိုသည့် စစ်မှန်သော အဓိပ္ပာယ် ဖွင့်ဆိုချက်လည်း ဖြစ်ပေသည်။ ဘုရားသခင်

လိုချင်သည်မှာ နောဧကဲ့သို့သော လူများဖြစ်သည်။ သူသည် ဘုရားသခင် ချီးမွမ်းသည့် လူစားမျိုးဖြစ်ပြီး ဘုရားသခင် ကောင်းချီးပေးသည့်လူစားမျိုးလည်း အတိအကျ ဖြစ်သည်။ ဤအရာမှ ဉာဏ်အလင်းပေးမှု တစ်ခုတစ်လေကို သင်တို့ရကြပြီလော။ လူတို့က လူတို့ကို အပြင်ပန်းမှ ကြည့်ကြသော်လည်း၊ ဘုရားသခင်ကြည့်သည့် အရာမှာ လူတို့၏နှလုံးသားနှင့် ၎င်းတို့၏ အနှစ်သာရ ဖြစ်သည်။ ဘုရားသခင်သည် သူ့အပေါ် မည်သည့် စိတ်မပါ့တပါဖြစ်ခြင်းမျှ သို့မဟုတ် မည်သည့်သံသယမျှရှိဖို့ မည်သူကိုမျှ ခွင့်မပြုသကဲ့သို့ သူ့ကို လူများက တစ်နည်းနည်းဖြင့် သံသယရှိဖို့ သို့မဟုတ် စမ်းသပ်ဖို့ ခွင့်မပြုပေ။ ထို့ကြောင့် ယနေ့ခေတ်လူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် မျက်နှာချင်းဆိုင် နေရသော်လည်း- ဘုရားသခင်နှင့် မျက်နှာချင်းဆိုင်ရသည်ဟုပင် ပြောနိုင်သည်- သူတို့ စိတ်နှလုံးအတွင်း နက်ရှိုင်းနေရာများထဲက တစ်စုံတစ်ခုကြောင့်၊ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသည့် အနှစ်သာရ၏ တည်ရှိခြင်းနှင့် ဘုရားသခင်အပေါ် ၎င်းတို့၏ ရန်လိုသည့် သဘောထားတို့ကြောင့်၊ လူတို့သည် ဘုရားသခင်၌ အမှန်တကယ် ယုံကြည်မှု ရှိခြင်းမှ ပိတ်ပင်ခံထားရပြီးဖြစ်ကာ၊ သူ့ကို နာခံခြင်းမှ ထားဆီးခံရပြီးဖြစ်သည်။ ဤအရာကြောင့် ၎င်းတို့အတွက် နောအပေါ် ဘုရားသခင် အပ်နှင်းခဲ့သည့် အလားတူ ကောင်းချီးမင်္ဂလာကို ရရှိဖို့ အလွန်ခက်ခဲပေသည်။

၃။ လူသားနှင့် သူ၏ပဋိညာဉ် သင်္ကေတတစ်ခုအဖြစ် ဘုရားသခင်သည် သက်တံကို အသုံးပြုသည်

ကမ္ဘာဦး ၉:၁၁-၁၃ သင်တို့နှင့် ငါပြုသော ပဋိညာဉ်ဟူမူကား၊ ရေလွှမ်းမိုးခြင်းအားဖြင့်၊ ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တဖန် မဆုံးရကြ။ မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန် ရေလွှမ်းမိုးခြင်း မရှိရ။ ထိုမှတပါး ငါတဘက်၊ သင်တို့နှင့် သင်တို့ထံမှာ အသက်ရှင်သမျှသော တိရစ္ဆာန်တို့ တဘက်၌ သားမြေး အစဉ်အဆက်မပြတ်၊ ငါပြုသော ပဋိညာဉ်၏ လက္ခဏာ သက်သေဟူမူကား၊ ငါ၏ သက်တံကို မိုဃ်းတိမ်၌ ငါထား၏။ ထိုသက်တံသည် မြေကြီးနှင့် ငါပြုသော ပဋိညာဉ်၏ သက်သေဖြစ်လိမ့်မည်။

ဆက်လက်၍ လူသားနှင့် သူ၏ပဋိညာဉ် သင်္ကေတအဖြစ် ဘုရားသခင်က သက်တံကို မည်သို့အသုံးပြုခဲ့သည်နှင့် ပတ်သက်သည့် ကျမ်းစာ၏ ဤအပိုင်းကို တစ်ချက် ကြည့်ကြစို့။

လူအများစုက သက်တံသည် မည်သည့်အရာဖြစ်သည်ကို သိရှိကြပြီး၊ သက်တံများနှင့် ဆက်နွယ်သည့် ဖြစ်ရပ်အချို့ကို ကြားဖူးကြပေသည်။ သမ္မာကျမ်းစာထဲက

သက်တံနှင့်ပတ်သက်သည့် အဖြစ်အပျက်အတွက်မူ၊ လူအချို့က ထိုအရာကို ယုံကြည်ပြီး၊ အချို့က ယုံတမ်းစကားအဖြစ် သဘောထားကြသော်လည်း၊ အခြားသူတို့က လုံးဝမယုံကြည်ကြပေ။ မည်သို့ပင်ဖြစ်စေ သက်တံနှင့်ဆက်နွယ်၍ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်အားလုံးသည် ဘုရားသခင်၏ အမှုဖြစ်ခဲ့ပြီး လူသားနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ စီမံခန့်ခွဲမှု ဖြစ်စဉ်တွင် ဖြစ်ပျက်ခဲ့ပေသည်။ ဤအဖြစ်အပျက်များကို သမ္မာကျမ်းစာထဲတွင် တိတိကျကျ မှတ်တမ်းတင် ထားခဲ့သည်။ ဤမှတ်တမ်းများက ဘုရားသခင်သည် ထိုအချိန်အခါက မည်သို့စိတ်နေစိတ်ထားရှိခဲ့သည် သို့မဟုတ် ဘုရားသခင်ပြောခဲ့သည့် ဤနှုတ်ကပတ်တော်များ၏ နောက်ကွယ်က ရည်ရွယ်ချက်တို့ကို ငါတို့အား မပြောပြပေ။ ထို့အပြင် ဘုရားသခင်က ထိုအရာများကို ပြောခဲ့ချိန်တွင် မည်သည့်အရာ ခံစားနေခဲ့ရသည်ကိုလည်း မည်သူမျှ နားမလည်နိုင်ပေ။ သို့ရာတွင် ဤအဖြစ်အပျက် တစ်ခုလုံးနှင့် စပ်လျဉ်း၍ ဘုရားသခင်၏ စိတ်အခြေအနေကို စာကြောင်းများကြားတွင် ထုတ်ဖော်ပြထားသည်။ ယင်းမှာ ထိုအချိန်အခါက သူ၏အတွေးများသည် ဘုရားနှုတ်ကပတ်တော်၏ စာလုံးအသီးသီးနှင့် စာစုအသီးသီးမှတစ်ဆင့် ကျွန်ုပ်တို့၏ အာရုံစိုက်မှုကို ချက်ချင်း ဆွဲယူသွားသည့်အလား ဖြစ်သည်။

ဘုရားသခင်၏ အတွေးများသည် လူတို့ အလေးထားသင့်သည့်အရာဖြစ်ပြီး၊ ၎င်းတို့ သိရှိဖို့ အကြိုးစားသင့်ဆုံးသော အရာဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ အတွေးများသည် ဘုရားသခင်နှင့်သက်ဆိုင်သည့် လူသား၏ သိနားလည်မှုနှင့် ခွဲခြားမရနိုင်အောင် ဆက်နွယ်နေပြီး ဘုရားသခင်နှင့်သက်ဆိုင်သည့် လူသား၏ သိနားလည်မှုသည် လူသား၏ အသက်အတွင်း ဝင်ရောက်ခြင်းအဖို့ မရှိမဖြစ်သည့် ကွင်းဆက်တစ်ခု ဖြစ်သောကြောင့် ဖြစ်သည်။ သို့ဆိုလျှင် ဤအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည့် ထိုအချိန်တွင် ဘုရားသခင်သည် မည်သည့်အရာကို စဉ်းစားနေခဲ့သနည်း။

မူလက၊ ဘုရားသခင်သည် သူ့အမြင်၌ အလွန် ကောင်းမွန်ပြီး သူနှင့်နီးစပ်သည့် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သော်လည်း၊ သူ့ကို ပုန်ကန်ကြပြီးနောက်တွင် ရေလွှမ်းမိုးခြင်းအားဖြင့် ၎င်းတို့ ဖျက်ဆီးခံခဲ့ရသည်။ ထိုသို့သော လူသားမျိုးနွယ်သည် ထိုကဲ့သို့ ချက်ချင်းသာ ပျောက်ကွယ်သွားသည်မှာ ဘုရားသခင်ကို နာကျင်စေခဲ့သလော။ နာကျင်စေသည်မှာ အမှန်ပင်ဖြစ်၏။ ဤသို့ဆိုလျှင် ဤနာကျင်မှုနှင့် သက်ဆိုင်သည့် သူ၏ ဖော်ပြချက်မှာ အဘယ်နည်း။ ယင်းကို သမ္မာကျမ်းစာထဲ၌ မည်သို့ မှတ်တမ်းတင်ထားသနည်း။ သမ္မာကျမ်းစာ၌ ဤနှုတ်ကပတ်တော်များဖြင့် မှတ်တမ်းတင်ထားသည်- “သင်တို့နှင့် ငါပြုသော

ပဋိညာဉ်ဟူမူကား၊ ရေလွှမ်းမိုးခြင်းအားဖြင့်၊ ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တဖန် မဆုံးရကြ။ မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန် ရေလွှမ်းမိုးခြင်း မရှိရ။" ဤရိုးရှင်းသည့် စာကြောင်းသည် ဘုရားသခင်၏ အတွေးများကို ထုတ်ဖော်ပြပေသည်။ ဤကမ္ဘာလောကကို ဖျက်ဆီးခြင်းသည် သူ့ကို အလွန်တရာ နာကျင် စေခဲ့သည်။ လူသား၏စကားများဖြင့်၊ သူသည် အလွန် ဝမ်းနည်းခဲ့၏။ ငါတို့ စိတ်ကူးကြည့်၍ရသည်- တစ်ချိန်က သက်ရှိများနှင့်ပြည့်ခဲ့သည့် ကမ္ဘာသည် ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးခံရခြင်း ပြီးနောက် မည်သို့ဖြစ်ခဲ့သနည်း။ တစ်ချိန်က လူသားများနှင့် ပြည့်ခဲ့သည့် ကမ္ဘာသည် ထိုအချိန်တွင် မည်သည့်အရာနှင့် တူခဲ့သနည်း။ လူသား နေထိုင်မှုမရှိ၊ သက်ရှိသတ္တဝါများမရှိ၊ ရေက နေရာတိုင်းတွင်ရှိပြီး၊ ရေမျက်နှာပြင်ပေါ်တွင် လုံးလုံး ကြီးစွာသော အပျက်အစီးရှိနေသည်။ ထိုသို့သော မြင်ကွင်းတစ်ခုသည် ကမ္ဘာလောကကို သူဖန်ဆင်းခဲ့ချိန်က ဘုရားသခင်၏ မူလ ရည်ရွယ်ချက်ဖြစ်ခဲ့ပါသလော။ မဟုတ်ပါပေ။ ဘုရားသခင်၏မူလရည်ရွယ်ချက်မှာ ကုန်းမြေ တစ်လျှောက် သက်ရှိများကို မြင်ရဖို့၊ သူဖန်ဆင်းခဲ့သည့် လူသားများက သူ့ကို ကိုးကွယ်ကြခြင်းကို မြင်ရဖို့ဖြစ်သည်၊ နောဧသော သူ့ကို ကိုးကွယ်နေသည့် တစ်ဦးတည်းသောသူဖြစ်ရန် သို့မဟုတ် သူ့ကို ပေးအပ်သည့်အရာကို ပြည့်စုံစေဖို့ သူ၏ ခေါ်ခြင်းကို အဖြေပေးနိုင်ခဲ့သည့် တစ်ဦးတည်းသောသူဖြစ်ရန်သာ မဟုတ်ပေ။ လူသားမျိုးနွယ် ပျောက်ကွယ်သွားခဲ့ချိန်တွင်၊ ဘုရားသခင်သည် မူလက သူရည်ရွယ်ထားခဲ့သည့် အရာကို မမြင်ခဲ့ဘဲ လုံးဝ ဆန့်ကျင်ဖက်ကို မြင်ခဲ့ရသည်။ သူ့နှလုံးသားသည် မည်သို့မနာကျင်ဘဲ နေနိုင်မည်နည်း။ ထို့ကြောင့် သူ၏စိတ်သဘောထားကို ထုတ်ဖော် ပြနေခဲ့ပြီး သူ၏စိတ်ခံစားချက်များကို ဖွင့်ပြသည့် အချိန်တွင်၊ ဘုရားသခင်သည် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့သည်။ မည်သည့်ဆုံးဖြတ်ချက်မျိုးကို သူ ချမှတ်ခဲ့သနည်း။ လူနှင့် ပဋိညာဉ်တစ်ခု၊ ရေလွှမ်းမိုးခြင်းနှင့် လူသားကို တစ်ဖန် ဘုရားသခင် ဖျက်ဆီးတော့မည်မဟုတ်သည့် ကတိတစ်ခုအဖြစ် မိုးတိမ်ထဲတွင် သက်တံတစ်ခုပြုလုပ်ရန် (ယင်းမှာ၊ ငါတို့မြင်ရသည့် သက်တံ) ဖြစ်သည်။ တစ်ချိန်တည်းတွင် ယင်းမှာ ထိုသို့သောအရာကို ဘုရားသခင်က အဘယ်ကြောင့် ပြုခဲ့သည်ကို လူသားမျိုးနွယ်က ထာဝရ အောက်မေ့ဖို့အလို့ငှာ ဘုရားသခင်သည် ကမ္ဘာလောကကို ရေလွှမ်းမိုးခြင်းနှင့် ဖျက်ဆီးခဲ့ပြီး ဖြစ်သည်ကို လူတို့အား ပြောပြရန်လည်း ဖြစ်ခဲ့သည်။

ထိုအချိန်က ကမ္ဘာလောကကို ဖျက်ဆီးခြင်းသည် ဘုရားသခင် လိုချင်ခဲ့သည့် အရာဖြစ်ခဲ့သလော။ ဘုရားသခင် လိုလားသည့်အရာ လုံးဝ မဟုတ်ခဲ့ပေ။ ကမ္ဘာလောက၏ ပျက်စီးခြင်းနောက်တွင် ကမ္ဘာမြေ၏ သနားချင့်စဖွယ် မြင်ကွင်း၏ အစိတ်အပိုင်း အနည်းငယ်ကို ငါတို့ စိတ်ကူးကြည့်၍ရနိုင်သည်၊ သို့ရာတွင် ထိုအချိန်အခါက

ဘုရားသခင်၏အမြင်တွင် မြင်ကွင်းက မည်သည့်အရာနှင့်တူခဲ့မည်ကို ငါတို့ နီးစပ်အောင် စိတ်ကူးကြည့်၍မရနိုင်ပေ။ ထိုအချိန်က လူတို့ဖြစ်စေ ယခုခေတ် လူတို့ဖြစ်စေ၊ ရေလွှမ်းမိုးခြင်းအားဖြင့် ဖျက်ဆီးခံရပြီးနောက် ကမ္ဘာလောက၏ပုံရိပ်ဖြစ်သည့် ထိုမြင်ကွင်းကို ဘုရားသခင်မြင်သည့်အခါ သူမည်သည့်အရာ ခံစားနေခဲ့ရသည်ကို မည်သူမျှ စိတ်ကူးမကြည့်နိုင် သို့မဟုတ် နားမလည်နိုင်ပါဟု ငါတို့ဆိုနိုင်သည်။ လူသား၏မနာခံမှုအားဖြင့် ဘုရားသခင်သည် ဤအရာကို မဖြစ်မနေ လုပ်ဆောင်ခဲ့ရသော်လည်း၊ ရေလွှမ်းမိုးခြင်းအားဖြင့် ဤကမ္ဘာလောက ပျက်စီးခြင်းမှ ဘုရားသခင်၏ စိတ်နှလုံးက ခံစားရသည့် နာကျင်မှုသည် မည်သူမျှ ဉာဏ်မမီနိုင်သည့် သို့မဟုတ် နားမလည်နိုင်သည့် လက်တွေ့အရှိတရားတစ်ခု ဖြစ်သည်။ ယင်းမှာ ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် ပဋိညာဉ်တစ်ခု ပြုလုပ်ခဲ့ရသည့် အကြောင်းရင်းဖြစ်သည်၊ ယင်းမှတစ်ဆင့် သူသည် တစ်ချိန်က ဤကဲ့သို့သော တစ်စုံတစ်ရာကို ဘုရားသခင် လုပ်ဆောင်ခဲ့သည်ကို အောက်မေ့ဖို့ လူတို့အား ပြောပြရန်နှင့် ထိုသို့သော နည်းလမ်းဖြင့် ဘုရားသခင်သည် ကမ္ဘာလောကကို တစ်ဖန် ဖျက်ဆီးမည်မဟုတ်သည်ကို ၎င်းတို့ထံ ကျိန်ဆိုဖို့ရန် ရည်ရွယ်ခဲ့သည်။ ဤပဋိညာဉ်၌ ဘုရားသခင်၏ နှလုံးသားကို ငါတို့မြင်ရသည်- ဤလူသားမျိုးနွယ်ကို သူဖျက်ဆီးခဲ့ချိန်တွင် ဘုရားသခင်၏ နှလုံးသားက နာကျင်မှုတွင် ရှိခဲ့သည်ကို ငါတို့ မြင်တွေ့ရသည်။ လူ၏ဘာသာစကားအရ၊ လူသားမျိုးနွယ်ကို ဘုရားသခင်ဖျက်ဆီးပြီး လူသားမျိုးနွယ် ပျောက်ကွယ်သည်ကို မြင်ခဲ့ချိန်တွင်၊ သူ၏ နှလုံးသားသည် ငိုကြွေးနေခဲ့ပြီး သွေးများယိုစီးနေခဲ့သည်။ ယင်းမှာ ထိုအရာကို ဖော်ပြဖို့ အကောင်းဆုံးနည်းလမ်းဖြစ်သည် မဟုတ်လော။ ထိုစကားလုံးများကို လူသား၏စိတ်ခံစားမှုများအား ဖော်ပြဖို့ရန် လူသားများက အသုံးပြုကြသော်လည်း၊ လူ၏ဘာသာစကားသည် အလွန်ချို့တဲ့လှသည့်အတွက်၊ ဘုရားသခင်၏ ခံစားချက်များနှင့် စိတ်ခံစားမှုများကို ဖော်ပြဖို့ရန် ၎င်းတို့ကို အသုံးပြုခြင်းသည် ငါ့အဖို့ အလွန်ဆိုးဝါးသည့်ပုံ မပေါ်သကဲ့သို့ လွန်လည်းမလွန်ကဲလှပေ။ အနည်းဆုံးအနေဖြင့် ယင်းက ထိုအချိန်က ဘုရားသခင်၏ စိတ်အခြေအနေမှာ မည်သည့်အရာနှင့်တူခဲ့သည် ဆိုသည်နှင့်သက်ဆိုင်သည့် အလွန်ရှင်းလင်းသည့်၊ အလွန် လျော်ကန်သည့် သိနားလည်မှုအား သင်တို့ကို ပေးသည်။ သက်တံတစ်ခုကို တစ်ဖန် သင်တို့ မြင်ရသည့်အခါ မည်သို့စဉ်းစားကြလိမ့်မည်နည်း။ အနည်းဆုံးအနေဖြင့် ဘုရားသခင်သည် တစ်ချိန်က ရေလွှမ်းမိုးခြင်းအားဖြင့် ကမ္ဘာကို ဖျက်ဆီးခဲ့ခြင်းနှင့်ပတ်သက်၍ မည်မျှ ဝမ်းနည်းခဲ့ရသည်ကို သင်တို့ အောက်မေ့သတိရပေလိမ့်မည်။ ဘုရားသခင်သည် ဤလောကကိုမုန်းတီးပြီး ဤလူသားမျိုးနွယ်ကို စက်ဆုပ်ခဲ့သော်လည်း၊ သူကိုယ်တိုင်၏လက်များဖြင့် သူဖန်ဆင်းခဲ့သည့်

လူသားများကို သူဖျက်ဆီးခဲ့ချိန်တွင်၊ သူ၏ နှလုံးသားက မည်သို့နာကျင်နေခဲ့သည်၊ ဖြေဖျောက်ဖို့ရန် မည်သို့ရုန်းကန်ကြိုးစားနေခဲ့ရသည်၊ တွန့်ဆုတ်မှု မည်သို့ခံစားနေခဲ့ရပြီး၊ သည်းခံဖို့ မည်သို့ခက်ခဲနေခဲ့သည်တို့ကို သင်တို့အနေဖြင့် အောက်မေ့သတိရပေလိမ့်မည်။ သူ၏ တစ်ခုတည်းသော စိတ်သက်သာမှုမှာ နောဧ၏မိသားစုရှစ်ယောက်တွင် ရှိခဲ့သည်။ အရာခပ်သိမ်းကို ဖန်ဆင်းခြင်းနှင့် သက်ဆိုင်သည့် ဘုရားသခင်၏ အပတ်တကုတ် အားထုတ်မှုများကို အချည်းနှီးမဖြစ်စေခဲ့သည်မှာ နောဧ၏ ပူးပေါင်းလုပ်ဆောင်မှုဖြစ်သည်။ ဘုရားသခင် နာကျင်ခံစားနေခဲ့ရသည့်အချိန်တွင်၊ ဤသည်မှာ သူ့နာကျင်မှုကို အစားထိုးပေးနိုင်ခဲ့သည့် တစ်ခုတည်းသော အရာဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ ဘုရားသခင်သည် နောဧမိသားစုအနေဖြင့် သူ၏ကျိန်ခြင်းအမင်္ဂလာ အောက်၌မဟုတ်ဘဲ၊ ကောင်းချီးမင်္ဂလာအောက်၌ အသက်ရှင်နိုင်ဖို့ မျှော်လင့်ရင်း၊ ဘုရားသခင်က ကမ္ဘာကို ရေလွှမ်းမိုးခြင်းဖြင့် တစ်ဖန် ဖျက်ဆီးသည်ကို ၎င်းတို့ လုံးဝ မမြင်ရဖို့ မျှော်လင့်ရင်း၊ ပြီးလျှင် ၎င်းတို့ ဖျက်ဆီးခြင်းမခံရမည်ကိုလည်း မျှော်လင့်ရင်း၊ ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ် သူ၏ မျှော်လင့်ချက်များ အားလုံးကို နောဧ၏မိသားစု အပေါ်တွင် ထားရှိခဲ့သည်။

ဤအရာမှ ဘုရားသခင်၏ စိတ်သဘောထား၏ မည်သည့်အပိုင်းကို ငါတို့ သင်ယူသင့်သနည်း။ လူသားသည် ဘုရားသခင်ကို ရန်လိုခဲ့သောကြောင့် ဘုရားသခင်သည် လူသားကို စက်ဆုပ်ရွံရှာခဲ့သော်လည်း၊ သူ့စိတ်နှလုံးထဲတွင်၊ လူသားမျိုးနွယ်အတွက် သူ၏စောင့်ရှောက်မှု၊ ပူပန်မှုနှင့် သနားကရုဏာတို့သည် မပြောင်းမလဲ ဆက်လက် တည်ရှိနေခဲ့သည်။ လူသားမျိုးနွယ်ကို သူဖျက်ဆီးခဲ့ချိန်တွင်ပင်၊ သူ့စိတ်နှလုံးသည် မပြောင်းမလဲ ဆက်လက် ရှိနေခဲ့သည်။ လူသားမျိုးနွယ်သည် ဖောက်ပြန်ပျက်စီးမှုနှင့်ပြည့်ခဲ့ပြီး၊ ဘုရားသခင်အပေါ် ဆိုးရွားသည့် အတိုင်းအတာ တစ်ခုအထိ မနာခံသည့်အခါတွင်၊ သူ၏ စိတ်သဘောထားနှင့် အနှစ်သာရကြောင့်၊ ပြီးလျှင် သူ၏ အခြေခံသဘောတရားများနှင့်အညီ ဘုရားသခင်သည် လူသားတို့ကို ဖျက်ဆီးခဲ့ရသည်။ သို့ရာတွင် ဘုရားသခင်၏ အနှစ်သာရကြောင့်၊ သူသည် လူသားမျိုးနွယ်ကို သနားဆဲဖြစ်ပြီး ၎င်းတို့ ဆက်လက်ရှင်သန်နိုင်ရန်အလို့ငှာ လူသားမျိုးနွယ်ကို ရွေးနုတ်ရန် နည်းလမ်းအမျိုးမျိုးပင် အသုံးပြုချင်ခဲ့သည်။ သို့ရာတွင် လူသားသည် ဘုရားသခင်ကိုဆန့်ကျင်ကာ ဘုရားသခင်ကို ဆက်လက်မနာခံခဲ့သကဲ့သို့၊ ဘုရားသခင်၏ ကယ်တင်ခြင်းကို လက်ခံရန် ငြင်းပယ်ခဲ့သည်။ ဆိုလိုသည်မှာ၊ ဘုရားသခင်၏ ကောင်းမွန်သည့် ရည်ရွယ်ချက်များကို လက်ခံဖို့ ငြင်းဆန်ခဲ့ပေသည်။ ဘုရားသခင်သည် ၎င်းတို့ကို မည်သို့ ခေါ်သည်ဖြစ်စေ၊ မည်သို့ သတိပေးခဲ့သည်ဖြစ်စေ၊ မည်သို့ ပံ့ပိုးပေးသည်ဖြစ်စေ၊ မည်သို့ ကူညီခဲ့သည်ဖြစ်စေ သို့မဟုတ် ၎င်းတို့ကို မည်သို့သည်းခံခဲ့သည်ဖြစ်စေ၊ လူသားသည်

ထိုအရာကို နားမလည်ခဲ့ သို့မဟုတ် အသိအမှတ်မပြုခဲ့သကဲ့သို့ အာရုံလည်း မစိုက်ခဲ့ပေ။ သူ၏ နာကျင်မှုတွင်၊ ဘုရားသခင်သည် လူသားတို့ လမ်းကြောင်းပြောင်းရန် စောင့်ဆိုင်းရင်း၊ သူ၏ အကြီးမားဆုံး သည်းခံမှုကို ပေးဖို့ ဘုရားသခင်သည် မမေ့လျော့သေးပေ။
သူ၏အကန့်အသတ်ကို ရောက်ရှိသည့်နောက်တွင်၊ သူသည် သူ လုပ်ဆောင်ရမည့်အရာကို တွန့်ဆုတ်ခြင်းမရှိဘဲ လုပ်ဆောင်ခဲ့သည်။ တစ်နည်းအားဖြင့် ဘုရားသခင်သည် လူသားမျိုးနွယ်ကို ဖျက်ဆီးရန် စီစဉ်ခဲ့သည့်အခိုက်အတန့်မှ လူသားကို ဖျက်ဆီးခြင်းဖြင့် သူ၏ အမှုကို အစပြုခြင်းအထိ တိကျသည့် အချိန်ကာလနှင့် ဖြစ်စဉ်တစ်ခု ရှိခဲ့ပေသည်။ ဤဖြစ်စဉ်သည် လူသားကို လမ်းကြောင်း ပြောင်းနိုင်စေခြင်းတည်းဟူသော ရည်ရွယ်ချက်အတွက် တည်ရှိခဲ့ခြင်းဖြစ်ပြီး ဤသည်မှာ ဘုရားသခင်က လူသားကိုပေးခဲ့သည့် နောက်ဆုံးအခွင့်အရေးဖြစ်သည်။ သို့ဆိုလျှင် လူသားမျိုးနွယ်ကို မဖျက်ဆီးမီတွင်၊ ဘုရားသခင်သည် ဤအချိန်ကာလတွင် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။ ဘုရားသခင်သည် သတိပေးခြင်းနှင့် တိုက်တွန်းခြင်း အမှုကို သိသာသော ပမာဏတစ်ခု လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်၏နှလုံးသားသည် မည်မျှ နာကျင်မှု၊ ဝမ်းနည်းမှုများ၌ ရှိခဲ့သည်ဖြစ်စေ သူ၏ဂရုစိုက်မှု၊ ပူပန်မှုနှင့် များပြားပြည့်လျှံသည့် သနားကရုဏာတို့ကို လူသားမျိုးနွယ်၌ ဆက်လက်ထားရှိခဲ့သည်။ ဤအရာမှ မည်သည့်အရာကို ငါတို့ တွေ့ရသနည်း။ ဧကန်မုချ၊ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် စစ်မှန်ပြီး သူ အပြောသက်သက် ဖြစ်သည့်အရာတစ်ခု မဟုတ်သည်ကို ငါတို့ မြင်တွေ့ရသည်။ ယင်းသည် စစ်မှန်သည်၊ လက်ဆုပ်လက်ကိုင်ပြနိုင်ပြီး သိသာသည်၊ အယောင်ဆောင်ထားခြင်းမဟုတ်၊ ရောနှောခြင်းမရှိ၊ လှည့်စားခြင်း သို့မဟုတ် ဟန်ဆောင်ခြင်း မရှိပေ။ သူသည် ချစ်ခင်ဖွယ်ဖြစ်သည်ဟု လူတို့ မြင်စေရန် ဘုရားသခင်သည် မည်သည့်လှည့်စားမှုမျှ လုံးဝ အသုံးမပြုပေ သို့မဟုတ် ပုံရိပ်အတုအယောင်များ မဖန်တီးပေ။ သူ၏ ချစ်ခင်နှစ်လိုဖွယ်ဖြစ်ခြင်းကို လူတို့ မြင်တွေ့စေဖို့ရန် သို့မဟုတ် သူ၏ချစ်ခင်နှစ်လိုဖွယ်ဖြစ်ခြင်းနှင့် သန့်ရှင်းခြင်းကို ကြွားလုံးထုတ်ဖို့ရန် မှားယွင်းသည့်သက်သေကို မည်သည့်အခါမျှ သူအသုံးမပြုပေ။ ဘုရားသခင်၏ စိတ်သဘောထားနှင့် သက်ဆိုင်သည့် ဤသွင်ပြင်လက္ခဏာများသည် လူသား၏ချစ်ခြင်းနှင့် ထိုက်တန်သည် မဟုတ်လော။ ယင်းတို့ကို ကိုးကွယ်ခြင်းငှာ မထိုက်တန်သလော။ ချစ်ခင်နှစ်သက်ခြင်းငှာ မထိုက်တန်သလော။ ဤအချိန်တွင်၊ သင်တို့ကို ငါ မေးလိုသည်- ဤနှုတ်ကပတ်တော်များကို ကြားရပြီးနောက်၊ ဘုရားသခင်၏ကြီးမြတ်ခြင်းသည် စာတစ်ရွက်ပေါ်က အနှစ်မဲ့သည့် စကားလုံးများမျှသာ ဖြစ်သည်ဟု သင်တို့ထင်သလော။

ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ် ဖြစ်ခြင်းသည် အနှစ်မဲ့သည့် စကားလုံးများသာ ဖြစ်သလော။ မဟုတ်ပေ။ သေချာပေါက် မဟုတ်ပေ။ ဘုရားသခင်၏ သာလွန်ခြင်း၊ ကြီးမြတ်ခြင်း၊ သန့်ရှင်းခြင်း၊ သည်းခံခြင်း၊ ချစ်ခြင်း၊ အစရှိသည့်- ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရ၏ အမျိုးမျိုးသော သွင်ပြင်လက္ခဏာ တစ်ခုစီတိုင်း၏ အသေးစိတ်အချက်အလက်တိုင်းသည် သူအမှုပြုသည့်အခါတိုင်း လက်တွေ့ကျသည့် ဖော်ပြမှု၌ တွေ့ရှိရပြီး လူသားအပေါ်ထားရှိသည့် သူ၏အလို၌ သရုပ်ထင်ကာ လူတိုင်း၌လည်း ပြည့်စုံကာ ထင်ဟပ်ပေသည်။ သင်သည် ယခင်က ထိုအရာကို ခံစားဖူးသည်ဖြစ်စေ မခံစားဖူးသည်ဖြစ်စေ၊ ဘုရားသခင်သည် လူတစ်ဦးချင်းစီ၏ နှလုံးသားကို နွေးထွေးစေရန်နှင့် လူတစ်ဦးချင်းစီ၏ စိတ်ဝိညာဉ်ကို နိုးထစေရန် သူ၏ ရိုးသားစစ်မှန်သည့် နှလုံးသား၊ ဉာဏ်ပညာနှင့် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုရင်း၊ လူတိုင်းကို ဖြစ်နိုင်သမျှ နည်းလမ်းတိုင်းဖြင့် စောင့်ရှောက်နေပေသည်။ ဤသည်မှာ ငြင်း၍မရသည့် အချက်တစ်ချက် ဖြစ်သည်။ ဤနေရာတွင် လူမည်မျှ ထိုင်နေကြသည်ဖြစ်စေ၊ လူအသီးသီးသည် ဘုရားသခင်၏ သည်းခံခြင်း၊ စိတ်ရှည်ခြင်းနှင့် ချစ်ခင်နှစ်လိုဖွယ်ဖြစ်ခြင်းတို့အပေါ် မတူညီသော အတွေ့အကြုံများနှင့် ခံစားချက်များ ရှိကြပြီးဖြစ်သည်။ ဘုရားသခင်နှင့် သက်ဆိုင်သည့် ဤအတွေ့အကြုံများနှင့် သူနှင့်သက်ဆိုင်သည့် ဤခံစားချက်များ သို့မဟုတ် သိမြင်နားလည်မှုများသည်- တိုတိုပြောရလျှင် ဤအပြုသဘောဆောင်သည့် အရာအားလုံးသည် ဘုရားသခင်ထံမှလာပေသည်။ ထို့ကြောင့် အယောက်တိုင်း၏ ဘုရားသခင်နှင့် သက်ဆိုင်သည့် အတွေ့အကြုံများနှင့် အသိပညာတို့ကို ပေါင်းကာ ယင်းတို့ကို ယနေ့ ဤသမ္မာကျမ်းစာပိုဒ်များကို ငါတို့၏ ဖတ်ရှုခြင်းများနှင့် ပေါင်းစပ်လိုက်ခြင်းအားဖြင့်၊ ယခု သင်တို့သည် ဘုရားသခင်နှင့်သက်ဆိုင်သည့် သာ၍စစ်မှန်ကာ သင့်တင့်လျောက်ပတ်သည့် သိနားလည်မှုတစ်ခုကို ရရှိကြပြီလော။

ဤအဖြစ်အပျက်ကို ဖတ်ရှုပြီး ဤအဖြစ်အပျက် မှတစ်ဆင့် ထုတ်ဖော်ပြထားသည့် ဘုရားသခင်၏ စိတ်သဘောထား အချို့ကို သိနားလည်ပြီးနောက်တွင်၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် မည်သည့် အသစ်သော နားလည်မှုမျိုး သင် ရှိပါသနည်း။ ယင်းသည် ဘုရားသခင်နှင့် သူ၏ စိတ်နှလုံးနှင့်သက်ဆိုင်သည့် သာ၍နက်ရှိုင်းသော သိနားလည်မှုတစ်ခုကို သင်တို့အား ပေးလေပြီလော။ နောဧ၏အဖြစ်အပျက်ကို ပြန်ကြည့်သည့်အခါတွင် သင်တို့သည် ယခု မတူကွဲပြားစွာ ခံစားရပါသလော။ သင်တို့၏ ထင်မြင်ချက်တွင်၊ ဤကျမ်းပိုဒ်များကို မိတ်သဟာယပြုရန် မလိုအပ်ခဲ့သလော။ ယခု ထိုကျမ်းပိုဒ်များကို ငါတို့ မိတ်သဟာယပြုပြီး ဖြစ်သည့်အတွက်၊ ယင်းသည် မလိုအပ်ဟု

သင်တို့ထင်သလော။ ဧကန်မုချ လိုအပ်ခဲ့ပေ၏။ ငါတို့ ဖတ်ရှုခဲ့သည်မှာ အဖြစ်အပျက်တစ်ခုဖြစ်သော်လည်း၊ ယင်းသည် ဘုရားသခင်လုပ်ဆောင်ခဲ့သည့် အမှု၏ စစ်မှန်သည့် မှတ်တမ်းတစ်ခုဖြစ်သည်။ ငါ၏ရည်မှန်းချက်မှာ ဤအဖြစ်အပျက်များ သို့မဟုတ် ဤဇာတ်ကောင်နှင့်သက်ဆိုင်သည့် အသေးစိတ် အချက်အလက်များကို သင်တို့ သဘောပေါက်နိုင်စေဖို့ မဟုတ်သကဲ့သို့၊ ဤဇာတ်ကောင်ကို သင်တို့အနေဖြင့် သွားရောက်လေ့လာနိုင်ဖို့ရန်လည်း မဟုတ်သည့်အပြင် သမ္မာကျမ်းစာကို သင်တို့ နောက်တစ်ဖန် သွားလေ့လာရန်လည်း သေချာပေါက် မဟုတ်ပေ။ သင်တို့ နားလည်သလော။ သို့ဆိုလျှင် ဤအဖြစ်အပျက်များသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် သင်တို့၏ အသိကို အထောက်အပံ့ ဖြစ်စေပြီလော။ ဤအဖြစ်အပျက်သည် ဘုရားသခင်နှင့် သက်ဆိုင်သည့် သင်တို့၏ သိနားလည်မှုကို မည်သည့်အရာ ဖြည့်ပေးပြီးပြီနည်း။ ဟောင်ကောင်မှ ညီအစ်ကို မောင်နှမတို့၊ ငါတို့ကို ပြောပြကြလော့။ (ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ဖောက်ပြန်ပျက်စီးနေသည့် လူသားများဖြစ်သည့် ကျွန်ုပ်တို့ထဲမှ မည်သူမျှ မပိုင်ဆိုင်သောအရာ တစ်ခုဖြစ်သည်ကို ကျွန်ုပ်တို့ မြင်ခဲ့ရပါသည်။) တောင်ကိုးရီးယားမှ ညီအစ်ကိုမောင်နှမတို့၊ ငါတို့ကို ပြောပြကြလော့။ (လူသားအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် စစ်မှန်သည်။ လူသားအတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် သူ၏ စိတ်သဘောထားကို သယ်ဆောင်ပြီး သူ၏ ကြီးမြတ်ခြင်း၊ သန့်ရှင်းခြင်း၊ သာလွန်ခြင်းနှင့် သည်းခံခြင်းတို့ကို သယ်ဆောင်ပါသည်။ ထိုအရာနှင့်သက်ဆိုင်သည့် သာ၍ နက်ရှိုင်းသည့် သိနားလည်မှု ရရှိဖို့ ကျွန်ုပ်တို့ ကြိုးစားထိုက်ပါသည်။) (တစ်ဖက်တွင်၊ ခုနလေးတင် မိတ်သဟာယ ပြုခြင်းမှတစ်ဆင့်၊ ဘုရားသခင်၏ ဖြောင့်မတ်ကာ သန့်ရှင်းသည့် စိတ်သဘောထားကို ကျွန်ုပ်မြင်နိုင်ပြီး လူသားမျိုးနွယ်အတွက် ဘုရားသခင် ထားရှိသည့် ပူပန်မှု၊ လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ သနားကရုဏာနှင့်၊ ဘုရားသခင် ပြုသည့်အရာတိုင်းနှင့် သူထားရှိသည့် အကြံအစည်တိုင်းနှင့် စိတ်ကူးတိုင်းသည် လူသားမျိုးနွယ်အတွက် သူ၏ချစ်ခြင်းမေတ္တာနှင့် ပူပန်မှုကို ထုတ်ဖော်ပြသည်ကိုလည်း ကျွန်ုပ် မြင်ရပါသည်။) (အတိတ်က ကျွန်ုပ်၏သိနားလည်မှုမှာ လူသားမျိုးနွယ်သည် ဆိုးရွားသည့် အတိုင်းအတာ တစ်ခုအထိ ဆိုးယုတ်လာခဲ့ကြပြီး ဖြစ်သောကြောင့်၊ ဘုရားသခင်သည် ကမ္ဘာလောကကို ဖျက်စီးဖို့ ရေလွှမ်းမိုးခြင်းကို အသုံးပြုခဲ့ပြီး၊ သူသည် ၎င်းတို့ကို စက်ဆုပ်ရွံရှာခဲ့သောကြောင့် ဤလူသားမျိုးနွယ်ကို ဘုရားသခင်က ဖျက်ဆီးခဲ့သည့်အလားဖြစ်သည်။ ဘုရားသခင်သည် ဤလူသားမျိုးနွယ်ကို လက်လွှတ်ဖို့ အမှန်တကယ် တွန့်ဆုတ်ခဲ့သည်ကို ကျွန်ုပ် နားလည်ခဲ့သည်မှာ ဘုရားသခင်က နောဧ၏ အဖြစ်အပျက်အကြောင်း ယနေ့ပြောပြပြီး၊

ဘုရားသခင်၏ နှလုံးသားသည် သွေးယိုစီးနေခဲ့သည်ဟု ပြောပြီးသည့်နောက်တွင်မှ ဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ဖျက်ဆီးဖို့မှလွဲ၍ ရွေးချယ်စရာမရှိခဲ့သည်မှာ လူသားမျိုးနွယ်က အလွန် မနာခံလွန်းခဲ့သောကြောင့်သာ ဖြစ်ပါသည်။ အမှန်တွင် ထိုအချိန်က ဘုရားသခင်၏ နှလုံးသားသည် အလွန် ဝမ်းနည်းနေခဲ့ပါသည်။ ဤအရာမှ လူသားမျိုးနွယ် အတွက် ဘုရားသခင်၏ စိတ်သဘောထားထဲက သူ၏ဂရုစိုက်မှုနှင့် ပူပန်မှုတို့ကို ကျွန်ုပ်မြင်နိုင်ပါ၏။ ဤသည်မှာ ယခင်က ကျွန်ုပ်မသိခဲ့သည့်အရာတစ်ခု ဖြစ်ပါသည်။) သိပ်ကောင်းသည်။ သင်တို့ နောက်တစ်ယောက် ဆက်ပြောနိုင်သည်။ (နားထောင်ပြီးသည့်နောက် ကျွန်ုပ် အလွန်စိတ်ထိခိုက်သွားခဲ့ပါသည်။ ယခင်က သမ္မာကျမ်းစာကို ကျွန်ုပ်ဖတ်ဖူးပါသည်၊ သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ကို သိနိုင်ဖို့အလို့ငှာ ဘုရားသခင်က ဤအရာများကို တိုက်ရိုက် စိတ်ဖြာလေ့လာ ဆွေးနွေးပေးသည့် ယနေ့ကဲ့သို့သော အတွေ့အကြုံမျိုး တစ်ခါမျှ မရှိဖူးပါ။ ဘုရားသခင်အနေဖြင့် သမ္မာကျမ်းစာကို ကျွန်ုပ်တို့ နားလည်နိုင်ဖို့ရန် ကျွန်ုပ်တို့ကို ဤကဲ့သို့ ခေါ်ဆောင်ခြင်းက လူသား၏ ဖောက်ပြန်ပျက်စီးမှုမတိုင်ခင်က ဘုရားသခင်၏ အနှစ်သာရသည် လူသားမျိုးနွယ်အတွက် ချစ်ခြင်းမေတ္တာနှင့် ဂရုစိုက်မှုဖြစ်သည်ကို ကျွန်ုပ်အား သိနိုင်စေခဲ့ပါသည်။ လူသားသည် ဖောက်ပြန်ပျက်စီးလာခဲ့သည့်အချိန်မှ ဤလတ်တလော နောက်ဆုံးသော ကာလအထိ၊ ဘုရားသခင်သည် ဖြောင့်မတ်သည့် စိတ်သဘောထားတစ်ခု ရှိသော်လည်း၊ သူ၏ချစ်ခြင်းနှင့် ဂရုစိုက်မှုတို့သည် မပြောင်းမလဲ ရှိနေပါသည်။ ဤအရာက လူသားသည် ဖောက်ပြန်ပျက်စီးခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဖန်ဆင်းခြင်းမှ ယခုအထိ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အနှစ်သာရသည် မည်သည့်အခါမျှ မပြောင်းလဲသည်ကို ပြပါသည်။) (ဘုရားသခင်၏ အနှစ်သာရသည် သူ၏အမှုနှင့်သက်ဆိုင်သည့် အချိန် သို့မဟုတ် နေရာ အပြောင်းအလဲတစ်ခုကြောင့် ပြောင်းလဲမည်မဟုတ်သည်ကို ယနေ့ ကျွန်ုပ် တွေ့မြင်ခဲ့ရပါသည်။ ဘုရားသခင်သည် ကမ္ဘာကို ဖန်ဆင်းနေသည်ဖြစ်စေ သို့မဟုတ် လူသားတို့ ဖောက်ပြန်ပျက်စီးလာသည့်နောက်တွင် ကမ္ဘာကို ဖျက်ဆီးနေသည်ဖြစ်စေ၊ သူလုပ်သမျှတိုင်းက အဓိပ္ပာယ်ရှိပြီး၊ သူ၏စိတ်သဘောထား ပါရှိသည် ကိုလည်း ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အဆုံးမရှိဖြစ်ပြီး၊ တိုင်းတာ၍မရသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ရပြီး အခြားညီအစ်ကို မောင်နှမများ ပြောသွားသကဲ့သို့ပင်၊ ဘုရားသခင်က ကမ္ဘာကို ဖျက်ဆီးခဲ့ချိန်တွင် လူသားမျိုးနွယ်ပေါ်ထားရှိသည့် သူ၏ဂရုစိုက်မှုနှင့် သနားကရုဏာတို့ကိုလည်း ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။) (ဤအရာများမှာ ယခင်က

ကျွန်ုပ်အနေဖြင့် ဧကန်အမှန် မသိခဲ့သည့်အရာများ ဖြစ်ပါသည်။ ယနေ့ နားထောင်ပြီးသည့်နောက်၊ ဘုရားသခင်သည် အမှန်တကယ် ယုံကြည်စိတ်ချရသည်၊ အမှန်တကယ် ယုံကြည်အားကိုး၍ရသည်၊ ယုံကြည်ထိုက်သကဲ့သို့ သူသည် ဧကန်အမှန် တည်ရှိသည်ကို ကျွန်ုပ် ခံစားရပါသည်။ ဘုရားသခင်၏ စိတ်သဘောထားနှင့် ချစ်ခြင်းမေတ္တာသည် အမှန်တကယ် ဤမျှခိုင်လုံသည်ကို ကျွန်ုပ်၏ နှလုံးသားထဲတွင် စစ်မှန်စွာ အသိအမှတ်ပြုနိုင်ပါသည်။ ဤသည်မှာ ယနေ့ ကျွန်ုပ်နားထောင်ပြီးနောက် ရှိသည့် ခံစားချက် ဖြစ်ပါသည်။) ကောင်းလိုက်လေစွ။ သင်တို့အားလုံးသည် သင်တို့ကြားခဲ့သည့် အရာကို လေးလေးနက်နက် ခံယူကြပြီးဖြစ်ပုံရသည်။

ယနေ့ ငါတို့ မိတ်သဟာယပြုခဲ့ကြသည့် သမ္မာကျမ်းစာ အဖြစ်အပျက်များ အားလုံးအပါအဝင်၊ ကျမ်းပိုဒ်များ အားလုံးမှ တစ်စုံတစ်ရာကို သင်တို့ သတိထားမိကြပြီလော။ ဘုရားသခင်သည် သူ၏ ကိုယ်ပိုင်အတွေးများကို ဖော်ပြရန် သို့မဟုတ် လူသားမျိုးနွယ်အတွက် သူ၏ချစ်ခြင်းနှင့် ဂရုစိုက်မှုတို့ကို ရှင်းပြရန် သူ၏ ကိုယ်ပိုင် ဘာသာစကားကို အသုံးပြုဖူးပါသလော။ ဘုရားသခင်အနေဖြင့် လူသားမျိုးနွယ်ကို မည်မျှအလေးထားသည် သို့မဟုတ် မည်မျှချစ်သည်ကို ဖော်ပြဖို့ရန် သာမန် ဘာသာစကားကို သူသုံးခဲ့သည့် မှတ်တမ်းတစ်ခု ရှိပါသလော။ မရှိပေ။ မှန်သည် မဟုတ်လော။ သင်တို့ထဲတွင် သမ္မာကျမ်းစာကို ဖတ်ဖူးသည့်သူများ သို့တည်းမဟုတ် သမ္မာကျမ်းစာ အပြင် အခြားစာအုပ်များကို ဖတ်ဖူးသူများစွာရှိသည်။ သင်တို့ထဲမှ တစ်ဦးတလေသည် ထိုသို့သော စကားများကို မြင်ဖူးသလော။ အဖြေမှာ လုံးဝ မမြင်ဖူးကြပေ။ ဆိုလိုသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ သို့မဟုတ် သူ၏ အမှုနှင့် သက်ဆိုင်သည့် မှတ်တမ်းများအပါအဝင်၊ သမ္မာကျမ်းစာ၏ မှတ်တမ်းများတွင် ဘုရားသခင်သည် သူ၏ ခံစားချက်များကို ဖော်ပြရန် သို့မဟုတ် လူသားမျိုးနွယ်အတွက် သူ၏ချစ်ခြင်းနှင့် ဂရုစိုက်မှုကို ဖော်ပြရန် သူ၏ကိုယ်ပိုင် နည်းလမ်းများကို မည်သည့်ခေတ် သို့မဟုတ် မည်သည့်ကာလတွင်မျှ လုံးဝမသုံးဖူးသကဲ့သို့၊ သူ၏ခံစားချက်များနှင့် သူ့စိတ်ခံစားမှုများကို သိရှိစေဖို့ မိန့်ခွန်း သို့မဟုတ် မည်သည့်လုပ်ရပ်များကိုမျှ အသုံးမပြုဖူးပေ- ယင်းမှာ အမှန်တရားတစ်ခု ဖြစ်သည်မဟုတ်လော။ အဘယ်ကြောင့် ထိုသို့ ငါပြောသနည်း။ ဤအရာကို အဘယ်ကြောင့် ငါ ဖော်ပြပြောဆိုရသနည်း။ အဘယ်ကြောင့်ဆိုသော် ဤအရာတွင်လည်း ဘုရားသခင်၏ ချစ်ခင်နှစ်လိုဖွယ်ဖြစ်ခြင်းနှင့် သူ၏စိတ်သဘောထားတို့ ဖွဲ့စည်းပါဝင်သောကြောင့် ဖြစ်ပေသည်။

ဘုရားသခင်သည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့၏။ ၎င်းတို့ ဖောက်ပြန်ဖျက်ဆီးခံရပြီးသည်ဖြစ်စေ သို့မဟုတ် သူ့နောက်လိုက်လျှောက်ကြသည်ဖြစ်စေ ပဓာနမထားဘဲ၊ ဘုရားသခင်သည် လူသားများကို သူ၏ကစားစရာများကဲ့သို့ မဟုတ်ဘဲ၊ သူ အမြတ်နိုးရဆုံး ချစ်ရသူများအဖြစ်- သို့မဟုတ် လူသားများ ပြောသကဲ့သို့ သူ့အဖို့ အချစ်မြတ်နိုးရဆုံးသော လူများအဖြစ်- ဆက်ဆံလေသည်။ ဘုရားသခင်က သူသည် ဖန်ဆင်းရှင်ဖြစ်ပြီး လူသားသည် သူ၏ဖန်ဆင်းခြင်း ဖြစ်သည်ဟု ပြောသော်လည်း၊ ယင်းသည် အဆင့်အတန်းဖြင့် ကွာခြားမှုအနည်းငယ် ရှိသည်ဟု ထင်ကောင်းထင်ရနိုင်သော်လည်း၊ လက်တွေ့အရှိတရားမှာ လူသားမျိုးနွယ်အတွက် ဘုရားသခင် လုပ်ဆောင်ပြီးဖြစ်သည့် အရာတိုင်းသည် ဤသဘောသဘာဝနှင့်သက်ဆိုင်သည့် ဆက်နွယ်မှုကို များစွာကျော်လွန်ပေသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ချစ်၏၊ လူသားမျိုးနွယ်ကို ဂရုစိုက်ပြီး၊ လူသားမျိုးနွယ်အတွက် ပူပန်မှုကို ပြသည့်အပြင်၊ လူသားမျိုးနွယ်အတွက် စဉ်ဆက်မပြတ် ရပ်တန့်ခြင်း မရှိဘဲ ထောက်ပံ့ပေးလျက်ရှိသည်။ ဤသည်မှာ အပိုအလုပ်ဖြစ်ပြီး နာမည်ကောင်းများစွာ ရထိုက်သည့်အရာ ဖြစ်သည် သို့မဟုတ် များစွာ ချီးကျူးထိုက်သည့်အရာတစ်ခုဟု သူ၏နှလုံးသားတွင် ဘုရားသခင်သည် လုံးဝ မခံစားရပေ။ လူသားမျိုးနွယ်ကို ကယ်တင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် အရာရာ ပေးအပ်ခြင်းသည် လူသားမျိုးနွယ်ကို ရောမ အထောက်အကူပြုခြင်းတစ်ခု ဖြစ်သည်ဟုလည်း သူမခံစားရချေ။ သူသည် လူသားမျိုးနွယ်ကို သူ၏ ကိုယ်ပိုင်နည်းလမ်း၊ သူ၏အနှစ်သာရနှင့် သူ၏အရာအားလုံးနှင့်ဖြစ်ခြင်းတို့မှတစ်ဆင့် တိတ်ဆိတ်စွာနှင့် ငြိမ်သက်စွာ သက်သက် ထောက်ပံ့ ပေးလေသည်။ လူသားမျိုးနွယ်သည် သူ့ထံမှ မည်မျှထောက်ပံ့မှုနှင့် မည်မျှအကူအညီတို့ကို ရရှိသည် ဖြစ်စေ၊ ဘုရားသခင်သည် ချီးကျူးမှုရဖို့ လုံးဝ မစဉ်းစား သို့မဟုတ် မကြိုးစားပေ။ ဤအရာကို ဘုရားသခင်၏ အနှစ်သာရက သတ်မှတ်ပေးထားပြီး ဘုရားသခင်၏ စိတ်သဘောထား၏ စစ်မှန်သည့် ဖော်ပြချက်လည်း အတိအကျ ဖြစ်သည်။ ဤသည်မှာ သမ္မာကျမ်းစာထဲတွင် ရှိသည်ဖြစ်စေ၊ သို့မဟုတ် အခြားမည်သည့် စာအုပ်ထဲတွင် ရှိသည်ဖြစ်စေ၊ ဘုရားသခင် အနေဖြင့် သူ၏အတွေးများကို ဖော်ပြနေခြင်းကို ငါတို့ မည်သည့်အခါမျှ မတွေ့ရသကဲ့သို့၊ လူသားများက သူ့အပေါ် ကျေးဇူးတင်ရှိဖို့ သို့မဟုတ် သူ့ကို ချီးမွမ်းစေဖို့ ရည်မှန်းချက်ဖြင့်၊ ဤအရာများကို သူ အဘယ်ကြောင့် လုပ်ဆောင်ရသည်၊ သို့မဟုတ် လူသားမျိုးနွယ်ကို သူ အဘယ်ကြောင့် အလွန် အရေးစိုက်သည်ဆိုသည်ကို လူသားများထံ ဖော်ပြနေခြင်း သို့မဟုတ် တရားဝင် ကြေညာနေခြင်းကို မည်သည့်အခါမျှ ငါတို့ မတွေ့ရသည့် အကြောင်းရင်း ဖြစ်သည်။ သူ နာကျင်ရသည့် အခါတွင်ပင်၊ သူ၏နှလုံးသားသည်

ပြင်းထန်သော နာကျင်မှုတွင် ရှိချိန်တွင်ပင်၊ လူသားမျိုးနွယ်အပေါ် သူ၏ဝတ္တရား သို့မဟုတ် သူ၏ ပူပန်မှုကို မည်သည့်အခါမျှ မမေ့လျော့ပေ။ တစ်ချိန်လုံး သူသည် ဤနာကျင်မှုနှင့် ဝေဒနာကို တစ်ကိုယ်တည်း တိတ်တဆိတ် သည်းခံလေသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ ဘုရားသခင်သည် သူ အမြဲလုပ်ဆောင်ပြီးသည့်အတိုင်း လူသားမျိုးနွယ်ကို ဆက်လက်ထောက်ပံ့သည်။ လူသားမျိုးနွယ်သည် တစ်ခါတစ်ရံ ဘုရားသခင်ကို ချီးမွမ်းသော်လည်း သို့မဟုတ် သူ့ကို သက်သေခံသော်လည်း၊ ဤအပြုအမူထဲမှ မည်သည့်အရာမျှကို ဘုရားသခင် မတောင်းဆိုထားပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် လူသားများ အတွက် သူလုပ်ဆောင်သည့် ကောင်းသော အရာများထဲမှ တစ်ခုတစ်လေကို ကျေးဇူးတင်ရှိခြင်း အတွက် အလဲအလှယ်ပြုရန် သို့မဟုတ် ပြန်လည် ပေးဆပ်ခံရရန် မည်သည့်အခါမျှ မရည်ရွယ်ခဲ့သောကြောင့် ဖြစ်သည်။ အခြားတစ်ဖက်တွင်၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ရှားနိုင်သူများ၊ ဘုရားသခင်နောက် အမှန်တကယ် လိုက်လျှောက်နိုင်သူများ၊ သူ့စကားကို နားထောင်ပြီး၊ သူ့ကို သစ္စာစောင့်သိသူများနှင့် သူ့ကို နာခံနိုင်သူများ- ဤသူများသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို မကြာခဏ ရရှိမည့်လူများ ဖြစ်ပြီး၊ ဘုရားသခင်သည် ထိုသို့သော ကောင်းချီးမင်္ဂလာများကို မခြွင်းမချန် နှင်းအပ်လိမ့်မည်။ ထို့အပြင် ဘုရားသခင်ထံမှ လူတို့ရရှိသည့် ကောင်းချီးမင်္ဂလာများသည် မကြာခဏ ၎င်းတို့၏ စိတ်ကူးများကိုကျော်လွန်ကာ လူသားများအနေဖြင့် ၎င်းတို့ လုပ်ဆောင်ပြီးဖြစ်သည့်အရာ သို့မဟုတ် ၎င်းတို့ ပေးပြီးဖြစ်သည့် အဖိုးအခမှတစ်ဆင့် ရှင်းချက်ထုတ်၍ ရနိုင်သည့် အရာတစ်ခုတစ်လေကိုလည်း ကျော်လွန်ပေသည်။ လူသားမျိုးနွယ်သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို မွေ့လျော် ခံစားနေချိန်တွင်၊ ဘုရားသခင် မည်သည့်အရာ လုပ်ဆောင်နေသည်ကို တစ်ဦးတစ်လေက ဂရုစိုက်ပါသလော။ တစ်ဦးတစ်ယောက်သည် ဘုရားသခင် မည်ကဲ့သို့ ခံစားနေရသည်ကို အရေးထားမှု တစ်ခုတစ်လေ ပြပါသလော။ ဘုရားသခင်၏ နာကျင်မှုကို နားလည်ဖို့ရန် တစ်ဦးတစ်ယောက်က ကြိုးစားပါသလော။ အဖြေမှာ ပြတ်သားသည့် အငြင်းတစ်ခု ဖြစ်သည်။ နောဧ အပါအဝင် လူသားတစ်ဦးတစ်လေသည် ထိုအခိုက်အတန့်တွင် ဘုရားသခင် ခံစားနေခဲ့ရသည့် ခံစားချက်ကို နားလည်နိုင်သလော။ ဘုရားသခင်သည် ထိုသို့သော ပဋိညာဉ်ကို အဘယ်ကြောင့် တည်ထောင်ခဲ့သည်ကို တစ်ဦးတစ်လေက သဘောပေါက်နိုင်ပါသလော။ သဘောမပေါက်နိုင်ပေ။ လူသားမျိုးနွယ်သည် ဘုရားသခင်၏ နာကျင်မှုကို အသိအမှတ်မပြုသည်မှာ ၎င်းတို့က ဘုရားသခင်၏ နာကျင်မှုကို နားမလည်နိုင်သောကြောင့် မဟုတ်သကဲ့သို့၊ လူသားနှင့် ဘုရားသခင်အကြားမှ ကွာဟချက်

သို့မဟုတ် ၎င်းတို့၏ အဆင့်အတန်းထဲက ခြားနားမှုကြောင့် မဟုတ်ပေ။ ယင်းထက် လူသားမျိုးနွယ်သည် ဘုရားသခင်၏ မည်သည့် ခံစားချက်ကိုမျှ လုံးဝ အရေးမစိုက်သောကြောင့် ဖြစ်သည်။ လူသားမျိုးနွယ်က၊ ဘုရားသခင်သည် အမှီအခိုကင်းသည်- ဘုရားသခင်သည် သူနှင့်ပတ်သက်၍ ဂရုစိုက်ဖို့၊ သူ့ကိုနားလည်ဖို့နှင့် သူ့ကို အရေးထားမှု ပြရန် လူတို့ကို မလိုအပ်။ ဘုရားသခင်သည် ဘုရားသခင်ဖြစ်သည်၊ ထို့ကြောင့် သူသည် နာကျင်မှုမရှိ၊ စိတ်ခံစားမှုများ မရှိပေ။ သူ ဝမ်းနည်းလိမ့်မည်မဟုတ်၊ ပူဆွေးမှုကို သူ မခံစားရ၊ သူသည် ငိုပင်မငိုပေ။ ဘုရားသခင်သည် ဘုရားသခင်ဖြစ်သည်၊ ထို့ကြောင့် သူသည် စိတ်ခံစားမှုဆိုင်ရာ ဖော်ပြချက်တစ်ခုတစ်လေ မလိုအပ်သကဲ့သို့ မည်သည့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုမျှ မလိုအပ်ပေ။ အကယ်၍ သူသည် အချို့သော အခြေအနေများအောက်တွင်၊ ဤအရာများကို အမှန်တကယ် လိုအပ်ပါက သူသည် တစ်ကိုယ်တည်း နိုင်နိုင်နင်းနင်း လုပ်ဆောင်နိုင်ပြီး၊ လူသားမျိုးနွယ်ထံမှ မည်သည့် အကူအညီမျှ လိုအပ်မည်မဟုတ်ပေ။ အပြန်အလှန်အားဖြင့် ဘုရားသခင်၏ နှစ်သိမ့်ခြင်း၊ ထောက်ပံ့ခြင်း၊ အားပေးခြင်းနှင့် အချိန်တိုင်းနှင့် နေရာတိုင်းတွင် ၎င်းတို့၏ စိတ်ခံစားမှုများကို ဘုရားသခင် နှစ်သိမ့်ပေးရန်အတွက်ပင် လိုအပ်သည်မှာ "အားနည်းပြီး မရင့်ကျက်သည့်" လူသားများဖြစ်သည်။ လူသားသည် အားနည်းသူတစ်ဦး ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ကို နည်းလမ်းတိုင်းဖြင့် ကြည့်ရှု စောင့်ရှောက်ရန် ဘုရားသခင်ကို လိုအပ်ကြသည်၊ ဘုရားသခင်ထံမှ ရရှိသည့် ဂရုစိုက်မှုအားလုံးကို ၎င်းတို့ရထိုက်ပြီး၊ မိမိတို့ ပိုင်ဆိုင်သည့်အရာများဟု ၎င်းတို့ခံစားရသည့် မည်သည့်အရာကိုမဆို ဘုရားသခင်ထံမှ ၎င်းတို့ တောင်းဆိုသင့်သည်ဟူသည့် အရာများသည် လူသားမျိုးနွယ်၏စိတ်နှလုံးထဲတွင် နက်နက်ရှိုင်းရှိုင်း ခိုအောင်းနေသည်။ ဘုရားသခင်သည် သန်မာသူတစ်ဦး ဖြစ်သည်။ သူသည် အရာရာကို ပိုင်ဆိုင်ပြီး၊ သူသည် လူသားမျိုးနွယ်၏ ကာကွယ်စောင့်ရှောက်သူနှင့် ကောင်းချီးမင်္ဂလာများ အပ်နှင်းပေးသူ ဖြစ်သင့်သည်။ သူသည် ဘုရားသခင်ဖြစ်နှင့်သည့်အတွက်၊ သူသည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်ပြီး၊ လူသားမျိုးနွယ်ထံမှ မည်သည့်အရာကိုမျှ မလိုအပ်ဟု ထင်တတ်ကြလေသည်။

လူသားသည် ဘုရားသခင်၏ဖွင့်ပြချက်များ တစ်ခုတလေကိုမျှ အာရုံမစိုက်သည်နှင့်အမျှ၊ သူသည် ဘုရားသခင်၏ပူဆွေးခြင်း၊ နာကျင်ခြင်း သို့မဟုတ် ဝမ်းမြောက်ခြင်းတို့ကို လုံးဝ မခံစားရလေပြီ။ သို့သော် အပြန်အလှန်အားဖြင့်၊ ဘုရားသခင်သည် လူသား၏ မျက်နှာအမူအရာများ အားလုံးကို ကောင်းကောင်း သိရှိလေသည်။ ဘုရားသခင်သည် လူတစ်ဦးစီတိုင်း၏ ပြောင်းလဲနေသည့် အတွေးများကို လေ့လာရင်းနှင့်၊ ထိုသို့ဖြင့် ၎င်းတို့ကို

နှစ်သိမ့်ကာ တိုက်တွန်းရင်း၊ ပြီးလျှင် ၎င်းတို့ကို လမ်းပြကာ အလင်းပေးရင်း၊ အယောက်တိုင်း၏ လိုအပ်ချက်များကို အချိန်တိုင်းနှင့် နေရာတိုင်းတွင် ထောက်ပံ့ပေးလေသည်။ လူသားမျိုးနွယ် အပေါ် ဘုရားသခင်လုပ်ဆောင်ပြီးသည့် အရာအားလုံးနှင့် ၎င်းတို့ကြောင့် သူပေးဆပ်ပြီးဖြစ်သည့် အဖိုးအခများအားလုံးအရ၊ ဘုရားသခင်သည် လူသားထံမှ တစ်စုံတစ်ရာ တောင်းဆိုလိမ့်မည် ဆိုသည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် ကျမ်းပိုဒ်အား ကျမ်းစာထဲတွင် သို့မဟုတ် ယနေ့အချိန်ထိ ဘုရားသခင် ပြောဆိုခဲ့သည့် အရာများထဲတွင် လူတို့က ရှာတွေ့နိုင်ကြပါသလော။ မရှာတွေ့နိုင်ပေ။ ဆန့်ကျင်ဘက်အနေဖြင့်၊ လူတို့သည် ဘုရားသခင်၏ အတွေးကို မည်မျှ လျစ်လျူရှုပါစေ၊ ၎င်းတို့အတွက် သူပြင်ဆင်ထားသည့် လှပသောခရီးပန်းတိုင်ကို ၎င်းတို့ ရရှိနိုင်ရန်အလို့ငှာ ဘုရားသခင်၏ လမ်းခရီးကို ၎င်းတို့အား လျှောက်လှမ်းနိုင်စေဖို့ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ထပ်တလဲလဲ ဦးဆောင်ဆဲဖြစ်သည်၊ လူသားမျိုးနွယ်ကို ထပ်တလဲလဲ ထောက်ပံ့ကာ ကူညီပေးဆဲဖြစ်ပေသည်။ ဘုရားသခင်နှင့် ပတ်သက်လာသည့်အခါ၊ သူ၏အရာအားလုံးနှင့်ဖြစ်ခြင်း၊ သူ၏ကျေးဇူးတော်၊ သူ၏သနားကရုဏာနှင့် သူ၏ဆုလာဘ်များအားလုံးကို သူ့ကိုချစ်ကာ သူ့နောက်လိုက်သည့် သူများအပေါ် ခြွင်းချန်ထားခြင်းမရှိဘဲ အပ်နှင်းလိမ့်မည် ဖြစ်သည်။ သို့ရာတွင် သူသည် သူခံစားရသည့် နာကျင်မှု သို့မဟုတ် သူ၏ စိတ်အခြေအနေကို မည်သည့်လူထံမျှ ထုတ်ဖော်ပြခြင်းမရှိသကဲ့သို့၊ သူ့အပေါ် ထောက်ထားမှု မရှိခြင်း သို့မဟုတ် သူ့အလိုကို မသိရှိခြင်းအတွက် မည်သူကိုမျှ လုံးဝ စောဒကမတက်ပေ။ သူသည် လူသားမျိုးနွယ်က နားလည်နိုင်မည့်နေ့ရက်ကို စောင့်ဆိုင်းရင်း၊ ဤအရာအားလုံးကို တိတ်တဆိတ်သာ သည်းခံလေသည်။

ဤအရာများကို ဤနေရာတွင် ငါအဘယ်ကြောင့် ပြောသနည်း။ ငါပြောပြီးသည့်အရာများမှ သင်တို့ မည်သည့်အရာကို မြင်တွေ့သနည်း။ ဘုရားသခင်၏ အနှစ်သာရနှင့် စိတ်သဘောထားထဲတွင် အားလုံး သတိမမူမိဖို့ လွယ်ကူလွန်းလှသည့် အရာတစ်ခု၊ အခြားသူများက ကြီးမြတ်သည့်လူများ၊ သူတော်ကောင်းများ၊ သို့မဟုတ် ၎င်းတို့စိတ်ကူးထဲက ဘုရားအဖြစ် တွေးထင်ကြသည့် သူများအပါအဝင်၊ မည်သည့် လူကမျှ မပိုင်ဆိုင်ဘဲ၊ ဘုရားသခင်သာလျှင် ပိုင်ဆိုင်သည့် အရာတစ်ခုရှိပေသည်။ ဤအရာမှာ အဘယ်နည်း။ ဘုရားသခင်၏ ကိုယ်ကျိုးမငဲ့မှု ဖြစ်သည်။ ကိုယ်ကျိုးမငဲ့မှုအကြောင်းဆိုသည့်အခါ၊ သင်သည် သင်၏သားသမီးများနှင့် ပတ်သက်လာသည့်အခါတွင်၊ ၎င်းတို့နှင့် ပတ်သက်၍ မကတ်သတ် သို့မဟုတ် ရက်ရောတတ်သောကြောင့် မိမိမှာလည်း အင်မတန်မှပင်

ကိုယ်ကျိုးမငဲ့တတ်သည့်သူ ဖြစ်သည်ဟု သင်တွေးကောင်းတွေးနိုင်သည် သို့မဟုတ် သင်၏ မိဘနှင့် ပတ်သက်လာသည့်အခါ သင်သည်လည်း အလွန်ကိုယ်ကျိုးမငဲ့ဟု သင် ထင်တတ်သည်။ သင် မည်သည့်အရာကို တွေးသည်ဖြစ်စေ၊ အနည်းဆုံးအနေဖြင့် သင်သည် "ကိုယ်ကျိုးမငဲ့" ဟူသည့်စကားလုံးနှင့် သက်ဆိုင်သည့် အယူအဆ တစ်ခုရှိပြီး၊ ယင်းကို အပြုသဘောဆောင်သည့် စကားလုံးတစ်လုံးအဖြစ် တွေးထင်ကာ၊ ကိုယ်ကျိုးမငဲ့သောသူတစ်ဦး ဖြစ်ခြင်းမှာ အင်မတန် မြင့်မြတ်သည်ဟု တွေးထင်လေသည်။ သင်သည် ကိုယ်ကျိုးမငဲ့သည့်အခါတွင်၊ မိမိကိုယ်ကိုယ် မြင့်မြင့်မားမား အထင်ကြီးခြင်း ဖြစ်သည်။ သို့ရာတွင် အရာခပ်သိမ်းတွင်၊ လူများ၊ အဖြစ်အပျက်များ၊ အရာဝတ္ထုများအလယ်နှင့် ဘုရားသခင်၏ အမှုတို့တွင် ဘုရားသခင်၏ ကိုယ်ကျိုးမငဲ့ခြင်းကို မြင်နိုင်သူ မည်သူမျှ မရှိပေ။ အဘယ်ကြောင့် ထိုသို့ဖြစ်ရသနည်း။ အဘယ်ကြောင့်ဆိုသော် လူသားသည် အလွန်အမင်း တစ်ကိုယ်ကောင်းဆန်သောကြောင့် ဖြစ်သည်။ အဘယ်ကြောင့် ငါသည် ထိုသို့ပြောရသနည်း။ လူသားမျိုးနွယ်သည် ရုပ်ဝတ္ထုလောကထဲတွင် အသက်ရှင်၏။ သင်သည် ဘုရားသခင်နောက်ကို လိုက်ကောင်း လိုက်နိုင်သော်လည်း၊ ဘုရားသခင်သည် သင့်ကို မည်သို့ထောက်ပံ့ပေးသည်၊ မည်သို့ချစ်ပြီး မည်သို့ အရေးထားသည်ကို မည်သည့်အခါမျှ သင် မမြင် သို့မဟုတ် နားမလည်ပေ။ သို့ဆိုလျှင် မည်သည့်အရာကို သင်မြင်သနည်း။ သင့်ကို ချစ်မြတ်နိုးသည့် သို့မဟုတ် သင့်ကို တုန်နေအောင်ချစ်ကြသည့် သွေးသားရင်းချာ ဆွေမျိုးများကို သင်မြင်သည်။ သင်၏ အသွေးအသားအတွက် အကျိုးရှိသည့် အရာများကို သင် မြင်သည်၊ သင်ချစ်သည့် လူများနှင့် အမှုအရာများနှင့် ပတ်သက်၍ သင် ဂရုစိုက်သည်။ ဤသည်မှာ လူသားက ကိုယ်ကျိုးမငဲ့ခြင်းဟု ခေါ်သည့်အရာ ဖြစ်တော့သည်။ သို့ရာတွင် ထိုသို့သော "ကိုယ်ကျိုးမငဲ့သည့်" လူများသည် ၎င်းတို့ကိုအသက်ပေးသည့် ဘုရားသခင်ကိုမူ မည်သည့်အခါတွင်မျှ အလေးမထားခဲ့ကြပေ။ ဘုရားသခင်၏ ကိုယ်ကျိုးမငဲ့ခြင်းနှင့် ဆန့်ကျင်စွာ၊ လူသား၏ ကိုယ်ကျိုးမငဲ့မှုသည် တစ်ကိုယ်ကောင်းဆန် လာပြီး စက်ဆုပ်ရွံရှာဖွယ် ဖြစ်လာသည်။ လူသားက ယုံကြည်သည့် ကိုယ်ကျိုးမငဲ့မှုသည် အနှစ်မဲ့ပြီး သဘာဝမကျပေ၊ ဖောက်ပြန်ကာ၊ ဘုရားသခင်နှင့် သဟဇာတမဖြစ်သကဲ့သို့၊ ဘုရားသခင်နှင့် ဆက်နွှယ်ခြင်း မရှိပေ။ လူ၏ ကိုယ်ကျိုးမငဲ့ခြင်းသည် မိမိကိုယ်ကိုယ်အတွက် ဖြစ်သော်လည်း၊ ဘုရားသခင်၏ ကိုယ်ကျိုးမငဲ့ခြင်းသည် သူ၏အနှစ်သာရ၏ စစ်မှန်သည့် ဖော်ပြချက် ဖြစ်ပေသည်။ လူသည် ဘုရားသခင်၏ စဉ်ဆက်မပြတ် ထောက်ပံ့မှုခံရသည်မှာ ဘုရားသခင်၏ ကိုယ်ကျိုးမငဲ့မှုကြောင့် အတိအကျ ဖြစ်ပေသည်။ ယနေ့ငါပြောသည့် ဤအကြောင်းအရာနှင့် ပတ်သက်၍ သင်တို့အနေဖြင့် အလွန် စိတ်ထိခိုက်ခြင်း ရှိကောင်း ရှိမည်မဟုတ်သကဲ့သို့၊ ထောက်ခံမှုဖြင့်

ခေါင်းညိတ်ရုံမျှ ညိတ်နေကြသော်လည်း၊ သင်၏နှလုံးသားထဲတွင် ဘုရားသခင်၏ စိတ်နှလုံးကို နားလည်ဖို့ ကြိုးစားသည့်အခါတွင်၊ သင်သည် ဤအရာကို အမှတ်တမဲ့ သိရလိမ့်မည်- သင့်အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည်သာ အခြေအနေပေါ် မမူတည်သကဲ့သို့ ပြစ်မျိုး မှဲ့မထင်သောကြောင့်၊ ဤလောကကြီးထဲ၌ သင်ခံစား သိရှိနိုင်သော လူများ၊ ကိစ္စရပ်များနှင့် အမှုအရာများ အားလုံးအထဲတွင် ဘုရားသခင်၏ ကိုယ်ကျိုးမငဲ့ခြင်းသည်သာ စစ်မှန်ပြီး ခိုင်မာသည် ဟူ၍ ဖြစ်သည်။ ဘုရားသခင်မှလွဲ၍၊ အခြားမည်သူမဆို၏ ကိုယ်ကျိုးမငဲ့မှုဟုခေါ်သော အရာသည် အယောင်ဆောင်ထားခြင်း ဖြစ်သည်၊ အပေါ်ယံဖြစ်ပြီး အစစ်အမှန်မဟုတ်ပေ။ ယင်းသည် ရည်မှန်းချက်တစ်ခု၊ ရည်ရွယ်ချက်အချို့ရှိသည်၊ အပေးအယူသဘော ပါရှိပြီး၊ စမ်းသပ်ခြင်းကို မခံနိုင်ပေ။ ယင်းသည် ညစ်ညူးကာ စက်ဆုပ်ဖွယ် ဖြစ်သည်ဟုပင် သင်တို့ ပြောနိုင်သည်။ ဤစကားများနှင့်ပတ်သက်၍ သင်တို့ သဘောတူကြပါသလော။

သင်တို့သည် ဤအကြောင်းအရာများနှင့် အလွန် မရင်းနှီးသကဲ့သို့၊ ထိုအရာများကို သင်တို့အမှန်တကယ် နားမလည်နိုင်မီ နားဝင်ဖို့ အချိန်အနည်းငယ် လိုအပ်သည်ကို ငါသိသည်။ ဤကိစ္စရပ်များ၊ အကြောင်းအရာများနှင့် သင်တို့ သာ၍မရင်းနှီးလေ၊ ဤအကြောင်းအရာများသည် သင်တို့ နှလုံးသားထဲတွင် ကင်းမဲ့နေသည်ကို သာ၍ သက်သေပြလေဖြစ်သည်။ အကယ်၍ ဤအကြောင်းအရာများကို ငါ လုံးဝ မဖော်ပြခဲ့ပါက၊ သင်တို့ထဲ တစ်ဦးတလေသည် ထိုအရာများနှင့်ပတ်သက်၍ တစ်ခုတစ်လေ သိလိမ့်မည်လော။ သင်တို့သည် မည်သည့်အခါတွင်မျှ သိကြမည်မဟုတ်ဟု ငါယုံကြည်သည်။ ယင်းမှာ သေချာပေသည်။ သင်တို့သည် မည်မျှ သဘောပေါက်နိုင်သည်ဖြစ်စေ သို့မဟုတ် နားလည်နိုင်သည်ဖြစ်စေ၊ တိုတိုပြောရလျှင် ငါပြောသည့် ဤအကြောင်းအရာများသည် လူတို့ အချို့တဲ့ဆုံးသောအရာနှင့် ၎င်းတို့ အသိသင့်ဆုံးသော အရာ ဖြစ်သည်။ ဤအကြောင်းအရာများသည် အယောက်တိုင်းအတွက် အလွန်အရေးကြီး၏- ၎င်းတို့သည် တန်ဖိုးရှိပြီး အသက်ဖြစ်ကာ ရှေ့ဆက်ရမည့်လမ်းအတွက် သင်တို့ပိုင်ဆိုင်ထားရမည့် အရာများဖြစ်သည်။ လမ်းညွှန်ချက်အဖြစ် ဤနှုတ်ကပတ်တော်များမရှိဘဲနှင့်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရတို့နှင့်သက်ဆိုင်သည့် သင်၏ သိနားလည်ခြင်း မရှိဘဲနှင့်၊ ဘုရားသခင်နှင့်ပတ်သက်လာပါက သင်သည် အမြဲ မေးခွန်းထုတ်မိလိမ့်မည်ဖြစ်သည်။ သင်သည် ဘုရားသခင်ကို နားပင်မလည်ပါက သူ့ကို မည်သို့ ကောင်းမွန်စွာ ယုံကြည်နိုင်မည်နည်း။ သင်သည် ဘုရားသခင်၏ စိတ်ခံစားမှုများ၊ သူ၏အလို၊ သူ၏စိတ်အခြေအနေ၊ မည်သည့်အရာ သူတွေးနေသည်၊ မည်သည့်အရာက သူ့ကို

ဝမ်းနည်းစေပြီး မည်သည့်အရာက သူ့ကိုပျော်ရွှင်စေသည်တို့ကို သင်ဘာမျှမသိပေ၊ ထို့ကြောင့် သင်သည် ဘုရားသခင်၏ စိတ်နှလုံးအပေါ် မည်သို့ အရေးထားနိုင်မည်နည်း။

ဘုရားသခင် စိတ်မကောင်းသည့်အချိန်တိုင်းတွင်၊ သူသည် သူ့ကို လုံးဝ အာရုံမစိုက်သည့် လူသားမျိုးနွယ်၊ သူ့နောက်လိုက်ကာ သူ့ကိုချစ်ပါသည်ဟု အခိုင်အမာဆိုသော်လည်း၊ သူ့ခံစားချက်များကို လုံးဝ လျစ်လျူရှုသည့် လူသားမျိုးနွယ်ကို ရင်ဆိုင်ရလေသည်။ သူ၏ စိတ်နှလုံးသည် အဘယ်သို့ မနာကျင်ဘဲ နေနိုင်မည်နည်း။ ဘုရားသခင်၏စီမံခန့်ခွဲခြင်း အမှုတွင် ဘုရားသခင်သည် လူအသီးသီးအပေါ် သူ့အမှုကို စိတ်ရင်းအမှန်ဖြင့် ဆောင်ရွက်ပြီး၊ လူအသီးသီးကို စကားပြောကာ၊ ထိန်ချန်ထားခြင်း သို့မဟုတ် ဖုံးကွယ်ထားခြင်းမရှိဘဲ ၎င်းတို့ကိုရင်ဆိုင်လေသည်။ သို့သော် အပြန်အလှန်အားဖြင့် သူ့နောက်ကိုလိုက်သည့် လူတိုင်းသည် သူ့အပေါ် ပိတ်ပင်ထားကြပြီး၊ သူနှင့် တက်ကြွစွာ သာ၍ နီးကပ်ဖို့၊ သူ၏စိတ်နှလုံးကို နားလည်ဖို့၊ သို့မဟုတ် သူ၏ ခံစားချက်များကို အာရုံစိုက်ဖို့ မည်သူမျှ လိုလားခြင်းမရှိကြချေ။ ဘုရားသခင်၏ အကျွမ်းဝင်သူများ ဖြစ်လာချင်ကြသည့် သူများပင်လျှင်၊ သူနှင့် မနီးကပ်ချင်ကြ၊ သူ၏စိတ်နှလုံးအပေါ် မထောက်ထားချင်ကြ သို့မဟုတ် သူ့ကို နားလည်ရန် မကြိုးစားချင်ကြပေ။ ဘုရားသခင်သည် ဝမ်းမြောက်ကာ ပျော်ရွှင်နေသည့်အချိန်တွင်၊ သူ၏ပျော်ရွှင်မှုကို မျှဝေခံစားပေးမည်သူ တစ်ဦးမျှမရှိပေ။ ဘုရားသခင်သည် လူတို့၏ အထင်မြင်လွဲမှားမှု ခံရချိန်တွင်၊ သူ၏ ဒဏ်ရာရသည့် နှလုံးသားကို နှစ်သိမ့်ပေးမည့်သူတစ်ဦးမျှမရှိပေ။ သူ၏နှလုံးသား နာကျင်နေချိန်တွင်၊ ၎င်းတို့ထံ ရင်ဖွင့်ခွင့်ပေးရန် လိုလားလျက်ရှိသည့် လူတစ်ဦးမျှ မရှိပေ။ ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု၏ ဤနှစ်ထောင်ချီကာလတစ်လျှောက်တွင်၊ ဘုရားသခင်၏ ပျော်ရွှင်မှုနှင့် ပူဆွေးမှုများကို ဘုရားသခင်နှင့်အတူ မျှဝေခံစားဖို့ သူ့ဘက်တွင် ရပ်တည်နိုင်ခဲ့သူ တစ်ဦးတစ်လေရှိဖို့ မဆိုထားနှင့် ဘုရားသခင်၏ စိတ်ခံစားမှုများကို နားလည်သည့်သူ၊ ယင်းတို့ကို သဘောပေါက်သူ သို့မဟုတ် အသိအမှတ်ပြုသည့်သူ တစ်ဦးမျှ မရှိပေ။ ဘုရားသခင်သည် အထီးကျန် နေ၏။ သူ အထီးကျန်နေပေ၏။ ဘုရားသခင် အထီးကျန်သည်မှာ ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်က သူ့ကိုဆန့်ကျင်သောကြောင့်သာ မဟုတ်ဘဲ၊ ဝိညာဉ်ရေးပြည့်ဝဖို့ ကြိုးစားသူများ၊ ဘုရားသခင်ကို သိရှိရန်နှင့် သူ့ကို နားလည်ဖို့ရန် ကြိုးစားသူများကြောင့် သာ၍ အထီးကျန်ရခြင်းဖြစ်ပြီး၊ မိမိတို့ဘဝတစ်ခုလုံးကို သူ့အတွက် အသုံးခံရန် လိုလားနေကြသူများပင်လျှင် သူ၏ အတွေးများကို မသိကြ သို့မဟုတ် သူ၏စိတ်သဘောထားနှင့် စိတ်ခံစားမှုများကို နားမလည်ကြပေ။

နောဧ၏ အဖြစ်အပျက်အဆုံးတွင်၊ ဘုရားသခင်သည် ထိုအချိန်က သူ၏ခံစားချက်များကို ဖော်ပြဖို့ရန် တစ်မူထူးခြားသော နည်းလမ်းတစ်ခု အသုံးပြုခဲ့သည်ကို ငါတို့မြင်ရသည်။ ယင်းမှာ အလွန်ထူးခြားသော နည်းလမ်းတစ်ခု ဖြစ်ပေသည်- ကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းဖြင့် ဘုရားသခင်၏ ဖျက်ဆီးခြင်း အဆုံးသတ်ကို ကြေငြာသည့် ပဋိညာဉ်တစ်ခုကို လူသားများနှင့် ဖွဲ့ရန်ဖြစ်သည်။ အပေါ်ယံအားဖြင့်၊ ပဋိညာဉ်ဖွဲ့ခြင်းသည် အလွန် သာမန်ဖြစ်သည့် တစ်ခုကဲ့သို့ ထင်ရသည်။ ယင်းသည် နှစ်ဦးနှစ်ဘက်၏ အကျိုးစီးပွားများကို ကာကွယ်ရန်အလို့ငှာ၊ အဖွဲ့နှစ်ဖွဲ့ကို လိုက်နာဆောင်ရွက်စေဖို့နှင့် ၎င်းတို့၏ သဘောတူညီချက်ကို ကျူးလွန်ဖောက်ဖျက်ခြင်းမှ တားဆီးဖို့ စကားလုံးများကို အသုံးပြုခြင်းထက် ဘာမျှမပိုပေ။ ပုံစံအရ ယင်းမှာ အလွန် သာမန်ဖြစ်သည့်အရာတစ်ခု ဖြစ်သည်၊ သို့သော် နောက်ကွယ်မှ အရင်းခံအကြောင်းများနှင့် ဤအရာကို ဘုရားသခင်လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှ၊ ယင်းမှာ ဘုရားသခင်၏စိတ်သဘောထားနှင့် စိတ်အခြေအနေတို့နှင့်သက်ဆိုင်သည့် မှန်ကန်သည့် ထုတ်ဖော်ပြမှုတစ်ခု ဖြစ်သည်။ သင်သည် ဤစကားများကိုသာ ဘေးဖယ်ကာ လျစ်လျူရှုပါက၊ အကယ်၍ ငါသည် အမှုအရာများနှင့် သက်ဆိုင်သည့် သမ္မာတရားကို သင်တို့အား မည်သည့်အခါတွင်မျှ မပြောပြပါက၊ လူသားမျိုးနွယ်သည် ဘုရားသခင်၏ အတွေးကို အမှန်တကယ် မည်သည့်အခါတွင်မျှ သိရှိကြလိမ့်မည် မဟုတ်ပေ။ သင်၏ စိတ်ကူးထဲတွင် ဘုရားသခင်သည် ဤပဋိညာဉ်ကို သူ ဖွဲ့ချိန်တွင် ပြုံးနေခဲ့ကောင်းပြုံးနေပေမည် သို့မဟုတ် သူ၏ မျက်နှာအမူအရာသည် လေးနက်ခဲ့ကောင်း လေးနက် ခဲ့ပေမည်၊ သို့သော် ဘုရားသခင်က ရှိခဲ့မည်ဟု လူတို့စိတ်ကူးသည့် သာမန်အဖြစ်ဆုံးသော မည်သည့်မျက်နှာအမူအရာကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ အထီးကျန်မှုကို မဆိုထားနှင့်၊ ဘုရားသခင်၏နှလုံးသား သို့မဟုတ် သူ၏နာကျင်မှုကို မည်သူမျှ မြင်နိုင်ပြီးဖြစ်လိမ့်မည် မဟုတ်ပေ။ မည်သူမျှ ၎င်းတို့ကို ဘုရားသခင် ယုံကြည်ဖို့ မလုပ်နိုင် သို့မဟုတ် ဘုရားသခင်၏ ယုံကြည်မှုနှင့် မထိုက်တန်နိုင်ပေ၊ သို့မဟုတ် သူ၏အတွေးများကို ဖော်ပြပေးနိုင်သည့်သူ သို့မဟုတ် သူ၏နာကျင်မှုကို အသိပေးခံရနိုင်သူ တစ်စုံတစ်ဦး မဖြစ်နိုင်ပေ။ ယင်းမှာ ဘုရားသခင်သည် ထိုသို့သောအရာကို လုပ်ဆောင်ရုံမှတစ်ပါး ရွေးချယ်စရာ မရှိခဲ့သည့် အကြောင်းရင်းဖြစ်သည်။ အပေါ်ယံအားဖြင့်၊ ဘုရားသခင်သည် အတိတ်၏ အရေးကိစ္စကို ပြီးပြတ်စေရင်းနှင့် ရေလွှမ်းမိုးခြင်းအားဖြင့် ကမ္ဘာကြီးကို သူ၏ဖျက်ဆီးခြင်းအား ပြီးပြည့်စုံသည့် အဆုံးသတ်သို့ ဆောင်ကြဉ်းရင်း၊ ရှိခဲ့သည့် လူသားမျိုးနွယ်ကို နှုတ်ဆက်ရာတွင် လွယ်ကူသည့်အရာတစ်ခု လုပ်ဆောင်ခဲ့ပေသည်။ သို့သော် ဘုရားသခင်သည် ဤအခိုက်အတန့်မှ နာကျင်မှုကို သူ၏ အတွင်းစိတ်နှလုံးထဲတွင် မြှုပ်နှံခဲ့သည်။

ဘုရားသခင်သည် ပြောပြရမည့်လူတစ်ယောက်မျှ မရှိသည့်အချိန် ထိုအချိန်တွင်၊ သူသည် ကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းနှင့် ဖျက်ဆီးတော့မည်မဟုတ်သည်ကို ၎င်းတို့အား ပြောပြရင်း၊ လူသားမျိုးနွယ်နှင့် ပဋိညာဉ်တစ်ခု ဖွဲ့ခဲ့သည်။ သက်တံပေါ်ထွက်လာသောအခါ၊ ယင်းမှာ လူသားများကို ဖြစ်ခဲ့ပြီးဖြစ်သည့် ထိုသို့သော အရာတစ်ခုကို လူတို့အား အသိပေးရန်နှင့်၊ မကောင်းမှုကို ရှောင်ကြဉ်ရန် ၎င်းတို့ကို သတိပေးဖို့ ဖြစ်သည်။ ထိုသို့သော နာကျင်ရသည့် အခြေအနေတွင်ပင်၊ ဘုရားသခင်သည် လူသားမျိုးနွယ်နှင့်ပတ်သက်၍ မမေ့လျော့ခဲ့သကဲ့သို့၊ သူတို့ကို များစွာသော အလေးထားမှု ပြနေဆဲ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ချစ်ခြင်းနှင့် ကိုယ်ကျိုးမငဲ့မှုတို့ ဖြစ်သည် မဟုတ်သလော။ သို့ရာတွင် လူတို့သည် ၎င်းတို့ ဆင်းရဲဒုက္ခခံစားနေရချိန်တွင် မည်သည့်အရာကို တွေးကြသနည်း။ ဤသည်မှာ ဘုရားသခင်ကို ၎င်းတို့ အလိုအပ်ဆုံးအချိန် ဖြစ်သည် မဟုတ်သလော။ ဤသို့သောအချိန်များတွင်၊ လူများသည် ၎င်းတို့ကိုနှစ်သိမ့်ပေးနိုင်စေဖို့ ဘုရားသခင်ကို အတင်းဆွဲခေါ် ကြသည်။ မည်သည့်အချိန်တွင် ဖြစ်ပါစေ ဘုရားသခင်သည် လူသားများကို စိတ်ပျက်စေလိမ့်မည်မဟုတ်သကဲ့သို့၊ ဘုရားသခင်သည် လူတို့ကို ၎င်းတို့၏အကျပ်အတည်းများမှ အမြဲ လွတ်မြောက်နိုင်စေလိမ့်မည်ဖြစ်ပြီး အလင်းထဲတွင် အသက်ရှင်နိုင်စေလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို များစွာထောက်ပံ့ပေးသော်လည်း၊ လူသား၏ နှလုံးသားထဲတွင်၊ ဘုရားသခင်သည် ဖြေသိမ့်ပေးသည့်ဆေးတစ်လုံး၊ ကိုယ်စိတ်ချမ်းသာစေသည့် အားဆေးတစ်လုံးထက် ဘာမျှမပိုပေ။ ဘုရားသခင်သည် ဆင်းရဲဒုက္ခခံစားနေရချိန်တွင်၊ သူ၏နှလုံးသား ထိခိုက်ချိန်တွင်၊ သူ့ကို အဖော်ပြုမြဲပြုဖို့ သို့မဟုတ် သူ့ကို နှစ်သိမ့်ပေးဖို့ အဖန်ဆင်းခံတစ်ဦး သို့မဟုတ် လူတစ်ဦးတစ်လေ ရှိခြင်းသည် ဘုရားသခင်အတွက် သေချာပေါက် လွန်ကဲလှသည့် ဆန္ဒတစ်ခုသာ ဖြစ်ပေမည်။ လူသားသည် ဘုရားသခင်၏ ခံစားချက်များကို မည်သည့်အခါတွင်မျှ အာရုံမစိုက်ခဲ့ပေ၊ ထို့ကြောင့် ဘုရားသခင်သည် သူ့ကိုနှစ်သိမ့်ပေးနိုင်မည့် တစ်စုံတစ်ဦးရှိဖို့ မည်သည့်အခါမျှ မတောင်းဆိုပေ သို့မဟုတ် မမျှော်လင့်ပေ။ သူ၏စိတ်နေစိတ်ထားကို ဖော်ပြဖို့ ဘုရားသခင်သည် သူ့ကိုယ်ပိုင်နည်းကိုသာ အသုံးပြုသည်။ ဘုရားသခင်အနေဖြင့် ဆင်းရဲဒုက္ခအချို့ကို ဖြတ်သန်းဖို့မှာ ကြီးမားသည့် အခက်အခဲတစ်ခုဖြစ်သည်ဟု လူတို့က မစဉ်းစားကြပေ၊ သို့ရာတွင် သင်သည် ဘုရားသခင်ကို နားလည်ဖို့ အမှန်တကယ် ကြိုးစားသည့်အခါမှသာ၊ သူလုပ်သမျှအရာတိုင်းတွင် ဘုရားသခင်၏ လေးနက်သည့် ရည်ရွယ်ချက်များကို စစ်မှန်စွာ သင် အသိအမှတ်ပြုနိုင်သည့်အခါမှသာ၊ သင်သည် ဘုရားသခင်၏ကြီးမြတ်မှုနှင့် ကိုယ်ကျိုးမငဲ့မှုတို့ကို ခံစားရနိုင်ပေသည်။ ဘုရားသခင်သည် သက်တံကို အသုံးပြုရင်း

လူသားမျိုးနွယ်နှင့် ပဋိညာဉ်တစ်ခု ဖွဲ့ခဲ့သော်လည်း ဤအရာကို သူ အဘယ်ကြောင့် လုပ်ဆောင်ခဲ့သည်- အဘယ်ကြောင့် ဤပဋိညာဉ်ကို သူ တည်ထောင်ခဲ့သည်- ဆိုသည်ကို မည်သူ့ကိုမျှ လုံး၀ မပြောခဲ့ပေ၊ ဆိုလိုသည်မှာ သူသည် သူ၏ စစ်မှန်သည့် အတွေးများကို မည်သူ့ကိုမျှ မပြောပြခဲ့ပေ။ ဤသည်မှာ သူကိုယ်တိုင် လက်ဖြင့် ဖန်ဆင်းခဲ့သည့် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အတိမ်အနက်ကို သဘောပေါက်နိုင်သူ တစ်ဦးမျှ မရှိသောကြောင့်ဖြစ်ပြီး၊ လူသားမျိုးနွယ်ကို သူ ဖျက်ဆီးခဲ့သည့်အချိန်တွင် သူ၏နှလုံးသားက မည်မျှနာကျင်မှုသာ ခံစားခဲ့ရသည်ကို အသိအမှတ်ပြုနိုင်သူ တစ်ဦးမျှလည်း မရှိပေ။ ထို့ကြောင့် ဘုရားသခင်က သူမည်သို့ခံစားရသည်ကို လူတို့အား ပြောပြခဲ့မည်ဆိုလျှင်ပင်၊ ၎င်းတို့သည် ဤယုံကြည်မှုကို ခံယူနိုင်မည်မဟုတ်ပေ။ နာကျင်မှုတွင်ရှိနေသော်လည်း သူသည် သူ၏အမှု နောက်တစ်ဆင့်ကို ဆက်လက်လုပ်ဆောင်ဆဲဖြစ်သည်။ ဆင်းရဲဒုက္ခကို မိမိဘာသာ တိတ်တဆိတ် သည်းညည်းခံရင်း၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို သူ၏အကောင်းဆုံးအပိုင်းနှင့် အကောင်းဆုံးအရာများကို အမြဲ ပေးလေသည်။ ဘုရားသခင်သည် ဤဆင်းရဲဒုက္ခများကို မည်သည့်အခါတွင်မျှ ပွင့်ပွင့်လင်းလင်း မဖွင့်ဟပေ။ ထိုအစား သူသည် ယင်းတို့ကို ကြံ့ကြံ့ခံပြီး တိတ်တဆိတ် စောင့်ဆိုင်းနေသည်။ ဘုရားသခင်၏ ခံနိုင်ရည်သည် အေးစက်၊ ထုံထိုင်းခြင်းမရှိ သို့မဟုတ် ကူကယ်ရာမဲ့ မဖြစ်သကဲ့သို့ အားနည်းမှု၏ လက္ခဏာတစ်ရပ်လည်း မဟုတ်။ ယင်းထက် ဘုရားသခင်၏ချစ်ခြင်းနှင့် အနှစ်သာရသည် အစဉ်အမြဲ ကိုယ်ကျိုးငဲ့ခြင်း မရှိပေ။ ဤသည်မှာ သူ၏စိတ်သဘောထားနှင့် အနှစ်သာရတို့နှင့်သက်ဆိုင်သည့် သဘာဝအလျောက် ဖွင့်ပြခြင်းဖြစ်ပြီး၊ စစ်မှန်သည့် ဖန်ဆင်းရှင်အဖြစ် ဘုရားသခင်၏ ပင်ကိုလက္ခဏာ၏ စစ်မှန်သည့် သရုပ်သကန်တစ်ခုလည်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ၊ အချို့က ငါဆိုလိုသည့်အရာကို အဓိပ္ပာယ်ကောက်လွဲနိုင်သည်။ “ဘုရားသခင်၏ ခံစားချက်များကို သည်းထိတ်ရင်ဖိုစရာ ဖန်တီးမှုများစွာဖြင့်၊ ထိုသို့ အသေးစိတ်ဖော်ပြခြင်းသည် လူသားများကို ဘုရားသခင်အတွက် ဝမ်းနည်းစေဖို့ ရည်ရွယ်ပါသလော။” ယင်းသည် ဤနေရာတွင်ရှိသည့် ရည်ရွယ်ချက်လော။ (မဟုတ်ပါ။) ငါ့အနေနှင့် ဤအရာများကို ပြောရခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဘုရားသခင်ကို သာ၍ကောင်းစွာ သင်တို့ သိကျွမ်းလာစေရန်၊ သူ၏ သွင်ပြင်လက္ခဏာ အမြောက်အမြားကို နားလည်ရန်၊ သူ၏ စိတ်ခံစားမှုများကို နားလည်ရန်၊ ဘုရားသခင်၏ အနှစ်သာရနှင့် စိတ်သဘောထားတို့သည် လူသား၏ အနှစ်မဲ့သည့် စကားလုံးများ၊ ၎င်းတို့၏ ကျမ်းဟောင်းတရားများနှင့် အယူဝါဒများ၊ သို့မဟုတ် ၎င်းတို့၏ စိတ်ကူးများမှတစ်ဆင့်

ပုံဖော်ခံထားရသည့် အဖြစ်နှင့် တခြားစီ ဖြစ်သည်နှင့်အမျှ၊ သူ၏အမူမှတစ်ဆင့် ခိုင်ခိုင်လုံလုံနှင့် တစ်စချင်း ဖော်ပြခြင်းခံရသည်ကို သင်တို့အား နားလည်စေဖို့ ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်နှင့် ဘုရားသခင်၏ အနှစ်သာရသည် အမှန်တကယ် တည်ရှိပေသည်- ၎င်းတို့သည် ပန်းချီများ မဟုတ်၊ စိတ်ကူးများ မဟုတ်၊ လူက တည်ဆောက်ထားသည့် အရာ မဟုတ်သကဲ့သို့ လူက လုပ်ကြံဖန်တီးထားသည့် အရာ သေချာပေါက် မဟုတ်ပေ။ ဤအရာကို သင်တို့ ယခု သတိပြုမိကြပါသလော။ သင်တို့ သတိပြုမိပါက၊ ယနေ့ ငါ၏နှုတ်ကပတ်တော်များသည် ၎င်းတို့၏ ရည်မှန်းချက် ပန်းတိုင်ကို ရရှိပြီဖြစ်သည်။

ယနေ့ အကြောင်းအရာသုံးခုကို ငါတို့ ဆွေးနွေးခဲ့ကြသည်။ အယောက်တိုင်းသည် ဤအကြောင်းအရာသုံးခုအပေါ် မိတ်သဟာယပြုခြင်းမှ များစွာ ရရှိကြပြီးဖြစ်သည်ဟု ငါယုံကြည်သည်။ ဤအကြောင်းအရာသုံးခုမှတစ်ဆင့် ငါဖော်ပြခဲ့သည့် ဘုရားသခင်၏အတွေးများ သို့မဟုတ် ငါပြောဆိုခဲ့သည့် ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရတို့သည် ဘုရားသခင်နှင့်ပတ်သက်သည့် လူတို့၏ စိတ်ကူးစိတ်သန်းများနှင့် သိနားလည်မှုတို့ကို ပြောင်းလဲပေးပြီးဖြစ်သည်၊ အယောက်တိုင်း၏ ဘုရားသခင်၌ ယုံကြည်ခြင်းမှုကိုပင် ပြောင်းလဲစေပြီးဖြစ်သည့်အပြင်၊ အယောက်တိုင်းက ၎င်းတို့၏ စိတ်နှလုံးများထဲတွင် လေးစားကြည်ညိုကြသည့် ဘုရားသခင်၏ပုံရိပ်ကို ပြောင်းလဲစေပြီးဖြစ်သည်ဟု ငါအသေအချာ ပြောနိုင်သည်။ မည်သို့ပင်ဖြစ်စေ သမ္မာကျမ်းစာ၏ ဤအခန်းသုံးခန်းထဲက ဘုရားသခင်၏ စိတ်သဘောထားများအကြောင်း သင်တို့သင်ယူပြီးဖြစ်သည့်အရာများသည် သင်တို့အဖို့ အကျိုးရှိသည်ဟု ငါမျှော်လင့်သည်၊ ပြီးလျှင် သင်တို့ ပြန်သွားပြီးနောက်တွင် ယင်းကို သင်တို့ သာ၍ တွေးဆကြမည်ဟု ငါမျှော်လင့်သည်။ ယနေ့ စည်းဝေးမှုသည် ဤတွင် ပြီး၏။ နှုတ်ဆက်ပါသည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်

# ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် (၂)

ပြီးခဲ့သည့် အစည်းအဝေးအတွင်းတွင် အလွန်အရေးကြီးသော အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ ငါတို့မိတ်သဟာယ ပြုခဲ့ကြသည်။

မည်သည့်အရာဆိုသည်ကို သင်တို့ မှတ်မိကြသလော။ ငါ ထပ်ပြောပါရစေ- ပြီးခဲ့သည့် ငါတို့၏ မိတ်သဟာယ ခေါင်းစဉ်မှာ- ဘုရားသခင်၏ အမူတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်။ ဤသည်မှာ သင်တို့အဖို့ အရေးကြီးသည့် အကြောင်းအရာတစ်ခု ဖြစ်သလော။ ယင်း၏ မည်သည့်အပိုင်းက သင်တို့အဖို့ အရေးကြီးဆုံး ဖြစ်သနည်း။ ဘုရားသခင်၏ အမူတော်လော၊ ဘုရားသခင်၏ စိတ်သဘောထားလော၊ သို့မဟုတ် ဘုရားသခင် ကိုယ်တော်တိုင်လော။ မည်သည့်အပိုင်းကို သင်တို့ စိတ်အဝင်စားဆုံးဖြစ်သနည်း။ မည်သည့်အပိုင်းကို သင်တို့ အကြားချင်ဆုံး ဖြစ်သနည်း။ ဘုရားသခင်၏ စိတ်သဘောထားကို သူ၏ အမူတော် ကဏ္ဍတိုင်း၌ တွေ့မြင်နိုင်ပြီး၊ သူ၏ စိတ်သဘောထားကို သူ၏အမူတော်နှင့် နေရာတိုင်း၌ အမြဲထုတ်ဖော်ပြထားကာ၊ အကျိုးဆက်အနေဖြင့် ဘုရားသခင် ကိုယ်တော်တိုင်ကို ကိုယ်စားပြုသောကြောင့်၊ သင်တို့အတွက် ထိုမေးခွန်းကို ဖြေရန် ခက်ခဲသည်ကို ငါသိသည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်အလုံးစုံတွင် ဘုရားသခင်၏ အမူတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်သည် အားလုံး အချင်းချင်း ခွဲ၍ မရနိုင်ပေ။

ဘုရားသခင်၏ အမူတော်နှင့်ပတ်သက်သည့် ငါတို့၏ ပြီးခဲ့သည့် မိတ်သဟာယ၏ အကြောင်းအရာသည် အချိန်ကြာမြင့်စွာက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များနှင့် ပတ်သက်သည့် သမ္မာကျမ်းစာထဲမှ ဖြစ်စဉ်များ ပါဝင်လေသည်။ ယင်းတို့သည် လူသားနှင့် ဘုရားသခင်အကြောင်း အဖြစ်အပျက်များသာ ဖြစ်ပြီး၊ လူသားထံ ဖြစ်ပျက်ခဲ့သည့် အမှုအရာများအကြောင်းဖြစ်သော်လည်း၊ ဘုရားသခင်၏ ပါဝင်ခြင်းနှင့် ဖော်ပြချက်တို့လည်း ပါဝင်လေသည်၊ ထို့ကြောင့် ဤအဖြစ်အပျက်များသည် ဘုရားသခင်ကို သိကျွမ်းခြင်း အတွက် သီးသန့် တန်ဖိုးနှင့် အရေးပါမှုတို့ ကိုင်စွဲထားပေသည်။ လူသားမျိုးနွယ်ကို ဖန်ဆင်းပြီးနောက်တွင်ပင်၊ ဘုရားသခင်သည် လူသားနှင့် စတင်ထိတွေ့ကာ စကားပြောခဲ့သည်၊ ပြီးလျှင် သူ၏စိတ်သဘောထားကို လူသားတို့ထံ စတင်ဖော်ပြခဲ့သည်။ တစ်နည်းအားဖြင့် ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် ပထမဆုံး စတင်ထိတွေ့မှုရှိသည့်အချိန်မှစ၍၊ သူ၏အနှစ်သာရ၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို တုံ့ဆိုင်းခြင်းမရှိဘဲ လူသားထံ စတင်၍ လူသိရှင်ကြား ဖြစ်စေခဲ့သည်။ ယင်းကို ကနဦးလူများ သို့မဟုတ် ယနေ့ လူများက သိမြင်နိုင်သည်ဖြစ်စေ၊ သို့မဟုတ် နားလည်နိုင်သည်ဖြစ်စေ၊ ဘုရားသခင်သည် သူ၏ စိတ်သဘောထားကို ဖွင့်ပြရင်းနှင့် သူ၏အနှစ်သာရကို ဖော်ပြရင်း လူကို စကားပြောကာ လူသားအလယ် အမှုပြုနေသည်- ဤသည်မှာ အမှန်တရား တစ်ခုဖြစ်ပြီး မည်သည့်လူကမျှ ငြင်း၍မရနိုင်ပေ။ ဤသည်မှာ ဘုရားသခင်သည် အမှုပြုပြီး လူသားနှင့် ထိတွေ့သည်နှင့်အမျှ

ဘုရားသခင်၏ စိတ်သဘောထား၊ ဘုရားသခင်၏ အနှစ်သာရ၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို စဉ်ဆက်မပြတ် ထုတ်ပြန်ကာ ထုတ်ဖော်ပြသည်ဟုလည်း ဆိုလိုပေသည်။ လူသားများထံမှ မည်သည့်အရာကိုမျှ သူလုံးဝ ဖုံးကွယ်မထား သို့မဟုတ် ကွယ်ဝှက်မထားဘဲ၊ ယင်းအစား မည်သည့်အရာကိုမျှ ထိန်ချန်မထားဘဲ သူ၏ကိုယ်ပိုင် စိတ်သဘောထားကို လူသိရှင်ကြား ဖြစ်စေပြီး ထုတ်ပြန်လေသည်။ ထို့ကြောင့် ဘုရားသခင်က လူသားသည် သူ့ကို သိနိုင်ပြီး သူ၏စိတ်သဘောထားနှင့် အနှစ်သာရတို့ကို သိနားလည်နိုင်ဖို့ကို မျှော်လင့်လေသည်။ သူသည် လူသားအား သူ၏စိတ်သဘောထားနှင့် အနှစ်သာရတို့ကို ထာဝရ နက်နဲမှုများအဖြစ် သဘောမထားစေချင်သကဲ့သို့၊ လူသားမျိုးနွယ်အား ဘုရားသခင်ကို လုံးဝဖြေရှင်း၍မရနိုင်သော ပဟေဠိတစ်ခု အဖြစ်လည်း သဘောမထားစေလိုပေ။ လူသားမျိုးနွယ်သည် ဘုရားသခင်ကို သိသည့်အခါမှသာ၊ လူသည် ရှေ့ဆက်ရမည့် လမ်းခရီးကို သိနိုင်ပြီး၊ ဘုရားသခင်၏လမ်းပြမှုကို လက်ခံနိုင်မည်ဖြစ်ကာ ဤသို့သော လူသားမျိုးနွယ်သည်သာ ဘုရားသခင်၏ အုပ်စိုးမှုအောက်၌ အမှန်တကယ် အသက်ရှင်နိုင်ပြီး၊ ဘုရားသခင်၏ ကောင်းကြီးများအလယ်၊ အလင်း၌ အသက်ရှင်နိုင်ပေသည်။

ဘုရားသခင် ထုတ်ပြန်သော နှုတ်ကပတ်တော်များ နှင့် စိတ်သဘောထားသည် သူ၏အလိုကို ကိုယ်စားပြုပြီး၊ သူ၏အနှစ်သာရကိုလည်း ကိုယ်စားပြုလေသည်။ ဘုရားသခင်သည် လူသားနှင့် ထိတွေ့သောအခါတွင် သူ မည်သည့်အရာကို ပြောသည်ဖြစ်စေ၊ လုပ်သည်ဖြစ်စေ၊ သို့မဟုတ် မည်သည့် စိတ်သဘောထားကို သူ ထုတ်ဖော်ပြသည်ဖြစ်စေ၊ ပြီးလျှင် ဘုရားသခင်၏ အနှစ်သာရ၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့နှင့် သက်ဆိုင်၍ လူသားက မည်သည့်အရာကို မြင်သည်ဖြစ်စေ၊ ထိုအရာအားလုံးသည် လူသားအတွက် ဘုရားသခင်၏အလိုကို ကိုယ်စားပြုလေသည်။ လူသားအနေဖြင့် မည်မျှ အသိတရား ရနိုင်သည်ဖြစ်စေ၊ မည်မျှသဘောပေါက်နိုင်သည် ဖြစ်စေ၊ သို့မဟုတ် မည်မျှနားလည်နိုင်သည် ဖြစ်စေ ထိုအရာအားလုံးက လူသားများ အတွက် ဘုရားသခင်၏ အလိုကို ကိုယ်စားပြုသည်။ ဤသည်မှာ သေချာ၏။ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ အလိုမှာ လူတို့ကို မည်သို့ ဖြစ်ဖို့ သူတောင်းဆိုသည်၊ ၎င်းတို့အား မည်သည့်အရာကို လုပ်ဖို့ သူတောင်းဆိုသည်၊ လူတို့အား မည်သို့ အသက်ရှင်ဖို့ သူ တောင်းဆိုပြီး၊ သူ၏အလိုကို ဖြည့်ဆည်းခြင်းအား မည်သို့ပြီးမြောက်အောင်မြင် နိုင်စွမ်းရှိဖို့ ၎င်းတို့အား သူ တောင်းဆိုသည်ဆိုသည့်အရာ ဖြစ်၏။ ဤအရာတို့သည် ဘုရားသခင်၏ အနှစ်သာရမှ ခွဲ၍မရသော အရာများဖြစ်သလော။ တစ်နည်းအားဖြင့်ဘုရားသခင်သည် သူ၏စိတ်သဘောထား၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းအားလုံးကို လူအား သူ တောင်းဆိုချက်များ ပြုသည့် တစ်ချိန်တည်း၌

ထုတ်ပြန်လေသည်။ မုသား၊ ဟန်ဆောင်မှု၊ ဖုံးကွယ်မှုနှင့် တန်ဆာဆင် ပြောဆိုမှုတို့ မရှိပေ။ သို့တိုင်အောင် လူသည် ဘုရားသခင်၏ စိတ်သဘောထားကို အဘယ့်ကြောင့် သိကျွမ်းနိုင်စွမ်း မရှိသနည်း၊ ပြီးလျှင် ဘုရားသခင်၏ စိတ်သဘောထားကို အဘယ်ကြောင့် မည်သည့်အခါတွင်မျှ ရှင်းလင်းစွာ သဘောမပေါက်နိုင်သေးသနည်း။ လူသားသည် ဘုရားသခင်၏ အလိုကို အဘယ်ကြောင့် မည်သည့်အခါတွင်မျှ နားမလည်ဖူးပါသနည်း။ ဘုရားသခင် ထုတ်ဖော်ပြပြီး ထုတ်ပြန်သည့်အရာသည် ဘုရားသခင်ကိုယ်တော်တိုင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းဖြစ်သည်။ ယင်းသည် သူ၏ စစ်မှန်သော စိတ်သဘောထား၏ အပိုင်းအစနှင့် ရှုထောင့်တိုင်း ဖြစ်သည်- ထို့ကြောင့် လူသားသည် အဘယ်ကြောင့် ယင်းကို မမြင်နိုင်သနည်း။ လူသားသည် အဘယ်ကြောင့် နှံ့စပ်သေချာသော အသိရှိနိုင်စွမ်း မရှိသနည်း။ ဤအတွက် အရေးကြီးသည့် အကြောင်းရင်း တစ်ခုရှိသည်။ သို့ဆိုလျှင် ဤအကြောင်းရင်းမှာ အဘယ်အရာနည်း။ ဖန်ဆင်းခြင်းအချိန်ကတည်းက လူသားသည် ဘုရားသခင်ကို ဘုရားသခင်ကဲ့သို့ လုံးဝသဘောမထားခဲ့ပေ။ အစကနဦး အချိန်များတွင်၊ ဖန်ဆင်းခံထားရခါစသာ ရှိသေးသည့် လူသားနှင့်စပ်လျဉ်း၍ ဘုရားသခင်သည် မည်သည့်အရာကို ပြုခဲ့သည်ဖြစ်စေ၊ လူသားအနေဖြင့် ဘုရားသခင်ကို အပေါင်းအဖော်တစ်ဦး၊ ကိုးစားရမည့်သူ တစ်ဦးထက်ပိုပြီး သဘောမထားခဲ့သကဲ့သို့၊ လူသားသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် အသိပညာ သို့မဟုတ် သိနားလည်မှု မရှိခဲ့ပေ။ ဆိုလိုသည်မှာ လူသားသည် သူ ကိုးစားရပြီး သူ၏ အပေါင်းအဖော်အဖြစ် သူမြင်သည့် ဤအဖြစ်တော်က ထုတ်ပြန်ထားသည့်အရာသည် ဘုရားသခင်၏ အနှစ်သာရ ဖြစ်သည်ကို မသိခဲ့သကဲ့သို့၊ ဤအဖြစ်တော်သည် အရာခပ်သိမ်း အပေါ် အုပ်စိုးသူတစ်ဦးဖြစ်သည်ကိုလည်း သူမသိခဲ့ချေ။ ရှင်းရှင်းဆိုရလျှင် ထိုအချိန်က လူတို့သည် ဘုရားသခင်ကို လုံးဝ သတိမပြုမိခဲ့ကြပေ။ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်း အားလုံးကို သူဖန်ဆင်းထားမှန်း ၎င်းတို့ မသိခဲ့ကြသကဲ့သို့၊ သူ အဘယ်အရပ်က လာသည်ကို ၎င်းတို့မသိနားမလည် ခဲ့ကြသည့်အပြင်၊ သူ၏ ဖြစ်ခြင်းကိုလည်း မသိနားမလည်ခဲ့ကြပေ။ မှန်ပေ၏၊ ဤသည်တို့မှာ လူသားမျိုးနွယ်ကို ဖန်ဆင်းပြီးနောက်ပိုင်း အစကနဦးအချိန်ကာလများ ဖြစ်သည့်အတွက်၊ ထိုအချိန်က ဘုရားသခင်သည် လူသားက သူ့ကို သိဖို့ သို့မဟုတ် သဘောပေါက်ဖို့ သို့မဟုတ် သူပြုခဲ့သည့် အရာအားလုံးကို နားလည်ဖို့၊ သို့မဟုတ် သူ၏အလိုနှင့်ပတ်သက်၍ နှံ့စပ်ဖို့ မတောင်းဆိုခဲ့ပေ။ ပညတ်တော်ခေတ်၏ အမှုအတွက် ပြင်ဆင်မှုများ ဘုရားသခင် စတင်ခဲ့ချိန်တွင်၊ လူသားအဖို့ အချို့သောအရာများကို ဘုရားသခင် လုပ်ဆောင်ခဲ့ပြီး၊ ဘုရားသခင်ကို ပူဇော်သက္ကာများ မည်သို့ပေးရမည် ဆိုသည်နှင့် ဘုရားသခင်ကို မည်သို့ကိုးကွယ်ရမည်ဆိုသည်တို့ကို

ပြောပြလျက်၊ လူသားတို့အပေါ် တောင်းဆိုချက်မှုများ စတင်ပြုလုပ် နေခဲ့ပေသည်။ ထိုအခါမှသာ လူသည် ဘုရားသခင်နှင့်ပတ်သက်သည့် ရိုးရှင်းသည့် စိတ်ကူးအနည်းငယ်ကို ရရှိခဲ့ကြပြီး၊ ထိုအခါတွင်သာ သူသည် ဘုရားသခင်နှင့် လူသားကြားက ခြားနားချက်နှင့် ဘုရားသခင်သည် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သူဖြစ်သည်ကို သိရှိခဲ့သည်။ လူက ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး၊ လူသည် လူဖြစ်မှန်း သိရှိခဲ့ချိန်တွင်၊ သူနှင့် ဘုရားသခင်အကြားတွင် ဝေးကွာမှုတချို့ရှိလာသည်၊ သို့သော် ဘုရားသခင်သည် လူသားအနေဖြင့် သူနှင့်သက်ဆိုင်သည့် ကြီးမားသော အသိပညာ သို့မဟုတ် နက်ရှိုင်းသော သိနားလည်မှု ရှိရမည်ဟု မတောင်းဆိုခဲ့ပေ။ ဤအကြောင်းကြောင့်၊ ဘုရားသခင်သည် သူ၏အမှု အဆင့်များနှင့် အခြေအနေများအပေါ် မူတည်၍ လူသားအပေါ် မတူညီသည့် သတ်မှတ်ချက်များကို ပြုလုပ်ခဲ့သည်။ ဤတွင် သင်တို့ အဘယ်အရာကိုမြင်သနည်း။ ဘုရားသခင်၏ စိတ်သဘောထား၏ မည်သည့်ရှုထောင့်ကို သင်တို့သတိမူမိသနည်း။ ဘုရားသခင်သည် အစစ်အမှန်ဖြစ်သလော။ လူသားနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များသည် သင့်တင့်လျောက်ပတ်သလော။ လူသားမျိုးနွယ်ကို ဘုရားသခင် ဖန်ဆင်းပြီးနောက် အစကနဦးအချိန်များ အတောအတွင်းတွင်၊ လူသားအပေါ် သိမ်းပိုက်ခြင်းနှင့် စုံလင်စေခြင်းအမှုကို ဘုရားသခင်မဆောင်ရွက်ရသေးသကဲ့သို့ လူသားထံ အလွန်များသော နှုတ်ကပတ်တော်များကို မပြောရသေးချိန်တွင်၊ သူသည် လူသားကို အနည်းငယ်သာ တောင်းဆိုခဲ့သည်။ လူသားအနေဖြင့် မည်သည့်အရာကို လုပ်ခဲ့သည်ဖြစ်စေ၊ မည်ကဲ့သို့ပြုမူခဲ့သည်ဖြစ်စေ၊ သူ့အနေဖြင့် ဘုရားသခင်ကို ပြစ်မှားစော်ကားသည့် အရာအချို့ကို လုပ်ဆောင်ခဲ့လျှင်ပင် ဘုရားသခင်သည် ထိုအရာအားလုံးကို ခွင့်လွှတ်ပြီး လျစ်လျူရှုခဲ့သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လူသားကို သူပေးခဲ့ပြီးသည့်အရာနှင့် လူသားအတွင်း၌ ရှိသည့်အရာကို သိခဲ့သောကြောင့်ဖြစ်ပြီး၊ ထိုအကြောင်းကြောင့်ပင် လူသားနှင့်သက်ဆိုင်၍ သူချမှတ်သင့်သည့် သတ်မှတ်ချက်စံနှုန်းများကို သူသိလေသည်။ ထိုအချိန်က သူ၏သတ်မှတ်ချက်များနှင့်သက်ဆိုင်သည့် စံနှုန်းများသည် အလွန်နိမ့်သော်လည်း၊ ဤသည်မှာ သူ၏စိတ်သဘောထားက ကြီးမြတ်ခြင်းမရှိဟု မဆိုလိုပေ၊ သို့မဟုတ် သူ၏ဉာဏ်ပညာနှင့် အနန္တတန်ခိုးတို့သည် အနှစ်မဲ့သော စကားလုံးများသာဖြစ်သည်ဟု မဆိုလိုပေ။ လူသားအတွက်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင်ကိုယ်တိုင်ကို သိရှိဖို့ နည်းလမ်းတစ်ခုသာ ရှိသည်- ယင်းမှာ ဘုရားသခင်၏ စီမံခန့်ခွဲမှုနှင့် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှု၏ အဆင့်များ နောက်လိုက်ခြင်းနှင့် လူသားမျိုးနွယ်ကို ဘုရားသခင်ပြောသော

နှုတ်ကပတ်တော်များကို လက်ခံခြင်း အားဖြင့်ဖြစ်သည်။ လူသားအနေဖြင့် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကိုသိပြီး ဘုရားသခင်၏ စိတ်သဘောထားကို သိပါက၊ သူသည် ဘုရားသခင်၏ စစ်မှန်သော ဇာတိအဖြစ်တော်ကို ပြသပေးဖို့ ဘုရားသခင်အား တောင်းဆိုလိမ့်ဦးမည်လော။ သူတောင်းဆိုလိမ့်မည် မဟုတ်သကဲ့သို့၊ ဘုရားသခင်၏စိတ်သဘောထား၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို သဘောပေါက်လျက်၊ လူသားသည် စစ်မှန်သည့် ဘုရားသခင် ကိုယ်တော်တိုင်နှင့် သူ၏စစ်မှန်သော ဇာတိအဖြစ်တော်ကို တွေ့မြင်နှင့်ပြီးဖြစ်လိမ့်မည် ဖြစ်သည့်အတွက်၊ တောင်းဆိုပင် တောင်းဆိုဝံ့လိမ့်မည်မဟုတ်ပေ။ ဤသည်မှာ မြေကြီးလက်ခတ် မလွဲသော ရလဒ် ဖြစ်၏။

ဘုရားသခင်၏ အမှုတော်နှင့် အစီအစဉ်သည် မရပ်မနား တိုးတက်ခဲ့သည်နှင့်အမျှ၊ ပြီးလျှင် ဘုရားသခင်သည် ရေလွှမ်းမိုးခြင်းကို အသုံးပြုလျက် ကမ္ဘာလောကကို မည်သည့်အခါမျှ ဖျက်ဆီးမည် မဟုတ်သည့် လက္ခဏာတစ်ခုအဖြစ် သက်တံနှင့် သက်ဆိုင်သည့် ပဋိညာဉ်ကို လူသားနှင့် ပြုပြီးနောက်၊ ဘုရားသခင်သည် သူနှင့် တစ်စိတ်တစ်ဝမ်းတည်းရှိနိုင်သူများကို ရယူဖို့ တိုး၍ အပူတပြင်းဖြစ်နေသည့် စိတ်ဆန္ဒတစ်ခု ရှိလေသည်။ ထို့ကြောင့် သူ၏အလိုကို ကမ္ဘာမြေပေါ် လုပ်ဆောင်နိုင်သူကို ရယူဖို့နှင့်၊ ထို့အပြင် အမှောင် အင်အားစုများကို ချိုးဖျက် လွတ်မြောက်နိုင်ပြီး စာတန်ချည်နှောင်ခြင်း မခံရသည့် လူတစ်စု၊ ကမ္ဘာမြေပေါ်တွင် သူ့ကို သက်သေခံနိုင်မည့် တစ်စုကို ရယူဖို့လည်း ယခင်ထက်သာ၍ အရေးတကြီးဖြစ်သည့် စိတ်ဆန္ဒတစ်ခု ရှိခဲ့လေသည်။ ထိုသို့သောလူတစ်စုကို ရယူခြင်းသည် ဘုရားသခင်၏ ကြာမြင့်နေပြီဖြစ်သော ဆန္ဒဖြစ်သည်၊ ယင်းမှာ ဖန်ဆင်းခြင်း အချိန်ကတည်းက သူ စောင့်ဆိုင်းနေခဲ့ပြီးဖြစ်သော အရာဖြစ်သည်။ ထို့ကြောင့် ကမ္ဘာလောကကို ဖျက်ဆီးဖို့ ရေလွှမ်းမိုးမှုအား ဘုရားသခင်၏ အသုံးပြုခြင်းကို ပဓာနမထားဘဲ သို့မဟုတ် လူသားနှင့် ပြုသည့် ပဋိညာဉ်ကို ပဓာနမထားဘဲ၊ ဘုရားသခင်၏အလိုတော်၊ စိတ်နေစိတ်ထား၊ အစီအစဉ်နှင့် မျှော်လင့်ချက်အားလုံးသည် ယခင်အတိုင်းသာ ဆက်လက် တည်ရှိနေသည်။ သူ လုပ်ဆောင်ချင်ခဲ့သည့်အရာ၊ ဖန်ဆင်းခြင်း အချိန် မတိုင်မီ အချိန်ကြာမြင့်စွာက သူတမ်းတခဲ့ပြီးဖြစ်သော အရာမှာ လူသားမျိုးနွယ်အလယ် သူရယူလိုသည့်သူများကို ရယူဖို့- သူ၏စိတ်သဘောထားကို သဘောပေါက်ကာ သိရှိပြီး၊ သူ၏ အလိုကို နားလည်နိုင်သည့် လူတစ်စု၊ သူ့ကို ကိုးကွယ်နိုင်မည့် လူတစ်စုကို ရယူဖို့ဖြစ်သည်။ ထိုသို့သော လူတစ်စုသည် သူ့ကို အမှန်တကယ် သက်သေခံနိုင်မည်ဖြစ်ပြီး၊ ၎င်းတို့သည် သူ၏လူယုံများဖြစ်မည်ဟု ပြော၍ရပေသည်။

ယနေ့တွင် ငါတို့သည် အလွန်အချိန်ကြာမြင့်စွာ "ချိတ်ပိတ်ထား" သည့် အရာအားလုံးဖြစ်သော၊ ဘုရားသခင်၏ အတွေးများနှင့် စိတ်ကူးများ၊ ပြီးလျှင် ဘုရားသခင်နှင့် ပတ်သက်သည့် အမျိုးမျိုးသော အသေးစိတ်အချက်အလက် အားလုံးကို ဖော်ထုတ်ကောင်း ဖော်ထုတ်ဖို့အလို့ငှာ၊ ဘုရားသခင်၏ ခြေလှမ်းများကို ဆက်လက် ခြေရာကောက်ပြီး၊ သူ့အမှု၏ အဆင့်များနောက် ဆက်လိုက်ကြစို့။ ဤအရာများမှတစ်ဆင့် ဘုရားသခင်၏ စိတ်သဘောထားကို ငါတို့ သိလာလိမ့်မည်၊ ဘုရားသခင်၏ အနှစ်သာရကို နားလည်လာနိုင်လိမ့်မည်၊ ဘုရားသခင်ကို ငါတို့နှလုံးသားထဲဝင်ခွင့်ပေးမည်ဖြစ်ပြီး၊ ငါတို့ တစ်ဦးစီတိုင်းသည် ဘုရားသခင်ထံမှ ဝေးကွာမှုကို လျှော့ချရင်း၊ ဘုရားသခင်ထံ တဖြည်းဖြည်းချင်း နီးကပ်လာလိမ့်မည်ဖြစ်သည်။

ပြီးခဲ့သောအခေါက်က ငါတို့ ဆွေးနွေးခဲ့သည့်အရာ၏ တစ်စိတ်တစ်ပိုင်းသည် ဘုရားသခင်က လူသားနှင့် အဘယ်ကြောင့် ပဋိညာဉ်ပြုသည်ဆိုသည်နှင့် ဆက်နွှယ်ပေသည်။ ဤအကြိမ်တွင် အောက်၌ရှိသည့် ကျမ်းပိုဒ်များနှင့်ပတ်သက်၍ မိတ်သဟာယပြုကြစို့။ ကျမ်းပိုဒ်များကို ဖတ်ရှုခြင်းဖြင့် စတင်ကြပါစို့။

**က။ အာဗြဟံ**

၁။ ဘုရားသခင်က အာဗြဟံကို သားတစ်ဦးပေးမည်ဟု ကတိပေးသည်

ကမ္ဘာ ၁၇:၁၅-၁၇ တစ်ဖန် ဘုရားသခင်က သင်၏မယား စာရဲကိုမူကား စာရဲဟူသောအမည်ဖြင့် မခေါ်ရ၊ စာရာဟူသောအမည်ဖြင့် ခေါ်ရ၏။ သူ့ကို ငါကောင်းကြီးပေး၍ သူ့အားဖြင့်လည်း သင့်အား သားကိုပေးမည်။ အကယ်စင်စစ် သူ့ကိုကောင်းကြီးပေး၍ သူသည် တိုင်းနိုင်ငံအမျိုးမျိုး၏ မိခင်ဖြစ်လိမ့်မည်။ သူ၏ အမျိုးအနွယ်၌လည်း အပြည်ပြည်သော ရှင်ဘုရင် ဖြစ်ရကြလိမ့်မည်ဟု အာဗြဟံအားမိန့်တော်မူ၏။ ထိုအခါ အာဗြဟံသည် ပျပ်ဝပ်လျက် အသက်တစ်ရာရှိသောသူသည် သားကို ရလိမ့်မည်လော။ အသက်ကိုးဆယ်ရှိသော စာရာသည် သားကို ဖွားလိမ့်မည်လောဟု ရယ်လျက် စိတ်နှလုံးထဲမှာ အောက်မေ့ပြီးလျှင်။

ကမ္ဘာ ၁၇:၂၁-၂၂ သို့သော်လည်း နောင်နှစ်ချိန်းချက်သော အချိန်တွင် စာရာသည် သင့်အားဖွားလတ့်သော သားဣဇာက်၌ ငါ၏ပဋိညာဉ်ကို ငါတည်စေမည်ဟု မိန့်တော်မူပြီးလျှင် မိန့်မြွက်တော်မူသံငြိမ်း၍ ဘုရားသခင်သည် အာဗြဟံထံမှ တက်ကြွတော်မူ၏။

၂။ အာဗြဟံက ဣဇာက်ကို ပူဇော်ဆက်ကပ်သည်

ကမ္ဘာ ၂၂:၂-၃ သင်သည် အလွန်ချစ်သော တစ်ယောက်တည်းသော သားဣဇာက်ကို ယူ၍ မောရိပြည်သို့ သွားလော့။ ငါပြလတ့ံသော တောင်ပေါ်မှာ သူ့ကို မီးရှို့ရာယဇ်ပြု၍ ပူဇော်လော့ဟု မိန့်တော်မူ၏။ အာဗြဟံသည် နံနက်စောစောထ၍ မြည်းကို ကုန်းနှီးတင်ပြီးလျှင် မိမိသားဣဇာက်နှင့် ငယ်သားနှစ်ယောက်ကို ခေါ်၍ ယဇ်ရှို့စရာထင်းကို ခွဲပြီးမှ ဘုရားသခင် မိန့်တော်မူသော အရပ်သို့ ထသွားလေ၏။

ကမ္ဘာ ၂၂:၉-၁၀ ထိုသို့နှစ်ယောက်အတူသွား၍၊ ဘုရားသခင် မိန့်တော်မူသော အရပ်သို့ ရောက်ကြသောအခါ၊ အာဗြဟံသည် ယဇ်ပလ္လင်ကိုတည်၍ ထင်းကိုခင်းပြီးလျှင်၊ သား ဣဇာက်ကို ချည်နှောင်၍၊ ယဇ်ပလ္လင်၌ ထင်းပေါ်မှာ တင်ထား၏။ မိမိလက်ကိုဆန့်၍ သားကိုသတ်ခြင်းငှါ ဓါးကို ကိုင်ယူလေ၏။

## ဘုရားသခင် လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားသည့် အမှုကို မည်သူမျှ မတားဆီးနိုင်

သို့ဆိုလျှင် သင်တို့အားလုံး အာဗြဟံ၏ အဖြစ်အပျက်ကို ယခုပင် ကြားကြပေပြီ။ ရေလွှမ်းမိုးခြင်းက ကမ္ဘာလောကကို ဖျက်ဆီးပြီးသည့်နောက်တွင် သူသည် ဘုရားသခင်၏ ရွေးချယ်ခြင်း ခံခဲ့ရလေသည်၊ သူ၏ နာမည်မှာ အာဗြဟံဖြစ်ပြီး၊ သူ အသက်တစ်ရာရှိပြီး သူ၏မိန်းမစာရာက အသက်ကိုးဆယ်ရှိသည့် အချိန်တွင်၊ ဘုရားသခင်၏ ကတိတော်သည် သူ့ထံ ရောက်ရှိ လာခဲ့သည်။ ဘုရားသခင်သည် သူ့ကို မည်သည့်ကတိ ပြုခဲ့ပါသနည်း။ ဘုရားသခင်က၊ "သူ့ကို ငါကောင်းကြီးပေး၍ သူ့အားဖြင့်လည်း သင့်အား သားကိုပေးမည်။" ဟူသည့် ကျမ်းစာထဲတွင် ကိုးကားထားသည့်အရာကို ကတိပေးခဲ့သည်။ သူ့ကို သားပေးမည့် ဘုရားကတိတော်၏ နောက်ခံအကြောင်းရာမှာ မည်သည့်အရာ ဖြစ်ခဲ့သနည်း။ ကျမ်းစာက အောက်ပါ ဖြစ်စဉ်ကို ပံ့ပိုးပေးထားသည်- "အာဗြဟံသည် ပျပ်ဝပ်လျက် အသက်တစ်ရာ ရှိသောသူသည် သားကို ရလိမ့်မည်လော။ အသက်ကိုးဆယ်ရှိသော စာရာသည် သားကို ဖွားလိမ့်မည်လောဟု ရယ်လျက် စိတ်နှလုံးထဲမှာ အောက်မေ့ပြီးလျှင်။" တစ်နည်းအားဖြင့်၊ ဤအရွယ်အို ဇနီးမောင်နှံသည် ကလေးမွေးဖို့ရန် အသက်ကြီးလွန်း ခဲ့ပေသည်။ ဘုရားသခင်က သူ့ကို ကတိပြုပြီးနောက် အာဗြဟံ မည်သည့်အရာကို လုပ်ခဲ့သနည်း။ သူသည် ရယ်မောရင်း ပျပ်ဝပ်ခဲ့ပြီး၊ "အသက်တစ်ရာရှိသောသူသည် သားကို ရလိမ့်မည်လော။" ဟု သူ့ကိုယ်သူပြောခဲ့သည်။ ယင်းမှာ မဖြစ်နိုင်ဟု အာဗြဟံက ယုံကြည်ခဲ့သည်- ဆိုလိုသည်မှာ သူ့ကိုပြုခဲ့သည့် ဘုရားသခင်၏ ကတိတော်ကို ဟာသတစ်ခုထက် ဘာမျှမပိုဟု သူ ယုံကြည်ခဲ့ပေသည်။ လူ၏ ရှုထောင့်မှကြည့်ပါက၊ ဤသည်မှာ လူက စွမ်းဆောင်မရရှိနိုင်သည့် အရာတစ်ခုဖြစ်သကဲ့သို့၊ ထိုနည်းတူ ဘုရားသခင်အတွက် စွမ်းဆောင်မရနိုင်သကဲ့သို့

မဖြစ်နိုင်ခြင်းတစ်ခု ဖြစ်သည်။ အာဖြဟံအဖို့ ယင်းမှာ ရယ်စရာဖြစ်ကောင်း ဖြစ်ခဲ့ပေမည်- ဘုရားသခင်က လူသားကို ဖန်ဆင်းခဲ့သော်လည်း၊ အရွယ်အလွန် အိုသူတစ်ဦးက ကလေးမွေးနိုင်စွမ်းမရှိသည်ကို တစ်နည်းနည်းဖြင့် ကိုယ်တော် မသိရှိပုံပေါ်၏။ ကျွန်ုပ်ကို ကလေးမွေးခွင့် ပေးနိုင်လိမ့်မည်ဟု ဘုရားသခင် ထင်နေသည်၊ ကျွန်ုပ်ကို သားတစ်ယောက်ပေးမည်ဟု ကိုယ်တော်ပြောသည်- ယင်းမှာ ဧကန်မုချ မဖြစ်နိုင်။ ထို့ကြောင့်၊ အာဖြဟံက ပျပ်ဝပ်ပြီး ရယ်သည်၊ သူ့ဘာသာသူ တွေးသည်မှာ- မဖြစ်နိုင်၊ ဘုရားသခင် ကျွန်ုပ်ကို ရယ်စရာပြောနေခြင်းဖြစ်သည်၊ ဤသည်မှာ မမှန်နိုင်ဟူ၍ဖြစ်သည်။ သူသည် ဘုရားသခင် နှုတ်ကပတ်တော်များကို အလေးအနက်မထားခဲ့ပေ။
ထို့ကြောင့်ဘုရားသခင်၏အမြင်တွင် အာဖြဟံသည် မည်ကဲ့သို့သော လူစားမျိုးဖြစ်ခဲ့သနည်း။ (ဖြောင့်မတ်သောသူ ဖြစ်ပါသည်။) သူသည် ဖြောင့်မတ်သောသူ ဖြစ်သည်ဟု မည်သည့်နေရာတွင် ဖော်ပြထားပါသနည်း။ ဘုရားသခင် ခေါ်သောသူအားလုံးကို ဖြောင့်မတ်သူ၊ စုံလင်သောသူ ဖြစ်သည်၊ ဘုရားသခင်နှင့် လျှောက်လှမ်းသူ အားလုံးဖြစ်သည်ဟု သင်တို့ထင်ကြသည်။ သင်တို့သည် အယူဝါဒ စောင့်ထိန်းကြပေသည်။ ဘုရားသခင်က တစ်စုံတစ်ယောက်ကို သတ်မှတ်သောအခါတွင်၊ စိတ်ကူးပေါက်ရာ ထိုသို့ မလုပ်ဆောင်သည်ကို သင်တို့ရှင်းလင်းစွာ မြင်ရမည်။ ဤနေရာတွင် ဘုရားသခင်က အာဖြဟံကို ဖြောင့်မတ်သည်ဟု မပြောခဲ့ပေ။ သူ၏ စိတ်နှလုံးထဲတွင်၊ ဘုရားသခင်သည် လူတိုင်းကို တိုင်းတာသည့် စံနှုန်းများရှိသည်။ ဘုရားသခင်က အာဖြဟံသည် မည်ကဲ့သို့သော လူစားမျိုးဖြစ်သည်ကို မပြောခဲ့သော်လည်း၊ သူ၏အပြုအမူအရ၊ အာဖြဟံသည် ဘုရားသခင်၌ မည်သို့သော ယုံကြည်ခြင်းမျိုး ရှိခဲ့သနည်း။ အနည်းငယ် ယေဘုယျဆန်သလော။ သို့မဟုတ် ကြီးမားသော ယုံကြည်ခြင်း သူရှိခဲ့သလော။ မဟုတ်ပေ၊ မရှိခဲ့ချေ။ သူ၏ရယ်သံနှင့် အတွေးများသည် သူမည်သူဆိုသည်ကို ပြသခဲ့သည်၊ ထို့ကြောင့် သူက ဖြောင့်မတ်သည်ဟု သင်တို့၏ ယုံကြည်မှုသည် သင်တို့၏စိတ်ကူးအထင်တစ်ခုသာဖြစ်သည်၊ ယင်းသည် အယူဝါဒကို ကျိုးကြောင်းမမြင်သည့် ကျင့်သုံးမှု ဖြစ်ပြီး၊ နမော်နမဲ့ ဆန်းစစ်ချက်ဖြစ်သည်။ အာဖြဟံ ရယ်ခြင်းနှင့် သူ၏မျက်နှာ အမူအရာလေးများကို ဘုရားသခင် မြင်ခဲ့သလော။ ယင်းတို့ကို ဘုရားသခင် သိခဲ့ပါသလော။ ဘုရားသခင်သိခဲ့သည်။ သို့သော် ဘုရားသခင်သည် သူလုပ်မည်ဟု ဆုံးဖြတ်ထားသည့်အရာကို ပြောင်းမည်လော။ မပြောင်းပေ။ ဤလူကို ရွေးမည်ဟု ဘုရားသခင် စီစဉ်ခဲ့ပြီး ဆုံးဖြတ်ခဲ့ချိန်တွင်၊ ယင်းသည် ဖြစ်မြောက်ခဲ့ပေသည်။ လူသားအတွေးအခေါ်ရော သူ၏အပြုအမူကပါ ဘုရားသခင်ကို စိုးစဉ်းမျှပင် မလွှမ်းမိုးနိုင် သို့မဟုတ် အနှောင့်အယှက် မပေးနိုင်ပေ။ မသိနားမလည်ပင် ဖြစ်ကောင်းဖြစ်နိုင်သည့်

အပြုအမူဖြစ်သော၊ လူသား၏ အပြုအမူကြောင့် ဘုရားသခင်သည် သူ၏အစီအစဉ်ကို စိတ်ကူးပေါက်ရာ ပြောင်းမည်မဟုတ်သကဲ့သို့ သူ၏အစီအစဉ်ကို လွှတ်ခနဲ မပြောင်းပေ သို့မဟုတ် ကမောက်ကမ ဖြစ်စေမည် မဟုတ်ပေ။ သို့ဆိုလျှင် ကမ္ဘာဦးကျမ်း ၁၇:၂၁-၂၂ ထဲ၌ အဘယ်အရာ ရေးထားသနည်း။ "သို့သော်လည်း နောင်နှစ်ချိန်းချက်သော အချိန်တွင် စာရာသည် သင့်အားဖွားလတ့်သော သားဣဇာက်၌ ငါ၏ပဋိညာဉ်ကို ငါတည်စေမည်ဟု မိန့်တော်မူပြီးလျှင် မိန့်မြွက်တော်မူသံငြိမ်း၍ ဘုရားသခင်သည် အာဗြဟံထံမှ တက်ကြွတော်မူ၏။" ဘုရားသခင်သည် အာဗြဟံ တွေးခဲ့သည့်အရာ သို့မဟုတ် ပြောခဲ့သည့်အရာကို စိုးစဉ်းမျှ အာရုံမစိုက်ခဲ့ပေ။ သူ၏ အရေးမလုပ်ခြင်းအတွက် အကြောင်းရင်းမှာ အဘယ်နည်း။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ဘုရားသခင်သည် လူသားကို ကြီးမားသည့် ယုံကြည်ခြင်းရှိဖို့ သို့မဟုတ် ဘုရားသခင်နှင့် သက်ဆိုင်သည့် ကြီးမားသော အသိပညာရှိနိုင်စွမ်းရှိဖို့ သို့မဟုတ်၊ သည့်အပြင်၊ ဘုရားသခင် လုပ်ဆောင်ပြီး ပြောခဲ့သည့်အရာကို နားလည်နိုင်ဖို့ မတောင်းဆိုခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူသား၏ ဝိညာဉ်ရင့်ကျက်မှုမှာ တကယ်ကို မလုံလောက်သည့် အတွက်၊ သူလုပ်ဖို့ရန် ဆုံးဖြတ်ထားသည့်အရာ၊ သို့မဟုတ် ရွေးချယ်ရန် သူဆုံးဖြတ်ထားသည့် လူများ၊ သို့မဟုတ် သူ၏ လုပ်ဆောင်ချက်များ၏ အခြေခံသဘောတရားများကို အပြည့်အဝ နားလည်ဖို့ လူသားကို သူမတောင်းဆိုခဲ့ချေ။ ထိုအချိန်က အာဗြဟံ အဘယ်အရာပင်လုပ်ခဲ့သည်ဖြစ်စေ မိမိကိုယ်ကိုယ် မည်သို့ ပြုမူခဲ့သည် ဖြစ်စေ ဘုရားသခင်က ပုံမှန်အဖြစ် မှတ်ယူခဲ့သည်။ သူသည် မရှုတ်ချခဲ့ သို့မဟုတ် အပြစ်ဖော်ကာ မဆုံးမခဲ့ဘဲ၊ "နောင်နှစ်ချိန်းချက်သောအချိန်တွင် စာရာက သင့်အား ဣဇာက်ကိုဘွားလတ့်" ဟု မျှသာ ပြောခဲ့သည်။ ဘုရားသခင်အဖို့ ဤနှုတ်ကပတ်တော်များကို ကြေငြာပြီးသည့်နောက်တွင်၊ ဤကိစ္စသည် တစ်ဆင့်ပြီးတစ်ဆင့် အမှန်တကယ်ဖြစ်လာခဲ့သည်။ ဘုရားသခင်၏ အမြင်တွင်၊ သူ၏အစီအစဉ်အားဖြင့် ဖြစ်မြောက်ရမည့်အရာသည် စွမ်းဆောင်ရရှိခဲ့နှင့်ပြီးဖြစ်သည်။ ဤအတွက် အစီအစဉ်များကို ပြီးစီးသည့်နောက်တွင်၊ ဘုရားသခင် ထွက်ခွာသွားခဲ့သည်။ လူသား လုပ်သည့်အရာ သို့မဟုတ် တွေးသည့်အရာ၊ လူသား နားလည်သည့်အရာ၊ လူသား၏ အစီအစဉ်များ- ဤအရာထဲမှ မည်သည့်အရာမျှ ဘုရားသခင်နှင့် မည်သို့မျှ ဆက်နွယ်ယ်မှုမရှိပေ။ အရာရာတိုင်းက ဘုရားသခင်၏ အစီအစဉ်အတိုင်း၊ ဘုရားသခင် ချမှတ်ထားသော အချိန်ကာလများနှင့် အဆင့်များနှင့်အညီ ရှေ့ဆက်လေသည်။ ယင်းမှာ ဘုရားအမှုတော်၏ အခြေခံသဘောတရားဖြစ်သည်။ ဘုရားသခင်သည် လူသားက အဘယ်အရာတွေးတွေး၊ အဘယ်အရာသိသိ ဝင်ရောက်မစွက်ဖက်ပေ၊ သို့သော် လူသားက မယုံကြည်၊

နားမလည်ရုံမျှကြောင့် သူ၏အစီအစဉ်ကိုလည်း မစွန့်လွှတ်ပေ သို့မဟုတ် သူ၏အမှုတော်ကိုလည်း မစွန့်လွှတ်ပေ။ ထို့ကြောင့် အဖြစ်မှန်များသည် ဘုရားသခင်၏ အစီအစဉ်နှင့် အတွေးများအရ ဖြစ်မြောက်သည်။ ဤသည်မှာ ကျမ်းစာထဲ၌ ငါတို့ အတိအကျ တွေ့ရသည့်အရာဖြစ်သည်- ဘုရားသခင်သည် သူချိန်းချက်ထားသောအချိန်၌ ဣဇာက်ကို မွေးဖွားစေခဲ့သည်။ လူသား ပြုမူနေထိုင်မှုနှင့် အပြုအမူက ဘုရားသခင်၏ အမှုတော်ကို တားဆီးသည်ဟု အချက်အလက်များက သက်သေပြပါသလော။ ယင်းတို့သည် ဘုရားသခင်၏ အမှုတော်ကို မတားဆီးခဲ့ချေ။ ဘုရားသခင်၌ရှိသည့် လူသား၏ သေးငယ်သော ယုံကြည်ခြင်း၊ ဘုရားသခင်နှင့် ပတ်သက်သည့် သူ၏အယူအဆများနှင့် စိတ်ကူးတို့သည် ဘုရားသခင်၏ အမှုတော်ကို ထိခိုက်စေခဲ့ပါသလော။ မထိခိုက်စေခဲ့။ နည်းနည်းလေးမျှ မထိခိုက်စေခဲ့ပေ။ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်ကို မည်သည့်လူသား၊ မည်သည့်ကိစ္စ၊ သို့မဟုတ် မည်သည့်ဝန်းကျင်ကမျှ မထိခိုက်စေပေ။ သူလုပ်မည်ဟု ဆုံးဖြတ်ထားသည့်အရာ အားလုံးသည် အချိန်မီနှင့် သူ၏အစီအစဉ်အတိုင်း ပြီးပြည့်စုံကာ ဖြစ်မြောက်လိမ့်မည် ဖြစ်သကဲ့သို့၊ သူ၏အမှုကို မည်သည့်လူသားမျှ မနှောင့်ယှက်နိုင်ပေ။ ဘုရားသခင်သည် လူသား၏မိုက်မဲမှုနှင့် မသိနားမလည်မှုနှင့် သက်ဆိုင်သည့် အချို့သော ရှုထောင့်များနှင့် သူ့အပေါ် လူသား၏ ခုခံမှုနှင့် အယူအဆအချို့ကိုပင် လျစ်လျူရှုပြီး၊ ဂရုမထားဘဲ သူလုပ်ရမည့်အမှုကို လုပ်ဆောင်လေသည်။ ဤသည်မှာ ဘုရားသခင်၏ စိတ်သဘောထားဖြစ်ပြီး သူ၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်း၏ ထင်ဟပ်မှုတစ်ခု ဖြစ်သည်။

## ဘုရားသခင်၏ စီမံခန့်ခွဲခြင်း နှင့် လူသားမျိုးနွယ်ကို ကယ်တင်ခြင်း အမှုသည် အာဗြဟံ၏ ဣဇာက်ကို ယဇ်ပူဇော်ခြင်းဖြင့် စတင်သည်

အာဗြဟံကို သားပေးလိုက်ခြင်းဖြင့်၊ အာဗြဟံထံ ဘုရားသခင် ပြောဆိုခဲ့ပြီးသော နှုတ်ကပတ်တော်များ ပြည့်စုံခဲ့လေသည်။ ဤသည်မှာ ဘုရားသခင်၏ အစီအစဉ် ဤတွင် ရပ်သည်ဟု မဆိုလိုပေ။ ဆန့်ကျင်ဘက်အနေဖြင့် လူသားမျိုးနွယ်နှင့် သက်ဆိုင်သည့် စီမံခန့်ခွဲခြင်းနှင့် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ ခမ်းနားသော အစီအစဉ်သည် စတင်ခဲ့ပြီးရုံသာ ရှိသေးပြီး၊ အာဗြဟံကို သားတစ်ဦးပေးခြင်းနှင့် သက်ဆိုင်သည့် သူ၏ ကောင်းကြီးမင်္ဂလာမှာ သူ၏ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုလုံး၏ နိဒါန်းတစ်ခုသာ ဖြစ်ခဲ့ပေသည်။ ထိုအခိုက်အတန့်တွင် အာဗြဟံက ဣဇာက်ကို ပေးပူဇော်သည့်အချိန် အခိုက်အတန့်တွင် ဘုရားသခင်၏ စာတန်နှင့် စစ်ပွဲသည် တိတ်တဆိတ် စတင်ခဲ့ပြီးဖြစ်သည်ကို မည်သူသိခဲ့သနည်း။

## ဘုရားသခင်သည် လူသားမိုက်မဲသည်ကို ဂရုမစိုက်ပေ၊ လူသားမှန်ကန်ဖို့သာ တောင်းဆိုသည်

ဆက်လက်၍ ဘုရားသခင်က အာဗြဟံကို အဘယ်အရာပြုသည်ကို ကြည့်ကြစို့။ ကမ္ဘာဦးကျမ်း ၂၂:၂ တွင် ဘုရားသခင်က အောက်ပါအမိန့်အား အာဗြဟံကို ပေးခဲ့သည်။ "သင်သည် အလွန်ချစ်သော တစ်ယောက်တည်းသော သားဣဇာက်ကို ယူ၍ မောရိပြည်သို့သွားလော့။ ငါပြလတ့်သော တောင်ပေါ်မှာ သူ့ကိုမီးရှို့ရာယဇ်ပြု၍ ပူဇော်လော့" ဘုရားသခင် ဆိုလိုချက်က ရှင်းသည်။ အာဗြဟံကို သူ ချစ်သော တစ်ဦးတည်းသောသား ဣဇာက်အား မီးရှို့ရာယဇ် ပူဇော်ရန် သူပြောနေခြင်းဖြစ်သည်။ ယင်းကို ယနေ့ကြည့်ပါက ဘုရားသခင်၏ အမိန့်သည် လူသား၏ အယူအဆများနှင့် သဘောကွဲလွဲသေး သလော။ ကွဲလွဲပါသည်။ ထိုအချိန်က ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အရာများအားလုံးသည် လူသားအယူအဆများနှင့် အတော်ဆန့်ကျင်၏။ ယင်းသည် လူသားအဖို့ နားမလည်နိုင်စရာ ဖြစ်ခဲ့သည်။ ၎င်းတို့၏ အယူအဆများ၌ လူများက အောက်ပါအတိုင်း ယုံကြည်ကြသည်- လူသားက မယုံကြည်သကဲ့သို့ မဖြစ်နိုင်ဟု ထင်ခဲ့ချိန်တွင်၊ ဘုရားသခင်သည် သူ့ကို သားတစ်ဦး ပေးခဲ့ပြီး၊ သူသည် သားတစ်ယောက်ရခဲ့ပြီးသည့်နောက်တွင် သူ၏သားကို ယဇ်ပူဇော်ရန် ဘုရားသခင်က တောင်းဆိုခဲ့သည်။ မယုံကြည်နိုင်စရာ ကောင်းလေစွ။ ဘုရားသခင်သည် အမှန်တကယ် အဘယ်အရာကိုလုပ်ရန် ရည်ရွယ်သနည်း။ ဘုရားသခင်၏ တကယ့်ရည်ရွယ်ချက်မှာ မည်သည့်အရာနည်း။ သူသည် အာဗြဟံကို ခြွင်းချက်မရှိ သားတစ်ဦး ပေးခဲ့သော်လည်း၊ အာဗြဟံကို အကြွင်းမဲ့ ပူဇော်ဆက်သမှု တစ်ခုလည်း တောင်းဆိုခဲ့၏။ ဤသည်မှာ လွန်ကဲခဲ့ပါသလော။ ဘေးလူတစ်ဦး၏ အမြင်အရ ဤသည်မှာ လွန်ကဲလွန်းသည်သာမက၊ အတော်အတန် "အကြောင်းမရှိဘဲ ပြဿနာဖန်တီးခြင်း" ကိစ္စတစ်ခုလည်း ဖြစ်သည်။ သို့သော် အာဗြဟံကိုယ်တိုင်က ဘုရားသခင် အလွန်အကျူး တောင်းဆိုသည်ဟု မထင်ခဲ့ပေ။ ယင်းနှင့် ပတ်သက်သည့် နည်းပါးသည့်၊ အရေးမပါသော သူ၏ကိုယ်ပိုင် အတွေးများ ရှိခဲ့သော်လည်း၊ ဘုရားသခင်ကို အနည်းငယ် သူ သံသယဝင်ခဲ့သော်လည်း၊ ယဇ်ပူဇော်ဖို့ ပြင်ဆင်ဆဲ ဖြစ်ခဲ့သည်။ ဤအချိန်တွင် အာဗြဟံသည် သူ၏သားကို ပူဇော်ရန် လိုလားခြင်းရှိခဲ့သည်ဟု သက်သေပြသည့် မည်သည့်အရာကို သင် တွေ့မြင်ပါသနည်း။ ဤဝါကျများတွင် မည်သည့်အရာကို ပြောထားသနည်း။ မူရင်း စာသားက အောက်ပါဖြစ်စဉ်ကို ပေးထား၏- "အာဗြဟံသည် နံနက်စောစောထ၍ မြည်းကို ကုန်းနှီးတင်ပြီးလျှင် မိမိသားဣဇာတ်နှင့် ငယ်သားနှစ်ယောက်ကို ခေါ်၍ ယဇ်ရှို့စရာထင်းကို ခွဲပြီးမှ ဘုရားသခင် မိန့်တော်မူသော အရပ်သို့ ထသွားလေ၏။" (ကမ္ဘာ ၂၂:၃) "ထိုသို့နှစ်ယောက် အတူသွား၍၊ ဘုရားသခင် မိန့်တော်မူသော အရပ်သို့ ရောက်ကြသောအခါ၊ အာဗြဟံသည် ယဇ်ပလ္လင်ကိုတည်၍

ထင်းကိုခင်းပြီးလျှင်၊ သား ဣဇာက်ကိုချည်နှောင်၍၊ ယဇ်ပလ္လင်၌ ထင်းပေါ်မှာ တင်ထား၏။ မိမိလက်ကိုဆန့်၍ သားကိုသတ်ခြင်းငှါ ဓါးကို ကိုင်ယူလေ၏။" (ကမ္ဘာ ၂၂:၉-၁၀) အာဗြဟံက သူ၏လက်ကိုဆန့်ထုတ်ပြီး သူ၏သားကိုသတ်ဖို့ ဓါးကိုကိုင် လိုက်သောအခါ၊ သူ၏လုပ်ရပ်များကို ဘုရားသခင်မြင်သလော။ မြင်ခဲ့သည်။ ဘုရားသခင်က အာဗြဟံကို ဣဇာက်အား ယဇ်ပူဇော်ဖို့တောင်းချိန်မှအစ အာဗြဟံက သူ၏သားကို သတ်ဖို့ အမှန်တကယ် ဓါးမြှောက်ချိန်အထိ- ဖြစ်စဉ်တစ်ခုလုံးသည် ဘုရားသခင်ကို အာဗြဟံ၏ နှလုံးသားအား ပြသခဲ့ပြီး၊ ယခင်က သူ၏မိုက်မဲမှု၊ မသိနားမလည်မှုနှင့် ဘုရားသခင်ကို နားလည်မှုလွဲမှုများကို ပဓာနမထားဘဲ၊ ထိုအချိန်တွင် အာဗြဟံ၏နှလုံးသားသည် ဘုရားသခင်အတွက် မှန်ကန်ခဲ့ပြီး၊ ရိုးသားခဲ့ကာ၊ ဘုရားသခင်ပေးခဲ့သည့်သား ဣဇာက်ကို ဘုရားသခင်ထံ သူအမှန်တကယ်ပြန်ပေးမည် ပြုခဲ့သည်။ သူ့ထံ၌ ဘုရားသခင်သည် သူ လိုချင်ခဲ့သည့် တကယ့်နာခံခြင်းကို တွေ့ရှိခဲ့သည်။

လူသားအဖို့ ဘုရားသခင်သည် နားမလည်နိုင်ဖွယ်ဖြစ်သကဲ့သို့ မယုံကြည်နိုင်ဖွယ်ပင်ဖြစ်သည့် အရာများစွာ လုပ်ဆောင်သည်။ ဘုရားသခင်က တစ်စုံတစ်ယောက်ကို စီစဉ်ညွှန်ကြားလိုသောအခါ၊ ဤစီစဉ်ညွှန်ကြားခြင်းသည် လူသား၏ အယူအဆများနှင့် မကြာခဏ သဘောကွဲလွဲပြီး၊ လူသားအဖို့ နားမလည်နိုင်ဖွယ် ဖြစ်သော်လည်း၊ လူနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ စမ်းသပ်မှုနှင့် စစ်ဆေးခြင်းသည် ဤသဘောထား ကွဲလွဲမှုနှင့် နားမလည်နိုင်ဖွယ်ခြင်းတို့ အတိအကျ ဖြစ်ပေသည်။ ထိုအတောအတွင်းတွင် အာဗြဟံသည် ဘုရားသခင်၏ သတ်မှတ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ အခြေခံအကျဆုံး အခြေအနေဖြစ်သည့် ဘုရားသခင်အား နာခံမှုကို သူ့ကိုယ်တိုင်အတွင်း၌ ပြနိုင်ခဲ့သည်။ ထို့နောက်တွင်မှ အာဗြဟံသည် ဘုရားသခင်၏ သတ်မှတ်ချက်ကို နာခံနိုင်သောအခါ၊ ဣဇာက်ကို ပူဇော်လိုက်သည့်အခါတွင်၊ ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ်- သူရွေးချယ်ထားသည့် အာဗြဟံအပေါ်- စိတ်ချမှုနှင့် လက်ခံမှုတို့ကို အမှန်တကယ် ခံစားခဲ့ရသည်။ ထို့နောက်မှသာ ဘုရားသခင်သည် သူရွေးချယ်ထားသည့် ဤလူမှာ သူ၏ကတိတော်နှင့် သူ၏နောက်ဆက်တွဲ စီမံခန့်ခွဲမှု အစီအစဉ်ကို လက်ခံဆောင်ရွက်နိုင်မည့် မရှိမဖြစ် ခေါင်းဆောင်ဖြစ်သည်ဟု သေချာခဲ့သည်။ ယင်းသည် စမ်းသပ်မှုတစ်ခုနှင့် စစ်ဆေးခြင်းတစ်ခု ဖြစ်ခဲ့သော်လည်း၊ ဘုရားသခင်သည် ကျေနပ်နှစ်သက်မှုကို ခံစားခဲ့ရသည်၊ သူ့အတွက် လူသား၏ ချစ်မေတ္တာကို ခံစားခဲ့ရပြီး ယခင်က လုံးဝမရှိဖူးသကဲ့သို့သော နှစ်သိမ့်မှုကို လူသားအားဖြင့် သူ ခံစားခဲ့ရသည်။ အာဗြဟံက ဣဇာက်ကို သတ်ဖို့ ဓားထုတ်သည့်အခိုက်တွင်၊ ဘုရားသခင်က သူ့ကို တားခဲ့သလော။ ဘုရားသခင်က

ဣဇာက်အသက်ကို နုတ်ယူဖို့ တကယ်ကို မရည်ရွယ်ခဲ့သည့်အတွက်၊ အာဗြဟံကို ဣဇာက်အား ပူဇော်ခွင့်မပြုခဲ့ပေ။ ထို့ကြောင့် ဘုရားသခင်က အာဗြဟံကို အချိန်မီ တားခဲ့သည်။ ဘုရားသခင်အတွက် အာဗြဟံ၏ နာခံမှုက စမ်းသပ်မှုကို အောင်မြင်နိုင်ခဲ့ပြီ ဖြစ်သည်၊ သူလုပ်ခဲ့သည့်အရာမှာ လုံလောက်ပြီး ဘုရားသခင်က သူ လုပ်ဆောင်ရန် ရည်ရွယ်ထားသည့်အရာ၏ ရလဒ်ကို မြင်နိုင်ပြီး ဖြစ်သည်။ ဤရလဒ်သည် ဘုရားသခင်ဖို့ ကျေနပ်ဖွယ်ဖြစ်ခဲ့ပါသလော။ ဤရလဒ်သည် ဘုရားသခင်ဖို့ ကျေနပ်ဖွယ်ဖြစ်သည်၊ ယင်းမှာ ဘုရားသခင် လိုချင်ခဲ့သည့်အရာဖြစ်ပြီး၊ ကြာမြင့်စွာက ဘုရားသခင် မြင်ချင်ခဲ့သည့်အရာ ဖြစ်သည်ဟု ပြော၍ရသည်။ မှန်ပါသလော။ အခြေအနေအမျိုးမျိုးတွင် ဘုရားသခင်သည် လူအသီးသီးကို မတူညီသည့် စစ်ဆေးခြင်း နည်းလမ်းများ အသုံးပြုသော်လည်း၊ အာဗြဟံ၌ သူအလိုရှိခဲ့သည့်အရာကို ဘုရားသခင် မြင်ခဲ့သည်၊ အာဗြဟံ၏ နှလုံးသားသည် မှန်ကန်ပြီး သူ၏နာခံမှုက အကြွင်းမဲ့ဖြစ်သည်ကို သူ တွေ့ခဲ့သည်။ ဘုရားသခင် လိုချင်ခဲ့သည်မှာ ဤ “အကြွင်းမဲ့” သောအရာ အတိအကျ ဖြစ်ပေသည်။ လူများက၊ “ဤအရာကို ကျွန်ုပ်ပေးလှူပြီးပြီ၊ ထိုအရာကို ကျွန်ုပ်စွန့်လွှတ်ပြီးပြီ- ဘုရားသခင် ကျွန်ုပ်ကို အဘယ်ကြောင့် စိတ်မကျေနပ်သနည်း။ စမ်းသပ်မှုများကို ကျွန်ုပ်အား အဘယ်ကြောင့် ခံမြဲခံစေရသေးသနည်း။ အဘယ်ကြောင့် ကျွန်ုပ်ကို စစ်ဆေးမြဲ စစ်ဆေးနေသေးသနည်း။” ဟု မကြာခဏ ပြောတတ်ကြသည်။ ဤအရာက အချက်တစ်ချက်ကို ပြသည်- ဘုရားသခင်သည် သင့်နှလုံးသားကို မမြင်သေးသကဲ့သို့ သင့်နှလုံးသားကို မရယူသေးပေ။ ဆိုလိုသည်မှာ ဘုရားသခင်သည် အာဗြဟံက သူ၏သားကို သူ့လက်နှင့်သတ်ဖို့ ဓားကိုကိုင်မြှောက်ပြီး ဘုရားသခင်ကို ပူဇော်ဖို့လုပ်သောအချိန်ကကဲ့သို့၊ အင်မတန် ရိုးသားစစ်မှန်မှုကို သူမတွေ့သေးခြင်း ဖြစ်သည်။ သူသည် သင်၏အကြွင်းမဲ့နာခံမှုကို မတွေ့သေးသကဲ့သို့၊ သင့်အားဖြင့် နှစ်သိမ့်ခြင်းမခံရသေးပေ။ သို့ဆိုလျှင် ဘုရားသခင် သင့်ကို စမ်းသပ်မြဲစမ်းသပ်နေသည်မှာ သဘာဝကျပေသည်။ ဤသည်မှာ မှန်သည်မဟုတ်လော။ ဤခေါင်းစဉ်နှင့် ပတ်သက်သရွေ့ ဤတွင် ငါတို့ ရပ်မည်။ ဆက်လက်၍ “အာဗြဟံအတွက် ဘုရားသခင်၏ ကတိတော်” ကိုဖတ်ကြမည်။

၃။ အာဗြဟံအတွက် ဘုရားသခင်၏ ကတိတော်

ကမ္ဘာဦးကျမ်း ၂၂:၁၆-၁၈ သင်သည် ဤအမှုကို ပြုပြီး သင်၏သား၊ တစ်ဦးတည်းသောသားကို ထိန်ဝှက်မထားသည့် အတွက်ကြောင့် ကောင်းကြီးမင်္ဂလာဖြင့် သင့်ကို ငါ ကောင်းကြီးပေးမည်၊ တိုးပွားများပြားခြင်း၌ သင်၏ အမျိုးအနွယ်ကို မိုးကောင်းကင် ကြယ်များကဲ့သို့လည်းကောင်း၊

ပင်လယ်ကမ်းခြေ ပေါ်မှ သဲလုံးနှင့်အမျှလည်းကောင်း ငါ တိုးပွားများပြားစေမည်။ သင်၏ အမျိုးအနွယ်သည် သူ့ရန်သူတို့၏ တံခါးတို့ကို အပိုင်ရလိမ့်မည်၊ မြေကြီးပေါ် ရှိ တိုင်းနိုင်ငံတို့သည် သင်၏အမျိုးအနွယ်အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။ သင်သည် ငါ၏စကားသံကို နာခံသောကြောင့် ငါသည် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆိုပြီဟု ယေဟောဝါ မိန့်တော်မူ၏။

ဤသည်မှာ အာဗြဟံအတွက် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာနှင့်သက်ဆိုင်သည့် မှုရင်းအတိုင်းဖြစ်သော ဖြစ်စဉ်တစ်ခု ဖြစ်သည်။ တိုတောင်းသော်လည်း ပါဝင်သည့်အကြောင်းအရာက ကြွယ်ဝသည်။ ယင်းသည် အာဗြဟံအဖို့ ဘုရားသခင်၏ လက်ဆောင်အတွက် အကြောင်းရင်း၊ နောက်ခံနှင့် အာဗြဟံကို ဘုရားသခင် ပေးခဲ့သည့်အရာက မည်သည့်အရာ ဖြစ်သည်ဆိုသည်တို့ ပါဝင်သည်။ ယင်းသည် ဤနှုတ်ကပတ်တော်များကို ဘုရားသခင် မိန့်မြွက်သည့် ပျော်ရွှင်ခြင်း၊ စိတ်လှုပ်ရှားခြင်းအပြင် သူ၏နှုတ်ကပတ်တော်များကို နားထောင်နိုင်သည့်သူများကို ရယူရန် သူ၏ တောင့်တမှုနှင့် သက်ဆိုင်သည့် အရေးတကြီးဖြစ်မှုနှင့်လည်း ပြည့်လျှမ်း လေသည်။ ဤတွင် သူ၏နှုတ်ကပတ်တော်များကို နာခံပြီး သူ၏အမိန့်များကို လိုက်လျှောက်သူတို့အပေါ် ဘုရားသခင်၏ ချစ်မြတ်နိုးမှုနှင့် ကြင်နာမှုတို့ကို တွေ့ရသည်။ ထို့ကြောင့် လူများကို ရယူဖို့ သူပေးသည့် အဖိုးအခ၊ ၎င်းတို့ကို ရယူရာတွင် သူထားရှိသည့် ဂရုစိုက်မှုနှင့် အတွေးများကိုလည်း ငါတို့တွေ့ရသည်။ ထို့အပြင် "ငါသည် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆိုပြီ။" ဟူသော နှုတ်ကပတ်တော်များပါဝင်သည့် ကျမ်းပိုဒ်သည် သူ၏စီမံခန့်ခွဲမှု အစီအစဉ်နှင့်သက်ဆိုင်သည့် သူ၏အမှု မြင်ကွင်းများ နောက်ကွယ်က ဘုရားသခင် တစ်ဦးတည်း ခံရသော အားကောင်းသည့် ခါးသီးမှုနှင့် နာကျင်မှု အသိစိတ်ကို ငါတို့အား ပေးလေသည်။ ယင်းသည် အတွေးကိုစေ့ဆော်ပေးသော ကျမ်းပိုဒ်ဖြစ်ပြီး နောင်လာသည့် သူများအတွက် ထူးခြားသည့် အရေးပါမှုရှိကာ ၎င်းတို့အပေါ် နှံ့နှံ့စပ်စပ် သက်ရောက်မှုတစ်ခုရှိသည့် ကျမ်းပိုဒ်တစ်ပိုဒ်ဖြစ်သည်။

## လူသားသည် သူ၏ရိုးသားမှုနှင့် နာခံမှုကြောင့် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများကို ရရှိသည်

ဤတွင် ငါတို့ ဖတ်ခဲ့ရသည့် အာဗြဟံကို ဘုရားသခင်ပေးခဲ့သော ကောင်းကြီးမင်္ဂလာမှာ ကြီးမားသလော။ မည်မျှကြီးမားသနည်း။ ဤနေရာ၌ အဓိက စာတစ်ကြောင်းရှိသည်- "မြေကြီးပေါ် ရှိ တိုင်းနိုင်ငံတို့သည် သင်၏အမျိုးအနွယ်အားဖြင့် ကောင်းကြီးမင်္ဂလာကို

ခံရကြလိမ့်မည်” ဟူ၍ ဖြစ်သည်။ ဤစာကြောင်းက အာဖြဟံသည် ယခင် မည်သူမျှ သို့မဟုတ် နောက်တွင် မည်သူမျှ မရဖူးသည့် ကောင်းကြီးမင်္ဂလာကို ရရှိသည်ကို ပြပေသည်။ ဘုရားသခင်က စေခိုင်းသည်နှင့်အမျှ၊ အာဖြဟံသည် သူ၏ တစ်ဦးတည်းသော သူချစ်မြတ်နိုးရသည့် သားကို ဘုရားသခင်ထံ ပြန်ပေးသောအခါ (မှတ်ရန်- ဤနေရာမှာ “ပူဇော်” ဟူသော စကားကို ငါတို့ သုံး၍မရပါ။ သူ၏သားကို ဘုရားသခင်ထံ ပြန်ပေးသည်ဟု သုံးသင့်သည်။)၊ ဘုရားသခင်က အာဖြဟံကို ဣဇာက်အား ပူဇော်ခွင့်မပြုသည်သာမက၊ သူ့ကို ကောင်းကြီးလည်း ပေးခဲ့လေသည်။ သူသည် မည်သည့် ကတိတော်နှင့် အာဖြဟံကို ကောင်းကြီးပေးခဲ့သနည်း။ သူ၏အမျိုးအနွယ်ကို ပွားများစေဖို့ ကတိတော်ဖြင့် ကောင်းကြီးပေးခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့ကို မည်မျှအထိ ပွားများစေမည်နည်း။ ကျမ်းစာက အောက်ပါအတိုင်း မှတ်တမ်းတင်ထား၏- “...မိုးကောင်းကင် ကြယ်များကဲ့သို့ လည်းကောင်း၊ ပင်လယ်ကမ်းခြေပေါ်မှ သဲလုံးနှင့်အမျှ လည်းကောင်း...။ သင်၏ အမျိုးအနွယ်သည် သူ့ရန်သူတို့၏ တံခါးတို့ကို အပိုင်ရလိမ့်မည်၊ မြေကြီးပေါ်ရှိ တိုင်းနိုင်ငံတို့သည် သင်၏အမျိုးအနွယ်အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။” ဘုရားသခင်သည် မည်သည့် အခြေအနေတွင် ဤနှုတ်ကပတ်တော်များကို မိန့်မြွက်ခဲ့သနည်း။ ဆိုလိုသည်မှာ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများကို အာဖြဟံ မည်ကဲ့သို့ ရရှိခဲ့သနည်း။ ဘုရားသခင်က ကျမ်းစာထဲတွင် “သင်သည် ငါ၏စကားသံကို နာခံသောကြောင့်” ဟုပြောသည့်အတိုင်းသာ ထိုကောင်းကြီးတို့ကို သူ ရရှိခဲ့ပေသည်။ ဆိုလိုသည်မှာ အာဖြဟံက ဘုရားသခင်၏ အမိန့်ကို လိုက်လျှောက်ခဲ့သောကြောင့်၊ ဘုရားသခင် ပြောခဲ့ပြီးသမျှ၊ တောင်းခဲ့ပြီးသမျှနှင့် မိန့်ခဲ့ပြီးသမျှကို အနည်းငယ်မျှ ညည်းညူခြင်းမရှိဘဲ၊ လုပ်ဆောင်ခဲ့ပြီးဖြစ်သောကြောင့် ဘုရားသခင်သည် ထိုသို့သော ကတိတော်မျိုးကို သူ့အား ပြုခဲ့ခြင်းဖြစ်သည်။ ဤကတိတော်၌ ထိုအချိန်က ဘုရားသခင်၏ အတွေးကို ဖော်ပြသည့် အရေးကြီးသော ဝါကျတစ်ကြောင်း ရှိသည်။ သင်တို့ တွေ့ပြီလော။ “ငါသည် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆိုပြီ” ဟူသည့် ဘုရားသခင် နှုတ်ကပတ်တော်ကို သင်တို့ အာရုံမစိုက်မိသည်မှာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ယင်းတို့ ဆိုလိုသည်မှာ ဘုရားသခင်က ဤနှုတ်ကပတ်တော်များကို မိန့်မြွက်ချိန်တွင်၊ သူ့ကိုယ်သူ တိုင်တည်နေခဲ့ပေသည်။ လူများက ကျမ်းသစ္စာတစ်ခု ပြုသည့်အခါ၊ အဘယ်အရာဖြင့် တိုင်တည်ကြသနည်း။ ကောင်းကင်ဖြင့် ၎င်းတို့ တိုင်တည်ကြသည်၊ ဆိုလိုသည်မှာ၊ ၎င်းတို့သည် ဘုရားသခင်ကို ကျမ်းသစ္စာပြုပြီး ဘုရားသခင်ဖြင့် တိုင်တည်ကြလေသည်။ ဘုရားသခင်က သူ့ကိုယ်သူ တိုင်တည်သော ဖြစ်စဉ်ကို လူတို့ သိပ်နားလည်မည် မဟုတ်သော်လည်း၊ သင်တို့ကို မှန်ကန်သည့် ရှင်းပြချက်တစ်ခု ငါပေးသည့်အခါ၊ သင်တို့ နားလည်နိုင်လိမ့်မည်။ သူ၏

နှုတ်ကပတ်တော်များကို ကြားသာကြားနိုင်ပြီး သူ၏ စိတ်နှလုံးကို နားမလည်နိုင်သောသူနှင့် ရင်ဆိုင်ရလျက်၊ ဘုရားသခင်သည် နောက်ထပ်တစ်ဖန် အထီးကျန်ပြီး ဘာပြောရမှန်းမသိ ဖြစ်လေသည်။ အသည်းအသန်ဖြစ်ခြင်းဖြင့်- ယင်းကို မသိစိတ်၏ စေ့ဆော်မှုအရဟု ပြောနိုင်သည်- ဘုရားသခင်သည် အလွန်သဘာဝကျသော အရာတစ်ခုကို ပြုခဲ့သည်- ဘုရားသခင်သည် အာဗြဟံအပေါ်သို့ ဤကတိကို အပ်နှင်းချိန်တွင် သူ၏လက်ကို သူ၏နှလုံးသားပေါ်တင်ထားပြီး သူ့ကိုယ်သူ တိုင်တည်ခဲ့ကာ၊ ဤသည်မှ ဘုရားသခင်က "ငါသည် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆိုပြီ" ဟု ပြောသည်ကို လူသားက ကြားခဲ့ရပေသည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များမှတစ်ဆင့်၊ သင့်ကိုယ်သင် တွေးကောင်းတွေးနိုင်သည်။ သင်၏ နှလုံးသားပေါ် သင့်လက်ကိုတင်ပြီး သင့်ကိုယ်သင် စကားပြောသောအခါ၊ သင် ပြောနေသည့်အရာကို သင် ရှင်းရှင်းလင်းလင်း သိပါသလော။ သင်၏ သဘောထားသည် ရိုးသားစစ်မှန်ပါသလော။ သင်၏ စိတ်နှလုံးဖြင့် ပွင့်ပွင့်လင်းလင်း သင်ပြောသလော။ ထို့ကြောင့် ဘုရားသခင်က အာဗြဟံကို စကားပြောသောအခါ၊ သူသည် အလေးအနက်ထားပြီး စစ်မှန်ရိုးသားခဲ့သည်ကို ဤနေရာ၌ ငါတို့တွေ့ရသည်။ အာဗြဟံကို စကားပြောပြီး ကောင်းကြီးပေးနေခဲ့သည့် တစ်ချိန်တည်းတွင်၊ ဘုရားသခင်သည် သူ့ကိုယ်သူလည်း စကားပြောနေခဲ့သည်။ သူ့ကိုယ်သူ ဤကဲ့သို့ ပြောနေခဲ့ခြင်း ဖြစ်သည်- အာဗြဟံသည် ငါ၏ စကားများကို နာခံခဲ့ပြီး ငါ ရွေးချယ်ထားသည့်သူတစ်ဦး ဖြစ်သောကြောင့်၊ သူ့ကို ငါကောင်းကြီးပေးမည်၊ ပြီးလျှင် သူ၏သားစဉ်မြေးဆက်ကို ကောင်းကင်က ကြယ်များကဲ့သို့ များပြားစေကာ ပင်လယ်ကမ်းစပ်မှ သဲပွင့်ကဲ့သို့ ပွားများစေမည်ဟူ၍ ဖြစ်သည်။ ဘုရားသခင်က "ငါသည် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆိုပြီ" ဟု ပြောခဲ့ချိန်တွင်၊ အာဗြဟံ၌ ရွေးချယ်ထားသော ဣသရေလလူမျိုးကို မွေးထုတ်မည်၊ ယင်းနောက်တွင် ဤလူများကို သူ၏ အမှုနှင့်အတူ မြန်မြန်ဆန်ဆန် ဦးဆောင်မည်ဟု ဘုရားသခင် ဆုံးဖြတ်ထားခဲ့ပေသည်။ ဆိုလိုသည်မှာ ဘုရားသခင်က အာဗြဟံ၏ သားစဉ်မြေးဆက်များကို ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုနှင့် ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်စေမည်ဖြစ်ပြီး သူဖော်ပြသောအရာကို အာဗြဟံနှင့် စတင်ပြီး အာဗြဟံ၏ သားစဉ်မြေးဆက်ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကာ၊ ထိုသို့ဖြင့် လူကို ကယ်တင်ရန်ဖြစ်သည့် ဘုရားသခင်၏ စိတ်ဆန္ဒ အကောင်အထည်ပေါ်လာမည်ဖြစ်သည်။ သင်တို့ မည်သို့ဆိုမည်နည်း၊ ဤသည်မှာ မင်္ဂလာရှိသောအရာ ဖြစ်သည် မဟုတ်သလော။ လူသားအတွက် ဤအရာထက် သာ၍ ကြီးမြတ်သော ကောင်းကြီးမင်္ဂလာမရှိပေ။ ဤသည်မှာ မင်္ဂလာအရှိဆုံးသောအရာ ဖြစ်သည်ဟု ပြော၍ရသည်။ အာဗြဟံ ရရှိခဲ့သော ကောင်းကြီးမင်္ဂလာသည် သူ၏အမျိုးအနွယ် ပွားများခြင်း

မဟုတ်ဘဲ၊ ဘုရားသခင်က သူ၏စီမံခန့်ခွဲမှု၊ သူ၏စေခိုင်းချက်တာဝန်နှင့် သူ၏အမှုကို အာဖြဟံ အမျိုးအနွယ်များ၌ စွမ်းဆောင်ရရှိခြင်းဖြစ်သည်။ ဤသည်မှာ အာဖြဟံခံရသော ကောင်းကြီးသည် ယာယီမဟုတ်ဘဲ၊ ဘုရားသခင် စီမံခန့်ခွဲမှု အစီအစဉ် တိုးတက်သည်နှင့်အမျှ ဆက်လက် ရှိနေသည်ဟု ဆိုလိုသည်။ ဘုရားသခင် စကားပြောသောအခါ၊ ဘုရားသခင်က သူ့ကိုယ်သူ တိုင်တည်သောအခါ၊ စိတ်ပိုင်းဖြတ်မှုတစ်ခု ပြုခဲ့နှင့်ပြီးဖြစ်သည်။ ဤစိတ်ပိုင်းဖြတ်ခြင်း ဖြစ်စဉ်သည် မှန်ကန်ပါသလော။ စစ်မှန်ခဲ့သလော။ ထိုအချိန်မှစ၍ သူ၏ကြိုးပမ်းမှုများ၊ သူပေးဆပ်ခဲ့သော အဖိုးအခ၊ သူ၏အရာ အားလုံးနှင့်ဖြစ်ခြင်း၊ သူ၏အရာရာတိုင်းနှင့် သူ၏အသက်ကိုပင် အာဖြဟံနှင့် အာဖြဟံ၏ အမျိုးအနွယ်များကိုပေးရန် ဘုရားသခင် စိတ်ပိုင်းဖြတ်ခဲ့သည်။ ဤလူအုပ်စုမှ စတင်၍ သူ၏ လုပ်ဆောင်ချက်များကို သူ ထင်ရှားစေမည်ဖြစ်ပြီး သူ၏ဉာဏ်ပညာ၊ အခွင့်အာဏာနှင့် တန်ခိုးကို လူသားအား မြင်ခွင့်ပေးရန်လည်း ဘုရားသခင် စိတ်ပိုင်းဖြတ်ခဲ့လေသည်။

## ဘုရားသခင်ကို သိကျွမ်းပြီး သူ့ကို သက်သေခံနိုင်သူများကို ရယူခြင်းသည် ဘုရားသခင်၏ မပြောင်းလဲသော ဆန္ဒဖြစ်သည်

သူ့ကိုယ်သူ စကားပြောနေခဲ့သည့် တစ်ချိန်တည်းတွင်၊ ဘုရားသခင်သည် အာဖြဟံကိုလည်း စကားပြောခဲ့၏၊ သို့သော် ဘုရားသခင်က သူ့ကို ပေးခဲ့သည့် ကောင်းကြီးမင်္ဂလာများကို ကြားရခြင်းမှလွဲ၍ အာဖြဟံသည် ဘုရားသခင်၏ စစ်မှန်သော ဆန္ဒများကို သူ၏နှုတ်ကပတ်တော်များအားလုံး၌ ထိုအချိန်က နားလည်နိုင်ခဲ့ပါသလော။ သူနားမလည်နိုင်ခဲ့ပေ။ ထို့ကြောင့် ထိုအခိုက်အတန့်တွင်၊ ဘုရားသခင်သည် သူ့ကိုယ်သူ တိုင်တည်သောအချိန်တွင်၊ သူ၏နှလုံးသားသည် အထီးကျန်ပြီး ဝမ်းနည်းနေဆဲရှိခဲ့သည်။ သူ ရည်ရွယ်ထားပြီး စီစဉ်ထားသည့်အရာကို နားလည်နိုင်သောသူ သို့မဟုတ် သဘောပေါက်နိုင်သောသူ တစ်ဦးမျှ မရှိခဲ့ချေ။ ထိုအခိုက်အတန့်တွင် သူ လုပ်ဆောင်ရမည့် အမှုကို လုပ်ဆောင်ရာတွင် သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်နိုင်သူ တစ်ဦးတစ်လေ ရှိခဲ့ဖို့မဆိုထားနှင့်၊ ဘုရားသခင်ကို ယုံကြည်ချက်ရှိရှိ စကားပြောနိုင်သည့်သူမှာ အာဖြဟံအပါအဝင် မည်သူမျှ မရှိခဲ့ချေ။ အပေါ်ယံအားဖြင့်၊ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို နာခံနိုင်မည့်သူ တစ်ဦးဖြစ်သည့်၊ အာဖြဟံကို ရရှိခဲ့ပြီဖြစ်သည်။ သို့သော် အမှန်တွင်၊ ဘုရားသခင်နှင့် သက်ဆိုင်သည့် ဤလူ၏ အသိသည် မရှိသလောက် ဖြစ်၏။ ဘုရားသခင်သည် အာဖြဟံကို ကောင်းကြီးပေးခဲ့ပြီး ဖြစ်သော်လည်း၊ ဘုရားသခင်၏ နှလုံးသားသည် မကျေနပ်ခဲ့သေးပေ။ ဘုရားသခင် မကျေနပ်သေး ဆိုသည်မှာ အဘယ်အရာကို

ဆိုလိုသနည်း။ ယင်းမှာ သူ၏စီမံခန့်ခွဲမှုသည် စရုံသာရှိသေးသည်ဟု ဆိုလိုသည်၊ သူ ရယူလိုသော လူများ၊ သူ မြင်ရဖို့ တောင့်တခဲ့သည့် လူများ၊ သူ ချစ်သော လူများသည် သူ့ထံမှ ဝေးကွာကြဆဲဖြစ်သည်ဟု ဆိုလိုသည်။ သူ အချိန် လိုအပ်ခဲ့သည်၊ သူ စောင့်ဖို့ လိုအပ်ခဲ့သည်၊ သူစိတ်ရှည်ဖို့ လိုခဲ့သည်။ အကြောင်းမှာ ထိုအချိန်က၊ ဘုရားသခင် ကိုယ်တော်တိုင်မှလွဲ၍၊ သူ လိုအပ်သည့်အရာ၊ သို့မဟုတ် သူ ရယူလိုသည့်အရာ၊ သို့မဟုတ် သူ တောင့်တသည့်အရာကို သိသူ မရှိခဲ့ချေ။ ထို့ကြောင့် ဘုရားသခင် အလွန်စိတ်လှုပ်ရှားသည့် တစ်ချိန်တည်းတွင်၊ ဘုရားသခင်သည် စိတ်လည်းလေးခဲ့သည်။ သို့သော် သူ၏ခြေလှမ်းများကို မရပ်တန့်ခဲ့သကဲ့သို့၊ သူလုပ်ရမည့် အရာ၏ နောက်တစ်ဆင့်ကို သူဆက်လက်စီစဉ်ခဲ့သည်။

အာဗြဟံထံ ပြုသည့် ဘုရားသခင်၏ ကတိတော်၌ သင်တို့ အဘယ်အရာမြင်ကြသနည်း။ အာဗြဟံသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နာခံခဲ့သောကြောင့်သက်သက် ဘုရားသခင်က သူ့အပေါ် ကြီးမားသော ကောင်းကြီးမင်္ဂလာများ အပ်နှင်းခဲ့ပေသည်။ အပေါ်ယံအားဖြင့် ဤသည်မှာ သာမန်နှင့် ထုံးစံအတိုင်းဖြစ်ပုံရသော်လည်း၊ ထိုအထဲ၌ ဘုရားသခင်၏ စိတ်နှလုံးကို ငါတို့တွေ့ရသည်။ ဘုရားသခင်သည် သူ့အား လူသား၏နာခံခြင်းကို အထူးသဖြင့် တန်ဖိုးထားပြီး သူ့ကို လူသား၏ နားလည်ခြင်းနှင့် သူ့အပေါ် လူသား၏ ရိုးသားစစ်မှန်ခြင်းကို မြတ်နိုးလေသည်။ ဘုရားသခင်သည် ဤရိုးသားစစ်မှန်မှုကို မည်မျှ မြတ်နိုးသနည်း။ ယင်းကို သူမည်မျှမြတ်နိုးသည်ကို သင်တို့ နားလည်ကောင်း နားလည်နိုင်ကြမည်မဟုတ်သကဲ့သို့၊ ယင်းကို သဘောပေါက်သောသူ မည်သူမျှ မရှိခြင်းလည်း ဖြစ်နိုင်သည်။ ဘုရားသခင်က အာဗြဟံကို သားတစ်ဦး ပေးခဲ့ပြီး၊ ထိုသား အရွယ်ရောက်ခဲ့ပြီးချိန်တွင် ဘုရားသခင်က အာဗြဟံကို သူ့သားအား ပူဇော်ဖို့ စေခိုင်းခဲ့သည်။ အာဗြဟံသည် ဘုရားသခင်၏ အမိန့်ကို အသေးစိတ် အတိအကျ လိုက်နာခဲ့သည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သူနာခံခဲ့ပြီး၊ သူ၏ စစ်မှန်ရိုးသားမှုက ဘုရားသခင်ကို တို့ထိခဲ့ပြီး ယင်းကို ဘုရားသခင်က တန်ဖိုးထားခဲ့သည်။ ဘုရားသခင်က ထိုအရာကို မည်မျှ တန်ဖိုးထားခဲ့သနည်း။ အဘယ်ကြောင့် တန်ဖိုးထားခဲ့သနည်း။ ဘုရားသခင် နှုတ်ကပတ်တော်ကို မည်သူမျှ သဘောမပေါက်ခဲ့ချိန်တွင် သို့မဟုတ် မည်သူမျှ သူ၏နှလုံးသားကို နားမလည်ခဲ့ချိန်တွင်၊ အာဗြဟံသည် ကောင်းကင်နှင့် မြေကြီးကို တုန်လှုပ်စေသည့်အရာတစ်ခုကို လုပ်ခဲ့ဆောင်ပြီး ထိုအရာက ဘုရားသခင်ကို မကြုံစဖူး ကျေနပ်ခြင်း အသိစိတ်တစ်ခု ခံစားစေခဲ့ကာ သူ၏နှုတ်ကပတ်တော်များကို နာခံနိုင်သောသူ တစ်စုံတစ်ဦးကို ရရှိခြင်းနှင့်သက်ဆိုင်သည့် ဝမ်းမြောက်မှုကို ဘုရားသခင်ထံ ယူဆောင်ပေးခဲ့သည်။ ဤစိတ်ကျေနပ်ခြင်းနှင့် ဝမ်းမြောက်ခြင်းသည် ဘုရားသခင်၏

လက်တော်ဖြင့် ဖန်ဆင်းထားသည့် ဖန်ဆင်းခံသတ္တဝါတစ်ဦးထံမှ လာခဲ့ခြင်းဖြစ်ကာ၊ လူသားကို ဖန်ဆင်းခဲ့ကတည်းက လူသားက ဘုရားသခင်ကို ပထမဦးဆုံး ပူဇော်ဖူးခဲ့သည့် "ယဇ်ပူဇော်ခြင်း" ဖြစ်ခဲ့ပြီး ဘုရားသခင်က တန်ဖိုးအထားဆုံးအရာ ဖြစ်ခဲ့သည်။ ဘုရားသခင်သည် ဤယဇ်ပူဇော်ခြင်းကို ခက်ခဲပင်ပန်းစွာ စောင့်မျှော် နေခဲ့ရပြီး၊ ယင်းကို သူဖန်ဆင်းထားခဲ့သည့် လူသားထံမှ ပထမ အရေးပါဆုံးသော လက်ဆောင်အဖြစ် သတ်မှတ်ခဲ့သည်။ ယင်းက လူ၏ အားထုတ်မှုများနှင့် သူပေးဆပ်ခဲ့သည့် အဖိုးအခ၏ အဦးသီးသော အသီးအနှံကို ဘုရားသခင်အား ပြသခဲ့ပြီး၊ လူသားမျိုးနွယ်ထဲရှိ မျှော်လင့်ချက်ကို သူ့အား တွေ့မြင်ခွင့်ပေးခဲ့သည်။ ယင်းနောက်တွင် ဘုရားသခင်သည် သူ့ကို အဖော်ပြုမြဲပြုဖို့၊ စစ်မှန်ရိုးသားမှုဖြင့် သူ့ကို ဆက်ဆံဖို့၊ ပြီးလျှင် စစ်မှန်ရိုးသားမှုဖြင့် သူ့ကို ဂရုစိုက်ဖို့ ထိုသို့သော လူတစ်စုကို သာ၍ပင် ကြီးစွာသော တမ်းတမှု ရှိခဲ့လေသည်။ ဘုရားသခင်သည် သူ၏စီမံခန့်ခွဲမှုကို ဆက်လက်လုပ်ဆောင်သည်နှင့်အမျှ အာဗြဟံ၏ စိတ်နှလုံးကဲ့သို့ စိတ်နှလုံးက သူ့ကို အဖော်ပြုကာ သူနှင့်အတူရှိဖို့ ဘုရားသခင် ဆန္ဒရှိခဲ့သည့်အတွက်၊ အာဗြဟံကို ဆက်လက် အသက်ရှင်သွားဖို့ပင် ဘုရားသခင် မျှော်လင့်ခဲ့သည်။ ဘုရားသခင်က မည်သည့်အရာကို အလိုရှိခဲ့သည်ဖြစ်စေ- အာဗြဟံသည် သူ့ကိုနာခံနိုင်သည့် လူသားတစ်ဦးမျှသာဖြစ်ပြီး ဘုရားသခင်နှင့် သက်ဆိုင်သည့် သိနားလည်မှု သို့မဟုတ် အသိပညာ စိုးစဉ်းမျှ မရှိသည့်အတွက်- ယင်းမှာ စိတ်ဆန္ဒတစ်ခုမျှသာ၊ စိတ်ကူး တစ်ခုသာ ဖြစ်ခဲ့သည်။ အာဗြဟံသည် လူသားအတွက် ဘုရားသခင်၏ သတ်မှတ်ချက်များဖြစ်သည့် စံနှုန်းများနှင့် မပြည့်မီသည့် တစ်စုံတစ်ဦးဖြစ်သည်၊ ထိုစံနှုန်းများမှာ- ဘုရားသခင်ကို သိကျွမ်းခြင်း၊ ဘုရားသခင်အဖို့ သက်သေခံနိုင်ခြင်း၊ ဘုရားသခင်နှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် အာဗြဟံသည် ဘုရားသခင်နှင့်အတူ မလျှောက်လှမ်း နိုင်ခဲ့ချေ။ အာဗြဟံ၏ ဣဇာက်ကို ပူဇော်ခြင်းတွင်၊ ဘုရားသခင်သည် အာဗြဟံ၏ စစ်မှန်ရိုးသားခြင်းနှင့် နာခံခြင်းကို တွေ့ခဲ့ပြီး သူနှင့် သက်ဆိုင်သည့် ဘုရားသခင်၏ စစ်ဆေးခြင်းကို ခံရပ်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့သည်။ ဘုရားသခင်က သူ၏ စစ်မှန်ရိုးသားမှုနှင့် နာခံခြင်းကို လက်ခံခဲ့သော်လည်း၊ ဘုရားသခင် ယုံကြည်ရသည့်လူ၊ ဘုရားသခင်ကို သိကျွမ်းခဲ့ပြီး သိနားလည်ခဲ့သူ တစ်ဦး၊ ပြီးလျှင် ဘုရားသခင်၏ စိတ်သဘောထားနှင့် ပတ်သက်၍ နှံ့စပ်သောသူတစ်ဦး ဖြစ်လာခြင်းငှာ ထိုက်တန်ခြင်း မရှိခဲ့သေးပေ။ သူသည် ဘုရားသခင်နှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခြင်းနှင့် ဘုရားသခင်၏ အလိုကို လုပ်ဆောင်ခြင်းမှ ဝေးကွာခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏ နှလုံးသားထဲတွင်၊ ဘုရားသခင်သည် အထီးကျန်ပြီး စိုးရိမ်ပူပန်ဆဲရှိခဲ့သည်။ ဘုရားသခင်သည် သာ၍ အထီးကျန်ပြီး စိုးရိမ်ပူပန်လာလေလေ၊ သူ၏

စီမံခန့်ခွဲမှုကို ဖြစ်နိုင်သမျှမြန်မြန် ဆက်လုပ်ဆောင်ဖို့ သာ၍ လိုအပ်လေလေ ဖြစ်ခဲ့ပြီး၊ သူ၏စီမံခန့်ခွဲမှု အစီအစဉ်ကို ပြီးမြောက်ဖို့နှင့် သူ၏အလိုကို ဖြစ်နိုင်သမျှမြန်မြန် စွမ်းဆောင်ရရှိနိုင်ဖို့ လူတစ်စုကို ရွေးချယ်ပြီး ရယူရန် လိုအပ်လေလေဖြစ်ခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏ စိတ်ထက်သန်သော ဆန္ဒဖြစ်ခဲ့ပြီး၊ ယင်းသည် တကယ့် အစအဦးကတည်းက ယနေ့ထိ မပြောင်းမလဲ ရှိနေပေသည်။ အစအဦးတွင် ဘုရားသခင်သည် လူသားကို သူဖန်ဆင်းခဲ့ကတည်းက၊ သူနှင့်အတူ လျှောက်ပြီး သူ၏စိတ်သဘောထားကို နားလည်နိုင်သည့်၊ သိရှိနိုင်ပြီး သဘောပေါက်နိုင်သူတစ်စုဖြစ်သည့် အောင်မြင်သောသူများ အုပ်စုတစ်စုကို တမ်းတပြီးဖြစ်သည်။ ဘုရားသခင်၏ ဤဆန္ဒသည် မည်သည့်အခါမျှ မပြောင်းလဲလေပြီ။ သူ မည်မျှကြာကြာ စောင့်ရဦးမည်ဖြစ်စေ၊ ရှေ့တွင်ရှိသော လမ်းခရီးက မည်မျှကြမ်းတမ်းသည် ဖြစ်စေ၊ ပြီးလျှင် သူတောင့်တသော ရည်မှန်းချက်များက မည်မျှ အလှမ်းဝေးသည်ဖြစ်စေ၊ ဘုရားသခင်သည် လူသားအတွက် သူ၏မျှော်လင့်ချက်များကို မည်သည့်အခါမျှ မပြောင်းလဲခဲ့ချေ၊ သို့မဟုတ် မစွန့်လွှတ်ခဲ့ချေ။ ဤအရာကို ယခု ငါပြောပြီးဖြစ်သည်၊ ဘုရားသခင်၏ ဆန္ဒနှင့်ပတ်သက်သည့် အရာတစ်ခုကို သင်တို့ နားလည်ကြ ပါသလော။ သင်တို့ နားလည်ပြီးဖြစ်သည့်အရာမှာ သိပ်နက်နဲကောင်း နက်နဲမည်မဟုတ်- သို့သော် ယင်းသည် တဖြည်းဖြည်း နက်နဲလာပါလိမ့်မည်။

အာဗြဟံနှင့် တစ်ခေတ်တည်းဖြစ်သော ကာလအတော အတွင်းတွင်၊ ဘုရားသခင်သည် မြို့တစ်မြို့ကိုလည်း ဖျက်ဆီးခဲ့သည်။ ဤမြို့မှာ သောဒုံဟု ခေါ်ပေသည်။ လူများစွာသည် သောဒုံ၏ အဖြစ်အပျက်နှင့် ရင်းနှီးကြသော်လည်း၊ ထိုမြို့ကို ဘုရားသခင်၏ ဖျက်ဆီးရခြင်း နောက်ခံအကြောင်းရင်းကို ဖြစ်ပေါ်စေသည့် ဘုရားသခင်၏ အတွေးများနှင့်ပတ်သက်၍ မည်သူမျှ မသိကျွမ်းကြသည်မှာ သေချာသည်။

ထို့ကြောင့် ယနေ့တွင် အောက်ပါအတိုင်း ဘုရားသခင်နှင့် အာဗြဟံ အပြန်အလှန် ပြောဆိုသော စကားများမှတစ်ဆင့်၊ ထိုအချိန်က သူ၏ အတွေးများကို ငါတို့ လေ့လာစဉ်တွင်၊ သူ၏ စိတ်သဘောကိုလည်း လေ့လာကြမည်ဖြစ်သည်။ ဆက်လက်၍ အောက်ပါ ကျမ်းပိုဒ်များကို ဖတ်ကြပါစို့။

### ခ။ ဘုရားသခင်သည် သောဒုံမြို့ကို ဖျက်ဆီးရမည်

ကမ္ဘာဦးကျမ်း ၁၈:၂၆ ယေဟောဝါက၊ ငါသည် သောဒုံမြို့တွင် ဖြောင့်မတ်သူ အယောက် ငါးဆယ်ကို မြို့တွင်း၌ ရှာတွေ့လျှင်၊ သူတို့ဖို့အလို့ငှာ နေရာတစ်ခုလုံးကို ငါချမ်းသာပေးမည်ဟု

မိန့်တော်မူ၏။

ကမ္ဘာ ၁၈:၂၉ တဖန်တုံ၊ ထိုမြို့၌ လေးဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်ဟုလျှောက်ဆိုပြန်လျှင်၊...ငါမပြုဘဲနေမည်ဟု မိန့်တော်မူ၏။

ကမ္ဘာ ၁၈:၃၀ တဖန်တုံ...ထိုမြို့၌ သုံးဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊...ငါမပြုဟု မိန့်တော်မူ၏။

ကမ္ဘာ ၁၈:၃၁ တဖန်တုံ...ထိုမြို့၌ နှစ်ဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊...ငါမဖျက်ဆီးဘဲနေမည်ဟု မိန့်တော်မူ၏။

ကမ္ဘာ ၁၈:၃၂ တဖန်တုံ...ထိုမြို့၌ တစ်ဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊...ငါမဖျက်ဆီးဘဲနေမည်ဟု မိန့်တော်မူ၏။

ဤသည်တို့မှာ သမ္မာကျမ်းမှ ငါရွေးချယ်ထားသော ကောက်နုတ်ချက်အနည်းငယ် ဖြစ်သည်။ ၎င်းတို့မှာ ပြည့်စုံသည့်၊ မူရင်း ပုံစံများ မဟုတ်ပေ။ အကယ်၍ ထိုအရာများကို သင်တို့ မြင်လိုပါက၊ သမ္မာကျမ်းထဲတွင် သင်တို့ကိုယ်တိုင် ရှာ၍ ကြည့်နိုင်သည်။ အချိန်ကုန် သက်သာစေရန်၊ မူရင်း အကြောင်းအရာနှင့် သက်ဆိုင်သည့် အပိုင်းကို ငါ ချန်လှပ်ထားပြီး ဖြစ်သည်။ ဤနေရာတွင် ငါတို့၏ ယနေ့မိတ်သဟာယနှင့် ပတ်သက်၍ ဆက်စပ်မှုမရှိသော စာကြောင်းအချို့ကို ချန်ရင်း၊ အဓိကကျသော ကျမ်းပိုဒ်နှင့် စာကြောင်း အချို့တို့ကိုသာ ငါရွေးချယ်ထားပြီးဖြစ်သည်။ ငါတို့မိတ်သဟာယပြုသည့် ကျမ်းပိုဒ်များနှင့် အကြောင်းအရာ အားလုံးတို့တွင်၊ ငါတို့၏ အာရုံသည် အသေးစိတ် အဖြစ်အပျက်များ၏ အသေးစိတ် အကြောင်းအရာများနှင့် ထိုအဖြစ်အပျက်များထဲက လူတို့၏ အပြုအမူတို့ကို ကျော်သွားသည်။ ယင်းအစား ထိုအချိန်က ဘုရားသခင်၏ အတွေးများနှင့် စိတ်ကူးများက မည်သည့်အရာများ ဖြစ်ခဲ့သည်ကိုသာ ငါတို့ပြောဆိုကြပေသည်။ ဘုရားသခင်၏ အတွေးများနှင့် စိတ်ကူးများထဲတွင်၊ ငါတို့သည် ဘုရားသခင်၏ စိတ်သဘောထားကို မြင်ကြရလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင် ပြုခဲ့သမျှ အရာတိုင်းမှ ငါတို့သည် စစ်မှန်သော ဘုရားသခင် ကိုယ်တိုင်ကို မြင်ကြရလိမ့်မည် ဖြစ်သည်- ဤ၌တွင် ငါတို့၏ ရည်မှန်းချက်ကို ငါတို့ စွမ်းဆောင်ရရှိကြလိမ့်မည် ဖြစ်သည်။

**ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်များကို နာခံနိုင်ပြီး သူ၏ အမိန့်များကို လိုက်လျှောက်နိုင်သော သူများကိုသာ ဂရုစိုက်သည်**

အထက်ပါ ကျမ်းပိုဒ်များတွင် အဓိကကျသော စကားလုံးအချို့ပါရှိ၏- ဂဏန်းများ ဖြစ်သည်။ ပထမဦးစွာ ယေဟောဝါက မြို့ထဲ၌ ဖြောင့်မတ်သောသူ အယောက်ငါးဆယ်ကို သူတွေ့ပါက၊ တစ်နေရာလုံးကို ချမ်းသာပေးမည်ဟု ဆိုခဲ့သည်၊ ယင်းမှာ သူသည် ထိုမြို့ကို ဖျက်ဆီးမည် မဟုတ်ဟု ဆိုရပေမည်။ သို့ဆိုလျှင် သောဒုံမြို့အတွင်းတွင် ဖြောင့်မတ်သောသူ အယောက်ငါးဆယ် အမှန်တကယ် ရှိခဲ့သလော။ မရှိခဲ့ပေ။ နောက်မကြာမီတွင် အာဖြဟံသည် ဘုရားသခင်အား မည်သည့်အရာကို ပြောခဲ့သနည်း။ သူက လေးဆယ်ကို တွေ့ကောင်းတွေ့လျှင် အဘယ်သို့နည်းဟု ဆိုခဲ့သည်။ ထိုအခါ ဘုရားသခင်က ငါမပြုဘဲနေမည်ဟု ဆိုခဲ့၏။ ထို့နောက် အာဖြဟံက သုံးဆယ်ကို တွေ့ကောင်းတွေ့လျှင် အဘယ်သို့နည်းဟု ဆိုပြန်သည်။ ဘုရားသခင်က ငါမပြုဘဲနေမည်ဟု ဆို၏။ ပြီးလျှင် နှစ်ဆယ်ဆိုပါက အဘယ်သို့နည်း။ ငါမပြုဘဲနေမည်။ တစ်ဆယ်ဆိုလျှင် အဘယ်သို့နည်း။ ငါမပြုဘဲနေမည်။ အမှန်တွင် သောဒုံမြို့ထဲ၌ ဖြောင့်မတ်သောသူ ဆယ်ဦး ရှိခဲ့သလော။ ဆယ်ဦး မရှိခဲ့ပါ- သို့သော် တစ်ဦး ရှိခဲ့သည်။ ဤသူမှာ မည်သူ ဖြစ်သနည်း။ လောတဖြစ်သည်။ ထိုအချိန်က သောဒုံမြို့ထဲတွင် ဖြောင့်မတ်သူ တစ်ဦးသာ ရှိခဲ့သော်လည်း၊ ဘုရားသခင်သည် ဤဂဏန်းနှင့်ပတ်သက်လာပါက အလွန်တင်းကျပ် သို့မဟုတ် တိကျခဲ့ပါသလော။ မဟုတ်ပါ၊ သူမတင်းကျပ်ခဲ့ပါ။ ထို့ကြောင့် လူက "လေးဆယ်ဆို အဘယ်နည်း။" "သုံးဆယ်ဆို အဘယ်နည်း။" ဟူ၍ "တစ်ဆယ်ဆို အဘယ်နည်း။" ရောက်သည်အထိ မေးမြဲမေးနေခဲ့သည်။ ဘုရားသခင်က "ဆယ်ဦးသာ ရှိခဲ့လျှင်ပင်၊ ထိုမြို့ကို ငါမဖျက်ဆီး၊ ယင်းကို ငါချမ်းသာပေးမည်ဖြစ်ပြီး၊ ထိုဆယ်ဦးအပြင် အခြားလူများကိုပါ ခွင့်လွှတ်မည်။" ဟု ဆိုခဲ့သည်။ ဆယ်ဦးသာ ရှိခဲ့မည်ဆိုပါက၊ သနားရလောက်အောင် ဖြစ်ခဲ့ပေမည်၊ သို့သော် အမှန်တကယ်တွင်တော့ သောဒုံ၌ ဖြောင့်မတ်သောသူ လူများ ထိုအရေအတွက်မျှပင် မရှိသည်ကို တွေ့ခဲ့ရသည်။ ထိုအခါ ဘုရားသခင်၏ အမြင်တွင် ထိုမြို့သားတို့၏ အပြစ်နှင့် မကောင်းမှုသည် ထိုမျှဖြစ်ခဲ့သည်မှာ ဘုရားသခင်သည် ၎င်းတို့ကို ဖျက်ဆီးဖို့ထက် ရွေးချယ်စရာမရှိသည်အထိ ဖြစ်ခဲ့သည်ကို သင်တို့ မြင်ရပေသည်။ ဘုရားသခင်သည် ဖြောင့်မတ်သောသူ အယောက်ငါးဆယ်ရှိပါက၊ မြို့ကို သူမဖျက်ဆီးဟု ပြောခဲ့ချိန်တွင် အဘယ်အရာကို သူဆိုလိုခဲ့ပါသနည်း။ ဤကိန်းဂဏန်းများမှာ ဘုရားသခင်အဖို့ အရေးမကြီးခဲ့ပေ။ အရေးကြီးသောအရာမှာ မြို့တွင် သူအလိုရှိခဲ့သော ဖြောင့်မတ်သူများ ရှိ မရှိ ဖြစ်သည်။ အကယ်၍ မြို့သည် ဖြောင့်မတ်သောသူ တစ်ဦးသာ ရှိခဲ့ပါက၊ ဘုရားသခင်သည် မြို့ကို သူ၏ဖျက်ဆီးခြင်းကြောင့် ၎င်းတို့ထံ ဘေးအန္တရာယ် ကျရောက်ခွင့်ပြုမည် မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်သည် မြို့ကို ဖျက်ဆီးမည် ဖြစ်စေ မဖျက်ဆီးမည် ဖြစ်စေ၊ ပြီးလျှင် မြို့အတွင်းတွင် ဖြောင့်မတ်သူ

မည်မျှရှိသည်ကို ပဓာနမထားဘဲ ဘုရားသခင်အဖို့ ဤအပြစ်နှင့်ပြည့်သော မြို့သည် ကျိန်ခြင်းကိုခံရပြီး မနှစ်သက်စရာဖြစ်ကာ ဖျက်ဆီးခံရသင့်သည်၊ ဘုရားသခင်၏ မြင်ကွင်းမှ ပျောက်ကွယ်သင့်သော်လည်း၊ ဖြောင့်မတ်သော သူတို့မှုကား ကျန်ရှိနေသင့်ပေသည်။ ခေတ်ကာလ ကိုပဓာနမထားဘဲ၊ လူသားမျိုးနွယ်၏ တိုးတက်မှု အဆင့်ကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ သဘောထားသည် မပြောင်းလဲပေ။ သူသည် မကောင်းမှုကို မုန်းတီးပြီး၊ သူ၏အမြင်တွင် ဖြောင့်မတ်သောသူတို့ကို ဂရုစိုက်၏။ ဘုရားသခင်၏ ရှင်းလင်းသော ဤသဘောထားသည် ဘုရားသခင်၏ အနှစ်သာရနှင့်သက်ဆိုင်သည့် စစ်မှန်သော ဖွင့်ပြခြင်းလည်း ဖြစ်သည်။ မြို့အတွင်းတွင် ဖြောင့်မတ်သူတစ်ဦးသာ ရှိခဲ့သောကြောင့်၊ ဘုရားသခင်သည် ဆိုင်းငံ့ခြင်း မရှိတော့ပေ။ နောက်ဆုံးရလဒ်မှာ သောဒုံသည် မလွဲကေန် ဖျက်ဆီးခံခဲ့ရလေသည်။ ဤအရာ၌ သင်တို့ မည်သည့်အရာကို မြင်သနည်း။ ထိုခေတ်တွင် ဘုရားသခင်သည် မြို့တစ်မြို့၌ ဖြောင့်မတ်သူ အယောက်ငါးဆယ် ရှိခဲ့ပါက၊ ထိုမြို့ကို ဖျက်ဆီးမည်မဟုတ်သကဲ့သို့၊ ဆယ်ဦးရှိခဲ့မည်ဆိုပါကလည်း ထိုမြို့ကို ဖျက်ဆီးမည်မဟုတ်ပေ၊ ယင်းမှာ ဘုရားသခင်သည် သူ့ကို ကြည်ညိုလေးမြတ်နိုင်ပြီး ကိုးကွယ်နိုင်သည့် လူအနည်းငယ်ကြောင့်၊ လူသားမျိုးနွယ်အပေါ် ခွင့်လွှတ်ရန်နှင့် သည်းခံရန် ဆုံးဖြတ်လိမ့်မည် သို့မဟုတ် လမ်းပြခြင်းအမှုကို ပြုလိမ့်မည်ဟု ဆိုလိုပေသည်။ ဘုရားသခင်သည် လူ၏ ဖြောင့်မတ်သော လုပ်ဆောင်ချက်များအပေါ် အလွန်စိတ်ချယုံကြည်သည်၊ သူ့ကို ကိုးကွယ်နိုင်သူများအပေါ် သူသည် အလွန်စိတ်ချယုံကြည်ပြီး သူ့ရှေ့မှောက်တွင် ကောင်းသောလုပ်ဆောင်ချက်များ လုပ်ဆောင်နိုင်သူများကို အလွန်စိတ်ချယုံကြည်လေသည်။

အစောဆုံး ကာလများမှသည် ယနေ့ထိတိုင်၊ လူတစ်ဦးတစ်လေထံ ဘုရားသခင်က သမ္မာတရား သိစေခြင်း သို့မဟုတ် ဘုရားသခင်၏ လမ်းခရီးအကြောင်း ပြောခြင်းကို သမ္မာကျမ်းစာထဲတွင် သင်တို့ ဖတ်ရှုဖူးပါသလော။ မည်သည့်အခါမျှ မဖတ်ရှုဖူးပေ။ ငါတို့ဖတ်ရှုသည့် လူသားထံ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူတို့ မည်သည့်အရာ လုပ်ဆောင်ရမည်ကိုသာ ပြောသည်။ အချို့က သွား၍ လုပ်ဆောင်ခဲ့ကြသည်၊ အချို့က မလုပ်ခဲ့ကြပေ။ အချို့က ယုံကြည်ခဲ့ကြပြီး အချို့က မယုံကြည်ခဲ့ကြပေ။ ဖြစ်ခဲ့သမျှမှာ ထိုမျှသာဖြစ်သည်။ ထို့ကြောင့် ထိုခေတ်၏ ဖြောင့်မတ်သောသူများမှာ- ဘုရားသခင်၏အမြင်တွင် ဖြောင့်မတ်သောသူများမှာ- ဘုရားသခင်၏ နှုတ်ကပတ်တော်များကိုကြားပြီး ဘုရားသခင်၏ အမိန့်များကို လိုက်လျှောက်သောသူများမျှသာ ဖြစ်သည်။ ၎င်းတို့သည် လူသားအလယ်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆောင်ရွက်ခဲ့ကြသော အစေခံများ ဖြစ်ကြသည်။ ထိုသို့သော လူများကို ဘုရားသခင်အား သိကျွမ်းသောသူများဟု ခေါ်ဆို၍ရနိုင်သလော။ ၎င်းတို့ကို ဘုရားသခင်၏

စုံလင်စေခြင်းခံရသောသူများဟု ခေါ် နိုင်သလော။ ၎င်းတို့ကို ထိုသို့ မခေါ် နိုင်ပေ။ ထို့ကြောင့် ၎င်းတို့၏ အရေအတွက်ကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ အမြင်တွင် ဤဖြောင့်မတ်သော လူများသည် ဘုရားသခင်၏ လူယုံများဟု ခေါ်ဝေါ် ခြင်း ခံထိုက်ကြပါသလော။ ၎င်းတို့ကို ဘုရားသခင်၏ သက်သေခံများဟု ခေါ်ဆိုနိုင်မည်လော။ လုံးဝ ခေါ် နိုင်မည် မဟုတ်ပေ။ ၎င်းတို့သည် ဘုရားသခင်၏ လူယုံများနှင့် သက်သေခံများဟူ၍ ခေါ်ဝေါ် ခြင်း သေချာပေါက် မခံထိုက်ခဲ့ကြပေ။ သို့ဆိုလျှင် ဘုရားသခင်သည် ထိုသို့သော လူများကို မည်သို့ခေါ်ဆိုခဲ့သနည်း။ သမ္မာကျမ်းစာတွင် ငါတို့ ခုလေးတင် ဖတ်ရှုပြီးဖြစ်သော ကျမ်းပိုဒ်များအထိ ဘုရားသခင်သည် ၎င်းတို့ကို "ငါ၏အစေခံ" ဟု ခေါ်သည့် ဖြစ်ရပ်များစွာ ရှိပေသည်။ ဆိုလိုသည်မှာ ထိုအချိန်က ဘုရားသခင်၏ အမြင်တွင် ဤဖြောင့်မတ်လူများသည် ဘုရားသခင်၏ အစေခံများ ဖြစ်ခဲ့ကြသည်၊ ၎င်းတို့သည် ကမ္ဘာမြေပေါ်တွင် ဘုရားသခင်ကို အစေခံခဲ့ကြသည့် လူများ ဖြစ်ကြသည်။ ဘုရားသခင်သည် ဤအမည်နာမကို မည်သို့ တွေးထင်ခဲ့သနည်း။ သူသည် ၎င်းတို့ကို အဘယ်ကြောင့် ထိုသို့ ခေါ်ဆိုခဲ့သနည်း။ ဘုရားသခင်သည် လူတို့ကို သူခေါ်သည့် အမည်နာမများအတွက် သူ၏ စိတ်နှလုံးထဲတွင် စံသတ်မှတ်ချက်များ ရှိပါသလော။ သေချာပေါက် ရှိပေသည်။ ဘုရားသခင်သည် လူတို့ကို ဖြောင့်မတ်သောသူ၊ စုံလင်သောသူ၊ တည်ကြည်သောသူ သို့မဟုတ် အစေခံများဟု မည်သို့ပင် ခေါ်ပါစေ သူ၌ စံနှုန်းများရှိသည်။ သူသည် တစ်စုံတစ်ဦးကို သူ၏အစေခံဟု ခေါ်သည့်အခါ၊ ဤလူသည် သူ၏ စေတမန်များကို လက်ခံနိုင်သည်၊ သူ၏ အမိန့်များကို လိုက်လျှောက်နိုင်ပြီး၊ စေတမန်များ မိန့်သည့် အရာတို့ကို ဆောင်ရွက်နိုင်သည်ဟု ခိုင်မာသော ယုံကြည်မှု ရှိပေသည်။ ဤလူသည် မည်သည့်အရာကို ဆောင်ရွက်သနည်း။ ကမ္ဘာမြေကြီးပေါ်၌ လုပ်ဆောင်ရန်နှင့် ထမ်းရွက်ရန် လူသားကို ဘုရားသခင် မိန့်ကြားထားသော အရာတို့ကို ၎င်းတို့ ဆောင်ရွက်ပေသည်။ ထိုအချိန်က ကမ္ဘာမြေပေါ်တွင် လုပ်ဆောင်ရန်နှင့် ထမ်းရွက်ရန် လူကို ဘုရားသခင် စေခိုင်းခဲ့သော အရာများကို ဘုရားသခင်၏ လမ်းခရီးဟု ခေါ်ဆို၍ရနိုင်မည်လော။ ခေါ်ဆို၍မရနိုင်ပေ။ အကြောင်းမှာ ထိုအချိန်တွင်၊ ဘုရားသခင်သည် လူတို့ကို ရိုးရှင်းသော အမှုအရာ အနည်းငယ်ကိုသာ လုပ်ဆောင်ဖို့ စေခိုင်းခဲ့သည့်အတွက် ဖြစ်သည်။ သူသည် လူကို ဤအရာ သို့မဟုတ် ထိုအရာ လုပ်ရန်သာ ပြောရင်း၊ ရိုးရှင်းသော အမိန့်အနည်းငယ်ကို မိန့်မြွက်ခဲ့ကာ မည်သည့်အရာမျှ မပိုခဲ့ပေ။ ဘုရားသခင်သည် သူ၏ အစီအစဉ်အတိုင်း အမှုပြုနေခဲ့ပေသည်။ ထိုအချိန်က အခြေအနေများစွာတို့သည် ရောက်ရှိခြင်းမရှိခဲ့သေးသောကြောင့်၊ အချိန် မကျသေးသကဲ့သို့ ဘုရားသခင်၏ လမ်းခရီးကို လူတို့ခံယူရန် ခက်ခဲခဲ့သောကြောင့်၊ ဘုရားသခင်၏ လမ်းခရီးကို ဘုရားသခင်၏ စိတ်နှလုံးထဲမှ စတင် မထုတ်ပြန်ရသေးပေ။

သုံးဆယ် ဖြစ်စေ နှစ်ဆယ် ဖြစ်စေ- ဤနေရာတွင် ငါတို့မြင်ရသည့် ဘုရားသခင် ပြောခဲ့သော ဖြောင့်မတ်သောလူများကို သူသည် သူ၏ အစေခံများအဖြစ် မြင်ခဲ့သည်။ ဘုရားသခင်၏ စေတမန်များသည် ဤအစေခံများထံ ရောက်လာသည့်အခါတွင်၊ ၎င်းတို့သည် စေတမန်များကို လက်ခံနိုင်ခဲ့ကြပြီး၊ ၎င်းတို့၏ မိန့်ဆိုချက်များကို လိုက်လျှောက်နိုင်ခဲ့ကြကာ ၎င်းတို့၏ စကားများအတိုင်း ပြုမူနိုင်ခဲ့ကြသည်။ ဤသည်မှာ ဘုရားသခင်၏အမြင်တွင် အစေခံများဖြစ်ခဲ့ကြသူများအနေဖြင့် လုပ်ဆောင်သင့်ပြီး ရရှိသင့်သောအရာ အတိအကျ ဖြစ်ခဲ့ပေသည်။ ဘုရားသခင်သည် လူတို့အတွက် သူ၏အမည်နာမများ၌ အမြော်အမြင်ရှိသည်။ သူက ၎င်းတို့ကို သူ၏ အစေခံများဟု ခေါ် ခဲ့သည်မှာ ၎င်းတို့သည် ယခု သင်တို့ကဲ့သို့ ဖြစ်ကြသောကြောင့် မဟုတ်- တရားဟောချက်များစွာကို ၎င်းတို့ ကြားနာခဲ့ရသောကြောင့်၊ ဘုရားသခင်ပြုရမည့်အရာကို သိခဲ့ကြသောကြာင့်၊ ဘုရားသခင်၏အလိုကို များစွာသိနားလည်ခဲ့ပြီး သူ၏စီမံခန့်ခွဲမှုအစီအစဉ်ကို သဘောပေါက်ခြင်းကြောင့် မဟုတ်ဘဲ- ၎င်းတို့သည် ၎င်းတို့၏ လူ့သဘာဝ၌ ရိုးသားပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို လိုက်နာနိုင်ခဲ့ကြသောကြောင့် ဖြစ်သည်၊ ဘုရားသခင်သည် ၎င်းတို့ကို မိန့်ဆိုခဲ့ချိန်တွင်၊ ၎င်းတို့သည် ၎င်းတို့လုပ်နေခဲ့ကြသည့် အရာများကို ဘေးဖယ်နိုင်ခဲ့ကြပြီး ဘုရားသခင်မိန့်ဆိုခဲ့ပြီးသည့် အရာကို ဆောင်ရွက်နိုင်ခဲ့ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်အတွက် အစေခံ ဂုဏ်ပုဒ်၌ရှိသည့် အခြားသော အဓိပ္ပာယ် အတိမ်အနက်မှာ ၎င်းတို့သည် ကမ္ဘာမြေပေါ်၌ သူ၏အမှုနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ကြပြီး ၎င်းတို့အနေဖြင့် ဘုရားသခင်၏ စေတမန်များ မဟုတ်ခဲ့ကြသော်လည်း၊ ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဆောင်ရွက်ပိုင်သူများနှင့် အကောင်အထည်ဖော်ဆောင်သူများ ဖြစ်ခဲ့ကြသည်ဟူ၍ ဖြစ်သည်။ ထို့နောက် ဤအစေခံများ သို့မဟုတ် ဖြောင့်မတ်သောလူများသည် ဘုရားသခင်၏ စိတ်နှလုံးထဲတွင် အလွန်အလေးထားသောသူများဖြစ်သည်ကို သင်တို့ မြင်ကြရသည်။ ကမ္ဘာမြေပေါ်တွင် ဘုရားသခင် စတင်မည့် အမှုသည် သူနှင့် ပူးပေါင်းလုပ်ဆောင်မည့် လူများ မရှိဘဲ ဖြစ်နိုင်ခဲ့မည် မဟုတ်သကဲ့သို့၊ ဘုရားသခင်၏အစေခံများ လက်ခံ ဆောင်ရွက်ခဲ့ကြသော အခန်းကဏ္ဍသည် ဘုရားသခင်၏ စေတမန်များအားဖြင့် အစားထိုး၍ မရနိုင်ပေ။ ဤအစေခံများအပေါ် ဘုရားသခင် မိန့်ဆိုခဲ့သော အလုပ်အသီးသီးသည် သူ့အဖို့ အလွန်အရေးကြီး၏၊ ထို့ကြောင့် သူသည် ၎င်းတို့ကို အဆုံးရှုံး မခံနိုင်ခဲ့ပေ။ ဤအစေခံများ၏ ဘုရားသခင်နှင့် ပူးပေါင်း လုပ်ဆောင်ခြင်း မရှိဘဲ၊ လူသားမျိုးနွယ်အလယ် သူ၏ အမှုသည် လုံးဝဥသုံ့ရပ်သွားခဲ့မည်ဖြစ်သည်၊ ယင်း၏အကျိုးဆက်အနေဖြင့် ဘုရားသခင်၏

စီမံခန့်ခွဲမှုအစီအစဉ်နှင့် ဘုရားသခင်၏ မျှော်လင့်ချက်များသည် အချည်းနှီးဖြစ်လာမည် ဖြစ်သည်။

## ဘုရားသခင်သည် သူ့ဂုဏ်ရှိန်ကိုက်သောသူများအပေါ် အလျှံပယ် သနားကရုဏာစိတ်ရှိပြီး၊ သူ့ရှုံ့မုန်းကာ ငြင်းပယ်သောသူများအပေါ် အကြီးအကျယ် ဒေါသထွက်သည်

သမ္မာကျမ်းစာ၏ ဖြစ်စဉ်များတွင် သောဒုံမြို့၌ ဘုရားသခင်၏ အစေခံဆယ်ဦး ရှိခဲ့သလော။ မရှိခဲ့ပေ၊ ထိုမြို့သည် ဘုရားသခင်၏ ချမ်းသာပေးခြင်းနှင့် ထိုက်တန်ခဲ့သလော။ မြို့ထဲမှ တစ်ဦးတည်းသော လူတစ်ဦး- လောတသာ- ဘုရားသခင်၏ စေတမန်များကို လက်ခံခဲ့သည်။ ဤအရာ၏ ဂယက်ရိုက်ခတ်မှုမှာ မြို့ထဲ၌ ဘုရားသခင်၏ အစေခံတစ်ဦးသာ ရှိခဲ့သောကြောင့်၊ ဘုရားသခင်သည် လောတကို ကယ်တင်ရန်နှင့် သောဒုံမြို့ကို ဖျက်ဆီးရန်မှတစ်ပါး အခြားရွေးချယ်စရာ မရှိခဲ့ပေ။ အထက်တွင် ကိုးကားထားသည့် အာဗြဟံနှင့် ဘုရားသခင်ကြားက အပြန်အလှန် စကားပြောဆိုခြင်းများသည် ရိုးရှင်းသည်ဟု ထင်ရသော်လည်း၊ ၎င်းတို့သည် အလွန်နက်နဲသောအရာ တစ်စုံတစ်ခုကို သရုပ်ဖော်ပြပေသည်- ဘုရားသခင်၏ လုပ်ရပ်များအဖို့ အခြေခံသဘောတရားများရှိပြီး ဆုံးဖြတ်ချက်တစ်ခု မချမီတွင် သူသည် လေ့လာရင်းနှင့် ချင့်ချိန်ရင်း အချိန်ကြာမြင့်စွာ ကုန်ဆုံးလေသည်။ အချိန်မတန်မီ သူသည် မည်သည့် ဆုံးဖြတ်ချက်ကိုမျှ ချမှတ်မည်မဟုတ်သကဲ့သို့ မည်သည့်ကောက်ချက် ချခြင်းကိုမျှ ချက်ချင်းရမ်းသန်း ပြုမည် မဟုတ်ပေ။ ဘုရားသခင်သည် သောဒုံမြို့ထဲ၌ ဖြောင့်မတ်သောသူ အယောက် လေးဆယ်၊ သုံးဆယ် သို့မဟုတ် နှစ်ဆယ် မရှိသည်ကို သိနှင့်နေခဲ့သည့်အတွက်၊ ထိုမြို့ကို ဖျက်ဆီးရန်ဖြစ်သော ဘုရားသခင်၏ ဆုံးဖြတ်ချက်မှာ အနည်းငယ်မျှပင် မမှားယွင်းသည်ကို အာဗြဟံနှင့် ဘုရားသခင်တို့ ကြားက အပြန်အလှန်ပြောဆိုမှုများက ငါတို့ကို ပြသပေသည်။ ဆယ်ဦးပင် မရှိခဲ့ပေ။ ထိုမြို့၌ ရှိခဲ့သည့် တစ်ဦးတည်းသော ဖြောင့်မတ်သူမှာ လောတဖြစ်သည်။ သောဒုံ၌ ဖြစ်ခဲ့သမျှ အရာအားလုံးနှင့် ယင်း၏ အခြေအနေများကို ဘုရားသခင်သည် လေ့လာစောင့်ကြည့်ခဲ့ပြီး ယင်းတို့ကို ဘုရားသခင်သည် ကောင်းကောင်း သိကျွမ်းခဲ့ပေသည်။ ထို့ကြောင့် သူ၏ဆုံးဖြတ်ချက်မှာ မှားယွင်းနိုင်မည်မဟုတ်ပေ။ ဆန့်ကျင်ဘက် အနေဖြင့်၊ ဘုရားသခင်၏ အနန္တတန်ခိုးနှင့် နှိုင်းဆပါက၊ လူသည် အလွန်ထုံထိုင်းသည်၊ အလွန် မိုက်မဲပြီး မသိနားမလည်ဖြစ်သည်၊ အလွန် အမြော်အမြင် မရှိပေ။ ဤသည်မှာ အာဗြဟံနှင့် ဘုရားသခင်ကြားက အပြန်အလှန် စကားပြောခြင်းများတွင် ငါတို့ မြင်ရသည့်အရာ ဖြစ်သည်။ ဘုရားသခင်သည် သူ၏ စိတ်သဘောထားကို အစအဦးမှ ယနေ့ထိတိုင် ဖော်ပြလျက်ရှိသည်။ ထိုနည်းတူ ဤနေရာတွင်

ငါတို့ မြင်သင့်သော ဘုရားသခင်၏ စိတ်သဘောထား ရှိပေသည်။ ကိန်းဂဏန်းများမှာ ရိုးရှင်းသည်- မည်သည့်အရာကိုမျှ သရုပ်ပြခြင်း မရှိ- သို့သော်လည်း ဤနေရာတွင် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် အလွန် အရေးကြီးသော ဖော်ပြချက်တစ်ခု ရှိ၏။ ဘုရားသခင်သည် ဖြောင့်မတ်သောသူ အယောက်ငါးဆယ်ကြောင့် မြို့ကိုဖျက်ဆီးလိမ့်မည် မဟုတ်ခဲ့ပေ။ ဤသည်မှာ ဘုရားသခင်၏ သနားကရုဏာကြောင့် ဖြစ်သလော။ ယင်းသည် သူ၏ ချစ်ခြင်းမေတ္တာနှင့် သည်းခံခြင်းကြောင့် ဖြစ်သလော။ သင်တို့သည် ဘုရားသခင် စိတ်သဘောထား၏ ဤရပ်တည်ချက်ကို မြင်ဖူးပါသလော။ ဖြောင့်မတ်သောသူ ဆယ်ဦးရှိခဲ့လျှင်ပင်၊ ဘုရားသခင်သည် ဤဖြောင့်မတ်သောလူ ဆယ်ဦးကြောင့် မြို့ကို ဖျက်ဆီးခဲ့လိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်၏ သည်းခံခြင်းနှင့် ချစ်ခြင်းမေတ္တာလော သို့မဟုတ် ဤသည်မှာ ဘုရားသခင်၏ သည်းခံခြင်းနှင့် ချစ်ခြင်းမေတ္တာ မဟုတ်သလော။ ထိုဖြောင့်မတ်သောလူများအပေါ် ဘုရားသခင်၏ သနားကရုဏာ၊ သည်းခံခြင်းနှင့် အရေးထားခြင်းတို့ကြောင့် ထိုမြို့ကို သူဖျက်ဆီးခဲ့လိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်၏ သည်းခံခြင်း ဖြစ်သည်။ နောက်ဆုံးတွင် မည်သည့်ရလဒ်ကို ငါတို့မြင်ရသနည်း။ အာဗြဟံက၊ "တစ်ဆယ်ကို တွေ့ကောင်း တွေ့တော်မူလိမ့်မည်။" ဟု ဆိုသောအခါ၊ ဘုရားသခင်က "ငါမဖျက်ဆီးဘဲနေမည်။" ဟု ဆိုခဲ့သည်။ ထို့နောက်တွင်၊ အာဗြဟံသည် နောက်ထပ်မပြောတော့ပေ- အဘယ်ကြောင့်ဆိုသော် သောဒုံမြို့အတွင်းတွင် သူရည်ညွှန်းခဲ့သည့် ဖြောင့်မတ်သောသူ ဆယ်ဦးမရှိခဲ့သည့်အတွက် သူ၌ နောက်ထပ်ပြောစရာ မရှိတော့ပေ၊ ပြီးလျှင် ထိုအချိန်တွင် ဘုရားသခင်သည် သောဒုံကို ဖျက်ဆီးရန် အဘယ်ကြောင့် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်ကို သူနားလည်ခဲ့သည်။ ဤအရာတွင် ဘုရားသခင်၏ မည်သည့်စိတ်သဘောထားကို သင်တို့ မြင်ကြရသနည်း။ ဘုရားသခင်သည် မည်ကဲ့သို့ဆုံးဖြတ်ချက်မျိုးကို ချမှတ်ခဲ့သနည်း။ အကယ်၍ မြို့၌ ဖြောင့်မတ်သောသူ ဆယ်ဦး မရှိခဲ့ပါက၊ ဘုရားသခင်သည် ၎င်းကို တည်ရှိစေရန် အခွင့်ပေးမည် မဟုတ်ဘဲ မလွဲဧကန် ဖျက်ဆီးပစ်မည်ဟု ဘုရားသခင် စိတ်ဆုံးဖြတ်ခဲ့ပေသည်။ ဤသည်မှာ ဘုရားသခင်၏ အမျက်ဒေါသ မဟုတ်လော။ ဤအမျက်သည် ဘုရားသခင်၏ စိတ်သဘောထားကို ကိုယ်စားပြုသလော။ ဤစိတ်သဘောထားသည် ဘုရားသခင်၏ သန့်ရှင်းသော အနှစ်သာရ၏ ဖွင့်ပြချက် ဖြစ်သလော။ ယင်းမှာ လူတို့ ပြစ်မှား၍ မရသည့် ဘုရားသခင်၏ ဖြောင့်မတ်သော အနှစ်သာရနှင့် သက်ဆိုင်သည့် ဖွင့်ပြချက် ဖြစ်သလော။ သောဒုံ၌ ဖြောင့်မတ်သောသူ ဆယ်ဦး မရှိသည်ကို အတည်ပြုလျက်၊ ဘုရားသခင်သည် ထိုမြို့ကို ဖျက်ဆီးရန်မှာ သေချာခဲ့ပြီး ထိုမြို့အတွင်းရှိ လူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြသည့်အတွက်၊ ပြီးလျှင် ၎င်းတို့သည်

အလွန် ညစ်ညူးပြီး ဖောက်ပြန်ပျက်စီးခဲ့ကြသောကြောင့် ၎င်းတို့ကို ပြင်းထန်စွာ အပြစ်ပေးမည် ဖြစ်သည်။

ငါတို့သည် ဤကျမ်းပိုဒ်များကို ဤနည်းဖြင့် အဘယ်ကြောင့် စိစစ်ခဲ့ပြီးဖြစ်သနည်း။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ရိုးရှင်းလှသည့် အနည်းငယ်သော ဤစာကြောင်းများသည် ဘုရားသခင်၏ စိတ်သဘောထား၏ အလျှံပယ်ဖြစ်သော သနားကရုဏာနှင့် အလွန်လေးနက်သော အမျက်ဒေါသတို့၏ အပြည့်အဝ ဖော်ပြချက်တစ်ခု ပေးသောကြောင့် ဖြစ်သည်။ ဖြောင့်မတ်သူတို့ကို တန်ဖိုးထားခြင်းနှင့် ၎င်းတို့ကို သနားကရုဏာထားခြင်း၊ သည်းခံခြင်းနှင့် စောင်မခြင်း ရှိသည့်အတိုင်း တစ်ချိန်တည်းတွင်၊ ဘုရားသခင်၏ စိတ်နှလုံးထဲ၌ သောဒုံမြို့ရှိ ဖောက်ပြန်ပျက်စီးကြပြီးဖြစ်သောသူ အားလုံးအတွက် အလွန် စက်ဆုပ်ရွံရှာမှုတစ်ခု ရှိခဲ့သည်။ ဤသည်မှာ သို့မဟုတ် ယင်းမှာ အလျှံပယ်ဖြစ်သော သနားကရုဏာနှင့် အလွန်လေးနက်သော အမျက်ဒေါသ ဖြစ်ခဲ့သည် မဟုတ်လော။ ဘုရားသခင်သည် ထိုမြို့ကို မည်သည့်နည်းလမ်းဖြင့် ဖျက်ဆီးခဲ့သနည်း။ မီးဖြင့် ဖြစ်သည်။ ပြီးလျှင် သူသည် မီးကို အသုံးပြုလျက် အဘယ်ကြောင့် ဖျက်ဆီးခဲ့သနည်း။ မီးလောင်ကျွမ်းသော တစ်စုံတစ်ရာကို သင်မြင်သည့်အခါ သို့မဟုတ် တစ်စုံတစ်ခုကို သင်မီးရှို့တော့မည့် အချိန်တွင်၊ ယင်းအပေါ် သင်၏ ခံစားချက်များမှာ အဘယ်နည်း။ ယင်းကို သင်အဘယ်ကြောင့် မီးရှို့ချင်သနည်း။ ယင်းကို သင် မလိုအပ်တော့၊ ယင်းကို သင် မကြည့်ချင်တော့ဟု ခံစားရသလော။ ယင်းကို သင်စွန့်ပစ်လိုသလော။ မီးကို ဘုရားသခင် အသုံးပြုရခြင်းသည် စွန့်ပစ်ခြင်းနှင့် မုန်းတီးခြင်းကို ဆိုလိုပြီး၊ သူသည် သောဒုံမြို့ကို မမြင်လိုတော့သည့် အဓိပ္ပာယ်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကို သောဒုံမြို့အား မီးဖြင့် လုံးလုံးလျားလျား ဖြိုပစ်စေခဲ့သော စိတ်ခံစားချက် ဖြစ်သည်။ မီးကို အသုံးပြုခြင်းသည် ဘုရားသခင် မည်မျှအမျက်ထွက်ခဲ့သည်ကိုသာ သရုပ်ဖော်ပေးသည်။ ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံခြင်းသည် ဧကန်အမှန် တည်ရှိသော်လည်း၊ ဘုရားသခင်သည် သူ၏ အမျက်ကို လွှတ်သည့်အချိန် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့သည်လည်း ပြစ်မှားခြင်းကို သည်းခံမည် မဟုတ်သော ဘုရားသခင်၏ သဘောထားကို လူအား ပြသပေးသည်။ လူသည် ဘုရားသခင်၏ ပညတ်များကို အပြည့်အဝ နာခံနိုင်စွမ်းရှိပြီး ဘုရားသခင်၏ သတ်မှတ်ချက်များနှင့်အညီ ပြုမူနိုင်စွမ်းရှိသည့်အခါ၊ ဘုရားသခင်သည် လူသားအပေါ် သူ၏ သနားကရုဏာ၌ အလျှံပယ်ဖြစ်လေသည်။ လူသည် ဖောက်ပြန်ပျက်စီးခြင်း၊ မုန်းတီးမှုနှင့် ကိုယ်တော့်ကို ရန်လိုမှုတို့ဖြင့် ပြည့်နှက်သည့်အခါတွင်၊ ဘုရားသခင်သည် အကြီးအကျယ် အမျက်ထွက်လေ၏။ သူသည် မည်သည့်

အတိုင်းအတာအထိ အကြီးအကျယ် အမျက်ထွက်သနည်း။ ဘုရားသခင်သည် လူ၏ အတိုက်အခံပြုခြင်းနှင့် မကောင်းမှု ဒုစရိုက်များကို မမြင်ရတော့သည်အထိ၊ ၎င်းတို့သည် သူ၏မျက်စိရှေ့မှောက်တွင် မရှိကြတော့သည့်အထိ သူ၏အမျက်သည် ရှည်ကြာလိမ့်မည်။ ထို့နောက်တွင်မှ ဘုရားသခင်၏ အမျက်ဒေါသသည် ကွယ်ပျောက်လိမ့်မည်။ တစ်နည်းအားဖြင့် လူသည် မည်သူဖြစ်ပါစေ၊ အကယ်၍ ၎င်းတို့၏ စိတ်နှလုံးများသည် ဘုရားသခင်နှင့် ဝေးကွာလာပြီး ဘုရားသခင်ထံမှ လှည့်ထွက်သွားကာ၊ မည်သည့်အခါမျှ ပြန်လာခြင်းမရှိပါက၊ တွေ့မြင်ရသည်မှာ သို့မဟုတ် ၎င်းတို့၏ ဓမ္မဓိဋ္ဌာန်မကျသော လိုအင်များအရ၊ ၎င်းတို့သည် မိမိတို့၏ ခန္ဓာကိုယ် သို့မဟုတ် မိမိတို့၏ အတွေးတွင် ဘုရားသခင်ကို မည်သို့ ကိုးကွယ်ကာ လိုက်လျှောက်ပြီး နာခံရန် ဆန္ဒရှိကြသည်ဖြစ်စေ၊ ဘုရားသခင်၏ အမျက်သည် မရပ်မနား ပွင့်အန်ထွက်မည် ဖြစ်သည်။ ယင်းမှာ လူကို လုံလောက်သော အခွင့်အရေးများ ပေးထားလျက်၊ ဘုရားသခင်သည် သူ၏ အမျက်ဒေါသကို အလွန်အမင်း ထုတ်လွှတ်သည့်အခါတွင်၊ ထုတ်လွှတ်သည်နှင့်တစ်ပြိုင်နက် ပြန်ရုပ်သိမ်းခြင်းငှာ မည်သို့မျှ ဖြစ်နိုင်မည်မဟုတ်သကဲ့သို့၊ သူသည် ထိုသို့သော လူသားမျိုးနွယ်နှင့် သက်ဆိုင်၍၊ တစ်ဖန် လုံးဝ သနားကရုဏာနှင့် သည်းခံခြင်း ရှိမည် မဟုတ်ပေ။ ဤသည်မှာ ပုန်ကန်ပြစ်မှားခြင်းကို သည်းမခံသည့် ဘုရားသခင်၏ စိတ်သဘောထား၏ တစ်ဘက်ခြမ်း ဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်၏ အမြင်၌ အပြစ်နှင့် ပြည့်နှက်သော မြို့တစ်မြို့သည် တည်ရှိနိုင်မည်မဟုတ်သကဲ့သို့၊ ဆက်လက် ကျန်ရှိနေ၍ မရနိုင်သည့်အတွက်၊ ပြီးလျှင် ယင်းသည် ဘုရားသခင်၏ ဖျက်ဆီးခြင်းကို ခံသင့်သည်မှာ ယုတ္တိတန်သည့်အတွက်၊ ဘုရားသခင်သည် မြို့တစ်မြို့ကို ဖျက်ဆီးမည်မှာ လူတို့အဖို့ ပုံမှန်ဖြစ်သည်ဟု ထင်ရပေသည်။ သို့သော် သောဒုံမြို့ကို သူ၏ ဖျက်ဆီးခြင်း မတိုင်မီနှင့် နောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သောအရာတွင် ဘုရားသခင်၏ စိတ်သဘောထား အလုံးစုံကို ငါတို့ မြင်ရပေသည်။ သူသည် ကြင်နာမှုရှိကာ လှပပြီး ကောင်းမြတ်သောအရာများအပေါ် သည်းခံပြီး သနားကရုဏာ ရှိသည်။ ဆိုးယုတ်ပြီး အပြစ်နှင့်ပြည့်ကာ ကောက်ကျစ်သော အရာများအပေါ် သူသည် အကြီးအကျယ် အမျက်ထွက်သည်မှာ သူ၏အမျက်၌ မရပ်စဲနိုင်လောက်အောင် ဖြစ်ပေသည်။ ဤသည်တို့မှာ ဘုရားသခင်၏ စိတ်သဘောထား၏ အဓိကကျပြီး အရေးပါဆုံးသော ရှုထောင့်နှစ်ခု- အလျှံပယ်ဖြစ်သော သနားကရုဏာနှင့် အလွန် လေးနက်သော အမျက်ဒေါသ- ဖြစ်သည့်အပြင်၊ ဘုရားသခင်သည် ၎င်းတို့ကို အစမှအဆုံး ထုတ်ဖော်ပြခဲ့ပြီးဖြစ်သည်။ သင်တို့ အများစုသည် ဘုရားသခင်၏ သနားကရုဏာနှင့် သက်ဆိုင်သည့် အရာတစ်ခုကို ခံစားကြရပြီးဖြစ်သော်လည်း၊ သင်တို့ထဲမှ အလွန်နည်းပါးသော သူတို့သည်

ဘုရားသခင်၏အမျက်ကို အသိအမှတ်ပြုမိကြပြီး ဖြစ်သည်။ ဘုရားသခင်၏ သနားကရုဏာနှင့် ချစ်ခင်ကြင်နာခြင်းကို လူအယောက်တိုင်း၌ မြင်နိုင်ပေသည်၊ ဆိုလိုသည်မှာ ဘုရားသခင်သည် လူအယောက်တိုင်းအပေါ် အလျှံပယ် သနားကရုဏာ ထားရှိပြီးဖြစ်၏။ သို့သော် ဘုရားသခင်သည် သင်တို့ထဲမှ တစ်ဦးတစ်ယောက်ကို သို့မဟုတ် လူတစ်စုတစ်လေကို အကြီးအကျယ် အမျက်ထွက်ခဲ့ခြင်းမှာ အလွန်ကြုံတောင့်ကြုံခဲဖြစ်သည် သို့မဟုတ် မည်သည့်အခါတွင်မျှ မရှိဟူ၍ ဆိုနိုင်ပါသည်။ စိတ်ကိုလျှော့လော့။ လူအယောက်တိုင်းသည် ဘုရားသခင်၏ အမျက်ကို အနေးနှင့် အမြန် မြင်ကြရပြီး တွေ့ကြုံကြရလိမ့်မည် ဖြစ်သော်လည်း ယခု အချိန်မကျသေးပေ။ ဤသည်မှာ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် တစ်စုံတစ်ဦးအပေါ် စဉ်ဆက်မပြတ် အမျက်ထွက်သည့်အခါ၊ သူသည် ၎င်းတို့အပေါ် သူ၏ပြင်းထန်သော အမျက်ကို ထုတ်လွှတ်သည့်အခါတွင်၊ ဤသည်မှာ သူသည် အချိန်ကြာမြင့်စွာကတည်းက ဤလူကို အလွန်မုန်းတီးပြီး ငြင်းပယ်ပြီးဖြစ်သည်၊ သူသည် ၎င်းတို့၏ တည်ရှိခြင်းကို စက်ဆုပ်ပြီး၊ ၎င်းတို့၏ တည်ရှိခြင်းအား သည်းမခံနိုင်သည်ကို ဆိုလိုပေသည်။ ၎င်းတို့အပေါ် သူ၏အမျက် သင့်ရောက်လျှင်သင့်ရောက်ချင်း၊ ၎င်းတို့ ကွယ်ပျောက် သွားကြလိမ့်မည်။ ယနေ့တွင် ဘုရားသခင်၏ အမှုသည် ထိုအဆင့်သို့ မရောက်ရှိသေးပေ။ ဘုရားသခင်သည် အပြင်းအထန် အမျက်ထွက်သည်နှင့်တစ်ပြိုင်နက် သင်တို့ထဲမှ မည်သူမျှ ခံနိုင်ကြလိမ့်မည် မဟုတ်။ ထိုအခါ ဘုရားသခင်သည် ဤအချိန်တွင် သင်တို့အားလုံးအပေါ် အလျှံပယ် သနားကရုဏာသာရှိပြီး၊ သင်တို့သည် သူ၏ပြင်းထန်သော အမျက်ကို မမြင်ကြသေးသည်ကို သင်တို့မြင်ကြရလိမ့်မည်။ အကယ်၍ ယုံကြည်လက်ခံခြင်း မရှိသေးသောလူများ ရှိပါက၊ သင်တို့သည် ဘုရားသခင်၏ အမျက်နှင့် မည်သည့် ပုန်ကန်ပြစ်မှားခြင်းကိုမျှ သည်းမခံသည့် သူ၏ စိတ်သဘောထား အမှန်တကယ် တည်ရှိခြင်း ရှိ မရှိကို သင်တို့ တွေ့ကြုံကောင်း တွေ့ကြုံနိုင်ကြဖို့အလို့ငှာ၊ သင်တို့အပေါ် ဘုရားသခင်၏ အမျက်ဒေါသ ရောက်လာဖို့ သင်တို့ တောင်းဆိုနိုင်သည်။ သင်တို့ လုပ်ဝံ့ပါသလော။

**နောက်ဆုံးသော ကာလ၏ လူများသည် ဘုရားသခင်၏ အမျက်ကို သူ၏ နှုတ်ကပတ်တော်များထဲတွင်သာ မြင်ရပြီး ဘုရားသခင်၏ အမျက်ကို အမှန်တကယ် တွေ့ကြုံခံစားရခြင်း မရှိပေ**

ဤကျမ်းပိုဒ်များထဲတွင် မြင်ရသည့် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် မျက်နှာပြင်နှစ်ဘက်သည် မိတ်သဟာယပြု ထိုက်သလော။ ဤအဖြစ်အပျက်ကို

ကြားရခြင်းဖြင့်၊ သင်တို့သည် ဘုရားသခင်နှင့်သက်ဆိုင်သည့် အသစ်ပြုပြင်သော အသိတစ်ခု ရှိကြသလော။ မည်သည့် သိနားလည်မှုမျိုး သင်တို့ ရှိကြသနည်း။ ဖန်ဆင်းခြင်း အချိန်မှသည် ယနေ့ထိတိုင် မည်သည့်အုပ်စုမျှ ဤနောက်ဆုံး အုပ်စုလောက် ဘုရားသခင်၏ ကျေးဇူးတော် သို့မဟုတ် သနားကရုဏာနှင့် ချစ်ခင်ကြင်နာခြင်းကို များစွာပျော်မွေ့ခံစားခဲ့ရခြင်း မရှိဟု ဆိုနိုင်သည်။ နောက်ဆုံးသော အဆင့်တွင် ဘုရားသခင်သည် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအမှုကို လုပ်ဆောင်ပြီးဖြစ်ကာ သူ၏ အမှုကို ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ဖြင့် လုပ်ဆောင်ပြီး ဖြစ်သော်လည်း ဘုရားသခင်သည် သူ၏အမှုကို ပြီးမြောက်ရန် နှုတ်ကပတ်တော်များကိုသာ အချိန်အများစု၌ အသုံးပြုပေသည်။ သူသည် သွန်သင်ကာ ရေလောင်းပေးဖို့၊ ထောက်ပံ့ကာ ကျွေးမွေးဖို့ နှုတ်ကပတ်တော်များကို အသုံးပြုသည်။ ထိုအချိန်အတောအတွင်းတွင် ဘုရားသခင်၏ အမျက်သည် အမြဲတစေ ကွယ်ဝှက်ထားပြီး ဘုရားသခင်၏ အမျက်ဒေါသ စိတ်သဘောထားကို သူ၏ နှုတ်ကပတ်တော်များထဲတွင် တွေ့ကြုံရခြင်းမှလွဲ၍ အလွန်နည်းပါးသော လူများသည် သူ၏အမျက်ကို လူကိုယ်တိုင် တွေ့ကြုံကြရပြီး ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းအမှု အတောအတွင်းတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ ထုတ်ဖော်ပြထားသော အမျက်သည် လူတို့အား ဘုရားသခင်၏ ဘုန်းအာနုဘော်နှင့် သူ၏ ပုန်ကန်ပြစ်မှားမှု သည်းမခံခြင်းတို့ကို တွေ့ကြုံခွင့်ပေးသော်လည်း၊ ဤအမျက်သည် သူ၏ နှုတ်ကပတ်တော်များကို ကျော်လွန်ခြင်း မရှိဟု ဆိုရပေမည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်သည် လူကို ပြစ်တင်ဖို့၊ ဖော်ထုတ်ဖို့၊ တရားစီရင်ဖို့၊ ပြစ်တင်ဆုံးမဖို့နှင့် လူကို ရှုတ်ချဖို့ပင် နှုတ်ကပတ်တော်များကို အသုံးပြုသော်လည်း- ဘုရားသခင်သည် လူသားအပေါ် အပြင်းအထန် အမျက်မထွက် ရသကဲ့သို့ သူ၏ နှုတ်ကပတ်တော်များမှအပ လူသားအပေါ် သူ၏အမျက်ကို လွှတ်ရုံမျှပင် မရှိသေးချေ။ ထို့ကြောင့် ဤခေတ်၌ လူက တွေ့ကြုံခံစားရသော ဘုရားသခင်၏ သနားကရုဏာနှင့် ချစ်ခင်ကြင်နာခြင်းသည် ဘုရားသခင်၏ စစ်မှန်သော စိတ်သဘောထား၏ ဖွင့်ပြခြင်းဖြစ်သော်လည်း၊ လူက တွေ့ကြုံခံစားရသည့် ဘုရားသခင်၏ အမျက်သည် သူ၏ မိန့်မြွက်ချက်များ၏ သဘောလက္ခဏာနှင့် အထိအတွေ့ သက်ရောက်မှုမျှသာ ဖြစ်သည်။ လူများစွာက ဤသက်ရောက်မှုကို ဘုရားသခင်၏ အမျက်ဒေါသနှင့်သက်ဆိုင်သည့် စစ်မှန်သော တွေ့ကြုံခံစားမှုနှင့် စစ်မှန်သော အသိအဖြစ် တလွဲယူတတ်ကြသည်။ အကျိုးဆက်အနေဖြင့် လူအများစုက ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲက ဘုရားသခင်၏ သနားကရုဏာနှင့် ချစ်ခင်ကြင်နာခြင်းတို့ကို မြင်ခဲ့ဖူးကြပြီ၊ လူ၏

ပုန်ကန်ပြစ်မှားခြင်းအပေါ် ဘုရားသခင်၏ သည်းမခံခြင်းကိုလည်း ရှုမြင်ကြရပြီးဖြစ်သည်ဟု ယုံကြည်ကြပြီး ၎င်းတို့ထဲမှ အများစုသည် လူသားအပေါ် ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံခြင်းကို အသိအမှတ်ပင်ပြု လာကြပြီးဖြစ်သည်။ သို့သော်လည်း လူ၏အပြုအမူ မည်မျှ ဆိုးသည်ဖြစ်စေ၊ သို့မဟုတ် သူ၏ စိတ်သဘောထား မည်မျှ ဖောက်ပြန်ပျက်စီးသည်ဖြစ်စေ၊ ဘုရားသခင်သည် အမြဲ သည်းခံပြီးဖြစ်သည်။ သည်းခံရာတွင် သူ၏ရည်မှန်းချက်မှာ သူပြောဆိုခဲ့သော နှုတ်ကပတ်တော်များ၊ သူပြုပြီးသော အားထုတ်မှုများနှင့် သူပေးပြီးဖြစ်သည့် အဖိုးအခက သူရယူလိုသော သူများ၌ သက်ရောက်မှု တစ်ခုရရှိဖို့ စောင့်ဆိုင်းရန် ဖြစ်သည်။ ဤသို့သော ရလဒ်တစ်ခုကို စောင့်ဆိုင်းခြင်းသည် အချိန်ယူရပြီး၊ လူတို့အနေဖြင့် ၎င်းတို့ မွေးမွေးချင်း အရွယ်ရောက်သူများ မဖြစ်ကြသည့် နည်းအတိုင်း၊ လူအတွက် မတူညီသော ပတ်ဝန်းကျင်များကို ဖန်ဆင်းပေးခြင်းကို လိုအပ်ပေသည်။ ယင်းသည် ဆယ့်ရှစ်နှစ် သို့မဟုတ် ဆယ့်ကိုးနှစ် ကြာပြီး၊ လူအချို့သည် ၎င်းတို့ တကယ့် လူကြီးတစ်ဦး အဖြစ်သို့ အရွယ်ရောက်လာသည်အထိ အနှစ်နှစ်ဆယ် သို့မဟုတ် သုံးဆယ်ပင် လိုအပ်ပေသည်။ ဘုရားသခင်သည် ဤလုပ်ငန်းစဉ် ပြီးစီးခြင်းကို စောင့်ဆိုင်းနေသည်၊ ထိုသို့သော အချိန်တစ်ချိန် ရောက်ရှိခြင်းကို သူ စောင့်ဆိုင်းနေသည်၊ ပြီးလျှင် သူသည် ဤရလဒ် ရောက်ရှိခြင်းကို စောင့်ဆိုင်းနေသည်။ သူစောင့်ဆိုင်းသည့် အချိန်တစ်လျှောက်တွင်၊ ဘုရားသခင်သည် အလွန့်ပယ် သနားကရုဏာ ပြည့်ဝသည်။ သို့သော် ဘုရားသခင်၏ အမှု ကာလအတောအတွင်းတွင်၊ အလွန်နည်းပါးလွန်းသော လူအရေအတွက်သည် ဒဏ်ခတ်ခြင်းကို ခံရပြီး အချို့သည် ဘုရားသခင်ကို ၎င်းတို့၏ ဆိုးရွားသည့် ဆန့်ကျင်မှုကြောင့် အပြစ်ပေးခံရလေသည်။ ထိုသို့သော ဥပမာများသည် လူ၏ ပုန်ကန်ပြစ်မှားမှုကို သည်းမခံသော ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် သာ၍ပင် ကြီးမားသော သက်သေဖြစ်ပြီး ရွေးချယ်ထားသောသူများအပေါ် ဘုရားသခင်၏ သည်းခံခြင်းနှင့် ခံနိုင်ရည်တို့ အမှန်တကယ် တည်ရှိခြင်းကို အပြည့်အဝ အတည်ပြုပေသည်။ ဟုတ်ပေ၏၊ ဤဖြစ်ရိုးဖြစ်စဉ် ဥပမာများတွင် ဤလူများထဲ၌ရှိသည့် ဘုရားသခင်၏ စိတ်သဘောထား တစ်စိတ်တစ်ဒေသနှင့်သက်ဆိုင်သည့် ထုတ်ဖော်ပြခြင်းသည် ဘုရားသခင်၏ ယေဘုယျ စီမံခန့်ခွဲမှု အစီအစဉ်ကို မထိခိုက်ပေ။ အမှန်တွင် ဘုရားသခင်၏အမှု၏ ဤနောက်ဆုံး အဆင့်တွင် ဘုရားသခင်သည် သူစောင့်ဆိုင်းနေခဲ့ပြီးဖြစ်သည့်ကာလ တစ်လျှောက်လုံး သည်းခံပြီးဖြစ်ကာ သူ့နောက် လိုက်သောသူများ၏ ကယ်တင်ခြင်းအတွက် သူ၏ ခံနိုင်ရည်နှင့် သူ၏ အသက်တို့ကို အလဲအလှယ်ပြုပြီး ဖြစ်သည်။ ဤအရာကို သင်တို့ မြင်သလော။ ဘုရားသခင်သည် သူ၏ အစီအစဉ်ကို အကြောင်းရင်း မရှိဘဲ ကမောက်ကမ မဖြစ်စေပေ။ သူသည် သူ၏အမျက်ကို

ထုတ်လွှတ်နိုင်ပြီး သူသည် သနားကရုဏာလည်း ပြည့်စုံနိုင်ပေသည်။ ဤသည်မှာ ဘုရားသခင်၏ စိတ်သဘောထား၏ အဓိက အစိတ်အပိုင်းနှစ်ပိုင်းနှင့်သက်ဆိုင်သည့် ထုတ်ဖော်ပြခြင်း ဖြစ်သည်။ ဤသည်မှာ အလွန် ရှင်းသည် ဟုတ်သလော၊ မဟုတ်သလော။ တစ်နည်းအားဖြင့် ဘုရားသခင်နှင့် ပတ်သက်လာသည့်အခါ၊ အမှန် အမှား၊ တရားမျှတခြင်းနှင့် မတရားခြင်း၊ အပြုသဘောဆောင်ခြင်းနှင့် အပျက်သဘောဆောင်ခြင်း- ဤအရာအားလုံးကို လူသားထံ ရှင်းရှင်းလင်းလင်း ပြသထားပေသည်။ မည်သည့် အရာကို သူပြုမည်၊ မည်သည့်အရာကို သူနှစ်သက်သည်၊ မည်သည့်အရာကို သူမုန်းသည်- ဤအရာအားလုံးကို သူ၏စိတ်သဘောထားတွင် တိုက်ရိုက် ထင်ဟပ်စေနိုင်ပေသည်။ ထိုသို့သောအရာများကို ဘုရားသခင်၏ အမှုထဲတွင်လည်း သိသာထင်ရှားစွာနှင့် ရှင်းလင်းစွာ မြင်တွေ့နိုင်ပြီး ၎င်းတို့မှာ မရေရာသောအရာ သို့မဟုတ် ယေဘုယျဖြစ်သည့်အရာ မဟုတ်ပေ။ ယင်းအစား ၎င်းတို့သည် ဘုရားသခင်၏ စိတ်သဘောထား၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို လူအပေါင်းတို့အား အထူးသဖြင့် ခိုင်လုံကာ မှန်ကန်ပြီး လက်တွေ့ကျသည့် ပုံစံဖြင့် ရှုမြင်ခွင့်ပေးလေသည်။ ဤသည်မှာ စစ်မှန်သော ဘုရားသခင် ကိုယ်တိုင် ဖြစ်သည်။

## ဘုရားသခင်၏ စိတ်သဘောထားသည် လူသားထံမှ မည်သည့်အခါတွင်မျှ မကွယ်ဝှက်ဖူးပေ- လူ၏ စိတ်နှလုံးသည် ဘုရားသခင်ထံမှ လမ်းလွဲလေပြီ

အကယ်၍ ဤအရာများအကြောင်းကို ငါမိတ်သဟာယ မပြုခဲ့ပါက၊ သင်တို့ထဲမှ မည်သူမျှ သမ္မာကျမ်းစာ၏ ဖြစ်ရပ်များထဲက ဘုရားသခင်၏ စစ်မှန်သော စိတ်သဘောထားကို ရှုမြင်နိုင်ကြမည် မဟုတ်ပေ။ ဤသည်မှာ အမှန်တရား ဖြစ်သည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ဤသမ္မာကျမ်းစာလာ ဖြစ်ရပ်များသည် ဘုရားသခင်ပြုခဲ့သော အမှုအရာ အချို့ကို မှတ်တမ်းတင်ခဲ့သော်လည်း၊ ဘုရားသခင်သည် နှုတ်ကပတ်တော် အနည်းငယ်ကိုသာ ပြောဆိုခဲ့ပြီး သူ၏ စိတ်သဘောထားကို တိုက်ရိုက် မမိတ်ဆက်ခဲ့သောကြောင့် သို့မဟုတ် လူသားထံ သူ၏အလိုကို ပွင့်လင်းစွာ မထုတ်ပြန်ခဲ့သောကြောင့် ဖြစ်သည်။ နောင်လာမျိုးဆက်များသည် ဤမှတ်တမ်းများကို ဖြစ်ရပ်များထက် ပို၍ သဘောမထားကြသောကြောင့်၊ ယင်းမှာ လူတို့အဖို့ ဘုရားသခင်သည် လူတို့ထံမှ မိမိကိုယ်ကိုယ် ကွယ်ဝှက်သည့်ပုံ ပေါ်သည်၊ လူသားထံမှ ကွယ်ဝှက်သည်မှာ ဘုရားသခင်၏ ဇာတိအဖြစ်တော်မဟုတ်ဘဲ၊ သူ၏ စိတ်သဘောထားနှင့် အလိုဖြစ်သည့်ပုံ ပေါ်လေသည်။ ယနေ့ ငါ၏မိတ်သဟာယပြီးသည့်နောက်တွင်၊ ဘုရားသခင်သည် လူသားထံမှ အပြည့်အဝ ကွယ်ဝှက်သည်ဟု သင်တို့ ခံစားရဆဲ ဖြစ်သလော။ ဘုရားသခင်၏

စိတ်သဘောထားသည် လူသားထံမှ ကွယ်ဝှက်သည်ဟု သင် ယုံကြည်ဆဲလော။

ဖန်ဆင်းခြင်း အချိန်ကတည်းက၊ ဘုရားသခင်၏ စိတ်သဘောထားသည် သူ၏အမှုနှင့် လိုက်လျောညီထွေရှိပြီး ဖြစ်သည်။ ယင်းသည် လူသားထံမှ မည်သည့်အခါတွင်မျှ မကွယ်ဝှက်ဖူးဘဲ၊ အပြည့်အဝ ကြေငြာထားကာ လူသားထံ ရှင်းလင်းသွားစေပြီးဖြစ်သည်။ သို့သော်၊ အချိန် ကုန်လွန်လာသည်နှင့်အမျှ၊ လူ၏စိတ်နှလုံးသည် ဘုရားသခင်ထံမှ သာ၍ဝေးကွာပြီးဖြစ်ကာ လူ၏ ဖောက်ပြန်ပျက်စီးခြင်းသည် သာ၍ နက်ရှိုင်းလာသည်နှင့်အမျှ၊ လူနှင့် ဘုရားသခင်သည် ပို၍ ပို၍ ဝေးကွာလာပြီဖြစ်သည်။ လူသည် ဘုရားသခင်၏ မျက်စိအောက်မှ ဖြည်းဖြည်းနှင့်မှန်မှန် ပျောက်ကွယ်ပြီးဖြစ်သည်။ လူသည် ဘုရားသခင်ကို မ "မြင်" နိုင် ဖြစ်လာပြီဖြစ်သည်၊ ယင်းက ဘုရားသခင်၏ မည်သည့် "သတင်း" မျှ မရှိဘဲ ဖြစ်ကျန်ရစ်စေပြီး ဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရားသခင် တည်ရှိခြင်း ရှိ မရှိဆိုသည်ကို မသိသကဲ့သို့၊ ဘုရားသခင်၏ တည်ရှိခြင်းကို လုံးဝ ငြင်းပယ်သည်အထိပင် ဖြစ်လေသည်။ အကျိုးဆက်အနေဖြင့် လူသည် ဘုရားသခင်၏ စိတ်သဘောနှင့် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို လူ၏နားမလည်နိုင်ခြင်းမှာ ဘုရားသခင်သည် လူသားထံမှ ကွယ်ဝှက်သောကြောင့်မဟုတ်ဘဲ၊ သူ၏ စိတ်နှလုံးသည် ဘုရားသခင်ထံမှ လှည့်ထွက်သွားသောကြောင့် ဖြစ်ပေသည်။ လူ၏ စိတ်နှလုံးသည် ဘုရားသခင်ထံ မည်သည့်အခါတွင်မျှ တိုးဝင်ချဉ်းကပ်ခြင်း မရှိသကဲ့သို့၊ သူသည် ဘုရားသခင်ကို အမြဲ ရှောင်တိမ်းသည့်အတွက်၊ လူသည် ဘုရားသခင်ကို ယုံကြည်သော်လည်း၊ လူ၏ စိတ်နှလုံး၌ ဘုရားသခင် မရှိသကဲ့သို့၊ သူသည် ဘုရားသခင်ကို အဘယ်သို့ ချစ်ရမည်ကို မသိနားမလည်သည်သာမက၊ ဘုရားသခင်ကို မချစ်လိုပေ။ အကျိုးဆက်အနေဖြင့် လူ၏စိတ်နှလုံးသည် ဘုရားသခင်ထံမှ ဝေးကွာသွားပြီဖြစ်သည်။ သို့ဆိုလျှင် သူ၏ စိတ်နှလုံးသည် မည်သည့်နေရာတွင် ရှိသနည်း။ အမှန်တွင် လူ၏စိတ်နှလုံးသည် မည်သည့်နေရာကိုမျှ ရောက်သွားခြင်း မရှိပေ- ယင်းကို ဘုရားသခင်အား ပေးမည့်အစား သို့မဟုတ် ဘုရားသခင် မြင်စေရန် ယင်းကို ထုတ်ဖော်ပြမည့်အစား၊ သူသည် ယင်းကို သူကိုယ်တိုင် အတွက် သိမ်းထားလေပြီ။ ဤသည်မှာ အချို့က၊ "အို ဘုရားသခင်၊ ကျွန်ုပ်၏ စိတ်နှလုံးကို ကြည့်ရှုတော်မူပါ- ကျွန်ုပ်တွေးသော အရာမှန်သမျှကို ကိုယ်တော် သိပါ၏။" ဟု မကြာခဏ ဆုတောင်းကာ ဆိုတတ်ကြသော်ငြားလည်း၊ အချို့တို့က အကယ်၍ ၎င်းတို့၏ ကျမ်းသစ္စာကို ၎င်းတို့ ချိုးဖောက်မိပါက၊ အပြစ်ဒဏ်ခတ်ခြင်းကို ခံရကောင်း ခံရရန် ၎င်းတို့အပေါ် ဘုရားသခင် ကြည့်စေရန် ကျိန်ဆိုခြင်းကိုပင် ပြုကြသည်။ လူသည် ဘုရားသခင်ကို သူ၏ စိတ်နှလုံးအတွင်းသို့ ကြည့်ရန် အခွင့်ပေးသော်လည်း၊ ဤသည်မှာ

ထိုလူသည် ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုများနှင့် အစီအစဉ်များကို နာခံနိုင်စွမ်း ရှိသည်ဟု မဆိုလိုသကဲ့သို့ သူသည် သူ၏ ကံကြမ္မာ၊ တက်လမ်းများနှင့် သူ၏အရာအားလုံးကို ဘုရားသခင်၏ ထိန်းချုပ်မှုအောက်၌ ချန်ထားပြီးဖြစ်သည်ဟုလည်း မဆိုလိုပေ။ ထို့ကြောင့် သင်သည် သင်၏ စိတ်နှလုံးကို ဘုရားသခင်အား ကြည့်ရန်သာ ခွင့်ပြုသော်လည်း၊ ယင်းကို ထိန်းချုပ်ရန် သူ့ကို အခွင့်မပေးသည့်အတွက်၊ ဘုရားသခင်ထံ သင် ပြုသည့် ကျမ်းသစ္စာများ သို့မဟုတ် သူ့ထံ သင် တရားဝင်ကြေငြာသည့် အရာကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ အမြင်တွင် သင်၏စိတ်နှလုံးသည် သူနှင့် နီးကပ်လျက်ရှိသေး၏။ တစ်နည်းအားဖြင့် သင်သည် သင်၏ စိတ်နှလုံးကို ဘုရားသခင်အား လုံးဝ မပေးသေးသကဲ့သို့ ဘုရားသခင် နားထောင်ဖို့အတွက် ကြားကောင်းသော စကားများကိုသာ ပြောလေသည်။ ထိုအတောအတွင်းတွင် သင်သည် သင်၏ လျှို့ဝှက်ကြံစည်ခြင်းများ၊ အကြံအစည်များနှင့် အစီအစဉ်များနှင့်အတူ သင်၏ လှည့်စားတတ်သော ရည်ရွယ်ချက် အမျိုးမျိုးကို ဘုရားသခင်ထံမှ ကွယ်ဝှက်ထားပြီး၊ သင်သည် သင်၏ တက်လမ်းများနှင့် ကံကြမ္မာကို ဘုရားသခင်က ထိုအရာများအား ယူဆောင်သွားမည်ကို အလွန်အမင်း စိုးရွံ့လျက်၊ သင်၏ လက်ထဲတွင် ဖမ်းဆုပ်ထားလေသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ့အပေါ် လူသား၏ ရိုးသားစစ်မှန်မှုကို မည်သည့်အခါမျှ မရှုမြင်ရပေ။ ဘုရားသခင်သည် လူ၏ စိတ်နှလုံး အတိမ်အနက်ကို စောင့်ကြည့်လေ့လာပြီး လူက စဉ်းစားနေသော အရာနှင့် သူ၏စိတ်နှလုံးထဲ၌ ပြုလိုသော အရာများကို မြင်နိုင်ကာ၊ သူ၏ စိတ်နှလုံးအတွင်း၌ မည်သည့် အရာများ သိမ်းထားသည်ကို မြင်နိုင်သော်လည်း၊ လူ၏ စိတ်နှလုံးသည် ဘုရားသခင်နှင့် မသက်ဆိုင်သကဲ့သို့ သူသည် ယင်းကို ဘုရားသခင်၏ ထိန်းချုပ်မှုသို့ မပေးအပ်ရသေးချေ။ ဤသည်မှာ ဘုရားသခင်သည် စောင့်ကြည့်ပိုင်ခွင့်ရှိသော်လည်း၊ ထိန်းချုပ်ပိုင်ခွင့် မရှိဟု ဆိုရပေမည်။ လူ၏ ဓမ္မဓိဋ္ဌာန်မကျသော အသိဉာဏ်ထဲတွင်၊ လူသည် သူ့ကိုယ်သူ ဘုရားသခင်၏ အစီအစဉ်များသို့ မလွှဲအပ်လိုပေ သို့မဟုတ် လွှဲအပ်ရန် မရည်ရွယ်ပေ။ လူသည် ဘုရားသခင်ထံ မိမိကိုယ်ကို ပိတ်ပင်ထားပြီးဖြစ်သည်သာမက၊ မှားယွင်းသော ထင်မြင်ချက်ကို ဖန်တီးရန်နှင့် ဘုရားသခင်၏ ယုံကြည်မှုကို ရယူရန် ပြေပြစ်သော အပြောအဆိုနှင့် မြှောက်လုံးပင့်လုံးကို အသုံးပြုရင်း၊ ပြီးလျှင် ဘုရားသခင်၏ မြင်ကွင်းမှ မိမိတို့၏ စရိုက်အမှန်ကို ဖုံးကွယ်ရင်း၊ မိမိတို့၏ စိတ်နှလုံးများကို လျှို့ဝှက်ဖို့ နည်းလမ်းများကို စဉ်းစားသော လူများပင် ရှိကြလေသည်။ ဘုရားသခင်ကို မြင်ခွင့်မပေးခြင်းတွင် ၎င်းတို့၏ ရည်မှန်းချက်မှာ ၎င်းတို့ အမှန်တကယ် မည်သည့်အရာနှင့် တူသည်ကို ဘုရားသခင်အား သိမြင်ခွင့်မပေးဖို့ ဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ စိတ်နှလုံးများကို ဘုရားသခင်အား

မပေးလိုကြဘဲ၊ ၎င်းတို့ ကိုယ်တိုင်အတွက် သိမ်းထားလိုကြသည်။ ဤအရာ၏ ဝှက်ထားသော အဓိပ္ပာယ်မှာ လူပြုသောအရာနှင့် သူအလိုရှိသော အရာအားလုံးကို လူကိုယ်တိုင်က စီစဉ်ထားခြင်းဖြစ်သည်၊ တွက်ချက်ထားခြင်းဖြစ်ပြီး ဆုံးဖြတ်ထားခြင်း ဖြစ်ပေသည်။ သူသည် ဘုရားသခင်၏ စီစဉ်ညွှန်ကြားခြင်းနှင့် စီစဉ်ခြင်းတို့ကို လိုအပ်ဖို့မဆိုထားနှင့် ဘုရားသခင်၏ ပါဝင်ခြင်း သို့မဟုတ် ကြားဝင်ခြင်းကိုပင် မလိုအပ်ပေ။ ထို့ကြောင့် ဘုရားသခင်၏ အမိန့်များ၊ သူ၏ တာဝန်ပေးစေခိုင်းချက် သို့မဟုတ် လူနှင့်သက်ဆိုင်၍ ဘုရားသခင် ပြုလုပ်သော သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လူ၏ဆုံးဖြတ်ချက်များသည် သူ၏ ကိုယ်ပိုင် ရည်ရွယ်ချက်များနှင့် အကျိုးစီးပွားများ၊ ထိုအချိန်က သူ၏ ကိုယ်ပိုင်အနေအထားနှင့် အခြေအနေများအပေါ် မူတည် ပေသည်။ လူသည် သူ လျှောက်သင့်သည့်လမ်းကြောင်းကို အကဲဖြတ်ကာ ရွေးချယ်ဖို့ သူ ရင်းနှီးကျွမ်းဝင်သော အသိ၊ ထိုးထွင်းအမြင်များနှင့် သူ၏ ကိုယ်ပိုင် အသိဉာဏ်ကို အမြဲ အသုံးပြုပြီး၊ ဘုရားသခင်၏ ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို အခွင့်မပေးပေ။ ဤသည်မှာ ဘုရားသခင် မြင်သော လူ၏ စိတ်နှလုံး ဖြစ်သည်။

အစအဦးမှသည် ယနေ့ထိတိုင်၊ လူသာလျှင် ဘုရားသခင်နှင့် စကားပြောဆိုနိုင်စွမ်း ရှိဖူးလေသည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ သက်ရှိအရာများနှင့် အဖန်ဆင်းခံသတ္တဝါ အားလုံးအလယ်တွင် လူသားကလွဲ၍ မည်သူမျှ ဘုရားသခင်နှင့် စကားပြောနိုင်စွမ်း မရှိဖူးပေ။ လူ၌ သူ့ကို ကြားစေနိုင်သော နားများရှိပြီး သူ့ကို မြင်ခွင့်ပေးသော မျက်လုံးများ ရှိသည်။ သူ၌ ဘာသာစကားရှိပြီး သူ၏ ကိုယ်ပိုင် အတွေးအခေါ်များနှင့် လွတ်လပ်သော စိတ်သဘောရှိသည်။ သူသည် ဘုရားသခင် စကားပြောသည်ကိုကြားရန်၊ ဘုရားသခင်၏အလိုကို နားလည်ရန်နှင့် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်ကို လက်ခံရန် လိုအပ်သမျှအားလုံးကို ပိုင်ဆိုင်သည်၊ ထို့ကြောင့် လူကို သူနှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ပြီး သူနှင့်အတူ လျှောက်လှမ်းနိုင်သော အဖော်တစ်ဦး ဖြစ်စေလိုလျက်၊ ဘုရားသခင်သည် သူ၏အလိုဆန္ဒအားလုံးကို လူသားအပေါ် ပေးအပ်လေသည်။ ဘုရားသခင်သည် စီမံခန့်ခွဲရန် စတင်ခဲ့ကတည်းက၊ လူသားအနေဖြင့် မိမိ၏ စိတ်နှလုံးကို ဘုရားသခင်အား ပေးဖို့၊ ယင်းကို ဘုရားသခင်အား သန့်စင်ခွင့်ပေးပြီး ပြင်ဆင်ခွင့်ပေးဖို့၊ ဘုရားသခင်ကို ကျေနပ်စေပြီး ဘုရားသခင်၏ ချစ်ခြင်းကို ခံရစေဖို့၊ ဘုရားသခင်အား ကြည်ညိုပြီး မကောင်းမှုကို ရှောင်ကြဉ်ဖို့ ဘုရားသခင်သည် စောင့်ဆိုင်းနေပြီးဖြစ်သည်။ ဘုရားသခင်သည် ဤရလဒ်ကို အစဉ် မျှော်လင့်ကာ စောင့်ဆိုင်းပြီးဖြစ်သည်။ သမ္မာကျမ်းစာ၏ မှတ်တမ်းများထဲတွင် ထိုသို့သော လူများ တစ်ဦးတစ်လေ ရှိသလော။ ဆိုလိုသည်မှာ သမ္မာကျမ်းစာထဲတွင် မိမိတို့၏ စိတ်နှလုံးများကို

ဘုရားသခင်အား ပေးနိုင်စွမ်းရှိသောသူ တစ်ဦးတစ်လေ ရှိသလော။ ဤခေတ်မတိုင်မီတွင် သာဓက တစ်ခုတစ်လေ ရှိသလော။ ယနေ့တွင် သမ္မာကျမ်းစာ၏ အဖြစ်အပျက်များကို ငါတို့ ဆက်လက် ဖတ်ရှုပြီး ဤပုဂ္ဂိုလ်- ယောဘ- လုပ်ဆောင်ခဲ့သည့်အရာသည် ငါတို့ ယနေ့ ဆွေးနွေးနေကြသည့် "ဘုရားသခင်အား သင်၏ စိတ်နှလုံးကို ပေးခြင်း" ဟူသော အကြောင်းအရာနှင့် ဆက်နွယ်မှု တစ်ခုတစ်လေ ရှိသည် မရှိသည်ကို တစ်ချက် ကြည့်ကြပါစို့။ ယောဘသည် ဘုရားသခင်အဖို့ ကျေနပ်ဖွယ်ဖြစ်ခဲ့ပြီး ဘုရားသခင်၏ ချစ်ခြင်း ခံခဲ့ရသည် မခံခဲ့ရသည်ကို ကြည့်ကြစို့။

ယောဘနှင့်သက်ဆိုင်သည့် သင်တို့၏ ထင်မြင်ချက်မှာ အဘယ်နည်း။ မူရင်း ကျမ်းစာကို တိုက်ရိုက်ကိုးကားခြင်းဖြင့်၊ ယောဘသည် "ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ရှားခဲ့သည်။" "ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ရှားခဲ့သည်။" ဟု လူအချို့က ဆိုကြသည်။ ယင်းမှာ သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်ထားသော ယောဘနှင့် သက်ဆိုင်သည့် မူရင်း အကဲဖြတ်ချက် ဖြစ်သည်။ အကယ်၍ သင်တို့၏ ကိုယ်ပိုင် စကားလုံးများကို အသုံးပြုမည်ဆိုပါက၊ ယောဘကို သင်တို့ မည်ကဲ့သို့ ရှင်းရှင်းလင်းလင်း သတ်မှတ်ဖော်ပြမည်နည်း။ လူအချို့က ယောဘသည် ကောင်းမြတ်ပြီး လက်တွေ့ကျသော လူတစ်ဦး ဖြစ်သည်ဟု ဆိုကြသည်။ အချို့က သူသည် ဘုရားသခင်၌ စစ်မှန်သော ယုံကြည်ခြင်း ရှိခဲ့သည်ဟု ဆိုကြသည်။ အချို့က ယောဘသည် ဖြောင့်မတ်ပြီး လူသားဆန်သော လူတစ်ဦး ဖြစ်ခဲ့သည်ဟု ဆိုကြသည်။ သင်တို့သည် ယောဘ၏ ယုံကြည်ခြင်းကို မြင်ကြပြီးဖြစ်သည်၊ ယင်းမှာ သင်တို့၏ စိတ်နှလုံးများထဲတွင် ယောဘ၏ ယုံကြည်ခြင်းအပေါ် သင်တို့ အလွန်အရေးထားပြီး မနာလိုဖြစ်ကြသည်ဟု ဆိုရပေမည်။ သို့ဆိုလျှင် ယနေ့တွင် ဘုရားသခင်သည် ယောဘနှင့်ပတ်သက်၍ ထိုသို့ ကျေနပ်အားရခြင်းမှာ သူမည်သည့်အရာ ပိုင်ဆိုင်ခြင်းကြောင့် ဖြစ်သည်ကို ကြည့်ကြစို့။ ဆက်လက်၍ အောက်ပါ သမ္မာကျမ်းပိုဒ်များကို ဖတ်ကြပါစို့။

**ဂ။ ယောဘ**

၁။ ယောဘနှင့်သက်ဆိုင်၍ ဘုရားသခင်နှင့် သမ္မာကျမ်းစာထဲက အကဲဖြတ်မှုများ

ယောဘ ၁:၁ ယောဘ အမည်ရှိသောသူတယောက်သည် ဥဇပြည်၌နေ၏။ ထိုသူသည် စုံလင်ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်၏။

ယောဘ ၁:၅ ပွဲခံသောနေ့ရက်လွန်သောအခါ၊ ယောဘသည် သူတို့ကိုခေါ်၍ သန့်ရှင်းစေပြီးလျှင် နံနက်စောစောထ၍ သူတို့အရေအတွက်အတိုင်း မီးရှို့သောယဇ်ကို ပူဇော်လေ့ရှိ၏။ အကြောင်းမူကား၊ ငါ့သားတို့သည် မှားယွင်း၍ စိတ်နှလုံးထဲ၌ ဘုရားသခင်ကို စွန့်ပစ်ကြပြီလောဟု ယောဘ အောက်မေ့၏။ ထိုသို့ ယောဘသည် အစဉ်ပြုမြဲရှိ၏။

ယောဘ ၁:၈ ယေဟောဝါက စာတန်အား၊ ငါ၏ အစေခံ ယောဘကို သင် ဆင်ခြင်မိပြီလော၊ မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်ဟု ဆိုလေသည်။

ဤကျမ်းပိုဒ်များထဲတွင် သင်တို့မြင်ရသော အဓိကအချက်မှာ အဘယ်နည်း။ အကျဉ်းချုပ်ဖြစ်သော ဤကျမ်းပိုဒ် သုံးပိုဒ်လုံးသည် ယောဘနှင့်ဆက်စပ်၏။ တိုတောင်းသော်လည်း၊ ၎င်းတို့က သူ မည်သည့် လူစားမျိုး ဖြစ်သည်ကို ရှင်းလင်းစွာ ဖော်ပြသည်။ ယောဘ၏ နေ့စဉ်အပြုအမူနှင့် သူ၏လုပ်ဆောင်မှုအပေါ် ၎င်းတို့၏ သရုပ်ဖော်ချက်မှတစ်ဆင့်၊ ယောဘနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ အကဲဖြတ်မှုများသည် အခြေအမြစ်မဲ့ခြင်းထက် အခြေအမြစ် ရှိသည်ကို အယောက်တိုင်းအား ထိုကျမ်းပိုဒ်များက ပြောနေသည်။ ယောဘနှင့်သက်ဆိုင်သည့် လူ၏သုံးသပ်ချက် ဖြစ်စေ (ယောဘ ၁:၁)၊ သို့မဟုတ် သူ့ကို ဘုရားသခင်၏ သုံးသပ်ချက် ဖြစ်စေ (ယောဘ ၁:၈)၊ နှစ်ခုစလုံးသည် ဘုရားသခင်နှင့် လူ၏ ရှေ့၌ ယောဘ၏ လုပ်ဆောင်ချက်များ၏ ရလဒ် (ယောဘ ၁:၅) ဖြစ်သည်ကို ထိုကျမ်းပိုဒ်များက ငါတို့ကို ပြောပြပေသည်။

ပထမဦးစွာ၊ ပထမ ကျမ်းပိုဒ်ကို ဖတ်ကြပါစို့- "ယောဘ အမည်ရှိသောသူတယောက်သည် ဥဇပြည်၌နေ၏။ ထိုသူသည် စုံလင်ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်၏။" ဤသည်မှာ သမ္မာကျမ်းစာထဲက ယောဘနှင့်သက်ဆိုင်သည့် ပထမဆုံး အကဲဖြတ်ချက်ဖြစ်သည်၊ ဤစာကြောင်းသည် ယောဘနှင့် သက်ဆိုင်သည့် ကျမ်းပြုဆရာ၏ သုံးသပ်ချက် ဖြစ်သည်။ သဘာဝအားဖြင့်၊ ယင်းသည်လည်း ယောဘနှင့်သက်ဆိုင်သည့် လူ၏အကဲဖြတ်ချက်ကို ကိုယ်စားပြုခြင်း ဖြစ်သည်၊ ယင်းမှာ "ထိုသူသည် စုံလင်ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်၏။" ဟူ၍ ဖြစ်သည်။ ဆက်လက်၍၊ ယောဘနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ အကဲဖြတ်ချက်ကို ဖတ်ကြပါစို့- "မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်။" (ယောဘ

၁:၈) ထိုနှစ်ခုတွင် တစ်ခုသည် လူထံမှ လာခဲ့ခြင်း ဖြစ်ပြီး တစ်ခုမှာ ဘုရားသခင်ထံမှ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့သည် အကြောင်းအရာတူသော အကဲဖြတ်ချက်နှစ်ခု ဖြစ်ကြသည်။ ထို့နောက် ယောဘ၏ အပြုအမူနှင့် လုပ်ဆောင်မှုတို့ကို လူတို့ သိခဲ့ကြပြီး ဘုရားသခင်၏ ချီးမွမ်းခြင်းကိုလည်း ခံခဲ့ရသည်ကို မြင်နိုင်ပါသည်။ တစ်နည်းအားဖြင့်၊ လူရှေ့၌ ယောဘ၏ အပြုအမူနှင့် ဘုရားသခင် ရှေ့၌ သူ၏ အပြုအမူတို့သည် တူညီခဲ့သည်။ သူသည် ဘုရားသခင်၏ စောင့်ကြည့်လေ့လာမှုကို ခံရနိုင်ဖို့အလို့ငှာ၊ သူ၏အပြုအမူနှင့် ရည်ရွယ်ချက်ကို ဘုရားသခင်ရှေ့တွင် အချိန်တိုင်း ချင်းထားခဲ့ပြီး၊ သူသည် ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှုကို ရှောင်သောသူ တစ်ဦးဖြစ်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏အမြင်၊ ကမ္ဘာမြေပေါ်က လူတို့၏အမြင်တွင် ယောဘတစ်ဦးတည်းသာ စုံလင်ကာ တည်ကြည်ဖြောင့်မတ်ပြီး ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှုကို ရှောင်သောသူတစ်ဦး ဖြစ်ခဲ့သည်။

## သူ၏ နေ့စဉ်အသက်တာတွင် ယောဘ၏ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်း၏ တိကျသော သရုပ်သကန်များ

ဆက်လက်၍၊ ဘုရားသခင်အပေါ် ယောဘ၏ ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်း၏ တိကျသော သရုပ်သကန်များကို ကြည့်ကြပါစို့။ ၎င်းထက် အလျင်ကျပြီး နောက်မှလာသော ကျမ်းပိုဒ်များအပြင်၊ ဘုရားသခင်အပေါ် ယောဘ၏ ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်း၏ တိကျသော သရုပ်သကန်များထဲမှ တစ်ခုဖြစ်သည့် ယောဘ ၁:၅ ကိုလည်း ဖတ်ရှုကြပါစို့။ ယင်းမှာ သူသည် ဘုရားသခင်ကို မည်ကဲ့သို့ ကြောက်ရွံ့ခဲ့ပြီး သူ၏ နေ့စဉ်အသက်တာတွင် မကောင်းမှုကို မည်သို့ ရှောင်ကြဉ်ခဲ့သည် ဆိုသည်နှင့် ဆက်နွှယ်လေသည်။ အပေါ်လွင်ဆုံးအားဖြင့်၊ သူသည် ဘုရားသခင်အပေါ် သူ၏ ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းအတွက် သူလုပ်သင့်သည်အတိုင်း လုပ်ဆောင် ခဲ့ရုံသာမက၊ သူ၏သားများ ကိုယ်စား ဘုရားသခင်ရှေ့တွင် မီးရှို့ရာယဇ်များကိုလည်း ပုံမှန်ပူဇော်ခဲ့သည်။ ၎င်းတို့သည် ပွဲခံနေစဉ် မကြာခဏ "မှားယွင်း၍ စိတ်နှလုံးထဲ၌ ဘုရားသခင်ကို စွန့်ပစ်ကြပြီ။" ဟု သူစိုးရွံ့ခဲ့သည်။ ဤကြောက်ရွံ့ခြင်းသည် ယောဘ၌ မည်ကဲ့သို့ ပေါ်လွင် ထင်ရှားခဲ့သနည်း။ မူရင်းစာသားက အောက်ပါ အဖြစ်အပျက်ကို ဖော်ပြပေးသည်- "ပွဲခံသောနေ့ရက် လွန်သောအခါ၊ ယောဘသည် သူတို့ကိုခေါ်၍ သန့်ရှင်းစေပြီးလျှင် နံနက်စောစောထ၍ သူတို့အရေအတွက်အတိုင်း မီးရှို့သောယဇ်ကို ပူဇော်လေ့ရှိ၏။" ယောဘ၏ လုပ်ဆောင်မှုက၊ သူ၏ အပြင်ပန်း အပြုအမူတွင်

ပေါ်လွှင်ခြင်းထက်၊ ဘုရားသခင်အပေါ် သူ၏ ကြောက်ရွံ့ခြင်းသည် သူ၏ စိတ်နှလုံးအတွင်းမှ လာခဲ့ခြင်းဖြစ်ပြီး၊ သူသည် မကောင်းမှုကို သူကိုယ်တိုင် ရှောင်ခဲ့သည်သာမက၊ သူ၏သားများကိုယ်စား မီးရှို့ရာယဇ်များကို မကြာခဏ ပူဇော်ခဲ့သည့်အတွက် သူ၏ နေ့စဉ်အသက်တာ၏ အခန်း ကဏ္ဍတိုင်းတွင် ဘုရားသခင်အပေါ် သူ၏ကြောက်ရွံ့ခြင်းကို အချိန်တိုင်း မြင်တွေ့ရနိုင်ခဲ့သည်ကို ငါတို့အား ပြသပေသည်။ တစ်နည်းအားဖြင့်၊ ယောဘသည် ဘုရားသခင်ကို ဆန့်ကျင် ပြစ်မှားမိပြီး သူ၏စိတ်နှလုံးထဲ၌ ဘုရားသခင်အား စွန့်လွှတ်မိမည်ကို အလွန်အမင်း စိုးရွံ့ခဲ့သည်သာမက သူ၏သားများက ဘုရားသခင်ကို ဆန့်ကျင်ပြစ်မှားမိပြီး ၎င်းတို့၏ စိတ်နှလုံးများထဲ၌ စွန့်ပယ်မိမည် ကိုလည်း စိုးရိမ်ခဲ့သည်။ ဤအရာမှ၊ ဘုရားသခင်အပေါ် ယောဘ ကြောက်ရွံ့ခြင်း၏ အမှန်တရားသည် စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို ခံနိုင်ပြီး၊ မည်သည့်လူတစ်ယောက်မျှသံသယဖြစ်စရာ မလိုသည်ကို မြင်နိုင်ပေသည်။ သူသည် ထိုသို့ ရံဖန်ရံခါ သို့မဟုတ် မကြာခဏ ပြုခဲ့သလော။ စာသား၏ နောက်ဆုံး စာကြောင်းက “ထိုသို့ ယောဘသည် အစဉ်ပြုမြဲရှိ၏။” ဟု ဆိုထားသည်။ ဤစာလုံးများ၏ အဓိပ္ပာယ်မှာ ယောဘသည် သူ၏သားများထံ ရံဖန်ရံခါ သို့မဟုတ် သူကြိုက်သည့် အချိန်၌ သွားကာ ဝင်မကြည့်ခဲ့သည်သာမက၊ ဘုရားသခင်ကို ဆုတောင်းခြင်းမှတစ်ဆင့် ဝန်ချခဲ့ခြင်းလည်းမရှိဟု ဆိုလိုသည်။ ယင်းအစား သူသည် သူ၏သားများကို သန့်စင်ခြင်းခံရစေဖို့ ပုံမှန် စေလွှတ်ခဲ့ပြီး၊ ၎င်းတို့အတွက် မီးရှို့ရာယဇ်များကို ပူဇော်ခဲ့သည်။ ဤနေရာတွင် “အစဉ်ပြုမြဲရှိ၏” ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ သူသည် တစ်ရက်၊ နှစ်ရက် သို့မဟုတ် အခိုက်အတန့် တစ်ခုကြာ ထိုသို့ လုပ်ဆောင်ခဲ့သည်ဟု မဆိုလိုပေ။ ယင်းမှာ ဘုရားသခင်အပေါ် ယောဘ ကြောက်ရွံ့ခြင်း၏ သရုပ်သကန်သည် ယာယီမဟုတ်သကဲ့သို့၊ အသိ သို့မဟုတ် နှုတ်ဖြင့်ပြောသော စကားလုံးများ၌ ရပ်သွားခြင်း မဟုတ်သည်ကို ပြောဆိုနေခြင်းဖြစ်သည်။ ယင်းအစား ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးသည် သူ၏စိတ်နှလုံးကို လမ်းပြခဲ့ပြီး၊ သူ၏ အပြုအမူကို ချမှတ်ပေးခဲ့ပြီး ယင်းမှာ သူ၏စိတ်နှလုံးထဲက သူ၏ဖြစ်တည်ခြင်း၏ အရင်းအမြစ် ဖြစ်ခဲ့သည်။ သူသည် ထိုသို့ အစဉ်ပြုမြဲရှိ၏ ဆိုသည်မှာ သူ၏ စိတ်နှလုံးထဲ၌ သူသည် သူကိုယ်တိုင် ဘုရားသခင်အား ဆန့်ကျင် ပြစ်မှားမိမည်ကို မကြာခဏ ကြောက်ရွံ့ခဲ့ပြီး၊ သူ၏ သားများနှင့် သမီးများက ဘုရားသခင်အား ဆန့်ကျင်ပြစ်မှားမိမည်ကိုလည်း စိုးရွံ့ခဲ့သည်ကို ပြသပေသည်။ ယင်းသည် သူ၏ စိတ်နှလုံးအတွင်း၌ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးသည် မည်မျှ လွှမ်းမိုးမှုရှိသည်ကို ကိုယ်စားပြုပေသည်။ သူ၏ စိတ်နှလုံးထဲ၌ သူသည် မကောင်းမှု ကျူးလွန်မိခဲ့ပြီး

ဘုရားသခင်အား ဆန့်ကျင်ပြစ်မှားမိမည်၊ ပြီးလျှင် ဘုရားသခင်၏ လမ်းခရီးမှ သွေဖည်သွားပြီး၊ ထိုသို့ဖြင့် ဘုရားသခင်အား မကျေနပ်စေနိုင်ခဲ့မည်ကို စိုးရိမ်ပူပန်ပြီး စိုးရွံ့ခဲ့သောကြောင့်၊ သူသည် ထိုသို့ ထပ်တလဲလဲ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ တစ်ချိန်တည်းတွင်၊ သူသည် သူ၏သားများနှင့် သမီးများနှင့်ပတ်သက်၍လည်း ၎င်းတို့က ဘုရားသခင်အား ပုန်ကန်ပြစ်မှားမိမည်ကို ကြောက်ရွံ့လျက် စိုးရိမ်ပူပန်မိခဲ့သည်။ ယင်းမှာ သူ၏ နေ့စဉ် အသက်တာထဲက ယောဘ၏ ပုံမှန်အပြုအမူ ဖြစ်သည်။ ဘုရားသခင်အပေါ် ယောဘ၏ ကြောက်ရွံ့ခြင်းနှင့် မကောင်းမှု ရှောင်ခြင်းသည် အနှစ်မဲ့သော စကားလုံးများ မဟုတ်၊ ယောဘသည် ထိုသို့သော လက်တွေ့အရှိတရားတစ်ခုကို အမှန်တကယ် အသက်ရှင်ခဲ့သည်ကို သက်သေပြသည်မှာ ဤပုံမှန်အပြုအမူ အတိအကျ ဖြစ်ပေသည်။ "ထိုသို့ ယောဘသည် အစဉ်ပြုမြဲရှိ၏"- ဤနှုတ်ကပတ်တော်များက ဘုရားသခင်ရှေ့၌ ယောဘ၏ နေ့စဉ်လုပ်ဆောင်မှုများနှင့်သက်ဆိုင်၍ ငါတို့ကို ပြောပြပေသည်။ သူသည် ထိုသို့ ထပ်တလဲလဲ ပြုခဲ့ချိန်တွင်၊ သူ၏အပြုအမူနှင့် သူ၏စိတ်နှလုံးသည် ဘုရားသခင် ရှေ့သို့ ရောက်ရှိခဲ့ပါသလော။ တစ်နည်းအားဖြင့်၊ ဘုရားသခင်သည် သူ၏စိတ်နှလုံးနှင့် သူ၏အပြုအမူတို့ကို မကြာခဏ ကျေနပ်အားရ ခဲ့သလော။ သို့ဆိုလျှင် မည်သည့် အနေအထားနှင့် အခြေအနေထဲတွင် ယောဘသည် ထိုသို့ ထပ်တလဲလဲ ပြုခဲ့သနည်း။ လူအချို့က ယင်းမှာ ဘုရားသခင်သည် ယောဘထံ မကြာခဏ ထင်ရှားပြခဲ့ခြင်းကြောင့် သူသည် ထိုသို့ ပြုခဲ့သည်ဟု ဆိုကြသည်၊ အချို့က သူသည် မကောင်းမှုကို ရှောင်ကြဉ်ဖို့ အလိုဆန္ဒရှိခဲ့သောကြောင့် ထိုသို့ သူ ထပ်တလဲလဲ လုပ်ခဲ့သည်ဟု ဆိုကြပြီး အချို့က သူ၏ချမ်းသာကြွယ်ဝခြင်းသည် အလွယ်တကူ ရောက်လာခဲ့ခြင်း မဟုတ်သကဲ့သို့၊ ယင်းမှာ ဘုရားသခင် အပ်နှင်းထားခဲ့ခြင်း ဖြစ်သည်ကို သူ သိခဲ့သောကြောင့် သူသည် ဘုရားသခင်ကို ဆန့်ကျင်ပြစ်မှားခြင်း သို့မဟုတ် ပုန်ကန်ပြစ်မှားခြင်း၏ အကျိုးဆက်အဖြစ် သူ၏ ပိုင်ဆိုင်မှုဥစ္စာကို ဆုံးရှုံးရမည်ကို လွန်စွာ စိုးရွံ့ခဲ့ခြင်း ဖြစ်ကောင်းဖြစ်မည်ဟု ဆိုကြလေသည်။ ဤပြောဆိုချက်ထဲမှ တစ်ခုတစ်လေသည် မှန်ကန်ပါသလော။ သိသိသာသာ မမှန်ပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အမြင်တွင် ယောဘနှင့်ပတ်သက်၍ ဘုရားသခင်လက်ခံပြီး ချစ်ခင်အမြတ်နိုးဆုံးမှာ သူသည် ထိုသို့ ထပ်တလဲလဲ လုပ်ခဲ့ခြင်းသာ မဟုတ်ပေ၊ ထိုထက်ပို၍၊ ယင်းမှာ သူသည် စာတန်၏လက်သို့ လွှဲအပ်ခံခဲ့ရပြီး စုံစမ်းနှောင့်ယှက်ခံရချိန်တွင် ဘုရားသခင်၊ လူနှင့် စာတန်ရှေ့၌ သူ၏အပြုအမူဖြစ်သည်။ အောက်ဖော်ပြပါ အခန်းများသည် ယောဘအား ဘုရားသခင် အကဲဖြတ်ခြင်း၏ အမှန်တရားကို ပြသသည့် အထောက်အထားဖြစ်သည့်၊ ယုံကြည်လောက်ဖွယ် အဖြစ်ဆုံးသော

အထောက်အထားကို ပေးလေသည်။ ဆက်လက်၍ အောက်ပါ ကျမ်းပိုဒ်များကို ဖတ်ကြပါစို့။

၂။ စာတန်က ယောဘကို ပထမဆုံးအကြိမ် စုံစမ်းသည် (သူ၏ ခြံမွေးတိရစ္ဆာန်များ အခိုးယူခံရပြီး သူ၏ သားသမီးများအပေါ် ဘေးဒုက္ခဆိုက်သည်)

က။ ဘုရားသခင်ပြောသော နှုတ်ကပတ်တော်များ

ယောဘ ၁:၈ ယေဟောဝါက စာတန်အား၊ ငါ၏ အစေခံ ယောဘကို သင် ဆင်ခြင်မိပြီလော၊ မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်ဟု ဆိုလေသည်။

ယောဘ ၁:၁၂ ယေဟောဝါက စာတန်ကို၊ ကြည့်လော့၊ သူ၌ ရှိသမျှတို့သည် သင်၏အာဏာစက်ထဲ၌ ရှိ၏။ သူ့ကိုယ်ပေါ်သာ သင့်လက်မရောက်စေနှင့်၊ ဟု မိန့်တော်မူ၏။ သို့နှင့် စာတန်သည် ယေဟောဝါ၏ထံတော်မှောက်မှ ထွက်သွားလေသည်။

ခ။ စာတန်၏ ပြန်လည်ဖြေကြားချက်

ယောဘ ၁:၉-၁၁ စာတန်က၊ ယောဘသည် ဘုရားသခင်ကို အချည်းနှီး ကြောက်ရွံ့သလော။ ကိုယ်တော်သည် သူနှင့် သူ၏အိမ်၊ ပိုင်ဆိုင်သမျှတို့ကို အဘက်ဘက်မှ အကာအကွယ်ပြုထားသည် မဟုတ်လော။ သူ့လက်ဖြင့်လုပ်သော အမှုကို ကိုယ်တော်သည် ကောင်းကြီးပေးပြီး မြေတွင် သူ၏ပိုင်ဆိုင်မှု တိုးပွားပေပြီ။ သို့သော်၊ ယခု ကိုယ်တော်၏လက်ကို ဆန့်ကာ သူပိုင်ဆိုင်သမျှတို့ကို ထိပါလော့၊ သူသည် ကိုယ်တော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကျိန်ဆဲလိမ့်မည်ဟု ယေဟောဝါကို ဖြေကြားလေသည်။

**ယောဘ၏ ယုံကြည်ခြင်းကို စုံလင်စေဖို့အလို့ငှာ ယောဘကို စုံစမ်းနှောင့်ယှက်ရန် စာတန်ကို ဘုရားသခင် အခွင့်ပေးသည်**

ယောဘ ၁:၈ သည် သမ္မာကျမ်းစာထဲတွင် ငါတို့ မြင်ရသည့် ယေဟောဝါဘုရားသခင်နှင့် စာတန်တို့ကြား အပြန်အလှန် စကားပြောဆိုခြင်း၏ ပထမဆုံးမှတ်တမ်းဖြစ်သည်။ သို့ဆိုလျှင် ဘုရားသခင်သည် မည်သည့်အရာကို ပြောခဲ့သနည်း။ မူရင်းစာသားသည် အောက်ပါဖြစ်စဉ်ကို ဖော်ပြပေးထားသည်- “ယေဟောဝါက စာတန်အား၊ ငါ၏ အစေခံ ယောဘကို သင် ဆင်ခြင်မိပြီလော၊ မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်ဟု ဆိုလေသည်။” ဤသည်မှာ စာတန်ရှေ့တွင် ယောဘနှင့်သက်ဆိုင်သည့်

ဘုရားသခင်၏ အကဲဖြတ်ခြင်း ဖြစ်ခဲ့သည်။ ဘုရားသခင်က သူသည် စုံလင်၍ ဖြောင့်မတ်သော လူတစ်ဦးဖြစ်သည်၊ ဘုရားသခင်ကို ကြောက်ရွံ၍ မကောင်းမှုကို ရှောင်သူတစ်ဦးဖြစ်သည်ဟု ဆိုခဲ့သည်။ ဘုရားသခင်နှင့် စာတန်အကြား ဤစကားများမတိုင်မီတွင်၊ ဘုရားသခင်က သူသည် ယောဘကို စုံစမ်းဖို့ စာတန်ကို အသုံးပြုမည်- ယောဘကို စာတန်လက်သို့ အပ်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။ အချက်တစ်ချက်နှင့် စပ်လျဉ်း၍၊ ဤအရာက ယောဘနှင့် သက်ဆိုင်သည့် ဘုရားသခင်၏ လေ့လာစောင့်ကြည့်ခြင်းနှင့် သုံးသပ်ခြင်းတို့သည် တိကျမှန်ကန်ခဲ့ပြီး အမှားအယွင်း မရှိခဲ့သကဲ့သို့၊ ယောဘ၏ သက်သေခံချက်မှတစ်ဆင့် စာတန်ကို အရှက်ရစေမည် ဖြစ်သည်ကို သက်သေပြပေမည်။ အခြားအချက်အနေဖြင့်၊ ယင်းသည် ဘုရားသခင်အား ယောဘ၏ ယုံကြည်ခြင်းနှင့် ကြောက်ရွံ့ခြင်းကို စုံလင်စေမည် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ရှေ့သို့ စာတန်လာသည့်အခါတွင်၊ ဘုရားသခင်သည် မရေမရာ မပြောခဲ့ပေ။ သူသည် လိုရင်းတိုရှင်း ဖြတ်၍ စာတန်အား၊ "ငါ၏ အစေခံ ယောဘကို သင် ဆင်ခြင်မိပြီလော၊ မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်။" ဟု မေးခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင်၏ မေးခွန်းထဲတွင် အောက်ဖော်ပြပါ အဓိပ္ပာယ်ရှိလေသည်- စာတန်သည် အရပ်တကာသို့ လှည့်လည် သွားလာခဲ့ပြီး ဘုရားသခင်၏ အစေခံဖြစ်သော ယောဘအပေါ် မကြာခဏ လျှို့ဝှက်စွာ စောင့်ကြည့်ခဲ့ပြီးဖြစ်သည်ကို ဘုရားသခင် သိသည်။ ၎င်းသည် ဘုရားသခင်၌ ယောဘ၏ ယုံကြည်ခြင်းနှင့် ဘုရားသခင်အား ကြောက်ရွံ့ခြင်းသည် မခိုင်မြဲနိုင်သည်ကို သက်သေပြရန်အလို့ငှာ ယောဘအပေါ် ပျက်စီးခြင်း ကျရောက်စေမည့် နည်းလမ်းတစ်ခုကို ရှာတွေ့ရန် ကြိုးစားရင်း၊ သူ့ကို မကြာခဏ စုံစမ်းနှောင့်ယှက်ကာ တိုက်ခိုက်ခဲ့လေသည်။ ယောဘသည် ဘုရားသခင်ကို စွန့်ပစ်ပြီး ဘုရားသခင်၏လက်ထဲမှ သူ့ကို ဖမ်းဆီးနိုင်ရန်အလို့ငှာ စာတန်သည် ယောဘကို ယူကျုံးမရဖြစ်စေဖို့ အခွင့်အရေးများကိုလည်း လိုလိုလားလား ရှာခဲ့သည်။ သို့သော် ဘုရားသခင်သည် ယောဘ၏ စိတ်နှလုံးအတွင်းသို့ကြည့်ခဲ့ပြီး၊ သူသည် စုံလင်ကာ ဖြောင့်မတ်သည်၊ ပြီးလျှင် သူသည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သည်ကို မြင်ခဲ့သည်။ ယောဘသည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သည့် စုံလင်ပြီး ဖြောင့်မတ်သော လူတစ်ဦးဖြစ်ကြောင်း၊ ယောဘသည် ဘုရားသခင်ကို စွန့်ပစ်ကာ စာတန်နောက် မည်သည့်အခါမျှ လိုက်မည် မဟုတ်ကြောင်းကို စာတန်အား ပြောပြရန် ဘုရားသခင်သည် မေးခွန်းတစ်ခုကို အသုံးပြုခဲ့သည်။ ယောဘနှင့် သက်ဆိုင်သည့် ဘုရားသခင်၏ သုံးသပ်ချက်ကို ကြားရခြင်းဖြင့်၊ စာတန်က တစ်စုံတစ်ဦးသည်

စုံလင်၍ ဖြောင့်မတ်နိုင်ကြောင်း၊ သို့မဟုတ် ၎င်းတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်နိုင်ကြောင်းကို မည်သည့်အခါမျှ မယုံကြည်ခဲ့သည့်အတွက်၊ စာတန်၏အထဲတွင် အရှက်ကွဲခြင်းမှ ဖြစ်ပေါ်သည့် ဒေါသူပုန်ထခြင်းတစ်ခု ဖြစ်လာပြီး စာတန်သည် သာ၍ စိတ်ဆိုးလာကာ ယောဘကို ဆတ်ခနဲအလစ်သုတ်ရန် သာ၍ ဆန္ဒစောလာခဲ့သည်။ တစ်ချိန်တည်းတွင် စာတန်သည် လူအထဲရှိ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းကိုလည်း စက်ဆုပ်ပြီး၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်နိုင်သော လူများကို မုန်းတီးခဲ့သည်။ ထို့ကြောင့် ယောဘ ၁:၉-၁၁ ထဲ၌ "စာတန်က၊ ယောဘသည် ဘုရားသခင်ကို အချည်းနှီး ကြောက်ရွံ့သလော။ ကိုယ်တော်သည် သူနှင့် သူ၏အိမ်၊ ပိုင်ဆိုင်သမျှတို့ကို အဘက်ဘက်မှ အကာအကွယ်ပြုထားသည် မဟုတ်လော။ သူ့လက်ဖြင့်လုပ်သော အမှုကို ကိုယ်တော်သည် ကောင်းကြီးပေးပြီး မြေတွင် သူ၏ပိုင်ဆိုင်မှု တိုးပွားပေပြီ။ သို့သော်၊ ယခု ကိုယ်တော်၏လက်ကို ဆန့်ကာ သူပိုင်ဆိုင်သမျှတို့ကို ထိပါလော့၊ သူသည် ကိုယ်တော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကျိန်ဆဲလိမ့်မည်ဟု ယေဟောဝါကို ဖြေကြားလေသည်။" ဟု ရေးသားထားပေသည်။ ဘုရားသခင်သည် စာတန်၏ မလိုမုန်းထားသော သဘာဝကို အတွင်းကျကျ သိကျွမ်းပြီး စာတန်သည် ယောဘအပေါ်သို့ ပျက်စီးခြင်း ကျရောက်စေရန် အချိန်ကြာမြင့်စွာက ကြံစည်ခဲ့ပြီးဖြစ်သည်ကို အပြည့်အဝ ကောင်းစွာ သိခဲ့သည်၊ ထို့ကြောင့် ဤအရာ၌ ယောဘသည် စုံလင်ကာ ဖြောင့်မတ်ပြီး၊ သူသည် ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှုကို ရှောင်ကြဉ်သည်ကို စာတန်အာ နောက်တဖန် ပြောပြခြင်းမှတစ်ဆင့် ဘုရားသခင်သည် စာတန်ကို လိုက်နာစေရန်၊ စာတန်အား သူ၏ စရိုက်မှန်ကို ထုတ်ဖော်ပြစေရန်နှင့် ယောဘကို တိုက်ခိုက်ကာ စုံစမ်းနှောင့်ယှက်စေရန် ဘုရားသခင် ဆန္ဒရှိခဲ့သည်။ တစ်နည်းအားဖြင့်၊ ယောဘသည် စုံလင်ပြီး ဖြောင့်မတ်ကြောင်းနှင့် သူသည် ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှုကို ရှောင်ကြဉ်ကြောင်းကို ဘုရားသခင်သည် တမင်တကာ အသားပေးခဲ့ပြီး ဤနည်းအားဖြင့် ဘုရားသခင်သည် စာတန်အား ယောဘသည် စုံလင်ပြီး ဖြောင့်မတ်သော လူတစ်ဦးဖြစ်ပုံ၊ ဘုရားသခင်အား ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်သူဖြစ်ပုံအပေါ် ၎င်း၏ မုန်းတီးခြင်းနှင့် အမျက်ဒေါသကြောင့် ယောဘကို တိုက်ခိုက်စေခဲ့သည်။ အကျိုးဆက်အနေဖြင့်၊ ယောဘသည် စုံလင်၍ ဖြောင့်မတ်သောသူ တစ်ဦးဖြစ်သည်၊ ဘုရားသခင်ကို ကြောက်ရွံ့၍ မကောင်းမှုကို ရှောင်သောသူဖြစ်သည်ဆိုသည့် အချက်မှတစ်ဆင့် ဘုရားသခင်သည် စာတန်အပေါ် အရှက်ရစေမည်ဖြစ်ပြီး စာတန်သည် လုံးလုံးလျားလျား အရှက်တကွဲဖြစ်ကာ ရှုံးနိမ့်သွားမည်ဖြစ်သည်။ ယင်းနောက်တွင်၊ စာတန်သည် ယောဘ၏ စုံလင်ခြင်း၊

ဖြောင့်မတ်ခြင်း၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် မကောင်းမှု ရှောင်ကြဉ်ခြင်းနှင့်ပတ်သက်၍ သံသယရှိတော့မည်မဟုတ် သို့မဟုတ် စွပ်စွဲချက်များ ပြုတော့မည် မဟုတ်ပေ။ ဤနည်းဖြင့်၊ ဘုရားသခင်၏ စမ်းသပ်မှုနှင့် စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းသည် ရှောင်လွှဲ၍ မရလုနီးပါး ဖြစ်ခဲ့သည်။ ဘုရားသခင်၏ စမ်းသပ်မှုနှင့် စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းကို ကြံ့ကြံ့ခံနိုင်ခဲ့သည့် တစ်ဦးတည်းသောသူမှာ ယောဘ ဖြစ်သည်။ ဤအပြန်အလှန် စကားပြောဆိုခြင်းနောက်တွင် စာတန်သည် ယောဘကို စုံစမ်းနှောင့်ယှက်ရန် အခွင့်ရရှိခဲ့သည်။ ထိုသို့ဖြင့် စာတန်၏ ပထမအချီ တိုက်ခိုက်မှုများ စတင်ခဲ့သည်။ ဤတိုက်ခိုက်မှုများ၏ ပစ်မှတ်မှာ ယောဘ၏ ဥစ္စာပစ္စည်း ဖြစ်ခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် စာတန်က ယောဘအား အောက်ပါစွပ်စွဲချက်ကို တင်ခဲ့သည့်အတွက် ဖြစ်သည်- "ယောဘသည် ဘုရားသခင်ကို အချည်းနှီး ကြောက်ရွံ့သလော။...သူ့လက်ဖြင့်လုပ်သော အမှုကို ကိုယ်တော်သည် ကောင်းကြီးပေးပြီး မြေတွင် သူ၏ပိုင်ဆိုင်မှု တိုးပွားပေပြီ။" အကျိုးဆက်တစ်ခုအနေဖြင့်၊ ဘုရားသခင်သည် ယောဘ၌ ရှိသမျှကို နုတ်ယူရန် စာတန်ကို အခွင့်ပေးခဲ့သည်- ဤသည်မှာ စာတန်အား ဘုရားသခင် စကားပြောခဲ့သည့်အကြောင်းရင်း၏ တကယ့် ရည်ရွယ်ချက် ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်သည် စာတန်ကို တောင်းဆိုချက်တစ်ခု ပြုခဲ့သည်- "သူ၌ ရှိသမျှတို့သည် သင်၏အာဏာစက်ထဲ၌ ရှိ၏။ သူ့ကိုယ်ပေါ်သာ သင့်လက်မရောက်စေနှင့်။" (ယောဘ ၁:၁၂) ဟူ၍ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်သည် ယောဘကို စုံစမ်းနှောင့်ယှက်ရန် စာတန်အား ခွင့်ပြုခဲ့ပြီး ယောဘကို စာတန်၏ လက်ထဲသို့ ထားရှိပြီးသည့်နောက်တွင် ဘုရားသခင် ပြုသော သတ်မှတ်ချက် တစ်ခုဖြစ်ပြီး ဤသည်မှာ စာတန်အတွက် သူချမှတ်ထားသော ကန့်သတ်ချက် ဖြစ်သည်။ ယောဘကို အန္တရာယ်မပြုရန် စာတန်ကို သူအမိန့်ပေးခဲ့သည်။ ယောဘသည် စုံလင်ပြီး ဖြောင့်မတ်သည်ကို ဘုရားသခင် အသိအမှတ်ပြုခဲ့သောကြောင့်၊ ပြီးလျှင် သူ၏ရှေ့၌ ယောဘ၏ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းမှာ သံသယ ဖြစ်ဖွယ်မရှိသကဲ့သို့ စစ်ဆေးမှု ခံစေခြင်းကို ကြံ့ကြံ့ခံနိုင်မည် ဖြစ်သည်ကို ယောဘ၌ ယုံကြည်ခြင်း ရှိခဲ့သောကြောင့်၊ ဘုရားသခင်သည် ယောဘကို စုံစမ်းနှောင့်ယှက်ရန် စာတန်ကို ခွင့်ပြုခဲ့ခြင်း ဖြစ်သော်လည်း၊ စာတန်အပေါ် ကန့်သတ်ချက် တစ်ခုကို ချမှတ်ခဲ့သည်- စာတန်သည် ယောဘ၏ ဥစ္စာပစ္စည်း အားလုံးကို နုတ်ယူရန် အခွင့်ရခဲ့သော်လည်း၊ သူ့အပေါ် ကိုယ်ထိလက်ရောက် မလုပ်နိုင်ခဲ့ပေ။ ဤသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းမှာ ထိုအခိုက်အတန့်တွင် ဘုရားသခင်သည် ယောဘကို စာတန်ထံ လုံးလုံးလျားလျား မပေးအပ်ခဲ့သည်ကို ဆိုလိုပေသည်။ လူ၏ အရာရာတိုင်းကို

ဘုရားသခင် ထိန်းချုပ်ထားပြီး လူ ရှင်သည်ဖြစ်စေ သေသည်ဖြစ်စေ ဘုရားသခင်က ဆုံးဖြတ်သောကြောင့်၊ စာတန်သည် ယောဘကို ၎င်းအလိုရှိသည့် မည်သည့် နည်းလမ်းဖြင့်မဆို စုံစမ်းနှောင့်ယှက်နိုင်မည်ဖြစ်သော်လည်း၊ ယောဘကိုယ်တိုင်အား- သူ၏ ဦးခေါင်းပေါ်က ဆံခြည် တစ်မျှင်ကိုပင်- ထိခိုက်နာကျင်စေနိုင်မည် မဟုတ်ပေ။ စာတန်သည် ဤလုပ်ပိုင်ခွင့် မရှိပေ။ ဤစကားများကို စာတန်အား ဘုရားသခင် ဆိုခဲ့ပြီးနောက်တွင် စာတန်သည် အစပြုရန် အလွန် စိတ်အားထက်သန်ခဲ့သည်။ ၎င်းသည် ယောဘကို စုံစမ်းနှောင့်ယှက်ဖို့ နည်းလမ်းတိုင်းကို အသုံးပြုခဲ့ပြီး၊ များမကြာမီတွင် ယောဘသည် သူ့ကို ဘုရားသခင် ပေးထားခဲ့သည့် တောင်တစ်တောင်စာရှိသော သိုး နွားများနှင့် ဥစ္စာပစ္စည်း အားလုံးကို ဆုံးရှုံးခဲ့ပြီးဖြစ်လေသည်...ထိုသို့ဖြင့် ဘုရားသခင်၏ စမ်းသပ်မှုများသည် သူ့အပေါ် ရောက်လာခဲ့သည်။

သမ္မာကျမ်းစာက ငါတို့အား ယောဘ၏ စုံစမ်းနှောင့်ယှက်ခံရခြင်း၏ ဇာစ်မြစ်များကို ပြောပြသော်လည်း၊ ဤစုံစမ်းနှောင့်ယှက်ခြင်းများကို ခံရသည့် ယောဘကိုယ်တိုင်သည် မည်သည့်အရာများ ဖြစ်နေသည်ကို သိခဲ့သလော။ ယောဘသည် သေမျိုးဖြစ်သော လူသားတစ်ဦးသာ ဖြစ်သည်။ ဟုတ်ပေ၏၊ သူ၏အနီးတစ်ဝိုက်တွင် ထုတ်ဖော်ပြလျက်ရှိသည့် အဖြစ်အပျက်နှင့် သက်ဆိုင်၍ မည်သည့်အရာကိုမျှ သူမသိခဲ့ပေ။ သို့သော်ငြားလည်း သူ့အပေါ် ဘုရားသခင်၏ စမ်းသပ်မှုများ ရောက်လာခဲ့ပြီ ဖြစ်သည်ကို ဘုရားသခင်အပေါ် သူ၏ ကြောက်ရွံ့ခြင်း၊ သူ၏ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့က သူ့အား နားလည်စေခဲ့သည်။ ဝိညာဉ်ရေးရာ လောက၌ မည်သည့်အရာ ဖြစ်ပျက်ခဲ့သည်ကို သူ မသိခဲ့သကဲ့သို့၊ ဤစမ်းသပ်မှုများ၏ နောက်ကွယ်တွင် ဘုရားသခင်၏ မည်သည့်ရည်ရွယ်ချက်များမှာ ရှိခဲ့သည်ဆိုသည်ကိုလည်း မသိခဲ့ပေ။ သို့သော် သူ့ထံ မည်သည့်အရာ ဖြစ်ပျက်ခဲ့သည်ကို ပဓာနမထားဘဲ၊ သူ၏စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းအတိုင်း သူ ထိန်းသိမ်းသင့်ပြီး ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်းလမ်းခရီးအား လိုက်နာသင့်သည်ကို သူ သိခဲ့သည်။ ဤကိစ္စရပ်များအဖို့ ယောဘ၏ သဘောထားနှင့် တုန့်ပြန်ချက်များကို ဘုရားသခင် ရှင်းလင်းစွာ ရှုမြင်ခဲ့သည်။ ဘုရားသခင်သည် မည်သည့်အရာကို မြင်ခဲ့သနည်း။ ဘုရားသခင်ကို ကြောက်ရွံ့သည့် ယောဘ၏ စိတ်နှလုံးကို သူမြင်ခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် အစအဦးမှသည် ယောဘ စစ်ဆေးခံရသည့် အချိန်အထိ ယောဘ၏ စိတ်နှလုံးသည် ဘုရားသခင်အား ဖွင့်ဟမြဲဖွင့်ဟထားခဲ့သောကြောင့်၊ ယင်းသည် ဘုရားသခင် ရှေ့၌ ချထားခဲ့ပြီး၊ ယောဘသည် သူ၏ စုံလင်ခြင်း သို့မဟုတ် ဖြောင့်မတ်ခြင်းကို မစွန့်လွှတ်ခဲ့သကဲ့သို့ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို

ရှောင်သည့် လမ်းကို မပစ်ပယ်ခဲ့သောကြောင့် သို့မဟုတ် ထိုလမ်းမှ လှည့်မသွားခဲ့သောကြောင့်ဖြစ်သည်- ဤအရာထက် ဘုရားသခင်ကို သာ၍ စိတ်ကျေနပ်စေသောအရာ မရှိခဲ့ပေ။ ဆက်လက်၍ မည်သည့် စုံစမ်းနှောင့်ယှက်မှုများအား ယောဘ ကြုံခဲ့ရသည်ဆိုသည်နှင့် ဤစမ်းသပ်မှုများကို သူ မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့သည်ဆိုသည်ကို ကျွန်ုပ်တို့ ကြည့်ကြမည် ဖြစ်သည်။ ကျမ်းပိုဒ်များမှ ဖတ်ကြပါစို့။

ဂ။ ယောဘ၏ တုံ့ပြန်မှု

ယောဘ ၁:၂၀-၂၁ ထိုအခါ ယောဘသည် ထ၍၊ မိမိဝတ်လုံကိုဆုတ်ပြီး ဦးခေါင်းကိုရိတ်၍ မြေပြင်ပေါ်တွင် ပျပ်ဝပ်လျက် ကိုးကွယ်ပြီး၊ ငါသည် အမိဝမ်းထဲက အဝတ်အချည်းစည်း ထွက်လာရ၏၊ အဝတ်အချည်းစည်းဖြင့်ပင် ငါပြန်သွားရမည်။ ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေဟု ဆိုလေ၏။

**သူပိုင်ဆိုင်သမျှကို ပြန်ပေးဖို့ ယောဘ တာဝန်ယူဆုံးဖြတ်သည်မှာ ဘုရားသခင်အပေါ် သူ၏ ကြောက်ရွံ့ခြင်းမှ အရင်းခံသည်**

ဘုရားသခင်က စာတန်အား "သူ၌ ရှိသမျှတို့သည် သင်၏ အာဏာစက်ထဲ၌ ရှိ၏။ သူ့ကိုယ်ပေါ်သာ သင့် လက်မရောက်စေနှင့်။" ဟု ဆိုပြီးနောက်တွင် စာတန်သည် ထွက်သွားပြီး များမကြာမီတွင် ယောဘသည် ရုတ်တရက်နှင့် ပြင်းထန်သော တိုက်ခိုက်မှုများအောက် ရောက်လာခဲ့သည်။ ပထမဦးစွာ၊ သူ၏နွားများနှင့် မြည်းများ လုယက်ခြင်းကို ခံခဲ့ရပြီး သူ၏ အစေခံအချို့ အသတ်ခံခဲ့ရသည်။ ဆက်လက်၍၊ သူ၏သိုးများနှင့် နောက်ထပ်အစေခံအချို့သည် မီးဖြင့် လောင်ခြင်းခံခဲ့ရသည်။ ထို့နောက်တွင်၊ သူ၏ ကုလားအုတ်များ ယူဆောင်သွားခြင်း ခံခဲ့ရပြီး၊ သာ၍ပင်များသော သူ၏ အစေခံများ အသတ်ဖြတ်ခံခဲ့ရသည်။ နောက်ဆုံးတွင် သူ၏ သားများနှင့် သမီးများ၏ အသက်များ နုတ်ယူခြင်း ခံခဲ့ရသည်။ တသီတတန်းဖြစ်သော ဤတိုက်ခိုက်မှုများမှာ ပထမ စုံစမ်းနှောင့်ယှက်မှု အတောအတွင်း ယောဘ ခံစားခဲ့ရသော ညှဉ်းဆဲခြင်း ဖြစ်သည်။ ဘုရားသခင် အမိန့်ပေးခဲ့သည်နှင့်အညီ ဤတိုက်ခိုက်မှုများအတောအတွင်းတွင်၊ စာတန်သည် ယောဘ၏ ဥစ္စာပစ္စည်းနှင့် သူ၏ သားသမီးများကိုသာ ပစ်မှတ်ထားခဲ့ပြီး ယောဘ ကိုယ်တိုင်ကို အန္တရာယ်ပေးခဲ့ခြင်း မရှိပေ။ သို့သော်လည်း ယောဘသည် ကြီးစွာသော ကြွယ်ဝချမ်းသာခြင်းကို ပိုင်ဆိုင်ခဲ့သော သူဌေးတစ်ဦးအဖြစ်မှ မည်သည့်အရာမျှ မရှိသော

သူတစ်ဦးအဖြစ် ချက်ချင်း ပြောင်းလဲသွားခဲ့ရသည်။ မျှော်လင့်မထားသော အလွန်အံ့အားသင့်ဖွယ် ဤထိုးနှက်မှုကို မည်သူမျှ ကြံ့ကြံ့ခံနိုင်မည် မဟုတ်၊ သို့မဟုတ် ယင်းကို မှန်မှန်ကန်ကန် တုံ့ပြန်နိုင်ခဲ့မည် မဟုတ်ပေ၊ သို့သော်လည်း ယောဘသည် သူ၏ အံ့မခန်းသော သဘောထားကို ထင်ရှားစေခဲ့သည်။ သမ္မာကျမ်းက အောက်ပါ အဖြစ်အပျက်ကို ဖော်ပြပေး၏- "ထိုအခါ ယောဘသည် ထ၍၊ မိမိဝတ်လုံကိုဆုတ်ပြီး ဦးခေါင်းကိုရိတ်၍ မြေပြင်ပေါ်တွင် ပျပ်ဝပ်လျက် ကိုးကွယ်ပြီး။" ဤသည်မှာ ယောဘသည် သူ၏သားသမီးများနှင့် သူ၏ဥစ္စာပစ္စည်း အားလုံးကို ဆုံးရှုံးခဲ့ပြီ ဖြစ်သည်ကို ကြားသိပြီးနောက် သူ၏ပထမဦးဆုံး တုံ့ပြန်မှု ဖြစ်ခဲ့သည်။ အရာအားလုံးအထက်တွင်၊ သူသည် ဒေါသ သို့မဟုတ် အမုန်းကို ဖော်ပြဖို့ မဆိုထားနှင့်၊ အံ့အားသင့်သည့်ပုံ သို့မဟုတ် အထိတ်တလန့် ဖြစ်သည့်ပုံပင် မပေါ်ခဲ့ပေ။ သူ၏စိတ်နှလုံးထဲတွင် ဤဘေးဒုက္ခများသည် ဝဋ်လည်ခြင်း သို့မဟုတ် ပြစ်ဒဏ်ခတ်ခြင်း ကျရောက်ခြင်း ဖြစ်ခဲ့ဖို့ မဆိုထားနှင့်၊ မတော်တဆဖြစ်မှုတစ်ခု မဟုတ်၊ သို့မဟုတ် လူ၏လက်မှ ဖြစ်ပွားခြင်း မဟုတ်ခဲ့သည်ကို သူက လက်ခံထားနှင့်ပြီး ဖြစ်သည်။ ယင်းအစား၊ ယေဟောဝါ၏ စမ်းသပ်မှုများသည် သူ့အပေါ် ရောက်လာခဲ့ပြီးဖြစ်သည်။ သူ၏ ဥစ္စာပစ္စည်းနှင့် သားသမီးများကို နုတ်ယူရန် အလိုရှိခဲ့သူမှာ ယေဟောဝါ ဖြစ်သည်။ ယောဘသည် ထိုအခါက အလွန်တည်ငြိမ်ပြီး ယုတ္တိရှိရှိ တွေးခေါ်ခဲ့သည်။ သူ၏ စုံလင်ပြီး ဖြောင့်မတ်သော လူ့သဘာဝသည် သူ့အပေါ် ကျရောက်ခဲ့ပြီးသော ဘေးဒုက္ခများနှင့်ပတ်သက်၍ မှန်ကန်သော အကဲဖြတ်မှုများနှင့် ဆုံးဖြတ်ချက်များကို အကျိုးသင့်အကြောင်းသင့်နှင့် သဘာဝကျကျ ချမှတ်နိုင်စေခဲ့ပြီး၊ အကျိုးဆက်အနေဖြင့် "ထိုအခါ ယောဘသည် ထ၍၊ မိမိဝတ်လုံကိုဆုတ်ပြီး ဦးခေါင်းကိုရိတ်၍ မြေပြင်ပေါ်တွင် ပျပ်ဝပ်လျက် ကိုးကွယ်ပြီး" ဟူ၍ သူသည် တစ်မူထူးခြားသော တည်ငြိမ်မှုဖြင့် ပြုမူခဲ့သည်။ "မိမိဝတ်လုံကိုဆုတ်ပြီး" ဆိုသည်မှာ သူသည် အဝတ်မဝတ်ထားသကဲ့သို့ မည်သည့်အရာကိုမျှ မပိုင်ဆိုင်ခဲ့သည်ကို ဆိုလိုသည်။ "ဦးခေါင်းကိုရိတ်၍" ဆိုသည်မှာ သူသည် ဘုရားသခင် ရှေ့သို့ မွေးကင်းစကလေးတစ်ဦးသဖွယ် ပြန်လာခဲ့ပြီးဖြစ်သည်ကို ဆိုလိုသည်။ "မြေပြင်ပေါ်တွင် ပျပ်ဝပ်လျက် ကိုးကွယ်ပြီး" ဆိုသည်မှာ သူသည် လောကထဲသို့ အဝတ်အချည်းစည်း လာခဲ့ပြီး ယနေ့တွင် မည်သည့်အရာမျှ မရှိသေးပေ၊ သူသည် ဘုရားသခင်ထံ မွေးကင်းစကလေးသူငယ်တစ်ဦးအလား ပြန်သွားခဲ့ရသည်ကို ဆိုလိုသည်။ သူ့အပေါ်သို့ ကျရောက်သမျှအပေါ် ယောဘ၏ သဘောထားကို ဘုရားသခင်၏ မည်သည့် ဖန်ဆင်းခံ သတ္တဝါမျှ စွမ်းဆောင်ရရှိနိုင်မည် မဟုတ်ပေ။ ယေဟောဝါ၌ သူ၏ ယုံကြည်ခြင်းသည် ယုံကြည်မှု နယ်ပယ်ကို ကျော်လွန်သွားခဲ့သည်။ ဤသည်မှာ ဘုရားသခင်အပေါ် သူ၏ကြောက်ရွံ့ခြင်းနှင့် ဘုရားသခင်အား

သူ၏နာခံခြင်းဖြစ်ခဲ့သည်။ သူ့အား ပေးခြင်းအတွက် ဘုရားသခင်ကို သူ ကျေးဇူးတင်ရှိနိုင်သည်သာမက သူထံမှ နုတ်ယူခြင်းအတွက်လည်း ကျေးဇူးတင်ရှိနိုင်ခဲ့သည်။ ထို့အပြင်၊ သူသည် သူ၏အသက် အပါအဝင် သူ ပိုင်ဆိုင်သမျှအားလုံးကို ဘုရားသခင်ထံ ပြန်ပေးဖို့ တာဝန်ယူဆုံးဖြတ်နိုင်ခဲ့သည်။

ဘုရားသခင်အပေါ် ယောဘ၏ ကြောက်ရွံ့ခြင်းနှင့် နာခံခြင်းသည် လူသားမျိုးနွယ်အဖို့ ပုံသက်သေတစ်ခု ဖြစ်ပြီး သူ၏စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့သည် လူသား ပိုင်ဆိုင်သင့်သည့် လူ့သဘာဝ၏ အထွတ်အထိပ် ဖြစ်ခဲ့သည်။ သူသည် ဘုရားသခင်ကို မမြင်ခဲ့သော်လည်း၊ ဘုရားသခင် အမှန်တကယ် တည်ရှိသည်ကို သူ နားလည်ခဲ့ပြီး၊ ဤနားလည်ခြင်းကြောင့် သူသည် ဘုရားသခင်ကို ကြောက်ရွံ့ခဲ့သည်၊ ဘုရားသခင်ကို သူ၏ ကြောက်ရွံ့ခြင်းကြောင့် ဘုရားသခင်ကို သူနာခံနိုင်ခဲ့ပေသည်။ သူ၌ ရှိခဲ့သည့် မည်သည့်အရာကိုမဆို ယူဆောင်ရန် ဘုရားသခင်အား လွတ်လပ်စွာ လုပ်ပိုင်ခွင့် သူပေးခဲ့သော်လည်း၊ သူသည် ညည်းညူခြင်း မရှိခဲ့သကဲ့သို့၊ ဘုရားသခင် ရှေ့တွင် ပျပ်ဝပ်ကာ ဤအခိုက်အတန့်တွင်ပင် ဘုရားသခင်သည် သူ၏ ခန္ဓာကိုပင် နုတ်ယူခဲ့လျှင်ပင်၊ သူသည် ညည်းညူခြင်းမရှိဘဲ၊ ဝမ်းမြောက်ဝမ်းသာ ထိုသို့ သူ့ကို လုပ်ခွင့်ပေးမည်ဟု ဘုရားသခင်အား ပြောခဲ့လေသည်။ သူ၏ အပြုအမူတစ်ခုလုံးသည် သူ၏ စုံလင်ကာ ဖြောင့်မတ်သော လူ့သဘာဝကြောင့် ဖြစ်ခဲ့သည်။ ဆိုလိုသည်မှာ သူ၏ အပြစ်ကင်းစင်မှု၊ ရိုးသားမှုနှင့် ကြင်နာမှု အကျိုးဆက်တစ်ခုအနေဖြင့်၊ ယောဘသည် ဘုရားသခင်၏ တည်ရှိခြင်းနှင့် သက်ဆိုင်သည့် သူ၏ သဘောပေါက်ခြင်းနှင့် အတွေ့အကြုံတို့တွင် မဆုတ်မနစ်ဖြစ်ခဲ့ပြီး၊ ဤအခြေခံအုတ်မြစ်ပေါ်တွင် သူသည် သူ့ကိုယ်သူ လိုအပ်ချက်များကို သတ်မှတ်ခြင်းနှင့် သူ၏ အတွေးအခေါ်၊ အပြုအမူ၊ လုပ်ဆောင်မှုနှင့် ဘုရားသခင် ရှေ့တွင် ပြုမူလုပ်ဆောင်မှု အခြေခံသဘောတရားများကို သူနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ လမ်းပြမှုနှင့် အရာခပ်သိမ်းအလယ် သူမြင်ခဲ့ပြီးသော ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့်အညီ စံသတ်မှတ်ခဲ့သည်။ အချိန်လွန်လာသည်နှင့်အမျှ၊ သူ၏ အတွေ့အကြုံများသည် သူ့အထဲ၌ ဘုရားသခင်အပေါ် စစ်မှန်သည့် အမှန်တကယ် ကြောက်ရွံ့မှုတစ်ခုကို ဖြစ်စေခဲ့ပြီး သူ့အား မကောင်းမှုကို ရှောင်ရှားစေခဲ့သည်။ ဤသည်မှာ ယောဘက မြဲမြံစွာ ထိန်းသိမ်းခဲ့သည့် တည်ကြည်မှု၏ အရင်းအမြစ် ဖြစ်ခဲ့သည်။ ယောဘသည် ရိုးသားသော၊ အပြစ်ကင်းပြီး ကြင်နာတတ်သော လူ့သဘာဝကို ပိုင်ဆိုင်ခဲ့ပြီး သူသည် ဘုရားသခင်အား ကြောက်ရွံ့ခြင်း၊ ဘုရားသခင်အား နာခံခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းအပြင်၊ "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင်ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊" ဟူသော အသိပညာနှင့်

သက်ဆိုင်သည့် တကယ့်အတွေ့အကြုံ ရှိခဲ့သည်။ ဤအရာများကြောင့်သာ သူသည် စာတန်၏ ထိုသို့သော ရက်စက်သည့် တိုက်ခိုက်မှုများကြားတွင် သူ၏ သက်သေခံချက်၌ အခိုင်အမာ ရပ်တည်နိုင်ခဲ့ပြီး၊ ၎င်းတို့ကြောင့်သာလျှင် သူသည် ဘုရားသခင်၏ စမ်းသပ်မှုများ သူ့အပေါ် ရောက်လာသည့်အခါ၊ ဘုရားသခင်အား စိတ်မပျက်စေနိုင်ခဲ့သကဲ့သို့ အားရကျေနပ်ဖွယ် အဖြေတစ်ခုကို ဘုရားသခင်အား ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ ပထမအကြိမ် စုံစမ်းနှောင့်ယှက်မှု အတောအတွင်း ယောဘ၏ အပြုအမူသည် အလွန် ရိုးရှင်းခဲ့သော်လည်း၊ နောက်မျိုးဆက်များသည် တစ်ဘဝလုံး ကြိုးပမ်းပြီးနောက်တွင်ပင် ထိုသို့သော ရိုးရှင်းမှုမျိုးကို ရယူနိုင်ခြင်းငှာ မသေချာခဲ့ကြသကဲ့သို့၊ ၎င်းတို့သည် အထက်တွင် ဖော်ပြခဲ့သော ယောဘ၏ အပြုအမူကို သေချာပေါက် ပိုင်ဆိုင်ကြမည် မဟုတ်ပေ။ ယနေ့တွင် ယောဘ၏ ရိုးရှင်းသော အပြုအမူကို ရင်ဆိုင်ခဲ့ရလျက်၊ ယင်းကို ဘုရားသခင်အား ယုံကြည်ပြီး ဘုရားသခင် နောက်လိုက်သည်ဟု အခိုင်အမာ ဆိုကြသောသူများက ဘုရားသခင်ထံ ပြသခဲ့သည့် "အကြွင်းမဲ့ နာခံခြင်းနှင့် သေသည့်တိုင် သစ္စာရှိခြင်း" ဟူသော ကြွေးကြော်မှုများ၊ စိတ်ပိုင်းဖြတ်ချက်များနှင့် နှိုင်းယှဉ်ပါက၊ သင်တို့သည် အလွန်အမင်း ရှက်ကြသလော သို့မဟုတ် မရှက်ကြသလော။

သမ္မာကျမ်းထဲတွင် ယောဘနှင့် သူ၏ မိသားစု ခံစားခဲ့ ရသမျှအားလုံးကို သင်ဖတ်ရှုသည့်အခါ၊ သင်၏တုံ့ပြန်မှုမှာ အဘယ်နည်း။ သင်၏ အတွေးများထဲတွင် နှစ်မြောလာမိသလော။ သင် အလွန် အံ့အားသင့်သလော။ ယောဘအပေါ် ကျရောက်သည့် စမ်းသပ်မှုများကို "ထိတ်လန့်တုန်လှုပ်ဖွယ်" အဖြစ် ဖော်ပြ၍ ရနိုင်မည်လော။ တစ်နည်းအားဖြင့်၊ တကယ့်ဘဝတွင် မည်သို့ဖြစ် ခဲ့မည်ကို ထည့်မတွက်နှင့်ဦးတော့၊ သမ္မာကျမ်းထဲတွင် ဖော်ပြထားသော ယောဘ၏ စမ်းသပ်မှုများကို ဖတ်ရှုခြင်းသည်ပင် စိတ်ပျက်ဖွယ်လိလိ ဖြစ်လောက်ပေသည်။ ထိုအခါ သင်သည် ယောဘအပေါ် ကျရောက်ခဲ့သည့် အရာများမှာ၊ "လက်တွေ့ လေ့ကျင့်ခန်း" တစ်ခု မဟုတ်ဘဲ၊ "သေနတ်အစစ်များ" နှင့် "ကျည်ဆန်အစစ်များ" ပါဝင်သော "တိုက်ပွဲ" အစစ်အမှန်တစ်ခု ဖြစ်ကြောင်း မြင်ရသည်။ သို့သော် သူသည် မည်သူ၏ လက်အားဖြင့် ဤစမ်းသပ်မှုများကို ခံခဲ့ရသနည်း။ ဟုတ်ပေ၏၊ ၎င်းတို့မှာ စာတန်၏ လုပ်ဆောင်ချက် ဖြစ်ခဲ့ပြီး၊ ဤအရာများကို စာတန်က မိမိလက်များဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ဤသို့ဖြစ်စေကာမူ ဤအရာများကို ဘုရားသခင်က တရားဝင်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ယောဘအား မည်သည့် နည်းလမ်းများဖြင့် စုံစမ်းနှောင့်ယှက်ရန် စာတန်ကို ဘုရားသခင် ပြောပြခဲ့သလော။ သူမပြောခဲ့ပေ။ ဘုရားသခင်သည် စာတန် လိုက်နာရမည့် သတ်မှတ်ချက် တစ်ခုကို ပြုရုံမျှပြုခဲ့ပြီးနောက် ယောဘအပေါ် စုံစမ်းနှောင့်ယှက်ခြင်း

ရောက်လာခဲ့ပေသည်။ ယောဘအပေါ် စုံစမ်းနှောင့်ယှက်ခြင်း ရောက်လာခဲ့ချိန်တွင်၊ ယင်းက လူတို့အား စာတန်၏ ဆိုးယုတ်မှုနှင့် အကျည်းတန်မှု၊ လူအပေါ် ၎င်း၏ လူတို့အား ဆိုးယုတ်မှုနှင့် လူသားကို စက်ဆုပ်ရွံရှာမှုနှင့် ဘုရားသခင်အား ရန်လိုမှုတို့နှင့်သက်ဆိုင်သည့် အသိတစ်ခုကို ပေးခဲ့လေသည်။ ဤတွင် စကားလုံးများက ဤစုံစမ်းနှောင့်ယှက်ခြင်း မည်မျှ ရက်စက်သည်ကို ဖော်ပြ၍ မရနိုင်မှန်း ငါတို့မြင်ရသည်။ စာတန်က လူကို နှိပ်စက်ညှဉ်းပန်းဖို့ အသုံးပြုသည့် အငြိုးထားသော သဘာဝနှင့် ၎င်း၏ အကျည်းတန်သော မျက်နှာသည် ဤအခိုက်အတန့်တွင် အပြည့်အဝ ပေါ်ထွက်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ စာတန်သည် ယောဘအား ပျာယာခတ်စေပြီး အကြင်နာမဲ့သော ညှဉ်းပန်းနှိပ်စက်မှု၊ ယနေ့ခေတ် လူများ စိတ်ကူး၍မရနိုင်သကဲ့သို့ လုံးဝ ခံနိုင်ကြမည် မဟုတ်သည့် ရက်စက်ကြမ်းကြုတ်မှု နည်းစနစ်နှင့် အဆင့် နှစ်ခုလုံးကို ခံစေဖို့ ဘုရားသခင်၏ ခွင့်ပြုချက်အားဖြင့် ပေးခဲ့သော ဤအခွင့်အရေးကို အသုံးပြုခဲ့လေသည်။ ယောဘသည် စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်း ခံခဲ့ရပြီး ဤစုံစမ်းနှောင့်ယှက်မှု အတောအတွင်းတွင် သူ၏ သက်သေခံချက်၌ ခိုင်မာစွာ ရပ်တည်ခဲ့သည်ဟု ဆိုခြင်းထက်၊ သူ့အတွက် ဘုရားသခင် စီစဉ်ခဲ့သော စမ်းသပ်မှုများထဲတွင် ယောဘသည် သူ၏ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းကို ကာကွယ်ရန်နှင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုရှောင်ကြဉ်ခြင်း လမ်းခရီးကို ခုခံရန် စာတန်နှင့် ပြိုင်ပွဲတစ်ပွဲကို စတင်ခဲ့သည်ဟု ဆိုရန် သာ၍ကောင်းပေသည်။ ဤပြိုင်ပွဲတွင် ယောဘသည် တောင်တစ်တောင်စာရှိသော သိုးများနှင့် ကျွဲနွားတိရစ္ဆာန်များကို ဆုံးရှုံးခဲ့သည်၊ သူ၏ဥစ္စာပစ္စည်း အားလုံးကို ဆုံးရှုံးခဲ့ပြီး သူ၏သားများနှင့် သမီးများကို ဆုံးရှုံးခဲ့သည်။ သို့သော်၊ သူ၏စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်း သို့မဟုတ် ဘုရားသခင်အပေါ် ကြောက်ရွံ့ခြင်းကို သူ မစွန့်လွှတ်ခဲ့ချေ။ တစ်နည်းအားဖြင့်၊ စာတန်နှင့် ယှဉ်ပြိုင်သည့် ဤပြိုင်ပွဲတွင်၊ ယောဘသည် သူ၏စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်အပေါ် ကြောက်ရွံ့ခြင်းတို့ကို ဆုံးရှုံးခြင်းထက် ဥစ္စာပစ္စည်းနှင့် သားသမီးများ ချို့ငဲ့ရမည်ကို ပို၍ နှစ်သက်ခဲ့သည်။ လူသားတစ်ဦးဖြစ်ခြင်း၏ အဓိပ္ပာယ် အရင်းအမြစ်ကို ထိန်းသိမ်းရန် သူ သာ၍ နှစ်သက်ခဲ့သည်။ သမ္မာကျမ်းစာက သူ၏ ပိုင်ဆိုင်မှုများကို ယောဘ ဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်တစ်ခုလုံး၏ ကျစ်လျစ်ပြည့်စုံသည့် မှတ်တမ်းတစ်ခု ပေးထားပြီး၊ ယောဘ၏ အပြုအမူနှင့် သဘောထားကိုလည်း မှတ်တမ်းတင်ထားသည်။ ဤတိုတောင်းပြီး လိုရင်းတိုရှင်းဖြစ်သော ဖြစ်ရပ်များက ယောဘသည် ဤစုံစမ်းနှောင့်ယှက်ခြင်းကို ရင်ဆိုင်ရာတွင် စိုးရိမ်သောက ကင်းလုနီးပါး ဖြစ်ခဲ့သည်ကို သတိပြုမိစေသော်လည်း၊ အကယ်၍ စာတန်၏ အငြိုးထားသော သဘာဝကို ထည့်တွက်လျက် အမှန်တကယ် ဖြစ်ပျက်ခဲ့သည်တို့ကို ပြန်လည်ဖန်တီးခဲ့မည်ဆိုပါက၊ အမှုအရာများသည်

ဤစာကြောင်းများထဲ၌ ဖော်ပြထားသလောက် ရိုးရှင်းလိမ့်မည် သို့မဟုတ် လွယ်ကူလိမ့်မည် မဟုတ်ပေ။ လက်တွေ့အရှိတရားသည် များစွာ သာ၍ ရက်စက် ကြမ်းကြုတ် ခဲ့ပေသည်။ ယင်းမှာ လူသားမျိုးနွယ်နှင့် ဘုရားသခင်၏ လက်ခံသောသူ အားလုံးအပေါ် စာတန် ပြုမူသည့် ကြီးစွာသောပျက်စီးခြင်းနှင့် မုန်းတီးမှု၏ အဆင့်ဖြစ်သည်။ အကယ်၍ ယောဘကို မထိခိုက်ရန် စာတန်အား ဘုရားသခင် မတောင်းဆိုခဲ့ပါက၊ စာတန်သည် လိပ်ပြာမလုံခြင်း တစ်ခုတစ်လေမျှမရှိဘဲ သူ့ကို ဧကန်မုချ သတ်ဖြတ်ပြီးဖြစ်ပေမည်။ စာတန်သည် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဘုရားသခင်အား မကိုးကွယ်စေချင်သကဲ့သို့၊ ၎င်းသည် ဘုရားသခင်၏အမြင်တွင် ဖြောင့်မတ်သောသူများနှင့် စုံလင်ကာ ဖြောင့်မတ်သောသူများက ဘုရားသခင်ကို ဆက်လက် ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ရှားနိုင်ကြမည်ကို အလိုမရှိပေ။ လူတို့အတွက် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်ဖို့ဆိုသည်မှာ ၎င်းတို့သည် စာတန်ကို ရှောင်ရှားကာ ကျောခိုင်းရမည်ကို ဆိုလိုပေသည်၊ ထို့ကြောင့် စာတန်သည် ၎င်း၏ အမျက်ဒေါသနှင့် အမုန်းအားလုံးကို သက်ညှာမှုမရှိဘဲ ယောဘအပေါ် စုပုံရန် ဘုရားသခင်၏ ခွင့်ပြုချက်ကို ကောင်းကောင်း အသုံးချခဲ့လေသည်။ ထိုအခါ စိတ်မှ ခန္ဓာအထိ၊ အပြင်မှ အတွင်းအထိ ယောဘ ခံစားခဲ့ရသည့် ညှဥ်းဆဲမှု မည်မျှကြီးမားခဲ့သည်ကို သင်မြင်ရသည်။ ယနေ့တွင် ထိုအချိန်က မည်ကဲ့သို့ ဖြစ်ခဲ့သည်ကို ငါတို့ မမြင်ရသကဲ့သို့၊ သမ္မာကျမ်းစာ ဖြစ်ရပ်များမှသာ ထိုအချိန်က ညှဥ်းဆဲမှုကို ယောဘ ခံခဲ့ရချိန် သူ၏ စိတ်ခံစားချက်များနှင့် သက်ဆိုင်သည့် အကျဉ်းချုပ် အရိပ်အမြွက် တစ်ခုကို ငါတို့ ရရှိနိုင်ပေသည်။

### ယောဘ၏ ယိမ်းယိုင်မှုမရှိသော တည်ကြည်ခြင်းသည် စာတန်အား အရှက်ရစေပြီး ၎င်းအား အထိတ်တလန့် ထွက်ပြေးစေသည်

သို့ဆိုလျှင် ဤညှဥ်းဆဲမှုကို ယောဘ ခံခဲ့ရချိန်တွင် ဘုရားသခင်သည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။ ဘုရားသခင်သည် လေ့လာ၊ စောင့်ကြည့်ခဲ့ပြီး ရလဒ်ကို စောင့်ဆိုင်းခဲ့သည်။ ဘုရားသခင် လေ့လာကာ စောင့်ကြည့်သည် နှင့်အမျှ၊ သူ မည်ကဲ့သို့ ခံစားခဲ့ရသနည်း။ သူသည် သောကရောက် နေခဲ့ရသည်မှာ အမှန် ဖြစ်၏။ သို့သော် သူ ခံစားခဲ့ရသည့် ပူဆွေးမှုကြောင့် ယောဘအား စာတန် စုံစမ်းနှောင့်ယှက်ရန် စာတန်ကို သူခွင့်ပြုခဲ့ခြင်းအား ဘုရားသခင် နောင်တရနိုင်ခဲ့မည်လော။ အဖြေမှာ မဟုတ်ပေ၊ သူသည် ထိုသို့သော နောင်တရနိုင်ခဲ့မည် မဟုတ်ပေ။ အကြောင်းမှာ ယောဘသည် စုံလင်ပြီး ဖြောင့်မတ်သည်၊ သူသည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သည်ကို

သူအခိုင်အမာ ယုံကြည်ခဲ့သည့်အတွက် ဖြစ်သည်။ ဘုရားသခင်ရှေ့တွင် ယောဘ၏ ဖြောင့်မတ်ခြင်းအား မှန်ကန်ကြောင်းအတည်ပြုရန်နှင့် စာတန် ကိုယ်တိုင်၏ ဆိုးယုတ်မှုနှင့် စက်ဆုပ်ဖွယ်ဖြစ်ခြင်းကို ထုတ်ဖော်ပြရန် ဘုရားသခင်သည် စာတန်အား သက်သက် အခွင့်အရေး ပေးခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ယင်းသည် ကမ္ဘာသူကမ္ဘာသားများ၊ စာတန်နှင့် ဘုရားသခင်နောက်သို့ လိုက်သောသူများ၏ ရှေ့တွင်ပင်လျှင် သူ၏ဖြောင့်မတ်ခြင်း၊ ဘုရားသခင်အပေါ် သူ၏ ကြောက်ရွံ့ခြင်းနှင့် မကောင်းမှု ရှောင်ကြဉ်ခြင်းတို့ကို သက်သေခံရန် ယောဘအတွက် အခွင့်အရေးတစ်ရပ် ဖြစ်ခဲ့သည်။ နောက်ဆုံးရလဒ်က ယောဘနှင့်သက်ဆိုင်သည့် ဘုရားသခင်၏အကဲဖြတ်ခြင်းသည် မှန်ကန်ပြီး အမှားမရှိခဲ့သည်ကို သက်သေပြခဲ့သလော။ ယောဘသည် စာတန်ကို အမှန်တကယ် အောင်နိုင်ခဲ့သလော။ ဤနေရာတွင် ယောဘ ပြောခဲ့သော သမားရိုးကျ စကားများ၊ စာတန်ကို သူ အောင်နိုင်ခဲ့ပြီးဖြစ်သည့် သက်သေဖြစ်သော စကားများကို ငါတို့ ဖတ်ခဲ့ရသည်။ သူက၊ "ငါသည် အမိဝမ်းထဲက အဝတ်အချည်းစည်း ထွက်လာရ၏၊ အဝတ်အချည်းစည်းဖြင့်ပင် ငါပြန်သွားရမည်။" ဟု ဆိုခဲ့သည်။ ဤသည်မှာ ဘုရားသခင်အပေါ် ယောဘ၏ နာခံမှုရှိသော သဘောထား ဖြစ်သည်။ ဆက်လက်၍၊ သူက၊ "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။" ဟု ဆိုလေ၏။ ယောဘ ပြောခဲ့သော ဤစကားများက ဘုရားသခင်သည် လူသား၏ စိတ်နှလုံး အတိမ်အနက်တို့ကို လေ့လာကြောင်း၊ သူသည် လူသား၏ စိတ်ထဲကို မြင်နိုင်ကြောင်း သက်သေပြသကဲ့သို့၊ ယောဘနှင့်သက်ဆိုင်သည့် သူ၏ ထောက်ခံမှုမှာ အမှားအယွင်း မရှိကြောင်း၊ ဘုရားသခင်၏ ထောက်ခံခြင်း ခံခဲ့ရသော ဤလူသည် ဖြောင့်မတ်ခဲ့ကြောင်းကို သက်သေပြပေသည်။ "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။" ဤစကားများမှာ ဘုရားသခင်အတွက် ယောဘ၏ သက်သေခံချက် ဖြစ်သည်။ စာတန်ကို ချိုးနှိမ်သည်မှာ၊ ၎င်းကို အရှက်ရစေခဲ့ပြီး ထိတ်လန့်မှုဖြင့် ထွက်ပြေးစေခဲ့သည့်အပြင်၊ စာတန်အား ချုပ်နှောင်ပြီး အားကိုးမရှိ ဖြစ်ကျန်ရစ်စေခဲ့သည်မှာ ဤသာမန်စကားများ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဤစကားများက စာတန်အား ယေဟောဝါဘုရားသခင်၏ လုပ်ဆောင်ချက်များ၏ အံ့ဖွယ်ဖြစ်ခြင်းနှင့် တန်ခိုးကြီးမားမှုတို့ကို ခံစားစေပြီး၊ ဘုရားသခင်၏ လမ်းခရီးအားဖြင့် အုပ်စိုးခြင်းခံရသည့် စိတ်နှလုံးရှိသော သူတစ်ဦး၏ သာမန်ထက် လွန်ကဲသော ဩဇာတိက္ကမနှင့် ပြည့်စုံခြင်းကို သိမြင်ခွင့်ပေးခဲ့သည်။ ထို့အပြင် ၎င်းတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို စောင့်ထိန်းရာ၌ သေးနုပ်ပြီး အရေးမပါသော

လူသားတစ်ဦးက ပြသခဲ့သည့် အားကောင်းသော အသက်ပါမှုကို စာတန်အား အထင်အရှားပြခဲ့သည်။ ထို့ကြောင့် ပထမအကြိမ် ပြိုင်ပွဲတွင် စာတန် အရေးနိမ့်ခဲ့ရသည်။ "ဤအရာမှ သင်ယူခြင်း" ရှိခဲ့သော်ငြားလည်း၊ စာတန်သည် ယောဘကို အလွတ်ပေးခြင်းငှာ ရည်ရွယ်ချက် မရှိခဲ့သကဲ့သို့၊ ၎င်း၏ မလိုမုန်းထားသော သဘာဝတွင် မည်သည့်အပြောင်းအလဲမျှ မရှိခဲ့ပေ။ စာတန်သည် ယောဘကို ဆက်လက် တိုက်ခိုက်ရန် ကြိုးစားခဲ့ပြီး၊ ထို့ကြောင့် ဘုရားသခင် ရှေ့သို့ နောက်တဖန် လာရောက်ခဲ့သည်...

ဆက်လက်၍၊ ဒုတိယအကြိမ် ယောဘ စုံစမ်းနှောင့်ယှက်ခြင်း ခံခဲ့ရသည်ကို သမ္မာကျမ်းထဲမှ ဖတ်ကြပါစို့။

၃။ ယောဘကို စာတန် နောက်ထပ်တစ်ဖန် စုံစမ်းနှောင့်ယှက်လေ၏ (ယောဘ၏ ခန္ဓာကိုယ်အနှံ့ နာကျင်သော အနာစိမ်းများ စွဲကပ်ခြင်း)

က။ ဘုရားသခင်ပြောသော နှုတ်ကပတ်တော်များ

ယောဘ ၂:၃ ယေဟောဝါက စာတန်အား၊ ငါ၏ အစေခံ ယောဘကို သင် ဆင်ခြင်မိပြီလော၊ မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်၊ အကြောင်းမရှိဘဲ သူ့ကို ဖျက်ဆီးရန် သင်သည် ငါ့ကို သူနှင့်ဆန့်ကျင်စေသော်လည်း သူသည် သူ၏တည်ကြည်မှုကို မြဲမြံစွာ စွဲကိုင်လျက်ရှိသေး၏ဟု မိန့်တော်မူ၏။

ယောဘ ၂:၆ ထိုအခါ ယေဟောဝါက စာတန်အား၊ သူသည် သင့်လက်ထဲ၌ ရှိ၏၊ သို့ရာတွင် သူ၏ အသက်ကို ချန်ထားလော့ဟု မိန့်တော်မူ၏။

ခ။ စာတန် ပြောသော စကားများ

ယောဘ ၂:၄-၅ စာတန်ကလည်း၊ အရေအဖို့အရေ ဆိုသကဲ့သို့ လူသည် သူ၏အသက်အတွက် ပိုင်ဆိုင်သမျှတို့ကို အမှန်စင်စစ် ပေးပါလိမ့်မည်။ သို့သော် ယခု ကိုယ်တော်၏လက်ကို ဆန့်ကာ သူ၏အရိုးနှင့် အသွေးအသားတို့ကို ထိပါလော့၊ သူသည် ကိုယ်တော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကျိန်ဆဲလိမ့်မည်ဟု ယေဟောဝါကို ဖြေကြားလေသည်။

ဂ။ စမ်းသပ်မှုကို ယောဘ ကိုင်တွယ်ဖြေရှင်းပုံ

ယောဘ ၂:၉-၁၀ ထိုအခါမယားက၊ သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော။

ဘုရားသခင်ကို စွန့်ပယ်၍ သေလော့ဟုဆို၏။ ယောဘကလည်း၊ မိန်းမမိုက်ပြောတတ်သကဲ့သို့ သင်သည်ပြော၏။ အဘယ်သို့နည်း။ ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလောဟုဆို၏။ ယောဘသည် ဤအမှုများနှင့် တွေ့ကြုံသော်လည်း နှုတ်ဖြင့်မျှမမှားယွင်း။

ယောဘ ၃:၃ ငါဖွားသော နေ့ရက်ပျက်စီးပါစေ။ သားယောကျ်ားကို ပဋိသန္ဓေယူပြီဟု သတင်းကြားပြောသော ညဥ့်လည်း ပျက်စီးပါစေ။

## ဘုရားသခင်၏ လမ်းခရီးအပေါ် ယောဘ၏ ချစ်ခြင်းက အခြားအရာခပ်သိမ်းထက် သာလွန်ခြင်း

သမ္မာကျမ်းသည် ဘုရားသခင်နှင့် စာတန်အကြား ပြောသောစကားများကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်- “ယေဟောဝါက စာတန်အား၊ ငါ၏ အစေခံ ယောဘကို သင် ဆင်ခြင်မိပြီလော၊ မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်၊ အကြောင်းမရှိဘဲ သူ့ကို ဖျက်ဆီးရန် သင်သည် ငါ့ကို သူနှင့်ဆန့်ကျင်စေသော်လည်း သူသည် သူ၏တည်ကြည်မှုကို မြဲမြံစွာ စွဲကိုင်လျက်ရှိသေး၏ဟု မိန့်တော်မူ၏။” (ယောဘ၂:၃) ဤအပြန်အလှန်ပြောဆိုခြင်းတွင်၊ ဘုရားသခင်သည် စာတန်အား တူညီသောမေးခွန်းကို ထပ်၍ မေးလေ၏။ ယင်းမှာ ပထမအကြိမ် စမ်းသပ်မှုအတောအတွင်း ယောဘ လက်တွေ့ပြခဲ့ပြီး အသက်ရှင်နေထိုင်ခဲ့သော အရာနှင့် သက်ဆိုင်သည့် ယေဟောဝါဘုရားသခင်၏ ထောက်ခံကြောင်းပြသည့် အကဲဖြတ်ချက်ကို ငါတို့အား ပြသသော မေးခွန်းတစ်ခုဖြစ်ပြီး စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းကို မကြုံရမီ ယောဘနှင့် သက်ဆိုင်သည့် ဘုရားသခင်၏ အကဲဖြတ်ချက်နှင့် မကွဲပြားသော အရာတစ်ခု ဖြစ်သည်။ ဆိုလိုသည်မှာ ယောဘအပေါ် စုံစမ်းနှောင့်ယှက်ခြင်း မရောက်လာမီ၊ ဘုရားသခင်၏ အမြင်တွင် သူသည် စုံလင်၏၊ ထို့ကြောင့် ဘုရားသခင်သည် သူနှင့် သူ၏မိသားစုကို ကွယ်ကာခဲ့ကာ သူ့ကို ကောင်းချီးပေးခဲ့ခြင်း ဖြစ်သည်။ သူသည် ဘုရားသခင်၏ အမြင်တွင် ကောင်းချီးပေးခြင်းကို ခံထိုက်သောသူ ဖြစ်ခဲ့သည်။ စုံစမ်းနှောင့်ယှက်ခြင်းပြီးနောက်တွင်၊ ယောဘသည် သူ၏ဥစ္စာပစ္စည်းနှင့် သားသမီးများကို ဆုံးရှုံးခဲ့ရခြင်းကြောင့် သူ၏နှုတ်ခမ်းများဖြင့် မပြစ်မှားခဲ့ဘဲ ယေဟောဝါ၏နာမကို ဆက်၍ ချီးမွမ်းခဲ့သည်။ သူ၏ တကယ့် အပြုအမူသည် ဘုရားသခင်က သူ့ကို ချီးကျူးဖို့ ဖြစ်စေခဲ့ပြီး၊ ယင်းကြောင့် ဘုရားသခင်က သူ့ကို အမှတ်ပြည့်ပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယောဘ၏ အမြင်တွင်၊ သူ၏သားသမီး သို့မဟုတ် သူ၏

ပိုင်ဆိုင်မှုများသည် ဘုရားသခင်အား သူ စွန့်ပစ်ရလောက်အောင် မဖြစ်ခဲ့ပေ။ တစ်နည်းအားဖြင့်၊ သူ၏ စိတ်နှလုံးထဲရှိ ဘုရားသခင်၏ နေရာကို သူ၏သားသမီးများ သို့မဟုတ် ဥစ္စာပစ္စည်း တစ်ခုတစ်လေက အစားမထိုးနိုင်ခဲ့ပေ။ ယောဘ၏ ပထမဦးဆုံး စုံစမ်းနှောင့်ယှက်ခြင်း အတောအတွင်းတွင်၊ ဘုရားသခင်အတွက် သူ၏ချစ်ခြင်းနှင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို သူ၏နှစ်သက်ခြင်းသည် အခြား အရာအားလုံးထက် သာလွန်သည်ကို ဘုရားသခင်အား သူပြခဲ့သည်။ ဤစမ်းသပ်မှုသည် ယောဘအား ယေဟောဝါဘုရားသခင်ထံမှ ဆုလာဘ်တစ်ခုကို လက်ခံရရှိပြီး သူ၏ ဥစ္စာပစ္စည်းနှင့် သားသမီးများကို ဘုရားသခင် ရုပ်သိမ်းသည့် အတွေ့အကြုံကို ပေးခဲ့ရုံမျှသာ ဖြစ်သည်။

ယောဘအတွက်မူ၊ ဤသည်မှာ သူ၏ စိတ်ဝိညာဉ်ကို သန့်စင်ဆေးကြောပေးခဲ့သည့် စစ်မှန်သော အတွေ့အကြုံတစ်ခု ဖြစ်ခဲ့သည်။ ယင်းမှာ သူ၏ ဖြစ်တည်ခြင်းကို ပြည့်စုံစေသည့် အသက်နှင့်ဆိုင်သော ဗတ္တိဇံတစ်ခု ဖြစ်သည့်အပြင်၊ ဘုရားသခင်ကို သူ၏ နာခံခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ကို စစ်ဆေးခဲ့သည့် ခမ်းနားသော ဧည့်ခံပွဲ တစ်ခုဖြစ်ခဲ့သည်။ ဤစုံစမ်းနှောင့်ယှက်ခြင်းသည် သူဌေးသူကြွယ်တစ်ဦးမှသည် ဘာမျှမရှိသောသူ တစ်စုံတစ်ဦးအဖြစ်သို့ ယောဘ၏ အဆင့်အတန်းကို ပြောင်းလဲခဲ့ပြီး ယင်းသည် လူသားမျိုးနွယ်အပေါ် စာတန်၏ စော်ကားမှုကိုလည်း သူ့အား ကြုံတွေ့ခံစားခွင့်ပေးခဲ့သည်။ သူ၏ခိုကိုးရာမဲ့ဘဝက သူ့အား စာတန်ကို ရွံရှာဖို့ဖြစ်စေခဲ့သည် မဟုတ်။ ယင်းထက်၊ သူသည် စာတန်၏ ဆိုးညစ်သော လုပ်ရပ်များထဲက စာတန်၏ အကျည်းတန်မှုနှင့် စက်ဆုပ်ဖွယ်ဖြစ်ခြင်းအပြင် ဘုရားသခင်အပေါ် စာတန်၏ ရန်လိုမှုနှင့် ပုန်ကန်မှုတို့ကို တွေ့မြင်ခဲ့ပြီး၊ ဤအရာက ဘုရားသခင်အား ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို ခိုင်မြဲစွာ အစဉ် ထိန်းသိမ်းရန် သူ့အား သာ၍ တိုက်တွန်းအားပေးခဲ့သည်။ သူသည် ဥစ္စာပစ္စည်း၊ သားသမီးများ သို့မဟုတ် ဆွေမျိုးရင်းချာများ ကဲ့သို့သော ပြင်ပ အကြောင်းရင်းများကြောင့် မည်သည့်အခါမျှ ဘုရားသခင်ကို စွန့်ပယ်ပြီး ဘုရားသခင်၏ လမ်းခရီးကို ကျောခိုင်းမည် မဟုတ်သကဲ့သို့ စာတန်၊ ပစ္စည်းဥစ္စာ၊ သို့မဟုတ် လူတစ်ဦးတစ်ယောက်၏ ကျွန်တစ်ဦးဖြစ်မည် မဟုတ်ဟု သူ သစ္စာဆိုခဲ့သည်။ ယေဟောဝါဘုရားသခင်မှအပ၊ မည်သူမျှ သူ၏အရှင်သခင် သို့မဟုတ် သူ၏ဘုရားသခင် ဖြစ်နိုင်မည် မဟုတ်ပေ။ ယင်းမှာ ယောဘ၏ ပြင်းပြသောဆန္ဒများ ဖြစ်ခဲ့သည်။ အခြားတစ်ဖက်တွင်၊ ယောဘသည် ဤစုံစမ်းနှောင့်ယှက်ခြင်းမှ တစ်စုံတစ်ခုကိုလည်း ရရှိခဲ့သည်- သူ့အပေါ် ဘုရားသခင်ပေးခဲ့သော စမ်းသပ်မှုများအလယ်တွင် ကြီးစွာသော

ချမ်းသာကြွယ်ဝမှုများကို သူရရှိခဲ့သည်။

ယခင်ဆယ်စုနှစ်အချို့တစ်လျှောက် ယောဘ၏ အသက်တာကာလအတွင်းတွင်၊ ယောဘသည် ယေဟောဝါ၏ လုပ်ဆောင်ချက်များကို ရှုမြင်ခဲ့ပြီးဖြစ်ကာ သူ့အတွက် ယေဟောဝါဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ရခဲ့ပြီး ဖြစ်သည်။ သူသည် ဘုရားသခင်အတွက် မည်သည့်အရာကိုမျှ လုပ်ဆောင်ခဲ့ခြင်း မရှိသော်လည်း၊ ထိုသို့သော ကြီးမားသည့် ကောင်းချီးမင်္ဂလာများ ပေးအပ်ခြင်းကို ခံခဲ့ရပြီး မြောက်မြားစွာသော ကျေးဇူးတော်ကို မွေ့လျော်ခံစားခဲ့ရပြီးဖြစ်သည်ဟု သူယုံကြည်ခဲ့သည့်အတွက်၊ ယင်းတို့မှာ သူ့အား အလွန့်အလွန် နေမထိထိုင်မသာ ဖြစ်စေပြီး အကြွေးတင်ရှိကြောင်း ခံစားစေခဲ့သော ကောင်းချီးမင်္ဂလာများ ဖြစ်ခဲ့သည်။ ဤအကြောင်းကြောင့်၊ သူသည် ဘုရားသခင်အား ပြန်ပေးဆပ်နိုင်မည်ဟု မျှော်လင့်ရင်း၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် ကြီးမြတ်ခြင်းတို့ကို သက်သေခံဖို့ အခွင့်အရေးရမည်ဟု မျှော်လင့်ရင်း၊ ပြီးလျှင် သူ၏နာခံခြင်းနှင့် ယုံကြည်ခြင်းသည် ဘုရားသခင်၏ ထောက်ခံမှုကို ရရှိသည်အထိ ဘုရားသခင်သည် သူ၏နာခံမှုကို အစစ်ဆေးခံစေမည်ဖြစ်သည့်အပြင် သူ၏ ယုံကြည်ခြင်းသည် သန့်စင်ခံရနိုင်မည်ဟု မျှော်လင့်ရင်း၊ သူ၏စိတ်နှလုံးထဲတွင် မကြာခဏ သူ ဆုတောင်းခဲ့သည်။ ထိုသို့ဖြင့်၊ ယောဘအပေါ် စမ်းသပ်မှု ရောက်လာသောအခါ၊ ဘုရားသခင်သည် သူ၏ ဆုတောင်းချက်များကို နားညောင်းခဲ့ပြီဟု သူယုံကြည်ခဲ့သည်။ သူ၏ အကြီးမားဆုံးသော ရာသက်ပန်ဆန္ဒ တကယ်ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည့်အတွက်၊ ယောဘသည် ဤအခွင့်အရေးကို အခြားမည်သည့်အရာမဆိုထက် ပို၍ မြတ်နိုးခဲ့သောကြောင့် သူသည် ယင်းကို ပေါ့ပေါ့တန်တန် သဘောမထားဝံ့ခဲ့ပေ။ ဤအခွင့်အရေး ရောက်ရှိလာခြင်းမှာ ဘုရားသခင်အပေါ် သူ၏နာခံခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ကို စမ်းသပ်၍ရနိုင်ပြီး သန့်စင်၍ရနိုင်သည်ဟု အဓိပ္ပာယ်သက်ရောက်ပေသည်။ ထို့အပြင်၊ ယင်းမှာ ယောဘသည် ဘုရားသခင်၏ ထောက်ခံမှုကိုရပြီး၊ ထိုသို့ဖြင့် သူ့ကို ဘုရားသခင်ထံ သာ၍ နီးကပ်စေမည့် အခွင့်အရေးတစ်ခု ရှိခဲ့သည်ဟု အဓိပ္ပာယ်သက်ရောက်ပေသည်။ စမ်းသပ်မှု အတောအတွင်းတွင်၊ ထိုသို့သော ယုံကြည်ခြင်းနှင့် လိုက်စားခြင်းသည် သူ့အား သာ၍ စုံလင်လာစေခဲ့ပြီး ဘုရားသခင်၏ အလိုနှင့်သက်ဆိုင်သည့် သာ၍ ကြီးမားသော သိနားလည်မှုတစ်ခုကို ရရှိစေခဲ့သည်။ ယောဘသည်လည်း ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများနှင့် ကျေးဇူးတော်များအတွက် သာ၍ ကျေးဇူးတင်ရှိခဲ့သည်၊ သူ၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏ လုပ်ဆောင်ချက်များအပေါ် သာ၍ကြီးစွာသော ချီးမွမ်းခြင်းကို သွန်းလောင်းခဲ့ပြီး သူသည် ဘုရားသခင်အား သာ၍ ကြောက်ရွံ့ကာ

ကြည်ညိုခဲ့ပြီး၊ ဘုရားသခင်၏ နှစ်လိုဖွယ်ကောင်းခြင်း၊ ကြီးမြတ်ခြင်းနှင့် သန့်ရှင်းခြင်းတို့ကို သာ၍ တောင့်တခဲ့သည်။ ဤအချိန်တွင် ယောဘသည် ဘုရားသခင်၏ အမြင်တွင် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်သော သူတစ်ဦး ဖြစ်နေဆဲဖြစ်သော်လည်း၊ သူ၏ အတွေ့အကြုံများနှင့် စပ်လျဉ်း၍ ယောဘ၏ ယုံကြည်ခြင်းနှင့် အသိပညာသည် ရုတ်ခြည်းဆိုသလို တိုးတက်သွားခဲ့ပြီးဖြစ်သည်- သူ၏ ယုံကြည်ခြင်း တိုးပွားခဲ့ပြီး ဖြစ်သည်၊ သူ၏ နာခံခြင်းသည် ခြေကုပ်တစ်ခု ရခဲ့ပြီးဖြစ်ကာ ဘုရားသခင်အပေါ် သူ၏ ကြောက်ရွံ့ခြင်းသည် သာ၍ နက်နဲ လာခဲ့သည်။ ဤစမ်းသပ်မှုသည် ယောဘ၏ စိတ်ဝိညာဉ်နှင့် အသက်ကိုအသွင်ပြောင်းလဲစေခဲ့သော်လည်း၊ ထိုသို့သော အသွင်ပြောင်းလဲမှုတစ်ခုသည် ယောဘကို မကျေနပ်စေခဲ့သကဲ့သို့၊ သူ၏ ရှေ့ဆက် တိုးတက်မှုကို နှောင့်နှေးစေခဲ့ခြင်းလည်း မရှိပေ။ ဤစမ်းသပ်မှုမှ သူ ရရှိခဲ့ပြီးသည့်အရာကို တွက်ချက်နေပြီး သူ၏ ကိုယ်ပိုင် မပြည့်စုံမှုများကို ဆင်ခြင်သုံးသပ်နေသည်နှင့်အမျှ တစ်ချိန်တည်းတွင်၊ ဘုရားသခင်အပေါ် သူ၏ ယုံကြည်ခြင်း၊ နာခံခြင်းနှင့် ကြောက်ရွံ့ခြင်းတို့သည် ဘုရားသခင်၏ နောက်ထပ် စမ်းသပ်မှုအတောအတွင်းတွင် မြင့်တင်ခံရဖို့အတွက် သူ တမ်းတခဲ့သောကြောင့်၊ မိမိအပေါ် ရောက်လာမည့် နောက်ထပ် စမ်းသပ်မှုကို စောင့်ဆိုင်းရင်း တိတ်ဆိတ်စွာ သူ ဆုတောင်းခဲ့လေသည်။

ဘုရားသခင်သည် လူသား၏ သိုဝှက်ထားသော အတွေးများနှင့် လူသား ပြောသမျှနှင့် ပြုသမျှတို့ကို လေ့လာစောင့်ကြည့်၏။ ယောဘ၏ အတွေးများသည် ယေဟောဝါဘုရားသခင်၏ နားသို့ရောက်ရှိပြီး၊ သူ၏ ဆုတောင်းသံများကို ဘုရားသခင် နားထောင်ခဲ့သည်၊ ဤနည်းဖြင့် ယောဘအတွက် ဘုရားသခင်၏ နောက်ထပ် စမ်းသပ်မှုသည် မျှော်လင့်ထားခဲ့သည့်အတိုင်း ရောက်ရှိခဲ့သည်။

## ပြင်းထန်လွန်းသော ဒုက္ခဆင်းရဲကြားတွင် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ စောင့်ရှောက်မှုကို ယောဘ စစ်မှန်စွာ သဘောပေါက်မိသည်

စာတန်ထံ ယေဟောဝါဘုရားသခင်၏ မေးခွန်းများနောက်တွင်၊ စာတန်သည် တိတ်တဆိတ် ပျော်ရွှင်ခဲ့သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် စာတန်သည် ဘုရားသခင်၏ အမြင်တွင် စုံလင်သော လူသားတစ်ဦးကို နောက်ထပ်တစ်ကြိမ် တိုက်ခိုက်ရန် အခွင့်ရရှိမည်ကို သိခဲ့သောကြောင့် ဖြစ်သည်- စာတန်အတွက် ဤသည်မှာ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခု ဖြစ်ခဲ့သည်။ စာတန်သည် ယောဘ၏ ခံယူချက်ကို လုံးဝ လျော့ပါးစေရန်၊ ဘုရားသခင်၌ သူ၏ယုံကြည်ခြင်းအား ဆုံးရှုံးစေပြီး၊ ထိုသို့ဖြင့် ဘုရားသခင်အား မကြောက်ရွံ့တော့စေရန်

သို့မဟုတ် ယေဟောဝါ၏ နာမကို ကောင်းချီးပေးခြင်း မရှိတော့စေရန် ဤအခွင့်အရေးကို အသုံးပြုလိုခဲ့သည်။ ဤအရာသည် စာတန်အား အခွင့်အရေးတစ်ခုကို ပေးလိမ့်မည် ဖြစ်သည်- မည်သည့်နေရာ သို့မဟုတ် မည်သည့် အချိန်တွင်မဆို၊ ၎င်းသည် ယောဘအား ၎င်း၏ အမိန့်ပေးခြင်းကို မဖြစ်မနေလုပ်ရသည့် ကစားစရာတစ်ခု ဖြစ်စေနိုင်မည် ဖြစ်သည်။ စာတန်သည် ၎င်း၏ ဆိုးယုတ်သော ရည်ရွယ်ချက်များကို သဲလွန်စ မကျန်စေဘဲ ဝှက်ခဲ့သော်လည်း၊ ၎င်းသည် ၎င်း၏ ဆိုးယုတ်သော သဘာဝကိုမူ ထိန်းမထားနိုင်ခဲ့ပေ။ ဤအမှန်တရားသည် သမ္မာကျမ်းထဲတွင် မှတ်တမ်းတင်ခဲ့သည့်အတိုင်း၊ ယေဟောဝါ ဘုရားသခင်၏ စကားများကို ပြန်ဖြေသော ၎င်း၏ အဖြေထဲတွင် အရိပ်အမြွက်ပြထားသည်- “စာတန်ကလည်း၊ အရေအဖို့အရေ ဆိုသကဲ့သို့ လူသည် သူ၏အသက်အတွက် ပိုင်ဆိုင်သမျှတို့ကို အမှန်စင်စစ် ပေးပါလိမ့်မည်။ သို့သော် ယခု ကိုယ်တော်၏လက်ကို ဆန့်ကာ သူ၏အရိုးနှင့် အသွေးအသားတို့ကို ထိပါလော့၊ သူသည် ကိုယ်တော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကျိန်ဆဲလိမ့်မည်ဟု ယေဟောဝါကို ဖြေကြားလေသည်။” (ယောဘ၂:၄-၅) ဘုရားသခင်နှင့် စာတန်အကြား ဤအပြန်အလှန် ပြောဆိုခြင်းမှ စာတန်၏ မလိုမုန်းထားမှုနှင့်သက်ဆိုင်သည့် အခြေအမြစ်ရှိသော အသိပညာနှင့် အသိစိတ်တစ်ခုကိုရရန် ဖြစ်နိုင်ခြေရှိသည်။ စာတန်၏ ဤအတွေးမှားများကို ကြားရခြင်းဖြင့်၊ သမ္မာတရားကို ချစ်မြတ်နိုးပြီး မကောင်းမှုကို ရွံမုန်းသောသူအားလုံးသည် စာတန်၏ ယုတ်ညံ့ခြင်းနှင့် အရှက်ကင်းမဲ့ခြင်းကို သာ၍ ကြီးမားသည့် မုန်းတီးမှု ကေန် ရှိကြပေလိမ့်မည်၊ စာတန်၏ အတွေးမှားများအားဖြင့် စိတ်ပျက်ပြီး စက်ဆုပ်ရွံရှာကြလိမ့်မည်ဖြစ်ပြီး၊ တစ်ချိန်တည်းတွင် ဖြောင့်မတ်သော ဤလူသားသည် စုံလင်ခြင်းကို ရရှိနိုင်ဖို့ ဆုတောင်းရင်း၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သော ဤလူသားသည် စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းများကို အစဉ် အောင်မြင်ပြီး အလင်းထဲတွင်၊ ဘုရားသခင်၏ လမ်းပြမှုနှင့် ကောင်းချီးမင်္ဂလာများ အလယ်တွင် အသက်ရှင်ရမည့်အကြောင်း ဆန္ဒပြုရင်း၊ ယောဘအတွက် နက်ရှိုင်းသော ဆုတောင်းချက်များနှင့် လေးနက်သော တောင်းဆုများကို ပေးကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ထိုသို့သော လူများသည်လည်း ယောဘ၏ ဖြောင့်မတ်သော လုပ်ဆောင်ချက်များက ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို လေ့လာလိုက်စားသော သူအပေါင်းကို အစဉ် လှုံ့ဆော်ပေးပြီး တိုက်တွန်းအားပေးနိုင်ဖို့လည်း ဆန္ဒပြုကြပေလိမ့်မည်။ ဤထုတ်ဖော်ပြောဆိုချက်ထဲတွင် စာတန်၏ မလိုမုန်းထားသော အကြံကို မြင်၍ရနိုင်သော်လည်း၊ ဘုရားသခင်သည် စာတန်၏ “တောင်းဆိုချက်” ကို အပူအပင်ကင်းစွာ ခွင့်ပြုခဲ့သည်- သို့သော် သူသည်

သတ်မှတ်ချက်တစ်ခုလည်း ပြုလုပ်ခဲ့သည်- "သူသည် သင့်လက်ထဲ၌ ရှိ၏၊ သို့ရာတွင် သူ၏ အသက်ကို ချန်ထားလော့။" (ယောဘ ၂:၆) ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအကြိမ်တွင် စာတန်သည် သူ၏လက်ကို ဆန့်တန်းကာ ယောဘ၏ ခန္ဓာကိုယ်နှင့် အရိုးများကို ထိခိုက်ရန် တောင်းဆိုခဲ့သောကြောင့်၊ ဘုရားသခင်က "သူ၏ အသက်ကို ချန်ထားလော့။" ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ ဤစကားများ၏ အဓိပ္ပာယ်မှာ သူသည် ယောဘ၏ ခန္ဓာကိုယ်ကို စာတန်အား ပေးခဲ့သော်လည်း၊ ယောဘ၏ အသက်မှာ ဘုရားသခင်၏ ထိန်းသိမ်းဖို့ ဖြစ်သည်ဟု ဆိုလိုပေသည်။ စာတန်သည် ယောဘ၏ အသက်ကို မနုတ်ယူနိုင်ခဲ့သော်လည်း၊ ဤအရာမှလွဲ၍ စာတန်သည် ယောဘကို ဆန့်ကျင်၍ မည်သည့် နည်းလမ်း သို့မဟုတ် နည်းစနစ်ကိုမဆို အသုံးပြုနိုင်ခဲ့သည်။

ဘုရားသခင်၏ ခွင့်ပြုချက်ကို ရပြီးနောက်၊ စာတန်သည် ယောဘထံ အလျင်အမြန် သွားပြီး၊ ၎င်း၏ လက်ကို ဆန့်ကာ သူ၏တစ်ကိုယ်လုံး၌ နာကျင်သောအနာစိမ်းများ ပေါက်စေလျက် သူ၏အရေပြားကို နှိပ်စက်လေသည်၊ ယောဘသည် သူ၏ အရေပြားပေါ်တွင် နာကျင်မှုကို ခံစားခဲ့ရ၏။ ယောဘသည် ယေဟောဝါဘုရားသခင်၏ အံ့သြဖွယ်ဖြစ်ခြင်းနှင့် သန့်ရှင်းခြင်းတို့ကို ချီးမွမ်းခဲ့သည်၊ ယင်းက စာတန်အား ၎င်း၏ ရဲတင်းမှုဖြင့် ပို၍ပင် ပြောင်ပြောင်တင်းတင်း ကျူးလွန်စေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် လူသားအား နာကျင်စေခြင်း၏ အရသာကို ခံစားခဲ့ရပြီး ဖြစ်သောကြောင့်၊ စာတန်သည် ၎င်း၏လက်ကိုဆန့်၍ ယောဘ၏ နာကျင်အနာစိမ်းများကို ပြည်တည်စေရင်း သူ၏ ခန္ဓာကိုယ်ကို မွှေနှောက်ခဲ့လေသည်။ ယောဘသည် နှိုင်းယှဉ်စရာ မရှိအောင်ပင် သူ၏ ခန္ဓာကိုယ်ပေါ်၌ နာကျင်မှုနှင့် ညှဉ်းဆဲမှုကို ချက်ချင်း ခံစားရခဲ့ပြီး၊ သူသည် ဤခန္ဓာကိုယ် နာကျင်မှုမှတစ်ဆင့် သူ၏ ဝိညာဉ်အား ထိုးနှက်မှုကို သက်သာရာရစေမည့်အလား ဦးခေါင်းမှ ခြေထောက်တိုင်အောင် သူ၏ လက်ဖြင့် မနှိပ်နယ်ဘဲ မနေနိုင်ခဲ့ပေ။ ဘုရားသခင်သည် သူ့အား စောင့်ကြည့်ရင်း သူ၏နံဘေး၌ ရှိသည်ကို သူသဘောပေါက်ခဲ့ပြီး သူ့ကိုယ်သူ စိတ်တင်းထားရန် အကောင်းဆုံး ကြိုးစားခဲ့သည်။ သူသည် မြေပေါ် နောက်ထပ်တစ်ကြိမ် ဒူးထောက်ပြီး၊ "ကိုယ်တော်သည် လူသား၏ စိတ်နှလုံးအတွင်းကို ကြည့်တော်မူ၏၊ ကိုယ်တော်သည် သူ၏ နာကျင်မှုဝေဒနာကို သတိပြုမိပါ၏။ သူ၏ အားနည်းခြင်းသည် ကိုယ်တော်နှင့် အဘယ်သို့ သက်ဆိုင်သနည်း။ ယေဟောဝါ ဘုရားသခင်၏ နာမသည် ချီးမွမ်းခြင်းခံထိုက်ပေ၏။" ဟု ဆိုခဲ့သည်။ စာတန်သည် ယောဘ၏ သည်းမခံနိုင်လောက်သော နာကျင်မှုကို မြင်ခဲ့သော်လည်း၊ ယေဟောဝါဘုရားသခင်၏ နာမကို ယောဘ စွန့်ပစ်သည်ကို မမြင်ခဲ့ပေ။ ထို့ကြောင့် ၎င်းသည် ၎င်း၏ လက်ကို အလျင်အမြန် ဆန့်ကာ ယောဘ၏ အရိုးများကို ဖိစီးနှိပ်စက်ပြီး ခြေလက်အင်္ဂါ

အပိုင်းပိုင်း ဆုတ်ဖြဲပစ်ရန် အသည်းအသန် ဖြစ်လေ၏။ ချက်ချင်း၊ ယောဘသည် မကြုံစဖူးသော ညှဉ်းဆဲခြင်းကို ခံစားခဲ့ရသည်။ ယင်းမှာ သူ၏ ခန္ဓာသည် အရိုးများမှ ဆုတ်ဖြဲထွက်သည့်အလား၊ သူ၏ အရိုးများသည် အပိုင်းပိုင်း ရိုက်ချိုးခြင်းကို ခံရသည့်အလား ဖြစ်ခဲ့သည်။ မချိမဆံ့ခံစားရသော ဤညှဉ်းဆဲမှုသည် သူ့အား သေဆုံးရန်မှာ သာ၍ ကောင်းမည်ဟု တွေးစေခဲ့သည်...ဤနာကျင်မှုကို သူ၏ သည်းခံနိုင်စွမ်းသည် အဆုံးစွန်ရောက်ခဲ့ပြီး ဖြစ်သည်...သူ အော်ဟစ်လိုခဲ့သည်၊ နာကျင်မှု သက်သာစေရန် ကြိုးပမ်းရာတွင် သူ၏ ကိုယ်ခန္ဓာပေါ်မှ အရေပြားကို ဆုတ်ခွာလိုခဲ့သည်- သို့သော် သူ၏အားနည်းချက်ကို စာတန်အား မမြင်စေလိုသည့်အတွက်၊ သူ၏ အော်သံများကို သူချုပ်တည်းခဲ့ပြီး သူ၏ ကိုယ်ခန္ဓာပေါ်မှ အရေပြားကို မဆုတ်ခွာခဲ့ပေ။ ထို့ကြောင့် ယောဘသည် နောက်ထပ်တစ်ကြိမ် ဒူးထောက်ခဲ့သော်လည်း၊ ဤအကြိမ်တွင် သူသည် ယေဟောဝါ ဘုရားသခင်၏ မျက်မှောက်ကို မခံစားခဲ့ရပေ။ သူသည် မကြာခဏ သူ၏ အရှေ့၊ သူ၏ အနောက်နှင့် နံဘေးတစ်ဖက်ဖက်တွင် ရှိသည်ကို သူသိခဲ့သည်။ သို့သော်လည်း သူ၏ နာကျင်မှုကာလအတွင်းတွင် ဘုရားသခင်သည် မည်သည့်အခါမျှ စောင့်ကြည့်ခဲ့ခြင်း မရှိပေ။ လူသားကို သူဖန်ဆင်းခြင်း၏ အဓိပ္ပာယ်မှာ လူသားအပေါ် ဒုက္ခဆင်းရဲကို ယူဆောင်လာရန် မဟုတ်သည့်အတွက်၊ သူသည် သူ၏မျက်နှာကို ကာပြီး ပုန်းကွယ်ခဲ့သည်။ ဤအကြိမ်တွင် ယောဘသည် ငိုကြွေးလျက်နေခဲ့ပြီး ဤရုပ်ပိုင်းဆိုင်ရာ မချိမဆံ့ ဝေဒနာကို တောင့်ခံရန် သူအကောင်းဆုံး ကြိုးပမ်းနေခဲ့သော်လည်း၊ ဘုရားသခင်အား ကျေးဇူးတင်ရှိခြင်းကို မထိန်းထားနိုင်တော့ပေ- "လူသည် ပထမ ထိုးနှက်ချက်တွင် ကျဆုံးသည်၊ သူသည် အားနည်း၍ တန်ခိုး မရှိပေ၊ သူသည် ငယ်ရွယ်ပြီး မသိနားမလည်ပေ။ ကိုယ်တော်သည် အဘယ်ကြောင့် သူ့အပေါ် အလွန်ဂရုစိုက်၍ ကြင်နာရန် ဆန္ဒရှိသနည်း။ ကိုယ်တော်သည် ကျွန်ုပ်ကို ရိုက်နှက်သော်လည်း၊ ထိုသို့ရိုက်နှက်ခြင်းသည် ကိုယ်တော့်အား နာကျင်စေ၏။ လူသားသည် ကိုယ်တော်၏ ဂရုစိုက်ခြင်းနှင့် စိုးရိမ်ခြင်းကို အဘယ်သို့ ခံထိုက်သနည်း။" ယောဘ၏ ဆုတောင်းသံများသည် ဘုရားသခင်၏ နားသို့ ရောက်ရှိခဲ့ပြီး၊ ဘုရားသခင်သည် မည်သည့်အသံမျှ မပြုဘဲ စောင့်ကြည့်ရုံ စောင့်ကြည့်ရင်း နှုတ်ဆိတ်နေခဲ့သည်...။ စာတန်သည် တတ်နိုင်သမျှနည်းလမ်းတိုင်းကို အချည်းနှီး ကြိုးစားခဲ့ပြီးနောက်၊ တိတ်ဆိတ်စွာ ထွက်သွားခဲ့သည်၊ သို့သော် ဤအရာသည် ယောဘ နှင့်သက်ဆိုင်သည့် ဘုရားသခင်၏ စမ်းသပ်မှု အဆုံးသတ်သို့ မရောက်စေခဲ့ပေ။ ယောဘ၌ ထုတ်ဖော်ခဲ့သော ဘုရားသခင်၏ တန်ခိုးသည် လူသိရှင်ကြား မဖြစ်စေခဲ့သေးသောကြောင့်၊ ယောဘ၏ အဖြစ်အပျက်သည် စာတန်၏ နောက်ဆုတ်ခြင်းဖြင့် အဆုံးမသတ် သွားခဲ့ပေ။ အခြားဇာတ်ကောင်များ ဝင်ရောက်

လာခဲ့သည်နှင့်အမျှ၊ သာ၍ ခမ်းနားကြီးကျယ်သော အဖြစ်အပျက်များ ရောက်လာဖို့ ရှိသေးသည်။

## ဘုရားသခင်အပေါ် ယောဘ၏ ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း၏ အခြားသော သရုပ်သကန်မှာ အရာခပ်သိမ်း၌ ဘုရားသခင်၏နာမကို ထောမနာပြုခြင်း ဖြစ်သည်

ယောဘသည် စာတန်၏ ရက်စက်ကြမ်းကြုတ်မှုများကို ခံစားခဲ့ရသော်လည်း၊ သူသည် ယေဟောဝါဘုရားသခင်၏ နာမကို မစွန့်ပစ်ခဲ့သေးပေ။ လူ၏ မျက်စိတွင် မြင်နိုင်သည့် ပုံစံဖြင့် စာတန်၏ အခန်းကဏ္ဍကို လုပ်ဆောင်ရင်း၊ ပထမဦးစွာ ထွက်လာပြီး တိုက်ခိုက်ခဲ့သူမှာ သူ၏ ဇနီး ဖြစ်ခဲ့သည်။ မူရင်းစာသားက ဤသို့ ဖော်ပြထားသည်- “ထိုအခါမယားက၊ သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော။ ဘုရားသခင်ကို စွန့်ပယ်၍ သေလော့ဟုဆို၏။” (ယောဘ ၂:၉) ဤအရာများသည် စာတန်သည် လူသားယောင်ဆောင်၍ ပြောခဲ့သော စကားများ ဖြစ်သည်။ ၎င်းတို့မှာ တိုက်ခိုက်မှု၊ စွပ်စွဲမှုအပြင် သိမ်းသွင်းမှု၊ စုံစမ်းနှောင့်ယှက်ခြင်းနှင့် အသရေဖျက်မှုတို့ ဖြစ်သည်။ ယောဘ၏ ခန္ဓာကိုယ်အား တိုက်ခိုက်ရာ၌ ရှုံးနိမ့်ခဲ့ပြီးနောက်၊ စာတန်သည် ယောဘအား သူ၏ တည်ကြည်မှုကို လက်လွှတ်စေရန်၊ ဘုရားသခင်ကို စွန့်လွှတ်စေရန်နှင့် ဆက်လက် အသက်ရှင်မသွားတော့စေရန် ဤအရာကို အသုံးပြုဖို့ ဆန္ဒရှိလျက်၊ ယောဘ၏ တည်ကြည်မှုကို တိုက်ရိုက် တိုက်ခိုက်ခဲ့သည်။ ထိုနည်းတူ စာတန်သည် ယောဘကို စုံစမ်းနှောင့်ယှက်ဖို့ ထိုသို့သော စကားများကို အသုံးပြုရန်လည်း ဆန္ဒရှိခဲ့သည်- အကယ်၍ ယောဘသည် ယေဟောဝါ၏ နာမကို စွန့်ပစ်ခဲ့ပါက၊ သူသည် ထိုသို့သော ညှဉ်းဆဲမှုကို တောင့်ခံရန် မလိုအပ်ပေ။ သူသည် ခန္ဓာကိုယ် ညှဉ်းဆဲမှုမှ မိမိကိုယ်ကိုယ် လွတ်မြောက်စေနိုင်ခဲ့မည် ဖြစ်သည်။ သူ့ဇနီး၏ အကြံဉာဏ်နှင့် ရင်ဆိုင်ခဲ့ရလျက်၊ ယောဘက၊ “မိန်းမမိုက် ပြောတတ်သကဲ့သို့ သင်သည် ပြော၏။ အဘယ်သို့နည်း။ ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည် ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလော။” (ယောဘ ၂:၁၀) ဟုဆိုရင်း သူမအား အပြစ်ဖော်ပြ ဆုံးမခဲ့သည်။ ယောဘသည် ဤနှုတ်ကပတ်တော်များကို အချိန်ကြာမြင့်စွာကတည်းက သိခဲ့ပြီး ဖြစ်သော်လည်း၊ ဤအချိန်တွင် ထိုနှုတ်ကပတ်တော်များနှင့် သက်ဆိုင်သည့် ယောဘ၏ စစ်မှန်သော အသိသည် အတည်ပြုခြင်း ခံခဲ့ရလေသည်။

ဘုရားသခင်အား ကျိန်ဆဲပြီး သေရန် သူ၏ဇနီးက သူ့အား အကြံပေးခဲ့ချိန်တွင်၊ သူမ ဆိုလိုသည့်

အဓိပ္ပာယ်မှာ- "သင်၏ ဘုရားသခင်သည် သင့်အား ထိုသို့ ဆက်ဆံသည်၊ ထို့ကြောင့် သူ့အား အဘယ်ကြောင့် မကျိန်ဆဲသနည်း။ သင် ဘာအတွက်ကြောင့် ဆက်၍ အသက်ရှင်နေသနည်း။ သင်၏ ဘုရားသခင်သည် သင့်အဖို့ မတရားလွန်းသော်လည်း၊ 'ယေဟောဝါ၏နာမ မင်္ဂလာ ရှိစေသတည်း။' ဟု သင် ဆိုသေးသည်။ သူ၏နာမကို သင်ကောင်းချီးပေးချိန်တွင် သူသည် သင့်အပေါ် ဘေးဒုက္ခကို အဘယ်ကြောင့် ဆောင်လာခဲ့ နိုင်သနည်း။ မြန်မြန်လုပ်ပြီး ဘုရားသခင်၏နာမကို စွန့်ပစ်ကာ သူ့နောက် ထပ်မလိုက်နှင့်။ သို့ဆိုလျှင် သင်၏ ဒုက္ခပြဿနာများ ပြီးဆုံးသွားလိမ့်မည်။" ဤအခိုက်အတန့်တွင် ယောဘ၌ ဘုရားသခင် မြင်လိုသော သက်သေခံချက် ထွက်ပေါ် ခဲ့သည်။ မည်သည့်သာမန်လူမျှ ထိုသို့သော သက်သေခံချက်ကို သက်သေခံနိုင်ခဲ့မည် မဟုတ်သကဲ့သို့ ယင်းနှင့်သက်ဆိုင်၍ သမ္မာကျမ်းစာ၏ မည်သည့်အဖြစ်အပျက်တွင်မျှ ငါတို့ မဖတ်ရှုရပေ- သို့သော် ဤစကားများကို ယောဘ မပြောဆိုမီ အချိန်ကြာမြင့်စွာကတည်းက ယင်းကို ဘုရားသခင် မြင်ခဲ့ပြီး ဖြစ်သည်။ ဘုရားသခင် မှန်ကန်ခဲ့သည်ကို အားလုံးထံ ယောဘကို သက်သေပြ ခွင့်ပေးဖို့ ဘုရားသခင်သည် ဤအခွင့်အရေးကို အသုံးပြုရန် ဆန္ဒရှိရုံမျှ ရှိခဲ့ပေသည်။ သူ့ဇနီး၏ အကြံဉာဏ်နှင့် ရင်ဆိုင်ရလျက်၊ ယောဘသည် သူ၏ တည်ကြည်မှုကို လက်မလွှတ်ခဲ့သကဲ့သို့ ဘုရားသခင်ကိုလည်း မစွန့်လွှတ်ခဲ့ရုံသာမက၊ သူ၏ ဇနီးအား၊ "ငါတို့သည် ဘုရားသခင်၏ လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလော။" ဟူ၍လည်း ဆိုခဲ့သည်။ ဤစကားများသည် အလွန် ဩဇာသက်ရောက်မှု ရှိပါသလော။ ဤနေရာတွင် ဤစကားများ၏ ဩဇာသက်ရောက်မှုကို သက်သေပြနိုင်စွမ်းရှိသည့် အချက်တစ်ခုတည်းသာ ရှိသည်။ ဤစကားများ၏ ဩဇာသက်ရောက်မှုမှာ ဘုရားသခင်သည် ထိုစကားများကို သူ၏ စိတ်နှလုံးထဲတွင် လက်ခံသည်၊ ၎င်းတို့သည် ဘုရားသခင် တောင့်တခဲ့သော အရာ ဖြစ်သည်၊ ၎င်းတို့သည် ဘုရားသခင် ကြားလိုသော အရာဖြစ်ပြီး၊ ဘုရားသခင်မြင်ရန် တမ်းတခဲ့သော ရလဒ် ဖြစ်ပေသည်။ ဤစကားများသည် ယောဘ၏ သက်သေခံချက် အနှစ်သာရလည်း ဖြစ်သည်။ ဤတွင် ယောဘ၏ စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းတို့ အတည်ပြုခံခဲ့ရသည်။ ယောဘ၏ အဖိုးတန်မှုသည် သူ စုံစမ်းနှောင့်ယှက်ခြင်း ခံခဲ့ရချိန်နှင့် သူ၏ တစ်ကိုယ်လုံးကို နာကျင်သောအနာစိမ်းများ ဖုံးလွှမ်းခဲ့သည့် အချိန်တွင်ပင်၊ ပြီးလျှင် အဆုံးစွန် ညှဉ်းဆဲမှုကို သူတောင့်ခံခဲ့သည့် အချိန်နှင့် သူ၏ဇနီးနှင့် ဆွေမျိုးရင်းချာတို့က သူ့ကို အကြံပေးခဲ့ချိန်တွင်၊ ထိုသို့သော စကားများကို သူ မြွက်ဆိုဆဲရှိခဲ့ပုံတွင် တည်ရှိပေသည်။ ၎င်းကို အခြားနည်းဖြင့်ဆိုပါက မည်သည့် စုံစမ်းနှောင့်ယှက်မှုများ ဖြစ်ပါစေ၊ သို့မဟုတ် ဆင်းရဲဒုက္ခများ သို့မဟုတ် ညှဉ်းဆဲမှု မည်သို့ပင်

ဆိုးရွားပါစေ၊ အကယ်၍ သေခြင်းသည် သူ့အပေါ် ရောက်လာခဲ့လျှင်ပင် သူသည် ဘုရားသခင်ကို စွန့်လွှတ်မည် မဟုတ်၊ သို့မဟုတ် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို ပစ်ပယ်မည် မဟုတ်မှန်း သူ၏ စိတ်နှလုံးထဲတွင် သူယုံကြည်ခဲ့သည်။ ထိုအခါ သူ၏ စိတ်နှလုံးထဲတွင် အရေးကြီးဆုံးသော နေရာကို ဘုရားသခင် ထိန်းထားခဲ့ပြီး၊ သူ၏ စိတ်နှလုံးထဲ၌ ဘုရားသခင်သာရှိသည်ကို သင်မြင်ရပေသည်။ ယောဘသည် ဤအမှုများနှင့် တွေ့ကြုံသော်လည်း၊ နှုတ်ဖြင့်မျှမမှားယွင်း ဟူ၍ ကျမ်းစာထဲတွင် သူနှင့် သက်ဆိုင်သည့် ထိုသို့သော ဖော်ပြချက်များကို ငါတို့ ဖတ်ရှုရသည်မှာ ဤအရာကြောင့် ဖြစ်သည်။ သူသည် သူ၏နှုတ်ဖြင့် မမှားယွင်းခဲ့သည်သာမက၊ သူ၏ စိတ်နှလုံးထဲ၌လည်း ဘုရားသခင်နှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ခြင်း မရှိခဲ့ပေ။ ဘုရားသခင်နှင့် ပတ်သက်၍ ထိခိုက်စေသော စကားများကို သူမပြောခဲ့သကဲ့သို့၊ ဘုရားသခင်ကို ဆန့်ကျင်ပြစ်မှားခဲ့ခြင်းလည်း မရှိပေ။ သူ၏နှုတ်က ဘုရားသခင်၏ နာမကို ကောင်းချီး ပေးခဲ့သည်သာမက၊ သူ၏စိတ်နှလုံးတွင်လည်း သူသည် ဘုရားသခင်၏ နာမကို ကောင်းချီးပေးခဲ့သည်။ သူ၏နှုတ်နှင့် စိတ်နှလုံးတို့သည် တစ်ခုတည်းကဲ့သို့ ဖြစ်ခဲ့သည်။ ဤသည်မှာ ဘုရားသခင် မြင်ခဲ့သော စစ်မှန်သည့် ယောဘဖြစ်ပြီး၊ ဤသည်မှာ ယောဘကို ဘုရားသခင် တန်ဖိုးထားခဲ့သည့် တကယ့် အကြောင်းရင်း ဖြစ်ခဲ့သည်။

## ယောဘနှင့်ပတ်သက်၍ လူတို့၏ များစွာသော နားလည်မှု လွဲမှားခြင်းများ

ယောဘခံစားခဲ့ရသည့် ဆင်းရဲဒုက္ခသည် ဘုရားသခင် စေလွှတ်ခဲ့သော စေတမန်များ၏ လုပ်ဆောင်ချက် မဟုတ်ခဲ့သကဲ့သို့၊ ဘုရားသခင် ကိုယ်တိုင်၏လက်က ဖြစ်ပေါ်စေခဲ့ခြင်း မဟုတ်ပေ။ ယင်းအစား ထိုအရာမှာ ဘုရားသခင်၏ ရန်သူဖြစ်သော စာတန်က ကိုယ်တိုင်ကိုယ်ကျ ဖြစ်စေခဲ့ခြင်း ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ယောဘ ခံစားခဲ့ရသော ဆင်းရဲဒုက္ခ၏ အဆင့်မှာ နက်နဲခဲ့သည်။ သို့သော် ဤအခိုက်အတန့်တွင် ယောဘသည် သူ၏ စိတ်နှလုံးထဲမှ ဘုရားသခင်ကို နေ့စဉ်သိသော အသိ၊ သူ၏ နေ့စဉ် လုပ်ဆောင်ချက်များ၏ နိယာမများနှင့် ဘုရားသခင်အပေါ် သူ၏ သဘောထားတို့ကို ကန့်သတ်ချက် မရှိဘဲ၊ လက်တွေ့ပြသခဲ့ပြီး ဤသည်မှာ အမှန်တရား ဖြစ်သည်။ အကယ်၍ ယောဘသည် စုံစမ်းနှောင့်ယှက်ခြင်းကို မခံခဲ့ရပါက၊ အကယ်၍ ဘုရားသခင်သည် ယောဘအပေါ် စမ်းသပ်မှုများကို ယူဆောင်လာခဲ့ခြင်း မရှိပါက၊ "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။" ဟု ယောဘ ပြောသည့်အခါ၊ သင်က ယောဘသည် သူတော်ကောင်း ယောင်ဆောင်သောသူ

တစ်ဦးဖြစ်သည်၊ ဘုရားသခင်သည် သူ့အား ပစ္စည်းဥစ္စာများစွာ ပေးခဲ့ပြီး ဖြစ်သောကြောင့်၊ သူသည် ယေဟောဝါ၏ နာမကို ကေန် ကောင်းချီးပေးခဲ့ခြင်း ဖြစ်သည်ဟု သင်ဆိုလိမ့်မည် ဖြစ်သည်။ အကယ်၍ စမ်းသပ်မှုများကို မခံစားရမီ ယောဘက၊ "ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလော။" ဟုဆိုခဲ့ပါက ယောဘသည် ပုံကြီးချဲ့ပြောနေခြင်းဖြစ်ပြီး သူသည် ဘုရားသခင်၏ လက်အားဖြင့် မကြာခဏ ကောင်းချီးပေးခံခဲ့ရသောကြောင့်၊ ဘုရားသခင်၏ နာမကို စွန့်ပယ်လိမ့်မည် မဟုတ်ဟု သင်ဆိုပေမည်။ အကယ်၍ ဘုရားသခင်သည် သူ့အပေါ် ဘေးဒုက္ခကို ဆောင်ယူခဲ့ပါက၊ သူသည် ဘုရားသခင်၏နာမကို ကေန်အမှန် စွန့်ပယ်မည်ဟု သင်ဆိုမည် ဖြစ်သည်။ သို့သော် ယောဘသည် သူ့ကိုယ်သူ မည်သူမျှ အလိုမရှိမည့် သို့မဟုတ် မည်သူမျှ မမြင်လိုမည့် အခြေအနေများ၊ ၎င်းတို့အပေါ် ကျရောက်မည်ကို ကြောက်ရွံ့သည့်အတွက် ၎င်းတို့အပေါ်ကျရောက်ရန် မည်သူမျှအလိုမရှိသည့် အခြေအနေများ၊ ဘုရားသခင်ပင်လျှင် ကြည့်ရက်နိုင်ခြင်း မရှိသော အခြေအနေများ၌ ရောက်ရှိနေခဲ့သည်ကို သိရှိသည့်အခါ၊ "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။"၊ ပြီးလျှင် "ငါတို့သည် ဘုရားသခင်၏ လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလော။" ဟူ၍ ယောဘသည် သူ၏ တည်ကြည်ခြင်းကို ဆက်၍ ထိန်းထားနိုင်ခဲ့သည်။ ယောဘ၏ပြုမူပုံနှင့် ဤအကြိမ်တွင် ရင်ဆိုင်ရလျက်၊ ကြီးကျယ်သော စကားများ ပြောရသည်ကို နှစ်ခြိုက်သောသူများနှင့် ကျမ်းဟောင်းတရားများနှင့် အယူဝါဒများ ပြောဆိုရသည်ကို နှစ်ခြိုက်သောသူများသည် အာစေးမိကုန်ကြသည်။ ဘုရားသခင်၏နာမကို အပြောဖြင့်သာ ထောမနာပြုသော်လည်း၊ ဘုရားသခင်၏ စမ်းသပ်မှုများကို မည်သည့်အခါမျှ လက်မခံခဲ့သော သူများသည် ယောဘ မြဲမြံစွာ ထိန်းထားခဲ့သော တည်ကြည်မှုအားဖြင့် ပြစ်တင်ရှုတ်ချခြင်းကို ခံရကြပြီး လူသားသည် ဘုရားသခင်၏ လမ်းခရီးကို မြဲမြံစွာ ထိန်းထားနိုင်မည် ဟု မည်သည့်အခါကမျှ မယုံကြည်ဖူးသော သူများသည် ယောဘ၏ သက်သေခံချက်အားဖြင့် စီရင်ခြင်းကို ခံရကြလေသည်။ ဤစမ်းသပ်မှုများ အတောအတွင်း ယောဘ၏ အပြုအမူနှင့် သူပြောခဲ့သော စကားများဖြင့် ရင်ဆိုင်ရလျက်၊ လူအချို့သည် စိတ်ရှုပ်ထွေးကြလိမ့်မည်၊ အချို့တို့သည် မနာလို ဖြစ်ကြလိမ့်မည်၊ အချို့တို့သည် သံသယဖြစ်ကြလိမ့်မည်ဖြစ်ပြီး အချို့တို့သည် ၎င်းတို့အနေဖြင့် စမ်းသပ်မှုများ အတောအတွင်းတွင် ယောဘအပေါ် ကျရောက်ခဲ့သော ညှဉ်းဆဲမှုကို မြင်ရကြပြီး ယောဘပြောခဲ့သော စကားများကို ဖတ်ရကြသည်သာမက၊ သူ့အပေါ် စမ်းသပ်မှုများ

ရောက်လာခဲ့သည့်အချိန်တွင် ယောဘပြခဲ့သော လူသား "အားနည်းချက်" ကိုလည်း မြင်ကြရသောကြောင့်၊ ယောဘ၏ သက်သေခံချက်အပေါ် ၎င်းတို့၏ နှာခေါင်းများကို ရှုံ့ကြရင်း စိတ်မဝင်စားပုံပင်ပေါ် ကြလိမ့်မည်ဖြစ်သည်။ ၎င်းတို့ ယုံကြည်သော ဤ "အားနည်းချက်" မှာ ယောဘ၏ စုံလင်ခြင်းထဲက မစုံလင်ခြင်း၊ ဘုရားသခင်၏ အမြင်တွင် စုံလင်ခဲ့သည့် လူသားတစ်ဦးထဲက အပြစ်အနာအဆာ ဖြစ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ စုံလင်သောသူများသည် အပြစ်အနာအဆာကင်းကြသည်၊ အစွန်းအထင်း သို့မဟုတ် ညစ်နွမ်းမှုမရှိ၊ ၎င်းတို့သည် အားနည်းချက်များ မရှိကြ၊ နာကျင်မှုအသိ မရှိကြ၊ မပျော်မရွှင် ဖြစ်ခြင်း သို့မဟုတ် စိတ်ဓာတ်ကျခြင်း မည်သည့်အခါမျှ မခံစားရကြသကဲ့သို့၊ မုန်းတီးခြင်း သို့မဟုတ် အပြင်ပိုင်းအားဖြင့် အစွန်းရောက်သော အပြုအမူ တစ်ခုတစ်လေ မရှိသောသူများ ဖြစ်သည်ဟု ယုံကြည်တတ်ကြသည်။ အကျိုးဆက်အနေဖြင့် ယောဘသည် အမှန်တကယ် စုံလင်ခဲ့သည်ဟု လူအများစုတို့က မယုံကြည်ကြပေ။ သူ၏ စမ်းသပ်မှုများ အတောအတွင်း သူ၏အပြုအမူများစွာကို လူတို့က လက်မခံကြပေ။ ဥပမာအားဖြင့် ယောဘသည် သူ၏ ဥစ္စာပစ္စည်းနှင့် သားသမီးများကို ဆုံးရှုံးခဲ့ရချိန်တွင်၊ သူသည် လူတို့ စိတ်ကူးသကဲ့သို့ မျက်ရည်ကျ ငိုကြွေးခဲ့ခြင်း မရှိခဲ့ပေ။ သူသည် သူ၏မိသားစုအတွက် မျက်ရည်များ သို့မဟုတ် ချစ်ခင်ခြင်း မရှိခဲ့သည့်အတွက်၊ သူ၏ "တင့်တယ်လျောက်ပတ်သော အမူအကျင့် ကင်းမဲ့ခြင်း" သည် သူ့အား အေးစက်သောသူ ဖြစ်သည်ဟု လူတို့ကို ထင်စေသည်။ ဤသည်မှာ ယောဘနှင့်သက်ဆိုင်၍ လူတို့ရှိကြသည့် ကနဦး မကောင်းသည့် ထင်မြင်ချက် ဖြစ်သည်။ ထို့နောက် ၎င်းတို့သည် သူ၏အပြုအမူသည် သာ၍ပင် ဦးနှောက်ခြောက်စရာ ဖြစ်သည်ဟု မြင်ကြသည်- "မိမိဝတ်လုံကိုဆုတ်ပြီး" ဆိုသည်ကို လူတို့က ဘုရားသခင်အတွက် သူ၏ မရိုသေခြင်း ဖြစ်သည်ဟူ၍ အဓိပ္ပာယ် ကောက်ခဲ့ကြပြီး၊ "ဦးခေါင်းကိုရိတ်၍" ဆိုသည်ကို ဘုရားသခင်အား ယောဘ၏ စော်ကားခြင်းနှင့် ဆန့်ကျင်ခြင်းကို ဆိုလိုသည်ဟု တလွဲယုံကြည်ကြလေသည်။ "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။" ဟူသော ယောဘ၏ စကားများ မှလွဲ၍၊ လူတို့သည် ယောဘထဲ၌ ဘုရားသခင်၏ ချီးကျူးခြင်းကို ခံခဲ့ရသော မည်သည့် ဖြောင့်မတ်ခြင်းကိုမျှ မမြင်ကြပေ၊ ထို့ကြောင့် ၎င်းတို့ အများစု ပြုလုပ်ကြသည့် ယောဘနှင့်သက်ဆိုင်သည့် အကဲဖြတ်ချက်မှာ နားမလည်နိုင်ခြင်း၊ နားလည်မှုလွဲခြင်း၊ သံသယဖြစ်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်းနှင့် သဘောတရားဖြင့်သာ လက်ခံခြင်းထက် မပိုပေ။ ယောဘသည် စုံလင်ပြီး ဖြောင့်မတ်သော လူသားတစ်ဦး ဖြစ်သည်၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်ခဲ့သောသူတစ်ဦး ဖြစ်သည်ဟူသော ယေဟောဝါ

ဘုရားသခင်၏ စကားများကို ၎င်းတို့ထဲမှ မည်သူမျှ အမှန်တကယ် နားမလည်နိုင်ကြသကဲ့သို့ အသိအမှတ်မပြုနိုင်ကြပေ။

ယောဘနှင့်သက်ဆိုင်သည့် ၎င်းတို့၏ အထက်ပါ ထင်မြင်ချက်ကို အခြေခံ၍ သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်ထားခဲ့သည့် ယောဘ၏ လုပ်ဆောင်ချက်များနှင့် သူ၏ အပြုအမူသည် လူတို့ စိတ်ကူးထားပြီး ဖြစ်မည့်အတိုင်း အလွန်အံ့အားသင့်လောက်အောင် တို့ထိခြင်း မရှိသည့်အတွက်၊ လူတို့သည် သူ၏ ဖြောင့်မတ်ခြင်းနှင့်စပ်လျဉ်းပြီး နောက်ထပ် သံသယများ ရှိကြလေသည်။ သူသည် မည်သည့် ကြီးမားသော စွမ်းဆောင်မှုကိုမျှ မဆောင်ရွက်ခဲ့သည်သာမက၊ သူသည် ပြာထဲတွင် ထိုင်နေစဉ် မိမိကိုယ်ကိုယ် ကုတ်ခြစ်ရန် အိုးခြမ်းပဲ့ကိုလည်း ယူခဲ့သည်။ ယောဘသည် သူ့ကိုယ်သူ ခြစ်နေစဉ် ဘုရားသခင်ထံ ဆုမတောင်းခဲ့သကဲ့သို့၊ သို့မဟုတ် ဘုရားသခင်အား ကတိ မပေးခဲ့သည့်အပြင်၊ သူသည် နာကျင်မှု မျက်ရည်များဖြင့် ငိုကြွေးသည်ကို မမြင်ခဲ့ရသည့်အတွက်၊ ဤလုပ်ရပ်သည်လည်း လူတို့အား အံ့အားသင့်စေပြီး ယောဘ၏ ဖြောင့်မတ်ခြင်းကို သံသယ ဖြစ်စေကာ ငြင်းပင်ငြင်းပယ်စေလေသည်။ ဤအကြိမ်တွင် လူတို့သည် ယောဘ၏ အားနည်းချက်ကိုသာ မြင်ကြပြီး အခြားမည်သည့်အရာကိုမျှ မမြင်ကြသောကြောင့်၊ "ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလော။" ဟု ယောဘ ဆိုသည်ကို ၎င်းတို့ ကြားကြချိန်တွင်ပင် လုံး၀ တို့ထိခံရခြင်း မရှိကြပေ၊ သို့မဟုတ် ချီတုံချတုံ ဖြစ်ခြင်း မရှိသကဲ့သို့၊ ယောဘ၏ စကားများမှ သူ၏ ဖြောင့်မတ်ခြင်းကို သိမြင်နိုင်ခြင်း မရှိကြသေးပေ။ သူ၏စမ်းသပ်မှုများနှင့်သက်ဆိုင်သည့် ညှဉ်းဆဲခြင်း အတောအတွင်းတွင် လူတို့အား ယောဘပေးသည့် အခြေခံကျသော ထင်မြင်ချက်မှာ သူသည် ကြောက်ရွံ့တွန့်ဆုတ်နေခြင်းလည်း မရှိခဲ့သကဲ့သို့၊ မာနလည်း မထောင်လွှားခဲ့ဟူ၍ ဖြစ်သည်။ သူ၏ စိတ်နှလုံး အတွင်းနက်နက်နေရာများ၌ ဖြစ်ပျက်ခဲ့သော သူ၏အပြုအမူ နောက်ကွယ်မှ အဖြစ်အပျက်ကို လူတို့ မမြင်ကြသည်သာမက၊ သူ၏စိတ်နှလုံးထဲက ဘုရားသခင်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် မကောင်းမှု ရှောင်ကြဉ်ခြင်း လမ်းခရီး၏ အခြေခံသဘောတရားကို သူ၏ စောင့်ထိန်းခြင်းအားလည်း မမြင်ကြပေ။ သူ၏ စိတ်တည်ငြိမ်ခြင်းသည် သူ၏ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့မှာ အနှစ်မဲ့သော စကားများသာဖြစ်သည်၊ ဘုရားသခင်အပေါ် သူ၏ ကြောက်ရွံ့ခြင်းမှာ ကောလာဟလမျှသာ ဖြစ်သည်ဟု လူတို့အား ထင်စေသည်။ ထိုစဉ်အတောအတွင်း အပြင်ပန်းအားဖြင့် သူထုတ်ဖော်ပြခဲ့သော "အားနည်းချက်" သည် ဘုရားသခင်က စုံလင်ကာ ဖြောင့်မတ်သည်ဟု သတ်မှတ်သော လူသားအပေါ် "အမြင်သစ်" တစ်ခုနှင့် "နားလည်မှုအသစ်" တစ်ခုကိုပင်

ပေးလျက်၊ ၎င်းတို့အပေါ် အလွန်နက်နဲသော ထင်မြင်ချက်ကို ချန်ထား ရစ်လေသည်။ ယောဘက သူ၏နှုတ်ကိုဖွင့်ကာ သူမွေးဖွားခဲ့သော နေ့ရက်ကို ကျိန်ဆဲခဲ့ချိန်တွင်၊ ထိုသို့သော "အမြင်သစ်" နှင့် "နားလည်မှုအသစ်" များကို အတည်ပြုလိုက်ပေသည်။

သူခံစားခဲ့ရသော ညှဉ်းဆဲမှု အတိုင်းအတာသည် မည်သည့်လူသားမျှ မတွေးတတ်အောင်ဖြစ်ပြီး နားမလည်နိုင်အောင် ဖြစ်လည်း၊ သူသည် မိစ္ဆာဒိဋ္ဌိစကားများကို မပြောခဲ့ဘဲ၊ သူ၏ ကိုယ်ခန္ဓာ နာကျင်မှုဝေဒနာကို သူ၏ ကိုယ်ပိုင် နည်းလမ်းဖြင့် သက်သာရုံ သက်သာစေခဲ့သည်။ သမ္မာကျမ်းထဲ၌ မှတ်တမ်းတင်ခဲ့သည်နှင့်အညီ၊ "ငါဖွားသော နေ့ရက်ပျက်စီးပါစေ။ သားယောကျ်ားကို ပဋိသန္ဓေ ယူပြီဟု သတင်းကြားပြောသော ညဉ့်လည်း ပျက်စီးပါစေ။" (ယောဘ ၃:၃) ဟု သူဆိုခဲ့သည်။ ဤစကားများကို အရေးကြီးသည်ဟု မည်သူမျှက တစ်ခါမျှ သဘောထားကောင်း ထားမည်မဟုတ်သကဲ့သို့၊ ထိုအရာများကို အာရုံစိုက်ပြီးသော လူများ ရှိကောင်းရှိပေမည်။ သင်တို့၏ အမြင်တွင်၊ ယောဘသည် ဘုရားသခင်ကို ဆန့်ကျင် ခဲ့သည်ဟု ထိုစကားများက ဆိုလိုသလော။ ထိုစကားများသည် ဘုရားသခင်ကို မကျေမနပ်ဖြစ်ခြင်း တစ်ခု ဖြစ်သလော။ သင်တို့ထဲမှ များစွာသည် ယောဘပြောခဲ့သော ဤစကားများနှင့်ပတ်သက်၍ အချို့သော အတွေးအခေါ်များ ရှိကြပြီး၊ အကယ်၍ ယောဘသည် စုံလင်ပြီး ဖြောင့်မတ်ပါက၊ သူသည် အားနည်းချက် သို့မဟုတ် ပူဆွေးသောက တစ်စုံတစ်ရာကို မပြသင့်သကဲ့သို့၊ ယင်းအစား စာတန်ထံမှ မည်သည့်တိုက်ခိုက်မှုကိုမဆို အပြုသဘောဆန်စွာဖြင့် ရင်ဆိုင်ခဲ့သင့်ပြီး စာတန်၏ စုံစမ်းနှောင့်ယှက်မှုများကို ရင်ဆိုင်ရာတွင် ပြုံးပင် ပြုံးခဲ့သင့်သည်ဟု ယုံကြည်ကြသည်ကို ငါသိသည်။ သူသည် သူ၏ခန္ဓာကိုယ်ပေါ် စာတန် ဆောင်ကြဉ်းခဲ့သည့် ညှဉ်းဆဲမှု တစ်ခုတစ်လေကို အနည်းငယ်မျှ တုံ့ပြန်မှု မရှိသင့်သကဲ့သို့၊ သူ၏ စိတ်နှလုံးအတွင်းရှိ စိတ်ခံစားချက် တစ်ခုတစ်လေကို မပြခဲ့သင့်ပေ။ ဘုရားသခင်သည် ဤစမ်းသပ်မှုများကို ပို၍ပင် ပြင်းထန်စေရန် ဘုရားသခင်အား သူတောင်းလျှောက်ခဲ့သင့်ပေသည်။ ဤသည်မှာ မဆုတ်မနစ်ဖြစ်ပြီး ဘုရားသခင်ကို စစ်မှန်စွာ ကြောက်ရွံ့ကာ မကောင်းမှုကို ရှောင်သောသူ တစ်စုံတစ်ဦးက လက်တွေ့ပြသပြီး ပိုင်ဆိုင်သင့်သည့်အရာ ဖြစ်သည်။ အလွန်ပြင်းထန်သော ဤညှဉ်းဆဲမှု အလယ်တွင်၊ ယောဘသည် သူမွေးဖွားသော နေ့ရက်ကိုသာ ကျိန်ဆဲခဲ့သည်။ သူသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်းငှာ ရည်ရွယ်ချက် တစ်ခုတစ်လေရှိဖို့မဆိုထားနှင့်၊ ဘုရားသခင်ကို ညည်းညူခြင်းပင် မပြုခဲ့ပေ။ ရှေးခေတ် အချိန်ကာလများမှစ၍ ယနေ့အထိ၊ ယောဘပေါ် ကျရောက်ခဲ့သည့် ထိုသို့သော စုံစမ်းနှောင့်ယှက်မှုများကို မည်သူမျှ မတွေ့ကြုံဖူးသည့်အတွက် သို့မဟုတ် မခံစားဖူးသည့်အတွက်၊ ဤအရာသည် အပြောက အလုပ်ထက် ပို၍ လွယ်ကူပေသည်။ ထို့ကြောင့်၊ ယောဘကဲ့သို့ တူညီသည့်

စုံစမ်းနှောင့်ယှက်မှုမျိုးကို မည်သူမျှ အဘယ်ကြောင့် မခံစားရဖူးပါသနည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် မြင်သလောက်က မည်သူမျှ ထိုသို့သော တာဝန် သို့မဟုတ် တာဝန်ပေး စေခိုင်းချက်တစ်ခုကို တာဝန်ယူနိုင်ခဲ့ခြင်း မရှိ၊ ယောဘ လုပ်ဆောင်ခဲ့သကဲ့သို့ မည်သူမျှ မလုပ်ဆောင်နိုင်ခဲ့သည့်အပြင်၊ ယောဘအပေါ် ထိုသို့သော နှိပ်စက်ညှဉ်းပန်းမှုကျရောက်ချိန် သူပြုခဲ့သည်နည်းတူ၊ မည်သူမျှက ၎င်းတို့ မွေးဖွားခဲ့သော နေ့ရက်ကို ကျိန်ဆဲခြင်းမှ လွဲ၍ ဘုရားသခင်၏နာမကို မစွန့်ပယ်သကဲ့သို့၊ ယေဟောဝါဘုရားသခင်၏ နာမကို ဆက်လက်ကောင်းချီးပေးဆဲ မပြုနိုင်ကြသောကြောင့် ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် ဤအရာကို လုပ်ဆောင်နိုင်မည်လော။ ယောဘနှင့်ပတ်သက်၍ ဤအရာကို ငါတို့ ပြောသောအခါတွင်၊ ငါတို့သည် သူ၏အပြုအမူကို ချီးကျူးနေခြင်း ဖြစ်သလော။ သူသည် ဖြောင့်မတ်သော လူသားတစ်ဦးဖြစ်ခဲ့ပြီး ဘုရားသခင်အဖို့ ထိုသို့သော သက်သေကို ခံနိုင်ခဲ့ကာ၊ သူ့အား စွပ်စွဲရန် ဘုရားသခင်၏ ရှေ့သို့ စာတန်ကို မည်သည့်အခါတွင်မျှ တစ်ဖန် ပြန်မလာစေဖို့အလို့ငှာ စာတန်အား စိတ်ပျက်လက်ပျက်ဖြင့်ထွက်ပြေးစေနိုင်စွမ်းရှိခဲ့သည်- ထို့ကြောင့် သူ့ကို ချီးကျူးခြင်းနှင့်ပတ်သက်၍ မည်သည့်အရာ မှားယွင်းပါသနည်း။ သင်တို့သည် ဘုရားသခင်ထက် ပိုမြင့်သော စံနှုန်းများ ရှိနေခြင်း ဖြစ်နိုင်မည်လော။ သင်တို့အပေါ်သို့ စမ်းသပ်မှုများ ကျရောက် လာချိန်တွင် သင်တို့သည် ယောဘထက် ပို၍ပင် ကောင်းစွာ ပြုမူနိုင်မည်မှာ ဖြစ်နိုင်မည်လော။ ယောဘသည် ဘုရားသခင်၏ ချီးမွမ်းခြင်းကို ခံခဲ့ရသည်- မည်သည့် ကန့်ကွက်ချက်များ သင်တို့ ရှိနိုင်မည်နည်း။

## ယောဘသည် သူ့အားဖြင့် ဘုရားသခင်ကို မနာကျင်စေလိုသောကြောင့် သူမွေးဖွားခဲ့သော နေ့ရက်ကို ကျိန်ဆဲသည်

လူတို့သည် လူတို့၏ အပြင်ပန်းများကို ကြည့်စဉ်တွင်၊ ဘုရားသခင်သည် လူတို့၏ အတွင်းစိတ်နှလုံးကို ကြည့်သည်ဟု ငါမကြာခဏ ပြောသည်။ ဘုရားသခင်သည် လူတို့၏ အတွင်းစိတ်နှလုံးကို ကြည့်သောကြောင့်၊ သူသည် ၎င်းတို့၏ အနှစ်သာရကို နားလည်လေသည်၊ လူတို့မှာမူ အခြားလူတို့၏ အနှစ်သာရကို ၎င်းတို့၏ အပြင်ပန်းကို အခြေခံ၍ ဖွင့်ဆိုကြလေသည်။ ယောဘသည် သူ၏နှုတ်ကိုဖွင့်ကာ သူမွေးဖွားခဲ့သော နေ့ရက်ကို ကျိန်ဆဲခဲ့ချိန်တွင်၊ ဤလုပ်ရပ်သည် ယောဘ၏ မိတ်ဆွေသုံးဦး အပါအဝင် ဝိညာဉ်ရေးရာ ပုဂ္ဂိုလ် အားလုံးကို အံ့အားသင့်စေခဲ့သည်။ လူသားသည် ဘုရားသခင်ထံမှ လာခဲ့ခြင်းဖြစ်ပြီး၊ ဘုရားသခင် သူ့အပေါ် ပေးအပ်ခဲ့သော အသက်နှင့် ခန္ဓာကိုသာမက သူမွေးဖွားခဲ့သော

နေ့ရက်အတွက် ကျေးဇူးတင်ရှိသင့်ပြီး၊ ယင်းတို့ကို မကျိန်ဆဲသင့်ပေ။ ဤသည်မှာ သာမန်လူများ နားလည်နိုင်ပြီး စိတ်ကူးနိုင်သည့် အရာတစ်ခု ဖြစ်သည်။ ဘုရားသခင် နောက်သို့ လိုက်လျှောက်သောသူ မည်သူ့အတွက်မဆို၊ ဤသိနားလည်မှုသည် အထွတ်အမြတ်ဖြစ်ပြီး မချိုးဖောက်အပ်ပေ၊ ပြီးလျှင် ယင်းသည် မည်သည့်အခါမျှ မပြောင်းလဲနိုင်သည့် သမ္မာတရားတစ်ခု ဖြစ်သည်။ တစ်နည်းအားဖြင့် ယောဘသည် စည်းမျဉ်းများကို ချိုးဖောက်ခဲ့ပေသည်- သူသည် သူမွေးဖွားခဲ့သော နေ့ရက်ကို ကျိန်ဆဲခဲ့သည်။ ဤသည်မှာ တားမြစ်ထားသော နယ်မြေထဲသို့ ဖြတ်ကူးခြင်း အဖြစ် သာမန်လူများက ယူဆသည့် လုပ်ရပ်တစ်ခု ဖြစ်သည်။ ယောဘသည် လူတို့၏ နားလည်ခြင်းနှင့် စာနာသနားခြင်းကို ခံစားပိုင်ခွင့်မရှိသည်သာမက၊ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကိုလည်း ခံစားပိုင်ခွင့် မရှိပေ။ တစ်ချိန်တည်းတွင် သူ့အပေါ် ဘုရားသခင်၏ မျက်နှာသာပေးခြင်းက ယောဘအား မိမိကိုယ်ကိုယ် အလိုလိုက်စေသည်၊ ယင်းသည် သူ့အား အလွန် ရဲတင်းစေပြီး မဆင်မခြင် ဖြစ်စေခဲ့သည်မှာ သူသည် သူ၏ တစ်သက်တာအတောအတွင်း သူ့အား ကောင်းချီးပေးခြင်းနှင့် စောင့်ရှောက်ခြင်းအတွက် ဘုရားသခင်အား ကျေးဇူးမတင်ခဲ့ရုံ သာမကဘဲ၊ သူမွေးဖွားခဲ့သော နေ့ရက်ကိုလည်း ပျက်စီးခြင်းသို့ ရှုတ်ချခဲ့ပုံရသည့်အတွက်၊ သာ၍ပင်များသော လူတို့သည် ယောဘ၏ ဖြောင့်မတ်ခြင်းအပေါ် သံသယ ဖြစ်လာကြလေသည်။ ဤသည်မှာ ဘုရားသခင်ကို ဆန့်ကျင်ခြင်း မဟုတ်ပါက အဘယ်အရာ ဖြစ်သနည်း။ ထိုသို့သော ပေါ့ပြက်မှုများသည် ယောဘ၏ ဤလုပ်ရပ်ကို ပြစ်တင်ရှုတ်ချရန် လူတို့အား အထောက်အထားကို ပေးသော်လည်း၊ ထိုအချိန်က ယောဘသည် မည်သည့်အရာကို အမှန်တကယ် တွေးနေခဲ့သည်ကို မည်သူ သိနိုင်ပါသနည်း။ ယောဘသည် အဘယ်ကြောင့် ထိုသို့ပြုမူခဲ့သည့် အကြောင်းရင်းကို မည်သူသိနိုင်သနည်း။ ဤနေရာတွင် ဘုရားသခင်နှင့် ယောဘ ကိုယ်တိုင်သာ အတွင်းကျကျ အဖြစ်အပျက်နှင့် အကြောင်းရင်းများကို သိနိုင်ပေသည်။

စာတန်သည် ယောဘ၏ အရိုးများကို ဖိစီးနှိပ်စက်ဖို့ ၎င်း၏လက်ကိုဆန့်ခဲ့ချိန်တွင်၊ ယောဘသည် လွတ်မြောက်ရန် နည်းလမ်းများ သို့မဟုတ် ခုခံရန်ခွန်အား မရှိဘဲ၊ ၎င်း၏ လက်ခုပ်တွင်းသို့ ကျဆင်းခဲ့ရသည်။ သူ၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်သည် အလွန်ကြီးစွာသော နာကျင်မှုဝေဒနာကို ခံစားခဲ့ရပြီး ဤနာကျင်မှုသည် သူ့အား ခန္ဓာ၌ ရှင်သန်နေသည့် လူသား၏ အရေးမပါမှု၊ အားနည်းခြင်းနှင့် အစွမ်းတန်ခိုးကင်းမဲ့ခြင်းတို့ကို အလွန်အမင်း သတိပြုမိစေခဲ့သည်။ တစ်ချိန်တည်းတွင် ဘုရားသခင်သည် အဘယ်ကြောင့် လူသားမျိုးနွယ်ကို ဂရုစိုက်ကာ ကြည့်ရှုစောင့်ရှောက်လိုသည့် စိတ်တစ်ခုရှိရသည်ဆိုသည်နှင့် သက်ဆိုင်သည့် နက်နဲသော အသိအမှတ်ပြုခြင်းနှင့် သိနားလည်မှု တစ်ခုကိုလည်း ရရှိခဲ့သည်။ စာတန်၏

လက်တွင်း၌ အသွေးအသား ရှိသော လူသားမှာ အမှန်တကယ် အလွန် အစွမ်းတန်ခိုးမဲ့ပြီး အားနည်းသည်ဟု ယောဘ နားလည်ခဲ့ရသည်။ သူသည် ဒူးထောက်ကာ ဘုရားသခင်ထံ ဆုတောင်းခဲ့ချိန်တွင်၊ ဘုရားသခင်သည် သူ့အား စာတန်၏ လက်ထဲသို့ လုံးလုံးလျားလျား ထားရှိခဲ့ပြီး ဖြစ်သောကြောင့်၊ ဘုရားသခင်သည် သူ၏မျက်နှာကို ဖုံးထားပြီး ကွယ်ဝှက်နေသည့်အလား သူခံစားခဲ့ရသည်။ တစ်ချိန်တည်းတွင် ဘုရားသခင်သည်လည်း သူ့အတွက် ငိုကြွေးခဲ့သည့်အပြင်၊ သူ့အတွက် စိတ်ထိခိုက်ခဲ့ရသည်။ ဘုရားသခင်သည် သူ၏နာကျင်မှုအားဖြင့် နာကျင်ခဲ့ရပြီး သူ၏ အနာတရဖြစ်ခြင်းအားဖြင့် အနာတရ ဖြစ်ခဲ့ရသည်... ယောဘသည် ဘုရားသခင်၏ နာကျင်မှုကို ခံစားမိခဲ့သည့်အပြင် ဘုရားသခင်အတွက် ယင်းမှာ ဘုရားသခင် အတွက် မည်မျှ မခံမရပ်နိုင်ဖွယ် ဖြစ်သည်ကိုလည်း ခံစားမိခဲ့သည်...ယောဘသည် သူ့အားဖြင့် ဘုရားသခင် နာကျင်ရသည်ကို မြင်လိုရန်မဆိုထားနှင့်၊ ဘုရားသခင်အပေါ် နောက်ထပ် ပူဆွေးမှု တစ်စုံတစ်လေကိုမျှ ရောက်စေလိုခြင်း မရှိသကဲ့သို့၊ ဘုရားသခင်အား သူ့အတွက် မငိုကြွေးစေလိုခဲ့ပေ။ ဤအခိုက်အတန့်တွင်၊ ယောဘသည် သူ၏ နာကျင်မှုအားဖြင့် ဘုရားသခင် ညှဉ်းဆဲခံရခြင်းကို ဤအရာက ရပ်တန့်စေနိုင်မည် ဖြစ်သည့်အတွက်၊ ဤခန္ဓာကိုယ်အားဖြင့် သူ့အပေါ် ကျရောက်ခဲ့သော နာကျင်မှုကို သည်းညည်းမခံတော့ရန် သူ၏ ခန္ဓာကိုယ်ကို အာရုံထဲမှ ဖျောက်ပစ်လိုခဲ့သည်- သို့သော် သူမဖျောက်ပစ်နိုင်ခဲ့သကဲ့သို့ သူသည် ခန္ဓာကိုယ်၏ နာကျင်မှုကို သည်းခံခဲ့ရသည် သာမက၊ ဘုရားသခင်အား မပူပန်စေလိုသည့် ဆန္ဒ၏ ညှဉ်းဆဲခြင်းကိုလည်း ခံခဲ့ရသည်။ နာကျင်မှုတစ်ခုသည် ခန္ဓာကိုယ်မှ လာပြီး နောက်တစ်ခုသည် ဝိညာဉ်မှလာသည့်- ဤနာကျင်မှု နှစ်ခုသည် ယောဘအပေါ် စိတ်နှလုံးကွဲလုမတတ်၊ အူကလီစာများ ဆောင့်ဆွဲခံရသည့် နာကျင်မှုကို ဆောင်ယူလာခဲ့ပြီး အသွေးအသားရှိသော လူသား၏ အားနည်းချက်များသည် တစ်ဦးတစ်ယောက်အား မည်ကဲ့သို့ မချင့်မရဲဖြစ်စေပြီး ခိုကိုးရာမဲ့စေသည်ကို သူ့အား ခံစားရစေခဲ့သည်။ ဤအခြေအနေများအောက်တွင်၊ ဘုရားသခင်ကို သူ၏ တမ်းတခြင်းသည် သာ၍ပြင်းထန်လာခဲ့ပြီး စာတန်အား သူ၏ စက်ဆုပ်ရွံရှာခြင်းသည် သာ၍ ပြင်းပြလာခဲ့သည်။ ဤအချိန်တွင်၊ ယောဘသည် သူ့အတွက် ဘုရားသခင် မျက်ရည်ကျငိုကြွေးသည်ကို မြင်ရသည်ထက် သို့မဟုတ် နာကျင်ခြင်း ခံစားရသည်ကို မြင်ရသည်ထက် လူ့လောကထဲသို့ မည်သည့်အခါကမျှ သူမမွေးဖွားလာခဲ့ရန်၊ သူ မဖြစ်တည်ခဲ့ဖို့ရန် သာ၍ပင် ဆန္ဒရှိခဲ့သည်။ သူသည် သူ၏ ဇာတိပကတိကို စတင်၍ လွန်စွာ စက်ဆုပ်ရွံရှာ လာခဲ့သည်၊ မိမိကိုယ်ကိုယ်၊ သူမွေးဖွားခဲ့သော နေ့ရက်နှင့် သူနှင့်သက်ဆိုင်သမျှ အားလုံးကိုပင် ငြီးငွေ့ပြီး စိတ်ကုန်လာခဲ့သည်။ သူမွေးဖွားခဲ့သော နေ့ရက် သို့မဟုတ် ယင်းနှင့်

ပတ်သက်သည့် မည်သည့်အရာကိုမျှ နောက်ထပ် မည်သို့မျှ ဖော်ပြရန် သူအလိုမရှိခဲ့ပေ၊ ထို့ကြောင့် သူသည် သူ၏နှုတ်ကိုဖွင့်ကာ သူ၏မွေးဖွားရာနေ့ရက်ကို ဤသို့ကျိန်ဆဲခဲ့သည်- “ငါဖွားသော နေ့ရက်ပျက်စီးပါစေ။ သားယောကျ်ားကို ပဋိသန္ဓေယူပြီဟု သတင်းကြားပြောသော ညဉ့်လည်း ပျက်စီးပါစေ။ ထိုနေ့ရက်မိုက်ပါစေ။ ဘုရားသခင်သည် မျက်နှာပြုတော်မမူပါစေနှင့်။ အလင်းမပေါ်ထွန်းပါစေနှင့်။” (ယောဘ ၃:၃-၄) ယောဘ၏ စကားများသည် သူ့ကိုယ်သူ စက်ဆုပ်ရွံရှာခြင်းဖြစ်သည့် “ငါဖွားသော နေ့ရက်ပျက်စီးပါစေ။ သားယောကျ်ားကို ပဋိသန္ဓေယူပြီဟု သတင်းကြားပြောသော ညဉ့်လည်း ပျက်စီးပါစေ။” ဟူ၍အပြင်၊ မိမိကိုယ်ကိုယ်အပေါ် သူ ခံစားရသည့် အပြစ်တင်မှုနှင့် ဘုရားသခင်ကို နာကျင်စေခြင်းအတွက် အကြွေးတင်ရှိသည့် သူ၏ အသိစိတ်ဖြစ်သော “ထိုနေ့ရက်မိုက်ပါစေ။ ဘုရားသခင်သည် မျက်နှာပြုတော်မမူပါစေနှင့်။ အလင်း မပေါ်ထွန်းပါစေနှင့်၊” ဟူသည်ကို ပြပေသည်။ ဤကျမ်းပိုဒ်နှစ်ပိုဒ်သည် ထိုအခါက ယောဘ ခံစားခဲ့ရပုံနှင့် သက်ဆိုင်သည့် အဆုံးစွန် ဖော်ပြချက်ဖြစ်ပြီး၊ အားလုံးထံ သူ၏စိုးလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို အပြည့်အဝ ထင်ရှားစေခဲ့သည်။ တစ်ချိန်တည်းတွင် ယောဘ ဆန္ဒရှိခဲ့သည့်အတိုင်းပင်၊ ဘုရားသခင်အပေါ် သူ၏ယုံကြည်ခြင်းနှင့် နာခံခြင်းအပြင်၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းတို့မှာ အမှန်ပင် ချီးမြှောက်ခြင်း ခံခဲ့ရသည်။ ဟုတ်ပေ၏၊ ဤချီးမြှောက်ခြင်းသည် ဘုရားသခင် မျှော်လင့်ခဲ့ပြီးဖြစ်သည့် အကျိုးဆက် အတိအကျဖြစ်ပေသည်။

## ယောဘသည် စာတန်ကို အနိုင်ယူကာ ဘုရားသခင်၏ အမြင်တွင် စစ်မှန်သော လူသားတစ်ဦး ဖြစ်လာသည်

ယောဘသည် သူ၏ စမ်းသပ်မှုများကို ပထမဦးဆုံး ကြုံရချိန်တွင်၊ သူ၏ ဥစ္စာပစ္စည်းအားလုံးနှင့် သားသမီး အားလုံး ယူဆောင်သွားခြင်း ခံခဲ့ရသော်လည်း၊ အကျိုးဆက်အနေဖြင့် သူသည် လဲမကျခဲ့ပေ သို့မဟုတ် ဘုရားသခင်ကို ဆန့်ကျင်ပြစ်မှားမှုတစ်ခုဖြစ်သည့် မည့်သည့်အရာကိုမျှ မဆိုခဲ့ပေ။ သူသည် စာတန်၏ စုံစမ်းနှောင့်ယှက်မှုများကို အောင်မြင်ခဲ့ပြီး သူ၏ ရုပ်ဝတ္ထု ပစ္စည်းများ၊ သူ၏သားသမီးများနှင့် သူ၏လောကီပိုင်ဆိုင်မှု အားလုံး ဆုံးရှုံးခြင်းနှင့်သက်ဆိုင်သည့် စမ်းသပ်မှုကို အောင်မြင်ခဲ့သည်၊ ယင်းမှာ သူသည် ဘုရားသခင်က သူ့ထံမှ အမှုအရာများကို ယူဆောင် သွားသည်နှင့်အမျှ ဘုရားသခင်ကို နာခံနိုင်ခဲ့ပြီး၊ ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အရာကြောင့် ဘုရားသခင်ထံ ကျေးဇူးတင်ရှိခြင်းနှင့် ချီးမွမ်းခြင်းတို့ကိုလည်း ပူဇော်ဆက်ကပ်နိုင်ခဲ့သည်။ ယင်းမှာ စာတန်၏

ပထမအကြိမ် စုံစမ်းနှောင့်ယှက်မှုအတောအတွင်း ယောဘ၏ အပြုအမူဖြစ်ခဲ့ပြီး ယင်းမှာ ဘုရားသခင်၏ ပထမအကြိမ် စမ်းသပ်မှု အတောအတွင်း ယောဘ၏ သက်သေခံချက်လည်း ဖြစ်ခဲ့သည်။ ဒုတိယအကြိမ် စမ်းသပ်မှုတွင်၊ စာတန်သည် ယောဘကို တိုက်ခိုက်ဖို့ ၎င်း၏လက်ကိုဆန့်ခဲ့ပြီး၊ ယောဘသည် သူယခင်က ခံစားခဲ့ရသည်ထက် သာ၍ ကြီးမားသော နာကျင်မှုကို ခံစားခဲ့ရသော်လည်း၊ သူ၏သက်သေခံချက်သည် လူတို့ကို အံ့အားသင့်ရစ်စေရလောက်သည်အထိ ဖြစ်ဆဲရှိခဲ့သည်။ သူသည် သူ၏ခံနိုင်ရည်၊ ခံယူချက်နှင့် ဘုရားသခင်ကို နာခံမှုအပြင်၊ ဘုရားသခင်ကို သူ၏ ကြောက်ရွံ့ခြင်းတို့အား စာတန်ကို နောက်ထပ်တစ်ကြိမ် အနိုင်ယူရန် အသုံးပြုခဲ့ပြီး၊ သူ၏ အပြုအမူနှင့် သူ၏သက်သေခံချက်တို့သည် ဘုရားသခင်၏ နောက်တစ်ကြိမ် ထောက်ခံခြင်းနှင့် မျက်နှာသာပေးခြင်းကို ခံခဲ့ရသည်။ ဤစုံစမ်းနှောင့်ယှက်မှုအတောအတွင်းတွင်၊ ယောဘသည် ခန္ဓာကိုယ် နာကျင်မှုသည် ဘုရားသခင်အပေါ် သူ၏ယုံကြည်ခြင်းနှင့် နာခံခြင်းတို့ကို မပြောင်းလဲစေနိုင်ကြောင်း သို့မဟုတ် ဘုရားသခင်အပေါ် သူ၏ ဆက်ကပ်မှုနှင့် ဘုရားသခင်အား ကြောက်ရွံ့မှုကို ယူဆောင်မသွားနိုင်ကြောင်း၊ သို့မဟုတ် သေခြင်းကို သူရင်ဆိုင်ခဲ့ရသောကြောင့် ဘုရားသခင်ကို စွန့်လွှတ်မည်မဟုတ် သို့မဟုတ် သူ၏စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို စွန့်လွှတ်မည်မဟုတ်သည်ကို စာတန်အား ကြေညာရန် သူ၏တကယ့်အပြုအမူကို အသုံးပြုခဲ့သည်။ ယောဘ၏ စိတ်ပိုင်းဖြတ်ချက်သည် စာတန်အား သူရဲဘောကြောင်စေခဲ့သည်၊ သူ၏ယုံကြည်ခြင်းသည် စာတန်အား အသည်းငယ်စေကာ တုန်လှုပ်စေရစ်ခဲ့သည်၊ ၎င်းတို့၏ သေရေး ရှင်ရေးတိုက်ပွဲအတွင်းတွင် စာတန်ကို သူ တိုက်ခိုက်ခဲ့သည့် ပြင်းပြခြင်းသည် စာတန်ထဲတွင် နက်ရှိုင်းသော မုန်းတီးမှုနှင့် မကျေမချမ်းမှုတို့ကို ပေါက်ဖွားစေခဲ့သည်။ သူ၏စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့က စာတန်သည် သူ့ကို နောက်ထပ်မည်သည့်အရာမျှ မလုပ်ဆောင်နိုင်စေခဲ့သည်မှာ စာတန်သည် ယောဘအပေါ် ၎င်း၏ တိုက်ခိုက်မှုများကို စွန့်ပစ်ပြီး ယေဟောဝါဘုရားသခင်ရှေ့တွင် ချခင်းထားသည့် ယောဘအား စွပ်စွဲချက်များကိုလည်း စွန့်လွှတ်ခဲ့လေသည်။ ဤသည်မှာ ယောဘသည် လောကကြီးကို အောင်မြင်ခဲ့ပြီးဖြစ်သည်၊ ဇာတိပကတိကို အောင်မြင်ခဲ့ပြီးဖြစ်သည်၊ သူသည် စာတန်ကို အောင်မြင်ခဲ့ပြီးဖြစ်ကာ သေခြင်းကို အောင်မြင်ခဲ့ပြီးဖြစ်သည်ဟု ဆိုလိုခဲ့ပေသည်။ သူသည် အကြွင်းမဲ့နှင့် လုံးလုံးလျားလျား ဘုရားသခင်နှင့် သက်ဆိုင်သော လူတစ်ဦး ဖြစ်ခဲ့သည်။ ဤစမ်းသပ်မှုနှစ်ခုအတောအတွင်းတွင်၊ ယောဘသည် သူ၏ သက်သေခံချက်၌ မြဲမြံစွာ ရပ်တည်ခဲ့ပြီး သူ၏ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို အမှန်တကယ် အသက်ရှင်နေထိုင်ခဲ့သည်၊ ပြီးလျှင် ဘုရားသခင်ကို

ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်းနှင့်သက်ဆိုင်သော သူ၏ အသက်ရှင်မှု နိယာမများ၏ နယ်ပယ်ကို ကျယ်ပြန့်လာစေခဲ့သည်။ ဤစမ်းသပ်မှုနှစ်ခုကို ကြုံရလျက်ဖြင့်၊ ယောဘထဲ၌ သာ၍ကြွယ်ဝသော အတွေ့အကြုံတစ်ခု ပေါက်ဖွားလာခဲ့ပြီး ဤအတွေ့အကြုံသည် သူ့ကို သာ၍ ရင့်ကျက်စေကာ ဝါရင့်စေခဲ့သည်၊ ယင်းသည် သူ့ကို သာ၍ သန်မာစေခဲ့ပြီး သာ၍ ကြီးမားသော ခံယူချက် ရှိစေခဲ့ကာ၊ သူစွဲမြဲစွာ ထိန်းထားခဲ့သော တည်ကြည်ခြင်း၏ မှန်ကန်မှုနှင့် အဖိုးထိုက်တန်ခြင်းတို့နှင့် သက်ဆိုင်၍ သူ့အား သာ၍ စိတ်ချယုံကြည်မှု ရှိစေခဲ့သည်။ ယောဘနှင့်သက်ဆိုင်သည့် ယေဟောဝါ ဘုရားသခင်၏ စမ်းသပ်မှုများသည် သူ့အား လူသားအတွက် ဘုရားသခင်၏ ပူပန်မှုနှင့်သက်ဆိုင်သော နက်ရှိုင်းသည့် သိနားလည်ခြင်းနှင့် အသိစိတ်ကို ပေးခဲ့ပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အဖိုးထိုက်ခြင်းကို သူ့အား သတိပြုမိခွင့်ပေးခဲ့ကာ၊ ယင်းအခြေအနေမှ ဘုရားသခင်အပေါ် အရေးထားခြင်းနှင့် ချစ်ခြင်းတို့ကို သူ၏ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းထဲသို့ ပေါင်းထည့်ခဲ့လေသည်။ ယေဟောဝါဘုရားသခင်၏ စမ်းသပ်မှုများသည် ယောဘအား ဘုရားထံမှ ကင်းကွာစေခဲ့သည် သာမက သူ၏ စိတ်နှလုံးကို ဘုရားသခင်နှင့် သာ၍ နီးကပ်စေခဲ့သည်။ ယောဘသည်းခံခဲ့သော ခန္ဓာနာကျင်မှုသည် ယင်း၏ အထွတ်အထိပ်သို့ ရောက်ခဲ့ချိန်တွင်၊ ယေဟောဝါဘုရားသခင်ထံမှ သူခံစားခဲ့ရသော စိုးရိမ်ပူပန်မှုသည် သူ့အား သူ၏ မွေးဖွားရာနေ့ရက်ကို ကျိန်ဆဲဖို့မှလွဲ၍ ရွေးချယ်စရာ မပေးခဲ့ပေ။ ထိုသို့သော အပြုအမူသည် အချိန်ကြာမြင့်စွာ စီစဉ်ထားသည့်အရာမဟုတ်ခဲ့ဘဲ၊ သူ၏ စိတ်နှလုံးအတွင်းမှ ဘုရားသခင်အတွက် အရေးထားခြင်းနှင့် ချစ်ခြင်း၏ အလိုအလျောက် ထုတ်ဖော်ပြခြင်းတစ်ခု ဖြစ်ခဲ့သည်။ ယင်းမှာ ဘုရားသခင်အတွက် သူ၏ အရေးထားခြင်းနှင့် ချစ်ခြင်းတို့မှ လာခဲ့သည့် အလိုအလျောက် ထုတ်ဖော်ပြခြင်းတစ်ခုဖြစ်သည်။ ဆိုလိုသည်မှာ သူသည် မိမိကိုယ်ကိုယ် စက်ဆုပ်ရွံရှာခဲ့ပြီး ဘုရားသခင်အား ညှဉ်းဆဲရန် လိုလားခြင်း မရှိသကဲ့သို့ ခံနိုင်ခြင်းလည်း မရှိသောကြောင့်၊ သူ၏ အရေးထားခြင်းနှင့် ချစ်ခြင်းသည် ကိုယ်ကျိုးမငဲ့သည့် အဆင့်အထိ ရောက်ရှိခဲ့ပေသည်။ ဤအချိန်တွင် ယောဘသည် ဘုရားသခင်အတွက် အချိန်ကြာမြင့်စွာ တည်ရှိနေခဲ့သော ကြည်ညိုခြင်းနှင့် တမ်းတခြင်း၊ ပြီးလျှင် ဘုရားသခင်အား ဆက်ကပ်ခြင်းတို့ကို အရေးထားခြင်းနှင့် မြတ်နိုးခြင်း အဆင့်အထိ မြှင့်တင်ခဲ့သည်။ တစ်ချိန်တည်းတွင် သူသည် ဘုရားသခင်ကို သူ၏ ယုံကြည်ခြင်းနှင့် နာခံခြင်း၊ ပြီးလျှင် ဘုရားသခင်အား ကြောက်ရွံ့ခြင်းတို့ကိုလည်း အရေးထားခြင်းနှင့် မြတ်နိုးခြင်း အဆင့်အထိ မြှင့်တင်ခဲ့သည်။ သူသည် ဘုရားသခင်ကို ထိခိုက်နစ်နာစေမည့် မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မိမိကိုယ်ကိုယ် အခွင့်မပေးခဲ့ပေ၊ ဘုရားသခင်ကို နာကျင်စေမည့်

မည်သည့်အပြုအမူကိုမျှ မိမိကိုယ်ကိုယ် လုပ်ဆောင်ခွင့်မပေးခဲ့သကဲ့သို့၊ သူ၏ ကိုယ်ပိုင်အကြောင်းရင်းများအတွက် ဘုရားသခင်အပေါ် မည်သည့် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း သို့မဟုတ် မပျော်ရွှင်ခြင်းကိုမျှပင် ယူဆောင်လာဖို့ မိမိကိုယ်ကိုယ် အခွင့်မပေးခဲ့ချေ။ ဘုရားသခင်၏ အမြင်တွင် ယောဘသည် ယခင်က ယောဘပင် ဖြစ်နေဆဲ ဖြစ်သော်လည်း၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် ယောဘ၏ ယုံကြည်ခြင်း၊ နာခံခြင်းနှင့် ကြောက်ရွံ့ခြင်းသည် ဘုရားသခင်အား ပြီးပြည့်စုံသော ကျေနပ်အားရမှုနှင့် သာယာကြည်နူးမှုကို ဆောင်ကြဉ်းခဲ့ပြီး ဖြစ်သည်။ ဤအချိန်တွင် ယောဘသည် သူရရှိဖို့ ဘုရားသခင် မျှော်လင့်ထားခဲ့သော စုံလင်ခြင်းကို ရရှိခဲ့ပြီးဖြစ်သည်။ သူသည် ဘုရားသခင်၏ အမြင်တွင် "စုံလင်ဖြောင့်မတ်သည်" ဟုခေါ်ဝေါ်ခြင်းငှာ အမှန်တကယ် ခံထိုက်သောသူတစ်ဦး ဖြစ်လာခဲ့ပြီ ဖြစ်သည်။ သူ၏ ဖြောင့်မတ်သော လုပ်ဆောင်ချက်များသည် စာတန်အား အောင်နိုင်ခွင့်ပေးခဲ့ပြီး၊ ဘုရားသခင်အဖို့ သူ၏ သက်သေခံချက်၌ ခိုင်ခံ့စွာ ရပ်တည်အခွင့်ပေးခဲ့သည်။ ထို့ကြောင့် သူ၏ဖြောင့်မတ်သော လုပ်ဆောင်ချက်များသည်လည်း သူ့အား စုံလင်စေပြီး သူ၏ အသက်တန်ဖိုးကို ယခင်ထက် သာ၍ မြင့်တင်ခံရစေကာ ကျော်လွန်စေခဲ့ပြီး၊ စာတန်၏ တိုက်ခိုက်ခြင်းနှင့် စုံစမ်းနှောင့်ယှက်ခြင်းကို မခံရတော့မည့် ပထမဦးဆုံးသော လူတစ်ဦးလည်း ဖြစ်စေခဲ့သည်။ ယောဘသည် ဖြောင့်မတ်ခဲ့သောကြောင့်၊ သူသည် စာတန်၏ စွပ်စွဲခြင်းခံခဲ့ရကာ စုံစမ်းနှောင့်ယှက်ခြင်းကို ခံခဲ့ရသည်။ ယောဘသည် ဖြောင့်မတ်ခဲ့သောကြောင့်၊ သူသည် စာတန်ထံသို့ လွှဲအပ်ခြင်းကို ခံခဲ့ရပြီး၊ ယောဘသည် ဖြောင့်မတ်ခဲ့သောကြောင့်၊ သူသည် စာတန်ကို အောင်နိုင်ကာ ရှုံးနိမ့်စေခဲ့ပြီး၊ သူ၏ သက်သေခံချက်၌ ခိုင်မြဲစွာ ရပ်တည်ခဲ့သည်။ ထိုအချိန်မှစ၍ ယောဘသည် စာတန်ထံသို့ မည်သည့်အခါတွင်မျှ တစ်ဖန် အပ်နှံမခံရတော့မည့် ပထမဦးဆုံး လူသားတစ်ဦး ဖြစ်လာခဲ့သည်၊ သူသည် ဘုရားသခင်၏ ပလ္လင်ရှေ့သို့ အမှန်တကယ် လာရောက်ခဲ့ပြီး စာတန်၏ စောင့်ကြည့်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မရှိဘဲ၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာအောက်၊ အလင်းထဲတွင် အသက်ရှင်ခဲ့ရသည်...။ သူသည် ဘုရားသခင်၏ အမြင်၌ စစ်မှန်သော လူသားတစ်ဦး ဖြစ်လာခဲ့ပြီးဖြစ်သည်။ သူသည် လွတ်မြောက်ခဲ့ပြီး ဖြစ်သည်...။

**ယောဘအကြောင်း**

စမ်းသပ်မှုများကို ယောဘ မည်ကဲ့သို့ ဖြတ်ကျော်ခဲ့ပုံကို သိရခြင်းဖြင့်၊ သင်တို့ထဲမှ အများစုသည် ယောဘကိုယ်တိုင်နှင့် ပတ်သက်သည့်၊ အထူးသဖြင့် ဘုရားသခင်၏ ချီးမွမ်းခြင်းကို သူရခဲ့သည့် လျှို့ဝှက်ချက်နှင့်စပ်လျဉ်း၍ နောက်ထပ်

အသေးစိတ်အချက်အလက်များကို သိလိုကြပေမည်။ ထို့ကြောင့် ယနေ့တွင် ယောဘအကြောင်း ပြောကြပါစို့။

## ယောဘ၏ နေ့စဉ် အသက်တာတွင်၊ သူ၏ စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှု ရှောင်ကြဉ်ခြင်းတို့ကို ငါတို့တွေ့ရသည်

အကယ်၍ ငါတို့သည် ယောဘအကြောင်းကို ဆွေးနွေးရမည် ဆိုပါက၊ "မြေကြီးပေါ်တွင် သူနှင့်တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်။" ဟူ၍ သူနှင့်သက်ဆိုင်သည့် ဘုရားသခင်ကိုယ်တိုင်၏နှုတ်မှ မြွက်ဆိုခဲ့သော အကဲဖြတ်ချက်ဖြင့် စတင်ကြရမည် ဖြစ်သည်။

ပထမဦးစွာ ယောဘ၏ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို လေ့လာကြပါစို့။

"စုံလင်သည်" နှင့် "ဖြောင့်မတ်သည်" ဟူသော စကားလုံးများနှင့်သက်ဆိုင်သည့် သင်တို့၏ သိနားလည်မှုမှာ အဘယ်နည်း။ ယောဘသည် အပြစ်တင်စရာ မရှိသောသူ ဖြစ်သည်၊ သူသည် ဂုဏ်သရေရှိသောသူ ဖြစ်သည်ဟု သင်တို့ ယုံကြည်သလော။ ဟုတ်ပေ၏၊ ဤအရာသည် "စုံလင်သည်" နှင့် "ဖြောင့်မတ်သည်" ဟူသည့် စကားလုံးများနှင့် သက်ဆိုင်သည့် တိုက်ရိုက်အဓိပ္ပာယ်ကောက်ယူချက်နှင့် နားလည်မှုတစ်ခု ဖြစ်ပေမည်။ စစ်မှန်သော အသက်တာနှင့်သက်ဆိုင်သည့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာမှာ ယောဘနှင့်သက်ဆိုင်သည့် စစ်မှန်သော သိနားလည်ခြင်းနှင့် တစ်သားတည်းဖြစ်သော အရာဖြစ်သည်- နှုတ်ကပတ်တော်များ၊ စာအုပ်များနှင့် အယူအဆ ချည်းသက်သက်သည် မည်သည့်အဖြေကိုမျှ ပေးလိမ့်မည် မဟုတ်။ ယောဘ၏ အိမ်၌နေသော အသက်တာကို ကြည့်ခြင်းဖြင့်၊ သူ၏ အသက်တာတစ်လျှောက်လုံးတွင် သူ၏ ပုံမှန် အပြုအမူက မည်သည့်အရာနှင့်တူခဲ့သည်ကို ကြည့်ခြင်းဖြင့် ငါတို့အစပြုကြမည်။ ဤအရာက အသက်တာထဲတွင် သူ၏ နိယာမများနှင့် ရည်မှန်းချက်များအကြောင်းအပြင်၊ သူ၏ ပင်ကိုစရိုက်နှင့် လိုက်စားမှု အကြောင်းကို ငါတို့အား ပြောပြလိမ့်မည် ဖြစ်သည်။ ယခု ယောဘဝတ္ထု ၁:၃ ၏ နောက်ဆုံး စကားများကို ဖတ်ကြပါစို့- "ထိုသူသည် အရှေ့မျက်နှာအရပ်သားတကာတို့ထက် သာ၍ကြီးသောသူဖြစ်၏။" ဤစကားများက ဆိုနေသောအရာမှာ ယောဘ၏ အဆင့်အတန်းနှင့် ရပ်တည်ချက်တို့သည် အလွန်မြင့်မားခဲ့ပြီး သူသည် အရှေ့အရပ်မှ လူသားအားလုံးထဲတွင် အကြီးမြတ်ဆုံးသောသူ ဖြစ်ခဲ့ရခြင်း အကြောင်းအရင်းမှာမှာ သူ၏ ပေါကြွယ်ဝသော ပိုင်ဆိုင်မှုများကြောင့် သို့မဟုတ် သူသည်

စုံလင်ပြီး ဖြောင့်မတ်ကာ ဘုရားသခင်ကို ကြောက်ရွံ့စဉ်တွင် မကောင်းမှုကို ရှောင်ခြင်းကြောင့် ဖြစ်သည် မဖြစ်သည်ကို ငါတို့အား ပြောမပြထားသော်လည်း၊ ယောဘုယျအားဖြင့် ယောဘ၏ အဆင့်အတန်းနှင့် ရပ်တည်ချက်တို့သည် များစွာ တန်ဖိုးထားခြင်းကို ခံခဲ့ရသည်ကို ငါတို့သိပေသည်။ သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်ခဲ့သည်နှင့်အညီ ယောဘနှင့် သက်ဆိုင်သည့် လူတို့၏ ပထမဆုံး ထင်မြင်ချက်များမှာ ယောဘသည် စုံလင်ခဲ့သည်၊ သူသည် ဘုရားသခင်ကို ကြောက်ရွံ့ခဲ့ပြီး မကောင်းမှုကို ရှောင်ကြဉ်ခဲ့ကာ သူသည် ကြီးမားသော ကြွယ်ဝချမ်းသာနှင့် အလေးထားအပ်သော အဆင့်အတန်းကို ပိုင်ဆိုင်ခဲ့သည်ဟူ၍ဖြစ်သည်။ သာမန် လူပုဂ္ဂိုလ်တစ်ဦးအတွက်၊ ထိုသို့သော ပတ်ဝန်းကျင်တစ်ခုထဲနှင့် ထိုသို့သော အခြေအနေများအောက်တွင် အသက်ရှင်ရခြင်း၊ ယောဘ၏ စားနေကျအစားအစာ၊ ဘဝအဆင့်အတန်းနှင့် သူ၏ ကိုယ်ပိုင် အသက်တာ၏ အမျိုးမျိုးသော ရှုထောင့်များသည် လူအများစု၏ အာရုံစူးစိုက်မှု ဖြစ်ခဲ့ပေမည်။ ထို့ကြောင့် သမ္မာကျမ်းကို ငါတို့ ဆက်လက်ဖတ်ရှုရမည်- "ယောဘ၏ သားတို့သည် နှစ်စဉ်အတိုင်း အသီးအသီးဖွားသောနေ့ရောက်လျှင်၊ မိမိတို့အိမ်၌ ပွဲခံသဖြင့်၊ နှမသုံးယောက်ကိုလည်းခေါ်၍ အတူစားသောက်လေ့ ရှိကြ၏။ ပွဲခံသောနေ့ရက်လွန်သောအခါ၊ ယောဘသည်သူတို့ကိုခေါ်၍ သန့်ရှင်းစေပြီးလျှင် နံနက်စောစောထ၍ သူတို့အရေအတွက်အတိုင်း မီးရှို့သောယဇ်ကိုပူဇော်လေ့ရှိ၏။ အကြောင်းမူကား၊ ငါ့သားတို့သည် မှားယွင်း၍ စိတ်နှလုံးထဲ၌ ဘုရားသခင်ကို စွန့်ပစ်ကြပြီလောဟု ယောဘအောက်မေ့၏။ ထိုသို့ယောဘသည် အစဉ်ပြုမြဲ ရှိ၏။" (ယောဘ ၁:၄-၅) ဤကျမ်းပိုဒ်သည် ငါတို့အား အချက် နှစ်ချက်ကို ပြောသည်- ပထမ အချက်မှာ ယောဘ၏ သားများနှင့် သမီးများသည် များစွာ စားသောက်ကြလျက်၊ ပုံမှန်ပွဲခံလေ့ရှိခဲ့ခြင်း ဖြစ်သည်။ ဒုတိယ အချက်မှာ ယောဘသည် ၎င်းတို့သည် အပြစ်ပြုနေကြမည်၊ ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင်ကို စွန့်လွှတ်ခဲ့မိကြပြီးဖြစ်မည်ကို ကြောက်ရွံ့ရင်း၊ သူ၏ သားများနှင့် သမီးများအတွက် မကြာခဏ စိုးရိမ်ပူပန်ခဲ့သောကြောင့် မကြာမကြာ မီးရှို့သောယဇ်များကို ပူဇော်လေ့ရှိခဲ့ခြင်း ဖြစ်သည်။ ဤအရာတွင် မတူညီသော လူအမျိုးအစား နှစ်မျိုး၏ အသက်တာများကို ဖော်ပြထားသည်။ ပထမမှာ ယောဘ၏ သားများနှင့် သမီးများသည် ၎င်းတို့၏ ကြွယ်ဝခြင်းကြောင့် မကြာခဏ ပွဲခံကြသည်၊ ကြီးကျယ်ခမ်းနားစွာ အသက်ရှင်ခဲ့ကြသည်၊ ၎င်းတို့ စိတ်နှလုံး အလိုပြည့်သည်အထိ အစားအသောက်နှင့် ဧည့်ခံခဲ့ကြပြီး၊ ရုပ်ဝတ္ထု ကြွယ်ဝချမ်းသာခြင်းက ယူဆောင်လာခဲ့သည့် မြင့်မားသော ဘဝ အဆင့်အတန်းကို ပျော်မွေ့ခဲ့ကြသည်။ ထိုသို့သော အသက်တာတစ်ခု၌ နေထိုင်ခြင်းဖြင့်၊ ၎င်းတို့သည် မကြာခဏ အပြစ်ပြုကာ ဘုရားသခင်ကို

ပုန်ကန်ပြစ်မှားမိခဲ့မည်မှာ မလွဲမသွေ ဖြစ်သည်- သို့သော် ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် သန့်ရှင်းစင်ကြယ်စေခြင်း သို့မဟုတ် မီးရှို့ရာယဇ်များကို ပူဇော်ခဲ့ကြခြင်း မရှိခဲ့ပေ။ ထိုအခါ ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင် နေရာမရှိခဲ့ကြောင်း၊ ဘုရားသခင်၏ ကျေးဇူးတော်များကို တွေးတောခဲ့ကြခြင်း မရှိသကဲ့သို့ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင်ကို စွန့်လွှတ်မိမည်ကို ကြောက်ရွံ့ခြင်းငှာ မဆိုထားနှင့်၊ ဘုရားသခင်ကို ပြစ်မှားမိမည်ကိုလည်း ကြောက်ရွံ့ခြင်း မရှိခဲ့ကြသည်ကို သင်မြင်ရပေသည်။ ဟုတ်ပေ၏၊ ငါတို့၏ အာရုံပြုချက်မှာ ယောဘ၏ သားသမီးများအပေါ်၌ မဟုတ်ဘဲ၊ ထိုသို့သော အရာများနှင့် ရင်ဆိုင်ခဲ့ရချိန်တွင် ယောဘပြုခဲ့သည့် အရာအပေါ် ဖြစ်သည်။ ဤသည်မှာ ယောဘ၏ နေ့စဉ်အသက်တာနှင့် သူ၏ လူ့သဘာဝ၏ အနှစ်သာရ ပါဝင်သည့် ကျမ်းပိုဒ်ထဲ၌ ဖော်ပြထားသော အခြားသော ကိစ္စရပ်ဖြစ်သည်။ ယောဘ၏သားများနှင့် သမီးများ ပွဲခံခြင်းကို သမ္မာကျမ်းစာက ဖော်ပြသည့်နေရာတွင် ယောဘအကြောင်းကို ဖော်ပြခြင်း မရှိပေ။ သူ၏သားများနှင့် သမီးများ မကြာခဏ အတူတကွ စားသောက်ခဲ့ကြသည်ဟုသာ ဆိုထားသည်။ တစ်နည်းအားဖြင့် သူသည် ပွဲခံခြင်းများကို မပြုခဲ့သကဲ့သို့ သူသည် သူ၏သားများနှင့် သမီးများ အလွန်အကျူး စားသောက်ရာ၌ ပါဝင်ခြင်း မရှိခဲ့ပေ။ ကြွယ်ဝပြီး ဥစ္စာပစ္စည်းများစွာနှင့် အစေခံများစွာကို ပိုင်ဆိုင်ခဲ့သော်လည်း၊ ယောဘ၏ အသက်တာမှာ စည်းစိမ်ဖြင့် ယစ်မူးသော အသက်တာတစ်ခု မဟုတ်ခဲ့ပေ။ သူသည် သူ၏အကောင်းဆုံး ရှင်သန်မှုပတ်ဝန်းကျင်အားဖြင့် အချိန်ကို ပျော်ပါးကုန်လွန်စေခဲ့ခြင်း မရှိဘဲ၊ ယင်းက သူ၏ စိတ်နှလုံးထဲတွင် ဘုရားသခင်ကို တဖြည်းဖြည်း ရှောင်ရှားစေဖို့မဆိုထားနှင့်၊ သူ၏ ချမ်းသာကြွယ်ဝမှုကြောင့် ဇာတိပကတိ ပျော်မွေ့ဖွယ်ရာများအပေါ် လွန်ကျူးစွာ ခံစားခဲ့ခြင်း သို့မဟုတ် မီးရှို့သောယဇ်များကို ပူဇော်ရန် မေ့လျော့ခဲ့ခြင်း မရှိပေ။ ထိုအခါ ယောဘသည် သူ၏ နေပုံထိုင်ပုံ၌ သိသိသာသာပင် စည်းကမ်းရှိခဲ့သည်၊ သူ့ကို ပေးသည့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ၏ အကျိုးဆက်အဖြစ် လောဘကြီးခြင်း သို့မဟုတ် အပျော်အပါးလိုက်စားခြင်းသည် ပဓာနကျသည်ဟူသော ခံယူချက် မရှိခဲ့သကဲ့သို့ သူ၏ ဘဝ အဆင့်အတန်းအပေါ် အစွဲအလန်းကြီးခဲ့ခြင်း မရှိပေ။ ယင်းအစား သူသည် နှိမ့်ချပြီး ရိုးရိုးကုပ်ကုပ်နေခဲ့သည်၊ ဝင့်ကြွားတတ်ခြင်းလည်း မရှိသကဲ့သို့ ဘုရားသခင်ရှေ့တွင် သတိရှိပြီး ဂရုတစိုက်ရှိခဲ့သည်။ ဘုရားသခင်၏ ကျေးဇူးတော်များနှင့် ကောင်းချီးမင်္ဂလာများကို မကြာခဏ သူဆင်ခြင်တွေးတောခဲ့ပြီး ဘုရားသခင်ကို စဉ်ဆက်မပြတ် ကြောက်ရွံ့ခဲ့သည်။ သူ၏ နေ့စဉ်အသက်တာတွင်၊ ယောဘသည် မကြာခဏ စောစီးစွာ နိုးထကာ သူ၏ သားများနှင့် သမီးများအတွက် မီးရှို့ရာယဇ်များကို ပူဇော်ခဲ့သည်။ တစ်နည်းအားဖြင့် ယောဘသည်

သူကိုယ်တိုင် ဘုရားသခင်ကို ကြောက်ရွံ့ခဲ့သည်သာမက သူ၏သားသမီးများသည်လည်း ထိုနည်းတူ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဘုရားသခင်ကို ဆန့်ကျင်ပြစ်မှားမည်မဟုတ်ဟုလည်း သူမျှော်လင့်ခဲ့သည်။ ယောဘ၏ ရုပ်ဝတ္ထုဆိုင်ရာ ကြွယ်ဝချမ်းသာမှုသည် သူ၏ စိတ်နှလုံးအတွင်း၌ နေရာမရှိခဲ့သကဲ့သို့ ယင်းသည် ဘုရားသခင်ထိန်းသိမ်းထားသော နေရာကို အစားထိုးခဲ့ခြင်း မရှိပေ။ သူကိုယ်တိုင်အတွက် ဖြစ်စေ သူ၏သားသမီးများအတွက် ဖြစ်စေ ယောဘ၏နေ့စဉ် လုပ်ဆောင်ချက် အားလုံးသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းနှင့် ဆက်နွှယ်ခဲ့သည်။ ယေဟောဝါဘုရားသခင်အပေါ် သူ၏ကြောက်ရွံ့ခြင်းသည် သူ၏နှုတ်၌ ရပ်တန့်ခဲ့ခြင်းမရှိဘဲ၊ သူ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပြီး သူ၏ နေ့စဉ်အသက်တာ၏ အစိတ်အပိုင်းတစ်ခုစီတွင် ထင်ဟပ်ခဲ့သည့်အရာ တစ်ခု ဖြစ်သည်။ ယောဘ၏ ဤတကယ့် အပြုအမူက ယောဘသည် ရိုးသားပြီး တရားမျှတမှုနှင့် အပြုသဘောဆောင်သော အရာများကို နှစ်သက်သည့် အနှစ်သာရတစ်ခုကို ပိုင်ဆိုင်ခဲ့သည်ကို ငါတို့အား ပြသပေသည်။ ယောဘသည် သူ၏သားများနှင့် သမီးများကို မကြာခဏ စေလွှတ်ကာ သန့်ရှင်းစေခဲ့သည် ဟူသည်မှာ သူသည် သူ၏ သားသမီးများ၏ အပြုအမူကို ခွင့်ပြုခြင်း သို့မဟုတ် လက်ခံခြင်း မရှိခဲ့သည်ကို ဆိုလိုသည်။ ယင်းအစား သူ၏စိတ်နှလုံးထဲ၌ ၎င်းတို့၏ အပြုအမူနှင့်ပတ်သက်၍ စိတ်ပျက်ခဲ့ပြီး၊ ၎င်းတို့အား ပြစ်တင်ဝေဖန်ခဲ့သည်။ သူ၏သားများနှင့် သမီးများ၏ အပြုအမူသည် ယေဟောဝါဘုရားသခင်ကို ကျေနပ်စေခဲ့ခြင်း မရှိဟု သူ ကောက်ချက်ချခဲ့ပြီး၊ ထို့ကြောင့် ယေဟောဝါဘုရားသခင်ရှေ့သို့ သွားကာ ၎င်းတို့၏အပြစ်များကို ဝန်ခံဖို့ ၎င်းတို့ကို သူမကြာခဏ ခေါ်ယူခဲ့သည်။ ယောဘ၏ လုပ်ဆောင်ချက်များက သူသည် မကြာခဏ အပြစ်ပြုပြီး ဘုရားသခင်ကို ပြစ်မှားသောသူများနှင့်အတူ မည်သည့်အခါတွင်မျှ ပေါင်းသင်းခြင်း မရှိခဲ့ဘဲ၊ ယင်းအစား ၎င်းတို့ကို ရှောင်ဖယ်ပြီး ရှောင်ရှားခဲ့သည့် သူ၏ လူ့သဘာဝ၏ အခြားတစ်ဖက်ကို ငါတို့အား ပြပေသည်။ ဤလူများသည် သူ၏ သားများနှင့် သမီးများ ဖြစ်သော်လည်း၊ ၎င်းတို့သည် သူ၏မိသားစုနှင့် ဆွေမျိုးသားချင်း ဖြစ်သောကြောင့် သူ၏ ကိုယ်ပိုင် ပြုမူနေထိုင်ခြင်း အခြေခံသဘောတရားများကို ပစ်ပယ်ခဲ့ခြင်း မရှိသကဲ့သို့၊ သူ၏ ကိုယ်ပိုင် ခံစားချက်များကြောင့် ၎င်းတို့၏ အပြစ်များ၌ လိုက်လျောခဲ့ခြင်း မရှိပေ။ ယင်းထက် ၎င်းတို့အား ဝန်ချကာ ယေဟောဝါဘုရားသခင်၏ သည်းခံခြင်းကို ရယူရန် တိုက်တွန်းခဲ့ပြီး ၎င်းတို့၏ အလိုကြီးသော ပျော်ရွှင်မှုအတွက် ဘုရားသခင်ကို မစွန့်ပယ်ရန် ၎င်းတို့အား သူသတိပေးခဲ့သည်။ အခြားသူများအား ယောဘ ဆက်ဆံခဲ့ပုံနှင့် သက်ဆိုင်သော အခြေခံသဘောတရားများကို ဘုရားသခင်အား သူ၏ ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို

ရှောင်ကြဉ်ခြင်း အခြေခံသဘောတရားများမှ ခွဲခြား၍ မရနိုင်ပေ။ ဘုရားသခင် လက်ခံခဲ့သော အရာကို သူနှစ်သက်ခဲ့ပြီး၊ ဘုရားသခင် ပစ်ပစ်ခါခါ ငြင်းပယ်ခဲ့သော အရာကို သူစက်ဆုပ်ရွံရှာခဲ့သည်။ ဘုရားသခင်ကို မိမိတို့၏ စိတ်နှလုံး၌ ကြောက်ရွံ့သောသူများကို သူနှစ်သက်ခဲ့ပြီး မကောင်းမှုကို ကျူးလွန်သူများ သို့မဟုတ် ဘုရားသခင်ကို ပြစ်မှားသောသူများကို သူစက်ဆုပ်ရွံရှာခဲ့သည်။ ထိုသို့သော ချစ်ခင်နှစ်သက်မှုနှင့် စက်ဆုပ်ရွံရှာမှုတို့ကို သူ၏ နေ့စဉ် အသက်တာထဲ၌ လက်တွေ့ပြသခဲ့ပြီး ယင်းမှာ ဘုရားသခင်၏ အမြင်ဖြင့် မြင်ခဲ့သော ယောဘ၏ ဖြောင့်မတ်ခြင်း ဖြစ်ခဲ့သည်။ သဘာဝအားဖြင့်၊ ဤသည်မှာ သူ၏ နေ့စဉ်အသက်တာထဲတွင် အခြားသူများနှင့် သူ၏ ဆက်ဆံရေးထဲက ယောဘ၏ စစ်မှန်သော လူ့သဘာဝကို ဖော်ပြခြင်းနှင့် အသက်ရှင်နေထိုင်ခြင်းလည်း ဖြစ်ပြီး၊ ငါတို့လေ့လာကြရမည့် အကြောင်းအရာ ဖြစ်သည်။

## သူ၏ စမ်းသပ်မှုများအတောအတွင်း ယောဘ၏ လူ့သဘာဝ သရုပ်သကန်များ (သူ၏ စမ်းသပ်မှုများအတောအတွင်း ယောဘ၏ စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှု ရှောင်ကြဉ်ခြင်းတို့အား နားလည်ခြင်း)

အထက်တွင် ငါတို့ဝေငှခဲ့သော အရာများမှာ သူ၏စမ်းသပ်မှုများမတိုင်မီ ယောဘ၏ နေ့စဉ် အသက်တာ၌ ပြသခဲ့သော သူ၏ လူ့သဘာဝနှင့်သက်ဆိုင်သည့် အမျိုးမျိုးသော ရှုထောင့်များ ဖြစ်သည်။ ဤအမျိုးမျိုးသော သရုပ်သကန်များသည် ယောဘ၏ ဖြောင့်မတ်ခြင်း၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းတို့နှင့်ပတ်သက်၍ ကနဦး အကျွမ်းဝင်မှုနှင့် သိနားလည်မှုကို ပေးပြီး ကနဦး အတည်ပြုချက်ကို အလိုအလျောက်ပေးသည်မှာ သေချာပေသည်။ "ကနဦး" ဟု ငါဆိုရသည့် အကြောင်းရင်းမှာ လူအများစုသည် ယောဘ၏ ပင်ကိုစရိုက်နှင့် ဘုရားသခင်အပေါ် နာခံခြင်းနှင့် ကြောက်ရွံ့ခြင်း လမ်းခရီးကို သူလိုက်စားခဲ့သည့် အတိုင်းအတာအပေါ် စစ်မှန်သော သိနားလည်မှုတစ်ခု မရှိကြသေးသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ယောဘနှင့်သက်ဆိုင်သည့် လူအများစု၏ သိနားလည်ခြင်းသည် "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။" နှင့် "ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလော။" ဟူသည့် ယောဘ၏စကားများပါဝင်သော သမ္မာကျမ်းစာထဲရှိ ကျမ်းပိုဒ်နှစ်ပိုဒ်က ပေးထားသည့် အတော်အတန် ကောင်းသော သူ၏ထင်မြင်ချက်ထက် သာ၍နက်ရှိုင်းမှု မရှိပေ။ ထို့ကြောင့် ယောဘသည် ဘုရားသခင်၏ စမ်းသပ်မှုများကို

ရရှိခဲ့သည်နှင့်အမျှ၊ သူသည် သူ၏လူ့သဘာဝကို မည်ကဲ့သို့ အသက်ရှင်နေထိုင်ခဲ့သည်ကို ငါတို့နားလည်ရန် အလွန်လိုအပ်သည်။ ဤနည်းဖြင့် ယောဘ၏ စစ်မှန်သော လူ့သဘာဝသည် အလုံးစုံဖြင့် အယောက်တိုင်းအဖို့ သိသာလိမ့်မည် ဖြစ်သည်။

ယောဘသည် သူ၏ဥစ္စာပစ္စည်းများ အခိုးယူခံခဲ့ရပြီးဖြစ်ကြောင်း၊ သူ၏သားများနှင့် သမီးများ အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်ကြောင်းနှင့်၊ သူ၏အစေခံများ အသတ်ခံခဲ့ရပြီးဖြစ်ကြောင်းတို့ကို ကြားခဲ့ချိန်တွင်၊ အောက်ပါအတိုင်း သူတုံ့ပြန်ခဲ့သည်- "ထိုအခါ ယောဘသည် ထ၍၊ မိမိဝတ်လုံကိုဆုတ်ပြီး ဦးခေါင်းကိုရိတ်၍ မြေပြင်ပေါ်တွင် ပျပ်ဝပ်လျက် ကိုးကွယ်ပြီး။" (ယောဘ ၁:၂၀) ဤစကားများသည် ငါတို့အား အချက်တစ်ချက်ကို ပြောပြသည်- ဤသတင်းကို ကြားပြီးနောက် ယောဘသည် ထိတ်ထိတ်ပျာပျာ မဖြစ်ခဲ့ပေ၊ သူသည် အသေးစိတ် အချက်အလက်များကို စုံစမ်းစစ်ဆေးပြီး မှန်ကန်ကြောင်း အတည်ပြုကာ မည်သည့်အရာ အမှန်တကယ် ဖြစ်ပျက်ခဲ့သည်ကို သိရဖို့ အခင်းဖြစ်ပွားရာနေရာကို စစ်ဆေးခဲ့ဖို့ မဆိုထားနှင့်၊ သူသည် ငိုပင် မငိုကြွေးခဲ့ပေ သို့မဟုတ် သူ့အား သတင်းပေးသော အစေခံများကို အပြစ်မတင်ခဲ့ပေ။ သူ၏ ပိုင်ဆိုင်မှုများကို ဆုံးရှုံးရာတွင် မည်သည့်နာကျင်ခြင်း သို့မဟုတ် နောင်တရခြင်းကိုမျှ မပြသခဲ့သကဲ့သို့၊ သူ့သားသမီးများနှင့် ချစ်ရသူများကို ဆုံးရှုံးရခြင်းကြောင့်လည်း ရုတ်တရက် မျက်ရည်ကျငိုကြွေးခဲ့ခြင်း မရှိပေ။ ဆန့်ကျင်ဘက် အနေဖြင့်၊ သူသည် သူ၏ ဝတ်လုံကို ဆုတ်ခဲ့ပြီး၊ သူ၏ ဦးခေါင်းကို ရိတ်ခဲ့သည်၊ မြေပေါ်တွင် ပျပ်ဝပ်ကာ ကိုးကွယ်ခဲ့လေသည်။ ယောဘ၏ လုပ်ဆောင်ချက်များသည် မည်သည့် သာမန် လူတစ်စုံတစ်ယောက်မျှ၏ လုပ်ဆောင်ချက်များနှင့် မတူညီပေ။ ထိုလုပ်ဆောင်ချက်များသည် လူများစွာကို စိတ်ရှုပ်ထွေးစေပြီး ၎င်းတို့၏ စိတ်နှလုံးများထဲ၌ ယောဘအား သူ၏ "သွေးအေးမှု" အတွက် အပြစ်ဖော်ဆုံးမမိစေလေသည်။ မိမိတို့၏ ပိုင်ဆိုင်မှုများကို ရုတ်တရက် ဆုံးရှုံးရာတွင်၊ ပုံမှန်လူများသည် ဝမ်းနည်းပက်လက် ဖြစ်သည့်ပုံ သို့မဟုတ် မျှော်လင့်ချက်ကုန်သည့်ပုံ ပေါက်ကြပေမည်- သို့မဟုတ်၊ အချို့လူများ၏ အခြေအနေတွင် ၎င်းတို့သည် အလွန် စိတ်ဓာတ်ကျခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော်၊ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် လူတို့၏ ဥစ္စာပစ္စည်းသည် တစ်သက်တာ အားထုတ်မှုတစ်ခုကို ကိုယ်စားပြုသည်- ယင်းအပေါ်တွင် ၎င်းတို့၏ ရှင်သန်မှု မူတည်သည်၊ ယင်းသည် ၎င်းတို့အား ဆက်အသက်ရှင်စေသော မျှော်လင့်ချက် ဖြစ်သည်။ ၎င်းတို့၏ ဥစ္စာပစ္စည်း ဆုံးရှုံးခြင်းသည် ၎င်းတို့၏ အားထုတ်မှုများ အချည်းနှီး ဖြစ်ရပြီးဖြစ်သည်၊ ၎င်းတို့သည် မျှော်လင့်ချက် မရှိသကဲ့သို့၊ အနာဂတ်ပင် မရှိသည်ကို ဆိုလိုပေသည်။ ဤသည်မှာ ၎င်းတို့၏ ဥစ္စာပစ္စည်းအပေါ် မည်သည့် ပုံမှန်လူမဆို၏ သဘောထားဖြစ်ပြီး ယင်းနှင့်အတူ

၎င်းတို့ထားရှိသည့် နီးကပ်သော ဆက်နွှယ်မှုဖြစ်ပြီး ဤသည်မှာ လူတို့၏ အမြင်တွင် ဥစ္စာပစ္စည်း၏ အရေးပါမှုလည်း ဖြစ်သည်။ ထိုသို့ဖြင့် လူအများစုသည် မိမိ၏ ဥစ္စာပစ္စည်း ဆုံးရှုံးခြင်းအပေါ် ယောဘ၏ ဂရုမစိုက်သော သဘောထားဖြင့် စိတ်ရှုပ်သွားကြသည်။ ယနေ့တွင် ယောဘ၏ စိတ်နှလုံးအတွင်း မည်သည့်အရာ ဖြစ်နေခဲ့သည်ကို ရှင်းပြခြင်းအားဖြင့် ဤလူအားလုံး၏ စိတ်ရှုပ်ထွေးမှုကို ငါတို့ ပပျောက်စေမည် ဖြစ်သည်။

ဘုရားသခင်က ထိုသို့သော အလျှံအပယ် ပိုင်ဆိုင်မှုများကို ပေးအပ် ထားသည်ကို ခံရခြင်းဖြင့်၊ သူသည် ၎င်းတို့အား စောင့်ရှောက်ခြင်း သို့မဟုတ် ဂရုစိုက်မှု မရှိခဲ့သည့်အတွက်၊ ဘုရားသခင် ပေးခဲ့သော ပိုင်ဆိုင်မှုများကို မထိန်းသိမ်းခဲ့သည့်အတွက်၊ ဤပိုင်ဆိုင်မှုများ ဆုံးရှုံးရခြင်းကြောင့် ယောဘသည် ဘုရားသခင်ရှေ့တွင် ရှက်သင့်သည်ဟု သာမန် လူပြိန်းအသိက ဆုံးဖြတ်ပေးသည်။ ထို့ကြောင့် သူ၏ ဥစ္စာပစ္စည်းများ အခိုးယူခံခဲ့ရပြီးဖြစ်သည်ကို သူကြားသည့်အခါ၊ သူ၏ ပထမဦးဆုံး တုံ့ပြန်မှုမှာ အခင်းဖြစ်သော နေရာသို့ သွားကာ ဆုံးရှုံးခဲ့ပြီးဖြစ်သည့် အရာတိုင်း၏ စာရင်းကိုယူရန်၊ ပြီးနောက် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို နောက်ထပ်တစ်ဖန် ရကောင်းရရှိဖို့အလို့ငှာ ဘုရားသခင်ထံ ဝန်ချရန် ဖြစ်ခဲ့သင့်ပေသည်။ သို့သော် ယောဘသည် ဤသို့မလုပ်ဆောင်ခဲ့သကဲ့သို့၊ သူသည် ထိုသို့ မလုပ်ဆောင်ခြင်း အတွက် မိမိ၏ ကိုယ်ပိုင်အကြောင်းရင်း အလိုအလျောက် ရှိခဲ့ပေသည်။ ယောဘ၏ စိတ်နှလုံးထဲတွင်၊ သူပိုင်ဆိုင်သမျှသည် သူ့အပေါ် ဘုရားသခင် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး သူ၏ ကိုယ်ပိုင် အားထုတ်မှု၏ ရလဒ် မဟုတ်ကြောင်းကို အလေးအနက် သူ ယုံကြည်ခဲ့ပေသည်။ ထို့ကြောင့် သူသည် ဤကောင်းချီးမင်္ဂလာများကို အရင်းအနှီးပြုရမည့် အရာတစ်ခုအဖြစ် သူမမြင်ခဲ့ပေ၊ သို့သော် ယင်းအစား သူ ထိန်းသိမ်းသင့်သော လမ်းခရီးကို သူ၏ အစွမ်းရှိသမျှဖြင့် ထိန်းသိမ်းရာတွင် သူ၏ ရှင်သန်မှု အခြေခံသဘောတရားများကို အခြေပြုထားခဲ့သည်။ သူသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို မြတ်နိုးခဲ့ပြီး ယင်းတို့အတွက် ကျေးဇူးတော် ချီးမွမ်းခဲ့သည်၊ သို့သော် သူသည် ကောင်းချီးမင်္ဂလာများအပေါ် မစွဲမက်ခဲ့သကဲ့သို့၊ နောက်ထပ် ကောင်းချီမင်္ဂလာများကိုလည်း မရှာဖွေခဲ့ပေ။ ယင်းမှာ ဥစ္စာပစ္စည်းအပေါ် သူ၏ သဘောထား ဖြစ်ခဲ့သည်။ ကောင်းချီးမင်္ဂလာများ ရခြင်းအလို့ငှာ မည်သည့်အရာကိုမျှ သူမလုပ်ဆောင်ခဲ့သကဲ့သို့၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ ကင်းမဲ့ခြင်း သို့မဟုတ် ဆုံးရှုံးခြင်းအားဖြင့် စိုးရိမ်ခြင်း သို့မဟုတ် စိတ်ထိခိုက်ခြင်း မရှိခဲ့ပေ။ သူသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကြောင့် လွန်လွန်ကဲကဲ၊ အရူးအမူး ပျော်ရွှင်ခဲ့ခြင်း မရှိသကဲ့သို့၊ သူမကြာခဏ မွေ့လျော်ခံစားခဲ့ရသော ကောင်းချီးမင်္ဂလာများကြောင့် ဘုရားသခင်၏ လမ်းခရီးကို လျစ်လျူရှုခြင်း မရှိခဲ့ပေ၊ သို့မဟုတ်

ဘုရားသခင်၏ ကျေးဇူးတော်ကို မေ့လျော့ခြင်း မရှိခဲ့ပေ။ သူ၏ဥစ္စာပစ္စည်းအပေါ် ယောဘ၏ သဘောထားသည် သူ၏ စစ်မှန်သော လူ့သဘာဝကို လူတို့ထံ ထုတ်ဖော်ပြလေသည်- ပထမဦးစွာ ယောဘသည် လောဘကြီးသော လူတစ်ဦး မဟုတ်ခဲ့သကဲ့သို့ သူ၏ ရုပ်ပိုင်းဆိုင်ရာ အသက်တာတွင် နားပူနားဆာ မလုပ်ခဲ့ပေ။ ဒုတိယအနေဖြင့် ယောဘသည် သူ၌ ရှိသမျှကို ဘုရားသခင် ယူဆောင်သွားမည်ကို စိုးရိမ်ခြင်း သို့မဟုတ် ကြောက်ရွံ့ခြင်း မရှိခဲ့ပေ၊ ယင်းမှာ သူ၏ စိတ်နှလုံးထဲက ဘုရားသခင်အပေါ် သူ၏ နာခံမှု သဘောထား ဖြစ်ခဲ့သည်။ ဆိုလိုသည်မှာ သူ့ထံမှ ဘုရားသခင်သည် မည်သည့် အချိန်တွင် ယူဆောင်သွားမည် သို့မဟုတ် ရုပ်သိမ်းခြင်း ပြုမည် မပြုမည်နှင့်ပတ်သက်၍ သူသည် တောင်းဆိုချက်များ သို့မဟုတ် ညည်းညူမှုများ မရှိခဲ့သကဲ့သို့ အကြောင်းရင်းကိုလည်း မမေးခဲ့ဘဲ၊ ဘုရားသခင်၏ အစီအစဉ်များကို နာခံရန်သာ ကြိုးစားခဲ့သည်။ တတိယအနေဖြင့် သူ၏ ပိုင်ဆိုင်မှုများသည် သူ၏ ကိုယ်ပိုင် အားထုတ်မှုများမှ ရလာသည်ဟု မည်သည့်အခါမျှ သူမယုံကြည်ခဲ့ဘဲ ထိုအရာများကို ဘုရားသခင်က သူ့အပေါ် ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ ဤသည်မှာ ဘုရားသခင်၌ ယောဘ၏ ယုံကြည်ခြင်း ဖြစ်ခဲ့ပြီး သူ၏ ခံယူချက်နှင့်သက်ဆိုင်သည့် အရိပ်အမြွက်တစ်ခု ဖြစ်သည်။ ယောဘ၏ လူ့သဘာဝနှင့် သူ၏ နေ့စဉ် စစ်မှန်သော လိုက်စားမှုတို့သည် သူနှင့်သက်ဆိုင်သည့် ဤအကျဉ်းချုပ် အချက်သုံးချက်တွင် ရှင်းလင်းသိသာပါသလော။ ယောဘ၏ လူ့သဘာဝနှင့် လိုက်စားမှုတို့သည် သူ၏ ဥစ္စာပစ္စည်းများ ဆုံးရှုံးခြင်းနှင့် ရင်ဆိုင်ခဲ့ရချိန်တွင် သူ၏ အေးစက်သော အပြုအမူနှင့် တစ်သားတည်း ဖြစ်ခဲ့သည်။ ယောဘအနေဖြင့် ဘုရားသခင်၏ စမ်းသပ်မှုများအတောအတွင်းတွင်၊ "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။" ဟု ပြောရန် ဝိညာဉ်ရင့်ကျက်မှုနှင့် ခံယူချက် ရှိခဲ့သည်မှာ သူ၏ နေ့စဉ် လိုက်စားမှုကြောင့် အတိအကျ ဖြစ်ပေသည်။ ဤစကားများကို ညတွင်းချင်း ရရှိခဲ့ခြင်း မဟုတ်သကဲ့သို့ ထိုစကားများသည် ယောဘ၏ခေါင်းထဲ၌ ထွက်ပေါ် ရုံထွက်ပေါ် ခဲ့သည် မဟုတ်ပေ။ ယင်းတို့သည် နှစ်ပေါင်းများစွာကြာ ဘဝ အတွေ့အကြုံ တစ်လျှောက် မြင်ခဲ့ပြီး ရရှိခဲ့ပြီးဖြစ်သော အရာများဖြစ်သည်။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကိုသာ ရှာဖွေပြီး ၎င်းတို့ထံမှ ဘုရားသခင် ယူဆောင်သွားမည်ကို ကြောက်ရွံ့သောသူ၊ ပြီးလျှင် ယင်းကို မုန်းတီးပြီး ယင်းနှင့်ပတ်သက်၍ ညည်းညူသောသူ အားလုံးနှင့် နှိုင်းယှဉ်ပါက၊ ယောဘ၏ နာခံခြင်းသည် အလွန် စစ်မှန်သည် မဟုတ်လော။ ဘုရားသခင် တစ်ပါးရှိသည်ကို ယုံကြည်သော်လည်း၊ အရာခပ်သိမ်းအပေါ် ဘုရားသခင် အုပ်စိုးသည်ကို မည်သည့်အခါမျှ

မယုံကြည်ဖူးသော သူအားလုံးနှင့် နှိုင်းယှဉ်ပါက၊ ယောဘသည် ကြီးမားသော ရိုးသားမှုနှင့် ဖြောင့်မတ်ခြင်းတို့ကို ပိုင်ဆိုင်သည် မဟုတ်လော။

**ယောဘ၏ ဆင်ခြင်တုံတရား**

ယောဘ၏ တကယ့် အတွေ့အကြုံများနှင့် သူ၏ ဖြောင့်မတ်ပြီး ရိုးသားသော လူ့သဘာဝမှာ သူသည် သူ၏ ပိုင်ဆိုင်မှုများနှင့် သားသမီးများကို ဆုံးရှုံးခဲ့ချိန်တွင်၊ ယုတ္တိအတန်ဆုံးသော အကဲဖြတ်မှုနှင့် ရွေးချယ်မှုများကို ပြုခဲ့သည်ဟု ဆိုလိုပေသည်။ ထိုသို့သော ဆင်ခြင်တုံတရားရှိသည့် ရွေးချယ်မှုများကို သူ၏ တစ်နေ့ချင်း အသက်တာအချိန်အတောအတွင်း သူသိရှိလာခဲ့ပြီးသော သူ၏ နေ့စဉ် လိုက်စားမှုများနှင့် ဘုရားသခင်၏ လုပ်ဆောင်ချက်များမှ ခွဲထုတ်၍ မရနိုင်ခဲ့ပေ။ ယောဘ၏ ရိုးသားခြင်းသည် သူ့အား ယေဟောဝါဘုရားသခင်၏ လက်သည် အရာခပ်သိမ်းအပေါ် အုပ်စိုးသည်ကို ယုံကြည်နိုင်စေခဲ့သည်။ သူ၏ယုံကြည်မှုသည် အရာခပ်သိမ်းအပေါ်၌ ယေဟောဝါ၏ အချုပ်အခြာ အာဏာနှင့် သက်ဆိုင်သည့် အမှန်တရားကို သူ့အား သိခွင့်ပေးခဲ့သည်။ သူ၏ အသိပညာသည် ယေဟောဝါ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များကို နာခံရန် လိုလားနေစေခဲ့ပြီး နာခံနိုင်စေခဲ့သည်။ သူ၏ နာခံခြင်းသည် သူ့အား ယေဟောဝါ ဘုရားသခင်အပေါ် သူ၏ ကြောက်ရွံ့ခြင်း၌ ပို၍ ပို၍ စစ်မှန်စေခဲ့သည်။ သူ၏ ကြောက်ရွံ့ခြင်းသည် သူ၏ မကောင်းမှု ရှောင်ကြဉ်ခြင်း၌ ပို၍ ပို၍ စစ်မှန်စေခဲ့သည်။ နောက်ဆုံးတွင် ယောဘသည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်ခဲ့သောကြောင့် စုံလင်လာခဲ့သည်။ သူ၏ စုံလင်ခြင်းသည် သူ့အား ဉာဏ်ပညာရှိစေခဲ့ပြီး အဆုံးစွန်သော ဆင်ခြင်တုံတရားကို ပေးခဲ့သည်။

“ဆင်ခြင်တုံတရားရှိသော” ဟူသည့် ဤစကားလုံးကို ငါတို့ အဘယ်သို့ နားလည်သင့်သနည်း။ တိုက်ရိုက် အဓိပ္ပာယ်ကောက်ခြင်းတစ်ခုမှာ ကောင်းသောအသိ ရှိခြင်း၊ မိမိ၏ အတွေးတွင် ကျိုးကြောင်းဆီလျော်ခြင်းနှင့် စဉ်းစားချင့်ချိန်တတ်ခြင်း၊ အခြေအမြစ် ရှိသော စကားများ၊ လုပ်ရပ်များနှင့် အကဲဖြတ်မှုတို့ရှိခြင်း၊ ပြီးလျှင် အခြေအမြစ်ရှိပြီး ပုံမှန် ကိုယ်ကျင့်တရား စံနှုန်းများကို ပိုင်ဆိုင်ခြင်းအား ဆိုလိုပေသည်။ သို့သော် ယောဘ၏ ဆင်ခြင်တုံတရားကို အလွန်လွယ်ကူစွာ ရှင်းပြထားခြင်း မရှိပေ။ ဤနေရာ၌ ယောဘသည် အဆုံးစွန်သော ဆင်ခြင်တုံတရားကို ပိုင်ဆိုင်ခဲ့သည်ဟု ဆိုသောအခါ၊ ဤအရာကို သူ၏ လူ့သဘာဝနှင့် ဘုရားသခင်ရှေ့၌ သူ၏ အပြုအမူတို့နှင့်ပတ်သက်၍ ပြောဆိုထားခြင်း ဖြစ်သည်။ ယောဘသည် ရိုးသားခဲ့သောကြောင့်၊ သူသည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို

ယုံကြည်ပြီး နာခံနိုင်ခဲ့သည်၊ ယင်းက အခြားသူများ မရနိုင်သော အသိပညာ တစ်ခုကို သူ့အား ပေးခဲ့ပြီး ဤအသိပညာသည် သူ့အပေါ် ကျရောက်ခဲ့သည့်အရာကို ပို၍ တိကျမှန်ကန်စွာ သိမြင်နိုင်စေသည်၊ အကဲဖြတ်နိုင်စေပြီး အနက်ဖွင့် နိုင်စေခဲ့သည်၊ ယင်းက မည်သည့်အရာ လုပ်ဆောင်ရမည်ဆိုသည်နှင့် မည်သည့်အရာကို ဆက်လက် ယုံကြည်ရမည် ဆိုသည်တို့ကို သာ၍ မှန်ကန်တိကျစွာနှင့် အမြော်အမြင်ကြီးစွာ သူ့အား ရွေးချယ်နိုင် စေခဲ့သည်။ ဆိုလိုသည်မှာ သူ၏ စကားများ၊ အပြုအမူ၊ သူ၏ လုပ်ရပ်များ နောက်ကွယ်မှ အခြေခံသဘောတရားများနှင့် သူ ပြုမူခဲ့သည့် ကျင့်ဝတ်တို့မှာ ပုံမှန် ဖြစ်ခဲ့သည်၊ ရှင်းလင်းပြီး တိကျခဲ့ကာ၊ ကျိုးကြောင်းမမြင်ခြင်း၊ စိတ်လိုက်မာန်ပါဖြစ်ခြင်း သို့မဟုတ် စိတ်ခံစားမှုနှင့် မဆိုင်ခဲ့ပေ။ သူ့အပေါ် ကျရောက်ခဲ့သည့် မည်သည့်အရာကိုမဆို မည်သို့ သဘောထားရမည်ကို သူသိခဲ့သည်၊ ခက်ခဲရှုပ်ထွေးသော ဖြစ်ရပ်များအကြားမှ ဆက်ဆံရေးများကို မည်ကဲ့သို့ ဟန်ချက်ညီစေပြီး ကိုင်တွယ်ရမည်ကို သူသိခဲ့သည်၊ မြဲမြံစွာ ထိန်းသိမ်းထားသင့်သော လမ်းခရီးကို မည်ကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းထားရမည်ကို သူသိခဲ့သည်၊ ထို့အပြင် သူသည် ယေဟောဝါဘုရားသခင်၏ ပေးခြင်းနှင့် ယူဆောင်သွားခြင်းအပေါ် မည်သို့ သဘောထားရမည်ကို သိခဲ့သည်။ ဤသည်မှာ ယောဘ၏ တကယ့် ဆင်ခြင်တုံတရား ဖြစ်ခဲ့သည်။ ယောဘသည် သူ၏ပိုင်ဆိုင်မှုများနှင့် သူ၏သားများနှင့် သမီးများကို ဆုံးရှုံးခဲ့ ရသည့်အခါ၊ "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏၊ ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။" ဟု သူဆိုခဲ့သည်မှာ ထိုသို့သော ဆင်ခြင်တုံတရားဖြင့် အသင့်ပြင်ဆင်ခဲ့ခြင်းကြောင့် အတိအကျ ဖြစ်ပေသည်။

ယောဘသည် ကိုယ်ခန္ဓာ၏ အလွန်ကြီးစွာသော နာကျင်မှုနှင့် သူ၏ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေများ၏ ကန့်ကွက်မှုများကို ရင်ဆိုင်ခဲ့ရချိန်၊ ပြီးလျှင် သေခြင်းနှင့် ရင်ဆိုင်ခဲ့ရချိန်တွင်၊ သူ၏ တကယ့်အပြုအမူသည် လူတိုင်းထံ သူ၏ စစ်မှန်သော သဘောသဘာဝကို နောက်ထပ်တစ်ကြိမ် ပြသခဲ့သည်။

## ယောဘ၏ စစ်မှန်သော သဘောသဘာဝ- မှန်ကန်၊ ဖြူစင်ပြီး လိမ်ညာမှု ကင်းခြင်း

ယောဘ ၂:၇-၈ ကို ဖတ်ကြပါစို့- "သို့ဖြင့် စာတန်သည် ယေဟောဝါ၏ထံတော်မှောက်မှ ထွက်သွားပြီးလျှင် ယောဘကို ခြေဖဝါးမှ ဦးခေါင်းထိပ်ထိတိုင် အနာဆိုးပေါက်စေပြီး လုပ်ကြံလေ သည်၊ သူသည် ကိုယ်ကို ခြစ်ဖို့ အိုးခြမ်းကို ယူပြီးလျှင် မီးဖိုပြာထဲတွင် ထိုင်လေ၏။" ဤသည်မှာ ယောဘ၏ ကိုယ်ခန္ဓာပေါ်၌ ဆိုးသောအနာစိမ်းများ ပေါက်ခဲ့ချိန်တွင် သူ၏အပြုအမူနှင့် သက်ဆိုင်သည့် ဖော်ပြချက်တစ်ခု ဖြစ်သည်။ ဤအကြိမ်တွင်၊ ယောဘသည်

နာကျင်မှုဝေဒနာကို သည်းခံသည်နှင့်အမျှ ပြာထဲ၌ ထိုင်ခဲ့ရသည်။ မည်သူမျှ သူ့အား မကူသပေးခဲ့သကဲ့သို့ သူ၏ ကိုယ်ခန္ဓာ နာကျင်မှုဝေဒနာ သက်သာစေရန် သူ့အား မည်သူမျှ မကူညီခဲ့ပေ။ ယင်းအစား သူသည် ဆိုးသောအနာစိမ်းများ၏ အပေါ်ယံလွှာကို ခြစ်ရန် အိုးခြမ်းပဲ့ တစ်ခုကို အသုံးပြုခဲ့သည်။ အပေါ်ယံအားဖြင့် ယောဘသည် ဤအကြိမ်တွင် သူ၏ စိတ်နေစိတ်ထားနှင့် အမြင်များကို ဖော်ပြရန် မည်သည့်စကားမျှ မပြောခဲ့သည့်အတွက်၊ ဤသည်မှာ ယောဘ၏ အကြီးအကျယ် ဒုက္ခရောက်ခြင်းထဲက အဆင့်တစ်ခုမျှသာ ဖြစ်ခဲ့ပြီး သူ၏ လူ့သဘာဝနှင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် ဆက်နွယ်ခြင်း မရှိခဲ့ပေ။ သို့သော်လည်း ယောဘ၏ လုပ်ရပ်များနှင့် သူ၏ အပြုအမူတို့သည် သူ၏ လူ့သဘာဝနှင့်သက်ဆိုင်သည့် စစ်မှန်သည့် ဖော်ပြချက်တစ်ခု ဖြစ်နေဆဲဖြစ်သည်။ ယခင် အခန်းကြီး၏ မှတ်တမ်းတွင်၊ ယောဘသည် အရှေ့အရပ်မှ လူသားများ အားလုံးထဲတွင် အကြီးမြတ်ဆုံး ဖြစ်ခဲ့ကြောင်းကို ငါတို့ ဖတ်ခဲ့ကြရသည်။ ထိုအတောအတွင်းတွင် ဒုတိယ အခန်းကြီးမှ ဤစာပိုဒ်က အရှေ့အရပ်၏ ဤကြီးမြတ်သော လူသည် ပြာများအလယ် ထိုင်နေစဉ် သူ့ကိုယ်သူ ခြစ်ရန် အိုးခြမ်းပဲ့တစ်ခုကို အမှန်တကယ် ယူခဲ့သည်ကို ငါတို့အား ပြသသည်။ ဤဖော်ပြချက် နှစ်ခုအကြားတွင် သိသာထင်ရှားသော ခြားနားချက်တစ်ခု ရှိသည်မဟုတ်လော။ ယင်းမှာ ငါတို့အား ယောဘ၏ စစ်မှန်သော ဇာတိကိုပြသည့် ခြားနားချက် တစ်ခု ဖြစ်သည်- သူ၏ ဂုဏ်သတင်းကြီးသော အဆင့်အတန်းနှင့် ဂုဏ်များရှိသော်လည်း၊ သူသည် ဤအရာများကို မည်သည့်အခါမျှ မချစ်ခဲ့ဖူးသကဲ့သို့ မည်သည့်အာရုံမျှလည်း မစိုက်ခဲ့ဖူးပေ။ သူ၏အဆင့်အတန်းကို အခြားသူများ မည်ကဲ့သို့ ရှုမြင်ခဲ့သည်ကို သူဂရုမစိုက်ခဲ့သကဲ့သို့၊ သူ၏ လုပ်ရပ်များ သို့မဟုတ် အပြုအမူတို့သည် သူ၏အဆင့်အတန်းအပေါ် အပျက်သဘောဆောင်သည့် သက်ရောက်မှု တစ်ခုတစ်လေရှိမည်၊ မရှိမည်ကို သူပူပန်ခဲ့ခြင်းလည်း မရှိပေ။ သူသည် ဂုဏ်နှင့် သက်ဆိုင်သည့် ကောင်းချီးမင်္ဂလာများထဲတွင် သူမွေ့လျော်ခဲ့ခြင်း မရှိသကဲ့သို့၊ ဂုဏ်နှင့် အဆင့်အတန်းတို့နှင့် အတူ ပါရှိလာသည့် ထင်ပေါ်ကျော်ကြားမှုတွင်လည်း မပျော်မွေ့ခဲ့ပေ။ သူသည် ယေဟောဝါဘုရားသခင်၏ အမြင်တွင် သူ၏ ရှင်သန်ခြင်း တန်ဖိုးနှင့် အရေးပါမှုကိုသာ ဂရုစိုက်ခဲ့သည်။ ယောဘ၏ စစ်မှန်သော ဇာတိမှာ သူ၏ တကယ့် အနှစ်သာရ ဖြစ်ခဲ့သည်- သူသည် ကျော်ကြားမှုနှင့် အခွင့်အလမ်းကို မချစ်ခဲ့သကဲ့သို့၊ ကျော်ကြားမှုနှင့် အခွင့်အလမ်း အတွက် အသက်မရှင်ခဲ့ပေ။ သူသည် မှန်ကန်ပြီး ဖြူစင်ကာ လိမ်ညာမှု ကင်းခဲ့သည်။

**ချစ်ခြင်းနှင့် မုန်းခြင်းအပေါ် ယောဘ၏ ခွဲခြားမှု**

ယောဘ၏ လူ့သဘာဝနှင့်သက်ဆိုင်သည့် အခြားဖက်ခြမ်းကို သူနှင့် သူ၏ဇနီးအကြား ဤအပြန်အလှန်ပြောဆိုမှုတွင် ပြထားပေသည်- "ထိုအခါမယားက၊ သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော။ ဘုရားသခင်ကို စွန့်ပယ်၍ သေလော့ဟုဆို၏။ ယောဘကလည်း၊ မိန်းမမိုက်ပြောတတ်သကဲ့သို့ သင်သည်ပြော၏။ အဘယ်သို့နည်း။ ငါတို့သည် ဘုရားသခင်၏ လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလောဟုဆို၏။" (ယောဘ ၂:၉-၁၀) ယောဘ ခံစားနေရသော ညှဉ်းဆဲမှုကို မြင်တွေ့ရလျက်၊ သူ၏ဇနီးက ယောဘအား သူ၏ ညှဉ်းဆဲမှုထဲမှ လွတ်မြောက်ရန် ကူညီဖို့ အကြံဉာဏ်ပေးရန် ကြိုးစားခဲ့သည်၊ သို့သော်လည်း သူမ၏ "စေတနာများ" မှာ ယောဘ၏ လက်ခံခြင်းကို မရခဲ့ပေ။ ယင်းအစား သူမသည် ယေဟောဝါဘုရားသခင်ကို သူ၏ယုံကြည်ခြင်းနှင့် နာခံခြင်းတို့အား ငြင်းပယ်ခဲ့ပြီး၊ ယေဟောဝါဘုရားသခင်၏ တည်ရှိခြင်းကိုလည်း ငြင်းပယ်ခဲ့သည့်အတွက်၊ ထိုအကြံပြုချက်များက သူ၏ဒေါသကို နှိုးဆွခဲ့လေသည်။ သူသည် အခြားသူများကို ထည့်မတွက်နှင့်ဦးတော့၊ ဘုရားသခင်ကို ဆန့်ကျင်သည့် အရာ တစ်ခုတစ်လေ သို့မဟုတ် ထိခိုက်နာကျင်စေသော အရာ တစ်ခုတစ်လေကို ပြုရန် သူ့ကိုယ်သူ မည်သည့်အခါမျှ အခွင့်မပေးခဲ့သည့်အတွက်၊ ဤသည်မှာ ယောဘအဖို့ သည်းမခံနိုင်စရာ ဖြစ်ခဲ့သည်။ ဘုရားသခင်ကို ပြစ်မှားပြီး စော်ကားသည့် စကားများကို ပြောဆိုသော အခြားသူများကို သူမြင်သည့်အခါ၊ သူသည် အဘယ်သို့ ဂရုမစိုက်ဘဲ နေနိုင်ခဲ့မည်နည်း။ ထို့ကြောင့် သူ၏ဇနီးအား "မိန်းမမိုက်" တစ်ဦးဟု ခေါ်ခဲ့ခြင်းဖြစ်သည်။ သူ၏ဇနီးအပေါ် ယောဘ၏ သဘောထားမှာ ဒေါသနှင့် အမုန်းပါသည့်အပြင် အပြစ်တင်ပြီး အပြစ်ဖော်ဆုံးမသည့် သဘောထားတစ်ခု ဖြစ်ခဲ့သည်။ ဤသည်မှာ ယောဘ၏ သဘောထားနှင့်သက်ဆိုင်သည့် အလိုအလျောက် ဖြစ်သော ဖော်ပြချက်- ချစ်ခြင်းနှင့် မုန်းခြင်းအကြား ပိုင်းခြားမှု- ဖြစ်ပြီး သူ၏ ဖြောင့်မတ်သော လူ့သဘာဝ၏ စစ်မှန်သည့် ကိုယ်စားပြုချက်တစ်ခု ဖြစ်ခဲ့သည်။ ယောဘသည် တရားမျှတသော အသိစိတ်တစ်ခု- ဆိုးယုတ်မှု လေများနှင့် လှိုင်းများကို မုန်းတီးပြီး၊ ဖြစ်နိုင်အခြေမရှိသော မိစ္ဆာဒိဋ္ဌိအယူ၊ အဓိပ္ပာယ်မရှိသော အငြင်းပွားမှုများနှင့် သဘာဝမကျသည့် အဆိုများကို စက်ဆုပ်ရွံရှာစေသည့်၊ ပြစ်တင်ရှုတ်ချစေပြီး ငြင်းပယ်စေကာ သူသည် လူစုလူဝေးများ၏ ငြင်းပယ်ခံခဲ့ရပြီး သူနှင့် ရင်းနှီးခဲ့သော သူများ၏ စွန့်ခွာခြင်းကို ခံခဲ့ရချိန်၊ မိမိကိုယ်ကိုယ်၊ မှန်ကန်သော အခြေခံသဘောတရားများနှင့် ရပ်တည်ချက်တို့ကို သူ့အား ဆုပ်ကိုင်စေခဲ့သည်။

**ယောဘ၏ ကြင်နာမှုနှင့် ရိုးသားစစ်မှန်မှု**

ယောဘ၏ အပြုအမူမှ၊ သူ၏ လူ့သဘာဝနှင့်သက်ဆိုင်သည့် အမျိုးမျိုးသော ရှုထောင့်များ၏ ဖော်ပြချက်ကို ငါတို့ မြင်နိုင်သည့်အတွက်၊ သူ၏မွေးဖွားရာနေ့ရက်ကို ကျိန်ဆဲဖို့ သူ၏နှုတ်ကိုဖွင့်ချိန်တွင် ယောဘ၏ မည်သည့် လူ့သဘာဝကို ငါတို့မြင်ကြရသနည်း။ ဤသည်မှာ ငါတို့အောက်တွင် ဝေငှပြောဆိုမည့် အကြောင်းအရာ ဖြစ်သည်။

အထက်တွင် ယောဘသည် သူ၏မွေးဖွားရာနေ့ရက်ကို ကျိန်ဆဲရခြင်း၏ အကြောင်းရင်းများကို ငါပြောခဲ့ပြီးဖြစ်သည်။ ဤအရာတွင် သင်တို့မည်သည့်အရာကို မြင်ရသနည်း။ အကယ်၍ ယောဘသည် စိတ်နှလုံးမာကြောပြီး ချစ်ခြင်းမေတ္တာ မရှိခဲ့ပါက၊ အကယ်၍ သူသည် အေးစက်ပြီး ခံစားချက်မဲ့ကာ လူ့သဘာဝ ကင်းမဲ့ခဲ့ပါက၊ သူသည် ဘုရားသခင်၏ စိတ်နှလုံးအလိုဆန္ဒကို ဂရုစိုက်နိုင်ခဲ့မည်လော။ သူသည် ဘုရားသခင်၏ စိတ်နှလုံးကို ဂရုစိုက်သောကြောင့် သူ၏မွေးဖွားရာနေ့ရက်ကို သူစက်ဆုပ်ရွံရှာနိုင်ဦး မည်လော။ တစ်နည်းအားဖြင့် အကယ်၍ ယောဘသည် စိတ်နှလုံးမာကြောပြီး လူ့သဘာဝ ကင်းမဲ့ခဲ့ပါက၊ သူသည် ဘုရားသခင်၏ နာကျင်မှုအားဖြင့် စိတ်သောကရောက်နိုင်ဦးမည်လော။ ဘုရားသခင်သည် သူ့အားဖြင့် စိတ်ထိခိုက်ခဲ့သောကြောင့်၊ သူသည် သူ၏မွေးဖွားရာ နေ့ရက်ကို ကျိန်ဆဲနိုင်ဦးမည်လော။ အဖြေမှာ လုံးဝမဟုတ်ပေ။ ယောဘသည် ကြင်နာစိတ်ရှိခဲ့သောကြောင့်၊ ဘုရားသခင်၏ စိတ်နှလုံးကို သူဂရုစိုက်ခဲ့သည်။ ဘုရားသခင်၏ စိတ်နှလုံးကို သူဂရုစိုက်ခဲ့သောကြောင့်၊ ဘုရားသခင်၏ နာကျင်မှုကို ယောဘက သတိပြုမိခဲ့သည်။ သူသည် ကြင်နာစိတ်ရှိသောကြောင့်၊ ဘုရားသခင်၏ နာကျင်မှုကို သတိပြုမိခြင်း၏ အကျိုးဆက် တစ်ခုအနေဖြင့် သာ၍ကြီးသော ညှဉ်းဆဲမှုကို သူခံစားခဲ့ရသည်။ ဘုရားသခင်၏ နာကျင်မှုကို သတိပြုမိခဲ့သောကြောင့်၊ သူ၏မွေးဖွားရာ နေ့ရက်ကို စတင်ကာ သူစက်ဆုပ်ရွံရှာပြီး၊ ထို့ကြောင့် သူ၏ မွေးဖွားရာ နေ့ရက်ကို ကျိန်ဆဲခဲ့ခြင်းဖြစ်သည်။ အပြင်လူများအဖို့၊ ယောဘ၏ စမ်းသပ်မှုများအတောအတွင်း သူ၏အပြုအမူတစ်ခုလုံးမှာ စံထားထိုက်ပေသည်။ သူ၏မွေးဖွားရာနေ့ရက်ကို သူ၏ ကျိန်ဆဲခြင်းသည်သာ သူ၏စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းအပေါ် မေးခွန်းထုတ်စရာ ဖြစ်စေသည် သို့မဟုတ် မတူညီသော အကဲဖြတ်ချက် တစ်ခုကို ပေးပေသည်။ အမှန်တွင် ဤသည်မှာ ယောဘ၏ လူ့သဘာဝနှင့်သက်ဆိုင်သည့် အနှစ်သာရ၏ အစစ်မှန်ဆုံးသော ဖော်ပြချက် ဖြစ်ခဲ့သည်။ သူ၏ လူ့သဘာဝနှင့် သက်ဆိုင်သည့် အနှစ်သာရမှာ ဖုံးကွယ်မထားပေ၊ သို့မဟုတ် ပြရုပ်မတင်ထားပေ၊ သို့မဟုတ် အခြားသူ တစ်စုံတစ်ဦးက စိစစ်ပြင်ဆင် မထားခဲ့ပေ။ သူ၏ မွေးဖွားရာနေ့ရက်ကို သူကျိန်ဆဲခဲ့ချိန်တွင်၊ သူသည် သူ၏နက်ရှိုင်းသော အတွင်းစိတ်နှလုံးရှိ ကြင်နာမှုနှင့် ရိုးသားစစ်မှန်မှုတို့ကို ထင်ရှားစွာပြခဲ့သည်။ သူသည် အောက်ခြေကိုပင်

မြင်ရသည့် အလွန်ကြည်လင်ကာ ရှင်းသန့်သော ရေများရှိသည့် ရေကြည်စမ်း တစ်ခုကဲ့သို့ ဖြစ်ခဲ့သည်။

ယောဘနှင့်ပတ်သက်၍ ဤအရာအားလုံးကို လေ့လာရခြင်းဖြင့်၊ လူအများစုသည် ယောဘ၏ လူ့သဘာဝ အနှစ်သာရနှင့် သက်ဆိုင်သည့် အတန်အသင့် တိကျမှန်ကန်ပြီး မျှတသော အကဲဖြတ်ချက်တစ်ခု ဧကန်မုချ ရှိကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်ပြောခဲ့သည့်အတိုင်း ယောဘ၏ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းအပေါ် နက်နဲကာ၊ လက်တွေ့ကျပြီး သာ၍ အဆင့်မြင့်သော နားလည်ခြင်းနှင့် အသိအမှတ်ပြုခြင်းတစ်ခုလည်း ရှိသင့်ကြပေသည်။ ဤနားလည်ခြင်းနှင့် အသိအမှတ်ပြုခြင်းသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုရှောင်ကြဉ်ခြင်း လမ်းခရီးပေါ် စတင်ရန် လူတို့အား အထောက်အကူ ဖြစ်စေလိမ့်မည်ဟု မျှော်လင့်ပါသည်။

## ယောဘအား စာတန်ထံသို့ ဘုရားသခင် လွှဲအပ်ခြင်းနှင့် ဘုရားသခင်အမှု၏ ရည်မှန်းချက်များအကြားရှိ ဆက်နွယ်မှု

ယခုတွင် လူအများစုက ယောဘသည် စုံလင်ကာ ဖြောင့်မတ်ပြီး သူသည် ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှု ရှောင်ကြဉ်သည်ကို အသိအမှတ်ပြုကြသော်လည်း၊ ဤအသိအမှတ်ပြုခြင်းသည် ၎င်းတို့အား ဘုရားသခင်၏ ရည်ရွယ်ချက်နှင့်သက်ဆိုင်သည့် သာ၍ ကြီးမားသော သိနားလည်မှုကို မပေးချေ။ တစ်ချိန်တည်းတွင် ယောဘ၏ လူ့သဘာဝနှင့် လိုက်စားမှုကို အားကျသည်နှင့်အညီ၊ ၎င်းတို့သည် အောက်ပါ မေးခွန်းကို ဘုရားသခင်အား မေးကြသည်- ယောဘသည် အလွန် စုံလင်ကာ ဖြောင့်မတ်ခဲ့သည်၊ သူ့ကို လူတို့က အလွန်ကြည်ညို ခဲ့ကြသည်၊ သို့ဆိုလျှင် ဘုရားသခင်သည် အဘယ်ကြောင့် သူ့အား စာတန်လက်သို့အပ်ကာ မြောက်မြားစွာသော ညှဉ်းပန်းမှုကို ခံစေခဲ့သနည်း။ ထိုသို့သော မေးခွန်းများသည် လူများစွာတို့၏ စိတ်နှလုံးထဲ၌ တည်ရှိမည်မှာ သေချာပေသည်- သို့မဟုတ် ယင်းထက်၊ ဤသံသယသည် လူများစွာ၏ စိတ်နှလုံးများထဲက မေးခွန်းဖြစ်သည်။ ယင်းသည် မြောက်မြားစွာသော လူတို့ကို ဝေခွဲမရ ဖြစ်စေခဲ့သည့်အတွက်၊ ငါတို့သည် ဤမေးခွန်းကို စတင် ဆွေးနွေးကာ ကောင်းစွာ ရှင်းပြရမည် ဖြစ်သည်။

လူသားအထဲ၌ ဘုရားသခင် ပြုသမျှသည် သူ၏စီမံခန့်ခွဲမှုနှင့် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းနှင့် သက်ဆိုင်သည့်အတွက်၊ ဘုရားသခင် ပြုသော အရာရာတိုင်းသည် လိုအပ်ပြီး ထူးခြားသော အရေးပါမှု ပိုင်ဆိုင်ပေသည်။ ပင်ကိုအားဖြင့် ဘုရားသခင်၏အမြင်တွင်

ယောဘသည် စုံလင်ကာ ဖြောင့်မတ်သော်လည်း၊ ယောဘ၌ ဘုရားသခင်ပြခဲ့သော အမှုသည် ကွဲပြားခြင်း မရှိပေ။ တစ်နည်းအားဖြင့် ဘုရားသခင် မည်သည့်အရာ ပြုသည် သို့မဟုတ် သူ ပြုသည့် နည်းလမ်းကို ပဓာနမထားဘဲ၊ အဖိုးအခကို ပဓာနမထားဘဲ၊ သို့မဟုတ် သူ၏ ရည်မှန်းချက်ကို ပဓာနမထားဘဲ၊ သူ၏ လုပ်ဆောင်ချက်များ၏ ရည်ရွယ်ချက်မှာ မပြောင်းလဲပေ။ သူ၏ ရည်ရွယ်ချက်မှာ လူသားထဲသို့ ဘုရားသခင်၏ နှုတ်ကပတ်တော်များ အပြင်၊ လူသားအတွက် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့် ဘုရားသခင်၏အလိုတို့ကို လုပ်ဆောင်ရန် ဖြစ်သည်။ တစ်နည်းအားဖြင့် ယင်းမှာ ဘုရားသခင်၏ စိတ်နှလုံးကို လူသားအား နားလည်စေရင်းနှင့် ဘုရားသခင်၏ အနှစ်သာရကို သဘောပေါက်စေရင်း၊ ပြီးလျှင် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များကို လူသားအား နာခံစေရင်း၊ ထိုသို့ဖြင့် လူသားအား ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုရှောင်ကြဉ်ခြင်းအား ရရှိခွင့်ပေးရင်း၊ ဘုရားသခင်သည် အပြုသဘောဆောင်သည်ဟု သူယုံကြည်သော အရာခပ်သိမ်းကို သူ၏ခြေလှမ်းများနှင့်အညီ လူသားထဲ၌ အမှုပြုရန် ဖြစ်သည်- ထိုအရာအားလုံးမှာ ဘုရားသခင်ပြုသမျှအားလုံးထဲက သူ၏ရည်ရွယ်ချက်၏ ကဏ္ဍတစ်ခုဖြစ်သည်။ အခြားသောကဏ္ဍမှာ စာတန်သည် ဘုရားသခင်၏ အမှုတွင် အဖြည့်ခံနှင့် အသုံးတော်ခံ ဖြစ်သောကြောင့်၊ လူသားသည် စာတန်ထံ မကြာခဏပေးအပ်ခံရခြင်း ဖြစ်သည်။ ဤသည်မှာ လူတို့အား စာတန်၏ စုံစမ်းနှောင့်ယှက်မှုများကို မြင်ခွင့်ပေးရန်နှင့် စာတန်၏ ဆိုးယုတ်မှု၊ အကျည်းတန်မှုနှင့် စက်ဆုပ်ဖွယ်ကောင်းမှုတို့ကို တိုက်ခိုက်ခွင့်ပေးရန် ဘုရားသခင် အသုံးပြုသော နည်းလမ်းဖြစ်သည်၊ ထိုသို့ဖြင့် လူတို့အား စာတန်ကို မုန်းတီးစေပြီး အပျက်သဘောဆောင်သောအရာကို သိရှိကာ အသိအမှတ်ပြုစေလေသည်။ ဤနည်းစနစ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ဘုရားသခင်အပေါ် ၎င်းတို့၏ အသိနှင့် နာခံမှု၊ ပြီးလျှင် ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်ခြင်းနှင့် သူ့ကို ကြောက်ရွံ့ခြင်းတို့ကြောင့် စာတန်၏ တိုက်ခိုက်မှုများနှင့် စွပ်စွဲမှုများအပေါ် အောင်မြင်သည်အထိ- ၎င်းတို့အား စာတန်၏ ထိန်းချုပ်မှုနှင့် စွပ်စွဲမှုများ၊ ဝင်ရောက်နှောင့်ယှက်မှုနှင့် တိုက်ခိုက်မှုတို့မှ မိမိကိုယ်ကိုယ် တဖြည်းဖြည်း လွတ်မြောက်စေခွင့်ပေးလေသည်။ ထိုအခါမှသာ ၎င်းတို့သည် စာတန်၏ အုပ်စိုးမှုအောက်မှ လုံးလုံးလျားလျား ကယ်ဆယ်ခြင်းကို ခံရလိမ့်မည် ဖြစ်သည်။ လူတို့၏ ကယ်ဆယ်ခံရခြင်း ဆိုသည်မှာ စာတန်သည် ရှုံးနိမ့်ပြီးဖြစ်သည်ဟု ဆိုလိုသည်၊ ယင်းမှာ ၎င်းတို့သည် စာတန်၏ ပါးစပ်ထဲက အစာ မဟုတ်တော့- စာတန်သည် ၎င်းတို့အား မျိုချရမည့်အစား ၎င်းတို့ကို

စွန့်လွှတ်ပြီးဖြစ်သည်ဟု ဆိုလိုပေသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ထိုသို့သော လူများမှာ ဖြောင့်မတ်ကြသောကြောင့်၊ ၎င်းတို့သည် ယုံကြည်ခြင်း၊ နာခံခြင်းနှင့် ဘုရားသခင်အပေါ် ကြောက်ရွံ့ခြင်းရှိကြသောကြောင့်ဖြစ်ပြီး ၎င်းတို့သည် စာတန်နှင့် လုံးလုံးလျားလျား အဆက်ပြတ်ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် စာတန်ကို အရှက်ရစေသည်၊ စာတန်အား သူရဲဘောကြောင်စေပြီး စာတန်ကို လုံးဝ အနိုင်ယူကြလေသည်။ ဘုရားသခင်နောက်သို့လိုက်ရာတွင် ၎င်းတို့၏ခံယူချက်၊ ပြီးလျှင် ဘုရားသခင်အား နာခံခြင်းနှင့် ကြောက်ရွံ့ခြင်းတို့သည် စာတန်ကို ရှုံးနိမ့်စေပြီး စာတန်အား ၎င်းတို့ကို လုံးလုံးလျားလျား လက်လျှော့စေသည်။ ဤသို့သော လူများသာ ဘုရားသခင်၏ရယူခြင်းကို အမှန်တကယ်ခံရကြပြီးဖြစ်ကာ လူသားကို ကယ်တင်ရာ၌ ဘုရားသခင်၏ အဆုံးစွန်သော ရည်မှန်းချက်မှာ ဤအရာ ဖြစ်ပေသည်။ အကယ်၍ ၎င်းတို့သည် အကယ်တင်ခံရရန် ဆန္ဒရှိကြပြီး ဘုရားသခင်၏ လုံးဝ ရယူခြင်းကို ခံလိုပါက၊ ဘုရားသခင် နောက်လိုက်သောသူ အားလုံးသည် စာတန်ထံမှ စုံစမ်းနှောင့်ယှက်ခြင်းများနှင့် တိုက်ခိုက်မှုများကို အကြီး အသေးနှစ်ခုလုံး ရင်ဆိုင်ကြရမည်ဖြစ်သည်။ ဤစုံစမ်းနှောင့်ယှက်ခြင်းများနှင့် တိုက်ခိုက်မှုများမှ လွတ်ပေါ်လာသော သူများနှင့် စာတန်ကို အပြည့်အဝ ရှုံးနိမ့်စေနိုင်သောသူများသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို ခံရသောသူများ ဖြစ်ကြသည်။ ဆိုလိုသည်မှာ ဘုရားသခင်ထံ ကယ်တင်ခံရသော သူများသည် ဘုရားသခင်၏ စမ်းသပ်မှုများကို ကြုံရပြီးသောသူများနှင့် စာတန်၏ စုံစမ်းနှောင့်ယှက်မှုနှင့် တိုက်ခိုက်ခြင်းကို အကြိမ်အရေအတွက် ပြောမပြနိုင်အောင် များစွာခံခဲ့ပြီးသောသူများ ဖြစ်သည်။ ဘုရားသခင်ထံ ကယ်တင်ခံရသောသူများသည် ဘုရားသခင်၏ အလိုနှင့် သတ်မှတ်ချက်များကို နားလည်ပြီး ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များကို သဘောတူညီနိုင်သကဲ့သို့ ၎င်းတို့သည် စာတန်၏ စုံစမ်းနှောင့်ယှက်မှုများအလယ်တွင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို မစွန့်ပစ်ကြချေ။ ဘုရားသခင်ထံ ကယ်တင်ခံရသော သူများသည် ရိုးသားမှုကို ပိုင်ဆိုင်ကြသည်၊ ၎င်းတို့သည် ကြင်နာစိတ်ရှိကြသည်၊ အချစ်နှင့် အမုန်းကြား ပိုင်းခြားသိမြင်ကြသည်၊ ၎င်းတို့သည် တရားသော အသိစိတ်တစ်ခုရှိပြီး ဆင်ခြင်တုံတရား ရှိကြကာ ၎င်းတို့သည် ဘုရားသခင်ကို အလိုရှိကြပြီး ဘုရားသခင်နှင့် သက်ဆိုင်သည့် အရာခပ်သိမ်းကို တန်ဖိုးထားတတ်ကြသည်။ ထိုသို့သော လူများသည် စာတန်အားဖြင့် ချုပ်နှောင်မခံရပေ၊ စောင့်ကြည့်မခံရပေ၊ စွပ်စွဲမခံရ သို့မဟုတ် နှိပ်စက်မခံရပေ။ ၎င်းတို့သည် လုံးဝ လွတ်လပ်ကြသည်၊ လုံးဝ ချုပ်ချယ်မှုကင်းပြီး လွတ်မြောက်ကြသည်။ ယောဘသည် ထိုသို့သော လွတ်မြောက်ခြင်း ရှိသည့်

လူသားတစ်ဦးသာဖြစ်ပြီး ဤသည်မှာ ဘုရားသခင်သည် အဘယ်ကြောင့် သူ့အား စာတန်လက်သို့ လွှဲအပ်ခဲ့ပြီးဖြစ်သည့် အကြောင်းရင်း၏ ရည်ရွယ်ချက် အတိအကျ ဖြစ်ပေသည်။

ယောဘသည် စာတန်၏ နှိပ်စက်ခြင်းကို ခံခဲ့ရသော်လည်း၊ သူသည် ထာဝရ လွတ်လပ်မှုနှင့် လွတ်မြောက်ခြင်းကိုလည်း ရခဲ့ပြီး စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း၊ နှိပ်စက်ခြင်းနှင့် စွပ်စွဲခြင်းများကို မည်သည့်အခါမျှ တစ်ဖန် မခံရဖို့ရန်၊ ယင်းအစား ဘုရားသခင်၏ မျက်နှာ အလင်းတွင် လွတ်လပ်ပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ အသက်ရှင်ရန်နှင့် သူ့အား ဘုရားသခင်ပေးသော ကောင်းချီးမင်္ဂလာများအလယ်တွင် အသက်ရှင်ရန် အခွင့်ကို ရရှိခဲ့သည်။ ဤအခွင့်ကို မည်သူမျှ ယူဆောင်သွားနိုင်မည်မဟုတ်၊ သို့မဟုတ် ဖျက်ဆီးနိုင်မည်မဟုတ် သို့မဟုတ် သိမ်းယူနိုင်မည် မဟုတ်ပေ။ ယင်းကို ယောဘအား သူ၏ ယုံကြည်ခြင်း၊ စိတ်ပိုင်းဖြတ်ချက်နှင့် ဘုရားသခင်ကို နာခံခြင်းနှင့် ကြောက်ရွံ့ခြင်းကို တုံ့ပြန်သည့်အနေဖြင့် ပေးထားခဲ့ခြင်းဖြစ်သည်။ ယောဘသည် ကမ္ဘာမြေပေါ်တွင် ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းကို ရရှိရန်နှင့် ကောင်းကင်ဘုံအားဖြင့် အပ်နှင်းထားပြီး ကမ္ဘာမြေအားဖြင့် အသိအမှတ်ပြုခံရသည်နှင့်အမျှ လုပ်ပိုင်ခွင့်နှင့် ခံစားပိုင်ခွင့်တို့ကို ရရှိရန်၊ ကမ္ဘာမြေပေါ် ရှိ ဘုရားသခင်၏ စစ်မှန်သော ဖန်ဆင်းခံ တစ်ဦးအဖြစ် အနှောင့်အယှက်မရှိ ဖန်ဆင်းရှင်ကို ကိုးကွယ်ရန် သူ၏အသက်နှင့်သက်ဆိုင်သည့် အဖိုးအခကို ပေးခဲ့လေသည်။ ယင်းမှာ ယောဘသည်းခံခဲ့ရသော စုံစမ်းနှောင့်ယှက်ခြင်းများ၏ အကြီးမားဆုံးသော ရလဒ်လည်း ဖြစ်ခဲ့သည်။

လူတို့သည် ကယ်တင်ခြင်းကို မခံရသေးချိန်တွင်၊ ၎င်းတို့၏ အသက်တာများသည် စာတန်၏ ဝင်ရောက် နှောင့်ယှက်ခြင်းနှင့် ထိန်းချုပ်ခြင်းကိုပင် မကြာခဏ ခံရလေသည်။ တစ်နည်းအားဖြင့်၊ ကယ်တင်ခြင်း မခံရသေးသော လူများသည် စာတန်အဖို့ အကျဉ်းသားများ ဖြစ်ကြသည်၊ ၎င်းတို့သည် လွတ်လပ်မှု မရှိပေ၊ ၎င်းတို့သည် စာတန်၏ စွန့်လွှတ်ခြင်းကို မခံရကြသေးပေ၊ ၎င်းတို့သည် ဘုရားသခင်အား ကိုးကွယ်ရန် အရည်အချင်း မပြည့်မီကြပေ သို့မဟုတ် အခွင့်မရှိကြပေ၊ ပြီးလျှင် ၎င်းတို့သည် စာတန်၏ နီးကပ်စွာ လိုက်ခြင်းကို ခံရပြီး ပြင်းထန်စွာ တိုက်ခိုက်ခြင်းကို ခံရသည်။ ထိုသို့သော လူများသည် ပြောစရာ ပျော်ရွှင်မှု မရှိကြချေ၊ ၎င်းတို့သည် ပုံမှန် တည်ရှိခြင်းအဖို့ ပြောစရာ လုပ်ပိုင်ခွင့်မရှိကြသည့်အပြင်၊ ၎င်းတို့သည် ပြောစရာ ဂုဏ်သိက္ခာ မရှိကြပေ။ သင်သည် ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်း၊ နာခံခြင်းနှင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအား စာတန်နှင့် သေရေး ရှင်ရေး တိုက်ပွဲကို

တိုက်ရန် လက်နက်များအဖြစ် အသုံးပြုရင်း၊ ၎င်းသည် သင့်အပေါ် တိုက်ခိုက်မှုများနှင့် စွပ်စွဲချက်များကို လုံးလုံးလျားလျား စွန့်ပစ်ဖို့အလို့ငှာ၊ ထရပ်ကာ စာတန်နှင့် တိုက်မှသာ ထိုသို့ဖြင့် သင်သည် စာတန်ကို လုံးလုံးလျားလျား ရှုံးနိမ့်စေပြီး ၎င်းသည် သင့်ကို မြင်သည့်အချိန်တိုင်း လှည့်၍ ပြေးစေကာ သူရဲဘောကြောင်လာစေပေသည်- ထိုအခါမှသာ သင်သည် ကယ်တင်ခံရလိမ့်မည် ဖြစ်ပြီး လွတ်မြောက်လာလိမ့်မည်။ အကယ်၍ သင်သည် စာတန်နှင့် အပြည့်အဝ အဆက်ဖြတ်ရန် စိတ်ဆုံးဖြတ်ပြီးသော်လည်း၊ စာတန် ရှုံးနိမ့်စေရန် သင့်အား အထောက်အကူပေးမည့် လက်နက်များဖြင့် အသင့်မပြင်ထားပါက၊ သင်သည် အန္တရာယ်ထဲ၌ ရှိလိမ့်ဦးမည်ဖြစ်သည်။ အချိန်ကုန်လွန်သည် နှင့်အမျှ၊ သင်သည် စာတန်၏ နှိပ်စက်ခြင်းကို ခံခဲ့ရသဖြင့် သင့်အထဲ၌ ခွန်အား တစ်စက်မျှ မကျန်ရှိသော်လည်း၊ သင်သည် သက်သေမခံနိုင်သေးသည့်အချိန်တွင်၊ သင့်အား စာတန်၏ စွပ်စွဲမှုများနှင့် တိုက်ခိုက်မှုများမှ သင့်ကိုယ်သင် လုံးလုံးလျားလျား မလွတ်မြောက်နိုင်သေးချိန်တွင်၊ သင်သည် ကယ်တင်ခြင်း မျှော်လင့်ချက် အနည်းငယ်သာ ရှိလိမ့်မည် ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားသခင်၏ အမှုပြီးဆုံးခြင်း ကြေညာသည့်အခါတွင်၊ သင်သည် မိမိကိုယ်ကိုယ် မလွတ်မြောက်နိုင်ဘဲ စာတန်၏ လက်တွင်း၌သာ ရှိနေဦးမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် သင်သည် မည်သည့်အခါမျှ အခွင့်အရေး သို့မဟုတ် မျှော်လင့်ချက် ရှိလိမ့်မည် မဟုတ်ပေ။ ထိုအခါ ဆိုလိုချက်မှာ ထိုသို့သော လူများသည် စာတန်၏ အကျဉ်းချခံရခြင်းတွင် လုံးလုံးလျားလျား ရှိကြလိမ့်မည်ဖြစ်သည်။

**ဘုရားသခင်၏ စစ်ဆေးမှုများကို လက်ခံလော့၊ စာတန်၏ စုံစမ်းနှောင့်ယှက်မှုများကို အနိုင်ယူပြီး သင်၏ ဖြစ်တည်မှု တစ်ခုလုံးကို ဘုရားသခင်အား ရယူခွင့်ပေးလော့**

လူနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ စွဲမြဲသော ထောက်ပံ့ခြင်းနှင့် ချီးမြှောက်ခြင်း အမှုအတောအတွင်းတွင်၊ ဘုရားသခင်သည် သူ၏အလိုနှင့် သတ်မှတ်ချက်များ အလုံးစုံကို လူသားထံ ပြောပြပြီး သူ၏ လုပ်ဆောင်ချက်များ၊ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို လူသားထံ ပြသလေသည်။ ရည်မှန်းချက်မှာ လူသားကို ဝိညာဉ်ရင့်ကျက်မှုဖြင့် အသင့်ပြင်ဆင် ပေးရန်နှင့် လူသားသည် ဘုရားသခင်၏ နောက်လိုက်နေစဉ် သူ့ထံမှ အမျိုးမျိုးသော သမ္မာတရားများကို- စာတန်ကို တိုက်ခိုက်ရန် လူသားကို ဘုရားသခင်က ပေးထားသည့် လက်နက်များဖြစ်သည့် သမ္မာတရားများကို- ရရှိစေရန်ဖြစ်သည်။ ထိုသို့ဖြင့် အသင့်ပြင်ဆင်လျက်၊ လူသားသည် ဘုရားသခင်၏ စစ်ဆေးမှုများကို ရင်ဆိုင်ရမည် ဖြစ်သည်။ လူသားကို စစ်ဆေးရန် ဘုရားသခင်၌ နည်းလမ်းများနှင့် လမ်းကြောင်းများစွာ ရှိသော်လည်း၊

ထိုအရာများ တစ်ခုစီတိုင်းသည် ဘုရားသခင်၏ ရန်သူဖြစ်သော စာတန်၏ "ပူးပေါင်းဆောင်ရွက်မှု" ကို လိုအပ်သည်။ ဆိုလိုသည်မှာ၊ စာတန်နှင့် တိုက်ရန် လက်နက်များကို လူသားအား ပေးပြီးလျှက်၊ ဘုရားသခင်သည် လူသားကို စာတန်ထံ လွှဲအပ်လိုက်ပြီး စာတန်အား လူသား၏ ဝိညာဉ်ရင့်ကျက်မှုကို "စစ်ဆေး" ခွင့်ပေးလေသည်။ အကယ်၍ လူသားသည် စာတန်၏ တိုက်ပွဲဆင်သည့် ပုံစံများထဲမှ ထိုးဖောက်နိုင်ပါက၊ သူသည် စာတန်၏ ဝန်းရံခြင်းမှ လွတ်မြောက်ပြီး အသက်ရှင်နိုင်ဆဲဖြစ်ပါက၊ လူသားသည် စစ်ဆေးမှုကို အောင်မြင် လိမ့်မည် ဖြစ်သည်။ သို့သော်လည်း အကယ်၍ လူသားသည် စာတန်၏ တိုက်ပွဲဆင်သည့် ပုံစံများထဲကို မစွန့်နိုင်သကဲ့သို့၊ စာတန်ကို ကျိုးနွံနာခံပါက၊ သူသည် စစ်ဆေးမှုကို အောင်မြင်မည် မဟုတ်ပေ။ လူသား၏ မည်သည့် ရှုထောင့်ကို ဘုရားသခင် စစ်ဆေးသည်ဖြစ်စေ သူ၏ စစ်ဆေးခြင်း စံသတ်မှတ်ချက်များမှာ လူသားသည် စာတန်၏ တိုက်ခိုက်ခြင်းကို ခံရသည့်အချိန်တွင် သူ၏ သက်သေခံချက်၌ မြဲမြံစွာ ရပ်တည်နိုင်ခြင်း ရှိ မရှိဆိုသည်နှင့် သူသည် စာတန်၏ ကျော့ကွင်း၌ မိနေစဉ် ဘုရားသခင်ကို စွန့်ပယ်ပြီး စာတန်ထံ အညံ့ခံကာ ကျိုးနွံနာခံခြင်း ရှိ မရှိ ဆိုသည်တို့ ဖြစ်သည်။ လူသားသည် ကယ်တင်ခံရနိုင်ခြင်း ရှိမရှိဆိုသည်မှာ သူသည် စာတန်ကို အောင်နိုင်ကာ အနိုင်ယူနိုင်ခြင်း ရှိ မရှိဆိုသည့်အပေါ် မူတည်ပြီး သူသည် လွတ်လပ်မှုကို ရနိုင်ခြင်း ရှိ မရှိဆိုသည်မှာ သူသည် စာတန်အား မျှော်လင့်ချက် လုံးလုံးလျားလျား စွန့်လွှတ်စေပြီး သူ့ကို အသာထားစေလျှက်၊ စာတန်၏ ချုပ်နှောင်မှုကို ကျော်လွှားရန် ဘုရားသခင် သူ့အား ပေးထားသော လက်နက်များကို သူကိုယ်တိုင် မနိုင်စွမ်း ရှိ မရှိဆိုသည့်အပေါ် မူတည်သည်ဟု ဆိုကောင်း ဆိုနိုင်ပေသည်။ အကယ်၍ စာတန်သည် မျှော်လင့်ချက်ကို စွန့်လွှတ်ပြီး တစ်စုံတစ်ဦးအား လက်လျှော့ပါက၊ ဤသည်မှာ စာတန်သည် ဤလူအား ဘုရားသခင်ထံမှယူရန် မည်သည့်အခါမျှ တစ်ဖန် ကြိုးစားမည် မဟုတ်၊ ဤလူနှင့်ပတ်သက်၍ မည်သည့်အခါမျှ တစ်ဖန်စွပ်စွဲမည်မဟုတ်သကဲ့သို့ နှောင့်ယှက်မည် မဟုတ်၊ ၎င်းတို့အား မည်သည့်အခါမျှ တစ်ဖန် အကြောင်းမဲ့ ညှဉ်းဆဲမည် မဟုတ်၊ သို့မဟုတ် တိုက်ခိုက်မည် မဟုတ်သည်ကို ဆိုလိုပေသည်။ ဤသို့သော လူတစ်စုံတစ်ဦးသည်သာ ဘုရားသခင်၏ ရယူခြင်းကို အမှန်တကယ် ခံရပြီးဖြစ်လိမ့်မည်။ ဤသည်မှာ ဘုရားသခင်သည် လူတို့အား ရယူသည့် ဖြစ်စဉ်တစ်ခုလုံး ဖြစ်သည်။

### နောင်မျိုးဆက်များကို ယောဘ၏ သက်သေခံချက်က ပေးသည့် သတိပေးချက်နှင့် အသိဉာဏ်ပွင့်လင်းခြင်း

ဘုရားသခင်က တစ်စုံတစ်ဦးကို လုံးလုံးလျားလျား ရယူသော ဖြစ်စဉ်ကို နားလည်သည်နှင့်

တစ်ချိန်တည်းတွင်၊ ယောဘကို စာတန်ထံ ဘုရားသခင် အပ်နှံခြင်း၏ ရည်မှန်းချက်များနှင့် အဓိပ္ပာယ်ကို လူတို့ နားလည်ကြလိမ့်မည် ဖြစ်သည်။ လူတို့သည် ယောဘ၏ ညှဉ်းဆဲမှုအားဖြင့် စိတ်အနှောင့်အယှက် မဖြစ်ကြတော့ သကဲ့သို့ ယင်း၏အဓိပ္ပာယ်နှင့်သက်ဆိုင်သည့် အသစ်သော နားလည်မှုတစ်ခု ရှိကြလေသည်။ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင် ယောဘကဲ့သို့ အလားတူ စုံစမ်းနှောင့်ယှက်ခြင်းကို ခံရမည်၊ မခံရမည်ကို မစိုးရိမ်ကြတော့သကဲ့သို့၊ ဘုရားသခင်၏ စမ်းသပ်မှုများ ရောက်လာခြင်းကို ဆန့်ကျင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုကြတော့ပေ။ စာတန်ကို အောင်မြင်ခြင်းအဖို့ ယောဘ၏ ယုံကြည်ခြင်း၊ နာခံခြင်းနှင့် သူ၏သက်သေခံချက်တို့သည် လူတို့အဖို့ ကြီးမားသော အထောက်အကူနှင့် အားပေးတိုက်တွန်းမှု အရင်းအမြစ်တစ်ခု ဖြစ်ပြီးဖြစ်သည်။ ယောဘထဲ၌ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ ကယ်တင်ခြင်းအတွက် မျှော်လင့်ချက်ကိုမြင်ကြပြီး ယုံကြည်ခြင်း၊ ဘုရားသခင်ကို နာခံခြင်းနှင့် ကြောက်ရွံ့ခြင်းမှတစ်ဆင့် စာတန်ကို အနိုင်ယူရန်၊ စာတန်ကို အောင်နိုင်ရန် လုံးဝ ဖြစ်နိုင်သည်ကို မြင်ကြရသည်။ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များကို ၎င်းတို့ သဘောတူသရွေ့ ပြီးလျှင် အရာရာတိုင်းကို ဆုံးရှုံးခဲ့ပြီးသည့်နောက်တွင် ဘုရားသခင်ကို မစွန့်ပစ်ဖို့ စိတ်ပိုင်းဖြတ်ချက်နှင့် ယုံကြည်ခြင်းတို့ ၎င်းတို့ ပိုင်ဆိုင်သရွေ့ ၎င်းတို့သည် စာတန်အပေါ် အရှက်ရစေပြီး ရှုံးနိမ့်မှု ယူဆောင်နိုင်သည်ကို မြင်ကြပြီး ၎င်းတို့သည် စာတန်အနေဖြင့် ကြောက်လန့်ပြီး အလောတကြီးဆုတ်ခွာစေရန်အတွက်- ၎င်းတို့၏ အသက်များ ဆုံးရှုံးရမည်ဆိုလျှင်ပင်- ၎င်းတို့၏ သက်သေခံချက်ထဲတွင် မြဲမြံစွာ ရပ်တည်ရန် စိတ်ပိုင်းဖြတ်ချက်နှင့် လုံ့လဝီရိယရှိရန်သာ လိုအပ်သည်ကို မြင်ကြလေသည်။ ယောဘ၏ သက်သေခံချက်သည် နောင်မျိုးဆက်များအဖို့ သတိပေးချက်တစ်ခု ဖြစ်ပြီး ဤသတိပေးချက်က အကယ်၍ ၎င်းတို့သည် စာတန်ကို အနိုင်မယူပါက၊ စာတန်၏ စွပ်စွဲချက်များနှင့် နှောင့်ယှက်မှုများမှ မိမိတို့ကိုယ်ကိုယ် မည်သည့်အခါမျှ ဖယ်ရှားနိုင်မည် မဟုတ်သကဲ့သို့၊ စာတန်၏ နှိပ်စက်မှုနှင့် တိုက်ခိုက်ခြင်းများမှ မည်သည့်အခါမျှ လွတ်မြောက်နိုင်မည်မဟုတ်သည်ကို ၎င်းတို့အား ပြောပြလေသည်။ ယောဘ၏ သက်သေခံချက်သည် နောင်မျိုးဆက်များကို အသိဉာဏ်ပွင့်လင်းစေပြီးဖြစ်သည်။ ဤဉာဏ်အလင်းက လူတို့အား အကယ်၍ ၎င်းတို့သည် စုံလင်ကာ ဖြောင့်မတ်မှသာလျှင် ၎င်းတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှုကို ရှောင်ကြဉ်နိုင်မည် ဖြစ်သည်ကို သွန်သင်သည်။ ယင်းက ၎င်းတို့အနေဖြင့် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်မှသာလျှင် ဘုရားသခင်အား ခိုင်မာပြီး ထူးကဲသော သက်သေခံချက်အား ခံနိုင်မည်၊ ဘုရားသခင်ထံ ခိုင်မာပြီး ထူးကဲသော သက်သေခံချက်ကို

ခံနိုင်မှသာလျှင်၊ ၎င်းတို့သည် စာတန်၏ ထိန်းချုပ်ခြင်းကို မည်သည့်အခါမျှ မခံရဘဲ၊ ဘုရားသခင်၏ လမ်းပြမှုနှင့် ကွယ်ကာမှုအောက်တွင် အသက်ရှင်နိုင်သည်- ထိုအခါမှသာ ၎င်းတို့သည် အမှန်တကယ် ကယ်တင်ခံရပြီး ဖြစ်လိမ့်မည်ကို သွန်သင်ပေးလေသည်။ ယောဘ၏ ပင်ကိုစရိုက်နှင့် သူ၏ အသက်တာ၏ လိုက်စားမှုတို့ကို ကယ်တင်ခြင်းကို လိုက်စားသောသူ အယောက်တိုင်းက အတုယူသင့်ပေသည်။ သူ၏ အသက်တာတစ်ခုလုံးတစ်လျှောက် အသက်ရှင်နေထိုင်ခဲ့သည့်အရာနှင့် သူ၏စမ်းသပ်မှုများအတောအတွင်း သူ၏ အပြုအမူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှု ရှောင်ကြဉ်ခြင်း လမ်းခရီးကို လိုက်စားသောသူ အားလုံးအဖို့ အဖိုးထိုက်သော ရတနာတစ်ပါး ဖြစ်ပေသည်။

## ယောဘ၏ သက်သေခံချက်သည် ဘုရားသခင်ကို စိတ်ချမ်းသာစေသည်

ယောဘသည် နှစ်လိုဖွယ်ကောင်းသော လူတစ်ဦး ဖြစ်သည်ဟု သင်တို့အား ယခု ငါပြောပါက၊ သင်တို့သည် ဤစကားများအတွင်းရှိ အနက်အဓိပ္ပာယ်ကို နားလည်ကောင်းနားလည်နိုင်မည်မဟုတ်သကဲ့သို့၊ ဤအရာအားလုံးကို ငါပြောရသည့် အကြောင်းရင်း နောက်ကွယ်က ခံစားချက်ကို သဘောပေါက်ကောင်း သဘောပေါက်နိုင်မည်မဟုတ်ပေ။ သို့သော် ယောဘ၏ စမ်းသပ်မှုများနှင့် တူညီသော သို့မဟုတ် ဆင်တူသော စမ်းသပ်မှုများကို သင်တို့ခံဖူးသည့် နေ့ရက်၊ အတိဒုက္ခကို သင်တို့ ဖြတ်သန်းဖူးသည့် နေ့ရက်၊ သင်တို့အတွက် ဘုရားသခင် ကိုယ်တိုင်ကိုယ်ကျ စီစဉ်ထားသော စမ်းသပ်မှုများကို သင်တို့ တွေ့ကြုံဖူးသည့် နေ့ရက်၊ စုံစမ်းနှောင့်ယှက်ခြင်းများအလယ်တွင် စာတန်ကို အောင်နိုင်ရန်နှင့် ဘုရားသခင်ကို သက်သေခံရန်အလို့ငှာ သင်၌ရှိသမျှကို ပေးပြီး အရှုံးရခြင်းနှင့် အခက်အခဲကို သည်းခံသည့် နေ့ရက်အထိ စောင့်ဆိုင်းကြလော့- ထိုအခါ သင်တို့သည် ငါပြောသော ဤစကားများ၏ အဓိပ္ပာယ်ကို နားလည်နိုင်ကြလိမ့်မည်။ ထိုအချိန်တွင် သင်သည် ယောဘထက် အလွန်နိမ့်ကျကြောင်း၊ ယောဘသည် မည်မျှ နှစ်လိုဖွယ်ကောင်းပြီး၊ သူသည် အတုယူထိုက်ကြောင်းကို သင် ခံစားမိလိမ့်မည်။ ထိုအချိန် ရောက်လာသောအခါတွင်၊ သင်သည် ယောဘပြောခဲ့သည့် ထိုဂန္တဝင်စကားများမှာ ဖောက်ပြန်ပျက်စီးပြီး ဤခေတ်ကာလများ၌ အသက်ရှင်သောသူတစ်ဦးအတွက် မည်မျှ အရေးကြီးသည်ကို သင် နားလည်လိမ့်မည်ဖြစ်ပြီး၊ ယောဘ စွမ်းဆောင်ရရှိခဲ့သောအရာကို ယနေ့လူများ စွမ်းဆောင်ရရှိရန် မည်မျှ ခက်ခဲသည်ကို သင် နားလည်လိမ့်မည် ဖြစ်သည်။ ခက်ခဲသည်ဟု သင်ခံစားရချိန်တွင်၊ ဘုရားသခင်၏ စိတ်နှလုံးမှာ မည်မျှ ပူပန်ကာ စိုးရိမ်သည်ကို

သင်နားလည်လိမ့်မည်၊ ထိုသို့သော လူများကို ရယူခြင်းအတွက် ဘုရားသခင် ပေးခဲ့သော အဖိုးအခ မည်မျှ မြင့်မားပြီး လူသားမျိုးနွယ်အတွက် ဘုရားသခင် ပြုခဲ့ပြီး အသုံးပြုခဲ့သည့်အရာ မည်မျှ အဖိုးထိုက်သည်ကို သင်နားလည်လိမ့်မည် ဖြစ်သည်။ ယခုအခါ သင်တို့သည် ဤစကားများကို ကြားခဲ့ပြီးဖြစ်သောကြောင့်၊ ယောဘအပေါ် တိကျမှန်ကန်သည့် သိနားလည်မှုနှင့် မှန်သော အကဲဖြတ်ချက်တစ်ခု သင်တို့ ရှိကြသလော။ သင်တို့၏ အမြင်တွင် ယောဘသည် ဘုရားသခင်ကို ကြောက်ရွံ့၍ မကောင်းမှုကို ရှောင်သော အမှန်တကယ် စုံလင်ကာ ဖြောင့်မတ်သည့်လူတစ်ဦး ဖြစ်ခဲ့သလော။ လူအများစုက ဖြစ်ခဲ့သည်ဟူ၍ သေချာပေါက်ပြောကြလိမ့်မည်ဟု ငါယုံကြည်သည်။ အကြောင်းမှာ ယောဘ လုပ်ဆောင်ခဲ့ပြီး ထုတ်ဖော်ခဲ့ပြသော အချက်များမှာ မည်သည့် လူကမျှ သို့မဟုတ် စာတန်အနေဖြင့် မငြင်းနိုင်သောကြောင့် ဖြစ်သည်။ ထိုအရာများသည် စာတန်အပေါ် ယောဘ၏ အောင်နိုင်ခြင်းနှင့်သက်ဆိုင်သည့် အားအကောင်းဆုံးသော သက်သေဖြစ်သည်။ ဤသက်သေသည် ယောဘထဲတွင် ထွက်ပေါ် ခဲ့ခြင်းဖြစ်ပြီး ဘုရားသခင် ရရှိသည့် ပထမဦးဆုံး သက်သေခံချက် ဖြစ်ခဲ့သည်။ ထို့ကြောင့် စာတန်၏ စုံစမ်းနှောင့်ယှက်မှုများတွင် ယောဘအောင်နိုင်ပြီး ဘုရားသခင်ထံ သက်သေခံခဲ့ချိန်တွင်၊ ဘုရားသခင်သည် ယောဘထဲ၌ မျှော်လင့်ချက်ကို မြင်ခဲ့ပြီး သူ၏စိတ်နှလုံးသည် ယောဘအားဖြင့် သက်သာရာ ရခဲ့သည်။ ဖန်ဆင်းမှုအချိန်ကတည်းမှစ၍ ယောဘ၏ အချိန်ကာလအထိ၊ ဤသည်မှာ ဘုရားသခင်က ကိုယ်စိတ်ချမ်းသာခြင်းမှာ အဘယ်အရာ ဖြစ်ပြီး၊ လူသားအားဖြင့် နှစ်သိမ့်မှု ရရှိခြင်းမှာ မည်သည့်အရာဆိုလိုသည်ကို အမှန်တကယ် တွေ့ကြုံခံစားခဲ့ရသည့် ပထမဆုံးအကြိမ် ဖြစ်သည်။ ယင်းသည် သူ့အတွက် ခံခဲ့သည့် စစ်မှန်သော သက်သေခံချက်ကို သူမြင်ဖူးခဲ့ပြီး ရရှိခဲ့ဖူးသည့် ပထမဆုံးအကြိမ် ဖြစ်ခဲ့ပေသည်။

ယောဘ၏ သက်သေခံချက်နှင့် ယောဘ၏ အမျိုးမျိုးသော ရှုထောင့်များ၏ ဖြစ်စဉ်များကို ကြားရခြင်းဖြင့်၊ လူအများစုသည် ၎င်းတို့ ရှေ့၌ရှိသော လမ်းကြောင်းအတွက် အစီအစဉ်များ ရှိကြလိမ့်မည်ဟု ငါယုံကြည်သည်။ ထို့ကြောင့် စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုဖြင့် ပြည့်နှက်နေသော လူအများစုသည် ကိုယ်ရောစိတ်ပါ တဖြည်းဖြည်း စတင်ငြိမ်းအေးလာပြီး တဖြည်းဖြည်း စိတ်သက်သာမှု ခံစားကြရလိမ့်မည်ဟုလည်း ငါယုံကြည်သည်…။

အောက်ပါကျမ်းပိုဒ်များသည်လည်း ယောဘနှင့်သက်ဆိုင်သော ဖြစ်စဉ်များ ဖြစ်သည်။ ဆက်လက် ဖတ်ရှုကြပါစို့။

၄။ ယောဘသည် ဘုရားသခင်အကြောင်းကို နားနှင့်ကြားရ၏

ယောဘ ၉:၁၁ ငါ့ရှေ့မှာကြွတော်မူ၍ ကိုယ်တော်ကိုငါမမြင်ရ။ လျှောက်သွားတော်မူ၍ ကိုယ်တော်ကို ငါမရိပ်မိရ။

ယောဘ ၂၃:၈-၉ ယခုမူကား၊ ငါတက်လျှင် ဘုရားသခင်ရှိတော်မမူ။ ဆုတ်လျှင် ကိုယ်တော်ကို မရိပ်မိ၊ လုပ်တော်မူရာ လက်ဝဲဘက်သို့သွားလျှင် ကိုယ်တော်ကို မဖူးမတွေ့ရ။ လက်ျာဘက်၌ ပုန်းရှောင်လျက် နေတော်မူသောကြောင့်၊ ကိုယ်တော်ကို မမြင်ရ။

ယောဘ ၄၂:၂-၆ ကိုယ်တော်သည် အလုံးစုံတို့ကို တတ်နိုင်တော်မူ ကြောင်းကိုငှင်း၊ အကြံအစည်တော်ကို အဘယ်သူမျှ မဆီးတား နိုင်ကြောင်းကိုငှင်း အကျွန်ုပ်သိပါ၏။ ပညာမရှိဘဲ အကြံအစည်တော်ကို မိုက်စေသော သူကားအဘယ်သူနည်း။ သို့ရာတွင် အကျွန်ုပ်သည် နားမလည်သောအရာတို့ကိုငှင်း၊ ကိုယ်တိုင်မသိ၊ အံ့ဩ၍ မကုန်နိုင်သော အရာတို့ကိုငှင်း ပြောမိပါပြီ။ နားထောင်တော်မူပါ။ အကျွန်ုပ်လျှောက်ပါမည်။ အကျွန်ုပ်မေးလျှောက်သော အရာတို့ကို သွန်သင်တော်မူပါ။ သတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဖူး ပါပြီ။ ယခုမူကား၊ ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏။ ထို့ကြောင့် အကျွန်ုပ်သည် ကိုယ်ကိုရွံရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏။

**ဘုရားသခင်သည် သူ့ကိုယ်သူ ယောဘထံ ထုတ်ဖော်မပြခဲ့သော်လည်း၊ ယောဘသည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို ယုံကြည်၏**

ဤစကားများ၏ ဆိုလိုရင်းမှာ အဘယ်နည်း။ ဤနေရာတွင် အမှန်တရားတစ်ခု ရှိသည်ကို သင်တို့ထဲမှ တစ်ဦးတစ်လေက သဘောပေါက်ပြီးပြီလော။ ပထမဦးစွာ ဘုရားသခင် တစ်ပါးရှိသည်ကို ယောဘ မည်ကဲ့သို့ သိရှိခဲ့သနည်း။ ထို့နောက် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းအား ဘုရားသခင် အုပ်စိုးသည်ကို သူ မည်သို့ သိရှိခဲ့သနည်း။ ဤမေးခွန်းနှစ်ခုကို အဖြေပေးသော ကျမ်းပိုဒ်တစ်ပိုဒ် ရှိသည်- “သတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဖူး ပါပြီ။ ယခုမူကား၊ ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏။ ထို့ကြောင့် အကျွန်ုပ်သည် ကိုယ်ကိုရွံရှာပါ၏။ မြေမှုန့်နှင့်မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏။” (ယောဘ ၄၂:၅-၆) ယောဘသည် ဘုရားသခင်ကို သူ၏မျက်စိဖြင့် မြင်ဖူးခြင်းထက်၊ ဘုရားသခင်အကြောင်းကို ဒဏ္ဍာရီမှ လေ့လာသိရှိခဲ့သည်ကို ဤနှုတ်ကပတ်တော်များမှ ငါတို့သိရသည်။ ဘုရားသခင် နောက်လိုက်လျှောက်သော လမ်းကြောင်းကို သူစတင် လျှောက်လှမ်းခဲ့သည်မှာ ဤအခြေအနေများအောက်၌ ဖြစ်ခဲ့သည်၊ ယင်းနောက်တွင် သူသည် သူ၏အသက်တာထဲနှင့် အရာခပ်သိမ်း အလယ်တွင် ဘုရားသခင်၏ တည်ရှိခြင်းကို သူအတည်ပြုခဲ့သည်။ ဤနေရာ၌

မငြင်းနိုင်သော အမှန်တရား တစ်ခုရှိသည်- ထိုအမှန်တရား အဘယ်နည်း။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို လိုက်လျှောက်နိုင်ခြင်းရှိသော်လည်း၊ ယောဘသည် ဘုရားသခင်ကို မည်သည့်အခါမျှ မမြင်ဖူးခဲ့ပေ။ ဤအရာ၌ သူသည် ယနေ့ခေတ် လူများနှင့် တူညီခဲ့သည် မဟုတ်လော။ ယောဘသည် ဘုရားသခင်ကို မည်သည့်အခါမျှ မမြင်ဖူးခဲ့ပေ၊ ယင်း၏ ဆိုလိုချက်မှာ သူသည် ဘုရားသခင်အကြောင်းကို ကြားဖူးခဲ့သော်လည်း၊ ဘုရားသခင် မည်သည့်နေရာ၌ ရှိခဲ့သည် သို့မဟုတ် ဘုရားသခင် မည်ကဲ့သို့ရှိသည် သို့မဟုတ် ဘုရားသခင် မည်သည့်အရာ လုပ်ဆောင်နေခဲ့သည်ကို သူမသိခဲ့ပေ။ ဤအရာအားလုံးသည် ဓမ္မဓိဌာန်မကျသော အကြောင်းရင်းများ ဖြစ်သည်။ ဓမ္မဓိဌာန်ကျကျ ပြောရလျှင်၊ သူသည် ဘုရားသခင်နောက်သို့ လိုက်လျှောက်ခဲ့သော်လည်း၊ ဘုရားသခင်သည် သူ့ထံ မည်သည့်အခါမျှ ပေါ်ထွန်းခဲ့ခြင်းမရှိပေ သို့မဟုတ် သူ့ကို စကားပြောခဲ့ခြင်း မရှိပေ။ ဤသည်မှာ အဖြစ်မှန်တစ်ခု ဖြစ်သည် မဟုတ်လော။ ဘုရားသခင်သည် ယောဘကို စကားမပြောခဲ့ဖူးသော်လည်း သို့မဟုတ် ယောဘကို အမိန့်တစ်ခုတစ်လေ မပေးဖူးခဲ့သော်လည်း၊ ယောဘသည် ဘုရားသခင်၏ တည်ရှိခြင်းကို မြင်ခဲ့ပြီးဖြစ်ကာ အရာခပ်သိမ်း အလယ်နှင့် သူ၏နားဖြင့် ဘုရားသခင်အကြောင်း ကြားခဲ့ဖူးသော ဒဏ္ဍာရီထဲမှ ဘုရားသခင်၏ အချုပ်အခြာအာဏာကို ရှုမြင်ခဲ့ရပြီး ဖြစ်သည်၊ ယင်းနောက်တွင် သူသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း အသက်တာကို စတင်ခဲ့လေသည်။ ယင်းမှာ ဘုရားသခင်နောက်သို့ ယောဘ လိုက်လျှောက်ခဲ့သည့် ဇာစ်မြစ်များနှင့် ဖြစ်စဉ်တို့ ဖြစ်ခဲ့ပေသည်။ သို့သော် သူသည် ဘုရားသခင်ကို မည်သို့ ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ခဲ့သည်ဖြစ်စေ၊ သူ၏ တည်ကြည်မှုကို မည်မျှ ခိုင်မြဲစွာ သူ ထိန်းသိမ်းခဲ့ပါစေ၊ ဘုရားသခင်သည် သူ့ထံ လုံးဝ မပေါ်ထွန်းခဲ့ပေ။ ဤကျမ်းပိုဒ်ကို ဖတ်ကြပါစို့။ သူက၊ "ငါ့ရှေ့မှာကြွတော်မူ၍ ကိုယ်တော်ကိုငါမမြင်ရ။ လျှောက်သွားတော်မူ၍ ကိုယ်တော်ကို ငါမရိပ်မိရ။" (ယောဘ ၉:၁၁) ဟူ၍ ဆိုခဲ့သည်။ ဤနှုတ်ကပတ်တော်များက ဆိုနေသောအရာမှာ ယောဘသည် သူ၏ အနီးအနားတွင် ဘုရားသခင်ကို ခံစားရကောင်း ခံစားရမည် သို့မဟုတ် ခံစားရကောင်းခံစားရမည်မဟုတ်- သို့သော်လည်း သူသည် ဘုရားသခင်ကို မည်သည့်အခါမျှ မြင်ဖူးခြင်း မရှိနိုင်ခဲ့ပေ။ ဘုရားသခင်သည် သူ၏ရှေ့၌ ဖြတ်သွားခြင်း သို့မဟုတ် လုပ်ဆောင်နေခြင်း သို့မဟုတ် လူသားကို လမ်းပြနေခြင်းအား သူစိတ်ကူးမိခဲ့သည့် အချိန်များ ရှိခဲ့သော်လည်း၊ မည်သည့်အခါမျှ သူ မသိခဲ့ဖူးပေ။ ဘုရားသခင်သည် လူသားအပေါ် လူသား မမျှော်လင့်ထားသည့် အချိန်၌ ကြွလာတတ်သည်။ လူသားသည် သူ့ထံ ဘုရားသခင်

မည်သည့်အချိန်၌ ကြွလာသည်ကို သို့မဟုတ် သူ့အပေါ် မည်သည့်နေရာတွင် ကြွလာသည်ကို မသိပေ။ အဘယ့်ကြောင့်ဆိုသော် လူသားသည် ဘုရားသခင်ကို မမြင်နိုင်သောကြောင့်ဖြစ်ပြီး၊ ထိုကြောင့် လူသားအဖို့ ဘုရားသခင်သည် သူ့ထံမှ ကွယ်ဝှက်လေသည်။

**ဘုရားသခင်၌ ယောဘ၏ ယုံကြည်ခြင်းသည် ဘုရားသခင်က သူ့ထံမှ ကွယ်ဝှက်သည်ဟူသော အချက်အားဖြင့် တုန်လှုပ်ခြင်း မရှိပေ**

သမ္မာကျမ်း၏ အောက်ပါကျမ်းပိုဒ်တွင်၊ ထိုအခါ ယောဘက၊ "ယခုမူကား၊ ငါတက်လျှင် ဘုရားသခင်ရှိတော်မမူ။ ဆုတ်လျှင် ကိုယ်တော်ကို မရိပ်မိ၊ လုပ်တော်မူရာ လက်ဝဲဘက်သို့သွားလျှင် ကိုယ်တော်ကို မဖူးမတွေ့ရ။ လက်ျာဘက်၌ ပုန်းရှောင်လျက် နေတော်မူသောကြောင့်၊ ကိုယ်တော်ကိုမမြင်ရ။" (ယောဘ ၂၃:၈-၉) ဟု ဆိုလေသည်။ ဤဖြစ်စဉ်၌၊ ယောဘ၏ အတွေ့အကြုံများတွင် ဘုရားသခင်သည် တစ်လျှောက်လုံး သူ့အဖို့ ပုန်းကွယ်ခဲ့ပြီးဖြစ်သည်ကို ငါတို့သိရသည်။ ဘုရားသခင်သည် သူ့ထံ ပွင့်ပွင့်လင်းလင်း ပေါ်မလာခဲ့ဖူးသကဲ့သို့ သူ့အား စကားတစ်ခွန်းကိုမျှ ပွင့်ပွင့်လင်းလင်း မပြောခဲ့ဖူးပေ၊ သို့သော် သူ၏ စိတ်နှလုံးထဲ၌ ယောဘသည် ဘုရားသခင်၏ တည်ရှိခြင်းနှင့်သက်ဆိုင်၍ စိတ်ချယုံကြည်ခဲ့သည်။ ဘုရားသခင်သည် သူ၏ရှေ့၌ လျှောက်လှမ်းနေနိုင်သည်၊ သို့မဟုတ် သူ၏နံဘေး၌ အရေးယူဆောင်ရွက်နေနိုင်ပြီး၊ ဘုရားသခင်ကို သူမမြင်နိုင်ခဲ့သော်လည်း၊ ဘုရားသခင်သည် သူနှင့်ပတ်သက်သမျှ အရာရာတိုင်းကို အုပ်စိုးရင်း သူ၏ဘေး၌ ရှိခဲ့သည်ဟု အမြဲ ယုံကြည်ခဲ့သည်။ ယောဘသည် ဘုရားသခင်ကို မည်သည့်အခါမျှ မမြင်ခဲ့ဖူးသော်လည်း၊ သူ၏ ယုံကြည်ခြင်းအတိုင်း နေနိုင်ခဲ့သည်၊ ယင်းမှာ အခြားမည်သည့်လူမျှ မလုပ်ဆောင်နိုင်ခဲ့သည့် အရာ ဖြစ်သည်။ အဘယ်ကြောင့် ယင်းကို အခြားလူများ မလုပ်နိုင်ခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ယောဘထံ စကားမပြောခဲ့သောကြောင့် သို့မဟုတ် သူ့ထံ ပေါ်မလာခဲ့သောကြောင့် ဖြစ်ပြီး၊ အကယ်၍ သူသည် အမှန်တကယ် မယုံကြည်ခဲ့ဖူးပါက၊ သူရှေ့ဆက်သွားနိုင်ခဲ့မည် မဟုတ်သကဲ့သို့ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို မြဲမြံစွာ ထိန်းထားနိုင်ခဲ့မည် မဟုတ်ပေ။ ဤသည်မှာ မှန်သည် မဟုတ်လော။ ယောဘက ဤစကားများ ပြောနေသည်ကို သင်ဖတ်ရသည့်အခါ မည်ကဲ့သို့ ခံစားရသနည်း။ ယောဘ၏ စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်း၊ ပြီးလျှင် ဘုရားသခင်ရှေ့၌ သူ၏ဖြောင့်မတ်ခြင်းတို့မှာ စစ်မှန်ပြီး ဘုရားသခင်ဘက်မှ ပုံကြီးချဲ့ပြောခြင်းတစ်ခု မဟုတ်သည်ကို သင် ခံစားရသလော။ ဘုရားသခင်သည် ယောဘအား အခြားလူများနည်းတူ ဆက်ဆံခဲ့ပြီး သူ့ထံ

ပေါ်မလာခဲ့သော်လည်း သို့မဟုတ် စကားမပြောခဲ့သော်လည်း၊ ယောဘသည် သူ၏တည်ကြည်မှုကို ဆက်၍ မြဲမြံစွာ ထိန်းသိမ်းဆဲဖြစ်ခဲ့သည်၊ ဘုရားသခင်၏ အချုပ်အခြာအာဏာကို ယုံကြည်ဆဲဖြစ်ခဲ့သည့်အပြင်၊ ဘုရားသခင်ကို ပြစ်မှားမိမည်ကို သူ၏ ကြောက်ရွံ့မှု အကျိုးဆက်အနေဖြင့် ဘုရားသခင်ရှေ့၌ မီးရှို့ရာယဇ်များကို မကြာခဏ ပူဇော်ဆက်ကပ်ကာ ဆုတောင်းခဲ့သည်။ ဘုရားသခင်ကို မမြင်ရဘဲ ဘုရားသခင်အား ယောဘ၏ ကြောက်ရွံ့နိုင်စွမ်းတွင်၊ သူသည် အပြုသဘောဆောင်သော အရာများကို မည်မျှ ချစ်မြတ်နိုးသည်ဆိုသည်နှင့် သူ၏ယုံကြည်ခြင်းက မည်မျှ ခိုင်မာပြီး စစ်မှန်သည်ကို ငါတို့မြင်ကြရသည်။ ဘုရားသခင်သည် သူ့ထံမှ ပုန်းကွယ်ခဲ့သောကြောင့်၊ ဘုရားသခင်၏ တည်ရှိမှုကို သူ မငြင်းပယ်ခဲ့သကဲ့သို့၊ ဘုရားသခင်ကို မည်သည့်အခါမျှ မမြင်ခဲ့ဖူးသောကြောင့်၊ သူ၏ယုံကြည်ခြင်းကို မဆုံးရှုံးခဲ့သကဲ့သို့ ဘုရားသခင်ကို မစွန့်ပစ်ခဲ့ပေ။ ယင်းအစား အရာခပ်သိမ်းအပေါ် အုပ်စိုးခြင်းနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ ကွယ်ဝှက်သော အမှုအလယ်တွင် ဘုရားသခင်၏ တည်ရှိခြင်းကို သူ နားလည်ခဲ့ပြီး ဖြစ်ကာ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် တန်ခိုးကို ခံစားခဲ့ရပြီး ဖြစ်သည်။ ဘုရားသခင် ပုန်းကွယ်ခဲ့သောကြောင့် ဖြောင့်မတ်ခြင်း အပေါ် သူလက်မလျှော့ခဲ့သာမက၊ ဘုရားသခင်သည် မည်သည့်အခါမျှ သူ့ထံ မပေါ်ထွန်းခဲ့သောကြောင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှု ရှောင်ကြဉ်ခြင်း လမ်းခရီးကို သူမစွန့်ပယ်ခဲ့ပေ။ ယောဘသည် အရာခပ်သိမ်း၏အလယ်၌ ဘုရားသခင်၏ အချုပ်အခြာ အာဏာကို ရှုမြင်ခဲ့နှင့်ပြီးဖြစ်သကဲ့သို့ သူသည် အခြားသူများ မရခဲ့ဖူးသည့် ကောင်းချီးမင်္ဂလာများနှင့် ကျေးဇူးတော်များကို ရရှိခဲ့ပြီးဖြစ်သည်ဟု ယုံကြည်ခဲ့သည့်အတွက်၊ ဘုရားသခင်၏ တည်ရှိမှုကို သက်သေပြရန် ဘုရားသခင်အား သူ့ထံ ပွင့်လင်းစွာ ပေါ်ထွန်းလာဖို့ မည်သည့်အခါမျှ သူ မတောင်းဆိုခဲ့ပေ။ ဘုရားသခင်သည် ယောဘထံမှ ကွယ်ဝှက်မြဲကွယ်ဝှက် နေခဲ့သော်လည်း၊ ဘုရားသခင်၌ ယောဘ၏ ယုံကြည်ခြင်းသည် မည်သည့်အခါမျှ မတုန်လှုပ်ခဲ့ပေ။ ထို့ကြောင့် သူသည် အခြားသူများ မရိတ်သိမ်းခဲ့ဖူးသည့် ဘုရားသခင်၏ လက်ခံခြင်းနှင့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို ရိတ်သိမ်းခဲ့ရပေသည်။

### ယောဘသည် ဘုရားသခင်၏ နာမကို ကောင်းချီးပေးပြီး ကောင်းချီးမင်္ဂလာများ သို့မဟုတ် ဘေးဒုက္ခ အကြောင်း မတွေးပေ

သမ္မာကျမ်းစာထဲရှိ ယောဘ၏ အဖြစ်အပျက်များကို မည်သည့်အခါမျှ ရည်ညွှန်းခဲ့ခြင်း မရှိသော အမှန်တရား တစ်ခုရှိပြီး၊ ဤအမှန်တရားမှာ ယနေ့ ငါတို့အာရုံပြုမည့်အရာ ဖြစ်သည်။

ယောဘသည် ဘုရားသခင်ကို မည်သည့်အခါမျှ မမြင်ခဲ့ဖူးသော်လည်း သို့မဟုတ် သူ၏ နားဖြင့် ဘုရားသခင်၏ စကားများကို မကြားခဲ့ဖူးသော်လည်း၊ ဘုရားသခင်သည် ယောဘ၏ စိတ်နှလုံးထဲ၌ နေရာတစ်ခု ရှိခဲ့သည်။ ဘုရားသခင်အပေါ် ယောဘ၏ သဘောထားမှာ အဘယ်အရာဖြစ်ခဲ့သနည်း။ ယင်းမှာ ယခင်က ရည်ညွှန်း ခဲ့သည့်အတိုင်း၊ "ယေဟောဝါ၏ နာမတော်သည် မင်္ဂလာရှိပါစေ။" ဟူ၍ ဖြစ်သည်။ ဘုရားသခင်၏နာမကို သူ၏ကောင်းချီးပေးခြင်းသည် ခြွင်းချက်မရှိပေ၊ မည်သည့် အခြေအနေတွင်မဆို ဖြစ်ပြီး၊ မည်သည့်အကြောင်းရင်းဖြင့်မျှ ဘောင်ခတ်မထားပေ။ ယောဘသည် ဘုရားသခင်အား ထိန်းချုပ်ခွင့်ပေးလျက် သူ၏စိတ်နှလုံးကို ပေးခဲ့သည်ကို ငါတို့မြင်ရသည်။ သူတွေးသမျှ၊ သူဆုံးဖြတ်သမျှနှင့် သူ၏စိတ်နှလုံးထဲ၌ သူကြံစည်သမျှအားလုံးသည် ဘုရားသခင်အဖို့ ဖွင့်ချထားခဲ့ပြီး ဘုရားသခင်ထံမှ ပိတ်ပင်မထားခဲ့ပေ။ သူ၏ စိတ်နှလုံးသည် ဘုရားသခင်ကို မဆန့်ကျင်ခဲ့သကဲ့သို့၊ ဘုရားသခင်အား သူ့အတွက် တစ်ခုတစ်လေ လုပ်ဆောင်ပေးရန် သို့မဟုတ် သူ့အား တစ်ခုတစ်လေ ပေးရန် မည်သည့်အခါမျှ မတောင်းဆိုခဲ့ပေ၊ ပြီးလျှင် ဘုရားသခင်အား သူ၏ကိုးကွယ်ခြင်းမှ တစ်ခုတစ်လေကို ရရှိမည်ဟူသော လွန်ကဲသည့် အလိုဆန္ဒများကို သူ သိုထားခြင်း မရှိခဲ့ပေ။ ယောဘသည် ဘုရားသခင်နှင့် အပေးအယူစကားများ မပြောခဲ့သကဲ့သို့၊ ဘုရားသခင်အပေါ် တောင်းခံချက်များနှင့် တောင်းဆိုချက်များ မပြုလုပ်ခဲ့ပေ။ ဘုရားသခင်၏နာမကို သူ၏ချီးမွမ်းခြင်းသည် အရာခပ်သိမ်းကို အုပ်စိုးခြင်းထဲက ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးနှင့် သြဇာအာဏာကြောင့် ဖြစ်ခဲ့ပြီး၊ ယင်းသည် ကောင်းချီးမင်္ဂလာများကို သူရခဲ့ခြင်း ရှိမရှိ သို့မဟုတ် ဘေးဒုက္ခ ဆိုက်ရောက်သည်ကို ခံခဲ့ရခြင်း ရှိမရှိဆိုသည့်အပေါ် မမူတည်ခဲ့ပေ။ ဘုရားသခင်သည် လူတို့အား ကောင်းချီးပေးသည် ဖြစ်စေ၊ ၎င်းတို့အပေါ် ဘေးဒုက္ခ ကျရောက်စေသည်ဖြစ်စေ၊ ဘုရားသခင်၏ တန်ခိုးနှင့် သြဇာအာဏာသည် ပြောင်းလဲလိမ့်မည် မဟုတ်သကဲ့သို့ ထိုသို့ဖြင့်၊ လူတစ်ဦး၏ အခြေအနေများကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ နာမကို ချီးမွမ်းသင့်သည်ဟု သူ ယုံကြည်ခဲ့သည်။ လူသားသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို ခံစားရသည်မှာ ဘုရားသခင်၏ အချုပ်အခြာအာဏာကြောင့် ဖြစ်ပြီး လူသားအပေါ် ဘေးဒုက္ခ ကျရောက်သည့်အခါတွင်လည်း ယင်းမှာ ဘုရားသခင်၏ အချုပ်အခြာ အာဏာကြောင့် ဖြစ်ပေသည်။ ဘုရားသခင်၏ တန်ခိုးနှင့် သြဇာအာဏာသည် လူသားနှင့်ပတ်သက်သည့် အရာရာတိုင်းအပေါ် အုပ်စိုးပြီး ပြင်ဆင်၏။ လူသား ကံကြမ္မာ၏ မတည်တံ့ခြင်းများမှာ ဘုရားသခင်၏ တန်ခိုးနှင့် သြဇာအာဏာတို့၏ သရုပ်သကန်များ ဖြစ်ကြပြီး၊ တစ်ဦးတစ်ယောက်၏ အမြင်ကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ နာမကို

ချီးမွမ်းသင့်ပေသည်။ ဤသည်မှာ ယောဘသည် သူ၏ အသက်တာ နှစ်ကာလများအတွင်းတွင် တွေ့ကြုံခံစားခဲ့ပြီး သိရှိလာခဲ့သည့် အရာ ဖြစ်သည်။ ယောဘ၏ အတွေးများနှင့် လုပ်ရပ်အားလုံးသည် ဘုရားသခင်၏ နားသို့ရောက်ရှိခဲ့ပြီး ဘုရားသခင်ရှေ့သို့ ရောက်ရှိခဲ့ကာ ဘုရားသခင်က အရေးကြီးသည်ဟု မြင်ခဲ့သည်။ ဘုရားသခင်သည် ယောဘ၏ ဤအသိပညာကို မြတ်နိုးခဲ့ပြီး ထိုသို့သော စိတ်နှလုံး တစ်ခုရှိခြင်းအတွက် ယောဘကို တန်ဖိုးထားခဲ့သည်။ ဤစိတ်နှလုံးသည် ဘုရားသခင်၏ အမိန့်ကို အမြဲတစေ စောင့်ဆိုင်းခဲ့ပြီး နေရာအားလုံးနှင့် မည်သည့်အချိန် သို့မဟုတ် မည်သည့်နေရာတွင်ဖြစ်စေ ယင်းသည် သူ့အပေါ် ကျရောက်သည့် အရာမှန်သမျှကို လက်ခံကြိုဆိုခဲ့သည်။ ယောဘသည် ဘုရားသခင်အပေါ် မည်သည့်တောင်းဆိုချက်မျှ မပြုခဲ့ပေ။ မိမိကိုယ်ကိုယ် သူတောင်းဆိုခဲ့သည်မှာ ဘုရားသခင်ထံမှလာသော အစီအစဉ်အားလုံးကို စောင့်ဆိုင်းရန်၊ လက်ခံရန်၊ ရင်ဆိုင်ရန်နှင့် နာခံရန်ဖြစ်သည်။ ဤသည်မှာ သူ၏တာဝန်ဖြစ်သည်ဟု ယောဘယုံကြည်ခဲ့ပြီး ယင်းမှာ ဘုရားသခင် အလိုရှိခဲ့သောအရာ အတိအကျ ဖြစ်ခဲ့ပေသည်။ ယောဘသည် ဘုရားသခင်ကို တစ်ကြိမ်တစ်ခါမျှ မြင်ဖူးခဲ့ခြင်း မရှိသကဲ့သို့၊ စကားတစ်ခွန်းတစ်လေ သူပြောသည်ကို၊ အမိန့်တစ်ခုတစ်လေ သူထုတ်ပြန်သည်ကို၊ သွန်သင်ချက် တစ်ခုတစ်လေ သူပေးသည်ကို သို့မဟုတ် သူ့အား တစ်ခုတစ်လေ ညွှန်ကြားသည်ကို ကြားခဲ့ဖူးခြင်းလည်း မရှိပေ။ ယနေ့ စကားများဖြင့်၊ ဘုရားသခင်သည် သူ့အား သမ္မာတရားနှင့် စပ်လျဉ်းသည့် အသိဉာဏ်ပွင့်လင်းစေခြင်း၊ လမ်းပြခြင်း သို့မဟုတ် ထောက်ပံ့မှုတို့ကို မပေးခဲ့ချိန်တွင် သူ့အတွက် ထိုသို့သော အသိပညာတစ်ခုနှင့် ဘုရားသခင်အပေါ် သဘောထားကို ပိုင်ဆိုင်နိုင်ဖို့ဆိုသည်မှာ- ဤသည်မှာ အဖိုးထိုက်ပြီး သူ့အတွက်မူကား ထိုသို့သော အရာများကို ထင်ရှားစေခြင်းသည် ဘုရားသခင်အတွက် လုံလောက်ခဲ့ပြီး သူ၏ သက်သေခံချက်သည် ဘုရားသခင်၏ ချီးကျူးခြင်းနှင့် ဘုရားသခင်၏ မြတ်နိုးခြင်းကို ခံခဲ့ရလေသည်။ ယောဘသည် ဘုရားသခင်ကို တစ်ကြိမ်တစ်ခါမျှ မြင်ခဲ့ဖူးခြင်း မရှိ သို့မဟုတ် သူ့ထံ ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ သွန်သင်ချက် တစ်ခုတစ်လေကို ဖွင့်ဟပြောဆိုခြင်းကို ကြားခဲ့ဖူးခြင်း မရှိသော်လည်း၊ ဘုရားသခင်အတွက် သူ၏ စိတ်နှလုံးနှင့် သူကိုယ်တိုင်သည် ဘုရားသခင်ရှေ့တွင် အလွန်လေးနက်သော သဘောတရားအရသာ ပြောဆိုနိုင်သောသူများ၊ ဝါကြွားရုံသာဝါကြွားနိုင်သောသူများနှင့် ယဇ်များကို ပူဇော်ခြင်း အကြောင်း ပြောသော်လည်း၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် စစ်မှန်သော အသိပညာ လုံးဝ မရှိခဲ့ဖူးသကဲ့သို့၊ ဘုရားသခင်ကို မည်သည့်အခါမှ အမှန်တကယ် မကြောက်ရွံ့ခဲ့ဖူးသောသူများထက် သာ၍ပင် အဖိုးထိုက်တန်ခဲ့ပေသည်။ အကြောင်းမှာ ယောဘ၏ စိတ်နှလုံးသည် ဖြူစင်ခဲ့ပြီး ဘုရားသခင်ထံမှ

မကွယ်ဝှက်ခဲ့သကဲ့သို့ သူ၏လူ့သဘာဝသည် ရိုးသားပြီး ကြင်နာစိတ်ရှိကာ တရားမျှတမှုနှင့် အပြုသဘောဆောင်သော အရာကို နှစ်သက်ခဲ့သောကြောင့် ဖြစ်သည်။ ထိုသို့သော စိတ်နှလုံးနှင့် လူ့သဘာဝကို ပိုင်ဆိုင်ထားခဲ့သော ဤကဲ့သို့ လူသားတစ်ဦးတည်းသာ ဘုရားသခင်၏ လမ်းခရီးနောက်သို့ လိုက်နိုင်ပြီး ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှုကို ရှောင်ကြဉ်နိုင်စွမ်းရှိခဲ့ပေသည်။ ထိုသို့သော လူသား တစ်ဦးသည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို မြင်နိုင်မည်ဖြစ်သည်၊ သူ၏ ကြဗျာအာဏာနှင့် တန်ခိုးကို မြင်နိုင်မည်ဖြစ်ပြီး သူ၏ အချုပ်အခြာ အာဏာနှင့် အစီအစဉ်များကို နာခံခြင်းအား စွမ်းဆောင် ရရှိနိုင်ခဲ့ပေသည်။ ဤကဲ့သို့သော လူသားတစ်ဦးတည်းသာ ဘုရားသခင်၏နာမကို အမှန်တကယ် ချီးမွမ်းနိုင်ခဲ့ပေသည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် သူသည် ဘုရားသခင်က သူ့အား ကောင်းချီးပေးမည် မပေးမည် သို့မဟုတ် သူ့အပေါ် ဘေးဒုက္ခ ရောက်စေမည် မရောက်စေမည်ကို မကြည့်ခဲ့သောကြောင့် ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် အရာရာတိုင်းသည် ဘုရားသခင်၏ လက်တော်ဖြင့် ထိန်းချုပ်ခံရပြီး လူသားအတွက် စိုးရိမ်ဖို့ဆိုသည်မှာ မိုက်မဲမှု၊ မသိနားမလည်မှုနှင့် ဆင်ခြင်တုံတရား ကင်းမဲ့မှု၊ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့် အမှန်တရားအပေါ် သံသယဖြစ်ခြင်းနှင့် ဘုရားသခင်အား မကြောက်ရွံ့ခြင်းတို့၏ လက္ခဏာရပ်တစ်ခု ဖြစ်သည်။ ယောဘ၏ အသိပညာမှာ ဘုရားသခင် အလိုရှိခဲ့သော အရာ အတိအကျ ဖြစ်ခဲ့ပေသည်။ သို့ဆိုလျှင် ယောဘသည် သင်တို့ထက် ဘုရားသခင်နှင့်သက်ဆိုင်သည့် သာ၍ကြီးမားသော အယူအဆဆိုင်ရာ အသိပညာ ရှိခဲ့သလော။ ထိုအချိန်က ဘုရားသခင်၏ အမှုနှင့် မိန့်မြွက်ချက်များမှာ နည်းပါးခဲ့သောကြောင့်၊ ဘုရားသခင်နှင့် သက်ဆိုင်သည့် အသိပညာကို ရရန်မှာ လွယ်သည့်ကိစ္စ မဟုတ်ခဲ့ပေ။ ယောဘ၏ ထိုသို့သော အောင်မြင်မှုတစ်ခုမှာ ခက်ခဲသည့် စွမ်းဆောင်မှုမဟုတ်ခဲ့ပေ။ သူသည် ဘုရားသခင်၏ အမှုကို ကြုံတွေ့ခဲ့ဖူးခြင်း မရှိခဲ့သကဲ့သို့၊ ဘုရားသခင် စကားပြောသည်ကို ကြားဖူးခြင်း သို့မဟုတ် ဘုရားသခင်၏ မျက်နှာကို မြင်ဖူးခြင်းလည်း မရှိပေ။ ဘုရားသခင်အပေါ် ထိုသို့သော သဘောထားတစ်ခု သူရှိနိုင်ခဲ့သည်မှာ ယနေ့ခေတ်လူတို့ ပိုင်ဆိုင်ခြင်းမရှိသော သူ၏ လူ့သဘာဝနှင့် သူ၏ ကိုယ်တိုင်ကိုယ်ကျ လိုက်စားမှုတို့၏ အကျိုးဆက် လုံးလုံးလျားလျား ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ထိုခေတ်၌ ဘုရားသခင်က၊ "မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ" ဟုဆိုခဲ့ခြင်း ဖြစ်သည်။ ထိုခေတ်၌ ဘုရားသခင်သည် သူနှင့်သက်ဆိုင်သည့် ထိုသို့သော အကဲဖြတ်ချက်တစ်ခုကို ပြုလုပ်နှင့်ပြီးဖြစ်ကာ ထိုသို့သော ကောက်ချက်ချမှုတစ်ခုကို

ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းသည် ယနေ့တွင် မည်မျှ သာ၍ မှန်ကန်မည်နည်း။

## ဘုရားသခင်သည် လူသားထံမှ ကွယ်ဝှက်သော်လည်း၊ အရာခပ်သိမ်း အလယ် သူ၏ လုပ်ဆောင်ချက်များသည် လူသားအတွက် သူ့ကို သိရန် လုံလောက်ပေသည်

ယောဘသည် ဘုရားသခင်၏ အမှုကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခဲ့ဖူးရန်မဆိုထားနှင့်၊ ဘုရားသခင်၏ မျက်နှာကို မြင်ဖူးခဲ့ခြင်း သို့မဟုတ် ဘုရားသခင်ပြောဆိုသော စကားများကို ကြားဖူးခဲ့ခြင်း မရှိပေ၊ သို့သော် သူ၏စမ်းသပ်မှုများအတောအတွင်းတွင် ဘုရားသခင်ကို သူ၏ကြောက်ရွံ့ခြင်းနှင့် သူ၏သက်သေခံချက်ကို အားလုံး မျက်မြင်တွေ့ကြရကာ၊ ယင်းတို့သည် ဘုရားသခင်၏ချစ်ခြင်း၊ နှစ်သက်ခြင်းနှင့် ချီးကျူးခြင်းကို ခံရလေသည်၊ ပြီးလျှင် လူတို့သည် ယင်းတို့ကို အားကျကြပြီး သဘောကျကြကာ၊ ယင်းထက်ပို၍ပင် ၎င်းတို့၏ ချီးမွမ်းခြင်းများကို သီဆိုကြလေသည်။ သူ၏အသက်တာနှင့် ပတ်သက်၍ ကြီးမြတ်သည့်အရာ သို့မဟုတ် သာမန်ထက် လွန်ကဲသည့်အရာ မည်သည့်အရာမျှမရှိခဲ့ပေ။ သာမန်လူ တစ်ဦးတစ်လေကဲ့သို့ပင်၊ သူသည် နေထွက်ချိန် အလုပ်သွားပြီး နေဝင်ချိန် အနားယူရန် အိမ်ပြန်လာရင်း၊ သာမည အသက်တာ တစ်ခုကို အသက်ရှင်ခဲ့သည်။ ကွဲပြားခြားနားမှုမှာ သူ့ဘဝ၏ အချို့သော သာမည ဆယ်စုနှစ်များတစ်လျှောက်လုံးတွင် အခြားမည်သည့်လူကမျှ မရရှိဖူးသကဲ့သို့၊ ဘုရားသခင်၏လမ်းခရီးကို ထိုးထွင်းသိမြင်မှုတစ်ခု သူရရှိခဲ့ပြီး ဘုရားသခင်၏ ကြီးမြတ်သော တန်ခိုးနှင့် အချုပ်အခြာအာဏာကို သဘောပေါက်ကာ နားလည်ခဲ့သည်။ သူသည် မည်သည့်သာမန်လူမျှထက် သာ၍ မလိမ္မာမပါးနပ်ခဲ့ပေ၊ သူ၏အသက်တာသည် အထူးသဖြင့် ဖွဲ့မကြီးခဲ့သည့်အပြင်၊ သူသည် မမြင်ရသော အထူး ကျွမ်းကျင်မှုများလည်း မရှိခဲ့ပေ။ သို့သော် သူအမှန်တကယ် ပိုင်ဆိုင်ခဲ့သည်မှာ ရိုးသားပြီး ကြင်နာစိတ်ရှိကာ၊ ဖြောင့်မတ်သော လူ့သဘာဝ၊ မျှတမှု၊ ဖြောင့်မတ်ခြင်းတရားနှင့် အပြုသဘောဆောင်သော အရာများကို နှစ်သက်သော လူ့သဘာဝ တစ်ခု ဖြစ်သည်- ဤအရာများထဲမှာ မည်သည့်အရာကိုမျှ သာမန်လူ အများစုက မပိုင်ဆိုင်ကြပေ။ သူသည် ချစ်ခြင်းနှင့် မုန်းခြင်းကြား ပိုင်းခြားသိမြင်ခဲ့သည်၊ တရားသော အသိစိတ်တစ်ခု ရှိခဲ့သည်၊ အလျှော့မပေးတတ်သကဲ့သို့ ဖွဲ့ကောင်းခဲ့ပြီး၊ သူ၏ စဉ်းစားတွေးခေါ်မှုတွင် အသေးစိတ်ကို စေ့စေ့စပ်စပ် အာရုံစိုက်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာမြေပေါ်က သူ၏ သာမည အချိန်ကာလ တစ်လျှောက်လုံးတွင် ဘုရားသခင် ပြုခဲ့ပြီးသော သာမန်ထက် လွန်ကဲသည့် အမှုအရာများ အားလုံးကို သူမြင်ခဲ့ရပြီး ဘုရားသခင်၏ ကြီးမြတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို မြင်ခဲ့ရသည်၊ ဘုရားသခင်၏ ပူပန်မှု၊ သဘောထားကြီးမှုနှင့် လူသားအတွက် ကွယ်ကာမှုတို့ကို

သူမြင်ခဲ့ရပြီး အထွတ်အမြတ်ဖြစ်သော ဘုရားသခင်၏ ဂုဏ်အသရေရှိခြင်းနှင့် ဩဇာအာဏာကို သူမြင်ခဲ့ရလေသည်။ မည်သည့် ပုံမှန်လူကိုမဆို ကျော်လွန်သည့် ဤအရာများကို ယောဘရနိုင်ခဲ့သည့် ပထမဆုံး အကြောင်းရင်းမှာ သူသည် ဖြူစင်သော စိတ်နှလုံးရှိခဲ့ပြီး၊ သူ၏ စိတ်နှလုံးသည် ဘုရားသခင်နှင့် သက်ဆိုင်ကာ ဖန်ဆင်းရှင်၏ ဦးဆောင်မှုကို ခံခဲ့ရသောကြောင့် ဖြစ်သည်။ ဒုတိယ အကြောင်းရင်းမှာ သူ၏လိုက်စားမှုဖြစ်သည်- အပြစ်အနာအဆာကင်းကာ စုံလင်ခြင်းနှင့် ကောင်းကင်ဘုံ၏အလိုနှင့် ကိုက်ညီသည့်၊ ဘုရားသခင်၏ ချစ်ခြင်းကိုခံရကာ မကောင်းမှုကို ရှောင်ကြဉ်သည့် လူတစ်ဦးဖြစ်ခြင်းနှင့်သက်ဆိုင်သော သူ၏ လိုက်စားခြင်း ဖြစ်သည်။ ယောဘသည် ဘုရားသခင်ကို မမြင်နိုင်စဉ်တွင် သို့မဟုတ် ဘုရားသခင်၏ စကားများကို မကြားနိုင်စဉ်တွင် ဤအရာများကို ပိုင်ဆိုင်ပြီး လိုက်စားခဲ့သည်။ သူသည် ဘုရားသခင်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ဖူးသော်လည်း၊ အရာခပ်သိမ်းအပေါ် ဘုရားသခင် အုပ်စိုးသော နည်းလမ်းများကို သူသိလာခဲ့ပြီးဖြစ်ကာ ထိုသို့ ဘုရားသခင်ပြုသော ဉာဏ်ပညာကို နားလည်ခဲ့သည်။ ယောဘသည် ဘုရားသခင် ပြောဆိုသော စကားများကို တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဖူးသော်လည်း၊ သူသည် လူကို ဆုချီးမြှင့်ခြင်းနှင့် လူသားထံမှ ယူဆောင်သွားခြင်း လုပ်ဆောင်ချက် အားလုံးက ဘုရားသခင်ထံမှ လာသည်ကို သိခဲ့သည်။ သူ၏ အသက်တာ နှစ်များမှာ အခြားသော မည်သည့် သာမန်လူမဆို၏ နှစ်များနှင့် မကွာခြားခဲ့သော်လည်း၊ သူ၏ အသက်တာ သာမည ဖြစ်ခြင်းကို အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အချုပ်အခြာ အာဏာနှင့် ပတ်သက်သည့် သူ၏အသိပညာကို ထိခိုက်ဖို့ သို့မဟုတ် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးနောက် သူ၏လိုက်လျှောက်ခြင်းအပေါ် ထိခိုက်စေရန် သူအခွင့်မပေးခဲ့ပေ။ သူ၏အမြင်တွင်၊ အရာခပ်သိမ်း၏ နိယာမများသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များဖြင့် ပြည့်လျက်ရှိပြီး၊ ဘုရားသခင်၏ အချုပ်အခြာအာဏာကို လူတစ်ဦး အသက်တာ၏ မည်သည့် အစိတ်အပိုင်း၌မဆို မြင်၍ရနိုင်ခဲ့သည်။ သူသည် ဘုရားသခင်ကို မြင်ခဲ့ဖူးခြင်း မရှိသော်လည်း၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များသည် နေရာတကာ၌ ရှိသည်ကို သူသဘောပေါက်နိုင်ခဲ့ပြီး၊ ကမ္ဘာမြေကြီးပေါ်၌ သူ၏ သာမည အချိန်ကာလအတောအတွင်း၊ သူ၏ အသက်တာ၏ နေရာတိုင်းတွင် ဘုရားသခင်၏ သာမန်ထက် လွန်ကဲပြီး အံ့ဩဖွယ်ကောင်းသော လုပ်ဆောင်ချက်များကို သူ မြင်နိုင်ခဲ့သကဲ့သို့ သဘောပေါက်နိုင်ခဲ့ပြီး၊ ဘုရားသခင်၏ အံ့ဩဖွယ်ကောင်းသော အစီအစဉ်များကို မြင်နိုင်ခဲ့သည်။ ဘုရားသခင်၏ ကွယ်ဝှက်ခြင်းနှင့် နှုတ်ဆိတ်ခြင်းသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များအပေါ် ယောဘ၏

နားလည်သဘောပေါက်ခြင်းအား မတားဆီးခဲ့သကဲ့သို့ ယင်းတို့သည် အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့် သူ၏ အသိပညာကို မထိခိုက်ခဲ့ပေ။ သူ၏ နေ့စဉ် အသက်တာ ကာလတစ်လျှောက်လုံးတွင် သူ၏ ဘဝသည် ခပ်သိမ်းသောအရာတို့၏ အလယ်၌ ကွယ်ဝှက်နေသော ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များကို သဘောပေါက်မိခြင်း ဖြစ်ခဲ့ပေသည်။ သူ၏ နေ့စဉ် အသက်တာထဲတွင် အရာခပ်သိမ်း အလယ်၌ နှုတ်ဆိတ်နေသော်လည်း၊ အရာခပ်သိမ်း၏ ဥပဒေသများကို စိုးမိုးခြင်းဖြင့် သူ၏ စိတ်နှလုံး သဘောထားနှင့် သူ၏ နှုတ်ကပတ်တော်များကို ဖော်ပြသော ဘုရားသခင်၏ စိတ်နှလုံး သဘောထားနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကိုလည်း ကြားပြီး နားလည်ခဲ့သည်။ ထိုအခါတွင် အကယ်၍ လူတို့သည် ယောဘကဲ့သို့ အလားတူ လူ့သဘာဝနှင့် လိုက်စားမှုရှိပါက၊ ယောဘကဲ့သို့ အလားတူ သဘောပေါက်ခြင်းနှင့် အသိပညာကို ရရှိနိုင်ပြီး၊ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အချုပ်အခြာ အာဏာနှင့်သက်ဆိုင်သည့် အလားတူ သိနားလည်မှုနှင့် အသိပညာတို့ကို ယောဘကဲ့သို့ ရရှိနိုင်သည်ကို သင်တို့ မြင်ရပေသည်။ ဘုရားသခင်သည် ယောဘထံ မပေါ်ထွန်းဖူးခဲ့ သို့မဟုတ် သူ့ကို စကားမပြောခဲ့ဖူးသော်လည်း၊ ယောဘသည် စုံလင်ပြီး ဖြောင့်မတ်နိုင်ခဲ့သကဲ့သို့၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်နိုင်ခဲ့သည်။ တစ်နည်းအားဖြင့် လူသားထံ ဘုရားသခင် ပေါ်ထွန်းလာခြင်း သို့မဟုတ် စကားပြောဆိုခြင်း မရှိဘဲ၊ အရာခပ်သိမ်းအလယ် ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာတို့သည် ဘုရားသခင်၏ တည်ရှိခြင်း၊ တန်ခိုးနှင့် သြဇာအာဏာကို သိလာရန် လူသားအတွက် လုံလောက်ပြီး ဘုရားသခင်၏တန်ခိုးနှင့် သြဇာအာဏာသည် လူအား ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှု ရှောင်ကြဉ်ခြင်း လမ်းခရီးကို လိုက်လျှောက်စေဖို့ လုံလောက်ပေသည်။ ယောဘကဲ့သို့သော သာမန်လူသားတစ်ဦးသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းအား စွမ်းဆောင်ရရှိနိုင်ခဲ့သည့်အတွက်၊ ဘုရားသခင်နောက်သို့လိုက်သော သာမန်လူတိုင်းသည်လည်း စွမ်းဆောင်ရရှိနိုင်သင့်သည်။ ဤစကားများသည် ကျိုးကြောင်းဆီလျော်သော ကောက်ချက်သဖွယ် ထင်ရနိုင်သော်လည်း၊ ဤအရာသည် အမှုအရာများ၏ ဥပဒေသများကို ဆန့်ကျင်ခြင်း မရှိပေ။ သို့သော်လည်း အဖြစ်မှန်များသည် မျှော်လင့်ချက်များနှင့် ကိုက်ညီခြင်း မရှိသေးပေ- ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းသည် ယောဘနှင့် ယောဘ တစ်ဦးတည်း၏ ကျွမ်းကျင်မှု ဖြစ်သည်ဟု ထင်ရပေမည်။ "ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း"

ဟုဆိုရာတွင်၊ လူတို့က ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးမှာ ယောဘ၏ အမည်ဖြင့်သာ တံဆိပ်တပ်ထားပြီး အခြားလူများနှင့် မည်သို့မျှ မပတ်သက်သည့်အလား၊ ဤသည်မှာ ယောဘသာလျှင် လုပ်ဆောင်သင့်သည်ဟု ထင်ကြလေသည်။ ဤအရာအတွက် အကြောင်းရင်းမှာ သိသာထင်ရှားပေသည်- ယောဘ တစ်ဦးတည်းသာလျှင် ရိုးသားသော၊ ကြင်နာစိတ်ရှိကာ ဖြောင့်မတ်သကဲ့သို့ မျှတမှုနှင့် ဖြောင့်မတ်ခြင်းအပြင် အပြုသဘောဆောင်သော အရာများကို နှစ်သက်သည့် ပင်ကိုစရိုက်တစ်ခုကို ပိုင်ဆိုင်ခဲ့သောကြောင့်ဖြစ်သည်၊ ထို့ကြောင့် ယောဘ တစ်ဦးတည်းသာလျှင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ခြင်း လမ်းခရီးကို လိုက်လျှောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဤနေရာတွင် ဆိုလိုချက်ကို သင်တို့အားလုံး နားလည်ထားပြီးဖြစ်ရမည်- အဘယ်ကြောင့်ဆိုသော် ရိုးသားသော၊ ကြင်နာစိတ်ရှိပြီး၊ ဖြောင့်မတ်ကာ၊ မျှတမှုနှင့် ဖြောင့်မတ်ခြင်း၊ ပြီးလျှင် အပြုသဘောဆောင်သော အရာကို နှစ်သက်သော လူ့သဘာဝတစ်ခုကို မည်သူမျှ မပိုင်ဆိုင်သောကြောင့်၊ ဘုရားသခင်ကို မည်သူမျှ မကြောက်ရွံ့နိုင်သကဲ့သို့ မကောင်းမှုကို မရှောင်နိုင်ကြပေ၊ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင်၏ ဝမ်းမြောက်ခြင်းကို မည်သည့်အခါမျှ မရရှိနိုင်ပေ သို့မဟုတ် စမ်းသပ်မှုများအလယ်တွင် မြဲမြံစွာ မရပ်တည်နိုင်ကြပေ။ ဤသည်မှာ ယောဘမှလွဲ၍ လူအားလုံးသည် စာတန်၏ ချုပ်နှောင်ခြင်းကို ခံရဆဲဖြစ်ပြီး ပိတ်မိခြင်း ခံရဆဲဖြစ်သည်ကိုလည်း ဆိုလိုပေသည်။ ၎င်းတို့ အားလုံးသည် စာတန်၏ စွပ်စွဲခြင်း၊ တိုက်ခိုက်ခြင်းနှင့် နှိပ်စက်ခြင်းကို ခံကြရသည်။ ၎င်းတို့သည် စာတန်က ဝါးမြိုရန် ကြိုးစားနေသည့် သူများဖြစ်ကြပြီး၊ ၎င်းတို့အားလုံးသည် လွတ်လပ်မှု ကင်းမဲ့ကြသည်၊ စာတန်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးသော အကျဉ်းသားများ ဖြစ်ကြလေသည်။

**အကယ်၍ လူ၏ စိတ်နှလုံးသည် ဘုရားသခင်ကို ရန်လိုပါက၊ လူသည် ဘုရားသခင်ကို အဘယ်သို့ ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်နိုင်မည်နည်း**

ယနေ့ လူများသည် ယောဘကဲ့သို့ အလားတူ လူ့သဘာဝကို မပိုင်ဆိုင်ကြသည့်အတွက်၊ ၎င်းတို့၏ သဘာဝနှင့် ဘုရားသခင်အပေါ် ၎င်းတို့ သဘောထား၏ အနှစ်သာရမှာ အဘယ်နည်း။ ၎င်းတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ကြသလော။ မကောင်းမှုကို ရှောင်ကြဉ်ကြသလော။ ဘုရားသခင်ကို မကြောက်ရွံ့သောသူများ သို့မဟုတ် မကောင်းမှု မရှောင်ကြဉ်သူများကို စကားလုံးအနည်းငယ်ဖြင့်သာ ပေါင်းရုံးဖော်ပြ၍ ရသည်- "ဘုရားသခင်၏ ရန်သူများ" ဟူ၍ ဖြစ်သည်။ သင်တို့သည် ဤစကားများကို မကြာခဏ ပြောကြသော်လည်း၊ ယင်းတို့၏

အဓိပ္ပာယ်အမှန်ကို လုံးဝ မသိကြပေ။ "ဘုရားသခင်၏ ရန်သူများ" ဟူသော စကားလုံးများတွင် အနှစ်သာရရှိသည်- ယင်းတို့က ဘုရားသခင်သည် လူသားကို ရန်သူအဖြစ် မြင်သည်ဟု ပြောနေခြင်း မဟုတ်ဘဲ၊ လူက ဘုရားသခင်ကို ရန်သူအဖြစ် မြင်နေခြင်း ဖြစ်သည်။ ပထမဦးစွာ လူတို့သည် ဘုရားသခင်ကို စတင်ယုံကြည်သည့်အခါတွင်၊ ၎င်းတို့ထဲမှ မည်သူသည် မိမိတို့၏ ကိုယ်ပိုင် ရည်မှန်းချက်များ၊ ကြံရွယ်ချက်များနှင့် မျှော်မှန်းချက်များ မရှိသနည်း။ ၎င်းတို့၏ တစ်စိတ်တစ်ဒေသသည် ဘုရားသခင်၏ တည်ရှိခြင်းကို ယုံကြည်ပြီး ဘုရားသခင်၏ တည်ရှိခြင်းကို မြင်ဖူးသော်လည်း၊ ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်မှုတွင် ကြံရွယ်ချက်များ ပါရှိနေဆဲဖြစ်ပြီး ဘုရားသခင်ကို ယုံကြည်ရာတွင် ၎င်းတို့၏ အဆုံးစွန်သော ရည်မှန်းချက်မှာ သူ၏ကောင်းချီးမင်္ဂလာများနှင့် ၎င်းတို့ အလိုရှိသော အရာများကို ရရှိရန် ဖြစ်သည်။ လူတို့၏ ဘဝအတွေ့အကြုံများတွင်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် မကြာခဏ တွေးတတ်ကြသည်၊ ကျွန်ုပ်သည် ဘုရားသခင်အတွက် ကျွန်ုပ်၏ မိသားစုနှင့် အသက်မွေးအလုပ်ကို လက်လွှတ်ပြီးလေပြီ၊ ကိုယ်တော်သည် အကျွန်ုပ်ကို မည်သည့်အရာ ပေးပြီးပြီနည်း။ ကျွန်ုပ်သည် ထပ်ဖြည့်ကာ အတည်ပြုရမည်- လတ်တလောတွင် ကောင်းချီးမင်္ဂလာ တစ်ခုတစ်လေကို ကျွန်ုပ် ရရှိပြီးပြီလော။ အကျွန်ုပ်သည် ဤအချိန်အတောအတွင်းတွင် များစွာ ပေးပြီးဖြစ်သည်၊ အကျွန်ုပ် ပြေးလျက်နေခဲ့ပြီး များစွာ ဆင်းရဲဒုက္ခခံစားရပြီးဖြစ်သည်- ဘုရားသခင်သည် အပြန်အလှန်အနေဖြင့် အကျွန်ုပ်အား ကတိတစ်ခုတစ်လေကို ပေးပြီးပြီလော။ ကိုယ်တော်သည် အကျွန်ုပ်၏ ကောင်းသော လုပ်ဆောင်ချက်များကို အမှတ်ရပြီးပြီလော။ ကျွန်ုပ်၏ အဆုံးသတ်မှာ အဘယ်အရာ ဖြစ်လိမ့်မည်နည်း။ ကျွန်ုပ်သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ရရှိနိုင်သလော...။ အယောက်တိုင်းသည် ထိုသို့သော တွက်ချက်မှုများကို ၎င်းတို့၏ စိတ်နှလုံးအတွင်းတွင် စဉ်ဆက်မပြတ် ပြုတတ်ကြပြီး ဘုရားသခင်ထံ ၎င်းတို့၏ ကြံရွယ်ချက်များ၊ ရည်မှန်းချက်များနှင့် အပေးအယူဆိုင်ရာ စိတ်နေစိတ်ထားပါရှိသည့် တောင်းဆိုချက်များကို ပြုလုပ်ကြသည်။ ဆိုလိုသည်မှာ လူသားသည် သူ၏ စိတ်နှလုံးထဲတွင် ဘုရားသခင်ကို စဉ်ဆက်မပြတ် စစ်ဆေးနေသည်၊ ဘုရားသခင်နှင့်ပတ်သက်၍ အစီအစဉ်များကို စဉ်ဆက်မပြတ် ဖန်တီးနေပြီး၊ သူ၏ကိုယ်ပိုင် တစ်ကိုယ်ရေ အဆုံးသတ်အတွက် အရေးကိစ္စကို ဘုရားသခင်နှင့် အဆက်မပြတ် ငြင်းခုံနေသကဲ့သို့၊ ဘုရားသခင်ထံမှ ထွက်ဆိုချက်တစ်ခုကို နှိုက်ယူရန် ကြိုးစားနေသည်၊ ဘုရားသခင်က သူအလိုရှိသော အရာကို ပေးမည်၊ မပေးမည်ကို ကြည့်နေလေသည်။ တစ်ချိန်တည်းတွင် ဘုရားသခင်ကို လိုက်စားနေသည်နှင့်အမျှ၊ လူသားသည် ဘုရားသခင်ကို ဘုရားသခင်အဖြစ် သဘောမထားပေ။ လူသည် ဘုရားသခင်အပေါ် မရပ်မနား

တောင်းဆိုချက်များ ပြုလုပ်ရင်းနှင့် ခြေလှမ်းတိုင်းတွင် သူ့ကို ဖိအားပေးလျက်၊ ရလေလိုလေ အိုတစ္ဆေ ဖြစ်လျက်၊ ဘုရားသခင်နှင့် အပေးအယူများ လုပ်ရန် အမြဲကြိုးစားပြီးဖြစ်သည်။ ဘုရားသခင်နှင့် အပေးအယူများ လုပ်ရန် ကြိုးစားနေသည်နှင့်အမျှ တစ်ချိန်တည်းတွင် လူသားသည် ဘုရားသခင်နှင့်ငြင်းခုံပြီး စမ်းသပ်မှုများ ၎င်းတို့အပေါ် ကျရောက်ချိန်တွင် သို့မဟုတ် အချို့သော အခြေအနေများ၌ ၎င်းတို့ မိမိတို့ကိုယ်ကိုယ် ရောက်ရှိနေသည်ကို သိချိန်တွင် မကြာခဏ အားနည်းလာကာ၊ မတုန်မလှုပ် ဖြစ်လာပြီး ၎င်းတို့၏ အလုပ်၌ ပေါ့ဆလာပြီး ဘုရားသခင်နှင့်ပတ်သက်၍ ညည်းညူမှုများ အပြည့်ရှိသည့် လူများပင် ရှိလေသည်။ လူက ဘုရားသခင်ကို ပထမဦးဆုံး စတင်ယုံကြည်ခဲ့ချိန်မှစ၍၊ သူသည် ဘုရားသခင်ကို ပေါင်းလန်အောင် များပြားခြင်းတစ်ခု၊ ဆွစ်တပ်မတော် စွယ်စုံသုံးဓားတစ်ခုအဖြစ် သဘောထားခဲ့ပြီး ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာများနှင့် ကတိများကိုရရန် ကြိုးစားခြင်းမှာ သူ၏ ရှိရင်းစွဲ အခွင့်အရေးနှင့် တာဝန်ဝတ္တရားဖြစ်စဉ်တွင် ဘုရားသခင်၏ တာဝန်မှာ လူသားကို ကာကွယ်ကာ စောင့်ရှောက်ရန်နှင့် ထောက်ပံ့ရန် ဖြစ်သည့်အလား၊ သူ့ကိုယ်သူ ဘုရားသခင်၏ အကြီးဆုံးသော ကြွေးရှင်အဖြစ် သဘောထားခဲ့လေသည်။ ယင်းမှာ ဘုရားသခင်ကို ယုံကြည်သော သူအားလုံး၏ “ဘုရားသခင်အပေါ် ယုံကြည်မှု” ၏ အခြေခံသိနားလည်မှုဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်၌ ယုံကြည်မှု အယူအဆနှင့်ဆိုင်သော ၎င်းတို့၏ အနက်ရှိုင်းဆုံးသော သိနားလည်မှု ဖြစ်သည်။ လူ၏ သဘာဝ အနှစ်သာရမှသည် သူ၏ ဓမ္မဓိဋ္ဌာန်မကျသော လိုက်စားမှုအထိ၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် သက်ဆိုင်သောအရာ တစ်ခုမျှ မရှိပေ။ ဘုရားသခင်ကို ယုံကြည်ရာ၌ လူသား၏ ရည်မှန်းချက်မှာ ဘုရားသခင်ကို ကိုးကွယ်ခြင်းနှင့် မည်သည့်အရာမျှ ပတ်သက်နိုင်ချေ မရှိပေ။ ဆိုလိုသည်မှာ ဘုရားသခင်၌ ယုံကြည်ခြင်းသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် ဘုရားသခင်ကို ကိုးကွယ်ခြင်း လိုအပ်သည်ကို လူသားက မည်သည့်အခါမျှ မယူဆဖူးသကဲ့သို့ နားလည်ဖူးခြင်းလည်း မရှိပေ။ ထိုသို့သော အခြေအနေများအရ လူသား၏ အနှစ်သာရသည် သိသာထင်ရှားပေသည်။ ဤအနှစ်သာရမှာ အဘယ်အရာ ဖြစ်သနည်း။ လူသား၏ စိတ်နှလုံးသည် မလိုမုန်းထားတတ်သည်၊ သစ္စာမဲ့ခြင်းနှင့် လှည့်ဖြားမှုကို သိုထားသည်၊ မျှတမှုနှင့် ဖြောင့်မတ်ခြင်း သို့မဟုတ် အပြုသဘောဆောင်သော အရာကို မနှစ်သက်သကဲ့သို့၊ ယင်းသည် စက်ဆုပ်ဖွယ်ဖြစ်ကာ အလိုကြီးလေသည်။ လူသား၏ စိတ်နှလုံးသည် ဘုရားသခင်နှင့် သာ၍ နီးကပ်နိုင်ခြင်း မရှိပေ။ သူသည် စိတ်နှလုံးကို ဘုရားသခင်အား လုံးဝ ပေးအပ်ခြင်း မရှိလေပြီ။ ဘုရားသခင်သည် လူသား၏ စစ်မှန်သော စိတ်နှလုံးကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသကဲ့သို့ သူသည် လူသား၏ ကိုးကွယ်ခြင်းကိုလည်း

ခံရဖူးခြင်း မရှိပေ။ ဘုရားသခင် ပေးသည့် အဖိုးအခ မည်မျှ ကြီးမားသည်ဖြစ်စေ သို့မဟုတ် အမှုမည်မျှကို သူ ပြုပါစေ၊ သို့မဟုတ် လူသားကို မည်မျှ ထောက်ပံ့ပါစေ၊ လူသားသည် ကျိုးကြောင်းမပြမြဲရှိသကဲ့သို့ ယင်းကို လုံးဝ စိတ်ဝင်စားမှု မရှိပေ။ လူသားသည် သူ၏ စိတ်နှလုံးကို ဘုရားသခင်အား မည်သည့်အခါမျှ ပေးဖူးခြင်း မရှိပေ၊ သူ၏စိတ်နှလုံးကို သူကိုယ်တိုင်သာ ဂရုစိုက်ရန်၊ သူ၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်များကို ချရန် အလိုရှိလေသည်- ယင်း၏ သွယ်ဝိုက်သော အဓိပ္ပာယ်မှာ လူသားသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို မလိုက်လျှောက်ချင် သို့မဟုတ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များကို မနာခံချင်သကဲ့သို့ ဘုရားသခင်ကို ဘုရားသခင်အဖြစ် မကိုးကွယ်ချင်ပေဟု ဖြစ်သည်။ ယင်းမှာ ယနေ့ လူသား၏ အခြေအနေ ဖြစ်သည်။ ယခုတွင် ငါတို့ ယောဘကို တစ်ဖန် ကြည့်ကြစို့။ ပထမဆုံးအနေဖြင့်၊ သူသည် ဘုရားသခင်နှင့် အပေးအယူ တစ်ခု လုပ်ခဲ့သလော။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို မြဲမြဲစွာ ထိန်းသိမ်းရာတွင် ဖုံးကွယ်ထားသော ရည်မှန်းချက် တစ်ခုတစ်လေ သူ၌ရှိခဲ့ပါသလော။ ထိုအချိန်က ဘုရားသခင်သည် ရောက်လာမည့် အဆုံးသတ်ကို တစ်ဦးတစ်ယောက်အား ပြောဖူးပါသလော။ ထိုအချိန်က ဘုရားသခင်သည် အဆုံးသတ်နှင့် ပတ်သက်၍ မည်သူကိုမျှ ကတိများ မပေးခဲ့ဖူးသကဲ့သို့၊ ယင်းသည် ယောဘက ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်နိုင်ခဲ့သည်ဟူသော ဤနောက်ခံအကြောင်းအရာနှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့ပေသည်။ ယနေ့လူများသည် ယောဘနှင့် နှိုင်းယှဉ်ခြင်းကို ခံနိုင်ပါသလော။ ကွာဟချက် အလွန်များလှ၏။ ၎င်းတို့သည် မတူညီသော အတန်းအစားများ၌ ရှိကြသည်။ ယောဘသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် အသိပညာ များစွာ မရှိခဲ့သော်လည်း၊ သူသည် သူ၏စိတ်နှလုံးကို ဘုရားသခင်ထံ ပေးခဲ့ပြီးဖြစ်ကာ ယင်းသည် သူ၏ ဘုရားသခင်နှင့် သက်ဆိုင်ခဲ့သည်။ သူသည် ဘုရားသခင်နှင့် မည်သည့်အခါမျှ အပေးအယူ မလုပ်ခဲ့သကဲ့သို့၊ ဘုရားသခင်အပေါ် လွန်ကဲသော အလိုဆန္ဒများ သို့မဟုတ် တောင်းဆိုချက်များ မရှိခဲ့ပေ။ ယင်းအစား "ယေဟောဝါသည် ပေးတော်မူ၏၊ ပြီးလျှင် ယေဟောဝါသည် ပြန်နုတ်သိမ်းတော်မူ၏။" ဟူ၍ သူယုံကြည်ခဲ့သည်။ ဤသည်မှာ ဘဝ၏ နှစ်များစွာတစ်လျှောက်လုံးတွင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးအတိုင်း ထိန်းသိမ်းရာမှ သူမြင်ပြီး ရရှိခဲ့ပြီးဖြစ်သည့်အရာ ဖြစ်သည်။ ထို့နည်းတူ "ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလော" ဟူသည့် နှုတ်ကပတ်တော်များတွင် ပါရှိသည့် ရလဒ်ကိုလည်း သူရခဲ့ပြီးဖြစ်သည်။ ဤဝါကျနှစ်ကြောင်းမှာ သူ၏အသက်တာ

အတွေ့အကြုံများကာလအတောအတွင်း ဘုရားသခင်အပေါ် သူ၏နာခံခြင်း သဘောထား၏ အကျိုးဆက်တစ်ခုအဖြစ် သူမြင်ခဲ့ကာ သိလာခဲ့ပြီးဖြစ်သည့် အရာဖြစ်ပြီး၊ ယင်းတို့သည် စာတန်၏ စုံစမ်းနှောင့်ယှက်မှုများအတောအတွင်းတွင် သူ့ကို အောင်နိုင်စေခဲ့သော တန်ခိုးအရှိဆုံး လက်နက်များလည်း ဖြစ်သကဲ့သို့၊ ဘုရားသခင်ကို သက်သေခံရာတွင် သူ၏ မြဲမြံစွာ ရပ်တည်ရခြင်း အုတ်မြစ်လည်း ဖြစ်ခဲ့ပေသည်။ ဤနေရာတွင် သင်တို့သည် ယောဘအား နှစ်လိုဖွယ်ကောင်းသူ တစ်ဦးအဖြစ် တွေးကြည့်ကြသလော။ သင်တို့သည် ထိုသို့သော သူတစ်ဦးဖြစ်ရန် မျှော်လင့်ကြသလော။ သင်တို့သည် စာတန်၏ စုံစမ်းနှောင့်ယှက်မှုများကို ကြုံရမည်ကို ကြောက်ရွံ့မိကြသလော။ ယောဘကဲ့သို့ တူညီသော စမ်းသပ်မှုများကို သင်တို့အား ခံစေရန် ဘုရားသခင်ထံ ဆုတောင်းဖို့ သင်တို့ စိတ်ဆုံးဖြတ်ပါသလော။ ထိုသို့သောအရာများအတွက် လူအများစုသည် ဆုတောင်းဝံ့မည် မဟုတ်သည်မှာ သံသယ ဖြစ်ဖွယ် မရှိပေ။ သို့ဆိုလျှင် သင်တို့၏ ယုံကြည်ခြင်းသည် သနားစရာကောင်းလောက်အောင် သေးငယ်သည်မှာ သိသာပေသည်။ ယောဘနှင့် နှိုင်းယှဉ်ပါက၊ သင်တို့၏ ယုံကြည်ခြင်းသည် ဖော်ပြရန်ပင် မထိုက်တန်ပေ။ သင်တို့သည် ဘုရားသခင်၏ ရန်သူများ ဖြစ်ကြ၏၊ သင်တို့သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်း မရှိကြ၊ ဘုရားသခင်အား သင်တို့ သက်သေခံချက်တွင် မြဲမြံစွာ ရပ်တည်နိုင်စွမ်း မရှိကြသကဲ့သို့၊ စာတန်၏ တိုက်ခိုက်မှုများ၊ စွပ်စွဲချက်များနှင့် စုံစမ်းနှောင့်ယှက်မှုများကို သင်တို့ မအောင်မြင်နိုင်ကြပေ။ ဘုရားသခင်၏ ကတိများကို ရရှိရန် မည်သည့်အရာက သင်တို့ကို အရည်အချင်းပြည့်မီစေသနည်း။ ယောဘ၏ အဖြစ်အပျက်ကို ကြားကာ လူသားကို ကယ်တင်ရာ၌ ဘုရားသခင်၏ ရည်ရွယ်ချက်နှင့် လူသား၏ ကယ်တင်ခြင်း အဓိပ္ပာယ်ကို နားလည်လျက်ဖြင့်၊ ယောဘကဲ့သို့ တူညီသော စမ်းသပ်မှုများကို လက်ခံရန် ယခု သင်တို့၌ ယုံကြည်ခြင်း ရှိသလော။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း မကောင်းမှုကို ရှောင်ကြဉ်ခြင်း လမ်းခရီးကို လိုက်လျှောက်ဖို့ မိမိတို့ကိုယ်ကိုယ် အခွင့်ပေးရန် သင်တို့၌ စိတ်ဆုံးဖြတ်ချက် အနည်းငယ် ရှိသင့်သည် မဟုတ်လော။

**ဘုရားသခင်၏ စမ်းသပ်မှုများနှင့် ပတ်သက်၍ ဒွိဟများ မရှိစေနှင့်**

ယောဘ၏ စမ်းသပ်မှုများ အဆုံးသတ်ပြီးနောက် သူ့ထံမှ သက်သေခံချက်ကို ရပြီးသည့်နောက်တွင်၊ ယောဘကဲ့သို့သော လူများ ပါဝင်သည့် အုပ်စုတစ်စု- သို့မဟုတ် တစ်စုထက်ပိုသော- အုပ်စုများကို ရယူမည်ဟု ဘုရားသခင် စိတ်ဆုံးဖြတ်ခဲ့သည်၊ သို့သော် စာတန်က ဘုရားသခင်နှင့် အလောင်းအစား လုပ်ခြင်းအားဖြင့် ယောဘအား

စုံစမ်းနှောင့်ယှက်ကာ၊ တိုက်ခိုက်ခဲ့ပြီး နှိပ်စက်ညှဉ်းပန်းခဲ့သော နည်းလမ်းများကို အသုံးပြုလျက် အခြားမည်သည့်လူကိုမျှ တိုက်ခိုက်ရန် သို့မဟုတ် နှိပ်စက်ရန် စာတန်ကို မည်သည့်အခါမျှ တစ်ဖန် အခွင့်မပေးရန် ဘုရားသခင် စိတ်ဆုံးဖြတ်ခဲ့သည်။ ခွန်အားနည်းပြီး မိုက်မဲကာ မသိနားမလည်သော လူသားအပေါ် ထိုသို့သော အရာများကို တစ်ဖန်လုပ်ဆောင်ရန် စာတန်အား ဘုရားသခင် ခွင့်မပြုခဲ့ပေ- ယောဘကို စာတန် စုံစမ်းနှောင့်ယှက်ခဲ့ပြီးဖြစ်သည်မှာ လုံလောက်ခဲ့ပေသည်။ လူတို့ကို အလိုရှိသည့်အတိုင်း နှိပ်စက်ညှဉ်းပန်းရန် စာတန်အား ဘုရားသခင် အခွင့်မပေးခြင်းသည် ဘုရားသခင်၏ သနားခြင်းကရုဏာ ဖြစ်သည်။ ဘုရားသခင်အတွက်မူကား ယောဘသည် စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းနှင့် နှိပ်စက်မှုကို ခံခဲ့ပြီးသည်မှာ လုံလောက်ခဲ့သည်။ ဘုရားသခင်နောက်သို့ လိုက်သောလူများ၏ အသက်နှင့် အရာရာတိုင်းကို ဘုရားသခင်အုပ်စိုးပြီး စီစဉ်ညွှန်ကြားသည့်အတွက်၊ ထိုသို့သော အရာများကို တစ်ဖန်လုပ်ဆောင်ရန် စာတန်ကို ဘုရားသခင် ခွင့်မပြုခဲ့သကဲ့သို့၊ စာတန်သည် အလိုရှိသည်အတိုင်း ဘုရားသခင် ရွေးချယ်ထားသောသူများကို ကြိုးကိုင်ညွှန်ကြားရန် အခွင့်မရှိပေ- ဤအချက်နှင့်ပတ်သက်ပြီး သင်တို့ ရှင်းလင်းစွာ သိသင့်သည်။ ဘုရားသခင်သည် လူသား၏ အားနည်းချက်ကို ဂရုစိုက်ပြီး သူ၏မိုက်မဲခြင်းနှင့် မသိနားမလည်မှုကို နားလည်၏။ လူသားအနေဖြင့် အလျှင်း ကယ်တင်ခံရနိုင်ရန်အလို့ငှာ၊ ဘုရားသခင်သည် သူ့ကို စာတန်လက်သို့ လွှဲအပ်လိုက်ရသော်လည်း၊ စာတန်၏အရူးလုပ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းတို့အား လူသားခံရသည်ကို မြင်ရန် ဘုရားသခင် လိုလားခြင်းမရှိသကဲ့သို့၊ လူသား အမြဲတစေ ဆင်းရဲဒုက္ခ ခံစားရသည်ကိုလည်း ဘုရားသခင် မမြင်ချင်ပေ။ လူသားကို ဘုရားသခင်က ဖန်ဆင်းခဲ့ပြီး လူသားနှင့် ပတ်သက်၍ အရာရာတိုင်းကို ဘုရားသခင် အုပ်စိုးကာ စီစဉ်သည်မှာ လုံးဝ သင့်မြတ်ပေသည်။ ဤသည်မှာ ဘုရားသခင်၏ တာဝန်ဖြစ်ပြီး အရာခပ်သိမ်းအပေါ် ဘုရားသခင် အုပ်စိုးသည့် ဩဇာအာဏာ ဖြစ်သည်။ ဘုရားသခင်သည် စာတန်အား လူသားကို သဘောရှိ ညှဉ်းပန်းရန်နှင့် နှိပ်စက်ရန် ခွင့်မပြုပေ၊ လူသားကို လမ်းလွှဲစေရန် အမျိုးမျိုးသော နည်းလမ်းများကို အသုံးပြုဖို့ စာတန်အား သူအခွင့်မပေးသည့်အပြင်၊ လူသားအပေါ် ဘုရားသခင်၏ အချုပ်အခြာ အာဏာကို ဝင်ရောက်နှောင့်ယှက်ရန် စာတန်အား အခွင့်မပေးသကဲ့သို့၊ လူသားမျိုးနွယ်ကို စီမံခန့်ခွဲပြီး ကယ်တင်သော ဘုရားသခင်၏ ကြီးမြတ်သည့် အမှုကို ထည့်မတွက်နှင့်ဦးတော့၊ အရာခပ်သိမ်းအပေါ် ဘုရားသခင် အုပ်စိုးသော ဥပဒေသများကို နင်းခြေရန်နှင့် ဖျက်ဆီးရန် ခွင့်မပြုပေ။ ဘုရားသခင် ကယ်တင်လိုသောသူများနှင့် ဘုရားသခင်အား သက်သေခံနိုင်သောသူများသည် ဘုရားသခင်၏ နှစ်ခြောက်ထောင် စီမံခန့်ခွဲမှု

အစီအစဉ်နှင့်သက်ဆိုင်သည့် အမှု၏ အချက်အချာနှင့် ပုံဆောင်ခဲဖြစ်သည့်အပြင် သူ၏ နှစ်ခြောက်ထောင် အမှုထဲက သူ၏ကြိုးပမ်းမှုများ၏ အဖိုးအခလည်း ဖြစ်သည်။ ဘုရားသခင်သည် ဤလူများကို စာတန်အား သာမန်ကာလျှံကာ အဘယ်သို့ ပေးနိုင်မည်နည်း။

လူတို့သည် ဘုရားသခင်၏ စမ်းသပ်မှုများနှင့်ပတ်သက်၍ မကြာခဏ စိုးရိမ်ကြပြီး ကြောက်ရွံ့တတ်ကြသော်လည်း၊ ၎င်းတို့သည် စာတန်၏ ကျော့ကွင်းနှင့် စာတန် တိုက်ခိုက်မှုနှင့် နှိပ်စက်မှုတို့ကို ၎င်းတို့ခံရသည့် အန္တရာယ်များသော နယ်မြေထဲ၌ အချိန်တိုင်း အသက်ရှင်နေသည်- သို့သော် ၎င်းတို့သည် ကြောက်ရွံ့ရမှန်း မသိကြသကဲ့သို့ တုန်လှုပ်ချောက်ချားခြင်းလည်း မရှိပေ။ အဘယ်သို့ ဖြစ်ကုန်သနည်း။ ဘုရားသခင်၌ လူသား၏ ယုံကြည်ခြင်းသည် သူမြင်နိုင်သော အရာများအထိသာ ကန့်သတ်ထားပေသည်။ သူသည် လူသားအတွက် ဘုရားသခင်၏ ချစ်ခြင်းနှင့် ပူပန်ခြင်း သို့မဟုတ် လူသားအပေါ် သူ၏ကြင်နာမှုနှင့် စာနာထောက်ထားမှုတို့ကို အနည်းငယ်မျှ အသိအမှတ်ပြုခြင်း မရှိပေ။ သို့သော် ဘုရားသခင်၏ စမ်းသပ်မှုများ၊ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း၊ ဘုန်းအာနုဘော်နှင့် အမျက်ဒေါသတို့ နှင့်ပတ်သက်၍ အနည်းငယ် စိုးရိမ်ပူပင်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့အတွက်မူ၊ လူသားသည် ဘုရားသခင်၏ ကောင်းသော ရည်ရွယ်ချက်များအပေါ် အနည်းငယ်မျှ သိနားလည်မှု မရှိပေ။ စမ်းသပ်မှုများအကြောင်း ဖော်ပြရာတွင်၊ လူတို့သည် ဘုရားသခင်၌ ဖုံးကွယ်ထားသော ရည်မှန်းချက်များ ရှိသည့်အလား ထင်မြင်ကြပြီး၊ အချို့က ဘုရားသခင်သည် ၎င်းတို့ကို မည်သည့်အရာ အမှန်တကယ် ပြုမည်ကို မသိဘဲ၊ ဘုရားသခင်သည် မကောင်းသော အကြံအစည်များ သိုထားသည်ဟုပင် ယုံကြည်ကြလေသည်။ ထို့ကြောင့် ဘုရားသခင်၏ အချုပ်အခြာ အာဏာနှင့် အစီအစဉ်များကို နာခံသည်ဟု ကြွေးကြော် နေသည်နှင့်အမျှ တစ်ချိန်တည်းတွင်၊ အကယ်၍ ၎င်းတို့သည် သတိမထားပါက ဘုရားသခင်၏ လှည့်စားခြင်း ခံရကြမည်၊ အကယ်၍ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင် ကံကြမ္မာကို ဆက်လက်မဆုပ်ကိုင်ပါက၊ ၎င်းတို့၌ ရှိသမျှကို ဘုရားသခင် ရုပ်သိမ်းနိုင်ပြီး ၎င်းတို့၏ အသက်ပင်လျှင် အဆုံးသတ်နိုင်သည်ဟု ယုံကြည်ကြသည့်အတွက်၊ ၎င်းတို့သည် လူသားအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် လူသားအတွက် အစီအစဉ်များကို ခုခံရန်နှင့် ဆန့်ကျင်ရန် ၎င်းတို့ တတ်နိုင်သမျှကို လုပ်ဆောင်ကြလေသည်။ လူသားသည် စာတန်၏ စခန်းထဲ၌ ရှိသော်လည်း၊ သူသည် စာတန်အားဖြင့် နှိပ်စက်ခံရခြင်းအကြောင်းကို တစ်ကြိမ်တစ်ခါမျှ စိုးရိမ်ပူပန်ခြင်း မရှိသကဲ့သို့၊ သူသည် စာတန်၏ နှိပ်စက်ခြင်းကို ခံရသော်လည်း၊ စာတန်၏ ဖမ်းဆီးချုပ်နှောင်ခြင်း ခံရမည်ကို တစ်ကြိမ်တစ်ခါမျှ ကြောက်ရွံ့ခြင်း မရှိပေ။ သူသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို

လက်ခံသည်ဟု ဆိုမြဲဆိုနေသော်လည်း၊ ဘုရားသခင်ကို ယုံကြည်ခြင်း သို့မဟုတ် ဘုရားသခင်သည် စာတန်၏ လက်ခုပ်မှလူသားကို အမှန်တကယ် ကယ်တင်လိမ့်မည်ဟု မည်သည့်အခါမျှ ယုံကြည်ခြင်း မရှိပေ။ အကယ်၍ လူသားသည် ယောဘကဲ့သို့ ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုများနှင့် အစီအစဉ်များကို ကျိုးနွံနာခံနိုင်ပြီး သူ၏ ဖြစ်တည်မှုတစ်ခုလုံးကို ဘုရားသခင်၏ လက်ထဲသို့ ပေးအပ်နိုင်ပါက၊ လူသား၏ အဆုံးသတ်သည် ယောဘ၏ အဆုံးသတ်ကဲ့သို့ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို လက်ခံရရှိခြင်းနှင့် တူညီလိမ့်မည် မဟုတ်လော။ အကယ်၍ လူသားသည် ဘုရားသခင်၏ အုပ်စိုးမှုကို လက်ခံကာ ကျိုးနွံနာခံနိုင်ပါက၊ ဆုံးရှုံးရန်အကြောင်း အဘယ်ရှိသနည်း။ ထို့ကြောင့်၊ သင်တို့အား သင်တို့၏ လုပ်ရပ်များတွင် ဂရုစိုက်ရန်နှင့် သင်တို့အပေါ် ရောက်လာတော့မည့် အရာရာတိုင်းအပေါ် သတိရှိရန် ငါအကြံပြုသည်။ မဆင်မခြင် သို့မဟုတ် စိတ်လိုက်မာန်ပါ မပြုကြနှင့်၊ ပြီးလျှင် ဘုရားသခင်နှင့် သင့်အတွက် သူ စီစဉ်ပြီးဖြစ်သော လူများ၊ ကိစ္စရပ်များ၊ အရာဝတ္ထုများအပေါ် သင်၏ ပူသောသွေး သို့မဟုတ် သင်၏ သဘာဝဖြစ်ခြင်းပေါ် မူတည်၍ သို့မဟုတ် သင်၏ စိတ်ကူးများနှင့် အယူအဆများအတိုင်း မဆက်ဆံနှင့်။ သင်တို့သည် ဘုရားသခင်၏ အမျက်ဒေါသအား လှုံ့ဆော်မိခြင်းကို ရှောင်ရှားရန် သင်တို့၏ လုပ်ရပ်များ၌ သတိရှိရမည် ဖြစ်ပြီး ဆုတောင်းကာ သာ၍ ရှာဖွေရမည် ဖြစ်သည်။ ဤအရာကို အောက်မေ့လော့။

ဆက်လက်၍ သူ၏စမ်းသပ်မှုများပြီးသည့်နောက်တွင် ယောဘသည် မည်သို့ ဖြစ်ခဲ့သည်ကို ငါတို့ ကြည့်ကြမည်။

၅။ သူ၏စမ်းသပ်မှုများပြီးသည့်နောက် ယောဘ

ယောဘ ၄၂:၇-၉ ထိုသို့ ယေဟောဝါက ယောဘကို ဤစကားများ မိန့်တော်မူပြီးလျှင်၊ တေမန်လူမျိုး ဧလိဖတ်အား ယေဟောဝါက၊ သင်နှင့် သင်၏ မိတ်ဆွေနှစ်ဦးတို့တဘက်၌ ငါသည် အမျက်ထွက်၏၊ အဘယ်ကြောင့်ဆိုသော် ငါ့ကျွန်ယောဘကဲ့သို့ သင်တို့သည် ငါ့အကြောင်းကို မှန်ကန်စွာ ပြောဆိုခြင်းမရှိကြ၊ သို့ဖြစ်၍ ယခု သင်တို့နှင့်အတူ နွားထီးခုနစ်ကောင်နှင့် သိုးခုနစ်ကောင်ကို ယူ၍ ငါ့ကျွန်ယောဘထံသို့ သွားပြီးလျှင် ကိုယ်အဘို့ မီးရှို့ရာယဇ်ကို ပူဇော်ကြလော့။ ငါ၏ကျွန်ယောဘသည် သင်တို့အဘို့ ဆုတောင်းပတ္ထနာပြုရလိမ့်မည်၊ ငါသည် သူ့အတွက်ကြောင့် လက်ခံမည်။ သင်တို့သည် ငါ့ကျွန်ယောဘကဲ့သို့ ငါ့အကြောင်း မှန်သောအရာကို မပြောကြသည့် အကြောင်းကြောင့် ငါသည် သင်တို့၏ မိုက်မဲခြင်းနှင့် ပတ်သက်၍ ရိုက်နှက်ဆုံးမမည်ကို စိုးရိမ်စရာရှိ၏ဟု မိန့်တော်မူ၏။ ထို့ကြောင့် တေမန်လူမျိုး ဧလိဖတ်နှင့် ရှုအာလူမျိုး ဗိလဒဒ်၊ နေမတ်လူမျိုး

ဇောဖာတို့သည် ထွက်သွား၍ သူတို့အား ယေဟောဝါ မှာထားတော်မူသည်နှင့်အညီ လုပ်ဆောင်ကြ၏။ ယေဟောဝါသည်လည်း ယောဘကို လက်ခံတော်မူ၏။

ယောဘ ၄၂:၁၀ ယောဘသည် မိမိအဆွေတို့အဘို့ ဆုတောင်းပတ္ထနာပြုသောအခါ ယေဟောဝါသည် သူခံရသော ဒုက္ခကို လွတ်ငြိမ်းစေခဲ့ပြီး ယခင်က သူပိုင်ဆိုင်ခဲ့သမျှ ဥစ္စာ၏ နှစ်ဆကို ယေဟောဝါ ပေးတော်မူ၏။

ယောဘ ၄၂:၁၂ ထိုသို့ ယေဟောဝါသည် ယောဘ၏ နောက်ပိုင်းအဆုံးသတ်ကို သူ၏အစပိုင်းထက်သာ၍ ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည် သိုးတစ်သောင်းလေးထောင်၊ ကုလားအုတ်ခြောက်ထောင်၊ နွားရှဉ်းတစ်ထောင်နှင့် မြည်းမတစ်ထောင်တို့ကို ရခဲ့လေသည်။

ယောဘ ၄၂:၁၇ အသက်ကြီးရင့်၍ နေ့ရက်ကာလနှင့် ကြွယ်ဝသော်၊ အနိစ္စ ရောက်လေ၏။

**ဘုရားသခင်ကို ကြောက်ရွံ့ကာ မကောင်းမှု ရှောင်ကြဉ်သောသူများကို ဘုရားသခင်သည် ချစ်ခင်မြတ်နိုးမှုဖြင့် ကြည့်ရှုသော်လည်း၊ မိုက်မဲသောသူများကို အရေးမပါသူများအဖြစ် ဘုရားသခင် မြင်၏**

ယောဘ ၄၂:၇-၉ တွင် ဘုရားသခင်က ယောဘသည် သူ၏ အစေခံဖြစ်သည်ဟု ဆိုထားသည်။ ယောဘကို ရည်ညွှန်းဖို့ "အစေခံ" ဟူသော ဝေါဟာရကို သူ၏အသုံးပြုခြင်းသည် သူ၏ စိတ်နှလုံးထဲ၌ ယောဘ၏ အရေးပါမှုကို ထင်ရှားစေသည်။ ဘုရားသခင်သည် ယောဘအား သာ၍ တန်ဖိုးထားသော အရာတစ်ခုအဖြစ် မခေါ် ခဲ့သော်လည်း၊ ဤအမည်နာမသည် ဘုရားသခင်၏ စိတ်နှလုံးအတွင်းရှိ ယောဘ၏ အရေးပါခြင်းနှင့် ဆက်စပ်မှု မရှိခဲ့ပေ။ ဤနေရာတွင် "အစေခံ" ဟူသည်မှာ ယောဘအတွက် ဘုရားသခင်ပေးသည့် ချစ်စနိုးအမည် ဖြစ်သည်။ "ငါ့ကျွန်ယောဘ" ဟူ၍ ဘုရားသခင်၏ ကြိမ်ဖန်များစွာ ရည်ညွှန်းချက်များက ဘုရားသခင်သည် ယောဘနှင့်ပတ်သက်၍ မည်မျှ ကျေနပ် အားရခဲ့သည်ကို ပြသပြီး၊ "အစေခံ" ဟူသော စကားလုံး နောက်ကွယ်မှ အဓိပ္ပာယ်ကို ဘုရားသခင် မပြောခဲ့သော်လည်း၊ "အစေခံ" ဟူသော စကားလုံးနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သမ္မာကျမ်း၏ ဤကျမ်းပိုဒ်ထဲရှိ သူ၏ နှုတ်ကပတ်တော်များမှ မြင်နိုင်ပေသည်။ တေမန်အမျိုးသား ဧလိဖတ်အား ဘုရားသခင်က၊ "သင်နှင့် သင်၏ မိတ်ဆွေနှစ်ဦးတို့တဘက်၌ ငါသည် အမျက်ထွက်၏၊ အဘယ်ကြောင့်ဆိုသော် ငါ့ကျွန်ယောဘကဲ့သို့ သင်တို့သည် ငါ့အကြောင်းကို မှန်ကန်စွာ ပြောဆိုခြင်းမရှိကြ။" ဟူ၍ ဦးစွာ ဆိုခဲ့သည်။ ဤနှုတ်ကပတ်တော်များမှာ

ယောဘနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ စမ်းသပ်မှုများပြီးသည့်နောက် ယောဘ ပြောခဲ့သမျှနှင့် ပြုခဲ့သမျှအားလုံးကို ဘုရားသခင်က သူလက်ခံကြောင်း ပထမဆုံးအကြိမ် လူတို့အား ပွင့်ပွင့်လင်းလင်း ပြောခဲ့ခြင်းဖြစ်ပြီး၊ ယောဘ ပြုခဲ့ပြီးသမျှနှင့် ပြောခဲ့ပြီးသမျှ၏ တိကျမှုနှင့် မှန်ကန်မှုကို ပထမဆုံးအကြိမ် ပွင့်ပွင့်လင်းလင်း သူအတည်ပြုခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင်သည် ဧလိဖတ်နှင့် အခြားသူများအား ၎င်းတို့၏ မဟုတ်မှန်သော၊ အဓိပ္ပာယ်မရှိသော အပြောကြောင့်၊ ၎င်းတို့သည် ယောဘကဲ့သို့ ဘုရားသခင်၏ ပုံသဏ္ဍာန်ကို မမြင်နိုင်ခဲ့ကြသောကြောင့် သို့မဟုတ် ၎င်းတို့၏ အသက်တာများထဲ၌ သူပြောခဲ့သော နှုတ်ကပတ်တော်များကို မကြားနိုင်ခဲ့ကြကြောင့် အမျက် ထွက်ခဲ့သော်လည်း၊ ယောဘသည် ဘုရားသခင်နှင့် သက်ဆိုင်သည့် အင်မတန် တိကျမှန်ကန်သော အသိတစ်ခု ရှိခဲ့သည်၊ ၎င်းတို့မှာမူ ဘုရားသခင်၏အလိုကို စော်ကားကာ ၎င်းတို့ပြုခဲ့သမျှအားလုံး ဘုရားသခင်၏ စိတ်ရှည်ခြင်းကို စမ်းသပ်ရင်း၊ ဘုရားသခင် အကြောင်းကို ကျိုးကြောင်းမမြင်ဘဲ မှန်းဆရုံ မှန်းဆနိုင်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့်၊ ယောဘပြုခဲ့သမျှနှင့် ပြောခဲ့သမျှအားလုံးကို လက်ခံသည်နှင့်အမျှ တစ်ချိန်တည်းတွင်၊ ဘုရားသခင်သည် အခြားသူများအပေါ် အမျက်ထွက်လာခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ထဲ၌ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် သက်ဆိုင်သည့် လက်တွေ့အရှိတရား တစ်ခုတစ်လေမျှ မမြင်နိုင်ခဲ့ဘဲ၊ ၎င်းတို့ ပြောခဲ့သော အရာထဲတွင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်း နှင့်သက်ဆိုင်သည့် မည်သည့်အရာကိုမျှ မကြားခဲ့ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်က ၎င်းတို့အား ဆက်လက်၍ အောက်ပါ တောင်းဆိုချက်ကို ပြုခဲ့လေသည်- "သို့ဖြစ်၍ ယခု သင်တို့နှင့်အတူ နွားထီးခုနစ်ကောင်နှင့် သိုးခုနစ်ကောင်ကို ယူ၍ ငါ့ကျွန်ယောဘထံသို့ သွားပြီးလျှင် ကိုယ်အဘို့ မီးရှို့ရာယဇ်ကို ပူဇော်ကြလော့။ ငါ၏ကျွန်ယောဘသည် သင်တို့အဘို့ ဆုတောင်းပတ္ထနာပြုရလိမ့်မည်၊ ငါသည် သူ့အတွက်ကြောင့် လက်ခံမည်။…ငါသည် သင်တို့၏ မိုက်မဲခြင်းနှင့် ပတ်သက်၍ ရိုက်နှက်ဆုံးမမည်ကို စိုးရိမ်စရာရှိ၏။" ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် ဧလိဖတ်နှင့် အခြားသူတို့အား ၎င်းတို့၏ မိုက်မဲမှုသည် ယေဟောဝါဘုရားသခင်အား ဆန့်ကျင်ပြစ်မှားသည့် အပြစ်တစ်ခု ဖြစ်ခဲ့သည့်အတွက် ၎င်းတို့၏အပြစ်များမှ ရွေးနုတ်မည့် အရာတစ်စုံတစ်ခုကိုပြုရန် ပြောနေခြင်းဖြစ်ပြီး၊ ထိုသို့ဖြင့် ၎င်းတို့သည် ၎င်းတို့၏ အမှားများကို ကုစားရန်အလို့ငှာ မီးရှို့ရာယဇ်များကို ပူဇော်ခဲ့ကြရသည်။ မီးရှို့ရာယဇ်များကို မကြာခဏ ဘုရားသခင်ထံ ပူဇော်ရသော်လည်း၊ ဤမီးရှို့ရာယဇ်များနှင့်ပတ်သက်၍ တစ်မူထူးခြားသော အရာမှာ ထိုယဇ်များကို ယောဘအား ပူဇော်ခဲ့ခြင်းပင် ဖြစ်သည်။ ယောဘသည် သူ၏စမ်းသပ်မှုများ အတောအတွင်းတွင်

ဘုရားသခင်ကို သက်သေခံခဲ့ခြင်းကြောင့် သူ့ကို ဘုရားသခင် လက်ခံခဲ့သည်။ ထိုစဉ်အတောအတွင်းတွင် ယောဘ၏ ဤမိတ်ဆွေများသည် သူစမ်းသပ်မှုများအတောအတွင်းတွင် ဖော်ထုတ် ခံခဲ့ကြရလေသည်။ ၎င်းတို့၏ မိုက်မဲမှုကြောင့် ၎င်းတို့သည် ဘုရားသခင်၏ ရှုတ်ချခြင်းကို ခံခဲ့ရပြီး၊ ဘုရားသခင်၏ အမျက်ဒေါသကို ၎င်းတို့ နှိုးဆွခဲ့ကာ ဘုရားသခင်၏ အပြစ်ပေးခြင်းကို ခံသင့်ပေသည်- ယောဘ၏ ရှေ့တွင် မီးရှို့ရာယဇ်များကို ပြုလုပ်ခြင်းဖြင့် အပြစ်ပေးခံရသင့်သည်- ယင်းနောက် ယောဘသည် ၎င်းတို့အပေါ် ဘုရားသခင်၏ အပြစ်ပေးခြင်းနှင့် အမျက်ဒေါသကို ပပျောက်စေရန် ဆုတောင်းခဲ့လေသည်။ ၎င်းတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်သောလူများ မဟုတ်သကဲ့သို့၊ ယောဘ၏ တည်ကြည်မှုကို ၎င်းတို့ ပြစ်တင်ရှုတ်ချခဲ့ပြီး ဖြစ်သည့်အတွက်၊ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ၎င်းတို့ကို အရှက်ရစေရန် ဖြစ်သည်။ တစ်ဖက်တွင် ဘုရားသခင်သည် ၎င်းတို့၏ လုပ်ရပ်များကို လက်မခံသော်လည်း၊ ယောဘကို လွန်စွာ လက်ခံပြီး ကျေနပ်အားရသည်ကို ၎င်းတို့အား ပြောပြနေခဲ့ခြင်း ဖြစ်သည်။ အခြားတစ်ဖက်တွင် ဘုရားသခင်၏လက်ခံခြင်းကို ခံရခြင်းသည် ဘုရားသခင်၏ရှေ့သို့ လူသားကို မြှင့်တင်ပေးကြောင်း၊ လူသားသည် သူ၏ မိုက်မဲမှုကြောင့် ဘုရားသခင်၏ စက်ဆုပ်ရွံရှာခြင်းကို ခံရကြောင်း၊ ပြီးလျှင် မိုက်မဲမှုကြောင့် ဘုရားသခင်ကို ပြစ်မှားမိကာ ဘုရားသခင်၏ အမြင်တွင် အောက်တန်းကျပြီး ဆိုးညစ်ကြောင်း ပြောပြနေခဲ့ခြင်း ဖြစ်သည်။ ဤသည်တို့မှာ လူအမျိုးအစား နှစ်မျိုးနှင့် သက်ဆိုင်သည့် ဘုရားသခင် ပေးခဲ့သော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ဖြစ်သည်၊ ယင်းတို့သည် ဤလူအမျိုးအစား နှစ်မျိုးအပေါ် ဘုရားသခင်၏ သဘောထားများဖြစ်ပြီး ယင်းတို့မှာ ဤလူအမျိုးအစား နှစ်မျိုး၏ တန်ဖိုးနှင့် အဆင့်အတန်းကို ဘုရားသခင်၏ ရှင်းလင်းစွာ ပြောဆိုခြင်း ဖြစ်သည်။ ဘုရားသခင်သည် ယောဘအား သူ၏အစေခံဟု ခေါ် ခဲ့သော်လည်း၊ ဘုရားသခင်၏အမြင်တွင် ဤအစေခံမှာ ချစ်လှစွာသောသူဖြစ်ခဲ့ပြီး အခြားသူများအတွက် ဆုတောင်းပေးရန်နှင့် ၎င်းတို့၏ အမှားများကို ခွင့်လွှတ်ရန် သြဇာအာဏာ ပေးအပ်ခံခဲ့ရသောသူ ဖြစ်သည်။ ဤအစေခံသည် ဘုရားသခင်ကို တိုက်ရိုက် စကားပြောနိုင်ပြီး ဘုရားသခင်ရှေ့သို့ တိုက်ရိုက် လာရောက်နိုင်ခဲ့သည်၊ ပြီးလျှင် သူ၏ အဆင့်အတန်းသည် အခြားသူများ၏ အဆင့်အတန်းထက် သာ၍မြင့်မားပြီး သာ၍ ဂုဏ်သရေရှိခဲ့သည်။ ဤသည်မှာ ဘုရားသခင် ပြောခဲ့သော “အစေခံ” ဟူသည့် စကားလုံး၏ စစ်မှန်သော အဓိပ္ပာယ်ဖြစ်သည်။ ယောဘသည် ဘုရားသခင်အပေါ် သူ၏ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းကြောင့် ဤအထူးဂုဏ်သရေကို ပေးအပ်ခံခဲ့ရပြီး အခြားသူများကို ဘုရားသခင်က အစေခံများဟူ၍ မခေါ် ခဲ့သည့် အကြောင်းရင်းမှာ

၎င်းတို့သည် ဘုရားသခင်ကို မကြောက်ရွံ့ခဲ့သကဲ့သို့ မကောင်းမှုကို မရှောင်ကြဉ်ခဲ့သောကြောင့် ဖြစ်သည်။ သိသိသာသာ ကွဲပြားသော ဘုရားသခင်၏ ဤသဘောထား နှစ်ခုသည် လူအမျိုးအစား နှစ်မျိုးအပေါ် သူ၏သဘောထားများဖြစ်သည်- ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သော သူများသည် ဘုရားသခင်၏ လက်ခံခြင်းခံရပြီး၊ သူ၏အမြင်တွင် အဖိုးတန်သကဲ့သို့ အမြင်ခံရသော်လည်း၊ မိုက်မဲသောသူတို့သည် ဘုရားသခင်ကို မကြောက်ရွံ့ကြ၊ မကောင်းမှုကို ရှောင်နိုင်စွမ်း မရှိကြသကဲ့သို့၊ ဘုရားသခင်၏ မျက်နှာသာပေးမှုကို မရနိုင်ကြပေ။ ၎င်းတို့သည် ဘုရားသခင်၏ စက်ဆုပ်ရွံရှာမှုနှင့် ရှုတ်ချခြင်းကို မကြာခဏခံရပြီး ဘုရားသခင်၏ အမြင်တွင် အရေးမပါကြပေ။

**ဘုရားသခင် ယောဘအပေါ် သြဇာအာဏာ အပ်နှင်းသည်**

ယောဘသည် သူ၏မိတ်ဆွေများအတွက် ဆုတောင်းပေးခဲ့ပြီး၊ ထို့နောက် ယောဘ၏ ဆုတောင်းချက်များကြောင့် ဘုရားသခင်သည် ၎င်းတို့၏ မိုက်မဲမှုနှင့် သင့်လျော်သည့်အတိုင်း ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းခဲ့ခြင်း မရှိပေ- သူသည် ၎င်းတို့အား အပြစ်မပေးခဲ့ပေ သို့မဟုတ် ၎င်းတို့အပေါ် ဒဏ်ခတ်ခြင်းတစ်ခုတစ်လေ မရောက်စေခဲ့ပေ။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အတွက် ပြုလုပ်သော ဘုရားသခင်၏ အစေခံ ယောဘ၏ ဆုတောင်းချက်များသည် ဘုရားသခင်၏နားသို့ ရောက်ရှိ ခဲ့သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ယောဘ၏ ဆုတောင်းချက်များကို လက်ခံခဲ့သောကြောင့်၊ ၎င်းတို့အား ခွင့်လွှတ်ခဲ့ခြင်း ဖြစ်သည်။ သို့ဆိုလျှင် ဤအရာ၌ မည်သည့်အရာကို ငါတို့ မြင်ရသနည်း။ ဘုရားသခင်သည် တစ်စုံတစ်ဦးကို ကောင်းချီးပေးသောအခါ၊ သူသည် ၎င်းတို့အား ဆုလာဘ် များစွာ ပေးပြီး၊ ရုပ်ဝတ္ထုပစ္စည်းများသာ မဟုတ်ခဲ့ပေ- ဘုရားသခင်သည် ၎င်းတို့အား သြဇာအာဏာကိုလည်းပေးပြီး အခြားသူများအတွက် ဆုတောင်းပေးရသည့်အခွင့်ကို ၎င်းတို့အား ပေးသည်၊ ပြီးလျှင် ဘုရားသခင်သည် ဤဆုတောင်းချက်များကို နားညောင်းသောကြောင့် ထိုလူတို့၏ ပြစ်မှားခြင်းများကို မအောက်မေ့ဘဲ လျစ်လျူရှုလေသည်။ ဤသည်မှာ ယောဘအား ဘုရားသခင် ပေးခဲ့သော တကယ့် သြဇာအာဏာ ဖြစ်သည်။ ၎င်းတို့၏ ပြစ်ဒဏ်ကို ရပ်တန့်ရန်ဖြစ်သည့် ယောဘ၏ ဆုတောင်းချက်များ မှတစ်ဆင့်၊ ယေဟောဝါ ဘုရားသခင်သည် ထိုမိုက်မဲသော လူများကို အရှက်ရစေခဲ့သည်- ယင်းမှာ ဧလိဖတ်နှင့် အခြားသူများအတွက် သူ၏ အထူး အပြစ်ဒဏ်ပေးခြင်း အမှန်ဖြစ်ခဲ့ပေသည်။

**ယောဘသည် ဘုရားသခင်၏ ကောင်းချီးပေးခြင်းကို နောက်တစ်ဖန် ခံစားရပြီး စာတန်၏**

## စွပ်စွဲခြင်းကို ဘယ်သောအခါမျှ တစ်ဖန် မခံရပေ။

ယေဟောဝါဘုရား၏ မိန့်မြွက်ချက်များထဲမှ နှုတ်ကပတ်တော်များမှာ “အဘယ်ကြောင့်ဆိုသော် ငါ့ကျွန် ယောဘကဲ့သို့ သင်တို့သည် ငါ့အကြောင်းကို မှန်ကန်စွာ ပြောဆိုခြင်းမရှိကြ။” ဟူ၍ဖြစ်သည်။ ယောဘ ပြောခဲ့ပြီးသော အရာမှာ အဘယ်အရာ ဖြစ်သနည်း။ ယင်းမှာ ယခင်က ငါတို့ပြောခဲ့သော အရာအပြင်၊ ယောဘ ပြောခဲ့သည်ဟူ၍ မှတ်တမ်းတင်ထားသည့် ယောဘဝတ္ထုထဲမှ များစွာသော စာမျက်နှာများပေါ် ရှိ နှုတ်ကပတ်တော်များ ဖြစ်သည်။ များစွာသော ဤစာမျက်နှာပေါ် ရှိ နှုတ်ကပတ်တော်များအားလုံးတွင် ယောဘသည် ဘုရားသခင်နှင့် ပတ်သက်၍ မည်သည့်အခါတွင်မျှ ညည်းတွားခြင်း တစ်ခုတစ်လေ သို့မဟုတ် ဒွိဟဖြစ်ခြင်းများ မရှိခဲ့ပေ။ သူသည် ရလဒ်ကိုသာ စောင့်ဆိုင်းလေ၏။ သူ၏ နာခံသော သဘောထားမှာ ဤစောင့်ဆိုင်းခြင်းဖြစ်ပြီး ယင်း၏ အကျိုးဆက်အနေဖြင့်၊ ပြီးလျှင် ဘုရားသခင်အား သူပြောခဲ့သော စကားများ၏ အကျိုးဆက်အနေဖြင့်၊ ယောဘသည် ဘုရားသခင်၏ လက်ခံခြင်းကို ခံခဲ့ရလေသည်။ သူသည် စမ်းသပ်မှုများကို သည်းခံပြီး အခက်အခဲများကို ခံစားခဲ့ရချိန်တွင်၊ ဘုရားသခင်သည် သူ၏နံဘေး၌ ရှိခဲ့ပြီး၊ သူ၏ အခက်အခဲသည် ဘုရားသခင်၏ မျက်မှောက်ကြောင့် မလျော့ပါးခဲ့သော်လည်း၊ ဘုရားသခင်သည် သူမြင်လိုသော အရာကို မြင်ခဲ့ရပြီး သူကြားလိုသော အရာကို ကြားခဲ့ရသည်။ ယောဘ၏ လုပ်ဆောင်မှုများနှင့် စကား တစ်ခွန်းတိုင်းသည် ဘုရားသခင်၏ နားနှင့် မျက်စိရှေ့ ရောက်ရှိခဲ့သည်။ ဘုရားသခင် မြင်ခဲ့၊ ကြားခဲ့သည်- ဤသည်မှာ အမှန်တရား ဖြစ်သည်။ ဘုရားသခင်နှင့် သက်ဆိုင်သည့် ယောဘ၏ အသိနှင့် ထိုအချိန်က သူ၏ စိတ်နှလုံးထဲက ဘုရားသခင်နှင့်ပတ်သက်သည့် သူ၏အတွေးများမှာ ထိုကာလအတောအတွင်းတွင် ယနေ့ လူများ၏ အတွေးများလောက် အမှန်တကယ် အတိအကျ မဖြစ်ခဲ့ပေ၊ သို့သော် ခေတ်ကာလနှင့် ဆက်စပ်စဉ်းစားရာ၌၊ ယောဘ၏ အပြုအမူနှင့် သူ၏ စိတ်နှလုံးထဲမှ အတွေးများအပြင် သူဖော်ပြခဲ့ပြီး ထုတ်ဖော်ပြခဲ့ပြီးသည့် အရာတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များအတွက် လုံလောက်ခဲ့သောကြောင့် သူပြောခဲ့သမျှကို ဘုရားသခင် အသိအမှတ်ပြုဆဲ ဖြစ်ခဲ့လေသည်။ စမ်းသပ်မှုများကို ယောဘခံခဲ့ရသည့် အချိန်အတောအတွင်းတွင်၊ သူ၏ စိတ်နှလုံးထဲ၌ စဉ်းစားခဲ့ပြီး လုပ်ဆောင်ရန် စိတ်ဆုံးဖြတ်ခဲ့သည့် အရာက ဘုရားသခင်အတွက် ကျေနပ်ဖွယ်ဖြစ်ခဲ့သည့် ရလဒ်တစ်ခုကို ဘုရားသခင်အား ပြခဲ့ပြီး၊ ဤအရာပြီးသည့်နောက်တွင် ဘုရားသခင်သည် ယောဘ၏ စမ်းသပ်မှုများကို ရုပ်သိမ်းခဲ့သည်၊ ယောဘသည် သူ၏ဒုက္ခဆင်းရဲများမှ ထွက်ပေါ်လာခဲ့ပြီး သူ၏ စမ်းသပ်မှုများ ကုန်လွန်ခဲ့ကာ သူ့အပေါ် မည်သည့်အခါတွင်မျှ တစ်ဖန်

မကျေရောက်တော့ပေ။ ယောဘသည် စမ်းသပ်မှုများကို ခံခဲ့ရနှင့်ပြီး ဖြစ်ကာ ဤစမ်းသပ်မှုများအတွင်းတွင် မြဲမြံစွာ ရပ်တည်ခဲ့ပြီး စာတန်အပေါ် လုံးလုံးလျားလျား အောင်နိုင်ခဲ့ပြီးဖြစ်သောကြောင့်၊ ဘုရားသခင်သည် သူ့ အလွန် တရားသဖြင့် ရသင့်ရထိုက်သော ကောင်းချီးမင်္ဂလာများကို သူ့အား ပေးခဲ့သည်။ ယောဘ ၄၂:၁၀၊ ၁၂ တွင် မှတ်တမ်းတင်ခဲ့သည်နှင့်အညီ ယောဘသည် နောက်ထပ်တစ်ဖန် ကောင်းချီးခံစားခဲ့ရပြီး ပထမ ဖြစ်စဉ်ထက် သာ၍ ကောင်းချီးမင်္ဂလာကို ခံစားခဲ့ရသည်။ ဤအချိန်တွင် စာတန်သည် နောက်ဆုတ်ခဲ့ပြီးဖြစ်ကာ မည်သည့်အရာကိုမျှ မပြောတော့ သို့မဟုတ် မပြုတော့သကဲ့သို့၊ ထိုအချိန်မှစ၍ ယောဘသည် စာတန်၏ နှောင့်ယှက်မှု သို့မဟုတ် တိုက်ခိုက်မှုကို မခံခဲ့ရတော့ပေ၊ ပြီးလျှင် စာတန်သည် ယောဘနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ဆန့်ကျင်၍ စွပ်စွဲချက်များကို မပြုခဲ့တော့ပေ။

## ယောဘသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများအလယ်တွင် သူ၏ အသက်တာ နှောင်းပိုင်းတစ်ဝက်ကို ကုန်လွန်သည်

ထိုအချိန်က ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများသည် သိုးများ၊ ကျွဲနွားတိရစ္ဆာန်၊ ကုလားအုပ်များ၊ ရုပ်ဝတ္ထုပိုင်ဆိုင်မှုများ၊ အစရှိသည်တို့အထိသာ ကန့်သတ်ခဲ့သော်လည်း၊ ဘုရားသခင်သည် သူ၏ စိတ်နှလုံးထဲ၌ ယောဘအပေါ် အပ်နှင်းလိုသော ကောင်းချီးမင်္ဂလာများမှာ ဤအရာထက် လွန်စွာပိုခဲ့လေသည်။ ထိုအချိန်တွင် ယောဘအား မည်ကဲ့သို့သော ထာဝရကတိများကို ဘုရားသခင် ပေးလိုခဲ့သည်ကို မှတ်တမ်းတင်ထားခဲ့ပါသလော။ ယောဘနှင့်သက်ဆိုင်သည့် သူ၏ကောင်းချီးမင်္ဂလာများထဲတွင် ဘုရားသခင်သည် ယောဘ၏ အဆုံးသတ်ကို ဖော်ပြခြင်း သို့မဟုတ် ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ပေ၊ ပြီးလျှင် ဘုရားသခင်၏ စိတ်နှလုံးအတွင်း၌ ယောဘသည် မည်သည့် အရေးပါမှု သို့မဟုတ် အနေအထား၌ ရှိသည်ကို ပဓာနမထားဘဲ၊ အချုပ်အားဖြင့် ဘုရားသခင်သည် သူ၏ကောင်းချီးမင်္ဂလာများတွင် အလွန် ချင့်ချင့်ချိန်ချိန် ရှိခဲ့သည်။ ဘုရားသခင်သည် ယောဘ၏ အဆုံးသတ်ကို မကြေညာခဲ့ပေ။ ဤသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။ ထိုအချိန်တွင် ဘုရားသခင်၏ အစီအစဉ်သည် လူသား၏ အဆုံးသတ်ကို ကြေညာသည့် အဆင့်အထိ မရောက်ခဲ့သေးချေ၊ ထိုအစီအစဉ်သည် ဘုရားသခင်၏ အမှု နောက်ဆုံးအဆင့်ထဲသို့ ဝင်ရောက်ခဲ့သေးပေ၊ ဘုရားသခင်သည် လူသားအပေါ် ရုပ်ဝတ္ထု ကောင်းချီးမင်္ဂလာများ ပေးအပ်ရုံမျှ ပေးအပ်ရင်း၊ အဆုံးသတ်ကို ဖော်ပြခဲ့ခြင်း မရှိပေ။ ဤအရာ ဆိုလိုသည်မှာ ယောဘ၏ အသက်တာ နှောင်းပိုင်းတစ်ဝက်သည် ဘုရားသခင်၏

ကောင်းချီးမင်္ဂလာများ အလယ်၌ ကုန်လွန်ခဲ့ပြီး ယင်းက သူ့အား အခြားလူများနှင့် ကွဲပြားစေခဲ့သည်- သို့သော် ၎င်းတို့နည်းတူ သူသည် အသက်အိုမင်းခဲ့ပြီး အခြားပုံမှန်လူတစ်ဦး ကဲ့သို့ပင်၊ လောကကြီးအား နှုတ်ဆက်သည့် နေ့ရက်အချိန်အခါ ရောက်လာခဲ့လေသည်။ ထို့ကြောင့် "အသက်ကြီးရင့်၍ နေ့ရက်ကာလနှင့် ကြွယ်ဝသော်၊ အနိစ္စ ရောက်လေ၏။" (ယောဘ ၄၂:၁၇) ဟူ၍ မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ဤနေရာတွင် "နေ့ရက်ကာလနှင့် ကြွယ်ဝသော် အနိစ္စ ရောက်လေ၏။" ဟူသောအရာ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ လူတို့၏ အဆုံးသတ်ကို ဘုရားသခင် မကြေညာမီခေတ်တွင်၊ ဘုရားသခင်သည် ယောဘအတွက် သက်တမ်းတစ်ခုကို သတ်မှတ်ပေးခဲ့ပြီး အသက်အရွယ်စေ့သည့်အခါတွင်၊ သူသည် ယောဘအား ဤလောကထဲမှ သဘာဝအလျောက် ထွက်ခွာခွင့်ပေးခဲ့သည်။ ယောဘ၏ ဒုတိယအကြိမ် ကောင်းချီးမင်္ဂလာမှသည် သူ၏ သေဆုံးခြင်းအထိ၊ ဘုရားသခင်သည် နောက်ထပ် မည်သည့် အခက်အခဲကိုမျှ ထပ်မဖြည့်ခဲ့ပေ။ ဘုရားသခင်အဖို့၊ ယောဘ၏ သေခြင်းသည် သဘာဝအလျောက်ဖြစ်ပြီး လိုလည်းလိုအပ်ခဲ့သည်။ ယင်းမှာ အလွန် ပုံမှန် ဖြစ်သော အရာတစ်ခု ဖြစ်ပြီး၊ တရားစီရင်ခြင်း မဟုတ်သကဲ့သို့ ရှုတ်ချခြင်းတစ်ခုလည်း မဟုတ်ခဲ့ပေ။ ယောဘသည် သူအသက်ရှင်စဉ်တွင် ဘုရားသခင်ကို ကိုးကွယ်ပြီး ကြောက်ရွံ့ခဲ့သည်။ သူသေဆုံးပြီးနောက် မည်သည့် အဆုံးသတ်မျိုး သူ ရှိခဲ့သည်နှင့် စပ်လျဉ်း၍ ဘုရားသခင်သည် မည်သည့်အရာကိုမျှ မပြောခဲ့သကဲ့သို့၊ ယင်းနှင့်ပတ်သက်၍ မည်သည့် မှတ်ချက်မျှလည်း မပြုခဲ့ပေ။ ဘုရားသခင်သည် သူပြောသောအရာနှင့် ပြုသောအရာတို့တွင် အားကောင်းသည့် သင့်တင့်လျောက်ပတ်သော အသိစိတ်တစ်ခုရှိပြီး သူ၏ နှုတ်ကပတ်တော်များနှင့် လုပ်ရပ်များ၏ အကြောင်းအရာနှင့် နိယာမများသည် သူ့အမှု၏ အဆင့်နှင့် သူအမှုပြုနေသော အချိန်ကာလနှင့်အညီ ဖြစ်ပေသည်။ ယောဘကဲ့သို့ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ စိတ်နှလုံးထဲတွင် မည်ကဲ့သို့ အဆုံးသတ်မျိုး ရှိခဲ့ပါသနည်း။ ဘုရားသခင်သည် သူ၏ စိတ်နှလုံးထဲတွင် ဆုံးဖြတ်ချက် အမျိုးအစားတစ်ခုတစ်လေကို ချမှတ်ခဲ့ပြီး ဖြစ်သလော။ သူချမှတ်ခဲ့ပြီးသည်မှာ မှန်ပေ၏။ ယင်းမှာ လူသားသည် ဤအရာကို မသိခြင်းသာ ဖြစ်၏၊ ဘုရားသခင်သည် လူသားကို မပြောပြလိုသကဲ့သို့၊ လူသားကို ပြောပြခြင်းငှာ မည်သည့်ရည်ရွယ်ချက်မျှလည်း မရှိခဲ့ပေ။ ထို့ကြောင့် အပေါ်ယံအားဖြင့် ပြောရမည်ဆိုပါက၊ ယောဘသည် နေ့ရက်ကာလစေ့လျက် သေဆုံးခဲ့ပြီး ယင်းမှာ ယောဘ၏ အသက်တာ ဖြစ်ခဲ့ပေသည်။

**သူ၏ တစ်သက်တာအတောအတွင်းတွင် ယောဘ အသက်ရှင် နေထိုင်ခဲ့သည့် တန်ဖိုး**

ယောဘသည် တန်ဖိုးရှိသော အသက်တာတစ်ခုကို အသက်ရှင်ခဲ့သလော။ ယင်းတန်ဖိုးသည် အဘယ်မှာ ရှိခဲ့သနည်း။ သူသည် တန်ဖိုးရှိသော အသက်တာတစ်ခုဖြင့် အသက်ရှင်ခဲ့သည်ဟု အဘယ်ကြောင့် ဆိုရသနည်း။ လူသားအဖို့ မည်သည့်အရာသည် သူ၏တန်ဖိုးမှာ ဖြစ်ခဲ့သနည်း။ လူသား၏ ရှုထောင့်မှ ကြည့်ပါက၊ စာတန်နှင့် လောက လူများ၏ရှေ့တွင် ဘုရားသခင်အား ထူးကဲသော သက်သေခံချက်တစ်ခုကို သက်သေခံရာ၌ သူသည် ဘုရားသခင် ကယ်တင်ရန် အလိုရှိသော လူသားမျိုးနွယ်ကို ကိုယ်စားပြုခဲ့သည်။ သူသည် ဘုရားသခင်၏ ဖန်ဆင်းခံတစ်ဦး ဖြည့်ဆည်းသင့်သော တာဝန်ကို ဖြည့်ဆည်းခဲ့ပြီး ဘုရားသခင်ကို အမှီပြုခြင်းအားဖြင့် စာတန်ကို အောင်နိုင်ရန် လုံးဝ ဖြစ်နိုင်သည်ကို လူတို့အား မြင်ခွင့်ပေးရင်း၊ ဘုရားသခင် ကယ်တင်လိုသော သော သူအားလုံးအတွက် စံတစ်ခု ချမှတ်ကာ နမူနာတစ်ခုအဖြစ် အသက်ရှင်ခဲ့သည်။ ဘုရားသခင်အဖို့ သူ၏တန်ဖိုးမှာ အဘယ်အရာ ဖြစ်ခဲ့သနည်း။ ဘုရားသခင်အဖို့ ယောဘ အသက်တာ၏ တန်ဖိုးမှာ ဘုရားသခင်အား ကိုယ်စိတ်ချမ်းသာမှုနှင့် မွေ့လျော်စရာ တစ်စုံတစ်ခုကို ဆောင်ယူလာရင်း၊ ဘုရားသခင်ကို ကြောက်ရွံ့နိုင်စွမ်း၊ ကိုးကွယ်နိုင်စွမ်း၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သက်သေခံနိုင်စွမ်းနှင့် ချီးမွမ်းနိုင်စွမ်းတို့၌ တည်ရှိလေသည်။ ဘုရားသခင်အဖို့ ယောဘ အသက်တာ၏ တန်ဖိုးမှာ လူသားမျိုးနွယ်အလယ်၌ ဘုရားသခင်ကို ဘုန်းထင်ရှားစေရင်း၊ ဘုရားသခင်၏ စိတ်နှလုံးကို နှစ်သိမ့်စေကာ ဘုရားသခင်၏ စိတ်အားထက်သန်သော စိတ်နှလုံးကို ရလဒ်တစ်ခုအား ရှုမြင်စေပြီး မျှော်လင့်ချက်ကို မြင်စေရင်း၊ ယောဘသည် သူမသေဆုံးမီတွင် စမ်းသပ်မှုများကို မည်သို့ တွေ့ကြုံခံစားခဲ့ပြီး စာတန်အပေါ် အောင်နိုင်ခဲ့ကာ စာတန်နှင့် လောက လူတို့၏ ရှေ့၌ ဘုရားသခင်အား ထူးကဲသော သက်သေခံချက်ကို မည်သို့ သက်သေခံခဲ့သည် ဆိုသည့်အရာ၌လည်း တည်ရှိခဲ့သည်။ သူ၏သက်သေခံချက်သည် ဘုရားသခင်အဖို့ တစ်ဦးတစ်ယောက်၏ သက်သေခံချက်၌ မြဲမြံစွာ ရပ်တည်နိုင်စွမ်းနှင့် လူသားမျိုးနွယ်ကို ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု၌ ဘုရားသခင်၏ ကိုယ်စား စာတန်အား အရှုက်ရစေနိုင်ခြင်း အတွက် အစဉ်အလာတစ်ခုကို သတ်မှတ်ပေးခဲ့သည်။ ဤသည်မှာ ယောဘ အသက်တာ၏ တန်ဖိုး ဖြစ်သည် မဟုတ်လော။ ယောဘသည် ဘုရားသခင်၏ စိတ်နှလုံးကို နှစ်သိမ့်မှု ယူဆောင်ပေးခဲ့သည်၊ သူသည် ဘုရားသခင်အား ဘုန်းထင်ရှားခြင်းနှင့်သက်ဆိုင်သည့် ဝမ်းမြောက်ခြင်း အမြည်းတစ်ခုကို ပေးခဲ့ပြီး ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်အတွက် ဝမ်းမြောက်ဖွယ်ကောင်းသော အစပြုခြင်းတစ်ခုကို ပေးခဲ့သည်။ ဤအချိန်မှစ၍ ရှေ့လျှောက်၊ ယောဘ၏အမည်သည် ဘုရားသခင်ကို ဘုန်းထင်ရှားစေခြင်းအတွက် သင်္ကေတတစ်ခုနှင့် စာတန်အပေါ် လူသားမျိုးနွယ်၏ အောင်နိုင်မှု အမှတ်အသားတစ်ခု ဖြစ်လာခဲ့သည်။ သူ၏

ဘဝတစ်လျှောက်လုံး ယောဘ အသက်ရှင်နေထိုင်ခဲ့သည့် အရာအပြင် စာတန်အပေါ် သူ၏ ထူးခြားသော အောင်နိုင်မှုတို့သည် အစဉ်ထာဝရ ဘုရားသခင်၏ မြတ်နိုးခြင်းခံရမည်ဖြစ်ပြီး၊ သူ၏ စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသည် နောင်လာမည့် မျိုးဆက်များအားဖြင့် အမွန်အမြတ်ထားခံရကာ အတုယူခံရလိမ့်မည် ဖြစ်သည်။ သူသည် အပြစ်အနာအဆာကင်းပြီး တောက်ပသော ပုလဲလုံး တစ်လုံးကဲ့သို့ ဘုရားသခင်၏ အစဉ်ချစ်ခင်မြတ်နိုးခြင်းကို ထာဝရ ခံရမည်ဖြစ်ပြီး၊ သူသည် လူ၏ တန်ဖိုးထားခံရခြင်းငှာလည်း ထိုက်တန်ပေသည်။

ဆက်လက်၍၊ ပညတ်တော်ခေတ်အတွင်း ဘုရားသခင်၏ အမှုကို ကြည့်ကြပါစို့။

**ဃ။ ပညတ်တော်ခေတ်၏ စည်းမျဉ်းများ**

ပညတ်တော်ဆယ်ပါး

ယဇ်ပလ္လင် တည်ခြင်းအတွက် နိယာမများ

အစေခံများအပေါ် ဆက်ဆံခြင်းအတွက် စည်းမျဉ်းများ

ခိုးမှုနှင့် အလျော်ပေးခြင်းအတွက် စည်းမျဉ်းများ

ဥပုသ်နှစ် နှင့် ပွဲတော်သုံးခုကို ထိန်းသိမ်းခြင်း

ဥပုသ်နေ့အတွက် စည်းမျဉ်းများ

ပူဇော်သက္ကာများအတွက် စည်းမျဉ်းများ

မီးရှို့ရာယဇ်များ

ဘောဇဉ်ပူဇော်သက္ကာများ

မိတ်သဟာယယဇ်များ

အပြစ်ဖြေရာယဇ်များ

ဒုစရိုက်ဖြေရာယဇ်များ

ယဇ်ပုရောဟိတ်များ ပူဇော်သက္ကာဆက်ကပ်ခြင်းအတွက် စည်းမျဉ်းများ (အာရုန်နှင့် သူ၏ သားများ လိုက်နာရန် ညွှန်ကြားခံရသည်)

ယဇ်ပုရောဟိတ်များ၏ မီးရှို့ရာယဇ်များ

ယဇ်ပုရောဟိတ်များ၏ ဘောဇဉ်ပူဇော်သက္ကာများ

ယဇ်ပုရောဟိတ်များ၏ အပြစ်ဖြေရာယဇ်များ

ယဇ်ပုရောဟိတ်များ၏ ဒုစရိုက်ဖြေရာယဇ်များ

ယဇ်ပုရောဟိတ်များ၏ မိတ်သဟာယယဇ်များ

ယဇ်ပုရောဟိတ်များ ပူဇော်သက္ကာ မှီဝဲခြင်းအတွက် စည်းမျဉ်းများ

စင်ကြယ်သော တိရစ္ဆာန်များနှင့် မစင်ကြယ်သော တိရစ္ဆာန်များ (စား၍ရသည့် အကောင်များနှင့် မစားအပ်သည့် အကောင်များ)

သားဖွားပြီးသော အမျိုးသမီးများကို စင်ကြယ်စေခြင်းအတွက် စည်းမျဉ်းများ

နူနာစွဲခြင်းကို စစ်ဆေးခြင်းအတွက် စံနှုန်းများ

နူနာပျောက်ကင်းသောသူများအတွက် စည်းမျဉ်းများ

မစင်ကြယ်သောအိမ်များကို သန့်ရှင်းစေခြင်းအတွက် စည်းမျဉ်းများ

ပုံမှန်မဟုတ်သော ရိနာစွဲသောသူများအတွက် စည်းမျဉ်းများ

တစ်နှစ်တစ်ကြိမ် ကျင်းပရမည့် အပြစ်ဖြေရာနေ့

ကျွဲနွားတိရစ္ဆာန်နှင့် သိုးများကို သတ်ဖြတ်ခြင်းအတွက် စီရင်ထုံးဖွဲ့ချက်များ

တစ်ပါးအမျိုးသားများ၏ စက်ဆုပ်ဖွယ် အလေ့အထများ နောက်သို့ လိုက်လျှောက်ခြင်းအပေါ် တားမြစ်ချက် (သွေးရင်း စပ်ယှက်မှု မကျူးလွန်ရ၊ အစရှိသဖြင့်)

လူမျိုးတော် လိုက်နာရမည့် စည်းမျဉ်းများ ("သင်တို့၏ ဘုရားသခင် ငါယေဟောဝါသည် သန့်ရှင်းသောကြောင့် သင်တို့လည်း သန့်ရှင်းကြရမည်။")

မိမိတို့၏ သားသမီးများကို မောလုတ်ဘုရားအား ပူဇော်သောသူများကို ကွပ်မျက်ခြင်း

သူ့မယားကိုပြစ်မှားသော အပြစ်ကို အပြစ်ပေးခြင်းအတွက် စည်းမျဉ်းများ

ယဇ်ပုရောဟိတ်များ လိုက်နာရမည့် စီရင်ထုံးဖွဲ့ချက်များ (၎င်းတို့၏ နေ့စဉ် အပြုအမူအတွက်

စီရင်ထုံးဖွဲ့ချက်များ၊ သန့်ရှင်းသော အရာများကို စားသုံးခြင်းအတွက် စီရင်ထုံးဖွဲ့ချက်များ၊ ယဇ်ပူဇော်ခြင်းအတွက် စီရင်ထုံးဖွဲ့ချက်များနှင့် အစရှိသဖြင့်)

ကျင်းပရမည့် ပွဲတော်များ (ဥပုသ်နေ့၊ ပဿခါ၊ ပင်တေကုတ္တေ၊ အပြစ်ဖြေရာနေ့နှင့် အစရှိသဖြင့်)

အခြားသော စည်းမျဉ်းများ (ဆီမီးခုံများကို မီးထွန်းခြင်း၊ ယုဘိလနှစ်၊ မြေကို ရွေးနုတ်ခြင်း၊ သစ္စာကတိပြုခြင်း၊ ဆယ်ဖို့တစ်ဖို့ ပေးခြင်းနှင့် အစရှိသဖြင့်)

## ပညတ်တော်ခေတ်၏ စည်းမျဉ်းများမှာ လူသားမျိုးနွယ် တစ်ရပ်လုံးနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ လမ်းညွှန်ချက်၏ စစ်မှန်သော သက်သေ ဖြစ်သည်

သို့ဆိုလျှင် သင်တို့သည် ပညတ်ခေတ်၏ ဤစည်းမျဉ်းများနှင့် အခြေခံသဘောတရားများကို ဖတ်ခဲ့ပြီး ဖြစ်ပါသလော။ စည်းမျဉ်းများသည် များပြားသော အမျိုးအစားကို ခြုံငုံမိပါ၏လော။ ပထမဦးစွာ ၎င်းတို့သည် ပညတ်တော်ဆယ်ပါးကို ခြုံငုံသည်၊ ထို့နောက်တွင် ယဇ်ပလ္လင်များတည်ပုံနှင့် အစရှိသည်တို့အတွက် စည်းမျဉ်းများကို ခြုံငုံထားလေသည်။ ဤသည်တို့နောက်တွင် ဥပုသ်နေ့စောင့်ထိန်းခြင်းနှင့် ပွဲသုံးခုကျင်းပခြင်းကို စောင့်ထိန်းခြင်း အတွက် စည်းမျဉ်းများက လိုက်လာပြီး၊ ထို့နောက်တွင် ပူဇော်သက္ကာများအတွက် စည်းမျဉ်းများ ဖြစ်သည်။ ပူဇော်သက္ကာများ အမျိုးအစားမည်မျှရှိသည်ကို သင်တို့ မြင်ခဲ့သလော။ မီးရှို့ရာယဇ်များ၊ ဘောဇဉ်ပူဇော်သက္ကာများ၊ မိတ်သဟာယယဇ်များ၊ အပြစ်ဖြေရာယဇ်များ စသည်တို့ ရှိသည်။ ၎င်းတို့နောက်တွင် ယဇ်ပုရောဟိတ်များ၏ မီးရှို့ရာယဇ်များနှင့် ဘောဇဉ်ပူဇော်သက္ကာများ၊ ပြီးလျှင် အခြားသော ပူဇော်သက္ကာအမျိုးအစားများ အပါအဝင် ယဇ်ပုရောဟိတ်များ၏ ပူဇော်သက္ကာများအတွက် စည်းမျဉ်းများ ဖြစ်ကြသည်။ အဋ္ဌမမြောက်စည်းမျဉ်းတစ်စုံမှာ ယဇ်ပုရောဟိတ်များက ပူဇော်သက္ကာများကို စားသုံးခြင်းအတွက် ဖြစ်သည်။ ထို့နောက်တွင် လူတို့၏ အသက်တာများအတွင်း လိုက်နာသင့်သည့်အရာအတွက် စည်းမျဉ်းများ ရှိသည်။ ၎င်းတို့ စားအပ်သောအရာ သို့မဟုတ် မစားအပ်သောအရာအတွက်၊ သားဖွားပြီးသော အမျိုးသမီးများကို စင်ကြယ်စေခြင်းအတွက် စည်းမျဉ်းများနှင့် နူနာပျောက်ကင်းသော သူများအတွက် စည်းမျဉ်းများကဲ့သို့သော လူတို့၏ အသက်တာကဏ္ဍ များစွာအတွက် ပြဋ္ဌာန်းချက်များရှိသည်။ ဤစည်းမျဉ်းများထဲတွင်၊ ဘုရားသခင်သည် အနာရောဂါ အကြောင်းအထိ ပြောခဲ့ပြီး၊ သိုးများနှင့် ကျွဲနွားတိရစ္ဆာန်များကို သတ်ဖြတ်ခြင်းအတွက်

စီရင်ထုံးဖွဲ့ချက်များနှင့် အစရှိသည်တို့ပင် ရှိလေသည်။ သိုးများနှင့် ကျွဲနွားတိရစ္ဆာန်များကို ဘုရားသခင် ဖန်ဆင်းခဲ့ခြင်းဖြစ်ပြီး၊ သင်သည် ဘုရားသခင် သင့်အားပြောသည့် မည်သည့်နည်းဖြင့်မဆို ၎င်းတို့အား သတ်ဖြတ်သင့်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များအဖို့ အကြောင်းရင်း ရှိသည်မှာ သေချာသည်။ ဘုရားသခင် အမိန့်ပေးသည့်အတိုင်း ပြုမူရန်မှာ သေချာပေါက် မှန်ကန်ပြီး လူတို့ဖို့ ဧကန်မုချ အကျိုးရှိပေသည်။ ဥပုသ်နေ့၊ ပသခါနှင့် နောက်ထပ်ပွဲများ ကဲ့သို့သော လိုက်နာရမည့် ပွဲတော်များနှင့် စီရင်ထုံးဖွဲ့ချက်များလည်း ရှိသည်- ဘုရားသခင်သည် ဤအရာအားလုံးကို ပြောခဲ့လေသည်။ နောက်ဆုံး စည်းမျဉ်းများကို ကြည့်ကြစို့- ဆီမီးခုံများကို မီးထွန်းခြင်း၊ ယဘိလနှစ်၊ မြေကို ရွေးနုတ်ခြင်း၊ သစ္စာကတိပြုခြင်း၊ ဆယ်ဖို့တစ်ဖို့ပေးခြင်းနှင့် စသဖြင့်- အခြားသောစည်းမျဉ်းများ ဖြစ်သည်။ ဤစည်းမျဉ်းများသည် များပြားသော အမျိုးအစားကို ခြုံငုံမိပါသလော။ ပထမဆုံး ပြောရမည့်အရာမှာ လူတို့၏ ပူဇော်သက္ကာများနှင့်သက်ဆိုင်သည့် ကိစ္စရပ် ဖြစ်သည်။ ထို့နောက် ခိုးမှုနှင့် အလျော်ပေးခြင်း၊ ပြီးလျှင် ဥပုသ်နေ့ ကျင်းပခြင်းတို့အတွက် စည်းမျဉ်းများရှိသည်။ အသက်တာ၏ အသေးစိတ်အချက်အလက် တစ်ခုစီတိုင်းသည် ပါဝင်၏။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏စီမံခန့်ခွဲမှု အစီအစဉ်၏ တရားဝင်အမှုကို စတင်ခဲ့ချိန်တွင်၊ သူသည် လူသား လိုက်နာရမည့် စည်းမျဉ်းများစွာကို ချမှတ်ခဲ့လေသည်။ ဤစည်းမျဉ်းများသည် လူသားကို ကမ္ဘာမြေပေါ်တွင် လူသား၏ ပုံမှန်အသက်တာတစ်ခု၊ ဘုရားသခင်နှင့် သူ၏ လမ်းပြမှုအောက်မှ ခွဲထုတ်၍မရသော လူသား၏ ပုံမှန် အသက်တာတစ်ခုကို အသက်ရှင်နေထိုင်ခွင့် ပေးရန်အလို့ငှာ ဖြစ်လေသည်။ ဘုရားသခင်သည် လူသားကို ယဇ်ပလ္လင်များ ပြုလုပ်ပုံ၊ ယဇ်ပလ္လင်များ မည်ကဲ့သို့တည်ပုံကို ဦးစွာ ပြောပြခဲ့သည်။ ထို့နောက်တွင် သူသည် လူသားအား ပူဇော်သက္ကာများကို ပူဇော်ပုံကို ပြောပြခဲ့ပြီး လူသားက မည်သို့ အသက်ရှင်ရမည်- အသက်တာထဲ၌ မည်သည့်အရာကို အာရုံစိုက်ရမည်၊ မည်သည်အရာကို လိုက်နာရမည်၊ ပြီးလျှင် မည်သည့်အရာ ပြုသင့်ပြီး မည်သည့်အရာ မပြုသင့်သည်- ဆိုသည်ကို ပြဌာန်းခဲ့သည်။ လူသားအတွက် ဘုရားသခင် ချမှတ်ပေးခဲ့သည့်အရာမှာ အလုံးစုံအကျုံးဝင်ပြီး၊ ဤထုံးတမ်းများ၊ စည်းမျဉ်းများနှင့် အခြေခံသဘောတရားများဖြင့် သူသည် လူတို့၏ အပြုအမူကို စံသတ်မှတ်ပေးခဲ့သည်၊ ၎င်းတို့၏ အသက်တာများကို လမ်းပြပေးခဲ့သည်၊ ဘုရားသခင်၏ ပညတ်တရားများကို ၎င်းတို့၏ အစပျိုးခြင်းကို လမ်းပြခဲ့သည်၊ ဘုရားသခင်၏ ပလ္လင်ရှေ့သို့လာရန် ၎င်းတို့အား လမ်းပြခဲ့သည်၊ အရာခပ်သိမ်းထဲမှ လူသားအတွက် ဘုရားသခင် ပြုလုပ်ပေးခဲ့သည့် စနစ်ကျမှု၊ ပုံမှန်ဖြစ်ပေါ်မှုနှင့် ထိန်းချုပ်နိုင်ခြင်းတို့ကို ပိုင်ဆိုင်သည့် အသက်တာရှိခြင်းတွင် ၎င်းတို့အား

လမ်းပြခဲ့သည်။ လူသားသည် ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သည့် ပုံမှန်အသက်တာတစ်ခု၊ လူသား၏ ပုံမှန်အသက်တာတစ်ခုကို ရရှိဖို့အလို့ငှာ၊ ဘုရားသခင်သည် လူသားအတွက် ကန့်သတ်ချက်များကို ချမှတ်ပေးရန် ရိုးရှင်းသော ဤစည်းမျဉ်းများနှင့် အခြေခံသဘောတရားများကို ဦးစွာ အသုံးပြုခဲ့သည်။ ယင်းမှာ သူ၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ် အစပြုခြင်း၏ အကြောင်းအရာအတိအကျ ဖြစ်သည်။ စည်းမျဉ်းများနှင့် စီရင်ထုံးဖွဲ့ချက်များသည် အလွန်ကျယ်ပြန့်သော အကြောင်းအရာ တစ်ခုကို ခြုံငုံလေသည်၊ ၎င်းတို့သည် ပညတ်တော်ခေတ်အတွင်း လူသားများကို ဘုရားသခင်၏ လမ်းပြခြင်းနှင့်ဆိုင်သည့် အသေးစိတ်အချက်အလက်များ ဖြစ်သည်၊ ယင်းတို့ကို ပညတ်တော်ခေတ်မတိုင်မီ ရှိခဲ့သောလူများက လက်ခံကာ လိုက်နာစောင့်ထိန်းကြရမည် ဖြစ်သည်၊ ယင်းတို့သည် ပညတ်တော်ခေတ်အတွင်း ဘုရားသခင်ပြုခဲ့သော အမှုမှတ်တမ်း တစ်ခုဖြစ်ပြီး ယင်းတို့သည် လူသားမျိုးနွယ် တစ်ရပ်လုံးအပေါ် ဘုရားသခင်၏ ဦးဆောင်မှုနှင့် လမ်းပြမှုတို့၏ စစ်မှန်သော သက်သေ ဖြစ်ပေသည်။

## လူသားမျိုးနွယ်သည် ဘုရားသခင်၏ သွန်သင်ချက်များနှင့် ထောက်ပံ့မှုများမှ အစဉ်ထာဝရ ခွဲမရပေ

ဤစည်းမျဉ်းများတွင် သူ၏ အမှု၊ စီမံခန့်ခွဲမှုနှင့် လူသားမျိုးနွယ် အပေါ် ဘုရားသခင်၏ သဘောထားမှာ တည်ကြည်လေးနက်သည်၊ တာဝန်ကျေပွန်သည်၊ တင်းကျပ်ပြီး၊ တာဝန်ရှိသည်ကို ငါတို့ မြင်ရသည်။ သူသည် လူသားမျိုးနွယ်အား ပြောရမည့် စကားများကို အနည်းငယ်မျှ မှားယွင်းခြင်း သို့မဟုတ် ထိမ်ချန်မှု မရှိဘဲ သူပြောရင်းနှင့် လူသားသည် ဘုရားသခင်၏ ဦးဆောင်မှုမှ ခွဲထုတ်၍ မရသည်ကို မြင်ခွင့်ပေးရင်း၊ ပြီးလျှင် လူသားမျိုးနွယ်ထံ ဘုရားသခင် ပြုသမျှနှင့် ပြောသမျှတို့ မည်မျှ အရေးကြီးသည်ကို သူ့အား ပြသရင်း၊ သူ၏ခြေလှမ်းများနှင့်အညီ လူသားမျိုးနွယ်အလယ် သူ လုပ်ဆောင်ရမည့် အမှုကို အနည်းငယ် ကွာဟချက်မရှိဘဲ သူလုပ်ဆောင်လေသည်။ လူသားသည် နောင်လာမည့် ခေတ်တွင် မည်သည့်အရာနှင့် တူသည်ကို ပဓာနမထားဘဲ၊ အစအဦးတွင်- ပညတ်တော်ခေတ်အတွင်းတွင်- ဘုရားသခင်သည် ရိုးရှင်းသော ဤအရာများကို လုပ်ဆောင်ခဲ့ပေသည်။ ဘုရားသခင်အဖို့ ဘုရားသခင်၊ လောကနှင့် ထိုခေတ်ထဲက လူသားမျိုးနွယ်နှင့်သက်ဆိုင်သည့် လူတို့၏ အယူအဆများသည် စိတ်ကူးသက်သက်ဖြစ်ပြီး နားလည်ရ ခက်ခဲခဲ့သည်၊ ပြီးလျှင် ၎င်းတို့သည် သတိရှိသော စိတ်ကူးနှင့် ရည်ရွယ်ချက်အချို့ ရှိခဲ့ကြသော်လည်း၊ ထိုအရာများအားလုံးသည် မရှင်းလင်းသကဲ့သို့ မမှန်ကန်ခဲ့ပေ၊ ထို့ကြောင့် လူသားမျိုးနွယ်သည် ဘုရားသခင်၏

သွန်သင်ချက်များနှင့် ၎င်းတို့အတွက် ထောက်ပံ့မှုများထံမှ ခွဲထုတ်၍ မရနိုင်ခဲ့ပေသည်။ အစောဆုံး လူသားမျိုးနွယ်သည် မည်သည့် အရာကိုမျှ မသိခဲ့ကြပေ၊ ထို့ကြောင့် နှုတ်ဖြင့်ပြောသော စကားများဖြစ်ခဲ့သည့် ဤစည်းမျဉ်းများနှင့် ဤစီရင်ထုံးဖွဲ့ချက်များမှတစ်ဆင့်၊ ဤအရာများအား လူသား၏ စိတ်နှလုံးထဲတွင် နည်းနည်းချင်း စိမ့်ဝင်စေပြီး လူသားအား ဘုရားသခင်နှင့်သက်ဆိုင်သည့် ဖြည်းဖြည်းချင်းဖြစ်သော သိနားလည်မှု တစ်ခု၊ ဘုရားသခင်၏ ဦးဆောင်မှုကို တဖြည်းဖြည်း အသိအမှတ်ပြုခြင်းနှင့် သိနားလည်ခြင်းတစ်ခု၊ ပြီးလျှင် ဘုရားသခင်နှင့် လူသားအကြားရှိ ဆက်နွယ်မှုနှင့်သက်ဆိုင်သည့် အခြေခံအယူအဆ တစ်ခုကို ပေးရင်း၊ ဘုရားသခင်သည် လူသားအား ရှင်သန်ခြင်းအတွက် အပေါ်ယံနှင့် အခြေခံအကျဆုံး နိယာမများနှင့် အသက်ရှင်ခြင်းအတွက် လိုအပ်သော စည်းမျဉ်းများကို စတင်သင်ကြားခဲ့ရသည်။ ဤရလဒ်ကို ရရှိပြီးနောက်၊ ထိုအခါမှသာ ဘုရားသခင်သည် နောင်တွင် သူလုပ်မည့် အမှုကို တဖြည်းဖြည်း လုပ်နိုင်ခဲ့ခြင်းဖြစ်သည်၊ ထို့ကြောင့် ပညတ်တော်ခေတ်အတောအတွင်း ဤစည်းမျဉ်းများနှင့် ဘုရားသခင် ပြုခဲ့သော အမှုမှာ လူသားမျိုးနွယ်ကို ကယ်တင်ခြင်းနှင့်သက်ဆိုင်သည့် သူ့အမှု၏ အခြေခံမှုဖြစ်ပြီး ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်ထဲက အမှု၏ ပထမဆုံး အဆင့် ဖြစ်သည်။ ပညတ်တော်ခေတ်၏ အမှုမတိုင်မီ ဘုရားသခင်သည် အာဒံ၊ ဧဝနှင့် ၎င်းတို့၏ သားစဉ်မြေးဆက်တို့ကို စကားပြောခဲ့ပြီးဖြစ်သော်လည်း၊ ထိုအမိန့်များနှင့် သွန်သင်ချက်များသည် လူသားထံ တစ်ဦးချင်းစီ ထုတ်ပြန်ရန်အတွက် အလွန်စနစ်ကျခြင်း သို့မဟုတ် တိကျခြင်း မရှိခဲ့သကဲ့သို့ ယင်းတို့ကို ရေးချခဲ့ခြင်း မရှိခဲ့ဘဲ၊ ယင်းတို့သည် စည်းမျဉ်းများ ဖြစ်လာခဲ့ခြင်းလည်း မရှိပေ။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ဘုရားသခင်၏ အစီအစဉ်မှာ ထိုအထိ မရောက်ခဲ့သေးသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် လူသားကို ဤအဆင့်အထိ ဦးဆောင်ခဲ့ပြီးချိန်မှသာ ဘုရားသခင်သည် ပညတ်တော်ခေတ်၏ ဤစည်းမျဉ်းများကို စတင်ပြောဆိုပြီး ယင်းတို့ကို လူသားအား စတင်ကာ ဆောင်ရွက်နိုင်စေမည် ဖြစ်သည်။ ယင်းမှာ လိုအပ်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ခဲ့ပြီး ရလဒ်မှာ ကျိန်းသေခဲ့သည်။ ရိုးရှင်းသော ဤထုံးတမ်းများနှင့် စည်းမျဉ်းများသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှုအဆင့်များနှင့် သူ၏ စီမံခန့်ခွဲမှု အစီအစဉ်ထဲတွင် ထုတ်ဖော်ပြခဲ့သော ဘုရားသခင်၏ ဉာဏ်ပညာကို လူသားအား ပြသပေသည်။ ဘုရားသခင်သည် သူ့အား သက်သေခံသည့် လူတစ်စုကို ရယူနိုင်ဖို့အလို့ငှာနှင့် သူနှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်သော လူတစ်စုကို ရယူနိုင်ဖို့အလို့ငှာ အစပြုရန် မည်သည့် အကြောင်းအရာနှင့် နည်းလမ်းကို အသုံးပြုရမည်၊ ဆက်လက် လုပ်ဆောင်ရန် မည်သည့် နည်းလမ်းကို အသုံးပြုရမည်ဆိုသည်နှင့် အဆုံးသတ်ရန် မည်သည့် နည်းလမ်းကို

အသုံးပြုရမည်ဆိုသည်တို့ကို သိသည်။ ဘုရားသခင်သည် လူသား၏ အတွင်း၌ မည်သည့် အရာရှိသည်၊ လူသား၌ မည်သည့်အရာ ကင်းမဲ့သည်တို့ကို သိ၏။ လူသားကို မည်သည့်အရာ ထောက်ပံ့ရမည်ဆိုသည်နှင့် မည်ကဲ့သို့ ဦးဆောင်သင့်သည်ဆိုသည်ကို သူသိသကဲ့သို့၊ လူသား လုပ်သင့်သော အရာနှင့် မလုပ်သင့်သောအရာမှာ မည်သည့် အရာကိုလည်း သူသိလေသည်။ လူသားသည် ရုပ်သေးရုပ် တစ်ရုပ်ကဲ့သို့ ဖြစ်သည်- သူသည် ဘုရားသခင်၏ အလိုကို သိနားလည်ခြင်း မရှိခဲ့သော်လည်း၊ သူသည် တစ်ဆင့်ပြီး တစ်ဆင့်၊ ယနေ့ထိတိုင် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အမှု၏ ဦးဆောင်ခြင်းကို မခံဘဲ မနေနိုင်ခဲ့ပေ။ ဘုရားသခင်၏ စိတ်နှလုံးထဲတွင် သူပြုရမည့် အရာနှင့်ပတ်သက်၍ မထင်မရှားဖြစ်ခြင်း မရှိပေ။ သူ၏ စိတ်နှလုံးထဲတွင် အလွန်ရှင်းလင်းပြီး ထက်မြက်သော အစီအစဉ်တစ်ခု ရှိခဲ့ပြီး သူသည် အပေါ်ယံမှသည် အလွန်လေးနက်သည်အထိ တိုးတက်စေရင်း၊ သူကိုယ်တိုင် လုပ်ဆောင်လိုခဲ့သော အမှုကို သူ၏ ခြေလှမ်းများနှင့် သူ၏ အစီအစဉ်နှင့်အညီ ဆောင်ရွက်ခဲ့သည်။ သူသည် နောက်ပိုင်းလုပ်မည့် အမှုကို အရိပ်အယောင်မပြခဲ့ဖူးသော်လည်း၊ သူ၏ နောက်ဆက်တွဲ အမှုကို ဆက်လက် လုပ်ဆောင်နေဆဲဖြစ်ခဲ့ပြီး သူ၏ အစီအစဉ်နှင့်အညီ အတိအကျ ဆက်လက်တိုးတက်ဆဲ ဖြစ်ခဲ့သည်၊ ယင်းမှာ ဘုရားသခင်၏အရာအားလုံးနှင့် ဖြစ်ခြင်း၏ သရုပ်သကန်တစ်ခုဖြစ်ပြီး ဘုရားသခင်၏ ဩဇာအာဏာလည်း ဖြစ်သည်။ သူ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ မည်သည့်အဆင့်၌ သူလုပ်ဆောင်နေသည်ကို ပဓာနမထားဘဲ၊ သူ၏ စိတ်သဘောထားနှင့် သူ၏ အနှစ်သာရသည် သူကိုယ်တိုင်ကို ကိုယ်စားပြုသည်။ ဤသည်မှာ အကြွင်းမဲ့ မှန်ကန်၏။ မည်သည့် ခေတ် သို့မဟုတ် အမှုအဆင့်ဖြစ်စေ၊ ဘယ်သောအခါမျှ မပြောင်းလဲမည့် အရာများရှိ၏- မည်သည့်လူစားမျိုးကို ဘုရားသခင်ချစ်သည်၊ မည်သည့် လူစားမျိုးကို သူစက်ဆုပ်ရွံရှာသည်၊ သူ၏ စိတ်သဘောထားနှင့် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့ ဖြစ်သည်။ ပညတ်တော်ခေတ်၏ အမှုအတောအတွင်းတွင် ဘုရားသခင် ပြဋ္ဌာန်းခဲ့သော ဤစည်းမျဉ်းများနှင့် အခြေခံသဘောတရားများသည် ယနေ့ လူများအတွက် အလွန်ရိုးရှင်းပြီး အပေါ်ယံဆန်သည်ဟု ထင်ရသော်လည်း၊ ၎င်းတို့ကို နားလည်ရန်နှင့် စွမ်းဆောင်ရရှိရန် လွယ်ကူသော်လည်း၊ ယင်းစည်းမျဉ်းများနှင့် အခြေခံသဘောတရားများ ထဲတွင် ဘုရားသခင်၏ ဉာဏ်ပညာ ရှိဆဲဖြစ်ပြီး၊ သူ၏ စိတ်သဘောထားနှင့် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့ ရှိနေဆဲဖြစ်သည်။ အပြင်ပန်းအားဖြင့် ရိုးရှင်းသော ဤစည်းမျဉ်းများ အတွင်းတွင် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏တာဝန်နှင့် စောင့်ရှောက်မှုအပြင် သူ့အကြံအစည်များ၏ လှပသိမ်မွေ့သော အနှစ်သာရတို့ကို ဖော်ပြထားပြီး၊ ထိုသို့ဖြင့် ဘုရားသခင်သည် အရာခပ်သိမ်းအပေါ် အုပ်စိုးပြီး အရာခပ်သိမ်းကို

သူ၏ လက်ဖြင့် ထိန်းချုပ်ထားသည်ဟူသော အမှန်တရားကို လူသားအား အမှန်တကယ် သဘောပေါက်ခွင့်ပေးလေသည်။ လူသားမျိုးနွယ်သည် အသိပညာမည်မျှကို ကျွမ်းကျင်ပိုင်နိုင်ပါစေ သို့မဟုတ် သဘောတရားများ သို့မဟုတ် နက်နဲမှုများ မည်မျှကို သူနားလည်ပါစေ၊ ဘုရားသခင်အဖို့ ဤအရာများထဲမှ တစ်ခုမျှသည် လူသားမျိုးနွယ် အပေါ် သူ၏ ထောက်ပံ့ခြင်းနှင့် ခေါင်းဆောင်မှုတို့ကို အစားထိုးနိုင်ခြင်း မရှိပေ။ လူသားမျိုးနွယ်သည် ဘုရားသခင်၏ ဦးဆောင်လမ်းပြမှုနှင့် ဘုရားသခင်၏ ကိုယ်ပိုင်အမှုမှ အစဉ်ထာဝရခွဲ၍ ရလိမ့်မည် မဟုတ်ပေ။ ယင်းမှာ လူသားနှင့် ဘုရားသခင်အကြား ခွဲထုတ်၍မရသော ဆက်နွယ်မှုဖြစ်သည်။ ဘုရားသခင်သည် သင့်အား သူ၏အလိုကို နားလည်စေရန် သင့်အတွက် ပညတ်ချက် တစ်ခု၊ သို့မဟုတ် စည်းမျဉ်းတစ်ခုကို ပေးသည် သို့မဟုတ် သမ္မာတရားအား ထောက်ပံ့ပေးသည်ကို ပဓာနမထားဘဲ၊ သူမည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ ဘုရားသခင်၏ ရည်မှန်းချက်မှာ လူသားအား လှပသော မနက်ဖြန်တစ်ခုသို့ ဦးဆောင်လမ်းပြရန် ဖြစ်သည်။ ဘုရားသခင် မိန့်မြွက်ခဲ့သော နှုတ်ကပတ်တော်များနှင့် သူပြုသော အမှုနှစ်ခုလုံးသည် သူ့အနှစ်သာရ၏ ရှုထောင့်တစ်ခုနှင့်ဆိုင်သည့် ထုတ်ဖော်ပြခြင်း ဖြစ်ပြီး၊ သူ၏ စိတ်သဘောထားနှင့် သူ၏ ဉာဏ်ပညာတို့၏ ရှုထောင့်တစ်ခုနှင့်ဆိုင်သည့် ထုတ်ဖော်ပြခြင်း ဖြစ်သည်။ ယင်းတို့သည် သူ၏ စီမံခန့်ခွဲမှု အစီအစဉ်၏ မရှိမဖြစ်သော အဆင့်တစ်ဆင့်ဖြစ်သည်။ ဤအရာကို လျစ်လျူရှု၍ မရပေ။ ဘုရားသခင်၏ အလိုသည် သူပြုလေသမျှ၌ ရှိ၏။ ဘုရားသခင်သည် အံမကိုက်သော မှတ်ချက်များကို မကြောက်ရွံ့သကဲ့သို့၊ သူနှင့် ပတ်သက်သည့် လူသား၏ မည်သည့် အယူအဆကိုမျှ သို့မဟုတ် အတွေးများကို စိုးရွံ့ခြင်းလည်း မရှိပေ။ သူသည် သူ၏အမှုကို ပြုရုံမျှပြုပြီး သူ၏ စီမံခန့်ခွဲမှုကို မည်သည့်လူ၊ ကိစ္စရပ် သို့မဟုတ် အရာဝတ္ထုမျှ၏ ဘောင်ခတ်ခြင်းကို မခံဘဲ၊ သူ၏ စီမံခန့်ခွဲမှု အစီအစဉ်နှင့်အညီ ဆက်လက်လုပ်ဆောင်လေသည်။

ကောင်းပေ၏။ ယနေ့အတွက် ဤမျှသာ ဖြစ်သည်။ နောက်တစ်ခေါက်တွင် ပြန်တွေ့ကြစို့။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်

# ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင် (၃)

ငါတို့၏ ပြီးခဲ့သည့် မိတ်သဟာယသည် သင်တို့ အယောက်တိုင်းပေါ် ကြီးမားသော သက်ရောက်မှုတစ်ခု ရှိပေပြီ။ ယခုတွင်မူ လူတို့သည် နောက်ဆုံးတွင် ဘုရားသခင်၏ စစ်မှန်သော တည်ရှိမှုနှင့် ဘုရားသခင်သည် လူနှင့် အမှန်တကယ် အလွန် နီးနီးကပ်ကပ်ရှိသည်ကို အမှန်တကယ် ခံစားနိုင်ကြပေသည်။ လူတို့သည် ဘုရားသခင်၌ နှစ်ပေါင်းများစွာ ယုံကြည်ပြီး ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ သူ၏အတွေးများနှင့် စိတ်ကူးများကို ယခု ၎င်းတို့ နားလည်ကြသကဲ့သို့ အမှန်တကယ် နားမလည်ဖူးကြပေ၊ သူ၏လက်တွေ့ကျသော လုပ်ဆောင်ချက်များကိုလည်း ယခု ၎င်းတို့ တွေ့ကြုံကြသကဲ့သို့ အမှန်တကယ် မတွေ့ကြုံဖူးကြချေ။ အသိပညာဖြစ်စေ၊ တကယ့် လက်တွေ့လုပ်ဆောင်ခြင်းဖြစ်စေ လူအများစုသည် အသစ်သော အရာတစ်ခုကို သင်ယူကြရပြီးဖြစ်ကာ သာ၍ မြင့်မားသော သိနားလည်မှုတစ်ခုလည်း ရရှိကြပြီး ဖြစ်သည်၊ ပြီးလျှင် ၎င်းတို့ကိုယ်တိုင်၏ အတိတ်က လိုက်စားမှုများထဲက အမှားကို သဘောပေါက်ကြပြီးဖြစ်သည်၊ ၎င်းတို့ အတွေ့အကြုံ၏ ပေါ့ပြက်ခြင်းကို သဘောပေါက်ကြပြီးဖြစ်ကာ ၎င်းတို့၏ အတွေ့အကြုံအများအပြားသည် ဘုရားသခင်၏ အလိုနှင့် ကိုက်ညီမှုမရှိသည်ကို သဘောပေါက်ကြပြီးဖြစ်သည်၊ ပြီးလျှင် လူသားက အကင်းမဲ့ဆုံးသောအရာမှာ ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် အသိပညာဖြစ်သည်ကို သဘောပေါက်ကြပြီး ဖြစ်သည်။ လူတို့ဘက်တွင်ရှိသည့် ဤအသိပညာသည် သိမြင်နားလည်ခြင်း အခြေပြု အသိပညာ အမျိုးအစားမျှသာ ဖြစ်သည်။ ကျိုးကြောင်းဆင်ခြင်တတ်သော အသိပညာအဆင့်ကို မြှင့်တင်ရန် မိမိ၏ အတွေ့အကြုံများမှတဆင့် တဖြည်းဖြည်း နက်နဲလာခြင်းနှင့် အားကောင်းလာခြင်းတစ်ခု လိုအပ်သည်။ လူသည် ဘုရားသခင်ကို အမှန်တကယ် နားမလည်မီတွင်၊ တစ်ဖက်သတ်အမြင်အရ ၎င်းတို့သည် ၎င်းတို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏ တည်ရှိခြင်းကို အမှန်တကယ် ယုံကြည်ကြသည်ဟု ဆိုနိုင်သော်လည်း၊ ဘုရားသခင်သည် အမှန်တကယ်တွင် မည်သည့် ဘုရားသခင်မျိုးဖြစ်သည်၊ သူ၏အလိုသည် မည်သည့်အရာ ဖြစ်သည်၊ သူ၏ စိတ်သဘောထားသည် မည်သည့်အရာဖြစ်သည်၊ လူသားမျိုးနွယ်အပေါ် သူ၏တကယ့် သဘောထားက မည်သည့်အရာ ဖြစ်သည်ဟူသော တိကျသည့် မေးခွန်းများနှင့် သက်ဆိုင်သည့် စစ်မှန်သော သိနားလည်ခြင်း မရှိကြချေ။ ဤအရာက ဖြူစင်မှု သို့မဟုတ် စုံလင်ခြင်းကို ရရှိခြင်းမှ ၎င်းတို့၏ ယုံကြည်ခြင်းကို အစဉ် တားဆီးရင်း၊ ဘုရားသခင်၌ လူတို့၏ ယုံကြည်ခြင်းကို အလွန် အထိအခိုက် ဖြစ်စေသည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် မျက်နှာချင်းဆိုင်ရလျှင်ပင်၊ သို့မဟုတ် သင်၏ အတွေ့အကြုံများ မှတဆင့်

ဘုရားသခင်ကို ကြုံတွေ့ရပြီး ဖြစ်သည်ဟု ခံစားရလျှင်ပင်၊ သူ့ကို သင် လုံးဝ နားလည်သည်ဟု ဆို၍ မရနိုင်သေးချေ။ သင်သည် ဘုရားသခင်၏ အတွေးများ သို့မဟုတ် သူ မည်သည့်အရာကို ချစ်သည်၊ သူ မည်သည့်အရာကို မုန်းသည်၊ သူ့ကို မည်သည့်အရာက ဒေါသထွက်စေပြီး မည်သည့်အရာက သူ့ကို ဝမ်းမြောက်မှု ဆောင်ကြဉ်းပေးသည် ဆိုသည်ကို သင်မသိသောကြောင့်ဖြစ်သည်၊ ထို့ကြောင့် သင်သည် သူနှင့်သက်ဆိုင်သည့် မှန်ကန်သော သိနားလည်မှု မရှိချေ။ သင်၏ယုံကြည်ခြင်းသည် မရေရာမှုနှင့် စိတ်ကူးစိတ်သန်းများ၏ အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ထားပြီး သင်၏ ဓမ္မဓိဋ္ဌာန်မကျသော ဆန္ဒများပေါ်တွင် အခြေခံထားသည်။ ယင်းသည် စစ်မှန်သော ယုံကြည်မှုမှ ဝေးကွာဆဲဖြစ်ပြီး စစ်မှန်သော နောက်လိုက်တစ်ယောက်ဖြစ်ခြင်းမှ သင် အလှမ်းဝေးနေဆဲ ဖြစ်သည်။ ဤသမ္မာကျမ်းစာ အဖြစ်အပျက်များဆီမှ ဥပမာများကို ရှင်းပြခြင်းများသည် ဘုရားသခင်၏ စိတ်နှလုံး၊ သူ၏ အမှု အဆင့်တိုင်းတွင် သူစဉ်းစားသည့်အရာ၊ ပြီးလျှင် ဤအမှုကို သူ အဘယ်ကြောင့် လုပ်ဆောင်ခဲ့သည်၊ ယင်းကို သူလုပ်ဆောင်ချိန်တွင် သူ၏ နဂိုမူလရည်ရွယ်ချက်နှင့် သူ၏အစီအစဉ်တို့သည် မည်သည့် အရာများ ဖြစ်သည်ဆိုသည်နှင့် သူ၏စိတ်ကူးများကို သူမည်ကဲ့သို့ ရရှိခဲ့ပြီး၊ သူ၏အစီအစဉ်ကို မည်ကဲ့သို့ပြင်ဆင်ပြီး ဖြစ်ပေါ်စေခဲ့သည် ဆိုသည်တို့ကို သိရှိရန် လူသားကို အခွင့်ပေးပြီးဖြစ်သည်။ ဤအဖြစ်အပျက်များမှတစ်ဆင့် ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲခြင်း အမှု အတောအတွင်း ဘုရားသခင်၏ တိကျသော ရည်ရွယ်ချက်တိုင်းနှင့် စစ်မှန်သော အတွေးတိုင်း၊ မတူညီသောအချိန်ကာလများနှင့် မတူညီသောခေတ်များတွင် လူသားအပေါ် သူ၏ သဘောထားတို့နှင့်သက်ဆိုင်သည့် အသေးစိတ် တိကျသည့် သိနားလည်မှုတစ်ခုကို ငါတို့ ရရှိနိုင်သည်။ ဘုရားသခင်က မည်သည့်အရာကို စဉ်းစားနေခဲ့သည်၊ သူ၏သဘောထားက မည်သည့်အရာဖြစ်သည်ဆိုသည်နှင့် အခြေအနေတိုင်းကို သူ ရင်ဆိုင်သည်နှင့်အမျှ သူ ထုတ်ဖော်ပြခဲ့သည့် စိတ်သဘောထားကို လူတို့ သိနားလည်နိုင်ပါက၊ ဤအရာက ဘုရားသခင်၏ စစ်မှန်သော တည်ရှိမှုကို သာ၍ နက်ရှိုင်းစွာ သဘောပေါက်ဖို့နှင့် သူ၏လက်တွေ့ကျမှုနှင့် စစ်မှန်မှုတို့ကို သာ၍ နက်နဲစွာ ခံစားဖို့ လူတိုင်းကို ကူညီနိုင်သည်။ ဤအဖြစ်အပျက်များကို ပြောပြရာတွင် ငါ၏ ရည်မှန်းချက်မှာ ကျမ်းစာဆိုင်ရာ သမိုင်းကို လူတို့ နားလည်ရန်အတွက် မဟုတ်သကဲ့သို့၊ သမ္မာကျမ်းစာ၏ ကျမ်းချက်များ သို့မဟုတ် ကျမ်းစာထဲက လူတို့နှင့် ရင်းနှီးလာရန် ကူညီဖို့လည်း မဟုတ်ပေ၊ ပြီးလျှင် ယင်းသည် အထူးသဖြင့် ပညတ်တော်ခေတ် အတောအတွင်း၌ ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အရာ၏ နောက်ခံကို လူတို့ နားလည်ရန် ကူညီဖို့ မဟုတ်ပေ။ ယင်းထက် ထိုအရာမှာ ဘုရားသခင်၏

အလို၊ သူ၏ စိတ်သဘောထားနှင့် သူ၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုတိုင်းတို့ကို လူတို့နားလည်ရန်နှင့် ဘုရားသခင်နှင့် သက်ဆိုင်သည့် သာ၍ စစ်မှန်ပြီး သာ၍ တိကျသော သိနားလည်မှုနှင့် အသိပညာတို့ ရရှိဖို့ လူတို့အား ကူညီပေးရန် ဖြစ်သည်။ ဤနည်းအားဖြင့် လူတို့၏ နှလုံးသားသည် နည်းနည်းချင်း ဘုရားသခင်ထံ ဖွင့်ဟလာနိုင်သည်၊ ဘုရားသခင်နှင့် နီးစပ်လာနိုင်ပြီး၊ ၎င်းတို့သည် သူ၊ သူ၏ စိတ်သဘောထား၊ သူ၏အနှစ်သာရတို့ကို သာ၍ ကောင်းစွာ နားလည်နိုင်ပြီး၊ စစ်မှန်သော ဘုရားသခင် ကိုယ်တော်တိုင်ကို သာ၍ကောင်းစွာ သိရှိနိုင်ပေသည်။

ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့နှင့် သက်ဆိုင်သည့် အသိပညာသည် လူတို့အပေါ် အပြုသဘောဆောင်သော သက်ရောက်မှုတစ်ခု ရှိနိုင်ပေသည်။ ယင်းသည် ဘုရားသခင်၌ စိတ်ချယုံကြည်မှု သာ၍ရှိစေရန်နှင့် သူ့ကို စစ်မှန်သော နာခံမှုနှင့် ကြောက်ရွံ့မှု ရှိရန် ကူညီပေးနိုင်သည်။ သို့ဆိုလျှင် ၎င်းတို့သည် သူ့နောက် ကျိုးကြောင်းမမြင်ဘဲ လိုက်တော့မည်မဟုတ် သို့မဟုတ် ကိုးကွယ်တော့မည် မဟုတ်ပေ။ ဘုရားသခင်က မိုက်မဲသောသူများ သို့မဟုတ် လူစုနောက်ကို ကျိုးကြောင်းမမြင်ဘဲ လိုက်သောသူများကို အလိုမရှိဘဲ၊ ယင်းထက် ၎င်းတို့၏ စိတ်နှလုံးထဲတွင် ဘုရားသခင်၏ စိတ်သဘောထားနှင့် သက်ဆိုင်သည့် ရှင်းလင်းသော သိနားလည်မှုနှင့် အသိတစ်ခုရှိပြီး၊ ဘုရားသခင်၏ သက်သေများအဖြစ် ဆောင်ရွက်နိုင်သော လူတစ်စု၊ သူ၏ချစ်မြတ်နိုးဖွယ်ဖြစ်ခြင်းကြောင့်၊ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းကြောင့်၊ ပြီးလျှင် သူ၏ဖြောင့်မတ်သော စိတ်သဘောထားကြောင့်၊ ဘုရားသခင်ကို လုံးဝ မစွန့်လွှတ်မည့် လူများကို အလိုရှိပေသည်။ ဘုရားသခင်၏ နောက်လိုက် တစ်ဦးနေဖြင့်၊ သင်၏ စိတ်နှလုံးတွင် ကြည်လင်ပြတ်သားမှု ကင်းမဲ့ဆဲဖြစ်ပါက၊ သို့မဟုတ် ဘုရားသခင်၏ စစ်မှန်သော တည်ရှိမှု၊ သူ၏စိတ်သဘောထား၊ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းနှင့် လူသားမျိုးနွယ်ကို ကယ်တင်ရန် သူ၏အစီအစဉ်တို့နှင့် ပတ်သက်၍ ဒွိဟဖြစ်ခြင်း သို့မဟုတ် စိတ်ရှုပ်ထွေးခြင်းရှိပါက၊ သင်၏ယုံကြည်ခြင်းသည် ဘုရားသခင်၏ ချီးမွမ်းမှုကို မရရှိနိုင်ပေ။ ဘုရားသခင်သည် ဤကဲ့သို့သော လူစားမျိုးကို သူ့နောက်လိုက်သည်ကို အလိုမရှိသကဲ့သို့၊ ဤကဲ့သို့သောလူစားမျိုးက သူ့ရှေ့သို့ လာခြင်းကိုလည်း ဘုရားသခင် မကြိုက်နှစ်သက်ပေ။ ဤသို့သောလူစားမျိုးက ဘုရားသခင်ကို နားမလည်သောကြောင့်၊ ၎င်းတို့၏ စိတ်နှလုံးကို ဘုရားသခင်ထံ မပေးအပ်နိုင်ကြချေ-၎င်းတို့၏ စိတ်နှလုံးသည် သူ့အဖို့ ပိတ်ထားလေသည်၊ ထို့ကြောင့် ၎င်းတို့၏ ဘုရားသခင်၌ ယုံကြည်ခြင်းသည် မစင်ကြယ်မှုများနှင့် ပြည့်နေသည်။ ၎င်းတို့၏ ဘုရားသခင်နောက်လိုက်ခြင်းသည် မျက်ကန်းဟုသာ ခေါ်ဆိုနိုင်သည်။ လူတို့သည်

ဘုရားသခင်အပေါ် စစ်မှန်သော နာခံမှုနှင့် ကြောက်ရွံ့မှုတို့ကို ၎င်းတို့အတွင်း ပေါက်ဖွားစေသည့် ဘုရားသခင်နှင့်သက်ဆိုင်သော စစ်မှန်သော သိနားလည်ခြင်းနှင့် အသိပညာတို့ကို ၎င်းတို့ ရှိမှသာ၊ လူတို့သည် မှန်ကန်သော ယုံကြည်မှုကို ရရှိနိုင်ပြီး စစ်မှန်သော နောက်လိုက်များ ဖြစ်နိုင်သည်။ ဤနည်းလမ်းဖြင့်သာ ၎င်းတို့သည် ဘုရားသခင်ထံ မိမိတို့၏ စိတ်နှလုံးကို ပေးနိုင်ပြီး ယင်းကို သူ့ထံ ဖွင့်ဟနိုင်ကြပေသည်။ ၎င်းတို့ လုပ်ဆောင်သမျှတိုင်းနှင့် တွေးသမျှတိုင်းသည် ဘုရားသခင်၏ စစ်ဆေးမှုကို ခံနိုင်ပြီး ဘုရားသခင်အဖို့ သက်သေခံနိုင်သောကြောင့် ဤသည်မှာ ဘုရားသခင် လိုချင်သောအရာဖြစ်သည်။ ဘုရားသခင်၏ စိတ်သဘောထား၊ သို့မဟုတ် သူ၏အရာအားလုံးနှင့်ဖြစ်ခြင်း၊ သို့မဟုတ် သူ၏အလိုနှင့် သူလုပ်ဆောင်သောအရာတိုင်းရှိ သူ၏အတွေးများနှင့် စပ်လျဉ်း၍ သင်တို့ကို ငါ ဆွေးနွေးပြောဆိုသမျှနှင့် မည်သည့်ရှုထောင့်မှဖြစ်စေ၊ မည်သည့် ရှုထောင့်အမြင်မှ ငါပြောသည်ဖြစ်စေ၊ ထိုအရာအားလုံးသည် ဘုရားသခင်၏ စစ်မှန်သော တည်ရှိမှုကို သင်တို့ သာ၍ သေချာစေရန်၊ လူသားမျိုးနွယ်အတွက် သူ၏ချစ်ခြင်းကို သာ၍အမှန်တကယ် နားလည်ပြီး အသိအမှတ်ပြုစေရန်၊ ပြီးလျှင် လူတို့အတွက် ဘုရားသခင်၏ အရေးစိုက်မှုနှင့် လူသားမျိုးနွယ်ကို စီမံခန့်ခွဲပြီး ကယ်တင်ရန် သူ၏စိတ်ရင်းဖြစ်သော ဆန္ဒများကို သာ၍အမှန်တကယ်နားလည်ကာ အသိအမှတ်ပြုစေဖို့ ကူညီရန် ဖြစ်ပေသည်။

လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ကတည်းက ဘုရားသခင်၏ အတွေးများ၊ စိတ်ကူးများနှင့် လှုပ်ရှားမှု တစ်ခုစီတိုင်းကို ယနေ့ ငါတို့ ဦးစွာပထမ အနှစ်ချုပ်ကြမည်။ ကမ္ဘာလောကကို ဖန်ဆင်းခြင်းမှသည် ကျေးဇူးတော်ခေတ် တရားဝင် စတင်ခြင်း အထိ မည်သည့်အမှုကို သူ ဆောင်ရွက်ပြီးဖြစ်သည်ကို ငါတို့ တစ်ချက်ကြည့်ကြမည်ဖြစ်သည်။ ထို့နောက် ဘုရားသခင်၏ မည်သည့်အတွေးများနှင့် စိတ်ကူးများကို လူသားက မသရှိသည်ကို ငါတို့ ရှာဖွေသိရှိနိုင်ပြီး ထိုနေရာမှစကာ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်၏ အဆင့်ကို ငါတို့ ရှင်းလင်းနိုင်ကာ၊ ဘုရားသခင်က သူ၏စီမံခန့်ခွဲခြင်း အမှုကို ဖန်ဆင်းခဲ့သည့် ဆက်စပ်အကြောင်းအရာ၊ ယင်း၏ အရင်းအမြစ်နှင့် တိုးတက်ခြင်းဖြစ်စဉ်တို့ကို စေ့စေ့စပ်စပ် နားလည်နိုင်ပြီး သူ၏စီမံခန့်ခွဲခြင်း အမှုမှတဆင့် မည်သည့် ရလဒ်များကို သူရရှိလိုသည်ဆိုသည်ကို ငါတို့ စေ့စေ့စပ်စပ် နားလည်နိုင်ပေသည်- ယင်းမှာ သူ၏စီမံခန့်ခွဲခြင်း အမှု၏ အဓိကအချက်နှင့် ရည်ရွယ်ချက်များ ဖြစ်သည်။ ဤအရာများကို နားလည်ရန် ငါတို့အနေဖြင့် လူသားတို့ မရှိခဲ့သည့် ဝေးကွာ၊ တည်ငြိမ်ပြီး တိတ်ဆိတ်သောအချိန်တစ်ခုကို ပြန်သွားရန် လိုအပ်ပေသည်။

ဘုရားသခင်သည် သူ၏ ကျိန်းဝပ်ရာမှ ထခဲ့ချိန်တွင် သူ ရှိခဲ့သည့် ပထမဆုံး အတွေးမှာ

ဤသို့ဖြစ်သည်- အသက်ရှင်သော လူတစ်ဦး- စစ်မှန်၊ အသက်ရှင်သော လူသားတစ်ဦး- သူနှင့်အတူနေထိုင်ရန်နှင့် သူ၏ အမြဲတမ်းအဖော်ဖြစ်မည့် သူတစ်ဦးကို ဖန်ဆင်းရန်ဖြစ်သည်။ ဤလူသည် သူ့ကို နားထောင်နိုင်ပြီး သူ့ကို စိတ်ချယုံကြည်ကာ သူနှင့်စကား ပြောဆိုနိုင်သည်။ ထို့နောက်တွင် ပထမဆုံးအကြိမ်အဖြစ် ဘုရားသခင်သည် မြေမှုန့်လက်တစ်ဆုပ်စာကိုယူပြီး သူ၏ စိတ်နှလုံးထဲတွင် သူစိတ်ကူးထားသည့်အတိုင်း တကယ့် ပထမဆုံးသော သက်ရှိလူတစ်ယောက်ကို ဖန်ဆင်းရန် အသုံးပြုခဲ့သည်၊ ထို့နောက် ဤအသက်ရှင်သော အဖန်ဆင်းခံကို အာဒံဟု အမည်တစ်ခု ပေးလိုက်သည်။ ဘုရားသခင်သည် ဤအသက်ရှင်ပြီး အသက်ရှူသော လူကို ရရှိခဲ့ပြီးသည်နှင့် တစ်ပြိုင်နက်၊ သူမည်သို့ ခံစားခဲ့ရသနည်း။ ပထမဆုံးအကြိမ်၊ ချစ်ခင်ရသူတစ်ဦး၊ အဖော်တစ်ဦးရှိခြင်းနှင့်သက်ဆိုင်သည့် ဝမ်းမြောက်မှုကို သူခံစားခဲ့ရသည်။ ဖခင်တစ်ဦး ဖြစ်ရခြင်း၏ တာဝန်ဝတ္တရားနှင့် ယင်းနှင့်အတူပါလာသော ပူပန်မှုကိုလည်း သူ ခံစားခဲ့ရသည်။ အသက်ရှင်ပြီး အသက်ရှူသွင်းသော ဤလူသည် ဘုရားသခင်ကို ပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်မှုကို ယူဆောင် ပေးခဲ့သည်။ သူသည် ပထမဆုံးအကြိမ် စိတ်သက်သာမှု ခံစားခဲ့ရသည်။ ဤသည်မှာ သူ၏အတွေးများ၊ သို့မဟုတ် နှုတ်ကပတ်တော်များနှင့်ပင် မပြီးမြောက်စေခဲ့ဘဲ၊ သူ၏ကိုယ်ပိုင် လက်များဖြင့် ဘုရားသခင်က ပထမဦးဆုံးအကြိမ် ပြုလုပ်ခဲ့ဖူးသော အရာဖြစ်သည်။ ဤသက်ရှိအမျိုးအစား- ရှင်သန်ပြီး အသက်ရှူသည့် လူတစ်ဦး- အသွေးအသားနှင့် ဖန်တီးထားပြီး ခန္ဓာနှင့် ပုံသဏ္ဌာန်ရှိပြီး ဘုရားသခင်နှင့် စကားပြောနိုင်သည့်လူတစ်ဦးသည် ဘုရားသခင်ရှေ့၌ ရပ်သောအခါတွင်၊ ဘုရားသခင်သည် သူယခင်က တစ်ခါမျှ မခံစားခဲ့ရဖူးသည့် ဝမ်းမြောက်မှုမျိုးကို တွေ့ကြုံခံစားခဲ့ရသည်။ ဘုရားသခင်သည် သူ၏တာဝန်ကို အမှန်တကယ် ခံစားခဲ့ရပြီး ဤသက်ရှိသည် သူ့ကို ကြင်နာသနားမှုကို ခံစားစေခဲ့သည် သာမက၊ သူ၏သေးငယ်သော လှုပ်ရှားမှုတိုင်းဖြင့် ဘုရားသခင်၏ စိတ်နှလုံးကို နွေးထွေးစေကာ တို့ထိခဲ့သည်။ ဤသက်ရှိသည် ဘုရားသခင်၏ရှေ့၌ ရပ်သောအခါတွင်၊ ထိုသို့သော လူများကို သာ၍ရရှိဖို့ သူအတွေး ရှိခဲ့သည်မှာ ပထမဆုံးအကြိမ် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် ပထမဆုံးရှိခဲ့သည့် အတွေးနှင့်အတူ စတင်ခဲ့သည့် ဖြစ်ရပ်တသီတတန်း ဖြစ်သည်။ ဘုရားသခင်အတွက်၊ ဤအဖြစ်အပျက်များ အားလုံးသည် ပထမဆုံးအကြိမ် ဖြစ်ပေါ်ခြင်း ဖြစ်သည်၊ သို့သော် ဤပထမဆုံးဖြစ်ရပ်များ၌ ထိုအချိန်က- ဝမ်းမြောက်ခြင်း၊ တာဝန်ဝတ္တရား၊ ပူပန်မှုများ စသဖြင့်- သူမည်သည့်အရာကို ခံစားခဲ့ရသည်ဖြစ်စေ၊ သူ့အတွက် ယင်းကို ဝေမျှခံစားရန် မည်သူမျှ မရှိခဲ့ချေ။ ထိုအခိုက်အတန့်မှစ၍ ဘုရားသခင်သည် သူယခင်က တစ်ခါမျှ မခံစားခဲ့ဖူးသော အထီးကျန်ခြင်းနှင့် ဝမ်းနည်းခြင်းတို့ကို အမှန်တကယ် ခံစားခဲ့ရသည်။

လူသားသည် သူ၏ချစ်ခြင်းမေတ္တာနှင့် ပူပန်မှု၊ သို့မဟုတ် လူသားအတွက် သူ၏ရည်ရွယ်ချက်တို့ကို လက်မခံနိုင်၊ သို့မဟုတ် နားလည်သဘောမပေါက်နိုင်ဟု သူခံစားခဲ့ရသည်၊ ထို့ကြောင့် သူ၏ စိတ်နှလုံးတွင် ဝမ်းနည်းမှုနှင့် နာကျင်မှုကို သူ ခံစားရဆဲဖြစ်သည်။ သူသည် လူသားအတွက် ဤအရာများကို လုပ်ဆောင်ခဲ့ပြီးဖြစ်သော်လည်း၊ လူသားသည် ယင်းကို သတိမပြုမိသကဲ့သို့ နားမလည်ခဲ့ချေ။ ပျော်ရွှင်ခြင်းမှလွဲ၍၊ လူသားက သူ့ထံ ယူဆောင်ခဲ့သော ဝမ်းမြောက်မှုနှင့် နှစ်သိမ့်မှုတို့သည် ထိုအရာများနှင့်အတူ သူ၏ပထမဆုံးသော ဝမ်းနည်းခြင်းနှင့် အထီးကျန်ခြင်း ခံစားချက်တို့ကို အလျင်အမြန် ယူဆောင်ခဲ့လေသည်။ ဤသည်တို့မှာ ထိုအချိန်က ဘုရားသခင်၏ အတွေးများနှင့် ခံစားချက်များဖြစ်သည်။ ဘုရားသခင်က ဤအရာအားလုံးကို လုပ်ဆောင်နေခဲ့စဉ်တွင်၊ သူ၏ နှလုံးသားထဲတွင် ဝမ်းမြောက်ခြင်းမှ ဝမ်းနည်းခြင်း၊ ဝမ်းနည်းခြင်းမှ နာကျင်ခြင်းဆီသို့ ရောက်ရှိသွားခဲ့ပြီး၊ ဤခံစားချက်များသည် စိုးရိမ်သောကများနှင့် ရောထွေး သွားခဲ့သည်။ သူလုပ်ဆောင်လိုခဲ့သမျှအားလုံးမှာ ဤလူ၊ ဤလူသားမျိုးနွယ်ကို သူ့စိတ်နှလုံးထဲတွင် မည်သည့်အရာ ရှိသည်ကို မြန်မြန်ဆန်ဆန် သိစေဖို့နှင့် သူ၏ရည်ရွယ်ချက်များကို အဆောတလျင် နားလည်စေရန် ဖြစ်သည်။ သို့ဆိုလျှင် ၎င်းတို့သည် သူ၏နောက်လိုက်များဖြစ်လာနိုင်ကြမည်ဖြစ်ပြီး၊ သူ၏ အတွေးများကို မျှဝေခံစားကာ၊ သူ၏အလိုနှင့် ကိုက်ညီနိုင်ပေမည်။ ၎င်းတို့သည် ဘုရားသခင်စကားပြောသည်ကို နားထောင်ရုံမျှနားထောင်ပြီး အာစေးမိနေဆဲဖြစ်တော့မည် မဟုတ်ပေ။ ၎င်းတို့သည် ဘုရားသခင်ကို သူ၏အမှုတွင် မည်သို့ ပူးပေါင်းရမည်ကို မသိဖြစ်မည် မဟုတ်တော့ချေ၊ အရေးအကြီးဆုံးမှာ၊ ၎င်းတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များကို စိတ်မဝင်စားသော လူများ ဖြစ်မည် မဟုတ်တော့ချေ။ ဘုရားသခင် လုပ်ဆောင်ခဲ့သော ဤပထမဆုံး အရာများသည် အလွန်အဓိပ္ပာယ်ရှိပြီး သူ၏စီမံခန့်ခွဲမှု အစီအစဉ်အတွက်နှင့် ယနေ့လူသားများအတွက် ကြီးမားသော တန်ဖိုးကို စွဲကိုင်ထားပေသည်။

အရာခပ်သိမ်းနှင့် လူသားမျိုးနွယ်ကို ဖန်ဆင်းပြီးနောက်တွင်၊ ဘုရားသခင်သည် အနားမယူခဲ့ပေ။ သူသည် သူ၏စီမံခန့်ခွဲမှုကို ဆောင်ရွက်ရန်နှင့် လူသားမျိုးနွယ်တို့ထဲမှ သူအလွန်ချစ်သော လူတို့ကို ရယူရန် စိတ်လှုပ်ရှားပြီး စိတ်အားထက်သန်ခဲ့ပေသည်။

ဆက်လက်၍ ဘုရားသခင်သည် လူသားများကို ဖန်ဆင်းပြီးနောက် မကြာမီတွင်၊ တစ်ကမ္ဘာလုံး အနှံ့ ရေလွှမ်းမိုးမှုကြီးတစ်ခု ရှိခဲ့သည်ကို သမ္မာကျမ်းစာမှ ငါတို့သိရသည်။ ရေလွှမ်းမိုးခြင်း မှတ်တမ်းတွင် နောဧကို ဖော်ပြထားပြီး၊ နောဧသည် ဘုရားသခင်၏ အလုပ်တာဝန်တစ်ခုကို

ပြည့်စုံစေရန် ဘုရားသခင်နှင့်အတူ အမှုပြုရန် ဘုရားသခင်၏ ခေါ်ခြင်းကို ခံရသော ပထမဆုံးလူဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဟုတ်ပေ၏၊ ဤသည်မှာ ဘုရားသခင်သည် သူ၏အမိန့်နှင့်အညီ ကမ္ဘာပေါ်တွင် လူတစ်ဦးကို တစ်စုံတစ်ခု လုပ်ဆောင်စေရန် ခေါ်ခဲ့ဖူးသည့် ပထမဦးဆုံး အကြိမ်လည်း ဖြစ်သည်။ နောဧသည် သင်္ဘောကြီးကို ဆောက်လုပ်ခြင်းပြီးသည်နှင့် ဘုရားသခင်သည် ကမ္ဘာမြေကို ပထမဆုံးအကြိမ် ရေလွှမ်းမိုးခဲ့သည်။ ဘုရားသခင်က ကမ္ဘာမြေကြီးကို ရေလွှမ်းမိုးခြင်းဖြင့် ပထမဆုံးအကြိမ် ဖျက်ဆီးခဲ့ချိန်တွင်၊ လူသားတို့အပေါ် ရှုံရှာမှုဖြင့် မွှန်ထူခဲ့ရသည်မှာ လူသားများကို ဖန်ဆင်းခြင်းကတည်းက ပထမဆုံး အကြိမ်ဖြစ်သည်။ ဤသည်မှာ ရေလွှမ်းမိုးခြင်းအားဖြင့် ဤလူသားမျိုးနွယ်ကို ဖျက်ဆီးရန်ဖြစ်သော နာကျင်ဖွယ်ကောင်းသည့် ဆုံးဖြတ်ချက်ကို ပြုလုပ်ရန် ဘုရားသခင်အား ဖိအားပေးခဲ့သည့်အရာ ဖြစ်သည်။ ရေလွှမ်းမိုးခြင်းက ကမ္ဘာမြေကြီးကို ဖျက်ဆီးပြီးနောက်တွင်၊ ဘုရားသခင်သည် ရေလွှမ်းမိုးခြင်းဖြင့် ကမ္ဘာလောကကို မည်သည့်အခါတွင်မျှ တစ်ဖန် ဖျက်ဆီးမည်မဟုတ်သည်ကို ပြသဖို့ သူ၏ ပထမဆုံး ပဋိညာဉ်ကို လူသားများနှင့် ပြုလုပ်ခဲ့သည်။ ဤပဋိညာဉ်၏ သင်္ကေတမှာ သက်တံဖြစ်ခဲ့သည်။ ဤသည်မှာ လူသားမျိုးနွယ်နှင့် ဘုရားသခင်၏ ပထမဆုံး ပဋိညာဉ်ဖြစ်သည်၊ ထို့ကြောင့် သက်တံသည် ဘုရားသခင်က ပေးထားသည့် ပဋိညာဉ်၏ ပထမဆုံး သင်္ကေတဖြစ်သည်။ သက်တံသည် စစ်မှန်သည့်အရာ၊ အထည်ဒြပ်ဖြစ်သည့်အရာတစ်ခု ဖြစ်သည်။ ဘုရားသခင်ကို ယခင်က သူဆုံးရှုံးခဲ့သည့် လူသားမျိုးနွယ်အတွက် ဝမ်းနည်းခြင်းမှု မကြာခဏ ခံစားရစေပြီး၊ ထိုသူများထံ ဖြစ်ပျက်ခဲ့သည့်အရာနှင့်သက်ဆိုင်၍ သူ့အတွက် စဉ်ဆက်မပြတ် သတိပေးချက်တစ်ခုအဖြစ် အသုံးတော်ခံသည်မှာ ဤသက်တံ၏ တကယ့် တည်ရှိမှုဖြစ်သည်။ ဘုရားသခင်က သူ၏ ခြေလှမ်းကို နှောင့်နှေးသွားစေမည် မဟုတ်- သူ၏စီမံခန့်ခွဲမှုတွင် နောက်တစ်ဆင့် လုပ်ဆောင်ရန် သူသည် စိတ်လှုပ်ရှားပြီး စိတ်အားထက်သန်ပေသည်။ နောက်ပိုင်းတွင် ဘုရားသခင်သည် ကလသရေလနိုင်ငံတစ်လျှောက်တွင် သူ၏အမှုအတွက် သူ၏ ပထမဆုံးရွေးချယ်မှုအဖြစ် အာဗြဟံကို ရွေးချယ်ခဲ့သည်။ ဤသည်မှာလည်း ထိုသို့သော သင့်တော်သူတစ်ဦးကို ဘုရားသခင် ရွေးချယ်ခဲ့သည့် ပထမဆုံးအကြိမ် ဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းနှင့်သက်ဆိုင်သည့် သူ၏အမှုကို ဤလူမှတဆင့် စတင်လုပ်ဆောင်ရန်နှင့် ဤလူ၏ သားစဉ်မြေးဆက်များ အလယ်တွင် သူ၏အမှုကို ဆက်လက် လုပ်ဆောင်ရန် စိတ်ဆုံးဖြတ်ခဲ့သည်။ ဤသည်မှာ အာဗြဟံနှင့်ပတ်သက်၍ ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အရာ ဖြစ်သည်ကို သမ္မာကျမ်းစာတွင်

ငါတို့မြင်နိုင်သည်။ ထို့နောက် ဘုရားသခင်က ဣသရေလနိုင်ငံကို ပထမဆုံး ရွေးချယ်ခဲ့သော နယ်မြေအဖြစ် ပြုလုပ်ခဲ့ပြီး သူ ရွေးချယ်ထားသောလူများ ဖြစ်သည့် ဣသရေလလူမျိုးတို့မှတစ်ဆင့် ပညတ်တော်ခေတ်နှင့် သက်ဆိုင်သည့် သူ၏အမှုကို စတင်ခဲ့သည်။ နောက်တစ်ဖန် ပထမဆုံးအကြိမ်အဖြစ်၊ ဘုရားသခင်သည် လူသားမျိုးနွယ် လိုက်လျှောက်သင့်သော တိကျပြတ်သားသော စည်းမျဉ်းနှင့် ပညတ်တရားတို့ကို ဣသရေလလူမျိုးတို့ထံ ပေးခဲ့ပြီး ၎င်းတို့ကို အသေးစိတ် ရှင်းပြခဲ့သည်။ ဤသည်မှာ ၎င်းတို့အနေဖြင့် ယဇ်ပူဇော်မှုများကို မည်ကဲ့သို့ ပေးသင့်သည်၊ ၎င်းတို့ မည်သို့ အသက်ရှင်သင့်သည်၊ ၎င်းတို့ လုပ်ဆောင်သင့်သည့်အရာနှင့် မလုပ်ဆောင်သင့်သည့်အရာ၊ မည်သည့်ပွဲတော်များနှင့် မည်သည့် နေ့ရက်တို့ကို ၎င်းတို့ စောင့်ထိန်းလိုက်နာသင့်သည် ဆိုသည့်အရာများနှင့်၊ ၎င်းတို့လုပ်ဆောင်သော အရာရာတိုင်းတွင် လိုက်လျှောက်ရမည့် အခြေခံသဘောတရားများအတွက် တိကျကာ၊ စံသတ်မှတ်ထားသော စည်းမျဉ်းတို့ကို လူသားတို့ကို ဘုရားသခင် ပေးခဲ့ဖူးသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ လူသားတို့၏ ဘဝအတွက် အသေးစိတ်၊ စံသတ်မှတ်ထားသော ဤသည်မှာ ဘုရားသခင်က လူသားမျိုးနွယ်ကို ၎င်းတို့၏ အသက်တာများအား မည်သို့ အသက်ရှင်ရမည်နှင့်ပတ်သက်သည့် အသေးစိတ်ကျသည့်၊ စံသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် အခြေခံသဘောတရားများကို ပေးခဲ့သည့် ပထမဆုံးအကြိမ် ဖြစ်ပေသည်။

“ပထမဆုံးအကြိမ်” ဟု ငါပြောသည့်အခါတိုင်းတွင်၊ ယင်းသည် ယခင်က ဘုရားသခင် လုံးဝ မဆောင်ရွက်ခဲ့ဖူးသည့် အမှုအမျိုးအစားတစ်ခုကို ရည်ညွှန်းပေသည်။ ယင်းသည် ယခင်က မရှိခဲ့သော အမှုတစ်ခုကို ရည်ညွှန်းပြီး၊ ဘုရားသခင်က လူသားမျိုးနွယ်၊ အဖန်ဆင်းခံများနှင့် သက်ရှိမျိုးစုံတို့ကို ဖန်ဆင်းခဲ့သော်လည်း၊ ဤသည်မှာ ယခင်က သူ လုံးဝ မလုပ်ဆောင်ခဲ့ဖူးသော အမှုမျိုးဖြစ်ပေသည်။ ဤအမှုအားလုံးတွင် လူသားမျိုးနွယ်နှင့်သက်ဆိုင်သည့် ဘုရားသခင်၏ စီမံခန့်ခွဲမှု ပါဝင်သည်။ ယင်းသည် လူများနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် သူ၏ကယ်တင်ခြင်း၊ စီမံခန့်ခွဲမှုတို့နှင့် အားလုံး ပတ်သက်ပေသည်။ အာဗြဟံနောက်တွင် ဘုရားသခင်သည် နောက်ထပ် ပထမဆုံးသော အရာတစ်ခုကို လုပ်ဆောင်ခဲ့သည်- ပညတ်တရား အောက်တွင် အသက်ရှင်နိုင်မည့်သူနှင့် ဘုရားသခင်ကို ဆက်လက် ကြောက်ရွံ့ရင်း၊ မကောင်းမှုကို ရှောင်ကြဉ်ရင်းနှင့် ဘုရားသခင်အဖို့ သက်သေခံရင်း စာတန်၏ စုံစမ်းနှောင့်ယှက်ခြင်းများကို ခံနိုင်မည့်သူ တစ်ဦးအဖြစ် ယောဘကို သူရွေးချယ်ခဲ့သည်။ ဤသည်မှာလည်း လူတစ်ယောက်ကို စုံစမ်းနှောင့်ယှက်ရန် ဘုရားသခင်က စာတန်ကို ခွင့်ပြုခဲ့သော ပထမဆုံးအကြိမ်ဖြစ်ပြီး စာတန်နှင့် အလောင်းအစားပြုခဲ့သော

ပထမဆုံးအကြိမ် ဖြစ်သည်။ နောက်ဆုံးတွင် ပထမဆုံးအကြိမ် စာတန်ကို ရင်ဆိုင်နေရစဉ်တွင်၊ သူ့အတွက် သက်သေအဖြစ် ရပ်တည်နိုင်စွမ်းရှိပြီး သက်သေခံနိုင်စွမ်း ရှိသည့်သူတစ်ဦးနှင့် စာတန်ကို လုံးလုံးလျားလျား အရှက်ရစေနိုင်မည့်သူတစ်ဦးကို ဘုရားသခင် ရရှိခဲ့သည်။ လူသားမျိုးနွယ်ကို ဘုရားသခင် ဖန်ဆင်းခဲ့ကတည်းက၊ ဤသည်မှာ သူရရှိခဲ့ဖူးသည့် သူ့အတွက် သက်သေခံနိုင်ခဲ့သည့် ပထမဆုံးသောလူ ဖြစ်သည်။ ဤလူကို သူရရှိခဲ့ပြီးသည် နှင့်တစ်ပြိုင်နက် သူ၏ အမှု နောက်တစ်ဆင့်အတွက် သူရွေးချယ်ရမည့် နေရာနှင့် လူတို့ကို ပြင်ဆင်ရင်း သူ၏စီမံခန့်ခွဲမှုကို ဆက်လုပ်လုပ်ဆောင်ရန်နှင့် သူ၏အမှုထဲက နောက်တစ်ဆင့်ကို ဆောင်ရွက်ရန် ဘုရားသခင် သာ၍ပင် စိတ်အားထက်သန်ခဲ့သည်။

ဤအရာအားလုံးအကြောင်းကို မိတ်သဟာယ ပြုပြီးနောက်တွင်၊ ဘုရားသခင်၏အလိုနှင့်သက်ဆိုင်သည့် စစ်မှန်သော သိနားလည်မှုတစ်ခု သင်တို့ ရှိကြပါသလော။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို သူ၏ စီမံခန့်ခွဲခြင်းနှင့် ဆိုင်သည့်၊ လူသားမျိုးနွယ်ကို သူ၏ ကယ်တင်ခြင်းနှင့်ဆိုင်သည့် ဤဖြစ်ရပ်ကို အခြားမည်သည့် အရာမဆိုထက် သာ၍ အရေးကြီးသကဲ့သို့ ယူဆသည်။ သူသည် ဤအရာတို့ကို သူ၏စိတ်နှင့် နှင့်သာ၊ သူ၏နှုတ်ကပတ်တော်များနှင့်သာ၊ ပြီးလျှင် သာမန်ကာလျှံကာဖြစ်သော သဘောထားဖြင့်သာ သေချာပေါက် မလုပ်ဆောင်ပေ- သူသည် ဤအရာအားလုံးကို အစီအစဉ်တစ်ခု၊ ပန်းတိုင်တစ်ခု၊ စံနှုန်းများနှင့် သူ၏အလိုတို့ဖြင့် လုပ်ဆောင်သည်။ လူသားမျိုးနွယ်ကို ကယ်တင်ရန်ဖြစ်သော ဤအမှုသည် ဘုရားသခင်နှင့် လူသားနှစ်ဦးစလုံးတို့အတွက် ကြီးမားသော အရေးပါမှုကို ကိုင်စွဲထားသည်မှာ သိသာရှင်းလင်းပေသည်။ အမှု မည်မျှ ခက်ခဲသည်ဖြစ်စေ၊ အတားအဆီးများ မည်မျှကြီးမားသည် ဖြစ်စေ၊ လူသားများက မည်မျှ အားနည်းကြသည်ဖြစ်စေ၊ သို့မဟုတ် လူသားမျိုးနွယ်၏ ပုန်ကန်ခြင်းက မည်မျှ နက်ရှိုင်းသည်ဖြစ်စေ၊ ဤအရာထဲက မည်သည့်အရာမျှ ဘုရားသခင်အတွက် မခက်ခဲချေ။ ဘုရားသခင်သည် သူ၏ ပင်ပန်းတကြီးလုပ်ရသော အားထုတ်မှုကို အသုံးချရင်းနှင့် သူကိုယ်တိုင် ဆောင်ရွက်လိုသော အမှုကို စီမံခန့်ခွဲရင်း မိမိဘာသာ အလုပ်ရှုပ်မြဲရှုပ်နေလေသည်။ သူသည် အရာရာတိုင်းကိုလည်း စီစဉ်နေပြီး၊ သူအမှုပြုမည့် လူများအားလုံးနှင့် သူ ပြီးစီးလိုသည့် အမှုအားလုံးအပေါ် သူ၏ အချုပ်အခြာအာဏာကို ကျင့်သုံးနေသည်- ဤအရာထဲက မည်သည့်အရာကိုမျှ ယခင်က မလုပ်ခဲ့ဖူးချေ။ ဤသည်မှာ လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းနှင့် ကယ်တင်ခြင်းနှင့် သက်ဆိုင်သည့် ဤအဓိက စီမံကိန်းအတွက် ဘုရားသခင်က ဤနည်းလမ်းများကို အသုံးပြုပြီး၊ ကြီးမားသော အဖိုးအခကို ပေးခဲ့သည့် ပထမဆုံးအကြိမ် ဖြစ်သည်။ ဤအမှုကို ဘုရားသခင်

ဆောင်ရွက်နေစဥ်တွင်၊ သူသည် ထိမ်ချန်ထားခြင်း မရှိဘဲ သူ၏ အပင်ပန်းခံ ကြိုးစားအားထုတ်မှု၊ သူ၏အရာအားလုံးနှင့်ဖြစ်ခြင်း၊ သူ၏ဉာဏ်ပညာနှင့် အနန္တတန်ခိုး၊ ပြီးလျှင် သူ့စိတ်သဘောထား၏ ရှုထောင့်တိုင်းကို လူသားမျိုးနွယ်ထံ နည်းနည်းချင်း ဖော်ပြနေပြီး ထုတ်ပြန် ပေးနေပေသည်။ သူသည် ယခင်က တစ်ကြိမ်တစ်ခါမျှ မလုပ်ဖူးသည့်အတိုင်း ဤအရာများကို ထုတ်ပြန်ကာ ဖော်ပြသည်။ ထို့ကြောင့် စကြဝဠာတစ်ခုလုံးတွင်၊ ဘုရားသခင်က စီမံရန်နှင့် ကယ်တင်ရန် ရည်ရွယ်ထားသော လူများမှလွဲ၍ ဘုရားသခင်နှင့် ထိုသို့သော ရင်းနှီးသည့်ဆက်ဆံရေးရှိသော၊ ဘုရားသခင်နှင့် အလွန်နီးကပ်သော မည်သည့်ဖန်ဆင်းခံမျှ လုံး၀ မရှိခဲ့ဖူးပေ။ သူ၏ စိတ်နှလုံးထဲတွင် သူစီမံလိုပြီး ကယ်တင်လိုသော လူသားမျိုးနွယ်သည် အရေးကြီးဆုံးဖြစ်၏။ သူသည် ဤလူသားမျိုးနွယ်ကို အခြားအရာအားလုံးထက် တန်ဖိုး ထားသည်။ သူသည် ၎င်းတို့အတွက် ကြီးမားသော အဖိုးအခ တစ်ခုကို ပေးဆပ်ခဲ့ပြီး ၎င်းတို့က သူ့ကို အဆက်မပြတ် နာကျင်စေကာ မနာခံကြသော်လည်း၊ ၎င်းတို့အပေါ် သူ လုံး၀ လက်မလျှော့သကဲ့သို့ ညည်းညူခြင်း၊ သို့မဟုတ် နောင်တရခြင်း မရှိဘဲ၊ သူ၏အမှုဖြင့် မမောနိုင်မပန်းနိုင် ဆက်လက် လုပ်ဆောင်လေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူတို့သည် သူ၏ခေါ် ခြင်းဆီသို့ အနှေးနှင့်အမြန် နိုးထကြလိမ့်မည် ဖြစ်ပြီး သူ၏နှုတ်ကပတ်တော်များအားဖြင့် တို့ထိခြင်း ခံရကြလိမ့်မည်၊ သူသည် ဖန်ဆင်းခြင်း၏ အရှင်ဖြစ်သည်ကို သတိပြုမိကာ သူ့ထံပါးသို့ ပြန်လာကြလိမ့်မည်ကို သူ သိသောကြောင့်ဖြစ်သည်။

ယနေ့ ဤအရာအားလုံးကို ကြားပြီးနောက်တွင် ဘုရားသခင် လုပ်ဆောင်သောအရာအားလုံးက အလွန် ပုံမှန်ဖြစ်သည်ဟု သင်တို့ ခံစားကောင်းခံစားရနိုင်သည်။ လူသားတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သူ၏အမှုမှတဆင့် ၎င်းတို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်အချို့ကို အမြဲခံစားရပြီးဖြစ်ပုံရသော်လည်း၊ ၎င်းတို့၏ခံစားချက်များ၊ သို့မဟုတ် ၎င်းတို့၏အသိပညာနှင့် ဘုရားသခင် တွေးတောနေသည့်အရာကြားတွင် အမြဲတစေ ဝေးကွာမှုအချို့ ရှိလေသည်။ ယင်းမှာ ဘုရားသခင်က လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သည့် အကြောင်းအရင်း၊ သူမျှော်လင့်ထားသည့် လူသားမျိုးနွယ်ကို ရရှိဖို့ သူ၏ စိတ်ဆန္ဒ နောက်ကွယ်က နောက်ခံအကြောင်းရင်းနှင့် ပတ်သက်၍ လူများအားလုံးနှင့် ဆွေးနွေးပြောဆိုရန် လိုအပ်သည်ဟု ငါထင်ရသည့် အကြောင်းရင်း ဖြစ်သည်။ အယောက်တိုင်းသည် ၎င်းတို့၏ စိတ်နှလုံးထဲတွင် ရှင်းလင်းဖို့အလို့ငှာ၊ ဤအရာကို အယောက်တိုင်းနှင့် ဝေမျှရန်မှာ မုချလိုအပ်ပေသည်။ ဘုရားသခင်၏အတွေးနှင့် စိတ်ကူးတိုင်း၊ ပြီးလျှင် သူ့အမှု၏ အဆင့်တိုင်းနှင့် အချိန်ကာလတိုင်းသည် သူ၏စီမံခန့်ခွဲခြင်း အမှုတစ်ခုလုံးနှင့်

ဆက်နွှယ်ပြီး နီးကပ်စွာ ဆက်စပ်နေသောကြောင့်၊ သူ၏ အမှု အဆင့်တိုင်းရှိ ဘုရားသခင်၏ အတွေးများ၊ စိတ်ကူးများ၊ သူ၏အလိုတို့ကို သင်နားလည်သောအခါတွင်၊ သူ၏စီမံခန့်ခွဲမှုအစီအစဉ် နှင့်သက်ဆိုင်သည့် အမှု မည်သို့ ဖြစ်ပေါ်လာသည်ဆိုသည်ကို နားလည်ခြင်းနှင့် တူညီပေသည်။ ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏ သိနားလည်မှု သာ၍နက်ရှိုင်းသည်မှာ ဤအခြေခံအုတ်မြစ် ပေါ်တွင် ဖြစ်သည်။ ငါယခင်ကပြောခဲ့သည့်အတိုင်း၊ ဘုရားသခင်သည် ကမ္ဘာလောကကို ပထမဆုံး ဖန်ဆင်းခဲ့ချိန်တွင် သူပြုလုပ်သောအရာတိုင်းသည် ယခုအချိန်တွင် "သတင်းအချက်အလက်" မျှသာဖြစ်ပြီး သမ္မာတရားကို အားထုတ်ရာတွင်မဆီလျော်သည့်ပုံ ပေါ်သော်လည်း၊ သင်၏ အတွေ့အကြုံလမ်းကြောင်း တစ်လျှောက်တွင် ဤသည်မှာ သတင်းအချက်အလက် အစိတ်အပိုင်း အနည်းငယ်ကဲ့သို့ သိပ်ရိုးရှင်းသည့် အရာတစ်ခုမဟုတ်သကဲ့သို့၊ ယင်းသည် နက်နဲမှုမျိုးတချို့သာ ဖြစ်သည်ဟု သင်မထင်မှတ်သော နေ့ရက်တစ်ရက် ရှိပေလိမ့်မည်။ သင်၏ အသက်တာ တိုးတက်သည်နှင့်အမျှ၊ ဘုရားသခင်သည် သင်၏ စိတ်နှလုံး၌ နေရာတချို့ရှိသည်နှင့်တစ်ပြိုင်နက် သို့မဟုတ် သင်သည် သူ၏အလိုကို သာ၍ စေ့စေ့စပ်စပ်နှင့် နက်ရှိုင်းစွာ နားလည်သည်နှင့်တစ်ပြိုင်နက်၊ ယနေ့ ငါပြောပြနေသည့် အရာ၏ အရေးကြီးမှုနှင့် လိုအပ်မှုတို့ကို သင်အမှန်တကယ် နားလည်လိမ့်မည်ဖြစ်သည်။ ဤအရာကို သင်တို့ ယခု မည်သည့်အတိုင်းအတာအထိ လက်ခံသည်ဖြစ်စေ၊ ဤအရာတို့ကို သင်တို့ နားလည်ပြီး သိရှိရန်အတွက် လိုအပ်ဆဲ ဖြစ်သည်။ ဘုရားသခင်သည် တစ်စုံတစ်ခုကို လုပ်ဆောင်သောအခါတွင်၊ သူ၏ အမှုကို သူ ဆောင်ရွက်သောအခါတွင်၊ ယင်းသည် သူ၏စိတ်ကူးနှင့်၊ သို့မဟုတ် သူ၏ကိုယ်ပိုင်လက်များနှင့် လုပ်ဆောင်သည်ဖြစ်စေ၊ ယင်းကို သူ လုပ်ဆောင်ခဲ့ဖူးသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်ဖြစ်စေ သို့မဟုတ် နောက်ဆုံးအကြိမ် ဖြစ်သည်ဖြစ်စေ၊ နောက်ဆုံးတွင် ဘုရားသခင်သည် အစီအစဉ် တစ်ခုရှိပြီး၊ သူလုပ်သမျှအရာတိုင်းတွင် သူ၏ရည်ရွယ်ချက်များနှင့် သူ၏ အတွေးတို့ ရှိလေသည်။ ဤရည်ရွယ်ချက်များနှင့် အတွေးများက ဘုရားသခင်၏ စိတ်သဘောထားကို ကိုယ်စားပြုကြပြီး၊ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို ဖော်ပြကြသည်။ ဤအရာနှစ်ခုဖြစ်သည့်- ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏အရာ အားလုံးနှင့်ဖြစ်ခြင်းတို့ကို- လူတစ်ဦးစီတိုင်း နားလည်ထားရပေမည်။ လူတစ်ဦးက သူ၏စိတ်သဘောထား၊ သူ၏အရာအားလုံးနှင့်ဖြစ်ခြင်းကို နားလည်သည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်က သူ၏ လုပ်ဆောင်သည့်အရာကို ဘာကြောင့် လုပ်ဆောင်ပြီး၊ သူ ပြောဆိုသည့်အရာကို အဘယ်ကြောင့် ပြောဆိုသည်ကို ၎င်းတို့ တဖြည်းဖြည်း

နားလည်နိုင်ပေသည်။ ယင်းမှ ဘုရားသခင်၏ နောက်ကိုလိုက်ရန်၊ သမ္မာတရားနှင့် ၎င်းတို့၏ စိတ်သဘောထား၌ ပြောင်းလဲမှုတစ်ခုကို ရရှိအောင် အားထုတ်ရန် ယုံကြည်ခြင်းကို ၎င်းတို့ သာ၍ရှိနိုင်ကြပေသည်။ ယင်းမှာ ဘုရားသခင်နှင့် သက်ဆိုင်သည့် လူသား၏ သိနားလည်ခြင်းနှင့် ဘုရားသခင်၌ သူ၏ယုံကြည်ခြင်းတို့သည် ခွဲခြား၍မရနိုင်ဟု ဆိုရပေမည်။

လူတို့ အသိပညာရရှိသောအရာနှင့် နားလည်လာသော အရာက ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်း ဖြစ်ပါက၊ သူတို့ ရရှိကြသည့်အရာက ဘုရားသခင်ဆီမှလာသော အသက် ဖြစ်လိမ့်မည်။ ဤအသက်ကို သင့်အထဲတွင် ဖြစ်ပေါ်စေပြီးသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင် အပေါ် သင်၏ ကြောက်ရွံ့မှုသည် ပို၍ ကြီးမားသည်ထက် ကြီးမားလာလိမ့်မည်။ ဤသည်မှာ အလွန်တရာ အလိုအလျောက်ဖြစ်လာသည့် ရရှိမှုတစ်ခု ဖြစ်သည်။ သင်သည် ဘုရားသခင်၏ စိတ်သဘောထား၊ သို့မဟုတ် သူ၏ အနှစ်သာရနှင့်ပတ်သက်၍ နားမလည်လိုပါက၊ သို့မဟုတ် မသိလိုပါက၊ သင်သည် ဤအရာတို့အပေါ် မတွေးဆလိုပါက သို့မဟုတ် အာရုံမစိုက်လိုပါက၊ ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်းကို လတ်တလော သင် လိုက်စားနေသည့် နည်းလမ်းသည် သူ၏အလိုကို ဖြည့်ဆည်းရန်၊ သို့မဟုတ် သူ၏ချီးမွမ်းခြင်းကိုရရန် သင့်ကို လုံးဝ အခွင့်မပေးနိုင်သည်ကို ငါသေချာပေါက် ပြောနိုင်သည်။ ထို့ထက်ပို၍ သင်သည် ကယ်တင်ခြင်းကို မည်သည့်အခါမျှ အမှန်တကယ် မရရှိနိုင်ပေ- ဤသည်တို့သည် နောက်ဆုံး အကျိုးဆက်များ ဖြစ်သည်။ လူတို့သည် ဘုရားသခင်ကို နားမလည်သကဲ့သို့ သူ၏ စိတ်သဘောထားကို မသိကြသောအခါတွင်၊ ၎င်းတို့၏ စိတ်နှလုံးသည် သူ့ထံ လုံးဝ အမှန်တကယ် ဖွင့်ဟနိုင်မည် မဟုတ်ပေ။ ဘုရားသခင်ကို ၎င်းတို့နားလည်သည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် ဘုရားသခင်၏ စိတ်နှလုံးထဲ၌ ရှိသောအရာကို စတင်တန်ဖိုးထားကာ စိတ်ဝင်စားမှု၊ ယုံကြည်ခြင်းနှင့်အတူ စတင် အရသာခံကြလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ စိတ်နှလုံးထဲ၌ ရှိသောအရာကို သင်သည် တန်ဖိုးထားပြီး အရသာ ခံသောအခါတွင်၊ သင်၏စိတ်နှလုံးသည် နည်းနည်းချင်း တဖြည်းဖြည်း သူ့ထံ ဖွင့်ဟလိမ့်မည် ဖြစ်သည်။ သင်၏ စိတ်နှလုံးသည် သူ့ထံ ဖွင့်ဟသောအခါတွင်၊ ဘုရားသခင်နှင့် သင်၏ အပြန်အလှန် အချီအချပြောဆိုမှုများ၊ ဘုရားသခင်အပေါ် သင်၏တောင်းဆိုမှုများနှင့် သင်ကိုယ်တိုင်၏ လွန်ကျူးသော ဆန္ဒများက မည်မျှရှက်ဖွယ်ကောင်းပြီး မည်မျှ စက်ဆုပ်ဖွယ် ဖြစ်သည်ကို သင်ခံစားရလိမ့်မည်။ သင်၏ စိတ်နှလုံးသည် ဘုရားသခင်ထံ အမှန်တကယ် ဖွင့်ဟသောအခါတွင်၊ သူ၏ နှလုံးသားသည် ထိုသို့ အဆုံးအစမရှိသော လောကတစ်ခု ဖြစ်သည်ကို သင် မြင်ရလိမ့်မည်ဖြစ်ပြီး၊ ယခင်က

သင် လုံးဝ မတွေ့ကြုံဖူးသော နယ်ပယ်ထဲသို့ ဝင်ရောက်လိမ့်မည်။ ဤနယ်ပယ်ထဲတွင် လှည့်စားခြင်းမရှိ၊ လှည့်ဖြားခြင်းမရှိ၊ မှောင်မိုက်ခြင်းမရှိသကဲ့သို့ ဆိုးယုတ်ခြင်း မရှိပေ။ ရိုးသား စစ်မှန်ခြင်းနှင့် သစ္စာစောင့်သိခြင်းသာရှိသည်။ အလင်းနှင့် ရိုးသားဖြောင့်မတ်ခြင်းသာ ရှိသည်။ ဖြောင့်မတ်ခြင်းနှင့် ကြင်နာခြင်းတို့သာ ရှိသည်။ ချစ်ခြင်းနှင့် ဂရုစိုက်မှုတို့ဖြင့် ပြည့်နေသည်၊ သနားကရုဏာနှင့် သည်းခံခြင်းတို့ဖြင့် ပြည့်နေသည်၊ ပြီးလျှင် ထိုမှတစ်ဆင့် သင်သည် အသက်ရှင် ရခြင်း၏ ပျော်ရွှင်မှုနှင့် ဝမ်းမြောက်မှုကို ခံစားရသည်။ ဤအရာတို့သည် ဘုရားသခင်ထံသို့ သင်၏ စိတ်နှလုံးကို ဖွင့်ဟသောအခါ၌၊ သင့်ကို ဘုရားသခင် ထုတ်ဖော်ပြသည့် အရာများ ဖြစ်သည်။ အဆုံးမရှိသော ဤကမ္ဘာလောကသည် ဘုရားသခင်၏ ဉာဏ်ပညာနှင့် အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းတို့ဖြင့် ပြည့်နေသည်။ ယင်းသည် သူ၏ချစ်ခြင်းနှင့် သူ၏ ဩဇာအာဏာတို့ဖြင့်လည်း ပြည့်လေသည်။ ဤနေရာတွင် သင်သည် ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်း၏ ရှုထောင့်တိုင်း၊ သူ့ကို ဘယ်အရာက ဝမ်းမြောက်စေသည်၊ အဘယ်ကြောင့် သူ စိုးရိမ်ပူပန်ပြီး အဘယ်ကြောင့် သူ ဝမ်းနည်းလာသည်၊ အဘယ်ကြောင့် သူ စိတ်ဆိုးလာသည် စသည်တို့ကို သင်မြင်နိုင်သည်။ ဤသည်မှာ မိမိတို့၏စိတ်နှလုံးကို ဖွင့်ဟပြီး ဘုရားသခင်ကို ဝင်ခွင့်ပေးသော လူ တစ်ဦးစီတိုင်းက မြင်နိုင်သောအရာ ဖြစ်သည်။ သင်သည် သင်၏ စိတ်နှလုံးကို သူ့အား ဖွင့်ဟပေးမှသာ ဘုရားသခင်သည် သင့်စိတ်နှလုံးထဲသို့ ဝင်လာနိုင်ပေသည်။ သူသည် သင့်စိတ်နှလုံးထဲကို ဝင်ရောက်လာမှသာ၊ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို သင်မြင်နိုင်ပြီး သင့်အတွက် သူ၏ရည်ရွယ်ချက်များကို သင်မြင်နိုင်သည်။ ထိုအချိန်တွင် ဘုရားသခင်နှင့်ပတ်သက်သော အရာတိုင်းသည် အလွန် တန်ဖိုးရှိသည်၊ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းသည် အလွန် တန်ဖိုးထားထိုက်သည်ကို သင်တွေ့ရှိလာလိမ့်မည်။ ယင်းနှင့် နှိုင်းယှဉ်ပါက၊ သင်၏ အနီးအနားရှိ လူများ၊ သင့်ဘဝထဲက အရာဝတ္ထုနှင့် အဖြစ်အပျက်များ၊ ပြီးလျှင် သင်၏ ချစ်ခင်ရသောသူများ၊ သင်၏ အဖော်နှင့် သင် နှစ်သက်သော အရာများပင်လျှင် ထုတ်ဖော်ပြောရန် မထိုက်တန်ပေ။ ထိုအရာများသည် အလွန်သေးငယ်ပြီး အလွန်နိမ့်ကျသည်။ မည်သည့်ရုပ်ဝတ္ထုပစ္စည်းများမျှ သင့်ကို တစ်ဖန် ဆွဲဆောင်နိုင်မည် မဟုတ်၊ သို့မဟုတ် မည်သည့်ရုပ်ဝတ္ထုပစ္စည်းကမျှ ယင်းအတွက် အဖိုးအခကို ပေးဆပ်စေရန် သင့်ကို တစ်ဖန် ဖြားယောင်းနိုင်မည် မဟုတ်ဟု သင်ခံစားရလိမ့်မည်။ ဘုရားသခင်၏ နှိမ့်ချခြင်းတွင် သူ၏ကြီးမြတ်မှုနှင့် သူ၏ သာလွန်မှုကို သင်မြင်ရလိမ့်မည်။ ထို့အပြင် ယခင်က အတော်အတန် သေးငယ်သည်ဟု သင်ယုံကြည်ခဲ့သည့် ဘုရားသခင်၏ လုပ်ဆောင်ချက်အချို့တွင် သူ၏အဆုံးမရှိသော ဉာဏ်ပညာနှင့် သူ၏သည်းခံခြင်းကို သင်

မြင်ရလိမ့်မည်ဖြစ်ပြီး၊ သူ၏ စိတ်ရှည်မှု၊ သူ၏ သည်းခံမှုနှင့် သင့်အပေါ် သူ၏နားလည်မှုတို့ကို သင်မြင်ရလိမ့်မည်။ ဤအရာက သင့်အထဲတွင် သူ့အတွက် ကြည်ညိုမှုတစ်ခု ဖြစ်ပေါ်စေလိမ့်မည်။ ထိုနေ့တွင် လူသားမျိုးနွယ်သည် အင်မတန် ညစ်ညမ်းနေသော ကမ္ဘာလောကတစ်ခု၌ အသက်ရှင်နေသည်၊ သင့် နံဘေးရှိလူများနှင့် သင့်ဘဝ၌ ဖြစ်ပျက်သောအရာများ၊ ပြီးလျှင် သင်ချစ်သောသူများ၊ သင့်အတွက် ၎င်းတို့၏ချစ်ခြင်းမေတ္တာနှင့် ၎င်းတို့၏ ကွယ်ကာမှုဟု ခေါ်သောအရာများ၊ သို့မဟုတ် သင့်အတွက် ၎င်းတို့၏ ပူပန်မှုများပင်လျှင် ဖော်ပြရန် မထိုက်- ဘုရားသခင်သာ သင်ချစ်ခင်မြတ်နိုးရသောသူဖြစ်ပြီး သင် တန်ဖိုးအထားဆုံးက ဘုရားသခင်သာဖြစ်သည်ကို သင် ခံစားရပါလိမ့်မည်။ ထိုနေ့ရောက်လာသောအခါတွင်- ဘုရားသခင်၏ ချစ်ခြင်းသည် အလွန်ကြီးမြတ်ပြီး၊ သူ၏ အနှစ်သာရသည် အလွန်သန့်ရှင်းသည်- ဘုရားသခင်၌ လှည့်စားခြင်း မရှိ၊ ဆိုးယုတ်ခြင်း မရှိ၊ မနာလိုခြင်း မရှိသကဲ့သို့ ခိုက်ရန်ဖြစ်ခြင်း မရှိဘဲ၊ ဖြောင့်မတ်ခြင်းနှင့် စစ်မှန်ခြင်းသာရှိပြီး ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းဖြစ်သော အရာရာတိုင်းကို လူသားတို့ တောင့်တသင့်ပေသည် ဟု ပြောသည့် လူအချို့ ရှိလိမ့်မည်ဟု ငါယုံကြည်သည်။ လူသားတို့သည် ယင်းအတွက် ကြိုးပမ်းသင့်ပြီး ဆန္ဒပြင်းပြသင့်ပေသည်။ ဤအရာကို စွမ်းဆောင်ရရှိဖို့ လူသားမျိုးနွယ်၏ အရည်အချင်းသည် မည်သည့်အခြေခံ အကြောင်းရင်းပေါ်တွင် တည်ဆောက်ထားသနည်း။ ယင်းသည် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် ၎င်းတို့၏ နားလည်မှု အခြေခံအကြောင်းရင်းနှင့် ဘုရားသခင်၏ အနှစ်သာရနှင့် သက်ဆိုင်သည့် ၎င်းတို့၏ သိနားလည်မှုအပေါ်တွင် တည်ဆောက် ထားပေသည်။ ထို့ကြောင့် ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏အရာအားလုံးနှင့်ဖြစ်ခြင်းကို နားလည်ခြင်းသည် လူတိုင်း အတွက် ရာသက်ပန် သင်ခန်းစာတစ်ခု ဖြစ်သည်။ ဤသည်မှာ မိမိတို့၏ စိတ်သဘောထားကို ပြောင်းလဲရန် ကြိုးပမ်းပြီး၊ ဘုရားသခင်ကို သိရန် ကြိုးပမ်းသောသူတိုင်း အားထုတ်သည့် ရာသက်ပန် ရည်မှန်းချက်တစ်ခု ဖြစ်သည်။

ဘုရားသခင် လုပ်ဆောင်ခဲ့သော အမှုအားလုံး၊ သူ ဆောင်ရွက်ခဲ့သည့် မကြုံစဖူး အမှုများ တသီတတန်း နှင့်ပတ်သက်၍ ငါတို့ ယခုတင် ပြောခဲ့ကြသည်။ ဤအရာ တစ်ခုစီတိုင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်နှင့် ဘုရားသခင်၏ အလိုတို့နှင့် သက်ဆိုင်လေသည်။ ယင်းတို့သည် ဘုရားသခင် ကိုယ်တိုင်၏ စိတ်သဘောထားနှင့် သူ၏ အနှစ်သာရနှင့်လည်း သက်ဆိုင်သည်။ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို ငါတို့ သာ၍ နားလည်လိုပါက၊ ဓမ္မဟောင်းကျမ်း သို့မဟုတ် ပညတ်တော်ခေတ်၌ ငါတို့ ရပ်၍မရပေ- သူ၏ အမှု၌ ဘုရားသခင်

လှမ်းသော ခြေလှမ်းများနှင့်အတူ လိုက်လျှောက်ရင်း၊ ငါတို့ ဆက်လက် ရှေ့ဆက်ဖို့ လိုအပ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ပညတ်တော်ခေတ်ကို အဆုံးသတ်ခဲ့ပြီး ကျေးဇူးတော်ခေတ်ကို စတင်ခဲ့သည်နှင့်အမျှ၊ ငါတို့၏ ကိုယ်ပိုင်ခြေလှမ်းများကိုလည်း ကျေးဇူးတော်ခေတ်- ကျေးဇူးတော်နှင့် ရွေးနုတ်ခြင်း အပြည့်ရှိသည့် ခေတ်တစ်ခေတ်ထဲသို့ လှမ်းခွင့်ပေးလေသည်။ ဤခေတ်တွင် ဘုရားသခင်သည် ယခင်က လုံးဝ မလုပ်ဆောင်ခဲ့ဖူးသည့် အလွန်အရေးကြီးသော အရာတစ်ခုကို တစ်ဖန် လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်နှင့် လူသားမျိုးနွယ် နှစ်ဦးလုံးအတွက် ဤခေတ်သစ်တွင်ရှိသော အမှုသည် အသစ်သော စတင်ခြင်း အမှတ်တစ်ခု- ဘုရားသခင် လုပ်ဆောင်သော ယခင်က မလုပ်ဆောင်ခဲ့ဖူးသေးသည့် နောက်ထပ် အမှုသစ်ပါရှိသည့် စတင်ခြင်း အမှတ်တစ်ခု ဖြစ်သည်။ ဤအမှုသစ်သည် မကြုံစဖူးဖြစ်သည်၊ လူသားများနှင့် ဖန်ဆင်းခံအားလုံးတို့၏ စိတ်ကူးနိုင်စွမ်းကို ကျော်လွန်သည့် အရာတစ်ခု ဖြစ်သည်။ ယင်းမှာ ယခုတွင် လူအားလုံး သိကြသော အရာတစ်ခုဖြစ်သည်- ပထမဆုံး အကြိမ်အဖြစ်၊ ဘုရားသခင်က လူသားတစ်ဦး ဖြစ်လာခြင်းနှင့် ပထမဆုံးအကြိမ်အဖြစ် လူသားတစ်ဦး၏ ပင်ကိုလက္ခဏာဖြင့် ဘုရားသခင်က အမှုသစ်ကို လူသားတစ်ဦး ပုံသဏ္ဌာန်တစ်ခုဖြင့် စတင်ခဲ့ခြင်း ဖြစ်သည်။ ဤအမှုသစ်သည် ဘုရားသခင်က သူ့အမှုကို ပညတ်တော်ခေတ်တွင် ပြည့်စုံစေခဲ့ပြီးဖြစ်သည်ဆိုသည်နှင့်၊ ပညတ်တော်အောက်တွင် သူသည် မည်သည့်အရာကိုမျှ လုပ်ဆောင်တော့မည်မဟုတ် သို့မဟုတ် ပြောဆိုတော့မည် မဟုတ်ဆိုသည်ကို ဖော်ပြသည်။ သူသည် ပညတ်တော်၏ ပုံသဏ္ဌာန်ဖြင့် သို့မဟုတ် ပညတ်တော်၏ အခြေခံသဘောတရားများ သို့မဟုတ် စည်းမျဉ်းများနှင့်အညီ မည်သည့်အရာကိုမျှ ပြောမည်မဟုတ်သကဲ့သို့ လုပ်ဆောင်မည်လည်း မဟုတ်ပေ။ ဆိုလိုသည်မှာ ဘုရားသခင်သည် အမှုသစ်ကို စတင်လိုခဲ့ပြီး အမှုအရာသစ်များကို လုပ်ဆောင်လိုခဲ့သောကြောင့်၊ ပညတ်တော်ပေါ် အခြေခံသော သူ၏အမှုအားလုံးသည် ထာဝရ ရပ်တန့်သွားခဲ့ပြီး ရှေ့ဆက်မည် မဟုတ်တော့ချေ။ သူ၏ အစီအစဉ်သည် နောက်တစ်ဖန် အသစ်သော စတင်မှတ်တစ်ခု ရှိခဲ့သည်၊ ထို့ကြောင့် ဘုရားသခင်သည် လူသားမျိုးနွယ်ကို နောက်ခေတ်ထဲသို့ ဦးဆောင်ခဲ့ရလေသည်။

ဤသည်မှာ လူသားတို့အတွက် ဝမ်းမြောက်ဖွယ်သတင်း သို့မဟုတ် မကောင်းသောသတင်း ဖြစ်ခဲ့သည် မဖြစ်ခဲ့သည် ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ အနှစ်သာရအပေါ် မူတည်ခဲ့သည်။ ဘုရားသခင်သည် သူ၏အမှုသစ်ကို စတင်ခဲ့ချိန်တွင် ပညတ်တရားများနှင့် စည်းမျဉ်းများကိုသာ လိုက်လျှောက်သော လူများ၊ အယူဝါဒများကိုသာ လိုက်လျှောက်သော်လည်း၊ ဘုရားသခင်ကို မကြောက်ရွံ့သော သူတို့သည် ဘုရားသခင်၏ အမှုသစ်ကို ရှုတ်ချရန် သူ၏ အမှုဟောင်း

အသုံးပြုလေ့ ရှိခဲ့ကြသောကြောင့်၊ လူအချို့အဖို့ ဤသည်မှာ ဝမ်းမြောက်ဖွယ် သတင်းမဟုတ်ဘဲ၊ မကောင်းသော သတင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဤလူတို့အတွက် ဤသည်မှာ မကောင်းသောသတင်း ဖြစ်သည်၊ သို့သော်လည်း အပြစ်ကင်းစင်ပြီး ပွင့်လင်းသော လူတိုင်းအတွက်၊ ဘုရားသခင်အပေါ် ရိုးသားစစ်မှန်ပြီး သူ၏ ရွေးနုတ်ခြင်းကို ရရှိရန် လိုလားနေသော သူတို့အတွက်၊ ဘုရားသခင်၏ ပထမဆုံး လူ့ဇာတိခံယူခြင်းသည် အလွန် ဝမ်းမြောက်ဖွယ် သတင်း ဖြစ်ခဲ့သည်။ လူသားတို့ကို ပထမဆုံး ဖြစ်တည်စေခဲ့ကတည်းက၊ ဤသည်မှာ ဘုရားသခင်သည် ဝိညာဉ်တော်မဟုတ်သော အသွင်တစ်ခုဖြင့် လူသားမျိုးနွယ် အလယ် ပေါ်ထွန်းခဲ့ပြီး အသက်ရှင်ခဲ့သည် ပထမဆုံး အကြိမ်ဖြစ်ခဲ့သည့်အတွက်ဖြစ်သည်။ ဤအကြိမ်တွင် သူသည် လူသားတစ်ဦးမှ မွေးဖွားခဲ့ပြီး လူသားအနေဖြင့် လူတို့အလယ်တွင် အသက်ရှင်ခဲ့ကာ ၎င်းတို့၏အလယ်တွင် အလုပ်လုပ်ခဲ့သည်။ ဤ “ပထမဆုံးအကြိမ်” က လူတို့၏ အယူအဆတို့ကို ချိုးဖျက်ခဲ့သည်။ ယင်းသည် စိတ်ကူးစိတ်သန်း အားလုံးကို ကျော်လွန်ခဲ့သည်။ ထို့အပြင် ဘုရားသခင်၏ နောက်လိုက်အားလုံးသည် လက်ဆုပ်လက်ကိုင်ပြနိုင်သော အကျိုးကျေးဇူးတစ်ခုကို ရရှိခဲ့သည်။ ဘုရားသခင်သည် ခေတ်ဟောင်းကို အဆုံးသတ်ခဲ့သည် သာမက၊ သူ၏ အမှုပြုသည့် နည်းစနစ်ဟောင်းနှင့် အမှုပြုသည့်ပုံစံတို့ကိုလည်း အဆုံးသတ်ခဲ့သည်။ သူသည် သူ၏ အလိုကို ပေးသိစေဖို့ သူ၏ စေတမန်များကို မစေခိုင်းတော့ပေ၊ သူသည် တိမ်များထဲတွင် မပုန်းကွယ်တော့သကဲ့သို့၊ မိုးခြိမ်းသံမှတစ်ဆင့် အထက်စီးမှ လူသားတို့ထံ မပေါ်ထွန်းတော့ပေ သို့မဟုတ် စကားမပြောတော့ပေ။ ယခင် မည်သည့်အရာနှင့်မျှ မတူဘဲ၊ လူသားတို့အတွက် နားလည်ရန်၊ သို့မဟုတ် လက်ခံရန် ခက်ခဲသည့် လူသားတို့ စဉ်းစား၍ မရနိုင်လောက်သော နည်းစနစ်မှတစ်ဆင့်- လူ့ဇာတိခံယူရင်း- ထိုခေတ်၏ အမှုကို စတင်ရန်အလို့ငှာ သူသည် လူသားဖြစ်လာခဲ့သည်။ ဘုရားသခင်၏ ဤလုပ်ရပ်က လူသားမျိုးနွယ်ကို လုံးဝ အံ့အားသင့်သွားစေခဲ့သည်။ ဘုရားသခင်သည် ယခင်က သူ လုံးဝ မလုပ်ဆောင်ခဲ့ဖူးသော အမှုသစ်ကို နောက်တစ်ဖန် စတင်ခဲ့သောကြောင့်၊ ယင်းက ၎င်းတို့ကို ကသိကအောက် ဖြစ်သွားစေခဲ့သည်။ ယနေ့တွင် ဘုရားသခင်က ခေတ်သစ်ထဲတွင် မည်သို့သော အမှုသစ်ကို ပြီးမြောက်ခဲ့သည်ကို ငါတို့ တစ်ချက်ကြည့်ရှုမည်ဖြစ်ပြီး ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းအရ၊ ဤအမှုသစ်မှ ငါတို့အတွက် သင်ယူဖို့ မည်သည့်အရာရှိသည်ကို ငါတို့ စဉ်းစားကြမည်ဖြစ်သည်။

အောက်ပါတို့သည် သမ္မာကျမ်းစာ၏ ဓမ္မသစ်ကျမ်းထဲ၌ မှတ်တမ်းတင်ထားသော နှုတ်ကပတ်တော်များ ဖြစ်သည်။

၁။ ရှင်မဿဲ ၁၂:၁ ထိုကာလအခါ ယေရှုသည် ဥပုသ်နေ့၌ ဂျုံစပါးလယ်ကွက်တို့ကို လျှောက်ကြွတော်မူလျှင်၊ တပည့်တော်တို့သည် ဆာမွတ်သောကြောင့် စပါးအသီးအနှံကို ဆွတ်၍စားကြ၏။

၂။ ရှင်မဿဲ ၁၂:၆-၈ ငါဆိုသည်ကား၊ ဤအရပ်၌ ဗိမာန်တော်ထက်သာ၍ ကြီးမြတ်သောအရာရှိ၏။ ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်းကရုဏာအကျင့်ကို ငါနှစ်သက်၏ဟူသော ကျမ်းစကားကို သင်တို့သည် နားလည်လျှင်၊ အပြစ်ကင်းသော သူတို့ကို အပြစ်မတင် မစီရင်ကြပြီ။ လူသားသည် ဥပုသ်နေ့ကို အစိုးရသည်ဟု မိန့်တော်မူ၏။

ဤကျမ်းပိုဒ်ကို ငါတို့ အရင်ကြည့်ကြစို့- “ထိုကာလအခါ ယေရှုသည် ဥပုသ်နေ့၌ ဂျုံစပါးလယ်ကွက်တို့ကို လျှောက်ကြွတော်မူလျှင်၊ တပည့်တော်တို့သည် ဆာမွတ်သောကြောင့် စပါးအသီးအနှံကို ဆွတ်၍စားကြ၏။”

ဤကျမ်းပိုဒ်ကို အဘယ်ကြောင့် ငါ ရွေးချယ်ခဲ့သနည်း။ ယင်းသည် ဘုရားသခင်၏ စိတ်သဘောထားနှင့် မည်သည့် ဆက်စပ်မှုရှိသနည်း။ ဤစာတွင် ပထမဦးဆုံး ငါတို့သိရှိသော အရာမှာ ထိုနေ့သည် ဥပုသ်နေ့ဖြစ်သော်လည်း၊ သခင်ယေရှုသည် အပြင်ကိုထွက်ပြီး ပြောင်းဖူးခင်းကို ဖြတ်ကာ သူ၏ တပည့်တော်များအား ဦးဆောင်ခဲ့ခြင်း ဖြစ်သည်။ သာ၍ပင် “သွေ့ဖည်သည်မှာ” ၎င်းတို့သည် “စပါးအသီးအနှံကို ဆွတ်၍စားကြ” သည်ပင် ဖြစ်သည်။ ပညတ်တော်ခေတ်တွင်၊ ယေဟောဝါဘုရားသခင်၏ ပညတ်တော်က လူတို့သည် သာမန်ကာလျှံကာ အပြင်မထွက်နိုင် သို့မဟုတ် ဥပုသ်နေ့၌ အလုပ်များတွင် ပါဝင်လုပ်ဆောင်၍မရဟု သတ်မှတ်ထားပြီး ဖြစ်သည်- ဥပုသ်နေ့တွင် လုပ်ဆောင်၍မရသော အရာများစွာရှိခဲ့သည်။ သခင်ယေရှု၏ အပိုင်းမှ ဤအပြုအမူသည် ပညတ်တော်အောက်တွင် ကြာမြင့်စွာနေခဲ့သောသူတို့အတွက် တွေးရခက်စေပြီး၊ ဝေဖန်မှုများကိုပင် လှုံ့ဆော်ခဲ့သည်။ ၎င်းတို့၏ စိတ်ရှုပ်ထွေးမှုနှင့် ယေရှုလုပ်ဆောင်ခဲ့သည့်အရာနှင့်ပတ်သက်၍ ၎င်းတို့ ပြောဆိုခဲ့ပုံတို့ကိုမူ၊ ယခု ငါတို့ ခေတ္တ ဘေးဖယ်ထားမည်ဖြစ်ပြီး ယေရှုက နေ့များအားလုံးထဲတွင် ဥပုသ်နေ့၌ အဘယ်ကြောင့် ဤအရာ လုပ်ဆောင်ဖို့ ရွေးချယ်ခဲ့သည်ဆိုသည်နှင့် ဤ လုပ်ဆောင်ချက်အားဖြင့် ပညတ်တော်အောက်တွင် အသက်ရှင်နေခဲ့ကြသော လူတို့အား သူ မည်သည့်အရာကို ဆွေးနွေးပြောဆိုချင်ခဲ့သည်ဆိုသည်ကို ငါတို့ ဦးစွာပထမ ဆွေးနွေးကြမည်။ ဤသည်မှာ ငါ ပြောလိုသည့် ဤကျမ်းပိုဒ်နှင့် ဘုရားသခင်၏ စိတ်သဘောထားတို့ကြား ဆက်နွယ်မှု ဖြစ်သည်။

သခင်ယေရှု ကြွလာခဲ့ချိန်တွင်၊ သူသည် ဘုရားသခင်က ပညတ်တော်ခေတ်ကို စွန့်ခွာခဲ့ပြီးဖြစ်ကာ အမှုသစ်ကို စတင်ခဲ့ပြီးဖြစ်သည်ဆိုသည်နှင့် ဤအမှုသစ်သည် ဥပုသ်နေ့ကို စောင့်ထိန်းခြင်း မလိုအပ်သည်ကို လူတို့အား ပြောပြဖို့ သူ၏ လက်တွေ့ကျသော လုပ်ဆောင်ချက်များကို အသုံးပြုခဲ့သည်။ ဥပုသ်နေ့၏ ဘောင်များမှ ဘုရားသခင် ထွက်လာခြင်းသည် သူ၏ အမှုသစ်နှင့် သက်ဆိုင်သည့် အမြည်းတစ်ခုသာ ဖြစ်သည်။ စစ်မှန်ပြီး ကြီးမြတ်သော အမှုက လာဦးမည်ဖြစ်သည်။ သခင်ယေရှုသည် သူ၏အမှုကို စတင်ခဲ့ချိန်တွင်၊ သူသည် ပညတ်တော်ခေတ်၏ "အချုပ်အနှောင်" တို့ကို နောက်ချန် ထားခဲ့နှင့်ပြီးဖြစ်ကာ၊ ထိုခေတ်၏ စည်းမျဉ်းစည်းကမ်းများနှင့် အခြေခံသဘောတရားတို့ကို ချိုးဖျက်ခဲ့ပြီးဖြစ်သည်။ သူ့ထံတွင် ပညတ်တော်နှင့် ဆက်နွှယ်သော မည်သည့်အရာမဆို၏ အရိပ်လက္ခဏာတစ်ခုမျှ မရှိခဲ့ပေ။ သူသည် ယင်းကို လုံးဝ စွန့်ပစ်ခဲ့ပြီးဖြစ်ကာ စောင့်ထိန်းခြင်း မရှိတော့သကဲ့သို့၊ လူသားမျိုးနွယ်အား ယင်းကို စောင့်ထိန်းစေရန် မလိုအပ်တော့ပေ။ ထို့ကြောင့် ဤနေရာတွင် သခင်ယေရှုသည် ဥပုသ်နေ့တွင် ပြောင်းဖူးခင်းကို ဖြတ်သွားခဲ့ပြီး၊ သခင်က အနားယူခြင်း မရှိခဲ့သည်ကို သင် တွေ့ရပေသည်။ သူသည် အပြင်၌ အလုပ်လုပ်နေခဲ့ပြီး အနားယူမနေခဲ့ပေ။ သူ၏ ဤလုပ်ရပ်သည် လူတို့၏ အယူအဆများအဖို့ အံ့အားသင့်စရာတစ်ခုဖြစ်ခဲ့ပြီး၊ သူသည် ပညတ်တော်အောက်တွင် မနေတော့သကဲ့သို့၊ ဥပုသ်နေ့၏ ဘောင့်များကို ထားခဲ့ပြီးဖြစ်ကာ လူသားမျိုးနွယ် ရှေ့နှင့် ၎င်းတို့အလယ်တွင် ပုံစံသဏ္ဍာန်သစ်၊ အမှုပြုသည့် နည်းလမ်းအသစ်ဖြင့် ပေါ်ထွန်းခဲ့ပြီးဖြစ်သည်ကို ၎င်းတို့ထံ ပြောပြလေသည်။ သူ၏ ဤအပြုအမူသည် ပညတ်တော်အောက်မှ ပေါ်ထွက်ခြင်းနှင့် ဥပုသ်မှ ထွက်ခွာခြင်းဖြင့်စတင်သော အမှုဖြစ်သည့် အမှုသစ်ကို သူနှင့်အတူ ယူဆောင်ခဲ့ပြီးဖြစ်သည်ကို လူတို့ကို ပြောပြလေသည်။ ဘုရားသခင်က သူ၏အမှုသစ်ကို ဆောင်ရွက်သောအခါတွင်၊ သူသည် အတိတ်ကို ဖက်တွယ် မနေတော့သကဲ့သို့၊ ပညတ်တော်ခေတ်၏ စည်းမျဉ်းစည်းကမ်းတို့နှင့်ပတ်သက်၍ အရေးထားခြင်း မရှိတော့ပေ။ ယခင်ခေတ်က သူ၏အမှုဖြင့် သူသည် အထိခိုက်မခံခဲ့ဘဲ၊ ယင်းအစား အခြားနေ့တွင် သူ လုပ်ဆောင်ခဲ့သည့်အတိုင်းပင် ဥပုသ်နေ့၌ သူ အမှုပြုခဲ့ပြီး၊ သူ၏ တပည့်တော်တို့သည် ဥပုသ်နေ့၌ ဆာလောင်ခဲ့ချိန်တွင်၊ ပြောင်းဖူးသီးနှံတို့ကို စားရန် ၎င်းတို့ ခူးဆွတ်နိုင်ခဲ့ကြသည်။ ဤအရာအားလုံးသည် ဘုရားသခင်၏ အမြင်တွင် အလွန် ပုံမှန် ဖြစ်ပေသည်။ ဘုရားသခင်အတွက်၊ ယင်းမှာ သူလုပ်ဆောင်လိုသော အမှုသစ်များစွာနှင့် သူပြောလိုသည် နှုတ်ကပတ်တော်သစ်များအတွက် အသစ်သော အစပြုခြင်း တစ်ခုရှိဖို့ လက်သင့်ခံနိုင်စရာ ဖြစ်ပေသည်။ တစ်စုံတစ်ရာကို သူ အသစ်စတင်သောအခါတွင်၊ သူသည် သူ၏ယခင် အမှုကို

မပြောဆိုသကဲ့သို့၊ ယင်းကို ဆက်လက်၍လည်း မဆောင်ရွက်ပေ။ ဘုရားသခင်သည် သူ၏ အမှုတွင် အခြေခံသဘောတရားများ ရှိသောကြောင့်၊ အမှုသစ်ကို သူ စတင်လိုသောအခါတွင် ယင်းမှာ လူသားမျိုးနွယ်ကို သူ့အမှု၏ အဆင့်အသစ်တစ်ခုထဲသို့ သူခေါ်ဆောင်လိုသော အချိန်ပင်ဖြစ်ပြီး သူ့အမှုက သာ၍ မြင့်မားသောအဆင့်တစ်ခုထဲသို့ ဝင်ရောက်မည့်အချိန် ဖြစ်သည်။ လူတို့သည် ဆိုရိုးစကားဟောင်းများ သို့မဟုတ် စည်းမျဉ်းများအတိုင်း ဆက်လက်ပြုမူလျှင်၊ သို့မဟုတ် ယင်းတို့ကို ဆက်လက် ခိုင်မြဲစွာ စွဲကိုင်ထားပါက၊ သူသည် ယင်းကို အောက်မေ့မည်မဟုတ်၊ သို့မဟုတ် လက်ခံမည် မဟုတ်ပေ။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သူသည် အမှုသစ်ကို ယူဆောင်နှင့်ပြီး ဖြစ်ကာ သူ့အမှု၏ အဆင့်အသစ်ထဲသို့ ဝင်ရောက်ပြီး သောကြောင့်ဖြစ်သည်။ အမှုသစ်ကို သူစတင်သောအခါတွင်၊ လူတို့က သူ၏စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်း၏ မတူညီသော ရှုထောင့်တို့ကို မြင်နိုင်ဖို့အလို့ငှာ၊ ပြီးပြည့်စုံသော ပုံသဏ္ဌာန်သစ်တစ်ခုဖြင့်၊ လုံးဝ အသစ်ဖြစ်သော ရှုထောင့်တစ်ခုမှ၊ ပြီးလျှင် လုံးဝ အသစ်ဖြစ်သော လမ်းခရီးတစ်ခုဖြင့် လူသားမျိုးနွယ်ထံ သူပေါ်ထွန်းလေသည်။ ဤသည်မှာ သူ၏အမှုသစ်ထဲရှိ သူ၏ပန်းတိုင်များထဲမှ တစ်ခုဖြစ်သည်။ ဘုရားသခင်က အိုဟောင်းသောအရာများကို မဖက်တွယ်ပေ သို့မဟုတ် အခေါက်ခေါက် အခါခါ သွားထားသော လမ်းကြောင်းကို မလျှောက်ပေ။ သူ အမှုပြုပြီး စကားပြောသောအခါတွင်၊ သူသည် လူတို့ စိတ်ကူးသကဲ့သို့ ပိတ်ပင်တားမြစ်ခြင်း မရှိပေ။ ဘုရားသခင်၌ အားလုံးသည် လွတ်လပ်ပြီး ချုပ်ချယ်မှုကင်းသည်၊ ပြီးလျှင် ပိတ်ပင်တားမြစ်ခြင်း မရှိ၊ ကန့်သတ်ခြင်းတို့ မရှိပေ- လူသားမျိုးနွယ်ထံ သူ ယူဆောင်လာသောအရာသည် လွတ်လပ်ခြင်းနှင့် အချုပ်အချယ် ကင်းခြင်းတို့ဖြစ်သည်။ သူသည် အသက်ရှင်သော ဘုရားသခင်၊ စစ်မှန်စွာ အမှန်တကယ် တည်ရှိသော ဘုရားသခင်ဖြစ်သည်။ သူသည် ရုပ်သေးရုပ်တစ်ရုပ်၊ သို့မဟုတ် ရွှံ့စေးရုပ်တုတစ်ခု မဟုတ်သကဲ့သို့၊ လူတို့ အမြတ်တနိုးထားပြီး ကိုးကွယ်သော ရုပ်တုများနှင့် လုံးဝ ကွဲပြားသည်။ သူသည် သမ္မာတရား၊ အသက်နှင့် လမ်းခရီးကို စွဲကိုင်ထားသောကြောင့်၊ သူသည် အသက်ရှင်ပြီး အားမာန်အပြည့်ရှိကာ၊ သူ၏ နှုတ်ကပတ်တော်များနှင့် အမှုက လူသားမျိုးနွယ်ထံ ယူဆောင်သမျှအားလုံးသည် အသက်နှင့် အလင်း၊ လွတ်လပ်မှုအားလုံးနှင့် အချုပ်အချယ် ကင်းခြင်းတို့ဖြစ်သည်- သူသည် သူ၏ မည်သည့်အမှုဖြင့်မဆို ကန့်သတ်ခြင်း မခံရပေ။ လူတို့ မည်သည့်အရာ ပြောသည်ဖြစ်စေ၊ သူ၏ အမှုသစ်ကို ၎င်းတို့ မည်သို့ မြင်သည်ဖြစ်စေ၊ သို့မဟုတ် မည်သို့ အကဲဖြတ်သည်ဖြစ်စေ၊ စနိုးစနောင့်ဖြစ်ခြင်းမရှိဘဲ သူ၏အမှုကို သူ ဆောင်ရွက်လိမ့်မည်။ မည်သူ၏ အယူအဆများ၊ သူ၏အမှုနှင့်

နှုတ်ကပတ်တော်တို့ကို လက်ညှိုးထိုးဝေဖန်ခြင်းများ၊ သို့မဟုတ် သူ၏အမှုသစ်အပေါ် ၎င်းတို့၏ အားကောင်းသော ဆန့်ကျင်ခြင်းနှင့် ခုခံခြင်းတို့နှင့် ပတ်သက်၍ပင် သူစိုးရိမ်ပူပန်မည် မဟုတ်ပေ။ ဘုရားသခင် လုပ်ဆောင်သောအရာကို တိုင်းတာရန်၊ သို့မဟုတ် အဓိပ္ပာယ်ဖွင့်ရန်၊ သူ၏ အမှုကို သိက္ခာချရန်၊ နှောင့်ယှက်ရန်၊ သို့မဟုတ် တမင်ဖျက်ဆီးရန် ဖန်ဆင်းခံအားလုံးအလယ်တွင် ဘယ်သူကမျှ လူသား၏ ကျိုးကြောင်းဆင်ခြင်မှု၊ သို့မဟုတ် လူသား၏ စိတ်ကူးစိတ်သန်း၊ အသိပညာ၊ သို့မဟုတ် ကိုယ်ကျင့်တရားကို အသုံးမပြုနိုင်ချေ။ သူ၏အမှုနှင့် သူ လုပ်ဆောင်သောအရာတို့တွင် ပိတ်ပင်တားမြစ်ခြင်းတို့ မရှိပေ။ ယင်းသည် မည်သည့်လူ၊ အကြောင်းအရာ၊ သို့မဟုတ် အရာဝတ္ထု၏ ကန့်သတ်ခြင်းမျှ ခံရမည်မဟုတ်၊ မည်သို့သော ရန်လိုသည့် အင်အားစုမျှ၏ နှောင့်ယှက်ခြင်းကို ခံရလိမ့်မည်မဟုတ်ပေ။ သူ၏အမှုသစ်နှင့် ပတ်သက်ပါက၊ သူသည် အစဉ်အောင်နိုင်သော ရှင်ဘုရင်တစ်ပါးဖြစ်ပြီး လူသားမျိုးနွယ်၏ မည်သည့် ရန်လိုသော အင်အားစုများ၊ အယူလွဲမှားမှုများနှင့် အတွေးမှားများမဆိုသည် သူ၏ ခြေတင်ခုံအောက်တွင် နင်းချေခြင်းကို ခံကြရသည်။ သူ့အမှု၏ မည်သည့်အဆင့်အသစ်ကို သူဆောင်ရွက်နေသည် ဖြစ်စေ ယင်းသည် လူသားမျိုးနွယ်အလယ်တွင် ဧကန်မုချ တိုးတက်ကာ တိုးချဲ့လိမ့်မည်ဖြစ်ပြီး၊ သူ၏ ကြီးမားသောအမှု ပြီးပြည့်စုံသည်အထိ စကြဝဠာတစ်ခွင်လုံးတစ်လျှောက်တွင် အတားအဆီးမရှိ ဧကန်မုချ ဆောင်ရွက်မည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အနန္တတန်ခိုးနှင့် ဉာဏ်ပညာ၊ သူ၏ ဩဇာအာဏာနှင့် တန်ခိုးဖြစ်သည်။ ထို့ကြောင့် သူ့စိတ်နှလုံး ထဲတွင် စည်းမျဉ်းများမရှိ၊ လူသားမျိုးနွယ်မှ ပေါ်ပေါက်သော အသိပညာ၊ သို့မဟုတ် အယူဝါဒတို့ မရှိသောကြောင့်၊ သခင်ယေရှုသည် ဥပုသ်နေ့တွင် အပြင်သို့ ပွင့်ပွင့်လင်းလင်း သွားနိုင်ပြီး အလုပ်လုပ်နိုင်ပေသည်။ သူရှိခဲ့သောအရာမှာ ဘုရားသခင်၏ အမှုသစ်နှင့် ဘုရားသခင်၏လမ်းခရီး ဖြစ်သည်။ သူ၏အမှုမှာ လူသားမျိုးနွယ်ကို လွတ်မြောက်စေရန်၊ လူတို့ကို လွတ်ပေးရန်၊ ၎င်းတို့ကို အလင်း၌ တည်ရှိခွင့်ပေးရန်နှင့် အသက်ရှင်ခွင့်ပေးရန် လမ်းခရီး ဖြစ်သည်။ ထိုအတောအတွင်းတွင်၊ ရုပ်တုများ၊ သို့မဟုတ် ဘုရား အတုအယောင်များကို ကိုးကွယ်သောသူတို့သည် စာတန်၏ ချည်နှောင်ခြင်းကိုခံရလျက်၊ စည်းမျဉ်းနှင့် တားမြစ်ချက်ပေါင်းစုံ၏ ကန့်သတ်မှုခံရလျက်၊ နေ့စဉ် အသက်ရှင်ကြရသည်- ယနေ့၌ အမှုအရာတစ်ခုကို ပိတ်ပင်တားမြစ်ထားပြီး၊ မနက်ဖြန်တွင် နောက်တစ်ခုကို ပိတ်ပင်တားမြစ်သည်- ၎င်းတို့၏ အသက်တာများတွင် လွတ်လပ်ခြင်းမရှိချေ။ ၎င်းတို့သည် ပြောစရာ ဝမ်းမြောက်မှုမရှိဘဲ၊ ဘဝကို ရှင်သန်ရင်း၊ အချုပ်အနှောင်များဖြင့် အကျဉ်းသားများကဲ့သို့ ဖြစ်သည်။ “ပိတ်ပင်တားမြစ်ခြင်း” ဆိုသည်မှာ မည်သည့်အရာကို

ကိုယ်စားပြုသနည်း။ ယင်းသည် အကန့်အသတ်များ၊ ချည်နှောင်မှုများနှင့် ဆိုးယုတ်ခြင်းတို့ကို ကိုယ်စားပြုသည်။ လူတစ်ဦးသည် ရုပ်တုတစ်ခုကို ကိုးကွယ်လိုက်သည်နှင့် တစ်ပြိုင်နက် ၎င်းတို့သည် မှားယွင်းသော ဘုရား၊ ဆိုးယုတ်သော ဝိညာဉ်တစ်ပါးကို ကိုးကွယ်နေခြင်းဖြစ်သည်။ ပိတ်ပင်တားမြစ်ခြင်းသည် ထိုသို့သော လုပ်ရပ်များ လုပ်ဆောင်သည့်အခါ၊ ယင်းနှင့်အတူ ပါရှိလာပေသည်။ သင်သည် ဤအရာ၊ ထိုအရာကို စား၍မရ၊ ယနေ့ သင် အပြင်ထွက်၍မရ၊ မနက်ဖြန် သင် ချက်ပြုတ်၍မရ၊ နောက်တစ်နေ့တွင် သင် အိမ်အသစ်ကို ပြောင်း၍မရ။ မင်္ဂလာဆောင်များနှင့် အသုဘ အခမ်းအနားများ၊ ပြီးလျှင် ကလေးမွေးခြင်းတို့အတွက်ပင် ရက်အချို့ကို ရွေးချယ်ရမည်ဖြစ်သည်။ ဤအရာကို မည်သို့ ခေါ်သနည်း။ ဤအရာကို ပိတ်ပင်တားမြစ်ခြင်းဟု ခေါ်သည်- ယင်းသည် လူသားမျိုးနွယ်၏ အကျဉ်းသားဘဝ ဖြစ်ပြီး၊ ယင်းသည် စာတန်၏ အချုပ်အနှောင်များနှင့် ဆိုးယုတ်သော ဝိညာဉ်တို့က လူတို့ကို ထိန်းချုပ်နေကာ ၎င်းတို့၏နှလုံးသားများနှင့် ကိုယ်ခန္ဓာတို့ကို ချုပ်ထိန်းနေခြင်းဖြစ်သည်။ ဤပိတ်ပင်တားမြစ်ခြင်းတို့သည် ဘုရားသခင်နှင့်အတူ တည်ရှိသလော။ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ပြောသောအခါတွင်၊ သင်သည် ဤအရာကို ဦးစွာ စဉ်းစားသင့်သည်- ဘုရားသခင်နှင့်ဆိုလျှင် ပိတ်ပင်တားမြစ်ခြင်းတို့ မရှိပေ။ ဘုရားသခင် ကိုယ်တိုင်သည် သမ္မာတရား၊ လမ်းခရီးနှင့် အသက်ဖြစ်သောကြောင့်၊ သူ၏ နှုတ်ကပတ်တော်များနှင့် အမှုတွင် အခြေခံသဘောတရားများ ရှိသော်လည်း၊ ပိတ်ပင်တားမြစ်ခြင်းတို့ မရှိပေ။

ယခု ကျမ်းစာမှ အောက်ပါ ကျမ်းပိုဒ်ကို ကြည့်ကြစို့။ “ငါဆိုသည်ကား၊ ဤအရပ်၌ ဗိမာန်တော်ထက်သာ၍ ကြီးမြတ်သောအရာရှိ၏။ ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်း ကရုဏာအကျင့်ကို ငါနှစ်သက်၏ဟူသော ကျမ်းစကားကို သင်တို့သည် နားလည်လျှင်၊ အပြစ်ကင်းသောသူတို့ကို အပြစ်မတင် မစီရင်ကြပြီ။ လူသားသည် ဥပုသ်နေ့ကို အစိုးရသည်ဟု မိန့်တော်မူ၏။” (ရှင်မဿဲ ၁၂:၆-၈) ဤနေရာတွင် “ဗိမာန်တော်” ဟူသည့် စကားက မည်သည်ကို ရည်ညွှန်းသနည်း။ ရိုးရိုးရှင်းရှင်းပြောရလျှင်၊ ယင်းသည် ခမ်းနားသော မြင့်မားသော အဆောက်အဦးကို ရည်ညွှန်းပြီး၊ ပညတ်တော်ခေတ်တွင် ဗိမာန်တော်သည် ယဇ်ပုရောဟိတ်တို့အတွက် ဘုရားသခင်ကို ကိုးကွယ်ရန် နေရာတစ်ခုဖြစ်ခဲ့သည်။ သခင်ယေရှုက၊ “ဤအရပ်၌ ဗိမာန်တော်ထက်သာ၍ ကြီးမြတ်သောအရာရှိ၏။” ဟူ၍ပြောသောအခါတွင်၊ “အရာ” ဆိုသည်မှာ မည်သည်ကို ရည်ညွှန်းသနည်း။ “အရာ” ဆိုသည်မှာ သိသာထင်ရှားစွာပင် လူ့ဇာတိ၌ရှိသော သခင်ယေရှု ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် သူသာလျှင် ဗိမာန်တော်ထက် ကြီးမြတ်သူဖြစ်သောကြောင့်

ဖြစ်သည်။ ထိုစကားလုံးတို့က လူတို့ကို မည်သည့်အရာ ပြောပြခဲ့ပါသနည်း။ ဗိမာန်တော်ထဲမှ ထွက်ရန် လူတို့ကို ပြောခဲ့ပေသည်- ဘုရားသခင်သည် ဗိမာန်တော်ကို စွန့်ခွာနှင့်ပြီး ဖြစ်ကာ ထိုအထဲတွင် အလုပ်မလုပ်တော့ပေ၊ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ ခြေလှမ်းများကို ဗိမာန်တော်၏ အပြင်ဖက်တွင် ရှာဖွေသင့်ပြီး၊ သူ၏အမှုသစ်တွင် သူ၏ ခြေလှမ်းများနောက် လိုက်သင့်ပေသည်။ ဤအရာကို သခင်ယေရှုပြောခဲ့ချိန်တွင်၊ သူ၏ စကားများနောက်ကွယ်တွင် အကြောင်းပြချက်တစ်ခုရှိသည်၊ ယင်းမှာ ပညတ်တော် အောက်တွင် လူတို့သည် ဗိမာန်တော်ကို ဘုရားသခင် ကိုယ်တိုင်ထက် သာ၍ကြီးမြတ်သည့် အရာတစ်ခုသကဲ့သို့ မြင်လာခဲ့ကြပြီး ဖြစ်သည်။ ဆိုလိုသည်မှာ လူတို့သည် ဘုရားသခင်ကို ကိုးကွယ်ခြင်းထက် ဗိမာန်တော်ကို ကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်၊ ထို့ကြောင့် သခင်ယေရှုက ရုပ်တုတို့ကို မကိုးကွယ်ဘဲ ယင်းအစား၊ ဘုရားသခင်သည် သာလွန်ကြီးမြတ်သည့်အတွက်၊ ဘုရားသခင်ကို ကိုးကွယ်ရန် ၎င်းတို့ကို သတိပေးခဲ့သည်။ ထို့ကြောင့် "ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်းကရုဏာအကျင့်ကို ငါနှစ်သက်၏။" ဟု သူပြောခဲ့ပေသည်။ ယင်းမှာ သခင်ယေရှု၏အမြင်တွင် ပညတ်တော် အောက်တွင် အသက်ရှင်နေကြသော လူအများစုသည် ယေဟောဝါကို မကိုးကွယ်ကြတော့ဘဲ ယဇ်ပူဇော်ခြင်းကို ဟန်ဆောင်လုပ်ရုံလုပ်နေကြပြီး၊ သခင်ယေရှုက ဤသည်မှာ ရုပ်တုကိုးကွယ်ခြင်းဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ ဤရုပ်တုကိုးကွယ်သူတို့သည် ဗိမာန်တော်ကို ဘုရားသခင်ထက် ပိုကြီးမြတ်ပြီး၊ ပိုမြင့်မားသော အရာတစ်ခုအဖြစ် မြင်ခဲ့ကြသည်။ ၎င်းတို့၏ နှလုံးသားများတွင် ဘုရားသခင်မရှိဘဲ၊ ဗိမာန်တော်သာ ရှိပြီး၊ ဗိမာန်တော်ကို ၎င်းတို့ ဆုံးရှုံးသွားခဲ့မည်ဆိုပါက၊ ၎င်းတို့ နေထိုင်ရာအရပ်ကို ဆုံးရှုံးသွားမည်ဖြစ်သည်။ ဗိမာန်တော်မရှိဘဲ၊ ၎င်းတို့သည် ကိုးကွယ်ရန်နေရာမရှိသကဲ့သို့၊ ၎င်းတို့၏ ယဇ်ပူဇော်ခြင်းများကို မဆောင်ရွက်နိုင်ခဲ့ကြချေ။ ၎င်းတို့၏ နေထိုင်ရာအရပ်ဆိုသည်မှာ ဗိမာန်တော်ထဲတွင် နေထိုင်ပြီး မိမိတို့၏ ကိုယ်ပိုင် အရေးကိစ္စများကို ဆောင်ရွက်ဖို့အလို့ငှာ၊ ယေဟောဝါ ဘုရားသခင်ကို ကိုးကွယ်ခြင်းနှင့်ဆိုင်သည့် အတုအယောင် ဟန်ဆောင်မှုကို အသုံးချကြသည့်နေရာ ဖြစ်သည်။ ၎င်းတို့၏ "ယဇ်ပူဇော်ခြင်း" ဆိုသည်မှာ ဗိမာန်တော်ထဲတွင် ၎င်းတို့၏အစေခံခြင်းကို ဦးစီးဦးရွက်ပြုခြင်း အယောင်ဆောင်မှု အောက်တွင် ၎င်းတို့၏ကိုယ်ပိုင် ရှက်ဖွယ်ကောင်းသော အရောင်းအဝယ်ကို ဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ဤသည်မှာ ထိုအချိန်က လူတို့သည် ဗိမာန်တော်ကို ဘုရားသခင်ထက် ကြီးမြတ်သည်ဟု မြင်ခဲ့ကြသည့် အကြောင်းရင်းဖြစ်သည်။ ၎င်းတို့သည် ဗိမာန်တော်ကို ဗန်းပြတစ်ခုအနေဖြင့် အသုံးပြုပြီး ယဇ်ပူဇော်မှုများကို လူတို့အား လိမ်ညာခြင်းနှင့် ဘုရားသခင်ကို လှည့်စားခြင်းအတွက် အယောင်ပြခြင်းအဖြစ် အသုံးပြု

ခဲ့ကြသောကြောင့်၊ သခင်ယေရှုက လူတို့ကို သတိပေးခြင်း တစ်ခုအနေဖြင့် ဤစကားများကို ပြောခဲ့ခြင်း ဖြစ်သည်။ သင်တို့သည် ဤစကားများကို လက်ရှိအချိန်အတွက် ကျင့်သုံးပါက၊ ယင်းတို့သည် တန်းတူ ခိုင်လုံမှုရှိပြီး တန်းတူ အကျုံးဝင်ဆဲ ဖြစ်သည်။ ယနေ့လူတို့သည် ပညတ်တော်ခေတ်က လူတို့ ကြုံတွေ့ရခဲ့သည်ထက် မတူကွဲပြားသော ဘုရားသခင်၏ အမှုကို ကြုံတွေ့ကြရပြီးဖြစ်သော်လည်း၊ ၎င်းတို့၏ သဘာဝ၏ အနှစ်သာရမှာ တူညီပေသည်။ ယနေ့ အမှု၏ ဆက်စပ် အကြောင်းအရာတွင်၊ လူတို့သည်၊ "ဗိမာန်တော်သည် ဘုရားသခင်ထက် ကြီးမြတ်သည်။" ဟူသည့် စကားများက ကိုယ်စားပြုသည့် အလားတူ အရာမျိုးများကို လုပ်ဆောင်ကြလိမ့်ဦးမည် ဖြစ်သည်။ ဥပမာအားဖြင့် လူတို့သည် ၎င်းတို့၏တာဝန်ကို ဖြည့်ဆည်းခြင်းအား ၎င်းတို့၏အလုပ်ဟု မြင်ကြသည်။ ၎င်းတို့သည် ဘုရားသခင်ကို သက်သေခံခြင်းနှင့် အဆင်းနီသောနဂါးကြီးကို တိုက်ခိုက်ခြင်းအား ဒီမိုကရေစီနှင့် လွတ်လပ်မှုအတွက် လူ့အခွင့်အရေးကို ခုခံကာကွယ်သော နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုအဖြစ် မြင်ကြသည်။ ၎င်းတို့၏ တာဝန်ကို သက်မွေးမှုလုပ်ငန်းများတွင် အသုံးပြုဖို့ ၎င်းတို့၏ ကျွမ်းကျင်မှုများအဖြစ် ပြောင်းလဲကြသည်၊ ပြီးလျှင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းအား စောင့်ထိန်းရမည့် ဘာသာရေးအယူဝါဒ တစ်စိတ်တစ်ပိုင်းအဖြစ် စသဖြင့် သဘောထားကြသည်။ ဤအပြုအမူများသည် အခြေခံအားဖြင့် "ဗိမာန်တော်က ဘုရားသခင်ထက် ကြီးမြတ်သည်။" ဆိုသည်နှင့် အတူတူ ဖြစ်သည်မဟုတ်လော။ ကွာခြားချက်မှာ၊ လွန်ခဲ့သော အနှစ်နှစ်ထောင်က၊ လူတို့သည် ရုပ်ပိုင်းဆိုင်ရာ ဗိမာန်တော်တွင် ၎င်းတို့၏ကိုယ်ပိုင် စီးပွားရေးကို ဆောင်ရွက်နေခဲ့ကြသော်လည်း၊ ယနေ့တွင် လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင် စီးပွားရေးများကို အကောင်အထည်ပြ၍မရသော ဗိမာန်တော်များတွင် ဆောင်ရွက်ကြပေသည်။ စည်းမျဉ်းများကို တန်ဖိုးထားသော ထိုလူတို့သည် စည်းမျဉ်းများကို ဘုရားသခင်ထက် ပိုကြီးမြတ်သည်ဟု မြင်ကြသည်၊ အဆင့်အတန်းကို ချစ်ကြသော လူတို့သည် အဆင့်အတန်းကို ဘုရားသခင်ထက် ကြီးမြတ်သည်ဟု မြင်ကြသည်။ ၎င်းတို့၏ အသက်မွေးအလုပ်ကို ချစ်ကြသော လူတို့သည် အသက်မွေးအလုပ်များကို ဘုရားသခင်ထက် သာ၍ကြီးမြတ်သည်ဟု မြင်ကြသည် စသဖြင့်ဖြစ်သည်- ၎င်းတို့၏ ဖော်ပြချက်အားလုံးက ငါ့ကို ဤသို့ပြောစေသည်- "လူတို့က ၎င်းတို့၏စကားများမှတစ်ဆင့် ဘုရားသခင်ကို အကြီးမြတ်ဆုံး အဖြစ် ချီးမွမ်းကြသော်လည်း၊ ၎င်းတို့၏မျက်လုံးများထဲတွင် အရာရာသည် ဘုရားသခင်ထက် သာ၍ ကြီးမြတ်၏။" ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူတို့သည် မိမိတို့၏ ကိုယ်ပိုင် ပါရမီများကို ပြသရန်၊ သို့မဟုတ် ၎င်းတို့၏ကိုယ်ပိုင် စီးပွားရေး၊ သို့မဟုတ် ၎င်းတို့၏ အသက်မွေးအလုပ်ကို

ဆောင်ရွက်ရန်၊ ဘုရားသခင်နောက်လိုက်လျှောက်ခြင်း လမ်းကြောင်းတစ်လျှောက် အခွင့်အရေးကို ရှာတွေ့သည်နှင့် တစ်ပြိုင်နက်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်ထံမှ ဝေးကွာစေပြီး ၎င်းတို့ချစ်သော အသက်မွေးဝမ်းအလုပ်တို့ထဲသို့ ခြေစုံပစ်ဝင်လိုက်ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့ကို ဘုရားသခင် ပေးအပ်ထားသည့်အရာနှင့် သူ၏ အလိုအတွက်မူ၊ ထိုအရာများသည် စွန့်ပစ်ခံထားရသည်မှာ ကြာပြီဖြစ်သည်။ ဤလူတို့၏ အခြေအနေနှင့် လွန်ခဲ့သော နှစ်နှစ်ထောင်က ဗိမာန်တော်၌ ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးကို ဦးစီးဦးရွက်ပြုခဲ့ကြသောသူတို့ကြား ကွာခြားချက်မှာ အဘယ်နည်း။

ဆက်လက်၍ ဤကျမ်းပိုဒ်၏ နောက်ဆုံးစာကြောင်းကို တစ်ချက်ကြည့်ကြစို့။ "လူသားသည် ဥပုသ်နေ့ကို အစိုးရသည်။" ဤစာကြောင်းတွင် လက်တွေ့ကျသည့် ရှုထောင့်တစ်ခု ရှိသလော။ လက်တွေ့ကျသည့် ရှုထောင့်ကို သင်တို့ မြင်နိုင်သလော။ ဘုရားသခင်ပြောသော အရာတစ်ခုချင်းစီတိုင်းသည် သူ၏ နှလုံးသားမှ လာသည်၊ သို့ဆိုလျှင် သူသည် ဤအရာကို အဘယ်ကြောင့်ပြောသနည်း။ ယင်းကို သင်တို့ မည်သို့ နားလည်သနည်း။ သင်တို့သည် ယခု ဤစာကြောင်း၏ အဓိပ္ပာယ်ကို နားလည်ကောင်း နားလည်နိုင်သည်၊ သို့သော် ယင်းကို ပြောဆိုခဲ့ချိန်တွင် လူသားမျိုးနွယ်သည် ပညတ်တော်ခေတ်မှ ထွက်ခါစ ရှိသေးသောကြောင့်၊ လူများစွာက နားမလည်ခဲ့ကြပေ။ ၎င်းတို့အတွက် စစ်မှန်သော ဥပုသ်က မည်သည့်အရာဖြစ်သည်ကို သိနားလည်ဖို့ မဆိုထားနှင့်၊ ဥပုသ်မှ သွေဖည်ခြင်းသည် လုပ်ဆောင်ရန် အလွန်ခက်ခဲသော အရာဖြစ်ပေသည်။

"လူသားသည် ဥပုသ်နေ့ကို အစိုးရသည်။" ဆိုသော စာကြောင်းက ဘုရားသခင်နှင့်သက်ဆိုင်သည့် အရာအားလုံးသည် ရုပ်ဝတ္ထုဆိုင်ရာ သဘောသဘာဝ မရှိသည်ကို လူတို့အား ပြောပြသည်၊ ပြီးလျှင် ဘုရားသခင်သည် သင်၏ ရုပ်ဝတ္ထုဆိုင်ရာ လိုအပ်ချက်များအားလုံးကို ထောက်ပံ့ ပေးနိုင်သော်လည်း၊ သင်၏ ရုပ်ဝတ္ထုဆိုင်ရာ လိုအပ်ချက်များ ပြည့်သည်နှင့်တစ်ပြိုင်နက်၊ ဤအရာများမှ စိတ်ကျေနပ်ခြင်းသည် သင်၏ သမ္မာတရားကို အားထုတ်ခြင်းအား အစားထိုးနိုင်သလော။ ဤသည်မှာ သိသိသာသာကို မဖြစ်နိုင်ပေ။ ငါတို့ မိတ်သဟာယပြုပြီးဖြစ်သော ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်း နှစ်ခုလုံးသည် သမ္မာတရားဖြစ်သည်။ ယင်းသည် ရုပ်ဝတ္ထုဆိုင်ရာ ပစ္စည်းမဟုတ်ဘဲ၊ လူတစ်ယောက်စီတိုင်း၏ စိတ်နှလုံးလိုအပ်ချက်များကို ပံ့ပိုး ပေးသောကြောင့်၊ ယင်း၏ တန်ဖိုးကို မည်သည့်ရုပ်ဝတ္ထုဆိုင်ရာ ပစ္စည်းနှင့်မျှ

မည်မျှအဖိုးတန်သည်ဖြစ်စေ ယှဉ်၍ တိုင်းတာ၍ မရနိုင်သကဲ့သို့ ယင်း၏ တန်ဖိုးကို ငွေကြေးအရလည်း အဖိုးဖြတ်၍ မရပေ။ လူတိုင်းအတွက် ဤလက်ဆုပ်လက်ကိုင် ပြ၍မရသော သမ္မာတရားများ၏ တန်ဖိုးသည် သင် တန်ဖိုးထားကောင်းထားမည့် မည်သည့်ရုပ်ဝတ္ထုပစ္စည်းမဆိုထက် သာ၍ ကြီးမြတ်သင့်သည် မဟုတ်လော။ ဤဖော်ပြချက်က သင်တို့ အချိန်ယူစဉ်းစားသင့်သောအရာတစ်ခု ဖြစ်သည်။ ငါ ပြောသွားသောအရာ၏ အဓိကအချက်မှာ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းနှင့် ဘုရားသခင်နှင့်သက်ဆိုင်သည့် အရာရာတိုင်းသည် လူအယောက်စီတိုင်းအတွက် အရေးကြီးဆုံးသော အရာများဖြစ်ပြီး မည်သည့်ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုနှင့်မျှ အစားထိုး၍မရနိုင်ဟူ၍ ဖြစ်သည်။ သင့်ကို ငါ ဥပမာတစ်ခုပေးမည်- သင် ဆာလောင်သောအခါတွင် အစားအစာ လိုအပ်သည်။ ဤအစားအစာသည် အတော်ကလေး ကောင်းချင်ကောင်းမည်၊ သို့မဟုတ် အနည်းနှင့်အများ ကောင်းနိုင်သည်၊ သို့မဟုတ် အနည်းနှင့်အများ စိတ်ကျေနပ်စရာ ဖြစ်နိုင်သည်၊ သို့သော် သင် ဗိုက်ပြည့်သရွေ့ ထို နှစ်သက်ဖွယ်မကောင်းသော ဆာလောင်သည့် ခံစားချက်က ရှိမည်မဟုတ်တော့ပေ- ပျောက်သွားပေလိမ့်မည်။ သင်သည် ငြိမ်းငြိမ်းချမ်းချမ်းနှင့် ထိုင်နေနိုင်သည်။ သင်၏ ကိုယ်ခန္ဓာသည် အနားရလိမ့်မည်။ လူတို့၏ ဆာလောင်မှုကို အစားအစာနှင့် ဖြေရှင်း၍ ရနိုင်သော်လည်း၊ သင်သည် ဘုရားသခင်နောက်လိုက်နေပြီး သူ့ကို သိနားလည်ခြင်း မရှိဟု သင် ခံစားရချိန်တွင်၊ သင်၏ စိတ်နှလုံးထဲရှိ အနှစ်မဲ့ခြင်းကို သင် မည်သို့ ဖြေရှင်းနိုင်သနည်း။ ယင်းကို အစားအစာဖြင့် ဖြေရှင်း၍ရနိုင်သလော။ သို့မဟုတ် သင်က ဘုရားသခင် နောက်ကိုလိုက်နေပြီး သူ၏အလိုကို နားမလည်သောအခါတွင်၊ သင်၏ စိတ်နှလုံးထဲရှိ ထိုဆာလောင်မှုကို ဖြည့်ဆည်းရန် သင် မည်သည့်အရာကို အသုံးပြုနိုင်သနည်း။ သင်၏ စိတ်သဘောထားထဲက ပြောင်းလဲမှုတစ်ခုကို သင် အားထုတ်စဉ်တွင် ဘုရားသခင်အားဖြင့် သင်၏ ကယ်တင်ခြင်း အတွေ့အကြုံဖြစ်စဉ်၌၊ သင်သည် သူ၏အလိုကို သင်နားမလည်ပါက သို့မဟုတ် သမ္မာတရားက မည်သည့်အရာဖြစ်သည်ကို သင် မသိပါက၊ ဘုရားသခင်၏ စိတ်သဘောထားကို သင်နားမလည်ပါက၊ သင်သည် စိတ်မသက်သာမှုကို အလွန်တရာ ခံစားရမည်မဟုတ်လော။ သင်၏ စိတ်နှလုံးထဲတွင် အားကောင်းသော ဆာလောင်မှုနှင့် ငတ်မွတ်မှုကို ခံစားရမည် မဟုတ်လော။ ဤခံစားချက်တို့က သင်၏ စိတ်နှလုံးထဲတွင် ငြိမ်ဝပ်ခြင်းကို ခံစားရခြင်းမှ သင့်ကို တားဆီးသည် မဟုတ်လော။ သို့ဆိုလျှင် သင်၏ စိတ်နှလုံးထဲရှိ ထိုဆာလောင်မှုကို သင်မည်သို့ ဖြည့်ဆည်းနိုင်မည်နည်း- ယင်းကို ဖြေရှင်းရန် နည်းလမ်းရှိသလော။ လူအချို့သည် ဈေးဝယ် ထွက်ကြသည်၊ အချို့က ရင်ဖွင့်ရန် ၎င်းတို့၏ သူငယ်ချင်းများကို ရှာဖွေကြသည်၊ လူအချို့က ကြာရှည် အိပ်စက်ခြင်းကို

မွေ့လျော်ကြသည်၊ အခြားသူတို့က ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သာ၍ ဖတ်ရှုကြသည်၊ သို့မဟုတ် ၎င်းတို့၏ တာဝန်များကို ဖြည့်ဆည်းဖို့ သာ၍ အလုပ်ကြိုးစားကြပြီး အားထုတ်မှု သာ၍ အသုံးပြုကြလေသည်။ ဤအရာတို့က သင်၏ တကယ့်အခက်အခဲများကို ဖြေရှင်းပေးနိုင်သလော။ သင်တို့အားလုံးသည် ဤသို့သော အလေ့အကျင့်မျိုးများကို အပြည့်အဝ နားလည်ကြသည်။ သင်သည် အစွမ်းမဲ့သည်ဟု ခံစားရချိန်တွင်၊ သမ္မာတရား၏ လက်တွေ့အရှိတရားနှင့် သူ၏အလိုကို သင့်အား သိရှိခွင့်ပေးဖို့ ဘုရားသခင်ထံမှ အသိဉာဏ်ပွင့်လင်းခြင်းကို ရရှိရန် ပြင်းပြသော ဆန္ဒကို သင်ခံစားရသောအခါတွင်၊ မည်သည့်အရာကို သင် အလိုအပ်ဆုံး ဖြစ်သနည်း။ သင်လိုအပ်သည်မှာ ဗိုက်ပြည့်စေသည့် ထမင်းတစ်နပ်မဟုတ်သကဲ့သို့၊ ဇာတိပကတိနှင့်ဆိုင်သည့် ယာယီ နှစ်သိမ့်မှုနှင့် စိတ်ကျေနပ်ခြင်းတို့ မဆိုထားနှင့် ကြင်နာသော စကားအနည်းငယ် မဟုတ်ပေ- သင်လိုအပ်သည်မှာ သင် မည်သည့်အရာ လုပ်ဆောင်သင့်သည် ဆိုသည်နှင့်၊ မည်သို့ လုပ်ဆောင်သင့်သည်ဆိုသည်ကို သင့်အား ဘုရားသခင်က တိုက်ရိုက် ရှင်းလင်းစွာပြောပြရန် သမ္မာတရားက အဘယ်အရာ ဖြစ်သည်ဆိုသည်ကို သင့်အား ရှင်းရှင်းလင်းလင်း ပြောပြရန် ဖြစ်သည်။ ဤအရာကို သင် နားလည်ပြီးသည့်နောက်၊ အနည်းငယ်မျှသော သိနားလည်မှုကို သင် ရရှိလျှင်ပင်၊ အစားအစာကောင်းကောင်း စားရသည်ထက် သင်၏ စိတ်နှလုံးတွင် သာ၍ ကျေနပ်မှုခံစားရမည် မဟုတ်လော။ သင်၏ စိတ်နှလုံး ကျေနပ်သောအခါတွင်၊ သင်၏ စိတ်နှလုံးနှင့် သင်၏ ဖြစ်တည်မှုတစ်ခုလုံးသည် စစ်မှန်သော ငြိမ်ဝပ်ခြင်းကို ရရှိသည်မဟုတ်လော။ ဤနှိုင်းယှဉ်ချက်နှင့် စိစစ်မှုမှတစ်ဆင့်၊ “လူသားသည် ဥပုသ်နေ့ကို အစိုးရသည်။” ဆိုသော စာကြောင်းကို ငါသည် အဘယ်ကြောင့် သင်တို့နှင့် ဝေမျှလိုသည်ကို သင်တို့ ယခု နားလည်သလော။ ထိုစာကြောင်း၏ အဓိပ္ပာယ်မှာ ဘုရားသခင်ထံမှ လာသောအရာ၊ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းနှင့် သူနှင့် သက်ဆိုင်သည့် အရာရာတိုင်းသည် သင် တန်ဖိုးအထားဆုံးဟု တစ်ချိန်က သင်ယုံကြည်ခဲ့သော အမှုအရာ သို့မဟုတ် လူအပါအဝင် အခြား မည်သည့်အရာမဆိုထက် သာ၍ကြီးမြတ်ပေသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် ဘုရားသခင်၏နှုတ်မှ စကားများကို မရရှိနိုင်ပါက၊ သို့မဟုတ် သူ၏အလိုကို နားမလည်နိုင်ပါက၊ ငြိမ်သက်ခြင်းချမ်းသာကို ၎င်းတို့ မရရှိနိုင်ပေ။ သင်တို့၏ အနာဂတ် အတွေ့အကြုံများတွင် ယနေ့ ဤကျမ်းပိုဒ်ကို ငါ အဘယ်ကြောင့် သင်တို့အား မြင်တွေ့စေလိုသည်ကို သင်တို့ နားလည်လိမ့်မည်- ဤသည်မှာ အလွန်အရေးကြီး၏။ ဘုရားသခင် လုပ်ဆောင်သော အရာတိုင်းသည် သမ္မာတရားနှင့် အသက်ဖြစ်၏။ သမ္မာတရားမှာ လူတို့အနေဖြင့် မိမိတို့ အသက်တာများတွင် ကင်းမဲ့၍မရသည့် အရာတစ်ခု ဖြစ်ပြီး၊ မရှိဘဲနှင့်

၎င်းတို့ လုံးဝ အဆင်မပြေနိုင်သည့် အရာတစ်ခု ဖြစ်သည်။ ယင်းမှာ အကြီးမြတ်ဆုံးသောအရာ ဖြစ်သည်ဟုလည်း သင်ဆိုနိုင်သည်။ သင်သည် ယင်းကို သင်ကြည့်၍မရ သို့မဟုတ် ထိ၍မရသော်လည်း၊ သင့်အဖို့ ယင်း၏ အရေးပါမှုသည် လျစ်လျူရှု၍မရနိုင်ပေ။ ယင်းသည် သင်၏ စိတ်နှလုံးကို ငြိမ်သက်ခြင်း ချမ်းသာ ယူဆောင်ပေးနိုင်သည့် တစ်ခုတည်းသော အရာဖြစ်သည်။

သင်တို့၏ သမ္မာတရားနှင့်သက်ဆိုင်သည့် သိနားလည်ခြင်းသည် သင်တို့၏ ကိုယ်ပိုင်အခြေအနေများနှင့် တစ်သားတည်း ဖြစ်ပါသလော။ တကယ့်ဘဝတွင် သင်ကြုံတွေ့ဖူးသော လူများ၊ အဖြစ်အပျက်များ၊ အမှုအရာများနှင့် မည်သည့်သမ္မာတရားက ဆက်နွှယ်သည်ကို ဦးစွာ သင် စဉ်းစားရမည်။ ဘုရားသခင်၏အလိုကို သင်ရှာတွေ့နိုင်ပြီး သူ့အလိုနှင့်ပတ်သက်၍ သင် ကြုံရပြီးဖြစ်သည့်အရာကို ဆက်သွယ်နိုင်သည်မှာ ဤသမ္မာတရားများ၌ ဖြစ်သည်။ သင်သည် သမ္မာတရား၏ မည်သည့် ရှုထောင့်များက သင်ကြုံတွေ့ရသောအရာများနှင့် ဆက်စပ်သည်ကို မသိဘဲ၊ ယင်းအစား ဘုရားသခင်၏ အလိုကို တိုက်ရိုက် ရှာဖွေပါက၊ ဤသည်မှာ ရလဒ်များ မရရှိနိုင်သည့် ကျိုးကြောင်းမမြင်သော ချဉ်းကပ်မှုတစ်ခု ဖြစ်သည်။ သင်သည် သမ္မာတရားကို ရှာဖွေလိုပြီး ဘုရားသခင်၏ အလိုကို နားလည်လိုပါက၊ ပထမဦးစွာ သင့်ထံ မည်သို့သော အမှုအရာမျိုးများ ဖြစ်ပျက်ပြီးဖြစ်သည်၊ ယင်းတို့သည် သမ္မာတရား၏ မည်သည့် ရှုထောင့်များဖြင့် ဆက်စပ်သည် ဆိုသည်တို့ကို ကြည့်ရန်လိုအပ်ပြီး သင်ကြုံတွေ့ပြီးသည့်အရာနှင့် ဆက်စပ်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲက တိကျသည့် သမ္မာတရားကို ရှာဖွေဖို့လိုအပ်ပေသည်။ ထို့နောက် ထိုသမ္မာတရားထဲတွင် သင့်အတွက် မှန်ကန်သော လက်တွေ့လုပ်ဆောင်မှုလမ်းကြောင်းကို သင်ရှာဖွေလော့။ ဤနည်းဖြင့် ဘုရားသခင်၏ အလိုကို သွယ်ဝိုက် သိနားလည်ခြင်းအား သင်ရရှိနိုင်သည်။ သမ္မာတရားကို ရှာဖွေခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းသည် အယူဝါဒတစ်ခုကို တွေးတောဆင်ခြင်မှုမရှိဘဲ အသုံးချခြင်း၊ သို့မဟုတ် ပုံသေနည်းတစ်ခုကို လိုက်လျှောက်ခြင်း မဟုတ်ပေ။ သမ္မာတရားသည် ပုံသေကားကျ မဟုတ်သကဲ့သို့ နိယာမတစ်ခုလည်း မဟုတ်ပေ။ ယင်းသည် အသေမဟုတ်ပေ- ယင်းကိုယ်၌က အသက် ဖြစ်သည်၊ အသက်ရှင်သော အရာတစ်ခုဖြစ်ပြီး၊ ယင်းမှာ ဖန်ဆင်းခံတစ်ဦးက ဘဝတွင် လိုက်နာရမည့် စည်းကမ်းဖြစ်ကာ၊ ဘဝတွင် လူသားတစ်ဦး ရှိထားရမည့် စည်းမျဉ်း ဖြစ်သည်။ ဤသည်မှာ သင့်အနေဖြင့် အတွေ့အကြုံမှတဆင့် ဖြစ်နိုင်သမျှ များများ နားလည်ရမည့် အရာတစ်ခု ဖြစ်သည်။ သင့်အတွေ့အကြုံတွင် မည်သည့်အဆင့်ကို သင်ရောက်ရှိသည်ဖြစ်စေ၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော် သို့မဟုတ် သမ္မာတရားမှ ခွဲခြား၍မရနိုင်သကဲ့သို့၊

ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် သင်နားလည်သော အရာနှင့် ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းနှင့်သက်ဆိုင်သည့် သင်သိသောအရာ အားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဖော်ပြထားပေသည်။ ထိုအရာများသည် သမ္မာတရားနှင့် ခွဲခြား၍မရအောင် ဆက်နွယ်ထား၏။ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းတို့သည် ယင်းတို့ကိုယ်၌က သမ္မာတရားဖြစ်ကြလေသည်။ သမ္မာတရားသည် ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းတို့၏ စစ်မှန်သော သရုပ်သကန်တစ်ခု ဖြစ်သည်။ ယင်းက ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို ခိုင်ခံ့စေပြီး သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းနှင့်သက်ဆိုင်သည့် ရှင်းလင်းသော ထုတ်ပြန်ချက်တစ်ခုကို ပြုလုပ်လေသည်။ ယင်းက ဘုရားသခင် ကြိုက်နှစ်သက်သည့်အရာ၊ သူ မနှစ်သက်သည့်အရာ၊ သင့်ကို သူက လုပ်ဆောင်စေလိုသည့်အရာနှင့် သင့်ကို သူက လုပ်ဆောင်ရန် ခွင့်မပြုသည့်အရာ၊ မည်သည့်လူတို့ကို သူစက်ဆုပ်ပြီး မည်သည့်လူတို့ထံ၌ ဝမ်းမြောက်ခြင်းကို သူ ရရှိသည်ဆိုသည်တို့ကို သာ၍ ရိုးရိုးစင်းစင်း ပြောပြလေသည်။ ဘုရားသခင်ဖော်ပြသော သမ္မာတရားများနောက်ကွယ်တွင် လူတို့သည် သူ၏ သာယာမှု၊ ဒေါသ၊ ဝမ်းနည်းခြင်း၊ ပျော်ရွှင်ခြင်းအပြင် သူ၏အနှစ်သာရတို့ကို မြင်နိုင်သည်- ဤသည်မှာ သူ၏စိတ်သဘောထားနှင့် သက်ဆိုင်သည့် ထုတ်ဖော်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို သိရှိခြင်းနှင့် သူ၏ နှုတ်ကပတ်တော်မှ သူ၏စိတ်သဘောထားကို သိနားလည်ခြင်းအပြင်၊ အရေးအကြီးဆုံးသောအရာမှာ လက်တွေ့ကျသော အတွေ့အကြုံတို့မှတစ်ဆင့် ဤသိနားလည်မှုကို ရရှိရန် လိုအပ်ချက်ဖြစ်သည်။ လူတစ်ဦးသည် ဘုရားသခင်ကို သိရှိဖို့အလို့ငှာ လက်တွေ့ဘဝမှ မိမိကိုယ်ကိုယ် ဖယ်ရှားပါက၊ ၎င်းတို့သည် ယင်းကို ရရှိနိုင်မည်မဟုတ်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်မှ သိနားလည်မှုတချို့ ရရှိနိုင်သော လူတို့ရှိလျှင်ပင် ၎င်းတို့၏ သိနားလည်မှုသည် သဘောတရားများ၊ စကားလုံးများတို့ဖြင့် ကန့်သတ်ထားပြီး အမှန်တကယ်တွင် ဘုရားသခင် ကိုယ်တော်တိုင် မည်ကဲ့သို့ ရှိသည် ဆိုသည်နှင့်ပတ်သက်၍ ကွာဟချက် ဖြစ်ပေါ်ပေသည်။

ယခု ငါတို့ ဆွေးနွေးပြောဆိုနေသည့်အရာအားလုံးသည် သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်ထားသော အဖြစ်အပျက်တို့၏ နယ်ပယ်အတွင်း၌ ရှိလေသည်။ ဤအဖြစ်အပျက်များမှတစ်ဆင့်၊ ပြီးလျှင် ဖြစ်ပျက်ခဲ့သော ဤအရာတို့ကို စိစစ်ခြင်းမှတစ်ဆင့်၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် ရှုထောင့်တိုင်းကို သာ၍ ကျယ်ပြန့်စွာ၊ သာ၍ နက်ရှိုင်းစွာ၊ သာ၍ ပြည့်စုံစွာ၊ ပြီးလျှင် သာ၍ နှံ့စပ်စွာ ၎င်းတို့အား သိရှိခွင့်ပေးရင်း၊ လူတို့သည်

သူ၏စိတ်သဘောထားနှင့် သူဖော်ပြပြီးဖြစ်သော သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို သိနားလည်နိုင်ပေသည်။ သို့ဆိုလျှင် ဘုရားသခင်နှင့်သက်ဆိုင်သည့် ရှုထောင့်တိုင်းကို သိရှိဖို့ တစ်ခုတည်းသော နည်းလမ်းမှာ ဤအဖြစ်အပျက်များမှတစ်ဆင့် ဖြစ်သလော။ မဟုတ်ပေ၊ ယင်းမှာ တစ်ခုတည်းသော နည်းလမ်းမဟုတ်ပေ။ အကြောင်းမှာ နိုင်ငံတော်ခေတ်တွင် ဘုရားသခင် ပြောသောအရာနှင့် သူလုပ်ဆောင်သောအမှုသည် လူတို့အား သူ၏စိတ်သဘောထားကို သိစေရန်နှင့် ယင်းကို သာ၍ ပြည့်ဝစွာ သိရှိဖို့ သာ၍ ကောင်းစွာကူညီနိုင်ပေသည်။ သို့သော် လူတို့ရင်းနှီးသော သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်ထားသော ဥပမာအချို့ သို့မဟုတ် အဖြစ်အပျက်အချို့မှတစ်ဆင့် ဘုရားသခင်၏ စိတ်သဘောထားကိုသိရန်နှင့် သူ၏အရာအားလုံးနှင့်ဖြစ်ခြင်းကို နားလည်ရန် အနည်းငယ် သာ၍ လွယ်ကူသည်ဟု ငါထင်သည်။ သူ့ကို ဤနည်းဖြင့် သင်တို့ကို သိရှိနိုင်စေဖို့ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့နှင့် သက်ဆိုင်သော နှုတ်ကပတ်တော်များနှင့် ယနေ့ ဘုရားသခင် ဖော်ပြသော သမ္မာတရားတို့ကို လုံးစေ့ပတ်စေ့ ငါယူပါက၊ ယင်းသည် အလွန် ပျင်းစရာကောင်းပြီး အလွန် ငြီးငွေ့ဖွယ်ကောင်းသည်ဟု သင်ခံစားရလိမ့်မည်ဖြစ်ပြီး၊ လူအချို့က ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ပုံသေကားကျဆန်ပုံပေါ်သည်ဟုပင် ခံစားရလိမ့်မည်။ သို့သော်လည်း လူတို့အား ဘုရားသခင်၏ စိတ်သဘောထားကို သိရှိစေရန် ကူညီဖို့ ဥပမာများအနေဖြင့် ဤသမ္မာကျမ်းစာ အဖြစ်အပျက်များကို ငါယူပါက၊ ယင်းကို ငြီးငွေ့ဖွယ်ဖြစ်သည်ဟု သိရှိရမည် မဟုတ်ပေ။ ဤဥပမာတို့ကို ရှင်းပြခြင်းဖြစ်စဉ်တွင် ထိုအချိန်က ဘုရားသခင်၏ စိတ်နှလုံးထဲရှိသည့်အရာ၏ အသေးစိတ်အချက်အလက်များ- သူ၏ စိတ်အခြေအနေ သို့မဟုတ် ခံစားမှု၊ သို့မဟုတ် သူ၏အတွေးများနှင့် စိတ်ကူးများ-ကို လူတို့ထံ လူ၏ဘာသာစကားဖြင့် ပြောပြထားပြီးဖြစ်သကဲ့သို့၊ ဤအရာအားလုံး၏ ရည်မှန်းချက်မှာ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းသည် ပုံသေနည်းမကျသည်ကို ၎င်းတို့အား အသိအမှတ်ပြုခွင့်ပေးရန်၊ ခံစားခွင့်ပေးရန်ဖြစ်သည်ဟု သင်ဆိုနိုင်သည်။ ယင်းသည် ဒဏ္ဍာရီတစ်ခု မဟုတ်၊ သို့မဟုတ် လူတို့ မမြင်နိုင်သည့်အရာ သို့မဟုတ် ထိတွေ့၍မရသော အရာတစ်ခု မဟုတ်ပေ။ ယင်းမှာ အမှန်တကယ် တည်ရှိသော အရာတစ်ခု၊ လူတို့ခံစားပြီး အသိအမှတ်ပြုနိုင်သော အရာတစ်ခု ဖြစ်သည်။ ဤသည်မှာ အဆုံးစွန်သော ရည်မှန်းချက်ပန်းတိုင် ဖြစ်၏။ ဤခေတ်၌ အသက်ရှင်သော လူတို့သည် ကောင်းချီး ခံစားရသည်ဟု သင်ဆိုနိုင်သည်။ ၎င်းတို့သည် ဘုရားသခင်၏ ယခင် အမှုနှင့်သက်ဆိုင်သည့် သာ၍ ကျယ်ပြန့်သော သိနားလည်မှုကို ရရှိဖို့ သမ္မာကျမ်းစာ၏ အဖြစ်အပျက်တို့ကို ထုတ်သုံးနိုင်သည်။ ၎င်းတို့သည် သူလုပ်ဆောင်ပြီးသော အမှုမှတစ်ဆင့် သူ၏

စိတ်သဘောထားကို မြင်နိုင်သည်။ ၎င်းတို့သည် သူဖော်ပြပြီးဖြစ်သော ဤစိတ်သဘောထားများ မှတစ်ဆင့် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ အလိုကို သိနားလည်နိုင်ပြီး၊ သူ၏ သန့်ရှင်းခြင်းနှင့် လူသားများအတွက် သူ၏ ဂရုစိုက်ခြင်းတို့၏ ခိုင်မာသော သရုပ်သကန်များကို နားလည်နိုင်ကာ၊ ဤနည်းဖြင့် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် သာ၍ အသေးစိတ်ကျကာ သာ၍နက်ရှိုင်းသော အသိပညာကို လက်လှမ်းမီနိုင်ကြလေသည်။ သင်တို့အားလုံး ဤအရာကို ယခု ခံစားနိုင်သည်ဟု ငါယုံကြည်သည်။

ကျေးဇူးတော်ခေတ်၌ သခင်ယေရှုပြီးစီးခဲ့သော အမှု၏ နယ်ပယ်အတွင်းတွင်၊ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်း၏ နောက်ထပ် ရှုထောင့်တစ်ခုကို သင်မြင်နိုင်သည်။ ဤရှုထောင့်ကို သူ၏ လူ့ဇာတိမှတစ်ဆင့် ဖော်ပြထားခဲ့ပြီး၊ သူ၏ လူ့သဘာဝကြောင့် လူတို့သည် ယင်းကို မြင်နိုင်ကာ အသိအမှတ်ပြုနိုင်ကြလေသည်။ လူသားတွင် လူ့ဇာတိ၌ရှိသော ဘုရားသခင်သည် သူ၏လူ့သဘာဝကို မည်သို့ အသက်ရှင်နေထိုင်ခဲ့သည်ကို လူတို့မြင်ခဲ့ရပြီး လူ့ဇာတိမှတစ်ဆင့် ဖော်ပြသော ဘုရားသခင်၏ ဘုရားသဘောသဘာဝကို ၎င်းတို့ မြင်ခဲ့ကြသည်။ ဤဖော်ပြချက်နှစ်မျိုးနှစ်စားသည် လူတို့အား အလွန်စစ်မှန်သော ဘုရားသခင်ကို မြင်ခွင့်ပေးပြီး၊ လူတို့အား ဘုရားသခင်နှင့်သက်ဆိုင်သည့် မတူညီသော အယူအဆတစ်ခုကို ဖြစ်ပေါ်ခွင့်ပေးခဲ့သည်။ သို့သော် ကမ္ဘာလောကကို ဖန်ဆင်းခြင်းနှင့် ပညတ်တော်ခေတ်အဆုံးကြား အချိန်ကာလ အတောအတွင်းတွင်၊ ဆိုလိုသည်မှာ ကျေးဇူးတော်ခေတ်မတိုင်မီတွင်၊ လူတို့ မြင်ခဲ့သည့်၊ ကြားခဲ့ကြပြီး တွေ့ကြုံခဲ့ကြသည့် ဘုရားသခင်၏ ရှုထောင့်များမှာ ဘုရားသခင်၏ ဘုရားသဘောသဘာဝ၊ ကိုယ်ထည်ဒြပ်ထည် မရှိသော နယ်ပယ်၌ ဘုရားသခင် လုပ်ဆောင်ခဲ့ပြီး ပြောခဲ့သည့် အရာများနှင့် မြင်၍မရနိုင်သည့် သို့မဟုတ် ထိတွေ့၍မရနိုင်သော သူ၏ တကယ့် ဇာတိအဖြစ်တော်မှ သူဖော်ပြသော အရာများသာ ဖြစ်သည်။ မကြာခဏဆိုသကဲ့သို့ ဤအရာများသည် လူတို့ကို ဘုရားသခင်က သူ၏ ကြီးမြတ်မှုတွင် အလွန် အရှိန်အဝါကြီးသည်မှာ သူ့ထံသို့ ၎င်းတို့ အနီးကပ်၍မရနိုင်ဟု ခံစားရစေခဲ့သည်။ ဘုရားသခင်က လူတို့ကို ပေးနေကျ ထင်မြင်ချက်မှာ သူသည် ၎င်းတို့ သိမြင်နိုင်စွမ်းမရှိအောင် ရိပ်ခနဲ ပေါ်လိုက်ပျောက်လိုက်ဖြစ်ပြီး လူတို့က သူ၏အတွေးများနှင့် စိတ်ကူးများ တစ်ခုချင်းစီတိုင်းသည် အလွန် နက်နဲကာ အလွန် အရှာရခက်သည်မှာ ယင်းတို့ကို နားလည်ကာ အသိအမှတ်ပြုဖို့ ကြိုးစားရန် မဆိုထားနှင့်၊ ယင်းတို့ကို လက်လှမ်းရန်ပင် မဖြစ်နိုင်ဟု ခံစားရစေလေသည်။ လူတို့အတွက်၊ ဘုရားသခင်နှင့် ပတ်သက်သော အရာတိုင်းသည် အလွန် အလှမ်း ဝေးလွန်းခဲ့သည်မှာ ယင်းကို လူတို့ မမြင်နိုင်၊ ထိ၍မရနိုင်ခဲ့ပေ။

သူသည် မိုးကောင်းကင်ထိ မြင့်မားပုံပေါ် ပြီး သူသည် လုံးဝ မတည်ရှိသည့်ပုံပေါ် ခဲ့သည်။ ထို့ကြောင့် လူတို့အတွက်၊ ဘုရားသခင်၏ နှလုံးသားနှင့် စိတ်ကို နားလည်ခြင်း၊ သို့မဟုတ် သူ၏ မည်သည့်အတွေးကိုမဆို မရရှိနိုင်သကဲ့သို့ လက်လှမ်းပင် မမီနိုင်ပေ။ ပညတ်တော်ခေတ်တွင် ဘုရားသခင်သည် ခိုင်လုံသော အမှုအချို့ကို လုပ်ဆောင်ခဲ့ပြီး၊ သူနှင့်ပတ်သက်သည့် စစ်မှန်သော အသိပညာတချို့ကို လူတို့အား အသိအမှတ်ပြုခွင့်နှင့် သိမြင်ခွင့်ပေးရန် တိကျသည့် နှုတ်ကပတ်တော်အချို့ကို ထုတ်ပြန်ခဲ့ပြီး တိကျသည့် စိတ်သဘောထားအချို့ကိုလည်း ဖော်ပြခဲ့သော်လည်း၊ အဆုံးတွင်မူ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့နှင့် သက်ဆိုင်သည့် ဤဖော်ပြချက်များသည် ကိုယ်ထည်ဒြပ်ထည်မရှိသော နယ်ပယ်မှ လာခဲ့ခြင်းဖြစ်ကာ လူတို့နားလည်သည့်အရာ၊ ၎င်းတို့ သိရှိသည့်အရာမှာ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းနှင့်သက်ဆိုင်သည့် ဘုရားသဘောသဘာဝဆိုင်ရာ ရှုထောင့်အကြောင်း ဖြစ်ဆဲဖြစ်ခဲ့ပေသည်။ လူသားမျိုးနွယ်သည် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းနှင့်သက်ဆိုင်သည့် ဤဖော်ပြချက်မှ ခိုင်မာသော အယူအဆတစ်ခုကို မရရှိနိုင်ခဲ့သကဲ့သို့ ဘုရားသခင်နှင့်သက်ဆိုင်သည့် ၎င်းတို့၏ ထင်မြင်ချက်သည် "ပေါ်လိုက်ပျောက်လိုက်ဖြစ်သည့် နီးကပ်ရန် ခက်ခဲသော ဝိညာဉ်ခန္ဓာ" ၏ နယ်ပယ်အတွင်းတွင် ပိတ်မိနေဆဲဖြစ်ခဲ့သည်။ ဘုရားသခင်သည် လူတို့ထံ ပေါ်ထွန်းရန် ရုပ်ဝတ္ထုနယ်ပယ်နှင့် သက်ဆိုင်သည့် တိကျသော အရာဝတ္ထု၊ သို့မဟုတ် ပုံသဏ္ဌာန်တစ်ခုကို အသုံးမပြုခဲ့သောကြောင့်၊ ၎င်းတို့သည် လူ၏ဘာသာစကားကိုအသုံးပြုလျက် ဘုရားသခင်ကို အဓိပ္ပာယ်မဖွင့်ဆိုနိုင်သေးပေ။ လူတို့၏ နှလုံးသားနှင့် စိတ်ထဲတွင် ဘုရားသခင်အတွက် စံနှုန်းတစ်ခု တည်ဆောက်ရန်၊ သူ့ကို လက်ဆုပ်လက်ကိုင်ပြနိုင်စေရန်နှင့် သူမည်မျှ အရပ်ရှည်သည်၊ သူ မည်မျှ ကြီးမားသည်၊ သူ မည်ကဲ့သို့ရှိသည်၊ မည်သည့်အရာ အတိအကျကို သူ နှစ်သက်ပြီး သူ၏ ပင်ကိုစရိုက်က မည်သည့်အရာ ဖြစ်သည်ဆိုသကဲ့သို့သော လူသားဆန်စေဖို့ရန် ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားကို အမြဲအသုံးပြုလိုခဲ့ကြသည်။ အမှန်တကယ်တွင်၊ ဘုရားသခင်က လူတို့သည် ဤသို့တွေးတတ်ကြသည်ကို သူ၏ စိတ်နှလုံးထဲ၌ သိခဲ့၏။ သူသည် လူတို့၏ လိုအပ်ချက်များနှင့်ပတ်သက်၍ အလွန် ရှင်းရှင်းလင်းလင်းသိပြီး၊ သူ မည်သည့်အရာ လုပ်ဆောင်သင့်သည်ကိုလည်း အမှန်သိပေ၏၊ ထို့ကြောင့် ကျေးဇူးတော်ခေတ်တွင် သူသည် သူ၏အမှုကို မတူညီသော နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပေသည်။ ဤနည်းလမ်းမှာ ဘုရားသဘောသဘာဝနှင့် လူသားဆန်သော နည်းလမ်းနှစ်ခုလုံး ဖြစ်သည်။ သခင်ယေရှုအမှုပြုနေခဲ့သော အချိန်ကာလတွင် ဘုရားသခင်၌ လူသားထုတ်ဖော်ပြမှုများစွာ ရှိခဲ့သည်ကို လူတို့က မြင်နိုင်ခဲ့သည်။ ဥပမာအားဖြင့် သူသည် ကနိုင်သည်၊

မင်္ဂလာဆောင်များကို တက်ရောက်နိုင်သည်၊ လူတို့နှင့် ဆက်ဆံနိုင်သည်၊ ၎င်းတို့နှင့် စကားပြောနိုင်ပြီး၊ ၎င်းတို့နှင့် အမှုအရာများကို ဆွေးနွေးနိုင်ပေသည်။ ထို့အပြင် သခင်ယေရှုသည် သူ၏ဘုရားသဘောသဘာဝကို ကိုယ်စားပြုသော အမှုများစွာကို ပြီးစီးခဲ့ပြီး ဤအမှုအားလုံးသည် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့် ဖော်ပြချက်နှင့် ထုတ်ဖော်ခြင်းတို့ အမှန်ဖြစ်ပေသည်။ ဤအချိန်ကာလအတောအတွင်းတွင်၊ ဘုရားသခင်၏ ဘုရား သဘောသဘာဝသည် လူတို့မြင်နိုင်ပြီး တို့ထိနိုင်သော နည်းလမ်းတစ်ခုဖြင့် သာမန်ဇာတိခန္ဓာထဲ၌ အမှန်တကယ် ဖြစ်ပေါ်လာသောအခါတွင်၊ ဘုရားသခင်သည် သိမြင်နားလည်ခြင်းမှ ပေါ်လိုက်ပျောက်လိုက်ဖြစ်သည် သို့မဟုတ် သူ့ထံ နီးကပ်၍မရနိုင်ဟု လူတို့ မခံစားရတော့ပေ။ ဆန့်ကျင်ဘက်အနေနှင့် ၎င်းတို့သည် ဘုရားသခင်၏ အလိုကို သဘောပေါက်ဖို့ သို့မဟုတ် လူသား၏ လှုပ်ရှားမှုတိုင်းမှတစ်ဆင့်၊ နှုတ်ကပတ်တော်များမှတစ်ဆင့်၊ ပြီးလျှင် အမှုမှတစ်ဆင့် သူ၏ ဘုရားသဘာဝကို နားလည်ရန် ကြိုးစားနိုင်ခဲ့ကြသည်။ လူ့ဇာတိခံ လူသားသည် သူ၏ လူ့သဘာဝမှတစ်ဆင့် ဘုရားသခင်၏ ဘုရားသဘာဝကို ဖော်ပြပြီး လူသားမျိုးနွယ်ထံ ဘုရားသခင်၏ အလိုကို အသိပေးခဲ့သည်။ ပြီးလျှင် ဘုရားသခင်၏ အလိုနှင့် စိတ်သဘောထားတို့နှင့် သက်ဆိုင်သော သူ၏ ဖော်ပြချက်မှတစ်ဆင့် ဝိညာဉ်လောက၌ ကျိန်းဝပ်သည့် မြင်၍မရသော သို့မဟုတ် ထိတွေ့၍မရသော ဘုရားသခင်ကိုလည်း လူတို့ထံ ထုတ်ဖော်ပြခဲ့သည်။ လူတို့ မြင်ခဲ့သောအရာမှာ အသွေးအသားနှင့် ဖန်တီးထားသည့်၊ လက်ဆုပ်လက်ကိုင် ပြနိုင်သော ပုံသဏ္ဌာန်ဖြင့်ရှိသည့် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်။ ထို့ကြောင့် လူ့ဇာတိခံ လူသားသည် ဘုရားသခင် ကိုယ်တော်တိုင်၏ ပင်ကိုလက္ခဏာ၊ ဘုရားသခင်၏ အဆင့်အတန်း၊ ပုံသဏ္ဌာန်၊ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းတို့ကဲ့သို့သော အရာများကို ခိုင်မာစေပြီး လူသားဆန်စေခဲ့သည်။ လူသား၏ အပြင်ပန်း အသွင်အပြင်သည် ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့် စပ်လျဉ်း၍ အကန့်အသတ် အချို့ရှိခဲ့သော်လည်း၊ သူ၏အနှစ်သာရနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းသည် ဘုရားသခင် ကိုယ်တော်တိုင်၏ ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းတို့ကို လုံးဝ ကိုယ်စားပြုနိုင်ခဲ့သည်- ဖော်ပြခြင်းပုံစံတွင် ကွာခြားချက် အချို့သာ ရှိလေသည်။ လူသားသည် ဘုရားသခင် ကိုယ်တော်တိုင်၏ ကိုယ်ပိုင်လက္ခဏာနှင့် အဆင့်အတန်းတို့ကို သူ၏ လူ့သဘာဝနှင့် သူ၏ ဘုရားသဘောသဘာဝ ပုံစံနှစ်ခုလုံးဖြင့် ကိုယ်စားပြုခဲ့သည်ဆိုသည်ကို ငါတို့ မငြင်းနိုင်ပေ။ သို့သော် ဤအချိန်ကာလအတွင်းတွင် ဘုရားသခင်သည် လူ့ဇာတိ မှတစ်ဆင့် အမှုပြုခဲ့သည်၊ လူ့ဇာတိ၏ ရှုထောင့်မှ စကားပြောဆိုခဲ့ပြီး လူသား၏ ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းတို့ဖြင့်

လူသားမျိုးနွယ်ရှေ့တွင် ရပ်ခဲ့ပြီး၊ ဤအရာက လူသားမျိုးနွယ်အလယ်တွင် ဘုရားသခင်၏ စစ်မှန်သော နှုတ်ကပတ်တော်များနှင့်အမှုကို လူတို့အား ကြုံကြာ ခံစားရန် အခွင့်အလမ်းကို ပေးခဲ့သည်။ ယင်းက နှိမ့်ချခြင်း အလယ်တွင် သူ၏ ဘုရားသဘောသဘာဝနှင့် သူ၏ ကြီးမြတ်ခြင်းတို့ကို လူတို့အား ထိုးထွင်းသိမြင်ခွင့်လည်း ပေးခဲ့သည့်အပြင်၊ ဘုရားသခင်၏ စစ်မှန်ခြင်းနှင့် လက်တွေ့အရှိတရားနှင့်သက်ဆိုင်သည့် ပဏာမ သိနားလည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ရပ်ကို ရရှိခွင့်ပေးခဲ့သည်။ သခင်ယေရှုပြီးစီးခဲ့သော အမှု၊ သူ၏အမှုပြုသော နည်းလမ်း၊ သူစကားပြောသော ရှုထောင့်တို့သည် ဝိညာဉ်လောကထဲရှိ ဘုရားသခင်၏ စစ်မှန်သော ဇာတိအဖြစ်တော်မှ ကွာခြားသော်လည်း၊ သူနှင့်ပတ်သက်သည့် အရာရာတိုင်းသည် လူသားမျိုးနွယ်က ယခင်က လုံးဝ မမြင်ဖူးသော ဘုရားသခင်ကိုယ်တော်တိုင်ကို အမှန်တကယ် ကိုယ်စားပြုခဲ့သည်- ဤအရာကို ငြင်း၍မရပေ။ ဆိုလိုသည်မှာ ဘုရားသခင်က မည်သို့သောပုံသဏ္ဌာန်ဖြင့် ပေါ်ထွန်းသည်ဖြစ်စေ၊ မည်သည့်ရှုထောင့်မှ သူစကားပြောသည် ဖြစ်စေ၊ သို့မဟုတ် လူသားမျိုးနွယ်ကို မည်သည့်ပုံသဏ္ဌာန်ဖြင့် သူရင်ဆိုင်သည်ဖြစ်စေ ဘုရားသခင်သည် မိမိကိုယ်ကိုယ်မှလွဲ၍ မည်သည့်အရာကိုမျှ ကိုယ်စားမပြုပေ။ သူသည် မည်သည့်လူသားကိုမျှ ကိုယ်စားမပြုနိုင်သကဲ့သို့၊ ဖောက်ပြန်ပျက်စီးသော မည်သည့်လူသားမျိုးနွယ်ကိုမျှလည်း ကိုယ်စားမပြုနိုင်ပေ။ ဘုရားသခင်သည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်ပြီး၊ ဤအရာကို ငြင်း၍မရနိုင်ပေ။

ဆက်လက်၍၊ ကျေးဇူးတော်ခေတ်၌ သခင်ယေရှု ပြောခဲ့သော ပုံဥပမာတစ်ခုကို ကြည့်ကြစို့။

၃။ ပျောက်သောသိုး ပုံဥပမာ

ရှင်မဿဲ ၁၈:၁၂-၁၄ အဘယ်သို့ထင်ကြသနည်း။ သိုးတရာရှိသောသူ၌ သိုးတကောင်သည် လမ်းလွဲ၍ပျောက်လျှင်၊ ထိုသူသည် ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောင်ပေါ်မှာထားခဲ့ပြီးမှ၊ လမ်းလွဲ၍ပျောက်သော သိုးတကောင်ကို သွား၍ရှာတတ်သည် မဟုတ်လော။ တွေ့ပြီးလျှင်၊ လမ်းမလွဲ၍ပျောက်သောသိုး ကိုးဆယ်ကိုးကောင်၌ ဝမ်းမြောက်ခြင်းရှိသည်ထက်၊ ထိုသိုးတကောင်၌ သာ၍ဝမ်းမြောက်ခြင်းရှိသည်ဟု ငါအမှန်ဆို၏။ ထိုနည်းတူ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဤသူငယ်တယောက်ကိုမျှ ပျက်စီးစေခြင်းငှာ အလိုတော်မရှိ။

ဤကျမ်းပိုဒ်က ပုံဥပမာတစ်ခုဖြစ်သည်- ယင်းက လူတို့ကို မည်သည့်ခံစားချက်မျိုးပေးသနည်း။

ဤနေရာ၌ အသုံးပြုထားသော ဖော်ပြသည့်နည်းလမ်း- ပုံဥပမာသည် လူ့ဘာသာစကားဖြင့် ဥပစာအသုံးအနှုန်းတစ်ခု ဖြစ်သည်နှင့်အညီ ယင်းသည် လူသား၏ အသိပညာနယ်ပယ် အတွင်းနှင့် သက်ဆိုင်ပေသည်။ ဘုရားသခင်သည် ပညတ်တော်ခေတ်တွင် အလားတူသော အရာတစ်ခုကို ပြောခဲ့မည်ဆိုပါက၊ လူတို့သည် ထိုသို့သော စကားများက ဘုရားသခင်၏ ဖြစ်ခြင်းနှင့် အမှန်တကယ် တစ်သမတ်တည်း မဖြစ်ဟု ခံစားခဲ့ကြပေမည်၊ သို့သော် လူသားသည် ကျေးဇူးတော်ခေတ်၌ ဤနှုတ်ကပတ်တော်များကို ဟောပြော သောအခါ၊ လူတို့အဖို့ စိတ်သက်သာရာရခြင်း၊ နွေးထွေးခြင်းနှင့် ရင်းနှီးမှုကို ခံစားရစေသည်။ ဘုရားသခင် လူ့ဇာတိ ခံယူခဲ့ချိန်တွင်၊ လူတစ်ဦး၏ ပုံသဏ္ဍာန်ဖြင့် သူ ပေါ်ထွန်း ခဲ့ချိန်တွင်၊ သူ့စိတ်နှလုံး၏ သဘောထားကို ဖော်ပြရန် သူ၏ ကိုယ်ပိုင် လူ့သဘာဝမှလာသော အလွန်သင့်တော်သည့် ပုံဥပမာ တစ်ခုကို သူအသုံးပြုခဲ့သည်။ ဤသဘောထားသည် ဘုရားသခင် ကိုယ်တော်တိုင်၏ အသံနှင့် ထိုခေတ်၌ သူလုပ်ဆောင်လိုသော အမှုကို ကိုယ်စားပြုခဲ့သည်။ ကျေးဇူးတော်ခေတ်တွင် လူတို့အပေါ် ဘုရားသခင်ရှိခဲ့သည့် သဘောထားတစ်ခုကိုလည်း ကိုယ်စားပြုခဲ့သည်။ လူတို့အပေါ် ဘုရားသခင်၏ သဘောထား ရှုထောင့်မှ ကြည့်သောအခါ၊ သူသည် လူအသီးသီးကို သိုးဖြင့် ခိုင်းနှိုင်းခဲ့သည်။ သိုးတစ်ကောင် ပျောက်သွားခဲ့ပါက၊ ထိုသိုးကို ရှာတွေ့ရန် မည်သည့်အရာကိုမဆို သူလုပ်ဆောင်မည်ဖြစ်သည်။ ဤအရာသည် ထိုအချိန်က လူသားမျိုးနွယ်အလယ် လူ့ဇာတိ၌ သူရှိခဲ့ချိန်၊ ဘုရားသခင်၏ အမှုနှင့်သက်ဆိုင်သည့် အခြေခံသဘောတရားကို ကိုယ်စားပြုပေသည်။ ထိုအမှု၌ သူ၏ ဆုံးဖြတ်ချက်နှင့် သဘောထားကို ဖော်ပြရန် ဤပုံဥပမာကို ဘုရားသခင် အသုံးပြုခဲ့သည်။ ဤသည်မှာ ဘုရားသခင် လူ့ဇာတိခံယူခြင်း၏ အရေးသာမှုဖြစ်သည်။ သူသည် လူတို့ကို စကားပြောဆိုရန်နှင့် သူ၏ အလိုတော်ကို ဖော်ပြရန် လူသားမျိုးနွယ်၏ အသိပညာကို ကောင်းစွာ အသုံးချနိုင်ပြီး လူသား၏ဘာသာစကားကို အသုံးပြုနိုင်ခဲ့သည်။ လူ့ဘာသာစကား၊ လူ့နည်းလမ်းတစ်ခုဖြင့် လူတို့ နားလည်ရန် ကြိုးပမ်းခဲ့ရသည့် သူ၏ နက်နဲသည့် ဘုရား ဘာသာစကားကို လူသားထံ သူ ရှင်းပြခဲ့သည်၊ သို့မဟုတ် “ဘာသာပြန်ခဲ့သည်။” ဤအရာက လူတို့ကို သူ၏အလိုတော်ကို နားလည်ပြီး၊ သူလုပ်ဆောင်လိုသောအရာကို သိရှိရန် ကူညီခဲ့သည်။ သူသည် လူ့သဘာစကားကို အသုံးပြုရင်း၊ လူသား၏ရှုထောင့်မှ လူတို့နှင့် စကားပြောဆိုနိုင်ပြီး ၎င်းတို့နားလည်သော နည်းလမ်းဖြင့် လူတို့ကို ဆက်သွယ်ပြောဆိုနိုင်ခဲ့သည်။ လူတို့က ဘုရားသခင်၏ ကြင်နာခြင်းနှင့် ရင်းနှီးမှုကို ခံစားနိုင်ရန်အလို့ငှာ၊ သူ၏နှလုံးသားကို ၎င်းတို့ မြင်နိုင်ရန်အလို့ငှာ သူသည် လူသား၏ဘာသာစကားနှင့် အသိပညာတို့ကို အသုံးပြုလျက်ပင် ပြောဆိုကာ

လုပ်ဆောင်နိုင်ခဲ့သည်။ ဤအရာတွင် သင်တို့ မည်သည့်အရာကို မြင်ကြသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် လုပ်ရပ်များတွင် ပိတ်ပင်တားမြစ်ခြင်း တစ်ခုတစ်လေ ရှိပါသလော။ လူတို့ မြင်သည့်နည်းလမ်းမှာ ဘုရားသခင် ကိုယ်တော်တိုင် ပြောလိုသောအရာ၊ လုပ်ဆောင်လိုသော အမှုကို ပြောဆိုရန် သို့မဟုတ် သူ၏ ကိုယ်ပိုင်အလိုတော်ကို ဖော်ပြရန်၊ လူသား၏အသိပညာ၊ ဘာသာစကား သို့မဟုတ် စကားပြောဆိုသော နည်းလမ်းများကို ဘုရားသခင် အသုံးပြုရန် မဖြစ်နိုင်ဟူ၍ ဖြစ်သည်။ ဤသည်မှာ မှားယွင်းသောအတွေး ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ အမှန်တကယ်ဖြစ်ခြင်းနှင့် စစ်မှန်ရိုးသားမှုကို ခံစားနိုင်ဖို့ အလို့ငှာနှင့် ထိုအချိန်ကာလ အတွင်းတွင် လူတို့အပေါ် သူ၏ သဘောထားကို မြင်နိုင်ဖို့အလို့ငှာ ဘုရားသခင်က ဤသို့သော ပုံဥပမာမျိုးကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ ဤပုံဥပမာသည် ပညတ်တော် အောက်၌ အချိန်ကြာမြင့်စွာ အသက်ရှင် နေခဲ့ကြသည့် လူတို့ကို အိပ်မက်မှ နိုးထစေခဲ့ပြီး ကျေးဇူးတော်ခေတ်၌ အသက်ရှင်ခဲ့ကြသည့် လူတို့၏ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်ကိုလည်း လှုံ့ဆော်ခဲ့သည်။ ဤပုံဥပမာနှင့် သက်ဆိုင်သည့် ကျမ်းပိုဒ်ကို ဖတ်ရှုခြင်းအားဖြင့်၊ လူသားမျိုးနွယ်ကို ကယ်တင်ရာတွင် ဘုရားသခင်၏ ရိုးသားစစ်မှန်မှုကို လူတို့သိကြပြီး ဘုရားသခင်၏ စိတ်နှလုံးထဲရှိ လူသားမျိုးနွယ်ကို ပေးအပ်ထားသော ကြီးလေးသော တာဝန်နှင့် အရေးပါမှုကို နားလည်ကြလေသည်။

ဤကျမ်းပိုဒ်ရှိ နောက်ဆုံးစာကြောင်းကို ကြည့်ကြစို့။ “ထိုနည်းတူ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဤသူငယ်တယောက်ကိုမျှ ပျက်စီးစေခြင်းငှာ အလိုတော်မရှိ။” ဤသည်မှာ သခင်ယေရှု၏ ကိုယ်ပိုင် နှုတ်ကပတ်တော်များလော၊ သို့မဟုတ် ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်၏ နှုတ်ကပတ်တော်များလော။ အပေါ်ယံ၌ စကားပြောနေသည်က သခင်ယေရှုဟု ထင်ရသော်လည်း၊ သူ၏အလိုတော်သည် ဘုရားသခင်ကိုယ်တော်တိုင်၏ အလိုတော်ကို ကိုယ်စားပြုသည်၊ ယင်းမှာ သူက “ထိုနည်းတူ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဤသူငယ်တယောက်ကိုမျှ ပျက်စီးစေခြင်းငှာ အလိုတော်မရှိ” ဟု ဆိုရသည့်အကြောင်းရင်း ဖြစ်သည်။ ထိုအချိန်က လူတို့သည် ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်ကိုသာ ဘုရားသခင်အဖြစ် အသိအမှတ်ပြုကြပြီး ၎င်းတို့မျက်စိရှေ့၌ ၎င်းတို့မြင်ခဲ့သော ဤလူသည် ဘုရားသခင်၏ စေလွှတ်ခြင်းကို ခံရုံမျှခံရကာ၊ ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်ကို ကိုယ်စားမပြုနိုင်ဟု ယုံကြည်ကြလေသည်။ ယင်းမှာ လူတို့အနေဖြင့် လူသားမျိုးနွယ် အတွက် ဘုရားသခင်၏အလိုတော်ကို အမှန်တကယ် ခံစားနိုင်ရန်နှင့် သူပြောခဲ့သည့်အရာ၏ စစ်မှန်မှုနှင့် တိကျမှုကို ခံစားနိုင်ရန်အလို့ငှာ၊

သခင်ယေရှုက ဤပုံဥပမာ၏ အဆုံးသတ်တွင် ဤစာကြောင်းကို ဖြည့်ရသည့်အကြောင်းရင်း ဖြစ်သည်။ ဤစာကြောင်းသည် ပြောဆိုရန် ရိုးရှင်းသောအရာ တစ်ခုဖြစ်သော်လည်း၊ ဂရုစိုက်မှုနှင့် ချစ်ခြင်းမေတ္တာတိုတို့ဖြင့် ပြောဆိုထားခြင်းဖြစ်ပြီး သခင်ယေရှု၏ နှိမ့်ချခြင်းနှင့် ကွယ်ဝှက်ခြင်းကို ထုတ်ဖော်ပြလေသည်။ ဘုရားသခင်က လူ့ဇာတိခံယူခဲ့သည် ဖြစ်စေ၊ သို့မဟုတ် ဝိညာဉ်လောက၌ သူ အမှုပြုခဲ့သည်ဖြစ်စေ၊ လူသား၏နှလုံးသားကို သူအသိဆုံး ဖြစ်ပြီး လူတို့ လိုအပ်သောအရာကို နားအလည်ဆုံး ဖြစ်သည်၊ လူတို့ စိုးရိမ်သောအရာနှင့် ၎င်းတို့ကို စိတ်ရှုပ်ထွေးစေသော အရာကို သိပြီး၊ ယင်းမှာ ဤစာကြောင်းကို သူထည့်ရသည့် အကြောင်းရင်း ဖြစ်သည်။ ဤစာကြောင်းက လူသားမျိုးနွယ်၌ ကွယ်ဝှက်ထားသည့် ပြဿနာတစ်ခုကို မီးမောင်း ထိုးပြထားသည်- လူသားက ပြောသည့်အရာနှင့် ပတ်သက်၍ လူတို့သည် ယုံကြည်မှုကင်းမဲ့ခဲ့ကြသည်၊ ဆိုလိုသည်မှာ၊ သခင်ယေရှု စကားပြောနေခဲ့ချိန်တွင် သူက- "ထိုနည်းတူ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဤသူငယ်တယောက်ကိုမျှ ပျက်စီးစေခြင်းငှာ အလိုတော်မရှိ။" ဟု ထပ်ဖြည့်ခဲ့ပြီး၊ ထိုနှုတ်ကပတ်တော်များ၏ တိကျမှုကို လူတို့အား ယုံကြည်စေဖို့နှင့် ယင်းတို့၏ ယုံကြည်လက်ခံနိုင်စွမ်းကို တိုးတက်ကောင်းမွန်စေဖို့အလို့ငှာ၊ ဤအဆိုအပေါ်၌သာ သူ၏ နှုတ်ကပတ်တော်များက အသီးအပွင့် ဖြစ်ထွန်းနိုင်ပေသည်။ ဤအရာက ဘုရားသခင်သည် လူ၏ ပုံမှန်သားတစ်ဦး ဖြစ်လာသောအခါ၊ ဘုရားသခင်နှင့် လူသားမျိုးနွယ်သည် အလွန် အချိုးမပြေသော ဆက်ဆံရေးရှိခဲ့ပြီး၊ လူသား၏ အခြေအနေမှာ အလွန် စိတ်ကသိကအောက်ဖြစ်စရာဖြစ်ခဲ့သည်။ ယင်းသည် ထိုအချိန်က လူသားများအလယ် သခင်ယေရှု၏ အဆင့်အတန်း မည်မျှ အရေးမပါသည်ကိုလည်း ပြပေသည်။ ဤအရာကို သူ ပြောချိန်တွင်၊ အမှန်တကယ်တွင် လူတို့ကို ဤကဲ့သို့ပြောရန် ဖြစ်သည်- သင်တို့ စိတ်ချထား၍ ရသည်- ဤစကားများသည် ငါ၏ကိုယ်ပိုင် စိတ်နှလုံးထဲရှိသည့် အရာကို ကိုယ်စားမပြုပေ၊ သို့သော် ယင်းတို့သည် သင်တို့၏ စိတ်နှလုံးများထဲရှိ ဘုရားသခင်၏ အလိုတော် ဖြစ်ပေသည်။ လူသားမျိုးနွယ် အတွက် ဤသည်မှာ အထင်နှင့်အမြင် တလွဲစီ ဖြစ်သောအရာတစ်ခု မဟုတ်ခဲ့ပါသလော။ လူ့ဇာတိ၌ အမှုပြုနေသော ဘုရားသခင်သည် သူ၏ ဇာတိအဖြစ်တော်၌ မရှိခဲ့သော အရေးသာမှုများစွာ ရှိခဲ့သော်လည်း၊ သူသည် ၎င်းတို့၏ သံသယများနှင့် ငြင်းပယ်မှုများအပြင်၊ ၎င်းတို့၏ ထုံထိုင်းမှုများနှင့် ငြီးငွေ့စရာကောင်းမှုများကို ကြံ့ကြံ့ခံ ခဲ့ရသည်။ လူသား၏ အမှု လုပ်ငန်းစဉ်မှာ လူသားမျိုးနွယ်၏ ငြင်းပယ်ခြင်းနှင့် သူ့အပေါ် ၎င်းတို့၏ ယှဉ်ပြိုင်ခြင်းကို တွေ့ကြုံခံစားခြင်း ဖြစ်စဉ်ဟု ဆိုနိုင်သည်။ ထို့ထက်သာ၍၊ ယင်းမှာ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းမှတစ်ဆင့်၊ သူ၏ကိုယ်ပိုင် အနှစ်သာရမှတစ်ဆင့်၊

လူသားမျိုးနွယ်၏ ယုံကြည်မှုကို အဆက်မပြတ် ရယူပြီး လူသားမျိုးနွယ်ကို သိမ်းပိုက်ရန် လုပ်ငန်းစဉ် ဖြစ်ခဲ့သည်။ ယင်းမှာ လူ့ဇာတိခံ ဘုရားသခင်က စာတန်နှင့် မြေပြင်တိုက်ပွဲ ဆင်နွှဲခြင်း သိပ်မဟုတ်ခဲ့ပေ။ ယင်းမှာ ဘုရားသခင်က သာမန်လူသား တစ်ဦးဖြစ်လာပြီး သူ့နောက်လိုက်သူတို့နှင့် ကြိုးစား ရုန်းကန်ရကာ ဤကြိုးစားရုန်းကန်မှုတွင် လူသားသည် သူ၏အမှုကို သူ၏ နှိမ့်ချခြင်း၊ သူ၏အရာအားလုံးနှင့်ဖြစ်ခြင်း၊ သူ၏ချစ်ခြင်းမေတ္တာနှင့် ဉာဏ်ပညာတို့ဖြင့် ပြည့်စုံစေခဲ့ခြင်း သာ၍ ဖြစ်ပေသည်။ သူသည် သူလိုချင်သောလူတို့ကို ရရှိခဲ့သည်၊ သူနှင့် ထိုက်တန်သော ကိုယ်ပိုင်လက္ခဏာနှင့် အဆင့်အတန်းကို ရရှိခဲ့ပြီး သူ၏ပလ္လင်ဆီသို့ "ပြန်သွား"ခဲ့သည်။

ဆက်လက်၍၊ ကျမ်းစာ၏ အောက်ပါ ကျမ်းနှစ်ပိုဒ်ကို ကြည့်ကြစို့။

၄။ အကြိမ်ခုနှစ်ဆယ် ခုနှစ်လီ ခွင့်လွှတ်လော့

ရှင်မဿဲ ၁၈:၂၁-၂၂ ထိုအခါ ပေတရုသည်ချဉ်းကပ်၍၊ သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကိုပြစ်မှား၍ အကျွန်ုပ်သည် သူ၏ အပြစ်ကို ဘယ်နှစ်ကြိမ်လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရပါအံ့လောဟု မေးလျှောက်သော်၊ ယေရှုက၊ ခုနစ်ကြိမ်မြောက်အောင်လွှတ်ရမည် ငါမဆို။ အကြိမ်ခုနစ်ဆယ် ခုနစ်လီမြောက်အောင် လွှတ်ရမည် ငါဆို၏။

၅။ သခင်၏ ချစ်ခြင်း

ရှင်မဿဲ ၂၂:၃၇-၃၉ "ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့် ချစ်လော့၊ ဟူသော ပညတ်သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်းဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ၏။"

ဤကျမ်းနှစ်ပိုဒ်ထဲမှ ကျမ်းတစ်ပိုဒ်က ခွင့်လွှတ်ခြင်း အကြောင်းကိုပြောပြီး အခြားတစ်ပိုဒ်က ချစ်ခြင်းမေတ္တာ အကြောင်းကိုပြောသည်။ ဤအကြောင်းအရာနှစ်ခုသည် ကျေးဇူးတော်ခေတ်၌ သခင်ယေရှု ဆောင်ရွက်လိုသောအမှုကို အမှန်တကယ် အသားပေးထားလေသည်။

ဘုရားသခင်က လူ့ဇာတိခံယူခဲ့ချိန်တွင်၊ သူသည် သူနှင့်အတူ တိကျသည့် အမှုတာဝန်များနှင့် ဤခေတ်တွင် သူ ဖော်ပြလိုခဲ့သော စိတ်သဘောထားတို့ဖြစ်သည့် သူ၏ အမှု အဆင့်တစ်ဆင့်ကို ယူဆောင်လာခဲ့သည်။ ထိုအချိန်ကာလတွင် လူသားလုပ်ဆောင်ခဲ့သော

အရာတိုင်းသည် ဤခေတ်တွင် ဘုရားသခင် ဆောင်ရွက်လိုသောအမှုကို ဗဟိုပြုခဲ့သည်။ သူသည် အပိုအလိုမရှိ လုပ်ဆောင်ခဲ့သည်။ သူပြောဆိုခဲ့သော အရာ တစ်ခုစီတိုင်းနှင့် သူ ဆောင်ရွက်ခဲ့သော အမှု အမျိုးအစားတိုင်းသည် ဤခေတ်နှင့် အားလုံး ဆက်စပ်ပေသည်။ ယင်းကို လူသားဘာသာစကားဖြင့် လူသား၏နည်းလမ်းတစ်ခု၌ ဖော်ပြသည်ဖြစ်စေ၊ ဘုရားဘာသာစကားမှတစ်ဆင့် ဖော်ပြသည် ဖြစ်စေ ပြီးလျှင် မည်သည့်နည်းလမ်း သို့မဟုတ် မည်သည့် ရှုထောင့်အမြင်နှင့် သူ ထိုသို့ လုပ်ဆောင်ခဲ့သည်ဖြစ်စေ၊ သူ၏ ရည်မှန်းချက်မှာ သူလုပ်ဆောင်လိုခဲ့သည်မှာ မည်သည့်အရာ ဖြစ်သည်၊ သူ၏အလိုတော်မှာ မည်သည့်အရာ ဖြစ်ပြီး၊ လူတို့အပေါ် သူ၏ သတ်မှတ်ချက်များက မည်သည့်အရာများ ဖြစ်သည် ဆိုသည်တို့ကို လူတို့နားလည်စေဖို့ ကူညီရန်ဖြစ်သည်။ လူတို့ကို သူ၏အလိုတော်ကို နားလည်ကာ သိရှိစေဖို့ နှင့် သူ၏ လူသားမျိုးနွယ်ကို ကယ်တင်ခြင်းအမှုအား နားလည်စေဖို့ ကူညီရန် သူသည် နည်းလမ်းအမျိုးမျိုးနှင့် မတူညီသော ရှုထောင့်များကို အသုံးပြုကောင်းပြုနိုင်သည်။ ထို့ကြောင့် ကျေးဇူးတော်ခေတ်တွင် သခင်ယေရှုသည် လူသားမျိုးနွယ်နှင့် သူဆက်သွယ်ပြောဆိုလိုသောအရာကို ဖော်ပြရန် အချိန် အများစုတွင် လူ့ဘာသာစကားကို အသုံးပြုနေခဲ့သည်ကို ငါတို့ တွေ့မြင်ရသည်။ ထို့ထက်ပို၍၊ လူတို့ကို စကားပြောနေသည့်၊ ၎င်းတို့၏လိုအပ်ချက်တို့ကို ပံ့ပိုးပေးနေပြီး သူတို့တောင်းဆိုသော အရာတို့ကို ကူညီပေးနေသည့် သာမန် လမ်းညွှန်တစ်ယောက်၏ ရှုထောင့်မှ သူ့ကို ငါတို့ မြင်ရသည်။ ဤသို့ အမှုပြုခြင်း နည်းလမ်းကို ကျေးဇူးတော်ခေတ်မတိုင်မီ လာသော ပညတ်တော်ခေတ်၌ မမြင်ခဲ့ရချေ။ သူသည် လူသားမျိုးနွယ်နှင့် သာ၍ ရင်းနှီးလာပြီး သာ၍ သနားကရုဏာရှိလာခဲ့သည့်အပြင် ပုံသဏ္ဌာန်ရော ဟန်ပန်တွင်ပါ လက်တွေ့ကျသောရလဒ်တို့ကို သာ၍ ရရှိနိုင်လာသည်။ လူတို့ကို အကြိမ် ခုနှစ်ဆယ် ခုနှစ်လီခွင့်လွှတ်ခြင်းအကြောင်း တင်စားချက်က ဤအချက်ကို အမှန်တကယ် ရှင်းလင်းသွားစေသည်။ ဤတင်စားချက်ထဲက ကိန်းဂဏန်းအားဖြင့် ရရှိသော ရည်ရွယ်ချက်မှာ သခင်ယေရှုက ဤအရာကို ပြောခဲ့ချိန် သူ၏ ရည်ရွယ်ချက်ကို လူတို့အား နားလည်စေရန်ဖြစ်သည်။ သူ၏ရည်ရွယ်ချက်မှာ လူတို့သည် အခြားသူများကို ခွင့်လွှတ်သင့်သည်ဟူ၍ ဖြစ်သည်- တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် မဟုတ်၊ ပြီးလျှင် ခုနှစ်ကြိမ်ပင် မဟုတ်ဘဲ၊ ခုနှစ်ဆယ် ခုနှစ်လီဖြစ်သည်။ “ခုနှစ်ဆယ် ခုနှစ်လီ” နှင့်သက်ဆိုင်သည့် စိတ်ကူးအတွင်းတွင် မည်သည့် စိတ်ကူးမျိုး ပါရှိသနည်း။ ယင်းမှာ လူတို့အား ခွင့်လွှတ်ခြင်းကို ၎င်းတို့၏ ကိုယ်ပိုင် တာဝန်ဝတ္တရား ဖြစ်စေဖို့၊ ၎င်းတို့ သင်ယူရမည့် အရာတစ်ခုနှင့် ၎င်းတို့ လိုက်နာရမည့် “လမ်းခရီး” တစ်ခုဖြစ်စေဖို့ ဖြစ်သည်။ ဤသည်မှာ တင်စားချက်တစ်ခုသာ

ဖြစ်သော်လည်း၊ အလွန်အရေးကြီးသော အချက်ကို မီးမောင်း ထိုးပြရန် အသုံးတော်ခံလေသည်။ ယင်းက လူတို့အား သူဆိုလိုသည့်အရာကို နက်ရှိုင်းစွာ နားလည်သဘောပေါက်ရန် နှင့် လက်တွေ့လုပ်ဆောင်မှုနှင့် သက်ဆိုင်သည့် သင့်တော်သော နည်းလမ်းများ၊ အခြေခံသဘောတရားများနှင့် စံနှုန်းများကို ရှာတွေ့ရန် ကူညီပေးသည်။ ဤတင်စားချက်က လူတို့ကို ရှင်းလင်းစွာ နားလည်ရန် ကူညီသကဲ့သို့၊ ၎င်းတို့ကို မှန်ကန်သော အယူအဆတစ်ခုကို ပေးလေသည်- ခွင့်လွှတ်ခြင်းကို ၎င်းတို့ သင်ယူသင့်ပြီး အခြားသူများအတွက် သည်းခံပြီး နားလည်မှု ရှိသည့် သဘောထားဖြင့် အကြိမ်ရေမည်မျှကိုမဆို ခြွင်းချက် မရှိဘဲ ခွင့်လွှတ်သင့်သည်ဟူ၍ ဖြစ်သည်။ ဤအရာကို သခင်ယေရှု ပြောခဲ့ချိန်တွင်၊ သူ၏ စိတ်နှလုံးထဲ၌ အဘယ်အရာ ရှိသနည်း။ ခုနစ်ဆယ် ခုနစ်လီဆိုသည့် အရေအတွက်ကို သူ အမှန်တကယ် စဉ်းစားနေခဲ့သလော။ မဟုတ်ပေ၊ သူ မစဉ်းစားခဲ့ပေ။ ဘုရားသခင်က လူသားကို ခွင့်လွှတ်မည့် အကြိမ် အရေအတွက်တစ်ခုရှိသလော။ ဤအရေအတွက်၏ မူလ အရင်းအမြစ်နှင့် အဓိပ္ပာယ်ကို အမှန်တကယ် နားလည်လိုသော ဤနေရာတွင် ဖော်ပြထားသည့် "အကြိမ်အရေအတွက်" ကို အလွန် စိတ်ဝင်စားသော လူများစွာ ရှိသည်။ ဤကိန်းဂဏန်းက သခင်ယေရှု၏ နှုတ်မှ အဘယ့်ကြောင့် ထွက်လာသည်ကို ၎င်းတို့နားလည်လိုကြသည်။ ဤအရေအတွက်၌ သာ၍ နက်နဲသော သွယ်ဝိုက်သည့် ပတ်သက်မှုတစ်ခုရှိသည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ သို့သော် အမှန်တကယ်တွင် ဤသည်မှာ ဘုရားသခင် အသုံးပြုသည့် လူသား တင်စားချက်တစ်ခုသာ ဖြစ်သည်။ မည်သည့် သွယ်ဝိုက်သော ပတ်သက်မှု သို့မဟုတ် အဓိပ္ပာယ်ကိုမဆို၊ လူသားမျိုးနွယ်အတွက် သခင်ယေရှု၏ သတ်မှတ်ချက်များဖြင့် ခံယူရမည်။ ဘုရားသခင်သည် လူ့ဇာတိခံမယူခဲ့သေးချိန်တွင်၊ သူ၏ နှုတ်ကပတ်တော်များသည် ပြီးပြည့်စုံသည့် ဘုရားသဘာဝမှ လာသောကြောင့် သူပြောသော အရာများစွာကို လူတို့ နားမလည်ခဲ့ကြပေ။ သူ ပြောဆိုသော အရာ၏ ရှုထောင့်နှင့် ဆက်စပ်အကြောင်းအရာတို့သည် လူသားမျိုးနွယ်အဖို့ မြင်၍မရနိုင်သကဲ့သို့ လက်လှမ်းမမီနိုင်ချေ။ ယင်းကို လူတို့မမြင်နိုင်သော ဝိညာဉ်လောကတစ်ခုမှ ဖော်ပြထားပေသည်။ ဇာတိပကတိ၌ အသက်ရှင်ခဲ့သော လူတို့အတွက်၊ ၎င်းတို့သည် ဝိညာဉ်လောကကို ဖြတ်သန်း မသွားနိုင်ခဲ့ချေ။ သို့သော် ဘုရားသခင် လူ့ဇာတိ ခံယူပြီးသည့်နောက်တွင်၊ သူသည် လူသားမျိုးနွယ်ကို လူ့သဘာဝ၏ ရှုထောင့်မှ စကားပြောခဲ့ပြီး ဝိညာဉ်လောက၏ နယ်ပယ်မှ သူထွက်လာကာ ကျော်လွန်သွားခဲ့သည်။ သူသည် လူသားမျိုးနွယ်အား ဘုရားသခင်ကို နားလည်ကာ သိရှိခွင့်ပေးဖို့၊ ၎င်းတို့၏ လုပ်နိုင်စွမ်း နယ်ပယ်အတွင်းနှင့် ၎င်းတို့တတ်နိုင်သည့် အတိုင်းအတာထိ သူ၏ရည်ရွယ်ချက်နှင့်

သူ သတ်မှတ်ထားသော စံနှုန်းများကို သဘောပေါက်ခွင့်ပေးဖို့ လူတို့ စိတ်ကူးနိုင်သော အရာများ၊ ၎င်းတို့၏ အသက်တာများ၌ ၎င်းတို့မြင်ခဲ့ပြီး ကြုံခဲ့ရသောအရာများမှတစ်ဆင့်၊ ပြီးလျှင် လူသားတို့ လက်ခံနိုင်သော နည်းလမ်းတို့ကို အသုံးပြုရင်း၊ ၎င်းတို့ နားလည်နိုင်သော ဘာသာစကားတစ်ခုနှင့် ၎င်းတို့ သဘောပေါက်နိုင်သော အသိပညာဖြင့် သူ၏ ဘုရားသဘောသဘာဝ စိတ်သဘောထား၊ အလိုတော်နှင့် သဘောထားတို့ကို သူဖော်ပြနိုင်ခဲ့သည်။ ဤသည်မှာ လူ့သဘာဝထဲက ဘုရားသခင်၏ အမှု၏ နည်းလမ်းနှင့် အခြေခံသဘောတရားများ ဖြစ်သည်။ ဘုရားသခင်၏ နည်းလမ်းများနှင့် လူ့ဇာတိ၌ သူ၏ အမှုပြုခြင်း အခြေခံသဘောတရားတို့သည် လူ့သဘာဝအားဖြင့်၊ သို့မဟုတ် လူ့သဘာဝမှတစ်ဆင့် အများစု စွမ်းဆောင် ရရှိခဲ့သော်လည်း၊ ယင်းသည် ဘုရား၏သဘောသဘာဝဖြင့် တိုက်ရိုက် အမှုပြုခြင်းအားဖြင့် မရရှိနိုင်သော ရလဒ်တို့ကို အမှန်ရရှိခဲ့လေသည်။ လူ့သဘာဝထဲက ဘုရားသခင်၏ အမှုသည် သာ၍ ခိုင်မာသည်၊ စစ်မှန်ပြီး ရည်မှန်းထား၏၊ နည်းလမ်းတို့သည် သာ၍ များစွာ ပြောင်းလွယ်ပြင်လွယ်ရှိပြီး ပုံသဏ္ဍာန်အရ ယင်းသည် ပညတ်တော်ခေတ်အတွင်း၌ ဆောင်ရွက်ခဲ့သော အမှုကို ကျော်လွန်သွားခဲ့သည်။

ဆက်လက်၍၊ သခင်ကို ချစ်ခြင်းနှင့် ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်ခြင်းအကြောင်း ဆွေးနွေးကြစို့။ ဤသည်မှာ ဘုရား၏သဘောသဘာဝ၌ တိုက်ရိုက်ဖော်ပြသော အရာတစ်ခု ဖြစ်သလော။ သိသိသာသာပင် မဟုတ်ပေ။ ဤသည်တို့မှာ လူသားက လူ့သဘာဝဖြင့် ပြောဆိုခဲ့သော အရာများ အားလုံးဖြစ်သည်။ "ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်လော့။ သင်၏ကိုယ်ပိုင်အသက်ကို ချစ်မြတ်နိုးသကဲ့သို့ သူတစ်ပါးကို ချစ်လော့။" ဆိုသကဲ့သို့သော အရာတစ်ခုကို လူသားများကသာ ပြောမည်ဖြစ်သည်။ ဤစကား ပြောဟန်ဆိုဟန်သည် လူသားနှင့်သာ သီးသန့် သက်ဆိုင်ပေသည်။ ဘုရားသခင်သည် ဤပုံစံဖြင့် မည်သည့် အခါမျှ စကားမပြောဆိုဖူးပေ။ အနည်းဆုံးအနေဖြင့်၊ ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် သူ၏ ချစ်ခြင်းကို ထိန်းညှိဖို့ရန်အလို့ငှာ "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့။" ဟူသော ဤဝါဒရေးရာ ရေသောက်မြစ်မျိုးကို မလိုအပ်သည်က တစ်ကြောင်း၊ လူသားမျိုးနွယ် အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှာ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်း၏ သဘာဝအလျောက် ဖွင့်ပြခြင်းတစ်ခု ဖြစ်သည်ကတစ်ကြောင်း၊ ဘုရားသခင်သည် သူ၏ ဘုရားသဘောသဘာဝတွင် ဤဘာသာစကားမျိုး မရှိပေ။ ဘုရားသခင်က "ငါသည် လူသားမျိုးနွယ်ကို ကိုယ်နှင့်အမျှ ချစ်သည်။" ဟူသကဲ့သို့သော အရာမျိုးတစ်ခုတစ်လေကို ဘုရားသခင် ပြောဆိုသည်ကို မည်သည့်အချိန်တွင် သင်တို့ ကြားဖူးပါသနည်း။ သင်တို့ မကြားဖူးပေ၊ အဘယ့်ကြောင့်ဆိုသော် ချစ်ခြင်းသည် ဘုရားသခင်၏ အနှစ်သာရနှင့် သူ၏

အရာအားလုံးနှင့် ဖြစ်ခြင်းတို့၌ ရှိသောကြောင့်ဖြစ်သည်။ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ချစ်ခြင်းနှင့် သူ၏ သဘောထား၊ ပြီးလျှင် လူတို့ကို သူဆက်ဆံသောပုံစံတို့သည် သူ့စိတ်သဘောထား၏ သဘာဝအလျောက် ဖော်ပြခြင်းနှင့် ဖွင့်ပြခြင်း ဖြစ်သည်။ ဤသည်ကို အချို့သော နည်းလမ်းဖြင့် သူ တမင်သက်သက် လုပ်ရန် မလိုအပ်ပေ၊ သို့မဟုတ် သူနှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ခြင်းအား စွမ်းဆောင်ရရှိရန် နည်းလမ်း တစ်စုံတစ်ရာ၊ သို့မဟုတ် ကျင့်ဝတ်စည်းကမ်း တစ်ခုကို တမင်လိုက်လျှောက်ရန် မလိုအပ်ပေ- ဤကဲ့သို့ အနှစ်သာရမျိုးကို သူပိုင်ဆိုင်နှင့်ပြီးဖြစ်သည်။ ဤတွင် သင်သည် မည်သည့်အရာကို တွေ့မြင်ရသနည်း။ ဘုရားသခင်က လူ့သဘာဝ၌ အမှုပြုသောအခါတွင်၊ သူ၏နည်းလမ်းများ၊ စကားလုံးများနှင့် သမ္မာတရားများစွာကို လူသား၏ နည်းလမ်းဖြင့် ဖော်ပြထား ခဲ့သည်။ သို့သော် တစ်ချိန်တည်းတွင် ဘုရားသခင်၏ စိတ်သဘောထား၊ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်း၊ ပြီးလျှင် သူ၏အလိုတော်တို့ကို သိရှိရန် နားလည်ရန် လူတို့အတွက် ဖော်ပြထားခဲ့ပေသည်။ ၎င်းတို့ သိရှိပြီး နားလည်လာခဲ့သော အရာမှာ ဘုရားသခင် ကိုယ်တော်တိုင်၏ ရှိရင်းစွဲ ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းကို ကိုယ်စားပြုသည့် သူ၏အနှစ်သာရနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းတို့ အတိအကျဖြစ်ပေသည်။ ဆိုလိုသည်မှာ လူ့ဇာတိ၌ရှိသော လူသားသည် ဘုရားသခင် ကိုယ်တော်တိုင်၏ ပင်ကိုစိတ်သဘောထားနှင့် အနှစ်သာရကို ဖြစ်နိုင်သမျှ အကြီးမားဆုံးအတိုင်းအတာဖြင့်၊ ဖြစ်နိုင်သမျှ အတိကျဆုံး ဖော်ပြခဲ့ပေသည်။ လူသား၏ လူ့သဘာဝသည် ကောင်းကင်ဘုံ၌ ရှိသော ဘုရားသခင်နှင့် လူ၏ ဆက်သွယ် ပြောဆိုခြင်းနှင့် အပြန်အလှန်ဆက်ဆံခြင်းအဖို့ အနှောင့်အယှက်၊ သို့မဟုတ် အတားအဆီးတစ်ခု မဟုတ်ခဲ့ရုံသာမက၊ ယင်းသည် ဖန်ဆင်းခြင်း၏ အရှင်သခင်ကို လူသားမျိုးနွယ်က ဆက်သွယ်ရန် အတွက် တစ်ခုတည်းသော လမ်းကြောင်းနှင့် တစ်ခုတည်းသော ပေါင်းကူးတံတားလည်း ဖြစ်ပေသည်။ ယခု ဤအချိန်တွင် ကျေးဇူးတော်ခေတ်၌ သခင်ယေရှု လုပ်ဆောင်ခဲ့သော အမှု၏ သဘာဝ၊ နည်းစနစ်များနှင့် အမှု၏ လက်တလော အဆင့်တို့ ကြားတွင် ဆင်တူခြင်း များစွာရှိသည်ဟု သင်တို့ မခံစားရသလော။ အမှု၏ ဤလတ်တလောအဆင့်က ဘုရားသခင်၏ စိတ်သဘောထားကို ဖော်ပြရန် လူသားမျိုးနွယ်၏ ဘာသာစကားများစွာကို အသုံးပြုပြီး၊ ဘုရားသခင် ကိုယ်တော်တိုင်၏ အလိုတော်ကို ဖော်ပြရန် နေ့စဉ်အသက်တာနှင့် လူသား အသိပညာထဲက ဘာသာစကားများနှင့် နည်းစနစ်များစွာကို အသုံးပြုလေသည်။ ဘုရားသခင်က လူ့ဇာတိခံယူသည်နှင့်တစ်ပြိုင်နက်၊ သူသည် လူသား၏ရှုထောင့်မှ စကားပြောသည်ဖြစ်စေ၊ သို့မဟုတ် ဘုရားသဘာဝ ရှုထောင့်မှ ပြောသည်ဖြစ်စေ၊ သူ၏ ဘာသာစကားနှင့်

ဖော်ပြမှုနည်းလမ်းများစွာသည် လူသား၏ ဘာသာစကားနှင့် နည်းစနစ်များ၏ ကြားခံမှတစ်ဆင့် လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်က လူ့ဇာတိခံယူချိန်တွင်၊ ဘုရားသခင်၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းနှင့် သူ၏ ဉာဏ်ပညာကိုမြင်ဖို့ ပြီးလျှင် ဘုရားသခင်၏ စစ်မှန်သော သွင်ပြင်လက္ခဏာတိုင်းကို သိရှိရန် ဤသည်မှာ သင့်အတွက် အကောင်းဆုံး အခွင့်အရေး ဖြစ်ပေသည်။ ဘုရားသခင်က လူ့ဇာတိခံယူချိန်တွင်၊ သူ အရွယ်ရောက်လာနေစဉ်တွင် သူသည် လူသားမျိုးနွယ်၏ အသိပညာတချို့ သာမန်အသိစိတ်၊ ဘာသာစကားနှင့် လူ့သဘာဝဖြင့် ဖော်ပြခြင်းနည်းလမ်းတို့ကို သူသည် သင်ယူကာ သဘောပေါက်လာခဲ့သည်။ လူ့ဇာတိခံ ဘုရားသခင်သည် သူဖန်ဆင်းခဲ့သော လူသားများမှလာသည့် ဤအရာများကို ပိုင်ဆိုင်ခဲ့သည်။ ဤအရာတို့သည် သူ၏စိတ်သဘောထားနှင့် သူ၏ ဘုရားသဘောသဘာဝကို ဖော်ပြခြင်းအတွက် လူ့ဇာတိ၌ရှိသော ဘုရားသခင်၏ တန်ဆာပလာများ ဖြစ်လာခဲ့ပြီး၊ လူသားမျိုးနွယ်၏အလယ်တွင် လူသား ရှုထောင့်နှင့် လူသား သဘာဝကို အသုံးပြုလျက် သူ အမှုပြုနေခဲ့ချိန်တွင် သူ၏ အမှုကို သာ၍ အဆက်အစပ် ရှိစေသည်၊ သာ၍ စစ်မှန်စေပြီး၊ သာ၍ တိကျစေသည်။ ဤအရာက သူ၏ အမှုကို သာ၍ သုံးခွင့်ရစေပြီး လူတို့အတွက် သာ၍ လွယ်ကူစွာ နားလည်စေခဲ့သည်၊ ထိုသို့ဖြင့် ဘုရားသခင် လိုချင်ခဲ့သော ရလဒ်ကို စွမ်းဆောင်ရရှိစေသည်။ ဘုရားသခင် အတွက် ဤနည်းလမ်းဖြင့် လူ့ဇာတိ၌ အမှုပြုခြင်းသည် သာ၍ လက်တွေ့ကျသည် မဟုတ်လော။ ဤသည်မှာ ဘုရားသခင်၏ ဉာဏ်ပညာမဟုတ်သလော။ ဘုရားသခင် လူ့ဇာတိ ခံယူခဲ့ချိန်တွင်၊ သူ ဆောင်ရွက်လိုသောအမှုကို ဘုရားသခင်၏ ဇာတိက လက်ခံနိုင်သောအခါ၊ ယင်းမှာ သူ၏ စိတ်သဘောထားနှင့် သူ၏အမှုကို လက်တွေ့ကျကျ ဖော်ပြမည့် အချိန်ဖြစ်ပြီး လူသားအနေဖြင့် သူ၏အမှုကို တရားဝင် အစပြုနိုင်သည့် အချိန်လည်းဖြစ်သည်။ ဤအရာက ဘုရားသခင်နှင့် လူသားကြားတွင် "မျိုးဆက်ကွာဟမှု" မရှိတော့ကြောင်း၊ ဘုရားသခင်သည် မကြာမီတွင် စေတမန်များမှတစ်ဆင့် သူ၏ ဆက်သွယ်ပြောဆိုခြင်းအလုပ်ကို ရပ်တန့်တော့မည် ဖြစ်ကြောင်းနှင့် ဘုရားသခင် ကိုယ်တော်တိုင်က သူ ဖော်ပြလိုခဲ့သည့် နှုတ်ကပတ်တော်များ အားလုံးနှင့် အမှုတော်တို့ကို လူ့ဇာတိ၌ ကိုယ်တိုင်ကိုယ်ကျ ဖော်ပြနိုင်ခဲ့ကြောင်း ဆိုလိုပေသည်။ ယင်းမှာ ဘုရားသခင် ကယ်တင်သော လူတို့သည် သူနှင့် သာ၍နီးစပ်သည်၊ သူ၏ စီမံခန့်ခွဲခြင်း အမှုသည် နယ်မြေသစ်ထဲသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်ကာ လူသားမျိုးနွယ် အားလုံးသည် ခေတ်သစ်တစ်ခုကို ရင်ဆိုင်ရတော့မည် ဖြစ်သည်ကိုလည်း ဆိုလိုပေသည်။

သမ္မာကျမ်းစာကို ဖတ်ပြီးသူတိုင်းသည် သခင်ယေရှု မွေးဖွားခဲ့ချိန်တွင် အဖြစ်အပျက်များစွာ

ဖြစ်ပျက်ခဲ့သည်ကို သိကြသည်။ ထိုအဖြစ်အပျက်များထဲမှ အကြီးမားဆုံးသော အဖြစ်အပျက်မှာ မာရ်နတ်တို့ ရှင်ဘုရင်၏ လိုက်လံ ဖမ်းဆီးခြင်းကို ခံရခြင်းပင်ဖြစ်သည်၊ ယင်းက အလွန် ပြင်းထန်ခဲ့သည်မှာ မြို့တော်၏ နှစ်နှစ်နှင့် နှစ်နှစ်အောက် ကလေးများအားလုံး အသတ်ဖြတ်ခံရသောအထိ ဖြစ်ခဲ့သည်။ ဘုရားသခင်သည် လူသားများအလယ် လူ့ဇာတိခံယူခဲ့ခြင်းဖြင့် ရရှိလာမည့် ကြီးမားသော စွန့်စားမှုကို ခံယူခဲ့သည်ဆိုသည်မှာ ထင်ရှားမြင်သာပေသည်။ လူသားမျိုးနွယ်ကို ကယ်တင်ခြင်း နှင့်ဆိုင်သည့် သူ၏စီမံခန့်ခွဲခြင်းကို ပြည့်စုံစေခြင်းအတွက် သူပေးခဲ့ရသော ကြီးမားသည့် အဖိုးအခမှာလည်း ထင်ရှားမြင်သာသည်။ လူသားမျိုးနွယ် အလယ် လူ့ဇာတိ၌ သူ၏ အမှုအတွက် ဘုရားသခင်သည် ကိုင်စွဲထားခဲ့သော ကြီးမားသည့် မျှော်လင့်ချက်များမှာလည်း ထင်ရှားမြင်သာသည်။ ဘုရားသခင်၏ လူ့ဇာတိသည် လူသားမျိုးနွယ်အလယ် အမှုကို ဆောင်ရွက်နိုင်ခဲ့သောအချိန်တွင် သူ မည်သို့ခံစားခဲ့ရသနည်း။ ယင်းကို အတိုင်းအတာတစ်ခုထိ လူတို့ သိနားလည်သင့်သည်၊ ဟုတ်သည် မဟုတ်လော။ အနည်းဆုံးအနေဖြင့်၊ ဘုရားသခင်သည် သူ၏ အမှုသစ်ကို လူသားမျိုးနွယ်အလယ်တွင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် ပျော်ရွှင်ခဲ့သည်။ သခင်ယေရှုသည် ဗတ္တိဇံခံပြီး သူ၏သာသနာကို ပြည့်စုံစေရန် သူ၏အမှုကို တရားဝင်စတင်ခဲ့ချိန်တွင်၊ ဘုရားသခင်၏ စိတ်နှလုံးသည် ဝမ်းမြောက်မှုဖြင့် လွှမ်းမိုးသွားခဲ့သည်၊ အဘယ့်ကြောင့်ဆိုသော် နှစ်ပေါင်းများစွာ စောင့်ဆိုင်းကာ ပြင်ဆင်ပြီးသည့်နောက်တွင် သူသည် ပုံမှန်လူတစ်ဦး၏ ဇာတိခန္ဓာကို နောက်ဆုံးတွင် ယူတင်ဝတ်ဆင်နိုင်ခဲ့ပြီး၊ လူတို့မြင်နိုင်ကာ ထိနိုင်သော အသွေးအသားနှင့်လူတစ်ဦး၏ အသွင်ဖြင့် သူ၏အမှုသစ်ကို စတင်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ သူသည် နောက်ဆုံးတွင် လူတစ်ဦး၏ ပင်ကိုလက္ခဏာမှတစ်ဆင့် လူတို့နှင့် မျက်နှာချင်းဆိုင်ပြီး ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်ခဲ့ပေသည်။ သူသည် နောက်ဆုံးတွင် လူသား၏ နည်းလမ်းများနှင့် လူသား ဘာသာစကားတို့၏ ကြားခံမှတစ်ဆင့် လူသားမျိုးနွယ်ကို မျက်နှာချင်းဆိုင် လာနိုင်ခဲ့ပေသည်။ သူသည် လူသားဘာသာစကားကို အသုံးပြုလျက်၊ လူသားမျိုးနွယ်ကို ထောက်ပံ့နိုင်သည်၊ အသိဉာဏ်ပွင့်လင်းစေနိုင်ပြီး ၎င်းတို့ကို ကူညီနိုင်လေသည်။ သူသည် ၎င်းတို့နှင့်အတူ စားပွဲတစ်ခုတည်းတွင် စားနိုင်ပြီး တစ်နေရာတည်း၌ နေထိုင်နိုင်သည်။ သူသည် လူသားများကို မြင်နိုင်သည်၊ အမှုအရာများကို မြင်နိုင်ပြီး အရာရာတိုင်းကို လူသားများ မြင်သကဲ့သို့၊ ပြီးလျှင် ၎င်းတို့၏ ကိုယ်ပိုင် မျက်လုံးများမှတစ်ဆင့်ပင် မြင်နိုင်သည်။ ဤသည်မှာ ဘုရားသခင်အတွက် လူ့ဇာတိ၌ သူ၏ အမှုနှင့်သက်ဆိုင်သည့် ပထမဦးဆုံး အောင်နိုင်ခြင်း ဖြစ်ခဲ့နှင့်ပေသည်။ ယင်းမှာ ကြီးမြတ်သော အမှုတစ်ခု ပြီးမြောက်ခြင်းဟုလည်း ဆိုနိုင်၏-

ဤသည်မှာ ဘုရားသခင် အပျော်ရွှင်ဆုံးဖြစ်သောအရာ အမှန်ဖြစ်သည်။ ထိုအချိန်ကစ၍၊ လူသားမျိုးနွယ်အလယ် သူ၏အမှု၌ နှစ်သိမ့်မှုမျိုးတစ်ခုကို ပထမဆုံးအကြိမ် ဘုရားသခင်ခံစားခဲ့ရသည်။ ဖြစ်ပျက် လာခဲ့သည့် အဖြစ်အပျက်များအားလုံးသည် အလွန် လက်တွေ့ကျပြီး အလွန် သဘာဝဆန်သည်၊ ပြီးလျှင် ဘုရားသခင် ခံစားရသော စိတ်သက်သာရာရမှုသည် အလွန် စစ်မှန်သည်။ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ အမှုနှင့်သက်ဆိုင်သည့် အဆင့်သစ်တစ်ခု ပြီးမြောက်သော အချိန်တိုင်းနှင့် ဘုရားသခင်က ကျေနပ်အားရမှုကို ခံစားရသော အချိန်တိုင်း၊ ယင်းသည် လူသားမျိုးနွယ်က ဘုရားသခင်ထံနှင့် ကယ်တင်ခြင်းထံ သာ၍ နီးကပ်လာသောအချိန် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်အတွက် သူ၏ စီမံခန့်ခွဲမှု အစီအစဉ်တွင် ရှေ့ဆက်တိုးရင်း၊ သူ၏ အမှုသစ်ကို အစပျိုးခြင်းလည်း ဖြစ်သည့်အပြင်၊ ဤအချိန်များသည် သူ၏ရည်ရွယ်ချက်များ လုံးဝ ပြီးပြည့်စုံခြင်းသို့ ချဉ်းကပ်သည့် အချိန်များ ဖြစ်သည်။ လူသားမျိုးနွယ်အတွက်၊ ထိုသို့သော အခွင့်အရေး ရောက်လာခြင်းသည် ကံကောင်းခြင်းဖြစ်ပြီး အလွန် ကောင်းမွန်သည်။ အကြောင်းမှာ ဘုရားသခင်၏ ကယ်တင်ခြင်းကို စောင့်ဆိုင်းသောသူအားလုံးအတွက်၊ ယင်းသည် အလွန်အရေးပါပြီး ဝမ်းမြောက်ဖွယ်ကောင်းသော သတင်းဖြစ်သည်။ ဘုရားသခင်က အမှု၏ အသစ်သော အဆင့်ကို ဆောင်ရွက်သောအခါတွင်၊ သူသည် အသစ်စတင်ခြင်း တစ်ခု ရှိပြီး၊ ဤအမှုသစ်နှင့် အသစ်စတင်ခြင်းကို စတင်ဆောင်ရွက်ပြီး လူသားမျိုးနွယ် အလယ်တွင် မိတ်ဆက်သောအခါတွင်၊ ယင်းသည် ဤအမှုအဆင့်၏ ရလဒ်ကို သတ်မှတ်နှင့်ပြီးဖြစ်ကာ ပြီးမြောက်နှင့်ပြီးဖြစ်သကဲ့သို့ နောက်ဆုံး အကျိုးသက်ရောက်မှုနှင့် အသီးအပွင့်တို့ကို ဘုရားသခင်က တွေ့မြင်နှင့်ပြီးဖြစ်သည့် အချိန်ဖြစ်ပေသည်။ ဤသည်မှာ ဤအကျိုးသက်ရောက်မှုများက ဘုရားသခင်ကို ကျေနပ်စေသည့်အချိန်လည်းဖြစ်ကာ၊ ယင်းသည် ဘုရားသခင်၏ စိတ်နှလုံး ပျော်ရွှင်သည့်အချိန် ဧကန် ဖြစ်ပေသည်။ ဘုရားသခင်သည် သူ၏ အမြင်တွင် သူ ရှာဖွေနေသည့် လူတို့ကို မြင်နှင့်ပြီးဖြစ်ကာ သတ်မှတ်နှင့်ပြီးဖြစ်သကဲ့သို့၊ သူ၏အမှုကို အောင်မြင်စေနိုင်ပြီး သူ့ကို စိတ်ကျေနပ်မှု ဆောင်ကြဉ်း ပေးနိုင်သည့် လူစုဖြစ်သည့် ဤအုပ်စုကို ရရှိနှင့်ပြီး ဖြစ်သောကြောင့်၊ ဘုရားသခင်သည် စိတ်ချလက်ချရှိခဲ့သည်။ ထို့ကြောင့် သူသည် သူ၏စိုးရိမ်မှုများကို ဘေးဖယ်ပြီး ပျော်ရွှင်လေသည်။ တစ်နည်းအားဖြင့် ဘုရားသခင်၏ လူ့ဇာတိသည် လူသားအလယ်တွင် အမှုသစ်ကို စတင်နိုင်သောအခါတွင်၊ သူလုပ်ရမည့်အလုပ်ကို အတားအဆီး မရှိ လုပ်ဆောင်ရန် သူစတင်ပြီး၊ အားလုံး ပြီးမြောက်သွားပြီဟု သူခံစားရသောအခါတွင်၊ သူသည် အဆုံးကို မြင်ပြီးနှင့်ပြီး ဖြစ်သည်။ ဤအရာကြောင့် သူသည်

စိတ်ကျေနပ်ပြီး သူ၏ စိတ်နှလုံးသည် ပျော်ရွှင်၏။ ဘုရားသခင်၏ ပျော်ရွှင်မှုကို မည်သို့ ဖော်ပြသနည်း။ အဖြေ မည်သည့်အရာဖြစ်မည်ကို သင်တို့ စဉ်းစားကြည့်နိုင်သလော။ ဘုရားသခင်က ငိုကြွေးနိုင်သလော။ ဘုရားသခင်သည် ငိုကြွေးနိုင်သလော။ ဘုရားသခင်သည် လက်ခုပ်တီးနိုင်သလော။ ဘုရားသခင်က ကနိုင်သလော။ ဘုရားသခင်က သီချင်းဆိုနိုင်သလော။ ဆိုနိုင်ပါက၊ မည်သည့်အရာကို သူ ဆိုမည်နည်း။ ဟုတ်ပေ၏၊ ဘုရားသခင်သည် နှစ်သက်ဖွယ်၊ တို့ထိသည့် သီချင်း၊ သူ၏ စိတ်နှလုံးထဲက ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းကို ဖော်ပြနိုင်သော သီချင်းတစ်ပုဒ်ကို သီဆိုနိုင်သည်။ ယင်းကို လူသားမျိုးနွယ်အတွက်၊ သူကိုယ်တိုင် အတွက်နှင့် အရာခပ်သိမ်းအတွက် သူသီဆိုနိုင်သည်။ ဘုရားသခင်၏ ပျော်ရွှင်ခြင်းကို မည်သည့်နည်းလမ်းနှင့်မဆို ဖော်ပြနိုင်သည်- ဘုရားသခင်သည် ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်း ရှိပြီး သူ၏ခံစားချက် အမျိုးမျိုးကို နည်းအမျိုးမျိုးနှင့် ဖော်ပြနိုင်သောကြောင့် ဤအရာ အားလုံးသည် ပုံမှန်ဖြစ်၏။ ဤသည်မှာ သူ၏အခွင့်အရေးဖြစ်ပြီး မည်သည့်အရာမျှ သာ၍ ပုံမှန်မဖြစ်နိုင်သကဲ့သို့ သာ၍ မသင့်တော်နိုင်ပေ။ လူတို့သည် ယင်းနှင့် သက်ဆိုင်၍ အခြားမည်သည့်အရာကိုမျှ မစဉ်းစားသင့်ပေ။ သင်တို့သည် ဘုရားသခင်အား ဤအရာ ထိုအရာကို မလုပ်ဆောင်သင့်၊ သူသည် ဤနည်းလမ်း ထိုနည်းလမ်းဖြင့် မလုပ်ဆောင်သင့်ဟု ပြောရင်း၊ ဘုရားသခင်အပေါ် "သတ္တုကွင်းတင်းကျပ်စေသောမန္တန်"က ကို အသုံးပြုရန် မကြိုးစားသင့်သကဲ့သို့၊ ဤနည်းဖြင့် သူ့ထံတွင် ရှိကောင်းရှိမည့် ပျော်ရွှင်မှု သို့မဟုတ် မည်သည့်ခံစားချက်ကို မဆို ကန့်သတ်ဖို့ မကြိုးစားသင့်ပေ။ လူတို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင် မပျော်ရွှင်နိုင်ပေ၊ သူသည် မျက်ရည်ကျ၍မရပေ၊ သူငို၍မရပေ- မည်သည့်စိတ်ခံစားမှုမျှ သူ ဖော်ပြ၍မရပေ။ ဤမိတ်သဟာယ နှစ်ခုအတွင်း ငါတို့ ဆွေးနွေးကြပြီးဖြစ်သည့် အရာမှတစ်ဆင့်၊ ဘုရားသခင်ကို သင်တို့ ဤပုံစံဖြင့် မြင်လိမ့်မည်မဟုတ်တော့ဘဲ၊ ဘုရားသခင်ကို လွတ်လပ်မှုနှင့် လွတ်မြောက်မှုအချို့ကို ရရှိရန် အခွင့်ပေးလိမ့်မည်ဟု ငါယုံကြည်သည်။ ဤသည်မှာ အလွန်ကောင်းမွန်သော အရာတစ်ခု ဖြစ်သည်။ အနာဂတ်တွင် သူဝမ်းနည်းနေကြောင်းကို သင်တို့ ကြားသောအခါတွင်၊ သင်တို့သည် ဘုရားသခင်၏ ဝမ်းနည်းခြင်းကို အမှန်တကယ် ခံစားနိုင်ပါက၊ ပြီးလျှင် သူပျော်ရွှင်နေကြောင်း သင်တို့ ကြားရသောအခါတွင်၊ သင်တို့သည် သူ၏ပျော်ရွှင်ခြင်းကို အမှန်တကယ် ခံစားနိုင်ပါက၊ အနည်းဆုံး သင်တို့သည် ဘုရားသခင်ကို မည်သည့်အရာက ပျော်ရွှင်စေပြီး မည်သည့်အရာက ဝမ်းနည်းစေသည်ကို ရှင်းရှင်းလင်းလင်း သိရှိကာ နားလည်နိုင်လိမ့်မည်ဖြစ်သည်။ ဘုရားသခင်က ဝမ်းနည်းသောကြောင့် သင်သည် ဝမ်းနည်းခြင်းကို ခံစားနိုင်ပြီး ဘုရားသခင်က ပျော်ရွှင်သောကြောင့် သင်ပျော်ရွှင်လျှင်၊ သူသည်

သင်၏နှလုံးသားကို အပြည့်အဝရရှိပြီးဖြစ်မည်ဖြစ်ကာ၊ သင်နှင့် သူ၏အကြားတွင် မည်သည့်အတားအဆီးမျှ ရှိမည် မဟုတ်တော့ပေ။ သင်သည် လူသား၏ စိတ်ကူးစိတ်သန်းများ၊ အယူအဆများနှင့် အသိပညာတို့ဖြင့် ဘုရားသခင်ကို ကန့်သတ်ရန် ကြိုးစားမည်မဟုတ်တော့ချေ။ ထိုအချိန်တွင် ဘုရားသခင်သည် သင်၏ စိတ်နှလုံးထဲ၌ အသက်ရှင်ပြီး အထင်းသားဖြစ်နေပါလိမ့်မည်။ သူသည် သင့်ဘဝ၏ ဘုရားသခင်ဖြစ်ပြီး သင်နှင့်ပတ်သက်သည့် အရာရာတိုင်း၏ အရှင်သခင်ဖြစ်လိမ့်မည်။ သင်သည် ဤပြင်းပြသော စိတ်ဆန္ဒမျိုး ရှိပါသလော။ ဤအရာကို သင် စွမ်းဆောင် ရရှိနိုင်သည်ဟု သင် စိတ်ချယုံကြည်ပါသလော။

ဆက်လက်၍ ကျမ်းစာမှ အောက်ပါ ကျမ်းပိုဒ်များကို ဖတ်ကြစို့။

၆။ တောင်ပေါ်ဒေသနာ

မင်္ဂလာတရားတော်များ (ရှင်မဿဲ ၅:၃-၁၂)

ဆားနှင့်အလင်း (ရှင်မဿဲ ၅:၁၃-၁၆)

ပညတ်တော် (ရှင်မဿဲ ၅:၁၇-၂၀)

အမျက်ဒေါသ (ရှင်မဿဲ ၅:၂၁-၂၆)

လိင်မှုကိစ္စဖောက်ပြန်ခြင်း (ရှင်မဿဲ ၅:၂၇-၃၀)

ကွာရှင်းခြင်း (ရှင်မဿဲ ၅:၃၁-၃၂)

ကျိန်ဆိုခြင်း (ရှင်မဿဲ ၅:၃၃-၃၇)

မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး (ရှင်မဿဲ ၅:၃၈-၄၂)

ရန်သူကိုချစ်ပါ (ရှင်မဿဲ ၅:၄၃-၄၈)

ပေးကမ်းခြင်းနှင့်ပတ်သက်သည့် လမ်းညွှန်ချက် (ရှင်မဿဲ ၆:၁-၄)

ဆုတောင်းခြင်း (ရှင်မဿဲ ၆:၅-၈)

၇။ သခင်ယေရှု၏ ပုံဥပမာများ

မျိုးစေ့ကြဲသူ ပုံဥပမာ (ရှင်မဿဲ ၁၃:၁-၉)

တောပင်များ ပုံဥပမာ (ရှင်မဿဲ ၁၃:၂၄-၃၀)

မုန်ညင်းစေ့ ပုံဥပမာ (ရှင်မဿဲ ၁၃:၃၁-၃၂)

တဆေး ပုံဥပမာ (ရှင်မဿဲ ၁၃:၃၃)

တောပင်များ ပုံဥပမာကို ရှင်းပြထားခြင်း (ရှင်မဿဲ ၁၃:၃၆-၄၃)

ဘဏ္ဍာနှင့်သက်ဆိုင်သော ပုံဥပမာ (ရှင်မဿဲ ၁၃:၄၄)

ပုလဲ ပုံဥပမာ (ရှင်မဿဲ ၁၃:၄၅-၄၆)

ပိုက်ကွန် ပုံဥပမာ (ရှင်မဿဲ ၁၃:၄၇-၅၀)

၈။ ပညတ်ချက်များ

ရှင်မဿဲ ၂၂:၃၇-၃၉ ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့် ချစ်လော့၊ ဟူသော ပညတ်သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်းဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ၏။

"တောင်ပေါ်ဒေသနာ"၏ အမျိုးမျိုးသော အစိတ်အပိုင်း တစ်ခုစီကို အရင်ကြည့်ကြစို့။ ဤအမျိုးမျိုးသော အစိတ်အပိုင်းများက မည်သည့်အရာကို ထည့်သွင်း ဖော်ပြပါသနည်း။ ဤအမျိုးမျိုးသော အစိတ်အပိုင်းများ၏ ပါဝင်သည့်အကြောင်းအရာများမှာ သာ၍ တိုးမြှင့်ထားသည်၊ သာ၍ ခိုင်မာသကဲ့သို့၊ ပညတ်တော်ခေတ်၏ စည်းမျဉ်းများထက် လူတို့၏ ဘဝများနှင့် သာ၍ နီးစပ်သည်ဟု သေချာပေါက် ဆိုနိုင်သည်။ ခေတ်သစ်စကားနှင့်ပြောရလျှင် ဤအရာများသည် လူတို့၏ တကယ့် လက်တွေ့လုပ်ဆောင်မှုများနှင့် သာ၍ ဆီလျော်ပေသည်။

အောက်ပါ တိကျသော အကြောင်းအရာတို့ကို ဖတ်ကြစို့- မင်္ဂလာတရားတော်တို့ကို သင်မည်ကဲ့သို့နားလည်သင့်သနည်း။ ပညတ်တော်နှင့်ပတ်သက်၍ မည်သည့်အရာကို သင် သိသင့်သနည်း။ အမျက်ဒေါသကို မည်သို့အဓိပ္ပာယ် ဖွင့်သင့်သနည်း။ လိင်မှုကိစ္စဖောက်ပြန်သူများကို မည်သို့ ကိုင်တွယ်ဖြေရှင်းသင့်သနည်း။ ကွာရှင်းမှုနှင့် ပတ်သက်၍ မည်သို့ ပြောဆိုသင့်ပြီး ယင်းနှင့်ပတ်သက်၍ မည်သည့် စည်းမျဉ်းများရှိသနည်း။ မည်သူသည် ကွာရှင်း၍ရပြီး မည်သူသည် ကွာရှင်း၍မရသနည်း။ ကျိန်ဆိုခြင်း၊ မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး၊ ရန်သူကိုချစ်လော့၊

ပေးကမ်းရက်ရောခြင်းအကြောင်းရော မည်သို့နည်း။ စသဖြင့် ဖြစ်သည်။ ဤအရာအားလုံးသည် ဘုရားသခင်၌ လူသားမျိုးနွယ်၏ ယုံကြည်မှုနှင့်သက်ဆိုင်သည့် လက်တွေ့လုပ်ဆောင်မှုနှင့် ဘုရားနောက်လိုက်ခြင်းနှင့် သက်ဆိုင်သည့် သွင်ပြင်လက္ခဏာတိုင်းနှင့် ဆက်နွယ်သည်။ ဤလက်တွေ့လုပ်ဆောင်မှုများထဲမှ အချို့သည် လူတို့၏ လက်ရှိလိုအပ်သည့်အရာထက် သာ၍မလေးနက်သော်လည်း၊ ယနေ့အထိ အပ်စပ်မှုရှိသေးပေသည်- ယင်းတို့သည် ဘုရားသခင်၌ လူတို့၏ ယုံကြည်မှုတွင် ၎င်းတို့ကြုံတွေ့ရသည့် အတော်အတန် အခြေခံကျသော သမ္မာတရားများဖြစ်၏။ သခင်ယေရှုက အမှုအစပြုသည့်အချိန်မှစ၍၊ သူသည် လူသား၏ အသက်စိတ်သဘောထားအပေါ် အမှုပြုရန် စတင်နှင့် နေခဲ့သော်လည်း၊ သူ၏ အမှုနှင့်ဆိုင်သည့် ဤသွင်ပြင်လက္ခဏာများမှာ ပညတ်တော်တို့၏ အခြေခံအုတ်မြစ်ပေါ်တွင် အခြေခံထားသည်။ ဤအကြောင်းအရာများနှင့်ပတ်သက်သည့် စည်းမျဉ်းများနှင့် စကားပြောဆိုသည့်နည်းလမ်းတို့သည် သမ္မာတရားနှင့် ပတ်သက်မှု တစ်ခုတစ်လေရှိပါသလော။ အမှန်ရှိပေ၏။ ယခင်က စည်းမျဉ်းများနှင့် အခြေခံသဘောတရားများအပြင် ကျေးဇူးတော်ခေတ်က ဤဒေသနာများသည် ဘုရားသခင်၏ စိတ်သဘောထား၊ သူ၏အရာအားလုံးနှင့်ဖြစ်ခြင်းတို့နှင့် သမ္မာတရားနှင့်လည်း အမှန် ဆက်နွယ်ပေသည်။ ဘုရားသခင်က မည်သည့်အရာကို ဖော်ပြသည်ဖြစ်စေ၊ မည်သည့် ဖော်ပြမှုပုံစံ သို့မဟုတ် ဘာသာစကားကို အသုံးပြုသည်ဖြစ်စေ၊ သူ ဖော်ပြသော အရာအားလုံးသည် သူ၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းတို့နှင့် သက်ဆိုင်သည့် အခြေခံသဘောတရားထဲတွင် ၎င်းတို့၏ အခြေခံအုတ်မြစ်၊ မူလဇာစ်မြစ်နှင့် စမှတ်တို့ ရှိကြလေသည်။ ဤသည်မှာ လုံးဝ မှန်ကန်ပေသည်။ ထို့ကြောင့် ယခု သူပြောသော ဤအရာများသည် အနည်းငယ် မလေးနက်ဟု ထင်ရသော်လည်း၊ ၎င်းတို့သည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းရန်နှင့် ၎င်းတို့၏ အသက်စိတ်သဘောထား၌ ပြောင်းလဲမှုတစ်ခု ရရှိရန်အလို့ငှာ ကျေးဇူးတော်ခေတ်၌ရှိသော လူတို့အတွက် မရှိမဖြစ်သော အရာများဖြစ်သောကြောင့် သမ္မာတရားမဟုတ်ဟု သင်မပြောနိုင်သေးပေ။ ဤဒေသနာများ ထဲမှ တစ်ခုတစ်လေသည် သမ္မာတရားနှင့် ကိုက်ညီခြင်းမရှိဟု သင်ပြောနိုင်သလော။ မပြောနိုင်ပေ။ ၎င်းတို့သည် လူသားမျိုးနွယ်နှင့်သက်ဆိုင်သည့် ဘုရားသခင်၏ သတ်မှတ်ချက်များဖြစ်သောကြောင့် ထိုဒေသနာတစ်ခုစီတိုင်းက သမ္မာတရားဖြစ်၏။ ထိုဒေသနာများသည် တစ်ဦးတစ်ယောက်အား မိမိကိုယ်ကိုယ် မည်သို့ ပြုမူနေထိုင်ရမည်ကို ပြသသည့် ဘုရားသခင်ပေးသော အခြေခံသဘောတရားများနှင့် နယ်ပယ်တစ်ခု ဖြစ်ပြီး

ဘုရားသခင်၏ စိတ်သဘောထားကို ကိုယ်စားပြုလေသည်။ သို့သော်လည်း ထိုအချိန်က အသက်တာ၌ ၎င်းတို့၏ကြီးထွားမှု အဆင့်အပေါ် အခြေခံ၍ ဤအရာများသည် ၎င်းတို့ လက်ခံနိုင်ကာ သဘောပေါက်နိုင်သည့်အရာများသာ ဖြစ်သည်။ လူသားမျိုးနွယ်၏အပြစ်သည် ဖြေရှင်းမခံခဲ့ရသေးသောကြောင့်၊ ဤအရာများသာ သခင်ယေရှု ထုတ်ပြန်နိုင်ခဲ့သည့် နှုတ်ကပတ်တော်များ ဖြစ်ပြီး၊ ထိုအချိန်က လူတို့ကို ၎င်းတို့ မည်သို့ပြုမူသင့်သည်၊ မည်သည့်အရာကို ၎င်းတို့ လုပ်ဆောင်သင့်သည်၊ အမှုအရာများကို မည်သည့် အခြေခံသဘောတရားများနှင့် နယ်ပယ်အတွင်း ၎င်းတို့ လုပ်ဆောင်သင့်သည်ဆိုသည်နှင့် ဘုရားသခင်ကို ၎င်းတို့ မည်သို့ ယုံကြည်သင့်ပြီး သူ၏ သတ်မှတ်ချက်များကို မည်သို့ ပြည့်မီသင့်သည်ဆိုသည်တို့ကို ပြောပြရန် ဤနယ်ပယ်မျိုး အတွင်း၌ရှိသော ရိုးရှင်းသည့် သွန်သင်မှုတို့ကိုသာ သူ အသုံးပြုနိုင်ခဲ့လေသည်။ ဤအရာအားလုံးကို ထိုအချိန်က လူသားမျိုးနွယ်၏ ဝိညာဉ်ရင့်ကျက်မှုအပေါ် အခြေခံ၍ ချမှတ်ထားပေသည်။ ပညတ်တော်အောက်တွင် အသက်ရှင် နေကြသော လူတို့အတွက် ဤသွန်သင်မှုတို့ကို လက်ခံရန် မလွယ်ကူခဲ့ပေ၊ ထို့ကြောင့် သခင်ယေရှု သွန်သင်ခဲ့သော အရာသည် ဤနယ်ပယ်အတွင်း၌သာ ရှိခဲ့ရပေသည်။

ဆက်လက်၍၊ “သခင်ယေရှု၏ ပုံဥပမာများ” ၏ အမျိုးမျိုးသော ပါဝင်သည့်အကြောင်းအရာများကို တစ်ချက် ကြည့်ကြစို့။

ပထမတစ်ခုသည် မျိုးစေ့ကြဲသူ ပုံဥပမာဖြစ်သည်။ ဤသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ပုံဥပမာတစ်ခု ဖြစ်သည်။ မျိုးစေ့များကြဲခြင်းသည် လူတို့၏ဘဝများတွင် ပြုလုပ်နေကျ အဖြစ်အပျက်ဖြစ်သည်။ ဒုတိယမှာ တောပင်များ ပုံဥပမာဖြစ်သည်။ တောပင်များက မည်သည့်အရာများ ဖြစ်သည်ကို ကောက်ပဲသီးနှံများ စိုက်ပျိုးသောသူ ဘယ်သူမဆိုနှင့် လူကြီးသူမများက သေချာပေါက် သိကြပါလိမ့်မည်။ တတိယမှာ မုန်ညင်းစေ့ ပုံဥပမာဖြစ်သည်။ မုန်ညင်းက မည်သည့်အရာဖြစ်သည်ကို သင်တို့အားလုံး သိသည်မဟုတ်လော။ သင်တို့ မသိပါက၊ သမ္မာကျမ်း၌ တစ်ချက်ကြည့်နိုင်သည်။ စတုတ္ထပုံဥပမာမှာ တဆေး ပုံဥပမာဖြစ်သည်။ ယခုတွင် လူအများစုက တဆေးဆိုသည်မှာ အချဉ်ဖောက်ခြင်းအတွက် အသုံးပြုပြီး ယင်းမှာ လူတို့က ၎င်းတို့၏နေ့စဉ်ဘဝများတွင် အသုံးပြုသောအရာ ဖြစ်သည်ကို သိကြပေသည်။ ခြောက်ခုမြောက်ဖြစ်သည့် ဘဏ္ဍာ ပုံဥပမာ၊ ခုနစ်ခုမြောက်ဖြစ်သော ပုလဲ ပုံဥပမာ၊ ရှစ်ခုမြောက်ဖြစ်သော ပိုက်ကွန် ပုံဥပမာတို့ အပါအဝင် နောက်ထပ် ပုံဥပမာများ အားလုံးသည်

လူတို့၏ တကယ့်ဘဝများမှ ထုတ်နုတ်ကာ အရင်းခံထားခြင်းဖြစ်သည်။ ဤပုံဥပမာများသည် မည်သည့် အခြေအနေမျိုးကို ပုံဖော်သနည်း။ ယင်းမှာ ဘုရားသခင်က လူသားများနှင့် ဆက်သွယ် ပြောဆိုရန်နှင့် ၎င်းတို့ လိုအပ်သည့်အရာဖြင့် ၎င်းတို့ကို ထောက်ပံ့ပေးဖို့ အသက်၏ ဘာသာစကား၊ လူသား ဘာသာစကားကို အသုံးပြုရင်း၊ ပုံမှန်လူတစ်ဦး ဖြစ်လာခြင်းနှင့် လူသားမျိုးနွယ်နှင့်အတူ အသက်ရှင်နေထိုင်ခြင်း အခြေအနေတစ်ခု ဖြစ်သည်။ ဘုရားသခင်က လူ့ဇာတိခံယူပြီး လူသားမျိုးနွယ်အလယ် အချိန်ကြာမြင့်စွာ အသက်ရှင်ခဲ့ချိန်တွင်၊ လူတို့၏ အမျိုးမျိုးသော ဘဝနေမှုပုံစံများကို ကြုံတွေ့ခံစားကာ မျက်မြင် တွေ့ခဲ့ပြီးသည့်နောက်၊ ဤအတွေ့အကြုံများသည် သူ၏ ဘုရားဘာသာစကားကို လူသားဘာသာစကားသို့ ကူးပြောင်းသည့် သူ၏ သင်ကြားမှု ကုန်ကြမ်းများ ဖြစ်လာခဲ့သည်။ ဟုတ်ပေ၏၊ ဘဝတွင် သူမြင်ခဲ့ပြီး ကြားခဲ့ရသော ဤအရာများသည် လူသား၏လူ့အတွေ့အကြုံကိုလည်း ကြွယ်ဝစေခဲ့သည်။ သမ္မာတရားအချို့ကို လူတို့အား သူ နားလည်စေလိုခဲ့ချိန်တွင်၊ ဘုရားသခင်၏ အလိုတော် အချို့ကို နားလည်စေလိုခဲ့ချိန်တွင်၊ ဘုရားသခင်၏ အလိုတော်နှင့် လူသားမျိုးနွယ်နှင့်သက်ဆိုင်သည့် သူ၏ သတ်မှတ်ချက်များ အကြောင်းကို လူတို့အား ပြောပြရန် အထက်ကအရာများနှင့် ဆင်တူသော ပုံဥပမာတို့ကို သူအသုံးပြုနိုင်ခဲ့သည်။ ဤပုံဥပမာများ အားလုံးသည် လူတို့၏ အသက်တာများနှင့် ဆက်နွှယ်နေခဲ့သည်။ လူသား၏ ဘဝများနှင့် မသက်ဆိုင်သော အရာတစ်ခုမျှ မရှိခဲ့ပေ။ သခင်ယေရှုသည် လူသားမျိုးနွယ်နှင့် အတူ အသက်ရှင်ခဲ့ချိန်တွင်၊ လယ်သမားများက ၎င်းတို့၏ လယ်ကွင်းများအား ထိန်းကျောင်းနေသည်ကို သူမြင်ခဲ့ပြီး၊ တောပင်များက မည်သည့်အရာဖြစ်သည်ဆိုသည်နှင့် တဆေးက မည်သည့်အရာ ဖြစ်သည်ဆိုသည်ကို သူသိခဲ့သည်။ လူသားတို့က ဘဏ္ဍာအား ကြိုက်နှစ်သက်သည်ကိုလည်း နားလည်ခဲ့သည်၊ ထို့ကြောင့် ဘဏ္ဍာနှင့် ပုလဲနှစ်ခုလုံးနှင့်ဆိုင်သည့် တင်စားမှုများကို သူ အသုံးပြုခဲ့သည်။ ဘဝတွင်၊ ငါးဖမ်းသမားများက ၎င်းတို့၏ ပိုက်ကွန်များ ပစ်နေကြခြင်းကို သူ မကြာခဏ တွေ့ခဲ့ရသည်။ သခင်ယေရှုသည် လူ့ဘဝနှင့်ဆက်နွှယ်သည့် ဤအရာနှင့် အခြားသော လှုပ်ရှားမှုများကို မကြာခဏ မြင်တွေ့ခဲ့ရပြီး၊ ထိုသို့သော ဘဝမျိုးကိုလည်း သူ ကြုံတွေ့ခဲ့ရသည်။ အခြားပုံမှန် လူသားတိုင်းကဲ့သို့ပင်၊ သူသည် လူသားတို့၏ နေ့စဉ် လုပ်ရိုးလုပ်စဉ်များနှင့် ၎င်းတို့၏ တစ်ရက်သုံးနပ် စားခြင်းကို ကြုံတွေ့ခဲ့ရသည်။ သူသည် သာမန်လူတစ်ဦး၏ ဘဝကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ရပြီး၊ အခြားသူတို့၏ဘဝများကို စောင့်ကြည့်လေ့လာခဲ့ရသည်။ ဤအရာအားလုံးကို သူ စောင့်ကြည့်လေ့လာပြီး မျက်မြင်ကြုံတွေ့ခဲ့ချိန်တွင်၊ သူတွေးခဲ့သည့်အရာမှာ ကောင်းမွန်သောဘဝကို မည်သို့ ရရှိရမည်၊ သို့မဟုတ် သာ၍

လွတ်လပ်စွာနှင့် သာ၍ သက်သောင့်သက်သာရှိစွာ မည်ကဲ့သို့နေထိုင်နိုင်ရမည် ဆိုသည်တို့ မဟုတ်ခဲ့ပေ။ ယင်းအစား စစ်မှန်သော လူသားဘဝနှင့်သက်ဆိုင်သည့် သူ၏ အတွေ့အကြုံများမှ သခင်ယေရှုက လူတို့၏ဘဝများထဲက အခက်အခဲများကို မြင်ခဲ့သည်။ စာတန်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်နေပြီး၊ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းအောက် အပြစ်တရားနှင့် ဆိုင်သည့် အသက်တာတစ်ခုကို အသက်ရှင်နေသည့် လူတို့၏ အခက်အခဲ၊ စိတ်ဆင်းရဲခြင်းနှင့် ဝမ်းနည်းခြင်းမှုတို့ကို သူ မြင်ခဲ့သည်။ သူသည် လူသားဘဝကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့နေစဉ်တွင်၊ ဖောက်ပြန်ပျက်စီးခြင်းအလယ် အသက်ရှင် နေခဲ့ကြသည့် လူတို့ မည်မျှ အကူအညီမဲ့နေသည်ကိုလည်း သူ ကြုံတွေ့ခဲ့ရပြီး၊ အပြစ်တရား၌ အသက်ရှင်သောသူ၊ စာတန်နှင့် ဆိုးယုတ်ခြင်းတို့အားဖြင့် ၎င်းတို့ ခံခဲ့ရသော ညှဉ်းဆဲမှုအလယ် ဦးတည်ချက်အားလုံး ပျောက်ဆုံးနေသည့် လူသားများ၏ အလွန်စိတ်ပျက်စရာကောင်းသော အခြေအနေများကို သူ မြင်ကာ တွေ့ကြုံခဲ့ရသည်။ ဤအရာများကို သခင်ယေရှု မြင်ခဲ့ချိန်တွင်၊ ယင်းတို့ကို သူ၏ ဘုရားသဘောသဘာဝဖြင့် မြင်ခဲ့သလော သို့မဟုတ် သူ၏ လူ့သဘာဝဖြင့် မြင်ခဲ့သလော။ သူ၏ လူ့သဘာဝသည် အမှန်တကယ် တည်ရှိခဲ့ပြီး၊ အလွန် အသက်ရှင်ခဲ့သည်။ သူသည် ဤအရာအားလုံးကို ကြုံတွေ့ပြီး မြင်တွေ့နိုင်ခဲ့သည်။ သို့သော် သူသည် ဤအရာအားလုံးကို သူ၏ ဘုရားသဘာဝဖြစ်သည့် သူ၏ အနှစ်သာရဖြင့်လည်း တွေ့မြင်ခဲ့သည်မှာ မှန်ပေ၏။ ယင်းမှာ၊ လူသားတစ်ဦး ဖြစ်ခဲ့သော သခင်ယေရှု၊ ခရစ်တော်ကိုယ်တိုင်က ဤအရာကို မြင်ခဲ့ပြီး၊ သူမြင်ခဲ့သောအရာတိုင်းက လူ့ဇာတိ၌ သူ အသက်ရှင် ခဲ့သည့် ဤအချိန်အတောအတွင်းတွင် သူ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည့် အမှု၏ အရေးကြီးမှုနှင့် လိုအပ်မှုကို သူ့အား ခံစားစေခဲ့သည်။ လူ့ဇာတိ၌ သူ ဆောင်ရွက်ဖို့ လိုအပ်သည့် တာဝန်ဝတ္တရားက အလွန်ကြီးမားသည်ကို သူ ကိုယ်တော်တိုင် သိခဲ့ပြီး၊ သူရင်ဆိုင်ရမည့် နာကျင်မှုက မည်မျှ ရက်စက်မည် ဆိုသည်ကို သူသိခဲ့သော်လည်း၊ အပြစ်တရား၌ လူသားမျိုးနွယ် ကူကယ်ရာမဲ့ဖြစ်သည်ကို သူ မြင်ခဲ့ချိန်၊ ၎င်းတို့ဘဝများ၏ စိတ်ဆင်းရဲမှုနှင့် ပညတ်တော်အောက်၌ ၎င်းတို့၏ အားနည်းသော ရုန်းကန်မှုကို သူမြင်ခဲ့ချိန်တွင်၊ ပိုပိုပြီး ဝမ်းနည်းခြင်းကို သူခံစားခဲ့ရပြီး လူသားမျိုးနွယ်ကို အပြစ်တရားမှကယ်တင်ရန် ပိုပိုပြီး ဆန္ဒစောလျက်ရှိသည်။ မည်သည့် အခက်အခဲမျိုးများကို သူ ရင်ဆိုင်ရသည်ဖြစ်စေ၊ သို့မဟုတ် မည်သည့် နာကျင်မှုမျိုးကို သူခံစားရသည်ဖြစ်စေ၊ သူသည် အပြစ်တရား၌ အသက်ရှင်နေသော လူသားမျိုးနွယ်ကို ရွေးနုတ်ရန် တိုး၍ တိုး၍ စိတ်ဆုံးဖြတ်လာသည်။ ဤဖြစ်စဉ် အတောအတွင်းတွင်၊ သခင်ယေရှုသည် သူလုပ်ဆောင်ဖို့ လိုအပ်သည့်အမှုနှင့် သူ့ကို တာဝန်ပေး စေခိုင်းထားသော အရာကို ပို၍ပို၍ ရှင်းရှင်းလင်းလင်း

စတင်နားလည်ခဲ့သည်ဟု သင် ဆိုနိုင်သည်။ လူသားမျိုးနွယ်အားလုံး၏ အပြစ်များကို ဆောင်ယူရန်၊ အပြစ်တွင် ၎င်းတို့ အသက်မရှင်ကြတော့ရန်နှင့် တစ်ချိန်တည်းတွင် လူသားမျိုးနွယ်ကို ကယ်တင်ခြင်းနှင့် ဆိုင်သည့် သူ၏အမှုကို နောက်ထပ် ဆက်လက် လုပ်ဆောင်ခွင့်ပေးရင်း၊ အပြစ်ဖြေရာယဇ်ကြောင့် ဘုရားသခင်က လူသား၏ အပြစ်များကို ခွင့်လွှတ်နိုင်ရန်အလို့ငှာ လူသားမျိုးနွယ်အတွက် အပြစ်ဖြေဖို့- ဖြစ်သည့် သူလက်ခံရမည့် အမှုတော်ကို ပြည့်စုံစေဖို့ သူသည် တိုး၍တိုး၍ စိတ်ထက်သန်လာခဲ့သည်။ သခင်ယေရှု၏ နှလုံးသားထဲ၌ သူသည် လူသားမျိုးနွယ်အတွက် သူ့ကိုယ်သူ ပူဇော်ရန်၊ သူ့ကိုယ်သူ ယဇ်ပူဇော်ရန် လိုလားနေခဲ့သည်ဟု ပြော၍ရသည်။ သူသည် အပြစ်ဖြေရာယဇ်အဖြစ် ပြုမူရန်၊ လက်ဝါးကားတိုင်တွင် သံမှိုရိုက်ခံရရန်လည်း သူ လိုလားနေခဲ့ပြီး၊ ဧကန်အမှန် သူသည် ဤအမှုကို ပြီးစီးရန် စိတ်ထက်သန်ခဲ့သည်။ သူသည် လူ့ဘဝ၏ စိတ်ဆင်းရဲဖွယ် အခြေအနေများကို မြင်ခဲ့ချိန်တွင်၊ သူသည် သူ၏ စေခိုင်းချက်တာဝန်ကို တစ်မိနစ် သို့မဟုတ် တစ်စက္ကန့်မျှပင် မနှောင့်နှေးဘဲ တတ်နိုင်သမျှ အမြန်ဆုံး ဖြည့်ဆည်းရန် သာ၍ပင် လိုချင်ခဲ့သည်။ ထိုသို့ အလောတကြီး ခံစားရလျက်၊ သူ၏ ကိုယ်ပိုင်နာကျင်မှုက မည်မျှ ကြီးမားမည်ဆိုသည်ကို သူ မတွေးခဲ့သကဲ့သို့ အရှက်ရခြင်းမည်မျှ သူတောင့်ခံရမည့် အကြောင်းကို နောက်ထပ် မည်သည့် စိုးရိမ်ကြောင့်ကြမှုမျှ သိုမထားခဲ့ပေ။ သူ၏ စိတ်နှလုံးထဲတွင် ထင်မြင်ယူဆချက် တစ်ခုသာ ကိုင်စွဲခဲ့သည်။ သူ့ကိုယ်သူ ပေးဆပ်သရွေ့ အပြစ်ဖြေရာယဇ်တစ်ခုအနေနှင့် သူသည် ကားတိုင်တွင် သံမှိုအရိုက်ခံခဲ့ရသရွေ့ ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်မည် ဖြစ်ပြီး အမှုတော်သစ်ကို ဘုရားသခင် စတင်နိုင်မည်ဖြစ်သည်။ လူသားမျိုးနွယ်၏ ဘဝနှင့် အပြစ်ထဲ၌ရှိသော ၎င်းတို့၏ တည်ရှိမှုအခြေအနေသည် လုံး၀ ပြောင်းလဲသွားခဲ့သည်။ သူ၏ ထင်မြင်ယူဆချက်နှင့် လုပ်ဆောင်ရန် သူ စိတ်ပိုင်းဖြတ်ထားခဲ့သောအရာသည် လူသားကို ကယ်တင်ခြင်းနှင့် ဆက်စပ်ခဲ့ပြီး၊ သူသည် ရည်မှန်းချက်တစ်ခုသာရှိခဲ့သည်၊ ယင်းမှာ ဘုရားသခင်က သူ၏ အမှုနှင့် သက်ဆိုင်သည့် နောက်တစ်ဆင့်ကို အောင်မြင်စွာ စတင်နိုင်ဖို့အလို့ငှာ ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ဖို့ဖြစ်သည်။ ဤသည်မှာ ထိုအချိန်က သခင်ယေရှု၏ စိတ်ထဲတွင် ရှိခဲ့သော အရာ ဖြစ်သည်။

လူ့ဇာတိ၌ အသက်ရှင်ရင်း လူ့ဇာတိခံ ဘုရားသခင်သည် ပုံမှန် လူ့သဘာဝကို ပိုင်ဆိုင်သည်။ ပုံမှန်လူတစ်ဦး၏ စိတ်ခံစားမှုများနှင့် ဆင်ခြင်တုံတရားတို့ရှိခဲ့သည်။ ပျော်ရွှင်ခြင်းက မည်သည့်အရာဖြစ်သည်၊ နာကျင်ခြင်းက မည်သည့်အရာဖြစ်သည်ကို သူသိခဲ့ပြီး၊ လူသားမျိုးနွယ်က ဤဘဝမျိုးတွင် အသက်ရှင်နေကြသည်ကို သူမြင်သောအခါ၊ လူတို့ကို

သင်ကြားမှုအချို့ကို ပေးခြင်း၊ ၎င်းတို့ကို တစ်စုံတစ်ရာ ထောက်ပံ့ပေးခြင်း သို့မဟုတ် ၎င်းတို့ကို တစ်စုံတစ်ရာ သွန်သင်ပေးခြင်းမျှသည် ၎င်းတို့ကို အပြစ်တရားမှ ခေါ်ထုတ်သွားဖို့ လုံလောက်မည်မဟုတ်သည်ကို သူ အလွန်အမင်း ခံစားခဲ့ရသည်။ ၎င်းတို့ကို ပညတ်ချက်များအား နာခံစေခြင်းမျှသည် ၎င်းတို့အား အပြစ်မှ မရွေးနုတ်ပေ- လူသားမျိုးနွယ်၏ အပြစ်တရားကို သူယူဆောင်ပြီး၊ အပြစ်နှင့်ပြည့်သော လူ့ဇာတိ၏ ပုံသဏ္ဌာန် ဖြစ်လာခဲ့ချိန်တွင်သာ၊ အတုံ့အလှည့်အနေဖြင့် လူသားမျိုးနွယ်၏ လွတ်လပ်ခြင်းနှင့် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ရရှိနိုင်ခဲ့သည်။ ထို့ကြောင့် သခင်ယေရှုက အပြစ်၌ရှိသည့် လူတို့၏ ဘဝများကို ကြုံတွေ့ခဲ့ပြီး မျက်မြင်တွေ့ခဲ့ပြီးသည့်နောက်တွင်၊ သူ၏ စိတ်နှလုံးထဲ၌ ပြင်းထန်သော ဆန္ဒတစ်ခု ပေါ်လွင်လာခဲ့သည်- အပြစ်တရား၌ ရုန်းကန်လျက်ရှိသော ၎င်းတို့၏ ဘဝတို့မှ လူသားများကို ၎င်းတို့ဘာသာ လွတ်မြောက်ခွင့်ပေးဖို့ ဖြစ်သည်။ ဤဆန္ဒသည် သူ့ကို ဖြစ်နိုင်သမျှ မြန်နိုင်သမျှ လက်ဝါးကပ်တိုင်ကိုသွားပြီး လူသားမျိုးနွယ်၏အပြစ်ကို ယူဆောင်ရမည်ဟု ပို၍ပို၍ ခံစားရစေသည်။ ဤအရာတို့သည် လူတို့နှင့် အတူ သူ အသက်ရှင်နေထိုင်ပြီး အပြစ်တရား၌ရှိသော သူတို့ဘဝများ၏ စိတ်ဆင်းရဲမှုတို့ကို မြင်ပြီး၊ ကြားပြီး ခံစားရပြီးနောက်မှာ ထိုအချိန်မှာ ရှိသော သခင်ယေရှု၏ အတွေးတို့ဖြစ်သည်။ လူ့ဇာတိခံယူသောဘုရားသခင်သည် လူသားမျိုးနွယ်အတွက် ဤကဲ့သို့အလိုတော်မျိုးကို ရှိနိုင်သည်ဆိုသည်နှင့်၊ ဤကဲ့သို့ စိတ်သဘောထားမျိုးကို သူဖော်ပြပြီး ဖွင့်ပြနိုင်သည်ဆိုသည်မှာ၊ သာမန် လူတစ်ယောက်၌ ရှိနိုင်သော အရာတစ်ခုလော။ သာမန် လူတစ်ယောက်က ဤကဲ့သို့ပတ်ဝန်းကျင်မျိုးမှာ အသက်ရှင် နေထိုင်ခြင်းကို မည်ကဲ့သို့မြင်မည်နည်း။ သူတို့ ဘာကို တွေးမည်နည်း။ သာမန်လူတစ်ယောက်က ၎င်းတို့ အားလုံးကို ရင်ဆိုင်ရလျှင်၊ ပြဿနာတို့ကို မြင့်မားသော ရှုထောင့်တို့မှ ကြည့်မည်လော။ လုံးဝ မဟုတ်ပေ။ လူ့ဇာတိခံ ဘုရားသခင်၏ အပြင်ပန်း အသွင်အပြင်သည် လူသားတစ်ယောက်နှင့် အတိအကျ တူသော်လည်း၊ သူသည် လူသား၏ အသိပညာကို လေ့လာသင်ယူပြီး လူသား၏ ဘာသာစကားကို ပြောသော်လည်း၊ တစ်ခါတစ်ရံ၌ လူသားမျိုးနွယ်၏ကိုယ်ပိုင် နည်းလမ်းများ၊ သို့မဟုတ် စကားပြောပုံများမှတစ်ဆင့် သူ၏ စိတ်ကူးတို့ကိုပင်လျှင် သူဖော်ပြသော်လည်း၊ လူသားတို့နှင့် အမှုအရာတို့၏ အနှစ်သာရကို သူမြင်သောပုံစံသည် ဖောက်ပြန်ပျက်စီးသော လူတို့က လူသားမျိုးနွယ်နှင့် အမှုအရာတို့၏ အနှစ်သာရကို မြင်သောပုံစံနှင့် လုံးဝမတူပေ။ သူ၏ ရှုထောင့်နှင့် သူရပ်တည်သော အမြင့်သည် ဖောက်ပြန်ပျက်စီးသောလူတစ်ယောက် မရရှိနိုင်သော အရာတစ်ခု ဖြစ်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည်

သမ္မာတရားဖြစ်သောကြောင့်၊ သူ ယူတင်ဝတ်ဆင်သော ဇာတိခန္ဓာသည်လည်း ဘုရားသခင်၏ အနှစ်သာရ ပိုင်ဆိုင်ပြီး၊ သူ၏အတွေးများနှင့် သူ၏လူ့သဘာဝက ဖော်ပြသောအရာသည်လည်း သမ္မာတရားဖြစ်သောကြောင့် ဖြစ်သည်။ ဖောက်ပြန်ပျက်စီးသော လူတို့အတွက် ဇာတိခန္ဓာထဲ၌ သူဖော်ပြသောအရာသည် သမ္မာတရားနှင့် အသက်၏ ပံ့ပိုးပေးခြင်းများ ဖြစ်သည်။ ဤပံ့ပိုးခြင်းတို့က လူတစ်ယောက် အတွက်သာ မဟုတ်ဘဲ၊ လူသားမျိုးနွယ် အားလုံးအတွက် ဖြစ်သည်။ ဖောက်ပြန်ပျက်စီးသော မည်သည့်လူမဆို၏ စိတ်နှလုံးထဲတွင် သူနှင့် ပေါင်းဖော်သော လူ အနည်းငယ်သာ ရှိသည်။ ၎င်းတို့သည် ဤလက်တစ်ဆုပ်စာ လူများအတွက်သာ ဂရုစိုက်ပြီး ပူပန်သည်။ ကပ်ဘေး အလားအလာရှိသောအခါ၊ ၎င်းတို့၏ သားသမီးများ၊ အိမ်ထောင်ဖက်၊ သို့မဟုတ် မိဘတို့ကို ပထမဦးစွာ စဉ်းစားကြသည်။ အဆုံးစွန်အနေဖြင့်၊ သာ၍ သနားကရုဏာနှင့် ပြည့်စုံသောသူက ဆွေမျိုးတချို့ သို့မဟုတ် မိတ်ဆွေကောင်းအတွက် အတွေးတချို့ ချန်ထားပေမည်၊ သို့သော် ထိုသို့သော သနားကရုဏာနှင့် ပြည့်စုံသည့်လူ၏ အတွေးများသည် ထို့ထက် တိုးချဲ့ပါသလော။ မည်သည့်အခါမျှ မတိုးချဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် လူသားများသည် အမှန်တွင်တော့ လူသားများဖြစ်ကြပြီး ၎င်းတို့သည် အရာရာတိုင်းကို လူသားတစ်ဦး၏ အမြင့်နှင့် ရှုထောင့်မှသာ ကြည့်နိုင်ကြသောကြောင့် ဖြစ်သည်။ သို့သော် လူ့ဇာတိခံ ဘုရားသခင်သည် ဖောက်ပြန်ပျက်စီးသောလူတစ်ဦးနှင့် လုံး၀ ကွာခြား၏။ ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာသည် မည်မျှ သာမန်ဖြစ်ပါစေ၊ ပုံမှန်ဖြစ်ပါစေ၊ မည်မျှ နိမ့်ကျပါစေ၊ သို့မဟုတ် လူတို့က သူ့အပေါ် မည်သည့်စက်ဆုပ်မှုဖြင့် အထင်သေးပါစေ၊ လူသားမျိုးနွယ်အပေါ် သူ၏ အတွေးများနှင့် သဘောထားတို့က မည်သည့်လူသားမျှ မပိုင်ဆိုင်နိုင်သောအရာများ၊ မည်သည့် လူသားမျှ မတုပနိုင်သော အရာများဖြစ်သည်။ သူသည် လူသားမျိုးနွယ်ကို ဘုရားသဘောသဘာဝ၏ ရှုထောင့်မှ၊ ဖန်ဆင်းရှင်အနေနှင့် သူ၏နေရာ အမြင့်မှ အမြဲကြည့်ရှု လေ့လာလိမ့်မည်။ သူသည် လူသားမျိုးနွယ်ကို ဘုရားသခင်၏ အနှစ်သာရနှင့် စိတ်နေစိတ်ထားမှတစ်ဆင့် အမြဲမြင်လိမ့်မည်။ သူသည် လူသားမျိုးနွယ်ကို သာမန် လူတစ်ဦး၏ နိမ့်ကျသော အမြင့်၊ သို့မဟုတ် ဖောက်ပြန်ပျက်စီးသောလူတစ်ဦး၏ ရှုထောင့်မှ လုံး၀ ကြည့်ရှု၍မရပေ။ လူတို့က လူသားမျိုးနွယ်ကို ကြည့်သောအခါ၊ လူသားအမြင်ဖြင့် ထိုသို့ကြည့်ကြပြီး၊ လူသား အသိပညာ၊ လူသား စည်းမျဉ်းနှင့် အယူအဆများကဲ့သို့သော အရာတို့ကို ၎င်းတို့၏ အတိုင်းအတာအဖြစ် အသုံးပြုကြသည်။ ဤသည်မှာ လူတို့က ၎င်းတို့၏မျက်လုံးများဖြင့် မြင်နိုင်သော အတိုင်းအတာအတွင်းနှင့် ဖောက်ပြန်ပျက်စီးသော လူတို့ ရရှိနိုင်သော အတိုင်းအတာအတွင်းတွင် ဖြစ်သည်။ ဘုရားသခင်က လူသားမျိုးနွယ်ကို ကြည့်သောအခါ၊

ဘုရား၏ အမြင်ဖြင့် သူကြည့်ပြီး၊ တိုင်းတာချက်တစ်ခုအနေဖြင့် သူ၏အနှစ်သာရနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို အသုံးပြုသည်။ ဤနယ်ပယ်သည် လူတို့ မမြင်နိုင်သောအရာများ ပါဝင်ပြီး၊ ဤသည်မှာ လူ့ဇာတိခံ ဘုရားသခင်နှင့် ဖောက်ပြန်ပျက်စီးသောလူသားတို့ လုံးဝ ကွဲပြားသောနေရာ ဖြစ်သည်။ ဤကွဲပြားမှုကို လူသားနှင့် ဘုရားသခင်၏ မတူညီသော အနှစ်သာရအားဖြင့် သတ်မှတ်ထား၏- ၎င်းတို့၏ ပင်ကိုလက္ခဏာများနှင့် ရာထူးများအပြင် အမှုအရာများကို ၎င်းတို့မြင်သော ရှုထောင့်နှင့် အမြင့်တို့ကို ပိုင်းခြားသတ်မှတ်သည်မှာ ဤမတူညီသော အနှစ်သာရများ ဖြစ်ပေသည်။ သခင်ယေရှု၌ ဘုရားသခင်ကိုယ်တိုင်၏ ဖော်ပြခြင်းနှင့် ဖွင့်ပြခြင်းတို့ကို သင်တို့ မြင်သလော။ သခင်ယေရှုလုပ်ဆောင်ခဲ့ပြီး ပြောခဲ့သောအရာသည် သူ၏ အမှုတော်နှင့် ဘုရားသခင်ကိုယ်တိုင်၏ စီမံခန့်ခွဲခြင်း အမှုနှင့် ဆက်စပ်နေသည်၊ ယင်းသည် ဘုရားသခင်၏ အနှစ်သာရ၏ ဖော်ပြခြင်းနှင့် ဖွင့်ပြခြင်းဖြစ်သည်ဟု သင်တို့ ဆိုနိုင်သည်။ သူသည် လူသား သရုပ်သကန်တစ်ခုရှိခဲ့သော်လည်း၊ သူ၏ ဘုရားအနှစ်သာရနှင့် သူ၏ ဘုရားသဘောသဘာဝနှင့် သက်ဆိုင်သည့် ဖွင့်ပြခြင်းတို့ကို ငြင်း၍မရနိုင်ပေ။ ဤလူသား သရုပ်သကန်သည် အမှန်တကယ် လူ့သဘာဝ၏ သရုပ်သကန် တစ်ခု ဖြစ်ပါသလော။ သူ၏ လူသား သရုပ်သကန်သည် သူ၏ တကယ့် အနှစ်သာရအရ ဖောက်ပြန်ပျက်စီးသော လူတို့၏ လူသား သရုပ်သကန်မှ လုံးဝ ကွာခြားပေသည်။ သခင်ယေရှုသည် လူ့ဇာတိခံ ဘုရားသခင်ဖြစ်ခဲ့၏။ သူသည် ပုံမှန်၊ ဖောက်ပြန်ပျက်စီးသော လူများထဲမှ တစ်ဦး အမှန်တကယ် ဖြစ်ခဲ့ပါက၊ သူသည် အပြစ်ထဲက လူသားမျိုးနွယ်၏ အသက်တာကို ဘုရားသဘောသဘာဝ၏ ရှုထောင့်မှ မြင်နိုင်ခဲ့မည်လော။ လုံးဝ မမြင်နိုင်ပေ။ ဤသည်မှာ လူသားနှင့် ပုံမှန်လူတို့ကြားထဲက ကွာဟချက်ဖြစ်သည်။ ဖောက်ပြန်ပျက်စီးသော လူအားလုံးသည် အပြစ်တရား၌ အသက်ရှင်ကြပြီး၊ တစ်ဦးတစ်ယောက်က အပြစ်ကို မြင်သောအခါတွင်၊ ၎င်းတို့သည် ယင်းနှင့်ပတ်သက်သည့် မည်သည့်သီးသန့်ခံစားချက်မျှ မရှိပေ။ ၎င်းတို့အားလုံးသည် သက်သောင့်သက်သာ မရှိသို့မဟုတ် ညစ်ပတ်သည်ဟု လုံးဝ မခံစားရသည့် ရွှံ့ထဲ၌ အသက်ရှင်နေသော ဝက်တစ်ကောင် ကဲ့သို့ပင် အတူတူဖြစ်သည်- ဆန့်ကျင်ဘက်အနေဖြင့် ယင်းသည် ကောင်းစွာ စားနိုင်ပြီး ကောင်းမွန်စွာ အိပ်နိုင်သည်။ တစ်ဦးတစ်ယောက်က ဝက်ခြံကို သန့်ရှင်းစေလျှင်၊ ဝက်သည် အမှန်တကယ် နေမထိထိုင်မသာ ဖြစ်မည်ဖြစ်ပြီး ၎င်းက သန့်သန့်ရှင်းရှင်း ရှိနေမည် မဟုတ်ပေ။ များမကြာမီတွင် ဝက်သည် ညစ်ပတ်ပေရေသော သတ္တဝါတစ်ကောင် ဖြစ်သောကြောင့်၊ လုံးဝ သက်သောင့်သက်သာဖြစ်လျက်၊ ရွှံ့ထဲတွင် ထပ်လူးနေ လိမ့်မည်ဖြစ်သည်။ လူသားများသည်

ဝက်များကို ညစ်ပတ်ပေရေသကဲ့သို့ မြင်ကြသော်လည်း၊ သင်က ဝက် နေသည့်နေရာကို သန့်ရှင်းရေးလုပ်ပေးလျှင်ပင်၊ သူက ပိုပြီး နေ၍ကောင်းသွားမည် မဟုတ်ပေ- ဤသည်မှာ ဝက်ကို မည်သူမျှ ၎င်းတို့၏အိမ်တွင် မထားကြသည့် အကြောင်းရင်း ဖြစ်သည်။ လူသားများနှင့် ဝက်များသည် တစ်မျိုးတစ်စားတည်း မဟုတ်သောကြောင့်၊ ဝက်များကို လူသားများ မြင်သောပုံစံသည် ဝက်တို့က မိမိတို့ကိုယ်ကိုယ် ခံစားကြသည့်ပုံနှင့် အမြဲ ကွာခြားပေလိမ့်မည်။ လူ့ဇာတိခံ လူသားသည် ဖောက်ပြန်ပျက်စီးသော လူသားများနှင့် တူညီသောအမျိုးအစား မဟုတ်သောကြောင့်၊ လူ့ဇာတိခံ ဘုရားသခင်သာ ဘုရားရှုထောင့်ဖြင့်၊ ဘုရားသခင်၏ ချီးမြှောက်မှုတွင်၊ လူသားမျိုးနွယ်နှင့် အရာရာတိုင်းကို သူ မြင်သည့်နေရာမှ ရပ်တည်နိုင်ပေသည်။

ဘုရားသခင်သည် လူ့ဇာတိခံယူပြီး လူသားမျိုးနွယ် အလယ် အသက်ရှင်ချိန်တွင် မည်သည့် ဆင်းရဲဒုက္ခကို တွေ့ကြုံရသနည်း။ ဤဆင်းရဲဒုက္ခသည် မည်သည့်အရာ ဖြစ်သနည်း။ တစ်ဦးတစ်ယောက်က အမှန်တကယ် နားလည်သလော။ လူအချို့က ဘုရားသခင်သည် အလွန် ဆင်းရဲဒုက္ခခံရသည်၊ သူသည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သော်လည်း၊ လူတို့က သူ၏အနှစ်သာရကို နားမလည်ဘဲ၊ သူ့ကို ထိခိုက်နစ်နာကာ မတရားသဖြင့်ခံရသည်ဟု ခံစားစေလျက်၊ သူ့ကို လူတစ်ဦးကဲ့သို့ အမြဲတစေ ဆက်ဆံလေ့ရှိသည်ဟု ဆိုကြသည်- ၎င်းတို့က ဤအကြောင်းရင်းများကြောင့်၊ ဘုရားသခင်၏ ဆင်းရဲဒုက္ခသည် အမှန်တကယ် ကြီးမားသည်ဟု ပြောကြလေသည်။ အခြားလူတို့က ဘုရားသခင်သည် အပြစ်ကင်းစင်ပြီး အပြစ် မရှိသော်လည်း၊ သူသည် လူသားမျိုးနွယ်နည်းတူ ဆင်းရဲဒုက္ခ ခံစားသည်၊ လူသားမျိုးနွယ်နှင့်အတူ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ ဂုဏ်အသရေဖျက်ခံရခြင်းတို့ကို ခံစားရသည်ဟု ပြောကြသည်။ သူ၏ နောက်လိုက်များ၏ အထင်လွဲခြင်းနှင့် မနာခံခြင်းတို့ကိုလည်း သူခံရသည်ဟု ပြောကြသည်- ထို့ကြောင့်၊ ၎င်းတို့က ဘုရားသခင်၏ ဆင်းရဲဒုက္ခ ခံစားရခြင်းသည် အမှန်တကယ် တိုင်းတာ၍ မရနိုင်ဟု ပြောကြသည်။ ယခုတွင် သင်တို့သည် ဘုရားသခင်ကို အမှန်တကယ်နားလည်ပုံမရချေ။ အမှန်တွင် ဤအရာထက် သာ၍ကြီးမားသော ဆင်းရဲဒုက္ခရှိသောကြောင့်၊ သင်တို့ ပြောသော ဤဆင်းရဲဒုက္ခခံစားရခြင်းကို ဘုရားသခင် အတွက် အမှန်တကယ် ဒုက္ခခံစားရခြင်းအနေဖြင့် ထည့်သွင်းစဉ်းစား၍ မရပေ။ သို့ဆိုလျှင် ဘုရားသခင် ကိုယ်တိုင်အတွက် အမှန်တကယ် ဆင်းရဲဒုက္ခခံစားရခြင်းသည် အဘယ်နည်း။ လူ့ဇာတိခံ ဘုရားသခင် ကိုယ်တိုင်အတွက် အမှန်တကယ် ဆင်းရဲဒုက္ခခံစားရခြင်းက အဘယ်နည်း။ ဘုရားသခင်အတွက် လူသားမျိုးနွယ်က သူ့ကို နားမလည်ခြင်းအား ဆင်းရဲဒုက္ခအဖြစ် ထည့်မတွက်သကဲ့သို့၊ လူတို့က

ဘုရားသခင်ကို အထင်လွဲမှားမှု တစ်ချို့ရှိခြင်းနှင့် သူ့ကို ဘုရားသခင်အဖြစ် မမြင်ခြင်းကို ဆင်းရဲဒုက္ခဟု ထည့်မတွက်ပေ။ သို့သော် လူတို့က ဘုရားသခင်သည် ကြီးမားသော မတရားမှုကို ခံစားရပြီး ဖြစ်လိမ့်မည်၊ လူ့ဇာတိ၌ ဘုရားသခင် အချိန်ကုန်ခဲ့သည့် အချိန်အတောအတွင်းတွင် သူသည် လူသားမျိုးနွယ်ကို သူ၏ ဇာတိအဖြစ်တော်အား ပြ၍မရသကဲ့သို့ သူ၏ကြီးမြတ်မှုကို လူတို့အား မြင်ခွင့်ပေး၍မရပေ၊ ပြီးလျှင် ဘုရားသခင်သည် အရေးမပါသော လူ့ဇာတိ၌ နှိမ့်ချစွာ ပုန်းကွယ်နေပြီး၊ ဤသည်မှာ သူ့အတွက် ကြီးမားသော ညှဉ်းဆဲမှုဖြစ်ရပေမည်ဟု ခံစားကြရသည်။ လူတို့သည် ဘုရားသခင်၏ ဆင်းရဲဒုက္ခခံစားခြင်းနှင့်သက်ဆိုင်သည့် ၎င်းတို့ နားလည်နိုင်သည့်အရာနှင့် မြင်နိုင်သည့်အရာတို့ကို အလေးအနက် ထားကြပြီး ဘုရားသခင်အပေါ် စာနာသနားခြင်း မျိုးစုံ ပြကာ၊ သူ၏ ဆင်းရဲဒုက္ခအတွက် ချီးမွမ်းခြင်း အနည်းငယ်ပင် ပေးကြလိမ့်မည်။ လက်တွေ့အရှိတရားတွင်မူ၊ ကွာခြားချက်တစ်ခု ရှိ၏။ ဘုရားသခင်၏ ဒုက္ခခံစားရခြင်းနှင့် သက်ဆိုင်၍ လူတို့နားလည်သောအရာနှင့် သူအမှန်တကယ် ခံစားရသည့်အရာတို့ကြားတွင် ကွာဟမှုတစ်ခုရှိလေသည်။ ငါသည် သင်တို့ကို အမှန်တရား ပြောပြနေခြင်းဖြစ်သည်- ဘုရားသခင်အတွက် ဘုရားသခင်၏ ဝိညာဉ်ဖြစ်စေ၊ သို့မဟုတ် ဘုရားသခင်၏ လူ့ဇာတိခံ ခန္ဓာဖြစ်စေ၊ အထက်တွင် ဖော်ပြထားသည့် ဆင်းရဲဒုက္ခခံစားရခြင်းသည် စစ်မှန်သော ဒုက္ခခံစားရခြင်း မဟုတ်ပေ။ သို့ဆိုလျှင် ဘုရားသခင် အမှန်တကယ် ဒုက္ခခံစားရသည်မှာ မည်သည့်အရာဖြစ်သနည်း။ လူ့ဇာတိခံ ဘုရားသခင်၏ ရှုထောင့်တစ်ခုတည်းမှ ဘုရားသခင်၏ ဆင်းရဲဒုက္ခခံစားရခြင်းအကြောင်းကို ပြောကြစို့။

ဘုရားသခင်သည် သာမန်၊ ပုံမှန်လူတစ်ဦးအဖြစ်သို့ ပြောင်းရင်း၊ လူသားမျိုးနွယ်အလယ် လူတို့နှင့်အတူ ဘေးချင်းယှဉ် အသက်ရှင်ရင်း၊ လူ့ဇာတိခံယူချိန်တွင်၊ အသက်ရှင်ခြင်းအတွက် လူတို့၏ နည်းလမ်းများ၊ ဥပဒေများနှင့် အတွေးအခေါ်များကို သူ မမြင်ရသကဲ့သို့ မခံစားရသလော။ အသက်ရှင်ခြင်းအတွက် ဤနည်းလမ်းများနှင့် ဥပဒေများက သူ့ကို မည်သို့ခံစားရစေသနည်း။ သူ၏ စိတ်နှလုံးထဲတွင် စက်ဆုပ်ရွံရှာခြင်းကို ခံစားရသလော။ သူသည် အဘယ်ကြောင့် စက်ဆုပ်ရွံရှာခြင်းကို ခံစားရမည်နည်း။ အသက်ရှင်ခြင်းအတွက် လူသားမျိုးနွယ်၏ နည်းလမ်းများနှင့် ဥပဒေများသည် မည်သည်တို့ဖြစ်ကြသနည်း။ မည်သည့် အခြေခံသဘောတရားများ၌ ၎င်းတို့ အမြစ်တွယ်ကြသနည်း။ ၎င်းတို့သည့် မည်သည့်အရာအပေါ် အခြေခံသနည်း။ အသက်ရှင်ဖို့ နည်းလမ်းဖြင့် ၎င်းတို့ ဆက်နွယ်ထားသည်နှင့်အမျှ လူသားမျိုးနွယ်၏ နည်းလမ်းများ၊ ဥပဒေများစသဖြင့်- ဤအရာအားလုံးသည် စာတန်၏ ဆင်ခြင်တွေးခေါ်မှုစနစ်၊ အသိပညာနှင့် အတွေးအခေါ်တို့အရ

ဖန်တီးထားပေသည်။ ဤဉပဒေ အမျိုးအစားများ အောက်တွင် အသက်ရှင်နေထိုင်သော လူသားတို့သည် လူ့သဘာဝမရှိ၊ သမ္မာတရားမရှိကြပေ- ၎င်းတို့အားလုံးသည် သမ္မာတရားကို ဖီဆန်ကြပြီး ဘုရားသခင်ကို ရန်လိုကြသည်။ ဘုရားသခင်၏ အနှစ်သာရကို ငါတို့ တစ်ချက်ကြည့်ပါက၊ သူ၏အနှစ်သာရသည် စာတန်၏ ဆင်ခြင်တွေးခေါ်မှုစနစ်၊ အသိပညာ၊ အတွေးအခေါ်တို့နှင့် အတိအကျ ဆန့်ကျင်ဘက်ဖြစ်နေသည်ကို တွေ့ရသည်။ သူ၏အနှစ်သာရသည် ဖြောင့်မတ်ခြင်း၊ သမ္မာတရား၊ သန့်ရှင်းခြင်းနှင့် အပြုသဘောဆောင်သော အရာအားလုံး၏ အခြားသော စစ်မှန်မှုတို့ဖြင့် ပြည့်နေသည်။ ဤအနှစ်သာရကို ပိုင်ဆိုင်ပြီး ထိုသို့သော လူသားမျိုးနွယ် အလယ် အသက်ရှင်သည့် ဘုရားသခင်သည် မည်သည့်အရာ ခံစားရပါသနည်း။ သူ၏ စိတ်နှလုံးထဲတွင် မည်သည့်အရာကို သူ ခံစားရသနည်း။ ယင်းသည် နာကျင်မှုနှင့် ပြည့်သလော။ သူ၏ စိတ်နှလုံးသည် မည်သည့်လူကမျှ နားမလည်နိုင်သည့် သို့မဟုတ် မတွေ့ကြုံနိုင်သည့် နာကျင်မှုကို ခံစားရသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် သူရင်ဆိုင်ရသော အရာတိုင်း၊ ကြုံရသော အရာတိုင်း၊ ကြားရ၊ မြင်ရသောအရာရာတိုင်းနှင့် တွေ့ကြုံရသော အရာတိုင်းသည် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးခြင်း၊ ဆိုးယုတ်ခြင်းနှင့် သမ္မာတရားကို ၎င်းတို့၏ ဆန့်ကျင်ပုန်ကန်ခြင်းနှင့် ခုခံခြင်းတို့ ဖြစ်သောကြောင့် ဖြစ်သည်။ လူသားများထံမှ လာသောအရာအားလုံးသည် သူ၏ ဆင်းရဲဒုက္ခခံစားရခြင်း အရင်းအမြစ် ဖြစ်သည်။ ဆိုလိုသည်မှာ သူ၏ အနှစ်သာရသည် ဖောက်ပြန်ပျက်စီးသော လူသားများနှင့် မတူညီသောကြောင့်၊ လူသားများ၏ ဖောက်ပြန်ပျက်စီးခြင်းသည် သူ၏ အကြီးမားဆုံးသော ဆင်းရဲဒုက္ခခံစားရခြင်း၏ အရင်းအမြစ်ဖြစ် လာသည်ဟု ဆိုရပေမည်။ ဘုရားသခင်သည် လူ့ဇာတိခံယူချိန်တွင်၊ သူနှင့်အတူ ဘာသာစကားတူညီသော လူတစ်ဦးကို သူ ရှာတွေ့နိုင်သလော။ လူသားမျိုးနွယ် အလယ်တွင် ထိုသို့သောလူတစ်ဦးကို ရှာ၍မရနိုင်ပေ။ ဘုရားသခင်နှင့် ဆက်သွယ်ပြောဆိုနိုင်သူ သို့မဟုတ် ဘုရားသခင်နှင့် ဤအပြန်အလှန်ပြောဆိုမှု ရှိနိုင်သောသူ တစ်ဦးမျှ မတွေ့နိုင်ပေ- ဤအရာနှင့်ပတ်သက်၍ ဘုရားသခင်သည် မည်သည့် ခံစားချက်မျိုးရှိသည်ဟု သင် ဆိုမည်နည်း။ လူတို့ ဆွေးနွေးသော အကြောင်းအရာများ၊ ချစ်သောအရာများ၊ ၎င်းတို့ လိုက်စားသော အရာများနှင့် တောင့်တသောအရာများအားလုံးသည် အပြစ်နှင့် မကောင်းမှုဘက်ကို ယိမ်းယိုင်မှုများနှင့် ပတ်သက်လေသည်။ ဤအရာအားလုံးကို ဘုရားသခင် ရင်ဆိုင်ချိန်တွင်၊ ယင်းမှာ သူ့နှလုံးသားကို ဓါးတစ်ချောင်း ထိုးထားသကဲ့သို့ ဖြစ်သည် မဟုတ်လော။ ဤအရာများကို ရင်ဆိုင်ရလျက်၊ သူ၏ နှလုံးသားတွင် ဝမ်းမြောက်ခြင်း ရှိနိုင်မည်လော။ ဖြေသိမ့်စရာကို သူရှာတွေ့နိုင်မည်လော။ သူနှင့်အတူ အသက်ရှင်နေကြသော

သူတို့သည် ပုန်ကန်ခြင်းနှင့် ဆိုးယုတ်ခြင်းတို့နှင့် ပြည့်သည့် လူသားများ ဖြစ်ကြသည်- သူ၏နှလုံးသားသည် အဘယ်သို့ ဆင်းရဲဒုက္ခမခံစားရဘဲ နေနိုင်မည်နည်း။ ဤဆင်းရဲဒုက္ခ ခံစားခြင်းသည် အမှန်တကယ် မည်မျှကြီးမားသနည်း၊ ပြီးလျှင် ယင်းနှင့်ပတ်သက်၍ မည်သူက ဂရုစိုက်သနည်း။ မည်သူက အရေးထားသနည်း။ ယင်းကို မည်သူက အသိအမှတ်ပြုနိုင်စွမ်း ရှိသနည်း။ လူတို့သည် ဘုရားသခင်၏ နှလုံးသားကို နားမလည်နိုင်ကြပေ။ သူ၏ ဆင်းရဲဒုက္ခခံစားရခြင်းသည် လူတို့က အထူးသဖြင့် အသိအမှတ်မပြုနိုင်သောအရာတစ်ခု ဖြစ်ပြီး လူသားမျိုးနွယ်၏ အေးစက်စက်နိုင်ခြင်းနှင့် ထုံထိုင်းခြင်းက ဘုရားသခင်၏ ဆင်းရဲဒုက္ခကို ပို၍ နက်ရှိုင်းစေသည်။

သမ္မာကျမ်းစာထဲ၌ "မြေခွေးသည်မြေတွင်းရှိ၏။ မိုဃ်းကောင်းကင်၌ ကျင်လည်သော ငှက်သည် နားနေရာ အရပ်ရှိ၏။ လူသားမူကား ခေါင်းချရာမျှမရှိ။" ဟု ပြောထားသော ကျမ်းတစ်ပိုဒ်ကြောင့် ခရစ်တော်၏ အတိဒုက္ခနှင့်ပတ်သက်၍ မကြာခဏ စာနာသနားကြသော လူအချို့ရှိကြသည်။ လူတို့က ဤအရာကို ကြားသောအခါ၊ လေးလေးနက်နက်ခံယူပြီး ဤသည်မှာ ဘုရားသခင် သည်းခံရသည့် အကြီးမားဆုံး ဆင်းရဲဒုက္ခဖြစ်ပြီး ခရစ်တော်ခံရသည့် အကြီးမားဆုံး ဆင်းရဲဒုက္ခ ဖြစ်သည်ဟု ယုံကြည်ကြသည်။ ယခု ယင်းကို အမှန်တရားများ၏ ရှုထောင့်မှ ကြည့်ရာတွင်၊ ထိုသို့ ဟုတ်သလော။ မဟုတ်ပေ။ ဘုရားသခင်က ဤအခက်အခဲများကို ဆင်းရဲဒုက္ခအဖြစ် မယုံကြည်ပေ။ သူသည် သူ၏လူ့ဇာတိနှင့်ဆိုင်သော အခက်အခဲများကြောင့်၊ မတရားမှုကို ဘယ်သောအခါမျှ ဆန့်ကျင်အော်ဟစ်ခြင်း မရှိဖူးသကဲ့သို့၊ သူသည် လူသားတို့အား သူ့ကို ပြန်ပေးဆပ်ရန် သို့မဟုတ် တစ်ခုခုဖြင့် သူ့ကို ဆုချရန် မည်သည့်အခါမျှ မပြုဖူးချေ။ သို့သော် သူသည် လူသားမျိုးနွယ်၏ အရာရာတိုင်း၊ ဖောက်ပြန်ပျက်စီးသော ဘဝများနှင့် ဖောက်ပြန်ပျက်စီးသော လူသားများ၏ ဆိုးယုတ်မှုတို့ကို မျက်မြင်တွေ့ကြုံရချိန်တွင်၊ လူသားမျိုးနွယ်သည် စာတန်၏ လက်ထဲ၌ရှိပြီး စာတန်၏ အကျဉ်းချခြင်းကို ခံထားရကာ မလွတ်မြောက်နိုင်သည်ကို သူ မျက်မြင်ကြုံတွေ့ရသောအခါ၊ အပြစ်ထဲ၌ အသက်ရှင်သော လူတို့သည် သမ္မာတရားက မည်သည့်အရာဖြစ်မှန်း မသိကြသည်ကို သူ မျက်မြင်ကြုံတွေ့ရသောအခါတွင်၊ ဤအပြစ်အားလုံးကို သူ သည်းညည်းမခံနိုင်ပေ။ လူသားတို့အပေါ် သူ၏ စက်ဆုပ်ရွံရှာခြင်းသည် တစ်နေ့တခြား တိုးပွားနေသည်၊ သို့သော် ဤအရာအားလုံးကို သူ ကြံ့ကြံ့ခံရသည်။ ဤသည်မှာ ဘုရားသခင်၏ ကြီးမားသော ဆင်းရဲဒုက္ခ ဖြစ်သည်။ ဘုရားသခင်သည် သူ၏နောက်လိုက်များ အလယ်တွင် သူ၏ နှလုံးသား၊ သို့မဟုတ် သူ၏ခံစားချက်များ၏ သဘောထားကိုပင် အပြည့်အဝ မဖော်ပြနိုင်သကဲ့သို့၊ သူ၏ နောက်လိုက်များထဲတွင် မည်သူမျှက သူ၏ ဆင်းရဲဒုက္ခကို

အမှန်တကယ် နားမလည်နိုင်ကြပေ။ ဤဆင်းရဲဒုက္ခကို တစ်ရက်ပြီးတစ်ရက်၊ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ကြိမ်ပြီးတစ်ကြိမ် ခံစားရသည့်၊ သူ၏ နှလုံးသားကို နားလည်ရန် သို့မဟုတ် နှစ်သိမ့်မှုပေးရန်ပင် မည်သူမျှ မကြိုးစားကြပေ။ ဤအရာ အားလုံးထဲတွင် မည်သည့်အရာကို သင်တို့ မြင်ကြသနည်း။ ဘုရားသခင်သည် သူပေးပြီးသောအရာအတွက် လူသားများထံမှ အပြန်အလှန်အနေဖြင့် မည်သည့်အရာကိုမျှ မလိုအပ်သော်လည်း၊ ဘုရားသခင်၏ အနှစ်သာရကြောင့် သူသည် လူသားမျိုးနွယ်၏ ဆိုးယုတ်ခြင်း၊ ဖောက်ပြန်ပျက်စီးခြင်းနှင့် အပြစ်ကို လုံးဝ သည်းမခံနိုင်သကဲ့သို့၊ ယင်းအစား အဆုံးစွန် စက်ဆုပ်ရွံရှာမှုနှင့် မုန်းတီးမှုကို ခံစားရပြီး ယင်းက ဘုရားသခင်၏ နှလုံးသားနှင့် သူ၏ခန္ဓာကို အဆုံးမရှိသော ဆင်းရဲဒုက္ခ ခံရခြင်းသို့ ဆိုက်ရောက် စေလေသည်။ ဤအရာကို သင်မြင်ပြီလော။ များသောအားဖြင့်၊ သင်တို့ထဲမှ မည်သူကမျှ ဘုရားသခင်ကို အမှန်တကယ် နားမလည်နိုင်ကြသောကြောင့်၊ သင်တို့ထဲက မည်သူကမျှ ဤအရာကို မြင်နိုင်မည်မဟုတ်ပေ။ အချိန်ကြာလာသည်နှင့်အမျှ သင်တို့ဘာသာ ဤအရာကို တဖြည်းဖြည်း တွေ့ကြုံ ခံစားသင့်ပေသည်။

ဆက်လက်၍၊ ကျမ်းစာ၏ အောက်ပါ ကျမ်းပိုဒ်များကို ကြည့်ကြစို့။

၉။ ယေရှုသည် နိမိတ်လက္ခဏာများကို ဆောင်ရွက်၏။

၁။ ယေရှုသည် လူငါးထောင်ကို ကျွေးမွေး၏။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၆:၈-၁၃ ရှိမုန်ပေတရု၏ညီ အန္ဒြေအမည်ရှိသော တပည့်တော်က၊ မုယောမုန့်ငါးလုံးနှင့် ငါးကလေးနှစ်ကောင်ပါသော သူငယ်တယောက်ရှိပါ၏။ သို့သော်လည်း ဤမျှလောက်များစွာသောသူတို့သည်ရှိကြသည်ဖြစ်၍၊ ထိုမုန့်နှင့် ငါးနှစ်ကောင်တို့ကို အဘယ်ပြောစရာ ရှိပါသနည်း ဟုလျှောက်၏။ ယေရှုကလည်း၊ လူများတို့ကိုလျောင်းကြစေဟု မိန့်တော်မူ၏။ ထိုအရပ်၌ မြက်ပင်ထူပြောလျက်ရှိသည် ဖြစ်၍၊ အရေအတွက်အားဖြင့် ငါးထောင်မျှလောက်သော လူတို့သည် လျောင်းကြ၏။ ယေရှုသည်မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ တပည့်တော်တို့အား ဝေငှတော်မူ၍၊ တပည့်တော်တို့သည် လျောင်းသောသူတို့အားဝေငှပြန်၏။ ထိုနည်းတူ ငါးနှစ်ကောင်ကို လူများလိုချင်သမျှ ဝေငှကြ၏။ ထိုသူတို့သည် ဝကြပြီးမှ ကိုယ်တော်က၊ ဘာမျှ မပျောက်စေခြင်းငှာ ကြွင်းကျန်သော အကျိုးအပဲ့တို့ကို ကောက်သိမ်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူသည်ဖြစ်၍၊ စားသောသူတို့၌ ကျန်ကြွင်းသော မုရောမုန့် ငါးလုံး၏ အကျိုးအပဲ့တို့ကို

ကောက်သိမ်း၍ တဆယ်နှစ်တောင်းအပြည့်ရကြ၏။

၂။ လာဇရု၏ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းက ဘုရားသခင်ကို ဘုန်းထင်ရှားစေ၏။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၁:၄၃-၄၄ လာဇရုထွက်၍ လာလော့ဟု ကြီးစွာသောအသံနှင့် ဟစ်ခေါ်တော်မူ၏။ ထိုအခါ သေလွန်သောသူသည် မိမိခြေလက်၌ ပုဆိုးနံငယ်နှင့် ရစ်ပတ်လျက်၊ မျက်နှာကိုလည်း ပုဝါနှင့် စည်းလျက်ထွက်လာ၏။ ယေရှုကလည်း၊ သူ့ကိုဖြည်၍ လွှတ်ကြလော့ဟု မိန့်တော်မူ၏။

သခင်ယေရှု ဆောင်ရွက်ခဲ့သော နိမိတ်လက္ခဏာများထဲမှ ဤနှစ်ခုကိုသာ ငါတို့ ရွေးချယ်ပြီးဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ယင်းတို့သည် ဤနေရာ၌ ငါ ပြောလိုသောအရာကို ထုတ်ဖော်ပြသရန် လုံလောက်သောကြောင့် ဖြစ်သည်။ ဤနိမိတ်လက္ခဏာ နှစ်ခုသည် အမှန်တကယ် အံ့အားသင့်ဖွယ်ဖြစ်ပြီး၊ ကျေးဇူးတော်ခေတ်အတွင်း ဆောင်ရွက်ခဲ့သော သခင်ယေရှု၏ နိမိတ်လက္ခဏာများကို အလွန်ကိုယ်စားပြုပေသည်။

ဦးစွာပထမ ပထမကျမ်းပိုဒ်ကို ကြည့်ကြစို့။ ယေရှုက လူငါးထောင်ကို ကျွေးမွေးသည်။

"မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်" ၏ အယူအဆမှာ အဘယ်နည်း။ ပုံမှန်အားဖြင့် မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ဖြင့် လူမည်မျှကို လုံလုံလောက်လောက် ကျွေးမွေးနိုင်သနည်း။ သာမန်လူတစ်ယောက်၏ စားချင်စိတ်ပေါ်သင်၏ တိုင်းတာမှုကို အခြေခံပါက၊ ဤသည်မှာ လူနှစ်ဦးအတွက်သာ လုံလောက် ပေလိမ့်မည်။ ဤသည်မှာ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်၏ အခြေခံအကျဆုံး အယူအဆဖြစ်သည်။ သို့သော် ဤကျမ်းပိုဒ်တွင် မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ဖြင့် လူမည်မျှကို ကျွေးမွေးခဲ့သနည်း။ ကျမ်းစာ၌ မှတ်တမ်းတင်ထားသည်မှာ အောက်ပါအတိုင်း ဖြစ်သည်- "ထိုအရပ်၌ မြက်ပင် ထူပြောလျက် ရှိသည် ဖြစ်၍၊ အရေအတွက်အားဖြင့် ငါးထောင်မျှလောက်သော လူတို့သည် လျောင်းကြ၏။" မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်နှင့် ယှဉ်ကြည့်လျှင် လူငါးထောင်က အရေအတွက် များသလော။ ဤအရေအတွက် အလွန်များနေခြင်းက မည်သည့်အရာကို ပြသနည်း။ လူသားရှုထောင့်မှ၊ လူများနှင့်အစားအစာကြား ကွာခြားချက် ကြီးမားလွန်းသောကြောင့် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို လူငါးထောင်အကြား ခွဲဝေရန် မဖြစ်နိုင်ပေ။ လူတိုင်းက သေးငယ်သော တစ်ကိုက်သာကိုက်လျှင်ပင် လူငါးထောင် အတွက် လောက်ဦးမည်မဟုတ်ချေ။ သို့သော် ဤနေရာတွင် သခင်ယေရှုက နိမိတ်လက္ခဏာတစ်ခုကို လုပ်ဆောင်ခဲ့သည်- သူသည်

လူငါးထောင်ဗိုက်ပြည့်အောင် စားရသည်ကို သေချာစေခဲ့သည် သာမက၊ အစာအကြွင်းအကျန်များပင် ရှိခဲ့သည်။ ကျမ်းစာက ဤသို့ ရေးသားသည်- "ထိုသူတို့သည် ဝကြပြီးမှ ကိုယ်တော်က၊ ဘာမျှ မပျောက်စေခြင်းငှာ ကြွင်းကျန်သော အကျိုးအပဲ့တို့ကို ကောက်သိမ်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူသည်ဖြစ်၍၊ စားသောသူတို့၌ ကျန်ကြွင်းသော မုရောမုန့် ငါးလုံး၏ အကျိုးအပဲ့တို့ကို ကောက်သိမ်း၍ တဆယ်နှစ်တောင်းအပြည့်ရကြ၏။" ဤနိမိတ်လက္ခဏာသည် လူတို့ကို သခင်ယေရှု၏ ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းကို မြင်နိုင်စေခဲ့ပြီး၊ ဘုရားသခင်အတွက် မဖြစ်နိုင်သောအရာ မရှိသည်ကို မြင်နိုင်စေခဲ့သည်- ဤနည်းဖြင့် ဘုရားသခင်၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းကို ၎င်းတို့ မြင်ခဲ့ကြသည်။ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်သည် လူငါးထောင်ကိုကျွေးရန် လုံလောက်ခဲ့သည်၊ သို့သော် မည်သည့်အစားအစာမျှ မရှိခဲ့ပါက၊ ဘုရားသခင်သည် လူငါးထောင်ကို ကျွေးနိုင်ခဲ့မည်လော။ ကျွေးနိုင်ခဲ့သည်မှာ မှန်ပေသည်။ ဤသည်မှာ နိမိတ်လက္ခဏာတစ်ခုဖြစ်ခဲ့သည်၊ ထို့ကြောင့် လူတို့သည် ယင်းမှာ နားမလည်နိုင်သောအရာ၊ မယုံကြည်နိုင်စရာနှင့် နက်နဲသောအရာဖြစ်သည်ဟု မလွဲမသွေ ခံစားခဲ့ရပေမည်၊ သို့သော် ဘုရားသခင်အတွက်က ထိုသို့သောအရာကို လုပ်ဆောင်ခြင်းသည် ဘာမျှမဟုတ်ချေ။ ဤသည်မှာ ဘုရားသခင်အတွက် သာမန်အမှုအရာတစ်ခု ဖြစ်သည့်အတွက်၊ ယင်းကို အဓိပ္ပာယ်ဖွင့်ရန် အဘယ်ကြောင့် ယခု ကွက်၍ရွေးရသနည်း။ အဘယ့်ကြောင့်ဆိုသော် ဤနိမိတ်လက္ခဏာနောက်ကွယ်တွင် တည်ရှိသောအရာမှာ ယခင်က လူသားမျိုးနွယ်က လုံးဝ မသိမြင်ဖူးသည့် သခင်ယေရှု၏ အလိုတော် ဖြစ်သောကြောင့် ဖြစ်သည်။

ပထမဦးစွာ ဤလူငါးထောင်သည် မည်သည့်လူစားမျိုးများ ဖြစ်သည်ကို နားလည်ရန် ကြိုးစားကြပါစို့။ ၎င်းတို့သည် သခင်ယေရှု၏ နောက်လိုက်များ ဖြစ်ခဲ့ကြသလော။ ကျမ်းစာမှ ၎င်းတို့သည် သူ၏နောက်လိုက်များမဟုတ်သည်ကို ငါတို့ သိရသည်။ သခင်ယေရှုက မည်သူဖြစ်သည်ကို ၎င်းတို့ သိခဲ့ကြသလော။ လုံးဝ မသိခဲ့ကြပေ။ အနည်းဆုံးအနေဖြင့်၊ ၎င်းတို့ရှေ့ရပ်နေသောလူသည် ခရစ်တော်ဖြစ်သည်ကို ၎င်းတို့ မသိခဲ့ပေ၊ သို့မဟုတ် လူအချို့က သူ၏ နာမည်က မည်သည့်အရာဖြစ်သည်ကို သိကောင်းသိနိုင်ပြီး၊ သူ လုပ်ဆောင်ခဲ့သည့်အရာများနှင့်ပတ်သက်သည့် တစ်စုံတစ်ရာကို သိကောင်းသိနိုင်သည် သို့မဟုတ် ကြားခဲ့ဖူးကောင်း ကြားခဲ့ဖူးနိုင်သည်။ သခင်ယေရှုအကြောင်း အဖြစ်အပျက်များကို ၎င်းတို့ ကြားခဲ့ချိန်တွင် သခင်ယေရှုနှင့် ပတ်သက်သည့် ၎င်းတို့၏ သိချင်စိတ်ပြင်းပြမှုက နိုးကြွရုံမျှ ဖြစ်ခဲ့ပေမည်၊ သို့သော် သူ့ကို ၎င်းတို့ သိနားလည်ဖို့ မဆိုထားနှင့် သူ့နောက်ကို ၎င်းတို့ လိုက်ခဲ့ကြသည်ဟု သင်တို့ သေချာပေါက် မပြောနိုင်ပေ။ သခင်ယေရှုက ဤလူငါးထောင်ကို

မြင်သောအခါတွင်၊ ၎င်းတို့သည် ဆာလောင်ပြီး ၎င်းတို့၏ ဗိုက်များဖြည့်ခြင်းငှာသာ စဉ်းစားနိုင်ခဲ့ကြလေသည်၊ ထို့ကြောင့် သခင်ယေရှုက ၎င်းတို့၏ ဆန္ဒကို ဖြည့်ဆည်းခဲ့သည်မှာ ဤဆက်စပ်အကြောင်းအရာ၌ ဖြစ်ပေသည်။ ၎င်းတို့၏ စိတ်ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ချိန်တွင်၊ သူ၏ စိတ်နှလုံးထဲ၌ မည်သည့်အရာ ရှိခဲ့သနည်း။ ဗိုက်ပြည့်အောင်သာ စားချင်နေခဲ့သော ဤလူတို့အပေါ် သူ၏သဘောထားမှာ မည်သည့်အရာဖြစ်ခဲ့သနည်း။ ဤအချိန်တွင် သခင်ယေရှု၏ အတွေးများနှင့် သူ၏ သဘောထားသည် ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရတို့နှင့် ဆက်နွယ်ခဲ့လေသည်။ အစားအစာ အပြည့်အဝ စားရရန်သာလိုချင်ခဲ့သော ဗိုက် ဟာလာဟင်းလင်းနှင့် ဤလူငါးထောင်ကို သူ ရင်ဆိုင်ရသောအခါ၊ သူ့အတွက် သိချင်စိတ်ပြင်းပြမှုနှင့် မျှော်လင့်ချက်တို့ပြည့်နေသော ဤလူတို့ကို ရင်ဆိုင် ရသောအခါတွင်၊ သခင်ယေရှုသည် ၎င်းတို့အပေါ် ကျေးဇူးတော် ချပေးသနားရန် ဤနိမိတ်လက္ခဏာကို အသုံးပြုခြင်းကိုသာ စဉ်းစားခဲ့သည်။ သို့သော် ၎င်းတို့သည် အပျော်သာ ပါဝင်လိုပြီး ၎င်းတို့ ဗိုက်ပြည့်အောင် စားဖို့သာ လိုချင်ခဲ့သည်ကို သူ သိခဲ့သည့်အတွက်၊ ၎င်းတို့အနေဖြင့် သူ၏နောက်လိုက်များ ဖြစ်လာမည်ဟူသည့် သူ၏ မျှော်လင့်ချက်များ မဖြစ်ပေါ် ခဲ့ပေ၊ ထို့ကြောင့် ထိုနေရာ၌ သူ့မှာရှိခဲ့သောအရာကို သူ အကောင်းဆုံးလုပ်ခဲ့ပြီး လူငါးထောင်ကို ကျွေးရန် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို အသုံးပြုခဲ့သည်။ စိတ်လှုပ်ရှားဖွယ်ရာ အမှုအရာများကို မြင်ခြင်းငှာ နှစ်သက်ကြသော ဤလူများ၊ နိမိတ်လက္ခဏာများကို မျက်မြင်တွေ့ကြုံလိုခဲ့ကြသော ဤလူတို့၏ မျက်စိများကို သူ ဖွင့်ပေးခဲ့ပြီး၊ လူ့ဇာတိခံ ဘုရားသခင်က ပြီးမြောက်စေနိုင်သည့် အရာတို့ကို မိမိတို့၏ ကိုယ်ပိုင်မျက်လုံးများဖြင့် ၎င်းတို့ မြင်ခဲ့ကြသည်။ သခင်ယေရှုက ၎င်းတို့၏ သိလိုစိတ်ပြင်းပြမှုကို ဖြည့်ဆည်းရန် သိသာမြင်သာသော အရာတစ်ခုကို အသုံးပြုခဲ့သော်လည်း၊ ဤလူငါးထောင်က အစာကောင်းကောင်းကိုသာ စားလိုသည်ကို သူ့နှလုံးသားထဲ၌ သူသိနှင့်နေခဲ့သည်၊ ထို့ကြောင့် သူသည် ၎င်းတို့ကို မဟောပြောခဲ့ပေ သို့မဟုတ် မည်သည့်အရာမျှ မပြောခဲ့ပေ- ဤနိမိတ်လက္ခဏာကိုသာ ၎င်းတို့အား ဖြစ်သည်အတိုင်း မြင်ခွင့်ပေးခဲ့သည်။ သူသည် ဤလူများကို သူ့နောက် အမှန်တကယ်လိုက်သော သူ၏တပည့်တော်များ နည်းတူ မဆက်ဆံနိုင်ခဲ့ဘဲ၊ သူ၏ စိတ်နှလုံးထဲတွင် ဖန်ဆင်းခံသတ္တဝါအားလုံးသည် သူ၏ အုပ်စိုးမှု အောက်တွင် ရှိပြီး၊ လိုအပ်သောအခါတွင် သူ့မြင်ကွင်း၌ ဖန်ဆင်းခံ သတ္တဝါများအားလုံးအား ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ခွင့်ပြုမည်ဖြစ်သည်။ ဤလူတို့က သူမည်သူ ဖြစ်သည်ကို မသိကြသကဲ့သို့၊ သူ့ကို နားမလည်သော်လည်း၊ သို့မဟုတ် သူနှင့်သက်ဆိုင်သည့် မည်သည့်အထူး ထင်မြင်ချက်တစ်ခုမျှ မရှိခဲ့ကြသော်လည်း၊ သို့မဟုတ် မုန့်နှင့် ငါးများကို

စားခဲ့ပြီးသည့်နောက်တွင်ပင် သူ့အပေါ် ကျေးဇူးတင်ခြင်း မရှိကြသော်လည်း၊ ဤသည်မှာ ဘုရားသခင် အရေးစိုက်သော အရာတစ်ခု မဟုတ်ပေ- သူသည် ဤလူတို့ကို ဘုရားသခင်၏ ကျေးဇူးတော်အား မွေ့လျော်ရန် အလွန် ကောင်းမွန်သော အခွင့်အရေးတစ်ခု ပေးခဲ့သည်။ ဘုရားသခင်က သူလုပ်သောအရာ၌ မူရှိသည်၊ မယုံကြည်သူတို့ကို ကြည့်ရှုခြင်း၊ သို့မဟုတ် ကာကွယ်ခြင်း မပြုလုပ်သကဲ့သို့ အထူးသဖြင့် သူ၏ကျေးဇူးတော်ကို မွေ့လျော်ခံစားရန် ၎င်းတို့ကို အခွင့်မပေးဟု လူအချို့က ပြောကြသည်။ ယင်းမှာ အမှန်တကယ် ဟုတ်ပါသလော။ ဘုရားသခင်၏ အမြင်တွင်၊ ၎င်းတို့သည် သူကိုယ်တိုင် ဖန်ဆင်းခဲ့သော သက်ရှိ သတ္တဝါများဖြစ်ကြသရွေ့ သူသည် ၎င်းတို့ကို စီမံပြီး ဂရုစိုက်မည်ဖြစ်ကာ၊ နည်းလမ်းမျိုးစုံဖြင့် ၎င်းတို့ကို ဆက်ဆံလိမ့်မည်၊ ၎င်းတို့အတွက် စီစဉ်လိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့ကို အုပ်စိုးလိမ့်မည် ဖြစ်သည်။ ဤသည်တို့မှာ အရာအားလုံးအပေါ် ဘုရားသခင်၏ အတွေးများနှင့် သဘောထားတို့ဖြစ်သည်။

မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို စားခဲ့သော လူငါးထောင်သည် သခင်ယေရှုနောက်ကိုလိုက်ရန် အစီအစဉ် မရှိခဲ့ကြသော်လည်း၊ သခင်ယေရှုသည် သူတို့အပေါ် အတင်းတောင်းဆိုမှုများ မပြုခဲ့ပေ။ ၎င်းတို့ ဗိုက်ပြည့်အောင် စားပြီးသည်နှင့်တစ်ပြိုင်နက်၊ သခင်ယေရှု မည်သည့်အရာ လုပ်ဆောင်ခဲ့သည်ကို သင်သိပါသလော။ ၎င်းတို့ကို တစ်ခုတစ်လေမျှ တရားဟောခဲ့သလော။ ဤအရာကို လုပ်ဆောင် ပြီးသည့်နောက်တွင်၊ သူ မည်သည့်နေရာသို့ သွားခဲ့သနည်း။ သခင်ယေရှုက သူတို့ကို တစ်ခုခု ပြောဆိုခဲ့သည်ကို ကျမ်းစာက မှတ်တမ်းတင်မထားပေ၊ သူ၏ နိမိတ်လက္ခဏာများကို ဆောင်ရွက်ခဲ့ပြီးချိန်တွင် တိတ်တဆိတ် ထွက်ခွာသွားသည်ဟုသာ မှတ်တမ်းတင်ထား၏။ သို့ဆိုလျှင် ဤလူတို့အပေါ် သတ်မှတ်ချက်တစ်ခုတစ်လေ သူပြုလုပ်ခဲ့သလော။ မုန်းတီးခြင်းတစ်ခုခု ရှိခဲ့သလော။ ဤအရာများထဲမှ တစ်ခုမျှ မရှိခဲ့ပေ။ သူ့နောက်ကို မလိုက်လိုခဲ့သော ဤလူတို့ကို သူ သက်သက် အာရုံမစိုက် လိုတော့ဘဲ၊ ဤအချိန်တွင် သူ၏နှလုံးသားက နာကျင်ခဲ့ရသည်။ သူသည် လူသားမျိုးနွယ်၏ အကျင့်ပျက်စီးခြင်းကို မြင်ခဲ့ပြီးဖြစ်ကာ သူ့အပေါ် လူသားမျိုးနွယ်၏ ငြင်းပယ်မှုကို ခံစားခဲ့ရပြီးဖြစ်သောကြောင့်၊ ဤလူတို့ကို သူမြင်ခဲ့ပြီး ၎င်းတို့နှင့် အတူရှိခဲ့ချိန်တွင်၊ လူသား၏ တုံးအမှုနှင့် မသိနားမလည်မှုအားဖြင့် သူ ဝမ်းနည်းခဲ့ရပြီး၊ သူ၏နှလုံးသား နာကျင်ခဲ့ရသည်၊ သူ လိုချင်ခဲ့သမျှအားလုံးမှာ ဤလူတို့ကို တတ်နိုင်သမျှ အမြန်ဆုံး ထားခဲ့ရန် ဖြစ်သည်။ သခင်သည် သူ၏ စိတ်နှလုံးထဲတွင် ၎င်းတို့နှင့်သက်ဆိုင်၍ မည်သည့် သတ်မှတ်ချက်မျှ မပြုလုပ်ခဲ့ပေ၊ သူသည် ၎င်းတို့ကို သူအာရုံမစိုက်လိုခဲ့သကဲ့သို့ သာ၍ပင် ၎င်းတို့အပေါ် သူ၏ အားအင်ကို အသုံးမပြုလိုခဲ့ပေ။ ၎င်းတို့က သူ့နောက် မလိုက်နိုင်ကြသည်ကို သူသိခဲ့သည်၊ သို့သော် ဤအရာ

အားလုံးဖြစ်နေသော်လည်း၊ ၎င်းတို့အပေါ် သူ၏ သဘောထားက အလွန်ရှင်းလင်းနေဆဲဖြစ်သည်။ ၎င်းတို့ကို ကြင်နာစွာ ဆက်ဆံရန်၊ ၎င်းတို့အပေါ် ကျေးဇူးတော် အပ်နှင်းရန်သာ သူ လိုချင်ခဲ့ပြီး၊ ဤသည်မှာ သူ၏ အုပ်စိုးမှုအောက်၌ရှိသည့် ဖန်ဆင်းခံသတ္တဝါတိုင်းအပေါ် ဘုရားသခင်၏ သဘောထား ဧကန်အမှန် ဖြစ်ပေသည်- ဖန်ဆင်းခံသတ္တဝါတိုင်းကို ကြင်နာစွာ ဆက်ဆံရန်၊ ၎င်းတို့အတွက် ထောက်ပံ့ပြီး အားဖြည့်ပေးရန် ဖြစ်သည်။ သခင်ယေရှုက လူ့ဇာတိခံ ဘုရားသခင်ဖြစ်ခဲ့ရသည့် အကြောင်းရင်းအတွက်၊ သူသည် ဘုရားသခင်ကိုယ်တိုင်၏ အနှစ်သာရကို အလွန် သဘာဝကျစွာ ထုတ်ဖော်ပြပြီး၊ ဤလူတို့ကို ကြင်ကြင်နာနာနှင့် ဆက်ဆံခဲ့သည်။ ၎င်းတို့ကို စေတနာစိတ်နှင့် သည်းခံခြင်းဖြင့် ဆက်ဆံခဲ့ပြီး၊ ထိုသို့သော စိတ်နှလုံးတစ်ခုဖြင့် ၎င်းတို့ကို ကြင်နာမှု ပြသခဲ့သည်။ သခင်ယေရှုကို ဤလူတို့က မည်သို့မြင်သည်ဖြစ်စေ၊ ပြီးလျှင် မည်သို့သောရလဒ် ရှိမည်ဖြစ်စေ၊ သူသည် အဖန်ဆင်းခံ သတ္တဝါတိုင်းကို ဖန်ဆင်းခြင်းအားလုံး၏ အရှင်သခင်အဖြစ် သူ၏အနေအထားအပေါ် အခြေခံပြီး ဆက်ဆံခဲ့သည်။ သူ ထုတ်ဖော်ပြခဲ့သော အရာတိုင်းသည် ခြွင်းချက်မရှိ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်း ဖြစ်သည်။ သခင်ယေရှုသည် တိတ်တဆိတ် ဤအရာကို လုပ်ဆောင်ခဲ့ပြီးနောက် တိတ်တဆိတ် ထွက်ခွာသွားခဲ့သည်- ဤသည်မှာ ဘုရားသခင်၏ စိတ်သဘောထား၏ မည်သည့် လက္ခဏာသွင်ပြင်ဖြစ်သနည်း။ ဤသည်မှာ ဘုရားသခင်၏ ချစ်ခင်ကြင်နာခြင်းဖြစ်သည်ဟု သင်တို့ ဆိုနိုင်သလော။ ဤသည်မှာ ဘုရားသခင်၏ ကိုယ်ကျိုးမငဲ့ခြင်းဖြစ်သည်ဟု သင်ဆိုနိုင်မည်လော။ ဤသည်မှာ သာမန်လူတစ်ဦး လုပ်ဆောင်နိုင်စွမ်းရှိသည့် အရာတစ်ခု ဖြစ်သလော။ လုံးဝ မဟုတ်ပေ။ အနှစ်သာရအားဖြင့် သခင်ယေရှုက မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ဖြင့် ကျွေးမွေးခဲ့သော ဤလူငါးထောင်သည် မည်သူများ ဖြစ်သနည်း။ ၎င်းတို့သည် သခင်ယေရှုနှင့် သဟဇာတဖြစ်သောသူများ ဖြစ်သည်ဟု သင်တို့ ဆိုနိုင်မည်လော။ ၎င်းတို့အားလုံးသည် ဘုရားသခင်ကို ရန်လိုသောသူများဖြစ်သည်ဟု သင် ဆိုနိုင်သလော။ ၎င်းတို့သည် သခင်နှင့် လုံးဝ သဟဇာတမဖြစ်ခဲ့ကြသကဲ့သို့၊ ၎င်းတို့၏ အနှစ်သာရသည် ဘုရားသခင်ကို လုံးဝ ရန်လိုသည်ဟု အသေအချာ ပြော၍ရသည်။ သို့သော် ဘုရားသခင်သည် ၎င်းတို့ကို မည်သို့ ဆက်ဆံခဲ့သနည်း။ ဘုရားသခင်အပေါ် လူတို့၏ ရန်လိုမှုကို ထိန်းသိမ်းရန် နည်းလမ်းတစ်ခုကို သူအသုံးပြုခဲ့သည်- ဤနည်းလမ်းကို “ကြင်နာခြင်း” ဟုခေါ်သည်။ ဆိုလိုသည်မှာ သခင်ယေရှုက ဤလူတို့ကို အပြစ်သားများအဖြစ် မြင်ခဲ့သော်လည်း၊ မည်သို့ပင်ဆိုစေ ဘုရားသခင်၏ အမြင်တွင် ၎င်းတို့သည် သူ၏ ဖန်ဆင်းခြင်း ဖြစ်ခဲ့သည်၊ ထို့ကြောင့် သူသည်

ဤအပြစ်သားများကို ကြင်နာစွာ ဆက်ဆံဆဲပင်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ သည်းခံခြင်းဖြစ်ပြီး ဤသည်းခံခြင်းကို ဘုရားသခင် ကိုယ်တော်တိုင်၏ ပင်ကိုလက္ခဏာနှင့် အနှစ်သာရတို့က သတ်မှတ်လေသည်။ ထို့ကြောင့် ဤသည်မှာ ဘုရားသခင် ဖန်ဆင်းခဲ့သော မည်သည့်လူသားကမျှ လုပ်ဆောင်နိုင်စွမ်း မရှိသည့် အရာတစ်ခု ဖြစ်သည်- ဘုရားသခင်သာလျှင် ဤအရာကို လုပ်နိုင်၏။

သင်သည် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ အတွေးများနှင့် သဘောထားကို အမှန်တကယ် အသိအမှတ် ပြုနိုင်သောအခါတွင်၊ သင်သည် ဘုရားသခင်၏ စိတ်ခံစားမှုများနှင့် ဖန်ဆင်းခံတစ်ဦးစီအတွက် သူ၏ ပူပန်မှုကို အမှန်တကယ် နားလည်နိုင်သောအခါတွင်၊ ဖန်ဆင်းရှင်က ဖန်ဆင်းခဲ့သော လူတို့တစ်ဦးချင်းစီတိုင်းအပေါ် ကုန်ဆုံးခဲ့သော ကြီးမားသောသံယောဇဉ်နှင့် ချစ်ခြင်းမေတ္တာကို သင် နားလည်နိုင်လိမ့်မည် ဖြစ်သည်။ ဤအရာ ဖြစ်ပျက်သောအခါတွင်၊ ဘုရားသခင်၏ ချစ်ခြင်းကို ဖော်ပြရန် စကားလုံးနှစ်လုံးကို သင်အသုံးပြုလိမ့်မည်။ ထို စကားလုံး နှစ်လုံးမှာ မည်သည့်အရာများ ဖြစ်သနည်း။ လူအချို့က "ကိုယ်ကျိုးမငဲ့" ဟုပြောကြပြီး လူအချို့က "ပရဟိတ" ဟုပြောကြသည်။ ဤနှစ်ခုထဲမှ "ပရဟိတ" သည် ဘုရားသခင်၏ ချစ်ခြင်းကိုဖော်ပြရန် မသင့်တော်ဆုံးသော စကားလုံးဖြစ်သည်။ ဤသည်မှာ သဘောထားကြီးသောသူ သို့မဟုတ် တစ်ယူသန်အစွဲမထားသော သူတစ်ဦးကို ဖော်ပြရန် လူတို့ အသုံးပြုသော စကားလုံးတစ်လုံးဖြစ်သည်။ ဤစကားလုံးကို ငါ စက်ဆုပ်ရွံရှာ၏၊ အဘယ့်ကြောင့်ဆိုသော် ယင်းသည် အခြေခံသဘောတရားကို မစဉ်းစားဘဲ၊ လက်လွတ်စပယ် အလှူဒါနကို ကြံရာကျပန်း ပေးဝေခြင်းကို ရည်ညွှန်းသောကြောင့် ဖြစ်သည်။ ယင်းသည် မိုက်မဲပြီး စိတ်မရှင်းလင်းသော လူတို့အဖို့ ဖြစ်နေကျအရာဖြစ်သည့် အလွန် စိတ်ကူးယဉ်ဆန်သော လိုအင်ဆန္ဒတစ်ခု ဖြစ်သည်။ ဤစကားလုံးကို ဘုရားသခင်၏ချစ်ခြင်းအား ဖော်ပြရန် အသုံးပြုသောအခါ၊ ပြစ်မှားစော်ကားသော ဂယက်အနက် မလွဲမသွေ ရှိသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပိုပြီး လိုက်ဖက်စွာ ဖော်ပြသော စကားလုံးနှစ်လုံး ငါ့မှာရှိသည်။ ၎င်းတို့သည် မည်သည့်အရာများ ဖြစ်သနည်း။ ပထမတစ်ခုက "အလွန့်အလွန် ကြီးမားသော" ဖြစ်သည်။ ဤစကားလုံးသည် စိတ်အာရုံကို အလွန်နှိုးဆွပေးသည် မဟုတ်လော။ဒုတိယမှာ "အလွန်ကြီးမားကျယ်ပြန့်သော" ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းကို ဖော်ပြရန် ငါ အသုံးပြုသော ဤစကားလုံးနှစ်လုံး နောက်တွင် စစ်မှန်သော အဓိပ္ပာယ်ရှိ၏။ တိုက်ရိုက်ယူရလျှင်၊ "အလွန့်အလွန်ကြီးမားသော"က အရာဝတ္ထု တစ်ခု၏ ထုထည်၊ သို့မဟုတ် လုပ်နိုင်စွမ်းကို ဖော်ပြသည်၊ သို့သော် ထိုအရာက မည်မျှကြီးသည်ကို ပဓာနမထားဘဲ၊

ယင်းသည် လူတို့ ထိနိုင်၊ မြင်နိုင်သော အရာတစ်ခု ဖြစ်သည်။ ဤသည်မှာ ထိုအရာ တည်ရှိသောကြောင့် ဖြစ်သည်- ယင်းသည် စိတ်ကူးသက်သက် ဖြစ်သော အရာဝတ္ထုတစ်ခု မဟုတ်ဘဲ၊ အတော်အတန် မှန်ကန်တိကျပြီး လက်တွေ့ကျသော နည်းလမ်းဖြင့် လူတို့ကို စိတ်ကူးများပေးနိုင်သည့် အရာတစ်ခု ဖြစ်သည်။ ယင်းသည် စစ်မှန်သော နည်းလမ်းဖြင့် တကယ်တည်ရှိသော အရာဖြစ်သောကြောင့်၊ သင်သည် ယင်းကို ရှုထောင့် နှစ်ခုမှ ကြည့်သည်ဖြစ်စေ သုံးခုမှ ကြည့်သည်ဖြစ်စေ၊ ယင်း၏ တည်ရှိမှုကို သင် စိတ်ကူးကြည့်ရန် မလိုအပ်ပေ။ ဘုရားသခင်၏ ချစ်ခြင်းကို ဖော်ပြရန် "အလွန့်အလွန် ကြီးမားသော" ဆိုသည်ကို အသုံးပြုခြင်းသည် သူ၏ချစ်ခြင်းကို တိုင်းတာဖို့ ကြိုးစားအားထုတ်မှုတစ်ခု ကဲ့သို့ ခံစားရနိုင်သော်လည်း၊ ယင်းက သူ၏ ချစ်ခြင်းမေတ္တာသည် တိုင်းတာ၍မရနိုင်ဟူသော ခံစားချက်ကိုလည်း ပေးသည်။ ဘုရားသခင်၏ ချစ်ခြင်းသည် အနှစ်မဲ့မဟုတ်သကဲ့သို့၊ ဒဏ္ဍာရီနှင့်ဆိုင်သည့် အရာတစ်ခုလည်း မဟုတ်သောကြောင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တိုင်းတာ၍ ရနိုင်သည်ဟု ငါပြောလိုသည်။ ယင်းထက် ထိုအရာသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်၌ အရာခပ်သိမ်း ဝေမျှခံစားသော အရာတစ်ခု၊ အဆင့်အမျိုးမျိုးနှင့် မတူညီသော ရှုထောင့်တို့မှ ဖန်ဆင်းခံအားလုံးက မွေ့လျော်ခံစားရသော အရာတစ်ခု ဖြစ်သည်။ လူတို့သည် ယင်းကို မမြင်နိုင်သကဲ့သို့ မထိနိုင်သော်လည်း၊ ဤချစ်ခြင်းသည် အရာအားလုံးထံ ၎င်းတို့၏ အသက်တာများတွင် နည်းနည်းချင်း ထုတ်ဖော် ပြသည်နှင့်အမျှ အာဟာရနှင့် အသက်ကို ဆောင်ကြဉ်းပေးပြီး၊ ၎င်းတို့သည် ကုန်လွန်သည့် အချိန်တိုင်း၌ ၎င်းတို့ မွေ့လျော်ခံစားသည့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ရေတွက်ပြီး သက်သေခံလေသည်။ အရာအားလုံးကို ဘုရားသခင် ပံ့ပိုးပေးခြင်းနှင့် အားဖြည့်ပေးခြင်းတို့နှင့် သက်ဆိုင်သည့် နက်နဲမှုသည် အရာခပ်သိမ်းအတွက် နှင့် အထူးသဖြင့် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ အတွေးများနည်းတူ လူသားများအတွက် နားလည် သဘောပေါက်ရန် ခက်ခဲသော အရာတစ်ခု ဖြစ်သောကြောင့်၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် တိုင်းတာ၍ မရနိုင်ဟု ငါ ပြောမည်။ ဆိုလိုသည်မှာ၊ လူသားမျိုးနွယ်အတွက် ဖန်ဆင်းရှင် သွန်းလောင်းခဲ့ရသော သွေးနှင့် မျက်ရည်များကို အဘယ်သူမျှ မသိပေ။ သူကိုယ်တိုင်၏လက်များဖြင့် ဖန်ဆင်းခဲ့သော လူသားမျိုးနွယ် အတွက် ဖန်ဆင်းရှင်၏ချစ်ခြင်း၏ နက်ရှိုင်းမှု သို့မဟုတ် အလေးချိန်ကို မည်သူမျှသဘောမပေါက်နိုင်၊ မည်သူမျှ နားမလည်နိုင်ပေ။ ဘုရားသခင်၏ ချစ်ခြင်းကို အလွန့်အလွန် ကြီးမားသောအရာအဖြစ် ဖော်ပြခြင်းက ယင်း၏ အကျယ်အဝန်းနှင့် ယင်း၏ဖြစ်တည်မှု အမှန်တရားကို လူတို့အား အသိအမှတ်ပြုကာ နားလည်စေရန် ကူညီပေးဖို့ ဖြစ်သည်။ ယင်းသည် "ဖန်ဆင်းရှင်" ဟူသော စကားလုံး၏ တကယ့်အဓိပ္ပာယ်ကို လူတို့ သာ၍

နက်ရှိုင်းစွာ နားလည်သဘောပေါက်နိုင်ရန်အလို့ငှာနှင့် “ဖန်ဆင်ခြင်း” ဟူသော အမည်နာမ၏ စစ်မှန်သော အဓိပ္ပာယ်နှင့် သက်ဆိုင်သည့် သာ၍ နက်ရှိုင်းသော သိနားလည်မှုကို လူတို့ ရရှိနိုင်ရန်အလို့ငှာလည်း ဖြစ်သည်။ “အလွန်ကြီးမားကျယ်ပြန့်သော” ဆိုသည့် စကားလုံးက မည်သည့်အရာကို ဖော်ပြလေ့ရှိသနည်း။ ယင်းကို သမုဒ္ဒရာ သို့မဟုတ် စကြဝဠာကို ဖော်ပြရန် ယေဘုယျအားဖြင့် အသုံးပြုသည်၊ ဥပမာအားဖြင့်- အလွန်ကြီးမားကျယ်ပြန့်သော စကြဝဠာ၊ သို့မဟုတ် အလွန်ကြီးမားကျယ်ပြန့်သော သမုဒ္ဒရာ ဟူ၍ ဖြစ်သည်။ စကြဝဠာ၏ ကျယ်ပြန့်မှုနှင့် ဆိတ်ငြိမ်သော နက်ရှိုင်းမှုသည် လူသား၏ နားလည်မှုကို ကျော်လွန်၏။ ယင်းသည် လူသား၏ စိတ်ကူးစိတ်သန်းကို ဖမ်းစားသော အရာတစ်ခု၊ ၎င်းတို့ ကြီးမားသည့် ရှုမောမှုခံစားရသည့် အရာတစ်ခု ဖြစ်သည်။ ယင်း၏ ထူးခြားဆန်းကြယ်မှုနှင့် နက်နဲမှုသည် မြင်ကွင်းအတွင်းတွင် ရှိသော်လည်း၊ လက်လှမ်း မမီနိုင်သော နေရာ၌ရှိ၏။ သမုဒ္ဒရာကို သင် စဉ်းစားသောအခါ၊ ယင်း၏ အကျယ်အဝန်းကို သင်စဉ်းစားသည်- အကန့်အသတ် မရှိဘူးဟု ထင်ရပြီး၊ ယင်း၏ ဆန်းကြယ်မှုနှင့် အမှုအရာများကို ကြီးမားသည့် ထိန်းသိမ်းနိုင်စွမ်းအား သင်ခံစားနိုင်သည်။ ဤသည်မှာ ဘုရားသခင်၏ချစ်ခြင်းကို ဖော်ပြရန်၊ ယင်းက မည်မျှ တန်ဖိုးရှိသည် ခံစားစေဖို့ လူများကို ကူညီပေးရန်၊ သူ၏ ချစ်ခြင်းမေတ္တာ၏ နက်နဲသည့် လှပမှုနှင့် ဘုရားသခင် ချစ်ခြင်းမေတ္တာ၏ တန်ခိုးသည် အဆုံးမဲ့ဖြစ်ကာ ကျယ်ပြန့်သည်ကို ခံစားစေဖို့ “အလွန်ကြီးမားကျယ်ပြန့်သော” ဟူသည့် စကားလုံးကို ငါ အသုံးပြုရသည့် အကြောင်းရင်း ဖြစ်သည်။ သူ၏ချစ်ခြင်းမေတ္တာ၏ သန့်ရှင်းခြင်းနှင့် သူ၏ချစ်ခြင်း မှတစ်ဆင့် ထုတ်ဖော်ပြသော ဘုရားသခင်၏ ဂုဏ်သိက္ခာနှင့် ပုန်ကန်ပြစ်မှား၍ မရခြင်းတို့ကို ခံစားနိုင်ရန် လူတို့ကို ကူညီပေးဖို့ ဤစကားလုံးကို ငါ အသုံးပြုခဲ့သည်။ ယခု “အလွန်ကြီးမားကျယ်ပြန့်သော” ဟူသည်မှာ ဘုရားသခင်၏ ချစ်ခြင်းကို ဖော်ပြရန် သင့်တော်သော စကားလုံးဖြစ်သည်ဟု သင်တို့ထင်သလော။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို “အလွန့်အလွန်ကြီးမားသော” နှင့် “အလွန်ကြီးမားကျယ်ပြန့်သော” ဟူသည့် စကားလုံးနှစ်လုံးနှင့် ကိုက်ညီနိုင်သလော။ လုံးဝကိုက်ညီနိုင်သည်။ လူသားဘာသာစကားဖြင့်၊ ဤစကားလုံးနှစ်လုံးသည်သာ အတော်အတန် သင့်တော်ပြီး၊ ဘုရားသခင်၏ ချစ်ခြင်းကို ဖော်ပြရန် အတော်အတန် နီးစပ်ပေသည်။ သင်တို့သည် ထိုသို့ မထင်ပါသလော။ သင်တို့ကို ဘုရားသခင်၏ ချစ်ခြင်းအား ဖော်ပြစေမည်ဆိုပါက၊ ဤစကားလုံးနှစ်လုံးကို သင်တို့ သုံးကြမည်လော။ အများဆုံးဖြစ်နိုင်ချေမှာ၊ သင်တို့ သုံးမည် မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်သက်ဆိုင်သည့် သင်တို့၏ သိနားလည်ခြင်းနှင့် အသိအမှတ်ပြုခြင်းတို့သည် ရှုထောင့် နှစ်ဖက်မြင် အတိုင်းအတာအထိသာ ကန့်သတ်ထားပြီး၊ သုံးဖက်မြင် နေရာအမြင့်သို့

မတက်လှမ်းသေးသောကြောင့် ဖြစ်သည်။ သို့ဆိုလျှင် သင်တို့ကို ဘုရားသခင်၏ ချစ်ခြင်းအား ဖော်ပြစေမည်ဆိုပါက၊ သင်တို့သည် စကားလုံးကင်းမဲ့သည်ဟု ခံစားရပေမည်၊ သို့မဟုတ် သင်တို့ကို အာစေးမိကောင်း မိသွားစေမည် ဖြစ်သည်။ ယနေ့ ငါပြောပြီးသည့် ဤစကားလုံး နှစ်လုံးသည် သင်တို့အတွက် နားလည်ရန် ခက်ကောင်း ခက်နိုင်သည်၊ သို့မဟုတ် သင်တို့ တကယ်ကို သဘောတူကောင်း တူနိုင်မည်မဟုတ်ပေ။ ဤအရာက ဘုရားသခင်၏ချစ်ခြင်းအပေါ် သင်၏ အသိအမှတ်ပြုခြင်းနှင့် နားလည်ခြင်းသည် အပေါ်ယံဆန်ပြီး ကျဉ်းမြောင်းသော အတိုင်းအတာထိ ကန့်သတ်ထားသည်ဟုသာ ပြသပေသည်။ ဘုရားသခင်သည် ကိုယ်ကျိုးမငဲ့ဟု ယခင်က ငါပြောပြီးဖြစ်သည်။ "ကိုယ်ကျိုးမငဲ့သော" ဟူသည့် ဤစကားကို သင်တို့ မှတ်မိသည်။ ဘုရား၏ချစ်ခြင်းမေတ္တာကို ကိုယ်ကျိုးမငဲ့သော မေတ္တာအဖြစ်သာ ဖော်ပြ၍ ရနိုင်သည်မှာ ဖြစ်နိုင်မည်လော။ ဤသည်မှာ အတိုင်းအတာ အလွန်ကျဉ်းသည် မဟုတ်လော။ ယင်းမှ တစ်ခုခုရရှိနိုင်ဖို့အလို့ငှာ ဤကိစ္စကို သင်တို့ သာ၍ တွေးဆသင့်သည်။

အထက်ကအရာမှာ ပထမဆုံး နိမိတ်လက္ခဏာမှ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အနှစ်သာရကို ငါတို့ မြင်ခဲ့သည့် အရာဖြစ်သည်။ ဤသည်မှာ လူတို့ နှစ်ထောင်ပေါင်းအချို့ ဖတ်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သော်လည်း၊ ယင်းသည် ရိုးရှင်းသော ဇာတ်ကွက်တစ်ခုရှိပြီး ရိုးရှင်းသော ဖြစ်ရပ်ကို လူတို့အား မြင်စေသည်၊ သို့သော် ဤရိုးရှင်းသော ဇာတ်ကွက်၌ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ဖြစ်သည့် သာ၍ အဖိုးတန်သော အရာတစ်ခုကို ငါတို့ မြင်နိုင်သည်။ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်း ဖြစ်သည့် ဤအရာများသည် ဘုရားသခင်ကိုယ်တော်တိုင်ကို ကိုယ်စားပြုပြီး ဘုရားသခင်ကိုယ်တော်တိုင်၏ အတွေးများနှင့် သက်ဆိုင်သည့် ဖော်ပြချက်တစ်ခုဖြစ်သည်။ ဘုရားသခင်က သူ၏အတွေးများကို ဖော်ပြသောအခါ၊ ယင်းသည် သူ၏စိတ်နှလုံး သဘောထား၏ ဖော်ပြခြင်း တစ်ခုဖြစ်သည်။ သူသည် သူ့ကိုနားလည်နိုင်သောလူများ၊ သူ့ကို သိနိုင်သောလူများနှင့် သူ၏အလိုတော်ကို သဘောပေါက်နိုင်သကဲ့သို့၊ သူ၏ စိတ်နှလုံး သဘောထားကို ကြားနိုင်ပြီး သူ၏ အလိုတော်ကို ဖြည့်ဆည်းဖို့ တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်နိုင်သောသူများ ရှိလိမ့်မည်ဟု မျှော်လင့်သည်။ သခင်ယေရှုလုပ်ဆောင်ခဲ့သော ဤအရာများသည် ဘုရားသခင်၏ အသံမဲ့ ဖော်ပြချက်တစ်ခု ဖြစ်ခဲ့သည်။

ဆက်လက်၍၊ အောက်ပါ ကျမ်းပိုဒ်ကို ကြည့်ကြစို့- လာဇရု၏ သေခြင်းမှ

ရှင်ပြန်ထမြောက်ခြင်းက ဘုရားသခင်ကို ဘုန်းထင်ရှားစေသည်။

ဤကျမ်းပိုဒ်ကိုဖတ်ပြီးနောက် မည်သည့် ထင်မြင်ချက် သင်တို့ ရှိကြသနည်း။ လူသေကို အုတ်ဂူမှ ပြန်ပြီး ရှင်စေခြင်းထက် မည်သည့်နိမိတ်လက္ခဏာမျှ သာ၍ အံ့အားသင့်ဖွယ် မဖြစ်သောကြောင့်၊ သခင်ယေရှု ဆောင်ရွက်ခဲ့သည့် ဤနိမိတ်လက္ခဏာ၏ အဓိပ္ပာယ်မှာ ယခင်တစ်ခုထက် သာ၍ ကြီးမားသည်။ ထိုခေတ်တွင် သခင်ယေရှုက ဤသို့သော အရာမျိုးကိုလုပ်ဆောင်ခြင်းသည် အလွန့်အလွန် အရေးပါခဲ့ပေသည်။ ဘုရားသခင်သည် လူ့ဇာတိခံယူခဲ့ပြီးဖြစ်သောကြောင့်၊ လူတို့သည် သူ၏ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်၊ သူ၏ လက်တွေ့ကျသောဘက်နှင့် သူ၏ မထင်ရှားသောအပိုင်းကိုသာ မြင်နိုင်ခဲ့ကြသည်။ လူအချို့က သူ၏ အကျင့်စရိုက်နှင့် သက်ဆိုင်သည့် အရာတစ်ခုကို သို့မဟုတ် သူပိုင်ဆိုင်ပုံရသည့် အထူး စွမ်းရည်အချို့ကို မြင်ခဲ့ပြီး နားလည်ခဲ့လျှင်ပင် သခင်ယေရှု မည်သည့်နေရာက လာသည်၊ သူ၏အနှစ်သာရ၌ သူသည် အမှန်တကယ် မည်သူဖြစ်သည်ဆိုသည်နှင့် မည်သည့် အခြားသော အရာများကို သူ လုပ်ဆောင်နိုင်စွမ်းရှိသည် ဆိုသည်တို့ကို မည်သူမျှ မသိခဲ့ပေ။ ဤအရာအားလုံးကို လူသားမျိုးနွယ်က မသိခဲ့ကြပေ။ လူများစွာက သခင်ယေရှုနှင့် ပတ်သက်သည့် ဤမေးခွန်းများကို ဖြေရန် သက်သေအထောက်အထားကို ရှာတွေ့ချင်ခဲ့ကြပြီး၊ အမှန်တရားကို သိချင်ခဲ့ကြသည်။ ဘုရားသခင်သည် သူကိုယ်တော်တိုင်၏ ပင်ကိုလက္ခဏာကို သက်သေပြရန် တစ်ခုခုကို လုပ်ပြနိုင်မည်လော။ ဘုရားသခင်အတွက်၊ ဤသည်မှာ အလွယ်ကလေး ဖြစ်သည်- ယင်းသည် အလွန်လွယ်ကူသောအရာ ဖြစ်ခဲ့သည်။ သူ၏ ပင်ကိုလက္ခဏာနှင့် အနှစ်သာရကို သက်သေပြရန် မည်သည့် နေရာ၌မဆို၊ မည်သည့်အချိန်၌မဆို တစ်စုံတစ်ရာကို သူ လုပ်ဆောင်နိုင်သည်၊ သို့သော် ဘုရားသခင်သည် အမှုအရာများကို- အစီအစဉ်တစ်ခုနှင့် အဆင့်တို့ဖြင့်- လုပ်ဆောင်သည့် သူ၏ ကိုယ်ပိုင်နည်းလမ်း ရှိခဲ့လေသည်။ သူသည် အမှုအရာများကို လက်လွတ်စပယ် မလုပ်ဆောင်ခဲ့ဘဲ၊ ယင်းထက် လူသားကို သူ မြင်ခွင့်ပေးမည့် အရာတစ်ခု၊ အဓိပ္ပာယ်နှင့် အမှန်တကယ် ပြည့်လျှမ်းခဲ့သည့် အရာတစ်ခုကိုလုပ်ဆောင်ရန် မှန်ကန်သော အချိန်နှင့် မှန်ကန်သော အခွင့်အရေးကို သူကြည့်သည်။ ဤနည်းဖြင့် သူ၏ဩဇာအာဏာနှင့် သူ၏ ပင်ကိုလက္ခဏာကို သူ သက်သေပြခဲ့သည်။ သို့ဆိုလျှင် လာဇရု၏ ရှင်ပြန်ထမြောက်ခြင်းက သခင်ယေရှု၏ ပင်ကိုလက္ခဏာကို သက်သေပြနိုင်မည်လော။ ကျမ်းစာ၏ အောက်ပါကျမ်းပိုဒ်ကို ကြည့်ကြစို့- "လာဇရုထွက်၍လာလော့ဟု ကြီးစွာသောအသံနှင့် ဟစ်ခေါ်တော်မူ၏။ ထိုအခါ သေလွန်သောသူသည် ထွက်လာ၏။" သခင်ယေရှုက ဤအရာကို လုပ်ဆောင်ခဲ့ချိန်တွင်၊ တစ်ခုသာ သူပြောခဲ့သည်- "လာဇရုထွက်၍လာလော့။" ထို့နောက်

လာဇရုက သူ့အုတ်ဂူမှ ထွက်လာခဲ့သည်- ဤသည်မှာ သခင် မြွက်ကြားခဲ့သော စကားအနည်းငယ်မျှကြောင့် ပြီးမြောက်ခဲ့ခြင်း ဖြစ်သည်။ ဤအချိန်အတောအတွင်းတွင်၊ သခင်ယေရှုသည် ယဇ်ပလ္လင် တစ်ခု မပြင်ဆင်ခဲ့သကဲ့သို့ အခြား လုပ်ဆောင်ချက်တို့ကို မလုပ်ဆောင်ခဲ့ပေ။ ဤတစ်ခုသာ သူပြောခဲ့သည်။ ဤသည်ကို နိမိတ်လက္ခဏာတစ်ခုဟု ခေါ်မည်လော၊ အမိန့်တစ်ခုဟု ခေါ်မည်လော။ သို့မှမဟုတ် မှော်ပညာအမျိုးအစား တချို့လော။ အပေါ်ယံအားဖြင့်၊ နိမိတ်လက္ခဏာတစ်ခုဟု ခေါ်၍ရသည် ဟုထင်ရပြီး၊ ခေတ်ပေါ် ရှုထောင့်မှကြည့်ပါက၊ ယင်းကို နိမိတ်လက္ခဏာတစ်ခုဟု သင်တို့ ဧကန် ခေါ်၍ရနိုင်ဆဲ ဖြစ်၏။ သို့သော် ယင်းမှာ ဝိညာဉ်တစ်ခုကို သေခြင်းမှ ပြန်ခေါ် ဖို့ဟု ယူဆရသည့် ပယောဂမျိုးဟု သေချာပေါက် မှတ်ယူ၍မရနိုင်သကဲ့သို့ မည်သည့် မှော်ပညာအမျိုးအစားမျှ လုံးဝ မဟုတ်ခဲ့ပေ။ ဤနိမိတ်လက္ခဏာသည် ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့် သက်ဆိုင်သည့် ပုံမှန်အဖြစ်ဆုံးနှင့် သေးငယ်သော ဖော်ပြချက်တစ်ခုဖြစ်သည်ဟု ဆိုရန်မှာ မှန်ကန်ပေသည်။ ဤသည်မှာ ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုး ဖြစ်သည်။ လူတစ်ယောက်ကို သေစေရန်၊ သူ၏ ဝိညာဉ်အား သူ၏ကိုယ်ခန္ဓာမှ ထွက်ပြီး မရဏာနိုင်ငံကို ပြန်သွားစေရန် သို့မဟုတ် ၎င်း သွားသင့်သည့် အခြားမည်သည့် နေရာကိုမဆို ပြန်သွားစေရန် ဘုရားသခင်၌ ဩဇာအာဏာ ရှိသည်။ လူတစ်ဦး သေဆုံးချိန်နှင့် သေဆုံးပြီးနောက် ၎င်းတို့ သွားမည့်နေရာ- ဤအရာတို့ကို ဘုရားသခင်က သတ်မှတ်သည်။ သူသည် ဤဆုံးဖြတ်ချက်များကို လူသားများ၊ အဖြစ်အပျက်များ၊ အရာဝတ္ထုများ၊ နေရာ သို့မဟုတ် တည်နေရာတို့၏ ကန့်သတ်ထားခြင်းကို မခံရဘဲ အချိန်မရွေး၊ နေရာမရွေး လုပ်ဆောင်နိုင်သည်။ အရာခပ်သိမ်းနှင့် သက်ရှိသတ္တဝါအားလုံး သူ၏ အုပ်စိုးမှုအောက်တွင်ရှိပြီး အရာခပ်သိမ်းသည် သူ၏ နှုတ်ကပတ်တော်နှင့် သူ၏ ဩဇာအာဏာအားဖြင့် တိုးတက်ပွားများသောကြောင့်၊ တည်ရှိပြီး ပျက်စီးကြ သောကြောင့်၊ ထိုအရာကို သူ လုပ်ဆောင်ချင်ပါက၊ သူ လုပ်ဆောင်နိုင်သည်။ သူသည် လူသေတစ်ဦးကို ပြန်ရှင်စေနိုင်ပြီး၊ ဤသည်မှာလည်း အချိန်မရွေး၊ နေရာမရွေး သူ လုပ်ဆောင်နိုင်သည့် အရာတစ်ခု ဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းရှင်တစ်ပါးတည်းသာ ပိုင်ဆိုင်သော ဩဇာအာဏာ ဖြစ်သည်။

သခင်ယေရှုသည် လာဇရုကို သေခြင်းမှ ပြန်ရှင်စေခြင်း ကဲ့သို့သော အရာများကို လုပ်ဆောင်ခဲ့ချိန်တွင်၊ သူ၏ ရည်မှန်းချက်မှာ လူသားများအတွက် သက်သေပေးရန်နှင့် စာတန်ကို မြင်စေရန်အတွက်ဖြစ်ပြီး လူသားများနှင့် စာတန်ကို လူသားမျိုးနွယ်နှင့် ပတ်သက်သည့်အရာတိုင်း၊ လူသားမျိုးနွယ်၏ ရှင်ခြင်းနှင့် သေခြင်းတို့ကို ဘုရားသခင် သတ်မှတ်ကြောင်းနှင့် သူသည် လူ့ဇာတိခံယူခဲ့ပြီးဖြစ်သော်လည်း၊ မြင်၍ရနိုင်သည့်

ရုပ်ဝတ္ထုလောကအပြင်၊ လူသားများ မမြင်နိုင်သည့် ဝိညာဉ်လောကကိုပါ ကွပ်ကဲအုပ်ချုပ်နေဆဲဖြစ်ကြောင်းကို သိစေရန်ဖြစ်သည်။ ဤသည်မှာ လူသားမျိုးနွယ်နှင့် ပတ်သက်သည့် အရာရာတိုင်းသည် စာတန်၏ ကွပ်ကဲအုပ်ချုပ်မှု အောက်တွင် မရှိသည်ကို လူသားမျိုးနွယ်နှင့် စာတန်က သိကြစေဖို့အလို့ငှာ ဖြစ်ခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏ သြဇာအာဏာနှင့်ဆိုင်သည့် ဖွင့်ပြခြင်းနှင့် ထုတ်ဖော်ပြသခြင်း ဖြစ်ပြီး၊ ယင်းသည် လူသားမျိုးနွယ်၏ ရှင်ခြင်းနှင့် သေခြင်းသည် ဘုရားသခင်၏ လက်ထဲ၌ရှိကြောင်း ကို အရာခပ်သိမ်းထံ သတင်းစကားပေးပို့ရန် ဘုရားသခင်၏ နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ သခင်ယေရှု၏ လာဇရုကို သေခြင်းမှ ပြန်လည်ရှင်ပြန်ထမြောက်စေခြင်းသည် လူသားမျိုးနွယ်ကို ဖန်ဆင်းရှင်က သွန်သင်ကာ ညွှန်ကြားသည့် နည်းလမ်းများထဲမှ တစ်ခု ဖြစ်သည်။ ယင်းသည် လူသားမျိုးနွယ်ကို ညွှန်ကြားရန်နှင့် ထောက်ပံ့ရန် သူ၏ တန်ခိုးနှင့် သြဇာအာဏာကို သူအသုံးပြုသည့် ခိုင်မာသော လုပ်ဆောင်ချက်တစ်ခုဖြစ်ခဲ့သည်။ ယင်းသည် သူသည် အရာအခပ်သိမ်းကို ကွပ်ကဲအုပ်ချုပ်သည်ကို စကားများ အသုံးပြုခြင်းမရှိဘဲ၊ လူသားမျိုးနွယ်အား မြင်ခွင့်ပေးဖို့ ဖန်ဆင်းရှင်အတွက် နည်းလမ်းတစ်ခု ဖြစ်ခဲ့သည်။ ယင်းမှာ သူ့အားဖြင့်မှလွဲ၍ အခြားကယ်တင်ခြင်း မရှိသည်ကို လက်တွေ့လုပ်ဆောင်ချက်များမှတစ်ဆင့် လူသားမျိုးနွယ်ကို ပြောပြရန် သူ့အတွက် နည်းလမ်းတစ်ခု ဖြစ်သည်။ လူသားမျိုးနွယ်ကို ညွှန်ကြားဖို့ သူ အသုံးပြုသည့် ဤတိတ်ဆိတ်သော နည်းလမ်းသည် လူသား၏စိတ်နှလုံးထံ အံ့သြထိတ်လန့်မှုတစ်ခုနှင့် မည်သည့်အခါမျှ ပျောက်ကွယ် မသွားမည့် အသိဉာဏ်ပွင့်လင်းခြင်းကို ဆောင်ကြဉ်းလျက် ထာဝရတည်တံ့ကာ၊ မပျက်ပြယ်နိုင်ပေ။ လာဇရု၏ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းက ဘုရားသခင်ကို ဘုန်းထင်ရှား စေခဲ့သည်- ဤအရာသည် ဘုရားသခင်၏ နောက်လိုက် တစ်ဦးချင်းစီတိုင်းအပေါ် နက်ရှိုင်းသော သက်ရောက်မှုတစ်ခု ရှိလေသည်။ ဤဖြစ်ရပ်ကို နက်ရှိုင်းစွာ နားလည်သော လူတိုင်း၌ ဘုရားသခင်သာလျှင် လူသားမျိုးနွယ်၏ ရှင်ခြင်းနှင့် သေခြင်းအား အမိန့်ပေးနိုင်သည် ဟူသည့် သိနားလည်မှု၊ အမြင်ကို သတ်မှတ်ပေးသည်။ ဘုရားသခင်သည် ဤသြဇာအာဏာမျိုးရှိသော်လည်း၊ သူသည် လာဇရု၏ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် လူသားမျိုးနွယ်၏ ရှင်ခြင်းနှင့် သေခြင်းအပေါ် သူ၏ အချုပ်အခြာအာဏာ အကြောင်း သတင်းစကား ပေးပို့ခဲ့သော်လည်း၊ ဤသည်မှာ သူ၏ အဓိက အမှုမဟုတ်ခဲ့ပေ။ ဘုရားသခင်သည် တစ်စုံတစ်ခုကို အဓိပ္ပာယ်မရှိဘဲ မည်သည့်အခါမျှ မလုပ်ဆောင်ပေ။ သူလုပ်ဆောင်သော အရာတစ်ခုစီတိုင်းသည် ကြီးမားသော တန်ဖိုးရှိပြီး ရတနာတိုက်တစ်ခုထဲက သာလွန်ထူးကဲသော ရတနာတစ်ခု ဖြစ်သည်။ သူသည်

"လူတစ်ယောက်အား သူ၏သင်္ချိုင်းဂူအထဲမှ ပြန်ထွက် လာစေခြင်း" ကို သူ့အလုပ်၏ အဓိက၊ သို့မဟုတ် တစ်ခုတည်းသော ရည်မှန်းချက်၊ သို့မဟုတ် ကိစ္စအဖြစ် လုံး၀ ပြုလုပ်မည်မဟုတ်ပေ။ ဘုရားသခင်သည် အဓိပ္ပာယ်မရှိသော မည်သည့်အရာကိုမျှ လုပ်ဆောင်မည် မဟုတ်ပေ။ တစ်ခုတည်းသော ဖြစ်ရပ်အဖြစ် လာဇရုကို သေခြင်းမှ ရှင်ပြန်ထမြောက်စေခြင်းသည် ဘုရားသခင်၏ ဩဇာအာဏာကို ထုတ်ဖော်ပြသရန်နှင့် သခင်ယေရှု၏ ပင်ကိုလက္ခဏာကို သက်သေပြရန် လုံလောက်ပေသည်။ ဤသည်မှာ သခင်ယေရှုက ဤနိမိတ်လက္ခဏာမျိုးကို ထပ်မလုပ်ခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားသခင်သည် သူ၏ ကိုယ်ပိုင် နိယာမများနှင့် အမှုအရာများကို လုပ်ဆောင်သည်။ ဘုရားသခင်သည် သူ၏ စိတ်ကို လေးနက်သော ကိစ္စရပ်များဖြင့်သာ ဖြည့်ထားသည်ဟု လူသား ဘာသာစကားဖြင့် ဆိုနိုင်ပေသည်။ ဆိုလိုသည်မှာ ဘုရားသခင်က အမှုအရာတို့ကို လုပ်ဆောင်သောအခါ၊ သူ၏ အမှု ရည်ရွယ်ချက်မှ လမ်းလွဲမသွားပေ။ ဤအဆင့်၌ မည်သည့်အမှုကို သူလုပ်ဆောင်လိုသည်၊ မည်သည့်အရာကို သူ ပြီးမြောက်လိုသည်ဆိုသည်တို့ကို သူသိပြီး သူ၏အစီအစဉ် အတိုင်း တင်းကျပ်စွာ သူ အမှုပြုလိမ့်မည်ဖြစ်သည်။ ဖောက်ပြန်ပျက်စီးသော လူတစ်ဦးသည် ထိုအရည်အချင်းမျိုး ရှိခဲ့ပါက၊ လူတို့က သူ့ကို ဦးညွှတ်ကြရန်၊ ၎င်းတို့ကို သူထိန်းချုပ်နိုင်ပြီး ၀ါးမျိုနိုင်ရန်အလို့ငှာ၊ သူမည်မျှ ခံ့ညားသည်ကို အခြားသူများ သိကြဖို့ သူ၏ အရည်အချင်းကို ထုတ်ဖော်ပြရန် နည်းလမ်းများကိုသာ သူစဉ်းစားနေခဲ့ပေမည်။ ဤသည်မှာ စာတန်ထံမှလာသော ဆိုးယုတ်ခြင်းဖြစ်သည်- ဤအရာကို ဖောက်ပြန်ပျက်စီးခြင်း ဟုခေါ်၏။ ဘုရားသခင်သည် ထိုသို့သော စိတ်သဘောထား မရှိသကဲ့သို့၊ ထိုသို့သော အနှစ်သာရတစ်ခု မရှိပေ။ အမှုအရာများကို လုပ်ဆောင်ရာတွင် သူ၏ ရည်ရွယ်ချက်မှာ မိမိကိုယ်ကိုယ် ကြွားဝါရန်မဟုတ်ဘဲ၊ လူသားမျိုးနွယ်ကို သာ၍ ထုတ်ဖော်ပြခြင်းနှင့် လမ်းပြခြင်းတို့ကို ပံ့ပိုးပေးရန် ဖြစ်ပြီး၊ ဤသည်မှာ သမ္မာကျမ်းစာတွင် ဤအဖြစ်အပျက်မျိုးနှင့် သက်ဆိုင်သည့် အလွန်နည်းပါးသော ဥပမာများကို လူတို့ တွေ့မြင်ရသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ သခင်ယေရှု၏ တန်ခိုးများသည် အကန့်အသတ် ရှိသည် သို့မဟုတ် ထိုသို့သောအရာများကို သူ လုပ်ဆောင်နိုင်စွမ်းမရှိဟု ဆိုရမည်မဟုတ်ပေ။ ယင်းမှာ ဘုရားသခင်သည် ထိုအရာကို မလုပ်ဆောင်လိုခြင်း သက်သက်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သခင်ယေရှု၏ လာဇရုကို သေခြင်းမှ ရှင်ပြန်ထမြောက်စေခြင်းသည် အလွန် လက်တွေ့ကျသော အရေးပါမှုရှိခဲ့သောကြောင့်ဖြစ်ပြီး၊ ဘုရားသခင်က လူ့ဇာတိခံယူခြင်း၏ အဓိက အမှုမှာ နိမိတ်လက္ခဏာများကို ဆောင်ရွက်ရန် မဟုတ်၊ လူတို့ကို

သေခြင်းမှ ပြန်လည်ခေါ်ဆောင်ဖို့ရန် မဟုတ်ဘဲ လူသားမျိုးနွယ်အတွက် ရွေးနုတ်ခြင်းအမှု ဖြစ်ခဲ့သောကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် သခင်ယေရှု ပြီးစီးခဲ့သည့် အလုပ်အများစုသည် လူတို့ကို သွန်သင်ခြင်း၊ ၎င်းတို့ကို ထောက်ပံ့ပေးခြင်းနှင့် ၎င်းတို့ကို ကူညီခြင်းဖြစ်ပြီး လာဇရုကို သေခြင်းမှ ရှင်ပြန်ထမြောက်စေခြင်းကဲ့သို့သော အဖြစ်အပျက်များသည် သခင်ယေရှု ဆောင်ရွက်ခဲ့သည့် အမှုတော်၏ သေးငယ်သော အပိုင်းတစ်ခုမျှသာ ဖြစ်သည်။ ထို့ထက်ပို၍၊ "ကြွားလုံးထုတ်ခြင်း" သည် ဘုရားသခင်၏ အနှစ်သာရ တစ်စိတ်တစ်ပိုင်း မဟုတ်ဟု သင်ဆိုနိုင်သည်၊ ထို့ကြောင့် သာ၍ များသော နိမိတ်လက္ခဏာများကို မပြသခြင်းဖြင့် သခင်ယေရှုသည် ချုပ်တည်းမှုကို တမင်သက်သက် ကျင့်သုံးနေခြင်းမဟုတ်သကဲ့သို့၊ ဤသည်မှာ ပတ်ဝန်းကျင် ကန့်သတ်ချက်များကြောင့်လည်း မဟုတ်ခဲ့ပေ၊ ပြီးလျှင် ယင်းမှာ သေချာပေါက် တန်ခိုးမဲ့သောကြောင့် မဟုတ်ခဲ့ပေ။

သခင်ယေရှုက လာဇရုကို သေခြင်းမှ ပြန်လည် ခေါ်ဆောင်ခဲ့ချိန်တွင်၊ ဤစကားအနည်းငယ်ကို သူ အသုံးပြုခဲ့သည်- "လာဇရုထွက်၍လာလော့။" ဤသည်မှလွဲ၍ တစ်ခြားမည်သည့်အရာကိုမျှ မပြောခဲ့ပေ။ သို့ဆိုလျှင် ဤစကားလုံးများသည် မည်သည့်အရာကို ပြသပါသနည်း။ ယင်းတို့က ဘုရားသခင်သည် သေသူကို ပြန်လည် ထမြောက်စေခြင်းအပါအဝင် မည်သည့်အရာကိုမဆို စကားပြောခြင်းဖြင့် ပြီးမြောက်စေနိုင်သည်ကို ပြသပေသည်။ ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန်တွင်၊ ကမ္ဘာလောကကို သူဖန်ဆင်းခဲ့ချိန်တွင် နှုတ်ကပတ်တော်များဖြင့် ထိုသို့ လုပ်ဆောင်ခဲ့သည်- အမိန့်များ၊ ဩဇာအာဏာရှိသော နှုတ်ကပတ်တော်များကို ပြောဆိုခဲ့ပြီး၊ ဤနည်းဖြင့် အရာခပ်သိမ်း ဖန်ဆင်းခြင်းခံခဲ့ရပြီး၊ ထိုသို့ဖြင့် ယင်းသည် ပြီးမြောက်ခဲ့သည်။ သခင်ယေရှုပြောခဲ့သော ဤစကား အနည်းငယ်သည် ဘုရားသခင်က ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန်တွင် ပြောခဲ့သော စကားများကဲ့သို့သာ ဖြစ်သည်။ ထိုနည်းတူစွာ ထိုစကားများသည် ဘုရားသခင်၏ ဩဇာအာဏာ၊ ဖန်ဆင်းရှင်၏ တန်ခိုးတို့ ကိုင်စွဲထားလေသည်။ ဘုရားသခင်၏ နှုတ်မှလာသော စကားများကြောင့် အရာခပ်သိမ်းသည် ဖြစ်ပေါ်လာပြီး ခိုင်ခိုင်မာမာ တည်တံ့ခဲ့သည်၊ ထိုနည်းတူ သခင်ယေရှု၏ နှုတ်မှလာသော စကားများကြောင့် လာဇရုသည် သူ၏အုတ်ဂူမှ ထွက်လျှောက်လာခဲ့သည်။ ဤသည်မှာ သူ၏ လူ့ဇာတိခံ ခန္ဓာ၌ ထုတ်ဖော်ပြသပြီး အကောင်အထည် ဖော်ခဲ့သော ဘုရားသခင်၏ ဩဇာအာဏာဖြစ်သည်။ ဤဩဇာအာဏာနှင့် အရည်အချင်းမျိုးသည် ဖန်ဆင်းရှင်နှင့် သက်ဆိုင်ပြီး ဖန်ဆင်းရှင် တကယ်ဖြစ်ပေါ်လာခဲ့သည့် လူသားနှင့် သက်ဆိုင်သည်။ ဤသည်မှာ လာဇရုကို သေခြင်းမှ ပြန်လည်ခေါ်ဆောင်ခြင်းအားဖြင့် လူသားမျိုးနွယ်ကို ဘုရားသခင် သွန်သင်ခဲ့သော သိနားလည်ခြင်း ဖြစ်သည်။ ယခု ဤအကြောင်းအရာနှင့်သက်ဆိုင်သည့်

ငါတို့၏ ဆွေးနွေးမှုကို ဤတွင် ငါတို့ အပြီးသတ်မည်။ ဆက်လက်၍ ကျမ်းစာမှ နောက်ထပ် ဖတ်ကြစို့။

၁၀။ ယေရှုအပေါ် ဖာရိရှဲတို့၏ ဝေဖန်ခြင်း

ရှင်မာကု ၃:၂၁-၂၂ ကိုယ်တော်၏ အဆွေအမျိုးတို့သည် ကြားလျှင်၊ သူသည် အရူးဖြစ်၏ဟုဆို၍ ကိုယ်တော်ကို ဖမ်းဆီးခြင်းငှါ ထွက်သွားကြ၏။ ယေရုရှလင်မြို့မှလာသော ကျမ်းပြုဆရာတို့ကလည်း၊ သူသည် ဗေလဇေဗုလ စွဲသောသူဖြစ်၏။ နတ်ဆိုးမင်းကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သည်ဟု ဆိုကြ၏။

၁၁။ ဖာရိရှဲများကို ယေရှု ပြစ်တင်မောင်းမဲခြင်း

ရှင်မဿဲ ၁၂:၃၁-၃၂ ထိုကြောင့် ငါဆိုသည်ကား၊ ပြစ်မှားသောအပြစ်၊ ဘုရားကိုကဲ့ရဲ့သောအပြစ်အမျိုးမျိုးတို့နှင့် လွတ်စေခြင်းအခွင့်ကို လူတို့သည် ရနိုင်ကြ၏။ ဝိညာဉ်တော်ကို ကဲ့ရဲ့သောအပြစ်နှင့်လွတ်စေခြင်းအခွင့်ကို လူတို့သည် မရနိုင်ကြ။ လူသားကို နှုတ်ဖြင့်ပြစ်မှားသောသူ၏အပြစ်ကိုလည်း လွှတ်နိုင်၏။ သန့်ရှင်းသောဝိညာဉ်တော်ကို နှုတ်ဖြင့် ပြစ်မှားသောသူ၏အပြစ်ကို ယခုဘဝနောင်ဘဝ၌ မလွှတ်နိုင်။

ရှင်မဿဲ ၂၃:၁၃-၁၅ လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်၏ တံခါးကို လူတို့ရှေ့မှာပိတ်ထား၍ မိမိတို့လည်းမဝင်၊ ဝင်လိုသောသူတို့ကိုလည်း ဆီးတားကြ၏။ လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ မုဆိုးမအိမ်ကို လုယူသိမ်းစား၍၊ အပြစ်မပေါ်စေခြင်းငှါ ရှည်စွာသော ပဌနာစကားကို ရွတ်တတ်ကြ၏။ ထို့ကြောင့် သာ၍ ကြီးစွာသော ဒဏ်ကိုခံရကြလတံ့။ လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ လူတယောက်ကိုပင် ဘာသာသွင်းခြင်းငှါ ကုန်းကြောင်းရေကြောင်းပတ်ပတ်လှည့်လည်၍ ဘာသာသွင်းပြီးသောသူကိုလည်း၊ မိမိတို့ထက် နှစ်ဆသောငရဲသားဖြစ်စေကြ၏။

အထက်က ကျမ်းနှစ်ပိုဒ်၏ အကြောင်းအရာသည် မတူညီကြပေ။ ပထမကျမ်းပိုဒ်ကို အရင်ကြည့်ကြစို့-- ယေရှုအပေါ် ဖာရိရှဲတို့၏ ဝေဖန်ခြင်း။

သမ္မာကျမ်းစာတွင်၊ ယေရှုကိုယ်တိုင်နှင့် သူ လုပ်ဆောင်ခဲ့သည့် အရာများနှင့်ဆိုင်သည့် ဖာရိရှဲတို့၏ သုံးသပ်ချက်မှာ- “သူသည် အရူးဖြစ်၏ဟုဆို၍…သူသည် ဗေလဇေဗုလ

စွဲသောသူဖြစ်၏။ နတ်ဆိုးမင်းကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သည်ဟု ဆိုကြ၏။” (ရှင်မာကု ၃:၂၁-၂၂) ဟူ၍ ဖြစ်သည်။ သခင်ယေရှုကို ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့၏ ဝေဖန်မှုက အခြားလူတို့၏ စကားများကို အတုခိုးနေခြင်းမျှသာ မဟုတ်သကဲ့သို့ အခြေအမြစ်မရှိသော ထင်မြင်ချက် မဟုတ်ခဲ့ပေ- ယင်းသည် သူ၏လုပ်ဆောင်ချက်များနှင့် သက်ဆိုင်၍ ၎င်းတို့ မြင်ခဲ့ရပြီး ကြားခဲ့ရသည့်အရာမှလာသော သခင်ယေရှုနှင့်ပတ်သက်သည့် ၎င်းတို့ ကောက်ချက်ချခြင်း ဖြစ်သည်။ ၎င်းတို့၏ ကောက်ချက်သည် အပြင်ပန်းအားဖြင့် တရားမျှတမှုအရ ချမှတ်ထားပြီး လူတို့အဖို့ အခြေအမြစ် ရှိသည့်အလား ထင်ရသော်လည်း၊ သခင်ယေရှုကို ၎င်းတို့ အကဲဖြတ်ဝေဖန်သော မာနထောင်လွှားမှုသည် သူတို့အတွက်ပင် ချုပ်တည်းရန် ခက်ခဲခဲ့ပေသည်။ သခင်ယေရှုအတွက် ၎င်းတို့၏ ထိန်းမနိုင်သိမ်းမရသော အမုန်းစွမ်းအားသည် ၎င်းတို့၏ ကိုယ်ပိုင် ရိုင်းစိုင်းသောရည်မှန်းချက်များနှင့် ၎င်းတို့၏ ဆိုးယုတ်သော စာတန်သဘောပါဝင်သော မျက်နှာရိပ် မျက်နှာကဲများအပြင် ဘုရားသခင်ကို ဆန့်ကျင်သည့် ၎င်းတို့၏ မလိုမုန်းထားသော သဘာဝကို မြင်သာအောင်ပြလေသည်။ သခင်ယေရှုအပေါ် ၎င်းတို့၏ အကဲဖြတ်ဝေဖန်ခြင်းတွင် ၎င်းတို့ပြောသည့် ဤအရာများသည် ၎င်းတို့၏ ရိုင်းစိုင်းသော ရည်မှန်းချက်များ၊ မနာလိုမှုနှင့် ဘုရားသခင်နှင့် သမ္မာတရား အပေါ် ၎င်းတို့၏ ရန်လိုမှုနှင့်ဆိုင်သည့် အကျည်းတန်ပြီး မလိုမုန်းထားသော သဘာဝဖြင့် လှုံ့ဆော်ခံရခြင်း ဖြစ်ပေသည်။ သခင်ယေရှု၏ လုပ်ဆောင်ချက်များ၏ အရင်းအမြစ်ကို ၎င်းတို့ မစုံစမ်းမစစ်ဆေးခဲ့သကဲ့သို့ သူပြောဆိုပြီး လုပ်ဆောင်ခဲ့သည့် အရာ၏ အနှစ်သာရကိုလည်း ၎င်းတို့ မစုံစမ်းမစစ်ဆေးခဲ့ကြချေ။ ယင်းထက် ၎င်းတို့သည် သူလုပ်ဆောင်ခဲ့သောအရာတို့ကို ထိန်းမနိုင်ချုပ်မရသော စိတ်လှုပ်ရှားသည့် အခြေအနေတစ်ခုတွင် ၎င်းတို့သည် ကျိုးကြောင်းမမြင်စွာနှင့် တမင်အငြိုးဖြင့် သူ လုပ်ဆောင်ခဲ့ပြီးသည့်အရာကို တိုက်ခိုက်ခဲ့ကြကာ သိက္ခာ ချခဲ့ကြသည်။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော် တစ်ဖြစ်လဲ ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်သည့် သူ၏ ဝိညာဉ်ကို စိတ်လိုလက်ရ သိက္ခာချသည်အထိ လုပ်ဆောင် ခဲ့ကြသည်။ ဤသည်မှာ ၎င်းတို့က၊ “သူသည် အရူးဖြစ်၏”၊ “ဗေလဇေဗုလ” နှင့် “နတ်ဆိုးမင်း” ဟု ပြောခဲ့ကြချိန်တွင် ၎င်းတို့ ဆိုလိုသည့်အရာ ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဗေလဇေဗုလဖြစ်ပြီး နတ်ဆိုးမင်းဖြစ်သည်ဟု ၎င်းတို့ ပြောခဲ့ကြခြင်း ဖြစ်သည်။ မိမိကိုယ်ကိုယ် လူ့ဇာတိဖြင့် ယူတင်ဝတ်ဆင်ခဲ့ပြီးဖြစ်သည့် ဘုရားသခင်၏ လူ့ဇာတိခံ ဝိညာဉ်တော်၏ အမှုကို ရှုံးသွပ်ခြင်းဟု ၎င်းတို့က ဖော်ပြကြလေသည်။ ၎င်းတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်ကို ဗေလဇေဗုလနှင့် နတ်ဆိုးမင်းအဖြစ် ပြစ်မှားစော်ကားခဲ့ရုံသာမက၊ ဘုရားသခင်၏ အမှုတော်ကိုလည်း

ရှုတ်ချခဲ့ကြပြီး သခင်ယေရှုခရစ်တော်ကိုလည်း ရှုတ်ချကာ ပြစ်မှားစော်ကားခဲ့ကြသည်။ ဘုရားသခင်အပေါ် ၎င်းတို့၏ ဆန့်ကျင်ခြင်းနှင့် ပြစ်မှားစော်ကားခြင်း၏ အနှစ်သာရမှာ စာတန်နှင့် နတ်ဆိုးများ၏ ဘုရားသခင်ပေါ် ဆန့်ကျင်ခြင်းနှင့် ပြစ်မှားစော်ကားခြင်းတို့၏ အနှစ်သာရနှင့် လုံးဝ တူညီလေသည်။ ၎င်းတို့သည် ဖောက်ပြန်ပျက်စီးသော လူသားများကို ကိုယ်စားပြုရုံသာမက စာတန်၏ ပြယုဂ်ပင် သာ၍ ဖြစ်ကြသည်။ သူတို့သည် လူသားမျိုးနွယ်အလယ် စာတန်အတွက် လမ်းကြောင်း တစ်ခုဖြစ်သကဲ့သို့ စာတန်၏ ကြံရာပါများနှင့် လက်ပါးစေများ ဖြစ်ကြသည်။ သခင်ယေရှုခရစ်တော်အပေါ် ၎င်းတို့၏ ပြစ်မှားစော်ကားခြင်းနှင့် ဂုဏ်သရေဖျက်ခြင်းတို့၏ အနှစ်သာရသည် အဆင့်အတန်းအတွက် ၎င်းတို့၏ ရုန်းကန်မှု၊ ဘုရားသခင်နှင့် ပြိုင်ဆိုင်မှုနှင့် ဘုရားသခင်ကို ၎င်းတို့၏ အဆက်မပြတ် စမ်းသပ်ခြင်းတို့ ဖြစ်ကြသည်။ ဘုရားသခင်အပေါ် ၎င်းတို့ဆန့်ကျင်ခြင်း၏ အနှစ်သာရနှင့် သူ့အပေါ် ရန်လိုမှုနှင့် သက်ဆိုင်သည့် ၎င်းတို့၏ သဘောထားအပြင်၊ ၎င်းတို့၏ စကားလုံးများနှင့် သူတို့၏ အတွေးများသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို တိုက်ရိုက် ပြစ်မှားစော်ကားပြီး အမျက်ထွက်စေသည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့ ပြောခဲ့ပြီး လုပ်ဆောင်ခဲ့သည့်အရာအပေါ် အခြေခံ၍ ယုတ္တိတန်သော တရားစီရင်မှုကို သတ်မှတ်ခဲ့ပြီး၊ ၎င်းတို့၏ လုပ်ဆောင်ချက်တို့ကို သန့်ရှင်းသောဝိညာဉ်တော်ကို ဆန့်ကျင် ပြစ်မှားစော်ကားခြင်း အပြစ်အဖြစ် သတ်မှတ်ခဲ့သည်။ ဤအပြစ်သည် ဤဘဝနှင့် နောင်ဘဝ နှစ်ခုလုံး၌ ခွင့်လွှတ်၍ မရနိုင်ပေ၊ အောက်ပါကျမ်းပိုဒ်၌ သက်သေပြထားသကဲ့သို့ပင် ဖြစ်သည်၊ "...ဝိညာဉ်တော်ကို ကဲ့ရဲ့သောအပြစ်နှင့် လွှတ်စေခြင်း အခွင့်ကို လူတို့သည် မရနိုင်ကြ" နှင့် "...သန့်ရှင်းသော ဝိညာဉ်တော်ကို နှုတ်ဖြင့် ပြစ်မှားသောသူ၏အပြစ်ကို ယခုဘဝ နောင်ဘဝ၌ မလွှတ်နိုင်။" ယနေ့ ဘုရားသခင်ထံမှလာသော ဤနှုတ်ကပတ်တော်များဖြစ်သည့် "ယခုဘဝနောင်ဘဝ၌ မလွှတ်နိုင်။" တို့၏ တကယ့် အဓိပ္ပာယ်အကြောင်းကို ဆွေးနွေးကြစို့။ ဆိုလိုသည်မှာ၊ "ယခုဘဝနောင်ဘဝ၌ မလွှတ်နိုင်။" ဟူသော နှုတ်ကပတ်တော်တို့ကို ဘုရားသခင်က မည်ကဲ့သို့ပြည့်စုံစေသည် ဆိုသည်ကို ရှင်းရှင်းလင်းလင်း ဖြစ်စေကြစို့။

ငါတို့ပြောပြီးသည့်အရာတိုင်းက ဘုရားသခင်၏ စိတ်သဘောထား၊ လူများ၊ အဖြစ်အပျက်များနှင့် အမှုအရာများ အပေါ် သူ၏သဘောထားနှင့် ဆက်နွယ်ပေသည်။ ပင်ကိုအားဖြင့် အထက်က ကျမ်းပိုဒ်နှစ်ပိုဒ်သည် ခြွင်းချက်မဟုတ်ပေ။ ကျမ်းစာ၏ ဤကျမ်းနှစ်ပိုဒ်၌ သင်တို့ တစ်ခုခု သတိပြု မိခဲ့ကြပါသလော။ လူအချို့က ဘုရားသခင်၏ အမျက်ဒေါသကို ထိုကျမ်းပိုဒ်များ၌ မြင်ရသည်ဟု ဆိုကြသည်။ လူအချို့က လူသားမျိုးနွယ်၏ ပုန်ကန်ပြစ်မှားမှုကို သည်းမခံသော ဘုရားသခင်၏ စိတ်သဘောထားဖက်ခြမ်းနှင့် လူတို့က

ဘုရားသခင်ကို ပြစ်မှားစော်ကားသည့် အရာတစ်ခုခုလုပ်မိပါက၊ သူ၏ ခွင့်လွှတ်ခြင်းကို ၎င်းတို့ မရရှိနိုင်သည်ကို မြင်သည်ဟု ဆိုကြသည်။ လူတို့က ဤကျမ်းပိုဒ်နှစ်ခုတွင် ဘုရားသခင်၏ အမျက်ဒေါသနှင့် လူသားမျိုးနွယ်၏ ပုန်ကန်ပြစ်မှားခြင်းကို သည်းမခံခြင်းအားမြင်ကာ သတိမူမိသော်လည်း၊ သူ၏ သဘောထားကို ၎င်းတို့ အမှန်တကယ်နားမလည်ကြသေးချေ။ ဤကျမ်းနှစ်ပိုဒ်တွင် ဘုရားသခင်၏ စစ်မှန်သောသဘောထားနှင့် သူ့ကို ပြစ်မှားစော်ကားပြီး အမျက်ထွက်စေသော သူတို့အပေါ် သူ၏ ကိုင်တွယ်ဖြေရှင်းနည်းတို့ကို ကွယ်ဝှက်ညွှန်းဆိုချက်များ သွယ်ဝိုက်ပါရှိပေသည်။ သူ၏သဘောထားနှင့် ကိုင်တွယ်ဖြေရှင်းနည်းတို့က အောက်ပါ ကျမ်းပိုဒ်၏ စစ်မှန်သော အဓိပ္ပာယ်ကို ဖော်ပြပေသည်- “သန့်ရှင်းသောဝိညာဉ်တော်ကို နှုတ်ဖြင့် ပြစ်မှားသောသူ၏အပြစ်ကို ယခုဘဝနောင်ဘဝ၌ မလွှတ်နိုင်။” လူတို့သည် ဘုရားသခင်ကို ပြစ်မှားစော်ကားသောအခါနှင့် သူ့ကို အမျက်ထွက်စေသောအခါ၌၊ သူသည် ဆုံးဖြတ်ချက်တစ်ခုကို ထုတ်ပြန်ပြီး၊ ဤဆုံးဖြတ်ချက်က သူထုတ်ပြန်သော ရလဒ်တစ်ခု ဖြစ်၏။ ယင်းကို ဤနည်းဖြင့် သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသည်- “ထို့ကြောင့် ငါဆိုသည်ကား၊ ပြစ်မှားသော အပြစ်၊ ဘုရားကိုကဲ့ရဲ့သော အပြစ်အမျိုးမျိုးတို့နှင့် လွှတ်စေခြင်း အခွင့်ကို လူတို့သည် ရနိုင်ကြ၏။ ဝိညာဉ်တော်ကို ကဲ့ရဲ့သော အပြစ်နှင့် လွှတ်စေခြင်း အခွင့်ကို လူတို့သည် မရနိုင်ကြ။” (ရှင်မဿဲ ၁၂:၃၁) နှင့် “လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။” (ရှင်မဿဲ ၂၃:၁၃) သို့သော် ထိုကျမ်းပြုဆရာများနှင့် ဖာရိရှဲတို့အပြင် သခင်ယေရှုက ဤအရာတို့ကို ပြောပြီးနောက်တွင် သူသည် အရူးဖြစ်သည်ဟု ပြောသောလူတို့အတွက် ရလဒ်က မည်သည့်အရာဖြစ်သည်ကို သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသလော။ ၎င်းတို့ ပြစ်ဒဏ် တစ်ခုခု ခံစားကြရသည်ဟု မှတ်တမ်းတင်ထားသလော။ မှတ်တမ်းတင်ထားခြင်းမရှိဟု သေချာပြောနိုင်သည်။ ဤနေရာတွင် “မှတ်တမ်းတင်မထား” ဟု ပြောခြင်းသည် ထိုသို့သော မှတ်တမ်းတင်မှုမရှိဟု ပြောခြင်းမဟုတ်ဘဲ၊ အမှန်တွင် လူ့မျက်လုံးနှင့် မြင်နိုင်သော ရလဒ်မရှိဟု ဆိုရပေမည်။ “မှတ်တမ်းတင်မထား” ဟု ပြောခြင်းက အချို့သောအရာများကို ကိုင်တွယ်ခြင်းအတွက် ဘုရားသခင်၏ သဘောထားနှင့် အခြေခံသဘောတရားနှင့်ဆိုင်သည့် ကိစ္စရပ်ကို ရှင်းလင်းပေးသည်။ ဘုရားသခင်သည် ပြစ်မှားစော်ကားသောသူ၊ သို့မဟုတ် ဆန့်ကျင်သောသူ၊ သို့မဟုတ် သူ့ကို မကောင်းပြောသောသူများကိုပင်- သူ့ကို တမင်သက်သက် တိုက်ခိုက်ပြီး မကောင်းပြောကာ ကျိန်ဆဲသော လူများကို သူသည် မသိကျိုးကျွန်မပြုဘဲ၊ ယင်းထက် ၎င်းတို့အပေါ် ရှင်းလင်းသောသဘောထားတစ်ခု သူ့မှာရှိသည်။ ဤလူတို့ကို သူ စက်ဆုပ်ရွံရှာပြီး၊ သူ၏ စိတ်နှလုံး၌ ၎င်းတို့ကို ရှုတ်ချသည်။ သူ့ကို

ပြစ်မှားစော်ကားသောသူတို့အပေါ် သူသည် ရှင်းလင်းသော သဘောထားတစ်ခု ရှိကြောင်းနှင့် ၎င်းတို့၏ရလဒ်များကို သူမည်ကဲ့သို့ သတ်မှတ်မည်ဖြစ်ကြောင်းတို့ကို ၎င်းတို့သိရန် အလို့ငှာ၊ ၎င်းတို့၏ ရလဒ်များ မည်သည့်အရာဖြစ်မည်ကို ပွင့်ပွင့်လင်းလင်းပင် သူကြေညာလေသည်။ သို့သော် ဘုရားသခင်က ဤအရာများကို ပြောပြီးနောက်တွင်၊ ထိုလူများအား ဘုရားသခင် မည်သို့ ကိုင်တွယ်မည်ဆိုသည်နှင့် ပတ်သက်ပြီး အမှန်တရားကို မမြင်နိုင်ကြသေးသကဲ့သို့၊ ၎င်းတို့ထံ ဘုရားသခင် ထုတ်ပြန်သည့် ရလဒ်နှင့် ဆုံးဖြတ်ချက်များ နောက်ကွယ်က အခြေခံသဘောတရားများကို ၎င်းတို့ နားမလည်နိုင်ကြပေ။ ဆိုလိုသည်မှာ လူတို့သည် ၎င်းတို့ကို ကိုင်တွယ်ခြင်းအတွက် ဘုရားသခင် ရှိသည့် သီးသန့် နည်းလမ်းနှင့် နည်းစနစ်တို့ကို မမြင်နိုင်ကြပေ။ ဤသည်မှာ အမှုအရာတို့ကို လုပ်ဆောင်ခြင်းအတွက် ဘုရားသခင်၏ အခြေခံသဘောတရားများနှင့် ပတ်သက်ရပေမည်။ ဘုရားသခင်သည် အချို့လူတို့၏ ဆိုးယုတ်သော အပြုအမူကို ကိုင်တွယ်ဖြေရှင်းရန် အချက်အလက်များ ဖြစ်ပွားမှုကို အသုံးပြုသည်။ ယင်းမှာ သူသည် ၎င်းတို့၏ အပြစ်တရားကို မကြေညာသကဲ့သို့၊ ၎င်းတို့၏ ရလဒ်ကို မသတ်မှတ်ဘဲ၊ ယင်းထက် သူတို့၏ ပြစ်ဒဏ်နှင့် ဒဏ်ခတ်ခံရခြင်းတို့ကို ခွဲဝေပေးရန်အတွက် အချက်အလက်များ၏ ဖြစ်ပွားမှုကို တိုက်ရိုက်အသုံးပြုသည်။ ဤအချက်အလက်တို့ ဖြစ်ပျက်သောအခါ၊ အပြစ်ဒဏ်ကို ခံစားရသည်မှာ လူတို့၏ ခန္ဓာဖြစ်သည်၊ ဆိုလိုသည်မှာ အပြစ်ပေးခြင်းသည် လူ့မျက်စိနှင့် မြင်နိုင်သော အရာတစ်ခု ဖြစ်ပေသည်။ လူအချို့၏ ဆိုးယုတ်သော အပြုအမူများကို ကိုင်တွယ်ဖြေရှင်း သောအခါတွင်၊ ဘုရားသခင်က ၎င်းတို့ကို စကားများဖြင့်သာ ကျိန်ဆဲပြီး၊ သူ့ အမျက်ဒေါသသည်လည်း ၎င်းတို့အပေါ် ကျရောက်လာသော်လည်း သူတို့ရရှိသော အပြစ်ဒဏ်သည် လူတို့မမြင်နိုင်သော အရာတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ သို့သော်လည်း ဤရလဒ်မျိုးသည် လူတို့မြင်နိုင်သော အပြစ်ပေးခံရခြင်း သို့မဟုတ် အသတ်ခံရခြင်းကဲ့သို့သော ရလဒ်များထက် ပို၍ပင် ပြင်းထန်ကောင်းပြင်းထန်နိုင်သည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က ဤလူစားမျိုးကို မကယ်တင်ရန်၊ ၎င်းတို့ကို သနားကရုဏာ မပြသတော့ရန်၊ သို့မဟုတ် ၎င်းတို့အတွက် သည်းမခံတော့ရန်နှင့် ၎င်းတို့ကို အခွင့်အရေးထပ်မပေးတော့ရန် သတ်မှတ်ထားပြီး ဖြစ်သော အခြေအနေများအောက်၌ ၎င်းတို့အပေါ် သူထားရှိသော သဘောထားသည် ၎င်းတို့ကို ဘေးဖယ်ထားခြင်းငှာဖြစ်သည့် သဘောထားဖြစ်သောကြောင့် ဖြစ်၏။ ဤတွင် "ဘေးဖယ်ထားခြင်း" ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ ဤဝေါဟာရ၏ အခြေခံကျသော အဓိပ္ပာယ်မှာ "တစ်စုံတစ်ခုကို တစ်ဖက်သို့ ထားရှိရန်၊ အာရုံမစိုက်တော့ရန်" ဖြစ်သည်။ သို့သော် ဤနေရာတွင်၊ ဘုရားသခင်က "တစ်စုံတစ်ယောက်ကို ဘေးဖယ်"

သည့်အခါတွင်၊ ယင်း၏ အဓိပ္ပာယ်နှင့်သက်ဆိုင်သည့် မတူညီသော ရှင်းပြချက်နှစ်ခု ရှိလေသည်။ ပထမရှင်းပြချက်က သူသည် ထိုလူ၏ အသက်နှင့် ထိုလူနှင့်ပတ်သက်သည့် အရာရာတိုင်းကို စာတန်ထံ ကိုင်တွယ်ဖြေရှင်းရန် ပေးအပ်လိုက်ပြီးဖြစ်ကာ ဘုရားသခင်က ထိုလူကို တာဝန်ယူတော့မည်မဟုတ်သကဲ့သို့ စီမံခန့်ခွဲမည် မဟုတ်တော့ချေ။ ဤလူက ရူးသည်ဖြစ်စေ မိုက်မဲသည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့သည် သေသည်ဖြစ်စေ အသက်ရှင်သည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ အပြစ်ပေးခြင်းအတွက် ငရဲကို သက်ဆင်းပြီးသည်ဖြစ်စေ၊ ဤရာများထဲမှ မည်သည့်အရာမျှ ဘုရားသခင်နှင့် ပတ်သက်မည် မဟုတ်ပေ။ ယင်းမှာ ထိုသို့သော ဖန်ဆင်းခံ တစ်ဦးသည် ဖန်ဆင်းရှင်နှင့် ဆက်နွှယ်မှုရှိမည် မဟုတ်ဟု ဆိုလိုပေမည်။ ဒုတိယ ရှင်းပြချက်မှာ ဘုရားသခင်သည် သူကိုယ်တိုင် သူ၏လက်ဖြင့် ဤလူကို တစ်စုံတစ်ရာ လုပ်ဆောင်ရန် ဆုံးဖြတ်ထားသည်။ ယင်းမှာ သူသည် ဤလူမျိုး အစေခံခြင်းကို အသုံးချရန် သို့မဟုတ် ၎င်းတို့ကို အဖြည့်ခံတစ်ခုအဖြစ် အသုံးချရန် ဖြစ်နိုင်သည်။ သူသည် ဤလူစားမျိုးကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့်ဆိုင်သည့် အထူးနည်းလမ်းတစ်ခု၊ ဥပမာအားဖြင့် ပေါလုကဲ့သို့ပင် ၎င်းတို့ကို ဆက်ဆံခြင်းနှင့်ဆိုင်သည့် အထူးနည်းလမ်းတစ်ခုရှိမည်မှာ ဖြစ်နိုင်သည်။ ဤသည်မှာ ဤလူစားမျိုးကို ကိုင်တွယ်ဖြေရှင်းရန် သူသတ်မှတ်ထားပြီးဖြစ်သည့် ဘုရားသခင်၏ စိတ်နှလုံးထဲရှိ အခြေခံသဘောတရားနှင့် သဘောထားဖြစ်သည်။ ထို့ကြောင့် လူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ပြီး သူ့ကို မကောင်း ပြောကာ ပြစ်မှားစော်ကားသောအခါ၊ သူ၏ စိတ်သဘောထားကို ၎င်းတို့ နှောင့်ယှက်ပါက၊ သို့မဟုတ် သူ၏ သည်းခံနိုင်ခြင်း အကန့်အသတ်ကို ကျော်လွန်ရန် တွန်းအားပေးပါက၊ အကျိုးဆက်က မတွေးဝံ့စရာဖြစ်သည်။ အပြင်းထန်ဆုံး အကျိုးဆက်မှာ ဘုရားသခင်သည် ၎င်းတို့၏ဘဝများနှင့် ၎င်းတို့နှင့် ပတ်သက်သည့် အရာရာတိုင်းကို စာတန်ထံ အပြီးတိုင် လွှဲအပ်လိုက်ခြင်း ဖြစ်သည်။ ၎င်းတို့သည် ထာဝရကာလပတ်လုံး ခွင့်လွှတ်ခံရမည် မဟုတ်ပေ။ ဤသည်မှာ ဤလူသည် စာတန်၏ ပါးစပ်က အစာ၊ သူ့လက်ထဲ၌ ရှိသော ကစားစရာအရုပ် ဖြစ်သွားသည်ဟု ဆိုလိုပြီး ထိုအချိန်မှစ၍ ဘုရားသခင်သည် ၎င်းတို့နှင့် နောက်ထပ် ဘာမျှ မသက်ဆိုင်တော့ပေ။ စာတန်က ယောဘကို စုံစမ်းနှောင့်ယှက်သောအခါ၊ မည်သည့်ဒုက္ခ ဖြစ်ခဲ့သည်ကို သင်တို့ စိတ်ကူးနိုင်ပါ၏လော။ ယောဘ၏ အသက်ကို ထိခိုက်ရန် စာတန်ကို ခွင့်မပြုထားခဲ့သည့် သတ်မှတ်ချက်အောက်တွင်ပင်၊ ယောဘသည် ဒုက္ခကို ကြီးစွာ ခံစားခဲ့ရဆဲဖြစ်သည်။ စာတန်ဆီသို့လုံးဝ လွှဲအပ်ခြင်း ခံရပြီးသည့်သူ၊ စာတန်၏ လက်ခုပ်အတွင်း လုံးဝရှိသူ၊ ဘုရားသခင်၏ ဂရုစိုက်မှုနှင့် သနားကရုဏာတို့ကို လုံးဝ ဆုံးရှုံးပြီးသောသူ၊ ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက်တွင် မရှိတော့သည့်သူ၊ သူ့ကို ကိုးကွယ်ရန်

အခွင့်နှင့် ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် ရှိသော ဖန်ဆင်းခံဖြစ်ရန် အခွင့်ကို ဖယ်ရှားခံရပြီးသူနှင့် ဖန်ဆင်းခြင်း၏ အရှင်နှင့် ဆက်ဆံရေး လုံးဝ ပြတ်တောက်သွားသူအပေါ် စာတန်က ဖြစ်စေမည့် ဖျက်ဆီးမှုဒဏ်ကို စိတ်ကူးရန် သာ၍ပင် ခက်ခဲသည် မဟုတ်လော။ ယောဘကို စာတန်၏ နှိပ်စက်ညှဉ်းပန်းခြင်းက လူ့မျက်စိနှင့်မြင်နိုင်သော အရာတစ်ခုဖြစ်သော်လည်း၊ ဘုရားသခင်က လူတစ်ယောက်၏ အသက်ကို စာတန်ထံ ဘုရားသခင် လွှဲပြောင်းပေးလိုက်ပါက၊ အကျိုးဆက်များက လူသား စိတ်ကူးနိုင်စွမ်းကို ကျော်လွန်ပေသည်။ ဥပမာအားဖြင့် လူအချို့သည် နွား၊ သို့မဟုတ် မြည်းအနေနှင့် ပြန်လည် မွေးဖွားကောင်း မွေးဖွားနိုင်သော်လည်း၊ အချို့မှာ မသန့်ရှင်းသည့် ညစ်ညူးသော ဝိညာဉ်များ စသည်တို့၏ နေရယူခြင်းနှင့် ဝင်ပူးခြင်းကို ခံရကောင်းခံရနိုင်ပေသည်။ ယင်းမှာ ဘုရားသခင်က စာတန်ထံ လွှဲပြောင်းသော လူအချို့၏ ရလဒ်များဖြစ်သည်။ အပြင်ပန်းမှကြည့်လျှင် သခင်ယေရှုကို လှောင်ပြောင်ခဲ့သော လူများ၊ မကောင်းပြောခဲ့သောလူများ၊ ရှုတ်ချခဲ့ပြီး ပြစ်မှားစော်ကားခဲ့သော လူများသည် မည်သည့် အကျိုးဆက်မျှ မခံစားခဲ့ရဟု ထင်ရသည်။ သို့သော် အမှန်မှာ ဘုရားသခင်သည် အရာရာတိုင်းနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းတစ်ခု ရှိပေသည်။ လူအမျိုးအစားတိုင်းကို သူကိုင်တွယ်ဖြေရှင်းပုံ၏ ရလဒ်ကို လူတို့အား ပြောပြရန် ရှင်းလင်းသော ဘာသာစကားကို သူအသုံးပြုကောင်း ပြုမည်မဟုတ်ပေ။ တစ်ခါတစ်ရံ၌ သူသည် တိုက်ရိုက် စကားမပြောဘဲ၊ ယင်းထက် တိုက်ရိုက် ဆောင်ရွက်သည်။ သူက ယင်းနှင့်ပတ်သက်၍ စကားမပြောခြင်းသည် ရလဒ်မရှိဟု မဆိုလိုပေ- အမှန်တွင်၊ ထိုသို့သော ကိစ္စရပ်တွင် ရလဒ်က သာ၍ပင် ပြင်းထန်ဖို့ ဖြစ်နိုင်ပေသည်။ အပြင်ပန်းမှကြည့်ပါက၊ သူ၏သဘောထားနှင့် ပတ်သက်၍ တိတိကျကျ သူမပြောဆိုသော သူအချို့ ရှိသည့်အလား ထင်ရကောင်း ထင်ရနိုင်သော်လည်း၊ အမှန်တွင် ဘုရားသခင်သည် ၎င်းတို့ကို အာရုံမစိုက်လိုခဲ့သည်မှာ အချိန်ကြာပြီဖြစ်သည်။ သူသည် ၎င်းတို့ကို ထပ်မမြင် လိုတော့ပေ။ ၎င်းတို့လုပ်ဆောင်ခဲ့သော အရာများနှင့် ၎င်းတို့၏ အပြုအမူတို့ကြောင့်၊ ၎င်းတို့၏ သဘာဝနှင့် ၎င်းတို့၏ အနှစ်သာရကြောင့်၊ ဘုရားသခင်သည် ၎င်းတို့ကို သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားရန်သာ အလိုရှိသည်၊ ၎င်းတို့ကို စာတန်ထံ တိုက်ရိုက် လွှဲအပ်ရန်၊ ၎င်းတို့၏ စိတ်ဓာတ်၊ ဝိညာဉ်နှင့် ခန္ဓာကို စာတန်အားပေးရန်နှင့် ၎င်းတို့နှင့်ပတ်သက်၍ စာတန် လုပ်ဆောင်လိုသည့်အရာ မည်သည့်အရာကိုမဆို လုပ်ဆောင် ခွင့်ပေးရန် အလိုရှိလေသည်။ ၎င်းတို့ကို မည်သည့် အတိုင်းအတာထိ ဘုရားသခင် မုန်းသည်၊ မည်သည့် အတိုင်းအတာအထိ ၎င်းတို့ကို စက်ဆုပ်သည်မှာ ရှင်းပေသည်။ ဘုရားသခင်က ၎င်းတို့ကို တစ်ဖန် မမြင်ချင်တော့သည်အထိနှင့် ၎င်းတို့နှင့်ပတ်သက်၍ လုံးဝ လက်လျှော့ရန် ပြင်ဆင်သည်အထိ၊

၎င်းတို့ကို သူ ကိုယ်တိုင် ကိုင်တွယ်မဖြေရှင်းလိုတော့သည့် အထိပင် လူတစ်ဦးက ဘုရားသခင်ကို အမျက်ထွက်စေပါက- ယင်းသည် ၎င်းတို့ကို သဘောရှိ လုပ်ဆောင်ရန်၊ စာတန်အား သူ နှစ်သက်သည့် မည်သည့်နည်းလမ်းဖြင့်မဆို ၎င်းတို့ကို ထိန်းချုပ် ခွင့်ပေးရန်၊ ဝါးမျိုခွင့်ပေးရန်နှင့် ဆက်ဆံခွင့်ပေးရန် ၎င်းတို့ကို ဘုရားသခင်က စာတန်ထံ လွှဲအပ်မည့်အဆင့်ထိရောက်ပါက- ဤလူသည် လုံးဝ အဆုံးသတ်ပြီဖြစ်သည်။ ၎င်းတို့၏ လူသား ဖြစ်ပိုင်ခွင့်သည် အမြဲတစေ ရုတ်သိမ်းခံရပြီးဖြစ်သကဲ့သို့ ဘုရားသခင်၏ ဖန်ဆင်းခြင်းထဲက ၎င်းတို့၏ ဖန်ဆင်းခံတစ်ဦး ဖြစ်ပိုင်ခွင့်သည် အဆုံးသတ်သို့ ရောက်ရှိပြီးဖြစ်သည်။ ဤသည်မှာ အပြင်းထန်ဆုံးသော အပြစ်ပေးခြင်းမျိုး ဖြစ်သည် မဟုတ်လော။

အထက်က အရာအားလုံးသည် “ယခုဘဝနောင်ဘဝ၌ မလွှတ်နိုင်။” ဟူသော နှုတ်ကပတ်တော်များ၏ ပြည့်စုံသော ရှင်းပြချက်ဖြစ်ပြီး၊ ယင်းသည် ကျမ်းစာမှ ဤကျမ်းပိုဒ်များနှင့် ပတ်သက်သည့် ရိုးရှင်းသော ရှင်းလင်းချက်အဖြစ်လည်း အသုံးတော်ခံပေသည်။ ယခု သင်တို့သည် ယင်းနှင့်သက်ဆိုင်သည့် သိနားလည်မှုတစ်ခုရှိသည်ဟု ငါ ယုံကြည်သည်။

ယခု အောက်ပါ ကျမ်းစာမှ ကျမ်းပိုဒ်များကို ဖတ်ကြပါစို့။

၁၂။ ယေရှု သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက် သူ၏တပည့်တော်များကိုပြောသည့် စကားများ

ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၂၀:၂၆-၂၉ ထိုနောက် ရှစ်ရက်မြောက်သောနေ့၌ တပည့်တော်တို့သည် တဖန်အထဲ၌ရှိကြ၍ သောမလည်းပါ၏။ တံခါးများကို ပိတ်ထားစဉ်အခါ၊ ယေရှုသည်ကြွလာ၍ အလယ်မှာရပ်တော်မူလျက်၊ သင်တို့၌ငြိမ်သက်ခြင်း ရှိစေသတည်းဟု မိန့်တော်မူ၏။ ထိုအခါ သောမအား၊ သင်၏လက်ညှိုးကိုဆန့်၍ ငါ့လက်ကိုကြည့်လော့။ သင်၏လက်ကိုဆန့်၍ ငါ့ နံဖေးကို စမ်းသပ်လော့။ ယုံမှားခြင်းမရှိနှင့်။ ယုံလော့ဟု မိန့်တော်မူ၏။ သောမကလည်း၊ အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ ဘုရားသခင်ပါတကားဟု ပြန်၍လျှောက်၏။ ယေရှုကလည်း၊ သင်သည်ငါ့ကိုမြင်သောကြောင့် ယုံခြင်းရှိ၏။ ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။

ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၂၁:၁၆-၁၇ တဖန်ယေရှုက၊ ယောန၏သားရှိမုန်၊ သင်သည် ငါ့ကိုချစ်သလောဟု ဒုတိယအကြိမ်မေးတော်မူလျှင်၊ ဟုတ်ပါ၏သခင်။ ကိုယ်တော်ကို

အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟုလျှောက်သော်၊ ငါ၏ သိုးတို့ကို ထိန်းလော့ဟုမိန့်တော်မူ၏။ ယေရှုကလည်း၊ ယောန၏သားရှိမုန်၊ သင်သည် ငါ့ကိုချစ်သလောဟု တတိယအကြိမ်မေးတော်မူလျှင်၊ သင်သည်ငါ့ကိုချစ်သလောဟု သုံးကြိမ်မြောက်အောင် မေးတော်မူသောကြောင့် ပေတရုသည်စိတ်နာသဖြင့်၊ သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကိုသိတော်မူ၏။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟု လျှောက်သော်၊ ယေရှုက၊ ငါ၏သိုးတို့ကို ကျွေးမွေးလော့။

ဤကျမ်းပိုဒ်များက ပြန်လည်ဖော်ပြထားသောအရာမှာ သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက်တွင် သခင်ယေရှု လုပ်ဆောင်ခဲ့ပြီး သူ၏တပည့်တော်များထံ ပြောဆိုခဲ့သော အရာတချို့ဖြစ်သည်။ ပထမဦးစွာ၊ ရှင်ပြန်ထမြောက်ခြင်း မတိုင်မီနှင့် ရှင်ပြန်ထမြောက်ပြီးနောက်ကြားတွင် သခင်ယေရှု၌ ရှိနိုင်မည့် ကွာခြားချက်တစ်ခုတစ်လေကို ကြည့်ကြစို့။ သူသည် ယခင်က သခင်ယေရှု ဖြစ်နေဆဲ ဖြစ်ခဲ့သလော။ ကျမ်းစာတွင် ရှင်ပြန်ထမြောက်ခြင်းနောက်တွင် သခင်ယေရှုကို ဖော်ပြသည့် အောက်ပါ စာကြောင်း ပါရှိလေသည်- “တံခါးများကို ပိတ်ထားစဉ်အခါ၊ ယေရှုသည်ကြွလာ၍ အလယ်မှာ ရပ်တော်မူလျက်၊ သင်တို့၌ငြိမ်သက်ခြင်း ရှိစေသတည်းဟု မိန့်တော်မူ၏။” ထိုအချိန်တွင် သခင်ယေရှုသည် လူ့ဇာတိ ခန္ဓာတွင် မနေထိုင်တော့ဘဲ၊ သူသည် ယခု ဝိညာဉ်ခန္ဓာတစ်ခုတွင် ရှိသည်မှာ အလွန်ရှင်းလင်းပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူ့ဇာတိ၏ အကန့်အသတ်များကို သူကျော်လွန်သွားခဲ့ပြီး ဖြစ်သောကြောင့်ဖြစ်သည်။ တံခါးက ပိတ်ထားခဲ့သော်လည်း၊ သူသည် လူတို့အလယ်ကို လာနိုင်ဆဲဖြစ်ကာ ၎င်းတို့ကို မြင်ခွင့်ပေးနိုင်ဆဲ ဖြစ်ခဲ့သည်။ ဤသည်မှာ ရှင်ပြန်ထမြောက်ပြီးနောက် သခင်ယေရှုနှင့် ရှင်ပြန်ထမြောက်ခြင်းမတိုင်မီ လူ့ဇာတိ၌ အသက်ရှင်သော သခင်ယေရှုကြား အကြီးမားဆုံး ခြားနားချက်ဖြစ်သည်။ ထိုအခိုက်အတန့် ဝိညာဉ်ခန္ဓာ၏ အသွင်အပြင်နှင့် ယခင်က သခင်ယေရှု၏ အသွင်အပြင်ကြားတွင် ခြားနားမှုမရှိသော်လည်း၊ သူသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးသည့်နောက်တွင် ဝိညာဉ်ခန္ဓာဖြစ်လာခဲ့ပြီးဖြစ်ကာ သူ၏ယခင်က လူ့ဇာတိနှင့် ယှဉ်ပါက၊ ဤဝိညာဉ်ခန္ဓာသည် လူတို့အတွက် ပို၍ ပဟေဠိဆန်ပြီး ပို၍စိတ်ရှုပ်ထွေးစရာ ဖြစ်သောကြောင့်၊ ထိုအခိုက်အတန့်က သခင်ယေရှုသည် လူတို့အဖို့ သူစိမ်း တစ်ဦးကဲ့သို့ ခံစားရစေသည့် သူတစ်ဦး ဖြစ်လာခဲ့ပြီး ဖြစ်သည်။ ယင်းက သခင်ယေရှုနှင့် လူတို့ကြား၌ ပို၍ ဝေးကွာမှုကို ဖန်တီးခဲ့ပြီး ထိုအခိုက်အတန့်ရှိ သခင်ယေရှုသည် သာ၍ ထူးခြားဆန်းကြယ်လာခဲ့ပြီဟု ၎င်းတို့၏ စိတ်နှလုံးထဲ၌ လူတို့ ခံစားခဲ့ရသည်။ လူတို့၏ အပိုင်းမှ ဤသိမြင်ခြင်းများနှင့် ခံစားချက်တို့သည် မမြင်နိုင်၊ မထိတွေ့နိုင်သော ဘုရားသခင်ကို ယုံကြည်ခြင်းခေတ်တစ်ခုဆီသို့

၎င်းတို့ကို ရုတ်တရက် ပြန်လည် ခေါ်ဆောင်သွားခဲ့သည်။ ထို့ကြောင့် သူ၏ ရှင်ပြန်ထမြောက်ခြင်း နောက်တွင် ပထမဦးဆုံး သခင်ယေရှု လုပ်ဆောင်ခဲ့သောအရာမှာ အယောက်တိုင်းအား သူ့ကိုမြင်ရန်၊ သူတည်ရှိသည်ဆိုသည်ကို အတည်ပြုရန်နှင့် သူ၏ ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သည့် အမှန်တရားကို အတည်ပြုရန် အခွင့်ပေးခြင်း ဖြစ်ပေသည်။ ထို့အပြင် ဤလုပ်ဆောင်ချက်သည် လူ့ဇာတိဖြင့် သူအလုပ် လုပ်နေခဲ့အချိန်၊ သူသည် ၎င်းတို့ မြင်နိုင်သကဲ့သို့ တို့ထိနိုင်ခဲ့သည့် ခရစ်တော်ဖြစ်ခဲ့ချိန်က ရှိခဲ့သည့် ပုံစံအတိုင်း လူတို့နှင့် သူ၏ဆက်ဆံရေးကို ပြန်လည်ရရှိစေခဲ့သည်။ ဤအရာ၏ တစ်ခုသော ရလဒ်မှာ သခင်ယေရှုသည် လက်ဝါးကပ်တိုင်မှာ သံနှင့်ရိုက်ခံရပြီးနောက် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့ခြင်း ရှိမရှိဆိုသည်ကို လူတို့ သံသယမရှိခဲ့ကြသကဲ့သို့၊ လူသားမျိုးနွယ်ကို ရွေးနုတ်ရန် ဖြစ်သည့် သခင်ယေရှု၏ အမှုတော်ကိုလည်း ၎င်းတို့ သံသယမရှိခဲ့ကြပေ။ နောက်ထပ် ရလဒ်တစ်ခုမှာ သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက် လူတို့ထံ သခင်ယေရှု၏ ပေါ်ထွန်းခြင်းနှင့် လူတို့ကို သူ့အား မြင်ခွင့်ပေးကာ ထိခွင့်ပေးခြင်းသည် သခင်ယေရှု "ပျောက်ကွယ်သွား" ခဲ့ပြီးဖြစ်သည် သို့မဟုတ် သူသည် "စကားတစ်ခွန်းမျှ မချန်ခဲ့လေပြီ" ဟု ထင်ရသော အခြေခံအကြောင်းရင်းအပေါ် လူတို့သည် ယခုချိန်မှစ၍ ယခင် ပညတ်တော်ခေတ်သို့ ပြန်သွားတော့မည်မဟုတ်သည်ကို သေချာစေလျက်၊ ကျေးဇူးတော်ခေတ်တွင် လူသားမျိုးနွယ်ကို ခိုင်ခိုင်မာမာ လုံခြုံစေခဲ့သည်။ ထိုသို့ဖြင့် ၎င်းတို့သည် သခင်ယေရှု၏ သွန်သင်ချက်များနှင့် သူ လုပ်ဆောင်ခဲ့သည့် အမှုတော်နောက် လိုက်လျှောက်ရင်း ဆက်လက် ရှေ့ဆက်မည် ဖြစ်သည်ကို သူက သေချာစေခဲ့သည်။ ထို့ကြောင့် ကျေးဇူးတော်ခေတ်ရှိ အမှုတော်ထဲက အဆင့်အသစ် တစ်ခုကို တရားဝင် ဖွင့်ဟခဲ့ပြီး၊ ထိုအခိုက်အတန့်မှစ၍ ပညတ်တော် အောက်၌ အသက်ရှင်နေခဲ့ပြီးဖြစ်သော လူတို့သည် ပညတ်တရားမှ တရားဝင် ပေါ်ထွက်ခဲ့ပြီး ခေတ်သစ်တစ်ခု၊ အသစ်သော စတင်ခြင်းတစ်ခုထဲသို့ ဝင်ရောက်ခဲ့လေသည်။ ဤအရာများသည် ရှင်ပြန်ထမြောက်ခြင်းနောက်တွင် လူသားမျိုးနွယ်ထံ သခင်ယေရှုပေါ်ထွန်းခြင်း၏ ရှုထောင့် အမျိုးမျိုးရှိသည့် အဓိပ္ပာယ်များ ဖြစ်သည်။

သခင်ယေရှုသည် ဝိညာဉ်ခန္ဓာတစ်ခုတွင် ယခု နေထိုင်သည့်အတွက်၊ လူတို့သည် သူ့ကို မည်သို့ ထိနိုင်၊ မြင်နိုင်သနည်း။ ဤမေးခွန်းက လူသားမျိုးနွယ်ထံ သခင်ယေရှု ပေါ်ထွန်းခြင်း၏ အရေးပါမှုကို ဆွေးနွေးထားပေသည်။ ငါတို့ ခုတင် ဖတ်ပြီးသော ကျမ်းစာ၏ ကျမ်းပိုဒ်များ၌ တစ်ခုတစ်လေကို သင်တို့ သတိပြုမိပါသလော။ ယေဘုယျအားဖြင့်၊ ဝိညာဉ်ခန္ဓာများကို မြင်၍မရ သို့မဟုတ် ထိတွေ့၍မရနိုင်ပေ၊ ပြီးလျှင် ရှင်ပြန်ထမြောက်ခြင်းနောက်တွင်

သခင်ယေရှု ဆောင်ရွက်ခဲ့ပြီးသောအမှုတော်သည် ပြည့်စုံနှင့်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သဘောတရားအရ၊ သူသည် လူတို့နှင့် ဆုံတွေ့ရန် သူ၏ နဂိုမူလ ပုံသဏ္ဍာန်ဖြင့် လူတို့ကြားထဲ ပြန်လာရန် လုံး၀ မလိုအပ်ခဲ့ပေ၊ သို့သော် သူ၏ ပေါ်ထွန်းခြင်းသည် လူတို့၏ နှလုံးသားထဲကို ပို၍ပင် နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ဖို့ရန်အလို့ငှာ၊ သောမကဲ့သို့သော လူတို့ထံ သခင်ယေရှု၏ ဝိညာဉ်ခန္ဓာ ပေါ်ထွန်းခြင်းက သူ၏ ပေါ်ထွန်းခြင်း၏ အရေးပါမှုကို ပို၍ ခိုင်မာစေလေသည်။ သောမထံ သူလာခဲ့ချိန်တွင်၊ သူသည် သံသယဝင်သူ သောမကို သူ့လက်အား ထိစေပြီး သူ့ကိုပြောခဲ့သည်- "သင်၏လက်ကို ဆန့်၍ ငါ့ နံဖေးကို စမ်းသပ်လော့။ ယုံမှားခြင်းမရှိနှင့်။ ယုံလော့။" ဤစကားလုံးများနှင့် လုပ်ရပ်များသည် သူရှင်ပြန်ထမြောက် ပြီးသည့်နောက်တွင်သာ သခင်ယေရှု ပြောဆိုလိုခဲ့ပြီး လုပ်ဆောင်လိုခဲ့သော အရာများမဟုတ်ပေ။ အမှန်တွင် ထိုအရာများသည် လက်ဝါးကပ်တိုင်၌ သံမှိုမရိုက်ခံရမီ သူလုပ်ဆောင်လိုခဲ့သော အရာများဖြစ်သည်။ သူ ကားတိုင်၌ သံမှိုရိုက်ခြင်း မခံခဲ့ရသေးမီတွင်၊ သခင်ယေရှုသည် သောမကဲ့သို့သော လူတို့ကို သိနားလည်မှုရှိခဲ့နှင့်ပြီးဖြစ်သည်မှာ ထင်ရှားမြင်သာပေသည်။ သို့ဆိုလျှင် ဤအရာမှ ငါတို့ မည်သည့်အရာကို မြင်နိုင်သနည်း။ သူသည် ရှင်ပြန်ထမြောက်ခြင်းနောက်တွင် တူညီသော သခင်ယေရှု ဖြစ်ခဲ့ဆဲဖြစ်သည်။ သူ၏ အနှစ်သာရသည် ပြောင်းလဲမသွားခဲ့ပေ။ သောမ၏ သံသယသည် ထိုအခါမှသာ စတင်ခဲ့သည်မဟုတ်ဘဲ၊ သခင်ယေရှုနောက်ကို သူလိုက်နေခဲ့သည့် တစ်ချိန်လုံးတွင် သူနှင့်အတူ ရှိနေခဲ့ခြင်း ဖြစ်သည်။ သို့သော် ဤနေရာတွင် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့ပြီး၊ သူ၏ နဂိုမူလ ပုံသဏ္ဍာန်ဖြင့်၊ သူ၏ နဂိုမူလ စိတ်သဘောထားဖြင့်၊ ပြီးလျှင် လူ့ဇာတိ၌ ရှိခဲ့သည့် သူ၏ အချိန်ကာလမှ လူသားမျိုးနွယ်အပေါ် သူ၏ နားလည်ခြင်းဖြင့် ဝိညာဉ်ကမ္ဘာမှ ပြန်လာခဲ့သူ သခင်ယေရှု ရှိနေခဲ့သည်၊ ထို့ကြောင့် သူသည် သောမထံ ပထမဦးဆုံး သွားခဲ့ပြီး၊ သောမကို သူ၏နံရိုးအား ထိခွင့်ပေးခဲ့သည်၊ ရှင်ပြန်ထမြောက်ခြင်းနောက် သူ၏ ဝိညာဉ်ခန္ဓာကို သောမအား မြင်စေရုံတင်မက၊ သူ၏ ဝိညာဉ်ခန္ဓာ တည်ရှိမှုကိုလည်း ထိတွေ့ကာ ခံစားခွင့်ပေးခဲ့ပြီး သူ၏ သံသယများကို လုံး၀ လက်လွှတ်ခွင့်ပေးခဲ့သည်။ သခင်ယေရှု လက်ဝါးကပ်တိုင်၌ သံမှိုရိုက်နှက်မခံရမီတွင်၊ သောမက သူသည် ခရစ်တော် ဖြစ်ခဲ့သည်ဆိုသည်ကို အမြဲသံသယထားခဲ့ပြီး သူ့ကို ယုံကြည်နိုင်စွမ်း မရှိခဲ့ပေ။ ဘုရားသခင်၌ သူ၏ ယုံကြည်ခြင်းသည် သူ့မျက်လုံးနှင့် သူမြင်နိုင်သည့်အရာအပေါ်၊ သူ၏ကိုယ်ပိုင်လက်နှင့် ထိတွေ့နိုင်သည့်အရာအပေါ်မှာသာ အခြေခံ၍ တည်ဆောက်ခဲ့သည်။ သခင်ယေရှုသည် ဤလူစားမျိုး၏ ယုံကြည်မှုအပေါ် ကောင်းကောင်း သိနားလည်မှုရှိခဲ့သည်။ ၎င်းတို့သည် ကောင်းကင်ဘုံ၌ရှိသည့် ဘုရားသခင်ကိုသာ ယုံကြည်ပြီး ဘုရားသခင် စေလွှတ် လိုက်သောသူ၊

သို့မဟုတ် လူ့ဇာတိခံယူသော ခရစ်တော်ကို လုံးဝမယုံကြည်ခဲ့ကြသကဲ့သို့ သူ့ကို လက်မခံခဲ့ကြပေ။ သောမအတွက် သခင်ယေရှု၏ တည်ရှိမှုနှင့် သူသည် အမှန်တကယ် လူ့ဇာတိခံယူသော ဘုရားသခင်ဖြစ်သည် ဆိုသည်ကို သူအသိအမှတ်ပြုကာ ယုံကြည်ဖို့ရန်အလို့ငှာ၊ သူသည် သောမကို သူ၏လက်အား လှမ်းကာ သူ၏နံရိုးကို ထိခွင့်ပြုခဲ့သည်။ သခင်ယေရှု ရှင်ပြန်ထမြောက်ခြင်းမတိုင်မီနှင့် ရှင်ပြန်ထမြောက်ပြီးနောက်တွင် သောမ၏ သံသယဝင်ခြင်းသည် တစ်ခုတစ်လေ ကွဲပြားမှုရှိသလော။ သူသည် အမြဲတမ်း သံသယဝင်နေပြီး သခင်ယေရှု၏ ဝိညာဉ်ခန္ဓာက သူ့ထံ ကိုယ်တိုင်ကိုယ်ကျ ပေါ်လာခြင်းနှင့် သူ၏ကိုယ်ခန္ဓာပေါ် ရှိ သံရိုက်ရာတို့ကို သူ့အား ထိစေခြင်းကလွဲ၍၊ မည်သူကမျှ သူ၏သံသယများကို ဖြေရှင်းပေးကာ ၎င်းတို့ကို သူ့အား လက်လွှတ်စေနိုင်ဖို့ မဖြစ်နိုင်ခဲ့ကြချေ။ ထို့ကြောင့် သခင်ယေရှုက သူ၏နံရိုးကို သောမအား ထိခွင့်ပေးပြီး သူ့ကို သံရိုက်ရာတို့၏ တည်ရှိခြင်းက အမှန်တကယ် ခံစားစေခဲ့သောအချိန်ကစ၍ သောမ၏ သံသယတို့သည် ပျောက်ကွယ်သွားခဲ့ပြီး သခင်ယေရှု ရှင်ပြန်ထမြောက်ခဲ့ပြီး ဖြစ်သည်ကို သူ အမှန်တကယ် သိခဲ့ကာ၊ သခင်ယေရှုသည် စစ်မှန်သော ခရစ်တော်နှင့် လူ့ဇာတိခံ ဘုရားသခင်ဖြစ်သည်ကို အသိအမှတ်ပြုကာ ယုံကြည်ခဲ့သည်။ ဤအချိန်တွင် သောမသည် သံသယမရှိတော့သော်လည်း၊ သူသည် ခရစ်တော်နှင့်တွေ့ဆုံရန် အခွင့်အရေးကို ထာဝရ ဆုံးရှုံးခဲ့ရပြီး ဖြစ်သည်။ သူနှင့် အတူရှိရန်၊ သူ့နောက်ကိုလိုက်ရန်၊ သူ့ကိုသိရန် အခွင့်အရေးကို ထာဝရ ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ခရစ်တော်က သူ့ကို စုံလင်စေမည့် အခွင့်အရေးကို သူဆုံးရှုံးခဲ့ပြီးဖြစ်သည်။ သခင်ယေရှု၏ ပေါ်ထွန်းခြင်းနှင့် သူ၏ နှုတ်ကပတ်တော်များသည် သံသယများနှင့် ပြည့်နေသော သူတို့၏ ယုံကြည်ခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်နှင့် အဆုံးသတ်တစ်ခုကို ထောက်ပံ့ပေးခဲ့သည်။ သံသယရှိသူတို့ကို ပြောပြရန်၊ ကောင်းကင်ဘုံ၌ရှိသည့် ဘုရားသခင်ကိုသာ ယုံကြည်ပြီး ခရစ်တော်ကို မယုံကြည်သောသူတို့ကို ပြောပြရန် သူသည် သူ၏ တကယ့် နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက်တို့ကို အသုံးပြုခဲ့သည်- ဘုရားသခင်သည် ၎င်းတို့၏ ယုံကြည်မှုကို မချီးကျူးခဲ့သကဲ့သို့၊ သူ့ကို သံသယ ထားနေရင်း သူ့နောက် လိုက်ခြင်းအတွက်လည်း ၎င်းတို့ကို မချီးကျူးခဲ့ပေ။ ဘုရားသခင်နှင့် ခရစ်တော်ကို ၎င်းတို့ အပြည့်အဝ ယုံကြည်နိုင်သော နေ့သည် ဘုရားသခင်က သူ၏ ကြီးမြတ်သောအမှုတော်ကို ပြည့်စုံစေသောနေ့သာ ဖြစ်နိုင်ပေသည်။ ဟုတ်ပေ၏၊ ထိုနေ့သည် ၎င်းတို့၏ သံသယအပေါ် အဆုံးအဖြတ် ပြုလုပ်သော နေ့လည်း ဖြစ်ခဲ့ပေသည်။ ခရစ်တော်အပေါ်မှာထားသော ၎င်းတို့၏ သဘောထားသည် ၎င်းတို့၏ ကံကြမ္မာကို သတ်မှတ်ပြီး ၎င်းတို့၏ ခေါင်းမာသော

သံသယများက ၎င်းတို့ယုံကြည်ခြင်းသည် အကျိုးမဖြစ်ထွန်းသည်ကို ဆိုလိုခဲ့ကာ၊ ၎င်းတို့၏ မာကျောခြင်းက ၎င်းတို့မျှော်လင့်ချက်များ အချည်းနှီး ဖြစ်သည်ကို ဆိုလိုခဲ့ပေသည်။ ကောင်းကင်ဘုံ၌ရှိသည့် ဘုရားသခင်အပေါ် ၎င်းတို့၏ယုံကြည်ခြင်းက အတွေးမှားတို့ကို မှီကာ ရှင်သန်ကြီးထွားသကဲ့သို့၊ ခရစ်တော်အပေါ် ၎င်းတို့၏ သံသယသည် အမှန်တကယ် ဘုရားသခင်အပေါ် သူတို့၏ စစ်မှန်သော သဘောထား ဖြစ်သောကြောင့်၊ ၎င်းတို့သည် သခင်ယေရှု၏ ကိုယ်ခန္ဓာပေါ်က သံရိုက်ရာတို့ကို ထိတွေ့ခဲ့ရသော်လည်း၊ ၎င်းတို့၏ ယုံကြည်ခြင်းသည် အချည်းနှီး ဖြစ်ဆဲဖြစ်ကာ ၎င်းတို့၏ ရလဒ်တို့ကို ခြင်းကြားဖြင့် ရေသယ်ခြင်းအဖြစ်သာ ဖော်ပြနိုင်ပေသည်- အားလုံးအချည်းနှီး ဖြစ်သည်။ သခင်ယေရှုက သောမကို ပြောခဲ့သောအရာသည် လူတိုင်းကိုလည်း ရှင်းရှင်းလင်းလင်း သူပြောပြသည့် နည်းလမ်း ဖြစ်သည်။ ရှင်ပြန်ထမြောက်ခဲ့သော သခင်ယေရှုသည် လူသားမျိုးနွယ်အလယ် အမှုတော်ကို ဆောင်ရွက်ရင်း သုံးဆယ့်သုံးနှစ်ခွဲ ကုန်ဆုံးခဲ့သော သခင်ယေရှုဖြစ်သည်။ သူသည် ကားတိုင်တွင် သံမှိုရိုက်နှက်ခံခဲ့ရပြီး သေမင်းအရိပ်လွှမ်းမိုးသော ချိုင့်ဝှမ်းကို ကြုံတွေ့ခဲ့ရသော်လည်း၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းကို သူ ကြုံတွေ့ခဲ့ရသော်လည်း၊ သူသည် မည်သည့် သွင်ပြင်လက္ခဏာတွင်မျှ ပြောင်းလဲမှု မကြုံခဲ့ရပေ။ ယခု သူသည် သူ၏ကိုယ်ခန္ဓာ၌ သံရိုက်ရာတို့ရှိသော်လည်း၊ သူသည် သေခြင်းမှရှင်ပြန်ထမြောက်ပြီး အုတ်ဂူထဲမှ ထွက်ခဲ့ပြီး ဖြစ်သော်လည်း၊ သူ၏စိတ်သဘောထား၊ လူသားမျိုးနွယ်နှင့် ဆိုင်သည့် သူ၏သိနားလည်မှုနှင့် လူသားမျိုးနွယ် အပေါ် သူ၏ ရည်ရွယ်ချက်တို့သည် အနည်းငယ်မျှ မပြောင်းလဲခဲ့လေပြီ။ ထို့အပြင် သူသည် လက်ဝါးကပ်တိုင်မှ ဆင်းခဲ့ပြီးဖြစ်သည်၊ အပြစ်တရားကို အောင်နိုင်ခဲ့ပြီးဖြစ်သည်၊ အခက်အခဲတို့ကို အောင်နိုင်ခဲ့ပြီး ဖြစ်ကာ၊ သေခြင်းကို အောင်နိုင်ခဲ့ပြီး ဖြစ်သည်ကိုလည်း လူတို့ကို ပြောပြနေခဲ့သည်။ သံရိုက်ရာတို့က စာတန်အပေါ် သူ၏ အောင်နိုင်မှု သက်သေအထောက်အထား၊ လူသားမျိုးနွယ် တစ်ရပ်လုံးကို အောင်မြင်စွာ ရွေးနုတ်ရန် အပြစ်ဖြေရာယဇ် ဖြစ်ခြင်း၏ သက်သေအထောက်အထား ဖြစ်သည်။ သူသည် လူသားမျိုးနွယ်၏ အပြစ်ကို ယူဆောင်နှင့်ပြီး ဖြစ်ကာ သူ၏ ရွေးနုတ်ခြင်းအမှုတော်ကို ပြည့်စုံစေခဲ့ပြီး ဖြစ်သည်ကို လူတို့အား ပြောပြနေခဲ့သည်။ သူ၏ တပည့်တော်တို့ကို တွေ့ရန် သူပြန်လာခဲ့ချိန်တွင်၊ သူ၏ ပေါ်ထွန်းခြင်းအားဖြင့် ဤသတင်းစကားကို ၎င်းတို့အား ပြောပြခဲ့သည်- "ငါသည် အသက်ရှင်ဆဲ၊ တည်ရှိဆဲဖြစ်သည်။ ယနေ့ သင်တို့သည် ငါ့ကို မြင်နိုင်ပြီး ထိတွေ့နိုင်ရန်အလို့ငှာ သင်တို့ရှေ့တွင် ငါအမှန်တကယ် ရပ်နေသည်။ ငါသည် သင်တို့နှင့်အတူ အမြဲရှိလိမ့်မည်။" သခင်ယေရှုသည် အနာဂတ် လူတို့အတွက် သတိပေးချက်အနေနှင့်လည်း သောမ၏ ကိစ္စရပ်ကို အသုံးပြုချင်ခဲ့သည်။

သင်သည် သခင်ယေရှုကို ယုံကြည်ခြင်း၌ သူ့ကို သင် မမြင်နိုင်သကဲ့သို့ မထိတွေ့နိုင်သော်လည်း၊ သင်၏ စစ်မှန်သော ယုံကြည်ခြင်းကြောင့် သင်သည် ကောင်းချီးမင်္ဂလာ ခံစားရသကဲ့သို့၊ သင်သည် သင်၏ စစ်မှန်သော ယုံကြည်ခြင်းကြောင့် သခင်ယေရှုကို မြင်နိုင်ကာ၊ ဤလူစားမျိုးသည် ကောင်းချီးခံစားရပေသည်။

သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသည့် သခင်ယေရှုက သောမထံ ပေါ်လာသောအချိန်၌ ပြောခဲ့သည့် ဤနှုတ်ကပတ်တော်များသည် ကျေးဇူးတော်ခေတ်၌ရှိသော လူအားလုံးအတွက် ကြီးမားသော အထောက်အကူဖြစ်သည်။ သောမထံ သူ၏ ပေါ်လာခြင်းနှင့် သောမကို ပြောဆိုခဲ့သော နှုတ်ကပတ်တော်များသည် နောင်လာသည့် မျိုးဆက်တို့အပေါ် ကြီးမားသော သက်ရောက်မှုတစ်ခု ရှိခဲ့သည်။ ၎င်းတို့သည် ထာဝရတည်တံ့သည့် အဓိပ္ပာယ် ကိုင်စွဲထားလေသည်။ သောမသည် ဘုရားသခင်ကို ယုံကြည်သော်လည်း၊ ဘုရားသခင်ကို သံသယဝင်သော လူအမျိုးအစားကို ကိုယ်စားပြုသည်။ ၎င်းတို့သည် သံသယဝင်တတ်သော သဘာဝရှိကြသည်၊ အန္တရာယ်ပေးတတ်သော နှလုံးသားများ ရှိသည်၊ ဖောက်ပြန်တတ်ပြီး၊ ဘုရားသခင် ပြီးမြောက်စေနိုင်သော အရာတို့ကို မယုံကြည်ကြပေ။ ဘုရားသခင်၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းနှင့် သူ၏ အချုပ်အခြာအာဏာကို ၎င်းတို့ မယုံကြည်ကြသကဲ့သို့၊ လူ့ဇာတိခံ ဘုရားသခင်ကိုလည်း မယုံကြည်ကြပေ။ သို့သော်လည်း သခင်ယေရှု၏ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းက ၎င်းတို့ရှိသည့် ဤလက္ခဏာများကို လုံးလုံး ဆန့်ကျင်ပြီး ယင်းက ၎င်းတို့အား မိမိတို့ကိုယ်တိုင်၏ သံသယတို့ကို ရှာဖွေတွေ့ရှိရန်၊ ၎င်းတို့ကိုယ်တိုင်၏ သံသယတို့ကို သတိပြုမိရန်နှင့် ၎င်းတို့ကိုယ်တိုင်၏ ဖောက်ပြန်မှုကို အသိအမှတ်ပြုရန်ကိုလည်း ထောက်ပံ့ပေးသည်၊ ထိုသို့ဖြင့် သခင်ယေရှု၏ တည်ရှိခြင်းနှင့် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းတို့ကို အမှန်တကယ် ယုံကြည် လာစေလေသည်။ သာ၍များသော လူတို့သည် သောမကဲ့သို့ သံသယရှိသူများ မဖြစ်ဖို့ရန်နှင့် ၎င်းတို့အနေဖြင့် မိမိတို့ကိုယ်ကိုယ် သံသယဖြင့် ပြည့်စေပါက၊ အမှောင်ထဲသို့ နှစ်မြုပ်သွားကြမည်ဖြစ်သည်ကို မိမိတို့ကိုယ်ကိုယ် သတိပေးနိုင်ကြဖို့အလို့ငှာ၊ သောမထံ ဖြစ်ပျက်ခဲ့သည့်အရာသည် နောင်မျိုးဆက်တို့အတွက် သတိပေးချက်နှင့် သတိထားစရာ တစ်ခုဖြစ်ခဲ့သည်။ သင်သည် ဘုရားသခင်နောက်ကို လိုက်သော်လည်း၊ သောမကဲ့သို့ သခင်၏ နံရိုးကို အမြဲ ထိတွေ့လိုပြီး ဘုရားသခင် ရှိမရှိ အတည်ပြုရန်၊ စစ်ဆေးရန်၊ သုံးသပ်ရန် သူ၏ သံရိုက်ရာတို့ကို အမြဲ စမ်းကြည့်ချင်နေပါက၊ ဘုရားသခင်က သင့်ကို စွန့်ပစ်ပါလိမ့်မည်။ ထို့ကြောင့် သခင်ယေရှုသည် လူတို့ကို သောမကဲ့သို့မဖြစ်ရန် တောင်းဆိုပေသည်၊ သူတို့၏ ကိုယ်ပိုင်မျက်လုံးနှင့် မြင်နိုင်သောအရာကိုသာ ယုံကြည်ခြင်း မဟုတ်ဘဲ၊ ဖြူစင် ရိုးသားသော လူများ ဖြစ်ရန်၊

ဘုရားသခင်အပေါ် သံသယများ မသိုထားဘဲ သူ့ကို ယုံကြည်ပြီး သူ့နောက်ကိုသာ လိုက်စေလိုသည်။ ဤကဲ့သို့သော လူများသည် ကောင်းကြီး ခံစားရပေ၏။ ဤသည်မှာ လူတို့အပေါ် သခင်ယေရှု ပြသည့် အလွန်သေးငယ်သော သတ်မှတ်ချက်တစ်ခုဖြစ်ပြီး သူ၏ နောက်လိုက်များအတွက် သတိပေးချက်တစ်ခုဖြစ်သည်။

အထက်တွင်ဖော်ပြသည်မှာ သံသယတို့နှင့် ပြည့်နေသော သူတို့အပေါ် သခင်ယေရှု၏ သဘောထားဖြစ်သည်။ သို့ဆိုလျှင် သခင်ယေရှုသည် သူ့ကို ရိုးရိုးသားသားယုံကြည်ပြီး သူ့နောက်လိုက်သော သူတို့ကို မည်သည့်အရာ ပြောကာ ၎င်းတို့အတွက် လုပ်ဆောင်ခဲ့သနည်း။ ဤသည်မှာ သခင်ယေရှုနှင့် ပေတရုတို့ကြားက စကားအချီအချ ပြောဆိုခြင်းမှတစ်ဆင့် နောက်ထပ် ငါတို့ကြည့်ကြမည့်အရာ ဖြစ်သည်။

ဤစကားပြောဆိုခြင်း၌ သခင်ယေရှုက ပေတရုကို အမှုအရာတစ်ခု ထပ်ခါထပ်ခါ မေးခဲ့သည်- "ယောန၏သားရှိမုန်၊ သင်သည် ငါ့ကိုချစ်သလော။" ဤသည်မှာ သခင်ယေရှုက သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက်တွင်၊ ပေတရုကဲ့သို့သော လူများ၊ ခရစ်တော်ကို အမှန်တကယ် ယုံကြည်ပြီး သခင်ကို ချစ်ရန် ကြိုးပမ်းသောလူများထံမှ သခင်ယေရှုလိုအပ်သော ပိုမို မြင့်မားသည့် စံနှုန်းတစ်ခုဖြစ်သည်။ ဤမေးခွန်းသည် စူးစမ်းရှာဖွေခြင်းနှင့် စစ်ကြောမေးမြန်းခြင်း ပုံစံမျိုး ဖြစ်သော်လည်း၊ ထို့ထက်ပို၍ ယင်းသည် ပေတရု ကဲ့သို့သော လူတို့၏ လိုအပ်ချက်နှင့် မျှော်မှန်းချက်တို့ဖြစ်သည်။ လူတို့သည် ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရှု စစ်ဆေးရန်အလို့ငှာ ဤမေးခွန်းမေးခြင်း နည်းလမ်းကို သခင်ယေရှု အသုံးပြုခဲ့သည်- လူတို့အတွက် သခင်ယေရှု၏ သတ်မှတ်ချက်များမှာ အဘယ်နည်း။ သခင့်ကို ငါချစ်သလော။ ငါသည် ဘုရားသခင်ကို ချစ်သော လူတစ်ယောက်လော။ သခင့်ကို ငါ မည်ကဲ့သို့ ချစ်သင့်သနည်း။ သခင်ယေရှုက ပေတရုကို ဤမေးခွန်းကိုသာ မေးခဲ့သော်လည်း၊ အမှန်မှာ သူ့နှလုံးသားထဲတွင် ဤမေးခွန်းများကို ပေတရုအားမေးခြင်းဖြင့်၊ ဘုရားသခင်ကို ချစ်ရန် ကြိုးစားသော နောက်ထပ်လူတို့ကို ဤကဲ့သို့ အလားတူမေးခွန်းမျိုးကို မေးရန် ဤအခွင့်အရေးကို သူအသုံးပြုလိုခဲ့ခြင်း ဖြစ်သည်။ ယင်းမှာ ပေတရုသည် ဤကဲ့သို့သော လူတို့၏ ကိုယ်စားပြုအဖြစ် ပြုမူရန်၊ သခင်ယေရှုကိုယ်တော်တိုင်၏ နှုတ်မှ ဤမေးခွန်းမေးခြင်းကို လက်ခံရရှိရန် ကောင်းချီးခံရသောကြောင့်သာ ဖြစ်ပေသည်။

သခင်ယေရှု သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက်မှာ သောမကို ပြောခဲ့သော "သင်၏လက်ကိုဆန့်၍ ငါ့နံဖေးကို စမ်းသပ်လော့။ ယုံမှားခြင်းမရှိနှင့်။ ယုံလော့။" ဟူသည့်

စကားများနှင့် ယှဉ်ကြည့်လျှင် ပေတရုကို "ယောန၏သားရှိမုန်၊ သင်သည် ငါ့ကိုချစ်သလော။"ဟု သုံးကြိမ်မေးခွန်း ထုတ်ခြင်းသည် သခင်ယေရှု၏ သဘောထား၏ တင်းမာမှု၊ သူ၏မေးခွန်းထုတ်နေသည့် အတောအတွင်းတွင် သူခံစားခဲ့ရသော အရေးတကြီးဖြစ်မှုကို လူတို့အား ပိုပြီး ခံစားရစေသည်။ သံသယရှိသူ သောမအတွက်မူ၊ သူ၏ လိမ်လည်လှည့်ဖြားတတ်သော သဘောသဘာဝဖြင့်၊ ယေရှုက ၎င်း၏လက်ကိုဆန့်ထုတ်ပြီး သူ၏ သံရိုက်ရာတို့ကို ထိခွင့်ပြုခဲ့သည်၊ ယင်းက သခင်ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သော လူသားဖြစ်သည်ကို သူ့အား ယုံကြည်စေခဲ့ပြီး သခင်ယေရှု၏ ပင်ကိုလက္ခဏာကို ခရစ်တော် အဖြစ် အသိအမှတ်ပြုစေခဲ့သည်။ သခင်ယေရှုသည် သောမကို ပြင်းပြင်းထန်ထန် ပြစ်တင်ပြောဆိုခြင်းမပြုသကဲ့သို့ သူနှင့်သက်ဆိုင်သည့် ရှင်းလင်းသော အကဲဖြတ်မှုတစ်ခုခုကို နှုတ်ဖြင့် မဖော်ပြခဲ့သော်လည်း၊ သခင်ယေရှုသည် သူ့ကို နားလည်သည်ဆိုသည်ကို လက်တွေ့ လုပ်ဆောင်မှုတို့မှတစ်ဆင့် သောမအား သိစေခဲ့စဉ်တွင်၊ ထိုသို့သော လူစားမျိုးအပေါ် သူ၏ သဘောထားနှင့် သန္နိဋ္ဌာန်ကိုလည်း ပြသနေခဲ့သည်။ သောမကဲ့သို့သော လူစားမျိုးများသည် စစ်မှန်သော ယုံကြည်ခြင်း တစ်စက်မျှမရှိသောကြောင့်၊ ထိုသို့သော လူစားမျိုးအပေါ် သခင်ယေရှု၏ သတ်မှတ်ချက်များနှင့် မျှော်မှန်းချက်တို့သည် သူပြောသောအရာတို့မှတစ်ဆင့် မမြင်နိုင်ပေ။ ၎င်းတို့အတွက် သခင်ယေရှု၏ သတ်မှတ်ချက်များသည် အလွန်အလှမ်းဝေးရုံသာ ရှိသော်လည်း၊ ပေတရုကဲ့သို့သော လူတို့အပေါ် သူ ထုတ်ဖော်ပြသော သဘောထားသည် လုံးဝ မတူပေ။ ပေတရုကို သူ့လက်ကို ဆန့်ပြီး သူ၏ သံရိုက်ရာတို့ကိုစမ်းရန် သူသည် မတောင်းဆိုခဲ့သကဲ့သို့ ပေတရုကို "ယုံမှားခြင်းမရှိနှင့်။ ယုံလော့။" ဟုလည်း မပြောခဲ့ပေ။ ထိုအစား သူသည် ပေတရုကို တူညီသည့် မေးခွန်းတစ်ခုကို ထပ်ခါထပ်ခါမေးခဲ့သည်။ မေးခွန်းသည် စဉ်းစားမိအောင်စေ့ဆော်ပေးသကဲ့သို့ အဓိပ္ပာယ် ရှိသည်၊ ခရစ်တော်၏ နောက်လိုက်တိုင်းကို နောင်တရကာ မကြောက်ရွံ့ဘဲမနေနိုင် ဖြစ်စေသော်လည်း၊ သခင်ယေရှု၏ စိုးရိမ်ပူပန်ပြီး၊ ဝမ်းနည်းသော စိတ်ခံစားမှုကိုလည်း ခံစား သိရှိစေရမည့် မေးခွန်းတစ်ခု ဖြစ်သည်။ ၎င်းတို့သည် ကြီးမားသော နာကျင်မှုနှင့် ဆင်းရဲဒုက္ခ၌ ရှိချိန်တွင်၊ ၎င်းတို့သည် သခင်ယေရှုခရစ်တော်၏ အလေးထားမှုနှင့် သူ၏ စောင့်ရှောက်မှုကို ပိုပြီး နားလည်နိုင်ကြသည်။ ဖြူစင်ပြီး ရိုးသားသောလူတို့နှင့်သက်ဆိုင်သည့် သူ၏ စိတ်ထက်သန်သော သွန်သင်မှုနှင့် တင်းကျပ်သော သတ်မှတ်ချက်တို့ကို ၎င်းတို့ သဘောပေါက်ကြသည်။ သခင်ယေရှု၏ မေးခွန်းသည် လူတို့အား ဤရိုးရှင်းသော နှုတ်ကပတ်တော်များ၌ ထုတ်ဖော်ပြထားသည့် လူတို့အပေါ် သခင်၏ မျှော်မှန်းချက်တို့သည် သူ့ကို ယုံကြည်ရုံမျှယုံကြည်ဖို့နှင့် သူ့နောက်လိုက်ရုံမျှမဟုတ်ဘဲ၊

ချစ်ခြင်းရှိခြင်း၊ သင်၏ သခင်နှင့် သင်၏ ဘုရားသခင်ကို ချစ်ခြင်းအား စွမ်းဆောင်ရရှိရန်ဖြစ်သည်ကို ခံစားရစေသည်။ ဤကဲ့သို့အချစ်မျိုးသည် ဂရုစိုက်ခြင်းနှင့် နာခံခြင်းဖြစ်သည်။ ယင်းမှာ လူသားတို့က ဘုရားသခင်အတွက် အသက်ရှင်ခြင်း၊ ဘုရားသခင်အတွက် အသေခံခြင်း၊ အရာရာတိုင်းကို ဘုရားသခင်ထံ ဆက်ကပ်မြှုပ်နှံခြင်း၊ ဘုရားသခင်အတွက် အရာရာတိုင်းကို အသုံးတော်ခံပြီး ပေးအပ်ခြင်းတို့ဖြစ်သည်။ ဤကဲ့သို့ချစ်ခြင်းမျိုးသည် ဘုရားသခင်ကို သက်သေခံခြင်းအား မွေ့လျော်ခံစားကာ အနားယူခွင့်ပေးရင်း၊ နှစ်သိမ့်မှု ပေးခြင်းလည်း ဖြစ်သည်။ ယင်းသည် ဘုရားသခင်ထံ လူသားမျိုးနွယ်၏ ပြန်လည်ပေးဆပ်ခြင်း၊ လူ၏ တာဝန်၊ ဝတ္တရားနှင့် လုပ်ဆောင်ရမည့်တာဝန်တို့ဖြစ်ပြီး လူတို့အနေဖြင့် ၎င်းတို့ဘဝတစ်ခုလုံး၌ လိုက်လျှောက်ရမည့် လမ်းခရီးတစ်ခု ဖြစ်သည်။ ဤမေးခွန်းသုံးခုသည် သခင်ယေရှုက ပေတရုနှင့် စုံလင်စေခြင်းခံရမည့် လူအားလုံးအပေါ် ပြုလုပ်သော သတ်မှတ်ချက်နှင့် တိုက်တွန်းချက်တစ်ခုဖြစ်သည်။ ပေတရုအား အသက်တာ၌ သူ၏လမ်းကြောင်းကို အဆုံးထိ လိုက်လျှောက်ရန် ဦးဆောင်ပြီး လှုံ့ဆော်ခဲ့သည်မှာ ဤမေးခွန်းသုံးခုဖြစ်ပြီး၊ ပေတရုအား သူ၏ စုံလင်စေခြင်း လမ်းကြောင်းပေါ် စတင်ရန် ဦးဆောင်ခဲ့သည်မှာ၊ သခင့်အတွက် သူ၏ ချစ်ခြင်းကြောင့် သခင့်၏ နှလုံးသားကို ဂရုစိုက်ရန်၊ သခင့်ကို နာခံရန်၊ သခင့်ကို နှစ်သိမ့်မှု ပေးရန်နှင့် ဤချစ်ခြင်းကြောင့် သူ၏ အသက်တာတစ်ခုလုံးနှင့် ဖြစ်တည်မှု တစ်ခုလုံးကို ပေးအပ်ရန် သူ့ကို ဦးဆောင်ခဲ့သည်မှာ သခင်ယေရှု၏ ခွဲခွာခြင်း၌ မေးခဲ့သည့် ဤမေးခွန်းများ ဖြစ်သည်။

ကျေးဇူးတော်ခေတ်ကာလအတွင်းတွင် ဘုရားသခင်၏ အမှုတော်သည် အဓိကအားဖြင့် လူအမျိုးအစား နှစ်မျိုးအတွက် ဖြစ်ခဲ့သည်။ ပထမမှာ သူ့ကိုယုံကြည်ပြီး သူ့နောက်လိုက်သောသူ၊ သူ၏ ပညတ်ချက်တို့ကို စောင့်ထိန်းနိုင်သူ၊ လက်ဝါးကားတိုင်ကို ထမ်းနိုင်ပြီး ကျေးဇူးတော်ခေတ်၏ လမ်းခရီးကို ထိန်းသိမ်းနိုင်သည့် လူစားမျိုး ဖြစ်ခဲ့သည်။ ဤလူစားမျိုးသည် ဘုရားသခင်၏ ကောင်းချီးကို ရရှိမည်ဖြစ်ပြီး၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ခံစားရမည်ဖြစ်သည်။ ဒုတိယလူအမျိုးအစားမှာ စုံလင်စေခြင်း ခံရနိုင်သည့် လူတစ်ဦးတစ်ယောက်ဖြစ်သည့် ပေတရုကဲ့သို့သော လူစားမျိုး ဖြစ်သည်။ ထို့ကြောင့် သခင်ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးသောအခါတွင်၊ သူသည် အဓိပ္ပာယ် အရှိဆုံးဖြစ်သည့် ဤအရာနှစ်ခုကို ပထမဦးစွာ လုပ်ဆောင်ခဲ့သည်။ တစ်ခုကို သောမနှင့်ပတ်သက်၍ လုပ်ဆောင်ခဲ့ပြီး၊ နောက်တစ်ခုကို ပေတရုနှင့်ပတ်သက်၍ လုပ်ဆောင်ခဲ့သည်။ ဤအရာနှစ်ခုသည် မည်သည့်အရာကို ကိုယ်စားပြုသနည်း။

လူသားမျိုးနွယ်ကို ကယ်တင်ရန်ဖြစ်သော ဘုရားသခင်၏ စစ်မှန်သော ရည်ရွယ်ချက်များကို ကိုယ်စားပြုသလော။ လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ ရိုးသားစစ်မှန်မှုကို ကိုယ်စားပြုသလော။ သောမနှင့် ပတ်သက်၍ သူ လုပ်ဆောင်ခဲ့သော အမှုတော်သည် လူတို့ကို သံသယ ထားသူများ မဖြစ်ဘဲ၊ တကယ်ကို ယုံကြည်ရန် သတိပေးဖို့ ဖြစ်သည်။ ပေတရုနှင့် ပတ်သက်၍ သူ လုပ်ဆောင်ခဲ့သော အမှုတော်မှာ ပေတရုကဲ့သို့သော လူတို့၏ ယုံကြည်ခြင်းကို အားကောင်းစေရန်နှင့် ဤကဲ့သို့သော လူစားမျိုးနှင့် ဆိုင်သည့် သူ၏ သတ်မှတ်ချက်များကို ရှင်းလင်းသွားစေရန်၊ မည်သည့် ရည်မှန်းချက်ပန်းတိုင်ကို ၎င်းတို့ လိုက်စားသင့်သည်ကို ပြသရန် ဖြစ်သည်။

သခင်ယေရှု သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက်တွင်၊ သူသည် လိုအပ်သည်ဟု သူထင်သော လူတို့ထံ ကိုယ်ထင်ပြခဲ့သည်၊ ၎င်းတို့နှင့်စကားပြောခဲ့ပြီး လူတို့နှင့် ဆိုင်သည့် သူ၏ ရည်ရွယ်ချက်များနှင့် မျှော်မှန်းချက်များကို ထားခဲ့ရင်း၊ ၎င်းတို့နှင့်ဆိုင်သည့် သတ်မှတ်ချက်တို့ကို ပြုလုပ်ခဲ့သည်။ ဆိုလိုသည်မှာ လူ့ဇာတိခံ ဘုရားသခင်အနေဖြင့်၊ လူသားမျိုးနွယ်အတွက် သူ၏ ပူပန်မှုနှင့် လူတို့နှင့်ဆိုင်သော သူ၏ သတ်မှတ်ချက်တို့ မည်သည့်အခါတွင်မျှ မပြောင်းလဲပေ။ ဤအရာများသည် သူ လူ့ဇာတိခံ၍ ရှိချိန်နှင့် လက်ဝါးကားတိုင်၌ သံမှိုရိုက်ခံရပြီး သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက် ဝိညာဉ်ခန္ဓာဖြင့် သူ ရှိခဲ့ချိန်တွင် အလားတူ ရှိမြဲရှိနေခဲ့သည်။ သူသည် လက်ဝါးကားတိုင်ပေါ် မရောက်မီတွင် ဤတပည့်တော်တို့အတွက် စိုးရိမ်ပူပန်ခဲ့ပြီး၊ လူတစ်ဦးချင်းစီတိုင်း၏ အခြေအနေနှင့်ပတ်သက်၍ သူ၏ စိတ်နှလုံးထဲတွင် ရှင်းလင်းနေသကဲ့သို့၊ လူတိုင်း၏ ချို့တဲ့ခြင်းတို့ကို သူနားလည်ခဲ့သည်၊ ဟုတ်ပေ၏၊ သူသေဆုံးကာ ရှင်ပြန်ထမြောက်ပြီး ဝိညာဉ်ခန္ဓာဖြစ်လာပြီးနောက်တွင် လူတိုင်းနှင့်ဆိုင်သည့် သူ၏ သိနားလည်မှုသည် လူ့ဇာတိမှာ ရှိခဲ့ချိန်တုန်းကကဲ့သို့ တူညီပေသည်။ လူတို့က ခရစ်တော်အဖြစ် သူ၏ ပင်ကိုလက္ခဏာကို လုံးဝ သေချာခြင်းမရှိကြသည်ကို သူသိခဲ့သည်၊ သို့သော်လည်း လူ့ဇာတိမှာရှိသည့် သူ၏ အချိန်ကာလအတောအတွင်းတွင်၊ သူသည် လူတို့အပေါ် တင်းကျပ်သည့် တောင်းဆိုမှုတို့ မပြုလုပ်ခဲ့ပေ။ သို့သော် သူ ရှင်ပြန်ထမြောက် ခဲ့ပြီးသည့်နောက်တွင်၊ ၎င်းတို့ရှေ့ သူ ပေါ်ထွန်းခဲ့ပြီး၊ သခင်ယေရှုသည် ဘုရားသခင်ထံမှလာခဲ့ကြောင်းနှင့် သူသည် လူ့ဇာတိခံ ဘုရားသခင်ဖြစ်ကြောင်းကို ၎င်းတို့အား လုံးဝ သေချာစေခဲ့သကဲ့သို့၊ သူသည် သူ၏ ပေါ်ထွန်းခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သည့် အမှန်တရားကို လူသားမျိုးနွယ်၏ ရာသက်ပန် လိုက်စားမှုအတွက် အကြီးမားဆုံးသော ရူပါရုံနှင့် လှုံ့ဆော်မှုအဖြစ် အသုံးပြုခဲ့သည်။ သူ၏ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းက သူ့နောက်လိုက်သော

သူအားလုံးကို အားကောင်းစေခဲ့ရုံမက၊ လူသားမျိုးနွယ် အလယ် ကျေးဇူးတော်ခေတ်နှင့်ဆိုင်သည့် သူ၏ အမှုတော်ကိုလည်း လုံးလုံးလျားလျား အကောင်အထည် ဖော်ခဲ့ကာ၊ ထိုသို့ဖြင့် ကျေးဇူးတော်ခေတ်ထဲက သခင်ယေရှု၏ ကယ်တင်ခြင်း၏ ဧဝံဂေလိတရားသည် လူသားမျိုးနွယ်၏ နေရာအနှံ့ကို တဖြည်းဖြည်း ပျံ့နှံ့သွားခဲ့သည်။ သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက် သခင်ယေရှု၏ ပေါ်ထွန်းခြင်းသည် အရေးပါမှုတစ်ခုတစ်လေရှိသည်ဟု သင် ဆိုမည်လော။ သင်သည် ထိုအချိန်တွင် သောမ သို့မဟုတ် ပေတရုဖြစ်ခဲ့ပြီး သင့်ဘဝ၌ အဓိပ္ပာယ်အလွန်ရှိသော ဤအရာတစ်ခုကို သင်ကြုံခဲ့ရပါက၊ သင့်အပေါ်၌ မည်သည့်သက်ရောက်မှုမျိုး ရှိမည်နည်း။ ဤအရာကို ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်း အသက်တာနှင့်ဆိုင်သည့် အကောင်းဆုံးနှင့် အကြီးမြတ်ဆုံး ရူပါရုံဟု သင်မြင်မည်လော။ သင်သည် ဘုရားသခင် နောက်လိုက်သည်နှင့်အမျှ၊ သူ့ကို စိတ်ကျေနပ်စေရန် ကြိုးပမ်းပြီး သင်၏ အသက်တာတစ်ခုလုံးဖြင့် ဘုရားသခင်ကို ချစ်ဖို့ ကြိုးစားသည်နှင့်အမျှ၊ ဤအရာကို သင့်အား တွန်းအားပေးသော အင်အားတစ်ခုအဖြစ် မြင်မည်လော။ ဤအကြီးမြတ်ဆုံး ရူပါရုံကို ဖြန့်ဝေရန် တစ်သက်တာ အားထုတ်ကြိုးပမ်းမှုကို သင် အသုံးပြုသွားမည်လော။ သခင်ယေရှု၏ ကယ်တင်ခြင်းကို ဖြန့်ဝေခြင်းအား ဘုရားသခင်ထံမှ စေခိုင်းချက်တာဝန် တစ်ခုအဖြစ် သင် လက်ခံပြီးဖြစ်မည်လော။ သင်တို့သည် ဤအရာကို မကြုံတွေ့ဖူးသော်လည်း၊ သောမနှင့် ပေတရု၏ ဥပမာနှစ်ခုက ခေတ်ပေါ်လူတို့အတွက် ဘုရားသခင်နှင့် ဘုရားသခင်၏ အလိုနှင့်ဆိုင်သည့် ရှင်းလင်းသော သိနားလည်ခြင်းကို ရရှိရန် လုံလောက်နှင့်ပေသည်။ ယင်းမှာ ဘုရားသခင်သည် လူ့ဇာတိခံလာခဲ့ပြီးနောက်တွင်၊ လူသားမျိုးနွယ်အလယ် အသက်တာကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခဲ့ပြီး လူ့ဘဝကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခဲ့သည့်နောက်၊ ပြီးလျှင် လူသားမျိုးနွယ်၏ အကျင့်ပျက်ခြင်းနှင့် ထိုအချိန်က လူ့အသက်တာ၏ အခြေအနေကို သူမြင်ခဲ့သည့်နောက်တွင်၊ လူ့ဇာတိ၌ရှိသော ဘုရားသခင်သည် လူသားမျိုးနွယ် မည်မျှ ခိုကိုးရာမဲ့ကြောင်း၊ ဝမ်းနည်းဖွယ်ရာဖြစ်ပြီး၊ သနားစဖွယ်ကောင်းကြောင်းတို့ကို နက်ရှိုင်းစွာ သာ၍ ခံစားခဲ့ရသည်။ လူ့ဇာတိနှင့် အသက်ရှင်စဉ် သူ ပိုင်ဆိုင်ခဲ့သည့် သူ၏ လူ့သဘာဝကြောင့်၊ လူ့ဇာတိဆန်သည့် သူ၏ ဗီဇများကြောင့်၊ လူသား၏ အခြေအနေအတွက် သူသည် သာ၍ မျှဝေခံစားခြင်းကို ရရှိခဲ့သည်။ ဤအရာက သူ၏နောက်လိုက်များအတွက် ပိုမိုကြီးမားသော ပူပန်မှုကို ခံစားဖို့ ဖြစ်စေခဲ့သည်။ ဤအရာများသည် သင်တို့ နားမလည်နိုင်သောအရာများ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ သူ၏ နောက်လိုက်တစ်ဦးချင်းစီတိုင်းအတွက် ဘုရားသခင် ခံစားခဲ့ရသည့် ဤစိုးရိမ်မှုနှင့် စောင့်ရှောက်မှုတို့ကို "ပြင်းထန်သော ပူပန်မှု" ဆိုသော

စကားများဖြင့် ငါ ဖော်ပြနိုင်သည်။ ဤဝေါဟာရသည် လူသား၏ ဘာသာစကားမှ လာခြင်းဖြစ်သော်လည်း၊ ယင်းသည် အလွန် လူသားဆန်သော်လည်း၊ ဘုရားသခင်၏ နောက်လိုက်များ အတွက် ဘုရားသခင်၏ ခံစားချက်များကို အမှန်တကယ် ဖော်ပြပြီး သရုပ်ဖော်ပေသည်။ လူသားများအတွက် ဘုရားသခင်၏ ပြင်းထန်သော ပူပန်မှုကိုမူ၊ သင်တို့၏ အတွေ့အကြုံများနှင့်ဆိုင်သည့် လမ်းကြောင်းတစ်လျှောက်တွင် ဤအရာကို သင်တို့ တဖြည်းဖြည်း ခံစားရလိမ့်မည်ဖြစ်ပြီး ယင်းကို မြည်းစမ်းလိမ့်မည်ဖြစ်သည်။ သို့သော် ဤအရာကို သင်တို့ကိုယ်တိုင်၏ စိတ်သဘောထား၌ ပြောင်းလဲမှုကို လိုက်စားခြင်းအရ ဘုရားသခင်၏ စိတ်သဘောထားကို တဖြည်းဖြည်း နားလည်ခြင်းအားဖြင့်သာ စွမ်းဆောင် ရရှိနိုင်ပေသည်။ သခင်ယေရှုက ဤပေါ်ထွန်းခြင်းကို ပြုလုပ်ခဲ့ချိန်တွင်၊ လူ့သဘာဝထဲက သူ၏နောက်လိုက်များ အတွက် သူ၏ပြင်းထန်သော ပူပန်မှုကို ပေါ်ပေါက်လာစေပြီး၊ သူ၏ ဝိညာဉ်ခန္ဓာတစ်လျှောက် ဖြတ်သန်းစေခဲ့သည်၊ သို့မဟုတ် သူ၏ ဘုရားသဘောသဘာဝ တစ်လျှောက် ဖြတ်သန်းစေခဲ့သည်ဟု သင်တို့ဆိုနိုင်သည်။ သူ၏ ပေါ်ထွန်းခြင်းက လူတို့အား ဘုရားသခင်၏ ပူပန်မှုနှင့် စောင့်ရှောက်မှုတို့ကို နောက်တစ်ဖန် တွေ့ကြုံကာ ခံစားစေစဉ်တွင်၊ ဘုရားသခင်သည် ခေတ်တစ်ခုကို အစပျိုးသူ၊ ခေတ်တစ်ခုကို ဖွင့်သူနှင့် ခေတ်တစ်ခုကို အဆုံးသတ်သူလည်း ဖြစ်သည်ဆိုသည်ကို အားကောင်းစွာ သက်သေပြပေသည်။ သူ၏ ပေါ်ထွန်းခြင်းမှတစ်ဆင့်၊ သူသည် လူအားလုံး၏ ယုံကြည်ခြင်းကို သာ၍ ခိုင်ခံ့စေခဲ့ပြီး၊ သူသည် ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ဆိုသည့်အချက်ကို ကမ္ဘာလောကထံ သက်သေပြ ခဲ့သည်။ ဤအရာက သူ၏နောက်လိုက်များအား ထာဝရ အတည်ပြုချက်ကို ပေးခဲ့ပြီး၊ သူ၏ပေါ်ထွန်းခြင်းမှတစ်ဆင့် ခေတ်သစ်၌ သူ့အမှုတော်၏ အဆင့်တစ်ခုကိုလည်း စတင်ခဲ့သည်။

၁၃။ ယေရှုသည် သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက်တွင် မုန့်ကိုစားကာ ကျမ်းစာကို ရှင်းပြ၏။

ရှင်လုကာခရစ်ဝင်ကျမ်း ၂၄:၃၀-၃၂ စားပွဲ၌ သူတို့နှင့်အတူ လျောင်းတော်မူစဉ်၊ မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ သူတို့အား ပေးတော်မူသည်တွင်၊ သူတို့သည် မျက်စိပွင့်လင်း၍ ကိုယ်တော်ဖြစ်သည်ကို သိကြ၏။ ထိုအခါ ကိုယ်တော်သည် ကွယ်တော်မူ၏။ တပည့်တော်တို့ကလည်း၊ လမ်းခရီး၌ ငါတို့နှင့်ဟောပြော၍ ကျမ်းစာအနက်ကို ဖွင့်ပြတော်မူ သောအခါ၊ ငါတို့ စိတ်နှလုံးသည် ယိုဖိတ်မတတ်ဖြစ်သည် မဟုတ်လောဟု အချင်းချင်း ပြောဆိုကြ၏။

၁၄။ တပည့်တော်တို့သည် ယေရှုစားဖို့ ငါးကင်ကိုပေး၏။

ရှင်လုကာခရစ်ဝင်ကျမ်း ၂၄:၃၆-၄၃ ထိုသို့အချင်းချင်း ပြောဆိုသောအခါ၊ ယေရှုသည် သူတို့အလယ်၌ ရပ်တော်မူလျက်၊ သင်တို့အား ငြိမ်သက်ခြင်းဖြစ်စေသတည်းဟု မိန့်တော်မူ၏။ တပည့်တော်တို့သည် တစ္ဆေကိုမြင်သည်ဟု စိတ်ထင်နှင့် ထိတ်လန့် ကြောက်ရွံ့ခြင်းသို့ ရောက်ကြ၏။ ကိုယ်တော်ကလည်း၊ အဘယ်ကြောင့် အထူးထူးအထွေထွေသော စိတ်ရှိကြသနည်း။ သင်တို့နှလုံးသားထဲ၌ အဘယ်ကြောင့် အတွေးများ ယောက်ယက်ခတ်နေသနည်း။ ငါ့လက်ကို ကြည့်ကြလော့။ ငါ့ခြေကိုလည်း ကြည့်ကြလော့။ ငါ့ကိုယ်ပင်ဖြစ်၏။ ငါ့ကို ကြည့်ရှုစမ်းသပ် ကြလော့။ ငါသည် သင်တို့မြင်သည်အတိုင်း အရိုး အသားနှင့်ပြည့်စုံ၏။ တစ္ဆေမည်သည်ကား ဤကဲ့သို့ မပြည့်စုံဟု မိန့်တော်မူလျက်၊ လက်တော်ခြေတော်တို့ကို တပည့်တော်တို့အား ပြတော်မူ၏။ ထိုသူတို့သည် အံ့သြ၍ ဝမ်းမြောက်သောအားဖြင့် မယုံနိုင်ဘဲ နေသေးသောအခါ၊ သင်တို့၌ စားစရာ တစုံတခုရှိသလောဟု မေးတော်မူလျှင်၊ ငါးကင်တပိုင်းနှင့် ပျားလပို့ကို ကပ်ပေးကြ၏။ ကိုယ်တော်သည် ယူ၍ သူတို့ရှေ့မှာ စားတော်မူ၏။

ဆက်လက်၍၊ အထက်က ကျမ်းစာ၏ ကျမ်းပိုဒ်များကို ငါတို့ တစ်ချက်ကြည့်ကြမည်။ ပထမကျမ်းပိုဒ်သည် သခင်ယေရှုက သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက်တွင် မုန့်ကို စားသုံးပြီး ကျမ်းစာရှင်းပြခြင်းဖြစ်ကာ၊ ဒုတိယကျမ်းပိုဒ်မှာ သခင်ယေရှုက ငါးကင်စားနေခြင်းကို ပြန်ပြောပြခြင်းဖြစ်သည်။ ဤကျမ်းပိုဒ် နှစ်ပိုဒ်က ဘုရားသခင်၏ စိတ်သဘောထားကို သိရန် သင့်ကို မည်သို့ အကူအညီပေးသနည်း။ သခင်ယေရှုက မုန့်စားပြီးနောက် ငါးကင်ကိုစားခြင်းနှင့်ဆိုင်သည့် ဤအသေးစိတ် အချက်အလက်တို့မှ သင်တို့ ရရှိသည့် ပုံလွှာမျိုးကို သင်တို့ စိတ်ကူးကြည့်နိုင်သလော။ သခင်ယေရှုသည် မုန့်ကို စားလျက်၊ သင်တို့ရှေ့ ရပ်နေခဲ့ပါက၊ သင်တို့ မည်သို့ ခံစားရမည်ကို စိတ်ကူးကြည့်နိုင်သလော။ သို့မဟုတ် သူသည် သင်တို့နှင့်အတူ စားပွဲတစ်ခုတည်းတွင် စားနေခဲ့ပါက၊ လူတို့နှင့်အတူ ငါးနှင့်ပေါင်မုန့်ကိုစားနေခဲ့ပါက၊ ထိုအခိုက်အတန့်တွင် သင်တို့သည် မည်ကဲ့သို့ခံစားမှုမျိုး ရှိကြမည်ကို သင်တို့ စိတ်ကူးကြည့်နိုင်သလော။ သင်က သခင်နှင့် အလွန်နီးစပ်သည်၊ သူသည် သင်နှင့် အလွန်ရင်းနှီးသည်ဟု သင် ခံစားရမည်ဆိုပါက၊ ဤခံစားချက်သည် မှန်ကန်၏။ ဤသည်မှာ သခင်ယေရှုက သူ၏ရှင်ပြန်ထမြောက်ပြီးနောက်တွင် စုရုံးသော လူတို့ရှေ့၌ ပေါင်မုန့်နှင့် ငါးကို စားခြင်းအားဖြင့် သူ ဆောင်ကြဉ်းလိုသော ရလဒ်အတိအကျ ဖြစ်သည်။ သူ၏ ရှင်ပြန်ထမြောက် ပြီးနောက်တွင် သခင်ယေရှုသည် လူတို့နှင့် စကားသာ ပြောခဲ့ဖူးသည်ဆိုပါက၊ ၎င်းတို့သည် သူ၏ အသွေးအသားနှင့် အရိုးတို့ကို မခံစားရဘဲ၊ ယင်းအစား သူ့အား လက်လှမ်းမမီနိုင်သော ဝိညာဉ်တစ်ခုအဖြစ် ခံစားရပါက၊ ၎င်းတို့ မည်ကဲ့သို့

ခံစားရမည်နည်း။ ၎င်းတို့ စိတ်ပျက်သွားမည် မဟုတ်လော။ စိတ်ပျက်ခြင်းခံစားရလျက်၊ စွန့်ပစ်ခံရသည်ဟု လူတို့ ခံစားရမည် မဟုတ်လော။ မိမိတို့ကိုယ်တိုင်နှင့် သခင်ယေရှုခရစ်တော်ကြားတွင် ဝေးကွာမှုတစ်ခုရှိသည်ဟု ၎င်းတို့ ခံစားရမည် မဟုတ်လော။ ဤအကွာအဝေးက ဘုရားသခင်နှင့် လူတို့၏ ဆက်ဆံရေးအပေါ် မည်သည့် အပျက်သဘောဆောင်သော သက်ရောက်မှုမျိုးကို ဖန်တီးမည်နည်း။ လူတို့သည် သေချာပေါက် ကြောက်ရွံ့ကြလိမ့်မည်၊ ၎င်းတို့သည် သူ့အနီးသို့ လာဝံ့ကြမည် မဟုတ်သကဲ့သို့၊ ထိုသို့ဖြင့် ဘုရားသခင်ကို သင့်တင့်လျောက်ပတ်သော အကွာအဝေးတစ်ခုတွင် ထိန်းသိမ်းထားမည့် သဘောထားတစ်ခု ရှိခဲ့ကြမည် ဖြစ်သည်။ ထိုအချိန်မှစ၍ သခင်ယေရှု ခရစ်တော်နှင့် ၎င်းတို့၏ ရင်းနှီးသော ဆက်ဆံရေးကို ဖြတ်တောက်ပြီး ဖြစ်မည်ဖြစ်ကာ ကျေးဇူးတော်ခေတ် မတိုင်မီကကဲ့သို့ လူသားမျိုးနွယ်နှင့် ကောင်းကင်ဘုံရှိ ဘုရားသခင်ကြား ဆက်ဆံရေးတစ်ခုဆီသို့ ပြန်သွားမိကြပေမည်။ လူတို့ ထိတွေ့၍မရ သို့မဟုတ် ခံစား၍မရသော ဝိညာဉ်ခန္ဓာသည် ဘုရားသခင်နှင့် ၎င်းတို့၏ ရင်းနှီးမှုအား အမြစ်ဖြတ်ခြင်းကို ဖြစ်ပေါ်စေပြီးဖြစ်ပေမည်၊ ပြီးလျှင် သူနှင့်လူသားတို့ကြား အကွာဝေးမရှိခဲ့သော၊ သခင်ယေရှု ခရစ်တော် လူ့ဇာတိ၌ရှိခဲ့ချိန် အတောအတွင်း တည်ထောင်ခဲ့သည့် ထိုရင်းနှီးသော ဆက်ဆံရေးကိုလည်း တည်ရှိမှု ရပ်တန့်သွားစေပြီးဖြစ်ပေမည်။ ဝိညာဉ်ခန္ဓာအားဖြင့် လူတို့၌ လှုံ့ဆော်ခံရသည့် တစ်ခုတည်းသောအရာများမှာ ကြောက်ရွံ့ခြင်း၊ ရှောင်ကြဉ်ခြင်းနှင့် ထုတ်ဖော်မပြောသော ငေးစိုက်ကြည့်ခြင်း တစ်ခုနှင့်ဆိုင်သည့် ခံစားချက်များ ဖြစ်ခဲ့သည်။ ၎င်းတို့သည် သူ့နောက်ကိုလိုက်ရန်၊ ယုံကြည်ရန်၊ သို့မဟုတ် ကြည်ညိုဖို့ မဆိုထားနှင့်၊ သူ့အနားပင်မကပ်ရဲပေ၊ သို့မဟုတ် သူနှင့် စကားအချီအချပင် မပြောဝံ့ပေ။ ဘုရားသခင်သည် သူ့အတွက် လူသားတို့ရှိသော ဤခံစားချက်မျိုးကို မြင်ရန် ဆန္ဒမရှိပေ။ လူတို့က သူ့ကို ရှောင်ကြဉ်ခြင်း၊ သို့မဟုတ် မိမိတို့ကိုယ်ကိုယ် သူ့ထံမှ ဖယ်ရှားခြင်းကို သူမမြင်လိုပေ။ သူသည် လူတို့က သူ့ကိုနားလည်ရန်၊ သူ့အနီးသို့လာရန်နှင့် သူ၏မိသားစု ဖြစ်ရန်သာ အလိုရှိ၏။ သင်၏ကိုယ်ပိုင်မိသားစု၊ သင်၏ သားသမီးတို့က သင့်ကိုမြင်သော်လည်း သင့်ကို မမှတ်မိသကဲ့သို့၊ သင့်အနီးကိုမလာဝံ့ဘဲ သင့်ကို အမြဲရှောင်နေပါက၊ ၎င်းတို့အတွက် သင်လုပ်ဆောင်ခဲ့သော အရာတိုင်းအတွက် ၎င်းတို့၏ နားလည်မှုကို သင်မရရှိနိုင်ပါက၊ ယင်းက သင့်ကို မည်သို့ခံစားစေမည်နည်း။ ယင်းသည် နာကျင်စရာ ဖြစ်မည် မဟုတ်သလော။ သင် နှလုံးကြေကွဲရမည် မဟုတ်သလော။ ဤသည်မှာ လူတို့က သူ့ကို ရှောင်ဖယ်သောအခါ၌ သူခံစားရသောအရာ အတိအကျ ဖြစ်သည်။ ထို့ကြောင့် သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက်တွင်၊ သခင်ယေရှုသည် သူ၏ လူ့ဇာတိပုံသဏ္ဌာန်ဖြင့် လူတို့ရှေ့၌

ပေါ်ထွန်းလာဆဲဖြစ်ပြီး ၎င်းတို့နှင့်အတူ စားသောက်ဆဲ ဖြစ်ခဲ့သည်။ ဘုရားသခင်သည် လူတို့ကို မိသားစုအဖြစ် မြင်သကဲ့သို့ လူသားမျိုးနွယ်ကိုလည်း သူ့အား ၎င်းတို့ကို အချစ်မြတ်နိုးဆုံးသော သူတစ်ဦးအဖြစ် မြင်စေလိုသည်။ ဤနည်းဖြင့်သာ ဘုရားသခင်သည် လူတို့ကို အမှန်တကယ် ရရှိနိုင်ပြီး၊ ဤနည်းဖြင့်သာ လူတို့သည် ဘုရားသခင်ကို အမှန်တကယ်ချစ်ကာ ကိုးကွယ်နိုင်ပေသည်။ ယေရှုက သူ၏ရှင်ပြန်ထမြောက်ခြင်းနောက်တွင် မုန့်ကို စားပြီး ကျမ်းစာကိုရှင်းပြကာ တပည့်တော်တို့က သူစားရန် ငါးကင်ပေးခဲ့သည့် ကျမ်းနှစ်ပိုဒ်ကို ကောက်နုတ်ဖော်ပြရသည့် ငါ၏ရည်ရွယ်ချက်ကို သင်တို့ ယခု နားလည်နိုင်သလော။

သခင်ယေရှုသည် သူ၏ရှင်ပြန်ထမြောက်ခြင်းနောက်တွင် သူပြောဆိုကာ လုပ်ဆောင်ခဲ့သည့်အရာ တသီတတန်းတို့တွင် အလွန်အလေးအနက်ထားသည့် အတွေး ထားရှိခဲ့သည်ဟု ဆိုနိုင်သည်။ ဤအရာများသည် လူသားမျိုးနွယ်အပေါ် ဘုရားသခင် ကိုင်စွဲထားခဲ့သည့် ကြင်နာခြင်းနှင့် ချစ်ခင်ခြင်းတို့ဖြင့် ပြည့်ခဲ့သကဲ့သို့ လူ့ဇာတိ၌ ရှိခဲ့သည့် သူ၏အချိန်အတောအတွင်း လူသားမျိုးနွယ်နှင့် သူတည်ထောင် ခဲ့ဖူးသည့် ရင်းနှီးသော ဆက်ဆံရေးအတွက် သူထားရှိခဲ့သော ချစ်ခင်မြတ်နိုးမှုနှင့် တိကျစေ့စပ်သော စောင့်ရှောက်မှုတို့နှင့်လည်း ပြည့်ခဲ့ပေသည်။ ထို့အပြင် ၎င်းတို့သည် လူ့ဇာတိ၌ ရှိခဲ့သည့် သူ၏အချိန် အတောအတွင်းတွင် သူ၏နောက်လိုက်တို့နှင့်အတူ စားသောက်ခြင်းနှင့် အသက်ရှင်ခြင်းနှင့်ဆိုင်သည့် သူ၏ အသက်တာအတွက် သူခံစားခဲ့ရသော တသလွမ်းဆွတ်ခြင်းနှင့် တောင့်တမှုတို့နှင့် ပြည့်ခဲ့ပေသည်။ ထို့ကြောင့် ဘုရားသခင်သည် လူသားနှင့် ဘုရားသခင်အကြား ဝေးကွာခြင်းကို လူတို့အား မခံစားစေလိုခဲ့သကဲ့သို့ လူသားမျိုးနွယ်အား မိမိတို့ကိုယ်ကိုယ် ဘုရားနှင့် ဝေးကွာအောင်ပြုလုပ်ရန်လည်း အလိုမရှိခဲ့ပေ။ ထို့ထက်ပင်ပို၍ သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက်တွင် သခင်ယေရှုသည် လူတို့နှင့် အလွန်ရင်းနှီးခဲ့သော သခင် မဟုတ်တော့ကြောင်း၊ သူသည် ဝိညာဉ်လောကကို ပြန်သွားခဲ့ပြီးဖြစ်သောကြောင့်၊ လူတို့ လုံးဝ မမြင်နိုင်၊ သို့မဟုတ် လက်လှမ်းမမီနိုင်သော ခမည်းတော်ဆီသို့ ပြန်သွားခဲ့ပြီး ဖြစ်သောကြောင့် လူသားမျိုးနွယ် နှင့်အတူ မရှိတော့ကြောင်းကို လူသားမျိုးနွယ်အား သူ မခံစားစေလိုခဲ့ပေ။ သူနှင့် လူသားမျိုးနွယ်ကြားတွင် အဆင့်အတန်း၌ ကွာခြားမှု တစ်ခုတစ်လေ ထွက်ပေါ်သည်ကို လူတို့အား မခံစားစေလိုခဲ့ပေ။ သူ့နောက်ကိုလိုက်လိုသော်လည်း၊ သူ့ကို လေးစားသမှုဖြင့် ခပ်တန်းတန်း ဆက်ဆံကြသည့် လူတို့ကို ဘုရားသခင် မြင်သောအခါ၊ ယင်းမှာ ၎င်းတို့၏ စိတ်နှလုံးများသည် သူ့ထံမှ အလွန်ဝေးကွာပြီး၊ ၎င်းတို့၏ စိတ်နှလုံးများကို ရရှိဖို့ သူ့အတွက် အလွန်ခက်ခဲမည်ဟု အဓိပ္ပာယ်ရသောကြောင့်၊ သူ့နှလုံးသားသည် နာကျင်ရလေသည်။

ထို့ကြောင့် သူသည် လူတို့ မမြင်နိုင်၊ သို့မဟုတ် ထိတွေ့၍မရနိုင်သော ဝိညာဉ်ခန္ဓာနှင့် သူတို့ရှေ့၌ ပေါ်ထွန်းခဲ့မည်ဆိုပါက၊ ဤအရာက လူသားကို ဘုရားသခင်ထံမှ နောက်တစ်ဖန် ဝေးကွာစေပြီး ဖြစ်မည်ဖြစ်ကာ၊ ယင်းက လူသားမျိုးနွယ်ကို ခရစ်တော်အား သူ ရှင်ပြန်ထမြောက်ခြင်းနောက်တွင် အလွန်မြင့်မြတ်လာပြီး ဖြစ်သကဲ့သို့ လူသားတို့ထက် ကွဲပြားသည့် အမျိုးဖြစ်လာခဲ့ပြီး၊ လူသားတို့သည် အပြစ်ရှိသောကြောင့်၊ ညစ်ညမ်းပြီး ဘုရားသခင်ထံ မည်သည့်အခါတွင်မျှ တိုးဝင်မချဉ်းကပ် နိုင်သောကြောင့်၊ လူသားနှင့်အတူ စားပွဲတစ်ခုထဲ မထိုင်နိုင်တော့သောသူ တစ်ယောက်အဖြစ် မှားယွင်းစွာ မြင်စေပြီး ဖြစ်ပေမည်။ လူသားမျိုးနွယ်၏ ဤအထင်လွဲခြင်းတို့ကို ပပျောက်စေရန်အလို့ငှာ၊ သခင်ယေရှုသည် သမ္မာကျမ်းစာ၌ "မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ သူတို့အား ပေးတော်မူသည်" ဟု မှတ်တမ်းတင်ထားသည့်အတိုင်း လူ့ဇာတိ၌ သူ လုပ်ဆောင်လေ့ ရှိခဲ့သည့် အရာများစွာကို လုပ်ဆောင်ခဲ့သည်။ အတိတ်က သူလုပ်လေ့ရှိခဲ့သည့်အတိုင်း၊ ၎င်းတို့ကို ကျမ်းစာကိုလည်း ရှင်းပြခဲ့သည်။ သခင်ယေရှုလုပ်ဆောင်ခဲ့သော ဤအရာ အားလုံးသည် သူ့ကို မြင်ခဲ့သည့် လူတိုင်းကို သခင်သည် ပြောင်းလဲမသွားကြောင်း၊ သူသည် သခင်ယေရှုတစ်ဦးတည်း ဖြစ်နေဆဲဖြစ်ကြောင်းကို ခံစားစေခဲ့သည်။ သူသည် ကားတိုင်၌ သံမှိုရိုက်ခံခဲ့ရပြီး သေခြင်းကို ကြုံတွေ့ခဲ့ရပြီးဖြစ်သော်လည်း၊ သူသည် ရှင်ပြန်ထမြောက်ခဲ့ပြီးဖြစ်ကာ လူသားမျိုးနွယ်ကို ထားမသွားခဲ့ပေ။ သူသည် လူသားများအလယ်တွင်ရှိဖို့ ပြန်လာခဲ့ပြီးဖြစ်ကာ သူနှင့် ပတ်သက်သည့် မည်သည့်အရာမျှ ပြောင်းလဲမသွားခဲ့ပေ။ လူတို့ရှေ့တွင် ရပ်နေသော လူသားသည် တူညီသည့် သခင်ယေရှု ဖြစ်နေဆဲဖြစ်သည်။ သူ၏ ပြောဆိုပြုမူပုံနှင့် သူ၏ လူတို့နှင့် စကားပြောဆိုပုံတို့သည် အလွန်ရင်းနှီးသကဲ့သို့ ခံစားရသည်။ သူသည် ချစ်ခင်ကြင်နာမှု၊ ကျေးဇူးတော်နှင့် သည်းခံခြင်းတို့ဖြင့် ပြည့်နေဆဲဖြစ်သည်- သူသည် အခြားသူများကို ကိုယ်နှင့်အမျှ ချစ်ခဲ့သည့်၊ လူသားမျိုးနွယ်ကို ခုနစ်ဆယ် ခုနစ်လီ ခွင့်လွှတ်နိုင်ခဲ့သော သခင်ယေရှုသာပင် ဖြစ်နေဆဲ ဖြစ်သည်။ ယခင်က သူ ရှိခဲ့သည့်အတိုင်း၊ သူသည် လူတို့နှင့်အတူ စားသည်၊ ၎င်းတို့နှင့်အတူ ကျမ်းစာ ဆွေးနွေးခဲ့ပြီး၊ သာ၍ပင် အရေးကြီးသည်မှာ ယခင်ကကဲ့သို့ပင် သူသည် အသွေးအသားနှင့်ပြုလုပ်ထားပြီး ထိတွေ့နိုင်သကဲ့သို့ မြင်၍ရနိုင်ပေသည်။ သူဖြစ်ခဲ့သည့်အတိုင်း လူသားသည် ရင်းနှီးမှုကို လူတို့အား ခံစားခွင့်ပေးခဲ့သည်၊ လူတို့ကို စိတ်အေးသက်သာ ခံစားခွင့်ပေးခဲ့ပြီး၊ ပျောက်ဆုံးသွားခဲ့ပြီး ဖြစ်သည့် အရာတစ်ခုကို ပြန်လည်ရရှိခြင်းနှင့်ဆိုင်သည့် ဝမ်းမြောက်မှုကို ခံစားခွင့်ပေးခဲ့သည်။ ကြီးမားသည့် စိတ်အေးချမ်းသာမှုဖြင့်၊ ၎င်းတို့သည် လူသားမျိုးနွယ်အား ၎င်းတို့၏အပြစ်များမှ

ခွင့်လွှတ်နိုင်သော ဤလူသားကို ရဲဝံ့စွာနှင့် စိတ်ချယုံကြည်မှုရှိစွာ စတင် ကိုးစားကာ ကြည်ညိုခဲ့ကြသည်။ ၎င်းတို့သည် နှောင့်နှေးခြင်းမရှိဘဲ သခင်ယေရှု၏ အမည်နာမ၌လည်း စတင်ဆုတောင်းခဲ့ကြသည်၊ သူ၏ ကျေးဇူးတော်၊ သူ၏ကောင်းချီးမင်္ဂလာကို ရရှိရန်နှင့် သူထံမှ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ရရှိရန်၊ သူ့ထံမှ စောင့်ရှောက်မှုနှင့် ကွယ်ကာမှုကို ရရှိရန် စတင် ဆုတောင်း ခဲ့ကြပြီး၊ သခင်ယေရှု၏နာမဖြင့် မကျန်းမာသူများကို စတင် အနာရောဂါငြိမ်းစေကာ နတ်ဆိုးတို့ကို နှင်ထုတ် ခဲ့ကြသည်။

သခင်ယေရှုသည် လူ့ဇာတိ၌ အမှုတော်ပြုခဲ့သည့် အချိန် အတောအတွင်းတွင်၊ သူ၏ နောက်လိုက်အများစုသည် သူ၏ ပင်ကိုလက္ခဏာနှင့် သူပြောခဲ့သော အရာတို့ကို မှန်ကန်ကြောင်း အပြည့်အဝ မစစ်ဆေးနိုင်ခဲ့ကြပေ။ သူသည် ကားတိုင်ဆီသို့ ချဉ်းကပ်လာနေခဲ့ချိန်တွင်၊ သူ၏ နောက်လိုက်များ၏ သဘောထားသည် လေ့လာစောင့်ကြည့်သည့် သဘောထား တစ်ခု ဖြစ်သည်။ ထို့နောက် သူသည် ကားတိုင်၌ သံမှိုရိုက်ခံခဲ့ရသည့်အချိန်မှသည် ဂူထဲတွင် ထားရှိခံခဲ့ရသည် အထိ၊ သူ့အပေါ် လူတို့၏ သဘောထားမှာ စိတ်ပျက်ခြင်း ဖြစ်ခဲ့သည်။ ဤအချိန် အတောအတွင်းတွင်၊ လူတို့သည် သခင်ယေရှုက လူ့ဇာတိ၌ ရှိခဲ့သည့် သူ၏ အချိန်ကာလအတွင်း ပြောဆိုခဲ့သောအရာတို့ကို သံသယဖြစ်နေရာမှ ယင်းတို့ကို ငြင်းပယ်ခြင်းအထိ ၎င်းတို့၏ နှလုံးသားများကို စတင် ရွေ့ပြောင်းနှင့်ခဲ့ကြပြီး ဖြစ်သည်။ ထို့နောက် ဂူထဲမှ သူ လျှောက်လှမ်းထွက်ခဲ့ပြီး လူများ တစ်ယောက်ပြီးတစ်ယောက်ထံ ပေါ်ထွက်လာခဲ့ချိန်တွင်၊ မိမိတို့၏ ကိုယ်ပိုင်မျက်စိများဖြင့် သူ့ကို မြင်ခဲ့ကြသောသူ အများစု သို့မဟုတ် သူ၏ ရှင်ပြန်ထမြောက်ခြင်း သတင်းကို ကြားခဲ့ကြသောသူ အများစုသည် ၎င်းတို့၏ သဘောထားကို ငြင်းပယ်ခြင်းမှသည် သံသယရှိခြင်းအဖြစ်သို့ တဖြည်းဖြည်း ကူးပြောင်းသွား ခဲ့ကြသည်။ သခင်ယေရှုက သောမအား သူ၏နံဘေး၌ ၎င်း၏လက်ကို ထားရှိစေခဲ့ချိန်နှင့် သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက် သူသည် ပေါင်မုန့်ကိုဖဲ့ပြီး လူအုပ်ရှေ့၌ စားသောက်ခဲ့ပြီးနောက် ၎င်းတို့ရှေ့၌ ငါးကင်ကို စားခဲ့ချိန်တွင်သာ သခင်ယေရှုသည် လူ့ဇာတိ၌ရှိသည့် ခရစ်တော် ဖြစ်ခဲ့သည်ဆိုသည့်အချက် ၎င်းတို့ အမှန်တကယ် လက်ခံခဲ့ကြခြင်း ဖြစ်သည်။ ဤလူတို့ရှေ့တွင် ရပ်နေခဲ့သည့် အသွေးအသားရှိသည့် ဤဝိညာဉ်ခန္ဓာသည် ၎င်းတို့ အယောက်တိုင်းကို အိပ်မက်မှ နိုးထစေခြင်းအလား ဖြစ်ခဲ့သည်ဟု သင်ဆိုနိုင်သည်။ ၎င်းတို့ရှေ့ ရပ်နေသော လူသားသည် ရှေးအတိတ်ကာလတည်းက တည်ရှိခဲ့ပြီးဖြစ်သူ တစ်ဦး ဖြစ်သည်။ သူသည် ပုံသဏ္ဌာန်တစ်ခုနှင့် အသွေးနှင့်အသားရှိခဲ့ပြီး သူသည် လူသားမျိုးနွယ်နှင့်အတူ အချိန်ကြာမြင့်စွာ အသက်ရှင်ကာ စားသောက်နှင့်ခဲ့ပြီး ဖြစ်သည်…။ ဤအချိန်တွင် သူ၏

တည်ရှိမှုသည် အလွန်စစ်မှန်ပြီး အလွန်အံ့သြစရာကောင်းသည်ဟု လူတို့ ခံစားခဲ့ရသည်။ တစ်ချိန်တည်းတွင် ၎င်းတို့သည် အလွန် ဝမ်းမြောက်ကာ ပျော်ရွှင်ကြပြီး စိတ်ခံစားမှုဖြင့်လည်း ပြည့်ခဲ့ကြသည်။ သူ၏ ပြန်လည်ပေါ်ထွန်းခြင်းက လူတို့ကို သူ၏ နှိမ့်ချမှုအား အမှန်တကယ် တွေ့မြင်ခွင့်ပေးသည်၊ လူသားမျိုးနွယ်ကို သူ၏ ရင်းနှီးမှုနှင့် တွယ်တာမှုကို ခံစားခွင့်ပေးပြီး၊ ၎င်းတို့အကြောင်း သူမည်မျှ တွေးတောခဲ့သည်ကို ခံစားခွင့်ပေးလေသည်။ ဤအကျဉ်းချုံး ပြန်လည်ဆုံစည်းခြင်းက သခင်ယေရှုကို မြင်ခဲ့သော လူတို့အား အချိန်တစ်သက်တာ ကုန်ဆုံးသွားခဲ့ပြီးဖြစ်သည့်အလား ခံစားစေခဲ့သည်။ ၎င်းတို့၏ ပျောက်ဆုံးခဲ့သည်၊ ရှုပ်ထွေးခဲ့သည့်၊ စိုးရွံ့ခဲ့သည့်၊ ပူပန်သောကရောက်ခဲ့သည့်၊ တမ်းတကာ ထုံထိုင်းနေသော နှလုံးသားများသည် နှစ်သိမ့်မှုကို ရှာတွေ့ခဲ့သည်။ ၎င်းတို့သည် ယခု မျှော်လင့်ချက်နှင့် အမှီပြုစရာ တစ်ခုရှိပြီဟု ခံစားခဲ့ရသောကြောင့်၊ သံသယမရှိတော့ပေ၊ သို့မဟုတ် စိတ်မပျက်တော့ပေ။ ထိုအခါက ၎င်းတို့ရှေ့တွင် ရပ်နေခဲ့သော လူသားသည် ၎င်းတို့ကို တစ်ချိန်လုံး စောင့်ရှောက်မည့် စောင့်ကြပ်သူဖြစ်ပေမည်။ သူသည် ထာဝရ ကာလပတ်လုံး ၎င်းတို့၏ မျှော်စင်၊ ၎င်းတို့၏ ခိုလှုံရာဖြစ်ပေမည်။

သခင်ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက် ခဲ့သော်လည်း၊ သူ၏ နှလုံးသားနှင့် သူ၏အမှုတော်သည် လူသားမျိုးနွယ်ကို စွန့်ခွာမသွားခဲ့ပေ။ လူတို့ထံ ပေါ်ထွန်းခြင်းဖြင့်၊ မည်သည့် ပုံသဏ္ဌာန်ဖြင့် သူ တည်ရှိနေပါစေ၊ လူတို့ကို သူအဖော်ပြုမည်၊ ၎င်းတို့နှင့်အတူ လျှောက်လှမ်းမည် ဖြစ်ပြီး အချိန်တိုင်းနှင့် နေရာတိုင်းတွင် ၎င်းတို့နှင့်အတူရှိမည်ကို ၎င်းတို့အား သူပြောပြခဲ့သည်။ အချိန်တိုင်းနှင့် နေရာတိုင်းတွင် သူသည် လူသားမျိုးနွယ်ကို ထောက်ပံ့ပေးကာ ၎င်းတို့ကို ထိန်းကျောင်းမည်၊ ၎င်းတို့အား သူ့ကို မြင်ကာ ထိတွေ့ခွင့်ပေးမည်ဖြစ်ပြီး ၎င်းတို့ မည်သည့်အခါတွင်မျှ ကူကယ်ရာမဲ့ မခံစားရသည်ကို သေချာစေမည်ဟု ၎င်းတို့ကို သူ ပြောပြခဲ့သည်။ ၎င်းတို့အနေဖြင့် ဤကမ္ဘာလောကထဲတွင် တစ်ကိုယ်တည်း အသက်မရှင်ကြသည်ကို သခင်ယေရှုသည် လူတို့အား သိစေလိုခဲ့သည်။ လူသားမျိုးနွယ်ထံ၌ ဘုရားသခင်၏ စောင့်ရှောက်မှု ရှိ၏။ ဘုရားသခင်သည် ၎င်းတို့နှင့်အတူရှိသည်။ ၎င်းတို့သည် ဘုရားသခင်အပေါ် အမြဲ အားကိုးနိုင်ပြီး၊ သူသည် သူ၏နောက်လိုက် အယောက်စီတိုင်းအဖို့ မိသားစုဖြစ်သည်။ အားကိုးဖို့ ဘုရားသခင် ရှိလျက်၊ လူသားမျိုးနွယ်သည် အထီးကျန်တော့မည်မဟုတ် သို့မဟုတ် အကူအညီမဲ့တော့မည် မဟုတ်သကဲ့သို့၊ သူ့ကို ၎င်းတို့၏အပြစ်ဖြေရာယဇ်အဖြစ် လက်ခံသူတို့သည် အပြစ်တရား၌ ချည်နှောင်ခြင်းခံရတော့မည် မဟုတ်ပေ။ လူသား၏အမြင်တွင်၊ သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက် သခင်ယေရှု ဆောင်ရွက်ခဲ့သည့် သူ၏ အမှုတော်၏

ဤအစိတ်အပိုင်းများသည် အလွန် သေးငယ်သောအရာများဖြစ်သော်လည်း၊ ငါမြင်သည့်ပုံအရ၊ သူ လုပ်ဆောင်ခဲ့သည့် အရာတစ်ခုစီတိုင်းသည် အလွန် အဓိပ္ပာယ်ရှိလှ၏၊ အလွန်တန်ဖိုးရှိလှ၏၊ အလွန် အရေးကြီးလှပြီး အရေးပါမှုဖြင့် တနင့်တပိုး ပြည့်သိပ်နေပေသည်။

လူ့ဇာတိ၌ လျှောက်လှမ်းခဲ့သည့် သခင်ယေရှု၏ အချိန်ကာလသည် အခက်အခဲများနှင့် ဆင်းရဲဒုက္ခများဖြင့် ပြည့်ခဲ့သော်လည်း၊ အသွေးအသားရှိသည့် ဝိညာဉ်ခန္ဓာဖြင့် သူ၏ ပေါ်ထွန်းခြင်းမှတစ်ဆင့် လူသားမျိုးနွယ်ကို ရွေးနုတ်ရန်ဖြစ်သည့် ထိုအချိန်က လူ့ဇာတိ၌ သူ၏ အမှုတော်ကို လုံးဝပြီးပြည့်စုံစွာ သူ ပြီးမြောက်ခဲ့သည်။ သူသည် လူ့ဇာတိခံယူခြင်းအားဖြင့် သူ၏ အမှုတော်ကို အစပြုခဲ့ပြီး သူ၏လူ့ဇာတိဆန်သော ပုံသဏ္ဍာန်ဖြင့် လူသားမျိုးနွယ်ထံ ပေါ်ထွန်းခြင်းအားဖြင့် သူ၏ အမှုတော်ကို နိဂုံးချုပ်ခဲ့သည်။ သူသည် ခရစ်တော်အဖြစ် သူ၏ ပင်ကိုလက္ခဏာမှတစ်ဆင့် ကျေးဇူးတော်ခေတ်ကို စတင်ရင်း၊ ကျေးဇူးတော်ခေတ်ကို ကြေညာခဲ့သည်။ ခရစ်တော်အဖြစ် သူ၏ ပင်ကိုလက္ခဏာမှတစ်ဆင့်၊ ကျေးဇူးတော်ခေတ်၌ အမှုတော်ကို သူ ဆောင်ရွက်ခဲ့ပြီး၊ သူ၏နောက်လိုက် အားလုံးကို ခွန်အားပေးကာ ကျေးဇူးတော်ခေတ်ထဲသို့ ဦးဆောင်ခဲ့သည်။ သူစခဲ့သောအရာကို အပြည့်အဝ သူပြီးစီးခဲ့သည်ဟု ဘုရားသခင်၏အမှုတော်နှင့် ပတ်သက်၍ ပြောနိုင်ပေသည်။ အဆင့်များနှင့် အစီအစဉ်တစ်ခုရှိပြီး အမှုတော်သည် သူ၏ ဉာဏ်ပညာ၊ သူ၏ အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်း၊ သူ၏ အံ့သြဖွယ်ရာ လုပ်ဆောင်မှုများ၊ သူ၏ ချစ်ခြင်းနှင့် သနားကရုဏာတို့ဖြင့် ပြည့်နေသည်။ ဟုတ်ပေ၏၊ ဘုရားသခင်၏ အမှုတော်တစ်လျှောက် ပျံ့နှံ့ဝင်ရောက်နေသည့် အဓိကဆိုလိုရင်းမှာ လူသားမျိုးနွယ်အတွက် သူ၏ စောင့်ရှောက်ခြင်း ဖြစ်သည်။ ယင်းသည် သူ လုံးဝဘေးဖယ်ထား၍မရသည့် သူ၏ အလေးထားမှု ခံစားချက်တို့နှင့် စိမ့်ဝင်ပျံ့နှံ့နေသည်။ သမ္မာကျမ်းစာ၏ ဤကျမ်းပိုဒ်များတွင် သူ၏ ရှင်ပြန်ထမြောက်ခြင်းနောက် သခင်ယေရှု လုပ်ဆောင်ခဲ့သော အရာတစ်ခုချင်းစီတိုင်းတွင်၊ ဘုရားသခင်၏ တိကျစေ့စပ်သော ဂရုစိုက်မှုနှင့် လူသားမျိုးနွယ်ကို ချစ်ခင်မြတ်နိုးမှုများကဲ့သို့ လူသားမျိုးနွယ် အတွက် ဘုရားသခင်၏ မပြောင်းလဲသော မျှော်လင့်ချက်များနှင့် အလေးထားမှုတို့ကို ထုတ်ဖော်ပြခဲ့ပေသည်။ ဤအရာထဲမှ မည်သည့်အရာမျှ မျက်မှောက်ခေတ်ထိ တစ်လျှောက်လုံး၊ အစဉ်မပြောင်းလဲဖူးပေ- ဤသည်ကို သင်တို့ မြင်နိုင်ပါ၏လော။ ဤသည်ကို သင်တို့မြင်သောအခါတွင်၊ သင်တို့၏ နှလုံးသားများသည် ဘုရားသခင်ထံ မရည်ရွယ်ဘဲ တိုးဝင်ချဉ်းကပ်မိကြသည် မဟုတ်လော။ သင်တို့သည် ထိုခေတ်၌ အသက်ရှင်ခဲ့ကြပြီး သူ၏ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းနောက် သခင်ယေရှုက သင်တို့ထံ သင်တို့မြင်ရန် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ပုံသဏ္ဍာန် တစ်ခုဖြင့် ပေါ်ထွန်းခဲ့ပါက၊ ပြီးလျှင် သူသည်

သင်တို့ရှေ့၌ ထိုင်ခဲ့ပါက၊ မုန့်နှင့်ငါးကိုစားခဲ့ပြီး၊ ကျမ်းစာကို သင်တို့အား ရှင်းပြကာ သင်တို့နှင့် စကားပြောခဲ့ပါက၊ သင်တို့ မည်သို့ ခံစားရမည်နည်း။ သင်တို့ ပျော်ရွှင်ကြမည်လော။ သို့မဟုတ် အပြစ်ရှိသကဲ့သို့ ခံစားရမည်လော။ ဘုရားသခင်အပေါ် ယခင်က အထင်လွဲမှုများနှင့် ရှောင်ကြဉ်မှု၊ ဘုရားသခင်နှင့် ဆိုင်သည့် သဘောထားကွဲလွဲမှုများနှင့် သံသယများ- ထိုအရာအားလုံးသည် ပျောက်ကွယ်သွားမည် မဟုတ်လော။ ဘုရားသခင်နှင့် လူသားကြား ဆက်ဆံရေးသည် သာ၍ ပုံမှန်ဖြစ်ကာ မှန်ကန်လာမည် မဟုတ်လော။

သမ္မာကျမ်းစာ၏ ဤကန့်သတ်ထားသောအခန်းများကို အနက်ပြန်ခြင်းအားဖြင့်၊ ဘုရားသခင်၏ စိတ်သဘောထား၌ အပြစ်အနာအဆာ တစ်ခုတစ်လေ သင်တို့ ရှာတွေ့ပါသလော။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတွင် ဖောက်ပြန်မှု တစ်ခုတစ်လေကို သင်တို့ တွေ့ရပါသလော။ ဘုရားသခင်၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်း သို့မဟုတ် ဉာဏ်ပညာ၌ လှည့်စားမှု၊ သို့မဟုတ် ဆိုးယုတ်မှု တစ်ခုတစ်လေကို သင်တို့ မြင်သလော။ သေချာပေါက် မရှိပေ။ ယခုတွင် ဘုရားသခင်သည် သန့်ရှင်းသည်ဟု သေချာမှုဖြင့် သင်တို့ ဆိုနိုင်သလော။ ဘုရားသခင်၏ စိတ်ခံစားမှုများ အသီးသီးသည် သူ၏ အနှစ်သာရနှင့် စိတ်သဘောထားတို့နှင့်ဆိုင်သည့် ဖွင့်ပြခြင်း တစ်ခု ဖြစ်သည်ကို သေချာမှုဖြင့် သင်တို့ ဆိုနိုင်သလော။ ဤနှုတ်ကပတ်တော်များကို သင်တို့ ဖတ်ရှုပြီးသည့်နောက်တွင်၊ ၎င်းတို့ထံမှ သင်တို့ ရရှိသည့် သိနားလည်မှုသည် စိတ်သဘောထား၌ ပြောင်းလဲခြင်းနှင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအား သင်တို့၏ လိုက်စားမှုတွင် သင်တို့ကို ကူညီပြီး အကျိုးကျေးဇူးများ ဆောင်ကြဉ်း ပေးလိမ့်မည်၊ ပြီးလျှင် ဤလိုက်စားမှု၏ ဖြစ်စဉ်တွင် သင်တို့သည် ဘုရားသခင်ထံ သာ၍ နီးသည်ထက် နီးကပ်လာစေဖို့အလို့ငှာ၊ ဘုရားသခင် တောင်းဆိုသည့် စံနှုန်းအထိ နီးသည်ထက်နီးလာဖို့ရန်အလို့ငှာ ၎င်းတို့သည် နေ့စဉ်နှင့်အမျှ ကြီးထွားသည့် အသီးအပွင့်များကို သင်တို့အထဲ၌ ဖြစ်ထွန်းစေလိမ့်မည်ဟု ငါမျှော်လင့်သည်။ သင်တို့သည် သမ္မာတရားအား လိုက်စားခြင်းကို ငြီးငွေ့တော့မည် မဟုတ်သကဲ့သို့၊ သမ္မာတရားနှင့် စိတ်သဘောထား၌ ပြောင်းလဲခြင်းကို လိုက်စားခြင်းသည် ဒုက္ခပေးသည့်အရာတစ်ခု သို့မဟုတ် မလိုလားအပ်သော အရာတစ်ခုဖြစ်သည်ဟု ခံစားရတော့မည် မဟုတ်ပေ။ ယင်းထက် ဘုရားသခင်၏ စစ်မှန်သော စိတ်သဘောထားနှင့် ဘုရားသခင်၏ သန့်ရှင်းသော အနှစ်သာရတို့၏ ဖော်ပြချက်ဖြင့် လှုံ့ဆော်ခံရလျက်၊ သင်တို့သည် အလင်းကို တောင့်တကြလိမ့်မည်၊ တရားမျှတမှုကို တောင့်တကြလိမ့်မည်၊ သမ္မာတရားကို လိုက်စားရန်၊ ဘုရားသခင်၏အလိုကို ဖြည့်ဆည်းခြင်းအား အားထုတ်ရန် ဆန္ဒပြင်းပြကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ ရယူခြင်းခံရသည့် လူတစ်ဦး၊ စစ်မှန်သော လူတစ်ဦး

ဖြစ်လာလိမ့်မည်ဖြစ်သည်။

ယနေ့တွင် သူ ပထမဆုံးအကြိမ် လူ့ဇာတိခံယူခဲ့ချိန် ကျေးဇူးတော်ခေတ်၌ ဘုရားသခင် လုပ်ဆောင်ခဲ့သော အမှုအရာအချို့အကြောင်းကို ငါတို့ ဆွေးနွေးကြပြီးဖြစ်သည်။ ဤအရာများမှ လူ့ဇာတိ၌ သူဖော်ပြခဲ့ပြီး ထုတ်ဖော်ပြခဲ့သော စိတ်သဘောထားအပြင်၊ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်း၏ သွင်ပြင်လက္ခဏာတိုင်းကို ငါတို့မြင်ပြီးဖြစ်သည်။ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်း၏ ဤသွင်ပြင်လက္ခဏာအားလုံးသည် အလွန်လူသားဆန်ပုံပေါ်သော်လည်း၊ လက်တွေ့အရှိတရားမှာ သူ ထုတ်ဖော်ပြခဲ့ပြီး ဖော်ပြခဲ့သော အရာအားလုံး၏ အနှစ်သာရသည် သူကိုယ်တိုင်၏ စိတ်သဘောထားမှ ခွဲခြား၍မရနိုင်ပေ။ လူ့သဘာဝ၌ သူ၏ စိတ်သဘောထားကို ဖော်ပြနေသော လူ့ဇာတိခံ ဘုရားသခင်၏ နည်းလမ်းတိုင်းနှင့် သွင်ပြင်လက္ခဏာတိုင်းသည် သူ၏ကိုယ်ပိုင်အနှစ်သာရနှင့် မခွဲနိုင်အောင် ဆက်နွှယ်နေသည်။ ထို့ကြောင့် ဘုရားသခင်သည် လူသားမျိုးနွယ်ထံ လူ့ဇာတိခံယူခြင်း နည်းလမ်းကို အသုံးပြုလျက် ကြွလာခြင်းသည် အလွန် အရေးကြီးလေသည်။ လူ့ဇာတိ၌ သူလုပ်ဆောင်ခဲ့သော အမှုသည်လည်း အရေးကြီး၏၊ သို့သော် ဇာတိပကတိဖြင့် အသက်ရှင်သော လူတိုင်းအဖို့၊ ဖောက်ပြန်ပျက်စီးခြင်း၌ အသက်ရှင်ကြသည့် လူတိုင်းအဖို့ သာ၍ပင် အရေးကြီးသည်မှာ သူ ထုတ်ဖော်ပြသည့် စိတ်သဘောထားနှင့် သူဖော်ပြခဲ့သော အလိုတော်တို့ ဖြစ်သည်။ ဤသည်မှာ သင်တို့ နားလည်နိုင်သော အရာတစ်ခု ဟုတ်ပါသလော။ ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို နားလည်ပြီးသည့်နောက်တွင်၊ ဘုရားသခင်ကို မည်ကဲ့သို့ ဆက်ဆံသင့်သည် ဆိုသည့်နှင့်ပတ်သက်၍ ကောက်ချက်များ တစ်ခုတစ်လေကို သင်တို့ ချပြီးပြီလော။ နောက်ဆုံးတွင် ဤမေးခွန်းကို ပြန်ဖြေကြားရာတွင်၊ သင်တို့ကို အကြံဉာဏ်သုံးခု ငါပေးလိုသည်- ပထမဦးစွာ၊ ဘုရားသခင်ကို မစစ်ကြောနှင့်။ ဘုရားသခင်အကြောင်းကို သင်မည်မျှ နားလည်သည်ဖြစ်စေ၊ သူ၏စိတ်သဘောထားကို သင်မည်မျှ သိသည်ဖြစ်စေ၊ သူ့ကို လုံးဝ မစစ်ကြောဆေးနှင့်။ ဒုတိယအနေဖြင့် အဆင့်အတန်း အတွက် ဘုရားသခင်နှင့် မဖက်ပြိုင်နှင့်။ ဘုရားသခင်က သင့်ကို မည်သည့် အဆင့်အတန်းမျိုး ပေးသည်ဖြစ်စေ၊ သို့မဟုတ် သင့်ကို မည်သည့်အလုပ်မျိုး ပေးသည်ဖြစ်စေ၊ မည်သည့်တာဝန်မျိုးကို ဆောင်ရွက်ရန် သူသည် သင့်ကို ပျိုးထောင်သည်ဖြစ်စေ၊ ပြီးလျှင် ဘုရားသခင်အတွက် သင့်ကိုယ်သင် မည်မျှ အသုံးချပြီး စွန့်လွှတ်ခဲ့သည်ဖြစ်စေ၊ အဆင့်အတန်းအတွက် သူနှင့် လုံးဝ မဖက်ပြိုင်နှင့်။ တတိယအနေဖြင့် ဘုရားသခင်နှင့် မယှဉ်ပြိုင်ပါနှင့်။ သင်နားလည်သည်ဖြစ်စေ၊ သို့မဟုတ် သင်နှင့်ပတ်သက်၍ ဘုရားသခင် လုပ်ဆောင်သောအရာ၊ သင့်အတွက်

သူစီစဉ်သောအရာနှင့် သင့်ထံ သူဆောင်ကြဉ်း လာသောအရာတို့ကို သင် ကျိုးနွံနာခံနိုင်သည်ဖြစ်စေ၊ ဘုရားသခင်နှင့် လုံး၀မယုံဥပြိုင်ပါနှင့်။ ဤအကြံဉာဏ်သုံးခုကို သင် လိုက်နာနိုင်ပါက၊ သင်သည် အတော်အတန် ဘေးကင်းလိမ့်မည် ဖြစ်ပြီး ဘုရားသခင်ကို ဒေါသ ထွက်စေလေ့ရှိမည် မဟုတ်ပေ။ ဤသည်မှာ ယနေ့ မိတ်သဟာယကို အဆုံးသတ်မည့်နေရာ ဖြစ်သည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်

အောက်ခြေမှတ်စု(များ)-

က။ "သတ္တုကွင်းတင်းကျပ်စေသောမန္တန်" ဆိုသည်မှာ အနောက်အရပ်သို့ ခရီးပြုခြင်းဟူသည့် တရုတ်ဝတ္ထုထဲတွင် ဘုန်းကြီးတန်ဆန်ကျန်းအသုံးပြုခဲ့သော မန္တန်တစ်ခုဖြစ်သည်။ စွန်းဝူခုန်းကို မခံနိုင်လောက်အောင် ခေါင်းကိုက်စေပြီး ထိန်းချုပ်နိုင်ရန်အတွက် သူ၏ခေါင်းတွင် စွပ်ထားသည့် သတ္တုကွင်းကို တင်းကျပ်စေရန် ဤမန္တန်ကို ဘုန်းကြီးက အသုံးပြုခဲ့သည်။ ဤသို့ဖြင့် ၎င်းသည် လူတစ်ဦးအား ချုပ်နှောင်ထားသောအရာကို ဖော်ပြရန်အတွက် ဥပစာ စကားတစ်ခု ဖြစ်လာခဲ့သည်။ခဲ့သည်။

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၁)

## ဘုရားသခင်၏ အခွင့်အာဏာ (၁)

ငါ၏ ပြီးခဲ့သော မိတ်သဟာယပြုချက်အချို့မှာ ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်တို့ အကြောင်းဖြစ်သည်။ ဤမိတ်သဟာယပြုချက်ချက်များကို ကြားနာ ပြီးနောက်တွင် ဘုရားသခင်၏ စိတ်သဘောထားနှင့် ပတ်သက်ပြီး နားလည်မှုနှင့် အသိပညာ ရရှိလိုက်ပြီးဖြစ်သည်ဟု သင်တို့ ခံစားရသလော။ နားလည်သိမြင်မှုနှင့် အသိပညာ မည်သည့်အတိုင်းအတာအထိ ရရှိပြီးပြီနည်း။ ယင်းကို သင်တို့ ကိန်းဂဏန်းဖြင့် ဖော်ပြနိုင်သလော။ ဤဆွေးနွေးချက်များက သင်တို့ကို ဘုရားသခင်အကြောင်း ပိုမိုနက်နဲသော နားလည်သိမြင်မှု ပေးခဲ့သလော။ ဤနားလည်သိမြင်မှုက ဘုရားသခင်အကြောင်း စစ်မှန်သော အသိပညာဖြစ်သည်ဟု ပြောနိုင်သလော။ ဘုရားသခင်အကြောင်း ဤအသိပညာနှင့် နားလည်မှုက ဘုရားသခင်၏အနှစ်သာရ တစ်ခုလုံးနှင့် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းအား သိနားလည်မှု ဖြစ်သည်ဟု ဆိုနိုင်သလော။ မဆိုနိုင်သည်မှာ အသိသာပင်။ ယင်းမှာ

အဘယ်ကြောင့် ဆိုသော် ဤဆွေးနွေးချက်များသည် ဘုရားသခင်၏ စိတ်သဘောထားနှင့် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်း၏ တစ်စိတ်တစ်ဒေသအပေါ် နားလည်မှုကိုသာလျှင် ပေးစွမ်းခဲ့ကာ ယင်း၏ တစ်ခုလုံးအနေဖြင့် မဟုတ်ပေ။ ဤမိတ်သဟာယပြုချက်များက သင်တို့ကို အတိတ်က ဘုရားသခင် ပြုလုပ်ခဲ့သော အမှုတော်၏ တစ်စိတ်တစ်ဒေသကို နားလည်စေခဲ့သည်။ ဤမိတ်သဟာယပြုချက်များအားဖြင့် ဘုရားသခင်၏ စိတ်သဘောထား၊ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းတို့အပြင် သူပြုခဲ့ပြီးသည့် အရာအားလုံး၏နောက်ကွယ်မှ လုပ်ဆောင်ပုံနှင့် ကြံဆပုံတို့ကို သင်ရှုမြင်ခဲ့ရသည်။ သို့သော် ဤသည်မှာ ဘုရားသခင်နှင့်ပတ်သက်သည့် စာသားအရ၊ စကားအရ နားလည်ခြင်းသာဖြစ်ပြီး၊ သင်တို့၏ စိတ်နှလုံးထဲတွင် ယင်းက မည်မျှစစ်မှန်သည်ကို မသေချာဘဲ ရှိနေသေးသည်။ ထိုကဲ့သို့သော အရာများအပေါ်တွင် လူတို့၏ နားလည်မှု၌ စစ်မှန်မှု တစ်စုံတစ်ရာ ရှိမရှိကို မည်သည့်အရာက အဓိက သတ်မှတ်ဆုံးဖြတ်သနည်း။ သူတို့၏ တကယ့် အတွေ့အကြုံများအတွင်း ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် စိတ်သဘောထားကို သူတို့ မည်မျှ အမှန်တကယ် ကြုံတွေ့ရပြီးပြီနည်း ဆိုသည်နှင့် ဤတကယ့်အတွေ့အကြုံများအတွင်း သူတို့ မည်မျှ သိမြင်နိုင်ပြီးပြီနည်း ဆိုသည့်အပေါ်တွင် ယင်းကို သတ်မှတ်ဆုံးဖြတ်သည်။ "ပြီးခဲ့သော မိတ်သဟာယပြုချက်အချို့က ဘုရားသခင် ပြုလုပ်ခဲ့သည့် အရာများ၊ ဘုရားသခင်၏ အကြံအစည်တို့အပြင် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ သဘောထားနှင့် သူ့လုပ်ဆောင်ချက်များ၏ အခြေခံအကြောင်းရင်းကိုသာမက သူ့လုပ်ဆောင်ချက်များ၏ အခြေခံသဘောတရားများကိုပါ ကျွန်ုပ်တို့ကို နားလည်စေခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်သဘောထားကို နားလည်လာပြီး ဘုရားသခင်၏ အလုံးစုံကို သိလာခဲ့ကြပါသည်။" စသည်တို့ကဲ့သို့သော စကားများကို တစ်စုံတစ်ဦး ပြောဆိုပြီးပြီလော။ ဤသို့ပြောခြင်းက မှန်ကန်၏လော။ မမှန်ကန်သည်မှာ အထင်အရှားပင်။ ဤအရာ့ပြောခြင်းကို မမှန်ကန်ပါဟု အဘယ့်ကြောင့် ငါ ပြောရသနည်း။ ဘုရားသခင်၏ စိတ်သဘောထား၊ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို သူလုပ်ဆောင်ပြီးဖြစ်သည့် အရာများနှင့် သူပြောဆိုပြီးဖြစ်သည့် နှုတ်ကပတ်တော်များထဲတွင် ဖော်ပြထားသည်။ ဘုရားသခင် လုပ်ဆောင်ပြီး ဖြစ်သည့် အမှုတော်နှင့် သူပြောပြီးဖြစ်သည့် နှုတ်ကပတ်တော်များမှတစ်ဆင့် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို လူသားက ရှုမြင်နိုင်သည်၊ သို့သော် အမှုတော်နှင့် နှုတ်ကပတ်တော်များက လူသားကို ဘုရားသခင်၏ စိတ်သဘောထား တစ်စိတ်တစ်ပိုင်းနှင့် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်း တစ်စိတ်တစ်ပိုင်းတို့ကို နားလည်စေသည်ဟုသာ ပြောရမည် ဖြစ်သည်။ အကယ်၍ လူသားသည် ဘုရားသခင်အကြောင်း ပိုမိုကြီးမားပြီး ပိုမိုလေးနက်သော

နားလည်မှုရရှိရန် ဆန္ဒရှိပါက၊ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အမှုတော်ကို ပို၍ ကြုံတွေ့ရမည် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ သို့မဟုတ် အမှုတော်တို့၏ တစ်စိတ်တစ်ပိုင်းကို ကြုံတွေ့ရစဉ်တွင် လူသားသည် ဘုရားသခင်အကြောင်း တစ်စိတ်တစ်ပိုင်း နားလည်ခြင်းကိုသာ ရရှိသော်လည်း၊ ဤတစ်စိတ်တစ်ပိုင်း နားလည်ခြင်းက ဘုရားသခင်၏ စိတ်သဘောထားအမှန်ကို ကိုယ်စားပြုသလော။ ယင်းက ဘုရားသခင်၏ အနှစ်သာရကို ကိုယ်စားပြုသလော။ ယင်းက ဘုရားသခင်၏ စိတ်သဘောထားအမှန်နှင့် ဘုရားသခင်၏ အနှစ်သာရတို့ကို ကိုယ်စားပြုသည်မှာ မှန်ပေ၏။ ယင်း၌ ယုံမှားဖွယ်ရာမရှိပေ။ အချိန်၊ နေရာ၊ သို့မဟုတ် ဘုရားသခင်က သူ၏အမှုကို မည်သည့်ပုံစံဖြင့် ပြုလုပ်သည် သို့မဟုတ် သူက မည်သည့်ပုံသဏ္ဌာန်ဖြင့် လူသားထံ ပေါ်ထွန်းလာသည် သို့မဟုတ် သူ၏အလိုတော်ကို မည်သည့်နည်းလမ်းဖြင့် ဖော်ပြသည် စသည်တို့နှင့် မသက်ဆိုင်ဘဲ၊ သူ ထုတ်ဖော်သိမြင်စေခဲ့သည့် အရာအားလုံးသည် ဘုရားသခင် ကိုယ်တော်တိုင်၊ ဘုရားသခင်၏ အနှစ်သာရနှင့် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို ကိုယ်စားပြုသည်။ ဘုရားသခင်သည် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းနှင့် သူ၏ စစ်မှန်သော ဝိသေသလက္ခဏာဖြင့် သူ၏အမှုတော်ကို ဆောင်ရွက်သည်။ ဤသည်မှာ လုံးဝ မှန်ကန်သည်။ သို့ရာတွင် ယနေ့တွင် လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတစ်ဆင့်၊ ပြီးလျှင် တရားဟောချက်များ နားထောင်သည့်အခါတွင် သူတို့ကြားရသည့် အရာတို့မှတစ်ဆင့် ဘုရားသခင်အပေါ် နားလည်မှု တစ်စိတ်တစ်ပိုင်းသာ ရှိကြသည်၊ ထို့ကြောင့် အတိုင်းအတာ တစ်ခုအထိ ဤနားလည်မှုကို အယူအဆဆိုင်ရာ အသိပညာဟုသာ ဆိုနိုင်လေသည်။ သင်၏ အခြေအနေအမှန်တို့ကို အကြောင်းပြု၍ သင်တို့ တစ်ဦးစီတိုင်းက သင်တို့၏ တကယ့်အတွေ့အကြုံများထဲ၌ ခံစားပြီး ယင်းကို တစ်စတစ်စ သိလာမှသာလျှင်၊ သင်သည် ယနေ့ သင်၏စိတ်နှလုံးထဲ၌ ကြားခဲ့၊ မြင်ခဲ့ သို့မဟုတ် သိခဲ့ပြီးသည့် ဘုရားသခင်အကြောင်း နားလည်မှု သို့မဟုတ် အသိပညာကို စိစစ် အတည်ပြုနိုင်သည်။ အကယ်၍ ဤနှုတ်ကပတ်တော်များကို သင်တို့အား ငါ မိတ်သဟာယမပြုခဲ့လျှင်၊ သင်တို့၏ အတွေ့အကြုံများသက်သက်အားဖြင့် ဘုရားသခင်နှင့်ပတ်သက်သည့် စစ်မှန်သော အသိပညာကို ရရှိနိုင်မည်လော။ ထိုသို့ ပြုလျှင် အလွန်ခက်ခဲမည်ကို ငါ စိုးရိမ်သည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် မည်သို့ တွေ့ကြုံခံစားရမည်ကို သိရန်အတွက် လူတို့၌ ဦးစွာ ဘုရားသခင်၏ နှုတ်ကပတ်တော်များ ရှိရပေမည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မည်မျှများပြားစွာ စားသုံးသည်ဖြစ်စေ၊ ဤသည်မှာ သူတို့အမှန်တကယ် တွေ့ကြုံခံစားနိုင်သည့် တူညီသော အရေအတွက်ပင်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့သည် ရှေ့၌ရှိသည့်လမ်းကို

ဦးဆောင်ပြီး လူသားကို သူ၏အတွေ့အကြုံထဲ၌ လမ်းပြသည်။ အတိုချုပ်ပြောရလျှင် စစ်မှန်သော အတွေ့အကြုံအချို့ရှိသောသူတို့အတွက် ပြီးခဲ့သော ဤမိတ်သဟာယပြုချက်အချို့က သူတို့အား သမ္မာတရား အကြောင်း ပိုမိုနက်ရှိုင်းသော နားလည်ခြင်းနှင့် ဘုရားသခင်အကြောင်း ပိုမို လက်တွေ့ကျသည့် အသိပညာတို့ကို ရရှိစေရန် ကူညီပေးလိမ့်မည်။ သို့သော် စစ်မှန်သည့်အတွေ့အကြုံ ဘာမျှမရှိသောသူများ သို့မဟုတ် သူတို့၏ အတွေ့အကြုံကို အစပြုရုံရှိသောသူများ သို့မဟုတ် လက်တွေ့အရှိတရားကို စတင်ထိတွေ့ရုံရှိသောသူများအတွက် ဤသည်မှာ ကြီးစွာသော့ စမ်းသပ်မှု တစ်ခုဖြစ်သည်။

ပြီးခဲ့သော မိတ်သဟာယပြုချက်အချို့၏ အဓိက အကြောင်းအရာက "ဘုရားသခင်၏ အမှုတော်၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင် ကိုယ်တော်တိုင်" နှင့် ပတ်သက်သည်။ ငါ ပြောခဲ့သည့်အရာ အားလုံး၏ အခရာကျပြီး အဓိကကျသော အပိုင်းများတွင် သင်တို့ အဘယ်အရာကို မြင်သနည်း။ ဤဆွေးနွေးချက်များမှတစ်ဆင့် အမှုကိုပြုခဲ့သူ၊ ဤစိတ်သဘောထားများကို ထုတ်ဖော်ခဲ့သူသည် အရာခပ်သိမ်းအပေါ်တွင် အချုပ်အခြာအာဏာကို စွဲကိုင်ထားသော အတုမရှိသည့် ဘုရားသခင် ကိုယ်တော်တိုင်သာ ဖြစ်ကြောင်းကို သင်တို့ သတိပြုမိနိုင်သလော။ သင်တို့၏ အဖြေက သတိပြုမိနိုင်ပါသည်ဆိုလျှင်၊ အဘယ်အရာက သင်တို့ကို ထိုကဲ့သို့ ကောက်ချက်ချစေသနည်း။ ဤကောက်ချက် ကို ရရှိရာတွင် မည်သည့်ကဏ္ဍများကို သင် စဉ်းစားသုံးသပ်ခဲ့သနည်း။ တစ်ယောက်ယောက် ငါ့ကို ပြောနိုင်မည်လော။ ပြီးခဲ့သော မိတ်သဟာယပြုချက်များ အနည်းငယ်က သင်တို့အပေါ် နက်ရှိုင်းစွာ သက်ရောက်မှုရှိခဲ့ပြီး ဘုရားသခင်အကြောင်း အသိပညာအတွက် သင်တို့ စိတ်နှလုံးထဲတွင် အလွန်ထူးကဲသည့် အသစ်သော အစပြုခြင်းကို ပေးစွမ်းခဲ့သည်ကို ငါသိသည်။ သို့သော် ယခင်ကနှင့်နှိုင်းစာလျှင် သင်တို့သည် ဘုရားသခင်အကြောင်း နားလည်မှုတွင် ကြီးမားသည့် ရုတ်ခြည်း တိုးတက်မှုတစ်ခုကို ပြုလုပ်ပြီးဖြစ်သော်လည်း၊ ဘုရားသခင်၏ ဝိသေသလက္ခဏာအပေါ် သင်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပညတ်တော်ခေတ် ယေဟောဝါဘုရားသခင်၊ ကျေးဇူးတော်ခေတ်၏ သခင်ယေရှုနှင့် နိုင်ငံတော်ခေတ်၏ အနန္တတန်ခိုးရှင် ဘုရားသခင်တို့၏ နာမတော်များကို ကျော်လွန်၍ တိုးတက်ရန် လိုသေးသည်။ ဆိုလိုသည်မှာ "ဘုရားသခင်၏ စိတ်သဘောထား၊ ဘုရားသခင်၏ အမှုတော်နှင့် ဘုရားသခင် ကိုယ်တော်တိုင်" နှင့်ပတ်သက်သည့် ဤမိတ်သဟာယပြုချက်များသည် တစ်ချိန်က ဘုရားသခင်မိန့်ခဲ့သည့် နှုတ်ကပတ်တော်များ၊ ဘုရားသခင် တစ်ချိန်က လုပ်ဆောင်ခဲ့သည့် အမှုတော်၊ ဘုရားသခင် တစ်ချိန်က ထုတ်ဖော်ခဲ့သည့် ဖြစ်ခြင်းနှင့် အရာအားလုံးတို့နှင့်ပတ်သက်သည့် နားလည်မှု အချို့ကို

ပေးခဲ့သော်လည်း၊ သင်တို့သည် “ဘုရားသခင်” ဆိုသည့် စကားလုံး၏ မှန်ကန်သည့် အဓိပ္ပာယ်နှင့် တိကျသည့်သဘောထားတို့ကို ပေးနိုင်စွမ်းမရှိကြပေ။ သင်တို့တွင် ဘုရားသခင်ကိုယ်တော်တိုင်၏ အဆင့်အတန်းနှင့် ဝိသေသလက္ခဏာနှင့် ပတ်သက်သည့် တစ်နည်းအားဖြင့်ဆိုသော် အရာခပ်သိမ်းထဲနှင့် စကြဝဠာ တစ်ခွင်လုံးရှိ ဘုရားသခင်၏ အဆင့်အတန်းနှင့်ပတ်သက်သည့် မှန်ကန်တိကျသော သဘောထားနှင့် အသိပညာတို့လည်း မရှိပေ။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကိုယ်တော်တိုင်နှင့် ဘုရားသခင်၏ စိတ်သဘောထားတို့အကြောင်း ပြီးခဲ့သည့် မိတ်သဟာယပြုချက်များထဲတွင် အကြောင်းအရာအားလုံးကို သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်ထားသည့်အတိုင်း ဘုရားသခင်၏ ယခင်ဖော်ပြချက်များနှင့် ဗျာဒိတ်တော်များအပေါ်တွင် အခြေခံခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် လူသားမျိုးနွယ်အပေါ် သူ၏စီမံခန့်ခွဲမှုနှင့် ကယ်တင်ခြင်းတို့ အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ဘုရားသခင် ထုတ်ဖော်ဖွင့်ပြခဲ့သည့် ဖြစ်ခြင်းနှင့် အရာအားလုံးတို့ကို လူသားအနေဖြင့် ရှာဖွေတွေ့ရှိရန် ခက်ခဲနေသည်။ ထို့ကြောင့် ဘုရားသခင် အတိတ်က လုပ်ဆောင်ခဲ့ပြီးသော အမှုတွင် ထုတ်ဖော်ပြခဲ့သည့် ဘုရားသခင်၏ ဖြစ်ခြင်းနှင့် အရာအားလုံးကို သင်တို့ နားလည်လျှင်ပင်၊ ဘုရားသခင်၏ ဝိသေသလက္ခဏာနှင့် အဆင့်အတန်း်တို့အပေါ် သင်တို့၏အဓိပ္ပာယ် ဖွင့်ဆိုချက်သည် “အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာ စွဲကိုင်ထားသူ၊ အတုမရှိသော ဘုရားသခင်” နှင့် အလှမ်းဝေးလျက်ပင် ရှိနေသေးပြီး၊ “ဖန်ဆင်းရှင်” ၏ ဝိသေသလက္ခဏာနှင့် အဆင့်အတန်းတို့နှင့်လည်း ကွဲပြားလေသည်။ ပြီးခဲ့သော မိတ်သဟာယပြုချက်အချို့သည် လူတိုင်းကို တူညီသည့် ခံစားမှုမျိုးဖြစ်စေခဲ့သည်- ဘုရားသခင်၏ အကြံအစည်များကို လူသားက မည်သို့သိနိုင်မည်နည်း။ တစ်စုံတစ်ဦးက အမှန်တကယ် သိခဲ့မည်ဆိုပါက၊ ထိုသူသည် ဘုရားသခင်သာ ဖြစ်မည်မှာ အသေချာဆုံး ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် ကိုယ်တော်တိုင်သာလျှင် သူ၏ ကိုယ်ပိုင်အကြံအစည်များကို သိရှိပြီး ဘုရားသခင် ကိုယ်တော်တိုင်သာလျှင် သူလုပ်သမျှအရာအားလုံး၏ သွယ်ဝိုက်သော အခြေခံအကြောင်းရင်းနှင့် လုပ်ဆောင်ပုံတို့ကို သိသောကြောင့် ဖြစ်သည်။ သင်တို့အနေဖြင့် ဤသို့သောနည်းလမ်းအတိုင်း ဘုရားသခင်၏ ဝိသေသလက္ခဏာကို သတိပြုမိရန်ဆိုသည်မှာ ကျိုးကြောင်းသင့်ပြီး ယုတ္တိရှိသည့် ပုံရသော်လည်း၊ ဘုရားသခင်၏ စိတ်သဘောထားနှင့် အမှုတော်တို့မှနေ၍ ဤသည်မှာ ဘုရားသခင် ကိုယ်တော်တိုင်၏ အမှုတော်ဖြစ်ပြီး လူသား၏ အလုပ်မဟုတ်ဘဲ၊ ဘုရားသခင်ကိုယ်စား လူသားက ပြုလုပ်၍မရသည့် အမှုတော်ဖြစ်သည်ဟု မည်သူ ခွဲခြားသိမြင်နိုင်မည်နည်း။ ဤအမှုသည် ဘုရားသခင်၏ အနှစ်သာရနှင့် တန်ခိုးရှိသည့်

သူ၏ အချုပ်အခြာအာဏာအောက်တွင် ရှိကြောင်း မည်သူ မြင်နိုင်မည်နည်း။ ဆိုလိုသည်မှာ သူသည် ဘုရားသခင်၏ ဝိသေသလက္ခဏာရှိသည့် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်ပြီး အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာကို စွဲကိုင်ထားသောသူဖြစ်ကြောင်း မည်သည့် ထူးခြားသော လက္ခဏာများ သို့မဟုတ် အနှစ်သာရမှတစ်ဆင့် သင်တို့ သတိပြုမိသနည်း။ ထိုအကြောင်းကို သင်တို့ တွေးကြည့်ဖူးသလော။ သင်တို့ တွေးမကြည့်ဖူးလျှင် ဤအရာက အချက်တစ်ခုကို သက်သေပြသည်- ပြီးခဲ့သော မိတ်သဟာယပြုချက် အချို့က သူ၏ အမှုတော်ကို ဘုရားသခင်လုပ်ဆောင်ခဲ့သည့် သမိုင်းနှင့် ယင်းအမှုတော်အတောအတွင်း ဘုရားသခင်၏ လုပ်ဆောင်ပုံ၊ ထင်ရှားပြသပုံနှင့် ဗျာဒိတ်တော်များတို့၏ သမိုင်းအပိုင်းအစနှင့်ပတ်သက်သည့် နားလည်မှု အနည်းငယ်ကိုသာ သင်တို့အား ပေးခဲ့လေသည်။ ထိုကဲ့သို့သော နားလည်မှုမျိုးသည် ဤအမှုအဆင့်နှစ်ခုကို ဆောင်ရွက်ခဲ့သူသည် သင်တို့ယုံကြည်ပြီး လိုက်လျှောက်သည့် ဘုရားသခင်ကိုယ်တော်တိုင်၊ သင်တို့ အမြဲတစေ လိုက်လျှောက်ရမည့်သူ ဖြစ်ကြောင်း သင်တို့ တစ်ဦးစီကို သံသယ ဖြစ်စရာမလိုအောင် သိမြင်စေသော်လည်း၊ သူသည် ကမ္ဘာကြီးကို ဖန်ဆင်းစဉ်ကတည်းက တည်ရှိခဲ့ပြီးဖြစ်သည့် ဘုရားသခင်၊ ထာဝရကာလ တည်ရှိနေမည့်သူ ဖြစ်ကြောင်း သင်တို့ သိမြင်နိုင်စွမ်း မရှိကြသေးသကဲ့သို့၊ သူသည် လူသားမျိုးနွယ်အပေါင်းတို့အပေါ် အချုပ်အခြာအာဏာ စွဲကိုင်ထားပြီး ဦးဆောင်နေသောသူ ဖြစ်ကြောင်းကိုလည်း သင်တို့ မသိမြင်နိုင်ကြပါပေ။ သင်တို့သည် ဤပြဿနာကို မည်သည့်အခါမျှ မတွေးမိခဲ့သည်မှာ သေချာသည်။ ယေဟောဝါဖြစ်စေ သို့မဟုတ် သခင်ယေရှုဖြစ်စေ သူသည် သင်တို့ လိုက်လျှောက်ရမည့် ဘုရားသခင်ဖြစ်သည်သာမက လူသားမျိုးနွယ်ကို ကွပ်ကဲအုပ်ချုပ်ကာ လူသားမျိုးနွယ်၏ ကံကြမ္မာအပေါ် အချုပ်အခြာအာဏာ စွဲကိုင်ထားသည့် ဘုရားသခင်လည်း ဖြစ်သည့်အပြင်၊ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းအပေါ်တွင် အချုပ်အခြာအာဏာကို စွဲကိုင်ထားသည့် အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်ကြောင်းကို မည်သည့် အနှစ်သာရနှင့် ထင်ရှားပြသမှု၏ သွင်ပြင်လက္ခဏာများမှတစ်ဆင့် သင်တို့ သိမြင်နိုင်သနည်း။ သင်တို့ ယုံကြည်ပြီး လိုက်လျှောက်သော သူသည် အရာအားလုံးအပေါ် အချုပ်အခြာအာဏာ စွဲကိုင်ဆောင်ထားသည့် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်ကို မည်သည့် လမ်းကြောင်းများမှ သင်တို့သိမြင်သနည်း။ သင်တို့ယုံကြည်သည့် ဘုရားသခင်ကို လူသားမျိုးနွယ်၏ ကံကြမ္မာအပေါ် အချုပ်အခြာအာဏာ စွဲကိုင်ထားသည့် ဘုရားသခင်နှင့် မည်သည့်လမ်းကြောင်းများမှ သင်တို့ ဆက်စပ်သနည်း။ သင်တို့ယုံကြည်သည့် ဘုရားသခင်သည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းတို့တွင်ရှိသည့် အတုမရှိ

ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်ကြောင်း မည်သည့်အရာက သင်တို့ကို သိမြင်စေသနည်း။ ဤသည်မှာ လာမည့်အပိုင်းတွင် ငါဖြေရှင်းရမည့် ပြဿနာဖြစ်သည်။

သင်တို့ မည်သည့်အခါမျှ မတွေးဖူးသည့် သို့မဟုတ် မစဉ်းစားနိုင်သည့် ပြဿနာများသည် ဘုရားသခင်ကိုသိခြင်းအဖို့ အရေးကြီးဆုံးအရာများ ဖြစ်နိုင်ဖွယ် ရှိပြီး ထိုအထဲ၌ လူသားအတွက် ဉာဏ်မမီနိုင်သော သမ္မာတရားများကို ရှာတွေ့ကောင်း ရှာတွေ့နိုင်သည်။ ဤပြဿနာများက သင်တို့အပေါ်သို့ ကျရောက်ကာ၊ သင်တို့သည် ယင်းတို့ကို ရင်ဆိုင်ပြီး ရွေးချယ်မှုပြုလုပ်ရန် လိုအပ်လာသည့်အခါ၊ သင်တို့၏ မိုက်မဲမှုနှင့် မသိနားမလည်မှုကြောင့် သို့မဟုတ် သင်တို့၏ အတွေ့အကြုံများသည် အပေါ်ယံဆန်လွန်းပြီး ဘုရားသခင်အကြောင်း မှန်ကန်သော အသိပညာ ကင်းမဲ့သောကြောင့်၊ ယင်းတို့ကို အပြည့်အဝ မဖြေရှင်းနိုင်ပါက ယင်းတို့သည် သင်တို့၏ ဘုရားသခင်အပေါ် ယုံကြည်မှု လမ်းကြောင်းအပေါ်တွင် အကြီးမားဆုံးသော အနှောင့်အယှက်နှင့် အကြီးမာဆုံးသော အတားအဆီးတို့ ဖြစ်လာလိမ့်မည်။ ထို့ကြောင့် ဤအကြောင်းအရာနှင့် ပတ်သက်၍ သင်တို့ကို မိတ်သဟာယပြုရန် လွန်စွာလိုအပ်သည်ဟု ငါထင်ရသည်။ ယခု သင်တို့၏ ပြဿနာက အဘယ်အရာဖြစ်သည်ကို သင်တို့သိကြပြီလော။ ငါပြောသည့် ပြဿနာအကြောင်းကို သင်တို့ ရှင်းလင်းသလော။ ဤအရာတို့သည် သင်တို့ရင်ဆိုင်ရမည့် ပြဿနာများလော။ ယင်းတို့သည် သင်တို့နားမလည်သည့် ပြဿနာများလော။ ယင်းတို့သည် သင်တို့ထံ၌ မည်သည့်အခါမျှ မဖြစ်ပျက်ဖူးသည့် ပြဿနာများလော။ ဤပြဿနာများက သင်တို့အတွက် အရေးကြီးသလော။ ယင်းတို့သည် အမှန်တကယ် ပြဿနာများ ဟုတ်၏လော။ ဤကိစ္စသည် သင်တို့အတွက် ကြီးမားသောရှုပ်ထွေးမှု အရင်းအမြစ် တစ်ခုဖြစ်ပြီး၊ ယင်းက သင်တို့ ယုံကြည်သည့် ဘုရားသခင်အကြောင်း မှန်ကန်သည့်နားလည်မှု သင်တို့၌ မရှိကြောင်းနှင့်၊ သင်တို့သည် သူ့ကို အလေးအနက် မထားကြောင်းကို ပြလေသည်။ တချို့လူများက “သူသည် ဘုရားသခင်ဖြစ်ကြောင်း ကျွန်ုပ်သိသောကြောင့် သူ့နောက်ကို ကျွန်ုပ်လိုက်သည်။ သူ၏ နှုတ်ကပတ်တော်တို့သည် ဘုရားသခင်၏ ဖော်ပြချက်ဖြစ်သောကြောင့်ဖြစ်သည်။ ယင်းမှာ လုံလောက်သည်။ အဘယ် နောက်ထပ်သက်သေကို လိုအပ်သနည်း။ ဘုရားသခင်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ သံသယများပွားနေရန် မလိုအပ်သည်မှာ သေချာသည် မဟုတ်လော။ ဘုရားသခင်ကို ကျွန်ုပ်တို့ မစမ်းသပ်သင့်သည်မှာ သေချာသည် မဟုတ်လော။ ဘုရားသခင်၏ အနှစ်သာရနှင့် ဘုရားသခင်ကိုယ်တော်တိုင်၏ ဝိသေသလက္ခဏာတို့ကို ကျွန်ုပ်တို့ သံသယဖြစ်စရာ မလိုအပ်သည်မှာ သေချာသည်မဟုတ်လော။” ဟု ပြောကြသည်။ သင်တို့က ဤအတိုင်း ထင်မြင်သည်ဖြစ်စေ မထင်မြင်သည်ဖြစ်စေ ဘုရားသခင်၏ ဝိသေသလက္ခဏာနှင့်

အနှစ်သာရအကြောင်း သင်တို့ကို သံသယများပေးရန် မဆိုထားနှင့်၊ ဘုရားသခင်အကြောင်း ရှုပ်ထွေးစေရန် သို့မဟုတ် သူ့ကို စမ်းသပ်စေရန် ထိုကဲ့သို့သော မေးခွန်းများကို ငါအဆိုပြုခြင်း မဟုတ်ပေ။ ထို့ထက် ငါသည် ဘုရားသခင်၏ အနှစ်သာရအပေါ် ပို၍ ကြီးမားသော နားလည်မှုနှင့် ဘုရားသခင်၏ အဆင့်အတန်းနှင့် ပတ်သက်၍ ပို၍ ကြီးမားသော သေချာမှုနှင့် ယုံကြည်မှုတို့ကို တွန်းအားပေးရန်အတွက် ထိုသို့ပြုခြင်းဖြစ်ကာ၊ ဤသို့ဖြင့် ဘုရားသခင်သည် သူ့နောက်လိုက်သောသူအားလုံး၏ စိတ်နှလုံးထဲရှိ တစ်ဦးတည်းသောအရှင် ဖြစ်လာနိုင်ရန်အတွက်နှင့်၊ ဖန်ဆင်းရှင်၊ အရာခပ်သိမ်း၏ အုပ်စိုးသူ၊ အတုမရှိ ဘုရားသခင် ကိုယ်တော်တိုင်အဖြစ် ဘုရားသခင်၏ မူလ အဆင့်အတန်းကို ဖန်ဆင်းခံတိုင်း၏ စိတ်နှလုံးထဲတွင် ပြန်လည်ဖော်ထုတ်နိုင်စေရန် ဖြစ်သည်။ ဤသည်မှာလည်း ငါမိတ်သဟာယပြုသွားမည့် အဓိကအချက်ဖြစ်သည်။

ယခု သမ္မာကျမ်းစာထဲမှ အောက်ပါကျမ်းပိုဒ်များကို စဖတ်ကြပါစို့။

**၁။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းရန် နှုတ်ကပတ်တော်များကို အသုံးပြုသည်**

ကမ္ဘာဦးကျမ်း ၁:၃-၅ ဘုရားသခင်ကလည်း အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ ထိုအလင်းကောင်းသည်ကို ဘုရားသခင်မြင်၍၊ အလင်းနှင့် မှောင်မိုက်ကို ပိုင်းခြားခွဲထား တော်မူ၏။ အလင်းကို နေ့ဟူသောအမည်ဖြင့်၎င်း၊ မှောင်မိုက်ကို ညဉ့်ဟူသောအမည်ဖြင့်၎င်း၊ ခေါ်ဝေါ်သမုတ်တော်မူ၍ ညဦးနှင့် နံနက်သည် ပဌမနေ့ရက်ဖြစ်လေ၏။

ကမ္ဘာဦးကျမ်း ၁:၆-၇ တဖန်ဘုရားသခင်က ရေအလယ်၌ မိုဃ်းမျက်နှာကြက်ဖြစ်စေ၊ ရေနှင့်ရေချင်း ခြားနားစေဟု အမိန့်တော်ရှိသဖြင့်၊ မိုဃ်းမျက်နှာကြက်ကို ဘုရားသခင် ဖန်ဆင်းတော်မူ၍၊ မိုဃ်းမျက်နှာကြက် အောက်၌ရှိသော ရေနှင့်၊ မိုဃ်းမျက်နှာကြက် အပေါ်၌ရှိသော ရေကို ပိုင်းခြားတော်မူ သည်အတိုင်း ဖြစ်လေ၏။

ကမ္ဘာဦးကျမ်း ၁:၉-၁၁ တဖန်ဘုရားသခင်က မိုဃ်းကောင်းကင် အောက်၌ရှိသော ရေစုဝေးစေ၊ ကုန်းပေါ်စေဟု အမိန့်တော် ရှိသည်အတိုင်း ဖြစ်လေ၏။ ကုန်းကို မြေဟူသော အမည်ဖြင့်၎င်း၊ ရေစုဝေးရာကို ပင်လယ်ဟူသောအမည်ဖြင့်၎င်း၊ ဘုရားသခင် ခေါ်ဝေါ်သမုတ်တော်မူ၍ ထိုအမှုအရာ ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။ တဖန် ဘုရားသခင်က၊ မြေသည် မြက်ပင်ကို၎င်း၊ စပါးသီးကို ဖြစ်စေသော စပါးပင်ကို၎င်း၊ မြေပေါ်မှာ မျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေသော သစ်ပင်ကို၎င်း၊ ပေါက်စေဟု အမိန့်တော်ရှိသည် အတိုင်း

ဖြစ်လေ၏။

ကမ္ဘာဦးကျမ်း ၁:၁၄-၁၅ တဖန် ဘုရားသခင်က၊ နေ့နှင့်ညဥ့်ကို ပိုင်းခြားစေခြင်းငှါ မိုဃ်းကောင်းကင် မျက်နှာကြက်၌ အလင်းအိမ်တည်စေ၊ နိမိတ်လက္ခဏာ၊ ချိန်းချက်သောအချိန်၊ နေ့ရက်အပိုင်းအခြား၊ နှစ်အပိုင်းအခြားဘို့ ဖြစ်စေ။ မိုဃ်းကောင်းကင် မျက်နှာကြက်၌တည်၍ မြေကြီး လင်းစရာ အလင်းအိမ်ဖြစ်စေဟု၊ အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။

ကမ္ဘာဦးကျမ်း ၁:၂၀-၂၁ တဖန် ဘုရားသခင်က အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန်တို့ကို ရေသည်များပြားစွာ မွေးဖွားစေ။ ငှက်တို့လည်း မြေပေါ်မိုဃ်းကောင်းကင် မျက်နှာကြက်ပြင်ဝယ် ပျံစေဟု အမိန့်တော်ရှိ၏။ ထိုသို့လျှင် ရေသည် တိရစ္ဆာန်အမျိုးအလိုက် များပြားစွာ မွေးဘွား၍၊ ငါးကြီး အစရှိသော အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန် အပေါင်းတို့ကိုငှင်း၊ ပျံတတ်သော ငှက်မျိုးအပေါင်းတို့ကိုငှင်း ဘုရားသခင်ဖန်ဆင်း၍၊ ထိုအမှုအရာ ကောင်းသည်ကို မြင်တော်မူ၏။

ကမ္ဘာဦးကျမ်း ၁:၂၄-၂၅ တဖန် ဘုရားသခင်က၊ မြေသည် အသက်ရှင်သော သတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကိုငှင်း၊ တွားတတ်သော တိရစ္ဆာန်တို့ကိုငှင်း၊ သားရဲမျိုးတို့ကိုငှင်း၊ မွေးဖွားစေဟု အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။ ထိုသို့ ဘုရားသခင်သည် သားရဲမျိုး၊ သားယဉ်မျိုး၊ မြေပေါ်တွင် တွားတတ်သော တိရစ္ဆာန်မျိုး အပေါင်းတို့ကို ဖန်ဆင်း၍၊ ထိုအမှုအရာ ကောင်းသည်ကို မြင်တော်မူ၏။

## ပထမနေ့တွင် လူသားမျိုးနွယ်၏ နေ့နှင့်ညသည် ပေါ်ပေါက်လာပြီး ဘုရားသခင်၏ ဩဇာအာဏာကြောင့် ခိုင်မာစွာ ရပ်တည်ပေ၏

ပထမကျမ်းပိုဒ်ကို ကြည့်ကြပါစို့- “ဘုရားသခင်ကလည်း အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ ထိုအလင်းကောင်းသည်ကို ဘုရားသခင်မြင်၍၊ အလင်းနှင့် မှောင်မိုက်ကို ပိုင်းခြားခွဲထားတော်မူ၏။ အလင်းကို နေ့ဟူသော အမည်ဖြင့်ငှင်း၊ မှောင်မိုက်ကို ညဥ့်ဟူသော အမည်ဖြင့်ငှင်း၊ ခေါ်ဝေါ်သမုတ်တော်မူ၍ ညဦးနှင့် နံနက်သည် ပဌမနေ့ရက် ဖြစ်လေ၏။” (ကမ္ဘာဦးကျမ်း ၁:၃-၅) ဤကျမ်းပိုဒ်သည် ဖန်ဆင်းခြင်းအစတွင် ဘုရားသခင်၏ ပထမဆုံး လုပ်ဆောင်ချက်နှင့် ညဥ့်ဦးနှင့် နံနက်ပါဝင်သော ဘုရားသခင် ဖြတ်သန်းခဲ့သည့် ပထမနေ့ရက်ကို ဖော်ပြသည်။ သို့သော် ယင်းသည် ထူးခြားသည့်နေ့ တစ်နေ့ဖြစ်ခဲ့သည်- ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အလင်းကို စတင် ပြင်ဆင်ခဲ့သည့်အပြင် အလင်းကို

မှောင်မိုက်မှ ခွဲခြားလိုက်သည်။ ဤနေ့ရက်တွင် ဘုရားသခင်သည် စတင်စကားပြောခဲ့ပြီး သူ၏ နှုတ်ကပတ်တော်များနှင့် ဩဇာအာဏာသည် အတူတကွ တည်ရှိခဲ့သည်။ သူ၏ ဩဇာအာဏာသည် အရာခပ်သိမ်းထဲတွင် စတင် ထင်ရှားပြလာပြီး သူ့နှုတ်ကပတ်တော်များ၏ အကျိုးရလဒ်အနေဖြင့် သူ၏တန်ခိုးသည် အရာခပ်သိမ်းအလယ်တွင် ပျံ့နှံ့လေသည်။ ထိုနေ့မှစပြီး အရာခပ်သိမ်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ဘုရားသခင်၏ ဩဇာအာဏာနှင့် ဘုရားသခင်၏ တန်ခိုးတို့ကြောင့် ဖြစ်ပေါ်လာခဲ့ပြီး ခိုင်မာစွာ ရပ်တည်ခဲ့ကြကာ၊ ယင်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ ဘုရားသခင်၏ ဩဇာအာဏာနှင့် ဘုရားသခင်၏ တန်ခိုးတို့ကြောင့်၊ စတင် လှုပ်ရှားလည်ပတ်လာကြသည်။ ဘုရားသခင်က "အလင်းဖြစ်စေ" ဆိုသည့် နှုတ်ကပတ်တော်များကို မိန့်မြွက်လိုက်သည့်အခါတွင်၊ ထိုသို့ အလင်းဖြစ်ခဲ့သည်။ ဘုရားသခင်က မည်သည့်အလုပ် အစီအစဉ်တို့ကိုမျှ စတင်ခြင်းမရှိခဲ့ပေ။ အလင်းသည် သူ့နှုတ်ကပတ်တော်၏ ရလဒ်အနေဖြင့် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က နေ့ဟုခေါ် ခဲ့သည့် အလင်းဖြစ်ပြီး လူသားသည် ယနေ့ သူ၏တည်ရှိမှုအတွက် ယင်းအပေါ် မှီခိုနေရဆဲ ဖြစ်သည်။ ဘုရားသခင်၏ အမိန့်အားဖြင့် ထိုအလင်း၏ အနှစ်သာရနှင့် တန်ဖိုးက မည်သည့်အခါမျှ ပြောင်းလဲမသွားဘဲ၊ မည်သည့်အခါမျှလည်း ပျောက်ကွယ်မသွားပေ။ ယင်း၏တည်ရှိမှုသည် ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုးကို ထင်ရှားစေပြီး ဖန်ဆင်းရှင်၏ တည်ရှိမှုကို ကြေညာသည်။ ယင်းသည် ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာနှင့် အဆင့်အတန်းကို အကြိမ်ကြိမ် အတည်ပြုသည်။ ယင်းသည် အထည်ကိုယ်ဒြပ်မရှိသည့်အရာ သို့မဟုတ် ထင်ယောင်ထင်မှားစရာ မဟုတ်ပါဘဲ၊ လူသားက မြင်တွေ့နိုင်သည့် တကယ်ရှိသော အလင်းဖြစ်သည်။ ထိုအချိန်မှစ၍ "မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၏" ဆိုသည့် ဘာမျှမရှိသည့် ကမ္ဘာကြီးတွင် ပထမဆုံးသော ရုပ်ဝတ္ထုတစ်ခု ဖြစ်ပေါ် ခဲ့ခြင်းဖြစ်သည်။ ဤအရာသည် ဘုရားသခင့်နှုတ်၏ နှုတ်ကပတ်တော်များမှ လာခဲ့ခြင်းဖြစ်ပြီး ဘုရားသခင်၏ ဩဇာအာဏာနှင့် မိန့်မြွက်ချက်များကြောင့်၊ အရာခပ်သိမ်းအား ဖန်ဆင်းခြင်း၏ ပထမ လုပ်ဆောင်ချက်တွင် ထွက်ပေါ်လာခဲ့သည်။ နောက်မကြာမီတွင် ဘုရားသခင်သည် အလင်းနှင့် မှောင်မိုက်ကို ခွဲခြားရန် အမိန့်ပေးခဲ့သည်။...ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် အရာအားလုံးမှာ ပြောင်းလဲခဲ့ပြီး ပြည့်စုံလျက် ရှိခဲ့သည်။...ဘုရားသခင်က ဤအလင်းကို "နေ့" ဟုခေါ် ပြီး မှောင်မိုက်ကို "ည" ဟုခေါ် ခဲ့သည်။ ထိုအချိန်၌ ဘုရားသခင်က ဖန်ဆင်းရန် ရည်ရွယ်ခဲ့သည့် ကမ္ဘာပေါ်တွင် ပထမဆုံးညဦးနှင့် ပထမဆုံးနံနက်သည် ဖြစ်ပေါ်လာခဲ့ပြီး၊ ဤသည်မှာ

ပထမနေ့ဖြစ်သည်ဟု ဘုရားသခင်က မိန့်ခဲ့သည်။ ဤနေ့သည် ဖန်ဆင်းရှင်၏ အရာခပ်သိမ်းအား ဖန်ဆင်းခြင်း ပထမနေ့ဖြစ်ခဲ့ပြီး အရာခပ်သိမ်းအား ဖန်ဆင်းခြင်း၏ အစဖြစ်ခဲ့သည့်အပြင်၊ သူဖန်ဆင်းခဲ့ပြီးသည့် ဤကမ္ဘာပေါ်တွင် ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့် တန်ခိုးကို ထင်ရှားပြသခဲ့ပြီးဖြစ်သည့် ပထမဆုံးအကြိမ် ဖြစ်ခဲ့သည်။

ဤနှုတ်ကပတ်တော်များအားဖြင့် လူသားသည် ဘုရားသခင်နှင့် ဘုရားသခင့် နှုတ်ကပတ်တော်များ၏ ဩဇာအာဏာနှင့်သာမက ဘုရားသခင်၏ တန်ခိုးကိုပါ မြင်တွေ့နိုင်သည်။ ဘုရားသခင်သာလျှင် ထိုသို့သော တန်ခိုးကို ပိုင်ဆိုင်သောကြောင့်၊ ဘုရားသခင်သာလျှင် ထိုသို့သော ဩဇာအာဏာ ရှိခြင်းဖြစ်သည်။ ဘုရားသခင်သည် ထိုသို့သော ဩဇာအာဏာ ပိုင်ဆိုင်သောကြောင့်၊ ဘုရားသခင်သာလျှင် ထိုသို့သော တန်ခိုးရှိခြင်းဖြစ်သည်။ မည်သည့်လူသား သို့မဟုတ် အရာဝတ္ထုက ထိုသို့သော ဩဇာအာဏာနှင့် တန်ခိုးကို ဤကဲ့သို့ ပိုင်ဆိုင်နိုင်သလော။ သင်တို့၏ စိတ်နှလုံးထဲတွင် အဖြေတစ်ခုရှိသလော။ ဘုရားသခင်မှလွဲ၍ မည်သည့်ဖန်ဆင်းခံ သို့မဟုတ် ဖန်ဆင်းမခံရသည့် သက်ရှိများက ထိုသို့သော ဩဇာအာဏာကို ပိုင်ဆိုင်သလော။ ထိုသို့သော အရာမျိုး၏ သာဓကကို မည်သည့်စာအုပ် သို့မဟုတ် ပုံနှိပ်ထုတ်ဝေမှုတွင် သင်တို့တွေ့ဖူးပါသလော။ တစ်စုံတစ်ဦးက ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်ဟူသည့် မှတ်တမ်းတစ်ခုခု ရှိသလော။ ထိုအရာကို အခြားမည်သည့်စာအုပ်များ သို့မဟုတ် မှတ်တမ်းများတွင်မျှ မတွေ့ရပေ။ အမှန်စင်စစ် ဤအရာများမှာ သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်ထားသည့် ကမ္ဘာမြေအား ဘုရားသခင်၏ ကြီးကျယ်ခမ်းနားသော ဖန်ဆင်းခြင်းအကြောင်း ခိုင်လုံပြီး တန်ခိုးနှင့်ပြည့်စုံသည့် တစ်ခုတည်းသော နှုတ်ကပတ်တော်များပင် ဖြစ်သည်။ ဤနှုတ်ကပတ်တော်များက ဘုရားသခင်၏ အတုမရှိ ဩဇာအာဏာနှင့် ဝိသေသလက္ခဏာအကြောင်းကို အခိုင်အမာ ပြောပြသည်။ ထိုသို့သော ဩဇာအာဏာနှင့် တန်ခိုးသည် ဘုရားသခင်၏ အတုမရှိသော ဝိသေသလက္ခဏာကို ကိုယ်စားပြုသည်ဟု ဆိုနိုင်မည်လော။ ယင်းတို့ကို ဘုရားသခင်နှင့် ဘုရားသခင် တစ်ဦးတည်းကသာ ပိုင်ဆိုင်သည်ဟု ဆိုနိုင်မည်လော။ သံသယရှိစရာမလိုအောင် ဘုရားသခင် ကိုယ်တော်တိုင်ကသာလျှင် ထိုသို့သော ဩဇာအာဏာနှင့် တန်ခိုးကို ပိုင်ဆိုင်သည်တကား။ ဤဩဇာအာဏာနှင့် တန်ခိုးကို မည်သည့်ဖန်ဆင်းခံ သို့မဟုတ် ဖန်ဆင်းမခံရသည့် သက်ရှိကမျှ ပိုင်ဆိုင်နိုင်ခြင်း သို့မဟုတ် အစားထိုးနိုင်ခြင်း မရှိပေ။ ဤသည်မှာ အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင်၏ ထူးခြားသော လက္ခဏာများထဲက တစ်ခုဖြစ်သလော။ သင်တို့ ယင်းကို မျက်မြင်တွေ့ပြီးပြီလော။ ဤနှုတ်ကပတ်တော်များက ဘုရားသခင်သည်

အတုမရှိသော ဩဇာအာဏာနှင့် အတုမရှိသော တန်ခိုးကို ပိုင်ဆိုင်ပြီး၊ သာလွန်မြင့်မားသည့် ဝိသေသလက္ခဏာနှင့် အဆင့်အတန်း ရှိသည် ဟူသည့်အချက်ကို လူတို့အား လျင်မြန်စွာနှင့် ထင်ရှားစွာ နားလည်စေသည်။ အထက်ပါ မိတ်သဟာယပြုချက်မှနေ၍ သင်တို့ယုံကြည်သည့် ဘုရားသခင်သည် အတုမရှိ ဘုရားသခင် ကိုယ်တော်တိုင်ပင် ဖြစ်သည်ဟု သင်တို့ ဆိုနိုင်ပြီလော။

**ဒုတိယနေ့တွင် ဘုရားသခင်၏ ဩဇာအာဏာသည် ရေတို့ကို နေရာတကျ စီစဉ်ပြီး၊ မိုးမျက်နှာကြက်ကို ပြုလုပ်ကာ လူသား၏ အခြေခံအကျဆုံး ရပ်တည်ရှင်သန်နိုင်ရေးအတွက် နေရာတစ်ခု ပေါ်လာသည်**

သမ္မာကျမ်းစာ၏ ဒုတိယကျမ်းပိုဒ်ကို ဖတ်ကြည့်ကြစို့။ “တစ်ဖန်ဘုရားသခင်က ရေအလယ်၌ မိုဃ်းမျက်နှာကြက်ဖြစ်စေ၊ ရေနှင့်ရေချင်းခြားနားစေဟု အမိန့်တော်ရှိသဖြင့်၊ မိုဃ်းမျက်နှာကြက်ကို ဘုရားသခင် ဖန်ဆင်းတော်မူ၍၊ မိုဃ်းမျက်နှာကြက် အောက်၌ ရှိသောရေနှင့်၊ မိုဃ်းမျက်နှာကြက်အပေါ်၌ရှိသော ရေကို ပိုင်းခြားတော်မူသည်အတိုင်း ဖြစ်လေ၏။” (ကမ္ဘာဦးကျမ်း ၁:၆-၇) ဘုရားသခင်သည် “ရေအလယ်၌ မိုဃ်းမျက်နှာကြက်ဖြစ်စေ၊ ရေနှင့်ရေချင်း ခြားနားစေ၊” ဟုမိန့်ပြီးနောက်တွင် မည်သည့် ပြောင်းလဲမှုများ ပေါ်ပေါက်ခဲ့သနည်း။ ကျမ်းစာပိုဒ်တွင် “မိုဃ်းမျက်နှာကြက်ကို ဘုရားသခင် ဖန်ဆင်းတော်မူ၍၊ မိုဃ်းမျက်နှာကြက် အောက်၌ရှိသောရေနှင့်၊ မိုဃ်းမျက်နှာကြက် အပေါ်၌ရှိသောရေကို ပိုင်းခြားတော်မူသည်။” ဟုဆိုသည်။ ဘုရားသခင်သည် ဤသည်ကို မိန့်ကြားကာ ပြုလုပ်ခဲ့အပြီးတွင် ရလဒ်မှာ အဘယ်နည်း။ ဤအဖြေသည် ကျမ်းပိုဒ်၏ နောက်ဆုံးအပိုင်း “ဖြစ်လေ၏။” တွင် ရှိသည်။

ဤဝါကျတိုနှစ်ခုသည် ကြီးကျယ်ခမ်းနားသော ဖြစ်ရပ်တစ်ခုကို မှတ်တမ်းတင်ထားပြီး၊ ဘုရားသခင်က ရေကို အုပ်စိုးခဲ့ပြီး လူသားအသက်ရှင် ရပ်တည်နိုင်သော နေရာလွတ်တစ်ခုကို ဖန်ဆင်းခဲ့သည့် ကြီးမားသောလုပ်ဆောင်မှုဖြစ်သည့် အံ့ဩဖွယ် မြင်ကွင်းကို ဖော်ပြသည်။...

ဤရုပ်ပုံတွင် ဘုရားသခင်၏ မျက်မှောက်၌ ရေတို့နှင့် မိုးမျက်နှာကြက်သည် ချက်ချင်းပေါ်လာသည်၊ ပြီးလျှင် ဤအရာများသည် ဘုရားသခင့်နှုတ်ကပတ်တော်များ၏ ဩဇာအာဏာနှင့် ပိုင်းခြားခံရပြီး ဘုရားသခင် စီစဉ်သည့်ပုံစံအရ “အပေါ်”နှင့် “အောက်” အဖြစ် ကွဲသွားခဲ့သည်။ ဆိုလိုသည်မှာ ဘုရားသခင် ဖန်ဆင်းခဲ့သည့် မိုးမျက်နှာကြက်သည် အောက်တွင်ရှိသည့် ရေကို ဖုံးအုပ်ရုံသာမကဘဲ၊ အပေါ်တွင်ရှိသည့် ရေကိုပါ

ထိန်းပေးထားသည်။...ဤ၌တွင် လူသားသည် ဖန်ဆင်းရှင်၏ဩဇာအာဏာ၏
ကြီးမားသည့်အစွမ်းနှင့် သူသည် ရေကို ရွှေ့လျားစေခဲ့ပြီး အမိန့်ပေးခဲ့ကာ၊ မိုးမျက်နှာကြက်ကို
ဖန်ဆင်းခဲ့သော ရင်သပ်ရှုမောဖွယ်ကောင်းသည့် မြင်ကွင်းကို မှင်တက်မိကာ ငေးစိုက်ကြည့်၍
နှစ်ထောင်းအားရမှုဖြင့် ပင့်သက်မရှိုက်ဘဲ မနေနိုင်ပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်များ၊
ဘုရားသခင်၏တန်ခိုးနှင့် ဘုရားသခင်၏ဩဇာအာဏာတို့မှတစ်ဆင့် ဘုရားသခင်သည်
နောက်ထပ်ကြီးမားသော စွမ်းဆောင်မှုကို ရရှိခဲ့သည်။ ဤသည်မှာ
ဖန်ဆင်းရှင်၏ဩဇာအာဏာ၏ ကြီးမားသည့်အစွမ်းပင် မဟုတ်လော။
ဘုရားသခင်၏လုပ်ဆောင်မှုတို့ကို ရှင်းပြရန် ကျမ်းပိုဒ်များကို ငါတို့အသုံးပြုကြစို့-
ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တို့ကို ပြောဆိုခဲ့ပြီး၊ ဘုရားသခင်၏
ဤနှုတ်ကပတ်တော်တို့ကြောင့် ရေအလယ်၌ မိုးမျက်နှာကြက် တစ်ခုရှိခဲ့သည်။
တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ ဤနှုတ်ကပတ်တော်တို့ကြောင့် ဤနေရာတွင်
ကြီးမားသည့် ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်ခဲ့ပြီး၊ ယင်းမှာ သာမန်သဘောဖြင့် ပြောင်းလဲခြင်း
မဟုတ်ဘဲ၊ ဘာမျှမရှိခြင်းမှ တစ်ခုခုရှိလာသည့် အစားထိုးခြင်းမျိုး ဖြစ်ခဲ့သည်။ ယင်းမှာ
ဖန်ဆင်းရှင်၏ အကြံအစည်များမှ မွေးဖွားလာခဲ့ခြင်းဖြစ်ပြီး ဖန်ဆင်းရှင်ပြောဆိုသည့်
နှုတ်ကပတ်တော်တို့ကြောင့် ဘာမျှမရှိခြင်းမှ တစ်ခုခု ရှိလာခြင်း ဖြစ်ခဲ့သည့်အပြင်
ဤအချိန်မှစပြီး ယင်းသည် ဖန်ဆင်းရှင်အတွက် တည်ရှိကာ မြဲမြဲစွာ ရပ်တည်လိမ့်မည်ဖြစ်ပြီး၊
ဖန်ဆင်းရှင်၏အကြံအစည်များနှင့်အညီ ရွှေ့ပြောင်းကာ ပြောင်းလဲပြီး အသစ်ပြုပြင်လိမ့်မည်
ဖြစ်သည်။ ဤကျမ်းပိုဒ်က ဖန်ဆင်းရှင်၏ တစ်လောကလုံးကို ဖန်ဆင်းခြင်းတွင်
သူ၏ဒုတိယလုပ်ဆောင်ချက်ကို ဖော်ပြသည်။ ယင်းသည် ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့်
တန်ခိုးတို့ကို ဖော်ပြခြင်း နောက်တစ်ခု၊ ဖန်ဆင်းရှင် တာဝန်ယူသည့် ရှေ့ဆောင်လုပ်ရပ်
နောက်တစ်ခုလည်း ဖြစ်သည်။ ဤနေ့သည် လောကကို စတင် တည်ထောင်သည့်အချိန်ကစပြီး
ဖန်ဆင်းရှင် ဖြတ်သန်းခဲ့သည့် ဒုတိယနေ့ဖြစ်ပြီး၊ သူ့အတွက် နောက်ထပ် ပျော်ရွှင်ဖွယ်
ကောင်းသောနေ့ တစ်နေ့လည်း ဖြစ်ခဲ့သည်- အလင်းကြားတွင် သူလျှောက်လှမ်းခဲ့သည်၊
မိုးမျက်နှာကြက်ကို ယူဆောင်ခဲ့သည်၊ ရေကို စီမံ၍အုပ်ချုပ်ခဲ့သည်။ ထို့ပြင်
သူ၏လုပ်ဆောင်မှုများ၊ သူ၏ ဩဇာအာဏာနှင့် သူ၏တန်ခိုးတို့ကို နေ့သစ်တွင်
အသုံးပြုခဲ့သည်။...

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တို့ကို မပြောဆိုမီတွင် ရေအလယ်၌
မိုးမျက်နှာကြက်ရှိသလော။ မရှိသည်မှာ မှန်ပေသည်။ "ရေအလယ်၌
မိုဃ်းမျက်နှာကြက်ဖြစ်စေ၊" ဟု ဘုရားသခင်က ပြောဆိုလိုက်သည့်အခါရော မည်သို့ရှိသနည်း။

ဘုရားသခင် ရည်ရွယ်ထားခဲ့သည့် အရာများက ပေါ်လာခဲ့သည်၊ ဘုရားသခင်က "ရေနှင့်ရေချင်း ခြားနားစေ၊" ဟုပြောခဲ့သည့် အတွက်ကြောင့်၊ ရေအလယ်၌ မိုယ်းမျက်နှာကြက် တစ်ခုဖြစ်ခဲ့ပြီး ရေက ကွဲသွားသည်။ ဤနည်းအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်နောက်တွင် အရာဝတ္ထု အသစ်နှစ်ခု၊ အသစ်ဖြစ်ပေါ်လာခဲ့သည့် အရာနှစ်ခုသည် ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုးတို့၏ ရလဒ်အနေနှင့် အရာအားလုံးထဲတွင် ပေါ်လာခဲ့သည်။ ဤအရာဝတ္ထုအသစ်နှစ်ခု ပေါ်လာခြင်းနှင့် ပတ်သက်၍ သင်တို့ မည်သို့ခံစားရသနည်း။ ဖန်ဆင်းရှင်၏ တန်ခိုးကြီးမားမှုကို သင်တို့ ခံစားရသလော။ ဖန်ဆင်းရှင်၏ အတုမရှိဖြစ်ပြီး ထူးခြားပြောင်မြောက်သည့် စွမ်းအားကို သင်တို့ ခံစားရသလော။ ဤကဲ့သို့သောစွမ်းအားနှင့် တန်ခိုးတို့၏ ကြီးမားမှုသည် ဘုရားသခင်၏ ဩဇာအာဏာကြောင့်ဖြစ်ပြီး၊ ဤဩဇာအာဏာသည် ဘုရားသခင် ကိုယ်တော်တိုင်ကို ကိုယ်စားပြုခြင်း ဖြစ်ကာ၊ ဘုရားသခင် ကိုယ်တော်တိုင်၏ အတုမရှိသည့် ဝိသေသလက္ခဏာရပ်တစ်ရပ် ဖြစ်သည်။

ဤကျမ်းပိုဒ်သည် ဘုရားသခင်၏ အတုမရှိခြင်းအကြောင်း နက်နဲသောအသိတစ်ခု သင်တို့ကို ထပ်မံပေးသလော။ အမှန်ဆိုရသော် ၎င်းသည် ဤသည်မှာ လုံလောက်ဖို့ ဝေးသေးသည်။ ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့် တန်ခိုးသည် ဤအရာထက်မက များစွာ သာလွန်သည်။ သူ၏ အတုမရှိခြင်းသည် မည်သည့်ဖန်ဆင်းခံနှင့်မျှ မတူသည့် အနှစ်သာရတစ်ခု သူ၌ရှိရုံကြောင့်သာမဟုတ်ဘဲ သူ၏ဩဇာအာဏာနှင့်တန်ခိုးတို့သည် ထူးခြားပြောင်မြောက်ခြင်း၊ အကန့်အသတ်မရှိခြင်း၊ အားလုံးထဲတွင် အမြင့်ဆုံးဖြစ်ခြင်း၊ အားလုံးထဲတွင် သာလွန်ခြင်းတို့ကြောင့် ဖြစ်သည့်အပြင်၊ သူ၏ဩဇာအာဏာနှင့် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းသည် အသက်ကို ဖန်ဆင်းနိုင်ပြီး၊ အံ့ဖွယ်အမှုများကို ပြုလုပ်နိုင်ကာ ရင်သပ်ရှုမောဖွယ်ကောင်းသော ထူးခြားဆန်းကြယ်သည့် စက္ကန့်မိနစ် တစ်ခုစီတိုင်းကို ဖန်ဆင်းနိုင်ခြင်းတို့ကြောင့်လည်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဘုရားသခင်သည် သူဖန်ဆင်းသည့် အသက်ကို အုပ်စိုးနိုင်ပြီး၊ သူဖန်ဆင်းသည့် အံ့ဖွယ်အမှုများ၊ စက္ကန့်မိနစ် တစ်ခုစီတိုင်းအပေါ်တွင် အချုပ်အခြာအာဏာကို ကိုင်ဆောင် ထားနိုင်သည်။

**တတိယနေ့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်တို့သည် မြေကြီးနှင့် ပင်လယ်တို့ကို ဖြစ်ပေါ်စေခဲ့ပြီး ဘုရားသခင်၏ ဩဇာအာဏာသည် ကမ္ဘာကို အသက်ပါခြင်းနှင့် ပြည့်လျှံစေခဲ့သည်**

ဆက်လက်၍ ကမ္ဘာဦးကျမ်း ၁:၉-၁၁ ၏ ပထမဝါကျကို ဖတ်ကြည့်ကြစို့။ "တစ်ဖန်ဘုရားသခင်က မိုယ်းကောင်းကင် အောက်၌ရှိသော ရေစုဝေးစေ၊ ကုန်းပေါ်စေ ဟု

မိန့်တော်မူခဲ့သည်။" ဘုရားသခင်က "မိုဃ်းကောင်းကင်အောက်၌ရှိသော ရေစုဝေးစေ၊ ကုန်းပေါ်စေ၊" ဟုသာ ပြောပြီးနောက် မည်သည့်ပြောင်းလဲမှုများ ဖြစ်ပေါ် ခဲ့သနည်း။ အလင်းနှင့် မိုဃ်းမျက်နှာကြက်မှလွဲ၍ ဤနေရာတွင် အဘယ်အရာရှိနေခဲ့သနည်း။ ကျမ်းစာထဲတွင်- "ကုန်းကို မြေဟူသော အမည်ဖြင့်၎င်း၊ ရေစုဝေးရာကို ပင်လယ်ဟူသော အမည်ဖြင့်၎င်း၊ ဘုရားသခင် ခေါ်ဝေါ်သမုတ်တော်မူ၍ ထိုအမှုအရာ ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။" ဟု ရေးထားသည်။ ဆိုလိုသည်မှာ ယခုတွင် ဤနေရာ၌ မြေကြီးနှင့် ပင်လယ်တို့ရှိလာခဲ့ပြီး၊ မြေကြီးနှင့် ပင်လယ်တို့ကို ခွဲခြားထားခဲ့သည်။ ဤအသစ်သောအရာများ ပေါ်ထွန်းခြင်းသည် ဘုရားသခင်၏နှုတ်တော်မှပညတ်တော်၏ "ဖြစ်လေ၏။" အတိုင်း လိုက်လေ၏။ ဘုရားသခင်သည် ဤအရာများကိုလုပ်နေစဉ်တွင် အလုပ်ရှုပ်နေခြင်းကို သမ္မာကျမ်းစာက ဖော်ပြသလော။ အလုပ်ကြမ်း လုပ်နေသည်ဟု ဖော်ပြသလော။ ဤသို့ဆိုလျှင် ဤအရာကို ဘုရားသခင်က မည်သို့ပြုလုပ်ခဲ့သနည်း။ ဤအရာဝတ္ထုအသစ်များကို ဘုရားသခင်က မည်သို့ ဖြစ်ပေါ်စေခဲ့သနည်း။ ပကတိအတိုင်း သိသာထင်ရှားစွာပင် ၊ ဤအရာများအားလုံးကို ပြီးမြောက်ရန်၊ ဤအရာတစ်ခုလုံးကို ဖန်ဆင်းရန် ဘုရားသခင်သည် နှုတ်ကပတ်တော်တို့ကို အသုံးပြုခဲ့သည်။

အထက်ပါ ကျမ်းပိုဒ်သုံးပိုဒ်တွင် ဖြစ်ရပ်ကြီးသုံးရပ် ဖြစ်ပေါ်မှုကို ငါတို့ သိခဲ့ရသည်။ ဤဖြစ်ရပ်ကြီးသုံးရပ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပေါ်၊ ဖြစ်တည်လာခဲ့ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် ဘုရားသခင်၏ မျက်မှောက်တွင် ထိုဖြစ်ရပ်များ တစ်ခုပြီးတစ်ခု ပေါ်ထွန်းလာခဲ့သည်။ ထို့ကြောင့် "ဘုရားသခင်သည် ပြောဆိုပြီး ထိုအရာသည် ပြီးပြည့်စုံလိမ့်မည်။ သူအမိန့်ပေးပြီး ထိုအရာသည် မြဲမြံစွာ ရပ်တည်လိမ့်မည်။" ဟူသည့် နှုတ်ကပတ်တော်များသည် အနှစ်သာရ မရှိ မဟုတ်ပေ။ ဘုရားသခင်၏ ဤအနှစ်သာရသည် သူ၏အကြံအစည်များပေါ်လာသည်နှင့် ချက်ချင်းပင် အတည်ပြုခြင်း ခံရပြီး၊ ဘုရားသခင်က ပြောဆိုရန် သူ၏နှုတ်ကို ဖွင့်ဟလိုက်သည့်အခါတွင် သူ၏ အနှစ်သာရသည် အပြည့်အဝ ထင်ဟပ်လာသည်။

ဤကျမ်းပိုဒ်၏ နောက်ဆုံးဝါကျကို ဆက်သွားကြစို့။ "တစ်ဖန် ဘုရားသခင်က၊ မြေသည် မြက်ပင်ကို၎င်း၊ စပါးသီးကိုဖြစ်စေသော စပါးပင်ကို၎င်း၊ မြေပေါ်တွင် မျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေသော သစ်ပင်ကို၎င်း၊ ပေါက်စေဟု အမိန့်တော်ရှိသည် အတိုင်း ဖြစ်လေ၏။" ဘုရားသခင်က စကားပြောနေစဉ်တွင်၊ ဤအရာအားလုံးသည် ဘုရားသခင်၏အကြံအစည်များနောက် ဖြစ်တည်လာခဲ့ကာ၊ ချက်ချင်းပင် နုနယ်ပြီး

သေးငယ်သည့် သက်ရှိအမျိုးမျိုးတို့သည် မြေကြီးထဲမှ တုန်တုန်ရီရီနှင့် ခေါင်းများ ပြူထွက်လာခဲ့ပြီး၊ ၎င်းတို့၏ကိုယ်ခန္ဓာက မြေမှုန့်များကို ခါမချသေးခင်တွင် ၎င်းတို့သည် စိတ်ထက်သန်စွာ အချင်းချင်း လက်ပြလျက်နှုတ်ဆက်ရင်း ခေါင်းညိတ်ရင်းနှင့် လောကကြီးကို ပြုံးပြနေခဲ့ကြသည်။ ဖန်ဆင်းရှင်သည် ၎င်းတို့အပေါ်တွင် အသက်ကို ချပေးသနားသည့်အတွက် သူ့ကို ကျေးဇူးတင်ကြပြီး ၎င်းတို့သည် အရာအားလုံးထဲရှိ အစိတ်အပိုင်းတစ်ခု ဖြစ်သည်၊ ၎င်းတို့သည် ဖန်ဆင်းရှင်၏ ဩဇာအာဏာကို ဖော်ထုတ်ပြသရန် ၎င်းတို့၏ ဘဝများကို အသီးသီး အပ်နှံကြမည်ဟု ကြေညာခဲ့ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို မိန့်ကြားလိုက်သည့်အခါတွင်၊ ကုန်းမြေသည် စိမ်းလန်းစိုပြည်လာခဲ့သည်။ လူတို့အသုံးချနိုင်သည့် ဆေးဘက်ဝင်အပင် အမျိုးမျိုးတို့သည် ရှင်သန်လာကြပြီး မြေကြီးထဲမှ ဖောက်ထွက် လာခဲ့ကြကာ၊ တောင်များနှင့် လွင်ပြင်များသည် သစ်ပင်များ၊ တောများနှင့် ထူထပ်သွားခဲ့သည်။...အသက်ပါခြင်း အရိပ်အယောင် တစ်စက်မျှ မရှိခဲ့ဖူးသည့် ကျတ်တီးမြေ ဖြစ်သော ဤလောကကြီးသည် မြက်ပင်များ၊ ဆေးပင်များ၊ သစ်ပင်များ တစ်ပုံတစ်ခေါင်းနှင့် တစ်ဟုန်ထိုး ဖုံးသွားပြီး စိမ်းလန်းသော သစ်ပင် ချုံပင် များနှင့် ပြည့်လျှံသွားခဲ့သည်။...မြက်တို့၏ရနံ့နှင့် မြေကြီး၏ မွှေးပျံ့မှုသည် လေမှတစ်ဆင့် ပျံ့နှံ့သွားပြီး၊ အပင်အခင်းအကျင်းသည် လေ၏လည်ပတ်မှုနှင့် အတူ လေကို စတင်ရှူသွင်းကြပြီး၊ ကြီးထွားမှုဖြစ်စဉ်ကို အစပြုခဲ့ကြသည်။ တစ်ချိန်တည်းတွင်ပင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့်နှင့် ဘုရားသခင်၏ အကြံအစည်များ နောက်လိုက်လျက်၊ အားလုံးသော အပင်တို့သည် ရှင်သန်ကြီးထွားခြင်း၊ ပွင့်ဖူးခြင်း၊ အသီးသီးခြင်းနှင့် ပွားများခြင်းတို့ဖြစ်သည့် မပြီးဆုံးသည့် ဘဝဖြစ်စဉ်သံသရာကို စတင်ခဲ့ကြသည်။ ၎င်းတို့၏ သက်ဆိုင်ရာ ဘဝလမ်းကြောင်းများကို တစ်သဝေမတိမ်း လိုက်လျှောက်ကြပြီး၊ အရာအားလုံးကြားတွင် ၎င်းတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍများကို စတင် ဆောင်ရွက်ခဲ့ကြသည်။...၎င်းတို့အားလုံးသည် ဖန်ဆင်းရှင်၏ နှုတ်ကပတ်တော်များကြောင့် မွေးဖွားပြီး ရှင်သန်ခဲ့ကြသည်။ ၎င်းတို့သည် ဖန်ဆင်းရှင်၏ ရပ်တန့်ခြင်းမရှိသည့် ထောက်ပံ့ခြင်းနှင့် အာဟာရတို့ကို ရရှိကြလိမ့်မည်ဖြစ်ပြီး၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့် တန်ခိုးတို့ကို ထင်ရှားပြသကြရန်အတွက် မြေ၏ နေရာအသီးသီးတွင် အမြဲတမ်း ဇွဲနပဲကြီးစွာ ရှင်သန်ရပ်တည်ကြလိမ့်မည်။ ထို့ပြင် ၎င်းတို့သည် ဖန်ဆင်းရှင်က ၎င်းတို့အပေါ် အပ်နှင်းပေးခဲ့သည့် အသက်စွမ်းအားကို အမြဲပင် ထင်ရှားပြသကြပေလိမ့်မည်။...

ဖန်ဆင်းရှင်၏အသက်သည် အံ့မခန်းဖြစ်၏။ သူ၏ အကြံအစည်များသည် ထူးခြားပြောင်မြောက်ပြီး၊ သူ၏ ဩဇာအာဏာသည် အံ့ဖွယ်ထူးခြားသည်။ ထို့ကြောင့်

သူ၏နှုတ်ကပတ်တော်များကို မိန့်မြွက်လိုက်သည့်အခါတွင်၊ နောက်ဆုံးရလဒ်မှာ "ဖြစ်လေ၏။" ဖြစ်သည်။ ရှင်းလင်းမြင်သာသည်မှာ ဘုရားသခင်သည် သူလုပ်ဆောင်သည့်အခါတွင်၊ သူ၏လက်များနှင့် အလုပ်လုပ်ရန် မလိုအပ်ပေ။ သူသည် ကွပ်ကဲအုပ်ချုပ်ရန်အတွက် သူ့အကြံအစည်များကို အသုံးပြုပြီး၊ အမိန့်ပေးရန်အတွက် သူ၏ နှုတ်ကပတ်တော်တို့ကို သုံးရုံမျှ အသုံးပြုလျက်၊ ဤနည်းလမ်းနှင့် အမှုအရာများကို စွမ်းဆောင်ရရှိလေသည်။ ဤနေ့ရက်တွင် ဘုရားသခင်သည် ရေများကို တစ်နေရာထဲတွင် စုစည်းပြီး၊ ခြောက်သွေ့သည့် ကုန်းမြေကို ပေါ်စေခဲ့သည်၊ ၎င်းနောက် ဘုရားသခင်သည် ကုန်းမြေပေါ်တွင် မြက်ပင်များကို ရှင်သန်ထွက်ပေါ် လာစေပြီးနောက်၊ ထိုနေရာ၌ အစေ့ပါဝင်သည့် ဆေးပင်များနှင့် အသီးသီးသည့်အပင်များ ကြီးထွားလာပြီး၊ ဘုရားသခင်သည် ၎င်းတို့ကို အမျိုးအစားပေါ်မူတည်ပြီး ခွဲခြားသတ်မှတ်ခဲ့ကာ တစ်ခုစီတိုင်းတွင် ကိုယ်ပိုင်အစေ့ ပါဝင်စေခဲ့သည်။ ဤအရာအားလုံးသည် ဘုရားသခင်၏ အကြံအစည်များနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ အမိန့်ပေးချက်များအရ အကောင်အထည်ပေါ်လာခဲ့ပြီး၊ ဤကမ္ဘာသစ်တွင် တစ်ခုချင်းစီ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့သည်။

ဘုရားသခင်သည် သူ၏အလုပ်ကို မစတင်မီတွင် သူ့စိတ်ထဲတွင် စွမ်းဆောင်ရန် ရည်ရွယ်ထားသည့်အရာ၏ပုံ ရှိနှင့်ပြီးဖြစ်ပြီး၊ ဘုရားသခင်သည် ဤအရာများကို စွမ်းဆောင်ရရှိရန် စတင် လုပ်ဆောင်သည့်အခါတွင်၊ ယင်းသည် ဘုရားသခင်သည် ဤပုံရိပ်ရှိ အကြောင်းအရာကို မိန့်ဆိုရန် သူ့နှုတ်ကို ဖွင့်ဟလိုက်သည့်အခါလည်း ဖြစ်ပြီး၊ ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုးကျေးဇူးကြောင့်၊ အရာအားလုံး၌ ပြောင်းလဲမှုများသည် စတင်ဖြစ်ပေါ်လာခဲ့သည်။ ဘုရားသခင်သည် မည်သို့လုပ်ဆောင်ခဲ့သည် သို့မဟုတ် သူ၏သြဇာအာဏာကို မည်သို့အသုံးချခဲ့သည်ဖြစ်ပါစေ၊ ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်၏ အစီအစဉ်နှင့်အညီ ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် တစ်ဆင့်ချင်း ဖြစ်မြောက်ခဲ့ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သြဇာအာဏာတို့၏ ကျေးဇူးကြောင့် ကောင်းကင်နှင့် မြေကြီးကြားတွင် ပြောင်းလဲမှုများ တစ်ဆင့်ချင်း ဖြစ်ပေါ် ခဲ့သည်။ ဤပြောင်းလဲမှုများနှင့် ဖြစ်ပေါ်လာမှုအားလုံးတို့သည် ဖန်ဆင်းရှင်၏ သြဇာအာဏာ၊ ဖန်ဆင်းရှင်၏ အသက်တန်ခိုး၏ ထူးခြားဆန်းကြယ်မှုနှင့် ကြီးမြတ်မှုတို့ကို ထင်ရှားစွာပြသသည်။ သူ၏ အကြံအစည်များသည် ရိုးရှင်းသည့် စိတ်ကူးစိတ်သန်းများ သို့မဟုတ် အနှစ်မဲ့သည့် ရုပ်ပုံမဟုတ်ဘဲ၊ ရှင်သန်တက်ကြွမှုနှင့် ထူးခြားဆန်းကြယ်သည့် အင်အားရှိသည့် သြဇာအာဏာတစ်ခုဖြစ်ပြီး၊ ဤအရာတို့သည် အရာအားလုံးကို ပြောင်းလဲစေသည့်၊ ပြန်လည်လန်းဆန်းစေသည့်၊ အသစ်တစ်ဖန်ဖြစ်စေပြီး

သေဆုံးစေသည့်တန်ခိုး ဖြစ်သည်။ ဤအကြောင်းကြောင့် အရာအားလုံးသည် သူ၏အကြံအစည်များကြောင့် လှုပ်ရှား လုပ်ဆောင်ကြပြီး၊ တစ်ချိန်တည်းမှာပင် သူ၏နှုတ်မှ နှုတ်ကပတ်တော်များကြောင့် ဤအရာအားလုံးတို့ ဖြစ်မြောက်ခဲ့သည်။...

အရာအားလုံး မပေါ်ထွန်းမီတွင် ပြည့်စုံသောအစီအစဉ်တစ်ခုသည် ဘုရားသခင်၏ အကြံအစည်များထဲ၌ ကြာမြင့်သောအချိန်ကပင် ဖြစ်ပေါ်နေခဲ့ပြီး၊ ကမ္ဘာသစ်တစ်ခုကို ကြာမြင့်သောအချိန်ကတည်းက ဖြစ်မြောက်စေခဲ့ပြီးဖြစ်သည်။ တတိယနေ့ရက်တွင် ကုန်းမြေပေါ်၌ အမျိုးမျိုးသောအပင်များ ပေါ် ခဲ့သော်လည်း၊ ဘုရားသခင်အနေဖြင့် သူ၏လောကကို ဖန်ဆင်းခြင်းအဆင့်များကို ရပ်တန့်ပစ်ရန် အကြောင်းရင်း မရှိခဲ့ပါချေ။ သူ၏နှုတ်ကပတ်တော်များကို ဆက်လက် ပြောဆိုရန်၊ အသစ်သော အရာအားလုံးကို ဖန်ဆင်းခြင်းအား ဆက်လက် စွမ်းဆောင်ရရှိရန် သူရည်ရွယ်ခဲ့သည်။ သူသည် ပြောကြားကာ၊ သူ၏အမိန့်များ ထုတ်ပြန်ပြီး သူ၏ဩဇာအာဏာကို အသုံးပြု၍ သူ၏တန်ခိုးကို ထင်ရှားပြသမည်ဖြစ်သည့်အပြင် အရာအားလုံးအတွက်နှင့် သူဖန်ဆင်းရန် ရည်ရွယ်ထားသည့် လူသားမျိုးနွယ်အတွက် အဆင်သင့်ဖြစ်စေရန် သူစီစဉ်ထားခဲ့သည့် အရာခပ်သိမ်းကို ပြင်ဆင်ခဲ့သည်။

**စတုတ္ထနေ့တွင် ဘုရားသခင်သည် သူ၏ဩဇာအာဏာကို ထပ်မံအသုံးပြုသည့်အခါတွင် လူသားမျိုးနွယ်၏ ရာသီဥတုများ၊ နေ့ရက်များနှင့် ခုနှစ်များ ဖြစ်တည်လာသည်**

ဖန်ဆင်းရှင်သည် သူ၏အစီအစဉ်ကို ပြီးမြောက်စေရန် သူ၏နှုတ်ကပတ်တော်များကို အသုံးပြုခဲ့ပြီး ဤသို့ဖြင့် သူ့အစီအစဉ်၏ ပထမသုံးရက်ကို လွန်မြောက်ခဲ့သည်။ ဤသုံးရက်အတောအတွင်း ဘုရားသခင်ကို အလုပ်ရှုပ်သည် သို့မဟုတ် အလွန်အမင်း ပင်ပန်းနွမ်းနယ်သည်ဟု မမြင်ရချေ။ ဆန့်ကျင်ဘက်အားဖြင့် သူ့အစီအစဉ်၏ နှစ်သက်ပျော်ရွှင်ဖွယ် ပထမသုံးရက်ကို လွန်မြောက်ခဲ့ပြီး၊ ကမ္ဘာမြေ၏ လုံးလုံးလျားလျား အသွင်ပြောင်းလဲခြင်းဆိုင်ရာ ကြီးမားသောလုပ်ငန်းကို အောင်မြင်ခဲ့သည်။ အသစ်စက်စက် ကမ္ဘာမြေသည် သူ့မျက်စိရှေ့တွင် ပေါ်လာခဲ့ပြီး သူ၏စိတ်ကူးများထဲတွင် ပိတ်ဖုံးထားသည့် လှပသောရုပ်ပုံမှာ နောက်ဆုံးတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များအားဖြင့် တစ်စချင်းစီ ပေါ်ထွက်လာခဲ့သည်။ အသစ်သောအရာ တစ်ခုစီ၏ ပေါ်ထွက်လာပုံမှာ မွေးကင်းစကလေးတစ်ဦး မွေးဖွားလာသကဲ့သို့ ဖြစ်ခဲ့ပြီး ဖန်ဆင်းရှင်သည် တစ်ချိန်က သူ့စိတ်ကူးများထဲတွင် ရှိခဲ့သော်လည်း၊ ယခု အသက်ဝင်လာခဲ့သည့် ရုပ်ပုံအပေါ်တွင် ကျေနပ်အားရလေသည်။ ဤအချိန်တွင် သူ့စိတ်နှလုံးက ကျေနပ်မှုတစ်စွန်းတစ်စကို

ရခဲ့သော်လည်း၊ သူ၏အစီအစဉ်က အစပြုရုံသာရှိခဲ့သေးသည်။ မျက်စိတစ်မှိတ်အတွင်းတွင် နေ့သစ်တစ်ခု ရောက်ရှိလာခဲ့ပြီးလျှင်၊ ဖန်ဆင်းရှင်၏ အစီအစဉ်တွင် နောက်စာမျက်နှာက မည်သည့်အရာဖြစ်သနည်း။ သူ မည်သည့်အရာကို ပြောခဲ့သနည်း။ သူ၏သြဇာအာဏာကို မည်ကဲ့သို့ အသုံးပြုခဲ့သနည်း။ ထိုအချိန်အတွင်း၌ အသစ်သော မည်သည့်အရာများက ဤကမ္ဘာသစ်ထဲသို့ ရောက်ရှိလာခဲ့သနည်း။ ဖန်ဆင်းရှင်၏ လမ်းပြမှုနောက်တွင် နောက်ထပ် အသစ်သောအစပြုခြင်း ဖြစ်လာဦးမည့် နေ့တစ်နေ့ဖြစ်သည့်၊ အရာခပ်သိမ်းအား ဘုရားသခင်၏ ဖန်ဆင်းခြင်း စတုတ္ထနေ့ကို ငါတို့ စူးစိုက်ကြည့်ကြသည်။ အမှန်တကယ်ပင် ယုံမှားဖွယ်ရာမရှိအောင် ၎င်းသည် ဖန်ဆင်းရှင်အတွက် နောက်ထပ် နှစ်သက်ပျော်ရွှင်ဖွယ် နေ့တစ်နေ့ဖြစ်ခဲ့ပြီး၊ ယခုခေတ် လူသားမျိုးနွယ်အတွက် အဆုံးစွန် အရေးကြီးသော နောက်ထပ်နေ့တစ်နေ့ ဖြစ်ခဲ့ပေသည်။ ယင်းမှာ ခန့်မှန်းမရလောက်အောင် အဖိုးထိုက်သည့် နေ့တစ်နေ့ အမှန်ပင် ဖြစ်ခဲ့သည်။ ထိုနေ့သည် မည်ကဲ့သို့ နှစ်သက်ပျော်ရွှင်ဖွယ် ကောင်းသနည်း။ မည်ကဲ့သို့ အလွန်အရေးကြီး၍ မည်ကဲ့သို့ တန်ဖိုးဖြတ်မရသနည်း။ ဖန်ဆင်းရှင် မိန့်ဆိုခဲ့သည့် နှုတ်ကပတ်တော်များကို ဦးစွာကြားနာကြစို့..။

"တစ်ဖန်ဘုရားသခင်က၊ နေ့နှင့်ညဉ့်ကို ပိုင်းခြားစေခြင်းငှါ မိုဃ်းကောင်းကင်မျက်နှာကြက်၌ အလင်းအိမ် တည်စေ၊ နိမိတ်လက္ခဏာ၊ ချိန်းချက်သောအချိန်၊ နေ့ရက် အပိုင်းအခြား၊ နှစ်အပိုင်းအခြားဘို့ဖြစ်စေ။ မိုဃ်းကောင်းကင် မျက်နှာကြက်၌ တည်၍ မြေကြီးလင်းစရာ အလင်းအိမ် ဖြစ်စေဟု အမိန့်တော် ရှိသည့်အတိုင်းဖြစ်လေ၏။" (ကမ္ဘာဦးကျမ်း ၁:၁၄-၁၅) ဤသည်မှာ ကမ္ဘာပေါ်တွင် ခြောက်သွေ့သောကုန်းမြေနှင့် အပင်များကို သူ၏ဖန်ဆင်းခြင်း နောက်တွင် သတ္တဝါများက ထင်ရှားပြသခဲ့သည့် ဘုရားသခင်၏ သြဇာအာဏာအား နောက်ထပ် အသုံးပြုခြင်း ဖြစ်သည်။ ဘုရားသခင်အတွက် ထိုလုပ်ဆောင်မှုမျိုးက သူပြုလုပ်ခဲ့ပြီးသော အရာတမျှပင် လွယ်ကူသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၌ ထိုသို့သော တန်ခိုးရှိပေသည်။ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်တမျှ ကောင်းမြတ်ပြီး၊ သူ၏နှုတ်ကပတ်တော်သည် ပြီးပြည့်စုံလိမ့်မည်။ ဘုရားသခင်သည် မိုးကောင်းကင်တွင် အလင်းအိမ်ဖြစ်ပေါ်စေရန် အမိန့်ပေးခဲ့ပြီး ဤအလင်းအိမ်သည် မိုးကောင်းကင်နှင့် မြေကြီးပေါ်တွင် ထွန်းလင်းသည်သာမက၊ နေ့နှင့်ည၊ ရာသီဥတုများ၊ နေ့ရက်များနှင့် ခုနှစ်များအတွက် သင်္ကေတအမှတ်အသားများ အဖြစ်လည်း အသုံးတော်ခံခဲ့သည်။ ဤနည်းအားဖြင့် ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို မိန့်ဆိုသည့်အတိုင်း၊ ဘုရားသခင် ပြီးမြောက်လိုသည့် လုပ်ဆောင်ချက်တိုင်းသည် ဘုရားသခင်၏ ရည်မှန်းချက်နှင့် ဘုရားသခင် ချမှတ်ခဲ့သည့်ပုံစံအတိုင်း ပြည့်စုံခဲ့သည်။

မိုးကောင်းကင်၌ရှိသော အလင်းအိမ်သည် အလင်းဖြာထွက်နိုင်သည့် ကောင်းကင်ယံက ဒြပ်ပစ္စည်းဖြစ်သည်။ ၎င်းတို့သည် ကောင်းကင်ကိုသာမက မြေကြီးနှင့် ပင်လယ်တို့ကိုပါ အလင်းရောင်ပေးနိုင်သည်။ ၎င်းတို့သည် ဘုရားသခင် အမိန့်ပေးသည့် စည်းချက်နှင့် ကြိမ်နှုန်းအတိုင်း လည်ပတ်ကြပြီး၊ ကုန်းမြေပေါ်၌ မတူညီသည့် အချိန်အပိုင်းအခြားများတွင် လင်းထိန်ကာ၊ ဤနည်းလမ်းအားဖြင့် အလင်းအိမ်၏ လည်ပတ်မှုစက်ဝန်းများက ကုန်းမြေ၏ အရှေ့နှင့်အနောက်တွင် နေ့နှင့်ညကို ဖြစ်ပေါ်စေကာ၊ ၎င်းတို့သည် နေ့နှင့်ညအတွက် သင်္ကေတ အမှတ်အသားများသာ မဟုတ်ဘဲ၊ ဤမတူညီသည့် စက်ဝန်းများအားဖြင့် လူသားမျိုးနွယ်၏ ပွဲတော်များ၊ အမျိုးမျိုးသော အထူးနေ့ရက်များကိုလည်း မှတ်သားပေးသည်။ ၎င်းတို့သည် ဘုရားသခင် ထုတ်ပြန်ခဲ့သည့် လေးရာသီဖြစ်သော နွေဦးရာသီ၊ နွေရာသီ၊ ဆောင်းဦးရာသီနှင့် ဆောင်းရာသီတို့အတွက် ပြီးပြည့်စုံသော ဖြည့်စွက်မှုနှင့် အတွဲအဖက်ဖြစ်ပြီး၊ ၎င်းနှင့်အတူ အလင်းအိမ်သည် လူသားမျိုးနွယ်၏ လနှင့်သက်ဆိုင်သော အချိန်ကာလများ၊ နေ့ရက်များနှင့် ခုနှစ်များအတွက် ပုံမှန်ဖြစ်ပြီး တိကျသော အမှတ်အသားများအဖြစ် သဟဇာတကျကျ အသုံးတော် ခံသည်။ လယ်ယာစိုက်ပျိုးရေး ထွန်းကားပြီးနောက်မှသာ လူသားမျိုးနွယ်သည် ဘုရားသခင် ဖန်ဆင်းခဲ့သည့် အလင်းအိမ်က ဖြစ်ပေါ်စေသော လနှင့်သက်ဆိုင်သည့် အချိန်ကာလများ၊ နေ့ရက်များနှင့် ခုနှစ်များ အပိုင်းအခြားကို စတင်နားလည်ပြီး ကြုံတွေ့ခဲ့ခြင်း ဖြစ်သော်လည်း၊ အမှန်တွင် ယနေ့ လူသားနားလည်သည့် လနှင့်သက်ဆိုင်သော အချိန်ကာလများ၊ နေ့ရက်များနှင့် ခုနှစ်များသည် အရာခပ်သိမ်းအား ဘုရားသခင်၏ ဖန်ဆင်းခြင်း စတုတ္ထနေ့ကတည်းက စတင်ဖြစ်ပေါ် ခဲ့သည်မှာ ကြာလှပြီဖြစ်ပြီး၊ အလားတူပင် လူသားတွေ့ကြုံရသည့် နွေဦးရာသီ၊ နွေရာသီ၊ ဆောင်းဦးရာသီနှင့် ဆောင်းရာသီတို့၏ ပြောင်းလဲမှု စက်ဝန်းများသည် အရာခပ်သိမ်းအား ဘုရားသခင်၏ ဖန်ဆင်းခြင်း စတုတ္ထနေ့ကတည်းက စတင်ခဲ့သည်မှာ ကြာမြင့်ပြီ ဖြစ်သည်။ ဘုရားသခင် ဖန်ဆင်းခဲ့သည့် အလင်းအိမ်သည် လူသားများအား နေ့နှင့်ညအကြား ပုံမှန်၊ တိတိကျကျနှင့် ရှင်းရှင်းလင်းလင်း ခွဲခြားသိမြင်စေနိုင်ပြီး၊ နေ့ရက်များကို ရေတွက်နိုင်စေကာ လနှင့်သက်ဆိုင်သော အချိန်ကာလများနှင့် ခုနှစ်များကို ရှင်းရှင်းလင်းလင်း မှတ်သားနိုင်စေခဲ့သည်။ (လပြည့်နေ့သည် တစ်လပြည့်သည့်နေ့ ဖြစ်ပြီး၊ ဤအချက်မှ အလင်းအိမ်၏ တောက်ပခြင်းက စက်ဝန်းအသစ်တစ်ခုကို အစပြုကြောင်း လူသားက သိရှိခဲ့သည်။ လနှင့်သက်ဆိုင်သောကာလ အသစ်စတင်ပြီဟု လူသားကို ပြောပြသည့် လတစ်ဝက်ရှိသည့်နေ့သည် တစ်လ၏တစ်ဝက် ပြည့်သည့်နေ့ ဖြစ်ပြီး၊ ယင်းအချက်မှ လနှင့်သက်ဆိုင်သည့် ကာလတစ်ခုတွင် ဘယ်နှစ်ရက် ဘယ်နှစ်ညရှိသည်၊ ရာသီတစ်ခုတွင် လနှင့်သက်ဆိုင်သည့်ကာလ ဘယ်နှစ်ခု ရှိသည်နှင့်

တစ်နှစ်တွင် ဘယ်နှစ်ရာသီ ရှိသည်ဟူသည်ကို ကောက်ချက်ချနိုင်ပြီး ဤအရာ အားလုံးကို ထူးကဲသော ပုံမှန်ဖြစ်ပေါ်မှုဖြင့် ပြသသည်။) ထို့ကြောင့် လူသားသည် အလင်းအိမ်၏ လှည့်ပတ်ခြင်းတို့အားဖြင့် မှတ်သားထားသည့် လနှင့်သက်ဆိုင်သည့် အချိန်ကာလများ၊ နေ့ရက်များနှင့် ခုနှစ်များကို လွယ်လွယ်ကူကူနှင့် မှတ်သားသိရှိနိုင်ခဲ့သည်။ ဤအချိန်မှစပြီး လူသားမျိုးနွယ်နှင့် အရာခပ်သိမ်းသည် အလင်း၏ လှည့်ပတ်ခြင်းတို့အားဖြင့် ဖြစ်ပေါ်လာသည့် နေ့နှင့်ည စနစ်တကျ ပြောင်းလဲခြင်းနှင့် ရာသီဥတုများ၏ အလှည့်ကျ ဖြစ်ပေါ်မှုများကြားတွင် သတိမမူမိဘဲ အသက်ရှင်ခဲ့ကြသည်။ ဤသည်မှာ စတုတ္ထနေ့တွင် ဖန်ဆင်းရှင်မှ အလင်းအိမ်အား ဖန်ဆင်းခြင်း၏ အရေးပါမှုဖြစ်သည်။ အလားတူပင် ဖန်ဆင်းရှင်၏ ဤလုပ်ဆောင်ချက်၏ ရည်ရွယ်ချက်များနှင့် အရေးပါမှုတို့သည် သူ၏သြဇာအာဏာနှင့် တန်ခိုးတို့နှင့် ခွဲခြား၍ မရသေးပေ။ ထို့ကြောင့် ဘုရားသခင် ပြုလုပ်ခဲ့သည့် အလင်းအိမ်နှင့် ယင်းက လူသားထံ မကြာမီ ယူဆောင်လာမည့် တန်ဖိုးသည် ဖန်ဆင်းရှင်၏ သြဇာအာဏာအား အသုံးချခြင်း၌ နောက်ထပ် ကျွမ်းကျင်ပိုင်နိုင်မှု တစ်ခုဖြစ်သည်။

လူသားမျိုးနွယ် ပေါ်ထွန်းလာရဦးမည့် ဤကမ္ဘာသစ်ပေါ်တွင် ဖန်ဆင်းရှင်သည် မကြာမီ သူဖန်ဆင်းမည့် သက်ရှိအသစ်အတွက် ညနေနှင့်နံနက်၊ မိုးမျက်နှာကြက်၊ ကုန်းမြေနှင့်ပင်လယ်၊ မြက်ပင်၊ ဆေးပင်နှင့် အမျိုးမျိုးသော သစ်ပင်များနှင့်အတူ အလင်းအိမ်၊ ရာသီဥတုများ၊ နေ့ရက်များ၊ ခုနှစ်များကို ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ ဖန်ဆင်းရှင်၏ သြဇာအာဏာနှင့် တန်ခိုးကို သူဖန်ဆင်းခဲ့သည့် အသစ်သော အရာတစ်ခုစီတိုင်း၌ ဖော်ပြထားပြီးလျှင်၊ သူ၏ နှုတ်ကပတ်တော်များနှင့် ပြီးမြောက်မှုများသည် ခြားနားချက် စိုးစဉ်းမျှမရှိ၊ ကွာဟချက် စိုးစဉ်းမျှမရှိဘဲ တစ်ပြိုင်နက်တည်း ဖြစ်ပေါ် ခဲ့လေသည်။ ဤအသစ်သော အရာများအားလုံး၏ ပေါ်ထွန်းခြင်းနှင့် မွေးဖွားခြင်းမှာ ဖန်ဆင်းရှင်၏ သြဇာအာဏာနှင့် တန်ခိုး၏ သက်သေဖြစ်သည်- သူသည် အပြောနှင့်အလုပ်ညီပြီး ၊ သူ၏ နှုတ်ကပတ်တော်သည် ပြီးမြောက်လိမ့်မည်ဖြစ်ကာ၊ သူပြီးမြောက်သည့်အရာမှာ ထာဝရ တည်တံ့၏။ ဤအချက်မှာ မည်သည့်အခါမျှ မပြောင်းလဲပါချေ- အတိတ်တွင် ထိုသို့ ဖြစ်ခဲ့သည့်အတိုင်း ယနေ့တွင်လည်း ထိုသို့ဖြစ်ပြီးလျှင်၊ ထာဝရကာလပတ်လုံး ထိုသို့ပင် ဖြစ်လိမ့်မည်။ ကျမ်းစာ၏ ထိုနှုတ်ကပတ်တော်များကို နောက်တစ်ကြိမ် ကြည့်ရှုသောအခါ၊ ၎င်းတို့မှာ သင်တို့အတွက် လတ်ဆတ်သည်ဟု ခံစားရသလော။ အကြောင်းအရာ အသစ်များကို သင်တို့ တွေ့မြင်ပြီး၊ ရှာဖွေတွေ့ရှိမှု အသစ်များကို ရရှိပြီးပြီလော။ ယင်းမှာ ဖန်ဆင်းရှင်၏ ဆောင်ရွက်ချက်များက သင်တို့၏ စိတ်နှလုံးကို လှုံ့ဆော်ပေးခဲ့ပြီး၊ သူ၏သြဇာအာဏာနှင့် တန်ခိုးအပေါ် သင်တို့အသိပညာ၏ ဦးတည်ချက်ကို လမ်းပြပေးခဲ့ကာ၊ သင်တို့၏ ဖန်ဆင်းရှင်အပေါ်

နားလည်ခြင်းအတွက် တံခါးဖွင့်လှစ်ခဲ့သည်သာမက၊ သူ၏ ဆောင်ရွက်ချက်များနှင့် သြဇာအာဏာတို့က ဤနှုတ်ကပတ်တော်များ အပေါ်၌ အသက်ကို အပ်နှင်းပေးခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဤနှုတ်ကပတ်တော်တို့တွင် လူသားသည် ဖန်ဆင်းရှင်၏ သြဇာအာဏာ၏ စစ်မှန်ပြီး ထင်ရှားသည့် ဖော်ပြချက်ကို တွေ့မြင်ရပြီ ဖြစ်ပြီး၊ ဖန်ဆင်းရှင်၏ သာလွန်မြင့်မြတ်ခြင်းကို အမှန်တကယ် မျက်မြင်တွေ့ခဲ့ရကာ၊ ဖန်ဆင်းရှင်၏ သြဇာအာဏာနှင့် တန်ခိုး၏ ထူးခြားဆန်းကြယ်မှုကို ရှုမြင်ခဲ့ရသည်။

ဖန်ဆင်းရှင်၏ သြဇာအာဏာနှင့် တန်ခိုးက အံ့သြဖွယ်သောအမှုများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်စေသည်။ သူသည် လူသား၏ အာရုံစိုက်မှုကို ဆွဲဆောင်သဖြင့် လူသားသည် သူ၏ သြဇာအာဏာအား အသုံးချခြင်းမှ ပေါက်ဖွားလာသည့် အံ့သြဖွယ် လုပ်ဆောင်ချက်များကို မှင်တက်လျက် ငေးစိုက်မကြည့်ဘဲ မနေနိုင်ပေ။ သူ၏ ထူးခြားဆန်းပြားသော တန်ခိုးက ကျေနပ်ပျော်ရွှင်မှုများ တစ်ခုပြီးတစ်ခု ဆောင်ကြဉ်းပေးသဖြင့် လူသားသည် ဖမ်းစားခံရပြီး အလွန်ဝမ်းမြောက်ကာ လေးစားကြည်ညိုမှုနှင့် ပင့်သက်ရှိုက်မောလျက် အံ့သြမှင်တက်ပြီး ကောင်းချီးသြဘာပေး၏။ ထို့မျှမက လူသားသည် သိသာထင်ရှားစွာ တို့ထိခြင်းခံရလျက် သူ့အထဲ၌ လေးစားမှု၊ ရိုသေလေးမြတ်မှုနှင့် တွယ်တာမှုတို့ ထွက်ပေါ်လာသည်။ ဖန်ဆင်းရှင်၏ သြဇာအာဏာနှင့် လုပ်ဆောင်ချက်များသည် လူသား၏ ဝိညာဉ်အပေါ်တွင် ကြီးမားသော အကျိုးသက်ရောက်မှုနှင့် သန့်ရှင်းစေခြင်းအာနိသင် ရှိသည်သာမက၊ လူသား၏ ဝိညာဉ်ကို အာသာဆန္ဒပြည့်ဝ စေသည်။ သူ၏ အကြံအစည်များ တစ်ခုစီတိုင်း၊ သူ၏မိန့်မြွက်ချက်များ တစ်ခုစီတိုင်း၊ သူ၏သြဇာအာဏာအား ထုတ်ဖော်မှု တစ်ခုစီတိုင်းသည် အရာခပ်သိမ်း အလယ်၌ အပြောင်မြောက်ဆုံး လက်ရာဖြစ်ပြီး၊ ဖန်ဆင်းခံ လူသားမျိုးနွယ်၏ လေးနက်သော နားလည်မှုနှင့် အသိပညာတို့နှင့် အထိုက်တန်ဆုံးဖြစ်သည့် ကြီးမားသော လုပ်ငန်းတစ်ခု ဖြစ်သည်။ ငါတို့သည် ဖန်ဆင်းရှင်၏ နှုတ်ကပတ်တော်များမှ ပေါက်ဖွားလာသည့် သက်ရှိတိုင်းကို ရေတွက်သည့်အခါတွင်၊ ငါတို့၏ဝိညာဉ်များသည် ဘုရားသခင့် တန်ခိုး၏ အံ့သြဖွယ်ရာသို့ ဆွဲဆောင်ခြင်းခံရပြီး၊ အရာခပ်သိမ်းအား ဘုရားသခင်ဖန်ဆင်းခြင်း ပဉ္စမနေ့ ဖြစ်သည့် နောက်တစ်နေ့တွင် ငါတို့သည် ဖန်ဆင်းရှင်၏ ခြေရာများနောက်သို့ လိုက်နေကြသည်ကို တွေ့ရသည်။

ဖန်ဆင်းရှင်၏ နောက်ထပ် လုပ်ဆောင်ချက်များကို ု ကြည့်ရှုလျက်၊ သမ္မာကျမ်းစာကို တစ်ပိုဒ်ပြီးတစ်ပိုဒ် ဆက်ဖတ်ကြပါစို့။

**ပဉ္စမနေ့တွင် စုံလင်ပြီး ကွဲပြားခြားနားသော သက်ရှိပုံစံများက ဖန်ဆင်းရှင်၏ သြဇာအာဏာကို**

## အမျိုးမျိုးသော နည်းလမ်းများဖြင့် ပြသသည်

ကျမ်းစာက “တစ်ဖန်ဘုရားသခင်က အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန်တို့ကို ရေသည်များပြားစွာ မွေးဖွားစေ။ ငှက်တို့လည်း မြေပေါ် မိုဃ်းကောင်းကင်မျက်နှာကြက်ပြင်ဝယ် ပျံစေဟု အမိန့်တော်ရှိ၏။ ထိုသို့လျှင်ရေသည် တိရစ္ဆာန်အမျိုးအလိုက် များပြားစွာ မွေးဖွား၍၊ ငါးကြီးအစရှိသော အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန် အပေါင်းတို့ကိုငင်း၊ ပျံတတ်သော ငှက်မျိုးအပေါင်းတို့ကိုငင်း ဘုရားသခင်ဖန်ဆင်း၍၊ ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏။” (ကမ္ဘာဦးကျမ်း ၁:၂၀-၂၁) ဟု ဆိုသည်။ ကျမ်းစာက ငါတို့အား ရှင်းလင်းစွာ ပြောပြသည်မှာ၊ ဤနေ့ရက်တွင် ဘုရားသခင်သည် ရေထဲက သတ္တဝါများ၊ လေပေါ်က ငှက်များကို ဖန်ဆင်းခဲ့သည်၊ ဆိုလိုသည်မှာ သူသည် ငါးနှင့် ငှက်အမျိုးမျိုးကို ဖန်ဆင်းပြီး ၎င်းတို့ကို အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခဲ့ပေသည်။ ဤနည်းဖြင့် ကမ္ဘာမြေ၊ ကောင်းကင်ကြီးနှင့် ရေတို့မှာ ဘုရားသခင်၏ ဖန်ဆင်းခြင်းအားဖြင့် ပြည့်စုံကြွယ်ဝ ခဲ့လေသည်..။

ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မိန့်ကြားလိုက် သည့်အခါတွင်၊ သက်ရှိသတ္တဝါအသစ်များသည် ကွဲပြားသော ပုံသဏ္ဍာန်တစ်ခုစီနှင့် ဖန်ဆင်းရှင်၏ နှုတ်ကပတ်တော်များ အလယ်၌ တစ်မုဟုတ်ချင်း အသက်ဝင် လာခဲ့ကြသည်။ ၎င်းတို့သည် ကမ္ဘာပေါ်တွင် နေရာရရန်အတွက် တိုးဝှေ့ရင်း၊ ပျော်ရွှင်စွာ ခုန်ပေါက် မြူးထူးရင်း ဝင်လာခဲ့ကြသည်...။ ပုံသဏ္ဍာန်နှင့် အရွယ်အစားမျိုးစုံ ရှိသည့် ငါးများသည် ရေထဲတွင် ကူးခတ်ကြသည်။ အခွံမာကောင်မျိုးစုံတို့သည် သဲထဲမှ ဖြစ်ထွန်းလာကြသည်။ အကြေးခွံများပါသည့်၊ အခွံမာများပါသည့်၊ ကျောရိုးမဲ့သည့် သတ္တဝါများသည် အကြီးအငယ်မဆို၊ အရှည်အတိုမရွေး မတူညီသော ပုံစံများနှင့် အလျင်အမြန် ကြီးထွားလာကြသည်။ ထိုနည်းတူပင် ပင်လယ်ရေညှိမျိုးစုံတို့သည် ရေနေသတ္တဝါအမျိုးမျိုးတို့၏ လှုပ်ရှားမှုအပေါ်တွင် ယိမ်းနွဲ့ရင်း၊ ညင်သာစွာ လှုပ်ရှားရင်း၊ တည်ငြိမ်နေသည့်ရေကို လှုံ့ဆော်ရင်းဖြင့် စတင်၍ သွက်လက်စွာ ကြီးထွားလာခဲ့ကြကာ- “မြန်မြန်လုပ်။ နင့်သူငယ်ချင်းတွေကို ခေါ် ခဲ့။ နင် ဘယ်တော့မှ အထီးကျန်မှာ မဟုတ်တော့ဘူး” ဟု ၎င်းတို့ကို ပြောသည့်အလားပင် ဖြစ်သည်။ ဘုရားသခင် ဖန်ဆင်းခဲ့သည့် သက်ရှိသတ္တဝါ အမျိုးမျိုးတို့ ရေထဲတွင် ပေါ်လာသည့်အချိန်မှစ၍ သက်ရှိသတ္တဝါအသစ် တစ်ကောင်ချင်းစီတိုင်းသည် အချိန်ကြာမြင့်စွာ တည်ငြိမ်နေခဲ့သည့် ရေတို့ကို သက်ဝင်လှုပ်ရှားမှုပေးပြီး ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ပေးခဲ့သည်။... ထိုအခိုက်မှစ၍

သူတို့သည် အချင်းချင်း ခိုဝင်တိုးဝှေ့ကြပြီး တစ်ဦးနှင့်တစ်ဦး အဖော်ပြုခဲ့ကြကာ၊ သူတို့ကြားတွင် ကင်းကွာမှု မထားကြတော့ပေ။ ရေသည် သူ၏ရင်ခွင်ထဲတွင် မှီတင်းနေထိုင်သည့် သက်ရှိတိုင်းကို ပြုစုရင်း သူ၏အထဲ၌ရှိသော သတ္တဝါများအတွက် ရပ်တည်ကာ၊ သက်ရှိတိုင်းသည် ရေ၏ အာဟာရဓာတ်ကြောင့် ရေအတွက်ပင် ဖြစ်တည်ခဲ့သည်။ တစ်ခုနှင့်တစ်ခု အသက်ပေးကြပြီး တစ်ချိန်တည်းတွင် ထိုနည်းတူစွာ ဖန်ဆင်းရှင်၏ ဖန်ဆင်းခြင်း အံ့ဖွယ်ဆန်းကြယ်မှုနှင့် ကြီးမြတ်မှုကို လည်းကောင်း၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာ၏ တုပြိုင်ကျော်လွန်၍ မရသော တန်ခိုးကိုလည်းကောင်း အသီးသီး သက်သေခံကြလေသည်..။

ပင်လယ်သည် တိတ်ဆိတ်ခြင်း မရှိတော့သည့်နည်းတူ ကောင်းကင်ယံတွင်လည်း သက်ရှိတို့ စတင် ပြည့်နှက်လာခဲ့သည်။ ငှက်တို့သည် ကြီးငယ်မဆို တစ်ကောင်ပြီးတစ်ကောင် မြေပြင်မှ ကောင်းကင်သို့ ပျံတက်သွားကြသည်။ ပင်လယ်မှ သတ္တဝါများကဲ့သို့ မဟုတ်ဘဲ၊ သူတို့တွင် သေးသွယ်ပြီး ကြော့မော့လှပသော သူတို့၏ ကိုယ်ခန္ဓာများကို ဖုံးအုပ်ထားသည့် အမွေးများနှင့် အတောင်များ ရှိကြသည်။ သူတို့သည် ဖန်ဆင်းရှင်က သူတို့အပေါ် ချပေးသနားသည့် သူတို့၏ ထည်ဝါလှပသော အမွေးအတောင်များ၊ သူတို့၏ အထူးလုပ်ဆောင်မှုများနှင့် စွမ်းရည်များကို ဂုဏ်ယူဝံ့ကြွားစွာ ပြသရင်း သူတို့၏ အတောင်ပံများကို ခတ်ကြသည်။ သူတို့သည် မြက်ခင်းပြင်များနှင့် တောများကိုဖြတ်၍ ကောင်းကင်နှင့် မြေကြီးကြားတွင် ကျွမ်းကျင်စွာ လူးလာခတ်ကာ လွတ်လပ်စွာ ပျံသန်းကြသည်...။ သူတို့သည် လေ၏ အလွန်ချစ်ခင်ရသူများ ဖြစ်ကြကာ၊ အရာခပ်သိမ်း၏ ချစ်ခင်ရသူများ ဖြစ်ခဲ့ကြသည်။ သူတို့သည် မကြာမီတွင် ကောင်းကင်နှင့် မြေကြီးကြားထဲက ပေါင်းကူးပေးသူများ ဖြစ်လာကြပြီး အရာခပ်သိမ်းဆီသို့ သတင်းစကားများ သယ်ယူပေးတတ်ကြသည်...။ သူတို့သည် တေးဆိုကြသည်၊ ပျော်ရွှင်စွာနှင့် ထိုးဆင်းဝဲပျံကြသည်၊ တစ်ချိန်က ဘာမျှမရှိခဲ့သည့် ဤကမ္ဘာဆီသို့ ဩဘာသံများ၊ ရယ်မောခြင်းနှင့် တက်ကြွခြင်းတို့ကို သယ်ဆောင်လာခဲ့ကြသည်...။ သူတို့သည် သူတို့အပေါ် ချပေးသနားခဲ့သည့် အသက်အတွက် ဖန်ဆင်းရှင်ကို ချီးမွမ်းရန် သူတို့၏စိတ်နှလုံးထဲက စကားလုံးများကို အသုံးပြုပြီး သူတို့၏ ကြည်လင်သာယာသော တေးဆိုသံကို အသုံးပြုကြသည်။ သူတို့သည် ဖန်ဆင်းရှင်၏ ဖန်ဆင်းခြင်း ပြီးပြည့်စုံမှုနှင့် အံ့ဖွယ်ဆန်းကြယ်မှုကို ပြသရန်အတွက် ရှင်လန်းစွာ ကခုန်ခဲ့ကြပြီး၊ သူတို့အပေါ် ဘုရားသခင် ချပေးသနားခဲ့ပြီးသည့် ထူးမြတ်သော ဘဝအားဖြင့် ဖန်ဆင်းရှင်၏ ဩဇာအာဏာကို သက်သေခံရန်အတွက် သူတို့၏ ဘဝတစ်ခုလုံးကို အပ်နှံကြလိမ့်မည်..။

၎င်းတို့သည် ရေထဲတွင်ရှိသည်ဖြစ်စေ၊ ကောင်းကင်၌ ရှိသည်ဖြစ်စေ ဖန်ဆင်းရှင်၏ ကွပ်ကဲမှုအားဖြင့် ဤကိုးလုံးများပြားလှသော သက်ရှိများသည် ကွဲပြားခြားနားလှသည့် ဘဝဖွဲ့စည်းပုံစနစ်များထဲ၌ ဖြစ်တည်ခဲ့ကြပြီး၊ ဖန်ဆင်းရှင်၏ ကွပ်ကဲမှုအားဖြင့် ၎င်းတို့သည် မိမိတို့နှင့်သက်ဆိုင်သည့် မျိုးစိတ်များအလိုက် အတူတကွ စုဝေးခဲ့ကြသည်— ဤနိယာမ၊ ဤစည်းမျဉ်းကို မည်သည့်သက်ရှိများကမျှ မပြောင်းလဲနိုင်ပါချေ။ ဖန်ဆင်းရှင်က ၎င်းတို့အတွက် ချမှတ်ထားသည့် စည်းဘောင်များကို မည်သည့်အခါမျှ ကျော်မသွားဝံ့ကြသကဲ့သို့၊ ကျော်သွားနိုင်စွမ်းလည်း မရှိခဲ့ကြပေ။ ၎င်းတို့သည် ဖန်ဆင်းရှင်က စီမံသည့်အတိုင်း ရှင်သန်နေထိုင်ပြီး ပွားများခဲ့ကြကာ၊ ဖန်ဆင်းရှင်က ၎င်းတို့အတွက် ချမှတ်ထားသည့် ဘဝဖြစ်စဉ်နှင့် နိယာမများကို တစ်သဝေမတိမ်း လိုက်နာခဲ့ကြပြီးလျှင်၊ ဖန်ဆင်းရှင်က သူတို့ကို ပေးအပ်ခဲ့သည့် နားလည်သိရှိပြီးဖြစ်သော အမိန့်များနှင့်အတူ ကောင်းကင်ဘုံ၏ အမိန့်ပြန်တမ်းများနှင့် ကျင့်ဝတ်များကို ယနေ့ထက်ထိပင် အသိနိုးကြားစွာ စောင့်ထိန်းခဲ့ကြသည်။ ၎င်းတို့သည် မိမိတို့၏ကိုယ်ပိုင် အထူးနည်းလမ်းဖြင့် ဖန်ဆင်းရှင်နှင့် စကားပြောကြပြီး ဖန်ဆင်းရှင်၏ ဆိုလိုရင်းကို သဘောပေါက်ကြကာ၊ သူ၏အမိန့်များကို နာခံခဲ့ကြသည်။ ဖန်ဆင်းရှင်၏ ဩဇာအာဏာကို မည်သူမျှ လုံးဝ မချိုးဖောက်ခဲ့ကြဘဲ၊ ၎င်းတို့အပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့် ကွပ်ကဲမှုကို သူ၏အကြံအစည်များထဲ၌ အသုံးပြုခဲ့သည်။ မည်သည့် စကားလုံးကိုမျှ မထုတ်ပြန်ခဲ့သော်လည်း၊ ဖန်ဆင်းရှင်၏ အတုမရှိသည့် ဩဇာအာဏာသည် လူသားမျိုးနွယ်နှင့် မတူညီသည့်၊ ဘာသာစကား လုပ်ဆောင်မှု မပါသည့် တိတ်ဆိတ်မှုအားဖြင့် အရာခပ်သိမ်းကို ထိန်းချုပ်ခဲ့သည်။ ဤအထူးနည်းလမ်းအားဖြင့် သူ၏ ဩဇာအာဏာအား အသုံးပြုခြင်းက လူသားအား အသိပညာအသစ်ကို မဖြစ်မနေ ရရှိစေပြီး ဖန်ဆင်းရှင်၏ အတုမရှိသည့် ဩဇာအာဏာအား ဖွင့်ဆိုမှုအသစ် ပြုလုပ်စေခဲ့သည်။ ဤနေ့သစ်တွင် ဖန်ဆင်းရှင်၏ ဩဇာအာဏာကို အသုံးချခြင်းက ဖန်ဆင်းရှင်၏ အတုမရှိခြင်းကို နောက်တစ်ကြိမ် ပြသခဲ့ခြင်းပင်ဖြစ်ကြောင်း ဤတွင် သင်တို့ကို ငါပြောရမည်။

ဆက်လက်၍ သမ္မာကျမ်းစာ ဤကျမ်းပိုဒ်၏ နောက်ဆုံးစာကြောင်းကို တစ်ချက် ကြည့်ကြစို့။ “ထိုအမှုအရာ ကောင်းသည်ကို မြင်တော်မူ၏။” ဤသည်မှာ အဘယ်အရာကို ဆိုလိုသည်ဟု သင်တို့ထင်သနည်း။ ဤနှုတ်ကပတ်တော်များထဲတွင် ဘုရားသခင်၏ စိတ်ခံစားချက်တို့ ပါရှိသည်။ သူဖန်ဆင်းခဲ့ပြီးသည့် အရာခပ်သိမ်းသည် ဖြစ်တည်လာပြီး သူ့နှုတ်ကပတ်တော်များကြောင့် ခိုင်မာစွာ ရပ်တည်လာကာ တဖြည်းဖြည်း စတင်ပြောင်းလဲလာသည်ကို ဘုရားသခင် စောင့်ကြည့်ခဲ့သည်။ ဤအချိန်တွင်

ဘုရားသခင်သည် နှုတ်ကပတ်တော်များဖြင့် သူပြုလုပ်ခဲ့သည့် အရာအမျိုးမျိုးနှင့် သူပြီးမြောက်ခဲ့သည့် လုပ်ဆောင်ချက်အမျိုးမျိုးတို့အပေါ် ကျေနပ် ခဲ့သလော။ အဖြေက "ထိုအမှုအရာ ကောင်းသည်ကို မြင်တော်မူ၏" ဟူ၍ပင် ဖြစ်သည်။ ဤနေရာတွင် သင်တို့ အဘယ်အရာကို တွေ့သနည်း။ "ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏" ဆိုသည်မှာ အဘယ်အရာကို ကိုယ်စားပြုသနည်း။ ယင်းက အဘယ်အရာကို အမှတ်သင်္ကေတ ပြုသနည်း။ ယင်းမှာ ဘုရားသခင်၌ သူစီစဉ်ထားခဲ့ပြီး ပြဋ္ဌာန်းထားခဲ့သည့် အရာကို ပြီးမြောက်စေရန်၊ ပြီးမြောက်အောင် သူရည်မှန်းထားခဲ့သည့် ရည်ရွယ်ချက်များကို ပြီးမြောက်စေရန် တန်ခိုးနှင့် ဉာဏ်ပညာ ရှိခဲ့သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဘုရားသခင်သည် လုပ်ငန်းတစ်ခုစီကို အပြီးသတ်သည့်အခါတွင် နောင်တရခဲ့သလော။ အဖြေက "ထိုအမှုအရာ ကောင်းသည်ကို မြင်တော်မူ၏" ဟူသည်ပင် ဖြစ်နေသေးသည်။ တစ်နည်းပြောရလျှင် သူသည် နောင်တမရခဲ့ရုံမကဘဲ၊ ယင်းအစား ကျေနပ်မှုရရှိခဲ့သည်။ သူနောင်တမရခဲ့ပါ ဟူသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။ ယင်းမှာ ဘုရားသခင်၏ အစီအစဉ်သည် ပြည့်စုံသည်၊ သူ၏တန်ခိုးနှင့် ဉာဏ်ပညာသည် ပြီးပြည့်စုံသည်၊ ဤသို့ပြီးပြည့်စုံမှုမျိုးကို သူ၏ သြဇာအာဏာအားဖြင့်သာလျှင် ပြီးမြောက်စေနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူသည် လုပ်ငန်းတစ်ခုကို ထမ်းဆောင်သည့်အခါတွင်၊ ဘုရားသခင်ကဲ့သို့ပင် ထိုအရာကောင်းသည်ဟု မြင်နိုင်သလော။ လူသား ပြုလုပ်သည့် အရာအားလုံးသည် ပြီးပြည့်စုံခြင်းကို ရရှိနိုင်သလော။ လူသားသည် တစ်စုံတစ်ခုကို ထာဝရအပြီးအပြတ် လက်စသတ်နိုင်သလော။ "မည်သည့်အရာမှ ပြီးပြည့်စုံခြင်းမရှိ၊ ပိုမိုကောင်းမွန်ခြင်းသာ ရှိသည်" ဟု လူတို့ ပြောသည့်အတိုင်းပင်၊ လူသားက ပြုလုပ်သည့် မည်သည့်အရာမျှ ပြီးပြည့်စုံခြင်းကို မရရှိနိုင်ပေ။ သူပြုလုပ်ခဲ့ပြီး ရရှိခဲ့သည့် အရာအားလုံးက ကောင်းမွန်သည်ကို ဘုရားသခင် မြင်ခဲ့သောအခါ၊ ဘုရားသခင် ပြုလုပ်သည့် အရာအားလုံးကို သူ၏နှုတ်ကပတ်တော်အားဖြင့် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်၊ ဆိုလိုသည်မှာ ဘုရားသခင်က "ထိုအမှုအရာ ကောင်းသည်ကို မြင်တော်မူ" သောအခါ၊ သူပြုလုပ်ခဲ့ပြီးသည့်အရာ အားလုံးက အစဉ်တည်မြဲသော ပုံသဏ္ဌာန် တစ်ခုကို ဆောင်ယူခဲ့ကြပြီး၊ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ် ခံခဲ့ရကာ သတ်မှတ်ထားသော နေရာ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန် တစ်ခုကို ထာဝရအပြီးအပြတ် ပေးအပ်ခြင်းခံခဲ့ရသည်။ ထို့မျှမက အရာခပ်သိမ်းအလယ်တွင် ၎င်းတို့၏ အခန်းကဏ္ဍနှင့် အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ စီမံခန့်ခွဲမှု အချိန်အတွင်း သူတို့သွားရမည့် ခရီးကို ဘုရားသခင်က စီမံပေးထားခဲ့ပြီဖြစ်ပြီး ပြောင်းလဲ၍ မရတော့ချေ။ ဤသည်မှာ အရာခပ်သိမ်းအား ဖန်ဆင်းရှင်မှ ပေးအပ်ထားသည့် ကောင်းကင်ဘုံဆိုင်ရာ ဥပဒေသ ဖြစ်သည်။

"ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏" ဟူသည့် ရိုးရှင်းသော၊ ထိုက်တန်စွာ တန်ဖိုးထားခြင်းမခံရသော၊ မကြာခဏ လျစ်လျူရှုခြင်း ခံရသော ဤနှုတ်ကပတ်တော်တို့မှာ ဘုရားသခင်က သတ္တဝါခပ်သိမ်းကို ပေးအပ်ထားသည့် ကောင်းကင်ဘုံဆိုင်ရာ ဥပဒေသနှင့် ကောင်းကင်ဘုံဆိုင်ရာ အမိန့်ပြန်တမ်းပင် ဖြစ်သည်။ ၎င်းတို့သည် ဖန်ဆင်းရှင်၏ ဩဇာအာဏာ၏ အခြားသော ပြယုဂ်တစ်ခု၊ ပို၍ လက်တွေ့ကျသည့်အရာ၊ ပို၍ နက်နဲသည့်အရာမျိုး ဖြစ်သည်။ ဖန်ဆင်းရှင်သည် သူ၏ နှုတ်ကပတ်တော်များအားဖြင့် သူရရှိရန် ရည်မှန်းထားသည့် အရာအားလုံးကိုရရှိနိုင်ပြီး သူပြီးမြောက်ရန် ရည်မှန်းထားသည့် အရာအားလုံးကို ပြီးမြောက်နိုင်ရုံသာမကဘဲ၊ သူဖန်ဆင်းထားခဲ့သည့် အရာအားလုံးကိုလည်း သူ့လက်ထဲတွင် ထိန်းချုပ်နိုင်ပြီး သူ၏ ဩဇာအာဏာအောက်တွင် သူပြုလုပ်ထားခဲ့သည့် အရာခပ်သိမ်းကို အုပ်စိုးနိုင်ခဲ့သည့်အပြင်၊ ခပ်သိမ်းက စနစ်ကျပြီး ပုံမှန်ဖြစ်လေသည်။ အရာခပ်သိမ်းသည်လည်း သူ၏ နှုတ်ကပတ်တော်အားဖြင့် တိုးပွား၊ တည်ရှိပြီး ပျက်စီးသွားကြသည့်အပြင်၊ ၎င်းတို့သည် သူ၏ ဩဇာအာဏာအားဖြင့် သူချမှတ်ထားခဲ့သည့် ဥပဒေသအတွင်း၌ တည်ရှိခဲ့ပြီး မည်သည့်အရာမျှ ကင်းလွတ်ခွင့် မရှိပါတကား။ ဤဥပဒေသမှာ ဘုရားသခင်က "ထိုအမှုအရာ ကောင်းသည်ကို မြင်တော်မူ" သည့် တစ်ခဏချင်းတွင်ပင် စတင်ခဲ့ပြီး၊ ယင်းသည် ဖန်ဆင်းရှင်မှ ရုပ်သိမ်းသည့် နေ့ရက်တိုင်အောင် ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်အတွက် ဖြစ်တည်၊ ဆက်သွားပြီး လည်ပတ်နေမှာပါတကား။ ဖန်ဆင်းရှင်၏ အတုမရှိသော ဩဇာအာဏာသည် အရာခပ်သိမ်းကို ဖန်ဆင်းပြီး အရာခပ်သိမ်းကို ဖြစ်တည်လာစေရန် အမိန့်ပေးနိုင်သည့် သူ၏ တတ်နိုင်စွမ်း၌သာမက၊ အရာခပ်သိမ်းအပေါ် အစိုးရပြီး အချုပ်အခြာအာဏာကို စွဲကိုင်ထားကာ အရာခပ်သိမ်းအပေါ် အသက်ဝင်ခြင်းနှင့် ရှင်သန်တက်ကြွခြင်းကို အပ်နှင်းနိုင်သည့် သူ၏ တတ်နိုင်စွမ်း၌ပါ ထင်ရှားပြသသည်၊ ထိုမျှမက သူ၏အစီအစဉ်ထဲတွင် သူဖန်ဆင်းမည့် အရာခပ်သိမ်းသည် သူပြုလုပ်ထားသည့် ကမ္ဘာပေါ်တွင် ပြီးပြည့်စုံသော အသွင်သဏ္ဌာန်၊ ပြီးပြည့်စုံသော အသက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပြီးပြည့်စုံသော အခန်းကဏ္ဍဖြင့် ထာဝရအပြီးအပြတ် ပေါ်ပေါက် ဖြစ်တည်စေနိုင်သည့် သူ၏ တတ်နိုင်စွမ်း၌လည်း ထင်ရှားပြသလေသည်။ အလားတူပင် ဖန်ဆင်းရှင်၏ အကြံအစည်များသည် မည်သည့် ကန့်သတ်ချုပ်ချယ်မှုမျှ မခံရ၊ အချိန်၊ နေရာ၊ သို့မဟုတ် ပထဝီ အနေအထားတို့၏ ကန့်သတ်ထားခြင်းမရှိသည့် အနေအထား၌လည်း ယင်းက ထင်ရှားပြသပေသည်။ သူ၏ ဩဇာအာဏာကဲ့သို့ပင် ဖန်ဆင်းရှင်၏ အတုမရှိသော ဝိသေသလက္ခဏာသည် ကမ္ဘာအဆက်ဆက် မပြောင်းမလဲ တည်မြဲနေမည် ဖြစ်သည်။ သူ၏ဩဇာအာဏာသည် သူ၏အတုမရှိသော ဝိသေသလက္ခဏာ၏

ကိုယ်စားပြုချက်နှင့် သင်္ကေတတစ်ရပ် အစဉ်အမြဲ ဖြစ်နေမည်ဖြစ်ပြီး သူ၏ ဩဇာအာဏာသည် သူ၏ ဝိသေသလက္ခဏာနှင့် အတူတကွယှဉ်တွဲလျက် ထာဝရတည်ရှိနေမည်တည်း။

## ခြောက်ရက်နေ့မြောက်တွင် ဖန်ဆင်းရှင်သည် စကားပြောပြီး သူ့စိတ်ထဲတွင်ရှိသည့် သက်ရှိသတ္တဝါတစ်မျိုးချင်းစီသည် တစ်ခုပြီးတစ်ခု ပေါ်ထွက်လာသည်

မသိမသာနှင့် ဖန်ဆင်းရှင်၏ အရာအားလုံးကို ပြုလုပ်ခြင်း အမှုသည် ငါးရက်တိုင် ဆက်လက်ဖြစ်ပေါ် ခဲ့ပြီး ယင်းနောက်တွင် ချက်ချင်းပင် အရာအားလုံးအပေါ် သူ၏ဖန်ဆင်းခြင်း ခြောက်ရက်မြောက်နေ့ကို ဖန်ဆင်းရှင်က ဆီးကြိုခဲ့သည်။ ယနေ့သည် နောက်ထပ် အသစ်စတင်ခြင်းနှင့် နောက်ထပ် ထူးခြားဆန်းကြယ်သည့် နေ့တစ်နေ့ဖြစ်သည်။ သို့ဆိုလျှင် ဤနေ့သစ်၏ အကြိုတွင် ဖန်ဆင်းရှင်၏ အစီအစဉ်က အဘယ်အရာဖြစ်ခဲ့သနည်း။ မည်သည့်သတ္တဝါအသစ်များကို သူထုတ်လုပ်မည်နည်း၊ ဖန်ဆင်းမည်နည်း။ နားထောင်လော့။ ဤသည်မှာ ဖန်ဆင်းရှင်၏အသံဖြစ်သည် ...

"တဖန်ဘုရားသခင်က၊ မြေသည် အသက်ရှင်သော သတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကိုင်၊ တွားတတ်သော တိရစ္ဆာန်တို့ကိုင်၊ သားရဲမျိုးတို့ကိုင်၊ မွေးဖွားစေဟု အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။ ထိုသို့ ဘုရားသခင်သည် သားရဲမျိုး၊ သားယဉ်မျိုး၊ မြေပေါ်တွင် တွားတတ်သော တိရစ္ဆာန်မျိုး အပေါင်းတို့ကို ဖန်ဆင်း၍၊ ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏။" (ကမ္ဘာဦးကျမ်း ၁:၂၄-၂၅) အဘယ်သက်ရှိသတ္တဝါများ ပါဝင်သနည်း။ ကျမ်းစာက ဤသို့ပြောသည်- သားယဉ်များ၊ တွားတတ်သော တိရစ္ဆာန်များနှင့် သားရဲမျိုးများ။ တစ်နည်းအားဖြင့်ဆိုသော် ဤနေ့တွင် ကမ္ဘာပေါ်၌ သက်ရှိသတ္တဝါမျိုးစုံ ရှိရုံတင်မကဘဲ ၎င်းတို့အားလုံးသည် မိမိတို့အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခြင်းခံခဲ့ရပြီး ထိုနည်းတူစွာပင် ဘုရားသခင်က "ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏။"

ယခင် ငါးရက်ကဲ့သို့ တူညီသည့် အသံနေအသံထားနှင့် ခြောက်ရက်မြောက်နေ့တွင် ဖန်ဆင်းရှင်သည် သူဆန္ဒရှိသည့် သက်ရှိသတ္တဝါတို့ကို မွေးဖွားရန်၊ ကမ္ဘာပေါ်တွင် သူတို့၏အမျိုးအစားအလိုက် ပေါ်ထွက်ရန် အမိန့်ပေးခဲ့သည်။ ဖန်ဆင်းရှင်သည် သူ၏ဩဇာအာဏာကို အသုံးချသည့်အခါတွင် သူ၏မည်သည့်နှုတ်ကပတ်တော်ကိုမျှ အချည်းနှီး မပြောဆိုပေ။ ထို့ကြောင့် ခြောက်ရက်မြောက်နေ့တွင် သူဖန်ဆင်းရန်

ရည်ရွယ်ခဲ့သည့် သက်ရှိသတ္တဝါတိုင်းသည် သတ်မှတ်ထားသည့် အချိန်တွင် ပေါ်ထွက်ခဲ့သည်။ "မြေသည် အသက်ရှင်သော သတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကိုငင်း...မွေးဘွားစေ" ဟူ၍ ဖန်ဆင်းရှင်ပြောလိုက်သည်နှင့် ကမ္ဘာမြေကြီးသည် ချက်ချင်းပင် ရှင်သန်တက်ကြွခြင်းနှင့်ပြည့်သွားခဲ့ပြီး ကုန်းမြေပေါ်တွင် သက်ရှိသတ္တဝါမျိုးစုံ၏ ထွက်သက်ဝင်သက်သည် ရုတ်တရက် ပေါ်ထွက်လာသည်။... မြက်ပေါသော စိမ်းလန်းသည့် မြေရိုင်းတွင် ပြည့်ဖြိုးသည့်နွားများသည် သူတို့၏အမြီးများကို ဟိုဘက်သည်ဘက်လွှဲရင်း တစ်ကောင်ပြီး တစ်ကောင်ပေါ်လာကြကာ အော်ဟစ်နေသည့်သိုးများသည် အုပ်စုဖွဲ့နေကြလျက် ဟီနေသည့် မြင်းများက စတင်ကာ ခုန်ပေါက်ပြေးလွှားခဲ့ကြသည်။ တစ်မုဟုတ်ချင်းတွင် တိတ်ဆိတ်နေသည့် ကျယ်ပြောလှသော မြက်ခင်းပြင်သည် ရှင်သန်တက်ကြွခြင်းနှင့် ပြည့်ထွက်သွားခဲ့သည်။ ဤအမျိုးမျိုးသော ခြံမွေးတိရစ္ဆာန်များ ပေါ်ထွက်လာခြင်းသည် ငြိမ်းချမ်းသည့် မြက်ခင်းပြင်တွင် လှပသည့်မြင်ကွင်းဖြစ်ခဲ့ပြီး အကန့်အသတ်မရှိသည့် ရှင်သန်တက်ကြွမှုကို သယ်ဆောင်လာခဲ့သည်။... ၎င်းတို့သည် မြက်ခင်းပြင်တို့၏ အဖော်များဖြစ်ကြမည်ဖြစ်ပြီး အချင်းချင်း မှီခိုအားထားကြလျက် မြက်ခင်းပြင်တို့၏ အရှင်သခင်များဖြစ်ကြလိမ့်မည်။ အလားတူပင် ၎င်းတို့သည် ၎င်းတို့အမြဲတမ်းကျက်စားရာနေရာ ဖြစ်လာမည့် ဤကုန်းမြေတို့၏ အုပ်ထိန်းသူနှင့် ကြည့်ရှုစောင့်ရှောက်သူတို့ ဖြစ်လာကြလိမ့်မည်ဖြစ်ကာ ထိုကုန်းမြေတို့သည် ၎င်းတို့လိုအပ်သည့် အရာအားလုံးကို ၎င်းတို့အား ထောက်ပံ့ပေးမည်ဖြစ်ပြီး ၎င်းတို့ရှင်သန်ရပ်တည်မှုအတွက် ထာဝရအာဟာရအရင်းအမြစ်တစ်ခု ဖြစ်လာမည်ဖြစ်သည်။

ဤအမျိုးမျိုးသော ခြံမွေးတိရစ္ဆာန်တို့သည် ဖန်ဆင်းရှင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပေါ်လာခဲ့သည့် ထိုနေ့တွင်ပင် များပြားလှသည့် ပိုးမွှားများလည်း တစ်ကောင်ပြီးတစ်ကောင် ပေါ်ထွက်လာခဲ့သည်။ သူတို့သည် သတ္တဝါအားလုံးထဲတွင် အသေးငယ်ဆုံးများဖြစ်ကြသော်လည်း သူတို့၏ အသက်အင်အားသည် ဖန်ဆင်းရှင်၏ ဆန်းကြယ်သည့် ဖန်ဆင်းမှုပင်ဖြစ်ပြီး သူတို့ရောက်လာခြင်းမှာ သိပ်နောက်မကျပေ။...အချို့က သူတို့၏သေးငယ်သည့် တောင်ပံများကို တဖျတ်ဖျတ်ခတ်ပြီး အချို့ကတော့ ဖြည်းဖြည်းချင်း တွားသွားခဲ့ကြသည်။ အချို့က ခုန်ပေါက်နေခဲ့ကြပြီး အချို့က ဒယိမ်းဒယိုင် သွားလာနေခဲ့ကြသည်။ အချို့က ရှေ့ကို လျင်မြန်စွာသွားနေပြီး အခြားသတ္တဝါများက လျင်မြန်စွာ ဆုတ်ခွာနေသည်။ အချို့က ဘေးတိုက်ရွေ့လျားနေကြပြီး အချို့က နိမ့်တစ်ချီ မြင့်တစ်လှည့် ခုန်ဆွနေခဲ့ကြသည်။...အားလုံးသည် မိမိတို့အတွက် နေအိမ်များကို ရှာဖွေရန်ကြိုးစားနေကြရင်း အလုပ်ရှုပ်နေခဲ့ကြသည်- အချို့က မြက်ခင်းဆီကို ရောက်ရန်

လမ်းရှာခဲ့ကြသည်။ အချို့က မြေကြီးထဲတွင် လိုဏ်ခေါင်းများ ဖောက်ခဲ့ကြသည်။ အချို့က သစ်ပင်ပေါ်ကို ပျံတက်ကြပြီး တောအုပ်ထဲတွင် ပုန်းကွယ်နေခဲ့ကြသည်။...အရွယ်အစားသေးငယ်သော်လည်း သူတို့သည် ဗိုက်ဟောင်းလောင်း၏ နှိပ်စက်ခြင်းကိုခံရန် ဆန္ဒမရှိပေ။ သူတို့နေအိမ်များကို ရှာဖွေပြီးသည့်အခါတွင် သူတို့အစာစားရန်အတွက် အစာရှာရန် အလျင်အမြန် ပြုခဲ့ကြသည်။ အချို့က မြက်အညွန့်လေးများကိုစားရန်အတွက် မြက်ပင်ပေါ်ကို တက်ခဲ့ကြသည်။ အချို့က မြေစာများကို ပါးစပ်နှင့် အပြည့်ယူပြီး သူတို့ဗိုက်ထဲ မျိုချကြကာ ကျေနပ်သာယာမှုအပြည့်နှင့် အားပါးတရစားခဲ့ကြသည် (သူတို့အတွက်မူ မြေစာပင်လျှင် အရသာရှိသည့် စားစရာဖြစ်သည်)။ အချို့က တောအုပ်ထဲတွင် ပုန်းကွယ်နေခဲ့ကြသည်။ သို့ရာတွင် အရောင်တောက်ပသည့် အစိမ်းရောင်ရင့်အရွက်ထဲမှ သစ်ပင်ရည်သည် အရည်ရွှမ်းသည့် စားစရာကို ပေးစွမ်းသည့်အတွက် သူတို့သည် အနားမယူကြပေ။... သူတို့သည် ပြည့်အင့်သွားသည့်အခါတွင်ပင် ပိုးမွှားများသည် သူတို့၏ လှုပ်ရှားမှုကို မရပ်ကြသေးပေ။ သူတို့၏အရွယ်အစားသည် သေးငယ်သော်လည်း ကြီးမားသည့်စွမ်းအင်နှင့် အကန့်အသတ်မရှိသည့် တက်ကြွမှုတို့ရှိကြပြီး ထို့ကြောင့်ပင် သတ္တဝါအားလုံးအထဲ၌ သူတို့သည် အတက်ကြွဆုံးနှင့် အလုပ်လုပ်နိုင်ဆုံး ဖြစ်ကြသည်။ သူတို့သည် မည်သည့်အခါမျှ မပျင်းရိပေ။ အနားယူခြင်းတွင် မွေ့လျော်မနေပေ။ သူတို့၏စားချင်စိတ် ပြေသွားသည့်အခါ သူတို့၏မနက်ဖြန်များအတွက်၊ သူတို့၏ရှင်သန်ရပ်တည်မှုအတွက် အလုပ်ရှုပ်ရင်း အပြေးအလွှား ပြုလုပ်ကြရင်း သူတို့သည် သူတို့၏အနာဂတ်အတွက် အလုပ်များကို အားသွန်ခွန်စိုက်လုပ်ခဲ့ကြသည်။ သူတို့သည် သူတို့ကိုယ်သူတို့ အားပေးတိုက်တွန်းရန်အတွက် အမျိုးမျိုးသော သံစဉ်များနှင့် ဂီတများကို ညင်သာစွာ ညည်းဆိုခဲ့ကြသည်။ သူတို့သည် နေ့ရက်တိုင်း၊ နှစ်တိုင်းကို ထူးခြားအောင်ပြုလုပ်ရင်း ပျော်ရွှင်မှုများကို မြက်ပင်များ၊ သစ်ပင်များနှင့် မြေကြီး၏နေရာတိုင်း၌ ထည့်သွင်းကြသည်။ သူတို့၏ ကိုယ်ပိုင်ဘာသာစကား၊ သူတို့၏ ကိုယ်ပိုင်နည်းလမ်းများနှင့် မြေကြီးပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါအားလုံးကို သတင်းဖြန့်ခဲ့ကြသည်။ သူတို့၏ ထူးခြားသည့် ကိုယ်ပိုင်ရှင်သန်နေထိုင်မှုပုံစံကို အသုံးပြုရင်း အရာအားလုံးကို အမှတ်အသားပြုလျက် ထိုအရာများအပေါ် သူတို့၏ အရိပ်အယောင်များကို ချန်ထားခဲ့ကြသည်။ သူတို့သည် မြေကြီး၊ မြက်ပင်၊ တောများနှင့် ရင်းနှီးနီးစပ်ပြီး မြေကြီး၊ မြက်ပင်၊ တောများထံ အားမာန်နှင့် ရှင်သန်တက်ကြွမှုတို့ကို ယူဆောင်လာပေးခဲ့၏။ ဖန်ဆင်းရှင်၏ အားပေးခြင်း နှုတ်ဆက်ခြင်းတို့ကို အရာအားလုံးအပေါ် သယ်ဆောင်လာပေးခဲ့သည် ...

ဖန်ဆင်းရှင်၏အကြည့်သည် သူဖန်ဆင်းခဲ့သည့် အရာအားလုံးအပေါ်တွင် ဖြတ်သန်းပြီးကြည့်ရှုခဲ့သည်။ ထိုအချိန်တွင် သူ၏စိတ်သည် လည်နေရင်း သူ၏မျက်လုံးသည် တောများနှင့် တောင်များအပေါ်တွင် ရပ်သွားခဲ့သည်။ သူ၏နှုတ်ကပတ်တော်တို့ကို မိန့်မြွက်လိုက်သည်နှင့် ထူထပ်သော တောအုပ်များထဲနှင့် တောင်များပေါ်တွင် ယခင်က ဖြစ်ပေါ် ခဲ့သည့်ပုံစံများနှင့် မတူသည့် သတ္တဝါအမျိုးအစားတစ်ခု ပေါ်ထွက်ခဲ့သည်။ သူတို့သည် ဘုရားသခင်၏နှုတ်က မိန့်ကြားခဲ့သည့် တိရစ္ဆာန်ရိုင်းများဖြစ်သည်။ အချိုင်လင့်မှ ရောက်လာသော သူတို့သည် တစ်ကောင်ချင်းစီတိုင်း၌ မတူညီသည့် မျက်နှာနှင့် သူတို့ခေါင်းကို လှုပ်ရင်း အမြီးများကို ခါရမ်းကြလိမ့်မည်။ အချို့က ထူထပ်သည့် အမွေးများရှိသည်။ အချို့က သံချပ်ကာများ ရှိသည်။ အချို့က အစွယ်များရှိသည်။ အချို့က အပြုံးများ ဆင်မြန်းထားကြသည်။ အချို့က လည်ပင်းရှည်ကြသည်။ အချို့က အမြီးတိုကြသည်။ အချို့က စူးရှသည့် မျက်လုံးများရှိကြသည်။ အချို့က ရှက်ရွံ့သည့် အကြည့်များရှိသည်။ အချို့က မြက်ပင်စားရန် ကိုယ်ကို ညွတ်ကြသည်။ အချို့က ပါးစပ်တွင် သွေးများနှင့် ပေကျံနေကြသည်။ အချို့က ခြေနှစ်ချောင်းနှင့် ခုန်ကြသည်။ အချို့က ခွာလေးခုနှင့် လမ်းလျှောက်ကြသည်။ အချို့က သစ်ပင်များ၏ထိပ်မှ အဝေးကို ကြည့်ရှုကြသည်။ အချို့က တောထဲတွင် လဲလျောင်းရင်း စောင့်နေကြသည်။ အချို့က အနားယူရန် ဂူများကို ရှာဖွေနေကြသည်။ အချို့က ကွင်းပြင်များတွင် ရွှင်လန်းစွာ ပြေးလွှားနေကြသည်။ အချို့က တောထဲတွင် ချောင်းမြောင်း သွားလာနေကြသည်။... အချို့က ဟိန်းကြသည်။ အချို့က အူကြသည်။ အချို့က ဟောင်ကြသည်။ အချို့က အော်မြည်ကြသည်။... အချို့က အသံစူးကြသည်။ အချို့က အသံအောကြသည်။ အချို့က အသံကုန်ဟစ်ကြပြီး အချို့တို့၏အသံက ကြည်လင်ကာ သာယာနာပျော်ဖွယ် ဖြစ်ကြသည်။... အချို့က မနှစ်မြို့ဖွယ်ဖြစ်သည်။ အချို့က လှပသည်။ အချို့က ရွံစရာကောင်းသည်။ အချို့က ချစ်စရာကောင်းသည်။ အချို့က ကြောက်စရာကောင်းသည်။ အချို့က ချစ်စရာကောင်းလောက်အောင် နုံအသည်။... တစ်ကောင်ချင်းစီ သူတို့ပေါ်ထွက်ခဲ့ကြသည်။ သူတို့ ကြီးကျယ်မြင့်မြတ်ကြပုံ၊ လွတ်လပ်ကြပုံ၊ အချင်းချင်း အကြောင်းမဲ့သက်သက် စိတ်မဝင်စားကြပုံ၊ အချင်းချင်း ဝေ့ဝဲကြည့်ရင် ဒုက္ခမခံကြပုံတို့ကို ကြည့်လော့။... သူတို့အပေါ် ဖန်ဆင်းရှင် ချပေးသနားခဲ့သည့် သူတို့၏ကိုယ်ပိုင်တောရိုင်းဆန်မှု၊ ကြမ်းတမ်းမှုနှင့် သူတို့၏ဘဝများကို ခံယူရင်း တောင်များအပေါ်နှင့် တောများအတွင်း၌ သူတို့ပေါ်လာခဲ့ကြသည်။ အားလုံးကို မထီမဲ့မြင်ပြုပြီး လုံးဝပိုင်စိုးပိုင်နင်းနိုင်လွန်းသည့် သူများကို တောတောင်များ၏ စစ်မှန်သော အရှင်သခင်များအဖြစ် မည်သူပြုလုပ်ခဲ့သနည်း။ ဖန်ဆင်းရှင်က သူတို့ကို ပေါ်ထွက်စေပြီးသည့်

အခိုက်အတန့်မှစ၍ သူတို့သည် တောအုပ်များနှင့် တောင်များကို "သူတို့နေရာအဖြစ် သတ်မှတ်ကြသည်"၊ အကြောင်းမှာ ဖန်ဆင်းရှင်သည် သူတို့၏နယ်နိမိတ်များကို သတ်မှတ်ခဲ့ပြီး သူတို့၏ဖြစ်တည်မှုအတွက် နယ်ပယ်များကို ခွဲခြားဆုံးဖြတ်ခဲ့ပြီးဖြစ်သည့်အတွက်ဖြစ်သည်။ သူတို့သာလျှင် တောတောင်များ၏ အရှင်သခင်အစစ်အမှန်ဖြစ်သောကြောင့် သူတို့သည် အင်မတန်ရိုင်းစိုင်းကြကာ မထီမဲ့မြင်ပြုကြခြင်းဖြစ်သည်။ သူတို့ကို "တောရိုင်းတိရစ္ဆာန်များ" ဟုသာ ခေါ်ကြသည်၊ အဘယ်ကြောင့်ဆိုသော် သတ္တဝါအားလုံးထဲတွင် သူတို့သည် ဧကန်အမှန် ရိုင်းသည့်၊ ကြမ်းတမ်းသည့်၊ ယဉ်ပါးအောင်ပြုလုပ်၍မရသည့် သတ္တဝါများဖြစ်သောကြောင့်ဖြစ်သည်။ သူတို့ကို ယဉ်ပါးအောင်လုပ်၍မရပေ။ ထို့ကြောင့် သူတို့ကို မွေးမြူ၍မရပေ။ လူသားတို့နှင့်အတူ သူတို့မနေထိုင်နိုင်သကဲ့သို့ လူသားတို့၏ကိုယ်စား သူတို့အလုပ်မလုပ်ပေးနိုင်ပေ။ သူတို့ကို မွေးမြူ၍မရသောကြောင့်၊ လူသားတို့အတွက် သူတို့အလုပ်မလုပ်နိုင်ခြင်းကြောင့် သူတို့သည် လူသားနှင့်ဝေးရာတွင်နေရပြီး သူတို့ကို လူသားတို့ချဉ်းကပ်၍ မရနိုင်ချေ။ အပြန်အလှန်အားဖြင့် သူတို့သည် လူသားတို့နှင့်ဝေးရာတွင်နေပြီး လူသားတို့ချဉ်းကပ်၍ မရသောကြောင့် သူတို့သည် တောတောင်များကို ကာကွယ်စောင့်ရှောက်ခြင်းဟူသည့် ဖန်ဆင်းရှင်က သူတို့အပေါ်ကို ချပေးသနားခဲ့သည့် တာဝန်ကို ဖြည့်ဆည်းနိုင်ခြင်း ဖြစ်သည်။ သူတို့၏ ရိုင်းစိုင်းခြင်းသည် တောင်များကို ကာကွယ်ပေးပြီး တောအုပ်များကို စောင့်ကြပ်ပေးခဲ့ကာ သူတို့၏ဖြစ်တည်မှုနှင့် ပွားများမှုအတွက် အကောင်းဆုံးသော ကာကွယ်မှုနှင့် အာမခံချက်ဖြစ်ခဲ့သည်။ တစ်ချိန်တည်းတွင် သူတို့၏ ရိုင်းစိုင်းခြင်းသည် အရာအားလုံးအထဲတွင် ညီညွတ်မျှတမှုကို ထိန်းသိမ်းပြီး ခိုင်မာစေသည်။ သူတို့ရောက်ရှိလာခြင်းသည် တောတောင်များထံ အထောက်အပံ့နှင့် ခိုင်မာစွာ ရပ်တည်နိုင်မှုကို ယူလာပေးသည်။ သူတို့ရောက်ရှိလာခြင်းသည် ငြိမ်သက်ပြီး ဘာမျှမရှိသည့် တောတောင်များထံ အကန့်အသတ်မရှိသည့် အားမာန်နှင့် ရှင်သန်တက်ကြွမှုကို ထိုးသွင်းပေးသည်။ ဤအချိန်မှစပြီး တောတောင်များသည် သူတို့၏အမြဲတမ်းစားကျက် ဖြစ်လာခဲ့ပြီး တောတောင်များသည် သူတို့အတွက် ပေါ်ပေါက်တည်ရှိလာခြင်းဖြစ်သဖြင့် သူတို့သည် သူတို့၏အိမ်ကို မည်သည့်အခါမျှ ဆုံးရှုံးခံမည်မဟုတ်ပေ။ တောရိုင်းတိရစ္ဆာန်များသည် သူတို့၏တာဝန်များကို ထမ်းဆောင်ပြီး တောတောင်များကို စောင့်ရှောက်ကာကွယ်ရန် သူတို့တတ်နိုင်သမျှ လုပ်ဆောင်ကြမည်ဖြစ်သည်။ ထို့ကြောင့် တောရိုင်းတိရစ္ဆာန်များသည် သူတို့၏ပိုင်နက်နေရာကို စွဲကိုင်ထားရန်ဟူသည့် ဖန်ဆင်းရှင်၏ တိုက်တွန်းချက်များကို တင်းကြပ်စွာ လိုက်နာရင်းဖြင့် ဖန်ဆင်းရှင် တည်ထောင်ခဲ့သည့် အရာအားလုံး၏

ညီညွတ်မျှတမှုကို ထိန်းသိမ်းရန်အတွက် သူတို့၏ ကြမ်းတမ်းသည့်သဘာဝကို ဆက်လက်အသုံးပြုကာ ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့် တန်ခိုးကို ထင်ရှားပြသကြသည်။

## ဖန်ဆင်းရှင်၏ဩဇာအာဏာအောက်တွင် အရာအားလုံးသည် စုံလင်၏

ဘုရားသခင်ဖန်ဆင်းခဲ့သည့် အရာအားလုံးဖြစ်သော ပန်းပွင့်များ၊ သစ်ပင်များ၊ ငါးများ၊ ငှက်များကဲ့သို့ လှုပ်ရှားနိုင်သည့် သတ္တဝါများနှင့် မလှုပ်ရှားနိုင်သည့် သတ္တဝါများ အပါအဝင်၊ ခြောက်ရက်မြောက်နေ့တွင် ပြုလုပ်ခဲ့သည့် တောရိုင်းတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ခြံမွေးတိရစ္ဆာန်များစသည့် ဤအရာများ အားလုံးသည် ဘုရားသခင်၏အမြင်တွင် ကောင်းမွန်ကြ၏၊ ထို့အပြင် ဘုရားသခင်၏အမြင်တွင် ဤအရာများသည် သူ၏အစီအစဉ်နှင့်အညီ အမြင့်ဆုံးစုံလင်မှုကို ရရှိခဲ့ပြီး ဘုရားသခင် ပြီးမြောက်လိုသည့် စံသတ်မှတ်ချက်များကို ရောက်ရှိခဲ့သည်။ ဖန်ဆင်းရှင်သည် တစ်ဆင့်ပြီးတစ်ဆင့် သူရည်မှန်းထားသည့် အလုပ်များကို သူ၏အစီအစဉ်နှင့်အညီ လုပ်ခဲ့သည်။ သူဖန်ဆင်းရန်ရည်မှန်းခဲ့သည့် အရာများသည် တစ်ခုပြီးတစ်ခု ပေါ်ထွက်လာပြီး တစ်ခုချင်းစီ၏ ပေါ်ထွက်မှုသည် ဖန်ဆင်းရှင်၏ ဩဇာအာဏာဆိုင်ရာ ထင်ဟပ်မှုဖြစ်ကာ သူ၏ဩဇာအာဏာ ပုံပေါ်လာခြင်းဖြစ်သည်။ ဤပုံပေါ်လာမှုများကြောင့် သတ္တဝါအားလုံးသည် ဖန်ဆင်းရှင်၏ ကျေးဇူးတော်ကို၊ ဖန်ဆင်းရှင်၏ ပံ့ပိုးမှုကို ကျေးဇူးမတင်ဘဲ မနေနိုင်ကြတော့ပေ။ ဘုရားသခင်၏ ဆန်းကြယ်သည့် လုပ်ဆောင်မှုများသည် ထင်ရှားခဲ့သည့်အတွက် ဤကမ္ဘာသည် ဘုရားသခင်ဖန်ဆင်းခဲ့သည့် အရာအားလုံးနှင့် တစ်စပြီးတစ်စ ပြည့်ဖောင်းလာခဲ့ပြီး ကမ္ဘာသည် ပရမ်းပတာဖြစ်ခြင်း၊ အမှောင်ထုဖြစ်ခြင်းမှ ကြည်လင်ခြင်းနှင့် တောက်ပခြင်းဆီသို့၊ သုဿန်တစပြင်ပမာ တိတ်ဆိတ်ငြိမ်သက်နေရာမှ ရှင်သန်လာခြင်းနှင့် အကန့်အသတ်မရှိသည့် ရှင်သန်တက်ကြွမှုဆီသို့ ကူးပြောင်းလာခဲ့သည်။ ဖန်ဆင်းထားသည့် အရာအားလုံးအထဲတွင်၊ အကြီးမှ အသေး၊ အသေးမှ သေးငယ်မှုန်မွှားသည့် အရာအထိ ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့် တန်ခိုးအားဖြင့် ဖန်ဆင်းခြင်းမခံထားရသည့်အရာ တစ်ခုမျှမရှိဘဲ သတ္တဝါတိုင်း၏ ဖြစ်တည်မှုတွင် ထူးခြားသည့်၊ ပင်ကိုလိုအပ်ချက်နှင့် တန်ဖိုးရှိသည်။ သူတို့၏ပုံသဏ္ဌာန်နှင့် တည်ဆောက်ပုံတို့ ကွဲပြားနေစေကာမူ သူတို့သည် ဖန်ဆင်းရှင်၏ ဩဇာအာဏာအောက်တွင် ဖြစ်တည်ရန်အတွက် ဖန်ဆင်းရှင်၏ ပြုလုပ်ခြင်းကို ခံရသည်။ တစ်ခါတစ်ရံတွင် လူများက အလွန်ရုပ်ဆိုးသည့် ပိုးမွှားတစ်ကောင်ကိုတွေ့ပြီး ဤသို့ပြောကြသည်၊ "ဤပိုးမွှားက တော်တော်ဆိုးသည်။ ဤကဲ့သို့သော ကြည့်ရဆိုးသည့် ပိုးမွှားကို ဘုရားပြုလုပ်ထားခြင်း မဖြစ်နိုင်ပေ။ အလွန်ကြည့်ရဆိုးသည့် အရာတစ်ခုကို သူဖန်ဆင်းသည်ဆိုခြင်းမှာ မဖြစ်နိုင်ပေ။"

မည်မျှ မိုက်မဲသည့် အမြင်ပေနည်း။ သူတို့ပြောသင့်သည်မှာ "ဤပိုးမွှားက အလွန်ကြည့်ရဆိုးသော်လည်း ၎င်းကို ဘုရားပြုလုပ်ထားခြင်း ဖြစ်၏။ ဤသို့ဆိုလျှင် သူ့တွင် သူ၏ကိုယ်ပိုင် ထူးခြားသည့်ရည်ရွယ်ချက်ရှိပေမည်။" ဘုရားသခင်၏ အတွေးများတွင် သူသည် သူဖန်ဆင်းခဲ့သည့် သက်ရှိအမျိုးမျိုးတို့ကို အသုံးဝင်မှုနှင့် အသုံးပြုမှုပုံစံအမျိုးမျိုးတို့နှင့် ပေါ်ထွက်လာစေရန် ရည်ရွယ်ထားခဲ့သည်။ ထို့ကြောင့် ဘုရားသခင်ပြုလုပ်ထားသည့် မည်သည့်အရာကမျှ ပုံစံတူနေခြင်း မရှိပေ။ သူတို့၏အပြင်ပန်းမှ အတွင်းဖွဲ့စည်းပုံအထိ၊ သူတို့၏ ရှင်သန်နေထိုင်မှု အကျင့်ပုံစံမှ သူတို့ပိုင်ဆိုင်သည့် တည်နေရာအထိ၊ တစ်ခုချင်းစီက ကွဲပြားသည်။ နွားများသည် နွားပုံစံရှိကြသည်။ မြည်းများသည် မြည်းပုံစံရှိသည်။ သမင်များက သမင်ပုံစံရှိပြီး ဆင်များက ဆင်၏ပုံစံရှိသည်။ မည်သည့်အရာက ကြည့်အကောင်းဆုံးဖြစ်ပြီး မည်သည့်အရာက ကြည့်ရအဆိုးဆုံးဖြစ်သည်ကို သင်ပြောနိုင်သလော။ မည်သည့်အရာက အသုံးဝင်ဆုံးနှင့် မည်သည့်ဖြစ်တည်မှုက မလိုအပ်ဆုံးဆိုသည်ကို သင်ပြောနိုင်သလော။ အချို့လူများက ဆင်၏ပုံသဏ္ဌာန်ကို ကြိုက်ကြသည်။ သို့ရာတွင် ကွင်းပြင်များ၌ အပင်စိုက်ရန်အတွက် မည်သူကမျှ ဆင်များကို အသုံးမပြုကြပေ။ အချို့လူများက ခြင်္သေ့၏ပုံစံ၊ ကျား၏ပုံသဏ္ဌာန်ကို ကြိုက်ကြသည်။ သူတို့၏ပုံသဏ္ဌာန်က အရာအားလုံးအထဲတွင် အထင်ကြီးချင်စရာအကောင်းဆုံး ဖြစ်သောကြောင့်ဖြစ်၏။ သို့ရာတွင် သူတို့ကို အိမ်မွေးတိရစ္ဆာန်အဖြစ် သင်ထိန်းသိမ်းထားနိုင်သလော။ အချုပ်ပြောရလျှင် ဖန်ဆင်းခြင်း၏ မြောက်မြားလှစွာသော အရာတို့နှင့်ပတ်သက်လာပါက လူသားသည် ဖန်ဆင်းရှင်၏ ဩဇာအာဏာကို နာခံသင့်သည်၊ တစ်နည်းအားဖြင့် ဖန်ဆင်းရှင်က အရာအားလုံးကိုသတ်မှတ်ခဲ့သည့် အစီအစဉ်ကို နာခံသင့်သည်။ ဤသည်သာလျှင် အမြော်အမြင်အရှိဆုံးသော သဘောထားဖြစ်၏။ ဖန်ဆင်းရှင်၏ မူလရည်ရွယ်ချက်ကို ရှာဖွေလိုခြင်းသဘောနှင့် ထိုရည်ရွယ်ချက်ကို နာခံခြင်းကသာ ဖန်ဆင်းရှင်၏ ဩဇာအာဏာကို စစ်မှန်စွာလက်ခံခြင်းနှင့် စိတ်ချသေချာခြင်းတို့ ဖြစ်သည်။ ယင်းမှာ ဘုရားသခင်အမြင်တွင် ကောင်းမွန်သည်၊ ဤသို့ဆိုလျှင် အမှားကို ရှာဖွေရန် လူတွင် အဘယ်အကြောင်းပြချက် ရှိပါမည်နည်း။

ထို့ကြောင့် ဖန်ဆင်းရှင်၏ ဩဇာအာဏာအောက်တွင်ရှိသော အရာအားလုံးသည် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာအတွက် သံစုံသီချင်းများ သီဆိုကြရမည်။ နေ့သစ်တွင် သူ၏လုပ်ဆောင်မှုအတွက် အလွန်ကောင်းမွန်သည့် နိဒါန်းသီချင်းများကို စတင်ကြရမည်။ ဤအချိန်တွင် ဖန်ဆင်းရှင်သည်လည်း သူ၏စီမံခန့်ခွဲမှု အမှုတော်အတွက် စာမျက်နှာအသစ်တစ်ခုကို ဖွင့်လှစ်မည်။ ဘုရားသခင် သတ်မှတ်ပေးထားသည့် နွေဦးရာသီ၏

လတ်ဆတ်သော အညွှန့်အဖူးပေါက်ခြင်း၊ နွေရာသီ၏ ရင့်မှည့်ခြင်း၊ ဆောင်းဦးရာသီ၏ ရိတ်သိမ်းခြင်း၊ ဆောင်းရာသီ၏ သိုလှောင်ခြင်းဆိုင်ရာ နိယာမသဘောတရားအရ အရာအားလုံးသည် ဖန်ဆင်းရှင်၏ စီမံခန့်ခွဲမှု အစီအစဉ်နှင့် လိုက်ဖက်ညီလျက်ရှိပြီး သူတို့၏ ကိုယ်ပိုင်နေ့သစ်၊ အသစ်စတင်ခြင်းနှင့် ဘဝသစ်ပုံစံတို့ကို ကြိုဆိုကြမည်။ ဖန်းဆင်းရှင်၏ သြဇာအာဏာဆိုင်ရာ အချုပ်အခြာအာဏာအောက်တွင် နေ့ရက်တိုင်းကို ကြိုဆိုကြရန် သူတို့သည် အသက်ရှင်သွားကြမည်ဖြစ်ပြီး အဆုံးမရှိသည့် ဆက်တိုက်ဖြစ်ပေါ်မှုနှင့် မျိုးပွားကြလိမ့်မည် ...

## ဘုရားသခင်၏ ဝိသေသလက္ခဏာကို မည်သည့်ဖန်ဆင်းခံ၊ ဖန်ဆင်းခြင်းမခံရသည့် အရာမျှ အစားမထိုးနိုင်ပေ

အရာခပ်သိမ်းအား ဖန်ဆင်းခြင်းကို စတင်သည့်အချိန်မှစပြီး ဘုရားသခင်၏ တန်ခိုးသည် စတင်ဖော်ပြကာ စတင်ထုတ်ဖော်လာသည်။ အကြောင်းမှာ ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းရန် နှုတ်ကပတ်တော်တို့ကို အသုံးပြုခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။ သူတို့ကို မည်သို့နည်းလမ်းနှင့် ဖန်ဆင်းခဲ့သည်ဖြစ်စေ၊ အဘယ်ကြောင့်ဖန်ဆင်းခဲ့သည်ဖြစ်စေ၊ အရာအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် ဖြစ်ပေါ်လာပြီး ခိုင်မာစွာ ရပ်တည်လျက် တည်ရှိလာခဲ့ကြသည်။ ဤသည်မှာ ဖန်ဆင်းရှင်၏ အတုမရှိသည့် သြဇာအာဏာပင်ဖြစ်သည်။ ကမ္ဘာကြီးတွင် လူသားမျိုးနွယ် မပေါ်ပေါက်လာခင် အချိန်က ဖန်ဆင်းရှင်သည် လူသားမျိုးနွယ်အတွက် အရာအားလုံးကို ဖန်ဆင်းရန် သူ၏တန်ခိုးနှင့် သြဇာအာဏာကို အသုံးပြုခဲ့ပြီး လူသားတို့အတွက် သင့်တော်သည့် သက်ရှိပတ်ဝန်းကျင်တစ်ခုကို ပြင်ဆင်ရန် သူ၏ထူးခြားသည့် နည်းလမ်းများကို အသုံးချခဲ့သည်။ သူလုပ်ခဲ့သည့် အရာအားလုံးမှာ မကြာခင်တွင် သူ၏ဇီဝအသက်ကို ရရှိတော့မည့် လူသားမျိုးနွယ်အတွက် ပြင်ဆင်ခြင်းသာဖြစ်သည်။ တစ်နည်းအားဖြင့် လူသားမျိုးနွယ်ကို မဖန်ဆင်းမီအချိန်က ဘုရားသခင်၏ သြဇာအာဏာသည် လူသားမျိုးနွယ်နှင့် ကွဲပြားသည့် သတ္တဝါတို့တွင်၊ မိုးကောင်းကင်၊ အလင်းအိမ်များ၊ ပင်လယ်များနှင့် ကုန်းမြေများကဲ့သို့ ကြီးမြတ်သည့်အရာတို့တွင်၊ တိရစ္ဆာန်များနှင့် ငှက်ကလေးများကဲ့သို့ သေးငယ်သည့်အရာများတွင်၊ ပိုးမွှားများနှင့် အဏုဇီဝရုပ်အမျိုးမျိုးတို့တွင်၊ သာမန်မျက်စိနှင့်မမြင်နိုင်သည့် ဗက်တီးရီးယားအမျိုးမျိုးတို့တွင် ထင်ရှားပြသသည်။ တစ်ကောင်ချင်းစီတိုင်းသည် ဖန်ဆင်းရှင်၏ နှုတ်ကပတ်တော်များအားဖြင့် အသက်ကိုပေးအပ်ခြင်းခံရပြီး ဖန်ဆင်းရှင်၏ နှုတ်ကပတ်တော်များကြောင့်

တစ်ဟုန်ထိုးပွားများလာခဲ့ကြကာ တစ်ကောင်ချင်းစီသည် ဖန်ဆင်းရှင်၏ နှုတ်ကပတ်တော်များကြောင့် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာအောက်တွင် ရှင်သန်နေထိုင်ခဲ့ကြသည်။ သူတို့သည် ဖန်ဆင်းရှင်၏ ဇီဝအသက်ကို မရရှိခဲ့သော်လည်း ဖန်ဆင်းရှင်က သူတို့ကို ချပေးသနားခဲ့သည့် အသက်နှင့် ရှင်သန်တက်ကြွမှုတို့ကို သူတို့၏မတူညီသည့်ပုံစံများနှင့် တည်ဆောက်ပုံများမှတစ်ဆင့် ထင်ရှားပြသခဲ့ကြသည်။ ဖန်ဆင်းရှင်က လူသားတို့ကို ပေးသည့် စကားပြောဆိုနိုင်စွမ်းကို သူတို့မရရှိသော်လည်း သူတို့အသီးသီးသည် ဖန်ဆင်းရှင်က သူတို့ကို ချပေးသနားခဲ့ပြီး လူသား၏ ဘာသာစကားနှင့် ကွဲပြားသည့် သူတို့ဘဝကို ထုတ်ဖော်ပြသခြင်း နည်းလမ်းတို့ကို ရရှိခဲ့သည်။ ဖန်ဆင်းရှင်၏ သြဇာအာဏာသည် အမြင်အားဖြင့် လှုပ်ရှားမှုမရှိသည့် ရုပ်ဝတ္ထုပစ္စည်းများကို မည်သည့်အခါမျှ ပျောက်ကွယ်မသွားအောင် အသက်၏ ရှင်သန်တက်ကြွခြင်းကို ပေးခဲ့ရုံသာမက သူတို့ မည်သည့်အခါမျှ မပျောက်ကွယ်သွားအောင်၊ ထို့ပြင် ဖန်ဆင်းရှင်က ပေးအပ်ခဲ့သည့် ရှင်သန်ရပ်တည်ရေး အခြေခံမှုများနှင့် နိယာမတရားများကို မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းပေးနိုင်အောင် သက်ရှိတိုင်းကို မျိုးပွားရန်နှင့် ပွားများရန် အသိစိတ်ကို ပေးအပ်ခဲ့သည်။ ဖန်ဆင်းရှင်က သူ၏သြဇာအာဏာကို အသုံးပြုသည့်ပုံစံက အနုစိတ်၊ သို့မဟုတ် အသေးစိတ် ရှုထောင့်များအပေါ်တွင်သာ တင်းတင်းကျပ်ကျပ်နှင့် စွဲကပ်မထားပေ။ မည်သည့်ပုံစံအပေါ်ကိုမျှ ကန့်သတ်ထားခြင်းမရှိပေ။ သူသည် စကြဝဠာလုပ်ဆောင်မှုများအပေါ်တွင် အုပ်ချုပ်အမိန့်ပေးနိုင်ပြီး အရာအားလုံး၏ သေခြင်းနှင့် ရှင်ခြင်းအပေါ်တွင် အချုပ်အခြာအာဏာကို စွဲကိုင်ထားသည်၊ ထို့အပြင် သူ့ကို အစေခံစေရန် အရာအားလုံးကို သူထိန်းသိမ်းနိုင်သည်။ သူသည် တောင်များ၊ မြစ်များနှင့် အင်းအိုင်များ၏ အလုပ်လုပ်ပုံအားလုံးကို စီမံခန့်ခွဲနိုင်ပြီး သူတို့အထဲတွင်ရှိသည့် အရာအားလုံးကို အုပ်ချုပ်နိုင်သည့်အပြင် အရာအားလုံး၏ လိုအပ်ချက်ကိုလည်း ထောက်ပံ့နိုင်သည်။ ဤသည်မှာ လူသားမျိုးနွယ်အပြင် အခြားအရာအားလုံးအတွင်းတွင် ဖန်ဆင်းရှင်၏ အတုမရှိသည့် သြဇာအာဏာ ထင်ရှားပေါ်လွင်ခြင်းဖြစ်သည်။ ဤကဲ့သို့သောထင်ရှားပေါ်လွင်ခြင်းသည် တစ်သက်တာအချိန်အတွက်တင် မဟုတ်ဘဲ မည်သည့်အခါမျှ ရပ်တန့်မသွားသကဲ့သို့ ပြီးဆုံးမသွားပေ။ ၎င်းကို မည်သည့်အရာ၊ သို့မဟုတ် မည်သူကမျှ ပြောင်းလဲ၍သော်လည်းကောင်း၊ ထိခိုက်၍သော်လည်းကောင်း မရသကဲ့သို့ မည်သည့်အရာ၊ သို့မဟုတ် မည်သူကမျှ ဖြည့်စွက်၍သော်လည်းကောင်း၊ လျှော့ချ၍သော်လည်းကောင်း မရပေ။ အကြောင်းမှာ ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာကို မည်သည့်အရာကမျှ အစားထိုး၍မရခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းရှင်၏

ဩဇာအာဏာကို မည်သည့်ဖန်ဆင်းခံကမျှ အစားထိုး၍ မရနိုင်ပေ။ ဖန်ဆင်းခံမဟုတ်သည့် မည်သည့်အရာကမျှ ရယူနိုင်သည့်အရာ မဟုတ်ပေ။ ဘုရားသခင်၏ သတင်းစကားပို့ဆောင်သူများနှင့် ကောင်းကင်တမန်တို့ကို ဥပမာအနေနှင့် ကြည့်လော့။ သူတို့သည် ဘုရားသခင်၏ ဩဇာအာဏာကို ပိုင်ဆိုင်ရန်ဝေးစွ၊ ဘုရားသခင်၏ တန်ခိုးကိုပင် မပိုင်ဆိုင်ပေ။ ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုးကို သူတို့မပိုင်ဆိုင်ရသည့် အကြောင်းရင်းမှာ သူတို့သည် ဖန်ဆင်းရှင်၏ အနှစ်သာရကို မပိုင်ဆိုင်ထားသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ သတင်းစကားပို့ဆောင်သူများနှင့် ကောင်းကင်တမန်တို့ကဲ့သို့ ဖန်ဆင်းခံမဟုတ်သည့်သူများသည် ဘုရားသခင်၏ကိုယ်စား အချို့အရာများကို လုပ်နိုင်သော်လည်း ဘုရားသခင်ကို ကိုယ်စားမပြုနိုင်ပေ။ သူတို့သည် လူသားများမပိုင်ဆိုင်သည့် တန်ခိုးအချို့ကို ပိုင်ဆိုင်သော်လည်း ဘုရားသခင်၏ ဩဇာအာဏာကို မပိုင်ဆိုင်ပေ။ အရာအားလုံးကိုဖန်ဆင်းရန်၊ အရာအားလုံးကို အမိန့်ပေးရန်၊ အရာအားလုံးအပေါ်တွင် အချုပ်အခြာအာဏာ ကိုင်စွဲရန် ဘုရားသခင်၏ ဩဇာအာဏာကို သူတို့မပိုင်ဆိုင်ကြပေ။ ထို့ကြောင့် ဘုရားသခင်၏ အတုမရှိခြင်းကို မည်သည့်ဖန်ဆင်းခြင်း မခံရသည့်သူကမျှ အစားထိုး၍ မရနိုင်ပေ။ အလားတူပင် ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုးကိုလည်း မည်သည့်ဖန်ဆင်းခြင်းမခံရသည့်သူကမျှ အစားထိုး၍မရနိုင်ပေ။ သမ္မာကျမ်းစာထဲတွင် အရာအားလုံးကို ဖန်ဆင်းခဲ့သည့် ဘုရားသခင်၏ သတင်းစကားပို့ဆောင်သူအကြောင်းကို သင်ဖတ်ဖူးသလော။ ဘုရားသခင်က သူ၏သတင်းစကားပို့ဆောင်သူများ၊ သို့မဟုတ် ကောင်းကင်တမန်များကို အဘယ်ကြောင့် အရာအားလုံးကို ဖန်ဆင်းရန် မစေလွှတ်ခြင်းဖြစ်သနည်း။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်၏ ဩဇာအာဏာကို မပိုင်ဆိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ဩဇာအာဏာကို အသုံးချရန်အစွမ်း သူတို့တွင် မရှိကြပေ။ အခြားသတ္တဝါများ အားလုံးကဲ့သို့ပင်၊ သူတို့အားလုံးသည် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာအောက်၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာအောက်တွင်ရှိပြီး အလားတူပင် ဖန်ဆင်းရှင်က သူတို့၏ဘုရားသခင်နှင့် သူတို့၏ အချုပ်အခြာအာဏာရှင်လည်းဖြစ်သည်။ သူတို့တစ်ယောက်ချင်းစီတိုင်းတွင် သူတို့သည် မြင့်မြတ်သည်ဖြစ်စေ၊ နိမ့်ကျသည်ဖြစ်စေ၊ တန်ခိုးကြီးသည်ဖြစ်စေ၊ တန်ခိုးသေးသည်ဖြစ်စေ၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာကို ကျော်လွန်နိုင်သည့်သူ တစ်ယောက်မျှမရှိပေ။ ထို့ကြောင့် သူတို့ထဲတွင် ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာကို အစားထိုးနိုင်သည့်သူ တစ်ယောက်မျှမရှိပေ။ သူတို့သည် ဘုရားသခင်ဟု မည်သည့်အခါမျှ အခေါ် ခံရမည်မဟုတ်၊ မည်သည့်အခါမျှ ဖန်ဆင်းရှင်

ဖြစ်လာနိုင်မည်မဟုတ်ပေ။ ဤသည်မှာ ပြောင်းလဲ၍မရသည့် သမ္မာတရားများနှင့် အမှန်တရားများ ဖြစ်သည်။

အထက်က မိတ်သဟာယပြုလုပ်မှုမှတစ်ဆင့် အတုမရှိသည့် ဩဇာအာဏာနှင့် အတုမရှိသည့် တန်ခိုးကိုပိုင်ဆိုင်သည့်၊ အရာအားလုံး၏ ဖန်ဆင်းရှင်နှင့် အုပ်စိုးရှင်သာလျှင် အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင်ဟု အခေါ် ခံနိုင်သည်ဟူသည့်အချက်ကို အခိုင်အမာပြောဆိုနိုင်သလော။ ဤနေရာတွင် ဤကဲ့သို့သော မေးခွန်းက အလွန်မြင့်လွန်းသည်ဟု သင်တို့ထင်ကောင်း ထင်နိုင်သည်။ ယခုအချိန်တွင် ဤအရာကို နားလည်ရန် သင်တို့မတတ်နိုင်ပေ။ ထို့ပြင် ထိုအတွင်းတွင်ရှိသည့် အနှစ်သာရကို သင်တို့ မသိရှိနိုင်ပေ။ ထို့ကြောင့် လောလောဆယ်တွင် ဖြေရန်ခက်သည်ဟု သင်တို့ ခံစားရလိမ့်မည်။ ဤသို့ဆိုလျှင် မိတ်သဟာယပြုလုပ်မှုကို ငါဆက်သွားမည်။ နောက်တစ်ခုတွင် ဘုရားသခင်တစ်ဆူတည်း ပိုင်ဆိုင်သည့် ဩဇာအာဏာနှင့် တန်ခိုးဆိုင်ရာ များစွာသော ရှုထောင့်များ၏ အမှန်တကယ်လုပ်ဆောင်မှုတို့ကို သင်တို့အား ရှုမြင်ခွင့်ပြုမည်။ ထိုသို့အားဖြင့် ဘုရားသခင်၏ အတုမရှိခြင်းကို အမှန်တကယ်နားလည်ရန်၊ တန်ဖိုးထားရန်နှင့် သိရန်အပြင် ဘုရားသခင်၏ အတုမရှိသည့် ဩဇာအာဏာဆိုသည်မှာ အဘယ်အရာအား ဆိုလိုကြောင်းကို သိရှိရန် သင်တို့ကို ငါအခွင့်ပေးမည်ဖြစ်သည်။

## ၂။ ဘုရားသခင်က လူသားနှင့် ပဋိညာဉ်တစ်ခု တည်ဆောက်ရန်အတွက် သူ၏နှုတ်ကပတ်တော်တို့ကို အသုံးပြုသည်

ကမ္ဘာဦးကျမ်း ၉:၁၁-၁၃ သင်တို့နှင့် ငါပြုသောပဋိညာဉ်ဟူမူကား၊ ရေလွှမ်းမိုးခြင်းအားဖြင့်၊ ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တဖန် မဆုံးရကြ။ မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန် ရေလွှမ်းမိုးခြင်း မရှိရ။ ထိုမှတပါး ငါတဘက်၊ သင်တို့နှင့် သင်တို့ထံတွင် အသက်ရှင်သမျှသော တိရစ္ဆာန်တို့ တဘက်၌ သားမြေး အစဉ်အဆက်မပြတ်၊ ငါပြုသော ပဋိညာဉ်၏ လက္ခဏာ သက်သေဟူမူကား၊ ငါ၏ သက်တံကို မိုဃ်းတိမ်၌ ငါထား၏။ ထိုသက်တံသည် မြေကြီးနှင့် ငါပြုသော ပဋိညာဉ်၏ သက်သေဖြစ်လိမ့်မည်။

### ဖန်ဆင်းရှင်သည် အရာအားလုံးကို ပြုလုပ်ပြီးသည့်အခါတွင် သူ၏ဩဇာအာဏာသည် အတည်ပြုပြီးဖြစ်ပြီး သက်တံ ပဋိညာဉ်တွင် နောက်တစ်ကြိမ် ထင်ရှားသည်

ဖန်ဆင်းရှင်၏ ဩဇာအာဏာသည် အမြဲတမ်းထင်ရှားပြီး ဖန်ဆင်းခံတို့ထံတွင် အသုံးချသည်၊ သူသည် အရာအားလုံး၏ ကံကြမ္မာကို အုပ်စိုးရုံသာမကဘဲ သူ့လက်နှင့် သူဖန်ဆင်းခဲ့သည့်

အထူးဖန်ဆင်းခံများဖြစ်သော မတူညီသည့် ဘ၀တည်ဆောက်ပုံကို ပိုင်ဆိုင်ပြီး မတူညီသည့် ကိုယ်ခန္ဓာသဏ္ဌာန်နှင့် တည်ရှိသည့် လူသားတို့ကိုလည်း အုပ်စိုးသည်။ အရာအားလုံးကို ပြုလုပ်ပြီးသည့်အခါတွင် ဖန်ဆင်းရှင်သည် သူ၏ဩဇာအာဏာနှင့် တန်ခိုးတို့အား ဖော်ပြခြင်းကို ရပ်တန့်မသွားပေ။ သူ့အတွက်မူ အရာအားလုံးနှင့် လူသားမျိုးနွယ်တစ်ခုလုံး၏ ကံကြမ္မာအား အချုပ်အခြာ အာဏာပိုင်သခြင်းကို ကိုင်ဆောင်ထားသည့် ဩဇာအာဏာသည် သူ့လက်မှ လူသားမျိုးနွယ် အမှန်တကယ် ပေါက်ဖွားလာသည့်အချိန်တွင်သာ အမှန်တကယ် အစပြုလာသည်။ သူသည် လူသားမျိုးနွယ်ကို စီမံပြီး လူသားမျိုးနွယ်ကို အုပ်စိုးရန် ရည်ရွယ်ခဲ့သည်။ လူသားမျိုးနွယ်ကို ကယ်တင်ရန်နှင့် လူသားမျိုးနွယ်ကို အမှန်တကယ် ရရှိရန် သူရည်ရွယ်ခဲ့သည်။ အရာအားလုံးကို အုပ်ချုပ်နိုင်သည့် လူသားမျိုးနွယ်တစ်ရပ်ကို ရရှိရန် သူရည်ရွယ်ခဲ့ပြီး သူ၏ဩဇာအာဏာအောက်တွင် အသက်ရှင်နေထိုင်သည့်၊ သူ၏ဩဇာအာဏာကိုသိပြီး နာခံသည့် ထိုသို့သောလူသားမျိုးနွယ်ကို ပြုလုပ်ရန် ရည်ရွယ်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တို့ကို အသုံးပြုပြီး လူသားကြားတွင် သူ၏ဩဇာအာဏာကို တရားဝင်ဖော်ပြရန် အစပြုခဲ့ကာ သူ၏နှုတ်ကပတ်တော်တို့ကို အကောင်အထည်ဖော်ရန် သူ၏ဩဇာအာဏာကို စတင်အသုံးပြုခဲ့သည်။ ဤဖြစ်စဉ်အတောအတွင်း နေရာတိုင်း၌ ဘုရားသခင်၏ ဩဇာအာဏာသည် ထင်ရှားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ဘုရားသခင်၏ အတုမရှိခြင်းနှင့် သူ၏အတုမရှိသည့် ဩဇာအာဏာကို သင်တို့နားလည်ပြီး သိမြင်နိုင်မည့်၊ လူသိများသည့် သီးသန့်ဥပမာများကို ငါရွေးချယ်ခဲ့ရုံမျှသာဖြစ်သည်။

ကမ္ဘာဦးကျမ်း ၉:၁၁-၁၃ တွင်ပါသည့် ကျမ်းပိုဒ်နှင့် ကမ္ဘာကို ဘုရားသခင်ဖန်ဆင်းခြင်း၏ မှတ်တမ်းနှင့်ပတ်သက်သည့် အပေါ်က ကျမ်းပိုဒ်များတွင် တူညီမှုတစ်ခုရှိသော်လည်း ကွဲပြားမှုတစ်ခုလည်းရှိသည်။ တူညီမှုက အဘယ်အရာနည်း။ သူရည်ရွယ်ထားသည့်အရာများကို လုပ်ရန်အတွက် နှုတ်ကပတ်တော်တို့ကို ဘုရားသခင်အသုံးပြုခြင်းမှာ တူညီ၏၊ ကွဲပြားချက်ကမူ ဤနေရာ၌ ကိုးကားထားသောကျမ်းပိုဒ်က လူသားနှင့် ပဋိညာဉ်တစ်ခုကို ထူထောင်ကာ ပဋိညာဉ်တွင် ပါသည့်အရာများကို လူသားအား ပြောပြသည့် ဘုရားသခင်နှင့် လူသား၏ အပြန်အလှန် စကားပြောဆိုခြင်းဖြစ်သည်။ ဘုရားသခင်၏ ဩဇာအာဏာကို အသုံးပြုခြင်းက လူသားနှင့် သူစကားပြောသည့်အချိန်တွင် ဖြစ်ပေါ်သည်။ တစ်နည်းအားဖြင့် လူသားမျိုးနွယ်ကို မဖန်ဆင်းမီတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်တို့က သူဖန်ဆင်းရန် ရည်ရွယ်ထားသည့် ဖန်ဆင်းခံများကို ပြောဆိုသည့် ညွှန်ကြားချက်များ၊ အမိန့်များ ဖြစ်သည်။ သို့သော် ယခုတွင်မူ

ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို ကြားနာမည့်သူတစ်ယောက်ရှိသည့်အတွက် သူ၏နှုတ်ကပတ်တော်တို့သည် လူသားနှင့် ပြောဆိုချက်ဖြစ်ပြီး လူသားကို တိုက်တွန်းချက်နှင့် သတိပေးချက်များဖြစ်သည်။ ထို့အပြင် သူ၏ဩဇာအာဏာကို ခံယူသည့် အရာအားလုံးကို ပေးအပ်သည့် ပညတ်ချက်များလည်း ဖြစ်သည်။

ဘုရားသခင်၏ မည်သည့်လုပ်ဆောင်ချက်ကို ဤကျမ်းပိုဒ်တွင် မှတ်တမ်းတင်ထားသနည်း။ ကမ္ဘာကို ရေလွှမ်းမိုးခြင်းနှင့် သူဖျက်ဆီးပြီးနောက်တွင် ဘုရားသခင်က လူသားနှင့် တည်ဆောက်ခဲ့သည့် ပဋိညာဉ်ကို ကျမ်းပိုဒ်က မှတ်တမ်းတင်ထားသည်။ ယင်းက ဘုရားသခင်အနေဖြင့် ကမ္ဘာကို ဤကဲ့သို့သော ဖျက်ဆီးခြင်းမျိုး နောက်ထပ်လုပ်တော့မည် မဟုတ်ဆိုသည်ကို လူသားအား ပြောပြထားပြီး အဆုံးတွင် ဘုရားသခင်က သင်္ကေတတစ်ခုကို ဖန်ဆင်းခဲ့သည်။ ဤသင်္ကေတက အဘယ်အရာဖြစ်သနည်း။ ကျမ်းစာထဲတွင် ဤကဲ့သို့ဆိုထားသည်။ "ငါ၏ သက်တံ့ကို မိုဃ်းတိမ်၌ ငါထား၏။ ထိုသက်တံ့သည် မြေကြီးနှင့် ငါပြုသောပဋိညာဉ်၏ သက်သေဖြစ်လိမ့်မည်။" ဤသည်မှာ ဖန်ဆင်းရှင်က လူသားမျိုးနွယ်ကို ပြောခဲ့သည့် မူရင်းနှုတ်ကပတ်တော်များဖြစ်သည်။ ဤနှုတ်ကပတ်တော်များကို သူပြောလိုက်သည်နှင့် လူသား၏ မျက်စိရှေ့တွင် သက်တံတစ်စင်း ပေါ်ပေါက်လာခဲ့ပြီး ယနေ့အထိတိုင်အောင် တည်ရှိနေခဲ့သည်။ ထိုသို့သောသက်တံကို လူတိုင်းမြင်ဖူးသည်။ ယင်းကို သင်မြင်သည့်အခါတွင် မည်သို့ပေါ်လာသည်ကို သင်သိသလော။ သိပ္ပံပညာက ဤအရာကို သက်သေမပြနိုင်ပေ။ သို့မဟုတ် ယင်း၏အရင်းအမြစ်ကို မရှာဖွေနိုင်ပေ။ သို့မဟုတ် ယင်းသည် ဘယ်ဆီဘယ်ဝယ်တွင်ရှိသည်ကို မသတ်မှတ်နိုင်ပေ။ ဤသည်မှာ သက်တံသည် ဖန်ဆင်းရှင်နှင့် လူသားကြားတွင် ထူထောင်ထားသည့် ပဋိညာဉ်၏ သင်္ကေတဖြစ်၍ဖြစ်သည်။ ယင်းသက်တံက သိပ္ပံအခြေခံအကြောင်းရင်းများ မလိုအပ်ပေ။ ယင်းကို လူသားက ပြုလုပ်ထားခြင်း မဟုတ်သကဲ့သို့ လူသားက ပြောင်းလဲနိုင်စွမ်းလည်း မရှိပေ။ ဤသည်မှာ ဖန်ဆင်းရှင်က သူ၏နှုတ်ကပတ်တော်များကို ပြောပြီးနောက်တွင် သူ၏ဩဇာအာဏာ ဆက်လက်ဖြစ်တည်နေခြင်းပင် ဖြစ်သည်။ လူသားနှင့်ပြုလုပ်သည့် ပဋိညာဉ်နှင့် သူ၏ကတိကို လိုက်နာရန်အတွက် ဖန်ဆင်းရှင်က သူ၏သီးသန့်နည်းလမ်းကို အသုံးပြုခဲ့သည်။ ထို့ကြောင့် သူထူထောင်ခဲ့သည့် ပဋိညာဉ်၏ သင်္ကေတအနေနှင့် သက်တံကို သူအသုံးပြုခြင်းသည် ဖန်ဆင်းရှင်နှင့် ဆက်စပ်ပြီးဖြစ်စေ၊ ဖန်ဆင်းခံ လူသားမျိုးနွယ်နှင့် ဆက်စပ်ပြီးဖြစ်စေ ထာဝရ မပြောင်းလဲဘဲ တည်ရှိနေမည့် ကောင်းကင်ဘုံနှင့်ဆိုင်သည့် အမိန့်ပြန်တမ်းနှင့် နိယာမဖြစ်သည်။ ဤအချက်ကိုပြောရမည်။ မပြောင်းလဲနိုင်သည့် ဤနိယာမသည် အရာအားလုံးကို ဘုရားသခင်ဖန်ဆင်းပြီးနောက်တွင် လိုက်ပါလာသည့် ဖန်ဆင်းရှင်၏

ဩဇာအာဏာဆိုင်ရာ နောက်ထပ်စစ်မှန်သည့် ထင်ရှားပြသခြင်းဖြစ်သည်။ ထို့အပြင် ဤအချက်ကို ပြောရမည်။ ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့် တန်ခိုးသည် အကန့်အသတ်မရှိပေ။ သက်တံကို သင်္ကေတတစ်ခုအနေနှင့် အသုံးပြုခြင်းက ဖန်ဆင်းရှင်၏ ဩဇာအာဏာဆိုင်ရာ ဆက်လက်တိုးပွားလုပ်ဆောင်ခြင်းပင် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်များကို အသုံးပြုပြီး လုပ်ဆောင်သည့် နောက်ထပ်လုပ်ရပ်တစ်ခုဖြစ်ပြီး နှုတ်ကပတ်တော်တို့ကို အသုံးပြု၍ လူသားနှင့်ထူထောင်ခဲ့သည့် ပဋိညာဉ်၏ သင်္ကေတတစ်ခုလည်း ဖြစ်သည်။ သူသည် လုပ်ဆောင်ရန်အတွက် သူဆုံးဖြတ်ထားခဲ့သည့်အရာအပြင် ထိုအရာအား မည်သည့်ပုံစံနှင့် ပြီးမြောက်အောင်မြင်စေမည်ဆိုခြင်းကို လူသားအား ပြောပြခဲ့သည်။ ဤနည်းလမ်းအားဖြင့် ထိုကိစ္စသည် ဘုရားသခင်၏နှုတ်မှလာသည့် နှုတ်ကပတ်တော်များအရ ပြီးမြောက်သည်။ ဘုရားသခင်သာလျှင် ဤကဲ့သို့သော တန်ခိုးကို ပိုင်ဆိုင်သည်။ ဤစကားများကို သူပြောပြီးနောက် နှစ်ထောင်ပေါင်းအချို့ကြာသည့် ယနေ့တွင် ဘုရားသခင်၏ နှုတ်မှပြောဆိုခဲ့သည့် သက်တံကို လူသားတို့ ကြည့်ရှုနိုင်ပါသေးသည်။ ဘုရားသခင်မိန့်မြွက်ခဲ့သည့် ထိုနှုတ်ကပတ်တော်တို့ကြောင့် ယနေ့အထိ ဤအရာက မပြောင်းမလဲဘဲ ကျန်ရှိနေသည်။ မည်သူမျှ ဤသက်တံကို မဖယ်ရှားနိုင်ပေ။ မည်သူမျှ ယင်း၏နိယာမများကို မပြောင်းလဲနိုင်ပေ။ သက်တံသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့်သာ တည်ရှိနေသည်။ ဤသည်မှာ ဘုရားသခင်၏ ဩဇာအာဏာ အတိအကျပင်ဖြစ်သည်။ "ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ကဲ့သို့ ကောင်းမွန်ပြီး သူ၏နှုတ်ကပတ်တော်သည် ပြီးမြောက်လိမ့်မည်ဖြစ်ကာ ပြီးမြောက်မှုသည် ထာဝရတည်သည်။" ဤနှုတ်ကပတ်တော်တို့က ဤနေရာတွင် ရှင်းလင်းစွာ ထင်ရှားပြသသည်။ ဤသည်မှာ ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုး၏ ရှင်းလင်းသည့် သင်္ကေတနှင့် ပင်ကိုလက္ခဏာများဖြစ်သည်။ ဤကဲ့သို့သော သင်္ကေတ၊ သို့မဟုတ် ပင်ကိုလက္ခဏာကို မည်သည့်ဖန်ဆင်းခံမျှ မပိုင်ဆိုင်၊ သို့မဟုတ် မည်သည့်ဖန်ဆင်းခံများတွင်မျှ မမြင်ရသကဲ့သို့ ဖန်ဆင်းခံမဟုတ်သည့် အရာများတွင်လည်း မတွေ့ရပေ။ ယင်းသည် အတုမရှိသည့် ဘုရားသခင်နှင့်သာ သက်ဆိုင်ပြီး ဖန်ဆင်းရှင်သာလျှင် ပိုင်ဆိုင်သည့် ဝိသေသလက္ခဏာနှင့် အနှစ်သာရကို ဖန်ဆင်းခံများနှင့် ခွဲခြားပေးသည်။ တစ်ချိန်တည်းတွင် ယင်းတို့သည် ဘုရားသခင်မှလွဲ၍ မည်သည့်ဖန်ဆင်းခံ၊ သို့မဟုတ် ဖန်ဆင်းခံမဟုတ်သည့်သူများမျှ ကျော်လွန်၍မရသည့် သင်္ကေတနှင့် ပင်ကိုလက္ခဏာများလည်း ဖြစ်သည်။

လူသားနှင့် သူ၏ပဋိညာဉ်ကို ဘုရားသခင်ထူထောင်မှုသည် အလွန်အရေးကြီးသည့်

လုပ်ရပ်တစ်ခုဖြစ်ပြီး လူသားဆီကို အချက်အလက်တစ်ခု ဆက်သွယ်ပြောဆိုခြင်းငှာ အသုံးပြုရန်နှင့် သူ့အလိုတော်ကို လူသားကို ပြောပြရန်အတွက် ရည်ရွယ်ထားသည့် အရာဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် လူသားနှင့် တည်ဆောက်ခဲ့သည့် ပဋိညာဉ်၏ ကတိသင်္ကေတဖြစ်သော လူသားနှင့် ပဋိညာဉ်ကို ထူထောင်ရန် အထူးသင်္ကေတကို အသုံးပြုခြင်းအားဖြင့် ထူးခြားသည့် နည်းလမ်းတစ်ခုကို သူအသုံးချခဲ့သည်။ သို့ဆိုလျှင် ဤပဋိညာဉ်ကို ထူထောင်ခြင်းက ကြီးမြတ်သည့် ဖြစ်ရပ်တစ်ခုလော။ ထို့အပြင် မည်မျှကြီးမြတ်သနည်း။ ဤသည်မှာ ပဋိညာဉ်နှင့်ပတ်သက်၍ အလွန်ထူးခြားသည့်အရာ အတိအကျပင်ဖြစ်သည်။ လူတစ်ယောက်နှင့်တစ်ယောက်၊ သို့မဟုတ် အုပ်စုတစ်ခုနှင့်တစ်ခု၊ သို့မဟုတ် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ထူထောင်ခဲ့သည့် ပဋိညာဉ်မဟုတ်ဘဲ ဖန်ဆင်းရှင်နှင့် လူသားမျိုးနွယ်တစ်ရပ်လုံးကြားတွင် ထူထောင်ခဲ့သည့် ပဋိညာဉ်ဖြစ်သည်။ ဤပဋိညာဉ်သည် ဖန်ဆင်းရှင်က အရာအားလုံးကို အဆုံးသတ်သည့်အချိန် မတိုင်ခင်အထိ တည်ရှိနေမည်ဖြစ်သည်။ ဤပဋိညာဉ်ကို အကောင်အထည်ဖော်သူက ဖန်ဆင်းရှင်ဖြစ်ပြီး ထိန်းသိမ်းသူသည်လည်း ဖန်ဆင်းရှင်ပင်ဖြစ်သည်။ အချုပ်ပြောရလျှင် လူသားမျိုးနွယ်နှင့် တည်ဆောက်ခဲ့သည့် သက်တံပဋိညာဉ်တစ်ခုလုံးသည် ဖန်ဆင်းရှင်နှင့် လူသားမျိုးနွယ်အကြားက ပြောစကားတို့နှင့်အညီ ရရှိပြီးမြောက်ပြီး ယနေ့အချိန်အထိ ကျန်ရှိဆဲဖြစ်သည်။ ဖန်ဆင်းရှင်၏ သြဇာအာဏာကို ကျိုးနွံခြင်း၊ နာခံခြင်း၊ ယုံကြည်ခြင်း၊ တန်ဖိုးထားခြင်း၊ သက်သေခံခြင်းနှင့် ချီးမွမ်းခြင်းတို့မှလွဲ၍ ဖန်ဆင်းခံများက အခြားဘယ်အရာကို လုပ်နိုင်ဦးမည်နည်း။ အကြောင်းမှာ ဤကဲ့သို့သော ပဋိညာဉ်မျိုးကို ထူထောင်ရန် တန်ခိုးကို အတုမရှိ ဘုရားသခင်မှလွဲ၍ မည်သူမျှ မပိုင်ဆိုင်သည့်အတွက်ဖြစ်သည်။ အကြိမ်ကြိမ် သက်တံပေါ်လာခြင်းသည် ဖန်ဆင်းရှင်နှင့် လူသားကြားတွင်ရှိသည့် ပဋိညာဉ်ကို လူသားတို့ အာရုံပြုစေရန် ကြေညာခြင်းဖြစ်သည်။ ဖန်ဆင်းရှင်နှင့် လူသားမျိုးနွယ်ကြားက ပဋိညာဉ် ဆက်လက်ဖြစ်ပေါ်နေခြင်း၌ လူသားမျိုးနွယ်ကို ဖော်ပြသည့်အရာမှာ သက်တံမဟုတ်သကဲ့သို့ ပဋိညာဉ်ကိုယ်၌လည်း မဟုတ်ဘဲ ဖန်ဆင်းရှင်၏ မပြောင်းလဲနိုင်သည့် သြဇာအာဏာပင် ဖြစ်သည်။ တစ်ချိန်ပြီးတစ်ချိန် သက်တံပေါ်လာခြင်းက ဖုံးကွယ်ထားသည့် နေရာများတွင် ဖန်ဆင်းရှင်၏ ကြီးမြတ်ပြီး ထူးဆန်းသည့် လုပ်ဆောင်ချက်ကို ဖော်ပြပြီး တစ်ချိန်တည်းတွင် မည်သည့်အခါမျှ ပျောက်ကွယ်မသွားမည့်၊ မည်သည့်အခါမျှ မပြောင်းလဲမည့် ဖန်ဆင်းရှင်၏ သြဇာအာဏာဆိုင်ရာ အလွန်အရေးကြီးသည့် ထင်ဟပ်မှုပင်ဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းရှင်၏ အတုမရှိသည့် သြဇာအာဏာကို နောက်တစ်မျိုး ပြသခြင်း မဟုတ်ပေလော။

## ၃။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ

ကမ္ဘာဦးကျမ်း ၁၇:၄-၆ ငါပြုသော ပဋိညာဉ်သည် သင်၌ရှိ၏။ သင်သည် လူမျိုးအများတို့၏ အဘဖြစ်လိမ့်မည်။ နောက်တဖန်သင်၏ အမည်ကို အာဗြံဟုမခေါ်ရ။ သင်၏အမည်ကို အာဗြဟံဟုခေါ်ရ၏။ အကြောင်းမူကား၊ ငါသည် သင့်ကို များစွာသော လူအမျိုးတို့၏ အဘအရာ၌ ခန့်ထားပြီ။ ငါသည် သင့်ကို အလွန်ပွါးများစေမည်။ သင်အားဖြင့် လူအမျိုးမျိုးတို့ကို ဖြစ်စေမည်။ သင်၏အမျိုးအနွယ်၌လည်း ရှင်ဘုရင်ဖြစ်ရကြလိမ့်မည်။

ကမ္ဘာဦးကျမ်း ၁၈:၁၈-၁၉ အာဗြဟံသည် ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံသော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့သည် သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။ အကြောင်းမှာ သူသည် သူ၏နောက်မှဖြစ်သော သူ့သားသမီးများနှင့် အိမ်သူအိမ်သားများအား အာဏာနှင့်အမိန့်ပေးမည်ကို ငါသိရှိသောကြောင့်ဖြစ်သည်။ သူတို့သည် ယေဟောဝါ၏ လမ်းခရီးကို လိုက်ကာ တရားမျှတစွာ စီရင်ဆုံးဖြတ်ကြလိမ့်မည်။ ယေဟောဝါသည် အာဗြဟံအပေါ် မိန့်တော်မူခဲ့သည့်အတိုင်း အာဗြဟံအပေါ်သို့ ပြုမည်ဟု မိန့်တော်မူ၏။

ကမ္ဘာဦးကျမ်း ၂၂:၁၆-၁၈ သင်သည် ဤအမှုကို ပြုပြီး သင်၏သား၊ တစ်ဦးတည်းသောသားကို ထိန်ဝှက်မထားသည့် အတွက်ကြောင့် ကောင်းကြီးမင်္ဂလာဖြင့် သင့်ကို ငါကောင်းကြီးပေးမည်၊ တိုးပွားများပြားခြင်း၌ သင်၏ အမျိုးအနွယ်ကို မိုးကောင်းကင် ကြယ်များကဲ့သို့လည်းကောင်း၊ ပင်လယ်ကမ်းခြေပေါ်မှ သဲလုံးနှင့်အမျှလည်းကောင်း ငါတိုးပွားများပြားစေမည်။ သင်၏ အမျိုးအနွယ်သည် သူ့ရန်သူတို့၏ တံခါးတို့ကို အပိုင်ရလိမ့်မည်၊ မြေကြီးပေါ် ရှိ တိုင်းနိုင်ငံတို့သည် သင်၏အမျိုးအနွယ်အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။ သင်သည် ငါ၏စကားသံကို နာခံသောကြောင့် ငါသည် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆိုပြီဟု ယေဟောဝါ မိန့်တော်မူ၏။

ယောဘ ၄၂:၁၂ ထိုသို့ ယေဟောဝါသည် ယောဘ၏ နောက်ပိုင်းအဆုံးသတ်ကို သူ၏အစပိုင်းထက်သာ၍ ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည် သိုးတစ်သောင်းလေးထောင်၊ ကုလားအုတ်ခြောက်ထောင်၊ နွားရှဉ်းတစ်ထောင်နှင့် မြည်းမတစ်ထောင်တို့ကို ရခဲ့လေသည်။

**ဖန်ဆင်းရှင်၏ မိန့်မြွက်ချက်များဆိုင်ရာ အတုမရှိသည့် သဘောနှင့် ပင်ကိုလက္ခဏာများသည် ဖန်ဆင်းရှင်၏ အတုမရှိသည့် ဝိသေသလက္ခဏာနှင့် ဩဇာအာဏာ၏ သင်္ကေတပင် ဖြစ်သည်**

ဘုရားသခင်၏ ကောင်းချီးများကို လူအများက ရှာဖွေရရှိချင်ကြသည်။ သို့ရာတွင် ဘုရားသခင်၌ သူ၏ကိုယ်ပိုင်အခြေခံမူများရှိပြီး သူ၏ကိုယ်ပိုင်နည်းလမ်းနှင့် လူသားကို ကောင်းချီးပေးသည့်အတွက် ဤကောင်းချီးများကို လူတိုင်းမရနိုင်ပေ။ ဘုရားသခင် လူသားအပေါ်ထားသည့် ကတိတော်များနှင့် လူသားအပေါ် သူချပေးသည့် ကျေးဇူးတော်ပမာဏတို့သည် လူသား၏အတွေးနှင့် အပြုအမူတို့အပေါ်တွင် အခြေခံပြီး သတ်မှတ်ချပေးခြင်း ဖြစ်သည်။ ဤသို့ဆိုလျှင် ဘုရားသခင်၏ ကောင်းချီးမှ အဘယ်အရာကို ပြသနည်း။ ၎င်းတို့အထဲတွင် လူတို့က အဘယ်အရာကို တွေ့နိုင်သနည်း။ ဤနေရာတွင် မည်သည့်လူမျိုးကို ဘုရားသခင်ကောင်းချီးပေးပြီး လူသားအပေါ် ဘုရားသခင် ကောင်းချီးပေးခြင်း၏ အခြေခံမူများနှင့်ပတ်သက်သည့် ဆွေးနွေးချက်ကို ခဏဖယ်ထားကြစို့။ ထိုအစား ဘုရားသခင်၏ ဩဇာအာဏာကိုသိရန် ရည်ရွယ်ချက်နှင့် ဘုရားသခင်၏ ဩဇာအာဏာကို သိရန်ရှုထောင့်မှ လူသားအပေါ် ဘုရားသခင်၏ ကောင်းချီးပေးခြင်းကို ကြည့်ကြစို့။

အထက်ပါ ကျမ်းပိုဒ် လေးပိုဒ်အားလုံးက လူသားအပေါ် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများအကြောင်းကို မှတ်တမ်းတင်ထားခြင်းများဖြစ်သည်။ ဤကျမ်းပိုဒ်များသည် အာဗြဟံနှင့် ယောဘကဲ့သို့ ဘုရားသခင်၏ ကောင်းချီးတို့ကို လက်ခံရရှိသူများ၏ အသေးစိတ် သရုပ်ဖော်ချက်ကို ပေးပြီး ဘုရားသခင်က အဘယ်ကြောင့် သူ၏ကောင်းချီးများကို ပေးသနားသည်ဆိုသည့် အကြောင်းရင်းများနှင့် ဤကောင်းချီးများထဲတွင် အဘယ်အရာများ ပါဝင်သည်ဆိုသည်ကို ပြသထားသည်။ ဘုရားမိန့်မြွက်ချက်များ၏ လေသံနှင့် ဟန်ပန်၊ သူပြောဆိုသည့် ရှုထောင့်နှင့် အနေအထားတို့သည် ကောင်းချီးများကို ချပေးသည့်သူနှင့် ထိုကောင်းချီးတို့ကို လက်ခံရရှိသူများသည် ထင်ရှားသည့် ကွဲပြားသည့် ဝိသေသလက္ခဏာ၊ ဂုဏ်ဒြပ်နှင့် အနှစ်သာရတို့ ရှိသည်ဆိုသည့်အချက်ကို လူများအား နားလည်စေသည်။ ဤမိန့်မြွက်ချက်များ၏ ဟန်ပန်နှင့် သဘောထား၊ ယင်းတို့ကို ပြောဆိုသည့် အနေအထားတို့သည် ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာကို ပိုင်ဆိုင်သည့် ဘုရားသခင်အတွက် အတုမရှိပေ။ သူ၌ ဩဇာအာဏာနှင့် တန်ခိုးရှိပြီး ဖန်ဆင်းရှင်၏ ဂုဏ်ဒြပ်နှင့် မည်သည့်လူသားမျှ သံသယမဖြစ်သည့် ဘုန်းအာနုဘော်တို့ ရှိသည်။

ကမ္ဘာဦးကျမ်း ၁၇:၄-၆ ကို ဦးစွာကြည့်ကြစို့။ “ငါပြုသော ပဋိညာဉ်သည် သင်၌ရှိ၏။ သင်သည် လူမျိုးအများတို့၏ အဘဖြစ်လိမ့်မည်။ နောက်တဖန်သင်၏ အမည်ကို အာဗြံဟုမခေါ်ရ။

သင်၏အမည်ကို အာဗြဟံဟုခေါ်ရ၏။ အကြောင်းမူကား၊ ငါသည် သင့်ကို များစွာသော လူအမျိုးတို့၏ အဘအရာ၌ ခန့်ထားပြီ။ ငါသည် သင့်ကို အလွန်ပွါးများစေမည်။ သင်အားဖြင့် လူအမျိုးမျိုးတို့ကို ဖြစ်စေမည်။ သင်၏အမျိုးအနွယ်၌လည်း ရှင်ဘုရင်ဖြစ်ရကြလိမ့်မည်။” ဤနှုတ်ကပတ်တော်များသည် ဘုရားသခင်က အာဗြဟံနှင့် ပြုလုပ်ခဲ့သည့် ပဋိညာဉ်ဖြစ်ပြီး အာဗြဟံအပေါ် ဘုရားသခင်၏ ကောင်းချီးလည်း ဖြစ်သည်။ ဘုရားသခင်က အာဗြဟံကို လူမျိုးတို့၏ ဖခင်အဖြစ် ပြုလုပ်မည်ဖြစ်ပြီး သူ့ကို အလွန်ပွားများစေကာ သူ့အားဖြင့် တိုင်းနိုင်ငံများဖြစ်ပေါ်စေပြီး၊ သူ့ထံမှ ရှင်ဘုရင်များ ဆင်းသက်လာစေလိမ့်မည်။ ဤနှုတ်ကပတ်တော်များတွင် ဘုရားသခင်၏ ဩဇာအာဏာကို သင်မြင်သလော။ ဤကဲ့သို့သော ဩဇာအာဏာမျိုးကို သင်မည်သို့မြင်သနည်း။ ဘုရားသခင့် ဩဇာအာဏာနှင့်ဆိုင်သည့် အနှစ်သာရ၏ မည်သည့်ရှုထောင့်ကို သင်မြင်သနည်း။ ဤနှုတ်ကပတ်တော်များကို သေချာဖတ်ကြည့်ပါက ဘုရားသခင်၏ ဩဇာအာဏာနှင့် ဝိသေသလက္ခဏာတို့သည် ဘုရားသခင့် မိန့်မြွက်ချက်များ၏ အသုံးအနှုန်းတွင် ရှင်းလင်းစွာ ဖွင့်ပြထားသည်ဆိုခြင်းကို တွေ့ရှိရန်မခက်ခဲပေ။ ဥပမာ ဘုရားသခင်က “ငါပြုသော ပဋိညာဉ်သည် သင်၌ရှိ၏။ သင်သည်…ဖြစ်လိမ့်မည်။ ငါသည် သင့်ကို…ခန့်ထားပြီ။ ငါသည် သင့်ကို…စေမည်” စသည့် “သင်သည်…ဖြစ်လိမ့်မည်” “ငါသည်…စေမည်” ဆိုသည့် အတည်ပြုသော အသုံးအနှုန်းများသည် ဘုရားသခင်၏ ကိုယ်ပိုင်လက္ခဏာနှင့် ဩဇာအာဏာကို ဖော်ဆောင်သည့် နှုတ်ကပတ်တော်များဖြစ်ကာ တစ်ဖက်တွင် ဖန်ဆင်းရှင်၏ သစ္စာရှိမှုကို ပြသမှုတစ်ခုဖြစ်ပြီး အခြားတစ်ဖက်တွင်မူ ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာကို ပိုင်ဆိုင်သော ဘုရားသခင် အသုံးပြုသည့် သမားရိုးကျ ဝေါဟာရများထဲတွင် ပါဝင်သည့် ထူးခြားလေးနက်သည့် နှုတ်ကပတ်တော်များဖြစ်သည်။ တစ်ယောက်ယောက်က အခြားလူတစ်ယောက်ကို အလွန်ပွားများမည့်အကြောင်း၊ လူမျိုးများသည် သူ့ထံမှ ဖြစ်လာမည့်အကြောင်း၊ ရှင်ဘုရင်များသည် သူ့ထံမှ ထွက်ပေါ်လာမည့်အကြောင်း မျှော်လင့်သည်ဟုပြောသည်ဆိုလျှင် ဤသည်မှာ မုချဆန္ဒပြုခြင်းတစ်မျိုးဖြစ်ပြီး ကတိ၊ သို့မဟုတ် ကောင်းကြီးတစ်ခု မဟုတ်ပေ။ ထို့ကြောင့် လူများက “ငါသည် သင့်ကို ဤကဲ့သို့ဖြစ်စေမည်။ သင်သည် အကြင်မည်သော အရာဖြစ်မည်…” ဆိုသည့်အရာမျိုး မပြောရဲကြပေ။ ထိုသို့သောတန်ခိုးကို သူတို့မပိုင်ဆိုင်ကြောင်း သိကြသည့်အတွက်ကြောင့် ဖြစ်သည်။ ဤသည်မှာ သူတို့အပေါ်တွင် မူတည်သည့်အရာ မဟုတ်ပေ။ ဤကဲ့သို့သောအရာမျိုးကို သူတို့ပြောသည်ဆိုလျှင်ပင် သူတို့၏စိတ်ဆန္ဒနှင့် ရည်မှန်းချက်ကြောင့် ဖြစ်ပေါ်လာခြင်းမျိုးဖြစ်ပြီး သူတို့၏ စကားလုံးများသည် အနှစ်မရှိ၊

အဓိပ္ပာယ်မရှိဖြစ်နေမည်ဖြစ်သည်။ သူတို့၏ဆန္ဒများကို သူတို့အကောင်အထည်မဖော်နိုင်ဟု ခံစားရလျှင် ဤကဲ့သို့သော ကြီးကျယ်ခမ်းနားသည့် လေသံမျိုးနှင့် မည်သူက ပြောဝံ့မည်နည်း။ လူတိုင်းက သူတို့၏မျိုးဆက်များကို ကောင်းစေချင်ကြသည်၊ သူတို့ ကောင်းစားပြီး ကြီးကျယ်သည့် အောင်မြင်မှုများအား ခံစားရမည်ကို မျှော်လင့်ကြသည်။ "သူတို့ထဲမှ တစ်ယောက်သည် ဧကရာဇ်မင်းတစ်ပါးဖြစ်လာမည်ဆိုလျှင် မည်မျှကြီးကျယ်သည့် ကံဖြစ်မည်နည်း။ အုပ်ချုပ်သူတစ်ယောက်ဖြစ်လာပါကလည်း ကောင်းပေလိမ့်မည်။ အရေးပါသည့်သူတစ်ယောက် ဖြစ်နေသရွေ့ ကောင်းပေလိမ့်မည်။" ဤအရာများအားလုံးက လူတို့၏ ဆန္ဒများဖြစ်သည်။ သို့ရာတွင် လူများက သူတို့၏မျိုးဆက်များအပေါ် ကောင်းချီးများသက်ရောက်ရန်သာ ဆန္ဒပြုနိုင်ကြပြီး သူတို့၏ကတိများ အမှန်တကယ် ဖြစ်လာရန် မလုပ်နိုင်ကြ၊ သို့မဟုတ် မဖြည့်ဆည်းနိုင်ကြ။ ဤကဲ့သို့သောအရာမျိုးကို ရနိုင်ရန် တန်ခိုးအစွမ်း သူတို့မပိုင်ဆိုင်ကြောင်းကို လူတိုင်းက သူတို့နှလုံးသားထဲတွင် ရှင်းရှင်းလင်းလင်းသိသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့၏အရာအားလုံးက သူတို့ထိန်းချုပ်နိုင်သည်ထက် ကျော်လွန်နေသည့်အတွက်ဖြစ်သည်။ ထို့ကြောင့် သူတို့အနေဖြင့် အခြားလူများ၏ ကံကြမ္မာကို မည်သို့ချုပ်ကိုင်နိုင်မည်နည်း။ ဤကဲ့သို့သောနှုတ်ကပတ်တော်များကို ဘုရားသခင်က ပြောနိုင်သည့် အကြောင်းရင်းမှာ ဘုရားသခင်က ဤကဲ့သို့သောဩဇာအာဏာကို ပိုင်ဆိုင်ပြီး သူသည် လူသားအပေါ်တွင် ပေးအပ်သည့် ကတိများအားလုံးကို ပြည့်စုံစေရန်၊ အမှန်တကယ်ဖြစ်လာစေရန်၊ လူသားတို့အပေါ်ကို သူချပေးသနားသည့် ကောင်းချီးများအားလုံးကို အမှန်တကယ်ဖြစ်လာစေရန် တတ်စွမ်းနိုင်သည့်အတွက်ဖြစ်သည်။ လူသားကို ဘုရားသခင်က ဖန်ဆင်းခဲ့ခြင်းဖြစ်ပြီး လူတစ်ယောက်ကို လွန်စွာပွားများစေခြင်းငှာလုပ်ရန်မှာ ဘုရားသခင်အတွက်မူ ကလေးကစားစရာကဲ့သို့ဖြစ်သည်။ လူတစ်ယောက်၏မျိုးဆက်ကို ကောင်းစားအောင်လုပ်ရန်မှာ သူ့အတွက်မူ နှုတ်ကပတ်တော်တစ်လုံးသာ လိုသည်။ ဤကဲ့သို့သောအရာမျိုးအတွက် သူပင်ပင်ပန်းပန်းလုပ်ရန်၊ သို့မဟုတ် သူ့စိတ်ကို အားစိုက်ရန်၊ သို့မဟုတ် စိတ်ရှုပ်ခံရန်မလိုပေ။ ဤသည်မှာ ဘုရားသခင်၏ တန်ခိုးသက်သက်၊ ဘုရားသခင်၏ ဩဇာအာဏာသက်သက်ဖြစ်သည်။

ကမ္ဘာဦးကျမ်း ၁၈:၁၈ တွင်ပါသည့် "အာဗြဟံသည် ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံသော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့သည် သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်" ဟူသည်ကို ဖတ်ပြီးနောက်တွင် ဘုရားသခင်၏ ဩဇာအာဏာကို သင်တို့ ခံစားရသလော။ ဖန်ဆင်းရှင်၏ ထူးခြားဆန်းကြယ်မှုကို သင်တို့အာရုံခံစားနိုင်သလော။

ဖန်ဆင်းရှင်၏ ကြီးစိုးမှုကို သင်တို့အာရုံခံစားနိုင်သလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့သည် သေချာမှုရှိသည်။ ဘုရားသခင်က အောင်မြင်မှုအပေါ်တွင် သူ၏ယုံကြည်မှုကို ကိုယ်စားပြုပြီး၊ သို့မဟုတ် သူ၏ယုံကြည်မှုကြောင့် ဤကဲ့သို့သော နှုတ်ကပတ်တော်များကို ပြောခြင်းမဟုတ်ပေ။ ထိုအစား ဤနှုတ်ကပတ်တော်များသည် ဘုရားသခင်၏ မိန့်မြွက်ချက်များဆိုင်ရာ ဩဇာအာဏာ၏ သက်သေဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြည့်စုံစေသည့် ပညတ်ချက်တစ်ခုဖြစ်သည်။ ဤနေရာတွင် သင်တို့ အာရုံစိုက်သင့်သည့် ဖော်ပြချက်နှစ်ခုရှိသည်။ "အာဗြဟံသည် ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံသော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့သည် သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်" ဟုဘုရားသခင်က ပြောသည့်အခါ ဤနှုတ်ကပတ်တော်များထဲတွင် ရှုပ်ထွေးနက်နဲမှုသဘောများ ပါဝင်သလော။ စိုးရိမ်သည့် သဘောများ ပါဝင်သလော။ ကြောက်ရွံ့သည့် သဘောများ ပါဝင်သလော။ ဘုရားသခင်၏ မိန့်မြွက်ချက်များထဲတွင် "အမှန်တကယ်ဖြစ်လိမ့်မည်"၊ "ဖြစ်လိမ့်မည်" ဟူသည့် စကားလုံးများကြောင့် လူသားများအတွက် သီးသန့်ဖြစ်ပြီး သူ့ထံ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည့် ဤသဘောများက ဖန်ဆင်းရှင်နှင့် အဘယ်ဆက်စပ်မှုမျှ မရှိပေ။ အခြားလူများအပေါ် ကောင်းရန်အတွက် ဆန္ဒပြုသည့်အခါတွင် ဤကဲ့သို့သော စကားလုံးများကို မည်သူမျှ သုံးရဲကြမည် မဟုတ်ပေ။ ဤကဲ့သို့သောသေချာမှုမျိုးနှင့် အခြားလူတစ်ယောက်ကို ကြီးမြတ်ပြီး တန်ခိုးနှင့်ပြည့်စုံသည့် လူမျိုးအဖြစ် မည်သူမျှ ကောင်းချီးပေးရဲကြမည် မဟုတ်ပေ။ သို့မဟုတ် ကမ္ဘာမြေကြီးပေါ်က လူမျိုးအားလုံးက သူ့အားဖြင့် ကောင်းချီးမင်္ဂလာရမည်ဟု မည်သူမျှ ကတိမပေးရဲပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်က ပိုပြီး သေချာလေလေ၊ သူတို့သည် တစ်ခုခုကို သက်သေခံနေလေလေဖြစ်သည်— ထိုတစ်ခုခုဆိုသည်မှာ မည်သည့်အရာနည်း။ ဘုရားသခင်၌ ဤကဲ့သို့သော ဩဇာအာဏာရှိသည့်အကြောင်း၊ ဤအရာများကို သူ၏ဩဇာအာဏာနှင့် ပြီးမြောက်စေနိုင်သည့်အကြောင်း၊ ထို့ပြင် ၎င်းတို့၏ ပြီးမြောက်မှုကို ရှောင်လွှဲ၍မရနိုင်သည့်အကြောင်းကို သက်သေပြသည်။ ဘုရားသခင်သည် အာဗြဟံကို ကောင်းချီးပေးသည့်အပေါ်တွင် နည်းနည်းမျှ တုံ့နှေးခြင်းမရှိဘဲ သူ့နှလုံးသားထဲတွင် သေချာခဲ့သည်။ ထို့အပြင် ဤအရာအားလုံးသည် သူ၏နှုတ်ကပတ်တော်အရ ပြီးမြောက်မည်ဖြစ်ပြီး ဤပြီးမြောက်မှုကို ပြောင်းလဲရန်၊ တားဆီးရန်၊ ထိခိုက်ရန်၊ သို့မဟုတ် နှောင့်ယှက်ရန် မည်သည့်သက်ရောက်မှုကမျှ မပြုလုပ်နိုင်ပေ။ မည်သည့်အရာပင် ဖြစ်ပျက်ခဲ့စေကာမူ ဘုရားသခင့်နှုတ်ကပတ်တော်တို့၏ ပြည့်စုံမှုနှင့် ပြီးမြောက်မှုကို

မည်သည့်အရာကမျှ ပယ်ဖျက်ခြင်း၊ သို့မဟုတ် လွှမ်းမိုးခြင်း ပြုလုပ်နိုင်မည်မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်၏နှုတ်မှ မိန့်မြွက်သည့် နှုတ်ကပတ်တော်များ၏ တန်ခိုးအစွမ်းသက်သက်ဖြစ်ပြီး လူသား၏ ငြင်းပယ်မှုကို ခွင့်ပြုမည်မဟုတ်သည့် ဖန်ဆင်းရှင်၏ ဩဇာအာဏာဖြစ်သည်။ ဤနှုတ်ကပတ်တော်များကို ဖတ်ရှုပြီးနောက်တွင် သင်၌ သံသယရှိနေဆဲလော။ ဤနှုတ်ကပတ်တော်များသည် ဘုရားသခင်၏နှုတ်က ပြောသည့် စကားများဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ထဲတွင် တန်ခိုးအစွမ်း၊ ဘုန်းအာနုဘော်နှင့် ဩဇာအာဏာတို့ရှိသည်။ ဤကဲ့သို့သော တန်ခိုးစွမ်းအား၊ ဩဇာအာဏာနှင့် အမှန်တရားကို မလွဲမုချ ပြီးမြောက်အောင်မြင်ခဲ့ခြင်းတို့ကို မည်သည့်ဖန်ဆင်းခံ၊ သို့မဟုတ် ဖန်ဆင်းခံမဟုတ်သည့်အရာများကမျှ မရရှိနိုင်ပေ။ ထို့ပြင် မည်သည့်ဖန်ဆင်းခံ၊ သို့မဟုတ် ဖန်ဆင်းခံ မဟုတ်သည့် အရာများကမျှ သာလွန်ခြင်း မရှိနိုင်ပေ။ ဖန်ဆင်းရှင်သာလျှင် လူသားမျိုးနွယ်နှင့် ဤကဲ့သို့သော လေသံ၊ လေယူလေသိမ်းနှင့် ပြောနိုင်ပြီး သူ၏ကတိများသည် အချည်းနှီး စကားလုံးသက်သက်၊ သို့မဟုတ် အလဟဿ ဝံ့ကြွားပြောဆိုခြင်းသက်သက် မဟုတ်ဘဲ မည်သည့်လူပုဂ္ဂိုလ်၊ ဖြစ်ရပ်၊ သို့မဟုတ် အရာဝတ္ထုကမျှ သာလွန်၍မရနိုင်သည့် အတုမရှိဩဇာအာဏာ၏ ဖော်ပြချက်ပင်ဖြစ်သည်။

ဘုရားသခင်ပြောသည့် နှုတ်ကပတ်တော်များနှင့် လူသားပြောသည့် စကားလုံးတို့တွင် အဘယ်အရာက ကွာခြားသနည်း။ ဘုရားသခင်ပြောသည့် ဤနှုတ်ကပတ်တော်များကို သင်ဖတ်သည့်အခါတွင် ဘုရားသခင့်နှုတ်ကပတ်တော်များ၏ တန်ခိုးအစွမ်းနှင့် ဘုရားသခင်၏ ဩဇာအာဏာကို သင်အာရုံခံစားရသည်။ ထိုသို့သောစကားများကို လူများက ပြောသည့်အခါတွင် သင်မည်သို့ခံစားရသနည်း။ သူတို့သည် အလွန်အမင်း မာနထောင်လွှားကာ လေလုံးထွားပြီး သူတို့ကိုယ်သူတို့ ကြွားဝါနေသည်ဟု သင်ထင်သလော။ သူတို့၌ ဤတန်ခိုး မရှိသည့်အတွက်၊ ဤကဲ့သို့သော ဩဇာအာဏာကို မပိုင်ဆိုင်သည့်အတွက် သူတို့သည် ဤကဲ့သို့သောအရာမျိုးကို ရရှိရန် လုံးဝမတတ်နိုင်ကြပေ။ သူတို့သည် သူတို့၏ ကတိများအပေါ် အလွန်သေချာနေခြင်းမှာ သူတို့မှတ်ချက်များ၏ ဂရုမစိုက်မှုကိုသာ ပြသည်။ တစ်ယောက်ယောက်က ဤကဲ့သို့သောစကားမျိုးကို ပြောသည်ဆိုလျှင် ထိုသူသည် သေချာပေါက်ပင် မာနထောင်လွှားပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလွန်ကဲနေလိမ့်မည်ဖြစ်ကာ ကောင်းကင်တမန်မင်း၏ စိတ်သဘောထားနှင့်ဆိုင်သည့် အကောင်းဆုံး ဥပမာအနေနှင့် သူ့ကိုယ်သူ ထုတ်ဖော်ပြနေမည်ဖြစ်သည်။ ဤနှုတ်ကပတ်တော်များသည် ဘုရားသခင်၏နှုတ်မှ လာ၏၊ ဤနှုတ်ကပတ်တော်များတွင် မာနထောင်လွှားသည့် သဘောမျိုးကို သင်ခံစားရသလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ဟာသသက်သက်ဖြစ်သည်ဟု

သင်ခံစားရသလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့သည် ဩဇာအာဏာဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့သည် အမှန်တရားဖြစ်သည်။ ထို့ပြင် သူ၏နှုတ်မှ နှုတ်ကပတ်တော်တို့ကို မမိန့်မြွက်မီတွင်၊ တစ်နည်းအားဖြင့် တစ်ခုခုကိုလုပ်ရန် သူဆုံးဖြတ်ချက်ချနေသည့်အခါတွင် ထိုအရာသည် ပြီးမြောက်နှင့်ပြီးဖြစ်သည်။ ဘုရားသခင်က အာဖြဟံကို ပြောသည့်အရာအားလုံးသည် အာဖြဟံနှင့် ဘုရားသခင်ပြုလုပ်ခဲ့သည့် ပဋိညာဉ်ဖြစ်ပြီး ဘုရားသခင်က အာဖြဟံအပေါ်ထားခဲ့သည့် ကတိတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။ ဤကတိသည် ထူထောင်ထားသည့် အချက်တစ်ခုဖြစ်ပြီး ပြီးမြောက်ခဲ့သည့် အချက်လည်းဖြစ်သည်။ ဤအချက်များသည် ဘုရားသခင်၏ အစီအစဉ်နှင့်အညီ ဘုရားသခင်၏ အတွေးများထဲတွင် တဖြည်းဖြည်း ပြီးမြောက်ခဲ့သည်။ ထို့ကြောင့် ဤကဲ့သို့သော နှုတ်ကပတ်တော်များကို ဘုရားသခင်ပြောဆိုခြင်းက သူ၌ မာနထောင်လွှားသည့် သဘောထားရှိသည်ဟု မဆိုလိုပေ။ အကြောင်းမှာ ဘုရားသခင်သည် ဤကဲ့သို့သောအရာမျိုးကို လုပ်ဆောင်နိုင်သောကြောင့်ဖြစ်သည်။ သူ့တွင် ဤကဲ့သို့သော တန်ခိုးနှင့် ဩဇာအာဏာရှိပြီး ဤလုပ်ရပ်များကို ရရှိရန် အပြည့်အဝ တတ်စွမ်းနိုင်ကာ ဤအရာများ၏ ပြီးမြောက်မှုများသည် သူ၏လုပ်နိုင်စွမ်းအတွင်းတွင် လုံးဝတည်ရှိသည်။ ဤကဲ့သို့သော နှုတ်ကပတ်တော်များကို ဘုရားသခင်၏နှုတ်မှ မိန့်မြွက်သည့်အခါတွင် ၎င်းတို့သည် ဘုရားသခင်၏ စစ်မှန်သည့် စိတ်သဘောထားကို ထုတ်ဖော်ခြင်းနှင့် ဖွင့်ပြခြင်းတို့ဖြစ်ပြီး ဘုရားသခင်၏ အနှစ်သာရနှင့် ဩဇာအာဏာတို့၏ စုံလင်သည့်ထုတ်ဖော်ခြင်း၊ ထင်ရှားပြသခြင်းတို့ဖြစ်၏။ ထို့ပြင် ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာဆိုင်ရာ သက်သေအနေနှင့် ယင်းတို့ထက် ပိုပြီးသင့်လျော်သည့်၊ သင့်တော်သည့် အရာမရှိပေ။ ဤကဲ့သို့သော မိန့်မြွက်ချက်များ၏ သဘောထား၊ လေသံနှင့် အသုံးအနှုန်းတို့သည် ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာဆိုင်ရာ အမှတ်အသား အတိအကျဖြစ်ပြီး ဘုရားသခင်ကိုယ်တော်တိုင်၏ ဝိသေသလက္ခဏာဆိုင်ရာ ဖော်ပြချက်နှင့် လုံးဝကိုက်ညီသည်။ ဤမိန့်မြွက်ချက်များထဲတွင် ဟန်ဆောင်ခြင်း၊ သို့မဟုတ် မသန့်စင်ခြင်းတို့ မပါဝင်ပေ။ ယင်းတို့မှာ ဖန်ဆင်းရှင်၏ အနှစ်သာရနှင့် ဩဇာအာဏာများကို ပြည့်စုံစွာနှင့် ကုံလုံစွာ အကောင်းဆုံးဖော်ပြခြင်း ဖြစ်သည်။ ဖန်ဆင်းခံများကမူ ဘုရားသခင် ပေးအပ်သည့် တန်ခိုးကို ပိုင်ဆိုင်ရန် မဆိုထားနှင့် ဤဩဇာအာဏာကို မပိုင်ဆိုင်သကဲ့သို့ ဤအနှစ်သာရများကိုလည်း မပိုင်ဆိုင်ပေ။ လူသားသည် ဤကဲ့သို့သော အပြုအမူမျိုးကို သစ္စာဖောက်ပါက ယင်းသည် သေချာပေါက်ပင် သူ၏အကျင့်ပျက်စီးသည့် စိတ်သဘောထား ပေါ်ထွက်လာခြင်းဖြစ်ပြီး ဤအရာ၏ အရင်းအမြစ်သည် လူသား၏ မာနထောင်လွှားခြင်းနှင့်

ရိုင်းစိုင်းသည့် ရည်မှန်းချက်တို့၏ ဝင်စွက်ဖက်တတ်သည့် အကျိုးသက်ရောက်မှု ဖြစ်လိမ့်မည်၊ ထို့ပြင် ဘုရားသခင်ကို သစ္စာဖောက်ရန်အတွက် လူများကို လှည့်စားသွေးဆောင်လိုသည့် နတ်ဆိုး၊ စာတန်၏ အန္တရာယ်ပြုလိုသည့် ရည်ရွယ်ချက်များ ပေါ်ထွက်လာခြင်းသာ ဖြစ်လိမ့်မည်။ ဤကဲ့သို့သော ဘာသာစကားမျိုးနှင့် ထုတ်ဖော်ခံရခြင်းကို ဘုရားသခင်က မည်သို့ထင်မြင်မည်နည်း။ သင်သည် သူ့နေရာကို လုယူလိုပြီး သူ့ကိုအစားထိုးကာ သူအဖြစ် အယောင်ဆောင်လိုသည်ဟု ဘုရားသခင်က ဆိုလိမ့်မည်။ သင်သည် ဘုရားသခင့်မိန့်မြွက်ချက်များ၏ လေသံကို တုပပါက သင်၏ရည်ရွယ်ချက်က လူတို့၏နှလုံးသားထဲက ဘုရားသခင်၏နေရာကို အစားဝင်ရန်၊ ဘုရားသခင် တရားဝင် ပိုင်ဆိုင်သည့် လူသားမျိုးနွယ်ကို အပိုင်စီးရန်ဖြစ်သည်။ ဤသည်မှာ စာတန်ပင်ဖြစ်၏။ ရှင်းလင်းရိုးရှင်းသည်။ ဤအရာတို့သည် ကောင်းကင်တမန်မင်းမှ ဆင်းသက်လာသူတို့၏ လုပ်ရပ်များသာဖြစ်သည်၊ ကောင်းကင်ဘုံမှ သည်းမခံနိုင်စရာဖြစ်သည်။ လူတစ်ဦး၏ စကားလုံးနှင့် အပြုအမူများ၌ ဘုရားသခင်၏ဩဇာအာဏာနှင့် တန်ခိုးတို့ပါဝင်သည့်အလား၊ ထိုလူ၏ အနှစ်သာရနှင့် ဝိသေသလက္ခဏာတို့သည် အတုမရှိသည့်အလား၊ ထိုလူ၏ စကားလေသံပင်လျှင် ဘုရားသခင်နှင့် ဆင်တူသည့်အလား ခံစားရစေရန် ပြုလုပ်လျက် လူများကို အမြင်မှားစေရန်နှင့် လှည့်စားရန် ရည်ရွယ်ချက်ဖြင့် စကားအချို့ကိုပြောပြီး နည်းလမ်းတစ်ခုနှင့် ဘုရားသခင်ကို တုပသည့်သူ သင်တို့ထဲတွင် ရှိသလော။ ဤကဲ့သို့သောအရာမျိုးကို သင်တို့လုပ်ဖူးသလော။ ဘုရားသခင်၏ စိတ်သဘောထားကို ကိုယ်စားပြုသည်ဟု ထင်ရသည့် လက်ဟန်ခြေဟန်အပြင် တန်ခိုးအစွမ်းနှင့် ဩဇာအာဏာဟု သင်ယူဆသည့် အရာတို့နှင့် သင်တို့၏ ဟောပြောချက်များတွင် ဘုရားသခင်၏လေသံကို တုပဖူးသလော။ သင်တို့အများစုသည် ဤကဲ့သို့သောနည်းနှင့် မကြာခဏ ပြုမူကြသလော၊ သို့မဟုတ် ပြုမူရန် စီစဉ်ထားသလော။ ဖန်ဆင်းရှင်၏ ဩဇာအာဏာကို သင်တို့ အမှန်တကယ် မြင်တွေ့ကာ သတိပြုမိ၍ သိရှိလာပြီး သင်တို့ပြုလုပ်လေ့ရှိသည့်အရာနှင့် သင်တို့ကိုယ်သင်တို့ ဖွင့်ပြလေ့ရှိသည့်အရာတို့ကို ပြန်ကြည့်သည့်အခါတွင် ရွံရှာစက်ဆုပ်ခြင်းကို ခံစားကြရသလော။ သင်တို့၏ ယုတ်ညံ့မှုနှင့် အရှက်မဲ့မှုကို သိမြင်သလော။ ဤကဲ့သို့သောလူများ၏ စိတ်သဘောထားနှင့် အနှစ်သာရကို ခွဲခြားစိတ်ဖြာကြည့်ပြီးနောက် သူတို့သည် ကျိန်စာမိထားသည့် ငရဲသားများဖြစ်သည်ဟု ဆိုနိုင်မည်လော။ ဤကဲ့သို့သောအရာများကို လုပ်သည့်လူတိုင်းက ကိုယ့်ကိုယ်ကိုယ် အရှက်ရအောင်လုပ်နေကြသည်ဟု ဆိုနိုင်မည်လော။ ဤသဘောတရား၏ လေးနက်မှုကို သင်တို့သိမြင်သလော။ မည်မျှလေးနက်သနည်း။ ဤကဲ့သို့သောနည်းနှင့် ပြုမူကြသည့်

လူများ၏ ရည်ရွယ်ချက်က ဘုရားသခင်ကို တုပရန်ဖြစ်သည်။ သူတို့သည် ဘုရားသခင်ဖြစ်ချင်ကြပြီး လူများအား သူတို့ကို ဘုရားသခင်အနေနှင့် ကိုးကွယ်စေချင်ကြသည်။ သူတို့သည် လူတို့ကို ထိန်းချုပ်ရန်၊ ဝါးမြိုရန်နှင့် သိမ်းပိုက်ရန်အလို့ငှာ လူတို့၏နှလုံးသားထဲက ဘုရားသခင်၏နေရာကို ဖျက်သိမ်းပစ်ချင်ကြပြီး လူသားကြားတွင် အလုပ်လုပ်သည့် ဘုရားသခင်ကို ဖယ်ထုတ်ပစ်ချင်ကြသည်။ လူတိုင်း၏ မသိစိတ်၌ ဤကဲ့သို့သော ဆန္ဒများနှင့် ရည်ရွယ်ချက်များရှိကြပြီး လူတိုင်းက ဤကဲ့သို့သော အကျင့်ပျက်စီးသည့် စာတန်နှင့်ဆိုင်သည့် အနှစ်သာရအတိုင်း အသက်ရှင်ကြကာ ဘုရားသခင်နှင့် ရန်ဘက်ဖြစ်သည့်၊ ဘုရားသခင်ကို သစ္စာဖောက်ပြီး ဘုရားသခင်ဖြစ်ချင်သည့် စာတန်နှင့်ဆိုင်သည့် သဘာဝအတိုင်း အသက်ရှင်ကြသည်။ ဘုရားသခင်၏ သြဇာအာဏာ ခေါင်းစဉ်အပေါ် ငါ၏မိတ်သဟာယပြုမှုကို ကြားနာပြီးနောက် ဘုရားသခင်အဖြစ် အယောင်ဆောင်ရန်၊ သို့မဟုတ် ဘုရားသခင်ကို တုပရန် ဆန္ဒရှိကြသလေးသလော၊ သို့မဟုတ် ရည်သန်ကြိုးပမ်းနေကြသေးသလော။ သင်တို့တွင် ဘုရားဖြစ်ချင်သည့်ဆန္ဒ ရှိသေးသလော။ သင်တို့ ဘုရားဖြစ်ချင်သေးသလော။ ဘုရားသခင်၏ သြဇာအာဏာကို လူသားက တုပ၍မရပေ။ ဘုရားသခင်၏ ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်ကို လူသားက အယောင်ဆောင်၍မရပေ။ သင်သည် ဘုရားသခင်ပြောသည့် လေသံအတိုင်း တုပနိုင်စွမ်းရှိသော်လည်း ဘုရားသခင်၏ အနှစ်သာရကိုမူ မတုပနိုင်ပေ။ ဘုရားသခင်၏နေရာတွင်ရပ်ပြီး ဘုရားအဖြစ် အယောင်ဆောင်နိုင်သော်လည်း ဘုရားသခင် လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် အရာများကို မည်သည့်အခါမျှ သင်လုပ်ဆောင်နိုင်မည်မဟုတ်ပေ၊ ထို့ပြင် သင့်အနေဖြင့် အရာအားလုံးကို မည်သည့်အခါမျှ အုပ်စိုးပြီး အမိန့်ပေးနိုင်မည်မဟုတ်ပေ။ ဘုရားသခင်၏အမြင်တွင် သင်သည် သေးငယ်သည့် ဖန်ဆင်းခံတစ်ခုသာ ထာဝရဖြစ်နေမည်ဖြစ်သည်။ သင်၏ကျွမ်းကျင်မှုနှင့် အရည်အချင်းက မည်မျှကြီးမားပါစေ၊ သင့်တွင် ဆုကျေးဇူးများ မည်မျှပင်ရှိပါစေ၊ သင်၏ အရာအားလုံးသည် ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက်တွင်ရှိသည်။ သင်သည် မထီတရီ စကားအချို့ကို ပြောနိုင်သော်လည်း ဤအချက်က သင့်တွင် ဖန်ဆင်းရှင်၏ အနှစ်သာရရှိသည်ဟု မပြနိုင်သကဲ့သို့ ဖန်ဆင်းရှင်၏ သြဇာအာဏာကို သင်ပိုင်ဆိုင်သည်ဟုလည်း မဖော်ပြပေ။ ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုးသည် ဘုရားသခင် ကိုယ်တော်တိုင်၏ အနှစ်သာရများဖြစ်သည်။ ဤအရာများသည် သင်ယူထားခြင်းမဟုတ်သကဲ့သို့ အပြင်မှ ထည့်သွင်းထားခြင်းလည်း မဟုတ်ပေ။ ထိုအစား ဘုရားသခင် ကိုယ်တော်တိုင်၏ ရှိရင်းစွဲ အနှစ်သာရများ ဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံကြားတွင်ရှိသည့်

ဆက်နွှယ်မှုကို မည်သည့်အခါမျှ ပြောင်းလဲ၍ မရနိုင်ပေ။ ဖန်ဆင်းခံတစ်ခုအနေနှင့် လူသားသည် သူ၏ကိုယ်ပိုင်အနေအထားကို ထိန်းသိမ်းပြီး အသိဉာဏ်ရှိရှိပြုမူရမည်။ ဖန်ဆင်းရှင်က တာဝန်ပေးစေခိုင်းထားသည့်အရာကို တာဝန်သိတတ်စွာနှင့် စောင့်ရှောက်ရမည်။ စည်းကျော်၍ မလုပ်ရ၊ သို့မဟုတ် မိမိတတ်နိုင်သည့် နယ်ပယ်ထက် ကျော်၍မလုပ်ရ၊ သို့မဟုတ် ဘုရားသခင် စက်ဆုပ်သည့် အရာများကို မလုပ်ရ။ ကြီးမြတ်ရန်၊ သို့မဟုတ် အာဂလူသားဖြစ်ရန်၊ သို့မဟုတ် အခြားလူများထက်ကျော်လွန်ရန် မလုပ်ရသကဲ့သို့ ဘုရားဖြစ်အောင်လည်း မကြိုးစားရ။ ဤသည်မှာ လူတို့ဆန္ဒမပြုသင့်သည့် အရာဖြစ်သည်။ ကြီးမြတ်ရန်၊ သို့မဟုတ် အာဂလူသားဖြစ်ရန် ကြိုးစားလုပ်ဆောင်ခြင်းက အဓိပ္ပာယ်မရှိပေ။ ဘုရားဖြစ်ရန် ကြိုးစားလုပ်ဆောင်ခြင်းက ပို၍ပင် ဆိုးဝါးသည်။ ဤသည်မှာ ရွံ့ရှာစက်ဆုပ်ဖွယ်ဖြစ်ပြီး ယုတ်ညံ့၏။ ချီးကျူးထိုက်ပြီး အရာအားလုံးထက် ဖန်ဆင်းခံတို့ စွဲကိုင်ထားသင့်သည့် အရာမှာ စစ်မှန်သည့် ဖန်ဆင်းခံဖြစ်ရန်ဖြစ်၏။ ဤသည်မှာ လူအားလုံး လိုက်လျှောက်သင့်သည့် တစ်ခုတည်းသော ပန်းတိုင်ဖြစ်သည်။

**ဖန်ဆင်းရှင်၏ ဩဇာအာဏာသည် အချိန်၊ နေရာ သို့မဟုတ် မြေမျက်နှာသွင်ပြင်အားဖြင့် ကန့်သတ်ထားခြင်းမရှိသကဲ့သို့၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာသည် တိုင်းတာ၍မရနိုင်ပေ**

ကမ္ဘာဦးကျမ်း ၂၂:၁၇-၁၈ ကို ကြည့်ကြစို့။ ဤသည်မှာ ယေဟောဝါ ဘုရားသခင်က အာဗြဟံကိုပြောသည့် နောက်ထပ် ကျမ်းပိုဒ်တစ်ခုဖြစ်သည်၊ ယင်းတွင် သူက အာဗြဟံကို၊ "ကောင်းကြီးမင်္ဂလာဖြင့် သင့်ကို ငါကောင်းကြီးပေးမည်၊ တိုးပွားများပြားခြင်း၌ သင်၏ အမျိုးအနွယ်ကို မိုးကောင်းကင် ကြယ်များကဲ့သို့လည်းကောင်း၊ ပင်လယ်ကမ်းခြေပေါ်မှ သဲလုံးနှင့်အမျှလည်းကောင်း ငါတိုးပွားများပြားစေမည်။ သင်၏ အမျိုးအနွယ်သည် သူ့ရန်သူတို့၏ တံခါးတို့ကို အပိုင်ရလိမ့်မည်၊ မြေကြီးပေါ်ရှိ တိုင်းနိုင်ငံတို့သည် သင်၏အမျိုးအနွယ်အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။ သင်သည် ငါ၏စကားသံကို နာခံသောကြောင့် ဖြစ်သည်။" ဟု ဆိုခဲ့သည်။ ယေဟောဝါ ဘုရားသခင်က အာဗြဟံကို သူ၏ သားသမီးများက ပွားများဖို့ရန် အကြိမ်ပေါင်းများစွာ ကောင်းကြီးပေးခဲ့သည်။ သို့သော် မည်သည့် အတိုင်းအတာအထိ ၎င်းတို့ ပွားများမည်နည်း။ ကျမ်းစာတွင် ပြောထားသည့် အတိုင်းအတာအထိဖြစ်သည် "မိုးကောင်းကင် ကြယ်များကဲ့သို့လည်းကောင်း၊ ပင်လယ်ကမ်းခြေပေါ်မှ သဲလုံးနှင့် အမျှလည်းကောင်း၊" ယင်းမှာ ဘုရားသခင်သည် အာဗြဟံကို မိုးကောင်းကင်က ကြယ်များကဲ့သို့များပြားပြီး ပင်လယ်ကမ်းခြေက သဲများကဲ့သို့ ပေါများသည့် သားသမီးများ နှင်းအပ်ပေးသနားရန်

ဆန္ဒရှိခဲ့သည်ဟု ဆိုလိုပေသည်။ ဘုရားသခင်သည် နိမိတ်ပုံကို အသုံးပြုလျက် စကားပြောခဲ့ပြီး၊ ဤနိမိတ်ပုံမှ ဘုရားသခင်သည် အာဗြဟံကို မျိုးဆက် တစ်ယောက်၊ နှစ်ယောက်မျှ သို့မဟုတ် ထောင်ပေါင်းများစွာကိုမျှပင် ပေးသနားမည်မဟုတ်ဘဲ၊ ဘုရားသခင်က အာဗြဟံသည် လူမျိုးစုများစွာ၏ ဖခင်ဖြစ်မည်ဟု သူ့ကို ကတိပေးခဲ့သည့်အတွက်၊ လူမျိုးစု အမြောက်အမြား ဖြစ်လာလောက်အောင် မရေမတွက်နိုင်သည့် အရေအတွက်ကို ချပေးသနားမည်ကို မြင်ရန် မခက်ခဲပေ။ ယခု ထိုအရေအတွက်ကို လူက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သလော၊ ဘုရားသခင်က ဆုံးဖြတ်ခဲ့ခြင်းလော။ လူသားက သူ့တွင် မျိုးဆက်မည်မျှ ရှိမည်ဆိုသည်ကို ထိန်းချုပ်၍ရသလော။ ယင်းသည် သူ့သဘောအတိုင်း ဖြစ်သလော။ "မိုးကောင်းကင် ကြယ်များကဲ့သို့ လည်းကောင်း၊ ပင်လယ်ကမ်းခြေပေါ်မှ သဲလုံးနှင့်အမျှ လည်းကောင်း" ဆိုသလောက် များရန်မဆိုထားနှင့် အချို့ရှိသည် မရှိသည်ဆိုသည်ပင်လျှင် လူသား သဘောအတိုင်း မဟုတ်ပေ။ အဘယ်သူသည် ၎င်းတို့၏ သားသမီးများ ကြယ်များကဲ့သို့ များပြားရန်အတွက် ဆန္ဒမရှိဘဲနေမည်နည်း။ အကြောင်းအပေါင်း မသင့်၍၊ အမှုအရာများသည် သင်ဖြစ်ချင်သကဲ့သို့ အမြဲတမ်း မဖြစ်ပေ။ လူသားက မည်မျှကျွမ်းကျင်သည်ဖြစ်စေ တတ်စွမ်းသည် ဖြစ်စေ၊ သူ၏ သဘောအတိုင်း မဟုတ်ပေ။ ဘုရားသခင် စီမံထားသည့်အရာ၏ ပြင်ပတွင် မည်သူမျှ မရပ်တည်နိုင်ပေ။ သူက သင့်ကို မည်မျှခွင့်ပြုသည်ဖြစ်စေ ယင်းမှာ သင်ရရှိသင့်သလောက် ဖြစ်သည်။ ဘုရားသခင်က သင့်ကို အနည်းငယ်ပေးလျှင်၊ သင်သည် မည်သည့်အခါမျှ များစွာရမည် မဟုတ်ပေ။ ဘုရားသခင်က သင့်ကို များစွာပေးလျှင် သင်မည်မျှရှိသည် ဆိုကို မကျေမနပ်ဖြစ်ခြင်းသည် အသုံးမဝင်ပေ။ ဤသည်မှာ မမှန်ကန်သလော။ ဤအရာအားလုံးက ဘုရားသခင်၏ သဘောအတိုင်း ဖြစ်သည်၊ လူသား သဘောအတိုင်း မဟုတ်ပေ။ လူသားကို ဘုရားသခင်က အုပ်စိုးပြီး မည်သူမျှ မလွတ်ကင်းပေ။

"သင်၏ အမျိုးအနွယ်ကို ငါတိုးပွားများပြားစေမည်။" ဟု ဘုရားသခင်ပြောခဲ့ချိန်တွင်၊ ဤသည်မှာ သက်တံ ပဋိညာဉ်ကဲ့သို့ ဘုရားသခင်က အာဗြဟံနှင့် ထူထောင်ခဲ့သည့် ပဋိညာဉ်တစ်ခု ဖြစ်သည်၊ ယင်းသည် ထာဝရဖြစ်မြောက်မည် ဖြစ်ပြီး အာဗြဟံထံ ဘုရားသခင်ပြုခဲ့သည့် ကတိတစ်ခုလည်း ဖြစ်သည်။ ဤကတိကို အမှန်တကယ်ဖြစ်လာစေရန် ဘုရားသခင်သာ အရည်အချင်း ပြည့်မီပြီး လုပ်နိုင်စွမ်းရှိသည်။ လူသားက ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ၊ လူသားက လက်ခံသည်ဖြစ်စေ လက်မခံသည် ဖြစ်စေ၊ ပြီးလျှင် လူသားက မည်သို့ မြင်ပြီး မည်သို့ သဘောထားသည်ဖြစ်စေ၊ ဤအရာအားလုံးသည် ဘုရားသခင် ပြောဆိုသည့် နှုတ်ကပတ်တော်များနှင့်အညီ အသေးစိတ် အတိအကျ ပြီးပြည့်စုံမည် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် လူ၏အလိုဆန္ဒ သို့မဟုတ် အယူအဆများ

ပြောင်းလဲမှုကြောင့် ပြောင်းလဲသွားမည်မဟုတ်သကဲ့သို့ မည်သည့်လူ၊ အဖြစ်အပျက် သို့မဟုတ် အမှုအရာ၌ ပြောင်းလဲမှုကြောင့် ပြောင်းလဲမည်မဟုတ်ပေ။ အရာအားလုံး ပျောက်ကွယ်ကောင်း ပျောက်ကွယ် သွားနိုင်သော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များက ထာဝရ ကျန်ရှိနေမည်ဖြစ်သည်။ အမှန်တွင်၊ သူသည် ဖန်ဆင်းရှင်ဖြစ်ပြီး ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့် ဖန်ဆင်းရှင်၏ တန်ခိုးကို ပိုင်ဆိုင်ကာ သူသည် အရာခပ်သိမ်းနှင့် သက်ရှိ အင်အားစုအားလုံးကို ထိန်းချုပ်သည့်အတွက်၊ အရာအားလုံး ပျောက်ကွယ်သွားသည့်နေ့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ လုံးဝ ပြည့်စုံသည့်နေ့ရက် အတိအကျ ဖြစ်သည်။ သူသည် ဘာမျှမရှိသည့်အရာမှ တစ်စုံတစ်ရာရှိလာဖို့ သို့မဟုတ် တစ်စုံတစ်ရာကို ဘာမျှမရှိဖြစ်လာဖို့ ဖြစ်စေနိုင်ပြီး၊ ရှင်သန်သောအရာမှသည် သေသောအရာအထိ အရာအားလုံး၏ ပြောင်းလဲခြင်းကို သူထိန်းချုပ်သည်။ ဘုရားသခင်အတွက် တစ်စုံတစ်ဦး၏ မျိုးနွယ်ကို ပွားများစေခြင်းထက် မည်သည့်အရာမျှ သာ၍ မရိုးရှင်းနိုင်ပေ။ ဤသည်မှာ လူသားအတွက် နတ်သမီးပုံပြင် တစ်ပုဒ်ကဲ့သို့ ဆန်းပြားပုံရသော်လည်း၊ ဘုရားသခင်အဖို့ သူလုပ်ဆောင်ရန် ဆုံးဖြတ်ထားပြီး ကတိပေးထားသည့်အရာသည် မဆန်းပြားသကဲ့သို့ နတ်သမီးပုံပြင်တစ်ပုဒ်လည်း မဟုတ်ပေ။ ယင်းထက်၊ ထိုအရာသည် ဘုရားသခင် မြင်နှင့်ပြီးဖြစ်ကာ ဧကန်မုချ ဖြစ်မြောက်ရမည့် အမှန်တရားတစ်ခုဖြစ်သည်။ ဤအရာကို သင်တို့ နားလည်ကြပါသလော။ အာဗြဟံ၏ မျိုးဆက်များက များပြားခဲ့သည်ကို အချက်အလက်များက သက်သေပြသလော။ ၎င်းတို့ မည်မျှ များပြားခဲ့သနည်း။ "မိုးကောင်းကင် ကြယ်များကဲ့သို့ လည်းကောင်း၊ ပင်လယ်ကမ်းခြေပေါ်မှ သဲလုံးနှင့်အမျှ လည်းကောင်း" ဟု ဘုရားသခင်ပြောခဲ့သကဲ့သို့ များပြားခဲ့သလော။ ၎င်းတို့သည် တိုင်းနိုင်ငံအားလုံး၊ ဒေသအားလုံးအနှံ့၊ ကမ္ဘာလောက ထဲက နေရာတိုင်းကို ပျံ့နှံ့ခဲ့ကြသလော။ ဤအချက်သည် မည်သည့်အရာမှတစ်ဆင့် ဖြစ်မြောက်ခဲ့သနည်း။ ယင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ ဩဇာအာဏာအားဖြင့် ပြီးမြောက်ခဲ့သလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြောကြားပြီးနောက် နှစ်ကာလ ရာပေါင်း၊ ထောင်ပေါင်းအချို့ကြာ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ဆက်လက်ပြည့်စုံခဲ့ပြီး၊ အမှန်တရားများ စဉ်ဆက်မပြတ် ဖြစ်လာနေခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်၏ ကြီးမားသောအင်အား၊ ဘုရားသခင်၏ ဩဇာအာဏာ၏ သက်သေဖြစ်သည်။ အစအဦးတွင် အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့ချိန်တွင်၊ ဘုရားသခင်က "အလင်းဖြစ်စေ" ဟု ပြောခဲ့ပြီး အလင်း ရှိခဲ့သည်။ ဤသည်မှာ အလွန်လျင်မြန်စွာ ဖြစ်ပျက်ခဲ့ပြီး၊ အလွန် တိုတောင်းသော အချိန်အတွင်း ပြည့်စုံခဲ့ကာ၊ ယင်း၏

ပြီးမြောက်မှုနှင့် ပြည့်စုံမှုတွင် ကြန့်ကြာခြင်း မရှိခဲ့ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၏ သက်ရောက်မှုသည် ချက်ချင်းဖြစ်ခဲ့သည်။ နှစ်ခုလုံးက ဘုရားသခင်၏ ဩဇာအာဏာနှင့်ဆိုင်သည့် ပြသချက်များဖြစ်သည်၊ သို့ရာတွင် ဘုရားသခင်က အာမြဖဟံကို ကောင်းကြီးပေးခဲ့ချိန်တွင်၊ သူ၏ ဩဇာအာဏာ၏ အနှစ်သာရ အခြားတစ်ဘက်အပြင် ဖန်ဆင်းရှင်၏ ဩဇာအာဏာကို တိုင်းတာ၍မရဟူသည့် အချက်ကို လူသားအား မြင်ခွင့်ပေးခဲ့သည်၊ ထို့အပြင် ဖန်ဆင်းရှင်၏ ဩဇာအာဏာ၏ ပိုပြီးစစ်မှန်သည့်၊ သာ၍ အလေးထားဖွယ် ကောင်းသောဘက်ကို လူသားအား သူ မြင်ခွင့်ပေးခဲ့သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မိန့်မြွက်သည်နှင့် တစ်ပြိုင်နက်၊ ဘုရားသခင်၏ ဩဇာအာဏာသည် ဤအမှုကို ကွပ်ကဲအုပ်ချုပ်ပြီး ဘုရားသခင်၏ နှုတ်မှ ကတိပေးခဲ့သည့် အချက်သည် တဖြည်းဖြည်း လက်တွေ့အရှိတရား စတင် ဖြစ်လာသည်။ အကျိုးဆက်အနေဖြင့်၊ နွေဦးရောက်လာချိန်တွင် မြက်ပင်များ စိမ်းလန်းလာသကဲ့သို့၊ ပန်းများ ဖူးပွင့်လာသကဲ့သို့၊ သစ်ပင်မှ အဖူးလေးများ ထွက်လာသကဲ့သို့၊ ငှက်များ သီချင်းစတင် သီကျူးသကဲ့သို့၊ ငန်းများ ပြန်လာပြီး ကွင်းပြင်များက လူများနှင့် ဖွေးဖွေးလှုပ်သကဲ့သို့ များစွာတူညီသည့် ပြောင်းလဲမှုများသည် အရာအားလုံးအလယ် စတင်ဖြစ်ပေါ်လာသည်။... နွေဦး ရောက်ရှိခြင်းနှင့်အတူ အရာအားလုံးသည် နုပျိုသစ်လွင်လာပြီး၊ ဤသည်မှာ ဖန်ဆင်းရှင်၏ ထူးခြားဆန်းကြယ်သည့် လုပ်ဆောင်ချက် ဖြစ်သည်။ ဘုရားသခင်က သူ၏ကတိများကို ပြီးမြောက်သည့်အခါတွင်၊ ကောင်းကင်နှင့် ကမ္ဘာမြေကြီးပေါ် ရှိ အရာအားလုံးသည် ဘုရားသခင်၏ အတွေးများနှင့်အညီ အသစ်ပြုပြင်ပြီး ပြောင်းလဲကြသည်- မည်သည့်အရာမျှ မကင်းလွတ်ပေ။ ဘုရားသခင်၏နှုတ်မှ ကတိပေးပြီးသော အမှု သို့မဟုတ် ကတိတစ်ခု မိန့်မြွက်လိုက်သည့်အခါတွင်၊ အရာအားလုံးက ယင်း၏ ပြီးပြည့်စုံခြင်းအတွက် အသုံးတော်ခံကြပြီး၊ ယင်း၏ ပြီးပြည့်စုံခြင်းအတွက် ခိုင်းစေခြင်းခံကြရသည်။ ဖန်ဆင်းခံ အားလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍကို ဆောင်ရွက်ရင်းနှင့် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်းတာဝန်ကို အစေခံရင်း၊ ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက်တွင် စီစဉ်ညွှန်ကြားကာ စီမံခံရသည်။ ဤသည်မှာ ဖန်ဆင်းရှင်၏ ဩဇာအာဏာ ထင်ရှားပြသခြင်းဖြစ်သည်။ ဤအရာတွင် မည်သည့်အရာကို သင် မြင်သနည်း။ ဘုရားသခင်၏ ဩဇာအာဏာကို သင်မည်သို့ သိသနည်း။ ဘုရားသခင်၏ ဩဇာအာဏာအဖို့ အပိုင်းအခြားတစ်ခု ရှိသလော။ အချိန်အကန့်အသတ် ရှိသလော။ ယင်းကို အမြင့်တစ်ခုခု သို့မဟုတ် အလျားတစ်ခုခုအဖြစ် ပြောဆို၍ရနိုင်သလော။ ယင်းကို အရွယ်အစား သို့မဟုတ် ခွန်အားတစ်ခုခုအဖြစ် ပြောဆို၍ ရနိုင်သလော။ လူသား၏ အတိုင်းအတာဖြင့် ယင်းကို

တိုင်းတာ၍ရသလော။ ဘုရားသခင်၏ ဩဇာအာဏာသည် ပေါ်လိုက်၊ ပျောက်လိုက် မဟုတ်သကဲ့သို့၊ လာလိုက် သွားလိုက် မလုပ်ပေ၊ ပြီးလျှင် သူ၏ ဩဇာအာဏာ မည်မျှကြီးမြတ်သည်ကို တိုင်းတာနိုင်သူ မည်သူမျှမရှိပေ။ ဘုရားသခင်က လူတစ်ယောက်ကို ကောင်းချီးပေးသည့်အခါတွင်၊ အချိန်မည်မျှ ကုန်သွားသည်ကို ပဓာနမထားဘဲ၊ ဤကောင်းချီးမင်္ဂလာသည် ဆက်လက်ဖြစ်ပေါ်မည် ဖြစ်ပြီး ယင်း၏ ဆက်လက်ဖြစ်နေမှုသည် ဘုရားသခင်၏ မခန့်မှန်းနိုင်သည့် ဩဇာအာဏာကို သက်သေခံပြီး ဖန်ဆင်းရှင်၏ မငြိမ်းသတ်နိုင်သည့် အသက်အင်အား၏ တစ်ဖန်ပြန်လည် ပေါ်ထွန်းမှုကို မကြာခဏ လူသားမျိုးနွယ်ကို ရှုမြင်ခွင့်ပေးမည် ဖြစ်သည်။ သူ၏ဩဇာအာဏာနှင့်ဆိုင်သည့် ပြသမှုတစ်ခုစီသည် အရာခပ်သိမ်းနှင့် လူသားမျိုးနွယ်ထံ ထုတ်ဖော်ပြသထားသည့် သူ၏နှုတ်မှ နှုတ်ကပတ်တော်များ၏ စုံလင်သော သရုပ်ပြခြင်းဖြစ်သည်၊ ထို့အပြင် သူ၏ဩဇာအာဏာဖြင့် ပြီးမြောက်သည့် အရာတိုင်းသည် နှိုင်းယှဉ်၍မရအောင် အလွန်လှပသိမ်မွေ့ပြီး လုံး၀ အပြစ်အနာအဆာ ကင်းသည်။ သူ၏အတွေးများ၊ သူ၏ နှုတ်ကပတ်တော်များ၊ သူ၏ ဩဇာအာဏာများနှင့် သူပြီးမြောက်ခဲ့သည့် အမှုအားလုံးသည် မယှဉ်သာအောင် လှပသည့် ပန်းချီကားတစ်ချပ်ဖြစ်ပြီး၊ ဖန်ဆင်းခံများအတွက်၊ လူသားမျိုးနွယ်၏ ဘာသာစကားသည် ယင်း၏ အရေးပါမှုနှင့် တန်ဖိုးကို ရှင်းလင်းစွာပြောဆိုနိုင်စွမ်း မရှိပေ။ ဘုရားသခင်က လူတစ်ဦးကို ကတိတစ်ခု ပြုသည့်အခါတွင်၊ ၎င်းတို့ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ အဘယ်အရာကို လုပ်ဆောင်သည် ဖြစ်စေ၊ ကတိကို လက်မခံမီ သို့မဟုတ် လက်ခံပြီးနောက် ၎င်းတို့၏ နောက်ခံအကြောင်း မည်သည့်အရာဖြစ်ပါစေ၊ သို့မဟုတ် ၎င်းတို့ အသက်ရှင်နေထိုင်သည့် ပတ်ဝန်းကျင်တွင် ကသောင်းကနင်း ဖြစ်မှုများ မည်မျှကြီးမားသည် ဖြစ်စေ၊ ၎င်းတို့နှင့်ပတ်သက်သည့် အရာရာတိုင်းကို ဘုရားသခင်က ကောင်းကောင်း ရင်းနှီးလေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြောဆိုပြီးနောက် အချိန်မည်မျှ ကုန်လွန်သွားသည်ဖြစ်စေ၊ ယင်းသည် သူ့အတွက် ခုလေးတင် မိန့်မြွက်ပြီးဖြစ်သည့်အလား ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် လူသားမျိုးနွယ်ထံ သူပြုသည့် ကတိတိုင်းကို မျက်ခြေမပြတ် ထိန်းသိမ်းနိုင်ပြီး ပြည့်စုံစေနိုင်သည့် တန်ခိုးနှင့် ထိုသို့သော ဩဇာအာဏာရှိပြီး ကတိက မည်သည့်အရာဖြစ်သည်ကို ပဓာနမထားဘဲ၊ လုံး၀ ပြည့်စုံရန် မည်မျှကြာသည်ကို ပဓာနမထားဘဲ၊ ထို့အပြင် ယင်း၏ပြီးမြောက်မှုက ထည့်သွင်းစဉ်းစားသည့် နယ်ပယ်သည်— ဥပမာအားဖြင့်၊ အချိန်၊ မြေမျက်နှာသွင်ပြင်၊ လူမျိုး စသဖြင့်— မည်မျှ ကျယ်ပြန့်သည်ကို ပဓာနမထားဘဲ၊ ဤကတိသည် ပြီးမြောက်ကာ ပြည့်စုံလိမ့်မည်ဖြစ်ပြီး၊ ထို့အပြင် ယင်း၏ ပြီးမြောက်မှုနှင့် ပြည့်စုံမှုသည် သူ့ကို အနည်းငယ်အားစိုက်မှု လိုအပ်စေမည် မဟုတ်ပေ။

ဤအရာက မည်သည့်အရာကို သက်သေပြသနည်း။ ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုး၏ ကျယ်ပြန့်မှုသည် စကြဝဠာတစ်ခုလုံးနှင့် လူသားမျိုးနွယ်တစ်ခုလုံးကို ထိန်းချုပ်ရန် လုံလောက်သည်ကို သက်သေပြပေသည်။ ဘုရားသခင်သည် အလင်းကို ဖန်တီးခဲ့သော်လည်း၊ ဤသည်မှာ ဘုရားသခင်က အလင်းကိုသာ စီမံသည် သို့မဟုတ် သူက ရေကို ဖန်ဆင်းခဲ့သောကြောင့်၊ ရေကိုသာ စီမံခန့်ခွဲပြီး၊ အခြားအရာတိုင်းသည် ဘုရားသခင်နှင့် မဆက်နွယ်ဟု မဆိုလိုပေ။ ဤသည်မှာ နားလည်မှုလွဲခြင်းတစ်ခု ဖြစ်မည် မဟုတ်လော။ အာဖြဟံနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် နှစ်ပေါင်းရာပေါင်းများစွာကြာပြီးသည့်နောက်တွင် လူသား၏ မှတ်ဉာဏ်ထဲမှ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်ခဲ့ပြီး ဖြစ်သော်လည်း၊ ဘုရားသခင်အတွက်မူ ဤကတိသည် ယခင်အတိုင်း ရှိနေဆဲဖြစ်သည်။ ယင်းသည် ပြီးမြောက်မှု ဖြစ်စဉ်တွင် ရှိနေဆဲဖြစ်ပြီး၊ မည်သည့်အခါမျှ မရပ်တန့်ခဲ့လေပြီ။ ဘုရားသခင်က သူ၏ သြဇာအာဏာကို မည်သို့အသုံးချသည်၊ အရာခပ်သိမ်းကို မည်သို့ စီစဉ်ညွှန်ကြားပြီး စီမံသည်ဆိုသည်နှင့် ဤအချိန်အတော အတွင်း၌ ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာခပ်သိမ်းအလယ်တွင် အံ့သြဖွယ် အဖြစ်အပျက်များ မည်မျှဖြစ်ပွားခဲ့သည်ကို လူသားသည် တစ်ခါမျှ မသိဖူး သို့မဟုတ် မကြားဖူးပေ၊ သို့ရာတွင် ဘုရားသခင်၏ သြဇာအာဏာနှင့်ဆိုင်သည့် ပြသမှုနှင့် သူ၏ လုပ်ဆောင်ချက်များ၏ ထုတ်ဖော်မှုတို့နှင့်ဆိုင်သည့် အံ့သြဖွယ် ခင်းကျင်းပြသမှု အစိတ်အပိုင်းတိုင်းကို အရာခပ်သိမ်းအလယ် လက်ဆင့်ကမ်းခဲ့ပြီး ချီးမြှောက်ခြင်းခံခဲ့ရသည်၊ အရာခပ်သိမ်းသည် ဖန်ဆင်းရှင်၏ အံ့သြလောက်သည့် လုပ်ဆောင်ချက်များကို ပြသခဲ့ကြပြီး ပြောဆိုခဲ့ကြသကဲ့သို့၊ အရာခပ်သိမ်းအပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့်သက်ဆိုင်သည့် အပြောများသည့် အဖြစ်အပျက်အသီးသီးကို အရာအားလုံးက ထာဝရ အစဉ်အဆက် ပို၍ ကြွေးကြော်ကြလိမ့်မည်ဖြစ်သည်။ အရာခပ်သိမ်းကို ဘုရားသခင် အုပ်စိုးသည့် သြဇာအာဏာနှင့် ဘုရားသခင်၏ တန်ခိုးသည် ဘုရားသခင်သည် နေရာတိုင်းနှင့် အချိန်တိုင်းတွင် ဘုရားသခင် ပါရှိသည်ကို အရာအားလုံးထံ ပြသလေသည်။ သင်သည် ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုးတို့၏ နေရာအနှံ့ရှိခြင်းကို မျက်မြင်ကြုံတွေ့ပြီးသည့်အခါတွင်၊ ဘုရားသခင်သည် နေရာတိုင်းနှင့် အချိန်တိုင်းတွင်ရှိသည်ကို သင်တွေ့မြင်လိမ့်မည်။ ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုးသည် အချိန်၊ မြေမျက်နှာသွင်ပြင်၊ နေရာ သို့မဟုတ် မည်သည့်လူ၊ အဖြစ်အပျက် သို့မဟုတ် အမှုအရာအားဖြင့်မျှ ကန့်သတ်ခြင်းမခံရပေ။ ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုး၏ ကျယ်ပြန့်မှုသည် လူ၏ စိတ်ကူးစိတ်သန်းကို ကျော်လွန်သည်။ ယင်းသည်

လူသားအဖို့ နားမလည်နိုင်ဖွယ်၊ မစဉ်းစားတတ်အောင်ဖြစ်ပြီး၊ လူသားက မည်သည့်အခါမျှ လုံး၀ သိရှိလိမ့်မည် မဟုတ်ပေ။

လူအချို့က ကောက်ချက်ချပြီး စိတ်ကူးရန် နှစ်သက်ကြသည်၊ သို့ရာတွင် လူ၏စိတ်ကူးစိတ်သန်းသည် မည်မျှအတိုင်းအတာအထိ ရောက်ရှိနိုင်သနည်း။ ယင်းသည် ဤကမ္ဘာကို ကျော်လွန် သွားနိုင်သလော။ လူသားသည် ဘုရားသခင်၏ ဩဇာအာဏာ၏ စစ်မှန်မှုနှင့် တိကျမှုကို ကောက်ချက်ချခြင်း၊ စိတ်ကူးခြင်းတို့ လုပ်နိုင်စွမ်းရှိသလော။ လူသား၏ ကောက်ချက်ချခြင်းနှင့် စိတ်ကူးစိတ်သန်းတို့က ၎င်းအား ဘုရားသခင်၏ ဩဇာအာဏာနှင့် သက်ဆိုင်သည့် အသိပညာတစ်ခုကို ရရှိခွင့်ပေးနိုင်စွမ်းရှိသလော။ ထိုအရာများက လူသားအား ဘုရားသခင်၏ ဩဇာအာဏာကို အမှန်တကယ် တန်ဖိုးထားပြီး ကျိုးနွံနာခံစေနိုင်သလော။ လူသား၏ ကောက်ချက်ချခြင်းနှင့် စိတ်ကူးစိတ်သန်းတို့သည် လူသား၏ အသိဉာဏ်၏ ရလဒ်တစ်ခုသာဖြစ်ပြီး ဘုရားသခင်၏ ဩဇာအာဏာနှင့်ဆိုင်သည့် လူသား၏ အသိပညာကို ကူညီခြင်း သို့မဟုတ် အကျိုးပြုခြင်း စိုးစဉ်းမျှ မပေးနိုင်သည်ကို အချက်အလက်များက သက်သေပြလေသည်။ သိပ္ပံစိတ်ကူးယဉ် ဝတ္ထုများကို ဖတ်ရှုပြီးနောက်တွင်၊ အချို့သည် လ သို့မဟုတ် ကြယ်များက မည်သည့်အရာနှင့် တူသည်ကို စိတ်ကူးနိုင်ကြသည်။ သို့ရာတွင် ဤသည်မှာ လူသားသည် ဘုရားသခင်၏ ဩဇာအာဏာနှင့်သက်ဆိုင်သည့် သိနားလည်မှုတစ်ခုတစ်လေ ရှိသည်ဟု မဆိုလိုပေ။ လူသား၏ စိတ်ကူးစိတ်သန်း ဆိုသည်မှာ စိတ်ကူးစိတ်သန်းသာ ဖြစ်သည်။ ဤအရာများ၏ အချက်အလက်နှင့်သက်ဆိုင်၍ ဆိုလိုသည်မှာ၊ ဘုရားသခင်၏ ဩဇာအာဏာကို ၎င်းတို့၏ ဆက်နွှယ်မှုနှင့်ဆိုင်သည့် အချက်အလက်များကို သူက လုံး၀ သဘောမပေါက်ပေ။ သင်သည် လသို့ ရောက်ရှိဖူးလျှင်ပင် မည်သည့်အရေးပါမှုရှိသနည်း။ ဤအရာက သင်သည် ဘုရားသခင်၏ ဩဇာအာဏာကို ရှုထောင့်ပုံစံ အမျိုးမျိုးနှင့် သိနားလည်မှုရှိသည်ကို ပြသသလော။ ယင်းက သင်သည် ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုး၏ ကျယ်ပြန့်မှုကို စိတ်ကူးနိုင်သည်ကို ပြသသလော။ လူသား၏ ကောက်ချက်ချခြင်းနှင့် စိတ်ကူးစိတ်သန်းတို့သည် ဘုရားသခင်၏ ဩဇာအာဏာကို သူ့အား သိခွင့်ပေးနိုင်စွမ်းမရှိသည့်အတွက်၊ လူသားသည် အဘယ်အရာကို လုပ်ဆောင်သင့်သနည်း။ အမြော်အမြင်အရှိဆုံး ရွေးချယ်စရာမှာ ကောက်ချက်မချရန် သို့မဟုတ် စိတ်မကူးရန်ဖြစ်ပေမည်၊ ယင်းမှာ ဘုရားသခင်၏ ဩဇာအာဏာကို သိကျွမ်းခြင်းနှင့် ပတ်သက်လာသည့်အခါ၊ လူသားသည် စိတ်ကူးစိတ်သန်းအပေါ် မည်သည့်အခါမျှ မှီခိုရမည်မဟုတ်သကဲ့သို့ ကောက်ချက်ချခြင်း အပေါ် အားမထားရဟု ဆိုရပေမည်။ ဤနေရာတွင် သင်တို့ကို ငါပြောချင်သည်မှာ အဘယ်အရာဖြစ်သနည်း။ ဘုရားသခင်၏

ဩဇာအာဏာ၊ ဘုရားသခင်၏ တန်ခိုး၊ ဘုရားသခင်၏ ပင်ကိုလက္ခဏာနှင့် ဘုရားသခင်၏ အနှစ်သာရတို့နှင့်ဆိုင်သည့် အသိပညာကို သင်၏ စိတ်ကူးစိတ်သန်းအပေါ် အမှီပြုခြင်းအားဖြင့် မရရှိနိုင်ပေ။ သင်သည် ဘုရားသခင်၏ ဩဇာအာဏာကို သိရှိရန် စိတ်ကူးစိတ်သန်းကို အမှီမပြုနိုင်သည့်အတွက်၊ ဘုရားသခင်၏ ဩဇာအာဏာနှင့် ဆိုင်သည့် စစ်မှန်သော အသိပညာကို မည်သည့်နည်းလမ်းဖြင့် သင် ရရှိနိုင်သနည်း။ ဤအရာကို လုပ်ဆောင်ရမည့် နည်းလမ်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို စားသောက်ခြင်းမှတစ်ဆင့်၊ မိတ်သဟာယပြုခြင်းမှတစ်ဆင့်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြုံတွေ့ခံစားခြင်းမှတစ်ဆင့် ဖြစ်သည်။ ထိုသို့ဖြင့် သင်သည် ဘုရားသခင်၏ ဩဇာအာဏာနှင့်ဆိုင်သည့် ဖြည်းညင်းသော အတွေ့အကြုံတစ်ခုနှင့် အတည်ပြုခြင်း ရှိလိမ့်မည်ဖြစ်ပြီး၊ ယင်းနှင့်သက်ဆိုင်သည့် ဖြည်းညင်းသော သိနားလည်မှုနှင့် နည်းနည်းချင်းတိုးပွားသော အသိပညာတို့ကို ရရှိလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ဩဇာအာဏာနှင့်ဆိုင်သည့် အသိပညာကို ရရှိဖို့ တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်။ ဖြတ်လမ်းများ မရှိပေ။ သင်တို့ကို စိတ်မကူးရန် တောင်းဆိုခြင်းသည် ပျက်စီးခြင်းကို စောင့်ဆိုင်းရန် သင်တို့ကို မလှုပ်မယှက် ထိုင်စေခြင်း သို့မဟုတ် တစ်ခုတစ်လေကို လုပ်ဆောင်ခြင်းမှ သင်တို့ကို တားဆီးခြင်းနှင့် မတူပေ။ စဉ်းစားရန်နှင့် စိတ်ကူးရန် သင်၏ ဦးနှောက်ကို အသုံးမပြုခြင်းသည် ကောက်ချက်ချရန် ဆင်ခြင်တွေးခေါ်မှုစနစ်ကို အသုံးမပြုခြင်း၊ စိစစ်ရန် အသိပညာကို အသုံးမပြုခြင်း၊ အခြေခံအကြောင်းရင်းအဖြစ် သိပ္ပံပညာကို အသုံးမပြုဘဲ၊ ထိုအစား သင်ယုံကြည်သည့် ဘုရားသခင်က ဩဇာအာဏာရှိသည်ဆိုသည်ကို နားလည်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊ သူသည် သင်၏ ကံကြမ္မာအပေါ် အချုပ်အခြာအာဏာ စွဲကိုင်သည်ဆိုသည်နှင့် အချိန်တိုင်းတွင် သူ၏ တန်ခိုးက သူသည် စစ်မှန်သည့် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်မှန်း သက်သေပြသည်ကို ဘုရားသခင်၏နှုတ်ကပတ်တော်များမှ တစ်ဆင့်၊ သမ္မာတရား မှတစ်ဆင့်၊ ဘဝတွင် သင်ကြုံရသည့် အရာရာတိုင်းမှတစ်ဆင့် အတည်ပြုခြင်းကို ဆိုလိုပေသည်။ ဤသည်မှာ ဘုရားသခင်နှင့်ဆိုင်သည့် သိနားလည်မှုကို မည်သူမဆို ရရှိနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ အချို့က ၎င်းတို့သည် ဤရည်မှန်းချက်ကို စွမ်းဆောင်ရရှိရန် ရိုးရှင်းသည့် နည်းလမ်းတစ်ခုကို ရှာတွေ့လိုသည်ဟု ပြောကြသည်၊ သို့ရာတွင် ထိုသို့သောနည်းလမ်းကို သင်တို့ စဉ်းစားနိုင်သလော။ သင့်ကို ငါပြော၏၊ စဉ်းစားရန်မလိုပေ- အခြားနည်းလမ်းများမရှိပေ။ တစ်ခုတည်းသော နည်းလမ်းမှာ သူဖော်ပြသည့် နှုတ်ကပတ်တော်တိုင်းနှင့် သူလုပ်ဆောင်သည့် အရာရာတိုင်း မှတစ်ဆင့် ဘုရားသခင်၏

အရာအားလုံးနှင့် ဖြစ်ခြင်းကို သေသေချာချာ စဉ်းစားချင့်ချိန်စွာနှင့် တည်ကြည်ခိုင်မာစွာ သိရှိပြီး မှန်ကန်ကြောင်း အတည်ပြုရန် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကို သိရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏အရာအားလုံးနှင့် ဖြစ်ခြင်းနှင့် ဘုရားသခင်၏ အရာရာတိုင်းသည် ပေါ့တန်ပြီး အနှစ်မဲ့သောအရာမဟုတ်ဘဲ၊ စစ်မှန်သောကြောင့် ဖြစ်သည်။

**အရာခပ်သိမ်းနှင့် သက်ရှိသတ္တဝါအားလုံးအပေါ် ဖန်ဆင်းရှင်၏ ထိန်းချုပ်ခြင်းနှင့် အုပ်စိုးခြင်းအချက်က ဖန်ဆင်းရှင်၏ ဩဇာအာဏာ ၏ စစ်မှန်သော တည်ရှိမှုအကြောင်းကို ပြောဆိုသည်**

ထိုနည်းတူစွာ ယောဘနှင့်ဆိုင်သည့် ယေဟောဝါ၏ ကောင်းချီးမင်္ဂလာကို ယောဘဝတ္ထုတွင် မှတ်တမ်းတင်ထားသည်။ ဘုရားသခင်က ယောဘကို အဘယ်အရာ ချပေးသနားခဲ့သနည်း။ "ထိုသို့ ယေဟောဝါသည် ယောဘ၏ နောက်ပိုင်းအဆုံးသတ်ကို သူ၏အစပိုင်းထက်သာ၍ ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည် သိုးတစ်သောင်းလေးထောင်၊ ကုလားအုတ်ခြောက်ထောင်၊ နွားရှဉ်း တစ်ထောင်နှင့် မြည်းမတစ်ထောင်တို့ကို ရခဲ့လေသည်။" (ယောဘ ၄၂:၁၂) လူသား၏ အမြင်ရှုထောင့်မှ၊ ယောဘကို ပေးခဲ့သည့် ဤအရာများသည် မည်သည့်အရာများ ဖြစ်သနည်း။ ၎င်းတို့သည် လူသား၏ ဥစ္စာပစ္စည်းများ ဖြစ်ခဲ့သလော။ ဤဥစ္စာပစ္စည်းများဖြင့်၊ ယောဘသည် ထိုခေတ်တွင် အလွန်ချမ်းသာကြွယ်ဝခဲ့မည် မဟုတ်လော။ သို့ဆိုလျှင် ထိုသို့သော ဥစ္စာပစ္စည်းများကို သူ မည်သို့ရရှိခဲ့သနည်း။ သူ၏ ကြွယ်ဝချမ်းသာမှုကို မည်သည့်အရာက ဖြစ်စေခဲ့သနည်း။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကြောင့် ထိုအရာများကို ယောဘပိုင်ဆိုင်လာခဲ့သည်မှာ သိသာထင်ရှား ပေသည်။ ယောဘက ဤဥစ္စာပစ္စည်းများကို မည်သို့မြင်ပြီး၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို သူမည်သို့ သဘောထားခဲ့သည် ဆိုသည်မှာ ဤတွင် ငါတို့ ဆွေးနွေးမည့်အရာတစ်ခု မဟုတ်ပေ။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများနှင့်ပတ်သက်လာသည့်အခါ၊ လူအားလုံးသည် ဘုရားသခင်၏ ကောင်းချီးပေးခြင်းခံရရန် နေ့ရောညပါ တမ်းတကြသော်လည်း၊ လူသားသည် သူ၏ တစ်သက်တာအတွင်းတွင် ပစ္စည်းဥစ္စာမည်မျှ ရရှိနိုင်သည် ဆိုသည့်အပေါ် သို့မဟုတ် ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာများ သူ ရရှိနိုင်ခြင်း ရှိမရှိဆိုသည့်အပေါ် ထိန်းချုပ်မှု မရှိပေ— ဤသည်မှာ ငြင်းပယ်၍မရသည့် အချက်ဖြစ်သည်။ ဘုရားသခင်သည် လူသားအပေါ် မည်သည့် ဥစ္စာပစ္စည်းကိုမဆို အပ်နှင်းရန်၊ မည်သည့် ကောင်းချီးပေးခြင်းကိုမဆို လူသားအား

ရရှိခွင့်ပေးရန် တန်ခိုးနှင့် ဩဇာအာဏာတို့ရှိသော်လည်း၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများအဖို့ အခြေခံသဘောတရားတစ်ခု ရှိလေသည်။ ဘုရားသခင်သည် မည်သည့်လူစားမျိုးကို ကောင်းချီးပေးသနည်း။ ဟုတ်ပေ၏၊ သူနှစ်သက်သည့် လူများကို သူ ကောင်းချီးပေး၏။ အာဗြဟံနှင့် ယောဘတို့ နှစ်ဦးလုံးသည် ဘုရားသခင်၏ ကောင်းချီးပေးခြင်း ခံခဲ့ကြရသည်၊ သို့ရာတွင် ၎င်းတို့ရရှိခဲ့သည့် ကောင်းချီးမင်္ဂလာများက မတူညီခဲ့ပေ။ ဘုရားသခင်က အာဗြဟံကို သဲများနှင့် ကြယ်များကဲ့သို့များပြားသည့် သားစဉ်မြေးဆက်များနှင့် ကောင်းချီးပေးခဲ့သည်။ ဘုရားသခင်က အာဗြဟံကို ကောင်းချီး ပေးခဲ့ချိန်တွင်၊ လူတစ်ဦး၏ သားစဉ်မြေးဆက်များနှင့် လူမျိုးတစ်မျိုးကို အင်အားကြီးမားပြီး ကြွယ်ဝလာစေခဲ့သည်။ ဤတွင် အရာခပ်သိမ်းနှင့် သက်ရှိသတ္တဝါများထဲတွင် ဘုရားသခင်၏ ဇီဝအသက်ကို ရှူသွင်းခဲ့သည့် လူသားမျိုးနွယ်ကို ဘုရားသခင်၏ ဩဇာအာဏာက အုပ်စိုးခဲ့သည်။ ဘုရားသခင်၏ ဩဇာအာဏာ၏ အချုပ်အခြာအာဏာအောက်တွင် ဤလူသားမျိုးနွယ်သည် ဘုရားသခင် ဆုံးဖြတ်ထားသည့် အမြန်နှုန်းနှင့် ဘုရားသခင် သတ်မှတ်ထားသည့် နယ်ပယ်အတွင်းတွင် မျိုးပွားပြီး တည်ရှိခဲ့ကြသည်။ အထူးသဖြင့် ဤလူမျိုး၏ အလားအလာ ကောင်းခြင်း၊ တိုးချဲ့သည့်နှုန်းနှင့် သက်တမ်းအားလုံးသည် ဘုရားသခင်၏ စီစဉ်မှုများ၏ အစိတ်အပိုင်းဖြစ်ပြီး ဤအရာအားလုံး၏ အခြေခံ သဘောတရားမှာ ဘုရားသခင်က အာဗြဟံထံ ပြုခဲ့သည့် ကတိအပေါ်တွင် လုံးလုံးလျားလျား အခြေခံထားသည်။ ဆိုလိုသည်မှာ အခြေအနေများကို ပဓာနမထားဘဲ၊ ဘုရားသခင်၏ ကတိများသည် ဘုရားသခင်၏ ဩဇာအာဏာ၏ စောင်မမှုအောက်တွင် အတားအဆီးမရှိဘဲ ရှေ့ဆက်ကာ အမှန်တကယ်ဖြစ်ပေါ်လာမည် ဖြစ်သည်။ အာဗြဟံကို ဘုရားသခင်ပြုခဲ့သည့် ကတိတွင် ကမ္ဘာလောက၏ ကသောင်းကနင်း ဖြစ်မှုများကို ပဓာနမထားဘဲ၊ ခေတ်ကို ပဓာနမထားဘဲ၊ လူသားမျိုးနွယ်က ကြုံကြုံခံခဲ့ရသည့် ကပ်ဘေးများကို ပဓာန မထားဘဲ၊ အာဗြဟံ၏ သားစဉ်မြေးဆက်များသည် ပျက်သုဉ်းမှု အန္တရာယ်ကို ရင်ဆိုင်ရမည်မဟုတ်သကဲ့သို့၊ ၎င်းတို့၏ လူမျိုးသည် မျိုးတုံးသွားမည် မဟုတ်ပေ။ သို့ရာတွင် ယောဘနှင့်ဆိုင်သည့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် သူ့ကို အလွန့်အလွန် ချမ်းသာကြွယ်ဝစေခဲ့သည်။ ဘုရားသခင် သူ့ကို ပေးခဲ့သည့်အရာမှာ သက်ရှိများ၊ အသက်ရှူနေကြသည့် သတ္တဝါများဖြစ်ကာ- ၎င်းတို့၏ အရေအတွက်၊ ၎င်းတို့၏ မျိုးပွားမှုနှုန်း၊ ရှင်သန်ရပ်တည်နိုင်သည့် နှုန်း၊ ၎င်းတို့ကိုယ်ခန္ဓာပေါ် ရှိ အဆီပမာဏ၊ စသည့် အချက်အလက်တို့ကိုလည်း- ဘုရားသခင် ထိန်းချုပ်ခဲ့လေသည်။ ဤသက်ရှိ သတ္တဝါများသည် စကားပြောနိုင်စွမ်း မပိုင်ဆိုင်ကြ သော်လည်း၊ ၎င်းတို့သည်လည်း ဖန်ဆင်းရှင်၏ စီစဉ်မှုများနှင့် သက်ဆိုင်ပြီး၊ ၎င်းတို့အတွက် ဘုရားသခင်၏ အစီအစဉ်များ

နောက်ကွယ်မှ အခြေခံသဘောတရားကို ယောဘထံ ဘုရားသခင် ကတိပေးခဲ့သည့် ကောင်းချီးမင်္ဂလာများအရ ပြုလုပ်ထားပေသည်။ အာဗြဟံနှင့် ယောဘကို ဘုရားသခင်ပေးခဲ့သည့် ကောင်းချီးမင်္ဂလာများထဲတွင် ကတိပေးခဲ့သည့်အရာများက မတူညီသော်လည်း၊ အရာခပ်သိမ်းနှင့် သက်ရှိသတ္တဝါများကို ဖန်ဆင်းရှင် အုပ်စိုးသည့် သြဇာအာဏာက တူညီပေသည်။ ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုး၏ အသေးစိတ်တိုင်းသည် အာဗြဟံနှင့်ယောဘထံ ပေးခဲ့သည့် သူ၏ မတူညီသည့် ကတိများနှင့် ကောင်းချီးမင်္ဂလာများတွင် ဖော်ပြထားပြီး၊ ဘုရားသခင်၏ သြဇာအာဏာသည် လူသား၏ စိတ်ကူးနိုင်စွမ်းအား အလွန်ကျော်လွန်သည်ကို လူသားမျိုးနွယ်ကို နောက်တစ်ဖန် ပြသလေသည်။ ဤအသေးစိတ် အချက်အလက်များက လူသားအနေဖြင့် ဘုရားသခင်၏ သြဇာအာဏာကို သိရှိလိုပါက၊ ဤအရာကို ဘုရားသခင်၏ နှုတ်ကပတ်တော်များမှတစ်ဆင့်၊ ပြီးလျှင် ဘုရားသခင်၏ အမှုကို တွေ့ကြုံခြင်းမှတစ်ဆင့်သာ စွမ်းဆောင်ရရှိနိုင်သည်ကို လူသားမျိုးနွယ်အား နောက်တစ်ကြိမ် ပြောပြပေသည်။

အရာခပ်သိမ်းအပေါ် အချုပ်အခြာနှင့်ဆိုင်သည့် ဘုရားသခင်၏ သြဇာအာဏာသည် လူသားတို့ကို အချက်တစ်ချက်အား မြင်ခွင့်ပေးသည်- “တဖန်ဘုရားသခင်က အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ မိုဃ်းမျက်နှာကြက်ဖြစ်စေဟု အမိန့်တော်ရှိ၍ မိုဃ်းမျက်နှာကြက်ဖြစ်စေ၏။ ကုန်းပေါ်စေဟု အမိန့်တော်ရှိသည်အတိုင်း ကုန်းပေါ်လာလေ၏။” ဟူသည့် နှုတ်ကပတ်တော်များထဲတွင် ဘုရားသခင်၏ သြဇာအာဏာ သရုပ်ထင်သည်သာမက၊ ထို့အပြင် အလင်းကို ဆက်လက်ဖြစ်ပေါ်ရန် သူပြုလုပ်ခဲ့ပုံ၊ မိုးမျက်နှာကြက်ကို ပျောက်ကွယ်မသွားအောင် သူတားဆီးကာကွယ်ခဲ့ပုံနှင့် ကုန်းမြေကို ရေနှင့် ထာဝရကွဲနေအောင် ထိန်းသိမ်းခဲ့ပုံအပြင်၊ သူဖန်ဆင်းခဲ့သည့် အရာများဖြစ်သည့် အလင်း၊ မိုးမျက်နှာကြက်၊ ကုန်းမြေတို့ကို သူအုပ်စိုးပြီး စီမံခန့်ခွဲပုံ အသေးစိတ်တို့တွင်လည်း ဘုရားသခင်၏ သြဇာအာဏာ သရုပ်ထင်နေပေသည်။ လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတွင် အခြားမည်သည့်အရာကို သင်တို့ မြင်သနည်း။ သိသာထင်ရှားစွာပင်၊ ဘုရားသခင်သည် အာဗြဟံနှင့်ယောဘတို့ကို ကောင်းချီးပေးပြီးနောက်၊ သူ၏ သြဇာအာဏာကို အသုံးချရန် စတင်ရုံသာရှိသေး သည့်အတွက်၊ ဘုရားသခင်၏ ခြေလှမ်းများ မရပ်တန့်ခဲ့သကဲ့သို့၊ သူ၏ နှုတ်ကပတ်တော်တစ်လုံးစီတိုင်းကို လက်တွေ့အရှိတရား ဖြစ်စေရန်နှင့် သူပြောခဲ့သမျှ အသေးစိတ်တစ်လုံးချင်းစီတိုင်းကို အမှန်တကယ်ဖြစ်လာစေရန် သူရည်ရွယ်ခဲ့သည်၊ ထို့ကြောင့် လာမည့်နှစ်များတွင်၊ သူသည် သူရည်ရွယ်ထားသည့် အရာတိုင်းကို ဆက်လက် လုပ်ဆောင်နေခဲ့ပေသည်။ ဘုရားသခင်သည် သြဇာအာဏာ

ရှိသောကြောင့်၊ လူသားအဖို့ ဘုရားသခင်က စကားပြောရန်သာလိုအပ်ပြီး၊ အားစိုက်မထုတ်ရဘဲ ကိစ္စရပ်များနှင့် အမှုအရာများအားလုံး ပြီးမြောက်သည်ဟု ထင်ရကောင်း ထင်ရနိုင်ပေသည်။ ထိုသို့သော စိတ်ကူးမှုများသည် အတော်အတန် အဓိပ္ပာယ်မရှိပေ။ နှုတ်ကပတ်တော်အသုံးပြုလျက် လူသားနှင့် ဘုရားသခင်၏ ပဋိညာဉ်ကို ထူထောင်ခြင်းနှင့် နှုတ်ကပတ်တော်များကို အသုံးပြုလျက် အရာရာတိုင်းကို ဘုရားသခင်၏ ပြီးမြောက်စေခြင်းတို့၏ တစ်ဖက်သတ်အမြင်ကိုသာ သင်သည် ယူပြီး၊ ဘုရားသခင်၏ ဩဇာအာဏာက အရာခပ်သိမ်း၏ တည်ရှိခြင်းအပေါ် အုပ်စိုးမှု စွဲကိုင်ထားသည်ဟူသော သင်္ကေတနှင့် အချက်အလက် အမျိုးမျိုးတို့ကို မြင်နိုင်စွမ်းမရှိပါက၊ ဘုရားသခင်၏ ဩဇာအာဏာနှင့်ဆိုင်သည့် သင်၏သိနားလည်မှုသည် အလွန် ပေါ့ပြက်ပြီး အဓိပ္ပာယ် မရှိပေ။ အကယ်၍ လူသားသည် ဘုရားသခင်ကို ထိုသို့ စိတ်ကူးပါက၊ ဘုရားသခင်နှင့်ဆိုင်သည့် လူသား၏ အသိသည် မျှော်လင့်ချက်ကင်းမဲ့သည့် အခြေအနေသို့ တွန်းပို့ခံရပြီးဖြစ်ကာ လမ်းဆုံးကို ရောက်ရှိပြီးဖြစ်သည်ဟု ပြောရပေမည်၊ အကြောင်းမှာ လူသား စိတ်ကူးသည့် ဘုရားသခင်သည် ဩဇာအာဏာပိုင်ဆိုင်သည့် ဘုရားသခင်မဟုတ်၊ အမိန့်များကို ထုတ်ပြန်သည့် စက်တစ်ခုသာဖြစ်သောကြောင့် ဖြစ်သည်။ အာဗြဟံနှင့် ယောဘ၏ ပုံသက်သေများမှ သင်မည်သည့်အရာကို မြင်ပြီးပြီနည်း။ ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုး၏ စစ်မှန်သည့်ဘက်ကို သင်မြင်ပြီးပြီလော။ အာဗြဟံနှင့် ယောဘကို ဘုရားသခင် ကောင်းချီးပေးပြီးသည့်နောက်တွင်၊ ဘုရားသခင်သည် သူရှိခဲ့ သည့်နေရာတွင် မနေခဲ့သကဲ့သို့၊ ရလဒ်က မည်သည့်အရာ ဖြစ်မည်ကို မြင်တွေ့ရန် စောင့်ဆိုင်းစဉ် သူ၏ စေတမန်များကို အလုပ် မလုပ်စေခဲ့ပေ။ ဆန့်ကျင်ဘက်အနေဖြင့်၊ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို မိန့်မြွက်ပြီးလျှင်ပြီးချင်း၊ ဘုရားသခင်၏ ဩဇာအာဏာ၏ လမ်းပြမှုအောက်တွင် အရာအားလုံးသည် ဘုရားသခင် လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် အမှုကို စတင်လိုက်နာကြပြီး၊ ဘုရားသခင်လိုအပ်သည့် ပြင်ဆင်ထားသည့် လူများ၊ အမှုအရာများနှင့် အရာဝတ္ထုများ ရှိခဲ့လေသည်။ ဆိုလိုသည်မှာ ဘုရားသခင်၏နှုတ်မှ နှုတ်ကပတ်တော်များ မိန့်မြွက်ခဲ့သည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်၏ ဩဇာအာဏာကို မြေတစ်ပြင်လုံးအနှံ့ စတင်အသုံးပြုခဲ့ပြီး၊ သူ ဆောင်ရွက်ရန် စီစဉ်ထားသည့် ခြေလှမ်းတိုင်းနှင့် အဓိကအဆင့်အသီးသီး လိုအပ်သည့်အရာ အားလုံးအတွက် သင့်တော်သည့် အစီအစဉ်နှင့် ပြင်ဆင်မှုများကို ပြုလုပ်နေစဉ်တွင်လည်း၊ အာဗြဟံနှင့် ယောဘထံ သူပြုခဲ့သည့် ကတိများကို ပြီးမြောက်ကာ ပြည့်စုံစေရန် လမ်းကြောင်းတစ်ခုကို သူပြင်ဆင်ခဲ့သည်။ ဤအချိန် အတောအတွင်းတွင်၊ ဘုရားသခင်သည် သူ၏ စေတမန်များကို စေခိုင်းခဲ့ရုံသာမက၊

သူဖန်ဆင်းခဲ့သည့် အရာအားလုံးကိုပါ စေခိုင်းခဲ့သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ သြဇာအာဏာကို အသုံးပြုခဲ့သည့် နယ်ပယ် အတွင်းတွင် စေတမန်များသာ ပါဝင်သည်မဟုတ်ဘဲ၊ သူ ပြီးမြောက်ရန် ရည်ရွယ်ထားသည့် အမှုကို လိုက်နာရန်အလို့ငှာ စေခိုင်းခြင်းခံခဲ့ရသည့် ဖန်ဆင်းခြင်းထဲက အရာအားလုံးပါ ပါဝင်ခဲ့သည်။ ဤအရာတို့သည် ဘုရားသခင်၏ သြဇာအာဏာကို အသုံးပြုခဲ့သည့် အတိအကျပုံစံများဖြစ်သည်။ သင်တို့၏ စိတ်ကူးများတွင်၊ အချို့က ဘုရားသခင်၏ သြဇာအာဏာနှင့် ဆိုင်သည့် အောက်ပါသိနားလည်မှု ရှိကောင်း ရှိနိုင်သည်- ဘုရားသခင်က သြဇာအာဏာရှိပြီး၊ ဘုရားသခင်က တန်ခိုးရှိသည်၊ ထို့ကြောင့် ဘုရားသခင်သည် တတိယ ကောင်းကင်တွင် သို့မဟုတ် သတ်မှတ်ထားသည့် နေရာတွင် ရှိနေရန်သာ လိုအပ်ပြီး၊ မည်သည့် သီးသန့်အမှုမျှ လုပ်ဆောင်ဖို့မလိုအပ်သကဲ့သို့၊ ဘုရားသခင်၏ အမှုအလုံးစုံသည် သူ၏အတွေးများထဲ၌ ပြီးပြည့်စုံပေသည်။ အချို့ကလည်း ဘုရားသခင်က အာဗြဟံကို ကောင်းချီး ပေးခဲ့သော်လည်း၊ ဘုရားသခင်က မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မလိုအပ်ခဲ့သကဲ့သို့၊ သူ၏နှုတ်ကပတ်တော်များကို ပြောရုံမျှသည် သူ့အတွက် လုံလောက်သည်ဟုလည်း ယုံကြည်ကောင်း ယုံကြည်နိုင်သည်။ ဤသည်မှာ အမှန်တကယ် ဖြစ်ပျက်ပါသလော။ လုံးဝကို မဟုတ်ပေ။ ဘုရားသခင်က သြဇာအာဏာနှင့် တန်ခိုးကို ပိုင်ဆိုင်သော်လည်း၊ သူ၏သြဇာအာဏာသည် အနှစ်မမဲ့ဘဲ၊ မှန်ကန်ပြီး စစ်မှန်သည်။ ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုး၏ စစ်မှန်မှုနှင့် လက်တွေ့အရှိတရားသည် သူ၏ အရာခပ်သိမ်းကို ဖန်ဆင်းခြင်း၊ အရာခပ်သိမ်းကို သူ၏ ထိန်းချုပ်ခြင်းနှင့် လူသားမျိုးနွယ်ကို သူဦးဆောင်ပြီး စီမံခန့်ခွဲသည့်ဖြစ်စဉ်တွင် တဖြည်းဖြည်း ထုတ်ဖော်ပြပြီး သရုပ်ထင်လေသည်။ လူသားမျိုးနွယ်နှင့် အရာအားလုံးအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာ၏ နည်းလမ်းတိုင်း၊ ရှုထောင့်တိုင်း၊ အသေးစိတ်အချက်အလက်တိုင်းနှင့် သူပြီးမြောက်ပြီးဖြစ်သည့် အမှုအားလုံးအပြင်၊ အရာအားလုံးအပေါ် သူ၏သိနားလည်ခြင်း- ဤအရာများအားလုံးသည် ဘုရားသခင်၏ သြဇာအာဏာနှင့် တန်ခိုးတို့သည် အနှစ်မဲ့သည့် စကားလုံးများ မဟုတ်သည်ကို အကယ်ပင် သက်သေပြပေသည်။ သူ၏ သြဇာအာဏာနှင့် တန်ခိုးတို့သည် ပြသခြင်းခံရပြီး စဉ်ဆက်မပြတ် ထုတ်ဖော်ပြထားကာ အရာခပ်သိမ်းတွင် ရှိလေသည်။ သူသည် သူ၏အမှုကို ဆက်လက်လုပ်ဆောင်ရန်၊ အရာအားလုံးကို အမိန့်ပေးရန်နှင့် အချိန်တိုင်းတွင် အရာအားလုံးကို အုပ်စိုးရန်၊ သူ၏ သြဇာအာဏာနှင့် တန်ခိုးကို အသုံးပြုနေသည့်အတွက်၊ ဤသရုပ်သကန်များနှင့် ဖွင့်ပြခြင်းများသည် ဘုရားသခင်၏ သြဇာအာဏာ၏ စစ်မှန်သော တည်ရှိမှုအကြောင်းကို ပြောဆိုလေသည်။ သူ၏တန်ခိုးနှင့် သြဇာအာဏာတို့ကို ကောင်းကင်တမန်များက အစားထိုး၍ မရနိုင်သကဲ့သို့၊ ဘုရားသခင်၏ စေတမန်များကလည်း

အစားထိုး၍ မရနိုင်ပေ။ အာဗြဟံနှင့် ယောဘတို့အပေါ် မည်သည့်ကောင်းချီးမင်္ဂလာများ သူ အပ်နှင်းမည်ကို ဘုရားသခင်ဆုံးဖြတ်ခဲ့သည်- ယင်းမှာ ဘုရားသခင် ဆုံးဖြတ်ရမည့်အရာ ဖြစ်သည်။ ဘုရားသခင်၏ စေတမန်များသည် အာဗြဟံနှင့် ယောဘထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခဲ့ကြသော်လည်း၊ ၎င်းတို့၏ လုပ်ဆောင်ချက်များသည် ဘုရားသခင်၏ ပညတ်ချက်များပေါ် အခြေခံခဲ့ပြီး၊ ၎င်းတို့၏ လုပ်ဆောင်ချက်များကို ဘုရားသခင်၏ ဩဇာအာဏာအောက်တွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကာ၊ ထိုနည်းတူ စေတမန်များသည် ဘုရားသခင်၏ အချုပ်အခြာအာဏာအောက်တွင် ရှိခဲ့ကြပေသည်။ ဘုရားသခင်၏ စေတမန်များက အာဗြဟံထံသို့ လည်ပတ်ကြသည်ကို လူက မြင်ရပြီး၊ သမ္မာကျမ်းစာ၏ မှတ်တမ်းများတွင် ယေဟောဝါ ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ တစ်ခုတစ်လေ လုပ်ဆောင်ခဲ့သည်ကို မျက်မြင်မကြုံတွေ့ရသော်လည်း၊ အမှန်တွင်၊ တန်ခိုးနှင့် ဩဇာအာဏာကို အမှန်တကယ် အသုံးပြုသူမှာ ဘုရားသခင် ကိုယ်တိုင်ဖြစ်ပြီး ဤအရာကို မည်သည့်လူကမျှ သံသယထားခွင့်မရှိပေ။ သင်သည် ကောင်းကင်တမန်များနှင့် စေတမန်များက ကြီးမားသည့် တန်ခိုးကို ပိုင်ဆိုင်ပြီး နိမိတ်လက္ခဏာများကို ပြုဖူးသည်ကို သို့မဟုတ် ဘုရားသခင် တာဝန်ပေးစေခိုင်းသည့် အရာတစ်ချို့ ၎င်းတို့ လုပ်ဆောင်ဖူးသည်ကို သင်မြင်ဖူးသော်လည်း၊ ၎င်းတို့၏ လုပ်ဆောင်ချက်များသည် ဘုရားသခင်၏ တာဝန်ပေးစေခိုင်းချက်ကို ပြီးပြည့်စုံစေရန်အတွက်မျှ ဖြစ်ပြီး၊ ဘုရားသခင်၏ ဩဇာအာဏာကို ပြသခြင်း လုံးဝ မဟုတ်ပေ- အကြောင်းမှာ မည်သည့်လူသား သို့မဟုတ် အရာဝတ္ထုမျှ အရာအားလုံးကို ဖန်ဆင်းပြီး အရာအားလုံးကိုအုပ်စိုးရန် ဖန်ဆင်းရှင်၏ ဩဇာအာဏာ မရှိသည့်အတွက် သို့မဟုတ် မပိုင်ဆိုင်သည့်အတွက် ဖြစ်သည်။ ထို့ကြောင့် မည်သည့်လူသား သို့မဟုတ် အရာဝတ္ထုကမျှ ဖန်ဆင်းရှင်၏ ဩဇာအာဏာကို အသုံးမပြုနိုင်ပေ သို့မဟုတ် ဖော်ထုတ်ပြသခြင်း မပြုနိုင်ပေ။

## ဖန်ဆင်းရှင်၏ ဩဇာအာဏာသည် မပြောင်းလဲနိုင်သကဲ့သို့ ပုန်ကန်ပြစ်မှား၍မရနိုင်ပေ

ကျမ်းစာ၏ ဤအပိုင်းသုံးပိုင်းတွင် သင်တို့ အဘယ်အရာကို မြင်ရပြီနည်း။ ဘုရားသခင်က သူ၏ဩဇာအာဏာကို အသုံးပြုသည့် အခြေခံသဘောတရားတစ်ခုရှိသည်ကို သင်တို့မြင်ပြီလော။ ဥပမာအားဖြင့်၊ ဘုရားသခင်သည် လူသားနှင့်အတူ ပဋိညာဉ်တစ်ခု ထူထောင်ရန် သက်တံတစ်ခုကို အသုံးပြုခဲ့သည်- ကမ္ဘာလောကကိုဖျက်ဆီးရန် ရေလွှမ်းမိုးခြင်းကို မည်သည့်အခါမျှ တစ်ဖန် သူ အသုံးပြုတော့မည် မဟုတ်သည်ကို လူသားအား ပြောပြရန် တိမ်ထဲတွင် သက်တံကို သူ ထားရှိခဲ့သည်။ ယနေ့ လူတို့ မြင်ရသည့်

သက်တံသည် ဘုရားသခင်၏နှုတ်မှ ပြောခဲ့သည့် သက်တံနှင့် တူညီဆဲဖြစ်ပါသလော။ ယင်းသက်တံ၏ သဘောဝနှင့် အဓိပ္ပာယ်သည် ပြောင်းလဲပြီးပြီလော။ ပြောင်းလဲမသွားသည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ ဘုရားသခင်သည် ဤလုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် သူ၏ဩဇာအာဏာကို အသုံးပြုခဲ့ပြီး လူသားနှင့် သူထူထောင်ခဲ့သည့် ပဋိညာဉ်သည် ယနေ့အထိ ဆက်လက်တည်ရှိနေပြီး ဤပဋိညာဉ်ပြောင်းလဲမည့်အချိန်က ဘုရားသခင် ဆုံးဖြတ်ချက် အတိုင်း ဖြစ်မည်မှာ အမှန်ဖြစ်သည်။ ဘုရားသခင်က "ငါ၏ သက်တံကို မိုဃ်းတိမ်၌ ငါထား၏။" ဟုဆိုပြီးနောက်တွင်၊ ဘုရားသခင်သည် ယနေ့ထက်ထိ ဤပဋိညာဉ်ကို အမြဲ လိုက်နာခဲ့သည်။ ဤအရာတွင် အဘယ်အရာကို သင်တွေ့မြင်သနည်း။ ဘုရားသခင်သည် ဩဇာအာဏာနှင့် တန်ခိုးကို ပိုင်ဆိုင်သော်လည်း၊ သူသည် သူ၏လုပ်ဆောင်မှုများ၌ အလွန် တင်းကျပ်ပြီး စည်းကမ်းရှိကာ သူ၏ကတိကို တည်လေသည်။ သူ၏ တင်းကျပ်မှုနှင့် သူ၏ လုပ်ဆောင်ချက်များ၏ အခြေခံသဘောတရားများက ဖန်ဆင်းရှင်၏ ပုန်ကန်ပြစ်မှားရှုမရခြင်းနှင့် ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့်ဆိုင်သည့် ကျော်လွန်၍မရခြင်းကို ပြသသည်။ သူသည် အထွတ်အထိပ် ဩဇာအာဏာကို ပိုင်ဆိုင်ထားပြီး အရာအားလုံးသည် သူ၏အုပ်စိုးမှုအောက်တွင်ရှိသော်လည်း၊ ပြီးလျှင် သူသည် အရာအားလုံးကို အုပ်စိုးရန် တန်ခိုးရှိသော်လည်း၊ ဘုရားသခင်သည် မည်သည့်အခါတွင်မျှ သူကိုယ်တိုင်၏ အစီအစဉ်ကို ထိခိုက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုဖူးသကဲ့သို့၊ သူ၏ဩဇာအာဏာကို အသုံးပြုသည့် အချိန်တိုင်းတွင်၊ ယင်းသည် သူ၏ ကိုယ်ပိုင် အခြေခံသဘောတရားများနှင့် အတိအကျ ကိုက်ညီပြီး သူ့နှုတ်မှ ပြောဆိုထားခဲ့သည့်အရာနောက် အတိအကျ လိုက်ကာ သူ၏ အစီအစဉ်နှင့်သက်ဆိုင်သည့် အဆင့်များနှင့် ရည်မှန်းချက်များနောက် လိုက်လေသည်။ ဘုရားသခင်အုပ်စိုးသည့် အရာခပ်သိမ်းသည်လည်း ဘုရားသခင်၏ ဩဇာအာဏာကို အသုံးပြုထားသည့် အခြေခံသဘောတရားများကို လိုက်နာကြပြီး မည်သည့်လူ သို့မဟုတ် မည်သည့်အရာကမျှ သူ၏ ဩဇာအာဏာ၏ အစီအစဉ်များမှ မလွတ်ကင်းသကဲ့သို့၊ သူ၏ဩဇာအာဏာ အသုံးပြုထားသည့် အခြေခံသဘောတရားများကို ၎င်းတို့ မပြောင်းလဲနိုင်သည်ကို ပြောစရာမလိုပေ။ ဘုရားသခင်၏ အမြင်တွင်၊ ကောင်းချီးခံစားရသည့်သူများသည် သူ၏ ဩဇာအာဏာက ဖြစ်ပေါ်စေသည့် ကောင်းမွန်သည့် အခွင့်အလမ်းများကို ရရှိကြပြီး ကျိန်ဆဲခံရသူများမှာ ဘုရားသခင်၏ ဩဇာအာဏာကြောင့် ၎င်းတို့၏ အပြစ်ပေးခြင်းကို ရရှိကြပေသည်။ ဘုရားသခင်၏ ဩဇာအာဏာနှင့်ဆိုင်သည့် အချုပ်အခြာအာဏာ အောက်တွင်၊ မည်သည့်လူ သို့မဟုတ် မည်သည့်အရာမျှသည် သူ၏ဩဇာအာဏာ အသုံးပြုခြင်းမှ မကင်းလွတ်သကဲ့သို့၊ သူ့ဩဇာအာဏာကို

အသုံးပြုထားသည့် အခြေခံ သဘောတရားများကိုလည်း မပြောင်းလဲနိုင်ပေ။ ဖန်ဆင်းရှင်၏ ဩဇာအာဏာသည် အကြောင်းရင်းတစ်ခုတစ်လေ၌ ပြောင်းလဲခြင်းအားဖြင့် မပြောင်းလဲနိုင်ပေ၊ အလားတူစွာ၊ သူ၏ ဩဇာအာဏာကို အသုံးပြုသည့် အခြေခံသဘောတရားများသည် မည်သည့်အကြောင်းရင်းအတွက်မျှ မပြောင်းလဲပေ။ မိုးကောင်းကင်နှင့် မြေကြီးသည် ကြီးစွာသော ကသောင်းကနင်း ဖြစ်မှုများကို ကြုံရနိုင်သော်လည်း၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာသည် ပြောင်းလဲလိမ့်မည်မဟုတ်ပေ။ အရာအားလုံး ဆိတ်သုဉ်းပျောက်ကွယ်သွားနိုင်သော်လည်း၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာသည် မည်သည့်အခါမျှ ပျောက်ကွယ်သွားမည် မဟုတ်။ ဤသည်မှာ ဖန်ဆင်းရှင်၏ မပြောင်းလဲနိုင်သကဲ့သို့ ပုန်ကန်ပြစ်မှား၍မရနိုင်သည့် ဩဇာအာဏာ၏ အနှစ်သာရဖြစ်ပြီး ဖန်ဆင်းရှင်၏ တကယ့် အတုမရှိခြင်း ဖြစ်ပေသည်။

အောက်ပါနှုတ်ကပတ်တော်များသည် ဘုရားသခင်၏ ဩဇာအာဏာကို သိရေးအတွက် မရှိမဖြစ်ဖြစ်ပြီး ၎င်းတို့၏ အဓိပ္ပာယ်ကို အောက်တွင်ရှိသည့် မိတ်သဟာယပြုလုပ်ခြင်းတွင် ဖော်ပြထားသည်။ ကျမ်းစာကို ဆက်ဖတ်ကြစို့။

## ၄။ စာတန်အတွက် ဘုရားသခင်၏အမိန့်

ယောဘ ၂:၆ ထိုအခါ ယေဟောဝါက စာတန်အား၊ သူသည် သင့်လက်ထဲ၌ ရှိ၏၊ သို့ရာတွင် သူ၏အသက်ကို ချန်ထားလော့ဟု မိန့်တော်မူ၏။

**စာတန်သည် ဖန်ဆင်းရှင်၏ ဩဇာအာဏာကို မည်သည့်အခါမျှ မကျော်လွန်ဝံ့ပေ၊ ဤအတွက်ကြောင့် အရာအားလုံးသည် စနစ်တကျ အသက်ရှင်နေထိုင်ကြသည်**

ဤသည်မှာ ယောဘဝတ္ထုမှ ကောက်နုတ်ချက်ဖြစ်သည်။ ဤနှုတ်ကပတ်တော်များထဲရှိ "သူသည်" ဆိုသည်မှာ ယောဘကို ရည်ညွှန်းသည်။ ဤစာကြောင်းသည် တိုတောင်းသော်လည်း အကြောင်းအရာများစွာကို ရှင်းလင်းစေသည်။ ယင်းက ဝိညာဉ်လောကတွင် ဘုရားသခင်နှင့် စာတန်ကြားက ခွန်းတုံ့ဖလှယ်မှုတစ်ခုကို ဖော်ပြပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်များက ဦးတည်ပြောနေသူမှာ စာတန်ဖြစ်သည်ဆိုသည်ကို ပြော၏။ ဘုရားသခင်က သေသေချာချာပြောခဲ့သည့်အရာကိုလည်း မှတ်တမ်းတင်ထားသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့က စာတန်အတွက် အမိန့်နှင့် ခိုင်းစေချက် ဖြစ်သည်။ ဤအမိန့်၏ အသေးစိတ်အချက်အလက်က ယောဘ၏အသက်ကို ချမ်းသာပေးရန်အပြင် ယောဘအပေါ်တွင် စာတန်၏ပြုမူပုံနှင့်ပတ်သက်ပြီး ဘုရားသခင်သတ်မှတ်ထားသည့်

စည်းတို့နှင့် ဆက်နွယ်သည်။ စာတန်က ယောဘ၏အသက်ကို ချမ်းသာပေးရပေမည်။ ဤဝါကျမှ သင်ယူလေ့လာရသည့် ပထမဆုံးအရာက ဤနှုတ်ကပတ်တော်များသည် ဘုရားသခင်က စာတန်ကိုပြောသည့် နှုတ်ကပတ်တော်များဖြစ်ကြောင်းပင် ဖြစ်၏။ ယောဘဝတ္ထု၏ မူရင်းစာသားများအရ ထိုဝါကျက ဤကဲ့သို့သော နှုတ်ကပတ်တော်များ၏ နောက်ခံအား ငါတို့ကိုပြောပြသည်။ စာတန်က ယောဘကို စွပ်စွဲချင်ခဲ့၏။ ထို့ကြောင့် စာတန်က သူ့ကို သွေးမဆောင်မီတွင် ဘုရားသခင်၏ သဘောတူညီမှုကို ရရန်လိုခဲ့သည်။ ယောဘကို သွေးဆောင်ရန် စာတန်၏တောင်းဆိုမှုကို ခွင့်ပြုရာတွင် ဘုရားသခင်က စာတန်အတွက် ဤစည်းကမ်းချက်ကို ပြဋ္ဌာန်းခဲ့သည်- "ယောဘသည် သင့်လက်ထဲ၌ ရှိ၏၊ သို့ရာတွင် သူ၏ အသက်ကို ချန်ထားလော့။" ဤနှုတ်ကပတ်တော်များ၏ သဘာဝက အဘယ်အရာနည်း။ ယင်းတို့က ခိုင်းစေချက်တစ်ခု၊ အမိန့်တစ်ခု ဖြစ်သည်ဆိုခြင်းမှာ ရှင်း၏။ ဤစကားလုံးများ၏ သဘာဝကို နားလည်ပြီးလျှင် ဤအမိန့်ကို ထုတ်သည့်သူသည် ဘုရားသခင်ဖြစ်ပြီး ဤအမိန့်ကိုခံယူကာ နာခံသည့်သူက စာတန်ဖြစ်သည်ကို သင်နားလည်ရမည်။ ဤအမိန့်ထဲရှိ ဘုရားသခင်နှင့် စာတန်တို့၏ ဆက်ဆံရေးမှာ ဤနှုတ်ကပတ်တော်များကို ဖတ်သည့်သူတိုင်းအတွက် သိသာထင်ရှားလှ၏ ဆိုသည်ကို ပြောစရာမလိုပေ။ ဤသည်မှာ ဝိညာဉ်လောကတွင်ရှိသော ဘုရားသခင်နှင့် စာတန်တို့၏ ဆက်ဆံရေးလည်းဖြစ်သည်မှာ အမှန်ပင်ဖြစ်၏။ ဤသည်မှာ ကျမ်းစာထဲရှိ ဘုရားသခင်နှင့် စာတန်ကြားက ခွန်းတုံ့ဖလှယ်ခြင်း၏ မှတ်တမ်းများထဲတွင် ဖော်ပြထားသော ဘုရားသခင်နှင့် စာတန်တို့၏ ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်ကြားရှိ ခြားနားချက်ဖြစ်သည်။ ထို့ပြင် တိကျသည့် ပုံဥပမာနှင့် စာသားမှတ်တမ်းအနေဖြင့် ယခုချိန်အထိ လူသားတို့ သင်ယူနိုင်သော ဘုရားသခင်နှင့် စာတန်တို့၏ ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်ကြားရှိ ထင်ရှားသော ခြားနားချက်ပင် ဖြစ်သည်။ ဤနေရာတွင် ဤနှုတ်ကပတ်တော်များ၏ မှတ်တမ်းက ဘုရားသခင်၏ ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်အပေါ် လူသား၏သိမြင်မှုနှင့် ပတ်သက်၍ အရေးကြီးသည့် မှတ်တမ်းတစ်ခုဖြစ်သည်ဟု ငါဆိုရပေမည်။ ထို့အပြင် ဤမှတ်တမ်းက ဘုရားသခင်နှင့်ပတ်သက်သည့် လူသား၏ သိမြင်မှုအတွက် အရေးကြီးသည့် အချက်အလက်ကို ထောက်ပံ့ပေးသည်။ ဝိညာဉ်လောကရှိ ဖန်ဆင်းရှင်နှင့် စာတန်တို့၏ ဤခွန်းတုံ့ဖလှယ်ခြင်းမှတစ်ဆင့် လူသားသည် ဖန်ဆင်းရှင်၏ သြဇာအာဏာနှင့်ဆိုင်သည့် နောက်ထပ်ရှုထောင့်အတိအကျတစ်ခုကို နားလည်နိုင်လိမ့်မည်။ ဤနှုတ်ကပတ်တော်များသည် ဖန်ဆင်းရှင်၏ အတုမရှိသည့် သြဇာအာဏာအတွက် နောက်ထပ် သက်သေခံချက်တစ်ခုဖြစ်သည်။

အပြင်ပန်းအားဖြင့် ယေဟောဝါဘုရားသခင်က စာတန်နှင့် ခွန်းတုံ့ဖလှယ်နေခြင်းဖြစ်သည်။ အနှစ်သာရအရမူ ယေဟောဝါဘုရားသခင် စကားပြောသည့် သဘောထားနှင့် သူရပ်တည်သည့် အနေအထားက စာတန်ထက် မြင့်၏။ တစ်နည်းအားဖြင့်ဆိုသော် ယေဟောဝါဘုရားသခင်က စာတန်ကို အမိန့်ပေးသည့်လေသံနှင့် ခိုင်းစေနေခြင်းဖြစ်ပြီး၊ စာတန်အား အဘယ်အရာကိုလုပ်ရမည်နှင့် အဘယ်အရာကိုမလုပ်ရမည့်အကြောင်း၊ ယောဘက သူ့လက်ထဲတွင်ရှိနှင့်ပြီးဖြစ်ကြောင်း၊ ယောဘကို သူ့စိတ်ကြိုက် လုပ်၍ရကြောင်း— သို့ရာတွင် ယောဘ၏အသက်ကို မနုတ်ယူရမည့်အကြောင်း စသည်တို့ကို ပြောနေခြင်းဖြစ်သည်။ နောက်ခံအကြောင်းရင်းမှာ ယောဘက စာတန်၏လက်ထဲတွင် ရှိသော်လည်း သူ၏အသက်အား စာတန်ကို မပေးထားပေ။ ဘုရားသခင်က ခွင့်မပြုပါက ဘုရားသခင်၏ လက်ထဲမှ ယောဘ၏အသက်ကို မည်သူမျှ မယူနိုင်ပေ။ ဘုရားသခင်၏ သဘောထားကို စာတန်အပေါ် ဤအမိန့်ပေးချက်တွင် ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ ထို့ပြင် ယေဟောဝါဘုရားသခင်က မည်သည့်အဆင့်အနေအထားမှ စာတန်နှင့် စကားစမြည်ပြောသည်ကိုလည်း ဤအမိန့်ပေးချက်က ထုတ်ဖော်ပြသည်။ ဤနေရာတွင် ယေဟာဝါဘုရားသခင်သည် အလင်း၊ လေ၊ အရာအားလုံးနှင့် သက်ရှိသတ္တဝါအားလုံးကို ဖန်ဆင်းသည့် ဘုရားသခင်၏ဂုဏ်ဒြပ်၊ အရာအားလုံးနှင့် သက်ရှိသတ္တဝါအားလုံးတို့အပေါ် အချုပ်အခြာအာဏာကို ကိုင်ဆောင်ထားသည့် ဘုရားသခင်၏ဂုဏ်ဒြပ်ကို ကိုင်စွဲထားရုံတင်မကဘဲ လူသားမျိုးနွယ်ကို ကွပ်ကဲအုပ်ချုပ်သည့်၊ မရဏာနိုင်ငံကို ကွပ်ကဲအုပ်ချုပ်သည့်၊ သက်ရှိအရာအားလုံး၏ သေခြင်း၊ ရှင်ခြင်းကို ထိန်းချုပ်သည့် ဘုရားသခင်၏ ဂုဏ်ဒြပ်ကိုလည်း ကိုင်စွဲထားသည်။ ဝိညာဉ်လောကတွင် ဘုရားသခင်မှလွဲ၍ မည်သူက စာတန်ကို ဤကဲ့သို့သော အမိန့်မျိုး ပေးရဲသနည်း။ ထို့အပြင် ဘုရားသခင်က စာတန်ထံ သူ့အမိန့်ကို အဘယ်ကြောင့်ကိုယ်တိုင်ထုတ်ခဲ့ခြင်း ဖြစ်သနည်း။ ယောဘ၏ အသက်အပါအဝင် လူသား၏အသက်ကို ဘုရားသခင်က ထိန်းချုပ်ထားသောကြောင့်ဖြစ်သည်။ ဘုရားသခင်က စာတန်အား ယောဘ၏အသက်ကို ထိခိုက်ရန်၊ သို့မဟုတ် နုတ်ယူရန် ခွင့်မပြုပေ။ ဘုရားသခင်က စာတန်ကို ယောဘအား သွေးဆောင်ရန် ခွင့်ပြုသောအချိန်တွင် ဤကဲ့သို့သောအမိန့်ကို သေချာထုတ်ရန် ဘုရားသခင်က သတိရပြီး ယောဘ၏အသက်ကို မနုတ်ယူရန် စာတန်ကို နောက်တစ်ခါ အမိန့်ပေးခဲ့ခြင်းဖြစ်သည်။ စာတန်က ဘုရားသခင်၏ သြဇာအာဏာကို မည်သည့်အခါမျှ မကျော်လွန်ရဲသည့်အပြင် ဘုရားသခင်၏ အမိန့်များနှင့် အထူးမိန့်ကြားချက်များကို သေချာနားထောင်ပြီး နာခံခဲ့သည်။ ၎င်းတို့ကို မည်သည့်အခါမျှ သူမဖီဆန်ဝံ့ပေ။ ထို့ပြင် ဘုရားသခင်၏ အမိန့်များကိုလည်း ထင်သလို မပြောင်းလဲဝံ့ပေ။

ဤအရာတို့သည် ဘုရားသခင်က စာတန်အတွက် ချမှတ်ထားသည့် အကန့်အသတ်များဖြစ်သည်။ ထို့ကြောင့် စာတန်က ဤအကန့်အသတ်များကို မည်သည့်အခါမျှ မကျော်ဖြတ်ရဲပေ။ ဤသည်မှာ ဘုရားသခင့်သြဇာအာဏာ၏ တန်ခိုးအစွမ်း မဟုတ်ပေလော။ ဤသည်မှာ ဘုရားသခင့်သြဇာအာဏာ၏ သက်သေခံခြင်းတစ်ခု မဟုတ်ပေလော။ ဘုရားသခင်အပေါ် မည်သို့ပြုမူရမည်၊ ဘုရားသခင်ကို မည်သို့မြင်ရမည်ဆိုသည်နှင့်ပတ်သက်၍ စာတန်၌ လူသားမျိုးနွယ်ထက် ပိုရှင်းလင်းသည့် နားလည်မှုရှိသည်။ ထို့ကြောင့် ဝိညာဉ်လောကတွင် စာတန်က ဘုရားသခင်၏ သြဇာအာဏာနှင့် ဂုဏ်ဒြပ်ကို အလွန်ရှင်းရှင်းလင်းလင်းမြင်ပြီး ဘုရားသခင့်သြဇာအာဏာ၏ တန်ခိုးအစွမ်းနှင့် သူ၏သြဇာအာဏာနောက်က အခြေခံမှုများကို လေးလေးနက်နက် စာတန်သဘောပေါက်သည်။ ဤအရာများကို စာတန်သည် လုံ့ဝလျစ်လျူမရှုရဲသကဲ့သို့ မည်သည့်နည်းနှင့်မျှ မချိုးဖောက်ရဲပေ၊ သို့မဟုတ် ဘုရားသခင်၏ သြဇာအာဏာကို ကျော်လွန်သည့်အရာ တစ်ခုမျှ မလုပ်ရဲပေ။ ဘုရားသခင်၏ အမျက်ဒေါသကို မည်သည့်နည်းလမ်းနှင့်မျှ သူစိန်မခေါ် ရဲပေ။ စာတန်၏သဘာဝမှာ ဆိုးယုတ်ပြီး မာနထောင်လွှားသော်လည်း သူသည် ဘုရားသခင်က သူ့အတွက် ချမှတ်ထားသည့် နယ်နိမိတ်များနှင့် အကန့်အသတ်များကို တစ်ခါမျှ မဖြတ်ကျော်ရဲပေ။ နှစ်သန်းပေါင်းများစွာအကြာထိ ဤနယ်နိမိတ်များကို တိတိကျကျ သူလိုက်နာခဲ့သည်။ ဘုရားသခင်ပေးအပ်သည့် ခိုင်းစေမှုနှင့် အမိန့်တိုင်းကို သူလိုက်နာပြီး မည်သည့်အခါမျှ ဘောင်မကျော်ဝံ့ခဲ့ပေ။ စာတန်သည် အန္တရာယ်ရှိသော်လည်း ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်ထက် သူက ပိုပါးနပ်သည်။ ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာကို သူသိပြီး သူ၏ ကိုယ်ပိုင်နယ်နိမိတ်များကို သူသိသည်။ စာတန်၏ “ကျိုးနွံနာခံသည့်” အပြုအမူများမှတစ်ဆင့် ဘုရားသခင်၏သြဇာအာဏာနှင့် တန်ခိုးတို့သည် စာတန်ကျော်လွန်၍မရနိုင်သည့် ကောင်းကင်ဘုံနှင့်ဆိုင်သော အမိန့်ထုတ်ပြန်ချက်များဖြစ်ကြောင်းကို မြင်နိုင်ပြီး၊ ဘုရားသခင်၏ အတုမရှိခြင်းနှင့် သြဇာအာဏာ အတိအကျကြောင့်သာ အရာအားလုံးသည် အစီအစဉ်တကျ ပြောင်းလဲပြီး ပွားများခြင်းဖြစ်ကြောင်း၊ ဤအမိန့်ကို နှောင့်ယှက်နိုင်သည့် လူပုဂ္ဂိုလ်၊ သို့မဟုတ် အရာဝတ္ထုတို့မရှိဘဲ၊ ထို့ပြင် ဤနိယာမကို ပြောင်းလဲနိုင်သည့် လူပုဂ္ဂိုလ်၊ သို့မဟုတ် အရာဝတ္ထုတို့မရှိဘဲ ဘုရားသခင်တည်ထောင်ထားသည့် လမ်းကြောင်းအတွင်း၌ လူသားတို့ အသက်ရှင်ပြီး မျိုးပွားနိုင်ခြင်းဖြစ်ကြောင်း မြင်နိုင်သည်- အကြောင်းမှာ သူတို့အားလုံးသည် ဖန်ဆင်းရှင်၏လက်မှလာပြီး ဖန်ဆင်းရှင်၏ အမိန့်နှင့် သြဇာအာဏာမှ လာသည့်အတွက်ဖြစ်သည်။

## ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာရှိသည့် ဘုရားသခင်သာလျှင် အတုမရှိသည့် ဩဇာအာဏာကို ပိုင်ဆိုင်၏

စာတန်၏ ထူးခြားသည့် ဝိသေသလက္ခဏာသည် အမျိုးမျိုးသော ရှုထောင့်များနှင့်စပ်ဆိုင်သည့် သူ၏ထင်ရှားပြသခြင်းအပေါ်တွင် လူအများကို အလွန်စိတ်ဝင်စားစေခဲ့သည်။ စာတန်အနေဖြင့် နိမိတ်လက္ခဏာများကို ပြသနိုင်စွမ်းရှိပြီး လူသားတို့အတွက် မဖြစ်နိုင်သည့် အရာများကို လုပ်နိုင်စွမ်းရှိသောကြောင့် ဘုရားသခင်ကဲ့သို့ ဩဇာအာဏာကို စာတန်ပိုင်ဆိုင်သည်ဟု ယုံကြည်သည့် မိုက်သောလူ အများအပြားပင်ရှိသည်။ ထို့ကြောင့် လူသားမျိုးနွယ်သည် ဘုရားသခင်ကို ကိုးကွယ်ခြင်းအပြင် မိမိတို့၏နှလုံးသားထဲတွင် စာတန်အတွက်လည်း နေရာတစ်နေရာ ချန်ထားကာ စာတန်ကို ဘုရားအနေနှင့်ပင် ကိုးကွယ်ကြသည်။ ဤလူများသည် သနားစရာကောင်းသကဲ့သို့ စက်ဆုပ်ရွံ့ရှာဖွယ်လည်း ကောင်း၏။ သူတို့၏ မသိနားမလည်မှုကြောင့် သနားစရာကောင်းပြီး သူတို့၏ မိစ္ဆာဒိဋ္ဌိအယူနှင့် ပင်ကိုဆိုးယုတ်သည့်အနှစ်သာရကြောင့် စက်ဆုပ်ရွံ့ရှာဖွယ်သည်။ ဤနေရာတွင် ဩဇာအာဏာက အဘယ်အရာဖြစ်သည်၊ မည်သည့်အရာကို သင်္ကေတပြုသည်၊ အဘယ်အရာကို ကိုယ်စားပြုသည်ဆိုခြင်းအား သင်တို့ကို အသိပေးရန် လိုအပ်သည်ဟု ငါခံစားရသည်။ ယေဘုယျအားဖြင့် ပြောရလျှင် ဘုရားသခင်ကိုယ်တော်တိုင်က ဩဇာအာဏာဖြစ်ပြီး ဘုရားသခင်၏ဩဇာအာဏာသည် သူ၏ကြီးစိုးမှုနှင့် အနှစ်သာရကို သင်္ကေတပြုသည်။ ထို့ပြင် ဘုရားသခင်ကိုယ်တော်တိုင်၏ ဩဇာအာဏာသည် ဘုရားသခင်၏ ဂုဏ်ဒြပ်နှင့် ဝိသေသလက္ခဏာကို ကိုယ်စားပြုသည်။ ဤသို့ဖြစ်သောကြောင့် စာတန်အနေဖြင့် သူကိုယ်တိုင်က ဘုရားဖြစ်သည်ဟု ပြောရဲသလော။ အရာအားလုံးကို သူဖန်ဆင်းထားပြီး အရာအားလုံးအပေါ်တွင် အချုပ်အခြာအာဏာကို သူကိုင်ဆောင်ထားသည်ဟု စာတန်ပြောရဲသလော။ မည်သို့လျှင် ပြောရဲမည်နည်း။ အကြောင်းမှာ သူသည် အရာအားလုံးကို ဖန်ဆင်းရန် မတတ်စွမ်းနိုင်ခြင်းကြောင့်ဖြစ်သည်။ ယနေ့အထိ ဘုရားသခင်ဖန်ဆင်းခဲ့သည့်အရာ တစ်ခုကိုမျှ သူမပြုလုပ်ခဲ့ဖူးပေ။ အသက်ရှိသည့်အရာ တစ်ခုကိုမျှ တစ်ခါမျှ သူမဖန်ဆင်းဖူးပေ။ အကြောင်းမှာ သူ့ထံ၌ ဘုရားသခင်၏ ဩဇာအာဏာ မရှိသောကြောင့်ဖြစ်သည်။ သူသည် ဘုရားသခင်၏ ဂုဏ်ဒြပ်နှင့် ဝိသေသလက္ခဏာကို မည်သည့်အခါမျှ ပိုင်ဆိုင်နိုင်မည် မဟုတ်ပေ။ ဤသည်ကို သူ၏အနှစ်သာရဖြင့် သတ်မှတ်ထားသည်။ သူသည် ဘုရားသခင်ကဲ့သို့ တန်ခိုးရှိသလော။ မည်သို့ရှိမည်နည်း။ စာတန်၏ လုပ်ရပ်များနှင့် စာတန်ဖော်ပြသည့် နိမိတ်လက္ခဏာများကို မည်သို့ခေါ်ကြသနည်း။ တန်ခိုးလော။ ဩဇာအာဏာဟု ခေါ်၍ရနိုင်သလော။ မည်သို့ရနိုင်မည်နည်း။ စာတန်က မကောင်းမှုရေစီးကြောင်းကို

ညွှန်ကြားပြီး ဘုရားသခင့်အမှု၏ ရှုထောင့်တိုင်းကို နှောင့်ယှက်ကာ ထိခိုက်စေပြီး ကြားဝင်သည်။ လွန်ခဲ့သည့် နှစ်ထောင်ပေါင်းအချို့တွင် လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်း၊ သေမင်းအရိပ်လွှမ်းမိုးသည့် ချိုင့်ဝှမ်းဆီကို လျှောက်သွားစေရန် လူသားကို စာရိတ္တပျက်ပြားအောင်၊ ဘုရားသခင်ကို ငြင်းပယ်အောင် မျှားခေါ်ခြင်းနှင့် လှည့်စားခြင်းတို့မှလွဲ၍ စာတန်သည် လူသား၏ အောက်မေ့မှု၊ ချီးကျူးမှု၊ သို့မဟုတ် ချစ်ခင်မြတ်နိုးမှုတို့နှင့် အနည်းငယ်မျှပင် ထိုက်တန်သည့် အရာတစ်ခုခု လုပ်ခဲ့ဖူးသလော။ စာတန်က သြဇာအာဏာနှင့် တန်ခိုးကို ပိုင်ဆိုင်သည်ဆိုလျှင် လူသားမျိုးနွယ်သည် ထိုအရာများ၏ ဖောက်ပြန်ပျက်စီးစေခြင်းကို ခံရပြီးဖြစ်မည် မဟုတ်လော။ အကယ်၍ စာတန်သည် သြဇာအာဏာနှင့် တန်ခိုးကို ပိုင်ဆိုင်သည်ဆိုလျှင် လူသားမျိုးနွယ်သည် ထိုအရာများ၏ အန္တရာယ်ပြုခြင်းကို ခံထားရပြီးဖြစ်မည် မဟုတ်လော။ အကယ်၍ စာတန်အနေဖြင့် တန်ခိုးနှင့် သြဇာအာဏာကို ပိုင်ဆိုင်သည်ဆိုလျှင် လူသားမျိုးနွယ်က ဘုရားသခင်ကို စွန့်ပစ်ပြီး သေခြင်းကို အားထားကြပြီးဖြစ်မည် မဟုတ်လော။ စာတန်၌ သြဇာအာဏာ၊ သို့မဟုတ် တန်ခိုးမရှိသည့်အတွက် သူလုပ်သည့်အရာအားလုံး၏ အနှစ်သာရနှင့် ပတ်သက်၍ ငါတို့အနေဖြင့် မည်သို့ကောက်ချက်ချသင့်သနည်း။ စာတန်လုပ်ဆောင်သည့် အရာအားလုံးက လိမ်လည်လှည့်စားမှုသက်သက်သာ ဖြစ်သည်ဟု အနက်ဖွင့်သည့်သူများရှိသည်။ သို့ရာတွင် ဤကဲ့သို့သော အနက်ဖွင့်ချက်က သိပ်မသင့်တော်ဟု ငါမြင်သည်။ လူသားတို့ကို ဖောက်ပြန်ပျက်စီးစေသည့် သူ၏ဆိုးယုတ်သည့် လုပ်ဆောင်ချက်များက လိမ်လည်လှည့်စားမှုသက်သက်ပင်လော။ စာတန်က ယောဘကို နှိပ်စက်သည့် ဆိုးယုတ်သော အင်အားနှင့် ယောဘကို နှိပ်စက်ပြီး ဝါးမျိုရန် သူ၏ခက်ထန်သောဆန္ဒတို့ကို လိမ်လည်လှည့်စားမှုသက်သက်ဖြင့် ရရှိနိုင်ခြေ မရှိပေ။ အတိတ်ကို ပြန်ကြည့်ပါက တောင်ကုန်းများ၊ တောင်များတွင် ပြန့်ကျဲနေသည့် ယောဘ၏ တိရစ္ဆာန်အုပ်များသည် ချက်ချင်းပင် ကွယ်ပျောက် သွားခဲ့ကြသည်။ ယောဘ၏ ကြီးမားသည့် စည်းစိမ်သည် တစ်မုဟုတ်ချင်းပင် ပျောက်ကွယ်သွားသည်။ ဤအရာတို့ကို လိမ်လည်လှည့်စားမှုသက်သက်နှင့် ရရှိနိုင်မည်လော။ စာတန်လုပ်သည့်အရာအားလုံး၏ သဘာဝသည် ထိခိုက်စေရန်၊ ကြားဝင်နှောင့်ယှက်ရန်၊ ဖျက်ဆီးရန်၊ အန္တရာယ်ပြုရန်၊ ဆိုးယုတ်ခြင်း၊ မလိုမုန်းထားတတ်ခြင်းနှင့် မှောင်မိုက်ခြင်းတို့ကဲ့သို့ အဖျက်သဘောဆောင်သည့် ဝေါဟာရများနှင့် ဆက်နွယ်ပြီး ကိုက်ညီသည်။ ထို့ကြောင့် မဖြောင့်မတ်ဘဲ ဆိုးယုတ်သည့် အရာအားလုံး ဖြစ်ပေါ်ခြင်းသည် စာတန်၏ လုပ်ရပ်များနှင့် ခွဲခြား၍မရအောင် ဆက်နွယ်နေပြီး

စာတန်၏ ဆိုးယုတ်သည့် အနှစ်သာရနှင့် ခွဲခြား၍မရပေ။ စာတန်က မည်မျှပင် “အစွမ်းထက်” ပါစေ၊ မည်မျှပင် ရဲတင်းပြီး ရည်ရွယ်ချက် ကြီးမားပါစေ၊ ထိခိုက်မှုများ ပေးနိုင်သော သူ၏အစွမ်းက မည်မျှပင်ကြီးမားပါစေ၊ လူသားကို သူဖောက်ပြန်ပျက်စီးစေပြီး မျှားခေါ်သည့် နည်းလမ်းများက မည်မျှပင် ကျယ်ပြန့်ပါစေ၊ လူသားကို သူခြိမ်းခြောက်သည့် ပရိယာယ်များနှင့် လှည့်ကွက်များက မည်မျှပါးနပ်နေပါစေ၊ သူဖြစ်တည်နေသည့် ပုံစံက မည်မျှပင် ပြောင်းလဲ၍ရနေပါစေ စာတန်သည် သက်ရှိအရာတစ်ခုကို တစ်ခါမျှ မဖန်ဆင်းနိုင်ခဲ့ပေ။ အရာအားလုံးဖြစ်တည်မှုအတွက် နိယာမများ၊ သို့မဟုတ် စည်းမျဉ်းတို့ကို တစ်ခါမျှ သူမချပေးနိုင်ခဲ့ပေ။ သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ မည်သည့်အရာဝတ္ထုကိုမျှ သူအုပ်စိုးပြီး ထိန်းချုပ်နိုင်စွမ်း တစ်ခါမျှ မရှိခဲ့ပေ။ စကြဝဠာနှင့် မိုးမျက်နှာကြက်အတွင်းတွင် စာတန်ထံမှ ပေါက်ဖွားလာသည့်၊ သို့မဟုတ် သူ့ကြောင့် ဖြစ်တည်နေသည့် လူပုဂ္ဂိုလ်တစ်ယောက်တလေ၊ သို့မဟုတ် အရာဝတ္ထုတစ်ခုတလေမျှ မရှိပေ။ သူအုပ်စိုးသည့်၊ သို့မဟုတ် သူထိန်းချုပ်သည့် လူပုဂ္ဂိုလ်တစ်ယောက်တလေ၊ သို့မဟုတ် အရာဝတ္ထုတစ်ခုတလေမျှ မရှိပေ။ ဆန့်ကျင်ဘက်အနေနှင့် သူသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် နေရရုံသာမကဘဲ ဘုရားသခင်၏ အမိန့်များနှင့် ခိုင်းစေမှုများအားလုံးကို နာခံရသည်။ ဘုရားသခင်၏ ခွင့်ပြုချက်မပါဘဲ ရေတစ်စက်၊ သို့မဟုတ် ကုန်းမြေပေါ်က သဲတစ်ပွင့်ကို ထိရန်ပင် စာတန်အတွက် ခက်ခဲသည်။ ဘုရားသခင်၏ ခွင့်ပြုချက်မပါဘဲ ဘုရားသခင်ဖန်ဆင်းခဲ့သည့် လူသားမျိုးနွယ်ကိုမဆိုထားနှင့် စာတန်သည် ကုန်းမြေပေါ်က ပုရွက်ဆိတ်များကိုပင်လျှင် ရွှေ့ပိုင်ခွင့်မရှိပေ။ ဘုရားသခင်၏ အမြင်တွင် စာတန်သည် တောင်ပေါ်က နှင်းပန်းများ၊ လေထဲတွင် ပျံနေသည့်ငှက်များ၊ ပင်လယ်ထဲက ငါးများနှင့် ကမ္ဘာမြေကြီးပေါ်က ပိုးကောင်များထက် နိမ့်ကျသည်။ အရာအားလုံးထဲတွင် သူ၏တာဝန်သည် အရာအားလုံးကို အစေခံရန်၊ လူသားမျိုးနွယ်အတွက် အလုပ်လုပ်ရန်နှင့် ဘုရားသခင်၏အမှုနှင့် သူ၏စီမံခန့်ခွဲမှု အစီအစဉ်တို့ကို အစေခံရန်ဖြစ်သည်။ သူ၏သဘာဝက မည်မျှပင် မလိုမုန်းထားတတ်ပါစေ၊ သူ၏အနှစ်သာရက မည်မျှပင် ဆိုးယုတ်ပါစေ၊ သူလုပ်နိုင်သည့် တစ်ခုတည်းသောအရာက ဘုရားသခင်အတွက် အစေခံခြင်းနှင့် ဘုရားသခင်နှင့် ဆန့်ကျင်သည့်အချက်ကို ပံ့ပိုးခြင်းဟူသည့် သူ၏တာဝန်ကို သိတတ်စွာနှင့် လိုက်နာရန်ပင်ဖြစ်သည်။ ယင်းမှာ စာတန်၏ အနှစ်သာရနှင့် အဆင့်နေရာဖြစ်သည်။ သူ၏ အနှစ်သာရသည် အသက်နှင့် ဆက်စပ်မှုမရှိပေ။ တန်ခိုးနှင့် ဆက်စပ်မှုမရှိပေ။ ဩဇာအာဏာနှင့် ဆက်စပ်မှုမရှိပေ။ သူသည် ဘုရားသခင်၏ လက်ထဲမှ ကစားစရာတစ်ခုမျှသာဖြစ်သည်။ ဘုရားသခင်ကို အစေခံသည့် စက်တစ်လုံးသာ ဖြစ်၏။

စာတန်၏သရုပ်မှန်ကို အမှန်တကယ် နားလည်ပြီးနောက် လူအများအပြားက ဩဇာအာဏာမှာ အဘယ်အရာဖြစ်သည်ကို နားမလည်သေးပေ။ ထို့ကြောင့် ငါပြောပြမည်။ ဩဇာအာဏာကိုယ်၌ကို ဘုရားသခင်၏ တန်ခိုးအဖြစ် ရှင်းပြနိုင်သည်။ ပထမဦးဆုံး ဩဇာအာဏာနှင့် တန်ခိုးတို့သည် အပြုသဘောဆောင်သည်ကို သေချာပေါက်ပြောနိုင်သည်။ အဖျက်သဘောဆောင်သည့် မည်သည့်အရာနှင့်မျှ ဆက်နွယ်မှုမရှိပေ။ မည်သည့်ဖန်ဆင်းခံ၊ သို့မဟုတ် ဖန်ဆင်းခြင်းမခံရသည့် အရာတစ်ခုနှင့်မျှ ဆက်စပ်ခြင်းမရှိပေ။ ဘုရားသခင်၏ တန်ခိုးက အသက်နှင့် ရှင်သန်တက်ကြွခြင်းရှိသည့် မည်သည့်ပုံစံကိုမဆို ဖန်ဆင်းနိုင်သည်။ ဤသည်ကို ဘုရားသခင်၏ အသက်နှင့် ပိုင်းခြားဆုံးဖြတ်သည်။ ဘုရားသခင်သည် အသက်ဖြစ်၏။ ထို့ကြောင့် သူသည် သက်ရှိသတ္တဝါအားလုံး၏ အရင်းအမြစ် ဖြစ်သည်။ ထို့အပြင် ဘုရားသခင်၏ ဩဇာအာဏာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်တိုင်းကို သက်ရှိသတ္တဝါအားလုံး နာခံရန် ပြုလုပ်နိုင်သည်။ ဆိုလိုသည်မှာ သက်ရှိသတ္တဝါအားလုံးကို ဘုရားသခင်၏နှုတ်မှလာသည့် နှုတ်ကပတ်တော်တို့နှင့်အညီ သက်ရှိဖြစ်လာရန်နှင့် ဘုရားသခင်၏ ကွပ်ကဲအုပ်ချုပ်မှုအားဖြင့် အသက်ရှင်ပြီး မျိုးပွားကြရန် ပြုလုပ်နိုင်သည်။ ယင်းနောက်တွင် ဘုရားသခင်သည် သက်ရှိသတ္တဝါအားလုံးကို အမိန့်ပေး၍ ကွပ်ကဲအုပ်ချုပ်ကာ ပြောင်းလဲယိမ်းယိုင်ခြင်းဆိုသည်မှာ ထာဝရ မရှိတော့ပေ။ မည်သည့်လူပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာဝတ္ထု၌မျှ ဤအရာများ မရှိပေ။ ဖန်ဆင်းရှင်သာလျှင် ဤကဲ့သို့သော တန်ခိုးကို ပိုင်ဆိုင်ပြီး ထိန်းသိမ်းသည်။ ထို့ကြောင့် ၎င်းကို ဩဇာအာဏာဟုခေါ်သည်။ ဤသည်မှာ ဖန်ဆင်းရှင်၏ အတုမရှိခြင်းဖြစ်သည်။ ဤအတိုင်းပင်၊ "ဩဇာအာဏာ" ဆိုသည့် စကားလုံးကိုယ်၌ဖြစ်စေ၊ သို့မဟုတ် ဤဩဇာအာဏာ၏ အနှစ်သာရဖြစ်စေ၊ တစ်ခုချင်းစီတိုင်းက ဖန်ဆင်းရှင်နှင့်သာ ဆက်စပ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဖန်ဆင်းရှင်၏ အတုမရှိသော ဝိသေသလက္ခဏာနှင့် အနှစ်သာရ၏ သင်္ကေတဖြစ်ပြီး၊ ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်ကို ကိုယ်စားပြုသောကြောင့်ဖြစ်သည်။ ဖန်ဆင်းရှင်မှလွဲ၍ မည်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာဝတ္ထုကိုမျှ "ဩဇာအာဏာ" ဟူသည့် စကားလုံးနှင့် ဆက်စပ်၍ မရပေ။ ဤသည်မှာ ဖန်ဆင်းရှင်၏ အတုမရှိသည့် ဩဇာအာဏာ၏ အဓိပ္ပာယ်ကောက်ချက်ဖြစ်သည်။

စာတန်သည် ယောဘကို တပ်မက်သည့် မျက်လုံးများနှင့် ကြည့်နေသော်လည်း ဘုရားသခင်၏ ခွင့်ပြုချက်မပါဘဲနှင့် သူသည် ယောဘ၏ ကိုယ်ခန္ဓာမှ အမွေးတစ်မျှင်ကိုပင် မထိရဲပေ။ စာတန်သည် ပင်ကိုသဘောအားဖြင့် ဆိုးယုတ်ပြီး ရက်စက်သော်လည်း ဘုရားသခင်က သူ၏အမိန့်ကို ထုတ်ပြန်ပြီးနောက်တွင် စာတန်သည် ဘုရားသခင်၏အမိန့်ကို လက်ခံရန်မှလွဲပြီး

ရွေးချယ်စရာမရှိတော့ပေ။ ထို့ကြောင့် စာတန်သည် ယောဘနှင့်ပတ်သက်ပါက သိုးများကြားထဲက ဝံပုလွေကဲ့သို့ ထိန်းမနိုင်သိမ်းမရဖြစ်နေသော်လည်း ဘုရားသခင်က သူ့အတွက် ပြင်ဆင်ထားသည့် အကန့်အသတ်များကို မမေ့ဝံ့ပေ။ ဘုရားသခင်၏ အမိန့်များကို သူမဖောက်ဖျက်ရဲပေ။ ထို့ပြင် သူလုပ်လေသမျှတွင် စာတန်သည် ဘုရားသခင့်နှုတ်ကပတ်တော်၏ အခြေခံမူများနှင့် အကန့်အသတ်များမှ မယိမ်းယိုင်သွားရဲပေ။ ဤသည်မှာ အမှန်တရားပင်ဖြစ်သည် မဟုတ်လော။ ဤအချက်မှ စာတန်သည် ယေဟောဝါဘုရားသခင်၏ မည်သည့်နှုတ်ကပတ်တော်ကိုမဆို မချိုးဖောက်ဝံ့သည်ကို မြင်နိုင်သည်။ စာတန်အတွက် ဘုရားသခင်၏နှုတ်မှ နှုတ်ကပတ်တော်တိုင်းက အမိန့်ဖြစ်ပြီး၊ ကောင်းကင်ဘုံနှင့်ဆိုင်သည့် နိယာမနှင့် ဘုရားသခင့်ဩဇာအာဏာ၏ ဖော်ပြချက်တစ်ခုဖြစ်သည်။ အကြောင်းမှာ ဘုရားသခင့်နှုတ်ကပတ်တော်တိုင်း၏ နောက်တွင် ဘုရားသခင်၏ အမိန့်များကို ချိုးဖောက်သူများ၊ ကောင်းကင်ဘုံနှင့်ဆိုင်သည့် နိယာမများကို မနာခံဘဲ ဆန့်ကျင်သည့်သူများအတွက် ဘုရားသခင်၏ အပြစ်ဒဏ်ကို ညွှန်ပြနေသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ အမိန့်များကို ချိုးဖောက်လျှင် ဘုရားသခင်၏ ဩဇာအာဏာကို ကျော်လွန်ခြင်းနှင့် ကောင်းကင်ဘုံနှင့်ဆိုင်သည့် နိယာမများကို ဆန့်ကျင်ခြင်း၏ အကျိုးဆက်များအား လက်ခံရမည်ဆိုသည်ကို စာတန်က ရှင်းရှင်းလင်းလင်းသိသည်။ ဤအကျိုးဆက်များက မည်သည့်အရာများနည်း။ ပြောစရာမလိုပေ။ ဤအရာတို့သည် သူ့အတွက် ဘုရားသခင်၏ အပြစ်ဒဏ်ပင်ဖြစ်သည်။ ယောဘအပေါ် စာတန်၏ လုပ်ရပ်များသည် လူသားကို စာတန်ဖောက်ပြန်ပျက်စီးစေခြင်း၏ ပုံစံအသေးစားမျှသာဖြစ်သည်။ စာတန်က ဤလုပ်ရပ်များကို လုပ်ဆောင်နေသည့်အခါတွင် စာတန်အပေါ် ဘုရားသခင် ချမှတ်ထားသည့် အကန့်အသတ်များနှင့် သူထုတ်ထားသည့် အမိန့်များသည် စာတန်လုပ်သည့် အရာတိုင်း၏ နောက်ကွယ်မှ အခြေခံမူများ၏ ပုံစံအသေးစားမျှသာဖြစ်သည်။ ထို့အပြင် ဤကိစ္စတွင် စာတန်၏တာဝန်နှင့် အဆင့်နေရာသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအလုပ်ထဲက သူ၏တာဝန်နှင့် အဆင့်နေရာ၏ ပုံစံအသေးစားမျှသာဖြစ်ပြီး ယောဘကို သွေးဆောင်ရာ၌ စာတန်၏ ဘုရားသခင်အပေါ် အပြည့်အဝနာခံခြင်းက ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအလုပ်တွင် ဘုရားသခင်ကို စာတန်က နည်းနည်းမျှ မဆန့်ကျင်ရဲခြင်း၏ ပုံစံအသေးစားမျှသာဖြစ်သည်။ ဤပုံစံအသေးစားများက သင်တို့ကို မည်သည့်သတိပေးချက်များ ပေးသနည်း။ စာတန်အပါအဝင် အရာအားလုံးထဲတွင် ဖန်ဆင်းရှင်ချမှတ်ထားသည့် ကောင်းကင်ဘုံနှင့်ဆိုင်သည့် နိယာမများနှင့် အမိန့်ပြန်တမ်းများကို ကျော်လွန်နိုင်သည့် မည်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာဝတ္ထုမျှ မရှိပေ။ ထို့ပြင်

ဤကောင်းကင်ဘုံနှင့်ဆိုင်သည့် နိယာမများနှင့် အမိန့်ပြန်တမ်းများကို ချိုးဖောက်ရဲသည့် မည်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာဝတ္ထုမျှ မရှိပေ။ အကြောင်းမှာ ဖန်ဆင်းရှင်က မနာခံသည့်သူများအပေါ် ချမှတ်သည့် ပြစ်ဒဏ်ကို မည်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာဝတ္ထုကမျှ ပြောင်းလဲနိုင်ခြင်းသော်လည်းကောင်း၊ လွတ်မြောက်နိုင်ခြင်းသော်လည်းကောင်း မရှိသောကြောင့်ဖြစ်သည်။ ဖန်ဆင်းရှင်သာလျှင် ကောင်းကင်ဘုံနှင့်ဆိုင်သည့် နိယာမများနှင့် အမိန့်ပြန်တမ်းများကို တည်ထောင်နိုင်သည်။ ဖန်ဆင်းရှင်သာလျှင် ဤအရာတို့ကို အကျိုးသက်ရောက်မှုရှိအောင် ပြုလုပ်ရန် တန်ခိုးရှိသည်။ ဖန်ဆင်းရှင်၏ တန်ခိုးကိုသာ မည်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာဝတ္ထုကမျှ မကျော်လွန်နိုင်ခြင်းဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းရှင်၏ အတုမရှိသည့် ဩဇာအာဏာဖြစ်ပြီး ဤဩဇာအာဏာသည် အရာအားလုံးထက် သာလွန်သည်။ ထို့ကြောင့် “ဘုရားသခင်က အကြီးမြတ်ဆုံးဖြစ်ပြီး စာတန်က နံပါတ်နှစ်ဖြစ်သည်” ဟု ပြောရန် မဖြစ်နိုင်ပေ။ အတုမရှိသည့် ဩဇာအာဏာကို ပိုင်ဆိုင်သည့် ဖန်ဆင်းရှင်မှလွဲပြီး အခြားဘုရားမရှိပေ။

ဘုရားသခင်၏ ဩဇာအာဏာနှင့် ပတ်သက်သော အသိပညာအသစ်ကို ယခု သင်တို့ရရှိပြီလော။ ပထမဦးဆုံး ယခုပြောခဲ့သည့် ဘုရားသခင်၏ ဩဇာအာဏာနှင့် လူသား၏ အစွမ်းတို့ကြားတွင် ကွာခြားချက်ရှိသလော။ ကွာခြားချက်က အဘယ်နည်း။ အချို့လူများက ဤနှစ်ခုကြားတွင် နှိုင်းယှဉ်စရာမရှိဟု ပြောကြသည်။ မှန်ပေသည်။ လူတို့က ဤနှစ်ခုကြားတွင် နှိုင်းယှဉ်စရာမရှိဟု ဆိုသော်လည်း လူသား၏အတွေးနှင့် အယူအဆများတွင် လူသား၏အစွမ်းကို ဩဇာအာဏာနှင့် မကြာခဏ ရောထွေးကြကာ ဤနှစ်ခုကို မကြာခဏ ဘေးချင်းယှဉ်လျက် နှိုင်းကြသည်။ ဤနေရာတွင် အဘယ်အရာဖြစ်နေသနည်း။ လူများက ဤနှစ်ခုကို တစ်ခုနှင့်တစ်ခု အမှုမဲ့အမှတ်မဲ့နှင့် မှားယွင်းပြီး အစားထိုးနေကြခြင်းဖြစ်သည် မဟုတ်လော။ ဤနှစ်ခုက ဆက်စပ်မှုမရှိပေ။ ဤနှစ်ခုကြားတွင် နှိုင်းယှဉ်စရာ မရှိပေ။ သို့ရာတွင် လူများက မနေနိုင်ကြချေ။ ဤသည်ကို မည်သို့ဖြေရှင်းသင့်သနည်း။ သင်သည် ဖြေရှင်းချက်ကို ရှာတွေ့ရန် အမှန်တကယ် ဆန္ဒရှိပါက တစ်ခုတည်းသော နည်းလမ်းမှာ ဘုရားသခင်၏ အတုမရှိသည့် ဩဇာအာဏာကို သိကျွမ်းပြီး နားလည်ရန်သာဖြစ်သည်။ ဖန်ဆင်းရှင်၏ ဩဇာအာဏာကို သိကျွမ်း၍ နားလည်ပြီးနောက်တွင် သင်သည် လူသား၏ အစွမ်းနှင့် ဖန်ဆင်းရှင်၏ ဩဇာအာဏာကို တစ်တန်းတည်းထား၍ အတူတူပြောဆိုတော့မည် မဟုတ်ပေ။

လူသား၏အစွမ်းဆိုသည်မှာ အဘယ်အရာကို ရည်ညွှန်းသနည်း။ ရိုးရိုးပြောရလျှင် လူသား၏

ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထား၊ ဆန္ဒများနှင့် ရည်ရွယ်ချက်တို့ကို အကြီးမားဆုံး အတိုင်းအတာအထိ ကျယ်ပြန့်စေသည့်၊ သို့မဟုတ် ပြီးမြောက်စေသည့် စွမ်းရည်သော်လည်းကောင်း၊ တတ်ကျွမ်းမှုသော်လည်းကောင်းဖြစ်သည်။ ဤအရာကို သြဇာအာဏာဟု ပြော၍ရသလော။ လူသား၏ ရည်ရွယ်ချက်များနှင့် ဆန္ဒများမှာ မည်မျှပင် ကြီးမားပါစေ၊ သို့မဟုတ် မည်မျှပင်အကျိုးများပါစေ ဤလူသည် သြဇာအာဏာကို ပိုင်ဆိုင်သည်ဟု မဆိုနိုင်ပေ။ အလွန့်အလွန်ပြောရလျှင် ဤကြီးမားခြင်းနှင့် အောင်မြင်ခြင်းသည် လူသားကြားရှိ စာတန်၏ ရှုတ်နောက်နောက် အပြုအမူဆိုင်ရာ သာဓကတစ်ခုသာဖြစ်၏၊ အလွန့်အလွန်ပြောရလျှင် ယင်းသည် စာတန်သည် ဘုရားဖြစ်ရန်ဟူသည့် သူ၏ရည်ရွယ်ချက်ကို ပြီးမြောက်စေရန်အတွက် သူ၏ဘိုးဘေးကဲ့သို့ ပြုမူပြသည့် ဟာသဇာတ်တစ်ခုသာ ဖြစ်သည်။

ယခု သင်သည် ဘုရားသခင်၏ သြဇာအာဏာကို အတိအကျအားဖြင့် မည်သို့မြင်သနည်း။ ယခု ဤနှုတ်ကပတ်တော်များကို မိတ်သဟာယပြုပြီးသည့်အတွက် ဘုရားသခင်၏ သြဇာအာဏာနှင့်ပတ်သက်သော အသိပညာအသစ်ကို သင်ရရှိသင့်ပေပြီ။ ထို့ကြောင့် သင်တို့ကို ငါမေးမည်- ဘုရားသခင်၏ သြဇာအာဏာက အဘယ်အရာကို သင်္ကေတပြုသနည်း။ ဘုရားသခင်ကိုယ်တော်တိုင်၏ ဝိသေသလက္ခဏာကို သင်္ကေတပြုသလော။ ဘုရားသခင်ကိုယ်တော်တိုင်၏ တန်ခိုးကို သင်္ကေတပြုသလော။ ဘုရားသခင်ကိုယ်တော်တိုင်၏ အတုမရှိသည့် ဂုဏ်ဒြပ်ကို သင်္ကေတပြုသလော။ အရာအားလုံးထဲတွင် မည်သည့်အရာအထဲ၌ ဘုရားသခင်၏သြဇာအာဏာကို သင်မြင်ခဲ့သနည်း။ ယင်းကို မည်သို့မြင်ခဲ့သနည်း။ လူသားကြုံတွေ့သည့် ရာသီဥတုလေးခုအရဆိုပါက နွေဦးရာသီ၊ နွေရာသီ၊ ဆောင်းဦးရာသီနှင့် ဆောင်းရာသီတို့ကြားထဲက ဖလှယ်ခြင်းနိယာမကို မည်သူပြောင်းနိုင်သနည်း။ နွေဦးရာသီတွင် သစ်ပင်များက ဖူးပွင့်သည်။ နွေရာသီတွင် သစ်ပင်တို့သည် အရွက်များနှင့် ဖုံးနေသည်။ ဆောင်းဦးရာသီတွင် အသီးသီးကြပြီး ဆောင်းရာသီတွင် အရွက်ကြွေလေသည်။ ဤနိယာမကို မည်သူပြောင်းလဲနိုင်သနည်း။ ဤအရာက ဘုရားသခင့်သြဇာအာဏာ၏ ရှုထောင့်တစ်ခုကို ထင်ဟပ်စေသလော။ ဘုရားသခင်က “အလင်းဖြစ်စေ” ဟုပြောသည်နှင့် အလင်းဖြစ်လာသည်။ ဤအလင်းက တည်ရှိနေဆဲဖြစ်သလော။ အလင်းက အဘယ်ကြောင့် တည်ရှိနေသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ဘုရားသခင်၏ သြဇာအာဏာကြောင့် တည်ရှိနေခြင်းပင်တည်း။ ဘုရားသခင်ဖန်ဆင်းထားသည့် လေက တည်ရှိနေဆဲဖြစ်သလော။ လူသား ရှူသွင်းသည့်လေက ဘုရားသခင်ထံမှ လာသလော။ မည်သူတစ်ဦးတစ်ယောက်သည်

ဘုရားသခင်ထံမှလာသည့် အရာများကို ယူဆောင်သွားနိုင်သလော။
မည်သူတစ်ဦးတစ်ယောက်သည် ၎င်းတို့၏အနှစ်သာရနှင့် တာဝန်များကို ပြောင်းလဲနိုင်သလော။
ဘုရားသခင်ခွဲဝေသတ်မှတ်ထားခဲ့သည့် နေ့နှင့်ည၊ ဘုရားသခင်အမိန့်ပေးခဲ့သည့် နေ့နှင့်ည၏
နိယာမကို မည်သူက အစီအစဉ်ပျက်အောင် လုပ်နိုင်သနည်း။ စာတန်က
ဤကဲ့သို့လုပ်နိုင်သလော။ သင်သည် ညတွင်မအိပ်ဘဲ ညကို နေ့ဟူ၍သတ်မှတ်လျှင်ပင်
ညအချိန်က ညအချိန်ပဲဖြစ်နေမည် ဖြစ်သည်။ သင်၏ နေ့စဉ်လုပ်ရိုးလုပ်စဉ်ကို
ပြောင်းလဲကောင်း ပြောင်းလဲနိုင်လိမ့်မည်။ သို့ရာတွင် သင်သည် ညနှင့်နေ့၏ ဖလှယ်ပုံနိယာမကို
ပြောင်းရန် မတတ်စွမ်းပေ။ ဤသည်မှာ မည်သူမျှ မပြောင်းလဲနိုင်သည့် အချက်ပင်ဖြစ်သည်၊
မဟုတ်သလော။ မည်သူတစ်ဦးတစ်ယောက်သည် ခြင်္သေ့တစ်ကောင်ကို ကုန်းမြေပေါ်တွင်
နွားကဲ့သို့လယ်ထွန်ခိုင်းရန် တတ်စွမ်းနိုင်သလော။ မည်သူတစ်ဦးတစ်ယောက်သည်
ဆင်တစ်ကောင်ကို မြည်းဖြစ်သွားအောင် ပြောင်းရန် တတ်နိုင်သလော။
မည်သူတစ်ဦးတစ်ယောက်သည် ကြက်တစ်ကောင်ကို လင်းယုန်ငှက်တစ်ကောင်ကဲ့သို့
ပျံဝဲအောင်လုပ်ရန် တတ်နိုင်သလော။ မည်သူတစ်ဦးတစ်ယောက်သည် ဝံပုလွေတစ်ကောင်ကို
သိုးတစ်ကောင်ကဲ့သို့ မြက်စားအောင် လုပ်နိုင်သလော။ (မလုပ်နိုင်ပါ။)
မည်သူတစ်ဦးတစ်ယောက်သည် ရေထဲက ငါးတစ်ကောင်ကို ခြောက်သွေ့သည့်
ကုန်းမြေပေါ်တွင် အသက်ရှင်အောင် လုပ်နိုင်သလော။ ထိုအရာကို လူသားတို့ မလုပ်နိုင်ကြပါ။
အဘယ်ကြောင့် မလုပ်နိုင်ရသနည်း။ ဘုရားသခင်က ငါးတို့ကို ရေထဲတွင် အသက်ရှင်ရန်
အမိန့်ပေးထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ရေထဲတွင် အသက်ရှင်သည်။
၎င်းတို့သည် ကုန်းမြေပေါ်တွင် အသက်ရှင်နိုင်မည် မဟုတ်ပေ။ သေသွားမည်ဖြစ်သည်။
သူတို့သည် ဘုရားသခင့်အမိန့်၏ အကန့်အသတ်ကို မကျော်လွန်နိုင်ပေ။ အရာအားလုံး၏
ဖြစ်တည်မှုတွင် နိယာမနှင့် အကန့်အသတ်များရှိပြီး သူတို့အသီးသီးတွင်
ကိုယ်ပိုင်ဗီဇအသိစိတ်များ ရှိကြသည်။ ဤအရာတို့ကို ဖန်ဆင်းရှင်က
ချမှတ်ပေးထားခြင်းဖြစ်ပြီး မည်သည့်လူသားကမျှ ပြောင်းလဲ၍၊ ကျော်လွန်၍ မရနိုင်ပေ။
ဥပမာ၊ ခြင်္သေ့သည် လူ့အဖွဲ့အစည်းနှင့် အဝေးတစ်နေရာတွင်ရှိသည့် တောထဲတွင်သာ
အမြဲနေထိုင်လိမ့်မည်။ လူနှင့်အတူနေထိုင်ပြီး လူသားအတွက် အလုပ်လုပ်ပေးသည့် နွားကဲ့သို့
မည်သည့်အခါမျှ ကျိုးနွံပြီး သစ္စာရှိမလာနိုင်ပေ။ ဆင်နှင့် မြည်းနှစ်မျိုးလုံးက
တိရစ္ဆာန်များဖြစ်ကြပြီး နှစ်မျိုးလုံးက ခြေလေးချောင်းရှိကာ လေကို ရှူသွင်းကြသည့်
သတ္တဝါများဖြစ်သော်လည်း သူတို့သည် မတူညီသည့် မျိုးစိတ်များဖြစ်သည်။ အကြောင်းမှာ
ဘုရားသခင်က သူတို့ကို မတူညီသည့် အမျိုးအစားများအဖြစ် ခွဲခြားထား၍ဖြစ်သည်။

သူတို့အသီးသီးတွင် ကိုယ်ပိုင်ဗီဇအသိစိတ်များ ရှိကြသည်။ ထို့ကြောင့် သူတို့ကို မည်သည့်အခါမျှ ဖလှယ်နိုင်မည်မဟုတ်ပေ။ ကြက်က လင်းယုန်ကဲ့သို့ ခြေနှစ်ချောင်းရှိပြီး အတောင်ပံများရှိသော်လည်း လေထဲတွင် မည်သည့်အခါမျှ ပျံနိုင်မည်မဟုတ်ပေ။ အလွန်ဆုံး သစ်ပင်ပေါ်လောက်သာ ပျံတက်နိုင်လိမ့်မည်— ဤသည်မှာ သူ၏ဗီဇအသိစိတ်က ပိုင်းခြားသတ်မှတ်ထားခြင်းဖြစ်သည်။ ဤအရာ အားလုံးက ဘုရားသခင့်ဩဇာအာဏာ၏ အမိန့်များကြောင့် ဖြစ်သည်ကို ပြောပြနေစရာမလိုပေ။

ယနေ့ လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားတို့၏ သိပ္ပံသည် တိုးတက်လျက်ရှိသည်ဟု ဆိုနိုင်ပြီး လူသားတို့၏ သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိမှုများသည် အထင်ကြီးစရာကောင်းသည်ဟု ဆိုနိုင်သည်။ လူသား၏ အရည်အချင်းသည် အမြဲတမ်း ကြီးမားသည်ထက် ကြီးမားလာနေသည်ဟု ပြောရမည်ဖြစ်သည်။ သို့ရာတွင် လူသားမျိုးနွယ်က မလုပ်နိုင်သေးသည့် သိပ္ပံဆိုင်ရာ ထိုးဖောက်ကျော်လွှားမှုတစ်ခုရှိနေသည်။ လူသားမျိုးနွယ်သည် လေယာဉ်ပျံများ၊ လေယာဉ်တင် သင်္ဘောများ၊ အက်တမ်ဗုံးများကို ပြုလုပ်ခဲ့သည်။ လူသားမျိုးနွယ်သည် စကြဝဠာထဲကို ထွက်ခဲ့သည်။ လပေါ်တွင် လမ်းလျှောက်ခဲ့သည်။ အင်တာနက်ကို တီထွင်ခဲ့သည်။ နည်းပညာမြင့် ဘဝနေမှုပုံစံနှင့် နေထိုင်ခဲ့ကြသည်။ သို့ရာတွင် လူသားမျိုးနွယ်သည် အသက်ရှိသည့်၊ အသက်ရှူသည့် သတ္တဝါကို ဖန်တီးရန် မတတ်နိုင်ပေ။ သက်ရှိသတ္တဝါတိုင်း၏ ဗီဇအသိစိတ်နှင့် သူတို့အသက်ရှင်နေထိုင်သည့် နိယာမများ၊ သက်ရှိအမျိုးအစားတိုင်း၏ သေခြင်းနှင့်ရှင်ခြင်း စက်ဝန်း- ဤအရာများအားလုံးသည် လူသားတို့၏ သိပ္ပံပညာစွမ်းအားထက် ကျော်လွန်ပြီး၊ ၎င်းတို့ကို သိပ္ပံပညာက မထိန်းချုပ်နိုင်ပေ။ လူသား၏ သိပ္ပံပညာနှင့် မည်မျှကြီးမားသည့် အမြင့်ကို ရယူပြီးဖြစ်ပါစေ ၎င်းတို့သည် ဖန်ဆင်းရှင်၏ မည်သည့်အတွေးနှင့်မျှ နှိုင်းယှဉ်၍ မရနိုင်ကြောင်း၊ ဖန်ဆင်းရှင်၏ ဖန်ဆင်းခြင်းဆိုင်ရာ ဆန်းကြယ်မှုနှင့် သူ့ဩဇာအာဏာ၏ တန်ခိုးတို့ကို ခွဲခြမ်းနိုင်စွမ်း မရှိကြောင်း ဤနေရာတွင် ပြောရပေမည်။ ကမ္ဘာမြေကြီးပေါ်တွင် သမုဒ္ဒရာများ များစွာရှိသည်။ သို့ရာတွင် ၎င်းတို့သည် သူတို့၏နယ်နိမိတ်များကိုကျော်ပြီး ကုန်းမြေပေါ်ကို ၎င်းတို့စိတ်ကြိုက် တစ်ခါမျှမလာဖူးပေ။ ဤသည်မှာ ဘုရားသခင်က ၎င်းတို့တစ်ခုချင်းစီ၏ နယ်နိမိတ်များကို သတ်မှတ်ထားသောကြောင့်ဖြစ်သည်။ ဘုရားသခင်အမိန့်ပေးထားသည့် မည်သည့်နေရာတွင်မဆို ၎င်းတို့နေပြီး ဘုရားသခင်၏ ခွင့်ပြုချက်မပါဘဲ ၎င်းတို့သည် ကြိုက်သလို မလှုပ်ရှားနိုင်ပေ။ ဘုရားသခင်၏ ခွင့်ပြုချက်မပါဘဲ အချင်းချင်း စည်းမဖောက်နိုင်ကြပေ။ ဘုရားသခင်က ပြောမှသာလျှင် ၎င်းတို့လှုပ်ရှားနိုင်သည်။ ၎င်းတို့သွားသည့်နေရာနှင့် ၎င်းတို့နေသည့်နေရာကို ဘုရားသခင်၏ ဩဇာအာဏာအားဖြင့်

ပိုင်းခြားသတ်မှတ်သည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် “ဘုရားသခင်၏ သြဇာအာဏာ” ဆိုသည်မှာ ဘုရားသခင်အပေါ်တွင် မူတည်သည်ဟု ဆိုလိုသည်။ ဘုရားသခင်သည် တစ်ခုခုကို မည်သို့လုပ်မည်ဆိုသည့်အပေါ်တွင် ဆုံးဖြတ်သတ်မှတ်ရန် အခွင့်အရေးရှိပြီး သူဆန္ဒရှိသည့် နည်းလမ်းအတိုင်း ပြီးမြောက်သည်။ အရာအားလုံး၏ နိယာမက ဘုရားသခင်အပေါ် မူတည်သည်၊ လူသားအပေါ်တွင် မူတည်ခြင်း မရှိသကဲ့သို့ လူသားက ပြောင်းလဲ၍လည်း မရပေ။ ထိုနိယာမကို လူသား၏ အလိုဆန္ဒနှင့် မရွှေ့နိုင်ဘဲ ထိုအစား ဘုရားသခင်၏အတွေးများ၊ ဘုရားသခင်၏ ဉာဏ်ပညာ၊ ဘုရားသခင်၏ အမိန့်တို့နှင့် ပြောင်းလဲနိုင်သည်။ ဤသည်မှာ မည်သည့်လူသားမျှ မငြင်းဆိုနိုင်သည့် အချက်တစ်ခုဖြစ်သည်။ ကောင်းကင်၊ မြေကြီးနှင့် အရာအားလုံး၊ စကြဝဠာ၊ ကြယ်များပြည့်နေသည့် ကောင်းကင်၊ နှစ်တစ်နှစ်၏ ရာသီဥတုလေးခု၊ လူသားက မြင်နိုင်သည့်အရာများနှင့် မမြင်နိုင်သည့်အရာများ- စသည်တို့အားလုံးသည် အမှားအယွင်း စိုးစဉ်းမျှမပါဘဲ ဘုရားသခင်၏ သြဇာအာဏာအောက်တွင် ဘုရားသခင်၏ အမိန့်များနှင့်အညီ၊ ဘုရားသခင်၏ ပညတ်ချက်များနှင့်အညီ၊ ဖန်ဆင်းခြင်းအစ၏ နိယာမတို့နှင့်အညီ တည်ရှိသည်၊ လည်ပတ်သည်၊ ပြောင်းလဲသည်။ မည်သည့်လူပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာဝတ္ထုကမျှ ၎င်းတို့၏နိယာမများကို မပြောင်းလဲနိုင်ပေ၊ သို့မဟုတ် ၎င်းတို့လည်ပတ်လှုပ်ရှားသည့် ရှိရင်းစွဲလမ်းကြောင်းများကို မပြောင်းလဲနိုင်ပေ။ ၎င်းတို့သည် ဘုရားသခင်၏ သြဇာအာဏာကြောင့် ဖြစ်တည်လာကြပြီး ဘုရားသခင်၏ သြဇာအာဏာကြောင့် ပျက်စီးကြသည်။ ဤသည်မှာ ဘုရားသခင်၏ သြဇာအာဏာသက်သက်ဖြစ်သည်။ ဤမျှလောက် ပြောပြီးဖြစ်သည့်အတွက် ဘုရားသခင်၏ သြဇာအာဏာသည် ဘုရားသခင်၏ ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်၏ သင်္ကေတဖြစ်သည်ကို သင်ခံစားနိုင်သလော။ ဘုရားသခင်၏ သြဇာအာဏာကို ဖန်ဆင်းခံ၊ သို့မဟုတ် ဖန်ဆင်းခြင်းမခံရသည့် အရာများက ပိုင်ဆိုင်နိုင်သလော။ ဤအရာကို တုပနိုင်သလော။ ဟန်ဆောင်နိုင်သလော။ သို့မဟုတ် လူပုဂ္ဂိုလ်၊ အရာဝတ္ထု၊ သို့မဟုတ် ပစ္စည်းတို့နှင့် အစားထိုး၍ ရနိုင်သလော။

### ဖန်ဆင်းရှင်၏ ဝိသေသလက္ခဏာသည် အတုမရှိပေ၊ သင်သည် ဘုရားအများကိုးကွယ်သည့်ဝါဒ၏ အယူအတိုင်း မလိုက်နာသင့်

စာတန်၏ အရည်အချင်းနှင့် အစွမ်းတို့သည် လူသားတို့ထက် ကြီးမားသော်လည်း၊ လူသားက မရရှိနိုင်သည့် အရာများကို သူလုပ်နိုင်သော်လည်း၊ စာတန်လုပ်သည့်အရာကို သင်မနာလိုသည်ဖြစ်စေ၊ အားကျသည်ဖြစ်စေ၊ ထိုအရာများကို သင်မုန်းသည်ဖြစ်စေ၊

ရှုံ့ရှာသည်ဖြစ်စေ၊ ထိုအရာများကို သင်မြင်နိုင်စွမ်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထို့ပြင် စာတန်က မည်မျှရရှိနိုင်သည်ဖြစ်စေ၊ သို့မဟုတ် သူ့ကို ကိုးကွယ်ရန်နှင့် ပစားထားရန် လူမည်မျှများများကို သူလှည့်စားနိုင်သည်ဖြစ်စေ၊ ထို့ပြင် သင့်အနေဖြင့် စာတန်ကို မည်သို့သတ်မှတ်သည်ဖြစ်စေ စာတန်၌ ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုးရှိသည်ဟု သင်ပြော၍မရပေ။ ဘုရားသခင်သည် ဘုရားသခင်သာဖြစ်သည်ကို သင်သိရမည်။ ဘုရားသခင်တစ်ပါးတည်းသာ ရှိ၏။ ထို့အပြင် ဘုရားသခင်သာလျှင် ဩဇာအာဏာရှိပြီး အရာအားလုံးကို ထိန်းချုပ်ရန်နှင့် အုပ်စိုးရန် တန်ခိုးရှိသည်ကို သင်သိရမည်။ စာတန်၌ လူတို့ကို လှည့်စားနိုင်သည့် အရည်အချင်းရှိပြီး သူသည် ဘုရားသခင်အသွင် ယောင်ဆောင်နိုင်ကာ ဘုရားသခင်ပြုခဲ့သည့် နိမိတ်လက္ခဏာများနှင့် အံ့ဩဖွယ်ရာများကို တုပနိုင်သည့်အပြင် ဘုရားသခင်ကဲ့သို့ ဆင်တူသည့် အရာများကို သူလုပ်ထားသည်ဆိုရုံနှင့် ဘုရားသခင်က အတုမရှိမဟုတ်ကြောင်း၊ ဘုရားများ အများအပြားရှိကြောင်း၊ သူတို့တွင် ပိုကြီးမားသည့်၊ သို့မဟုတ် သေးငယ်သည့် အစွမ်းများရှိကြခြင်းသာဖြစ်ကြောင်းနှင့် သူတို့ကိုင်ဆောင်သည့် တန်ခိုး၏ အတိုင်းအတာက ကွဲပြားမှုများရှိကြောင်း သင်သည် မှားယွင်းစွာ ယုံကြည်တော့သည်။ သူတို့ရောက်ရှိလာသည့် အစီအစဉ်အတိုင်း၊ သူတို့၏ အသက်အရွယ်တို့နှင့်အညီ သူတို့၏ကြီးမြတ်မှုကို သင်အဆင့်သတ်မှတ်၏။ ထို့ပြင် ဘုရားသခင်အပြင် အခြားဘုရားများရှိသည်ဟု သင်သည် မှားယွင်းစွာ ယုံကြည်ပြီး ဘုရားသခင်၏ တန်ခိုးနှင့် ဩဇာအာဏာသည် အတုမရှိမဟုတ်ဟု သင်ထင်မြင်၏။ အကယ်၍ သင့်တွင် ဤကဲ့သို့သော စိတ်ကူးမျိုးရှိပါက၊ ဘုရားသခင်၏ အတုမရှိခြင်းကို သင်မသိမြင်ပါက၊ ဘုရားသခင်သာလျှင် ဩဇာအာဏာကို ပိုင်ဆိုင်သည်ဟု သင်မယုံကြည်ပါက၊ ထို့အပြင် သင်သည် ဘုရားအများ ကိုးကွယ်သည့်ဝါဒအတိုင်းသာ လိုက်နာပါက သင်သည် ဖန်ဆင်းခံများ၏ လူညံ့၊ လူဖျင်းတစ်ယောက်ဖြစ်ပြီး စာတန်၏ ပြယုဂ်စစ်စစ်ဖြစ်ကာ လုံးဝဆိုးယုတ်သည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု ငါပြောမည်။ ဤနှုတ်ကပတ်တော်များကို ပြောပြီး သင်တို့ကို အဘယ်အရာအား ငါသင်ကြားနေခြင်းဖြစ်သည်ကို သင်တို့နားလည်သလော။ မည်သည့်အချိန်၊ မည်သည့်နေရာဖြစ်စေ၊ သို့မဟုတ် သင်၏နောက်ကြောင်းက မည်သို့ပင်ဖြစ်စေ၊ သင်သည် ဘုရားသခင်ကို အခြားပုဂ္ဂိုလ်၊ အရာဝတ္ထု၊ သို့မဟုတ် ပစ္စည်းများနှင့် မရောထွေးရ။ ဘုရားသခင်၏ ဩဇာအာဏာနှင့် ဘုရားသခင် ကိုယ်တော်တိုင်၏ အနှစ်သာရတို့က မသိနိုင်၊ မချဉ်းကပ်နိုင်ဟု မည်မျှပင် သင်ခံစားရသည်ဖြစ်စေ၊ စာတန်၏ စကားလုံးများနှင့် လုပ်ဆောင်ချက်များက သင်၏အယူအဆ၊ စိတ်ကူးထင်မြင်မှုများနှင့် မည်မျှပင် ကိုက်ညီပါစေ၊ ထိုအရာများက သင့်အတွက် မည်မျှပင်

ကျေနပ်အားရဖွယ်ရာဖြစ်နေပါစေ၊ မမိုက်မဲနှင့်၊ ဤအယူအဆများကို မရောထွေးနှင့်၊ ဘုရားသခင်၏ တည်ရှိမှုကို မငြင်းပယ်နှင့်၊ ဘုရားသခင်၏ ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်ကို မငြင်းပယ်နှင့်၊ ဘုရားသခင်ကို တံခါးအပြင်သို့ တွန်းထုတ်ပြီး သင့်နှလုံးသားထဲတွင် ဘုရားသခင်ကို အစားထိုးရန်နှင့် သင်၏ဘုရားဖြစ်စေရန်အတွက် စာတန်ကို မခေါ်ဆောင်နှင့်။ ဤကဲ့သို့ပြုလုပ်ခြင်း၏ အကျိုးဆက်အား သင်စိတ်ကူးနိုင်စွမ်းရှိသည်ကို ငါသံသယမဝင်ပေ။

## လူသားမျိုးနွယ်သည် ဖောက်ပြန်ပျက်စီးစေခြင်းကို ခံထားရသော်လည်း ဖန်ဆင်းရှင်၏ သြဇာအာဏာဆိုင်ရာ အချုပ်အခြာအာဏာအောက်တွင် အသက်ရှင်နေထိုင်ဆဲရှိသည်

စာတန်သည် လူသားမျိုးနွယ်ကို နှစ်ထောင်ပေါင်းများစွာ ကြာအောင် ဖျက်ဆီးနေသည်။ စာတန်သည် ပြောပြ၍မရနိုင်သည့် မကောင်းမှုများကို ဖြစ်ပေါ်စေခဲ့သည်။ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်ကို လှည့်စားခဲ့သည်။ အလွန်ယုတ်မာသည့် ပြစ်မှုများကို ကမ္ဘာတွင် ကျူးလွန်ခဲ့သည်။ လူသားကို နှိပ်စက်ခဲ့သည်။ လှည့်စားခဲ့သည်။ ဘုရားသခင်ကို ဆန့်ကျင်ရန် သွေးဆောင်ခဲ့သည်။ ဘုရားသခင်၏စီမံခန့်ခွဲမှု အစီအစဉ်တို့ကို ထိခိုက်ပျက်ပြားစေသည့် ဆိုးယုတ်သည့် လုပ်ရပ်များကို ထပ်ခါတလဲလဲ သူကျူးလွန်ခဲ့သည်။ သို့ရာတွင် ဘုရားသခင်၏ သြဇာအာဏာအောက်တွင် အရာအားလုံးနှင့် သက်ရှိသတ္တဝါတို့သည် ဘုရားသခင်ချမှတ်ထားသည့် စည်းမျဉ်းများနှင့် နိယာမများအားဖြင့် ဆက်လက်ရှင်သန်ကြသည်။ ဘုရားသခင်၏ သြဇာအာဏာနှင့် နှိုင်းယှဉ်လိုက်လျှင် စာတန်၏ ဆိုးယုတ်သည့် သဘာဝနှင့် ထကြွသောင်းကျန်းမှုတို့က အလွန်အကျည်းတန်သည်။ အလွန်ရွံစရာကောင်းပြီး စက်ဆုပ်ဖွယ်ကောင်းသည်။ အလွန်သေးငယ်ပြီး အားနွဲ့သည်။ ဘုရားသခင်ဖန်ဆင်းခဲ့သည့် အရာအားလုံးကြားတွင် စာတန်သည် လျှောက်လှမ်းသော်လည်း ဘုရားသခင်အုပ်ချုပ်သည့် လူများ၊ အရာဝတ္ထုများ၊ ပစ္စည်းများတွင် ပြောင်းလဲမှု အနည်းငယ်ကိုပင် သူမပြဋ္ဌာန်းနိုင်ပေ။ နှစ်ထောင်ပေါင်းအချို့ ကုန်ဆုံးပြီးနောက် လူသားမျိုးနွယ်သည် ဘုရားသခင် ချပေးသနားခဲ့သည့် အလင်းနှင့် လေကို မွေ့လျော်ခံစားနေဆဲပင်ဖြစ်သည်။ ဘုရားသခင်ကိုယ်တော်တိုင် မှုတ်သွင်းခဲ့သည့် ဇီဝအသက်ကို အသက်ရှူဆဲပင် ဖြစ်သည်။ ဘုရားသခင်ဖန်ဆင်းခဲ့သည့် ပန်းပွင့်များ၊ ငှက်များ၊ ငါးများနှင့် ပိုးမွှားများကို မွေ့လျော်ခံစားနေဆဲဖြစ်ပြီး ဘုရားသခင်ပေးအပ်ခဲ့သည့် အရာအားလုံးကို မွေ့လျော်ခံစားနေဆဲဖြစ်သည်။ နေ့နှင့်ညသည် အချင်းချင်း အဆက်မပြတ် အစားထိုးနေဆဲဖြစ်သည်။ ရာသီဥတုလေးခုသည် ယခင်ကဲ့သို့ပင် လှည့်ပတ်နေဆဲဖြစ်သည်။ ကောင်းကင်တွင်ပျံနေသည့် ငန်းများသည် ဤဆောင်းရာသီတွင် ထွက်ခွာကြပြီး

နောက်နှစ်နွေဦးတွင် ပြန်လာဆဲဖြစ်သည်။ ရေထဲက ငါးများသည် သူတို့၏အိမ်ဖြစ်သည့် မြစ်များနှင့် အင်းအိုင်များကို မည်သည့်အခါမျှ မစွန့်ခွာပေ။ ပုစဉ်းရင်ကွဲများသည် နွေနေ့ရက်များတွင် ကျယ်လောင်စွာ သီချင်းဆိုကြသည်။ မြက်ထဲတွင်ရှိသည့် ပုရစ်များက ဆောင်းဦးရာသီတွင် တိုက်ခတ်သောလေနှင့်အတူ အချိန်မီ တီးတိုးသီဆိုနေကြသည်။ ငှက်များသည် ငှက်အုပ်အဖြစ် စုစည်းကြပြီး လင်းယုန်များက သီးသန့်နေထိုင်ကြသည်။ ခြသေ့်အုပ်များက အမဲလိုက်ခြင်းဖြင့် မိမိတို့ကိုယ်မိမိ အားဖြည့်သည်။ သမင်ကြီးများသည် မြက်နှင့် ပန်းပွင့်များမှ ရှောင်ဖယ်မသွားပေ။... အရာအားလုံးထဲမှ သက်ရှိသတ္တဝါ အမျိုးအစားတိုင်းသည် ထွက်ခွာပြီး ပြန်လာသည်။ ပြီးနောက် ပြန်ထွက်ခွာကြပြန်သည်။ မျက်စိတစ်မှိတ်အတွင်းတွင် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေသည်။ သို့ရာတွင် မပြောင်းလဲသည့်အရာမှာ သူတို့၏ ဗီဇအသိစိတ်များနှင့် ရှင်သန်ရပ်တည်နေရေး နိယာမများပင်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ထောက်ပံ့မှုနှင့် အာဟာရဖြည့်ပေးမှုအောက်တွင် အသက်ရှင်ကြသည်။ မိမိတို့၏ ဗီဇအသိစိတ်များကို မည်သူမျှ မပြောင်းနိုင်ပေ။ မိမိတို့၏ ရှင်သန်ရပ်တည်ရေး စည်းမျဉ်းများကို မည်သူမျှ မဖျက်ဆီးနိုင်ပေ။ အရာအားလုံးကြားတွင် နေထိုင်သည့် လူသားမျိုးနွယ်သည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းနှင့် လှည့်စားခြင်းကို ခံရသော်လည်း လူသားသည် ဘုရားသခင်ပြုလုပ်ထားသည့် ရေ၊ ဘုရားသခင်ပြုလုပ်ခဲ့သည့် လေနှင့် ဘုရားသခင်ပြုလုပ်ထားသည့် အရာအားလုံးကို စွန့်လွှတ်နိုင်ခြင်း မရှိပေ။ လူသားသည် ဘုရားသခင်ဖန်ဆင်းခဲ့သည့် ဤနေရာတွင် နေထိုင်ပြီး ပွားများဆဲဖြစ်သည်။ လူသားမျိုးနွယ်၏ ဗီဇအသိစိတ်များက မပြောင်းလဲပေ။ လူသားသည် မြင်နိုင်ရန်အတွက် သူ၏မျက်လုံး၊ ကြားရန်အတွက် သူ၏နားများ၊ စဉ်းစားရန်အတွက် သူ၏ဦးနှောက်၊ နားလည်ရန်အတွက် သူ၏နှလုံးသား၊ လမ်းလျှောက်ရန်အတွက် သူ၏ခြေထောက်နှင့် ခြေဖဝါး၊ အလုပ်လုပ်ရန်အတွက် သူ၏လက်များစသည့် ဤအရာများကို အားကိုးဆဲပင် ဖြစ်သည်။ ဘုရားသခင်၏ ထောက်ပံ့မှုများ မပြောင်းမလဲဘဲ ရှိနေမှုကို လက်ခံနိုင်စေရန် လူသားအပေါ် ဘုရားသခင်ချပေးသနားခဲ့သည့် ဗီဇအသိစိတ်များ၊ ဘုရားသခင်နှင့် လက်တွဲလုပ်ဆောင်ရန်အတွက် လူသားအသုံးပြုသည့် စွမ်းရည်များ မပြောင်းလဲပေ။ ဖန်ဆင်းခံတစ်ဦး၏ တာဝန်များကို ထမ်းဆောင်ရန်အတွက် လူသားမျိုးနွယ်၏ စွမ်းရည်သည် မပြောင်းလဲသေးပေ။ လူသားမျိုးနွယ်၏ ဝိညာဉ်ရေးရာ လိုအပ်ချက်များ မပြောင်းလဲပေ။ သူတို့၏ဇာစ်မြစ်များကို ရှာဖွေရန်အတွက် လူသားမျိုးနွယ်၏ ဆန္ဒသည် မပြောင်းလဲပေ။ ဖန်ဆင်းရှင်၏ ကယ်တင်ခြင်းကို လူသားတို့ တောင့်တခြင်းက မပြောင်းလဲပေ။

ဤအရာများသည် ဘုရားသခင်၏ ဩဇာအာဏာအောက်တွင်နေထိုင်သည့်၊ စာတန်က ဖြစ်ပေါ်စေသည့် သွေးစွန်းသည့် ပျက်စီးမှုများကို ကြုံကြုံခံခဲ့ရသည့် လူသားမျိုးနွယ်၏ လက်ရှိအခြေအနေများဖြစ်သည်။ လူသားမျိုးနွယ်သည် စာတန်၏ဖိနှိပ်မှုကို ခံရသော်လည်း ဖန်ဆင်းခြင်းအစက အာဒံနှင့်ဧဝတို့ကဲ့သို့ မဟုတ်တော့ပေ။ ထိုအစား အသိပညာ၊ ထင်မြင်ယူဆချက်၊ အယူအဆများစသည့် ဘုရားသခင်ကို ရန်မူလိုသည့် အရာများနှင့် ပြည့်နေပြီး စာတန်နှင့်ဆိုင်သည့် စိတ်သဘောထားနှင့် ပြည့်နေသည်။ ဘုရားသခင်၏ အမြင်တွင်မူ လူသားမျိုးနွယ်သည် သူဖန်ဆင်းခဲ့သည့် ယခင်က လူသားမျိုးနွယ်ဖြစ်နေဆဲပင်ဖြစ်သည်။ လူသားတို့သည် ဘုရားသခင်၏ အုပ်စိုးခြင်းနှင့် စီစဉ်ညွှန်ကြားခြင်းကို ခံနေရဆဲဖြစ်ပြီး ဘုရားသခင်ပြင်ဆင်ထားသည့် လမ်းကြောင်းအတွင်းတွင် အသက်ရှင်နေထိုင်ဆဲဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏အမြင်တွင် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကို ခံထားရသည့် လူသားမျိုးနွယ်သည် လူပ်ရွနေသည့် အစာအိမ်နှင့်၊ အတန်ငယ်နှေးကွေးသည့် တုံ့ပြန်မှုများနှင့်၊ ယခင်ကဲ့သို့ မကောင်းတော့သည့် မှတ်ဉာဏ်များနှင့်၊ အနည်းငယ် အသက်ကြီးလာပြီး အညစ်အကြေးတို့နှင့် ဖုံးလွှမ်းနေခြင်းမျှသာဖြစ်သည်- သို့သော်လည်း လူသား၏ အသုံးဝင်မှုနှင့် ဗီဇအသိစိတ်အားလုံးတို့သည် လုံးဝ ထိခိုက်မှုမရှိပေ။ ဤသည်မှာ ဘုရားသခင်ကယ်တင်ရန် ရည်မှန်းသည့် လူသားမျိုးနွယ်ဖြစ်သည်။ ဤလူသားမျိုးနွယ်သည် ဖန်ဆင်းရှင်၏ ခေါ်သံကို ကြားရန်၊ ဖန်ဆင်းရှင်၏ အသံတော်ကို ကြားရန်သာလိုပြီး ဤအသံ၏ အရင်းအမြစ်ကိုရှာရန် သူသည် မတ်တပ်ရပ်ပြီး အပြေးအလွှား သွားလိမ့်မည်။ ဤလူသားမျိုးနွယ်သည် ဖန်ဆင်းရှင်၏ ပုံသဏ္ဌာန်ကို တွေ့ရန်သာလိုပြီး သူသည် သူ့ကိုယ်သူ ဘုရားသခင်ထံတွင် အပ်နှံရန်အတွက် အားလုံးကို ဂရုမစိုက်တော့ဘဲ အရာအားလုံးကို စွန့်လွှတ်ပြီး ဘုရားသခင်အတွက် သူ၏ဘဝကိုပင် ချပေးလိမ့်မည်။ လူသားမျိုးနွယ်၏ နှလုံးသားက ဖန်ဆင်းရှင်၏ လှိုက်လှဲသော နှုတ်ကပတ်တော်များကို နားလည်သည့်အခါတွင် လူသားမျိုးနွယ်သည် စာတန်ကို ငြင်းပယ်ပြီး ဖန်ဆင်းရှင်ထံပါးသို့ လာလိမ့်မည်။ လူသားမျိုးနွယ်သည် သူ၏ကိုယ်ခန္ဓာက အညစ်အကြေးများကို လုံးဝဆေးကြောပြီးသည့်အခါတွင်၊ ဖန်ဆင်းရှင်၏ ထောက်ပံ့ခြင်းနှင့် အာဟာရဖြည့်ပေးခြင်းကို နောက်တစ်ကြိမ် ထပ်၍ရရှိသည့်အခါတွင် လူသားမျိုးနွယ်၏ မှတ်ဉာဏ်တို့သည် ပြန်လည်ကောင်းမွန်လာမည်ဖြစ်ပြီး ဤအချိန်တွင် လူသားမျိုးနွယ်သည် ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက်ကို အမှန်တကယ် ပြန်လာပေလိမ့်မည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၂)

## ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား

ဘုရားသခင်၏ ဩဇာအာဏာနှင့် ပတ်သက်သည့် ရှေ့ပိုင်းမှ မိတ်သဟာယဖွဲ့မှုကို သင်တို့နားထောင်ပြီးပြီဖြစ်သောကြောင့် ဤအကြောင်းအရာနှင့်ပတ်သက်၍ သင်တို့ထံ၌ စကားလုံးများ များစွာရှိပြီးဖြစ်သည်ကို ငါစိတ်ချယုံကြည်သည်။ သင်တို့အနေဖြင့် မည်မျှလက်ခံနိုင်သည်၊ မည်မျှသဘောပေါက်နိုင်သည်၊ မည်မျှနားလည်နိုင်သည်ဆိုခြင်းအားလုံးက ဤအရာအပေါ် သင်တို့မည်မျှအားစိုက်ထုတ်မည်ဆိုသည့်အပေါ် မူတည်သည်။ ဤအကြောင်းအရာကို သင်တို့လေးလေးနက်နက် ချဉ်းကပ်နိုင်ရေးသည် ငါ၏မျှော်လင့်ချက်ပင်ဖြစ်သည်။ သင်တို့အနေဖြင့် ဤအရာကို စိတ်မပါ့တပါနှင့် လုံးဝမကိုင်တွယ်သင့်ပေ။ ကိုင်း၊ ဘုရားသခင်၏ဩဇာအာဏာကို သိခြင်းက ဘုရားသခင်၏အလုံးစုံကို သိခြင်းနှင့် ညီမျှသလော။ ဘုရားသခင်၏ဩဇာအာဏာကို သိခြင်းက အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင်ကို သိခြင်း၏ အစဖြစ်သည်ဟု ဆိုနိုင်ပြီး ဘုရားသခင်၏ဩဇာအာဏာကို သိခြင်းက အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင်၏ အနှစ်သာရကို သိခြင်းတံခါးဝထဲသို့ ဝင်ရောက်ပြီးဖြစ်ကြောင်း အဓိပ္ပာယ်ရသည်ဟုလည်း ဆိုနိုင်သည်။ ဤနားလည်ခြင်းက ဘုရားသခင်ကို သိခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့ဆိုလျှင် အခြားအပိုင်းက အဘယ်အရာဖြစ်သနည်း။ ဤအရာက ယနေ့ ငါမိတ်သဟာယဖွဲ့ချင်သည့် အကြောင်းအရာဖြစ်သည်— ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား။

ယနေ့ခေါင်းစဉ်အကြောင်း မိတ်သဟာယဖွဲ့ရန် သမ္မာကျမ်းစာထဲမှ အခန်းနှစ်ခန်းကို ငါရွေးထားသည်။ ပထမတစ်ခုမှာ ကမ္ဘာဦးကျမ်း ၁၉:၁-၁၁ နှင့် ကမ္ဘာဦးကျမ်း ၁၉:၂၄-၂၅ တွင် တွေ့နိုင်သည့် သောဒုံမြို့ကို ဘုရားသခင် ဖျက်ဆီးခြင်းနှင့် သက်ဆိုင်သည်။ ဒုတိယတစ်ခုမှာ ယောနဝတ္ထု ၁:၁-၂ အပြင် ယောနဝတ္ထု၏ တတိယနှင့် စတုတ္ထအခန်းတွင် တွေ့နိုင်သည့် နိနေဝေမြို့ကို ဘုရားသခင်လွတ်မြောက်စေခြင်းနှင့် သက်ဆိုင်သည်။ သင်တို့အားလုံးက ဤအခန်းနှစ်ခန်းနှင့်ပတ်သက်ပြီး ငါပြောမည့်စကားကို နာယူဖို့ စောင့်နေကြပြီဟု ငါထင်သည်။ ငါပြောမည့်အရာက ဘုရားသခင်ကိုယ်တော်တိုင်ကို သိခြင်းနှင့် သူ၏အနှစ်သာရကို သိခြင်းအကြောင်းတို့ထံမှ ပင်ကိုအားဖြင့် လမ်းလွဲသွား၍မရပေ။ သို့သော်

ယနေ့မိတ်သဟာယ၏ အာရုံစိုက်မည့်အရာက အဘယ်အရာဖြစ်မည်နည်း။ သင်တို့ထဲတွင် သိသည့်လူ ရှိသလော။ ဘုရားသခင်၏ ဩဇာအာဏာအပေါ် ငါမိတ်သဟာယဖွဲ့ခြင်း၏ မည်သည့်အပိုင်းများက သင်တို့၏အာရုံကို ဖမ်းစားထားသနည်း။ ဤကဲ့သို့ဩဇာအာဏာနှင့် တန်ခိုးကို ပိုင်ဆိုင်သည့် တစ်ဦးတည်းသောသူက ဘုရားသခင်ကိုယ်တော်တိုင်ပင် ဖြစ်သည်ဟု အဘယ်ကြောင့်ငါပြောခဲ့သနည်း။ ဤသို့ပြောပြီး အဘယ်အရာကို ငါရှင်းပြလိုခဲ့သနည်း။ ထိုအရာမှ သင်တို့အား မည်သည့်အရာကို ငါသင်ယူစေလိုခဲ့သနည်း။ ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုးက သူ့အနှစ်သာရကို ပြသသည့်ပုံစံ၏ ရှုထောင့်တစ်ခုလော။ ဤအရာတို့က သူ၏ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်ကို သက်သေပြသည့် သူ့အနှစ်သာရ၏ အစိတ်အပိုင်းတစ်ခုလော။ မည်သည့်အရာအား ငါပြောသွားမည်ဆိုသည်ကို ဤမေးခွန်းများအား အကဲဖြတ်၍ သင်တို့ပြောနိုင်ကြသလော။ ငါသင်တို့အား မည်သည့်အရာကို နားလည်စေချင်သနည်း။ ၎င်းကို ဂရုတစိုက်နှင့် အချိန်ယူစဉ်းစားလော့။

## ဘုရားသခင်ကို ခေါင်းမာမာနှင့် ဆန့်ကျင်သည့်အတွက် လူသားသည် ဘုရားသခင်၏ အမျက်ဒေါသအားဖြင့် ဖျက်ဆီးခံရသည်

ပထမအနေဖြင့် သောဒုံမြို့ကို ဘုရားသခင်၏ ဖျက်ဆီးခြင်းအကြောင်း ဖော်ပြထားသည့် ကျမ်းပိုဒ်အချို့ကို ကြည့်ကြစို့။

ကမ္ဘာဦးကျမ်း ၁၉:၁-၁၁ ကောင်းကင်တမန်နှစ်ပါးတို့သည် ညဦးအချိန်၌ သောဒုံမြို့သို့ ရောက်လာ၏။ လောတသည် မြို့တံခါးဝ၌ ထိုင်လျက် သူတို့ကိုမြင်လျှင်၊ ခရီးဦးကြိုပြုခြင်းငှါထ၍၊ မြေ၌ ဦးညွှတ်ချလျက်၊ အကျွန်ုပ်သခင်တို့၊ ကိုယ်တော်တို့ ကျွန်၏အိမ်သို့ဝင်၍ တည၌လုံးနေကြပါ။ ခြေကိုဆေးကြပါ။ နံနက်စောစောထ၍ ကြွသွားကြပါလော့ဟု ဆိုလေ၏။ ကောင်းကင်တမန်တို့က၊ ငါတို့သည်မဝင်၊ တည၌လုံး လမ်း၌နေတော့မည်ဟု ဆိုသော်လည်း၊ ကျပ်ကျပ်သွေးဆောင်သောကြောင့်၊ တဖန် လောတနေရာသို့ လှည့်၍ သူ၏အိမ်သို့ဝင်ကြ၏။ လောတလည်း၊ သူတို့အဘို့ ပွဲလုပ်၍ တဆေးမပါသော မုန့်ကို ပေါင်းပြီးမှ၊ သူတို့သည်စားကြ၏။ ထိုသူတို့သည် မအိပ်မှီ၊ သောဒုံမြို့သား ယောကျ်ားအကြီးအငယ်၊ အရပ်ရပ်ကလာသော သူအပေါင်းတို့သည် အိမ်ကို ဝိုင်း၍၊ လောတကို ဟစ်ခေါ်လျက် ယနေ့ညမှာ သင့်အိမ်သို့ ဝင်သော လူတို့သည် အဘယ်မှာရှိသနည်း။ ထိုသူတို့နှင့်ငါတို့သည် ဆက်ဆံလိုသည်ဖြစ်၍ ငါတို့ထံသို့ ထွက်စေလော့ဟု ဆိုကြ၏။ လောတသည်လည်း၊ တံခါးပြင်မှာ သူတို့ထံသို့ ထွက်၍၊ မိမိနောက်၌ တံခါးကို ပိတ်ပြီးလျှင်၊ ညီအစ်ကိုတို့၊ အဓမ္မအမှုကို ဤမျှလောက် မပြုကြပါနှင့်။

အကျွန်ုပ်၌ ယောကျ်ားနှင့် မဆက်ဆံသော သမီးနှစ်ယောက်ရှိပါ၏။ သူတို့ကို သင်တို့ထံသို့ထုတ်ရသော အခွင့်ကိုပေးကြပါလော့။ သူတို့၌ ပြုချင်သမျှပြုကြပါလော့။ ဤလူတို့၌ အလျှင်းမပြုကြပါနှင့်။ အကြောင်းမူကား၊ သူတို့သည် အကျွန်ုပ်အိမ်မိုးအရိပ်ကို ခိုနေပါ၏ဟု တောင်းပန်သော်လည်း၊ သူတို့က ဆုတ်လော့ဟု ဆိုကြ၏။ တဖန်ကား၊ သင်သည် တည်းခိုခြင်းငှာသာ ရောက်လာသည်နှင့်၊ တရားသူကြီးလုပ်ရမည်လော။ ယခုမှာ ထိုသူတို့၌ ပြုသည်ထက်၊ သင်၌ သာ၍ဆိုးသောအမှုကို ပြုမည်ဟုဆိုလျက်၊ လောတကို ကျပ်ကျပ်ဖိ၍ တံခါးကိုလည်း ပေါက်ခွဲချိုးဖဲ့ခြင်းငှါ ချဉ်းလာကြ၏။ ထိုအခါ ကောင်းကင်တမန်တို့သည် လက်ကိုဆန့်၍၊ လောတကို မိမိတို့နေရာအိမ်အတွင်းသို့ ဆွဲသွင်းပြီးလျှင် တံခါးကို ပိတ်ကြ၏။ အိမ်တံခါးနားမှာ ရှိသောသူအကြီးအငယ်တို့ကို၊ မျက်စိကန်းစေခြင်းငှါ ဒဏ်ခတ်သဖြင့် သူတို့သည် တံခါးကိုရှာ၍ ပင်ပန်းခြင်းသို့ ရောက်ကြ၏။

ကမ္ဘာဦးကျမ်း ၁၉:၂၄-၂၅ ထိုအခါ ယေဟောဝါသည် သောဒုံမြို့နှင့် ဂေါမောရမြို့တို့အပေါ် မိုးကောင်းကင်ထဲက ယေဟောဝါထံမှ ကန့်နှင့် မီးမိုးကို ရွာချစေတော်မူ၏။ ထိုမြို့ကြီးများ၊ လွင်ပြင်များအားလုံး၊ မြို့ကြီးများ၌ နေထိုင်သောသူတို့နှင့် မြေပေါ်တွင် ပေါက်သောအပင်များကို ဖျက်ဆီးတော်မူ၏။

သောဒုံမြို့၏ ဆိုးသွမ်းမှုနှင့် ဖောက်ပြန်ပျက်စီးမှုက လူသားနှင့်ဘုရားသခင် နှစ်ဦးလုံးအတွက် စက်ဆုပ်ဖွယ်ကောင်းသည့် အဆင့်တစ်ခုကို ရောက်နေပြီဖြစ်ကြောင်းနှင့် ထို့အတွက်ကြောင့် ဘုရားသခင်၏အမြင်တွင် ဤမြို့သည် ဖျက်ဆီးခြင်းကို ခံရသင့်ကြောင်းကို ဤကျမ်းပိုဒ်များမှတစ်ဆင့် သိမြင်ဖို့ မခက်ခဲပေ။ သို့သော်လည်း ဖျက်ဆီးခြင်းမခံရမီတွင် မြို့ထဲ၌ မည်သည့်အရာများ ဖြစ်ပျက်ခဲ့သနည်း။ ဤဖြစ်ရပ်များမှ မည်သည့်အသိအမြင်ကို လူတို့ရယူနိုင်သနည်း။ ဤဖြစ်ရပ်များအပေါ် ရှိ ဘုရားသခင်၏ သဘောထားက သူ၏စိတ်သဘောထားနှင့်ပတ်သက်၍ လူတို့အား မည်သည်တို့ကို ပြသနည်း။ ဇာတ်လမ်းတစ်ခုလုံးကို နားလည်ရန်အလို့ငှာ ကျမ်းစာထဲ၌ မှတ်တမ်းတင်ထားသည့်အရာကို ဂရုတစိုက် ဖတ်ကြည့်ကြစို့…

## သောဒုံမြို့၏ ဖောက်ပြန်ပျက်စီးမှု- လူသားအတွက် ဒေါသထွက်စရာ၊ ဘုရားသခင်အတွက် အမျက်တော်ရှုစရာ

ထိုည၌ လောတသည် ဘုရားသခင်ထံမှ သတင်းစကားပို့ဆောင်သူနှစ်ယောက်ကို ကြိုဆိုပြီး သူတို့အတွက် စားသောက်ပွဲတစ်ခုကို ပြင်ဆင်ပေးခဲ့သည်။ ညစာစားပြီးနောက်

သူတို့မလှဲခင်တွင် တစ်မြို့လုံးအနှံ့မှ လူများက လောတ၏အိမ်ကို ဝိုင်းထားပြီး လောတကို အော်ခေါ် ကြလေသည်။ ကျမ်းစာထဲ၌ သူတို့၏ပြောထားချက်များကို ဤသို့မှတ်တမ်းတင်ထားသည်။ "ယနေ့ညမှာ သင့်အိမ်သို့ ဝင်သောလူတို့သည် အဘယ်မှာရှိသနည်း။ ထိုသူတို့နှင့်ငါတို့သည် ဆက်ဆံလိုသည်ဖြစ်၍ ငါတို့ထံသို့ ထွက်စေလော့။" ဤစကားလုံးများကို မည်သူပြောခဲ့သနည်း။ မည်သူ့ကို သူတို့ပြောခဲ့သနည်း။ ၎င်းတို့သည် လောတကြားရန်ရည်ရွယ်ပြီး လောတ၏အိမ်အပြင်ဘက်မှ အော်ခေါ်သည့် သောဒုံမြို့သားတို့၏ စကားလုံးများဖြစ်သည်။ ဤစကားလုံးများကို ကြားရသည့်အခိုက် မည်သို့ခံစားရသနည်း။ ဒေါသအမျက် ခြောင်းခြောင်းထွက်သလော။ ဤစကားလုံးများက သင့်ကို အော်ဂလီဆန်စေသလော။ ဒေါသစိတ်များနှင့် သင်တနုံ့နုံ့ဖြစ်နေသလော။ ဤစကားလုံးများက စာတန်၏သဘောနှင့် ပြည့်နေသည်မဟုတ်လော။ ၎င်းတို့မှတစ်ဆင့် ဤမြို့၏ဆိုးယုတ်မှုနှင့် မှောင်မိုက်မှုကို သင်ခံစားရနိုင်သလော။ ဤလူတို့၏ စကားလုံးများမှတစ်ဆင့် သူတို့အပြုအမူများ၏ လူမဆန်မှုနှင့် ရက်စက်မှုကို သင်ခံစားသိရှိနိုင်သလော။ သူတို့၏အပြုအမူများမှတစ်ဆင့် သူတို့၏ဖောက်ပြန်ပျက်စီးခြင်း အတိမ်အနက်ကို သင်ခံစားသိရှိနိုင်သလော။ သူတို့ပြောဆိုသည့် အကြောင်းအရာများမှတစ်ဆင့် သူတို့၏ဆိုးသွမ်းသည့် သဘာဝနှင့် ရိုင်းစိုင်းကြမ်းကြုတ်သည့် စိတ်သဘောထားများက သူတို့ကိုယ်တိုင် မထိန်းချုပ်နိုင်သည့်အဆင့်အထိ ရောက်ရှိနေပြီးဖြစ်သည်ကို မြင်ဖို့ မခက်ခဲပေ။ လောတမှလွဲ၍ ဤမြို့ထဲရှိ ကျန်သည့်လူတိုင်းသည် စာတန်နှင့် ဘာမျှမကွာပေ။ အခြားလူတစ်ဦးကို မြင်ရုံနှင့်ပင် ဤလူတို့က ထိုသူကို အန္တရာယ်ပြုပြီး ဝါးမျိုချင်ကြသည်။...ဤအရာတို့သည် မြို့၏ ထိတ်လန့်စရာ၊ ကြောက်စရာ သဘာဝနှင့်ဆိုင်သည့် ခံစားချက်ကို ပေးရုံမျှမက မြို့တစ်ဝိုက်ရှိ သေမင်း၏ ရောင်ဝါလက္ခဏာကိုလည်း ပေးသည့်အပြင် ထိုမြို့၏ ဆိုးသွမ်းမှုနှင့် သွေးသံရဲရဲဖြစ်မှုနှင့်ဆိုင်သည့် ခံစားချက်ကိုလည်း ပေးသည်။

လူ့ဝိညာဉ်များကို ဝါးမျိုလိုသော ဆန္ဒရိုင်းများနှင့် ပြည့်နေသည့် လူများဖြစ်ကြကုန်သော လူမဆန်သည့် လူရမ်းကားတစ်သိုက်နှင့် မျက်နှာချင်းဆိုင်ရသည့်အခါ လောတက မည်သို့တုံ့ပြန်ခဲ့သနည်း။ ကျမ်းစာအရ- "ညီအစ်ကိုတို့၊ အဓမ္မအမှုကို ဤမျှလောက် မပြုကြပါနှင့်။ အကျွန်ုပ်၌ ယောကျ်ားနှင့် မဆက်ဆံသော သမီးနှစ်ယောက်ရှိပါ၏။ သူတို့ကို သင်တို့ထံသို့ထုတ်ရသော အခွင့်ကိုပေးကြပါလော့။ သူတို့၌ ပြုချင်သမျှပြုကြပါလော့။ ဤလူတို့၌ အလျှင်းမပြုကြပါနှင့်။ အကြောင်းမူကား၊ သူတို့သည် အကျွန်ုပ်အိမ်မိုးအရိပ်ကို ခိုနေပါ၏။" ဤစကားလုံးများအားဖြင့် လောတဆိုလိုသည့်အရာမှာ ဤသို့ဖြစ်သည်-

သတင်းစကားပို့ဆောင်သူများကို ကာကွယ်ဖို့ သူသည် သူ့သမီးနှစ်ဦးကို စွန့်လွှတ်ဖို့ ဆန္ဒရှိနေခဲ့သည်။ ယုတ္တိတန်တန် မည်သို့ပင်တွက်ချက်ကြည့်ကြည့် ဤလူများသည် လောတ၏သတ်မှတ်ချက်များကို သဘောတူပြီး သတင်းစကားပို့ဆောင်သူနှစ်ဦးကို လွှတ်ထားခဲ့လိုက်သင့်သည်။ စင်စစ်အားဖြင့် သတင်းစကားပို့ဆောင်သူများသည် သူတို့နှင့် ဘာမျှမသက်ဆိုင်သည့်အပြင် သူတို့၏အကျိုးစီးပွားများကို တစ်ခါမျှ မထိခိုက်ဖူးကြသော စင်စစ်လူစိမ်းများပင် ဖြစ်သည်။ သို့သော်လည်း သူတို့၏ ဆိုးသွမ်းသည့်သဘာဝ၏ တွန်းအားပေးမှုကြောင့် သူတို့သည် ဤကိစ္စကို အသာမထားလိုက်ကြဘဲ ထိုအစား သူတို့၏အားထုတ်မှုများကို ပို၍ပင် အရှိန်မြှင့်လိုက်ကြသည်။ ဤနေရာ၌ သူတို့၏ခွန်းကြီးခွန်းငယ်စကားများခြင်း နောက်တစ်ခုက ဤလူများ၏ ရက်စက်သည့် သဘာဝအမှန်ကို အသေအချာ တိုး၍သိမြင်စေနိုင်သည်သာမက တစ်ချိန်တည်းမှာပင် ဘုရားသခင်အနေဖြင့် ဤမြို့ကို အဘယ်ကြောင့်ဖျက်ဆီးချင်သည်ဆိုသည့် အကြောင်းရင်းကိုလည်း လူတို့အား သဘောပေါက်ပြီး နားလည်စေသည်။

ဤသို့လျှင် သူတို့ဘာထပ်ပြောခဲ့ကြသနည်း။ သမ္မာကျမ်းစာ၏ ဖော်ပြချက်အရ- "သူတို့က ဆုတ်လော့ဟု ဆိုကြ၏။ တဖန်ကား၊ သင်သည် တည်းခိုခြင်းငှာသာ ရောက်လာသည်နှင့် တရားသူကြီးလုပ်ရမည်လော။ ယခုမှာ ထိုသူတို့၌ ပြုသည်ထက်၊ သင်၌ သာ၍ဆိုးသောအမှုကို ပြုမည်ဟုဆိုလျက်၊ လောတကို ကျပ်ကျပ်ဖိ၍ တံခါးကိုလည်း ပေါက်ခွဲချိုးဖွဲ့ခြင်းငှါ ချဉ်းလာကြ၏။" သူတို့သည် အဘယ်ကြောင့် လောတ၏တံခါးကို ချိုးဖျက်ချင်ကြသနည်း။ အကြောင်းရင်းမှာ သူတို့သည် ထိုသတင်းစကားပို့ဆောင်သူနှစ်ယောက်ကို အန္တရာယ်ပြုရန် စိတ်လောနေကြ၍ပင် ဖြစ်သည်။ ဤသတင်းစကားပို့ဆောင်သူနှစ်ယောက်က သောဒုံမြို့ကို ဘာလာလုပ်ကြသနည်း။ ထိုမြို့ကို သူတို့ရောက်လာခြင်း၏ ရည်ရွယ်ချက်က လောတနှင့် သူ၏မိသားစုကို ကယ်ဖို့ရန်ဖြစ်သည်။ သို့သော်လည်း သူတို့သည် အာဏာပိုင် ရာထူးများကို ထမ်းဆောင်ရန် ရောက်လာခြင်းဖြစ်သည်ဟု မြို့သားများက တလွဲထင်မြင်ခဲ့သည်။ မြို့သားများက သတင်းစကားပို့ဆောင်သူနှစ်ယောက်၏ ရည်ရွယ်ချက်ကို မေးမြန်းခြင်းမရှိဘဲ ထိုသူနှစ်ယောက်ကို ရက်ရက်စက်စက် အန္တရာယ်ပြုချင်သည့် သူတို့၏ဆန္ဒကို မှန်းဆချက်သက်သက်အပေါ်တွင်သာ အခြေခံထားခဲ့ကြသည်။ သူတို့နှင့် လုံးဝဥဿုံ ဘာမျှမသက်ဆိုင်သည့် လူနှစ်ယောက်ကို သူတို့က အန္တရာယ်ပြုချင်ခဲ့ကြသည်။ ဤမြို့မှလူများသည် သူတို့၏လူ့သဘာဝနှင့် ကျိုးကြောင်းဆင်ခြင်မှုတို့ကို လုံးဝဆုံးရှုံးသွားပြီဆိုသည်မှာ ရှင်းပေသည်။ သူတို့၏ စိတ်မနှံ့မှုနှင့် ရိုင်းစိုင်းမှုအဆင့်က လူသားကို အန္တရာယ်ပြုပြီး ဝါးမျိုသည့် စာတန်၏ ရက်စက်သော သဘာဝနှင့်

ဘာမျှမကွာခြားတော့ပေ။

ဤလူတို့ကို လက်လွှဲပေးရန် လောတထံမှ သူတို့တောင်းဆိုသည့်အခါ လောတက ဘာလုပ်ခဲ့သနည်း။ ကျမ်းစာအရ လောတက သူတို့ကို မလွှဲပြောင်းပေးခဲ့ကြောင်းကို ငါတို့သိရသည်။ လောတက ဘုရားသခင်၏ ဤသတင်းစကားပို့ဆောင်သူနှစ်ယောက်ကို သိသလော။ မည်သို့သိပါမည်နည်း။ သို့သော်လည်း အဘယ်ကြောင့် သူသည် ဤလူတို့ကို ကယ်တင်နိုင်ခဲ့သနည်း။ သူ့အနေဖြင့် သူတို့ဘာလာလုပ်သည်ကို သိခဲ့သလော။ သူတို့လာရခြင်း၏ အကြောင်းရင်းကို သူမသိသော်ငြားလည်း သူတို့က ဘုရားသခင်၏ အစေခံများဖြစ်သည့်အကြောင်းကိုမူ သူသိခဲ့၏။ ထို့ကြောင့် သူတို့ကို သူ၏အိမ်ထဲသို့ ဝင်ခိုင်းခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်၏ ဤအစေခံများကို လောတက "အရှင်" ဟုခေါ် နိုင်သည့်အချက်က သူသည် အခြားသော သောဒုံမြို့သားများကဲ့သို့ မဟုတ်ဘဲ ဘုရားသခင်၏ ပုံမှန်နောက်လိုက်တစ်ယောက်ဖြစ်ကြောင်းကို ပြသည်။ ထို့ကြောင့် ဘုရားသခင်၏ သတင်းစကားပို့ဆောင်သူများက သူ့ထံသို့ လာသည့်အခါ ဤအစေခံနှစ်ယောက်ကို လက်ခံဖို့ သူ့အသက်ကို သူအရဲစွန့်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဤအစေခံနှစ်ယောက်ကို ကာကွယ်ရန်အလို့ငှာ သူ၏သမီးနှစ်ယောက်ကိုလည်း အလဲအလှယ်အဖြစ် သူကမ်းလှမ်းပေးခဲ့၏။ ဤသည်မှာ လောတ၏ ဖြောင့်မတ်သော လုပ်ရပ်ပင်ဖြစ်သည်။ ယင်းသည် လောတ၏သဘာဝနှင့် အနှစ်သာရတို့၏ ရှင်းလင်းမြင်သာသော ဖော်ပြချက်တစ်ခု ဖြစ်သည့်အပြင် ဘုရားသခင်က လောတကို ကယ်တင်ဖို့ရန် သူ၏အစေခံများကို စေလွှတ်ခဲ့ရခြင်း၏ အကြောင်းရင်းလည်း ဖြစ်သည်။ အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါ လောတသည် ဘာကိုမျှ ငဲ့ကွက်မနေဘဲ ဤအစေခံနှစ်ယောက်ကို ကာကွယ်ပေးခဲ့သည်။ အစေခံများ ဘေးကင်းရေးအတွက် သူ့သမီးနှစ်ယောက်နှင့်ပင် လဲလှယ်ဖို့ သူကြိုးစားခဲ့သည်။ လောတမှလွဲ၍ ဤကဲ့သို့ လုပ်မည့်သူ မြို့ထဲ၌ အခြားတစ်ဦးတလေ ရှိသလော။ အချက်အလက်များက သက်သေပြထားသည့် အတိုင်းပင်- မရှိပေ၊ မရှိခဲ့ချေ။ ထို့ကြောင့် လောတမှလွဲ၍ သောဒုံမြို့ထဲရှိ လူတိုင်းသည် ဖျက်ဆီးခြင်းခံရမည့် ပစ်မှတ်ဖြစ်ပြီး ယင်းက သူတို့နှင့် ထိုက်တန်ကြောင်းကို ပြောနေစရာမလိုတော့ပေ။

**သောဒုံမြို့သည် ဘုရားသခင်၏ အမျက်တော်ကို ထိပါးသည့်အတွက် လုံးလုံးလျားလျား ချေမှုန်းခံရသည်**

သောဒုံမြို့သားများသည် ဤအစေခံနှစ်ယောက်ကို မြင်သည့်အခါ သူတို့ရောက်လာခြင်း၏

အကြောင်းရင်းကို မမေးခဲ့ကြသကဲ့သို့ ဘုရားသခင်၏အလိုတော်ကို ဖြန့်ဝေဖို့ သူတို့ရောက်လာကြခြင်း ဟုတ်မဟုတ်ကိုလည်း မမေးခဲ့ကြပေ။ ဆန့်ကျင်ဘက်အနေနှင့် သူတို့သည် လူအုပ်ကြီးဖွဲ့လိုက်ပြီး ရှင်းပြချက်ကို မစောင့်ဘဲ ဤအစေခံနှစ်ယောက်ကို အမိဖမ်းဖို့ရန် ခွေးရိုင်းများ၊ သို့မဟုတ် ရက်စက်သည့် ဝံပုလွေများကဲ့သို့ ရောက်လာခဲ့ကြသည်။ ဤကိစ္စများ ဖြစ်ပျက်နေချိန်တွင် ဘုရားသခင်က စောင့်ကြည့်နေခဲ့သလော။ ဤလူသားအပြုအမူမျိုး၊ ဤဖြစ်ရပ်မျိုးနှင့် ပတ်သက်၍ ဘုရားသခင်က သူ့စိတ်နှလုံး၌ မည်သည့်အရာကို စဉ်းစားနေခဲ့သနည်း။ ဘုရားသခင်က ဤမြို့ကို ဖျက်ဆီးဖို့ ဆုံးဖြတ်ခဲ့သည်။ သူသည် တွန့်ဆုတ်လိမ့်မည်မဟုတ်၊ သို့တည်းမဟုတ် စောင့်နေလိမ့်မည် မဟုတ်သကဲ့သို့ ဆက်၍စိတ်ရှည်သည်းခံနေမည်လည်း မဟုတ်ပေ။ သူ၏နေ့ရက် ရောက်လာလေပြီ။ ထို့ကြောင့် သူလုပ်လိုသည့် အလုပ်ကို သူစတင်တော့သည်။ ထို့ကြောင့် ကမ္ဘာဦးကျမ်း ၁၉:၂၄-၂၅ ၌ ပြောထားသည်- “ထိုအခါ ယေဟောဝါသည် သောဒုံမြို့နှင့် ဂေါမောရမြို့တို့အပေါ် မိုးကောင်းကင်ထဲက ယေဟောဝါထံမှ ကန့်နှင့် မီးမိုးကို ရွာချစေတော်မူ၏။ ထိုမြို့ကြီးများ၊ လွင်ပြင်များအားလုံး၊ မြို့ကြီးများ၌ နေထိုင်သောသူတို့နှင့် မြေပေါ်တွင် ပေါက်သောအပင်များကို ဖျက်ဆီးတော်မူ၏။” ဤကျမ်းပိုဒ်နှစ်ပိုဒ်က ဤမြို့ကို ဘုရားသခင်ဖျက်ဆီးသည့် နည်းလမ်းကိုလည်းကောင်း၊ ဘုရားသခင်ဖျက်ဆီးသည့် အရာများကိုလည်းကောင်း လူတို့အား ပြောပြသည်။ ရှေးဦးစွာ၊ ဘုရားသခင်က ဤမြို့ကို မီးနှင့် လောင်ကျွမ်းစေပုံ၊ မီး၏အတိုင်းအတာက လူအားလုံးနှင့် မြေပြင်မှာပေါက်သည့် အရာအားလုံးကို ဖျက်ဆီးဖို့ လုံလောက်ပုံတို့ကို သမ္မာကျမ်းစာ၌ ပြန်လည်ဖော်ပြထားသည်။ ဆိုလိုသည်မှာ မိုးကောင်းကင်မှကျလာသည့် မီးသည် မြို့ကို ဖျက်ဆီးရုံသာမကဘဲ မြို့ထဲရှိ လူအားလုံးနှင့် သက်ရှိအရာအားလုံးကိုလည်း ဘာတစ်ခုမျှ မကျန်ရစ်တော့သည်အထိ ဖျက်ဆီးခဲ့သည်။ မြို့ကို ဖျက်ဆီးပြီးသည့်နောက် မြေပြင်၌ သက်ရှိအရာ ကင်းမဲ့သွား၏။ ရှင်သန်တက်ကြွခြင်း မရှိတော့သကဲ့သို့ သက်ရှိလက္ခဏာများလည်း မရှိတော့ပေ။ မြို့သည် လွင်တီးခေါင်ပြင်ဖြစ်လာပြီး သုသာန်တစပြင်ပမာ တိတ်ဆိတ်မှုနှင့် ပြည့်နေသည့် ဟင်းလင်းပြင်ဖြစ်သွားခဲ့သည်။ ဤအရပ်၌ ဘုရားသခင်ကို ဆန့်ကျင်ပြီး ကျူးလွန်သည့် ဒုစရိုက်အမှုများ ရှိတော့မည်မဟုတ်၊ သတ်ဖြတ်ခြင်းများ၊ သို့တည်းမဟုတ် သွေးစွန်းခြင်းများ ရှိတော့မည်မဟုတ်။

ဘုရားသခင်သည် အဘယ်ကြောင့် ဤမြို့ကို လုံးလုံးလျားလျား မီးရှို့ပစ်ချင်ခဲ့သနည်း။ ဤနေရာ၌ အဘယ်အရာကို သင်တို့တွေ့နိုင်သနည်း။ ဘုရားသခင်သည် သူ့ကိုယ်ပိုင်ဖန်ဆင်းရာများဖြစ်သည့် လူသားမျိုးနွယ်နှင့် သဘာဝတို့

ဤကဲ့သို့ဖျက်ဆီးခံရခြင်းကို ကြည့်ရက်နိုင်ပါ့မည်လော။ မိုးကောင်းကင်မှ ကျရောက်လာသည့် မီးမှတစ်ဆင့် ယေဟောဝါဘုရားသခင်၏ ဒေါသကို သင်သိမြင်နိုင်လျှင် သူဖျက်ဆီးသည့် ပစ်မှတ်များနှင့် ဤမြို့ချေမှုန်းခံရသည့် အတိုင်းအတာတို့ကို အကဲဖြတ်၍ သူ၏အမျက်မှာ မည်မျှကြီးမားကြောင်းကို သိမြင်ဖို့ မခက်ခဲပေ။ မြို့တစ်မြို့ကို ဘုရားသခင်စက်ဆုပ်သည့်အခါ သူ၏အပြစ်ဒဏ်ခတ်မှုကို ထိုမြို့အပေါ်သို့ သူကျရောက်စေမည်ပင်ဖြစ်သည်။ မြို့တစ်မြို့ကို ဘုရားသခင်ရွံရှာသည့်အခါ လူတို့အား သူ၏ဒေါသကို အသိပေးလျက် ထပ်တလဲလဲ သတိပေးချက်များကို သူထုတ်ပြန်လိမ့်မည်။ သို့သော်လည်း မြို့တစ်မြို့ကို အဆုံးသတ်ရန်နှင့် ဖျက်ဆီးရန် ဘုရားသခင်ဆုံးဖြတ်သည့်အခါ-ဆိုလိုသည်မှာ သူ၏အမျက်ဒေါသနှင့် ဘုန်းအာနုဘော်တို့သည် ထိပါးခြင်းကို ခံရသောအခါ- သူသည် နောက်ထပ်ပြစ်ဒဏ်ခတ်ခြင်းများ၊ သို့မဟုတ် သတိပေးခြင်းများကို ပြုလုပ်တော့မည်မဟုတ်ပေ။ ထိုအစား ထိုမြို့ကို သူတိုက်ရိုက်ဖျက်ဆီးလိမ့်မည်။ ထိုမြို့ လုံးလုံးလျားလျား ပျောက်ကွယ်သွားအောင် သူလုပ်လိမ့်မည်။ ဤသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားပင်ဖြစ်လေသည်။

**သောဒုံမြို့၏ ထပ်ခါထပ်ခါ ရန်လိုခြင်းနှင့် အတိုက်အခံပြုခြင်းတို့ကို ခံရပြီးနောက် ဘုရားသခင်သည် ထိုမြို့ကို လုံးလုံးလျားလျား အမြစ်ဖြတ်သုတ်သင်သည်**

ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားအကြောင်းကို အကြမ်းဖျင်းနားလည်သွားကြပြီဖြစ်၍ အပြစ်တရား၏မြို့အနေနှင့် ဘုရားသခင်မြင်ခဲ့သော အရပ်ဖြစ်သည့် သောဒုံမြို့ကို ပြန်အာရုံစိုက်ကြစို့။ ဤမြို့၏အနှစ်သာရကို နားလည်ခြင်းအားဖြင့် ဘုရားသခင်က ဤမြို့ကို အဘယ်ကြောင့်ဖျက်ဆီးချင်ခဲ့သည့်အကြောင်းနှင့် အဘယ်ကြောင့် လုံးလုံးဖျက်ဆီးပစ်ခဲ့သည့်အကြောင်းတို့ကို သိနိုင်သည်။ ဤအချက်မှတစ်ဆင့် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို သိလာနိုင်သည်။

လူသား၏ရှုထောင့်မှကြည့်လျှင် သောဒုံမြို့သည် လူသား၏ဆန္ဒနှင့် လူသား၏ဆိုးယုတ်မှုတို့ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်သည့် မြို့တစ်မြို့ဖြစ်သည်။ ညစဉ်ရက်ဆက် တေးဂီတ၊ အကအခုန်တို့နှင့် ညို့ခေါ် ပြီး ဖမ်းစားလျက် ဤမြို့၏ ကြွယ်ဝခြင်းက လူတို့ကို စွဲမက်ခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်စေခဲ့သည်။ ထိုမြို့၏ ဆိုးယုတ်မှုက လူတို့၏နှလုံးသားကို တိုက်စားခဲ့ပြီး လူတို့ကို အကျင့်ပျက်ပြားသွားအောင် ဖမ်းစားခဲ့သည်။ ထိုမြို့သည် မသန့်ရှင်းဘဲ ဆိုးယုတ်သည့် ဝိညာဉ်များ သွားလာရမ်းကားနေသည့် မြို့တစ်မြို့ဖြစ်ခဲ့သည်။ ထိုမြို့သည် အပြစ်တရားအပြင်

သတ်ဖြတ်ခြင်းတို့နှင့် ပြည့်လျှံနေခဲ့ပြီး လေထုသည်လည်း သွေးနံ့၊ အပုပ်နံ့တထောင်းထောင်းနှင့် ထူထပ်သိပ်သည်းနေခဲ့သည်။ ထိုမြို့သည် လူတို့ကို ကျောချမ်းစေသည့် မြို့တစ်မြို့၊ အထိတ်တလန့် ပြန်ထွက်ပြေးစေသည့် မြို့တစ်မြို့ဖြစ်သည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ လူအိုဖြစ်စေ ထိုမြို့ထဲရှိ မည်သူကမျှ မှန်သော လမ်းခရီးကို မရှာဖွေခဲ့ကြပေ။ မည်သူကမျှ အလင်းကို မတောင့်တခဲ့ကြ၊ သို့တည်းမဟုတ် အပြစ်လုပ်ရန် ငြင်းဆန်ဖို့ ဆန္ဒမရှိခဲ့ကြပေ။ သူတို့သည် စာတန်၏ထိန်းချုပ်မှုအောက်၊ စာတန်၏ဖောက်ပြန်ပျက်စီးမှုနှင့် လှည့်စားမှုတို့အောက်၌ အသက်ရှင်နေထိုင်ခဲ့ကြသည်။ သူတို့၏လူ့သဘာဝ ပျောက်ဆုံးသွားခဲ့သည်။ သူတို့၏အသိစိတ် ပျောက်ဆုံးသွားခဲ့သည်။ ထို့အပြင် လူသား၏ မူလဖြစ်တည်မှုပန်းတိုင် ပျောက်ဆုံးသွားခဲ့သည်။ ဘုရားသခင်ကို အတိုက်အခံပြုသည့် မရေမတွက်နိုင်သော ဆိုးသွမ်းလုပ်ရပ်များကို သူတို့ကျူးလွန်ခဲ့ကြသည်။ ဘုရားသခင်၏လမ်းညွှန်မှုကို သူတို့ငြင်းဆန်ပြီး သူ၏အလိုတော်ကို ဆန့်ကျင်ခဲ့ကြသည်။ ဤလူများ၊ ဤမြို့နှင့် မြို့ထဲ၌ရှိသည့် သက်ရှိအရာတိုင်းကို ပျက်စီးခြင်းလမ်းသို့ တစ်ဆင့်ပြီးတစ်ဆင့် သယ်ယူသွားသည်မှာ သူတို့၏ ဆိုးသွမ်းလုပ်ရပ်များပင်ဖြစ်သည်။

ဤကျမ်းပိုဒ်နှစ်ပိုဒ်တွင် သောဒုံမြို့သားတို့၏ ဖောက်ပြန်ပျက်စီးခြင်း အတိုင်းအတာနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်အားလုံးကို မှတ်တမ်းမတင်ထားဘဲ ထိုအစား မြို့ထဲကို ဘုရားသခင်၏အစေခံနှစ်ယောက် ရောက်လာပြီးနောက်ပိုင်း သူတို့အပေါ် မြို့သားတို့၏ အပြုအမူများကိုသာ မှတ်တမ်းတင်ထားသော်ငြားလည်း သောဒုံမြို့သားတို့ ဖောက်ပြန်ပျက်စီးကာ ဆိုးယုတ်ပြီး ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြသော အတိုင်းအတာကို ဖွင့်ပြသည့် ရိုးရှင်းသော အချက်အလက်တစ်ခုရှိသည်။ ဤအချက်နှင့် မြို့သားတို့၏ စရိုက်အမှန်နှင့် အနှစ်သာရအမှန်သည်လည်း ဖော်ထုတ်ခြင်းကို ခံခဲ့ရသည်။ ဤလူတို့သည် ဘုရားသခင်၏ သတိပေးချက်ကို လက်မခံခဲ့ရုံသာမကဘဲ သူ၏ပြစ်ဒဏ်ခတ်မှုကိုလည်း မကြောက်ရွံ့ခဲ့ကြပေ။ ဆန့်ကျင်ဘက်အနေနှင့် ဘုရားသခင်၏ဒေါသကို သူတို့အထင်အမြင်သေးခဲ့ကြသည်။ သူတို့သည် ဘုရားသခင်ကို မျက်ကန်းတောတိုး ခုခံခဲ့ကြသည်။ ဘုရားသခင်က မည်သည့်အရာကို လုပ်ခဲ့သည်ဖြစ်စေ၊ သို့မဟုတ် မည်သို့လုပ်ခဲ့သည်ဖြစ်စေ သူတို့၏ရက်စက်သည့် သဘာဝက ပို၍သာ ပြင်းထန်လာသည့်အပြင် သူတို့သည် ဘုရားသခင်ကို အကြိမ်ကြိမ်အခါခါ ဆန့်ကျင်ခဲ့ကြသည်။ သောဒုံမြို့သားတို့သည် ဘုရားသခင်၏တည်ရှိမှု၊ သူ၏လာရောက်မှု၊ သူ၏ပြစ်ဒဏ်ခတ်မှုနှင့် ထိုထက်ပို၍ သူ၏သတိပေးချက်ကို ရန်လိုခဲ့ကြသည်။ သူတို့သည် အလွန့်အလွန် မာနထောင်လွှားခဲ့ကြသည်။ ဝါးမျိုပြီး အန္တရာယ်ပြု၍ရသည့် လူအားလုံးကို သူတို့သည်

ဝါးမျိုပြီး အန္တရာယ်ပြုခဲ့ကြကာ ဘုရားသခင်၏ အစေခံတို့ကိုလည်း ထိုအတိုင်းပင် သူတို့ဆက်ဆံခဲ့ကြသည်။ သောဒုံမြို့သားတို့ ကျူးလွန်ခဲ့ကြသည့် ဆိုးသွမ်းလုပ်ရပ်အားလုံးနှင့်ပတ်သက်လာလျှင် ဘုရားသခင်၏အစေခံတို့ကို အန္တရာယ်ပြုခြင်းက ပြဿနာထုထည်ကြီး၏ တစ်စွန်းတစ်စမျှသာ ရှိသေးသည်။ ထို့ပြင် ထိုနည်းဖြင့် သူတို့ဖွင့်ပြခဲ့သည့် သူတို့၏ဆိုးယုတ်သော သဘာဝသည် စင်စစ်အားဖြင့် အပြောကျယ်သော ပင်လယ်ပြင်ကြီးထဲမှ ရေတစ်စက်မျှလောက်သာ ရှိသေးသည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့ကို မီးနှင့်ဖျက်ဆီးဖို့ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်အနေဖြင့် မြို့ကိုဖျက်ဆီးရန် ရေလွှမ်းမိုးခြင်းကို အသုံးမပြုသကဲ့သို့ ဟာရီကိန်းမုန်တိုင်း၊ ငလျင်၊ ဆူနာမီ၊ သို့မဟုတ် အခြားနည်းလမ်းတို့ကိုလည်း အသုံးမပြုခဲ့ပေ။ ဤမြို့ကို ဖျက်ဆီးဖို့ရန် ဘုရားသခင်က မီးကိုအသုံးပြုခဲ့ခြင်းသည် အဘယ်အရာကိုညွှန်ပြသနည်း။ ၎င်းသည် မြို့၏အကြွင်းမဲ့ပျက်စီးခြင်းကို ဆိုလိုသည်။ မြို့သည် ကမ္ဘာပေါ်မှ၊ ထို့ပြင် တည်ရှိခြင်းမှ လုံးဝပျောက်ကွယ်သွားသည်ဟု ဆိုလိုသည်။ ဤနေရာတွင် "ဖျက်ဆီးခြင်း" ဆိုသည်မှာ မြို့၏အသွင်သဏ္ဌာန်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ၊ သို့မဟုတ် အပြင်ပိုင်းအသွင်အပြင်ကိုသာ ရည်ညွှန်းခြင်း မဟုတ်ဘဲ မြို့ထဲရှိ လူတို့၏ဝိညာဉ်များသည် လုံးလုံးလျားလျား အမြစ်ဖြတ်သုတ်သင်ခံရပြီး ဆက်လက်မတည်ရှိတော့ဟု ရည်ညွှန်းသည်။ ရိုးရိုးပြောရလျှင် မြို့နှင့်ဆက်စပ်နေသည့် လူအားလုံး၊ အဖြစ်အပျက်အားလုံးနှင့် အကြောင်းအရာအားလုံးက ဖျက်ဆီးခံခဲ့ရသည်။ ထိုမြို့သားတို့အတွက် နောက်ဘဝ၊ သို့မဟုတ် ပြန်လည်မွေးဖွားလာခြင်း ရှိမည်မဟုတ်ပေ။ ဘုရားသခင်သည် သူ၏ဖန်ဆင်းရာဖြစ်သည့် လူသားမျိုးနွယ်မှ သူတို့ကို ထာဝရကာလတိုင် အမြစ်ဖြတ်သုတ်သင်ခဲ့သည်။ မီးကိုအသုံးပြုခြင်းက ဤနေရာ၌ အပြစ်တရား၏ အဆုံးသတ်ကို ရည်ညွှန်းပြီး ထိုအရပ်၌ အပြစ်တရားကို ဟန့်တားလိုက်ကြောင်း ရည်ညွှန်းသည်။ ဤအပြစ်တရားက ဆက်တည်ရှိတော့မည် မဟုတ်သကဲ့သို့၊ ဆက်ပျံ့နှံ့တော့မည်လည်း မဟုတ်ပေ။ စာတန်၏ဆိုးယုတ်မှုက သူ့ကိုပြုစုပျိုးထောင်ပေးနေသည့် မြေဆီလွှာအပြင် သူနေဖို့နှင့် အသက်ရှင်ဖို့ နေရာတစ်နေရာကို ပေးအပ်ခဲ့သည့် သင်္ချိုင်းလည်း ပျောက်ဆုံးသွားပြီဟု ဆိုလိုသည်။ ဘုရားသခင်နှင့် စာတန်၏စစ်ပွဲ၌ မီးကို ဘုရားသခင်အသုံးပြုခြင်းက စာတန်ကို အမှတ်အသားလုပ်ခဲ့သည့် သူ၏အောင်ပွဲအမှတ်တံဆိပ်ပင် ဖြစ်သည်။ သောဒုံမြို့၏ ပျက်စီးခြင်းသည် လူသားကို ဖောက်ပြန်ပျက်စီးစေပြီး ဝါးမျိုခြင်းအားဖြင့် ဘုရားသခင်ကို ဆန့်ကျင်ရန်ဖြစ်သော စာတန်၏ရည်မှန်းချက်ရှိ ကြီးကျယ်သည့် ခြေလှမ်းများတစ်ခုဖြစ်သည်။ ထိုနည်းတူစွာပင် ၎င်းသည် လူသားမျိုးနွယ်၏ ကြီးထွားရင့်သန်လာမှု၌ လူသားအနေဖြင့်

ဘုရားသခင်၏ လမ်းညွှန်မှုကို ငြင်းဆန်ပြီး မကောင်းမှုဒုစရိုက်ကို စိတ်လွတ်ကိုယ်လွတ် မွေ့လျော်ခဲ့သောအချိန်၏ ရှက်စရာကောင်းသည့် သင်္ကေတတစ်ခုလည်း ဖြစ်သည်။ ထို့အပြင် ၎င်းသည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား၏ စစ်မှန်သော ထုတ်ဖော်ပြချက်ဆိုင်ရာ မှတ်တမ်းတစ်ခုဖြစ်သည်။

မိုးကောင်းကင်မှ ဘုရားသခင် စေလွှတ်လိုက်သည့် မီးသည် သောဒုံမြို့ကို ပြာများအဖြစ် ပြောင်းပစ်လိုက်သည့်အခါ "သောဒုံ" ဟုခေါ်သည့်မြို့သည် ထို့နောက်တွင် မြို့ထဲရှိအရာခပ်သိမ်း မတည်ရှိတော့သကဲ့သို့ မတည်ရှိတော့ရန် ရည်ရွယ်သည်။ ထိုမြို့သည် ဘုရားသခင်၏ အမျက်နှင့် ဘုန်းအာနုဘော်ထဲ၌ ပျောက်ဆုံးသွားလျက် ဘုရားသခင်၏ ဒေါသအားဖြင့် ဖျက်ဆီးခံခဲ့ရသည်။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကြောင့် သောဒုံမြို့သည် ၎င်းနှင့်ထိုက်တန်သည့် အပြစ်ဒဏ်ခတ်မှုနှင့် ၎င်းဖြစ်ထိုက်သော နိဂုံးကို ရရှိခဲ့သည်။ သောဒုံမြို့၏တည်ရှိမှု အဆုံးသတ်ရခြင်းက ၎င်း၏ဆိုးယုတ်မှုကြောင့်ဖြစ်ပြီး ဤမြို့နှင့် ဤမြို့ထဲ၌နေထိုင်ခဲ့သည့် လူတိုင်း၊ သို့မဟုတ် မြို့ထဲ၌ ပေါက်ဖွားလာခဲ့သည့် သက်ရှိအရာမှန်သမျှကို ဘယ်တော့မျှ မကြည့်ရှုလိုတော့သည့် ဘုရားသခင်၏ဆန္ဒကြောင့်လည်းဖြစ်သည်။ "ဤမြို့ကို ဘယ်တော့မျှ မကြည့်ရှုလိုတော့သည့်" ဘုရားသခင်၏ဆန္ဒသည် သူ၏အမျက်ဒေါသဖြစ်သည့်အပြင် သူ၏ဘုန်းအာနုဘော်လည်းဖြစ်သည်။ မြို့၏ဆိုးသွမ်းမှုနှင့် အပြစ်တရားတို့သည် သူ့ကို ဒေါသထွက်စေကာ ရွံရှာ၍ စက်ဆုပ်စေပြီး ထိုမြို့ကိုလည်းကောင်း၊ ထိုမြို့ထဲက လူမှန်သမျှ၊ သို့မဟုတ် သက်ရှိအရာမှန်သမျှတို့ကိုလည်းကောင်း လုံးဝမမြင်ချင်တော့အောင် ပြုလိုက်ခြင်းတို့ကြောင့် ဘုရားသခင်သည် ထိုမြို့ကို မီးလောင်ကျွမ်းစေခဲ့ခြင်း ဖြစ်သည်။ မြို့သည် လောင်ကျွမ်းပြီးသွားသောအခါ ပြာများသာ ကျန်ရစ်ခဲ့ပြီး ဘုရားသခင်၏အမြင်တွင် ထိုမြို့သည် အမှန်တကယ် မတည်ရှိတော့ပေ။ ဤမြို့နှင့်ပတ်သက်သည့် သူ၏မှတ်ဉာဏ်များသည်ပင်လျှင် မရှိတော့ပေ၊ ဖျောက်ဖျက်ခံလိုက်ရလေသည်။ ဤသည်မှာ မိုးကောင်းကင်မှ စေလွှတ်လိုက်သည့် မီးသည် သောဒုံတစ်မြို့လုံးကိုသာ ဖျက်ဆီးခဲ့ခြင်းမဟုတ်၊ မြို့ထဲရှိ အပြစ်တရားနှင့် ပြည့်နေသည့် လူတို့ကိုသာ ဖျက်ဆီးခဲ့ခြင်းမဟုတ်၊ မြို့ထဲရှိ အပြစ်တရားနှင့်စွန်းထင်းနေသည့် အရာအားလုံးတို့ကိုသာ ဖျက်ဆီးခဲ့ခြင်းမဟုတ်ဘဲ ထိုအရာများထက်ကျော်လွန်၍ ထိုမီးသည် ဘုရားသခင်ကို ဆန့်ကျင်သည့် လူသားမျိုးနွယ်၏ ဆိုးယုတ်မှုနှင့် ခုခံမှုတို့နှင့်ဆိုင်သော မှတ်ဉာဏ်များကိုလည်း ဖျက်ဆီးခဲ့သည်ဟု ဆိုလိုသည်။ ဤသည်မှာ မြို့ကို ဘုရားသခင်လောင်ကျွမ်းစေခြင်း၏ ရည်ရွယ်ချက်ဖြစ်သည်။

ဤလူသားမျိုးနွယ်သည် လွန်လွန်ကဲကဲ ဖောက်ပြန်ပျက်စီးလာခဲ့သည်။ ဘုရားသခင်က မည်သူဖြစ်သည်၊ သို့မဟုတ် သူတို့အနေဖြင့် မည်သည့်နေရာမှ လာသည်ဆိုခြင်းကို ဤလူတို့မသိခဲ့ကြပေ။ သူတို့အား ဘုရားသခင်အကြောင်းကို သင်ပြောလျှင် သူတို့သည် တိုက်ခိုက်ပြီး အသရေဖျက်ကြမည်ဖြစ်ကာ ဘုရားတရားကို ပုတ်ခတ်ပြောဆိုကြလိမ့်မည်။ ဘုရားသခင်၏ အစေခံများက ဘုရားသခင်၏ သတိပေးချက်ကို ဖြန့်ဖို့ရန် ရောက်လာကြသည့်အခါတွင်ပင် ဖောက်ပြန်ပျက်စီးသည့် ဤလူတို့သည် နောင်တရသည့် လက္ခဏာများကို မပြရုံသာမကဘဲ သူတို့၏ ဆိုးသွမ်းသည့် အပြုအမူများကို မစွန့်လွှတ်ခဲ့ကြပေ။ ဆန့်ကျင်ဘက်အနေနှင့် သူတို့သည် ဘုရားသခင်၏ အစေခံတို့ကို မျက်နှာပြောင်တိုက်၍ အန္တရာယ်ပြုခဲ့ကြသည်။ သူတို့ထုတ်ဖော်ကာ ဖွင့်ပြသည့်အရာများသည် ဘုရားသခင်အပေါ် လွန်လွန်ကဲကဲ ရန်လိုခြင်းနှင့်ပတ်သက်သည့် သူတို့၏သဘာဝနှင့် အနှစ်သာရတို့ပင်ဖြစ်သည်။ ဖောက်ပြန်ပျက်စီးသည့် ဤလူတို့၏ ဘုရားသခင်ကို ခုခံမှုသည် သူတို့၏ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ဖွင့်ပြခြင်းထက်ပိုကြောင်း တွေ့ရသည်၊ ယင်းခုခံမှုသည် အမှန်တရားကို နားလည်မှုမရှိခြင်းမှ အရင်းခံလာသည့် အသရေဖျက်မှု၊ သို့မဟုတ် လှောင်ပြောင်မှုဖြစ်ရပ်တစ်ခုထက် ပိုသကဲ့သို့ပင်ဖြစ်သည်။ မိုက်မဲခြင်း၊ သို့မဟုတ် ပညာမဲ့ခြင်းတို့ကြောင့် သူတို့၏ ဆိုးသွမ်းသည့် အပြုအမူ ဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ ဤလူများသည် လှည့်ဖြားခံထားရခြင်းကြောင့် ဤကဲ့သို့ပြုမူကြခြင်းမဟုတ်ပေ။ ထို့ပြင် လှည့်စားခံထားရခြင်းကြောင့်လည်း မုချမဟုတ်ပေ။ သူတို့၏အပြုအမူသည် ဘုရားသခင်ကို ပြောင်ပြောင်တင်းတင်း အရှက်မရှိ မကြောက်မရွံ့ မုန်းတီးပြီး ဆန့်ကျင်ကာ ဆူပူသောင်းကျန်းသည့်အဆင့်ကို ရောက်နေခဲ့ချေပြီ။ ဤကဲ့သို့ လူသားအပြုအမူမျိုးက ဘုရားသခင်ကို အမျက်ထွက်စေပြီး ထိပါးခြင်း မပြုရမည့် စိတ်သဘောထားဖြစ်သော သူ၏စိတ်သဘောထားကိုလည်း အမျက်ထွက်စေမည်မှာ ယုံမှားဖွယ်ရာမရှိပေ။ ထို့ကြောင့် ဘုရားသခင်သည် သူ၏အမျက်ဒေါသနှင့် သူ၏ဘုန်းအာနုဘော်တို့ကို တိုက်ရိုက်ပင် ပွင့်ပွင့်လင်းလင်း ထုတ်လွှတ်လိုက်ခြင်းဖြစ်သည်။ ဤသည်မှာ သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ အမှန်တကယ် ထုတ်ဖော်ပြချက်ပင်ဖြစ်သည်။ အပြစ်တရားနှင့် ပြည့်လျှံနေသည့်မြို့ကို ရင်ဆိုင်ရပြီးနောက် ထိုမြို့ကို တတ်နိုင်သမျှ အမြန်ဆုံးနည်းလမ်းနှင့် ဖျက်ဆီးရန်၊ ထိုမြို့ထဲရှိ လူများနှင့် သူတို့၏အပြစ်အလုံးစုံကို အပြည့်စုံဆုံးနည်းလမ်းနှင့် အမြစ်ဖြတ်သုတ်သင်ရန်၊ မြို့သားများ မတည်ရှိတော့အောင်ပြုရန်နှင့် ထိုအရပ်ရှိ အပြစ်တရားကို ထပ်ဆင့်မပွားအောင် တားဆီးရန် ဘုရားသခင်ဆန္ဒရှိခဲ့သည်။ ဤကဲ့သို့လုပ်ရန် အမြန်ဆုံးနှင့် အပြည့်စုံဆုံးနည်းလမ်းမှာ မီးနှင့် လောင်ကျွမ်းစေခြင်းပင် ဖြစ်သည်။

သောဒုံမြို့သားများအပေါ် ဘုရားသခင်၏ သဘောထားသည် စွန့်ပစ်ခြင်း၊ သို့မဟုတ် လျစ်လျူရှုခြင်းတို့ မဟုတ်ခဲ့ပေ။ ထိုအစား သူသည် ဤလူတို့ကို အပြစ်ဒဏ်ခတ်ဖို့ ရိုက်ချဖို့နှင့် လုံးလုံးလျားလျား ဖျက်ဆီးဖို့ရန် သူ၏အမျက်ဒေါသ၊ ဘုန်းအာနုဘော်နှင့် သြဇာအာဏာကို အသုံးပြုခဲ့သည်။ သူတို့အပေါ်ထားသည့် ဘုရားသခင်၏ သဘောထားသည် ရုပ်ပိုင်းဆိုင်ရာကို ဖျက်ဆီးသည့် သဘောထားသာမကဘဲ ထာဝရ အမြစ်ဖြတ်သုတ်သင်ခြင်းဖြစ်သော ဝိညာဉ်ကို ဖျက်ဆီးသည့် သဘောထားလည်းဖြစ်သည်။ ဤသည်မှာ “မတည်ရှိတော့” ဟူသော စကားလုံးအားဖြင့် ဘုရားသခင်ဆိုလိုသောအရာ၏ သွယ်ဝိုက်အဓိပ္ပာယ်အမှန် ဖြစ်လေသည်။

**ဘုရားသခင်၏ အမျက်ဒေါသသည် ဖုံးကွယ်ထားပြီး လူသားက မသိနိုင်သော်လည်း ထိုအရာသည် ထိပါးစော်ကားမှုကို သည်းမခံပေ**

လူသားမျိုးနွယ်သည် မိုက်မဲပြီး ပညာမဲ့သော်လည်း လူသားမျိုးနွယ်တစ်ခုလုံးကို ဘုရားသခင်၏ ဆက်ဆံမှုက သနားကရုဏာနှင့် သည်းခံမှုအပေါ်၌ အဓိကအခြေခံထားသည်။ သူ၏အမျက်ဒေါသကိုမူ အချိန်အများစုနှင့် ဖြစ်ရပ်အများစု၌ ဖုံးကွယ်ထားပြီး ၎င်းကို လူသားက မသိပေ။ ရလဒ်အနေနှင့် ဘုရားသခင်က သူ၏အမျက်ဒေါသအား ဖော်ပြခြင်းကို မြင်ရဖို့ရန် လူသားအတွက် ခဲယဉ်းပြီး သူ၏အမျက်ဒေါသကို နားလည်ဖို့ရန်လည်း ခဲယဉ်းသည်။ ထိုသို့ဖြင့် လူသားသည် ဘုရားသခင်၏အမျက်ဒေါသကို ပေါ့ပေါ့တန်တန် သဘောထားလေ၏။ လူသားကို သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းဆိုင်ရာ ဘုရားသခင်၏နောက်ဆုံးအမှုနှင့် အဆင့်ကို လူသားရင်ဆိုင်ရသည့်အခါ- ဆိုလိုသည်မှာ ဘုရားသခင်၏ နောက်ဆုံးသနားကရုဏာနှင့် သူ၏နောက်ဆုံးသတိပေးချက်တို့က လူသားတို့ထံ ရောက်လာသည့်အခါ- လူတို့အနေဖြင့် ဘုရားသခင်ကို ဆန့်ကျင်ဖို့ရန် ဤနည်းလမ်းကိုပင် အသုံးပြုဆဲဖြစ်ပြီး နောင်တရဖို့ရန်၊ သူတို့၏လမ်းများကို ပြင်ဆင်ဖို့ရန်နှင့် ဘုရားသခင်၏သနားကရုဏာကို လက်ခံဖို့ရန် မည်သည့်အားထုတ်မှုမျှ မပြုလုပ်ပါက ဘုရားသခင်သည် သူ၏သည်းခံမှုနှင့် စိတ်ရှည်မှုတို့ကို သူတို့အား ပေးသနားတော့မည် မဟုတ်ပေ။ ဆန့်ကျင်ဘက်အနေနှင့် ထိုအချိန်တွင် ဘုရားသခင်က သူ၏သနားကရုဏာကို ပြန်ရုပ်သိမ်းမည်ဖြစ်သည်။ ထို့နောက်တွင် သူ၏အမျက်ဒေါသကိုသာ သူစေလွှတ်လိမ့်မည်။ သူ၏အမျက်ဒေါသကို မတူညီသည့် နည်းလမ်းများဖြင့် သူဖော်ပြနိုင်၏။ လူတို့ကို အပြစ်ဒဏ်ခတ်ပြီး ဖျက်ဆီးဖို့ရန် မတူညီသည့် နည်းလမ်းများကို သူအသုံးပြုနိုင်သကဲ့သို့ပင်ဖြစ်သည်။

သောဒုံမြို့ကို ဖျက်ဆီးဖို့ရန် မီးကို ဘုရားသခင်အသုံးပြုခြင်းသည် လူသားမျိုးနွယ်၊ သို့မဟုတ်

အခြားမည်သည့်အရာကိုမဆို လုံးလုံးလျားလျား အမြစ်ဖြတ်သည့် သူ၏အမြန်ဆုံးနည်းလမ်းပင်ဖြစ်သည်။ သောဒုံမြို့သားတို့ကို လောင်ကျွမ်းစေခြင်းက သူတို့၏ရုပ်ခန္ဓာများကိုသာ ဖျက်ဆီးခဲ့ခြင်းမဟုတ်ပေ။ မြို့ထဲရှိ လူတို့သည် ရုပ်လောကနှင့် လူသားတို့မမြင်နိုင်သည့်လောက နှစ်ခုစလုံး၌ မတည်ရှိတော့စေရေးအတွက် သူတို့၏ဝိညာဉ်၊ သူတို့၏စိတ်နှင့် သူတို့၏ကိုယ်ခန္ဓာအလုံးစုံတို့ကို ဖျက်ဆီးခဲ့သည်။ ဤသည်မှာ ဘုရားသခင်က သူ့အမျက်ဒေါသကို ထုတ်ဖော်သည့်နည်းနှင့် ဖော်ပြသည့်နည်းတစ်ခုဖြစ်သည်။ ဤထုတ်ဖော်ခြင်းနှင့် ဖော်ပြခြင်းပုံစံက ဘုရားသခင်၏အမျက်ဒေါသဆိုင်ရာ အနှစ်သာရ၏ ရှုထောင့်တစ်ခုဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ အနှစ်သာရကို ထုတ်ဖော်ခြင်း အလိုအလျောက် ဖြစ်သကဲ့သို့ပင်ဖြစ်သည်။ ဘုရားသခင်က သူ၏အမျက်ဒေါသကို ထုတ်လွှတ်သည့်အခါ သူသည် မည်သည့်သနားကရုဏာ၊ သို့မဟုတ် မည်သည့်စာနာသနားမှုကိုမျှ မထုတ်ဖော်ပြတော့သကဲ့သို့ သူ၏သည်းခံခြင်း၊ သို့တည်းမဟုတ် စိတ်ရှည်ခြင်းတို့ကိုလည်း ထပ်မပြတော့ပေ။ သူ့ကို ဆက်ပြီး စိတ်ရှည်စေဖို့၊ သူ၏သနားကရုဏာကို ထပ်ပေးဖို့၊ သူ၏သည်းခံခြင်းကို နောက်တစ်ကြိမ် ပေးသနားဖို့ ဖျောင်းဖျနိုင်သည့် လူ၊ အရာဝတ္ထု၊ သို့မဟုတ် အကြောင်းပြချက်တို့ မရှိပေ။ ဤအရာများအစား ဘုရားသခင်သည် ခဏလေးမျှ တုံ့ဆိုင်းခြင်းမရှိဘဲ သူဆန္ဒရှိသည့်အတိုင်းပြုလျက် သူ၏အမျက်ဒေါသနှင့် ဘုန်းအာနုဘော်တို့ကို စေလွှတ်လိမ့်မည်။ သူသည် သူ၏ကိုယ်ပိုင်ဆန္ဒနှင့်အညီ လျင်မြန်ပြီး ရှင်းလင်းသည့်ပုံစံနှင့် ဤအရာများကို လုပ်ဆောင်လိမ့်မည်။ ဤသည်မှာ လူသားအနေဖြင့် ထိပါးခြင်း မပြုလုပ်ရသည့် သူ၏အမျက်ဒေါသနှင့် ဘုန်းအာနုဘော်ကို ဘုရားသခင်ထုတ်လွှတ်သည့် နည်းလမ်းဖြစ်သည်။ ထို့ပြင် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ ရှုထောင့်တစ်ခု၏ ဖော်ပြချက်လည်း ဖြစ်သည်။ ဘုရားသခင်က လူသားအပေါ် ပူပန်ခြင်းနှင့် ချစ်ခြင်းတို့ ပြသည်ကို လူတို့မြင်သောအခါ သူတို့သည် သူ၏အမျက်ဒေါသကို သတိမပြုမိနိုင်ကြ၊ သူ၏ဘုန်းအာနုဘော်ကို မမြင်နိုင်ကြ၊ သို့တည်းမဟုတ် ထိပါးစော်ကားမှုအပေါ် သူ၏သည်းမခံခြင်းကို မခံစားနိုင်ကြပေ။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားသည် သနားကရုဏာ၊ သည်းခံခြင်းနှင့် ချစ်ခြင်းမေတ္တာသက်သက်ပင် ဖြစ်သည်ဟု ဤအရာများက လူတို့ကို ယုံကြည်သွားစေခဲ့သည်။ သို့သော်လည်း ဘုရားသခင်က မြို့တစ်မြို့ကို ဖျက်ဆီးခြင်း၊ သို့မဟုတ် လူသားမျိုးနွယ်တစ်စုကို ရွံမုန်းခြင်းကို တစ်ဦးတစ်ယောက်က တွေ့ရသည့်အခါ လူသားကို ဖျက်ဆီးခြင်းထဲရှိ သူ၏အမျက်ဒေါသနှင့် သူ၏ဘုန်းအာနုဘော်တို့က လူတို့အား သူ၏ဖြောင့်မတ်သည့် စိတ်သဘောထား၏

အခြားတစ်ဖက်ကို ရိုပ်ခနဲမြင်စေသည်။ ဤသည်မှာ ထိပါးစော်ကားခြင်းကို ဘုရားသခင်၏ သည်းမခံခြင်းဖြစ်သည်။ ထိပါးစော်ကားခြင်းကို သည်းမခံသည့် ဘုရားသခင်၏ စိတ်သဘောထားသည် မည်သည့်ဖန်ဆင်းခံသတ္တဝါမဆို၏ စိတ်ကူးနိုင်စွမ်းထက် သာလွန်သည်။ ဖန်ဆင်းခံမဟုတ်သည့် သတ္တဝါများထဲ၌ မည်သူကမျှ ထိုအရာကို ဝင်စွပ်ဖက်ခြင်း၊ သို့မဟုတ် ထိခိုက်စေခြင်းတို့ မပြုလုပ်နိုင်ပေ။ ထို့ပြင် ထိုအရာကို တူအောင်တုခြင်း၊ သို့တည်းမဟုတ် အတုခိုးခြင်းလည်း သာ၍ပင် မပြုလုပ်နိုင်ကြပေ။ ထို့ကြောင့် ဘုရားသခင်၏ စိတ်သဘောထားနှင့် ပတ်သက်သည့် ဤရှုထောင့်သည် လူသားမျိုးနွယ် အသိသင့်ဆုံးသော ရှုထောင့်တစ်ခုဖြစ်သည်။ ဘုရားသခင်ကိုယ်တော်တိုင်၌သာ ဤကဲ့သို့စိတ်သဘောထားမျိုးရှိသည်။ ထို့ပြင် ဘုရားသခင်ကိုယ်တော်တိုင်သာလျှင် ဤကဲ့သို့စိတ်သဘောထားမျိုးကို ပိုင်ဆိုင်သည်။ ဘုရားသခင်သည် ဆိုးသွမ်းမှု၊ အမှောင်ထု၊ ပုန်ကန်ခြင်းနှင့် စာတန်၏ ဆိုးယုတ်သော လုပ်ရပ်များကို-လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေပြီး ဝါးမျိုခြင်း- စက်ဆုပ်ရွံရှာသည့်အတွက်ကြောင့်၊ သူနှင့်ဆန့်ကျင်သည့် အပြစ်၏လုပ်ရပ်အားလုံးကို စက်ဆုပ်ရွံရှာသည့်အတွက်ကြောင့်၊ ထို့ပြင် သူ၏သန့်ရှင်းပြီး ညစ်ညမ်းခြင်းမရှိသည့် အနှစ်သာရကြောင့် ဘုရားသခင်သည် ထိုသို့သောဖြောင့်မတ်သည့် စိတ်သဘောထားကို ပိုင်ဆိုင်သည်။ ဤအကြောင်းကြောင့် ဖန်ဆင်းခံ၊ သို့တည်းမဟုတ် ဖန်ဆင်းခံမဟုတ်သည့် သတ္တဝါတို့က သူ့အား ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ခြင်းကိုသော်လည်းကောင်း ယှဉ်ပြိုင်ခြင်းများကိုသော်လည်းကောင်း သူခံမည်မဟုတ်ခြင်းဖြစ်သည်။ တစ်ခါက သူသနားကရုဏာပြခဲ့ဖူးသည့်၊ သို့မဟုတ် သူရွေးချယ်ခဲ့ဖူးသည့် လူပုဂ္ဂိုလ်ပင်လျှင် သူ၏စိတ်သဘောထားကို ရန်စပြီး သူ၏စိတ်ရှည်ခြင်းနှင့် သည်းခံခြင်းဆိုင်ရာ အခြေခံမူများကို ဖောက်ဖျက်လိုက်သည်နှင့် သူသည် သနားကရုဏာ၊ သို့တည်းမဟုတ် တွန့်ဆုတ်ခြင်းတို့ အနည်းငယ်မျှမရှိဘဲ ထိပါးစော်ကားမှုကို သည်းမခံသော သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားကို ထုတ်လွှတ်ပြီး ထုတ်ဖော်ပြလိမ့်မည်။

## ဘုရားသခင်၏ အမျက်ဒေါသသည် တရားမျှတသည့် စွမ်းအားခပ်သိမ်းနှင့် အပြုသဘောဆောင်သည့် အရာခပ်သိမ်းအတွက် အကွယ်အကာဖြစ်သည်

ဘုရားသခင်၏ မိန့်ကြားချက်၊ အတွေးများနှင့် လုပ်ဆောင်ချက်များ၏ ဤဥပမာများကို နားလည်ခြင်းအားဖြင့် လူသား၏ထိပါးစော်ကားခြင်းကို သည်းခံမည်မဟုတ်သော စိတ်သဘောထားဖြစ်သည့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို

သင်နားလည်နိုင်သလော။ အတိုချုပ်ဆိုရလျှင် လူသားအနေဖြင့်
မည်မျှပင်နားလည်နိုင်သည်ဖြစ်စေ ဤသည်မှာ ဘုရားသခင်ကိုယ်တော်တိုင်၏
စိတ်သဘောထားဆိုင်ရာ ရှုထောင့်တစ်ခုဖြစ်ပြီး ယင်းက အတုမရှိပေ။
ထိပါးစော်ကားခြင်းအပေါ် ဘုရားသခင်၏သည်းမခံခြင်းသည် သူ၏အတုမရှိသော
အနှစ်သာရဖြစ်သည်။ ဘုရားသခင်၏အမျက်ဒေါသသည် သူ၏အတုမရှိသော
စိတ်သဘောထားဖြစ်သည်။ ဘုရားသခင်၏ဘုန်းအာနုဘော်သည် သူ၏အတုမရှိသော
အနှစ်သာရဖြစ်သည်။ ဘုရားသခင်၏ ဒေါသနောက်ကွယ်ရှိ နိယာမသည်
သူသာလျှင်ပိုင်ဆိုင်သည့် သူ၏ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်တို့၏ ထုတ်ဖော်ချက်ဖြစ်သည်။
ဤနိယာမသည် အတုမရှိ ဘုရားသခင် ကိုယ်တော်တိုင်၏ အနှစ်သာရဆိုင်ရာ
သင်္ကေတတစ်ခုလည်းဖြစ်ကြောင်းကို ပြောစရာမလိုပေ။ ဘုရားသခင်၏
စိတ်သဘောထားသည် သူ၏ကိုယ်ပိုင်ရှိရင်းစွဲအနှစ်သာရဖြစ်ပြီး ယင်းသည်
အချိန်ကုန်လွန်သည်နှင့် လိုက်ပြောင်းလဲခြင်းလုံးဝမရှိသကဲ့သို့ တည်နေရာ
အပြောင်းအလဲများကိုလိုက်၍လည်း မပြောင်းလဲပေ။ သူ၏ရှိရင်းစွဲစိတ်သဘောထားသည်
သူ၏ပင်ကိုအနှစ်သာရဖြစ်သည်။ သူ၏အမှုကို မည်သူ့အပေါ်၌ သူပြုသည်ဖြစ်စေ
သူ၏အနှစ်သာရသည် မပြောင်းလဲသကဲ့သို့ သူ၏ဖြောင့်မတ်သည့်
စိတ်သဘောထားသည်လည်း မပြောင်းလဲချေ။ လူတစ်ယောက်သည် ဘုရားသခင်ကို
ဒေါသထွက်စေသည့်အခါ ဘုရားသခင်ထုတ်လွှတ်သည့်အရာသည်
သူ၏ရှိရင်းစွဲစိတ်သဘောထားဖြစ်သည်။ ဤအချိန်၌ သူ့ဒေါသနောက်ကွယ်မှ အခြေခံမူက
မပြောင်းလဲသကဲ့သို့ သူ၏အတုမရှိသည့် ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်တို့ကလည်း
မပြောင်းလဲပေ။ သူ၏အနှစ်သာရက ပြောင်းလဲသောကြောင့်၊ သို့မဟုတ်
သူ၏စိတ်သဘောထားမှ မတူညီသည့် သဘောတရားများ ထွက်ပေါ်လာသောကြောင့်
သူဒေါသထွက်လာခြင်း မဟုတ်ဘဲ သူ့အပေါ် လူသား၏ ဆန့်ကျင်မှုသည်
သူ၏စိတ်သဘောထားကို ထိပါးစော်ကားသောကြောင့်ဖြစ်၏။ ဘုရားသခင်ကို လူသား၏
ပြောင်ပြောင်တင်းတင်း ရန်စခြင်းက ဘုရားသခင်၏ ကိုယ်ပိုင်ဝိသေသလက္ခဏာနှင့်
ဂုဏ်ဒြပ်အတွက် အလွန်ပြင်းထန်သည့် စိန်ခေါ်မှုတစ်ခုပင် ဖြစ်သည်။ ဘုရားသခင်၏အမြင်တွင်
လူသားက သူ့ကို စိန်ခေါ်သည့်အခါ လူသားသည် သူ့ကိုယှဉ်ပြိုင်နေခြင်းဖြစ်ပြီး သူ၏ဒေါသကို
အကဲစမ်းနေခြင်းဖြစ်သည်။ လူသားက ဘုရားသခင်ကို ဆန့်ကျင်သည့်အခါ၊ လူသားက
ဘုရားသခင်ကို ယှဉ်ပြိုင်သည့်အခါ၊ လူသားက ဘုရားသခင်၏ ဒေါသကို အဆက်မပြတ်
အကဲစမ်းသည့်အခါ- ဤကဲ့သို့သောအချိန်မျိုးမှာ အပြစ်တရားထကြွသောင်းကျန်းသည့်

အချိန်ဖြစ်သည်- ဘုရားသခင်၏ အမျက်ဒေါသသည် အလိုအလျောက် ထုတ်ဖော်ပြီး ထွက်ပေါ်လာလိမ့်မည်။ ထို့ကြောင့် သူ၏အမျက်ဒေါသကို ဘုရားသခင်၏ဖော်ပြချက်က ဆိုးယုတ်သော စွမ်းအားခပ်သိမ်းသည် မတည်ရှိတော့မည့် သင်္ကေတတစ်ခုဖြစ်ပြီး ရန်လိုသည့် စွမ်းအားခပ်သိမ်းသည် ဖျက်ဆီးခံရမည့် သင်္ကေတတစ်ခုဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ အတုမရှိမှုနှင့် ဘုရားသခင့်အမျက်ဒေါသ၏ အတုမရှိမှုဖြစ်သည်။ ဘုရားသခင်၏ ဂုဏ်သိက္ခာနှင့် သန့်ရှင်းခြင်းတို့ စိန်ခေါ် ခံရသည့်အခါ၊ လူသားက တရားမျှတမှု၏ စွမ်းအားများကို ပိတ်ဆို့ထားပြီး ၎င်းတို့ကို မမြင်သည့်အခါ ဘုရားသခင်သည် သူ၏အမျက်ဒေါသကို စေလွှတ်လိမ့်မည်။ ဘုရားသခင်ကို ယှဉ်ပြိုင်သည့်၊ သူ့ကိုဆန့်ကျင်ပြီး သူ့ကိုရင်ဆိုင်သည့် စွမ်းအားခပ်သိမ်းသည် ဘုရားသခင်၏ အနှစ်သာရကြောင့် ဆိုးယုတ်ကာ ဖောက်ပြန်ပျက်စီးပြီး မတရားကြပေ။ ၎င်းတို့သည် စာတန်ထံမှလာပြီး စာတန်နှင့်သက်ဆိုင်၏။ ဘုရားသခင်သည် တရားမျှတပြီး အလင်းဖြစ်သည့်အပြင် အပြစ်အနာအဆာကင်းမဲ့စွာ သန့်စင်မွန်မြတ်သောကြောင့် ဘုရားသခင်၏ အမျက်ဒေါသကို ထုတ်လွှတ်လိုက်သောအခါ ဆိုးယုတ်၍ ဖောက်ပြန်ပျက်စီးပြီး စာတန်နှင့်သက်ဆိုင်သည့် အရာအားလုံးသည် ပျောက်ကွယ်သွားလိမ့်မည်။

ဘုရားသခင်၏ အမျက်ဒေါသကို သွန်ချခြင်းက သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ ဖော်ပြချက်၏ ရှုထောင့်တစ်ခုဖြစ်သော်လည်း ဘုရားသခင်၏ဒေါသသည် ၎င်း၏ပစ်မှတ်အပေါ် မဆင်မခြင်လုပ်ခြင်း လုံးဝမရှိသကဲ့သို့ အခြေခံမှုမပါဘဲ လုပ်ခြင်းလည်း လုံးဝမရှိပေ။ ဆန့်ကျင်ဘက်အနေနှင့် ဘုရားသခင်က အမျက်ထွက်ရာ၌ လျင်မြန်ခြင်း လုံးဝမရှိသကဲ့သို့ သူ၏အမျက်ဒေါသနှင့် သူ၏ဘုန်းအာနုဘော်ကို ပေါ့ပေါ့တန်တန် ထုတ်ဖော်ခြင်းလည်း မပြုပေ။ ထို့အပြင် ဘုရားသခင်၏ အမျက်ဒေါသသည် အတော်ပင် ထိန်းထိန်းချုပ်ချုပ်ရှိပြီး ချင့်ချင့်ချိန်ချိန် ရှိသည်။ လူသား၏ ထောင်းခနဲ ဒေါသူပုံထတတ်ပုံမျိုး၊ သို့မဟုတ် ဒေါသအိုး ပေါက်ကွဲပုံမျိုးနှင့် လုံးဝနှိုင်းယှဉ်၍မရပေ။ လူသားနှင့် ဘုရားသခင်တို့၏ စကားစမြည်ပြောဆိုမှုများစွာကို သမ္မာကျမ်းစာထဲ၌ မှတ်တမ်းတင်ထားသည်။ ထိုစကားစမြည်ပြောဆိုမှုများထဲတွင် ပါဝင်သော လူပုဂ္ဂိုလ်အချို့၏ စကားလုံးများက ပေါ့တန်ကာ ပညာမဲ့ပြီး ကလေးကလားဆန်သည်။ သို့သော်လည်း ဘုရားသခင်က သူတို့ကို ရိုက်မချသကဲ့သို့ သူတို့ကို ရှုတ်လည်း မရှုတ်ချခဲ့ပေ။ အထူးသဖြင့် ယောဘစမ်းသပ်ခံရသည့်ကာလအတောအတွင်း၌ ယောဘ၏မိတ်ဆွေသုံးယောက်နှင့် အခြားလူများက ယောဘကို ပြောခဲ့သည့် စကားများကို ယေဟောဝါဘုရားသခင်က ကြားပြီးနောက်တွင် ထိုသူတို့ကို သူမည်သို့ဆက်ဆံခဲ့သနည်း။ သူတို့ကို သူရှုတ်ချခဲ့သလော။

သူတို့အပေါ် ဒေါသူပုန်ထခဲ့သလော။ ထိုသို့ ဘာတစ်ခုမျှ သူမလုပ်ခဲ့ပေ။ ထိုအစား သူတို့ကိုယ်စား အသနားခံတောင်းလျှောက်ဖို့ သူတို့အတွက် ဆုတောင်းပေးဖို့ ယောဘကို ဘုရားသခင်ပြောခဲ့ပြီး သူကိုယ်တော်တိုင်ကမူ သူတို့အမှားများကို ဗွေမယူခဲ့ပေ။ ဤဖြစ်ရပ်များအားလုံးသည် လက်ရှိအခြေအနေအတိုင်း ဖောက်ပြန်ပျက်စီး၍ ပညာမဲ့သည့် လူသားမျိုးနွယ်ကို ဘုရားသခင်က ဆက်ဆံသည့် အဓိကသဘောထားကို ကိုယ်စားပြုသည်။ ထို့ကြောင့် ဘုရားသခင်၏ အမျက်ဒေါသကို ထုတ်လွှတ်ခြင်းက သူ့စိတ်နေစိတ်ထား၏ ဖော်ပြချက် လုံးဝမဟုတ်သကဲ့သို့ သူ၏ခံစားချက်များကို ဖွင့်ချခြင်းလည်း လုံးဝမဟုတ်ပေ။ ဘုရားသခင်၏ အမျက်ဒေါသက လူသားနားလည်သကဲ့သို့ လုံးလုံးလျားလျား ဒေါသအိုးပေါက်ကွဲထွက်ခြင်း မဟုတ်ပေ။ ဘုရားသခင်က သူ၏ကိုယ်ပိုင်စိတ်နေစိတ်ထားကို မထိန်းချုပ်နိုင်၍၊ သို့မဟုတ် သူ၏ဒေါသက ရေဆူမှတ်ကိုရောက်သွားပြီး ဖွင့်ချမှုရတော့မည်ဖြစ်၍ သူ၏အမျက်ဒေါသကို ထုတ်လွှတ်ခြင်းမဟုတ်ပေ။ ဆန့်ကျင်ဘက်အနေနှင့် သူ၏အမျက်ဒေါသသည် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ ပြသချက်ဖြစ်ပြီး စစ်မှန်သည့် ဖော်ပြချက်ဖြစ်သည်။ ထို့ပြင် ဤသည်မှာ သူ၏သန့်ရှင်းသည့် အနှစ်သာရနှင့် သက်ဆိုင်သည့် ပုံဆောင်ထုတ်ဖော်ခြင်းပင် ဖြစ်သည်။ ဘုရားသခင်သည် အမျက်ဒေါသဖြစ်၏။ ထို့ပြင် သူသည် ထိပါးစော်ကားမှုကို သည်းမခံပေ- ဤသည်မှာ ဘုရားသခင်၏ဒေါသသည် အကြောင်းတရားများကို ခွဲခြားမှုမရှိဟုလည်းကောင်း၊ အခြေခံမှုမရှိဟုလည်းကောင်း မဆိုလိုပေ။ အကြောင်းတရားများကို မခွဲခြားသော ဒေါသပေါက်ကွဲခြင်းမျိုးဖြစ်သည့် အခြေခံမှုမရှိဘဲ ကြုံသလို ဒေါသအိုးပေါက်ကွဲခြင်းမျိုးကို ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်က အထူးသီးသန့် မူပိုင်ခွင့်ယူထား၏။ လူတစ်ယောက်၌ ဂုဏ်ဒြပ်ရှိသွားသည်နှင့် ထိုသူသည် သူ၏စိတ်နေစိတ်ထားကို ထိန်းချုပ်ဖို့ရန် မကြာခဏပင် အခက်တွေ့လိမ့်မည်။ ထို့ကြောင့် သူ၏မကျေနပ်မှုကို ဖော်ပြပြီး သူ၏ခံစားချက်များကို ဖွင့်ချဖို့ရန် အခွင့်အရေးများကို ပျော်ပျော်ကြီးနှင့် အမိအရ သူဆုပ်ကိုင်လိမ့်မည်။ သူ၏အရည်အချင်းကို ထုတ်ဖော်ပြရန်အပြင် သူ၏ဂုဏ်ဒြပ်နှင့် ဝိသေသလက္ခဏာများသည် သာမန်လူတို့နှင့် မတူကွဲပြားကြောင်း အခြားလူများ သိစေဖို့ရန်အတွက် သူသည် သိသာသည့် အကြောင်းပြချက်မရှိပါဘဲနှင့် မကြာခဏ ထောင်းခနဲ ဒေါသူပုန်ထပြလိမ့်မည်။ မှန်ပေ၏၊ ဂုဏ်ဒြပ်မရှိသော ဖောက်ပြန်ပျက်စီးသည့် လူတို့က မကြာခဏ ထိန်းမနိုင်သိမ်းမရဖြစ်ကြလိမ့်မည်။ သူတို့၏ကိုယ်ပိုင်အကျိုးစီးပွားများ ထိခိုက်ပျက်စီးမှုကြောင့် သူတို့သည် မကြာခဏ ဒေါသထွက်ကြသည်။ သူတို့၏ ကိုယ်ပိုင်ဂုဏ်ဒြပ်နှင့် ဂုဏ်သိက္ခာကို ကာကွယ်ဖို့အတွက်

ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်သည် မိမိတို့၏ခံစားချက်များကို မကြာခဏဖွင့်ချပြီး မိမိတို့၏မာနထောင်လွှားသည့် သဘာဝကို ထုတ်ဖော်ပြလိမ့်မည်။ လူသားသည် အပြစ်တရား၏ ဖြစ်တည်မှုကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်အလို့ငှာ ထောင်းခနဲ ဒေါသအိုးပေါက်ကွဲပြီး သူ၏ခံစားချက်များကို ဖွင့်ချလိမ့်မည်။ ဤလုပ်ရပ်များသည် လူသားက သူ၏မကျေနပ်မှုကို ဖော်ပြသည့် နည်းလမ်းများဖြစ်သည်။ ၎င်းတို့သည် မစင်ကြယ်ခြင်းများ၊ လျှို့ဝှက်ကြံစည်ခြင်းများနှင့် ခြေပုန်းခုတ်ခြင်းများ၊ လူသား၏ဖောက်ပြန်ပျက်စီးခြင်းနှင့် ဆိုးယုတ်ခြင်းတို့နှင့် ပြည့်လျှံနေပြီး၊ အခြားမည်သည့်အရာထက်မဆို လူသား၏ ခက်ထန်သည့် ရည်မှန်းချက်များ၊ ဆန္ဒများနှင့် ပြည့်လျှံနေသည်။ တရားမျှတမှုသည် ဆိုးသွမ်းမှုနှင့် ထိပ်တိုက်တွေ့သည့်အခါ၌ လူသားသည် တရားမျှတမှု၏ ဖြစ်တည်မှုကို ကာကွယ်ရန်သော်လည်းကောင်း၊ ထိန်းသိမ်းရန်သော်လည်းကောင်း ဒေါသူပုန်ထလိမ့်မည်မဟုတ်ပေ။ ဆန့်ကျင်ဘက်အနေနှင့် တရားမျှတခြင်း၏ စွမ်းအားတို့ ခြိမ်းခြောက်ခံရသည့်အခါ၊ ညှဉ်းဆဲခံရပြီး တိုက်ခိုက်ခံရသည့်အခါ လူသား၏သဘောထားသည် လျစ်လျူရှုခြင်း၊ ရှောင်ကြဉ်ခြင်း၊ သို့မဟုတ် တွန့်ဆုတ်ခြင်းတို့ ဖြစ်သည်။ သို့သော်လည်း ဆိုးယုတ်မှု၏ စွမ်းအားများနှင့် ရင်ဆိုင်ရသည့်အခါ လူသား၏သဘောထားသည် ဖြည့်ဆည်းပေးခြင်း၊ မျက်နှာချိုသွေးခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် လူသား၏ စိတ်ဖွင့်ချခြင်းသည် ဆိုးယုတ်သည့် စွမ်းအားတို့အတွက် လွတ်လမ်းတစ်လမ်းဖြစ်ပြီး ဇာတိပကတိလူသားတို့၏ ထကြွသောင်းကျန်းနေပြီး တားဆီး၍မရသော ဆိုးယုတ်သည့်အပြုအမူဆိုင်ရာ ဖော်ပြချက်တစ်ခုဖြစ်သည်။ သို့သော်လည်း ဘုရားသခင်က သူ၏အမျက်ဒေါသကို ထုတ်လွှတ်သည့်အခါ ဆိုးယုတ်သည့် စွမ်းအားခပ်သိမ်းသည် ရပ်သွားလိမ့်မည်။ လူသားကို အန္တရာယ်ပြုသည့် အပြစ်တရားအားလုံးသည် ရပ်တန့်သွားလိမ့်မည်။ ဘုရားသခင်၏အမှုကို ပိတ်ပင်တားဆီးသည့် ရန်လိုသောစွမ်းအားခပ်သိမ်းသည် သိသာထင်ရှားလာမည်၊ ကွဲပြားလာပြီး ကျိန်ဆဲခြင်းကိုခံရမည်။ ထို့ပြင် ဘုရားသခင်ကို ဆန့်ကျင်သည့် စာတန်၏ ကြံရာပါအားလုံးသည် အပြစ်ဒဏ်ခတ်ခံရမည်ဖြစ်ပြီး အမြစ်ပါမကျန် ဖယ်ရှားခံရမည်ဖြစ်သည်။ သူတို့၏နေရာတွင် ဘုရားသခင်၏အမှုသည် ပိတ်ပင်တားဆီးမှုတို့ မရှိဘဲ ရှေ့ဆက်လိမ့်မည်။ ဘုရားသခင်၏ စီမံခန့်ခွဲမှု အစီအစဉ်သည် စီစဉ်ထားချက်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် တိုးတက်ဖြစ်ပေါ်လာလိမ့်မည်ဖြစ်ပြီး ဘုရားသခင်ရွေးချယ်ထားသည့် လူများသည် စာတန်၏နှောင့်ယှက်ခြင်းနှင့် လှည့်စားခြင်းမှ လွတ်ကင်းလိမ့်မည်။ ထို့ပြင် ဘုရားသခင်၏နောက်ကို လိုက်သူများသည် ငြိမ်သက်

အေးချမ်းသည့် ပတ်ဝန်းကျင်ထဲတွင် ဘုရားသခင်၏ ဦးဆောင်မှုနှင့် အထောက်အပံ့ကို မွေ့လျော်ကြရလိမ့်မည်။ ဘုရားသခင်၏ အမျက်ဒေါသသည် ဆိုးယုတ်သည့်စွမ်းအားတို့ ထပ်ဆင့်ပွားများခြင်းနှင့် ထကြွသောင်းကျန်းတို့ မရှိစေရန် တားဆီးပေးသည့် အကာအကွယ်တစ်ခုဖြစ်သည်။ ထို့ပြင် ၎င်းသည် တရားမျှတပြီး အပြုသဘောဆောင်သည့်အရာများအားလုံး၏ ဖြစ်တည်မှုနှင့် ပြန့်ပွားခြင်းကို ကာကွယ်ပေးပြီး ဖိနှိပ်ခံရခြင်းနှင့် ဖျက်လိုဖျက်ဆီး လုပ်ခံရခြင်းတို့ မခံရအောင် ထိုအရာများကို ထာဝရစောင့်ကြပ်ပေးသည့် အကာအကွယ်တစ်ခုလည်း ဖြစ်သည်။

သောဒုံမြို့ကို ဘုရားသခင်ဖျက်ဆီးခြင်း၌ ဘုရားသခင့်အမျက်ဒေါသ၏ အနှစ်သာရကို သင်တို့မြင်နိုင်သလော။ သူ၏ဒေါသအတွင်း၌ အခြားအရာ ရောစပ်နေသလော။ ဘုရားသခင်၏ဒေါသက သန့်စင်သလော။ လူသား၏စကားကို အသုံးပြုရလျှင် ဘုရားသခင်၏ အမျက်ဒေါသသည် အရောအနှောကင်းသလော။ သူ့အမျက်ဒေါသ၏ နောက်ကွယ်တွင် ပရိယာယ်တစ်ခုခု ရှိသလော။ လျှို့ဝှက်ကြံစည်ခြင်းတစ်ခုခု ရှိသလော။ ပြောပြ၍မရသည့် လျှို့ဝှက်ချက်များ ရှိသလော။ သင်တို့ကို လေးလေးနက်နက် တည်တည်ကြည်ကြည်နှင့် ငါပြောပြနိုင်သည်- ဘုရားသခင်၏အမျက်ဒေါသ၌ သံသယဖြစ်စေနိုင်သည့်အပိုင်း မရှိပေ။ သူ့ဒေါသက အခြားရည်ရွယ်ချက်၊ သို့တည်းမဟုတ် ပန်းတိုင်တို့ကိန်းအောင်းမနေသော အရောအနှောကင်းသည့် ဒေါသသက်သက်ဖြစ်၏။ သူ၏ဒေါသနောက်ကွယ်မှ အကြောင်းပြချက်များက သန့်စင်ကာ ခြောက်ပြစ်ကင်းပြီး ဝေဖန်၍ မရနိုင်ပေ။ ၎င်းသည် သူ၏သန့်ရှင်းသည့် အနှစ်သာရကို သဘာဝအလျောက် ထုတ်ဖော်ခြင်းနှင့် ပြသခြင်းဖြစ်သည်။ မည်သည့်ဖန်ဆင်းခံမျှ မပိုင်ဆိုင်သည့်အရာဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အတုမရှိ ဖြောင့်မတ်သော စိတ်သဘောထား၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဖန်ဆင်းရှင်နှင့် သူ၏ဖန်ဆင်းခံတို့၏ သက်ဆိုင်ရာ အနှစ်သာရများကြားရှိ သိသာထင်ရှားသော ကွာခြားမှုလည်း ဖြစ်သည်။

လူတစ်ယောက်အနေဖြင့် အခြားလူများရှေ့မှာ စိတ်ဆိုးသည်ဖြစ်စေ၊ သူတို့နောက်ကွယ်မှာ စိတ်ဆိုးသည်ဖြစ်စေ လူတိုင်း၌ သူတို့စိတ်ဆိုးရခြင်းနှင့် ပတ်သက်၍ မတူညီသည့် ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များရှိသည်။ သူတို့အနေဖြင့် သူတို့၏သိက္ခာကို တည်ဆောက်နေခြင်း ဖြစ်ချင်ဖြစ်မည်၊ သူတို့၏ပုံရိပ်ကို ထိန်းသိမ်းရင်း၊ သို့မဟုတ် မျက်နှာမပျက်အောင်နေရင်း သူတို့၏ကိုယ်ပိုင်အကျိုးစီးပွားများကို ကာကွယ်နေခြင်းလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ အချို့လူတို့က သူတို့၏ဒေါသကို ထိန်းချုပ်ကြပြီး အခြားလူတို့မှာမူ

ကမ္ဘာ့ရှုထိုးပိုလုပ်တတ်ကာ စိုးစဉ်းမျှပင် မထိန်းချုပ်ဘဲ သူတို့ဆန္ဒရှိသည့်
မည်သည့်အချိန်တွင်မဆို ထောင်းခနဲ ဒေါသူပုန်ထကြသည်။ အတိုချုပ်ပြောရလျှင်
လူသား၏ဒေါသသည် သူ၏ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားမှ ဆင်းသက်လာသည်။
ရည်ရွယ်ချက်က မည်သည့်အရာပင် ဖြစ်နေပါစေ ယင်းသည် ဇာတိနှင့်ဆိုင်ပြီး
ဗီဇနှင့်ဆိုင်သည်။ လူသား၏ဗီဇနှင့် အနှစ်သာရများထဲမှ မည်သည့်အရာကမျှ သမ္မာတရားနှင့်
ကိုက်ညီခြင်း မရှိသောကြောင့် သူ၏ဒေါသသည် တရားမျှတခြင်း၊ သို့မဟုတ်
တရားမမျှတခြင်းတို့နှင့် ဘာမျှမသက်ဆိုင်ပေ။ ထို့ကြောင့် ဖောက်ပြန်ပျက်စီးသည့်
လူသားမျိုးနွယ်၏ ဒေါသစိတ်နှင့် ဘုရားသခင်၏ အမျက်ဒေါသကို တစ်တန်းတည်းထား၍
အတူတူမပြောဆိုသင့်ပေ။ ခြွင်းချက်မရှိဘဲ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းကိုခံရသည့်
လူသား၏ အပြုအမူသည် ဖောက်ပြန်ပျက်စီးခြင်းကို ကာကွယ်လိုသည့်ဆန္ဒနှင့် စတင်ပြီး
ဖောက်ပြန်ပျက်စီးမှု၌ ကေန်အမှန် အခြေခံထားသည်။ ထို့ကြောင့် လူသား၏ဒေါသသည်
သဘောတရားအရ မည်မျှပင်သင့်တော်သည့်ပုံ ပေါက်နေပါစေ လူသား၏ဒေါသကို
ဘုရားသခင်၏ အမျက်ဒေါသနှင့် တစ်တန်းတည်းထားပြီး အတူတူပြော၍မရနိုင်ပေ။
ဘုရားသခင်က သူ၏ဒေါသကို စေလွှတ်လိုက်သည့်အခါ ဆိုးယုတ်သည့် စွမ်းအားများသည်
ဟန့်တားခံရပြီး ဆိုးယုတ်သည့်အရာများသည် ဖျက်ဆီးခံရကာ တရားမျှတပြီး
အပြုသဘောဆောင်သည့်အရာများက ဘုရားသခင်၏ ဂရုစိုက်မှုနှင့် အကာအကွယ်တို့ကို
ရရှိခံစားပြီး ရှေ့ဆက်ခွင့်ရလေသည်။ တရားမမျှတကာ အနုတ်သဘောဆောင်ပြီး
ဆိုးယုတ်သည့်အရာများသည် တရားမျှတပြီး အပြုသဘောဆောင်သည့်အရာများ၏
ပုံမှန်လှုပ်ရှားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပိတ်ပင်တားဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ သို့မဟုတ်
ဖျက်ဆီးခြင်းတို့ ပြုလုပ်သောကြောင့် ဘုရားသခင်က သူ၏အမျက်ဒေါသကို ထုတ်လွှတ်သည်။
ဘုရားသခင့်ဒေါသ၏ပန်းတိုင်သည် သူ၏ကိုယ်ပိုင်ဂုဏ်ဒြပ်နှင့် ဝိသေသလက္ခဏာကို
ကာကွယ်ရန်မဟုတ်ဘဲ တရားမျှတ၍ အပြုသဘောဆောင်ကာ လှပပြီး
ကောင်းမွန်သည့်အရာများ၏ ဖြစ်တည်မှုကို ကာကွယ်ရန်၊ လူသားမျိုးနွယ်၏
ပုံမှန်ရှင်သန်ရပ်တည်ရေး နိယာမများနှင့် အစီအစဉ်ကျမှုတို့ကို ကာကွယ်ရန်ဖြစ်သည်။
ဤသည်မှာ ဘုရားသခင့်အမျက်ဒေါသ၏ အကြောင်းခံဇာစ်မြစ်ဖြစ်သည်။ ဘုရားသခင်၏
ဒေါသသည် သူ့စိတ်သဘောထား၏ အလွန်သင့်လျော်ပြီး သဘာဝကျကာ မှန်ကန်သည့်
ထုတ်ဖော်ချက်ဖြစ်သည်။ သူ၏ဒေါသထဲ၌ ဆန္ဒရမ္မက်များ၊ ကောက်ကျစ်ခြင်း၊
အန္တရာယ်ပေးခြင်း၊ အကြမ်းဖက်ခြင်း၊ ဆိုးယုတ်ခြင်း၊ သို့မဟုတ် ဖောက်ပြန်ပျက်စီးသော
လူသားမျိုးနွယ်၌ရှိသည့် အခြားသော လက္ခဏာများ ပါဝင်နေရန်မဆိုထားနှင့်၊ တစ်ဖက်လှည့်

ရည်ရွယ်ချက်များပင် မရှိသကဲ့သို့ လှည့်စားခြင်း၊ သို့မဟုတ် အကွက်ချစီစဉ်ခြင်းတို့လည်း မရှိပေ။ ဘုရားသခင်က သူ၏ဒေါသကို မထုတ်လွှတ်မီတွင် အကြောင်းအရာတိုင်း၏ အနှစ်သာရကို လုံးဝရှင်းလင်းစွာနှင့် ပြည့်စုံစွာသိမြင်ထားပြီးဖြစ်သည့်အပြင် တိကျပြီး ရှင်းလင်းသည့် အနက်ဖွင့်ချက်များနှင့် သုံးသပ်ချက်များကိုလည်း ဖော်ထုတ်ပြီးဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ပြုလေသမျှ အရာရာတိုင်း၌ သူ၏ရည်ရွယ်ချက်သည် သူ၏သဘောထားကဲ့သို့ပင် ရှင်းလင်းပြတ်သား၏။ သူသည် ယောင်ချာချာဖြစ်ခြင်း၊ မျက်ကန်းခြင်း၊ စိတ်လိုက်မာန်ပါပြုခြင်း၊ သို့မဟုတ် ဂရုမစိုက်ခြင်းတို့ မရှိသည့်အပြင် အခြေခံမှုမရှိသည့်သူလည်း လုံးဝမဟုတ်ပေ။ ဤသည်မှာ ဘုရားသခင့်အမျက်ဒေါသ၏ လက်တွေ့ကျသည့် ရှုထောင့်ဖြစ်ပြီး လူသားမျိုးနွယ်က ၎င်း၏ပုံမှန်ဖြစ်တည်မှုကို ရရှိထားခြင်းမှာ ဘုရားသခင့်အမျက်ဒေါသ၏ လက်တွေ့ကျသည့် ဤရှုထောင့်ကြောင့်ဖြစ်သည်။ ဘုရားသခင်၏အမျက်ဒေါသ မရှိပါက လူသားမျိုးနွယ်သည် ပုံမှန်မဟုတ်သည့် လူနေမှုအခြေအနေများထဲသို့ ကျဆင်းသွားမည်ဖြစ်ပြီး တရားမျှတကာ လုပကောင်းမွန်သည့် အရာအားလုံးသည် ဖျက်ဆီးခံရကာ တည်ရှိတော့မည် မဟုတ်ပေ။ ဘုရားသခင်၏အမျက်ဒေါသ မရှိပါက ဖန်ဆင်းခံသတ္တဝါတို့အတွက် ဖြစ်တည်မှုနိယာမများနှင့် စည်းမျဉ်းများသည် ပျက်စီးသွားလိမ့်မည်၊ သို့မဟုတ် လုံးလုံးလျားလျား ဖြိုဖျက်ခံရလိမ့်မည်။ လူသားကို ဖန်ဆင်းပြီးကတည်းက ဘုရားသခင်သည် လူသားမျိုးနွယ်၏ ပုံမှန်ဖြစ်တည်မှုကို ကာကွယ်ရန်နှင့် တည်တံ့စေရန်အတွက် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားကို အဆက်မပြတ် အသုံးပြုခဲ့သည်။ သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားထဲ၌ အမျက်ဒေါသနှင့် ဘုန်းအာနုဘော်တို့ ပါဝင်သောကြောင့် ဆိုးယုတ်သည့်လူများအားလုံး၊ အရာဝတ္ထုနှင့် ပစ္စည်းအားလုံးတို့အပြင် လူသားမျိုးနွယ်၏ ပုံမှန်ဖြစ်တည်မှုကို ထိခိုက်ပြီး နှောင့်ယှက်သည့် အရာအားလုံးသည် သူ၏အမျက်ဒေါသကြောင့် အပြစ်ဒဏ်ခတ်ခံရပြီး ထိန်းချုပ်ခံရကာ ဖျက်ဆီးခံကြရသည်။ လွန်ခဲ့သည့် ထောင်စုနှစ်အချို့တစ်လျှောက်၌ ဘုရားသခင်သည် လူသားမျိုးနွယ်ကို စီမံခန့်ခွဲသည့် သူ၏အမှု၌ ဘုရားသခင်ကို ဆန့်ကျင်သည့်အပြင် စာတန်၏ ကြံရာပါများနှင့် လက်ပါးစေများကဲ့သို့ ပြုမူသည့် ညစ်ညမ်းပြီး ဆိုးယုတ်သော ဝိညာဉ်အားလုံးကို ရိုက်ချ၍ ဖျက်ဆီးဖို့ရန်အတွက် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားကို အဆက်မပြတ် အသုံးပြုနေခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏ လူသားကို ကယ်တင်ခြင်းအမှုသည် သူ၏အစီအစဉ်အတိုင်း အမြဲတမ်း ရှေ့ဆက်သွားနေခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ အမျက်ဒေါသ တည်ရှိမှုကြောင့် လူသားတို့၏ အဖြောင့်မတ်ဆုံးသော အကြောင်းတရားများသည် တစ်ခါမျှ မဖျက်ဆီးခံရပေ။

ဘုရားသခင့်အမျက်ဒေါသ၏ အနှစ်သာရကို ယခု သင်တို့နားလည်သွားကြပြီဖြစ်သောကြောင့် စာတန်၏ဆိုးယုတ်မှုအား မည်သို့ခွဲခြားရမည်ဆိုသည်ကို သင်တို့အနေဖြင့် သာ၍ကောင်းမွန်စွာပင် ဧကန်မုချ နားလည်ထားရပေမည်။

**စာတန်သည် ကြင်နာတတ်ကာ တရားမျှတပြီး မွန်မြတ်သည်ဟု မြင်ရသော်လည်း စာတန်အနှစ်သာရမှာ ရက်စက်ပြီး ဆိုးယုတ်၏**

စာတန်သည် လူတို့ကို လှည့်စားခြင်းဖြင့် သူ၏ဂုဏ်သတင်းကို တည်ဆောက်ပြီး သူ့ကိုယ်သူ ဖြောင့်မတ်ခြင်း၏ ဦးစီးခေါင်းဆောင်တစ်ဦးနှင့် စံနမူနာထားရမည့်သူတစ်ဦးအဖြစ် မကြာခဏ သက်သေထူသည်။ ဖြောင့်မတ်ခြင်းကို ကာကွယ်ခြင်းဟူသော ဟန်ဆောင်မှုအောက်၌ စာတန်သည် လူတို့ကို အန္တရာယ်ပြုပြီး သူတို့၏ဝိညာဉ်များကို ဝါးမျိုကာ လူသားကို တွေဝေထိုင်းမှိုင်းစေရန်၊ လှည့်စားရန်နှင့် လှုံ့ဆော်ရန် နည်းလမ်းမျိုးစုံကို အသုံးပြုသည်။ သူ၏ဆိုးယုတ်သည့် အပြုအမူကို လူသားက ထောက်ခံပြီး လိုက်လျောစေရန်၊ ဘုရားသခင်၏ဩဇာအာဏာနှင့် အချုပ်အခြာအာဏာကို ဆန့်ကျင်ရာ၌ လူသားကို သူနှင့်ပူးပေါင်းအောင်လုပ်ရန်မှာ သူ၏ပန်းတိုင်ဖြစ်သည်။ သို့သော်လည်း လူတစ်ယောက်က စာတန်၏လျှို့ဝှက်အကြံအစည်များနှင့် အကွက်ချခြင်းများကို ရိပ်စားမိပြီး သူ၏ဆိုးညစ်သည့် အင်္ဂါရပ်များကို ရိပ်စားမိသောအခါ၊ သူ၏နင်းချေခြင်းနှင့် အရူးလုပ်ခြင်းတို့ကို ဆက်မခံချင်တော့သည့်အခါ၊ သို့မဟုတ် သူ့အတွက် ပင်ပန်းကြီးစွာ ဆက်မလုပ်ပေးချင်တော့သည့်အခါ၊ သို့မဟုတ် သူနှင့်အတူ အပြစ်ဒဏ်ခတ်ခြင်းနှင့် ဖျက်ဆီးခြင်းကို မခံချင်သည့်အခါ စာတန်သည် သူ၏ သူတော်စင်နှင့်တူသည့် ယခင်က အင်္ဂါရပ်များကို ပြောင်းပစ်လိုက်သည့်အပြင် ဆိုးယုတ်ပြီး ရက်စက်ကာ အကျည်းတန်၍ ရိုင်းစိုင်းကြမ်းကြုတ်သည့် သူ၏သရုပ်မှန်ကို ထုတ်ဖော်ပြရန်အတွက် သူ၏မျက်နှာဖုံးအတုကို ဆွဲဖြဲလိုက်တော့သည်။ သူ၏ဆိုးယုတ်သည့် စွမ်းအားများကို ဆန့်ကျင်သည့်သူများနှင့် သူ့နောက်လိုက်ဖို့ ငြင်းဆန်သူများအားလုံးကို စာတန်သည် အလွန်ပင် အပြတ်ရှင်းပစ်ချင်သည်။ ဤအချိန်၌ စာတန်သည် ယုံကြည်စိတ်ချရသော၊ လူကြီးလူကောင်းဆန်သော အသွင်အပြင်ကို ပုံဖမ်း၍ မရတော့ပေ။ ထိုအစား သိုးရေခြုံအောက်မှ သူ၏ကြောက်စရာကောင်းပြီး မာရ်နတ်ဆန်သည့် အင်္ဂါရပ်အမှန်များသည် ထုတ်ဖော်ခံရတော့သည်။ စာတန်၏လျှို့ဝှက်အကြံအစည်များသည် သိသာထင်ရှားလာပြီး သူ၏အင်္ဂါရပ်အမှန်များသည် ဖော်ထုတ်ခံရပြီးသည်နှင့် သူသည် ယမ်းပုံမီးကျ ဒေါသထွက်ပြီး သူ၏ရက်စက်ကြမ်းတမ်းမှုကို ဖော်ပြပေလိမ့်မည်။ ဤနောက်တွင် လူများကို အန္တရာယ်ပြုရန်နှင့် ဝါးမျိုရန်ဖြစ်သည့်

သူ၏ဆန္ဒသည် ပို၍သာ ပြင်းထန်လာသည်။ ဤသို့ဖြစ်ရခြင်းမှာ လူသားသည် အမှန်တရားကို သတိပြုမိသွားသောအခါ သူဒေါသထွက်သောကြောင့်ဖြစ်၏။ လွတ်လပ်မှုနှင့် အလင်းကို တောင့်တရန်နှင့် စာတန်၏ အကျဉ်းထောင်မှ လွတ်မြောက်ရန်ဖြစ်သည့် လူတို့၏ရည်မှန်းချက်ကြောင့် စာတန်၌ လူသားအပေါ် ပြင်းထန်သည့် အငြိုးဖြစ်ပေါ်လာသည်။ သူ၏ဒေါသသည် သူ၏ဆိုးယုတ်မှုကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန် ရည်ရွယ်ပြီး သူ၏ ရက်စက်ကြမ်းကြုတ်သည့် သဘာဝ၏ ထုတ်ဖော်ခြင်းအမှန်လည်းဖြစ်သည်။

အကြောင်းအရာတိုင်း၌ စာတန်၏အပြုအမူက သူ၏ဆိုးယုတ်သည့် သဘာဝကို ဖော်ပြသည်။ သူ့နောက်လိုက်အောင် လူသားကို လှည့်ဖြားခြင်းဟာ သူ၏အစောပိုင်းအားထုတ်မှုမှစ၍ သူ၏ဒုစရိုက်အမှုများထဲသို့ လူသားကို ဆွဲသွင်းခြင်းဖြစ်သည့် လူသားကို သူအသုံးချခြင်းအထိ၊ သူ၏အင်္ဂါရပ်အမှန်များ ဖော်ထုတ်ခံရသဖြင့် လူသားက သူ့ကို သိမြင်လာပြီး စွန့်ပစ်လိုက်သည့်နောက် လူသားအပေါ် သူအငြိုးထားခြင်းအထိ- လူသားအပေါ် စာတန်လုပ်ဆောင်ခဲ့သော ဆိုးယုတ်သည့် လုပ်ရပ်အားလုံးထဲ၌ စာတန်၏ ဆိုးယုတ်သော အနှစ်သာရကို ဖော်ထုတ်ရန် ပျက်ကွက်သည့် လုပ်ရပ်တစ်ခုမျှ မရှိသကဲ့သို့၊ စာတန်သည် အပြုသဘောဆောင်သည့် အရာများနှင့် ဆက်စပ်မှုမရှိကြောင်းနှင့် စာတန်သည် ဆိုးယုတ်သည့် အရာအားလုံး၏ အရင်းအမြစ်ဖြစ်ကြောင်းကို သက်သေပြရန် ပျက်ကွက်သည့် လုပ်ရပ်တစ်ခုမျှ မရှိပေ။ သူ့လုပ်ရပ်တစ်ခုချင်းစီတိုင်းက သူ၏ဆိုးယုတ်မှုကို ကာကွယ်ပေးပြီး သူ၏ဆိုးယုတ်သည့်လုပ်ရပ်များ ဆက်တည်ရှိနေရန်အတွက် ထိန်းသိမ်းပေးကာ တရားမျှတပြီး အပြုသဘောဆောင်သည့်အရာများနှင့် ဆန့်ကျင်သည့်အပြင် လူသားမျိုးနွယ်၏ ပုံမှန်ဖြစ်တည်မှုဆိုင်ရာ နိယာမများနှင့် အစီအစဉ်ကျမှုတို့ကို ဖျက်ဆီးလေသည်။ စာတန်၏ ဤလုပ်ရပ်တို့သည် ဘုရားသခင်ကို အပြင်းအထန်ဆန့်ကျင်ကြသည်။ ထို့ပြင် ၎င်းတို့သည် ဘုရားသခင့်အမျက်ဒေါသ၏ ဖျက်ဆီးခြင်းကို ခံကြရလိမ့်မည်။ စာတန်၌ ကိုယ်ပိုင်ဒေါသရှိသော်လည်း သူ၏ဒေါသသည် သူ၏ဆိုးယုတ်သည့် သဘာဝကို ဖွင့်ချသည့်နည်းပင်ဖြစ်သည်။ စာတန်အနေဖြင့် စိတ်တိုပြီး ဒေါသအမျက်ခြောင်းခြောင်းထွက်သည့် အကြောင်းရင်းက ဤသို့ဖြစ်သည်- ပြောပြ၍မရနိုင်သည့် သူ၏လျှို့ဝှက်အကြံအစည်များက ပေါ်လွင်သွားသည်၊ သူ၏အကွက်ချစီစဉ်မှုများသည် လွယ်လွယ်နှင့် မလွတ်နိုင်၊ ဘုရားသခင်ကို အစားထိုးရန်နှင့် ဘုရားသခင်ကဲ့သို့ ပြုမူရန်ဟူသည့် သူ၏အထိန်းအကွပ်မဲ့ ရည်မှန်းချက်နှင့် အလိုရမ္မက်တို့သည် ရိုက်ချခံရပြီး ပိတ်ပင်ခံလိုက်ရသည်၊ လူသားမျိုးနွယ်အားလုံးကို ထိန်းချုပ်လိုသည့် သူ၏ပန်းတိုင်သည် ယခု ဘာမျှအရာမထင်ဘဲ ဘယ်တော့မျှ စွမ်းဆောင်ရရှိနိုင်မည်မဟုတ်။

စာတန်၏ အကွက်ချစီစဉ်မှုများ အကောင်အထည်မပေါ်လာအောင် ရပ်တန့်လိုက်ပြီး စာတန်၏ ဆိုးယုတ်မှု ပျံ့နှံ့ခြင်းနှင့် ထကြွသောင်းကျန်းခြင်းတို့ကို ဖြတ်တောက်ပစ်လိုက်သည့်အရာမှာ တစ်ကြိမ်ပြီးတစ်ကြိမ် မိမိ၏အမျက်ဒေါသကို ဘုရားသခင်၏ ထပ်တလဲလဲ ဆင့်ခေါ်မှုပင်ဖြစ်သည်။ ဤအကြောင်းကြောင့် စာတန်သည် ဘုရားသခင်၏ အမျက်ဒေါသကို မုန်းလည်းမုန်း၊ ကြောက်လည်း ကြောက်၏။ ဘုရားသခင်၏အမျက်ဒေါသ သက်ဆင်းလာသည့် အချိန်တိုင်းတွင် ၎င်းသည် စာတန်၏ဆိုးညစ်သည့် အသွင်အပြင်အမှန်ကို ဖွင့်ပြရုံတင်မကဘဲ စာတန်၏ ဆိုးယုတ်သည့် အလိုရမ္မက်ကိုလည်း အလင်းထဲသို့ ဖော်ထုတ်လေသည်။ ထိုသို့လုပ်ဆောင်စဉ်တွင် လူသားမျိုးနွယ်အပေါ် စာတန်ဒေါသူပုန်ထခြင်း၏ အကြောင်းရင်းများသည် လုံးဝပေါ်လွင်လာသည်။ စာတန်၏ ဒေါသပေါက်ကွဲခြင်းက သူ၏ဆိုးယုတ်သည့် သဘာဝကို ထုတ်ဖော်ခြင်းအမှန် ဖြစ်ပြီး သူ၏လျှို့ဝှက်အကြံအစည်များ ဖော်ထုတ်ခံရခြင်းဖြစ်သည်။ မှန်ပေ၏၊ စာတန်ဒေါသထွက်သည့် အကြိမ်တိုင်းသည် ဆိုးယုတ်သည့်အရာများ ပျက်စီးခြင်းအပြင် အပြုသဘောဆောင်သည့်အရာများ ကာကွယ်ခံရခြင်းနှင့် ဆက်လက်တည်နေခြင်းကို ကြေညာသည်၊ ဘုရားသခင်၏ အမျက်ဒေါသသည် ထိပါးစော်ကား၍ မရသည့်အမှန်တရားကို ကြေညာလေသည်။

## ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို သိရန် အတွေ့အကြုံနှင့် စိတ်ကူးထင်မြင်မှုအပေါ်မှာ အမှီမပြုရ

ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို သင်ကိုယ်တိုင် ရင်ဆိုင်ရသည့်အခါ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် စွန်းထင်းနေသည်ဟု သင်ပြောမည်လော။ ဘုရားသခင်၏ဒေါသနောက်ကွယ်၌ ဇာတ်လမ်းတစ်ခုရှိကြောင်း၊ ထို့ပြင် သူ့ဒေါသသည် စွန်းထင်းနေကြောင်း သင်ဆိုမည်လော။ သူ၏စိတ်သဘောထားသည် လုံးလုံးလျားလျား ဖြောင့်မတ်သည်လည်းမဟုတ်လှဟူ၍ပြောပြီး ဘုရားသခင်ကို သင်အသေရေဖျက်မည်လော။ ဘုရားသခင်၏ လုပ်ဆောင်ချက်တစ်ခုစီနှင့် ကြုံတွေ့ဆက်ဆံရသည့်အခါ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားသည် အခြားသဘောသဘာဝများနှင့် ကင်းလွတ်ကြောင်း၊ သန့်ရှင်းပြီး ခြောက်ပြစ်ကင်းကြောင်း သင်စိတ်ချနေရမည်။ ဤလုပ်ဆောင်ချက်များ၌ လူသားမျိုးနွယ်ကို ဘုရားသခင်က ရိုက်ချခြင်း၊ အပြစ်ဒဏ်ခတ်ခြင်းနှင့် ဖျက်ဆီးခြင်းတို့ ပါဝင်သည်။ ခြွင်းချက်မရှိဘဲ ဘုရားသခင်၏ လုပ်ရပ်တစ်ခုစီတိုင်းကို သူ၏ရှိရင်းစွဲစိတ်သဘောထားအပြင် သူ၏အစီအစဉ်နှင့် ယတိပြတ်ကိုက်ညီအောင် ပြုထားခြင်းဖြစ်ပြီး လူသားမျိုးနွယ်၏ အသိပညာ၊ ရိုးရာဓလေ့နှင့် ဒဿနအမြင်တို့ မပါဝင်ပေ။

ဘုရားသခင်၏ လုပ်ရပ်တစ်ခုစီတိုင်းသည် သူ၏စိတ်သဘောထားနှင့် အနှစ်သာရတို့၏ ဖော်ပြချက်ဖြစ်ပြီး ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်နှင့်သက်ဆိုင်သော မည်သည့်အရာနှင့်မျှ မဆက်စပ်ပေ။ လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ချစ်ခြင်း၊ သနားကရုဏာထားခြင်းနှင့် သည်းခံခြင်းတို့သည်သာ ခြောက်ပြစ်ကင်း၍ အရေအနှောကင်းပြီး သန့်ရှင်းမြင့်မြတ်သည်ဟု လူတို့က ယူဆကြကာ ဘုရားသခင်၏ ဒေါသူပုန်ထခြင်းနှင့် သူ၏အမျက်ဒေါသတို့သည်လည်း အလားတူပင် အရေအနှောကင်းကြောင်းကိုမူ မည်သူမျှ မသိပေ။ ထို့အပြင် ဘုရားသခင်က အဘယ့်ကြောင့် ထိပါးစော်ကားမှုကို သည်းမခံသနည်း၊ သို့မဟုတ် သူ၏ဒေါသူပုန်ထခြင်းသည် အဘယ့်ကြောင့် အလွန်ကြီးမားသနည်းဆိုသည့် မေးခွန်းမျိုးကို မည်သူမျှ မဆင်ခြင်ကြည့်ကြပေ။ ဆန့်ကျင်ဘက်အနေနှင့် အချို့က ဘုရားသခင်၏ အမျက်ဒေါသကို ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်၏ ဒေါသစိတ်ကဲ့သို့ ဒေါသပေါက်ကွဲခြင်းနှင့် အမြင်မှားကြပြီး ဘုရားသခင်၏ဒေါသကို ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်၏ ဒေါသူပုန်ထခြင်းနှင့် အတူတူပင်ဖြစ်သည်ဟု အထင်မှားကြသည်။ ဘုရားသခင်၏ ဒေါသူပုန်ထခြင်းက လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားကို သဘာဝအလျောက် ထုတ်ဖော်ခြင်းကဲ့သို့ ဖြစ်သည်ဟုပင် တလွဲယူဆကြသည်။ ဘုရားသခင်၏ အမျက်ဒေါသကို ထုတ်လွှတ်ခြင်းက ဖောက်ပြန်သော လူတို့အနေဖြင့် စိတ်မချမ်းမြေ့စရာ အခြေအနေနှင့် ရင်ဆိုင်ရသောအခါ ထွက်လာတတ်သည့် လူတို့၏ဒေါသကဲ့သို့ ဖြစ်သည်ဟုလည်း တလွဲယူဆကြကာ ဘုရားသခင်၏ အမျက်ဒေါသကို ထုတ်လွှတ်ခြင်းသည် သူ့စိတ်နေစိတ်ထား၏ ဖော်ပြချက်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဤမိတ်သဟာယပြီးသည့်နောက် သင်တို့တစ်ယောက်ချင်းစီတိုင်း၌ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့်စပ်လျဉ်း၍ တလွဲယူဆခြင်းများ၊ စိတ်ကူးထင်မြင်ချက်များ၊ သို့မဟုတ် မှန်းဆချက်များ မရှိတော့ဖို့ ငါမျှော်လင့်သည်။ ငါ၏နှုတ်ကပတ်တော်များကို ကြားပြီးနောက် သင်တို့အနေဖြင့် နှလုံးသားထဲ၌ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ အမျက်ဒေါသကို အမှန်တကယ် သိမြင်ခြင်းရှိနိုင်ဖို့၊ ဘုရားသခင်၏ အမျက်ဒေါသအပေါ် ယခင်က မှားယွင်းစွာ နားလည်ထားခြင်းများကို ဘေးဖယ်ထားနိုင်ဖို့၊ ဘုရားသခင့်အမျက်ဒေါသ၏ အနှစ်သာရအပေါ် သင်တို့၏မှားယွင်းသည့် ယုံကြည်မှုများနှင့် အမြင်များကို ပြောင်းလဲပစ်နိုင်ဖို့ ငါမျှော်လင့်သည်။ ထို့အပြင် သင်တို့၏နှလုံးသားထဲ၌ ဘုရားသခင့်စိတ်သဘောထား၏ တိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ရှိနိုင်ဖို့၊ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားအပေါ် မည်သည့်သံသယမျှ

မရှိတော့ဖို့ ဘုရားသခင်၏ စိတ်သဘောထားစစ်စစ်အပေါ် လူသား၏ မည်သည့်ကျိုးကြောင်းဆင်ခြင်မှုများ၊ သို့မဟုတ် စိတ်ကူးထင်မြင်မှုများကိုမျှ မသတ်မှတ်ဖို့ ငါမျှော်လင့်သည်။ ဘုရားသခင်၏ဖြောင့်မတ်သည့် စိတ်သဘောထားသည် ဘုရားသခင်၏ကိုယ်ပိုင်အနှစ်သာရစစ်စစ်ဖြစ်သည်။ လူသားက ရေးသားထားသည့်အရာသော်လည်းကောင်း၊ ပုံသွင်းထားသည့်အရာသော်လည်းကောင်း မဟုတ်ပေ။ သူ၏ ဖြောင့်မတ်သည့် စိတ်သဘောထားသည် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားပင်ဖြစ်ပြီး မည်သည့်ဖန်ဆင်းခံနှင့်မျှ ဆက်နွယ်ခြင်း၊ သို့မဟုတ် ဆက်စပ်ခြင်းမရှိပေ။ ဘုရားသခင်ကိုယ်တော်တိုင်က ဘုရားသခင်ကိုယ်တော်တိုင်ပင်ဖြစ်သည်။ သူသည် ဖန်ဆင်းခြင်းအစိတ်အပိုင်းတစ်ခု ဘယ်တော့မျှ ဖြစ်လာမည် မဟုတ်ပေ။ သူ့အနေဖြင့် ဖန်ဆင်းခံသတ္တဝါဝင်တစ်ဦး ဖြစ်လာလျှင်ပင် သူ၏ရှိရင်းစွဲစိတ်သဘောထားနှင့် အနှစ်သာရသည် ပြောင်းလဲမည်မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်ကို သိခြင်းက အရာဝတ္ထုတစ်ခုကို သိခြင်းနှင့် မတူပေ။ ဘုရားသခင်ကို သိခြင်းသည် တစ်ခုခုကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း မဟုတ်သကဲ့သို့ လူတစ်ယောက်ကို နားလည်ခြင်းအဖြစ်နှင့်လည်း မတူညီပေ။ အကယ်၍ လူသားသည် အရာဝတ္ထုတစ်ခုကိုသိဖို့ သို့မဟုတ် လူတစ်ယောက်ကို နားလည်ဖို့အတွက်သုံးသည့် သူ၏အယူအဆ၊ သို့တည်းမဟုတ် နည်းလမ်းကို ဘုရားသခင်ကို သိဖို့ရန် အသုံးပြုလျှင် သင်သည် ဘုရားသခင်၏အကြောင်းကို ဘယ်တော့မျှ သိနိုင်မည်မဟုတ်ပေ။ ဘုရားသခင်ကိုသိခြင်းက အတွေ့အကြုံ၊ သို့မဟုတ် စိတ်ကူးထင်မြင်ခြင်းအပေါ်မှာ အမှီမပြုပေ။ ထို့ကြောင့် သင်သည် သင်၏အတွေ့အကြုံ၊ သို့မဟုတ် စိတ်ကူးထင်မြင်မှုကို ဘုရားသခင်အပေါ် ဘယ်တော့မျှ သတ်မှတ်ခြင်း မပြုရပေ။ သင်၏အတွေ့အကြုံနှင့် စိတ်ကူးထင်မြင်မှုတို့က မည်မျှပင်ကြွယ်ဝနေပါစေ ၎င်းတို့က အကန့်အသတ်ရှိသည်။ ထို့အပြင် သင်၏စိတ်ကူးထင်မြင်မှုက သမ္မာတရားနှင့် ကိုက်ညီရန် မဆိုထားနှင့်၊ အချက်အလက်များနှင့်ပင် ကိုက်ညီခြင်း မရှိပေ။ ၎င်းက ဘုရားသခင်၏ စိတ်သဘောထားအမှန်အပြင် အနှစ်သာရအမှန်တို့နှင့်လည်း သဟဇာတမဖြစ်ပေ။ ဘုရားသခင်၏ အနှစ်သာရကို နားလည်ဖို့ရန် သင်၏စိတ်ကူးထင်မြင်မှုကို အမှီပြုလျှင် သင်ဘယ်တော့မျှ အောင်မြင်မည်မဟုတ်ပေ။ တစ်ခုတည်းသော လမ်းကြောင်းမှာ ဤသို့ဖြစ်သည်- ဘုရားသခင်ထံမှလာသည့် အရာအားလုံးကို လက်ခံလော့၊ ထို့နောက် ၎င်းကို တဖြည်းဖြည်းနှင့် တွေ့ကြုံခံစားပြီး နားလည်လော့။ သင်၏ပူးပေါင်းလုပ်ဆောင်မှုကြောင့်၊ သမ္မာတရားအပေါ် သင်၏ငတ်မွတ်ဆာလောင်မှုကြောင့် ဘုရားသခင်သည် သူ့ကိုအမှန်တကယ်နားလည်ပြီး သိဖို့ရန် သင့်ကို ဉာဏ်အလင်းဖွင့်ပြသည့်နေ့

ရောက်လာလိမ့်မည်။ ဤအချက်နှင့် ငါတို့စကားစမြည်ပြောဆိုခြင်း၏ ဤအပိုင်းကို နိဂုံးချုပ်လိုက်ကြစို့။

## လူသားမျိုးနွယ်သည် စစ်မှန်သည့် နောင်တရခြင်းမှတစ်ဆင့် ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံမှုကို ရယူနိုင်သည်

အောက်ပါအချက်များက သမ္မာကျမ်းစာပါ ဇာတ်လမ်းဖြစ်သည့် "နိနေဝေကို ဘုရားသခင်၏ ကယ်တင်ခြင်း" ဖြစ်သည်။

ယောနဝတ္ထု ၁:၁-၂ ယခု ယေဟောဝါ၏ နှုတ်ကပတ်တော်သည် အမိတ္တဲ၏သား ယောနထံ ရောက်ရှိလာပြီး မိန့်ဆိုသည်မှာ၊ ထလော့၊ နိနေဝေမြို့ကြီးသို့ သွားလော့၊ ထိုမြို့၏ ဆိုးညစ်မှုသည် ငါ့ရှေ့သို့ တက်လာသည့်အတွက် ၎င်းကို ဆန့်ကျင်ဟစ်ကြော်လော့ဟု မိန့်တော်မူ၏။

ယောနဝတ္ထု ၃ ထို့နောက် ယေဟောဝါ၏ နှုတ်ကပတ်တော်သည် ယောနထံသို့ ဒုတိယအကြိမ် ရောက်လာသည်မှာ၊ ထလော့၊ ထိုနိနေဝေမြို့ကြီးသို့ သွားလော့။ သင့်ကို ငါပြောထားသည့် ဟောကြားချက်ကို ဟောကြားလော့ဟု မိန့်တော်မူ၏။ ထိုအခါ ယေဟောဝါ၏ နှုတ်ကပတ်တော်အတိုင်း ယောနသည် ထ၍ နိနေဝေမြို့သို့ သွား၏။ နိနေဝေမြို့သည် သုံးရက်တာခရီး ကျယ်ဝန်းကာ အတိုင်းထက်အလွန်ကြီးသောမြို့ ဖြစ်၏။ ယောနသည် မြို့ထဲသို့ တစ်နေ့ခရီး စတင်ဝင်ရောက်ပြီး၊ အရက်လေးဆယ်ကျော်ပြီးနောက် နိနေဝေမြို့သည် ဖျက်ဆီးခြင်း ခံရလိမ့်မည်ဟု ကြွေးကြော်လေ၏။ ထို့ကြောင့် နိနေဝေ မြို့သားတို့သည် ဘုရားသခင်ကို ယုံကြည်ပြီး ၎င်းတို့တွင် အကြီးဆုံးသောသူမှ အငယ်ဆုံးသောသူတိုင်အောင် အစာရှောင်ခြင်းကို ကြေညာပြီး လျှော်တေအဝတ်ကို ဝတ်ကြ၏။ နိနေဝေမင်းကြီးထံ သတင်းရောက်ရှိခဲ့သည့်အတွက် သူသည် ရာဇပလ္လင်မှဆင်းကာ သူ၏ ဝတ်လုံတော်ကို ချွတ်ပြီး လျှော်တေအဝတ်ကိုဝတ်ကာ ပြာထဲ၌ ထိုင်လေ၏။ လူဖြစ်စေ၊ သားရဲတိရစ္ဆာန်ဖြစ်စေ၊ တိရစ္ဆာန်အုပ် သို့မဟုတ် သိုးနွားအုပ်ဖြစ်စေ မည်သည့်အရာကိုမျှ မမြည်းစေနှင့်။ အစာကို မစား၊ ရေကို မသောက်စေနှင့်။ လူနှင့် သားရဲတိရစ္ဆာန်တို့သည် လျှော်တေအဝတ်ကို ခြုံကြစေ။ ပြင်းပြင်းထန်ထန် ဘုရားသခင်ကို ဟစ်အော်ကြစေ။ အယောက်တိုင်း မိမိတို့၏ ဆိုးယုတ်သောလမ်းမှလည်းကောင်း၊ မိမိတို့လက်များထဲက အဓမ္မအမှုများမှလည်းကောင်း လှည့်ပြန်ကြစေ။ ငါတို့သည် မပျက်စီးဘဲ၊ ဘုရားသခင်သည် ပြောင်းလဲ၍ နောင်တရကာ ပြင်းစွာသောအမျက်တော်မှ လွှဲတော်မူမည်ကို အဘယ်သူ ပြောနိုင်သနည်းဟု မင်းကြီးနှင့်

မှူးမတ်အာဏာဖြင့် နိနေဝေမြို့လုံးတွင် ကြွေးကြော်ကာ ထုတ်ပြန်ကြေညာ စေတော်မူ၏။ သူတို့သည် မိမိတို့၏ ဆိုးညစ်သောလမ်းမှ လှည့်ပြန်ပြီး ကျင့်သောအကျင့်များကို ဘုရားသခင်သည် မြင်လျှင်၊ ယခင် ပြုမည်ဟု မိန့်ဆိုခဲ့သော မကောင်းသည့်အမှုကို နောင်တရတော်မူပြီး ထိုသို့ မပြုပဲ နေတော်မူ၏။

ယောန၀တ္ထု ၄ သို့သော် ယင်းက ယောနကို အလွန့်အလွန်ဒေါသထွက်စေပြီး သူသည် အလွန်စိတ်ဆိုး လေသည်။ ထို့နောက် အို ယေဟောဝါ၊ ကိုယ်တော့်ကို အကျွန်ုပ် ဆုတောင်းပါ၏။ ဤသည်မှာ အကျွန်ုပ် ကိုယ့်ပြည်၌ ရှိစဉ်အခါက ပြောခဲ့သော ကျွန်ုပ်၏စကားဖြစ်သည် မဟုတ်လော။ ထို့ကြောင့်၊ ရှေ့တော်မှောက်မှ တာရှုမြို့သို့ အကျွန်ုပ် ပြေးခဲ့ပါ၏။ ကိုယ်တော်သည် ကျေးဇူးပြုတတ်သော ဘုရားဖြစ်၍ သနားကရုဏာရှိပြီး စိတ်ရှည်သောသဘော၊ ကြင်နာစိတ် ကြီးမားပြီး အပြစ်ဒဏ်ပေးမည့်အမှုကို နောင်တရတတ်သော သဘော ရှိတော်မူကြောင်းကို အကျွန်ုပ်သိပါ၏။ ထို့ကြောင့်၊ အို ယေဟောဝါ၊ ယခု အကျွန်ုပ် အသက်ရှင်ခြင်းထက် သေခြင်းက သာ၍ကောင်းသည့်အတွက် အကျွန်ုပ်အသက်ကို နုတ်ယူတော်မူပါဟု ယေဟောဝါထံ တောင်းလျှောက်လေ၏။ ယေဟောဝါကလည်း၊ သင်သည် စိတ်ဆိုး ကောင်းသလောဟု မေးတော်မူ၏။ ထို့ကြောင့် ယောနသည် မြို့ပြင်သို့ထွက်၍ မြို့အရှေ့မျက်နှာဘက်၌ ထိုင်နေ၏၊ ထို့နောက် တဲမိုးကို လုပ်ပြီးလျှင်၊ မြို့ထဲ၌ အဘယ်သို့ ဖြစ်လိမ့်မည်ကို တွေ့မြင်ရသည်အထိ အမိုးအရိပ်တွင် ထိုင်၍နေ၏။ ယေဟောဝါ ဘုရားသခင်သည်လည်း ကြက်ဆူပင်တစ်ပင်ကို ပြင်ဆင်ပြီးလျှင်၊ ယောန၏ သောကတို့ ပြေစေရန် သူ့ခေါင်းပေါ်မှာ လွှမ်း၍ အရိပ်ဖြစ်စေတော်မူ၏။ ထို့ကြောင့် ယောနသည် ကြက်ဆူပင်နှင့် ပတ်သက်၍ အလွန်အားရဝမ်းမြောက်၏။ နောက်တစ်နေ့ မနက်မိုးလင်းသောအခါ ဘုရားသခင်သည် ပိုးကောင်ကို ပြင်ဆင်ပြီး ကြက်ဆူပင်ကို ကိုက်၍ ညှိုးနွမ်းစေ၏။ နေထွက်သောအခါ ဘုရားသခင်သည် ပြင်းထန်သော အရှေ့လေကို ပြင်ဆင်တော်မူပြီး ယောန၏ခေါင်းကို နေထိခိုက်သဖြင့် သူသည် အားနည်းမောပန်းပြီး မိမိကိုယ်ကို သေစေလိုသောစိတ်ရှိပြီး၊ ငါ့အသက်သေသည်က ရှင်သည်ထက် သာ၍ ကောင်းသည်ဟု ဆိုလေ၏။ ဘုရားသခင်ကလည်း၊ သင်သည် ကြက်ဆူပင်အတွက် စိတ်ဆိုး ကောင်းသလောဟု မေးတော်မူလျှင်၊ ယောနက အကျွန်ုပ်သည် သေသည့်တိုင် စိတ်ဆိုးကောင်းပါသည်ဟု လျှောက်ဆို၏။ ယေဟောဝါကလည်း၊ သင်သည် အားထုတ်ကြိုးပမ်းခြင်းလည်းမပြု၊ ကြီးထွားစေ ရန်လည်း မလုပ်ခဲ့ဘဲ၊ တစ်ညချင်းတွင် ဖြစ်ပေါ် ပြီး တစ်ညချင်းတွင် သေသော ကြက်ဆူပင်ကို သနားခြင်း ရှိပေ၏။ ငါသည် များစွာသော တိရစ္ဆာန်တို့ကိုမဆိုထားနှင့်၊ မိမိလက်ျာလက်နှင့် လက်ဝဲလက်ကို

မပိုင်းခြားနိုင်သောသူ တသိန်းနှစ်သောင်းထက်မက ရှိသည့် နိနေဝေမြို့ကြီးကို ငါချမ်းသာပေးသင့်သည် မဟုတ်လောဟု မိန့်တော်မူ၏။

## နိနေဝေ၏ ဇာတ်လမ်း အနှစ်ချုပ်

"နိနေဝေကို ဘုရားသခင်၏ ကယ်တင်ခြင်း" ဇာတ်လမ်းသည် အတိုချုပ်ဖြစ်သော်လည်း ဘုရားသခင်၏ ဖြောင့်မတ်သည့်စိတ်သဘောထား၏ အခြားတစ်ဖက်ကို ရိပ်ခနဲမြင်စေသည်။ ထိုအခြားတစ်ဖက်မှာ မည်သည့်အရာပါဝင်သနည်းဆိုသည်ကို တိတိကျကျ နားလည်ဖို့ ကျမ်းစာကိုပြန်သွားပြီး သူ၏အမှုဖြစ်စဉ်အတွင်း ဘုရားသခင် လုပ်ဆောင်ခဲ့သည့် လုပ်ရပ်များထဲမှ တစ်ခုကို ပြန်ကြည့်ရမည်။

ဤဇာတ်လမ်း၏အစကို ကြည့်ကြစို့။ "ယခု ယေဟောဝါ၏ နှုတ်ကပတ်တော်သည် အမိတ္တဲ၏သား ယောနထံ ရောက်ရှိလာပြီး မိန့်ဆိုသည်မှာ၊ ထလော့၊ နိနေဝေမြို့ကြီးသို့ သွားလော့၊ ထိုမြို့၏ ဆိုးညစ်မှုသည် ငါ့ရှေ့သို့ တက်လာသည့်အတွက် ၎င်းကို ဆန့်ကျင်ဟစ်ကြော်လော့ဟု မိန့်တော်မူ၏။" (ယောနဝတ္ထု ၁:၁-၂) ကျမ်းစာထဲရှိ ဤအပိုဒ်၌ ယေဟောဝါ ဘုရားသခင်သည် ယောနကို နိနေဝေမြို့ထံသွားဖို့ အမိန့်ပေးခဲ့ကြောင်း သိရသည်။ ယောနကို ဤမြို့ထံသွားရန် အဘယ်ကြောင့်သူအမိန့်ပေးခဲ့သနည်း။ သမ္မာကျမ်းစာသည် ဤကိစ္စနှင့်ပတ်သက်၍ သိပ်ရှင်းလင်း၏- ဤမြို့အတွင်းရှိ လူတို့၏ ဆိုးညစ်မှုသည် ယေဟောဝါဘုရားသခင်၏ရှေ့ကို ရောက်လာခဲ့ပြီ။ ထို့ကြောင့် သူလုပ်ရန် ရည်ရွယ်ထားသည့်အရာကို သူတို့ထံ ကြွေးကြော်ပြဖို့ ယောနကို သူစေလွှတ်ခဲ့သည်။ ယောနက မည်သူဖြစ်သည်ကို မှတ်တမ်းတင် ပြောပြထားခြင်း တစ်ခုမျှမရှိသော်လည်း ၎င်းက ဘုရားသခင်ကို သိခြင်းနှင့် မသက်ဆိုင်ပေ။ ထို့ကြောင့် သင်တို့အနေဖြင့် ယောနဟူသည့် ဤလူကို နားလည်ဖို့ရန် မလိုအပ်ပေ။ ဘုရားသခင်က ယောနကို မည်သည့်အရာလုပ်ရန် အမိန့်ပေးခဲ့သည့်အကြောင်းနှင့် ထိုသို့သောအရာမျိုးကို လုပ်ရသည့် ဘုရားသခင်၏အကြောင်းရင်းများမှာ မည်သည့်အရာတို့ဖြစ်သည်ကိုသာ သင်တို့သိရန်လိုသည်။

## ယေဟောဝါဘုရားသခင်၏ သတိပေးချက်များက နိနေဝေမြို့သားများထံ ရောက်သည်

ယောနဝတ္ထု၏ တတိယအခန်း၊ ဒုတိယကျမ်းပိုဒ်ကို ဆက်သွားကြစို့။ "ယောနသည် မြို့ထဲသို့ တစ်နေ့ခရီး စတင်ဝင်ရောက်ပြီး၊ အရက်လေးဆယ်ကျော်ပြီးနောက် နိနေဝေမြို့သည် ဖျက်ဆီးခြင်းခံရလိမ့်မည်ဟု ကြွေးကြော် လေ၏။" ဤစကားများမှာ

နိနေဝေမြို့သားများကိုပြောဖို့ရန် ဘုရားသခင်က ယောနကို တိုက်ရိုက်ချပေးလိုက်သည့် စကားများဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ယေဟောဝါက နိနေဝေမြို့သားများကို ပြောချင်သည့် စကားလုံးများဖြစ်သည်။ သူတို့၏ဆိုးညစ်မှုသည် ဘုရားသခင်ရှေ့ကို ရောက်လာသည့်အတွက် ဘုရားသခင်သည် ဤမြို့သားတို့ကို စက်ဆုပ်၍ မုန်းတီးသဖြင့် ဤမြို့ကို သူဖျက်ဆီးချင်ကြောင်း ဤစကားများက လူတို့ကို ပြောပြ၏။ သို့သော်လည်း ဘုရားသခင်က မြို့ကိုမဖျက်ဆီးမီတွင် နိနေဝေမြို့သားများထံ ကြေညာချက်တစ်ခု လုပ်လိမ့်မည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် သူတို့၏ ဆိုးညစ်မှုကို နောင်တရ၍ အသစ်စတင်ဖို့ရန်အတွက် အခွင့်အရေးတစ်ခုကို သူတို့အား ပေးလိမ့်မည်။ ဤအခွင့်အရေးသည် ရက်လေးဆယ်ကြာမည်၊ ထိုထက်မပိုချေ။ တစ်နည်းပြောရလျှင် မြို့ထဲရှိ လူတို့က ရက်လေးဆယ်အတွင်း နောင်တရခြင်း၊ သူတို့၏ အပြစ်များကို ဝန်ခံခြင်း၊ သို့မဟုတ် ယေဟောဝါ ဘုရားသခင်ရှေ့၌ ပျပ်ဝပ်ကိုးကွယ်ခြင်းမရှိလျှင် ဘုရားသခင်သည် သောဒုံမြို့ကို သူဖျက်ဆီးခဲ့သကဲ့သို့ ဤမြို့ကို ဖျက်ဆီးပစ်မည်ဖြစ်သည်။ ၎င်းက ယေဟောဝါဘုရားသခင်သည် နိနေဝေမြို့သားတို့ကို ပြောချင်သည့်အရာများ ဖြစ်သည်။ ၎င်းက ရိုးရှင်းသည့် ကြေညာချက်မဟုတ်သည်မှာ ရှင်းပေသည်။ ၎င်းက ယေဟောဝါဘုရားသခင်၏ ဒေါသကို အသိပေးရုံသာမကဘဲ နိနေဝေမြို့သားများအပေါ် သူ၏သဘောထားကိုလည်း အသိပေးထားကာ တစ်ချိန်တည်းမှာပင် မြို့ထဲ၌ အသက်ရှင်နေထိုင်နေကြသည့် လူတို့အပေါ် လေးနက်သည့် သတိပေးချက်အဖြစ်လည်း အသုံးခံလေသည်။ သူတို့၏ ဆိုးညစ်သည့် လုပ်ရပ်များကြောင့် ယေဟောဝါဘုရားသခင်က သူတို့ကို မုန်းတီးနေကြောင်းနှင့် ထိုလုပ်ရပ်များက မကြာမီတွင် သူတို့ကို ချေမှုန်းခံရခြင်း ချောက်ကမ်းပါးသို့ ခေါ်သွားလိမ့်မည့်အကြောင်းကိုလည်း ဤသတိပေးချက်က ပြောသည်။ ထို့ကြောင့် နိနေဝေမြို့တွင် နေထိုင်သူ အယောက်စီတိုင်း၏ အသက်သည် အန္တရာယ်ကျရောက်လုဆဲဆဲ၌ ရှိ၏။

## ယေဟောဝါဘုရားသခင်၏ သတိပေးချက်အပေါ် နိနေဝေမြို့နှင့် သောဒုံမြို့၏ တုံ့ပြန်ချက်၌ သိသာသည့် ကွာခြားချက်

မှောက်လှန်ခြင်းခံရသည်ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ အရပ်သုံးစကားနှင့်ပြောရလျှင် မတည်ရှိတော့ခြင်းကို ဆိုလိုသည်။ သို့သော် မည်သည့်နည်းဖြင့် မတည်ရှိတော့ခြင်းဖြစ်သနည်း။ မည်သူက မြို့တစ်မြို့လုံးကို မှောက်လှန်ပစ်နိုင်သနည်း။ လူသားအနေဖြင့် ဤလုပ်ရပ်မျိုးလုပ်ဖို့ရန် မဖြစ်နိုင်သည်မှာ အမှန်ပင်ဖြစ်၏။

နိနေဝေမြို့သားတို့သည် လူ့အန္ဓများ မဟုတ်ကြပေ။ ဤကြေညာချက်ကို သူတို့ကြားလိုက်သည်နှင့် သူတို့နားလည်သွားကြသည်။ ဤကြေညာချက်က ဘုရားသခင်ထံမှ လာသည်ကို သူတို့သိ၏။ ဘုရားသခင်က သူ့အလုပ်ကို လုပ်တော့မည်ဆိုသည်ကို သူတို့သိ၏။ ထို့ပြင် သူတို့၏ဆိုးညစ်မှုသည် ယေဟောဝါဘုရားသခင်ကို အမျက်ထွက်စေပြီး သူ့ဒေါသကို သူတို့အပေါ်သို့ ကျရောက်စေခဲ့သဖြင့် မကြာမီတွင် သူတို့သည် သူတို့၏မြို့နှင့်အတူ ဖျက်ဆီးခံရမည်ကို သူတို့သိ၏။ ယေဟောဝါဘုရားသခင်၏ သတိပေးချက်ကို ကြားပြီးနောက် မြို့သားတို့က မည်သို့ပြုမူခဲ့ကြသနည်း။ ဘုရင်မှစ၍ အရပ်သူအရပ်သားများအထိ မည်သို့တုံ့ပြန်ခဲ့ကြပုံကို သမ္မာကျမ်းစာက အသေးစိတ်ဖော်ပြထားသည်။ ကျမ်းစာ၌ အောက်ပါစကားလုံးများကို မှတ်တမ်းတင်ထားသည်- "ထို့ကြောင့် နိနေဝေ မြို့သားတို့သည် ဘုရားသခင်ကို ယုံကြည်ပြီး ၎င်းတို့တွင် အကြီးဆုံးသောသူမှ အငယ်ဆုံးသောသူတိုင်အောင် အစာရှောင်ခြင်းကို ကြေညာပြီး လျှော်တေအဝတ်ကို ဝတ်ကြ၏။ နိနေဝေမင်းကြီးထံ သတင်းရောက်ရှိခဲ့သည့်အတွက် သူသည် ရာဇပလ္လင်မှဆင်းကာ သူ၏ ဝတ်လုံတော်ကို ချွတ်ပြီး လျှော်တေအဝတ်ကိုဝတ်ကာ ပြာထဲ၌ ထိုင်လေ၏။ လူဖြစ်စေ၊ သားရဲတိရစ္ဆာန်ဖြစ်စေ၊ တိရစ္ဆာန်အုပ် သို့မဟုတ် သိုးနွားအုပ်ဖြစ်စေ မည်သည့်အရာကိုမျှ မမြည်းစေနှင့်။ အစာကို မစား၊ ရေကို မသောက်စေနှင့်။ လူနှင့် သားရဲတိရစ္ဆာန်တို့သည် လျှော်တေအဝတ်ကို ခြုံကြစေ။ ပြင်းပြင်းထန်ထန် ဘုရားသခင်ကို ဟစ်အော်ကြစေ။ အယောက်တိုင်း မိမိတို့၏ ဆိုးယုတ်သော လမ်းမှလည်းကောင်း၊ မိမိတို့လက်များထဲက အဓမ္မအမှုများမှ လည်းကောင်း လှည့်ပြန်ကြစေ။...ဟု မင်းကြီးနှင့် မှူးမတ်အာဏာဖြင့် နိနေဝေမြို့လုံးတွင် ကြွေးကြော်ကာ ထုတ်ပြန်ကြေညာစေတော်မူ၏။"

ယေဟောဝါဘုရားသခင်၏ ကြေညာချက်ကို ကြားပြီးနောက် နိနေဝေမြို့သားတို့သည် သောဒုံမြို့သားတို့နှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည့် သဘောထားကို ပြခဲ့သည်။ သောဒုံမြို့သားတို့သည် ဒုစရိုက်မှုတစ်ခုပြီးတစ်ခု လုပ်လျက် ဘုရားသခင်ကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ခဲ့ကြသော်လည်း နိနေဝေမြို့သားတို့ကမူ ဤစကားများကို ကြားပြီးနောက် ဤကိစ္စကို လျစ်လျူမရှုခဲ့ကြသကဲ့သို့ ခုခံခြင်းလည်း မပြုခဲ့ကြပေ။ ထိုအစား သူတို့သည် ဘုရားသခင်ကို ယုံကြည်ပြီး အစာရှောင်ရန် ကြေညာခဲ့ကြသည်။ "ယုံကြည်" ဆိုသည့် စကားလုံးမှာ ဤနေရာတွင် အဘယ်အရာကိုဆိုလိုသနည်း။ ဤစကားလုံးကိုယ်၌က ယုံကြည်သက်ဝင်ခြင်းနှင့် နာခံခြင်းကို ဖော်ပြသည်။ ဤစကားလုံးကိုရှင်းပြဖို့ရန် နိနေဝေမြို့သားတို့၏ တကယ့်အပြုအမူကို အသုံးပြုရလျှင် ဘုရားသခင်က သူပြောသကဲ့သို့ လုပ်နိုင်ပြီး သူပြောသကဲ့သို့ လုပ်လိမ့်မည်ဆိုသည်ကို သူတို့ယုံကြည်ကာ နောင်တရဖို့

သူတို့ဆန္ဒရှိသည်ဟု ဆိုလိုသည်။ နိနေဝေမြို့သားတို့သည် ဖြစ်အံ့ဆဲဆဲဘေးဒုက္ခနှင့် ရင်ဆိုင်ရသည့်အခါ ကြောက်ရွံ့ခဲ့ကြသလော။ သူတို့၏နှလုံးသားထဲ၌ ကြောက်ရွံ့ခြင်းကို ထည့်ပေးခဲ့သည့်အရာမှာ သူတို့၏ယုံကြည်မှုဖြစ်သည်။ ထိုသို့ဆိုလျှင် နိနေဝေမြို့သားတို့၏ ယုံကြည်မှုနှင့် ကြောက်ရွံ့မှုတို့ကို သက်သေပြရန် မည်သည့်အရာကို ငါတို့အသုံးပြုနိုင်သနည်း။ သမ္မာကျမ်းစာက ပြောသကဲ့သို့ပင်ဖြစ်သည်- "လူကြီးလူငယ်အပေါင်းတို့သည် အစာရှောင်ရာ အချိန်ကို ကြော်ငြာ၍ လျှော်တေအဝတ်ကို ဝတ်ကြ၏။" ဆိုလိုသည်မှာ နိနေဝေမြို့သားတို့က အမှန်တကယ်ပင် ယုံကြည်ခဲ့ကြပြီး ဤယုံကြည်မှုမှ ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာကာ ထိုမှတစ်ဆင့် ၎င်းတို့သည် အစာရှောင်ကြပြီး လျှော်တေအဝတ်ကို ဝတ်ခဲ့ကြခြင်းဖြစ်သည်။ ဤသည်မှာ သူတို့အနေဖြင့် နောင်တစရနေပြီဖြစ်ကြောင်းကို ပြသည့်ပုံစံဖြစ်၏။ သောဒုံမြို့သားတို့နှင့် လုံးဝကွာခြားလျက် နိနေဝေမြို့သားတို့သည် ဘုရားသခင်ကို မဆန့်ကျင်ရုံသာမကဘဲ သူတို့၏အပြုအမူနှင့် လုပ်ဆောင်ချက်တို့မှတစ်ဆင့် သူတို့၏ နောင်တရခြင်းကို ရှင်းရှင်းလင်းလင်း ပြသခဲ့ကြ၏။ ဟုတ်ပေသည်၊ ထိုအရာက နိနေဝေမြို့သားအားလုံး ပြုခဲ့ကြသည့်အရာဖြစ်၏၊ အရပ်သူအရပ်သားများသာ မဟုတ်ဘဲ ဘုရင်လည်း ပါခဲ့လေသည်။

## နိနေဝေဘုရင်၏ နောင်တရခြင်းက ယေဟောဝါဘုရားသခင်၏ ချီးကျူးခြင်းကို ရယူနိုင်ခဲ့သည်

နိနေဝေဘုရင်က ဤသတင်းကိုကြားသည့်အခါ သူ၏ရာဇပလ္လင်မှ ထပြီး သူ၏ဝတ်လုံကို ချွတ်၍ လျှော်တေအဝတ်ကိုဝတ်ကာ ပြာထဲ၌ ထိုင်လိုက်သည်။ ထို့နောက် မြို့ထဲရှိ မည်သူကမျှ ဘာကိုမျှ မမြည်းရ၊ သိုးများကိုဖြစ်စေ၊ နွားများကိုဖြစ်စေ၊ အခြားခြံမွေးတိရစ္ဆာန်များကိုဖြစ်စေ အစာမကျွေး၊ ရေမတိုက်ရဟု သူကြေညာခဲ့သည်။ လူဖြစ်စေ၊ ခြံမွေးတိရစ္ဆာန်ဖြစ်စေ လျှော်တေအဝတ်ကို ဝတ်ကြပြီး လူတို့သည် ဘုရားသခင်ကို လေးနက်စွာ တောင်းပန်တိုးလျှိုးကြရန် သူကြေညာခဲ့သည်။ လူတိုင်းသည် မိမိတို့၏ ဆိုးယုတ်သောလမ်းများကို ရှောင်ပြီး မိမိတို့လက်များထဲက အဓမ္မအမှုများကို စွန့်ပစ်ဖို့ရန်လည်း ဘုရင်ကြီးက ကြေညာခဲ့သည်။ ဤလုပ်ရပ်တသီတသန်းကို အကဲဖြတ်ရလျှင် နိနေဝေဘုရင်၏စိတ်နှလုံးထဲ၌ စစ်မှန်သောနောင်တ ရှိခဲ့သည်။ မိမိ၏ရာဇပလ္လင်ပေါ်မှ ထခြင်း၊ မိမိ၏ဘုရင်ဝတ်လုံကို ပစ်ခြင်း၊ လျှော်တေအဝတ်ကိုဝတ်ပြီး ပြာထဲ၌ ထိုင်နေခြင်းစသည့် နိနေဝေဘုရင်ပြုလုပ်ခဲ့သည့် လုပ်ရပ်တသီတသန်းကြီးက သူသည် မိမိ၏တော်ဝင်ဂုဏ်ဒြပ်ကို ဘေးဖယ်ထားပြီး သာမန်ပြည်သူများနှင့်အတူ လျှော်တေအဝတ်ကို ဝတ်ဆင်သည်ဟု လူတို့ကို

ပြောလိုက်ခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ နိနေဝေဘုရင်သည် ယေဟောဝါဘုရားသခင်ထံမှ ကြေညာချက်ကို ကြားပြီးနောက် သူ့လက်ထဲရှိ သူ၏ဆိုးယုတ်သောလမ်း၊ သို့မဟုတ် အဓမ္မအမှုကို ဆက်လုပ်ဖို့ သူ၏တော်ဝင်နေရာကို မယူထားခဲ့ပေ။ စင်စစ်အားဖြင့် သူကိုင်စွဲထားသည့် ဩဇာအာဏာကို ဘေးချထားပြီး ယေဟောဝါဘုရားသခင်ရှေ့မှာ နောင်တရခဲ့သည်။ ဤအချိန်ခဏ၌ နိနေဝေဘုရင်သည် ဘုရင်တစ်ပါးအနေနှင့် နောင်တရခြင်းမဟုတ်ပေ။ သူသည် ဘုရားသခင်၏ သာမန်အုပ်စိုးခံတစ်ယောက်အနေနှင့် သူ၏အပြစ်များကို ဝန်ခံပြီး နောင်တရဖို့ရန် ဘုရားသခင်ရှေ့ကို လာခဲ့ခြင်းပင်ဖြစ်သည်။ ထို့မျှမက သူပြုခဲ့သည့်ပုံစံအတိုင်း ယေဟောဝါဘုရားသခင်ရှေ့၌ မိမိတို့၏အပြစ်များကို ဝန်ခံပြီး နောင်တရဖို့ရန် တစ်မြို့လုံးကို သူပြောခဲ့သည်။ ထို့ပြင် သူ့ထံ၌ မည်သို့လုပ်မည်ဆိုသည့် သတ်သတ်မှတ်မှတ် အစီအစဉ်တစ်ခုရှိခဲ့သည်။ ကျမ်းစာထဲ၌ မြင်ရသည့်အတိုင်းပင်ဖြစ်သည်- "လူဖြစ်စေ၊ သားရဲတိရစ္ဆာန် ဖြစ်စေ၊ တိရစ္ဆာန်အုပ် သို့မဟုတ် သိုးနွားအုပ်ဖြစ်စေ မည်သည့်အရာကိုမျှ မမြည်းစေနှင့်။ အစာကို မစား၊ ရေကို မသောက်စေနှင့်။...ပြင်းပြင်းထန်ထန် ဘုရားသခင်ကို ဟစ်အော်ကြစေ။ အယောက်တိုင်း မိမိတို့၏ ဆိုးယုတ်သောလမ်းမှ လည်းကောင်း၊ မိမိတို့လက်များထဲက အဓမ္မအမှုများမှလည်းကောင်း လှည့်ပြန်ကြစေ။" မြို့ကို အုပ်ချုပ်သူအနေနှင့် နိနေဝေဘုရင်သည် အမြင့်ဆုံးသော ဂုဏ်ဒြပ်နှင့် အာဏာကိုပိုင်ဆိုင်ပြီး သူဆန္ဒရှိသည့် ဘယ်အရာကိုမဆို လုပ်နိုင်သည်။ ယေဟောဝါဘုရားသခင်၏ ကြေညာချက်ကို ရင်ဆိုင်ရသည့်အခါ သူသည် ဤကိစ္စကို လျစ်လျူရှု၍ ရနိုင်သည်၊ သို့မဟုတ် သူ့အပြစ်ကိုသာလျှင် နောင်တရပြီး ဝန်ခံလိုက်၍ရသည်။ မြို့ထဲရှိလူတို့က နောင်တရဖို့ ရွေးချယ်သည်ဖြစ်စေ၊ မရွေးချယ်သည်ဖြစ်စေ သူ့အနေဖြင့် ထိုကိစ္စကို လုံးဝလျစ်လျူရှု၍ ရနိုင်ခဲ့သည်။ သို့သော်လည်း နိနေဝေဘုရင်က ဤကဲ့သို့ လုံးဝမလုပ်ခဲ့ပေ။ သူသည် မိမိ၏ရာဇပလ္လင်မှ ထ၍ ပြာများနှင့် လျှော်တေအဝတ်ကို ဝတ်ဆင်ကာ ယေဟောဝါဘုရားသခင်ရှေ့၌ သူ၏အပြစ်များကို ဝန်ခံပြီး နောင်တရခဲ့ရုံသာမကဘဲ မြို့ထဲရှိလူတို့နှင့် ခြံမွေးတိရစ္ဆာန်များ အားလုံးကိုလည်း ထိုကဲ့သို့လုပ်ရန် သူအမိန့်ထုတ်ခဲ့သည်။ "ပြင်းပြင်းထန်ထန် ဘုရားသခင်ကို ဟစ်အော်ကြစေ။" ဟူ၍ပင် လူတို့ကို သူအမိန့်ထုတ်ခဲ့သည်။ ဤလုပ်ရပ်တသီတသန်းအားဖြင့် နိနေဝေဘုရင်သည် အုပ်ချုပ်သူတစ်ယောက် လုပ်သင့်သည်ကို အမှန်တကယ် အထမြောက်အောင် လုပ်ခဲ့သည်။ သူ၏လုပ်ရပ်တသီတသန်းကြီးသည် လူ့သမိုင်းထဲရှိ မည်သည့်ဘုရင်အတွက်မဆို စွမ်းဆောင်နိုင်ဖို့ရန် ခဲယဉ်း၏၊ စင်စစ်အားဖြင့် အခြားမည်သည့်ဘုရင်မျှ ထိုအရာတို့ကို

မစွမ်းဆောင်နိုင်ခဲ့ချေ။ ဤလုပ်ရပ်များကို လူ့သမိုင်း၌ မကြုံစဖူးသည့်အရာများဟု ခေါ်ဆိုနိုင်ပြီး ၎င်းတို့သည် လူသားမျိုးနွယ်၏ အောက်မေ့ခြင်းခံရဖို့နှင့် အတုယူခြင်းခံရဖို့ ထိုက်တန်ပေသည်။ လူ့သမိုင်းအစအဦးကတည်းက ဘုရင်တိုင်းသည် ဘုရားသခင်ကို ခုခံရန်နှင့် ဆန့်ကျင်ရန်အတွက် မိမိတို့၏အုပ်စိုးခံလူများကို ဦးဆောင်ခဲ့သည်။ မိမိတို့၏ ဆိုးညစ်မှုအတွက် ရွေးနုတ်ခြင်းကို ရှာဖွေကာ ယေဟောဝါဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ရယူပြီး ဖြစ်အံ့ဆဲဆဲ အပြစ်ဒဏ်ခတ်မှုကို ရှောင်ကြဉ်ဖို့အလို့ငှာ ဘုရားသခင်ကို တောင်းပန်တိုးလျှိုးရန် မည်သူကမျှ မိမိတို့၏အုပ်စိုးခံလူများကို ဦးမဆောင်ခဲ့ပေ။ သို့သော်လည်း နိနေဝေဘုရင်ကမူ သူ၏အုပ်စိုးခံလူများကို ဘုရားသခင်ထံ လှည့်ပြန်ဖို့၊ မိမိတို့၏ သက်ဆိုင်ရာ ဆိုးယုတ်သောလမ်းများကို ထားခဲ့ပြီး မိမိတို့လက်ထဲရှိ အဓမ္မအမှုကို စွန့်လွှတ်ဖို့ ဦးဆောင်နိုင်ခဲ့သည်။ ထို့အပြင် သူ၏ရာဇပလ္လင်ကိုလည်း ဘေးချိတ်ထားနိုင်ခဲ့သည်။ အပြန်အလှန်အနေနှင့် ယေဟောဝါဘုရားသခင်သည် စိတ်ပြောင်းသွားပြီး နောင်တရခဲ့ကာ သူ၏အမျက်ဒေါသကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး မြို့သားတို့ကို အသက်ရှင်ခွင့်ပေး၍ ဖျက်ဆီးခြင်းမှ ကင်းလွတ်ခွင့်ပေးခဲ့၏။ ဘုရင်ကြီး၏ လုပ်ဆောင်ချက်များကို လူ့သမိုင်းထဲ၌ ရှားပါးသည့် ဆန်းကြယ်မှုဟူ၍သာ ခေါ်ဆိုနိုင်ပြီး ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်က ဘုရားသခင်ရှေ့၌ မိမိတို့၏အပြစ်များကို ဝန်ခံခြင်းနှင့် နောင်တရခြင်းတို့၏ စံပြတစ်ခုဟုပင် ခေါ်ဆိုနိုင်သည်။

## နိနေဝေမြို့သားတို့၏ နှလုံးသားအတွင်းရှိ စစ်မှန်သည့် နောင်တကို ဘုရားသခင်မြင်၏

ဘုရားသခင်၏ ကြေညာချက်ကို ကြားပြီးနောက် နိနေဝေဘုရင်နှင့် သူ၏အုပ်စိုးခံလူများသည် လုပ်ဆောင်ချက်တသီတသန်းကြီး ပြုလုပ်ခဲ့သည်။ သူတို့၏အပြုအမူနှင့် လုပ်ဆောင်ချက်များ၏ သဘောတရားက အဘယ်နည်း။ တစ်နည်းပြောရလျှင် သူတို့အပြုအမူအလုံးစုံ၏ အနှစ်သာရက အဘယ်နည်း။ သူတို့လုပ်ခဲ့သည့်အရာကို သူတို့ဘာကြောင့်လုပ်ခဲ့သနည်း။ ဘုရားသခင်၏အမြင်တွင် သူတို့သည် စစ်မှန်စွာ နောင်တရခဲ့ကြသည်။ သူတို့အနေဖြင့် ဘုရားသခင်ရှေ့၌ မိမိတို့၏အပြစ်ကို ဝန်ခံပြီး ဘုရားသခင်ကို လေးနက်စွာ တောင်းပန်တိုးလျှိုးခဲ့ခြင်းကြောင့်သာမဟုတ်ဘဲ သူတို့၏ ဆိုးညစ်သည့်အပြုအမူကိုလည်း စွန့်ပစ်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြားပြီးနောက် သူတို့သည် အလွန့်အလွန် ကြောက်လန့်သွားကြပြီး ဘုရားသခင်သည် သူပြောသကဲ့သို့ လုပ်လိမ့်မည်ဆိုသည်ကို ယုံကြည်ခဲ့ကြ၍ ဤအတိုင်းလုပ်ခဲ့ကြခြင်းဖြစ်သည်။ အစာရှောင်ခြင်း၊ လျှော်တေအဝတ်ကို ဝတ်ဆင်ပြီး ပြာထဲ၌

ထိုင်ခြင်းအားဖြင့် သူတို့၏လမ်းများကို ပြန်လည်ပြုပြင်ရန်နှင့် ဆိုးညစ်မှုမှ ရှောင်ကြဉ်ရန် သူတို့ဆန္ဒရှိခြင်းကို ပြလိုခဲ့ကြသည်။ မိမိ၏ဒေါသကို ချုပ်တည်းပေးပါရန် ယေဟောဝါဘုရားသခင်ထံ သူတို့ဆုတောင်းခဲ့ကြပြီး သူ၏ဆုံးဖြတ်ချက်နှင့် သူတို့အပေါ်ကျရောက်လာမည့် ကပ်ဘေးကို ပြန်လည်ရုတ်သိမ်းပေးပါရန် သူ့ကို သူတို့တောင်းပန်တိုးလျှိုးခဲ့ကြ၏။ သူတို့၏အပြုအမူအားလုံးကို ငါတို့ဆန်းစစ်ကြည့်ပါက သူတို့၏ ယခင်က ဆိုးညစ်သည့်လုပ်ရပ်များကို ယေဟောဝါဘုရားသခင်က စက်ဆုပ်သည့်အကြောင်း သူတို့နားလည်ခဲ့သည်ကို ငါတို့မြင်နိုင်သည်၊ ထို့ပြင် ယေဟောဝါဘုရားသခင်အနေဖြင့် မကြာမီတွင် သူတို့ကို အဘယ်ကြောင့်ဖျက်ဆီးမည်ဆိုသည့် အကြောင်းရင်းကို သူတို့နားလည်ခဲ့ကြောင်းလည်း ငါတို့မြင်နိုင်သည်။ ဤအကြောင်းကြောင့် သူတို့အားလုံးသည် အပြည့်အဝနောင်တရဖို့၊ မိမိတို့၏ ဆိုးယုတ်သော လမ်းများကို ရှောင်ပြီး မိမိတို့လက်ထဲမှ အဓမ္မအမှုကို စွန့်လွှတ်ဖို့ ဆန္ဒရှိခဲ့ကြသည်။ တစ်နည်းပြောရလျှင် ယေဟောဝါဘုရားသခင်၏ ကြေညာချက်ကို သူတို့သိလိုက်သည်နှင့် သူတို့တစ်ယောက်ချင်းစီတိုင်းသည် မိမိတို့၏နှလုံးသားများထဲ၌ အကြောက်တရားကို ခံစားခဲ့ကြရသည်။ သူတို့၏ ဆိုးညစ်သော အပြုအမူကို ရပ်ဆိုင်းခဲ့ကြပြီး ယေဟောဝါဘုရားသခင် စက်ဆုပ်သည့် ထိုလုပ်ရပ်များကို ဆက်မကျူးလွန်တော့ချေ။ ထို့ပြင် သူတို့၏ အတိတ်က အပြစ်များကို ခွင့်လွှတ်ပေးပါရန်နှင့် သူတို့၏အတိတ်က လုပ်ရပ်များအရ သူတို့ကို မဆက်ဆံပါရန် ယေဟောဝါဘုရားသခင်ကို သူတို့တောင်းပန်တိုးလျှိုးခဲ့သည်။ ယေဟောဝါဘုရားသခင်ကို နောက်တစ်ခါ ဘယ်တော့မှ ဒေါသမထွက်စေနိုင်မည်ဆိုလျှင် ဆိုးညစ်မှုကို ဘယ်တော့မှ မလုပ်တော့ရန်နှင့် ယေဟောဝါဘုရားသခင်၏ ညွှန်ကြားချက်များအရ ပြုမူရန် သူတို့ဆန္ဒရှိနေခဲ့ကြသည်။ သူတို့၏နောင်တက စစ်မှန်ပြီး ပြည့်စုံမှုရှိသည်။ ထိုနောင်တက သူတို့၏အတွင်းနှလုံးသားထဲမှလာပြီး ပရိယာယ်ကင်းသကဲ့သို့ ယာယီလည်း မဟုတ်ပေ။

ဘုရင်မှစ၍ အရပ်သူအရပ်သားများအထိ နိနေဝေမြို့သားအားလုံးသည် ယေဟောဝါဘုရားသခင်က သူတို့ကို ဒေါသထွက်နေကြောင်း သိသွားသည်နှင့် သူတို့၏ နောက်ဆက်တွဲလုပ်ရပ်တစ်ခုချင်းစီတိုင်းနှင့် သူတို့၏အပြုအမူအလုံးစုံအပြင် သူတို့ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် ရွေးချယ်မှုတိုင်းကို ဘုရားသခင်က ရှင်းရှင်းလင်းလင်းနှင့် ထင်ထင်ရှားရှား တွေ့နိုင်ခဲ့သည်။ ဘုရားသခင်၏ နှလုံးသားသည် သူတို့၏ အပြုအမူအရ ပြောင်းလဲသွားခဲ့သည်။ ထိုအချိန်မှာ ဘုရားသခင်၏ စိတ်အခြေအနေက မည်သို့ရှိခဲ့သနည်း။ သမ္မာကျမ်းစာက ဤမေးခွန်းကို သင့်အတွက် ဖြေဆိုနိုင်သည်။ ကျမ်းစာမှာ

မှတ်တမ်းတင်ထားသည့်အတိုင်းဖြစ်ပါသည်။ "သူတို့သည် မိမိတို့၏ ဆိုးညစ်သောလမ်းမှ လှည့်ပြန်ပြီး ကျင့်သောအကျင့်များကို ဘုရားသခင်သည် မြင်လျှင်၊ ယခင် ပြုမည်ဟု မိန့်ဆိုခဲ့သော မကောင်းသည့်အမှုကို နောင်တရတော်မူပြီး ထိုသို့မပြုဘဲ နေတော်မူ၏။" ဘုရားသခင်က သူ့စိတ်ကို ပြောင်းလဲခဲ့သော်လည်း သူ၏စိတ်အခြေအနေနှင့် ပတ်သက်၍ ရှုပ်ထွေးခြင်း မရှိခဲ့ပေ။ သူသည် သူ၏ဒေါသကို ဖော်ပြခြင်းမှ သူ့ဒေါသကို ငြိမ်းစေခြင်းသက်သက်ပင်ဖြစ်သည်။ ထို့နောက် နိနေဝေမြို့အပေါ် ကပ်ဘေးကျရောက်အောင် မလုပ်ရန် သူဆုံးဖြတ်ခဲ့သည်။ နိနေဝေမြို့သားများကို ကပ်ဘေးမှ အသက်ချမ်းသာခွင့်ပေးဖို့ဖြစ်သည့် ဘုရားသခင်၏ ဆုံးဖြတ်ချက်က အလွန်မြန်ဆန်လှသည့် အကြောင်းရင်းမှာ ဘုရားသခင်သည် နိနေဝေမြို့သားတိုင်း၏ နှလုံးသားကို စောင့်ကြည့်ခဲ့သည့်အတွက်ဖြစ်သည်။ မိမိတို့၏အပြစ်များအတွက် သူတို့၏ စစ်မှန်သော နောင်တရခြင်းနှင့် ဝန်ခံခြင်း၊ သူ့အပေါ် သူတို့၏ စစ်မှန်သည့် ယုံကြည်ခြင်း၊ သူ၏စိတ်သဘောထားကို သူတို့၏ဆိုးသွမ်းသည့် လုပ်ရပ်များက မည်ကဲ့သို့ဒေါသထွက်စေခဲ့ပုံကို သူတို့၏နက်နဲသည့် သိနားလည်ခြင်းနှင့် ယေဟောဝါဘုရားသခင်ပေးမည့် ဖြစ်အံ့ဆဲဆဲ အပြစ်ဒဏ်ကြောင့် ဖြစ်ပေါ်လာသော ကြောက်ရွံ့ခြင်းတို့ဖြစ်သည့် သူတို့၏ အတွင်းနှလုံးသားထဲ၌ ကိုင်စွဲထားကြသည့်အရာများကို သူမြင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဤကပ်ဘေးကို ရှောင်ကြဉ်နိုင်ဖို့အတွက် သူတို့အပေါ် ဆက်၍ဒေါသမထွက်ပါမည့်အကြောင်း သူ့ကို တောင်းပန်တိုးလျှိုးနေသည့် သူတို့၏နှလုံးသားအတွင်းထဲမှလာသော သူတို့၏ဆုတောင်းသံများကိုလည်း ယေဟောဝါဘုရားသခင်က ကြားခဲ့သည်။ ဤအချက်အားလုံးကို ဘုရားသခင်က ကြည့်ရှုလေ့လာသည့်အခါ သူ၏ဒေါသများက တစ်စပြီးတစ်စ ပျောက်ကွယ်သွားခဲ့သည်။ ယခင်က သူ၏ဒေါသသည် မည်မျှပင်ကြီးပါစေ ဤလူတို့၏ နှလုံးသားအတွင်းထဲရှိ စစ်မှန်သည့် နောင်တကို သူမြင်သည့်အခါ သူ၏နှလုံးသားသည် တို့ထိခံရသဖြင့် သူတို့အပေါ် ဘေးဒုက္ခကျရောက်အောင် မလုပ်ရက်တော့ဘဲ သူတို့အပေါ် ဒေါသထွက်နေခြင်းကို ရပ်တန့်လိုက်သည်။ ထိုအစား သူတို့အား သူ၏သနားကရုဏာနှင့် သည်းခံမှုကို ဆက်လက်၍ ကမ်းလှမ်းပေးခဲ့ပြီး သူတို့ကို ဆက်လက်လမ်းညွှန်ကာ ထောက်ပံ့ပေးခဲ့သည်။

### ဘုရားသခင်အပေါ် သင်၏ယုံကြည်ခြင်းက စစ်မှန်သည်ဆိုလျှင် သူ၏ဂရုစိုက်မှုကို မကြာခဏ သင်ရရှိလိမ့်မည်

နိနေဝေမြို့သားတို့အပေါ် ဘုရားသခင်က သူ၏ရည်ရွယ်ချက်ကို ပြောင်းလဲခြင်း၌

တွန့်ဆုတ်ခြင်း၊ သို့မဟုတ် မပြတ်သားခြင်းတို့ မပါဝင်ပေ။ စင်စစ်အားဖြင့် ဒေါသသက်သက်မှ သည်းခံခြင်းသက်သက်ကို ကူးပြောင်းသွားခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင့်အနှစ်သာရ၏ မှန်ကန်သည့် ထုတ်ဖော်ချက်ဖြစ်၏။ ဘုရားသခင်သည် သူ၏လုပ်ဆောင်ချက်တို့၌ မပြတ်သားခြင်း၊ သို့မဟုတ် တွန့်ဆုတ်ခြင်းတို့ မည်သည့်အခါမျှမရှိပေ။ သူ၏လုပ်ဆောင်ချက်များနောက်က အခြေခံမှုများနှင့် ရည်ရွယ်ချက်များအားလုံးသည် ရှင်းလင်းပြီး ပွင့်လင်းမြင်သာ၏၊ သန့်စင်ပြီး ခြောက်ပြစ်ကင်း၏။ အတွင်း၌ လှည့်ကွက်များ၊ သို့မဟုတ် လျှို့ဝှက်အကြံအစည်များ ရောထွေးနေခြင်း လုံးဝမရှိပေ။ တစ်နည်းပြောရလျှင် ဘုရားသခင်၏အနှစ်သာရထဲ၌ အမှောင်ထုသော်လည်းကောင်း၊ ဆိုးယုတ်ခြင်းသော်လည်းကောင်း မပါဝင်ပေ။ နိနေဝေမြို့သားများ၏ ဆိုးညစ်သည့် လုပ်ရပ်များက သူ့ရှေ့ကို ရောက်လာသည့်အတွက်ကြောင့် ဘုရားသခင်က ဒေါသထွက်ခဲ့သည်။ ထိုအချိန်တုန်းက သူ၏ဒေါသသည် သူ၏အနှစ်သာရမှ ဆင်းသက်သည်။ သို့သော်လည်း ဘုရားသခင်၏ဒေါသသည် ပျောက်ကွယ်သွားပြီး သူ၏သည်းခံခြင်းကို နိနေဝေမြို့သားတို့အပေါ် နောက်တစ်ကြိမ် ချပေးသနားသည့်အခါ သူဖွင့်ပြသည့်အရာအားလုံးက သူ၏ကိုယ်ပိုင်အနှစ်သာရပင် ဖြစ်နေသေး၏။ ဤပြောင်းလဲမှုတစ်ခုလုံးက ဘုရားသခင်အပေါ် လူသား၏သဘောထား ပြောင်းလဲမှုကြောင့်ဖြစ်သည်။ ဤအချိန်ကာလတစ်ခုလုံးအတွင်း၌ ဘုရားသခင်၏ ထိပါးစော်ကား၍မရသည့် စိတ်သဘောထားက ပြောင်းလဲမသွားပေ။ ဘုရားသခင်၏ သည်းခံသည့် အနှစ်သာရက ပြောင်းလဲမသွားပေ။ ထို့ပြင် ဘုရားသခင်၏ မေတ္တာကရုဏာနှင့်ပြည့်စုံသော အနှစ်သာရက ပြောင်းလဲမသွားပေ။ လူတို့က ဆိုးညစ်သည့် လုပ်ရပ်များကို ကျူးလွန်ပြီး ဘုရားသခင်ကို ထိပါးစော်ကားသည့်အခါ သူ့ဒေါသကို သူတို့အပေါ် ကျရောက်စေလိမ့်မည်။ လူတို့က အမှန်တကယ် နောင်တရသည့်အခါ ဘုရားသခင်၏ နှလုံးသားသည် ပြောင်းလဲမည်ဖြစ်ပြီး သူ၏ဒေါသသည် ရပ်တန့်သွားလိမ့်မည်။ လူတို့က ဘုရားသခင်ကို ခေါင်းမာမာနှင့် ဆက်ပြီးဆန့်ကျင်နေလျှင် သူ၏ဒေါသက ရပ်စဲလိမ့်မည် မဟုတ်ဘဲ သူ၏အမျက်ဒေါသသည် ထိုသူတို့ဖျက်ဆီးခံရသည့်အထိ တစ်စပြီးတစ်စ သူတို့အပေါ် ဖိအားပေးသွားမည် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင့်စိတ်သဘောထား၏ အနှစ်သာရဖြစ်သည်။ ဘုရားသခင်က အမျက်ဒေါသကို ဖော်ပြနေသည်ဖြစ်စေ၊ သို့မဟုတ် သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုကို ဖော်ပြနေသည်ဖြစ်စေ ဘုရားသခင့်စိတ်သဘောထား၏ ထုတ်ဖော်ချက်မှတစ်ဆင့် ပြသသည့်အရာကို လူသား၏လုပ်ဆောင်ချက်၊ အပြုအမူနှင့် လူသား၏နှလုံးသားအတွင်းရှိ

ဘုရားသခင်အပေါ်ထားသော သဘောထားတို့က သတ်မှတ်သည်။ ဘုရားသခင်က သူ၏အမျက်ဒေါသကို လူတစ်ယောက်အပေါ်မှာ အဆက်မပြတ် သက်ရောက်စေလျှင် ဤလူ၏နှလုံးသားသည် ဘုရားသခင်ကို ဆန့်ကျင်သည်မှာ သံသယဖြစ်စရာ မလိုပေ။ ဤလူ့အနေဖြင့် တစ်ခါမျှ အမှန်တကယ် နောင်တရဖူးခြင်း မရှိသည့်အတွက်ကြောင့်၊ ဘုရားသခင်ရှေ့၌ ဦးညွတ်ခြင်း၊ သို့မဟုတ် ဘုရားသခင်အပေါ် စစ်မှန်သည့် ယုံကြည်မှုကို ပိုင်ဆိုင်ခြင်း မရှိသည့်အတွက်ကြောင့် သူသည် ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံခြင်းကို တစ်ခါမျှ မရရှိခြင်းဖြစ်သည်။ လူတစ်ဦးသည် ဘုရားသခင်၏ ဂရုစိုက်မှု၊ သနားကရုဏာနှင့် သည်းခံခြင်းတို့ကို မကြာခဏလက်ခံရရှိလျှင် ဤလူ၏နှလုံးသား၌ ဘုရားသခင်ကို စစ်မှန်သည့်ယုံကြည်ခြင်းရှိပြီး သူ့နှလုံးသားသည် ဘုရားသခင်အား မဆန့်ကျင်သည်ကို ယုံမှားဖွယ်ရာမရှိပေ။ ဤသူသည် ဘုရားသခင်ရှေ့၌ မကြာခဏ အမှန်တကယ် နောင်တရသည်။ ထို့ကြောင့် ဘုရားသခင်၏ ပဲ့ပြင်ဆုံးမခြင်းက ဤလူ့အပေါ်သို့ မကြာခဏ သက်ရောက်လျှင်ပင် သူ၏အမျက်ဒေါသက ကျရောက်မည် မဟုတ်ပေ။

ဤမှတ်တမ်းအကျဉ်းက လူတို့အား ဘုရားသခင်၏ နှလုံးသားကို မြင်စေသည်၊ သူ့အနှစ်သာရ၏ စစ်မှန်ခြင်းကို မြင်စေသည်၊ ဘုရားသခင်၏ ဒေါသနှင့် သူ၏နှလုံးသားပြောင်းလဲခြင်းများသည် အကြောင်းမဲ့သက်သက် မဟုတ်ကြောင်းကို လူတို့အား မြင်စေသည်။ ဒေါသနှင့် သည်းခံခြင်းဟူသည့် ဘုရားသခင့်အနှစ်သာရ၏ ဤရှုထောင့်နှစ်ခုကြားတွင် ကြီးမားသည့် ကွာဟမှု၊ သို့မဟုတ် ခြားနားမှုတစ်ခုရှိသည်ဟု လူတို့ကို ယုံကြည်စေသောအရာဖြစ်သည့် စိတ်ဆိုးချိန်နှင့် နှလုံးသားပြောင်းလဲချိန်တွင် ဘုရားသခင်ထုတ်ဖော်ပြသခဲ့သည့် သိသာသော ကွဲပြားမှုရှိသော်လည်း နိနေဝေမြို့သားတို့၏ နောင်တရခြင်းအပေါ် ဘုရားသခင်၏ သဘောထားသည် ဘုရားသခင့်စိတ်သဘောထားအမှန်၏ အခြားတစ်ဖက်ကို လူတို့အား မြင်စေသည်။ ဘုရားသခင်၏ နှလုံးသားပြောင်းလဲခြင်းသည် ဘုရားသခင်၏ သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှု၏ အမှန်တရားကို လူသားမျိုးနွယ်အား နောက်တစ်ကြိမ်မြင်စေပြီး ဘုရားသခင့်အနှစ်သာရ၏ ထုတ်ဖော်ချက်အမှန်ကိုလည်း မြင်စေသည်။ ဘုရားသခင်၏သနားကရုဏာနှင့် ချစ်ခင်ကြင်နာမှုတို့သည် ဒဏ္ဍာရီများမဟုတ်သကဲ့သို့ လုပ်ကြံဖန်တီးထားခြင်းများလည်း မဟုတ်ကြောင်းကို လူသားမျိုးနွယ်က အသိအမှတ်ပြုရုံသာရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ ထိုအချိန်၌ ဘုရားသခင်၏ ခံစားချက်က မှန်ကန်ပြီး ဘုရားသခင်၏ နှလုံးသားပြောင်းလဲခြင်းက မှန်ကန်သောကြောင့်ဖြစ်သည်- ဘုရားသခင်က လူသားမျိုးနွယ်အပေါ် သူ၏သနားကရုဏာနှင့် သည်းခံမှုကို အမှန်တကယ်ပင် နောက်တစ်ကြိမ် ချပေးသနားခဲ့သည်။

## နိနေဝေမြို့သားတို့၏ နှလုံးသားထဲရှိသည့် စစ်မှန်သည့်နောင်တသည် ဘုရားသခင်၏ သနားကရုဏာကို ရယူနိုင်ခဲ့ပြီး သူတို့၏အဆုံးသတ်ကို ပြောင်းလဲစေခဲ့သည်

ဘုရားသခင်၏ နှလုံးသားပြောင်းလဲခြင်းနှင့် သူ၏အမျက်ဒေါသကြားမှာ တစ်ခုနှင့်တစ်ခုမကိုက်ညီခြင်း ရှိသလော။ မည်သို့ရှိပါ့မည်နည်း။ ဤသည်မှာ ထိုအချိန်၌ ဘုရားသခင်၏ သည်းခံခြင်းက အကြောင်းရင်း ရှိသည့်အတွက်ကြောင့်ဖြစ်သည်။ ဤအကြောင်းရင်းက အဘယ်အရာဖြစ်နိုင်မည်နည်း။ သမ္မာကျမ်းစာမှာ ဖော်ပြထားသည့် အရာတစ်ခုဖြစ်သည်။ “လူတိုင်းက မိမိတို့၏ဆိုးယုတ်သည့်လမ်းကို ရှောင်သည်” ဆိုခြင်းနှင့် “မိမိတို့လက်များထဲက အဓမ္မအမှုများကို စွန့်လွှတ်သည်” ဆိုခြင်းတို့ဖြစ်သည်။

ဤ “ဆိုးယုတ်သည့်လမ်း” က ဆိုးယုတ်သည့် လုပ်ရပ်တချို့ကို ရည်ညွှန်းခြင်းမဟုတ်ပေ။ ထိုအစား လူတို့၏အပြုအမူပေါက်ဖွားလာသည့် ဆိုးယုတ်သည့်အရင်းအမြစ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ “မိမိ၏ ဆိုးယုတ်သည့်လမ်းကို ရှောင်ခြင်း” ဆိုသည်မှာ ထိုလူတို့သည် ဤလုပ်ရပ်တို့ကို ဘယ်တော့မျှ နောက်ထပ်ကျူးလွန်တော့မည်မဟုတ်ဟု ဆိုလိုသည်။ တစ်နည်းပြောရလျှင် သူတို့သည် ဤဆိုးယုတ်သည့်လမ်းကို ဘယ်တော့မျှ နောက်ထပ်ပြုမူတော့မည် မဟုတ်ပေ။ သူတို့လုပ်ရပ်များ၏ နည်းလမ်း၊ အရင်းအမြစ်၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် အခြေခံမူတို့သည် အားလုံးပြောင်းလဲသွား၏။ သူတို့၏နှလုံးသားတွင် သာယာကြည်နူးမှုနှင့် ပျော်ရွှင်မှုကိုရရှိရန် ဤနည်းလမ်းများနှင့် အခြေခံမူများကို ဘယ်တော့မျှ ထပ်မံအသုံးပြုမည် မဟုတ်တော့ပေ။ “မိမိတို့လက်များထဲက အဓမ္မအမှုများကို စွန့်လွှတ်သည်” ဆိုသည့်အထဲ၌ “စွန့်လွှတ်” ဟူသည်မှာ လွှတ်ချဖို့ သို့မဟုတ် ဘေးဖယ်လိုက်ဖို့ အတိတ်ကို လုံးဝဖြတ်တောက်လိုက်ပြီး ဘယ်တော့မျှ နောက်ပြန်မလှည့်ဖို့ကို ဆိုလိုခြင်းဖြစ်သည်။ နိနေဝေမြို့သားတို့သည် သူတို့လက်ထဲမှ အဓမ္မအမှုများကို စွန့်လွှတ်ခဲ့သည့်အခါ ဤအချက်က သူတို့၏ စစ်မှန်သည့် နောင်တကို သက်သေပြသကဲ့သို့ ကိုယ်စားလည်းပြုသည်။ ဘုရားသခင်သည် လူတို့၏အပြင်ပန်းနှင့် သူတို့၏နှလုံးသားကိုလည်း လေ့လာကြည့်ရှုသည်။ ဘုရားသခင်သည် နိနေဝေမြို့သားတို့၏ နှလုံးသားထဲရှိ စစ်မှန်သည့် နောင်တကို မေးခွန်းမထုတ်ဘဲနှင့် လေ့လာကြည့်ရှုပြီး သူတို့သည် သူတို့၏ဆိုးယုတ်သည့်လမ်းများကို ထားခဲ့ပြီး သူတို့၏လက်ထဲမှ အဓမ္မအမှုများကို စွန့်ပစ်ခဲ့ကြောင်းကိုလည်း ကြည့်ရှုသိမြင်ပြီးသည့်အခါ သူ၏နှလုံးသားကို သူပြောင်းလဲခဲ့သည်။ ဆိုလိုသည်မှာ ဤလူတို့၏ အနေအထိုင်၊ အပြုအမူနှင့် အမှုအရာများကို လုပ်ဆောင်သည့် နည်းလမ်းအမျိုးမျိုးအပြင် သူတို့၏နှလုံးသားထဲရှိ မှန်ကန်သည့် ဝန်ခံခြင်းနှင့် နောင်တတို့သည်

ဘုရားသခင်အား သူ၏နှလုံးသားကို ပြောင်းလဲစေဖို့ သူ၏ရည်ရွယ်ချက်များကို ပြောင်းလဲစေဖို့ သူ၏ဆုံးဖြတ်ချက်ကို ရုပ်သိမ်းပြီး သူတို့ကို ပြစ်ဒဏ်မခတ်ဖို့ သို့မဟုတ် မဖျက်ဆီးဖို့ ဖြစ်စေခဲ့သည်။ ထို့ကြောင့် နိနေဝေမြို့သားတို့သည် မတူညီသည့် အဆုံးသတ်ကို ရရှိခဲ့သည်။ သူတို့၏ ကိုယ်ပိုင်အသက်ကို သူတို့ပြန်လည်ရွေးနုတ်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံမှုတို့ကို ရယူနိုင်ခဲ့၏၊ ထိုအချိန်တွင် ဘုရားသခင်က သူ၏အမျက်ဒေါသကိုလည်း ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။

## ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံမှုတို့သည် မနည်းပါးပေ- လူသား၏ စစ်မှန်သည့် နောင်တသာ နည်းပါးခြင်းဖြစ်သည်

နိနေဝေမြို့သားတို့အပေါ် ဘုရားသခင်က မည်မျှပင် စိတ်ဆိုးခဲ့ပါစေ သူတို့သည် အစာရှောင်ခြင်းကို ကြေညာခဲ့ပြီး ပြာများနှင့် လျှော်တေအဝတ်ကို ဝတ်ဆင်ပြီးသည်နှင့် သူ၏နှလုံးသားသည် တဖြည်းဖြည်းပျော့ပြောင်းလာပြီး သူ၏စိတ်ကို သူစတင်ပြောင်းခဲ့၏။ သူတို့၏မြို့ကို သူဖျက်ဆီးမည့်အကြောင်း သူတို့ကို ကြေညာလိုက်သည့်အခါ- သူတို့၏အပြစ်များအတွက် သူတို့၏ဝန်ခံခြင်းနှင့် နောင်တရခြင်းတို့ မတိုင်ခင်အချိန်၌- ဘုရားသခင်က သူတို့ကို ဒေါသထွက်နေဆဲပင်ဖြစ်သည်။ သူတို့သည် နောင်တရသည့် လုပ်ရပ်တသီတသန်းကြီးကို လုပ်ဆောင်ပြီးသည်နှင့် နိနေဝေမြို့သားတို့အပေါ် ဘုရားသခင်၏ဒေါသသည် သူတို့အတွက် သနားကရုဏာနှင့် သည်းခံခြင်းအဖြစ် တဖြည်းဖြည်းပြောင်းလဲသွားခဲ့သည်။ အဖြစ်အပျက်တစ်ခုတည်းတွင် ဘုရားသခင့်စိတ်သဘောထား၏ ဤရှုထောင့်နှစ်ခုကို တစ်ချိန်ထဲ၌ ထုတ်ဖော်ပြခြင်းနှင့်ပတ်သက်၍ မကိုက်ညီမှု တစ်ခုမျှမရှိပေ။ ဤမကိုက်ညီမှုမရှိခြင်းကို မည်ကဲ့သို့နားလည်ပြီး သိရှိနိုင်မည်နည်း။ နိနေဝေမြို့သားတို့က နောင်တရခဲ့သည့်အခါ ဘုရားသခင်သည် လုံးဝဆန့်ကျင်ဘက်ဖြစ်နေသည့် ဤအနှစ်သာရနှစ်ခုကို တစ်လှည့်စီ ထုတ်ဖော်ဖွင့်ပြခဲ့ပြီး ဘုရားသခင့်အနှစ်သာရ၏ စစ်မှန်ခြင်းနှင့် ထိပါးစော်ကား၍ မရနိုင်ခြင်းကို လူတို့အား မြင်စေခဲ့သည်။ ဘုရားသခင်က လူတို့အား အောက်ပါအကြောင်းများကိုပြောဖို့ သူ၏သဘောထားကို အသုံးပြုခဲ့သည်- ဘုရားသခင်က လူတို့ကို သည်းမခံခြင်း၊ သို့မဟုတ် သူတို့အပေါ်မှာ သနားကရုဏာ မပြလိုခြင်းမျိုး မဟုတ်ဘဲ စင်စစ်အားဖြင့် လူတို့က ဘုရားသခင်အပေါ် အမှန်တကယ် နောင်တရခြင်းသာ ရှားပါးနေခြင်းဖြစ်၏၊ ထို့ပြင် လူတို့က မိမိတို့၏ဆိုးယုတ်သည့်လမ်းများကို အမှန်တကယ်ထားခဲ့ပြီး မိမိတို့၏လက်ထဲမှာရှိသည့် အဓမ္မအမှုများကို စွန့်လွှတ်ခြင်းက ရှားပါးနေခြင်းသာဖြစ်သည်။ တစ်နည်းပြောရလျှင်

ဘုရားသခင်က လူသားကို ဒေါသထွက်သည့်အခါ လူသားသည် အမှန်တကယ် နောင်တရနိုင်ဖို့ သူမျှော်လင့်၏။ လူသား၏ စစ်မှန်သည့် နောင်တကို မြင်ရဖို့ သူစောင့်ကြည့်မျှော်လင့်သည်။ ထိုကဲ့သို့ဖြစ်လာပါက သူသည် လူသားအပေါ် သူ၏သနားကရုဏာနှင့် သည်းခံခြင်းကို ရက်ရက်ရောရော ဆက်လက်၍ ချပေးသနားမည်ဖြစ်သည်။ ဆိုလိုသည်မှာ လူသား၏ ဆိုးယုတ်သည့် အပြုအမူက ဘုရားသခင်၏ အမျက်ဒေါသကို ဖြစ်ပွားစေသော်လည်း ဘုရားသခင်ကို နားထောင်ပြီး သူ့ရှေ့၌ အမှန်တကယ် နောင်တရသူများအပေါ်၊ ထို့ပြင် မိမိတို့၏ဆိုးယုတ်သည့်လမ်းများကို ရှောင်ပြီး မိမိတို့လက်ထဲရှိ အဓမ္မအမှုများကို စွန့်လွှတ်နိုင်သည့်သူတို့အပေါ်၌မူ ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံခြင်းတို့ကို ချပေးသနားသည်။ နိနေဝေမြို့သားများအပေါ် သူ၏ဆက်ဆံမှုတွင် ဘုရားသခင်၏ သဘောထားကို အလွန်ပင် ရှင်းရှင်းလင်းလင်း ထုတ်ဖော်ထားသည်။ ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံခြင်းတို့ကို ရရှိဖို့ လုံးဝမခဲယဉ်းပေ။ သူတောင်းဆိုသည့်အရာမှာ စစ်မှန်သည့် နောင်တဖြစ်သည်။ လူတို့အနေဖြင့် မိမိတို့၏ ဆိုးယုတ်သည့်လမ်းများကို ရှောင်ပြီး မိမိတို့လက်ထဲရှိ အဓမ္မအမှုများကို စွန့်လွှတ်လျှင် ဘုရားသခင်က သူ၏နှလုံးသားကို ပြောင်းလဲမည်ဖြစ်ပြီး သူတို့အပေါ် သူ၏သဘောထားကို ပြောင်းလဲမည် ဖြစ်သည်။

## ဖန်ဆင်းရှင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားသည် စစ်မှန်ပြီး ထင်ရှားသည်

ဘုရားသခင်က နိနေဝေမြို့သားများအပေါ် သူ၏နှလုံးသားကို ပြောင်းလဲခဲ့သည့်အခါ သူ၏သနားကရုဏာနှင့် သည်းခံခြင်းတို့သည် အရေခြုံဇာန်းပြတစ်ခု ဖြစ်သလော။ မည်သို့ဖြစ်နိုင်ပါမည်နည်း။ သို့ဆိုလျှင် အခြေအနေတစ်ခုတည်းကို ဘုရားသခင်ကိုင်တွယ်ဖြေရှင်းနေစဉ်တွင် ဘုရားသခင့်စိတ်သဘောထား၏ ဤရှုထောင့်နှစ်ရပ်ကြား ပြောင်းလဲခြင်းက ဘာကိုပြသနည်း။ ဘုရားသခင်၏ စိတ်သဘောထားသည် ပြည့်ဝစုံလင်၏- စိတ်ပိုင်းထားခြင်း လုံးဝမရှိပေ။ သူ့အနေဖြင့် လူတို့အပေါ်၌ ဒေါသကို ပြနေသည်ဖြစ်စေ၊ သနားကရုဏာနှင့် သည်းခံခြင်းကို ပြနေသည်ဖြစ်စေ၊ ၎င်းတို့အားလုံးက သူ၏ဖြောင့်မတ်သည့် စိတ်သဘောထား၏ ဖော်ပြချက်များပင်ဖြစ်သည်။ ဘုရားသခင်၏ စိတ်သဘောထားသည် ချက်ချာပြီး အထင်းသားမြင်သာကာ အမှုအရာများ ပြောင်းလဲဖြစ်ပေါ်ခြင်းအပေါ်မူတည်၍ သူ၏အတွေးများနှင့် သဘောထားတို့ကို သူပြောင်းလဲသည်။ နိနေဝေမြို့သားတို့အပေါ် သူ၏သဘောထား ပြောင်းလဲခြင်းက သူ၌ သူ၏ကိုယ်ပိုင်အတွေးနှင့် စိတ်ကူးများရှိကြောင်းကို လူသားမျိုးနွယ်အား ပြသည်။ သူသည် စက်ရုပ်သော်လည်းကောင်း၊

မြေရုပ်တုသော်လည်းကောင်း မဟုတ်ဘဲ အသက်ရှင်သည့် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ နိနေဝေမြို့သားတို့ကို သူတို့၏သဘောထားများအရ သူတို့၏အတိတ်များကို ခွင့်လွှတ်နိုင်သကဲ့သို့ သူတို့ကို သူဒေါသထွက်နိုင်သည်။ နိနေဝေမြို့သားတို့အပေါ် ကံဆိုးခြင်းများ ကျရောက်စေဖို့ သူဆုံးဖြတ်နိုင်သကဲ့သို့ သူတို့၏နောင်တကြောင့် သူ၏ဆုံးဖြတ်ချက်ကိုလည်း သူပြောင်းလဲနိုင်သည်။ လူတို့က ဘုရားသခင်၏ စိတ်သဘောထားကို သိရန်ကြိုးစားရာ၌ ပုံသေနည်းများ အသုံးပြုရခြင်းကို နှစ်သက်သကဲ့သို့ စည်းမျဉ်းများကို တင်းတင်းကျပ်ကျပ် ကျင့်သုံးလိုကြပြီး ဘုရားသခင်ကို ဘောင်ခတ်၍ အဓိပ္ပာယ်သတ်မှတ်ရန် ထိုသို့သော စည်းမျဉ်းများကို အသုံးပြုလိုကြသည်။ ထို့ကြောင့် လူသား၏အတွေးနယ်ပယ်အရမူ ဘုရားသခင်သည် စဉ်းစားခြင်းမပြုသကဲ့သို့ အခြေအမြစ် ခိုင်လုံသည့် စိတ်ကူးများလည်း မရှိပေ။ အမှန်စင်စစ်မှာမူ ဘုရားသခင်၏ အတွေးများသည် အကြောင်းအရာများနှင့် ပတ်ဝန်းကျင်တို့ ပြောင်းလဲမှုများနှင့်အညီ အစဉ်တစိုက် ပြောင်းလဲနေသည်။ ဤအတွေးများက ပြောင်းလဲနေစဉ်တွင် ဘုရားသခင့်အနှစ်သာရ၏ မတူညီသည့် ရှုထောင့်များက ထုတ်ဖော်ခံရလေသည်။ ဤပြောင်းလဲမှုဖြစ်စဉ်ကာလအတွင်း ဘုရားသခင်က သူ၏စိတ်နှလုံးသားကို ပြောင်းလဲသည့်အချိန်အတိအကျတွင် သူသည် လူသားမျိုးနွယ်ကို သူ့အသက်၏ဖြစ်တည်မှုစစ်စစ်နှင့် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားက အင်တိုက်အားတိုက် အသက်ပါခြင်းနှင့် ပြည့်ဝနေကြောင်း ပြသသည်။ တစ်ချိန်တည်းမှာပင် သူ၏အမျက်ဒေါသ၊ သူ၏သနားကရုဏာ၊ သူ၏ချစ်ခင်ကြင်နာခြင်းနှင့် သူ၏သည်းခံခြင်းတို့၏ ဖြစ်တည်မှုဆိုင်ရာ သမ္မာတရားကို လူသားမျိုးနွယ်အား သက်သေပြဖို့ သူ၏ကိုယ်ပိုင် စစ်မှန်သည့်ထုတ်ဖော်ခြင်းများကို ဘုရားသခင်အသုံးပြုသည်။ အကြောင်းအရာများ တိုးတက်ပြောင်းလဲမှုအရ သူ၏အနှစ်သာရကို အချိန်မရွေး၊ နေရာမရွေးတွင် ထုတ်ဖော်ပြလိမ့်မည်။ ခြင်္သေ့တစ်ကောင်၏ အမျက်ဒေါသအပြင် မိခင်တစ်ဦး၏ သနားကရုဏာနှင့် သည်းခံခြင်းတို့ကို သူပိုင်ဆိုင်သည်။ သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားက မည်သူ့ကိုမျှ မေးခွန်းထုတ်ခြင်း၊ ချိုးဖောက်ခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် ပုံစံပျက်အောင်ပြုလုပ်ခြင်းတို့ကို ခွင့်မပြုပေ။ အမှုအရာများ အားလုံးနှင့် အကြောင်းအရာများ အားလုံးထဲတွင် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို- ဆိုလိုသည်မှာ ဘုရားသခင်၏ အမျက်ဒေါသနှင့် ဘုရားသခင်၏ သနားကရုဏာကို- အချိန်မရွေး၊ နေရာမရွေးတွင် ထုတ်ဖော်ပြနိုင်သည်။ သူသည် ဤရှုထောင့်များကို ဖန်ဆင်းခြင်း၏ နေရာတိုင်းတွင် အသက်ပါစွာ ဖော်ပြပြီး ၎င်းတို့ကို အချိန်တိုင်းတွင်

အသက်ပါတက်ကြွမှုဖြင့် အကောင်အထည်ဖော်၏။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားသည် အချိန်၊ သို့မဟုတ် နေရာတို့၏ ကန့်သတ်ထားခြင်းကို မခံရပေ။ တစ်နည်းပြောရလျှင် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို အချိန်၊ သို့မဟုတ် နေရာတို့၏ ဘောင်ခတ်သတ်မှတ်ချက်များအရ စက်ယန္တရားဆန်ဆန် ဖော်ပြခြင်းလည်း မဟုတ်၊ ထုတ်ဖော်ခြင်းလည်း မဟုတ်ဘဲ ထိုအစား အချိန်တိုင်း နေရာတိုင်း၌ ပကတိလွတ်လပ်မှုဖြင့် ထုတ်ဖော်ဖွင့်ပြခြင်းဖြစ်သည်။ ဘုရားသခင်က သူ၏နှလုံးသားကို ပြောင်းလဲပြီး သူ၏အမျက်ဒေါသအား ဖော်ပြခြင်းကို ရပ်တန့်ကာ နိနေဝေမြို့အား မဖျက်ဆီးဘဲ စိတ်ချုပ်တည်းလိုက်ခြင်းကို သင်မြင်သည့်အခါ ဘုရားသခင်သည် သနားကရုဏာ၊ မေတ္တာနှင့်သာ ပြည့်စုံသည်ဟု သင်ဆိုနိုင်သလော။ ဘုရားသခင်၏ အမျက်ဒေါသတွင် အနှစ်မရှိသည့် စကားလုံးများသာလျှင် ပါဝင်သည်ဟု သင်ဆိုနိုင်သလော။ ဘုရားသခင်သည် ပြင်းထန်သည့် အမျက်ဒေါသဖြင့် ဒေါသူပုန်ထပြီး သူ၏သနားကရုဏာကို ရုပ်သိမ်းလိုက်သောအခါ လူသားမျိုးနွယ်အပေါ် သူသည် စစ်မှန်စွာမချစ်ဟု သင်ဆိုနိုင်သလော။ လူတို့၏ ဆိုးယုတ်သည့် လုပ်ရပ်များကို တုံ့ပြန်သည့်အနေနှင့် ပြင်းထန်သည့် ဤအမျက်ဒေါသကို ဘုရားသခင်ဖော်ပြ၏။ သူ၏အမျက်ဒေါသသည် ခြောက်ပြစ်ကင်း၏။ ဘုရားသခင်၏ နှလုံးသားသည် လူတို့၏ နောင်တကြောင့် တို့ထိခံရသည်။ သူ၏နှလုံးသားကို ပြောင်းလဲစေသည်မှာလည်း ဤနောင်တပင် ဖြစ်သည်။ သူတို့ထိခံရသည့်အခါ၊ သူ၏နှလုံးသားပြောင်းလဲသည့်အခါ၊ ထို့ပြင် လူသားအပေါ် သူ၏သနားကရုဏာနှင့် သည်းခံခြင်းတို့ကို ပြသသည့်အခါ ဤအရာအားလုံးသည် လုံးလုံးလျားလျား ခြောက်ပြစ်ကင်း၏။ ၎င်းတို့သည် သန့်ရှင်း၍ ဖြူစင်ကာ ပြစ်မျိုးမဲ့မထင်ဖြစ်ပြီး အရောအနှောကင်း၏။ ဘုရားသခင်၏ သနားကရုဏာက သနားကရုဏာမှလွဲ၍ အခြားဘာမျှ မဟုတ်သကဲ့သို့ ဘုရားသခင်၏ သည်းခံခြင်းသည်လည်း သည်းခံခြင်းသက်သက်သာဖြစ်သည်။ လူသား၏နောင်တနှင့် လူသားအပြုအမူ၏ အပြောင်းအလဲများနှင့်အညီ သူ၏စိတ်သဘောထားသည် အမျက်ဒေါသ၊ သို့မဟုတ် သနားကရုဏာနှင့် သည်းခံမှုတို့ကို ထုတ်ဖော်ပြ၏။ သူ့အနေဖြင့် မည်သည့်အရာကိုပင် ထုတ်ဖော်ပြီး ဖွင့်ပြသည်ဖြစ်စေ အားလုံးက သန့်စင်ပြီး တိုက်ရိုက်ဖြစ်သည်။ သူ၏အနှစ်သာရသည် ဖန်ဆင်းခြင်းထဲရှိ အနှစ်သာရအားလုံးနှင့် ကွဲပြား၏။ ဘုရားသခင်သည် သူ့လုပ်ဆောင်ချက်များ၏အောက်ခြေရှိ အခြေခံမှုများကို ဖော်ပြသည့်အခါ ၎င်းတို့သည် ချို့ယွင်းချက်များ၊ သို့မဟုတ် အပြစ်အနာအဆာများ ကင်း၏၊ ထို့ပြင် သူ၏အတွေးများ၊ စိတ်ကူးများအပြင် သူချမှတ်သည့် ဆုံးဖြတ်ချက် တစ်ခုစီတိုင်းနှင့် သူပြုသည့် လုပ်ဆောင်ချက်တစ်ခုစီတိုင်းသည်လည်း

ထိုကဲ့သို့ပင် ဖြစ်သည်။ ဘုရားသခင်က ထိုကဲ့သို့ ဆုံးဖြတ်ပြီး ထိုကဲ့သို့ လုပ်ဆောင်သောကြောင့် သူ၏လုပ်ငန်းများကိုလည်း ထိုကဲ့သို့ ပြည့်စုံစေသည်။ သူ့လုပ်ငန်းများ၏ရလဒ်များက မှန်ကန်ပြီး ပြောစရာမရှိသည်မှာ ၎င်းတို့၏ အရင်းအမြစ်က ချိုယွင်းချက်ကင်းပြီး အပြစ်အနာအဆာကင်းသည့် အကြောင်းရင်းအတိအကျကြောင့်ဖြစ်သည်။ ဘုရားသခင်၏ အမျက်ဒေါသသည် ခြောက်ပြစ်ကင်း၏။ အလားတူပင် မည်သည့်ဖန်ဆင်းခံမျှ မပိုင်သည့် ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံခြင်းတို့သည်လည်း သန့်ရှင်းပြီး ခြောက်ပြစ်ကင်းကာ တွေးတောသုံးသပ်ခြင်းနှင့် တွေ့ကြုံခံစားခြင်းတို့ကို ကြံ့ကြံ့ခံနိုင်သည်။

နိနေဝေဇာတ်လမ်းကို နားလည်ပြီးနောက် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ အနှစ်သာရ၏ အခြားဘက်ကို သင်တို့မြင်ကြသလော။ ဘုရားသခင်၏ အတုမရှိသည့် ဖြောင့်မတ်သော စိတ်သဘောထား၏ အခြားဘက်ကို မြင်သလော။ ဤစိတ်သဘောထားမျိုးကို လူသားမျိုးနွယ်ထဲ၌ ပိုင်ဆိုင်သောသူရှိသလော။ ဘုရားသခင်၏ အမျက်ဒေါသဖြစ်သည့် ဤအမျက်ဒေါသမျိုးကို ပိုင်ဆိုင်သောသူ ရှိသလော။ ဘုရားသခင်ပိုင်ဆိုင်သော အရာဖြစ်သည့် သနားကရုဏာနှင့် သည်းခံခြင်းကို ပိုင်ဆိုင်သောသူ ရှိသလော။ ဖန်ဆင်းခံများထဲမှ မည်သူက ထိုမျှလောက် ကြီးမားသော အမျက်ဒေါသကို စေ့ဆော်နိုင်ပြီး လူသားမျိုးနွယ်ကို ဖျက်ဆီးရန်၊ သို့မဟုတ် ဘေးဒုက္ခကျရောက်စေရန် ဆုံးဖြတ်နိုင်သနည်း။ ထို့ပြင် လူသားအပေါ် သနားကရုဏာကို ချပေးသနားဖို့၊ သည်းခံဖို့၊ ခွင့်လွှတ်ဖို့နှင့် ထိုသို့အားဖြင့် လူသားကိုဖျက်ဆီးရန် ယခင်ကဆုံးဖြတ်ချက်ကို ပြောင်းလဲဖို့ မည်သူက အရည်အချင်းမီသနည်း။ ဖန်ဆင်းရှင်သည် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားကို သူ၏ကိုယ်ပိုင်အတုမရှိသည့် နည်းလမ်းများနှင့် အခြေခံမူများမှတစ်ဆင့် ဖော်ပြသည်။ လူများ၊ အဖြစ်အပျက်များ၊ သို့မဟုတ် အကြောင်းအရာများ၏ ထိန်းချုပ်မှုကိုသော်လည်းကောင်း၊ ကန့်သတ်မှုများကိုသော်လည်းကောင်း သူမခံရပေ။ သူ၏ အတုမရှိသည့် စိတ်သဘောထားကြောင့် သူ၏အတွေးများနှင့် စိတ်ကူးများကို မည်သူကမျှ မပြောင်းလဲနိုင်သကဲ့သို့ သူ့ကို ဖျောင်းဖျပြီး သူ၏ဆုံးဖြတ်ချက် တစ်ခုတလေကို ပြောင်းလဲစေရန်လည်း မည်သူမျှမလုပ်နိုင်ပေ။ ဖန်ဆင်းခြင်းအားလုံး၌ တည်ရှိသည့် အပြုအမူနှင့် အတွေးအလုံးစုံသည် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထား၏ တရားစီရင်မှုအောက်၌ တည်ရှိသည်။ အမျက်ဒေါသကို သူကျင့်သုံးမည်လော၊ သနားကရုဏာကို သူကျင့်သုံးမည်လောဆိုသည်ကို မည်သူကမျှ မထိန်းချုပ်နိုင်ပေ။ ဖန်ဆင်းရှင်၏ အနှစ်သာရသာလျှင်၊ သို့မဟုတ် တစ်နည်းပြောရပါက ဖန်ဆင်းရှင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကသာလျှင် ၎င်းကို ဆုံးဖြတ်နိုင်သည်။ ဤသည်မှာ

ဖန်ဆင်းရှင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ အတုမရှိသည့် သဘာဝဖြစ်သည်။

နိနေဝေမြို့သားတို့အပေါ် ဘုရားသခင်၏ သဘောထား ပြောင်းလဲခြင်းကို ခွဲခြမ်းစစ်ဆေးပြီး နားလည်ခြင်းမှတစ်ဆင့် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားအတွင်း၌ တွေ့ရသည့် သနားကရုဏာကို ဖော်ပြဖို့ရန် "အတုမရှိ" ဟူသည့်စကားလုံးကို သင်တို့အသုံးပြုနိုင်သလော။ ဘုရားသခင်၏ အမျက်ဒေါသသည် သူ၏အတုမရှိ ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ အနှစ်သာရ၏ ရှုထောင့်တစ်ခုဖြစ်သည့်အကြောင်းကို ယခင်က ပြောခဲ့သည်။ ယခု ဘုရားသခင်၏ အမျက်ဒေါသနှင့် ဘုရားသခင်၏ သနားကရုဏာဖြစ်သည့် ရှုထောင့်နှစ်ခုကို သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားအနေနှင့် ငါအဓိပ္ပာယ်ဖွင့်ဆိုမည်။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားသည် သန့်ရှင်းသည်။ ၎င်းသည် ထိပါးစော်ကားခြင်းကိုသော်လည်းကောင်း၊ မေးခွန်းထုတ်ခြင်းကိုသော်လည်းကောင်း သည်းမခံပေ။ ၎င်းသည် ဖန်ဆင်းခံ၊ သို့မဟုတ် ဖန်ဆင်းခံမဟုတ်သည့် သတ္တဝါများထဲ၌ မည်သူကမျှ မပိုင်ဆိုင်သည့် အရာဖြစ်သည်။ နှစ်ခုစလုံးက ဘုရားသခင်အတွက် အတုမရှိဖြစ်ပြီး အထူးသီးသန့်ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ အမျက်ဒေါသသည် သန့်ရှင်းပြီး ထိပါးစော်ကား၍မရနိုင်ပေ။ ထိုနည်းတူပင် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ အခြားရှုထောင့်တစ်ခုဖြစ်သည့် ဘုရားသခင်၏ သနားကရုဏာသည် သန့်ရှင်းပြီး ထိပါးစော်ကား၍ မရနိုင်ပေ။ ဖန်ဆင်းခံ၊ သို့မဟုတ် ဖန်ဆင်းခံမဟုတ်သည့် မည်သည့်သတ္တဝါမဆို ဘုရားသခင်၏လုပ်ဆောင်ချက်များထဲ၌ သူ့ကို အစားထိုး၍သော်လည်းကောင်း၊ ကိုယ်စားပြု၍သော်လည်းကောင်း မရနိုင်သကဲ့သို့ သောဒုံမြို့ကို ဖျက်ဆီးခြင်း၌၊ သို့မဟုတ် နိနေဝေမြို့ကို ကယ်တင်ခြင်း၌ မည်သူကမျှ သူ့ကို အစားထိုး၍သော်လည်းကောင်း၊ ကိုယ်စားပြု၍သော်လည်းကောင်း မရနိုင်ခဲ့ပေ။ ဤသည်မှာ ဘုရားသခင်၏ အတုမရှိ ဖြောင့်မတ်သည့် စိတ်သဘောထားဆိုင်ရာ စစ်မှန်သည့် ဖော်ပြချက်ဖြစ်သည်။

### လူသားမျိုးနွယ်အပေါ် ဖန်ဆင်းရှင်၏ စစ်မှန်သော ခံစားချက်များ

ဘုရားသခင်ကို သိကျွမ်းရန်မှာ လွယ်ကူသောအရာ မဟုတ်ဟု လူတို့က မကြာခဏ ပြောတတ်ကြသည်။ သို့သော်လည်း ဘုရားသခင်သည် လူသားမြင်တွေ့စေရန် သူ၏လုပ်ဆောင်ချက်များကို မကြာခဏ ပြသသောကြောင့် ဘုရားသခင်ကို သိကျွမ်းခြင်းသည် ခဲယဉ်းသောကိစ္စ လုံးဝမဟုတ်ဟု ငါဆိုသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် သူ၏

အပြန်အလှန်ဆွေးနွေးခြင်းကို ဘယ်သောအခါမျှ မရပ်စဲခဲ့ဖူးပေ၊ သူသည် သူ့ကိုယ်သူ လူသားထံမှ ဘယ်သောအခါမျှ မဖုံးကွယ်ဖူးသကဲ့သို့ သူ့ကိုယ်သူလည်း မကွယ်ဝှက်ဖူးပေ။ သူ၏အတွေးများ၊ သူ၏စိတ်ကူးများ၊ သူ၏နှုတ်ကပတ်တော်များနှင့် သူ၏လုပ်ဆောင်ချက်များ အားလုံးကို လူသားမျိုးနွယ် တစ်ရပ်လုံးအား ထုတ်ဖော်ပြသည်။ ထို့ကြောင့် လူသားသည် ဘုရားသခင်ကို သိကျွမ်းရန် ဆန္ဒရှိသရွေ့ သူသည် နည်းစနစ်များနှင့် နည်းလမ်းမျိုးစုံဖြင့် ဘုရားသခင်ကို နားလည်သိမြင်လာနိုင်သည်။ ဘုရားသခင်သည် လူသားကို တမင်ရှောင်သည်၊ ဘုရားသခင်သည် လူသားမျိုးနွယ်မှ သူ့ကိုယ်သူ တမင်ဖုံးကွယ်ထားသည်၊ သူ့ကို လူသားနားလည်သိမြင်ရန် ခွင့်ပြုဖို့ ဘုရားသခင်တွင် ရည်ရွယ်ချက်မရှိဟု လူသားသည် မျက်စိစုံမှိတ် ထင်ရသည့်အကြောင်းရင်းမှာ သူသည် ဘုရားသခင် မည်သူဖြစ်သည်ကို မသိသကဲ့သို့ ဘုရားသခင်ကို နားလည်ရန် ဆန္ဒလည်း မရှိသောကြောင့် ဖြစ်သည်။ ထို့ထက်ပို၍ လူသားသည် ဖန်ဆင်းရှင်၏ အတွေးများ၊ နှုတ်ကပတ်တော်များ၊ သို့မဟုတ် လုပ်ဆောင်ချက်များတို့ကို စိတ်မဝင်စားသောကြောင့်ပင် ဖြစ်သည်။...အရင်းအတိုင်းပြောရလျှင် လူတစ်ယောက်က ဖန်ဆင်းရှင်၏ နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက်များအပေါ် အာရုံစိုက်ပြီး နားလည်ရန် သူ၏အားနေသောအချိန်ကိုသာ အသုံးပြုပါက၊ ဖန်ဆင်းရှင်၏ အတွေးများနှင့် သူ့နှလုံးသား၏ အသံတော်ကို အနည်းငယ်သာ အာရုံစိုက်မှု ပြုမည်ဆိုပါက ဖန်ဆင်းရှင်၏ အတွေးများ၊ နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက်များမှာ ထင်ရှားပြီး ပွင့်လင်းမြင်သာကြောင်း ထိုသူအနေဖြင့် သဘောပေါက်ရန် ခဲယဉ်းလိမ့်မည်မဟုတ်ပေ။ အလားတူပင် ဖန်ဆင်းရှင်သည် လူသားအကြားတွင် အမြဲတမ်းရှိနေကြောင်း၊ သူသည် လူသားအပြင် ဖန်ဆင်းခြင်းအလုံးစုံနှင့် အမြဲတမ်း စကားစမြည်ပြောနေကြောင်း၊ ထို့အပြင် သူသည် အမှုသစ်များကို နေ့စဉ်လုပ်ဆောင်နေကြောင်းတို့ကို သဘောပေါက်ရန် အနည်းငယ်သာ အားထုတ်ကြိုးပမ်းရလိမ့်မည်။ သူ၏အနှစ်သာရနှင့် စိတ်သဘောထားတို့ကို လူသားနှင့် အပြန်အလှန်ဆွေးနွေးခြင်းတွင် ဖော်ပြထားသည်၊ သူ၏အတွေးများနှင့် စိတ်ကူးများကို သူ၏လုပ်ဆောင်ချက်များတွင် ပြည့်စုံစွာ ထုတ်ဖော်ထားသည်၊ သူသည် လူသားမျိုးနွယ်နှင့်အတူ အမြဲတမ်းပါရှိပြီး စောင့်ကြည့်နေသည်။ "ငါသည် ကောင်းကင်တွင် တည်ရှိ၏၊ ထို့ပြင် ငါသည် ငါ၏ဖန်ဆင်းရာထဲတွင် တည်ရှိ၏။ ငါသည် အိပ်ဖန်စောင့်ပေးနေသည်၊ ငါသည် စောင့်ဆိုင်းနေသည်၊ ငါသည် သင်၏အပါးတွင် ရှိနေသည်..." ဟု သူသည် လူသားမျိုးနွယ်နှင့် ဖန်ဆင်းရာအားလုံးတို့ကို သူ၏ အသံတိတ်စကားလုံးများဖြင့် ညင်ညင်သာသာ စကားပြောသည်။ သူ၏လက်များမှာ နွေးထွေးပြီး ခွန်အားကြီး၏၊

သူ၏ခြေလှမ်းတို့မှာ ပေါ့ပါး၏၊ သူ၏အသံမှာ သိမ်မွေ့၍ တင့်တယ်ပေ၏၊ သူ၏အသွင်သဏ္ဌာန်မှာ လူသားမျိုးနွယ်အားလုံးကို ပွေ့ဖက်ရင်း ဖြတ်သွားလှည့်ပတ်၏၊ သူ၏မျက်နှာထားမှာ လှပ၍ နူးညံ့သိမ်မွေ့၏။ သူသည် ဘယ်သောအခါမျှ ထွက်ခွာမသွား၊ ပျောက်ကွယ်မသွားဖူးပေ။ သူသည် နေ့ရောညပါ လူသားမျိုးနွယ်ဘေးမှ ထွက်ခွာသွားခြင်း မရှိဘဲ သူတို့၏ အမြဲရှိနေသော အဖော်ပင်ဖြစ်သည်။ လူသားမျိုးနွယ်အတွက် သူ၏ဂရုတစိုက်ပူပန်ခြင်းနှင့် အထူးချစ်ခင်ကြင်နာခြင်းကိုလည်းကောင်း၊ လူသားအတွက် သူ၏စစ်မှန်သော အလေးထားမှုနှင့် ချစ်ခြင်းမေတ္တာကိုလည်းကောင်း နိနေဝေမြို့ကို သူကယ်တင်သောအခါ၌ တစ်စပြီးတစ်စ ပြသခဲ့သည်။ အထူးသဖြင့် ယေဟောဝါဘုရားသခင်နှင့် ယောနတို့ကြား ခွန်းတုံ့ဖလှယ်ခြင်းက မိမိကိုယ်တိုင်ဖန်ဆင်းခဲ့သော လူသားမျိုးနွယ်အပေါ် ဖန်ဆင်းရှင်၏ ကြင်နာယုယမှုကို ပြည့်စုံစွာဖော်ထုတ်ပြခဲ့သည်။ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ စစ်မှန်သော ခံစားချက်များကို ဤနှုတ်ကပတ်တော်များအားဖြင့် နက်နက်ရှိုင်းရှိုင်း သင်နားလည်နိုင်သည် ...

အောက်ဖော်ပြပါ ကျမ်းပိုဒ်ကို ယောန၀တ္ထု ၄:၁၀-၁၁ တွင် မှတ်တမ်းတင်ထားသည်- “ယေဟောဝါကလည်း၊ သင်သည် မိမိ၏အားထုတ်ကြိုးပမ်းခြင်းလည်းမပါ၊ ကြီးထွားစေရန်လည်း သင်မလုပ်ခဲ့သည့် တစ်ညချင်းတွင် ဖြစ်ပေါ်  ပြီး တစ်ညချင်းတွင် သေသော ကြက်ဆူပင်ကို သနားခြင်းရှိပေ၏။ များစွာသော တိရစ္ဆာန်တို့ကိုမဆိုထားနှင့်၊ မိမိလက်ျာလက်နှင့် လက်ဝဲလက်ကို မပိုင်းခြားနိုင်သောသူ တသိန်းနှစ်သောင်းထက်မက ရှိသည့် နိနေဝေမြို့ကြီးကို ငါချမ်းသာပေးသင့်သည် မဟုတ်လောဟု မိန့်တော်မူ၏။” ဤသည်တို့မှာ ဘုရားသခင်နှင့် ယောနတို့၏ စကားစမြည်ပြောဆိုခြင်းမှ မှတ်တမ်းတင်ထားသည့် ယေဟောဝါဘုရားသခင်၏ နှုတ်ကပတ်တော်စစ်စစ်များဖြစ်သည်။ ဤခွန်းတုံ့ဖလှယ်ခြင်းမှာ တိုတောင်းလင့်ကစား လူသားမျိုးနွယ်အတွက် ဖန်ဆင်းရှင်၏ ပူပန်မှုနှင့် လူသားမျိုးနွယ်အား လက်လျှော့ရန် သူ၏ဝန်လေးမှုတို့နှင့် ပြည့်နေသည်။ သူ၏ဖန်ဆင်းခြင်းအတွက် သူ၏နှလုံးသားထဲတွင် ဘုရားသခင် စွဲကိုင်ထားသည့် စစ်မှန်သော သဘောထားနှင့် ခံစားချက်များကို ဤနှုတ်ကပတ်တော်များက ဖော်ပြသည်။ လူသားကြားဖူးရန် ကြံခဲလှသည့် ရှင်းလင်းပြတ်သားသော ဤနှုတ်ကပတ်တောများမှတစ်ဆင့် ဘုရားသခင်သည် လူသားတစ်ရပ်လုံးအတွက် သူ၏စစ်မှန်သော ရည်ရွယ်ချက်များကို ထုတ်ပြန်သည်။ ဤအပြန်အလှန် စကားပြောခြင်းက နိနေဝေမြို့သားများအပေါ် ဘုရားသခင်စွဲကိုင်ခဲ့သည့် သဘောထားတစ်ခုကို ကိုယ်စားပြုသည်၊ သို့ရာတွင် ဤသည်မှာ မည်ကဲ့သို့သော သဘောထားမျိုးနည်း။ ယင်းသည် နိနေဝေမြို့သားများ နောင်တမရခင်နှင့် နောင်တရပြီးနောက်

သူတို့အပေါ် ဘုရားသခင်စွဲကိုင်ခဲ့သည့် သဘောထားပင်ဖြစ်ဖြစ်ပြီး လူသားမျိုးနွယ်ကို သူဆက်ဆံသည့် သဘောထားဖြစ်သည်။ ဤနှုတ်ကပတ်တော်များထဲတွင် သူ၏အတွေးများနှင့် သူ၏စိတ်သဘောထားတို့ ရှိကြ၏။

ဤနှုတ်ကပတ်တော်များထဲတွင် ဘုရားသခင်၏ အဘယ်သို့သော အတွေးများကို ထုတ်ဖော်ထားသနည်း။ အသေးစိတ်ဖတ်ရှုမည်ဆိုပါက ဘုရားသခင်သည် "နှမြော" ဟူသည့် စကားလုံးကို သုံးထားကြောင်း သတိပြုမိဖို့ မခဲယဉ်းပေ၊ ဤစကားလုံးကို သုံးနှုန်းထားခြင်းက လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ စစ်မှန်သော သဘောထားကို ပြသသည်။

တိုက်ရိုက်အဓိပ္ပာယ်အဆင့်တွင် လူတို့သည် "နှမြော" ဟူသည့် စကားလုံးကို နည်းလမ်းအမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖွင့်နိုင်သည်- ပထမအနေဖြင့် "ချစ်ခြင်းနှင့် ကာကွယ်ပေးခြင်း၊ တစ်စုံတစ်ခုအပေါ် ကြင်နာယုယမှု ခံစားခြင်း" ကို ဆိုလို၏၊ ဒုတိယအနေဖြင့် "လွန်စွာချစ်ခြင်း" ကို ဆိုလိုကာ၊ နောက်ဆုံးအနေဖြင့် "တစ်စုံတစ်ခုကို နာကျင်စေရန် ဆန္ဒမရှိရုံသာမက ထိုသို့မပြုရက်ခြင်း" ကို ဆိုလိုသည်။ အတိုချုပ်အားဖြင့် ဤစကားလုံးက နူးညံ့သိမ်မွေ့သော ချစ်ခင်ကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာကိုလည်းကောင်း၊ တစ်စုံတစ်ဦး၊ သို့မဟုတ် တစ်စုံတစ်ခုအား လက်လျှော့ရန် ဆန္ဒမရှိခြင်းကိုလည်းကောင်း ညွှန်းဆိုသည်၊ ယင်းက လူသားအပေါ် ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံခြင်းကို ညွှန်းဆိုသည်။ ဘုရားသခင်သည် လူသားတို့ကြားထဲတွင် အများပြောနေကျ စကားလုံးတစ်လုံးကို သုံးနှုန်းခဲ့သော်လည်း ယင်းက လူသားမျိုးနွယ်အပေါ် ဘုရားသခင့်နှလုံးသား၏ အသံတော်နှင့် သူ၏ သဘောထားကို ဖော်ထုတ်ပြနိုင်သည်။

နိနေဝေမြို့သည် သောဒုံ၌ ရှိသောသူများကဲ့သို့ ဖောက်ပြန်ပျက်စီးသော၊ ဆိုးယုတ်၍ ရုန့်ရင်းကြမ်းကြုတ်သော လူများနှင့် ပြည့်နေခဲ့လင့်ကစား၊ သူတို့၏နောင်တက ဘုရားသခင်၏နှလုံးသားကို ပြောင်းလဲစေခဲ့ပြီး သူတို့ကို မဖျက်ဆီးရန် ဆုံးဖြတ်စေခဲ့သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် ညွှန်ကြားချက်များကို သူတို့၏သဘောထားပုံက သောဒုံမြို့သားများနှင့် သိသိသာသာ ကွာခြားသော သဘောထားတစ်ခုကို ထင်ထင်ရှားရှား ပြသောကြောင့်လည်းကောင်း၊ ထို့နောက် ဘုရားသခင်ထံ သူတို့၏ ရိုးသားသော နာခံခြင်းနှင့် သူတို့၏အပြစ်များအတွက် ရိုးသားသော နောင်တရခြင်းအပြင်၊ အဖက်ဖက်၌ သူတို့၏ စစ်မှန်၍ လှိုက်လှဲသော အပြုအမူများကြောင့်လည်းကောင်း၊ ဘုရားသခင်သည် သူ၏ လှိုက်လှဲသော သနားခြင်းကို နောက်တစ်ကြိမ် ပြခဲ့ပြီး ယင်းကို သူတို့အပေါ် နှင်းအပ်ခဲ့သည်။ လူသားမျိုးနွယ်အပေါ် ဘုရားသခင်နှင်းအပ်ပေးသောအရာနှင့် လူသားမျိုးနွယ်အတွက်

သူ၏သနားခြင်းကို အဘယ်သူမျှ တုပရန်မဖြစ်နိုင်ပေ၊ ဘုရားသခင်၏ သနားကရုဏာ၊ သို့မဟုတ် သည်းခံခြင်းကိုဖြစ်စေ၊ လူသားမျိုးနွယ်အပေါ် သူ၏စစ်မှန်သော ခံစားချက်များကိုဖြစ်စေ အဘယ်ပုဂ္ဂိုလ်ကမျှ မပိုင်ဆိုင်နိုင်ချေ။ မြင့်မားသောအဆင့်မှဆိုပါက ကြီးမြတ်သော လူယောက်ျား၊ သို့မဟုတ် လူမိန်းမကဲ့သို့ ပြောဆိုမည့်သူ၊ သို့တည်းမဟုတ် အမြင့်ဆုံးအဆင့်မှဆိုပါက လူသားမျိုးနွယ်၊ သို့မဟုတ် ဖန်ဆင်းရာများအပေါ် ဤကဲ့သို့သော ထုတ်ပြန်ချက်မျိုး ပြုလုပ်မည့် ကြီးမြတ်သော လူယောက်ျား၊ သို့မဟုတ် လူမိန်းမ၊ သို့တည်းမဟုတ် အာဂလူဟုပင် သင်မှတ်ယူသည့်လူ တစ်စုံတစ်ယောက် ရှိသလော။ လူသားမျိုးနွယ်တွင် မည်သူသည် လူ့လောက၏ အသက်ရှင်မှု အနေအထားများကို မိမိလက်ဖဝါးကဲ့သို့ သိနိုင်သနည်း။ လူ့လောက၏ ဖြစ်တည်ခြင်းအတွက် မည်သူသည် ဝန်တာထားကာ တာဝန်ယူနိုင်သနည်း။ မြို့တစ်မြို့ဖျက်ဆီးခြင်းကို ကြေညာရန် မည်သူသည် အရည်အချင်းမီသနည်း။ ထို့ပြင် မြို့တစ်မြို့ကို ခွင့်လွှတ်ရန် မည်သူသည် အရည်အချင်းမီသနည်း။ သူတို့ကိုယ်တိုင်ဖန်ဆင်းရာကို သူတို့ချစ်ခင်မြတ်နိုးသည်ဟု မည်သူဆိုနိုင်သနည်း။ ဖန်ဆင်းရှင်သာလျှင် ဖြစ်၏။ ဖန်ဆင်းရှင်သာလျှင် ဤလူသားမျိုးနွယ်အပေါ် ကြင်နာယုယခြင်း ထားသည်။ ဖန်ဆင်းရှင်သာလျှင် ဤလူသားမျိုးနွယ်ကို သိမ်မွေ့ခြင်းနှင့် ချစ်ခင်ကြင်နာခြင်းကို ပြသည်။ ဖန်ဆင်းရှင်သာလျှင် ဤလူသားမျိုးနွယ်အတွက် စစ်မှန်၍ မချိုးနှိမ်နိုင်သော ချစ်ခင်ကြင်နာခြင်း စွဲကိုင်ထားသည်။ ထိုနည်းတူပင် ဖန်ဆင်းရှင်သာလျှင် ဤလူသားမျိုးနွယ်အပေါ် သနားကရုဏာနှင်းအပ်နိုင်ကာ မိမိ၏ဖန်ဆင်းရာအားလုံးကို ချစ်ခင်မြတ်နိုးနိုင်သည်။ သူ၏နှလုံးသားသည် လူသား၏လုပ်ရပ်တစ်ခုစီတိုင်းတွင် ခုန်ပေါက်၍ နာကျင်သည်၊ လူသား၏ ဆိုးယုတ်မှုနှင့် ဖောက်ပြန်ပျက်စီးမှုအပေါ် သူသည် ဒေါသထွက်ကာ သောကရောက်ပြီး ဝမ်းနည်းကြေကွဲသည်၊ လူသား၏ နောင်တနှင့် ယုံကြည်မှုအတွက် သူသည် ကျေနပ်ကာ ပျော်ရွှင်၍ ခွင့်လွှတ်ပြီး ဂုဏ်ယူဝင့်ကြွားသည်၊ သူ၏အတွေးများနှင့် စိတ်ကူးများ တစ်ခုစီတိုင်းသည် လူသားမျိုးနွယ်အတွက် ဖြစ်တည်နေ၍ လူသားကို ဗဟိုပြုနေသည်၊ သူ၏ ဖြစ်ခြင်းနှင့် အရာအားလုံးကို လူသားမျိုးနွယ်အတွက်သာလျှင် ဖော်ပြထားသည်၊ သူ၏ခံစားချက်တစ်ခုလုံးသည် လူသားမျိုးနွယ်၏ ဖြစ်တည်မှုနှင့်အတူ ရောယှက်နေသည်။ လူသားမျိုးနွယ်အဖို့အလို့ငှာ သူသည်သွားလာပြီး အပူတပြင်းလုပ်ဆောင်သည်၊ သူသည် သူ့အသက်၏ အပိုင်းအစတိုင်းကို တိတ်တိတ်ဆိတ်ဆိတ် ထုတ်လွှတ်ပေးသည်၊ သူသည် သူ့အသက်၏ မိနစ်တိုင်း၊ စက္ကန့်တိုင်းကို ဆက်ကပ်ထားသည်။... သူသည် မိမိကိုယ်တိုင်၏အသက်ကို နှမြောရကောင်းမှန်း လုံးဝမသိခဲ့ပေ၊ သို့သော်လည်း သူသည်

သူကိုယ်တိုင်ဖန်ဆင်းခဲ့သော လူသားမျိုးနွယ်ကို အမြဲချစ်ခင်မြတ်နိုးခဲ့သည်။... သူသည် ဤလူ့လောကအတွက် သူ၌ရှိသမျှအားလုံးကို ပေးအပ်သည်။... သူသည် သူ၏သနားကရုဏာနှင့် သည်းခံခြင်းကို ဆုလာဘ်အတွက် မျှော်လင့်ချက်မပါဘဲ အကြွင်းမဲ့ချပေးသည်။ လူသားမျိုးနွယ်က သူ၏အသက်ထောက်ပံ့ခြင်းကို ရရှိပြီး၊ သူ့မျက်စိရှေ့တွင် ဆက်လက်အသက်ရှင် ရပ်တည်နိုင်ရန်အတွက်သာ သူဤသို့ပြုလုပ်သည်။ လူသားမျိုးနွယ်အနေဖြင့် တစ်နေ့တွင် သူ၏ရှေ့မှောက်၌ ကျိုးနွံနာခံကာ၊ သူသာလျှင် လူသား၏ဖြစ်တည်မှုကို အာဟာရဖြစ်စေပြီး ဖန်ဆင်းရာအားလုံး၏ အသက်ကို ဖြည့်စွမ်းပေးသောသူဖြစ်ကြောင်း သိရန်အလို့ငှာ သူဤသို့ ပြုလုပ်ခြင်းဖြစ်သည်။

### ဖန်ဆင်းရှင်သည် လူသားမျိုးနွယ်အတွက် သူ၏စစ်မှန်သော ခံစားချက်များကို ဖော်ပြသည်

ယေဟောဝါဘုရားသခင်နှင့် ယောနတို့ကြားက ဤစကားစမြည်ပြောခြင်းသည် လူသားမျိုးနွယ်အတွက် ဖန်ဆင်းရှင်၏ စစ်မှန်သော ခံစားချက်များကို ဖော်ပြချက်ဖြစ်ကြောင်း သံသယဖြစ်စရာ မရှိပေ။ တစ်ဖက်တွင် မိမိ၏သြဇာအာဏာအောက်၌ ရှိကြကုန်သော ဖန်ဆင်းရာအားလုံးအပေါ် ဖန်ဆင်းရှင်၏ နားလည်ခြင်းကို လူတို့အား ၎င်းက အသိပေးသည်။ ယေဟောဝါဘုရားသခင် ပြောခဲ့သည့်အတိုင်းပင်ဖြစ်၏၊ "များစွာသော တိရစ္ဆာန်တို့ကိုမဆိုထားနှင့်၊ မိမိလက်ျာလက်နှင့် လက်ဝဲလက်ကို မပိုင်းခြားနိုင်သောသူ တသိန်းနှစ်သောင်းထက်မက ရှိသည့် နိနေဝေမြို့ကြီးကို ငါချမ်းသာပေးသင့်သည် မဟုတ်လော။" တစ်နည်းဆိုရလျှင် နိနေဝေမြို့အပေါ် ဘုရားသခင်၏ နားလည်ခြင်းမှာ သာမန်ကာလျှံကာကိစ္စထက် ကျော်လွန်သည်။ (လူများနှင့် ခြံမွေးတိရစ္ဆာန်များအပါအဝင်) မြို့အတွင်း၌ရှိသော သက်ရှိအရာများ၏ အရေအတွက်ကို သူသိခဲ့ရုံမက၊ မိမိတို့၏ လက်ယာလက်နှင့် လက်ဝဲလက်ကိုမျှ ပိုင်းခြား၍မသိသောသူ- အတိအကျဆိုရလျှင် ကလေးငယ်များနှင့် လူငယ်များ အဘယ်မျှလောက် ရှိသည်ကိုလည်း သူသိခဲ့သည်။ ဤသည်မှာ လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ ပြည့်စုံသော နားလည်ခြင်းကို ပြသည့် ခိုင်လုံသောသက်သေပင်ဖြစ်သည်။ တစ်ဖက်တွင် ဤစကားစမြည်ပြောခြင်းက လူသားမျိုးနွယ်အပေါ် ဖန်ဆင်းရှင်၏ သဘောထား၊ တစ်နည်းဆိုရလျှင် ဖန်ဆင်းရှင်၏ နှလုံးသားထဲတွင်ရှိသည့် လူသားမျိုးနွယ်အတွက် ကြီးလေးသောတာဝန်ကို လူတို့အား အသိပေးသည်။ ယေဟောဝါဘုရားသခင်က ပြောခဲ့သကဲ့သို့ပင်ဖြစ်သည်- "သင်သည် မိမိ၏အားထုတ်ကြိုးပမ်းခြင်းလည်းမပါ၊ ကြီးထွားစေရန်လည်း သင်မလုပ်ခဲ့သည့် တစ်ညချင်းတွင် ဖြစ်ပေါ် ပြီး တစ်ညချင်းတွင် သေသော ကြက်ဆူပင်ကို သနားခြင်းရှိပေ၏။...

နိနေဝေမြို့ကြီးကို ငါချမ်းသာပေးသင့်သည် မဟုတ်လော…။” ဤသည်မှာ ယောနအပေါ် ယေဟောဝါဘုရားသခင်၏ ပြစ်တင်စကားများ ဖြစ်သော်လည်း အားလုံးမှန်ပေသည်။

နိနေဝေမြို့သားများထံ ယေဟောဝါဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြေညာရန် ယောနသည် တာဝန်ပေးစေခိုင်းခံရခဲ့သော်လည်း၊ ယေဟောဝါဘုရားသခင်၏ ရည်ရွယ်ချက်များကို သူနားမလည်ခဲ့သည့်သကဲ့သို့ မြို့သူမြို့သားများအတွက် သူ၏ပူပင်မှုများနှင့် မျှော်လင့်ချက်များကိုလည်း သူနားမလည်ခဲ့ပေ။ လူသားမျိုးနွယ်သည် သူ့ကိုယ်ပိုင်လက်များမှ ဆင်းသက်ပေါက်ဖွားလာသည့်အရာ ဖြစ်ကြောင်း၊ ဘုရားသခင်သည် လူပုဂ္ဂိုလ်တစ်ဦးစီတိုင်းအတွက် အပတ်တကုတ် အားထုတ်ကြိုးပမ်းမှုကို ပြုထားကြောင်း၊ လူပုဂ္ဂိုလ်တိုင်းက ဘုရားသခင်၏ မျှော်လင့်ချက်များကို မိမိတို့၏ပခုံးများထက်တွင် သယ်ပိုးထားကြကြောင်း၊ လူပုဂ္ဂိုလ်တိုင်းက ဘုရားသခင်၏ အသက်ထောက်ပံ့မှုကို အကျိုးခံစားခဲ့ကြကြောင်းကို ဤအပြစ်ဖော်ဆုံးမခြင်းနှင့်အတူ ဘုရားသခင်က သူ့အား ပြောလိုခဲ့ခြင်းပင် ဖြစ်သည်။ လူပုဂ္ဂိုလ်တိုင်းအတွက် ဘုရားသခင်သည် အပတ်တကုတ် အားထုတ်ရသည့် အဖိုးအခကို ပေးချေခဲ့ပြီးဖြစ်၏။ ယောနကိုယ်တိုင်က ကြက်ဆူပင်ကို ချစ်ခင်မြတ်နိုးသလောက် ဘုရားသခင်သည် သူ့ကိုယ်ပိုင်လက်များ၏ လက်ရာဖြစ်သည့် လူသားမျိုးနွယ်ကို ချစ်ခင်မြတ်နိုးကြောင်းကိုလည်း ဤအပြစ်ဖော်ဆုံးမခြင်းက ယောနကို ပြောပြခဲ့သည်။ ဘုရားသခင်သည် ဖြစ်နိုင်ခြေရှိသော နောက်ဆုံးအခိုက်အတန့် မတိုင်ခင်ထိ မည်သည့်နည်းနှင့်မျှ လူသားမျိုးနွယ်ကို ပေါ့ပေါ့တန်တန် စွန့်ပစ်မည် မဟုတ်ပေ၊ အထူးသဖြင့် မြို့အတွင်း၌ ကလေးငယ်များနှင့် အပြစ်မဲ့ ခိုမွေးတိရစ္ဆာန်များ အမြောက်အမြား ရှိခဲ့သောကြောင့်ဖြစ်သည်။ မိမိတို့၏ လက်ယာလက်နှင့် လက်ဝဲလက်များကိုပင် မခွဲခြားနိုင်ကြသူများဖြစ်သည့် ဘုရားသခင်၏ ဖန်ဆင်းခြင်းမှ ဆင်းသက်ပေါက်ဖွားလာသည့် ဤကဲ့သို့ ငယ်ရွယ်၍ မသိနားမလည်သောသူများကို ကိုင်တွယ်ဖြေရှင်းသောအခါ ဘုရားသခင်သည် ထိုသို့အလျင်စလိုနည်းဟန်မျိုးဖြင့် သူတို့၏အသက်များကို အဆုံးသတ်ပြီး သူတို့၏ရလဒ်များကို အဆုံးအဖြတ်ပေးခြင်းငှာ ပို၍ပင် မတတ်နိုင်ခဲ့ချေ။ ဘုရားသခင်သည် သူတို့ကြီးပြင်းလာသည်ကို မြင်တွေ့ရန် မျှော်လင့်သည်၊ သူတို့သည် သူတို့၏လူကြီးသူမများကဲ့သို့ တူညီသည့် လမ်းကြောင်းများအတိုင်း မလျှောက်မည့်အကြောင်း၊ သူတို့သည် ယေဟောဝါဘုရားသခင်၏ သတိပေးချက်ကို နောက်ထပ်ပြန်ကြားစရာ မလိုမည့်အကြောင်း၊ ထို့ပြင် သူတို့သည် နိနေဝေ၏အတိတ်ကို သက်သေခံကြမည့်အကြောင်း ဘုရားသခင်မျှော်လင့်ခဲ့သည်။ ထို့ထက်ပို၍ နောင်တရပြီးသား နိနေဝေမြို့ကို မြင်တွေ့ရန်၊ နောင်တရပြီးနောက် နိနေဝေမြို့၏ အနာဂတ်ကို မြင်တွေ့ရန်၊ ပိုအရေးကြီးသည်မှာ

နိနေဝေမြို့သည် ဘုရားသခင်၏ သနားကရုဏာအောက်တွင် နောက်ထပ်တစ်ဖန် အသက်ရှင်သည်ကို မြင်တွေ့ရန် ဘုရားသခင်မျှော်လင့်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏ အမြင်တွင် မိမိတို့၏ လက်ယာလက်နှင့် လက်ဝဲလက်များကို မခွဲခြားနိုင်သော ထိုဖန်ဆင်းခံအရာများမှာ နိနေဝေ၏အနာဂတ်ပင် ဖြစ်ကြသည်။ ယေဟောဝါဘုရားသခင်၏ လမ်းညွှန်မှုအောက်တွင် နိနေဝေမြို့၏ အတိတ်နှင့်အနာဂတ်ကို သက်သေခံရမည့် အရေးကြီးသောတာဝန်ကို သူတို့ထမ်းပိုးထားရမည် ဖြစ်သကဲ့သို့ နိနေဝေ၏ စက်ဆုပ်ဖွယ်ကောင်းသော အတိတ်ကိုလည်း သူတို့ထမ်းပိုးရမည်ဖြစ်သည်။ သူ၏စစ်မှန်သော ခံစားချက်များကို ဤသို့ကြေညာရာ၌ ယေဟောဝါ ဘုရားသခင်သည် လူသားမျိုးနွယ်တစ်ခုလုံးအတွက် ဖန်ဆင်းရှင်၏ သနားကရုဏာကို အလုံးစုံတင်ပြခဲ့သည်။ ယင်းက "ဖန်ဆင်းရှင်၏ သနားကရုဏာ" သည် အနှစ်သာရမဲ့သော စကားရပ်တစ်ခု မဟုတ်သကဲ့သို့ ပေါ့တန်သော ကတိတစ်ခုလည်းမဟုတ်ကြောင်း လူသားမျိုးနွယ်ကို ပြခဲ့သည်၊ ယင်းတွင် ခိုင်လုံသော အခြေခံမှုများ၊ နည်းလမ်းများနှင့် ရည်မှန်းချက်များ ပါရှိသည်။ ဘုရားသခင်သည် မှန်ကန်၍ စစ်မှန်ပြီး မုသားများနှင့် အယောင်ဆောင်မှုများကို မသုံးပေ၊ ထို့ပြင် ဤနည်းအတိုင်းပင် သူ၏ သနားကရုဏာကို အချိန်တိုင်း၊ ခေတ်ကာလတိုင်းရှိ လူသားမျိုးနွယ်အပေါ် အဆုံးမရှိ ပေးအပ်ထားသည်။ သို့သော်ပြားလည်း ယနေ့ထိတိုင်အောင် ယောနနှင့် ဖန်ဆင်းရှင်၏ အပြန်အလှန်စကားပြောခြင်းသည် လူသားမျိုးနွယ်ကို သူအဘယ်ကြောင့်သနားကရုဏာပြပုံ၊ လူသားမျိုးနွယ်ကို သူမည်သို့ကရုဏာပြပုံ၊ လူသားမျိုးနွယ်အပေါ် သူမည်မျှသည်းခံပုံတို့အပြင် လူ့လောကအတွက် သူ၏စစ်မှန်သော ခံစားချက်များနှင့်ဆိုင်သည့် ဘုရားသခင်၏ တစ်ခုတည်းသော သီးသန့်နှုတ်ထွက်ထုတ်ပြန်ချက်ပင် ဖြစ်သည်။ ဤအပြန်အလှန်စကားပြောစဉ်တွင် ယေဟောဝါဘုရားသခင်၏ လိုရင်းတိုရှင်းကျသော နှုတ်ကပတ်တော်များက လူသားမျိုးနွယ်အတွက် သူ၏အတွေးများကို တစ်လုံးတစ်ဝတည်းအဖြစ် ဖော်ပြသည်၊ ဤသည်မှာ လူသားမျိုးနွယ်အပေါ် သူ့နှလုံးသားသဘောထား၏ စစ်မှန်သော ဖော်ပြချက်ပင် ဖြစ်သည်၊ ထို့ပြင် ဤသည်မှာ လူ့လောကအပေါ် သူ၏ကြွယ်ဝသော သနားကရုဏာပေးအပ်ခြင်း၏ ခိုင်လုံသော သက်သေလည်း ဖြစ်လေသည်။ သူ၏သနားကရုဏာကို လူသားမျိုးနွယ်၏ ရှေးမျိုးဆက်များအပေါ်ကိုသာ နှင်းအပ်ပေးထားခြင်း မဟုတ်ပေ၊ မျိုးဆက်တစ်ဆက်မှ နောက်မျိုးဆက်သို့ ပြုနေကျအတိုင်းပင် ငယ်ရွယ်သော လူသားမျိုးနွယ်ဝင်တို့ကိုလည်း ပေးသနားထားသည်။ ဘုရားသခင်၏ အမျက်ဒေါသသည် လူသားမျိုးနွယ်၏ အချို့နေရာများနှင့်

အချို့ခေတ်ကာလတို့တွင် မကြာခဏကျရောက်တတ်သော်လည်း၊ ဘုရားသခင်၏ သနားကရုဏာမှာမူ ဘယ်သောအခါမျှ ရပ်စဲမသွားဖူးပေ။ သူသည် သူ့ဖန်ဆင်းရာဖြစ်သည့် မျိုးဆက်တစ်ခုပြီးနောက်တစ်ခုကို သူ၏သနားကရုဏာနှင့်အတူ လမ်းညွှန်ပြီးဦးဆောင်သည်၊ ဖန်ဆင်းရာမျိုးဆက်တစ်ခုပြီး နောက်တစ်ခုကို ထောက်ပံ့ပြီး အာဟာရဖြစ်စေသည်၊ အဘယ်ကြောင့်ဆိုသော် လူ့လောကအပေါ် သူ၏စစ်မှန်သော စိတ်ခံစားမှုများမှာ ဘယ်သောအခါမျှ ပြောင်းလဲမည် မဟုတ်သောကြောင့်ဖြစ်သည်။ "နိနေဝေမြို့ကြီးကို ငါချမ်းသာပေးသင့်သည် မဟုတ်လော" ဟု ယေဟောဝါဘုရားသခင် ပြောခဲ့သည့်အတိုင်းပင်ဖြစ်သည်။ သူသည် သူ၏ကိုယ်ပိုင်ဖန်ဆင်းရာကို အမြဲချစ်ခင်မြတ်နိုးလာခဲ့သည်။ ဤသည်မှာ ဖန်ဆင်းရှင်၏ ဖြောင့်မတ်သော စိတ်သဘောထားဆိုင်ရာ သနားကရုဏာဖြစ်ပြီး၊ ဤသည်မှာ ဖန်ဆင်းရှင်၏ အတုမရှိခြင်း အပြည့်အဝလည်း ဖြစ်သည်။

## လူငါးမျိုး

လောလောဆယ်မှာမူ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့်ပတ်သက်ပြီး ငါတို့၏မိတ်သဟာယပြုခြင်းကို ဤနေရာ၌ အဆုံးသတ်လိုက်မည်။ နောက်တစ်ခုက သင်တို့လက်ရှိရောက်နေသည့် အဆင့်နှင့် သင်တို့၏လက်ရှိဝိညာဉ်ရင့်သန်မှုကို သင်တို့သိနိုင်ရန်အတွက် ဘုရားသခင်၏ နောက်လိုက်များကို ဘုရားသခင်အပေါ် သူတို့၏နားလည်မှု၊ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားအပေါ် သူတို့၏နားလည်မှုနှင့် အတွေ့အကြုံနှင့်အညီ အမျိုးအစားခွဲခြားမည်။ ဘုရားသခင်အပေါ် လူတို့၏အသိပညာနှင့် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားအပေါ် သူတို့၏နားလည်မှုနှင့်ပတ်သက်လျှင် လူတို့ပိုင်ဆိုင်သည့် မတူညီသည့်အဆင့်နှင့် ဝိညာဉ်ရင့်သန်မှုများကို အမျိုးအစားငါးခုအဖြစ် ယေဘုယျခွဲခြားနိုင်သည်။ ဤခေါင်းစဉ်က အတုမရှိ ဘုရားသခင်နှင့် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားကို သိခြင်းအပေါ် အခြေခံထားသည်။ ထို့ကြောင့် အောက်ပါအကြောင်းအရာကို သင်တို့ဖတ်သည့်အခါ ဘုရားသခင်၏ အတုမရှိခြင်းနှင့် သူ၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့်ပတ်သက်ပြီး သင်တို့မှာ အသိပညာနှင့် နားလည်မှု မည်မျှအတိအကျရှိသနည်းဆိုသည်ကို သင်တို့သဘောပေါက်အောင် သေသေချာချာ ကြိုးစားသင့်သည်။ ထို့နောက် မည်သည့်အဆင့်၌ သင်တို့ပါဝင်နေသည်၊ သင်တို့၏ ဝိညာဉ်ရင့်သန်မှုက မည်မျှကြီးမားသည်နှင့် သင်တို့သည် အမှန်တကယ်တွင် မည်သို့သောလူဖြစ်သည်တို့ကို အကဲဖြတ်ဖို့ ရလဒ်ကို

သင်တို့အသုံးပြုသင့်သည်။

**ပထမအမျိုးအစား- အနီးပတ်ထားသည့် မွေးကင်းစကလေးအဆင့်**

"အနီးပတ်ထားသည့် မွေးကင်းစကလေး" ဆိုသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။ အနီးပတ်ထားသည့် မွေးကင်းစကလေးသည် ဤကမ္ဘာကို ယခုလေးတင်ရောက်လာသော အသစ်စတင် မွေးဖွားလာသည့် မွေးကင်းစကလေးဖြစ်သည်။ ယင်းမှာ လူတို့ရင့်ကျက်မှုမရှိဆုံးအချိန် ဖြစ်သည်။

ဤအဆင့်မှာရှိသည့် လူတို့သည် ဘုရားသခင်ကိုယုံကြည်ခြင်းအရာမှာ သတိပြုမိခြင်း၊ သို့မဟုတ် အသိစိတ်ရှိခြင်းတို့ကို အခြေခံအားဖြင့် မပိုင်ဆိုင်ပေ။ သူတို့သည် အရာရာတိုင်းအပေါ် စိတ်ရှုပ်ထွေးနေပြီး အသိကင်းမဲ့သည်။ ဤလူတို့က ဘုရားသခင်ကို အချိန်အကြာကြီးယုံခဲ့နိုင်သည်၊ သို့မဟုတ် အချိန်အကြာကြီး ဟုတ်ချင်မှဟုတ်မည်။ သို့သော်လည်း သူတို့၏စိတ်ရှုပ်ထွေးနေပြီး အသိကင်းမဲ့သည့် အဆင့်နှင့် သူတို့၏ စစ်မှန်သည့် ဝိညာဉ်ရင့်သန်မှုသည် သူတို့ကို အနီးပတ်ထားသည့် မွေးကင်းစကလေးအဆင့်ကို ရောက်စေသည်။ အနီးပတ်ထားသည့် မွေးကင်းစကလေး အခြေအနေ၏ တိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်က ဤကဲ့သို့ဖြစ်သည်။ ဤလူမျိုးက ဘုရားသခင်အပေါ် ယုံကြည်ခဲ့သည်မှာ မည်မျှပင်ကြာပါစေ၊ သူသည် အမြဲတစေ ယောင်ချာချာနှင့် စိတ်ရှုပ်ထွေးပြီး ဉာဏ်နည်းနေလိမ့်မည်။ ဘုရားသခင်ကို သူတို့ဘာကြောင့်ယုံသည်ဆိုသည်ကို သူတို့မသိသကဲ့သို့ ဘုရားသခင်က မည်သူဆိုသည်ကို၊ သို့မဟုတ် မည်သူက ဘုရားသခင်ဖြစ်သနည်းဆိုသည်ကို သူတို့မသိပေ။ သူတို့သည် ဘုရားသခင်နောက်ကိုလိုက်သော်လည်း သူတို့နှလုံးသားမှာ ဘုရားသခင်နှင့်ပတ်သက်ပြီး တိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိပေ။ သူတို့နောက်လိုက်နေသည့်လူက ဘုရားသခင်ဟုတ်သလော ဆိုသည်ကိုလည်း သူတို့မဆုံးဖြတ်နိုင်ပေ။ ဘုရားသခင်ကို သူအမှန်တကယ်ယုံကြည်ပြီး သူ့နောက်ကို လိုက်သလောဆိုသည်ကိုတော့ ပြောမနေပါနှင့်တော့။ ၎င်းတို့က ဤလူမျိုး၏ တကယ့်အခြေအနေများဖြစ်သည်။ ဤလူတို့၏ အတွေးများသည် မရှင်းလင်းပေ။ ရိုးရိုးပြောရလျှင် သူတို့၏ယုံကြည်မှုသည် မရေရာပေ။ သူတို့သည် စိတ်ရောထွေးမှုနှင့် စိတ်ဗလာဖြစ်မှု အခြေအနေ၌ အမြဲတမ်းတည်နေကြပြီး "ယောင်ချာချာဖြစ်မှု"၊ "စိတ်ရှုပ်ထွေးမှု" နှင့် "အသိဉာဏ်နည်းမှု" တို့က သူတို့၏အခြေအနေကို အနှစ်ချုပ်ဖော်ပြသည်။ သူတို့သည် ဘုရားသခင်၏ တည်ရှိမှုကို တစ်ခါမျှ မမြင်ဖူးသကဲ့သို့ မခံစားဖူးပေ။ ထို့ကြောင့် ဘုရားသခင်အား သိခြင်းအကြောင်းကို သူတို့ကို ပြောခြင်းက

အရုပ်စာနှင့် ရေးထားသည့်စာအုပ်ကို သူတို့အား ဖတ်ခိုင်းသမျှလောက်ပင် အသုံးဝင်သည်။ သူတို့သည် ၎င်းကို နားလည်မည်လည်း မဟုတ်သကဲ့သို့ လက်ခံမည်လည်းမဟုတ်ပေ။ သူတို့အတွက်က ဘုရားသခင်ကိုသိခြင်းသည် စိတ်ကူးယဉ်ပုံပြင်ကို ကြားခြင်းနှင့် အတူတူပင်ဖြစ်သည်။ သူတို့၏အတွေးများက ရှုပ်ထွေးနေနိုင် သော်လည်း ဘုရားသခင်ကို သိခြင်းက အချိန်နှင့် အားစိုက်ထုတ်မှုကို လုံးဝ ဖြုန်းတီးခြင်းဖြစ်သည်ဟု သူတို့ တကယ်ပင် ခိုင်ခိုင်မာမာ ယုံကြည်ကြသည်။ ဤသည်မှာ ပထမလူ အမျိုးအစားဖြစ်သည်- အနီးပတ်ထားသည့် မွေးကင်းစကလေး။

## ဒုတိယအမျိုးအစား- နို့စို့အရွယ် မွေးကင်းစကလေးအဆင့်

အနီးပတ်ထားသည့် မွေးကင်းစကလေးနှင့်ယှဉ်ကြည့်လျှင် ဤလူအမျိုးအစားက တိုးတက်မှုတချို့ရှိသည်။ ဝမ်းနည်းဖွယ်ကောင်းစွာပင် သူတို့သည် ဘုရားသခင်အပေါ်နားလည်ခြင်း လုံးဝမရှိသေးပေ။ သူတို့၌ ဘုရားသခင်အပေါ် ရှင်းလင်းသည့် နားလည်ခြင်းနှင့် ထိုးထွင်းသိမြင်ခြင်း မရှိသေးပေ။ ဘုရားသခင်ကို သူတို့ ဘာကြောင့်ယုံသင့်သည်ဆိုသည်ကို သိပ်မရှင်းလင်းသေးပေ။ သို့သော်လည်း သူတို့နှလုံးသားမှာ သူတို့၏ ကိုယ်ပိုင် ရည်ရွယ်ချက်နှင့် ရှင်းလင်းသည့် စိတ်ကူးစိတ်သန်းများရှိသည်။ ဘုရားသခင်ကို ယုံကြည်ဖို့က မှန်ကန်သလော ဆိုသည်ကို သူတို့စိတ်မဝင်စားကြပေ။ ဘုရားသခင်ကို ယုံကြည်ခြင်းမှတစ်ဆင့် သူတို့ရှာဖွေသည့် ဦးတည်ချက်နှင့် ရည်ရွယ်ချက်က သူ၏ကျေးဇူးတော်ကို ခံစားဖို့၊ ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှု ရရှိဖို့၊ သက်သောင့်သက်သာရှိသည့် ဘဝကို နေထိုင်ဖို့၊ ဘုရားသခင်၏ ဂရုစိုက်ခြင်းနှင့် ကာကွယ်ခြင်းကို ရရှိဖို့နှင့် ဘုရားသခင်၏ ကောင်းချီးများအောက်မှာ နေထိုင်ဖို့ဖြစ်သည်။ ဘုရားသခင်ကို သူတို့သိသည့်အဆင့်ကို သူတို့သည် စိတ်မဝင်စားကြပေ။ ဘုရားသခင်ကို နားလည်ခြင်းကို ရှာဖွေဖို့ ပြင်းပြသည့်ဆန္ဒ သူတို့မှာ မရှိသကဲ့သို့ ဘုရားသခင်က ဘာလုပ်နေသည်၊ သို့မဟုတ် သူဘာလုပ်ချင်ကြောင်းကိုလည်း စိတ်မဝင်စားကြပေ။ သူ၏ကျေးဇူးတော်ကို ခံစားဖို့နှင့် သူ၏ကောင်းချီးများကို ပိုပြီး လက်ခံရရှိဖို့ကိုပင် မျက်ကန်းတောတိုး ရှာဖွေကြသည်။ သူတို့သည် လက်ရှိခေတ်၌ အဆရာချီရရှိဖို့နှင့် နောက်လာမည့်ခေတ်မှာ ထာဝရအသက်ရဖို့ အားထုတ်ကြသည်။ သူတို့၏အတွေးများ၊ သူတို့မည်မျှအသုံးခံခြင်း၊ သူတို့၏ဆပ်ကပ်အပ်နှံခြင်းအပြင် သူတို့၏ဒုက္ခခံမှုတို့အားလုံး၌ တူညီသည့် ရည်ရွယ်ချက်တစ်ခုပင် ရှိသည်။ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကောင်းချီးများကို လက်ခံရရှိဖို့ပင်ဖြစ်သည်။ အခြားဘာကိုမျှ သူတို့စိတ်မဝင်စားပေ။ ဤလူမျိုးသည်

ဘုရားသခင်က သူတို့ကို ဘေးကင်းစေနိုင်ပြီး သူ၏ကျေးဇူးတော်ကို သူတို့အပေါ် ချပေးသနားနိုင်သည် ဆိုသည်လောက်ပင် သေချာသိသည်။ ဘုရားသခင်က လူသားကို အဘယ်ကြောင့်ကယ်တင်ချင်ရပုံ၊ သို့မဟုတ် သူ၏နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်မှုတို့နှင့် ဘုရားသခင်ရရှိချင်သည့် ရလဒ်ကို သူတို့သည် စိတ်မဝင်စားသကဲ့သို့ ရှင်းလည်းမရှင်းလင်းကြဟု ဆိုနိုင်သည်။ သူတို့သည် ဘုရားသခင်၏ အနှစ်သာရနှင့် ဖြောင့်မတ်သည့် စိတ်သဘောထားကို သိဖို့ ဘယ်တော့မျှ အားမထုတ်ကြသကဲ့သို့ ဤသို့လုပ်ဖို့ စိတ်ဝင်စားမှုကိုလည်း မလှုံ့ဆော်နိုင်ကြပေ။ ဤအရာများအပေါ် အာရုံစိုက်ရန် အထုံမပါကြသကဲ့သို့ သိချင်စိတ်လည်း မရှိကြပေ။ ဘုရားသခင်၏လုပ်ဆောင်မှု၊ လူသားအပေါ်မှာ ဘုရားသခင်၏ သတ်မှတ်ချက်များ၊ ဘုရားသခင်၏အလိုတော်၊ သို့မဟုတ် ဘုရားသခင်နှင့်သက်ဆိုင်သည့် အခြားမည်သည့်အရာကိုမဆို သူတို့သည် မေးဖို့ ဆန္ဒမရှိကြသကဲ့သို့ ဤအရာများကို မေးဖို့လည်း အထုံမပါကြပေ။ အဘယ့်ကြောင့်ဆိုသော် ဤကိစ္စများသည် ဘုရားသခင်၏ ကျေးဇူးတော်အပေါ် သူတို့၏နှစ်သက်ခံစားမှုနှင့် မသက်ဆိုင်ဟု သူတို့ယုံကြည်ကြသောကြောင့်ဖြစ်သည်။ သူတို့သည် လူသားတို့အား ကျေးဇူးတော်ကို ချပေးသနားနိုင်ပြီး သူတို့၏ကိုယ်ပိုင်အကျိုးစီးပွားနှင့် တိုက်ရိုက်ဆက်စပ်သည့် ဘုရားသခင်ကိုသာ စိတ်ဝင်စားကြသည်။ တခြားအရာများအပေါ်မှာ စိတ်ဝင်စားမှု လုံးဝမရှိပေ။ ထို့ကြောင့် သူတို့သည် ဘုရားသခင်အပေါ် နှစ်မည်မျှကြာအောင် ယုံကြည်လာခဲ့သည်ဖြစ်စေ သမ္မာတရား၏ လက်တွေ့အရှိတရားကို မဝင်ရောက်နိုင်ပေ။ သူတို့ကို မကြာခဏ ရေတိုက်မည့်သူ၊ သို့မဟုတ် အစာကျွေးမည့်သူမရှိလျှင် ဘုရားသခင်ကို ယုံကြည်မှုလမ်းကြောင်းကို ဆက်သွားဖို့ သူတို့အတွက် ခက်ခဲသည်။ သူတို့၏ အစောပိုင်း ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှု၊ သို့မဟုတ် ဘုရားသခင်၏ကျေးဇူးတော်ကို သူတို့မခံစားနိုင်လျှင် သူတို့သည် စွန့်ခွာသွားဖို့ အလွန်ဖြစ်နိုင်ခြေရှိသည်။ ၎င်းက ဒုတိယလူအမျိုးအစားဖြစ်သည်။ နို့စို့အရွယ် မွေးကင်းစကလေးအဆင့်မှာ တည်ရှိသည့်လူဖြစ်သည်။

### တတိယအမျိုးအစား- နို့ဖြတ်အရွယ် မွေးကင်းစကလေး၊ သို့မဟုတ် ငယ်ရွယ်သည့် ကလေးအဆင့်

ဤလူအုပ်စု၌ ရှင်းလင်းသည့် နားလည်သဘောပေါက်မှုတချို့ ရှိသည်။ ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားခြင်းက သူတို့ကိုယ်တိုင် စစ်မှန်သည့် အတွေ့အကြုံကို ပိုင်ဆိုင်ခြင်းဟု မဆိုလိုကြောင်းကို ဤလူတို့ သတိမူမိကြသည်။ သူတို့သည် ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုကို ရှာဖွေခြင်း၊ ကျေးဇူးတော်ကို ရှာဖွေခြင်း၌ ဘယ်တော့မျှ

မမောပန်းဘူးဆိုလျှင်ပင်၊ သို့မဟုတ် ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားခြင်းအပေါ်၌ သူတို့၏ အတွေ့အကြုံများကို ဝေမျှခြင်း၊ သို့မဟုတ် သူတို့အပေါ်မှာ ဘုရားသခင် ချပေးသနားခဲ့သည့် ကောင်းချီးများအတွက် သူ့ကို ချီးမွမ်းခြင်းအားဖြင့် သူတို့သည် သက်သေခံနိုင်ကြသည်ဆိုလျှင်ပင် ဤအရာများက သူတို့သည် အသက်ကို ပိုင်ဆိုင်သည်ဟု မဆိုလိုသကဲ့သို့ သူတို့သည် သမ္မာတရား၏ လက်တွေ့အရှိတရားကို ပိုင်ဆိုင်သည်ဟုလည်း မဆိုလိုကြောင်းကို သူတို့သိကြသည်။ သူတို့၏အသိတရားမှ အစပြုရင်း ဘုရားသခင်၏ကျေးဇူးတော်နှင့်ပင် အတူပါရှိခြင်း ခံရမည်ဆိုသည့် ဖြစ်ကတတ်ဆန်း မျှော်လင့်ချက်များကို သူတို့လက်သင့်မခံတော့ပေ။ ဤကဲ့သို့မဟုတ်ဘဲ သူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ခံစားရသည့်အခါမှာ တစ်ချိန်တည်းမှာပင် သူတို့သည် ဘုရားသခင်အတွက် တစ်ခုခုလုပ်ချင်ကြသည်။ သူတို့၏တာဝန်များကို ထမ်းဆောင်ဖို့၊ အခက်အခဲနှင့် ပင်ပန်းမှုအချို့ကို တောင့်ခံဖို့၊ ဘုရားသခင်နှင့် လက်တွဲလုပ်ကိုင်ခြင်း အဆင့်တချို့ရှိဖို့ သူတို့ဆန္ဒရှိနေကြသည်။ သို့သော်လည်း ဘုရားသခင်အပေါ် သူတို့၏ယုံကြည်ခြင်းအရာ၌ သူတို့၏အားထုတ်ကြိုးပမ်းမှုသည် အလွန်အမင်း စစ်မှန်မှုမရှိခြင်းကြောင့်၊ တစ်ဦးချင်း ရည်ရွယ်ချက်များနှင့် သူတို့သိုထားသည့် ဆန္ဒများသည် အလွန်ပြင်းထန်လွန်းခြင်းကြောင့်၊ သူတို့၏စိတ်သဘောထားသည် အတော်ပင် လွန်လွန်ကဲကဲ မာနထောင်လွှားခြင်းကြောင့် ဘုရားသခင်၏ဆန္ဒကို ဖြည့်ဆည်းဖို့၊ သို့မဟုတ် ဘုရားသခင်ကို သစ္စာစောင့်သိဖို့ သူတို့အတွက် အလွန်ခက်ခဲသည်။ ထို့ကြောင့် သူတို့၏ တစ်ဦးချင်းနှင့်သက်ဆိုင်သည့် ဆန္ဒများကို အကောင်အထည်ဖော်ဖို့၊ သို့မဟုတ် ဘုရားသခင်အပေါ် သူတို့၏ ကတိများကို ပြည့်စုံစေဖို့ မကြာခဏပင် သူတို့မတတ်နိုင်ကြပေ။ သူတို့သည် ကိုက်ညီမှုမရှိသည့် အခြေအနေများထဲ မကြာခဏ ရောက်သွားသည်။ ဘုရားသခင်ကို ဖြစ်နိုင်သည့် အကောင်းဆုံးအဆင့်အထိ ကျေနပ်စေဖို့ သူတို့ အလွန်ဆန္ဒရှိကြသည်။ သို့သော်လည်း သူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ဖို့ သူတို့အစွမ်းရှိသမျှ အသုံးပြုကြသည်။ သူတို့သည် ဘုရားသခင်ကို မကြာခဏပင် ကတိသစ္စာပြုကြသော်လည်း သူတို့၏ကတိများကို ခပ်မြန်မြန်ပင် ချိုးဖောက်ကြသည်။ မကိုက်ညီသည့် အခြားအခြေအနေတို့မှာလည်း သူတို့ ပို၍ပင် မကြာခဏ ရောက်ကြရသည်။ ဘုရားသခင်ကို သူတို့ ရိုးသားစွာယုံကြည်သော်လည်း ဘုရားသခင်နှင့် သူ့ထံမှလာသည့် အရာရာတိုင်းကို ငြင်းဆန်ကြပြန်သည်။ သူတို့သည် ဘုရားသခင်က သူတို့ကို ဉာဏ်အလင်းဖွင့်ပေးဖို့၊ ဦးဆောင်ဖို့၊ သူတို့ကို ထောက်ပံ့ဖို့နှင့် ကူညီပေးဖို့ စိုးရိမ်တကြီး မျှော်လင့်ကြသော်လည်း သူတို့၏ ကိုယ်ပိုင်ထွက်လမ်းကို ရှာဖွေကြဆဲပင်ဖြစ်သည်။

သူတို့သည် ဘုရားသခင်ကို နားလည်ပြီး သိရှိဖို့ ဆန္ဒရှိကြသော်လည်း သူ့ထံသို့ တိုးဝင်ချဉ်းကပ်ရန် ဆန္ဒမရှိကြပြန်ပေ။ ဤကဲ့သို့မဟုတ်ဘဲ သူတို့သည် ဘုရားသခင်ကို အမြဲတမ်း ရှောင်ကြဉ်ကြသည်။ သူတို့၏နှလုံးသားများက သူနှင့်နီးစပ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သမ္မာတရား၏ တိုက်ရိုက်အဓိပ္ပာယ် အပေါ်မှာ သူတို့သည် အပေါ်ယံနားလည်မှုနှင့် အတွေ့အကြုံတို့ရှိပြီး ဘုရားသခင်နှင့် သမ္မာတရားနှင့်ပတ်သက်၍ အပေါ်ယံအယူအဆရှိကြသော်လည်း မသိစိတ်မှာ သူတို့သည် ဘုရားသခင်က သမ္မာတရား ဟုတ်သလောဆိုသည်ကို အတည်မပြုနိုင်ကြသေး၊ သို့မဟုတ် မဆုံးဖြတ်နိုင်ကြသေးသကဲ့သို့ ဘုရားသခင်က အမှန်တကယ် ဖြောင့်မတ်သလောဆိုသည်ကို သူတို့အတည်မပြုနိုင်ကြပေ။ ထို့ပြင် ဘုရားသခင်၏ စစ်မှန်သည့် ဖြစ်တည်မှုကို မဆိုထားနှင့်၊ သူ၏စိတ်သဘောထားနှင့် အနှစ်သာရ၏ စစ်မှန်ခြင်းကိုလည်း သူတို့မဆုံးဖြတ်နိုင်ကြပေ။ ဘုရားသခင်အပေါ် သူတို့၏ယုံကြည်ခြင်း၌ သံသယများနှင့် နားလည်မှုလွဲခြင်းများ အမြဲပါဝင်သည်။ စိတ်ကူးထင်မြင်ခြင်းနှင့် အယူအဆများလည်း ပါဝင်သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကို သူတို့ခံစားရခြင်းကြောင့် သူတို့၏ယုံကြည်မှုကို တိုးတက်စေဖို့၊ ဘုရားသခင်ကို ယုံကြည်ခြင်းမှာ သူတို့၏အတွေ့အကြုံကို တိုးပွားစေဖို့၊ ဘုရားသခင်ကို ယုံကြည်ခြင်းမှာ သူတို့၏နားလည်မှုကို အတည်ပြုစစ်ဆေးဖို့၊ သူတို့ကိုယ်တိုင် တည်ဆောက်ထားသည့် ဘဝလမ်းကြောင်းအပေါ်မှာ လျှောက်လှမ်းခြင်းနှင့် လူသားမျိုးနွယ်၏ ဖြောင့်မတ်သည့် အကြောင်းတရားကို ပြီးမြောက်စေခြင်း၏ ပကာသနကို ဖြည့်ဆည်းဖို့၊ ဖြစ်နိုင်ခြေရှိသည့် သမ္မာတရားဟု သူတို့ယုံကြည်သည့် အချို့အရာများကို စိတ်မပါစွာနှင့် ကြုံတွေ့ကြသည်၊ သို့မဟုတ် လက်တွေ့လုပ်ဆောင်ကြသည်။ တစ်ချိန်တည်းမှာပင် လူသားမျိုးနွယ်၏ ပိုမိုကြီးမားသည့် ကောင်းချီးများကို သူတို့ခံယူနိုင်ဖို့အတွက် သူတို့လုပ်ထားသည့် လောင်းကစားတစ်ခု၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကောင်းချီးများ ရရှိဖို့အတွက် သူတို့ကိုယ်တိုင်၏ဆန္ဒကို ဖြည့်ဆည်းဖို့၊ ဘုရားသခင်ကို သူတို့ရရှိသည့် အချိန်အထိ အနားမယူသည့် ကြီးမားသော ရည်မှန်းချက်နှင့် ဘဝ၏ဆန္ဒကို ပြီးမြောက်ဖို့ ဤအရာများကိုလည်း လုပ်ဆောင်ကြသည်။ ကောင်းချီးများရရှိဖို့ သူတို့၏ဆန္ဒနှင့် ရည်မှန်းချက်များသည် သူတို့အတွက် အရေးကြီးလွန်းသောကြောင့် ဘုရားသခင်၏ အလင်းဖွင့်ပြခြင်းကို ဤလူတို့သည် ရယူနိုင်လေ့မရှိကြပေ။ သူတို့သည် ၎င်းကို အရှုံးပေးစွန့်လွှတ်ဖို့ ဆန္ဒမရှိသကဲ့သို့ အရှုံးလည်း မပေးရက်နိုင်ကြပေ။ ကောင်းချီးများရရှိဖို့ ဆန္ဒမရှိလျှင်၊ ဘုရားသခင်ကို သူတို့ ရရှိသည့်အချိန်ထိ အနားမယူခြင်းဖြစ်သော အချိန်ကြာရှည်စွာ နှစ်သက်ခဲ့ရသည့် ရည်ရွယ်ချက်မရှိလျှင် သူတို့သည်

ဘုရားသခင်ကိုယုံကြည်ဖို့ တွန်းအားပျောက်ဆုံးသွားမှာကို ကြောက်ရွံ့ကြသည်။ ထို့ကြောင့် သူတို့သည် လက်တွေ့အရှိတရားကို ရင်မဆိုင်ချင်ကြပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ သို့မဟုတ် ဘုရားသခင်၏ လုပ်ဆောင်ချက်ကို ရင်မဆိုင်ချင်ကြပေ။ ဘုရားသခင်ကိုသိခြင်း အကြောင်းအရာကို ပြောဖို့ရန်ဝေးစွ ဘုရားသခင်၏ စိတ်သဘောထား၊ သို့မဟုတ် အနှစ်သာရကို သူတို့ရင်မဆိုင်ချင်ကြပေ။ ဤသို့ဖြစ်ရခြင်းမှာ ဘုရားသခင်၊ သူ၏အနှစ်သာရနှင့် သူ၏ဖြောင့်မတ်သည့်စိတ်သဘောထားသည် သူတို့၏ စိတ်ကူးစိတ်သန်းများကို အစားထိုးလိုက်သည်နှင့် သူတို့၏အိပ်မက်များသည် အခိုးအငွေ့လို ပျောက်ကွယ်သွားမည် ဖြစ်သောကြောင့်ဖြစ်သည်။ နှစ်ပေါင်းများစွာ ဒုက္ခခံထားသည့် လုပ်ဆောင်ချက်မှတစ်ဆင့် စုစည်းထားသော သူတို့၏ စင်ကြယ်သည့် ယုံကြည်မှုနှင့် "ကောင်းမှုများ" ဟု ဆိုသည့်အရာတို့က ပျောက်ကွယ်သွားမည်ဖြစ်ပြီး ဘာမျှအရာထင်လာမည် မဟုတ်ပေ။ ထိုနည်းတူပင် နှစ်ပေါင်းများစွာ သူတို့၏ သွေး၊ ချွေးများနှင့် သိမ်းပိုက်ထားသည့် သူတို့၏ "ပိုင်နက်" သည်လည်း ပြိုကျလုနီးနီး ဖြစ်သွားလိမ့်မည်။ သူတို့၏ နှစ်ပေါင်းများစွာ ကြိုးစားမှုနှင့် အားထုတ်မှုများသည် အလဟဿဖြစ်သွားကြောင်း၊ သူတို့အနေဖြင့် သုညမှ တစ်ခါပြန်စရမည်ဖြစ်ကြောင်းကို ဤအရာအားလုံးက ဖော်ပြနေလိမ့်မည်။ ဤသည်မှာ သူတို့နှလုံးသားထဲမှာ ခံယူဖို့ သူတို့အတွက် အခက်ခဲဆုံး နာကျင်မှုဖြစ်ပြီး သူတို့မမြင်ချင်ဆုံး ရလဒ်ပင်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် နောက်လှည့်ဖို့ ငြင်းဆန်ရင်းနှင့် ဤမတိုးသာမဆုတ်သာ အခြေအနေမျိုးမှာ အမြဲတမ်း ပိတ်မိနေ၏။ ၎င်းက တတိယလူအမျိုးအစားဖြစ်သည်- နို့ဖြတ်အရွယ် မွေးကင်းစကလေးအဆင့်မှာ တည်ရှိသည့်သူဖြစ်၏။

အထက်မှာ ဖော်ပြထားသည့် လူအမျိုးအစားသုံးခု၊ တစ်နည်းပြောရလျှင် ဤအဆင့်သုံးဆင့်မှာ တည်ရှိသည့် လူတို့သည် ဘုရားသခင်၏ ဝိသေသလက္ခဏာနှင့် ဂုဏ်ဒြပ်၊ သို့မဟုတ် သူ၏ဖြောင့်မတ်သည့် စိတ်သဘောထားအပေါ် မှန်ကန်သည့် ယုံကြည်ခြင်းကို မပိုင်ဆိုင်ကြသကဲ့သို့ ဤအရာတို့အပေါ် ရှင်းလင်းပြီး တိကျသည့် သိမြင်မှု၊ သို့မဟုတ် အတည်ပြုခြင်းလည်း မရှိကြပေ။ ထို့ကြောင့် သမ္မာတရား၏ လက်တွေ့အရှိတရားကို ဝင်ရောက်ဖို့ ဤလူအမျိုးအစား သုံးခုအတွက် သိပ်ခက်ခဲပြီး ဘုရားသခင်အပေါ် သူတို့ယုံကြည်သည့် ပုံစံနှင့် ဘုရားသခင်အပေါ် သူတို့၏ လွဲမှားသည့် သဘောထားသည် သူတို့နှလုံးသားထဲမှာ အလုပ်လုပ်ဖို့ သူ့အတွက် မဖြစ်နိုင်စေသည့်အတွက်ကြောင့် ဘုရားသခင်၏ သနားညှာတာမှု၊ ဉာဏ်အလင်းဖွင့်ပြမှု၊ သို့မဟုတ် အလင်းပေးမှုကို လက်ခံရရှိဖို့လည်း သူတို့အတွက် ခက်ခဲသည်။ ဘုရားသခင်အကြောင်း သူတို့၏ သံသယများ၊

အယူအဆအမှားများနှင့် စိတ်ကူးထင်မြင်မှုများသည် ဘုရားသခင်အပေါ် သူတို့၏ယုံကြည်မှုနှင့် အသိပညာကို ကျော်လွန်သည်။ ၎င်းတို့သည် အလွန်ဘေးမကင်းသည့် လူသုံးမျိုးဖြစ်ပြီး အလွန်အန္တရာယ်ရှိသည့် အဆင့်သုံးဆင့်လည်းဖြစ်သည်။ လူတစ်ယောက်သည် ဘုရားသခင်အပေါ်၊ ဘုရားသခင်၏ အနှစ်သာရ၊ ဘုရားသခင်၏ ဝိသေသလက္ခဏာ၊ ဘုရားသခင်က သမ္မာတရား ဟုတ်သလောဆိုသည်နှင့် သူ၏ဖြစ်တည်ခြင်းဆိုင်ရာ စစ်မှန်မှု အကြောင်းအရာများအပေါ်တွင် သံသယဝင်သည့် သဘောထားတစ်ခုကို ဆုပ်ကိုင်ထားနေပြီး ဤအရာများကို မသေချာနိုင်ဖြစ်နေလျှင် ဘုရားသခင်ထံမှလာသည့် အရာမှန်သမျှကို ထိုသူက မည်သို့လက်ခံနိုင်ပါ့မည်နည်း။ ဘုရားသခင်သည် သမ္မာတရား၊ လမ်းခရီးနှင့် အသက်ဖြစ်သည်ဆိုသည့် အချက်ကို မည်သို့လက်ခံနိုင်မည်နည်း။ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို မည်သို့လက်ခံနိုင်မည်နည်း။ ဘုရားသခင်၏ ကယ်တင်ခြင်းကို မည်သို့လက်ခံနိုင်မည်နည်း။ ဤလူမျိုးသည် ဘုရားသခင်၏ စစ်မှန်သည့် လမ်းညွှန်မှုနှင့် ထောက်ပံ့မှုကို မည်သို့ရရှိနိုင်မည်နည်း။ ဤအဆင့်သုံးဆင့်မှာရှိသည့် လူတို့သည် အချိန်မရွေးပင် ဘုရားသခင်ကို ဆန့်ကျင်နိုင်ကြသည်၊ ဘုရားသခင်အပေါ် အကဲဖြတ်နိုင်ကြသည်၊ ဘုရားသခင်ကို စော်ကားခြင်း၊ သို့မဟုတ် သစ္စာဖောက်ခြင်းကို ပြုလုပ်နိုင်ကြသည်။ သူတို့သည် အချိန်မရွေး မှန်သောလမ်းခရီးကို စွန့်ပစ်ပြီး ဘုရားသခင်ကို စွန့်ပစ်နိုင်ကြသည်။ ဤအဆင့်သုံးဆင့်မှာရှိသည့် လူတို့သည် အလွန်အရေးကြီးနေသည့် အချိန်ကာလမှာ တည်ရှိသည်ဟု ဆိုနိုင်သည်။ သူတို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းအရာ၌ မှန်ကန်သည့် လမ်းကြောင်းအတွင်းကို မဝင်ထားသည့်အတွက်ကြောင့် ဖြစ်သည်။

## စတုတ္ထအမျိုးအစား- အရွယ်ရောက်လာသည့် ကလေးအဆင့်၊ သို့မဟုတ် ကလေးဘဝ

နို့ဖြတ်ပြီးသည့်နောက်မှာ၊ ဆိုလိုသည်မှာ များပြားလှသည့် ကျေးဇူးတော်များကို သူတို့ခံစားကြရပြီးနောက်မှာ ဘုရားသခင်ကို ယုံကြည်ခြင်းဆိုသည်မှာ ဘာကိုဆိုလိုကြောင်းကို စူးစမ်းရှာဖွေဖို့၊ လူသားက အဘယ့်ကြောင့်အသက်ရှင်နေသနည်း၊ လူသားက မည်သို့အသက်ရှင်သင့်သနည်း၊ လူသားအပေါ် ဘုရားသခင်က သူ့လုပ်ဆောင်မှုများကို အဘယ့်ကြောင့် လုပ်ဆောင်သနည်းဆိုသည့် မတူညီသည့် မေးခွန်းများကို နားလည်ချင်သည့် ဆန္ဒများ စတင်ဖြစ်ပေါ်လာသည်။ ဤမရှင်းလင်းသည့် အတွေးများနှင့် ရှုပ်ထွေးနေသည့် အတွေးပုံစံများသည် သူတို့အတွင်းမှ ထွက်ပေါ်လာပြီး သူတို့အတွင်းမှာ ဖြစ်တည်နေသည့်အခါ သူတို့သည် ရေလောင်းပေးခြင်းကို အဆက်မပြတ်ရရှိပြီး သူတို့၏တာဝန်များကို ဆောင်ရွက်နိုင်ကြသည်။ ဤအချိန်ကာလအတွင်းမှာ ဘုရားသခင်၏ ဖြစ်တည်မှုနှင့်

ပတ်သက်သည့် သမ္မာတရားအပေါ် သူတို့ ဘာသံသယမျှ မရှိတော့ပေ။ ထို့ပြင် ဘုရားသခင်ကို ယုံကြည်ခြင်းဆိုသည်မှာ ဘာကိုဆိုလိုကြောင်းကို သူတို့ တိကျစွာ နားလည်ကြသည်။ ဤအခြေခံအုတ်မြစ်အပေါ်မှာ သူတို့သည် ဘုရားသခင်ကို တဖြည်းဖြည်းနားလည်လာကြပြီး ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရနှင့်ပတ်သက်ပြီး သူတို့၏ မရှင်းလင်းသည့် အတွေးများနှင့် ရှုပ်ထွေးသည့် အတွေးပုံစံများအပေါ် အဖြေတချို့ကို တဖြည်းဖြည်းနှင့် ရရှိကြသည်။ သူတို့၏ စိတ်သဘောထားပြောင်းလဲခြင်းနှင့် သူတို့၏ ဘုရားသခင်အပေါ် သိမြင်ခြင်းနှင့်ပတ်သက်လျှင် ဤအဆင့်မှာရှိသည့် လူတို့သည် မှန်ကန်သည့် လမ်းကြောင်းအပေါ် စတင်လျှောက်လှမ်းလာပြီး ကူးပြောင်းခြင်းကာလကို ဝင်ရောက်လာသည်။ လူတို့က အသက်ကိုစတင် ရရှိလာကြခြင်းမှာ ဤအဆင့်အတွင်း၌ဖြစ်သည်။ အသက်ကို ပိုင်ဆိုင်ခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းသည့် ဖော်ပြချက်များက နားလည်မှုလွဲမှားခြင်းများ၊ စိတ်ကူးထင်မြင်ခြင်းများ၊ အယူအဆများ၊ ဘုရားသခင်အပေါ် မရေရာသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကဲ့သို့ လူတို့ သူတို့နှလုံးသားထဲမှာရှိသည့် ဘုရားသခင်ကို သိခြင်းနှင့်ပတ်သက်သည့် မေးခွန်းများစွာကို တဖြည်းဖြည်း ပြေလည်အောင် ဖြေရှင်းပေးခြင်းဖြစ်ပြီး၊ သူတို့သည် ဘုရားသခင်၏ဖြစ်တည်မှုဆိုင်ရာ စစ်မှန်မှုကို အမှန်တကယ်ယုံကြည်ပြီး သိမြင်လာရုံသာမကဘဲ သူတို့နှလုံးသားထဲ၌ ဘုရားသခင်နှင့်ပတ်သက်၍ တိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဘုရားသခင်အတွက် နေရာမှန်လည်း ပိုင်ဆိုင်လာကာ၊ ဘုရားသခင်နောက်ကို အမှန်တကယ်လိုက်ခြင်းက သူတို့၏ မရေရာသည့် ယုံကြည်ခြင်းကို အစားထိုးသည်။ ဤအဆင့်အတောအတွင်းမှာ ဘုရားသခင်အပေါ် သူတို့၏ မှားယွင်းသည့် အယူအဆများ၊ ယုံကြည်မှုနည်းလမ်းများအပေါ် သူတို့၏ မှားယွင်းသည့် လေ့လာလိုက်စားမှုများကို လူတို့သည် တဖြည်းဖြည်းသိလာကြသည်။ သူတို့သည် သမ္မာတရားကို စတင်၍ လိုချင်တပ်မက်လာကြသည်။ ဘုရားသခင်၏ တရားစီရင်မှု၊ အပြစ်ဒဏ်ခတ်မှုနှင့် ပဲ့ပြင်ဆုံးမမှုတို့အား ကြုံတွေ့ရခြင်းကို စတင်၍ တပ်မက်လာကြသည်။ သူတို့၏ စိတ်သဘောထားပြောင်းလဲခြင်းကို စတင်၍ တပ်မက်လာကြသည်။ ဤအဆင့်အတွင်း ဘုရားသခင်အပေါ်မှာ ထားသည့် သူတို့၏အယူအဆများနှင့် စိတ်ကူးထင်မြင်မှုပေါင်းစုံကို သူတို့ တဖြည်းဖြည်း စွန့်လွှတ်လာကြသည်။ တစ်ချိန်တည်းမှာပင် ဘုရားသခင်နှင့်ပတ်သက်သည့် သူတို့၏ မမှန်ကန်သည့် အသိပညာကို ပြောင်းလဲပြုပြင်လာကြပြီး ဘုရားသခင်အပေါ် မှန်ကန်သည့် အခြေခံကျကျ သိမြင်မှုကို ရရှိကြသည်။ ဤအဆင့်မှာ လူတို့ပိုင်ဆိုင်သည့် အသိပညာ အစိတ်အပိုင်းတစ်ခုက

သိပ်ရှင်းလင်းခြင်း၊ သို့မဟုတ် တိကျခြင်းမရှိသော်လည်း အနည်းဆုံးအနေနှင့် သူတို့သည် သူတို့၏အယူအဆများ၊ မှားယွင်းသည့် သိမြင်မှုများနှင့် ဘုရားသခင်အပေါ် နားလည်မှုလွဲခြင်းများကို တဖြည်းဖြည်း စတင်စွန့်ပစ်လာကြသည်။ ဘုရားသခင်အပေါ်မှာ သူတို့ကိုယ်တိုင်၏ အယူအဆများနှင့် စိတ်ကူးထင်မြင်ချက်များကို ဆက်ပြီးသိမ်းမထားတော့ပေ။ သူတို့သည် မည်သို့စွန့်လွှတ်ရမည်နှင့်၊ သူတို့ကိုယ်တိုင်၏ အယူအဆများထဲ၌ တွေ့ရသောအရာများ၊ အသိပညာထံမှ လာသောအရာများနှင့် စာတန်ထံမှ လာသည့် အရာများကို မည်သို့စွန့်လွှတ်ရမည်ကို စတင်သင်ယူလာကြသည်။ မှန်ကန်ပြီး အပြုသဘောဆောင်သည့်အရာများကို နာခံဖို့ စတင်ဆန္ဒရှိလာကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များထံမှ လာသည့်အရာများနှင့် သမ္မာတရားနှင့် ကိုက်ညီသည့်အရာများကိုပင် နာခံဖို့ စတင်ဆန္ဒရှိလာသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ကြုံတွေ့ဖို့၊ သူ၏နှုတ်ကပတ်တော်များကို ကိုယ်တိုင်သိပြီး လုပ်ဆောင်ဖို့၊ သူ၏နှုတ်ကပတ်တော်များကို သူတို့လုပ်ဆောင်ချက်များ၏ အခြေခံမှုများအနေနှင့်၊ သူတို့၏ စိတ်သဘောထားပြောင်းလဲဖို့အတွက် အခြေခံအချက်များအနေနှင့် လက်ခံဖို့ စတင်ကြိုးစားကြသည်။ ဤအချိန်ကာလအတွင်းမှာ လူတို့သည် မသိစိတ်မှ ဘုရားသခင်၏ တရားစီရင်မှုနှင့် အပြစ်ဒဏ်ခတ်မှုကို လက်ခံကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သူတို့၏အသက်အနေနှင့် မသိစိတ်မှ လက်ခံကြသည်။ ဘုရားသခင်၏ တရားစီရင်မှု၊ ပြစ်တင်ဆုံးမမှုနှင့် နှုတ်ကပတ်တော်တို့ကို လက်ခံပြီး သူတို့သည် သူတို့၏နှလုံးသားအတွင်း၌ ယုံကြည်သည့် ဘုရားသခင်သည် အမှန်တကယ် တည်ရှိကြောင်းကို ပို၍ပို၍ သတိမူမိလာပြီး ခံစားသိရှိလာနိုင်ကြသည်။ ဘုရားသခင်သည် လူသား၏ ကံကြမ္မာကို အမြဲတစေ တာဝန်ယူကြောင်းနှင့် လူသားကို ဦးဆောင်ပြီး ထောက်ပံ့ပေးကြောင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲတွင်၊ သူတို့၏အတွေ့အကြုံများနှင့် အသက်တာများထဲတွင် တိုး၍ခံစားကြရသည်။ ဘုရားသခင်နှင့် သူတို့၏ဆက်နွယ်ခြင်းမှတစ်ဆင့် သူတို့သည် ဘုရားသခင်၏ တည်ရှိမှုကို တဖြည်းဖြည်းနှင့် အတည်ပြုလာကြသည်။ ထို့ကြောင့် သူတို့ကိုယ်တိုင် သတိမပြုမိခင်မှာပင် ဘုရားသခင်၏ လုပ်ဆောင်မှုကို သူတို့သည် မသိစိတ်မှ အတည်ပြုပြီး ခိုင်မာစွာ ယုံကြည်နှင့်ပြီးဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အတည်ပြုလက်ခံပြီးဖြစ်သည်။ လူတို့က ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အတည်ပြုလက်ခံပြီး ဘုရားသခင်၏ လုပ်ဆောင်မှုကို အတည်ပြုလက်ခံလိုက်သည်နှင့် သူတို့ကိုယ်သူတို့ တိုး၍ငြင်းပယ်ကြသည်။ သူတို့၏ ကိုယ်ပိုင်အယူအဆများကို ငြင်းပယ်ကြသည်။ သူတို့၏ ကိုယ်ပိုင်အသိပညာကို ငြင်းပယ်ကြသည်။ သူတို့၏

ကိုယ်ပိုင်စိတ်ကူးထင်မြင်ခြင်းများကို ငြင်းပယ်ကြသည်။ တစ်ချိန်တည်းမှာပင် သမ္မာတရားက အဘယ်နည်းဆိုသည်နှင့် ဘုရားသခင်၏ အလိုတော်က အဘယ်နည်းဆိုသည်ကို မရပ်မနား အားထုတ်ရှာဖွေကြသည်။ ဘုရားသခင်အပေါ် လူတို့၏ အသိပညာသည် ဤဖွံ့ဖြိုးတိုးတက်မှု အချိန်ကာလအတွင်းမှာ အတော်အတန်ပင် အပေါ်ယံဆန်သည်။ သူတို့သည် စကားလုံးများကို အသုံးပြု၍ ဤအသိပညာကို ရှင်းရှင်းလင်းလင်း ရှင်းပြဖို့ မတတ်နိုင်ကြသကဲ့သို့ သေသေချာချာ အသေးစိတ်လည်း မရှင်းပြနိုင်ကြဘဲ သူတို့၌ သဘောပေါက်လွယ်သည့် နားလည်မှုသာ ရှိကြသည်။ သို့သော်လည်း ဤအစပိုင်း အဆင့်သုံးဆင့်ကို ယှဉ်တွဲကြည့်သည့်အခါ ဤအချိန်ကာလမှာရှိသည့် အရွယ်မရောက်သေးသော လူတို့သည် ရေလောင်းပေးခြင်းနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော် အထောက်အပံ့ကို လက်ခံရရှိနှင့်ပြီးဖြစ်၍ စတင်အပင်ပေါက်နေချေပြီ။ သူတို့၏အသက်တာများသည် မြေပြင်မှာမြုပ်ထားသည့် အစေ့တစ်စေ့ကဲ့သို့ပင် ဖြစ်သည်။ အစိုဓာတ်နှင့် အာဟာရဓာတ်များကို ရရှိပြီးနောက်မှာ မြေဆီလွှာကို ထိုးခွဲ၍ ထွက်လာလိမ့်မည်။ အစေ့၏ အစို့အညှောက်ပေါက်ခြင်းက ဘဝအသစ်တစ်ခု မွေးဖွားခြင်းကို ကိုယ်စားပြုသည်။ ဤဘဝအသစ်တစ်ခု မွေးဖွားခြင်းက အသက်၏လက္ခဏာများကို အနည်းအကျဉ်းမြင်စေသည်။ လူတို့၌ အသက်ရှိသောအခါ သူတို့သည် ကြီးပြင်းကြ၏။ ထို့ကြောင့် ဘုရားသခင်ကို ယုံကြည်ခြင်း၏ လမ်းမှန်ပေါ်ကို ရောက်အောင် တဖြည်းဖြည်း လုပ်ဆောင်ခြင်း၊ သူတို့ကိုယ်တိုင်၏ အယူအဆများကို စွန့်ပစ်ခြင်း၊ ဘုရားသခင်၏ လမ်းညွှန်မှုကို လက်ခံရယူခြင်းတို့ဖြစ်သည့် ဤအခြေခံအုတ်မြစ်ပေါ်မှာ လူတို့၏အသက်တာများသည် တစ်စတစ်စနှင့် မလွဲဧကန် ကြီးထွားလာလိမ့်မည်။ ဤကြီးထွားခြင်းကို မည်သည့်အခြေခံအချက်အလက်များအပေါ် မူတည်ပြီး တိုင်းတာသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့အပေါ် သူတို့၏ အတွေ့အကြုံနှင့် ဘုရားသခင်၏ ဖြောင့်မတ်သည့်စိတ်သဘောထားအပေါ် သူတို့၏ စစ်မှန်သည့် နားလည်မှုတို့အရ တိုင်းတာသည်။ ဤကြီးထွားခြင်း အချိန်ကာလမှာ ဘုရားသခင်နှင့် ဘုရားသခင်၏ အနှစ်သာရအပေါ် သူတို့၏သိမြင်မှုကို တိတိကျကျဖော်ပြရန် သူတို့ကိုယ်တိုင်၏ စကားလုံးများကို အသုံးပြုဖို့ သူတို့အတွက် အလွန်ခက်ခဲသော်လည်း ဤလူအုပ်စုသည် ဘုရားသခင်၏ ကျေးဇူးတော်ကို နှစ်သက်ခံစားခြင်းမှတစ်ဆင့် သာယာမှုနောက်ကိုလိုက်ဖို့ သို့မဟုတ် ဘုရားသခင်၏ ကျေးဇူးတော်ကို ရရှိရန်ဟူသည့် သူတို့၏ကိုယ်ပိုင်ရည်ရွယ်ချက်ကို လေ့လာလိုက်စားရန် ဘုရားသခင်ကို ယုံကြည်ဖို့ ကိုယ့်အသိစိတ်နှင့် လုပ်လိုခြင်း မရှိတော့ပေ။ ဤကဲ့သို့မဟုတ်ဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်အညီ နေထိုင်သည့် အသက်တာကို

လေ့လာလိုက်စားဖို့နှင့် ဘုရားသခင်၏ ကယ်တင်ခြင်းခံရသည့်သူဖြစ်ဖို့ ဆန္ဒရှိနေကြသည်။ ထို့အပြင် သူတို့သည် မိမိကိုယ်ကို ယုံကြည်မှုရှိကြပြီး ဘုရားသခင်၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမခြင်းကို လက်ခံဖို့ အဆင်သင့် ဖြစ်နေကြလေပြီ။ ဤသည်မှာ ကြီးထွားခြင်းအဆင့်၌ ရောက်နေသော လူတစ်ယောက်၏ အမှတ်အသားဖြစ်သည်။

ဤအဆင့်ရှိ လူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့်ပတ်သက်သည့် အသိပညာတချို့ ရှိသော်လည်း ဤအသိပညာသည် အလွန်မှုန်ဝါးပြီး ထင်ရှားခြင်း မရှိပေ။ ၎င်းတို့ကို သူတို့အနေဖြင့် ရှင်းရှင်းလင်းလင်း မရှင်းပြနိုင်သော်လည်း သူတို့သည် အတွင်း၌ တစ်ခုခုကို ရရှိနှင့်ပြီးဖြစ်သည်ဟု ခံစားကြရသည်။ အကြောင်းမှာ ဘုရားသခင်၏ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းမှတစ်ဆင့် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားအပေါ် သိမြင်ခြင်းနှင့် နားလည်ခြင်း အတိုင်းအတာတချို့ကို သူတို့ရရှိပြီးသည့်အတွက်ဖြစ်သည်။ သို့သော်လည်း ၎င်းတို့အားလုံးက အပေါ်ယံဆန်ပြီး အခြေခံအဆင့်တစ်ခု၌သာ ရှိသေးသည်။ ဤလူအုပ်စု၌ ဘုရားသခင်၏ ကျေးဇူးတော်ကို သူတို့ဆက်ဆံသည့် တိကျသော အမြင်တစ်ခုရှိသည်။ ဤအမြင်ကို သူတို့လိုက်စားသည့် ရည်ရွယ်ချက်များ၏ အပြောင်းအလဲများနှင့် သူတို့လိုက်စားသည့်နည်းလမ်း၌ ဖော်ပြထားသည်။ သူတို့သည် သမ္မာတရားကို မလိုက်စားသေးလျှင်၊ လက်တွေ့အရှိတရားကို ဝင်ရောက်ဖို့ သူတို့မလိုက်စားသေးလျှင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သူတို့တွေ့ကြုံရသည့်အခါ၌ ဘုရားသခင်ကိုသိပြီး ဖြည့်ဆည်းပေးဖို့ အားထုတ်ရှာဖွေခြင်းမရှိလျှင်၊ သူတို့သည် ဘုရားသခင်ကို ယုံကြည်ခြင်း အဓိပ္ပာယ်အား ဆုံးရှုံးလိမ့်မည်ဆိုသည်ကို ဘုရားသခင်၏နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက်၌၊ လူသားအပေါ် သူ၏သတ်မှတ်ချက်မျိုးစုံနှင့် လူသားအပေါ် သူ၏ထုတ်ဖော်ချက်တို့၌ သူတို့မြင်ပြီးကြပြီ။ ဘုရားသခင်၏ ကျေးဇူးတော်ကို သူတို့မည်မျှပင် ခံစားရပါစေ၊ သူတို့၏ စိတ်သဘောထားကို မပြောင်းနိုင်ပုံ၊ ဘုရားသခင်ကို မကျေနပ်စေနိုင်ပုံ၊ သို့မဟုတ် ဘုရားသခင်ကို မသိနိုင်ပုံကို သူတို့သိကြပြီး လူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ထဲမှာ ဆက်လက်နေထိုင်နေလျှင် သူတို့သည် ကြီးထွားခြင်း၊ အသက်ကို ရရှိခြင်း၊ သို့မဟုတ် ကယ်တင်ခြင်းကို ရရှိနိုင်ခြင်းတို့ ဘယ်တော့မှ ရှိမည်မဟုတ်ဆိုသည်ကို သူတို့သိကြသည်။ အနှစ်ချုပ်ပြောရလျှင် လူတစ်ယောက်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို အမှန်တကယ် တွေ့ကြုံခံစားနိုင်ခြင်း မရှိလျှင်၊ သူ၏နှုတ်ကပတ်တော်များမှတစ်ဆင့် ဘုရားသခင်ကို မသိနိုင်လျှင် ထိုသူသည် မွေးကင်းစကလေးအရွယ်မှာပင် ထာဝရရှိနေမည်ဖြစ်ပြီး သူ၏အသက်တာ အရွယ်ရောက်ခြင်း၌ ရှေ့ကို ခြေတစ်လှမ်း

ဘယ်တော့မျှ လှမ်းမည်မဟုတ်ပေ။ သင်သည် မွေးကင်းစအရွယ်အဆင့်မှာပင် ထာဝရတည်ရှိနေလျှင်၊ ဘုရားသခင့်နှုတ်ကပတ်တော်များ၏ လက်တွေ့အရှိတရားကို ဘယ်တော့မျှ မဝင်ရောက်လျှင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင့်အသက်အဖြစ် ဘယ်တော့မျှ မရထားလျှင်၊ မှန်ကန်သည့်ယုံကြည်မှုနှင့် ဘုရားသခင်နှင့် ပတ်သက်သည့် အသိပညာကို ဘယ်တော့မျှ မပိုင်ဆိုင်လျှင် ဘုရားသခင်က သင့်ကို ပြီးပြည့်စုံအောင်ပြုလုပ်ဖို့ ဖြစ်နိုင်ခြေရှိသလော။ ထို့ကြောင့် ဘုရားသခင့်နှုတ်ကပတ်တော်၏ လက်တွေ့အရှိတရားကို ဝင်ရောက်သည့်သူတိုင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မိမိတို့၏အသက်အဖြစ် လက်ခံသည့်သူတိုင်း၊ ဘုရားသခင်၏ ပြစ်တင်ဆုံးမမှုနှင့် တရားစီရင်မှုကို စတင်လက်ခံလာသည့်သူတိုင်း၊ မိမိ၏ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထား စတင်ပြောင်းလဲလာသည့်သူတိုင်းနှင့် သမ္မာတရားကို လိုချင်တပ်မက်ပြီး ဘုရားသခင်ကိုသိဖို့ ဆန္ဒရှိကာ ဘုရားသခင်၏ ကယ်တင်ခြင်းကို လက်ခံဖို့ ဆန္ဒရှိသည့် သူတိုင်းသည် အသက်ကို အမှန်တကယ် ပိုင်ဆိုင်ကြသည့်သူများဖြစ်သည်။ ဤသည်မှာ အရွယ်ရောက်နေသည့် ကလေး၊ ကလေးဘဝအဆင့်၌ရှိသောသူဖြစ်သည့် စတုတ္ထလူအမျိုးအစား အမှန်တကယ်ဖြစ်သည်။

## ပဉ္စမအမျိုးအစား။ အရွယ်ရောက်သည့် ဘဝအဆင့်၊ သို့မဟုတ် လူကြီးအဆင့်

အကြိမ်ကြိမ်ဖြစ်ပွားသည့် အတက်အကျများနှင့် ပြည့်နေသော ကြီးထွားခြင်းအဆင့်ဖြစ်သည့် ကလေးဘဝ လေးဖက်ထောက်သွားသည့် အဆင့်ကို ကြုံတွေ့ပြီးနောက် လူတို့၏ဘဝသည် တည်ငြိမ်နေပေပြီ။ သူတို့၏ ရှေ့တက်နေသည့် ခြေလှမ်းများက မရပ်တန့်တော့သကဲ့သို့ သူတို့ကို မည်သူမျှ မတားဆီးနိုင်ပေ။ သူတို့၏ရှေ့မှာ ရှိသည့်လမ်းက ကြမ်းတမ်းပြီး မညီမညာဖြစ်နေသော်လည်း သူတို့၌ အားနည်းခြင်း၊ သို့မဟုတ် ကြောက်ရွံ့ခြင်းတို့ မရှိကြတော့ပေ။ သူတို့သည် ရှေ့မှာစမ်းတဝါးဝါးဖြစ်မနေတော့ပေ၊ သို့မဟုတ် သူတို့၏ ဦးတည်ချက်များ မပျောက်ဆုံးတော့ပေ။ သူတို့၏အခြေခံအုတ်မြစ်များသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမှန်တကယ် ကြုံတွေ့ခြင်းအတွင်းမှာ နက်ရှိုင်းစွာ အမြစ်တွယ်နေလေပြီ။ သူတို့၏နှလုံးသားများသည် ဘုရားသခင့်ဂုဏ်တော်နှင့် ကြီးမြတ်ခြင်း၏ ဆွဲယူခြင်းကို ခံရလေပြီ။ ဘုရားသခင်၏ခြေလှမ်းများနောက် လိုက်ဖို့၊ ဘုရားသခင်၏ အနှစ်သာရကို သိဖို့၊ ဘုရားသခင်ကို အလုံးစုံသိဖို့ သူတို့တပ်မက်ကြသည်။

ဤအဆင့်မှာရှိသည့် လူတို့သည် သူတို့ယုံကြည်သည်မှာ မည်သူနည်းဆိုသည်ကို ရှင်းရှင်းလင်းလင်း သိပြီးဖြစ်ပြီး ဘုရားသခင်အပေါ် သူတို့ ဘာကြောင့်ယုံကြည်သင့်ကြောင်းနှင့် သူတို့ကိုယ်ပိုင်ဘဝများ၏ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းသိကြသည်။ ထို့ပြင်

ဘုရားသခင်ဖော်ပြသည့် အရာရာတိုင်းက သမ္မာတရားဖြစ်ကြောင်းကိုလည်း ရှင်းရှင်းလင်းလင်းသိကြသည်။ နှစ်ပေါင်းများစွာ သူတို့တွေ့ကြုံလာပြီးနောက် ဘုရားသခင်၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုတို့ မပါလျှင် ဘုရားသခင်ကို သိဖို့၊ ကျေနပ်စေဖို့ လုံးဝတတ်နိုင်မည် မဟုတ်သကဲ့သို့ ဘုရားသခင်ရှေ့ကို ဘယ်တော့မျှ အမှန်တကယ် လာရောက်နိုင်မည် မဟုတ်ကြောင်းကိုလည်း သူတို့သိမြင်ကြသည်။ စမ်းသပ်ခြင်းခံနေရစဉ် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို မြင်ရန်၊ ပိုသန့်စင်သည့် ချစ်ခြင်းကို ရယူရန်၊ တစ်ချိန်တည်းမှာပင် ဘုရားသခင်ကို အမှန်တကယ် ပိုနားလည်ပြီး ပိုသိဖို့ရန်အလို့ငှာ ဤလူတို့၏နှလုံးသားများအတွင်း၌ ဘုရားသခင်၏ စမ်းသပ်ခြင်းကိုခံယူလိုသည့် ပြင်းပြသော ဆန္ဒတစ်ခုရှိသည်။ ဤအဆင့်ရှိ သူတို့သည် မွေးကင်းစအဆင့်၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ခံစားခြင်းနှင့် ပေါင်မုန့်အား အဝစားခြင်းအဆင့်ကို လုံးဝနှုတ်ဆက်ပြီးဖြစ်သည်။ ဘုရားသခင်ကို သည်းခံအောင်လုပ်ပြီး သူတို့အပေါ် သနားကရုဏာပြစေဖို့ လွန်ကျူးသည့် မျှော်လင့်ချက်များကို သူတို့မထားကြတော့ပေ။ ဤကဲ့သို့မဟုတ်ဘဲ သူတို့သည် ဘုရားသခင်၏ ရပ်တန့်မသွားမည့် ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းကို လက်ခံရရှိဖို့နှင့် မျှော်လင့်ထားဖို့ ယုံကြည်စိတ်ချကြသည်။ သူတို့၏ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားနှင့် သူတို့ကိုယ်သူတို့ ခွဲခွာစေပြီး ဘုရားသခင်ကို ကျေနပ်စေဖို့ဖြစ်သည်။ ဘုရားသခင်နှင့် ပတ်သက်သည့် သူတို့၏အသိပညာ၊ သူတို့၏ကြိုးစားအားထုတ်မှု၊ သို့မဟုတ် သူတို့ကြိုးစားအားထုတ်မှု၏ နောက်ဆုံးပန်းတိုင်၊ ဤအရာများအားလုံးသည် သူတို့နှလုံးသားထဲ၌ သိပ်ရှင်းလင်း၏။ ထို့ကြောင့် လူကြီးအဆင့်မှာရှိသည့်လူတို့သည် မရေရာသည့် ယုံကြည်မှုအဆင့်ကို၊ ကယ်တင်ခြင်းအတွက် ကျေးဇူးတော်ကို သူတို့မှီခိုသည့် အဆင့်ကို၊ စမ်းသပ်ခြင်းတို့ကို ခံနိုင်ရည်မရှိသော အရွယ်မရောက်သည့် ဘဝအဆင့်ကို၊ ဝေဝါးခြင်း အဆင့်ကို၊ စမ်းတဝါးဝါးအဆင့်ကို၊ မကြာခဏ လျှောက်လှမ်းစရာ မည်သည့်လမ်းမျှ မရှိသည့်အဆင့်ကို၊ ချက်ချင်းပူ၊ ချက်ချင်းအေးသည့် နှစ်ခုကြား တစ်လှည့်စီပြောင်းလဲသော မတည်ငြိမ်သည့် အချိန်ကာလကို၊ ထို့ပြင် မျက်လုံးတစ်လုံးမှိတ်ပြီး ဘုရားသခင်နောက်ကို လိုက်သည့်အဆင့်ကို လုံးဝနှုတ်ဆက်ပြီးဖြစ်သည်။ ဤကဲ့သို့သော လူမျိုးက ဘုရားသခင်၏ ဉာဏ်အလင်းဖွင့်ပေးခြင်းနှင့် အလင်းပေးခြင်းကို မကြာခဏ လက်ခံရရှိသည်။ ဘုရားသခင်နှင့်အတူ မှန်ကန်သည့် တွဲဖက်လုပ်ကိုင်ခြင်းနှင့် ပြောဆိုဆက်သွယ်ခြင်းတို့ မကြာခဏပြုလုပ်သည်။ ဤအဆင့်မှာ နေထိုင်သည့် လူတို့သည် ဘုရားသခင်၏အလိုတော် တစ်စိတ်တစ်ပိုင်းကို နားလည်သဘောပေါက်ပြီးဖြစ်ကြောင်း၊ သူတို့လုပ်သည့် အရာရာတိုင်း၌ သမ္မာတရား၏ အခြေခံမူများကို ရှာဖွေနိုင်ကြကြောင်း၊ ဘုရားသခင်၏ဆန္ဒကို

မည်ကဲ့သို့ဖြည့်ဆည်းရမည်ကို သူတို့သိကြောင်း ဆိုနိုင်သည်။ ထို့အပြင် ဘုရားသခင်အား သိခြင်းလမ်းကိုလည်း သူတို့ရှာတွေ့ပြီးဖြစ်ပြီး ဘုရားသခင်နှင့်ပတ်သက်သည့် သူတို့၏အသိပညာကို သက်သေခံဖို့ စတင်ပြီးဖြစ်သည်။ တဖြည်းဖြည်းကြီးထွားလာခြင်းဖြစ်စဉ်အတွင်း၌ သူတို့မှာ ဘုရားသခင်၏ အလိုတော်အပေါ်၊ လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းရှိ ဘုရားသခင်၏ အလိုတော်အပေါ်၊ လူသားမျိုးနွယ်ကို စီမံခန့်ခွဲခြင်းရှိ ဘုရားသခင်၏အလိုတော်ကို တဖြည်းဖြည်းနားလည်ပြီး သိမြင်ခြင်းရှိကြသည်။ အနှစ်သာရနှင့်ပတ်သက်လျှင် ဘုရားသခင်၏ ဖြောင့်မတ်သည့်စိတ်သဘောထားအပေါ် နားလည်မှုနှင့် သိမြင်မှုကိုလည်း သူတို့ တဖြည်းဖြည်းချင်း ရရှိကြသည်။ ဤအသိပညာကို လူသား၏ မည်သည့်အယူအဆ၊ သို့မဟုတ် မည်သည်စိတ်ကူးထင်မြင်မှုမျှ အစားမထိုးနိုင်ပေ။ ပဉ္စမမြောက်အဆင့်ရှိ လူတစ်ယောက်၏ဘဝသည် လုံးဝ အရွယ်ရောက်သွားပြီ၊ သို့တည်းမဟုတ် ဤလူကို ဖြောင့်မတ်သည်၊ သို့မဟုတ် ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း ဤကဲ့သို့လူမျိုးသည် ဘဝမှာ ရင့်ကျက်ခြင်းအဆင့်ကို တစ်ဆင့်လှမ်းပြီးဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် မျက်နှာချင်းဆိုင်ရပ်ဖို့နှင့် ဘုရားသခင်နှင့် မျက်နှာခြင်းဆိုင်ရပ်ဖို့ ဤလူသည် ဘုရားသခင်ရှေ့ကို လာရောက်နိုင်ပြီဖြစ်သည်။ ဤကဲ့သို့သော လူမျိုးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မြောက်မြားစွာတွေ့ကြုံပြီးဖြစ်သောကြောင့်၊ မရေမတွက်နိုင်အောင်များပြားသည့် စမ်းသပ်မှုများကို တွေ့ကြုံခဲ့ပြီး၊ ပဲ့ပြင်ဆုံးမခြင်း ဖြစ်ရပ်များအပြင် ဘုရားသခင်ထံမှ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို မရေမတွက်နိုင်အောင် ကြုံတွေ့ခဲ့ခြင်းကြောင့် ဘုရားသခင်ကို သူတို့၏နာခံခြင်းသည် နှိုင်းယှဉ်၍မရဘဲ လုံးဝပြည့်စုံသည်။ ဘုရားသခင်အပေါ် သူတို့၏အသိသည် မသိစိတ်ထဲမှ ရှင်းလင်းပြီး တိကျသည့် အသိပညာဆီသို့၊ အပေါ်ယံမှ လေးလေးနက်နက်ဖြစ်ခြင်းသို့၊ မှုံဝါးဝေဝါးခြင်းမှ တိကျသေချာပြီး ရှင်းလင်းမှုဆီသို့ ကူးပြောင်းသွားခဲ့သည်။ သူတို့သည် အလွန်အားစိုက်ရသည့် စမ်းတဝါးဝါးဖြစ်ခြင်းနှင့် တက်ကြွမှုမရှိသည့် ရှာဖွေခြင်းမှ အားစိုက်စရာမလိုသည့် အသိပညာနှင့် တက်ကြွသည့် သက်သေခံခြင်းအဖြစ်သို့ ပြောင်းလဲသွားသည်။ ဤအဆင့်မှာရှိသည့် လူတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားဆိုင်ရာ လက်တွေ့အရှိတရားကို ပိုင်ဆိုင်ကြပြီး ပေတရုလျှောက်လှမ်းခဲ့သည့် စုံလင်ခြင်းလမ်းကြောင်းပေါ်တွင် အခြေချပြီးဖြစ်သည်ဟု ဆိုနိုင်သည်။ ဤသည်မှာ လူကြီးအဆင့်ဖြစ်သည့် အရွယ်ရောက်ခြင်းအဆင့်၌ နေထိုင်သော ပဉ္စမလူအမျိုးအစားဖြစ်ပေသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၃)

## ဘုရားသခင်၏ အခွင့်အာဏာ (၂)

ယနေ့ “အတုမရှိ ဘုရားသခင်ကိုယ်တိုင်” ဆိုသည့် ခေါင်းစဉ်နှင့် ပတ်သက်သည့် ငါတို့၏ မိတ်သဟာယ ပြုခြင်းကို ဆက်သွားပါမည်။ ဤအကြောင်းအရာအပေါ်တွင် မိတ်သဟာယ ပြုခြင်းနှစ်ခု ငါတို့ ရှိနှင့်ပြီးဖြစ်သည်။ ပထမတစ်ခုသည် ဘုရားသခင်၏ သြဇာအာဏာနှင့်သက်ဆိုင်ပြီး ဒုတိယတစ်ခုသည် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့် သက်ဆိုင်ပေသည်။ ဤ မိတ်သဟာယပြုခြင်းနှစ်ခုကို နားထောင်ပြီးသည့်နောက် သင်တို့သည် ဘုရားသခင်၏ ကိုယ်ပိုင်လက္ခဏာ၊ အဆင့်အတန်းနှင့် အနှစ်သာရတို့နှင့် ပတ်သက်ပြီး အသစ်သော သိနားလည်မှုတစ်ခု ရရှိကြပြီလော။ ဤထိုးထွင်းသိမြင်မှုများက သင်တို့ကို ဘုရားသခင်တည်ရှိမှု၏ အမှန်တရားနှင့်ပတ်သက်ပြီး သာ၍အခြေအမြစ်ရှိသည့် အသိပညာနှင့် သေချာမှုတို့ကိုရရှိဖို့ ကူညီပြီးဖြစ်ပါသလော။ ယနေ့ “ဘုရားသခင်၏ သြဇာအာဏာ” ဆိုသည့် အကြောင်းအရာနှင့်ပတ်သက်၍ ထပ်ရှင်းဖို့ ငါစီစဉ်ထားသည်။

## ဘုရားသခင်၏ သြဇာအာဏာကို ကျယ်ပြန့်သည့်ရှုထောင့်နှင့် အနုစိတ်ရှုထောင့်များမှ သိနားလည်ခြင်း

ဘုရားသခင်၏ သြဇာအာဏာသည် အတုမဲ့ဖြစ်၏။ ၎င်းသည် ဘုရားသခင်ကိုယ်တိုင်၏ ထူးခြားသည့် ပင်ကို လက္ခဏာဆိုင်ရာ ဖော်ပြချက်၊ ထူးခြားသည့် အနှစ်သာရနှင့် ဝိသေသ လက္ခဏာဖြစ်သည်။ မည်သည့် ဖန်ဆင်းခံ သို့မဟုတ် ဖန်ဆင်းခြင်း မခံရသည့်အရာကမျှ ထိုကဲ့သို့သော အရာကို မပိုင်ဆိုင်ပေ။ ဖန်ဆင်းရှင်သာ ဤသို့သော သြဇာအာဏာမျိုးကို ပိုင်ဆိုင်သည်။ ဆိုလိုသည်မှာ အတုမရှိသည့် ဘုရားသခင်ဖန်ဆင်းရှင်သာ ဤနည်းလမ်းဖြင့်ဖော်ပြခံရပြီး ဤအနှစ်သာရရှိပေသည်။ သို့ဆိုလျှင် ဘုရားသခင်၏ သြဇာအာဏာအကြောင်းကို ငါတို့ အဘယ်ကြောင့် ဆွေးနွေးသင့်သနည်း။ ဘုရားသခင်ကိုယ်တိုင်၏ သြဇာအာဏာသည် လူသား၏ စိတ်ထဲ၌ အကြံရသည့် “သြဇာအာဏာ” နှင့် မည်သို့ ကွာခြားသနည်း။ ၎င်းနှင့်ပတ်သက်ပြီး မည်သည့်အရာ ထူးခြားသနည်း။ ထိုအကြောင်းကို ဤနေရာတွင် ပြောဖို့ အဘယ်ကြောင့် အထူးသဖြင့် အရေးပါသနည်း။ သင်တို့ တစ်ဦးချင်းစီသည် ဤကိစ္စကို ဂရုတစိုက် စဉ်းစားသုံးသပ်ရမည်။ လူအများစုအတွက်၊ “ဘုရားသခင်၏ သြဇာအာဏာ” ဆိုသည်မှာ သိနားလည်ရန်

အားထုတ်မှုများစွာ လိုအပ်သည့် အရာတစ်ခုဖြစ်ပြီး ထိုအရာကို ဆွေးနွေးခြင်းတစ်ခုတစ်လေသည် စိတ်ကူးသက်သက် ဖြစ်ဖို့များသည့် မသဲကွဲသော ထင်မြင်ယူဆချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် လူသားက ပိုင်ဆိုင်နိုင်စွမ်းရှိသည့် ဘုရားသခင်၏ ဩဇာအာဏာနှင့် သက်ဆိုင်သော အသိပညာနှင့် ဘုရားသခင်၏ ဩဇာအာဏာနှင့် သက်ဆိုင်သော အနှစ်သာရတို့ကြား အစဉ် ကွာဟမှုတစ်ခု ရှိပေလိမ့်မည်။ ဤကွာဟမှုကို ဖြည့်ဆည်းဖို့ လူသားက လက်လှမ်းမှီသည့်၊ ၎င်းတို့၏ တကယ့်ဘဝများတွင် လူသားတို့ နားလည်ရန် ၎င်းတို့ တတ်စွမ်းနိုင်မှုအတွင်းတွင်ရှိသည့် လူများ၊ အဖြစ်အပျက်များ၊ အမှုအရာများ သို့မဟုတ် ဖြစ်ရပ်များမှတဆင့် ဘုရားသခင်၏ ဩဇာအာဏာကို အယောက်တိုင်း တဖြည်းဖြည်းချင်း သိလာရပါမည်။ "ဘုရားသခင်၏ ဩဇာအာဏာ" ဆိုသည့် စကားရပ်သည် ဉာဏ်မမှီနိုင်ဟု ထင်ရသော်လည်း ဘုရားသခင်၏ ဩဇာအာဏာသည် စိတ်ကူးသက်သက် လုံးဝ မဟုတ်ပေ။ ဘုရားသခင်သည် နေ့စဉ် သူ့ကိုဦးဆောင်ပေးလျက် လူသားဘဝ၏ မိနစ်တိုင်းတွင် သူနှင့်အတူရှိနေ၏။ ထို့အတွက်ကြောင့် တကယ့် ဘဝတွင် လူတိုင်းသည် ဘုရားသခင့် ဩဇာအာဏာ၏ လက်ဆုပ်လက်ကိုင် ပြ၍အရနိုင်ဆုံးသော လက္ခဏာသွင်ပြင်ကို သေချာပေါက် မြင်ပြီး တွေ့ကြုံရပေလိမ့်မည်။ ဤလက်ဆုပ်လက်ကိုင် ပြ၍ရနိုင်သော လက္ခဏာသွင်ပြင်သည် ဘုရားသခင်၏ ဩဇာအာဏာ အမှန်တကယ် တည်ရှိကြောင်း လုံလောက်သည့် သက်သေဖြစ်ပြီး၊ ဘုရားသခင်က ထိုသို့သော ဩဇာအာဏာအား ပိုင်ဆိုင်သည်ကို အပြည့်အဝ သိမြင်ပြီး နားလည်သဘောပေါက်ခွင့်ပေးလေသည်။

ဘုရားသခင်က အရာအားလုံးကို ဖန်ဆင်းခဲ့ပြီး ယင်းကို ဖန်ဆင်းလျက် အရာခပ်သိမ်းအပေါ် အုပ်စိုးမှု ရှိလေသည်။ အရာခပ်သိမ်းအပေါ် အုပ်စိုးခြင်းအပြင် သူသည် အရာအားလုံးကို ထိန်းချုပ်ထား၏။ "ဘုရားသခင်က အရာအားလုံးကို ထိန်းချုပ်ထားသည်" ဆိုသည့် အယူအဆက မည်သည်ကို ဆိုလိုသနည်း။ မည်သို့ရှင်းပြ၍ ရနိုင်သနည်း။ ယင်းသည် လက်တွေ့ဘဝနှင့် အဘယ်သို့ သက်ဆိုင်သနည်း။ ဘုရားသခင်က အရာအားလုံးကို ထိန်းချုပ်ထားသည်ဆိုသည့် အချက်ကို သိနားလည်ခြင်းက ဘုရားသခင်၏ ဩဇာအာဏာကို သိနားလည်မှုဆီသို့ အဘယ်သို့ ဆိုက်ရောက်စေသနည်း။ "ဘုရားသခင်က အရာအားလုံးကို ထိန်းချုပ်ထားသည်" ဆိုသည့် တကယ့်စကားရပ်မှ၊ ဘုရားသခင် ထိန်းချုပ်သည့်အရာမှာ လူသားမျိုးနွယ် တစ်စိတ်တစ်ပိုင်း မပြောနှင့်၊ ဂြိုဟ်များ၏ တစ်စိတ်တစ်ပိုင်း မဟုတ်သကဲ့သို့ ဖန်ဆင်းခြင်း၏ တစ်စိတ်တစ်ဒေသမဟုတ်ဘဲ အရာအားလုံးဖြစ်သည်ကို ငါတို့ သိသင့်၏။ ထုးကဲကြီးမားသည်မှ သေးငယ်မှုန်မွှားသည့်အရာအထိ၊ မြင်နိုင်သည့်အရာများမှ

မမြင်နိုင်သည့်အရာအထိ၊ စကြဝဠာအတွင်းက ကြယ်များမှ ကမ္ဘာမြေကြီးပေါ်က သက်ရှိများအထိအပြင် ပကတိမျက်စိနှင့် မမြင်နိုင်သည့် အဏုဇီဝရုပ်များနှင့် တစ်ခြားပုံသဏ္ဌာန်များဖြင့် တည်ရှိနေသည့် သတ္တဝါများအထိဖြစ်ပေသည်။ ဤကား ဘုရားသခင်က "ထိန်းချုပ်ထားသည်" ဆိုသည့် "အရာအားလုံး" ၏ တိကျသည့် ဖွင့်ဆိုချက်ဖြစ်၏၊ ယင်းသည် သူ၏ ဩဇာအာဏာနှင့်ဆိုင်သော နယ်ပယ်၊ သူ၏ အချုပ်အခြာအာဏာနှင့် အုပ်စိုးမှုတို့၏ အတိုင်းအတာ ဖြစ်သည်။

ဤလူသားမျိုးနွယ် ဖြစ်တည်မလာမီတွင်၊ စကြဝဠာတည်း ဟူသော ဂြိုဟ်အားလုံး၊ မိုးကောင်းကင်မှ ကြယ်များအားလုံးသည် တည်ရှိနှင့်ပြီးဖြစ်သည်။ ကျယ်ပြန့်သည့်ရှုထောင့်အဆင့်တွင် မိုးကောင်းကင်တွင်ရှိသည့် ဤအစုအဝေးများသည် ဘုရားသခင်၏ ထိန်းချုပ်မှုအောက်တွင် သူတို့ဖြစ်တည်နေသည့် တစ်လျှောက်လုံး နှစ်ပေါင်းမည်မျှ ကြာပြီဖြစ်သော်လည်း ပုံမှန်လည်ပတ်နေခဲ့သည်။ မည်သည့်ဂြိုဟ်က သီးသန့် မည်သည့်အချိန်တွင် မည်သည့် အရပ်ကိုသွားသည်၊ မည်သည့် ဂြိုဟ်က မည်သည့်အလုပ်ကို လုပ်ပြီး မည်သည့်အချိန်တွင် လုပ်သည်၊ မည်သည့် ဂြိုဟ်က မည်သည့် ဂြိုဟ်ပတ်လမ်းကြောင်းတစ်လျှောက် လည်ပတ်သည်၊ ပြီးလျှင် မည်သည့်အချိန်တွင် ပျောက်ကွယ်သည် သို့မဟုတ် အစားထိုး ခံရသည်- ဤအရာအားလုံးသည် အမှားအယွင်း အနည်းငယ်မျှ မရှိဘဲ ဆက်ဖြစ်နေပေသည်။ ဂြိုဟ်များ၏ တည်နေရာများနှင့် ၎င်းတို့ကြားထဲက အကွာအဝေးအားလုံးက တိကျသည့် ပုံစံများကို လိုက်နာကြသည်၊ အားလုံးကို တိကျသည့်အချက်အလက်နှင့် ဖော်ပြ၍ရသည်။ ၎င်းတို့ ခရီးနှင်သည့် လမ်းကြောင်းများ တစ်လျှောက်၊ ၎င်းတို့၏ လည်ပတ်မှု မြန်နှုန်းနှင့် ပုံစံများ၊ အနေအထား အမျိုးမျိုးဖြင့်၎င်းတို့ရှိသည့်အချိန်- ဤအရာ အားလုံးကို တိကျစွာ တိုင်းတာနိုင်ပြီး အထူးနိယာမများဖြင့် ဖော်ပြနိုင်သည်။ အလွန်ရှည်လျားသည့် ကာလများစွာ ကြာဂြိုဟ်များသည် အနည်းငယ်မျှ သွေဖည်သွားခြင်းမရှိဘဲ ဤနိယာမများကို လိုက်နာခဲ့ကြသည်။ ၎င်းတို့၏ပတ်လမ်းများ သို့မဟုတ် ၎င်းတို့လိုက်နာသည့်ပုံစံများကို မည်သည့်တန်ခိုးကမျှ မပြောင်းလဲနိုင် သို့မဟုတ် မနှောင့်ယှက်နိုင်ပေ။ ၎င်းတို့၏ ရွေ့လျားမှုကို ထိန်းချုပ်သည့် အထူးနိယာမများနှင့် ၎င်းတို့ကို ဖော်ပြသည့် တိကျသည့် အချက်အလက်တို့သည် ဖန်ဆင်းရှင်၏ ဩဇာအာဏာဖြင့် ကြိုတင်ပြဋ္ဌာန်းပြီးဖြစ်သောကြောင့် ၎င်းတို့သည် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့် ထိန်းချုပ်မှုအောက်တွင် ဤနိယာမများကို သူတို့ဘာသာ နာခံကြလေသည်။ ကျယ်ပြန့်သည့် ရှုထောင့်အဆင့်တွင်၊ တစ်ချို့သော ပုံစံများ၊ တစ်ချို့ အချက်အလက်များ၊ ထူးဆန်းပြီး ရှင်းပြ၍မရနိုင်သည့် အချို့သော နိယာမများ

သို့မဟုတ် ဖြစ်ရပ်များကို ရှာဖွေတွေ့ရှိရန် လူသားတို့အတွက် မခက်ပေ။ လူသားတို့က ဘုရားသခင် တည်ရှိသည်ကို ဝန်မခံသကဲ့သို့ ဖန်ဆင်းရှင်က အရာအားလုံးကို ပြုလုပ်ပြီး အုပ်စိုးသည်ဆိုသည့်အချက်ကို လက်မခံသော်လည်း၊ ထို့အပြင် ဖန်ဆင်းရှင်၏ သြဇာအာဏာ တည်ရှိမှုကို အသိအမှတ် မပြုသော်လည်း၊ စကြဝဠာထဲက အရာအားလုံး၏ဖြစ်တည်မှု၊ ၎င်းတို့၏လှုပ်ရှားမှုများကို သတ်မှတ်ပေးသော အခြေခံ သဘောတရားများနှင့် ပုံစံများကို ကြီးမားကျယ်ပြန့်ပြီး မမြင်နိုင်သော လျှို့ဝှက်စွမ်းအင်တစ်ခုက အုပ်စိုးကာ ထိန်းချုပ်ထားသည်ကို လူသားသိပ္ပံပညာရှင်များ၊ နက္ခတ္တဗေဒ ပညာရှင်များ နှင့် ရူပဗေဒပညာရှင်များက ပို၍ ပို၍ တွေ့ရှိနေကြ၏။ ဤလှုပ်ရှားမှုပုံစံများ၏ အလယ်၌ အရာအားလုံးကို စီစဉ်ညွှန်ကြားနေသည့် အနန္တတန်ခိုးရှင်တစ်ပါး ရှိသည်ကို ဤအချက်က လူသားကို လက်ခံစေ၏။ သူ၏တန်ခိုးသည် ထူးခြားဆန်းကြယ်ပြီး၊ သူ၏စစ်မှန်သောမျက်နှာကို မည်သူမျှ မမြင်နိုင်သော်လည်း သူသည် အရာခပ်သိမ်းကို အချိန်တိုင်းတွင် အုပ်စိုးကာ ထိန်းချုပ်၏။ မည်သည့်လူသား သို့မဟုတ် မည်သည့်အင်အားစုကမျှ သူ၏ အချုပ်အခြာအာဏာကို မကျော်လွန်နိုင်ချေ။ ဤအချက်အရ၊ အရာအားလုံး၏ဖြစ်တည်မှုကို စိုးမိုးနေသော နိယာမတို့အား လူသားတို့က မထိန်းချုပ်နိုင်၊ မည်သူကမျှ မပြောင်းလဲနိုင်သည်ကို လူသားသည် အသိအမှတ်ပြုရပေမည်။ ဤနိယာမတို့ကို လူသားတို့ အပြည့်အဝ နားမလည်နိုင်သကဲ့သို့ ၎င်းတို့သည် သဘာဝအလျောက် ဖြစ်ပေါ်နေခြင်း မဟုတ်ဘဲ အချုပ်အခြာအာဏာရှင်တစ်ဦးက သတ်မှတ်ပေးခြင်း ဖြစ်သည်ကိုလည်း ဝန်ခံရပေမည်။ ဤ အရာအားလုံးသည် ကျယ်ပြန့်သည့်အဆင့်တွင် လူသားမျိုးနွယ် သတိပြုနိုင်သည့် ဘုရားသခင်၏ သြဇာအာဏာနှင့်ဆိုင်သော ဖော်ပြချက်များ ဖြစ်သည်။

အနုစိတ် အဆင့်တွင် ကမ္ဘာမြေကြီးပေါ်၌ လူသားတို့ ရှုမြင်နိုင်သည့် တောင်များ၊ မြစ်များ၊ ကန်များ၊ ပင်လယ်များနှင့် ကုန်းမြေထုများအားလုံး၊ ၎င်းတွေ့ကြုံရသည့် ရာသီဥတုအားလုံး၊ အပင်များ၊ တိရစ္ဆာန်များ၊ အဏုဇီဝရုပ်များနှင့် လူသားများပါဝင်သည့် ကမ္ဘာမြေကြီးပေါ် နေထိုင်သည့် အရာအားလုံးသည် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် ထိန်းချုပ်မှုတို့ကို ခံရကြလေသည်။ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် ထိန်းချုပ်မှုအောက်တွင် အရာအားလုံးသည် သူ၏ အကြံအစည်များနှင့်အညီ ဖြစ်တည်လာသည် သို့မဟုတ် ပျောက်ကွယ်လေသည်၊ ၎င်းတို့၏ တည်ရှိခြင်းကို ထိန်းချုပ် သည့် နိယာမများ ပေါ်ထွက်လာပြီး ၎င်းတို့သည် ထိုနိယာမများနှင့်အညီ ကြီးထွားပြီး ပွားများကြသည်။ မည်သည့်လူသားမျှ သို့မဟုတ် မည်သည့်အရာမျှ ဤနိယာမများ၏ အထက်တွင် မရှိပေ။ အဘယ်ကြောင့် ဤသို့ဖြစ်သနည်း။ တစ်ခုတည်းသောအဖြေမှာ ဤသို့ဖြစ်၏- ယင်းသည် ဘုရားသခင်၏

အခွင့်အာဏာကြောင့်ဖြစ်သည်။ သို့မဟုတ် တစ်ခြားနည်းနှင့် ပြောရလျှင် ဘုရားသခင်၏ အကြံအစည်များနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကြောင့် ဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင်၏ ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ချက်များကြောင့် ဖြစ်၏။ ဆိုလိုသည်မှာ ဤနိယာမတွေကို ဖြစ်ပေါ်စေသည်မှာ ဘုရားသခင်၏ ဩဇာအာဏာနှင့် ဘုရားသခင်၏စိတ်ဖြစ်ပေသည်။ ထိုနိယာမများသည် သူ၏ အကြံအစည်များနှင့်အညီ ရွေ့ကာ ပြောင်းလဲပြီး ရွေ့ခြင်းနှင့် ပြောင်းလဲခြင်းအားလုံးသည် သူ၏ အစီအစဉ်အဖို့ဖြစ်ပေါ် သို့မဟုတ် လျှော့ပါးပျောက်ကွယ်လေသည်။ ဥပမာ ကူးစက်ရောဂါများကို ကြည့်ပါ။ ၎င်းတို့သည် သတိပေးခြင်း မရှိဘဲ ရုတ်တရက်ဖြစ်ပေါ်သည်။ မည်သူကမျှ ၎င်းတို့၏ အရင်းအမြစ် သို့မဟုတ် အဘယ်ကြောင့်ဖြစ်ရသည်ဆိုသည့် တိကျသည့်အကြောင်းရင်းများကို မသိသကဲ့သို့ နေရာတစ်ခုသို့ ကူးစက်ရောဂါများ ရောက်သည့်အချိန်တိုင်းတွင် ကံဆိုးမိုးမှောင် ကျသော သူများသည် ဘေးဒုက္ခကို မလွတ်မြောက်နိုင်ကြချေ။ လူသားတို့၏ သိပ္ပံပညာက ကူးစက်ရောဂါများသည် ကြောက်စရာကောင်းသည့် သို့မဟုတ် အန္တရာယ်ရှိသည့် ရောဂါပိုးမွှားများအားဖြင့် ဖြစ်ပေါ် ပြီး ၎င်းတို့၏ ကူးစက်မှုနှုန်း၊ အတိုင်းအတာနှင့် နည်းစနစ်များကို လူသားတို့၏ သိပ္ပံပညာအားဖြင့် ကြိုတင်မခန့်မှန်းနိုင် သို့မဟုတ် မထိန်းချုပ်နိုင်သည်ကို နားလည် ပေသည်။ လူတို့သည် ကူးစက်ရောဂါများကို ဖြစ်နိုင်သမျှ နည်းလမ်းတိုင်းဖြင့် ခုခံသော်လည်း ကူးစက်ရောဂါ ရုတ်တရက် ဖြစ်ပွားသည့်အခါလူများ သို့မဟုတ် တိရစ္ဆာန်များသည် မလွဲမရှောင်သာ ကူးစက်ခံရသည်ကို မထိန်းချုပ်နိုင်ကြချေ။ လူသားတို့လုပ်နိုင်သည့် တစ်ခုတည်းသောအရာက ၎င်းတို့ကို ကာကွယ်ရန်၊ ခုခံရန်နှင့် သုတေသနပြုရန် ကြိုးစားခြင်းဖြစ်သည်။ သို့သော်လည်း ကူးစက်ရောဂါတစ်ခုစီတိုင်း၏ အစ သို့မဟုတ် အဆုံးသတ်ကို ရှင်းပြသည့် ဖြစ်ရသည့်အကြောင်းရင်းကို မည်သူမျှမသိသကဲ့သို့ ထိုအရာတို့ကိုမည်သူမျှ မထိန်းချုပ်နိုင်ပေ။ ကူးစက်ရောဂါဖြစ်ပေါ်ခြင်းနှင့် ပျံ့ပွားခြင်းကို ရင်ဆိုင်ရလျက်၊ လူသားတို့လုပ်သည့် ပထမဆုံး စီမံချက်မှာ ဖြေဆေးတစ်ခု ဖော်ထုတ်ဖို့ ဖြစ်သည်၊ သို့သော် ဖြေဆေး အဆင်သင့်မဖြစ်မီတွင် ကူးစက်ရောဂါက မကြာခဏ ကွယ်ပျောက်လေသည်။ အဘယ်ကြောင့် ကူးစက်ရောဂါက ကွယ်ပျောက်သနည်း။ တစ်ချို့က ရောဂါပိုးများကို ထိန်းချုပ်နိုင်လိုက်သည်ဟု ဆိုကြစဉ် တစ်ချို့က ရာသီဥတု အပြောင်းအလဲကြောင့် ပြီးဆုံးသွားသည်ဟု ဆိုသည်။ ဤပရမ်းပတာထင်ကြေးပေးချက်များက ယုတ္တိတန်သည်ဖြစ်စေ မတန်သည်ဖြစ်စေ သိပ္ပံပညာက ရှင်းပြချက် မပေးနိုင်သကဲ့သို့ တိကျသည့် အဖြေကို မပေးနိုင်ပေ။ လူသားမျိုးနွယ်သည် ဤထင်ကြေးပေးချက်များကိုသာ ရင်ဆိုင်ရမည်မဟုတ်ဘဲ လူသားမျိုးနွယ်၏ သိနားလည်မှုနည်းပါးခြင်းနှင့် ကူးစက်

ရောဂါများကို ကြောက်ရွံ့ခြင်းနှင့်လည်း ရင်ဆိုင်ရမည်ဖြစ်သည်။ နောက်ဆုံး စိစစ်တွေ့ရှိချက်တွင် အဘယ်ကြောင့် ကူးစက်ရောဂါများ စတင်သည် သို့မဟုတ် အဘယ်ကြောင့် အဆုံးသတ်သွားသည် ဆိုတာကို မည်သူမျှမသိပေ။ အဘယ်ကြောင့်ဆိုသော် လူသားမျိုးနွယ်သည် သိပ္ပံကိုသာ ယုံကြည်ကာ ၎င်းကို လုံးလုံးလျားလျား အားထားပြီး ဖန်ဆင်းရှင်၏ ဩဇာအာဏာကို အသိအမှတ်မပြုသောကြောင့် သို့မဟုတ် သူ၏ အချုပ်အခြာ အာဏာကို လက်မခံသောကြောင့် ၎င်းတို့သည် ဘယ်သောအခါမျှ အဖြေရမည် မဟုတ်ပေ။

ဘုရားသခင်၏ အချုပ်အခြာအာဏာအောက်တွင် အရာခပ်သိမ်းသည် သူ၏ဩဇာအာဏာနှင့် စီမံခန့်ခွဲမှုကြောင့် တိုးတက်ပွားများသည်၊ ဖြစ်တည်ပြီး ပျက်စီးလေသည်။ တစ်ချို့သောအရာများသည် လာပြီး ထွက်သွားကြသည်၊ ၎င်းတို့ လာပြီး ထွက်သွားရသည့် အကြောင်းရင်းကို လူသည် နားလည်ဖို့မပြောနှင့်၊ ၎င်းတို့မည်သည့် အရပ်ကလာသည်ကို မပြောနိုင် သို့မဟုတ် ၎င်းတို့ လိုက်နာသည့် ပုံစံများကို သဘောမပေါက်နိုင်ပေ။ လူသားသည် အရာအားလုံးက ဖြစ်ပျက်သည့် အရာခပ်သိမ်းကို မိမိမျက်လုံးများဖြင့် မြင်နိုင်၊ မိမိနားများဖြင့် ကြားနိုင်ပြီး မိမိကိုယ်ခန္ဓာဖြင့် ကြုံတွေ့နိုင်သော်လည်း၊ ထိုအရာအားလုံးသည် လူသားနှင့် ဆက်နွယ်မှုရှိသော်လည်း၊ လူသားသည် ဖြစ်ရပ် အမျိုးမျိုးတို့၏ တမူထူးခြားမှု၊ ပုံမှန်ဖြစ်ပေါ်မှု သို့မဟုတ် ထူးဆန်းမှုကိုပင် မသိစိတ်၏ စေ့ဆော်မှုအရ သဘောပေါက်သော်လည်း ဤအရာများ နောက်မှာတည်ရှိသည့် အရာဖြစ်သော ဖန်ဆင်းရှင်၏ အလိုနှင့် စိတ်အကြောင်းကို ဘာမျှမသိသေးပေ။ ဤဖြစ်ရပ်များနောက်တွင် အဖြစ်အပျက်များစွာ၊ ဖုန်းကွယ်ထားသည့် အမှန်တရားများစွာ ရှိ၏။ လူသားသည် ဖန်ဆင်းရှင်ထံမှ ဝေးရာ ထွက်သွားခဲ့သောကြောင့်၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာက အရာအားလုံးကို အုပ်စိုးသည် ဆိုသည့်အချက်ကို လက်မခံသောကြောင့်၊ ၎င်းသည် ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့်ဆိုင်သော အချုပ်အခြာ အာဏာအောက်၌ ဖြစ်ပျက်သည့် အရာရာတိုင်းကို ဘယ်သောအခါမှ သိကာ နားလည်သဘောပေါက်မည် မဟုတ်ပေ။ အများအားဖြင့် ဘုရားသခင်၏ ထိန်းချုပ်မှုနှင့် အချုပ်အခြာအာဏာသည် လူသား၏ စိတ်ကူးစိတ်သန်း၊ လူသား၏ အသိပညာ၊ လူသား၏ သိနားလည်မှု၊ လူသား၏ သိပ္ပံပညာတို့က ရရှိနိုင်သည့် နယ်ပယ်များကို ကျော်လွန်၏။ ယင်းသည် ဖန်ဆင်းခံ လူသားမျိုးနွယ်က ဉာဏ်မမီသောအရာ ဖြစ်သည်။ လူအချို့တို့ကပြော၏၊ "ဘုရားသခင်၏ အချုပ်အခြာ အာဏာကို သင်ကိုယ်တိုင် မမြင်တွေ့ရသည့်အတွက် အရာရာတိုင်းက သူ၏ဩဇာအာဏာကို ခံစားရ သည်ဟု သင်မည်သို့ယုံနိုင်သနည်း။" မြင်တွေ့ခြင်းက အစဉ်အမြဲ ယုံကြည်ခြင်း မဟုတ်သကဲ့သို့ အစဉ်အမြဲ သိမြင်ခြင်းနှင့် နားလည်ခြင်းလည်း မဟုတ်ပါ။ သို့လျှင် ယုံကြည်မှုသည် မည်သည့်နေရာမှ လာသနည်း။

"ယုံကြည်ခြင်းက အမှုအရာများ၏ ဖြစ်ရသည့် စစ်မှန်မှုနှင့် ဖြစ်ရသည့် အကြောင်းရင်းတို့အပေါ် လူတို့၏ သဘောပေါက်မှု၊ တွေ့ကြုံမှုတို့၏ အဆင့်နှင့် အတိမ်အနက်မှ လာသည်" ဟု သေချာမှုဖြင့် ငါ ပြောနိုင်၏။ ဘုရားသခင် တည်ရှိသည်ဟု သင်ယုံကြည်သော်လည်း အရာအားလုံးအပေါ် ဘုရားသခင်၏ ထိန်းချုပ်မှုနှင့် အချုပ်အခြာအာဏာကို သတိပြုမိဖို့ နေနေသာသာ၊ အသိအမှတ်မပြုနိုင်ပါက၊ ဘုရားသခင်က ဤသြဇာအာဏာမျိုးရှိပြီး ဘုရားသခင်၏ သြဇာအာဏာသည် အတုမရှိဖြစ်သည်ဆိုသည်ကို သင်၏ စိတ်နှလုံးထဲတွင် ဘယ်သောအခါမျှ သင်ဝန်ခံလိမ့်မည်မဟုတ်။ သင်သည် ဖန်ဆင်းရှင်ကို သင်၏သခင်၊ သင်၏ဘုရားအဖြစ် ဘယ်သောအခါမျှ အမှန်တကယ် လက်ခံမည် မဟုတ်ပေ။

## လူသားမျိုးနွယ်၏ ကံကြမ္မာနှင့် စကြဝဠာ၏ ကံကြမ္မာတို့သည် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့် ခွဲခြား၍မရပေ

သင်တို့အားလုံး အရွယ်ရောက်ပြီးသူများ ဖြစ်ကြသည်။ သင်တို့ထဲမှ တစ်ချို့သည် လူလတ်ပိုင်း ဖြစ်သည်။ တစ်ချို့သည် သက်ကြီးပိုင်းထဲ ဝင်ကြပြီးဖြစ်သည်။ ဘုရားသခင်ကို မယုံကြည်ခြင်းမှ ယုံကြည်ခြင်းဆီသို့၊ ဘုရားသခင်ကို စတင်ယုံကြည်ခြင်းမှ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံခြင်းနှင့် သူ၏ အမှုကိုကြုံတွေ့ခြင်းဆီသို့ ရောက်ကြလေပြီ။ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် ပတ်သက်၍ သင်တို့တွင် အသိပညာ မည်မျှ ရှိပါသနည်း။ လူသားကံကြမ္မာနှင့်ပတ်သက်၍ မည်သည့် ထိုးထွင်းသိမြင်မှုများ သင် ရရှိပြီးပြီနည်း။ ဘဝတွင် လူတစ်ဦးသည် မိမိဆန္ဒရှိသမျှ အားလုံးကို ရနိုင်ပါသလော။ သင် တည်ရှိခဲ့သည့်ဆယ်စုနှစ် အနည်းငယ်တစ်လျှောက်တွင် သင်ဆန္ဒ ရှိသည့် နည်းလမ်းဖြင့် အမှုအရာမည်မျှ သင်ပြီးမြောက် နိုင်ခဲ့ပါသနည်း။ သင် လုံးဝ မျှော်လင့်မထားသည့် အမှုအရာ မည်မျှ ဖြစ်ပျက်ခဲ့သနည်း။ နှစ်သက်စရာ အံ့အားသင့်မှုများအဖြစ် အမှုအရာ မည်မျှဖြစ်လာခဲ့သနည်း။ အချိန်ကောင်းကို မရည်ရွယ်ဘဲ စောင့်နေရင်း၊ ကောင်းကင်ဘုံ၏ အလိုကို စောင့်နေရင်း လူတို့သည် အကျိုးဖြစ်ထွန်းဖို့ မျှော်လင့်ခြင်းဖြင့် အမှုအရာ မည်မျှစောင့်နေဆဲ ဖြစ်ပါသနည်း။ လူတို့ကို အမှုအရာ မည်မျှက ပိတ်ပင်တားဆီးပြီး အကူအညီမဲ့သလို ခံစားစေခဲ့သနည်း။ လူတိုင်းသည် ၎င်းတို့ဘဝတွင် အရာရာသည် မိမိတို့ဆန္ဒရှိသည့်အတိုင်း ဖြစ်မည်၊ အစားအစာ သို့မဟုတ် အဝတ်အစားအတွက် ၎င်းတို့ လိုအပ်မည်မဟုတ်၊ ၎င်းတို့၏ အခွင့်အလမ်းများ အံ့ဘနန်း မြင့်တက်လာမည်ဟု မျှော်လင့်ကြရင်း ၎င်းတို့၏ ကံကြမ္မာနှင့်ပတ်သက်၍ မျှော်လင့်ချက်များနှင့် ပြည့်နေသည်။

ဆင်းရဲပြီး ဖိနှိပ်ခံရသည့်ဘဝ၊ အခက်အခဲများနှင့် ပြည့်နေပြီး ဘေးဒုက္ခများဖြင့် ဝန်းရံနေသည့် ဘဝကို မည်သူမျှ မလိုချင်ပေ။ သို့သော်လည်း လူတို့သည် ဤအရာများကို ကြိုမမြင်နိုင် သို့မဟုတ် မထိန်းချုပ်နိုင်ပါ။ တစ်ချို့အတွက် အတိတ်ဆိုသည်မှာ အတွေ့အကြုံများ ရောထွေး နေခြင်းသာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ကောင်းကင်ဘုံ၏ အလိုက မည်သည့်အရာဖြစ်သည်ကို ၎င်းတို့ လုံးဝမသိကြသကဲ့သို့ ဂရုလည်းမစိုက်ကြချေ။ ၎င်းတို့သည် လူသားမျိုးနွယ်၏ ကံကြမ္မာ သို့မဟုတ် လူသားများ အဘယ်ကြောင့်အသက်ရှင်သည် သို့မဟုတ် မည်သို့ရှင်သန်သင့်သည်ဆိုသည်တို့ကို ဂရုမစိုက်ဘဲလျက် ၎င်းတို့၏ ဘဝကို တိရစ္ဆာန်များကဲ့သို့ မဆင်မခြင် တစ်နေ့ပြီးတစ်နေ့ အသက်ရှင်နေထိုင်ကြလေသည်။ ထိုသို့သောလူတို့သည် လူသား၏ ကံကြမ္မာကို သိနားလည်မှု ရရှိခြင်းမရှိဘဲ အသက်ကြီးလာကြပြီး ၎င်းတို့သေသည့်အချိန်အထိ ဘဝက မည်သို့နည်းဆိုသည်ကို မသိကြချေ။ ထိုသို့သောလူတို့သည် လူသေများ ဖြစ်ကြ၏။ ၎င်းတို့သည် ဝိညာဉ်မပါသည့် သတ္တဝါများဖြစ်သည်။ ၎င်းတို့သည် သားရဲတိရစ္ဆာန်များ ဖြစ်သည်။ လူတို့သည် ဖန်ဆင်းခြင်းအတွင်း အသက်ရှင်ပြီး ကမ္ဘာကြီးက ၎င်းတို့၏ ရုပ်ဝတ္ထုလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် နည်းလမ်းများမှ လူတို့သည် ပျော်ရွှင်မှုတွေကို ရရှိကြသော်လည်း၊ ဤရုပ်ဝတ္ထုကမ္ဘာသည် အစဉ်တစိုက် တိုးတက်နေခြင်းကို ၎င်းတို့မြင်ရသော်လည်း ၎င်းတို့၏ကိုယ်ပိုင် အတွေ့အကြုံဖြစ်သည့် ၎င်းတို့၏ စိတ်နှလုံးနှင့်ဝိညာဉ်က ခံစားပြီး ကြုံတွေ့ရသည့်အရာတို့သည် ရုပ်ဝတ္ထုပစ္စည်းများနှင့် မည်သို့မျှ မသက်ဆိုင်သကဲ့သို့ မည်သည့်ရုပ်ဝတ္ထုပစ္စည်းကမျှ အတွေ့အကြုံ အတွက် အစားထိုးစရာ မဟုတ်ချေ။ အတွေ့အကြုံဟူသည်မှာ နှလုံးသားထဲက အသိအမှတ်ပြုခြင်း ဖြစ်သည်။ ပကတိမျက်စိဖြင့် မြင်၍မရနိုင်သည့် အရာတစ်ခုဖြစ်၏။ ဤအသိအမှတ်ပြုခြင်းသည် လူသားဘဝနှင့် လူသားကံကြမ္မာအပေါ် တစ်ဦးတစ်ယောက်၏ သိနားလည်မှု၊ သဘောထားအမြင်ထဲ၌ တည်ရှိလေသည်။ ဤအရာသည် မမြင်ရသည့် အရှင်သခင်တစ်ယောက်က အရာ အားလုံးကို စီစဉ်နေကြောင်း၊ လူသားအတွက် အရာရာတိုင်းကို စီစဉ်ညွှန်ကြားနေကြောင်း စိုးရိမ်ပူပန်မှုဆီသို့ မကြာခဏ ခေါ်ဆောင်လေသည်။ ဤအရာအားလုံးအလယ်၌ တစ်ဦး တစ်ယောက်အနေဖြင့် ကံကြမ္မာ၏စီစဉ်မှုများနှင့် စီစဉ် ညွှန်ကြားမှုများကို လက်ခံရုံသာရှိလေသည်။ ဖန်ဆင်းရှင်ချပေးသည့် ရှေ့ကလမ်းကြောင်း၊ မိမိ၏ကံကြမ္မာအပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို လက်ခံရုံသာရှိသည်။ ဤကား ငြင်းမရသည့် အချက်တစ်ချက်ဖြစ်၏။ ကံကြမ္မာနှင့်ပတ်သက်၍ မည်သည့် ထိုးထွင်းသိမြင်မှုနှင့် သဘောထားရှိပါစေ ဤအချက်ကို မည်သူမျှ မပြောင်းလဲနိုင်ပေ။

သင်နေ့တိုင်း မည်သည့်နေရာသွားမည်၊ မည်သည့် အရာလုပ်မည်၊ အဘယ်သူကို သို့မဟုတ် မည်သည့်အရာကို သင်ကြုံတွေ့မည်၊ သင် မည်သည့်အရာပြောမည်၊ သင့်ထံ မည်သည့် အရာဖြစ်မည်၊ ဤအရာတစ်ခုတစ်လေကို သင် ကြိုတင်ခန့်မှန်း နိုင်ပါသလော။ လူတို့သည် အခြေအနေများ မည်သို့ဖြစ်ပေါ်သည်ကို ထိန်းချုပ်ဖို့ မပြောနှင့်၊ ဤအဖြစ်အပျက်အားလုံးကို ကြိုမမြင်နိုင်ပေ။ ဘဝတွင် ဤကြိုမမြင်နိုင်သည့် အဖြစ်အပျက်များက တစ်ချိန်လုံး ဖြစ်ပျက်လေသည်၊ ၎င်းတို့သည် နေ့စဉ်ဖြစ်ပေါ်သည့် အရာတစ်ခု ဖြစ်၏။ ဤနေ့စဉ်လောကဓံတရားများနှင့် ၎င်းတို့ဖြစ်ပေါ်သည့် နည်းလမ်း သို့မဟုတ် ၎င်းတို့ လိုက်နာသည့် ပုံစံတို့သည် လူသားမျိုးနွယ်အဖို့ မည်သည့်အရာမျှ ကြုံရာကျပန်း ဖြစ်ပျက်နေခြင်းမဟုတ်ကြောင်း၊ အဖြစ်အပျက်အသီးသီး၏ ဖြစ်စဉ်၊ အဖြစ်အပျက်အသီးသီး၏ မရှောင်လွှဲသာသော သဘော သဘာဝတို့သည် လူသား၏ အလိုဆန္ဒအားဖြင့် ပြောင်းလဲမရ နိုင်ကြောင်း အစဉ်တစိုက် သတိပေးချက်များ ဖြစ်ကြလေသည်။ အဖြစ်အပျက်တိုင်းက ဖန်ဆင်းရှင်ထံမှ လူသားမျိုးနွယ်သို့ သတိပေးချက်တစ်ခု သယ်ဆောင်ပြီး ၎င်းတို့၏ ကိုယ်ပိုင်ကံကြမ္မာကို လူသားမျိုးနွယ် မထိန်းချုပ်နိုင်ဆိုသည့် သတင်းစကားကိုလည်း ပေးပို့လေသည်။ အဖြစ်အပျက်တိုင်းက မိမိကံကြမ္မာ ကိုယ်ဖန်တီး လိုသည့် လူသားမျိုးနွယ်၏ ရိုင်းစိုင်းကာ အချည်းနှီးဖြစ်သော ရည်မှန်းချက်နှင့် ဆန္ဒအတွက် ပြန်လည်ချေပချက်တစ်ခု ဖြစ်သည်။ ယင်းတို့သည် အဆုံး၌ မည်သူက ၎င်းတို့၏ ကံကြမ္မာကို အုပ်စိုးပြီး ထိန်းချုပ်နေသည်ဆိုသည်ကို ပြန်လည် သုံးသပ်ဖို့ လူတို့ကို တိုက်တွန်းနေရင်း လူသားမျိုးနွယ်၏ မျက်နှာကို တစ်ချက်ပြီး တစ်ချက် ရိုက်သည့် အားကောင်းသော ရိုက်ချက်များ ကဲ့သို့ပင်ဖြစ်သည်။ ၎င်းတို့၏ ရည်မှန်းချက်များနှင့် စိတ်ဆန္ဒများသည် ထပ်တလဲလဲ ကဖျက်ကယက်လုပ်ခံရပြီး ပျက်စီးကြေမွသည်နှင့်အမျှ လူသားတို့သည် ကံစီမံသမျှကို မရည်ရွယ်ဘဲ လက်ခံခြင်း၊ လက်တွေ့အရှိတရားကို လက်ခံခြင်း၊ ကောင်းကင်ဘုံနှင့် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို လက်ခံခြင်းသို့ အလိုအလျောက် ရောက်သွားရလေသည်။ ဤနေ့စဉ် လောကဓံတရားမှ လူသားတို့ဘဝတစ်ခုလုံး၏ ကံကြမ္မာများအထိ ဖန်ဆင်းရှင်၏ အစီအစဉ်များနှင့် သူ၏ အချုပ်အခြာအာဏာကို ဖွင့်မပြသည့်အရာ တစ်ခုမျှမရှိပေ။ “ဖန်ဆင်းရှင်၏ အခွင့် အာဏာသည် သာလွန်ကြီးမြတ်သည်” ဆိုသည့် ထာဝရ အမှန်တရားကို မပြသည့် “ဖန်ဆင်းရှင်၏ သြဇာအာဏာကို ကျော်လွန်၍မရနိုင်” ဆိုသည့် သတင်းစကားကို မပေးပို့သည့်အရာ တစ်ခုမျှမရှိပေ။

လူသားမျိုးနွယ်နှင့် စကြဝဠာ၏ကံကြမ္မာသည် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့် အတွင်းကျကျ ရစ်ပတ်နေပြီး ဖန်ဆင်းရှင်၏ စီစဉ်ညွှန်ကြားမှုများနှင့် မခွဲမခွာ

ချည်နှောင်ထားသည်။ အဆုံး၌ ၎င်းတို့သည် ဖန်ဆင်းရှင်၏ ဩဇာအာဏာမှ ခွဲထုတ်မရချေ။ ဆွဲခွာလို့မရပေ။ အရာအားလုံး၏ နိယာမများတွင်၊ လူသည် ဖန်ဆင်းရှင်၏ စီစဉ်ညွှန်ကြားမှုများနှင့် သူ၏ အချုပ်အခြာ အာဏာကို နားလည်လာသည်၊ အရာခပ်သိမ်း၏ ရှင်သန်ရေး စည်းမျဉ်းများဖြင့်၊ သူသည် ဖန်ဆင်းရှင်၏ အုပ်စိုးမှုကို သတိပြုမိလာသည်၊ အရာခပ်သိမ်း၏ ကံကြမ္မာများတွင်၊ ဖန်ဆင်းရှင်က သူ၏ ဩဇာအာဏာကို အသုံးချပြီး ၎င်းတို့ကို ထိန်းချုပ်သည့် နည်းလမ်းများကို သူကောက်ချက်ချလာသည်။ ပြီးလျှင် လူသားများနှင့် အရာအားလုံး၏ ဘဝစက်ဝန်းများတွင် လူသားသည် အရာအားလုံးနှင့် သက်ရှိအားလုံးတို့အတွက် ဖန်ဆင်းရှင်၏ စီစဉ်ညွှန်ကြားမှုများနှင့် အစီအစဉ်များကို အမှန်တကယ် တွေ့ကြုံလာရပြီး၊ ထိုစီစဉ်ညွှန်ကြားမှုများနှင့် အစီအစဉ်တို့သည် ကမ္ဘာမြေကြီးနှင့်ဆိုင်သည့် နိယာမများ၊ စည်းမျဉ်းများ၊ အလေ့အထများ၊ အခြားတန်ခိုးစွမ်းအားများနှင့် အင်အားစုများအားလုံးကို မည်သို့ အစားထိုးသည်ကို အမှန်တကယ် မျက်မြင်တွေ့ရှိလာရသည်။ ဤအချက်ကြောင့် ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာသည် အဘယ်ဖန်ဆင်းခံကမျှ ချိုးဖောက်၍မရ၊ ဖန်ဆင်းရှင်က ကြိုတင်သတ်မှတ်ခဲ့သည့် အဖြစ်အပျက်နှင့် အမှုအရာများကို မည်သည့် အင်အားစုကမျှ ကျူးကျော်၍မရ သို့မဟုတ် ပြောင်းလဲ၍မရသည်ကို လူသားမျိုးနွယ်အား လက်ခံစေသည်။ လူသားနှင့် အရာအားလုံးသည် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် အသက်ရှင်နေထိုင်ပြီး မျိုးပွားခြင်းက ဤမြင့်မြတ်သည့် နိယာမများနှင့် စည်းမျဉ်းများ၏ အောက်တွင်ဖြစ်သည်။ ဤကား ဖန်ဆင်းရှင် အခွင့်အာဏာ၏ စစ်မှန်သည့် ပြယုဂ်မဟုတ်လော။ ဤဓမ္မဓိဋ္ဌာန်ကျသည့် နိယာမများတွင် အဖြစ်အပျက်အားလုံးနှင့် အရာအားလုံးအတွက် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့် သူ၏ ဘိသိက်ပေးခြင်းကို လူသားက မြင်သော်လည်း စကြဝဠာအပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာ၏ အခြေခံသဘောတရားများကို လူမည်မျှက သဘောပေါက်နိုင်ကြသနည်း။ ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာနှင့် ၎င်းတို့ ကိုယ်တိုင်၏ ကံကြမ္မာအပေါ် စီစဉ်မှုကို အမှန်တကယ်သိနိုင်၊ အသိအမှတ်ပြုနိုင်၊ လက်ခံနိုင်ပြီး နာခံနိုင်သည့်သူ မည်မျှရှိသနည်း။ အရာအားလုံးအပေါ်မှာ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာ နှင့် သက်ဆိုင်သည့် အမှန်တရားကို ယုံကြည်လျက်၊ ဖန်ဆင်းရှင်က လူသားများ၏ ဘဝကံကြမ္မာများအား ချမှတ်သည်ကိုလည်း မည်သူက အမှန်တကယ်ယုံကြည်ပြီး အသိအမှတ်ပြုလိမ့်မည်နည်း။ လူသား၏ ကံကြမ္မာသည် ဖန်ဆင်းရှင်၏ လက်ထဲမှာရှိသည်ဆိုသည့် အချက်ကို မည်သူက အမှန်တကယ် နားလည်သဘောပေါက်နိုင်သနည်း။ ဖန်ဆင်းရှင်သည် လူသားမျိုးနွယ်၏ ကံကြမ္မာကို အုပ်စိုးပြီး

ထိန်းချုပ်သည်ဆိုသည့်အချက်ကို ရင်ဆိုင်ရသည့်အခါ၊ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာအပေါ် လူသားမျိုးနွယ်သည် မည်သို့ သဘောထားမျိုး ထားသင့်သနည်း။ ယင်းမှာ ဤအမှန်တရားနှင့် ယခုရင်ဆိုင်နေရသည့် လူသားတိုင်း မိမိတို့ကိုယ်တိုင်အတွက် ပြုလုပ်ရမည့် ဆုံးဖြတ်ချက်တစ်ခု ဖြစ်သည်။

## လူသားဘဝတစ်ခုထဲက ဆုံမှတ်ခြောက်ခု

လူတစ်ဦး၏ ဘဝလမ်းကြောင်းတွင် လူတိုင်းသည် အရေးကြီးသည့် ဆုံမှတ်များသို့ ရောက်ကြသည်။ ဤအရာများသည် ဘဝတွင် လူတစ်ယောက်၏ ကံကြမ္မာကို ပိုင်းခြားသတ်မှတ်သည့် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးအဆင့်များဖြစ်ကြသည်။ အောက်ပါအချက်သည် လူတိုင်း မိမိတို့ ဘဝလမ်းကြောင်း၌ ဖြတ်သန်းရမည့် ဤလမ်းညွှန်အမှတ်အသားများကို အကျဉ်းချုပ် ဖော်ပြချက်တစ်ခု ဖြစ်သည်။

## ပထမဆုံမှတ်- မွေးဖွားခြင်း

လူတစ်ယောက် မည်သည့်နေရာတွင် မွေးဖွားသည်၊ မည်သည့်မိသားစုထဲတွင် ၎င်းတို့ မွေးသည်၊ မိမိ၏လိင်အမျိုးအစား၊ ပုံသဏ္ဌာန်နှင့် မွေးဖွားချိန်- ဤအရာများသည် လူတစ်ယောက် ဘဝ၏ ပထမဆုံမှတ် အသေးစိတ် အချက်အလက်များ ဖြစ်သည်။

ဤဆုံမှတ်၏ အချက်အလက်အချို့ကို မည်သူမျှ မရွေးချယ် နိုင်ပေ။ ထိုအရာအားလုံးသည် ဖန်ဆင်းရှင်အားဖြင့် အချိန် ကြာမြင့်စွာက ကြိုတင်သတ်မှတ်ပြီး ဖြစ်ပေသည်။ ၎င်းတို့သည် ပြင်ပပတ်ဝန်းကျင်အားဖြင့် ဘယ်လိုနည်းနှင့်မျှ လွှမ်းမိုးခံရခြင်း မရှိသကဲ့သို့ ဖန်ဆင်းရှင်က ကြိုတင်ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဤအချက်များကို လူသားပြုလုပ်ထားသည့် မည်သည့်အချက်ကမှ မပြောင်းလဲနိုင်ပေ။ လူတစ်ယောက် မွေးဖွားဖို့ဆိုသည်မှာ ထိုလူအတွက် ဖန်ဆင်းရှင် စီစဉ်ထားသည့် ကံကြမ္မာ၏ ပထမအဆင့် ပြီးပြည့်စုံပြီးဖြစ်သည်ဟု ဆိုလိုသည်။ သူသည် ဤအသေးစိတ် အချက်အလက် အားလုံးကို ရှေးကတည်းက ကြိုတင်ပြဋ္ဌာန်းထားပြီး ဖြစ်သောကြောင့် မည်သူကမျှ မည်သည့်အချက်ကိုမျှ ပြောင်းလဲ နိုင်သည့် တန်ခိုးအာဏာမရှိပေ။ လူတစ်ယောက်၏ နောက်ပိုင်း ကံကြမ္မာကို ထည့်သွင်းမစဉ်းစားဘဲ၊ တစ်ဦးတစ်ယောက်၏ မွေးဖွားခြင်း အခြေအနေများကို ကြိုတင် ပြဋ္ဌာန်းထားပြီးဖြစ်ကာ အဖြစ်ကိုအဖြစ်အတိုင်း ရှိမြဲရှိကြလေသည်။ ဤအချက်တို့ကို တစ်ဦးတစ်ယောက်၏ ဘဝကံကြမ္မာက မည်သည့်နည်းနှင့်မျှ လွှမ်းမိုးမှုမရှိသကဲ့သို့ တစ်ဦးတစ်ယောက်၏ ဘဝကံကြမ္မာအပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာအား မည်သည့်နည်းနှင့်မျှ

သက်ရောက်မှု မရှိပေ။

## ၁။ ဖန်ဆင်းရှင်၏ အစီအစဉ်များမှ ဘဝသစ်တစ်ခု မွေးဖွားသည်

လူတစ်ယောက်၏ မွေးဖွားရာနေရာ၊ မိသားစု၊ လိင်အမျိုးအစား၊ ရုပ်အသွင်အပြင်၊ မွေးဖွားသည့် အချိန်ဖြစ်သည့် ပထမဆုံးမှတ်၏ မည်သည့်အသေးစိတ် အချက်အလက်များကို လူတစ်ယောက်က ရွေးချယ်နိုင်စွမ်း ရှိသလား။ လူတစ်ယောက်၏ မွေးဖွားခြင်းက ကိုယ်တိုင်ပြုလုပ်၍မရသည့် ဖြစ်ရပ်တစ်ခုဖြစ်သည်ကား သိသာ ပေ၏။ လူတစ်ယောက်သည် နေရာတစ်နေရာ၊ အချိန်တစ်ခု၊ မိသားစုတစ်စု၌ ရုပ်အသွင်အပြင်တစ်ခုနှင့် မိမိဆန္ဒအလျောက် မဟုတ်ဘဲ မွေးဖွား၏။ လူတစ်ယောက်သည် အိမ်ထောင်စုတစ်စုတွင် မိမိဆန္ဒအလျောက် မဟုတ်ဘဲ မိသားစုဝင်ဖြစ်လာပြီး မိသားစု တစ်စု၏ မျိုးဆက်တစ်ခု ဖြစ်လာပေသည်။ လူတစ်ယောက်သည် ဤပထမဆုံးမှတ်၌ ရွေးစရာမရှိဘဲ ဖန်ဆင်းရှင်၏ အစီအစဉ်နှင့်အညီ သတ်မှတ်ထားသည့် ပတ်ဝန်းကျင်တစ်ခု၊ တိကျသည့်မိသားစုတစ်စု၊ တိကျသည့် လိင်အမျိုးအစား၊ အသွင်အပြင်တစ်ခုနှင့်၊ လူတစ်ဦး၏ ဘဝလမ်းကြောင်းနှင့် အတွင်းကျကျ ဆက်နွယ်သည့် တိကျသော အချိန်တစ်ချိန်တွင် မွေးဖွားလေသည်။ ဤအလွန်အရေးပါသည့် ဤဆုံမှတ်တွင် လူတစ်ယောက်သည် မည်သည့်အရာကို လုပ်နိုင်သနည်း။ အားလုံးပေါင်းလိုက်လျှင်၊ လူတစ်ယောက်သည် မိမိ၏ မွေးဖွားခြင်းနှင့် ပတ်သက်၍ ဤအသေးစိတ် အချက်အလက်များမှ တစ်ခုတစ်လေကိုမျှ ရွေးချယ်စရာ မရှိပေ။ ဖန်ဆင်းရှင်၏ခွဲခန့်မှတ်သားခြင်းနှင့် သူ၏ လမ်းပြမှုကြောင့်သာ မဟုတ်ပါက၊ ဤကမ္ဘာ၌ အသစ်မွေးဖွားသည့် ဘဝတစ်ခုသည် မည်သည့်နေရာကိုသွားရမည် သို့မဟုတ် မည်သည့်နေရာတွင် နေရမည်ဆိုသည်ကို သိလိမ့်မည်မဟုတ်၊ ဆွေမျိုးများ ရှိလိမ့်မည် မဟုတ်၊ မည်သည့်နေရာနှင့်မျှ သက်ဆိုင်မည် မဟုတ်သကဲ့သို့ စစ်မှန်သည့်အိမ် ရှိမည်မဟုတ်ပေ။ သို့သော်လည်း ဖန်ဆင်းရှင်၏ စေ့စပ်သည့် အစီအစဉ်များကြောင့် ဤအသစ်သောဘဝက နေစရာနေရာတစ်ခု၊ မိဘများ၊ ၎င်းနှင့် သက်ဆိုင်သည့် နေရာတစ်ခုနှင့် ဆွေမျိုးများရှိပြီး ဤအကြောင်းကြောင့် ထိုဘဝသည် ၎င်း၏ခရီးလမ်းကြောင်းပေါ်ကို စတင်လေသည်။ ဤဖြစ်စဉ် တစ်လျှောက်တွင်၊ ဤဘဝသစ်တစ်ခု ပေါ်ပေါက်မှုသည် ဖန်ဆင်းရှင်၏ အစီအစဉ်အားဖြင့် ပိုင်းခြားသတ်မှတ်ခြင်းဖြစ်ပြီး ထိုဘဝပိုင်ဆိုင်လာမည့် အရာအားလုံးကို ဖန်ဆင်းရှင်က ချပေးသနားခြင်း ဖြစ်ပေသည်။ မည်သည့်အရာမျှ မရှိသည့် လွတ်လွတ်လပ်လပ် လွင့်မျောနေသည့် ကိုယ်ခန္ဓာတစ်ခုမှ၊ တဖြည်းဖြည်း အသွေးအသားနှင့် ဖြစ်လာသည်။ မြင်၍ရနိုင် လာသည်။ လက်ဆုပ်လက်ကိုင်ပြ၍ ရနိုင်သော လူသားတစ်ယောက် ဖြစ်လာသည်။

စဉ်းစားတတ်သည့်၊ အသက်ရှုသည့်၊ အပူနှင့် အအေးကို သိရှိခံစားနိုင်သည့် လူသားတစ်ယောက် ဖြစ်လာသည်။ ရုပ်ဝတ္ထုလောကထဲ၌ ဖန်ဆင်းခံတစ်ယောက်၏ ပုံမှန်လှုပ်ရှားမှု အားလုံးတွင် ပါဝင်လုပ်ဆောင်နိုင်သည့်သူ၊ ဘဝတွင် ဖန်ဆင်းခံ လူသားတစ်ဦး ကြုံတွေ့ရမည့် အရာအားလုံးကိုကြုံတွေ့ခံစားရမည့်၊ ဘုရားသခင်၏ ဖန်ဆင်းခြင်းများအနက် တစ်ခုဖြစ်လာပေသည်။ လူတစ်ဦး၏ မွေးဖွားခြင်းကို ဖန်ဆင်းရှင်က ကြိုတင်ပိုင်းခြား သတ်မှတ်ခြင်းသည် ရှင်သန်ရပ်တည်ရေးအတွက် လိုအပ်သည့် အရာအားလုံးကို ထိုလူ့အပေါ် ဖန်ဆင်းရှင်က ချပေးသနား လိမ့်မည်ဟု ဆိုလိုပေသည်။ အလားတူပင်၊ လူတစ်ဦး မွေးဖွားသည် ဆိုသည့်အချက်မှာ ၎င်းက ဖန်ဆင်းရှင်ထံမှ ရှင်သန်ရပ်တည်ရေး အတွက် လိုအပ်သည့် အရာအားလုံးကို လက်ခံရရှိလိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်ပြီး ထိုအချိန်မှစပြီး ဖန်ဆင်းရှင်က ပံ့ပိုးပေးထားသည့် နောက်ပုံစံတစ်ခုနှင့် ၎င်းတို့အသက်ရှင်နေထိုင်မည်ဖြစ်ပြီး ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာအား ခံစားရလိမ့်မည်ဟု ဆိုလိုပေသည်။

## ၂။ မတူညီသည့် လူသားတို့သည် မတူညီသည့် အခြေအနေများအောက်တွင် အဘယ်ကြောင့် မွေးဖွားသနည်း

လူတို့သည် ၎င်းတို့ ပြန်လည် မွေးဖွားလျှင် ကျော်ကြားသည့် မိသားစုတွင် ဖြစ်လိမ့်မည်၊ ၎င်းတို့ အမျိုးသမီးများဖြစ်ပါက စနိုးဝှိုက်နှင့် တူပြီး အားလုံးက ချစ်ခင်ကြမည်ဖြစ်ကာ ၎င်းတို့ အမျိုးသားဖြစ်လျှင် အလိုကျဆောင်ရွက်ပေးရန် အသင့်ရှိနေသည့် လောကတစ်ခုလုံးနှင့်အတူ ဘာကိုမှမလိုအပ်သည့်၊ ချောမော လှပသော မင်းသားလေးဖြစ်မည်ဟု မကြာခဏ စိတ်ကူးရသည်ကို နှစ်သက်ကြသည်။ ၎င်းတို့မိသားစု၊ ၎င်းတို့၏ အသွင်အပြင်၊ ၎င်းတို့၏ လိင်အမျိုးအစား၊ ၎င်းတို့မွေးသည့် အချိန်ကိုပင် မကျေမချမ်းဖြစ်ရင်း၊ ၎င်းတို့ မွေးဖွားခြင်းနှင့် ပတ်သက်၍ အတွေးမှားများစွာအောက်တွင် ပင်ပန်းကြရပြီး ယင်းနှင့်ပတ်သက်၍ အလွန် မကျေနပ်သောသူများ ရှိလေသည်။ သို့သော် လူတို့က သီးခြားမိသားစုတစ်စုထဲ အဘယ်ကြောင့် ၎င်းတို့ မွေးလာသည် သို့မဟုတ် အဘယ်ကြောင့် ထိုထိုသောပုံစံဖြစ်ရသည်ကို လုံးဝ နားမလည်ကြချေ။ ၎င်းတို့မည်သည့်အရပ်တွင် မွေးသည်ဖြစ်စေ၊ မည်သို့ပုံစံရှိသည်ဖြစ်စေ၊ ၎င်းတို့သည် ဖန်ဆင်းရှင်၏ စီမံခန့်ခွဲမှု ထဲတွင် အမျိုးမျိုးသော အခန်းကဏ္ဍများကို ကပြရန်နှင့် မတူညီသည့် တာဝန်များကို ဖြည့်ဆည်းရန် ဖြစ်သည်ကို ၎င်းတို့ မသိကြသကဲ့သို့ ဤရည်ရွယ်ချက်သည် ဘယ်သောအခါမှ ပြောင်းလဲလိမ့်မည် မဟုတ်ပေ။ ဖန်ဆင်းရှင်၏အမြင်တွင် လူတစ်ယောက် မွေးဖွားသည့်နေရာ၊ လိင်အမျိုးအစား၊ ရုပ်အသွင်အပြင်၊ အားလုံးသည် ယာယီဖြစ်သည်။ ၎င်းတို့သည် လူသားမျိုးနွယ်

တစ်ခုလုံးအပေါ် ဖန်ဆင်းရှင်၏ စီမံခန့်ခွဲမှု အဆင့်အသီးသီးထဲက မပြောပလောက်သည့် အစက်အပြောက်များ၊ အစက်များ၊ အလွန်သေးငယ်သည့် သင်္ကေတလေးများ ဖြစ်ကြပေသည်။ လူတစ်ဦး၏ စစ်မှန်သည့် ခရီးပန်းတိုင်နှင့် အဆုံးသတ်သည် အထူးကဏ္ဍ တစ်ခုတစ်လေထဲတွင် ၎င်း၏မွေးဖွားခြင်းအားဖြင့် ပိုင်းခြားသတ်မှတ်ခြင်းမဟုတ်ဘဲ ၎င်းတို့၏ ဘဝ ၎င်းတို့ ဖြည့်ဆည်းသည့်တာဝန်နှင့် ဖန်ဆင်းရှင်၏ စီမံခန့်ခွဲမှု အစီအစဉ် ပြီးဆုံးသည့်အချိန်တွင် ၎င်းတို့အပေါ် ဖန်ဆင်းရှင်၏ တရားစီရင်မှု အားဖြင့် ပိုင်းခြားဆုံးဖြတ်မည် ဖြစ်သည်။

အကျိုးတရားတိုင်းတွင် အကြောင်းတရားရှိပြီး အကြောင်းတရားမရှိသည့် အကျိုးဆိုသည်မှာ မရှိဟု ဆိုထားပေသည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းသည် မိမိ၏လက်ရှိဘဝနှင့် ယခင်ဘဝနှစ်ခုလုံးနှင့် သေချာပေါက် ဆက်နွှယ်နေသည်။ လူတစ်ဦး၏ သေဆုံးခြင်းသည် ၎င်းတို့၏လက်ရှိဘဝကို အဆုံးသတ်စေခဲ့ပါက လူတစ်ဦး၏ မွေးဖွားခြင်းသည် စက်ဝန်းအသစ်၏ အစဖြစ်ပေသည်။ စက်ဝန်း အဟောင်းက လူတစ်ဦး၏ ယခင်ဘဝကို ကိုယ်စားပြုသည်ဆိုလျှင် စက်ဝန်းအသစ်က အလိုအလျောက် ၎င်းတို့၏ လက်ရှိဘဝ ဖြစ်ပါသည်။ လူတစ်ဦး၏ မွေးဖွားခြင်းက သူ၏ယခင်ဘဝနှင့် လက်ရှိဘဝကို ဆက်သွယ်နေသည့်အတွက် သူ၏မွေးဖွားမှုနှင့် ဆက်စပ်နေသည့် တည်နေရာ၊ မိသားစု၊ လိင်အမျိုးအစား၊ အသွင်အပြင်နှင့် တစ်ခြား အချက်အလက်များ အားလုံးသည် သူ၏ယခင်ဘဝ၊ လက်ရှိဘဝတို့နှင့် သေချာပေါက် ဆက်နွှယ် ပေသည်။ ဤကား လူတစ်ဦး၏ မွေးဖွားခြင်းနှင့်ပတ်သက်သည့် အချက်အလက်တို့သည် ယခင်ဘဝ၏ လွှမ်းမိုးမှု ရှိရုံတင်မကဘဲ လက်ရှိဘဝတွင် မိမိ၏ကံကြမ္မာကို ပိုင်းခြားသတ်မှတ်သည်ဟု ဆိုလိုပေသည်။ ယင်းသည် လူတို့ မွေးဖွားသည့် အခြေအနေအမျိုးမျိုးအတွက် အကြောင်းရင်း ဖြစ်သည်။ အချို့က ဆင်းရဲသည့် မိသားစုများ၌ မွေးဖွားကြသည်။ အခြားသူများသည် ချမ်းသာသည့် မိသားစုများတွင် မွေးဖွားသည်။ တစ်ချို့က သာမန်မျိုးရိုးမှ လာပြီး၊ တစ်ချို့က ကျော်ကြားသည့် မျိုးရိုးများ ရှိကြသည်။ တစ်ချို့က တောင်ပိုင်းတွင်မွေးသည်၊ တစ်ချို့က မြောက်ပိုင်းတွင်မွေးသည်။ တစ်ချို့က သဲကန္တာရထဲတွင် မွေးသည်။ တစ်ချို့က စိမ်းလန်းသည့် မြေများတွင် မွေးသည်။ တစ်ချို့လူတို့၏ မွေးဖွားခြင်းက ဩဘာသံများ၊ ရယ်သံ၊ အောင်ပွဲခံခြင်းများနှင့်အတူ ယှဉ်တွဲသည်။ အခြားသူများမှာမျက်ရည်များ ဘေးဒုက္ခနှင့် ပူဆွေး သောကတို့ကို ယူဆောင်လာသည်။ တစ်ချို့က တန်ဖိုးအထား ခံရန်အတွက် မွေးဖွားလာသည်၊ အခြားသူတို့မှာမူ ပေါင်းပင်များကဲ့သို့ ဖယ်ထားခံရဖို့ ဖြစ်လေသည်။ တစ်ချို့က ကောင်းမွန်သည့် အင်္ဂါရပ်များဖြင့်မွေးဖွားသည်၊ အခြားသူတို့မှာမူ ပုံပန်းမကျသည့်

အရာများနှင့် မွေးသည်။ တစ်ချို့ကချစ်စရာ ကောင်းသည်၊ အခြားသူတို့မှာ ရုပ်ဆိုးလေသည်။ တစ်ချို့က သန်းခေါင်ယံတွင် မွေးသည်။ အခြားသူတို့မှာမူ မွန်းတည့်နေ၏ ပူပြင်းမှုအောက်တွင်မွေးသည်။ အဆင့်အတန်းအားလုံးနှင့်ဆိုင်သည့် လူတို့၏ မွေးဖွားခြင်းများသည် ဖန်ဆင်းရှင်က ၎င်းတို့အတွက် အဆင်သင့်ထားသည့် ကံကြမ္မာများအားဖြင့် သတ်မှတ်ထား ပေသည်။ သူတို့၏မွေးဖွားမှုများသည် ၎င်းတို့၏ လက်ရှိဘဝများ ထဲက ၎င်းတို့၏ကံကြမ္မာအပြင် ၎င်းတို့ ကပြမည့် အခန်း ကဏ္ဍများနှင့် ၎င်းတို့ ဖြည့်ဆည်းမည့် တာဝန်များကို သတ်မှတ်ပေးသည်။ ဤအရာအားလုံးသည် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ဝန်ခံကြရလေသည်။ ဖန်ဆင်းရှင်အားဖြင့် ကြိုတင်ပြဋ္ဌာန်းခံရလျက်၊ အဘယ်သူမျှ ၎င်းတို့၏ ကြိုတင် ပြဋ္ဌာန်းခံထားရသည့် ကြမ္မာကို မလွတ်မြောက်နိုင်ပေ။ ၎င်းတို့၏ မွေးဖွားခြင်းများကို မည်သူမျှ မပြောင်းလဲနိုင်သကဲ့သို့ ၎င်းတို့၏ ကံကြမ္မာကို ဘယ်သူမျှ မရွေးချယ်နိုင်ပါ။

## ဒုတိယဆုံမှတ်- အရွယ်ရောက်လာခြင်း

မည်သည့်မိသားစုမျိုးမှာ မွေးလာသည်ဆိုသည့်အပေါ် မူတည်ပြီး လူတို့သည် မတူညီသည့်အိမ် ပတ်ဝန်းကျင်များတွင် ကြီးပြင်းလာပြီး ၎င်းတို့မိဘများထံမှ မတူညီသည့် သင်ခန်းစာများကို သင်ယူကြသည်။ ဤအချက်များက လူတစ်ယောက် အသက်အရွယ်ရလာသည့် အခြေအနေများကို ဆုံးဖြတ်ပေးပြီး အရွယ်ရောက်ခြင်းက လူတစ်ယောက်ဘဝ၏ ဒုတိယအရေးပါသည့် ဆုံမှတ်ကို ကိုယ်စားပြုသည်။ လူတို့သည် ဤဆုံမှတ်တွင်လည်း ရွေးစရာမရှိသည်ကို ပြောပြစရာ မလိုပေ။ ယင်းသည်လည်း သတ်မှတ်ပြီးသား ကြိုတင်စီစဉ်ပြီးသားဖြစ်သည်။

## ၁။ လူအသီးသီး၏အသက်အရွယ်ရလာခြင်းအတွက် သတ်မှတ်ထားသည့် အခြေအနေများကို ဖန်ဆင်းရှင်က စီစဉ်သည်

လူတစ်ယောက်သည် မိမိကြီးပြင်းလာသည်နှင့်အမျှ မိမိကို စာရိတ္တမြှင့်တင်ပေးပြီး လွှမ်းမိုးသည့် လူများ၊ အဖြစ်အပျက်များ သို့မဟုတ် အမှုအရာများကို ရွေးချယ်၍မရပေ။ လူတစ်ယောက်သည် မည်သည့်အသိပညာ သို့မဟုတ် ကျွမ်းကျင်မှုကို သူရရှိမည်၊ မည်သို့အကျင့်မျိုး ဖြစ်မည်ကို မရွေးချယ်၍မရ။ သူ၏မိဘများနှင့် အမျိုးများက မည်သူ ဖြစ်မည်၊ မည်သည့်ပတ်ဝန်းကျင်မျိုးတွင် ကြီးပြင်းမည်ဆိုသည်ကို မရွေးချယ်၍မရပေ။ မိမိ ဝန်းကျင်များ၌ ရှိသည့် လူများ၊ ဖြစ်ရပ်များ၊ အမှုအရာများနှင့် ၎င်း၏ ဆက်နွယ်မှုများနှင့်

ထိုအရာများက ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့လွှမ်းမိုးသည်ဆိုသည့် အရာအားလုံးမှာ ၎င်းထိန်းချုပ် ရနိုင်သည့်အရာများ ဖြစ်သည်။ သို့ဆိုလျှင် ဤအရာတို့ကို မည်သူက ဆုံးဖြတ်သနည်း။ မည်သူက စီစဉ်သနည်း။ ကိစ္စရပ်တွင် လူက ရွေးချယ်စရာမရှိသည့်အတွက် ဤအရာများကို မိမိတို့ ကိုယ်တိုင်အတွက် မဆုံးဖြတ်နိုင်သည့်အတွက်၊ ပြီးလျှင် သူတို့သည် သိသာစွာ အလိုအလျောက် ပုံမဖော်ကြသည့်အတွက်၊ ဤလူများ၊ အဖြစ်အပျက်များနှင့် အမှုအရာများအားလုံး၏ ဖြစ်ပေါ်မှုမှာ ဖန်ဆင်းရှင်၏ လက်ထဲ၌ရှိသည်ကို ပြောစရာမလိုတော့ပေ။ ဟုတ်ပေ၏၊ ဖန်ဆင်းရှင်သည် လူတိုင်း၏ မွေးဖွားမှုနှင့်ဆိုင်သော သီးသန့်အခြေအနေများကို စီစဉ်သကဲ့သို့ပင်၊ တစ်ဦးတစ်ယောက် ကြီးပြင်းသည့် တိကျသော အခြေအနေများကိုလည်း စီစဉ်လေသည်။ လူတစ်ယောက်၏ မွေးဖွားမှုက ၎င်း၏ အနီးဝန်းကျင်ရှိ လူများ၊ အဖြစ်အပျက်များနှင့် အမှုအရာတို့ကို ပြောင်းလဲစေပါက၊ ထိုလူ၏ကြီးပြင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကလည်း ထိုအရာတို့ကို သေချာပေါက် သက်ရောက်လိမ့်မည်ဖြစ်သည်။ ဥပမာအားဖြင့်၊ လူအချို့က ဆင်းရဲသည့် မိသားစုများတွင် မွေးသော်လည်း ကြွယ်ဝမှုက ဝန်းရံလျက် ကြီးပြင်းသည်။ တစ်ချို့က ချမ်းသာသည့် မိသားစုတွင် မွေးသော်လည်း ၎င်းတို့မိသားစု၏ စည်းစိမ်ကို ကျဆင်းစေသည်၊ ထို့သို့ဖြင့် ၎င်းတို့သည် ဆင်းရဲသည့် ပတ်ဝန်းကျင်တွင် ကြီးပြင်းရလေသည်။ မည်သူ၏ မွေးဖွားခြင်းကမျှ သတ်မှတ်ထားသည့် စည်းမျဉ်းက အုပ်စိုးခြင်းမရှိသကဲ့သို့ ရှောင်လွှဲလို့မရသည့် သတ်မှတ်ထားသော အခြေအနေအောက်၌ မည်သူမျှ မကြီးပြင်းပေ။ ဤအရာများသည် လူတစ်ယောက် စိတ်ကူးနိုင်သည့် သို့မဟုတ် ထိန်းချုပ်နိုင်သည့် အရာများ မဟုတ်ပေ။ ၎င်းတို့သည် လူတစ်ယောက်၏ ကံကြမ္မာ ရလဒ်များ ဖြစ်ပြီး တစ်ဦးတစ်ယောက်၏ ကံကြမ္မာဖြင့် ဆုံးဖြတ်ထားသည့်အရာ ဖြစ်သည်။ ဟုတ်ပေ၏၊ အဓိကအားဖြင့်၊ ဤအရာများသည် ဖန်ဆင်းရှင်က လူအသီးအသီးအတွက် ကြိုတင်ပြဋ္ဌာန်းသည့် ကံကြမ္မာအားဖြင့် သတ်မှတ်ခံထားရပေသည်။ ဤအရာများကို လူ၏ ကံကြမ္မာအပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့် ယင်းအတွက် သူ၏ အစီအစဉ်များအားဖြင့် ပိုင်းခြားသတ်မှတ်ထား ပေသည်။

## ၂။ လူတို့ အရွယ်ရောက်သည့် အခြေအနေအမျိုးမျိုးတို့က မတူညီသည့် အခန်းကဏ္ဍများကို ဖြစ်ပေါ်စေသည်

လူတစ်ယောက် မွေးဖွားခြင်း၏ အခြေအနေများသည် ၎င်းတို့ကြီးပြင်းသည့် အခြေခံအဆင့် ပတ်ဝန်းကျင်တစ်ခုနှင့် အခြေအနေများ အပေါ်၌ တည်ဆောက်ထားသကဲ့သို့၊

လူတစ်ယောက်ကြီးပြင်းသည့် အခြေအနေများသည် အလားတူပင် ၎င်းတို့မွေးဖွားမှု အခြေအနေများ၏ ရလဒ်တစ်ခုဖြစ်ပါသည်။ ဤအချိန်အတောအတွင်းတွင် ဘာသာစကားကို စသင်ယူကာ သူအစဉ်တစိုက် ကြီးပြင်းနေသည့်အတောအတွင်း ဖြစ်စဉ်တစ်ခု ဖြစ်သည့် သူ့စိတ်က အကြောင်းအရာအသစ်များစွာကို စတင်ကြုံတွေ့ပြီး လက်သင့်ခံလေသည်။ လူတစ်ယောက်သည် သူ့နားနှင့် ကြားသည့်အရာများ၊ သူ့မျက်လုံးနှင့် မြင်သည့်အရာများ သူ့စိတ်ဖြင့် မှတ်သားသည့်အရာများက သူ၏အတွင်းကမ္ဘာကို တဖြည်းဖြည်း ဖြည့်ပြီး သက်ဝင်လှုပ်ရှားစေသည်။ သူ ထိတွေ့ဆက်ဆံလာရသည့် လူများ၊ ဖြစ်ရပ်များ၊ အကြောင်းအရာများ၊ သူသင်ယူသည့် ဘုံအသိ၊ အသိပညာ၊ ကျွမ်းကျင်မှုနှင့် သူ့ကို လွှမ်းမိုးသည့်၊ စွဲမြဲအောင်သင်ယူ သို့မဟုတ် သင်ကြားခဲ့ရသည့် စဉ်းစားပုံများအားလုံးသည် ဘဝတွင် သူ့ကံကြမ္မာကို လမ်းပြကာ လွှမ်းမိုးပေလိမ့်မည်။ သူကြီးလာသည့် အလျောက် သင်ယူသည့် ဘာသာစကားနှင့် သူ၏စဉ်းစားပုံနည်းလမ်းတို့ကို ငယ်ဘဝတွင် သူအချိန်ကုန်ဆုံးခဲ့သည့် ပတ်ဝန်းကျင်နှင့် ခွဲခြား၍မရသကဲ့သို့ ထိုပတ်ဝန်းကျင်တွင် ၎င်းတို့အနီးတစ်ဝိုက်ရှိ မိဘများ၊ မွေးချင်းများ၊ တစ်ခြားလူများ၊ အဖြစ်အပျက်များ အမှုအရာများ ပါဝင်လေသည်။ ထို့ကြောင့် လူတစ်ယောက်၏ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို သူကြီးပြင်းသည့် ပတ်ဝန်းကျင်က သတ်မှတ်ပေးပြီး ဤအချိန် အတောအတွင်း သူ ထိတွေ့ဆက်ဆံလာရသည့် လူများ၊ အဖြစ်အပျက်များ၊ အကြောင်းအရာများအပေါ်လည်း မူတည် ပေသည်။ လူတစ်ယောက် ကြီးပြင်းသည့် အခြေအနေများအား အချိန်ကြာမြင့်စွာက ကြိုတင်သတ်မှတ်ပြီးဖြစ်သည့်အတွက် ဤဖြစ်စဉ်အတွင်း သူနေထိုင်သည့် ပတ်ဝန်းကျင်ကိုလည်း အလိုအလျောက် ကြိုတင်သတ်မှတ်ထားပြီး ဖြစ်သည်။ ယင်းသည် လူတစ်ယောက်၏ ရွေးချယ်မှုများနှင့် ကြိုက်နှစ်သက်မှုများအပေါ် ဆုံးဖြတ်ခြင်း မဟုတ်ဘဲ ဖန်ဆင်းရှင်၏ အစီအစဉ်များနှင့်အရ ဆုံးဖြတ်ခြင်း ဖြစ်သည်၊ လူတစ်ဦး၏ ဘဝကံကြမ္မာအပေါ် ဖန်ဆင်းရှင်၏ ဂရုတစိုက် စီစဉ်မှုများနှင့် သူ၏ အချုပ်အခြာ အာဏာအားဖြင့် သတ်မှတ်လေသည်။ ထို့ကြောင့် ကြီးပြင်းမှု လမ်းကြောင်းတွင် မည်သူမဆို ကြုံတွေ့ရသည့် လူများ၊ ၎င်းတို့ ထိတွေ့ဆက်ဆံလာရသည့် အကြောင်းအရာများ အားလုံးသည် ဖန်ဆင်းရှင်၏ စီစဉ်ညွှန်ကြားမှုများနှင့် အစီအစဉ်များနှင့် အလိုအလျောက် ဆက်နွှယ်လေသည်။ လူတို့သည် ဤကဲ့သို့ ရှုပ်ထွေးသည့် အပြန်အလှန် ဆက်နွှယ်မှုမျိုးများကို ကြိုတင်မမြင်နိုင်သကဲ့သို့ မထိန်းချုပ်နိုင် သို့မဟုတ် နားလည် သဘောပေါက်ခြင်း မရှိနိုင်ပေ။ များပြားလှသည့် မတူညီသည့် အကြောင်းအရာများနှင့် လူတို့သည် လူတစ်ယောက် ကြီးပြင်းသည့် ပတ်ဝန်းကျင်အပေါ် ဆက်စပ်မှုရှိပြီး

မည်သည့်လူသားမျှ ထိုသို့ကျယ်ပြန့်သည့် ဆက်နွှယ်မှုကွန်ယက်ကို စီစဉ်နိုင်၊ စီစဉ်ညွှန်ကြားနိုင်စွမ်းမရှိပေ။ လူများ၊ ဖြစ်ရပ်များနှင့် အကြောင်းအရာများအားလုံး၏ ဖြစ်ပေါ်မှုကို ဖန်ဆင်းရှင်မှလွဲပြီး မည်သည့်လူကမျှ သို့မဟုတ် မည်သည့်အရာကမျှ မထိန်းချုပ်နိုင် သကဲ့သို့ ၎င်းတို့၏ ကွယ်ပျောက်မှုကိုလည်း မထိန်းသိမ်း သို့မဟုတ် မထိန်းချုပ်နိုင်ချေ။ ယင်းသည် ဖန်ဆင်းရှင်မှ ကြိုတင်ပြဋ္ဌာန်း ထားသည့်အတိုင်း လူတစ်ယောက်၏ ဖွံ့ဖြိုး တိုးတက်မှုကို ပံ့ဖော်ပြီး လူတို့ကြီးပြင်းသည့် ပတ်ဝန်းကျင် အမျိုးမျိုးကို တည်ဆောက် ပေးသည့် အင်မတန် ကြီးမားသော ဆက်နွှယ်မှု ကွန်ယက်တစ်ခုသာ ဖြစ်သည်။ ယင်းမှာ လူတို့အနေဖြင့် မိမိတို့၏ တာဝန်များကို အောင်မြင်စွာ ဖြည့်ဆည်းဖို့ရန်အတွက် စိတ်ချရသည့် ခိုင်မာသော အခြေခံ အုတ်မြစ်ကို ချခင်းလျက် ဖန်ဆင်းရှင်၏ စီမံခန့်ခွဲခြင်းအမှုအတွက်၊ လိုအပ်သည့် တာဝန်နေရာအမျိုးမျိုးကို ဖန်တီးသည့် အရာဖြစ် ပေသည်။

## တတိယ ဆုံမှတ်- အမှီအခိုကင်းခြင်း

လူတစ်ယောက်သည် ကလေးဘဝနှင့် ကြီးကောင်ဝင်ချိန်တို့ကို ဖြတ်သန်းပြီး ရင့်ကျက်ခြင်းကို တဖြည်းဖြည်းနှင့် ရှောင်လွှဲလို့မရဘဲ ရောက်လာပြီးနောက်၊ နောက်တစ်ဆင့်မှာ သူတို့အတွက် သူတို့၏ငယ်ရွယ်မှုကို လုံးဝနှုတ်ဆက်လိုက်ဖို့၊ သူတို့၏မိဘများကို နှုတ်ဆက်ပြီး အရွယ်ရောက်ပြီး သူတစ်ယောက်အနေနှင့် အမှီအခိုကင်းသည့် ရှေ့ကလမ်းကို ရင်ဆိုင်ဖို့ ဖြစ်ပါသည်။ ဤအချိန်တွင် အရွယ်ရောက်ပြီးသူတစ်ယောက် ရင်ဆိုင်ရမည့် လူများ၊ အဖြစ်အပျက်များနှင့် အကြောင်းအရာများအားလုံး၊ သူတို့ကံကြမ္မာကွင်းဆက်၏ အချိတ်အဆက်များအားလုံးကို ရင်ဆိုင်ရမည့် မကြာမီ မိမိတို့ဘာသာ ဖော်ပြလာမည့် သူတို့ ကံကြမ္မာ၏ အစိတ်အပိုင်းများအားလုံးကို သူတို့ရင်ဆိုင်ရပါမည်။ ဤကား လူတစ်ယောက် ဖြတ်သန်းသွားရမည့် တတိယဆုံမှတ် ဖြစ်ပေသည်။

## ၁။ အမှီအခိုကင်းပြီးနောက်တွင် လူတစ်ယောက်သည် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို စတင်ကြုံတွေ့ရသည်

လူတစ်ယောက်၏ မွေးဖွားခြင်းနှင့် ကြီးပြင်းခြင်းသည် လူတစ်ယောက်၏ ကံကြမ္မာနှင့်ဆိုင်သော အုတ်မြစ်ကို ချပေးရင်း သူ၏ဘဝခရီးအတွက် “ကြိုတင်ပြင်ဆင်ခြင်း ကာလ” ဖြစ်ပါက၊ သူ၏ အမှီအခို ကင်းခြင်းသည် သူ့ဘဝကံကြမ္မာက ဖွင့်ပြလာသည့် ဖော်ပြချက်ဖြစ်ပါသည်။ လူတစ်ယောက်၏ မွေးဖွားခြင်းနှင့် ကြီးပြင်းခြင်းသည်

သူတို့ဘဝကံကြမ္မာအတွက် ပြင်ဆင်ရာတွင် စုဆောင်းခဲ့သည့် ချမ်းသာကြွယ်ဝမှုဖြစ်ပါက၊ လူတစ်ယောက်၏ အမှီအခိုကင်းခြင်းသည် ထိုချမ်းသာကြွယ်ဝမှုကို သူတို့အသုံးချသည့် အချိန် သို့မဟုတ် ဖြည့်စွက်သည့်အချိန်ပင် ဖြစ်သည်။ လူတစ်ယောက်သည် မိဘများကို ထားခဲ့ပြီး အမှီအခိုကင်းသူ တစ်ယောက်ဖြစ်လာသည့်အခါ သူရင်ဆိုင်ရသည့် လူမှုရေး အခြေအနေများ၊ သူရရှိနိုင်သည့် အလုပ်နှင့် အသက်မွေးမှု လုပ်ငန်းအမျိုးအစားသည် ကံကြမ္မာအားဖြင့် ချမှတ်ထားခြင်းဖြစ်ပြီး ၎င်း၏ မိဘများနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိချေ။ လူအချို့က ကောလိပ်တွင် မေဂျာ ကောင်းကောင်းကို ရွေးချယ်ပြီး သူတို့ဘဝခရီးတွင် အောင်မြင်သည့် ပထမခြေလှမ်းကို လှမ်းရင်း ဘွဲ့ရပြီးနောက် ကျေနပ်စရာကောင်းသည့်အလုပ်ကို ရှာဖွေ တွေ့ရှိခြင်းဖြင့် အဆုံးသတ်ကြသည်။ လူအချို့က ပညာအမျိုးမျိုးကို သင်ယူပြီး ကျွမ်းကျင်သော်လည်း အသက်မွေးမှုလုပ်ငန်းတစ်ခု ရှိဖို့မပြောနှင့်၊ သူတို့နှင့် သင့်တော်သည့် အလုပ် သို့မဟုတ် သူတို့၏ ရာထူးနေရာကို လုံးဝရှာမတွေ့ကြချေ။ သူတို့၏ ဘဝခရီးအစတွင် အလှည့်အပြောင်းတိုင်း၌ ပိတ်ပင်တားဆီးခံရကာ၊ ဒုက္ခ ပြဿနာများဖြင့် ဝန်းရံခံရသည်ကို တွေ့ရပြီး၊ သူတို့ရှေ့ရေးသည် စိတ်ပျက်စရာဖြစ်လာကာ၊ သူတို့၏ဘဝများသည် သေချာမှုမရှိပေ။ လူအချို့တို့သည် လုံ့လရှိရှိနှင့် ၎င်းတို့၏ လေ့လာသင်ယူမှုများ၌ အားထုတ်ကြသည်၊ သို့သော်လည်း ပိုမြင့်သည့် ပညာရေးရရန် သူတို့၏ အခွင့်အရေးအားလုံး သီသီကလေး လွဲချော်ကြလေသည်။ ၎င်းတို့သည် ဘယ်သောအခါမျှ အောင်မြင်မှုမရရန် ကံစီမံရာ ဖြစ်ပုံရလေသည်၊ သူတို့ဘဝခရီးတွင် သူတို့၏ပထမဆုံး စိတ်အားထက်သန်မှုသည် လေထဲ ပျောက်ကွယ်သွားသည်။ ရှေ့မှာရှိသည့်လမ်းက ချောမွေ့ခြင်း သို့မဟုတ် ကြမ်းတမ်းခြင်း ရှိမရှိဆိုသည်ကို မသိဘဲ လူသား၏ ကံတရားက မည်မျှ ပြောင်းလဲနိုင်မှုများဖြင့် ပြည့်သည်ကို ပထမဆုံးအကြိမ် သူတို့ခံစားကြရပြီး ဘဝကို မျှော်လင့်ခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ဖြင့် မှတ်ယူကြသည်။ လူအချို့တို့က ပညာသိပ်ကောင်းကောင်း မတတ်ကြသော်လည်း စာအုပ်များရေးပြီး အောင်မြင်မှု အတိုင်းအတာတစ်ခု ရရှိကြသည်။ တစ်ချို့ကတော့ လုံးဝနီးနီး စာမတတ်သော်လည်း စီးပွားရေးဖြင့် ငွေရှာပြီး ဤနည်းနှင့် သူတို့ကိုယ်သူတို့ ထောက်ပံ့နိုင်သည်။ လူတစ်ယောက်က မည်သည့်အလုပ်အကိုင် ရွေးချယ်သည်၊ မည်သို့ အသက်မွေးဝမ်းကျောင်း ပြုသည်၊ ဤအရာများ၌ ကောင်းမွန်သည့် ရွေးချယ်မှု သို့မဟုတ် မကောင်းသည့် ရွေးချယ်မှုကို လုပ်ဆောင်ခြင်း ရှိမရှိဆိုသည့်အပေါ် လူတို့အနေဖြင့် ထိန်းချုပ်မှုတစ်ခုတစ်လေ ရှိကြသလော။ ဤအရာများသည်လူတို့၏ စိတ်ဆန္ဒများ၊ ဆုံးဖြတ်ချက်များနှင့် ကိုက်ညီကြသလော။ လူအများစုက အလုပ်နည်းနည်းလုပ်ပြီး ပိုက်ဆံများများရချင်ကြသည်။ နေထဲ မိုးထဲတွင် မလုပ်ဖို့

အဝတ်ကောင်းကောင်းဝတ်ဖို့ နေရာတိုင်း၌ လင်းလက်တောက်ပနေဖို့ တစ်ခြားလူများအား လွှမ်းမိုးဖို့ သူတို့၏ ဘိုးဘေးများကို ဂုဏ်တက်စေရန် ဆန္ဒရှိကြသည်။ ပြီးပြည့်စုံခြင်းကို လူတို့ မျှော်လင့်ကြသည်၊ သို့သော်လည်း သူတို့ဘဝခရီးတွင် ပထမခြေလှမ်းကို စလှမ်းသည့်အခါ လူသား၏ကံတရားက အဘယ်မျှ ပြည့်စုံခြင်းမရှိသည်ကို တဖြည်းဖြည်း နားလည်လာ ကြပြီး လူတစ်ယောက်သည် သူ၏အနာဂတ်အတွက် ရဲရင့်သော အစီအစဉ်များကို ပြုလုပ်နိုင်သော်လည်း၊ လူတစ်ယောက်သည် ရဲတင်းသည့် စိတ်ကူးယဉ်အိပ်မက်များ သိုထားနိုင်သော်လည်း၊ ၎င်းတို့၏ ကိုယ်ပိုင်အိပ်မက်များကို အကောင်အထည်ဖော်ဖို့ မည်သူမျှ အရည်အချင်း သို့မဟုတ် တန်ခိုးအာဏာမရှိကြသကဲ့သို့ မည်သူမျှ ၎င်းတို့၏ ကိုယ်ပိုင်အနာဂတ်ကို ထိန်းချုပ်နိုင်သည့် နေရာတွင် မရှိသည့်အချက်ကို ပထမဆုံးအကြိမ် အမှန်တကယ် သဘောပေါက်လာကြသည်။ လူတစ်ယောက်၏ အိပ်မက်နှင့် သူရင်ဆိုင်ရမည့် လက်တွေ့အရှိတရားတို့ကြား အကွာအဝေးတစ်ချို့ အမြဲရှိနေပါလိမ့်မည်။ အမှုအရာများသည် လူတစ်ယောက် ဖြစ်စေချင်သည့်အတိုင်း ဘယ်သောအခါမှ မဖြစ်သကဲ့သို့ ထိုသို့သော လက်တွေ့အရှိတရားများနှင့် ရင်ဆိုင်ရလျက်၊ လူတို့သည် စိတ်ကျေနပ်မှု သို့မဟုတ် ရောင့်ရဲမှုကို ဘယ်သောအခါမျှ မရရှိကြချေ။ တစ်ချို့လူတို့သည် စိတ်ကူးလို့ရသည့် မည်သည့် အတိုင်းအတာအထိမဆို သွားကြလိမ့်မည်၊ သူတို့၏ကိုယ်ပိုင် ကံကြမ္မာကို ပြောင်းလဲဖို့ ကြိုးပမ်းမှုတစ်ခုအနေဖြင့် သူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် အနာဂတ်အတွက် ကြီးမားသည့် အားစိုက်မှုများ ပြုလုပ်ပြီး ကြီးမားသည့် စွန့်လွှတ်မှုများ ပြုလုပ်ကြပေလိမ့်မည်။ သို့သော်လည်း အဆုံးတွင်၊ သူတို့၏ ကိုယ်ပိုင်ကြိုးစားမှုများအားဖြင့် ၎င်းတို့၏ အိပ်မက်များနှင့် စိတ်ဆန္ဒများကို အကောင်အထည် ဖော်နိုင်လျှင်ပင်၊ ၎င်းတို့၏ ကံကြမ္မာတွေကို ဘယ်သောအခါမျှ ၎င်းတို့ မပြောင်းလဲနိုင်ပေ။ မည်မျှပင်ဖွဲ့ကြီးကြီးနှင့် ကြိုးစားပါစေ ကံတရားက သူတို့ကို ပိုင်းခြားသတ်မှတ်ပေးသည်ထက် ဘယ်သောအခါမျှ ကျော်လွန် နိုင်မည်မဟုတ်ပေ။ အရည်အချင်း၊ ဉာဏ်ပညာ၊ စိတ်စွမ်းအား မတူညီမှုများကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ၊ လူအားလုံးသည် ကံကြမ္မာ၏ ရှေ့မှောက်တွင် ညီတူညီမျှဖြစ်ပြီး ကြီးမြတ်သူနှင့် သေးနုတ်သူ၊ မြင့်သောသူနှင့် နိမ့်သောသူ၊ ချီးမြှောက်ခံရသူနှင့် နှိမ့်ကျသောသူတို့ကြား မခွဲခြားပေ။ လူတစ်ယောက်က မည်သည့် အလုပ်အကိုင်ကို ရှာဖွေလိုက်စားသည်၊ စားဝတ်နေရေးအတွက် မည်သည့်အလုပ်လုပ်သည်၊ ဘဝတွင် ကြွယ်ဝချမ်းသာမှု မည်မျှ စုဆောင်းသည် စသည်တို့သည် မိမိ၏မိဘ၊ မိမိပါရမီ၊ အားစိုက်ထုတ်မှုများ သို့မဟုတ် ရည်ရွယ်ချက်တို့နှင့် ဆုံးဖြတ်ခြင်း မဟုတ်ဘဲ ဖန်ဆင်းရှင်က ကြိုတင်သတ်မှတ်ထားခြင်း ဖြစ်ပေသည်။

## ၂။ မိဘများကို စွန့်ခွာပြီး ဘဝဇာတ်ခုံပေါ်တွင် ကပြဖို့ အလေးအနက်စတင်ခြင်း

လူတစ်ယောက်သည် ရင့်ကျက်ခြင်းသို့ ရောက်ရှိသည့်အခါ၊ မိဘများကို စွန့်ခွာပြီး မိမိဘာသာရပ်တည်လာနိုင်ပါသည်။ ကိုယ့်တာဝန်ကိုယ်ယူရန် အမှန်တကယ် စတင်ပြုကာ၊ ဝေဝါးမနေတော့ဘဲ မိမိ၏ဘဝတာဝန်က တဖြည်းဖြည်း ရှင်းလင်းလာသည်မှာ ဤအချိန်တွင်ဖြစ်သည်။ နာမည်အရ၊ မိဘများနှင့် နီးကပ်စွာ နေထိုင်သေးသော်လည်း မိမိ၏ တာဝန်နှင့် ဘဝ၌ သူ ကပြရမည့် အခန်းကဏ္ဍသည် ၎င်း၏ မိခင်၊ ဖခင်တို့နှင့် ဘာမျှသက်ဆိုင်ခြင်းမရှိသောကြောင့် အမှန်တွင် လူတစ်ယောက်သည် တဖြည်းဖြည်း ကိုယ်ပိုင်ရပ်တည် လာနိုင်သည်နှင့်အမျှ ဤနီးစပ်နေသည့် နှောင်ကြိုးက ပျက်ပြယ်ပေသည်။ ဇီဝဗေဒ ရှုထောင့်မှကြည့်လျှင် လူတို့သည် မိဘအပေါ် မသိစိတ်နှင့်ဆိုင်သော နည်းလမ်းများဖြင့် မမှီခိုဘဲမနေနိုင် ဖြစ်သေး၏၊ သို့သော် အရှိအတိုင်း ပြောရမည် ဆိုလျှင် သူတို့တွေ အပြည့်အဝ အရွယ်ရောက်လာသည်နှင့် သူတို့၏ မိဘများနှင့် လုံးဝခွဲထွက်သွားပြီး သူတို့ တာဝန်ယူထားသည့် အခန်းကဏ္ဍများကို အမှီအခိုကင်းစွာ ဆောင်ရွက်ကြပါလိမ့်မည်။ ဖန်ဆင်းရှင်၏ ကြိုတင်သတ်မှတ်ခြင်းကလွဲပြီး ဘယ်အရာကမှ လူတစ်ယောက်၏ ကံကြမ္မာပေါ် ဆက်နွယ်မှု မရှိသည့်အတွက်၊ မွေးဖွားခြင်းနှင့် ပြုစုပျိုးထောင်ခြင်းအပြင် ကလေးတစ်ယောက်၏ ဘဝတွင် မိဘ၏ တာဝန်ဝတ္တရားမှာ သူကြီးပြင်းဖို့ ကောင်းမွန်သည့် ပတ်ဝန်းကျင်ကို ပံ့ပိုးဖို့ဖြစ်ပါသည်။ လူတစ်ယောက်က မည်သို့အနာဂတ်မျိုး ရှိမည်ကို ဘယ်သူကမှ မထိန်းချုပ်နိုင်ပါ။ ယင်းကို အချိန်ကြာမြင့်စွာက ကြိုတင်သတ်မှတ်ပြီး ဖြစ်သကဲ့သို့ သူ့မိဘများကပင် သူ့ကံကြမ္မာကို မပြောင်းလဲနိုင်ပေ။ ကံကြမ္မာနှင့် ပတ်သက်သရွေ့ လူတိုင်းက အမှီအခိုကင်းကာ လူတိုင်း မိမိ၏ ကိုယ်ပိုင်ကံကြမ္မာ ရှိလေသည်။ ထို့ကြောင့် မည်သူ၏မိဘကမျှ တစ်ဦးတစ်ယောက်၏ ဘဝကံကြမ္မာကို တွန်းလှန်မပယ်ရှားနိုင် သို့မဟုတ် ဘဝတွင် သူပြုမူလှုပ်ရှားသည့် အခန်းကဏ္ဍအပေါ် လွှမ်းမိုးမှုအနည်းငယ်ပင် အသုံးမပြုနိုင်ပေ။ လူတစ်ယောက်က သူမွေးဖွားခံရဖို့ သတ်မှတ်ထားသည့် မိသားစု၊ သူကြီးပြင်းသည့် ပတ်ဝန်းကျင်တို့သည် ဘဝတွင် မိမိတာဝန်ကို ဖြည့်ဆည်းခြင်း အတွက် ကြိုတင်သတ်မှတ်ချက်များထက် ဘာမျှမပိုပေ။ ထိုအရာများသည် လူတစ်ယောက်၏ ဘဝကံကြမ္မာကို သို့မဟုတ် လူတစ်ယောက်က မိမိ၏ တာဝန်ကို ပြီးမြောက်စေသည့် ကံတရားမျိုးအား မည်သည့်နည်းနှင့်မျှ မသတ်မှတ်ပေ။ ထို့ကြောင့် မည်သူ၏ မိဘကမျှ ကလေး၏ ဘဝတာဝန်ကို ပြီးမြောက်စေဖို့ ကူညီ၍မရ၊ အလားတူ၊ မည်သူ၏ ဆွေမျိုးများကမျှ ဘဝတွင် သူ့အခန်းကဏ္ဍကို တာဝန်ယူဖို့ မကူညီနိုင်ပေ။ သူ့တာဝန်ကို သူမည်သို့ ပြီးမြောက်အောင် ပြုလုပ်သည်၊ သူ့အခန်းကဏ္ဍကို မည်သည့် ပတ်ဝန်းကျင်မျိုး၌

ဆောင်ရွက်သည် ဆိုသည့်အရာ များသည် သူ့ဘဝ ကံကြမ္မာအားဖြင့် လုံးဝ သတ်မှတ်ပြီးဖြစ်သည်။ တစ်ခြားနည်းနှင့်ပြောရလျှင်၊ ဖန်ဆင်းရှင်က ကြိုတင်သတ်မှတ်ထားသည့် လူတစ်ယောက်၏ တာဝန်ကို အခြား ဓမ္မဓိဋ္ဌာန်ကျသော အခြေအနေများကမျှ မလွှမ်းမိုးနိုင်ပါ။ လူအားလုံးက သူတို့၏ ကိုယ်ပိုင်တစ်ဦးချင်းစီ ကြီးပြင်းလာသည့် ပတ်ဝန်းကျင်၌ ရင့်ကျက်လာကြသည်၊ ထို့နောက် တဖြည်းဖြည်းနှင့် တစ်ဆင့်ပြီး တစ်ဆင့် ဘဝတွင် သူတို့၏ ကိုယ်ပိုင် လမ်းများပေါ် ခရီးစတင် လာကြပြီး ၎င်းတို့အတွက် ဖန်ဆင်းရှင်အားဖြင့် စီစဉ်ထားသည့် ကံတရားများကို ဖြည့်ဆည်းကြလေသည်။ ဖန်ဆင်းရှင်၏ ကြိုတင်ပြဋ္ဌာန်းခြင်းအတွက် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာ အတွက်၊ အဖန်ဆင်းခံများအနေဖြင့် သူတို့၏ တာဝန် ဝတ္တရားတွေကို စတင်ဖြည့်ဆည်းသည့်နေရာဖြစ်သော ကျယ်ပြန့်လှသည့် လူသား သဘာဝ ပင်လယ်ထဲသို့ အလိုအလျောက်၊ အမှတ်တမဲ့ ဝင်ရောက်ကြလေသည်။

## စတုတ္ထဆုံမှတ်- အိမ်ထောင်ပြုခြင်း

လူတစ်ယောက်က အသက်ကြီးလာပြီး ရင့်ကျက်လာသည့်အခါ သူ့မိဘများနှင့် သူမွေးဖွားကြီးပြင်းခဲ့သည့် ပတ်ဝန်းကျင်နှင့် ပိုပြီးဝေးကွာလာသည်။ ယင်းအစား ဘဝ၌ ဦးတည်ချက်တစ်ခုကို စတင်ရှာဖွေလာပြီး သူ့မိဘတွေနှင့် ကွဲပြားသည့် ပုံစံတစ်ခုဖြင့် မိမိ၏ကိုယ်ပိုင် ဘဝပန်းတိုင်များကို ရှာဖွေလိုက်စားလေသည်။ ဤအချိန်အတောအတွင်းတွင် သူ့မိဘတွေကို မလိုအပ်တော့ပါ။ သို့သော်လည်း သူ့ဘဝမှာ သူနှင့်ဘဝကုန်ဆုံးနိုင်သည့် အဖော်တစ်ယောက် လိုအပ်လေသည်။ ယင်းမှာ သူ့ကံကြမ္မာနှင့် အတွင်းကျကျ ရစ်ပတ်ထားသည့် လူတစ်ယောက်ဖြစ်သော အိမ်ထောင်ဖက်ဖြစ်ပါသည်။ ထို့ကြောင့် အမှီအခိုကင်းပြီးနောက် လာသည့် ဘဝ၏ ပထမဆုံး အဓိကအဖြစ်အပျက်မှာ သူ ဖြတ်သန်းရမည့် စတုတ္ထဆုံမှတ်ဖြစ်သော အိမ်ထောင်ပြုခြင်း ဖြစ်သည်။

### ၁။ အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်ပြီး လူတစ်ယောက်၌ ရွေးချယ်စရာမရှိပေ

အိမ်ထောင်ပြုခြင်းသည် လူတိုင်းဘဝ၏ အဓိက ဖြစ်ရပ်တစ်ခု ဖြစ်သည်။ တာဝန်ဝတ္တရား အမျိုးမျိုးတို့ကို အမှန်တကယ် တာဝန်ယူရန် စတင်သည့် အချိန်၊ တာဝန်အမျိုးမျိုးကို ပြီးမြောက်စေဖို့ တဖြည်းဖြည်း စတင်သည့်အချိန် ဖြစ်သည်။ လူတိုင်းက သူတို့ကိုယ်တိုင် မကြုံရခင်မှာ အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ အတွေးမှားများစွာ သိထားတတ်ကြလေသကဲ့သို့ ဤအတွေးမှားများ အားလုံးသည် အတော်အတန်

နှစ်လိုဖွယ်ဖြစ်သည်။ အမျိုးသမီးများက သူတို့၏ အမျိုးသားများသည် ၎င်းတို့၏ စိတ်ကူးအားလုံးကို ဖြည့်ဆည်းပေးမည့် မင်းသားလေးဖြစ်မည်ဟု စိတ်ကူးကြပြီး အမျိုးသားများက သူတို့သည် စန္နီးဝှိုက်ကို လက်ထပ်ကြမည်ဟု စိတ်ကူးကြသည်။ ဤစိတ်ကူးယဉ်မှုက အိမ်ထောင်ပြုခြင်းနှင့် ပတ်သက်ပြီး လူတိုင်းတွင် အချို့သော သတ်မှတ်ချက်များ၊ သူတို့ကိုယ်ပိုင် တောင်းဆိုချက်များနှင့် စံနှုန်းများရှိသည်ကို ပြပေသည်။ ဤဆိုးယုတ်သည့် ခေတ်ကာလတွင် လူတို့သည် အိမ်ထောင်ပြုခြင်းနှင့် ပတ်သက်ပြီး လိုရာဆွဲ၍ မမှန်မကန်ပြောသည့် သတင်းစကားများ တရစပ်ကြားနေရပြီး ယင်းက နောက်ထပ်ပိုများသည့် သတ်မှတ်ချက်များကို ဖန်တီးပြီး ဝန်ထုပ်ဝန်ပိုးမျိုးစုံနှင့် တစ်မူထူးသည့် စိတ်သဘောထားများကို လူတို့အား ပေးနေသော်လည်း အိမ်ထောင်ပြုခြင်းကို အတွေ့အကြုံရှိသည့်လူ မည်သူမဆိုက လူတစ်ယောက်သည် အိမ်ထောင်ပြုခြင်းကို မည်မျှ နားလည်ပါစေ၊ ထိုအရာအပေါ် မည်သို့ သဘောထားပါစေ၊ အိမ်ထောင်ပြုခြင်းက လူတစ်ယောက်၏ ရွေးချယ်မှုနှင့်ဆိုင်သည့် ကိစ္စမဟုတ်သည်ကို သိကြလေသည်။

လူတစ်ယောက်သည် မိမိဘဝတွင် လူများစွာကို ကြုံရ၏၊ သို့သော်လည်း မိမိ၏အိမ်ထောင်ဖက်က မည်သူဖြစ်မည်ဆိုတာကို အဘယ်သူမျှ မသိပေ။ လူတိုင်းက အိမ်ထောင်ပြုခြင်း အကြောင်းအရာအပေါ် သူတို့၏ ကိုယ်ပိုင်စိတ်ကူးများနှင့် ကိုယ်ပိုင် ရပ်တည်ချက်များ ရှိကြသော်လည်း သူတို့၏ စစ်မှန်သည့် အဖော်က နောက်ဆုံး မည်သူဖြစ်မည်ကို မည်သူမျှ ကြိုမမြင်နိုင်သကဲ့သို့ ကိစ္စရပ်အပေါ် လူတစ်ယောက်၏ ကိုယ်ပိုင်အယူအဆက အနည်းငယ်သာ အရေးပါလေသည်။ သင်ကြိုက်နှစ်သက်သည့် လူတစ်ယောက်ကို တွေ့ဆုံပြီးနောက် ထိုသူကို လိုက်နိုင်သည်။ သို့သော်လည်း သူက သင့်ကို စိတ်ဝင်စားသလော၊ သူသည် သင့်အဖော် ဖြစ်နိုင် မဖြစ်နိုင်ဆိုသည်မှာ သင်ဆုံးဖြတ်ဖို့ မဟုတ်ပေ။ သင် ချစ်ခင်သည့်အရာက သင့်ဘဝကို သူနှင့်အတူ ဝေမျှနိုင်မည့်လူ မဟုတ်ပေ။ ထိုစဉ်တွင် သင်လုံးဝ မျှော်လင့်မထားသည့် သူတစ်ယောက်က သင့်ဘဝထဲ တိတ်တဆိတ် ဝင်ရောက်လာပြီး သင့်လက်တွဲဖော်၊ သင့်ကံကြမ္မာအတွက် အရေးကြီးဆုံးအချက်၊ သင့်ကံကြမ္မာက ခွဲခြားလို့မရအောင် ချည်နှောင်ထားသည့် သင့်လက်တွဲဖော် ဖြစ်လာသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် အိမ်ထောင်ပြုခြင်း သန်းပေါင်းများစွာရှိသော်လည်း အယောက် စီတိုင်းက ကွဲပြားလေသည်။ ကျေနပ်ဖွယ်မရှိသော အိမ်ထောင်ရေး များစွာ ရှိသည်၊ ပျော်ရွှင်သော အိမ်ထောင်ရေး များစွာရှိသည်၊ များစွာမှာ အရှေ့နှင့်အနောက် ကူးပြီး များလှစွာသော အိမ်ထောင်များမှာ တောင်နှင့်မြောက် ကူးလေသည်။ များလှစွာသော အိမ်ထောင်များက ပြည့်စုံကာ လိုက်ဖက်ညီကြသည်၊ များလှစွာသော အိမ်ထောင်များက

လူမှုရေး အဆင့်အတန်းတူကြသည်၊ များလှစွာသော အိမ်ထောင်များက ပျော်ရွှင်ပြီး သဟဇာတဖြစ်ကြ၏၊ များလှစွာသော အိမ်ထောင်များက နာကျင်စရာဖြစ်ပြီး ဝမ်းနည်းဖွယ် ဖြစ်သည်။ များလှစွာသော အိမ်ထောင်များက အခြားသူများ၏ အားကျမှုကို ဖြစ်စေ၏၊ များလှစွာသော အိမ်ထောင်များမှာ နားလည်မှုလွဲခံရကာ သဘောကျနှစ်သက်မှု မခံရပေ။ များလှစွာသော အိမ်ထောင်များက ဝမ်းမြောက်မှုဖြင့်ပြည့်သည်၊ များလှစွာသော အိမ်ထောင်များမှာ မျက်ရည်များ ပြည့်လျှံပြီး စိတ်ပျက်ခြင်းကို ယူဆောင်လာလေသည်... ဤများပြားလှသည့် အိမ်ထောင်များတွင် လူသားတို့သည် အိမ်ထောင်ပြုခြင်းတွင် သစ္စာရှိမှု၊ တစ်သက်လုံး ဆက်ကပ်အပ်နှံခြင်း သို့မဟုတ် အချစ်၊ တွယ်တာမှု၊ ခွဲခြားမရနိုင်မှု၊ သို့မဟုတ် ကြိတ်မှိတ်သည်းခံခြင်းနှင့် နားမလည်ခြင်းများ၊ သို့မဟုတ် သစ္စာဖောက်ခြင်းတို့နှင့် မုန်းခြင်း ကိုပင် ဖွင့်ပြကြသည်။ အိမ်ထောင်ပြုခြင်းက ပျော်ရွှင်ခြင်း သို့မဟုတ် နာကျင်ခြင်းကို သယ်ဆောင် လာသည်ဖြစ်စေ၊ အိမ်ထောင်ပြုခြင်း၌ လူတိုင်း၏ တာဝန်ကို ဖန်ဆင်းရှင်က ကြိုတင်ခွဲခန့်ထားပြီးဖြစ်ပြီး ပြောင်းလဲမည်မဟုတ်ပေ။ ဤတာဝန်သည် လူတိုင်း ပြည့်စုံစေရမည့် အရာတစ်ခု ဖြစ်သည်။ အိမ်ထောင်တိုင်း၏ နောက်ကွယ်တွင် တည်ရှိနေသည့် လူတစ်ဦးချင်း၏ ကံကြမ္မာက မပြောင်းလဲပေ၊ ဖန်ဆင်းရှင်သည် ကြာမြင့်စွာကတည်းက ကြိုတင်သတ်မှတ်ပြီး ဖြစ်သည်။

## ၂။ အိမ်ထောင်သည် လက်တွဲဖော်နှစ်ယောက်၏ ကံကြမ္မာမှ ပေါက်ဖွားသည်

အိမ်ထောင်ပြုခြင်းသည် လူတစ်ယောက်၏ဘဝတွင် အရေးကြီးသည့် ဆုံမှတ်တစ်ခု ဖြစ်ပါသည်။ ယင်းသည် လူတစ်ယောက် ကံကြမ္မာ၏ ရလဒ်ဖြစ်ပြီး တစ်ဦးတစ်ယောက်၏ ကံကြမ္မာထဲက အလွန်အရေးကြီးသည့် အချိတ်အဆက် တစ်ခု ဖြစ်သည်။ ယင်းကို မည်သူမဆို၏ တစ်ဦးချင်း စိတ်ဆန္ဒ သို့မဟုတ် ကြိုက်နှစ်သက်မှုနှင့်မျှ တည်ဆောက်ထားခြင်းမဟုတ်သကဲ့သို့ မည်သည့် ပြင်ပအချက်အလက်မဆို၏ လွှမ်းမိုးမှု မခံရဘဲ၊ နှစ်ဦးနှစ်ဖက်၏ ကံကြမ္မာအားဖြင့်၊ စုံတွဲ၏ ကံကြမ္မာနှင့်ပတ်သက်ပြီး ဖန်ဆင်းရှင်၏ စီစဉ်မှုနှင့် ကြိုတင်သတ်မှတ်မှုအားဖြင့် လုံးဝ သတ်မှတ်ပါသည်။ အပေါ်ယံအားဖြင့်၊ အိမ်ထောင်ပြုခြင်း၏ ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်ကို ဆက်လက်ဖြစ်ပေါ်စေဖို့ ဖြစ်သော်လည်း အမှန်မှာမူ အိမ်ထောင်ပြုခြင်းသည် လူတစ်ယောက်၏ တာဝန်ကို ပြည့်စုံစေခြင်း ဖြစ်စဉ်တွင် ကြုံရမည့် ဓလေ့တစ်ခု သက်သက်သာဖြစ်သည်။ အိမ်ထောင်တွင်၊ လူတို့သည် နောက်မျိုးဆက်ကို မွေးခြင်း အခန်းကဏ္ဍသက်သက်ကို မဆောင်ရွက်ကြပေ။ ၄င်းတို့က အိမ်ထောင်တစ်ခုကို ထိန်းသိမ်းရာတွင် ပါဝင်သည့် အခန်းကဏ္ဍမျိုးစုံနှင့်

ပြည့်စုံစေရန် လိုအပ်သည့် အခန်းကဏ္ဍများဖြစ်သော တာဝန်များကို ခံယူကြလေသည်။ လူတစ်ယောက်၏ မွေးဖွားမှုက လူများ၊ ဖြစ်ရပ်များနှင့် သူ့ပတ်ဝန်းကျင်က အမှုအရာများ ကြုံရသည့် ပြောင်းလဲမှုများအပေါ် လွှမ်းမိုးမှုရှိသည့်အတွက် သူ၏ အိမ်ထောင်ပြုခြင်းကလည်း ဤလူများ၊ ဖြစ်ရပ်များနှင့် အမှုအရာများကို မလွဲမရှောင်သာ သက်ရောက်မည်ဖြစ်သည့်အပြင် ဤအရာများအားလုံးကို နည်းအမျိုးမျိုးဖြင့် ပြောင်းလဲပေးလိမ့်မည်ဖြစ်သည်။

လူတစ်ယောက်သည် အမှီအခိုကင်းလာသည့်အခါ၊ သူ၏ အိမ်ထောင်နှင့် ဆက်စပ်နေသည့် လူများ၊ အဖြစ်အပျက်များ၊ အကြောင်းအရာများဆီကို တစ်ဆင့်ပြီးတစ်ဆင့် ရောက်ရှိလာစေသည့် သူ၏ကိုယ်ပိုင် ဘဝခရီးကို အစပြုလေသည်။ တစ်ချိန်တည်းတွင် ထိုအိမ်ထောင်ထဲတွင် တစ်ခြားလူက အလားတူ လူများ၊ အဖြစ်အပျက်များနှင့် အကြောင်းအရာများဆီကို တစ်ဆင့်ပြီးတစ်ဆင့် ချဉ်းကပ်လျက် ရှိပေလိမ့်မည်။ ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာအောက်တွင်၊ ဆက်စပ်နေသည့် ကံကြမ္မာနှင့် အတူ ဆက်နွှယ်မှုမရှိသည့် လူနှစ်ယောက်သည် အိမ်ထောင် တစ်ခုထဲသို့ တဖြည်းဖြည်းဝင်ရောက်လာပြီး ဆန်းကြယ်စွာနှင့် မိသားစုတစ်စု ဖြစ်လာလေသည်- "ကျိုင်းကောင်နှစ်ကောင် ကြိုးတစ်ချောင်းတည်းမှာ တွယ်ကပ်နေကြသည်။" ထို့ကြောင့် တစ်ဦးတစ်ယောက်က အိမ်ထောင်တစ်ခုထဲသို့ ဝင်ရောက်သည့်အခါ သူ၏ဘဝခရီးက သူ့လက်တွဲဖော်အပေါ်မှာ လွှမ်းမိုးမှုရှိပြီး သက်ရောက်မှု ရှိပါလိမ့်မည်။ အလားတူ၊ လူတစ်ယောက် အဖော်၏ ဘဝခရီးကလည်း တစ်ယောက်၏ ဘဝကံကြမ္မာကို လွှမ်းမိုးမှုနှင့် သက်ရောက်မှု ရှိပါလိမ့်မည်။ တစ်နည်းပြောရလျှင် လူသား ကံကြမ္မာများသည် ဆက်စပ်နေကြလေသည်။ မည်သူကမျှ အခြားသူထံ လုံးဝအမှီအခိုကင်းခြင်းဖြင့် မိမိ၏ ဘဝတာဝန်များကို ပြီးဆုံးအောင် မပြုလုပ်နိုင်ပါ သို့မဟုတ် သူ့အခန်းကဏ္ဍကို မဆောင်ရွက်နိုင်ပါ။ လူတစ်ယောက်၏ မွေးဖွားခြင်းက ဆက်ဆံရေးများနှင့်ဆိုင်သော ကြီးမားသည့် ကွင်းဆက်တစ်ခု အပေါ်မှာ ဆက်နွယ်မှုရှိပေသည်။ အရွယ်ရောက် ကြီးပြင်းခြင်း ကလည်း ဆက်ဆံရေးများ၏ ရှုပ်ထွေးသည့် ကွင်းဆက်တစ်ခု ပါဝင်သည်။ အလားတူပင်၊ အိမ်ထောင်ပြုခြင်းတစ်ခုသည်လည်း အဖွဲ့ဝင်တိုင်းပါဝင်ပြီး ယင်း၏ အစိတ်အပိုင်းဖြစ်သည့် လူတိုင်း၏ ကံကြမ္မာကို လွှမ်းမိုးမှုရှိနေရင်း လူသားဆက်နွယ်မှု၏ ကျယ်ပြန့်ပြီး ရှုပ်ထွေးသည့် ကွန်ယက်ထဲမှာ မလွဲမရှောင်သာ ဖြစ်တည်ပြီး ဆက်လက် တည်ရှိလေသည်။ အိမ်ထောင်တစ်ခုသည် နှစ်ဦးနှစ်ဖက် မိသားစုများ၊ သူတို့ကြီးပြင်းလာသည့် အခြေအနေများ၊ သူတို့၏ အသွင်အပြင်များ၊ အသက်အရွယ်များ၊ အရည်အချင်းများ၊ ပါရမီများ၊ သို့မဟုတ် တစ်ခြား မည်သည့် အချက်အလက်မဆို၏ ရလဒ်မဟုတ်ပေ၊ ယင်းထက် ဝေမျှပြီးယူထားသည့် တာဝန်နှင့် ဆက်စပ်နေသည့် ကံကြမ္မာတစ်ခုမှ

ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းရှင်က စီစဉ်ညွှန်ကြားပြီး စီမံခဲ့သည့် လူသားကံကြမ္မာ၏ ရလဒ်ဖြစ်သည့် အိမ်ထောင်ပြုခြင်း၏ မူလဇာစ်မြစ် ဖြစ်ပါသည်။

## ပဉ္စမဆုံမှတ်- သားသမီး

လက်ထပ်ပြီးသည့်နောက် လူတစ်ယောက်သည် နောက်မျိုးဆက်ကို ပြုစုပျိုးထောင်ဖို့ စတင်လေသည်။ လူတစ်ယောက်သည် သားသမီး မည်မျှများများ၊ မည်သို့ သားသမီးမျိုး ရှိသည်ဆိုသည့်အပေါ်မှာ ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ ဤအရာကိုလည်း ဖန်ဆင်းရှင်က ကြိုတင်ပြဋ္ဌာန်းထားသည့် လူတစ်ယောက်၏ ကံကြမ္မာအားဖြင့် သတ်မှတ်ထားပါသည်။ ဤကား လူတစ်ယောက် ဖြတ်သန်းရမည့် ပဉ္စမဆုံမှတ် ဖြစ်သည်။

လူတစ်ယောက်သည် တစ်ခြားတစ်ယောက်၏ ကလေးဖြစ်ခြင်း အခန်းကဏ္ဍကို ဖြည့်ဆည်းဖို့ မွေးဖွားလာပါက၊ တစ်ဦး တစ်ယောက်သည် တစ်ခြားသူ၏ မိဘအခန်းကဏ္ဍကို ဖြည့်ဆည်းဖို့အတွက် နောက်မျိုးဆက်ကို ကြည့်ရှုစောင့်ရှောက် လေသည်။ အခန်းကဏ္ဍများထဲက ဤအရွှေ့အပြောင်းက လူတစ်ယောက်ကို မတူညီသည့် ရှုထောင့်မှ ဘဝ၏ မတူညီသည့် အဆင့်များကို ကြုံတွေ့စေသည်။ ယင်းသည်လည်း တူညီသည့် နည်းလမ်းဖြင့် အမြဲလုပ်ဆောင်ကာ ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာကို တစ်ဦးတစ်ယောက်အား သိလာစေသကဲ့သို့ ဖန်ဆင်းရှင်၏ ကြိုတင်သတ်မှတ်ပြဋ္ဌာန်းထားခြင်းကို မည်သူမျှ မကျော်လွှန်နိုင် သို့မဟုတ် မပြောင်းလဲနိုင်ဆိုသည့် အချက်ကို သိလာစေသည့် မတူညီသည့် ဘဝအတွေ့အကြုံ တစ်စုံကို ပေးပါသည်။

## ၁။ လူတစ်ယောက်သည် သူ့သားသမီးတွေ မည်သို့ဖြစ်လာမည်ဆိုသည့်အပေါ်မှာ ထိန်းချုပ်မှုမရှိပါ

မွေးဖွားခြင်း၊ အရွယ်ရောက်ခြင်းနှင့် အိမ်ထောင်ပြုခြင်း အားလုံးတို့သည် မတူညီသည့် စိတ်ပျက်မှုကို ပုံစံအမျိုးမျိုးနှင့် အဆင့်အမျိုးမျိုးဖြင့် ပေးလေသည်။ လူအချို့တို့က ၎င်းတို့မိသားစု သို့မဟုတ် ၎င်းတို့၏ ရုပ်ရည် အသွင်အပြင်တို့နှင့် ပတ်သက်ပြီး ကျေနပ်ခြင်းမရှိကြပေ။ တစ်ချို့က ၎င်းတို့မိဘများကို မကြိုက် နှစ်သက်ကြ။ တစ်ချို့က ၎င်းတို့ကြီးပြင်းလာသည့် ပတ်ဝန်းကျင် အပေါ်မှာ မကျေမနပ်ဖြစ်သည် သို့မဟုတ် မကျေနပ်ခြင်းများ ရှိကြသည်။ လူအများစုအတွက်၊ ဤစိတ်ညစ်စရာများ အားလုံး အလယ်တွင် အိမ်ထောင်ပြုခြင်းက မကျေနပ်စရာ အကောင်းဆုံး ဖြစ်သည်။ လူတစ်ယောက်က

၎င်း၏မွေးဖွားခြင်း၊ ရင့်ကျက်လာခြင်း၊ သို့မဟုတ် အိမ်ထောင်ပြုခြင်းတို့ဖြင့် မည်သို့ မကျေမနပ် ဖြစ်စေကာမူ၊ ဤအရာတွေကို ဖြတ်သန်းပြီးသည့်သူတိုင်းက တစ်ဦးတစ်ယောက်သည် မည်သည့်နေရာ၊ မည်သည့်အချိန်၌ မွေးသည်၊ မည်သို့ပုံစံရှိသည်၊ မိဘတွေက မည်သူတွေဖြစ်သည် ဆိုသည်နှင့် အိမ်ထောင်ဖက်က မည်သူဆိုသည်တို့ကို ရွေးချယ်၍ မရဘဲ ကောင်းကင်ဘုံ၏ အလိုကို ရိုးရိုးပဲ လက်ခံရမည်ဆိုသည်ကို သိကြလေသည်။ သို့သော် လူတို့အတွက် နောက်မျိုးဆက်ကို ပြုစုပျိုးထောင်ရန် အချိန်ရောက်လာသည့်အခါ ၎င်းတို့၏ သားသမီးများသည် ၎င်းတို့ဘဝ ပထမတစ်ဝက်၌ ကြုံတွေ့ခဲ့ရသည့် စိတ်ညစ်စရာများ အားလုံးအတွက် ပြန်လည်ဖြည့်ဆည်း ပေးလိမ့်မည်ဟု မျှော်လင့်ရင်း ၎င်းတို့၏ဘဝ ပထမတစ်ဝက်၌ ၎င်းတို့ အကောင်အထည်မဖော်နိုင်ခဲ့ကြသည့် ဆန္ဒအားလုံးကို သူတို့၏ မျိုးဆက်များအပေါ် လွှဲချလိုက်သည်။ ထို့ကြောင့် လူတို့သည် ၎င်းတို့သားသမီးများနှင့် ပတ်သက်၍ စိတ်ကူးယဉ်မှု မျိုးစုံထဲ အရသာတွေ့နေကြလေသည်။ ၎င်းတို့သမီးများသည် အသက်ရှုမှားလောက်စရာ အလှပဂေးလေးများအဖြစ် ကြီးပြင်းလာမည်၊ ၎င်းတို့၏သားများက မြူးကြွားကြွရွ နှစ်လိုဖွယ် ကောင်းသော လူကြီးလူကောင်းများ ဖြစ်လာမည်၊ သူတို့၏ သမီးများသည် ယဉ်ကျေးဖွယ်ရာရှိပြီး ပါရမီရှိကာ၊ ၎င်းတို့၏ သားများသည် အလွန် တော်သည့်ကျောင်းသား၊ အားကစား ကြယ်ပွင့်များ ဖြစ်လာမည်၊ သူတို့၏သမီးများသည် နူးညံ့ သိမ်မွေ့မည်၊ မွန်မြတ်ပြီး စဉ်းစားဆင်ခြင်တတ်မည်၊ ၎င်းတို့၏ သားများက ဉာဏ်ထက်မြက်မည်၊ စွမ်းဆောင်ရည်ရှိပြီး အသိတရားရှိမည်ဆိုသည့် စိတ်ကူးယဉ်မှုများဖြစ်သည်။ သမီးများ ဖြစ်စေ သားများဖြစ်ပါစေ၊ ၎င်းတို့၏ မျိုးဆက်များက အသက်ကြီး သူများကို ရိုသေဖို့၊ ၎င်းတို့မိဘများကို ထောက်ထားဖို့၊ လူတိုင်းက ချစ်ခင်ပြီး ချီးမွမ်းခံရဖို့ မျှော်လင့်ကြသည်။ ဤအချိန်တွင် ဘဝမျှော်လင့်ချက် အသစ်ပေါက်ဖွားလာပြီး လူတို့၏ နှလုံးသား ထဲတွင် အသစ်သော စိတ်အားထက်သန်မှုများ နိုးဆွဖြစ်ပေါ်လေသည်။ ဤဘဝတွင် ၎င်းတို့က အစွမ်းမရှိ၊ မျှော်လင့်ချက် ကင်းမဲ့ကြောင်း၊ လူအုပ်ထဲမှ ထင်ပေါ်ဖို့ နောက်ထပ်အခွင့်အရေး၊ နောက်ထပ် မျှော်လင့်ချက်ရှိမည်မဟုတ်ကြောင်းနှင့် ၎င်းတို့၌ ရွေးချယ်စရာမရှိတော့ဘဲ သူတို့ကံကြမ္မာများကို လက်ခံရန်သာ ရှိတော့သည်ကို သိကြသည်။ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့၏ သားသမီးများက ၎င်းတို့၏ အိပ်မက်များကို ရရှိရန်၊ သူတို့၏ ဆန္ဒတွေကို အကောင်အထည်ဖော်ရန်၊ ၎င်းတို့၏ သားများ၊ သမီးများသည် မိသားစုနာမည်ထံ ဂုဏ်ကျက်သရေတွေ သယ်ဆောင်လာရန်၊ အရေးပါသူ၊ ချမ်းသာသူ သို့မဟုတ် ကျော်ကြားသူများဖြစ်လာရန် မျှော်လင့်ရင်းနှင့် ၎င်းတို့၏ မျှော်လင့်ချက်များ၊ ၎င်းတို့၏ အကောင်အထည်မဖော်ခဲ့ရသည့် အလိုဆန္ဒများနှင့် ပြည့်စုံမှုများအားလုံးကို

နောက်မျိုးဆက်ဆီသို့ လွှဲချလိုက်ကြသည်။ အတိုချုပ်အနေနှင့် ၎င်းတို့ကလေးများ၏ အခွင့်အလမ်းများ တစ်ဟုန်ထိုးမြှင့်တက်လာခြင်းကို သူတို့ မြင်လိုကြသည်။ လူတို့၏ အစီအစဉ်များနှင့် စိတ်ကူးယဉ်မှုများက ပြည့်စုံသည်။ ၎င်းတို့တွင်ရှိသည့် သားသမီးအရေအတွက်၊ ၎င်းတို့ ကလေးများ၏ အသွင်အပြင်၊ အရည်အချင်းနှင့် ထိုကဲ့သို့သော အရာများကို ၎င်းတို့သတ်မှတ်၍ မရနိုင်၊ ၎င်းတို့ကလေးများ၏ ကံကြမ္မာက ၎င်းတို့လက်များ၌ လုံးဝ ရှိမနေသည်ကို ၎င်းတို့ မသိကြသလော။ လူသားများသည် ၎င်းတို့ကိုယ်ပိုင် ကံကြမ္မာ၏ အရှင်သခင်များ မဟုတ်ကြပေ။ သို့တိုင် ငယ်ရွယ်သည့် မျိုးဆက်များ၏ ကံကြမ္မာကို ပြောင်းလဲဖို့ မျှော်လင့်ကြသည်။ ၎င်းတို့၏ကံကြမ္မာများမှ ၎င်းတို့လွတ်မြောက်ဖို့ အစွမ်းမရှိကြပါ။ သို့တိုင် ၎င်းတို့၏ သားများ၊ သမီးများ၏ ကံကြမ္မာကို ထိန်းချုပ်ဖို့ ကြိုးစားကြ၏။ သူတို့သည် ၎င်းတို့ကိုယ်၎င်းတို့ ပိုပြီးခန့်မှန်းနေကြခြင်း မဟုတ်လော။ ဤကား လူသား၏ မိုက်မဲခြင်းနှင့် မသိနားမလည်ခြင်း မဟုတ်သလော။ လူတို့သည် သူတို့ သားသမီးများအတွက် မည်သည့်အတိုင်းအတာအထိမဆို လုပ်ဆောင်ကြလိမ့်မည်၊ သို့သော်လည်း အဆုံးတွင် ကလေး ဘယ်နှစ်ယောက် ရှိသည်၊ ကလေးများ မည်သည့်အရာနှင့် တူသည်ဆိုသည်တို့ကို ၎င်းတို့၏ အစီအစဉ်များနှင့် လိုအင် ဆန္ဒများက မချမှတ်နိုင်ချေ။ လူအချို့က ပိုက်ဆံမရှိသော်လည်း ကလေးများစွာမွေးကြသည်။ လူအချို့က ချမ်းသာသည်၊ သို့သော်လည်း ကလေးတစ်ဦးမျှ မရှိပါ။ တစ်ချို့က သမီးလိုချင်သည်။ သို့သော်လည်း ယင်းဆန္ဒ ငြင်းပယ်ခံရသည်။ တစ်ချို့က သားလိုချင်သည်။ သို့သော်လည်း သားယောကျ်ားလေး မမွေးနိုင်ပေ။ တစ်ချို့အတွက် ကလေးများသည် ကောင်းချီး မင်္ဂလာများဖြစ်၏။ တစ်ချို့အတွက်မူ ၎င်းတို့သည် ကျိန်စာတစ်ခုဖြစ်လေသည်။ တစ်ချို့စုံတွဲများက ဉာဏ်ကောင်းကြသည်၊ သို့သော်လည်း နုံအနေးကွေးသည့် ကလေးများမွေးသည်။ တစ်ချို့မိဘများက ရိုးသားပြီး ကြိုးစားသည်။ သို့သော်လည်း သူတို့ ပြုစုပျိုးထောင်သည့် ကလေးများက ပျင်းရိသည်။ တစ်ချို့ မိဘများက ကြင်နာပြီး ဖြောင့်မတ်သည်။ သို့သော်လည်း ကောက်ကျစ်ပြီး ဆိုးသည့် ကလေးများရှိသည်။ တစ်ချို့မိဘများက စိတ်ရော ကိုယ်ပါ ကျန်းမာသည်။ သို့သော်လည်း ကိုယ်အင်္ဂါ ချို့ယွင်းသည့် ကလေးများမွေးသည်။ တစ်ချို့မိဘများက သာမန်ဖြစ်ပြီး မအောင်မြင်သော်လည်း ကြီးမြတ်သည့်အရာများ စွမ်းဆောင်သည့် ကလေးများရှိသည်။ တစ်ချို့မိဘများက အခြေအနေ အဆင့်အတန်း နိမ့်သော်လည်း ထင်ပေါ် ကျော်ကြားသည့် ကလေးများရှိလေသည်...

**၂။ နောက်မျိုးဆက်ကို ပြုစုပျိုးထောင်ပြီးနောက် လူတို့သည် ကံကြမ္မာနှင့်ပတ်သက်ပြီး အသစ်သော သိနားလည်မှုတစ်ခု ရရှိကြသည်**

အိမ်ထောင်ပြုသည့် လူအများစုက လူ့ကံကြမ္မာနှင့်သက်ဆိုင်၍ သိနားလည်မှုတစ်စုံတစ်ရာမျှ မရှိသေးသည့် အချိန်တစ်ခုဖြစ်သော အသက် ၃၀ ဝန်းကျင်တွင် ပြုကြသည်။ သို့သော်လည်း ကလေးများကို စတင်ပြုစုပျိုးထောင်သည့် အချိန်တွင်၊ ၎င်းတို့၏သားသမီးများ ကြီးပြင်းလာသည်နှင့်အမျှ မျိုးဆက်သစ်က ယခင်မျိုးဆက်၏ ဘဝနှင့် အတွေ့အကြုံအားလုံးကို ထပ်ပြီး ကြုံတွေ့ခြင်းကို ၎င်းတို့ ကြည့်ရှုကြရပြီးနောက် မျိုးဆက်ဆီမှာ ၎င်းတို့၏ ကိုယ်ပိုင်အတိတ်က ပြန်ထင်ဟပ်နေခြင်းကို မြင်ရလျက်၊ ၎င်းတို့ကဲ့သို့ပင် ငယ်ရွယ်သည့်မျိုးဆက်များ လျှောက်သည့် လမ်းကြောင်းမှာ စီစဉ်ပြီး ရွေးချယ်၍ မရနိုင်သည်ကို ၎င်းတို့ နားလည်မိကြသည်။ ဤအချက်ကို ရင်ဆိုင်ရလျက်၊ လူတိုင်း၏ ကံကြမ္မာသည် ကြိုတင်ပြဋ္ဌာန်းထားပြီး ဖြစ်သည်ကို သူတို့ဝန်ခံဖို့ ကလွဲ၍ တစ်ခြားရွေးစရာ မရှိပေ။ သူတို့သည် အသေအချာ နားလည်ခြင်းမရှိဘဲ တဖြည်းဖြည်းနှင့် ၎င်းတို့၏ကိုယ်ပိုင် လိုအင်ဆန္ဒများကို ဘေးချပြီး သူတို့နှလုံးသားထဲ၌ရှိသည့် စိတ်အား ထက်သန်မှုများသည် မှေးမှိန် ပျောက်ကွယ်သွားလေသည်။ ဤအချိန်ကာလအတွင်း လူတို့သည် အခြေခံအားဖြင့် ဘဝ၏ အရေးကြီးသည့် လမ်းညွှန်အမှတ်များကို ဖြတ်သန်းရင်း ဘဝ နှင့်သက်ဆိုင်၍ သိနားလည်မှု အသစ်တစ်ခုကို ရရှိပြီးဖြစ်ကာ သဘောထားအသစ်ကို ခံယူခဲ့သည်။ ဤအသက်အရွယ်ရှိသည့် လူတစ်ယောက်သည် အနာဂတ်ဆီမှ မည်မျှမျှော်လင့်နိုင်ကာ မျှော်လင့်စောင့်စားဖို့ မည်သည့်အလားအလာများ ရှိမည်နည်း။ မည်သည့် အသက်ငါးဆယ်အရွယ် အမျိုးသမီးတစ်ယောက်က ချောမောလှပသည့် မင်းသားကို အိပ်မက်မက်နေဆဲ ဖြစ်သနည်း။ မည်သည့်အသက်ငါးဆယ်အရွယ် အမျိုးသားတစ်ယောက်က သူ၏ စန္ဒီးဝိုက်ကို ရှာဖွေနေဆဲ ဖြစ်သနည်း။ မည်သည့် လူလတ်ပိုင်း အမျိုးသမီးတစ်ယောက်က ရုပ်ဆိုးသည့် ဘဲကလေးမှ ငန်းတစ်ကောင်အဖြစ် ပြောင်းသွားဖို့ မျှော်လင့်နေဆဲ ဖြစ်သနည်း။ အသက်ကြီးသည့် အမျိုးသားအများစုသည် လူငယ်အမျိုးသားများ ကဲ့သို့ အလားတူရည်မှန်းထားသည့် အလုပ်ရှိပါသလော။ အနှစ်ချုပ်အားဖြင့်၊ လူတစ်ယောက်သည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ဤအရွယ်ရောက်သည့်သူတိုင်းက အိမ်ထောင်၊ မိသားစုနှင့် သားသမီးတို့အပေါ် အတော်လေး ယုတ္တိတန်ပြီး လက်တွေ့ကျသည့် သဘောထားရှိဖို့ ဖြစ်နိုင်ခြေရှိပါသည်။ ထိုသို့သောလူတစ်ယောက်တွင် အခြေခံအားဖြင့် ရွေးချယ်စရာများ မကျန်တော့ပါ၊ ကံကြမ္မာကို စိန်ခေါ်ဖို့ ပြင်းပျသည့် ဆန္ဒမရှိတော့ပါ။ လူသား၏ အတွေ့အကြုံ ရှိသလောက်၊ လူတစ်ယောက်က ဤအသက်အရွယ်ကို ရောက်လာသည်နှင့် ဤသဘောထားက အလိုအလျောက် ဖြစ်ပေါ်လာသည်။ “ကံကြမ္မာကို လက်ခံရမည်။ သားသမီးများတွင် သူတို့၏ ကိုယ်ပိုင်အခွင့်အလမ်းများရှိသည်။ လူသားကံကြမ္မာသည်

ကောင်းကင်ဘုံမှ သတ်မှတ်ချပေးသည်။" ဤကမ္ဘာကြီး၏ လောကဓံတရားများ၊ စိတ်ပျက်စရာများ၊ အခက်အခဲများအားလုံးကို ကျော်လွှားလွန်မြောက်ပြီးနောက်တွင် သမ္မာတရားကို နားမလည်သည့် လူအများစုသည် လူသားဘဝထဲသို့ ၎င်းတို့၏ ထိုးထွင်းသိမြင်မှုများအား ဤစကားလုံးနှစ်လုံးနှင့် အနှစ်ချုပ်လိုက်သည်။ "ကံပဲ"။ ဤစကားစုက လူသားကံကြမ္မာနှင့် ပတ်သက်ပြီး အတွေ့အကြုံရင့်ကျက်သည့် လူတို့၏ ကောက်ချက် ချခြင်းနှင့် သိမြင်ခြင်းကို အတိုဆုံး အရှင်းဆုံး ဖော်ပြသော်လည်း၊ လူသားမျိုးနွယ်၏ ခိုကိုးရာမဲ့ခြင်းကို ဖော်ပြပြီး ထိရောက်ပြီး တိကျသည်ဟု ဆိုနိုင်သော်လည်း ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာကို နားလည်ခြင်းနှင့် သိပ်ကွဲပြားပြီး ဖန်ဆင်းရှင်၏ သြဇာအာဏာကို သိခြင်းအတွက် တကယ်ကို အစားထိုး၍ မရပေ။

## ၃။ ကံကြမ္မာကို ယုံကြည်ခြင်းက ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို သိခြင်းအတွက် အစားထိုး မဟုတ်ပါ

ဘုရားသခင်၏ နောက်သို့ နှစ်ပေါင်းများစွာ လိုက်ခြင်းဖြင့်၊ ကံတရားအပေါ် သင်တို့ သိမြင်မှုနှင့် လောကီလူတို့၏ သိမြင်မှုကြားတွင် သိသာသည့် ကွာခြားချက်ရှိပါသလော။ ဖန်ဆင်းရှင်၏ ကြိုတင်ပြဋ္ဌာန်းထားခြင်းကို အမှန်တကယ် နားလည်ပြီး ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို သင်တို့ အမှန်တကယ် သိမြင်လာပါသလော။ လူတစ်ချို့က "ကံပဲ" ဆိုသည့် စကားစုအပေါ် သိပ်ကောင်းမွန်ပြီး လေးနက်သည့် သိနားလည်မှုမျိုး ရှိကြသည်။ သို့သော် ၎င်းတို့သည် ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာကို အနည်းငယ်မျှ မယုံကြပေ။ လူသား၏ ကံကြမ္မာကို ဘုရားသခင်က စီစဉ်ပြီး ညွှန်ကြားသည်ကို မယုံသကဲ့သို့ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ကျိုးနွံနာခံဖို့ လိုလား မနေကြချေ။ ထိုသို့သော လူများသည် ပင်လယ်ထဲမှာမျောနေပြီး ရေစီးကြောင်းနှင့်အတူမျောပါရင်း လှိုင်းများဖြင့် လူးလွန့်လျက်၊ မတုန်မလှုပ်နှင့် စောင့်နေပြီး ၎င်းတို့ကိုယ်၎င်းတို့ ကံအပေါ်မှာ ပုံအပ်ထားဖို့ကလွဲပြီး တစ်ခြားရွေးချယ်စရာ မရှိပေ။ သို့သော်လည်း လူသား၏ ကံကြမ္မာသည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို ဝန်ခံရသည်ကို ၎င်းတို့ မသိမှတ်ကြချေ။ ၎င်းတို့၏ ကိုယ်ပိုင်အစွမ်းအစနှင့် ဘုရားသခင်၏ အချုပ်အခြာအာဏာကို သိမလာနိုင်ပေ၊ ထိုသို့အားဖြင့် ဖန်ဆင်းရှင်၏ သြဇာအာဏာနှင့်ဆိုင်သည့် အသိပညာကို ရရှိခြင်း၊ ဘုရားသခင်၏ အစီအစဉ်နှင့် စီစဉ်ညွှန်ကြားမှုများကို ကျိုးနွံနာခံဖို့၊ ကံကြမ္မာကို ခုခံနေခြင်းအား ရပ်တန့်ဖို့၊ ဘုရားသခင်၏ ဂရုစိုက်မှု၊ ကာကွယ်မှုနှင့် လမ်းပြမှုအောက် အသက်ရှင်ဖို့ ဖြစ်မလာနိုင်ပေ။ တစ်နည်းအားဖြင့် ဆိုလျှင်၊ ကံကြမ္မာကိုလက်ခံခြင်းက ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာကို

ကျိုးနွံနာခံခြင်းနှင့် မတူပေ။ ကံကြမ္မာကို ယုံကြည်မှုက ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို လက်ခံခြင်း၊ သိမှတ်ခြင်း၊ သိရှိခြင်းတို့ကို မဆိုလိုပေ။ ကံကြမ္မာကို ယုံကြည်ခြင်းက ယင်း၏ အမှန်တရားနှင့် ယင်း၏ အပေါ်ယံ သရုပ်သကန်များကို သတိပြုမိခြင်းသာဖြစ်၏။ ဤအရာသည် ဖန်ဆင်းရှင်က လူသားမျိုးနွယ်၏ ကံကြမ္မာကို မည်သို့အုပ်စိုးသည်ဆိုသည်ကို သိခြင်း၊ ဖန်ဆင်းရှင်က အရာအားလုံး၏ ကံကြမ္မာအပေါ် အုပ်စိုးခြင်း အရင်းအမြစ်ဖြစ်သည်ဆိုတာကို သိမှတ်ခြင်းတို့မှ ကွဲပြားပြီး လူသားမျိုးနွယ်၏ ကံကြမ္မာအတွက် ဖန်ဆင်းရှင်၏ စီစဉ်ညွှန်ကြားခြင်းနှင့် စီစဉ်မှုအပေါ် ကျိုးနွံနာခံခြင်းမှပို၍ပင် ကွဲပြားလေသည်။ လူတစ်ယောက်က ကံကြမ္မာကိုပဲ ယုံကြည် သော်လည်း ယင်းကို လေးလေးနက်နက် ခံစားလျှင်ပင် ထိုသို့ဖြင့် လူသားမျိုးနွယ်၏ ကံကြမ္မာအပေါ်မှာ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို သိဖို့သတိပြုမိဖို့ရန်၊ ယင်းကို ကျိုးနွံနာခံဖို့နှင့် လက်ခံဖို့ဖြစ်မလာနိုင်ပါက မည်သို့ပင်ဆိုစေ ၎င်းတို့၏ဘဝသည် အဖြစ်ဆိုးတစ်ခု၊ အချည်းနှီးရှင်သန်သည့် ဘဝတစ်ခု၊ ဗလာတစ်ခု ဖြစ်ပေလိမ့်မည်။ ၎င်းတို့သည် ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက် လာဖို့ရန်၊ အမှန်ကန်ဆုံးသော အဓိပ္ပါယ်ဖြင့် အဖန်ဆင်းခံ လူသားတစ်ဦး ဖြစ်လာဖို့ ဖန်ဆင်းရှင်၏ လက်ခံအတည်ပြုမှုကို ခံစားရဖို့ တတ်နိုင်လိမ့်ဦးမည်မဟုတ်ပေ။ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို အမှန်တကယ်သိပြီး ကြုံတွေ့ရသည့် လူတစ်ယောက်သည် မတုန်မလှုပ်ဖြစ်ခြင်း သို့မဟုတ် အကူအညီ မဲ့နေခြင်း အခြေအနေ မဟုတ်ဘဲ၊ တက်ကြွသည့်အခြေအနေတွင် ရှိသင့်၏။ ထိုသို့သော လူသည် အရာအားလုံးက ကံစီမံရာ ဖြစ်သည်ကို လက်ခံစဉ်တွင်၊ သက်ရှိတိုင်းက ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ဝန်ခံရသည်ဆိုသည့် ဘဝနှင့် ကံကြမ္မာ၏ တိကျသည့် အဓိပ္ပါယ် ဖွင့်ဆိုချက်ကို ပိုင်ဆိုင်သင့်ပေသည်။ ၎င်းလျှောက်ခဲ့သည့်လမ်းကို ပြန်ကြည့်သည့်အခါ၊ ၎င်းခရီး၏ ပြောင်းလဲမှု အဆင့်တိုင်းကို ပြန်လည်သတိရသည့်အခါ ၎င်း၏ ခရီးလမ်းသည် ခက်ခဲမောပန်းသည်ဖြစ်စေ၊ ချောမွေ့သည်ဖြစ်စေ၊ ခြေလှမ်းတိုင်းတွင် ဘုရားသခင်က ၎င်း၏လမ်းကို ဦးဆောင် လမ်းပြနေခဲ့ပြီး စီမံချက်ရေးဆွဲနေခဲ့သည်ကို မြင်ရပေသည်။ ယင်းသည် ၎င်းကိုယ်တိုင်မသိဘဲလျက် သူ့ကို ယနေ့အထိ ဦးဆောင်လမ်းညွှန်ပေးခဲ့သည့် ဘုရားသခင်၏ စေ့စပ်သေချာသည့် စီစဉ်မှု၊ ဂရုတစိုက်စီစဉ်မှုတို့ ဖြစ်ခဲ့ပေသည်။ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို လက်ခံနိုင်ဖို့၊ ၎င်း၏ကယ်တင်ခြင်းကို လက်ခံရရှိဖို့ဆိုတာ မည်မျှကြီးမြတ်သည့် အခွင့်အလမ်း ဖြစ်ပါသနည်း။ လူတစ်ဦးသည် ကံကြမ္မာအပေါ် အပျက်သဘောဆောင်သည့် သဘောထားရှိပါက၊ ၎င်းတို့အတွက် ဘုရားသခင်စီစဉ်ပေးသည့် အရာရာတိုင်းကို သူတို့ခုခံနေကြောင်း၊ ၎င်းတို့တွင် ကျိုးနွံနာခံသည့် သဘောထားမရှိကြောင်းကို

ယင်းက သက်သေပြပေသည်။ လူသား၏ ကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာကို တစ်ဦးတစ်ယောက်သည် အပြု သဘောဆောင်သည့် သဘောထားရှိပါက သူ့ခရီးကို ပြန်ကြည့် သည့်အခါ၊ ဘုရားသခင်၏ အချုပ်အခြာအာဏာကို အမှန်တကယ် သဘောပေါက်လာသည့်အခါ၊ ဘုရားသခင်စီစဉ်ပေးသည့် အရာရာတိုင်းကို ကျိုးနွံနာခံဖို့ သာ၍ လေးလေးနက်နက် ဆန္ဒရှိလာလိမ့်မည်၊ ၎င်း၏ ကံကြမ္မာကို ဘုရားသခင်အား စီစဉ်ညွှန်ကြားခွင့်ပြုဖို့နှင့် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်းအား ရပ်ဖို့ စိတ်ပိုင်းဖြတ်ချက်နှင့် ယုံကြည်မှု ပိုပြီးရှိလာလိမ့်မည်။ အကြောင်းမှာ ၎င်းသည် ကံကြမ္မာကို နားလည်သဘောပေါက်ခြင်း မရှိသည့်အခါ၊ ဘုရားသခင်၏ အချုပ်အခြာအာဏာကို နားလည်ခြင်းမရှိသည့်အခါ၊ မြူများကိုဖြတ်သွားရင်း ဒယိမ်းဒယိုင်နှင့် ကိုယ့်သဘောနှင့် စမ်းတဝါးဝါးသွားသည့်အခါ ခရီးက အလွန်ခက်ခဲသည်။ အလွန် ကြေကွဲဖွယ်ကောင်းပါသည်။ ထို့ကြောင့် လူတို့သည် လူသား၏ ကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာကို သတိပြုမိလာသည့်အခါ၊ ပါးနပ်သူများက ဤအချက်ကို သိဖို့ လက်ခံဖို့ ၎င်းတို့၏ ကိုယ်ပိုင်လက်နှစ်ဖက်နှင့် ကောင်းမွန်သည့် ဘဝတစ်ခုကို တည်ဆောက်ဖို့ ကြိုးစားသည့်အချိန်တွင် နာကျင်ရသည့် နေ့ရက်များကို နှုတ်ဆက်လိုက်ဖို့ ကံကြမ္မာကို ဆန့်ကျင်ရုန်းကန်ခြင်းနှင့် ကိုယ်ပိုင်နည်းလမ်းများဖြင့် ၎င်းတို့၏ ဘဝပန်းတိုင်ဟု ၎င်းတို့ခေါ်သည့် အရာများနောက် လိုက်စားခြင်းအား ရပ်တန့်ဖို့ ရွေးချယ်ကြသည်။ လူတစ်ယောက်သည် ဘုရားသခင်မရှိသည့်အခါ၊ သူ့ကို မမြင်နိုင် သည့်အခါ၊ ဘုရားသခင်၏ အချုပ်အခြာအာဏာကို ရှင်းရှင်း လင်းလင်း မသိသည့်အခါ၊ နေ့တိုင်းက အဓိပ္ပာယ်မရှိ၊ တန်ဖိုးမရှိ၊ စိတ်မချမ်းမြေ့စရာ ဖြစ်သည်။ လူသည် မည်သည့်နေရာ၌ရှိပါစေ၊ မည်သည့်အလုပ်ကိုလုပ်ပါစေ ၎င်း၏အသက်ရှင်မှုနည်းလမ်းနှင့် ၎င်း၏ ပန်းတိုင်နောက်လိုက်ခြင်းက ၎င်းအား အဆုံးမရှိသည့် ကြေကွဲခြင်းနှင့် သက်သာခြင်းမရှိသည့် ဒုက္ခခံစားမှုတို့ကိုသာ ယူဆောင်လာပေးသည်၊ ယင်းမှာ မိမိ၏ အတိတ်ကို ပြန်လှည့် ကြည့်ဖို့ ခံနိုင်ရည်မရှိသည့်အရာမျိုးဖြစ်သည်။ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို လက်ခံသည့်အခါမှသာ၊ သူ၏ စီစဉ်ညွှန်ကြားမှုများနှင့် အစီအစဉ်များကို ကျိုးနွံနာခံပြီး စစ်မှန်သော လူ့ဘဝကို ရှာဖွေသည့်အခါမှသာ ဘဝ၏ အနှစ်မဲ့ခြင်းဟူသမျှကို ခါချပြီး ကြေကွဲခြင်းနှင့် ဒုက္ခခံစားမှုအားလုံးမှ တဖြည်းဖြည်း လွတ်ကင်းမည်ဖြစ်သည်။

### ၄။ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ကျိုးနွံနာခံသူတို့သာ စစ်မှန်သည့် လွတ်လပ်ခြင်းကို ရရှိနိုင်သည်

လူတို့က ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုနှင့် ဘုရားသခင်၏ အချုပ်အခြာအာဏာကို သတိပြုခြင်း မရှိသည့်အတွက်၊ သူတို့သည် ကံကြမ္မာကို ကလန်ကဆန်ပြုကာ ပုန်ကန်သည့် စိတ်သဘောနှင့် အမြဲ ရင်ဆိုင်ကြပြီး သူတို့၏ လက်ရှိအခြေအနေများကို ပြောင်းလဲပြီး ကံကြမ္မာကို ပြောင်းလဲဖို့ အချည်းနှီးမျှော်လင့်လျက် ဘုရားသခင်၏ အခွင့်အာဏာ၊ အချုပ်အခြာ အာဏာနှင့် ကံကြမ္မာက အဆင်သင့်ထားသည့် အရာတို့ကို အမြဲစွန့်ပစ်ချင်ကြသည်။ သို့သော်လည်း သူတို့ ဘယ်သောအခါမှ မအောင်မြင်နိုင်သကဲ့သို့ အလှည့်တိုင်းတွင် တားဆီးခံရသည်။ လူတစ်ယောက်၏ ဝိညာဉ် အတွင်း နက်နက်ရှိုင်းရှိုင်း ဖြစ်ပျက်သည့် ဤရုန်းကန်လှုပ်ရှားမှုက အချိန်တိုင်း ၎င်း၏ ဘဝကို ဖြုန်းတီးပစ်သည်နှင့်အမျှ အရိုးခိုက်အောင် နက်ရှိုင်းသည့် နာကျင်မှုမျိုးကို ယူဆောင်လာ လေသည်။ ဤနာကျင်မှုကို မည်သည့်အရာက ဖြစ်စေသနည်း။ ဘုရားသခင်၏ အချုပ်အခြာအာဏာကြောင့်လော သို့မဟုတ် လူတစ်ယောက်က ကံမကောင်းစွာနှင့် မွေးဖွားလာသောကြောင့် ဖြစ်သလော။ သိသာစွာပင် တစ်ခုမျှ မမှန်ကန်ပေ။ တကယ့်အကြောင်းရင်းက လူတို့ လျှောက်ကြသည့် လမ်းကြောင်းများ၊ ၎င်းတို့ဘဝကို အသက်ရှင်နေထိုင်ဖို့ လူတို့ရွေးချယ်သည့် နည်းလမ်းများ ကြောင့်ဖြစ်သည်။ လူအချို့က ဤအရာများကို နားလည်ကောင်းနားလည်နိုင်မည်မဟုတ်။ သို့သော်လည်း သင်တကယ် သိလာသည့်အခါ၊ လူသား၏ ကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာကို သင်အမှန်တကယ် သတိပြုမိလာသည့်အခါ၊ ဘုရားသခင်က သင့်အတွက် စီစဉ်ထားပြီး သတ်မှတ်ထားသည့် အရာရာတိုင်းက ကြီးမားသည့် အကျိုးကျေးဇူးနှင့် ကွယ်ကာမှုဖြစ်သည်ကို သင်အမှန်တကယ် နားလည်လာသည့်အခါ သင့်နာကျင်မှုက စတင်ပေါ့ပါးလာကာ၊ သင့်တစ်ကိုယ်လုံးက သက်သောင့်သက်သာ ရှိလာသည်၊ ပေါ့ပါးလွတ်လပ်ပြီး လွတ်မြောက်လာသည်ကို သင်ခံစားရမည်။ လူအများစု၏ အခြေအနေများမှ အကဲဖြတ်ရပါက၊ ၎င်းတို့သည် ခံစားချက်အဆင့်အရ ၎င်းတို့ ယခင်က အသက်ရှင်နေထိုင်သကဲ့သို့ ဆက်ပြီး မနေထိုင်ချင်သော်လည်း၊ ၎င်းတို့၏နာကျင်မှုမှ သက်သာချင်သော်လည်း၊ အရှိအတိုင်းဆိုလျှင် ၎င်းတို့သည် လူသားတို့၏ ကံကြမ္မာအပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာ၏ လက်တွေ့ကျသည့် တန်ဖိုးနှင့် အဓိပ္ပါယ်ကို အမှန်တကယ် နားမလည်နိုင်ကြပေ၊ အရှိအတိုင်း ဖန်ဆင်းရှင်၏ စီစဉ်ညွှန်ကြားမှုနှင့် စီစဉ်မှုကို မည်သို့ရှာဖွေပြီး လက်ခံရမည်ကို သိဖို့နေနေသာသာ၊ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို အမှန်တကယ် သတိပြုမိပြီး ကျိုးနွံနာခံနိုင်ခြင်း မရှိကြချေ။ ထို့ကြောင့် လူတို့သည် လူသား၏ ကံကြမ္မာနှင့် ကိစ္စရပ်များ အားလုံးအပေါ် ဖန်ဆင်းရှင်က အချုပ်အခြာအာဏာ ရှိသည်ဆိုသည့် အချက်ကို အမှန်တကယ် သတိမပြုမိပါက၊ ဖန်ဆင်းရှင်၏ အုပ်စိုးမှုကို အမှန်တကယ်

ကျိုးနွံနာခံနိုင်ခြင်းမရှိပါက၊ ၎င်းတို့ အတွက် "လူတစ်ယောက်၏ကံကြမ္မာက သူ့လက်ထဲမှာရှိသည်" ဆိုသည့် အယူအဆအားဖြင့် မောင်းနှင်ခြင်းမခံရဖို့နှင့် ချုပ်ချယ်ခြင်း မခံရဖို့ ခက်ခဲပေလိမ့်မည်။ ကံကြမ္မာနှင့် ဖန်ဆင်းရှင်၏ ဩဇာ အာဏာတို့ကို ဆန့်ကျင်ပြီး ပြင်းထန်စွာ ရုန်းကန်လှုပ်ရှားခြင်း၏ နာကျင်မှုများကို ပယ်ရှားဖို့ ၎င်းတို့အတွက် ခက်ခဲပါလိမ့်မည်။ ပြောဖို့မလိုသည်မှာ ၎င်းတို့ အမှန်တကယ် လွတ်မြောက်ပြီး လွတ်လပ်ဖို့၊ ဘုရားသခင်ကို ကိုးကွယ်သည့်လူများဖြစ်လာဖို့ ၎င်းတို့အတွက် ခက်ခဲပါလိမ့်မည်။ သို့သော်၊ ဤအခြေအနေမှ မိမိကိုယ်ကိုယ် လွတ်မြောက်ဖို့ အလွန့်အလွန် ရိုးရှင်းသည့် နည်းလမ်းတစ်ခု ရှိ၏။ ယင်းမှာ ယခင်က အသက်ရှင် နေထိုင်သည့်ပုံစံကို နှုတ်ဆက်လိုက်ဖို့၊ ယခင်က ဘဝပန်းတိုင်များကို နှုတ်ဆက်လိုက်ဖို့၊ ယခင်က ဘဝနေထိုင်မှုပုံစံ၊ ဘဝအပေါ်ရှုမြင်ပုံ၊ လိုက်စားမှုများ၊ အလိုဆန္ဒများနှင့် စံသတ်မှတ်ချက်များကို အနှစ်ချုပ်ကာ ခွဲခြမ်းစိတ်ဖြာကြည့်ဖို့ဖြစ်သည်၊ ပြီးလျှင် ၎င်းတို့ကို ဘုရားသခင်၏ အလိုတော်၊ လူသားအတွက် တောင်းဆိုချက်များနှင့် နှိုင်းယှဉ်ကြည့်ပြီး ၎င်းတို့အထဲမှ တစ်စုံတစ်ခုက ဘုရားသခင်၏ အလိုတော်နှင့် တောင်းဆိုမှုများနှင့် ကိုက်ညီမှုရှိမရှိ၊ ၎င်းတို့အထဲမှ တစ်စုံတစ်ခုက ဘဝ၏ မှန်ကန်သည့် တန်ဖိုးကို ပေးအပ်ခြင်းရှိမရှိ၊ သမ္မာတရားကို ပိုပြီးသိနားလည်မှုဆီသို့ ဆိုက်ရောက်စေခြင်းရှိမရှိ၊ လူ့သဘာဝနှင့် လူသားပုံသဏ္ဌာန်ဖြင့် နေထိုင်ခွင့်ပေးခြင်းရှိမရှိ ကြည့်ဖို့ဖြစ်သည်။ ဘဝတွင် လူတို့ကြိုးစားအားထုတ်သည့် ပန်းတိုင် အမျိုးမျိုးနှင့် ၎င်းတို့၏ မတူကွဲပြားသော မြောက်များစွာသော အသက်ရှင်နေထိုင် နည်းများကိုသင့်အနေဖြင့် ထပ်တလဲလဲ စုံစမ်းစစ်ဆေးပြီး ဂရုတစိုက် စိတ်ဖြာကြည့်သည့်အခါ ဖန်ဆင်းရှင်က လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့သည့်အချိန်က သူ၏ နဂိုမူလ ရည်ရွယ်ချက်နှင့် မည်သည့်အရာကမျှ ကိုက်ညီမှုမရှိသည်ကို သင်တွေ့ရလိမ့်မည်။ ၎င်းတို့အားလုံးက ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့် ဂရုစိုက်မှု၏ အဝေးသို့ လူတို့ကို ဆွဲခေါ်သွားသည်။ ၎င်းတို့အားလုံးသည် လူသားမျိုးနွယ် သက်ဆင်းသည့် ငရဲသို့ ပို့ဆောင်သော တွင်းများဖြစ်သည်။ ဤအရာကို သင်အသိအမှတ်ပြုပြီးနောက် သင်၏တာဝန်မှာ သင်၏ ဘဝအပေါ် ရှုမြင်ပုံဟောင်းကို ဘေးချိတ်ထားပြီး ထောင်ချောက် အမျိုးမျိုးမှ ဝေးဝေးနေကာ သင့်ဘဝကို ဘုရားသခင်အား တာဝန်ယူစေ၍ သင့်အတွက် အစီအစဉ်များ ပြုလုပ်စေဖို့ ဖြစ်သည်၊ ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုများနှင့် လမ်းပြမှုတို့ကို ကျိုးနွံနာခံဖို့၊ တစ်ဦးချင်း ရွေးချယ်မှုမရှိဘဲ အသက်ရှင်ဖို့နှင့် ဘုရားသခင်ကို ကိုးကွယ်သည့်လူတစ်ယောက် ဖြစ်လာရန် ကြိုးစားဖို့ ဖြစ်သည်။ လွယ်ကူသည်ဟုထင်ရပါသည်။ သို့သော်လည်း လုပ်ဖို့ ခက်ခဲသည့်အရာဖြစ်၏။ လူအချို့တို့က ဤအရာ၏ နာကျင်မှုကို ခံနိုင်သည်။ တစ်ချို့က မခံနိုင်။

တစ်ချို့က လိုက်နာဖို့ ဆန္ဒရှိသည်။ တစ်ချို့က မရှိပေ။ ဆန္ဒမရှိသည့်သူများက ဤကဲ့သို့လုပ်ဖို့ အလိုဆန္ဒနှင့် ခိုင်မာသည့် ဆုံးဖြတ်ချက်မရှိကြ။ ၎င်းတို့သည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို ရှင်းရှင်းလင်းလင်း သတိပြု မိသည်။ လူသားကံကြမ္မာကို အသေးစိတ် စီမံချက်ရေးဆွဲပြီး စီစဉ်သူသည် ဘုရားသခင်ဆိုသည်ကို ကောင်းစွာသိသည်။ သို့သော်လည်း သူတို့သည် ကြိုးစား ရုန်းကန်နေဆဲ ဖြစ်ပြီး၊ ၎င်းတို့သည် ဘုရားသခင်၏ လက်ထဲတွင် ၎င်းတို့ကံကြမ္မာကို ချထားဖို့၊ ဘုရားသခင်၏ အချုပ်အခြာအာဏာကို ကျိုးနွံနာခံဖို့ လက်မခံသေးသည့်အပြင် ဘုရားသခင်၏ စီစဉ်ညွှန်ကြားမှုနှင့် အစီအစဉ်တို့ကို သူတို့ မကျေနပ်ကြချေ။ ထို့ကြောင့် ၎င်းတို့ ဘယ်အရာတတ်စွမ်းသည်ဆိုတာကို ၎င်းတို့ကိုယ်၎င်းတို့ မြင်ချင်သည့် လူတစ်ချို့အမြဲရှိနေပေလိမ့်မည်။ ၎င်းတို့သည် မိမိတို့၏ ကိုယ်ပိုင်လက်နှစ်ဖက်နှင့် မိမိတို့၏ ကံကြမ္မာကို ပြောင်းလဲချင်ကြသည်။ သို့မဟုတ် မိမိတို့၏ ကိုယ်ပိုင်အစွမ်းနှင့် ပျော်ရွှင်မှုကို ရယူချင်သည်၊ ဘုရားသခင်၏ ဩဇာအာဏာ နယ်နိမိတ်စည်းများကို ကျော်ပြီး ဘုရားသခင် အချုပ်အခြာ အာဏာ၏ အထက်တွင် မြင့်တက်နိုင်ခြင်းရှိမရှိ မြင်လိုကြသည်။ လူသား၏ ဝမ်းနည်းစရာက ပျော်ရွှင်သည့်ဘဝကို လူသားက ရှာခြင်းမဟုတ်ပေ၊ ကျော်ကြားမှု၊ စည်းစိမ် သို့မဟုတ် မြူများကိုဖြတ်ရင်း မိမိ၏ကိုယ်ပိုင် ကံကြမ္မာနှင့် ဆန့်ကျင် ရုန်းကန်ခြင်း မဟုတ်ဘဲ၊ ၎င်းသည် ဖန်ဆင်းရှင်၏ တည်ရှိမှုကို သိမြင်ပြီးနောက်၊ ဖန်ဆင်းရှင်က လူသား၏ ကံကြမ္မာအပေါ် အချုပ်အခြာအာဏာရှိသည်ဆိုသည့် အချက်ကို သိရှိပြီးနောက် ၎င်း၏ နည်းလမ်းများကို မပြုပြင်နိုင်သေးသကဲ့သို့ ၎င်း၏ ခြေထောက်များကို ရွှံ့နွံထဲမှ ဆွဲမထုတ်နိုင်ဘဲ ၎င်း၏နှလုံးသားကို မာကျောစေပြီး ၎င်းအမှားများကို မရမကပြုလုပ်ခြင်း ဖြစ်ပေသည်။ ၎င်းသည် နောင်တအနည်းငယ်မျှမရဘဲ အဆုံးအထိ ခုခံရင်း ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ခေါင်းမာစွာနှင့် ဆန့်ကျင်အန်တုရင်း ရွှံ့ထဲမှာပင် ဆက်ပြီး ယက်ကန်ယက်ကန် ဆက်ဖြစ်နေဖို့သာ လိုလားလေသည်။ နောက်ဆုံး အရှုံးပေးပြီး နောက်ပြန်လှည့်ဖို့ သူ ဆုံးဖြတ်သည်မှာ သူသည် ကျိုးပဲ့လဲကျပြီး သွေးထွက်သည့်အချိန်မှသာ ဖြစ်သည်။ ဤသည်မှာ စစ်မှန်သည့် လူသား၏ ဝမ်းနည်းမှုဖြစ်၏။ ထို့ကြောင့် ကျိုးနွံနာခံဖို့ ရွေးချယ်သည့်သူများက အသိပညာရှိပြီး ရုန်းကန်ကာ လွတ်မြောက်ဖို့ ကြိုးစားသူတို့က ခေါင်းမာသူများဖြစ်သည်ဟု ငါဆိုခြင်းဖြစ်သည်။

**ဆဌမဆုံမှတ်- သေခြင်း**

များပြားလှသည့် ပျားပန်းခတ်မှု နှင့် အလုပ်များခြင်းများ၊ များပြားလှသည့်

အားမလိုအားမရဖြစ်ခြင်းများနှင့် စိတ်ပျက်မှုများ နောက်တွင်၊ များပြားလှသည့် ဝမ်းမြောက်မှုများ၊ ဝမ်းနည်းမှုများ၊ အနိမ့်အမြင့်များနောက်တွင်၊ များပြားလှသည့် မမေ့နိုင်စရာ နှစ်ကာလများနောက်တွင်၊ ရာသီဥတုများ အချိန် အဖန်ဖန် ပြောင်းလဲခြင်းကို ကြည့်ရှုပြီးနောက်၊ တစ်ဦးတစ်ယောက်သည် သတိမမူမိလိုက်ဘဲ ဘဝတွင် အရေးကြီးသည့် ဘဝမှတ်တိုင်များကို ဖြတ်သန်းရပြီး လျှပ်တစ်ပြက်အတွင်းတွင်၊ ၎င်းသည် မိမိကိုယ်ကိုယ် နိဂုံးချုပ်သည့် နှစ်များထဲရှိသည်ကို တွေ့လိုက်ရသည်။ အချိန်၏ အမှတ်အသားတို့သည် သူ့ကိုယ်ခန္ဓာ တစ်ခုလုံးတွင် တံဆိပ်ခတ်နှိပ်ထား၏။ ၎င်းသည် တည့်မတ်စွာ မရပ်နိုင်တော့ပါ။ မဲမှောင်သည့် ဆံပင်က အဖြူရောင်ပြောင်းလေပြီ။ တစ်ချိန်က တောက်ပပြီး ကြည်လင်ခဲ့သည့် မျက်လုံးများသည် မှေးမှိန်ပြီး ဝေဝါးသွားလေပြီ။ ချောမွေ့ပြီး ပျော့ပျောင်းသည့် အသားအရေသည် တွန့်ကြေလာပြီး အစက်အပြောက်တွေ ထင်လာသည်။ အကြား အာရုံ အားနည်းလာပြီ။ သွားများက လျော့ရဲပြီး ထွက်ကျလာသည်။ တုံ့ပြန်မှုက လေးလံလာသည်။ လှုပ်ရှားမှုက နှေးကွေးလာသည်။ ဤအချိန်တွင် တစ်ဦးတစ်ယောက်သည် မိမိငယ်ရွယ်မှု၏ စိတ်အားထက်သန်သည့် နှစ်များကို လုံးဝနှုတ်ဆက်ရပြီး ဘဝ၏ နေဝင်ဆည်းဆာဖြစ်သည့် အသက်အရွယ် အိုမင်းမှုထဲသို့ ဝင်ရောက်လာပြီ ဖြစ်သည်။ ထို့နောက်တွင် ၎င်းသည် လူ့ဘဝ၏ နောက်ဆုံးဆုံမှတ်ဖြစ်သည့် သေခြင်းကို ရင်ဆိုင်ရပေမည်။

**၁။ ဖန်ဆင်းရှင်သာလျှင် လူသားအပေါ် ရှင်ခြင်းနှင့်သေခြင်း တန်ခိုးအာဏာကို စွဲကိုင်ထားသည်**

လူတစ်ယောက်၏ မွေးဖွားခြင်းက ထိုလူ၏ ယခင်ဘဝအားဖြင့် လျာထားပြီးဖြစ်သည်ဆိုပါက သူ့သေခြင်းက ထိုကံတရား၏အဆုံး၏ အမှတ်သညာဖြစ်သည်။ လူတစ်ယောက်၏ မွေးဖွားခြင်းက ဤဘဝတွင် ထိုလူ၏ တာဝန်အစဆိုပါက သူ့သေခြင်းက ၎င်းတာဝန်၏အဆုံး၏ အမှတ်သညာဖြစ်၏။ ဖန်ဆင်းရှင်သည် လူတစ်ယောက်၏ မွေးဖွားခြင်းအတွက် သတ်မှတ်ထားသည့် အခြေအနေများ ဆုံးဖြတ်ပြီးဖြစ်သည့်အတွက် သူ့၏သေခြင်း အတွက်လည်း သတ်မှတ်ထားသည့် အခြေအနေများကို စီစဉ်ပြီးဖြစ်သည်မှာ ပြောဖို့မလိုပေ။ တစ်နည်းပြောရလျှင်၊ မည်သူမျှ မတော်တဆ မွေးဖွားလာခြင်းမဟုတ်၊ မည်သူ၏ သေခြင်းကမျှ ရုတ်တရက် မဟုတ်သကဲ့သို့ မွေးဖွားခြင်းနှင့် သေခြင်းနှစ်ခုလုံးက ယခင်ဘဝနှင့် လက်ရှိဘဝများနှင့် သေချာပေါက် ဆက်စပ်နေ ပေသည်။ လူတစ်ယောက်၏ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အခြေအနေနှစ်ခုလုံးကို ဖန်ဆင်းရှင်က ကြိုတင်သတ်မှတ် ထားပေသည်။ ဤသည်မှာ လူတစ်ယောက်၏ ကံတရား၊ လူတစ်ယောက်၏ ကံကြမ္မာဖြစ်သည်။ လူတစ်ယောက်၏ မွေးဖွားမှုအတွက် ရှင်းပြချက်များစွာ ရှိသည့်အတွက်၊

လူတစ်ယောက်၏ သေခြင်းသည် ယင်း၏ ကိုယ်ပိုင် ထူးခြားသည့် အမျိုးမျိုးသော အခြေအနေများအောက်၌ ဖြစ်ပေါ်ပေလိမ့်မည်။ ဤသည်မှာ လူတို့၏ မတူညီသည့် သက်တမ်းများနှင့် ၎င်းတို့သေသည့် မတူညီသောပုံစံများနှင့် အချိန်များအတွက် အကြောင်းရင်း ဖြစ်သည်။ လူအချို့က ကျန်းမာသန်စွမ်းသော်လည်း စောလျင်စွာ သေဆုံးကြသည်။ အချို့က အားနည်းပြီး မကြာခဏ ဖျားနာသော်လည်း အသက်ကြီးသည့်အထိ အသက်ရှင်ကြပြီး ငြိမ်းငြိမ်းချမ်းချမ်းနှင့် သေဆုံးကြသည်။ အချို့မှာ သဘာဝမဟုတ်သည့် အကြောင်းများကြောင့်သေဆုံးပြီး အချို့က သဘာဝအလျောက်သေဆုံးကြသည်။ အချို့က မိမိအိမ်နှင့် အဝေးတွင် မိမိတို့အသက်ကို အဆုံးသတ်သည်။ တစ်ခြားလူတို့က သူတို့နံဘေးတွင် သူတို့ချစ်ရသူများနှင့်အတူ မျက်လုံးပိတ်ကြသည်။ တစ်ချို့လူတို့က လေထဲမှာ သေဆုံးကြသည်။ တစ်ခြားသူတို့က ကမ္ဘာမြေကြီးအောက်တွင် သေဆုံးကြသည်။ အချို့က ရေအောက်တွင် နစ်မြုပ်သည်။ အချို့က ကပ်ဘေးများထဲတွင် ပျောက်ဆုံးသွားကြသည်။ အချို့က မနက်တွင်သေသည်။ အချို့က ညတွင်သေသည်။...လူတိုင်းက ကျော်ကြားစွာ မွေးဖွားချင်ကြသည်။ ထူးချွန်ပြောင်မြောက်သော ဘဝနှင့် ကြီးကျယ်ခမ်းနားသည့် သေခြင်းမျိုးကို လိုချင်ကြသည်။ သို့သော်လည်း မည်သူမျှ ၎င်းတို့၏ ကိုယ်ပိုင်ကံတရားကို မကျော်လွန်နိုင်ပေ။ မည်သူကမျှ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာမှ မလွတ်မြောက်နိုင်ပေ။ ဤကား လူသား၏ ကံကြမ္မာပေတည်း။ လူသားသည် သူ့အနာဂတ်အတွက် အစီအစဉ်အမျိုးစုံ ချမှတ်နိုင်သည်။ သို့သော်လည်း မည်သူကမျှ ၎င်းတို့ မွေးဖွားသည့် ပုံစံနှင့် အချိန်၊ လောကကြီးမှ ထွက်ခွာသွားခြင်း ပုံစံနှင့်အချိန်တို့ကို မစီစဉ်နိုင်ပေ။ လူတို့က သေခြင်းရောက်လာခြင်းကို ရှောင်ရှားပြီး ခုခံဖို့ အကောင်းဆုံးလုပ်ဆောင်ကြသော်လည်း ၎င်းတို့မသိရဘဲ သေခြင်းသည် တိတ်တဆိတ်နှင့် နီးကပ်လာဆဲဖြစ်သည်။ ၎င်းတို့ မည်သည့်အချိန်သေမည်နှင့် မည်သို့သေမည်ကို မည်သူမျှ မသိကြဘဲ၊ မည်သည့်နေရာတွင် သေမည်ဆိုသည်ကို သာ၍ပင် မသိပေ။ သိသိသာသာပင်၊ သေခြင်းနှင့်ရှင်ခြင်း၏ တန်ခိုးကို စွဲကိုင်ထားသည်မှာ လူသားမျိုးနွယ် မဟုတ်၊ သဘာဝလောကထဲက သတ္တဝါတစ်ခုမဟုတ်ဘဲ၊ ဩဇာအာဏာ အတုမရှိသည့် ဖန်ဆင်းရှင် ဖြစ်ပေသည်။ လူသားမျိုးနွယ်၏ ရှင်ခြင်းနှင့် သေခြင်းသည် သဘာဝလောက၏ နိယာမတစ်ခု၏ ရလဒ်မဟုတ်ဘဲ၊ ဖန်ဆင်းရှင်၏ ဩဇာအာဏာနှင့်ဆိုင်သော အချုပ်အခြာအာဏာ၏ အကျိုးဆက်တစ်ရပ် ဖြစ်သည်။

### ၂။ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို မသိသူသည် သေရမည်ကို ကြောက်ရွံ့ခြင်း၏ခြောက်လှန့်မှုကို ခံရလိမ့်မည်

လူတစ်ယောက်သည် အိုမင်းသည့်အရွယ် ရောက်လာသည့်အခါ သူရင်ဆိုင်ရသည့် စိန်ခေါ်မှုက မိသားစုကို ထောက်ပံ့ခြင်း သို့မဟုတ် ဘဝတွင် သူ၏ကြီးကျယ်သည့် ရည်ရွယ်ချက်များကို တည်ဆောက်ခြင်း မဟုတ်ဘဲ၊ မိမိ၏ဘဝကို မည်သို့နှုတ်ဆက်မည်၊ မိမိဘဝ နိဂုံးကို မည်သို့ရင်ဆိုင်မည်၊ မိမိဘဝ၏ ဝါကျအဆုံး၌ ပုဒ်မ မည်သို့ချရမည် စသည်တို့ ဖြစ်သည်။ အပေါ်ယံတွင် လူတို့က သေခြင်းကို သိပ်အာရုံမစိုက်ဟု ထင်ရသော်လည်း သေခြင်း၏ ဝေးကွာသည့်တစ်ဖက်တွင် လူသားတို့ မသိရှိနိုင် သို့မဟုတ် မခံစားနိုင်သည့်၊ သူတို့ လုံးဝမသိသည့် တစ်ခြားကမ္ဘာတစ်ခု တည်ရှိနေခြင်း ရှိမရှိကို မည်သူမျှ မသိသည့်အတွက် ဤအကြောင်းအရာကို စူးစမ်းရှာဖွေခြင်းအား မည်သူမျှ ရှောင်လွှဲ မရနိုင်ပေ။ ဤအရာက လူတို့ကို သေခြင်းနှင့် ထိပ်တိုက်၊ ၎င်းတို့ ရင်ဆိုင်သင့်သည့်အတိုင်း ရင်ဆိုင်ဖို့ ကြောက်လန့်စေသည်။ ထိုသို့ရင်ဆိုင်မည့်အစား၊ ဤအရာကို ရှောင်ကြဉ်ဖို့ အစွမ်းကုန် ကြိုးစားကြသည်။ ထို့ကြောင့် လူတိုင်းက သေခြင်းနှင့် ပတ်သက်ပြီး ထိတ်လန့်မှုဖြင့် ပြည့်နေကြပြီး လူတိုင်း၏ နှလုံးသားတွင် အမြဲတမ်းတည်ရှိနေသည့် အရိပ်တစ်ခု ပေါ်ထွက်စေရင်း ဤရှောင်ကွင်းလို့မရသည့် ဘဝ၏ အမှန်တရားတွင် နားမလည် နိုင်သော ဖုံးကွယ်မှုအား ဖြည့်ကြလေသည်။

လူတစ်ယောက်သည် မိမိ၏ကိုယ်ခန္ဓာ ယိုယွင်းပျက်စီး လာသည်ကို ခံစားရသည့်အခါ သေခြင်းနှင့် နီးနေပြီဖြစ်ကြောင်း သိမြင်ခံစားရသည့်အခါ မရေရာသည့် ထိတ်လန့်မှု၊ ဖော်ပြလို့မရသည့် ကြောက်ရွံ့ခြင်းတို့ကို ခံစားရသည်။ သေခြင်းကို ကြောက်ရွံ့မှုသည် လူတစ်ယောက်ကို သာ၍အထီးကျန်ပြီး ခိုကိုးရာမဲ့ခြင်းကို ခံစားရစေသည်။ ဤအချိန်တွင် မိမိကိုယ်ကိုယ်- လူသည် အဘယ်က လာသနည်း။ လူသည် ဘယ်ကိုသွားမည်နည်း။ ၎င်း၏ဘဝက လေပြေလေးအလား ၎င်းကိုကျော်ဖြတ်သွားရင်း ဤပုံစံနှင့် လူက သေမည်လော။ ဤကား လူ၏ ဘဝအဆုံးကို အမှတ်သညာပြုသည့် ကာလလော။ အဆုံး၌ ဘဝ၏ အဓိပ္ပါယ်က အဘယ်နည်း။ နောက်ဆုံးတွင် ဘဝတန်ဖိုးမှာ အဘယ်နည်း။ ကျော်ကြားမှုနှင့် စည်းစိမ်လော။ မိသားစုကို ပြုစုပျိုးထောင်ခြင်း လောဟု မေးသည်။...လူတစ်ယောက်က ဤတိကျသည့် မေးခွန်းများကို တွေးမိခြင်း ရှိမရှိဆိုသည်နှင့် မသက်ဆိုင်ဘဲ၊ လူတစ်ယောက်က သေခြင်းကို မည်မျှ နက်နက်နဲနဲ ကြောက်သည်နှင့် မသက်ဆိုင်ဘဲ၊ လူတိုင်း၏ နှလုံးသား နက်ရှိုင်းရာထဲတွင်၊ ဘဝနှင့်ပတ်သက်ပြီး နားလည်သဘောပေါက်ခြင်းမရှိသည့် ခံစားချက်နှင့်၊ ဤအရာများနှင့် ရောနှောပြီး လောကကြီးနှင့်ပတ်သက်ပြီး တွယ်တာမှု၊ ထွက်ခွာဖို့ ဝန်လေးမှုတစ်ခုတို့ကို နက်နဲမှုများကို စူးစမ်းစစ်ဆေးဖို့ ဆန္ဒတစ်ခု အမြဲတမ်းရှိနေသည်။ လူသား ကြောက်သည့်အရာက

အဘယ်အရာ ဖြစ်သည်၊ လူသားရှာဖွေသည့်အရာမှာ အဘယ်အရာဖြစ်သည်၊ ၎င်းတွယ်တာနေသည့်အရာက အဘယ်အရာဖြစ်သည်ဆိုသည်နှင့် အဘယ်အရာကို ထားခဲ့ဖို့ ဝန်လေးသည်ဆိုသည်ကို မည်သူမျှ ရှင်းရှင်းလင်းလင်း မရှင်းပြနိုင်ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

လူတို့သည် သေခြင်းကို ကြောက်ရွံ့သောကြောင့် ၎င်းတို့၌ များလှစွာသော စိုးရိမ်ပူပန်မှုများ ရှိကြ၏။ လူတို့သည် သေခြင်းကို ကြောက်ရွံ့သောကြောင့် ၎င်းတို့ လက်မလွှတ်နိုင်သည့်အရာ အလွန်များစွာရှိလေသည်။ ၎င်းတို့ သေခါနီးတွင်၊ လူအချို့က ဟိုအရာ သည်အရာ စိုးရိမ်ပူပန်လာသည်။ ၎င်းတို့၏ ကလေးများ၊ ၎င်းတို့ ချစ်ရသူများ၊ ၎င်းတို့၏ ချမ်းသာကြွယ်ဝမှုများကို စိတ်ပူပန်သည်။ စိတ်ပူခြင်းအားဖြင့် သေခြင်းက သယ်ဆောင်လာသည့် ဆင်းရဲဒုက္ခနှင့် ထိတ်လန့်မှုတို့ကို ၎င်းတို့ ချေဖျက်နိုင်ကြသည့်အလား၊ သက်ရှိတို့နှင့် ရင်းနှီးမှုကို ထိန်းသိမ်းခြင်းအားဖြင့် သူတို့သည် သေခြင်းနှင့်အတူပါလာသည့် ခိုကိုးရာမဲ့ခြင်းနှင့် အထီးကျန်ခြင်းမှ ၎င်းတို့ လွတ်မြောက် နိုင်ကြသည့်အလား ဖြစ်လေသည်။ လူသား၏နှလုံးသား အတွင်းထဲတွင် မပီပြင်သည့် ကြောက်ရွံ့မှု၊ ချစ်ရသူများနှင့် ခွဲခွာရမည့် ကြောက်ရွံ့မှု၊ အပြာရောင်ကောင်းကင်ကို ဘယ်သောအခါမှ မကြည့်ရတော့မည့်၊ ရုပ်ဝတ္ထုကမ္ဘာကို ဘယ်သောအခါမှ နောက်တစ်ကြိမ် မကြည့်ရတော့မည့် ကြောက်ရွံ့မှုမျိုး တည်ရှိနေသည်။ ၎င်းချစ်ရသည့်သူများနှင့် အဖော်လုပ်လေ့ရှိသော အထီးကျန်သည့် ဝိညာဉ်သည် ၎င်း၏ ဆုပ်ကိုင်မှုကို လက်လွှတ်ပြီး မသိမမြင်သည့်၊ အကျွမ်းမဝင်သည့် လောကကို တစ်ကိုယ်တည်းသွားဖို့ ဝန်လေးနေပေသည်။

## ၃။ အောင်မြင်မှုနှင့် စည်းစိမ်တို့ကို ရှာဖွေရင်းနှင့် ကုန်ဆုံးသည့်ဘဝသည် သေခြင်းနှင့် ရင်ဆိုင်ရသည့်အခါ ဘာလုပ်ရမှန်းမသိ ဖြစ်စေသည်

ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့် ကြိုတင်ပြဋ္ဌာန်းခြင်း တို့ကြောင့် သူ့အမည်တွင် ဘာမှ မရှိခြင်းမှ စတင်လာသည့် အထီးကျန် ဝိညာဉ်သည် မိဘနှင့် မိသားစုကို ရရှိလာသည်။ လူသားမျိုးနွယ်ဝင်တစ်ယောက် ဖြစ်ဖို့အခွင့်အရေး၊ လူသားဘဝကို ကြုံတွေ့ဖို့နှင့် လောကကို မြင်ဖို့အခွင့်အရေးကို ရရှိလေ၏။ ဤဝိညာဉ်သည်ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ကြုံတွေ့ဖို့၊ ဖန်ဆင်းရှင်၏ ဖန်ဆင်းခြင်းနှင့်ဆိုင်သော ထူးခြား ဆန်းပြားမှုတွေကို သိရှိဖို့၊ ယင်းထက် ဖန်ဆင်းရှင်၏ ဩဇာအာဏာကို သိပြီး ဝန်ခံလာဖို့ရန် အခွင့်အရေးလည်း ရရှိပေသည်။ သို့သော် လူအများစုက ဤကဲ့သို့ ရှားပါးပြီး ခဏတဖြုတ်ဖြစ်သည့် အခွင့်အရေးကို အမှန်တကယ် မဖမ်းဆုပ်ကြပါ။ ကံကြမ္မာကို ဆန့်ကျင်တိုက်ခိုက်ရင်း

ဘဝတစ်ခုလုံးနှင့်တန်သည့် စွမ်းအင်များကို သုံးပစ်ကြသည်။ မိသားစုကို ကျွေးမွေးဖို့ ကြိုးစားရင်း လှုပ်ရှားရုန်းကန်ရင်း၊ ချမ်းသာခြင်းနှင့် အဆင့်အတန်းအကြားတွင် အပြန်အလှန် ကူးသန်းသွားလာရင်း အချိန်အားလုံး ကုန်ဆုံးရသည်။ လူတို့ တန်ဖိုးထားသည့် အရာတို့ သည် မိသားစု၊ ငွေနှင့် ကျော်ကြားမှုများ ဖြစ်သည်။ ဤအရာတို့ကို ဘဝ၌ တန်ဖိုးအရှိဆုံး အရာများအဖြစ် မြင်ကြသည်။ လူအားလုံးက ၎င်းတို့၏ကံကြမ္မာနှင့်ပတ်သက်ပြီး ညည်းညူကြသည်။ သို့သော်လည်း ဆန်းစစ်ပြီး သိနားလည်ဖို့ အရေးအပါဆုံးသော ကိစ္စရပ်များကို ၎င်းတို့ မသိကျိုးကျွန်ပြုထားကြဆဲဖြစ်၏- လူသားက အဘယ်ကြောင့်အသက်ရှင်သည်၊ မည်သို့အသက်ရှင်သင့်သည်၊ ဘဝ၏တန်ဖိုးနှင့် အဓိပ္ပါယ်က အဘယ်အရာဖြစ်သည် စသည်တို့ဖြစ်သည်။ ၎င်းတို့ နှစ်မည်မျှကြာပါစေ၊ ၎င်းတို့၏ ပျိုမျစ်ခြင်း ကုန်ဆုံးသွားသည်အထိ၊ ၎င်းတို့သည် ဆံပင်ဖြူပြီး အသားအရေ တွန့်လိပ်လာသည့်အထိ၊ ကျော်စောမှုနှင့် ဥစ္စာပစ္စည်းကို ရှာဖွေရင်း ပြေးလွှားခြင်းဖြင့်သာ ၎င်းတို့ဘဝတစ်ခုလုံးကို ကုန်ဆုံးကြလေသည်။ ကျော်စောမှုနှင့် ဥစ္စာပစ္စည်းတို့က ဇရာထောင်းခြင်းဘက်သို့ မိမိတို့ ရွေ့လျှောခြင်းကို မရပ်တန့်နိုင်ကြောင်း၊ ငွေက နှလုံးသား၏ လစ်ဟာနေခြင်းကို မဖြည့်ဆည်းပေးနိုင်ကြောင်း၊ မည်သူမျှ မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်းနှင့် သေခြင်းတို့၏ နိယာမများမှ မကင်းလွတ်နိုင်ကြောင်း၊ ကံကြမ္မာက အဆင်သင့်ထားရှိသောအရာမှ မည်သူမျှ မလွတ်မြောက် နိုင်ကြောင်းကို ၎င်းတို့နားလည်သည်အထိ ဤနည်းဖြင့် အသက်ရှင်ကြလေသည်။ ၎င်းတို့သည် ဘဝ၏ နောက်ဆုံးအဆင့်ကို ရင်ဆိုင်ဖို့ ဖိအားပေးခံရသည့်အခါမှသာ လူတစ်ယောက်က အလွန်ကြီးမားသော ချမ်းသာကြွယ်ဝမှုနှင့် ကြီးကျယ်သော ဥစ္စာပစ္စည်းများ ပိုင်ဆိုင်နေသည့်တိုင်၊ အခွင့်ထူးခံဖြစ်ပြီး အဆင့်အတန်းမြင့်မားနေသည့်တိုင် သေခြင်းကို မလွတ်မြောက် နိုင်သကဲ့သို့ လူတိုင်း မိမိ၏မူလအနေအထားဖြစ်သော အဘယ်အရာမျှ မပိုင်သည့် တစ်ကိုယ်တည်းသော ဝိညာဉ် တစ်ခုသို့ ပြန်သွားရလိမ့်မည်ဟူသည်ကို သူတို့အမှန်တကယ် နားလည်ကြ လေသည်။ လူတို့သည် မိဘများ ရှိသည့်အခါ ၎င်းတို့၏ မိဘများက အရာရာဖြစ်သည်ဟု ယုံကြည်ကြသည်။ ပိုင်ဆိုင်မှုများရှိသည့်အခါ ငွေသည် အဓိကအစိတ်အပိုင်းဖြစ်သည်၊ အသက်ရှင်သည့် နည်းလမ်း တစ်ခုဖြစ်သည်ဟု ထင်မြင်ကြသည်။ လူတို့သည် အဆင့်အတန်း ရှိသည့်အခါ ထိုအရာအပေါ်မှာ စွဲမြဲစွာ ဖက်တွယ်ပြီး ယင်းအတွက် ၎င်းတို့၏ အသက်ကို စွန့်စားကြလေသည်။ လူတို့က ဤကမ္ဘာကို လက်လွှတ်ရတော့မည့် အချိန်မှသာ ၎င်းတို့ဘဝ၏ အချိန်များကို အသုံးချပြီး ကြိုးစားရှာဖွေခဲ့သည့် ဤအရာများသည် ခဏတစ်ဖြုတ် တိမ်တိုက်များသာ ဖြစ်ကြောင်း၊ ၎င်းတို့စွဲကိုင်ထားနိုင်သည့် မည်သည့်အရာမှ မရှိကြောင်း၊

၎င်းတို့နှင့်အတူ ယူသွားနိုင်သည့် မည်သည့်အရာမျှမရှိကြောင်း၊ မည်သည့်အရာကမှ ၎င်းတို့ကို သေခြင်းမှ ကင်းလွတ်အောင် မလုပ်နိုင်ကြောင်း၊ အထီးကျန်သည့် ဝိညာဉ်ကို သူ့အပြန်လမ်းမှာ မည်သူကမှ အဖော်လုပ်ပြီး နှစ်သိမ့်မပေးနိုင်ကြောင်း သိမြင်လေ၏။ အဆိုးဆုံးက ဤအရာများထဲမှ မည်သည့်အရာကမှ လူတစ်ယောက်ကို မကယ်တင်နိုင်သကဲ့သို့ သေခြင်းကို မကျော်လွှန်စေနိုင်ပေ။ ဤရုပ်ဝတ္ထုလောကတွင် လူတစ်ယောက်ရသည့် အောင်မြင်မှုနှင့် စည်းစိမ်တို့သည် ယာယီစိတ်ကျေနပ်မှု၊ ခဏတာ သာယာမှု၊ အတုအယောင် စိတ်သက်သာစေမှုတို့ကိုပေးပြီး ရေရှည်တွင် လမ်းပျောက်စေပါသည်။ ထို့ကြောင့် လူတို့သည် ငြိမ်းချမ်းမှု၊ စိတ်သက်သာရာရမှု၊ ငြိမ်းအေးမှုတို့ကို လိုလားတောင့်တရင်း လူသားမျိုးနွယ်၏ ကျယ်ပြန့်သည့် ပင်လယ်ကြီးထဲ ယက်ကန်ယက်ကန်ဖြစ်နေရင်း လှိုင်းလုံးများဖြင့် အဖန်ဖန် လွှမ်းမိုး ခံရလေသည်။ ၎င်းတို့ဘယ်ကလာသည်၊ အဘယ်ကြောင့် အသက်ရှင်နေသည်၊ ဘယ်ကိုသွားနေသည်စသည်တို့ကို နားလည်ဖို့ အရေးအကြီးဆုံး မေးခွန်းများကို လူတို့ အဖြေ မထုတ်နိုင်သေးချိန်တွင် သူတို့သည် အောင်မြင်မှုနှင့် စည်းစိမ်များ အားဖြင့် ဆွဲဆောင်ခံရပြီး၊ လှည့်စားခံရကာ၊ ဤအရာများနှင့် ထိန်းချုပ်ခံရပြီး နောက်ဆုံး ဆုံးရှုံးကြရသည်။ အချိန်က ကုန်မြန်လွန်းသည်။ မျက်စိတစ်မှိတ်အတွင်း နှစ်များ ကုန်ဆုံး သွားသည်။ သတိမပြုလိုက်မိခင်မှာ သူ့ဘဝ၏ အကောင်းဆုံး နှစ်များကို နှုတ်ဆက်လိုက်ရသည်။ လူတစ်ယောက်သည် မကြာခင် လောကကြီးမှ ထွက်ခွာရတော့မည့်အချိန်တွင်၊ လောကကြီးတွင် ရှိသည့် အရာအားလုံးသည် အဝေးကို ရွေ့သွားနေသည်၊ မူလက ၎င်းပိုင်ဆိုင်ခဲ့သည့် အရာများကို ထပ်ပြီး ကိုင်စွဲမထားနိုင်သည်ကို တဖြည်းဖြည်း နားလည်လာလေသည်။ ထိုအခါလောကထဲ အခုလေးတင် ဝင်ရောက်လာသည့် အော်ဟစ်ငိုယိုနေသည့် မွေးကင်းစကလေး တစ်ယောက်ကဲ့သို့ အဘယ်အရာမျှ မပိုင်ဆိုင်သေးသည်ကို အမှန်တကယ် ခံစားလိုက်ရသည်။ ဤအချိန်တွင် ၎င်းသည် ဘဝမှာ မည်သည့်အရာ လုပ်ဆောင်ခဲ့သည်၊ အသက်ရှင်ရခြင်းက အဘယ်တန်ဖိုးရှိသည်၊ ဘဝက မည်သည့်အရာကို ဆိုလိုသည်၊ လောကထဲသို့ အဘယ်ကြောင့် ရောက်လာသည်ဆိုသည်တို့ကို ဆင်ခြင်သုံးသပ်ဖို့ ဖြစ်လာရသည်။ ဤအချိန်တွင် နောင်ဘဝ တကယ်ရှိမရှိ၊ ကောင်းကင်ဘုံက တကယ်ရှိမရှိ၊ အပြစ်ဒဏ်ခံရခြင်း တကယ်ရှိမရှိ ဆိုသည်တို့ကို ပိုပြီးသိချင်လာသည်။ သေခြင်းနှင့် နီးကပ်လာလေ၊ ဘဝက အမှန်တကယ် မည်သည့်အရာဖြစ်သည်ကို ပိုပြီး နားလည်ချင် လာလေဖြစ်၏၊ သေခြင်းနှင့် နီးကပ်လာလေ၊ နှလုံးသားက ဗလာနတ္တိ ထင်ရလေဖြစ်သည်၊ သေခြင်းနှင့် နီးကပ်လာလေ၊ အကူအညီမဲ့သကဲ့သို့ ပိုပြီး ခံစားရလေ ဖြစ်သည်။ ထို့ကြောင့် သေခြင်းကို ကြောက်ရွံ့မှုသည် တစ်နေ့ပြီးတစ်နေ့ ပိုမိုကြီးမား

လာလေသည်။ လူတို့သည် သေခြင်းနှင့် နီးကပ်လာသည်နှင့်အမျှ ၎င်းတို့အထဲ ထိုသို့သော ခံစားချက်များ ထင်ရှားလာရခြင်း အကြောင်းရင်း နှစ်ခု ရှိပေသည်။ ပထမအချက်က ၎င်းတို့၏ ဘဝများ အမှီပြုခဲ့သည့် ကျော်ကြားခြင်းနှင့် ချမ်းသာခြင်းတို့ကို ၎င်းတို့ ဆုံးရှုံးရတော့မည်။ လောကမှာ မြင်နိုင်သည့် အရာများ အားလုံးကို ထားခဲ့ရတော့မည်ဖြစ်သည်။ ဒုတိယအချက်က သူတို့ ခြေချဖို့ ကြောက်ရွံ့သည့်နေရာ၊ ချစ်ခင်ရသည့်သူများနှင့် ကူညီ ထောက်ပံ့မှုများ မရှိသည့်နေရာဖြစ်သည့် သူတို့နှင့် မရင်းနှီး သည့်လောက၊ ဆန်းကြယ်ပြီး မသိမြင်နိုင်သည့် နယ်ပယ်တစ်ခုကို တစ်ယောက်တည်း ရင်ဆိုင်ရတော့မည် ဖြစ်ပေသည်။ ဤအကြောင်းရင်း နှစ်ချက်ကြောင့် သေခြင်းကို ရင်ဆိုင် ရသူတိုင်းသည် စိတ်မသက်သာမှုကို ခံစားရသည်။ ယခင်က တစ်ခါမှ မသိဖူးသည့် ထိတ်လန့်မှုနှင့် အကူအညီမဲ့သည့် ခံစားမှုကို ကြုံတွေ့ကြရသည်။ တစ်စုံတစ်ဦးသည် ဤအခြေအနေသို့ အမှန်တကယ် ရောက်လာသည့်အခါမှသာ လူတစ်ယောက် ကမ္ဘာမြေကြီးပေါ်မှာ ခြေချသည်နှင့်တစ်ပြိုင်နက် ၎င်းနားလည်ရမည့် ပထမဆုံးအရာက လူသား မည်သည့်အရပ်ကလာသည်၊ အဘယ်ကြောင့် လူများ အသက်ရှင်နေကြသည်၊ လူသားကံကြမ္မာကို မည်သူ ချမှတ်သည်ဆိုသည်နှင့် လူသားတို့ တည်ရှိခြင်းအတွက် အဘယ်သူ ပံ့ပိုးပြီး အချုပ်အခြာအာဏာ ရှိသည်ဆိုသည်တို့ ဖြစ်သည်ကိုသိမြင်လာသည်။ ဤအသိပညာသည် လူအသက်ရှင်သည့် စစ်မှန်သည့် နည်းလမ်း၊ လူသား ရှင်သန် ရပ်တည်ရေးအတွက် မဖြစ်မနေ လိုအပ်သည့် အခြေခံဖြစ်လေသည်။ မိသားစုကို မည်သို့ထောက်ပံ့ရမည် သို့မဟုတ် ကျော်ကြားမှုနှင့် ချမ်းသာမှုကို မည်သို့ ရယူရမည် စသည်တို့ကို သင်ယူခြင်း မဟုတ်ပေ။ တစ်ခြားလူတွေထက် မည်သို့ထူးချွန်အောင်နှင့် အောင်မြင်စွာပြီးမြောက်အောင် မည်သို့လုပ်ရမည်ကို သင်ယူခြင်း ဖြစ်ဖို့နေနေသာသာ၊ လူအုပ်ထဲမှ မည်သို့ထင်ပေါ်အောင် လုပ်ရမည် သို့မဟုတ် ပိုပြီး ချမ်းသာသည့် ဘဝကို မည်သို့နေထိုင်ရမည် ဆိုသည်တို့ကို သင်ယူခြင်း မဟုတ်ပေ။ လူတို့သည် ၎င်းတို့၏ ဘဝအချိန် များကို အသုံးချပြီး ကျွမ်းကျင်အောင် သင်ယူခဲ့သည့် ရှင်သန်ရပ်တည်ရေး ကျွမ်းကျင်မှု အမျိုးမျိုးတို့က ရုပ်ဝတ္ထုဆိုင်ရာ ဇိမ်ခံစရာများကို အလျှံပယ် ပေးနိုင်သော်လည်း နှစ်သိမ့်မှုနှင့် စစ်မှန်သည့်ငြိမ်းချမ်းမှုတို့ကို နှလုံးသားဆီသို့ ဘယ်သောအခါမှ မဆောင်ကြဉ်းပေ၊ ယင်းအစား လူတို့ကို စဉ်ဆက်မပြတ် ၎င်းတို့၏ ဦးတည်ချက်များ ပျောက်ဆုံးစေသည်။ ၎င်းတို့ကိုယ်၎င်းတို့ ထိန်းချုပ်ဖို့ ခက်ခဲစေသကဲ့သို့ ဘဝ၏အဓိပ္ပါယ်ကို သင်ယူဖို့ အခွင့်အလမ်းတိုင်းကို လွဲချော်စေလေသည်။ ဤရှင်သန်ရေး ကျွမ်းကျင်မှုများက သေခြင်းကို မည်သို့ သင့်လျော်စွာ ရင်ဆိုင်ရမည်နှင့်ပတ်သက်၍ အံ့ပုန်း ပူဆွေးသောကတစ်ခုကို ဖန်တီးလေသည်။ ဤနည်းလမ်းနှင့် လူတို့၏ ဘဝများ ပျက်စီးရသည်။ ဖန်ဆင်းရှင်က သူ၏

အချုပ်အခြာအာဏာကို ကြုံတွေ့ပြီး သိရှိဖို့ လူတိုင်းကို တစ်ဘဝလုံးစာ ထိုက်တန်သည့် အခွင့်အလမ်းများပေးပြီး လူတိုင်းကို မျှတစွာ ပြုမူဆက်ဆံသည်။ သို့တိုင် တစ်ဦးတစ်ယောက်သည် အလင်းကို စမြင်လာသည်မှာ သေခြင်းက နီးကပ်လာသည့် အခါမှသာ၊ သေခြင်း၏ ခြောက်လှန့်မှုက ဘွားခနဲ ပေါ်လာသည့်အခါမှသာ ဖြစ်သည်- ထိုအခါ အလွန်နောက်ကျသွားပြီဖြစ်သည်။

လူတို့သည် ငွေနှင့် ကျော်စောမှုနောက်လိုက်ရင်း မိမိတို့၏ ဘဝကို ကုန်ဆုံးကြသည်။ ၎င်းတို့သည် ထိုအရာများက ၎င်းတို့၏ တစ်ခုတည်းသော အထောက်အပံ့ နည်းလမ်းဟု တွေးထင်ရင်း၊ ထိုအရာများကို ရှိခြင်းအားဖြင့် ၎င်းတို့ အသက်ဆက်ရှင် နိုင်သည့်အလား၊ သေခြင်းမှ လွတ်ကင်းစေနိုင်မည့်အလား ဤကောက်ရိုးမျှင်များကို ဖမ်းဆုပ်ထားကြလေသည်။ သို့သော် သူတို့သည် သေရတော့မည်အချိန်မှသာ ဤအရာများသည် သူတို့ထံမှ မည်မျှဝေးကွာသည်၊ သေခြင်းနှင့် ရင်ဆိုင်ရာ၌ ၎င်းတို့မည်မျှ အားနည်းသည်၊ ၎င်းတို့ မည်မျှလွယ်လွယ် ကျိုးပဲ့ကြေမွသည်၊ ဘယ်ကိုမှ သွားစရာမရှိဘဲ ၎င်းတို့ မည်မျှ အထီးကျန်ပြီး အကူအညီမဲ့နေသည်ကို နားလည်သဘောပေါက် ကြသည်။ ဘဝသည် ငွေ သို့မဟုတ် ကျော်စောမှုတို့ဖြင့် ဝယ်၍မရနိုင်ကြောင်း၊ လူတစ်ယောက်သည် မည်မျှ ချမ်းသာ ကြွယ်ဝပါစေ၊ ၎င်းတို့၏ အဆင့်အတန်းက မည်မျှ မြင့်မားပါစေ လူအားလုံးသည် သေခြင်းနှင့် ရင်ဆိုင်ရာ၌ ညီတူညီမျှ သနားစရာကောင်းပြီး အရေးမပါကြောင်းတို့ကို သူတို့ နားလည်သဘောပေါက်ကြသည်။ ငွေက အသက်ကို မဝယ်ယူနိုင်ကြောင်း၊ ကျော်စောမှုက သေခြင်းကို မချေဖျက်နိုင်ကြောင်း၊ ငွေ သို့မဟုတ် ကျော်စောမှုက လူတစ်ယောက်၏ဘဝကို တစ်မိနစ်၊ တစ်စက္ကန့်မျှ ဆွဲဆန့်မပေးနိုင်ကြောင်းကို ၎င်းတို့ နားလည်သဘောပေါက်ကြသည်။ လူတို့သည် ဤကဲ့သို့ ခံစားရလေ၊ ဆက်လက်ရှင်သန်ရဖို့ တမ်းတလေဖြစ်သည်။ ဤကဲ့သို့ ပိုခံစားရလေ၊ သေခြင်းနီးကပ် လာခြင်းကို ပိုမို ထိတ်လန့်လေ ဖြစ်သည်။ ဤအချိန်မှသာ ၎င်းတို့၏ဘဝကို ၎င်းတို့မပိုင်ကြောင်း၊ ၎င်းတို့၏ ထိန်းချုပ်မှုတွင် မရှိကြောင်းနှင့် သေဖို့ဖြစ်စေ ရှင်ဖို့ဖြစ်စေ မိမိတို့ ဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း- ဤအရာအားလုံးက မိမိ၏ ထိန်းချုပ်မှု ပြင်ပတွင် ရှိကြောင်းကို အမှန်တကယ် နားလည် လေသည်။

## ၄။ ဖန်ဆင်းရှင်၏ အုပ်စိုးမှုအောက်သို့ လာပြီး သေခြင်းကို တည်ငြိမ်စွာ ရင်ဆိုင်လော့

လူတစ်ယောက် မွေးဖွားသည့် အခိုက်အတန့်တွင် အထီးကျန်သည့် ဝိညာဉ်တစ်ခုသည် ကမ္ဘာမြေကြီးပေါ်က ဘဝအတွေ့အကြုံ၊ ဖန်ဆင်းရှင် ၎င်းအတွက် စီစဉ်ပေးထားသည့် ဖန်ဆင်းရှင်၏ သြဇာအာဏာနှင့်ဆိုင်သည့် ၎င်း၏ အတွေ့အကြုံကို စတင်လေသည်။

ပြောစရာမလိုသည်မှာ ဤလူအတွက်၊ ဝိညာဉ်အတွက်၊ ဤသည်မှာ ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာနှင့်ဆိုင်သည့် အသိပညာကို ရရှိဖို့ သူ၏ ဩဇာအာဏာကို သိရှိလာပြီး ကိုယ်တိုင် တွေ့ကြုံရဖို့ အလွန်ကောင်းမွန်သော အခွင့်အရေးဖြစ်ပါသည်။ လူတို့သည် ဖန်ဆင်းရှင်က ၎င်းတို့အတွက် ချပေးခဲ့သည့် ကံကြမ္မာ၏ နိယာမများအတွင်း နေထိုင်ကြပြီး အသိစိတ်ရှိသည့် အကျိုးအကြောင်း ဆက်စပ်တွေးခေါ်တတ်သည့် မည်သူမဆိုအတွက် ၎င်းတို့ဘဝ၏ ဆယ်စုနှစ်များတစ်လျှောက် ဖန်ဆင်းရှင်၏ အခွင့်အာဏာကိုသိပြီး သူ၏ အချုပ်အခြာအာဏာကို နားလည်သိမြင်ဖို့က ခက်ခဲသည့်အရာ မဟုတ်ပေ။ ထို့ကြောင့် အချို့သောဆယ်စုနှစ်များတစ်လျှောက် လူတို့၏ ကိုယ်ပိုင် ဘဝအတွေ့အကြုံများမှတဆင့် လူတိုင်းအတွက် လူသား၏ ကံကြမ္မာအားလုံးသည် ကြိုတင်ပြဋ္ဌာန်းထားသည်ကို သတိပြုမိဖို့ အလွန်လွယ်ကူသင့်ပြီး အသက်ရှင်ဖို့ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုကြောင်း သဘောပေါက်ဖို့ သို့မဟုတ် ခြုံငုံဆန်းစစ်ဖို့ လွယ်ကူသင့်ပေသည်။ ဤဘဝသင်ခန်းစာများကို လက်ခံသည်နှင့် အမျှ ဘဝက မည်သည့်နေရာမှလာသည်ကို တဖြည်းဖြည်း နားလည်လာလိမ့်မည်၊ နှလုံးသားက မည်သည့်အရာ အမှန်တကယ် လိုအပ်သည်၊ မည်သည့်အရာက မှန်ကန်သည့် ဘဝလမ်းကြောင်း ဆီသို့ ဦးဆောင်လိမ့်မည် ဆိုသည်နှင့်၊ လူသားဘဝ၏ တာဝန်နှင့် ပန်းတိုင်က မည်သည့်အရာ ဖြစ်သင့်သည်ဆိုသည်တို့ကို တဖြည်းဖြည်း သဘောပေါက်လာလိမ့်မည်။ ဖန်ဆင်းရှင်ကို မကိုးကွယ်လျှင်၊ သူ၏အုပ်စိုးမှုအောက်ကို မလာလျှင်၊ သေခြင်းနှင့် ရင်ဆိုင်ဖို့ အချိန်ကျလာသည့်အခါ၊ ဝိညာဉ်က ဖန်ဆင်းရှင်ကို နောက်တစ်ကြိမ် ရင်ဆိုင်ရတော့မည့်အခါ၊ ၎င်း၏နှလုံးသားသည် အကန့်အသတ်မရှိသည့် ထိတ်လန့်မှုနှင့် စိတ်မသက်မသာမှုများ ပြည့်နေမည်ကို တဖြည်းဖြည်း သတိပြုမိလာပါလိမ့်မည်။ လူတစ်ယောက်သည် ကမ္ဘာပေါ်တွင် ဆယ်စုနှစ်များစွာ ရှိခဲ့ပြီး လူသားဘဝက မည်သည့်အရပ်ကလာသည်ဆိုသည်ကို နားမလည် သကဲ့သို့ လူသားကံကြမ္မာက မည်သူ၏ လက်ထဲ၌ ရှိသည်ဆိုသည်ကို သတိမပြုမိသေးပါက၊ သေခြင်းကို တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင် နိုင်မည်မဟုတ်သည်မှာ အံ့ဩစရာမရှိပေ။ ၎င်းတို့၏ လူ့ဘဝ ဆယ်စုနှစ် အတွေ့အကြုံများ၌ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာ ဆိုင်သည့် သိနားလည်မှု ရရှိပြီးသူသည် ဘဝ၏ အဓိပ္ပါယ်နှင့် တန်ဖိုးအတွက် မှန်ကန်သည့် အသိအမှတ်ပြု တန်ဖိုးထားမှု ရှိသည့်သူဖြစ်သည်။ ထိုသို့သော လူသည် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့်ဆိုင်သော စစ်မှန်သည့် အတွေ့အကြုံနှင့် သိနားလည်မှုတို့နှင့်အတူ ဘဝရည်ရွယ်ချက်နှင့်ဆိုင်သည့် နက်ရှိုင်းသော အသိပညာတစ်ခု ရှိသကဲ့သို့၊ ထို့ထက်ပို၍ ဖန်ဆင်းရှင်၏ ဩဇာအာဏာကို ကျိုးနွံနာခံနိုင်လေသည်။ ထိုသို့သော လူသည် လူသားမျိုးနွယ်ကို ဘုရားသခင်ဖန်ဆင်းခြင်း၏

အခိပ္ပါယ်ကို နားလည်သည်။ လူသားသည် ဖန်ဆင်းရှင်ကို ကိုးကွယ်သင့်သည်၊ လူသားပိုင်ဆိုင်သည့် အရာရာတိုင်းက ဖန်ဆင်းရှင်ဆီကလာပြီး သိပ်မဝေးလှသည့် အနာဂတ်တစ်နေ့တွင် သူ့ထံသို့ ပြန်သွားလိမ့်မည်ဆိုသည်ကို နားလည်သည်။ ဤလိုလူမျိုးသည် ဖန်ဆင်းရှင်က လူသား၏ မွေးဖွားမှုကို စီစဉ်ပြီး လူသား၏ သေဆုံးမှုအပေါ်မှာ အချုပ်အခြာ အာဏာ ရှိသည်၊ ရှင်ခြင်းနှင့် သေခြင်းနှစ်ခုလုံးသည် ဖန်ဆင်းရှင်၏ ဩဇာအာဏာအားဖြင့် ကြိုတင်ပြဋ္ဌာန်းထားခြင်းဖြစ်သည်ကို နားလည်သည်။ ထို့ကြောင့် ဤအရာများကို အမှန်တကယ် သဘောပေါက်သည့်အခါ သေခြင်းကို ကျိုးကြောင်းမမြင်ဘဲ ထိတ်လန့်ခြင်းနှင့် ဆန့်ကျင်ရုန်းကန်ခြင်းထက် သေခြင်းကို တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်နိုင်လာသည်၊ လောကီ ပိုင်ဆိုင်မှုများကို တည်တည်ငြိမ်ငြိမ်နှင့် ဘေးဖယ်ထားနိုင်သည်၊ ဖြစ်လာသည့်အရာ အားလုံးကို လက်ခံပြီး ပျော်ရွှင်စွာကျိုးနွံ နာခံလာနိုင်ကာ၊ ဖန်ဆင်းရှင်က စီစဉ်ထားသည့် နောက်ဆုံး ဘဝဆုံမှတ်ကို ကြိုဆိုနိုင်လေသည်။ ဘဝကို ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာအား တွေ့ကြုံဖို့နှင့် သူ၏ ဩဇာအာဏာကို သိလာရဖို့ အခွင့်အရေးတစ်ရပ်ဟု ရှုမြင်ပါက၊ ဘဝကို ဖန်ဆင်းခံ လူသားတစ်ယောက်အနေနှင့် မိမိတာဝန်ကို လုပ်ဆောင်ပြီး မိမိ၏အလုပ်ကို ပြီးမြောက်စေဖို့ ရှားပါးသည့် အခွင့်အရေးအနေနှင့် မြင်ပါက၊ ဘဝအပေါ် ဧကန်မုချ မှန်ကန်သည့်အမြင် ရှိပေလိမ့်မည်၊ ဖန်ဆင်းရှင်အားဖြင့် ကောင်းကြီးခံစားရပြီး လမ်းပြခံရသည့် ဘဝတစ်ခုကို ဧကန်မုချ အသက်ရှင်ရလိမ့်မည်၊ ဖန်ဆင်းရှင်၏ အလင်းထဲ၌ ဧကန်မုချ လျှောက်လှမ်းလိမ့်မည်၊ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ဧကန်မုချ သိလိမ့်မည်၊ သူ့အုပ်စိုးမှုအောက်သို့ ဧကန်မုချ လာလိမ့်မည် ဖြစ်ပြီး သူ၏ အံ့ဩဖွယ်ရာ လုပ်ဆောင်မှုများနှင့် သူ၏ ဩဇာအာဏာအဖို့ ဧကန်မုချ မျက်မြင်သက်သေတစ်ဦး ဖြစ်ပေလိမ့်မည်။ ထိုသို့သော လူသည် ဖန်ဆင်းရှင်က ဧကန်မုချ ချစ်ကာ လက်ခံလိမ့်မည်ဖြစ်ပြီး ထိုသို့သော လူကသာ သေခြင်းအပေါ် တည်ငြိမ်သည့် စိတ်သဘောကို ထိန်းသိမ်းနိုင်ပြီး ဘဝ၏ နောက်ဆုံးဆုံမှတ်ကို ဝမ်းမြောက်ခြင်းဖြင့် ကြိုဆိုနိုင်သည်ကို ပြောဖို့မလိုအပ်ပေ။ သေခြင်းအပေါ် ဤကဲ့သို့သော သဘောထားမျိုးကို သိသိသာသာ ထိန်းသိမ်းနိုင်ခဲ့သည့် လူတစ်ဦးမှာ ယောဘ ဖြစ်ပေသည်။ ယောဘသည် ဘဝ၏ နောက်ဆုံး ဆုံမှတ်ကို ပျော်ရွှင်စွာ လက်ခံနိုင်သည့် အနေအထားတစ်ခုတွင် ရှိခဲ့ပြီး သူ့ဘဝခရီးကို ချောမွေ့သည့် နိဂုံးချုပ်ဆီသို့ ယူဆောင်ကာ ဘဝတွင် သူ့တာဝန်ကို ပြီးပြည့်စုံစေလျက် ဖန်ဆင်းရှင်ထံပါးသို့ သူပြန်သွားခဲ့လေသည်။

**၅။ ဘဝတွင် ယောဘ၏ လိုက်စားမှုများနှင့် ရရှိခြင်းများက သူ့ကို သေခြင်းအား တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ခွင့်ပေးသည်**

ကျမ်းစာထဲတွင် ယောဘအကြောင်း ရေးထား၏- “အသက်ကြီးရင့်၍ နေ့ရက်ကာလနှင့် ကြွယ်ဝသော်၊ အနိစ္စ ရောက်လေ၏။” (ယောဘ ၄၂:၁၇) ဤသည်မှာ ယောဘ သေဆုံးသွားသည့်အခါ နောင်တရခြင်းများ မရှိသကဲ့သို့ နာကျင်မှုမခံစားရဘဲ ဤလောကမှ သဘာဝအလျောက် ထွက်ခွာသွားခဲ့သည်ဟု ဆိုလိုသည်။ အယောက်တိုင်း သိကြသည့်အတိုင်း၊ ယောဘသည် သူအသက်ရှင်စဉ် ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သည့် လူတစ်ဦး ဖြစ်သည်။ သူ၏လုပ်ဆောင်ချက်များသည် ဘုရားသခင်၏ ချီးကျူးခြင်းခံရပြီး အခြားသူများ၏ အောက်မေ့ခြင်းခံရလေသည်၊ လူအားလုံးထက် သူ့ဘဝသည် တန်ဖိုးရှိပြီး အရေးပါခဲ့သည်ဟု ဆိုနိုင်ပေသည်။ ယောဘသည် ဘုရားသခင်၏ ကောင်းကြီးများကို နှစ်သက် ခံစားခဲ့ရပြီး ကမ္ဘာမြေကြီးပေါ်တွင် ဖြောင့်မတ်သူအဖြစ် ဘုရားသခင်၏ ခေါ်ဆိုခြင်းကို ခံခဲ့ရကာ သူသည် ဘုရားသခင်၏ စစ်ဆေးခြင်းနှင့် စာတန်၏ စမ်းသပ်ခြင်းကိုလည်း ခံခဲ့ရသည်။ သူသည် ဘုရားသခင်အတွက် သက်သေအဖြစ် ရပ်တည်ခဲ့ပြီး ဘုရားသခင်အားဖြင့် ဖြောင့်မတ်သည့်သူအဖြစ် ခေါ် ခံရဖို့ ထိုက်တန်ပေသည်။ ဘုရားသခင်က သူ့ကို စစ်ဆေးပြီးနောက် ဆယ်စုနှစ်များတွင်၊ သူသည် ယခင်ထက် သာ၍ပင်တန်ဖိုးရှိသည့်၊ အဓိပ္ပါယ်ရှိသည့်၊ ခိုင်မာပြီး ငြိမ်းချမ်းသည့်ဘဝကို နေထိုင်ခဲ့သည်။ သူ၏ဖြောင့်မတ်သည့် လုပ်ဆောင်ချက်များကြောင့်၊ ဘုရားသခင်က သူ့ကို စစ်ဆေးခဲ့သည်။ သူ၏ဖြောင့်မတ်သည့် လုပ်ဆောင်ချက် များကြောင့် ဘုရားသခင်က သူ့ထံ ပေါ်လာခဲ့ပြီး သူ့ကို တိုက်ရိုက် စကားပြောခဲ့သည်။ ထို့ကြောင့် သူအစစ်ဆေးခံရပြီး နောက်ပိုင်းနှစ်များတွင် ယောဘသည် ဘဝတန်ဖိုးကို ပိုပြီး ခိုင်လုံသောနည်းလမ်းနှင့် နားလည်ပြီး အသိအမှတ်ပြုခဲ့သည်၊ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာအပေါ် လေးနက်သည့် နားလည်မှုနှင့် ဖန်ဆင်းရှင်က သူ၏ကောင်းချီးများကို မည်သို့ပေးအပ်ပြီး မည်သို့ပြန်လည်ယူဆောင်သည် ဆိုသည့် အပေါ်မှာ ပိုပြီးတိကျ သေချာသည့် အသိပညာတို့ကို ရရှိခဲ့သည်။ ယေဟောဝါ ဘုရားသခင်သည် ယောဘကို ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို သိဖို့နှင့် သေခြင်းကို တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်နိုင်ဖို့ ပို၍ပင် ကောင်းသည့် နေရာတစ်ခု၌ထားရင်း ယခင်ကထက် ပိုကြီးမားသည့် ကောင်းချီးများကို ယောဘအပေါ် ချပေးသနားခဲ့ကြောင်း ယောဘဝတ္ထုထဲတွင် မှတ်တမ်းတင် ထားသည်။ ထို့ကြောင့် ယောဘက သူအသက်အရွယ် ကြီးရင့်လာပြီး သေခြင်းနှင့် ရင်ဆိုင်ရသည့်အခါ သူပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများနှင့် ပတ်သက်၍ မုချ စိတ်ပူပန်ခဲ့လိမ့်မည် မဟုတ်ပေ။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းလမ်းကို သူ့ဘဝတစ်ခုလုံး လျှောက်လှမ်းခဲ့သည့်အတွက်၊ သူ့မှာ စိုးရိမ် ပူပန်မှုများမရှိ၊ နောင်တရစရာ ဘာမျှမရှိခဲ့သကဲ့သို့ မှန်ပေ၏၊ သေခြင်းကိုလည်း မကြောက်ခဲ့ပေ။ သူသည် မိမိ၏ ကိုယ်ပိုင်

အဆုံးသတ်နှင့် ပတ်သက်၍ စိုးရိမ်စရာအကြောင်း မရှိခဲ့ပေ။ ယောဘက သူ၏သေခြင်းကို ရင်ဆိုင်ရသည့်အခါ ပြုလုပ်ခဲ့သည့် နည်းလမ်းများအားလုံးဖြင့် ယနေ့ လူမည်မျှက ပြုလုပ်နိုင်ပါသနည်း။ ထိုသို့ ရိုးရှင်းသည့် အပြင်ပန်း အပြုအမူမျိုးကို အဘယ်ကြောင့် မည်သူမျှ ထိန်းသိမ်းနိုင်စွမ်းမရှိသနည်း။ အကြောင်းပြချက်က တစ်ခုသာရှိ၏။ ယောဘက ဘုရားသခင်၏ အချုပ်အခြာအာဏာကို ယုံကြည်မှု၊ အသိအမှတ်ပြုမှုနှင့် ကျိုးနွံနာခံခြင်းတို့ကို နှလုံးသွင်းလိုက်စားခြင်းဖြင့် သူ့ဘဝကို အသက်ရှင်ခဲ့ပြီး ဘဝတွင် အရေးကြီးသည့် ဆုံမှတ်များကို ဖြတ်သန်းခဲ့ပြီး၊ သူ၏ နောက်ဆုံးသော နှစ်ကာလများကို အသက်ရှင်နေထိုင်ခဲ့ကာ သူ့ဘဝ၏ နောက်ဆုံး ဆုံမှတ်ကို ကြိုဆိုခဲ့သည်မှာ ဤယုံကြည်မှု၊ အသိအမှတ်ပြုမှု၊ နာခံမှုတို့ဖြစ်ခဲ့ပေသည်။ ယောဘက မည်သည့် အရာကို တွေ့ကြုံခဲ့ရသည်ဖြစ်စေ၊ ဘဝတွင် သူ၏ ရှာဖွေ လိုက်စားမှုများနှင့် ပန်းတိုင်များက နာကျင်စရာမဟုတ်ဘဲ ပျော်ရွှင်စရာ ဖြစ်ခဲ့ပေသည်။ သူသည် ဖန်ဆင်းရှင်က သူ့အပေါ် ချပေးသနားခဲ့သည့် ကောင်းချီးနှင့်ချီးကျူးခြင်းတို့ကြောင့်သာ မဟုတ်ဘဲ၊ ပိုအရေးကြီးသည့် သူ၏ လေ့လာလိုက်စားမှုများနှင့် ဘဝပန်းတိုင်များကြောင့်၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းတို့မှတစ်ဆင့် သူရယူခဲ့သည့် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့်သက်ဆိုင်သော အသိပညာနှင့် စစ်မှန်သော သိနားလည်မှုတို့ သာ၍ တိုးခြင်းကြောင့်၊ ထို့အပြင် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ဝန်ခံရသူတစ်ဦးအဖြစ် ဘုရားသခင်၏ အံ့သြဖွယ် လုပ်ဆောင်ချက်များနှင့် လူသားနှင့် ဘုရားသခင်ကြားမှာရှိသည့် အပြန်အလှန်နားလည်မှု၊ အကျွမ်းဝင်မှု၊ ယှဉ်တွဲရပ်တည်မှုတို့၏ နွေးထွေးပြီး မမေ့နိုင်သည့် အတွေ့အကြုံနှင့် အမှတ်ရစရာများနှင့်ဆိုင်သော သူ၏ ကိုယ်ပိုင်အတွေ့အကြုံကြောင့် သူပျော်ရွှင်ခဲ့ပေသည်။ ယောဘသည် ဖန်ဆင်းရှင်၏ အလိုကိုသိခြင်းမှ လာသည့် နှစ်သိမ့်ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကြောင့်၊ ဘုရားသခင်သည် ကြီးမြတ်သည်၊ အံ့သြစရာကောင်းသည်၊ ချစ်ခင်စရာကောင်းပြီး တည်ကြည် ဖြောင့်မတ်သည် ဆိုသည်တို့ကို တွေ့မြင်ပြီးနောက် ဖြစ်ပေါ်လာသည့် ကြည်ညိုမှုများကြောင့် ပျော်ရွှင်ခဲ့လေသည်။ ယောဘက သေဆုံးရာတွင် ဖန်ဆင်းရှင်ထံပါးသို့ ပြန်သွားရမည်ကို သိခဲ့ သောကြောင့် မည်သည့်ဒုက္ခခံစားရခြင်းမှမရှိဘဲ သေခြင်းကို ရင်ဆိုင်နိုင်ခဲ့၏။ သေခြင်းကို တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်နိုင်ဖို့၊ ဖန်ဆင်းရှင်က သူ့၏ အသက်ကို ပြန်ယူမည့် အလားအလာကို တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်ဖို့၊ ထို့အပြင် ဖန်ဆင်းရှင်၏ရှေ့တွင် အပြစ်ကင်းစင်ကာ စိုးရိမ်စရာမရှိဘဲ ရပ်နိုင်ဖို့ သူ့ကို အခွင့်ပေးခဲ့သည်မှာ ဘဝတွင် လိုက်စားမှုများနှင့် ရရှိမှုများ ဖြစ်ပါသည်။ ယနေ့ခေတ် လူတို့သည် ယောဘပိုင်ဆိုင်ခဲ့သည့်

ပျော်ရွှင်မှုမျိုးကို ရရှိနိုင်သလော။ ထိုသို့ လုပ်ဆောင်ရန် လိုအပ်သည့်အခြေအနေ သင်တို့ ရှိပါသလား။ ဤနေ့ခေတ် လူတို့သည် အခြေအနေများ အမှန်ရှိကြသည့်အတွက်၊ ယောဘကဲ့သို့ အဘယ်ကြောင့် ပျော်ရွှင်စွာ အသက်မရှင်နိုင်ကြပါသနည်း။ သေခြင်းကို ကြောက်ရွံ့ခြင်း၏ ဆင်းရဲဒုက္ခမှ အဘယ်ကြောင့် ၎င်းတို့ မလွတ်မြောက်နိုင်သနည်း။ သေခြင်းကို ရင်ဆိုင်ရသည့်အခါ လူအချို့တို့က မထိန်းနိုင်မသိမ်းနိုင် ကြောက်သေးများ ပါကုန် ကြသည်။ တစ်ချို့က တဆတ်ဆတ်တုန်ကြသည်။ မူးမေ့ ကြသည်။ ကောင်းကင်ဘုံနှင့် လူသားကိုလည်း ရိုက်ပုတ်ကန်ကျောက်ကြသည်၊ အချို့က ငိုကြွေးမြည်တမ်းခြင်းပင် ပြုလုပ်ကြသည်။ ဤသည်တို့မှာ သေခြင်းနီးကပ်လာသည့်အခါ ဖြစ်ပေါ်သည့် ရုတ်တရက် တုံ့ပြန်မှုများ လုံးဝမဟုတ်ပေ။ လူတို့က ၎င်းတို့၏ စိတ်နှလုံးအတွင်း နက်နက်ထဲတွင် သေခြင်းကို ကြောက်ရွံ့သောကြောင့်၊ ၎င်းတို့သည် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် စီစဉ်မှုတို့ကို အမှန်တကယ် ကျိုးနွံနာခံဖို့ နေနေသာသာ၊ ယင်းတို့နှင့်သက်ဆိုင်သည့် ရှင်းလင်းသော အသိပညာနှင့် အသိအမှတ်ပြုခြင်းတို့ မရှိသောကြောင့် ဤအရှက်ရစရာ ပုံစံများဖြင့် ပြုမူကြခြင်း ဖြစ်သည်။ လူတို့သည် အရာရာကို မိမိတို့ဘာသာ စီစဉ်ပြီး အုပ်စိုးချင်သောကြောင့်၊ မိမိတို့၏ ကိုယ်ပိုင်ကံကြမ္မာ၊ မိမိတို့၏ ကိုယ်ပိုင် အသက်ရှင်ခြင်းနှင့် သေခြင်းတို့ကို ထိန်းချုပ် ချင်သောကြောင့်သာ ဤသို့ တုံ့ပြန်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် သေခြင်းကို ကြောက်ရွံ့မှုမှ လူတို့ ဘယ်သောအခါမှ မလွတ်မြောက်နိုင်ခြင်းသည် အံ့သြစရာမရှိပေ။

## ၆။ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို လက်ခံခြင်းအားဖြင့်သာ သူ့ထံပါးသို့ ပြန်လာနိုင်သည်

ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် သူ၏ စီစဉ်မှုများနှင့် ဆိုင်သော ရှင်းလင်းသည့် အသိပညာနှင့် အတွေ့အကြုံမရှိသည့်အခါ ကံကြမ္မာနှင့် သေခြင်းတို့နှင့်ဆိုင်သော တစ်ဦးတစ်ယောက်၏ အသိပညာက သေချာပေါက် ရောထွေးနေလိမ့်မည်။ အရာ အားလုံးက ဘုရားသခင်၏ လက်ထဲတွင်ရှိသည်ကို လူတို့ ရှင်းရှင်းလင်းလင်း မမြင်နိုင်ကြ၊ အရာအားလုံးက ဘုရားသခင်၏ ထိန်းချုပ်မှုနှင့် အချုပ်အခြာအာဏာတို့ကို ဝန်ခံရသည်ကို လူတို့ နားမလည်ကြ၊ ထိုသို့သော အချုပ်အခြာ အာဏာကို စွန့်ပစ်ဖို့ သို့မဟုတ် လွတ်မြောက်ဖို့ လူသားသည် မတတ်နိုင်ဆိုသည်ကို သတိမပြုမိကြပေ။ ဤအကြောင်းကြောင့်၊ သေခြင်းနှင့် ရင်ဆိုင်ဖို့ ၎င်းတို့ အချိန်ကျလာသည့်အခါ၊ ၎င်းတို့၏ နောက်ဆုံးစကားများ၊ စိုးရိမ်မှုများနှင့် နောင်တများသည် အဆုံးမရှိပေ။ ၎င်းတို့သည် အလွန်များသည့် ဝန်ထုပ်ဝန်ပိုးများ၊ အလွန်များလှသော ဝန်လေးမှု၊

ရှုပ်ထွေးမှုများနှင့် လေးလံနေ၏။ ဤအရာက သူတို့အား သေခြင်းကို ကြောက်ရွံ့စေသည်။ ဤကမ္ဘာတွင် မွေးဖွားလာသည့် လူတိုင်း အတွက်၊ မွေးဖွားခြင်းက လိုအပ်ပြီး သေဆုံးခြင်းက ရှောင်လွှဲလို့မရနိုင်ပေ။ မည်သူမှ အမှုအရာများ၏ ဖြစ်စဉ်ကို မကျော်လွှန်နိုင်ပါ။ လူတစ်ယောက်က ဤကမ္ဘာကမှ နာကျင်မှုမရှိဘဲ ထွက်ခွာဖို့ ဆန္ဒရှိလျှင်၊ ဘဝ၏ နောက်ဆုံးဆုံမှတ်ကို ဝန်လေးမှု သို့မဟုတ် စိုးရိမ်မှုမရှိဘဲ ရင်ဆိုင်နိုင်ဖို့ ဆန္ဒရှိပါက၊ တစ်ခုတည်းသော နည်းလမ်းမှာ နောင်တများကို မချန်ထားရစ်ဖို့ဖြစ်သည်။ နောင်တများမပါဘဲ စွန့်ခွာဖို့ တစ်ခုတည်းသောနည်းလမ်းမှာ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို သိဖို့၊ သူ၏ ဩဇာအာဏာကို သိဖို့နှင့် ဤအရာများကို ကျိုးနွံနာခံဖို့ ဖြစ်ပေသည်။ ဤနည်းဖြင့်သာ လူသား၏ ခိုက်ရန်ဒေါသ၊ မကောင်းမှု၊ စာတန်၏ ကျေးကျွန်ဘဝမှ ဝေးရာတွင် နေနိုင်ပေသည်။ ဤနည်းဖြင့်သာ ဖန်ဆင်းရှင်၏ လမ်းပြခြင်းနှင့်ကောင်းကြီးပေးမှုခံရသည့် ယောဘ၏ဘဝကဲ့သို့သော ဘဝတစ်ခု၊ လွတ်လပ်ပြီး အချုပ်အနှောင်ကင်းသည့်ဘဝတစ်ခု၊ တန်ဖိုးရှိပြီး အဓိပ္ပါယ်ရှိသည့်ဘဝတစ်ခု၊ ရိုးသားပြီး ပွင့်လင်းသည့် ဘဝတစ်ခုကို အသက်ရှင်၏။ ဤနည်းဖြင့်သာ ယောဘကဲ့သို့ ဖန်ဆင်းရှင်၏ စမ်းသပ်မှုများနှင့် ပိတ်ပင်မှုများ၊ ဖန်ဆင်းရှင်၏ စီစဉ်ညွှန်ကြားမှုများနှင့် စီစဉ်မှုများကို ကျိုးနွံနာခံနိုင်ပေသည်။ ဤနည်းဖြင့်သာ ယောဘပြုသကဲ့သို့ မိမိ၏ဘဝတစ်ခုလုံး ဖန်ဆင်းရှင်ကို ကိုးကွယ်နိုင်ပြီး သူ၏ချီးကျူးခြင်းကို ရရှိနိုင်ကာ သူ၏ အသံကို ကြားပြီး၊ သူ ပေါ်ထွန်းသည်ကို မြင်နိုင်၏။ ဤနည်းဖြင့်သာ ယောဘကဲ့သို့ နာကျင်မှုမရှိ၊ စိုးရိမ်မှုမရှိ၊ နောင်တများမရှိဘဲ ပျော်ရွှင်စွာ အသက်ရှင်နေထိုင်ပြီး သေဆုံး နိုင်သည်။ ဤနည်းဖြင့်သာ ယောဘကဲ့သို့ အလင်းထဲတွင် အသက်ရှင်နေထိုင်ကာ ဘဝဆုံမှတ်တိုင်းကို အလင်းထဲတွင် ဖြတ်သန်းနိုင်သည်၊ မိမိ၏ခရီးကို ချောမွေ့စွာနှင့် အလင်းထဲတွင် ပြီးဆုံးနိုင်သည်၊ ဖန်ဆင်းခံတစ်ယောက်အနေဖြင့် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို တွေ့ကြုံဖို့၊ သင်ယူဖို့နှင့် သိမြင်လာဖို့ ဖြစ်သော မိမိ၏ တာဝန်ကို အောင်မြင်စွာ ပြီးဆုံးနိုင်ပြီး အလင်းထဲတွင် သေဆုံးနိုင်ပေသည်၊ ပြီးလျှင် ဖန်ဆင်းခံ လူသားအနေဖြင့် သူ၏ချီးကျူးခြင်းခံရလျက် ဖန်ဆင်းရှင်၏ နံဘေးတွင် အမြဲထာဝရရပ်တည်နိုင်ပေသည်။

**ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကိုသိဖို့ အခွင့်အရေးအား မလွဲချော်နှင့်**

အထက်တွင် ဖော်ပြထားသည့် ဆုံမှတ်ခြောက်ခုသည် သာမန်လူတိုင်း ၎င်းတို့၏ဘဝတွင် ဖြတ်သန်းရမည့် ဖန်ဆင်းရှင် ချမှတ်ပေးခဲ့သော အလွန်အရေးကြီးသည့် အဆင့်များဖြစ်ပါသည်။ လူသား ရှုထောင့်မှနေ၍၊ ဤဆုံမှတ်တိုင်းက အစစ်အမှန်ဖြစ်သည်၊

မည်သည့်အရာကိုမှ ရှောင်၍မရနိုင်သကဲ့သို့ အရာအားလုံးက ဖန်ဆင်းရှင်၏ ကြိုတင်ပြဌာန်းခြင်းနှင့် သူ၏ အချုပ်အခြာ အာဏာတို့ကို ဆက်နွှယ်မှုရှိနေသည်။ ထို့ကြောင့် လူသား တစ်ယောက်အတွက်၊ ဤဆုံမှတ်တစ်ခုချင်းစီက အရေးကြီးသည့် စစ်ဆေးရေးဂိတ်ဖြစ်ပြီး တစ်ခုချင်းစီတိုင်းကို မည်သို့ဖြတ်သန်းရမည် ဆိုသည့် မေးခွန်းကို သင်တို့အားလုံး ယခု ရင်ဆိုင်ရပေသည်။

လူသားဘဝကို ဖန်တီးသည့် ဆယ်စုနှစ်အချို့သည် ကြာလည်း မကြာသကဲ့သို့ တိုလည်း မတိုပေ။ မွေးဖွားခြင်းနှင့် အရွယ် ရောက်ခြင်းကြားက အနှစ်နှစ်ဆယ်ဝန်းကျင်က မျက်စိတစ်မှိတ် အတွင်းတွင် ကုန်ဆုံးသွားပြီး ဘဝတွင် ဤအချိန်၌ လူတစ်ယောက်ကို အရွယ်ရောက်သူ တစ်ယောက်အဖြစ် သတ်မှတ်သော်လည်း ဤအသက်အရွယ်အုပ်စုထဲက လူတို့သည် လူသားဘဝနှင့် လူသားကံကြမ္မာနှင့် ပတ်သက်၍ နောက်ထပ် ဘာမျှမသိပေ။ ၎င်းတို့ အတွေ့အကြုံ ပိုရလာတာနှင့်အမျှ လူလတ်ပိုင်းသို့ ရောက်လာသည်။ အသက်သုံးဆယ်နှင့် လေးဆယ် အရွယ်ရှိသည့် လူတို့သည် ဘဝနှင့် ကံကြမ္မာအပေါ် တိုးတက်လာသည့် အတွေ့အကြုံတစ်ခု ရလာသည်၊ သို့သော်လည်း ဤအရာများနှင့် ပတ်သက်၍ သူတို့၏ အယူအဆများက အလွန် ဝေဝါးဆဲဖြစ်၏။ လူအချို့တို့က အသက်လေးဆယ်အရွယ် မရောက်ခင် အထိ ဖန်ဆင်းရှင် ဖန်ဆင်းထားသည့် လူသားမျိုးနွယ်နှင့် စကြဝဠာကို စတင်နားလည်ဖို့၊ လူသား၏ဘဝက မည်သည့်အရာဖြစ်သည်၊ လူသား၏ ကံကြမ္မာက မည်သည့်အရာ ဖြစ်သည်ဆိုသည်တို့ကို စတင်နားမလည်ကြပေ။ လူအချို့တို့က ဘုရားသခင်၏ နောက်လိုက်များ အတော်ကြာဖြစ်ပြီး လူလတ်ပိုင်း ရောက်သော်လည်း စစ်မှန်သော ကိုးနွံနာခံခြင်းအား ပိုင်ဆိုင်ဖို့ နေနေသာသာ၊ ဘုရားသခင်၏ အချုပ်အခြာ အာဏာနှင့်ဆိုင်သည့် တိကျသည့် အသိပညာနှင့် အဓိပ္ပါယ်ဖွင့်ဆိုမှုကို မပိုင်ဆိုင်ကြ သေးပေ။ လူအချို့သည် ကောင်းကြီးရဖို့ ကြိုးစားခြင်းထက် မည်သည့်အရာကိုမှ ဂရုမစိုက်ကြချေ။ သူတို့ နှစ်ပေါင်းများစွာ အသက်ရှင်နေထိုင်ပြီး ဖြစ်သော်လည်း သူတို့သည် လူသား ကံကြမ္မာအပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာနှင့်ဆိုင်သည့် အမှန်တရားအား အနည်းငယ်မျှ မသိ သို့မဟုတ် နားမလည်ကြ သကဲ့သို့ ဘုရားသခင်၏ စီစဉ်ညွှန်ကြားခြင်းနှင့် စီစဉ်မှုတို့ကို ကိုးနွံနာခံခြင်းနှင့်ဆိုင်သော လက်တွေ့ကျသည့် သင်ခန်းစာထဲသို့ အနည်းအကျဉ်းမျှပင် မဝင်ရောက်ကြသေးချေ။ ထိုသို့သော လူတို့သည် လုံးလုံးလျားလျား မိုက်မဲပြီး မိမိတို့၏ ဘဝများကို အချည်းနှီးအသက်ရှင်ကြလေသည်။

လူသား၏ ဘဝတစ်ခုကို ဘဝအတွေ့အကြုံအဆင့်နှင့် လူသားကံကြမ္မာနှင့်ဆိုင်သော

အသိပညာတို့ဖြင့် ခွဲခြားပါက၊ အကြမ်းဖျင်း အဆင့်သုံးခုအဖြစ် ကွဲနိုင်၏။ ပထမအဆင့်က မွေးဖွားခြင်းနှင့် လူလတ်ပိုင်းကြားက နှစ်များ၊ သို့မဟုတ် မွေးဖွားခြင်းမှ သုံးဆယ် အရွယ်အထိဖြစ်သော လူငယ်ပိုင်းဖြစ်သည်။ ဒုတိယ အဆင့်က လူလတ်ပိုင်းမှ သက်ကြီးပိုင်း သို့မဟုတ် အသက်သုံးဆယ်မှ ခြောက်ဆယ်အထိဖြစ်သည့် ရင့်ကျက်ခြင်း ဖြစ်သည်။ တတိယအဆင့်က အသက်ခြောက်ဆယ်မှစပြီး သက်ကြီးပိုင်းမှ လောကထဲက ထွက်ခွာသွားသည့်အချိန်အထိ အရွယ်ရောက်လာသည့်ကာလ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုသော် မွေးဖွားခြင်းမှ လူလတ်ပိုင်းအထိ ကံကြမ္မာနှင့် ဘဝအပေါ် လူအများစု၏ အသိပညာက အခြားသူများ၏ စိတ်ကူးများကိုသာ သံယောင်လိုက်နေခြင်းနှင့် ကန့်သတ်ခံရကာ စစ်မှန်သည့်၊ လက်တွေ့ကျသည့် အနှစ်သာရ မရှိသလောက်ပင်ဖြစ်သည်။ ဤအချိန်ကာလအတွင်း၌ ဘဝအပေါ် အမြင်နှင့် လောကထဲတွင် မိမိလမ်းကို မည်သို့ပြုလုပ်သည်ဆိုသည့် အရာအားလုံးသည် အတော်အတန်ရိုးစင်းလေသည်။ ဤသည်မှာ လူပျိုပေါက် အချိန်ကာလ ဖြစ်သည်။ ဘဝ၏ ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းမှု အားလုံးကို မြည်းစမ်းပြီးနောက်မှသာ ကံကြမ္မာကို အမှန်တကယ် နားလည်မှုရှိလာသကဲ့သို့ ကံကြမ္မာ၏ ပြောင်းလဲလို့မရခြင်းကို မသိစိတ်၏စေ့ဆော်မှုအရ နှလုံးသားအတွင်း နက်နက်ထဲတွင် တဖြည်းဖြည်းနှင့် အသိအမှတ် ပြုလာကာ လူသား၏ ကံကြမ္မာအပေါ် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာသည် အမှန်တကယ် တည်ရှိသည်ကို တဖြည်းဖြည်းနှင့် သိမြင်လာသည်။ ဤသည်မှာ လူတစ်ယောက်၏ အရွယ်ရောက်ခြင်း အချိန်ကာလ ဖြစ်ပါသည်။ လူတစ်ယောက်သည် ကံကြမ္မာကို ဆန့်ကျင် ရုန်းကန်ခြင်း ရပ်လိုက်သည့်အချိန်၊ ပဋိပက္ခ ဝင်ရောက်ဖို့ ဆန္ဒ မရှိတော့သကဲ့သို့ ယင်းအစား ဘဝတွင် မိမိတို့၏ဘဝကြမ္မာကို သိပြီး၊ ကောင်းကင်ဘုံ၏ အလိုကို ကျိုးနွံနာခံသည့်အခါ၊ ဘဝတွင် မိမိတို့၏အောင်မြင်မှုများနှင့် မှားယွင်းမှုများကို ခြုံငုံဆန်းစစ်ပြီး မိမိဘဝအပေါ် ဖန်ဆင်းရှင်၏ တရားစီရင်မှုကို စောင့်သည့်အခါ၊ လူတစ်ဦးသည် အရွယ်ရောက်သည့် ကာလထဲသို့ ဝင်ရောက် လေသည်။ ဤအချိန်ကာလသုံးခုအတွင်း လူတို့ရရှိသည့် မတူညီသည့် အတွေ့အကြုံများနှင့် ရှာမှီးရရှိသောဥစ္စာများကို ထောက်စာလျှင်၊ သာမန် အခြေအနေများအောက်တွင် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကိုသိဖို့ တစ်ဦးတစ်ယောက်၏ အခွင့်အလမ်းတံခါးပေါက်မှာ သိပ်မကြီးပေ။ လူတစ်ယောက်က အသက် ခြောက်ဆယ်အထိ အသက်ရှင်မည်ဆိုလျှင်၊ ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို သိဖို့ အနှစ်သုံးဆယ် ဝန်းကျင်လောက်သာ ရှိသည်။ ပိုကြာသည့် အချိန်ကာလကို လိုချင်လျှင်၊ သူ၏အသက်က လုံလောက်သည့်အထိ ရှည်မှသာ၊ ရာစုနှစ်တစ်ခုအထိ အသက်ရှင် နိုင်မှသာ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် လူသားဖြစ်တည်မှု၏ သာမန်နိယာမများအရ ဖန်ဆင်းရှင်၏

အချုပ်အခြာအာဏာကို သိခြင်း အကြောင်းကိစ္စကို တစ်ဦးတစ်ယောက်က ပထမဆုံး တွေ့ကြုံသည့်အချိန်မှ ထိုအချုပ်အခြာအာဏာ၏ အမှန်တရားကို သိမြင်လာနိုင်သည့် အချိန်အထိ၊ ထိုအချိန်မှစ၍ ထိုအချုပ်အခြာ အာဏာကို ကျိုးနွံနာခံနိုင်သည့် အချိန်အထိသည် အလွန်ရှည်သည့် ဖြစ်စဉ် ဖြစ်သော်လည်း နှစ်များကို အမှန်တကယ် ရေတွက်ကြည့် ပါက၊ ဤဆုလာဘ်များကိုရဖို့ အခွင့်အရေးရှိသည့်အချိန်မှာ နှစ်သုံးဆယ် သို့မဟုတ် လေးဆယ်ထက် မပိုပေ။ ပြီးလျှင် လူသားဘဝ၏ အနှစ်သာရက ဘယ်မှာတည်ရှိသည်ကို ပိုင်းခြား မသိမြင်နိုင်ဖို့နှင့် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို သိခြင်း၏ အရေးကြီးမှုကို သဘောမပေါက်ဖို့အလို့ငှာ လူတို့သည် ကောင်းချီးရဖို့ သူတို့၏ ဆန္ဒများနှင့် ရည်မှန်းချက်များနောက်သို့ မကြာခဏ ပါသွားတတ်ကြသည်။ ထိုသို့သော လူတို့သည် လူသားဘဝနှင့် ဖန်ဆင်းရှင်၏ အချုပ်အခြာအာဏာကို ကြုံတွေ့ရဖို့ လူသားကမ္ဘာထဲကို ဝင်ရောက်ရန် ဤတန်ဖိုးရှိသည့် အခွင့်အရေးကို မမြတ်နိုးကြသကဲ့သို့ ဖန်ဆင်းရှင်၏ ကိုယ်တိုင်ကိုယ်ကျ လမ်းပြမှုကို ရရှိဖို့ ဖန်ဆင်းခံတစ်ယောက်အတွက် ထိုအရာက မည်မျှ တန်ဖိုးမဖြတ်နိုင်သည်ကို နားမလည်ကြချေ။ ထို့ကြောင့် လူတို့က ဘုရားသခင်၏ ပုဂ္ဂိုလ်စစ်စစ်ကို ရုတ်တရက် ရှုမြင်နိုင်ပြီး ဖြစ်နိုင်သမျှမြန်မြန် ကောင်းချီးများရရှိဖို့ အလို့ငှာ ဘုရားသခင်၏ အမှုကို အမြန်ပြီးစေချင်သည့်သူများ၊ လူသား၏အဆုံးသတ်ကို ဘုရားသခင်က အမြန်ဆုံးစီစဉ်ဖို့ ဆန္ဒရှိသည့်သူများသည် အဆိုးဆုံး မနာခံခြင်းအမျိုးအစားနှင့်ဆိုင်သည့် အပြစ်ရှိပြီး ၎င်းတို့သည် အလွန်အမင်း မိုက်မဲကြသည်ဟု ငါဆို၏။ ထိုစဉ်အတောအတွင်းတွင်၊ စိတ်ပိုင်းဆိုင်ရာ အဆုံးစွန်သော ထိုးထွင်းဉာဏ်ရှိသည့် လူတို့ထဲက ပညာရှိသူများသည် ၎င်းတို့၏အချိန်အကန့်အသတ်အတွင်း ဖန်ဆင်းရှင်၏ အချုပ်အခြာ အာဏာကို သိဖို့ ဤထူးခြားသည့် အခွင့်အရေးကို ဖမ်းဆုပ်ရန် ဆန္ဒရှိသူများ ဖြစ်သည်။ ဤမတူညီသည့် ဆန္ဒနှစ်ခုက အလွန် ကြီးမားစွာ ကွဲလွဲနေသော အမြင်များနှင့် လိုက်စားမှုများကို ဖော်ထုတ်လေသည်။ ကောင်းချီးများကို ရှာဖွေသည့်သူများသည် တစ်ကိုယ်ကောင်းဆန်ပြီး ယုတ်ညံ့ကာ ဘုရားသခင်၏ အလိုကို ထည့်သွင်းစဉ်းစားခြင်းမရှိ၊ ဘုရားသခင်၏ အချုပ်အခြာ အာဏာကို ဘယ်သောအခါမှ မရှာဖွေ၊ ယင်းကို ကျိုးနွံနာခံဖို့ ဘယ်သောအခါမှ ဆန္ဒမရှိဘဲ ၎င်းတို့ စိတ်ကျေနပ်သည့်အတိုင်းသာ အသက်ရှင် နေထိုင်ချင်ကြလေသည်။ ၎င်းတို့သည် တစ်ကိုယ်ကောင်းဆန်သည့် အကျင့်ပျက်သူများဖြစ်ကာ ဖျက်ဆီးခံရမည်မှာ ဤလူအုပ်စုဖြစ်ပေသည်။ ဘုရားသခင်ကိုသိဖို့ ကြိုးစားသူတို့သည် ၎င်းတို့၏ ဆန္ဒများကို ဘေးဖယ်ထားနိုင် ကြသည်၊ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် ဘုရားသခင်၏ အစီအစဉ်များကို ကျိုးနွံနာခံရန် လိုလားနေကြပြီး ဘုရားသခင်၏ ဩဇာအာဏာကို

ကျိုးနွံနာခံမှုအပြည့်ရှိသူများနှင့် ဘုရားသခင်၏ ဆန္ဒကို ဖြည့်ဆည်းသည့် လူမျိုးများဖြစ်ဖို့ ကြိုးစားကြလေသည်။ ထိုသို့သောလူများသည် အလင်းထဲနှင့် ဘုရားသခင်၏ ကောင်းချီးများ အလယ်တွင် အသက်ရှင်ကာ သူတို့သည် ဘုရားသခင်၏ ချီးကျူးခြင်းကို အမှန်တကယ် ခံစားကြရ လိမ့်မည်။ မည်သို့ပင်ဖြစ်စေ လူသား၏ရွေးချယ်မှုက အသုံးမဝင်သကဲ့သို့ ဘုရားသခင်၏ အမှု မည်မျှကြာမည် ဆိုသည့်အပေါ် လူသားက ပြောပိုင်ခွင့်မရှိပါ။ လူတို့အတွက် ဘုရားသခင်ထံ ပုံအပ်ဖို့၊ သူ၏ အချုပ်အခြာအာဏာကို ကျိုးနွံနာခံဖို့က ပိုပြီးကောင်းပါသည်။ သင်က သူ့ထံ မပုံအပ်ပါက၊ သင် မည်သည့်အရာ လုပ်ဆောင်နိုင်သနည်း။ အကျိုးဆက်အနေဖြင့် ဆုံးရှုံးမှုတစ်ခုတစ်လေ ဘုရားသခင် ခံရလိမ့်မည်လော။ သင်က ဘုရားသခင်ထံ မပုံအပ်ဘဲ၊ ယင်းအစား ခေါင်းဆောင်ဖြစ်ဖို့ ကြိုးစားပါက၊ သင်သည် မိုက်မဲသည့် ရွေးချယ်မှုကို ပြုလုပ်နေခြင်း ဖြစ်ပြီး အဆုံး၌သင်သည် ဆုံးရှုံးမှုကို ကြုံရမည့် တစ်ဦးတည်းသောသူ ဖြစ်ပေလိမ့်မည်။ လူတို့သည် ဘုရားသခင်နှင့် မြန်နိုင်သမျှ မြန်မြန် ပူးပေါင်းလုပ်ဆောင်မှသာ၊ သူ၏စီစဉ်ညွှန်ကြားမှုများကို အလျင်အမြန် လက်ခံမှသာ၊ သူ့၏ သြဇာအာဏာကိုသိကာ ၎င်းတို့အတွက် သူလုပ်ခဲ့သည့်အရာအားလုံးကို နားလည်မှသာ၊ ၎င်းတို့သည် မျှော်လင့်ခြင်း ရှိလိမ့်မည်ဖြစ်သည်။ ဤနည်းဖြင့်သာ ၎င်းတို့၏ အသက်တာများသည် အချည်းနှီး အသက်ရှင်လိမ့်မည် မဟုတ်သကဲ့သို့ ကယ်တင်ခြင်းကို ၎င်းတို့ ရရှိပေလိမ့်မည်။

## ဘုရားသခင်သည် လူသားကံကြမ္မာအပေါ် အချုပ်အခြာအာဏာ စွဲကိုင်ထားသည့် အချက်ကို မည်သူမျှ မပြောင်းလဲနိုင်ပေ

ယခုငါပြောပြီးသည့်အရာအားလုံးကို နားထောင်ပြီးနောက် သင်တို့၏ ကံကြမ္မာအပေါ် အယူအဆ ပြောင်းလဲပါသလော။ လူသားကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် ဆိုင်သော အမှန်တရားကို သင်တို့ မည်သို့ နားလည်ပါသနည်း။ ရိုးရိုးရှင်းရှင်းပြောလျှင်၊ ဘုရားသခင်၏ သြဇာအာဏာအောက်တွင် လူတိုင်းသည် သူ့၏ အချုပ်အခြာအာဏာနှင့် သူ့၏ စီစဉ်မှုတို့ကို တက်ကြွစွာ သို့မဟုတ် မလှုပ်မယှက် လက်ခံကြသည်။ ဘဝလမ်းကြောင်းပေါ်တွင် မည်မျှပဲ ရုန်းကန်လှုပ်ရှားနေပါစေ၊ ကွေ့ကောက်သည့်လမ်းတွေကို မည်မျှပင် လျှောက်နေရပါစေ၊ အဆုံးတွင် ၎င်းတို့ ဖန်ဆင်းရှင် လမ်းကြောင်းချပေးခဲ့သည့် ကံကြမ္မာ၏ လမ်းကြောင်းထဲသို့ ပြန်သွားရပေလိမ့်မည်။ ၎င်းသည် ဖန်ဆင်းရှင်၏ သြဇာအာဏာကို မကျော်လွှားနိုင်ခြင်းဖြစ်ကာ စကြဝဠာကို သူ့သြဇာအာဏာက ထိန်းချုပ်ပြီး အုပ်စိုးသည့် ပုံစံဖြစ်လေသည်။ အရာအားလုံး၏ ဘဝကို အုပ်စိုးသည့်နိယာမများ၊

နှောင့်ယှက်ခြင်းများ မဖြစ်စေဘဲ လူသားတို့ကို ကြိမ်ဖန်များစွာ ပြန်ဝင်စားခွင့်ပြုသည့်နိယာမများ၊ ကမ္ဘာလောကကို တစ်ရက်ပြီးတစ်ရက်၊ တစ်နှစ်ပြီးတစ်နှစ် ပုံမှန်လှည့်ပတ်စေပြီး ရှေ့ဆက်စေသည့် နိယာမများအတွက် တာဝန်ရှိသည်မှာ ဤမကျော်လွှားနိုင်ခြင်း၊ ဤထိန်းချုပ်မှုနှင့် အုပ်စိုးမှုပုံစံတို့ပင် ဖြစ်သည်။ ဤအချက်အလက်များ အားလုံးကို သင်တို့ မြင်တွေ့ရပြီး အပေါ်ယံဖြစ်စေ၊ နက်နဲစွာဖြစ်စေ ၎င်းတို့ကို သင်တို့နားလည်ပေပြီ။ သင်၏ နားလည်မှု အတိမ်အနက်က သမ္မာတရားနှင့်သက်ဆိုင်သော သင်တို့၏ အတွေ့အကြုံနှင့် အသိပညာ၊ ဘုရားသခင်နှင့်ဆိုင်သော သင်တို့၏ အသိပညာတို့အပေါ် မူတည်ပေသည်။ သမ္မာတရား၏ စစ်မှန်မှုကို သင်မည်မျှ ကောင်းကောင်းသိသည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်မည်မျှ တွေ့ကြုံခဲ့ရသည်၊ ဘုရားသခင်၏ အနှစ်သာရနှင့် စိတ်သဘောထားကို သင်မည်မျှ ကောင်းကောင်းသိသည်ဆိုသည့် ဤအချက်များအားလုံးက ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များနှင့်ဆိုင်သော သင်၏ သိနားလည်မှု အတိမ်အနက်ကို ကိုယ်စားပြုပေသည်။ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်တို့၏ တည်ရှိခြင်းသည် လူတို့က ဤအရာများအား ကျိုးနွံနာခံခြင်း ရှိမရှိဆိုသည့်အပေါ် မူတည်ပါသလော။ ဩဇာအာဏာကို ဘုရားသခင် ပိုင်ဆိုင်သည် ဆိုသည့်အချက်က ယင်းကို လူသားမျိုးနွယ်က နာခံခြင်း ရှိမရှိဆိုသည့်အရာအားဖြင့် သတ်မှတ်ထားသလော။ ဘုရားသခင်၏ အခွင့်အာဏာက အခြေအနေများနှင့် မသက်ဆိုင်ပဲ ဖြစ်တည်နေ၏။ အခြေအနေများ အားလုံးတွင်၊ ဘုရားသခင်က လူသားကံကြမ္မာတိုင်းနှင့် အရာအားလုံးကို သူ၏ အကြံအစည်များနှင့် ဆန္ဒများနှင့်အညီ ပြဋ္ဌာန်းပေးပြီး စီစဉ်လေသည်။ လူသားက ပြောင်းလဲခြင်း အကျိုးဆက်အနေဖြင့် ဤအရာပြောင်းလဲလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏ အခွင့်အာဏာသည် သူ၏ အနှစ်သာရစစ်စစ် ဖြစ်သည့်အတွက် လူသား၏ အလိုဆန္ဒအပေါ် အမှီအခိုလွတ်ကင်းပြီး အချိန်၊ စကြဝဠာနှင့် မြေမျက်နှာသွင်ပြင်တို့ ပြောင်းလဲခြင်းအားဖြင့် မပြောင်းလဲနိုင်ပေ။ လူသားက ဘုရား၏ အချုပ်အခြာအာဏာကို သိပြီး လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ ယင်းကို လူသားက ကျိုးနွံနာခံနိုင်သည်ဖြစ်စေ မနာခံနိုင်သည်ဖြစ်စေ သုံးသပ်ခြင်းများထဲမှ မည်သည့်အရာကမျှ လူသားကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာ နှင့်ဆိုင်သော အမှန်တရားကို အနည်းငယ်မျှ မပြောင်းလဲချေ။ ဆိုလိုသည်မှာ ဘုရားသခင်၏ အချုပ်အခြာအာဏာအပေါ် လူသားက မည်သို့ သဘောထားရှိပါစေ၊ ယင်းက အရာအားလုံးအပေါ်နှင့် လူသားကံကြမ္မာအပေါ် အချုပ်အခြာအာဏာအား ဘုရားသခင် စွဲကိုင်သည့်အချက်ကို မပြောင်းလဲနိုင်ပေ။ သင်သည်

ဘုရားသခင်၏ အချုပ်အခြာ အာဏာကို ကျိုးနွံနာခံခြင်း မရှိလျှင်ပင်၊ သင်၏ကံကြမ္မာကို သူအုပ်ချုပ်ဆဲဖြစ်၏။ သူ၏ အချုပ်အခြာအာဏာကို သင်မသိနိုင် လျှင်ပင်၊ သူ၏ဩဇာအာဏာက တည်ရှိဆဲဖြစ်သည်။ ဘုရားသခင်၏ ဩဇာအာဏာနှင့် လူသားကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့်ဆိုင်သည့် အမှန်တရားသည် လူသား၏ အလိုဆန္ဒနှင့် ကင်းလွတ်ပြီး လူသား၏ နှစ်သက်မှုနှင့် ရွေးချယ်မှုများအရ ပြောင်းလဲခြင်း မရှိပေ။ ဘုရားသခင်၏ ဩဇာအာဏာသည် နေရာတိုင်း၊ နာရီတိုင်း၊ အချိန်တိုင်း၌ ရှိလေသည်။ ကောင်းကင်နှင့် မြေကြီး မတည်သော်လည်း သူ၏ ဩဇာအာဏာသည် အစဉ်တည်ပါလိမ့်မည်။ သူသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်သည့်အတွက် အတုမရှိသည့် ဩဇာအာဏာကို ပိုင်ဆိုင်ပြီး သူ၏ဩဇာအာဏာသည် လူများ၊ အဖြစ်အပျက်များ၊ သို့မဟုတ် အမှုအရာများ၊ စကြဝဠာ သို့မဟုတ် မြေမျက်နှာသွင်ပြင်အားဖြင့် အမှုအရာများ ချုပ်ချယ်ခံရခြင်း သို့မဟုတ် ကန့်သတ်ထားခြင်း မရှိပေ။ အချိန်တိုင်းတွင်၊ ဘုရားသခင်က သူ၏အခွင့်အာဏာကို စွဲကိုင်သည်၊ သူ၏ တန်ခိုးအစွမ်းကို ပြသည်၊ သူ လုပ်မြဲလုပ်ဆောင်ခဲ့သည့်အတိုင်း သူ၏ စီမံခန့်ခွဲမှုအလုပ်များကို ဆက်လက်လုပ်ဆောင်လေသည်။ အချိန်တိုင်းတွင် သူ လုပ်မြဲလုပ်ဆောင်ခဲ့သည့်အတိုင်း အရာအားလုံးကို အုပ်ချုပ်သည်။ အရာအားလုံးအတွက် ထောက်ပံ့သည်။ အရာအားလုံးကို စီစဉ်ညွှန်ကြားလေသည်။ ဤအရာကို ဘယ်သူမှ မပြောင်းလဲနိုင်။ ၎င်းသည် အမှန်တရား ဖြစ်ပေသည်။ ၎င်း၌ ရှေးကတည်းက မပြောင်းလဲသည့်သမ္မာတရား ရှိလေသည်။

## ဘုရားသခင်၏ ဩဇာအာဏာကို ကျိုးနွံနာခံဖို့ ဆန္ဒရှိသူအတွက် သင့်လျော်သည့် သဘောထားနှင့် လက်တွေ့လုပ်ဆောင်ခြင်း

ဘုရားသခင်၏ ဩဇာအာဏာနှင့် လူသားကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့်ဆိုင်သည့် အမှန်တရားကို မည်သည့် သဘောထားဖြင့် လူက ယခု သိရှိမှတ်ယူသင့်သနည်း။ ဤသည်မှာ လူတိုင်း၏ ရှေ့တွင် ရှိနေသည့် တကယ့် ပြဿနာဖြစ်သည်။ လက်တွေ့ဘဝ ပြဿနာများကို ရင်ဆိုင် ရသည့်အခါ ဘုရားသခင်၏ ဩဇာအာဏာနှင့် သူ၏အချုပ်အခြာ အာဏာတို့ကို သင် မည်သို့သိပြီး နားလည်သင့်သနည်း။ ဤပြဿနာများနှင့် သင် ရင်ဆိုင်ရပြီး ၎င်းတို့ကို မည်သို့နားလည် ရမည်၊ ကိုင်တွယ်ရမည်၊ တွေ့ကြုံရမည်ကို သင်မသိသည့်အခါ၊ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်များကို ကျိုးနွံနာခံဖို့ သင်၏ ရည်ရွယ်ချက်၊ ဆန္ဒနှင့် သင်၏ ကျိုးနွံနာခံခြင်း နှင့်ဆိုင်သော စစ်မှန်မှုကို ပြသဖို့ရန် သင် မည်သို့ သဘောထားမျိုး ခံယူသင့်သနည်း။ ပထမဆုံးအနေဖြင့် စောင့်ဆိုင်းဖို့ သင် သင်ယူရပါမည်။

ထို့နောက် ရှာဖွေဖို့ သင်ယူရမည်။ ထို့နောက် ကျိုးနွံနာခံဖို့ သင်ယူရမည်။ "စောင့်ဆိုင်းခြင်း" က ဘုရားသခင်၏ အချိန်ကို စောင့်ခြင်းကို ဆိုလိုသည်။ သင့်အတွက် ဘုရားသခင် စီစဉ်ထားသည့် လူများ၊ အဖြစ်အပျက်များ၊ အမှုအရာများကို စောင့်ဆိုင်းခြင်းဖြစ်သည်။ သူ၏အလိုကို သင့်ဆီကို သူ့ဘာသာ တဖြည်းဖြည်း ထုတ်ဖော်ပြသဖို့ စောင့်ခြင်း ဖြစ်သည်။ "ရှာဖွေခြင်း" ဆိုသည်မှာ သူချပြပေးခဲ့သည့် လူများ၊ အဖြစ်အပျက်များ၊ အမှုအရာများမှ တစ်ဆင့် သင့်အတွက် ထောက်ထားသော ဘုရားသခင်၏ ရည်ရွယ်ချက်များကို လေ့လာခြင်းနှင့် သိနားလည်ခြင်း၊ ၎င်းတို့မှတစ်ဆင့် သမ္မာတရားကို သိနားလည်ခြင်း၊ လူသားက ပြီးမြောက်ရမည့် အရာနှင့် ၎င်းတို့ စောင့်ထိန်းလိုက်နာရမည့် လမ်းခရီးများကို သိနားလည်ခြင်း၊ ဘုရားသခင်က လူသားများထဲမှ မည်သည့်ရလဒ်များကို ရရှိရန် ရည်ရွယ်သည်၊ လူသားများထဲမှ မည်သည့် အောင်မြင်မှုများကို ရယူရန် ရည်ရွယ်သည်တို့ကို နားလည်ခြင်းအား ဆိုလိုသည်။ ဟုတ်ပေ၏၊ "ကျိုးနွံနာခံခြင်း" ဆိုသည်မှာ ဘုရားသခင် စီစဉ်ညွှန်ကြားသည့် လူများ၊ အဖြစ်အပျက်များ၊ အမှုအရာများကို လက်ခံခြင်း၊ သူ၏ အချုပ်အခြာအာဏာကို လက်ခံခြင်းနှင့် ၎င်းမှတစ်ဆင့် ဖန်ဆင်းရှင်က လူသားကံကြမ္မာကို မည်သို့ ပြဋ္ဌာန်းသည်၊ သူ၏အသက်ဖြင့် လူသားများကို သူ မည်သို့ထောက်ပံ့သည်၊ လူသားအတွင်း၌ သမ္မာတရားကို သူမည်သို့ လုပ်ဆောင်သည်ကို သိလာခြင်းအား ရည်ညွှန်းပေသည်။ ဘုရားသခင်၏ စီစဉ်မှုများနှင့် အချုပ်အခြာအာဏာ အောက်က အရာအားလုံးသည် သဘာဝနိယာမများကို နာခံသည်။ သင့်အတွက် အရာအားလုံးကို ဘုရားသခင် စီစဉ်ပြီး ပြဋ္ဌာန်းခွင့်ပြုဖို့ သင်စိတ်ပိုင်းဖြတ်ထားပါက၊ သင် စောင့်ဆိုင်းတတ်ဖို့ သင်ယူရ ပါမည်။ ရှာဖွေတတ်ဖို့ သင်ယူရမည်။ ကျိုးနွံနာခံတတ်ဖို့ သင်ယူရပေမည်။ ဤသည်မှာ ဘုရားသခင်၏ သြဇာအာဏာကို ကျိုးနွံနာခံချင်သည့် လူတိုင်း ခံယူရမည့် သဘောထား၊ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် စီစဉ်မှုတို့ကို လက်ခံချင်သည့် လူတိုင်း ပိုင်ဆိုင်ရမည့် အခြေခံ အရည်အသွေးတို့ ဖြစ်၏။ ထိုသို့သောသဘောထားကို ထိန်းသိမ်းဖို့၊ ထိုသို့သော အရည်အသွေးတစ်ခုကို ပိုင်ဆိုင်ဖို့၊ သင်တို့ ပိုကြိုးစားရမည်။ ဤသည်မှာစစ်မှန်သည့် လက်တွေ့အရှိတရားထဲသို့ သင်တို့ ဝင်ရောက်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

### ဘုရားသခင်ကို သင့်၏ အတုမရှိသည့် အရှင်သခင် အဖြစ် လက်ခံခြင်းက ကယ်တင်ခြင်းကို ရရှိဖို့ ပထမအဆင့် ဖြစ်သည်

ဘုရားသခင်၏ အခွင့်အာဏာနှင့်ပတ်သက်သည့် သမ္မာတရားများက လူတိုင်း လေးနက်စွာ မှတ်ယူရမည့်၊ ၎င်းတို့ နှလုံးသားနှင့် ကြုံတွေ့ပြီး နားလည်ရမည့် သမ္မာတရားများ ဖြစ်သည်။

ဤသမ္မာတရားများသည် လူတိုင်း၏ ဘဝ၊ လူတိုင်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အပေါ်၊ လူတိုင်းဘဝတွင် ဖြတ်သန်းရမည့် အရေးကြီးသည့် ဆုံမှတ်များအပေါ်တွင်၊ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် ဆိုင်သော လူသား၏ အသိပညာနှင့် ဘုရားသခင်၏ သြဇာအာဏာကို ရင်ဆိုင်သည့်အခါ အသုံးပြုသင့်သည့် သဘောထားတို့အပေါ်၊ သဘာဝအလျောက် လူတိုင်း၏ နောက်ဆုံးခရီးပန်းတိုင်အပေါ် ဆက်နွယ်မှု ရှိနေသည့် အတွက်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကို သိပြီး နားလည်ဖို့ ဘဝတစ်ခုလုံးစာ စွမ်းအင်များ လိုအပ်ပေသည်။ သင်သည် ဘုရားသခင်၏ သြဇာအာဏာကို အတိအလင်းခံယူသည့်အခါ၊ ဘုရားသခင်၏ အချုပ်အခြာအာဏာကို လက်ခံသည့်အခါ၊ ဘုရားသခင်၏ သြဇာအာဏာ၏ အမှန်တကယ် တည်ရှိခြင်း သမ္မာတရားကို သင်တဖြည်းဖြည်း သိမြင်ပြီး နားလည်လာလိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏ သြဇာအာဏာကို သင်လုံးဝ မသိမှတ်သကဲ့သို့ သူ့ အချုပ်အခြာအာဏာကို လုံးဝလက်မခံပါက၊ သင်နှစ်မည်မျှ အသက်ရှင်ပြီးပါစေ၊ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် ပတ်သက်သည့် အသိပညာကို အနည်းငယ်ပင် သင်ရရှိမည်မဟုတ်။ သင်သည် ဘုရားသခင်၏ သြဇာအာဏာကို အမှန်တကယ်သိပြီး နားလည်ခြင်း မရှိလျှင် သင်လမ်းဆုံးကို ရောက်သည့်အခါ ဘုရားသခင်ကို သင်ဆယ်စုနှစ်များစွာ ယုံကြည်ခဲ့သည့်တိုင် သင့်ဘဝအတွက် ပြစရာ ဘာမျှရှိမည်မဟုတ်သကဲ့သို့ လူသားကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့်ဆိုင်သည့် အသိပညာ အနည်းငယ်မျှ အလိုအလျောက် သင် ရှိလိမ့်မည်မဟုတ်။ ဤသည်မှာ အလွန်ဝမ်းနည်းစရာကောင်းသည့် အရာ မဟုတ်သလော။ ထို့ကြောင့် ဘဝတွင် သင်မည်မျှဝေးဝေး လျှောက်လှမ်းပြီးပါစေ၊ သင်ယခု မည်မျှ အသက်ကြီးနေပါစေ၊ သင်၏ ကျန်ရှိသည့်ခရီးက မည်မျှရှည်လျားပါစေ၊ ပထမဆုံး ဘုရားသခင်၏ သြဇာအာဏာကို သင် သိမှတ်ကာ လေးနက်စွာ ခံယူရမည်။ ပြီးလျှင် ဘုရားသခင်သည် သင်၏ အတုမရှိသည့် အရှင်သခင်ဖြစ်သည် ဆိုသည့်အချက်ကို လက်ခံရမည်။ လူသားကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာ အာဏာနှင့် ပတ်သက်သည့် ဤအမှန်တရားများအပေါ် ရှင်းလင်းသည့်၊ တိကျသည့် သိမြင်မှုနှင့် နားလည်မှုကို ရယူခြင်းက လူတိုင်းအတွက် မဖြစ်မနေလိုအပ်သည့် သင်ခန်းစာဖြစ်သည်။ ယင်းသည် လူသားဘဝသိရှိခြင်းနှင့် အမှန်တရားကို ရယူခြင်း အတွက် သော့ချက်ဖြစ်သည်။ နေ့စဉ်လူတိုင်း ရင်ဆိုင်ရသည့်၊ မည်သူမှ ရှောင်လွဲမရနိုင်သည့် ဘုရားသခင်ကို သိခြင်းဘဝနှင့် ယင်း၏ အခြေခံသင်ခန်းစာ ဖြစ်သည်။ တစ်စုံတစ်ဦးသည် ဤပန်းတိုင်သို့ရောက်ဖို့ ဖြတ်လမ်းက သွားချင်ပါက၊ မဖြစ်နိုင်ဟု ယခု သင့်ကို ငါ ပြော၏။ ဘုရားသခင်၏ အချုပ်အခြာအာဏာကို သင်တို့ လွတ်မြောက်ချင်ပါက၊ ယင်းသည် ပို၍ပင်မဖြစ်နိုင်ချေ။

ဘုရားသခင်သည် လူသား၏ တစ်ဦးတည်းသော သခင်ဖြစ်သည်။ ဘုရားသခင်သည် လူသားကံကြမ္မာ၏ တစ်ဦးတည်းသော အရှင်သခင်ဖြစ်သည်။ ထို့ကြောင့် လူသားအတွက် သူ့ကိုယ်ပိုင်ကံကြမ္မာကို ပြဋ္ဌာန်းဖို့ မဖြစ်နိုင်။ ယင်း၏ ပြင်ပသို့ ခြေလှမ်းဖို့ သူ့အတွက် မဖြစ်နိုင်ပေ။ လူတစ်ယောက်၏ အရည်အချင်းက မည်မျှပင် ကြီးမားပါစေ၊ အခြားလူများ၏ ကံကြမ္မာကို စီစဉ်ညွှန်ကြားဖို့၊ စီစဉ်ဖို့၊ ထိန်းချုပ်ဖို့ သို့မဟုတ် ပြောင်းလဲဖို့ မပြောနှင့်၊ မလွှမ်းမိုးနိုင်ပေ။ လူသားအတွက် အရာခပ်သိမ်းကို အတုမရှိသည့် ဘုရားသခင် ကိုယ်တိုင်သာ အုပ်စိုးပါသည်၊ လူသားကံကြမ္မာအပေါ် အချုပ်အခြာအာဏာကို စွဲကိုင်သည့် အတုမရှိသော သြဇာအာဏာကို သူသာလျှင် ပိုင်ဆိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းရှင်သာလျှင် လူသား၏ အတုမရှိသည့် အရှင်သခင်ဖြစ်သည်။ ဘုရားသခင်၏ သြဇာအာဏာသည် ဖန်ဆင်းခံ လူသားမျိုးနွယ် အပေါ်သာမက မည်သည့်လူသားမျှ မမြင်နိုင်သည့် ဖန်ဆင်းခံ မဟုတ်သော အရာများအပေါ်၊ ကြယ်များအပေါ် စကြဝဠာ အပေါ်တွင် အချုပ်အခြာအာဏာကို စွဲကိုင်ထား၏။ ဤသည်မှာ ငြင်း၍မရသည့် အချက်၊ မည်သည့်လူသား သို့မဟုတ် မည်သည့်အမှုအရာကမျှ ပြောင်းလဲ၍မရသည့် အမှန်တကယ် တည်ရှိသော အချက်တစ်ခု ဖြစ်သည်။ သင်တို့ထဲမှ တစ်ဦးက ထူးခြားသည့် ကျွမ်းကျင်မှု သို့မဟုတ် အရည်အချင်းများရှိသည်ဟု ယုံကြည်ရင်းနှင့်သင်ကံကောင်းပြီး သင့်လက်ရှိ အခြေအနေများကို ပြောင်းလဲနိုင်သည် သို့မဟုတ် လွတ်မြောက်နိုင်သည်ဟု ထင်မြင်ဆဲဖြစ်ရင်း ၎င်းတို့ပုံစံအတိုင်းရှိသည့် အမှုအရာများကို မကျေမနပ် ဖြစ်နေသေးပါက၊ သင်သည် လူသား၏အားထုတ်မှုနှင့် သင်၏ ကိုယ်ပိုင်ကံကြမ္မာကို ပြောင်းလဲပြီး ဤနည်းနှင့် အများထက် သာလွန်ပြီး အောင်မြင်မှုနှင့် စည်းစိမ်တို့ကို ရရှိဖို့ ကြိုးစားပါက၊ သင်သည် မိမိကိုယ်ကိုယ်အတွက် ကိစ္စရပ်များကို ခက်ခဲအောင် လုပ်နေသည်ဟု သင့်ကို ငါဆို၏။ သင်သည် ပြဿနာကိုသာ ရှာနေခြင်းဖြစ်သည်။ ကိုယ့်သင်္ချိုင်းကိုယ်တူးနေခြင်း ဖြစ်သည်။ တစ်နေ့ အနေးနှင့် အမြန်ဆိုသကဲ့သို့ မှားယွင်းသည့် ရွေးချယ်မှု သင်လုပ်ခဲ့သည်၊ သင်၏ အားထုတ်မှုများ ဖြုန်းတီးပစ်ခဲ့သည်ကို သင်တွေ့ရှိရလိမ့်မည်။ သင့် ရည်မှန်းချက်၊ ကံကိုဆန့်ကျင်ပြီး ရုန်းကန်လှုပ်ရှားဖို့ သင့်ဆန္ဒ၊ သင်၏ ကိုယ်ပိုင် ပြောင်မြောက်လှသည့် လုပ်ဆောင်မှုများသည် ပြန်လမ်းမရှိသည့် လမ်းသို့ သင့်ကို ပို့ဆောင်ပေးပါလိမ့်မည်။ ဤအတွက် သင်သည် ခါးသီးသည့် အဖိုးအခတစ်ခု သင် ပေးရလိမ့်မည်။ လက်ရှိအချိန်တွင် အကျိုးဆက်များ၏ ပြင်းထန်မှုကို သင် မမြင်သော်လည်း ဘုရားသခင်သည် လူသားကံကြမ္မာ၏ အရှင်သခင်ဖြစ်သည်ဆိုသည့် သမ္မာတရားကို တွေ့ကြုံပြီး ပိုပြီး နက်ရှိုင်းစွာ အသိအမှတ် ပြုလာသည်နှင့်အမျှ ယနေ့ ငါပြောနေသည့်အရာနှင့် ယင်း၏ သက်ရောက်မှုကို

သင်တဖြည်းဖြည်း သိမြင်လာလိမ့်မည်။ သင်သည် စိတ်နှလုံးနှင့် ဝိညာဉ်တစ်ခု ကောင်းရှိ၊ မရှိ၊ သမ္မာတရားကို ချစ်သည့်လူ သင်ဟုတ်၊ မဟုတ်၊ ဆိုသည်တို့မှာ ဘုရားသခင်၏ အချုပ်အခြာ အာဏာနှင့် သမ္မာတရားအပေါ် မည်သို့ သဘောထားမျိုး သင် ခံယူသည်ဆိုသည့်အပေါ် မူတည်ပေသည်။ ဤအချက်သည် ဘုရားသခင်၏ ဩဇာအာဏာကို သင်အမှန်တကယ် သိပြီး နားလည်ခြင်း ရှိ၊ မရှိဆိုသည်ကို အလိုအလျောက် သတ်မှတ် ပေးသည်။ သင့်ဘဝ၌ ဘုရားသခင်၏ ဩဇာအာဏာကို သိမှတ်ပြီး လက်ခံဖို့ နေနေသာသာ၊ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် သူ၏ အစီအစဉ်များအား ဘယ်သောအခါမျှ မခံစားဖူးပါက၊ သင်သည် လုံးဝ တန်ဖိုးမရှိသူ ဖြစ်လိမ့်မည်ဖြစ်ပြီး သင်ခံယူခဲ့သည့် လမ်းကြောင်းနှင့် သင်ပြုလုပ်ခဲ့သည့် ရွေးချယ်မှုတို့ကြောင့် သင်သည် ဘုရားသခင်၏ စက်ဆုပ်ခြင်းနှင့် ငြင်းပယ်ခြင်းကို အမှန်တကယ် ခံရသည့်သူ ဖြစ်လိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏ အမှု၌ သူ၏စမ်းသပ်မှုကို လက်ခံနိုင်သူ၊ သူ၏ အချုပ်အခြာအာဏာကို လက်ခံနိုင်သူ၊ သူ၏ ဩဇာအာဏာကို ကျိုးနွံနာခံပြီး သူ၏နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် စစ်မှန်သော အတွေ့အကြုံ များကို တဖြည်းဖြည်း ရရှိသောသူတို့သည် ဘုရားသခင်၏ ဩဇာအာဏာနှင့်ဆိုင်သည့် စစ်မှန်သောအသိပညာ၊ သူ၏ အချုပ်အခြာအာဏာနှင့်ဆိုင်သည့် စစ်မှန်သော သိနားလည်မှုတို့ကို ရရှိပေလိမ့်မည်။ ၎င်းတို့သည် ဖန်ဆင်းရှင်ကို ဝန်ခံသောသူများ အမှန်တကယ် ဖြစ်လာကြလိမ့်မည်။ ထိုသို့သောလူများသာ အမှန်တကယ် ကယ်တင်ခြင်းခံရမည်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို သိသောကြောင့်၊ ယင်းကို လက်ခံသောကြောင့်၊ လူသားကံကြမ္မာအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့်ဆိုင်သော အမှန်တရားကို ၎င်းတို့၏ အသိအမှတ်ပြုခြင်းနှင့် ကျိုးနွံနာခံခြင်းတို့သည် စစ်မှန်ကာ တိကျလေသည်။ ၎င်းတို့သည် သေခြင်းနှင့် ရင်ဆိုင်ရသည့်အခါ ကိုယ်ပိုင်ရွေးချယ်မှု မပါဝင်ဘဲ၊ ကိုယ်ပိုင်ဆန္ဒမပါဝင်ဘဲ ယောဘကဲ့သို့ သေခြင်းကို မဖြုံသောစိတ်ရှိကာ အရာခပ်သိမ်း၌ ဘုရားသခင်၏ စီစဉ်ညွှန်ကြားခြင်းနှင့် အစီအစဉ်တို့ကို ကျိုးနွံနာခံကြလိမ့်မည်။ ထိုသို့သောလူမျိုးသာ စစ်မှန်သည့် ဖန်ဆင်းခံ လူသားတစ်ဦးအဖြစ် ဖန်ဆင်းရှင်ထံပါးသို့ ပြန်လာနိုင်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၄)

## ဘုရားသခင်၏ သန့်ရှင်းခြင်း (၁)

ငါတို့၏ နောက်ဆုံး အစည်းအဝေးအတွင်းတွင် ဘုရားသခင်၏ ဩဇာအာဏာနှင့် ပတ်သက်သည့် နောက်ထပ် မိတ်သဟာယ အချို့ကို ငါတို့ ပြုခဲ့ကြသည်။ ယခုတွင်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအကြောင်းကို ငါတို့ ဆွေးနွေးနေမည်မဟုတ်။ ယနေ့ ငါတို့ ဆွေးနွေးနေမည့်အရာသည် လုံးဝ ခေါင်းစဉ်အသစ် တစ်ခုဖြစ်သည့်- ဘုရားသခင်၏ သန့်ရှင်းခြင်း ဖြစ်သည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် ဘုရားသခင်၏ အတုမရှိသော အနှစ်သာရ၏ နောက်ထပ် သွင်ပြင်လက္ခဏာတစ်ခုဖြစ်သည်၊ ထို့ကြောင့် ဤခေါင်းစဉ်အကြောင်း ငါတို့ မိတ်သဟာယပြုသည်မှာ အရေးပါလှသည်။ ငါသည် ယခင်က ဘုရားသခင်၏ အနှစ်သာရနှင့် သက်ဆိုင်သော အခြားသွင်ပြင်လက္ခဏာနှစ်ခု- ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့် ဘုရားသခင်၏ ဩဇာအာဏာတို့အကြောင်းကို မိတ်သဟာယပြုခဲ့သည်။ ဤသွင်ပြင်လက္ခဏာများနှင့် ယနေ့ ငါ မိတ်သဟာယပြုမည့် သွင်ပြင်လက္ခဏာသည် အားလုံး အတုမရှိဖြစ်ကြသည် မဟုတ်လော။ (ဟုတ်ပါသည်။) ဘုရားသခင်၏ သန့်ရှင်းခြင်းသည်လည်း အတုမဲ့ဖြစ်သည်၊ ထို့ကြောင့် ယနေ့ ငါတို့၏ မိတ်သဟာယအတွက် အဓိကဆိုလိုရင်းသည် ဤအတုမရှိခြင်း၏ အခြေခံနှင့် အရင်းအမြစ်တို့ ပါဝင်သည့်အရာ ဖြစ်သည်။ ယနေ့တွင် ဘုရားသခင်၏ အတုမရှိ အနှစ်သာရဖြစ်သည့် သူ၏ သန့်ရှင်းခြင်းအကြောင်းကို ငါတို့ မိတ်သဟာယပြုကြမည်။ သင်တို့ထဲမှ အချို့သည် ဒွိဟအချို့ရှိကောင်းရှိမည်ဖြစ်ပြီး၊ "ဘုရားသခင်၏ သန့်ရှင်းခြင်းအကြောင်းကို ငါတို့ အဘယ်ကြောင့် မိတ်သဟာယပြုသင့်သနည်း။" ဟု မေးနေကြ၏။ စိတ်မပူနှင့်၊ သင်တို့ကို ငါအစမှအဆုံး ပြောပြသွားမည်။ ငါပြောရမည့်အရာကို သင်တို့ ကြားပြီးသည်နှင့်တစ်ပြိုင်နက်၊ ဤခေါင်းစဉ်နှင့်ပတ်သက်၍ မိတ်သဟာယပြုဖို့ ငါ့အတွက် အဘယ်ကြောင့် အလွန် လိုအပ်သည်ကို သင်တို့သိကြလိမ့်မည်။

ပထမဦးစွာ၊ "သန့်ရှင်း" ဟူသည့် စကားလုံးကို အဓိပ္ပာယ် ဖွင့်ကြစို့။ သင်တို့၏ အမြင်နှင့် သင်တို့ ရရှိကြပြီးဖြစ်သည့် အသိပညာအားလုံးကို အရင်းခံ၍၊ "သန့်ရှင်း" ဟူသည့် အရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မည်သည့်အရာဖြစ်သည်ဟု သင် နားလည်ပါသနည်း။ ("သန့်ရှင်း" ဆိုသည်မှာ အစွန်းအထင်း မရှိသည့်အရာ၊ လူသား ဖောက်ပြန်ပျက်စီးခြင်း သို့မဟုတ် အပြစ်အနာအဆာများ လုံးဝ မရှိခြင်းကို ဆိုလိုသည်။ အတွေးထဲ၌ ဖြစ်စေ၊ အပြော သို့မှမဟုတ် အလုပ်၌ဖြစ်စေ၊ သန့်ရှင်းခြင်းသည် အပြုသဘောဆောင်သော အရာအားလုံးကို ထင်ဟပ်လေသည်။) အလွန်ကောင်းပေ၏။ ("သန့်ရှင်း" ဆိုသည်မှာ ဘုရားသဘောသဘာဝ၊

မစွန်းထင်းသည့်အရာ၊ လူသားက ပုန်ကန်ပြစ်မှား၍ မရနိုင်သည့် အရာဖြစ်သည်။ ယင်းသည် အတုမရှိဖြစ်သည်၊ ဘုရားသခင် တစ်ပါးတည်းနှင့် သက်ဆိုင်ပြီး သူ၏ သင်္ကေတဖြစ်သည်။)
ဤသည်မှာ သင်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်သည်။ လူအသီးသီး၏ စိတ်နှလုံးထဲတွင် "သန့်ရှင်း" ဟူသည့် ဤစကားလုံးသည် အတိုင်းအတာ တစ်ခု၊ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုနှင့် အနက်ဖွင့်ချက်တစ်ခုတို့ ရှိလေသည်။ အနည်းဆုံးအနေဖြင့် "သန့်ရှင်း" ဟူသည့် စကားလုံးကို သင်တို့ တွေ့သည့်အခါ၊ သင်တို့၏စိတ်များသည် ဗလာမဖြစ်ပေ။ သင့်၌ဤစကားလုံးအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက် အတိုင်းအတာ တစ်ခုခု ရှိပြီး၊ လူတချို့၏ ဆိုရိုးများသည် ဘုရားသခင်၏ စိတ်သဘောထားနှင့်ပတ်သက်သည့် အနှစ်သာရကို အဓိပ္ပာယ်ဖွင့်ဆိုသည့် ဆိုရိုးများနှင့် အတော်အတန် နီးစပ်လေသည်။ ဤသည်မှာ အလွန်ကောင်းပေသည်။ လူအများစုက "သန့်ရှင်း" ဟူသည့် စကားလုံးကို အပြုသဘောဆောင်သည့်စကားလုံးတစ်ခုအဖြစ် ယုံကြည်ကြပြီး ဤသည်မှာ သေချာပေါက် မှန်ကန်ပေသည်။ သို့သော် ယနေ့တွင်၊ ငါတို့သည် ဘုရားသခင်၏ သန့်ရှင်းခြင်းအကြောင်း မိတ်သဟာယ ပြုကြသည်နှင့်အမျှ၊ ငါသည် အဓိပ္ပာယ်ဖွင့်ဆိုချက်များ သို့မဟုတ် ရှင်းပြချက်များကိုမျှ ပြောဆိုနေမည်မဟုတ်။ ယင်းအစား ဘုရားသခင် သန့်ရှင်းသည်ဟု ငါအဘယ်ကြောင့် ပြောရသည် ဆိုသည်နှင့် ဘုရားသခင်၏ အနှစ်သာရကို ဖော်ပြရန် "သန့်ရှင်း" ဟူသည့် စကားလုံးကို ငါအဘယ်ကြောင့် အသုံးပြုရသည်ကို သင့်အား ပြသရန် အမှန်တရားများကို သက်သေအဖြစ် ငါ တင်ပြမည်။ ငါတို့၏ မိတ်သဟာယပြုမှု ပြီးဆုံးသွားသည့်အချိန်တွင်၊ ဘုရားသခင်၏ အနှစ်သာရကို အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် ဘုရားသခင်ကို ရည်ညွှန်းရာတွင် "သန့်ရှင်း" ဟူသည့် စကားလုံးကို အသုံးပြုခြင်းသည် အပြည့်အဝ ခိုင်လုံပြီး အသင့်လျော်ဆုံး ဖြစ်သည်ကို သင်ခံစားရလိမ့်မည်။ အနည်းဆုံးအနေဖြင့်၊ လူသားတို့၏ လက်ရှိဘာသာစကားအရ၊ ဘုရားသခင်ကို ရည်ညွှန်းရန် ဤစကားလုံးကို အသုံးပြုခြင်းသည် အထူးသဖြင့် ဆီလျော်သည်- လူသား ဘာသာစကား၏ စကားလုံးများ အားလုံးထဲမှ ထိုစကားလုံးသည်သာလျှင် ဘုရားသခင်ကို ရည်ညွှန်းရန် လုံးဝ သင့်တော်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ဤစကားလုံးသည် ဘုရားသခင်ကို ရည်ညွှန်းရန် အသုံးပြုသည့်အခါတွင်၊ အနှစ်မဲ့သော စကားလုံး မဟုတ်သကဲ့သို့၊ အခြေအမြစ်မရှိသည့် ချီးကျူးခြင်း သို့မဟုတ် အနှစ်မဲ့သည့် မြှောက်လုံးပင့်လုံး မဟုတ်ပေ။ ငါတို့မိတ်သဟာယ၏ ရည်ရွယ်ချက်မှာ ဘုရားသခင့် အနှစ်သာရနှင့်သက်ဆိုင်သည့် ဤသွင်ပြင်လက္ခဏာ၏ အမှန်တရားကို လူတိုင်း သတိပြုခွင့် ပေးရန် ဖြစ်သည်။ ဘုရားသခင်သည် လူ၏ သိနားလည်မှုကို မစိုးရိမ်ပေ၊ သို့သော် လူ၏ နားလည်မှုလွဲခြင်းကိုသာ စိုးရိမ်ခြင်း ဖြစ်သည်။ သူ၏အနှစ်သာရနှင့် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်းကို အယောက်စီတိုင်း သိရှိဖို့ ဘုရားသခင်

ဆန္ဒရှိ၏။ ထို့ကြောင့် ဘုရားသခင့် အနှစ်သာရ၏ သွင်ပြင်လက္ခဏာတစ်ခုကို ငါတို့ ပြောဆိုသည့် အခါတိုင်းတွင်၊ ဘုရားသခင်၏ အနှစ်သာရနှင့်သက်ဆိုင်သည့် ဤသွင်ပြင်လက္ခဏာ အမှန်တကယ် တည်ရှိသည်ကို လူတို့အား သိမြင်ခွင့်ပေးရန် အချက်အလက် များစွာကို ငါတို့ အားကိုးနိုင်သည်။

ယခု "သန့်ရှင်း" ဟူသည့် စကားလုံး၏ အဓိပ္ပာယ် ဖွင့်ဆိုချက်တစ်ခု ငါတို့တွင် ရှိပြီဖြစ်သည့်အတွက်၊ ဥပမာအချို့ကို ဆွေးနွေးကြစို့။ လူတို့၏ အယူအဆများတွင်၊ ၎င်းတို့သည် အမှုအရာများစွာနှင့် လူများစွာတို့ကို "သန့်ရှင်း" မည်ဟု စိတ်ကူးမိကြသည်။ ဥပမာအားဖြင့်၊ လူသားမျိုးနွယ်၏ အဘိဓာန်များတွင် လူပျိုယောကျ်ားလေးများနှင့် အပျိုမိန်းကလေးများကို သန့်ရှင်းသကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ သို့သော် ၎င်းတို့သည် အမှန်တကယ် သန့်ရှင်းကြသလော။ ဤ "သန့်ရှင်း" သည်ဟု ခေါ်ဆိုကြသည့် အရာနှင့် ယနေ့ ငါတို့ မိတ်သဟာယပြုမည့် "သန့်ရှင်း" ဟူသည့်အရာသည် တစ်ခုတည်း ဖြစ်သလော။ (မဟုတ်ပါ။) ခန့်ညားပြီး ယဉ်ကျေးသော အပြောအဆိုရှိသူ၊ မည်သူ့ကိုမျှ မနာကျင်စေဖူးသည့်သူနှင့် ၎င်းတို့ ပြောဆိုသည့် စကားများဖြင့် သူတစ်ပါးကို စိတ်လက်ချမ်းသာစေပြီး နှစ်သက်ဖွယ်ဖြစ်စေသည့် ကိုယ်ကျင့်တရားများ ကောင်းမွန်သူများ ထဲမှ လူများ- ၎င်းတို့သည် သန့်ရှင်းကြသလော။ ကောင်းသည့်အရာကို မကြာခဏလုပ်ကြပြီး မရှိဆင်းရဲသားများကို ရက်ရောတတ်သကဲ့သို့၊ သူတစ်ပါးကို ကြီးစွာ အထောက်အပံ့ပေးသည့် သူများ၊ လူများ၏ အသက်တာများထဲသို့ ပျော်ရွှင်မှုများစွာ ဆောင်ကြဉ်းသည့် သူများ- ၎င်းတို့ သန့်ရှင်းကြသလော။ ကိုယ်ကျိုးဖက်သည့် အတွေးများကို မသိုထားသည့်သူများ၊ မည်သူတစ်ဦးတစ်ယောက်အပေါ်မျှ ပြင်းထန်သည့် တောင်းဆိုမှုများ မထားရှိသူများနှင့် မည်သူကိုမဆိုအား သည်းခံသောသူများ- ၎င်းတို့သည် သန့်ရှင်းကြသလော။ မည်သူနှင့်မျှ လုံးဝ ခိုက်ရန်ဖြစ်ခြင်းမရှိ၊ သို့မဟုတ် မည်သူ့ကိုမျှ အခွင့်အရေးမယူတတ်သူများ- ၎င်းတို့သည် သန့်ရှင်းကြသလော။ ပြီးလျှင် သူတစ်ပါး ကောင်းကျိုးအတွက် အလုပ်လုပ်သောသူများ၊ တခြားသူများကို အကျိုးပြုပြီး နည်းလမ်းတိုင်းဖြင့် အခြားသူများကို တည်ဆောက်မှု ယူဆောင်ပေးသူများ- ၎င်းတို့သည် သန့်ရှင်းကြသလော။ မိမိတို့၏ တစ်ဘဝလုံး ရှာဖွေစုဆောင်းထားသည်များအားလုံးကို အခြား သူများအား ပေးပစ်ပြီး ရိုးရှင်းသည့် ဘဝတစ်ခုကို အသက်ရှင်ကြသူများ၊ မိမိတို့ကိုယ်ကိုယ် စည်းကမ်း ကြပ်မတ်သော်လည်း၊ အခြားသူများကို လွတ်လွတ်လပ်လပ် ဆက်ဆံသည့်သူများ- ၎င်းတို့သည် သန့်ရှင်းကြပါသလော။ (မသန့်ရှင်းကြပါ။) သင်တို့၏ မိခင်များသည် သင်တို့ကို မည်သို့ ပြုစုစောင့်ရှောက်ခဲ့ပြီး စိတ်ကူးနိုင်သမျှနည်းလမ်းတိုင်းဖြင့် ကြည့်ရှုစောင့်ရှောက်ခဲ့သည်ကို

သင်တို့အားလုံး မှတ်မိကြ၏- ၎င်းတို့သည် သန့်ရှင်းကြသလော။ ကျော်ကြားသည့် လူများဖြစ်စေ၊ နာမည်ကျော်များ သို့မဟုတ် ကြီးမြတ်သည့် လူများဖြစ်စေ၊ သင်တို့မြတ်နိုးကြသည့် အသည်းကြော်များ- ၎င်းတို့သည် သန့်ရှင်းကြသလော။ (မသန့်ရှင်းကြပါ။) လူများစွာက မသိကြသည့် အနာဂတ်နှင့် ပတ်သက်သည့် အရာများကို ပြောဆိုနိုင်ခဲ့ကြသည့် သမ္မာကျမ်းစာထဲက ပရောဖက်များကို ယခုကြည့်ကြစို့- ဤလူများသည် သန့်ရှင်းခဲ့ကြပါသလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် သူ၏ အမှုနှင့် သက်ဆိုင်သည့် အချက်အလက်များကို သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင်နိုင်ခဲ့ကြသည့် လူများ- ၎င်းတို့သည် သန့်ရှင်းခဲ့ကြသလော။ မောရှေသည် သန့်ရှင်းခဲ့သလော။ အာဗြဟံသည် သန့်ရှင်းခဲ့သလော။ (မသန့်ရှင်းခဲ့ပါ။) ယောဘရော အဘယ်သို့နည်း။ သူသည် သန့်ရှင်းခဲ့သလော။ (မသန့်ရှင်းခဲ့ပါ။) ဖြောင့်မတ်သောသူဟု ဘုရားသခင်၏ ခေါ်ဆိုခြင်းကို ယောဘ ခံခဲ့ရ၏၊ ထို့ကြောင့် သူ့ကိုပင်လျှင် မသန့်ရှင်းပါဟု အဘယ်ကြောင့် ဆိုရသနည်း။ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သောလူတို့သည် အမှန်တကယ် မသန့်ရှင်းကြပါသလော။ ၎င်းတို့သည် သန့်ရှင်းကြသလော သို့မဟုတ် မသန့်ရှင်းကြသလော။ (မသန့်ရှင်းကြပါ။) သင်တို့သည် အနည်းငယ် မရေမရာဖြစ်ကြသည်၊ သင်တို့သည် အဖြေကို မသေချာကြသကဲ့သို့၊ "သန့်ရှင်းခြင်းမရှိ" ဟု မပြောဝံ့ကြဘဲ၊ "သန့်ရှင်းသည်" ဟုလည်း မပြောဝံ့ကြပေ၊ ထို့ကြောင့် နောက်ဆုံးတွင် စိတ်မပါ့တပါဖြင့် "သန့်ရှင်းခြင်းမရှိ" ဟု သင်တို့ ဆိုကြလေသည်။ နောက်ထပ် မေးခွန်းတစ်ခုကို ငါမေးပါရစေ။ ကမ္ဘာမြေသို့ ဘုရားသခင် စေလွှတ်သည့် တမန်များဖြစ်သော ဘုရားသခင်၏ စေတမန်များ- ၎င်းတို့သည် သန့်ရှင်းကြပါသလော။ ကောင်းကင်တမန်များသည် သန့်ရှင်းကြပါသလော။ (မသန့်ရှင်းကြပါ။) စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်း ခံခဲ့ရသည့် လူသားမျိုးနွယ်- ၎င်းတို့သည် သန့်ရှင်းကြပါသလော။ (မသန့်ရှင်းကြပါ။) သင်တို့သည် မေးခွန်းတိုင်းကို "မသန့်ရှင်းပါ" ဟုသာ ဖြေမြဲဖြေနေကြသည်။ မည်သည့်အခြေခံအကြောင်းအရင်းအရ ဖြစ်ပါသနည်း။ သင်တို့ စိတ်ရှုပ်ထွေးနေကြ၏၊ ဟုတ်သည် မဟုတ်လော။ ထို့ကြောင့် ကောင်းကင်တမန်များကိုပင်လျှင် အဘယ်ကြောင့် သန့်ရှင်းခြင်းမရှိဟု ဆိုရသနည်း။ ယခု သင်တို့ မရေမရာ ဖြစ်နေကြသည်၊ ဟုတ်သည်မဟုတ်လော။ သို့ဆိုလျှင် ယခင်က ငါတို့ပြောဆိုခဲ့သည့် လူများ၊ အမှုအရာများ သို့မဟုတ် ဖန်ဆင်းမခံထားရသော သတ္တဝါများသည် မည်သည့်အခြေခံ အကြောင်းအရင်းအရ မသန့်ရှင်းကြသည်ကို သင်တို့ ဖော်ထုတ်နိုင်ပါသလော။ သင်တို့မဖော်ထုတ်နိုင်သည်မှာ ငါ သေချာသည်။ သို့ဆိုလျှင် သင်တို့၏ "မသန့်ရှင်းပါ" ဟူသည့် စကားသည် အနည်းငယ် တာဝန်မဲ့နေသည် မဟုတ်လော။ သင်တို့သည် ကျိုးကြောင်းမမြင်ဘဲ ဖြေနေကြသည်

မဟုတ်လော။ တချို့လူများက- "သင်၏ မေးခွန်းကို ဤနည်းဖြင့် စီကုံးသည့်အတွက်၊ အဖြေမှာ သေချာပေါက် 'မသန့်ရှင်းပါ' ဖြစ်ရပေမည်" ဟု တွေးဆနေကြသည်။ နှုတ်ပေါ့လွန်းသော အဖြေများကို ငါ့အား မပေးကြနှင့်။ အဖြေက "သန့်ရှင်းသည်" သို့မဟုတ် "မသန့်ရှင်းပါ" ဆိုသည်ကို သေချာ စဉ်းစားကြလော့။ နောက်လာမည့် အကြောင်းအရာကို ငါတို့ မိတ်သဟာယပြုသည်နှင့်တစ်ပြိုင်နက်၊ အဖြေက အဘယ်ကြောင့် "မသန့်ရှင်းပါ" ဖြစ်သည်ကို သင်တို့ သိကြလိမ့်မည်။ မကြာမီတွင် သင်တို့ကို ငါအဖြေပေးမည်။ ပထမဦးစွာ၊ ကျမ်းစာကို ဖတ်ကြည့်ကြစို့။

လူသားထံ ယေဟောဝါ ဘုရားသခင်၏ အမိန့်

ကမ္ဘာဦးကျမ်း ၂:၁၅-၁၇ ထိုအခါ ယေဟောဝါ ဘုရားသခင်သည် လူကိုယူပြီး ဧဒင်ဥယျာဉ်ထဲတွင် ပြုစုစောင့်ရှောက်စေရန် ထားတော်မူ၏။ ယေဟောဝါဘုရားသခင်က ဥယျာဉ်ထဲရှိသည့် ခပ်သိမ်းသောအပင်တို့ကို သင်သည် လွတ်လပ်စွာ စားသုံး နိုင်၏။ သို့သော် အကောင်း၊ အဆိုး သိကျွမ်းရာအပင်ကို သင်သည် မစားရ။ သင်စားသောနေ့တွင် ဧကန်မုချ သေရမည်ဟု လူကို အမိန့်ပေးတော်မူ၏။

လူမိန်းမကို မြွေ၏ သွေးဆောင်ဖြားယောင်းခြင်း

ကမ္ဘာဦးကျမ်း ၃:၁-၅ ယခုတွင်၊ မြွေသည် ယေဟောဝါ ဘုရားသခင် ဖန်ဆင်းတော်မူသော မြေပေါ် ရှိ မည်သည့်တိရစ္ဆာန်မဆိုထက် ပိုမို လိမ္မာပါးနပ်လေသည်။ သူက လူမိန်းမထံ၊ ဥယျာဉ်ထဲမှ အပင်တိုင်းကို သင်တို့ မစားရဟု အမှန်စင်စစ် ဘုရားသခင် မိန့်တော်မူခဲ့သလောဟု မေးလေသည်။ လူမိန်းမကလည်း၊ ကျွန်မတို့သည် ဥယျာဉ်ထဲရှိ အပင်များ၏ အသီးများကို စားသုံးနိုင်ကြပါ၏၊ သို့သော်၊ ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကိုမူ၊ ဘုရားသခင်က၊ သင်တို့ သေမည်စိုးရသဖြင့် ယင်းကို သင်သည် မစားရသကဲ့သို့ ထိလည်း မထိရဟု မိန့်တော်မူကြောင်း မြွေကို ပြောကြားလေသည်။ မြွေကလည်း၊ သင်တို့ ဧကန်မုချ သေရကြမည်မဟုတ်၊ သင်တို့စားသောနေ့တွင် သင်တို့၏ မျက်စိများပွင့်ပြီး သင်တို့သည် ဘုရားကဲ့သို့ဖြစ်ကာ အကောင်းနှင့် အဆိုးကို သိမည်အကြောင်း ဘုရားသခင် သိသည့်အတွက်ကြောင့် ဖြစ်သည်ဟု လူမိန်းမအား ဆိုလေသည်။

ဤကျမ်းပိုဒ်နှစ်ပိုဒ်သည် သမ္မာကျမ်းစာထဲက ကမ္ဘာဦးကျမ်းမှ ကောက်နုတ်ချက်များ ဖြစ်သည်။ ဤကျမ်းပိုဒ်နှစ်ပိုဒ်ကို သင်တို့အားလုံး ရင်းနှီးကြသလော။ ၎င်းတို့သည် လူသားမျိုးနွယ် ပထမဦးဆုံး ဖန်ဆင်းခံခဲ့ရသည့်အချိန်ကာလဖြစ်သည့် အစအဦးက ဖြစ်ပျက်ခဲ့သည့်

အဖြစ်အပျက်များနှင့် ဆက်နွယ်လေသည်။ ဤအဖြစ်အပျက်များသည် စစ်မှန်ကြပေသည်။ ပထမဦးစွာ ယေဟောဝါ ဘုရားသခင်က အာဒံနှင့်ဧဝကို မည်သည့်အမိန့်မျိုး ပေးခဲ့သည်ကို ကြည့်ကြစို့။ ဤအမိန့်၏ ပါဝင်သော အကြောင်းအရာသည် ယနေ့ငါတို့၏အကြောင်းအရာအတွက် အလွန်အရေးကြီး၏။ "ယေဟောဝါ ဘုရားသခင်က ဥယျာဉ်ထဲရှိသည့် ခပ်သိမ်းသောအပင်တို့ကို သင်သည် လွတ်လပ်စွာ စားသုံးနိုင်၏။ သို့သော် အကောင်း၊ အဆိုး သိကျွမ်းရာအပင်ကို သင်သည် မစားရ။ သင်စားသောနေ့တွင် ဧကန်မုချ သေရမည်ဟု လူကို အမိန့်ပေးတော်မူ၏။" ဤကျမ်းပိုဒ်ထဲက လူသားကိုပေးသည့် ဘုရားအမိန့်၏ ဆိုလိုရင်းမှာ အဘယ်နည်း။ ပထမအနေဖြင့် ဘုရားသခင်က လူသားကို မည်သည့်အရာ စား၍ရသည်၊ အတိအကျအားဖြင့် အပင်အမျိုးစုံ၏ အသီးများကို ပြောလေသည်။ အန္တရာယ်မရှိသကဲ့သို့ အဆိပ်မရှိပေ။ အားလုံးကို စား၍ရပြီး စိုးရိမ်မှုနှင့် သံသယမရှိဘဲ၊ လူက ဆန္ဒရှိသည်အတိုင်း စား၍ရလေသည်။ ဤသည်မှာ ဘုရားအမိန့်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ နောက်တစ်ပိုင်းသည် သတိပေးချက်ဖြစ်၏။ ဤသတိပေးချက်တွင်၊ ကောင်းမကောင်း သိကျွမ်းရာအပင်၏ အသီးကို မစားရဟု ဘုရားသခင်က လူသားကို ပြောသည်။ ဤအပင်မှ အသီးကို သူစားပါက မည်သည့်အရာဖြစ်လိမ့်မည်နည်း။ ဘုရားသခင်က လူသားကို- သင်စားပါက ဧကန်အမှန်သေရမည်ဟု ပြော၏။ ဤစကားများသည် ရိုးစင်းသည် မဟုတ်လော။ အကယ်၍ ဘုရားသခင်က သင့်ကို ဤအရာပြောပြပြီး သင်က အကြောင်းရင်းကို နားမလည်ပါက၊ သင်သည် သူ၏ စကားများကို လိုက်နာရမည့် စည်းမျဉ်းတစ်ခု သို့မဟုတ် ညွှန်ကြားချက်တစ်ခုအဖြစ် သဘောထားမည်လော။ ထိုသို့သော စကားများကို လိုက်နာသင့်သည် မဟုတ်လော။ သို့သော် လူသည် ထိုအရာကို လိုက်နာနိုင်သည်ဖြစ်စေ လိုက်မနာနိုင်သည်ဖြစ်စေ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် ပြတ်သားပေသည်။ လူသားအနေနှင့် အဘယ်အရာကို စား၍ရသည်၊ အဘယ်အရာကို စား၍မရဆိုသည်နှင့် သူမစားသင့်သည့်အရာကို သူစားလိုက်လျှင် မည်သို့ဖြစ်သည်ဟူသည့် အရာများကို ဘုရားသခင်က သူ့ကို အင်မတန် ရှင်းရှင်းလင်းလင်း ပြောပြထား၏။ ဘုရားသခင်ပြောခဲ့သည့် ဤနှုတ်ကပတ်တော် အကျဉ်းချုပ်ထဲတွင် ဘုရားသခင်၏ စိတ်သဘောထားနှင့်သက်ဆိုင်သည့်အရာ တစ်ခုတလေကို သင်တွေ့နိုင်ပါသလော။ ဘုရားသခင်၏ ဤနှုတ်ကပတ်တော်များသည် မှန်ကန်ပါသလော။ လှည့်ဖြားမှု တစ်ခုတစ်လေ ရှိသလော။ မမှန်ကန်မှုတစ်ခုတစ်လေ ရှိသလော။ ခြိမ်းခြောက်မှု တစ်ခုတလေ ရှိပါ၏လော။ (မရှိပါ။) လူသားက မည်သည့်အရာစား၍ရသည်ဆိုသည်နှင့် မည်သည့်အရာကို

စား၍မရဆိုသည်တို့ကို ဘုရားသခင်သည် ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်၊ စိတ်ရင်းအမှန်နှင့် လူကို ပြောပြခဲ့သည်။ ဘုရားသခင်သည် ရှင်းရှင်းလင်းလင်းနှင့် ထင်ထင်ရှားရှား ပြောဆိုခဲ့သည်။ ဤနှုတ်ကပတ်တော်များထဲတွင် ဖုံးကွယ်ထားသည့် အဓိပ္ပာယ်တစ်ခုတလေ ရှိသလော။ ဤနှုတ်ကပတ်တော်များသည် တိကျပြတ်သားသည် မဟုတ်လော။ ထင်ကြေးပေးစရာ တစ်ခုတစ်လေ လိုအပ်သလော။ (မလိုအပ်ပါ။) မှန်းဆချက် မလိုပေ။ ၎င်းတို့၏ အဓိပ္ပာယ်သည် တစ်ချက်ကြည့်ရုံမျှဖြင့် သိသာပေသည်။ ၎င်းတို့ကို ဖတ်ရှုရာတွင်၊ ၎င်းတို့၏ အဓိပ္ပါယ်နှင့် ပတ်သက်၍ လုံး၀ ရှင်းလင်းပေသည်။ ဆိုလိုသည်မှာ၊ ဘုရားသခင် ပြောလိုသောအရာနှင့် သူဖော်ပြလိုသော အရာများသည် သူ၏ စိတ်နှလုံးမှ လာပေသည်။ ဘုရားသခင် ဖော်ပြသည့် အရာများသည် ရှင်းလင်း၏၊ ရိုးစင်းပြီး ပြတ်သားလေသည်။ ခိုးကြောင်ခိုးဝှက် ရည်ရွယ်ချက်များ မရှိသကဲ့သို့ ကွယ်ဝှက်ထားသော မည်သည့် အဓိပ္ပာယ်မျှလည်း မရှိပေ။ လူသားအနေဖြင့် မည်သည့်အရာကို စား၍ရသည်၊ မည်သည့်အရာကို စား၍မရဆိုသည်ကို ပြောပြရင်း သူသည် လူသားကို တိုက်ရိုက် ပြောဆိုခဲ့၏။ ဆိုလိုသည်မှာ၊ ဘုရားသခင်၏ ဤနှုတ်ကပတ်တော်များမှတစ်ဆင့် ဘုရားသခင်၏ စိတ်နှလုံးက ရှင်းလင်းပြီး မှန်ကန်သည်ကို လူသားက မြင်နိုင်ပေသည်။ ဤတွင် မုသားအရိပ်အယောင်တစ်ခုမျှ မရှုပေ။ ယင်းမှာ စားကောင်းသည့်အရာကို သင်စား၍မရဟု ပြောဆိုခြင်း၊ သို့မဟုတ် သင် စား၍မရသည့်အရာများနှင့် ပတ်သက်ပြီး “လုပ်ကြည့်ပြီး မည်သည့်အရာ ဖြစ်ပျက်သည်ကို ကြည့်လော့” ဟု သင့်ကိုပြောနေခြင်း မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင် ရည်ရွယ်သောအရာ မဟုတ်ပေ။ သူ၏ စိတ်နှလုံးတွင် ဘုရားသခင်၏တွေးသည့် အရာမှန်သမျှသည် သူပြောသည့် အရာဖြစ်၏။ ဘုရားသခင်သည် ဤနှုတ်ကပတ်တော်များ အတွင်းတွင် ဤနည်းလမ်းဖြင့် သူ့ကိုယ်သူ ပြသပြီး ထုတ်ဖော်ပြသောကြောင့်၊ ဘုရားသခင် သန့်ရှင်းသည်ဟု ငါဆိုပါက၊ ငါသည် ဘာမျှမဟုတ်သည့်အရာကို ရေးကြီးခွင့်ကျယ်လုပ်နေသည် သို့မဟုတ် ဆိုလိုရင်းတစ်ခုကို ငါသည် အနည်းငယ် ချဲ့ကားလွန်းသည်ဟု သင် ခံစားကောင်းခံစားရနိုင်သည်။ ထိုသို့ဖြစ်ပါက၊ စိတ်မပူနှင့်။ ငါတို့ မပြီးဆုံးသေးပေ။

ယခု “လူမိန်းမကို မြွေ၏သွေးဆောင်ဖြားယောင်းမှု” အကြောင်းကို ပြောကြစို့။ မြွေဆိုသည်မှာ အဘယ်သူနည်း။ (စာတန်ဖြစ်ပါသည်။) စာတန်သည် ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်တွင် အဖြည့်ခံ၏ အခန်းကဏ္ဍကို ပါဝင်လုပ်ဆောင်ပြီး၊ ယင်းမှာ ဘုရားသခင်၏ သန့်ရှင်းခြင်းအကြောင်းကို ငါတို့မိတ်သဟာယပြုသည့်အချိန်တွင် ငါတို့ ဖော်ပြရမည့် အခန်းကဏ္ဍတစ်ခုဖြစ်သည်။ ဤအရာကို ငါ အဘယ်ကြောင့် ပြောသနည်း။

အကယ်၍ သင်တို့သည် စာတန်၏ မကောင်းမှုနှင့် ဖောက်ပြန်ပျက်စီးခြင်းကို မသိပါက၊ သင်တို့သည် စာတန်၏ သဘာဝကို မသိပါက၊ သင်သည် သန့်ရှင်းခြင်းကို အသိအမှတ်ပြုဖို့ နည်းလမ်း မရှိသကဲ့သို့၊ သန့်ရှင်းခြင်းဆိုသည်မှာ အမှန်တကယ် မည်သည့်အရာဖြစ်သည်ကို သင် မသိနိုင်ပေ။ စိတ်ရှုပ်ထွေးမှုဖြင့်၊ လူတို့သည် ဤဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားမျိုးအတွင်းတွင် အသက်ရှင်ကြသည့်အတွက်၊ စာတန်လုပ်သည့်အရာက မှန်သည်ဟူ၍ ယုံကြည်ကြ၏။ အဖြည့်ခံမရှိဘဲနှင့်၊ နှိုင်းယှဉ်စရာ အကြောင်းရင်း ဘာမျှမရှိဘဲနှင့်၊ သန့်ရှင်းခြင်းက မည်သည့်အရာဖြစ်သည်ကို သင်မသိနိုင်ပေ။ ယင်းမှာ စာတန်ကို ဤနေရာတွင် ဖော်ကိုဖော်ပြရမည့် အကြောင်းအရင်း ဖြစ်သည်။ ထိုသို့သော ဖော်ပြချက်သည် အနှစ်မဲ့သော အပြောမဟုတ်ပေ။ စာတန်၏ စကားများနှင့် လုပ်ရပ်များမှတစ်ဆင့်၊ စာတန်မည်သို့ လုပ်ဆောင်သည်၊ လူသားမျိုးနွယ်ကို စာတန်က မည်သို့ဖျက်ဆီးသည် ဆိုသည်နှင့် စာတန်၏သဘာဝနှင့် မျက်နှာထားက မည်သည့်အရာ ဖြစ်သည်ဆိုသည်တို့ကို ငါတို့မြင်ရလိမ့်မည်။ ထို့ကြောင့် လူမိန်းမက မြွေကို မည်သည့်အရာ ပြောဆိုခဲ့သနည်း။ ယေဟောဝါ ဘုရားသခင်က သူမကို ပြောခဲ့သည့် အရာကို လူမိန်းမက မြွေကို အသေးစိတ် ပြန်ပြောပြခဲ့၏။ ဤစကားများကို သူမ ပြောခဲ့ချိန်တွင်၊ ဘုရားသခင်က သူမကို ပြောခဲ့သည့် အရာသည် မှန်ကန်သည်ဟု သူမ သေချာခဲ့ပါသလော။ သူ မသေချာနိုင်ခဲ့ပေ၊ ဟုတ်ပါသလော။ မကြာခင်က ဖန်ဆင်းခံခဲ့ရသည့် တစ်စုံတစ်ဦးအနေဖြင့်၊ သူမသည် အကောင်းနှင့် အဆိုးကို သိမြင်နိုင်စွမ်းမရှိခဲ့သကဲ့သို့၊ သူမ၏ အနီးအနားရှိ မည်သည့်အရာမဆိုနှင့်ပတ်သက်၍ သိမြင်ခြင်းလည်း မရှိခဲ့ပေ။ မြွေကို သူမ ပြောခဲ့သည့် စကားများဖြင့် အကဲဖြတ်ရလျှင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ မှန်ကန်သည်ကို သူမ၏ စိတ်နှလုံးထဲတွင် မသေချာခဲ့ပေ။ ယင်းမှာ သူမ၏ စိတ်နေသဘောထားဖြစ်သည်။ ထို့ကြောင့် လူမိန်းမက ဘုရားသခင်၏ နှုတ်ကပတ်တော်များအပေါ် မသေချာသည့် သဘောထားရှိသည်ကို မြွေက တွေ့သွားသည့်အခါ၊ “သင်တို့ ဧကန်မုချ သေရကြမည်မဟုတ်၊ သင်တို့စားသောနေ့တွင် သင်တို့၏ မျက်စိများပွင့်ပြီး သင်တို့သည် ဘုရားကဲ့သို့ဖြစ်ကာ အကောင်းနှင့် အဆိုးကို သိမည်အကြောင်း ဘုရားသခင် သိသည့်အတွက်ကြောင့် ဖြစ်သည်” ဟု လူမိန်းမအား ဆိုလေသည်။ ဤစကားလုံးများ အတွင်းတွင် ပြဿနာဖြစ်စေသည့်အရာ တစ်ခုခုရှိသလော။ ဤဝါကျကို သင်တို့ ဖတ်ရှုသည့်အခါတွင်၊ မြွေ၏ ရည်ရွယ်ချက်နှင့်သက်ဆိုင်သည့် ခံစားမှုကို သင်တို့ ရရှိပါသလော။ ထိုရည်ရွယ်ချက်များမှာ အဘယ်နည်း။ (လူသားကို စုံစမ်းသွေးဆောင်ရန်၊ သူ့ကို အပြစ်ပြုဖို့ သွေးဆောင်ဖြားယောင်းရန် ဖြစ်ပါသည်။) မြွေက ဤလူမိန်းမကို ဘုရားသခင်၏ နှုတ်ကပတ်တော်အား အလေးဂရုပြုခြင်းမှ တားဆီးရန်

သွေးဆောင်ချင်ခဲ့သည်။ သို့သော် ဤအရာများကို သူတိုက်ရိုက် မပြောခဲ့ပေ။ ထို့ကြောင့် သူသည် အင်မတန် စဉ်းလဲသည်ဟု ငါတို့ပြောနိုင်၏။ လူသားဆီမှ ဖုံးကွယ်ထားသည့် သူ၏ စိတ်အတွင်းရှိ ဝှက်ထားသည့် သူ၏ ရည်ရွယ်ထားသော ရည်မှန်းချက်ကို လက်လှမ်းမီဖို့အလို့ငှာ လှည့်ဖြားပြီး ဝေ့လည်ကြောင်ပတ် နည်းမျိုးဖြင့် သူ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို သူဖော်ပြလေသည်— ယင်းမှာ မြွေ၏စဉ်းလဲမှု ဖြစ်သည်။ ဤသည်မှာ စာတန်၏ ပြောဆို လုပ်ဆောင်သည့် နည်းလမ်း အမြဲဖြစ်ခဲ့ပေသည်။ သူသည် တစ်ခုမဟုတ်၊ နောက်တစ်ခုကို အတည်ပြုခြင်းမရှိဘဲ၊ "ကေန်အမှန်မဟုတ်" ဟုပြော၏။ သို့သော် ဤအရာကို ကြားလိုက်သည်နှင့်၊ ဤမသိနားမလည်သည့် လူမိန်းမ၏ နှလုံးသားက လှုပ်ရှားသွားခဲ့ပေသည်။ သူ၏စကားလုံးများသည် လိုချင်သည့် အကျိုးတရားကို ရရှိခဲ့ပြီးဖြစ်သောကြောင့် မြွေက ကျေနပ်ခဲ့သည်— ယင်းမှာ မြွေ၏ စဉ်းလဲသည့်ရည်ရွယ်ချက် ဖြစ်သည်။ ထို့အပြင်၊ လူသားများအဖို့ လိုချင်ဖွယ်ဖြစ်သော ရလဒ်တစ်ခုကို ကတိပေးရင်း၊ ၎င်းက "သင်တို့စားသောနေ့တွင် သင်တို့၏ မျက်စိများပွင့်ပြီး။" ဟု ဆိုလျက် လူမိန်းမကို သွေးဆောင်ဖြားယောင်းခဲ့၏။ ထို့ကြောင့်- "ငါ၏မျက်စိ ပွင့်လင်းသည်မှာ ကောင်းသည့်အရာဖြစ်၏။" ဟု လူမိန်းမက တွေးဆလေသည်။ ထို့နောက်တွင် သာ၍ပင် ဆွဲဆောင် အားကောင်းသော အရာတစ်ခု၊ ယခင်က လူသား လုံးဝမသိသည့် စကားများ၊ ကြားရသူများအပေါ် ကြီးမားသည့် သွေးဆောင်မှု တန်ခိုးကို စွဲကိုင်ထားသော စကားများဖြစ်သည့် "သင်တို့သည် ဘုရားကဲ့သို့ဖြစ်ကာ အကောင်းနှင့် အဆိုးကို သိမည်အကြောင်း" ဟု ၎င်းက ပြောခဲ့၏။ ဤစကားများသည် လူသားအဖို့ အားကောင်းလှစွာ စွဲမက်စရာ ဖြစ်သည် မဟုတ်လော။ ယင်းမှာ တစ်စုံတစ်ဦးက သင့်ကို၊ "သင်၏ နာတံသည် အနည်းငယ် တိုနေသည်မှအပ၊ သင့်မျက်နှာသည် အလွန့်အလွန် အချိုးအစား ကျပေ၏။ ထိုအရာကို ပြင်လိုက်မည်ဆိုပါက သင်သည် ကမ္ဘာ့အဆင့်မီ အချောအလှတစ်ယောက် ဖြစ်သွားမည်ဖြစ်၏။" ဟု ပြောဆိုနေသကဲ့သို့ ဖြစ်သည်။ အလှအပဆိုင်ရာ ခွဲစိတ်ပြုပြင်မှု ရှိရန် ယခင်က စိတ်ဆန္ဒတစ်ခုတစ်လေမျှ လုံးဝ မသိထားဖူးသည့် သူတစ်ဦး၏ စိတ်နှလုံးကို ဤစကားလုံးများက လှုပ်ရှားစေ မည်လော။ ဤစကားလုံးများသည် စွဲမက်စရာ မကောင်းပါသလော။ ဤဖြားယောင်းသွေးဆောင်မှုသည် သင့်ကို သွေးဆောင်နေခြင်း မရှိပါသလော။ ဤသည်မှာ ဖြားယောင်းသွေးဆောင်မှုတစ်ခု မဟုတ်သလော။ (ဟုတ်ပါသည်။) ဘုရားသခင်သည် ဤကဲ့သို့သော အရာများကို ပြောပါသလော။ ငါတို့ ယခုလေးတင် ဖတ်ရှုလိုက်သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များထဲတွင် ဤအရာနှင့် ပတ်သက်သည့် အရိပ်အမြွက်တစ်ခုတလေများ ရှိခဲ့ပါသလော။ (မရှိခဲ့ပါ။) ဘုရားသခင်သည် သူ၏

စိတ်နှလုံးထဲ၌ တွေးသည့်အရာကို ပြောပါသလော။ ဘုရားသခင်၏ စိတ်နှလုံးကို သူ၏နှုတ်ကပတ်တော်များမှတစ်ဆင့် လူသားက မြင်နိုင်သလော။ (မြင်နိုင်ပါသည်။) သို့သော် ဤစကားများကို မြွေက လူမိန်းမကို ပြောခဲ့ချိန်တွင်၊ သူ၏စိတ်နှလုံးကို သင်မြင်နိုင်ခဲ့သလော။ (မမြင်နိုင်ခဲ့ပါ။) ပြီးလျှင် လူသား၏ မသိနားမလည်မှုကြောင့် လူသည် မြွေ၏ စကားလုံးအားဖြင့် အလွယ်တကူ သွေးဆောင်ဖြားယောင်းခံရပြီး အလွယ်တကူ လှည့်စားခံရလေသည်။ ထို့ကြောင့် စာတန်၏ ရည်ရွယ်ချက်များကို သင်မြင်နိုင်ခဲ့ပါသလော။ စာတန် ပြောသည့်အရာ၏ နောက်ကွယ်မှ ၎င်း၏ ရည်ရွယ်ချက်ကို သင်မြင်နိုင်ခဲ့သလော။ စာတန်၏ ကြံစည်မှုများနှင့် လှည့်ကွက်များကို သင်မြင်နိုင်ခဲ့သလော။ (မမြင်နိုင်ခဲ့ပါ။) စာတန်၏ စကားပြောဆိုသည့် နည်းလမ်းသည် မည်သည့် စိတ်သဘောထားမျိုးကို ကိုယ်စားပြုသနည်း။ ဤစကားများမှတစ်ဆင့် မည်သည့် အနှစ်သာရမျိုးကို စာတန်၏ အထဲတွင် သင်မြင်ရလေပြီနည်း။ ယင်းသည် ယုတ်မာသည် မဟုတ်လော။ အပေါ်ယံတွင် ၎င်းက သင့်ကို ပြုံးပြကောင်း ပြုံးပြမည် သို့မဟုတ် မျက်နှာအမူအရာ ဘာဆိုဘာမျှ ပြကောင်းပြမည်မဟုတ်။ သို့သော် ၎င်း၏ စိတ်နှလုံးထဲတွင် ၎င်း၏ ရည်မှန်းချက်အား မည်သို့ရရှိမည်ကို ၎င်းက အမြဲတွက်ချက်နေပြီး၊ သင် မမြင်နိုင်သည်မှာ ဤရည်မှန်းချက် ဖြစ်ပေသည်။ သင့်ကို ၎င်းပြုသည့် ကတိများအားလုံး၊ ၎င်းဖော်ပြသည့် အကျိုးအမြတ်များအားလုံးသည် ၎င်း၏ ဖြားယောင်းသွေးဆောင်မှု အယောင်ဆောင်ထားခြင်း ဖြစ်သည်။ ဤအရာများကို ကောင်းသည်ဟု သင်မြင်သည်၊ ထို့ကြောင့် ၎င်းပြောသည့် အရာများသည် ဘုရားသခင်ပြောသည့် အရာများထက် သာ၍ အသုံးဝင်သည်၊ သာ၍ ကုံလုံသည်ဟု သင်ခံစားရ၏။ ဤအရာဖြစ်သည့်အခါတွင်၊ လူသည် ကျိုးနွံနာခံသည့် အကျဉ်းသားတစ်ဦး ဖြစ်လာသည် မဟုတ်လော။ စာတန်အသုံးပြုသည့် ဤမဟာဗျူဟာသည် အလွန်ဆိုးယုတ်သည် မဟုတ်လော။ သင်သည် မိမိကိုယ်ကိုယ် အကျင့်ပျက်မှုထဲသို့ နှစ်မြုပ်စေ၏။ စာတန်သည် အားထုတ်စရာမလိုဘဲ၊ ဤဝါကျလေး နှစ်ကြောင်းကို ပြောခြင်းမျှဖြင့် သင်သည် သူနှင့်အတူ လိုက်ဖို့၊ စာတန်ကို လိုက်နာဖို့ ပျော်ရွှင်လာလေသည်။ ထို့ကြောင့်၊ စာတန်၏ ရည်ရွယ်ချက် ရရှိသွားပေပြီ။ ဤရည်ရွယ်ချက်သည် အန္တရာယ်ပြုမည့် လက္ခဏာရှိသည် မဟုတ်လော။ ဤသည်မှာ စာတန်၏ မူလဘူတအကျဆုံး မျက်နှာထား ဖြစ်သည် မဟုတ်လော။ စာတန်၏ စကားများမှ၊ ၎င်း၏ အန္တရာယ်ပြုမည့်လက္ခဏာရှိသည့်ရည်ရွယ်ချက်များကို လူက မြင်နိုင်၏၊ ၎င်း၏အကျည်းတန်သည့် မျက်နှာကို မြင်နိုင်ပြီး၊ ၎င်း၏အနှစ်သာရကို မြင်နိုင်လေသည်။ ထိုသို့ ဖြစ်သည် မဟုတ်လော။ ဤဝါကျများကို နှိုင်းယှဉ်ရာတွင်၊ စိတ်ဖြာလေ့လာခြင်း မရှိဘဲနှင့် ယေဟောဝါ ဘုရားသခင်၏ နှုတ်ကပတ်တော်များက ငြီးငွေ့စရာကောင်းသည့်အလား၊

သာမညောင်ညဖြစ်ပြီး မဆန်းသည့်အလား၊ ဘုရားသခင်၏ ရိုးသားခြင်းကို စိတ်အားထက်သန်စွာ ချီးမွမ်းခန်းဖွင့်ဖို့ မသင့်လျော်ဟု သင်ခံစားရနိုင်သည်။ သို့သော် စာတန်၏ စကားများနှင့် ၎င်း၏ အကျည်းတန်သည့် မျက်နှာထားကို အဖြည့်ခံအဖြစ် ငါတို့ သဘောထားသည့်အခါတွင်၊ ဘုရားသခင်၏ ဤနှုတ်ကပတ်တော်များသည် ယနေ့လူများအတွက် အရေးပါသည့် သြဇာညောင်းမှုကို သယ်ဆောင်သည် မဟုတ်လော။ (သယ်ဆောင်ပါသည်။) ဤနှိုင်းယှဉ်ချက်မှတစ်ဆင့်၊ လူသည် ဘုရားသခင်၏ အပြစ်အနာအဆာမဲ့မှုစစ်စစ်ကို မြင်နိုင်၏။ စာတန်ပြောသည့် စကားလုံးတိုင်းအပြင်၊ စာတန်၏ ကြံရွယ်ချက်များ၊ ရည်ရွယ်ချက်များနှင့် သူပြောဆိုသည့်ပုံ- ထိုအရာအားလုံးသည် မစင်ကြယ်ပေ။ စာတန်၏ စကားပြောဆိုပုံနှင့် သက်ဆိုင်သည့် အဓိကအင်္ဂါရပ်မှာ အဘယ်နည်း။ စာတန်သည် ၎င်း၏ တမင် လိမ်လည်လှည့်စားခြင်းကို သင့်အား ရိပ်မိစေခွင့်မပေးသကဲ့သို့၊ ၎င်း၏ ရည်မှန်းချက်များကို သိမြင်ဖို့ သင့်ကို အခွင့်မပေးဘဲ၊ သင့်ကို သွေးဆောင်ဖို့ လိမ့်လုံးများကို အသုံးပြုလေသည်။ စာတန်က သင့်ကို ငါးစာ ဟပ်ခွင့်ပေးသည်၊ သို့သော် သင်သည်လည်း ၎င်း၏ ကောင်းမြတ်မှုကို ချီးမွမ်းကာ သီဆိုရမည်ဖြစ်သည်။ ဤပရိယာယ်မှာ စာတန်၏ လုပ်လေ့လုပ်ထရှိသော ရွေးချယ်သည့်နည်းစနစ် မဟုတ်လော။ (ဟုတ်ပါသည်။) စာတန်၏ အခြားမည်သည့် စကားများနှင့် အသုံးအနှုန်းများက ၎င်း၏ အကျည်းတန်သည့် မျက်နှာကို လူအား တွေ့မြင်ခွင့်ပေးသည်ကို ယခုကြည့်ကြစို့။ ကျမ်းစာမှ နောက်ထပ်ကျမ်းအချို့ကို ဖတ်ကြည့်ကြစို့။

ယေဟောဝါ ဘုရားသခင်နှင့် စာတန်အကြားမှ အပြန်အလှန် ပြောစကား

ယောဘ ၁:၆-၁၁ ယခုတွင် ဘုရားသခင်၏ သားတို့သည် ယေဟောဝါရှေ့မှောက်၌ ကိုယ်တိုင်လာရောက်ခစားရသော နေ့ရက် ရောက်ရှိခဲ့ပြီး စာတန်သည်လည်း သူတို့အလယ်တွင် လာခဲ့လေသည်။ ယေဟောဝါက၊ အသင် အဘယ်အရပ်က လာသနည်းဟု စာတန်ကို မေးတော်မူ၏။ ထို့နောက် စာတန်က၊ မြေကြီးပေါ်တွင် ခေါက်တုံ့ခေါက်ပြန်၊ အနိမ့်အမြင့် သွားလာရာမှ လာသည်ဟု ယေဟောဝါကို ဖြေဆိုလေသည်။ ယေဟောဝါက စာတန်အား၊ ငါ၏ အစေခံ ယောဘကို သင် ဆင်ခြင်မိပြီလော၊ မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်ဟု ဆိုလေသည်။ စာတန်က၊ ယောဘသည် ဘုရားသခင်ကို အချည်းနှီး ကြောက်ရွံ့သလော။ ကိုယ်တော်သည် သူနှင့် သူ၏အိမ်၊ ပိုင်ဆိုင်သမျှတို့ကို အဘက်ဘက်မှ အကာအကွယ်ပြုထားသည် မဟုတ်လော။ သူ့လက်ဖြင့်လုပ်သော အမှုကို

ကိုယ်တော်သည် ကောင်းကြီးပေးပြီး မြေတွင် သူ၏ပိုင်ဆိုင်မှု တိုးပွားပေပြီ။ သို့သော်၊ ယခု ကိုယ်တော်၏လက်ကို ဆန့်ကာ သူပိုင်ဆိုင်သမျှတို့ကို ထိပါလော့၊ သူသည် ကိုယ်တော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကျိန်ဆဲလိမ့်မည်ဟု ယေဟောဝါကို ဖြေကြားလေသည်။

ယောဘ ၂:၁-၅ နောက်တစ်ဖန် ဘုရားသခင်၏ သားတို့သည် ယေဟောဝါရှေ့မှောက်၌ ကိုယ်တိုင်လာရောက်ခစားရသော နေ့ရက် ရောက်လာပြန်၏။ စာတန်သည်လည်း ယေဟောဝါရှေ့မှောက်၌ ကိုယ်တိုင်လာရောက်ခစားရန် သူတို့အလယ်သို့ လာခဲ့လေသည်။ ယေဟောဝါက၊ အသင် အဘယ်အရပ်က လာသနည်းဟု စာတန်ကို မေးတော်မူ၏။ ထို့နောက် စာတန်က၊ မြေကြီးပေါ်တွင် ခေါက်တုံ့ ခေါက်ပြန်၊ အနိမ့်အမြင့် သွားလာရာမှ လာသည်ဟု ယေဟောဝါကို ဖြေဆိုလေသည်။ ယေဟောဝါက စာတန်အား၊ ငါ၏ အစေခံ ယောဘကို သင် ဆင်ခြင်မိပြီလော၊ မြေကြီးပေါ်တွင် သူနှင့် တူသောသူ တစ်ဦးမျှမရှိ၊ စုံလင်ပြီး တည်ကြည်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး ဆိုးညစ်မှုကို ရှောင်ကြဉ်သောသူတစ်ဦး ဖြစ်သည်၊ အကြောင်းမရှိဘဲ သူ့ကို ဖျက်ဆီးရန် သင်သည် ငါ့ကို သူနှင့်ဆန့်ကျင်စေသော်လည်း သူသည် သူ၏တည်ကြည်မှုကို မြဲမြံစွာ စွဲကိုင်လျက်ရှိသေး၏ဟု မိန့်တော်မူ၏။ စာတန်ကလည်း၊ အရေအဖို့အရေ ဆိုသကဲ့သို့ လူသည် သူ၏အသက်အတွက် ပိုင်ဆိုင်သမျှတို့ကို အမှန်စင်စစ် ပေးပါလိမ့်မည်။ သို့သော် ယခု ကိုယ်တော်၏လက်ကို ဆန့်ကာ သူ၏အရိုးနှင့် အသွေးအသားတို့ကို ထိပါလော့၊ သူသည် ကိုယ်တော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကျိန်ဆဲလိမ့်မည်ဟု ယေဟောဝါကို ဖြေကြားလေသည်။

ဤကျမ်းပိုဒ်နှစ်ပိုဒ်သည် ဘုရားသခင်နှင့် စာတန်အကြားက အပြန်အလှန် ပြောစကား လုံးလုံးပါရှိ၏။ ဘုရားသခင် ပြောသည့်အရာနှင့် စာတန်ပြောသည့်အရာများကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ဘုရားသခင်သည် များစွာ မပြောဆိုခဲ့သကဲ့သို့ အလွန်ရိုးရှင်းစွာ ပြောဆိုခဲ့၏။ ဘုရားသခင်၏ သန့်ရှင်းခြင်းကို သူ၏ ရိုးရှင်းသည့် နှုတ်ကပတ်တော်များ အတွင်းတွင် ငါတို့ မြင်နိုင်သလော။ အချို့က ဤအရာကို လုပ်ဆောင်သည်မှာ မလွယ်ကူဟု ပြောလိမ့်မည်။ ထို့ကြောင့် စာတန်၏ အဖြေများထဲတွင် သူ၏အကျည်းတန်မှုကို ငါတို့မြင်နိုင်သလော။ (မြင်နိုင်ပါသည်။) ယေဟောဝါ ဘုရားသခင်က စာတန်ကို မည်သည့်မေးခွန်းမျိုး မေးခဲ့သည်ကို ဦးစွာကြည့်ကြပါစို့။ “အသင် အဘယ်အရပ်က လာသနည်း။” ဤသည်မှာ ရိုးရိုးစင်းစင်း မေးခွန်းတစ်ခု မဟုတ်လော။ ဖုံးကွယ်ထားသည့် အဓိပ္ပာယ် တစ်ခုတစ်လေ ရှိပါသလော။ (မရှိပါ။) ယင်းသည် မေးခွန်း တစ်ခုသက်သက်ဖြစ်၏၊ ဖြူစင်သည်၊ ဖုံးကွယ်ထားသော မည်သည့် ရည်ရွယ်ချက်မျှဖြင့် မရောပေ။

"သင်မည်သည့်နေရာက လာသနည်း" ဟု သင်တို့ကို ငါမေးမည်ဆိုပါက၊ သင်တို့ မည်သို့ ဖြေကြမည်နည်း။ ဤသည်မှာ အဖြေရခက်သည့် မေးခွန်း တစ်ခုလော။ "လှည့်လည်၍ အရပ်ရပ် သွားလာသည့်အမှုထဲက လာပါသည်" ဟု သင်တို့ ပြောမည်လော။ (မဟုတ်ပါ။) သင်တို့သည် ဤသို့ ပြန်ဖြေကြမည် မဟုတ်။ ထို့ကြောင့်၊ စာတန်က ဤသို့သောနည်းဖြင့် ပြန်ဖြေသည်ကို သင်တို့ မြင်သည့်အခါ မည်သို့ခံစားရသနည်း။ (စာတန်သည် ယုတ္တိမတန်ဘဲ လှည့်ဖြားလည်း လှည့်ဖြားတတ်သည်ဟု ခံစားရပါသည်။) ငါမည်သည့်အရာ ခံစားနေရသည်ကို သင်တို့ ပြောနိုင်သလော။ စာတန်၏ ဤစကားများကို ငါမြင်သည့်အချိန်တိုင်းတွင် စာတန်သည် စကားပြောဆိုသော်လည်း၊ သူ၏ စကားများက အနှစ်သာရမရှိသောကြောင့် ငါ စက်ဆုပ်ရွံရှာ၏။ ဘုရားသခင်၏ မေးခွန်းကို စာတန် ဖြေခဲ့ပါသလော။ မဖြေခဲ့ပါ၊ စာတန် ပြောဆိုသည့် စကားလုံးများသည် အဖြေတစ်ခု မဟုတ်ပေ၊ ထိုစကားများသည် မည်သည့်အရာမျှ မထုတ်ဖော်ပေ။ ထိုအရာများသည် ဘုရားသခင်၏ မေးခွန်းအဖို့ အဖြေ မဟုတ်ခဲ့ပေ။ "မြေကြီးပေါ်တွင် ခေါက်တုံ့ခေါက်ပြန်၊ အနိမ့်အမြင့် သွားလာရာမှ လာသည်" ဤစကားလုံးများနှင့် သက်ဆိုင်၍ သင်၏ သိနားလည်မှုမှာ အဘယ်နည်း။ စာတန် မည်သည့်နေရာက လာသနည်း။ ဤမေးခွန်းအဖို့ အဖြေတစ်ခုကို သင်တို့ ရကြပြီလော။ (မရပါ။) ဤသည်မှာ စာတန်၏ စဉ်းလဲသော အကြံအစည်များနှင့် သက်ဆိုင်သည့် "ဉာဏ်ထက်မှု" ဖြစ်သည်- မည်သည့်အရာအား အမှန်တကယ် ပြောနေသည်ကို မည်သူ့ကိုမျှ သိခွင့်မပေးခြင်း ဖြစ်သည်။ ဤစကားများကို ကြားလျက်၊ ၎င်းက ဖြေကြား ပြီးသွားသော်လည်း၊ မည်သည့်အရာ ပြောသွားသည်ကို သင် မသိမြင်နိုင်သေးပေ။ သို့သော် စာတန်က တိတိကျကျ သူဖြေလိုက်သည်ဟု ထင်နေ၏။ ထိုအခါတွင် သင်သည် မည်သို့ ခံစားရသနည်း။ စက်ဆုပ်ရွံရှာသလော။ (ရွံရှာသည်။) ယခု သင်သည် ဤစကားများကို တုန့်ပြန်သည့်အနေဖြင့် စတင်ရွံရှာမိသည်။ စာတန်သည် တိုက်ရိုက်မပြောဆိုဘဲ၊ သင့်ကို ခေါင်းကုတ်စေရစ်သည်၊ ၎င်းစကားလုံးများ၏ အရင်းအမြစ်ကို သဘောမပေါက်နိုင်ဘဲ ဖြစ်စေသည်။ တစ်ခါတစ်ရံတွင် သူသည် တမင်တကာ ပြောဆိုပြီး၊ တစ်ခါတစ်ရံ ၎င်းက စကားပြောသည့်အခါ ၎င်း၏ စကားများသည် ၎င်း၏ကိုယ်ပိုင် အနှစ်သာရ၊ သူ့ကိုယ်ပိုင် သဘာဝ၏ ကြီးစိုးခြင်း ခံရလေသည်။ ဤအရာများသည် စာတန်၏နှုတ်မှ တန်းတန်းမတ်မတ် ထွက်လာသည့် စကားများဖြစ်သည်။ စာတန်သည် ဤစကားများကို အချိန်ကြာမြင့်စွာ မချိန်ဆခဲ့ပေ သို့မဟုတ် လိမ္မာပါးနပ်သည်ဟု ၎င်းက မှတ်ယူသည့်နည်းလမ်းဖြင့် ပြောဆိုခဲ့ခြင်းမဟုတ်ပေ။ ယင်းထက် သူသည် ဤစကားများကို အလိုအလျောက် ဖော်ပြခဲ့ခြင်းဖြစ်သည်။ သူမည်သည့်နေရာက လာသည်ကို သူ့ကို စာတန်အား သင် မေးလျှင်မေးချင်း၊ ဤစကားများဖြင့် သူက ထိုသို့

ဖြေပေးသည်။ သင့်အနေဖြင့် စာတန် မည်သည့်နေရာက အမှန်တကယ် လာသည်ကို သိရှိခြင်းမရှိဘဲ၊ အလွန် အကြံအိုက်သွားလေသည်။ သင်တို့ထဲတွင် ဤသို့ ပြောဆိုသည့်သူများ ရှိသလော။ (ရှိပါသည်။) ဤသို့ ပြောဆိုသည်မှာ မည်သို့သော နည်းလမ်းမျိုးဖြစ်သနည်း။ (ဟိုလိုလို သည်လိုလိုနှင့် တိကျသည့် အဖြေကို မပေးသည့် နည်းလမ်းဖြစ်ပါသည်။) ဤသို့ပြောဆိုပုံကို ဖော်ပြရန် မည်သို့သောစကားလုံးမျိုးများကို ငါတို့ သုံးသင့်သနည်း။ အာရုံကို လွှဲပြောင်းစေခြင်းနှင့် လှည့်စားခြင်း ဖြစ်သည်၊ မဟုတ်လော။ တစ်ယောက်ယောက်သည် မနေ့က မည်သည့်နေရာသို့ သူသွားခဲ့သည်ကို အခြားသူများအား မသိစေချင်ဟု ဆိုပါစို့။ "မနေ့ညတွင် သင့်ကို တွေ့မိသေး၏။ အဘယ်အရပ်သို့ သွားခဲ့သနည်း။" ဟု သင်က သူ့ကို မေးသည်။ ၎င်းတို့က ယမန်နေ့တွင် ၎င်းတို့ မည်သည့်နေရာ သွားခဲ့သည်ကို သင့်ကို တိုက်ရိုက် မပြောပေ။ ယင်းထက်၊ ၎င်းတို့က၊ "မနေ့က တော်တော်ကို အလုပ်ရှုပ်သည့် နေ့ဖြစ်သည်။ အလွန်ပင်ပန်းသည်။" ဟု ပြောလေသည်။ ၎င်းတို့က သင်၏မေးခွန်းကို ဖြေခဲ့ပါသလော။ ဖြေခဲ့၏၊ သို့သော် သင်လိုချင်သည့် အဖြေကို ၎င်းတို့ မပေးခဲ့ကြပေ။ ဤသည်မှာ လူ့ အပြောအဆို၏ မာယာအတွင်းရှိ "ဉာဏ်ထက်မြက်မှု" ဖြစ်သည်။ ၎င်းတို့ အဘယ်အရာဆိုလိုသည်ကို သင် လုံးဝ မသိရှိနိုင်သကဲ့သို့၊ ၎င်းတို့ စကားများ၏ အရင်းအမြစ် သို့မဟုတ် ရည်ရွယ်ချက်ကို မသိမြင်နိုင်ပေ။ ၎င်းတို့၏ စိတ်နှလုံးထဲတွင် ၎င်းတို့၏ကိုယ်ပိုင် ဇာတ်လမ်းရှိကြသောကြောင့် အဘယ်အရာကို ၎င်းတို့ ရှောင်ရှားရန် ကြိုးစားနေကြသည်ကို သင် မသိချေ- ဤသည်မှာ ယုတ်မာသောအရာ ဖြစ်သည်။ သင်တို့သည် မကြာခဏ ဤနည်းလမ်းဖြင့် စကားပြောဆိုကြသလော။ (ပြောပါသည်။) သို့ဆိုလျှင် သင်တို့၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ တစ်ခါတစ်ရံ သင်တို့၏ ကိုယ်ပိုင်အကျိုးစီးပွားကို ကာကွယ်ရန်၊ တစ်ခါတစ်ရံ သင်တို့၏ ကိုယ်ပိုင်ရာထူး၊ ကိုယ်ပိုင် ပုံရိပ်ကို ထိန်းသိမ်းရန်၊ သင်တို့ ကိုယ်ရေးကိုယ်တာ ဘဝ၏ လျှို့ဝှက်ချက်များကို ထိန်းသိမ်းရန်၊ သင်တို့၏ ကိုယ်ပိုင် နာမည်ဂုဏ်သတင်းကို ကယ်တင်ရန် ဖြစ်သလော။ မည်သည့် ရည်ရွယ်ချက် ရှိပါစေ၊ ယင်းသည် သင်၏ကိုယ်ကျိုးများမှ ခွဲခြားမရပေ၊ သင်၏ ကိုယ်ကျိုးများနှင့် ဆက်စပ်လေသည်။ ဤသည်မှာ လူသား၏ သဘာဝ ဖြစ်သည်မဟုတ်လော။ ဤသို့သော သဘာဝမျိုးရှိသည့် လူတိုင်းသည် စာတန်နှင့် ဆင်တူကြသည် မဟုတ်သလော။ ငါတို့ ဤကဲ့သို့ ပြော၍ရနိုင်၏၊ ဟုတ်သည် မဟုတ်လော။ အများအားဖြင့် ဤသရုပ်သကန်သည် စက်ဆုပ်စရာဖြစ်ပြီး ရွံရှာစရာ ကောင်းပေသည်။ သင်တို့သည်လည်း ယခု ရွံရှာနေကြသည် မဟုတ်လော။ (ဟုတ်ပါသည်။)

ပထမ ကျမ်းပိုဒ်ကို ပြန်ကြည့်ရာတွင်၊ စာတန်သည် ယေဟောဝါ၏ မေးခွန်းကို၊ "ယောဘသည် ဘုရားသခင်ကို အချည်းနှီး ကြောက်ရွံ့သလော။" ဟု တစ်ဖန် ပြန်ဖြေလေသည်။ စာတန်သည်

ယေဟောဝါ၏ ယောဘအပေါ် အကဲဖြတ်ချက်ကို စတင်တိုက်ခိုက်ခြင်း ဖြစ်ကာ၊ ဤတိုက်ခိုက်မှုကို ရန်လိုမှုဖြင့် ခြယ်မှုန်းထား၏။ “ကိုယ်တော်သည် သူနှင့် သူ၏အိမ်၊ ပိုင်ဆိုင်သမျှတို့ကို အဘက်ဘက်မှ အကာအကွယ်ပြုထားသည် မဟုတ်လော။” ဤသည်မှာ ယောဘ အပေါ် ပြုသော ယေဟောဝါ၏ အမှုကို စာတန်၏ နားလည်သဘောပေါက်မှုနှင့် အကဲဖြတ်မှု ဖြစ်သည်။ စာတန်က၊ “သူ့လက်ဖြင့်လုပ်သော အမှုကို ကိုယ်တော်သည် ကောင်းကြီးပေးပြီး မြေတွင် သူ၏ပိုင်ဆိုင်မှု တိုးပွားပေပြီ။ သို့သော်၊ ယခု ကိုယ်တော်၏လက်ကို ဆန့်ကာ သူပိုင်ဆိုင်သမျှတို့ကို ထိပါလော့၊ သူသည် ကိုယ်တော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကျိန်ဆဲလိမ့်မည်” ဟု ဆိုရင်း ထိုအရာကို ဤသို့ အကဲဖြတ်လေသည်။ စာတန်သည် အမြဲ မရေမရာ ပြောဆိုသော်လည်း၊ ဤနေရာတွင် သေချာသည့် စကားဖြင့် ပြောလေသည်။ သို့သော် သေချာသော စကားဖြင့် ပြောထားသော်လည်း၊ ဤစကားလုံးများသည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သော ယေဟောဝါ ဘုရားသခင်ကို ဝေဖန်ထိုးနှက်ခြင်း၊ ပြစ်မှားစော်ကားခြင်းနှင့် အာခံသည့် လုပ်ရပ်တစ်ခု ဖြစ်သည်။ ဤစကားများကို ကြားရသည့်အခါ၊ သင်တို့ မည်ကဲ့သို့ ခံစားကြရသနည်း။ မနှစ်သက်ခြင်းကို ခံစားရသလော။ စာတန်၏ ရည်ရွယ်ချက်များကို သင် ရိပ်စားမိနိုင်ပါသလော။ ပထမဦးဆုံးအနေဖြင့်၊ စာတန်သည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေပြီး မကောင်းမှုကို ရှောင်သည့် လူတစ်ယောက်ဖြစ်သည့် ယောဘနှင့်သက်ဆိုင်သည့် ယေဟောဝါ၏ အကဲဖြတ်ချက်အား ငြင်းပယ်လိုက်သည်။ ထို့နောက် ယောဘ ပြောဆို၊ လုပ်ဆောင်သမျှအရာတိုင်းကို စာတန်က ငြင်းပယ်လေသည်၊ ယင်းမှာ ယောဘ၏ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအား ၎င်းက ငြင်းပယ်ခြင်း ဖြစ်သည်။ ဤသည်မှာ စွပ်စွဲရိပ်လှမ်းသည် မဟုတ်လော။ စာတန်သည် ယေဟောဝါ ပြောဆို၊ လုပ်ဆောင်သမျှကို စွပ်စွဲသည်၊ ငြင်းပယ်ပြီး သံသယဝင်နေပေသည်။ ၎င်းက “အမှုအရာများက ဤသို့ဆိုပြီး ကိုယ်တော်ကပြောပါက၊ ယင်းကို ကျွန်ုပ် အဘယ်သို့ မမြင်ရပါသနည်း။ ကိုယ်တော်သည် သူ့ကို ကောင်းချီးအများအပြား ပေးထားပေသည်၊ ထို့ကြောင့် သူသည် ကိုယ်တော့်ကို မကြောက်ရွံ့ဘဲ အဘယ်သို့နေနိုင်မည်နည်း” ဟု ဆိုရင်း ၎င်းက မယုံကြည်ပေ။ ဤသည်မှာ ဘုရားသခင်ပြုသမျှကို ငြင်းပယ်နေခြင်း မဟုတ်လော။ စွပ်စွဲခြင်း၊ ငြင်းပယ်ခြင်း၊ ပြစ်မှားစော်ကားခြင်း- စာတန်၏ စကားများသည် သဲကြီးမဲကြီးတိုက်ခိုက်မှုတစ်ခု ဖြစ်သည် မဟုတ်လော။ ထိုအရာများသည် စာတန်က ၎င်း၏ နှလုံးသားထဲ၌ တွေးသည့်အရာ၏ မှန်ကန်သော ဖော်ပြချက်တစ်ခု ဖြစ်သည် မဟုတ်လော။ ဤစကားများသည် ယခုလေးတင် ငါတို့ဖတ်ခဲ့သည့် “မြေကြီးပေါ်တွင် ခေါက်တုံ့ခေါက်ပြန်၊ အနိမ့်အမြင့် သွားလာရာမှ လာသည်”

ဟူသော စကားလုံးများနှင့် သေချာပေါက် မတူပေ။ ထိုစကားလုံးများသည် လုံးဝ ကွဲပြားခြားနားပေသည်။ ဤစကားလုံးများမှတစ်ဆင့် စာတန်သည် ဘုရားသခင်အပေါ် ၎င်း၏သဘောထားနှင့် ယောဘ၏ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအား ၎င်း၏ စက်ဆုပ်မှုဖြစ်သည့် ၎င်း၏ စိတ်နှလုံးထဲက အကြောင်းအရာများကို လုံးဝ ဖွင့်ချပြလေသည်။ ဤအရာဖြစ်ပျက်သည့်အခါတွင်၊ ၎င်း၏ မလိုမုန်းထားမှုနှင့် ဆိုးယုတ်သည့် သဘာဝသည် လုံးလုံးလျားလျား ဖော်ထုတ်ခံရလေသည်။ ၎င်းက ဘုရားသခင်ကို ကြောက်ရွံ့သူများကို စက်ဆုပ်၏၊ မကောင်းမှု ရှောင်ကြဉ်သူများကို စက်ဆုပ်ပြီး၊ လူသားအပေါ် ကောင်းချီးများ ချပေးခြင်းအတွက် ယေဟောဝါကို သာ၍ပင် စက်ဆုပ်လေသည်။ ၎င်းက၊ "ယောဘက ကိုယ်တော့်ကို ကြောက်ရွံ့ပြီး မကောင်းသည့်အကျင့်ကို ရှောင်သည်ဟု ကိုယ်တော် ပြောသည်။ ကျွန်ုပ်မူကား ထိုသို့မမြင်ပါ။" ဟု ပြောလျက်၊ ဘုရားသခင်က သူ၏ လက်ဖြင့် ပျိုးထောင်ခဲ့သည့် ယောဘကို ဖျက်ဆီးရန်၊ ပျက်စီးစေရန် ဤအခွင့်အရေးကို အသုံးချချင်လေသည်။ ၎င်းသည် ယေဟောဝါကို ရန်စဖို့ရန်နှင့် သွေးဆောင်ဖို့ရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုပြီး၊ ယေဟောဝါ ဘုရားသခင်က ယောဘကို အကြောင်းမဲ့သက်သက် ခြယ်လှယ်ခြင်း ခံရစေရန်၊ ဘေးပြုခံရစေရန်နှင့် ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်ခြင်း ခံရစေရန် စာတန်ထံသို့ လွှဲပြောင်းပေးဖို့အလို့ငှာ နည်းလမ်းအမျိုးမျိုးကို အသုံးပြုလေသည်။ ဘုရားသခင်၏ အမြင်တွင် ဖြောင့်မတ်ပြီး စုံလင်သည့် ဤလူကို ဖျက်စီးရန် ဤအခွင့်အရေးကို သူအသုံးချချင်လေသည်။ စာတန်ကို ဤစိတ်နှလုံးမျိုး ရှိစေသည်မှာ ခဏတာ စိတ်ကူးပေါက်ခြင်းလော။ မဟုတ်ပေ။ ယင်းကို အကောင်အထည်ဖော်ထားသည်မှာ ကြာပြီဖြစ်သည်။ ဘုရားသခင်သည် သူ၏ အမှုကို ပြုသည်၊ ဘုရားသခင်သည် လူကို ပြုစုစောင့်ရှောက်သည်၊ ဤလူကို အလေးထားပြီး၊ စာတန်သည် တစ်ချိန်လုံး ဘုရားသခင်၏ ခြေလှမ်းတိုင်းကို ထက်ကြပ်မကွာ လိုက်လေသည်။ ဘုရားသခင် မျက်နှာသာပေးသည့်သူ မည်သူမဆိုကို စာတန်သည်လည်း တစ်လျှောက်လုံး နောက်ယောင်ခံရင်း စောင့်ကြည့်နေသည်။ ဤလူကို ဘုရားသခင် အလိုရှိပါက၊ စာတန်သည် အားလုံးကို ၎င်း၏ ကွယ်ဝှက်ထားသည့် ရည်မှန်းချက်များ ရရှိဖို့အလို့ငှာ ဘုရားသခင် လုပ်ဆောင်သည့် အမှုကို သွေးဆောင်ရန်၊ နှောင့်ယှက်ပြီး ဖျက်ဆီးရန် ဆိုးယုတ်သော နည်းလမ်းအမျိုးမျိုးကို အသုံးပြုရင်း၊ ဘုရားသခင်ကို တားဆီးဖို့ မိမိတတ်စွမ်းသမျှ အရာရာကို လုပ်ဆောင်မည် ဖြစ်သည်။ ဤရည်မှန်းချက်မှာ အဘယ်နည်း။ ၎င်းသည် ဘုရားသခင်အား ဘယ်သူ့ကိုမျှ မရစေချင်ပေ။ ဘုရားသခင် လိုချင်သမျှအားလုံးကို ၎င်းက မိမိကိုယ်တိုင်အတွက် လိုချင်သည်၊ ထိုအရာများက ၎င်းကို ကိုးကွယ်ကြဖို့ မကောင်းမှုလုပ်ရပ်များ ကျူးလွန်ရာတွင် ၎င်းကို ပူးပေါင်းကြဖို့အလို့ငှာ၊

ၾင်းက ထိုအရာများကို သိမ်းပိုက်ချင်သည်၊ ထိန်းချုပ်ချင်သည်၊ ထိုအရာများကို စီမံကွပ်ကဲချင်လေသည်။ ဤသည်မှာ စာတန်၏ ဘေးပြုတတ်သော စေ့ဆော်ချက် မဟုတ်လော။ သင်တို့က စာတန်သည် အင်မတန် ဆိုးယုတ်သည်၊ အင်မတန် ဆိုးရွားသည်ဟု မကြာခဏ ဆိုသော်လည်း၊ ယင်းကို သင်တို့ မြင်ဖူးကြပါသလော။ လူက မည်မျှဆိုးရွားသည်ကိုသာ သင် မြင်နိုင်ပေသည်။ စာတန် အမှန်တကယ် မည်မျှဆိုးရွားသည်ကို လက်တွေ့အရှိတရားတွင် သင် မမြင်ဖူးသေးပေ။ သို့သော် ယောဘနှင့် စပ်လျဉ်းသည့် ဤကိစ္စရပ်တွင် စာတန်၏ ဆိုးယုတ်မှုကို သင်တို့ မြင်ပြီးကြပြီလော။ (မြင်ပါပြီ။) ဤကိစ္စသည် စာတန်၏ အကျည်းတန်သည့် မျက်နှာထားနှင့် သူ၏အနှစ်သာရကို အင်မတန် ရှင်းလင်းသွားစေပေသည်။ ဘုရားသခင်နှင့် စစ်ဖြစ်ရင်းနှင့် ဘုရားသခင်နောက်တစ်လျှောက် နောက်ယောင်ခံလိုက်ရင်း၊ စာတန်၏ရည်မှန်းချက်မှာ ဘုရားသခင် ပြုလိုသည့် အမှုမှန်သမျှကို ဖြိုချရန်၊ ဘုရားသခင် ရရှိလိုသော သူများကို သိမ်းပိုက်ရန်နှင့် ထိန်းချုပ်ရန်၊ ဘုရားသခင် ရရှိလိုသောသူများကို လုံးဝ ကွယ်ပျောက်စေရန် ဖြစ်သည်။ အကယ်၍ ၎င်းတို့ မကွယ်ပျောက်ပါက၊ စာတန်၏အသုံးပြုခြင်းကို ခံရရန် စာတန်၏ ပိုင်ဆိုင်မှုများ ဖြစ်လာသည်- ဤသည်မှာ ၎င်း၏ ရည်မှန်းချက် ဖြစ်ပေသည်။ ဘုရားသခင်သည် မည်သည့်အရာကို လုပ်ဆောင် ပါသနည်း။ ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် ရိုးစင်းသည့် စာတစ်ကြောင်းကိုသာ ပြောခဲ့၏။ ဘုရားသခင်ပြုသည့် မည်သည့်အရာမျှ နောက်ထပ် မှတ်တမ်းတင်ထားခြင်း မရှိဘဲ၊ စာတန် ပြောဆို၊ လုပ်ဆောင်သည့်အရာများနှင့် ပတ်သက်သည့် နောက်ထပ် မှတ်တမ်းများစွာကို ငါတို့မြင်ရ၏။ အောက်ပါ သမ္မာကျမ်းစာ၏ ကျမ်းပိုဒ်တွင် ယေဟောဝါက စာတန်ကို "အသင် အဘယ်အရပ်က လာသနည်း" ဟုမေးခဲ့၏။ စာတန်၏ အဖြေမှာ အဘယ်နည်း။ (ယင်းမှာ "မြေကြီးပေါ်တွင် ခေါက်တုံ့ခေါက်ပြန်၊ အနိမ့်အမြင့် သွားလာရာမှ လာသည်" ဟူ၍ ဖြစ်နေဆဲဖြစ်သည်။) ယင်းမှာ တူညီသောဝါကျ ဖြစ်နေဆဲဖြစ်၏။ ဤသည်မှာ စာတန်၏ ဆောင်ပုဒ်၊ စာတန်၏ လိပ်စာကဒ်ပြား ဖြစ်လာပြီးဖြစ်သည်။ ဤသည်မှာ ထိုသို့ အဘယ်သို့ဖြစ်ရသနည်း။ စာတန်သည် မုန်းဖွယ် ဖြစ်သည် မဟုတ်လော။ ဤရွံရှာဖွယ် ဝါကျကို တစ်ကြိမ်သာ မိန့်မြွက်သည်မှာ ကေန်မုချ လုံလောက်ပေသည်။ အဘယ်ကြောင့် စာတန်သည် ယင်းကို ထပ်တလဲလဲ ပြောမြဲပြောရပါသနည်း။ ဤအရာက အချက်တစ်ချက်ကို သက်သေပြ၏- စာတန်၏ သဘာဝသည် ပြောင်းလဲခြင်းမရှိပေ။ စာတန်သည် သူ၏ အကျည်းတန်သော မျက်နှာကို ဖုံးကွယ်ဖို့ ဟန်ဆောင်မှုကို အသုံးမပြုနိုင်ပေ။ ဘုရားသခင်သည် ၎င်းကို မေးခွန်းတစ်ခု မေးလိုက်ပြီး ဤသည်မှာ ၎င်းက ပြန်ဖြေသည့်ပုံ ဖြစ်သည်။ ထိုသို့ ဖြစ်သည့်အတွက်၊ ၎င်းက လူကို မည်သို့ ဆက်ဆံမည်ကို စိတ်ကူးကြည့်လော့။ စာတန်သည်

ဘုရားသခင်ကို မစိုးရွံ့ပေ၊ ဘုရားသခင်ကို မကြောက်ရွံ့သကဲ့သို့ ဘုရားသခင်ကို မနာခံပေ။ ထို့ကြောင့် ဘုရားသခင်၏ ရှေ့မှောက်တွင် လက်လွတ်စပယ် ရဲတင်းဝံ့လေသည်၊ ဘုရားသခင်၏ မေးခွန်းကို ဘေးချိတ်ရန် တူညီသည့် ဤစကားများကို အသုံးပြုဝံ့သည်၊ ဘုရားသခင်၏ မေးခွန်းအဖို့ ဤအဖြေတစ်ခုတည်းကိုသာ ထပ်တလဲလဲ အသုံးပြုဝံ့သည်၊ ဘုရားသခင်ကို ဝေခွဲမရဖြစ်သွားစေခြင်းငှာ ဤအဖြေကို အသုံးပြုရန် ကြိုးပမ်းဝံ့လေသည်- ဤသည်မှာ စာတန်၏ အကျည်းတန်သော မျက်နှာဖြစ်ပေသည်။ ၎င်းသည် ဘုရားသခင်၏ အနန္တတန်ခိုးကို မယုံကြည်ပေ၊ ဘုရားသခင်၏ သြဇာအာဏာကို မယုံကြည်သကဲ့သို့ ဘုရားသခင်၏ အုပ်စိုးမှုကို ကျိုးနွံနာခံရန် လုံးဝ လိုလားခြင်း မရှိပေ။ ၎င်းသည် ဘုရားသခင် ပြုသည့်အရာအားလုံးကို စဉ်ဆက်မပြတ် ထိုးနှက်တိုက်ခိုက်ရင်း၊ ဘုရားသခင်ပြုသည့် အရာအားလုံးကို ဖျက်ဆီးရန်ကြိုးပမ်းရင်း စဉ်ဆက်မပြတ် ဘုရားသခင်ကို ဆန့်ကျင်ရာတွင်ရှိလေသည်- ဤသည်မှာ ၎င်း၏ ဆိုးယုတ်သော ရည်မှန်းချက်ဖြစ်သည်။

ယောဘဝတ္ထုထဲတွင် မှတ်တမ်းတင်ထားသည်နှင့်အမျှ၊ စာတန် မြွက်ကြားသည့် ဤကျမ်းနှစ်ပိုဒ်နှင့် စာတန်လုပ်ဆောင်ခဲ့သည့် အရာများသည် ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်ကို ၎င်းဆန့်ကျင်ခြင်း၏ ကိုယ်စားပြုသောအရာဖြစ်သည်- ဤတွင်၊ စာတန်၏ စရိုက်အမှန်ကို ထုတ်ဖော်ပြထားပေသည်။ စာတန်၏ စကားများနှင့် လုပ်ဆောင်ချက်များကို လက်တွေ့ဘဝတွင် သင်တွေ့ဖူးပါသလော။ ထိုအရာများကို သင်တွေ့သည့်အခါတွင်၊ စာတန်ပြောသည့်အရာများဖြစ်သည်ဟု သင် ထင်ကောင်းထင်မည်မဟုတ်ဘဲ၊ ယင်းအစား လူကပြောသည့် အရာများအဖြစ် ထိုအရာများကို သင် ထင်ကောင်း ထင်နိုင်၏။ ထိုအရာများကို လူသားက ပြောဆိုသည့်အခါတွင်၊ မည်သည့်အရာကို ကိုယ်စားပြုသနည်း။ စာတန်ကို ကိုယ်စားပြုပေသည်။ ယင်းကို သင့်အနေဖြင့် သတိပြုမိလျှင်ပင်၊ ယင်းကို စာတန်က အမှန်တကယ် ပြောဆိုထားသည်ကို သင် မမြင်နိုင်သေးပေ။ သို့သော် ယခု ဤနေရာတွင်တော့ စာတန်ကိုယ်တိုင်က ပြောပြီးသည့်အရာကို ပြတ်ပြတ်သားသား သင်မြင်သွားပေပြီ။ ယခု သင်သည် စာတန်၏အကျည်းတန်သည့် မျက်နှာနှင့် ဆိုးယုတ်မှုအကြောင်းကို ပြတ်သားကာ ရှင်းလင်းသည့် နားလည်မှုတစ်ခု သင်ရှိပေပြီ။ ထို့ကြောင့် စာတန်ပြောဆိုခဲ့သော ဤကျမ်းနှစ်ပိုဒ်သည် စာတန်၏သဘာဝနှင့်ပတ်သက်သည့် အသိပညာကို ရရှိဖို့ ယနေ့လူများကို ကူညီရာတွင် တန်ဖိုးရှိပါသလော။ ယနေ့ လူသားမျိုးနွယ်အတွက် စာတန်၏ အကျည်းတန်သည့် မျက်နှာကို သတိပြုမိနိုင်ဖို့၊ စာတန်၏ မူလ၊ စစ်မှန်သော မျက်နှာကို သတိပြုမိနိုင်ဖို့ရန် ဤကျမ်းနှစ်ပိုဒ်သည် သေချာထိန်းသိမ်းထိုက်ပါသလော။ ဤသည်မှာ ပြောဖို့

မသင့်တော်သည့်အရာတစ်ခုဟု ထင်ရသော်လည်း၊ ထိုသို့ ဖော်ပြထားသည့် ဤစကားများသည် မည်သို့ဆိုစေ တိကျမှန်ကန်သည်ဟု မှတ်ယူရနိုင်ပေသည်။ အမှန်တွင်၊ ဤသည်မှာ ဤစိတ်ကူးကို ငါ ဖော်ပြနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်၊ ယင်းကို သင်တို့ နားလည်နိုင်ပါက၊ လုံလောက်ပေသည်။ ထပ်ခါထပ်ခါ၊ စာတန်သည် ယေဟောဝါ ဘုရားသခင်ကို ယောဘ၏ ကြောက်ရွံ့မှုနှင့် ပတ်သက်သည့် စွပ်စွဲချက်များ ထုတ်ရင်း၊ ယေဟောဝါပြုသည့် အရာများကို တိုက်ခိုက်၏။ စာတန်သည် ၎င်း၏ ယောဘကို သွေးဆောင်ခြင်းအား ယေဟောဝါက လျစ်လျူပြုစေရန် ကြိုးစားရင်း၊ နည်းအမျိုးမျိုးဖြင့် ယေဟောဝါကို ရန်စရန် ကြိုးပမ်းလေသည်။ ထို့ကြောင့် ၎င်း၏စကားများသည် အလွန်အမင်း ဆွပေးသည့်သဘောသဘာဝ ရှိလေသည်။ ထို့ကြောင့် ငါ့ကို ပြောလော့၊ စာတန်သည် ဤစကားများကို ပြောလိုက်သည်နှင့် တစ်ပြိုင်နက်၊ စာတန် မည်သည့်အရာ လုပ်ဆောင်လိုသည်ကို ဘုရားသခင်က ရှင်းရှင်းလင်းလင်း မြင်နိုင်သလော။ (မြင်နိုင်ပါသည်။) ဘုရားသခင်၏ စိတ်နှလုံးတွင်၊ ဘုရားသခင် အရေးထားသည်မှာ ဤလူ ယောဘ ဖြစ်လေသည်— ဖြောင့်မတ်သော လူတစ်ဦး၊ စုံလင်သော လူတစ်ဦးအဖြစ် ဘုရားသခင် သဘောထားသည်မှာ ဤဘုရားသခင်၏ အစေခံ ဖြစ်သည်— ဤလူသည် ဤသွေးဆောင်မှုမျိုးကို ကြံ့ကြံ့ခံနိုင်သလော။ (ခံနိုင်ပါသည်။) ဘုရားသခင်သည် ယင်းနှင့်ပတ်သက်၍ အဘယ်ကြောင့် သေချာလွန်းရသနည်း။ ဘုရားသခင်သည် လူ၏ စိတ်နှလုံးကို အမြဲ ဆန်းစစ်နေသလော။ (ဆန်းစစ်နေပါသည်။) သို့ဆိုလျှင် စာတန်သည် လူ၏စိတ်နှလုံးကို ဆန်းစစ်နိုင်သလော။ စာတန်က မဆန်းစစ်နိုင်ပါ။ စာတန်သည် သင်၏စိတ်နှလုံးကို မြင်နိုင်လျှင်ပင်၊ ၎င်း၏ဆိုးယုတ်သော သဘာဝက သန့်ရှင်းခြင်းကို သန့်ရှင်းခြင်းဟု သို့မဟုတ် ယုတ်ညံ့ခြင်းကို ယုတ်ညံ့ခြင်းဟု မည်သည့်အခါတွင်မျှ ယုံကြည်ခွင့် မပေးပေ။ ဆိုးယုတ်သည့် စာတန်သည် သန့်ရှင်းသည့်၊ ဖြောင့်မတ်သည့် သို့မဟုတ် တောက်ပသည့် မည်သည့်အရာကိုမျှ လုံးဝ တန်ဖိုးမထားနိုင်ပေ။ စာတန်သည် ၎င်း၏သဘာဝနှင့်အညီ၊ ၎င်း၏ဆိုးယုတ်မှုနှင့်အညီ၊ ပြီးလျှင် ၎င်း၏ လုပ်လေ့လုပ်ထရှိသော နည်းစနစ်များမှတစ်ဆင့် မမောနိုင်မပန်းနိုင် မလုပ်ဆောင်ဘဲ မနေနိုင်ပေ။ ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ဖျက်ဆီးခြင်းကို သူကိုယ်တိုင် ခံရလျှင်ပင်၊ ဘုရားသခင်ကို ခေါင်းမာမာနှင့် ဆန့်ကျင်ရန် သူဝန်မလေးပေ- ဤအရာသည် ဆိုးယုတ်မှု၊ ဤအရာသည် စာတန်၏ သဘာဝ ဖြစ်သည်။ ထို့ကြောင့် ဤကျမ်းပိုဒ်ထဲတွင် စာတန်က၊ "အရေအဖို့အရေ ဆိုသကဲ့သို့ လူသည် သူ၏အသက်အတွက် ပိုင်ဆိုင်သမျှတို့ကို အမှန်စင်စစ် ပေးပါလိမ့်မည်။ သို့သော် ယခု ကိုယ်တော်၏လက်ကို ဆန့်ကာ သူ၏အရိုးနှင့် အသွေးအသားတို့ကို ထိပါလော့၊

သူသည် ကိုယ်တော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကျိန်ဆဲလိမ့်မည်" ဟု ဆိုပေသည်။ လူသား၏ ဘုရားသခင်ကို ကြောက်ရွံ့မှုသည် ဘုရားသခင်ထံမှ အကျိုးအမြတ်များစွာ လူသားက ရရှိခြင်းကြောင့် ဖြစ်သည်ဟု စာတန်ကထင်သည်။ လူသည် ဘုရားသခင်ထံမှ အကျိုးအမြတ်များစွာ ရရှိသောကြောင့် ဘုရားသခင် ကောင်းမြတ်သည်ဟု လူသားက ပြောသည်။ သို့သော် လူက ဘုရားသခင်ကို ဤနည်းဖြင့် ကြောက်ရွံ့နိုင်သည်မှာ ဘုရားသခင် ကောင်းမြတ်သောကြောင့် မဟုတ်ဘဲ၊ လူက အကျိုးအမြတ်များစွာ ရရှိသောကြောင့် ဖြစ်ပေသည်။ ဘုရားသခင်က လူကို အကျိုးအမြတ်များ ခံစားခွင့် မပေးဘဲထားလိုက်သည်နှင့် သူက ဘုရားသခင်ကို စွန့်ပစ်လေသည်။ စာတန်၏ ဆိုးယုတ်သည့် သဘာဝတွင်၊ လူ၏ စိတ်နှလုံးက ဘုရားသခင်ကို အမှန်တကယ် ကြောက်ရွံ့နိုင်သည်ကို သူမယုံကြည်ပေ။ ၎င်း၏ဆိုးယုတ်သည့် သဘာဝကြောင့်၊ ကြောက်ရွံ့မှုရှိသည့် ကြည်ညိုမှုက မည်သည့်အရာဖြစ်သည်ကို သိရှိဖို့မဆိုထားနှင့်၊ သန့်ရှင်းခြင်းက မည်သည့်အရာဖြစ်သည်ကို သူမသိပေ။ ဘုရားသခင်ကို နာခံခြင်း သို့မဟုတ် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းဆိုသည်မှာ အဘယ်အရာဖြစ်သည်ကို သူမသိပေ။ ဤအရာများကို ၎င်းက မသိသောကြောင့်၊ လူသည် ဘုရားသခင်ကို မကြောက်ရွံ့နိုင်ဟု ၎င်းကထင်လေသည်။ ငါကို ပြောလော့၊ စာတန်သည် မဆိုးယုတ်ပါသလော။ ငါတို့အသင်းတော်ကလွဲ၍ အမျိုးမျိုးသော ဘာသာတရားများနှင့် ဂိုဏ်းဂဏများ၊ သို့မဟုတ် ဘာသာရေးနှင့် လူမှုရေး အုပ်စုများထဲမှ မည်သူမျှက ဘုရားသခင် လူ့ဇာတိ ခံယူလာပြီးဖြစ်ကာ တရားစီရင်ခြင်းအမှုကို လုပ်ဆောင်နေသည်ကို ယုံကြည်ဖို့ မဆိုထားနှင့်၊ ဘုရားသခင်၏ တည်ရှိမှုကို မယုံကြည်ကြပေ။ ထို့ကြောင့် သင်ယုံကြည်သည်မှာ ဘုရားသခင်ကို မဟုတ်ဟု ၎င်းတို့က ထင်ကြ၏။ လိင်မှုရှုပ်ပွေသော လူသည် ၎င်း၏ အနီးအနားကို ကြည့်ကာ၊ အခြားအယောက်တိုင်းသည် ၎င်းကဲ့သို့ပင် လိင်မှုရှုပ်ပွေသည်ဟု မြင်လေသည်။ အမြဲ လိမ်သောလူသည် အနီးအနားကို ကြည့်ကာ မရိုးသားမှုနှင့် အလိမ်အညာများကိုသာ မြင်လေသည်။ ဆိုးယုတ်သည့်လူက အခြားအယောက်တိုင်းကို ဆိုးယုတ်သကဲ့သို့ မြင်ပြီး တွေ့ကရာလူတိုင်းကို တိုက်ခိုက်ချင် လေသည်။ ရိုးသားမှု အတိုင်းအတာတစ်ခု ရှိသူများက အခြားအယောက်တိုင်းကို ရိုးသားသကဲ့သို့ မြင်ကြ၏၊ ထို့ကြောင့် ၎င်းတို့သည် အမြဲ လှည့်စားခံရ၏၊ အမြဲ လိမ်လည်ခံရပြီး ယင်းနှင့်ပတ်သက်၍ ၎င်းတို့ လုပ်နိုင်သည့်အရာ မည်သည့်အရာမျှ မရှိချေ။ သင်တို့၏ လက်ခံယုံကြည်မှုတွင် သာ၍ ခိုင်ခံ့စေဖို့ ဤဥပမာ အနည်းငယ်ကို ငါပေးသည်- စာတန်၏ ဆိုးယုတ်သည့် သဘာဝသည် တစ်ခဏ စေ့ဆော်မှု မဟုတ်၊ သို့မဟုတ် အခြေအနေများဖြင့် ချမှတ်ထားခြင်း မဟုတ်သကဲ့သို့၊ အကြောင်းရင်းတစ်ခုတစ်လေ သို့မဟုတ် နောက်ခံအကြောင်းရင်း တစ်ခုခုမှ ဖြစ်ပေါ်လာသည့်

ယာယီ သရုပ်သကန်တစ်ခုလည်း မဟုတ်။ လုံးဝကို မဟုတ်ပေ။ စာတန်သည် ဤပုံစံသာ မဖြစ်ဘဲ မနေနိုင်ပေ။ ကောင်းသည့်အရာ မည်သည့်အရာမျှ သူမလုပ်နိုင်ပေ။ နားဝင်ချိုသည့် အရာတစ်ခုခုကို သူပြောသည့်အခါတွင်ပင်၊ သင့်ကို သွေးဆောင်ဖြားယောင်းဖို့သာ ဖြစ်သည်။ နားဝင်ချိုလေလေ၊ ပါးနပ်လေလေဖြစ်ပြီး၊ ၎င်း၏ စကားများက သာ၍ သိမ်မွေ့လေလေ၊ ဤစကားများ၏ နောက်ကွယ်မှ ဆိုးယုတ်သည့် ရည်ရွယ်ချက်များသည် သာ၍ပင် မလိုမုန်းထားလေလေ ဖြစ်သည်။ ဤကျမ်းနှစ်ပိုဒ်တွင် စာတန်သည် မည်သို့သောမျက်နှာမျိုး၊ မည်သို့သော သဘာဝမျိုးကို ပြသနည်း။ (ယုတ်ညံ့ဖောက်ပြန်ခြင်း၊ မလိုမုန်းထားခြင်းနှင့် ဆိုးယုတ်ခြင်း ဖြစ်ပါသည်။) စာတန်၏အရင်းခံ ပင်ကိုလက္ခဏာမှာ ဆိုးယုတ်မှုဖြစ်သည်။ အခြားအရာများ အားလုံးထက်၊ စာတန်သည် ဆိုးယုတ်ပြီး မလိုမုန်းထားလေသည်။

ယခု စာတန်နှင့်ပတ်သက်သည့် ငါတို့၏ ဆွေးနွေးမှု ပြီးဆုံးပြီဖြစ်သည်၊ ငါတို့ဘုရားသခင် အကြောင်းကို ပြန်ပြောကြစို့။ ဘုရားသခင်၏ အနှစ်ခြောက်ထောင် စီမံခန့်ခွဲမှု အစီအစဉ်အတွင်းတွင်၊ ဘုရားသခင်၏ တိုက်ရိုက်ပြော စကားထဲမှ အနည်းအကျဉ်းကိုသာ သမ္မာကျမ်းစာထဲတွင် မှတ်တမ်းတင် ထားပြီး၊ မှတ်တမ်းတင်ထားသည့် အရာသည် အင်မတန် ရိုးရှင်းပေသည်။ ထို့ကြောင့် အစအဦးမှ စလိုက်ကြပါစို့။ ဘုရားသခင်သည် လူသားကို ဖန်ဆင်းခဲ့ပြီး၊ ထိုအချိန်ကတည်းက လူသားမျိုးနွယ်၏အသက်တာကို အစဉ်အမြဲ လမ်းပြပြီးဖြစ်သည်။ လူသားမျိုးနွယ်အပေါ် ကောင်းချီးမင်္ဂလာများ အပ်နှင်းရာတွင်ဖြစ်စေ၊ လူများအတွက် ပညတ်တရားများနှင့် ပညတ်ချက်များကို ဖန်တီးရာတွင်ဖြစ်စေ၊ သို့မဟုတ် အသက်တာအတွက် အမျိုးမျိုးသော စည်းမျဉ်းများကို ပြဋ္ဌာန်းရာတွင် ဖြစ်စေ၊ ဤအရာများကို လုပ်ဆောင်ရာတွင် ဘုရားသခင်၏ရည်ရွယ်ထားသည့် ရည်မှန်းချက်မှာ အဘယ်အရာ ဖြစ်သည်ကို သင်တို့သိပါသလော။ ပထမဦးစွာ ဘုရားသခင်ပြုသည့် အရာအားလုံးသည် လူသားမျိုးနွယ်၏ ကောင်းကျိုးအတွက်ဖြစ်သည်ဟု သေချာမှုဖြင့် သင် ဆိုနိုင်သလော။ ဤအရာများသည် သင်တို့အဖို့ ကြီးကျယ်ခမ်းနားသည့်၊ ပေါ့တန်သော စကားများအလား ဖြစ်ပုံရသော်လည်း၊ သို့သော် အတွင်းတွင် ရှိသည့် အသေးစိတ်အချက်အလက်များကို ဆန်းစစ်ဖြင်းဖြင့်၊ ဘုရားသခင် ပြုသမျှသည် လူသားကို သာမန်ဘဝတစ်ခုအား အသက်ရှင်ခြင်းဆီသို့ ဦးဆောင်ကာ လမ်းပြဖို့ ရည်ရွယ်သည် မဟုတ်လော။ ယင်းက လူသားကို သူ၏စည်းမျဉ်းစည်းကမ်းများအား လိုက်နာစေခြင်း ဖြစ်စေ၊ သို့မဟုတ် သူ၏ပညတ်တရားများကို စောင့်ထိန်းခြင်းဖြစ်စေ၊ လူသားအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ စာတန်ကို ကိုးကွယ်ခြင်းထဲသို့ လူသားကို မကျရောက်စေဖို့နှင့် စာတန်၏ အန္တရာယ်ပေးခြင်းကို မခံရစေရန်ဖြစ်သည်။ ဤသည်မှာ အခြေခံကျဆုံး ဖြစ်ပြီး

တကယ့်အစအဦးတွင် လုပ်ဆောင်ခဲ့သည့်အရာ ဖြစ်သည်။ တကယ့်အစအဦးတွင် လူသားသည် ဘုရားသခင်၏ အလိုတော်ကို နားမလည်ခဲ့သည့်အချိန်တွင်၊ ဘုရားသခင်သည် ရိုးရှင်းသည့် ပညတ်တရားများနှင့် စည်းမျဉ်းစည်းကမ်းအချို့ကို ပြုလုပ်ပြီး၊ စိတ်ကူးကြံစည်၍ရနိုင်သော ကိစ္စတိုင်းကို ခြုံငုံသည့် စည်းကမ်းချက်များကို ပြုလုပ်ခဲ့၏။ ဤစည်းကမ်းချက်များသည် အင်မတန် ရိုးရှင်းသော်လည်း ၎င်းတို့အတွင်းတွင် ဘုရားသခင်၏ အလိုတော်ထဲ ပါရှိနေပေသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို တန်ဖိုးထား၏၊ မြတ်နိုးပြီး အလွန်အမင်း ချစ်ခင်၏။ ယင်းမှာ မှန်သည်မဟုတ်လော။ (မှန်ပါသည်။) ထို့ကြောင့် သူ၏စိတ်နှလုံး သန့်ရှင်းသည်ဟု ငါတို့ပြော၍ရသလော။ သူ့နှလုံးသား စင်ကြယ်သည်ဟု ငါတို့ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) သို့ဆိုလျှင် ဘုရားသခင်သည် နောက်ထပ်ရည်ရွယ်ချက်များ ရှိနေသလော။ (မရှိပါ။) သို့ဆိုလျှင် သူ၏ ဤရည်ရွယ်ချက်သည် မှန်ကန်ပြီး အပြုသဘောဆောင်ပါသလော။ (ဆောင်ပါသည်။)
သူအမှုပြုစဉ်ကာလတစ်လျှောက်တွင်၊ သူ ဖန်တီးခဲ့သည့် စည်းမျဉ်းစည်းကမ်းများအားလုံးသည် လူသားအတွက် လမ်းခရီးကို ဦးဆောင်ရင်း၊ လူသားအပေါ် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှု ရှိပြီးဖြစ်ပေသည်။ ထို့ကြောင့် ဘုရားသခင်၏ စိတ်ထဲတွင် ကိုယ်ကျိုးဖက်သည့် အတွေးများ ရှိပါသလော။ လူသားနှင့် ပတ်သက်သည့်နေရာတွင် ဘုရားသခင်သည် နောက်ထပ် ရည်ရွယ်ချက်များတစ်ခုတစ်လေ ရှိပါသလော။ ဘုရားသခင်သည် လူသားကို တခြားနည်းလမ်းဖြင့် အသုံးပြုချင်သလော။ (မဟုတ်ပါ။) အနည်းငယ်မျှ မဟုတ်ပါ။ ဘုရားသခင်သည် သူပြောသည့်အတိုင်း ပြု၏၊ ပြီးလျှင် သူ၏ စကားများနှင့် လုပ်ရပ်များသည် သူ၏စိတ်နှလုံးထဲက အတွေးများနှင့် ကိုက်ညီလေသည်။ စွန်းထင်းသည့် ရည်ရွယ်ချက် မရှိ၊ ကိုယ်ကျိုးဖက်သည့် အတွေးများ မရှိပေ။ သူလုပ်ဆောင်သည့် မည်သည့်အရာမျှ သူ့အတွက် မဟုတ်။ သူ လုပ်ဆောင်သမျှသည်၊ သီးသန့် ရည်ရွယ်ချက်များ မပါဘဲ၊ လူသားအတွက် သူလုပ်ဆောင်ပေသည်။ သူသည် လူသားအပေါ် ထားရှိသော အစီအစဉ်များနှင့် ရည်ရွယ်ချက်များ ရှိသော်လည်း ထိုအရာမှ မည်သည့်အရာမျှ သူကိုယ်တိုင်အတွက် မဟုတ်ပေ။ သူလုပ်သမျှ အရာရာသည် လူသားတွေအတွက် သက်သက် လုပ်ဆောင်ခြင်းဖြစ်သည်၊ လူသားမျိုးနွယ်ကို ကာကွယ်ရန်၊ လူသားမျိုးနွယ်ကို လမ်းလွဲသွားခြင်းမှ ထိန်းသိမ်းရန် ဖြစ်သည်။ ထို့ကြောင့် သူ၏ ဤနှလုံးသားသည် အဖိုးမတန်ပေဘူးလော။ ထိုသို့သော အဖိုးတန်သည့် နှလုံးသား၏ အသေးငယ်ဆုံး အရိပ်အယောင်ကိုပင် စာတန်၌ သင်တွေ့ရသလော။ ဤအရာ၏ အရိပ်အယောင် တစ်ခုတလေကိုမျှ စာတန်ထဲတွင် သင် မတွေ့နိုင်ပေ။ ဘုရားသခင်ပြုသည့် အရာရာတိုင်းသည်

အလိုအလျောက် ထုတ်ဖော်ပြခံရလေသည်။ ယခုတွင်၊ ဘုရားသခင် အမှုပြုသည့်နည်းလမ်းကို ကြည့်ကြစို့။ သူသည် သူ၏အမှုကို မည်သို့ လုပ်ဆောင်ပါသနည်း။ ဘုရားသခင်သည် ဤပညတ်တရားများနှင့် သူ၏နှုတ်ကပတ်တော်များကို ယူကာ လူသားအယောက်စီတိုင်းအပေါ် ချမှတ်ရင်း၊ သတ္တုကွင်းတင်းကျပ်စေသောမန္တန်က ကဲ့သို့ လူတိုင်း၏ ခေါင်းပတ်ပတ်လည်၌ တင်းတင်း ကျပ်ကျပ် ချည်နှောင်ထားသလော။ သူသည် ဤနည်းလမ်းဖြင့် သူ၏ အမှုကို ပြုပါသလော။ (မပြုပါ။) သို့ဆိုလျှင် ဘုရားသခင်သည် မည်သို့သောနည်းလမ်းဖြင့် သူ၏ အမှုကို လုပ်ဆောင်ပါသနည်း။ (ကျွန်ုပ်တို့ကို သူလမ်းပြပါသည်။ ကျွန်ုပ်တို့ကို အကြံပေးကာ ခွန်အားပေးပါသည်။) သူသည် ခြိမ်းခြောက်ပါသလော။ သူသည် သင်တို့ကို စကားပြောချိန်တွင် ဝေ့လည်ကြောင်ပတ် ပြောဆိုပါသလော။ (မပြောဆိုပါ။) သမ္မာတရားကို သင်နားမလည်သည့်အခါ ဘုရားသခင်သည် သင့်ကို မည်ကဲ့သို့လမ်းပြသနည်း။ (သူက အလင်းပေးပါသည်။) ဤသည်မှာ သမ္မာတရားနှင့် ကိုက်ညီခြင်းမရှိဟု သင့်ကို ရှင်းရှင်းလင်းလင်း ပြောရင်း၊ သင်တို့အပေါ် အလင်းထွန်းလင်းစေပြီးနောက်၊ သင်မည်သည့်အရာ လုပ်သင့်သည်ကို သူပြောလေသည်။ ဘုရားသခင် အမှုပြုသည့် ဤနည်းလမ်းများမှ၊ သင်သည် ဘုရားသခင်နှင့် မည်ကဲ့သို့သော ဆက်ဆံရေးမျိုး ရှိသည်ဟု ခံစားရသနည်း။ ဘုရားသခင်ကို သင် သဘောမပေါက်နိုင်ဟု သင်ခံစားရသလော။ (မခံစားရပါ။) သို့ဆိုလျှင် ဘုရားသခင် အမှုပြုသည့် ဤနည်းလမ်းများကို သင် မြင်သည့်အခါ သင် မည်သို့ခံစားရပါသနည်း။ ဘုရားသခင်သည် သင်နှင့် အထူးသဖြင့် နီးကပ်၏။ သင်နှင့် ဘုရားသခင်ကြားတွင် မည်သည့်အကွာအဝေးမျှ မရှိပေ။ ဘုရားသခင်က သင့်ကို လမ်းပြသည့်အခါ၊ သင့်ကို သူထောက်ပံ့ပေးသည့်အခါ၊ သင့်ကို ကူညီပြီး အားပေးသည့်အခါ၊ ဘုရားသခင် မည်မျှ ဖော်ရွေသည်၊ သူ လှုံ့ဆော်သည့် ကြည်ညိုမှုတို့ကို သင်ခံစားရ၏။ သူမည်မျှ နှစ်လိုဖွယ်ဖြစ်သည်ကို သင် ခံစားရသည်၊ သူ၏ နွေးထွေးမှုကို သင်ခံစားရသည်။ သို့သော် ဘုရားသခင်သည် ဖောက်ပြန်ပျက်စီးခြင်းနှင့်ပတ်သက်၍ သင့်ကို အပြစ်တင်သည့်အခါ၊ သို့မဟုတ် သူ့ကို ဆန့်ကျင်ပုန်ကန်ခြင်းအတွက် သင့်ကို သူတရားစီရင်ပြီး ဆုံးမပဲ့ပြင်သည့်အခါ၊ မည်သည့် နည်းစနစ်ကို သူ အသုံးပြုသနည်း။ သူသည် သင့်ကို နှုတ်ကပတ်တော်များဖြင့် အပြစ်တင်ပါသလော။ ပတ်ဝန်းကျင်မှတစ်ဆင့်၊ လူများ၊ ကိစ္စရပ်များနှင့် အမှုအရာများမှတစ်ဆင့် သင့်ကို သူဆုံးမပဲ့ပြင်သလော။ (ပဲ့ပြင်ပါသည်။) ဘုရားသခင်သည် သင့်ကို မည်သည့်အတိုင်းအတာထိ ဆုံးမပဲ့ပြင်ပါသနည်း။ လူကို စာတန်က အန္တရာယ်ပေးသည့် အတိုင်းအတာနှင့်အလားတူ ဘုရားသခင်က လူကို ဆုံးမပဲ့ပြင်ပါသလော။ (မဟုတ်ပါ၊ လူက သည်းခံနိုင်သည့်အတိုင်းအတာထိသာ ဘုရားသခင်သည် လူကို ဆုံးမပဲ့ပြင်ပါသည်။)

ဘုရားသခင်သည် သိမ်မွေ့သည့်၊ နူးညံ့သည့်၊ ချစ်ခင်ဖွယ်ဖြစ်ပြီး ဂရုတစိုက်ရှိသည့် နည်းလမ်း၊ အထူး ချင့်ချင့်ချိန်ချိန်ရှိပြီး သင့်လျော်သည့် နည်းလမ်းတစ်ခုဖြင့် အမှုပြုပေသည်။ သူ၏ နည်းလမ်းက သင့်အထဲတွင်၊ "ဘုရားသခင်သည် ငါ့ကို ဤအရာ လုပ်ခွင့်ပေးရမည်"၊ သို့မဟုတ် "ဘုရားသခင်သည် ငါ့ကို ထိုအရာလုပ်ခွင့်ပေးရမည်" ဟူသည့် ပြင်းထန်သော ခံစားချက်ဆိုင်ရာ တုန့်ပြန်မှုများ မဆွပေးပေ။ ဘုရားသခင်သည် သည်းမခံနိုင်လောက်အောင် ဖြစ်စေသည့် ထိုသို့ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ခံစားချက်ဆိုင်ရာ ပြင်းပြမှုမျိုးကို သင့်အား လုံးဝ မပေးပေ။ ထိုသို့ မဟုတ်လော။ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း နှုတ်ကပတ်တော်များကို သင်လက်ခံသည့်အခါတွင်ပင် သင်မည်သို့ခံစားရသနည်း။ ဘုရားသခင်၏ ဩဇာအာဏာနှင့် တန်ခိုးကို သင်ခံစားမိသည့်အခါ သင်မည်ကဲ့သို့ ခံစားရသနည်း။ ဘုရားသခင်သည် ဘုရားသဘောသဘာဝရှိပြီး၊ အစဉ်လေးစားလိုက်နာအပ်သည်ဟု ခံစားရသလော။ (ခံစားရပါသည်။) ဤအချိန်များတွင် သင်ကိုယ်တိုင်နှင့် ဘုရားသခင်ကြားတွင် ဝေးကွာမှု သင်ခံစားရသလော။ ဘုရားသခင်ကို ကြောက်ရွံ့မှု သင်ခံစားရပါသလော။ မခံစားရပေ-ယင်းထက်၊ သင်သည် ဘုရားသခင်အပေါ် ကြောက်ရွံ့ခြင်းနှင့်ပြည့်သည့် ကြည်ညိုမှုကို ခံစားရ၏။ ဤအရာများအားလုံးကို လူတို့ ခံစားရသည်မှာ ဘုရားသခင်၏ အမှုကြောင့် ဖြစ်သည် မဟုတ်လော။ အမှုပြုနေသူမှာ စာတန်ဖြစ်ပါက၊ ဤခံစားချက်များ ၎င်းတို့ရှိကြမည်လော။ (မရှိပါ။) ဘုရားသခင်သည် လူသားကို အစဉ်မပြတ် ထောက်ပံ့၊ အားပေးရန် သူ၏ နှုတ်ကပတ်တော်များ၊ သူ၏သမ္မာတရားနှင့် သူ၏အသက်ကို အသုံးပြုလေသည်။ လူသားက အားနည်းသည့်အခါတွင်၊ လူသားက စိတ်ဓာတ်ကျသည့်အခါ၊ ဘုရားသခင်က၊ "စိတ်ဓာတ်မကျနှင့်။ စိတ်ဓာတ်ကျစရာအကြောင်း မည်သည့်အရာ ရှိပါသနည်း။ အဘယ်ကြောင့် သင်အားနည်းနေသနည်း။ အားနည်းနေစရာ မည်သည့်အကြောင်းရင်း ရှိပါသနည်း။ သင် အမြဲအလွန်အားနည်းပြီး အမြဲ အပျက်သဘောဆောင်၏။ သင် အသက်ရှင်ရခြင်းသည် အဘယ်အသုံးဝင်ပါသနည်း။ သေသာ သေလိုက်ပြီး အဆုံးသတ်လိုက်တော့" ဟု ဆိုရင်း၊ ကြမ်းတမ်းစွာ မပြောဆိုပေ။ ဘုရားသခင်သည် ဤနည်းလမ်းဖြင့် အမှုပြုသလော။ (မပြုပါ။) ဤနည်းဖြင့် ပြုမူရန် ဘုရားသခင်တွင် ဩဇာအာဏာရှိသလော။ (ရှိပါသည်။) သို့သော် ဘုရားသခင်သည် ဤနည်းဖြင့် မပြုမူပေ။ ဤနည်းဖြင့် သူ မပြုမူရသည့် အကြောင်းရင်းမှာ၊ ဘုရားသခင်၏ သန့်ရှင်းခြင်း အနှစ်သာရဖြစ်သည့် သူ၏ အနှစ်သာရကြောင့် ဖြစ်သည်။ သူ၏ လူသားကို ချစ်ခြင်း၊ လူသားကို သူ၏ တန်ဖိုးထားခြင်းနှင့် မြတ်နိုးခြင်းတို့ကို ဝါကျတစ်ကြောင်း နှစ်ကြောင်းမျှဖြင့် ရှင်းရှင်းလင်းလင်း ဖော်ပြ၍ မရနိုင်ပေ။ ယင်းမှာ လူသား၏

ကြွားဝါမှုအားဖြင့် ဖြစ်ပေါ်လာသည့် အရာတစ်ခု မဟုတ်ဘဲ စစ်မှန်သည့် လက်တွေ့လုပ်ဆောင်မှုဖြင့် ဘုရားသခင် ထုတ်ဆောင်သည့် အရာတစ်ခု ဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ အနှစ်သာရနှင့် သက်ဆိုင်သည့် ဖွင့်ပြချက်ဖြစ်သည်။ ဘုရားသခင်အမှုပြုသည့် ဤနည်းလမ်းများ အားလုံးသည် လူသားအား ဘုရားသခင်၏ သန့်ရှင်းခြင်းကို မြင်တွေ့စေနိုင်သလော။ ဘုရားသခင်၏ ကောင်းမွန်သည့် ရည်ရွယ်ချက်များ အပါအဝင်၊ လူသားအပေါ် ဘုရားသခင် အမှုပြုလိုသည့် ရလဒ်များအပါအဝင်၊ လူသားအပေါ် အမှုပြုရန် ဘုရားသခင် ခံယူသည့် ကွဲပြားခြားနားသော နည်းလမ်းများ၊ သူပြုသည့် အမှုအမျိုးအစား၊ လူသားကို သူနားလည်စေချင်သည့် အရာအပါအဝင်၊ ဘုရားသခင် အမှုပြုသည့် နည်းလမ်းများ အားလုံးတွင်- ဘုရားသခင်၏ ကောင်းမွန်သည့် ရည်ရွယ်ချက်များ၌ ဆိုးယုတ်မှု သို့မဟုတ် လှည့်ဖြားမှုတစ်ခုတလေ သင်တွေ့ဖူးပါသလော။ (မတွေ့ဖူးပါ။) သို့ဆိုလျှင် ဘုရားသခင်ပြုသည့် အရာရာတိုင်း၊ ဘုရားသခင် ပြောဆိုသည့် အရာရာတိုင်း၊ သူ၏ စိတ်နှလုံးတွင် ဘုရားသခင်တွေးသည့် အရာရာတိုင်းအပြင် သူဖွင့်ပြသည့် ဘုရားသခင်၏ အနှစ်သာရ အားလုံးတွင်- ဘုရားသခင်ကို သန့်ရှင်းသည်ဟု ငါတို့ခေါ်ဆိုနိုင်သလော။ (ခေါ်ဆိုနိုင်ပါသည်။) ဤသန့်ရှင်းခြင်းကို လောကကြီးထဲတွင် သို့မဟုတ် မိမိကိုယ်ကိုယ်အတွင်းတွင် တစ်ဦးတစ်ယောက်က တွေ့မြင်ဖူးပါသလော။ ဘုရားသခင်မှ လွဲ၍၊ ယင်းကို လူသားတစ်ဦးတစ်လေထဲတွင် သို့မဟုတ် စာတန်အထဲတွင် သင်တွေ့ဖူးသလော။ (မတွေ့ဖူးပါ။) ယခုထိ ငါတို့၏ ဆွေးနွေးမှုအပေါ် အခြေခံ၍၊ ဘုရားသခင်ကို အတုမရှိ၊ သန့်ရှင်းသည့် ဘုရားသခင် ကိုယ်တော်တိုင်ဟု ငါတို့ ခေါ်ဆိုနိုင်သလော။ (ခေါ်ဆိုနိုင်ပါသည်။) ဘုရားသခင်၏ နှုတ်ကပတ်တော်များ၊ လူသားအပေါ် ဘုရားသခင်အမှုပြုသည့် မတူကွဲပြားသော နည်းလမ်းများ၊ လူကို ဘုရားသခင် ပြောပြသည့်အရာ၊ လူကို ဘုရားသခင် သတိပေးသည့်အရာ၊ သူအကြံဉာဏ်ပေးပြီး ခွန်အားပေးသည့် အရာအပါအဝင်၊ လူကို ဘုရားသခင် ပေးသည့်အရာအားလုံး- ထိုအရာအားလုံးသည် ဘုရားသခင်၏ သန့်ရှင်းခြင်းတည်းဟူသော အနှစ်သာရ တစ်ခုတည်းမှ ပေါ်ပေါက်ပေသည်။ ထို့သို့သော သန့်ရှင်းသည့် ဘုရားသခင် မရှိခဲ့ပါက၊ သူပြုသည့်အမှုကို လုပ်ဆောင်ရန် မည်သည့်လူကမျှ သူ၏နေရာကို အစားထိုးနိုင်မည် မဟုတ်ပေ။ အကယ်၍ ဘုရားသခင်သည် ဤလူများကို စာတန်ထံ အပြည့်အဝ လွှဲပြောင်းပေးခဲ့မည်ဆိုပါက၊ ယနေ့ သင်တို့အားလုံးသည် မည်သည့် အခြေအနေမျိုးတွင် ရှိကြမည်ကို သင်တို့ စဉ်းစားဖူးကြပါသလော။ သင်တို့အားလုံးက ဤနေရာတွင် ပြီးပြည့်စုံပြီး ပကတိအတိုင်း တည်မြဲကာ ရှိကြမည်လော။ သင်တို့က၊ “မြေကြီးပေါ်တွင် ခေါက်တုံ့ ခေါက်ပြန်၊ အနိမ့်အမြင့် သွားလာရာမှ လာသည်။” ဟု

ပြောကြမည်လော။ သင်တို့သည် ထိုသို့သော စကားများကို ပြောသည်နှင့်အမျှ အလွန် အရှက်မရှိ၊ အလွန် ယုံကြည်မှု အပြည့်ရှိကာ ဟိတ်ဟန်အပြည့် ဖြစ်ကြကာ ဘုရားသခင် ရှေ့တွင် အရှက်မရှိဘဲ နေကြမည်လော။ (ဟုတ်ပါသည်။) သံသယ အရိပ်အယောင်မျှမရှိဘဲ၊ သင်တို့ နေကြပေမည်။ လူသားအပေါ် စာတန်၏ သဘောထားက စာတန်၏ သဘာဝနှင့် အနှစ်သာရသည် ဘုရားသခင်နှင့်လုံးဝဥဿုံ ကွာခြားသည်ကို လူအား မြင်ခွင့်ပေး၏။ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ဆန့်ကျင်သည့် စာတန်၏ အနှစ်သာရသည် အဘယ်အရာ ဖြစ်သနည်း။ (စာတန်၏ ဆိုးယုတ်မှု ဖြစ်ပါသည်။) စာတန်၏ ဆိုးယုတ်သည့် သဘာဝသည် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ လူအများစုက ဘုရားသခင်၏ ဤဖော်ပြချက်နှင့် ဘုရားသခင်၏ သန့်ရှင်းခြင်း အနှစ်သာရကို သတိမပြုမိသည့် အကြောင်းရင်းမှာ ၎င်းတို့သည် စာတန်၏ အုပ်စိုးမှုအောက်၊ စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းနှင့် စာတန်၏ရှင်သန်မှု ခြံဝင်းအတွင်းတွင် အသက်ရှင်ကြသောကြောင့် ဖြစ်သည်။ သန့်ရှင်းခြင်းသည် အဘယ်အရာဖြစ်သည်၊ သို့မဟုတ် သန့်ရှင်းခြင်းကို မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုရမည်ကို ၎င်းတို့ မသိကြပေ။ ဘုရားသခင်၏ သန့်ရှင်းခြင်းကို သင်သိမြင်သည့် အချိန်တွင်ပင် ယင်းကို ဘုရားသခင်၏ သန့်ရှင်းခြင်းအဖြစ် သေချာမှုတစ်ခုတစ်လေဖြင့် သင်အဓိပ္ပာယ် မဖွင့်ဆိုနိုင်သေးပေ။ ဤသည်မှာ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်သက်ဆိုင်သည့် လူ၏ အသိပညာအတွင်းရှိ ခြားနားချက်ဖြစ်သည်။

လူသားအပေါ် စာတန်၏ အလုပ်ကို မည်သည့်ကိုယ်စားပြု အင်္ဂါရပ်မျိုးက သွင်ပြင်လက္ခဏာဆောင်ပါသနည်း။ ဤအရာကို သင်တို့ကိုယ်တိုင်၏ အတွေ့အကြုံများမှတစ်ဆင့် သင်တို့ သိနိုင်သင့်၏- ယင်းသည် စာတန်၏ကိုယ်စားအပြုဆုံး အင်္ဂါရပ်၊ ၎င်းက ထပ်တလဲလဲ လုပ်ဆောင်သည့်အရာ၊ လူတစ်ဦးစီတိုင်းဖြင့် လုပ်ဆောင်ရန် ၎င်းက ကြိုးစားသည့် အရာဖြစ်သည်။ သင်တို့အနေဖြင့် ဤအင်္ဂါရပ်ကို မြင်ကောင်းမြင်နိုင်မည်မဟုတ်၊ ထို့ကြောင့် စာတန်သည် အလွန် ကြောက်မက်ဖွယ်ဖြစ်ပြီး အလွန် မုန်းတီးဖွယ်ဖြစ်သည်ကို သင် မခံစားရပေ။ ဤအင်္ဂါရပ်မှာ မည်သည့်အရာဖြစ်သည်ကို တစ်ဦးတစ်ယောက်က သိရှိပါသလော။ (သူလုပ်သည့်အရာတိုင်းကို လူသားအား အန္တရာယ်ပြုရန် သူ လုပ်ဆောင်သည်။) ၎င်းသည် လူသားကို မည်သို့ အန္တရာယ် ပြုပါသနည်း။ သာ၍ တိတိကျကျနှင့် သာ၍ အသေးစိတ် သင် ငါ့ကို ပြောပြနိုင်ပါသလော။ (သူက လူသားကို ဖြားယောင်းသည်၊ ဆွယ်ကာ သွေးဆောင်ပါသည်။) ယင်းမှာ မှန်ပေသည်။ ဤအရာများမှာ ဤအင်္ဂါရပ် ထင်ရှားသည့် နည်းလမ်းအချို့ ဖြစ်သည်။ စာတန်က လူကို လှည့်ဖြားသည်၊ တိုက်ခိုက်ပြီး စွပ်စွဲလည်းစွပ်စွဲပါသည်- ဤအရာများအားလုံးမှာ သရုပ်သကန်များ

ဖြစ်ကြလေသည်။ နောက်ထပ်တစ်ခုတစ်လေ ရှိပါသလော။ (သူက အလိမ်အညာတွေ ပြောပါသည်။) လှည့်စားခြင်းနှင့် လိမ်ညာခြင်းသည် စာတန်ထံ အလိုအလျောက် အများဆုံးလာပေသည်။ ဤအရာများကို ၎င်း မကြာခဏ လုပ်ဆောင်လွန်းသည်မှာ စဉ်းစားစရာပင် မလိုဘဲ အလိမ်အညာများက သူ၏နှုတ်မှ စီးဆင်းလာပေသည်။ နောက်ထပ် တစ်ခုတစ်လေ ရှိပါသလော။ (ပြင်းပြင်းထန်ထန် သဘောထား ကွဲလွဲမှုကို မျိုးစေ့ချပါသည်။) ဤတစ်ခုသည် သိပ်အရေးမကြီး လှပေ။ ယခု သင်တို့ကို ကြက်သီးမွေးညင်း ထလောက်အောင် ထိတ်လန့်ဖွယ်ဖြစ်စေမည့် အရာတစ်ခုကို ငါပြောပြမည်၊ သို့သော် သင်တို့ကို အလန့်တကြားဖြစ်သွားစေရန် ငါပြောသည် မဟုတ်။ ဘုရားသခင်သည် လူသားအပေါ် အမှုပြုပြီး လူသားကို သူ၏ သဘောထားနှင့် စိတ်နှလုံးဖြင့်ပါ မြတ်နိုးသည်။ အပြန်အလှန်အားဖြင့်၊ စာတန်သည် လူသားကို မြတ်နိုးပါသလော။ လူသားကို သူမမြတ်နိုးပေ။ ဆန့်ကျင်ဖက်အနေဖြင့်၊ သူသည် လူသားကို အန္တရာယ်ပြုခြင်းအကြောင်း တွေးတောရင်း အချိန်များစွာ ကုန်လေသည်။ ထိုသို့ ဖြစ်သည် မဟုတ်လော။ လူသားကို အန္တရာယ်ပြုခြင်းအကြောင်း သူ စဉ်းစားနေချိန်တွင်၊ သူက စိတ်အခြေအနေသည် အရေးတကြီးဖြစ်သည့် စိတ်အခြေအနေတစ်ခု ဖြစ်သည်မဟုတ်လော။ (ဟုတ်ပါသည်။) ထို့ကြောင့်၊ လူသားများအပေါ် စာတန်၏ လုပ်ဆောင်မှုနှင့် ပတ်သက်၍၊ စာတန်၏ မလိုမုန်းထားစိတ် နှင့် ဆိုးယုတ်သည့် သဘာဝကို ပြည့်စုံလုံလောက်စွာ ဖော်ပြနိုင်သည့်၊ စာတန်၏ မုန်းတီးခြင်းကို သင်တို့အား အမှန်တကယ် သိခွင့်ပေးနိုင်သည့် စကားရပ်နှစ်ခု ငါ့မှာရှိ၏။ စာတန်၏ လူသားကို ချဉ်းကပ်မှုတွင်၊ စာတန်သည် မိမိ၏ ရည်မှန်းချက်များကို ရရှိနိုင်ဖို့နှင့် မိမိ၏ အထိန်းအကွပ်မဲ့သော ပြင်းပြသည့်ဆန္ဒကို ဖြည့်ဆည်းနိုင်ဖို့အလို့ငှာ၊ လူကို အလုံးစုံ ထိန်းချုပ်မှု ရရှိနိုင်ပြီး လူကို ဆိုးရွားစွာ အန္တရာယ်ပြုနိုင်သည့် အတိုင်းအတာထိ လူတစ်ဦးစီတိုင်းကို အမြဲ အတင်းအကျပ် နေရာယူကာ ပိုင်ဆိုင်ချင်လေသည်။ "အတင်းအကျပ် နေရာယူ" သည် ဆိုသည်မှာ မည်သည့်အရာကိုဆိုလိုသနည်း။ ယင်းသည် သင်၏သဘောတူညီချက်နှင့် ဖြစ်သည့်အရာတစ်ခုလော သို့မဟုတ် သဘောတူညီချက် မပါဘဲနှင့် ဖြစ်သည့်အရာတစ်ခုလော။ ယင်းသည် သင်သိလျက်ဖြင့် ဖြစ်သလော၊ သို့မဟုတ် သင်မသိဘဲလျက် ဖြစ်သလော။ အဖြေမှာ ယင်းသည် သင် လုံးဝ မသိဘဲလျက် ဖြစ်ပျက်ပေသည်။ ယင်းသည် သင်သတိမမူမိသည့် အခြေအနေများတွင် ဖြစ်ပျက်၏၊ သင့်ကို မည်သည့်အရာမျှ ပြောပင်မပြော သို့မဟုတ် လုပ်ပင်မလုပ်ဆောင်ဘဲ၊ အကြောင်းပြချက်မရှိ၊ ဆက်စပ်အကြောင်းအရာ မရှိဘဲ- စာတန်သည် သင့်ကို ပတ်လျက်၊ သင့်ကို ဝန်းရံလျက် ရှိပေသည်။ ခေါင်းပုံဖြတ်ရန် အခွင့်အရေးကို သူရှာနေသည်၊ ထို့နောက် သင့်ကို အလုံးစုံ

ထိန်းချုပ်မှုကို ရရှိခြင်းနှင့် သင့်အပေါ် အန္တရာယ်ဖြစ်စေခြင်းတည်းဟူသော သူ၏ ရည်မှန်းချက်များကို စွမ်းဆောင်ရရှိရင်း၊ သင့်ကို အတင်းအကျပ် သိမ်းပိုက်သည်၊ သင့်ကို ပိုင်ဆိုင်လေသည်။ ဤသည်မှာ လူသားမျိုးနွယ်ကို ဘုရားသခင်ထံမှ ဆွဲလုရန် အပြင်းအထန်ကြိုးပမ်းသည်နှင့်အမျှ စာတန်၏ ထုံးစံအကျဆုံး ရည်ရွယ်ချက်နှင့် အပြုအမူဖြစ်ပေသည်။ ဤအရာကို သင်တို့ ကြားရသည့်အခါ မည်သို့ခံစားရသနည်း။ (ကျွန်ုပ်တို့ စိတ်နှလုံးထဲတွင် ထိတ်လန့်ပြီး ကြောက်ရွံ့ပါသည်။) ရွံရှာသည်ဟု ခံစားရသလော။ (ခံစားရပါသည်။) ဤရွံရှာမှုကို သင်တို့ ခံစားရ သည်နှင့်အမျှ၊ စာတန်သည် အရှက်မဲ့သည်ဟု သင်တို့ ထင်သလော။ စာတန်က အရှက်မဲ့သည်ဟု သင်တို့ ထင်သည့်အခါတွင်၊ သင်တို့ကို အမြဲထိန်းချုပ်ချင်သည့် သင်တို့ အနီးနားက လူများ၊ အဆင့်အတန်းနှင့် အကျိုးအမြတ်များအတွက် အထိန်းအကွပ်မဲ့သော ရည်မှန်းချက်များရှိသည့် သူတို့ကို သင်တို့ ရွံရှာကြသလော။ (ရွံရှာပါသည်။) သို့ဖြစ်လျှင် လူသားကို အတင်းအကျပ် ပိုင်ဆိုင်ကာ နေရာယူဖို့ စာတန်သည် မည်သည့်နည်းစနစ်များကို အသုံးပြုသနည်း။ ဤအရာနှင့် ပတ်သက်၍ သင်တို့ရှင်းကြပါသလော။ “အတင်းအကျပ် နေရာယူခြင်း” နှင့် “ပိုင်ဆိုင်ခြင်း” ဟူသည့် စကားရပ်နှစ်ခုကို သင်တို့ ကြားရသည့်အခါ၊ သင်တို့ ရွံရှာကြပြီး ဤစကားများနှင့် ပတ်သက်၍ ဆိုးယုတ်မှုကို ခံစားနိုင်ကြပေသည်။ သင်တို့၏ သဘောတူညီချက် သို့မဟုတ် သင်၏ အသိမပါဘဲနှင့် စာတန်သည် သင့်ကို ပိုင်ဆိုင်သည်၊ အတင်းအဓမ္မ နေရာယူကာ သင့်ကို ဖောက်ပြန်ပျက်စီးစေလေသည်။ သင်၏ စိတ်နှလုံးထဲတွင် မည်သည့်အရာကို မြည်းစမ်းရပါသနည်း။ စက်ဆုပ်ခြင်းနှင့် ရွံရှာမှုကို ခံစားရသည် မဟုတ်လော။ (ဟုတ်ပါသည်။) စာတန်၏ ဤနည်းလမ်းများအတွက်၊ စက်ဆုပ်ခြင်းနှင့် ရွံရှာခြင်းကို သင် ခံစားရသည့်အခါ၊ ဘုရားသခင်အတွက် မည်သည့် ခံစားချက်မျိုး သင် ရှိပါသနည်း။

(ကျေးဇူးတင်ခြင်းဖြစ်ပါသည်။) သင့်ကို ကယ်တင်ခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ပေသည်။ ထို့ကြောင့် ယခု၊ ဤအခိုက်အတန့်တွင်၊ ဘုရားသခင်ကို သင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို တာဝန်ယူကာ ထိန်းချုပ်ခွင့် ပေးလိုသည့် ဆန္ဒ သို့မဟုတ် လိုအင်ဆန္ဒ ရှိပါသလော။ (ရှိပါသည်။) မည်သည့် ဆက်စပ်အကြောင်းအရာဖြင့် ထိုသို့ သင် ဖြေပါသနည်း။ သင်သည် စာတန်၏ အတင်းအကျပ် နေရာယူပြီး ပိုင်ဆိုင်ခြင်း ခံရမည် စိုးသောကြောင့် “ရှိပါသည်” ဟု သင် ပြောသလော။ (ဟုတ်ပါသည်။) သင်သည် ဤသို့သော စိတ်နေစိတ်ထားမျိုး ရှိရမည်မဟုတ်။ ယင်းက မမှန်ကန်ပေ။ ဘုရားသခင်သည် ဤနေရာတွင် ရှိသည့်အတွက်၊ မကြောက်နှင့်။ ကြောက်စရာ ဘာမျှမရှိပေ။ စာတန်၏ ဆိုးယုတ်သည့် အနှစ်သာရကို သင်နားလည်ပြီးသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်၏ ချစ်ခြင်း၊ ဘုရားသခင်၏

ကောင်းမြတ်သည့် ရည်ရွယ်ချက်များ၊ လူသားအတွက် ဘုရားသခင်၏ သနားကရုဏာနှင့် သည်းခံခြင်းနှင့် သူ၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့် သက်ဆိုင်သည့် သာ၍တိကျသည့် သိနားလည်မှု သို့မဟုတ် သာ၍လေးနက်သည့် မြတ်နိုးမှု သင့်မှာ ရှိသင့်ပေသည်။ စာတန်သည် အလွန် မုန်းတီးဖွယ်ဖြစ်၏၊ သို့သော် ဤအရာသည် ဘုရားသခင်ကို သင်၏ချစ်ခြင်းနှင့် ဘုရားသခင်၌ သင်၏ အားထားမှုနှင့် ကိုးစားမှုကို မစေ့ဆော်ပေးသေးပါက၊ သင်သည် မည်ကဲ့သို့သောလူမျိုး ဖြစ်ပါသနည်း။ သင့်ကို ထိုသို့ အန္တရာယ်ပြုရန် စာတန်ကို အခွင့်ပေးဖို့ သင် လိုလားလျက်ရှိပါသလော။ စာတန်၏ ဆိုးယုတ်မှုနှင့် အကျည်းတန်မှုကို မြင်ပြီးသည့်နောက်၊ ငါတို့ ပြန်လှည့်ပြီး ဘုရားသခင်ကို ကြည့်ကြသည်။ ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏ အသိပညာသည် ပြောင်းလဲမှု တစ်ခုတစ်လေ ကြုံရပြီးပြီလော။ ဘုရားသခင်သည် သန့်ရှင်း၏ဟု ငါတို့ဆိုနိုင်သလော။ ဘုရားသခင်သည် အပြစ်အနာအဆာ မရှိဟု ငါတို့ ဆိုနိုင်သလော။ "ဘုရားသခင်သည် အတုမရှိ သန့်ရှင်းခြင်း ဖြစ်သည်"— ဘုရားသခင်သည် ဤဂုဏ်ထူးကို လျော်ညီအောင် နေနိုင်သလော။ (နေနိုင်ပါသည်။) သို့ဆိုလျှင် လောကကြီးနှင့် အရာအားလုံးအလယ်တွင် လူ၌ရှိသည့် ဘုရားသခင်နှင့် သက်ဆိုင်သည့် ဤသိနားလည်မှုနှင့် လျော်ညီအောင် ဘုရားသခင် ကိုယ်တိုင်သာ အသက်ရှင်နိုင်သည် မဟုတ်လော။ တခြား တစ်ဦးတစ်လေ ရှိပါသလော။ (မရှိပါ။) သို့ဆိုလျှင် မည်သည့်အရာ လူအား ဘုရားသခင် အတိအကျ ပေးသနည်း။ သင် မသိလိုက်ဘဲနှင့် သူသည် သင့်ကို ဂရုစိုက်မှု၊ အလေးထားမှုနှင့် ထောက်ထားမှု အနည်းငယ်သာ ပေးသည်လော။ ဘုရားသခင်က လူသားကို မည်သည့်အရာ ပေးပြီးပြီနည်း။ ဘုရားသခင်သည် လူသားကို အသက်ပေးပြီးဖြစ်သည်၊ လူသားကို အရာအားလုံး ပေးပြီးဖြစ်ကာ မည်သည့်အရာကိုမျှ မတောင်းဆိုဘဲ၊ ဖုံးကွယ်ထားသည့် မည်သည့် ရည်ရွယ်ချက်မျှ မရှိဘဲနှင့် ဤအရာအားလုံးကို လူသားအပေါ် ခြွင်းချက်မရှိ ပေးသနားပေသည်။ လူသားကို စာတန်၏ ဆိုးယုတ်သည့် သဘာဝနှင့် အကျည်းတန်သော မျက်နှာတို့ကို ရှင်းရှင်းလင်းလင်း ရိပ်မိခွင့်ပေးရင်း၊ စာတန်၏ စုံစမ်းသွေးဆောင်ခြင်းများနှင့် မက်လုံးများမှ ဝေးရာ၊ စာတန်၏ ဘေးအန္တရာယ်ပြုခြင်းမှ ဝေးရာသို့ ခေါ်ဆောင်ရင်း၊ လူကို ဦးဆောင်လမ်းပြရန် သမ္မာတရား၊ သူ၏ နှုတ်ကပတ်တော်နှင့် သူ့အသက်ကို အသုံးပြုလေသည်။ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ချစ်ခြင်းနှင့် ပူပန်ခြင်းသည် စစ်မှန်ပါသလော။ ယင်းသည် သင်တို့အယောက်တိုင်း တွေ့ကြုံနိုင် သည့်အရာ တစ်ခုလော။ (ဟုတ်ပါသည်။)

သင်ယုံကြည်သည့် နှစ်များအားလုံးတွင် ဘုရားသခင် သင့်အပေါ် ပြုခဲ့သည့် အရာအားလုံးကို၊ ယခုအချိန်အထိ သင်တို့ အသက်တာများအပေါ် ပြန်ကြည့်ကြလော့။ ဤရာက သင့်အတွက်

ဖြစ်ပေါ်စေသည့် ခံစားချက်များသည် နက်ရှိုင်းသည်ဖြစ်စေ ပေါ့တန်သည်ဖြစ်စေ၊ ယင်းသည် အားလုံးထဲမှ အလိုအပ်ဆုံးသော အရာ ဖြစ်ခဲ့သည် မဟုတ်လော။ ယင်းသည် သင်ရယူရန် အလိုအပ်ဆုံးသောအရာ ဖြစ်ခဲ့သည် မဟုတ်လော။ (ဟုတ်ပါသည်။) ဤသည်မှာ သမ္မာတရားဖြစ်သည် မဟုတ်လော။ ဤသည်မှာ အသက်ဖြစ်သည် မဟုတ်လော။ (ဟုတ်ပါသည်။) ဘုရားသခင်သည် သင့်အပေါ် ဉာဏ်အလင်းပေးခြင်းကို နှင်းအပ်ပြီးနောက်၊ သင့်ကို သူပေးပြီးသည့် အရာအားလုံးအတွက် အပြန်အလှန်အားဖြင့် သူ့ကို တစ်ခုခုပြန်ပေးရန် သင့်ကို တောင်းဆိုခဲ့ဖူးသလော။ (မတောင်းဆိုဖူးပါ။) သို့ဆိုလျှင် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ဘုရားသခင်က ဤအရာကို အဘယ်ကြောင့် လုပ်ဆောင်သနည်း။ ဘုရားသခင်သည် သင့်ကို သိမ်းပိုက်ခြင်းနှင့် သက်ဆိုင်သည့် ရည်ရွယ်ချက် ရှိလေသလော။ (မရှိပါ။) ဘုရားသခင်သည် လူသား၏ စိတ်နှလုံးအတွင်းတွင် နန်းတက်ချင်သလော။ (တက်ချင်ပါသည်။) သို့ဖြစ်လျှင် ဘုရားသခင်၏ နန်းတက်ခြင်းနှင့် စာတန်၏ အတင်းအကျပ် နေရာယူခြင်းကြား ကွာခြားချက်မှာ အဘယ်နည်း။ ဘုရားသခင်သည် လူ၏ စိတ်နှလုံးကို ရယူလိုသည်၊ လူ၏ စိတ်နှလုံးကို သူနေရာယူလိုသည်- ဤအရာက မည်သည့်အရာကို ဆိုလိုသနည်း။ ဘုရားသခင်က လူသားကို သူ၏ရုပ်သေးရုပ်များ၊ သူ၏ စက်ယန္တရားများ ဖြစ်လာစေချင်သည်ဟု ဆိုလိုသလော။ (မဟုတ်ပါ။) သို့ဖြစ်လျှင် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ လူ၏ စိတ်နှလုံးကို ဘုရားသခင် နေရာယူလိုခြင်းနှင့် လူကို စာတန်၏ အတင်းအကျပ် နေရာယူခြင်း၊ ပိုင်ဆိုင်ခြင်း ကြားတွင် ကွာခြားချက်တစ်ခု ရှိပါသလော။ (ရှိပါသည်။) ကွာခြားချက်မှာ အဘယ်နည်း။ ငါ့ကို ရှင်းရှင်းလင်းလင်း ပြောပြနိုင်ပါသလော။ (စာတန်သည် အတင်းအကျပ်ဖြင့် လုပ်ဆောင်ပြီး၊ ဘုရားသခင်မှာမူ လူကို ဆန္ဒအလျောက် လုပ်ဆောင်ခွင့်ပေးပါသည်။) ဤသည်မှာ ကွာခြားချက် ဖြစ်သလော။ သင်၏ စိတ်နှလုံးကို ဘုရားသခင် ရှိခြင်းသည် အဘယ်အတွက် အသုံးဝင်ပါသနည်း။ ပြီးလျှင် ဘုရားသခင်က သင့်ကို သိမ်းပိုက်ခြင်းသည် အဘယ်အသုံးဝင်ပါသနည်း။ “လူသား၏ စိတ်နှလုံးကို ဘုရားသခင် နေရာယူသည်” ဆိုသည်ကို သင်တို့၏ စိတ်နှလုံးများထဲတွင် မည်သို့နားလည်သနည်း။ ဤတွင် ဘုရားသခင်နှင့်ပတ်သက်၍ ငါတို့ ပြောဆိုပုံတွင် မျှတရမည် ဖြစ်သည်၊ မဟုတ်ပါက လူတို့သည် အမြဲ နားလည်မှု လွဲလိမ့်မည်ဖြစ်ပြီး၊ “ဘုရားသခင်သည် ငါ့ကို အမြဲ သိမ်းပိုက်ချင်သည်။ သူသည် ငါ့ကို အဘယ်အရာအတွက် သိမ်းပိုက်ချင်သနည်း။ ငါသည် အသိမ်းပိုက်မခံချင်ပါ။ ငါသည် ငါကိုယ်တိုင်၏ ဆရာသခင်သာ ဖြစ်လိုသည်။ စာတန်က လူများကို သိမ်းပိုက်သည်ဟု သင်ပြောသည်၊ သို့သော် ဘုရားသခင်ကလည်း လူတို့ကို သိမ်းပိုက်ပေသည်။ ယင်းမှာ

အတူတူပင် ဖြစ်သည် မဟုတ်လော။ ငါ့ကို သိမ်းပိုက်ဖို့ မည်သူကိုမျှ ငါ အခွင့်မပေးလိုပါ။ ငါသည် ငါကိုယ်တိုင်ဖြစ်သည်။" ဟု တွေးကြလိမ့်မည်။ ဤနေရာတွင် ကွာခြားချက်မှာ အဘယ်နည်း။ အနည်းငယ် တွေးကြည့်လော့။ "ဘုရားသခင်သည် လူကို သိမ်းပိုက်သည်" ဆိုသည်မှာ အနှစ်မဲ့သော စကားစုလောဟု သင်တို့ကို ငါမေး၏။ ဘုရားသခင်၏ လူသားကို သိမ်းပိုက်ခြင်းသည် သင့် စိတ်နှလုံးတွင် သူ အသက်ရှင်ပြီး သင်၏စကားလုံးတိုင်းနှင့် လုပ်ရှားမှုတိုင်းကို ထိန်းချုပ်သည်ဟု ဆိုလိုသလော။ သင့်ကို ထိုင်ရန် သူပြောလျှင် သင် မတ်တပ်မရပ်ဝံ့သလော။ အရှေ့ဘက်သို့ သွားရန် သူသည် သင့်ကိုပြောလျှင်၊ သင်က အနောက်ဘက်ကို မသွားဝံ့သလော။ ဤ "သိမ်းပိုက်ခြင်း" ဆိုသည်မှာ ဤစာကြောင်းများနှင့်အတူ တစ်စုံတစ်ရာကို ရည်ညွှန်းပါသလော။ (မဟုတ်ပါ၊ ဘုရားသခင်သည် သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို လူသားအား အသက်ရှင်နေထိုင်စေလိုသည်။) လူသားကို ဘုရားသခင် စီမံခန့်ခွဲပြီးဖြစ်သည့် ဤနှစ်များတစ်လျှောက်တွင်၊ ဤနောက်ဆုံးအဆင့်တွင် ယနေ့အထိ လူသားအပေါ် သူ၏ အမှုပြုခြင်းတွင်၊ သူပြောဆိုပြီးဖြစ်သည့် နှုတ်ကပတ်တော်အားလုံး နှင့်သက်ဆိုင်၍ လူသားအပေါ် ရည်ရွယ်ထားသည့် အကျိုးမှာ မည်သည့်အရာဖြစ်ပါသနည်း။ ယင်းသည် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းကို လူက အသက်ရှင်နေထိုင်ခြင်း ဖြစ်သလော။ "လူသား၏ စိတ်နှလုံးကို ဘုရားသခင်က နေရာယူသည်။" ဆိုခြင်း၏ တိုက်ရိုက် အဓိပ္ပာယ်ကို ကြည့်ပါက၊ ယင်းမှာ ဘုရားသခင်က လူသား၏ စိတ်နှလုံးကို ယူပြီး ယင်းကို နေရာယူလိုက်သည့်အလား၊ ယင်းအထဲတွင် အသက်ရှင်ကာ ပြန်မထွက်လာတော့သည့်အလား ထင်ရ၏။ လူသည် ဘုရားသခင် လုပ်ဆောင်စေသည့် မည်သည့်အရာကိုမဆို လုပ်ဆောင်ရဖို့အလို့ငှာ ဘုရားသခင်သည် လူသာ စိတ်နှလုံး၏ ဆရာသခင် ဖြစ်လာကာ လူ၏ စိတ်နှလုံးကို စိုးမိုးကာ သဘောရှိ ကြိုးကိုင်ခြယ်လှယ်နိုင်လေသည်။ ဤသဘောတရား၌၊ လူတိုင်းက ဘုရားသခင်ဖြစ်လာနိုင်ပြီး ဘုရားသခင်၏ အနှစ်သာရနှင့် စိတ်နေသဘောထား ပိုင်ဆိုင်နိုင်ကြသည့်အလား ထင်ရလေသည်။ ထို့ကြောင့် ဤကိစ္စရပ်တွင်၊ လူသားသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်မည်လော။ "သိမ်းပိုက်ခြင်း" ဆိုသည်ကို ဤနည်းဖြင့် ရှင်းပြရနိုင်သလော။ (မရနိုင်ပါ။) သို့ဆိုလျှင် အဘယ်အရာနည်း။ ငါသည် သင်တို့ကို ဤအရာ မေး၏- လူသားကို ဘုရားသခင် ထောက်ပံ့သည့် နှုတ်ကပတ်တော်များနှင့် သမ္မာတရားအားလုံးသည် ဘုရားသခင်၏ အနှစ်သာရနှင့် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့၏ ထုတ်ဖော်ပြချက် ဟုတ်ပါသလော။ (ဟုတ်ပါသည်။) ဤသည်မှာ သေချာပေါက် မှန်ကန်ပါသည်။ သို့သော် လူသားကို သူထောက်ပံ့ပေးသည့် နှုတ်ကပတ်တော်အားလုံးကို

ဘုရားသခင် ကိုယ်တိုင် လက်တွေ့လုပ်ဆောင်ပြီး ပိုင်ဆိုင်ရန် မုချလိုအပ်ပါသလော။ ဤအရာကို အနည်းငယ် တွေးကြည့်လော့။ ဘုရားသခင်သည် လူသားကို တရားစီရင်သည့်အခါ၊ သူသည် အဘယ်ကြောင့် တရားစီရင်ပါသနည်း။ ဤနှုတ်ကပတ်တော်များသည် အဘယ်သို့ ဖြစ်တည်လာခဲ့ပါသနည်း။ လူကို ဘုရားသခင် တရားစီရင်သည့် အချိန်တွင် ပြောဆိုသည့် ဤနှုတ်ကပတ်တော်များ၏ ပါဝင်သည့် အကြောင်းအရာမှာ အဘယ်နည်း။ ၎င်းတို့သည် မည်သည့်အရာ အပေါ် အခြေပြုထားသနည်း။ ၎င်းတို့ အခြေပြုသည်မှာ လူသား၏ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထား ဖြစ်ပါသလော။ (ဟုတ်ပါသည်။) သို့ဆိုလျှင် လူနှင့် သက်ဆိုင်သည့် ဘုရားသခင်၏ တရားစီရင်ခြင်းအားဖြင့် ရရှိသည့် အကျိုးသည် ဘုရားသခင်၏ အနှစ်သာရအပေါ် အခြေပြုထားသလော။ (အခြေပြုပါသည်။) ထို့ကြောင့် "လူသားကို ဘုရားသခင်၏ နေရာယူခြင်း" ဆိုသည်မှာ အနှစ်မဲ့သည့် စကားစုလော။ မဟုတ်သည်မှာ သေချာ၏။ သို့ဆိုလျှင် ဘုရားသခင်သည် ဤနှုတ်ကပတ်တော်များကို လူ့အား အဘယ်ကြောင့် ပြောဆိုသနည်း။ ဤနှုတ်ကပတ်တော်များကို ပြောဆိုရာတွင် သူ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ဘုရားသခင်သည် လူသား၏အသက်အဖြစ် အသုံးတော်ခံဖို့ ဤနှုတ်ကပတ်တော်များကို အသုံးပြုချင်သည်လော။ (ဟုတ်ပါသည်။) ဘုရားသခင်သည် ဤနှုတ်ကပတ်တော်များ၌ သူပြောဆိုခဲ့သည့် ဤသမ္မာတရားအားလုံးကို လူသား၏ အသက်အဖြစ် ဆောင်ရွက်စေဖို့ အသုံးပြုချင်သည်။ လူသားသည် ဤသမ္မာတရားအားလုံးနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယူဆောင်ပြီး သူ၏ကိုယ်ပိုင် အသက်အဖြစ် ပြောင်းလဲသည့် အခါတွင်၊ လူသားသည် ဘုရားသခင်ကို နာခံနိုင်သလော။ ထို့နောက် လူသားသည် ဘုရားသခင်ကို ကြောက်ရွံ့နိုင်သလော။ ထို့နောက် လူသားသည် မကောင်းမှုကို ရှောင်ကြဉ်နိုင်သလော။ လူသားသည် ဤအဆင့်ထိ ရောက်ရှိသည့်အချိန်တွင်၊ ဘုရားသခင်၏ အချုပ်အခြာ အာဏာနှင့် စီစဉ်မှုကို သူနာခံနိုင်သလော။ သို့ဆိုလျှင် လူသားသည် ဘုရားသခင်၏ ဩဇာအာဏာကို ကျိုးနွံနာခံရမည့် အနေအထားတွင် ရှိပါသလော။ ယောဘ သို့မဟုတ် ပေတရုတို့ကဲ့သို့ လူများသည် ၎င်းတို့လမ်း၏ အဆုံးကို ရောက်သည့်အခါ၊ ၎င်းတို့၏ အသက်တာသည် ရင့်ကျက်သွားပြီဟု မှတ်ယူ၍ရနိုင်သည့်အခါ၊ ဘုရားသခင်နှင့်သက်ဆိုင်သည့် စစ်မှန်သော သိနားလည်မှု ရှိသည့်အခါတွင်- စာတန်သည် ၎င်းတို့ကို အဝေးသို့ ဦးဆောင်နိုင်ဆဲ ဖြစ်သလော။ စာတန်သည် ၎င်းတို့ကို နေရာယူနိုင်ဆဲဖြစ်သလော။ စာတန်က ၎င်းတို့ကို အတင်းအကျပ် ပိုင်ဆိုင်နိုင်ဆဲဖြစ်သလော။ (မဟုတ်ပါ။) သို့ဆိုလျှင် ဤသည်မှာ မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။ ဤသည်မှာ ဘုရားသခင်၏ လုံးဝ ရယူခြင်းခံရပြီးဖြစ်သည့်

သူတစ်ဦးလော။ (ဟုတ်ပါသည်။) ဤအဓိပ္ပာယ်အဆင့်တွင်၊ ဘုရားသခင်၏ လုံးဝ ရယူခြင်းခံရပြီး ဖြစ်သည့် ဤလူစားမျိုးကို သင်တို့ မည်ကဲ့သို့မြင်ကြသနည်း။ ဘုရားသခင်၏ ရှုထောင့်အမြင်မှ၊ ဤအခြေအနေများအောက်တွင်၊ ဘုရားသခင်သည် ဤလူ၏နှလုံးသားကို နေရာယူနှင့်ပြီးဖြစ်သည်။ သို့သော် ဤလူက မည်သည့်အရာကို ခံစားရသနည်း။ ယင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်၊ ဘုရားသခင်၏ ဩဇာအာဏာနှင့် ဘုရားသခင်၏ လမ်းခရီးသည် လူသားအတွင်းရှိ အသက်ဖြစ် လာသလော၊ ဤအသက်သည် သူအသက်ရှင်သည့် အရာများအပြင် သူ၏ အနှစ်သာရကို ဘုရားသခင်အား စိတ်ကျေနပ်စေဖို့ လုံလောက်စေရင်း လူသား၏ ဖြစ်တည်ခြင်း တစ်ခုလုံးကို နေရာယူလိုက်လေသလော။ ဘုရားသခင်၏ ရှုထောင့်အမြင်မှ၊ လူမျိုးနွယ်၏ စိတ်နှလုံးသည် ဤအခိုက်အတန့်တွင် သူ၏ နေရာယူခြင်းကို ခံထားရသလော။ (ခံထားရပါသည်။) ဤအဓိပ္ပာယ် အဆင့်ကို သင်တို့ ယခု မည်သို့နားလည်သနည်း။ သင့်ကို နေရာယူသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်လော။ (မဟုတ်ပါ၊ ကျွန်ုပ်တို့ကို နေရာယူသိမ်းပိုက်သည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်ပါသည်။) သင်၏ အသက်ဖြစ်လာသည်မှာ ဘုရားသခင်၏ လမ်းခရီးနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်ပြီး၊ သင်၏ အသက်ဖြစ်လာသည်မှာ သမ္မာတရား ဖြစ်ပေသည်။ ဤအချိန်တွင်၊ လူသားသည် ဘုရားသခင်ထံမှလာသည့် အသက်ကို ပိုင်ဆိုင်သော်လည်း၊ ဤအသက်သည် ဘုရားသခင်၏ အသက် ဖြစ်သည်ဟု ငါတို့ မပြောနိုင်ပေ။ တစ်နည်းအားဖြင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်မှ လူသားက ရရှိသင့်သည့် အသက်သည် ဘုရားသခင်၏ အသက်ဖြစ်သည်ဟု ငါတို့မပြောနိုင်ပေ။ ထို့ကြောင့် လူသားသည် မည်မျှကြာမြင့်စွာ ဘုရားသခင်နောက် လိုက်သည် ဖြစ်စေ၊ ဘုရားသခင်ထံမှ နှုတ်ကပတ်တော် မည်မျှများစွာ ရရှိသည်ဖြစ်စေ၊ လူသားသည် မည်သည့်အခါတွင်မျှ ဘုရားသခင် ဖြစ်မလာနိုင်ပေ။ အကယ်၍ တစ်နေ့တွင် ဘုရားသခင်က "သင့်နှလုံးသားကို ငါနေရာယူပြီးပြီ၊ သင်သည် ယခု ငါ၏ အသက်ကို ပိုင်ဆိုင်ပြီ" ဟု ပြောလျှင်ပင်၊ သင်သည် ဘုရားသခင်ဖြစ်သည်ဟု ခံစားရမည်လော။ (ခံစားရမည်မဟုတ်ပါ။) သို့ဖြစ်လျှင် သင်သည် အဘယ်အရာဖြစ်လာမည်နည်း။ သင်သည် ဘုရားသခင်ကို အကြွင်းမဲ့ နာခံမှု ရှိမည်မဟုတ်လော။ သင်၏ စိတ်နှလုံးသည် သင့်အပေါ် ဘုရားသခင် အပ်နှင်းသည့် အသက်နှင့် ပြည့်နေမည် မဟုတ်ဘူးလော။ ဤသည်မှာ ဘုရားသခင်က လူသား၏ စိတ်နှလုံးကို နေရာယူလိုက်သည့်အခါတွင် ဖြစ်သည့်အရာ၏ သာမန်သရုပ်သကန်တစ်ခုစင်စစ် ဖြစ်ပေမည်။ ဤသည်မှာ အမှန်တရားဖြစ်၏။ ထို့ကြောင့် ယင်းကို ဤရှုထောင့်မှ ကြည့်မည်ဆိုပါက၊ လူသားသည် ဘုရားသခင် ဖြစ်လာနိုင်သလော။ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များ အားလုံးကို ရရှိပြီးသောအခါတွင်၊ လူသည်

ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သည့် အခါတွင်၊ ဘုရားသခင်၏ ပင်ကိုလက္ခဏာနှင့် အနှစ်သာရကို လူက ပိုင်ဆိုင်နိုင်သလော။ (မပိုင်ဆိုင်နိုင်ပါ။) မည်သည့်အရာ ဖြစ်ပါစေ၊ အနှစ်ချုပ်လိုက်သည့်အခါတွင်၊ လူသည် လူဖြစ်နေဆဲ ဖြစ်သည်။ သင်သည် ဖန်ဆင်းခြင်းနှင့်သက်ဆိုင်သည့် သတ္တဝါတစ်ပါး ဖြစ်သည်။ သင်သည် ဘုရားသခင်ထံမှ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လက်ခံရရှိပြီး၊ ဘုရားသခင်၏ လမ်းခရီးကို လက်ခံရရှိခဲ့သည့် အခါတွင်၊ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်မှ လာသော အသက်ကိုသာ ပိုင်ဆိုင်ပြီး၊ မည်သည့်အခါတွင်မျှ ဘုရားသခင် ဖြစ်မလာနိုင်ပေ။

ခုလေးတင် ငါတို့ ဆွေးနွေးခဲ့သည့် အကြောင်းအရာကိုငါတို့ ယခု ပြန်ပြောကြမည်။ ဤဆွေးနွေးမှုအတွင်းတွင်၊ ငါသည် သင်တို့ကို မေးခွန်းတစ်ခု မေးခဲ့၏- အာဗြဟံသည် သန့်ရှင်းပါသလော။ (မသန့်ရှင်းပါ။) ယောဘသည် သန့်ရှင်းသလော။ (မသန့်ရှင်းပါ။) ဤ "သန့်ရှင်းခြင်း" သည် ယင်း၏အတွင်းတွင် ဘုရားသခင်၏ အနှစ်သာရ ပါရှိလေသည်။ လူသားသည် ဘုရားသခင်၏ အနှစ်သာရ သို့မဟုတ် ဘုရားသခင်၏ စိတ်သဘောထား မရှိပေ။ လူသားသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များအားလုံးကို တွေ့ကြုံပြီးဖြစ်ကာ ၎င်းတို့၏ လက်တွေ့အရှိတရားဖြင့် ပြင်ဆင်လာပြီးဖြစ်သည့်အချိန်တွင်ပင်၊ လူသည် ဘုရားသခင်၏ သန့်ရှင်းသော အနှစ်သာရကို လုံးဝ မပိုင်ဆိုင်နိုင်သေးပေ။ လူသည် လူဖြစ်၏။ သင် နားလည်ပါသလော။ သို့ဆိုလျှင် "လူသား၏ နှလုံးသားကို ဘုရားသခင်က နေရာယူသည်" ဟူသော ဤစကားစုနှင့်သက်ဆိုင်သည့် ယခု သင်တို့၏ သိနားလည်မှုမှာ အဘယ်နည်း။ (လူ၏ အသက်ဖြစ်လာသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်၊ ဘုရားသခင်၏ လမ်းခရီးနှင့် သူ၏သမ္မာတရား ဖြစ်ပါသည်။) ဤစကားများကို သင်တို့ အလွတ်ရသွားကြပေပြီ။ သင်တို့အနေဖြင့် သာ၍ နက်ရှိုင်းသည့် သိနားလည်မှု ရှိလိမ့်မည်ဟု ငါမျှော်လင့်၏။ လူအချို့က၊ "သို့ဆိုလျှင် ဘုရားသခင်၏ သံတော်ဆင့်များနှင့် ကောင်းကင်တမန်များ သန့်ရှင်းခြင်းမရှိဟု အဘယ်ကြောင့် ပြောသနည်း။" ဟု မေးကောင်း မေးနိုင်သည်။ ဤမေးခွန်းနှင့်ပတ်သက်၍ သင်တို့ မည်သို့ ထင်ကြသနည်း။ ထိုအရာကို ယခင်က သင်တို့ စဉ်းစားပြီးကောင်း စဉ်းစားပြီးကြလိမ့်မည်မဟုတ်။ ရိုးရှင်းသည့် ဥပမာတစ်ခုကို ငါသုံးမည်- စက်ရုပ်တစ်ရုပ်ကို သင်စက်ဖွင့်လိုက်သည့်အခါ၊ ယင်းသည် ကနိုင်သကဲ့သို့ စကားလည်းပြောနိုင်လေသည်၊ ပြီးလျှင် ၎င်းပြောဆိုသည့်အရာကို သင် နားလည်နိုင်သည်။ ၎င်းကို ချစ်စရာကောင်းပြီး အသက်ဝင်သည်ဟု သင် ခေါ်ဆိုကောင်း ခေါ်ဆိုနိုင်သော်လည်း၊ ယင်းသည် အသက်မရှိသောကြောင့် နားလည်လိမ့်မည်မဟုတ်ပေ။ ယင်း၏လျှပ်စစ်ဓာတ်အားပေး ကိရိယာကို သင်ပိတ်လိုက်သောအခါ စက်ရုပ်သည် လှုပ်ရှားနိုင်သေး သလော။

ဤစက်ရုပ်သည် စက်ဖွင့်ခြင်း ခံရသည့်အခါတွင်၊ အသက်ဝင်ပြီး ချစ်စရာကောင်းသည်ကို သင်မြင်နိုင်သည်။ ခြေခြေမြစ်မြစ်ဖြစ်စေ အပေါ်ယံဖြစ်စေ၊ သင်သည် ထိုစက်ရုပ်ကို အကဲဖြတ်ချက်ပြုလုပ်၏၊ သို့သော် မည်သို့ပင်ဖြစ်စေ ထိုစက်ရုပ် လှုပ်ရှားနေသည်ကို သင်မြင်နိုင်သည်။ သို့သော် ၎င်း၏ လျှပ်စစ်ဓာတ်အားပေး ကိရိယာကို သင်ပိတ်လိုက်သည့်အခါ၊ ၎င်းအထဲတွင် ထူးခြားသော ပင်ကိုအရည်အသွေးတစ်မျိုးမျိုးကို သင်တွေ့ရသလော။ အနှစ်သာရ တစ်မျိုးမျိုး ထိုစက်ရုပ်က ပိုင်ဆိုင်နေသည်ကို သင်တွေ့ရသလော။ ငါပြောနေသော အရာ၏ ဆိုလိုရင်းကို သင်တို့ နားလည်ကြပါသလော။ ဆိုလိုသည်မှာ၊ ဤစက်ရုပ်သည် လှုပ်ရှားနိုင်ပြီး ရပ်တန့်နိုင်သော်လည်း၊ အနှစ်သာရ တစ်မျိုးမျိုး ရှိနေသကဲ့သို့ ၎င်းကို သင်ဖော်ပြ၍ လုံးဝမရပေ။ ဤသည်မှာ အမှန်တရား မဟုတ်ပါသလော။ ယခုတွင်၊ ဤအရာနှင့်ပတ်သက်၍ ငါတို့ နောက်ထပ်ဆွေးနွေးမည်မဟုတ်။ ယင်းမှာ အဓိပ္ပာယ်နှင့် သက်ဆိုင်သည့် ယေဘုယျ သိနားလည်မှုတစ်ခု ရရှိရန် သင်တို့အတွက် လုံလောက်ပေသည်။ ငါတို့၏ မိတ်သဟာယကို ဤနေရာ၌ အဆုံးသတ်လိုက်ကြပါစို့။ နှုတ်ဆက်ပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

အောက်ခြေမှတ်စု(များ)-

က။ "သတ္တုကွင်းတင်းကျပ်စေသောမန္တန်" ဆိုသည်မှာ အနောက်အရပ်သို့ ခရီးပြုခြင်းဟူသည့် တရုတ်ဝတ္ထုထဲတွင် ဘုန်းကြီးတန်ဆန်ကျန်းအသုံးပြုခဲ့သော မန္တန်တစ်ခုဖြစ်သည်။ စွန်းဝူခုန်းကို မခံနိုင်လောက်အောင် ခေါင်းကိုက်စေပြီး ထိန်းချုပ်နိုင်ရန်အတွက် သူ၏ခေါင်းတွင် စွပ်ထားသည့် သတ္တုကွင်းကို တင်းကျပ်စေရန် ဤမန္တန်ကို ဘုန်းကြီးက အသုံးပြုခဲ့သည်။ ဤသို့ဖြင့် ၎င်းသည် လူတစ်ဦးအား ချုပ်နှောင်ထားသောအရာကို ဖော်ပြရန်အတွက် ဥပစာစကားတစ်ခု ဖြစ်လာခဲ့သည်။

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၅)

## ဘုရားသခင်၏ သန့်ရှင်းခြင်း (၂)

ညီအစ်ကို မောင်နှမတို့ ယနေ့ ဓမ္မသီချင်းတစ်ပုဒ် သီဆိုကြစို့။ သင်တို့ ကြိုက်နှစ်သက်ပြီး ပုံမှန်သီဆိုသော သီချင်းတစ်ပုဒ်ကို ရှာကြလော့။ ("အပြစ်အနာအဆာကင်းသည့် သန့်စင်သော

ချစ်ခြင်းမေတ္တာ” ဟူသည့် ဘုရားသခင်၏နှုတ်ကပတ်တော် ဓမ္မသီချင်းကို သီဆိုလိုပါသည်။)

၁။ “ချစ်ခြင်းမေတ္တာ” ဆိုသည်မှာ ချစ်ခင်နှစ်သက်ရန်၊ ခံစားရန်နှင့် သတိရတတ်ရန် နှလုံးသားကို အသုံးပြုသော၊ သန့်စင်ပြီး အပြစ်အနာအဆာကင်းသည့် စိတ်ခံစားမှုကို ရည်ညွှန်းသည်။ ချစ်ခြင်းမေတ္တာတွင် သတ်မှတ်ချက်များမရှိ၊ အတားအဆီးများ မရှိသကဲ့သို့ အကွာအဝေး မရှိပေ။ ချစ်ခြင်းမေတ္တာတွင် သံသယမရှိ၊ လှည့်ဖြားမှုမရှိသကဲ့သို့ ကောက်ကျစ်မှု မရှိပေ။ ချစ်ခြင်းမေတ္တာတွင် အရောင်းအဝယ် မရှိသကဲ့သို့ မဖြူစင်မှုတစ်ခုမျှ မရှိပေ။ သင်သည် ချစ်မြတ်နိုးပါက၊ လှည့်ဖြားခြင်း၊ ညည်းညူခြင်း၊ သစ္စာဖောက်ခြင်း၊ ပုန်ကန်ခြင်း၊ အရယူခြင်း သို့မဟုတ် တစ်စုံတစ်ခုရရှိရန် သို့မဟုတ် အနည်းငယ်သော ပမာဏတစ်ခုကို ရရှိရန် ကြိုးစားခြင်းတို့ကို သင်ပြုမည်မဟုတ်ပေ။

၂။ “ချစ်ခြင်းမေတ္တာ” ဆိုသည်မှာ ချစ်ခင်နှစ်သက်ရန်၊ ခံစားရန်နှင့် သတိရတတ်ရန် နှလုံးသားကို အသုံးပြုသော သန့်စင်ပြီး အပြစ်အနာအဆာကင်းသည့် စိတ်ခံစားချက်ကို ရည်ညွှန်းသည်။ ချစ်ခြင်းမေတ္တာတွင် သတ်မှတ်ချက်များမရှိ၊ အတားအဆီးများ မရှိသကဲ့သို့ အကွာအဝေး မရှိပေ။ ချစ်ခြင်းမေတ္တာတွင် သံသယမရှိ၊ လှည့်ဖြားမှုမရှိသကဲ့သို့ ကောက်ကျစ်မှုမရှိပေ။ ချစ်ခြင်းမေတ္တာတွင် အရောင်းအဝယ် မရှိသကဲ့သို့ မဖြူစင်မှုတစ်ခုမျှ မရှိပေ။ သင်ချစ်မြတ်နိုးပါက၊ သင့်ကိုယ်သင် ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်အပ်နှံလိမ့်မည်၊ အခက်အခဲကို ဝမ်းမြောက်ဝမ်းသာ ခံစားလိမ့်မည်၊ သင်သည် ငါနှင့် သဟဇာတ ဖြစ်လိမ့်မည်။ သင်၌ရှိသမျှကို ငါ့အတွက် စွန့်လွှတ်လိမ့်မည်၊ သင်၏ မိသားစု၊ သင်၏အနာဂတ်၊ သင်၏ပျိုမျစ်ခြင်းနှင့် သင်၏ အိမ်ထောင်ကို စွန့်လွှတ်လိမ့်မည်။ သို့မဟုတ်ပါက သင်၏ ချစ်ခြင်းမေတ္တာသည် ချစ်ခြင်းမေတ္တာ လုံးဝမဟုတ်ဘဲ၊ လှည့်ဖြားမှုနှင့်သစ္စာဖောက်ခြင်း ဖြစ်လိမ့်မည်။

ဤဓမ္မသီချင်းသည် ကောင်းသော ရွေးချယ်မှုတစ်ခု ဖြစ်၏။ ထိုသီချင်းကို သီဆိုခြင်းအား သင်တို့ နှစ်သက်ကြပါသလော။ (နှစ်သက်ပါသည်။) ထိုသီချင်းကို သီဆိုပြီးနောက်တွင် သင်တို့ မည်သည့်အရာ ခံစားရသနည်း။ သင်တို့အတွင်းတွင် ဤကဲ့သို့ ချစ်ခြင်းမေတ္တာမျိုးကို ခံစားရသလော။ (မခံစားရသေးပါ) ထိုသီချင်း၏ မည်သည့်စာသားက သင့်ကို အနက်ရှိုင်းဆုံး တို့ထိသနည်း။ (“ချစ်ခြင်းမေတ္တာတွင် သတ်မှတ်ချက်များမရှိ၊ အတားအဆီးများမရှိသကဲ့သို့ အကွာအဝေးမရှိပေ။ ချစ်ခြင်း မေတ္တာတွင် သံသယမရှိ၊ လှည့်ဖြားမှုမရှိ၊ အလဲအလှယ်မရှိ၊ ကောက်ကျစ်မှုမရှိ။ ချစ်ခြင်းမေတ္တာတွင် ရွေးချယ်မှုမရှိ၊ မသန့်စင်သည့်အရာမရှိ။” သို့ရာတွင် ကျွန်ုပ်ကိုယ်အတွင်းတွင် မသန့်စင်မှု အများအပြားနှင့် ဘုရားသခင်နှင့် အပေးအယူလုပ်ရန်

ကြိုးစားသော ကျွန်ုပ်၏ အစိတ်အပိုင်းများစွာ ကျွန်ုပ်မြင်ရဆဲ ဖြစ်သည်။ ကျွန်ုပ်သည် သန့်စင်ပြီး အပြစ်အနာအဆာကင်းသော ချစ်ခြင်းမေတ္တာမျိုးကို အမှန်တကယ် မရရှိသေးပါ။) သင်သည် သန့်စင်ပြီး အပြစ် အနာအဆာကင်းသည့် ချစ်ခြင်းမေတ္တာမျိုးကို မရရှိသေးပါက သင်၏ ချစ်ခြင်းမေတ္တာ အတိုင်းအတာမှာ အဘယ်နည်း။ (ကျွန်ုပ်မှာ ရှာဖွေရန် လိုလားနေပြီး မျှော်လင့် တမ်းတနေသည့် အဆင့် တွင်သာ ရှိနေသေးပါသည်။) သင်၏ကိုယ်ပိုင် ဝိညာဉ် အသက်တာအပေါ် အခြေခံပြီး သင်ကိုယ်တိုင်၏ အတွေ့အကြုံများမှ ပြောဆိုရလျှင်၊ သင်သည် မည်သည့် အတိုင်းအတာကို ရရှိထားပြီနည်း။ သင့်တွင် လှည့်ဖြားခြင်း ရှိသလော၊ သင့်တွင် ညည်းညူခြင်းများ ရှိသလော။ (ရှိပါ၏။) သင်၏ စိတ်နှလုံးအတွင်းတွင် တောင်းဆိုချက်များ ရှိသလော။ ဘုရားသခင်ထံမှ သင်လိုချင်ပြီး ဆန္ဒရှိသောအရာများ ရှိသလော။ (ရှိပါ၏။ ကျွန်ုပ်အတွင်း၌ စွန်းထင်းနေသည့် ဤအရာများ ရှိပါသည်။) မည်သည့် အခြေအနေများတွင် ၎င်းတို့ ထွက်ပေါ်လာသနည်း။ (ကျွန်ုပ်အတွက် ဘုရားသခင် စီစဉ် ပေးထားသည့် အခြေအနေသည် ကျွန်ုပ်၏ အယူအဆများနှင့် မကိုက်ညီသည့်အခါ၊ သို့မဟုတ် ကျွန်ုပ်၏ လိုအင်ဆန္ဒများ မပြည့်ဝသည့်အခါ ဖြစ်ပါသည်။ ထိုသို့သော အခိုက်အတန့်များတွင် ကျွန်ုပ်သည် ဤကဲ့သို့သော ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားမျိုးကို ထုတ်ဖော်ပြပါသည်။) ထိုင်ဝမ်မှ လာကြသည့် အသင် ညီအစ်ကို မောင်နှမတို့ ဤဓမ္မသီချင်းကို သင်တို့လည်း မကြာခဏ သီဆိုကြသလော။ "အပြစ်အနာအဆာ ကင်းသည့် သန့်စင်သော ချစ်ခြင်းမေတ္တာ" ဆိုသည်ကို သင်တို့ မည်သို့နားလည်သည်ကို အနည်းငယ် ပြောပြနိုင်ကြသလော။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာကို အဘယ်ကြောင့် ဤနည်းဖြင့် အနက်ဖွင့်သနည်း။ (ဤချစ်ခြင်းမေတ္တာသည် ပြီးပြည့်စုံသော ချစ်ခြင်းမေတ္တာ ဖြစ်သည်ကို တွေ့ရသောကြောင့် ဤသီချင်းကို ကျွန်ုပ် အလွန်နှစ်သက်ပါ၏။ သို့ရာတွင် ကျွန်ုပ်မှာ ထိုစံချိန် စံညွှန်းကို မီရန် ဝေးနေသေးပြီး၊ ကျွန်ုပ်သည် စစ်မှန်သော ချစ်ခြင်းမေတ္တာကို ရရှိခြင်းမှ အလွန် အလှမ်းဝေးနေသေးသည်။ သူ၏ နှုတ်ကပတ်တော်များက ပေးသည့် ခွန်အားနှင့် ဆုတောင်းခြင်းတို့မှတစ်ဆင့် တိုးတက်မှုနှင့် ပူးပေါင်း လုပ်ဆောင်မှု ကျွန်ုပ် ပြုလုပ်နိုင်ခဲ့သည့် အရာတစ်ချို့ ရှိသည်။ သို့ရာတွင် အချို့သော စမ်းသပ်မှုများ သို့မဟုတ် ထုတ်ဖော်ပြခြင်းများကို ရင်ဆိုင်ရသည့်အချိန်တွင်၊ ကျွန်ုပ်တွင် အနာဂတ် သို့မဟုတ် ကံကြမ္မာမရှိ၊ ကျွန်ုပ်တွင် ခရီးပန်းတိုင်မရှိဟု ခံစားရပါသည်။ ထိုသို့သော အခိုက်အတန့်များတွင်၊ ကျွန်ုပ်သည် အလွန် အားနည်းသည်ဟု ခံစားရပြီး၊ ဤကိစ္စက ကျွန်ုပ်ကို မကြာခဏ အနှောင့်အယှက် ပေးပါသည်။) "အနာဂတ်နှင့် ကံကြမ္မာ" ဟု သင်ပြောသည့်အခါ အခြေခံအားဖြင့် အဘယ်အရာကို သင် ရည်ညွှန်းနေသနည်း။ သင်ရည်ညွှန်းနေသည့် အရာတစ်စုံတစ်ခု အတိအကျရှိသလော။

ယင်းသည် ရုပ်ပုံတစ်ခု သို့မဟုတ် သင်စိတ်ကူးသော အရာတစ်ခုခုလော၊ သို့မဟုတ် သင်၏ အနာဂတ်နှင့် ကံကြမ္မာသည် သင်အမှန်တကယ် မြင်နိုင်သော အရာလော။ ထိုအရာသည် အမှန်တကယ်ရှိသော အရာဝတ္ထုလော။ သင်တို့ တစ်ဦးစီကို ထိုအရာနှင့်ပတ်သက်၍ ငါ စဉ်းစားစေလိုသည်။ သင်တို့၏အနာဂတ်နှင့် သင်တို့၏ ကံကြမ္မာအတွက် သင်တို့ ရှိသည့် ပူပန်မှုက အဘယ်အရာကို ရည်ညွှန်းသနည်း။ (ယင်းမှာ ကျွန်ုပ် ရှင်သန်နိုင်ဖို့ ကယ်တင်ခြင်း ခံရနိုင်ခြင်း ဖြစ်သည်။) အသင် အခြားညီအစ်ကို မောင်နှမတို့၊ သင်တို့သည်လည်း "အပြစ်အနာအဆာကင်းသည့် သန့်စင်သော ချစ်ခြင်း" နှင့်ပတ်သက်၍ သင်တို့၏ သိနားလည်မှုကို အနည်းငယ် ပြောဆို ဆွေးနွေးကြသည်။ (လူတစ်ဦး၌ ထိုအရာ ရှိသည့်အခါ ၎င်းတို့ တစ်ဦးချင်း ဆီမှလာသည့် မသန့်စင်မှုမရှိသလို၊ သူတို့၏ အနာဂတ်နှင့် ကံကြမ္မာတို့ဖြင့် ၎င်းတို့ ထိန်းချုပ်ခြင်း မခံရပေ။ သူတို့ကို ဘုရားသခင် မည်သို့ဆက်ဆံသည်ဖြစ်စေ၊ သူတို့သည် ဘုရားသခင်၏ အမှုနှင့် သူ၏ စီစဉ်ညွှန်ကြားခြင်းများကို အပြည့်အဝ နာခံနိုင်ကြပြီး သူ့နောက်သို့ တကယ့်အဆုံးထိ လိုက်လျှောက် နိုင်ကြသည်။ ဘုရားသခင် အတွက် ဤချစ်ခြင်းမေတ္တာမျိုးသည်သာ ဖြူစင်ပြီး အပြစ်အနာအဆာ ကင်းသည့် ချစ်ခြင်းမေတ္တာ ဖြစ်သည်။ ထိုချစ်ခြင်းမေတ္တာ နှင့်ယှဉ်၍ ကျွန်ုပ်ကိုယ်ကျွန်ုပ် တိုင်းတာရာတွင်၊ ပြီးခဲ့သည့် နှစ်အနည်းငယ်တွင် ကျွန်ုပ်သည် ဘုရားသခင်ကို ယုံကြည်ရာ၌ မိမိကိုယ်ကိုယ် အသုံးတော်ခံပြီးဖြစ်သည် သို့မဟုတ် အချို့သော အရာများကို စွန့်လွှတ်ပြီးဖြစ်သည့်ပုံပေါ်သော်လည်း သူ့ကို ကျွန်ုပ်၏ နှလုံးသား အမှန်တကယ် မပေးနိုင်သေးသည်ကို တွေ့ရှိရလေသည်။ ဘုရားသခင်က ကျွန်ုပ်ကို ဖော်ထုတ်သောအခါ ကျွန်ုပ်သည် ကယ်တင်ခြင်း မခံရနိုင်ဟု ခံစားရပြီး အပျက်သဘောဆောင်သော အခြေအနေတစ်ခုတွင် နေထိုင် မိလေသည်။ ကျွန်ုပ်သည် တာဝန်များကို ထမ်းဆောင်နေသော်လည်း တစ်ချိန်တည်းမှာပင် ဘုရားသခင်နှင့် အပေးအယူ လုပ်ရန် ကြိုးပမ်းနေပြီး ဘုရားသခင်ကို ကျွန်ုပ်၏ စိတ်နှလုံး အကြွင်းမဲ့ဖြင့် မချစ်နိုင်ဘဲရှိကာ ကျွန်ုပ်၏ခရီးပန်းတိုင်၊ ကျွန်ုပ်၏ အနာဂတ်နှင့် ကျွန်ုပ်၏ကံကြမ္မာတို့သည် ကျွန်ုပ်၏ စိတ်ထဲတွင် အစဉ်အမြဲ ရှိနေခဲ့သည်ကို မြင်ရသည်။)

ဤဓမ္မသီချင်းနှင့်သက်ဆိုင်သော သဘောပေါက်မှုတချို့ သင်တို့ ရှိကြပုံ ရပြီး၊ ယင်းနှင့် သင်တို့၏ တကယ့်အတွေ့အကြုံကြား နှင့် ဆက်နွယ်မှုအချို့ ပြုလုပ်ထားပြီးဖြစ်ပုံရလေသည်။ သို့ရာတွင် "အပြစ်အနာအဆာကင်းသည့် သန့်စင်သော ချစ်ခြင်းမေတ္တာ" ဓမ္မသီချင်းထဲက စကားစု တစ်ခုချင်းစီကို မတူညီသည့် လက်ခံမှု အတိုင်းအတာများ သင်တို့ ရှိကြသည်။ လူချို့က ယင်းသည် လိုလိုလားလားရှိခြင်းအကြောင်း ဖြစ်သည်ဟု ထင်မြင်ကြသည်၊

လူအချို့က သူတို့၏ အနာဂတ်များကို ဘေးဖယ်ထားဖို့ ကြိုးစား နေကြသည်၊ လူအချို့သည် သူတို့၏ မိသားစုများကို လက်လွှတ်ရန် ကြိုးစားနေကြပြီး၊ အချို့လူများသည် မည်သည့် အရာကိုမျှ ရရှိရန် ကြိုးစားခြင်း မရှိကြချေ။ လှည့်ဖြားခြင်း၊ ညည်းညူခြင်းမရှိရန်နှင့် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်း မရှိစေရန် အခြားသူများက မိမိတို့ကိုယ်ကိုယ် တာဝန်ရှိသည်ဟု ခံယူနေကြဆဲ ဖြစ်သည်။ ဘုရားသခင်က ဤကဲ့သို့ ချစ်ခြင်းမေတ္တာမျိုးကို အဘယ်ကြောင့် အဆိုပြုပြီး လူများအနေဖြင့် သူ့ကို ဤနည်းဖြင့်ချစ်ရန် သတ်မှတ်လိုသနည်း။ ဤသည်မှာ လူတို့ ရရှိနိုင်သော ချစ်ခြင်းမျိုးလော။ ဆိုလိုသည်မှာ၊ လူတို့သည် ဤနည်းဖြင့် ချစ်နိုင်ကြသလော။ လူတို့အနေဖြင့် သူတို့ မချစ်နိုင်သည်ကို မြင်ကောင်းမြင်နိုင်သည်၊ အဘယ်ကြောင့် ဆိုသော် သူတို့သည် ဤချစ်ခြင်းမေတ္တာမျိုး အရိပ်အမြွက်မျှ မပိုင်ဆိုင်ကြသောကြောင့် ဖြစ်သည်။ ထိုအရာကို လူတို့ မပိုင်ဆိုင်သောအခါ၊ ချစ်ခြင်းမေတ္တာအကြောင်းကို အခြေခံအားဖြင့် သူတို့မသိကြသောအခါ၊ ဘုရားသခင်က ဤနှုတ်ကပတ်တော်များကို ပြောဆိုပြီး၊ သူတို့သည် ဤနှုတ်ကပတ်တော်များနှင့် ရင်းနှီးကျွမ်းဝင်ခြင်း မရှိကြချေ။ လူတို့သည် ဤလောကနှင့် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားထဲတွင် အသက်ရှင်ကြသည့်အတွက်၊ လူတို့အနေဖြင့် ဤချစ်ခြင်းမေတ္တာမျိုးရှိပါက သို့မဟုတ် လူတစ်ဦးသည် တောင်းခံမှုများနှင့် တောင်းဆိုမှုများ မပြုသည့် ချစ်ခြင်းမေတ္တာ၊ မိမိတို့ကိုယ်ကိုယ် ဆက်ကပ်လိုပြီး ဆင်းရဲဒုက္ခကို သည်းခံလိုစိတ်ရှိကာ သူတို့ပိုင်ဆိုင်သမျှကို စွန့်လွှတ်လိုသည့် ချစ်ခြင်းမေတ္တာဖြစ်သော ဤချစ်ခြင်းမေတ္တာမျိုးကို ပိုင်ဆိုင် နိုင်ပါက၊ ဤချစ်ခြင်းမေတ္တာမျိုး ပိုင်ဆိုင်သောသူ တစ်စုံတစ်ယောက်ကို အခြားသူများက မည်သို့ တွေးထင် ကြမည်နည်း။ ထိုသို့သော လူတစ်ဦးသည် စုံလင်သောသူ ဖြစ်လိမ့်မည်မဟုတ်လော။ (ဟုတ်ပါ၏။) ဤလောကတွင် ထိုကဲ့သို့ စုံလင်သောလူတစ်ဦး ရှိသလော။ မရှိပေ၊ ထိုသို့သော လူတစ်ဦး မရှိ၊ ဟုတ်သည် မဟုတ်လော။ လေဟာနယ်တွင် အသက်ရှင်သည်မဟုတ်ပါက၊ ဤကဲ့သို့လူမျိုးသည် ဤလောကတွင် လုံးဝ မရှိပေ။ ထိုသို့ဖြစ်သည် မဟုတ်လော။ သို့ဖြစ်ရာ လူအချို့သည်၊ ၎င်းတို့၏ အတွေ့အကြုံများမှတစ်ဆင့်၊ ဤနှုတ်ကပတ်တော်များဖြင့် ယှဉ်၍ မိမိတို့ကိုယ်ကိုယ် တိုင်းတာဖို့ ကြီးမားသည့် အားထုတ်မှုကို အသုံးပြုကြသည်။ သူတို့ကိုယ်သူတို့ ကိုင်တွယ်ဖြေရှင်းကြသည်၊ သူတို့ကိုယ်သူတို့ ချုပ်ထိန်းကြပြီး၊ သူတို့ကိုယ်သူတို့ အစဉ်တစိုက် စွန့်လွှတ်ခြင်းပင် ပြုကြသည်- သူတို့သည် ဆင်းရဲဒုက္ခခံကြပြီး မိမိတို့၏ အယူအဆများကို စွန့်လွှတ်ကြသည်။ ၎င်းတို့၏ ပုန်ကန်မှု၊ ၎င်းတို့၏ ကိုယ်ပိုင် ဆန္ဒများနှင့် လိုချင်မှုများကို စွန့်လွှတ်ကြသည်။ သို့ရာတွင် အဆုံးတွင် သူတို့ မယှဉ်နိုင်ကြသေးပေ။ အဘယ်ကြောင့်

ထိုသို့ဖြစ်သနည်း။ လူတို့အတွက် လိုက်နာဖို့ စံချိန်စံညွှန်း တစ်ခုပေးရန် ဘုရားသခင်က ဤအရာများကို ပြောခြင်းဖြစ်သည်၊ ထို့ကြောင့် လူတို့အနေဖြင့် သူတို့အတွက် ဘုရားသခင် တောင်းဆိုသည့် စံချိန်စံညွှန်းကို သိလိမ့်မည်ဖြစ်သည်။ သို့ရာတွင် လူတို့က ဤအရာကို ချက်ချင်း ရရှိရမည်ဟု ဘုရားသခင်က ပြောဖူးသလော။ ဤအရာကို ရရှိဖို့ လူတို့အနေဖြင့် အချိန် မည်မျှရှိသည်ဟု ဘုရားသခင်ကပြောဖူးပါသလော။ (မပြောခဲ့ဖူးပါ။) ဘုရားသခင်က လူတို့အနေဖြင့် သူ့အား ဤနည်းဖြင့်ချစ်ရမည်ဟု ပြောခဲ့ဖူးသလော။ ဤစာပိုဒ်က ထိုသို့ ပြောထားသလော။ မဟုတ်ပေ၊ ထိုသို့ မပြောချေ။ ဘုရားသခင်သည် လူများကို သူရည်ညွှန်းသည့် ချစ်ခြင်းမေတ္တာ အကြောင်း ပြောရုံသာ ပြောခြင်းဖြစ်သည်။ လူတို့က ဤနည်းဖြင့် ဘုရားသခင်ကို ချစ်နိုင်ပြီး ဆက်ဆံနိုင်ခြင်း ရှိမရှိဆိုသည့် အရာအတွက်မူ လူသားများအပေါ် ဘုရားသခင်၏ သတ်မှတ်ချက်များမှာ အဘယ်အရာများ ဖြစ်သနည်း။ ယင်းတို့ကို ချက်ချင်း လက်လှမ်းမီရန် မလိုအပ်ပေ၊ အဘယ်ကြောင့်ဆိုသော် ယင်းသည် လူတို့၏ တတ်စွမ်းနိုင်ခြင်းများထက် ကျော်လွန် သောကြောင့် ဖြစ်သည်။ ဤနည်းဖြင့် ချစ်ရန် လူတို့အနေဖြင့် မည်သည့်အခြေအနေမျိုးများ ပြည့်စုံရန် လိုအပ်ကြောင်းကို သင်တို့ တွေးကြည့်ဖူးသလော။ လူများအနေဖြင့် ဤနှုတ်ကပတ်တော်များကို မကြာခဏဖတ်ပါက သူတို့အနေဖြင့် ဤချစ်ခြင်းမေတ္တာမျိုး တဖြည်းဖြည်း ရှိလာလိမ့်မည်လော။ (ရှိမလာနိုင်ပါ။) သို့ဖြစ်ပါက သတ်မှတ်ချက်များက အဘယ်နည်း။ ပထမဦးစွာ ဘုရားသခင်နှင့်ပတ်သက်၍ သံသယများမှ လူတို့သည် အဘယ်သို့ လွတ်ကင်းနိုင်သနည်း။ (ရိုးသားသူတို့သာလျှင် ဤအရာကို ရရှိနိုင်ပါသည်။) လှည့်ဖြားခြင်းမှ ကင်းဝေးခြင်းကော အဘယ်သို့နည်း။ (သူတို့သည်လည်း ရိုးသားသူများ ဖြစ်ရပါမည်။) ဘုရားသခင်နှင့် အပေးအယူများ မပြုလုပ်သူ တစ်ဦးဖြစ်ခြင်းကော အဘယ်သို့နည်း။ ဤသည်လည်း ရိုးသားသော လူတစ်ဦးဖြစ်ခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ကောက်ကျစ်မှုနှင့် ကင်းရှင်းခြင်း သည်ကော အဘယ်သို့နည်း။ ချစ်ခြင်းမေတ္တာတွင် ရွေးချယ်စရာ မရှိဆိုသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။ ဤအရာ အားလုံးသည် ရိုးသားသူတစ်ဦး ဖြစ်ခြင်းကို ပြန်ညွှန်းဆိုသလော။ ဤတွင် အချက်လက်များ အများအပြားရှိသည်။ ဘုရားသခင်က ဤချစ်ခြင်းမေတ္တာမျိုး အကြောင်းကို ဤနည်းဖြင့် ပြောဆိုနိုင်ပြီး ဖွင့်ဆိုနိုင်သည်မှာ မည်သည့်အရာကို သက်သေ ပြပါသနည်း။ ဘုရားသခင်က ဤချစ်ခြင်းမေတ္တာမျိုး ပိုင်ဆိုင်သည်ဟု ငါတို့ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) ဤသည်ကို မည်သည့်နေရာတွင် သင်တို့တွေ့သနည်း။ (လူသားအတွက် ဘုရားသခင်ထားသည့် ချစ်ခြင်းမေတ္တာတွင် တွေ့ပါသည်။) လူသားအတွက် ဘုရားသခင်၏ ချစ်ခြင်းသည် အခြေအနေပေါ် မူတည်သလော။ (မမူတည်ပါ။) ဘုရားသခင်နှင့် လူသားအကြားတွင်

အတားအဆီးများ သို့မဟုတ် ဝေးကွာမှု ရှိသလော။ (မရှိပါ။) ဘုရားသခင်သည် လူသားနှင့်ပတ်သက်၍ သံသယများရှိသလော။ (မရှိပါ။) ဘုရားသခင်သည် လူသားကို လေ့လာပြီး လူသားကို နားလည်သည်။ သူသည် လူသားကို အမှန်တကယ် နားလည်သည်။ ဘုရားသခင်သည် လူသားအပေါ် လှည့်ဖြားသလော။ (မလှည့်ဖြားပါ။) ဘုရားသခင်သည် ဤချစ်ခြင်းမေတ္တာ အကြောင်းကို အလွန်စုံလင်စွာ ပြောသည့်အတွက် သူ၏ စိတ်နှလုံး သို့မဟုတ် သူ၏ အနှစ်သာရသည်လည်း အလွန်စုံလင် နိုင်မည်လော။ (စုံလင် နိုင်ပါသည်။) လူများသည် ချစ်ခြင်းမေတ္တာကို ဤနည်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုဖူးသလော။ မည်သည့်အခြေအနေများတွင် လူသားသည် ချစ်ခြင်းမေတ္တာကို အဓိပ္ပာယ်ဖွင့်ဆိုသနည်း။ လူသားသည် ချစ်ခြင်းမေတ္တာ အကြောင်း မည်သို့ပြောဆိုသနည်း။ လူသားသည် ပေးကမ်းခြင်း သို့မဟုတ် ပူဇော်ခြင်းအရ ချစ်ခြင်းမေတ္တာကို ပြောဆိုသလော။ (ဟုတ်ပါသည်။) ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော ဤအဓိပ္ပာယ် ဖွင့်ဆိုမှုသည် လွယ်သယောင် ပြုထားသည်၊ အနှစ်သာရ ကင်းမဲ့လေသည်။

ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော ဘုရားသခင်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ချစ်ခြင်းမေတ္တာနှင့်ဆိုင်၍ ဘုရားသခင်၏ ပြောဆိုပုံတို့သည် သူ၏အနှစ်သာရနှင့်ဆိုင်သော သွင်ပြင် လက္ခဏာတစ်ခုနှင့် ဆက်နွှယ်နေသည်၊ သို့သော်လည်း ယင်းမှာ မည်သည့် သွင်ပြင်လက္ခဏာဖြစ်သနည်း။ ပြီးခဲ့သည့်အချိန်က လူတို့ ယခင်က မကြာခဏ ဆွေးနွေးကြပြီးဖြစ်သည့် အလွန်အရေးကြီးသော အကြောင်းအရာနှင့် ပတ်သက်၍ ငါတို့ မိတ်သဟာယပြုခဲ့ကြသည်။ ဤအကြောင်းအရာတွင် ဘုရားသခင်ကို ယုံကြည်ခြင်းဖြစ်စဉ်၌ မကြာခဏ ပြောရလေ့ရှိသော စကားတစ်လုံး ပါဝင်လေသည်၊ သို့ရာတွင် ယင်းသည် အယောက်တိုင်းက ရင်းနှီးသကဲ့သို့ စိမ်းနေသလိုလည်း ခံစားရသည့် စကားတစ်ခွန်း ဖြစ်သည်။ အဘယ်ကြောင့် ဤအရာကို ငါဆိုသနည်း။ ယင်းသည် လူသား၏ ဘာသာစကားများမှလာသော စကားလုံးဖြစ်သည်၊ သို့ရာတွင် လူတို့အကြားတွင် ယင်း၏အဓိပ္ပာယ်သည် ထင်ရှားသလို မထင်မရှားလည်း ဖြစ်သည်။ ဤသည်မှာ အဘယ်စကားလုံး ဖြစ်သနည်း။ (သန့်ရှင်းခြင်း ဖြစ်ပါသည်။) သန့်ရှင်းခြင်း- ယင်းသည် ယခင်တစ်ခေါက်က ငါတို့ မိတ်သဟာယပြုခဲ့သော ခေါင်းစဉ်ဖြစ်သည်။ ငါတို့သည် ဤခေါင်းစဉ်နှင့်ပတ်သက်၍ အပိုင်းတစ်ခုကို မိတ်သဟာယပြုခဲ့သည်။ ကျွန်ုပ်တို့၏ ပြီးခဲ့သည့် မိတ်သဟာယမှုတစ်ဆင့်၊ အယောက်တိုင်းသည် ဘုရားသခင်၏ သန့်ရှင်းခြင်း အနှစ်သာရနှင့်ပတ်သက်၍ အသစ်သော နားလည်မှုအချို့ ရရှိခဲ့ကြသလော။ ဤနားလည်မှု၏ မည်သည့် ကဏ္ဍကို လုံးဝ သစ်လွင်သည်ဟု သင်တို့ ထင်သနည်း။ ဤနားလည်မှုမှဖြစ်စေ၊ ထိုစကားများတွင်းမှဖြစ်စေ

အဘယ်အရာက ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် သက်ဆိုင်သည့် သင်တို့၏ နားလည်သဘောပေါက်ခြင်းသည် မိတ်သဟာယ အတွင်း ငါပြောသွားသည့် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ကွဲပြားသည်ဟု သင့်တို့ကို ခံစားရစေသနည်း။ ဤအရာနှင့် ပတ်သက်၍ ထင်မြင်ချက် တစ်ခုခု သင်တို့ ရှိသလော။ (ဘုရားသခင်က သူ့စိတ်နှလုံးထဲတွင် ခံစားရသည့်အရာကို ပြောဆိုခြင်းဖြစ်သည်။ သူ၏နှုတ်ကပတ်တော်များသည် အစွန်းအထင်း မဲ့သည်။ ဤသည်မှာ သန့်ရှင်းခြင်းနှင့် ပတ်သက်သည့် ရှုထောင့်တစ်ခု၏ သရုပ်သကန် ဖြစ်သည်။) (ဘုရားသခင်သည် လူသားအပေါ် အမျက်ဒေါသ ဖြစ်သည့် အခါလည်း သန့်ရှင်းခြင်းရှိပါသည်၊ သူ၏ အမျက်ဒေါသသည် အပြစ်အနာအဆာမရှိပါ။) (ဘုရားသခင်၏ သန့်ရှင်းခြင်း အတွက်မူ၊ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား အတွင်းတွင် ကိုယ်တော်၏ အမျက်ဒေါသနှင့် သနားခြင်း ကရုဏာ နှစ်ခုလုံးရှိသည်ဟု ကျွန်ုပ် နားလည် ပါသည်။ ဤအရာက ကျွန်ုပ်အပေါ် အားကောင်းသော ထင်မြင်ချက် ကျန်ရစ်စေပါသည်။ ကျွန်ုပ်တို့၏ ပြီးခဲ့သည့် မိတ်သဟာယတွင်၊ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားသည် အတုမရှိ ဖြစ်သည်ဟုလည်း ဖော်ပြခဲ့သည်။ ယခင်က ဤအရာကို ကျွန်ုပ် နားမလည်ခဲ့ပါ။ ဘုရားသခင်၏ အမျက်ဒေါသသည် လူသား၏ ဒေါသနှင့် ကွာခြားသည်ကို ဘုရားသခင် မိတ်သဟာယပြုခဲ့ပြီးသည့်အရာကို ကြားပြီးနောက်တွင်မှ ကျွန်ုပ် နားလည်ခဲ့သည်။ ဘုရားသခင်၏ အမျက်ဒေါသသည် အပြုသဘောဆောင်သော အရာဖြစ်ပြီး၊ ယင်းတွင် မူရှိပါသည်။ ဘုရားသခင်၏ ပင်ကို အနှစ်သာရကြောင့် ထိုအရာက ထွက်ပေါ် လာခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အပျက်သဘောဆောင်သည့် အရာတစ်ခုကို တွေ့ခဲ့သောကြောင့်၊ သူ၏ အမျက်ဒေါသကို လွှတ်တော်မူခြင်း ဖြစ်ပါသည်။ ဤသည်မှာ မည်သည့်ဖန်ဆင်းခံသတ္တဝါကမျှ မပိုင်ဆိုင်သည့် အရာတစ်ခုဖြစ်သည်။) ယနေ့ ငါတို့၏ ခေါင်းစဉ်မှာ ဘုရားသခင်၏ သန့်ရှင်းခြင်း ဖြစ်သည်။ လူများအားလုံးသည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားနှင့်ပတ်သက်၍ တစ်စုံတစ်ရာကို ကြားကာ သင်ယူကြပြီးဖြစ်သည်။ ထို့အပြင် လူများစွာက ဘုရား၏ သန့်ရှင်းခြင်းနှင့် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား အကြောင်းကို တစ်ချိန်တည်းတွင် မကြာခဏ ပြောဆိုကြသည်။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားသည် သန့်ရှင်းသည်ဟု ပြောသည်။ "သန့်ရှင်းခြင်း" ဟူသော စကားလုံးသည် မည်သူနှင့်မျှ မစိမ်းသည်မှာ သေချာပေသည်- ထိုစကားလုံးသည် အများ သုံးစွဲသော စကားလုံးတစ်ခု ဖြစ်သည်။ သို့သော် ထိုစကားလုံး အတွင်းရှိ အနက်အဓိပ္ပါယ်နှင့် စပ်လျဉ်း၍မူ၊ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်ဆိုင်သော မည်သည့် ဖော်ပြချက်များကို လူများက မြင်နိုင်ကြသနည်း။ လူတို့

သတိပြုမိနိုင်သည့် မည်သည့်အရာကို ဘုရားသခင် ထုတ်ဖော်ပြထားပါသနည်း။ ဤသည်မှာ မည်သူမျှ မသိသောအရာ တစ်စုံတစ်ခု ဖြစ်ပေ၏။ ဘုရားသခင်၏ စိတ်သဘောထားသည် ဖြောင့်မတ်သော်လည်း အကယ်၍ သင်သည် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကိုယူပြီး ယင်းမှာ သန့်ရှင်းပါသည်ဟု ပြောပါက၊ ယင်းသည် အနည်းငယ် ဝေဝါးနေပုံပေါ်သည်၊ အနည်းငယ် ရှုပ်ထွေးနေပုံပေါ်သည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။ ဘုရားသခင်၏ စိတ်သဘောထားသည် ဖြောင့်မတ်သည်ဟု သင်ပြောသည်၊ သို့မဟုတ် ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားသည် သန့်ရှင်းသည်ဟု သင်ပြောသည်။ သို့ဖြစ်ရာ သင်တို့၏ စိတ်နှလုံးတွင် ဘုရားသခင်၏ သန့်ရှင်းခြင်းကို မည်သို့ သတ်မှတ်ကြသနည်း။ ယင်းကို သင်တို့ မည်သို့နားလည်ကြသနည်း။ ဆိုလိုသည်မှာ၊ ဘုရားသခင် ဖော်ထုတ်ခဲ့သည့်အရာ သို့မဟုတ် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းမှာ အဘယ်သို့နည်း၊ လူတို့သည် သန့်ရှင်းသည်ဟု အသိအမှတ်ပြုကြမည်လော။ ယခင်က ဤအရာကို သင်တို့ တွေးဖူးကြပါသလော။ ငါမြင်တွေ့ခဲ့ရသည်မှာ လူများသည် အများအသုံးပြုသော စကားလုံးများကို မကြာခဏ ပြောဆို တတ်ကြသည်၊ သို့တည်းမဟုတ် အထပ်ထပ်အခါခါ ပြောပြီးသော စကားစုများရှိတတ်ကြသည်၊ သို့သော် သူတို့ ပြောနေသည့် အရာကို သိပင်မသိကြခြင်း ဖြစ်သည်။ ယင်းမှာ ထိုအကြောင်း လူတိုင်းပြောဆိုပုံဖြစ်ပြီး ၎င်းတို့ ပြောဆိုနေကျ ဖြစ်သည်။ သို့ဖြစ်ရာ ယင်းသည် သတ်မှတ်ထားသော စကားရပ်တစ်ခု ဖြစ်လာသည်။ သို့ရာတွင် သူတို့သည် အသေးစိတ် အချက်အလက်များကို စုံစမ်းစစ်ဆေးပြီး အမှန်တကယ် လေ့လာမည်ဆိုပါက ထိုအရာ၏ တကယ့်အဓိပ္ပာယ် သို့မဟုတ် မည်သည့်အရာရည်ညွှန်းသည်ကို ၎င်းတို့မသိကြောင်း တွေ့ရမည် ဖြစ်သည်။ “သန့်ရှင်းခြင်း” ဟူသော စကားလုံးကဲ့သို့ပင် သူတို့ပြောသော ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် စပ်လျဉ်း၍ ဘုရားသခင်၏ အနှစ်သာရ နှင့်ဆိုင်သော မည်သည့် သွင်ပြင်လက္ခဏာကို အတိအကျ ညွှန်းဆိုသည်ကို မည်သူမျှ မသိသကဲ့သို့ “သန့်ရှင်းခြင်း” ဟူသောစကားလုံးကို ဘုရားသခင်နှင့် မည်သို့ သဟဇာတဖြစ်စေရမည်ကို မည်သူမျှမသိပေ။ လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲတွင် မရှင်းမလင်းဖြစ်ကြပြီး၊ ဘုရားသခင်၏ သန့်ရှင်းခြင်းအပေါ် ၎င်းတို့၏ သိမှတ်ခြင်းသည်လည်း မရေမရာနှင့် မရှင်းမလင်း ဖြစ်လေသည်။ ဘုရားသခင်၏ သန့်ရှင်းပုံအနေနှင့်မူ မည်သူမျှ သိပ်ရှင်းလင်းသည် မဟုတ်ပေ။ ယနေ့တွင် လူတို့အနေဖြင့် ဘုရားသခင်၏ သန့်ရှင်းခြင်း အနှစ်သာရနှင့်ဆိုင်သော တကယ့် အကြောင်းအရာကို မြင်နိုင်ကြဖို့အလို့ငှာ “သန့်ရှင်းခြင်း” ဟူသောစကားလုံးကို ဘုရားသခင်နှင့် သဟဇာတဖြစ်စေဖို့အလို့ငှာ ဤခေါင်းစဉ်ကို ငါတို့ မိတ်သဟာယပြုကြမည်။ ဤအရာက

လူများကို ဤစကားလုံးများအား ဂရုမစိုက်ဘဲ အကျင့်ပါပြီး အသုံးပြုခြင်းနှင့် မည်သည့်အရာဆိုလိုသည်ကို မသိသည့်အခါ သို့မဟုတ် မှန်ကန် တိကျခြင်း ရှိမရှိကို မသိသည့်အခါ အမှုအရာများကို နမော်နမဲ့ပြောဆိုခြင်းမှ တားဆီးလိမ့်မည် ဖြစ်သည်။ လူတို့သည် ဤကဲ့သို့ အမြဲပြောဆိုကြပြီး ဖြစ်သည်။ သင် ပြောဖူးသည်၊ သူပြောဖူးသည်၊ ထိုသို့ဖြင့် ယင်းသည် ပြောနေကျ စကား တစ်ခုဖြစ်လာသည်။ ဤအရာ အမှတ်တမဲ့ဖြင့် "သန့်ရှင်းခြင်း" ဟူသော စကားလုံးကို အရောင်စွန်းထင်း စေခဲ့သည်။

အပေါ်ယံအားဖြင့်၊ "သန့်ရှင်းခြင်း" ဟူသည့် စကားလုံးသည် နားလည်ရန် အလွန်လွယ်ကူသည်ဟု ထင်ရသည် မဟုတ်လော။ အနည်းဆုံးအနေဖြင့် လူများသည် "သန့်ရှင်းခြင်း" ဟူသော စကားလုံးကို စင်ကြယ်ခြင်း၊ သန့်ပြန့်ခြင်း၊ အလေးအမြတ် ဖြစ်ခြင်းနှင့် ဖြူစင်ခြင်းကို ဆိုလိုသည်ဟု ယုံကြည်ကြသည်။ ယခုပင် ငါတို့ သီဆိုခဲ့ကြသည့် "အပြစ်အနာအဆာကင်းသည့် သန့်စင်သော ချစ်ခြင်းမေတ္တာ" ဟူသော ဓမ္မသီချင်းထဲတွင် "သန့်ရှင်းခြင်း" ကို "ချစ်ခြင်းမေတ္တာ" နှင့် ဆက်စပ်သော သူအချို့လည်း ရှိသည်။ ဤသည်မှာ မှန်ကန်ပေသည်။ ဤသည်မှာ ယင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် သူ့အနှစ်သာရ၏ တစ်စိတ်တစ်ဒေသ ဖြစ်သော်လည်း အလုံးစုံကား မဟုတ်ချေ။ သို့ရာတွင်၊ လူတို့၏ အယူအဆများတွင် ထိုစကားလုံးကို မြင်ပြီး ဖြူစင်ပြီး သန့်စင်သကဲ့သို့ သူတို့ကိုယ်တိုင် ရှုမြင်သည့် အရာများဖြင့် သို့မဟုတ် သန့်ပြန့်သည်၊ အပြစ်အနာအဆာကင်းသည်ဟု သူတို့ကိုယ်တိုင်ထင်သော အရာများနှင့် ဆက်စပ်တတ်ကြသည်။ ဥပမာအားဖြင့်၊ လူအချို့က ကြာပန်းသည် သန့်ရှင်းသည်၊ ပြီးလျှင် ညစ်ပတ်သော ရွှံ့နွံမှ အပြစ်အနာအဆာကင်းစွာ ပွင့်သည်ဟု ဆိုကြသည်။ ထို့ကြောင့် လူများက "သန့်ရှင်းခြင်း" စကားလုံးကို ကြာပန်းအတွက် စတင်သုံးစွဲကြသည်။ လူအချို့က လုပ်ကြံဖန်တီးထားသော အချစ်ဇာတ်လမ်းများကို သန့်ရှင်း သကဲ့သို့ မြင်ကြသည်၊ သို့မဟုတ် သူတို့သည် စိတ်ကူးယဉ်၊ အံ့ဖွယ်ကောင်းသော ဇာတ်ကောင်များကို သန့်ရှင်းသည်ဟု မြင်ကောင်းမြင်ကြမည်။ ထို့အပြင် အချို့က သမ္မာကျမ်းစာထဲမှ လူများ သို့မဟုတ် သန့်ရှင်းသူများ၊ တမန်တော်များ၊ သို့မဟုတ် တစ်ချိန်က ဘုရားသခင်သည် သူ၏အမှုကို ပြုစဉ် သူ့နောက်လိုက်ခဲ့ကြသူများကဲ့သို့သော ဝိညာဉ်ရေးရာ စာအုပ်များတွင် ရေးသားထားသည့် အခြားသူများကို သန့်ရှင်းသည့် ဝိညာဉ်ရေးရာ အတွေ့အကြုံများ ရှိခဲ့သည်ဟု ယူဆကြသည်။ ဤအရာအားလုံးသည် လူများ တွေးထင်ခဲ့ကြသော အရာများဖြစ်သည်။ ၎င်းတို့သည် လူများ ကိုင်စွဲထားသည့် အယူအဆများ ဖြစ်ကြသည်။ လူများသည် ဤသို့သော အယူအဆများကို အဘယ်ကြောင့် ကိုင်စွဲ ထားကြသနည်း။ အကြောင်းရင်းမှာ အလွန်ရိုးရှင်းသည်- ယင်းမှာ

လူတို့သည် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားများ ကြားတွင် အသက်ရှင်ကြပြီး၊ ဆိုးယုတ်ပြီး ညစ်ညမ်းသည့် လောကတွင် နေထိုင်သောကြောင့်ဖြစ်သည်။ ၎င်းတို့မြင်သော အရာအားလုံး၊ ထိတွေ့သော အရာအားလုံး၊ တွေ့ကြုံသော အရာအားလုံးသည် စာတန်၏ ဆိုးယုတ်မှုနှင့် ဖောက်ပြန်ပျက်စီးခြင်းအပြင် စာတန်၏ စွမ်းအားအောက်တွင် ရှိသော လူများကြား ဖြစ်ပွားသည့် အကြံအစည်၊ ခွက်စောင်းခုတ်ခြင်းနှင့် စစ်ပွဲများကြောင့် ဖြစ်ကြသည်။ သို့ဖြစ်ရာ ဘုရားသခင်သည် သူ၏အမှုကို လူတို့ထဲတွင် ဆောင်ရွက်သည့်အခါတွင်ပင်၊ သူတို့ကို စကားပြောဆိုပြီး သူ၏ စိတ်သဘောထားနှင့် အနှစ်သာရကို ဖော်ပြသည့်အခါတွင်ပင် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် အနှစ်သာရတို့ကို ၎င်းတို့ မမြင်နိုင် သို့မဟုတ် မသိနိုင်ကြပေ။ ဘုရားသခင်သည် သန့်ရှင်းသည်ဟု လူတို့က မကြာခဏ ပြောကြသော်လည်း စစ်မှန်သော သိနားလည်မှု ကင်းမဲ့ကြသည်။ ၎င်းတို့သည် အနှစ်မဲ့သော စကားလုံးများကို ပြောနေကြခြင်းသာဖြစ်သည်။ လူတို့သည် ညစ်ညမ်းမှုနှင့် ဖောက်ပြန်ပျက်စီးမှုအလယ်တွင် အသက်ရှင်ကြပြီး စာတန်၏ အုပ်စိုးမှုထဲတွင် ရှိကြသကဲ့သို့ အလင်းကို မမြင်ကြသောကြောင့်၊ အပြုသဘောဆောင်သော ကိစ္စရပ်များကို ၎င်းတို့ဘာမျှမသိကြချေ၊ ထို့အပြင် သမ္မာတရားကို မသိကြ၊ “သန့်ရှင်းခြင်း” က မည်သည့်အရာကို ဆိုလိုသည်ကို မည်သူမျှ မှန်ကန်စွာ မသိကြပေ။ ထို့ကြောင့် ဤဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်ကြားတွင် သန့်ရှင်းသောအရာများ သို့မဟုတ် သန့်ရှင်းသောလူများ ရှိသလော။ ငါတို့ သေချာပေါက် ပြောနိုင်သည်။ မရှိချေ။ ဘုရားသခင်၏ အနှစ်သာရသာလျှင် သန့်ရှင်းသောကြောင့် မရှိခြင်း ဖြစ်သည်။

ပြီးခဲ့သည့် အခေါက်က၊ ဘုရားသခင်၏ အနှစ်သာရ အဘယ်သို့ သန့်ရှင်းသည်ဆိုသည့် ရှုထောင့်တစ်ခုနှင့် ပတ်သက်၍ ငါတို့ မိတ်သဟာယပြုခဲ့ကြသည်။ ဤအရာက လူတို့အတွက် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်ဆိုင်သော အသိပညာရရှိဖို့ရန် လှုံ့ဆော်မှုတစ်ချို့ကို ပေးသော်လည်း မလုံလောက်ပေ။ ယင်းသည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို ပြည့်ဝစွာ သိရှိနိုင်ရန် လူတို့ကို အလုံအလောက် မတတ်နိုင်စေသကဲ့သို့ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် အတုမရှိ ဖြစ်သည်ကို သူတို့အား အပြည့်အဝ နားလည်စေနိုင်ခြင်း မရှိပေ။ ထို့အပြင် ဘုရားသခင်တွင် အပြည့်အဝသရုပ်ထင်သည့် သန့်ရှင်းခြင်း၏ စစ်မှန်သော အဓိပ္ပာယ်ကို လူတို့အား လုံလောက်စွာ နားလည်စေနိုင်ခြင်း မရှိပေ။ ထို့ကြောင့် ဤအကြောင်းအရာပေါ် ငါတို့၏ မိတ်သဟာယကို ဆက်လုပ်ရန် လိုအပ်သည်။ နောက်ဆုံး တစ်ခေါက်က၊ ငါတို့ မိတ်သဟာယသည် အကြောင်းအရာသုံးခုကို ဆွေးနွေးခဲ့သည်၊ ထို့ကြောင့် ယခုတွင် စတုတ္ထမြောက်ကို ငါတို့ ဆွေးနွေးသင့်၏။ သမ္မာကျမ်းစာများကို ဖတ်ရှုခြင်းဖြင့် စတင်

ရပေမည်။

စာတန်၏ စုံစမ်းသွေးဆောင်ခြင်း

ရှင်မဿဲ ၄:၁-၄ ထိုအခါ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍၊ ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲ နေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။ ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏။ ယေရှုကလည်း၊ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရ မည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှ အားဖြင့် အသက်ကို မွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။

ဤစကားများသည် စာတန်သည် သခင်ယေရှုကို ပထမဆုံး အကြိမ် စုံစမ်းသွေးဆောင်ရန် ကြိုးစားရာတွင် သုံးခဲ့သည့် စကားများဖြစ်သည်။ မာရ်နတ် ပြောဆိုခဲ့သည့် အကြောင်းအရာမှာ အဘယ်နည်း။ ("ကိုယ်တော်သည် ဘုရားသခင်၏ သားတော် မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့် ရှိတော်မူပါ။") မာရ်နတ် ပြောခဲ့သည့် ဤစကားများသည် အတော်ရိုးရှင်းသော်လည်း၊ ၎င်းတို့၏ အနှစ်သာရနှင့်ပတ်သက်၍ ပြဿနာရှိပါသလော။ မာရ်နတ်က၊ "ကိုယ်တော်သည် ဘုရားသခင်၏ သားတော်မှန်လျှင်၊" ဟု ပြောခဲ့သည်၊ သို့သော်လည်း ၎င်း၏ စိတ်နှလုံးထဲတွင် ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်သည်ကို သိခဲ့သလော၊ မသိခဲ့သလော။ သူသည် ခရစ်တော်ဖြစ်သည်ကို ၎င်းက သိခဲ့သလော၊ မသိခဲ့သလော။ (သိခဲ့ပါသည်။) သို့ဖြစ်လျှင် အဘယ်ကြောင့် ၎င်းသည်၊ "မှန်လျှင်" ဟု ပြောခဲ့သနည်း။ (၎င်းမှာ ဘုရားသခင်ကို စုံစမ်းသွေးဆောင်ရန် ကြိုးပမ်းနေခဲ့ခြင်း ဖြစ်ပါသည်။) သို့သော် ထိုသို့လုပ်ဆောင်ရာတွင် ၎င်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ "ကိုယ်တော်သည် ဘုရားသခင်၏ သားတော်မှန်လျှင်၊" ဟု ၎င်းကပြောခဲ့သည်။ ၎င်း၏ စိတ်နှလုံးတွင် ယေရှုခရစ်သည် ဘုရားသခင်၏ သားတော် ဖြစ်သည်ကို ၎င်းက သိခဲ့၏၊ ၎င်း၏ စိတ်နှလုံးတွင် ဤအရာနှင့် ပတ်သက်၍ အလွန်ရှင်းသည်၊ သို့သော် ဤအရာကို သိသော်လည်း ၎င်းသည် သူ့ကို နာခံခဲ့သလော သို့မဟုတ် ကိုးကွယ်ခဲ့သလော။ (မကိုးကွယ်ခဲ့ပါ။) ၎င်းက အဘယ်အရာကို လုပ်ဆောင်လိုခဲ့သနည်း။ ၎င်းက သခင်ယေရှုကို ဒေါသထွက်စေပြီးနောက် ၎င်း၏ ရည်ရွယ်ချက်များနှင့်အညီ ပြုမူစေရန် ဤနည်းလမ်းနှင့် ဤစကားများကို အသုံးပြုချင်ခဲ့သည်။ ဤသည်မှာ မာရ်နတ်၏ စကားများ နောက်ကွယ်က အဓိပ္ပါယ် မဟုတ်ခဲ့ပါသလော။ စာတန်၏

စိတ်နှလုံးထဲတွင် ဤသည်မှာ သခင်ယေရှုခရစ်တော် ဖြစ်မှန်း ရှင်းလင်းစွာ သိခဲ့သော်လည်း မည်သို့ပင်ဖြစ်စေ ဤစကားများကို ပြောဆိုခဲ့သည်။ ဤသည်မှာ စာတန်၏ သဘာဝဖြစ်သည် မဟုတ်လော။ စာတန်၏ သဘာဝက အဘယ်အရာနည်း။ (လှည့်ဖြားရန်၊ ဆိုးယုတ်ရန်နှင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်း မရှိရန် ဖြစ်ပါသည်။) ဘုရားသခင်ကို ချစ်ကြောက်ရိုသေမှုမရှိခြင်းမှ မည်သည့် အကျိုးဆက်များ ပေါ်ပေါက်မည်နည်း။ ၎င်းသည် ဘုရားသခင်ကို တိုက်ခိုက်လိုခဲ့သည် မဟုတ်လော။ ၎င်းသည် ဘုရားသခင်ကို တိုက်ခိုက်ရန် ဤနည်းလမ်းကို အသုံးပြုချင်ခဲ့သောကြောင့်၊ "ကိုယ်တော်သည် ဘုရားသခင်၏ သားတော် မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့် ရှိတော်မူပါ" ဟူ၍ ပြောခဲ့သည်။ ဤသည်မှာ စာတန်၏ ဆိုးယုတ်သော ရည်မှန်းချက် မဟုတ်သလော။ ၎င်းသည် အမှန်တကယ်တွင် အဘယ်အရာကို လုပ်ဆောင်ရန် ကြိုးပမ်း နေခဲ့သနည်း။ ၎င်း၏ရည်ရွယ်ချက်မှာ အလွန် သိသာထင်ရှား လှသည်။ ၎င်းသည် သခင်ယေရှု ခရစ်တော်၏ ရပ်တည်ချက်နှင့် ပင်ကိုလက္ခဏာကို ငြင်းပယ်ရန် ဤနည်းလမ်းကို အသုံးပြုဖို့ ကြိုးပမ်းနေခဲ့ခြင်းဖြစ်သည်။ ထိုစကားများဖြင့် စာတန် ဆိုလိုသည့် အရာမှာ၊ "သင်သည် ဘုရားသခင်၏ သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်အဖြစ်သို့ ပြောင်းလိုက်ပါ။ သင်မလုပ် နိုင်ပါက သင်သည် ဘုရားသခင်၏သားတော် မဟုတ်၊ ထို့ကြောင့် သင်၏အမှုတော်ကို မဆောင်ရွက်သင့်တော့ပါ" ဟူ၍ ဖြစ်သည်။ ဤသည်မှာ ထိုသို့ မဟုတ်လော။ ၎င်းသည် ဘုရားသခင်ကို တိုက်ခိုက်ရန် ဤနည်းလမ်းကို အသုံးပြုချင်ခဲ့သည်၊ ၎င်းသည် ဘုရားသခင်၏အမှုကို ဖြိုဖျက်ပြီး ဖျက်ဆီးချင်ခဲ့သည်။ ဤသည်မှာ ၎င်း၏ ယုတ်မာမှုဖြစ်သည်။ ၎င်း၏ ယုတ်မာမှုသည် ၎င်း၏ သဘာဝကို သဘာဝအတိုင်း ဖော်ပြခြင်း ဖြစ်ပါသည်။ သခင်ယေရှုခရစ်တော်သည် ဘုရားသခင်၏ သားတော်၊ ဘုရားသခင်ကိုယ်တော်တိုင်၏ တကယ့် လူ့ဇာတိခံယူခြင်း ဖြစ်သည်ကို ၎င်းက သိခဲ့သော်လည်း၊ ဘုရားသခင်ကို နောက်မှ ထပ်ကြပ် မကွာလိုက်ရင်း၊ ဘုရားသခင်ကို မရမကတိုက်ခိုက်ကာ ဘုရားသခင်၏ အမှုတော်ကို နှောင့်ယှက်ရန်နှင့် တမင်ဖျက်ဆီးရန် လွန်စွာအားထုတ်လျက်၊ ဤသို့သောအရာကို ၎င်းမလုပ်ဆောင်ဘဲ မနေနိုင်ပေ။

ယခုတွင်၊ စာတန် ပြောဆိုခဲ့သည့်- "ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါ။" ဟူသည့် ဤစကားစုကို ဆန်းစစ် ကြည့်စို့။ ကျောက်ခဲကို ပေါင်မုန့်အဖြစ်သို့ ပြောင်းရန်- ဤအရာက အဓိပ္ပာယ်တစ်ခုခု ရှိသလော။ အစားအစာရှိလျှင် အဘယ်ကြောင့် မစားသနည်း။ အဘယ်ကြောင့် ကျောက်ခဲကို အစားအစာအဖြစ် ပြောင်းလဲရန် လိုသနည်း။ ဤတွင် အဓိပ္ပာယ် မရှိဟု ဆို၍ရသလော။ ထိုအချိန်က သခင်ယေရှုသည် အစာရှောင် နေခဲ့သော်လည်း သူသည်

ကေန်မုချ စားစရာ အစာရှိခဲ့သလော။ (ရှိခဲ့ပါသည်။) သို့ဆိုလျှင် ဤနေရာတွင် စာတန် စကားများ၏ ရယ်ဖွယ်ရာကောင်းခြင်းကို ငါတို့မြင်ရသည်။ စာတန်၏ သစ္စာမဲ့မှုနှင့် မလိုမုန်းထားစိတ်တို့အားလုံးအတွက် ငါတို့သည် ယင်း၏ ယုတ္တိမဲ့ခြင်းနှင့် ရယ်ဖွယ်ကောင်းခြင်းကို မြင်ရဆဲ ဖြစ်သည်။ ၎င်း၏ မလိုမုန်းထားသော သဘာဝကို သင်မြင်ရသည့် အမှုအရာများစွာကို စာတန်က လုပ်ဆောင်သည်။ ၎င်းသည် ဘုရားသခင်၏ အမှုကို ဖျက်ဆီးသည့်အရာများ လုပ်ဆောင် နေသည်ကို သင် တွေ့နိုင်ပြီး ဤအရာကို မြင်သည့်အခါ ၎င်းသည် မနှစ်သက်ဖွယ်ဖြစ်ကာ ဒေါသထွက်စရာ ကောင်းသည်ကို သင်မြင်ရသည်။ သို့ရာတွင် အခြားတစ်ဘက်၌ ၎င်း၏ စကားလုံးများနှင့် လုပ်ဆောင်မှုများနောက်ကွယ်က ကလေးဆန်ပြီး ရယ်ဖွယ်ရာဖြစ်သော သဘာဝကို သင်မတွေ့သလော။ ဤသည်မှာ စာတန်၏ သဘာဝနှင့် ပတ်သက်၍ ထုတ်ဖော်ပြခြင်းတစ်ခု ဖြစ်သည်။ ၎င်းသည် ထိုသို့သော သဘာဝရှိသည့်အတွက်၊ ထိုသို့သော အရာကို လုပ်ဆောင်လိမ့်မည်ဖြစ်သည်။ ယနေ့လူများအဖို့ ဤစကားစုသည် ယုတ္တိမရှိသကဲ့သို့ ရယ်ဖွယ်ရာ ဖြစ်သည်။ သို့ရာတွင် စာတန်သည် ထိုသို့သော စကားများကို ကေန်အမှန် ပြောနိုင်စွမ်းရှိလေသည်။ ၎င်းကို မသိမနားလည်သောသူနှင့် အဓိပ္ပါယ်မရှိသောသူဟု ငါတို့ပြော၍ရပါသလော။ စာတန်၏ ဆိုးယုတ်မှုသည် နေရာတိုင်းတွင်ရှိပြီး အစဉ်မပြတ် ထုတ်ဖော်ပြခြင်း ခံရလျက် ရှိသည်။ ပြီးလျှင် သခင်ယေရှုက ယင်းကို မည်ကဲ့သို့ပြန်ဖြေခဲ့သနည်း။ ("လူသည် မုန့်အားဖြင့် အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှ အားဖြင့် အသက်ကိုမွေးရမည်။") ဤစကားလုံးများတွင် တန်ခိုး တစ်ခုတစ်လေ ရှိသလော။ (ရှိပါ၏။) ယင်းတို့တွင် တန်ခိုး ရှိသည်ဟု ငါတို့ အဘယ်ကြောင့် ပြောသနည်း။ အဘယ့်ကြောင့် ဆိုသော် ဤနှုတ်ကပတ်တော်များသည် သမ္မာတရား ဖြစ်သောကြောင့် ဖြစ်သည်။ ကိုင်း၊ လူသည် ပေါင်မုန့်အားဖြင့်သာ အသက်ရှင်သလော။ သခင်ယေရှုသည် ရက် လေးဆယ်ပတ်လုံး အစာရှောင်ခဲ့သည်။ အစာငတ်ပြီး သူသေသွားသလော။ (မသေသွားပါ။) အစာငတ်ပြီး သူမသေပါ၊ ထို့ကြောင့် စာတန်က "ကိုယ်တော်သည် ကျောက်ခဲများကို အစာအဖြစ်ပြောင်းလဲလျှင် ကိုယ်တော့်တွင် စားစရာရှိမည်မဟုတ်လော။ သို့ဆိုလျှင် ကိုယ်တော်သည် အစာရှောင်ရန်မလို၊ ဆာလောင်မှုကို ခံနေရန် မလိုတော့မည် မဟုတ်လော။" ဟူသောအရာများကို ပြောဆိုခြင်းဖြင့် ကျောက်ခဲများကို အစာအဖြစ်ပြောင်းလဲစေရန် သူ့ကို တိုက်တွန်းလျက် ချဉ်းကပ်ခဲ့သည်။ သို့ရာတွင် ယေရှုက၊ "လူသည် မုန့်အားဖြင့် အသက်ကိုမွေးရမည်မဟုတ်၊" ဟု ပြောဆိုခဲ့သည်။ ဆိုလိုသည်မှာ လူသည် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွင် အသက်ရှင်သော်လည်း သူ၏ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ရှင်သန်ခွင့်၊

အသက်ရှုခွင့်ပေးသည်မှာ အစာ မဟုတ်ဘဲ ဘုရားသခင်၏နှုတ်က မိန့်မြွက်သော နှုတ်ကပတ်တော် တစ်ခွန်းစီတိုင်း ဖြစ်သည်။ တစ်ဘက်တွင်၊ ဤနှုတ်ကပတ်တော်များသည် သမ္မာတရားဖြစ်၏။ ၎င်းတို့သည် လူတို့ကို ၎င်းတို့အနေဖြင့် ဘုရားသခင်အပေါ် မှီခိုနိုင်ပြီး ဘုရားသခင်သည် သမ္မာတရားဖြစ်သည်ဟု ခံစားစေလျက် ယုံကြည်ခြင်းပေးလေသည်။ အခြားတစ်ဘက်တွင်၊ ဤနှုတ်ကပတ်တော်များတွင် လက်တွေ့ကျသော ရှုထောင့် ရှိသလော။ သခင်ယေရှုသည် ရက် လေးဆယ်ပတ်လုံး အစာရှောင်ပြီးနောက် သူသည် မတ်တပ်ရပ်နေပြီး အသက်ရှင် နေဆဲ ဖြစ်သည်မဟုတ်လော။ ဤသည်မှာ စစ်မှန်သော သာဓက တစ်ခု မဟုတ်လော။ သူသည် မည်သည့် အစာကိုမျှ ရက် လေးဆယ်ပတ်လုံး မစားခဲ့ချေ၊ သို့သော်လည်း သူသည် အသက်ရှင်ဆဲဖြစ်ခဲ့သည်။ ဤသည်မှာ သူ၏ နှုတ်ကပတ်တော်နှင့်ဆိုင်သော သမ္မာတရားကို အတည်ပြုနေသည့် အားကောင်းသော သက်သေအထောက်အထား ဖြစ်သည်။ ဤနှုတ်ကပတ်တော်များသည် ရိုးရှင်းသော်လည်း သခင်ယေရှုအတွက် စာတန်က သူ့ကို စုံစမ်းနှောင့်ယှက်သည့်အခါမှသာ ဤနှုတ်ကပတ်တော်များကို သူ ပြောဆိုခဲ့သလော သို့တည်းမဟုတ် ၎င်းတို့သည် သူ၏ တစ်စိတ်တစ်ပိုင်း အလိုအလျောက် ဖြစ်နှင့်ကြသလော။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဘုရားသခင်သည် သမ္မာတရားဖြစ်ပြီး ဘုရားသခင်သည် အသက်ဖြစ်သည်၊ သို့သော် ဘုရားသခင်၏ သမ္မာတရားနှင့် အသက်မှာ နောက်ပိုင်းတွင်မှ ဖြည့်စွက်ထားခြင်း ဖြစ်သလော။ နောက်ပိုင်း အတွေ့အကြုံမှ ပေါက်ဖွားလာခဲ့ကြခြင်း ဖြစ်သလော။ မဟုတ်ပေ- ထိုနှုတ်ကပတ်တော်များသည် ဘုရားသခင်တွင် မွေးရာပါဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာတရားနှင့် အသက်သည် ဘုရားသခင်၏ အနှစ်သာရဖြစ်သည်။ သူ့အပေါ် မည်သည့်အရာ ဖြစ်ပျက်ပါစေ၊ သူထုတ်ဖော်သမျှသည် သမ္မာတရား ဖြစ်၏။ သူ၏ စကားပါ အကြောင်းအရာက ရှည်သည်ဖြစ်စေ တိုသည်ဖြစ်စေ- ဤသမ္မာတရား၊ ဤနှုတ်ကပတ်တော်များသည် လူသားကို ရှင်သန်စေနိုင်ပြီး အသက်ပေးနိုင်သည်။ ၎င်းတို့သည် လူတို့ကို သမ္မာတရား ရရှိစေနိုင်ပြီး လူ့အသက်တာ လမ်းကြောင်းနှင့် ပတ်သက်၍ ကြည်လင်ပြတ်သားမှုကို ရရှိစေနိုင်ကာ ဘုရားသခင်၌ ယုံကြည်ခြင်း ရှိစေနိုင်သည်။ တစ်နည်းအားဖြင့်၊ ဤနှုတ်ကပတ်တော်များကို ဘုရားသခင် အသုံးပြုခြင်း၏ အရင်းအမြစ်မှာ အပြုသဘောဆောင်၏။ သို့ဖြစ်ရာ ဤအပြုသဘောဆောင်သော အရာသည် သန့်ရှင်းသည်ဟု ငါတို့ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) စာတန်၏ ထိုစကားများသည် စာတန်၏သဘာဝမှ လာသည်။ စာတန်သည် ၎င်း၏ ဆိုးယုတ်ပြီး မလိုမုန်းထားသည့် သဘာဝကို နေရာတိုင်းတွင် အစဉ်တစိုက် ထုတ်ဖော်ပြသည်။ ကိုင်း၊ ဤထုတ်ဖော်ပြချက်များကို စာတန်သည်

အလိုအလျောက် ပြုသလော။ ဤအရာကို လုပ်ဆောင်ရန် ၎င်းကို တစ်ဦး တစ်ယောက်က လှုံ့ဆော်သလော။ တစ်ဦးတစ်ယောက်က ၎င်းကို ကူညီသလော။ တစ်ဦးတစ်ယောက်က ၎င်းကို အတင်းအကျပ် စေခိုင်းသလော။ (မစေခိုင်းပါ။) ဤထုတ်ဖော်ပြချက်အားလုံးကို ၎င်းသည် မိမိသဘောအလျောက် ပြုလုပ်ခြင်းဖြစ်သည်။ ဤသည်မှာ စာတန်၏ ဆိုးယုတ်သည့်သဘာဝ ဖြစ်သည်။ ဘုရားသခင်ပြုသည့် မည်သည့်အရာကို မဆို၊ ပြီးလျှင် ဘုရားသခင် မည်သို့ပြုသည်ဖြစ်စေ၊ စာတန်သည် နောက်မှ ထက်ကြပ် မကွာလိုက်သည်။ စာတန်ပြောပြီး လုပ်ဆောင်သည့် ဤအရာများ၏ အနှစ်သာရနှင့် စစ်မှန်သော သဘာဝမှာ စာတန်၏ အနှစ်သာရဖြစ်သည်- ဆိုးယုတ်ပြီး မလိုမုန်းထားသော အနှစ်သာရဖြစ်သည်။ ယခု ငါတို့ ဖတ်သည်နှင့်အမျှ စာတန်က အခြား မည်သည့်အရာ ပြောဆိုသေးသနည်း။ ဆက်ဖတ်ကြစို့။

ရှင်မဿဲ ၄:၅-၇ ထိုအခါ မာရ်နတ်သည် ယေရှုကို သန့်ရှင်းသောမြို့တော်သို့ ဆောင်သွား၍ ဗိမာန်တော်၏ အထွတ်၌ တင်ထားပြီးလျှင်၊ ကျမ်းစာလာသည်ကား၊ ကောင်းကင်တမန်တို့အား သင့်အဘို့မှာထားတော်မူသည်ဖြစ်၍၊ သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်းငှါ သူတို့သည်သင့်ကို လက်နှင့်မစချီပင့်ကြလိမ့်မည် ဟုလာ၏။ ထို့ကြောင့် ဘုရားသခင်၏ သားတော်မှန်လျှင် ကိုယ်ကိုအောက်သို့ ချလိုက်တော်မူပါဟု လျှောက်လေ၏။ ယေရှုကလည်း သင်၏ ဘုရားသခင် ထာဝရဘုရားကို သင်သည် အစုံအစမ်းမပြုရဟု ကျမ်းစာလာပြန် သည်ဟု မိန့်တော်မူ၏။

ဤနေရာတွင် စာတန်ပြောဆိုခဲ့သည့် စကားများကို ပထမဦးစွာ ကြည့်ကြစို့။ “ဘုရားသခင်၏သားတော်မှန်လျှင်၊ ကိုယ်ကိုအောက်သို့ ချလိုက်တော်မူပါ၊” ဟု စာတန်က ပြောခဲ့ပြီးနောက် “ကောင်းကင်တမန်တို့အား သင့်အဘို့မှာ ထားတော်မူသည် ဖြစ်၍၊ သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်းငှါ သူတို့သည် သင့်ကို လက်နှင့် မစချီပင့်ကြလိမ့်မည်” ဟူ၍ သမ္မာကျမ်းစာထဲမှ ကိုးကားခဲ့သည်။ စာတန်၏ စကားလုံးများကို ကြားသည့်အခါ သင်မည်သို့ ခံစားရသနည်း။ ၎င်းတို့သည် ကလေးကလားနိုင်လွန်းသည် မဟုတ်လော။ ယင်းတို့သည် ကလေးကလား နိုင်သည်၊ ရယ်ဖွယ်ရာကောင်းပြီး စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်။ ငါ အဘယ်ကြောင့် ဤအရာကို ပြောသနည်း။ စာတန်သည် မကြာခဏ မိုက်မဲသော အရာများကို လုပ်ဆောင်ပြီး၊ ၎င်းကိုယ်၎င်း အလွန်တော်သည်ဟု ယုံသည်။ ၎င်းသည် ဘုရားသခင်၏ အမှုနှင့်ဆိုင်သော အစီအစဉ်ကို ဖျက်ဆီးခြင်းတည်းဟူသော ၎င်း၏ ရည်ရွယ်ချက်ကို ရရှိဖို့ ကြိုးပမ်းရာတွင် ဘုရားသခင်ကို တိုက်ခိုက်ရန်နှင့် သွေးဆောင်ဖြားယောင်းရန် ထိုနှုတ်ကပတ်တော်များကို ဘုရားသခင်အား ပံ့ပိုးရာမှ

ဘုရားသခင်အား ဆန့်ကျင်ဖို့ ကြိုးစားရင်း- ဘုရားသခင် ပြောဆိုသည့် တကယ့် နှုတ်ကပတ်တော်များပင်ဖြစ်သည့် ကျမ်းစာကို မကြာခဏ ကိုးကား၏။ စာတန်ပြောသည့် ဤစကားများထဲတွင် တစ်ခုခုကို သင်မြင်နိုင်ပါသလော။ (ဆိုးယုတ်သည့် ရည်ရွယ်ချက်များကို စာတန် သိုထားပါသည်။) စာတန် ပြုလုပ်သမျှအားလုံးတွင်၊ ၎င်းသည် လူသားမျိုးနွယ်ကို သွေးဆောင်ရန် အစဉ်အမြဲ ကြိုးစားလေပြီ။ စာတန်သည် တည့်တည့်မပြောသော်လည်း၊ ဝေ့ဝိုက်သော နည်းလမ်းဖြင့် စုံစမ်းသွေးဆောင်ခြင်း၊ လှည့်ဖြားမှုနှင့် ဖြားယောင်းမှုတို့ကို အသုံးပြုနေပေသည်။ စာတန်က ဘုရားသခင်သည်လည်း မသိနားမလည်ကာ၊ မိုက်မဲပြီး၊ လူက မလုပ်နိုင်သည့်အတိုင်း အမှုအရာများ၏ စစ်မှန်သော သွင်ပြင်ကို ဘုရားသခင်ကလည်း ရှင်းလင်းစွာ မခွဲခြားနိုင်ဟု ယုံကြည်လျက်၊ ၎င်း၏ စုံစမ်းသွေးဆောင်ခြင်းနှင့်သက်ဆိုင်၍ ဘုရားသခင်ကို သာမန် လူသားတစ်ယောက်ဖြစ်သည့်အလား ချဉ်းကပ်လေသည်။ ဘုရားသခင်နှင့် လူသားတို့နှစ်ဦးလုံးသည် အလားတူစွာ ၎င်း၏ အနှစ်သာရ၊ ၎င်း၏ လှည့်ဖြားမှုနှင့် အန္တရာယ်ပေးနိုင်သော ရည်ရွယ်ချက်တို့ကို မရိပ်မိနိုင်ဟု စာတန်က တွေးထင်သည်။ ဤသည်မှာ စာတန်၏ မိုက်မဲမှု ဖြစ်သည် မဟုတ်လော။ ထို့အပြင်၊ စာတန်သည် သမ္မာကျမ်းစာမှ ဖြောင်ကျကျ ကိုးကားသည်။ ထိုသို့လုပ်ခြင်းက အများ ယုံကြည်မှုကို ရရှိစေပြီး၊ သင်သည် ၎င်း၏ စကားများထဲတွင် အမှားအယွင်းတစ်ခုတစ်လေ ဖော်ထုတ် နိုင်မည်မဟုတ် သို့မဟုတ် အရှုံးလုပ်ခံရခြင်းကို ရှောင်လွှဲနိုင်မည် မဟုတ်ဟု ၎င်းကထင်သည်။ ဤသည်မှာ စာတန်၏ ရယ်ဖွယ်ရာကောင်းပြီး ကလေးကလားဆန်ခြင်း မဟုတ်လော။ ဤသည်မှာ လူတို့က ဧဝံဂေလိတရားကို ဖြန့်ဝေပြီး ဘုရားသခင်ကို သက်သေခံသည့်အခါကဲ့သို့ပင် ဖြစ်သည်- မယုံကြည်သူများက စာတန် ပြောခဲ့သည့်အရာနှင့် အလားတူသော အရာတစ်စုံတစ်ခုကို တစ်ခါတစ်ရံ ပြောကြလိမ့်မည်မဟုတ်လော။ လူတို့က အလားတူသောအရာ တစ်စုံတစ်ခုပြောသည်ကို သင်တို့ ကြားဖူး ကြသလော။ ထိုသို့သော အရာများကို ကြားသောအခါ သင်တို့ မည်သို့ခံစားရသနည်း။ စက်ဆုပ်ရွံရှာသလော။ (ရွံရှာပါသည်။) သင်တို့စက်ဆုပ်ရွံရှာသည့်အခါ မနှစ်သက်ခြင်းနှင့် မုန်းတီးခြင်း ကိုလည်း ခံစားရသလော။ ဤခံစားချက်များကို သင်တို့ ရှိသည့်အခါ သင်တို့သည် စာတန်နှင့် လူသားထဲတွင် စာတန် လုပ်ဆောင်သော ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားသည် ဆိုးယုတ်သည်ကို သတိပြုမိနိုင်သလော။ သင်တို့၏ စိတ်နှလုံးများ ထဲတွင်၊ သင်တို့သည် ဤနားလည်ခြင်း ရှိဖူးသလော- "စာတန် စကားပြောသည့်အခါ၊ ၎င်းသည် တိုက်ခိုက်မှုနှင့် စုံစမ်းသွေးဆောင်မှုအဖြစ် ပြောလေသည်- စာတန်၏ စကားများသည် အဓိပ္ပာယ်မဲ့သည်၊ ရယ်ဖွယ်ရာကောင်းသည်၊ ကလေးကလားဆန်ပြီး စက်ဆုပ် ရွံရှာဖွယ်ကောင်းလေသည်။

သို့ရာတွင် ဘုရားသခင်သည် ထိုသို့သောနည်းဖြင့် ဘယ်သောအခါမျှ မပြောဆို၊ မလုပ်ဆောင်သကဲ့သို့ ကေန်အမှန် ထိုသို့ လုံးဝ မလုပ်ဆောင်ဖူးပေ။" ဟုတ်ပေသည်၊ ဤအခြေအနေတွင် လူတို့သည် ထိုအရာကို ယဲ့ယဲ့မျှသာ ခံစားနိုင်ပြီး ဘုရားသခင်၏ သန့်ရှင်းခြင်းကို သဘောမပေါက်နိုင်မြဲရှိလေသည်။ ထိုသို့ ဖြစ်သည်မဟုတ်လော။ သင်တို့၏ ယခု ဝိညာဉ်အသက်တာဖြင့်၊ သင်တို့သည်- "ဘုရားသခင် ပြောသမျှတိုင်းသည် သမ္မာတရား ဖြစ်၏၊ ကျွန်ုပ်တို့အတွက် အကျိုးရှိပြီး ကျွန်ုပ်တို့ လက်ခံရမည်" ဟု ခံစားရုံမျှ ခံစားရသည်။ သင်သည် ဤအရာကို လက်ခံ နိုင်သည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပြီး ဘုရားသခင်သည် သမ္မာတရားဖြစ်သည်ဟု ခြွင်းချက်မရှိ သင်ပြောသည်၊ သို့ရာတွင် သမ္မာတရားကိုယ်၌က သန့်ရှင်းပြီး ဘုရားသခင် သန့်ရှင်းသည်ကို သင်မသိပေ။

သို့ဆိုလျှင်၊ စာတန်၏ဤစကားများကို ယေရှု၏ တုံ့ပြန်ချက်မှာ အဘယ်နည်း။ "ယေရှုကလည်း သင်၏ ဘုရားသခင် ထာဝရဘုရားကို သင်သည် အစုံအစမ်း မပြုရဟု ကျမ်းစာလာပြန်သည်ဟု မိန့်တော်မူ၏။" ယေရှု ပြောသော ဤစကားများတွင် သမ္မာတရား ရှိသလော။ (ရှိပါသည်။) ၎င်းတို့တွင် သမ္မာတရား ရှိသည်။ အပေါ်ယံတွင်၊ ဤစကားများသည် လူတို့အတွက် လိုက်နာရမည့် ပညတ်ချက်တစ်ခု၊ ရိုးရှင်းသော စကားစု တစ်ခု ဖြစ်စေကာမူ လူသားနှင့် စာတန် နှစ်ဦးလုံးက ဤစကားများကို မကြာခဏ ပြစ်မှားစော်ကားကြပြီး ဖြစ်သည်။ သို့ဖြစ်ရာ သခင်ယေရှုက စာတန်ကို၊ "သင်၏ဘုရားသခင် ထာဝရဘုရားကို သင်သည် အစုံအစမ်း မပြုရ၊" ဟု ဆိုခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ယင်းမှာ စာတန် မကြာခဏ လုပ်သောအရာဖြစ်ပြီး ၎င်းသည် ထိုသို့လုပ်ရန် အလုံးစုံ ကြိုးပမ်း အားထုတ်သည်။ စာတန်သည် မျက်နှာပြောင်တိုက်၍ အရှက်မရှိ ထိုသို့ လုပ်သည်ဟုပင် ပြောနိုင်သည်။ ဘုရားသခင်ကို မကြောက်ရွံ့ရန်နှင့် ၎င်း၏ စိတ်နှလုံးထဲတွင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းမရှိဖို့မှာ စာတန်၏ အခြေခံ သဘောသဘာဝဖြစ်သည်။ စာတန်သည် ဘုရားသခင်၏ နံဘေးတွင်ရပ်တည်ပြီး သူ့ကို မြင်တွေ့နိုင်သည့်အချိန်တွင်ပင် စာတန်သည် ဘုရားသခင်ကို သွေးဆောင်ဖြားယောင်းခြင်း မပြုဘဲမနေနိုင်ခဲ့ပေ။ ထို့ကြောင့် သခင်ယေရှုက စာတန်ကို၊ "သင်၏ဘုရားသခင် ထာဝရ ဘုရားကို သင်သည် အစုံအစမ်းမပြုရ။" ဟု ဆိုခဲ့သည်။ ဤအရာများသည် ဘုရားသခင်က စာတန်ကို မကြာခဏ ပြောပြီးဖြစ်သည့် စကားများ ဖြစ်သည်။ ထို့ကြောင့်၊ မျက်မှောက်ခေတ်တွင် ဤစကားစုကို သုံးစွဲရန် သင့်တော်ပါသလော။ (သင့်တော်ပါသည်၊ ကျွန်ုပ်တို့ သည်လည်း ဘုရားသခင်ကို မကြာခဏ သွေးဆောင် ဖြားယောင်းသည့်အတွက် ဖြစ်သည်။) အဘယ်ကြောင့် လူတို့သည် ဘုရားသခင်ကို မကြာခဏ စုံစမ်းသွေးဆောင်

ပါသနည်း။ ယင်းမှာ လူတို့သည် ဖောက်ပြန်ပျက်စီးသည့် ဆိုးယုတ်သော စိတ်သဘောထားနှင့် ပြည့်နေကြသောကြောင့် ဖြစ်သလော။ (ဟုတ်ပါသည်။) ထို့ကြောင့် အထက်က စာတန်၏ စကားများသည် လူတို့ မကြာခဏ ပြောသည့်အရာ တစ်ခုလော။ ဗြီးလျှင် မည်သည့် အခြေအနေများတွင် ဤစကားများကို လူတို့ ပြောကြသနည်း။ လူတို့သည် ဤသို့သော အရာများကို မည်သည့်အချိန် မည်သည့် နေရာတွင်မဆို ပြောဆိုနေကြပြီး ဖြစ်သည်ဟု ဆိုနိုင်သည်။ လူတို့၏ စိတ်သဘောထားသည် စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားနှင့် ကွဲပြားခြားနားမှုမရှိသည်ကို ဤအရာက သက်သေပြသည်။ သခင်ယေရှုသည် သမ္မာတရားကို ကိုယ်စားပြုသော နှုတ်ကပတ်တော်များ၊ လူတို့လိုအပ်သည့် နှုတ်ကပတ်တော်များ ဖြစ်သည့် ရိုးရှင်းသော နှုတ်ကပတ်တော်အနည်းငယ်ကို ပြောသည်။ သို့ရာတွင် ဤအခြေအနေ၌ သခင်ယေရှုသည် စာတန်နှင့် ငြင်းခုန်ဖို့ ထိုသို့သောနည်းလမ်းဖြင့် ပြောဆိုခဲ့ခြင်းလော။ စာတန်ကို သူပြောခဲ့သည့် အထဲတွင် ထိပ်တိုက် ရင်ဆိုင် ဖြေရှင်းသောအရာ တစ်စုံတစ်ရာ ပါဝင်သလော။ (မပါဝင်ပါ။) စာတန်၏ ဖြားယောင်းသွေးဆောင်မှုကို သူ၏စိတ်နှလုံးတွင် သခင်ယေရှုက မည်သို့ ခံစားခဲ့သနည်း။ သူသည် စက်ဆုပ်ခြင်းနှင့် အော့နှလုံးနာခြင်းတို့ကို ခံစားခဲ့ရသလော။ (ခံစားခဲ့ရပါသည်။) သခင်ယေရှုသည် အော့နှလုံးနာမှုနှင့် စက်ဆုပ်ရွံမုန်းမှုကို ခံစားခဲ့ရပါသည်၊ သို့သော် သူသည် စာတန်နှင့် မငြင်းခုန်ခဲ့သကဲ့သို့၊ ကြီးကျယ်သော အခြေခံသဘောတရားများ တစ်ခုတစ်လေကို ပို၍ပင် သူမပြောဆိုခဲ့ချေ။ အဘယ်ကြောင့်နည်း။ (အဘယ်ကြောင့်ဆိုသော် စာတန်သည် အစဉ်အမြဲ ဤကဲ့သို့ဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းသည် မည်သည့်အခါမျှ မပြောင်းလဲနိုင်ပါ။) စာတန်သည် ကျိုးကြောင်းဆင်ခြင်၍ မရနိုင်ဟု ငါတို့ ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) ဘုရားသခင်သည် သမ္မာတရား ဖြစ်သည်ဟု စာတန်က အသိအမှတ်ပြုနိုင်သလော။ ဘုရားသခင်သည် သမ္မာတရားဖြစ်သည်ဟု စာတန်သည် မည်သည့်အခါတွင်မျှ အသိအမှတ်ပြုမည် မဟုတ်သကဲ့သို့ ဘုရားသခင်သည် သမ္မာတရား ဖြစ်သည်ဟု မည်သည့်အခါမျှ ဝန်ခံမည် မဟုတ်ပေ။ ဤသည်မှာ ၎င်း၏ သဘာဝဖြစ်သည်။ စာတန်၏ သဘာဝတွင် စက်ဆုပ်ဖွယ်သော နောက်ထပ် သွင်ပြင်လက္ခဏာတစ်ခု ရှိသေး၏။ ထိုအရာမှာ အဘယ်နည်း။ သခင်ယေရှုကို ဖြားယောင်းသွေးဆောင်ရန် ၎င်း၏ ကြိုးပမ်းမှုများတွင်၊ ၎င်းက မအောင်မြင်လျှင်ပင်၊ မည်သို့ပင်ဖြစ်စေ ၎င်းသည် ထိုသို့ လုပ်ဆောင်ဖို့ ကြိုးစားဦးမည်ဟု စာတန်က တွေးခဲ့သည်။ ၎င်းသည် အပြစ်ဒဏ်ပေးခံရမည်ဖြစ်သော်လည်းဘဲ၊ မည်သို့ပင်ဖြစ်စေ ကြိုးစားဖို့ ရွေးချယ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် မည်သည့်အကျိုးကျေးဇူးမျှ မရရှိသည့်တိုင် အဆုံးတိုင်သို့ တိုင်အောင် ၎င်း၏ အားထုတ်မှုများနှင့် ဘုရားသခင်ကို

ဆန့်ကျင်ရပ်တည်ခြင်းတွင် မရမကဆက်လုပ်လျက် မည်သို့ပင်ဖြစ်စေ ၎င်းက လုပ်ဆောင်မည်ဖြစ်သည်။ ဤသည်မှာ မည်သည့် သဘာဝမျိုးဖြစ်သနည်း။ ဆိုးယုတ်သည် မဟုတ်လော။ ဘုရားသခင်အကြောင်း ထုတ်ဖော်ပြောဆိုသောအခါ လူတစ်ဦးသည် ဒေါသထွက်ပြီး ဒေါသူပုန်ထပါက၊ သူသည် ဘုရားသခင်ကို မြင်ဖူးပြီလော။ ဘုရားသခင် အဘယ်သူဖြစ်သည်ကို ၎င်းက သိပါသလော။ ဘုရားသခင် မည်သူမည်ဝါဖြစ်သည်ကို သူမသိပေ၊ ဘုရားသခင်ကို မယုံကြည်သကဲ့သို့၊ ဘုရားသခင်သည် သူ့ကို စကားပြောဆိုဖူးခြင်း မရှိပေ။ ဘုရားသခင်က သူ့ကို မည်သည့်အခါမျှ မနှောင့်ယှက်ဖူးချေ။ ထို့ကြောင့် သူသည် အဘယ်ကြောင့် ဒေါသဖြစ်ရမည်နည်း။ ဤလူသည် ဆိုးယုတ်သည်ဟု ကျွန်ုပ်တို့ ဆိုနိုင်သလော။ လောကီ ရေပန်းစားမှုများ၊ အစားအသောက်နှင့် ကာမဂုဏ်လိုက်စားခြင်း၊ ကျော်ကြားသောသူများနောက်လိုက်ခြင်း- ဤအရာများထဲမှ မည်သည့်အရာကမျှ ထိုသို့သော လူတစ်ယောက်ကို အနှောင့်အယှက် မပေးပေ။ သို့သော် "ဘုရားသခင်" သို့မဟုတ် "ဘုရားနှုတ်ကပတ်တော်များ၏ သမ္မာတရား" ဆိုသည့် စကား တစ်ခွန်းကို ပြောဆိုသည်နှင့် သူသည် ဒေါသူပုန်ထ လေတော့သည်။ ဤသည်မှာ ဆိုးယုတ်သော သဘာဝတစ်ခု ရှိခြင်း ဖြစ်သည်မဟုတ်လော။ ဤသည်မှာ လူသား၏ ဆိုးယုတ်သည့် သဘာဝဖြစ်သည်ကို သက်သေပြဖို့ လုံလောက်ပေသည်။ ကိုင်း၊ မိမိအတွက် ပြောဆိုသည့်အခါ၊ သမ္မာတရားကို ပြောဆိုသောအခါ သို့မဟုတ် လူသားမျိုးနွယ် နှင့်ဆိုင်သော ဘုရားသခင်၏ စမ်းသပ်ခြင်းများ သို့မဟုတ် လူသားကို တရားစီရင်ခြင်း နှင့်ဆိုင်သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြောဆိုသောအခါ၊ သင်တို့သည် မနှစ်သက်မှုခံစားရ၏။ အော့နှလုံးနာမှုကို ခံစားရပြီး ထိုသို့သောအရာများကို သင်တို့ မကြားချင်ကြသည့် အချိန်များ ရှိသည် မဟုတ်လော။ သင်၏ စိတ်နှလုံးက၊ "ဘုရားသခင်သည် သမ္မာတရားဖြစ်သည်ဟု လူအားလုံးက ပြောကြသည် မဟုတ်လော။ ဤစကား အချို့တို့သည် သမ္မာတရားမဟုတ်ပါ၊ ၎င်းတို့သည် လူသားအပေါ် ဆုံးမခြင်းနှင့်ဆိုင်သော ဘုရားသခင်၏ နှုတ်ကပတ်တော်များသာ ဖြစ်သည်မှာ သိသာ ထင်ရှားသည်။" ဟု စဉ်းစားကောင်း စဉ်းစားနိုင်သည်။ အချို့သော လူတို့က ၎င်းတို့၏ စိတ်နှလုံးထဲတွင် အားကောင်းသော မနှစ်သက်မှုတစ်ခုကို ခံစားရနိုင်ပြီး၊ "ဤအရာကို နေ့စဉ် ပြောဆိုသည်- သူ၏ စမ်းသပ်မှု၊ သူ၏ တရားစီရင်ခြင်း၊ မည်သည့်အချိန်တွင် အဆုံးသတ် မည်နည်း။ ကောင်းမွန်သော ခရီးပန်းတိုင်ကို မည်သည့် အချိန်တွင် ငါတို့ ရရှိမည်နည်း" ဟု တွေးကြသည်။ မလျော်ကန်သော ဤဒေါသသည် အဘယ်နေရာမှ လာသည်ကို မသိရပေ။ ဤသည်မှာ မည်သည့် သဘာဝ ဖြစ်သနည်း။ (ဆိုးယုတ်သည့် သဘာဝဖြစ်ပါသည်။) စာတန်၏ ဆိုးယုတ်သည့် သဘာဝက ယင်းကို ညွှန်ကြားပေးပြီး လမ်းပြသည်။ ဘုရားသခင်၏ ရှုထောင့်မှ၊

စာတန်၏ ဆိုးယုတ်သည့် သဘာဝ၊ ပြီးလျှင် လူသား၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားနှင့်စပ်လျဉ်း၍ ဘုရားသခင်သည် လူများနှင့် မည်သည့်အခါမျှ မငြင်းခုန် သို့မဟုတ် အာဃာတမထားသကဲ့သို့၊ လူများက မိုက်မဲစွာ ပြုမူသည့်အခါ သူသည် မည်သည့်အခါမျှ ရေးကြီးခွင်ကျယ် လုပ်လေ့မရှိပေ။ လူသားနှင့်ပတ်သက်၍ အမှုအရာများ ပေါ်တွင် ဘုရားသခင်သည် အလားတူ အမြင်မျိုးများ ကိုင်စွဲထားသည်ကို သင် မည်သည့်အခါတွင်မျှ တွေ့ရ လိမ့်မည်မဟုတ်သည့်အပြင် ကိစ္စရပ်များကို ကိုင်တွယ်ရန် လူသားမျိုးနွယ်၏ ရှုထောင့်အမြင်များ၊ အသိပညာ၊ သိပ္ပံပညာ၊ အတွေးအခေါ် သို့မဟုတ် စိတ်ကူးများကို သူအသုံးပြုသည်ကို တွေ့ရလိမ့်မည်မဟုတ်။ ယင်းထက် ဘုရားသခင် လုပ်ဆောင်သမျှတိုင်းနှင့် သူထုတ်ဖော် ပြသမျှတိုင်းသည် သမ္မာတရားနှင့် ဆက်စပ် နေသည်။ ဆိုလိုသည်မှာ၊ သူပြောခဲ့သော နှုတ်ကပတ်တော်တိုင်းနှင့် သူလုပ်ဆောင်ခဲ့သော လုပ်ဆောင်ချက်တိုင်းသည် သမ္မာတရားနှင့် စပ်ဆိုင်သည်။ ဤသမ္မာတရားသည် အခြေအမြစ်မရှိသော စိတ်ကူးအချို့၏ ရလဒ်မဟုတ်ပေ။ ဤသမ္မာတရားနှင့် ဤနှုတ်ကပတ်တော်များကို ဘုရားသခင်က သူ၏ အနှစ်သာရနှင့် သူ၏ အသက်တို့ကို အကြောင်းပြု၍ ဖော်ပြထားခြင်းဖြစ်သည်။ ဤနှုတ်ကပတ်တော်များနှင့် ဘုရားသခင် လုပ်ဆောင်ခဲ့သမျှ အရာခပ်သိမ်း၏ အနှစ်သာရသည် သမ္မာတရား ဖြစ်သောကြောင့်၊ ဘုရားသခင်၏ အနှစ်သာရသည် သန့်ရှင်းသည်ဟု ငါတို့ပြောနိုင်သည်။ တစ်နည်းအားဖြင့် ဆိုသော်၊ ဘုရားသခင် ပြောဆို၊ လုပ်ဆောင်သမျှ အရာခပ်သိမ်းတို့သည် လူတို့ထံ အသက်ပါခြင်းနှင့် အလင်းကို ယူဆောင်လာပေးသည်၊ လူတို့ကို အပြုသဘောဆောင်သော အရာများနှင့် ထိုအပြုသဘောဆောင်သော အရာများ၏ စစ်မှန်မှုကို မြင်ခွင့်ပေးပြီး ၎င်းတို့အနေဖြင့် မှန်ကန်သော လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ဖို့အလို့ငှာ လူသားမျိုးနွယ်အတွက် လမ်းညွှန်ပေးသည်။ ဤအရာအားလုံးကို ဘုရားသခင်၏ အနှစ်သာရနှင့် သူ၏ သန့်ရှင်းခြင်းနှင့်ဆိုင်သော အနှစ်သာရတို့က သတ်မှတ် ထားခြင်းဖြစ်သည်။ ယခု ဤအရာကို သင်တို့ တွေ့မြင်ကြပြီ မဟုတ်လော။ ယခု၊ သမ္မာကျမ်းစာမှ နောက်ထပ် ဆက်လက် ဖတ်ရှုကြပါစို့။

ရှင်မဿဲ ၄:၈-၁၁ တဖန်မာရ်နတ်သည် ယေရှုကို အလွန်မြင့်လှစွာသော တောင်ပေါ်သို့ ဆောင်သွား၍၊ ဤလောက၌ ရှိသမျှသော တိုင်းနိုင်ငံတို့ကိုငင်း၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုငင်း ပြညွှန်၍၊ ကိုယ်တော်သည် ငါ့ကို ညွတ်ပြပ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်ဟုဆိုလေ၏။ ယေရှုကလည်း အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်ရမည်၊

ထိုဘုရားသခင်ကိုသာ အစေခံရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏။ ထိုအခါ မာရ်နတ်သည် အထံတော်မှထွက်သွား၍ ကောင်းကင်တမန်တို့သည် ချဉ်းကပ်လျက် လုပ်ကျွေးကြ၏။

စာတန် မာရ်နတ်သည် ၎င်း၏ ယခင်နှစ်ကြိမ် လှည့်ဖြားခြင်းများ မအောင်မြင်သောကြောင့် နောက်တစ်ကြိမ် ထပ်ကြိုးစားခဲ့သေးသည်။ ၎င်းက ကမ္ဘာပေါ် ရှိ တိုင်းနိုင်ငံများ အားလုံးနှင့် ထိုတိုင်းနိုင်ငံတို့၏ ကြွယ်ဝချမ်းသာမှုကို သခင်ယေရှုအားပြပြီး ၎င်းကို ကိုးကွယ်ခိုင်းသည်။ ဤအခြေအနေမှ မာရ်နတ်၏ အင်္ဂါရပ်အစစ်အမှန်များ နှင့်ပတ်သက်၍ မည်သည့်အရာကို သင်မြင်ရသနည်း။ စာတန်မာရ်နတ်သည် လုံးဝ အရှက်မဲ့သည် မဟုတ်လော။ (ဟုတ်ပါသည်။) ၎င်းသည် အဘယ်သို့ အရှက်မဲ့သနည်း။ အရာခပ်သိမ်းကို ဘုရားသခင်က ဖန်ဆင်းခဲ့သည့်တိုင် စာတန်က ပြောင်းပြန်လှည့်ပြီး၊ “ဤတိုင်းနိုင်ငံ အားလုံးတို့၏ ဘုန်းစည်းစိမ်တို့ကို ကြည့်ပါ၊ ကိုယ်တော်သည် ငါ့ကိုညွတ်ပြပ် ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်။” ဟု ပြောရင်း ဘုရားသခင်ကို အရာခပ်သိမ်း ပြသခဲ့သည်။ ဤသည်မှာ အခန်းကဏ္ဍ လုံးဝ ပြောင်းပြန်ဖြစ်နေခြင်း မဟုတ်လော။ စာတန်သည် အရှက်မဲ့သည် မဟုတ်လော။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်၊ သို့သော် သူ၏ ပျော်ရွှင်မှုအတွက် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သလော။ သူသည် အရာခပ်သိမ်းကို လူသားမျိုးနွယ်အား ပေးခဲ့သည်၊ သို့သော် စာတန်သည် ထိုအရာအားလုံးကို သိမ်းပိုက်လိုခဲ့ပြီး၊ ထိုအရာအားလုံးကို သိမ်းပိုက်ထားပြီးနောက်၊ ဘုရားသခင်ကို၊ “ငါ့ကို ကိုးကွယ်လော့။ ငါ့ကို ကိုးကွယ်ပါက ဤအရာအားလုံးကို သင့်အား ငါပေးမည်။” ဟု ပြောခဲ့လေသည်။ ဤသည်မှာ စာတန်၏ အကျည်းတန်သော သွင်ပြင်ဖြစ်သည်။ ၎င်းသည် လုံးဝ အရှက်ကင်းမဲ့သည် မဟုတ်လော။ စာတန်သည် “အရှက်” ဟူသော စကား၏ အဓိပ္ပာယ်ကိုပင် မသိပေ။ ဤသည်မှာ ၎င်း၏ ဆိုးယုတ်ခြင်းနှင့်ဆိုင်သော နောက်ထပ် နမူနာဖြစ်သည်။ ၎င်းသည် အရှက်ဟူသည့်အရာကိုပင် မသိပေ။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီး အရာခပ်သိမ်းအပေါ် စီမံခန့်ခွဲကာ အုပ်စိုးသည်ကို စာတန်က ရှင်းရှင်းလင်းလင်း သိ၏။ အရာခပ်သိမ်းသည် လူသားနှင့် သက်ဆိုင်ခြင်းမရှိသကဲ့သို့ စာတန်နှင့် သာ၍မသက်ဆိုင်ဘဲ ဘုရားသခင်နှင့် သက်ဆိုင် ပေသည်၊ သို့သော် စာတန်မာရ်နတ်သည် အရာခပ်သိမ်းကို ဘုရားသခင်အား ပေးမည်ဟု အရှက်မရှိ ပြောခဲ့၏။ ဤသည်မှာ စာတန်က အဓိပ္ပာယ်ကင်းမဲ့ပြီး အရှက်မဲ့စွာ နောက်တစ်ဖန် လုပ်ဆောင်ခြင်းနှင့်ဆိုင်သော နောက်ထပ် ဥပမာတစ်ခု ဖြစ်သည် မဟုတ်လော။ ဤအရာက ဘုရားသခင်အား စာတန်ကို သာ၍ မုန်းတီးဖို့ ဖြစ်စေသည်၊ မဟုတ်လော။ သို့သော် စာတန်သည် မည်သည့်အရာကို ကြိုးစားသည်ဖြစ်စေ သခင်ယေရှုသည်

လှည့်စားခံခဲ့ရသလော။ သခင်ယေရှုက မည်သည့်အရာ ပြောခဲ့သနည်း။ (“သင်၏ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်ရမည်၊ ထိုဘုရားသခင်ကိုသာ အစေခံရမည်။”) ဤနှုတ်ကပတ်တော်များတွင် လက်တွေ့ကျသော အဓိပ္ပာယ် ရှိသလော။ (ရှိပါသည်။) မည်သည့် လက်တွေ့ကျသော အဓိပ္ပာယ်မျိုးနည်း။ စာတန်၏ပြောဆိုချက်တွင် ၎င်း၏ ဆိုးယုတ်မှုနှင့် အရှက်ကင်းမဲ့မှုကို ငါတို့တွေ့ရသည်။ ထို့ကြောင့် လူသားသည် စာတန်ကို ကိုးကွယ်လျှင် ရလဒ်မှာ အဘယ်အရာဖြစ်မည်နည်း။ သူတို့သည် တိုင်းနိုင်ငံများအားလုံး၏ ကြွယ်ဝချမ်းသာခြင်းနှင့် ဘုန်းစည်းစိမ်တို့ကို ရရှိမည်လော။ (ရရှိမည် မဟုတ်ပါ။) သူတို့ မည်သည့်အရာ ရကြမည်နည်း။ လူသားမျိုးနွယ်သည် စာတန်ကဲ့သို့ အရှက်မဲ့ကာ လှောင်ပြောင်ဖွယ်ဖြစ်လာလိမ့်မည် မဟုတ်လော။ (ဟုတ်ပါသည်။) ထိုအခါ ၎င်းတို့သည် စာတန်နှင့် မခြားနားဘဲ ဖြစ်လိမ့်မည်။ ထို့ကြောင့် သခင်ယေရှုသည် လူသားတစ်ဦးချင်းစီတိုင်းအတွက် အရေးကြီးသော ဤနှုတ်ကပတ်တော်များကို ပြောခဲ့ခြင်းဖြစ်သည်- “သင်၏ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်ရမည်၊ ထိုဘုရားသခင်ကိုသာ အစေခံရမည်။” ဆိုလိုသည်မှာ သခင့်အတွက်မှ လွဲ၍၊ ဘုရားသခင်ကိုယ်တော်တိုင်အတွက်မှလွဲ၍ အခြားသူကို သင်အစေခံလျှင်၊ စာတန်မာရ်နတ်ကို သင်ကိုးကွယ်လျှင်၊ သင်သည် စာတန်နည်းတူ အညစ်အကြေးတွင် လူးလိမ့်ပျော်မြူးနေခြင်းဖြစ်မည်။ ထိုအခါ သင်သည် စာတန်၏ အရှက်မဲ့ခြင်းနှင့် ၎င်း၏ ဆိုးယုတ်ခြင်းတို့ကို ဝေမျှခံစားလိမ့်မည် ဖြစ်ပြီး၊ စာတန်ကဲ့သို့ပင် သင်သည် ဘုရားသခင်ကို ဖြားယောင်း သွေးဆောင်ကာ တိုက်ခိုက်လိမ့်မည်။ ထိုအခါတွင် သင့်အတွက် နိဂုံးသည် မည်သည့်အရာ ဖြစ်မည်နည်း။ သင်သည် ဘုရားသခင်၏ စက်ဆုပ်ခြင်းကို ခံရမည်၊ ဘုရားသခင်၏ ရိုက်ချခြင်းကို ခံရမည်၊ ဘုရားသခင်၏ ဖျက်ဆီးခြင်းကို ခံရမည်။ စာတန်သည် သခင်ယေရှုကို အောင်မြင်ခြင်းမရှိဘဲ အကြိမ်ကြိမ် ဖြားယောင်း သွေးဆောင်ပြီးနောက်တွင် နောက်တစ်ကြိမ် ကြိုးစားခဲ့သလော။ စာတန်သည် နောက်တစ်ကြိမ် မကြိုးစားတော့ဘဲ ထွက်ခွာသွားခဲ့သည်။ ဤအရာက အဘယ်အရာကို သက်သေပြ သနည်း။ ယင်းမှာ စာတန်၏ ဆိုးယုတ်သောသဘာဝ၊ ၎င်း၏ မလိုတမာစိတ်၊ ရယ်ဖွယ်ကောင်းမှုနှင့် ယုတ္တိမရှိခြင်းတို့သည် ဘုရားသခင်ရှေ့မှောက်တွင် ဖော်ပြရန် မထိုက်တန်သည်ကို သက်သေပြသည်။ သခင်ယေရှုက စာတန်ကို ဝါကျသုံးကြောင်း ဖြင့်သာ အနိုင်ယူခဲ့သည်။ ထို့နောက်တွင် ၎င်းသည် အမြီးကုတ်၍ ၎င်း၏မျက်နှာပြရန် အလွန်ရှက်လျက် သုတ်သုတ်ပျာပျာ ပြေးထွက်သွားခဲ့ပြီး၊ သခင်ယေရှုကို နောက်တစ်ကြိမ် လုံးဝ ဖြားယောင်းသွေးဆောင်ခြင်း မပြုတော့ပေ။ သခင်ယေရှုသည် စာတန်၏ ဤသွေးဆောင်ဖြားယောင်းခြင်းကို အနိုင်ယူခဲ့ပြီး ဖြစ်သည့်အတွက်၊ သူသည် သူ

လုပ်ဆောင်ရမည့်အမှုနှင့် သူ၏ရှေ့မှောက်၌ ချခင်းထားသော အမှုကို ယခု အလွယ်တကူ ဆက်လုပ်ဆောင်နိုင်ခဲ့သည်။ ဤအခြေအနေတွင် သခင်ယေရှု ပြောဆို လုပ်ဆောင်ခဲ့သော အရာအားလုံးသည် မျက်မှောက်ခေတ် အဖို့ အသုံးပြုမည်ဆိုပါက လူတိုင်းအတွက် လက်တွေ့ကျသော အဓိပ္ပာယ် တစ်ခုတစ်လေ ရှိသလော။ (ရှိပါသည်။) မည်သို့သော လက်တွေ့အဓိပ္ပာယ် ဖြစ်သနည်း။ စာတန်ကို အနိုင်ယူခြင်းမှာ လုပ်ဆောင်ရန် လွယ်ကူသော အရာဖြစ်သလော။ စာတန်၏ ဆိုးယုတ်သော သဘာဝနှင့်သက်ဆိုင်သည့် ရှင်းလင်းသော သိနားလည်မှုကို လူတို့ ရှိရမည်လော။ စာတန်၏ သွေးဆောင်မှုများနှင့်ဆိုင်သော တိကျမှန်ကန်သည့် သိနားလည်မှုကို လူတို့ ရှိရမည်လော။ (ရှိရပါမည်။) သင် ကိုယ်တိုင်၏ အသက်တာတွင် စာတန်၏ သွေးဆောင်မှုကို တွေ့ကြုံသည့်အခါ၊ သင်သည် စာတန်၏ ဆိုးယုတ်သော သဘာဝကို ရိပ်စားမိနိုင်ပါက၊ ၎င်းကို အနိုင်ယူနိုင်မည် မဟုတ်လော။ အကယ်၍ စာတန်၏ ရယ်ဖွယ်ကောင်းမှုနှင့် ယုတ္တိမရှိမှုတို့ကို သင်သိရှိခဲ့ပါက သင်သည် စာတန်ဘက်တွင် ရပ်တည်ပြီး ဘုရားသခင်ကို တိုက်ခိုက်ဦးမည်လော။ အကယ်၍ စာတန်၏ မလိုမုန်းထားမှုနှင့် အရှက်မဲ့ခြင်းတို့သည် သင်မှတစ်ဆင့် မည်သို့ ဖော်ထုတ်ပြခံရသည်ကို သင်နားလည်ပါက- ဤအရာများကို ရှင်းလင်းစွာ သင် သတိပြုမိပြီး နားလည်ပါက- သင်သည် ဤနည်းဖြင့် ဘုရားသခင်ကို တိုက်ခိုက်၍ သွေးဆောင်ဦးမည်လော။ (သွေးဆောင်မည် မဟုတ်ပါ။) မည်သည့်အရာကို သင် လုပ်မည်နည်း။ (ကျွန်ုပ်တို့သည် စာတန်ကို ဆန့်ကျင်ပုန်ကန်ပြီး စွန့်ပစ်ပါမည်။) ယင်းမှာ လုပ်ဆောင်ရန် လွယ်ကူသော အရာတစ်ခုလော။ ယင်းသည် မလွယ်ကူပေ။ ဤအရာကို လုပ်ဆောင်ရန်၊ လူတို့အနေဖြင့် မကြာခဏ ဆုတောင်း ရမည်၊ ဘုရားသခင် ရှေ့မှောက်၌ မိမိတို့ကိုယ်ကိုယ် ထားရှိရမည် ဖြစ်ပြီး မိမိတို့ကိုယ်ကိုယ် ဆန်းစစ်ရမည်ဖြစ်သည်။ ပြီးလျှင် ၎င်းတို့သည် ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်း၊ သူ၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုတို့အား သူတို့ပေါ် ကျရောက် ခွင့်ပေးရမည်။ ဤနည်းလမ်းဖြင့်သာ လူတို့သည် စာတန်၏ လှည့်ဖြားခြင်းနှင့် ထိန်းချုပ်မှုမှ မိမိကိုယ်ကိုယ် တဖြည်းဖြည်း လွတ်မြောက်စေလိမ့်မည်။

ယခု၊ စာတန်ပြောခဲ့သည့် ဤစကားများအားလုံးကို ကြည့်ခြင်းဖြင့်၊ စာတန်၏အနှစ်သာရကို ဖန်တီးသည့်အရာများကို ငါတို့ အကျဉ်းချုပ်မည်ဖြစ်သည်။ ပထမဦးစွာ စာတန်၏ အနှစ်သာရသည် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် မတူ ကွဲပြားလျက်၊ ယေဘုယျအားဖြင့် ဆိုးယုတ်သည်ဟု ပြောနိုင်သည်။ စာတန်၏ အနှစ်သာရသည် ဆိုးယုတ်သည်ဟု ငါအဘယ်ကြောင့် ပြောသနည်း။ ဤမေးခွန်းကို ဖြေဖို့ရန်၊ လူတို့ကို စာတန် လုပ်ဆောင်သည့်အရာ၏ အကျိုးဆက်များကို ဆန်းစစ်ရမည်။ စာတန်သည် လူကို

ဖောက်ပြန်ပျက်စီးစေပြီး ထိန်းချုပ်သည်၊ ပြီးလျှင် လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားအောက်တွင် ပြုမူပြီး၊ စာတန်က ဖျက်ဆီးထားသော လူတို့၏ လောကတစ်ခုတွင် အသက်ရှင်လေသည်။ လူသားမျိုးနွယ်သည် အမှတ်တမဲ့ စာတန်၏ ပိုင်ဆိုင်မှုနှင့် သိမ်းသွင်းခြင်းကို ခံကြရသည်။ ထို့ကြောင့် လူသားတွင် စာတန်၏ သဘာဝဖြစ်သော သူ၏ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားရှိသည်။ စာတန် ပြောဆို၊ လုပ်ဆောင်ခဲ့သမျှတိုင်းမှ၊ ၎င်း၏မာနထောင်လွှားမှုကို သင်မြင်ပြီလော။ ၎င်း၏ လှည့်ဖြားမှုနှင့် မလိုမုန်းထားမှုတို့ကို မြင်ပြီလော။ စာတန်၏မာနထောင်လွှားမှုကို အဓိကအားဖြင့် မည်သို့ ပြသထားသနည်း။ စာတန်သည် ဘုရားသခင်၏နေရာကို အစဉ်အမြဲ ယူလိုသော ဆန္ဒသိုထားသလော။ လူတို့အနေဖြင့် စာတန်နောက်လိုက်ပြီး၊ သူ့ကို ပံ့ပိုးကာ ကိုးကွယ်ဖို့ရန်အလို့ငှာ၊ စာတန်သည် ဘုရားသခင်၏ အမှုနှင့် ဘုရားသခင်၏နေရာကို ဖျက်ဆီးပြီး မိမိကိုယ်ကိုယ်အတွက် ရယူလိုသည်။ ဤသည်မှာ စာတန်၏ မာနထောင်လွှားသော သဘာဝဖြစ်သည်။ စာတန်က လူတို့ကို ဖောက်ပြန်ပျက်စီးစေသည့်အခါ ၎င်းတို့ လုပ်သင့်သည့် အရာကို တိုက်ရိုက်ပြောသလော။ ဘုရားသခင်ကို စာတန် သွေးဆောင်သောအခါ ၎င်းသည် ထွက်လာပြီး "ငါသည် သင့်ကို သွေးဆောင်နေသည်၊ သင့်ကို ငါတိုက်ခိုက်မည်" ဟု ပြောသလော။ လုံးဝမပြောပေ။ သို့ဖြစ်ရာ စာတန်က မည်သည့်နည်းလမ်းကို သုံးသနည်း။ ၎င်းသည် ဖြားယောင်း၏၊ သွေးဆောင်၏၊ တိုက်ခိုက်ပြီး၊ ထောင်ချောက်ဆင်၏။ သမ္မာကျမ်းစာများမှပင် ကိုးကားလေ၏။ စာတန်သည် ၎င်း၏ အန္တရာယ်ပေးနိုင်သော ရည်ရွယ်ချက်များနှင့် အကြံများ ပြည့်စုံရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ပြောဆိုပြုမူသည်။ ဤအရာကို စာတန်က လုပ်ဆောင်ပြီးသည့်အခါ၊ လူသားတွင် ပြသထားသည့်အရာမှ မည်သည့်အရာကို မြင်ရသနည်း။ လူတို့သည်လည်း မာနထောင်လွှားလာကြသည် မဟုတ်လော။ လူသားသည် စာတန်၏ ဖောက်ပြန်ဖျက်ဆီးခြင်းမှ နှစ်ထောင်ပေါင်းများစွာ ဒုက္ခခံစားရပြီးဖြစ်၏၊ ထို့ကြောင့် လူသားသည် မာနထောင်လွှား လာသည်၊ လှည့်ဖြားတတ်လာသည်၊ မလိုမုန်းထားစိတ် ရှိလာသည်၊ အလွန်အမင်း မိုက်မဲလာသည်။ ဤအရာများ အားလုံးသည် စာတန်၏သဘာဝကြောင့် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ စာတန်၏သဘာဝသည် ဆိုးယုတ်သည့်အတွက်၊ ဤဆိုးယုတ်သောသဘာဝကို လူသားအားပေးပြီးဖြစ်ကာ ဤဆိုးယုတ်သည့် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို လူသားထံ ယူဆောင်ပြီးဖြစ်သည်။ ထို့ကြောင့်၊ လူသားသည် ဖောက်ပြန်ပျက်စီးသော စာတန်ဆန်သည့် စိတ်သဘောထား အောက်တွင် အသက်ရှင်ပြီး စာတန်ကဲ့သို့ ဘုရားသခင်ကို အာခံသည်၊ တိုက်ခိုက်ပြီး စုံစမ်းသွေးဆောင်သည်မှာ ဘုရားသခင်ကို လူသားက

မကိုးကွယ်နိုင်သကဲ့သို့ သူ့ကို ကြောက်ရွံ့သည့် စိတ်နှလုံး မရှိတော့သည်အထိ ဖြစ်သည်။

ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် စပ်လျဉ်း၍၊ ရင်းနှီးသော ခေါင်းစဉ်တစ်ခုဖြစ်နိုင်သော်လည်း ဆွေးနွေးပြောဆိုသည့်အခါ အချို့ လူတို့အတွက် စိတ်ကူးသက်သက် အနည်းငယ် ဖြစ်ကောင်းဖြစ်လာနိုင်ပြီး အနည်းငယ် နက်နဲကာ ၎င်းတို့ အလှမ်းဝေးကောင်းဝေးနေနိုင်သည်။ သို့ရာတွင် စိုးရိမ်ပူပန်စရာမလိုပေ။ ဘုရားသခင်၏ သန့်ရှင်းခြင်းမှာ အဘယ်အရာဖြစ်သည်ကို သင်တို့နားလည်စေရန် ငါကူညီမည်။ လူတစ်ဦးသည် မည်သို့သော လူအမျိုးအစား ဖြစ်ကြောင်း နားလည်ဖို့ရန်၊ ၎င်းတို့ လုပ်ဆောင်သည့်အရာနှင့် ၎င်းတို့ လုပ်ရပ်များ၏ ရလဒ်တို့ကို ကြည့်လော့၊ ထို့နောက် ထိုလူ၏ အနှစ်သာရကို သင်မြင်နိုင်လိမ့်မည် ဖြစ်သည်။ ဤနည်းအတိုင်း ဆို၍ရနိုင်ပါသလော။ (ဆိုနိုင်ပါသည်။)

ထိုသို့ဖြစ်လျှင် ပထမဦးစွာ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ပတ်သက်၍ ဤရှုထောင့်မှ မိတ်သဟာယပြုကြစို့။ စာတန်၏ အနှစ်သာရသည် ဆိုးယုတ်သည်၊ ထို့ကြောင့် စာတန်၏ လူသားအပေါ် လုပ်ဆောင်ချက်များသည် ၎င်းတို့ကို မရပ်မနား ဖောက်ပြန်ပျက်စီးစေရန် ဖြစ်သည်။ စာတန်သည် ဆိုးယုတ်သည်၊ ထို့ကြောင့် ၎င်းဖျက်ဆီးထားသော လူများသည်လည်း ဧကန်မုချ ဆိုးယုတ်၏၊ ဟုတ်ပါသလော။ “စာတန်က ဆိုးယုတ်သော်လည်း ၎င်းဖျက်ဆီးထားသော တစ်စုံတစ်ယောက်သည် သန့်ရှင်းကောင်း သန့်ရှင်းလိမ့်မည်” ဟု တစ်ဦးတစ်လေက ပြောမည်လော။ ယင်းသည် ရယ်စရာတစ်ခု ဖြစ်လိမ့်မည်၊ မဟုတ်လော။ ထိုသို့သောအရာသည် ဖြစ်နိုင်မည်လော။ (မဖြစ်နိုင်ပါ။) စာတန်သည် ဆိုးယုတ်သည်၊ ၎င်းတွင် ဆိုးယုတ်မှုတွင် ပဓာနကျသည့်အရာတစ်ခုနှင့် လက်တွေ့ကျသည့်ဖက် နှစ်ခုလုံးရှိသည်။ ဤသည်မှာ အချည်းနှီး စကားမျှသာ မဟုတ်။ ငါတို့သည် စာတန်ကို သွားပုပ်လေလွင့် ပြောဆိုရန် ကြိုးပမ်းနေခြင်း မဟုတ်ပေ။ ငါတို့သည် သမ္မာတရားနှင့် လက်တွေ့အရှိတရားအကြောင်းကို မိတ်သဟာယ ပြုနေခြင်းသာ ဖြစ်သည်။ ဤအကြောင်းအရာ၏ လက်တွေ့အရှိတရားအပေါ် မိတ်သဟာယပြုခြင်းသည် လူအချို့ သို့မဟုတ် အချို့သော လူအုပ်စုများကို ထိခိုက်ကောင်း ထိခိုက်မိလိမ့်မည်၊ သို့ရာတွင် မလိုမုန်းထားသော ရည်ရွယ်ချက်မရှိပေ။ သင်တို့သည် ယနေ့တွင် ဤအရာကို ကြားကြရပြီး အနည်းငယ် မသက်မသာ ဖြစ်နိုင်ကောင်းဖြစ်နိုင်သည်၊ သို့သော် မကြာမီ တစ်နေ့နေ့တွင် ထိုအရာကို သင်တို့ အသိအမှတ် ပြုလာနိုင်သောအခါ သင်တို့သည် မိမိတို့ကိုယ်ကိုယ် စက်ဆုပ်ရွံရှာကြလိမ့်မည်ဖြစ်ပြီး ယနေ့ ငါတို့ပြောဆိုသည့်အရာသည် သင်တို့အဖို့ အလွန်အသုံးဝင်ပြီး အလွန်တန်ဖိုးရှိသည်ဟု သင်တို့ခံစား ကြရလိမ့်မည်။ စာတန်၏

အနှစ်သာရသည် ဆိုးယုတ်သည်။ ထို့ကြောင့် စာတန် လုပ်ရပ်များ၏ အကျိုးဆက်များသည် မလွဲကေန် ဆိုးယုတ်သည် သို့မဟုတ် အနည်းဆုံးအနေဖြင့် ဆိုးယုတ်မှုနှင့် ဆက်နွှယ်သည်ဟု ငါတို့ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) သို့ဖြစ်လျှင် စာတန်သည် လူကို မည်သို့ဖောက်ပြန်ပျက်စီးစေသနည်း။ လောကထဲနှင့် လူသားမျိုးနွယ်များကြား စာတန် လုပ်ဆောင်သည့် ဆိုးယုတ်မှုထဲမှ၊ မည်သည့် တိကျသော ရှုထောင့်များသည် လူတို့အဖို့ မြင်သာပြီး သတိထားမိ လောက်စရာ ဖြစ်သနည်း။ ဤအရာကို သင်တို့ ယခင်က စဉ်းစားဖူးသလော။ သင်တို့သည် ထိုကိစ္စကို သိပ်ထည့်စဉ်းစားကောင်း စဉ်းစားမည်မဟုတ်၊ ထို့ကြောင့် အဓိကကျသော အချက်အချို့ကို ငါတင်ပြပါရစေ။ စာတန်အဆိုပြုသည့် ဆင့်ကဲဖြစ်စဉ်သီအိုရီကို လူတိုင်း သိကြသည်၊ ဟုတ်ပါ၏လော။ ဤသည်မှာ လူက လေ့လာသင်ကြားသည့် အသိပညာနယ်ပယ်တစ်ခု ဖြစ်သည်၊ မဟုတ်လော။ (ဟုတ်ပါသည်။) သို့ဖြစ်ရာ၊ စာတန်သည် ပထမဦးစွာ လူကို ဖောက်ပြန်ပျက်စီးစေဖို့ အသိပညာကို အသုံးပြုပြီး ၎င်းတို့အား အသိပညာ ပေးဖို့ရန် မိမိကိုယ်တိုင်၏ ဆိုးယုတ်သော နည်းလမ်းများကို အသုံးပြုလေသည်။ ထို့နောက် ၎င်းသည် အသိပညာ၊ သိပ္ပံနှင့် နက်နဲသော အရာများ သို့မဟုတ် လူအများ လေ့လာစူးစမ်းလိုစိတ်ရှိသော ကိစ္စရပ်များတွင် သူတို့၏ စိတ်ဝင်စားမှုကို နှိုးဆွပေးရင်း လူကို ဖောက်ပြန်ပျက်စီးစေဖို့ သိပ္ပံပညာကို အသုံးပြုလေသည်။ လူကို ဖျက်ဆီးရန် စာတန် နောက်ထပ်သုံးသော အရာများမှာ ရိုးရာယဉ်ကျေးမှုနှင့် အယူသီးခြင်းတို့ဖြစ်ပြီး ယင်းနောက်တွင် လူမှုရေး ရေပန်းစားမှုများ ဖြစ်သည်။ ဤအရာများအားလုံးသည် လူတို့အနေဖြင့် ၎င်းတို့၏ နေ့စဉ် အသက်တာများတွင် ကြုံရသည့် အရာများဖြစ်ပြီး အားလုံးသည် လူတို့နှင့် ကပ်လျက် တည်ရှိကြလေသည်။ ထိုအရာများအားလုံးသည် ၎င်းတို့ မြင်သောအရာ၊ ၎င်းတို့ကြားသောအရာ၊ ၎င်းတို့ ထိတွေ့သောအရာနှင့် ၎င်းတို့ တွေ့ကြုံသော အရာများနှင့် ဆက်နွှယ်နေသည်။ လူသားအယောက်စီတိုင်းသည် ၎င်းတို့ ဖြစ်ချင်လျှင်ပင် ထိုအရာများမှ မိမိကိုယ်ကိုယ် မလွတ်မြောက်နိုင် သို့မဟုတ် မလွတ်ကင်းစေနိုင်ဘဲ ၎င်းတို့၏ အသက်တာများကို ဤအရာများ ဝန်းရံလျက် အသက်ရှင်ကြလေသည်။ ဤအရာများနှင့် ရင်ဆိုင်ရာတွင်၊ လူသားမျိုးနွယ်သည် အကူအညီမဲ့ပြီး၊ လူသား လုပ်နိုင်သမျှမှာ အလွှမ်းမိုးခံရဖို့၊ ကူးစက်ခံရဖို့၊ ထိန်းချုပ်ခံရဖို့နှင့် ထိုအရာများဖြင့် ချုပ်နှောင် ခံရဖို့သာ ဖြစ်သည်။ လူသားသည် ထိုအရာများမှ မိမိကိုယ်ကိုယ် လွတ်မြောက်စေဖို့ အစွမ်းတန်ခိုး ကင်းမဲ့လေသည်။

**၁။ လူသားကို ဖောက်ပြန်ပျက်စီးစေရန် စာတန်က အသိပညာကို အသုံးပြုပုံ**

ပထမဦးစွာ၊ အသိပညာအကြောင်း ငါတို့ပြောကြမည်။ အသိပညာသည် အပြုသဘောဆောင်သော အရာတစ်ခုအဖြစ် အယောက်တိုင်း စဉ်းစားသည့်အရာတစ်ခု ဖြစ်သလော။ အနည်းဆုံးအနေဖြင့် လူများသည် "အသိပညာ" ဟူသော စကားလုံး၏ ဂယက်အနက်သည် အပျက်သဘောထက် အပြုသဘောဖြစ်သည်ဟု လူတို့ ထင်ကြသည်။ သို့ဆိုလျှင် စာတန်က လူကို ဖောက်ပြန်ပျက်စီးစေဖို့ အသိပညာကို အသုံးပြုသည်ဟု ဤနေရာတွင် ငါတို့ အဘယ်ကြောင့် ဖော်ပြနေကြသနည်း။ ဆင့်ကဲဖြစ်စဉ်သီအိုရီသည် အသိပညာ၏ ရှုထောင့်တစ်ခု မဟုတ်လော။ နယူတန်၏ သိပ္ပံပညာဆိုင်ရာ ဥပဒေသများသည် အသိပညာ၏ အစိတ်အပိုင်းဖြစ်သည် မဟုတ်လော။ ကမ္ဘာကြီး၏ ဆွဲငင်အားသည်လည်း အသိပညာ၏ အစိတ်အပိုင်းဖြစ်သည်၊ မဟုတ်လော။ (ဟုတ်ပါသည်။) သို့ဖြစ်လျှင် လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေရန် စာတန်အသုံးပြုသော အရာများအကြားတွင် အသိပညာကို အဘယ်ကြောင့် စာရင်းပြုထားသနည်း။ ဤအရာအပေါ် သင်၏ အမြင်မှာ အဘယ်နည်း။ အသိပညာတွင် သမ္မာတရား အနည်းငယ်မျှပင် ရှိပါသလော။ (မရှိပါ။) သို့ဆိုလျှင် အသိပညာ၏ အနှစ်သာရက အဘယ်နည်း။ မည်သည့်အခြေခံအကြောင်းရင်း ပေါ်တွင် လူသား ဆည်းပူးသည့် အသိပညာအားလုံးကို လေ့လာသင်ယူရသနည်း။ ဆင့်ကဲဖြစ်စဉ် သီအိုရီပေါ်တွင် အခြေခံသလော။ စူးစမ်းရှာဖွေခြင်းနှင့် ပေါင်းရုံးဖော်ပြချက်တို့ မှတစ်ဆင့် လူက ရရှိထားသည့် အသိပညာမှာ ဘုရားမဲ့ဝါဒကို အခြေခံသည် မဟုတ်လော။ ဤအသိပညာ တစ်ခုတစ်လေသည် ဘုရားသခင်နှင့် ဆက်နွယ်မှု ရှိသလော။ ယင်းသည် ဘုရားသခင်ကို ကိုးကွယ်ခြင်းနှင့် ဆက်နွယ်သလော။ ယင်းသည် သမ္မာတရားနှင့် ဆက်နွယ် သလော။ (မဆက်နွယ်ပါ။) သို့ဆိုလျှင် စာတန်သည် လူကို ဖောက်ပြန်ပျက်စီးစေဖို့ အသိပညာကို မည်သို့ အသုံးပြုသနည်း။ ဤအသိပညာ၏ မည်သည့်အရာကမျှ ဘုရားသခင်ကို ကိုးကွယ်ခြင်း သို့မဟုတ် သမ္မာတရားနှင့် ဆက်နွယ်ခြင်းမရှိဟု ယခုပင် ငါပြောခဲ့သည်။ လူအချို့က ထိုအရာကို ဤကဲ့သို့ စဉ်းစားကြသည်- "အသိပညာသည် သမ္မာတရားနှင့် မည်သို့မျှ သက်ဆိုင်ခြင်းရှိကောင်းရှိလိမ့်မည် မဟုတ်သော်လည်း ယင်းသည် လူကိုမပျက်စီးစေသေးပါ။" ဤအရာအပေါ် သင်တို့၏ အမြင်မှာ အဘယ်နည်း။ လူတစ်ဦး၏ ပျော်ရွှင်မှုကို မိမိတို့၏ ကိုယ်ပိုင် လက်နှစ်ဖက်ဖြင့် ဖန်တီးရမည်ဟူသော အသိပညာကို သင့်အား သင်ပေးခဲ့သလော။ လူ၏ ကံကြမ္မာသည် သူ၏ကိုယ်ပိုင် လက်ထဲတွင် ရှိသည်ဟု အသိပညာက သင့်ကို သင်ပေး ခဲ့ဖူးသလော။ (သင်ပေးခဲ့ပါသည်။) ဤသည်မှာ မည်သို့သော ပြောဆိုမှုမျိုးဖြစ်သနည်း။ (အဓိပ္ပာယ်မရှိပါ။) လုံးဝမှန်သည်။ ယင်းသည် အဓိပ္ပာယ်မရှိ။ အသိပညာသည် ဆွေးနွေးရန် ရှုပ်ထွေးသည့် အကြောင်းအရာ ဖြစ်သည်။ သင့်အနေဖြင့် အသိပညာ နယ်ပယ်တစ်ခုသည်

အသိပညာထက် ဘာမျှမပိုဟု ရိုးရှင်းစွာ ဖော်ပြနိုင်သည်။ ယင်းမှာ ဘုရားသခင်ကို ကိုးကွယ်မှု မပြုခြင်းနှင့် ဘုရားသခင်က ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူသည်ကို နားမလည်ခြင်းပေါ် အခြေခံ၍ လေ့လာသင်ကြားရသည့် အသိပညာ၏ နယ်ပယ်တစ်ခုဖြစ်သည်။ လူတို့သည် ဤကဲ့သို့သော အသိပညာမျိုးကို လေ့လာသည့်အခါ ဘုရားသခင်သည် ခပ်သိမ်းသော အရာများအပေါ် အချုပ်အခြာ အာဏာရှိသည်ကို ၎င်းတို့မမြင်ကြချေ။ ခပ်သိမ်းသော အရာများကို ဘုရားသခင် ကွပ်ကဲအုပ်ချုပ်သည် သို့မဟုတ် စီမံခန့်ခွဲလျက်ရှိသည်ကို ၎င်းတို့မမြင်ကြချေ။ ယင်းအစား ၎င်းတို့ လုပ်ဆောင်သမျှမှာ အသိပညာ၏ ထိုနယ်ပယ်ကို မပြီးနိုင်မဆုံးနိုင် သုတေသနပြုကာ စူးစမ်းရှာဖွေပြီး အသိပညာပေါ်တွင် အခြေခံသော အဖြေများကို ရှာဖွေကြခြင်း ဖြစ်သည်။ သို့ရာတွင်၊ လူတို့သည် ဘုရားသခင်ကို မယုံကြည်ဘဲ ယင်းအစား သုတေသနကိုသာ လုပ်နေပါက ၎င်းတို့သည် မှန်ကန်သော အဖြေများကို မည်သည့်အခါမျှ ရှာတွေ့မည်မဟုတ်သည်မှာ မှန်ကန်သည် မဟုတ်လော။ အသိပညာက သင့်ကို ပေးနိုင်သမျှမှာ သင် ဆာလောင် မသွားဖို့ရန်အလို့ငှာ အသက်မွေးမှု၊ အလုပ်တစ်ခု၊ ဝင်ငွေတစ်ခုသာ ဖြစ်သည်။ သို့ရာတွင် ယင်းသည် သင့်ကို မည်သည့်အခါတွင်မျှ ဘုရားသခင်အား ကိုးကွယ်စေမည် မဟုတ်သကဲ့သို့ သင့်ကို မကောင်းမှုမှ ဝေးရာသို့ ဘယ်သောအခါမျှ ထိန်းသိမ်းပေးလိမ့်မည် မဟုတ်ပေ။ အသိပညာကို သင်ပိုမိုသင်ယူလေ၊ သင်သည် ဘုရားသခင်ကို ဆန့်ကျင် ပုန်ကန်ရန်၊ ဘုရားသခင်ကို လေ့လာမှုများပြုရန်၊ ဘုရားသခင်ကို စုံစမ်းသွေးဆောင်ရန်နှင့် ဘုရားသခင်ကို ဆန့်ကျင်ရန် ဆန္ဒပိုရှိလေ ဖြစ်လိမ့်မည်။ သို့ဖြစ်ရာ ယခုတွင် အသိပညာက လူတို့ကို မည်သည့်အရာ သင်ပေး နေသည်ကို ငါတို့မြင်သနည်း။ စာတန်၏အတွေးခေါ်သာ ဖြစ်သည်။ ဖောက်ပြန်ပျက်စီးသော လူများကြားတွင် စာတန် ပျံ့နှံ့စေသည့် ရှင်သန်ခြင်းနှင့်ဆိုင်သော အတွေးအခေါ်များနှင့် စည်းမျဉ်းများသည် သမ္မာတရား နှင့် ဆက်နွှယ်မှု တစ်ခုတစ်လေ ရှိသလော။ ထိုအရာတို့သည် သမ္မာတရားနှင့် မည်သို့မျှ မသက်ဆိုင်သကဲ့သို့၊ အမှန်တွင် သမ္မာတရား၏ ဆန့်ကျင်ဘက် ဖြစ်ကြသည်။ လူတို့က၊ “ဘဝသည် လှုပ်ရှားမှုဖြစ်၏” ဟူ၍ လည်းကောင်း၊ “လူသည် သံဖြစ်သည်၊ ထမင်းသည် သံမဏိ ဖြစ်သည်၊ အစာတစ်နပ် လွတ်ပါက လူသည် ငတ်မွတ်မှုကို ခံစားရသည်။” ဟူ၍ လည်းကောင်း မကြာခဏ ပြောကြသည်။ ဤဆိုရိုးစကားများမှာ အဘယ်နည်း။ ၎င်းတို့သည် ယုတ္တိအမှားများဖြစ်ကြပြီး၊ ၎င်းတို့ကို ကြားရခြင်းက စက်ဆုပ်ရွံရှာဖွယ် ခံစားချက်တစ်ခု ဖြစ်စေသည်။ လူသား၏ အသိပညာဟုဆိုသည့် အရာတွင်၊ စာတန်သည် ၎င်း၏ အသက်ရှင်မှုအတွက် အတွေးအခေါ်နှင့် ၎င်း၏ အတွေးကို အနည်းငယ် စိမ့်ဝင်စေသည်။ ဤအရာကို စာတန်က လုပ်သည် နှင့်အမျှ၊

လူသားအနေဖြင့် ဘုရားသခင်၏ တည်ရှိခြင်းကို ငြင်းပယ်နိုင်ဖို့ အရာခပ်သိမ်းနှင့် လူသား၏ ကံကြမ္မာအပေါ် ဘုရားသခင်၏ အုပ်စိုးခြင်းကို ငြင်းပယ်နိုင်ဖို့အလို့ငှာ စာတန်သည် ၎င်း၏ စဉ်းစားမှု၊ အတွေးအခေါ်နှင့် ရှုထောင့် အမြင်များကို လူအား ခံယူခွင့်ပေးလေသည်။ ထို့ကြောင့် လူ၏ လေ့လာသင်ယူမှုများ တိုးတက်လာပြီး သာ၍များသော အသိပညာကို သူရရှိသည်နှင့်အမျှ၊ ဘုရားသခင်၏ တည်ရှိမှုမှာ မှေးမှိန်လာသည်ဟု သူခံစားရပြီး ဘုရားသခင် တည်ရှိသည်ဟုပင် ခံစားကောင်း ခံစားရတော့မည်မဟုတ်ပေ။ စာတန်က ရှုထောင့်အမြင်များ၊ အယူအဆများနှင့် အတွေးများကို လူ၏စိတ်ထဲ ထည့်သွင်းထားသည်နှင့်အမျှ၊ လူသည် ဤဖြစ်စဉ်တွင် ဖောက်ပြန်ပျက်စီးသည် မဟုတ်လော။ (ပျက်စီးပါသည်။) လူသည် မိမိ၏အသက်တာကို ယခုတွင် မည်သည့်အရာပေါ်အခြေခံသနည်း။ သူသည် ယင်းအသိပညာ အပေါ် အခြေခံကာ အမှန်တကယ် အသက်ရှင်နေပါသလော။ အသက်မရှင်ပေ။ လူသည် သူ၏အသက်တာကို ဤအသိပညာ အတွင်းတွင် ကွယ်ဝှက်ထားသော စာတန်၏ အတွေးများ၊ အမြင်များနှင့် အတွေးအခေါ်များအပေါ် အခြေပြုနေပေသည်။ ဤသည်မှာ လူသားကို စာတန် ဖောက်ပြန်ပျက်စီးစေခြင်း၏ ပဓာနကျသော အစိတ်အပိုင်း ဖြစ်ပေါ်သည့်နေရာဖြစ်သည်။ ဤသည်မှာ စာတန်၏ ရည်မှန်းချက်ပန်းတိုင်နှင့် လူသားကို ဖောက်ပြန်ပျက်စီးစေခြင်းအတွက် ၎င်း၏နည်းလမ်း နှစ်ခုလုံး ဖြစ်သည်။

အသိပညာ၏ အပေါ်ယံအကျဆုံးသော သွင်ပြင်လက္ခဏာကို ဆွေးနွေးခြင်းဖြင့် ငါတို့ အစပြုမည်။ ဘာသာစကားများထဲက သဒ္ဒါနှင့် စကားလုံးများက လူတို့ကို ဖောက်ပြန်ပျက်စီး စေနိုင်သလော။ စကားလုံးများက လူတို့ကို ဖောက်ပြန်ပျက်စီး စေနိုင်သလော။ (မပျက်စီးစေနိုင်ပါ။) စကားလုံးများက လူကို မပျက်စီးစေပေ။ ယင်းတို့သည် လူများက စကားပြောဖို့ အသုံးပြုသည့် တန်ဆာပလာတစ်ခုဖြစ်သကဲ့သို့ ဘုရားသခင်နှင့် လူတို့ ဆက်သွယ်ရန် အသုံးပြုသည့် တန်ဆာပလာလည်း ဖြစ်သည်။ ဘာသာစကားနှင့် စကားလုံးများသည် ယခုအခါ ဘုရားသခင်က လူတို့နှင့် ဆက်သွယ်သောနည်းဖြစ်သည်ကို ပြောဖို့မလိုပေ။ ယင်းတို့သည် တန်ဆာပလာများဖြစ်ပြီး မရှိမဖြစ် လိုအပ်သည်။ တစ်နှင့်တစ်ပေါင်း နှစ်ဖြစ်ပြီး နှစ်အမြှောက်နှစ် ညီမျှခြင်း လေးဖြစ်သည်။ ဤသည်မှာ အသိပညာ မဟုတ်လော။ သို့သော် ဤအရာက သင့်ကို ဖောက်ပြန်ပျက်စီးစေနိုင်သလော။ ဤသည်မှာ သာမန်အသိ- သတ်မှတ်ထားသော ပုံစံတစ်ခု ဖြစ်ပြီး၊ ထို့ကြောင့် လူကို ဖောက်ပြန်မပျက်စီးစေနိုင်ပေ။ သို့ဖြစ်ရာ မည်သည့်အသိပညာအမျိုးအစားက လူကို ဖောက်ပြန်ပျက်စီး စေသနည်း။ ဖောက်ပြန်ပျက်စီးစေသော အသိပညာမှာ စာတန်၏ ရှုထောင့်အမြင်များနှင့် အတွေးများ ရောယှက်နေသော အသိပညာ ဖြစ်သည်။ စာတန်သည်

ဤရှုထောင့်အမြင်များနှင့် အတွေးများကို အသိပညာ ကြားခံမှတစ်ဆင့် လူသားမျိုးနွယ်ထဲသို့ စွဲမှတ်အောင် သွန်သင်ရန် ကြိုးစားသည်။ ဥပမာအားဖြင့်၊ ဆောင်းပါး တစ်ခုတွင်၊ ၎င်းတို့ကိုယ်၌ထဲက ရေးသားထားသော စကားလုံးများတွင် အမှားဘာမျှမရှိပေ။ ပြဿနာမှာ ဆောင်းပါး ရေးသားသည့်အချိန်၌ စာရေးသူ၏ ရှုထောင့်အမြင်များနှင့် ရည်ရွယ်ချက်အပြင်၊ ၎င်းတို့ အတွေးများ၏ အကြောင်းအရာပေါ် တည်လေသည်။ ဤအရာများသည် စိတ်ဝိညာဉ်နှင့် ဆိုင်သော အရာများဖြစ်ပြီး လူတို့ကို ဖောက်ပြန်ပျက်စီးစေနိုင်သည်။ ဥပမာအနေဖြင့်၊ သင်သည် ရုပ်မြင်သံကြား ဖျော်ဖြေမှု အစီအစဉ်တစ်ခုကို ကြည့်နေပါက၊ ယင်းအထဲက မည်သည့်အရာ အမျိုးအစားသည် သင်၏ အမြင်ကို ပြောင်းလဲစေနိုင်သနည်း။ သရုပ်ဆောင်များ ပြောသော စကားလုံးများကိုယ်၌က လူတို့ကို ဖောက်ပြန်ပျက်စီးစေနိုင်သလော။ (မပျက်စီးစေနိုင်ပါ။) မည်သို့သောအရာမျိုးများက လူတို့ကို ဖောက်ပြန်ပျက်စီး စေလိမ့်မည်နည်း။ ယင်းသည် ဒါရိုက်တာ၏ အမြင်များကို ကိုယ်စားပြုသည့် အစီအစဉ်၏ အဓိက စိတ်ကူးများနှင့် အကြောင်းအရာများဖြစ်ပေမည်။ ယင်းအမြင်များကို သယ်ဆောင် လာသော အချက်အလက်များသည် လူများ၏ စိတ်နှလုံးများနှင့် စိတ်ဓာတ်ကို ယိမ်းယိုင်စေနိုင်သည်။ ထိုသို့မဟုတ်လော။ လူများကို ဖျက်ဆီးရန် စာတန်က အသိပညာကို အသုံးပြုခြင်း အကြောင်း ငါ၏ဆွေးနွေးချက်ထဲ၌ အဘယ်အရာကို ငါရည်ညွှန်း နေကြောင်း ယခု သင်တို့သိကြပြီ။ သင်တို့ နားလည်မှု လွဲမည်မဟုတ်၊ မှန်၏လော။ ထို့ကြောင့် သင်သည် နောက်တစ်ခါ ဝတ္ထု သို့မဟုတ် ဆောင်းပါးတစ်ပုဒ် ဖတ်သည့်အခါ ရေးသားထားသည့် စကားများတွင် ဖော်ပြထားသော အတွေးများသည် လူသားမျိုးနွယ်ကို ဖောက်ပြန်ပျက်စီးစေခြင်း ရှိမရှိ သို့မဟုတ် လူသားမျိုးနွယ်ကို ဖြည့်ဆည်း ပေးခြင်း ရှိမရှိ ဆိုသည်ကို သင်သုံးသပ်နိုင်မည်လော။ (ကျွန်ုပ်တို့ အတိုင်းအတာ အနည်းငယ် လုပ်နိုင်ပါသည်။) ဤသည်မှာ တဖြည်းဖြည်းချင်း လေ့လာပြီး တွေ့ကြုံရမည့် တစ်စုံတစ်ရာမျိုးဖြစ်ပြီး ယင်းမှာ ချက်ချင်း အလွယ်တကူ နားလည်ရသည့် တစ်စုံတစ်ရာ မဟုတ်ပေ။ ဥပမာအားဖြင့်၊ အသိပညာ နယ်ပယ်တစ်ခုကို သုတေသန ပြုလုပ်ခြင်း သို့မဟုတ် လေ့လာခြင်း လုပ်သည့်အခါ ထိုအသိပညာ၏ အချို့သော အပြုသဘောဆောင်သော ရှုထောင့်များသည် ယင်းနယ်ပယ် အကြောင်းနှင့်ဆိုင်သည့် ယေဘုယျ အသိပညာကို သင် နားလည်စေရန် ကူညီကောင်း ကူညီနိုင်သော်လည်း၊ လူတို့သည် မည်သည့်အရာကို ရှောင်ရှားသင့်သည်ကိုလည်း သိစေနိုင်သည်။ ဥပမာအားဖြင့်၊ "လျှပ်စစ်" ကိုကြည့်ပါ- ဤသည်မှာ အသိပညာနယ်ပယ် တစ်ခုဖြစ်သည် မဟုတ်လော။ လျှပ်စစ်က လူကို ဓာတ်လိုက်ပြီး ထိခိုက်နိုင်သည်ကို သင်မသိခဲ့ပါက၊ သင်သည် အလွန်မသိ နားမလည်ဖြစ်လိမ့်မည် မဟုတ်လော။ သို့သော်

ဤအသိပညာ နယ်ပယ်ကို သင်နားလည်လာသည်နှင့်တစ်ပြိုင်နက်၊ လျှပ်စစ် ပစ္စည်းများကို ထိကိုင်ခြင်းနှင့်ပတ်သက်၍ သင်သည် သတိမမူဘဲ ဖြစ်လိမ့်မည်မဟုတ်သကဲ့သို့ လျှပ်စစ်ကို မည်သို့ အသုံးပြုရမည်ကို သိလိမ့်မည်။ ဤအရာများသည် နှစ်ခုစလုံး အပြုသဘောဆောင်သောအရာများ ဖြစ်သည်။ အသိပညာက လူတို့ကို ပျက်စီးစေပုံအရ၊ ငါတို့ ဆွေးနွေးနေခဲ့ပြီး ဖြစ်သည့်အရာနှင့်ပတ်သက်၍ သင်တို့ရှင်းလင်းသလော။ ကမ္ဘာပေါ်တွင် လေ့လာရသည့် အသိပညာ အမျိုးအစားများစွာရှိပြီး ၎င်းတို့ကို မိမိအတွက် ခွဲခြားသိဖို့ရန် သင့်အနေဖြင့် အချိန်ယူရမည်ဖြစ်သည်။

## ၂။ လူသားကို ဖောက်ပြန်ပျက်စီးစေရန် စာတန်က သိပ္ပံပညာကို အသုံးပြုပုံ

သိပ္ပံပညာဆိုသည်မှာ အဘယ်နည်း။ လူသား အယောက်စီတိုင်း၏ စိတ်ထဲတွင် သိပ္ပံပညာသည် သိက္ခာ မြင့်မြင့်မားမား စွဲကိုင်ထားပြီး နက်နဲ သိမ်မွေ့လှသည်ဟု ယူဆခံထားရသည် မဟုတ်လော။ သိပ္ပံပညာကို ဖော်ပြသည့်အခါ၊ "ဤသည်မှာ သာမန်လူများ နားမလည်နိုင်သည့် အရာဖြစ်သည်၊ သိပ္ပံဆိုင်ရာ သုတေသနပညာရှင်များ သို့မဟုတ် ကျွမ်းကျင်သူများ ကသာ မီနိုင်သည့် အကြောင်းအရာ တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ ကဲ့သို့သော သာမန်လူတို့နှင့် ဘာမျှသက်ဆိုင်ခြင်း မရှိပါ" ဟု လူတို့ မခံစားရသလော။ ယင်းသည် သာမန်လူတို့နှင့် ဆက်စပ်မှု တစ်ခုတစ်လေ ရှိပါသလော။ (ရှိပါသည်။) လူသားကို ဖောက်ပြန်ပျက်စီးစေရန် စာတန်က သိပ္ပံပညာကို မည်သို့ အသုံးပြုသနည်း။ ဤတွင် ကျွန်ုပ်တို့၏ ဆွေးနွေးချက်ထဲတွင်၊ မိမိတို့၏ကိုယ်ပိုင် အသက်တာများထဲ၌ လူတို့ မကြာခဏ ကြုံတွေ့ရသည့် အရာများအကြောင်းသာ ငါတို့ ဆွေးနွေးပြောဆို ကြမည်ဖြစ်ပြီး အခြားကိစ္စရပ်များကို လျစ်လျူရှုကြမည်ဖြစ်သည်။ "ဗီဇ" ဟူသည့် စကားလုံးတစ်လုံး ရှိ၏။ ယင်းကို သင်ကြား ဖူးပါသလော။ သင်တို့အားလုံးသည် ဤဝေါဟာရနှင့် အကျွမ်းတဝင် ရှိကြသည်၊ မဟုတ်လော။ မျိုးစေ့ဗီဇများကို သိပ္ပံပညာအားဖြင့် ရှာဖွေတွေ့ရှိခဲ့သည် မဟုတ်လော။ လူတို့အဖို့ ဗီဇများသည် အတိအကျ မည်သည့်အဓိပ္ပာယ်ရှိသနည်း။ ကိုယ်ခန္ဓာသည် လျှို့ဝှက်ဆန်းကျယ်သော အရာတစ်ခုဖြစ်သည်ဟု လူတို့ကို ခံစားစေသည် မဟုတ်လော။ လူတို့ကို ဤအကြောင်းအရာ အစပျိုး လိုက်သည့်အချိန်တွင်၊ အသေးစိတ်များကို ပိုသိလိုပြီး ပိုလိုချင်ကြမည့် အထူးသဖြင့် စူးစမ်းချင်စိတ်ပြင်းပြသည့် လူအချို့ ရှိကြမည်မဟုတ်လော။ ဤစူးစမ်းချင်စိတ် ပြင်းပြသည့် လူတို့သည် ဤအကြောင်းအရာအပေါ် မိမိတို့၏အင်အားကို ဇဟိုပြုထားလိမ့်မည်ဖြစ်ပြီး၊ လုပ်စရာ အခြားအရာများ မရှိသည့်အခါ ထိုအရာနှင့်ပတ်သက်၍ အသေးစိတ် ပိုမို လေ့လာသင်ယူဖို့ရန် စာအုပ်များထဲနှင့် အင်တာနက်ပေါ်တွင်

သတင်းအချက်အလက် ရှာဖွေကြလိမ့်မည်ဖြစ်သည်။ သိပ္ပံပညာ ဆိုသည်မှာ အဘယ်နည်း။ ရှင်းရှင်းပြောရလျှင်၊ သိပ္ပံပညာ ဆိုသည်မှာ လူသားက စူးစမ်းလိုစိတ် ပြင်းပြနေသည့် အတွေးများ နှင့် အရာဝတ္ထုများ၏ သဘောတရားများ၊ လူတို့ မသိရှိသည့်အရာနှင့် ဘုရားသခင်က ၎င်းတို့ကို ပြောပြမထားသည့် အရာများ ဖြစ်သည်။ သိပ္ပံပညာဆိုသည်မှာ လူသားက စူးစမ်းရှာဖွေလိုသည့် နက်နဲမှုများအကြောင်း အတွေးအခေါ်နှင့် သဘောတရားများ ဖြစ်သည်။ သိပ္ပံပညာ၏ နယ်ပယ်ကား အဘယ်နည်း။ ယင်းက တော်တော်ကျယ်ပြန့်သည်ဟု သင် ဆိုနိုင်သည်။ လူသားသည် မိမိ စိတ်ဝင်စားသောအရာတိုင်းကို သုတေသနပြုပြီး လေ့လာကြသည်။ သိပ္ပံပညာတွင် ဤအရာများ နှင့်ဆိုင်သော အသေးစိတ်အချက်များနှင့် ဥပဒေသများကို သုတေသနပြုခြင်း ပါဝင်ပြီးနောက်၊ လူတိုင်းကို “ဤသိပ္ပံပညာရှင်များသည် တကယ်ကို အံ့သြချီးမွမ်းဖွယ် ဖြစ်သည်။ ဤအရာများကို နားလည်လောက်သည့် များလှစွာသော အရာများကို ၎င်းတို့ သိရှိကြသည်။” ဟု စဉ်းစားစေဖို့ ဖြစ်စေသည့် ယုတ္တိရှိသော သဘောတရားများကို တင်ပြခြင်းတို့ ပါဝင်သည်။ ၎င်းတို့သည် သိပ္ပံပညာရှင်များကို အလွန် လေးစားကြည်ညိုမှု ရှိကြသည်၊ မဟုတ်လော။ သိပ္ပံပညာကို သုတေသနပြုကြသည့် လူတို့သည် မည်သည့် အမြင်မျိုးကို သင်စွဲကိုင်သနည်း။ ၎င်းတို့သည် စကြဝဠာကို သုတေသန ပြုချင်ကြသည် မဟုတ်လော၊ သူတို့စိတ်ဝင်စားသည့် နယ်ပယ်တွင်ရှိသော နက်နဲသည့်အရာများကို သုတေသန ပြုချင်ကြသည် မဟုတ်လော။ ဤအရာ၏ နောက်ဆုံးရလဒ်မှာ အဘယ်နည်း။ အချို့သော သိပ္ပံပညာရပ်များ၌၊ လူတို့သည် ထင်မြင်ချက်ဖြင့် ၎င်းတို့၏ ကောက်ချက်များချတတ်ကြပြီး အခြားအရာများ၌မူ လူတို့သည် ကောက်ချက်များချရန် လူသား၏ အတွေ့အကြုံအပေါ် အမှီပြု ကြသည်။ သို့တိုင် အခြားသိပ္ပံပညာနယ်ပယ်များ၌၊ လူတို့သည် သမိုင်းနှင့် နောက်ခံအကြောင်းတို့ လေ့လာခြင်းများအပေါ် အခြေခံ၍ ၎င်းတို့၏ ကောက်ချက်များ ချလာတတ်ကြသည်။ ဤသည်မှာ မှန်သည်မဟုတ်လော။ ထိုသို့လျှင် သိပ္ပံပညာက လူတို့အတွက် မည်သည့်အရာ လုပ်ဆောင် ပေးသနည်း။ သိပ္ပံပညာက လုပ်ဆောင်ပေးသည်မှာ ရုပ်ဝတ္ထုကမ္ဘာရှိ အရာဝတ္ထုများကို လူတို့အား မြင်ခွင့်ပေးခြင်းမျှသာဖြစ်ပြီး၊ လူတို့၏ စူးစမ်းလိုစိတ်ကို ကျေနပ်စေရုံမျှသာ ဖြစ်သည်၊ သို့သော် ထိုအရာက အရာခပ်သိမ်းကို ဘုရားသခင် အုပ်စိုးသည့် ဥပဒေသများကို လူတို့အားမသိစေနိုင်ပေ။ လူသည် သိပ္ပံပညာ ထဲတွင် အဖြေများကို ရှာတွေ့ပုံရသော်လည်း၊ ထိုအဖြေများသည် ပဟေဠိဆန်ပြီး လူသား၏စိတ်နှလုံးကို ရုပ်ဝတ္ထုကမ္ဘာတွင် အကျဉ်းကျစေရန်သာ ပြုသည့် ကျေနပ်မှုဖြစ်သော ယာယီ စိတ်ကျေနပ်မှုကိုသာ ယူဆောင်ပေးသည်။ သိပ္ပံပညာမှ အဖြေများ ရရှိပြီဟု လူက ခံစားရသည်၊

ထို့ကြောင့် မည်သည့် ပြဿနာ ပေါ်ပေါက်ပါစေ၊ ထိုပြဿနာကို သက်သေပြဖို့နှင့် လက်ခံဖို့ ၎င်းတို့၏ သိပ္ပံပညာအမြင်များကို အခြေပြု အကြောင်းအရင်း အဖြစ် အသုံးပြုကြလေသည်။ လူ၏ နှလုံးသားသည် သိပ္ပံပညာ၏ ပိုင်ဆိုင်ခြင်းကို ခံလာရပြီး ဘုရားသခင်ကို သိရှိဖို့၊ ဘုရားသခင်ကို ကိုးကွယ်ဖို့နှင့် ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်ထံမှ လာပြီး အဖြေများ အတွက် ဘုရားသခင်ကို ရှာဖွေသင့်သည်ဆိုသော စိတ် မရှိတော့သည့် အဆင့်အထိ ဖြားယောင်းခြင်းခံရလေသည်။ ဤသည်မှာ မှန်သည်မဟုတ်လော။ လူတစ်ဦးသည် သိပ္ပံပညာကို ပိုယုံကြည်လေ၊ အရာရာတိုင်းတွင် သိပ္ပံပညာဆိုင်ရာ ဖြေရှင်းမှု တစ်ခုရှိကာ သုတေသန ပြုခြင်းက မည်သည့်အရာကိုမဆို ဖြေရှင်းနိုင်သည်ဟု ယုံကြည်လျက်၊ ပို၍ အဓိပ္ပါယ်မဲ့လေ ဖြစ်လာကြသည်။ ၎င်းတို့သည် ဘုရားသခင်ကို မရှာဖွေကြသကဲ့သို့ သူတည်ရှိသည်ကို မယုံကြည်ကြပေ။ ဘုရားသခင်နောက် နှစ်ပေါင်းများစွာ လိုက်လျှောက်ပြီးဖြစ်သည့် လူအချို့ပင်လျှင် ပေါက်ပေါက်ရှာရှာ စိတ်ကူးဖြင့် သွား၍ ဗက်တီးရီးယားပိုးကို သုတေသနပြုကြလိမ့်မည် သို့မဟုတ် အကြောင်းကိစ္စတစ်ခုအဖို့ အဖြေရရန် အချက်အလက်အချို့ကို ရှာဖွေကြလိမ့်မည်။ ထိုသို့သော လူတို့သည် အကြောင်းကိစ္စများကို သမ္မာတရား၏ ရှုထောင့်အမြင်မှ မကြည့်သကဲ့သို့၊ များသောအားဖြင့် ပြဿနာများကို ဖြေရှင်းရန် သိပ္ပံပညာ အမြင်များ၊ သို့မဟုတ် အသိပညာ သို့မဟုတ် သိပ္ပံဆိုင်ရာ ဖြေရှင်းချက်များကို အားထား လိုကြသည်။ ဘုရားသခင်ကို ၎င်းတို့ အားမကိုးကြသကဲ့သို့ ဘုရားသခင်ကို မရှာဖွေကြပေ။ ဤသို့သော လူတို့သည် ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင် ရှိသလော။ (မရှိပါ။) သိပ္ပံပညာကို ၎င်းတို့ လေ့လာသကဲ့သို့ ဘုရားသခင်ကို သုတေသန ပြုလိုသည့် လူအချို့ပင် ရှိသည်။ ဥပမာအားဖြင့်၊ သဘော်ရပ်နားသည့် တောင်ကို သွားရောက်သည့် ဘာသာရေး ပညာရှင်များစွာ ရှိသည်၊ ထိုသို့ဖြင့် သဘော်ရှိခဲ့ကြောင်းကို ၎င်းတို့ သက်သေပြခဲ့ကြသည်။ သို့သော် သဘော်၏ ပေါ်ထွန်းခြင်းတွင် ဘုရားသခင်၏ တည်ရှိခြင်းကို ၎င်းတို့မမြင်ကြပေ။ ၎င်းတို့သည် ဇာတ်လမ်းများ နှင့် သမိုင်းကိုသာ ယုံကြည်ကြ၏။ ဤသည်မှာ ၎င်းတို့၏ သိပ္ပံပညာ သုတေသနပြုခြင်းနှင့် ရုပ်ဝတ္ထုကမ္ဘာကို လေ့လာခြင်း၏ ရလဒ်ဖြစ်သည်။ သင်သည် ရုပ်ဝတ္ထုအရာများကို သုတေသန ပြုပါက၊ ယင်းသည် အဏုဇီဝဗေဒဖြစ်စေ၊ နက္ခဗေဒ ဖြစ်စေ၊ သို့မဟုတ် ဘူမိဗေဒဖြစ်စေ၊ ဘုရားသခင် တည်ရှိသည် သို့မဟုတ် သူသည် အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာ ရှိသည် ဆိုသည်ကို ဆုံးဖြတ်ပေးသည့် ရလဒ်တစ်ခုကို ဘယ်သောအခါမျှ ရှာတွေ့လိမ့်မည် မဟုတ်ပေ။ သို့ဖြစ်လျှင် သိပ္ပံပညာသည် လူသားအတွက် မည်သည့်အရာ လုပ်ဆောင် သနည်း။ ယင်းသည် လူကို ဘုရားသခင်ထံမှ ဝေးကွာစေသည် မဟုတ်လော။

ယင်းက လူကို ဘုရားသခင်အား လေ့လာသင်ယူ စေသည် မဟုတ်လော။ ယင်းသည် လူတို့အား ဘုရားသခင်၏ တည်ရှိခြင်းကို ပိုမိုသံသယ ဝင်စေသည် မဟုတ်လော။ (ဝင်စေပါသည်။) ဤသို့လျှင် စာတန်က လူသားကို ဖောက်ပြန်ပျက်စီးစေရန် သိပ္ပံပညာကို မည်သို့ အသုံးပြုလိုသနည်း။ လူတို့ကို လှည့်ဖြား၍ ထုံအစေရန် စာတန်သည် သိပ္ပံပညာဆိုင်ရာ ကောက်ချက်ချမှုများကို အသုံးပြုလိုပြီး လူတို့အနေဖြင့် ဘုရားသခင်၏ တည်ရှိခြင်းကို မရှာဖွေဖို့ သို့မဟုတ် မယုံကြည်ဖို့ရန်အလို့ငှာ လူတို့၏ စိတ်နှလုံးများကို စွဲကိုင်ထားရန် ဒွိဟဖြစ်စေသော အဖြေများကို အသုံးပြုချင်သည် မဟုတ်လော။ (အသုံးပြုချင်ပါသည်။) ထို့အတွက်ကြောင့် ဤသည်မှာ သိပ္ပံပညာသည် လူတို့ကို ဖောက်ပြန်ပျက်စီးစေရန် စာတန်အသုံးပြုသည့် နည်းလမ်းများ ထဲမှ တစ်ခုဖြစ်သည်ဟု ငါပြောရသည့်အကြောင်းရင်း ဖြစ်သည်။

## ၃။ လူသားကို ဖောက်ပြန်ပျက်စီးစေရန် စာတန်က ရိုးရာယဉ်ကျေးမှုကို အသုံးပြုပုံ

ရိုးရာယဉ်ကျေးမှု၏ အစိတ်အပိုင်းအဖြစ် မှတ်ယူခြင်း ခံရသည့် အရာများစွာရှိသလော သို့မဟုတ် ရှိသည်မဟုတ်လော။ (ရှိပါသည်။) ဤ "ရိုးရာယဉ်ကျေးမှု" သည် မည်သည့်အရာကို ဆိုလိုသနည်း။ လူအချို့က ၎င်းကို ဘိုးဘွားဘီဘင်များမှ လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်သည်ဟု ပြောကြသည်- ဤသည်မှာ ရှုထောင့်တစ်ခုဖြစ်သည်။ အစအဦး ကတည်းက၊ ဘဝ၏ နည်းလမ်းများ၊ ဓလေ့ထုံးတမ်းများ၊ ဆိုရိုးစကားများနှင့် စည်းမျဉ်းစည်းကမ်းများကို မိသားစုများ၊ လူမျိုးစုများနှင့် လူသားမျိုးနွယ်တစ်ခုလုံးအတွင်းတွင်ပင် လက်ဆင့်ကမ်းခဲ့ကြပြီး လူတို့၏အတွေးများထဲတွင် သွတ်သွင်းခြင်းခံလာခဲ့ရသည်။ လူတို့က ယင်းတို့ကို ၎င်းတို့ ဘဝများ၏ မရှိမဖြစ် အစိတ်အပိုင်း တစ်ခုအဖြစ် ယူဆကြပြီး ယင်းတို့ကို ဘဝသက်သက် ဖြစ်သည့်အလား လိုက်နာလျက်၊ စည်းမျဉ်းစည်းကမ်းများအဖြစ် မှတ်ယူကြလေသည်။ အမှန်တွင်၊ ယင်းတို့ကို ၎င်းတို့၏ ဘိုးဘွားဘီဘင်များမှ လက်ဆင့်ကမ်းခဲ့ခြင်း ဖြစ်သောကြောင့် ၎င်းတို့သည် ဤအရာများကို ဘယ်သောအခါမျှ မပြောင်းလဲချင်ကြ သို့မဟုတ် မပစ်ပယ်လိုကြပေ။ ကွန်ဖြူးရှပ်နှင့် မင်းရှပ်စ်တို့မှ လက်ဆင့်ကမ်းလာကြသည့် အရာများနှင့် တရုတ် တာအိုဝါဒနှင့် ကွန်ဖြူးရှပ်ဝါဒတို့က လူတို့ကို သင်ကြားပေးခဲ့သည့် အရာများကဲ့သို့သော လူတို့ တကယ့်အရိုးစွဲ ချိုးကပ်ခဲ့သည့် အခြားသော ရိုးရာယဉ်ကျေးမှု သွင်ပြင် လက္ခဏာများရှုထောင့်များ ရှိသည်။ ဤသည်မှာ မှန်၏လော။ ရိုးရာယဉ်ကျေးမှုတွင် မည်သည့်အရာများ ပါဝင် သနည်း။ လူတို့ ဆင်နွှဲသော အားလပ်ရက်များ ပါဝင်သလော။ ဥပမာအားဖြင့်၊ နွေဦးပွဲတော်၊ မီးပုံးပွဲတော်၊ သင်္ချိုင်းကန်တော့ပွဲ၊ နဂါးလှေပွဲတော်အပြင်

တစ္ဆေပွဲတော်နှင့် လမုန့်ပွဲတော်တို့ ဖြစ်ကြသည်။ မိသားစုအချို့တို့သည် သက်ကြီးသူများ အသက် အပိုင်းအခြားတစ်ခုသို့ ရောက်ရှိသည့်အခါ သို့မဟုတ် ကလေးများ အသက်တစ်လပြည့်၊ သို့မဟုတ် ရက်တစ်ရာ ပြည့်သည့် နေ့များကိုပင် ဆင်နွဲကြသည်။ စသည်ဖြင့် ဖြစ်၏။ ဤအရာအားလုံးသည် ရိုးရာယဉ်ကျေးမှုဆိုင်ရာ အားလပ်ရက်များပင် ဖြစ်သည်။ ဤအားလပ်ရက်များကို အခြေခံနေသော ရိုးရာယဉ်ကျေးမှု ရှိသည် မဟုတ်လော။ ရိုးရာယဉ်ကျေးမှု၏ အဓိကအချက်က အဘယ်အရာ ဖြစ်သနည်း။ ယင်းသည် ဘုရားသခင်ကို ကိုးကွယ်ခြင်းနှင့် တစ်ခုတစ်လေ ပတ်သက်မှုရှိသလော။ ယင်းသည် လူတို့အား သမ္မာတရားကို လက်တွေ့လုပ်ဆောင်ရန် ပြောဆိုခြင်းနှင့် တစ်ခုတစ်လေ ပတ်သက်မှုရှိသလော။ ဘုရားသခင်ကို ယဇ်ပူဇော်ရန်၊ ဘုရားသခင်၏ ယဇ်ပလ္လင်သို့သွားပြီး သူ၏ သွန်သင်မှုများကို ခံယူရန်အတွက် လူတို့တွင် အားလပ်ရက် တစ်ခုတစ်လေ ရှိသလော။ ဤသို့သော အားလပ်ရက်များ ရှိသလော။ (မရှိပါ။) ဤအားလပ်ရက်များအားလုံးတွင် လူတို့သည် မည်သည့်အရာကို လုပ်ဆောင်ကြသနည်း။ ခေတ်သစ်ကာလများတွင် ယင်းတို့ကို စားခြင်း၊ သောက်ခြင်းနှင့် အပျော်အတွက် အခါသမယများ အဖြစ် မြင်ကြသည်။ ရိုးရာယဉ်ကျေးမှုကို အခြေခံနေသော အရင်းအမြစ်မှာ အဘယ်နည်း။ ရိုးရာယဉ်ကျေးမှုသည် မည်သူ့ထံမှ လာသနည်း။ (စာတန်ထံမှ လာပါ၏။) ၎င်းသည် စာတန်ထံမှလာသည်။ ဤရိုးရာယဉ်ကျေးမှု အားလပ်ရက်များ၏ မြင်ကွင်းများ နောက်ကွယ်တွင်၊ စာတန်သည် လူသားထဲသို့ အချို့သော အရာများကို သွတ်သွင်းလေသည်။ ဤအရာများမှာ အဘယ်နည်း။ လူတို့အနေဖြင့် ၎င်းတို့၏ ဘိုးဘေးဘီဘင်များကို သတိရသည်ကို သေချာစေခြင်းဖြစ်သည်- ယင်းသည် ထိုအရာများထဲမှ တစ်ခုမဟုတ်သလော။ ဥပမာအားဖြင့် သင်္ချိုင်းကန်တော့ပွဲနေ့ အတွင်းတွင် လူတို့သည် အုတ်ဂူများကို ရှင်းလင်းကြပြီး မိမိတို့၏ဘိုးဘေးဘီဘင်များကို မမေ့စေရန်အလို့ငှာ မိမိတို့၏ ဘိုးဘေးဘီဘင်များကို ပူဇော်ပသကြသည်။ ထို့ပြင်၊ လူတို့ မျိုးချစ်စိတ်ရှိဖို့ စာတန်က သေချာသတိရစေသည်၊ ယင်းနှင့်ဆိုင်သော ဥပမာမှာ နဂါးလှေပွဲတော် ဖြစ်သည်။ လမုန့်ပွဲတော်ကော အဘယ်သို့နည်း။ (မိသားစု ပြန်လည် ဆုံတွေ့ခြင်းများ ဖြစ်ပါ၏။) မိသားစု ပြန်လည်ဆုံတွေ့ခြင်းများ၏ နောက်ခံအကြောင်းက အဘယ်နည်း။ ယင်းအတွက် အကြောင်းပြချက်မှာ အဘယ်နည်း။ စိတ်လှုပ်ရှားစွာ ဆက်သွယ်ရန်နှင့် ဆက်နွယ်ရန်ဖြစ်သည်။ ဟုတ်ပေ၏၊ တရုတ်နှစ်သစ်ကူး အကြိုနေ့ ကျင်းပသည်ဖြစ်စေ သို့မဟုတ် မီးပုံးပွဲတော်ကို ကျင်းပသည်ဖြစ်စေ၊ ဤပွဲလမ်းသဘင် ကျင်းပခြင်းများ၏ နောက်ကွယ်က အကြောင်းရင်းများကို ဖော်ပြသည့် နည်းလမ်းများစွာရှိသည်။ ထိုအကြောင်းရင်းများကို မည်သို့ဖော်ပြသည်ဖြစ်စေ၊ တစ်ခုစီသည် ဘုရားသခင်ထံမှ ၎င်းတို့ လမ်းလွဲသွားစေရန်နှင့်

ဘုရားသခင် ရှိသည်ကို မသိဘဲလျက် ၎င်းတို့၏ ဘိုးဘေးဘီဘင်များ သို့မဟုတ် စာတန်ထံသို့ ယဇ်ပူဇော် ဆက်ကပ်ကြစေရန်၊ လူ့ဇာတိ၏လိုအင်များအတွက် စားရန်၊ သောက်ရန်နှင့် ပျော်ပါးကြရန်အလို့ငှာ သူ၏ အတွေးအခေါ်များ နှင့် စဉ်းစားမှုတို့ကို လူတို့ထဲသို့ သွတ်သွင်းသည့် စာတန်၏ နည်းလမ်းဖြစ်သည်။ ဤအားလပ်ရက်များ တစ်ခုစီကို ကျင်းပသည်နှင့်အမျှ၊ စာတန်၏ အတွေးများနှင့် အမြင်များသည် လူတို့၏ စိတ်များအတွင်းတွင် ၎င်းတို့ သိရှိခြင်းမရှိဘဲ နက်နက်ရှိုင်းရှိုင်း နေရာယူထားလေသည်။ လူတို့သည် ၎င်းတို့၏ လေးဆယ်အရွယ်များ ငါးဆယ်အရွယ်များ သို့မဟုတ် ပိုကြီးရင့်သည့် အသက်အရွယ်များ ရောက်လာသည့်အခါ၊ စာတန်၏ ဤအတွေးများနှင့် ရှုထောင့်အမြင်များသည် ၎င်းတို့၏ စိတ်နှလုံးများထဲတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နှင့်ပြီး ဖြစ်သည်။ ထို့အပြင် လူတို့သည် ဤအယူအဆများကို မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ လက်လွတ်စပယ် သံသယကင်းစွာ နောက်မျိုးဆက်ဆီသို့ လက်ဆင့်ကမ်းရန် အစွမ်းကုန် လုပ်ဆောင်ကြသည်။ ဤသည်မှာ မှန်၏လော။ (မှန်ပါသည်။) ရိုးရာယဉ်ကျေးမှုနှင့် ဤအားလပ်ရက်များသည် လူတို့ကို မည်သို့ဖောက်ပြန်ပျက်စီးစေသနည်း။ သင်သိသလော။ (လူတို့သည် ဤရိုးရာဓလေ့များ၏ စည်းမျဉ်းများဖြင့် ဘောင်ခတ်ခံရပြီး ချည်နှောင်ခြင်းခံရသည်မှာ ၎င်းတို့သည် ဘုရားသခင်ကို ရှာဖွေရန် အချိန် သို့မဟုတ် အားအင် မရှိကြချေ။) ဤသည်မှာ ရှုထောင့်တစ်ခုဖြစ်သည်။ ဥပမာအားဖြင့်၊ တရုတ်နှစ်သစ်ကူးအတွင်းတွင် လူတိုင်း ဆင်နွှဲကြသည်၊ သင်မဆင်နွှဲရပါက ဝမ်းနည်းမှုကိုသင်ခံစားရသည် မဟုတ်လော။ သင်၏ စိတ်နှလုံးထဲတွင် သင်ထိန်းသိမ်းထားသော အယူသည်းမှုများ တစ်ခုတစ်လေ ရှိသလော။ “နှစ်သစ်ကူးကို ကျွန်ုပ်မဆင်နွှဲလိုက်ရပါ၊ တရုတ်နှစ်သစ်ကူးနေ့သည် ဆိုးဝါးသည့်နေ့ဖြစ်သည့်အတွက် ကျန်သည့် တစ်နှစ်လုံး ဆိုးဝါးလိမ့်မည် မဟုတ်လော” ဟု သင်ခံစားရကောင်း ခံစား ရလိမ့်မည်။ သင်သည် နေမထိထိုင်မသာ ဖြစ်ပြီး အနည်းငယ် စိုးရွံ့လိမ့်မည် မဟုတ်လော။ မိမိတို့၏ ဘိုးဘွားဘီဘင်များကို နှစ်များစွာကြာ ပူဇော်ပသမှု မပြုခဲ့သည့် လူအချို့နှင့် သေဆုံးသောသူက ၎င်းတို့ကို ငွေတောင်းသည့် အိပ်မက်တစ်ခု ရုတ်တရက် မက်ကြသည့် လူအချို့ပင် ရှိကြလေသည်။ ၎င်းတို့ မည်ကဲ့သို့ခံစားရမည်နည်း။ “ယခု သေသွားသည့် ဤလူက သုံးရန်ငွေလိုသည်မှာ ဝမ်းနည်းဖို့ ကောင်းလေစွ။ သူတို့အတွက် စက္ကူငွေ အချို့ကို ကျွန်ုပ်မီးရှို့မည်၊ ကျွန်ုပ်မလုပ်ပါက မကောင်းရာ ကျပေမည်။ အသက်ရှင်နေသော ကျွန်ုပ်တို့အတွက် ဒုက္ခ ဖြစ်ကောင်းဖြစ်စေလိမ့်မည်- မည်သည့်အချိန်တွင် ကံဆိုးမိုးမှောင် ဆိုက်ရောက်လာမည်ကို အဘယ်သူပြောနိုင်သနည်း။” ၎င်းတို့၏ စိတ်နှလုံးထဲ၌ ဤကြောက်ရွံ့ခြင်းနှင့် စိုးရိမ်ခြင်း တိမ်တိုက်လေးက အမြဲတစေ ရှိပေလိမ့်မည်။

ဤစိုးရိမ်ပူပန်မှုကို ၎င်းတို့အား အဘယ်သူ ပေးသနည်း။ (စာတန်ပေးပါသည်။) စာတန်သည် ဤစိုးရိမ်ပူပန်မှု၏ အရင်းအမြစ်ဖြစ်သည်။ ဤသည်မှာ လူသားကို ဖောက်ပြန်ပျက်စီးစေသည့် စာတန်၏ နည်းလမ်းများထဲက တစ်ခုမဟုတ်သလော။ သင့်အနေဖြင့် မှင်တက်မိခြင်းသို့ ဆိုက်ရောက်ဖို့၊ ၎င်းကို အလျှော့ပေးကာ ကျိုးနွံနာခံဖို့အလို့ငှာ သင့်ကိုထိန်းချုပ်ရန်၊ သင့်ကို ခြိမ်းခြောက်ရန် နှင့် သင့်ကို ချည်နှောင်ရန်၊ ၎င်းသည် မတူညီသော ရည်ရွယ်ချက်များနှင့် အကြောင်းပြချက်များကို အသုံးပြု လေသည်။ ဤသည်ကား စာတန်က လူကို ဖောက်ပြန်ပျက်စီး စေပုံဖြစ်သည်။ မကြာခဏပင် လူတို့သည် အားနည်းသည့်အခါ သို့မဟုတ် အခြေအနေကို ၎င်းတို့ အပြည့်အဝ သတိမပြု မိသည့်အခါ၊ အမှုမဲ့အမှတ်မဲ့ဖြင့် နားဝေတိမ်တောင်ဖြစ်သည့် ပုံစံဖြင့် တစ်စုံတစ်ရာကို ပြုလုပ်ကောင်းပြုလိမ့်မည်။ ဆိုလိုသည်မှာ၊ ၎င်းတို့သည် စာတန်၏ လက်ထဲသို့ အမှုမဲ့အမှတ်မဲ့ ကျရောက်သွားပြီး အမှတ်တမဲ့ ပြုမူမိကောင်း ပြုမူမိလိမ့်မည် ဖြစ်ကာ ၎င်းတို့ လုပ်ဆောင်နေသည့်အရာကို မသိဘဲ အမှုအရာ များစွာကို လုပ်ဆောင်မိကောင်း လုပ်ဆောင်မိကြလိမ့်မည်။ ဤသည်မှာ စာတန်က လူကို ဖောက်ပြန်ပျက်စီးစေသည့် နည်းလမ်းဖြစ်သည်။ ယခုတွင် နက်နက်ရှိုင်းရှိုင်း အမြစ်စွဲနေသည့် ရိုးရာယဉ်ကျေးမှုများကို စွန့်ခွာရန် တွန့်ဆုတ်နေသော၊ မစွန့်လွှတ်နိုင်သော လူအတော်များများ ရှိ၏။ ဤသို့သော အားလပ်ရက်များကို ၎င်းတို့ ဆင်နွှဲဖို့ ဆန္ဒရှိကြပြီး စာတန်ကို တွေ့ဆုံကာ တစ်ဖန် စိတ်ကျေစေလိုသည့်၊ မိမိတို့၏ စိတ်နှလုံးများကို နှစ်သိမ့်မှုယူဆောင်လိုသည့် ဆန္ဒရှိကြသည်မှာ အထူးသဖြင့် ၎င်းတို့ အားနည်းပြီး ပြဿနာမျှနုကြရသည့်အခါတွင် ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုအဖို့ နောက်ခံအကြောင်းရင်းကား အဘယ်နည်း။ မြင်ကွင်းများနောက်ကွယ်တွင် စာတန်၏လက်မဲက ကြိုးများဆွဲနေခြင်းဖြစ်သလော။ စာတန်၏ ဆိုးယုတ်သည့် သဘာဝက ဤအရာအားလုံးကို ကြိုးကိုင်ခြယ်လှယ်ပြီး ထိန်းချုပ်နေခြင်း ဖြစ်သလော။ စာတန်က ဤအရာများအားလုံး အပေါ် ဩဇာလွှမ်းမိုးသလော။ (လွှမ်းမိုးပါသည်။) လူတို့သည် ရိုးရာယဉ်ကျေးမှုထဲ အသက်ရှင်ကြပြီး ဤရိုးရာဓလေ့ အားလပ်ရက်မျိုးများကို ဆင်နွှဲသည့်အခါ၊ ဤသည်မှာ စာတန်အားဖြင့် ၎င်းတို့ လှည့်စားခံရပြီး ဖောက်ပြန်ပျက်စီး ရသည့်အပြင်၊ စာတန်၏ အရူးလုပ်ခံရပြီး၊ ဖောက်ပြန်ဖျက်ဆီးခြင်း ခံရသည်ကို ပျော်ရွှင်ကြသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်သည်ဟု ငါတို့ ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) ဤသည်မှာ သင်တို့အားလုံး အသိအမှတ် ပြုသည့်၊ သိထားကြသည့် အရာတစ်ခု ဖြစ်သည်။

## ၄။ လူသားကို ဖောက်ပြန်ပျက်စီးစေရန် စာတန်က အယူသီးခြင်းကို အသုံးပြုပုံ

"အယူသီးခြင်း" ဟူသည့် ဝေါဟာရနှင့် သင်ရင်းနှီးသည်၊ ဟုတ်ပါသလော။ အယူသီးခြင်းနှင့် ရိုးရာယဉ်ကျေးမှု အကြားတွင် ဆက်နွယ်မှုအချို့ ရှိ၏၊ သို့သော် ယနေ့တွင် ထိုအရာတို့ကို ငါတို့ ပြောမည်မဟုတ်။ ယင်းထက် အများဆုံး ကြုံရသည့် အယူသီးခြင်း ပုံစံများကို ငါဆွေးနွေးမည်- ဂမ္ဘီရပညာ၊ ဗေဒင်ဟောခြင်း၊ အမွေးနံ့သာထွန်းခြင်းနှင့် ဗုဒ္ဓကိုကိုးကွယ်ခြင်းတို့ ဖြစ်ကြသည်။ လူအချို့က ဂမ္ဘီရပညာကို ကျင့်သုံးကြသည်၊ အခြားသူတို့က ဗုဒ္ဓကို ကိုးကွယ်ပြီး အမွေးနံ့သာ ထွန်းကြသည်၊ သို့သော် အခြားသူများက ၎င်းတို့၏ ကံကြမ္မာများကို ဖတ်ရှုစေသည် သို့မဟုတ် တစ်စုံတစ်ယောက်အား ၎င်းတို့၏ မျက်နှာရုပ်အင် လက္ခဏာကို ဖတ်စေပြီး ၎င်းတို့၏ ကံကြမ္မာများကို ပြောပြ စေကြသည်။ သင်တို့ထဲမှ ဘယ်နှစ်ဦးသည် သင်တို့၏ ကံကြမ္မာကို ဟောစေခြင်း သို့မဟုတ် မျက်နှာဖတ်စေခြင်းများ ပြုလုပ်ခဲ့ကြပြီး ဖြစ်သနည်း။ ဤသည်မှာ လူအများစု စိတ်ဝင်စားကြသည့် တစ်စုံတစ်ခု ဖြစ်သည်မဟုတ်လော။ (ဟုတ်ပါသည်။) အဘယ်ကြောင့်နည်း။ ဗေဒင်ဟောခြင်းနှင့် ဂမ္ဘီရပညာမှ လူတို့သည် အဘယ်သို့သော အကျိုးအမြတ်မျိုးကို ရကြသနည်း။ ထိုအရာမှ မည်ကဲ့သို့သော စိတ်ကျေနပ်မှုမျိုးကို ရကြသနည်း။ (သိချင်စိတ်ပြင်းပြခြင်း ဖြစ်ပါသည်။) ယင်းမှာ သိချင်စိတ်ပြင်းပြခြင်းသာဖြစ်သလော။ ငါမြင်သလောက်မှာမူ ယင်းလည်း သေချာပေါက် မဟုတ်ပေ။ ဂမ္ဘီရပညာနှင့် ဗေဒင်ဟောခြင်း၏ ရည်မှန်းချက်ပန်းတိုင်မှာ အဘယ်နည်း။ အဘယ်ကြောင့် ယင်းကို လုပ်ဆောင်ရသနည်း။ အနာဂတ်ကို မြင်ရန် မဟုတ်လော။ လူအချို့သည် အနာဂတ်ကို ဟောကိန်းထုတ်ရန် ၎င်းတို့၏ ရုပ်အင်ကို ဖတ်စေကြသည်၊ အခြားသူများက ၎င်းတို့တွင် ကံကောင်းခြင်း ရှိမရှိကို မြင်ရန် ထိုအရာကို လုပ်ဆောင်ကြသည်။ အချို့သောလူတို့က ၎င်းတို့၏ အိမ်ထောင်ရေး မည်သို့ဖြစ်မည်ကို ကြည့်ရန် ထိုအရာကို လုပ်ဆောင်ကြပြီး၊ သို့တိုင် အခြားသူများက လာမည့်နှစ်တွင် ကံဇာတာမည်သို့ဖြစ်မည်ကို ကြည့်ရန် လုပ်ဆောင်ကြသည်။ လူအချို့တို့က ၎င်းတို့၏ ရှေ့ရေးများနှင့် ၎င်းတို့ သားများ သမီးများ၏ ရှေ့ရေးများ မည်သို့ဖြစ်မည်ကို ကြည့်ရန် ၎င်းတို့၏ရုပ်အင်ကို ဖတ်စေကြပြီး၊ အချို့သော စီးပွားရေးသမားများက မည်သည့်လုပ်ဆောင်ချက်များ လုပ်ဆောင်သင့်သည်နှင့်ပတ်သက်၍ မျက်နှာဖတ်သူ၏ လမ်းပြမှုကို ရှာဖွေရင်း၊ ၎င်းတို့ငွေမည်မျှ ရမည်ကို သိဖို့ရန် လုပ်ဆောင်ကြလေသည်။ ထို့ကြောင့်၊ သိလိုစိတ် ပြင်းပြမှုကို ကျေနပ်မှုပေးရန်သာ ဤအရာကို လုပ်ဆောင်ခြင်းဖြစ်သလော။ လူတို့သည် ၎င်းတို့၏ရုပ်အင်ကို ဖတ်စေသည့်အခါ သို့မဟုတ် ဤအရာမျိုးများကို လုပ်ဆောင်သည့်အခါ၊ ၎င်းတို့၏ ကိုယ်ပိုင် အနာဂတ် ပုဂ္ဂိုလ်ရေးရာ အကျိုးအမြတ် အတွက်ဖြစ်သည်။ ဤအရာအားလုံးက ၎င်းတို့၏ ကိုယ်ပိုင်ကံကြမ္မာနှင့် နီးစပ်စွာ ဆက်နွယ်နေသည်ဟု ၎င်းတို့

ယုံကြည်ကြသည်။ ဤအရာသည် တစ်ခုတစ်လေ အသုံးဝင်သလော။ (အသုံးမဝင်ပါ။) အဘယ်ကြောင့် အသုံးမဝင်သနည်း။ ဤအရာများမှတစ်ဆင့် အသိပညာအချို့ကို ရရှိသည်မှာ ကောင်းသည့်အရာ မဟုတ်သလော။ ဤကျင့်သုံးမှုများသည် သင့်ကို ဒုက္ခပြဿနာက ထိုးနှက်သောအခါ အကူအညီပေးကောင်းပေးနိုင်ပြီး၊ ဤဒုက္ခ ပြဿနာများ မကျရောက်ခင် ယင်းတို့ကို သင်သိပါက သင်ရှောင်ရှားနိုင်မည် မဟုတ်လော။ သင်သည် သင်၏ကံကြမ္မာကို ပြောပြစေလျှင် သင့်အနေဖြင့် လာမည့်နှစ်၌ ကံကောင်းခြင်းကို ခံစားနိုင်ဖို့နှင့် သင်၏စီးပွားရေးလုပ်ငန်းမှတဆင့် ကြီးမားသော ချမ်းသာကြွယ်ဝခြင်း ရှိလာနိုင်ဖို့အလို့ငှာ ဝက်ပါထဲမှ မှန်ကန်သော လမ်းကြောင်းအား ရှာရမည့်ပုံကို သင့်အား ထိုအရာက ပြသကောင်းပြသလိမ့်မည်။ ထို့ကြောင့် ယင်းသည် အသုံးဝင်သလော၊ အသုံးမဝင်သလော။ အသုံးဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ ငါတို့နှင့် ဆက်နွှယ်မှုမရှိသကဲ့သို့ ယနေ့ ငါတို့၏ မိတ်သဟာယပြုခြင်းတွင် ဤခေါင်းစဉ် ပါဝင်လိမ့်မည်မဟုတ်ပေ။ လူသားကို ဖောက်ပြန်ပျက်စီးစေရန် စာတန်သည် အယူသီးခြင်းကို မည်သို့အသုံးပြုသနည်း။ လူတို့အားလုံးသည် မိမိတို့၏ ကံကြမ္မာကို သိချင်ကြ၏၊ ထို့ကြောင့် စာတန်သည် ၎င်းတို့ကို သွေးဆောင်ဖြားယောင်းရန် ၎င်းတို့၏ သိလိုစိတ်ပြင်းပြမှုကို ကောင်းကောင်း အသုံးချလေသည်။ လူတို့သည် အနာဂတ်တွင် ၎င်းတို့ကို မည်သည့်အရာ ဖြစ်ပျက်မည်၊ ပြီးလျှင် ရှေ့တွင် မည်သည့်လမ်းမျိုးရှိနေသည်တို့ကို လေ့လာသိရှိဖို့ရန်အလို့ငှာ ဂမ္ဘီရပညာ၊ ဗေဒင်ဟောခြင်းနှင့် ရုပ်အင်ဖတ်ခြင်းတို့တွင် စိတ်ပါဝင်စား ကြ၏။ သို့သော်လည်း၊ အဆုံးတွင်၊ လူတို့ အလွန် စိတ်ဝင်စားကြသည့် ကံကြမ္မာနှင့် ရှေ့ရေးများက မည်သူ၏လက်ထဲတွင် ရှိပါသနည်း။ (ဘုရားသခင်၏ လက်တော်တွင် ရှိပါသည်။) ဤအရာများအားလုံးသည် ဘုရားသခင်၏ လက်ထဲတွင်ရှိသည်။ ဤနည်းလမ်းများကို အသုံးပြုရာတွင်၊ စာတန်က လူတို့အား အဘယ်အရာကိုသိစေလိုသနည်း။ ၎င်းသည် လူတို့၏ အနာဂတ် ကံကြမ္မာကို ၎င်းကသိပြီး၊ ဤအရာများကို သိရုံမျှမက ၎င်းက ထိန်းချုပ်သည်ကို လူတို့အား ပြောပြရန် စာတန်က ရုပ်အင်ဖတ်ခြင်းနှင့် ဗေဒင်ဟောခြင်းတို့ကို အသုံးပြုချင်သည်။ စာတန်သည် လူတို့အနေဖြင့် ၎င်းကို မျက်စိမှိတ်ပြီးယုံကြည်ကာ ၎င်း၏ စကားတစ်လုံးမကျန် လိုက်နာသည်အထိ လူတို့ကို ထိန်းချုပ်ဖို့ ဤအခွင့်အရေးကို အခွင့်ကောင်းယူပြီး ဤနည်းလမ်းများကို အသုံးပြုချင်လေသည်။ ဥပမာအနေဖြင့်၊ သင်သည် ရုပ်အင်ဗေဒဖတ်ခြင်း လုပ်ဆောင်ပါက၊ ဗေဒင်ဆရာက သူ၏မျက်လုံးများကို မှိတ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ် အနည်းငယ်က သင့်ကို ဖြစ်ပျက်ခဲ့သည်များ အားလုံးအား ပြောပြပါက၊ စိတ်ထဲတွင် သင် မည်ကဲ့သို့ခံစားရမည်နည်း။ သင်က၊ “သူ အလွန်တိကျမှန်ကန်သည်။ ငါ၏ အတိတ်ကို ယခင်က

မည်သူ့ကိုမျှ ငါမပြောခဲ့ဖူးပါ၊ သူ ဤအရာကို မည်ကဲ့သို့သိသနည်း။ ငါ ဤဗေဒင်ဆရာကို အမှန်ပင်လေးစား သွားပြီ။" ဟု ချက်ချင်း ခံစားရလိမ့်မည်။ စာတန်အတွက်က သင့်အတိတ်ကို သိရန် အလွန်လွယ်ကူသည် မဟုတ်လော။ ဘုရားသခင်က သင့်ကို ယနေ့ထိတိုင် လမ်းပြပြီးဖြစ်သကဲ့သို့၊ စာတန်က ထိုအချိန် တစ်လျှောက်လုံး လူတို့ကို ဖောက်ပြန်ပျက်စီးစေပြီး၊ သင့်နောက်သို့ လိုက်နေခဲ့သည်။ သင့်ဘဝ၏ ဆယ်စုနှစ်များကုန်လွန်ခြင်းက စာတန်အဖို့ ဘာမျှမဟုတ်သလို ဤအရာများကို သိရန် စာတန်အတွက် မခက်ခဲပေ။ စာတန်ပြောခဲ့သမျှ တိကျမှန်ကန်သည်ကို သင်သိသောအခါ၊ သင့်စိတ်နှလုံးကို သူ့အားပေးနေသည် မဟုတ်လော။ သင်၏အနာဂတ်နှင့် ကံကြမ္မာတို့ကို ထိန်းချုပ်ဖို့ ၎င်းအပေါ် မှီခိုနေသည် မဟုတ်လော။ တစ်ခဏချင်းတွင် သင်၏ စိတ်နှလုံးသည် ၎င်းကို လေးစားမှုအချို့နှင့် ကြောက်ရွံ့မှုကို ခံစားရလိမ့်မည်ဖြစ်ပြီး လူအချို့အတွက် ၎င်းတို့၏ ဝိညာဉ်များသည် ဤအချိန်တွင် ၎င်း၏လုယူခြင်းကိုခံရနှင့်ပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။ ပြီးလျှင် သင်သည် ဗေဒင်ဆရာကို ချက်ချင်းမေးလိမ့်မည်- "နောက်ရော ကျွန်ုပ်ဘာလုပ်သင့်သနည်း။ လာမည့်နှစ်ထဲမှာ ကျွန်ုပ် အဘယ်အရာကို ရှောင်ရှားသင့် သနည်း။ အဘယ်အရာတို့ကို ကျွန်ုပ် မလုပ်ရမည်နည်း။" ထို့နောက်တွင်၊ သူက "သင် ထိုနေရာသို့ မသွားရ၊ ဒီအရာကို မလုပ်ရ၊ ထိုထိုသောအရောင်ရှိသည့် အဝတ်အစားများကို မဝတ်နှင့်၊ သင်သည် အကြင်မည်သော နေရာများကို သွားတာ လျှော့သင့်သည်၊ အချို့သော အရာများကို ပိုမိုလုပ်ဆောင်ပါ..." ဟုပြောလိမ့်မည်။ သူပြောသမျှအားလုံးကို သင်သည် စိတ်နှလုံး ထဲတွင် ချက်ချင်း မှတ်ယူလိမ့်မည် မဟုတ်လော။ သင်သည် သူ၏ စကားများကို ဘုရားသခင်၏ နှုတ်ကပတ်တော်ထက် ပိုမိုလျင်မြန်စွာ အာဂုံဆောင်ထားလိမ့်မည်။ ၎င်းတို့ကို အဘယ်ကြောင့် အလွန်လျင်မြန်စွာ သင် အလွတ်ရမည်နည်း။ အဘယ်ကြောင့်ဆိုသော် သင်သည် ကံကောင်းခြင်းအတွက် စာတန်ကို အမှီပြုချင်သောကြောင့် ဖြစ်သည်။ ဤသည်မှာ ၎င်းက သင်၏စိတ်နှလုံးကို သိမ်းလိုက်သည့်အချိန် ဖြစ်သည် မဟုတ်လော။ ၎င်း၏ ဟောကိန်းထုတ်မှုများ တစ်ခုပြီးတစ်ခု အမှန်တကယ် ဖြစ်လာသောအခါ၊ သင်သည် လာမည့်နှစ်က မည်သည့်ကံကြမ္မာကို ယူဆောင်လာမည်ကို သိရှိရဖို့ ၎င်းထံသို့ ချက်ချင်းပြန်သွားချင်လိမ့်မည် မဟုတ်လော။ (ပြန်သွားချင် ပါမည်။) စာတန်က သင့်အား လုပ်ဆောင်ရန် ပြောသည့် မည်သည့်အရာကိုမဆို သင်လုပ်ဆောင်လိမ့်မည်ဖြစ်ပြီး ၎င်းက ရှောင်ရန်ပြောသည့် အရာများကိုလည်း သင်ရှောင်ကြဉ်လိမ့်မည် ဖြစ်သည်။ ဤနည်းဖြင့်၊ သူပြောသမျှ အားလုံးကို သင်နာခံနေသည် မဟုတ်လော။ အလွန်လျင်မြန်စွာ၊ သင်သည် သူကို လက်ခံယုံကြည်ခြင်းထဲသို့ ကျရောက်သွားလိမ့်မည်၊ လှည့်ဖြားခံရမည်ဖြစ်ပြီး

သူ၏ထိန်းချုပ်မှုအောက်သို့ ရောက်လာ လိမ့်မည်။ ဤသို့ဖြစ်ရခြင်းမှာ သူပြောသည့်အရာကို သမ္မာတရား အဖြစ် သင်ယုံကြည်သောကြောင့် ဖြစ်ပြီး၊ သင်၏ အတိတ်က အသက်တာ၊ သင်၏ယခုအသက်တာနှင့် အနာဂတ်က အဘယ်အရာ ဆောင်ကြဉ်းလာမည့် အကြောင်းကို သူသိသည်ဟု သင်ယုံကြည်သောကြောင့် ဖြစ်သည်။ ဤကား လူတို့ကို ထိန်းချုပ်ရန် စာတန် အသုံးပြုသည့် နည်းလမ်းဖြစ်သည်။ သို့ရာတွင် အမှန်အားဖြင့်၊ မည်သူက အမှန်တကယ် ထိန်းချုပ် နေပါသနည်း။ ဘုရားသခင် ကိုယ်တော်တိုင်က ထိန်းချုပ်၏၊ စာတန်မဟုတ်ပေ။ စာတန်သည် ဤနေရာတွင် မသိနားမလည်သည့် လူများကို လှည့်စားရန်၊ ရုပ်ဝတ္ထု လောကကိုသာမြင်ပြီး ထိုအရာအပေါ် အားကိုးနေသည့် လူတို့ကို လှည့်စားရန် သူ၏ပရိယာယ်များကို အသုံးပြုနေခြင်း သာဖြစ်သည်။ ထို့နောက်၊ ၎င်းတို့သည် စာတန်၏ လက်ထဲသို့ ကျရောက်ကြပြီး သူ၏စကားတစ်လုံးစီတိုင်းကို နာခံကြ လေသည်။ သို့ရာတွင် လူတို့က ဘုရားသခင်ကို ယုံကြည်လိုပြီး ဘုရားသခင် နောက်သို့ လိုက်လိုသည့်အခါ၊ စာတန်က အလျှော့ပေးဖူးပါသလော။ စာတန်က အလျှော့မပေးပေ။ ဤအခြေအနေတွင်၊ လူတို့သည် စာတန်၏ လက်ထဲသို့ အမှန်တကယ် ကျရောက်နေကြသလော။ (ကျရောက်နေပါသည်။) ဤအရာနှင့်စပ်လျဉ်း၍ စာတန်၏ အပြုအမူက အရှက် ကင်းမဲ့သည်ဟု ငါတို့ ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) အဘယ်ကြောင့် ပြောနိုင်သနည်း။ မမှန်မကန်နှင့် လှည့်စားတတ်သော နည်းဗျူဟာများ ရှိသောကြောင့်ဖြစ်သည်။ စာတန်သည် အရှက်ကင်းမဲ့ပြီး လူတို့ကို ၎င်းတို့နှင့် ပတ်သက်သမျှတိုင်းကို ၎င်းက ထိန်းချုပ်ထားသကဲ့သို့ ၎င်းတို့၏ တကယ့်ကံကြမ္မာကို ထိန်းချုပ်ထားသည်ဟု တွေးမိစေခြင်းထဲသို့ လူတို့ကို လှည့်စားသည်။ ဤအရာက မသိမနားလည်သည့် လူတို့ကို ၎င်းအား လုံးဝ နာခံဖို့ ဖြစ်စေသည်။ စကားအနည်းငယ်မျှဖြင့် ၎င်းတို့ အလှည့်စားခံရကြလေသည်။ မှင်တက်မိခြင်းဖြင့် လူတို့သည် ၎င်း၏ရှေ့မှောက်တွင် ဦးညွှတ် ကြသည်။ ထိုသို့လျှင်၊ စာတန်သည် မည်သည့်နည်းလမ်းမျိုးကို အသုံးပြုသနည်း၊ ၎င်းကို သင်ယုံကြည်ရန် မည်သည့်အရာကို ၎င်းက ပြောသနည်း။ ဥပမာ၊ သင့်မိသားစုတွင် လူဘယ်နှစ်ဦး ရှိသည်ကို သင့်အနေဖြင့် စာတန်ကို ပြောကောင်း ပြောခဲ့မည် မဟုတ်သော်လည်း၊ ၎င်းက သင့်မိသားစု၌ လူဘယ်နှစ်ယောက် ရှိသည်ဆိုသည်နှင့် သင့်မိဘများနှင့် သားသမီးများ၏ အသက်အရွယ်များကို ပြောကောင်းပြောနိုင် လိမ့်ဦးမည်ဖြစ်သည်။ ဤအရာမတိုင်မီ သင့်အနေဖြင့် စာတန်နှင့်ပတ်သက်၍ မယုံသင်္ကာမှုများနှင့် သံသယများရှိကောင်း ရှိမည်ဖြစ်သော်လည်း၊ ဤအရာများအား ၎င်းက ပြောသည်ကို ကြားပြီးနောက်တွင်၊ သင်သည် နည်းနည်းပိုပြီး ယုံကြည်ဖွယ်ရာ ကောင်းသည်ဟု ခံစားလာရမည် မဟုတ်လော။ ထိုအခါ စာတန်က၊ သင့်အတွက် အလုပ်အကိုင်က အခုတလော

မည့်မျှ ခက်ခဲနေကြောင်း၊ သင့် အထက်လူကြီးများက သင်နှင့်ထိုက်သည့် အသိအမှတ်ပြုခြင်းကို မပေးဘဲ သင့်အား ဆန့်ကျင်၍ အမြဲတစေ လုပ်နေကြသည်၊ စသဖြင့် ပြောကောင်းပြောလိမ့်မည်။ ယင်းကို ကြားပြီးသည့်နောက်တွင်၊ သင်က၊ "လုံး၀ မှန်လေစွ။ အလုပ်မှာ ကိစ္စတွေက အဆင်ကိုပြေမနေခဲ့တာပဲ" ဟု သင်တွေးမိလိမ့်မည်။ ထိုသို့ဖြင့် သင်သည် စာတန်ကို အနည်းငယ် ပို၍ယုံကြည်လိမ့်မည်။ ထို့နောက် ၎င်းသည် သင်ကို ပို၍ပင် ယုံကြည်လာစေလျက် သင့်ကို လှည့်ဖြားရန် အခြားတစ်စုံတစ်ရာကို ပြောလိမ့်မည်။ နည်းနည်းချင်းစီဖြင့်၊ သင်သည် ခုခံနိုင်စွမ်းမရှိတော့ဘဲ သို့မဟုတ် ၎င်းကို နောက်ထပ် မယုံသင်္ကာဖြစ်ခြင်း တစ်စုံတစ်ရာ မရှိတော့သည်ကို သင့်ကိုယ်သင် တွေ့ရှိရလိမ့်မည်။ စာတန်သည် အသေးအဖွဲ လှည့်စားမှုလေးများ၊ မဖြစ်စလောက်သည့် လှည့်စားမှု သေးသေးလေးတို့ကိုပင် အသုံးပြုရုံမျှပြုပြီး ဤနည်းဖြင့် သင့်ကို ဝေခွဲမရဖြစ်စေသည်။ သင်သည် ဝေခွဲမရဖြစ်လာသည်နှင့်အမျှ၊ သင်၏ တိကျသော ရပ်တည်မှုကို ရှာတွေ့နိုင်လိမ့်မည် မဟုတ်၊ သင်ဘာလုပ်ရမည်ကို မသိဖြစ်လိမ့်မည်ဖြစ်ပြီး၊ စာတန် ပြောသည့်အရာကို သင်သည် စတင်လိုက်နာလိမ့်မည်။ ဤသည်မှာ လူကို ဖောက်ပြန်ပျက်စီးစေရန် စာတန်အသုံးပြုသော "ထူးခြားပြောင်မြောက်သော" နည်းလမ်းဖြစ်ပြီး၊ ယင်းက သင့်ကို သူ၏ထောင်ချောက်ထဲသို့ အမှတ်တမဲ့ ကျရောက်စေပြီး သူ၏ ဖြားယောင်းခြင်းကိုခံရစေလေသည်။ လူတို့က ကောင်းသည့် အရာများအဖြစ် စိတ်ကူးထားသည့် အရာ အနည်းငယ်ကို စာတန်က သင့်ကိုပြောပြီးနောက်၊ မည်သည့်အရာ လုပ်ရမည် ဆိုသည်နှင့် မည်သည့်အရာ ရှောင်ရမည်ဆိုသည်ကို ၎င်းက သင့်ကို ပြောသည်။ ဤသည်မှာ သင် အမှတ်တမဲ့ လှည့်ဖြားခံရသည့် ပုံဖြစ်သည်။ ယင်းအတွက် အလှည့်ဖြားခံရသည်နှင့်တစ်ပြိုင်နက် အမှုအရာများသည် သင့်အတွက် ခွတီးခွကျ ဖြစ်ပေလိမ့်မည်။ စာတန်ပြောသည့် အရာနှင့် သင့်ကို သူလုပ်ခိုင်းထားသည့်အရာကို စဉ်ဆက်မပြတ် သင်တွေးတော နေလိမ့်မည်ဖြစ်ပြီး၊ သင်သည် အမှတ်တမဲ့ဖြင့် ၎င်း၏ ပိုင်ဆိုင်ခြင်းကို ခံရလိမ့်မည်။ ဤသည်မှာ အဘယ်ကြောင့်နည်း။ ဤသို့ဖြစ်ရခြင်းမှာ လူသားမျိုးနွယ်သည် သမ္မာတရား ကင်းမဲ့သောကြောင့် ဖြစ်၏၊ ထို့ကြောင့် စာတန်၏ ဖြားယောင်းမှု နှင့် စုံစမ်းသွေးဆောင်မှုတို့ကို ခိုင်ခိုင်မာမာ ခံရပ်နိုင်ခြင်း မရှိကြပေ။ စာတန်၏ ဆိုးယုတ်မှုနှင့် ၎င်း၏ လှည့်ဖြားမှု၊ သစ္စာဖောက်မှုနှင့် မလိုမုန်းထားမှုတို့ကို ရင်ဆိုင်ရာတွင်၊ လူသားမျိုးနွယ်သည် အလွန် မသိနားမလည်ကြ၊ မရင့်ကျက် ကြသကဲ့သို့ အားနည်းကြ၏၊ ဟုတ်သည် မဟုတ်လော။ ဤသည်မှာ လူကို စာတန်က ဖောက်ပြန်ပျက်စီးစေသည့် နည်းလမ်းများထဲမှ တစ်ခုမဟုတ်သလော။ (ဟုတ်ပါသည်။) လူသားသည် စာတန်၏ အမျိုးမျိုးသော

နည်းလမ်းများဖြင့်၊ နည်းနည်းချင်း အမှတ်တမဲ့ လှည့်ဖြားခံရပြီး လှည့်စားခံရသည်၊ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် အပြုသဘောနှင့် အပျက်သဘောကြားတွင် ပိုင်းခြားသိမြင်ဖို့ အစွမ်းအစ ကင်းမဲ့ သောကြောင့်ဖြစ်သည်။ ၎င်းတို့သည် ဤဝိညာဉ် အသက်တာနှင့် စာတန်အပေါ် အောင်နိုင်သည့် အစွမ်းအစ ကင်းမဲ့ကြလေသည်။

## ၅။ လူသားကို ဖောက်ပြန်ပျက်စီးစေရန် စာတန်က လူမှုခေတ်ရေစီးကြောင်းများကို အသုံးပြုပုံ

လူမှုခေတ်ရေစီးကြောင်းများက မည်သည့်အချိန်တွင် စတင် တည်ရှိလာခဲ့သနည်း။ မျက်မှောက်ခေတ်တွင်မှ ထိုအရာများ ဖြစ်တည်လာခဲ့သလော။ စာတန်က လူတို့ကို စတင် ဖောက်ပြန် နေစေသည့်အချိန်တွင် လူမှုခေတ်ရေစီးကြောင်းများ ဖြစ်လာ ခဲ့သည်ဟု ပြောနိုင်သည်။ လူမှုခေတ် ရေစီးကြောင်းများထဲတွင် မည်သည့်အရာ ပါဝင်သနည်း။ (ဝတ်ပုံစားပုံများနှင့် မိတ်ကပ်တို့ ပါဝင်ပါသည်။) ဤအရာများသည် လူတို့ မကြာခဏ ထိတွေ့ လာရသည့် အရာများ ဖြစ်ကြသည်။ ဝတ်ပုံစားပုံများ၊ ဖက်ရှင်နှင့် ခေတ်ရေစီးကြောင်းများ၊ ဤအရာများက သေးငယ်သည့် ကဏ္ဍတစ်ခုကို ဖန်တီးလေသည်။ အခြားတစ်ခုတစ်လေ ရှိသေး သလော။ လူတို့ ပြောနေကျဖြစ်သည့် ကျော်ကြားသည့် စကားရပ်များလည်း ပါဝင်သလော။ လူတို့လိုချင်ကြသည့် ဘဝနေထိုင်မှု ပုံစံများကော ပါဝင်သလော။ ဂီတကြယ်ပွင့်များ၊ ထင်ရှားကျော်ကြားသူများ၊ မဂ္ဂဇင်းများနှင့် လူတို့ နှစ်သက်သည့် ဝတ္ထုများ ပါဝင်သလော။ (ပါဝင်ပါသည်။) သင်တို့၏ စိတ်ထဲတွင်၊ မည်သည့် ခေတ်ရေစီးကြောင်း၏ သွင်ပြင်လက္ခဏာက လူကို ဖောက်ပြန်ပျက်စီးစေနိုင်သနည်း။ ဤခေတ်ရေစီးကြောင်းများထဲမှ မည်သည်က သင်တို့အဖို့ အဆွဲဆောင်ဆုံး ဖြစ်သနည်း။ လူအချို့က၊ “ကျွန်ုပ်တို့အားလုံး အရွယ်တစ်ခုကို ရောက်ခဲ့ကြပြီ၊ ကျွန်ုပ်တို့က အသက် ငါးဆယ်၊ ခြောက်ဆယ်၊ ခုနှစ်ဆယ် သို့မဟုတ် ရှစ်ဆယ်ထဲ ဝင်နေကြပြီဖြစ်ပြီး ဤခေတ်ရေစီးကြောင်းများနှင့် အံမဝင်နိုင်တော့သကဲ့သို့ ၎င်းတို့သည် အမှန်တကယ် ကျွန်ုပ်တို့ကို မဆွဲဆောင်ပါ” ဟုပြောကြသည်။ ဤသည်မှာ မှန်သလော။ အခြားသူများက၊ “ထင်ရှားကျော်ကြားသူများနောက် ကျွန်ုပ်တို့ မလိုက်ပါ၊ ယင်းမှာ လူငယ်လူရွယ်များက ၎င်းတို့၏ အသက်နှစ်ဆယ်အရွယ်တွင် လုပ်ဆောင်သည့် အရာတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့က ခေတ်ဆန်သည့် အဝတ်အစားများကိုလည်း မဝတ်ပါ၊ ၎င်းမှာ အသွင်အပြင်ကို ဂရုစိုက်သည့် လူများပြုလုပ်သည့် အရာတစ်ခု ဖြစ်သည်” ဟုပြောကြသည်။ ထိုသို့ဆိုလျှင်၊ ဤအရာများထဲမှ မည်သည့်အရာက သင်တို့ကို ဖောက်ပြန် ပျက်စီးစေနိုင်သနည်း။ (လူကြိုက်များသည့်

ဆိုရိုးစကားများ ဖြစ်ပါသည်။) ဤဆိုရိုးစကားများက လူတို့ကို ဖောက်ပြန်ပျက်စီး စေနိုင်သလော။ ဥပမာတစ်ခုကို သင်တို့အား ငါပေးမည်၊ ပြီးလျှင် ၎င်းက လူတို့ကို ဖောက်ပြန်ပျက်စီးစေနိုင်ခြင်း ရှိမရှိ သင်တို့ မြင်နိုင်သည်- "ငွေက ကမ္ဘာကို လည်ပတ်စေသည်"- ဤသည်မှာ ခေတ်ရေစီးကြောင်းတစ်ခုလော။ သင်တို့ပြောခဲ့သည့် ဖက်ရှင်နှင့် အစားအသောက်ကောင်း ခေတ်ရေစီးကြောင်းများနှင့် နှိုင်းယှဉ်ပါက ဤသည်မှာ ပို၍များစွာဆိုးရွားသည် မဟုတ်လော။ "ငွေက ကမ္ဘာကို လည်ပတ်စေသည်" ဆိုသည်မှာ စာတန်၏ အတွေးအခေါ်တစ်ခုဖြစ်ပြီး၊ လူသားမျိုးနွယ် တစ်ခုလုံးအကြား၊ လူ့အသိုင်းအဝိုင်းတိုင်းတွင် ပျံ့နှံ့လေသည်။ ယင်းသည် လူတစ်ဦးစီတိုင်း၏ စိတ်နှလုံးထဲ သွတ်သွင်းခံရသောကြောင့် ၎င်းကို ခေတ်ရေစီးကြောင်းတစ်ခု ဖြစ်သည်ဟု သင်ပြောနိုင်သည်။ အစကတည်းမှ၊ လူတို့သည် ဤဆိုရိုးစကားကို လက်မခံခဲ့ကြသော်လည်း၊ ထို့နောက် လက်တွေ့ဘဝနှင့် ထိတွေ့လာရချိန်တွင် ထိုဆိုရိုးစကားကို သိသိသာသာ လက်ခံကြပြီး ဤစကားများက ဧကန်အမှန် မှန်ကန်သည်ဟု စတင်ခံစားကြလေသည်။ ဤသည်မှာ စာတန်က လူသားကို ဖောက်ပြန်ပျက်စီးစေခြင်း ဖြစ်စဉ် မဟုတ်လော။ လူတို့သည် ဤဆိုရိုးစကားကို တူညီသည့်အတိုင်းအတာဖြင့် နားလည်ကောင်း နားလည်မည်မဟုတ်သော်လည်း၊ အယောက်တိုင်းသည် အနီးတစ်ဝိုက်တွင် ဖြစ်နေသည့် အရာများနှင့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေး အတွေ့အကြုံများကို အခြေခံပြီး၊ ဤဆိုရိုးစကား နှင့်ဆိုင်သော မတူကွဲပြားသည့် အနက်ပြန်ခြင်းနှင့် သိမှတ်မှု အတိုင်းအတာများ ရှိကြသည်။ ယင်းမှာ မှန်၏လော။ တစ်စုံတစ်ယောက်သည် ဤဆိုရိုးစကားနှင့် သက်ဆိုင်သော အတွေ့အကြုံမည်မျှရှိပါစေ၊ တစ်စုံတစ်ယောက်၏ စိတ်နှလုံးသား အပေါ် မည်သည့် အပျက်သဘောဆောင်သော သက်ရောက်မှု ရှိနိုင်သနည်း။ သင်တို့ အယောက်စီတိုင်းအပါအဝင် ဤလောက ထဲက လူတို့၏ လူသား စိတ်သဘောထားမှတစ်ဆင့် တစ်စုံတစ်ခု ထုတ်ဖော်ပြခံရသည်။ ထုတ်ဖော်ပြခံရသည့် ဤအရာကို မည်သို့ အနက်ဖွင့်ကြသနည်း။ ယင်းသည် ငွေကို ကိုးကွယ်ခြင်းဖြစ်သည်။ ယင်းကို တစ်စုံတစ်ယောက်၏ စိတ်နှလုံးသားထဲမှ ဖယ်ရှားဖို့ ခက်ခဲသလော။ အင်မတန် ခက်ခဲသည်။ လူသားနှင့်ဆိုင်သော စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းသည် ဧကန်အမှန် အလွန် နက်ရှိုင်း၏။ ထို့ကြောင့် စာတန်သည် လူကို ဖောက်ပြန်ပျက်စီး စေရန် ဤခေတ်ရေစီးကြောင်းကို အသုံးပြုပြီးနောက်တွင် ယင်းသည် ၎င်းတို့အတွင်း၌ အဘယ်သို့ ပေါ်လွင်သနည်း။ ဤလောကတွင် ငွေတစ်ခုတစ်လေမျှမရှိဘဲ အသက်ရှင်မနေနိုင်၊ ငွေမရှိဘဲ တစ်ရက်မျှပင် မဖြစ်နိုင်ဟု သင်တို့ခံစားသလော။ လူတို့၏ အဆင့်အတန်းသည် ၎င်းတို့ ခံယူသည့် လေးစားမှုကဲ့သို့ ငွေမည်မျှရှိသည်ဆိုသည့်အပေါ် အခြေခံနေသည်။ ဆင်းရဲသားတို့၏

နောက်ကျောသည် အရှက်တရားတို့ဖြင့် ကွေးညွတ်နေစဉ်၊ လူချမ်းသာတို့သည် ၎င်းတို့၏ မြင့်မားသည့် အဆင့်အတန်းကို သာယာ နေကြသည်။ သူတို့သည် ရဲရင့်ပြီး မော်ကြွားကြသည်၊ ကျယ်လောင်စွာ စကားပြောကြပြီး၊ မာန်မာနထောင်လွှားစွာ နေထိုင်ကြသည်။ ဤဆိုရိုးစကားနှင့် ခေတ်ရေစီးကြောင်းသည် လူသားတို့အား အဘယ်အရာကို ယူဆောင်လာပေးသနည်း။ ငွေကို လိုက်စားရှာဖွေရာတွင် မည်သည့်စွန့်လွှတ်မှုကိုမဆို လူများစွာက ပြုကြသည်မှာ မှန်သည်မဟုတ်လော။ လူတို့သည် ငွေကို ပိုမိုလိုက်စား ရှာဖွေရာတွင် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် သမာဓိတို့ကို မစွန့်လွှတ်သလော။ ထို့အပြင်၊ ငွေကြေးအတွက် များစွာသော လူတို့သည် မိမိတို့၏တာဝန်များကို ထမ်းဆောင်ရန်နှင့် ဘုရားသခင်နောက်လိုက်ရန် အခွင့်အရေးကို ဆုံးရှုံးကြသည် မဟုတ်လော။ ဤသည်မှာ လူတို့အတွက် ဆုံးရှုံးမှုတစ်ခု မဟုတ်သလော။ (ဟုတ်ပါသည်။) စာတန်သည် ဤနည်းလမ်းနှင့် ဤဆိုရိုးစကားကို ထိုသို့သော အတိုင်းအတာတစ်ခုထိ အသုံးပြုသည်မှာ အန္တရာယ်ပြုမည့် လက္ခဏာ မဟုတ်သလော။ ဤသည်မှာ မလိုမုန်းထားသည့် လှည့်ကွက်တစ်ခု မဟုတ်လော။ ဤလူသိများသည့် ဆိုရိုးစကားကို ကန့်ကွက်ရာမှ သင်သည် နောက်ဆုံးတွင် ယင်းကို သမ္မာတရားအဖြစ် လက်ခံ လာသည်နှင့်အမျှ၊ သင်၏စိတ်နှလုံးသည် စာတန်၏ လက်ထဲသို့ လုံးဝကျရောက်သွားသောကြောင့် သင်သည် ထိုဆိုရိုးစကားဖြင့် အမှတ်တမဲ့ အသက်ရှင်လာသည်။ ဤဆိုရိုးစကားက သင့်ကို အဘယ်အတိုင်းအတာအထိ အကျိုးသက်ရောက်မှု ဖြစ်စေသနည်း။ သင်က မှန်သောလမ်းကို သိကောင်းသိမည်ဖြစ်ပြီး၊ သမ္မာတရားကို သိကောင်းသိမည် ဖြစ်သော်လည်း၊ ယင်းကို လိုက်စားရှာဖွေရန် အစွမ်းမဲ့လေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များသည် သမ္မာတရားဖြစ်သည်ကို သင် ရှင်းရှင်းလင်းလင်း သိကောင်းသိနိုင်သော်လည်း၊ သမ္မာတရားကို ရရှိဖို့အလို့ငှာ သင်သည် အဖိုးအခကို ပေးရန် သို့မဟုတ် ဆင်းရဲဒုက္ခခံရန် လိုလားခြင်းမရှိပေ။ ယင်းအစား၊ ဘုရားသခင်ကို အဆုံးတိုင်အောင် ဆန့်ကျင်ရန် သင်၏ ကိုယ်ပိုင်အနာဂတ်နှင့် ကံကြမ္မာကို သင် သာ၍စွန့်လွှတ်လိမ့်မည်။ ဘုရားသခင် အဘယ်အရာကို ပြောသည် ဖြစ်စေ၊ အဘယ်အရာကို လုပ်သည်ဖြစ်စေ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာက သင့်အတွက် မည်မျှကြီးမြတ်ပြီး နက်ရှိုင်းသည်ကို သင်သိသည်ဖြစ်စေ မသိသည်ဖြစ်စေ၊ သင်သည် ခေါင်းမာစွာဖြင့် ဤဆိုရိုးစကား အတွက် မိမိသဘောအတိုင်း လုပ်ဆောင်ပြီး အဖိုးအခ ပေးလိမ့်မည်ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဤဆိုရိုးစကားသည် သင်၏အပြုအမူနှင့် သင်၏အတွေးများကို ထိန်းချုပ်ထားနှင့်ပြီး ဖြစ်ကာ၊ ယင်းကို စွန့်လွှတ်လိုက်သည်ထက် ယင်းအား သင်၏ကံကြမ္မာကို သင် ထိန်းချုပ်ထားစေလိမ့်မည်ဖြစ်သည်။ လူတို့က ဤသို့ လုပ်ဆောင်ကြသည့် အချက်၊

ဤဆိုရိုးစကား၏ ထိန်းချုပ်ခြင်းနှင့် ကြိုးကိုင်ညွှန်ကြားခြင်းကို ၎င်းတို့ ခံရသည့် အချက်မှာ လူသားမျိုးနွယ်ကို စာတန်၏ ဖောက်ပြန်ပျက်စီး စေခြင်းက ထိရောက်သည်ကို သာဓကပြသည် မဟုတ်လော။ ဤကား စာတန်၏ အတွေးအခေါ်နှင့် ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားတို့က သင်၏ စိတ်နှလုံးထဲတွင် အမြစ်စွဲနေခြင်း မဟုတ်လော။ ဤအရာကို သင်လုပ်ဆောင်လျှင်၊ ၎င်း၏ ပန်းတိုင်ကို စာတန်က ရရှိအောင်မြင်သွားပြီ မဟုတ်လော။ (ဟုတ်ပါသည်။) စာတန်က လူကို ဤနည်းလမ်းဖြင့် မည်သို့ အကျင့်ပျက်စေပြီးဖြစ်သည်ကို သင်မြင်သလော။ သင်ခံစား ရနိုင်သလော။ (မခံစားရနိုင်ပါ။) ထိုအရာကို သင်မမြင်ခဲ့ သို့မဟုတ် မခံစားခဲ့ရချေ။ ဤနေရာ၌ စာတန်၏ ဆိုးယုတ်မှုကို သင် မြင်သလော။ စာတန်သည် လူကို ခပ်သိမ်းသော အချိန်များနှင့် ခပ်သိမ်းသော နေရာများတွင် ဖောက်ပြန်ပျက်စီး စေသည်။ စာတန်သည် လူသားအား ဤဖောက်ပြန်ပျက်စီးမှုကို ဆန့်ကျင်ဖို့ မဖြစ်နိုင်စေရန် လုပ်ဆောင်ပြီး ယင်းနှင့်ပတ်သက်၍ လူသားကို ကူကယ်ရာမဲ့ဖြစ်အောင် လုပ်ဆောင်သည်။ စာတန်သည် သင်အမှုမဲ့အမှတ်မဲ့ ဖြစ်နေသည့် အခြေအနေများနှင့် သင့်ထံတွင် မည်သည့်အရာဖြစ်နေသည်ကို သင် သတိမပြု မိချိန်တွင် ၎င်း၏အတွေးများ၊ ၎င်း၏ရှုထောင့်အမြင်များနှင့် ၎င်းထံမှလာသည့် ဆိုးယုတ်သည့် အရာများကို သင့်အား လက်ခံစေသည်။ လူတို့သည် ဤအရာများကို လက်ခံကြပြီး၊ ယင်းတို့ကို ပယ်ချကန့်ကွက်ခြင်း မပြုကြပေ။ ၎င်းတို့သည် ဤအရာများကို ချစ်ခင်မြတ်နိုးပြီး ရတနာကဲ့သို့ သိမ်းထား ကြသည်၊ ဤအရာများအား ၎င်းတို့ကို ကြိုးကိုင် ညွှန်ကြားခွင့်ပေးကြပြီး၊ ၎င်းတို့နှင့် ကစားကြသည်။ ဤကား စာတန်၏ လူသားတို့ကို ဖောက်ပြန်ပျက်စီးစေခြင်း နက်ရှိုင်းသည်ထက် နက်ရှိုင်းလာပုံ ဖြစ်ပေသည်။

စာတန်သည် လူကို ဖောက်ပြန်ပျက်စီးစေရန် ဤနည်းလမ်း အချို့ကို အသုံးပြုသည်။ လူသည် အသိပညာနှင့် အချို့သော သိပ္ပံဆိုင်ရာ အခြေခံမှုများကို သိနားလည်ခြင်းတစ်ခု ရှိသည်၊ လူသည် ရိုးရာယဉ်ကျေးမှု၏ လွှမ်းမိုးမှုအောက်တွင် နေထိုင်ပြီး၊ လူသားတိုင်းသည် ရိုးရာယဉ်ကျေးမှု၏ အမွေခံသူနှင့် သယ်ဆောင်သူ တစ်ဦးဖြစ်သည်။ လူသားသည် သူ့ကို စာတန် ပေးထားသည့် ရိုးရာယဉ်ကျေးမှုကို ဝတ္တရားအရ ဆက်လက် လုပ်ဆောင်ရပြီး၊ စာတန်က လူသားမျိုးနွယ်ကို ပံ့ပိုးပေးသည့် ခေတ်ရေစီးကြောင်းကိုလည်း လိုက်လုပ်ရသည်။ တစ်ချိန်လုံး စာတန် လုပ်သမျှကို လိုက်လုပ်လျက်၊ ၎င်း၏ ဆိုးယုတ်မှု၊ လှည့်ဖြားမှု၊ မလိုမုန်းထားမှုနှင့် မာနထောင်လွှားမှုတို့ကို လက်ခံရင်း လူသားသည် စာတန်နှင့် ခွဲခြား၍မရချေ။ လူသားသည် စာတန်၏ ဤစိတ်သဘောထားများကို ပိုင်ဆိုင် လာသည်နှင့်တစ်ပြိုင်နက်၊ သူသည် ဤဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်ကြားတွင်

ပျော်ရွှင်ဖွယ်ဖြစ်သော ရှင်သန်ခြင်း ရှိလေသလော သို့မဟုတ် ဝမ်းနည်းဖွယ် ရှင်သန်ခြင်း ရှိလေသလော။ (ဝမ်းနည်းဖွယ် ဖြစ်ပါမည်။) အဘယ်ကြောင့် သင် ထိုသို့ပြောသနည်း။ (အဘယ်ကြောင့်ဆိုသော် လူသားသည် ဤအရာများဖြင့် ချည်နှောင်ခံရပြီး ထိန်းချုပ်ခံရသောကြောင့်၊ သူသည် အပြစ်တွင် အသက်ရှင်ကာ ခက်ခဲကြမ်းတမ်းသော ရုန်းကန်လှုပ်ရှားမှုဖြင့် လွှမ်းမိုးခံရပါသည်။) လူအချို့သည် အလွန်ဉာဏ်ပညာရှိပုံပေါ်လျက် မျက်မှန်တပ်ကြ၏။ ၎င်းတို့သည် အပြောကောင်းခြင်းနှင့် ဆင်ခြင်တုံတရားတို့ဖြင့် အလွန် သိက္ခာရှိစွာ စကားပြောဆိုကောင်းပြောဆိုကြလိမ့်မည်ဖြစ်ပြီး၊ အမှုအရာများစွာကို ဖြတ်သန်းရပြီးဖြစ်သောကြောင့်၊ ၎င်းတို့ အလွန် အတွေ့အကြုံရှိကာ ခေတ်မီကောင်း ခေတ်မီကြပေလိမ့်မည်။ ၎င်းတို့သည် ကိစ္စကြီးငယ်များနှင့်ပတ်သက်၍ အသေးစိတ် ပြောကောင်းပြောနိုင်ကြလိမ့်မည်။ ၎င်းတို့အနေဖြင့် အမှုအရာများ၏ စစ်မှန်မှုနှင့် အကြောင်းပြချက်များကိုလည်းအကဲဖြတ်ကောင်း အကဲဖြတ်နိုင်ကြလိမ့်မည်။ အချို့သည် ဤလူတို့၏ အပြုအမူ၊ သွင်ပြင်တို့အပြင် ၎င်းတို့၏ အကျင့်စရိုက်၊ လူ့သဘာဝ၊ အပြုအမူ စသည်တို့ကို ကြည့်ပြီး ယင်းတို့နှင့်ပတ်သက်၍ အပြစ်ရှာတွေ့ကောင်းတွေ့မည်မဟုတ်ချေ။ ထိုသို့သော လူတို့သည် လက်ရှိ လူမှုခေတ် ရေစီးကြောင်းကို အထူးသဖြင့် ကျင့်သားရနိုင်ကြလေသည်။ ဤလူတို့သည် ပို၍အသက်ကြီးကောင်း ကြီးမည်ဖြစ်သော်လည်း၊ ဘယ်သောအခါမျှ ခေတ်နောက်ကျခြင်း မရှိသကဲ့သို့ သင်ယူရန်လည်း ဘယ်သောအခါမျှ အိုမင်းမသွားပေ။ အပေါ်ယံတွင်၊ ထိုသို့သော လူတစ်ဦးနှင့်ပတ်သက်၍ မည်သူမျှ အပြစ်ရှာမတွေ့နိုင်သော်လည်း၊ အတွင်းတွင် ၎င်းတို့သည် စာတန်အားဖြင့် အကြွင်းမဲ့နှင့် လုံးဝ ဖောက်ပြန်ပျက်စီး ခံရကြလေသည်။ ဤလူများနှင့်ပတ်သက်၍ အပြင်ပန်း အမှားကို ရှာမတွေ့နိုင်သော်လည်း၊ အပေါ်ယံတွင် ၎င်းတို့သည် သိမ်မွေ့သည်၊ ခံ့ညားပြီး၊ အသိပညာနှင့် အချို့သော အကျင့်သိက္ခာကို ပိုင်ဆိုင်ထားပြီး၊ သမာဓိရှိသော်လည်း၊ အသိပညာအရ ၎င်းတို့သည် ငယ်ရွယ်သူများထက် မနိမ့်ကျ သော်လည်း၊ ၎င်းတို့၏သဘာဝနှင့် အနှစ်သာရနှင့် စပ်လျဉ်း၍ ထိုသို့သော လူတို့သည် စာတန်၏ ပြည့်ဝပြီး အသက်ရှင်သော ပုံစံငယ် ဖြစ်လေသည်။ ၎င်းတို့သည် စာတန်နှင့် တထေရာတည်း တူသောသူဖြစ်သည်။ ဤကား လူကို စာတန် ဖောက်ပြန်ပျက်စီး စေခြင်း၏ "အကျိုးတရား" ဖြစ်သည်။ ငါပြောပြီးသည့် အရာသည် သင်တို့အဖို့ နာကျင်စရာဖြစ်နိုင်သော်လည်း အားလုံး မှန်ကန်၏။ လူလေ့လာသည့် အသိပညာ၊ သူနားလည်သည့် သိပ္ပံပညာ၊ လူမှုခေတ် ရေစီးကြောင်းများနှင့် အံဝင်ခွင်ကျ ဖြစ်အောင် သူရွေးချယ်သည့် နည်းနာတို့သည်၊ ခြွင်းချက်မရှိ စာတန်၏ ဖောက်ပြန်ပျက်စီးစေသည့် တန်ဆာပလာများ ဖြစ်သည်။ ဤသည်မှာ အကြွင်းမဲ့ မှန်ကန်၏။ ထို့ကြောင့် လူသားသည်

စာတန်အားဖြင့် လုံး၀ ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားအတွင်းတွင် အသက်ရှင်ပြီး၊ ဘုရားသခင်၏ သန့်ရှင်းခြင်းက မည်သည့်အရာဖြစ်သည် သို့မဟုတ် ဘုရားသခင်၏ အနှစ်သာရက မည်သည့်အရာဖြစ်သည်ကို မသိနိုင်ပေ။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အပေါ်ယံတွင် စာတန်က လူကို ဖောက်ပြန်ပျက်စီးစေသည့် နည်းလမ်းများနှင့် ပတ်သက်၍ မည်သူမျှ အပြစ်ရှာမတွေ့နိုင်ပေ။ တစ်စုံတစ်ယောက်၏ အပြုအမူမှ တစ်ခုခုလွဲနေသည်ဟု တစ်ယောက်ယောက်က မပြောနိုင်ပေ။ အယောက်တိုင်းသည် မိမိတို့၏အလုပ်ကို ပုံမှန် လုပ်ဆောင်နေကြပြီး ပုံမှန် အသက်တာများကို အသက်ရှင်နေကြသည်။ ပုံမှန်အားဖြင့် စာအုပ်များနှင့် သတင်းစာများကို ၎င်းတို့ ဖတ်ရှုပြီး ပုံမှန် လေ့လာသင်ယူကာ စကားပြောကြသည်။ လူအချို့သည် လူ့ကျင့်ဝတ် အနည်းငယ်ကို သင်ယူကြပြီး အပြောကောင်းကြသည်၊ နားလည်မှုရှိပြီး ဖော်ရွေကြသည်၊ ကူညီတတ်ပြီး ရက်ရောတတ်ကြသကဲ့သို့ အရေးမပါသော ရန်စမှုများ သို့မဟုတ် လူတို့ကို အခွင့်အရေးယူခြင်းများ မလုပ်ဆောင်ကြချေ။ သို့ရာတွင်၊ ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသည့် ဆိုးယုတ်သော စိတ်သဘောထားများသည် ၎င်းတို့အတွင်းတွင် နက်နက်ရှိုင်းရှိုင်း အမြစ်စွဲနေပြီး၊ ဤအနှစ်သာရကို အပြင်ပန်း အားထုတ်ခြင်းအပေါ် မှီခိုခြင်းဖြင့် ပြောင်းလဲ၍မရနိုင်ပေ။ ဤအနှစ်သာရကြောင့် လူသားသည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို မသိနိုင်သကဲ့သို့၊ ဘုရားသခင်၏ သန့်ရှင်းခြင်း အနှစ်သာရကို လူသားထံသို့ ဖွင့်ပြပါသော်လည်း၊ လူက ထိုအရာကို အလေးအနက်မထားပေ။ ဤသို့ဖြစ်ရခြင်းမှာ စာတန်သည် လူသား၏ ခံစားချက်များ၊ အယူအဆများ၊ ရှုထောင့်အမြင်များနှင့် အတွေးများကို နည်းလမ်း အမျိုးမျိုးဖြင့် လုံး၀ပိုင်ဆိုင်လာနှင့်ပြီးဖြစ်သောကြောင့် ဖြစ်သည်။ ဤပိုင်ဆိုင်ခြင်းနှင့် ဖောက်ပြန်ပျက်စီးစေခြင်းတို့သည် ခေတ္တ သို့မဟုတ် ရံဖန်ရံခါမဟုတ်ဘဲ၊ နေရာတကာနှင့် အချိန်တိုင်းတွင် ရှိလေသည်။ ထိုသို့ဖြင့်၊ ဘုရားသခင်ကို သုံးနှစ် လေးနှစ် သို့မဟုတ် ငါးနှစ် ခြောက်နှစ်ပင်- ယုံကြည်ခဲ့ကြသည့် ကြီးမြတ်သော လူများစွာတို့သည်၊ ၎င်းတို့ထဲသို့ စာတန် သွတ်သွင်းပေးလိုက်သည့် ဤဆိုးယုတ်သော အတွေးများ၊ အမြင်များ၊ ဆင်ခြင်တွေးခေါ်မှုနှင့် အတွေးအခေါ်များကို ရတနာများအဖြစ် သဘောထားကြပြီး ၎င်းတို့ကို လက်မလွှတ်နိုင်ကြချေ။ လူသည် ဆိုးယုတ်မှု၊ စာတန်၏ သဘာ၀မှလာသည့် မာနထောင်လွှားပြီး မလိုမုန်းထားသော အရာများကို လက်ခံပြီးဖြစ်သောကြောင့်၊ လူ၏ အချင်းချင်း ဆက်ဆံမှုများတွင် စာတန်၏ မာနထောင်လွှားသော သဘာ၀၏ အကျိုးဆက်အဖြစ် လာသည့် သဘောထားကွဲလွဲမှုများ၊ အငြင်းအခုံများနှင့် သဟဇာတမဖြစ်ခြင်းများသည် မလွှဲမရှောင်သာ မကြာခဏ ရှိပေသည်။ အကယ်၍ စာတန်သည် လူသားမျိုးနွယ်ကို အပြုသဘောဆောင်သည့် အရာများ ပေးခဲ့ပါက၊

ဥပမာ၊ လူသားတို့ လက်ခံထားသည့် ရိုးရာယဉ်ကျေးမှုနှင့်ဆိုင်သော ကွန်ဖြူးရှပ်ဝါဒနှင့် တာအိုဝါဒတို့သည် ကောင်းသောအရာများ ဖြစ်ပါက၊ အလားတူသည့် လူများသည် ထိုအရာများကို လက်ခံ ပြီးသည့်နောက်တွင် အချင်းချင်း အဆင်ပြေနိုင်သင့် ပေသည်။ ထို့ကြောင့်၊ တူညီသည့်အရာများကို လက်ခံထားသည့် လူများကြားတွင် အဘယ်ကြောင့် ထိုသို့သော ကြီးမားသည့် ကွဲပြားခြင်းတစ်ခု ရှိပါသနည်း။ ယင်းသည် အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်နည်းမူကား ဤအရာများသည် စာတန်ထံမှလာပြီး စာတန်သည် လူများအကြားတွင် ကွဲပြားခြင်းကို ဖန်တီးသည်။ စာတန်ထံမှ လာသည့်အရာများသည်၊ အပေါ်ယံတွင် မည်မျှပင် ဂုဏ်သိက္ခာရှိပုံရသည်ဖြစ်စေ သို့မဟုတ် ကြီးမြတ်ပုံရသည်ဖြစ်စေ၊ လူသားထံသို့ မာနထောင်လွှားခြင်းကိုသာ ယူဆောင်လာပြီး လူသားအသက်တာမှ မာနထောင်လွှားခြင်းကိုသာ ပေါ်ထွက် လာစေကာ၊ စာတန်၏ ဆိုးယုတ်သည့် သဘာဝ၏ လှည့်ဖြားမှုထက် ဘာမျှမပိုပေ။ ၎င်းမှာ ထိုသို့မဟုတ်လော။ မိမိကိုယ်ကိုယ် ရုပ်ဖျက်နိုင်သည့် တစ်စုံတစ်ယောက်၊ ကြွယ်ဝသည့် အသိပညာ ပိုင်ဆိုင်ထားသည့်သူ သို့မဟုတ် ကောင်းမွန်စွာ ကြီးပြင်းခဲ့သူသည် ၎င်းတို့၏ ဖောက်ပြန်ပျက်စီးသည့် ဆိုးယုတ်သော စိတ်သဘောထားကို ဖုံးကွယ်ရန် ခက်ခဲသည့်အချိန် ရှိနိုင်သေး၏။ ဆိုလိုသည်မှာ၊ ဤလူသည် နည်းလမ်းမည်မျှဖြင့် သူ့ကိုယ်သူ ဖုံးအုပ်စေကာမူ၊ ၎င်းတို့ကို သူတော်စင်တစ်ဦးအဖြစ် သင်တွေးထင်သည်ဖြစ်စေ မထင်သည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ စုံလင်မှုရှိသည်ဟု သင်ထင်သည်ဖြစ်စေ၊ မထင်သည်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ကို ကောင်းကင်တမန်ဟု သင်တွေးထင်သည်ဖြစ်စေ မထင်သည်ဖြစ်စေ၊ ၎င်းတို့ မည်မျှ ဖြူစင်သည်ဟု သင် တွေးထင်ပါစေ၊ မြင်ကွင်းများ နောက်ကွယ်တွင် ၎င်းတို့၏ ဘဝသည် မည်သည့်အရာနှင့်တူ သနည်း။ ၎င်းတို့ စိတ်သဘောထား၏ ထုတ်ဖော်မှုတွင် မည်သည့်အနှစ်သာရကို သင်မြင်မည်နည်း။ စာတန်၏ ဆိုးယုတ်သည့် သဘာဝကို သင်မြင်မည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ ထိုသို့ ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) ဥပမာအားဖြင့်၊ လူကောင်း တစ်ယောက်ဟု သင်ထင်ထားသည့် သင်တို့နှင့် နီးစပ်သည့် လူတစ်ဦးကို သင်သိသည်ဆိုပါစို့၊ သင်မြတ်နိုး ကိုးကွယ်သည့် တစ်စုံတစ်ယောက် ဖြစ်ကောင်းဖြစ်မည်။ သင်၏လက်ရှိ ဝိညာဉ်အသက်တာဖြင့်၊ ၎င်းတို့ကို သင် မည်သို့ တွေးထင်သနည်း။ ပထမဦးစွာ၊ ဤကဲ့သို့သော လူစားသည် ကိုယ်ချင်းစာနာခြင်း ရှိမရှိ၊ ရိုးသားခြင်း ရှိမရှိ၊ လူတို့အတွက် စစ်မှန်သော ချစ်ခြင်းမေတ္တာ ၎င်းတို့ ရှိမရှိ၊ ၎င်းတို့၏ စကားများနှင့် လုပ်ရပ်များသည် အခြားသူများ အတွက် အကျိုးရှိပြီး အကူအညီဖြစ်မဖြစ်ကို ကြည့်လော့။ (အကူအညီမဖြစ်ပါ) လူတို့ ထုတ်ဖော်ပြသည့် ကြင်နာခြင်း၊ ချစ်ခြင်း သို့မဟုတ် ကောင်းမြတ်ခြင်း ဆိုသည်များက မည်သည့် အရာနည်း။ ထိုအရာအားလုံးသည်

အယောင်ဆောင်များ ဖြစ်ပြီး၊ အားလုံးက အပေါ်ယံမျက်နှာစာဖြစ်သည်။ ဤအပေါ်ယံ မျက်နှာစာ၏ နောက်ကွယ်တွင် ဖုံးကွယ်ထားသည့် ဆိုးယုတ်သော ရည်ရွယ်ချက်တစ်ခု ရှိသည်- ထိုပုဂ္ဂိုလ်ကို နှစ်သက်ကြည်ညို စေရန်နှင့် နှစ်သက်ကိုးကွယ်စေရန်ဖြစ်သည်။ ဤအရာကို သင်တို့ ရှင်းလင်းစွာမြင်သလော။ (မြင်ပါသည်။)

လူတို့ကို ဖောက်ပြန်ပျက်စီးစေရန် စာတန်အသုံးပြုသည့် နည်းလမ်းများက မည်သည့်အရာကို လူသားမျိုးနွယ်ထံ ယူဆောင်ပါသနည်း။ ၎င်းတို့သည် အပြုသဘောဆောင်သည့် တစ်ခုတစ်လေ ယူဆောင်ပေးပါသလော။ ပထမဦးစွာ၊ လူသည် အကောင်းနှင့် အဆိုးကြား ခွဲခြားနိုင်သလော။ ဤလောကထဲတွင် တစ်စုံတစ်ခု ကောင်းမြတ်သည်၊ ဆိုးယုတ်သည်၊ မှန်သည် မှားသည် အကဲဖြတ်ဖို့ ကျော်ကြားသော သို့မဟုတ် ကြီးမြတ်သောပုဂ္ဂိုလ် တစ်ချို့တို့ကိုဖြစ်စေ၊ မဂ္ဂဇင်းတစ်ချို့ သို့မဟုတ် အခြား ပုံနှိပ်ထုတ်ဝေမှုတို့ကိုဖြစ်စေ ၎င်းတို့ အသုံးပြုသည်ဟု သင် ပြောမည်၊ မှန်ပါသလော။ ဖြစ်ရပ်များနှင့် လူတို့နှင့် သက်ဆိုင်သော ၎င်းတို့၏ အကဲဖြတ်ခြင်းများက တရားမျှတ ပါသလော။ ၎င်းတို့အနေဖြင့် သမ္မာတရား ပါရှိသလော။ ဤလောက၊ ဤလူသားမျိုးနွယ်သည် သမ္မာတရား၏ စံနှုန်းကို အခြေခံပြီး အပြုသဘောနှင့် အပျက်သဘောဆောင်သော အရာများကို အကဲဖြတ်သလော။ (အကဲမဖြတ်ပါ။) လူတို့သည် အဘယ်ကြောင့် ထိုအစွမ်းအစ မရှိကြသနည်း။ လူတို့သည် အသိပညာများစွာကို သင်ယူခဲ့ကြပြီး၊ သိပ္ပံပညာအကြောင်း များစွာသိရှိကြသောကြောင့် ၎င်းတို့သည် ကြီးမြတ်သည့် အစွမ်းအစများ ပိုင်ဆိုင်ကြသည် မဟုတ်လော။ ထို့ဆိုလျှင် ၎င်းတို့သည် အပြုသဘောနှင့် အပျက်သဘောဆောင်သည့် အရာများအကြား အဘယ်ကြောင့် ခွဲခြားနိုင်စွမ်းမရှိကြသနည်း။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။ (လူတို့တွင် သမ္မာတရား မရှိကြသောကြောင့် ဖြစ်ပါသည်၊ သိပ္ပံပညာနှင့် အသိပညာတို့သည် သမ္မာတရား မဟုတ်ပါ။) လူသားမျိုးနွယ်ထံသို့ စာတန် ယူဆောင်သမျှတိုင်းသည် ဆိုးယုတ်သည်၊ ဖောက်ပြန်ပျက်စီး စေပြီး သမ္မာတရား၊ အသက်နှင့် လမ်းခရီး ကင်းမဲ့နေသည်။ လူသားထံ စာတန် ယူဆောင်လာသည့် ဆိုးယုတ်မှုနှင့် ဖောက်ပြန်ပျက်စီးခြင်းတို့နှင့်အတူ၊ စာတန်တွင် ချစ်ခြင်းမေတ္တာ ရှိသည်ဟု သင်ပြောနိုင်သလော။ လူသားတွင် ချစ်ခြင်းမေတ္တာ ရှိသည်ဟု သင်ပြောနိုင်သလော။ လူအချို့က၊ “ကိုယ်တော် မှားသည်၊ ကမ္ဘာတစ်ဝှမ်းတွင် ဆင်းရဲသား သို့မဟုတ် အိမ်ယာမဲ့များကို ကူညီနေသည့် လူများစွာရှိသည်။ ထိုသူတို့သည် လူကောင်းများ မဟုတ်သလော။ ကောင်းသည့်အလုပ်များကို လုပ်သည့် အများအကျိုးဆောင်သည့် အဖွဲ့အစည်းများစွာလည်း ရှိသည်၊ သူတို့ လုပ်သည့် အလုပ်သည် ကောင်းသည့် အလုပ် မဟုတ်လော” ဟု ပြောကောင်း ပြောလိမ့်မည်။ ယင်းနှင့်ပတ်သက်၍ သင် မည်သည့်အရာ

ပြောမည်နည်း။ စာတန်သည် လူသားကို ဖောက်ပြန်ပျက်စီးစေရန် မတူညီသည့် နည်းလမ်းများနှင့် သဘောတရားများကို အသုံးပြုသည်- လူ၏ ဤဖောက်ပြန်ပျက်စီးခြင်းသည် မရေရာသော အယူအဆ တစ်ခုလော။ မဟုတ်ပေ၊ ယင်းသည် မရေမရာ မဖြစ်ပေ။ စာတန်သည် အချို့သော လက်တွေ့ကျသည့် အရာများကိုလည်း လုပ်ဆောင်ပြီး၊ ၎င်းသည် ဤလောက သို့မဟုတ် လူမှုအဖွဲ့အစည်းထဲတွင် ရှုထောင့်အမြင်တစ်ခု သို့မဟုတ် သဘောတရားတစ်ခုကိုလည်း အားပေးလေသည်။ မင်းဆက်တိုင်း နှင့် ခေတ်တိုင်းတွင် ၎င်းသည် သဘောတရားတစ်ခုကို ထောက်ခံအားပေးပြီး လူ၏ စိတ်ထဲသို့ အတွေးအခေါ်များကို သွတ်သွင်းပေးသည်။ ဤအတွေးအခေါ်များနှင့် သဘောတရားများသည် လူတို့၏ စိတ်နှလုံးထဲတွင် တဖြည်းဖြည်း နှင့် အမြစ်စွဲလာ ပြီးနောက်၊ လူတို့သည် ၎င်းတို့ဖြင့် စတင် အသက်ရှင်လာကြသည်။ ဤအရာများဖြင့် ၎င်းတို့ စတင် အသက်ရှင်သည်နှင့်တစ်ပြိုင်နက် ၎င်းတို့သည် အမှတ်တမဲ့ဖြင့် စာတန် ဖြစ်လာကြသည် မဟုတ်လော။ ထိုအခါ လူတို့သည် စာတန်နှင့် တစ်ကိုယ်တည်း ဖြစ်လာကြသည် မဟုတ်လော။ လူတို့သည် စာတန်နှင့် တစ်ကိုယ်တည်း ဖြစ်လာသည့်အခါ၊ အဆုံးတွင် ဘုရားသခင်အပေါ် ၎င်းတို့၏ သဘောထားမှာ အဘယ်နည်း။ ဘုရားသခင်အပေါ် စာတန် ထားရှိသည့် သဘောထားနှင့် တူသည် မဟုတ်လော။ မည်သူမျှ ဤအရာကို ဝန်မခံဝံ့ချေ၊ ဟုတ်ပါသလော။ ထိတ်လန့်ဖွယ်ရာ ကောင်းပေစွ။ စာတန်၏ သဘာဝသည် ဆိုးယုတ်သည်ဟု အဘယ်ကြောင့် ငါဆိုသနည်း။ ငါသည် ဤအရာကို အခြေအမြစ်မရှိဘဲ မပြော၊ ယင်းထက် စာတန် လုပ်ဆောင်ခဲ့သည့်အရာနှင့် ထုတ်ဖော်ပြခဲ့သည့် အရာတို့အပေါ် အခြေခံ၍ စာတန်၏ သဘာဝကို သတ်မှတ်ကာ စိစစ်ခြင်းဖြစ်သည်။ စာတန်က ဆိုးယုတ်သည်ဟုသာ ငါပြောပါက၊ သင်တို့ မည်ကဲ့သို့ တွေးမည်နည်း။ သင်တို့က၊ "စာတန်က ဆိုးယုတ်သည်မှာ သိသာလှပါသည်" ဟု တွေးပေလိမ့်မည်။ သို့ဖြစ်လျှင်၊ "စာတန်၏ မည်သည့်သွင်ပြင် လက္ခဏာက ဆိုးယုတ်သနည်း" ဟု သင့်ကို ငါမေး၏။ "စာတန်၏ ဘုရားသခင်ကို ဆန့်ကျင်ခြင်းက ဆိုးယုတ် ပါသည်" ဟု သင်ပြောလျှင်၊ သင်သည် ရှင်းလင်းပြတ်သားစွာ ပြောလိမ့်ဦးမည် မဟုတ်ချေ။ ယခုတွင် ဤနည်းလမ်းဖြင့် တိတိကျကျ ငါပြောပြီ။ စာတန်၏ ဆိုးယုတ်မှု အနှစ်သာရ နှင့်ဆိုင်သော အသေးစိတ် အကြောင်းအရာနှင့် ပတ်သက်၍ သင်တို့နားလည်သလော။ (နားလည်ပါသည်။) အကယ်၍ သင်သည် စာတန်၏ ဆိုးယုတ်သော သဘာဝကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပါက သင်ကိုယ်တိုင်၏ အခြေအနေများကို သင်တွေ့မြင်လိမ့်မည်။ ဤအရာနှစ်ခုကြားတွင် ဆက်စပ်မှု တစ်ခုတစ်လေ ရှိသလော။ ဤအရာသည် သင့်အဖို့ အကူအညီ ဖြစ်သလော၊ မဖြစ်သလော။ (ဖြစ်ပါသည်။) ဘုရားသခင်၏ သန့်ရှင်းခြင်း အနှစ်သာရကို ငါမိတ်သဟာယပြုသည့်အခါ၊ စာတန်၏ ဆိုးယုတ်သည့်

အနှစ်သာရကို မိတ်သဟာယပြုရန် လိုအပ်ပါသလော။ ဤအရာနှင့်ပတ်သက်၍ သင်တို့၏ ထင်မြင်ချက်ကား အဘယ်နည်း။ (ဟုတ်ပါသည်၊ လိုအပ်ပါသည်။) အဘယ်ကြောင့်နည်း။ (စာတန်၏ ဆိုးယုတ်မှုသည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို ရုပ်လုံးကြွထင်ရှားစေပါသည်။) ထိုသို့ ဖြစ်သလော။ စာတန်၏ ဆိုးယုတ်ခြင်းမရှိဘဲ၊ လူတို့သည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို မသိနိုင်ဆိုသည့် အသိစိတ်အရ ဤသည်မှာ တစ်စိတ်တစ်ပိုင်း မှန်ကန်၏။ သို့ရာတွင်၊ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် စာတန်၏ ဆိုးယုတ်မှုနှင့် ဆန့်ကျင်သောကြောင့်သာ တည်ရှိနေခြင်း ဖြစ်သည်ဟုဆိုလျှင်၊ ဤသည်မှာ မှန်၏လော။ ဤယုတ္တိဗေဒနည်းကျ ဆန်းစစ်ရှာဖွေခြင်းဆိုင်ရာ တွေးတောပုံနည်းလမ်းက မှားသည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းက ဘုရားသခင်၏ ပင်ကို အနှစ်သာရဖြစ်သည်။ ဘုရားသခင်သည် သူ၏ လုပ်ဆောင်ချက်များမှတစ်ဆင့် ထိုအရာကို ထုတ်ဖော်သည့် အခါတွင်ပင်၊ ဤသည်မှာ ဘုရားသခင်၏ ပင်ကိုအနှစ်သာရကို သဘာဝအလျောက် ဖော်ပြခြင်းပင်ဖြစ်နေသေးပြီး၊ ဘုရားသခင်၏ ပင်ကိုအနှစ်သာရ ဖြစ်နေသေး၏။ ယင်းသည် အမြဲတည်ရှိကာ လူက မမြင်နိုင်သော်လည်း ဘုရားသခင်ကိုယ်တော်တိုင်အဖို့ ပင်ကိုနှင့် မွေးရာပါ ဖြစ်၏။ ဤသို့ဖြစ်ရခြင်းမှာ၊ လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကြားနှင့် စာတန်၏ လွှမ်းမိုးမှုအောက်တွင် အသက်ရှင်ပြီး၊ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်ဆိုင်သော တိကျသည့် အကြောင်းအရာကို သိဖို့မဆိုထားနှင့်၊ သန့်ရှင်းခြင်းအကြောင်းကိုပင် မသိသောကြောင့် ဖြစ်သည်။ ထို့ကြောင့်၊ ငါတို့သည် စာတန်၏ ဆိုးယုတ်သည့် အနှစ်သာရကို ပထမဆုံး မိတ်သဟာယပြုရန် လိုအပ်သလော။ (လိုအပ်ပါသည်။) လူအချို့တို့သည်၊ “ကိုယ်တော်သည် ဘုရားသခင် ကိုယ်တော်တိုင်အကြောင်းကို မိတ်သဟာယပြုသည်၊ သို့ဆိုလျှင် စာတန်က လူကို မည်သို့ အကျင့်ပျက်စေပြီး စာတန်၏ သဘာဝက မည်ကဲ့သို့ ဆိုးယုတ်သည်ကိုသာ ကိုယ်တော်က အဘယ်ကြောင့် အမြဲပြောဆို နေသနည်း” ဟူ၍ သံသယအချို့ကို ဖော်ပြကောင်း ဖော်ပြပေမည်။ ယခုတွင် သင်သည် ဤသံသယများကို အဆုံးသတ် နိုင်ကြပြီဖြစ်သည်၊ မဟုတ်လော။ လူတို့သည် စာတန်၏ ဆိုးယုတ်မှုကို သိမြင်ခြင်းရှိသည့်အခါနှင့် ယင်းကို တိကျသည့် အနက်ဖွင့်မှု ရှိကြသည့်အခါ၊ ဆိုးယုတ်ခြင်း၏ တိကျသော အကြောင်းအရာနှင့် သရုပ်သကန်၊ ဆိုးယုတ်မှု၏ အရင်းအမြစ် နှင့် အနှစ်သာရတို့ကို လူတို့ ရှင်းရှင်းလင်းလင်း မြင်နိုင် ကြသည့်အခါ၊ ထိုအခါတွင်မှ ဘုရားသခင်၏ သန့်ရှင်းခြင်း နှင့်ဆိုင်သော ဆွေးနွေးခြင်းမှတဆင့် ဘုရားသခင်၏ သန့်ရှင်းခြင်းက မည်သည့်အရာ ဖြစ်သည်၊ သန့်ရှင်းခြင်းက မည်သည့်အရာဖြစ်သည် ဆိုသည်ကို လူတို့ ရှင်းရှင်းလင်းလင်း နားလည်နိုင်ပေသည်၊ သို့မဟုတ် သတိပြုနိုင်ပေသည်။ စာတန်၏ ဆိုးယုတ်မှုကို

ငါမဆွေးနွေးပါက၊ လူအချို့တို့က လူ့အဖွဲ့အစည်းထဲနှင့် လူတို့ကြားတွင် လူတို့လုပ်ဆောင်နေသည့် အရာတစ်ချို့ သို့မဟုတ် ဤကမ္ဘာလောကတွင်ရှိသည့် တစ်ချို့သော အရာတို့သည် သန့်ရှင်းခြင်းနှင့် ဆက်နွယ်မှု တစ်ချို့တစ်လေ ရှိကောင်းရှိမည်ဟု မှားယွင်းစွာ ယုံကြည်ကြလိမ့်မည်။ ဤသည်မှာ မှားယွင်းသော ရှုထောင့်အမြင်တစ်ခု မဟုတ်လော။ (ဟုတ်ပါသည်။)

ယခုတွင် စာတန်၏ အနှစ်သာရနှင့်ပတ်သက်၍ ဤသို့ ငါ မိတ်သဟာယပြုပြီးဖြစ်သည်၊ ပြီးခဲ့သည့် နှစ်အနည်းငယ် အတွင်းတွင် သင်၏ အတွေ့အကြုံများမှတဆင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်၏ ဖတ်ရှုခြင်းနှင့် သူ၏ အမှုကို တွေ့ကြုံခြင်းမှ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်ဆိုင်သော မည်သည့် သိနားလည်မှုမျိုးကို သင် ရရှိပြီးဖြစ်သနည်း။ ထိုအကြောင်းကို ဆက်ပြောလော့။ သင့်အနေဖြင့် နားဝင်ချိုသော စကားများကို အသုံးပြုစရာမလိုဘဲ၊ သင်၏ကိုယ်ပိုင် အတွေ့အကြုံများမှသာ ပြောဆိုလော့။ ဘုရားသခင်၏ သန့်ရှင်းခြင်းက သူ၏ချစ်ခြင်းမေတ္တာ တစ်ခုတည်း ပါရှိသလော။ သန့်ရှင်းခြင်းအဖြစ် ငါတို့ ဖော်ပြသည်မှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမျှသာလော။ ယင်းသည် တစ်ဖက်သတ်ဆန်လွန်း လိမ့်မည် မဟုတ်လော။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအပြင်၊ ဘုရားသခင်၏ အနှစ်သာရနှင့်ဆိုင်သော အခြား သွင်ပြင် လက္ခဏာများ ရှိပါသလော။ သင်တို့ မြင်ကြပြီလော။ (မြင်ပါသည်။ ဘုရားသခင်သည် ပွဲတော်များနှင့် အားလပ်ရက်များ၊ ဓလေ့ထုံးတမ်းများနှင့် အယူသီးခြင်းများကို စက်ဆုပ်ပါသည်။ ဤသည်မှာလည်း ဘုရားသခင်၏ သန့်ရှင်းခြင်းဖြစ်ပါသည်။) ဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ ထို့ကြောင့် သူသည် အမှုအရာများကို စက်ဆုပ်သည်၊ ယင်းမှာ သင်တို့ ဆိုလိုသည့်အရာ ဟုတ်ပါသလော။ ယင်းနှင့် ပတ်သက်လာလျှင်၊ မည်သည့်အရာက ဘုရားသခင်၏ သန့်ရှင်းခြင်းဖြစ်သနည်း။ ဘုရားသခင်၏ သန့်ရှင်းခြင်းတွင် များပြားသော အကြောင်းအရာ မပါသလော၊ မုန်းတီးခြင်းသာလော။ သင်တို့၏စိတ်ထဲတွင် "ဘုရားသခင်က ဤဆိုးယုတ်သည့် အရာများကို မုန်းတီးသောကြောင့်၊ ဘုရားသခင်သည် သန့်ရှင်းသည်ဟု ပြောနိုင်ပါသည်" ဟု တွေးနေကြသလော။ ဤသည်မှာ ထင်မြင်ချက်တစ်ခု မဟုတ်လော။ ဤကား တွက်ချက်ခန့်မှန်းခြင်းနှင့် အကဲဖြတ်ခြင်း ပုံစံတစ်ခု မဟုတ်လော။ ဘုရားသခင်၏ အနှစ်သာရကို ငါတို့ သိနားလည်ခြင်းနှင့် ပတ်သက်လာသည့်အခါ၊ လုံးဝ ရှောင်ရှား ရမည့် အကြီးမားဆုံးသော လွဲမှားသည့်ခြေလှမ်းမှာ အဘယ်နည်း။ (ယင်းသည် စစ်မှန်မှုကို နောက်ချန်ထားပြီး၊ ထိုအလား အယူဝါဒများကို ပြောကြသည့်အခါ ဖြစ်သည်။) ဤသည်မှာ အလွန်ကြီးမားသော ခြေလှမ်းအမှား ဖြစ်သည်။ အခြား တစ်ခုတစ်လေ ရှိသေးသလော။ (ထင်မြင်ချက်ပေးခြင်းနှင့်

စိတ်ကူးခြင်းတို့ ဖြစ်ပါသည်။) ဤအရာတို့သည်လည်း အလွန်ဆိုးရွားသည့် ခြေလှမ်းအမှားများ ဖြစ်ကြသည်။ ထင်မြင်ချက်ပေးခြင်းနှင့် စိတ်ကူးခြင်းနှစ်ခုတို့သည် အဘယ်ကြောင့် အသုံးမဝင်သနည်း။ သင်ထင်ကြေးပေးပြီး စိတ်ကူးပုံဖော်နေသည့် အရာများကို သင်အမှန်တကယ် မြင်နိုင်သလော။ ၎င်းတို့သည် ဘုရားသခင်၏ စစ်မှန်သော အနှစ်သာရလော။ (မဟုတ်ပါ။) အခြားမည်သည့်အရာကို ရှောင်ရှားရမည်နည်း။ ဘုရားသခင်၏ အနှစ်သာရကို ဖော်ပြဖို့ သာယာနာပျော်ဖွယ် စကားများကို သီကုံးပြောဆိုရန်မှာ ခြေလှမ်း အမှားတစ်ခုလော။ (ဟုတ်ပါသည်။) ဤသည်မှာ ဟိတ်ဟန်များပြီး အဓိပ္ပာယ်မရှိရာကျသည် မဟုတ်လော။ နားထောင်ကောင်းသည့် စကားများကို ရွေးချယ်သည့် လုပ်ရပ်က အဓိပ္ပါယ် မရှိသကဲ့သို့၊ အကဲဖြတ်ခြင်းနှင့် ထင်ကြေးပေးခြင်းတို့သည် အဓိပ္ပာယ်မရှိချေ။ အနှစ်မဲ့သည့် ချီးမွမ်းမှုသည်လည်း အဓိပ္ပာယ် မရှိသည် မဟုတ်လော။ ဤသို့သော အဓိပ္ပာယ် မရှိသည့်အရာမျိုး လူတို့ပြောဆိုသည်ကို နားထောင်ခြင်းအား ဘုရားသခင် နှစ်သက် သလော။ (မနှစ်သက်ပါ။) ထိုအရာကို ကြားသည့်အခါ ဘုရားသခင်သည် အနေရခက်၏။ ဘုရားသခင်သည် လူတစ်စုကို ဦးဆောင်လမ်းပြပြီး ကယ်တင်သည့်အခါ၊ ဤလူစုသည် သူ၏ နှုတ်ကပတ်တော်များကို ကြားပြီးသည့်နောက်တွင်၊ မည်သို့ပင် ဆိုစေကာမူ သူ မည်သည့်အရာဆိုလိုသည်ကို ၎င်းတို့ လုံးဝ နားမလည်ကြပေ။ တစ်စုံတစ်ယောက်က၊ "ဘုရားသခင်သည် ကောင်းမြတ်ပါသလော" ဟု မေးကောင်းမေးနိုင်ပြီး၊ "ကောင်းမြတ်ပါသည်" ဟု ၎င်းတို့ တုံ့ပြန်လိမ့်မည်၊ "မည်ကဲ့သို့ ကောင်းမြတ်သနည်း။" "အလွန် ကောင်းမြတ်လှပါသည်။" "ဘုရားသခင်က လူသားကို ချစ်မြတ်နိုးပါသလော။" "ချစ်ပါသည်။" "အဘယ်မျှလောက်နည်း။ သင်ဖော်ပြနိုင် သလော။" "အလွန့်အလွန်ပင် ဖြစ်ပါ၏။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ပင်လယ်ထက်နက်ပြီး ကောင်းကင်ထက် မြင့်မားပါသည်။" ဤနှုတ်ကပတ်များသည် အဓိပ္ပာယ်မဲ့သည် မဟုတ်လော။ ဤအဓိပ္ပာယ်မဲ့သောအရာသည်၊ "ဘုရားသခင်သည် စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို မုန်းတီးသည်၊ ထို့ကြောင့် ဘုရားသခင်သည် သန့်ရှင်းသည်" ဟု သင်တို့ ပြောလိုက်သည့်အရာနှင့် တူညီသည် မဟုတ်လော။ (ဟုတ်ပါသည်။) သင်တို့ ယခုပင်ပြောလိုက်သည့်အရာမှာ အဓိပ္ပာယ်မဲ့သည် မဟုတ်လော။ ပြောခဲ့သည့် အဓိပ္ပာယ် မရှိသည့်အရာ အများစုမှာ မည်သည့်နေရာက လာသနည်း။ (စာတန်ထံမှ လာပါသည်။) ပြောခဲ့သည့် အဓိပ္ပါယ်မရှိသော အရာများသည် အဓိကအားဖြင့် ဘုရားသခင်ကို လူတို့၏ တာဝန်မဲ့ခြင်းနှင့် မကြောက်ရွံ့ခြင်းမှလာ၏။ ထိုကဲ့သို့ ငါတို့ ပြောနိုင်သလော။ သင်သည် မည်သည့် သိနားလည်ခြင်းမျှ မရှိဘဲ၊ အဓိပ္ပာယ်မရှိ ပြောနေဆဲဖြစ်သည်။ ယင်းသည် တာဝန်မဲ့ခြင်း ဖြစ်သည်မဟုတ်သလော။ ယင်းသည်

ဘုရားသခင်ကို မလေးစားရာကျသည် မဟုတ်လော။ သင်သည် အသိပညာ အချို့ကို သင်ယူပြီးဖြစ်သည်၊ အချို့သော ကျိုးကြောင်း ဆင်ခြင်ခြင်းနှင့် ယုတ္တိဗေဒတို့ကို နားလည်ပြီး ဖြစ်သည်၊ ဤအရာများကို သင် အသုံးပြုပြီးဖြစ်ကာ၊ ထို့ထက်ပို၍၊ ဘုရားသခင်ကို သိကျွမ်းသည့် နည်းလမ်းတစ်ခုအဖြစ် ထိုသို့ လုပ်ဆောင်ပြီးဖြစ်သည်။ သင် ထိုသို့ပြောဆိုသည်ကို ဘုရားသခင် ကြားသည့်အခါ သူ သက်သောင့်သက်သာရှိသည်ဟု သင်ထင် သလော။ ဤနည်းလမ်းများကို သင်သည် အသုံးပြုလျက် ဘုရားသခင်ကို သိဖို့ သင် အဘယ်သို့ ကြိုးစားနိုင်သနည်း။ ထိုသို့ သင် ပြောဆိုသည့်အခါ၊ ယင်းသည် ခွတီးခွကျ ဖြစ်သည် မဟုတ်လော။ ထို့ကြောင့်၊ ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် ပတ်သက်လာသည့်အခါ၊ အလွန်သတိရှိရမည်။ ဘုရားသခင်ကို သိသည်ဟူသည့် အတိုင်းအတာထိသာ ပြောဆိုလော့။ ရိုးရိုးသားသားနှင့် လက်တွေ့ကျကျပြောဆိုပြီး၊ သင်၏ စကားများကို ပေါ့ပျက်ပျက် ချီးမွမ်းစကားများဖြင့် မဆင်ယင်နှင့်၊ ပြီးလျှင် မြှောက်ပင့်ပြောဆိုခြင်းများ မသုံးနှင့်။ ဘုရားသခင်က ထိုအရာကို မလိုအပ်ပေ။ ဤအရာမျိုးသည် စာတန်ထံမှလာ၏။ စာတန်၏ စိတ်သဘောထားသည် မာနထောင်လွှား၏။ စာတန်သည် မြှောက်ပင့်ပြောဆိုခံရဖို့နှင့် နာပျော်ဖွယ်သော စကားများကို ကြားရဖို့ နှစ်သက်သည်။ လူတို့သည် ၎င်းတို့ သင်ယူခဲ့ကြသည့် နာပျော်ဖွယ်စကားလုံးများကို ရွတ်ပြပြီး စာတန်အတွက် အသုံးပြုပါက စာတန် ကျေနပ်အားရပါလိမ့်မည်။ သို့ရာတွင် ဤအရာကို ဘုရားသခင် မလိုအပ်ပေ။ ဘုရားသခင်သည် လွန်ကဲစွာမြှောက်စားခြင်း သို့မဟုတ် မြှောက်ပင့်ခြင်းတို့ကို မလိုအပ်သကဲ့သို့၊ လူတို့က အဓိပ္ပာယ် မရှိသည်ကို ပြောဆိုပြီး သူ့ကို မျက်စိမှိတ် ချီးမွမ်းဖို့ သူ မတောင်းဆိုပေ။ လက်တွေ့အရှိတရားနှင့် မအပ်စပ်သည့် ချီးမွမ်းခြင်းနှင့် မြှောက်ပင့်ခြင်းတို့ကို ဘုရားသခင်က စက်ဆုပ်ပြီး နားပင်ထောင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် လူအချို့တို့သည် ဘုရားသခင်ကို မရိုးမသား ချီးမွမ်းပြီး၊ မျက်စိစုံမှိတ် သစ္စာပြုကာ သူ့ကို ဆုတောင်းကြသည့်အခါ၊ ဘုရားသခင် လုံးဝ နားမထောင်ပေ။ သင်ပြောသည့်အရာအတွက် သင်တာဝန် ယူရမည်။ တစ်စုံတစ်ခုကို မသိပါက၊ ပြောသာပြောလော့။ သင်တစ်စုံတစ်ခုကို သိပါက၊ လက်တွေ့ကျသည့် နည်းလမ်းဖြင့် ၎င်းကိုဖော်ပြလော့။ ဤသို့လျှင် ဘုရားသခင်၏ သန့်ရှင်းခြင်းက အတိအကျနှင့် အမှန်တကယ် ဖြစ်ပေါ်စေသည့်အရာနှင့်ပတ်သက်၍ သင်တို့သည် စစ်မှန်သော သိနားလည်မှုရှိသလော။ (ကျွန်ုပ်သည် ပုန်ကန်မှုကို ဖော်ပြခဲ့ချိန်တွင်၊ အပြစ်တစ်ခု ကျူးလွန်ခဲ့ချိန်တွင်၊ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကို ကျွန်ုပ် ရရှိခဲ့ပြီး၊ ယင်း၌ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ကျွန်ုပ် တွေ့ရှိခဲ့ပါ၏။ ပြီးလျှင် ကျွန်ုပ်မျှော်လင့်ချက်များနှင့် မကိုက်သည့် ပတ်ဝန်းကျင်များကို ကြုံခဲ့ရချိန်တွင်၊ ဤအရာများနှင့်ပတ်သက်၍ ကျွန်ုပ်ဆုတောင်းခဲ့ပြီး

ဘုရားသခင်၏ ရည်ရွယ်ချက်များကို ရှာဖွေခဲ့ကာ၊ ဘုရားသခင်သည် ကျွန်ုပ်ကို သူ၏ နှုတ်ကပတ်တော်များဖြင့် အသိဉာဏ်ပွင့်လင်းစေပြီး ဦးဆောင် လမ်းပြခဲ့သည်နှင့်အမျှ၊ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။) ဤသည်မှာ သင်၏ကိုယ်ပိုင် အတွေ့အကြုံမှုဖြစ်သည်။ (ယင်းနှင့်ပတ်သက်၍ ဘုရားသခင် ပြောခဲ့သည့်အရာမှ၊ လူသားသည် စာတန်၏ ဖောက်ပြန်ပျက်စီးစေခြင်းနှင့် အန္တရာယ်ပြုခြင်းကို ခံရပြီးနောက် အဘယ်အရာ ဖြစ်လာသည်ကို ကျွန်ုပ်တွေ့ပြီးဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကယ်တင်ရန် အရာရာတိုင်းကို ပေးခဲ့ပြီး၊ ဤအရာမှ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ကျွန်ုပ်မြင်ပါသည်။) ဤကား လက်တွေ့ကျကျ ပြောဆိုသည့် ပုံစံဖြစ်၏၊ မှန်ကန်သည့် အသိပညာဖြစ်သည်။ ဤအရာနှင့်ပတ်သက်၍ မတူညီသော သိနားလည်မှု ပုံစံများ ရှိသေးသလော။ (ဧဝကို အပြစ်ပြုမိစေရန် စာတန်ပြောဆိုခဲ့သည့် စကားများနှင့် သခင်ယေရှုကို ၎င်း၏ ဖြားယောင်းသွေးဆောင်မှုမှ စာတန်၏ ဆိုးယုတ်မှုကို ကျွန်ုပ်မြင်ရပါသည်။ ဘုရားသခင်က အာဒံနှင့် ဧဝအား မည်သည်ကို စားနိုင်ပြီး မည်သည်ကို စား၍မရကြောင်း ပြောသည့် နှုတ်ကပတ်တော်များမှ ဘုရားသခင်၏ တိုက်ရိုက် ချောမွေ့စွာနှင့် ယုံကြည်စိတ်ချလောက်စွာ ပြောဆိုခဲ့သည်ကို ကျွန်ုပ် မြင်ပါသည်။ ဤအရာမှ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ကျွန်ုပ် မြင်ပါသည်။) အထက်က မှတ်ချက်များကို ကြားရသည့်အခါ၊ မည်သူ၏ စကားများကို သင်တို့ကို "အာမင်" ထူးဖို့ အလုံ့ဆော်ဆုံး ဖြစ်ပါသနည်း။ မည်သူ၏ မိတ်သဟာယပြုခြင်းက ယနေ့ ငါတို့၏ မိတ်သဟာယပြုခြင်း အကြောင်းအရာနှင့် အနီးစပ်ဆုံး ဖြစ်သနည်း။ မည်သူ၏ စကားများသည် လက်တွေ့အကျဆုံး ဖြစ်ခဲ့သနည်း။ နောက်ဆုံးညီမ၏ မိတ်သဟာယပြုခြင်းက မည်သို့ရှိသနည်း။ (ကောင်းပါသည်။) သူပြောခဲ့သည့်အရာကို သင်တို့ "အာမင်" ဆိုခဲ့သည်။ သူပြောခဲ့သည့်အရာသည် မချွတ်မလွဲ မှန်ကန်ပါ သလော။ (ခုလေးတင် ညီမပြောသွားသည့် စကားများထဲတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် တိုက်ရိုက်ဖြစ်ပြီး အင်မတန်ရှင်းလင်းကာ၊ ယင်းသည် စာတန်၏ ဝေ့လည်ကြောင်ပတ် ပြောဆိုခြင်းနှင့် လုံးဝမတူကြောင်း ကျွန်ုပ် ကြားခဲ့သည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ဤအရာတွင် ကျွန်ုပ်တွေ့ခဲ့ပါသည်။) ဤသည်မှာ ၎င်း၏တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ယင်းသည် မှန်ကန်ခဲ့ပါသလော။ (မှန်ကန်ခဲ့ပါသည်။) အင်မတန် ကောင်း၏။ ပြီးခဲ့သည့် မိတ်သဟာယနှစ်ခုမှ သင်တို့ တစ်စုံတစ်ခု ရရှိခဲ့သည်ကို ငါမြင်သည်၊ သို့ရာတွင် သင်တို့သည် ဆက်လက်၍ ကြိုးစားလုပ်ဆောင်ရမည်။ ကြိုးစားလုပ်ဆောင် ရမည့် အကြောင်းရင်းမှာ၊ ဘုရားသခင်၏ အနှစ်သာရကို သိနားလည်ခြင်းသည် အလွန် နက်နဲသိမ်မွေ့သည့် သင်ခန်းစာ ဖြစ်သောကြောင့် ဖြစ်သည်။ ယင်းသည် တစ်ယောက်ယောက်က ညတွင်းချင်း

နားလည်လာနိုင်သောအရာမဟုတ် သို့မဟုတ် စကားလုံး အနည်းငယ်မျှဖြင့် ရှင်းလင်းစွာ ဖော်ပြနိုင်သည့်အရာ မဟုတ်ချေ။

လူတို့၏ ဖောက်ပြန်ပျက်စီးသော ဆိုးယုတ်သည့် စိတ်သဘောထား၊ အသိပညာ၊ အတွေးအခေါ်၊ လူတို့၏ အတွေးများ နှင့် ရှုထောင့်အမြင်များ၏ သွင်ပြင်လက္ခဏာတိုင်းနှင့် လူတစ်ဦးစီ၏ ပုဂ္ဂိုလ်ရေးရာ ရှုထောင့် အချို့တို့သည် ဘုရားသခင်၏ အနှစ်သာရကို သိခြင်းမှ ၎င်းတို့ကို ကြီးမားစွာ ဟန့်တားလေသည်။ ထို့ကြောင့်၊ ဤအကြောင်းအရာများကို သင်တို့ ကြားသည့်အခါ၊ ၎င်းတို့ထဲမှ အချို့ကို သင်တို့ လက်လှမ်းမီကောင်း မမှီနိုင်ပေ၊ အချို့တို့ကို သင်တို့ နားမလည် နိုင်သော်လည်း၊ အချို့သည် အခြေခံအားဖြင့် လက်တွေ့အရှိတရားနှင့် ကိုက်ညီမှုမရှိ ဖြစ်ကောင်းဖြစ်နိုင်သည်။ မည်သို့ပင် ဆိုစေကာမူ၊ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်ဆိုင်သော သင်တို့၏ သိနားလည်မှုအကြောင်းကို ငါကြားပြီးဖြစ်ကာ၊ သင်တို့၏ စိတ်နှလုံးထဲတွင် ဘုရားသခင်၏ သန့်ရှင်းခြင်းအကြောင်း ငါပြောခဲ့သည့်အရာနှင့် မိတ်သဟာယပြုခဲ့သည့်အရာကို စတင် အသိအမှတ်ပြုနေသည်ကို ငါသိသည်။ သင်တို့၏ စိတ်နှလုံးထဲတွင် ဘုရားသခင်၏ သန့်ရှင်းခြင်း အနှစ်သာရကို နားလည်လိုသည့်ဆန္ဒ စတင်ပေါက်ဖွား လာနေသည်ကို ငါသိသည်။ သို့သော်လည်း ငါ့ကိုသာ၍ပင် ပျော်ရွှင်စေသည်မှာ သင်တို့ထဲမှအချို့သည် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်ဆိုင်သော သင်တို့၏အသိပညာကို ဖော်ပြဖို့ အရိုးရှင်းဆုံး စကားများကို အသုံးပြုနိုင်ကြနှင့်ပြီးဖြစ်သည့်အရာ ဖြစ်သည်။ ဤသည်မှာ ပြောရန် ရိုးရှင်းသောအရာဖြစ်ပြီး ယခင်က ဤအရာကို ငါပြောပြီးဖြစ်သော်လည်း၊ သင်တို့အများစု၏ စိတ်နှလုံးများ ထဲတွင် ဤစကားများကို သင်တို့ လက်ခံ ရဦးမည်ဖြစ်ကာ ထိုစကားများသည် သင်တို့ စိတ်ထဲတွင် မည်သည့်ထင်မြင်ချက်မျှ မပေးပေ။ မည်သို့ပင်ဆိုစေကာမူ၊ သင်တို့ထဲမှ အချို့တို့သည် ဤစကားများကို မှတ်ကျုံးကြပြီး ဖြစ်သည်။ ဤသည်မှာ အလွန်ကောင်းပြီး အလွန်အလားအလာ ကောင်းသည့် စတင်ခြင်းဖြစ်သည်။ လေးနက်သိမ်မွေ့သည်ဟု သင်တို့ထင်သည့် အကြောင်းအရာများအပေါ် သို့မဟုတ် သင်တို့ လက်လှမ်းမမှီနိုင်သည့် အကြောင်းအရာများအပေါ်၊ သင်တို့ ဆက်လက်၍ ချင့်ချိန်တွေးဆပြီး၊ သာ၍ သာ၍ မိတ်သဟာယ ပြုကြလိမ့်မည်ဟု ငါမျှော်လင့်သည်။ သင်တို့ လက်လှမ်း မမှီနိုင်သည့် ကိစ္စများအတွက်၊ သင်တို့ကို ပို၍လမ်းညွှန်ပေးမည့်သူ တစ်စုံတစ်ယောက် ရှိလိမ့်မည်။ ယခု သင်လက်လှမ်း မှီနိုင်သည့်အတွင်း ရှိသော နယ်ပယ်များနှင့်စပ်လျဉ်း၍ မိတ်သဟာယပြုခြင်းတွင် သင်တို့ ပိုမိုပါဝင်ပါက၊ သန့်ရှင်းသော ဝိညာဉ်တော်က သူ၏အမှုကို လုပ်ဆောင်မည် ဖြစ်ပြီး၊ သင်တို့သည် ပိုပြီးနားလည်လာလိမ့်မည်။ ဘုရားသခင်၏

အနှစ်သာရကို သိနားလည်ခြင်းနှင့် ဘုရားသခင်၏ အနှစ်သာရကို သိခြင်းတို့သည် လူတို့၏ အသက်တာထဲသို့ ဝင်ရောက်ခြင်းအဖို့ အဆုံးစွန်အရေးပါခြင်းနှင့် စပ်ဆိုင်သည်။ သင်တို့သည် ယင်းကို မသိကျိုးကျွန်မပြုဖို့ သို့မဟုတ် ကစားနည်းတစ်ခုအဖြစ် မမြင်ဖို့ရန် ငါမျှော်လင့်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကို သိကျွမ်းခြင်းသည် လူ၏ ယုံကြည်ခြင်း အခြေခံအုတ်မြစ်ဖြစ်ပြီး သမ္မာတရားကို လိုက်စားပြီး ကယ်တင်ခြင်းကို ရရှိဖို့ လူသားအတွက် အဓိက သော့ချက်ဖြစ်သောကြောင့် ဖြစ်သည်။ အကယ်၍ လူတို့သည် ဘုရားသခင်ကို ယုံကြည်သော်လည်း သူ့ကို မသိပါက၊ ၎င်းတို့သည် ကျမ်းဟောင်းတရားများနှင့် ဩဝါဒများ ထဲတွင်သာ အသက်ရှင်ကြပါက၊ ၎င်းတို့သည် သမ္မာတရား၏ အပေါ်ယံအဓိပ္ပာယ်နှင့်အညီ လုပ်ဆောင်ပြီး အသက်ရှင်နေလျှင်ပင် ကယ်တင်ခြင်းကို ရရှိရန် ၎င်းတို့အတွက် ဘယ်သောအခါမျှ ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ။ ဆိုလိုသည်မှာ၊ သင်သည် ဘုရားသခင်ကို ယုံကြည်သော်လည်း သူ့ကို မသိကျွမ်းပါက၊ သင်၏ယုံကြည်ခြင်းသည် အချည်းနှီးအတွက်သာ ဖြစ်ပြီး စစ်မှန်မှု ဘာမျှ ရှိမည် မဟုတ်ပါပေ။ သင်နားလည်သည်၊ မဟုတ်လော။ (ဟုတ်ကဲ့၊ ကျွန်ုပ်တို့ နားလည်ပါသည်။) ယနေ့အတွက် ငါတို့၏ မိတ်သဟာယပြုခြင်းကို ဤတွင် အဆုံးသတ်မည်။ (ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။)

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၆)

## ဘုရားသခင်၏ သန့်ရှင်းခြင်း (၃)

နောက်ဆုံးအကြိမ် ငါတို့ မိတ်သဟာယ ပြုခဲ့ကြသည့် အကြောင်းအရာမှာ ဘုရားသခင်၏ သန့်ရှင်းခြင်း ဖြစ်သည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် ဘုရားသခင်ကိုယ်တိုင်၏ မည်သည့် လက္ခဏာသွင်ပြင်နှင့် သက်ဆိုင်သနည်း။ ဘုရားသခင်၏ အနှစ်သာရနှင့် သက်ဆိုင်သလော။ (သက်ဆိုင်ပါသည်။) ဤသို့ဆိုလျှင် ငါတို့၏ မိတ်သဟာယပြုမှုတွင် ဆွေးနွေးခဲ့ကြသည့် ဘုရားသခင်၏ အနှစ်သာရနှင့် သက်ဆိုင်သည့် အဓိက သွင်ပြင်လက္ခဏာရပ်မှာ အဘယ်နည်း။ ဘုရားသခင်၏ သန့်ရှင်းခြင်းလော။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် ဘုရားသခင်၏ အတုမရှိသော အနှစ်သာရဖြစ်၏။ ယခင်တစ်ခေါက် ငါတို့ မိတ်သဟာယပြုခဲ့သော အဓိက အကြောင်းအရာသည် မည်သည့်အရာနည်း။ (စာတန်၏ ဆိုးယုတ်မှုကို ခွဲခြားသိမြင်ခြင်း ဖြစ်သည်။ ယင်းမှာ စာတန်က အသိပညာ၊ သိပ္ပံ၊ ရိုးရာယဉ်ကျေးမှု၊ အယူသီးမှုနှင့်

လူမှုလားရာများကို အသုံးပြုလျက် လူသားမျိုးနွယ်ကို ဖျက်ဆီးပုံအကြောင်း ဖြစ်ပါသည်။) ဤသည်မှာ ယခင်တစ်ခေါက်တွင် ငါတို့ ဆွေးနွေးခဲ့သည့် အဓိက အကြောင်းအရာ ဖြစ်သည်။ စာတန်သည် လူသားကို ဖျက်ဆီးရန် အသိပညာ၊ သိပ္ပံ၊ အယူသီးမှု၊ ရိုးရာယဉ်ကျေးမှုနှင့် လူမှုလားရာတို့ကို အသုံးပြု၏။ ဤသည်တို့သည် စာတန်က လူသားကို ဖျက်ဆီးသော နည်းလမ်းများ၊ စုစုပေါင်း နည်းလမ်း ငါးခုဖြစ်သည်။ လူသားကို ဖျက်ဆီးရန် စာတန်သည် ဤနည်းလမ်းများထဲမှ မည်သည့်နည်းလမ်းကို အများဆုံးသုံးသည်ဟု သင်တို့ ထင်သနည်း။ လူသားတို့အား အနက်ရှိုင်းဆုံး ဖျက်ဆီးရန် အသုံးပြုသည့်နည်းလမ်းသည် မည်သည့်နည်းလမ်း ဖြစ်သနည်း။ (ရိုးရာယဉ်ကျေးမှု ဖြစ်ပါသည်။ ဤသည်မှာ ကွန်ဖြူးရှပ်နှင့် မင်းစီးယပ်တို့၏ အယူဝါဒများကဲ့သို့သော ဆိုးယုတ်သည့် အတွေးအခေါ်များသည် ကျွန်ုပ်တို့၏ စိတ်များထဲ၌ အရိုးစွဲနေသောကြောင့်ဖြစ်သည်။) ထို့ကြောင့်၊ အချို့သော ညီအစ်ကို မောင်နှမများက ယင်းသည် "ရိုးရာယဉ်ကျေးမှု" ဖြစ်သည်ဟု ထင်ကြသည်။ တစ်ယောက်ယောက်တွင် မတူသော အဖြေရှိသလော။ (အသိပညာဖြစ်သည်၊ အသိပညာသည် ကျွန်ုပ်တို့ကို ဘုရားသခင်အား ကိုးကွယ်ရန် ဘယ်သောအခါမှ ခွင့်ပြုလိမ့်မည် မဟုတ်ပါ။ အသိပညာသည် ဘုရားသခင်၏ တည်ရှိမှုကို ငြင်းပယ်သကဲ့သို့၊ ဘုရားသခင်၏ အုပ်စိုးမှုကိုလည်း ငြင်းပယ်ပါသည်။ ဆိုလိုသည်မှာ စာတန်က ကျွန်ုပ်တို့ကို ငယ်သောအရွယ်မှ စတင် လေ့လာသင်ယူရန်နှင့် လေ့လာသင်ယူခြင်းနှင့် အသိပညာကို ရရှိခြင်း အားဖြင့်သာ ကျွန်ုပ်တို့၏ အနာဂတ်အတွက် တောက်ပသည့် တက်လမ်းများနှင့် ပျော်စရာကောင်းသည့် ကံကြမ္မာ ရှိကြလိမ့်မည်ဟု စာတန်က ပြောဆိုပါသည်။) စာတန်က သင်၏ အနာဂတ်နှင့်ကံကြမ္မာကို ထိန်းချုပ်ရန် အသိပညာကို အသုံးပြုပြီးနောက်၊ ၎င်းသည် သင့်ကို နဖားကြိုးတပ် လေတော့သည်။ ဤသည်မှာ စာတန်က လူသားကို အနက်ရှိုင်းဆုံး ဖျက်ဆီးသည်ဟု သင် ထင်သည့်ပုံ ဖြစ်သည်။ ထို့ကြောင့် သင်တို့အများစုက စာတန်သည် လူသားတို့ကို အနက်ရှိုင်းဆုံး ဖျက်ဆီးရန် အသုံးပြုသည်မှာ အသိပညာ ဖြစ်သည်ဟု ထင်ကြသည်။ အခြားတစ်ဦးဦးက မတူညီသည့် အဖြေရှိသလော။ ဥပမာ သိပ္ပံ သို့မဟုတ် လူမှုလားရာများသည်ကော အဘယ်သို့နည်း။ တစ်ဦးဦးက ဤအရာများကို အဖြေအဖြစ် မြင်မည်လော။ (မြင်ပါသည်။) စာတန်က လူသားကို ဖျက်ဆီးသည့် နည်းလမ်းငါးခုနှင့်ပတ်သက်၍ ငါသည် ယနေ့တွင် နောက်တစ်ကြိမ် မိတ်သဟာယပြု မည်ဖြစ်ပြီး၊ ငါ အပြီးသတ်သည်နှင့်တစ်ပြိုင်နက် စာတန်က လူသားကို မည်သည့် လက္ခဏာဖြင့် အနက်ရှိုင်းဆုံးဖျက်ဆီးသည်ကို ငါတို့ တိတိကျကျ သိနိုင်ရန်အလို့ငှာ သင်တို့ကို နောက်ထပ်မေးခွန်းအချို့ ငါမေးမည်။

စာတန်က လူသားကို ဖျက်ဆီးသည့်နည်းလမ်း ငါးခုအနက်မှ ငါတို့ပြောခဲ့သည့် ပထမဆုံးတစ်ခုမှာ အသိပညာဖြစ်သည်။ ထို့ကြောင့် မိတ်သဟာယအတွက် အကြောင်းအရာအဖြစ် အသိပညာကို ပထမဦးဆုံး ကြည့်ကြစို့။ စာတန်သည် အသိပညာကို တည်ကြက်အဖြစ် အသုံးပြု၏။ သေချာစွာ နားထောင်လော့။ အသိပညာသည် တည်ကြက်တစ်မျိုးသာ ဖြစ်၏။ လူတို့သည် အသိပညာကို ၎င်းတို့အတွက် လက်နက်ဖြစ်စေကာ တပ်ဆင်ဖို့နှင့်၊ ယင်းနောက် သိပ္ပံတံခါးပေါက်ကို ဖွင့်ရာတွင် အသုံးပြုရန်အလို့ငှာ၊ ကြိုးစားလေ့လာ၍ မိမိတို့ကိုယ်ကိုယ် နေ့စဉ် တိုးတက်စေဖို့ သွေးဆောင်ဖြားယောင်းခံကြရ၏။ တစ်နည်းပြောရလျှင် သင်သည် အသိပညာရလေလေ၊ ပို၍ နားလည်လာလေလေ ဖြစ်လိမ့်မည်။ စာတန်သည် ဤအရာတစ်ခုလုံးကို လူတို့အား ပြောပြ၏။ အသိပညာကို ၎င်းတို့ လေ့လာသင်ယူသည်နှင့်အမျှ ရည်မှန်းချက်များနှင့် ပြင်းပြသည့် ဆန္ဒများကို တစ်နေ့တခြား ကြီးထွားလာစေကြဖို့ စာတန်က ၎င်းတို့ကို သွန်သင်ရင်း မြင့်မားသည့် စံများကို မြှင့်တင်ကြရန် လူတို့ကို ပြောလေသည်။ လူသားက သတိမထားမိလိုက်ဘဲ၊ စာတန်သည် ဤသို့သောသတင်းစကား အများအပြားကို ပေးပို့တတ်ပြီး၊ ဤအရာတို့မှာ မှန်ကန်သလိုလို အကျိုးရှိသလိုလိုဖြင့် လူတို့အား မသိစိတ်၌ ခံစားစေ၏။ လူတို့သည် ဤလမ်းကြောင်းပေါ်တွင် အမှတ်တမဲ့ ခြေချ မိကြကာ၊ ၎င်းတို့၏ကိုယ်ပိုင် စံအယူအဆများ၊ ရည်မှန်းချက်များ၏ ရှေ့ဆက် ဦးဆောင်ခြင်းကိုလည်း အမှတ်တမဲ့ပင် ခံကြရ၏။ တစ်ဆင့်ပြီးတစ်ဆင့်၊ သူတို့သည် ကြီးမြတ်သော၊ ကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ၏ တွေးခေါ်နည်းများကို စာတန် ပေးထားသော အသိပညာမှ အမှတ်တမဲ့ သင်ယူမိကြသည်။ သူရဲကောင်းများအဖြစ် မှတ်ယူခံရသော လူတို့၏ လုပ်ဆောင်မှုများမှလည်း ၎င်းတို့က အချို့သောအရာများကို လေ့လာသင်ယူကြသည်။ ဤသူရဲကောင်းတို့၏ လုပ်ဆောင်မှုများ ထဲတွင် စာတန်က လူသားအတွက် မည်သည့်အရာကို အားပေးထောက်ခံနေသနည်း။ စာတန်က လူ့အထဲတွင် မည်သည်ကို သွတ်သွင်းချင်သနည်း။ လူသားသည် မျိုးချစ်စိတ် ရှိရမည်၊ အမျိုးသားဂုဏ်သိက္ခာရှိကာ သူရဲကောင်းစိတ်ဓာတ် ရှိရမည် ဖြစ်သည်။ သမိုင်းဇာတ်လမ်းများ သို့မဟုတ် သူရဲကောင်းဆန်ဆန် ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများမှ လူသားသည် မည်သည့်အရာကို သင်ခန်းစာရသနည်း။ ပုဂ္ဂိုလ်ရေးဆိုင်ရာ သစ္စာရှိခြင်းအသိတစ်ခုရှိရန်၊ သို့မဟုတ် မိမိမိတ်ဆွေများနှင့် ညီအစ်ကိုများအတွက် မည်သည့်အရာကို မဆို လုပ်ဆောင်ရန် အဆင်သင့်ရှိဖို့ ဖြစ်သည်။ စာတန်၏ ဤအသိပညာအတွင်းတွင် လူသားသည် လုံးဝ အပြုသဘောဆောင်ခြင်း မရှိသည့် အရာများစွာကို အမှုမဲ့အမှတ်မဲ့ သင်ယူမိ၏။ လူသား၏ သတိမမူမိခြင်း အလယ်တွင်၊ စာတန်

ပြင်ဆင်ပေးထားသော မျိုးစေ့တို့သည် လူတို့၏ မရင့်ကျက်သော စိတ်များထဲ၌ စိုက်ပျိုးခံရ၏။ ၎င်းတို့အနေဖြင့် ကြီးမြတ်သောသူများ ဖြစ်သင့်သည်၊ ကျော်ကြားသင့်သည်၊ သူရဲကောင်းများ ဖြစ်သင့်သည်၊ မျိုးချစ်စိတ် ရှိသင့်သည်၊ မိသားစုကို ချစ်သောသူများ ဖြစ်သင့်ပြီး၊ မိတ်ဆွေတစ်ဦးအတွက် ဘာမဆိုလုပ်ပေးကာ ပုဂ္ဂိုလ်ရေးဆိုင်ရာ သစ္စာရှိမှု အသိ ရှိသင့်သည်ဟူ၍ ဤမျိုးစေ့များက ၎င်းတို့ကို ခံစားစေလေသည်။ စာတန်၏ ဖြားယောင်းသွေးဆောင်ခြင်းခံရလျက်၊ ၎င်းတို့သည် စာတန် ပြင်ဆင် ပေးထားသည့်လမ်းကို အမှုမဲ့အမှတ်မဲ့ လျှောက်လှမ်းမိကြ၏။ ၎င်းတို့သည် ဤလမ်းအတိုင်း သွားကြသည်နှင့်အမျှ၊ စာတန်၏ ရှင်သန်နေထိုင်မှု စည်းကမ်းများကို အတင်းအကျပ် လက်ခံစေခြင်း ခံကြရသည်။ လုံးဝ သတိမမူမိဘဲလျက်၊ လူတို့သည် ၎င်းတို့၏ ကိုယ်ပိုင် ရှင်သန်မှု စည်းမျဉ်းများ ဖြစ်ပေါ်စေမိကြ၏။ သို့သော် ဤအရာများသည် ၎င်းတို့ထဲသို့ စာတန်က အတင်းအဓမ္မ သွတ်သွင်းခဲ့သည့် စာတန်၏ စည်းကမ်းများထက် ဘာမျှမပိုပေ။ သင်ယူခြင်းဖြစ်စဉ် အတွင်း၌၊ စာတန်သည် ၎င်းတို့ကို ကိုယ်ပိုင် ရည်မှန်းချက်များကို အားပေးသကဲ့သို့ ကိုယ်ပိုင်ဘဝ ပန်းတိုင်များ၊ လိုက်နာရမည့်စည်းကမ်းများနှင့် အသက်တာ ဦးတည်ချက်တို့ကို ဆုံးဖြတ်စေလေသည်၊ တစ်ချိန်တည်းမှာပင် ၎င်းတို့ ငါးစာဟပ်သည်အထိ လူတို့အား သွေးဆောင်ရန် ဇာတ်လမ်းများ၊ အတ္ထုပ္ပတ္တိများနှင့် အခြား ဖြစ်နိုင်သမျှ နည်းလမ်းများကို နည်းနည်းချင်းစီ အသုံးပြုကာ စာတန်၏ အမှုအရာများကို ၎င်းတို့ထဲသို့ သွင်းလေသည်။ ဤနည်းလမ်းဖြင့်၊ ၎င်းတို့၏ သင်ယူခြင်းဖြစ်စဉ် အတွင်း၌ လူအချို့သည် စာပေကို ကြိုက်နှစ်သက်လာကြ၏၊ အချို့က စီးပွားရေး၊ အချို့က နက္ခတ္တဗေဒ သို့မဟုတ် ပထဝီပညာရပ်ကို ကြိုက်နှစ်သက်လာ၏။ ထို့နောက် နိုင်ငံရေးကို ကြိုက်နှစ်သက်လာသူအချို့ ရူပဗေဒကို ကြိုက်သူအချို့ ဓါတုဗေဒကို ကြိုက်သူအချို့နှင့် ဘာသာရေးယုံကြည်မှုဆိုင်ရာ လေ့လာမှုပညာရပ်ကို ကြိုက်နှစ်သက်သူအချို့ပင် ရှိလာကြသည်။ ဤအရာအားလုံးသည် သာ၍ ကြီးမြတ်သော အရာတစ်ခုလုံး ဖြစ်သည့် အသိပညာ၏ အစိတ်အပိုင်းများဖြစ်၏။ သင်တို့နှလုံးသားများထဲ၌၊ ဤအရာတို့မှာ အမှန်တကယ် မည်သည့်အရာများဖြစ်ကြသည်ကို သင်တို့ တစ်ဦးချင်းစီတိုင်း သိကြသည်။ သင်တို့တစ်ဦးချင်းစီသည် ၎င်းအရာတို့နှင့် ယခင်က ထိတွေ့ခဲ့ပြီးသား ဖြစ်သည်။ ဤအသိပညာများ၏ ဤအတက်အလက်တို့ တစ်ခုမဟုတ် တစ်ခုအကြောင်း သင်တို့အသီးသီးသည် အဆုံးမရှိအောင် မရပ်မနား ပြောဆိုနိုင်ကြသည်။ ထို့ကြောင့် ဤအသိပညာသည် လူသားတို့၏ စိတ်ထဲ၌ မည်မျှ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ပြီးဖြစ်သည်မှာ သိသာလှသည်။ လူသား၏စိတ်ထဲတွင် ဤအသိပညာက ဝင်ရောက် ယူထားသည့် နေရာနှင့် ၎င်းတို့အပေါ်တွင် မည်မျှ နက်နက်နဲနဲ သက်ရောက်မှုရှိသည်ကို မြင်သာပေသည်။

လူတစ်ယောက်သည် အသိပညာ၏ ရှုထောင့်တစ်ခုကို ကြိုက်နှစ်သက်ပြီဆိုသည်နှင့် လူတစ်ယောက်၏ ထိုအရာကို နက်နက်ရှိုင်းရှိုင်း ချစ်မိသွားသောအခါ၊ ၎င်းတို့သည် ရည်မှန်းချက်များ အမှုမဲ့အမှတ်မဲ့ ဖြစ်ပေါ်လာကြလေသည်။ လူအချို့က စာရေးဆရာ ဖြစ်ချင်ကြသည်၊ အချို့သည် စာပေရေးသားသူများ ဖြစ်ချင်ကြသည်။ အချို့က နိုင်ငံရေးဖြင့် အသက်မွေးချင်ကြပြီး၊ အချို့သည် စီးပွားရေးတွင် ပါဝင်ပတ်သက်ပြီး စီးပွားရေးသမားများ ဖြစ်ချင်လာကြသည်။ ထို့နောက် သူရဲကောင်း ဖြစ်ချင်သော၊ ကြီးမြတ်ချင်သော သို့မဟုတ် ကျော်ကြားချင်သော လူတစ်စုလည်း ရှိ၏။ လူတစ်ယောက်သည် မည်သို့သောလူမျိုး ဖြစ်ချင်သည်ဖြစ်စေ၊ ၎င်းတို့၏ ပန်းတိုင်သည်ကား အသိပညာကို သင်ယူခြင်းဖြစ်သော ဤနည်းလမ်းကိုယူ၍ ကိုယ်ပိုင် ပန်းတိုင်များအတွက် အသုံးချရန်၊ ၎င်းတို့၏ကိုယ်ပိုင်ဆန္ဒများ၊ ကိုယ်ပိုင် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်တို့ပင် ဖြစ်သည်။ မည်မျှပင် ကောင်းမွန်သည့်သဘော ရှိပါစေ၊ ၎င်းတို့သည် ၎င်းတို့၏ မျှော်မှန်းချက်များကို ရယူချင်ကြသည်ဖြစ်စေ၊ ဘဝကို မဖြုန်းတီးချင်ကြသည်ဖြစ်စေ၊ သို့မဟုတ် အသက်မွေးဝမ်းကျောင်းတစ်ခုခု ရှိချင်ကြသည်ဖြစ်စေ၊ ၎င်းတို့သည် ဤသို့ မြင့်မားသော စံများနှင့် ရည်မှန်းချက်များကို ထားကြသော်လည်း၊ ထိုအရာ အားလုံးသည် အခြေခံအားဖြင့် မည်သည့်အရာအတွက် ဖြစ်သနည်း။ သင်တို့သည် ဤမေးခွန်းကို ယခင်က စဉ်းစားဖူးသလော။ စာတန်သည် အဘယ်ကြောင့် ဤနည်းလမ်းဖြင့် လုပ်ဆောင်သနည်း။ လူသား၏အထဲတွင် ဤအရာတို့ကို သွတ်သွင်းသည့် စာတန်၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ သင်တို့၏နှလုံးသားများသည် ဤမေးခွန်း အပေါ်တွင် ရှင်းလင်းပြတ်သားနေရမည်။

စာတန်သည် လူသားကို ဖျက်ဆီးရန် အသိပညာကို မည်သို့အသုံးပြုသည်ကို ယခု ငါတို့ ဆွေးနွေးကြစို့။ ဦးစွာပထမ၊ ဤအရာများနှင့်သက်ဆိုင်သည့် ရှင်းလင်းသော သိနားလည်မှုတစ်ခု ငါတို့ ရှိရမည်။ အသိပညာဖြင့်၊ စာတန်သည် လူသားကို မည်သည့်အရာ ပေးချင်သနည်း။ မည်သည့်လမ်းမျိုးသို့ ၎င်းက လူသားကို ဦးဆောင်ချင် သနည်း။ (ဘုရားသခင်ကို ဆန့်ကျင်ခြင်း လမ်းဖြစ်ပါသည်။) ဟုတ်ပေ၏၊ ဘုရားသခင်ကို ဆန့်ကျင်စေရန် ဆိုသည်မှာ ကေန်အမှန်ပင်ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ဤသည်မှာ လူတို့ အသိပညာ ရယူခြင်း၏ အကျိုးဆက်တစ်ခုဖြစ်သည်- ၎င်းတို့သည် ဘုရားသခင်ကို စတင်ဆန့်ကျင်ကြလေသည်ကို သင်မြင်တွေ့နိုင် ပေသည်။ ဤသို့ဆိုလျှင် စာတန်၏ အန္တရာယ်ပြုမည့် လက္ခဏာရှိသော ရည်ရွယ်ချက်တို့သည် အဘယ်နည်း။ ဤအရာနှင့်ပတ်သက်၍ သင် မရှင်းမလင်းဖြစ်သည် မဟုတ်လော။ လူသား၏ အသိပညာ သင်ယူခြင်း ဖြစ်စဉ်အတွင်း၊ စာတန်သည် ဇာတ်လမ်းများကို ပြောပြခြင်းဖြစ်စေ၊ အသိပညာ တစ်စိတ်တစ်ပိုင်း ပေးလိုက်ခြင်း သက်သက်

ဖြစ်စေ၊ သို့မဟုတ် လူတို့၏ ဆန္ဒများ သို့မဟုတ် ၎င်းတို့၏ ရည်မှန်းချက်များကို ဖြည့်ဆည်းခွင့်ပေးသည်ဖြစ်စေ နည်းလမ်းမျိုးစုံကို အသုံးပြု လေသည်။ စာတန်သည် သင့်ကို မည်သည့်လမ်းဖြင့် ခေါ်ဆောင်ချင်ပါသနည်း။ အသိပညာကို သင်ယူလေ့လာခြင်း နှင့် ပတ်သက်၍ မည်သည့်အရာမျှ မှားယွင်းခြင်း မရှိ၊ လုံးဝ သဘာဝကျသည်ဟု လူတို့က ထင်ကြ၏။ နှစ်သက်ဖွယ်ကောင်းသည့် နည်းလမ်းဖြင့် ပြောရမည် ဆိုလျှင်၊ မြင့်မားသော စံအယူအဆများ ရှိခြင်း သို့မဟုတ် ရည်မှန်းချက်များ ရှိခြင်းသည် ပြင်းပြသောဆန္ဒများ ရှိခြင်းဖြစ်ပြီး၊ ဤသည်မှာ အသက်တာတွင် မှန်ကန်သောလမ်း ဖြစ်သင့်သည်ဟု လူတို့က ထင်ကြသည်။ လူတို့သည် ၎င်းတို့၏ကိုယ်ပိုင် စံအယူအဆများအား ဖြစ်မြောက်စေနိုင်သည် သို့မဟုတ် ၎င်းတို့၏အသက်တာတွင် အသက်မွေးဝမ်းကျောင်းတစ်ခု အောင်မြင်စွာ ပြုနိုင်သည် ဆိုလျှင်၊ ထိုနည်းလမ်းသည် လူတို့အသက်ရှင်နေထိုင်ရန် အတွက် ပို၍ ဂုဏ်ဝင့်ဖွယ်ကောင်းသောနည်းလမ်း မဟုတ်လော။ ဤအရာများကို လုပ်ဆောင်ခြင်းအားဖြင့် လူတစ်ဦးသည် မိမိ၏ဘိုးဘေးများကို ဂုဏ်ပြုရုံသာမက၊ သမိုင်းတွင် မိမိ၏အမှတ်အသားတစ်ခု ကျန်ရစ်စေဖို့ အခွင့်အရေးတစ်ခုလည်း ရှိနိုင်ပေသည်- ဤသည်မှာ ကောင်းသော အရာတစ်ခု မဟုတ်သလော။ ဤသည်မှာ လောကီလူတို့၏အမြင်တွင် ကောင်းသောအရာတစ်ခု ဖြစ်နေပြီး၊ ၎င်းတို့အတွက်ကား သင့်လျော်ကာ အပြုသဘောဆောင်နေသင့်၏။ သို့ရာတွင် အန္တရာယ် ပြုမည့် လက္ခဏာရှိသော စေ့ဆော်မှုများရှိသည့် စာတန်သည် လူတို့ကို ဤလမ်းမျိုးဆီ ခေါ်ဆောင်ပြီးနောက်တွင်၊ ဤမျှသာလော။ လုံးဝ မဟုတ်ပေ။ အမှန်တွင် လူသား၏ စံအယူအဆများသည် မည်မျှမြင့်မားပါစေ၊ လူသား၏ ဆန္ဒများသည် မည်မျှ လက်တွေ့ကျပါစေ သို့မဟုတ် ၎င်းတို့သည် မည်မျှသင့်လျော်ပါစေ၊ လူသားက ရယူချင်သည့် အရာအားလုံး၊ လူသားက ရှာဖွေသည့်အရာ အားလုံးသည် စကားလုံးနှစ်လုံးနှင့် ခွဲခြား၍မရအောင် ချိတ်ဆက် နေ၏။ ဤစကားလုံးနှစ်လုံးသည် လူတိုင်း၏ အသက်တာအတွက် မရှိမဖြစ် အရေးပါလှပြီး ၎င်းတို့သည် စာတန်က လူသား၏အထဲသို့ သွတ်သွင်းရန် ရည်ရွယ်သော အရာများ ဖြစ်သည်။ ဤစကားလုံး နှစ်လုံးသည် မည်သည့်အရာများ ဖြစ်သနည်း။ ၎င်းတို့သည် "ကျော်ကြားမှု" နှင့် "အမြတ်အစွန်း" တို့ ဖြစ်၏။ စာတန်သည် လူတို့၏ အယူအဆများနှင့် အလွန်များစွာပူးပေါင်းထားသော နည်းလမ်းဖြစ်သည့် လွန်စွာ သိမ်မွေ့ညင်သာသော နည်းလမ်းမျိုးကို အသုံးပြု၏။ ယင်းသည် လုံးဝ အစွန်းရောက်သော နည်းလမ်း မဟုတ်။ ယင်းမှတစ်ဆင့် ၎င်း၏ရှင်သန်ခြင်း နည်းလမ်း၊ လိုက်နာရမည့် သူ၏စည်းကမ်းများကို စာတန်က လူတို့အား အမှုမဲ့အမှတ်မဲ့ လက်ခံစေကာ၊ ဘဝပန်းတိုင်များနှင့် အသက်တာ ဦးတည်ချက်များကို ထူထောင်စေလေသည်၊

ထိုသို့ လုပ်ဆောင်ခြင်းဖြင့်၊ ၎င်းတို့သည် အသက်တာထဲတွင် ရည်မှန်းချက်များကိုလည်း အမှုမဲ့အမှတ်မဲ့ ရှိလာကြ လေသည်။ ဤဘဝရည်မှန်းချက်များက မည်မျှပင် ကြီးကျယ်ခမ်းနား ပုံရသည် ဖြစ်စေ၊ ဤအရာ တို့သည် "ကျော်ကြားမှု" နှင့် "အမြတ်အစွန်း" နှင့် ခွဲမရအောင် ချိတ်ဆက်ထားလေသည်။ အမှန်တကယ်၌ ကြီးမြတ်သော၊ ကျော်ကြားသော ပုဂ္ဂိုလ် မည်သူမဆို၊ လူအားလုံးတို့သည် အသက်တာတွင် ၎င်းတို့ လိုက်သည့်အရာသည် "ကျော်ကြားမှု" နှင့် "အမြတ်အစွန်း" ဟူသော ဤစကားလုံး နှစ်လုံးနှင့်သာ ဆက်စပ်နေသည်။ လူတို့သည် ကျော်ကြားမှုနှင့် အမြတ်အစွန်းကို ၎င်းတို့ ရကြသည်နှင့် တစ်ပြိုင်နက်၊ မြင့်မားသော အဆင့်အတန်းနှင့် ကြီးမားသော ကြွယ်ဝခြင်းတို့ကို ခံစားရန်နှင့် အသက်တာကို ပျော်မွေ့ရန် အတွက် ဤအရာများကို အကျိုးရှိအောင် အသုံးချနိုင်မည်ဟု ထင်ကြ၏။ ၎င်းတို့အနေဖြင့် ကျော်ကြားခြင်းနှင့် အမြတ်အစွန်းတို့ကို အပျော်အပါးလိုက်စားသည့် အသက်တာနှင့် ကာယိန္ဒြေမစောင့်ဘဲ ဇာတိပကတိ၌ ပျော်မွေ့ခြင်း အသက်တာကို ရရှိဖို့ အသုံးပြုနိုင်သည့် အရင်းအနှီးမျိုးဟု ထင်ကြလေသည်။ လူသားမျိုးနွယ် အလွန်တပ်မက်သည့် ဤကျော်ကြားခြင်းနှင့် အမြတ်အစွန်းတို့အတွက်၊ လူတို့သည် ၎င်းတို့၏ခန္ဓာနှင့် စိတ်၊ ၎င်းတို့တွင်ရှိသည်များ အားလုံး၊ ၎င်းတို့၏အနာဂတ်များနှင့် ကံကြမ္မာများအားလုံးကို အမှုမဲ့အမှတ်မဲ့ ဖြစ်သော်လည်း စိတ်လိုလက်ရဖြင့် စာတန်အား ပေးအပ်ကြလေ၏။ ထိုသူတို့သည် တုံ့ဆိုင်းခြင်း အလျှင်းမရှိသည့်အပြင်၊ ၎င်းတို့ လွှဲအပ်သမျှကို ပြန်၍ရယူရန် လိုအပ်သည်ကိုလည်း လုံးဝမသိနားမလည်ဘဲ ထိုသို့ပြုကြ၏။ လူတို့သည် စာတန်ထံတွင် ဤသို့ ခိုလှုံကြပြီး၊ ၎င်းအပေါ် သစ္စာရှိ သွားကြသည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် မိမိကိုယ်ကိုမိမိ ထိန်းချုပ်နိုင်ဦးမည်လော။ သေချာပေါက် မဖြစ်နိုင်ပေ။ စာတန်က ၎င်းတို့ကို လုံးဝအကြွင်းမဲ့ ထိန်းချုပ်ထားသည်။ ၎င်းတို့သည် နွံအိုင်ထဲသို့ လုံးဝအကြွင်းမဲ့ နစ်မြုပ်သွားကြပြီး ဖြစ်ကာ၊ မိမိကိုယ်ကိုယ် ပြန်ရုန်းထွက်ရန် မတတ်နိုင်ကြပေ။ လူတစ်ယောက်သည် ကျော်ကြားမှုနှင့် အမြတ်အစွန်းတွင် နစ်မြုပ်သွားသည်နှင့်၊ တောက်ပသောအရာ၊ ဖြောင့်မတ်သောအရာ သို့မဟုတ် လှပ၍ ကောင်းမွန်သော အရာများကို ရှာဖွေခြင်း မရှိတော့ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် လူတို့အပေါ်တွင် ရှိသော ကျော်ကြားမှုနှင့် အမြတ်အစွန်းတို့၏ ဆွဲဆောင်မှု အင်အားသည် ကြီးမားလွန်းသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် လူတို့အတွက် ဘဝတစ်လျှောက်လုံး လိုက်စားသည့် အရာများ၊ အဆုံးမရှိ ထာဝရလိုက်စားသည့် အရာများပင် ဖြစ်သွားကြ၏။ ဤသည်မှာ အမှန် မဟုတ်သလော။ လူအချို့က အသိပညာ သင်ယူခြင်း ဟူသည်မှာ ခေတ်နောက်ကျမကျန်ခဲ့စေရန် သို့မဟုတ် ကမ္ဘာကြီးတွင် နောက်ကျမကျန်စေရန်အတွက်၊

စာအုပ်များ ဖတ်ခြင်း သို့မဟုတ် ၎င်းတို့ မသိသေးသောအရာအချို့ကို လေ့လာသင်ယူခြင်းထက် မပိုဟု ဆိုကြသည်။ ၎င်းတို့ကိုယ်တိုင်၏ အနာဂတ်အတွက် သို့မဟုတ် အခြေခံ လိုအပ်မှုများကို ထောက်ပံ့ရန် ၎င်းတို့ ထမင်းစားပွဲတွင် စားစရာရှိနေရန်အတွက်သာ အသိပညာကို သင်ယူခြင်း ဖြစ်သည်ဟု ပြောကြလိမ့်မည်။ အခြေခံ လိုအပ်ချက်များ သက်သက်အတွက်၊ အစားအစာကိစ္စကို ဖြေရှင်းရန် သက်သက်အတွက်ဖြင့် ဆယ်စုနှစ်တစ်ခုစာ ပင်ပင်ပန်းပန်း လေ့လာ သင်ယူသည့် လူတစ်ဦးတစ်လေ ရှိပါသလော။ ဤကဲ့သို့သောလူမျိုး တစ်ဦးမျှမရှိပေ။ သို့ဆိုလျှင် လူတစ်ဦးသည် ဤနှစ်များအားလုံးအတွက် အဘယ်ကြောင့် ဤဆင်းရဲဒုက္ခခံပါသနည်း။ ဤသည်မှာ ကျော်ကြားမှုနှင့် အမြတ်အစွန်း အတွက်ဖြစ်သည်။ ကျော်ကြားမှုနှင့် အမြတ်အစွန်းတို့သည် သူ့ကို လက်ယပ်ခေါ်လျက်၊ အဝေးတွင် စောင့်ကြို နေကြ၏။ ၎င်းတို့အနေဖြင့် မိမိတို့၏ကိုယ်ပိုင် လုံ့လဝီရိယ၊ အခက်အခဲများနှင့် ရုန်းကန်မှုများအားဖြင့်သာ ၎င်းတို့ကို ကျော်ကြားမှုနှင့် အမြတ်အစွန်းတို့ကို ရရှိဖို့ ဦးဆောင်မည့် လမ်းကို လိုက်နိုင်သည်ဟု ယုံကြည်ကြလေသည်။ ထိုသို့သော လူသည် သူကိုယ်တိုင်၏ အနာဂတ် လမ်းကြောင်းအတွက်၊ အနာဂတ် ပျော်ရွှင်မှုအတွက်နှင့် ပို၍ကောင်းမွန်သော ဘဝတစ်ခုကို ရရှိဖို့ ဤသို့သော အခက်အခဲများကို ဒုက္ခခံရပေမည်။ ဤသည်မှာ မည်သို့သော အသိပညာနည်း၊ သင်တို့ ငါ့အား ပြောပြနိုင်သလော။ ထိုအရာသည် လူတို့၏ အသိပညာသင်ယူခြင်း ဖြစ်စဉ်တွင် စာတန်က ၎င်းတို့ထဲ သွတ်သွင်းပေးလိုက်သည့် စည်းကမ်းများ၊ စာတန်က ၎င်းတို့ကို သင်ကြားပေးလိုက်သည့် ရှင်သန်နေထိုင်နည်း စည်းကမ်းများ မဟုတ်သလော။ ၎င်းအရာသည် စာတန်က လူသား၏အထဲတွင် သွတ်သွင်းပေးလိုက်သည့် ဘဝ၏ "မြင့်မားသော စံများ" ဖြစ်သည်မဟုတ်လော။ ဥပမာဆိုရသော် ကြီးမြတ်သော လူတို့၏စိတ်ကူးများ၊ နာမည်ကျော်ကြားသူတို့၏ တည်ကြည်မှု သို့မဟုတ် လူစွမ်းကောင်းတို့၏ ရဲရင့်သောစိတ်ဓာတ်တို့ကို ကြည့်လော့။ သို့တည်းမဟုတ် သိုင်းဝတ္ထုများထဲမှ ဇာတ်လိုက်များ၊ ဓါးသမားများ၏ သူရဲကောင်းစိတ်ဓာတ်နှင့် ကြင်နာတတ်မှုတို့ကို ကြည့်လော့- ဤအရာများ အားလုံးသည် စာတန်က ဤစံများကို သွတ်သွင်းသည့် နည်းလမ်းများ ဖြစ်သည် မဟုတ်လော (ဟုတ်ပါသည်။) ဤအယူအဆတို့သည် မျိုးဆက်များ တစ်ခုပြီးတစ်ခုအပေါ် လွှမ်းမိုးလျက်ရှိနေသကဲ့သို့ မျိုးဆက် တစ်ခုစီ၏ လူတို့သည် ဤအယူအဆတို့အား လက်ခံရန်၊ ဤအယူအဆများအတွက် အသက်ရှင်နေထိုင်ရန်နှင့် ၎င်းတို့နောက် အဆုံးမရှိ လိုက်ကြရ၏။ ဤသည်မှာ စာတန်က လူသားကို အသိပညာအားဖြင့် ဖျက်ဆီးရန် အသုံးပြုသည့် နည်းလမ်း သို့မဟုတ် လမ်းကြောင်း ဖြစ်သည်။ သို့ဆိုလျှင် စာတန်က လူတို့အား ဤလမ်းသို့ ခေါ်ဆောင်ပြီးနောက်တွင်၊

ငင်းတို့အနေဖြင့် ဘုရားသခင်ကို ကိုးကွယ်ရန် ဖြစ်နိုင်ပါသေးသလော။ စာတန်က လူသားထဲ၌ သွတ်သွင်းထားသော အသိပညာနှင့် အတွေးအခေါ်တို့တွင် ဘုရားသခင်ကို ကိုးကွယ်ခြင်းအကြောင်းအရာ တစ်စက်မျှ ပါဝင်သလော။ ၎င်းတို့တွင် သမ္မာတရားနှင့်သက်ဆိုင်သော အကြောင်းအရာ တစ်စုံတစ်ရာ ပါဝင်သလော။ ၎င်းအရာတို့တွင် ဘုရားသခင်အား ကြောက်ရွံ့ခြင်း၊ မကောင်းမှုအား ရှောင်ကြဉ်ခြင်း အကြောင်းအရာ တစ်ခုတစ်လေ ပါဝင်သလော (မပါဝင်ပါ။) သင်တို့သည် အနည်းငယ် မသေချာသည့်ပုံ ရသော်လည်း ကိစ္စမရှိ။ "ကျော်ကြားမှု" နှင့် "အမြတ်အစွန်း" ဆိုသည်မှာ လူတို့ကို ဆိုးယုတ်သည့် လမ်းကြောင်းသို့ ဖြားယောင်းဖို့ စာတန်က အသုံးပြုသည့် အဓိက စကားလုံးနှစ်ခုဖြစ်ကြောင်းကို သင် သိမြင်သရွေ့ လုံလောက်ပြီဖြစ်သည်။

ယခုအထိ ဆွေးနွေးခဲ့သည်များကို အကျဉ်းချုံး ပြန်သုံးသပ် ကြည့်ကြစို့- လူသားအား သူ၏ထိန်းချုပ်မှု အတွင်းတွင် အခိုင်အမာ ထားရှိရန် စာတန်သည် မည်သည့်အရာကို အသုံးပြုသနည်း။ (ကျော်ကြားမှုနှင့် အမြတ်အစွန်း ဖြစ်ပါသည်။) ထို့ကြောင့် လူတို့သည် ကျော်ကြားမှုနှင့် အမြတ်အစွန်းအတွက်သာ စဉ်းစားတတ်တော့သည် အထိဖြစ်အောင်၊ ၎င်းတို့၏ အတွေးများကို ထိန်းချုပ်ရန်အတွက် စာတန်သည် ကျော်ကြားမှုနှင့် အမြတ်အစွန်းကို အသုံးပြု၏။ ၎င်းတို့သည် ကျော်ကြားမှုနှင့် အမြတ်အစွန်းအတွက် ရုန်းကန်လှုပ်ရှား ကြ၏၊ ကျော်ကြားမှုနှင့် အမြတ်အစွန်းအတွက် အခက်အခဲများကို ခံကြ၏၊ ကျော်ကြားမှုနှင့် အမြတ်အစွန်း အတွက် အရှက်ရခြင်းများကို ကြံ့ကြံ့ခံကြ၏၊ ကျော်ကြားမှု နှင့် အမြတ်အစွန်း အတွက် ၎င်းတို့တွင် ရှိသမျှအရာတိုင်းကို စွန့်လွှတ်ကြသကဲ့သို့၊ ကျော်ကြားမှုနှင့် အမြတ်အစွန်းတို့အတွက် မည်သို့သော အကဲဖြတ်မှု၊ ဆုံးဖြတ်မှုကိုမဆို ၎င်းတို့က ပြုလုပ်ကြလိမ့်မည်။ ဤနည်းလမ်းဖြင့် စာတန်သည် လူတို့အား မမြင်နိုင်သော အချုပ်အနှောင်တို့နှင့် ချည်နှောင်ပြီး လူတို့သည် ၎င်းတို့ကို တွန်းလှန်ရန် အင်အားမရှိသလို သတ္တိလည်းမရှိကြပေ။ ၎င်းတို့သည် ဤအချုပ်အနှောင်တို့အား အမှုမဲ့အမှတ်မဲ့ သယ်ဆောင်ကြပြီး ကြီးစွာသော အခက်အခဲဖြင့် ရှေ့သို့ဆက်ကာသာ ရုန်းကြရ၏။ ဤကျော်ကြားမှုနှင့် အမြတ်အစွန်း အတွက် အလို့ငှာ၊ လူသားမျိုးနွယ်သည် ဘုရားသခင်ကို ရှောင်ကြဉ်၍၊ ကိုယ်တော်အား သစ္စာဖောက်ပြီး၊ တိုး၍ ဆိုးယုတ် လာကြသည်။ ထို့ကြောင့် ဤနည်းဖြင့် မျိုးဆက်တစ်ခုပြီး တစ်ခုသည် စာတန်၏ ကျော်ကြားခြင်းနှင့် အမြတ်အစွန်း အကြားတွင် ဖျက်ဆီးခံကြရ၏။ စာတန်၏ လုပ်ဆောင်မှုတို့ကို ယခု ကြည့်သည့်အခါ၊ ၎င်း၏ အန္တရာယ်ရှိသော ရည်ရွယ်ချက်တို့သည် လုံးဝ စက်ဆုပ်စရာကောင်းသည် မဟုတ်လော။ သင်တို့သည် ကျော်ကြားမှုနှင့် အမြတ်အစွန်း မပါလျှင် အသက်မရှင်နိုင်ဟု

ထင်သည့်အတွက်ကြောင့်၊ စာတန်၏ အန္တရာယ်ရှိသော ရည်ရွယ်ချက်တို့ကို ယနေ့တွင် မြင်ကောင်း မြင်နိုင်ကြမည် မဟုတ်ပေ။ လူတို့သည် ကျော်ကြားမှုနှင့် အမြတ်အစွန်းကို ချန်ထားခဲ့မည်ဆိုလျှင်၊ ၎င်းတို့အနေဖြင့် ရှေ့ခရီးလမ်းကို မြင်နိုင်တော့မည် မဟုတ်၊ ၎င်းတို့၏ ပန်းတိုင်များကို မြင်နိုင်တော့မည်မဟုတ်၊ ၎င်းတို့၏ အနာဂတ်သည်လည်း မှေးမှိန် မှောင်မိုက်လာမည်ဟု ထင်ကြ၏။ သို့ရာတွင် ကျော်ကြားမှုနှင့် အမြတ်အစွန်း ဟူသည် စာတန်က လူသားကို ချည်နှောင်ရန် အသုံးပြုသည့် ကြောက်မက်ဖွယ် ကောင်းသော အချုပ်အနှောင်များ ဖြစ်သည် ဆိုသည်ကို သင်တို့ အားလုံးသည် တစ်နေ့တွင် တဖြည်းဖြည်းဖြင့် သိမြင်လာကြလိမ့်မည်။ ထိုနေ့ရောက်သောအခါ၊ သင်သည် စာတန်၏ ထိန်းချုပ်မှုကို လုံးလုံးလျားလျား ခုခံမည်ဖြစ် သကဲ့သို့၊ စာတန်က သင့်အား ချည်နှောင်ရန် အသုံးပြုသည့် အချုပ်အနှောင်များကိုလည်း လုံးလုံးလျားလျား ခုခံလိမ့်မည်။ စာတန်က သင်၌ သွတ်သွင်းထားသော အရာအားလုံးကို သင်လွှင့်ပစ်ချင်သည့် အချိန်ကျသည့်အခါ၊ သင်သည် စာတန်နှင့် ပြတ်ပြတ်သားသား လမ်းခွဲလိမ့်မည်ဖြစ်ကာ၊ စာတန်က သင့်ထံသို့ ယူဆောင်လာသော အရာအားလုံးကိုလည်း အမှန်ပင် ရွံရှာမုန်းတီး လိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင်မှ လူသားမျိုးနွယ်သည် ဘုရားသခင် အတွက် စစ်မှန်သည့် ချစ်ခြင်းနှင့် တမ်းတခြင်း ရှိလိမ့်မည်။

စာတန်သည် လူသားကို ဖျက်ဆီးရာတွင် အသိပညာကို မည်သို့အသုံးပြုသည်ဆိုသည့် အကြောင်းကို ယခုပင် ငါတို့ ဆွေးနွေးပြောဆိုပြီးလေပြီ။ ထို့ကြောင့် စာတန်သည် လူသားကို ဖျက်ဆီးရန် သိပ္ပံကို မည်သို့အသုံးပြုသည်ဆိုသည့် အကြောင်းကို နောက်ထပ် မိတ်သဟာယပြုကြစို့။ ဦးစွာပထမ၊ သိပ္ပံကို လေ့လာကာ လျှို့ဝှက်ဆန်းကြယ်မှုများကို စူးစမ်းချင်သော လူသား၏ သိချင်စိတ်ပြင်းပြမှု၊ လူသား၏ဆန္ဒကို ဖြည့်ဆည်းပေးရန် စာတန်သည် သိပ္ပံ၏နာမည်ကို အသုံးပြု၏။ စာတန်သည် သိပ္ပံအတွက်ကြောင့် လူသား၏ ရုပ်ဝတ္ထု လိုအပ်ချက်များနှင့် ၎င်းတို့၏ဘဝအရည်အသွေးကို မပြတ်တမ်းမြှင့်တင်ရန် လူသား၏ တောင်းဆိုချက်ကို ဖြည့်ဆည်း ပေး၏။ ထို့ကြောင့် စာတန်သည် ဤမှုမမှန်သော အကြောင်းပြချက်ဖြင့် လူသားကို ဖျက်ဆီးရန် သိပ္ပံကို အသုံးပြုခြင်းဖြစ်သည်။ စာတန်က သိပ္ပံကို ဤနည်းဖြင့် အသုံးပြုလျက် ဖျက်စီးသည်မှာ လူသား၏ အတွေးအခေါ် သို့မဟုတ် လူသား၏ စိတ်သာ ဖြစ်သလော။ ငါတို့အနေဖြင့် မြင်နိုင်ပြီး ထိတွေ့လာရသည့် ငါတို့ပတ်ဝန်းကျင်ရှိ လူများ၊ ဖြစ်ရပ်များနှင့် အမှုအရာများထဲမှ အခြားမည်သည့်အရာကို စာတန်သည် သိပ္ပံကို အသုံးပြု၍ ဖျက်ဆီးသနည်း။ (သဘာဝပတ်ဝန်းကျင် ဖြစ်ပါသည်။) မှန်သည်။ သင်တို့သည် ဤအရာကြောင့် အလွန်အမင်း ဒုက္ခရောက်ကြပြီးဖြစ်ကာ

အလွန်အမင်း ထိခိုက်ခံရကြပြီးဖြစ်ပုံပေါ်သည်။ လူသားကို လှည့်စားရန်အတွက် အမျိုးမျိုးသော ရှာဖွေတွေ့ရှိချက်များနှင့် သိပ္ပံဆိုင်ရာ ကောက်ချက်များ အားလုံးကို အသုံးပြုခြင်းအပြင်၊ စာတန်သည် ဘုရားသခင်က လူသားတို့ကို ပေးထားခဲ့သည့် ရှင်သန်နေသော ပတ်ဝန်းကျင်အား အကြောင်းမဲ့ ဖျက်ဆီးခြင်းနှင့် အကျိုးအမြတ်ထုတ်ခြင်းတို့ ဆောင်ရွက်ရန် သိပ္ပံကိုလည်း နည်းလမ်းတစ်ခုအနေနှင့် အသုံးပြု၏။ လူသားသည် သိပ္ပံဆိုင်ရာ သုတေသနကို ဆောင်ရွက်ပါက၊ လူသား၏ ရှင်သန်နေသော ပတ်ဝန်းကျင်နှင့် ဘဝ အရည်အသွေးတို့သည် ဆက်လက်တိုးတက်လိမ့်မည်ဖြစ်သည့်အပြင်၊ သိပ္ပံပညာ တိုးတက်ခြင်း၏ ရည်ရွယ်ချက်မှာ လူသား၏ နေ့စဉ်တိုးလာနေသော ရုပ်ဝတ္ထုလိုအပ်ချက်များနှင့် ၎င်းတို့၏ ဘဝအရည်အသွေးကို အဆက်မပြတ် တိုးတက်စေရန် လိုအပ်မှုတို့ကို ဖြည့်တင်းပေးရန် ဖြစ်သည် ဆိုသည့် မှုမမှန်သည့် အကြောင်းပြချက် အောက်တွင် စာတန်သည် ဤအရာကို လုပ်ဆောင် လေသည်။ ဤသည်မှာ စာတန်၏ သိပ္ပံတိုးတက်မှုနှင့်ဆိုင်သည့် အယူအဆရေးရာ အခြေခံ အကြောင်းရင်း ဖြစ်သည်။ သို့ရာတွင်၊ သိပ္ပံက လူသားမျိုးနွယ်ထံ မည်သည့်အရာကို ဆောင်ယူပြီး ဖြစ်သနည်း။ ငါတို့ ဆက်နွယ်သည့် ပတ်ဝန်းကျင်တွင် မည်သည့်အရာ ပါဝင်သနည်း။ လူသားမျိုးနွယ်တို့ ရှူသွင်းသော လေသည် ညစ်ညမ်းလာပြီ မဟုတ်လော။ ငါတို့ သောက်သုံးသော ရေသည် အမှန်တကယ် သန့်စင်သေးသလော (မသန့်စင်တော့ပါ။) ငါတို့ စားသုံးနေသော အစားအစာသည် သဘာဝအတိုင်း ဟုတ်ပါ၏လော။ အများစုသည် ဓါတုဓာတ်မြေသြဇာ နှင့် မျိုးဗီဇ ပြုပြင်မှုကို အသုံးပြုကာ စိုက်ပျိုးထားခြင်းဖြစ်ပြီး သိပ္ပံနည်းလမ်းအမျိုးမျိုးကို အသုံးပြုခြင်းဖြင့် သန္ဓေပြောင်းလဲခြင်းတို့သည်လည်း ရှိကြသည်။ ငါတို့စားသုံးသည့် ဟင်းသီးဟင်းရွက်တို့နှင့် အသီးအနှံတို့သည်ပင် သဘာဝအတိုင်း မဟုတ်တော့ပေ။ သဘာဝအတိုင်းဖြစ်သော ကြက်ဥ တစ်လုံးကိုပင် ရှာတွေ့ဖို့ မလွယ်သလို၊ ကြက်ဥများသည် စာတန်၏ သိပ္ပံဟူသော အရာဖြင့် ပြုပြင်ခံထားရနှင့်ပြီးဖြစ်လျက်၊ ယခင်ရှိခဲ့ဖူးသော အရသာမျိုး မရှိတော့ပေ။ ခြုံ၍ကြည့်ပါက၊ လေထု တစ်ခုလုံးသည် ဖျက်ဆီးခံထားရပြီး၊ ညစ်ညမ်းပြီး ဖြစ်သည်။ တောင်တန်းများ၊ ရေကန်များ၊ သစ်တောများ၊ မြစ်များ၊ သမုဒ္ဒရာများနှင့် မြေပြင် အထက်အောက်ရှိ အရာအားလုံးတို့မှာ သိပ္ပံဆိုင်ရာ အောင်မြင်မှု ဟုဆိုသော အရာကြောင့် အားလုံး ပျက်စီးပြီးဖြစ်သည်။ အကျဉ်းချုပ်အားဖြင့်၊ ဘုရားသခင်က လူသားမျိုးနွယ်ကို ပေးအပ်ခဲ့သည့် သဘာဝ ပတ်ဝန်းကျင်တစ်ခုလုံး၊ ရှင်သန်နေသော ပတ်ဝန်းကျင်သည် သိပ္ပံဟူသောအရာကြောင့် ဖျက်စီးခံရကာ ပျက်စီးပြီးဖြစ်သည်။ လူအများအပြားတို့သည် ၎င်းတို့ ရှာဖွေသည့် ဘဝ၏ အရည်အသွေးအရ မိမိတို့၏ စိတ်ဆန္ဒများနှင့် ကိုယ်ခန္ဓာ

နှစ်ခုလုံးကို ဖြည့်ဆည်းရင်း ၎င်းတို့ အမြဲမျှော်လင့်ခဲ့သည့်အရာကို ရရှိပြီးဖြစ်သည့် လူများစွာ ရှိသော်လည်း၊ လူသားနေထိုင်သည့် ပတ်ဝန်းကျင်မှာ သိပ္ပံက ယူဆောင်ခဲ့သည့် "အောင်မြင်မှု" အမျိုးမျိုးတို့ကြောင့် အခြေခံအားဖြင့် ဖျက်ဆီးခံရကာ ပျက်စီးပြီး ဖြစ်သည်။ ယခုအချိန်တွင်၊ သန့်ရှင်းသည့် လေတစ်ရှိုက်ကိုပင် ကျွန်ုပ်တို့ ရှူခွင့် မရှိကြတော့ပေ။ ဤသည်မှာ လူသားမျိုးနွယ်၏ သောကရောက်စရာ ဖြစ်သည်မဟုတ်လော။ ဤနေရာမျိုးတွင် နေထိုင်ရမည့် အချိန်တွင်၊ လူသားအတွက် ပြောပြစရာ ပျော်ရွှင်မှု တစ်ခုတစ်လေ ရှိပါသလော။ လူသား အသက်ရှင် နေထိုင်သည့် ဤနေရာနှင့် ရှင်သန်သော ပတ်ဝန်းကျင်သည် အစအဦးကတည်းက လူသားအတွက် ဘုရားသခင် ဖန်ဆင်းခဲ့ခြင်းဖြစ်၏။ လူတို့ သောက်သုံးသော ရေ၊ လူတို့ရှူရှိုက်သော လေ၊ လူတို့စားသုံးသော အစားအစာ၊ အပင်များ၊ သစ်ပင်များနှင့် သမုဒ္ဒရာများ- ဤရှင်သန်နေသော ပတ်ဝန်းကျင်၏ အစိတ်အပိုင်းတိုင်းအား လူသားကို ဘုရားသခင်က ပေးခဲ့ခြင်းဖြစ်သည်။ ယင်းသည် ဘုရားသခင် ချမှတ်ပေးခဲ့သည့် သဘာဝနိယာမနှင့်အညီ လည်ပတ်လျက် သဘာဝအလျောက် ဖြစ်လေသည်။ သိပ္ပံသာမရှိခဲ့ပါက၊ လူတို့သည် ပျော်ရွှင်ခဲ့လိမ့်မည် ဖြစ်ကာ အရာရာတိုင်းကို ဘုရားသခင်၏ နည်းလမ်းအတိုင်း၊ ၎င်းတို့ခံစားရန် ဘုရားသခင် အပ်နှင်းခဲ့သောအရာနှင့်အညီ၊ ယင်းတို့၏ အသန့်ရှင်း အသန့်ပြန့်ဆုံးအခြေအနေကို ခံစားနိုင်ကြမည် ဖြစ်သည်။ သို့ရာတွင် ယခုအချိန်၌ ဤအရာအားလုံးကို စာတန်က ဖျက်ဆီးထား၍ ပျက်စီးခဲ့လေပြီ။ လူသား၏ အဓိက အသက်ရှင်နေထိုင်ရာနေရာသည် သန့်ရှင်းခြင်း မရှိတော့ပေ။ သို့သော် ဤအရာကို မည်သည့်အရာက ဖြစ်စေခဲ့သည် သို့မဟုတ် ဤအရာ မည်သို့ ဖြစ်လာသည်ကို အဘယ်သူကမျှ သတိမပြုမိနိုင် ကြသလို၊ ပို၍ပင် များပြားသောလူတို့သည် သိပ္ပံပညာကို ချဉ်းကပ်ကြပြီး ၎င်းတို့ထံတွင် စာတန် သွတ်သွင်းထားသော အယူအဆများမှတဆင့် သိပ္ပံကို သိနားလည်ကြလေသည်။ ဤသည်မှာ အလွန် စက်ဆုပ်ဖွယ်ကောင်းပြီး၊ သနားစဖွယ်ဖြစ်သည် မဟုတ်လော။ ယခုအချိန်တွင် စာတန်သည် လူတို့ တည်ရှိသည့်နေရာအပြင် ၎င်းတို့ ရှင်သန်သည့် ပတ်ဝန်းကျင်ကို နေရာယူထားပြီး ၎င်းတို့ကို ဤအခြေအနေထဲသို့ ပျက်စီးစေလျက်နှင့် ဤနည်းဖြင့် လူသားမျိုးနွယ်သည် ဆက်လက်တိုးတက်နေရင်းဖြင့်၊ ဘုရားသခင်အတွက် ဤလူတို့ကို ကိုယ်တိုင်ကိုယ်ကျ ဖျက်ဆီးရန် လိုအပ်မှုတစ်ခုတစ်လေ ရှိပါသလော။ လူသားမျိုးနွယ်သည် ဤအတိုင်း ဆက်၍ တိုးတက်ပါက၊ မည်သည့်လားရာသို့ ၎င်းတို့ ဦးတည်မည်နည်း။ (၎င်းတို့ မျိုးဖြုတ်ခံရကြပါလိမ့်မည်။) ၎င်းတို့ မည်သို့ မျိုးဖြုတ်ခံရကြမည်နည်း။ ကျော်ကြားမှုနှင့် အမြတ်အစွန်း အတွက် လူသား၏ လောဘတကြီး ရှာဖွေမှုအပြင်၊ ၎င်းတို့သည် သိပ္ပံဆိုင်ရာ စူးစမ်းရှာဖွေခြင်းများနှင့် သုတေသနကို နက်နက်နဲနဲ

ပြုလုပ်ပြီးနောက်၊ ၎င်းတို့၏ ကိုယ်ပိုင် ရုပ်ဝတ္ထုလိုအပ်ချက်များ၊ စိတ်ဆန္ဒများကို ဖြည့်ဆည်းဖို့ ထိုသို့သော နည်းလမ်းဖြင့် မရပ်မနား ဆောင်ရွက် ကြလေသည်။ ထိုသို့ဆိုလျှင် လူသားအတွက် အကျိုးဆက်များမှာ အဘယ်နည်း။ ဦးဆုံးအနေဖြင့်၊ ဂေဟစနစ်ဆိုင်ရာ ဟန်ချက်ညီမှုက ကျိုးပျက်သွားပြီဖြစ်ပြီး ဤအရာ ဖြစ်ပျက်သည့်အချိန်တွင် လူတို့၏ ကိုယ်ခန္ဓာများ၊ ၎င်းတို့၏ အတွင်းအင်္ဂါများသည် ဤဟန်ချက်မညီသည့် ပတ်ဝန်းကျင်အားဖြင့် စွန်းထင်းကာ ထိခိုက်ခဲ့ရကြပြီး၊ ကူးစက်တတ်သော ရောဂါအမျိုးမျိုးနှင့် ကပ်ရောဂါတို့ သည်လည်း ကမ္ဘာလောကအနှံ့ ပျံ့နှံ့ကြ၏။ ဤသည်မှာ လူသားအနေဖြင့် ထိန်းချုပ်၍မရသော အခြေအနေ တစ်ခုဖြစ်သည်မှာ မှန်သည်မဟုတ်လော။ ယခုအချိန်တွင် သင်တို့သည် ဤအရာကို နားလည်၏၊ လူသားမျိုးနွယ်သည် ၎င်းတို့ကိုယ်၎င်းတို့ အဆက်မပြတ် ကြွယ်ဝစေရန် အသိပညာကို အသုံးပြုရင်း၊ လူ့ဘဝ၏ အနာဂတ်ကို မရပ်မနား စူးစမ်းလေ့လာရန် သိပ္ပံပညာကို အသုံးပြုရင်း၊ ဆက်လက် ရှင်သန်ရန်အတွက် ဤသို့သော နည်းလမ်းကို အသုံးပြုရင်းဖြင့်၊ ဘုရားသခင်၏ နောက်ကို မလိုက်ဘဲ၊ စာတန်နောက်ကိုသာ ဤနည်းဖြင့် အမြဲလိုက်လျှောက်ပါက- လူသားမျိုးနွယ် အတွက် ဤအရာ မည်သို့ အဆုံးသတ်မည်ကို သင် သတိပြုမိနိုင်သလော။ (မျိုးသုဉ်းခြင်း ဖြစ်ပါလိမ့်မည်။) ဟုတ်ပေသည်၊ မျိုးသုဉ်းခြင်းဖြင့် အဆုံးသတ်လိမ့်မည် ဖြစ်သည်။ လူသားမျိုးနွယ်သည် မိမိ၏ ကိုယ်ပိုင် မျိုးသုဉ်းပျောက်ကွယ်ခြင်းဆီသို့ တစ်လှမ်းပြီးတစ်လှမ်း သာ၍ ချဉ်းကပ်လာပေသည်။ ဖြည်းဖြည်းချင်း ချဉ်းကပ်လာသော ပျက်စီးခြင်းဖြစ်၏။ အမှုအရာများကို သင်တို့ ခွဲခြားသိမြင်ရန် ကြိုးစားသည့်အခါ ဇဝေဇဝါဖြင့်သာ လုပ်မိကြဖို့အလို့ငှာ သိပ္ပံဟူသည် ယခုအချိန်တွင် လူသားအတွက် စာတန်ပြင်ဆင်ထားသော မှော်ဆေးရည်တစ်မျိုးအလား ထင်ရ၏။ မည်မျှပင် ကြိုးစား၍ ကြည့်သည်ဖြစ်စေ၊ အမှုအရာများကို သင်တို့ ရှင်းလင်းစွာ မမြင်နိုင်သကဲ့သို့၊ မည်မျှပင် ကြိုးစားသည်ဖြစ်စေ ယင်းအရာတို့ကို အဖြေမရှာနိုင် ကြပေ။ သို့ရာတွင် စာတန်သည် သင်၏အာသီသကို ပြင်းပြလာစေရန်နှင့် သင့်အား နဖားကြိုးတပ်ကာ အသူရာချောက်နက် နှင့် သေမင်းဆီသို့ တစ်လှမ်းချင်း ဆက်လျှောက်စေရန် သိပ္ပံ၏နာမည်ကို အသုံးပြုလေသည်။ ဤသို့ဖြစ်သည် မဟုတ်လော (ဟုတ်ပါသည်။) ဤသည်မှာ လူကို စာတန် ဖောက်ပြန်ပျက်စီးစေသည့် ဒုတိယနည်းလမ်း ဖြစ်၏။

ရိုးရာယဉ်ကျေးမှုသည် လူကို စာတန် ဖျက်ဆီးသည့် တတိယနည်းလမ်းဖြစ်၏။ ရိုးရာယဉ်ကျေးမှုနှင့် အယူသီးမှုတွင် ဆင်တူမှုများစွာ ရှိသော်လည်း၊ ကွာခြားချက်မှာ ရိုးရာယဉ်ကျေးမှု၌ အချို့သော ဇာတ်လမ်းပုံပြင်များ၊ သွယ်ဝိုက် ရည်ညွှန်းချက်များနှင့် ဇာစ်မြစ်များရှိ၏။ စာတန်သည် လူတို့ကို ရိုးရာယဉ်ကျေးမှု သို့မဟုတ် အယူသီးသော

ပုဂ္ဂိုလ်များနှင့်သက်ဆိုင်သော နက်ရှိုင်းသည့် အထင်ကြီးမှုများ ကျန်ရစ်စေလျက် ရိုးရာပုံပြင်များစွာ သို့မဟုတ် သမိုင်းစာအုပ်များထဲတွင် မြင်ရသည့် ဇာတ်လမ်းများကို လုပ်ကြံဖန်တီး ထားလေသည်။ ဥပမာအားဖြင့်၊ တရုတ်ပြည်တွင် "ပင်လယ်ကို ဖြတ်သော မသေမျိုးရှစ်ဦး"၊ "အနောက်ဘက်သို့ ခရီး"၊ "ကျောက်စိမ်း ဧကရာဇ်"၊ "နဂါးဘုရင်ကို အောင်နိုင်သော နီကျား" နှင့် "နတ်ဘုရားတို့၏ အာဏာအပ်နှင်းပွဲ" တို့ ရှိ၏။ ဤအရာတို့သည် လူ၏ စိတ်ထဲတွင် နက်ရှိုင်းစွာ အမြစ်တွယ်လာပြီ မဟုတ်လော။ သင်တို့ထဲမှ အချို့သည် အသေးစိတ် အားလုံးကို သိပင် မသိသော်ငြား၊ ယေဘုယျ ဇာတ်လမ်းများကို သင်တို့ သိကြလိမ့်ဦးမည်ဖြစ်ပြီး သင်တို့ မမေ့နိုင်ဖို့အလို့ငှာ သင်၏နှလုံးသားနှင့် သင်၏စိတ်ထဲတွင် ကပ်ငြိနေသည်မှာ ဤယေဘုယျ အကြောင်းအရာဖြစ်ပေသည်။ ဤအရာတို့သည် စာတန်က လူသားအတွက် အချိန်ကြာမြင့်စွာ ကတည်းက ပြင်ဆင်ထားခဲ့သည့် အမျိုးမျိုးသော အယူအဆများ သို့မဟုတ် ဒဏ္ဍာရီများ ဖြစ်ပြီး၊ ယင်းသည် မတူသောအချိန်များတွင် ဖြန့်ဖြူးထားပြီးဖြစ်ပေသည်။ ဤအရာတို့သည် လူတို့၏ ဝိညာဉ်များကို တိုက်ရိုက် ထိခိုက်စေကာ တိုက်စားပစ်ပြီး၊ ဖမ်းစားခြင်းတစ်ခုပြီး တစ်ခုအောက်တွင် လူတို့ကို ထားလေ၏။ ဆိုလိုသည်မှာ ထိုသို့သော ရိုးရာယဉ်ကျေးမှု၊ ပုံပြင်များ သို့မဟုတ် အယူသီးသော အရာတို့ကို သင် လက်ခံပြီးသည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် သင်၏ စိတ်ထဲတွင် အခြေခိုင်သွားသည် နှင့်တစ်ပြိုင်နက်၊ ပြီးလျှင် သင်၏ နှလုံးသားထဲတွင် ၎င်းတို့ ကပ်ငြိသည်နှင့်တစ်ပြိုင်နက်၊ ယင်းမှာ သင်သည် ညှို့ယူဖမ်းစား ခံထားရသည့်အလား ဖြစ်သည်- သင်သည် ဤယဉ်ကျေးမှုဆိုင်ရာ အဆောင်အယောင် အဆင်တန်ဆာများ၊ ဤအယူအဆများနှင့် ရိုးရာဇာတ်လမ်းပုံပြင်တို့အားဖြင့် ရန်းမထွက်သာအောင်မိနေပြီး လွှမ်းမိုးခံလာရလေသည်။ ၎င်းတို့သည် သင်၏ဘဝ၊ သင်၏ ဘဝပေါ် အမြင်နှင့် အမှုအရာများအပေါ် သင်၏ ဝေဖန်ပိုင်းခြားမှုကို လွှမ်းမိုး၏။ ထို့ထက်ပို၍ အသက်တာ၏ စစ်မှန်သောလမ်းခရီးအတွက် သင်၏ လိုက်စားမှုကို ၎င်းတို့က လွှမ်းမိုးလေသည်။ ဤသည်မှာ ဧကန်အမှန် ဆိုးယုတ်သော မန္တန်တစ်ခုဖြစ်၏။ သင် ကြိုးစားနိုင်သမျှ ကြိုးစားလော့၊ ၎င်းတို့ကို ခါချမရနိုင်ပေ။ ၎င်းတို့ကို သင်ခုတ်ဖြတ် ပစ်သော်ငြား၊ ခုတ်လှဲမရနိုင်ပေ၊ သင်သည် ၎င်းတို့ကို ရိုက်နှက် သော်ငြား၊ ၎င်းတို့ကို အနိုင်မရနိုင်အောင်ရှိ၏။ ထို့အပြင် လူတို့သည် ဤသို့သော မန္တန်အောက်တွင် အမှုမဲ့အမှတ်မဲ့ဖြင့် ထားရှိခံရပြီးနောက်၊ ၎င်းတို့၏ နှလုံးသားများထဲတွင် စာတန်၏ပုံရိပ်ကို မွေးမြူရင်း စာတန်အား အမှုမဲ့အမှတ်မဲ့ဖြင့် စတင်ကိုးကွယ်ကြ လေသည်။ တစ်နည်းဆိုရသော်၊ ၎င်းတို့သည် စာတန်အား ၎င်းတို့အတွက် ကိုးကွယ်ပြီး ကြည်ညို လေးစားရမည့် အရာတစ်ခုဖြစ်သည့် ၎င်းတို့၏ ရုပ်တုအဖြစ် တည်ထောင်ကာ၊

ဘုရားသခင်အဖြစ် မှတ်ယူသည်အထိပင် လုပ်ဆောင်ကြလေသည်။ ဤအရာတို့သည် လူတို့၏ စကားများနှင့် လုပ်ဆောင်ချက်များကို ထိန်းချုပ်လျက်၊ ၎င်းတို့၏ နှလုံးသားများ ထဲတွင် အမှုမဲ့အမှတ်မဲ့ ရှိနေကြ၏။ ထို့အပြင်၊ သင်သည် ဤပုံပြင်များနှင့် ဒဏ္ဍာရီများကို မှားယွင်းသည်ဟု ကနဦးတွင် မှတ်ယူသော်လည်း၊ ထို့နောက် သင်သည် ၎င်းတို့ကို အမှန်တကယ် ရှိသော လူပုဂ္ဂိုလ်များဖြစ်စေရင်းနှင့် စစ်မှန်သော အရာများအဖြစ် ပြောင်းလဲစေရင်း ဤဇာတ်လမ်း ပုံပြင်များ၏တည်ရှိမှုကို အမှုမဲ့အမှတ်မဲ့ဖြင့် သင်အသိအမှတ်ပြုလေသည်။ သင် သတိမမူမိခြင်းတွင်၊ သင်သည် ဤအယူအဆများ နှင့် ဤအရာများ၏ တည်ရှိမှုကို မသိစိတ်၏ စေ့ဆော်မှုအရ လက်ခံလေသည်။ သင်သည် နတ်ဆိုးများ၊ စာတန်နှင့် ရုပ်တုများကိုလည်း သင်၏ အိမ်နှင့် သင်၏ နှလုံးသားထဲသို့ မသိစိတ်၏ စေ့ဆော်မှုအရ လက်ခံမိလေသည်- ဤသည်မှာ ဧကန်အမှန် မန္တန်တစ်ခုဖြစ်၏။ ဤစကားများကို သင်တို့ ကြားရသလော။ (ကြားပါသည်။) သင်တို့ထဲတွင် ဗုဒ္ဓအား အမွှေးတိုင် ထွန်းကာ၊ ကိုးကွယ်ကြသူ တစ်ဦးတစ်လေ ရှိသလော။ (ရှိပါသည်။) ဤသို့ဆိုလျှင် ဗုဒ္ဓအား အမွှေးတိုင်ထွန်းကာ၊ ကိုးကွယ်ခြင်း၏ ရည်ရွယ်ချက်သည် အဘယ်နည်း။ (ငြိမ်းချမ်းမှုအတွက် ဆုတောင်းခြင်းဖြစ်ပါသည်။) ထိုအကြောင်းကို ယခု စဉ်းစားကြည့်ပါက၊ ငြိမ်းချမ်းမှုအတွက် စာတန်အား ဆုတောင်းဖို့မှာ ရယ်ဖွယ်ဖြစ်သည်မဟုတ်သလော။ စာတန်သည် ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပါသလော။ (မဆောင်ကြဉ်းပါ။) သင်တို့သည် ထိုအချိန်က မည်မျှ မသိနားမလည်ခဲ့သည်ကို မြင်ကြသည် မဟုတ်လော။ ထိုသို့သော အပြုအမူမျိုးသည် ရယ်ဖွယ်ရာဖြစ်သည်၊ ပညာမဲ့ရာကျပြီး နုံအရာ ရောက်သည် မဟုတ်လော။ စာတန်သည် သင့်ကို မည်သို့ ဖျက်ဆီးရမည်ကိုသာ တွေးတော၏။ စာတန်သည် သင့်အား ငြိမ်းချမ်းမှုကို မပေးနိုင်ပေ၊ ယာယီသက်သာမှုသာ ပေးနိုင်၏။ သို့ရာတွင် ဤသက်သာမှုကို ရရှိဖို့ သင်သည် ကတိသစ္စာ ပြုရမည်ဖြစ်ပြီး၊ သင်၏ ကတိ သို့မဟုတ် စာတန်ကို သင်ပြုထားသော သင်၏ကတိသစ္စာကို သင်ဖောက်ဖျက်ခဲ့ပါက၊ စာတန်သည် သင့်အား မည်သို့နှိပ်စက်သည်ကို သင် မြင်ရလိမ့်မည်။ သင့်ကို ကတိသစ္စာ ပြုစေရာတွင်၊ အမှန်မှာ ၎င်းက သင့်အား ထိန်းချုပ်ချင်လေသည်။ သင်တို့က ငြိမ်းချမ်းမှုအတွက် ဆုတောင်းသည့်အချိန်တွင်၊ ငြိမ်းချမ်းမှုကို သင်တို့ ရရှိခဲ့ကြပါသလော။ (မရခဲ့ပါ။) သင်တို့သည် ငြိမ်းချမ်းမှုကို မရခဲ့ကြဘဲ ဆန့်ကျင်ဖက်အနေဖြင့် သင်၏ အားထုတ်မှုများက ကံဆိုးခြင်းနှင့် အဆုံးမရှိသော ဘေးဒုက္ခများ- အမှန်တကယ် အကန့်အသတ်မဲ့သော ခါးသီးခြင်း သမုဒ္ဒရာတစ်ခုကို သယ်ဆောင်လာခဲ့၏။ စာတန်၏ အုပ်စိုးမှုတွင် ငြိမ်းချမ်းမှုဟူသည် မရှိ၊ ဤသည်မှာ အမှန်တရား ဖြစ်သည်။ ဤသည်မှာ ရှေးရိုးစွဲအယူသီးမှု၊ ရိုးရာယဉ်ကျေးမှုများက

လူသားမျိုးနွယ်ထံ ယူဆောင်ပြီးသည့် အကျိုးဆက်ဖြစ်၏။

လူကို စာတန် ဖျက်ဆီးသည့် နောက်ဆုံးနည်းလမ်းမှာ လူမှုရေး ရေပန်းစားမှုများ မှတဆင့် ဖြစ်သည်။ “လူမှုရေး ရေပန်းစားမှုများ” တွင် အကြောင်းအရာများစွာ ပါဝင်၏။ လူအချို့က၊ “လူမှုရေး ရေပန်းစားမှုများဆိုသည်မှာ နောက်ဆုံးပေါ် ဖက်ရှင်များ၊ အလှအပပစ္စည်းများ၊ ဆံပင်ပုံစံများနှင့် အစားကောင်း အသောက်ကောင်းများကို ဆိုလိုသလော” ဟူ၍ ပြောကြသည်။ ဤအရာတို့ကို လူမှုရေး ရေပန်းစားမှုများဟု မှတ်ယူပါသလော။ ၎င်းတို့သည် လူမှုရေး ရေပန်းစားမှုများ၏ အစိတ်အပိုင်းတစ်ခုကို ဖန်တီးသော်လည်း၊ ငါတို့သည် ၎င်းတို့အကြောင်းကို ဤနေရာတွင် ပြောမည်မဟုတ်။ လူမှုရေး ရေပန်းစားမှုများက လူတို့အထဲသို့ ယူဆောင်လာသော အယူအဆများ၊ ကမ္ဘာကြီးထဲတွင် ၎င်းတို့က လူတို့ကို မိမိတို့ကိုယ်ကိုယ် ပြုမူနေထိုင်စေသည့် နည်းလမ်းနှင့် လူတို့အထဲတွင် ၎င်းတို့ ယူဆောင်သည့် ဘဝပန်းတိုင်များနှင့် အမြင်တို့အကြောင်းကိုသာ ငါတို့ ဆွေးနွေးချင်သည်။ ဤအရာများသည် လွန်စွာအရေးကြီး၏၊ ၎င်းတို့သည် လူသား၏ စိတ်အခြေအနေကို ထိန်းချုပ်ကာ၊ လွှမ်းမိုးနိုင်၏။ ဤရေပန်းစားမှုများသည် တစ်ခုပြီးတစ်ခု ထွက်ပေါ်လာပြီး လူတို့ကို အသိစိတ်၊ လူ့သဘာဝနှင့် ဆင်ခြင်တုံတရားတို့ကို ဆုံးရှုံးဖို့ ဖြစ်စေရင်း၊ ၎င်းတို့၏ ကိုယ်ကျင့်တရားများနှင့် အကျင့်စရိုက် အရည်အသွေးတို့ကို သာ၍ပင် အားနည်းစေလျက်၊ လူသားမျိုးနွယ်ကို အဆက်မပြတ် ဆုတ်ယုတ်စေသည့် ဆိုးယုတ်သော လွှမ်းမိုးမှု သယ်ဆောင်သည်မှာ ယခုတွင် လူအများစုသည် ဂုဏ်သိက္ခာ၊ လူ့သဘာဝ မရှိသလို၊ ဆင်ခြင်တုံတရားရှိဖို့ မဆိုထားနှင့်၊ အသိစိတ် တစ်ခုတစ်လေပင် မရှိဟု ငါတို့ ပြောနိုင်သည့်အတိုင်းအတာထိ ဖြစ်လေသည်။ ထိုသို့ဆိုလျှင် ဤလူမှုရေး ရေပန်းစားမှုများသည် မည်သည့်အရာများဖြစ်သနည်း။ ၎င်းတို့သည် သင်တို့ ပကတိမျက်စိဖြင့် မမြင်နိုင်သည့် ရေပန်းစားမှုများဖြစ်သည်။ ရေပန်းစားမှု အသစ်တစ်ခုသည် ကမ္ဘာလောက တစ်လျှောက် ရိုက်ခတ်သည့်အခါ၊ အရေအတွက် အနည်းငယ်သော လူတို့သာ ဖက်ရှင်ရှေ့ဆောင်များ အဖြစ် ပြုမူရင်း ခေတ်အမီဆုံးဖြစ်ကောင်း ဖြစ်ကြလိမ့်မည်။ ၎င်းတို့သည် အသစ်သော အရာတစ်ချို့ကို စတင်လုပ်ဆောင်ပြီးနောက် အယူအဆ အမျိုးအစားတစ်ချို့ သို့မဟုတ် ရှုထောင့်အမျိုးအစား တစ်ချို့ကို လက်ခံကြခြင်းဖြစ်သည်။ သို့ရာတွင် လူအများစုမှာကား အမှုမဲ့အမှတ်မဲ့နှင့် ဆန္ဒအလျောက် မဟုတ်ဘဲ ထိုအရာကို လက်ခံကာ၊ ထိုအထဲတွင် နစ်မြုပ်ပြီး ထိန်းချုပ် ခံရသည်အထိတိုင်၊ ဤရေစားမှုမျိုးဖြင့် အဆက်မပြတ် ကူးစက်ခံရ၏၊ လက်သင့်ခံရကာ ဆွဲဆောင်ခံရလိမ့်မည်ဖြစ်သည်။ ထိုသို့သော ရေပန်းစားမှုများက ကိုယ်နှင့် စိတ်မကျန်းမာသူ၊ သမ္မာတရားဆိုသည်မှာ မည်သည့်အရာ ဖြစ်သည်ကို မသိသူများနှင့် အပြုသဘောဆောင်သောအရာနှင့် အပျက် သဘောဆောင်သော

အရာတို့ကြား မခွဲခြားတတ်သူတို့ကို စာတန်ထံမှလာသော ဘဝအမြင်များနှင့် တန်ဖိုးတို့ကို တစ်ခုပြီး နောက်တစ်ခု ပျော်ရွှင်စွာ လက်ခံစေလေသည်။ ၎င်းတို့သည် ဘဝကို မည်သို့ ချဉ်းကပ်ရမည့်အကြောင်း စာတန် ပြောသည့်အရာနှင့် ၎င်းတို့အပေါ် စာတန် "နှင်းအပ်" သည့် အသက်ရှင်ဖို့နည်းလမ်းကို လက်ခံကြသကဲ့သို့၊ ၎င်းတို့အနေဖြင့် ခုခံဖို့ သတိမူမိခြင်းရှိဖို့ မဆိုထားနှင့်၊ ခွန်အား မရှိသကဲ့သို့ အစွမ်းအစလည်း မရှိကြချေ။ ထိုသို့ဆိုလျှင် ဤလူမှုရေး ရေပန်းစားမှုများမှာ အတိအကျ မည်သည့်အရာ ဖြစ်သနည်း။ သင်တို့ တဖြည်းဖြည်း နားလည် လာနိုင်မည့် ရိုးရှင်းသော ဥပမာတစ်ခုကို ငါ ရွေးချယ်ထား၏။ ဥပမာအားဖြင့်၊ အတိတ်က မည်သူမျှ လိမ်လည်ခြင်းမခံရဖို့အလို့ငှာ စီးပွားလုပ်ကိုင်ခဲ့ကြ၏၊ မည်သူ ဝယ်ယူနေသည်ဖြစ်စေ ကုန်ပစ္စည်းများကို တူညီသောဈေးနှုန်းဖြင့် ၎င်းတို့ ရောင်းချခဲ့ကြသည်။ ဤနေရာတွင် ကောင်းမွန်သော အသိစိတ်နှင့် လူ့သဘာဝ၏ အစိတ်အပိုင်းအချို့ ဖော်ပြထားသည် မဟုတ်လော။ လူတို့သည် ကောင်းမွန်သော ယုံကြည်ချက်ဖြင့် မိမိတို့၏ စီးပွားရေးကို စီမံခန့်ခွဲသည့်အချိန်တွင်၊ ၎င်းတို့သည် အသိစိတ်အချို့ လူ့သဘာဝအချို့ ထိုအချိန်က ရှိခဲ့ကြသေးသည်ကို မြင်နိုင်၏။ သို့ရာတွင် ငွေကြေးအတွက် လူသား၏ သာ၍ တိုးပွားနေသော တောင်းဆိုချက် နှင့်အတူ၊ လူတို့သည် ငွေ၊ အကျိုးအမြတ်နှင့် ကာမဂုဏ်တို့ကို အမှုမဲ့အမှတ်မဲ့ဖြင့် သာ၍ သာ၍ ချစ်ခင်လာ ခဲ့ကြလေသည်။ အတိုချုပ်အနေဖြင့်၊ လူတို့သည် ငွေကြေးကို ပို၍အရေးကြီးသော အရာအဖြစ် ယခင်ကထက် ရှုမြင်လာခဲ့ကြလေသည်။ လူတို့သည် ငွေကြေးကို ပို၍ အရေးကြီးသောအရာအဖြစ် မြင်ကြသောအခါ၊ ၎င်းတို့၏ ဂုဏ်သတင်း၊ ကျော်ကြားမှု၊ မိမိတို့၏ နာမည်ကောင်းနှင့် မိမိတို့၏ သိက္ခာတို့ကို အမှုမဲ့အမှတ်မဲ့ သာ၍ အလေးပေးမှု စတင်လျော့ပေါ့ကြသည် မဟုတ်လော။ ၎င်းတို့သည် စီးပွားရေးတွင် ပါဝင်ပတ်သက်သည့်အခါ၊ အခြားသူများသည် လူတို့ကို လိမ်လည်ပြီး ချမ်းသာရန်အလို့ငှာ၊ အမျိုးမျိုးသော နည်းလမ်းများအား သုံးလျက်ရှိသည်ကို သင် တွေ့ရသည်။ ရရှိသည့် ငွေကြေးသည် မစင်ကြယ် သော်လည်း၊ ၎င်းတို့သည် ချမ်းသာသည်ထက် ချမ်းသာလာကြ၏။ ၎င်းတို့သည် သင်ကဲ့သို့ပင် အလားတူစီးပွားရေး လုပ်ကိုင်သော်လည်း၊ ၎င်းတို့၏ မိသားစုတစ်ခုလုံးသည် သင့်ထက်ပို၍ ဘဝကို မွေ့လျော်ကြပြီး၊ သင့်အဖို့မှာမူ "ငါသည် အဘယ်ကြောင့် ထိုသို့ မလုပ်နိုင်သနည်း။ ငါသည် အဘယ်ကြောင့် သူတို့ရှာဖွေသမျှလောက် မရှာဖွေနိုင် သနည်း။ ငါ၏လုပ်ငန်း ကြီးပွားစေဖို့၊ ငွေကြေး ပိုရရှိဖို့ နည်းလမ်းတစ်ခုကို ငါ စဉ်းစားရမည်" ဟုဆိုရင်း ဝမ်းနည်းနေရ၏။ ထို့နောက်တွင် သင်သည် ငွေများစွာ မည်သို့ ရှာဖွေရမည်ကို အစွမ်းကုန် စဉ်းစားတွေးတောသည်။ ဈေးဝယ်သူ အားလုံးကို တူညီသောဈေးနှုန်းဖြင့် ပစ္စည်းများကို ရောင်းချခြင်း ဟူသော၊ ပုံမှန်ငွေကြေးရှာဖွေမှု

နည်းလမ်းအတိုင်း သင် ရရှိသော အကျိုးအမြတ် တစ်ခုတစ်လေသည် လိပ်ပြာသန့်သန့်ဖြင့် ရခြင်းဖြစ်၏။ သို့သော် ဤသည်မှာ အလျင်အမြန် ချမ်းသာစေမည့် နည်းလမ်းမဟုတ်ချေ။ အကျိုးအမြတ် ဖန်တီးလိုသည့် ပြင်းပြသောဆန္ဒဖြင့် မောင်းနှင်ခံရလျက်၊ သင်၏ စဉ်းစားတွေးခေါ်မှုသည် ညင်သာသော ပြောင်းလဲခြင်း တစ်ခုကို ကြုံရ၏။ ဤပြောင်းလဲမှုအတွင်းတွင်၊ သင်၏ ပြုမူနေထိုင်မှု စည်းမျဉ်းများသည်လည်း စတင် ပြောင်းလဲ၏။ သင်သည် တစ်စုံတစ်ယောက်အား ပထမဆုံးအကြိမ် လိမ်ညာသည့်အခါ၊ "လူတစ်ဦးကို ဤတစ်ကြိမ်တည်းသာ ငါ လိမ်မည်။ ငါနောက်တစ်ကြိမ် ထပ်မလုပ်တော့။ လူတို့ကို ငါ လိမ်၍မဖြစ်။ လိမ်လည်ခြင်းတွင် ဆိုးရွားသော အကျိုးဆက်များရှိသည်။ ငါ့ကို ဒုက္ခများစွာ ရောက်စေလိမ့်မည်" ဟု ဆိုရင်း သံသယများ သင်ရှိ၏။ တစ်စုံတစ်ယောက်ကို ပထမဆုံးအကြိမ် သင်လိမ်လည် သောအခါ၊ သင်၏စိတ်နှလုံးတွင် စောင့်စည်းမှု အချို့ရှိ၏။ ဤသည်မှာ လူသား၏အသိစိတ် လုပ်ဆောင်ပုံဖြစ်သည်- တစ်စုံတစ်ဦးကို သင် လိမ်လည်သည့်အခါ သဘာဝမကျသကဲ့သို့ သင့်ကို ခံစားစေဖို့အလို့ငှာ သင့်ကို သိက္ခာစောင့်ထိန်းစေပြီး သင့်ကို ပြစ်တင်မိစေသည်။ သို့ရာတွင် သင်သည် တစ်စုံတစ်ယောက်ကို အောင်မြင်စွာ လိမ်လည် ပြီးသည့်အခါ၊ သင့်ထံတွင် ယခင်ကထက် ငွေကြေး ပိုမိုရှိလာသည်ကို သင် တွေ့ရပြီး၊ ဤနည်းလမ်းသည် သင့်အတွက် များစွာ အကျိုးအမြတ် ရှိနိုင်သည်ဟု သင် ထင်၏။ သင်၏စိတ်နှလုံးထဲတွင် စူးသော နာကျင်မှု ရှိနေသော်ငြား၊ သင်သည် သင်၏ "အောင်မြင်မှု" အပေါ် မိမိကိုယ်ကိုယ် ဂုဏ်ယူသည့်အလား ခံစားရဆဲဖြစ်ပြီး၊ သင့်ကိုယ်သင်လည်း အတော်အတန် ကျေနပ်မိ၏။ ပထမဦးဆုံးအကြိမ်၊ သင်၏ ကိုယ်ပိုင် အပြုအမူ၊ သင်၏ ကိုယ်ပိုင် လှည့်ဖြားတတ်သည့် နည်းလမ်းများကို သင် သဘောကျမိလေသည်။ ထို့နောက်တွင်၊ လူသားသည် ဤလိမ်လည်ခြင်းဖြင့် စွန်းထင်းသွားသည်နှင့် တစ်ပြိုင်နက်၊ ယင်းသည် လောင်းကစားမှုပြုရာတွင် ပါဝင်မိပြီးနောက် လောင်းကစားသမား ဖြစ်လာသူနှင့် အတူတူပင် ဖြစ်သည်။ သင်၏ သတိမမူမိခြင်းတွင်၊ သင်သည် မိမိ၏ ကိုယ်ပိုင် လိမ်လည်သောအပြုအမူကို သဘောကျကာ၊ လက်ခံကြ၏။ သတိမမူမိခြင်းဖြင့်၊ သင်သည် လိမ်လည်ခြင်းကို တရားဝင် စီးပွားဖြစ် အပြုအမူတစ်ခုနှင့် သင်၏ ရှင်သန်ရေးနှင့် အသက်မွေးမှုအတွက် အသုံးအဝင်ဆုံး နည်းလမ်းအဖြစ် မှတ်ယူကြလေသည်။ ဤအရာပြုလုပ်ခြင်းအားဖြင့် သင်သည် ဥစ္စာပစ္စည်းကို အလျင်အမြန် ရှာဖွေနိုင်သည်ဟု ထင်သည်။ ဤသည်မှာ ဖြစ်စဉ်တစ်ခု ဖြစ်၏။ အစ၌၊ လူတို့သည် ဤအပြုအမူမျိုးကို လက်မခံနိုင်ကြသကဲ့သို့၊ ဤအပြုအမူနှင့် ကျင့်ကြံမှုတို့ကို အထင်အမြင်သေးကြ၏။ ထို့နောက် ၎င်းတို့သည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ကြိုးစားရင်း

ဤအပြုအမူကို မိမိတို့ကိုယ်တိုင် စမ်းလုပ်ကြည့်ကြကာ ၎င်းတို့၏ နှလုံးသားများသည် တဖြည်းဖြည်း စတင်ပြောင်းလဲလာ၏။ ဤသည်မှာ မည်သို့သော ပြောင်းလဲခြင်းမျိုး ဖြစ်သနည်း။ ယင်းမှာ လူမှုရေး ရေပန်းစားမှုက သင့်အထဲတွင် သွတ်သွင်းထားသည့် ဤရေပန်းစားမှုနှင့် ဤအယူအဆများကို အတည်ပြုခြင်းနှင့် ခွင့်ပြုခြင်းပင်ဖြစ်သည်။ နားမလည်လိုက်ဘဲ၊ သင်သည် လူတို့နှင့် စီးပွားရေးလုပ်သည့်အချိန်တွင် ၎င်းတို့ကို မလိမ်လည်ပါက၊ သင် ထိခိုက်နစ်နာသည်ဟု ခံစားရသည်၊ သင် လိမ်ညာမှု မပြုပါက တစ်စုံတစ်ခုကို ဆုံးရှုံးရသည့်အလား သင် ခံစားရ၏။ အမှုမဲ့အမှတ်မဲ့ဖြင့်၊ ဤလိမ်ညာခြင်းသည် သင်၏ တကယ့်ဝိညာဉ်၊ သင်၏ မဏ္ဍိုင်နှင့် သင်၏ဘဝတွင် စည်းမျဉ်း တစ်ခုဖြစ်သည့် မရှိမဖြစ်သော အပြုအမူမျိုး ဖြစ်လာသည်။ လူသားသည် ဤအပြုအမူနှင့် ဤအတွေးအခေါ်ကို လက်ခံပြီးသည့် နောက်တွင်၊ ဤအရာက လူ၏ စိတ်နှလုံးထဲတွင် ပြောင်းလဲမှုတစ်ခု ယူဆောင်ပြီး ဖြစ်သည် မဟုတ်လော။ သင်၏နှလုံးသားသည် ပြောင်းလဲသွားပြီဖြစ်သည်၊ ထို့ကြောင့် သင်၏ သိက္ခာသည်လည်း ပြောင်းလဲသွားသလော။ သင်၏ အသိတရားသည်ကော ပြောင်းလဲသွားပြီလော။ သင်၏ လူ့သဘာဝ ပြောင်းလဲပြီလော။ သင်၏ အသိစိတ် ပြောင်းလဲပြီလော။ (ပြောင်းလဲ ပါသည်။) ဟုတ်ပေ၏၊ ဤလူ၏ အစိတ်အပိုင်းအားလုံးသည် ၎င်းတို့၏ နှလုံးသားမှ ၎င်းတို့၏ အတွေးများအထိ၊ ၎င်းတို့ အတွင်းအပြင် ပြောင်းလဲသည့် အတိုင်းအတာအထိ အရည်အသွေးဆိုင်ရာ ပြောင်းလဲမှု တစ်ခုကို ကြုံကြရလေသည်။ ဤပြောင်းလဲမှုသည် သင့်ကို ဘုရားသခင်ထံမှ ပို၍ပို၍ ဝေးရာ ဆွဲခေါ်သွားပြီး၊ သင်သည် စာတန်နှင့် ပို၍ပို၍ နီးကပ်စွာ ပေါင်းစည်းလာ၏၊ သင်သည် စာတန်နှင့် ပို၍ ပို၍ ဆင်တူလာလေသည်။

ဤလူမှုရေး ရေပန်းစားမှုများကို ကြည့်သည့်အခါ၊ ၎င်းတို့သည် လူတို့အပေါ် ကြီးမားသောလွှမ်းမိုးမှုတစ်ခု ရှိသည်ဟု သင်ဆိုမည်လော။ ၎င်းတို့သည် လူတို့အပေါ် အလွန်အမင်း ထိခိုက်နစ်နာစေသော သက်ရောက်မှု ရှိပါသလော။ (ရှိပါသည်။) ၎င်းတို့သည် လူတို့အပေါ် အလွန်အမင်း ထိခိုက်စေသော သက်ရောက်မှု ဧကန်ရှိပါသည်။ လူသားနှင့်ပတ်သက်၍ စာတန်သည် လူမှုရေး ရေပန်းစားမှု တစ်ခုပြီးတစ်ခုကို အသုံးပြုလျက် မည်သည့်အရာကို ဖျက်ဆီးသနည်း (လူ၏ အသိစိတ်၊ ဆင်ခြင်တုံတရား၊ လူ့သဘာဝ၊ ကိုယ်ကျင့်တရားနှင့် ဘဝအပေါ် အမြင်တို့ ဖြစ်ပါသည်။) ၎င်းတို့သည် လူတို့အထဲတွင် တဖြည်းဖြည်း ဆုတ်ယုတ်ခြင်းကို ဖြစ်စေကြသည် မဟုတ်လော။ လူမှုရေး ရေပန်းစားမှုထဲတွင် ပိတ်မိကြသည့် လူတို့သည် ငွေကြေးနှင့်၊ ရုပ်ဝတ္ထု တပ်မက်မှုများ၊ ဆိုးယုတ်မှုနှင့် အကြမ်းဖက်မှုတို့ကို အမှုမဲ့အမှတ်မဲ့ အားပေးမိကြဖို့အလို့ငှာ စာတန်သည် လူတို့အား

နတ်ဆိုးတို့၏ ရိုပ်မြုံထဲသို့ ဖြည်းဖြည်းချင်း သွေးဆောင်ရန် ဤလူမှုရေး ရေပန်းစားမှုများကို အသုံးပြုလေသည်။ ဤအရာတို့သည် လူသား၏ စိတ်နှလုံးထဲသို့ ဝင်ရောက်သွားသည်နှင့်၊ လူသားသည် မည်သည့်အရာ ဖြစ်လာသနည်း။ လူသားသည် နတ်ဆိုး၊ စာတန်နတ်ဆိုးဖြစ်လာသည် တကား။ အဘယ်ကြောင့်နည်း။ လူသား၏စိတ်နှလုံးထဲတွင် မည်သည့် စိတ်ပိုင်းဆိုင်ရာ ယိမ်းယိုင်မှုကြောင့် ဖြစ်သနည်း။ လူသားက မည်သည့်အရာကို မြတ်နိုးသနည်း။ လူသားသည် ငြိမ်သက်ခြင်း မဆိုထားနှင့်၊ အလှတရား သို့မဟုတ် ကောင်းမြတ်ခြင်းကို ချစ်ခင်နှစ်သက်ခြင်းမရှိဘဲလျက်၊ ဆိုးယုတ်မှုနှင့် အကြမ်းဖက်မှုတို့တွင် စတင် ပျော်မွေ့ကြသည်။ လူတို့သည် ပုံမှန် လူ့သဘာဝ၏ ရိုးရှင်းသောဘဝကို နေထိုင်ရန် လိုလားခြင်းမရှိဘဲ၊ ယင်းအစား ၎င်းတို့ကို ပြန်ဆွဲထားမည့် ကန့်သတ်ချုပ်ချယ်မှုများ၊ နှောင်ကြိုးများမဲ့လျက် မိမိတို့၏ ဇာတိပကတိကို ဖြည့်ဆည်းဖို့ အစွမ်းကုန် ကြိုးစားရင်း၊ တစ်နည်းအားဖြင့်၊ မိမိတို့ ဆန္ဒရှိသည့် မည်သည့်အရာကိုမဆို လုပ်ဆောင်ရင်း၊ မြင့်မားသောအဆင့်အတန်းနှင့် ကြီးမားသော ကြွယ်ဝမှုကို ခံစားပျော်မွေ့ရန်၊ ဇာတိပကတိ သာယာမှုများထဲတွင် သောက်စားပျော်မြူးရန် ဆန္ဒရှိကြလေသည်။ ထို့ကြောင့် လူသားသည် ဤသို့သော ရေပန်းစားမှုများထဲ၌ နစ်မြုပ် လာပြီးသည့်အခါ၊ သင် သင်ယူထားသော အသိပညာသည် သင့်ကိုယ်သင် လွတ်မြောက်ဖို့ ကူညီပေးနိုင်ပါသလော။ ရိုးရာယဉ်ကျေးမှုနှင့် အယူသီးမှုတို့နှင့်ဆိုင်သည့် သင်၏ သိနားလည်မှုသည် ဤကြောက်မက်ဖွယ် အကျပ်အတည်းမှ လွတ်မြောက်ဖို့ သင့်ကို ကူညီပေးနိုင်ပါသလော။ လူသား သိသည့် ရိုးရာကိုယ်ကျင့်တရားနှင့် ထုံးတမ်းစဉ်လာတို့သည် လူတို့ကို သည်းခံခြင်းကို ကျင့်ကြံဖို့ ကူညီ ပေးနိုင်သလော။ ဥပမာအားဖြင့်၊ စရိုက်သုံးခု ဂန္ထဝင်စာအုပ်ကို ကြည့်လော့။ ၎င်းသည် လူတို့အား ဤရေပန်းစားမှုတို့၏ နွံအိုင်ထဲမှ မိမိတို့၏ ခြေများကို ကူညီ ဆွဲထုတ်ပေးနိုင်သလော (မကူညီပေးနိုင်ပါ။) ဤသို့ဖြင့် လူသားသည် ပို၍ ပို၍ ဆိုးယုတ်လာ၏၊ မာနထောင်လွှားလာ၏၊ တင်စီးလာ၏၊ တစ်ကိုယ်ကောင်းဆန်ကာ မလိုမုန်းထားလာလေသည်။ လူတို့ကြားတွင် မည်သည့်ချစ်ခင်မှုမျှ မရှိတော့၊ မိသားစုဝင်တို့ကြားတွင် မည်သည့် ချစ်ခြင်းမေတ္တာမျှ မရှိတော့၊ ဆွေမျိုးများနှင့် မိတ်ဆွေများကြားတွင် မည်သည့်နားလည်မှုမျှ မရှိတော့ပေ။ လူသားချင်း ဆက်ဆံရေးတို့သည် အကြမ်းဖက်မှုအသွင် ဆောင်လာလေပြီ။ လူအယောက်ချင်း စီတိုင်းသည် ၎င်းတို့၏ ရောင်းရင်းလူသားတို့ကြား ရှင်သန်နေထိုင်ဖို့ရန် အကြမ်းဖက်သော နည်းလမ်းတို့ကို အသုံးပြုဖို့ ကြိုးစားကြ၏။ မိမိတို့၏ နေ့စဉ်အစာကို အကြမ်းဖက်မှုသုံးလျက် အရယူကြသည်။ အကြမ်းဖက်မှုကို သုံးလျက် ၎င်းတို့၏ ရာထူးနေရာများကို ရယူပြီး၊ ၎င်းတို့၏ အကျိုးအမြတ်များကို ရရှိကြသကဲ့သို့၊ ၎င်းတို့ လုပ်ချင်သည့် မည်သည့်အရာကိုမဆို

လုပ်ဆောင်ဖို့ အကြမ်းဖက်ပြီး မကောင်းသော နည်းလမ်းများကို သုံးကြလေသည်။ ဤလူ့သဘာဝသည် ထိတ်လန့်စရာ မကောင်းပါသလော။ (ကောင်းပါသည်။) ယခုပင် ငါက ပြောဆိုသည့် ဤအရာများအားလုံးကို ကြားပြီးသည့်နောက်တွင်၊ သင်တို့အနေဖြင့် စာတန် ဖျက်ဆီးထားသည့် ဤကမ္ဘာလောက၊ ဤပတ်ဝန်းကျင်နှင့် ဤသို့သောလူမျိုးတို့ကြားတွင် အသက်ရှင်နေထိုင်ရန်မှာ ထိတ်လန့်စရာ ကောင်းသည်ဟု ထင်ကြသည် မဟုတ်လော (ထင်ပါသည်။) သို့ဆိုလျှင်၊ သင်တို့ကိုယ်သင်တို့ သနားစရာကောင်းသည်ဟု ခံစားဖူးသလော။ ယခုအချိန်တွင် အနည်းငယ်မျှ ခံစားရမည်မဟုတ်လော (ဟုတ်ပါသည်။) သင်တို့၏ လေသံကို ကြားရသည်မှာ "စာတန်သည် လူသားကို ဖျက်ဆီးသည့် များစွာသော နည်းလမ်း အမျိုးမျိုးရှိ၏။ ၎င်းသည် အခွင့်အရေး ဟူသမျှကို အရယူကာ၊ ငါတို့ဦးလှည့်သမျှ နေရာတိုင်းတွင် ရှိနေသည်။ လူသားသည် ကယ်တင်ခံ ရနိုင်သေးသလော" ဟူ၍ သင်တို့ စဉ်းစား နေဟန်ရှိ၏။ လူသားသည် ကယ်တင် ခံရနိုင်သေးသလော။ လူသားသည် ၎င်းတို့ကိုယ်၎င်းတို့ ကယ်တင်နိုင်သလော။ (မကယ်တင်နိုင်ပါ။) ကျောက်စိမ်းဧကရာဇ်သည် လူသားကို ကယ်တင် နိုင်သလော။ ကွန်ဖြူးရှပ်သည် လူသားကို ကယ်တင်နိုင်သလော။ ကွမ်ရင်ဗောဓိသာရသည် လူသားကို ကယ်တင်နိုင်သလော (မကယ်တင်နိုင်ပါ။) ဤသို့ဆိုလျှင် မည်သူက လူသားကို ကယ်တင် နိုင်သနည်း (ဘုရားသခင် ဖြစ်ပါသည်။) သို့ရာတွင် အချို့သောလူတို့သည် ၎င်းတို့၏စိတ်နှလုံးများထဲတွင် ဤမေးခွန်းများ ဖြစ်ပေါ် ကြလိမ့်မည်- "စာတန်သည် အင်မတန် စိတ်ဖောက်ပြန်သည့် သွေးရူးသွေးတန်း ဖြစ်ခြင်းဖြင့် ငါတို့အား အလွန် ကြမ်းတမ်းစွာ ထိခိုက်စေသည်မှာ ငါတို့တွင် ဘဝကို ရှင်သန်ရန် မျှော်လင့်ချက်မရှိသလို၊ ဘဝကို ရှင်သန်ရန် မည်သည့်ယုံကြည်မှုမျှ မရှိကြ။ ငါတို့အားလုံးသည် ဖောက်ပြန်ပျက်စီးခြင်းအလယ်တွင် အသက်ရှင်ကြပြီး၊ လူတိုင်းတစ်ဦးစီတိုင်းသည် ဘုရားသခင်ကို မည်သည့်နည်းနှင့်မဆို ဆန့်ကျင်ကြကာ၊ ယခုတွင် ငါတို့၏ နှလုံးသားများသည် နိမ့်နိုင်သမျှ နိမ့်ကျလေပြီ။ ဤသို့ဆိုလျှင် စာတန်သည် ငါတို့ကို ဖျက်ဆီးနေစဉ်တွင် ဘုရားသခင် အဘယ်မှာရှိသနည်း။ ဘုရားသခင်သည် မည်သည့်အရာကို လုပ်နေပါသနည်း။ ငါတို့အတွက် ဘုရားသခင် မည်သည့်အရာကို လုပ်နေပါစေ၊ ငါတို့ လုံးဝ မခံစားရကြပါ"။ အချို့သောလူတို့သည် ဧကန်မလွဲ စိတ်ဓါတ်ကျကာ အတော်အတန် စိတ်ပျက်အားလျော့ ကြသည်မှာ မှန်ပါသလော။ သင်တို့အဖို့ ဤခံစားချက်သည် လွန်စွာ နက်ရှိုင်း၏၊ အဘယ်ကြောင့်ဆိုသော် ငါ ပြောနေခဲ့သည့်အရာများ အားလုံးသည် လူတို့အနေဖြင့် တဖြည်းဖြည်း နားလည်လာကြစေရန်၊ ၎င်းတို့ မျှော်လင့်ချက်မဲ့သည်ဟု ပိုပိုပြီး ခံစားရစေရန်၊ ဘုရားသခင်က ၎င်းတို့ကို စွန့်ပစ်ထားပြီးဖြစ်သည်ကို ပိုပိုပြီး ခံစားမိကြစေရန် လူတို့ကို

အခွင့်ပေးဖို့ ဖြစ်သောကြောင့်ဖြစ်သည်။ သို့ရာတွင် မစိုးရိမ်နှင့်။ ယနေ့အတွက် ငါတို့၏ မိတ်သဟာယခေါင်းစဉ်ဖြစ်သော "စာတန်၏ ဆိုးယုတ်မှု" သည် ငါတို့၏ အမှန်တကယ် အဓိက ဆိုလိုရင်း မဟုတ်ပေ။ သို့ရာတွင် ဘုရားသခင်၏ သန့်ရှင်းခြင်းအနှစ်သာရကို ဆွေးနွေးရန်အတွက်မူ၊ ယခု လူသားက မည်သည့်အခြေအနေမျိုးတွင် ရှိသည်ကို လူတို့အား ရှင်းလင်းစေဖို့ရန်အလို့ငှာ စာတန်က လူသားကို ဖောက်ပြန်ပျက်စီးစေပုံနှင့် စာတန်၏ ဆိုးယုတ်မှုတို့ကို ပထမဦးစွာ ငါတို့ ဆွေးနွေးရမည်ဖြစ်သည်။ ဤအကြောင်းကို ဆွေးနွေးခြင်း၏ ရည်မှန်းချက်တစ်ခုမှာ စာတန်၏ ဆိုးယုတ်မှုကို လူတို့အား သိခွင့်ပေးဖို့ဖြစ်လင့်ကစား၊ အခြားသော ရည်မှန်းချက်မှာ စစ်မှန်သော သန့်ရှင်းခြင်းက မည်သည့်အရာဖြစ်သည်ကို လူတို့အား သိခွင့်ပေးဖို့ ဖြစ်သည်။

ယခုတင် ငါတို့ ဆွေးနွေးပြီးသည့် ဤအရာများအကြောင်းကို ယခင်တစ်ခေါက်နှင့်စာလျှင် ပို၍ အသေးစိတ် ငါဆွေးနွေးပြီးဖြစ်သည် မဟုတ်လော။ (ဟုတ်ပါသည်။) ဤသို့ဆိုလျှင် သင်တို့၏ နားလည်မှုသည် ယခုအခါ အနည်းငယ် ပို၍ နက်ရှိုင်းလာသလော။ (နက်ရှိုင်းလာပါသည်။) ယခု ဘုရားသခင်၏ သန့်ရှင်းခြင်းမှာ မည်သည့်အရာ အတိအကျ ဖြစ်သည်ကို ငါ ပြောပြရန် လူများစွာက မျှော်လင့်နေကြသည်ကို ငါသိ၏၊ သို့ရာတွင် ဘုရားသခင်၏ သန့်ရှင်းခြင်းအကြောင်းကို ပြောသည့်အချိန်တွင်၊ ဘုရားသခင် ပြုလုပ်သော လုပ်ဆောင်မှုအကြောင်းကို ငါဦးစွာ ပြောမည်။ သင်တို့အားလုံး အာရုံစိုက်စွာ နားထောင်သင့်၏၊ နောက်ပိုင်းတွင်၊ ဘုရားသခင်၏သန့်ရှင်းခြင်းသည် မည်သည့်အရာ အတိအကျ ဖြစ်သည်ကို သင်တို့အား ငါမေးမည်။ ငါသည် သင်တို့ကို တိုက်ရိုက် ပြောပြမည် မဟုတ်ဘဲ၊ ယင်းအစား သင်တို့ကို အဖြေရှာကြည့် ခိုင်းမည်ဖြစ်သည်။ သင်တို့ကို အဖြေရှာရန် ငါအခွင့်အရေးပေးမည် ဖြစ်သည်။ ဤနည်းလမ်းကို မည်သို့ထင်ကြသနည်း။ (ကောင်းမွန်ပါသည်။) ဤသို့ဆိုလျှင် ငါဆက်ပြောစဉ်တွင် သေချာစွာ နားထောင်လော့။

စာတန်က လူသားကို ဖျက်ဆီးသည့်အခါတိုင်း သို့မဟုတ် ပြင်းထန်သော အန္တရာယ် ရောက်စေသည့်အခါတိုင်းတွင် ဘုရားသခင်သည် အကြောင်းမဲ့သက်သက် ရပ်မနေသကဲ့သို့၊ သူရွေးချယ်ထားသော လူတို့ကို ဘေးဖယ်ထားခြင်း သို့မဟုတ် မသိကျိုးကျွန်ပြုခြင်း မရှိပေ။ စာတန် လုပ်ဆောင်သမျှ အားလုံးကို ဘုရားသခင်သည် အပြည့်အဝ ရှင်းလင်းစွာ နားလည်၏။ စာတန်က မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ်စေ၊ မည်သည့် ရေပန်းစားမှုကို စာတန်က ဖြစ်ပေါ်စေသည်ဖြစ်စေ၊ စာတန် လုပ်ဆောင်ဖို့ ကြိုးစားနေသည့် အရာအားလုံးကို ဘုရားသခင်သည် သိသကဲ့သို့၊ ဘုရားသခင်သည် သူ ရွေးချယ်ထားသောလူတို့အပေါ်

လက်လျော့ခြင်းလည်း မရှိပေ။ ယင်းအစား၊ မည်သည့်အာရုံကိုမျှ ဆွဲဆောင်ခြင်းမရှိဘဲ၊ လျှို့ဝှက်စွာ တိတ်ဆိတ်စွာဖြင့်- လိုအပ်သော အရာတိုင်းကို ဘုရားသခင်သည် ပြုလေသည်။ ဘုရားသခင်သည် တစ်စုံတစ်ယောက်အပေါ်၌ အမှုကိုစတင်သည့်အခါ၊ တစ်စုံတစ်ယောက်အား ရွေးချယ်ပြီးသည့်အခါ၊ သူသည် ဤသတင်းကို မည်သူကိုမျှ ထုတ်ဖော်ပြောဆိုခြင်း မရှိသလို၊ စာတန်ထံ ထုတ်ဖော်ပြောဆိုခြင်း မရှိဘဲ၊ မည်သည့် ထည်ဝါခံ့ညားသော အမှုအရာကိုမျှ သာ၍မပြုပေ။ ဘုရားသခင်သည် အလွန်တိတ်ဆိတ်စွာ၊ သဘာဝကျစွာဖြင့်ပင် လိုအပ်သောအရာကို လုပ်ဆောင်သည်။ ဦးစွာပထမ သူသည် သင့်အတွက် မိသားစုတစ်စုကို ရွေးချယ်သည်။ သင့်မိသားစု၏ နောက်ခံသမိုင်း၊ သင့်မိဘများ၊ သင့်ဘိုးဘေးများ- ဤအရာအားလုံးကို ဘုရားသခင်က ကြိုတင် ရွေးချယ်သည်။ တစ်နည်းဆိုရသော်၊ ဘုရားသခင်သည် ဤဆုံးဖြတ်ချက်တို့ကို စိတ်ကူးပေါက်ရာ လုပ်ခြင်းမဟုတ်၊ ယင်းထက် အချိန်ကြာမြင့်စွာ ကတည်းက ဤအမှုကို သူစတင်ခဲ့ခြင်းဖြစ်သည်။ သင့်အတွက် မိသားစုတစ်စုကို ဘုရားသခင် ရွေးချယ်ပြီးသည်နှင့်၊ သင်မွေးဖွားလာမည့် နေ့စွဲကို သူ ရွေးချယ်၏။ ထို့နောက်၊ သင် ငိုယိုမွေးဖွားကာ လောကထဲ ရောက်လာစဉ် ဘုရားသခင်က စောင့်ကြည့်၏။ သင်၏ မွေးဖွားခြင်းကို သူစောင့်ကြည့်၏၊ သင်က ပထမဆုံးသော စကားများ ဟသည်ကို စောင့်ကြည့်၏၊ သင်က မည်သို့ လမ်းလျှောက်ရမည်ကို သင်ယူသည်နှင့်အမျှ သင်၏ ပထမဆုံးခြေလှမ်းများ ဒယိမ်းဒယိုင်ဖြစ်ကာ တော့တီးတော့တ ဖြစ်သည်ကို သူစောင့်ကြည့်၏။ အစပထမ၌ သင်သည် ခြေတစ်လှမ်းကို လှမ်းကာ နောက်တစ်လှမ်းကို လှမ်း၏...ယခုသော် သင်သည် ပြေးနိုင်သည်၊ ခုန်နိုင်သည်၊ စကားပြောနိုင်ပြီး သင်၏ခံစားချက်တို့ကို ဖော်ပြနိုင်သည်။ လူသားက ကြီးပြင်းလာသည်နှင့်အမျှ၊ စာတန်၏ စူးစိုက်သော အကြည့်သည် ကျားတစ်ကောင်က သားကောင်ကို ကြည့်နေသကဲ့သို့ လူတိုင်းအပေါ်တွင် စူးစိုက်ကြည့်လေသည်။ သို့ရာတွင် သူ၏အမှုကို လုပ်ဆောင်ရာ၌ ဘုရားသခင်သည် လူများ၊ အဖြစ်အပျက်များ သို့မဟုတ် အမှုအရာများ၊ အချိန်နှင့် နေရာတို့မှ ထွက်ပေါ်သည့် ကန့်သတ်ချက်များကို လုံးဝ မခံရပေ။ သူသည် ပြုသင့်သည်ကို ပြုကာ၊ သူ ပြုရမည့်အရာကို ပြုလေသည်။ ကြီးပြင်းခြင်းဖြစ်စဉ်တွင် နာမကျန်း ဖြစ်ခြင်း စိတ်ပျက်ခြင်းများ ကဲ့သို့သော သင် မကြိုက်နှစ်သက်သည့် အရာများစွာ တွေ့ကြုံနိုင်သည်။ သို့သော် ဤလမ်းကို သင် လျှောက်သည်နှင့်အမျှ၊ သင်၏ အသက်တာနှင့် သင်၏အနာဂတ်သည် ဘုရားသခင်၏ ဂရုစိုက်မှုအောက်၌ လုံးဝ ရှိ၏။ ဘုရားသခင်သည် သင့်ကို ကာကွယ်လျက်၊ စောင့်ရှောက်လျက်၊ သင်၏ဘေးတွင် ရှိနေသည့် အတွက်၊ သူသည် သင်၏အသက်တာ တစ်ခုလုံးကို တာရှည်ခံဖို့ စစ်မှန်သည့်အာမခံချက်တစ်ခုကို ပေးသည်။

သင်သည် ဤအရာကို သတိမမူမိဘဲ ကြီးပြင်း၏။ သင်သည် အကြောင်းအရာ အသစ်တို့နှင့် စတင်၍ ထိတွေ့လာသကဲ့သို့ ဤကမ္ဘာလောကနှင့် ဤလူသားမျိုးနွယ်ကို စတင်၍ သိလာရ၏။ အရာရာတိုင်းသည် သင့်အတွက် လတ်ဆတ်ကာ၊ အသစ်ဖြစ်နေသည်။ လုပ်ဆောင်ရသည်ကို နှစ်သက်သည့် အရာအချို့သင့်မှာ ရှိ၏။ သင်သည် သင်၏ ကိုယ်ပိုင် လူ့သဘာဝအတွင်း၌ နေထိုင်၏၊ သင်၏ ကိုယ်ပိုင်နေရာ၌ သင် နေထိုင်ကာ၊ ဘုရားသခင်၏ တည်ရှိမှုကို သင့်အနေဖြင့် အနည်းငယ်မျှပင် သိမြင်နားလည်မှု မရှိပေ။ သို့ရာတွင် သင် ကြီးပြင်းလာသည်နှင့်အမျှ၊ သင်၏ ခြေလှမ်းတိုင်းကို ဘုရားသခင် စောင့်ကြည့်သကဲ့သို့ ရှေ့ဆက်သည့် ခြေလှမ်းတိုင်းကို သင်လှမ်းသည်နှင့်အမျှ သူသည် သင့်ကို စောင့်ကြည့်၏။ သင်သည် အသိပညာကို သင်ယူနေသည့်အချိန် သို့မဟုတ် သိပ္ပံပညာကို လေ့လာနေသည့်အခါ၌ပင်၊ ဘုရားသခင်သည် သင့်အနားမှ တစ်ဖဝါးမျှ မခွာဖူးပေ။ ကမ္ဘာလောကကို သိလာရခြင်းနှင့် ထိတွေ့လာရခြင်း ဖြစ်စဉ်တွင် သင်သည် တခြားသောလူတို့နှင့် အတူတူပင်ဖြစ်၏၊ သင်သည် သင်၏ကိုယ်ပိုင် စံတို့ကို ထူထောင်ထားပြီဖြစ်သည်၊ သင်သည် သင်၏ ကိုယ်ပိုင် ဝါသနာများ၊ ကိုယ်ပိုင် စိတ်ဝင်စားမှုများ ရှိသကဲ့သို့ မြင့်မားသော ရည်မှန်းချက်များကိုလည်း သင်သိုထားသည်။ သင်သည် သင်၏အနာဂတ်ကို မည်သို့ဖြစ်သင့်သည်ဟူ၍ မကြာခဏ ဆိုသလို ပုံကြမ်းချကာ၊ ကိုယ်ပိုင်အနာဂတ်ကို တွေးဆတတ်၏။ သို့ရာတွင် လမ်းခရီးတစ်လျှောက်၌ မည်သည့်အရာ ဖြစ်ပေါ်သည် ဖြစ်စေ၊ ဘုရားသခင်သည် ဖြစ်ပျက်နေသည့် အရာအားလုံးကို ရှင်းရှင်းလင်းလင်း မြင်လေသည်။ သင်သည် သင်၏ ကိုယ်ပိုင်အတိတ်ကို သင်ကိုယ်တိုင် မေ့ကောင်းမေ့နေပြီ ဖြစ်သော်လည်း၊ ဘုရားသခင်အဖို့မူ သူ့ထက်ပို၍ သင့်ကို နားလည်နိုင်သောသူ မရှိပေ။ သင်သည် ဘုရားသခင်၏ စူးစိုက်ကြည့်ခြင်းအောက်တွင် အသက်ရှင်သည်၊ ကြီးပြင်းကာ အရွယ်ရောက်၏။ ဤကာလအတွင်းတွင်၊ ဘုရားသခင်၏ အရေးကြီးဆုံး အလုပ်သည်ကား မည်သူမျှ သတိမမူမိဖူးသောအရာ တစ်ခု၊ မည်သူမျှ မသိသောအရာတစ်ခု ဖြစ်သည်။ ဘုရားသခင်သည် ထိုအရာအကြောင်းကို မည်သူကိုမျှ ဧကန်မုချ ပြောမည်မဟုတ်ပေ။ သို့ဆိုလျှင် ဤအရေးပါဆုံးသောအရာမှာ အဘယ်နည်း။ ယင်းမှာ ဘုရားသခင်က လူတစ်ယောက်ကို ကယ်တင်မည် ဆိုသည့် အာမခံချက်တစ်ခု ဖြစ်သည်ဟု ဆိုနိုင်၏။ ဤသည်မှာ ဘုရားသခင်က ဤလူကို ကယ်တင်ချင်ပါက၊ ဤအရာကို လုပ်ဆောင်ရမည်ဟု ဆိုလိုပေသည်။ ဤအလုပ်သည် လူသားနှင့် ဘုရားသခင် နှစ်ဦးလုံးအတွက် မရှိမဖြစ် အရေးကြီးပေသည်။ ထိုအရာ မည်သည့်အရာ ဖြစ်သည်ကို သင်တို့ သိပါ၏လော။ သင်တို့သည် ဤအရာနှင့်ပတ်သက်၍ ခံစားချက်တစ်ခုတစ်လေ သို့မဟုတ် အယူအဆတစ်ခုတစ်လေ

ရှိကြပုံမရချေ၊ ထို့ကြောင့် သင်တို့ကို ငါပြောပြမည်။ သင့်ကို မွေးဖွားသောအချိန်မှသည် ယခုအချိန်အထိ တစ်လျှောက်လုံး၊ ဘုရားသခင်သည် သင့်အပေါ်တွင် အမှုများစွာ လုပ်ဆောင်ပြီးသော်လည်း၊ သူ လုပ်ဆောင်ပြီးဖြစ်သည့် အရာရာတိုင်း၏ ပြည့်စုံစေ့စပ်သော မှတ်တမ်းတစ်ခုကို သင့်အား မပြောပေ။ ဘုရားသခင်သည် သင့်အား ဤအရာကို သိခွင့်မပေးခဲ့သလို၊ သင့်အား ပြောပြခဲ့ခြင်းလည်း မရှိပါ။ သို့ရာတွင် လူသားမျိုးနွယ် အတွက်၊ သူပြုသမျှ အရာရာတိုင်းသည် အရေးကြီး၏။ ဘုရားသခင်နှင့် ပတ်သက်သရွေ့ ယင်းသည် သူလုပ်ရမည့် အရာတစ်ခု ဖြစ်သည်။ ဘုရားသခင်၏နှလုံးသားထဲ၌၊ ဤအရာများ တစ်ခုတစ်လေထက် သာလွန်သော သူ လုပ်ရန်လိုအပ်သည့် အရေးကြီးသောအရာတစ်ခု ရှိသည်။ ဆိုလိုသည်မှာ လူသား မွေးဖွားသော အချိန်မှသည် ယခုအထိတိုင်၊ ဘုရားသခင်သည် ၎င်းတို့၏ ဘေးကင်းရေးကို အာမခံချက် ပေးရမည် ဖြစ်သည်။ ဤစကားတို့ကို ကြားသည့်အချိန်တွင်၊ သင်တို့သည် အပြည့်အဝ နားမလည်သကဲ့သို့ ခံစားရနိုင်၏။ “ဤဘေးကင်းရေးသည် အလွန် အရေးကြီးသလော” ဟူ၍ သင် မေးနိုင်သည်။ ကောင်းပေ၏၊ “ဘေးကင်းရေး” ၏ တိုက်ရိုက် အဓိပ္ပါယ်သည် အဘယ်နည်း။ ထိုအရာမှာ ငြိမ်းချမ်းမှုကို ဆိုလိုသည်ဟု သင်တို့ နားလည်ကောင်း နားလည်နိုင်သကဲ့သို့၊ ထိုအရာမှာ ကောင်းစွာ နေထိုင်ရန်၊ သာမန်ဘဝကို ရှင်သန်ရန်အလို့ငှာ မည်သည့် ဘေးဒုက္ခနှင့် ကပ်ဘေးတို့ကိုမျှ လုံးဝ မတွေ့ကြုံရခြင်းကို ဆိုလိုသည်ဟု သင်တို့ နားလည်ကောင်း နားလည်နိုင်သည်။ သို့ရာတွင် သင်တို့၏ စိတ်နှလုံးများထဲတွင် ယင်းမှာ သိပ်မရိုးရှင်းသည်ကို သိရမည်။ သို့ဆိုလျှင် ဘုရားသခင် ပြုရမည့်အရာဟု၊ ငါ ပြောဆိုနေသည့် ဤအရာမှာ မည်သည့်အရာဖြစ်သနည်း။ ဘေးကင်းရေးဆိုသည်မှာ ဘုရားသခင်အဖို့ မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းသည် “ဘေးကင်းရေး” ၏ သာမန် အဓိပ္ပါယ်နှင့်ဆိုင်သည့် အာမခံချက် ကေန်အမှန် ဖြစ်ပါသလော။ မဟုတ်ပေ။ သို့ဆိုလျှင် ဘုရားသခင် ပြုသည့် ထိုအရာမှာ အဘယ်အရာနည်း။ ဤ “ဘေးကင်းရေး” ဟူသည်မှာ သင့်အနေဖြင့် စာတန်၏ ဝါးမျိုခြင်းကို ခံရမည်မဟုတ်ဟု ဆိုလိုသည်။ ဤသည်မှာ အရေးကြီးပါ၏လော။ စာတန်၏ ဝါးမျိုမခံရခြင်း- ဤသည်မှာ သင်၏ဘေးကင်းရေးနှင့် သက်ဆိုင်သလော မသက်ဆိုင်သလော။ မှန်သည်၊ ဤသည်မှာ သင်ကိုယ်တိုင်၏ ဘေးကင်းရေးနှင့် သက်ဆိုင်သကဲ့သို့၊ သာ၍အရေးကြီးသည့်အရာ မရှိနိုင်တော့ပေ။ သင်သည် စာတန်၏ ဝါးမျိုခြင်းကို ခံလိုက်ရသည်နှင့်တစ်ပြိုင်နက်၊ သင်၏ ဝိညာဉ်နှင့် သင်၏ ခန္ဓာသည် ဘုရားသခင်နှင့် မသက်ဆိုင်တော့ပေ။ ဘုရားသခင်သည် သင့်အား ကယ်တင်တော့မည် မဟုတ်ချေ။ ဘုရားသခင်သည် စာတန်၏ ဝါးမျိုခြင်းခံရသည့် ဝိညာဉ်များနှင့် လူတို့ကို စွန့်ပစ်၏။ ထို့ကြောင့် ဘုရားသခင် ပြုရမည့် အရေးကြီးဆုံးအရာမှာ

သင်၏ဤဘေးကင်းရေးကို အာမခံချက် ပေးရန်၊ သင့်အနေဖြင့် စာတန်၏ ဝါးမျိုခြင်းကို ခံရမည် မဟုတ်ဟူသော အာမခံချက် ပေးရန် ဖြစ်သည်ဟု ငါ ပြော၏။ ဤသည်မှာ လွန်စွာ အရေးကြီးသည် မဟုတ်ပါလော။ သို့ဆိုလျှင် သင်တို့သည် အဘယ်ကြောင့် မဖြေနိုင်သနည်း။ သင်တို့သည် ဘုရားသခင်၏ ကြီးမြတ်သော ကြင်နာမှုကို မခံစားနိုင်ကြသည့်ပုံရ၏။

ဘုရားသခင်သည် လူတို့၏ ဘေးကင်းရေးကို အာမခံချက် ပေးခြင်း၊ ၎င်းတို့အနေဖြင့် စာတန်၏ ဝါးမျိုခြင်းကို ခံရမည်မဟုတ်ဟု အာမခံချက်ပေးခြင်း တို့အပြင်၊ ပို၍များစွာ လုပ်ဆောင်ပါ၏။ တစ်စုံတစ်ယောက်ကို ရွေးချယ်ပြီး မကယ်တင်မီတွင် ကြိုတင် ပြင်ဆင်သည့် အလုပ်များစွာ သူသည် လုပ်ဆောင်၏။ ဦးစွာအနေဖြင့်၊ သင်သည် မည်သို့စရိုက်လက္ခဏာရှိမည်၊ မည်သို့သောမိသားစုတွင် မွေးဖွားလာမည်၊ သင်၏မိဘများ မည်သူတို့ဖြစ်မည်၊ သင့်ထံတွင် ညီအစ်ကိုမောင်နှမ မည်မျှရှိမည်ဆိုသည်နှင့် အနေအထား၊ စီးပွားရေး အဆင့်အတန်းနှင့် သင် မွေးဖွားသည့် မိသားစု အခြေအနေ မည်သို့ဖြစ်မည် ဆိုသည်တို့နှင့် စပ်လျဉ်း၍ စေ့စပ်သော ပြင်ဆင်မှုများကို ဘုရားသခင် ပြုလေသည်။ ဘုရားသခင် ရွေးကောက်သည့် လူအများစုသည် မည်သည့် မိသားစုမျိုး၌ မွေးဖွားသည်ကို သင်တို့သိပါ၏လော။ ထင်ရှားသော မိသားစုများ ဖြစ်ပါသလော။ ထင်ရှားသော မိသားစုများထဲ မွေးဖွားသူမရှိဟု ငါတို့ သေချာ မပြောနိုင်ပေ။ အချို့ရှိနိုင်သော်လည်း အလွန်နည်းပါပေသည်။ အင်မတန် ချမ်းသာကြွယ်ဝသည့် မိသားစုများ၊ ဘီလျံနာ မိသားစုများ သို့မဟုတ် မီလျံနာ မိသားစုများ ဖြစ်ပါသလော။ မဟုတ်ပါ၊ ၎င်းတို့သည် ဤမိသားစုမျိုး ထဲတွင် မမွေးဖွားသလောက် နီးပါးဖြစ်၏။ သို့ဆိုလျှင် ဘုရားသခင်သည် ဤလူတို့အတွက် မည်သို့သော မိသားစုမျိုးကို အများဆုံး စီစဉ်ပေးသနည်း (သာမန်မိသားစုများ ဖြစ်ပါသည်။) သို့ဆိုလျှင် မည်သည့် မိသားစုများကို သာမန်မိသားစုများဟု မှတ်ယူနိုင်သနည်း။ ၎င်းတို့တွင် အလုပ်လုပ်သော မိသားစုများ ပါဝင်၏၊ ယင်းမှာ ရှင်သန်ဖို့ လုပ်အားခများအပေါ် မှီခိုရသည့်၊ အခြေခံလိုအပ်ချက်များကို တတ်နိုင်သည့် မိသားစုများ ဖြစ်ပြီး၊ အလွန် မချမ်းသာကြချေ။ ၎င်းတို့တွင် လယ်သမား မိသားစုများလည်း ပါဝင်သည်။ လယ်သမားတို့သည် ၎င်းတို့၏အစားအစာအတွက် ကောက်ပဲသီးနှံစိုက်ပျိုးခြင်းကို မှီခိုကြ၏- စားသောက်ရန် အတွက် ဂျုံ၊ စပါးရှိပြီး ဝတ်ဖို့ အဝတ်အစားများရှိကြကာ ဆာလောင်ငတ်မွတ်ခြင်း သို့မဟုတ် အအေးဒဏ်ခံစားရခြင်း မရှိကြချေ။ ထို့နောက် အသေးစား စီးပွားရေးလုပ်ကိုင်သော မိသားစုအချို့ရှိသကဲ့သို့၊ တစ်နေရာရာတွင် ပညာတတ် မိဘများ ရှိကြကာ ဤမိသားစုတို့ကို သာမန် မိသားစုများအဖြစ် မှတ်ယူနိုင်၏။ ရုံးလုပ်သားများ သို့မဟုတ် ထင်ရှားသော မိသားစုများအဖြစ် မမှတ်ယူ၍မရသည့် အငယ်တန်း အစိုးရအရာရှိများဖြစ်သော မိဘအချို့လည်း ရှိပေသည်။ အများစုသည် သာမန်

မိသားစုများတွင် မွေးဖွားကြပြီး၊ ဤအရာအားလုံးကို ဘုရားသခင်က စီစဉ်ထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဦးဆုံးအနေဖြင့် သင် နေထိုင်သော ဤပတ်ဝန်းကျင်သည် လူတို့ စိတ်ကူးကောင်း စိတ်ကူးနိုင်သည့် ဥစ္စာစနေ ကုံလုံကြွယ်ဝသည့် မိသားစုမဟုတ်ဘဲ ဤသည်မှာ ဘုရားသခင်က သင့်အတွက် ရွေးချယ်ပေးသည့် မိသားစုတစ်ခု ဖြစ်ပြီး၊ လူအများစုတို့သည် ဤမိသားစုမျိုး၏ အကန့်အသတ်များအတွင်း၌ နေထိုင်ကြလိမ့်မည်။ သို့ဆိုလျှင် လူမှုအဆင့်အတန်းနှင့် ပတ်သက်၍ မည်သို့နည်း။ မိဘတို့အများစု၏ စီးပွားရေးအခြေအနေများမှာ သာမန်ဖြစ်ပြီး၊ ၎င်းတို့တွင် မြင့်မားသော လူမှုအဆင့်အတန်း မရှိကြချေ- ၎င်းတို့အတွက် အလုပ်တစ်ခုရှိနေရုံမျှဖြင့် အဆင်ပြေနေပြီ ဖြစ်သည်။ ၎င်းတို့တွင် ပြည်နယ် အုပ်ချုပ်ရေးမှူးများ ပါဝင်သလော။ နိုင်ငံ့သမ္မတများ ပါဝင်သလော။ (မပါဝင်ပါ။) အများဆုံးအနေဖြင့် ၎င်းတို့သည် လုပ်ငန်းငယ် မန်နေဂျာများ သို့မဟုတ် စီးပွားရေး လုပ်ငန်းငယ်များ၏ ပိုင်ရှင်များ ဖြစ်ကြသည်။ ၎င်းတို့၏ လူမှုအဆင့်အတန်းသည် အလယ်အလတ် ဖြစ်သကဲ့သို့၊ ၎င်းတို့၏ စီးပွားရေး အခြေအနေများသည်လည်း သာမန်ဖြစ်သည်။ နောက်ထပ်အချက်မှာ မိသားစု၏ ရှင်သန်နေထိုင်နေသော ပတ်ဝန်းကျင်ဖြစ်၏။ ဦးစွာပထမ၊ ၎င်းတို့၏သားသမီးများအား ဂမ္ဘီရပညာနှင့် ဗေဒင်ပညာ လမ်းကြောင်းကို လျှောက်လှမ်းခြင်းထဲတွင် သိသိသာသာ လွှမ်းမိုးမည့် မိဘများ မရှိချေ။ ထိုသို့သော အရာများ၌ ပါဝင်ပတ်သက်သူ အလွန်နည်းပါး၏။ မိဘအများစုသည် သာမန်သာဖြစ်သည်။ ဘုရားသခင်သည် လူတို့အား ရွေးချယ်သည့် အချိန်၌ပင်၊ ယင်းသည် လူတို့ကို ကယ်တင်သည့် သူ၏အမှုအတွက် လွန်စွာ အကျိုးပြုသည့် ဤသို့သော ပတ်ဝန်းကျင်မျိုးကို ၎င်းတို့အတွက် သူပြင်ဆင် ပေးလေသည်။ အပြင်ပန်းအားဖြင့် ကြည့်သော် ဘုရားသခင်သည် လူသားအတွက် ကမ္ဘာတုန်လောက်သော မည်သည့်အရာကိုမျှ အထူးသဖြင့် လုပ်ဆောင်မထားသလို ထင်ရ၏။ သူသည် နှိမ့်ချစွာနှင့် တိတ်တဆိတ် သူ လုပ်ဆောင်သည့် အရာအားလုံးကို တိတ်ဆိတ်စွာနှင့် လျှို့ဝှက်စွာ ရှေ့ဆက် ဆောင်ရွက်လေသည်။ သို့သော် အမှန်တွင်၊ ဘုရားသခင် ပြုသောအရာ အားလုံးသည် သင်၏ကယ်တင်ခြင်းအတွက် အခြေခံအုတ်မြစ်ချရန်၊ ရှေ့တွင်ရှိသည့် လမ်းနှင့် သင်၏ ကယ်တင်ခြင်းအတွက် လိုအပ်သော အခြေအနေအားလုံးကို ပြင်ဆင်ပေးရန် လုပ်ဆောင်ခြင်းဖြစ်သည်။ နောက်ထပ်၊ လူတိုင်းကို အသီးသီး တိကျသော အချိန်တွင် ဘုရားသခင်သည် သူ၏ရှေ့မှောက်သို့ ပြန်ခေါ်ဆောင်၏- ယင်းမှာ ဘုရားသခင်၏အသံကို သင်ကြားရသည့်အချိန် ဖြစ်သည်။ ယင်းသည် သူ၏ရှေ့မှောက်သို့ သင် လာရသည့်အချိန် ဖြစ်သည်။ ဤအရာဖြစ်ပျက်သောအချိန်၌ အချို့သောလူတို့သည် ၎င်းတို့ကိုယ်တိုင် မိဘများ ဖြစ်လာနှင့်ကြပြီး ဖြစ်သော်လည်း၊

တခြားသူတို့မှာမူ တစ်စုံတစ်ယောက်၏ သားသမီးသာ ဖြစ်ကြပေသည်။ တစ်နည်းဆိုရသော်၊ အချို့သောလူတို့သည် အိမ်ထောင်ရက်သားကျ၍၊ သားသမီးများ ရခဲ့ကြပြီဖြစ်သော်ငြား၊ အချို့သည် တစ်ကိုယ်တည်း ဖြစ်နေဆဲဖြစ်ပြီး၊ ၎င်းတို့၏ ကိုယ်ပိုင် မိသားစုများကို စတင်ခြင်း မပြုကြသေးပေ။ သို့သော် တစ်ဦး တစ်ယောက်၏အခြေအနေ မည်သို့ဖြစ်ပါစေ၊ သင်သည် မည်သည့်အချိန်၌ ရွေးချယ်ခံရမည် ဆိုသည်နှင့် သူ၏ ဧဝံဂေလိတရားနှင့် နှုတ်ကပတ်တော်တို့သည် မည်သည့်အချိန်တွင် သင့်ထံသို့ ရောက်မည်ဆိုသည်တို့ကို ဘုရားသခင်က သတ်မှတ်ထားပြီး ဖြစ်သည်။ သင့်အနေဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကို ကြားနိုင်ရန် အလို့ငှာ၊ သင့်ထံသို့ ဧဝံဂေလိတရား လက်ဆင့်ကမ်းမည့် လူတစ်ဦးတစ်ယောက် သို့မဟုတ် အကြောင်းအရာတစ်ခုခုအပေါ် ဆုံးဖြတ်ထားသည့် အခြေအနေတို့ကို ဘုရားသခင်သည် သတ်မှတ်ထားပြီး ဖြစ်၏။ လိုအပ်သည့် အခြေအနေအားလုံးကို သင့်အတွက် ဘုရားသခင် ပြင်ဆင်နှင့်ပြီး ဖြစ်သည်။ ဤသို့ဖြင့်၊ ဖြစ်ပျက်နေသည့်အရာကို လူသည် သတိမမူမိသော်လည်း၊ ဘုရားသခင်ရှေ့မှောက် လာကာ ဘုရားသခင်၏ မိသားစုထံ ပြန်သွားလေသည်။ လူသည် မိမိအတွက် ဘုရားသခင် ပြင်ဆင်ပေးထားသည့် ဘုရားသခင်၏ အမှုပြုသည့်နည်းလမ်း၏ အဆင့်အသီးသီးထဲသို့ ဝင်ရောက်ရင်း၊ အမှုမဲ့အမှတ်မဲ့ ဘုရားသခင် နောက်သို့ လိုက်ကာ သူ၏ အမှု အဆင့်အသီးသီးထဲသို့လည်း ဝင်ရောက်လေသည်။ ဤအချိန်၌ ဘုရားသခင်သည် လူသားအတွက် လုပ်ဆောင်သည့်အခါ၊ မည်သို့သော နည်းလမ်းတို့ကို အသုံးပြုသနည်း။ ပထမဦးစွာ၊ အခြေခံအကျဆုံး နည်းလမ်းမှာ လူသား နှစ်သက်သည့် ဂရုစိုက်မှုနှင့် ကာကွယ်ပေးမှုဖြစ်၏။ ဤအရာအပြင်၊ လူသားအနေဖြင့် ဘုရားသခင်၏ တည်ရှိမှုနှင့် သူ၏လုပ်ဆောင်မှုတို့ကို မြင်နိုင်စေရန် အလို့ငှာ၊ ဘုရားသခင်သည် အမျိုးမျိုးသောလူများ၊ ဖြစ်ရပ်များနှင့် အမှုအရာများကို ပြင်ဆင်လေသည်။ ဥပမာအားဖြင့်၊ ၎င်းတို့၏ မိသားစုထဲတွင် တစ်စုံတစ်ဦး နာမကျန်းဖြစ်သောကြောင့်၊ ဘုရားသခင်ကို ယုံကြည်သော လူအချို့ရှိသည်။ အခြားသူများက ၎င်းတို့ထံ ဧဝံဂေလိတရား ဟောပြောသောအခါတွင်၊ ၎င်းတို့သည် ဘုရားသခင်ကို စတင် ယုံကြည်လာကြပြီး၊ ဘုရားသခင်အပေါ် ဤသို့ ယုံကြည်ခြင်းသည် အခြေအနေကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ သို့ဆိုလျှင် ဤအခြေအနေကို မည်သူက စီစဉ်ခဲ့သနည်း (ဘုရားသခင် ဖြစ်ပါသည်။) ဤနာမကျန်းဖြစ်ခြင်း နည်းလမ်းအားဖြင့်၊ အယောက်တိုင်း ယုံကြည်သူဖြစ်သည့် မိသားစုအချို့ရှိသော်လည်း၊ မိသားစုထဲတွင် အနည်းငယ်ကသာ ယုံကြည်သည့် အခြား မိသားစုများလည်းရှိသည်။ အပေါ်ယံအားဖြင့်၊ သင့်မိသားစုထဲမှ တစ်ဦးဦးက မကျန်းမာမှုရှိသည်ဟု ထင်ရသော်လည်း၊ အမှန်တွင် ထိုအရာမှာ

သင့်အနေဖြင့် ဘုရားသခင်ရှေ့မှောက် လာစေရန်အလို့ငှာ သင့်အပေါ် အပ်နှင်းလိုက်သော အခြေအနေတစ်ခုသာဖြစ်သည်- ဤသည်မှာ ဘုရားသခင်၏ ကြင်နာခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အချို့သောလူတို့အတွက် မိသားစုဘဝသည် ခက်ခဲပြီး ၎င်းတို့အနေဖြင့် ငြိမ်းချမ်းခြင်းကို ရှာမတွေ့နိုင်သောကြောင့်၊ အခွင့်အလမ်းတစ်ခုသည် သူ့ဖွာသာ ပေါ်လာမည်ဖြစ်သည်- တစ်စုံတစ်ယောက်သောသူသည် ဧဝံဂေလိတရားကို လက်ဆင့်ကမ်းကာ၊ "သခင်ယေရှုကိုယုံကြည်ပါ၊ ငြိမ်သက်ခြင်း ရလိမ့်မည်" ဟု ပြော၏။ ထိုသို့ဖြင့်၊ သူတို့သည် သတိမမူမိဘဲလျက် လွန်စွာသဘာဝကျသော အခြေအနေများအောက်၌ ဘုရားသခင်ကို ယုံကြည်လာလေသည်၊ သို့ဆိုလျှင် ဤသည်မှာ အခြေအနေ အမျိုးအစားတစ်ခု ဖြစ်သည် မဟုတ်လော။ ပြီးလျှင် ၎င်း၏ မိသားစုသည် ငြိမ်သက်ခြင်းမရှိကြသည်မှာ ဘုရားသခင်ပေးအပ်သည့် ကျေးဇူးတော်တစ်ခု မဟုတ်လော။ တခြားသော အကြောင်းရင်းများ အတွက် ဘုရားသခင်ကို ယုံကြည်လာသူ အချို့လည်းရှိ၏။ ယုံကြည်မှုနှင့် ဆိုင်သည့် မတူညီသော အကြောင်းရင်းများနှင့် မတူညီသော နည်းလမ်းများ ရှိကြသော်လည်း၊ မည်သို့သော အကြောင်းရင်းက သင့်ကို ဘုရားသခင်အား ယုံကြည်စေသည်ဖြစ်စေ၊ အမှန်တွင် အားလုံးကို ဘုရားသခင်က စီစဉ်ကာ လမ်းပြခဲ့ခြင်း ဖြစ်သည်။ ဦးဆုံးအနေဖြင့်၊ ဘုရားသခင်သည် သင့်အား ရွေးချယ်ရန်နှင့် သင့်အား သူ၏မိသားစုထဲသို့ ခေါ်ဆောင်ရန်၊ အမျိုးမျိုးသော နည်းလမ်းတို့ကို အသုံးပြုလေသည်။ ဤသည်မှာ လူပုဂ္ဂိုလ် တစ်ဦးချင်းအပေါ်တွင် ဘုရားသခင်က သနားသည့် ကျေးဇူးတော်ဖြစ်၏။

ဘုရားသခင်၏ လက်ရှိ နောက်ဆုံးသောကာလ အမှုတော်ထဲတွင်၊ ဘုရားသခင်သည် ယခင်က လုပ်ဆောင်ခဲ့သည့်အတိုင်း လူသားအပေါ် ကျေးဇူးတော် နှင့် ကောင်းချီးမင်္ဂလာများကို ပေးအပ်ခြင်း မပြုတော့ သကဲ့သို့၊ လူကို ရှေ့ဆက်ရန် စည်းရုံးခြင်းလည်း မပြုတော့ပေ။ ဤအမှုတော် အဆင့်အတွင်းတွင် လူသားသည် သူကြုံတွေ့ရပြီး ဖြစ်သည့် ဘုရားအမှုတော်၏ သွင်ပြင်လက္ခဏာ အားလုံးမှ မည်သည့်အရာကို မြင်ပြီးပြီနည်း။ လူသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို မြင်ပြီး ဖြစ်သည်။ ဤအချိန်ကာလ အတွင်းတွင်၊ လူသားအနေဖြင့် ဘုရားသခင်၏ရည်ရွယ်ချက်တို့ကို တဖြည်းဖြည်း သိလာရန်၊ ဘုရားသခင် မိန့်ဆိုသော နှုတ်ကပတ်တော်များနှင့် လူသားအပေါ် အပ်နှင်းသော သမ္မာတရားကို တဖြည်းဖြည်း သိလာရန်အလို့ငှာ၊ ဘုရားသခင်သည် လူသားကို ထောက်ပံ့၏၊ ပံ့ပိုး၏၊ ဉာဏ်အလင်းပေးကာ လမ်းပြလေသည်။ လူသား၏ နုနယ်သော ဝိညာဉ်အသက်တာအနေဖြင့် ခွန်အား တဖြည်းဖြည်း တိုးပွားနိုင်စေဖို့အလို့ငှာ၊ အပြုသဘောဆောင်ခြင်းဖြင့် တဖြည်းဖြည်း ပေါ်ထွက်နိုင်ပြီး ဘုရားသခင်နှင့် ပူးပေါင်း

လုပ်ဆောင်ရန် လိုလားလာစေဖို့အလို့ငှာ ဘုရားသခင်သည် လူသား အားနည်းသောအခါ၊ စိတ်ဓာတ်ကျသောအခါ၊ အဘယ်ကိုမျှ ဦးလှည့်စရာ မရှိသောအခါတွင်၊ လူကို နှစ်သိမ့်ရန်၊ အကြံပေးရန်၊ အားပေးရန် သူ၏ နှုတ်ကပတ်တော်များကို အသုံးပြုမည်ဖြစ်သည်။ သို့ရာတွင် လူသည် ဘုရားသခင်ကို မနာခံသည့်အခါ၊ သူ့ကို ဆန့်ကျင်သည့်အခါ၊ သို့မဟုတ် မိမိ၏ ပျက်စီးခြင်းကို လူက ထုတ်ဖော်ပြသည့်အခါတွင်၊ လူကို ပြစ်တင်ဆုံးမခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းတွင် ဘုရားသခင်သည် မည်သို့မျှ သက်ညှာလိမ့်မည် မဟုတ်ချေ။ သို့ရာတွင် လူသား၏ မိုက်မဲမှု၊ မသိနားမလည်မှု၊ အားနည်းမှုနှင့် မရင့်ကျက်မှုတို့ အတွက်မူ၊ ဘုရားသခင်သည် သည်းခံခြင်းနှင့် စိတ်ရှည်ခြင်းတို့ကို ပြသလိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့် လူသားအတွက် ဘုရားသခင် လုပ်ဆောင်သော အမှုအားလုံးမှတစ်ဆင့်၊ လူသားသည် တဖြည်းဖြည်း အရွယ်ရောက်လာ၏၊ ကြီးပြင်းလာပြီး ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် သမ္မာတရားအချို့ကို သိလာ၏၊ မည်သည့်အရာများက အပြုသဘောဆောင်သောအရာများဖြစ်ပြီး မည်သည့်အရာများက အပျက်သဘောဆောင်သော အရာများဖြစ်သည် ဆိုသည်ကို သိလာ၏၊ မကောင်းမှုနှင့် မှောင်မိုက်ခြင်းမှာ မည်သည့်အရာများ ဖြစ်သည်ကို သိလာ၏။ ဘုရားသခင်သည် လူသားကို အမြဲပြစ်တင်ဆုံးမခြင်း၊ ဆုံးမပဲ့ပြင်ခြင်း နည်းလမ်းကို မပြုလုပ်သကဲ့သို့ စိတ်ရှည်ခြင်း၊ သည်းခံခြင်း တို့ကိုလည်း အမြဲမပြချေ။ ယင်းထက် လူတို့၏ မတူညီသောအဆင့်များတွင် လည်းကောင်း၊ ၎င်းတို့၏ မတူညီသောဝိညာဉ်အသက်တာများ၊ အရည်အချင်းများ နှင့်အညီ ဘုရားသခင်သည် လူတစ်ဦးချင်းစီအတွက် မတူညီသောနည်းလမ်းများဖြင့် ထောက်ပံ့ပေး၏။ သူသည် လူသားအတွက် အမှုအရာများစွာ လုပ်ဆောင်ပေးကာ၊ အဖိုးအခ ကြီးမားလှ၏။ လူသားသည် ဤအရာများ သို့မဟုတ် ဤအဖိုးအခ နှင့်ပတ်သက်၍ ဘာကိုမျှ မသိမြင်သော်လည်း၊ လက်တွေ့၌ သူလုပ်ဆောင်သမျှအားလုံးသည် လူတစ်ဦးချင်းစီတိုင်းအပေါ်တွင် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းသည် လက်တွေ့ကျ၏- ဘုရားသခင်၏ ကျေးဇူးတော်မှတဆင့်၊ လူသားသည် ဘေးဒုက္ခ တစ်ခုပြီးတစ်ခု ရှောင်ရှားနေပြီး၊ တစ်ချိန်လုံး ဘုရားသခင်သည် လူသား၏အားနည်းချက်အပေါ် သူ၏ သည်းခံခြင်းကိုလည်း အကြိမ်ကြိမ် ပြသ၏။ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းသည် လူတို့အား လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးခြင်းနှင့် ဆိုးယုတ်သော အနှစ်သာရကို တဖြည်းဖြည်း သိလာစေသည်။ ဘုရားသခင် ထောက်ပံ့သော အရာ၊ လူသားအပေါ် သူ၏ ဉာဏ်အလင်းပေးခြင်းနှင့် သူ၏လမ်းပြမှု အားလုံးသည် လူသားမျိုးနွယ်အား သမ္မာတရား၏ အနှစ်သာရကို ပို၍ပို၍ သိလာခွင့်ပေးပြီး လူတို့

လိုအပ်သောအရာ၊ ၎င်းတို့ လျှောက်သင့်သောလမ်း၊ မည်သည့်အရာအတွက် ရှင်သန်နေထိုင်သင့်ပုံ၊ ၎င်းတို့အသက်တာများ၏ တန်ဖိုးနှင့် အဓိပ္ပါယ်အပြင်၊ ရှေ့တွင်ရှိသော လမ်းအား မည်သို့လျှောက်ရမည် ဆိုသည်တို့ကို တိုး၍ တိုး၍ သိလာခွင့်ပေး၏။ ဘုရားသခင် ပြုသော ဤအရာများအားလုံးသည် သူ၏တစ်ခုသော မူလရည်ရွယ်ချက်မှ ခွဲထုတ်၍မရချေ။ သို့ဆိုလျှင် ဤရည်ရွယ်ချက်မှာ အဘယ်နည်း။ ဘုရားသခင်သည် လူသားအပေါ် သူ၏အမှုကို ဆောင်ရွက်ရန်၊ အဘယ်ကြောင့် ဤနည်းလမ်းတို့ကို အသုံးပြုသနည်း။ မည်သည့် ရလဒ်ကို သူရရှိချင် သနည်း။ တစ်နည်းအားဖြင့်၊ သူသည် လူ့အထဲတွင် မည်သည့်အရာကို မြင်ချင်သနည်း။ လူသားထံမှ မည်သည့်အရာကို သူရရှိချင်သနည်း။ ဘုရားသခင် မြင်ချင်သောအရာမှာ လူသား၏ နှလုံးသား ပြန်လည်နိုးထနိုင်ဖို့ ဖြစ်သည်။ လူသားအပေါ် အမှုပြုရန် သူအသုံးပြုသည့် ဤနည်းလမ်းများသည် လူသား၏ နှလုံးသားနှင့် လူသား၏ စိတ်ဝိညာဉ်ကို စဉ်ဆက်မပြတ် နိုးထစေရန်ဖြစ်ကာ၊ လူသားအနေဖြင့် မည်သည့်နေရာက မိမိလာခဲ့သည်၊ မည်သူက မိမိကို လမ်းပြနေသည်၊ ထောက်ပံ့နေပြီး ပံ့ပိုးနေသည်၊ ပြီးလျှင် မည်သူက မိမိကို ယခုထိတိုင်အောင် ရှင်သန် ခွင့်ပြုထားသည် ဆိုသည်ကို သိနိုင်စေဖို့ဖြစ်သည်။ ထိုနည်းလမ်းများသည် လူအား မည်သူက ဖန်ဆင်းရှင် ဖြစ်သည်၊ မည်သူကို သူကိုးကွယ်သင့်သည်၊ မည်သို့သောလမ်းမျိုးကို လျှောက်သင့်သည်ဆိုသည်နှင့် ဘုရားသခင် ရှေ့မှောက်သို့ မည်သည့်နည်းလမ်းဖြင့် လာသင့်သည်ဆိုသည်တို့ကို နားလည်နိုင်စေသည့် နည်းလမ်းများ ဖြစ်သည်။ လူသားသည် ဘုရားသခင်၏စိတ်နှလုံးကို သိစေရန်၊ နားလည်စေရန် နှင့် လူသားကို ကယ်တင်ဖို့ဖြစ်သည့် ဘုရားသခင်၏ အမှုတော်နောက်ကွယ်က ကြီးစွာသောဂရုစိုက်မှုနှင့် အတွေးကို သဘောပေါက်စေရန်အလို့ငှာ၊ လူသား၏ နှလုံးသား တဖြည်းဖြည်း ပြန်၍အားပြည့်လာစေသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ လူသား၏ နှလုံးသား ပြန်လည်အားပြည့် လာသည့်အခါ၊ လူသည် ဆုတ်ယုတ်သော ပျက်စီးသော စိတ်သဘောထား တစ်ခုဖြင့် အသက်ရှင်ရန် ဆန္ဒမရှိတော့ပဲ၊ ယင်းအစား ဘုရားသခင်ကို စိတ်ကျေနပ်စေရန် သမ္မာတရားကို ရှာဖွေဖို့သာ ဆန္ဒရှိလာသည်။ လူ၏ နှလုံးသားသည် နိုးထ လာသည့်အခါ၊ လူသည် စာတန်ထံမှ အပြည့်အဝ ရုန်းထွက် နိုင်လေသည်။ စာတန်၏ အန္တရာယ်ပြုခြင်း၊ စာတန်၏ ထိန်းချုပ်ခြင်း သို့မဟုတ် အရူးလုပ်ခြင်းကို မခံရတော့ပေ။ ယင်းအစား ဘုရားသခင်၏ စိတ်နှလုံးကို ကျေနပ်စေဖို့ ဘုရားသခင်၏ အမှုနှင့် သူ၏ နှုတ်ကပတ်တော်တို့တွင် ဖန်တီးယူကာ ပူးပေါင်းဆောင်ရွက်နိုင်၏၊ ထိုသို့ဖြင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းတို့အား ရရှိလေသည်။ ဤသည်မှာ ဘုရားအမှုတော်၏ မူလရည်ရွယ်ချက် ဖြစ်သည်။

စာတန်၏ဆိုးယုတ်မှုအကြောင်း ယခုပင် ငါတို့ ပြောဆိုဆွေးနွေးခြင်းက၊ လူသည် အလွန်စိတ်မချမ်းမြေ့မှုအလယ်တွင် ရှင်သန်ပြီး လူ၏အသက်တာသည် ကံဆိုးမှုများဖြင့် ပတ်ချာဝိုင်း ခံရသည့်အလား လူတိုင်းကို ခံစားရစေသည်။ သို့ရာတွင် ယခုတွင် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် လူသားအပေါ် သူ ဆောင်ရွက်သော အမှုတော်အကြောင်းကို ငါပြောဆိုနေသည့်အချိန်တွင်၊ ယင်းက သင်တို့ကို မည်သို့ခံစားရစေသနည်း (အလွန်ပျော်ပါသည်။) ဘုရားသခင် လုပ်ဆောင်သော အရာအားလုံး၊ လူသားအတွက် ပင်ပန်းကြီးစွာ သူ စီစဉ်သမျှအားလုံးသည် အပြစ်ဆိုစရာမရှိသည်ကို ငါတို့ ယခု မြင်နိုင်သည်။ ဘုရားသခင် ပြုလုပ်သမျှ အရာတိုင်းသည် အမှားအယွင်း ကင်းကာ၊ အပြစ်အနာအဆာ ကင်းသည့်သဘောဖြစ်ပြီး၊ မည်သူကမျှ ပြုပြင်ပေးရန်၊ အကြံပေးရန် သို့မဟုတ် ပြောင်းလဲမှုများ တစ်ခုတစ်လေ ပြုလုပ်ရန် မလိုအပ်ပေ။ တစ်ဦးချင်းစီတိုင်းအတွက် ဘုရားသခင် လုပ်ဆောင်သမျှအားလုံးသည် သံသယရှိစရာ မလိုအပ်ပေ။ သူသည် လူတိုင်းကို လက်ဆွဲခေါ်ကာ ဦးဆောင်ပြီး၊ သင့်အား ကုန်လွန်သွားသည့် အချိန်တိုင်းတွင် စောင့်ရှောက်သကဲ့သို့၊ သင့်အနားမှလည်း တစ်ခါမျှ မခွာခဲ့ချေ။ လူတို့သည် ဤကဲ့သို့သောပတ်ဝန်းကျင်မျိုးနှင့် ဤကဲ့သို့သော နောက်ခံမျိုးတွင် ကြီးပြင်းသည်နှင့်အမျှ၊ လူတို့သည် အမှန်တွင် ဘုရားသခင်၏ လက်ဖဝါးပေါ်တွင် ကြီးပြင်းသည်ဟု ငါတို့ ဆိုနိုင်မည်လော (ဆိုနိုင်ပါသည်။) သို့ဆိုလျှင် သင်တို့သည် ဆုံးရှုံးခြင်း အသိစိတ်တစ်ခုကို ယခုတွင် ခံစားနေကြ ရသေးသလော။ တစ်ဦးတစ်ယောက်သည် စိတ်ပျက် အားငယ်မိသေးသလော။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို စွန့်ပစ်သွားပြီဟု တစ်ယောက်ယောက်က ခံစားရသလော (မခံစားရပါ။) သို့ဆိုလျှင် ဘုရားသခင်သည် မည်သည့်အရာကို အတိအကျ လုပ်ဆောင်ပြီးဖြစ်သနည်း။ (လူသားမျိုးနွယ်ကို ဆက်လက် ဂရုစိုက်ပြီးဖြစ်သည်။) ဘုရားသခင် လုပ်ဆောင်သော အရာရာထဲတွင် ဘုရားသခင်ထားသည့် ကြီးစွာသော အတွေးနှင့် ဂရုစိုက်မှုသည် မေးခွန်းထုတ်စရာပင် မလိုအပ်ချေ။ ထို့အပြင် သူ၏ အမှုတော်ကို ဆောင်ရွက်ရာတွင်၊ ဘုရားသခင်သည် အစဉ်အမြဲ အကြွင်းမဲ့ လုပ်ဆောင် လေသည်။ သင့်အနေဖြင့် သူ့အား နက်နက်နဲနဲ ကျေးဇူးတင်မိစေရန်အလို့ငှာ သင့်အတွက် သူ ပေးဆပ်ခဲ့သော အဖိုးအခကို သင်တို့ထဲမှ မည်သူကမျှသိဖို့ သူ လုံးဝ မတောင်းဆိုဖူးပေ။ ဘုရားသခင်သည် ဤအရာကို သင့်အား တောင်းဆိုဖူးပါသလော။ (မတောင်းဆိုဖူးပါ။) လူ့ဘဝ၏ ရှည်လျားသော လမ်းကြောင်းတွင်၊ လူအယောက်စီတိုင်းနီးပါး အန္တရာယ်ရှိသော အခြေအနေများစွာကို ကြုံဖူးသကဲ့သို့ ဖြားယောင်း သွေးဆောင်မှုများစွာကို ရင်ဆိုင်ဖူးကြ၏။ ဤသည်မှာ စာတန်သည် သင်၏အနားတွင် ရပ်နေသောကြောင့်၊ ၎င်း၏မျက်လုံးတို့သည်

သင့်အပေါ် စဉ်ဆက်မပြတ် စူးစိုက်ကြည့် နေသောကြောင့် ဖြစ်သည်။ သင့်ကို ဘေးဒုက္ခရိုက်ခတ်သည့်အခါ၊ သင့်အပေါ် ကပ်ဘေးများ ကျရောက်သည့်အခါ၊ ဤအရာ၌ စာတန် အကြိုက်တွေ့ လေသည်။ သင့်အတွက် မည်သည့်အရာမျှ အဆင်မပြေသည့်အခါ၊ စာတန်၏ ကွန်ယက်တွင် သင် ငြိတွယ်ခံရသည့်အခါတွင်၊ ဤအရာများမှ ကြီးစွာသော ပျော်ရွှင်မှုကို စာတန်က ရယူလေသည်။ ဘုရားသခင် လုပ်ဆောင်နေသည့် အရာအတွက်မူ၊ သူသည် သင့်အား ကုန်လွန်သည့်အချိန်တိုင်းတွင် ကာကွယ် ပေးလျက်ရှိကာ၊ ကံဆိုးခြင်းတစ်ခုပြီး တစ်ခုမှ လည်းကောင်း၊ ဘေးဒုက္ခတစ်ခုပြီး တစ်ခုမှ လည်းကောင်း သင့်ကို ထိန်းကျောင်းပေးနေ၏။ ဤသည်မှာ လူသားတွင် ရှိသောအရာ အားလုံးဖြစ်သည့် ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှု၊ ကောင်းချီးမင်္ဂလာများနှင့် တစ်ကိုယ်ရေဘေးကင်းရေးတို့သည် အမှန်တွင် ဘုရားသခင်၏ ထိန်းချုပ်မှုအောက်တွင် အားလုံး ရှိကြသည်ဟု ငါက ပြောရသည့်အကြောင်းရင်း ဖြစ်သည်။ သူသည် လူတစ်ဦးစီတိုင်း၏ ကံကြမ္မာကို လမ်းပြကာ ဆုံးဖြတ်ပေး၏။ သို့ရာတွင် ဘုရားသခင်သည် အချို့သောလူတို့ ပြောသကဲ့သို့ သူ၏ အနေအထားအပေါ် ကြီးကျယ်သော အယူအဆတစ်ခု ရှိပါသလော။ “ငါသည် အရာအားလုံး၏ အကြီးမြတ်ဆုံး ဖြစ်သည်။ သင်တို့ကို ကွပ်ကဲသည်မှာ ငါဖြစ်၏။ သင်တို့အားလုံးသည် သက်ညှာမှုအတွက် ငါ့ကို တောင်းခံကြရမည်ဖြစ်ပြီး၊ မနာခံမှုသည် သေခြင်းဖြင့် ပြစ်ဒဏ်ပေးခံရမည်” ဟူ၍ သင့်အား ဘုရားသခင် ထုတ်ဖော်ပြောဆို ပါသလော။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ဤနည်းလမ်းမျိုးဖြင့် ခြိမ်းခြောက်ဖူးပါသလော (မခြိမ်းခြောက်ဖူးပါ။) “လူသားမျိုးနွယ်သည် ပျက်စီး နေသောကြောင့်၊ ၎င်းတို့ကို ငါမည်သို့ဆက်ဆံသည်မှာ အရေးမကြီးသကဲ့သို့၊ မည်သည့်နည်းလမ်းဖြင့်မဆို ၎င်းတို့ ဆက်ဆံခံရနိုင်၏။ ငါသည် ၎င်းတို့အတွက် ကောင်းမွန်သော စီစဉ်မှုများ ပြုလုပ်ရန် မလိုအပ်။” ဟု သူပြောဖူးပါသလော။ ဘုရားသခင်သည် ဤသို့စဉ်းစား ပါသလော။ ဘုရားသခင်သည် ဤနည်းဖြင့် ပြုမူဖူးပါသလော (မပြုမူဖူးပါ။) ဆန့်ကျင်ဖက် အနေဖြင့်၊ လူတစ်ဦးတစ်ယောက်ချင်းစီအပေါ် ဘုရားသခင်၏ ဆက်ဆံမှုသည် လေးနက်၍ တာဝန်ယူမှုရှိ၏။ သင့်ကိုယ်သင် သဘောထားသည် ထက်ပင် ဘုရားသခင်က သင့်ကို သာ၍ တာဝန်ယူမှုရှိစွာ ဆက်ဆံ၏။ ဤသို့မဟုတ်ပေသလော။ ဘုရားသခင်သည် အကြောင်းမဲ့သက်သက် ပြောဆိုခြင်း မရှိသလို၊ သူ၏ ချီးမြှောက်ခံရသည့် အနေအထားကို ဟန်မထုတ်ပေ သို့မဟုတ် လူတို့ကို ပေါ့ပေါ့ဆဆ မလှည့်ဖြားပေ။ ယင်းအစား သူကိုယ်တိုင် ပြုရန် လိုအပ်သောအရာတို့ကို ရိုးသားစွာနှင့် တိတ်ဆိတ်စွာ လုပ်ဆောင်လေသည်။ ဤအရာတို့သည် လူသားထံသို့ ကောင်းချီးများ၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်မှုတို့ကို

ဆောင်ကြဉ်း၏၊ ၎င်းတို့သည် လူသားကို ဘုရားသခင်၏ မြင်ကွင်းနှင့် သူ၏မိသားစုထဲသို့ ငြိမ်းချမ်းစွာနှင့် ပျော်ရွှင်စွာ ပို့ဆောင်ပေး၏။ ထို့နောက် လူတို့သည် ဘုရားသခင်၏ ရှေ့မှောက်တွင် အသက်ရှင်ပြီး ပုံမှန် ဆင်ခြင်တုံတရားနှင့် တွေးခေါ်မှုတို့ဖြင့် ဘုရားသခင်၏ ကယ်တင်ခြင်းကို လက်ခံကြလေသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် သူ၏အမှုတွင် လူသားနှင့်ပတ်သက်၍ တမင်လှည့်စားဖူးပါသလော။ သူသည် လူသားအား ပထမဦးစွာ စကားအနည်းငယ်ဖြင့် အရှုးလုပ်ပြီး၊ ထို့နောက် သူ့ကို ကျော်ခိုင်းကာ အတုအယောင် ကြင်နာမှုကို ပြသဖူးသလော (မပြသဖူးပါ။) ဘုရားသခင်သည် ပြောတော့တစ်မျိုး၊ လုပ်တော့ တခြားဖြစ်ဖူးသလော။ ဘုရားသခင်သည် အနှစ်မရှိသော ကတိတို့ကို ပေးကာ၊ သူသည် ၎င်းတို့အတွက် ဤအရာအား လုပ်ပေးနိုင်သည် သို့မဟုတ် ထိုအရာအား ၎င်းတို့အတွက် ကူညီပေး နိုင်သည်ဟု ပြောလျက် ကြွားဝါသော်လည်း၊ ယင်းနောက်တွင် ပျောက်ကွယ်သွားဖူးသလော (မပျောက်ကွယ်ဖူးပါ။) ဘုရားသခင်ထံ၌ မည်သည့် လှည့်စားမှု၊ မည်သည့် မမှန်ကန်မှုမျှ မရှိချေ။ ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသကဲ့သို့၊ သူ ပြုသောအရာတိုင်း၌ စစ်မှန်၏။ သူသည် လူတို့ အားထားနိုင်သည့် တစ်ဦးတည်းသောသူဖြစ်၏။ သူသည် လူတို့အနေဖြင့် ၎င်းတို့၏အသက်တာများနှင့် ၎င်းတို့ရှိသမျှ အရာတိုင်းကို အပ်နှံနိုင်သည့် တစ်ဦးတည်းသောသူလည်း ဖြစ်သည်။ ဘုရားသခင်၌ မည်သည့်လှည့်စားမှုမျှ မရှိသည့်အတွက်၊ ဘုရားသခင်သည် အစစ်မှန်ဆုံးဖြစ်သည်ဟု ငါတို့ ဆိုနိုင်မည်လော (ဆိုနိုင်ပါသည်။) ငါတို့ဆိုနိုင်သည်မှာ ဟုတ်ပေ၏။ “စစ်မှန်သော” ဟူသည့် စကားသည် အလွန်အားနည်းသော်လည်း၊ ဘုရားသခင်အဖို့ သုံးသည့်အခါ အလွန်လူသားဆန်သော်လည်း၊ ငါတို့ သုံးဖို့အတွက် မည်သည့် အခြားသော စကားလုံး ရှိသနည်း။ လူသားဘာသာစကား၏ ကန့်သတ်ချက်မှာ ထိုသို့ဖြစ်၏။ ဘုရားသခင်ကို “စစ်မှန်သည်” ဟု ခေါ်ဆိုခြင်းသည် အတော်အတန် မသင့်လျော်သော်လည်း၊ လောလောဆယ်တွင်မူ ဤစကားလုံးကို ငါတို့ အသုံးပြုသွားမည်။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံကာ၊ စစ်မှန်၏။ သို့ဆိုလျှင် ငါတို့သည် ဤသွင်ပြင်လက္ခဏာတို့ကို ပြောဆိုသည့်အခါ မည်သည့်အရာကို ငါတို့ ရည်ညွှန်းနေခြင်း ဖြစ်သနည်း။ ငါတို့သည် ဘုရားသခင်နှင့် လူသားကြား၊ ဘုရားသခင်နှင့် စာတန်ကြား ခြားနားမှုများကို ရည်ညွှန်းနေခြင်း ဖြစ်သလော။ ဟုတ်ပေ၏၊ ထိုသို့ ငါတို့ဆိုနိုင်၏။ ဤသည်မှာ လူသားအနေဖြင့် ဘုရားသခင်၌ စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား တစ်စွန်းတစ်စမျှ မမြင်ရသောကြောင့် ဖြစ်လေသည်။ ငါသည် ဤသို့ ပြောရာ၌ မှန်ကန်ပါ၏လော။ အာမင်။ (အာမင်။) ငါတို့သည် ဘုရားသခင်၌ စာတန်၏ ဆိုးယုတ်မှုတစ်ခုမျှ ထုတ်ဖော်ပြသည်ကို မမြင်ရပေ။ ဘုရားသခင် လုပ်ဆောင်ကာ ထုတ်ဖော်ပြသမျှအားလုံးသည်

လုံးလုံးအကျိုးပြုပြီး လူကို ကူညီမစ၏၊ လူသားကို ထောက်ပံ့ပေးရန် လုံးလုံးလျားလျား လုပ်ဆောင်ထားခြင်း ဖြစ်သည်၊ အသက်နှင့် ပြည့်ဝပြီး လူသားအတွက် လိုက်လျှောက်ရန် လမ်းတစ်ခုနှင့် လျှောက်လှမ်းရမည့် ဦးတည်ချက်တစ်ခုကို ပေး၏။ ဘုရားသခင်သည် ပျက်စီးခြင်းမရှိသည့်အပြင်၊ ဘုရားသခင် လုပ်ဆောင်သော အရာရာတိုင်းကို ယခု ကြည့်သောအခါ၊ ဘုရားသခင်သည် သန့်ရှင်းသည်ဟု ငါတို့ ဆိုနိုင်သလော (ဆိုနိုင်ပါသည်။) ဘုရားသခင်သည် လူသားမျိုးနွယ်၏ ပျက်စီးခြင်း တစ်ခုမျှ မရှိသကဲ့သို့၊ လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား သို့မဟုတ် စာတန်၏အနှစ်သာရနှင့် ဆင်တူသောအရာတစ်ခုမျှ မရှိသလို၊ ဘုရားသခင်နှင့်ပတ်သက်၍ မည်သည့်အရာမျှ ဤအရာများနှင့် တူညီမှုတစ်ခုတစ်လေ မပါရှိသည့်အတွက်၊ ဤရှုထောင့်မှ ဘုရားသခင်သည် သန့်ရှင်းသည်ဟု ငါတို့ ဆိုနိုင်သည်။ ဘုရားသခင်သည် မည်သည့်ဖောက်ပြန်ပျက်စီးခြင်းကိုမျှ ထုတ်ဖော် မပြသကဲ့သို့၊ သူ၏ အမှုတော်၌ရှိသည့် သူ၏ကိုယ်ပိုင် အနှစ်သာရကို ထုတ်ဖော်ခြင်းမှာ ဘုရားသခင် ကိုယ်တော်တိုင် သန့်ရှင်းကြောင်းကို အတည်ပြုခြင်း သက်သက်ဖြစ်သည်။ ဤအရာကို သင်တို့ မြင်ကြသလော။ ဘုရားသခင်၏ သန့်ရှင်းသော အနှစ်သာရကို သိရန်၊ ယခု ဤလက္ခဏာနှစ်ရပ်ကို ကြည့်ကြပါစို့- ၁) ဘုရားသခင်၌ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား တစ်စွန်းတစ်စမျှမရှိ။ ၂) လူသားအပေါ် ပြုသော ဘုရားသခင် အမှုတော်၏ အနှစ်သာရသည် လူသားအား ဘုရားသခင်၏ကိုယ်ပိုင်အနှစ်သာရကို မြင်ခွင့်ပေးပြီး၊ ဤအနှစ်သာရသည် လုံးလုံးလျားလျား အပြုသဘောဆောင်၏။ ဘုရားသခင် အမှုတော်၏ အစိတ်အပိုင်းတိုင်းက လူသားထံ ယူဆောင်ပေးသည်များမှာ အပြုသဘောဆောင် ကြသည်သာ ဖြစ်သည်။ ဦးဆုံးအနေဖြင့်၊ ဘုရားသခင်သည် လူသားကို ရိုးသားရန် တောင်းဆိုသည်- ဤသည်မှာ အပြုသဘောဆောင်သည့်အရာ မဟုတ်သလော။ ဘုရားသခင်သည် လူသားကို ဉာဏ်ပညာပေး၏- ဤသည်မှာ အပြုသဘောမဆောင်သလော။ ဘုရားသခင်သည် လူသားအား အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်တတ်စေသည်- ဤသည်မှာ အပြုသဘော မဆောင်သလော။ သူသည် လူသားအား လူ့ဘဝ၏ အဓိပ္ပါယ်နှင့် တန်ဖိုးကို နားလည်ခွင့်ပေးသည်- ဤသည်မှာ အပြုသဘော မဆောင်သလော။ သူသည် လူသားအား လူများ၊ အဖြစ်အပျက်များနှင့် အမှုအရာများ၏ အနှစ်သာရကို သမ္မာတရား နှင့်အညီ ထွင်းဖောက်သိစေ၏— ဤသည်မှာ အပြုသဘော မဆောင်သလော (အပြုသဘောဆောင်ပါသည်။) ဤအရာအားလုံး၏ အကျိုးရလဒ်မှာ လူသားသည် စာတန်၏ လှည့်စားခြင်းကို မခံရတော့၊ စာတန်၏ အန္တရာယ်ပြုခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆက်၍ မခံရတော့ခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင်၊ ဤအရာတို့သည် လူတို့ကို စာတန်၏

ဖောက်ပြန်ပျက်စီးစေခြင်းမှ မိမိတို့ကိုယ်ကိုယ် လုံးလုံး လွတ်မြောက်ခွင့်ပေး၏၊ ထို့ကြောင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုအား ရှောင်ကြဉ်ခြင်းလမ်းကို တဖြည်းဖြည်း လျှောက်လှမ်းကြ၏။ ယခုတွင် သင်တို့သည် ဤလမ်းကြောင်းအပေါ် မည်မျှဝေးဝေး လျှောက်ပြီးကြပြီနည်း။ ပြောရန် ခက်ခဲသည် မဟုတ်လော။ သို့ရာတွင် အနည်းဆုံး အနေဖြင့် စာတန်သည် လူသားကို မည်သို့ ဖျက်ဆီးသည်၊ မည်သည့်အရာတို့သည် ဆိုးယုတ်ပြီး မည်သည့်အရာတို့သည် အပျက်သဘောဆောင်သည် ဆိုသည်တို့နှင့်ဆိုင်သည့် ကနဦး သိနားလည်မှုတစ်ခုကို သင်တို့ ယခု ရှိကြသည် မဟုတ်လော။ သင်တို့သည် ယခုတွင် အနည်းဆုံး မှန်ကန်သောလမ်းကို လျှောက်လှမ်းနေကြပြီဖြစ်သည်။ ထိုသို့ ဆိုနိုင်ပါသလော (ဆိုနိုင်ပါသည်။)

ဤသည်မှာ ဘုရားသခင်၏ သန့်ရှင်းခြင်း အကြောင်းနှင့်ဆိုင်သော ငါတို့၏ ဆွေးနွေးမှုကို အပြီးသတ်မည့်နေရာ ဖြစ်သည်။ ယခု၊ သင်တို့ ကြားရကာ ရရှိပြီးဖြစ်သည့် အရာအားလုံးကို အခြေခံ၍၊ ဘုရားသခင်၏ သန့်ရှင်းခြင်းမှာ မည်သည့်အရာ ဖြစ်သည်ကို သင်တို့ထဲမှ မည်သူပြောနိုင်သနည်း။ ငါ ပြောဆိုသော ဘုရားသခင်၏ သန့်ရှင်းခြင်းဆိုသည်မှာ မည်သည့်အရာကို ရည်ညွှန်းသနည်း။ ခဏမျှ စဉ်းစားကြည့်လော့။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် သူ၏ ဖြောင့်မတ်မှန်ကန်ခြင်းလော။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် သူ၏ သစ္စာနှင့် ပြည့်စုံတော်မူခြင်းလော။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် သူ၏ ကိုယ်ကျိုးမငဲ့ခြင်းလော။ သူ၏ နှိမ့်ချခြင်းလော။ လူသားအတွက် သူ၏ ချစ်ခြင်းမေတ္တာလော။ ဘုရားသခင်သည် လူသားအပေါ် သမ္မာတရားနှင့် အသက်ကို အခမဲ့ ပေးသနား၏- ဤသည်မှာ သူ၏ သန့်ရှင်းခြင်းလော (ဟုတ်ပါသည်။) ဘုရားသခင် ထုတ်ဖော်ပြသည့် ဤအရာအလုံးစုံသည် အတုမဲ့ဖြစ်ပြီး ဖောက်ပြန်ပျက်စီးသော လူ့သဘာဝအတွင်းတွင် မတည်ရှိသကဲ့သို့၊ မြင်လည်း မမြင်ရပေ။ လူသားအပေါ် စာတန်၏ ဖျက်ဆီးခြင်း ဖြစ်စဉ်အတွင်း၌ ထိုအရာတစ်စက်ကလေးကိုမျှ မမြင်ရသကဲ့သို့၊ စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားတွင်လည်းကောင်း၊ စာတန်၏ အနှစ်သာရ သို့မဟုတ် သဘောသဘာဝတွင်လည်းကောင်း မမြင်ရပေ။ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းသည် အတုမရှိ ဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းသည်သာ ဤသို့သော အနှစ်သာရမျိုးကို ပိုင်ဆိုင်၏၊ ဘုရားသခင် ကိုယ်တိုင်သာလျှင် ဤသို့သော အနှစ်သာရမျိုးကို ပိုင်ဆိုင်၏။ ငါတို့ ဆွေးနွေးမှု၏ ဤအချက် အရောက်တွင်၊ သင်တို့အနေဖြင့် ငါ ယခုပင် ဖော်ပြသမျှလောက် သန့်ရှင်းသည့်သူ တစ်ဦးဦးကို လူသားမျိုးနွယ်အတွင်း၌ မြင်ဖူးပါသလော။ (မမြင်ဖူးပါ။) သို့ဆိုလျှင် ကျော်ကြားသူများ၊ ကြီးမြတ်သူများ သို့မဟုတ် သင်တို့

ကိုးကွယ်ကြသည့် လူသားမျိုးနွယ် အသည်းကျော်များကြားတွင် ဤမျှ သန့်ရှင်းသောသူ တစ်ဦးတစ်လေရှိပါ၏လော (မရှိပါ။) ထို့ကြောင့် ဘုရားသခင်၏ သန့်ရှင်းခြင်းသည် အတုမရှိဖြစ်သည်ဟု ငါတို့ဆိုသည့်အခါ၊ ဤသည်မှာ ချဲ့ကားပြောဆိုခြင်းလော။ (မဟုတ်ပါ။) ဧကန်မုချ မဟုတ်ပေ။ ထို့အပြင်၊ ဘုရားသခင်၏ သန့်ရှင်းသော အတုမဲ့ဖြစ်ခြင်းက လက်တွေ့ကျသည့်ဘက်တစ်ခုလည်း ရှိ၏။ ယခု ငါပြောသော သန့်ရှင်းခြင်းနှင့် သင်တို့ ယခင်က ထင်ခဲ့၊ စိတ်ကူးခဲ့သော သန့်ရှင်းခြင်း ကြားတွင် ခြားနားချက်တစ်ခုတစ်လေ ရှိသလော။ (ရှိပါသည်။) ကွာဟချက်သည် မည်မျှများသနည်း (အလွန်ကြီးပါသည်။) လူတို့သည် သန့်ရှင်းခြင်း အကြောင်းကို ပြောဆိုသည့်အခါ၊ မကြာခဏ မည်သည့်အရာကို ဆိုလိုကြသနည်း (အချို့သော အပြင်ပန်းအပြုအမူများကို ဆိုလိုပါသည်။) အပြုအမူ တစ်ခု သို့မဟုတ် အခြားတစ်ချို့သော အရာကို သန့်ရှင်းသည်ဟု လူတို့ ဆိုသောအခါ၊ ထိုအရာမှာ သဘောတရားအရ ဖြူစင်ပြီး နှစ်လိုဖွယ်ဖြစ်သည်ဟု မြင်ကြသောကြောင့်သာ ဤသို့ ပြောကြခြင်း ဖြစ်သည်။ သို့ရာတွင်၊ ဤအရာများသည် အစစ်သဖြင့် သန့်ရှင်းခြင်း၏ စစ်မှန်သော ဂုဏ်ဒြပ် ကင်းမဲ့၏- ဤသည်မှာ အယူဝါဒ၏ သွင်ပြင်လက္ခဏာဖြစ်သည်။ ဤအရာအပြင် ၎င်းတို့၏ စိတ်ထဲတွင် လူတို့ စိတ်ကူးကြသည့် “သန့်ရှင်းခြင်း” ၏ လက်တွေ့ကျသော သွင်ပြင်လက္ခဏာရုပ်က မည်သည်ကို ရည်ညွှန်းသနည်း။ ယင်းသည် ၎င်းတို့က များသောအားဖြင့် ဖြစ်မည်ဟု စိတ်ကူးကြသော သို့မဟုတ် အကဲဖြတ်ကြသော အရာလော။ ဥပမာအားဖြင့်၊ အချို့သော ဗုဒ္ဓဘာသာဝင်တို့သည် ကျင့်ကြံနေစဉ် ကွယ်လွန်သွားကြ၏၊ အိပ်ပျော်လျက် ထိုင်နေရင်းဖြင့် ထွက်ခွာသွားကြ၏။ ၎င်းတို့သည် သန့်ရှင်းလာကာ၊ ကောင်းကင်ဆီသို့ ပျံသွားသည်ဟု အချို့သောလူတို့က ပြောကြ၏။ ဤသည်မှာလည်း စိတ်ကူးထင်မြင်ခြင်း၏ ရလာဒ်တစ်ခု ဖြစ်သည်။ ထို့နောက် ကောင်းကင်ဘုံမှ လွင့်မျောလာသော နတ်သမီးတစ်ပါးကို သန့်ရှင်းသည်ဟု ထင်ကြသည့် အခြားသောသူများ ရှိ၏။ အမှန်တကယ်တွင်၊ “သန့်ရှင်းသည်” ဆိုသည့် စကားလုံးနှင့် ဆိုင်သည့် လူများ၏ အယူအဆမှာ အခြေခံအားဖြင့် မည်သည့် စစ်မှန်သော ဒြပ်ထည်မျှမရှိသည့် ဗလာစိတ်ကူးနှင့် အယူအဆမျိုး တစ်ခုသာ အမြဲဖြစ်နေခဲ့သည်၊ ထို့အပြင် သန့်ရှင်းခြင်း၏ အနှစ်သာရနှင့်လည်း မည်သို့မျှ မသက်ဆိုင်ချေ။ သန့်ရှင်းခြင်း၏ အနှစ်သာရသည် စစ်မှန်သော ချစ်ခြင်းဖြစ်သော်လည်း၊ ယင်းထက်ပို၍ သမ္မာတရား၊ ဖြောင့်မတ်ခြင်းနှင့် အလင်း၏ အနှစ်သာရဖြစ်သည်။ “သန့်ရှင်းသည်” ဟူသော စကားလုံးသည် ဘုရားသခင်အတွက် အသုံးပြုသော အခါမှသာ သင့်လျော်၏။ ဖန်ဆင်းခြင်းထဲက မည်သည့်အရာကမျှ “သန့်ရှင်းသည်” ဟု ခေါ်ဆိုခြင်း မခံထိုက်ပေ။ ဤကို လူသားက နားလည်ရမည်။ ယခုမှစ၍

ငါတို့သည် "သန့်ရှင်းခြင်း" ဟူသော စကားလုံးကို ဘုရားသခင်အဖို့သာ အသုံးပြုမည်။ ဤသည်မှာ သင့်လျော်ပါသလော (သင့်လျော်ပါသည်။)

စာတန်သည် လူသားကို ဖျက်ဆီးရန် မည်သည့် နည်းလမ်းတို့အား အသုံးချသည်ဆိုသည့်အကြောင်းကို ပြန်၍ ဆွေးနွေးကြပါစို့။ လူသားအပေါ် ဘုရားသခင်က အမှုပြုပြီး သင်တို့အယောက်တိုင်း မိမိတို့ကိုယ်တိုင် ကြုံတွေ့နိုင်သည့် နည်းလမ်းအမျိုးမျိုးအကြောင်းကို ငါတို့ ပြောဆိုခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အလွန်အသေးစိတ်ကျကျ ငါပြောတော့မည်မဟုတ်။ သို့ရာတွင် သင်တို့၏စိတ်နှလုံးများထဲ၌၊ လူသားကို ဖျက်ဆီးရန် စာတန်သည် မည်သည့် လှည့်ကွက်များနှင့် ဗျူဟာများ အသုံးပြုသည်ကို မရှင်းမလင်းဖြစ်ကောင်းဖြစ်မည် သို့မဟုတ် ၎င်းတို့ကို အနည်းဆုံး အတိအကျ သိနားလည်မှု ရှိကောင်းရှိမည် မဟုတ်ပေ။ ဤအကြောင်းကို ထပ်မံပြောဆိုရန်မှာ ငါ့အတွက် အကျိုးရှိမည်လော (ဟုတ်ပါသည်။) သင်တို့သည် ဤအရာနှင့်ပတ်သက်၍ လေ့လာချင်ကြသလော။ သင်တို့ထဲမှ အချို့က "စာတန်အကြောင်းကို အဘယ်ကြောင့် ထပ်ပြောသနည်း။ စာတန်အကြောင်းကို ပြောသည့် တစ်ခဏတွင် ငါတို့ ဒေါသထွက်လာကြ၏၊ ၎င်း၏ နာမည်ကို ကြားသည့်အခါ ငါတို့သည် အလုံးစုံ စိတ်အနှောင့်အယှက် ဖြစ်ရသည်" ဟူ၍ မေးလိမ့်မည်။ ယင်းက သင်တို့ကို မည်မျှ စိတ်မသက်မသာဖြစ်စေကာမူ၊ သင်သည် အမှန်တရားများကို ရင်ဆိုင်ရမည်ဖြစ်သည်။ လူ၏ သိနားလည်ခြင်း အကျိုးအတွက် ဤအကြောင်းအရာတို့အား ရှင်းလင်းစွာ ပြောကြားရမည် ဖြစ်ပြီး ရှင်းလင်းစေရပေမည်။ ထိုသို့မဟုတ်ပါက လူသည် စာတန်၏လွှမ်းမိုးခြင်းမှ အမှန်တကယ် မလွတ်မြောက်နိုင်ပေ။

စာတန်၏ လှည့်ကွက်များ ပါဝင်သည့် လူသားကို ဖျက်ဆီးသော စာတန်၏နည်းလမ်းငါးခုကို ငါတို့သည် ရှေ့တွင် ဆွေးနွေးပြီးဖြစ်၏။ လူသားကို စာတန် ဖျက်ဆီးသည့် နည်းလမ်းတို့သည် အပေါ်ယံအကာ တစ်ခုမျှသာဖြစ်သည်။ သာ၍ အန္တရာယ်အပြုသောအရာမှာ ဤအပေါ်ယံအောက်တွင် ကွယ်ဝှက်နေသည့် စာတန်က မိမိ၏ ရည်မှန်းချက်များကို ရရှိရန် အသုံးပြုသော လှည့်ကွက်များဖြစ်သည်။ ဤလှည့်ကွက်များမှာ အဘယ်သို့နည်း။ ယင်းတို့ကို ငါ့အား အတိုချုံး ပြောပြကြလော့ (၎င်းသည် လိမ်လည်သည်၊ ဖြားယောင်းပြီး အကျပ်ကိုင်ပါသည်။) ဤလှည့်ကွက်များကို ပို၍ စာရင်းပြုလေလေ၊ ပို၍ နီးစပ်လေလေဖြစ်သည်။ သင်တို့သည် စာတန်၏ အန္တရာယ်ပြုခြင်းကို နက်နက်ရှိုင်းရှိုင်း ခံရပြီး၊ ဤအကြောင်းအရာ အပေါ်၌ ခံစားချက်ပြင်းထန်ကြသည့်အလား ဖြစ်ပုံရ၏။ (စာတန်သည် ဟုတ်သယောင်နှင့်မှားသော နှုတ်အပြောကိုလည်း အသုံးပြု လေသည်။ သူသည် လူတို့ကို

လှွမ်းမိုးကာ၊ အဓမ္မ သိမ်းပိုက်ပါသည်။) အဓမ္မ သိမ်းပိုက်ခြင်း- ဤအရာက အထူးသဖြင့် နက်ရှိုင်းသော ခံစားချက်တစ်ခုကို ကျန်ရစ်စေသည်။ လူတို့သည် စာတန်၏ အဓမ္မ သိမ်းပိုက်ခြင်းကို ကြောက်ရွံ့ကြသည်၊ မဟုတ်လော။ အခြား လှည့်ကွက်တစ်ခုတစ်လေ ရှိသေးသလော။ (၎င်းသည် လူတို့ကို ကြမ်းတမ်းစွာ အန္တရာယ်ပြုသည်။ ခြိမ်းခြောက်ခြင်းများ ပြုကာ မက်လုံးများ ပေးပြီး လိမ်ညာပါသည်။) လိမ်ညာမှုတို့သည် ၎င်းလုပ်ရပ်များ၏ အနှစ်သာရဖြစ်သည်။ သင့်ကို လိမ်လည် လှည့်စားနိုင်ရန် အလို့ငှာ ၎င်းသည် လိမ်ညာ၏။ လိမ်ညာခြင်း၏ သဘောသဘာဝသည် အဘယ်နည်း။ လိမ်ညာခြင်းသည် လှည့်စားခြင်းနှင့် တူညီသည်မဟုတ်သလော။ အလိမ်အညာများကို ပြောဆိုခြင်း၏ ရည်မှန်းချက်သည် အမှန်တကယ်၌ သင့်ကို လှည့်စားရန်ဖြစ်သည်။ အခြားလှည့်ကွက်တစ်ခုတစ်လေ ရှိသေးသလော။ သင်တို့ သိသည့် စာတန်၏ လှည့်ကွက်များအားလုံးကို ငါ့ကို ပြောကြလော့။ (၎င်းသည် သွေးဆောင်သည်၊ အန္တရာယ်ပေးသည်၊ အမြင်ကန်းစေပြီး၊ လှည့်စားပါသည်။) ဤလှည့်ဖြားခြင်းအကြောင်းကို သင်တို့ အများစုသည် တူညီစွာခံစားရသည် မဟုတ်လော (၎င်းသည် လူကို ထိန်းချုပ်ပါသည်၊ လူကို အပိုင်သိမ်းပါသည်၊ လူကို အကြမ်းဖက်ကာ၊ ဘုရားသခင်ကို ယုံကြည်ခြင်းမှ တားဆီးပါသည်။) သင်တို့ ပြောနေသည့်အရာများ၏ အဓိပ္ပါယ်အလုံးစုံကို ငါသိပြီ ဤသည်မှာ ကောင်းပေ၏။ သင်တို့ အားလုံးသည် ဤအကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ခု သိကြ၏၊ ထို့ကြောင့် ငါတို့သည် ယခုတွင် ဤလှည့်ကွက်များကို အနှစ်ချုပ်ကြည့်ကြစို့။

လူသားကို ဖျက်ဆီးရန် စာတန်အသုံးချသော အဓိကလှည့်ကွက်များ ခြောက်ခုရှိ၏။

ပထမသည်ကား ထိန်းချုပ်ခြင်းနှင့် အကျပ်ကိုင်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ စာတန်သည် သင်၏နှလုံးသားကို ထိန်းချုပ်ရန်အတွက် ဖြစ်နိုင်သမျှ အရာအားလုံးကို ပြုလုပ်လိမ့်မည်ဖြစ်သည်။ “အကျပ်ကိုင်ခြင်း” ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းမှာ သင်မနာခံပါက ခံစားရမည့် အကျိုးဆက်များကို သင့်အား တွေးတောစေလျက် သင့်အား သူ့ကိုနာခံစေဖို့ ခြိမ်းခြောက်မှု နှင့် အတင်းအဓမ္မ နည်းလမ်းများအား အသုံးပြုခြင်းကို ဆိုလိုသည်။ သင်သည် ကြောက်ရွံ့ပြီး မဖီဆန်ရဲသောကြောင့် ထိုအခါ သင်သည် သူ့ကို ကျိုးနွံနာခံလေသည်။

ဒုတိယမှာ လိမ်လည်ခြင်းနှင့် လှည့်စားမှု ဖြစ်သည်။ “လိမ်လည်ခြင်းနှင့် လှည့်စားခြင်း” တွင် မည်သည့်အရာ လိုအပ်သနည်း။ စာတန်သည် ဇာတ်လမ်းပုံပြင်များနှင့် မုသားအချို့ကို ဖန်တီးကာ၊ သင့်အား ထိုအရာတို့ကို ယုံကြည်လာစေရန် လှည့်စားခြင်း ဖြစ်၏။ လူသားကို

ဘုရားသခင်က ဖန်ဆင်းခဲ့ခြင်းဖြစ်သည်ဟူ၍ ၎င်းက သင့်အား လုံးဝမပြောသကဲ့သို့ သင့်အား ဘုရားသခင်က ဖန်ဆင်းခဲ့ခြင်းမဟုတ်ဟူ၍လည်း တိုက်ရိုက်မပြောပေ။ ၎င်းသည် "ဘုရားသခင်" ဟူသော စကားလုံးကို လုံးလုံး အသုံးမပြုဘဲ၊ ယင်းအစား အစားထိုးအနေဖြင့် အခြားတစ်စုံအရာကို အသုံးပြုကာ၊ ဘုရားသခင်၏ တည်ရှိခြင်းကို အခြေခံအားဖြင့် သင်မသိနိုင်ဖို့အလို့ငှာ သင့်အားလှည့်စားဖို့ရန် ဤအရာကို အသုံးပြုလေသည်။ ဟုတ်ပေ၏၊ ဤ "လှည့်စားမှု" တွင် ဤအရာတစ်ခုသာ မဟုတ်၊ သွင်ပြင်လက္ခဏာရပ်များစွာ ပါဝင်ပေ၏။

တတိယမှာ အယူဝါဒ အဓမ္မသွတ်သွင်းခြင်းဖြစ်သည်။ မည်သည့်အရာဖြင့် လူတို့သည် အယူဝါဒ သွတ်သွင်းခံရကြသနည်း။ အယူဝါဒ အဓမ္မသွတ်သွင်းခြင်းကို လူသားကိုယ်တိုင်၏ ရွေးချယ်မှုဖြင့် လုပ်ဆောင်သလော။ ယင်းကို လူသား၏ သဘောတူညီမှုဖြင့် လုပ်ဆောင်ခြင်းလော။ (မဟုတ်ပါ။) သင်သဘောမတူလျှင်ပင်၊ ထိုအရာနှင့်ပတ်သက်၍ သင်လုပ်နိုင်သည့်အရာ ဘာမျှမရှိပေ။ သင်၏ သတိမမူမိခြင်းကြောင့်၊ စာတန်သည် သူ၏အတွေးအခေါ်၊ သူ၏ ဘဝစည်းမျဉ်းများနှင့် သူ၏ အနှစ်သာရတို့ကို သင့်အထဲ မွေးမြူလျက် အယူဝါဒ သွတ်သွင်းလေသည်။

စတုတ္ထသည်ကား ခြိမ်းခြောက်မှုနှင့် နားယောင်စေခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သင့်အနေဖြင့် ၎င်းကို လက်ခံရန်၊ လိုက်နာရန်နှင့် ၎င်းအတွက် အမှုထမ်းရန်အလို့ငှာ စာတန်သည် အမျိုးမျိုးသော လှည့်ကွက်တို့ကို အသုံးချခြင်းဖြစ်၏။ ၎င်းသည် ၎င်း၏ ရည်မှန်းချက်များကို ရရှိရန် မည်သည့်အရာကိုမဆို လုပ်ဆောင် လိမ့်မည်ဖြစ်သည်။ ၎င်းသည် တစ်ချိန်လုံး သင့်ကို အပြစ်ကျူးလွန်မိစေရန် သွေးဆောင်လျက် တစ်ခါတစ်ရံ၌ သင့်အပေါ် မျက်နှာသာ အနည်းငယ်ပေး၏။ သင်သည် ၎င်းကို မလိုက်နာလျှင် သင့်ကို ဒုက္ခခံစားစေကာ၊ သင့်ကို ဒဏ်ပေးမည်ဖြစ်ပြီး သင့်အား တိုက်ခိုက်ရန်နှင့် အမိဖမ်းရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြု လိမ့်မည်ဖြစ်သည်။

ပဉ္စမမှာ လှည့်ဖြားခြင်းနှင့် တုံ့ဆိုင်းစေခြင်းဖြစ်သည်။ "လှည့်ဖြားခြင်းနှင့် တုံ့ဆိုင်းစေခြင်း" ဆိုသည်မှာ လူတို့၏ ဇာတိအခြေအနေ၊ ၎င်းတို့၏ အသက်တာများနှင့် အနာဂတ်များကို ထောက်ထားနေသည့်အလား ထင်ရစေဖို့၊ လူတို့၏ အယူအဆများနှင့် ကိုက်ညီသည့် စိတ်ကူးများနှင့် နားဝင်ချိုလှသော စကားလုံးအချို့ကို စာတန်က လုပ်ကြံဖန်တီးသည့်အချိန်သည် အမှန်တကယ်တွင် ၎င်း၏ တစ်ခုတည်းသော ရည်မှန်းချက်က သင့်ကို လှည့်စားဖို့ဖြစ်သည့်အချိန် ဖြစ်သည်။ ထို့နောက် မည်သည့်အရာက မှန်ပြီး မည်သည့်အရာက မှားသည်ကို သင် မသိစေဖို့အလို့ငှာနှင့်၊ သင် အမှတ်တမဲ့ လှည့်စားခံရကာ

ထိုသို့ဖြင့် ၎င်း၏ထိန်းချုပ်မှု အောက်သို့ ရောက်လာဖို့အလို့ငှာ သူသည် သင့်ကို တုံ့ဆိုင်းစေလေသည်။

ဆဌမမှာ ကိုယ်နှင့်စိတ်ကို ဖျက်ဆီးခြင်းဖြစ်သည်။ စာတန်သည် လူသား၏ မည်သည့်အစိတ်အပိုင်းကို ဖျက်ဆီးသနည်း။ (လူ၏စိတ်နှင့် ဖြစ်တည်မှုတစ်ခုလုံး ဖြစ်ပါသည်။) သင့်အနေဖြင့် ခုခံရန် အစွမ်းမရှိအောင် ပြုလျက်၊ စာတန်သည် သင်၏ စိတ်ကို ဖျက်ဆီး၏၊ ဆိုလိုသည်မှာ သင်၏နှလုံးသားသည် စာတန်ဆီသို့ မရည်ရွယ်ဘဲ တဖြည်းဖြည်းချင်း လှည့်မိခြင်း ဖြစ်သည်။ သင့်အနေဖြင့် နောက်ဆုံးတွင် လူကောင်းတစ်ဦးဖြစ်ဖို့ ဆန္ဒမရှိတော့ရန်အလို့ငှာ၊ "ဖြောင့်မတ်ခြင်း" ဟု သင်ခေါ်ဆိုသော အရာအတွက် ရပ်တည်ချင်စိတ် မရှိတော့စေရန်အလို့ငှာ ၎င်းသည် သင့်ကို လှွမ်းမိုးပြီး လက်သပ်မွေးဖို့ရန် ဤအယူအဆများနှင့် ယဉ်ကျေးမှုများကို နေ့စဉ်အသုံးပြုရင်း၊ သင်၏ဆန္ဒကို နည်းနည်းစီ လှိုက်စားရင်း သင့်အထဲသို့ ဤအရာများကို နေ့စဉ် သွတ်သွင်းလေသည်။ အမှုမဲ့အမှတ်မဲ့ဖြင့်၊ သင်သည် ရေစီးကြောင်းကို ဆန်တက်ကူးခတ်ရန် စိတ်စွမ်းအား မရှိတော့ဘဲ၊ ယင်းအစား ရေစီးကြောင်းနှင့် အလိုက်သင့် မျောပါသွားလေသည်။ "ဖျက်ဆီးခြင်း" ဆိုသည်မှာ စာတန်သည် လူတို့ကို လွန်စွာ ညှဉ်းပန်းနှိပ်စက်သဖြင့် ၎င်းတို့သည် လူသားမဟုတ်တော့ဘဲ၊ မိမိတို့ကိုယ်တိုင်၏ အရိပ်အယောင်များ ဖြစ်လာကြလေသည်။ ဤသည်မှာ စာတန်က ၎င်းတို့အား တိုက်ခိုက်၊ ဖမ်းဆီးကာ ဝါးမျိုသောအခါတွင်ဖြစ်သည်။

လူသားကို ဖျက်ဆီးရန် စာတန်အသုံးချသော ဤလှည့်ကွက် တစ်ခုစီသည် လူသားအား ခုခံနိုင်စွမ်းမဲ့စေ၏။ ယင်းတို့ တစ်ခုစီတိုင်းသည် လူသားအတွက် ဆိုးဆိုးရွားရွား ဖြစ်စေနိုင်သည်။ တစ်နည်းအားဖြင့် စာတန်လုပ်ဆောင်သော အရာရာတိုင်းနှင့် ၎င်းအသုံးချသော လှည့်ကွက်ဟူသမျှက သင့်ကို ဆုတ်ယုတ် စေနိုင်သည်၊ စာတန်၏ ထိန်းချုပ်မှု အောက်သို့ ရောက်စေနိုင်ကာ၊ သင့်အား မကောင်းမှုနှင့် အပြစ်တို့၏ နွံထဲ၌ နစ်မြုပ်စေနိုင်၏။ ယင်းကဲ့သို့အရာများမှာ လူသားကိုဖျက်ဆီးရန် စာတန်အသုံးချသော လှည့်ကွက်များ ဖြစ်သည်။

ငါတို့သည် စာတန်အား ဆိုးယုတ်သည်ဟု ဆိုနိုင်၏၊ သို့ရာတွင် ယင်းကို အတည်ပြုရန်အလို့ငှာ၊ လူသားအပေါ် စာတန်၏ ဖျက်ဆီးခြင်း အကျိုးဆက်တို့မှာ မည်သည့်အရာ ဖြစ်ကြောင်းနှင့် ၎င်းသည် လူသားထံသို့ မည်သည့် စိတ်သဘောထားများနှင့် အနှစ်သာရများအား သယ်ဆောင်လာကြောင်းတို့ကို ကြည့်ရဦးမည်ဖြစ်၏။ သင်တို့ အားလုံးသည် ဤအရာနှင့်ပတ်သက်၍ တစ်စုံတစ်ရာ သိကြသောကြောင့် ပြောကြလော့။ လူတို့ကို စာတန်

ဖောက်ပြန်ပျက်စီးစေခြင်း၏ အကျိုးဆက်များမှာ အဘယ်နည်း။ ၎င်းတို့သည် မည်သို့သော ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားတို့ကို ထုတ်ဖော်ပြ ကြသနည်း။ (မာနထောင်လွှားမှုနှင့် မောက်မာမှု၊ တစ်ကိုယ်ကောင်းဆန်မှု နှင့် စက်ဆုပ်ဖွယ်ကောင်းခြင်း၊ ကောက်ကျစ်ခြင်းနှင့် လှည့်စားတတ်ခြင်း၊ တိတ်တဆိတ် အန္တရာယ်ပြုခြင်းနှင့် အငြိုးထားခြင်း၊ လူ့သဘာဝ လုံးဝကင်းမဲ့ခြင်းတို့ ဖြစ်သည်။) အားလုံးကိုခြုံကြည့်သော် ၎င်းတို့တွင် လူ့သဘာဝမရှိဟု ပြောနိုင်သည်။ ယခု တခြားသော ညီအစ်ကိုမောင်နှမတို့ကို ပြောကြပါစေဦး။ (လူသားသည် စာတန်၏ ဖျက်ဆီးခြင်းကို ခံရပြီးသောအခါ၊ သူတို့သည် အများအားဖြင့် ထုံးစံအတိုင်း မာနထောင်လွှားခြင်း၊ မိမိကိုယ်ကို မှန်သည်ဟု ယူမှတ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ကြီးကျယ်နေခြင်း၊ စိတ်ကြီးဝင်ခြင်း၊ လောဘကြီးခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့ ရှိတတ်သည်။ ဤသည်တို့မှာ အဆိုးဝါးဆုံးကိစ္စများ ဖြစ်သည်ဟု ငါယူဆသည်။) (လူတို့သည် စာတန်၏ ဖျက်ဆီးခြင်းကို ခံရပြီးနောက်တွင် သူတို့သည် ရုပ်ဝတ္ထုပစ္စည်းများနှင့် ချမ်းသာကြွယ်ဝမှုတို့ကို ရရှိရန် မီးကုန်ယမ်းကုန် ကြိုးစားကြသည်။ ပြီးလျှင် သူတို့သည် ဘုရားသခင်ကိုပင် ရန်လိုလာကြသည်၊ ဘုရားသခင်ကို ဆန့်ကျင်သည်၊ ဘုရားသခင်ကို မနာခံကြသည့်အပြင် လူသားက ပိုင်ဆိုင်သင့်သော အသိစိတ်နှင့် ဆင်ခြင်တုံတရား ပျောက်ဆုံးသွား ပါသည်။) သင်တို့ ပြောသွားသည်များအားလုံးသည် အသေးအဖွဲ ခြားနားမှုများမှလွဲ၍ အခြေခံအားဖြင့် တူညီကြ၏။ သင်တို့ထဲမှ အချို့မှာ အရေးမပါသော အသေးစိတ်တို့ကို သက်သက် ပို၍ ထည့်သွင်းသည်။ အနှစ်ချုပ်ရသော် ဖောက်ပြန်ပျက်စီးသော လူသားမျိုးနွယ်နှင့် ပတ်သက်ပြီး အများဆုံးပေါ်လွင်သည့် အရာများမှာ မာနထောင်လွှားခြင်း၊ လှည့်စားခြင်း၊ အငြိုးထားခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့ဖြစ်သည်။ သို့ရာတွင် သင်တို့ အားလုံးသည် တူညီသောအရာတစ်ခုကို သတိမမူမိကြ လေပြီ။ လူတို့သည် အသိစိတ်မရှိကြ၊ ၎င်းတို့သည် ဆင်ခြင်တုံတရား ပျောက်ဆုံးပြီဖြစ်ကာ လူ့သဘာဝ မရှိကြချေ- သို့သော် သင်တို့ မဖော်ပြထားသည့် အလွန်အရေးကြီးလှသော အခြားအရာတစ်ခု ရှိ၏၊ ယင်းမှာ “သစ္စာဖောက်ခြင်း” ဖြစ်သည်။ စာတန်၏ ဖျက်ဆီးခြင်းကို လူတို့ ခံလိုက်ရသည်နှင့်တစ်ပြိုင်နက် ၎င်းတို့ထဲတွင် တည်ရှိသည့် ဤစိတ်သဘောထားများ၏ နောက်ဆုံးသော အကျိုးဆက်မှာ ဘုရားသခင်အပေါ် ၎င်းတို့ သစ္စာဖောက်ခြင်း ဖြစ်သည်။ လူတို့ကို ဘုရားသခင်က မည်သည့်အရာ ပြောသည်ဖြစ်စေ၊ ၎င်းတို့အပေါ် မည်သည့်အမှုကို သူပြုသည်ဖြစ်စေ၊ ၎င်းတို့သည် သမ္မာတရားဟု ၎င်းတို့သိထားသောအရာကို အရေးမစိုက်ကြချေ။ ဆိုလိုသည်မှာ၊ ၎င်းတို့သည် ဘုရားသခင်ကို အသိအမှတ်မပြုတော့သကဲ့သို့ သူ့ကို သစ္စာဖောက် ကြလေသည်။ ဤသည်မှာ လူသားအပေါ်

စာတန်၏ ဖျက်ဆီးခြင်းအကျိုးဆက် ဖြစ်၏။ ယင်းသည် လူ၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားအားလုံးအတွက် ထို့အတူပင် ဖြစ်သည်။ လူသားကို ဖျက်ဆီးရန် စာတန် အသုံးပြုသော နည်းလမ်းများဖြစ်သည့်- လူတို့ သင်ယူသော အသိပညာ၊ ၎င်းတို့သိသော သိပ္ပံပညာ၊ အယူသီးမှုများနှင့် ရိုးရာယဉ်ကျေးမှုများ နှင့်သက်ဆိုင်သော ၎င်းတို့၏ သိနားလည်မှုအပြင်၊ လူမှုရေး ရေပန်းစားမှုများထဲတွင်- လူသားအနေဖြင့် မည်သည့်အရာက ဖြောင့်မတ်ပြီး မည်သည့်အရာက မဖြောင့်မတ်ပါဟု ပြောဖို့ လူသား အသုံးပြုနိုင်သော အရာတစ်ခုတစ်လေ ရှိပါသလော။ မည်သည့်အရာက သန့်ရှင်းပြီး မည်သည့်အရာက ဆိုးယုတ်သည်ဆိုသည်ကို သိစေရန် လူသားကို ကူညီနိုင်သော အရာတစ်ခုတစ်လေရှိသလော။ ဤအရာများကို တိုင်းတာရန် အသုံးပြုသော စံနှုန်းများ တစ်ခုတစ်လေ ရှိသလော။ (မရှိပါ။) လူသားကို ကူညီပေးနိုင်သည့် စံနှုန်းများနှင့် အခြေခံအကြောင်းအရင်းတို့ မရှိပါပေ။ လူတို့သည် “သန့်ရှင်းခြင်း” ဆိုသည့် စကားလုံးကို သိနိုင်သော်လည်း သန့်ရှင်းခြင်းဟူသည်မှာ မည်သည့်အရာ ဖြစ်သည်ကို အမှန်တကယ်သိသူ မရှိပေ။ ထို့ကြောင့် လူသားထံ စာတန်ယူဆောင်ပေးသော ဤအရာတို့သည် ၎င်းတို့အား သမ္မာတရားကို သိဖို့ ကူညီနိုင်သလော။ ၎င်းတို့သည် လူသားအား လူ့သဘာဝဖြင့် သာ၍ အသက်ရှင်ဖို့ ကူညီနိုင်သလော။ ၎င်းတို့သည် လူသားအား ဘုရားသခင်ကို ပို၍ကိုးကွယ်နိုင်သော နည်းလမ်းဖြင့် အသက်ရှင်ဖို့ ကူညီနိုင်သလော။ (မကူညီနိုင်ပါ။) ၎င်းတို့သည် လူသားအား ဘုရားသခင်ကို ကိုးကွယ်ဖို့ သို့မဟုတ် သမ္မာတရားကို နားလည်ဖို့ မကူညီနိုင်သကဲ့သို့၊ သန့်ရှင်းခြင်းနှင့် ဆိုးယုတ်ခြင်းတို့ မည်သည့်အရာ ဖြစ်သည်တို့ကို သိဖို့ လူကို မကူညီနိုင်သည်မှာ သိသာထင်ရှားပေသည်။ အပြန်အလှန်အားဖြင့် လူသားသည် ဘုရားသခင်နှင့် ဝေးသထက်ဝေးရာ လမ်းလွဲရင်း ပိုပိုပြီး ဆုတ်ယုတ်လာလေသည်။ ဤသည်မှာ စာတန်က ဆိုးယုတ်သည်ဟု ငါတို့ပြောရသည့် အကြောင်းရင်းဖြစ်သည်။ စာတန်၏ ဆိုးယုတ်သော အရည်အသွေးအများအပြားကို ခွဲခြမ်းလေ့လာပြီးသည့်အတွက် စာတန်အထဲတွင်ဖြစ်စေ၊ သူ၏ အရည်အသွေးများတွင်ဖြစ်စေ သို့မဟုတ် သူ၏ အနှစ်သာရနှင့်သက်ဆိုင်သော သင်၏ နားလည်မှုတွင်ဖြစ်စေ သန့်ရှင်းခြင်း၏ လက္ခဏာရပ်တစ်ခုခုကို သင်တို့ မြင်မိပါသလော (မမြင်မိပါ။) ထိုမျှ သေချာပေသည်။ သို့ဆိုလျှင် စာတန်၏ အနှစ်သာရလက္ခဏာ တစ်ခုခုသည် ဘုရားသခင်နှင့် တူညီမှုတစ်ခုတစ်လေ ရှိသည်ကို သင်တို့မြင်မိပါသလော။ (မမြင်မိပါ။) စာတန်၏ ဖော်ပြချက် တစ်ခုခုသည် ဘုရားသခင်နှင့် တူညီမှု တစ်ခုတစ်လေ ရှိပါသလော။ (မရှိပါ။) သို့ဆိုလျှင် ယခု သင်တို့ကို ငါမေးချင်သည်- သင်တို့၏ကိုယ်ပိုင်စကားများ အသုံးပြုလျှင်၊ ဘုရားသခင်၏

သန့်ရှင်းခြင်းဆိုသည်မှာ အတိအကျ အဘယ်အရာ ဖြစ်သနည်း။ ဦးဆုံးအနေဖြင့် "ဘုရားသခင်၏ သန့်ရှင်းခြင်း" ဟူသည့် စကားလုံးသည် မည်သည်နှင့် ဆက်စပ်နေသည်ဟု ဆိုထားသနည်း။ ဘုရားသခင်၏ အနှစ်သာရနှင့် ဆက်စပ်နေသည်ဟု ဆိုထားသလော။ သို့မဟုတ် သူ၏စိတ်နေသဘောထား သွင်ပြင်အချို့နှင့် ဆက်စပ်၍ ဆိုထားသလော (ဘုရားသခင်၏ အနှစ်သာရနှင့် ဆက်စပ်၍ ဆိုထားပါသည်။) ငါတို့လိုချင်သော အကြောင်းအရာကို ရောက်ရှိရန် အသုံးပြုဖို့ ခြေကုပ်တစ်ခုကို ငါတို့ ရှင်းရှင်းလင်းလင်း ခွဲခြားရမည်။ ဤစကားများကို ဘုရားသခင်၏ အနှစ်သာရနှင့် ဆက်စပ်၍ ဆိုထားပေသည်။ ဦးဆုံးအနေဖြင့်၊ ငါတို့သည် ဘုရားသခင်၏ အနှစ်သာရအဖို့ စာတန်၏ ဆိုးယုတ်မှုကို အဖြည့်ခံအဖြစ် ငါတို့ အသုံးပြုကြပြီးဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်ထံ၌ စာတန်၏ အနှစ်သာရ တစ်ခုခုကို သင်မြင်မိသေးသလော။ လူသားမျိုးနွယ်၏ အနှစ်သာရတစ်ခုခုကိုကော အဘယ်သို့နည်း။ (ကျွန်ုပ်တို့ မမြင်မိကြပါ။ ဘုရားသခင်သည် မာနထောင်လွှားခြင်း မရှိ၊ တစ်ကိုယ်ကောင်း မဆန်သကဲ့သို့ သစ္စာဖောက်ခြင်းမရှိ၊ ပြီးလျှင် ဤအရာမှ ဘုရားသခင်၏ သန့်ရှင်းသော အနှစ်သာရအား ထုတ်ဖော်ပြသည်ကို ငါတို့မြင်ရသည်။) ဖြည့်စွက်ဖို့ အခြားတစ်ခုခု ရှိပါသလော။ (ဘုရားသခင်တွင် စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထား အရိပ်အယောင်မျှ မရှိပါ။ စာတန်၌ရှိသောအရာမှာ အပျက်သဘော လုံးလုံးဖြစ်သော်လည်း ဘုရားသခင်၌ ရှိသောအရာမှာ အပြုသဘောသာ ဖြစ်သည်။ ငါတို့ အလွန်ငယ်ရွယ်သည့် အချိန်မှစ၍ ငါတို့၏ ဘဝတစ်လျှောက်လုံးနှင့် ယခုနေ့ရက်အထိတိုင်အောင်၊ အထူးသဖြင့် ငါတို့ စိတ်ရှုပ်ထွေးပြီး လမ်းပျောက်ခဲ့ချိန်တွင် ငါတို့ကို စောင့်ရှောက်လျက် ကာကွယ်ပေးလျက် ဘုရားသခင်သည် ငါတို့ ဘက်တွင် အမြဲရှိနေခဲ့သည်ကို ငါတို့ မြင်နိုင်ပါသည်။ ဘုရားသခင်တွင် လှည့်စားခြင်း၊ လိမ်လည်ခြင်း မရှိပါ။ သူသည် ရှင်းလင်းပြတ်သားစွာ ပြောဆိုပြီး၊ ဤသည်မှာလည်း ဘုရားသခင်၏ စစ်မှန်သောအနှစ်သာရ ဖြစ်ပါသည်။) အလွန်ကောင်းမွန်ပေ၏။ (ငါတို့သည် ဘုရားသခင်၌ စာတန်၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားတစ်ခုမျှ မမြင်ရပေ။ တမင်လိမ်လည်ခြင်းမရှိ၊ ကြွားဝါခြင်းမရှိ၊ အနှစ်မပါသောကတိများ မရှိသကဲ့သို့ လှည့်စားခြင်းလည်း မရှိပေ။ ဘုရားသခင်သည် လူသားက ယုံကြည်နိုင်သည့် တစ်ဦးတည်းသောသူ ဖြစ်သည်။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံပြီး ရိုးသားမှန်ကန်ပါသည်။ ဘုရားသခင်သည် လူတို့ကို ရိုးသားရန် ပြောဆိုသည်၊ ၎င်းတို့ကို အသိဉာဏ်ပညာပေးသည်၊ အဆိုးနှင့်အကောင်းကို ခွဲခြားနိုင်စေပြီး အမျိုးမျိုးသောလူများ၊ အဖြစ်အပျက်များနှင့် အမှုအရာများအပေါ် ချင့်ချိန်နိုင်စွမ်း ရှိစေနိုင်သည်ကို ဘုရားသခင်၏အမှုတော်မှ

ငါတို့မြင်နိုင်ပါသည်။ ဤအရာ၌ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ငါတို့မြင်နိုင်ပါသည်။) သင်တို့ ပြောပြီးပြီလော။ သင်တို့ ပြောပြီးသည့်အရာများနှင့် ပတ်သက်၍ ကျေနပ်ကြပါသလော။ သင်တို့၏ စိတ်နှလုံးများထဲ၌ ဘုရားသခင်အပေါ် သိနားလည်မှုသည် အမှန်တကယ် မည်မျှရှိသနည်း။ ပြီးလျှင် ဘုရားသခင်၏ သန့်ရှင်းခြင်းကို သင်တို့ မည်မျှ နားလည်သဘောပေါက်သနည်း။ သင်တို့ တစ်ဦး တစ်ယောက်စီတိုင်းသည် သင်တို့၏ နှလုံးသားထဲ၌ ထိုးထွင်းသိမြင်သော သိနားလည်မှု အဆင့်တစ်ခု ရှိကြသည်ကို ငါသိ၏၊ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးတစ်ယောက်စီတိုင်းသည် ၎င်းတို့အပေါ်၌ပြုသည့် ဘုရားသခင်၏အမှုကို ခံစားနိုင်ကြပြီး ဘုရားသခင်ထံမှ- ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာများ၊ အသိဉာဏ် ပွင့်လင်းခြင်းနှင့် အလင်းပေးခြင်း၊ ပြီးလျှင် ဘုရားသခင်၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမခြင်းဟူသော အမှုအရာ များစွာတို့ကို အတိုင်းအတာအမျိုးမျိုးဖြင့် ရရှိကြသောကြောင့် ဖြစ်သည်၊ ဤအရာများကြောင့် လူသည် ဘုရားသခင်၏ အနှစ်သာရနှင့်ဆိုင်သည့် ရိုးရှင်းသော သိနားလည်မှုအချို့ကို ရရှိပေသည်။

ငါတို့ ယနေ့ဆွေးနွေးနေသည့် ဘုရားသခင်၏ သန့်ရှင်းခြင်းသည် လူအများစုအဖို့ ထူးဆန်းသည်ဟု ထင်ရနိုင်သော်လည်း၊ မည်သို့ပင် ဖြစ်စေ၊ ငါတို့သည် ဤအကြောင်းအရာကို ယခု အစပြုလိုက်ပြီဖြစ်ပြီး သင်တို့သည် ရှေ့ကလမ်းကို လျှောက်လှမ်းသည်နှင့်အမျှ ပို၍နက်ရှိုင်းသော သိနားလည်မှုကို သင်တို့ ရကြလိမ့်မည်။ ယင်းက သင်ကိုယ်တိုင်၏ အတွေ့အကြုံအတွင်း၌ တဖြည်းဖြည်း ခံစား၊ နားလည်ရန် တောင်းဆိုသည်။ ယခုတွင်မူ "ဘုရားသခင်၏ သန့်ရှင်းခြင်း" ဆိုသည်မှာ ဘုရားသခင်၏အနှစ်သာရမှာ အပြစ်အနာအဆာ ကင်းကြောင်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာက ကိုယ်ကျိုးငဲ့ခြင်းမရှိ၊ လူသားကို ဘုရားသခင်ပေးသော အရာအားလုံးသည် ကိုယ်ကျိုးငဲ့ခြင်း မရှိသည်ကို ဆိုလိုကြောင်း သင်၏ နှလုံးသားဗဟိုချက်မှ သင်သိမည့်နေ့ တစ်နေ့အထိ၊ ဘုရားသခင်၏ အနှစ်သာရအပေါ် သင်တို့၏ ထိုးထွင်းသိမြင်မှုကို အခြေခံသည့် သိနားလည်ခြင်းသည် ထိုအရာကို သင်ယူလေ့လာရန်၊ ခိုင်မာစေရန်၊ ခံစားရန်နှင့် ကြုံတွေ့ရန် ကြာရှည်သောအချိန်ကာလတစ်ခု လိုအပ်သေး၏။ ပြီးလျှင် ဘုရားသခင်၏ သန့်ရှင်းခြင်းသည် အပြစ် အနာအဆာကင်းပြီး အပြစ်တင်စရာမရှိသည်ကို သင်သိလာလိမ့်မည်။ ဘုရားသခင်၏ ဤအနှစ်သာရနှင့်ဆိုင်သည့် ဤသွင်ပြင် လက္ခဏာများသည် သူ၏ အဆင့်အတန်းကို ကြွားလုံးထုတ်ရန် သူအသုံးပြုသော စကားလုံးများသက်သက်မဟုတ်ဘဲ၊ ယင်းထက် ဘုရားသခင်သည် လူတစ်ဦးတစ်ယောက်စီတိုင်းအား တည်ငြိမ်သော ရိုးသားမှန်ကန်မှုဖြင့် ဆက်ဆံရန် သူ၏အနှစ်သာရကို အသုံးပြုခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်၏

အနှစ်သာရသည် အဓိပ္ပာယ်မဲ့မဟုတ်သကဲ့သို့ အယူအဆရေးရာ သို့မဟုတ် အယူဝါဒဆိုင်ရာလည်း မဟုတ်ပေ၊ ပြီးလျှင် ယင်းသည် အသိပညာတစ်မျိုး မဟုတ်သည်မှာလည်း အသေအချာပင်ဖြစ်၏။ ယင်းသည် လူသားအတွက် ပညာရေးတစ်မျိုးမဟုတ်ပေ။ ထိုအစား၊ ဘုရားသခင်ကိုယ်တိုင်၏ လုပ်ဆောင်ချက်များနှင့်ဆိုင်သော စစ်မှန်သည့် ထုတ်ဖော်ပြခြင်းနှင့် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းနှင့်ဆိုင်သည့် ထုတ်ဖော်ထားသော အနှစ်သာရဖြစ်သည်။ ဘုရားသခင် ပြုသောအရာတိုင်းနှင့် သူပြောဆိုသော နှုတ်ကပတ်တော်တိုင်းသည် လူတစ်ဦးတစ်ယောက်ချင်းစီအဖို့ ကြီးစွာသောတန်ဖိုးနှင့် ကြီးစွာသောအရေးပါမှု ရှိခြင်းကြောင့် လူသားသည် ဤအနှစ်သာရကို သိသင့်ပြီး နားလည်သဘောပေါက် သင့်၏။ သင်သည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို နားလည် သဘောပေါက် လာသည့်အခါ ဘုရားသခင်ကို သင် အမှန်တကယ် ယုံကြည်နိုင်လိမ့်မည်။ သင်သည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို နားလည်သဘောပေါက်လာသည့်အခါ “အတုမရှိ ဘုရားသခင် ကိုယ်တော်တိုင်” ဟူသော စကားလုံးတို့၏ အဓိပ္ပါယ် အစစ်အမှန်ကို အမှန်တကယ် နားလည်နိုင်လိမ့်မည်။ သင့်အနေဖြင့် ဤတစ်လမ်းအပြင် သင်ရွေးလျှောက်နိုင်သည့် အခြားလမ်းကြောင်းများရှိသည်ကို တွေးလျက် သင်သည် စိတ်ကူးယဉ်တော့မည် မဟုတ်သကဲ့သို့၊ သင့်အတွက် ဘုရားသခင် စီစဉ်ထားသော အရာရာတိုင်းကို သစ္စာဖောက်ရန်လည်း လိုလားတော့မည် မဟုတ်ပေ။ ဘုရားသခင်၏ အနှစ်သာရသည် သန့်ရှင်းသောကြောင့် ယင်းသည် ဘုရားသခင် အားဖြင့်သာလျှင် ဖြောင့်မတ်သော အလင်းလမ်းကြောင်းပေါ် အသက်တာတစ်လျှောက် သင်လျှောက်လှမ်းနိုင်သည်ဟု အဓိပ္ပာယ် ရ၏။ ဘုရားသခင်အားဖြင့်သာ ဘဝ၏ အဓိပ္ပာယ်ကို သင်သိနိုင်၏။ ဘုရားသခင်အားဖြင့်သာ စစ်မှန်သော လူ့သဘာဝကို သင် အသက်ရှင်နေထိုင်နိုင်ပြီး သမ္မာတရားကို ပိုင်ဆိုင်နိုင်သကဲ့သို့ သိလည်းသိနိုင်သည်။ ဘုရားသခင်အားဖြင့်သာ သမ္မာတရားမှ အသက်ကို သင်ရရှိနိုင်သည်။ ဘုရားသခင်ကိုယ်တိုင်သာ သင့်အား မကောင်းမှုမှ ရှောင်ကြဉ်ရန် ကူညီပေးနိုင်ပြီး စာတန်၏ အန္တရာယ်နှင့် ထိန်းချုပ်မှုမှ သင့်အား ကယ်တင်ပေးနိုင်၏။ ဆင်းရဲဒုက္ခကို သင် မခံစားရတော့ရန်အလို့ငှာ ဘုရားသခင် မှအပ သင့်အား မည်သူမျှ၊ မည်သည့်အရာကမျှ ဒုက္ခပင်လယ် အတွင်းမှ မကယ်တင်နိုင်ပေ။ ဤသည်မှာ ဘုရားသခင်၏ အနှစ်သာရအားဖြင့် သတ်မှတ်ခြင်း ဖြစ်၏။ ဘုရားသခင် ကိုယ်တိုင်သည်သာ သင့်ကို လုံးဝကိုယ်ကျိုးမငဲ့ဘဲ ကယ်တင်၏၊ ဘုရားသခင်သည်သာ သင်၏အနာဂတ်၊ သင်၏ ကံကြမ္မာနှင့် သင်၏အသက်တာအတွက် အခြေခံအားဖြင့် တာဝန်ရှိပြီး၊ သူသည် သင့်အတွက်

အရာခပ်သိမ်းကို စီစဉ်ပေး၏။ ဤသည်မှာ ဖန်ဆင်းခံဖြစ်စေ၊ ဖန်ဆင်းခံမဟုတ်သည့်အရာဖြစ်စေ မည်သည့် အရာကမျှ မစွမ်းဆောင်နိုင်သည့် အရာတစ်ခုဖြစ်သည်။ ဖန်ဆင်းခံ သို့မဟုတ် ဖန်ဆင်းခံမဟုတ်သည့်အရာတို့က ဘုရားသခင်၏ အနှစ်သာရကဲ့သို့သော အနှစ်သာရကို မပိုင်ဆိုင်သောကြောင့် မည်သည့်လူ သို့မဟုတ် မည်သည့်အရာကမျှ သင့်အား ကယ်တင်ရန် သို့မဟုတ် သင့်အား ဦးဆောင်လမ်းပြရန် အစွမ်းအစမရှိချေ။ ဤသည်မှာ လူသားအဖို့ ဘုရားသခင်၏ အနှစ်သာရနှင့်ဆိုင်သော အရေးပါမှု ဖြစ်သည်။ ငါပြောပြီးသော ဤနှုတ်ကပတ်တော်များသည် ယေဘုယျ အားဖြင့် အနည်းငယ်မျှ အထောက်အကူဖြစ်နိုင်သည်ဟု သင်တို့သည် ခံစားရကောင်းခံစားရမည်။ သို့ရာတွင် သင်သည် သမ္မာတရားကို လိုက်စားပါက၊ သင်သည် သမ္မာတရားကို ချစ်မြတ်နိုးပါက ဤနှုတ်ကပတ်တော်များက သင်၏ ကံကြမ္မာကို ပြောင်းလဲပေးရုံသာမက၊ ထို့ထက်ပင် ၎င်းတို့က သင့်အား လူ့အသက်တာ၏ မှန်ကန်သောလမ်းကြောင်းဆီသို့ မည်သို့ပို့ဆောင်ပေးလိမ့်မည်ကို သင်တွေ့ကြုံလာရလိမ့်မည်။ ဤအရာကို သင် နားလည်သည်မဟုတ်လော။ သို့ဆိုလျှင် ယခု သင်တို့သည် ဘုရားသခင်၏ အနှစ်သာရကို သိခြင်း၌ စိတ်ဝင်စားမှုအတော်အတန် ရှိပြီလော။ (ရှိပါပြီ။) သင်တို့ စိတ်ပါဝင်စားသည်ကို သိရသည်မှာ ကောင်းပေ၏။ ဤသည်မှာ ယနေ့အတွက် ဘုရားသခင်၏ သန့်ရှင်းခြင်းအား သိခြင်းနှင့်ဆိုင်သည့် ငါတို့၏ မိတ်သဟာယ အကြောင်းအရာကို အဆုံးသတ်မည့်နေရာဖြစ်သည်။

ယနေ့ ဆုံတွေ့ပွဲ၏အစ၌ ငါ့အား အံ့အားသင့်စေခဲ့သည့် သင်တို့ပြုလုပ်ခဲ့သော အရာတစ်ခုအကြောင်းကို သင်တို့ကို ငါပြောချင်သည်။ သင်တို့ထဲမှ အချို့သည် ကျေးဇူးတရား အသိစိတ်တစ်ခုကို ပြုစုပျိုးထောင်ကောင်း ပျိုးထောင် နေလိမ့်မည်၊ ကျေးဇူးတင်ရှိကောင်းတင်ရှိနေလိမ့်မည်၊ ထို့ကြောင့် သင်တို့၏စိတ်ခံစားချက်သည် အလားတူ လိုက်လျောညီထွေသော လုပ်ဆောင်ချက်ကို ဆောင်ကြဉ်းခဲ့ပေသည်။ သင်တို့ လုပ်ခဲ့သည့်အရာသည် အပြစ်ဆိုဖို့မလိုသည့်အရာတစ်ခု ဖြစ်၏။ မှန်လည်း မမှန်သကဲ့သို့ မှားလည်းမမှားချေ။ သို့ရာတွင် သင်တို့ကို ငါသည် တစ်စုံတစ်ခုအား နားလည်စေချင်သည်။ မည်သည့်အရာကို သင်တို့အား ငါ နားလည်စေချင်သနည်း။ ဦးစွာအနေဖြင့်၊ သင်တို့ ယခုတင် လုပ်ခဲ့သောအရာ နှင့်ပတ်သက်ပြီး သင်တို့ကို မေးချင်သည်။ ယင်းသည် ဝတ်ပြုကိုးကွယ်ရန် ဝပ်စင်းရခြင်းလော သို့မဟုတ် ဒူးထောက်ရခြင်းလော။ တစ်ယောက်ယောက် ငါ့ကို ပြောပြနိုင်သလော။ (ဝပ်စင်းရခြင်းဟု ယုံကြည်ပါသည်။) ဝပ်စင်းရခြင်းဟု သင်တို့က ယုံကြည်သည်၊ သို့ဆိုလျှင် ဝပ်စင်းခြင်း၏ အဓိပ္ပါယ်မှာ အဘယ်နည်း (ကိုးကွယ်ခြင်း

ဖြစ်ပါသည်။) သို့ဆိုလျှင် ဝတ်ပြုရန် ဒူးထောက်ခြင်းသည် အဘယ်နည်း။ ဤအကြောင်းကို သင်တို့နှင့်အတူ ယခင်က ငါမိတ်သဟာယမပြုရသေးသော်လည်း၊ ယနေ့ ထိုအရာကို လုပ်ဆောင်ဖို့လိုအပ်သည်ဟု ငါ ခံစားမိသည်။ သင်တို့၏ ပုံမှန်ဆုံတွေ့ပွဲများတွင် သင်တို့ ဝပ်စင်းကြသလော။ (မဝပ်စင်းကြပါ။) သင်တို့ ဆုတောင်းသည့်အခါ ဝပ်စင်းသလော။ (ဝပ်စင်းပါသည်။) ဆုတောင်းသည့်အခါတိုင်း အခြေအနေ ပေးသည့်အခါဝပ်စင်းကြသလော။ (ဝပ်စင်းပါသည်။) ကောင်းပေ၏။ သို့ရာတွင် ယနေ့ သင်တို့ကို ငါနားလည်စေချင်သည်မှာ လူနှစ်မျိုး၏ ဒူးထောက် ရှိခိုးခြင်းကိုသာ ဘုရားသခင်က လက်ခံသည့် အကြောင်းဖြစ်၏။ ငါတို့သည် သမ္မာကျမ်း သို့မဟုတ် ဝိညာဉ်ရေးရာ ပုဂ္ဂိုလ်တို့၏ လုပ်ဆောင်ချက်များနှင့် အပြုအမူများကို ဆွေးနွေးဖို့ မလိုအပ်ပေ။ ယင်းအစား၊ ငါသည် သင်တို့အား မှန်ကန်သော အရာတစ်ခုကို ဤနေရာနှင့် ယခုပင် ပြောတော့မည်။ ဦးဆုံးအနေဖြင့်၊ ဝတ်ပြုရန် ဝပ်စင်းခြင်းနှင့် ဒူးထောက်ခြင်းတို့သည် မတူညီကြချေ။ ၎င်းတို့ဘာသာ ဝပ်စင်းသောသူတို့၏ ဒူးထောက်ရှိခိုးခြင်းကို ဘုရားသခင်သည် အဘယ်ကြောင့် လက်ခံသနည်း။ ယင်းမှာ ဘုရားသခင်သည် တစ်စုံတစ်ယောက်အား သူ့ထံသို့ ခေါ်ဆို၍၊ ဤလူအား သူ၏တာဝန်ပေးစေခိုင်းချက်ကို လက်ခံရန် စေ့ဆော်သောကြောင့် ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်သည် သူ့ကို မိမိ၏ရှေ့တွင် ကိုယ့်ကိုယ်ကိုယ် ဝပ်စင်းခွင့်ပြုခြင်းဖြစ်လေသည်။ ဤသည်မှာ ပထမလူအမျိုးအစားဖြစ်၏။ ဒုတိယ အမျိုးအစားသည်ကား ဘုရားသခင်ကို ကြောက်ရွံ့၍ မကောင်းမှုကို ရှောင်ကြဉ်သော လူတစ်ယောက်၏ ဝတ်ပြုရန် ဒူးထောက်ခြင်း ဖြစ်သည်။ ဤသို့သော လူနှစ်မျိုးသာရှိ၏။ သို့ဆိုလျှင် မည်သည့်အမျိုးအစား၌ သင်တို့ ပါဝင်သနည်း။ သင်တို့ပြောနိုင်ပါသလော။ သင်တို့၏ခံစားချက်များကို အနည်းငယ်မျှ နာကျင်စေ နိုင်သော်လည်း၊ ဤသည်မှာ အမှန်တရားဖြစ်၏။ ဆုတောင်းစဉ်အတွင်း လူတို့၏ ဒူးထောက်ရှိခိုးခြင်းအကြောင်းကို ပြောစရာ ဘာမျှမရှိချေ- ဤသည်မှာ သင့်လျော်ပြီး ဖြစ်လည်း ဖြစ်သင့်၏၊ အဘယ်ကြောင့်ဆိုသော် လူတို့ ဆုတောင်းသည့်အခါ၊ အများအားဖြင့် တစ်စုံတစ်ခုအတွက် ဆုတောင်းခြင်း၊ ၎င်းတို့၏ နှလုံးသားများကို ဘုရားသခင်ထံ ဖွင့်ဟခြင်းနှင့် သူနှင့် မျက်နှာချင်းဆိုင်ဆုံတွေ့ခြင်း ဖြစ်သောကြောင့် ဖြစ်သည်။ ယင်းသည် ဘုရားသခင်နှင့် နှလုံးသားချင်း ဆက်သွယ်ကာ၊ ဖလှယ်ကြခြင်း ဖြစ်သည်။ သင်၏ ဒူးထောက်ဝတ်ပြုခြင်းသည် လုပ်ရိုးလုပ်စဉ် တစ်ခုမျှသာ မဖြစ်သင့်ပေ။ ငါသည် ယနေ့ သင်တို့ လုပ်လိုက်သောအရာအပေါ် အပြစ်ဆိုရန် ရည်ရွယ်ခြင်း မဟုတ်။ ဤအခြေခံသဘောတရားကို သင်တို့ နားလည်စေရန်အလို့ငှာ၊ သင်တို့အား ရှင်းရှင်းလင်းလင်း ဖြစ်စေလိုခြင်းသာ ဖြစ်သည်- ဤအရာကို သင်တို့ သိသည် မဟုတ်လော။ (သိပါသည်။) ဤအရာ တစ်ဖန်မဖြစ်ဖို့ရန် အလို့ငှာ သင်တို့ကို

ငါ ပြောနေခြင်း ဖြစ်သည်။ သို့ဆိုလျှင်၊ လူတို့သည် ဘုရားသခင်၏ မျက်မှောက်၌ ဝပ်စင်း၊ ဒူးထောက်ရန် အခွင့်အရေး ရှိပါသလော။ ဤအခွင့်အရေး လုံးဝမရှိမည်တော့ မဟုတ်ပေ။ အနေးနှင့်အမြန် ထိုနေ့ရက်သည် ရောက်လာမည်ဖြစ်သော်လည်း၊ ယခု အချိန်မကျသေးပေ။ သင်တို့မြင်ကြသလော။ ဤအရာက သင်တို့ကို စိတ်ပျက်စေသလော။ (စိတ်မပျက်ပါ။) ကောင်းပေ၏။ ဘုရားသခင်နှင့်လူကြားက လက်ရှိ အကျပ်အတည်းနှင့် ၎င်းတို့ကြားတွင် မည်သည့် ဆက်ဆံရေးမျိုး ယခု တည်ရှိသည်ဆိုသည်ကို သင်တို့၏ နှလုံးသားများထဲတွင် သိနိုင်စေရန် အလို့ငှာ၊ ဤစကားတို့သည် သင်တို့အား တွန်းအားပေးလိမ့်မည်၊ သို့မဟုတ် လှုံ့ဆော်ပေးလိမ့်မည်။ ငါတို့သည် မျှားမကြာမီက အများအပြား ဆွေးနွေးဖလှယ်ထားကြပြီးဖြစ်သော်လည်း၊ ဘုရားသခင် အပေါ် လူသား၏ သိနားလည်မှုမှာ လုံလောက်ရန် အလှမ်းဝေး နေဆဲဖြစ်၏။ လူသားသည် ဘုရားသခင်ကို နားလည်ရန် ကြိုးပမ်းသည့် ဤလမ်းပေါ် ဆက်လျှောက်ဖို့ရန် ဝေးစွာကျန်နေသေးသည်။ ဤအရာကို သင်တို့အား အရေးတကြီး ကိစ္စရပ်တစ်ခုအဖြစ် ပြုလုပ်စေရန်၊ သို့မဟုတ် ဤသို့သော ရည်မှန်းချက်များ၊ ခံစားချက်များကို အမြန်ဖော်ပြစေရန်မှာ ငါ၏ ရည်ရွယ်ချက် မဟုတ်။ ယနေ့ သင်တို့လုပ်ခဲ့သောအရာသည် သင်တို့၏ စစ်မှန်သော ခံစားချက်များကို ထုတ်ဖော်ပြကောင်း ထုတ်ဖော်ပြနိုင်ပြီး၊ ငါသည် ၎င်းတို့ကို သိမြင်၏။ ထို့ကြောင့် သင်တို့အားလုံးကို ကောင်းမွန်စေချင် သောကြောင့် သင်တို့ ထိုအရာကို ပြုလုပ်နေစဉ်တွင်၊ ငါသည် ထကာ သင်တို့အား ငါ၏ ဆုမွန်ကောင်းများကို ပေးချင်ခဲ့မိ၏။ ထို့ကြောင့် သင်တို့အနေဖြင့် အမှုအရာများအားလုံးနှင့်သက်ဆိုင်၍ မှန်ကန်သော သိနားလည်မှုနှင့် မှန်ကန်သော အမြင်များ ရှိနိုင်ကြဖို့အလို့ငှာ၊ ငါ၏ နှုတ်ကပတ်တော်တိုင်းနှင့် အပြုအမူတိုင်းတွင်၊ သင်တို့ကို ကူညီရန်၊ လမ်းပြရန်အတွက် ငါသည် အစွမ်းကုန်ကြိုးပမ်း၏။ ဤအရာကို သင်တို့ သဘောပေါက်နိုင်သည် မဟုတ်လော။ (သဘောပေါက်ပါသည်။) ကောင်းပေ၏။ လူတို့သည် ဘုရားသခင်၏ အမျိုးမျိုးသော စိတ်သဘောထားများ၊ ဘုရားသခင်၏အရာအားလုံးနှင့်ဖြစ်ခြင်း သွင်ပြင် လက္ခဏာရပ်များနှင့် ဘုရားသခင်ပြုသော အမှုနှင့် သက်ဆိုင်သည့် သိနားလည်မှုအချို့ ရှိကြသော်လည်း၊ ဤနားလည်မှု၏ အများစုမှာ စာမျက်နှာတစ်ခုပေါ်မှ စကားလုံးများကို ဖတ်ကြည့်ခြင်း သို့မဟုတ် ယင်းတို့ကို အခြေခံသဘောတရားအရ နားလည်ခြင်း သို့မဟုတ် ယင်းတို့ကို စဉ်းစားကြည့်ခြင်းတို့ထက် မပိုချေ။ လူတို့ အချို့တဲ့ဆုံးသောအရာမှာ အတွေ့အကြုံစစ်စစ်မှလာသည့် စစ်မှန်သော သိနားလည်ခြင်းနှင့် ထိုးထွင်းသိမြင်မှု ဖြစ်သည်။ ဘုရားသခင်သည် လူတို့၏နှလုံးသားတို့ကို နိုးထစေရန် အတွက် အမျိုးမျိုးသော နည်းလမ်းတို့ကို အသုံးပြုသော်ငြား၊ ဤအရာ မဖြစ်မြောက်နိုင်မီ လျှောက်လှမ်းရမည့်

ခရီးရှည်တစ်ခု ရှိနေဆဲဖြစ်သည်။ ဘုရားသခင်သည် ၎င်းတို့အား အေးစက်စက်ဖြင့် ချန်လှပ်ထားပြီ ဖြစ်သည့်အလား၊ ဘုရားသခင်သည် ၎င်းတို့အား စွန့်ပစ်ထားပြီ သို့မဟုတ် ကျောခိုင်းသွားပြီဖြစ်သည့်အလား တစ်ဦးတစ်ယောက် ခံစားနေသည်ကို ငါမမြင်ချင်ပေ။ ငါမြင်ချင်သမျှမှာ အယောက်တိုင်းသည် သမ္မာတရားကို လိုက်စားခြင်းနှင့် ဘုရားသခင်ကို နားလည်ရန် ကြိုးပမ်းခြင်း လမ်းထက်တွင် ဒွိဟများ၊ ဝန်ထုပ်ဝန်ပိုးများ မရှိဘဲ၊ မယိမ်းယိုင်သော စိတ်ပိုင်းဖြတ်မှုဖြင့် ရဲဝံ့စွာ ရှေ့သို့ချီခြင်း ဖြစ်သည်။ သင်သည် မည်သို့သော အမှားများကို ကျူးလွန်ပြီးသည်ဖြစ်စေ၊ မည်မျှ လမ်းလွဲပြီးသည်ဖြစ်စေ၊ သို့မဟုတ် မည်မျှ ဆိုးရွားစွာ ဖောက်ဖျက်ထားသည်ဖြစ်စေ၊ ဘုရားသခင်ကို သိနားလည်ခြင်းအား သင်၏လိုက်စား ရှာဖွေမှုတွင် ဤအရာများကို သင်နှင့်အတူ သယ်ဆောင်သွားရမည့် ဝန်ထုပ်ဝန်ပိုးများ သို့မဟုတ် အပို ဝန်စည်စလယ်များ ဖြစ်မလာစေနှင့်။ ရှေ့သို့သာ ဆက်၍ ချီတက်လော့။ ဘုရားသခင်သည် လူ၏ ကယ်တင်ခြင်းကို သူ၏ စိတ်နှလုံးထဲတွင် အမြဲ ထိန်းသိမ်းထား၏။ ဤသည်မှာ ဘုရားသခင်၏ အနှစ်သာရတွင် အဖိုးတန်ဆုံး အစိတ်အပိုင်းဖြစ်၏။ ယခုတွင် သင်တို့ အနည်းငယ်မျှ ပို၍စိတ်သက်သာရရသလော။ (ရပါသည်။) သင်တို့သည် အရာအားလုံးနှင့် ငါ ပြောခဲ့သည့် နှုတ်ကပတ်တော်များကို မှန်ကန်စွာ ချဉ်းကပ်နိုင်သည်ဟု ငါ မျှော်လင့်၏။ သို့ဆိုလျှင် ဤမိတ်သဟာယကို ဤနေရာ၌ အဆုံးသတ်လိုက်ကြပါစို့။ အားလုံးကို နှုတ်ဆက်ပါ၏။ (နှုတ်ဆက်ပါသည်။)

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၇)

## ဘုရားသခင်၏ အခွင့်အာဏာ၊ ဖြောင့်မတ်သော စိတ်သဘောထား နှင့် သန့်ရှင်းခြင်းအကြောင်း ခြုံငုံသုံးသပ်ချက်

ဆုတောင်းပြီးသည့်အချိန်တွင် သင်တို့၏ စိတ်နှလုံးများမှာ ဘုရားသခင်၏မျက်မှောက်တွင် ငြိမ်သက်သွားသည်ဟု ခံစားကြ ရသလော။ (ခံစားရပါသည်။) လူတစ်ဦး၏စိတ်နှလုံးကို ငြိမ်သက်စေနိုင်ပါက၊ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနိုင်၊ နားလည်နိုင်မည် ဖြစ်ပြီး သမ္မာတရားကိုလည်း ကြားနိုင်၊ နားလည်နိုင်မည် ဖြစ်သည်။ အကယ်၍ သင့်စိတ်နှလုံးကို မငြိမ်သက်စေနိုင်လျှင်၊ သင့်စိတ်နှလုံးက အမြဲတမ်း မျောလွင့်နေလျှင်၊ သို့မဟုတ် အခြားအကြောင်းများကို အမြဲစဉ်းစားနေလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို

ကြားနာရန် တွေ့ဆုံပွဲများ တက်ရောက်သည့်အခါ ဤအရာက သင့်အပေါ် သက်ရောက်မှု ရှိလိမ့်မည်။ ငါတို့ ဆွေးနွေးလာနေသည့် အကြောင်းအရာများ၏ အချက်အချာက အဘယ်နည်း။ အဓိကအချက်များကို ငါတို့အားလုံး အနည်းငယ် ပြန်တွေးကြည့်ကြပါစို့။ ပထမပိုင်း၌ အတုမရှိ ဘုရားသခင် ကိုယ်တော်တိုင်ကို သိရှိခြင်းနှင့် ပတ်သက်ပြီး ဘုရားသခင်၏ အခွင့်အာဏာအကြောင်းကို ငါတို့ဆွေးနွေးခဲ့သည်။ ဒုတိယပိုင်း၌ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထား အကြောင်းကို ငါတို့ဆွေးနွေးခဲ့ကြပြီး တတိယအပိုင်း၌ ဘုရားသခင်၏ သန့်ရှင်းမှုအကြောင်းကို ငါတို့ ဆွေးနွေးခဲ့ကြသည်။ တစ်ချိန်စီ ငါတို့ဆွေးနွေးခဲ့သည့် သတ်သတ်မှတ်မှတ် အကြောင်းအရာတိုင်းက သင်တို့အပေါ်တွင် ခံစားမှုတစ်ခုခုကို ကျန်ရစ်စေခဲ့သလော။ "ဘုရားသခင်၏ အခွင့်အာဏာ" ဆိုသည့် ပထမပိုင်းထဲတွင် မည်သည့်အရာက သင်တို့အပေါ် အစွဲထင်ဆုံး ခံစားမှုကို ကျန်ရစ်စေသနည်း။ မည်သည့်အပိုင်းက သင်တို့အပေါ် အကြီးမားဆုံး သက်ရောက်မှုရှိခဲ့သနည်း။ (ဘုရားသခင်သည် ပထမဦးစွာ သူ့နှုတ်ကပတ်တော်၏ အခွင့်အာဏာနှင့် ဘုန်းတန်ခိုးကို မိတ်သဟာယပြုခဲ့သည်။ ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်တမျှ နှစ်လိုဖွယ်ကောင်းပြီး သူ၏ နှုတ်ကပတ်တော်က အမှန်ဖြစ်လာမည်။ ဤသည်မှာ ဘုရားသခင်၏ ပင်ကိုအနှစ်သာရပင် ဖြစ်သည်။) (စာတန်အပေါ် ဘုရားသခင်၏ အမိန့်မှာ သူသည် ယောဘကို သွေးဆောင်ရုံ သွေးဆောင်နိုင်သော်လည်း သူ၏အသက်ကို မနုတ်ယူရဟူ၍ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာမှ ဘုရားသခင်၏ နှုတ်ကပတ်တော်၏ အခွင့်အာဏာကို မြင်ရပါသည်။) အခြားအချက်များ ထပ်ဖြည့်ရန် ရှိသေးသလော။ (ဘုရားသခင်သည် ကောင်းကင်၊ မြေကြီးနှင့် ၎င်းတို့အထဲရှိ အရာခပ်သိမ်းကို ဖန်ဆင်းရန် နှုတ်ကပတ်တော်များကို အသုံးပြုခဲ့ပြီး သူသည် လူသားနှင့် ပဋိညာဉ်ဖွဲ့ရန်နှင့် လူသားအပေါ် သူ၏ကောင်းချီးများကို ချပေးရန် နှုတ်ကပတ်တော်များကို မြွက်ဆိုသည်၊ ဤအရာများ အားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ အခွင့်အာဏာ အတွက် ဥပမာများဖြစ်ကြသည်။ ထို့နောက် သခင်ယေရှုသည် လာဇရုကို သူ၏သင်္ချိုင်းဂူထဲမှ ထွက်လာဖို့ မည်ကဲ့သို့ အမိန့်ပေးခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ရှိခဲ့သည်- ဤအရာက အသက်ရှင်ခြင်းနှင့် သေခြင်းသည် ဘုရားသခင်၏ ထိန်းချုပ်မှု အောက်တွင်ရှိကြောင်း၊ စာတန်၌ အသက်ရှင်ခြင်းနှင့် သေခြင်းကို ထိန်းချုပ်ရန် တန်ခိုးမရှိကြောင်းနှင့်၊ ဘုရားသခင်၏ အလုပ်သည် ဇာတိပကတိ၌လုပ်ဆောင်သည်ဖြစ်စေ၊ ဝိညာဉ်တော်ထဲ၌ လုပ်ဆောင်သည်ဖြစ်စေ သူ၏အခွင့်အာဏာသည် အတုမရှိကြောင်းကို ပြသသည်။) ဤသည်မှာ မိတ်သဟာယဖွဲ့ချက်ကို ကြားနာပြီးနောက် သင်တို့ရရှိခဲ့သော သိနားလည်ခြင်းတစ်ခုဖြစ်သည် မဟုတ်လော။ ဘုရားသခင်၏ အခွင့်အာဏာဟု ဆိုရာတွင်

“အခွင့်အာဏာ” ဆိုသည့် စကားလုံးအပေါ် သင်တို့၏ နားလည်ပုံမှာ အဘယ်နည်း။ ဘုရားသခင်၏ အခွင့်အာဏာ အတိုင်းအတာအတွင်း ဘုရားသခင် လုပ်ဆောင်ပြီး ထုတ်ဖော်သည့်အရာ၌ လူတို့က မည်သည့်အရာကို တွေ့မြင်ကြသနည်း။ (ကျွန်ုပ်တို့သည် ဘုရားသခင်၏ အနန္တတန်ခိုး နှင့် ဉာဏ်ပညာကို တွေ့မြင်ပါသည်။) (ဘုရားသခင်၏ အခွင့်အာဏာသည် အမြဲရှိနေကြောင်းနှင့်၊ ၎င်းက အမှန်တကယ် တည်ရှိကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်ရပါသည်။ အရာခပ်သိမ်းအပေါ် သူ၏အုပ်စိုးမှု၌ သူ၏အခွင့်အာဏာကို ကြီးမားသော အတိုင်းအတာဖြင့် ကျွန်ုပ်တို့ မြင်ရသည့်အပြင်၊ လူတစ်ဦးစီတိုင်း၏ အသက်တာအား သူချုပ်ကိုင်ရာတွင် သေးငယ်သော အတိုင်းအတာဖြင့် ၎င်းကို ကျွန်ုပ်တို့မြင်ရသည်။ ဘုရားသခင်သည် အမှန်ပင် လူ့အသက်တာ၏ ဆုံမှတ်ခြောက်ခုကို ကြိုတင်စီစဉ်ပြီး ထိန်းချုပ်သည်။ ထို့ပြင် ဘုရားသခင်၏ အခွင့်အာဏာက အတုမရှိ၊ ဘုရားသခင် ကိုယ်တော်တိုင်ကို ကိုယ်စားပြုပြီး ဖန်ဆင်းထားသည့် အရာနှင့် ဖန်ဆင်းမထားသည့် အရာတို့က ၎င်းကို ပိုင်ဆိုင်ခွင့် မရှိကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရသည်။ ဘုရားသခင်၏ အခွင့်အာဏာသည် သူ့အဆင့်အတန်း၏ သင်္ကေတတစ်ခုပင် ဖြစ်သည်။) “ဘုရားသခင်၏ အဆင့်အတန်းနှင့် ဘုရားသခင်၏ စိတ်နေသဘောထား၏ သင်္ကေတများ” အပေါ် သင်တို့၏ နားလည်ခြင်းမှာ အတော်ပင် အယူဝါဒဆန်ပုံပေါက် နေသည်။ သင်တို့၌ ဘုရားသခင်၏ အခွင့်အာဏာအပေါ် ခြေခြေမြစ်မြစ် ဖြစ်သော သိနားလည်ခြင်း ရှိသလော။ (ဘုရားသခင်သည် ကျွန်ုပ်တို့ကို ငယ်စဉ်ကတည်းက စောင့်ကြပ် ကွယ်ကာလာခဲ့ပြီး၊ ထိုအရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အခွင့်အာဏာကို တွေ့မြင်ရပါသည်။ ကျွန်ုပ်တို့အား ချောင်းမြောင်းခဲ့သည့် အန္တရာယ်များကို ကျွန်ုပ်တို့ သတိမထားခဲ့သော်လည်း ဘုရားသခင်က ကျွန်ုပ်တို့ကို ကန့်လန့်ကာ နောက်ကွယ်မှ အမြဲတမ်း ကာကွယ် ပေးနေခဲ့ပါသည်၊ ဤသည်မှာလည်း ဘုရားသခင်၏ အခွင့်အာဏာပင်ဖြစ်သည်။) မှန်လိုက်လေ။ ကောင်းလိုက်လေ။

ဘုရားသခင်၏ အခွင့်အာဏာကို ငါတို့ ဆွေးနွေးသည့်အခါ ငါတို့၏ ဗဟိုအချက်အချာ၊ ငါတို့၏ အဓိကအချက်က အဘယ်နည်း။ ဤအရာကို အဘယ်ကြောင့် ငါတို့ဆွေးနွေးဖို့ လိုအပ်သနည်း။ ဤအကြောင်းအရာကို ဆွေးနွေးရသည့် ပထမဆုံးရည်ရွယ်ချက်မှာ ဘုရားသခင်၏ ဖန်ဆင်းရှင်ဆိုသည့် အဆင့်အတန်းနှင့် အရာခပ်သိမ်းကြားက သူ၏ နေရာကို လူတို့၏စိတ်နှလုံးထဲ၌ အခြေကျစေဖို့ ဖြစ်သည်။ ဤသည်မှာ ဦးစွာ လူတို့အနေဖြင့် သိရန်၊ မြင်ရန်နှင့် ခံစားရန်အတွက် ဆောင်ကြဉ်းပေးနိုင်သည့် အရာပင် ဖြစ်သည်။ သင်မြင်ရသည့်အရာနှင့် သင်ခံစားရသည့် အရာတို့မှာ ဘုရားသခင်၏ လုပ်ဆောင်ချက်များ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ ထိန်းချုပ်မှုတို့မှ

လာလေသည်။ ထို့ကြောင့် လူတို့သည် ဘုရားသခင်၏ အခွင့်အာဏာမှတစ်ဆင့် သူတို့ မြင်ရ၊ သင်ယူရပြီး သိရသည့် အရာအားလုံးတို့မှ မည်သည့် စစ်မှန်သောနားလည်ခြင်းကို ရကြသနည်း။ ပထမရည်ရွယ်ချက်ကို ငါတို့ ဆွေးနွေးကြပြီးဖြစ်သည်။ ဒုတိယမှာ ဘုရားသခင် သူ့အခွင့်အာဏာနှင့် လုပ်ထားသည့်အရာ၊ ပြောထားသည့်အရာနှင့် ထိန်းချုပ်ထားသည့် အရာအားလုံးမှတစ်ဆင့် ဘုရားသခင်၏ တန်ခိုးနှင့် ဉာဏ်ပညာကို လူတို့ သိမြင်စေဖို့ ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်သည် အရာအားလုံးအပေါ် သူ၏ထိန်းချုပ်မှု၌ အဘယ်မျှ တန်ခိုးကြီးပြီး၊ အဘယ်မျှ ဉာဏ်ပညာရှိသည်ကို သင့်အား တွေ့မြင်ခွင့်ပေးရန် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ အတုမရှိ အခွင့်အာဏာအကြောင်း ငါတို့ အရင်ဆွေးနွေးချက်၏ ဗဟိုအချက်အချာနှင့် အဓိကအချက် မဟုတ်လော။ ထိုဆွေးနွေးချက်ကတည်းက အချိန်များစွာပင် မကြာသေးသော်လည်း၊ သင်တို့တစ်ချို့က ဤအရာကို မေ့လျော့သွားပြီဟူသည်မှာ သင်တို့သည် ဘုရားသခင်၏ အခွင့်အာဏာအပေါ် နက်ရှိုင်းသော နားလည်ခြင်း မရှိသေးကြောင်း သက်သေပြသည်။ လူသားသည် ဘုရားသခင်၏ အခွင့်အာဏာကို မမြင်တွေ့ဖူးသေးဟုပင် ပြောနိုင်သည်။ ယခု သင်တို့၌ နားလည်မှု အနည်းငယ် ရှိကြပြီလော။ ဘုရားသခင်သည် သူ၏ အခွင့်အာဏာ ကျင့်သုံးသည်ကို သင်မြင်သည့်အခါ အမှန်တကယ် သင်မည်သို့ ခံစားရသနည်း။ ဘုရားသခင်၏တန်ခိုးကို သင် တကယ်ခံစား ရဖူးသလော။ (ခံစားဖူးပါသည်။) ဘုရားသခင်က အရာခပ်သိမ်းကို မည်သို့ ဖန်ဆင်းခဲ့သည့်အကြောင်း သူ၏ နှုတ်ကပတ်တော်များကို သင်ဖတ်ရသည့်အခါ သူ၏တန်ခိုးကို သင် ခံစားရပြီး သူ၏ အနန္တတန်ခိုးကို သင်ခံစားရသည်။ လူသားများ၏ ကံကြမ္မာပေါ် ဘုရားသခင်၏ အုပ်စိုးမှုကို သင်မြင်ရသည့်အချိန်တွင် သင်မည်သို့ ခံစားရသနည်း။ သူ၏တန်ခိုးနှင့် သူ၏ဉာဏ်ပညာကို သင်ခံစား ရသလော။ ဘုရားသခင်သည် ဤတန်ခိုးကို မပိုင်ဆိုင်ခဲ့လျှင်၊ သူသည် ဤဉာဏ်ပညာကို မပိုင်ဆိုင်ခဲ့လျှင် သူသည် အရာခပ်သိမ်းအပေါ်နှင့် လူသားတို့၏ ကံကြမ္မာအပေါ် အုပ်စိုးမှုရှိရန် အရည်အချင်း ရှိမည်လော။ ဘုရားသခင်က တန်ခိုးနှင့် ဉာဏ်ပညာကို ပိုင်ဆိုင်သည်ဖြစ်၍ သူ၌ အခွင့်အာဏာရှိသည်။ ဤသည်မှာ အတုမရှိပေ။ ဖန်ဆင်းခြင်း ခပ်သိမ်းထဲတွင် ဘုရားသခင်ကဲ့သို့ တန်ခိုးနှင့်ပြည့်စုံသည့် လူတစ်ဦး သို့မဟုတ် ဖန်ဆင်းခံသတ္တဝါကို သင်တွေ့ဖူးသလော။ ကောင်းကင်၊ မြေကြီးနှင့် အရာအားလုံးကို ဖန်ဆင်းနိုင်စွမ်းသော၊ ထိုအရာအားလုံးကို ထိန်းချုပ်ပြီး အုပ်စိုးနိုင်စွမ်းသော တန်ခိုးနှင့်ပြည့်စုံသည့် တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခု ရှိသလော။ လူသားမျိုးနွယ်တစ်ရပ်လုံးကို အုပ်ချုပ်၍ ဦးဆောင်နိုင်သည့်၊ နေရာတိုင်း အချိန်တိုင်းတွင် ရှိနေနိုင်သည့် တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခု ရှိသလော။ (မရှိပါ။) ဘုရားသခင်၏

အတုမရှိ အခွင့်အာဏာနှင့် ပတ်သက်သည့် အနက်အဓိပ္ပာယ်အမှန်ကို သင်တို့ ယခုနားလည်ပြီလော။ သင်တို့၌ ယခု ဤအရာအပေါ် နားလည်မှု အတော်အသင့် ရှိပြီလော။ (ရှိပါပြီ။) ဤအရာက ဘုရားသခင်၏ အတုမရှိ အခွင့်အာဏာနှင့် ပတ်သက်သည့် အကြောင်းအရာအား ငါတို့၏ ပြန်လည်လေ့လာ စစ်ဆေးခြင်းကို အဆုံးသတ်လေသည်။

ဒုတိယပိုင်းတွင် ငါတို့သည် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ ဤအကြောင်းအရာအထဲတွင် ငါတို့များစွာ မဆွေးနွေးခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် ယခုအဆင့်တွင် ဘုရားသခင်၏ အလုပ်သည် အဓိကအားဖြင့် တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်း ပါဝင်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို နိုင်ငံတော်ခေတ်တွင် ရှင်းရှင်းလင်းလင်းနှင့် အပြည့်အစုံ ထုတ်ဖော်ထားသည်။ သူသည် ဖန်ဆင်းခြင်း ကာလကတည်းက မည်သည့်အခါမျှ မပြောဖူးခဲ့သည့် နှုတ်ကပတ်တော်များကို ပြောထားပြီး သူ၏ နှုတ်ကပတ်တော်များကို ဖတ်ရှုပြီး တွေ့ကြုံသောသူအားလုံး၊ လူအားလုံးတို့က သူ၏ နှုတ်ကပတ်တော်များတွင် သူ၏ ဖြောင့်မတ်သည့် စိတ်သဘောထား ထုတ်ဖော်ထားသည်ကို သိမြင်ပြီးဖြစ်သည်။ သို့ဆိုလျှင် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့် ပတ်သက်ပြီး ငါတို့ဆွေးနွေးချက်၏ အဓိကအချက်က အဘယ်အရာနည်း။ သင်တို့ ယင်းကို နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်သလော။ ယင်းကို အတွေ့အကြုံမှ သင်တို့နားလည်ကြသလော။ (ဘုရားသခင်က သောဒုံမြို့ကို မီးရှို့ဖျက်ဆီးခဲ့သည်မှာ ထိုအချိန်တုန်းက လူများသည် အလွန်အမင်း အကျင့်ပျက်နေကြပြီး ဘုရားသခင်ကို အမျက်တော်ရှစေခဲ့ကြသည့်အတွက် ဖြစ်သည်။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို ကျွန်ုပ်တို့ ဤအချက်မှ သိမြင်ရသည်။) ပထမဦးစွာ ကြည့်ကြစို့- ဘုရားသခင်သာ သောဒုံမြို့ကို မဖျက်ဆီးခဲ့လျှင် သင်သည် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို သိနိုင်မည်လော။ သင်သည် သိမြင်နိုင်ဦးမည် ဖြစ်သည်၊ မှန်သလော။ သင်သည် ယင်းကို နိုင်ငံတော်ခေတ်တွင် ဘုရားသခင်ဖော်ပြထားသည့် နှုတ်ကပတ်တော်များနှင့် တရားစီရင်မှု၊ ပြစ်တင်ဆုံးမမှုနှင့် လူသားကို သူဦးတည်ထားခဲ့သည့် ကျိန်ခြင်းများတွင်လည်း မြင်နိုင်သည်။ နိနေဝေမြို့အပေါ် သူသက်ညှာလိုက်ခြင်းတွင် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို သင်တို့ မြင်နိုင်သလော။ (မြင်နိုင်ပါသည်။) ဤလက်ရှိခေတ်တွင် ဘုရားသခင်၏ ကရုဏာ၊ ချစ်ခြင်းမေတ္တာနှင့် သည်းခံခြင်း အချို့တို့ကို လူတို့တွေ့နိုင်သည်၊ ပြီးလျှင် လူသား၏နောင်တရပြီးနောက် ဘုရားသခင်၏ စိတ်အပြောင်းအလဲ၌လည်း ယင်းကို လူတို့မြင်နိုင်သည်။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားအပေါ် ငါတို့၏

ဆွေးနွေးချက်ကို အစပျိုးဖို့ ဤဥပမာနှစ်ခုကို တင်ပြလိုက်ပြီးနောက်၊ ကိုယ်တော်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို ထုတ်ဖော်ထားပြီးဖြစ်သည်ကို အတော်ရှင်းလင်းစွာ မြင်ရသော်လည်း၊ အမှန်အားဖြင့် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထား၏ အနှစ်သာရကို ဤသမ္မာကျမ်းစာ ပုံဝတ္ထုနှစ်ပုဒ်ထဲ၌ ထုတ်ဖော် ထားသည့်အရာ၌ ကန့်သတ်မထားပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သူ၏အလုပ်ထဲတွင် သင်တို့ လေ့လာမြင်တွေ့ထားပြီး တွေ့ကြုံထားသည့်အရာမှ သင်မြင်တွေ့သည့်အတိုင်း ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထား ဆိုသည်မှာ အဘယ်နည်း။ သင်တို့ကိုယ်တိုင်၏ အတွေ့အကြုံများမှ ပြောလော့။ (လူတို့အတွက် ဘုရားသခင် ဖန်ဆင်းခဲ့သည့် ပတ်ဝန်းကျင်များတွင် လူတို့က သမ္မာတရားကို ရှာဖွေနိုင်ပြီး ဘုရားသခင်၏ အလိုတော်အတိုင်း လုပ်ဆောင်နိုင်သည့်အချိန်တွင် ဘုရားသခင်က သူတို့အား လမ်းပြသည်၊ ဉာဏ်အလင်းပြပြီး၊ သူတို့၏ စိတ်နှလုံးထဲတွင် တောက်ပခြင်းကို သူတို့အား ခံစားရစေသည်။ လူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ပြီး သူ့ကို ခုခံကာ သူ၏အလိုတော်အတိုင်း မလုပ်ဆောင်သည့်အချိန်တွင် ဘုရားသခင်က သူတို့ကို စွန့်ပစ်ထားသကဲ့သို့ သူတို့၏ အတွင်းထဲတွင် ကြီးမားသော အမှောင်ထု ရှိနေသည်။ သူတို့ ဆုတောင်းသည့်အခါ၌ပင် သူ့ကို ဘာပြောရမှန်းမသိ ဖြစ်နေတတ်သည်။ သို့သော် သူတို့သည် ကိုယ်ပိုင်အယူအဆများနှင့် စိတ်ကူးစိတ်သန်းများကို ဘေးဖယ်ပြီး ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် သူတို့ကိုယ်တိုင် တိုးတက်အောင် ကြိုးစားရန် လိုလိုလားလား ရှိလာသည့်အချိန်တွင်ကား သူတို့သည် ဘုရားသခင်၏ ပြုံးနေသည့်မျက်နှာကို တစ်ဖြည်းဖြည်း မြင်နိုင်လာသည်။ ကျွန်ုပ်တို့သည် ဤအရာမှ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်နေသဘောထား၏ သန့်ရှင်းမှုကို တွေ့ကြုံကြရသည်။ ဘုရားသခင်သည် သန့်ရှင်းသောနိုင်ငံတော်တွင် ပေါ်ထွန်းသော်လည်း၊ သူသည် ညစ်ညမ်းသောနေရာများ၌ မိမိကိုယ်ကိုယ် ဖုံးကွယ်သည်။) (ကျွန်ုပ်သည် ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို လူတို့အား သူဆက်ဆံသည့်ပုံစံတွင် မြင်ပါသည်။ ကျွန်ုပ်တို့ ညီအစ်ကို မောင်နှမများသည် ဝိညာဉ်အသက်တာနှင့် အစွမ်းအစတွင် ခြားနားကြပြီး ဘုရားသခင်က ကျွန်ုပ်တို့ တစ်ဦးချင်းထံမှ တောင်းဆိုသည့် အရာမှာလည်း ခြားနားလေသည်။ ကျွန်ုပ်တို့ အားလုံးသည် ဘုရားသခင်၏ ဉာဏ်အလင်းပေးခြင်းကို မတူညီသော အတိုင်းအတာများဖြင့် ရရှိနိုင်ကြကာ၊ ကျွန်ုပ်သည် ဤအရာတွင် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို မြင်တွေ့ရသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ လူသားများသည် လူသားကို ဤနည်းအတိုင်း ဆက်ဆံနိုင်စွမ်း မရှိကြသော်လည်း ဘုရားသခင်က ဆက်ဆံနိုင်စွမ်းရှိသည်။) ယခုတွင်

သင်တို့အားလုံးသည် သင်တို့ ရှင်းလင်းစွာ ထုတ်ဖော်ပြောနိုင်သည့် လက်တွေ့ကျသော အသိပညာ တစ်ရပ် ရှိကြပြီဖြစ်သည်။

ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို သိခြင်း၏ သော့ချက်က မည်သည့်အသိပညာ ဖြစ်သည်ကို သင်တို့ သိကြသလော။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အတွေ့အကြုံမှနေ၍ ပြောနိုင်စရာ အများကြီးရှိသော်လည်း၊ ဦးစွာ ငါ့အနေဖြင့် သင်တို့ကို ပြောပြရမည့် အဓိကအချက်အလက် အနည်းငယ်ရှိသည်။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို နားလည်ဖို့ လူတစ်ဦးသည် ဘုရားသခင်၏ ခံစားချက်များကို ဦးစွာနားလည်ရမည်- ကိုယ်တော် မည်သည်ကိုမုန်းသည်၊ ကိုယ်တော် မည်သည်ကိုရွံရှာသည်၊ ကိုယ်တော် မည်သည်ကိုချစ်သည်၊ ကိုယ်တော် မည်သူ့ကိုသည်းခံပြီး သနားကြင်နာသည်၊ ထို့ပြင် ကိုယ်တော်သည် မည်သို့သော လူမျိုးအပေါ် သနားကြင်နာမှုကို ပေးအပ်သည် စသည်တို့ဖြစ်သည်။ ဤသည်မှာ အရေးကြီးသည့်အချက်တစ်ခု ဖြစ်သည်။ လူတစ်ဦးသည် ဘုရားသခင်က မည်မျှလောက်ချစ်ပါစေ၊ သူက လူတို့အတွက် ကရုဏာနှင့် ချစ်ခြင်းမေတ္တာ မည်မျှလောက်ရှိပါစေ ဘုရားသခင်သည် သူ၏ အဆင့်အတန်းနှင့် အနေအထားကို စော်ကားသော မည်သူ့ကိုမျှ သည်းမခံသည်သာမက၊ သူ၏ဂုဏ်သိက္ခာကို စော်ကားသော မည်သူ့ကိုမှလည်း သည်းမခံသည်ကို နားလည်ထားရမည်။ ဘုရားသခင်သည် လူတို့ကို ချစ်သော်လည်း လူတို့ကို သူ အလိုမလိုက်ပါ။ သူသည် လူတို့ကို သူ၏အချစ်၊ သူ၏ကရုဏာနှင့် သူ၏သည်းခံခြင်းကို ပေးသော်လည်း၊ သူသည် သူတို့ကို ဘယ်သောအခါမျှ ဖူးဖူးမှုတ်မထားပါ။ ဘုရားသခင်၌ သူ၏ နည်းဥပဒေသများနှင့် သူ၏ ကန့်သတ်ချက်များ ရှိသည်။ ဘုရားသခင်၏ အချစ်ကို သင် မည်မျှ ခံစားရပြီးပါစေ၊ ထိုအချစ်က မည်မျှ နက်ရှိုင်းနေပါစေ၊ သင်သည် ဘုရားသခင်ကို အခြားလူတစ်ယောက်အား ဆက်ဆံသကဲ့သို့ လုံးဝမဆက်ဆံရပါ။ ဘုရားသခင်က လူတို့ကို အဆုံးစွန်ရင်းနှီးမှုဖြင့် ဆက်ဆံသည်မှာ မှန်သော်လည်း အကယ်၍ လူတစ်ယောက်သည် ဘုရားသခင်ကို တစ်ခြားလူတစ်ယောက်ကဲ့သို့ပင်၊ သူသည် အခြားဖန်ဆင်းခံ သက်ရှိကဲ့သို့ပင်၊ သူငယ်ချင်းတစ်ယောက်သဖွယ် သို့မဟုတ် ကိုးကွယ်ခံအရာဝတ္ထုတစ်ခုကဲ့သို့ သဘောထားမိလျှင် ဘုရားသခင်သည် သူ၏မျက်နှာကို ဖုံးကွယ်ထားပြီး ထိုလူများကို စွန့်ပစ်ထားလိမ့်မည်။ ဤသည်မှာ သူ၏ စိတ်သဘောထားဖြစ်ပြီး၊ လူတို့သည် ဤအကြောင်းကိစ္စကို ပေါ့ပေါ့တန်တန် မှတ်ယူ၍ မဖြစ်ပေ။ ထို့ကြောင့် ငါတို့သည် ဘုရားသခင်၏ စိတ်သဘောထား နှင့်ပတ်သက်၍ သူမိန့်ဆိုသည့် ဤကဲ့သို့သော နှုတ်ကပတ်တော်များကို တွေ့ရလေ့ရှိသည်- သင်သည် လမ်းများ မည်မျှကို ခရီးပြုပြီးပါစေ၊ သင် အလုပ်မည်မျှကို ပြုလုပ်ပြီးပါစေ သို့မဟုတ် ဒုက္ခမည်မျှကို

ကြံ့ကြံ့ခံပြီးပါစေ ဘုရားသခင်၏ စိတ်သဘောထားကို သင်စော်ကားမိသည်နှင့် ဘုရားသခင်သည် သင်တို့တစ်ဦးချင်းအား သင်ပြုလုပ်ထားသည့် အရာကို အခြေခံ၍ ပြန်ပေးဆပ်လိမ့်မည်။ ဤအရာက ဆိုလိုသည်မှာ ဘုရားသခင်က လူတို့ကို အဆုံးစွန်သော ရင်းနှီးမှုနှင့် ဆက်ဆံသော်လည်း လူတို့က ဘုရားသခင်ကို သူငယ်ချင်းကဲ့သို့ သို့မဟုတ် ဆွေမျိုးကဲ့သို့ ဆက်ဆံ၍ မရပါ။ ဘုရားသခင်ကို သင့် "အပေါင်းအဖော်" ဟု မခေါ်နှင့်။ သူ့ထံက ချစ်ခြင်းမေတ္တာမည်မျှ သင်ရထားသည်ဖြစ်စေ၊ သူက သင့်ကို သည်းခံမှုမည်မျှ ပေးထားသည်ဖြစ်စေ သင်သည် ဘုရားသခင်ကို သင်၏ မိတ်ဆွေသဖွယ် မဆက်ဆံရပါ။ ဤသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားပင် ဖြစ်သည်။ သင် နားလည်သလော။ ဤအရာနှင့် ပတ်သက်ပြီး ငါထပ်ပြောဖို့ လိုသလော။ သင်တို့တွင် ဤအကြောင်းကိစ္စအပေါ် တင်ကြို နားလည်ခြင်းတစ်ခုခု ရှိသလော။ ယေဘုယျအားဖြင့်ပြောရလျှင် သူတို့က အယူဝါဒများကို နားလည်သည်ဖြစ်စေ သို့မဟုတ် ဤကိစ္စကို ယခင်က လုံးဝ မစဉ်းစားထားသည်ဖြစ်စေ ဤသည်မှာ လူတို့လုပ်မိရန် အလွယ်ဆုံးသော အမှားဖြစ်သည်။ လူတို့က ဘုရားသခင်ကို စော်ကားမိသည့်အခါ ယင်းက အဖြစ်အပျက်တစ်ခု သို့မဟုတ် သူတို့ပြောသည့် အရာတစ်ခုကြောင့် ဖြစ်ကောင်း ဖြစ်မည်မဟုတ်ဘဲ သူတို့၏ ကိုင်စွဲထားသည့် စိတ်သဘောထားနှင့် သူတို့ရောက်နေသည့် အခြေအနေကြောင့်သာ ဖြစ်ကောင်းဖြစ်မည်။ ဤသည်မှာ အလွန် ကြောက်စရာကောင်းသော အရာဖြစ်သည်။ လူတစ်ချို့က သူတို့သည် ဘုရားသခင်ကို နားလည်သည်၊ သူ့အကြောင်း အသိပညာတစ်ချို့ ရှိသည်ဟု ယုံကြည်ပြီး ဘုရားသခင်ကို ကျေနပ်စေသည့် အရာတစ်ချို့ကိုပင် သူတို့ လုပ်ကောင်းလုပ်ကြမည်။ သူတို့သည် ဘုရားသခင်နှင့် တန်းတူဖြစ်ပြီး သူတို့သည် ဘုရားသခင်နှင့် ခင်မင်ရင်းနှီးမှုထဲသို့ သူတို့ကိုယ်သူတို့ ပါးနပ်စွာ လမ်းကြောင်းပေးထားကြပြီဟု စတင်ခံစားကြသည်။ ဤသို့သော ခံစားချက်မျိုးများသည် အင်မတန် လွဲမှားနေသည်။ အကယ်၍ သင်သည် ဤအရာအပေါ် နက်ရှိုင်းသော နားလည်မှုမရှိလျှင်၊ သင်သည် ဤအရာကို ရှင်းရှင်းလင်းလင်း နားမလည်လျှင် သင်သည် ဘုရားသခင်ကို အလွယ်တကူ စော်ကားမိလိမ့်မည်ဖြစ်ပြီး သူ၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို စော်ကားမိလိမ့်မည် ဖြစ်သည်။ ဤအရာကို သင် အခုနားလည်ပြီ ဟုတ်သလော။ ဘုရားသခင်၏ ဖြောင့်မတ်သည့် စိတ်သဘောထားသည် အတုမရှိသည်မဟုတ်လော။ ယင်းမှာ လူတစ်ယောက်၏စရိုက် သို့မဟုတ် ကိုယ်ကျင့်တရား အဆင့်အတန်းနှင့် တူညီနိုင်ပါမည်လော။ လုံးဝ မတူညီနိုင်ပါ။ ထို့ကြောင့် သင်သည် ဘုရားသခင်က လူတို့ကို မည်ကဲ့သို့ ဆက်ဆံပါစေ သို့မဟုတ် သူက လူတို့ကို မည်ကဲ့သို့ စဉ်းစားပါစေ ဘုရားသခင်၏ အနေအထား၊ အခွင့်အာဏာနှင့်

အဆင့်အတန်းက ဘယ်သောအခါမျှ မပြောင်းသည်ကို သင်မေ့၍မရပါ။ လူသားမျိုးနွယ် အတွက် ဘုရားသခင်သည် အစဉ်အမြဲပင် အရာခပ်သိမ်းတို့၏ သခင်ဖြစ်ပြီး ဖန်ဆင်းရှင်လည်းဖြစ်သည်။

ဘုရားသခင်၏ သန့်ရှင်းမှုနှင့် ပတ်သက်၍ သင်တို့ မည်သည့်အရာကို လေ့လာပြီးပြီနည်း။ “ဘုရားသခင်၏ သန့်ရှင်းခြင်း” အကြောင်း၊ ထိုအပိုင်းတွင် စာတန်၏ ယုတ်မာစဉ်းလဲမှုကို အဖြည့်ခံတစ်ခုအဖြစ် အသုံးပြုထားသည် ဟူသည့် အချက်မှလွဲပြီး ဘုရားသခင်၏ သန့်ရှင်းခြင်းအကြောင်း ငါတို့ဆွေးနွေးချက်၏ အဓိကအချက်မှာ အဘယ်အရာ ဖြစ်ခဲ့သနည်း။ ၎င်းသည် ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်း မဟုတ်သလော။ ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းဆိုသည်မှာ ဘုရားသခင် ကိုယ်တိုင်အတွက် အတုမရှိ ဟုတ်သလော။ (ဟုတ်ပါသည်။) ၎င်းမှာ ဖန်ဆင်းခံသက်ရှိများက မပိုင်ဆိုင်သည့် အရာပင် ဖြစ်သည်။ ထို့ကြောင့်ပင် ဘုရားသခင်၏ သန့်ရှင်းခြင်းသည် အတုမရှိပါဟု ငါတို့ ပြောခြင်းဖြစ်သည်။ ဤသည်မှာ သင်တို့ နားလည်နိုင်ရမည့် အရာဖြစ်သည်။ ငါတို့သည် ဘုရားသခင်၏ သန့်ရှင်းခြင်းဟူသည့် အကြောင်းအရာအပေါ် ဆွေးနွေးပွဲသုံးကြိမ် ပြုလုပ်ခဲ့ကြသည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းကို သင်တို့ မည်သို့ယုံကြည်သနည်း ဆိုသည်ကို သင်တို့ကိုယ်တိုင်၏ နားလည်မှုနှင့် သင်တို့ကိုယ်ပိုင် စကားလုံးများဖြင့် ဖော်ပြနိုင်သလော။ (ဘုရားသခင်က ကျွန်ုပ်တို့အား မိတ်သဟာယပြုခဲ့သည့် နောက်ဆုံးအချိန်က ကျွန်ုပ်တို့ သူ့ရှေ့တွင် ဦးညွှတ်ခဲ့ကြသည်။ ဘုရားသခင်က သူ့အားကိုးကွယ်ရန် ပျပ်ဝပ်ခြင်းနှင့် ဦးညွှတ်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့အား သမ္မာတရားကို မိတ်သဟာယပြုပေးခဲ့သည်။ သူ၏ တောင်းဆိုချက်များအား မဖြည့်ဆည်းခင် သူ့အားကိုးကွယ်ရန် ဦးညွှတ်ကိုးကွယ်ခြင်းက သူ၏အလိုတော်နှင့် မကိုက်ညီသည်ကို ကျွန်ုပ်တို့မြင်ခဲ့ရပြီး၊ ဤအရာမှ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ကျွန်ုပ်တို့မြင်ခဲ့ရသည်။) အလွန်မှန်ပါသည်။ အခြားမည်သည့်အရာ ရှိသေးသနည်း။ (လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် သူသည် ရိုးစင်းစွာနှင့် ရှင်းလင်းစွာ စကားပြောသည်ကို ကျွန်ုပ်တို့တွေ့ရသည်။ သူသည် တည့်တိုးနှင့် အချက်ကျသည်။ စာတန်ကမူ ဝေ့လည်ကြောင်ပတ်ပုံစံဖြင့် စကားပြောတတ်ပြီး မုသားများနှင့် ပြည့်နှက်သည်။ ကျွန်ုပ်တို့ ဘုရားသခင်ရှေ့မှောက်တွင် နောက်ဆုံးအကြိမ် ပျပ်ဝပ်လှဲလျောင်း ခဲ့ကြသည့် နောက်ဆုံးအချိန်တွင် ဖြစ်ပျက်ခဲ့သည့် အရာမှနေ၍ သူ၏ နှုတ်ကပတ်တော်များနှင့် သူ၏ လုပ်ဆောင်ချက်များက အစဉ်အမြဲ နည်းဥပဒေကျသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည်။ သူသည် ကျွန်ုပ်တို့ မည်ကဲ့သို့ ပြုမူသင့်ကြောင်း၊ ကျွန်ုပ်တို့ မည်ကဲ့သို့ လိုက်နာသင့်ကြောင်းနှင့်၊ ကျွန်ုပ်တို့ မည်ကဲ့သို့ လက်တွေ့လုပ်ဆောင် သင့်ကြောင်း ကျွန်ုပ်တို့အား ပြောသည့် အချိန်တွင်

သူသည် အမြဲတမ်း ရှင်းလင်းပြီး ကျစ်လျစ်ပြည့်စုံသည်။ သို့သော်လည်း လူတို့က ဤကဲ့သို့မဟုတ်ပေ။ စာတန်အားဖြင့် လူသားမျိုးနွယ်၏ ဖောက်ပြန်ပျက်စီးခြင်းကတည်းက သူတို့သည် မိမိတို့ကိုယ်ပိုင် တစ်ကိုယ်ရေစေ့ဆော်မှုများနှင့် ရည်မှန်းချက်များ အပြင် စိတ်ထဲရှိ သူတို့ကိုယ်တိုင်၏ ပုဂ္ဂိုလ်ရေးအလိုဆန္ဒများဖြင့် ပြုမူကာ စကားပြောခဲ့ကြပြီးဖြစ်သည်။ လူသားမျိုးနွယ်ကို ဘုရားသခင်က ကြည့်ရှုစောင့်ရှောက်ကာ ဂရုစိုက်ပြီး ကာကွယ်ပေးသည့် ပုံစံမှနေ၍ ဘုရားသခင်လုပ်သမျှအားလုံးက အပြုသဘောဆောင်ပြီး ရှင်းလင်းကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရသည်။ ယင်းသည် ကျွန်တော်တို့အနေဖြင့် ဘုရားသခင်၏ သန့်ရှင်းခြင်း၏ အနှစ်သာရအား ထုတ်ဖော်ထားသည်ကို မြင်တွေ့ရသည့် ပုံစံပင်ဖြစ်သည်။) ဟုတ်လိုက်လေ။ တစ်ယောက်ယောက်က တစ်ခုခု ထပ်ဖြည့်ရန် ရှိသေးသလော။ (ဘုရားသခင်က စာတန်၏ မကောင်းမှုအနှစ်သာရကို ဘုရားသခင်၏ ဖော်ထုတ်ပြခြင်းမှတစ်ဆင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို မြင်ရသည်။ ဘုရားသခင်က စာတန်၏ အနှစ်သာရကို ထုတ်ဖော်သောအခါ ကျွန်ုပ်တို့သည် စာတန်၏ မကောင်းမှုအပေါ် အသိပညာ ပိုရရှိပြီး လူသားမျိုးနွယ်၏ ဒုက္ခအရင်းအမြစ်ကို ကျွန်ုပ်တို့ မြင်တွေ့ရသည်။ အတိတ်က ကျွန်ုပ်တို့သည် စာတန်၏ လွှမ်းမိုးမှုအောက်တွင်ရှိသော လူသား၏ဒုက္ခကို သတိမပြုမိခဲ့ကြပေ။ ကျော်ကြားမှုနှင့် အခွင့်အလမ်းအား လိုက်စားခြင်းမှလာသည့် ဒုက္ခအားလုံးသည် စာတန်၏အလုပ်ဖြစ်သည် ဟူသည့် ဤအရာကို ဘုရားသခင်က ထုတ်ဖော်ပြခဲ့ပြီးနောက်မှသာ ကျွန်ုပ်တို့ သိမြင်ရသည်။ ထို့နောက်မှသာ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် လူသားမျိုးနွယ်၏ စစ်မှန်သည့် ကယ်တင်ခြင်းဖြစ်သည်ကို ကျွန်ုပ်တို့ ခံစားခဲ့ရသည်။) ၎င်းကို ထပ်ဖြည့်ရန် အခြားအရာတစ်ခုခု ရှိသေးသလော။ (ဖောက်ပြန်ပျက်စီးသည့် လူသားမျိုးနွယ်သည် ဘုရားသခင်နှင့် ပတ်သက်ပြီး စစ်မှန်သော အသိပညာနှင့် ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာကင်းမဲ့ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင့် သန့်ရှင်းခြင်း၏ အနှစ်သာရကို နားမလည် သောကြောင့်အပြင်၊ ကျွန်ုပ်တို့သည် သူ၏ရှေ့မှောက်တွင် ပျပ်ဝပ်ပြီး ဦးညွှတ်သည့်အခါ မစင်ကြယ်သော အတွေးများ၊ ကွယ်ဝှက် ထားသော စေ့ဆော်မှုများနှင့် ရည်ရွယ်ချက်များဖြင့် ထိုသို့ ပြုလုပ်ကြသည့်အတွက် ဘုရားသခင်မှာ သဘောမကျဖြစ်ရသည်။ ဘုရားသခင်သည် စာတန်နှင့် ကွာခြားကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ စာတန်က လူတို့အား သူ့ကို ကြည်ညိုပြီး မြှောက်ပင့်စေချင်သည်၊ ပျပ်ဝပ်ပြီး ကိုးကွယ်စေချင်သည်။ စာတန်တွင် စည်းမျဉ်းဥပဒေ မရှိပေ။ ဤအရာမှလည်း ဘုရားသခင်၏ သန့်ရှင်းခြင်းကို ကျွန်ုပ်အား နားလည်စေသည်။) အလွန်ကောင်းလေစွ။ ယခုတွင် ဘုရားသခင်၏ သန့်ရှင်းခြင်း အကြောင်းကို ငါတို့ မိတ်သဟာယပြုပြီးဖြစ်၍ ဘုရားသခင်၏ ပြီးပြည့်စုံခြင်းကို သင်တို့

တွေ့သလော။ (တွေ့ပါသည်။) ဘုရားသခင်သည် အပြုသဘောဆောင်သည့် အရာများအားလုံး၏ ဇာစ်မြစ်ဖြစ်ပုံကို သင်တို့တွေ့၏လော။ ဘုရားသခင်သည် သမ္မာတရားနှင့် တရားမျှတမှု၏ ပြယုဂ်ဖြစ်ပုံကို သင်တို့ တွေ့နိုင်သလော။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ၏ အရင်းအမြစ် ဖြစ်ပုံကို သင်တို့တွေ့၏လော။ ဘုရားသခင် ပြုလုပ်သမျှ၊ သူဖော်ပြသမျှနှင့်၊ သူထုတ်ဖော်ပြသမျှ အရာအားလုံး၌ အပြစ်အနာအဆာမရှိသည့်ပုံကို သင်တို့တွေ့၏လော။ (တွေ့ပါသည်။) ဤသည်တို့မှာ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ပတ်သက်၍ ငါပြောပြီးသည့်အရာ၏ အဓိကအချက်များဖြစ်သည်။ ယနေ့ ဤစကားလုံးများသည် သင်တို့အတွက် အယူဝါဒသက်သက်သဖွယ် ဖြစ်နေလိမ့်မည်၊ သို့သော်လည်း သင်သည် စစ်မှန်သော ဘုရားသခင် ကိုယ်တော်တိုင်ကို သူ၏ နှုတ်ကပတ်တော်နှင့် သူ၏အလုပ်များမှ တွေ့ကြုံပြီး မျက်မြင်တွေ့သည့် တစ်နေ့တွင် ဘုရားသခင်သည် သန့်ရှင်းကြောင်း၊ ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် ခြားနားကြောင်းနှင့်၊ သူ၏စိတ်နှလုံး၊ စိတ်သဘောထားနှင့် အနှစ်သာရတို့အားလုံးသည် သန့်ရှင်းကြောင်း သင် လှိုက်လှိုက်လှဲလှဲ ပြောလာလိမ့်မည်။ ဤသန့်ရှင်းခြင်းသည် ဘုရားသခင်၏ ပြီးပြည့်စုံမှုကို လူသားက တွေ့မြင်ရန်နှင့် ဘုရားသခင်၏ သန့်ရှင်းခြင်း၏ အနှစ်သာရက လုံးဝ စင်ကြယ်သည်ကို တွေ့မြင်ရန် အခွင့်ပေးလေသည်။ သူသည် အတုမရှိ ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်ကို သူ့သန့်ရှင်းခြင်း၏ အနှစ်သာရက အဆုံးအဖြတ်ပေးသည့်အပြင် ယင်းက သူသည် အတုမရှိ ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်ကို လူသားအား မြင်တွေ့ခွင့်ပြုပြီး သက်သေပြစေသည်။ ဤသည်မှာ အဓိကအချက် ဖြစ်သည် မဟုတ်သလော။ (ဟုတ်ပါသည်။)

ယနေ့ ငါတို့သည် ယခင်မိတ်သဟာယပြုချက်များမှ အကြောင်းအရာအချို့တို့၏ ခြုံငုံသုံးသပ်ချက်တစ်ခုကို ပြုလုပ်ပြီးပြီ ဖြစ်သည်။ ဤအရာက ယနေ့သုံးသပ်ချက်ကို အဆုံးသတ်သည်။ သင်တို့အားလုံးသည် အချက်အလက်နှင့် အကြောင်းအရာ တစ်ခုစီ၏ အဓိကအချက်များကို စွဲစွဲမြဲမြဲ မှတ်သားကြမည်ဟု ငါမျှော်လင့်သည်။ ၎င်းတို့ကို အယူဝါဒသက်သက်အဖြစ် မယူဆကြနှင့်၊ သင် အချိန်ပိုအနည်းငယ် ရသောအခါ ၎င်းတို့ကို အမှန်တကယ်ဖတ်ပြီး တွေးတောဆင်ခြင်လော့။ ၎င်းတို့ကို သင်တို့ စိတ်နှလုံးထဲတွင် အောက်မေ့ပြီး လက်တွေ့အရှိတရားထဲသို့ ယူဆောင်လော့၊ သို့ပြုလျှင် သင်သည် ဘုရားသခင်၏ စိတ်သဘောထားအား ထုတ်ဖော်ပြခြင်းနှင့် သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းအား ထုတ်ဖော်ပြခြင်းနှင့် ပတ်သက်သည့် လက်တွေ့အရှိတရားအကြောင်း ငါပြောခဲ့သမျှ အားလုံးကို သင် အမှန်တကယ် နားလည်လာလိမ့်မည်။ သို့သော်လည်း ၎င်းတို့ကို သင်၏ မှတ်စုစာအုပ်ထဲ၌သာ ချရေးထားပြီး၊ ၎င်းတို့ကို မဖတ်လျှင် သို့မဟုတ် ပြန်၍

မဆင်ခြင်လျှင် ၎င်းတို့ကို သင်ကိုယ်နှိုက်အတွက် ဘယ်သောအခါမှ ရရှိလိမ့်မည်မဟုတ်ပါ။ ယခု သင်နားလည်ပြီ မဟုတ်လော။ ဤအကြောင်းအရာ သုံးခုကို မိတ်သဟာယပြုပြီးသည့်နောက်တွင် လူတို့သည် ဘုရားသခင်၏ အဆင့်အတန်း၊ အနှစ်သာရနှင့် စိတ်သဘောထားတို့အား ယေဘုယျ သို့မဟုတ် အတိအကျ နားလည်ခြင်းကို ရရှိပြီးသည့်အခါ ဘုရားသခင်အပေါ် လူတို့၏ နားလည်ခြင်းမှာ စုံလင်လိမ့်မည်လော။ (စုံလင်မည်မဟုတ်ပါ။) ယခု ဘုရားသခင်အပေါ် သင်တို့ကိုယ်တိုင်၏ နားလည်ခြင်းထဲတွင် ပိုမိုနက်ရှိုင်းသော နားလည်ခြင်း လိုအပ်သည်ဟု သင်ခံစားရသော အခြားမည်သည့်နယ်ပယ်များ ရှိသလော။ ဆိုလိုသည်မှာ ဘုရားသခင်၏ အခွင့်အာဏာ၊ သူ၏ ဖြောင့်မတ်သည့် စိတ်သဘောထားနှင့် သူ၏ သန့်ရှင်းခြင်းအား သင် ယခု နားလည်ထားပြီးဖြစ်ရာ၊ သူ၏ အတုမရှိသည့် အဆင့်အတန်းနှင့် အနေအထားမှာ သင်၏စိတ်ထဲတွင် အခြေကျပြီး ဖြစ်ကောင်း ဖြစ်လိမ့်မည်၊ သို့သော်လည်း သင့်အနေဖြင့် သူ၏ လုပ်ဆောင်ချက်များ၊ သူ၏တန်ခိုးနှင့် သူ၏အနှစ်သာရတို့၏ အသိပညာကို သင်ကိုယ်တိုင်၏ အတွေ့အကြုံအားဖြင့် မြင်တွေ့ နားလည်ပြီး နက်ရှိုင်းလာရန် တည်ရှိနေဆဲပင်ဖြစ်သည်။ ယခု သင်တို့သည် ဤမိတ်သဟာယပြုချက်များအား နားထောင်ပြီးဖြစ်ရာ၊ သင်တို့၏ စိတ်နှလုံးထဲတွင် အနည်းနှင့်အများ စွဲမြဲသော ယုံကြည်ချက် အခြေခိုင်ပြီဖြစ်သည်- ဘုရားသခင်သည် အမှန်တကယ် တည်ရှိပြီးလျှင်၊ သူက အရာခပ်သိမ်းကို စီမံခန့်ခွဲသည်မှာ အဖြစ်မှန် တစ်ခုဖြစ်သည်။ သူ၏ ဖြောင့်မတ်သည့် စိတ်သဘောထားကို မည်သူကမှ စော်ကားမည်မဟုတ်ပါ။ သူ၏ သန့်ရှင်းခြင်းမှာ မည်သူကမှ မေးခွန်းထုတ်မည် မဟုတ်သည့် သေချာမှုတစ်ခု ဖြစ်သည်။ ဤသည်တို့မှာ အဖြစ်မှန်များဖြစ်သည်။ ဤမိတ်သဟာယ ပြုချက်များက ဘုရားသခင်၏ အဆင့်အတန်းနှင့် အနေအထားကို လူသား၏ စိတ်နှလုံးထဲတွင် အခြေခံအုတ်မြစ်ရှိရန် အခွင့်ပေးသည်။ ဤအခြေခံအုတ်မြစ် မြဲမြံပြီးသောအခါ လူတို့သည် ပို၍နားလည်ရန် ကြိုးစားကြရမည်။

## ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏ (၁)

ယနေ့ သင်တို့အား အကြောင်းအရာသစ် တစ်ခုအကြောင်း ငါမိတ်သဟာယပြုပေးမည်။ ဤအကြောင်းအရာမှာ အဘယ်နည်း။ ယင်း၏ ခေါင်းစဉ်မှာ- "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူ၍ဖြစ်သည်။ ဤအကြောင်းအရာမှာ အနည်းငယ် ကြီးမားလွန်းသည်ဟု မထင်ရသလော။ ယင်းကို သင် အနည်းငယ် လက်လှမ်းမမီပါဟု ခံစားရသလော။ "ဘုရားသခင်သည် အရာခပ်သိမ်းအတွက်

အသက်အရင်းအမြစ် ဖြစ်၏"— ဤအကြောင်းအရာက လူတို့ကို အတော်လေး
အလှမ်းဝေးသည်ဟု သဘောရစေနိုင်သော်လည်း၊ ၎င်းကို ဘုရားသခင်နောက်လိုက်သောသူ
အားလုံးက နားလည် ထားရမည်၊ အဘယ်ကြောင့်ဆိုသော် ယင်းသည် ဘုရားသခင်အပေါ်
လူတစ်ဦးစီ၏ အသိပညာနှင့် သူ့ကို ကျေနပ်မှုပေးပြီး၊ ကြောက်ရွံ့နိုင်စွမ်းနှင့် ခွဲမရအောင်
ဆက်စပ်နေသည့်အတွက် ဖြစ်သည်။ ထို့ကြောင့်ပင် ဤအကြောင်းအရာကို ငါ မိတ်သဟာယ
ပြုရမည် ဖြစ်သည်။ လူတို့က ဤအကြောင်းအရာအပေါ် ရိုးရှင်းသော ကြိုတင်နားလည်ခြင်း
ရှိကြသည် သို့မဟုတ် သူတို့က ယင်းကို အဆင့်အနည်းငယ်အားဖြင့် သတိထားကောင်း
သတိထားကြသည်မှာ အတော်ပင်ဖြစ်နိုင်သည်။ လူတစ်ချို့၏ စိတ်ထဲတွင် ဤအသိပညာ
သို့မဟုတ် အမြင်ပွင့်ခြင်းမှာ ရိုးရှင်းသည့် သို့မဟုတ် အပေါ်ယံ အတိုင်းအတာဖြင့်
နားလည်ခြင်းနှင့်အတူ ပါရှိကောင်း ပါရှိနိုင်သည်။ အခြားသူများကမူ ဤအကြောင်းနှင့်
ပတ်သက်ပြီး သူတို့၏ စိတ်နှလုံးထဲတွင် ၎င်းတို့ကို လေးနက်သော၊ တစ်ကိုယ်ရေ
တွေ့ကြုံမှုဆီသို့ ခေါ်ဆောင်ပေးသည့် ထူးခြားသော အတွေ့အကြုံများ ရှိထားပြီး
ဖြစ်ကောင်းဖြစ်မည်။ သို့သော်လည်း ဤယခင် အသိပညာသည် နက်ရှိုင်းသည်ဖြစ်စေ၊
အပေါ်ယံဖြစ်စေ တစ်ဖက်သတ်ဆန်ပြီး လုံလောက်တိကျခြင်း မရှိပါပေ။ ထို့ကြောင့်
ဤသည်မှာ သင့်တို့ကို ပိုမိုနက်ရှိုင်းပြီး ပိုမိုတိကျသော နားလည်ခြင်းသို့ ရောက်ရှိစေရန်
မိတ်သဟာယပြုခြင်းအတွက် ဤအကြောင်းအရာကို ငါ ရွေးချယ်ထားရခြင်း ဖြစ်သည်။
ဤအကြောင်းအရာနှင့် ပတ်သက်၍ သင်တို့ကို မိတ်သဟာယ ပြုပေးရန်အလို့ငှာ
သင်တို့အတွက် အနည်းငယ် တစ်မူထူးခြားနေမည့် သို့မဟုတ် အနည်းငယ် စိတ်မသက်မသာ
ဖြစ်စေမည့် ငါတို့ ယခင်က အသုံးမပြုဖူးသော အထူးနည်းလမ်းတစ်ခုကို ငါအသုံးပြုမည်။
သင်တို့သည် နောင်တွင် ငါမည့်သည့်အရာကို ဆိုလိုကြောင်း နားလည်ပါလိမ့်မည်။ သင်တို့သည်
ပုံဝတ္ထုများကို နှစ်သက် ကြသလော။ (နှစ်သက်ပါသည်။) ကောင်းပြီ၊ ပုံဝတ္ထုပြောရန်အတွက်
ငါ၏ရွေးချယ်မှုက ယင်းတို့ကို သင်တို့အားလုံး နှစ်သက်ကြသဖြင့် ကောင်းဟန်တူလေသည်။
ယခု စလိုက်ကြပါစို့။ သင်တို့အနေဖြင့် မှတ်စုများထဲ ချရေးစရာ မလိုအပ်ပါ။ သင်တို့
စိတ်ငြိမ်ငြိမ်ထားပြီး ဂနာမငြိမ် မဖြစ်ရန်အတွက် ငါတောင်းဆိုသည်။ သင်၏ ပတ်ဝန်းကျင်များ
သို့မဟုတ် သင့်အနီးအနားက လူများကြောင့် အာရုံထွေပြားမည်ဟု သင်ခံစားရလျှင်
သင့်မျက်လုံးများကို မှိတ်ထားနိုင်သည်။ သင်တို့ကို ပြောပြရန် ငါ၌ အလွန်
စိတ်ဝင်စားဖွယ်ကောင်းသော ပုံဝတ္ထုတစ်ခု ရှိသည်။ ဤသည်မှာ မျိုးစေ့တစ်စေ့၊ ကမ္ဘာကြီး၊
သစ်ပင်တစ်ပင်၊ နေအလင်းရောင်၊ ငှက်များနှင့် လူသားအကြောင်း ပုံဝတ္ထုတစ်ခု ဖြစ်သည်။
ယင်း၏ အဓိက ဇာတ်ကောင်များမှာ မည်သူတို့နည်း။ (မျိုးစေ့တစ်စေ့၊ ကမ္ဘာကြီး၊

သစ်ပင်တစ်ပင်၊ နေအလင်းရောင်၊ ငှက်များနှင့် လူသားဖြစ်သည်။) ၎င်းထဲတွင် ဘုရားသခင် ပါသလော။ (မပါပါ။) သို့သော်လည်း ဤပုံဝတ္ထုကို သင်တို့ကြားပြီးသည်နှင့် သင်တို့ လန်းဆန်းပြီး ကျေနပ်သွားမည်ကို ငါကျိန်းသေသည်။ ယခု၊ တစ်ဆိတ်လောက် ငြိမ်သက်စွာ နားထောင်လော့။

## ပုံဝတ္ထု ၁။ မျိုးစေ့တစ်စေ့၊ ကမ္ဘာမြေကြီး၊ သစ်ပင်တစ်ပင်၊ နေအလင်းရောင်၊ ငှက်များနှင့် လူသား

ကမ္ဘာမြေကြီးပေါ်သို့ မျိုးစေ့လေးတစ်စေ့ ကျလာခဲ့သည်။ မိုးသည်းကြီးမည်းကြီး ရွာချလိုက်ပြီးသည့်နောက် အစေ့လေးမှ အညှောက်နုလေး ပေါက်လာပြီး ၎င်း၏ အမြစ်လေးများလည်း မြေကြီးအောက်ထဲသို့ တဖြည်းဖြည်း တိုးဝင်သွားကြသည်။ အညှောက်လေးမှာ လဆန်းမှလဆုတ်၊ လဆုတ်မှလဆန်း ရာသီ အပြောင်းအလဲကို ကြုံတွေ့လျက် မိုးသက်လေပြင်းဒဏ်ကို ကြံ့ကြံ့ခံပြီး အချိန်နှင့်အမျှ ကြီးထွားလာသည်။ နွေရာသီတွင် အညှောက်လေးသည် ရာသီဥတု၏ ချစ်ချစ်တောက်အပူဒဏ်ကို ခံနိုင်ရည်ရှိစေဖို့အတွက် ကမ္ဘာမြေကြီးက ရေလက်ဆောင်များကို သယ်ဆောင်လာပေးသည်။ ထို့ပြင် ကမ္ဘာမြေကြီးကြောင့် အညှောက်လေးသည် အပူဒဏ်ကို မခံစားရသဖြင့် နွေရာသီ၏ အပြင်းထန်ဆုံး အပူဒဏ်မှာ လွန်မြောက်သွားခဲ့သည်။ ဆောင်းရာသီရောက်သော် ကမ္ဘာမြေကြီးက သူ၏နွေးထွေးသည့် ရင်ခွင်ထဲတွင် အညှောက်လေးကို ထွေးပွေ့ထားပြီး၊ ကမ္ဘာမြေနှင့် အညှောက်လေးက တစ်ဦးနှင့်တစ်ဦး တင်းတင်းကြပ်ကြပ် ဖက်တွယ်ထားခဲ့ကြသည်။ ကမ္ဘာမြေကြီးက အညှောက်လေးကို အနွေးဓာတ် ပေးသောကြောင့်၊ အညှောက်လေးသည် အေးစိမ့်မှုန်ဝေသော လေပြင်းများနှင့် နှင်းမုန်တိုင်းများ၏ ထိခိုက်ခြင်းကို မခံရဘဲ၊ ရာသီဥတု၏ ကြမ်းတမ်းသည့် အအေးဒဏ်မှ ရှင်သန်ခဲ့ရသည်။ ကမ္ဘာမြေကြီး၏ စောင့်ရှောက်မှုကြောင့် အညှောက်လေးသည် ဝင့်ဝင့်ကြွားကြွားနှင့် ပျော်ပျော်ရွှင်ရွှင် ကြီးထွားလာခဲ့သည်။ အညှောက်လေးသည် ကမ္ဘာမြေကြီး၏ ကိုယ်ကျိုးမဖက် ပြုစုစောင့်ရှောက်မှုကြောင့် သန်စွမ်းကြံ့ခိုင်လျက် ဖွံ့ဖြိုးလာရသည်။ ယင်းမှာ ပျော်ရွှင်စွာဖြင့် မိုးရေစက်များကြားတွင် တေးဆိုပြီး၊ လေအဝှေ့တွင် ယိမ်းနွဲ့ကခုန်ကာ ကြီးပြင်းလာခဲ့သည်။ အညှောက်လေးနှင့် ကမ္ဘာမြေကြီးတို့မှာ တစ်ဦးအပေါ်တစ်ဦး မှီခိုနေကြရသည်။...

နှစ်များ ကုန်လွန်ပြီးနောက် အညှောက်လေးမှာ မြင့်သွန်းသော သစ်ပင်ကြီးအဖြစ် ကြီးထွားလာခဲ့သည်။ ယင်းမှာ ရေတွက် မကုန်သည့် သစ်ရွက်ပေါင်းများစွာနှင့် အုံ့ဆိုင်းနေပြီး တုတ်ခိုင်သော အကိုင်းအခက်များနှင့်အတူ ကမ္ဘာမြေကြီးပေါ်တွင် ကျန်းမာကြံ့ခိုင်စွာ

ရပ်တည်လာခဲ့ပြီ။ သစ်ပင်၏ အမြစ်များမှာ ယခင်ကကဲ့သို့ မြေကြီးထဲသို့ စိုက်ဝင်နေဆဲဖြစ်ခဲ့ပြီး ယခုတွင် မြေကြီးအောက်ထဲသို့ နက်ရှိုင်းစွာ တိုးဝင်ခဲ့ချေပြီ။ တစ်ချိန်က အစို့အညှောက်လေးကို အကာအကွယ်ပေးခဲ့သည့် မြေကြီးမှာ ယခုတွင် ရောမ သစ်ပင်ကြီး အတွက် အခြေခံအုတ်မြစ်ဖြစ်နေခဲ့ပြီ။

သစ်ပင်ပေါ်သို့ နေအလင်းတန်း ဖြာကျခဲ့သည်။ သစ်ပင်က ယင်း၏ကိုယ်ထည်ကို ယိမ်းထိုးကာ သူ၏ လက်တံများကို ကားထွက်လာအောင် ဆန့်ထုတ်ထားပြီး နေအလင်းရောင်ထဲက လေထုကို တစ်ဝကြီး ရှူရှိုက်သည်။ မြေပြင်အောက်တွင်မူ သစ်ပင်နှင့်အတူ အချိန်ကိုက် အသက်ရှူသဖြင့် မြေကြီးက လန်းဆန်းမှုကို ခံစားရသည်။ ၎င်းအခိုက်တွင် အကိုင်းအခက်များ ကြားမှ လတ်ဆတ်သည့် လေနုအေးလေး တိုက်ခတ်သွားပြီး၊ သစ်ပင်မှာ ခွန်အားနှင့် တသိမ့်သိမ့်လှိုင်းထကာ ပျော်ရွှင်မြူးတူးမှုဖြင့် လှုပ်ခတ်လာသည်။ သစ်ပင်နှင့် နေအလင်းရောင်သည်လည်း တစ်ဦးအပေါ်တစ်ဦး မှီခိုနေကြရသည်။...

လူတို့သည် သစ်ပင်၏ အေးမြသည့် အရိပ်အောက်တွင် ထိုင်ကြပြီး လန်းဆန်းအေးမြပြီး မွှေးကြိုင်သည့် လေညင်းကို ခံယူကြသည်။ လေက သူတို့၏ နှလုံးနှင့် အဆုတ်တို့ကို သန့်ရှင်းစေပြီး သူတို့ထဲက သွေးကိုလည်း သန့်စင်ပေးသည်ဖြစ်၍ သူတို့၏ ကိုယ်ခန္ဓာများမှာ ထိုင်းမှိုင်းမှု သို့မဟုတ် ဖိစီးမှု မခံစား ကြတော့ချေ။ လူတို့နှင့် သစ်ပင်သည် တစ်ဦးကိုတစ်ဦး မှီခို နေကြရသည်။...

ကျည်ကျည်ကျာကျာ မြည်သံပြုသော ငှက်လေးတစ်အုပ်က သစ်ပင်၏ အကိုင်းအခက်များအပေါ် ခိုနားကြသည်။ သူတို့သည် သားရဲတစ်ကောင်ကောင်ကို ရှောင်ပြေးဖို့ သို့မဟုတ် မျိုးပွား သားပေါက်ဖို့နှင့် သူတို့၏ အကောင်ပေါက်များကို ပြုစုပျိုးထောင်ဖို့ ထိုနေရာတွင် ဆင်းသက်ခြင်း ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် ခဏတဖြုတ် လာနားခိုခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။ ငှက်လေးများနှင့် သစ်ပင်သည် တစ်ဦးကိုတစ်ဦး မှီခို နေကြရသည်။...

လိမ်ကျစ်ရှုပ်ထွေးနေသည့် သစ်ပင်၏ အမြစ်များမှာ မြေကြီးထဲတွင် နက်ရှိုင်းစွာ စိုက်ဝင်သည်။ သစ်ပင်သည် သူ၏ပင်စည်ဖြင့် မြေကြီးကို လေဒဏ်မိုးဒဏ်မှ ကာကွယ်ပေးပြီး၊ သူ့ခြေဖဝါးအောက်က မြေကြီးကိုကာကွယ်ရန် သူ၏ အကိုင်းအခက်များကို ဖြန့်ကျက်ပေးထားသည်။ သစ်ပင်က ထိုသို့ပြုရသည်မှာ မြေကြီးသည် သူ၏မိခင် ဖြစ်သောကြောင့် ဖြစ်သည်။ သူတို့သည် တစ်ဦးကိုတစ်ဦး ခွန်အားပေးလျက်

အမှီသဟဲပြုကြသည့်အပြင် သူတို့သည် ဘယ်သောအခါမျှ ခွဲခွာမည်မဟုတ်ပါ။...

ထိုသို့ဖြင့် ဤပုံဝတ္ထု အဆုံးသတ်သည်။ ငါပြောပြလိုက်သည့် ပုံဝတ္ထုလေးက မျိုးစေ့တစ်စေ့၊ ကမ္ဘာမြေကြီး၊ သစ်ပင်တစ်ပင်၊ နေအလင်းရောင်၊ ငှက်များနှင့် လူသားအကြောင်း ဖြစ်သည်။ ပုံဝတ္ထုလေးတွင် ပြကွက်အနည်းငယ်သာ ပါသည်။ ပုံဝတ္ထုလေးက သင်တို့ကို မည်သည့်ခံစားချက်များ ချန်ရစ်ပေးသနည်း။ ငါဤနည်းအတိုင်း စကားပြောသည့်အခါ ငါပြောနေသည့်အရာကို သင်တို့ နားလည်ကြသလော။ (ကျွန်ုပ်တို့ နားလည်ပါသည်။) ကျေးဇူးပြု၍ သင်တို့၏ ခံစားချက်များကို ပြောပြလော့။ ဤပုံဝတ္ထုကို နားထောင်ပြီးနောက် သင်တို့ မည်သည့်အရာ ခံစားခဲ့ရသနည်း။ ပုံဝတ္ထုထဲ၌ရှိသော ဇာတ်ကောင်အားလုံးကို မြင်နိုင် ထိတွေ့နိုင်ကြောင်း သင်တို့ကို ငါ ဦးစွာပြောပြထားမည်။ ၎င်းတို့သည် တကယ်ရှိသောအရာများ ဖြစ်ပြီး၊ တင်စားချက်များ မဟုတ်ပါ။ ငါပြောခဲ့သည့်အရာအား သင်တို့ကို ငါ စဉ်းစားသုံးသပ်စေချင်သည်။ ငါ၏ ပုံဝတ္ထုထဲတွင် ပညာရပ်ဆန်သောအရာ ဘာမျှမရှိသည့်အပြင် ယင်း၏ အဓိကအချက်များကို စာကြောင်းအနည်းငယ်ဖြင့် ဖော်ပြနိုင်လေသည်။ (ကျွန်ုပ်တို့ ကြားခဲ့ရသည့် ပုံဝတ္ထုက လှပသည့် ပန်းချီကားတစ်ချပ်ကို ရေးခြယ်လေသည်- မျိုးစေ့တစ်စေ့ အသက်ရှင်လာပြီး ကြီးထွားလာသည့်နှင့်အမျှ ယင်းက နွေဦးပေါက်၊ နွေရာသီ၊ ဆောင်းဦးပေါက်၊ ဆောင်းရာသီဟူသော နှစ်တစ်နှစ်၏ ဥတုလေးပါးကို တွေ့ကြုံခံစားရသည်။ ကမ္ဘာမြေကြီးက အစို့အညှောက်ပေါက်သော အစေ့လေးကို မိခင်တစ်ဦးကဲ့သို့ ပြုစုစောင့်ရှောက်မှုပေးသည်။ ယင်းက အအေးဒဏ်ကို ကျော်လွှားနိုင်ရန်အတွက် ဆောင်းတွင်း၌ အစို့အညှောက်လေးကို အနွေးဓာတ်ပေးသည်။ အညှောက်လေးက သစ်ပင်ကြီးအဖြစ်သို့ ကြီးထွားလာပြီးနောက်တွင် နေရောင်ခြည်လေးက ၎င်း၏ အကိုင်းအခက်များကို ထိတွေ့ပြီး၊ အပင်ကို ပျော်ရွှင်မှုများစွာ ဆောင်ကြဉ်းပေးပြန်သည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်း အမြောက်အမြားထဲတွင် မြေကြီးသည်လည်း အသက်ရှိပြီးလျှင် ၎င်းနှင့် သစ်ပင်တို့သည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုကြသည်ကို ကျွန်ုပ်တွေ့မြင်သည်။ သစ်ပင်ကို နေရောင်ခြည်က ပေးစွမ်းသည့် ကြီးစွာသော အနွေးဓာတ်ကိုလည်း ကျွန်ုပ်တွေ့မြင်သည်၊ ထို့ပြင် တွေ့မြင်နေကျဖြစ်စေကာမူ ငှက်ကလေးများသည် ပြည့်စုံသော သဟဇာတကျသည့် ရှုခင်းတစ်ခုအဖြစ် သစ်ပင်နှင့် လူသားများနှင့် အတူတကွ ပုံဖော်ကြသည်ကိုလည်း ကျွန်ုပ်တွေ့ရပါသည်။ ဤသည်တို့မှာ ဤပုံဝတ္ထုကို ကျွန်ုပ်ကြားရသည့် အချိန်တွင် ကျွန်ုပ်ရင်ထဲ၌ ခံစားရသည့် ခံစားချက်များ ဖြစ်ပါသည်။ ဤအရာများအားလုံးမှာ အမှန်တကယ် အသက်ဝင်သည်ကို ကျွန်ုပ်သဘောပေါက်မိပါသည်။) မှန်လေစွ။ တစ်ယောက်ယောက်က ထပ်ဖြည့်စရာ

တစ်ခုခုရှိသလော။ (မျိုးစေ့လေးက အညှောက်ပေါက်ပြီး မြင့်သွန်းသော သစ်ပင်အဖြစ် ကြီးထွားလာသည့် ဤပုံဝတ္ထုထဲတွင်၊ ဘုရားသခင့် ဖန်ဆင်းခြင်း၏ အံ့သြဖွယ်ရာကို ကျွန်ုပ်တွေ့ရသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို တစ်ခုနှင့်တစ်ခု ကူညီအားဖြည့်ပြီး အမှီသဟဲဖြစ်စေရန် ပြုလုပ်ခဲ့ကြောင်းနှင့် အရာခပ်သိမ်းသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်မှုရှိပြီး အလုပ်အကျွေးပြုကြကြောင်း ကျွန်ုပ်တွေ့ရသည်။ ကျွန်ုပ်သည် ဘုရားသခင်၏ ဉာဏ်ပညာ၊ သူ၏အံ့သြဖွယ်ရာကို တွေ့ရပြီး၊ သူသည် အရာခပ်သိမ်း၏ အသက်အရင်းအမြစ်ဖြစ်သည်ကို တွေ့ရပါသည်။)

ငါပြောခဲ့သမျှ အကြောင်းအရာတိုင်းမှာ သင်တို့ ယခင်က မြင်တွေ့ဖူးသော အရာပင်ဖြစ်သည်။ ဥပမာ မျိုးစေ့များ၊ သူတို့သည် သစ်ပင်များအဖြစ် ကြီးထွားလာပြီး၊ သင့်အနေဖြင့် ဖြစ်စဉ်၏ အသေးစိတ်ဟူသမျှကို မြင်တွေ့နိုင်မည် မဟုတ်သော်လည်း ထိုသို့ဖြစ်ပျက်သည်ကို သင်သိရသည်မဟုတ်လော။ ကမ္ဘာမြေကြီးနှင့် နေရောင်ခြည်အကြောင်းကိုလည်း သင်သိရသည်။ သစ်ပင်ပေါ်တွင် နားနေသည့် ပုံရိပ်မှာ လူတိုင်းမြင်ဖူးကြသည့်အရာ ဖြစ်သည် မဟုတ်လော။ ထို့ပြင် သစ်ပင်ရိပ်တွင် မိမိဖာသာ အမောဖြေကြသည့် လူတို့၏ပုံရိပ်မှာ သင်တို့အားလုံး မြင်ဖူးကြသည့်အရာ မဟုတ်လော။ (ဟုတ်ပါသည်။) ထို့ကြောင့် ဤအရာများအားလုံးက ပုံရိပ် တစ်ခုတည်းတွင် ရှိသည့်အခါတွင် ထိုပုံရိပ်က မည်သည့်ခံစားချက်ကို ဖြစ်ပေါ်စေသနည်း။ (သဟဇာတကျခြင်း ခံစားမှုပါ။) ထိုကဲ့သို့သော ပုံရိပ်တွင်ရှိသည့် အရာများတစ်ခုစီတိုင်းက ဘုရားသခင်ထံမှ လာသလော။ (ဟုတ်ပါသည်။) သူတို့သည် ဘုရားသခင်ထံမှ လာကြသည်ဖြစ်၍ ဤကွဲပြားခြားနားသော အရာများအားလုံး၏ ကမ္ဘာမြေပေါ် တည်ရှိနေခြင်း တန်ဖိုးနှင့် အရေးပါမှုကို ဘုရားသခင်သိပါသည်။ ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းသည့်အခါ၌၊ အရာတစ်ခုချင်းစီကို စီစဉ်ပြီး ဖန်ဆင်းသည့်အခါ၌ ရည်ရွယ်ချက်ဖြင့် သူဖန်ဆင်းခဲ့ခြင်းဖြစ်ပြီး ထိုအရာများကို သူဖန်ဆင်းခဲ့သည့် အချိန်တွင် တစ်ခုချင်းစီကို အသက်နှင့် ပြည့်ဝစေခဲ့သည်။ ငါတို့၏ ပုံဝတ္ထုထဲတွင် ဖော်ပြခဲ့သည့် အတိုင်းပင်၊ လူသားမျိုးနွယ်၏ တည်ရှိမှုအတွက် သူဖန်ဆင်းခဲ့သည့် ပတ်ဝန်းကျင်မှာ မျိုးစေ့များနှင့် ကမ္ဘာမြေကြီးတို့ အပြန်အလှန် မှီခိုကြသည့်၊ ကမ္ဘာကြီးက မျိုးစေ့များကို အာဟာရဖြစ်စေနိုင်ပြီး မျိုးစေ့လေးများက မြေကြီးကို တွယ်ကပ် ချည်နှောင်ထားသည့် ပတ်ဝန်းကျင်ဖြစ်သည်။ သူ့ဖန်ဆင်းခြင်း၏ တကယ့်ကနဦးကပင် ဤဆက်နွယ်မှုကို ဘုရားသခင်က စီမံထားသည်။ သစ်ပင်တစ်ပင်၊ နေရောင်ခြည်၊ ငှက်များနှင့် လူသားများ၏ ပြကွက်မှာ လူသားမျိုးနွယ်အတွက် ဘုရားသခင် ဖန်ဆင်းခဲ့သည့် သက်ရှိ ပတ်ဝန်းကျင်၏ သရုပ်ပြချက် တစ်ခုဖြစ်သည်။ ပထမဦးစွာ၊ သစ်ပင်က ကမ္ဘာမြေကြီးကို

မပစ်ပယ်နိုင်သည့်အပြင် ယင်းမှာ နေရောင်ခြည်မရှိဘဲလည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် သစ်ပင်ကို ဖန်ဆင်းရာတွင် ဘုရားသခင်၏ ရည်ရွယ်ချက်က မည်သည့်အရာ ဖြစ်ခဲ့သနည်း။ ကမ္ဘာမြေကြီး အတွက်သာလျှင် ရည်ရွယ်ထားသည်ဟု ငါတို့ပြောနိုင်သလော။ ယင်းကို ငှက်များအတွက်သာ ရည်ရွယ်သည်ဟု ငါတို့ ပြောနိုင်သလော။ ယင်းက လူသားများ အတွက်သာ ဖြစ်သည်ဟု ငါတို့ ပြောနိုင်သလော။ (မပြောနိုင်ပါ။) သူတို့ကြားက ဆက်နွယ်မှုက အဘယ်နည်း။ သူတို့ကြားက ဆက်နွယ်မှုဆိုသည်မှာ အပြန်အလှန် ခွန်အားဖြည့်ပေးခြင်း၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဖြစ်ခြင်းနှင့် ခွဲမရခြင်း ဆက်နွယ်မှုမျိုး ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာမြေကြီး၊ သစ်ပင်၊ နေရောင်ခြည်၊ ငှက်များနှင့် လူတို့သည် ဖြစ်တည်မှုအတွက် တစ်ဦးပေါ်တစ်ဦး အမှီပြုကြရပြီး၊ တစ်ဦးကိုတစ်ဦး ပြုစုပျိုးထောင် ကြရသည်။ သစ်ပင်က ကမ္ဘာမြေကြီးကို ကာကွယ်ပေးပြီး ကမ္ဘာမြေကြီးက သစ်ပင်ကို ပြုစုပျိုးထောင်ပေးသည်။ နေရောင်ခြည်က သစ်ပင်ကို ထောက်ပံ့ကူညီသည်၊ ထိုစဉ် သစ်ပင်က နေရောင်ခြည်မှ လတ်ဆတ်သည့်လေကို ရယူပြီး ကမ္ဘာမြေကြီး အပေါ်၌ နေ၏ ချစ်ချစ်တောက်အပူကို လျော့ပါးစေသည်။ အဆုံးတွင် ဤအရာမှ မည်သူက အကျိုးခံစားရသနည်း။ ယင်းမှာ လူသားမျိုးနွယ်ဖြစ်သည် မဟုတ်လော။ ဤသည်မှာ ဘုရားသခင် ဖန်ဆင်းပေးခဲ့သည့် လူသားမျိုးနွယ်နေထိုင်သော ပတ်ဝန်းကျင်ကို အခြေခံသည့် နိယာမများထဲက တစ်ခုဖြစ်သည်။ ယင်းမှာ အစကတည်းက ဘုရားသခင် ရည်ရွယ်ထားခဲ့သည့် ပုံစံဖြစ်သည်။ ဤပုံရိပ်သည် ရိုးရှင်းသည့်ပုံရိပ်ပင် ဖြစ်သော်လည်း ထိုအထဲတွင် ဘုရားသခင်၏ ဉာဏ်ပညာနှင့် သူ၏ ကြံရွယ်ချက်ကို ငါတို့တွေ့နိုင်သည်။ လူသားမျိုးနွယ်သည် ငှက်ကျေးများနှင့် နေရောင်မဆိုထားဘိ၊ ကမ္ဘာမြေကြီးမရှိဘဲ သို့မဟုတ် သစ်ပင်များမရှိဘဲနှင့် အသက်မရှင် နိုင်ပါ၊ ထိုသို့ ဖြစ်သည်မဟုတ်လော။ ဤသည်မှာ ပုံဝတ္ထုတစ်ခုသာ ဖြစ်သော်လည်း ယင်းက ပြသသည့်အရာမှာ ဘုရားသခင်၏ ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းအား ဖန်ဆင်းခြင်း၏ ကိုယ်စားပြုပုံစံလေးဖြစ်ပြီး၊ လူသားမျိုးနွယ် အသက်ရှင် နေထိုင်နိုင်သည့် ပတ်ဝန်းကျင် တစ်ခုဟူသည့် သူ၏ ဆုလက်ဆောင်ပင်ဖြစ်သည်။

ဘုရားသခင်က ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို လည်းကောင်း၊ နေထိုင်ရန်အတွက် ပတ်ဝန်းကျင်ကိုလည်းကောင်း ဖန်ဆင်းပေးခဲ့သည်မှာ လူသားမျိုးနွယ်အတွက် ဖြစ်သည်။ ပထမဆုံးအနေနှင့် ငါတို့၏ ပုံဝတ္ထုက ပြောပြခဲ့သည့် အဓိကအချက်မှာ အရာခပ်သိမ်း၏ အပြန်အလှန် ခွန်အား ဖြည့်ပေးခြင်း၊ ကျွန်းကိုင်းမှီကိုင်းကျွန်းမှီဖြစ်ခြင်းနှင့် ယှဉ်တွဲ နေထိုင်ခြင်းတို့ပင် ဖြစ်သည်။ ဤနိယာမအောက်တွင် လူသားမျိုးနွယ်၏ တည်ရှိရာပတ်ဝန်းကျင်ကို ကာကွယ် ပေးထားသည်၊ ၎င်းသည် တည်ရှိပြီး ရပ်တည်နိုင်သည်။

ဤအကြောင်းကြောင့် လူသားမျိုးနွယ်က ရှင်သန်ပြီး မျိုးပွား နိုင်ကြသည်။ ငါတို့မြင်တွေ့ခဲ့သည့် ပုံရိပ်မှာ သစ်ပင်တစ်ပင်၊ ကမ္ဘာမြေကြီးနှင့်၊ နေရောင်၊ ငှက်များနှင့် လူသားတို့ကို အတူတကွ တွေ့ခဲ့ရသည့် အရာဖြစ်သည်။ ဤပုံရိပ်ထဲတွင် ဘုရားသခင် ပါခဲ့သလော။ သူ့ကို မည်သူမျှမမြင်ခဲ့သည် မဟုတ်လော။ သို့သော်လည်း ပြကွက်ထဲက အရာများကြားတွင် အပြန်အလှန် ခွန်အားဖြည့်ပေးခြင်းနှင့် ကျွန်းကိုင်းမှီကိုင်းကျွန်းမှီဖြစ်ခြင်းတို့၏ စည်းမျဉ်းကို လူက တွေ့မြင်ခဲ့ရသည်။ ဤစည်းမျဉ်းထဲတွင် လူသည် ဘုရားသခင်၏ တည်ရှိမှုနှင့် အချုပ်အခြာအာဏာကို တွေ့နိုင်သည်။ ဘုရားသခင်က အရာခပ်သိမ်း၏ ရှင်သန်မှုနှင့် တည်ရှိခြင်းကို ကာကွယ်စောင့်ရှောက်ဖို့ ဤသို့သော နိယာမနှင့် စည်းမျဉ်းမျိုးကို အသုံးပြုခြင်းဖြစ်သည်။ ဤနည်းအားဖြင့် သူသည် အရာခပ်သိမ်းနှင့် လူသားမျိုးနွယ်ကို ကူညီထောက်ပံ့ပေးသည်။ ဤပုံဝတ္ထုမှာ ငါတို့၏ အဓိကဆိုလိုရင်းနှင့် ဆက်စပ်မှုရှိသလော။ အပေါ်ယံကြည့်လျှင် ဆက်စပ်မှုမရှိဟန် တူသော်လည်း၊ အမှန်တကယ်တွင် ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည့် စည်းမျဉ်းနှင့် အရာခပ်သိမ်းအပေါ် သူ၏ ထိန်းချုပ်နိုင်ခြင်းသည် သူ၏ အရာခပ်သိမ်းအတွက် အသက်၏ အရင်းအမြစ်ဖြစ်ခြင်းနှင့် အတွင်းကျကျ ဆက်စပ် နေသည်။ ဤအချက်တို့ကို ခွဲ၍မရနိုင်ပါ။ ယခု သင်တို့သည် တစ်စုံတစ်ရာကို လေ့လာမိနေပေပြီ။

ဘုရားသခင်သည် အရာခပ်သိမ်း၏ လည်ပတ်မှုကို အုပ်စိုးသည့် စည်းမျဉ်းများကို အမိန့်ပေးချုပ်ကိုင်သည်။ သူသည် အရာခပ်သိမ်း၏ ဆက်လက်ရှင်သန်နိုင်ရေးကို အုပ်ချုပ်သည့် စည်းမျဉ်းများကို ထိန်းချုပ်သည်။ သူသည် အရာခပ်သိမ်းကို သေကြေပျက်စီး မသွားအောင် သို့မဟုတ် ပျောက်ကွယ်မသွားအောင် ထိန်းချုပ် ထားပြီး၊ အချင်းချင်း အားလည်းဖြည့်ပြီး မှီလည်းမှီခိုစေသည်။ ထိုမှသာ လူသားမျိုးနွယ်သည် ဆက်လက်ရှင်သန်နိုင်မည်။ ထိုမှသာ သူတို့သည် ထိုသို့သော ပတ်ဝန်းကျင်မျိုးတွင် ဘုရားသခင်၏ လမ်းပြမှုအောက်၌ နေထိုင်နိုင်မည်။ ဘုရားသခင်သည် ဤလည်ပတ်မှုစည်းမျဉ်းများ၏ အရှင်သခင်ဖြစ်ပြီး၊ မည်သူတစ်ဦး တစ်ယောက်ကမျှ ၎င်းတို့ကို ကြားဝင်နှောင့်ယှက် မရနိုင်သကဲ့သို့ ပြောင်းလဲ၍မရနိုင်ပါ။ ဘုရားသခင် ကိုယ်တိုင်သာလျှင် ဤစည်းမျဉ်းများကို သိနားလည်ပြီး သူကိုယ်တိုင်ကသာ ၎င်းတို့ကို စီမံခန့်ခွဲသည်။ သစ်ပင်များ မည်သည့်အချိန် အညှောက်ပေါက်မည်၊ မိုး မည်သည့်အချိန်ရွာမည်၊ ကမ္ဘာမြေကြီးက အပင်များကို ရေနှင့် အာဟာရ မည်မျှပေးမည်၊ မည်သည့်ရာသီတွင် သစ်ရွက်များ ကြွေကျမည်၊ မည်သည့်ရာသီတွင် သစ်ပင်များ အသီးသီးမည်၊ နေရောင်ခြည်က သစ်ပင်ကို အာဟာရမည်မျှပေးမည်၊ နေရောင်ခြည်၏ ကျွေးမွေးခံလာရပြီးနောက်

သစ်ပင်များက မည်သည့်အရာကို ရှုထုတ်ပေးမည်- ဤအရာများအားလုံးအား ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည့်အချိန်တွင် မည်သူမျှ မချိုးဖောက်နိုင်သည့် စည်းမျဉ်းများအဖြစ် သူကြိုတင် ပြဌာန်း ထားခဲ့သည်။ အသက်ရှိသည်ဖြစ်စေ၊ သို့မဟုတ် လူ့အမြင်တွင် အသက်မဲ့သည်ဖြစ်စေ ဘုရားသခင်ဖန်ဆင်းခဲ့သည့် အရာများမှာ သူ့အနေဖြင့် သူတို့ကိုထိန်းချုပ်ပြီး သူတို့အပေါ် အုပ်စိုးသည့်နေရာဖြစ်သော သူ၏လက်ထဲတွင် တည်နေကြသည်။ ဤစည်းမျဉ်းများကို မည်သူကမျှ မပြောင်းလဲနိုင်သကဲ့သို့ မဖောက်ဖျက်နိုင်ပါ။ တစ်နည်းအားဖြင့် ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းသည့်အချိန်တွင် သစ်ပင်သည် ကမ္ဘာမြေကြီးမရှိဘဲ အမြစ်များနှင့် အညောက်တို့ကို ချမှတ်၍ မရနိုင်သည့်အပြင် မကြီးထွားနိုင်မည့်အကြောင်း၊ ကမ္ဘာမြေကြီးသည် သစ်ပင်များ မရှိလျှင် ခြောက်သွေ့သွားမည့်အကြောင်း၊ သစ်ပင်သည် ကျေးငှက်တို့၏ နားခိုရာအိမ် ဖြစ်လာသင့်ပြီး လေဒဏ်မှ သူတို့ အကာအကွယ်ယူရမည့် နေရာဖြစ်လာမည့်အကြောင်း ကြိုတင် ပြဌာန်းထားပြီး ဖြစ်ခဲ့သည်။ သစ်ပင်တစ်ပင်က နေရောင်ခြည် မရှိလျှင် ရှင်သန်နိုင်မည်လော။ (မရှင်သန်နိုင်ပါ။) သစ်ပင်က ကမ္ဘာမြေကြီးနှင့်သာလျှင်လည်း မရှင်သန်နိုင်ပါ။ ဤအရာများ အားလုံးမှာ လူသားမျိုးနွယ်အတွက်၊ လူသားမျိုးနွယ်၏ ဆက်လက် ရှင်သန်မှုအတွက် ဖြစ်သည်။ လူသည် သစ်ပင်မှ လတ်ဆတ်သည့် လေကို ရရှိပြီး လူသည် သစ်ပင်မှ ကာကွယ်ပေးထားသည့် ကမ္ဘာမြေကြီးပေါ်တွင် နေထိုင်ကြရသည်။ လူသားသည် နေရောင်ခြည် သို့မဟုတ် အမျိုးမျိုးသော သက်ရှိအရာများမရှိဘဲ အသက်မရှင်နိုင်ပါ။ ဤဆက်နွယ်မှုများမှာ ရှုပ်ထွေးသော်လည်း အရာခပ်သိမ်းတို့သည် အချင်းချင်း ခွန်အားဖြည့်ပေးနိုင်ရန်၊ အချင်းချင်း မှီခိုရန်နှင့် အတူတကွ တည်ရှိရန် အလို့ငှာ ဘုရားသခင်က ၎င်းတို့ကိုအုပ်စိုးသည့် စည်းမျဉ်းများအား ဖန်ဆင်းခဲ့သည်ကို သင် အမှတ်ရဖို့လိုသည်။ အခြားနည်းဖြင့် ဆိုရသော် သူဖန်ဆင်းခဲ့သည့် အရာတစ်ခုစီတိုင်းတွင် တန်ဖိုးနှင့် အရေးပါမှုတို့ ရှိကြသည်။ အကယ်၍ အရာတစ်ခုခုကို အရေးပါမှုမရှိဘဲ ဖန်ဆင်းခဲ့သည်ဆိုလျှင်၊ ဘုရားသခင်က ၎င်းကို ပျောက်ကွယ်စေမည် ဖြစ်သည်။ ဤသည်မှာ အရာခပ်သိမ်းကို ထောက်ပံ့ရန် ဘုရားသခင်အသုံးပြုသည့် နည်းလမ်းများထဲက တစ်ခုပင်ဖြစ်သည်။ ဤပုံဝတ္ထုထဲတွင် "ထောက်ပံ့သည်" ဆိုသည့် စကားလုံးက မည်သည့်အရာကို ရည်ညွှန်းသနည်း။ ဘုရားသခင်က နေ့တိုင်း သစ်ပင်ကို ရေလောင်းသလော။ သစ်ပင်က အသက်ရှူဖို့ ဘုရားသခင်၏ အကူအညီကို လိုအပ်သလော။ (မလိုအပ်ပါ။) ဤနေရာတွင် "ထောက်ပံ့သည်" ဆိုသည်မှာ အရာခပ်သိမ်းကို ဖန်ဆင်းပြီးသည့်နောက်၊ ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ဆိုလိုသည်။ ၎င်းတို့ကို ထိန်းချုပ်သည့် စည်းမျဉ်းများကို

တည်ထောင် ပေးပြီးနောက် ဘုရားသခင်အနေဖြင့် စီမံထိန်းကျောင်း ရသည်မှာ လုံလောက်သည်။ မျိုးစေ့ကို ကမ္ဘာမြေကြီးထဲတွင် စိုက်လိုက်သည့်အခါ သစ်ပင်သည် သူ့ဘာသာ ကြီးထွားလေသည်။ သစ်ပင်၏ ရှင်သန်မှုအတွက် အခြေအနေများ အားလုံးကို ဘုရားသခင်မှ ဖန်ဆင်းထားသည်။ နေရောင်၊ ရေ၊ မြေကြီး၊ လေနှင့် ပတ်ပတ်လည် သဘာဝဝန်းကျင်တို့ကို ဘုရားသခင် ပြုလုပ်ခဲ့သည်။ လေ၊ ဆီးနှင်း၊ နှင်း၊ မိုးနှင့် ဥတုလေးပါးတို့ကို ဘုရားသခင် ပြုလုပ်ခဲ့သည်။ ဤသည်တို့မှာ သစ်ပင်ကြီးထွားဖို့ လိုအပ်သည့် အခြေအနေများဖြစ်ပြီး၊ ဘုရားသခင်က ပြင်ဆင်ထားသော အရာများ ဖြစ်သည်။ သို့ဖြစ်လျှင် ဘုရားသခင်သည် ဤသက်ရှိပတ်ဝန်းကျင်၏ အရင်းအမြစ် ဟုတ်သလော။ (ဟုတ်ပါသည်။) ဘုရားသခင်သည် နေ့တိုင်း သစ်ပင်ထက်က သစ်ရွက် တစ်ရွက်ချင်းစီကို ရေတွက်နေစရာ လိုသလော။ မလိုအပ်ပါ။ ဘုရားသခင်အနေဖြင့် သစ်ပင်အသက်ရှူဖို့အတွက် ကူညီရန် သို့မဟုတ် "အခု သစ်ပင်အတွက် အလင်းရောင်ပေးဖို့ အချိန်ရောက်ပြီ" ဟုပြောပြီး နေရောင်ခြည်ကို နေ့တိုင်း နှိုးဖို့မလိုပါ။ သူထိုကဲ့သို့ လုပ်နေစရာမလိုပါ။ စည်းမျဉ်းများအတိုင်းပင် နေရောင်ခြည်က အလင်းရောင်ပေးဖို့ အချိန်တန်လျှင် သူ့သာသာသူ အလင်းရောင် ပေးသည်။ ၎င်းက ပေါ်ထွက်လာပြီး သစ်ပင်ကို အလင်းပေးကာ သစ်ပင်က လိုအပ်သည့်အချိန်တွင် နေရောင်ခြည်ကို စုပ်ယူပြီး၊ မလိုအပ်သည့်အချိန်၌လည်း သစ်ပင်က စည်းမျဉ်းများ အတွင်း ရှင်သန်ဆဲဖြစ်သည်။ သင်တို့သည် ဤဖြစ်ရပ်ကို ရှင်းလင်းစွာ ရှင်းပြနိုင်ကောင်း ရှင်းပြနိုင်မည်ဖြစ်စေကာမူ၊ ယင်းက လူတိုင်း တွေ့မြင်လက်ခံနိုင်သည့် အမှန်တရားပင် ဖြစ်သည်။ သင်လုပ်ဖို့ လိုအပ်သမျှမှာ အရာခပ်သိမ်း၏ တည်ရှိမှုကို ထိန်းချုပ်သည့် စည်းမျဉ်းများသည် ဘုရားသခင်ထံမှ လာကြောင်းကို အသိအမှတ် ပြုရန်နှင့် ဘုရားသခင်သည် အရာခပ်သိမ်း၏ ကြီးထွားမှုနှင့် ဆက်လက်ရှင်သန်ရေးအပေါ်၌ အချုပ်အခြာ အာဏာရှိကြောင်းကို သိနားလည်ရန်ပင်ဖြစ်သည်။

ဤပုံဝတ္ထုတွင် လူတို့က "ဥပစာစကား" ဟု ပြောကြသောအရာ ပါဝင်သလော။ ယင်းမှာ လူသားသဖွယ် ခိုင်းနှိုင်းတင်စားမှု တစ်ခုလေလော။ (မဟုတ်ပါ။) ငါသည် အဖြစ်မှန်တစ်ခုကို ပြောခဲ့ခြင်း ဖြစ်သည်။ အသက်ရှင်သည့်အရာ၊ အသက်ရှိသည့်အရာ အမျိုးအစားတိုင်းမှာ ဘုရားသခင်၏ အုပ်စိုးခြင်းကို ခံရသည်။ သက်ရှိအရာတစ်ခုစီတိုင်း ဖန်ဆင်းခံခဲ့ရသည့်အချိန်တွင် ဘုရားသခင်က အသက်နှင့် ပြည့်ဝစေခဲ့သည်။ သက်ရှိအရာတိုင်း၏ အသက်သည် ဘုရားသခင်ထံမှလာပြီး ထိုအသက်ကို စီမံညွှန်ကြားသည့် လမ်းစဉ်နှင့် ဥပဒေသများကို လိုက်နာရသည်။ ၎င်းကို လူက ပြောင်းလဲစရာ မလိုသကဲ့သို့ ၎င်းက လူသား၏ အကူအညီလည်း မလိုအပ်ပေ။ ၎င်းမှာ ဘုရားသခင်က အရာခပ်သိမ်းကို

ကူညီထောက်ပံ့သည့် နည်းလမ်းများထဲက တစ်ခုဖြစ်သည်။ သင်တို့ နားလည်သည် မဟုတ်လော။ လူတို့အနေဖြင့် ဤအရာကို အသိအမှတ်ပြုဖို့ လိုအပ်သည်ဟု သင်တို့ထင်သလော။ (ထင်ပါသည်။) သို့ဆိုလျှင် ဤပုံဝတ္ထုသည် ဇီဝဗေဒနှင့် ဆက်စပ်မှု တစ်စုံတစ်ရာ ရှိသလော။ ၎င်းသည် အသိပညာ သို့မဟုတ် သင်ယူလေ့လာမှု ကဏ္ဍတစ်ခု၏ နယ်ပယ်နှင့် တစ်နည်းနည်းဖြင့် ဆက်စပ်နေသလော။ ငါတို့သည် ဇီဝဗေဒ အကြောင်း ဆွေးနွေးနေခြင်း မဟုတ်သည့်အပြင် ဇီဝဗေဒဆိုင်ရာ သုတေသန လုပ်နေခြင်းလည်း မဟုတ်ပါ။ ငါတို့ဆွေးနွေးချက်၏ အဓိကအကြောင်းအရာက မည်သည့်အရာနည်း။ (ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏။) သင်တို့သည် ဖန်ဆင်းခြင်းအထဲတွင် မည်သည့်အရာကို မြင်တွေ့ပြီးပြီနည်း။ သစ်ပင်များကို မြင်တွေ့ပြီးပြီလော။ ကမ္ဘာမြေကြီးကို မြင်ပြီလော။ (မြင်ပါပြီ။) နေရောင်ခြည်ကိုလည်း မြင်ပြီမဟုတ်လော။ သစ်ပင်များပေါ်တွင် နားနေသည့် ငှက်များကို မြင်ပြီလော။ (မြင်ပါပြီ။) လူသားမျိုးနွယ်သည် ဤပတ်ဝန်းကျင်မျိုးတွင် နေထိုင်ရသည်ကို ပျော်ရွှင်သလော။ (ပျော်ရွှင်ပါသည်။) ဆိုလိုသည်မှာ ဘုရားသခင်က လူသားမျိုးနွယ်၏ နေအိမ်၊ သူတို့ရှင်သန်ရာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့နှင့် ကာကွယ်စောင့်ရှောက်ဖို့ သူဖန်ဆင်းခဲ့သည့် အရာများတည်းဟူသော အရာခပ်သိမ်းကို အသုံးပြုခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် အရာခပ်သိမ်းကို ကူညီ ထောက်ပံ့ခြင်းဖြစ်သည်။

ဤဆွေးနွေးချက်၏ ပုံစံ၊ ငါမိတ်သဟာယပြုနေသည့် နည်းလမ်းကို သင်တို့ မည်သို့သဘောရသနည်း။ (ယင်းမှာ နားလည်လွယ်ပြီး လက်တွေ့ဘဝဖြစ်သော ဥပမာများစွာ ပါရှိသည်။) ဤသည်တို့မှာ ငါပြောသည့် အဓိပ္ပာယ်မဲ့သော စကားလုံးများ ဟုတ်သလော။ ဘုရားသခင်သည် အရာအားလုံးအတွက် အသက် အရင်းအမြစ် ဖြစ်သည်ကို နားလည်ဖို့ ဤပုံဝတ္ထုကို လူတို့ လိုအပ်သလော။ (လိုအပ်ပါသည်။) ဤသို့ဆိုလျှင် ငါတို့ နောက်ထပ် ပုံဝတ္ထုတစ်ခုကို ဆက်သွားကြပါစို့။ နောက်ပုံဝတ္ထုမှာ အကြောင်းအရာအားဖြင့် အနည်းငယ် ကွဲပြားကာ၊ အဓိက ဆိုလိုရင်းမှာလည်း အနည်းငယ် ကွဲပြားသည်။ ပုံဝတ္ထုထဲ၌ ဖော်ပြထားသမျှမှာ ဘုရားသခင်၏ ဖန်ဆင်းခြင်းထဲတွင် လူတို့က မိမိ၏မျက်စိဖြင့် မြင်တွေ့နိုင်သည့် အရာတစ်ခုခုပင် ဖြစ်သည်။ ယခု ငါ၏ နောက်ထပ် ဇာတ်ကြောင်းဖြစ်စဉ်ကို စပြောမည်။ တစ်ဆိတ်လောက် ငြိမ်သက်စွာ နားထောင်ပြီး ငါ့ဆိုလိုရင်းကို သင်တို့နားလည်မလည် ကြည့်ကြလော့။ ပုံဝတ္ထုပြီးသောအခါ သင်တို့ အဘယ်မျှလောက် သင်ယူလေ့လာထားသည်ကို ကြည့်ဖို့ သင်တို့ကို မေးခွန်းတစ်ချို့ မေးမည်။ ဤပုံဝတ္ထုထဲက ဇာတ်ကောင်များမှာ ကြီးမားသောတောင်ကြီး၊ စမ်းချောင်းလေး၊ လေကြမ်းကြီးနှင့်

ရောမလှိုင်းလုံးကြီးတို့ ဖြစ်ကြသည်။

## ပုံဝတ္ထု၂။ ကြီးမားသောတောင်ကြီး၊ စမ်းချောင်းလေး၊ လေကြမ်းကြီးနှင့် ရောမလှိုင်းလုံးကြီး

ဟိုဟိုသည်သည် ကွေ့ကောက်စီးဆင်းနေသည့် စမ်းချောင်းလေး တစ်ခု ရှိခဲ့ကာ၊ နောက်ဆုံးတွင် ကြီးမားသည့် တောင်ကြီး၏ တောင်ခြေရင်းကို ရောက်ရှိလာခဲ့သည်။ တောင်ကြီးက စမ်းချောင်းလေး၏ စီးကြောင်းကို ကာဆီးထားသည့်အတွက် စမ်းချောင်းက တောင်ကြီးကို အားနည်းသည့်လေသံလေးနှင့် "ကျေးဇူးပြု၍ ကျွန်ုပ်ကို ဖြတ်သွားခွင့်ပြုပါ၊ သင်သည် ကျွန်ုပ်၏ လမ်းခရီးတွင် ရပ်နေပြီး ကျွန်ုပ် ရှေ့ဆက်သွားရမည့် လမ်းကြောင်းကို ပိတ်ဆို့နေပါသည်" ဟု ပြောလိုက်သည်။ တောင်ကြီးက "သင် အဘယ်ဆီသို့ သွားမည်နည်း" ဟု ပြန်မေးသည်။ စမ်းချောင်းလေးက "ကျွန်ုပ်သည် နားခိုရာအိမ်ကို ရှာဖွေနေသည်" ဟု ပြန်ဖြေသည်။ တောင်ကြီးက "ကောင်းပြီ၊ ကျွန်ုပ်အပေါ်ကနေ ဆက်၍ စီးဆင်းသွားပါ" ဟု ပြောလိုက်သည်။ သို့သော်လည်း စမ်းချောင်း ငယ်လေးမှာ အားနည်းလွန်းပြီး၊ ငယ်ရွယ်လွန်းသောကြောင့် ယင်းသည် ထိုကဲ့သို့ ကြီးမားလွန်းလှသည့် တောင်ကြီးကိုကျော်ပြီး စီးဆင်းရန် မဖြစ်နိုင်ခဲ့ပေ။ တောင်ခြေကို ရင်ဆိုင်လျက် ဆက်ပြီး စီးဆင်းရုံသာ တတ်နိုင်တော့သည်။...

လေကြမ်းကြီးသည် သဲနှင့် အမှိုက်သရိုက်တို့ကို သယ်ဆောင်ရင်း တောင်ကြီးရှိရာသို့ တိုက်ခတ်လာခဲ့သည်။ လေက တောင်ကြီးအား "ကျွန်ုပ်ကို သွားခွင့်ပေး" ဟု အော်ပြောသည်။ တောင်ကြီးက "သင် အဘယ်ဆီသို့ သွားမည်နည်း" ဟု မေးသည်။ လေက "တောင်ကြီး၏ အခြားတစ်ဘက်ကို ကျွန်ုပ်သွားလိုသည်" ဟု ပြန်၍ အော်ပြောလိုက်သည်။ တောင်ကြီးက "ကောင်းပြီ၊ ကျွန်ုပ်၏ အလယ်မှ ဖောက်သွားနိုင်လျှင် သင်သွားနိုင်သည်" ဟု ပြောလိုက်သည်။ လေကြမ်းကြီးသည် ဤနည်းဟိုနည်းနှင့် တစ်ဟူးဟူး တိုက်ခတ်သည်၊ သို့သော် အဘယ်မျှ သည်းကြီးမည်းကြီး တိုက်ခတ်သော်လည်း တောင်၏ အလယ်ကို ဖောက်မထွက်နိုင်ခဲ့ပါ။ လေသည် ပင်ပန်းလာပြီး အနားယူဖို့ ရပ်တန့်ခဲ့ရကာ၊ တောင်ကြီး၏ အခြားတစ်ဘက်တွင် လေပြည်လေညင်းတစ်ခု စတင် တိုက်ခတ်လာပြီး ထိုနေရာ၌ရှိသေ လူတို့ကို ကျေနပ်စေခဲ့သည်။ ဤသည်မှာ တောင်ကြီးက လူတို့ကို နှုတ်ခွန်းဆက်သခြင်းပင် ဖြစ်သည်။...

ပင်လယ်ကမ်းစပ်တွင် သမုဒ္ဒရာရေလှိုင်းလေးသည် ကျောက်ဆောင်ကျောက်တုံးတို့ပြည့်နှက်သော သောင်ပြင်ကို ညင်ညင်သာသာ ပုတ်ခတ်ခဲ့သည်။ ရုတ်တရက် ရောမလှိုင်းလုံးကြီး ဖြစ်ပေါ်လာပြီး တောင်ကြီးဆီသို့ တဟုန်ထိုး ပြေးလာခဲ့သည်။ "ဖယ်စမ်း" ဟု ရောမလှိုင်းလုံးကြီးက အော်ပြောသည်။ တောင်ကြီးက "သင်

အဘယ်ဆီကို သွားမည်နည်း” ဟု မေးသည်။ လှိုင်းလုံးကြီးက ပြေးဝင်လာသည်ကို မရပ်တန့်နိုင်ဘဲ၊ “ကျွန်ုပ်သည် ကျွန်ုပ်၏နယ်မြေကို တိုးချဲ့နေသည်။ ကျွန်ုပ်၏ လက်များကို ဆန့်ထုတ်လိုသည်” ဟု အော်ပြောသည်။ တောင်ကြီးက “ကောင်းပြီ၊ ကျွန်ုပ်၏အထွတ်အထိပ်ကို ကျော်သွားနိုင်လျှင် သင့်ကို ကျွန်ုပ်သွားခွင့်ပြုမည်။” ပြောသည်။ လှိုင်းလုံးကြီးက ခပ်ခွာခွာ နောက်ဆုတ်လိုက်ပြီး နောက်တစ်ကြိမ် တောင်ကြီးဆီ တစ်လိပ်လိပ် တက်လာပြန်သည်။ သို့သော်လည်း ယင်းက မည်မျှပင် ကြိုးစားကြိုးစား၊ တောင်ကြီး၏ အထွတ်အထိပ်ကို မကျော်လွှား နိုင်ပေ။ လှိုင်းလုံးမှာ တဖြည်းဖြည်းနှင့် ပင်လယ်ဆီကိုသာ ပြန်လှိမ့်ဆင်းသွားနိုင်တော့သည်။...

နှစ်များထောင်ချီကြာသည့်တိုင် စမ်းချောင်းလေးသည် တောင်ခြေတစ်ဝိုက်တွင် ညင်သာစွာ စီးခဲ့သည်။ တောင်ကြီး၏ လမ်းကြောင်းများနောက်လိုက်ရင်း စမ်းချောင်းလေးသည် သူ့အိမ်ကို ပြန်ရောက်နိုင်ခဲ့ကာ မြစ်တစ်စင်းနှင့် ပူးပေါင်းပြီး ထိုမှ ပင်လယ်ထဲကို စီးဝင်ခဲ့သည်။ တောင်ကြီး၏ ဂရုစိုက်မှုအောက်တွင် စမ်းချောင်းလေးသည် ဘယ်သောအခါမှ လမ်းကြောင်း ပျောက်မသွားခဲ့ပါ။ စမ်းချောင်းနှင့် တောင်တို့သည် အချင်းချင်း အားဖြည့်ပေးကြပြီး၊ အချင်းချင်း မှီခိုကြသည်။ သူတို့သည် အချင်းချင်း ခွန်အားပေးကာ၊ အချင်းချင်း ချေဖျက်ကြပြီး အတူတကွ ယှဉ်တွဲနေထိုင်ကြသည်။

နှစ်များထောင်ချီကြာသည့်တိုင် လေကြမ်းကြီးမှာ ၎င်း၏အကျင့် ဖြစ်သည့်အားလျော်စွာ တဟူးဟူးတိုက်ခတ်ခဲ့သည်။ လေသည် မိမိ၏ လေပြင်းများထဲတွင် သဲမှုန်များစွာကို ဝေ့ဝဲသယ်ဆောင် တိုက်ခတ် လာပြီး တောင်ကြီးဆီသို့ မကြာခဏ “အလည်လာ” ဆဲပင် ဖြစ်သည်။ ယင်းသည် တောင်ကြီးကို ခြိမ်းခြောက်သော်လည်း တောင်၏အလယ်ကို ဘယ်သောအခါမှ ဖောက်မထွက်ခဲ့ပါ။ လေနှင့် တောင်တို့သည် အချင်းချင်း အားဖြည့်ပြီး၊ အချင်းချင်း မှီခိုကြသည်။ သူတို့သည် အချင်းချင်း ခွန်အားပေးပြီး၊ အချင်းချင်း ချေဖျက်ကာ အတူတကွ ယှဉ်တွဲနေထိုင်ကြသည်။

နှစ်များထောင်ချီကြာသည့်တိုင် ဧရာမလှိုင်းလုံးကြီးကလည်း မည်သည့်အခါမျှ အနားယူရန် ရပ်တန့်မနေခဲ့ဘဲ ၎င်း၏နယ်မြေကို အဆက်မပြတ် တိုးချဲ့နေကာ မရပ်မနား ရှေ့သို့ချီတက်နေခဲ့သည်။ ၎င်းသည် မြည်ဟိန်းပြီး တောင်ကြီးကို အကြိမ်ကြိမ် တစ်ဟုန်ထိုး ရိုက်ပုတ်သော်လည်း တောင်ကြီးသည် တစ်လက်မမျှပင် လုံးဝရွေ့မသွားပါ။ တောင်ကြီးက ပင်လယ်ကို စောင့်ကြည့်နေပြီး ဤကဲ့သို့ဖြင့် ပင်လယ်ထဲမှ သက်ရှိများမှာ ပွားများလာပြီး ရှင်သန်ခဲ့ကြသည်။ လှိုင်းလုံးနှင့် တောင်တို့သည် အချင်းချင်း အားဖြည့်ကြပြီး အချင်းချင်း

မှီခိုကြသည်။ သူတို့သည် အချင်းချင်း ခွန်အားပေးကြပြီး၊ အချင်းချင်း ချေဖျက်ကြကာ အတူတကွ ယှဉ်တွဲနေထိုင်ကြသည်။

ပုံဝတ္ထုမှာ ဤသို့ အဆုံးသတ်သည်။ ဦးစွာ ငါ့ကိုပြောလော့၊ ဤပုံဝတ္ထုက မည်သည့်အကြောင်းအရာ ဖြစ်သနည်း။ ဆိုရလျှင်၊ ကြီးမားသော တောင်ကြီး၊ စမ်းချောင်းလေး၊ လေကြမ်းကြီးနှင့် ရောမလှိုင်းလုံးကြီးတို့ ပါသည်။ စမ်းချောင်းလေးနှင့် တောင်ကြီးပါသည့် ပထမစာပိုဒ်တွင် အဘယ်အရာ ဖြစ်ပျက်ခဲ့သနည်း။ ငါသည် စမ်းချောင်းနှင့် တောင်ကြီးအကြောင်း အဘယ်ကြောင့် ရွေးချယ်ပြောခဲ့သနည်း။ (တောင်ကြီး၏ ဂရုစိုက်မှုအောက်တွင် စမ်းချောင်းသည် ဘယ်သောအခါမှ လမ်းမပျောက်ပါ။ သူတို့သည် အချင်းချင်း အားထားကြသည်။) တောင်က စမ်းချောင်းလေးကို ကာကွယ်ပေးသလော သို့မဟုတ် ပိတ်ဆို့သည်ဟု သင်တို့ပြောမည်လော။ (ယင်းကို ကာကွယ် ပေးပါသည်။) ထိုသို့မဟုတ်လျှင် ယင်းကို ပိတ်ဆို့သည် မဟုတ်လော။ တောင်နှင့် စမ်းချောင်းသည် အချင်းချင်း ဂရုတစိုက်ကြည့် နေကြသည်။ တောင်က စမ်းချောင်းကို ကာကွယ်ပေးသကဲ့သို့ ပိတ်လည်းပိတ်ဆို့သည်ဟု ပြောနိုင်သည်။ တောင်သည် စမ်းချောင်းက မြစ်ထဲကို စီးဝင်သွားရာ၌ ကာကွယ်ပေးသော်လည်း စမ်းချောင်းလေးအနေဖြင့် ရေလွှမ်းမိုးမှုများကို ဖြစ်ပေါ်စေပြီး လူသားများအတွက် ဘေးအန္တရာယ် ဖြစ်စေမည့် မိမိဘာသာ စီးဆင်းခြင်းမှ တားဆီးပေးရန် ပိတ်ဆို့ပေးသည်။ ဤသည်မှာ စာပိုဒ်၏ ဆိုလိုသည့်အရာ မဟုတ်လော။ စမ်းချောင်းကို ကာကွယ်ပေးခြင်းနှင့် ပိတ်ဆို့ပေးခြင်းအားဖြင့် တောင်ကြီးသည် လူတို့၏ အသက်အိုးအိမ်များကို ကာကွယ် စောင့်ရှောက် ပေးလေသည်။ စမ်းချောင်းလေးသည် တောင်ခြေတွင် မြစ်နှင့် ပူးပေါင်းသွားပြီးနောက် ပင်လယ်ထဲသို့ ဆက်၍စီးဝင်သွားသည်။ ဤသည်မှာ စမ်းချောင်း၏ တည်ရှိခြင်းကို ထိန်းချုပ်သည့် စည်းမျဉ်းပင်မဟုတ်လော။ စမ်းချောင်းလေးက မြစ်နှင့်ပင်လယ်ထဲကို ပူးပေါင်းစီးဝင်နိုင်ရန်အတွက် မည်သည့် အရာက အထောက်အကူ ပေးသနည်း။ ယင်းက တောင်ကြီး ဖြစ်သလော။ စမ်းချောင်းသည် တောင်ကြီး၏ ကာကွယ် စောင့်ရှောက်မှုနှင့် ပိတ်ဆို့ခြင်းကို အားထားသည်။ ထိုသို့ဆိုလျှင် ဤသည်မှာ အဓိကအချက်ဖြစ်သည် မဟုတ်လော။ ဤအရာထဲတွင် ရေအတွက် တောင်များ၏ အရေးပါမှုကို သင် တွေ့ရသလော။ ဘုရားသခင်က တောင်များကို ကြီးငယ်မရွေး ဖန်ဆင်းရာတွင် သူ၏ရည်ရွယ်ချက် ရှိသလော။ (ရှိပါသည်။) စမ်းချောင်းလေးနှင့် တောင်ကြီးသာလျှင်ဖြစ်သည့် ဤစာပိုဒ်တိုလေးက ငါတို့ကို ထိုအရာနှစ်ခုအား ဘုရားသခင့် ဖန်ဆင်းခြင်း၏ တန်ဖိုးနှင့် အရေးပါမှုကို တွေ့မြင်စေသည်။ ယင်းက ၎င်းတို့အပေါ် သူ၏အုပ်ချုပ်မှု၌ ရှိသောသူ၏ ဉာဏ်ပညာနှင့် ရည်ရွယ်ချက်ကိုလည်း ငါတို့အားပြသသည်။

ထိုသို့ဖြစ်သည် မဟုတ်လော။

ပုံဝတ္ထု၏ဒုတိယအပိုဒ်က မည်သည့် အကြောင်းအရာနည်း။ (လေကြမ်းကြီးနှင့် တောင်ကြီးအကြောင်းဖြစ်သည်။) လေဆိုသည်မှာ ကောင်းသည့်အရာ ဟုတ်သလော။ (ဟုတ်ပါသည်။) သေချာပေါက် မဟုတ်ပေ၊ တစ်ခါတစ်ရံ လေသည် အလွန်ပြင်းထန်ပြီး ဘေးအန္တရာယ်ကို ဖြစ်ပွားစေတတ်သည်။ သင့်ကို ပြင်းထန်သော လေထဲတွင် ရပ်ခိုင်းထားသည်ဆိုလျှင် သင်မည်သို့ခံစားရမည်နည်း။ လေ၏ ပြင်းအားအပေါ်တွင် မူတည်သည်မဟုတ်လော။ ယင်းသည် အဆင့် ၃ သို့မဟုတ် ၄ ရှိသည့် လေဖြစ်ပါက ခံနိုင်စရာဖြစ်မည်။ အများဆုံးအနေနှင့် လူတစ်ယောက် မျက်လုံးဖွင့်ထားဖို့ အခက်တွေ့လောက်သည်။ သို့သော်လည်း လေသည် ပြင်းထန်လာပြီး လေဆင်နှာမောင်း ဖြစ်လာခဲ့လျှင် ၎င်းကို သင်ခံနိုင်မည်လော။ သင် ခံနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူတို့အနေဖြင့် လေက အမြဲတမ်းကောင်းသည် သို့မဟုတ် ၎င်းက အမြဲတမ်းဆိုးသည်ဟု ပြောမည်ဆိုလျှင် မှားသည်၊ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ လေ၏ပြင်းအားအပေါ် မူတည်ခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် ဤနေရာတွင် တောင်ကြီး၏ တာဝန်က အဘယ်အရာနည်း။ ၎င်း၏တာဝန်မှာ လေကို စစ်ချပေးရန် မဟုတ်လော။ တောင်က လေကြမ်းကြီးကို မည်သည့်အရာအဖြစ် လျှော့ချပေးသနည်း။ (လေပြေညင်းလေးအဖြစ်။) ဤသို့ဆိုလျှင် လူသားများနေထိုင်သည့် ပတ်ဝန်းကျင်တွင် လူအများစု ကြုံတွေ့ခံစားရသည်က လေပြင်းများလော၊ လေပြေများလော။ (လေပြေများဖြစ်သည်။) ဤသည်မှာ တောင်များကို ဖန်ဆင်းရာ၌ ဘုရားသခင်၏ ရည်ရွယ်ချက်များထဲကတစ်ခု၊ သူ၏ ကြံရွယ်ချက်များထဲကတစ်ခုပင် မဟုတ်သလော။ လူတို့သည် လေထဲတွင် သဲများ အထိန်းအကွပ်မဲ့စွာ အတားအဆီးမရှိ စစ်ချထားခြင်းမရှိ တိုက်ခတ်သည့် ပတ်ဝန်းကျင် တစ်ခုတွင် နေထိုင်ရသည်ဆိုလျှင် မည်သို့ဖြစ်မည်နည်း။ လွင့်စင်နေသော သဲများနှင့် ကျောက်ခဲများ ပတ်ချာဝိုင်းသည့် ကုန်းမြေတစ်ခုမှာ လူနေ၍မရနိုင်မည်မှာ ဖြစ်ကောင်းဖြစ်နိုင်သလော။ ကျောက်ခဲများက လူတို့ကို ထိမှန်နိုင်ပြီး သဲများက သူတို့ကို မျက်စိကန်းစေနိုင်သည်။ လေက လူတို့ကို လေထဲသို့ သယ်သွားနိုင်သည် သို့မဟုတ် သူတို့၏ခြေများကို သိမ်းကျုံးတိုက်ခတ်သွားနိုင်လေသည်။ အိုးအိမ်များ ပျက်စီးနိုင်ပြီး ဘေးအန္တရာယ်ပေါင်းစုံ ကျရောက် လာမည်။ သို့တိုင် လေကြမ်းကြီး၏ တည်ရှိမှု၌ တန်ဖိုးရှိသလော။ လေကို ဆိုးသည်ဟု ငါပြောခဲ့သောကြောင့် ၎င်း၌ တန်ဖိုးမရှိပါဟု တစ်ဦးဦးက ထင်ကောင်းထင်မိမည် ဖြစ်သော်လည်း၊ ထိုသို့ ဟုတ်သလော။ ယင်းက လေညင်းလေးအဖြစ် ပြောင်းသွားသည့်အခါ တန်ဖိုးမရှိသလော။ ရာသီဥတုက

ပူအိုက်စိုထိုင်းသောအခါ သို့မဟုတ် မွန်းကျပ်သောအခါ လူတို့သည် မည်သည်ကို အလိုအပ်ဆုံး ဖြစ်သနည်း။ သူတို့ကို ပြန်လည်လန်းဆန်းစေဖို့နှင့် သူတို့၏ အတွေးအမြင်ရှင်းစေဖို့၊ သူတို့၏ဉာဏ်ကိုသွေးဖို့၊ သူတို့၏ စိတ်အခြေအနေကို ပြုပြင်ဖို့နှင့် တိုးတက်စေဖို့ သူတို့အပေါ် လေနုအေးလေး ညင်သာစွာတိုက်ခတ်ဖို့ လိုအပ်သည်။ ဤသို့ဆိုလျှင် ဥပမာအနေဖြင့် သင်တို့အားလုံးသည် အခန်းတစ်ခန်းထဲတွင် လူအများကြီးနှင့် လေမွန်းကျပ်လျက် ထိုင်ကြသည်ဆိုလျှင် သင်တို့ မည်သည်ကို အလိုအပ်ဆုံး ဖြစ်မည်နည်း။ (လေနုအေးလေး ဖြစ်ပါသည်။) နောက်ကျိပြီး ညစ်ညမ်းနေသောလေ ရှိသည့်နေရာသို့ သွားခြင်းက လူတစ်ဦး၏ စဉ်းစားတွေးခေါ်မှုကို နှေးကွေး စေနိုင်သည်၊ သူ၏ သွေးလည်ပတ်မှုကို လျော့ကျစေနိုင်ပြီး၊ သူ၏ စိတ်ကြည်လင် ပြတ်သားမှုကို ဆုတ်ယုတ်စေနိုင်သည်။ သို့သော်လည်း လှုပ်ရှားမှုနှင့် လည်ပတ်မှု အနည်းငယ်က လေထုကို လန်းဆန်းလာစေပြီး၊ လူတို့သည် လန်းဆန်းသောလေထဲတွင် တစ်မူထူးခြားစွာ ခံစားကြသည်။ စမ်းချောင်းလေး ဘေးအန္တရာယ် ဖြစ်စေ နိုင်သော်လည်း၊ လေကြမ်းကြီးက ဘေးအန္တရာယ် ဖြစ်စေ နိုင်သော်လည်း ထိုနေရာတွင် တောင်ကြီးရှိနေသရွေ့ ထိုအန္တရာယ်ကို လူတို့အား အကျိုးပြုသည့် စွမ်းအားတစ်ခုအဖြစ် တောင်ကြီးက ပြောင်းပေးလိမ့်မည်။ ထိုသို့ဖြစ်သည်မဟုတ်လော။

ပုံဝတ္ထု၏ တတိယအပိုဒ်က မည်သည့်အကြောင်းအရာနည်း။ (တောင်ကြီးနှင့် ရောမလှိုင်းလုံးကြီး အကြောင်းပါ။) တောင်ကြီးနှင့် ရောမလှိုင်းလုံးကြီး။ ဤစာပိုဒ်ကို တောင်ခြေမှ ပင်လယ်ကမ်းစပ်တွင် ပုံဖော်ထားသည်။ တောင်၊ သမုဒ္ဒရာရေလှိုင်းလေးနှင့် ရောမ လှိုင်းလုံးကြီးတစ်ခုကို ငါတို့တွေ့ရသည်။ ဤဥပမာထဲတွင် လှိုင်းလုံးကြီးအတွက် တောင်ကြီးသည် မည်သည့်အရာ ဖြစ်သနည်း။ (အကာအကွယ်ပေးသူတစ်ဦးနှင့် အဟန့်အတားတစ်ခုဖြစ်သည်။) ယင်းက အကာအကွယ်ပေးသူအပြင် အဟန့်အတားတစ်ခုလည်း ဖြစ်သည်။ အကာအကွယ်ပေးသူ အနေဖြင့်၊ ၎င်းသည် ပင်လယ်ကို ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းသည်၊ သို့မှသာ ပင်လယ်ထဲ၌ နေထိုင်သော သတ္တဝါများမှာ မျိုးပွားပြီး၊ ရှင်သန်နိုင်လိမ့်မည်။ အဟန့်အတားအနေနှင့် တောင်ကြီးက ပင်လယ်ရေကို ရေလျှံခြင်းနှင့် သဘာဝဘေးအန္တရာယ်ကို ဖြစ်ပေါ်စေခြင်းမှ၊ အန္တရာယ်ကို ဖြစ်စေပြီး လူတို့၏ အိုးအိမ်များကို ဖျက်ဆီးခြင်းမှ ထိန်းသိမ်းထားသည်။ ထို့ကြောင့် တောင်ကြီးသည် အဟန့်အတားလည်း ဖြစ်သလို၊ အကာအကွယ်လည်း ဖြစ်သည်ဟု ငါတို့ ပြောနိုင်သည်။

ဤသည်မှာ တောင်ကြီးနှင့် စမ်းချောင်းလေး၊ တောင်ကြီးနှင့် လေကြမ်းကြီး၊ တောင်ကြီးနှင့်

ရောမလှိုင်းလုံးကြီးတို့ကြားက ဆက်နွှယ်မှု၏ အဓိပ္ပါယ်ဖြစ်သည်။ ဤသည်မှာ သူတို့၏ အချင်းချင်း ခွန်အားပေးခြင်းနှင့် ချေဖျက်ခြင်းအပြင်၊ သူတို့၏ အတူယှဉ်တွဲ နေထိုင်ခြင်းတို့၏ အဓိပ္ပာယ်ဖြစ်သည်။ ဘုရားသခင် ဖန်ဆင်းထားသည့် ဤအရာများသည် သူတို့၏ တည်ရှိမှုတွင် စည်းမျဉ်းတစ်ခုနှင့် ဥပဒေသတစ်ခုတို့၏ အုပ်ချုပ်ခြင်းကို ခံရသည်။ ထို့ကြောင့် ဤပုံဝတ္ထုထဲတွင် ဘုရားသခင်၏ မည်သည့် လုပ်ဆောင်ချက်များကို သင်မြင်ခဲ့ရသနည်း။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီးကတည်းက ၎င်းတို့ကို လျစ်လျူရှုထားသလော။ သူသည် စည်းမျဉ်းများကို ဖန်တီးပေးခဲ့ပြီး အရာခပ်သိမ်းလည်ပတ်သည့် နည်းလမ်းများကို ပုံစံချခဲ့ပြီးနောက်မှာသာ ၎င်းတို့ကို လျစ်လျူရှုခဲ့လေသလော။ ယင်းမှာ ဖြစ်ပျက်ခဲ့သည့်အရာလော။ (မဟုတ်ပါ။) သို့ဆိုလျှင် မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။ ဘုရားသခင်က ထိန်းချုပ် နေဆဲဖြစ်သည်။ သူက ရေ၊ လေနှင့် လှိုင်းလုံးများကို ထိန်းချုပ်ထားသည်။ သူက ၎င်းတို့ကို သောင်းကျန်းပြီး လျှောက်ပြေးခွင့် မပြုသကဲ့သို့ သူသည် ၎င်းတို့ကို အန္တရာယ် ဖြစ်စေခွင့် သို့မဟုတ် လူတို့နေထိုင်သည့် နေအိမ်များကို ဖျက်ဆီးခွင့် မပြုပါပေ။ ဤအတွက်ကြောင့်သာ လူတို့သည် ကုန်းမြေပေါ်တွင် ဆက်လက်နေထိုင်ကာ မျိုးပွားပြီး ရှင်သန်နိုင်ကြခြင်း ဖြစ်သည်။ ဤအရာက ဘုရားသခင် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့စဉ်က ၎င်းတို့၏ ဖြစ်တည်မှုအတွက် စည်းမျဉ်းများကို သူ ကြိုတင်စီစဉ် ထားပြီးသားဖြစ်ကြောင်း ဆိုလိုသည်။ အရာတစ်ခုစီတိုင်းကို ဘုရားသခင်ပြုလုပ်ခဲ့စဉ်က ၎င်းက လူသားမျိုးနွယ်ကို အကျိုးပြုစေရန်အတွက် သေချာအောင် လုပ်ဆောင်ခဲ့ပြီး၊ ယင်းမှာ လူသားမျိုးနွယ်ကို ဒုက္ခမရောက်စေရန် သို့မဟုတ် သူတို့အား ဘေးအန္တရာယ် မဖြစ်စေရန်အတွက် ဘုရားသခင်က ယင်းအပေါ် ထိန်းချုပ်ခဲ့သည်။ ယင်းမှာ ဘုရားသခင်၏ စီမံခန့်ခွဲမှု မဟုတ်ခဲ့လျှင် ရေတို့သည် အထိန်းအကွပ်မဲ့ စီးကုန်မည် မဟုတ်လော။ လေသည်လည်း အထိန်းအချုပ်မဲ့ တိုက်ခတ်ကုန်မည် မဟုတ်လော။ ရေနှင့်လေတို့သည် စည်းမျဉ်းများကို လိုက်နာသလော။ ၎င်းတို့ကို ဘုရားသခင်ကသာ မစီမံခဲ့လျှင်၊ ၎င်းတို့ကို မည်သည့် စည်းမျဉ်းများကမှ ထိန်းချုပ်လိမ့်မည် မဟုတ်သည့်အပြင်၊ လေထန်ပြီး ရေများက ထိန်းမနိုင်သိမ်းမရဖြစ်ကာ ရေလွှမ်းမိုးမှုများကို ဖြစ်ပေါ်စေမည်။ အကယ်၍ ရေလှိုင်းကြီးသာ တောင်ကြီးထက် ပို၍မြင့်မားသွားခဲ့လျှင်၊ ပင်လယ်သည် တည်ရှိနေနိုင်ဦးမည်လော။ တည်ရှိ မနေနိုင်ပါ။ တောင်ကြီးက လှိုင်းလုံးကြီးတမျှ မမြင့်ပါက ပင်လယ်မှာ တည်ရှိမည် မဟုတ်သည့်အပြင်၊ တောင်ကြီးက သူ၏တန်ဖိုးနှင့် အရေးပါမှုကို ဆုံးရှုံးရလိမ့်မည်။

ဤပုံဝတ္ထုနှစ်ခုအတွင်း၌ ဘုရားသခင်၏ ဉာဏ်ပညာကို သင်တို့မြင်သလော။ ဘုရားသခင်သည်

တည်ရှိသမျှ အရာတိုင်းကို ဖန်ဆင်းခဲ့ပြီး သူသည် တည်ရှိသမျှ အရာတိုင်း၏ အချုပ်အချာပင် ဖြစ်သည်။ သူသည် ထိုအရာအားလုံးကို စီမံခန့်ခွဲပြီး ထိုအရာ အားလုံးကို သတ်မှတ်ပြဋ္ဌာန်းထားသည့်အပြင် အရာခပ်သိမ်းထဲတွင် တည်ရှိသမျှ အရာတိုင်း၏ ပြောဆိုချက်နှင့် လုပ်ဆောင်ချက်တိုင်းကို မြင်တွေ့ပြီး စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးသည်။ ထိုနည်းတူ ဘုရားသခင်သည် လူ့ဘဝ၏ နေရာအနှံ့ကို မြင်တွေ့ပြီး စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏ ဖန်ဆင်းခြင်းထဲ၌ တည်ရှိသည့် အရာတိုင်း၏ အသေးစိတ်တစ်ခုစီကို အရာတစ်ခုစီ၏ လုပ်ငန်းတာဝန်၊ ၎င်း၏သဘာဝနှင့် ဆက်လက် ရှင်သန်မှုအတွက် ၎င်း၏စည်းမျဉ်းများမှနေ၍ ၎င်းအသက်၏ အရေးပါမှုနှင့် ၎င်းတည်ရှိမှု၏ တန်ဖိုးတို့အထိ အတွင်းကျကျ သိရှိသည်၊ ဤအရာအားလုံးကို ဘုရားသခင်က အလုံးစုံ သိရှိလေသည်။ ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည် ဖြစ်၍ သူ့အနေဖြင့် ၎င်းတို့ကို ထိန်းချုပ်ထားသည့် စည်းမျဉ်းများကို လေ့လာဖို့လိုအပ်သည်ဟု သင်တို့ထင်သလော။ ဘုရားသခင်သည် ၎င်းတို့ကို လေ့လာဖို့နှင့် နားလည်ဖို့အတွက် လူ့အသိပညာ သို့မဟုတ် သိပ္ပံပညာကို သင်ယူရန် လိုအပ်သလော။ (မလိုအပ်ပါ။) ဘုရားသခင်ကဲ့သို့ အရာခပ်သိမ်းကို နားလည်ရန်အတွက် သညာနှင့် အသိပညာတို့ဖြင့် ပြည့်စုံသောသူ လူသားမျိုးနွယ်ထဲတွင် တစ်ဦးတစ်ယောက် ရှိသလော။ မရှိသည်မဟုတ်လော။ အရာခပ်သိမ်း ရှင်သန်ကြီးထွားသည့် စည်းမျဉ်းများကို အမှန်တကယ် နားလည်သည့် နက္ခတ္တဗေဒပညာရှင်များ သို့မဟုတ် ဇီဝဗေဒပညာရှင်များ တစ်ဦးဦးရှိသလော။ အရာတစ်ခုစီတိုင်း တည်ရှိနေမှု၏ တန်ဖိုးကို သူတို့ အမှန်တကယ် နားလည်နိုင်သလော။ (သူတို့ နားမလည်နိုင်ပါ။) ဤသည်မှာ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်းကို ဘုရားသခင်က ဖန်ဆင်းခဲ့သည်ဖြစ်၍၊ လူသားမျိုးနွယ်သည် ဤအသိပညာကို အဘယ်မျှလောက် နက်နက်ရှိုင်းရှိုင်း လေ့လာသည်ဖြစ်စေ၊ သို့မဟုတ် ၎င်းကိုလေ့လာဖို့ သူတို့ အဘယ်မျှလောက် ကြိုးပမ်းသည်ဖြစ်စေ သူတို့သည် အရာခပ်သိမ်းအား ဘုရားသခင့်ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက် သို့မဟုတ် လျှို့ဝှက်နက်နဲမှုကို မည့်သည့်အခါမှ ညဏ်မှီနိုင်လိမ့်မည် မဟုတ်ပါ၊ ယင်းက ထိုသို့ဖြစ်သည်မဟုတ်လော။ ဤသို့ဆိုလျှင် ယင်းအထိ ငါတို့၏ဆွေးနွေးချက်မှနေ၍ "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူသည့် စကားရပ်၏ စစ်မှန်သောအဓိပ္ပါယ်အား တစ်စိတ်တစ်ဒေသ နားလည်မှုကို ရရှိပြီဟု သင်တို့ခံစားရသလော။ (ခံစားရပါသည်။) ငါသည် 'ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏' ဟူသည့် ဤအကြောင်းအရာကို ဆွေးနွေးသောအခါ လူများစွာက "ဘုရားသခင်သည် သမ္မာတရား ဖြစ်ပြီး၊ ဘုရားသခင်သည် ငါတို့ကို ထောက်ပံ့ရန် သူ၏ နှုတ်ကပတ်တော်ကို

အသုံးပြုသည်” ဟူသော နောက်ထပ် စကားရပ်ကို ချက်ချင်းတွေးမိကြပြီး အကြောင်းအရာ၏ အဓိပ္ပာယ် အဆင့်ကို ကျော်လွှန်၍ ဘာမျှမတွေးမိကြမည်ကို ငါသိသည်။ လူ့ဘဝအပေါ် ဘုရားသခင်၏ ထောက်ပံ့ပေးခြင်း၊ နေ့စဉ် အစားအသောက်နှင့် နေ့စဉ်လိုအပ်ချက်တို့အား ထောက်ပံ့ ပေးခြင်းသည် လူအတွက် ဘုရားသခင်၏ ကျွေးမွေး စောင့်ရှောက်ခြင်းအဖြစ် လက်ခံ၍မရဟုပင် တစ်ချို့က ထင်မိကြမည်။ ဤသို့ယူဆသောသူအချို့ ရှိကြသည် မဟုတ်လော။ သို့တိုင် လူသားမျိုးနွယ်သည် ဖြစ်တည်ဖို့နှင့် ပုံမှန် အသက်ရှင် ဖြစ်တည်နေနိုင်ဖို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူ၏ ဖန်ဆင်းခြင်း၌ ထင်ရှားပေါ်လွင်သည် မဟုတ်လော။ ဘုရားသခင်သည် လူတို့နေထိုင်သည့် ပတ်ဝန်းကျင်ကို ထိန်းသိမ်း ပေးပြီး သူတို့၏ ဆက်လက်ရှင်သန်ရေးအတွက် လူသားမျိုးနွယ် လိုအပ်သည့် အရာများအားလုံးကို သူက ထောက်ပံ့ပေးသည်။ ထို့ပြင် သူသည် အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာကို စီမံခန့်ခွဲပြီး စွဲကိုင်ထားသည်။ ဤအရာအားလုံးက လူသားမျိုးနွယ်ကို နေထိုင်ရန်၊ ရှင်သန်ရန်နှင့် ပုံမှန်မျိုးပွားရန် အခွင့်ပေးထားသည်။ ယင်းမှာ ဘုရားသခင်က ဖန်ဆင်းခြင်းအားလုံးနှင့် လူသားမျိုးနွယ်ကို ထောက်ပံ့ပေးသည့် နည်းလမ်းပင်ဖြစ်သည်။ ဤအရာများကို လူတို့က မှတ်မိဖို့နှင့် နားလည်ဖို့ လိုအပ်သည်ဟူသည်မှာ မမှန်ကန်သလော။ တစ်ချို့က “ဤအကြောင်းအရာမှာ စစ်မှန်သော ဘုရားသခင် ကိုယ်တော်တိုင်အကြောင်းဖြစ်သည်၊ ကျွန်ုပ်တို့၏ အသိပညာနှင့် အလွန်ဝေးကွာလွန်းပြီး၊ ကျွန်ုပ်တို့သည် ဤအရာကို မသိချင်ပါ၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် မုန့်အားဖြင့်သာ အသက်မရှင်၊ ထို့အစား ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်သည်။” ဟု ပြောကောင်းပြောကြမည်။ ဤနားလည်ခြင်းက မှန်ကန်သလော။ (မမှန်ကန်ပါ။) ယင်းက အဘယ့်ကြောင့် မမှန်ကန်သနည်း။ ဘုရားသခင် ပြောထားသည့် အရာများအပေါ် သင်၌သာ အသိပညာရှိပါက ဘုရားသခင်အပေါ် ပြည့်စုံသော နားလည်ခြင်း သင်တို့ရရှိနိုင်မည်လော။ သင်သည် ဘုရားသခင်၏ အလုပ်ကို လက်ခံပြီး ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းကိုသာ လက်ခံသည်ဆိုလျှင် သင်၌ ဘုရားသခင်အပေါ် ပြည့်စုံသောနားလည်ခြင်း ရှိနိုင်မည်လော။ သင်သည် ဘုရားသခင့် စိတ်သဘောထား၏ အစိတ်အပိုင်းလေး တစ်ခု၊ ဘုရားသခင့် အခွင့်အာဏာ၏ အစိတ်အပိုင်းလေးတစ်ခုကို သိသည်ဆိုလျှင် ဘုရားသခင်အား နားလည်ခြင်းကိုရရှိဖို့ လုံလောက်ပြီဟု ယင်းကို ယူဆမည်လော။ (မယူဆပါ။) ဘုရားသခင်၏ လုပ်ဆောင်ချက်များသည် အရာခပ်သိမ်းအား သူ၏ဖန်ဆင်းခြင်းနှင့် အစပြုပြီး ယနေ့ ၎င်းတို့ ဆက်လက်၍ သွားနေသည်- ဘုရားသခင်၏ လုပ်ဆောင်ချက်များမှာ အမြဲတမ်း အချိန်မရွေး ပေါ်လွင်ထင်ရှားနေကြသည်။ အကယ်၍

လူတစ်ဦးသည် ဘုရားသခင်က လူတစ်ဖွဲ့ကို သူတို့အပေါ် သူ၏အမှုကို ပြုလုပ်ရန်နှင့် ကယ်တင်ရန်အတွက် သူရွေးချယ်ပြီးဖြစ်သောကြောင့်သာ ဘုရားသခင် တည်ရှိသည်ဟူ၍လည်းကောင်း၊ သူ၏ အချုပ်အခြာ အာဏာ၊ သူ၏အဆင့်အတန်း၊ သို့မဟုတ် သူ၏ လုပ်ဆောင်ချက်များ အခြားမည်သည့်အရာကမျှ ဘုရားသခင်နှင့် မစပ်ဆိုင်ဟူ၍ လည်းကောင်း၊ ယုံကြည်သည်ဆိုလျှင် သူ့ကို ဘုရားသခင်အပေါ် စစ်မှန်သော သိနားလည်ခြင်းရှိသည်ဟု ယူဆနိုင်သလော။ ဤအမည်ခံ "ဘုရားသခင်အား သိနားလည်ခြင်း" ရှိသော လူတို့၌ တစ်ဖက်သတ်ဆန်သော နားလည်ခြင်းသာ ရှိကြပြီး၊ ယင်းအားဖြင့် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို လူအုပ်စုတစ်စုအတွက် ကန့်သတ်ထားကြသည်။ ဤသည်မှာ ဘုရားသခင်အပေါ် စစ်မှန်သောသိနားလည်ခြင်း ဟုတ်သလော။ ဤသိနားလည်ခြင်းမျိုး ရှိသည့် လူတို့သည် အရာခပ်သိမ်းအား ဘုရားသခင်၏ ဖန်ဆင်းခြင်းနှင့် ၎င်းတို့အပေါ် သူ၏ အချုပ်အခြာအာဏာကို ငြင်းပယ်နေကြသည် မဟုတ်သလော။ လူတစ်ချို့က ဤအချက်ကို အာရုံမစိုက်လိုကြဘဲ၊ ထို့အစား "အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာကို ကျွန်ုပ်မမြင်ရပါ။ ဤထင်မြင်ချက်က အလွန်ခြားနားလွန်းပြီး ကျွန်ုပ် ၎င်းကို နားလည်ဖို့ အရေးမစိုက်ပါ။ ဘုရားသခင်က သူလုပ်ချင်ရာကို လုပ်ပြီး ကျွန်ုပ်နှင့် မသက်ဆိုင်ပါ။ ကျွန်ုပ်သည် ဘုရားသခင်၏ ကယ်တင်ခြင်းခံရပြီး စုံလင်စေခြင်းခံရနိုင်ဖို့အလို့ငှာ ဘုရားသခင်၏ ဦးဆောင်မှုနှင့် သူ၏ နှုတ်ကပတ်တော်ကိုသာ လက်ခံသည်။ အခြားမည်သည့်အရာမျှ ကျွန်ုပ်အတွက် အရေးမကြီးပါ။ အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့သည့်အချိန်တွင် သူပြဋ္ဌာန်းခဲ့သည့် စည်းမျဉ်းများဖြစ်စေ၊ အရာခပ်သိမ်းနှင့် လူသားမျိုးနွယ်ကို ကျွေးမွေးစောင့်ရှောက်ရန် သူပြုလုပ်သည့်အရာ ဖြစ်စေ ကျွန်ုပ်နှင့် မသက်ဆိုင်ပါ။" ဟု သူတို့ကိုယ်သူတို့ စဉ်းစားကြသည်။ ဤသည်မှာ အဘယ်သို့သော စကားမျိုး ဖြစ်သနည်း။ ဤသည်မှာ ပုန်ကန်ခြင်း၏ လုပ်ရပ်တစ်ခု မဟုတ်လော။ သင်တို့ထဲတွင် ဤကဲ့သို့သော နားလည်ခြင်းရှိသောသူ တစ်ဦးဦးရှိသလော။ သင်တို့ ထိုသို့မပြောဘဲနှင့်ပင် ဤနေရာ၌ရှိသည့် များစွာသော သင်တို့က ပြောကြသည်ကို ငါသိသည်။ ဤကဲ့သို့ စာအုပ်ကြီးသမားသည် အရာရာကို သူတို့၏ကိုယ်ပိုင် "ဝိညာဉ်ရေး" ရှုထောင့်မှ ကြည့်ကြသည်။ သူတို့က ဘုရားသခင်ကို သမ္မာကျမ်းစာ ထဲတွင်သာ ကန့်သတ်ချင်သည်၊ ဘုရားသခင်ကို သူပြောထားခဲ့သည့် စကားလုံးများကို ရေးသားထားသည့်စာအရှိအတိုင်းသာ နားလည်ခြင်းဖြင့် ကန့်သတ်ချင်သည်။ သူတို့သည် ဘုရားသခင်ကို ပို၍သိလိုခြင်း မရှိကြသည့်အပြင်၊ သူတို့သည် ဘုရားသခင်ကို အခြားအရာများ ပြုလုပ်ခြင်းအားဖြင့် သူ၏အာရုံကို မထွေပြား စေချင်ကြပါ။ ဤတွေးခေါ်ခြင်းမျိုးသည်

ကလေးဆန်ပြီး၊ ယင်းက အလွန်အမင်း ဘာသာရေးလည်း ဆန်သည်။ ဤအမြင်များကို လက်ကိုင်ထားသည့် လူတို့က ဘုရားသခင်ကို သိနိုင်သလော။ သူတို့အနေဖြင့် ဘုရားသခင်ကိုသိဖို့ အလွန်ခက်ခဲလိမ့်မည်။ ယနေ့ ငါသည် ပုံဝတ္ထုနှစ်ခုကို ပြောပြီး တစ်ခုစီက ခြားနားသောကဏ္ဍကို လိပ်မူသည်။ ၎င်းတို့နှင့် ထိတွေ့ပြီးသည့်နောက် သင်တို့က အကြောင်းအရာများက နက်နဲသည် သို့မဟုတ် အနည်းငယ် စိတ္တဇသဘောဆန်ပြီး သဘောပေါက်နားလည်ဖို့ ခက်သည်ဟု ခံစားကောင်း ခံစားရနိုင်သည်။ ၎င်းတို့ကို ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် ဘုရားသခင်ကိုယ်တိုင်နှင့် ဆက်စပ်ကြည့်ရန် ခက်ခဲပေလိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏ လုပ်ဆောင်ချက်များ အားလုံးနှင့် ဖန်ဆင်းခြင်းအတွင်းနှင့် လူသားမျိုးနွယ် အကြားတွင် သူပြုလုပ် ပေးခဲ့သည့် အရာအားလုံးကို ဘုရားသခင်ကိုသိနားလည်ဖို့ ကြိုးစားသူတိုင်း ရှင်းရှင်းလင်းလင်း တိတိကျကျ သိသင့်သည်။ ဤအသိက ဘုရားသခင်၏ အမှန်တကယ် တည်ရှိခြင်းကို သင် ယုံကြည်ရာ၌ အာမခံချက်ကို ပေးလိမ့်မည်။ ယင်းက သင့်အား ဘုရားသခင်၏ ဉာဏ်ပညာ၊ သူ၏တန်ခိုးနှင့် အရာခပ်သိမ်းကို သူ ကြိုတင် စီမံထားသည့် ပုံစံအပေါ် တိကျသော သိနားလည်ခြင်း ကိုလည်း ပေးလိမ့်မည်။ ယင်းက သင့်အား ဘုရားသခင်၏ အမှန်တကယ် တည်ရှိခြင်းကို ရှင်းရှင်းလင်းလင်း စိတ်ကူးရဖို့နှင့် သူ၏ တည်ရှိခြင်းသည် စိတ်ကူးယဉ်မဟုတ်၊ ဒဏ္ဍာရီ မဟုတ်၊ မရေမရာ မဟုတ်၊ သဘောတရားမျှသာ မဟုတ်သည့်အပြင်၊ ဝိညာဉ်ရေးရာ နှစ်သိမ့်မှု လုံးဝမဟုတ်ဘဲ အမှန်တကယ် တည်ရှိခြင်း ဖြစ်ကြောင်းကို သိဖို့ အခွင့်ပေးလိမ့်မည်။ ထို့အပြင် ယင်းက ဘုရားသခင်သည် ဖန်ဆင်းခြင်းအားလုံးနှင့် လူသားမျိုးနွယ်တို့အား အမြဲတမ်း ထောက်ပံ့ပေးသည်ကို လူတို့အား သိခွင့်ပေးသည်။ ဘုရားသခင်က ဤအရာကို သူ၏ကိုယ်ပိုင်နည်းလမ်းနှင့် သူ၏ကိုယ်ပိုင် စည်းချက်အတိုင်း ပြုလုပ်သည်။ ထို့ကြောင့် ၎င်းသည် ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီး သူ၏ ကြိုတင်ပြဋ္ဌာန်းချက်အောက်တွင် သူတို့၏ ခွဲဝေပေးထားသည့် အလုပ်တာဝန်များကို ဆောင်ရွက်ရန်၊ သူတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ကြရန်နှင့် သူတို့၏ကိုယ်ပိုင် အခန်းကဏ္ဍများကို ထမ်းဆောင်ရန်အတွက် သူတို့တစ်ဦးချင်းစီက တတ်နိုင်သော စည်းမျဉ်းများကို ပေးထားသောကြောင့် ဖြစ်သည်။ သူ၏ ကြိုတင်ပြဋ္ဌာန်းချက် အောက်တွင် အရာတစ်ခုစီက လူသားမျိုးနွယ်အတွက်နှင့် လူသားများ နေထိုင်သည့် နေရာနှင့် ပတ်ဝန်းကျင်အတွက် အစေခံရာ၌ မိမိ၏ကိုယ်ပိုင်အသုံးဝင်မှု ရှိကြလေသည်။ အကယ်၍ ဘုရားသခင်က ထိုကဲ့သို့ ပြုလုပ်မထားခဲ့ဘဲ လူသားမျိုးနွယ် နေထိုင်ရန် ထိုကဲ့သို့သော ပတ်ဝန်းကျင်မရှိခဲ့ပါက၊ လူသားမျိုးနွယ်အတွက် ဘုရားသခင်အပေါ် ယုံကြည်ခြင်း သို့မဟုတ်

သူ့နောက်လိုက်ခြင်းတို့က ဖြစ်နိုင်မည် မဟုတ်ပါ၊ ၎င်းတို့အားလုံးသည် အနှစ်သာရမဲ့သော ပြောဆိုခြင်း သဘောမျှသာ သက်ရောက်မည်။ ၎င်းက ထိုသို့ပင်မဟုတ်လော။

ကြီးမားသည့် တောင်ကြီးနှင့် စမ်းချောင်းလေးပုံဝတ္ထုကို နောက်တစ်ခေါက် ကြည့်ကြပါစို့။ တောင်ကြီး၏အသုံးဝင်ပုံက အဘယ်နည်း။ သက်ရှိသတ္တဝါများမှာ တောင်ကြီးပေါ်တွင် ရှင်သန်ကြသည့်အတွက် တောင်ကြီး၏တည်ရှိမှုတွင် ပင်ကိုတန်ဖိုး ရှိသည်၊ တောင်ကြီးက စမ်းချောင်းလေးကို သူစီးဆင်းလိုသည့် အတိုင်း စီးဆင်းသွားပြီး၊ လူတို့အတွက် ဘေးန္တရာယ်ကို သယ်ဆောင်မသွားအောင်လည်း တားဆီးပိတ်ဆို့သည်။ ယင်းက ထိုသို့မဟုတ်လော။ တောင်ကြီးက သူ့ကိုယ်ပိုင်ဖြစ်တည်သည့် နည်းလမ်းအတိုင်း တည်ရှိနေကာ၊ တောင်ပေါ်တွင်ရှိသည့် သစ်ပင်များ၊ မြက်ပင်များနှင့်၊ အခြားအပင်များနှင့် တိရစ္ဆာန်များ အားလုံးကဲ့သို့သော မရေမတွက်နိုင်သည့် သက်ရှိသတ္တဝါများကို ထိုအပေါ်တွင် ရှင်သန်ကြီးထွားခွင့်ပေးသည်။ ယင်းက စမ်းချောင်းလေး၏ စီးဆင်းရာလမ်းကြောင်းကို ညွှန်ပြပေးသည်- တောင်ကြီးက စမ်းချောင်းထဲက ရေများကို စုဆောင်းပြီး၊ သူတို့ကို ပင်ခြေတဝိုက်တွင် သဘာဝကျကျ စီးဆင်းဖို့ လမ်းပြပေးကာ၊ ထိုနေရာမှ မြစ်ထဲနှင့် နောက်ဆုံးတွင် ပင်လယ်ထဲသို့ စီးဝင်စေမည် ဖြစ်သည်။ ဤစည်းမျဉ်းများမှာ သဘာဝအတိုင်း ပေါ်ပေါက်ခဲ့ခြင်း မဟုတ်ဘဲ၊ အထူးသဖြင့် ဖန်ဆင်းခြင်းအချိန်တွင် ဘုရားသခင်က နေရာတကျ ထားရှိခဲ့ခြင်း ဖြစ်သည်။ တောင်ကြီးနှင့် လေကြမ်းကြီးဆိုလျှင် တောင်ကြီးကလည်း လေကို လိုအပ်သည်။ တောင်ပေါ်တွင် နေထိုင်သည့် သက်ရှိသတ္တဝါများကို ကြင်နာစွာ ထိတွေ့ဖို့ တောင်က လေကို လိုအပ်သကဲ့သို့၊ တစ်ချိန်တည်းတွင် လေကြမ်းကြီးက လက်လွတ်စပယ် မတိုက်ခတ်ဖို့ရန်အတွက် ယင်း၏ပြင်းအားကို ကန့်သတ်ထားလေသည်။ ဤစည်းမျဉ်းက တောင်ကြီး၏တာဝန်ကို အတိုင်းအတာတစ်ခုထိ ပုံဖော်သည်။ ထိုသို့ဆိုလျှင် တောင်ကြီး၏တာဝန်နှင့် သက်ဆိုင်သည့် ဤစည်းမျဉ်းမှာ သူ့ဘာသာ ပုံစံပေါ်လာခဲ့ခြင်းလော။ (မဟုတ်ပါ။) ယင်းကို ဘုရားသခင်က ဖန်တီးခဲ့ခြင်း ဖြစ်သည်။ တောင်ကြီးတွင် သူ့တာဝန်ရှိသလို လေကြမ်းကြီးတွင်လည်း သူ့တာဝန်ရှိသည်။ ယခု တောင်ကြီးနှင့် ရေမလှိုင်းလုံးကြီးအကြောင်းကို သွားကြစို့။ တောင်ကြီးသာ မရှိလျှင် ရေသည် စီးဆင်းဖို့ ဦးတည်ရာကို သူ့ဘာသာ ရှာတွေ့မည်လော။ (ရှာတွေ့မည်မဟုတ်ပါ။) ရေလျှံသွားမည်။ တောင်ကြီး၌ တောင်အနေနှင့် သူ့ကိုယ်ပိုင် တည်ရှိမှုဆိုင်ရာ တန်ဖိုးရှိပြီး၊ ပင်လယ်ကလည်း ပင်လယ်အနေနှင့် သူ့ကိုယ်ပိုင် တည်ရှိမှုဆိုင်ရာတန်ဖိုး ရှိသည်။ သို့သော်လည်း သူတို့ အတူတကွ ပုံမှန် တည်ရှိနေနိုင်ပြီး၊ တစ်ဦးနှင့်တစ်ဦး မနှောင့်ယှက်သည့် အခြေအနေများအောက်တွင် သူတို့သည်လည်း တစ်ဦးနှင့်တစ်ဦး

ကန့်သတ်ပိတ်ပင်ထားကြသည်၊ တောင်ကြီးက ပင်လယ်ကို ကန့်သတ်ပိတ်ပင်သည့်အတွက် ရေမကြီးတော့ပါ၊ ထိုသို့ဖြင့် လူတို့၏ အိုးအိမ်များကို ကာကွယ်ပေးခြင်းနှင့် ပင်လယ်ကို ကန့်သတ် ပိတ်ပင်ခြင်းကလည်း ၎င်းကို ပင်လယ်ထဲတွင် နေထိုင်ကြသည့် သက်ရှိသတ္တဝါများကို ပြုစုပျိုးထောင်ရန်လည်း အခွင့်ပေးသည်။ ဤရှုခင်းက သူ့ဘာသာ ရုပ်လုံးပေါ်လာခဲ့သလော။ (မဟုတ်ပါ။) ၎င်းကိုလည်း ဘုရားသခင် ဖန်တီးခဲ့သည်။ ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည့်အချိန်တွင် တောင်က မည်သည့်နေရာတွင် ရှိမည်၊ စမ်းချောင်းက မည်သည့်နေရာတွင် စီးဆင်းမည်၊ လေကြမ်းကြီးက မည်သည့်အရပ်မှ စတင် တိုက်ခတ်ပြီးနောက် မည်သည့်အရပ်ကို သွားမည်၊ ထို့ပြင် ရေမလှိုင်းလုံးကြီးများ မည်မျှလောက်ထိ မြင့်တက်သင့်သည် ဟူသည်တို့ကို သူက ကြိုတင်ပြဋ္ဌာန်းပြီးသား ဖြစ်သည်ကို ဤပုံရိပ်မှ ငါတို့မြင်ရလေသည်။ ဤအရာများအားလုံးတွင် ဘုရားသခင်၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်တို့ ပါဝင်ပြီးလျှင် ယင်းတို့မှာ ဘုရားသခင်၏ လုပ်ဆောင်ချက်များဖြစ်သည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များမှာ အရာခပ်သိမ်း၌ ပါရှိသည်ကို သင်တို့ ယခုမြင်နိုင်ပြီလော။ (မြင်နိုင်ပါပြီ။)

ဤအရာများကို ဆွေးနွေးရာတွင် ငါတို့၏ ရည်ရွယ်ချက်က အဘယ်နည်း။ ယင်းက အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့သည့် စည်းမျဉ်းများကို လူတို့အား လေ့လာစေဖို့လော။ ယင်းက နက္ခတ္တဗေဒနှင့် ပထဝီဝင်၌ စိတ်ဝင်စားလာစေရန် အားပေးဖို့လော။ (မဟုတ်ပါ။) သို့ဆိုလျှင် ယင်းမှာ အဘယ်နည်း။ ယင်းမှာ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို လူတို့အား နားလည်စေဖို့ဖြစ်သည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များထဲတွင် ဘုရားသခင်သည် အရာခပ်သိမ်း၏ အသက်အရင်းအမြစ် ဖြစ်ကြောင်းကို လူတို့က အတည်ပြုပြီး စိစစ်နိုင်မည်ဖြစ်သည်။ သင်ဤအရာကို နားလည်နိုင်လျှင် သင်သည် သင်၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏နေရာကို အမှန်တကယ် ခိုင်မာစေနိုင်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင်၊ ကောင်းကင်၊ ကမ္ဘာမြေကြီးနှင့် အရာခပ်သိမ်း၏ ဖန်ဆင်းရှင် ဖြစ်သည်ကို သင် အတည်ပြုနိုင်လိမ့်မည်။ ထို့ကြောင့် ယင်းက အရာအားလုံး၏ စည်းမျဉ်းများကိုသိဖို့နှင့် ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သိဖို့ရန် သင်၏ ဘုရားသခင်အား နားလည်ခြင်းအတွက် အသုံးဝင်သလော။ (အသုံးဝင်ပါသည်။) မည်ကဲ့သို့ အသုံးဝင်သနည်း။ ပထမဦးစွာ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သင် နားလည်ပြီးသည့်အခါတွင် နက္ခတ္တဗေဒနှင့် ပထဝီဝင်ကို သင် စိတ်ဝင်စားနိုင်ဦးမည်လော။ ဘုရားသခင်သည် အရာခပ်သိမ်း၏ ဖန်ဆင်းရှင်ဖြစ်သည်ကို မယုံကြည်ဘဲ သံသယဝင်သူ၏ နှလုံးသား သင့်တွင် ရှိနိုင်ဦး မည်လော။ ဘုရားသခင်သည် အရာခပ်သိမ်း၏ ဖန်ဆင်းရှင်

ဖြစ်သည်ကို သံသယနှင့် သုတေသနပညာရှင်၏ နှလုံးသား ရှိနိုင်ဦးမည်လော။ (မရှိနိုင်ပါ။) ဘုရားသခင်သည် အရာခပ်သိမ်း၏ ဖန်ဆင်းရှင်ဖြစ်သည်ကို သင် အတည်ပြုပြီး ဘုရားသခင့် ဖန်ဆင်းခြင်း၏ စည်းမျဉ်းများအချို့ကို နားလည်ပြီးသည့်အချိန်တွင် ဘုရားသခင်က အရာခပ်သိမ်းကို ထောက်ပံ့ကြောင်း သင့်စိတ်နှလုံး ထဲတွင် အမှန်တကယ် ယုံကြည်လိမ့်မည်လော။ (ယုံကြည်မည်။) ဤနေရာတွင် "ထောက်ပံ့ခြင်း" က သီးသန့်အဓိပ္ပာယ် ရှိသလော သို့မဟုတ် ၎င်း၏အသုံးအနှုန်းက တိကျသောအခြေအနေတစ်ခုကို ရည်ညွှန်းသလော။ "ဘုရားသခင်က အရာခပ်သိမ်းကို ထောက်ပံ့သည်" ဟူသည်မှာ အလွန်ကျယ်ပြန့်သည့် အဓိပ္ပါယ်နှင့် အတိုင်းအတာရှိသည့် စကားရပ်တစ်ခုဖြစ်သည်။ ဘုရားသခင်က လူတို့ကို ၎င်းတို့၏ နေ့စဉ် စားသောက်စရာမျှကိုသာ ထောက်ပံ့ပေးခြင်း မဟုတ်ပေ။ သူသည် လူတို့ မြင်နိုင်သည့် အရာများသာမက မမြင်နိုင်သည့် အရာများလည်း အပါအဝင် လူသားမျိုးနွယ် လိုအပ်သမျှကို ထောက်ပံ့ပေးသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဤသက်ရှိပတ်ဝန်းကျင်ကို ထိန်းသိမ်း၊ စီမံခန့်ခွဲပြီး အုပ်ချုပ်သည်။ ဆိုလိုသည်မှာ ရာသီဥတုတစ်ခုစီအတွက် လူသားမျိုးနွယ်က လိုအပ်သော မည်သည့်ပတ်ဝန်းကျင်ကိုမဆို ဘုရားသခင်က ပြင်ဆင်ထားပြီးသား ဖြစ်သည်။ ဘုရားသခင်က လေနှင့် အပူချိန်အမျိုးအစားကို လူသား၏ ရှင်သန်ရပ်တည်ရေးအတွက် သင့်တော်နိုင်ရန်လည်း စီမံခန့်ခွဲပေးသည်။ ဤအရာများကို ထိန်းချုပ်သည့် စည်းမျဉ်းများသည် သူတို့ဘာသာ သို့မဟုတ် ကြုံရာကျပန်း ဖြစ်ပေါ်လာခြင်း မဟုတ်ပါ။ ၎င်းတို့သည် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် သူ့လုပ်ဆောင်ချက်များ၏ ရလဒ်များပင် ဖြစ်သည်။ ဘုရားသခင်ကိုယ်တော်တိုင်မှာ ဤစည်းမျဉ်းများအားလုံး၏ အရင်းအမြစ်ဖြစ်ပြီး အရာအားလုံးတို့၏ အသက်အရင်းအမြစ် ဖြစ်သည်။ ယင်းကို သင် ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ ယင်းကို သင် မြင်နိုင်သည်ဖြစ်စေ၊ မမြင်နိုင်သည်ဖြစ်စေ၊ သို့မဟုတ် ယင်းကို သင် နားလည် နိုင်သည် ဖြစ်စေ၊ နားမလည်နိုင်သည်ဖြစ်စေ ဤအရာသည် အခြေခိုင်ပြီး မပြိုပျက်နိုင်သည့် အမှန်တရားတစ်ခုအဖြစ် ရပ်တည်သည်။

လူအများစုကြီးက သမ္မာကျမ်းစာထဲတွင် ပါဝင်သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့် အလုပ်၌သာ ယုံကြည် ကြသည်ကို ငါသိသည်။ လူနည်းစုအတွက် ဘုရားသခင်က သူ၏ လုပ်ဆောင်ချက်များကို ဖော်ပြထားပြီး လူတို့အား သူဖြစ်တည်မှု၏ တန်ဖိုးကို မြင်တွေ့ခွင့်ပြုထားလေသည်။ သူသည် ၎င်းတို့ကို သူ၏ အဆင့်အတန်းအား နားလည်ခြင်းအနည်းငယ်ကိုလည်း ရှိစေကာ သူ့တည်ရှိမှု၏ အမှန်တရားကို အတည်ပြုထားစေသည်။ သို့သော်လည်း နောက်ထပ်လူများစွာအတွက် ဘုရားသခင်က

အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီး အရာခပ်သိမ်းကို သူက စီမံခန့်ခွဲကာ ထောက်ပံ့နေသည်ဟူသည့်အချက်မှာ မရေမရာ သို့မဟုတ် မတိမကျသည့်ပုံပေါက်သည်။ ထိုကဲ့သို့သော လူတို့က သံသယ ဝင်တတ်သည့် သဘောထားကိုပင် ဆုပ်ကိုင်ထားကြနိုင်သည်။ ဤသဘောထားက သဘာဝလောကကြီး၏ နည်းဥပဒေသများသည် အလိုအလျောက် ဖြစ်ပေါ် ခဲ့ကြောင်းနှင့် သဘာဝတရား၏ အပြောင်းအလဲများ၊ အသွင်ကူးပြောင်းခြင်းများ၊ သဘာဝဖြစ်စဉ်များ နှင့် ယင်းကို အုပ်ချုပ်သည့် နည်းဥပဒေသများ ပင်လျှင် သူ့ဘာသာ သဘာဝတရားမှ ပေါ်ထွက်လာခဲ့သည်ဟု လူတို့ကို တစ်သမတ်တည်း ယုံကြည်သွားစေသည်။ လူတို့သည် သူတို့၏ စိတ်နှလုံးထဲတွင် အရာအားလုံးကို ဘုရားသခင်က မည်သို့ဖန်ဆင်းခဲ့ပြီး ၎င်းတို့ကို မည်သို့အုပ်ချုပ်ကြောင်း စိတ်ကူးမပေါက်နိုင်ကြပေ။ ဘုရားသခင်က အရာအားလုံးကို မည်သို့စီမံခန့်ခွဲပြီး ထောက်ပံ့သည်ကို သူတို့ နားမလည်နိုင်ကြပေ။ ဤအဆို၏ ကန့်သတ်မှုများအောက်တွင် လူတို့သည် ဘုရားသခင်က အရာအားလုံးကို ဖန်ဆင်းခဲ့ပြီး အုပ်စိုးကာ ထောက်ပံ့ပေးသည်ကို မယုံကြည်နိုင်ကြပါ။ ယုံကြည်သည့်သူများပင်လျှင် ပညတ်တော်ခေတ်၊ ကျေးဇူးတော်ခေတ် နှင့် နိုင်ငံတော်ခေတ်တို့တိုင်အောင် သူတို့၏ ယုံကြည်မှု၌ အကန့်အသတ်ရှိကြသည်- သူတို့က လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် သူ၏ ထောက်ပံ့ခြင်းများသည် သူ၏ အရွေးချယ်ခံလူများအတွက် သီးသန့် ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဤသည်မှာ မြင်တွေ့ရန် ငါအစက်ဆုပ်ဆုံးအရာတစ်ခု ဖြစ်ပြီး၊ နာကျင်မှုများစွာ ဖြစ်စေသော အရာတစ်ခု ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် လူသားမျိုးနွယ်သည် ဘုရားသခင် ယူဆောင်လာသည့် အရာအားလုံးကို ခံစားပျော်မွေ့ ကြစဉ်မှာပင် သူတို့သည် သူလုပ်သမျှအားလုံးနှင့် သူတို့အား သူပေးသမျှအားလုံးကို ငြင်းပယ်နေကြသောကြောင့် ဖြစ်သည်။ လူတို့က ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်းကို ၎င်းတို့ကိုယ်ပိုင် သဘာဝစည်းမျဉ်းများနှင့် ၎င်းတို့ကိုယ်ပိုင် သဘာဝနည်း ဥပဒေသများက အုပ်ချုပ်ထားသည်၊ ထို့ပြင် ၎င်းတို့ကို စီမံခန့်ခွဲရန် အုပ်ချုပ်သူတစ်ဦးဦး သို့မဟုတ် ၎င်းတို့ကို ထောက်ပံ့ပြီး၊ ကာကွယ်စောင့်ရှောက်မည့် အရှင်သခင်တစ်ဦးဦး သူတို့တွင် မရှိပါဟုသာ ယုံကြည်ကြသည်။ သင်သည် ဘုရားသခင်ကို ယုံကြည်လျှင်ပင် ဤအရာများအားလုံးသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များဖြစ်သည်ဟု သင်ယုံကြည်မည်မဟုတ်ပါ။ စင်စစ် ဤသည်မှာ ဘုရားသခင်ကို ယုံကြည်သူတိုင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံသူတိုင်းနှင့် ဘုရားသခင် နောက်လိုက်သည့်သူတိုင်း အများဆုံး မကြာခဏလျစ်လျူရှုသည်ကို ခံရသည့် အရာများထဲက တစ်ခုဖြစ်သည်။ ထို့ကြောင့် ငါက သမ္မာကျမ်းစာ သို့မဟုတ် အမည်ခံ ဝိညာဉ်ဆိုင်ရာဝေါဟာရနှင့် မဆက်စပ်သည့်

အရာတစ်ခုခုကို စတင်ဆွေးနွေးလိုက်သည်နှင့် တစ်ပြိုင်နက် လူတစ်ချို့က ပျင်းရိလာကြသည်၊ သို့မဟုတ် ပင်ပန်းလာကြသည်၊ သို့မဟုတ် စိတ်မသက်မသာပင် ဖြစ်လာကြသည်။ ငါ၏နှုတ်တော်ထွက်များက ဝိညာဉ်ရေးရာ လူများနှင့် ဝိညာဉ်ရေးရာ အရာများနှင့် အဆက်အစပ်ရှိပုံမရဟု သူတို့ခံစားကြသည်။ ၎င်းသည် ဆိုးဝါးသောအရာဖြစ်သည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သိခြင်းနှင့် ပတ်သက်လာလျှင် ငါတို့သည် နက္ခတ္တဗေဒအကြောင်း မပြော၊ ပထဝီဝင် သို့မဟုတ် ဇီဝဗေဒကိုလည်း သုတေသန မလုပ်ကြသည့်တိုင် အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အချုပ်အခြာအာဏာကို ငါတို့သိရမည်၊ အရာအားလုံးအတွက် သူ၏ထောက်ပံ့ခြင်းနှင့် သူသည် အရာအားလုံး၏ အရင်းအမြစ် ဖြစ်သည်ကို ငါတို့သိရမည်။ ဤသည်မှာ လိုအပ်သော သင်ခန်းစာတစ်ခုနှင့် မဖြစ်မနေ လေ့လာရမည့် သင်ခန်းစာဖြစ်သည်၊ ငါ၏နှုတ်တော်ထွက်များကို သင်တို့နားလည်ကြပြီဟု ငါယုံကြည်သည်။

အကြောင်းအရာနှင့် ဖော်ပြချက်ပုံစံ၌ အနည်းငယ် တစ်မူထူးခြားသော်လည်း၊ သူတို့ဖြစ်မြဲအတိုင်း အတော်အတန် ထူးခြားသည့် နည်းလမ်းအတိုင်း ပြောပြထားခြင်းဖြစ်သော ငါယခုပင်ပြောပြခဲ့သည့် ပုံဝတ္ထုနှစ်ခုတို့မှာ သင်တို့အား ပို၍နက်နဲသောအရာကို ရရှိပြီး လက်ခံရန် အကူအညီပေးဖို့အတွက် လွယ်ကူရှင်းလင်းသည့် ဘာသာစကားနှင့် ရိုးရှင်းသောနည်းလမ်းကို အသုံးပြုရန်အတွက် ငါ၏အားထုတ်မှု ဖြစ်ခဲ့သည်၊ ဤသည်မှာ ငါ၏ တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်သည်။ ဤပုံဝတ္ထုလေးများနှင့် ၎င်းတို့ရေးဆွဲသည့် ပုံလွှာများထဲတွင် ဘုရားသခင်သည် အရာအားလုံးတို့အပေါ် အချုပ်အခြာအာဏာဖြစ်သည်ကို သင်တို့အား မြင်တွေ့ပြီး ယုံကြည်စေလိုသည်။ ဤပုံဝတ္ထုများကို ပြောပြရခြင်း၏ ရည်ရွယ်ချက်က ပုံဝတ္ထုတစ်ခု၏ ဘောင်ခတ်ထားသည့် ကန့်သတ်ချက်များအတွင်းတွင် ဘုရားသခင်၏ ကန့်သတ်၍ မရနိုင်သည့် လုပ်ဆောင်ချက်များကို သင်တို့အား မြင်တွေ့သိရှိခွင့် ပေးဖို့ ဖြစ်သည်။ သင်သည် အပြည့်အဝ သဘောပေါက်ပြီး သင်တို့အထဲတွင် ဤရလဒ်ကို ရရှိမည့်အချိန်နှင့် ပတ်သက်၍ ယင်းမှာ သင်တို့၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် သင်တို့၏ကိုယ်ပိုင် ကြိုးစားအားထုတ်မှုပေါ် မူတည်သည်။ သင်သည် သမ္မာတရားကို မီအောင်လိုက်ပြီး ဘုရားသခင်ကိုသိဖို့ ကြိုးစားနေသောသူတစ်ဦး ဖြစ်လျှင် ဤအရာများက ပို၍ပင် အားမာန်ပါသည့် သတိပေးချက်အဖြစ် အသုံးကျလိမ့်မည်။ ၎င်းတို့က သင့်ကို နက်နဲသော အမြင်ပွင့်ခြင်းတစ်ခု၊ သင်၏နားလည်ခြင်း၌ ရှင်းလင်းပြတ်သားမှုတစ်ခု သင့်ကို ချပေးလိမ့်မည်ဖြစ်ပြီး၊ ယင်းက အကွာအဝေးမရှိ၊ အမှားမရှိဖြစ်မည့် နီးကပ်ခြင်းနှင့်အတူ ဘုရားသခင်၏ အမှန်တကယ် လုပ်ဆောင်ချက်များနှင့် တဖြည်းဖြည်းနီးစပ်လာလိမ့်မည်၊

သို့သော်လည်း သင်သည် ဘုရားသခင်ကို သိအောင် ကြိုးစားသောသူ မဟုတ်လျှင် ဤပုံဝတ္ထုများသည် သင်တို့ကို မည်သည့်ထိခိုက်မှုမှ ပေးနိုင်မည် မဟုတ်ပါ။ ၎င်းတို့ကို ဖြစ်ရပ်မှန်များဟု သဘောထားလော့။

ဤပုံဝတ္ထုနှစ်ခုမှ သင်တို့ နားလည်မှုတစ်ခုခု ရရှိထားသလော။ ဦးစွာ ဤပုံဝတ္ထုနှစ်ပုဒ်သည် လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ အလေးထားမှုအကြောင်း ငါတို့၏ ယခင်ဆွေးနွေးချက်နှင့် ကွာခြားနေသလော။ ပင်ကိုအားဖြင့် ဆက်နွယ်မှုတစ်ခု ရှိသလော။ ဤပုံဝတ္ထုနှစ်ခုထဲတွင် ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် လူသားမျိုးနွယ်အတွက် သူစီစဉ်သည့် အရာတိုင်းတွင် သူပေးသည့် မခွဲခြားမချန် စာနာထောက်ထားမှုတို့ကို ငါတို့မြင်တွေ့ရသည်မှာ မှန်ကန်သလော။ ဘုရားသခင်ပြုလုပ်သည့် အရာတိုင်းနှင့် သူစဉ်းစားသည့်အရာတိုင်းသည် လူသားမျိုးနွယ်၏ ဖြစ်တည်မှုအကျိုးအတွက် ဖြစ်သည်ဟူသည်မှာ မှန်ကန်သလော။ (မှန်ကန်ပါသည်။) လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ စေ့စပ်သေချာသည့် အတွေးနှင့် စာနာထောက်ထားမှုသည် အလွန်ထင်ရှားမြင်သာသည် မဟုတ်လော။ လူသားမျိုးနွယ်သည် မည်သည့်အရာကိုမျှ လုပ်စရာမလိုပါ။ ဘုရားသခင်သည် လူသားများအတွက် လေကို ပြင်ဆင်ထားပြီးသားဖြစ်ရာ၊ သူတို့လုပ်စရာတစ်ခုတည်းက ၎င်းကို ရှူဖို့သာဖြစ်သည်။ သူတို့စားသုံးသော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများမှာ အဆင်သင့်ရနိုင်သည်။ မြောက်အရပ်မှ တောင်အရပ်၊ အရှေ့အရပ်မှ အနောက်အရပ် ဒေသတစ်ခုစီတွင် သဘာဝသယံဇာတများ ကိုယ်စီရှိကြသည်။ အမျိုးမျိုးသော ဒေသအလိုက် ကောက်ပဲသီးနှံများ၊ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ အားလုံးကို ဘုရားသခင်က ပြင်ဆင် ထားသည်။ ပိုမိုကြီးမားသည့် ပတ်ဝန်းကျင်တွင်၊ ဘုရားသခင်က အရာအားလုံးကို အပြန်အလှန် အားဖြည့်စေပြီး၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြစ်စေသည်၊ အပြန်အလှန် ခွန်အားပေးပြီး၊ အပြန်အလှန် ချေဖျက်ကာ၊ အတူယှဉ်တွဲနေထိုင်စေသည်။ ဤသည်မှာ အရာအားလုံး၏ ဖြစ်တည်မှုနှင့် ရှင်သန်ရပ်တည်မှုကို ထိန်းချုပ်ထားသည့် သူ၏ နည်းစနစ်နှင့် စည်းမျဉ်းတို့ဖြစ်သည်။ ဤနည်းအားဖြင့် လူသားမျိုးနွယ်သည် ယနေ့ထက်ထိပင် မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုအထိ ပေါက်ဖွားရန်အတွက် ဤသက်ရှိ ပတ်ဝန်းကျင်အတွင်း၌ လုံခြုံစွာနှင့် တည်ငြိမ်အေးချမ်းစွာ ရှင်သန် ကြီးထွားလာနိုင်ကြသည်။ တစ်နည်းအားဖြင့် ဘုရားသခင်က သဘာဝပတ်ဝန်းကျင်ကို ဟန်ချက်ညီအောင် ပြုလုပ်ပေးခြင်း ဖြစ်သည်။ ဘုရားသခင်၌ အချုပ်အခြာအာဏာနှင့် ထိန်းချုပ်မှုသာ မရှိခဲ့လျှင် သဘာဝပတ်ဝန်းကျင်သည် ဘုရားသခင်၏ ဖန်ဆင်းခဲ့ခြင်းပင် ဖြစ်လင့်ကစား ထိန်းသိမ်းပြီး ဟန်ချက်ညီအောင် မည်သူမျှ၏

အစွမ်းအစဖြင့် လုပ်နိုင်မည် မဟုတ်ပါ။ တစ်ချို့နေရာတွင် လေမရှိသည့်အတွက် ထိုကဲ့သို့သော နေရာများတွင် လူသားမျိုးနွယ်က ဆက်လက်မရှင်သန်နိုင်ကြပါ။ ဘုရားသခင်က သင့်ကို ထိုနေရာများသို့သွားရန် ခွင့်ပြုလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် သင့်တော်သော အကန့်အသတ်ဘောင်ကို ကျော်၍မသွားနှင့်။ ဤသည်မှာ လူသားမျိုးနွယ်၏ အကာအကွယ်အတွက်ဖြစ်ပြီး၊ ထိုအထဲ၌ လျှို့ဝှက်ဆန်းကြယ်မှုများ ရှိသည်။ သဘာဝ ပတ်ဝန်းကျင်၏ သွင်ပြင်လက္ခဏာတစ်ခုစီ၊ ကမ္ဘာကြီး၏ အလျားနှင့်အနံ၊ ကမ္ဘာပေါ် ရှိ သက်ရှိရောသက်မဲ့ပါ သတ္တဝါတိုင်းကို ဘုရားသခင်က ကြိုတင်၍ စိတ်ကူးကြံစည်ပြီး ပြင်ဆင် ထားခဲ့ခြင်းဖြစ်သည်။ ဤအရာက အဘယ်ကြောင့် လိုအပ်သနည်း။ ထိုအရာက အဘယ်ကြောင့် မလိုအပ်သနည်း။ ဤအရာကို ဤနေရာ၌ ထားရှိရသည့် ရည်ရွယ်ချက်က မည်သည့်အရာဖြစ်ပြီး ၎င်းက အဘယ်ကြောင့် ထိုနေရာကို သွားသင့်သနည်း။ ဤမေးခွန်းများ အားလုံးကို ဘုရားသခင်က ခြေသိမ်းခေါင်းပိုက် စဉ်းစား ပြီးသားဖြစ်ပြီး၊ လူတို့အနေဖြင့် ၎င်းတို့အကြောင်းကို စဉ်းစားဖို့မလိုပါ။ တောင်များကိုရွှေ့ဖို့ အမြဲစဉ်းစားသည့် လူမိုက် တချို့ရှိသည်၊ သို့သော် ထိုသို့ပြုမည့်အစား မြေပြန့်ဒေသကို အဘယ်ကြောင့် ပြောင်းမသွားကြသနည်း။ တောင်များကို သင်မကြိုက်လျှင် သူတို့နားတွင် သင် အဘယ်ကြောင့်နေရသနည်း။ ၎င်းသည် ရူးမိုက်ရာ မကျသလော။ ထိုတောင်ကို သင် ရွှေ့လိုက်မည်ဆိုလျှင် မည်သို့ ဖြစ်လာမည်နည်း။ ဟာရီကိန်း မုန်တိုင်းများနှင့် ရေမလှိုင်းလုံးကြီးများ လာပြီး၊ လူတို့၏ အိုးအိမ်များမှာ ဖျက်ဆီးခံရမည်။ ဤသည်မှာ မိုက်မဲမှု မဟုတ်သလော။ လူတို့သည် ဖျက်ဆီးခြင်းသာ တတ်နိုင်ကြသည်။ သူနေထိုင်ရမည့် တစ်ခုတည်းသော နေရာကိုပင် သူတို့ မထိန်းသိမ်းနိုင်ဘဲလျက်နှင့် သူတို့က အရာခပ်သိမ်းကို စီမံ ပြုလုပ်ချင်ကြသေးသည်။ ဤအရာမှာ မဖြစ်နိုင်ပါ။

ဘုရားသခင်က အရာအားလုံးကို စီမံခန့်ခွဲဖို့နှင့် ၎င်းတို့အပေါ် အုပ်စိုးမှုရှိဖို့ လူသားမျိုးနွယ်ကို ခွင့်ပြုထားသော်လည်း၊ လူသားက အလုပ်ကို ကောင်းစွာလုပ်၏လော။ လူသားသည် သူဖျက်ဆီး နိုင်သမျှကို ဖျက်ဆီးတတ်သည်၊ သူသည် ဘုရားသခင်က သူ့အတွက် ပြုလုပ်ခဲ့သည့် အရာတိုင်းကို ၎င်း၏ နဂိုအနေအထားအတိုင်း လုံးဝ မထိန်းသိမ်းနိုင်ပေ၊ သူက ပြောင်းပြန်ဖြစ်အောင် ပြုလုပ်ပြီး ဘုရားသခင်၏ ဖန်ဆင်းခြင်းကို ဖျက်ဆီးခဲ့သည်။ လူသားမျိုးနွယ်က တောင်များကို ရွှေ့ခဲ့ကြသည်၊ ပင်လယ်များမှနေ၍ မြေကို ပြန်သိမ်းခဲ့ကြပြီး၊ မြေပြန့်လွင်ပြင်များကို မည်သူမှ မနေနိုင်သည့် ကန္တာရများအဖြစ် ပြောင်းလဲခဲ့ကြသည်။ သို့တိုင် လူက စက်ရုံများ ပြုလုပ်ထားပြီး နျူကလီးယား အခြေစိုက်စခန်းများကို ဆောက်လုပ်ကာ ဖျက်ဆီးခြင်းကို နေရာအနှံ့ စိုက်ပျိုးကြသည်မှာ ကန္တာရထဲ၌ပင် ဖြစ်သည်။ ယခုတွင် မြစ်များမှာ

မြစ်နှင့်မတူတော့၊ ပင်လယ်က ပင်လယ်နှင့် မတူတော့ပါ။...လူသားမျိုးနွယ်က သဘာဝပတ်ဝန်းကျင်၏ ဟန်ချက်ညီမျှမှုနှင့် ယင်း၏ စည်းမျဉ်းများကို ချိုးဖောက်ထားပြီးသည်နှင့်တစ်ပြိုင်နက် သူ၏ ကပ်ဆိုက်မည့်နေ့နှင့် သေခြင်းသည် မဝေးတော့ပါ။ ၎င်းကို ရှောင်လွှဲ၍မရပါ။ လူသားမျိုးနွယ်သည် ဘေးအန္တရာယ် ကျရောက်လာသောအခါ ဘုရားသခင်က သူ့အတွက် ပြုလုပ်ထားသည့် အရာတိုင်း၏ အဖိုးတန်မှုနှင့် ၎င်းက လူသားမျိုးနွယ်အတွက် မည်မျှအရေးပါသည်တို့ကို သိနားလည်လိမ့်မည်။ လူသားအတွက် သူ့အချိန်နှင့်သူ လေနှင့်မိုးတို့လာတတ်သည့် ပတ်ဝန်းကျင်တစ်ခုတွင် နေထိုင်ရခြင်းမှာ ပရဒိသုဘုံ၌ နေထိုင်ရသကဲ့သို့ဖြစ်သည်။ လူတို့က ဤအရာကို ကောင်းချီးတစ်ပါးဖြစ်ကြောင်း သဘောမပေါက်ကြပေ၊ သို့သော် ၎င်းတို့အားလုံးကို သူတို့ဆုံးရှုံးရသည့်အချိန်တွင် ၎င်းသည် အဘယ်မျှ ကြုံတောင့်ကြုံခဲဖြစ်ပြီး အဖိုးတန်သည်ကို သူတို့ သိမြင်လိမ့်မည်။ ထို့ပြင် ယင်းက မရှိတော့သည်နှင့် သူတို့ ယင်းကို မည်သို့ပြန်ရယူမည်နည်း။ ဘုရားသခင်က ယင်းကို နောက်ထပ် ဖန်ဆင်းရန် ဆန္ဒမရှိတော့လျှင် လူတို့က မည်သည့်အရာ ပြုလုပ်နိုင်မည်နည်း။ သင်တို့ လုပ်နိုင်သည့်အရာ တစ်စုံတစ်ခု ရှိသလော။ (မရှိပါ၊ ဘာမျှမရှိပါ။) အမှန်မှာမူ သင်တို့ လုပ်နိုင်သည့်အရာ တစ်ခုရှိသည်။ ၎င်းက အရမ်းရိုးရှင်းပြီး၊ ၎င်းမှာ မည်သည့်အရာဖြစ်သည်ကို သင်တို့အား ငါပြောပြသောအခါ ယင်းက ဖြစ်နိုင်ကြောင်း သင်တို့ ချက်ချင်းသိလိမ့်မည်။ လူသားသည် သူ၏လက်ရှိ ဖြစ်တည်မှုအခြေအနေထဲတွင် ရောက်ရှိနေသည်မှာ အဘယ်သို့နည်း။ ယင်းက သူ၏ လောဘနှင့် ဖျက်ဆီးမှုများ ကြောင့်လော။ လူသားက ဤဖျက်ဆီးမှုကို အဆုံးသတ်လျှင် သူ၏ သက်ရှိပတ်ဝန်းကျင်သည် သူ့ဘာသာ တဖြည်းဖြည်း ကောင်းမွန် လာလိမ့်မည်လော။ ဘုရားသခင်သည် မည်သည့် အရာကိုမျှ မလုပ်ပါက၊ ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် တစ်ခုခု လုပ်ပေးဖို့ ဆန္ဒမရှိတော့ပါက၊ ဆိုလိုသည်မှာ သူက ဤကိစ္စတွင် ကြားဝင်မစွက်ပါက လူသားမျိုးနွယ်အတွက် အကောင်းဆုံး နည်းလမ်းမှာ ဤဖျက်ဆီးမှုအလုံးစုံကို ရပ်တန့်ရန်နှင့် သူတို့၏ နေထိုင်ရာပတ်ဝန်းကျင်ကို ၎င်း၏နဂိုအခြေအနေသို့ ပြန်ရောက် စေခွင့်ပြုရန်ပင် ဖြစ်လိမ့်မည်။ ဤဖျက်ဆီးမှုအလုံးစုံကို အဆုံးသတ်ခြင်းဆိုသည်မှာ ဘုရားသခင် ဖန်ဆင်းထားခဲ့သည့် အရာများအား အဓမ္မလုယက်ခြင်းနှင့် အကြီးအကျယ် ဖျက်ဆီးခြင်းအား အဆုံးသတ်လိုက်ခြင်းကို ဆိုလိုသည်။ ထိုသို့ပြုခြင်းက လူသားနေထိုင်သည့် ပတ်ဝန်းကျင်ကို တဖြည်းဖြည်း ပြန်ကျန်းမာလာခွင့် ပေးမည်ဖြစ်ပြီး၊ ထိုသို့ မလုပ်နိုင်ခြင်းသည် အသက်ရှင်သန်မှုအတွက် ယင်း၏ပျက်စီးခြင်းက အချိန်နှင့်အမျှ မြန်ဆန်သွားမည်ဖြစ်သည့် ပို၍ပင် စက်ဆုပ်ဖွယ်ကောင်းသော ပတ်ဝန်းကျင်အဖြစ်သို့ အကျိုးဆက် ပေါ်လာမည်ဖြစ်သည်။

ငါ၏နည်းလမ်းက ရိုးရှင်းသလော။ ယင်းက ရိုးရှင်းပြီး ဖြစ်နိုင်သည် မဟုတ်သလော။ အမှန်တကယ် ရိုးရှင်းပြီး လူတစ်ချို့အတွက် ဖြစ်နိုင်ခြေရှိသော်လည်း၊ ကမ္ဘာပေါ်က လူအများစုကြီးအတွက် ဖြစ်နိုင်ခြေရှိသလော။ (ဖြစ်နိုင်ခြေမရှိပါ။) အနည်းဆုံး သင်တို့အတွက် ဖြစ်နိုင်ခြေရှိသလော။ (ရှိပါသည်။) သင်တို့ကို "ရှိပါသည်" ဟု ပြောစေသည်မှာ အဘယ်အရာနည်း။ ယင်းက ဘုရားသခင်၏ လုပ်ဆောင်ချက်များကို နားလည်မှု၏ အခြေခံအုတ်မြစ်မှ လာခြင်းဖြစ်သည်ဟု ပြောနိုင်သလော။ ယင်း၏ အနေအထားမှာ ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် အစီအစဉ်အား နာခံခြင်းဖြစ်သည်ဟု ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) အမှုအရာများကို ပြောင်းလဲဖို့ နည်းလမ်းတစ်ခုရှိသည်၊ သို့သော် ၎င်းက ငါတို့ ယခု ဆွေးနွေးနေကြသည့် အကြောင်းအရာမဟုတ်ပါ။ ဘုရားသခင်သည် လူ့ဘဝ တစ်ခုစီတိုင်းအတွက် တာဝန်ရှိပြီး၊ တကယ့်အဆုံးသတ်အထိ သူကတာဝန်ရှိသည်။ ဘုရားသခင်က သင့်ကို ထောက်ပံ့ပေးပြီး၊ စာတန်ဖျက်ဆီးခဲ့သည့် ဤပတ်ဝန်းကျင် ထဲတွင် သင်သည် နေမကောင်းဖြစ်စေခြင်း၊ သို့မဟုတ် ညစ်ညမ်းစေခြင်း သို့မဟုတ် ချိုးဖောက်ထိပါးခြင်း ခံနေရလျှင်ပင် ကိစ္စမရှိပေ၊ ဘုရားသခင်က သင့်ကို ကြည့်ရှုစောင့်ရှောက်ပြီး သင့်ကို ဆက်လက်အသက်ရှင်ခွင့် ပေးလိမ့်မည်။ ဤအရာ၌ သင်ယုံကြည်မှု ရှိသလော။ (ရှိပါသည်။) ဘုရားသခင်သည် လူသားတစ်ဦးကို ပေါ့ပေါ့တန်တန် သေဖို့ အခွင့်မပေးပါ။

ယခုတွင် ဘုရားသခင်အား အရာခပ်သိမ်းအတွက် အသက်၏ အရင်းအမြစ်ဖြစ်ကြောင်း အသိအမှတ်ပြုခြင်း၏ အရေးပါမှုမျိုးကို သင်တို့ ခံစားမိလာကြပြီလော။ (ကျွန်ုပ်တို့ ခံစားမိပါပြီ။) သင်တို့၌ မည်သည့်ခံစားမှုများ ရှိသနည်း။ ငါ့အားပြောလော့။ (ယခင်က ကျွန်ုပ်တို့သည် တောင်များ၊ ပင်လယ်များနှင့် ရေကန်များကို ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် လုံးဝ ဆက်စပ် မတွေးမိခဲ့ကြပါ။ ဤအရာများမှာ၊ ၎င်းတို့အတွင်း၌ ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် ဉာဏ်ပညာရှိကြောင်း ယနေ့ ဘုရားသခင်၏ မိတ်သဟာယပြုချက်ကို ကြားနာရသည့်အချိန်အထိ ကျွန်ုပ်တို့ နားမလည်ခဲ့ပါ။ ဘုရားသခင်သည် အရာခပ်သိမ်းကို စတင် ဖန်ဆင်းခဲ့သည့် အချိန်၌ပင်၊ သူသည် အရာတစ်ခုစီကို ကံကြမ္မာ တစ်ခုနှင့် သူ့စေတနာတို့ဖြင့် ပြည့်ဝစေခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ အရာခပ်သိမ်းသည် အပြန်အလှန် အားဖြည့်နေပြီး၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြစ်နေကာ၊ လူသားမျိုးနွယ်မှာ အဆုံးစွန် အကျိုးခံစားရသူများ ဖြစ်သည်။ ကျွန်ုပ်တို့ ယနေ့ ကြားနာခဲ့ရသည့် အရာက အလွန်ပင် လန်းဆန်း တက်ကြွစရာကောင်းပြီး ဆန်းသစ်သည်၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များမှာ အဘယ်မျှလောက် တကယ်ရှိနေကြောင်းကို ကျွန်ုပ်တို့

ခံစားလိုက် ရသည်။ လက်တွေ့ကမ္ဘာတွင် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများနှင့် အရာခပ်သိမ်းနှင့် ကျွန်ုပ်တို့၏ တွေ့ကြုံမှုများထဲ၌ ဤအရာမှာ ထိုသို့ဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။) သင်တို့ အမှန်တကယ် မြင်တွေ့သွားပြီ မဟုတ်လော။ ဘုရားသခင်က ကြံခိုင်သော အခြေခံအုတ်မြစ်မရှိဘဲ လူသားမျိုးနွယ်ကို ကြည့်ရှုစောင့်ရှောက်မည် မဟုတ်ပါ။ သူ၏ထောက်ပံ့ခြင်းမှာ တိုတောင်းသော စကားလုံး အချို့မျှသာ မဟုတ်ပါ။ ဘုရားသခင်က မြောက်မြားစွာ ပြုလုပ်ခဲ့ပြီဖြစ်ပြီး၊ သင်မမြင်ရသည့် အရာများပင် သင့်ကောင်းကျိုး အတွက်ချည်း ဖြစ်သည်။ လူသားသည် သူ့အတွက် ဘုရားသခင် ဖန်ဆင်းခဲ့သည့် လူတို့နှင့် အရာခပ်သိမ်းက တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေကြရသော ဤပတ်ဝန်းကျင်၊ ဤအရာခပ်သိမ်းထဲတွင် နေထိုင်ရသည်။ ဥပမာအားဖြင့်၊ အပင်များက လေကို သန့်စင်ပေးသည့် ဓာတ်ငွေ့များကို ရှူရှိုက်ကြရပြီး၊ လူတို့က သန့်စင်ပြီးသားလေကို ရှူရှိုက်ပြီး ထိုမှ အကျိုးခံစားရသည်။ သို့တိုင် တချို့အပင်များမှာ လူသားများအတွက် အဆိပ်အတောက်ဖြစ်သည့် အချိန်၌ပင် အခြားအပင်များက အဆိပ်ရှိသော အပင်များကို ချေဖျက်ပေးသည်။ ဤသည်မှာ ဘုရားသခင့်ဖန်ဆင်းခြင်း၏ အံ့ဖွယ်ရာတစ်ခု ဖြစ်သည်တကား။ သို့သော် ဤအကြောင်းအရာကို လောလောဆယ် ချန်ထားကြစို့။ ယနေ့ ငါတို့၏ဆွေးနွေးချက်မှာ အဓိကအားဖြင့် လူသားနှင့် သူကင်းကွာ၍ မနေနိုင်သော ကျန်သည့် ဖန်ဆင်းခြင်းတို့၏ အတူယှဉ်တွဲနေထိုင်ခြင်း အကြောင်းပင် ဖြစ်သည်။ အရာခပ်သိမ်းကို ဘုရားသခင်ဖန်ဆင်းခြင်း၏ အရေးကြီးပုံက အဘယ်နည်း။ လူက အသက်ရှင်ဖို့ လေကို လိုအပ်သကဲ့သို့ပင် လူသည် ကျန်သည့်အရာများမရှိဘဲ အသက်မရှင်နိုင်ပါ၊ အကယ်၍ သင့်ကို လေဟာနယ်ထဲ ထားလိုက်မည်ဆိုလျှင်၊ သင်သည် မကြာခင် သေဆုံးသွားလိမ့်မည်။ ဤသည်မှာ လူသည် ကျန်သည့်ဖန်ဆင်းခြင်းတို့မှ တကွဲတပြားစီ အသက်မရှင်နိုင်ကြောင်း ပြသသည့် အလွန်ရိုးရှင်းသော နိယာမ ဖြစ်သည်။ ထို့ကြောင့် လူက အရာခပ်သိမ်းအပေါ် မည်သည့် သဘောထား ရှိသင့်သနည်း။ သူတို့ကို တန်ဖိုးထားသော သူသည် သူတို့ကို ကာကွယ်ပေးရမည်၊ သူတို့ကို အကျိုးများအောင် အသုံးပြုရမည်၊ သူတို့ကို မဖျက်ဆီးရပါ၊ သူတို့ကို မဖြုန်းတီးရပါ၊ ထို့ပြင် သူတို့ကို စိတ်ကူးပေါက်ရာ မပြောင်းလဲရပါ၊ အကြောင်းမှာ အရာခပ်သိမ်းသည် ဘုရားသခင်ထံမှ ဖြစ်သည်၊ အရာခပ်သိမ်းမှာ လူသားမျိုးနွယ်အတွက် သူ၏ ထောက်ပံ့ပေးခြင်း ဖြစ်ပြီး၊ လူသားမျိုးနွယ်က သူတို့ကို တာဝန်ကျေပွန်စွာ ဆက်ဆံရမည်။ ယနေ့ ဤအကြောင်းအရာနှစ်ခုကို ငါတို့ ဆွေးနွေးခဲ့ပြီးပြီ။ ၎င်းတို့ကို စေ့စေ့စပ်စပ် တွေးကြည့်ပြီး ကောင်းစွာ ဆင်ခြင်အာရုံပြုပါ။ နောက်တစ်ကြိမ်တွင် အကြောင်းအရာတစ်ချို့ကို ငါတို့ ပိုပြီး အသေးစိတ် ဆွေးနွေးကြမည်။ ယနေ့တွေ့ဆုံမှုမှာ

ဤတွင် အဆုံးသတ်သည်။ နှုတ်ဆက်ပါသည်။ (နှုတ်ဆက်ပါသည်။)

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၈)

## ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏ (၂)

ပြီးခဲ့သည့် အကြောင်းအရာနှင့်ပတ်သက်၍ ငါတို့ ဆက်လက် မိတ်သဟာယပြုကြမည်။ ပြီးခဲ့သည့်အခေါက်က မည်သည့် အကြောင်းအရာအား ငါတို့ဆွေးနွေးခဲ့သည်ကို သင်မှတ်မိနိုင်သလော။ (ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏။) "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူသည့် ဤအကြောင်းအရာသည် သင်တို့နှင့် အလွန်အလှမ်းဝေးလှသည်ဟု ခံစားရသော အကြောင်းအရာလော။ သို့မဟုတ် သင်တို့၏စိတ်နှလုံးထဲတွင် ယင်းနှင့်ပတ်သက်၍ အကြမ်းဖျင်းအယူအဆတစ်ခု ရှိနှင့်ပြီးပြီလော။ ဤအကြောင်းအရာ အပေါ် ငါတို့၏ နောက်ဆုံးမိတ်သဟာယပြုချက်၏ အခရာအချက်မှာ မည်သည့်အရာဖြစ်ကြောင်း တစ်စုံတစ်ဦးက တစ်ခဏမျှ ပြောပြနိုင်သလော။ (ဘုရားသခင်သည် အရာခပ်သိမ်းနှင့် လူသားမျိုးနွယ်ကို ပြုစုပျိုးထောင်သည်ကို ဘုရားသခင်၏ အရာခပ်သိမ်း ဖန်ဆင်းခြင်းမှတစ်ဆင့် ကျွန်ုပ်တွေ့ရပါ၏။ အတိတ်က၊ ဘုရားသခင်သည် လူသားကို ထောက်ပံ့ပေးသောအခါ သူသည် သူ၏ရွေးချယ်ခြင်းခံရသူတို့ကိုသာ သူ၏နှုတ်ကပတ်တော်ကို ထောက်ပံ့ပေးသည်ဟု ကျွန်ုပ်အမြဲထင်ခဲ့၏၊ အရာခပ်သိမ်းကို အုပ်စိုးသည့် နိယာမများမှတစ်ဆင့် ဘုရားသခင်သည် လူသားမျိုးနွယ် အားလုံးကို ပြုစုပျိုးထောင်ပေးနေသည်ကို ကျွန်ုပ်လုံးဝ မမြင်ခဲ့ပါ။ ဘုရားသခင်သည် အရာခပ်သိမ်း၏ အရင်းအမြစ်ဖြစ်ပြီး၊ အရာခပ်သိမ်း၏ဘဝများသည် သူ့အားဖြင့် ထောက်ပံ့ပေးခံရသည်၊ ဘုရားသခင်က ဤနိယာမများကို စီစဉ်ပြီး အရာခပ်သိမ်းကို ပြုစုပျိုးထောင်ပေးသည်ဟု ကျွန်ုပ်ခံစားခဲ့ရသည်မှာ ဤသမ္မာတရား နှင့်ဆိုင်သော ဘုရားသခင်၏ ဆွေးနွေးမှုမှတစ်ဆင့်သာ ဖြစ်သည်။ ဘုရားသခင်၏ အရာခပ်သိမ်း ဖန်ဆင်းခြင်းမှတစ်ဆင့်၊ သူ၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်မြင်ရပါ၏။) ပြီးခဲ့သည့်အခေါက်က၊ အဓိကအားဖြင့် ဘုရားသခင်၏အရာခပ်သိမ်း ဖန်ဆင်းခြင်းနှင့် ၎င်းတို့အတွက် နိယာမများနှင့် အခြေခံသဘောတရားများကို သူချမှတ်ခဲ့ပုံအကြောင်းကို ငါတို့ မိတ်သဟာယပြုခဲ့ကြသည်။ ထိုကဲ့သို့သောနိယာမများနှင့်

ထိုကဲ့သို့သော အခြေခံ သဘောတရားများအောက်တွင်၊ အရာခပ်သိမ်းသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်နှင့် ဘုရားသခင် မြင်ကွင်းအတွင်းတွင် လူသားနှင့်အတူ အသက်ရှင်နေထိုင်၍ သေဆုံးကြကာ၊ လူသားနှင့်အတူ ယှဉ်တွဲနေထိုင်ကြသည်။ အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခြင်းအကြောင်းနှင့် ၎င်းတို့၏ကြီးထွားသည့် နိယာမများအပြင်၊ ၎င်းတို့၏ကြီးထွားမှု လမ်းကြောင်းများနှင့် ပုံစံများကို သတ်မှတ်ရန် သူ၏ကိုယ်ပိုင်နည်းစနစ်များကို အသုံးပြုခြင်းအကြောင်းတို့ကို ငါတို့ဦးစွာပြောဆိုခဲ့ကြသည်။ အရာခပ်သိမ်း ဆက်လက်ကြီးထွား၍ ပွားများကာ တစ်ဦးပေါ်တစ်ဦး မှီခိုခြင်းဖြင့် ဆက်လက်ရှင်သန်နိုင်ဖို့အလို့ငှာ ဤမြေ၌ အရာခပ်သိမ်း ရှင်သန်သည့် နည်းလမ်းများကိုလည်း သူချမှတ်ခဲ့၏။ ဤကဲ့သို့သော နည်းနာများနှင့် နိယာမများဖြင့်၊ အရာခပ်သိမ်းသည် ဤမြေတွင် အားမထုတ်ရဘဲနှင့် ငြိမ်းချမ်းစွာ တည်ရှိပြီး ကြီးထွားနိုင်ကြကာ၊ ထိုသို့သော ပတ်ဝန်းကျင်တစ်ရပ်ဖြင့်သာ လူသားမျိုးနွယ်သည် ဘုရားသခင်၏ လမ်းပြမှုအောက်တွင် အမြဲ ရှေ့ဆက်ရွေ့လျားရင်း၊ အသက်ရှင်နေထိုင်ဖို့ တည်ငြိမ်သောအိမ်နှင့် တည်ငြိမ်သော အခြေအနေတစ်ခုရှိနိုင်သည်၊ အမြဲ ရှေ့သို့တက်လှမ်းနိုင်လေသည်။

ပြီးခဲ့သည့်အခေါက်က အရာခပ်သိမ်းအတွက် ဘုရားသခင် ထောက်ပံ့ပေးခြင်းနှင့်ဆိုင်သည့် အခြေခံအယူအဆကို ငါတို့ဆွေးနွေး ခဲ့ကြသည်- အရာခပ်သိမ်းသည် လူသားမျိုးနွယ်၏ အကျိုးအတွက် တည်ရှိပြီး အသက်ရှင်ဖို့အလို့ငှာ ဘုရားသခင်သည် အရာခပ်သိမ်းကို ဤနည်းဖြင့် ထောက်ပံ့ပေး၏။ တစ်နည်းအားဖြင့် ဘုရားသခင် ချမှတ်ခဲ့သော နိယာမများကြောင့် ထိုသို့သော ပတ်ဝန်းကျင်တစ်ခု တည်ရှိခြင်းဖြစ်၏။ လူသားမျိုးနွယ်အနေဖြင့် ၎င်း၏ လက်ရှိ အသက်ရှင်နေသည့် ပတ်ဝန်းကျင်ရှိသည်မှာ ထိုသို့သော နိယာမများကို ဘုရားသခင်၏ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း တို့ကြောင့်သာ ဖြစ်သည်။ ယင်းသည် ပြီးခဲ့သည်အခေါက်က ငါတို့ပြောဆိုခဲ့ကြသည့်အရာနှင့် ယခင်က ငါတို့ပြောခဲ့သည့် ဘုရားသခင်နှင့်ဆိုင်သော အသိပညာတို့ကြား ကြီးမားသော တိုးတက်မှုတစ်ခု ဖြစ်၏။ ထိုတိုးတက်မှု တည်ရှိခြင်းအတွက် အကြောင်းရင်းမှာ အဘယ်နည်း။ ယင်းမှာ အတိတ်က ဘုရားသခင်ကို သိကျွမ်းခြင်းအကြောင်း ငါတို့ပြောဆိုကြသည့်အခါ လူသားမျိုးနွယ်ကို ဘုရားသခင်က ကယ်တင်ခြင်းနှင့် စီမံခန့်ခွဲခြင်း နယ်ပယ်အတွင်းမှ ငါတို့ ဆွေးနွေးနေခဲ့ကြခြင်း ဖြစ်သည်၊ ဆိုလိုသည်မှာ ဘုရားသခင်၏ ရွေးချယ်ခံရသူတို့၏ ကယ်တင်ခြင်းနှင့် စီမံခန့်ခွဲခြင်းဖြစ်သည်— ထိုနယ်ပယ်အတွင်းတွင် ဘုရားသခင်ကို သိကျွမ်းခြင်း၊ ဘုရားသခင်၏ လုပ်ဆောင်ချက်များ၊ သူ၏စိတ်သဘောထား၊ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်း၊ သူ၏အလိုတော်နှင့် သူ့အနေဖြင့် လူသားကို သမ္မာတရားနှင့်

အသက်တို့ဖြင့် မည်သို့ ထောက်ပံ့ပေးသည်တို့ကို ငါတို့ ပြောဆိုခဲ့ကြသည်။ သို့ရာတွင် ပြီးခဲ့သည့်အခေါက်က၊ ငါတို့စတင်ခဲ့ကြသည့် အကြောင်းအရာသည် သမ္မာကျမ်းစာ၌ ပါဝင်သည့် အကြောင်းအရာများနှင့် ဘုရားသခင်၏ ရွေးချယ်ခံလူတို့ကို ဘုရားသခင် ကယ်တင်ခြင်းနှင့်ဆိုင်သော နယ်ပယ်အထိသာ ကန့်သတ်ထားခြင်း မဟုတ်။ ယင်းထက်၊ ထိုအကြောင်းအရာသည် သမ္မာကျမ်းစာ၏ ဘောင်ခတ်မှုများနှင့် သူ၏ အရွေးချယ်ခံလူတို့အပေါ် ဘုရားသခင် ဆောင်ရွက်သည့် အမှု၏ အဆင့်သုံးဆင့်အပြင်က ဘုရားသခင် ကိုယ်တော်တိုင်အကြောင်းကို ဆွေးနွေးလျက်၊ ဤနယ်ပယ်ကို ကျော်လွန်ကာ တိုးချဲ့လေသည်။ ထို့ကြောင့် ငါ၏ မိတ်သဟာယ ဤအပိုင်းကို သင်တို့ကြားသည့်အခါ ဘုရားသခင်နှင့်ပတ်သက်သော သင်တို့၏ အသိပညာကို သမ္မာကျမ်းစာနှင့် ဘုရားသခင်၏ အမှုအဆင့်သုံးဆင့်သို့သာ ကန့်သတ်မထားရ။ ယင်းအစား၊ သင်တို့၏ရှုထောင့်အမြင်ကို ဖွင့်မြဲဖွင့်ထားရမည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် အရာခပ်သိမ်းအတွင်းရှိ သူ၏အရာအားလုံးနှင့် ဖြစ်ခြင်း၊ အရာခပ်သိမ်းကို ဘုရားသခင် အမိန့်ပေးကာ စီမံခန့်ခွဲပုံကို သင်မြင်ရမည်။ ဤနည်းစနစ်နှင့် ဤအခြေခံအုတ်မြစ်မှတစ်ဆင့်၊ သင်သည် အရာခပ်သိမ်းကို ဘုရားသခင်မည်သို့ထောက်ပံ့သည်ကို မြင်နိုင်၏။ အရာခပ်သိမ်းကို ဘုရားသခင်ထောက်ပံ့ပုံက ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်၏ စစ်မှန်သော အရင်းအမြစ်ဖြစ်ကြောင်းနှင့် ဤသည်မှာ အမှန်စင်စစ် ဘုရားသခင် ကိုယ်တော်တိုင်၏ စစ်မှန်သော ပင်ကိုလက္ခဏာဖြစ်ကြောင်းကို လူသားမျိုးနွယ်အား နားလည်စေ၏။ ဆိုလိုသည်မှာ၊ ဘုရားသခင်၏ ပင်ကိုလက္ခဏာ၊ အဆင့်အတန်းနှင့် ဩဇာအာဏာ၊ သူ၏ အရာအားလုံးတို့သည် ယခုလက်ရှိ သူ့နောက်ကို လိုက်သောသူများ အတွက်သာ မရည်ရွယ်ဘဲ၊ ဤလူတစ်စုဖြစ်သည့် သင်တို့အတွက်သာ မရည်ရွယ်ဘဲ၊ အရာခပ်သိမ်းအတွက် ရည်ရွယ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့်၊ အရာခပ်သိမ်း၏ နယ်ပယ်သည် လွန်စွာကျယ်ပြန့်၏။ ဘုရားသခင် စိုးမိုးထားသည့် အရာများသည် သင်တို့၏မျက်စိများဖြင့် မြင်နိုင်သည့်အရာများ ဖြစ်ရုံမျှသာမဟုတ်- အားလုံးမြင်နိုင်သည့် ရုပ်ဝတ္ထုလောကသာမက၊ လူသားမျက်စိများဖြင့် မြင်၍မရနိုင်သည့် ရုပ်ဝတ္ထုလောကကို ကျော်လွန်သည့် အခြားလောကနှင့် ယင်းကိုပင် ကျော်လွန်သည့် လူသားမျိုးနွယ် နေထိုင်၍မရသည့် ဂြိုဟ်များနှင့် ကမ္ဘာအပြင်ဘက် အာကာသ ဟင်းလင်းပြင်တို့ ပါဝင်သည်ကို သင်တို့အား ငါပြောချင်သောကြောင့်၊ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အုပ်စိုးမှုနယ်ပယ်ကို ဖော်ပြရန် ငါသည် “အရာခပ်သိမ်း” ဟူသော ဝေါဟာရကို အသုံးပြုခြင်းဖြစ်သည်။ ဤသည်မှာ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အုပ်စိုးမှု နယ်ပယ်ဖြစ်၏။ ဘုရားသခင်၏ အုပ်စိုးမှုနယ်ပယ်သည် အလွန် ကျယ်ပြန့်၏။

သင်တို့အပိုင်းအတွက် သင်တို့နားလည်သင့်သည့်အရာ၊ မြင်သင့်သည့်အရာနှင့် မည်သည့်အရာများကို သင်တို့အသိပညာ ရှိသင့်သည်နှင့် ပတ်သက်၍ သင်တို့အသီးသီးသည် နားလည်ဖို့၊ မြင်ဖို့နှင့် ရှင်းလင်းပြတ်သားမှု ရှိကြဖို့ လိုအပ်ကာ ရှိကိုရှိရမည် ဖြစ်သည်။ ဤ "အရာခပ်သိမ်း" ဟူသည့် ဝေါဟာရ၏ နယ်ပယ်သည် ဧကန်အမှန် လွန်စွာကျယ်ပြန့်သော်လည်း ယင်းနယ်ပယ်အတွင်းရှိ သင်တို့လုံးဝမမြင်နိုင်သည့်၊ သို့မဟုတ် သင်တို့ ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ဆက်ဆံလာနိုင်မည် မဟုတ်သည့် အရာများအကြောင်းကို သင်တို့အား ငါပြောမည်မဟုတ်ပေ။ "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူသော စကားစု၏ စစ်မှန်သောအဓိပ္ပာယ်ကို လူတိုင်းခံစားနိုင်ရန်အလို့ငှာ၊ လူသားများက ထိတွေ့ဆက်ဆံနိုင်၊ နားလည်နိုင်ပြီး သဘောပေါက်နိုင်သည့် ယင်းနယ်ပယ်အတွင်းရှိ အရာများကိုသာ သင်တို့ကို ငါပြောပြမည်။ ဤနည်းဖြင့်၊ သင်တို့ကိုပြောသော ငါ၏ မိတ်သဟာယ၏ နှုတ်ကပတ်တော်များထဲမှ မည်သည့်အရာမျှ အနှစ်သာရမဲ့လိမ့်မည် မဟုတ်ပေ။

ပြီးခဲ့သည့်အခေါက်က အရာခပ်သိမ်းအတွက် ဘုရားသခင် မည်သို့ထောက်ပံ့သည်ကို လူတို့အနေဖြင့် အခြေခံသိနားလည်မှု ရရှိနိုင်ကြဖို့အလို့ငှာ "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူသော အကြောင်းအရာနှင့်ဆိုင်သည့် ရိုးရှင်းသော ခြုံငုံသုံးသပ်ချက်တစ်ရပ်ပေးရန် ပုံပြောသည့် နည်းလမ်း တစ်ခုကို ငါတို့အသုံးပြုခဲ့၏။ သင်တို့အား ဤအခြေခံအယူအဆကို သွန်သင်ပေးခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ဘုရားသခင်၏ အမှုသည် သမ္မာကျမ်းစာနှင့် သူ၏ အမှုအဆင့်သုံးဆင့်အား ကျော်လွန်သည်ကို လူတို့ နားလည်စေဖို့ဖြစ်သည်။ သူသည် ကိုယ်တိုင်ကိုယ်ကျ အာရုံစိုက်သည့် အမှုဖြစ်သော၊ လူသားတို့ မမြင်နိုင်သည့်၊ မထိတွေ့မဆက်ဆံနိုင်သည့် သာ၍ များသောအမှုကို လုပ်ဆောင်နေသည်။ ဘုရားသခင်သည် သူ၏စီမံခန့်ခွဲခြင်းအပေါ်နှင့် သူ၏ရွေးချယ်ခံလူတို့ကို ရှေ့သို့ဆက်၍ ဦးဆောင်လမ်းပြခြင်း တစ်ခုတည်းကိုသာ အမှုပြုနေပြီး၊ အခြားသော ဤအမှုတစ်ခု တစ်လေတွင်မျှ ပါဝင်ပတ်သက်ခြင်းမရှိပါက၊ သင်တို့အားလုံး အပါအဝင် ဤလူသားမျိုးနွယ်အတွက် ရှေ့ဆက်တက်လှမ်းရန် လွန်စွာခက်ခဲမည်ဖြစ်သည်။ ဤလူသားမျိုးနွယ်နှင့် ဤလောကသည် ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်နိုင်မည် မဟုတ်ပေ။ ဤတွင် ယနေ့ သင်တို့ကို ငါ မိတ်သဟာယပြုမည့် အကြောင်းအရာဖြစ်သည့် "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူသော စကားစု၏ အရေးပါမှု တည်ရှိလေသည်။

## လူသားမျိုးနွယ်အတွက် ဘုရားသခင် ဖန်ဆင်းသည့် အခြေခံရှင်သန်နေထိုင်မှု ပတ်ဝန်းကျင်

"ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူသော နှုတ်ကပတ်တော်များနှင့် ပတ်သက်သည့် ခေါင်းစဉ်များနှင့် ပါဝင်သည့်အကြောင်းအရာများ အများအပြားကို ငါတို့ဆွေးနွေးခဲ့ကြပြီးပြီ၊ သို့သော်လည်း ဘုရားသခင်သည် သင်တို့အား သူ၏နှုတ်ကပတ်တော်ဖြင့် ပံ့ပိုးပေး၍ သင်တို့အပေါ်၌ သူ၏ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းအမှုကို ဆောင်ရွက်ခြင်း တို့အပြင် ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ် မည်သည့် အရာများ ပေးသနားသည်ကို သင်တို့၏စိတ်နှလုံးများထဲတွင် သိသလော။ အချို့သူများက "ဘုရားသခင်သည် ကျွန်ုပ်အပေါ် ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာများ ပေးသနား၏၊ သူသည် ကျွန်ုပ်ကို ဆုံးမပဲ့ပြင်မှုနှင့် နှစ်သိမ့်မှုတို့ကို ပေးပြီး စောင့်ရှောက်မှုနှင့် အကာအကွယ်တို့ကို ဖြစ်နိုင်သမျှနည်းလမ်းတိုင်းဖြင့် ကျွန်ုပ်အား သူပေးပါသည်" ဟု ပြောကောင်းပြောနိုင်၏။ အခြားသူများက "ဘုရားသခင်သည် ကျွန်ုပ်အပေါ် နေ့စဉ်စားစရာ၊ သောက်စရာများ ပေးပါသည်" ဟုပြောမည်ဖြစ်ပြီး၊ အချို့ကမူ "ဘုရားသခင်သည် ကျွန်ုပ်ကို အရာခပ်သိမ်း ပေးသနားပါ၏" ဟုပင် ပြောလိမ့်မည်။ ၎င်းတို့၏နေ့စဉ်အသက်တာများ၌ လူတို့ကြုံရသည့် ပြဿနာများကို သင်တို့သည် သင်တို့ကိုယ်တိုင်၏ ရုပ်ခန္ဓာဘဝအတွေ့အကြုံ၏ နယ်ပယ်နှင့်ဆက်နွယ်သော နည်းလမ်းဖြင့် တုန့်ပြန်ကောင်း တုန့်ပြန်နိုင်သည်။ ဘုရားသခင်သည် လူအသီးသီးအပေါ် အမှုအရာများစွာ ပေးသနားပေသည်၊ သို့သော် ဤနေရာ၌ ငါတို့ဆွေးနွေးနေသည့်အရာမှာ လူတို့၏ နေ့စဉ် လိုအပ်ချက်များ ဆိုင်ရာ နယ်ပယ်၌သာ ကန့်သတ်ထားခြင်း မဟုတ်ဘဲ လူတစ်ဦးစီ၏ အမြင်နယ်ပယ်ကို တိုးချဲ့ဖို့နှင့် အမှုအရာများကို ကျယ်ပြန့်သော ရှုထောင့်မှ သင့်ကို မြင်ခွင့်ပေးရန်ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်း၏ အသက်အရင်းအမြစ် ဖြစ်သည့်အတွက် သူ့အနေဖြင့် အရာခပ်သိမ်း၏အသက်ကို မည်သို့ ထိန်းသိမ်းသနည်း။ တစ်နည်းအားဖြင့်၊ သူ၏ ဖန်ဆင်းခြင်းနှင့်ဆိုင်သော အရာခပ်သိမ်း ဆက်လက်တည်ရှိနိုင်ရန် အလို့ငှာ ဘုရားသခင်သည် အရာခပ်သိမ်း၏ ဖြစ်တည်မှုနှင့် ယင်းဖြစ်တည်မှုအား ကျောထောက် နောက်ခံပြုထားသည့် နိယာမများကို ထိန်းသိမ်းရန် ၎င်းတို့အား မည်သည့်အရာကို ပေးသနည်း။ ယင်းမှာ ယနေ့ ငါတို့၏ ဆွေးနွေးမှု အဓိကအချက်ဖြစ်သည်။ ငါပြောသွားသည့်အရာကို သင်တို့ နားလည်သလော။ ဤအကြောင်းအရာသည် သင်တို့အတွက် အလွန်စိမ်းနေနိုင်သော်လည်း အလွန်လေးနက်သည့် မည်သည့် အယူဝါဒများအကြောင်းကိုမျှ ငါပြောမည် မဟုတ်ပေ။ သင်တို့အနေဖြင့် ငါ၏ စကားများကို နားထောင်နိုင်ပြီး ယင်းတို့မှ နားလည်မှုရနိုင်ရှိသည်ကို သေချာအောင် ငါ ကြိုးပမ်းမည်။ သင်တို့အနေဖြင့် မည်သည့် ဝန်ထုပ်ဝန်ပိုးကိုမျှ

ခံစားဖို့မလိုပေ၊ ဂရုတစိုက်နားထောင်ရန်သာလိုသည်။ သို့ရာတွင် ဤအချိန်၌ ငါသည် နောက်တစ်ဖန် အလေးပေးပြောရဦးမည်ဖြစ်သည်၊ ငါအဘယ် အကြောင်းအရာကို ပြောနေသနည်း။ ငါ့ကိုပြောလော့။ (ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်ပါသည်။) ထိုသို့ဆိုပါက ဘုရားသခင်သည် အရာခပ်သိမ်းကို မည်သို့ထောက်ပံ့ပေးသနည်း။ "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟုဆိုနိုင်ရန် အရာခပ်သိမ်းကို သူမည်သည့်အရာ ထောက်ပံ့ပေးသနည်း။ ဤအရာနှင့်ပတ်သက်၍ သင်တို့၌ အယူအဆများ၊ သို့မဟုတ် အတွေးအခေါ်များ တစ်ခုတစ်လေ ရှိသလော။ ကြည့်ရသည်မှာ သင်တို့၏နှလုံးသားများနှင့် သင်တို့၏ စိတ်များတွင် လုံးဝနီးပါး မသိရှိသည့် အကြောင်းအရာကို ငါက ဆွေးနွေးပေးနေပုံရသည်။ သို့သော် သင်တို့သည် ဤအကြောင်းအရာ နှင့် ငါပြောမည့်အရာများကို အသိပညာ၊ လူ့ယဉ်ကျေးမှု၊ သို့မဟုတ် သုတေသန တစ်ခုတစ်လေနှင့် ဆက်စပ်ခြင်းထက် ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် ဆက်စပ်တွေးနိုင်မည်ဟု ငါမျှော်လင့်၏။ ငါသည် ဘုရားသခင် အကြောင်းနှင့် ဘုရားသခင်ကိုယ်တော်တိုင် အကြောင်းကိုသာ ပြောနေခြင်းဖြစ်၏။ ဤသည်မှာ သင်တို့အဖို့ ငါ၏အကြံပြုချက် ဖြစ်သည်။ သင်တို့ နားလည်ကြသည်မှာ သေချာပါသည်။

ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ် အရာများစွာကို ပေးသနားခဲ့၏။ လူတို့မြင်နိုင်သည့်အရာ၊ ဆိုလိုသည်မှာ လူတို့ ခံစားနိုင်သည့်အရာအကြောင်းကို ပြောခြင်းဖြင့် ငါစတင်မည်။ ဤအရာများသည် လူတို့က မိမိတို့၏ စိတ်နှလုံးများထဲတွင် လက်ခံကာ နားလည်နိုင်သည့် အရာများဖြစ်၏။ ထို့ကြောင့်၊ ရုပ်ဝတ္ထု လောကအကြောင်း ဆွေးနွေး၍ ဘုရားသခင်သည် လူသားမျိုးနွယ်အား မည်သည့်အရာ ထောက်ပံ့ပေးပြီး ဖြစ်သည်ဆိုသည့်အကြောင်း ပြောဆိုခြင်းဖြင့် အစပြုကြပါစို့။

**၁။ လေ**

ပထမအနေဖြင့် လူသားအသက်ရှုနိုင်ရန် ဘုရားသခင်သည် လေကို ဖန်ဆင်းခဲ့၏။ "လေ" သည် လူသားတို့ နေ့စဉ်ထိတွေ့နိုင်သည့် ဒြပ်ထည်တစ်ခု ဖြစ်ပြီး၊ လူသားတို့ အိပ်စက်နေသည့်အခါ၌ပင် အခိုက်အတန့်တိုင်း၌ လူတို့အားထားသောအရာတစ်ခု ဖြစ်သည်။ ဘုရားသခင်ဖန်ဆင်းခဲ့သည့် လေသည် လူသားမျိုးနွယ် အတွက် အလွန့်အလွန် အရေးကြီးပေသည်- ယင်းသည် ၎င်းတို့၏ ထွက်သက်ဝင်သက်တိုင်းနှင့်

အသက်ကိုယ်၌အတွက် မရှိမဖြစ် လိုအပ်ပေသည်။ ခံစား၍သာရကာ မမြင်နိုင်သော ဤဒြပ်ထည်သည် ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာခပ်သိမ်းအတွက် သူ၏ ပထမဆုံးသော လက်ဆောင်ဖြစ်၏။ သို့သော် လေကိုဖန်ဆင်း ပြီးနောက် ဘုရားသခင်သည် သူ၏ အမှု ပြီးစီးပြီဟု စဉ်းစားဆင်ခြင်လျက် ရပ်တန့်ခဲ့သလော။ သို့မဟုတ် လေ၏ သိပ်သည်းမှု မည်မျှဖြစ်မည်ကို သူ ထည့်သွင်းစဉ်းစားသလော။ လေတွင် မည်သည့်အရာ ပါဝင်မည်ကို သူ ထည့်သွင်းစဉ်းစားသလော။ (ထည့်သွင်းစဉ်းစားပါသည်။) ဘုရားသခင်သည် လေကို ဖန်ဆင်းစဉ်က မည်သည့်အရာကို စဉ်းစားနေခဲ့သနည်း။ ဘုရားသခင်သည် လေကို အဘယ်ကြောင့် ဖန်ဆင်းခဲ့သနည်း၊ ပြီးလျှင်သူ၏အကြောင်းပြချက်မှာ အဘယ်နည်း။ လူသားများသည် လေကိုလိုအပ်၏၊ ၎င်းတို့ အသက်ရှူရန် လိုအပ်သည်။ ပထမအနေဖြင့် လေ၏သိပ်သည်းမှုသည် လူ၏အဆုတ်အတွက် သင့်တော်ရမည်။ လေ၏သိပ်သည်းမှုကို သိသူ တစ်စုံတစ်ဦးရှိသလော။ အမှန်တွင်၊ လူတို့အတွက် ဤမေးခွန်း၏ အဖြေကို ကိန်းဂဏန်း သို့မဟုတ် အချက်အလက်အရ သိဖို့ အထူးတလည် မလိုအပ်သကဲ့သို့၊ အဖြေကို သိဖို့မှာ တကယ်ကို မလိုအပ်ပေ။ ယေဘုယျ ထင်မြင်ချက် တစ်ရပ်ရှိရုံမျှက လုံးဝ လုံလောက်ပေသည်။ ဘုရားသခင်သည် လူသား၏ အဆုတ်က ရှူရန်အတွက် အသင့်တော်ဆုံးဖြစ်မည့် သိပ်သည်းမှုဖြင့် လေကိုဖန်ဆင်းခဲ့သည်။ ဆိုလိုသည်မှာ လူသား ခန္ဓာကိုယ်များထဲသို့ ၎င်းတို့၏ အသက်ရှူခြင်းမှတစ်ဆင့် လေက အလွယ်တကူ ဝင်ရောက်နိုင်ဖို့ရန်အလို့ငှာနှင့် အသက်ရှူစဉ် လူသား၏ ခန္ဓာကိုယ်ကို မထိခိုက်ဖို့ရန်အလို့ငှာ လေကို သူ ဖန်ဆင်းခဲ့လေသည်။ ဤအရာများသည် လေကို ဖန်ဆင်းသည့် အချိန်တွင် ဘုရားသခင် စဉ်းစားဆင်ခြင်သည့်အရာများ ဖြစ်သည်။ ဤနောက်၊ လေတွင် မည်သည့်အရာ ပါဝင်သည်ကို ငါတို့ ပြောကြမည်။ လေတွင်ပါဝင်သည့်ပစ္စည်းများမှာ လူသားများအဖို့ အဆိပ်မရှိသကဲ့သို့ အဆုတ်များ သို့မဟုတ် ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းကိုမျှ ဖျက်ဆီးမည် မဟုတ်ပေ။ ဘုရားသခင်သည် ဤအရာအားလုံးကို ထည့်သွင်းစဉ်းစားခဲ့ရ၏။ လူသားတို့ ရှူသည့် လေသည် ချောမောစွာ ဝင်ထွက်ရမည် ဖြစ်ကြောင်းနှင့် ရှူသွင်းပြီးနောက်တွင် အဆုတ်များနှင့် ကိုယ်ခန္ဓာထဲရှိ သွေးအပြင် စွန့်ထုတ်လေတို့က တစ်ပေါင်း တစ်စည်းတည်း ကောင်းကောင်းမွန်မွန် ဇီဝဖြစ်စဉ် လုပ်ဆောင်ဖို့အလို့ငှာ၊ လေအတွင်းရှိ ဒြပ်ထည်များ၏ သဘာဝနှင့် ပမာဏတို့ ရှိနေသင့်ပေသည်။ ထို့အပြင်၊ လေတွင် အဆိပ်အတောက်ဖြစ်စေသာ ဒြပ်ပစ္စည်းများ တစ်ခုတစ်လေ မပါရှိသင့်သည်ကို သူ ထည့်စဉ်းစားခဲ့ရသည်။ လေအတွက် ဤစံနှစ်ရပ်နှင့်ပတ်သက်၍ သင်တို့ကို ပြောပြရာတွင် ငါ၏ ရည်မှန်းချက်မှာ သင်တို့ကို အထူးသီးသန့် အသိပညာ တစ်ခုတစ်လေကိုမျှ ပေးဖို့မဟုတ်ဘဲ၊ ဘုရားသခင်သည် သူ၏

ကိုယ်ပိုင် သုံးသပ်ချက်များနှင့်အညီ အမှုအရာ တစ်ခုစီတိုင်းကို ဖန်ဆင်းခဲ့ပြီး သူ ဖန်ဆင်းသည့် အရာတိုင်းသည် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်သည်ကို သင်တို့အား ပြသဖို့ ဖြစ်သည်။ ထို့အပြင် လေထဲ၌ရှိသည့် ဖုန်မှုန့်ပမာဏနှင့် ကမ္ဘာပေါ် ရှိ ဖုန်မှုန့်၊ သဲနှင့် မြေမှုန့်ပမာဏအပြင် မိုးကောင်းကင်မှ ကမ္ဘာမြေဆီသို့ လွင့်မျောလာသည့် ဖုန်မှုန့်ပမာဏတို့အတွက်မူ- ဘုရားသခင်၌ ဤအရာများကို စီမံခန့်ခွဲရန်အတွက် ၎င်းတို့ကို ရှင်းလင်းပစ်ခြင်း သို့မဟုတ် ပြိုကွဲသွားစေခြင်း နည်းလမ်းများလည်း ရှိပေသည်။ လေထဲ၌ ဖုန်မှုန့်ပမာဏ အချို့ရှိသော်လည်း လူ၏ကိုယ်ခန္ဓာ သို့မဟုတ် အသက်ရှူခြင်းကို အန္တရာယ်မပြုစေရန် ဘုရားသခင်က ထိုအရာကို ဖန်ဆင်းခဲ့ခြင်းဖြစ်ပြီး ကိုယ်ခန္ဓာကို အန္တရာယ်မပြုမည့် အရွယ်အစား ရှိသည့် ဖုန်မှုန့်အမှုန်များ ဖြစ်စေရန် ဘုရားသခင်ပြုလုပ်ခဲ့၏။ လေကို ဘုရားသခင် ဖန်ဆင်းခြင်းသည် နက်နဲမှုတစ်ခုဖြစ်သည် မဟုတ်လော။ သူ၏နှုတ်မှ လေတစ်ရှိုက်ကို မှုတ်ထုတ်လိုက်ရုံမျှကဲ့သို့ ရိုးရှင်းသော အရာ ဖြစ်ခဲ့သလော။ (မဖြစ်ခဲ့ပါ။) အရိုးရှင်းဆုံးအရာများကို ဘုရားသခင် ဖန်ဆင်းခြင်း၌ပင် သူ၏နက်နဲမှု၊ သူ့စိတ်၏ လုပ်ဆောင်ချက်များ၊ သူ၏ တွေးခေါ် ပုံနှင့် ဉာဏ်ပညာတို့အားလုံး ထင်ရှားနေ၏။ ဘုရားသခင်သည် လက်တွေ့မကျပေလော။ (လက်တွေ့ကျပါသည်။) ဆိုလိုသည်မှာ ရိုးရှင်းသော အရာများကို ဖန်ဆင်းခြင်း၌ပင် ဘုရားသခင်သည် လူသားမျိုးနွယ်ကို စဉ်းစား နေခဲ့၏။ ပထမဦးစွာ လူသားတို့ရှူရှိုက်သည့် လေသည် သန့်ရှင်း၏၊ ပါဝင်သည့်ပစ္စည်းများသည် လူတို့အသက်ရှူရန် သင့်တော်၏၊ ၎င်းတို့သည် အဆိပ်အတောက်မဖြစ်စေသကဲ့သို့ လူသားများကို အန္တရာယ်မဖြစ်စေနိုင်ပေ၊ ထို့နည်းတူ လေ၏ သိပ်သည်းမှုသည် လူတို့အသက်ရှူရန်အတွက် သင့်တော်သည်။ လူသားက စဉ်ဆက်မပြတ် ရှူသွင်းရှူထုတ်ပြုလုပ်သည့် ဤလေသည် လူသားများ၏ကိုယ်ခန္ဓာ၊ အသွေးအသားအတွက် မရှိမဖြစ်လိုအပ်၏။ ထို့ကြောင့် လူတို့သည် အကန့်အသတ်မရှိဘဲ၊ စိုးရိမ်မှုမရှိဘဲ လွတ်လပ်စွာ အသက်ရှူနိုင်ခြင်း ဖြစ်သည်။ ထိုသို့ဖြင့် ၎င်းတို့သည် ပုံမှန်အသက်ရှူနိုင်ကြသည်။ လေသည် အစအဦး၌ ဘုရားသခင် ဖန်ဆင်းခဲ့သည့် အရာဖြစ်ပြီး၊ လူတို့အသက်ရှူရန် မရှိမဖြစ်သော အရာဖြစ်၏။

## ၂။ အပူချိန်

ငါတို့ ဆွေးနွေးမည့် ဒုတိယအရာသည် အပူချိန်ဖြစ်၏။ အပူချိန်က အဘယ်အရာဖြစ်သည်ကို လူတိုင်းသိ၏။ အပူချိန်သည် လူတို့အသက်ရှင်နေထိုင်ရေးအတွက် သင့်တော်သည့် ပတ်ဝန်းကျင် တစ်ရပ်အဖို့ လိုအပ်သောအရာတစ်ခုဖြစ်၏။ အပူချိန်မြင့်လွန်းပါက၊ ဥပမာ

ဆိုကြပါစို့၊ အပူချိန်သည် လေးဆယ်ဒီဂရီ စင်တီဂရိတ်ထက် ပိုမြင့်ပါက လူတို့အနေဖြင့် အလွန်အမင်း အားအင်ကုန်ခမ်းရလိမ့်မည် မဟုတ်လော။ ထိုသို့သော အခြေအနေများထဲတွင် အသက်ရှင်ဖို့မှာ လူတို့အတွက် ခြေကုန်လက်ပန်းကျစရာ ဖြစ်လိမ့်မည်မဟုတ်လော။ အပူချိန် အလွန်အမင်း ကျဆင်းလျှင်ကော အဘယ်သို့ဖြစ်မည်နည်း။ အပူချိန်က အနုတ် လေးဆယ်ဒီဂရီ စင်တီဂရိတ်သို့ ရောက်သည်ဆိုပါစို့- လူသားတို့သည် ဤအခြေအနေများကိုလည်း ခံနိုင်ရည်ရှိမည် မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်သည် ဤအပူအချိန် အတိုင်းအတာကို သတ်မှတ်ရာတွင် စင်စစ်အားဖြင့် စစ်စစ်ပေါက်ပေါက် အလွန်ဂရုပြုခဲ့၏။ လူ၏ကိုယ်ခန္ဓာက အလိုက်သင့် ညှိပြောင်းနိုင်သည့် အပူချိန်အတိုင်းအတာမှာ အနည်းနှင့်အများ အနုတ်သုံးဆယ် ဒီဂရီ စင်တီဂရိတ်နှင့် လေးဆယ်ဒီဂရီ စင်တီဂရိတ်ကြားတွင် ဖြစ်၏။ မြောက်အရပ်မှ တောင်အရပ်တွင်ရှိသော နယ်မြေများထဲက အပူချိန်များသည် အခြေခံအားဖြင့် ဤအတိုင်းအတာအတွင်းတွင် ရှိသည်။ အလွန်အေးသောဒေသများတွင် အပူချိန်များသည် အနုတ်ငါးဆယ် မှ ခြောက်ဆယ်ဒီဂရီ စင်တီဂရိတ်သို့ ကျကောင်းကျနိုင်သည်။ ထိုကဲ့သို့သောဒေသများတွင် ဘုရားသခင်က လူသားတို့ကို နေထိုင် အသက်ရှင်ခွင့်ပြုမည် မဟုတ်ပေ။ ထိုသို့ဆိုလျှင်၊ ဤအေးခဲသော ဒေသများသည် အဘယ်ကြောင့်တည်ရှိနေသနည်း။ ဤအရာတွက် ဘုရားသခင်သည် သူ၏ ကိုယ်ပိုင်ဉာဏ်ပညာနှင့် ရည်ရွယ်ချက်များ ရှိနေသည်။ သူသည် သင့်ကို ထိုနေရာများအနီးသို့ သွားခွင့်ပြုမည် မဟုတ်ပေ။ ဘုရားသခင်သည် ပူလွန်း၊ အေးလွန်းသော နေရာများကို ကာကွယ်ထား၏၊ ထိုနေရာတွင် နေထိုင်ရန် လူသားအတွက် သူ မစီစဉ်ထားဟု ဆိုလိုသည်။ ဤနေရာများသည် လူသားမျိုးနွယ် အတွက် မဟုတ်ပေ။ သို့သော် ဘုရားသခင်သည် ထိုကဲ့သို့သော နေရာများကို အဘယ်ကြောင့် ကမ္ဘာပေါ်တွင် တည်ရှိခွင့်ပြုသနည်း။ အကယ်၍ ဤနေရာများသည် ဘုရားသခင်က လူသားကို နေထိုင်ရန် သို့မဟုတ် ရှင်သန်ရန်ပင် ခွင့်မပြုသည့် နေရာများဖြစ်ပါက၊ ၎င်းတို့ကို အဘယ်ကြောင့် ဖန်ဆင်းသနည်း။ ယင်းတွင် ဘုရားသခင်၏ ဉာဏ်ပညာ တည်ရှိ၏။ ဆိုလိုသည်မှာ လူသား ရှင်သန်သည့် ပတ်ဝန်းကျင်၏ အပူချိန် အတိုင်းအတာကို ဘုရားသခင်က အတန်အသင့် ချိန်ညှိထားပြီး ဖြစ်သည်။ ယင်းတွင် အလုပ်လုပ်နေသည့် သဘာဝ နိယာမ တစ်ရပ်လည်း ရှိပေသည်။ ဘုရားသခင်သည် အပူချိန်ကို ထိန်းသိမ်းကာ ထိန်းချုပ်ဖို့ရန် အချို့အရာများကို ဖန်ဆင်းခဲ့၏။ ၎င်းတို့မှာ မည်သည့်အရာများနည်း။ ပထမဆုံးအနေဖြင့် နေသည် လူတို့ကို အနွေးဓာတ် ဆောင်ကြဉ်း ပေးနိုင်သည်၊ သို့သော် ဤအနွေးဓါတ်သည် များလွန်းပါက၊ လူတို့ ခံနိုင်ရည်ရှိသလော။ နေအနီးသို့ ချဉ်းကပ်ဝံ့သူ တစ်စုံတစ်ဦး ရှိသလော။ နေအနီးသို့ ချဉ်းကပ်နိုင်သည့် သိပ္ပံပညာနှင့်ဆိုင်သော ကိရိယာတစ်ခုတလေ ကမ္ဘာပေါ်တွင် ရှိသလော။

(မရှိပါ။) အဘယ်ကြောင့် မရှိသနည်း။ နေသည် ပူလွန်းသောကြောင့်ဖြစ်၏။ အလွန်နီးကပ်လာသည့် မည်သည့်အရာမဆို အရည်ပျော်သွားလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏ စေ့စပ်သော တိုင်းတာချက်များနှင့် သူ၏ စံနှုန်းများနှင့်အညီ လူသားမျိုးနွယ် အထက်တွင် နေ၏အမြင့်ကို သတ်မှတ်ဖို့ တိတိကျကျ လုပ်ဆောင်ခဲ့သည်။ ထို့နောက် ကမ္ဘာ၏ ဝင်ရိုးစွန်းနှစ်ခုဖြစ်သည့် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့ ရှိကြ၏။ ဤဒေသများသည် လုံးလုံးလျားလျား အေးခဲနေကာ ရေခဲမြစ်များ ဖြစ်၏။ လူသားမျိုးနွယ်သည် ရေခဲမြစ်ဒေသများတွင် နေနိုင်သလော။ ထိုသို့သော နေရာများသည် လူသားရှင်သန်ဖို့ သင့်တော်သလော။ (မသင့်တော်ပါ။) ရှင်သန်ခြင်းအဖို့ မသင့်တော်သည်နှင့်အညီ လူတို့အနေဖြင့် ထိုနေရာများသို့ မသွားကြပေ။ လူတို့သည် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့ဆီသို့ မသွားကြသည့် အတွက် ရေခဲမြစ်များက ထိန်းသိမ်းပြီးသားဖြစ်သွားပြီး၊ ၎င်းတို့အနေဖြင့် အပူချိန်ထိန်းခြင်း တည်းဟူသော ၎င်းတို့၏ရည်ရွယ်ချက်ကို ထမ်းဆောင်နိုင် ကြလေသည်။ နားလည်သလော။ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့မရှိပါက၊ နေ၏ စဉ်ဆက်မပြတ်သော အပူဒဏ်သည် ကမ္ဘာပေါ်က လူတို့ကို ပျက်ဆီးခြင်းသို့ ရောက်စေလိမ့်မည် ဖြစ်သည်။ သို့သော် ဘုရားသခင်သည် လူသား ရှင်သန်ရေးအတွက် သင့်တော်သော အပူချိန်တစ်ရပ်ကို ဤအရာနှစ်ခုအားဖြင့်သာ ထိန်းသိမ်းထား သလော။ မဟုတ်ပေ၊ ကွင်းပြင်များပေါ်က မြက်ခင်းပြင်များ၊ သစ်ပင်အမျိုးအစား အမျိုးမျိုးနှင့် တောအုပ်များထဲ၌ ရှိကြကုန်သော အပင်အမျိုးအစား အားလုံး စသည့် သက်ရှိအမျိုးအစား အားလုံးလည်း ရှိကြ၏။ ၎င်းတို့သည် နေ၏အပူရှိန်ကို စုပ်ယူကာ ထိုသို့ စုပ်ယူခြင်းဖြင့် လူသားမျိုးနွယ် အသက်ရှင်နေထိုင်သည့် ပတ်ဝန်းကျင်၏ အပူချိန်ကို ထိန်းညှိပေးသည့်နည်းဖြင့် နေ၏အပူစွမ်းအင်ကို လျော့ပါး စေလေသည်။ မြစ်များနှင့် ရေကန်များကဲ့သို့ ရေအရင်းမြစ်များလည်း ရှိ၏။ မြစ်များနှင့် ရေကန်များ လွှမ်းခြုံသည့် ဧရိယာကို မည်သူမျှ မသတ်မှတ်နိုင်ပေ။ ကမ္ဘာမြေကြီးပေါ်တွင် ရေမည်မျှရှိသည်ကို မည်သူမျှ မထိန်းချုပ်နိုင်သကဲ့သို့ မည်သည့်နေရာသို့ ရေစီးဆင်းသည်၊ စီးဆင်းသည့် လမ်းကြောင်း၊ ရေပမာဏ၊ သို့မဟုတ် စီးဆင်းသည့် အရှိန်အဟုန်တို့ကိုလည်း မည်သူကမျှ မထိန်းချုပ်နိုင်ပေ။ ဘုရားသခင်သာလျှင် သိ၏။ မြေအောက်ရေမှ လူတို့မြင်နိုင်သည့် မြေပေါ် ရှိ မြစ်များနှင့် ရေကန်များအထိ ဤရေအရင်းမြစ် အမျိုးမျိုးသည်လည်း လူသားနေထိုင်သည့် ပတ်ဝန်းကျင်၏ အပူချိန်ကို ထိန်းညှိပေးနိုင်၏။ ရေအရင်းအမြစ်များအပြင် တောင်များ၊ လွင်ပြင်များ၊ နက်ရှိုင်းသော ချောက်ကြီးများနှင့် စိမ့်မြေများကဲ့သို့သော ပထဝီမြေဖွဲ့စည်းမှု အမျိုးအစား အမျိုးမျိုးလည်း ရှိ၏၊

၎င်းတို့အားလုံးက မိမိတို့၏ ပထဝီမြေ အကျယ်အဝန်းနှင့် ဧရိယာအတိုင်း အချိုးကျသည့် အတိုင်းအတာ အထိ အပူချိန်ကို ထိန်းညှိပေးလေသည်။ ဥပမာ တောင်တစ်တောင်သည် အဝန်း ကီလိုမီတာ တစ်ရာရှိပါက၊ ဤကီလိုမီတာ တစ်ရာသည် ကီလိုမီတာတစ်ရာနှင့်တန်သည့် အသုံးဝင်မှုကို ပေးလိမ့်မည်။ ထိုကဲ့သို့တောင်တန်းများနှင့် နက်ရှိုင်းသောချောက်ကြီးများ မည်ရွေ့မည်မျှကို ကမ္ဘာပေါ်တွင် ဘုရားသခင် ဖန်ဆင်းခဲ့သည်ဆိုသည်နှင့်ပတ်သက်၍မူ၊ ဤသည်မှာ ဘုရားသခင်က ဆင်ခြင်သုံးသပ်ပြီးဖြစ်သည့် အရေအတွက်တစ်ခု ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ဘုရားသခင်ဖန်ဆင်းခဲ့သော အရာတစ်ခုစီတိုင်း၏ ဖြစ်တည်မှုနောက်ကွယ်၌ ဇာတ်လမ်းတစ်ပုဒ် ရှိပြီး အမှုအရာတစ်ခုစီ၌ ဘုရားသခင်၏ ဉာဏ်ပညာနှင့် အစီအစဉ်များ ပါရှိသည်။ ဥပမာအနေဖြင့် သစ်တောများနှင့် သီးပင်စားပင် အမျိုးအစားမျိုးစုံကို စဉ်းစားကြည့်လော့- ၎င်းတို့တည်ရှိပြီး ပေါက်ရောက်သည့် ဧရိယာ၏ အကျယ်အဝေးနှင့် အတိုင်းအတာသည် မည်သည့်လူသားမဆို၏ ထိန်းချုပ်နိုင်ခြင်းကို ကျော်လွန်ပြီး ဤအရာများအပေါ် မည်သူမျှ အဆုံးအဖြတ်မပေးနိုင်ပေ။ ထိုနည်းတူ၊ ၎င်းတို့ ရေမည်မျှစုပ်ယူသည်ကို မည်သည့်လူသားကမျှ မထိန်းချုပ်နိုင်သကဲ့သို့ နေမင်းထံမှ အပူစွမ်းအင် မည်ရွေ့မည်မျှ စုပ်ယူသည်ကိုလည်း ထိန်းချုပ်နိုင်ခြင်း မရှိပေ။ ဤအရာ အားလုံးသည် အရာခပ်သိမ်းကို ဘုရားသခင်ဖန်ဆင်းခဲ့စဉ်က သူစီစဉ်ခဲ့သည့် နယ်ပယ်အတွင်းတွင် ရှိကြ၏။

လူသားအနေဖြင့် ထိုသို့သော သင့်တော်သည့် အပူချိန်ရှိသည့် ပတ်ဝန်းကျင်တစ်ခုတွင် အသက်ရှင်နိုင်သည်မှာ ကဏ္ဍအမျိုးမျိုး၌ ဘုရားသခင်၏ စေ့စပ်သေချာသော စီစဉ်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း နှင့် စီမံမှုများကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် နေမင်း၊ လူတို့မကြာခဏကြားရသည့် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်း အပြင် မြေပေါ်မြေအောက်နှင့် ရေထဲတွင်ရှိကြသော သက်ရှိအရာ အမျိုးမျိုး၊ ပြီးလျှင် သစ်တောများနှင့် အခြားသော သဘာဝပေါက်ပင်အမျိုးအစားများ ဖုံးလွှမ်းထားသည့်နေရာ အတိုင်းအတာနှင့်၊ ရေအရင်းအမြစ်များ၊ ရေအစုအဝေး အမျိုးမျိုး၊ ပင်လယ်ရေနှင့် ရေချို ပမာဏများ၊ ပြီးလျှင် ပထဝီမြေဆိုင်ရာ ပတ်ဝန်းကျင်အမျိုးမျိုးကဲ့သို့သော လူသားအနေဖြင့် မိမိ၏ မျက်လုံးများဖြင့်မြင်သော အရာတစ်ခုစီတိုင်း- ဤအရာများ အားလုံးသည် လူသားအသက်ရှင်နေထိုင်နိုင်ရေးအတွက် ပုံမှန် အပူချိန်များကို ထိန်းသိမ်းရန် ဘုရားသခင်အသုံးပြုသည့် အရာများ ဖြစ်သည်။ ဤသည်မှာ အကြွင်းမဲ့ဖြစ်၏။ ထိုသို့သော သင့်တော်သည့် အပူချိန်များရှိသည့် ပတ်ဝန်းကျင်တစ်ရပ်တွင် လူသား အသက်ရှင်နိုင်သည်မှာ ဘုရားသခင်က ဤအရာအားလုံးကို နက်နက်ရှိုင်းရှိုင်း တွေးတောပြီးဖြစ်သောကြောင့်သာ

ဖြစ်သည်။ ယင်းသည် အေးလွန်း၍ မရသကဲ့သို့ ပူလွန်း၍လည်း မရပေ- လူ၏ကိုယ်ခန္ဓာမှ ကျင့်သားရနိုင်သည်ထက် ကျော်လွန်သည့် အပူချိန်များရှိသည့် နေရာများဖြစ်သည့် ပူလွန်းသောအရပ်များသည် သင့်အတွက် ဘုရားသခင်က သေချာပေါက် မဖယ်ပေးထားပေ။ အပူချိန်နိမ့်လွန်းသော နေရာများ၊ လူသားများ ရောက်ရှိပြီးနောက် မိနစ်အနည်းငယ်အတွင်း လုံး၀ အေးခဲသွားမည့်၊ ၎င်းတို့အနေနှင့် စကားပင်မပြောနိုင်၊ ဦးနှောက်များ အေးခဲသွားပြီး စဉ်းစားတွေးခေါ်၍မရဘဲ၊ မကြာမီ အသက်ရှူကျပ်သွားမည့် အေးလွန်းသော နေရာများ- ထိုသို့သော နေရာများကိုလည်း လူသားမျိုးနွယ်အတွက် ဘုရားသခင် မဖယ်ပေးထားပေ။ လူတို့အနေဖြင့် မည်ကဲ့သို့သော သုတေသနမျိုးကို ဆောင်ရွက်လိုသည် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းတို့ ဆန်းသစ်တီထွင်လိုသည် သို့မဟုတ် ထိုသို့သော ကန့်သတ်ချက်များကို ထိုးဖောက်ထွက်လိုသည်ဖြစ်စေ- လူတို့အနေဖြင့် မည်သည့်အတွေးများမဆို ရှိပါစေ၊ ၎င်းတို့သည် လူ့ခန္ဓာကိုယ်က ကျင့်သားရနိုင်သည့် အကန့်အသတ်များကို မည်သည့်အခါမျှ ကျော်လွန်နိုင်မည် မဟုတ်ပေ။ ၎င်းတို့သည် လူသားအတွက် ဘုရားသခင်ဖန်ဆင်းခဲ့သော ဤအကန့်အသတ်များကို မည်သည့်အခါမျှ ဖယ်ရှားနိုင်မည် မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်သည် လူသားများကို ဖန်ဆင်းခဲ့သောကြောင့်ဖြစ်ပြီး၊ မည်သည့် အပူချိန်များကို လူ့ခန္ဓာကိုယ်က ကျင့်သားရနိုင်သည်ကို ဘုရားသခင် အကောင်းဆုံး သိသောကြောင့် ဖြစ်သည်။ သို့ရာတွင် လူသားတို့ကိုယ်တိုင်ကမူ မသိကြပေ။ လူသားတို့ မသိကြဟု ငါအဘယ်ကြောင့်ပြောသနည်း။ အဘယ်သို့သော မိုက်မဲသည့်အရာများကို လူသားတို့ လုပ်ဆောင် ခဲ့သနည်း။ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့ကို စိန်ခေါ်ရန် လူများစွာက စဉ်ဆက်မပြတ် ကြိုးပမ်းကြပြီးဖြစ်သည် မဟုတ်လော။ ထိုသို့သော လူတို့သည် ထိုနေရာတွင် အခြေချနိုင်ဖို့အလို့ငှာ နယ်မြေကို သိမ်းပိုက်ရန် ထိုနေရာများသို့ အစဉ်သွားလိုကြသည်။ ယင်းသည် ရယ်ဖွယ်ကောင်းသော လုပ်ရပ်တစ်ခု ဖြစ်လိမ့်မည်။ သင်သည် ဝင်ရိုးစွန်းများကို စေ့စပ်သေချာစွာ သုတေသနပြုခဲ့ပြီးလျှင်ပင်၊ ထို့နောက် မည်သို့နည်း။ အပူချိန်များကို သင်ကျင့်သားရနိုင်ပြီး ထိုနေရာ၌ နေနိုင်လျှင်ပင်၊ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့၏ လက်ရှိ ရှင်သန်နေထိုင်မှု ပတ်ဝန်းကျင်ကို သင် “တိုးတက်” စေမည်ဆိုပါက၊ ယင်းသည် လူသားမျိုးနွယ်ကို တစ်နည်းနည်းဖြင့် အကျိုးပြုမည်လော။ လူသားမျိုးနွယ်သည် ၎င်းတို့အသက်ရှင်နေထိုင်နိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်ရှိ၏၊ သို့သော် လူသားတို့သည် ထိုနေရာ၌ တိတ်ဆိတ်စွာနှင့် လိုလိုလားလား ရှိမနေဘဲ၊ ယင်းအစား ၎င်းတို့အသက်ရှင်နေထိုင်၍ မရနိုင်သည့် နေရာများသို့ မရမက စွန့်စားသွားကြ၏။ ဤအရာ၏ အဓိပ္ပါယ်မှာ အဘယ်နည်း။ ၎င်းတို့သည် သင့်တော်သော ဤအပူချိန်၌ ဘ၀ကို ငြီးငွေ့ကာ

စိတ်မရှည်ဖြစ်လာကြပြီး၊ များလှစွာသော ကောင်းချီးမင်္ဂလာများကို ၎င်းတို့ ခံစားထားကြရပြီး ဖြစ်သည်။ ထို့အပြင် ဤပုံမှန်ရှင်သန်နေထိုင်မှု ပတ်ဝန်းကျင်သည် လူသားမျိုးနွယ်၏ လုံးဝနီးပါး ဖျက်ဆီးခြင်း ခံရပြီးဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့သည် နောက်ထပ်ဖျက်ဆီးခြင်းများ ပြုလုပ်ရန်၊ သို့မဟုတ် “အရေး” တစ်ခုကို လိုက်စားရန်၊ “အစပျိုးသည့်” နည်းလမ်းတစ်ရပ်ကို ရှာဖို့ရန် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်း သို့လည်း သွားလျှင်ကောင်းမည်ဟု ယခု ၎င်းတို့ တွေးကြလေသည်။ ဤသည်မှာ မမိုက်မဲပေဘူးလော။ ဆိုလိုသည်မှာ၊ ၎င်းတို့၏ ဘိုးဘေးဖြစ်သူ စာတန်၏ခေါင်းဆောင်မှုအောက်၌ ဤလူသားမျိုးနွယ်သည် အဓိပ္ပာယ်မရှိသည့်အရာကို တစ်ခုပြီးတစ်ခု ဆက်၍လုပ်ဆောင်နေကာ၊ ၎င်းတို့အတွက် ဘုရားသခင် ဖန်ဆင်းထားသည့် လှပသောအိမ်ကို မဆင်မခြင် အကြောင်းမဲ့ သက်သက် ဖျက်ဆီးနေကြ၏။ ဤသည်မှာ စာတန်၏ လုပ်ဆောင်ခြင်း ဖြစ်သည်။ ထို့အပြင် ကမ္ဘာမြေကြီးပေါ်၌ လူသားမျိုးနွယ်၏ ရှင်သန်မှုက အတော်အတန် အန္တရာယ် ရှိလာသည်ကို မြင်သောအခါ၊ လူများစွာသည် ရှင်သန်ရန် နည်းလမ်းတစ်ခုကို တည်ဆောက်ဖို့ ဆန္ဒရှိလျက် လကမ္ဘာကို သွားရောက်လည်ပတ်ဖို့ နည်းလမ်းများ ရှာဖွေကြလေသည်။ သို့သော် နောက်ဆုံးတွင်၊ လကမ္ဘာသည် အောက်စီဂျင် ကင်းမဲ့ပေသည်။ လူသားများသည် အောက်စီဂျင်မရှိဘဲ အသက်ရှင်နိုင်သလော။ လကမ္ဘာသည် အောက်စီဂျင် ကင်းမဲ့သည့်အတွက်၊ လူသားနေနိုင်သည့် နေရာတစ်ခု မဟုတ်ပေ၊ သို့ရာတွင် လူသားသည် ထိုနေရာသို့ သွားရန် ဆန္ဒရှိလျက်သာ ရှိနေ၏။ ဤအပြုအမူကို မည်သို့ ခေါ်ဆိုသင့်သနည်း။ ယင်းသည်လည်း မိမိကိုယ်ကိုယ် ဖျက်ဆီးခြင်း မဟုတ်လော။ လကမ္ဘာသည် လေမရှိသော နေရာတစ်ခုဖြစ်ပြီး၊ ယင်း၏ အပူချိန်သည် လူသား ရှင်သန်ခြင်းအတွက် မသင့်တော်ပေ- ထို့ကြောင့် ယင်းသည် လူသားအတွက် ဘုရားသခင် ဖယ်ထားပေးသည့် နေရာမဟုတ်ပေ။

ယခုလေးတင် ငါတို့ပြောသည့် အကြောင်းအရာဖြစ်သည့် အပူချိန်သည် လူတို့အနေဖြင့် ၎င်းတို့၏ နေ့စဉ်အသက်တာများတွင် ကြုံတွေ့သည့် အရာတစ်ခုဖြစ်သည်။ အပူချိန်သည် လူ့ကိုယ်ခန္ဓာ အားလုံးက အာရုံခံစားနိုင်သည့် အရာတစ်ခု ဖြစ်သော်လည်း၊ ဤအပူချိန် မည်သို့ဖြစ်ပေါ်လာသည်၊ သို့မဟုတ် လူသားရှင်သန်မှု အတွက် သင့်တော်စေရန် ဤအပူချိန်ကို မည်သူက တာဝန်ယူထားပြီး ထိန်းချုပ်ထားသည်ကို မည်သူမျှ မစဉ်းစားကြပေ။ ဤသည်မှာ ငါတို့ယခု သင်ယူနေသည့်အရာဖြစ်သည်။ ဤအရာအတွင်း၌ ဘုရားသခင်၏ဉာဏ်ပညာ ရှိသလော။ ဤအရာအတွင်း၌ ဘုရားသခင်၏လုပ်ဆောင်ချက် ရှိသလော။ (ရှိပါသည်။) ဘုရားသခင်သည် လူသား ရှင်သန်မှုအတွက် သင့်တော်သည့် အပူချိန်ရှိသော ပတ်ဝန်းကျင်တစ်ရပ် ဖန်ဆင်းခဲ့သည်ကို ထောက်ရှုကြည့်သော်၊ ဤသည်မှာ

အရာခပ်သိမ်းအတွက် ဘုရားသခင် ထောက်ပံ့ပေးသည့် နည်းလမ်းတစ်ရပ် ဟုတ်သလော။ (ဟုတ်ပါသည်။) မှန်ပေ၏။

## ၃။ အသံ

တတိယအရာကား အဘယ်အရာနည်း။ ယင်းသည်လည်း လူသား တည်ရှိခြင်းနှင့်ဆိုင်သော ပုံမှန်ပတ်ဝန်းကျင်၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရာတစ်ခု၊ အရာခပ်သိမ်းကို ဘုရားသခင်ဖန်ဆင်းခဲ့ချိန်တွင် ယင်းအတွက် စီစဉ်မှုများ ပြုလုပ်ခဲ့ရသည့် အရာတစ်ခု ဖြစ်၏။ ထိုအရာသည် ဘုရားသခင်နှင့် လူသားအယောက်စီတိုင်းအဖို့ အလွန်အရေးကြီးသည့် အရာတစ်ခု ဖြစ်၏။ ဘုရားသခင်က ဤအရာကို ဂရုစိုက်ခြင်း မရှိခဲ့ပါက၊ ယင်းသည် လူသားမျိုးနွယ်၏ ရှင်သန်ရေးကို ကြီးမားစွာ နှောင့်ယှက်ခဲ့ပေလိမ့်မည်၊ ဆိုလိုသည်မှာ ယင်းသည် လူသား၏ ဘဝနှင့် သူ၏ သွေးသားခန္ဓာအပေါ် အင်မတန် သိသာသည့် သက်ရောက်မှုတစ်ခု ရှိခဲ့မည်မှာ လူသားမျိုးနွယ်အနေဖြင့် ထိုသို့သော ပတ်ဝန်းကျင်တစ်ရပ်တွင် ရှင်သန်နိုင်ခဲ့မည် မဟုတ်ချေ။ ထိုသို့သော ပတ်ဝန်းကျင်တစ်ရပ်တွင် မည်သည့်သက်ရှိအရာမျှ ရှင်သန်နိုင်ခဲ့မည် မဟုတ်ဟု ပြောနိုင်၏။ ထို့ကြောင့်၊ ငါပြောသည့် ဤအရာသည် အဘယ်အရာဖြစ်သနည်း။ အသံနှင့်ပတ်သက်၍ ငါ ပြောနေခြင်း ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီး အရာခပ်သိမ်းသည် ဘုရားသခင်၏ လက်တော်အတွင်းတွင် အသက်ရှင်ကြ၏။ ဘုရားသခင်၏အမြင်တွင် အရာခပ်သိမ်းသည် စဉ်ဆက်မပြတ်သော လှုပ်ရှားမှုဖြင့် အသက်ရှင်နေကြကာ ပြောင်းလဲနေကြ၏။ ဤအရာဖြင့် ငါဆိုလိုသည်မှာ ဘုရားသခင် ဖန်ဆင်းခဲ့သော အရာတစ်ခုစီသည် ယင်း၏ ဖြစ်တည်မှု၌ တန်ဖိုးရှိပြီး အဓိပ္ပာယ်ရှိ၏။ ဆိုလိုသည်မှာ၊ အမှုအရာတစ်ခုစီတိုင်း၏ တည်ရှိခြင်းနှင့်ပတ်သက်၍ ပဓာနကျသော အရာတစ်ခု ရှိလေသည်။ ဘုရားသခင်၏အမြင်တွင်၊ အရာတစ်ခုစီတိုင်းသည် အသက်ရှင်၏၊ ပြီးလျှင် အရာခပ်သိမ်း အသက်ရှင်သည့်အတွက်၊ ၎င်းတို့ အသီးသီးသည် အသံထွက်ကြ၏။ ဥပမာအားဖြင့်၊ ကမ္ဘာမြေကြီးသည် စဉ်ဆက်မပြတ် လည်နေသည်၊ နေသည် စဉ်ဆက်မပြတ် လည်နေပြီး လသည်လည်း စဉ်ဆက်မပြတ် လည်နေ၏။ အရာခပ်သိမ်းတို့သည် မျိုးပွားပြီး၊ ကြီးထွားဖွံ့ဖြိုးကာ လှုပ်ရှားကြသည်နှင့်အမျှ အသံကို စဉ်ဆက်မပြတ် ထုတ်လွှတ်နေကြ၏။ ကမ္ဘာမြေကြီးပေါ် တည်ရှိသည့် ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာအားလုံးသည် စဉ်ဆက်မပြတ် မျိုးပွားလျက်၊ ကြီးထွားဖွံ့ဖြိုးကာ လှုပ်ရှားလျက် ရှိကြသည်။ ဥပမာအားဖြင့်၊

တောင်ခြေများသည် လှုပ်ရှား၍ ရွေ့လျားနေကြပြီး၊ ပင်လယ်များ၏ နက်ရှိုင်းသောနေရာများထဲက ခပ်သိမ်းသော သက်ရှိသတ္တဝါများသည် ကူးခပ်ကာ လှုပ်ရှားလျက်နေကြ၏။ ဆိုလိုသည်မှာ ဘုရားသခင်၏အမြင်တွင် ဤသက်ရှိသတ္တဝါများ၊ အရာအားလုံးတို့သည်၊ အခြေခိုင်သည့် ပုံစံများနှင့်အညီ စဉ်ဆက်မပြတ် ပုံမှန်လှုပ်ရှားမှုဖြင့် အားလုံးရှိနေကြ၏။ ထို့ကြောင့်၊ အမှောင်တွင် မျိုးပွားပြီး ကြီးထွားဖွံ့ဖြိုးကာ လျှို့ဝှက်စွာ လှုပ်ရှားသည့် ဤအရာများအားလုံးက အဘယ်အရာကို ဖြစ်ပေါ်စေသနည်း။ ကြီးမားပြီး အားကောင်းသော အသံများ ဖြစ်သည်။ ကမ္ဘာဂြိုဟ် အလွန်တွင်ရှိသော၊ ဂြိုဟ်အမျိုးမျိုးတို့သည်လည်း စဉ်ဆက်မပြတ် ရွေ့လျားလျက်ရှိကာ၊ ဤဂြိုဟ်များပေါ်၌ရှိကြသည့် သက်ရှိများနှင့် ဇီဝရုပ်အမျိုးမျိုးသည်လည်း စဉ်ဆက်မပြတ် မျိုးပွားလျက်၊ ကြီးထွား ဖွံ့ဖြိုးလျက်နှင့် ရွေ့လျားလျက် ရှိကြ၏။ ဆိုလိုသည်မှာ သက်ရှိသက်မဲ့အရာအားလုံးသည် ဘုရားသခင်၏ ရှေ့မှောက်တွင် စဉ်ဆက်မပြတ် ရှေ့သို့ရွေ့လျားနေကြကာ ရွေ့လျားသည်နှင့်အမျှ၊ ၎င်းတို့ အသီးသီးက အသံများကိုလည်း ထုတ်လွှတ်နေကြ၏။ ဘုရားသခင်သည် ဤအသံများအတွက် အစီအစဉ်များလည်း လုပ်ဆောင်ပြီးဖြစ်ကာ ဤအရာအတွက် သူ၏ အကြောင်းရင်းကို သင်တို့သိနှင့်ပြီးဖြစ်သည်ဟု ငါ ယုံကြည်၏၊ ဟုတ်သည် မဟုတ်လော။ လေယာဉ်ပျံတစ်စင်းအနီးသို့ သင်ကပ်သွားသောအခါ ယင်းအင်ဂျင်၏ မြည်ဟိန်းနေသော အသံက သင့်အပေါ် မည်သည့်သက်ရောက်မှု ရှိသနည်း။ ယင်းအနီးတွင် အချိန်ကြာမြင့်စွာ သင်နေပါက၊ သင်၏နားများ ထိုင်းသွားလိမ့်မည်။ သင်၏ နှလုံးသားကရော- ယင်းက ထိုတုန်လှုပ်ဖွယ်အတွေ့အကြုံကို တောင့်ခံနိုင်မည်လော။ နှလုံးအားနည်းသူအချို့သည် ခံနိုင်မည် မဟုတ်ပေ။ ဟုတ်ပေ၏၊ နှလုံးသန်မာသူများပင်လျှင် အလွန် ကြာမြင့်စွာ ခံနိုင်ရည်ရှိမည် မဟုတ်ပေ။ ဆိုလိုသည်မှာ၊ နားများဖြစ်စေ နှလုံးဖြစ်စေ လူ့ကိုယ်ခန္ဓာအပေါ် အသံ၏သက်ရောက်မှုသည် လူသားတိုင်းအတွက် အလွန့်အလွန်သိသာလှပြီး ကျယ်လွန်းသော အသံများက လူတို့ကို အန္တရာယ်ဖြစ်စေလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်က အရာခပ်သိမ်းကိုဖန်ဆင်းပြီး၊ ၎င်းတို့ ပုံမှန်စတင် လည်ပတ်ခဲ့ပြီးနောက်တွင် ဘုရားသခင်သည် ရွေ့လျားနေသော အရာအားလုံး၏အသံများဖြစ်သည့် ဤအသံများကို သင့်တော်သည့် စီစဉ်မှုများ ပြုလုပ်ခဲ့သည်။ ဤအရာသည်လည်း လူသားမျိုးနွယ် အတွက် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်ဆင်းချိန်က ဘုရားသခင် စဉ်းစားခဲ့သည့် ကိစ္စရပ်များထဲမှ တစ်ခုဖြစ်သည်။

ပထမဦးစွာ ကမ္ဘာ့မြေမျက်နှာပြင်အထက် လေထု၏အမြင့်သည် အသံများအပေါ် သက်ရောက်မှုတစ်ခုရှိ၏။ ထို့အပြင် မြေဆီလွှာထဲရှိ အပင်များ၏ အရွယ်အစားသည်လည်း

အသံကို ခြယ်လှယ်၍ သက်ရောက်မှုရှိလိမ့်မည်။ ထို့နောက် ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင် အမျိုးမျိုးရှိပြီး ယင်းတို့၏ ပေါင်းဆုံမှုကလည်း အသံအပေါ် သက်ရောက်မှုရှိလိမ့်မည်။ ဆိုလိုသည်မှာ၊ လူသားတို့အနေဖြင့် ၎င်းတို့၏နားများနှင့် နှလုံးများ ခံနိုင်ရည်ရှိသည့် ပတ်ဝန်းကျင် တစ်ရပ်တွင် ရှင်သန်နိုင်ရေးအတွက် ဘုရားသခင်သည် အသံအချို့ကို ဖယ်ရှားရန် နည်းလမ်းအချို့ကို အသုံးပြု၏။ သို့မဟုတ်ပါက အသံများသည် လူသားမျိုးနွယ်၏ ရှင်သန်မှုအဖို့ ၎င်းတို့၏ဘဝများ၌ ကြီးမားသည့် စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်လာရင်းနှင့် ၎င်းတို့အတွက် ဆိုးရွားသော ပြဿနာတစ်ရပ် ဖြစ်ပေါ်စေရင်း၊ ရောမ အတားအဆီးတစ်ခု ဖြစ်စေလိမ့်မည်။ ဆိုလိုသည်မှာ၊ ဘုရားသခင်သည် မြေ၊ လေထုနှင့် ပထဝီဝင် ပတ်ဝန်းကျင် အမျိုးမျိုးကို ဖန်ဆင်းရာ၌ အလွန် စစ်စစ်ပေါက်ပေါက် ဂရုပြုခဲ့ပြီး၊ ဤအရာ အသီးသီးအတွင်းတွင် ပါရှိသည်မှာ ဘုရားသခင်၏ ဉာဏ်ပညာဖြစ်သည်။ ဤအရာနှင့်ဆိုင်သော လူသားမျိုးနွယ်၏ နားလည်သဘောပေါက်မှုသည် အသေးစိတ်ကျလွန်းရန် မလိုပေ- ယင်းတို့အထဲတွင် ဘုရားသခင်၏ လုပ်ဆောင်ချက် ပါဝင်နေသည်ကို သိရန်မှာ လူတို့အတွက် လုံလောက်ပေသည်။ ယခု သင်တို့ ငါ့ကို ပြောလော့- လူသားမျိုးနွယ်၏ ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်နှင့် ၎င်းတို့၏ ပုံမှန်ဘဝတို့ကို ထိန်းသိမ်းရန် အသံကို အတိအကျ စံကိုက်ချိန်ညှိခြင်းဖြစ်သည့်- ဘုရားသခင် လုပ်ဆောင်ခဲ့သော ဤအမှုသည် လိုအပ်ခဲ့ပါသလော။ (လိုအပ်ခဲ့ပါသည်။) ဤအမှုသည် လိုအပ်ခဲ့သည့်အတွက်၊ ဤရှုထောင့်မှ ဘုရားသခင်သည် အရာခပ်သိမ်းအတွက် ထောက်ပံ့ရန် နည်းလမ်းတစ်ခုအဖြစ် ဤအမှုကို အသုံးပြုခဲ့သည်ဟု ပြော၍ရနိုင်သလော။ လူ၏ ကိုယ်ခန္ဓာသည် ထိုပတ်ဝန်းကျင်အတွင်းတွင် အနှောင့်အယှက်များ တစ်ခုတစ်လေ မခံစားရဘဲ၊ အတော်အတန် ပုံမှန်အတိုင်း အသက်ရှင်နိုင်ဖို့အလို့ငှာနှင့် လူသားမျိုးနွယ်အနေဖြင့် ပုံမှန်အတိုင်း တည်ရှိကာ အသက်ရှင်နိုင်ဖို့အလို့ငှာ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ထောက်ပံ့ခြင်းအတွက် ထိုသို့သော ငြိမ်သက်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်ဆင်းခဲ့၏။ သို့ဆိုလျှင် ဤသည်မှာ လူသားမျိုးနွယ်ကို ဘုရားသခင်ထောက်ပံ့သည့် နည်းလမ်းများထဲမှ တစ်ခု မဟုတ်လော။ ဤသည်မှာ ဘုရားသခင်လုပ်ဆောင်ခဲ့သည့် အလွန်အရေးကြီးသည့်အရာတစ်ခု မဟုတ်လော။ (ဟုတ်ပါသည်။) ယင်းသည် အလွန်လိုအပ်ခဲ့၏။ ထို့ကြောင့် ဤအရာကို သင်တို့ မည်သို့ အသိအမှတ်ပြုကြသနည်း။ ဤသည်မှာ ဘုရားသခင်၏ လုပ်ဆောင်ချက်ဖြစ်သည်ကို သင်တို့မခံစားနိုင်သကဲ့သို့ ထိုအချိန်က ဤလုပ်ဆောင်ချက်ကို ဘုရားသခင်မည်ကဲ့သို့ ဆောင်ရွက်ခဲ့သည်ကို သင်တို့မသိကြသော်လည်း ဤအရာကို ဘုရားသခင်ပြုလုပ်ရခြင်း၏ လိုအပ်ချက်ကို သင်တို့ခံစား၍ ရသေးသလော။ ထိုအရာထဲသို့ သူ ထားရှိခဲ့သည့်

ဘုရားသခင်၏ဉာဏ်ပညာ၊ သို့မဟုတ် ဂရုပြုမှုနှင့် စဉ်းစားတွေးခေါ်မှုတို့ကို သင်တို့ခံစား၍ရသလော။ (ခံစား၍ ရပါသည်။) ဤအရာကို ခံစား၍ရပါက၊ ယင်းသည် လုံလောက်ပေ၏။ ဘုရားသခင်၏ ဖန်ဆင်းခြင်း အမှုအရာများ ကြားတွင် လူတို့ မခံစားနိုင်သကဲ့သို့၊ မမြင်နိုင်သည့် ဘုရားသခင် ဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များစွာ ရှိလေသည်။ သင်တို့အနေဖြင့် ဘုရားသခင်ကို သိကျွမ်းလာနိုင်ဖို့အလို့ငှာ ဘုရားသခင်၏ လုပ်ဆောင်ချက်များ အကြောင်းကို သင်တို့အား အသိပေးဖို့ ဤအရာကို ငါ တင်ပြရခြင်းသာ ဖြစ်သည်။ ဤအရာများသည် သင်တို့အား ဘုရားသခင်ကို သာ၍ကောင်းမွန်စွာ သိရှိပြီး နားလည်စေနိုင်သည့် သဲလွန်စများ ဖြစ်သည်။

## ၄။ အလင်း

စတုတ္ထအရာသည် လူတို့၏မျက်လုံးများနှင့် သက်ဆိုင်၏- ယင်းမှာ အလင်းဖြစ်သည်။ ဤအရာသည်လည်း အလွန် အရေးကြီး၏။ တောက်ပသော အလင်းတစ်ခုကို သင်မြင်ပြီး၊ ယင်း၏တောက်ပမှုသည် အားကောင်းသည့် အတိုင်းအတာတစ်ခုသို့ ရောက်သည့်အခါ လူသား၏မျက်လုံးများကို ကန်းစေနိုင်စွမ်း ရှိလေသည်။ အမှန်တွင်တော့၊ လူသား မျက်လုံးများသည် အသွေးအသား မျက်လုံးများဖြစ်၏။ ၎င်းတို့သည် ကျိန်းစပ်ခြင်းကို မခံနိုင်ပေ။ တစ်ဦးတစ်ယောက်သည် နေကို တိုက်ရိုက် စိုက်ကြည့်ဝံ့ပါသလော။ ထိုအရာကို လူအချို့က စမ်းကြည့်ဖူးပြီး၊ နေကာမျက်မှန်များကို ၎င်းတို့တပ်ပါက အဆင်ပြေရုံမျှ ရှိလေသည်- သို့သော် ကိရိယာတစ်ခု အသုံးပြုခြင်းကို လိုအပ်ပေသည်။ ကိရိယာများမပါဘဲ၊ လူ၏ ပကတိမျက်လုံးများသည် နေကို မျက်နှာမူပြီး ၎င်းကို တိုက်ရိုက် ငေးစိုက်ကြည့်နိုင်စွမ်း မရှိပေ။ သို့သော် လူသားမျိုးနွယ်ထံ အလင်းကို ယူဆောင်ပေးရန် ဘုရားသခင်သည် နေကိုဖန်ဆင်းခဲ့ပြီး ဤအလင်းသည်လည်း သူတာဝန် ယူထားသည့်အရာဖြစ်သည်။ ဘုရားသခင်သည် နေကိုဖန်ဆင်းခြင်းအား ပြီးစီးရုံမျှပြီးစီးကာ၊ ၎င်းကို တစ်နေရာတွင် ထားပြီးနောက် လျစ်လျူရှုခဲ့သည် မဟုတ်ပေ။ ယင်းမှာ ဘုရားသခင် အမှုပြုသည့် နည်းလမ်း မဟုတ်ပါ။ သူသည် မိမိ၏ လုပ်ဆောင်ချက်များကို အလွန်ဂရုစိုက်ပြီး ယင်းတို့ကို စေ့စေ့စပ်စပ် အစမှအဆုံးတိုင် စဉ်းစားလေသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်တို့ မြင်နိုင်ရန် အလို့ငှာ မျက်လုံးများကို ဖန်ဆင်းပေးခဲ့ပြီး အရာဝတ္ထုများကို ၎င်းတို့ မြင်နိုင်သည့် အလင်းရောင်၏ ကန့်သတ်ချက်ဘောင်တို့ကိုလည်း ကြိုတင်၍ သတ်မှတ်ထားခဲ့သည်။ အလင်းရောင်က အလွန် မှေးမှိန်ပါက ကောင်းမည်မဟုတ်ပေ။ လူတို့အနေဖြင့် ၎င်းတို့အရှေ့ရှိ ၎င်းတို့၏

လက်ချောင်းများကို မမြင်နိုင်ရလောက်အောင် အလွန်မှောင် သည့်အခါတွင်၊ ၎င်းတို့မျက်လုံးများသည် မိမိတို့၏ လည်ပတ်မှု ဆုံးရှုံးသွားကာ မည်သည့်အသုံးဝင်မှုမျှ မပေးနိုင်ပေ။ သို့သော် တောက်ပမှုသည် မခံမရပ်နိုင်စရာဖြစ်သောကြောင့် တောက်ပလွန်းသည့် အလင်းရောင်သည် လူသား မျက်လုံးများအား အလားတူ အရာဝတ္ထုများ မမြင်နိုင်ဖို့ ဖြစ်စေသည်။ ထို့ကြောင့် လူသားမျိုးနွယ် တည်ရှိသည့် ပတ်ဝန်းကျင်ကို လူသား မျက်လုံးများအတွက် သင့်တော်သည့် အလင်းပမာဏတစ်ခု- လူတို့၏ မျက်လုံးများကို ၎င်းတို့၏ လုပ်ငန်းတာဝန် ဆုံးရှုံးစေဖို့နေနေသာသာ၊ ၎င်းတို့ကို မနာကျင်စေမည့် သို့မဟုတ် မထိခိုက်စေမည့် ပမာဏ တစ်ခုဖြင့် ဘုရားသခင်က ဖြည့်ဆည်းထားခြင်းဖြစ်၏။ ဤသည်မှာ ဘုရားသခင်သည် နေနှင့်ကမ္ဘာပတ်ပတ်လည်တွင် တိမ်တိုက် အလွှာများကို ထည့်ထားခဲ့သည့် အကြောင်းရင်းဖြစ်ပြီး၊ လေ၏ သိပ်သည်းမှုက လူတို့၏မျက်လုံးများ၊ သို့မဟုတ် အရေပြားတို့ကို အနာတရဖြစ်စေနိုင်သည့် အလင်းအမျိုးအစားများကို ကောင်းမွန်စွာ စစ်ထုတ်နိုင်သည့် အကြောင်းရင်း ဖြစ်သည်- ဤအရာများက အချိုးညီမျှလေသည်။ ထို့အပြင် ဘုရားသခင် ဖန်ဆင်းခဲ့သည့် ကမ္ဘာမြေကြီး၏ အရောင်သည်လည်း နေရောင်နှင့် အခြား အလင်းမျိုးစုံကို ရောင်ပြန်ဟပ်ပြီး၊ လူ၏မျက်လုံးများ အသားကျ ဖို့အတွက် အလွန်တောက်ပလွန်းသော အလင်း အမျိုးအစားများကို ဖယ်ရှားပစ်နိုင်လေသည်။ ထိုသို့ဖြင့်၊ လူတို့သည် အပြင်တွင် လမ်းလျှောက်နိုင်ပြီး၊ အလွန်မည်းနက်သော နေကာမျက်မှန်များကို စဉ်ဆက်မပြတ် တပ်ဆင်ထားရန် မလိုဘဲ မိမိတို့၏ ဘဝများကို နေထိုင်နိုင်ကြလေသည်။ သာမန်အခြေအနေများ အောက်တွင် လူသားမျက်လုံးများသည် အလင်း၏ နှောင့်ယှက်မှု မခံရဘဲ ၎င်းတို့၏မြင်ကွင်း နယ်ပယ်အတွင်းမှ အရာများကို မြင်နိုင်လေသည်။ ဆိုလိုသည်မှာ၊ အလင်းရောင်က လွန်စွာစူးရှလွန်းလျှင်ဖြစ်စေ၊ မှိန်လွန်းလျှင်ဖြစ်စေ ကောင်းလိမ့်မည် မဟုတ်။ မှိန်လွန်းပါက လူတို့၏ မျက်လုံးများသည် ထိခိုက်လိမ့်မည် ဖြစ်ပြီး ခဏအသုံးပြုပြီးနောက် ပျက်စီးသွားပေလိမ့်မည်။ တောက်ပလွန်းပါက လူတို့၏ မျက်လုံးများသည် ခံနိုင်မည်မဟုတ်ပေ။ လူတို့ ရှိသည့် ဤအလင်းသည် လူသားမျက်လုံးများအတွက် မြင်နိုင်ရန် သင့်တော်ရမည်ဖြစ်ပြီး၊ ဘုရားသခင်သည် နည်းလမ်းမျိုးစုံဖြင့် လူသားမျက်လုံးများကို ဖြစ်စေသည့် ထိခိုက်မှုကို လျှော့နည်း စေခဲ့သည်၊ ပြီးလျှင် ဤအလင်းသည် လူသားမျက်လုံးများကို အကျိုးပြုသည်ဖြစ်စေ၊ ဖိစီးနှိပ်စက်သည် ဖြစ်စေ လူတို့အား မိမိတို့၏မျက်လုံးများ အသုံးဝင်မှုကို ထိန်းသိမ်းစဉ် ၎င်းတို့၏ ဘဝများအား အဆုံးသတ်သို့ ရောက်ရှိစေဖို့ လုံလောက်ပေသည်။ ဘုရားသခင်သည် ဤသည်ကို အလွန်စေ့စပ်သေချာစွာ စဉ်းစားခဲ့သည် မဟုတ်လော။ သို့သော် မာရ်နတ်ဖြစ်သည့် စာတန်သည် ထိုသို့သော

စဉ်းစားဆင်ခြင်မှုများမရှိဘဲ၊ စိတ်ရှိသည်အတိုင်း အမြဲ ပြုတတ်လေသည်။ စာတန်နှင့်ပတ်သက်၍၊ အလင်းသည် အမြဲတောက်ပလွန်းသည် သို့မဟုတ် မှိန်လွန်းတတ်လေသည်။ ဤသည်မှာ စာတန်လုပ်ဆောင်ပုံဖြစ်သည်။

ဘုရားသခင်သည် လူသားများ ပုံမှန်အသက်ရှင်၍ ထိုသို့ ဆက်လက်အသက်ရှင်နိုင်ရန် လူသားမျိုးနွယ်၏ ရှင်သန်မှု ကျင့်သားရခြင်းကို များနိုင်သမျှများစေဖို့အလို့ငှာ ယင်း၏ အမြင်၊ အကြား၊ ရသာရုံ၊ အသက်ရှူခြင်း၊ ခံစားချက်များ စသည့် လူ့ကိုယ်ခန္ဓာ၏ ကဏ္ဍမျိုးစုံတို့ကို ဤအရာများ လုပ်ဆောင်လေသည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်ဖန်ဆင်းခဲ့သည့် ဘဝအတွက် လက်ရှိ ပတ်ဝန်းကျင်တစ်ရပ်သည် လူသားမျိုးနွယ် ရှင်သန်ရေး အတွက် အသင့်တော်ဆုံးနှင့် အကျိုးအပြုဆုံး ပတ်ဝန်းကျင်ဖြစ်သည်။ အချို့က ဤအရာသည် သိပ်အရေးမကြီးလှ၊ လုံးဝ အလွန်သာမန် ဖြစ်သောအရာ ဖြစ်သည်ဟု ထင်နိုင်၏။ လူတို့ ခံစားရသည့် အသံ၊ အလင်းနှင့် လေတို့သည် မွေးသည့်အချိန်မှစ၍ ၎င်းတို့ မွေ့လျော်ပြီးဖြစ်သည့် ၎င်းတို့၏ မွေးရာပါအခွင့်အရေး ဖြစ်သည်။ သို့သော် သင် နှစ်သက်ခံစားနိုင်သည့် ဤအရာများ နောက်ကွယ်တွင်၊ ဘုရားသခင်သည် အလုပ်လုပ်လျက်ရှိ၏။ ဤသည်မှာ လူသားများ နားလည်ဖို့လိုသည့်အရာတစ်ခု၊ ၎င်းတို့ သိရန်လိုသည့်အရာတစ်ခု ဖြစ်သည်။ ဤအရာများကို နားလည်ဖို့ သို့မဟုတ် သိဖို့ မလိုအပ်ဟု သင် ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ၊ အတိုချုပ်အားဖြင့် ထိုအရာတို့ကို ဘုရားသခင်ဖန်ဆင်းခဲ့ချိန်တွင်၊ သူ့အနေဖြင့် ထိုအရာတို့ကို များစွာတွေးတောခဲ့ပြီး၊ အစီအစဉ်တစ်ရပ် ရှိခဲ့ကာ စိတ်ကူးအချို့လည်း ရှိခဲ့၏။ သူသည် ကိစ္စရပ်တစ်ခုကို နှစ်ကြိမ် စဉ်းစားခြင်းမရှိဘဲ လူသားမျိုးနွယ်ကို ဘဝအတွက် ထိုသို့သော ပတ်ဝန်းကျင်တစ်ခုထဲ၌ တာဝန်မဲ့စွာ သို့မဟုတ် အလွယ်တကူ ထားခဲ့ခြင်းမရှိပေ။ ငါသည် ဤသေးဖွဲသော အရာများတစ်ခုစီနှင့် ပတ်သက်၍ အလွန်ကြီးကျယ်စွာ ပြောလေပြီဟု သင်တို့ထင်ကောင်း ထင်နိုင်သော်လည်း၊ ငါ၏အမြင်တွင် လူသားမျိုးနွယ်အတွက် ဘုရားသခင်ထောက်ပံ့ပေးသည့် အရာအသီးသီးသည် လူသားမျိုးနွယ်၏ ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်ပေသည်။ ဤအရာ၌ ဘုရားသခင်၏ လုပ်ဆောင်ချက် ရှိပေ၏။

## ၅။ လေစီးဆင်းမှု

ပဥ္စမအရာကား အဘယ်နည်း။ ဤအရာသည် လူတိုင်း၏ နေ့ရက်တိုင်းနှင့် နီးစပ်စွာ

ဆက်နွယ်၏။ လူ့ဘဝနှင့် ယင်း၏ ဆက်နွယ်မှု အလွန်နီးစပ်သည်မှာ ထိုအရာမရှိဘဲ လူ့ခန္ဓာကိုယ်သည် ဤရုပ်ဝတ္ထုလောကထဲတွင် အသက်မရှင်နိုင်ပေ။ ဤအရာသည် လေစီးဆင်းမှုဖြစ်သည်။ "လေစီးဆင်းမှု" ဟူသည် နာမ်ကို ကြားလိုက်သည်နှင့် မည်သူမဆို နားလည်ကောင်း နားလည်ကြပေမည်။ သို့ဖြစ်လျှင် လေစီးဆင်းမှုဆိုသည်မှာ အဘယ်နည်း။ "လေစီးဆင်းမှု" ဆိုသည်မှာ လေ၏ စီးဆင်းသည့် လှုပ်ရှားမှုသာဖြစ်သည်ဟု သင် ဆိုနိုင်သည်။ လေစီးဆင်းမှုသည် လူ့မျက်လုံးက မမြင်နိုင်သည့် လေဖြစ်သည်။ ၎င်းသည် ဓာတ်ငွေ့ ရွေ့လျားသည့် နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ သို့ရာတွင် ဤဆွေးနွေးမှုတွင် လေစီးဆင်းမှုက မည်သည့်အရာကို အဓိက ရည်ညွှန်းပါသနည်း။ ငါပြောလိုက်သည်နှင့် သင်တို့နားလည် ကြလိမ့်မည်။ ကမ္ဘာမြေကြီးသည် လည်ပတ်သည်နှင့်အမျှ တောင်များ၊ ပင်လယ်များနှင့် အရာခပ်သိမ်းကို သယ်ဆောင်ပြီး၊ ၎င်းလည်ပတ်သည့်အခါ၌ အလျင်အဟုန်ဖြင့် လည်ပတ်လေသည်။ ဤလည်ပတ်နေခြင်းနှင့် သက်ဆိုင်၍ မည်သည့်အရာကိုမျှ သင်မခံစားရသော်လည်း မည်သို့ပင်ဆိုစေ ကမ္ဘာမြေ၏လည်ပတ်မှုက တည်ရှိနေသည်။ ၎င်း၏လည်ပတ်မှုက မည်သည့်အရာကို ဖန်တီး ဖြစ်ပေါ်စေသနည်း။ သင်ပြေးသည့်အခါ လေထွက်ပေါ် ပြီး သင့်နားရွက်များကို ဖြတ်သန်းသည် မဟုတ်လော။ သင်ပြေးသည့်အခါ လေကို ဖြစ်ပေါ်စေပါက၊ ကမ္ဘာမြေကြီး လည်ပတ်သည့်အခါ အဘယ်သို့ လေမရှိနိုင်ရသနည်း။ ကမ္ဘာမြေကြီး လည်ပတ်သည့်အခါ အရာခပ်သိမ်းသည် ရွေ့လျားနေ၏။ ၎င်းအပေါ် ရှိ အရာခပ်သိမ်းသည်လည်း စဉ်ဆက်မပြတ် မျိုးပွားလျက် ဖွံ့ဖြိုးနေစဉ်တွင် ကမ္ဘာမြေကြီး ကိုယ်တိုင်သည် ရွေ့လျားနေပြီး အရှိန်တစ်ခုဖြင့် လည်ပတ်နေ၏။ ထို့ကြောင့် အရှိန်တစ်ခုဖြင့် လှုပ်ရှားမှုက လေစီးဆင်းမှုကို အလိုအလျောက် ပေါ်ပေါက် စေပေလိမ့်မည်။ ဤသည်မှာ "လေစီးဆင်းမှု" ဖြင့် ငါ ဆိုလိုသည့်အရာဖြစ်သည်။ ဤလေစီးဆင်းမှုသည် လူ့ခန္ဓာကိုယ်အား အတိုင်းအတာတစ်ခုအထိ ထိခိုက်စေသည် မဟုတ်လော။ တိုင်ဖုန်းမုန်တိုင်းများကို စဉ်းစားကြည့်လော့- သာမန်တိုင်ဖုန်း မုန်တိုင်းများသည် အထူးတလည် အားမကောင်းသော်လည်း၊ ၎င်းတို့တိုက်ခတ်သည့်အခါ လူတို့သည် တည်ငြိမ်စွာ ရပ်ပင် မရပ်နိုင်ကြသကဲ့သို့၊ လေထဲတွင် လမ်းလျှောက်ရန် ၎င်းတို့အတွက် ခက်ခဲလေသည်။ ခြေတစ်လှမ်းသည်ပင် ခက်ခဲပြီး၊ လူအချို့သည် တစ်စုံတစ်ရာနှင့် တိုးဝှေ့ရိုက်ခတ်ခံရပြီး၊ လှုပ်ရှား၍ မရကြပေ။ ဤသည်မှာ လူသားမျိုးနွယ်ကို လေစီးဆင်းမှု သက်ရောက်နိုင်သည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ အကယ်၍ ကမ္ဘာမြေကြီး တစ်ခုလုံးသည် လွင်ပြင်များနှင့် ဖုံးလွှမ်းနေပါက ကမ္ဘာမြေကြီးနှင့် အရာခပ်သိမ်း လည်ပတ်သည့်အခါတွင် ထိုသို့ဖြင့် ဖြစ်ပေါ်သည့် လေစီးဆင်းမှုကို လူ၏ ခန္ဓာကိုယ်က လုံးဝ ခံနိုင်လိမ့်မည် မဟုတ်ချေ။ ထိုသို့သော

အခြေအနေတစ်ခုကို တုန့်ပြန်ဖို့ အလွန့်အလွန် ခက်ခဲပေလိမ့်မည်။ ဤသို့သာဖြစ်ခဲ့မည်ဆိုပါက၊ ထိုသို့သော လေစီးဆင်းမှုသည် လူသားမျိုးနွယ်ကို အန္တရာယ် ယူဆောင်မည်ဖြစ်သည်သာမက၊ လုံးဝ ပျက်စီးခြင်းလည်း ယူဆောင် လာမည်ဖြစ်သည်။ ထိုသို့သော ပတ်ဝန်းကျင်၌ လူသားများ ရှင်သန်နိုင်လိမ့်မည် မဟုတ်။ ဤသည်မှာ ဘုရားသခင်က ထိုသို့သော လေစီးဆင်းမှုကို ဖြေရှင်းဖို့ မတူကွဲပြားသောပတ်ဝန်းကျင်များကို ဖန်တီးရသည့် အကြောင်းရင်းဖြစ်သည်- မတူကွဲပြားသော ပတ်ဝန်းကျင်များတွင် လေစီးဆင်းမှုများသည် ပိုမိုအားနည်းသွား၏၊ ၎င်းတို့၏ ဦးတည်ရာ ပြောင်းလဲသွား၏၊ ၎င်းတို့၏အမြန်နှုန်းနှင့် အရှိန်တို့ ပြောင်းလဲလေသည်။ ဤသည်မှာ လူတို့က တောင်များ၊ တောင်တန်းများ၊ လွင်ပြင်များ၊ တောင်ကုန်းများ၊ မြစ်ဝှမ်းများ၊ ချိုင့်ဝှမ်းများ၊ ကုန်းပြင်မြင့်များနှင့် မြစ်ကြီးများကဲ့သို့ မတူကွဲပြားသော ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များကို တွေ့နိုင်ကြသည့် အကြောင်းရင်း ဖြစ်သည်။ ဤမတူကွဲပြားသော ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များနှင့်အတူ၊ လေစီးဆင်းမှု၏ အမြန်နှုန်းတစ်ရပ်၊ ဦးတည်ရာ နှင့် အရှိန်တို့ကို ဘုရားသခင် ပြောင်းလဲလေသည်။ ဤသည်မှာ လူသားများအနေဖြင့် အသက်ရှင်ဖို့ ပုံမှန်ပတ်ဝန်းကျင် တစ်ရပ် ရှိနိုင်ဖို့အလို့ငှာ၊ လေစီးဆင်းမှုကို သင့်တော်သည့် လေတိုက်နှုန်း၊ ဦးတည်ရာနှင့် ပြင်းအားတို့ရှိသည့် လေအဖြစ် လျှော့ချဖို့ သို့မဟုတ် ကျွမ်းကျင်စွာ ကိုင်တွယ်ဖို့ သူအသုံးပြုသော နည်းလမ်းဖြစ်သည်။ ဤအရာ လိုအပ်မှုရှိပါသလော။ (လိုအပ်မှု ရှိပါသည်။) ဤသို့သော အရာတစ်ခုကို လုပ်ဆောင်ခြင်းသည် လူတို့အတွက် ခက်ခဲပုံရသော်လည်း၊ ဘုရားသခင်သည် အရာခပ်သိမ်းကို စောင့်ကြည့်လေ့လာသောကြောင့် သူ့အတွက် လွယ်ကူပေသည်။ လူသားမျိုးနွယ်အတွက် သင့်တော်သော လေစီးဆင်းမှုရှိသည့် ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးရန်မှာ သူ့အတွက် အရိုးရှင်းဆုံးနှင့် အလွယ်ကူဆုံး ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ဖန်ဆင်းထားသည့် ထိုသို့သော ပတ်ဝန်းကျင်တစ်ရပ်တွင် သူ၏ ဖန်ဆင်းခြင်း အရာခပ်သိမ်းအတွင်းရှိ အမှုအရာတစ်ခုစီသည် မရှိမဖြစ်လိုအပ်၏။ အမှုအရာ တစ်ခုစီတိုင်း၏ တည်ရှိခြင်းတွင် တန်ဖိုးနှင့် လိုအပ်မှု ရှိ၏။ သို့ရာတွင်၊ စာတန်နှင့် ဖောက်ပြန်ပျက်စီးစေခြင်းခံရပြီးဖြစ်သည့် လူသားမျိုးနွယ်သည် ဤအခြေခံ သဘောတရားကို နားမလည်ပေ။ ၎င်းတို့သည် တောင်များကို မြေပြန့်အဖြစ်ပြောင်းလဲခြင်း၊ နက်ရှိုင်းသော ချောက်ကြီးများကို ဖြည့်ခြင်းနှင့် ကွန်ကရစ် တောကြီးမျက်မည်းကို ဖန်တီးရန် မြေပြန့်တွင် မိုးမျှော်တိုက်များ တည်ဆောက်ခြင်း နှင့်ဆိုင်သော အချည်းနှီးအိပ်မက်ဖြင့် ဖျက်ဆီးပြီးရင်း ဖျက်ဆီးကာ၊ တည်ဆောက်ပြီးရင်း တည်ဆောက်ကာ၊ ဖွံ့ဖြိုးတိုးတက်ရင်း တိုးတက်ပြီး၊ အမြတ်ထုတ်ပြီးရင်း ထုတ်နေကြလေသည်။ လူသားမျိုးနွယ်အနေဖြင့် ပျော်ရွှင်စွာ နေထိုင်နိုင်ဖို့၊ ပျော်ရွှင်စွာ

ကြီးထွားဖွံ့ဖြိုးပြီး ၎င်းတို့အတွက် သူပြင်ဆင်ထားသော ဤအသင့်တော်ဆုံး ပတ်ဝန်းကျင်၌ နေ့စဉ်နေ့တိုင်း ပျော်ရွှင်စွာ အချိန်ကုန်ဆုံးနိုင်ရန်မှာ ဘုရားသခင်၏ မျှော်လင့်ချက်ဖြစ်သည်။ ယင်းမှာ လူသားမျိုးနွယ် အသက်ရှင်သည့် ပတ်ဝန်းကျင်ကို သူပြုစုသည့်နည်းလမ်းတွင် ဘုရားသခင်သည် မည်သည့်အခါမျှ အရေးမစိုက်ဘဲမနေခဲ့သည့် အကြောင်းရင်း ဖြစ်သည်။ လူတို့၏ ကိုယ်ခန္ဓာများနှင့် ၎င်းတို့ ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်တို့သည် သဘာဝအခြေအနေများမှ နှောင့်ယှက်မှု တစ်စုံတစ်ရာမျှ မခံရဘဲ၊ ယင်းအစား၊ သဟဇာတဖြစ်သည့် အတူယှဉ်တွဲနေထိုင်ခြင်းဖြင့် အရာခပ်သိမ်းတို့နှင့်အတူ လူသားမျိုးနွယ်သည် ပုံမှန်အသက်ရှင် နေထိုင်ပြီး မျိုးပွားနိုင်ဖို့အလို့ငှာ၊ ဘုရားသခင်သည် အပူချိန်မှ လေအထိ၊ အသံမှ အလင်းအထိ ရှုပ်ထွေးသော အစီအစဉ်များနှင့် အစီအမံများကို ပြုခဲ့၏။ ဤအရာအားလုံးကို ဘုရားသခင်က အရာခပ်သိမ်းနှင့် လူသားမျိုးနွယ်အဖို့ ထောက်ပံ့ပေးထား၏။

လူသား အသက်ရှင်သန်ရေးအတွက် ဤအခြေခံကျသော လိုအပ်ချက်ငါးခုကို ဘုရားသခင် စီစဉ်သည့်နည်းလမ်းတွင်၊ လူသားမျိုးနွယ်အတွက် သူမည်သို့ ထောက်ပံ့သည်ကို သင်မြင်နိုင်သလော။ (မြင်နိုင်ပါသည်။) ဆိုလိုသည်မှာ၊ ဘုရားသခင်သည် လူသား ရှင်သန်ရေးအတွက် အခြေခံအကျဆုံးသော လိုအပ်ချက်များကို ဖန်ဆင်းသောအရှင်ဖြစ်ပြီး၊ ဤအရာများကို စီမံခန့်ခွဲကာ ထိန်းချုပ်၍လည်းနေ၏။ နှစ်ထောင်ပေါင်းများစွာ လူသား တည်ရှိပြီးနောက် ယခုတွင်ပင်လျှင်၊ ဘုရားသခင်သည် ၎င်းတို့၏ ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်ကို အဆက်မပြတ် အပြောင်းအလဲများကို ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်၊ ၎င်းတို့၏ ဘဝများသည် ပုံမှန်နည်းလမ်းတစ်ခုဖြင့် ထိန်းသိမ်း ထားနိုင်ရန်အလို့ငှာ အကောင်းဆုံးနှင့် အသင့်တော်ဆုံးသော ပတ်ဝန်းကျင်ကို ၎င်းတို့အား ဆက်လက်ထောက်ပံ့ပေးနေဆဲ ဖြစ်သည်။ ထိုသို့သော အခြေအနေတစ်ခုကို အချိန်မည်မျှကြာ ထိန်းသိမ်း၍ရနိုင်သနည်း။ တစ်နည်းအားဖြင့်၊ ထိုသို့သော ပတ်ဝန်းကျင်တစ်ရပ်ကို ဘုရားသခင်က အချိန်မည်မျှကြာ ဆက်လက် ထောက်ပံ့ပေးနေလိမ့်မည်နည်း။ ဘုရားသခင်က သူ၏စီမံခန့်ခွဲခြင်း အမှုကို အပြည့်အဝ ပြည့်စုံစေသည်အထိ ကြာလိမ့်မည်ဖြစ်သည်။ ထို့နောက်၊ ဘုရားသခင်သည် လူသားမျိုးနွယ်၏ ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်ကို ပြောင်းလဲလိမ့်မည်။ ဤပြောင်းလဲမှုများကို အလားတူ နည်းစနစ်များဖြင့် သူ ဖန်တီးမည်မှာ ဖြစ်ကောင်း ဖြစ်လိမ့်မည် သို့မဟုတ် ကွဲပြားသောနည်းနားများအားဖြင့် ဖြစ်ကောင်း ဖြစ်လိမ့်မည်၊ သို့ရာတွင် ယခု လူတို့ သိရမည့်အရာမှာ ဘုရားသခင်သည် အစဉ်မပြတ် လူသားမျိုးနွယ်၏ လိုအပ်ချက်များကို ထောက်ပံ့ပေးနေခြင်း၊ လူသားမျိုးနွယ် အသက်ရှင်သည့်

ပတ်ဝန်းကျင်ကို စီမံခန့်ခွဲနေခြင်းနှင့်၊ ထိုပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးနေခြင်း၊ ကာကွယ်ပေးနေခြင်းနှင့် စောင့်ရှောက် ပေးနေခြင်း ဖြစ်သည်။ ထိုသို့သော ပတ်ဝန်းကျင်တစ်ရပ်ဖြင့်၊ ဘုရားသခင်၏ ရွေးချယ်ခံရသူများသည် ဤကဲ့သို့ ပုံမှန်ပုံစံတစ်ခုဖြင့် နေထိုင်နိုင်ပြီး ဘုရားသခင်၏ ကယ်တင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းနှင့် တရားစီရင်ခြင်းတို့ကို လက်ခံနိုင်ကြခြင်းဖြစ်သည်။ ဘုရားသခင်၏ အချုပ်အခြာအာဏာကြောင့် အရာခပ်သိမ်း ဆက်လက်ရှင်သန်ပြီး ဘုရားသခင်ထံမှ ထိုသို့သော ထောက်ပံ့မှုများကြောင့် လူသားမျိုးနွယ်အားလုံး ရှေ့ဆက်ကြခြင်း ဖြစ်သည်။

ငါတို့ မိတ်သဟာယ၏ ဤနောက်ဆုံးပိုင်းသည် သင်တို့ကို အတွေးသစ်များ တစ်ခုတစ်လေ ယူဆောင်ပေးခဲ့ပါသလော။ ဘုရားသခင်နှင့် လူသားမျိုးနွယ်အကြား အကြီးမားဆုံးသော ကွာခြားမှုကို ယခု သင်တို့ သတိပြုမိလာကြပြီလော။ နောက်ဆုံးတွင်၊ အရာခပ်သိမ်း၏ သခင်မှာ မည်သူနည်း။ လူသားလော။ (မဟုတ်ပါ။) သို့ဆိုလျှင်၊ ဖန်ဆင်းခြင်းအားလုံးကို ဘုရားသခင်နှင့် လူသားတို့ ဆက်ဆံပုံကြား ကွာခြားချက်မှာ အဘယ်နည်း။ (ဘုရားသခင်သည် အရာခပ်သိမ်းကို အုပ်ချုပ်ကာ စီစဉ်ပြီး လူသားကမူ ထိုအရာတို့ကို မွေ့လျော်ခံစားပါ၏။) ဤအရာကို သင်တို့ သဘောတူသလော။ ဘုရားသခင်နှင့် လူသားမျိုးနွယ်အကြား အကြီးမားဆုံးသော ကွာခြားချက်မှာ ဘုရားသခင်သည် ဖန်ဆင်းခြင်းအားလုံးအပေါ် အုပ်ချုပ်ကာ ထောက်ပံ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် အရာရာ၏ အရင်းအမြစ်ဖြစ်ပြီး၊ အရာခပ်သိမ်းကို ဘုရားသခင်က ထောက်ပံ့ ပေးစဉ် လူသားမျိုးနွယ်က ထိုအရာကို မွေ့လျော်ခံစား၏။ ဆိုလိုသည်မှာ အရာခပ်သိမ်းအပေါ် ဘုရားသခင်ပေးသနားသော အသက်ကို လူသားလက်ခံသောအခါ၊ အရာခပ်သိမ်းကို သူမွေ့လျော် ခံစားရသည်။ ဘုရားသခင်သည် ဆရာသခင်ဖြစ်ပြီး၊ ဘုရားသခင်၏ အရာခပ်သိမ်း ဖန်ဆင်းခြင်း အကျိုးတရားများကို လူသားမျိုးနွယ်က မွေ့လျော်ခံစား၏။ သို့ဆိုလျှင်၊ ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာခပ်သိမ်း ရှုထောင့်မှ၊ ဘုရားသခင်နှင့် လူသားမျိုးနွယ်အကြား ကွာခြားချက်မှာ အဘယ်နည်း။ ဘုရားသခင်သည် အရာခပ်သိမ်း ဖွံ့ဖြိုးကြီးထွားမှုပုံ နှင့်ဆိုင်သော နိယာမများကို ရှင်းလင်းစွာမြင်နိုင်ပြီး၊ ဤနိယာမများကို ထိန်းချုပ်ကာ စိုးမိုးသည်။ ဆိုလိုသည်မှာ၊ အရာခပ်သိမ်းသည် ဘုရားသခင်၏မြင်ကွင်း အတွင်းနှင့် သူ၏ စစ်ဆေးမှုနယ်ပယ် အတွင်း၌ ရှိကြ၏၊ လူသားမျိုးနွယ်သည် အရာခပ်သိမ်းကို မြင်နိုင်သလော။ လူသားမျိုးနွယ် မြင်နိုင်သည့်အရာမှာ ၎င်းတို့၏ ရှေ့တည့်တည့်တွင် ရှိသည့်အရာ ထိသာ ကန့်သတ်ထား၏။ ထိုတောင်ကို သင်တက်ပါက သင်မြင်သည့်အရာမှာ ထိုတောင်သာ ဖြစ်၏။ ထိုတောင်၏ အခြားတစ်ဘက်တွင် ရှိသည့်အရာကို သင်မမြင်နိုင်ပေ။ သင်သည် ကမ်းခြေသို့ သွားပါက သင်

မြင်သည့်အရာမှာ သမုဒ္ဒရာ၏ တစ်ဘက်ခြမ်းသာ ဖြစ်ပြီး သမုဒ္ဒရာ၏ အခြားတစ်ဘက်က အဘယ်အရာနှင့်တူသည်ကို သင် မသိနိုင်ပေ။ သင်သည် သစ်တော တစ်ခုထဲသို့ သွားပါက၊ သင်၏ရှေ့နှင့် သင်၏အနီးတစ်ဝိုက်ရှိ အပင်များကို သင်မြင်နိုင်သော်လည်း၊ သာ၍ဝေးသောအရှေ့နေရာ၌ ရှိသည့်အရာကို သင်မမြင်နိုင်ပေ။ လူသားများသည် သာ၍မြင့်သော၊ သာ၍ဝေးသော၊ သာ၍ နက်ရှိုင်းသော နေရာများကို မမြင်နိုင်ကြပေ။ ၎င်းတို့ မြင်နိုင်သမျှမှာ ၎င်းတို့၏ ရှေ့တည့်တည့်၊ ၎င်းတို့၏ အမြင်အာရုံ နယ်ပယ်အတွင်း ရှိသည့်အရာ ဖြစ်သည်။ လူတို့အနေဖြင့် နှစ်ကာလ၏ လေးရာသီကို ချမှတ်သည့် နိယာမများ သို့မဟုတ် အရာခပ်သိမ်း ကြီးထွားဖွံ့ဖြိုးမှုပုံစံနှင့်ဆိုင်သည့် နိယာမများကို သိလျှင်ပင်၊ ၎င်းတို့သည် အရာခပ်သိမ်းကို စီမံခန့်ခွဲ၍မရနိုင်သေးပေ သို့မဟုတ် စေစား၍ မရနိုင်သေးပေ။ သို့တိုင် အရာခပ်သိမ်းကို ဘုရားသခင် မြင်ပုံမှာမူ သူကိုယ်တိုင် တည်ဆောက်ခဲ့သော စက်တစ်ခုကို မြင်ပုံကဲ့သို့သာ ဖြစ်သည်။ သူသည် ပါဝင်သည့် ပစ္စည်းတိုင်း၊ ဆက်သွယ်မှုတိုင်း၊ ၎င်း၏အခြေခံစည်းမျဉ်းများက မည်သည့်အရာ ဖြစ်သည်၊ ၎င်း၏ပုံစံများက မည်သည့်အရာ ဖြစ်သည်ဆိုသည်နှင့် ၎င်း၏ရည်ရွယ်ချက်များက မည်သည့်အရာ ဖြစ်သည်ဆိုသည်တို့ကို အလွန် အကျွမ်းဝင်ပေသည်- ဤအရာ အားလုံးကို ဘုရားသခင်သည် အရှင်းလင်းဆုံး အတိုင်းအတာဖြင့် သိ၏။ ထို့ကြောင့် ဘုရားသခင်သည် ဘုရားသခင်ဖြစ်၍၊ လူသားသည် လူသားဖြစ်၏။ လူသားသည် အရာခပ်သိမ်းတို့ကို အုပ်စိုးသည့် သိပ္ပံပညာနှင့် နိယာမများနှင့်ဆိုင်သော ၎င်း၏ သုတေသနတွင် နက်နက်ရှိုင်းရှိုင်း လုပ်ဆောင်နိုင်ကောင်း လုပ်ဆောင်နိုင်သော်လည်း၊ ထိုသုတေသနသည် နယ်ပယ်အရ ကန့်သတ်မှုရှိ၏၊ ဘုရားသခင်ကမူ အရာခပ်သိမ်းကို ထိန်းချုပ်လေသည်။ လူသားအတွက်၊ ဘုရားသခင်၏ ထိန်းချုပ်မှုသည် အနန္တဖြစ်၏။ လူတစ်ဦးသည် ဘုရားသခင်၏ အသေးနုပ်ဆုံးသော လုပ်ဆောင်ချက်တစ်ခုကို စစ်မှန်သည့် ရလာဒ်များတစ်ခုတစ်လေ မရရှိဘဲ သုတေသန ပြုခြင်းဖြင့် သူ၏ ဘဝတစ်ခုလုံး ကုန်ဆုံးသွားနိုင်သည်။ ဤသည်မှာ သင့်အနေဖြင့် ဘုရားသခင်ကို လေ့လာရန် အသိပညာနှင့် သင်ယူထားသည့်အရာကို အသုံးပြုပါက၊ သင်သည် ဘုရားသခင်ကို မည်သည့်အခါမျှ သိနိုင်မည်မဟုတ် သို့မဟုတ် နားလည်နိုင်မည် မဟုတ်သည့် အကြောင်းရင်းဖြစ်သည်။ သို့သော် သင်သည် သမ္မာတရားနှင့် ဘုရားသခင်ကို ရှာဖွေသည့်နည်းလမ်းကို ရွေးချယ်ပြီး ဘုရားသခင်ကို သိကျွမ်းလာရန်ဟူသည့် ရှုထောင့်မှ ဘုရားသခင်ကို ကြည့်ပါက ဘုရားသခင်၏ လုပ်ဆောင်မှုများနှင့် ဉာဏ်ပညာသည် နေရာတိုင်းတွင် တစ်ပြိုင်တည်းရှိသည်ဟု တစ်နေ့တွင် သင် သတိပြုမိလိမ့်မည်ဖြစ်ကာ ဘုရားသခင်ကို အရာခပ်သိမ်း၏သခင်နှင့် အရာခပ်သိမ်းအတွက် အရင်းအမြစ်ဟု

အဘယ်ကြောင့် ခေါ်ဆိုသည်ကိုလည်း သင်သိလိမ့်မည်။ ထိုသို့သော သိနားလည်မှုကို သင်ရလေ၊ ဘုရားသခင်အား အရာခပ်သိမ်း၏ သခင်ဟု အဘယ်ကြောင့်ခေါ်သည်ကို သင်နားလည်လေဖြစ်မည်။ သင် အပါအဝင် အရာခပ်သိမ်းနှင့် အရာရာတိုင်းသည် ဘုရားသခင်၏ ပုံမှန်စီးဆင်းနေသော ထောက်ပံ့မှုကို စဉ်ဆက်မပြတ်ရရှိနေ၏။ ဤလောကထဲနှင့် ဤလူသားမျိုးနွယ်ကြားတွင် ဘုရားသခင်မှလွဲ၍ အရာခပ်သိမ်း၏ ဖြစ်တည်မှုအပေါ် အုပ်စိုးရန်၊ စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းရန် အစွမ်းအစနှင့် အနှစ်သာရ ရှိနိုင်သူ မရှိသည်ကိုလည်း သင့်အနေဖြင့် ရှင်းလင်းစွာ ခံစားနိုင်လိမ့်မည်။ ဤသိနားလည်မှု တစ်ရပ်သို့ သင်ရောက်ရှိသည့်အခါ၊ ဘုရားသခင်သည် သင်၏ ဘုရားသခင်ဖြစ်ကြောင်းကို စစ်မှန်စွာ သင် သိမှတ်လိမ့်မည်။ ဤအဆင့်ကို သင်ရောက်သောအခါ၊ သင်သည် ဘုရားသခင်ကို စစ်မှန်စွာလက်ခံပြီးဖြစ်လိမ့်မည်ဖြစ်ကာ၊ သူ့ကို သင်၏ဘုရားသခင် နှင့် သင်၏သခင်ဖြစ်ခွင့်ပေးပြီး ဖြစ်လိမ့်မည်။ သင်သည် ထိုသို့သော သိနားလည်မှုတစ်ရပ်ရှိပြီး သင်၏အသက်တာက ထိုသို့သော အဆင့်တစ်ခုသို့ ရောက်ရှိသည့်အခါ၊ သင်သည် ဘုရားသခင်ကို နားလည်လိမ့်မည်၊ သူ၏ စိတ်နှလုံးကို သိလိမ့်မည်ဖြစ်ပြီး သင်၏ စိတ်နှလုံးတွင် ဘုရားသခင်ကို အမှန်တကယ် လက်ခံပြီး ဖြစ်လိမ့်မည်ဖြစ်သောကြောင့် ဘုရားသခင်သည် သင့်ကို နောက်ထပ် စမ်းသပ်ကာ တရားစီရင်တော့မည်မဟုတ်သကဲ့သို့၊ သင့်အပေါ် မည်သည့် တောင်းဆိုမှုမျှ ပြုလိမ့်မည် မဟုတ်တော့ပေ။ ဤသည်မှာ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ စိုးမိုးမှုနှင့် စီမံခန့်ခွဲမှု နှင့်ပတ်သက်သည့် ဤအကြောင်းအရာများအပေါ် မိတ်သဟာယပြုဖို့ အရေးကြီးသည့် အကြောင်းရင်းတစ်ခုဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် လူတို့အား အသိပညာနှင့် သိနားလည်မှုတို့ကို သာ၍ပေးရန် ရည်ရွယ်ပေသည်- သင့်ကို ဝန်ခံစေရုံမျှသာမက ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သာ၍ လက်တွေ့ကျသော နည်းလမ်းဖြင့် သင့်ကို သိရှိစေကာ နားလည်စေဖို့ ဖြစ်သည်။

## လူသားမျိုးနွယ်အတွက် ဘုရားသခင်ပြင်ဆင်ပေးသော နေ့စဉ်အစားအသောက်

ယခုလေးတင်၊ အများစုအားဖြင့် ပတ်ဝန်းကျင်၏ တစ်စိတ်တစ်ပိုင်းနှင့် ပတ်သက်၍ ကမ္ဘာလောကကို ဘုရားသခင် ဖန်ဆင်းကတည်းက လူသား ရှင်သန်ရေးအတွက် ဘုရားသခင် ပြင်ဆင်ပေးခဲ့သည့် လိုအပ်သော အခြေအနေများကို အတိအကျ ငါတို့ ပြောဆိုခဲ့ကြသည်။ ငါတို့သည် အချက်ငါးချက်၊ ပတ်ဝန်းကျင်၏ လိုအပ်ချက်ငါးခုအကြောင်းကို ပြောခဲ့ကြသည်။ ငါတို့ပြောမည့် နောက်ထပ် အကြောင်းအရာမှာ လူသား၏ ရုပ်ပိုင်းဆိုင်ရာ ဘဝတိုင်းနှင့်

နီးစပ်စွာ ဆက်နွယ်ပြီး၊ ယင်းသည် ထိုဘဝနှင့် ၎င်း၏ သတ်မှတ်ထားသည့် အခြေအနေများကို ပိုမိုကြီးမားစွာ ပြည့်စုံခြင်းတစ်ခုနှင့် ယခင်အချက်ငါးချက်ထက် သာ၍ သက်ဆိုင်သည်။ အတိအကျပြောရသော်၊ ယင်းမှာ လူတို့ စားသည့် အစာဖြစ်၏။ ဘုရားသခင်သည် လူသားကို ဖန်ဆင်းပြီး ဘဝအတွက် သင့်တော်သည့် ပတ်ဝန်းကျင်တစ်ခုတွင် ထားရှိခဲ့၏။ နောက်ပိုင်းတွင်၊ လူသားသည် အစာနှင့် ရေကို လိုအပ်ခဲ့၏။ လူသား၌ ဤလိုအပ်ချက်ရှိခဲ့သောကြောင့်၊ ဘုရားသခင်သည် အလားတူ လိုက်လျောညီထွေသော ပြင်ဆင်မှုများကို သူ့အတွက် ပြုလုပ်ခဲ့၏။ ထို့ကြောင့် ဘုရားသခင်၏ အမှုအဆင့်တစ်ခုစီနှင့် သူပြုသည့် အရာတစ်ခုစီသည် ပြောထားသည့် အနှစ်မဲ့ စကားများမဟုတ်ဘဲ၊ လုပ်ဆောင်ထားသည့် စစ်မှန်ပြီး လက်တွေ့ကျသော လုပ်ရပ်ဖြစ်သည်။ အစာသည် လူတို့၏နေ့စဉ်ဘဝများတွင် မရှိမဖြစ် မဟုတ်လော။ အစာသည် လေထက် သာ၍အရေးကြီးသလော။ ၎င်းတို့သည် တန်းတူ အရေးကြီးကြ၏။ နှစ်ခုလုံးသည် လူသားမျိုးနွယ်၏ ရှင်သန်ရေးနှင့် လူ့ဘဝ ဆက်လက်တည်ရှိမှုကို ကာကွယ်ခြင်းအတွက် လိုအပ်သည့် အခြေအနေများနှင့် အရာများဖြစ်ကြသည်။ မည်သည့်အရာ သာ၍ အရေးကြီးသလော- လေ သို့မဟုတ် ရေလော။ အပူချိန်လော သို့မဟုတ် အစာလော။ ၎င်းတို့အားလုံး တန်းတူ အရေးကြီးကြ၏။ လူတို့သည် ၎င်းတို့ထဲမှ တစ်ခုတစ်လေမရှိဘဲ မနေနိုင်ကြသောကြောင့် ၎င်းတို့ကြား မရွေးချယ်နိုင်ကြချေ။ ဤသည်မှာ စစ်မှန်ပြီး လက်တွေ့ကျသော ပြဿနာဖြစ်သည်၊ အမှုအရာများကြား သင်၏ ရွေးချယ်မှုတစ်ခု မဟုတ်ပေ။ သင်မသိသော်လည်း ဘုရားသခင်သိ၏။ သင်သည် အစာကို တွေ့သောအခါ၊ “အစာမရှိဘဲ ငါမနေနိုင်” ဟု ထင်သည်။ သို့ရာတွင် သင့်ကိုဖန်ဆင်းပြီးနောက် ချက်ချင်း၊ သင် အစာလိုအပ်သည်ကို သိခဲ့ပါသလော။ သင် မသိခဲ့၊ သို့သော် ဘုရားသခင် သိခဲ့၏။ အစာလိုအပ်သည်ကို သင် နားလည်ခဲ့သည်မှာ သင်သည် ဆာလောင်လာပြီး သင် စားဖို့အတွက် သစ်ပင်များအပေါ်က အသီးများနှင့် မြေကြီးပေါ်က အစေ့အဆန်များကို တွေ့ခဲ့ချိန်မှသာ ဖြစ်သည်။ ရေလိုအပ်သည်ကို သင် နားလည်ခဲ့သည်မှာ သင်သည် ရေဆာလာပြီး စမ်းရေတစ်ခုကို မြင်လိုက်သောအခါ- သောက်သောအခါမှသာ ဖြစ်သည်။ ဘုရားသခင်က ရေကို လူသားအတွက် ကြိုတင်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ တစ်နေ့ သုံးနပ်စားသည်ဖြစ်စေ၊ နှစ်နပ်စားသည်ဖြစ်စေ၊ ထိုထက်ပင်ပို၍ စားသည်ဖြစ်စေ၊ အတိုချုပ်အနေဖြင့် အစာသည် လူတို့၏ နေ့စဉ်ဘဝများတွင် မရှိမဖြစ် အရာတစ်ခုဖြစ်၏။ ယင်းသည် လူ့ကိုယ်ခန္ဓာ ပုံမှန်၊ ဆက်လက်ရှင်သန်မှုကို ထိန်းသိမ်းဖို့ လိုအပ်သော အရာများထဲမှ တစ်ခု ဖြစ်သည်။ ထို့ကြောင့်၊ အစာအများစုသည် မည်သည့်နေရာမှ လာသနည်း။ ဦးစွာအနေဖြင့် ယင်းသည် မြေကြီးမှလာ၏။ ဘုရားသခင်သည် မြေကြီးကို လူသားအတွက်

ကြိုတင်ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး၊ မြေကြီးသည် သစ်ပင်များ၊ သို့မဟုတ် မြက်ပင်များအတွက်သာမဟုတ်ဘဲ အပင်အမျိုးအစားများစွာ၏ ရှင်သန်ရေးအတွက် သင့်တော်၏။ ဘုရားသခင်သည် လူသားမျိုးနွယ် အတွက် အစေ့အဆန်မျိုးစုံ၏ မျိုးစေ့များနှင့် အခြားအစာ အမျိုးမျိုးတို့၏ မျိုးစေ့များကို ပြင်ဆင်ခဲ့ပြီး မျိုးကြဲဖို့ သင့်တော်သည့် မြေဆီလွှာနှင့် မြေကြီးတို့ကို လူသားမျိုးနွယ်အား ပေးခဲ့ကာ ဤအရာများနှင့်အတူ လူသားမျိုးနွယ်သည် အစားအစာ ရရှိလေသည်။ အစာအမျိုးမျိုးမှာ မည်သည့်အရာများ ဖြစ်ကြသနည်း။ သင်တို့ သိနှင့်ပြီးဖြစ်နိုင်သည်။ ပထမဦးစွာ၊ အစေ့အဆန် အမျိုးမျိုးရှိ၏။ မည်သည့် မတူကွဲပြားသော အစေ့အဆန် အမျိုးအစားများ ရှိသနည်း။ ဂျုံ၊ ကောက်ပဲသီးနှံနှင့် အခြား အခွံပါသည့် အစေ့အဆန် အမျိုးအစားများ ဖြစ်သည်။ ဘာလီ၊ ဂျုံ၊ အုတ်ဂျုံနှင့် ပန်းဂျုံ စသဖြင့် ကောက်နှံပင်များလည်း တောင်ပိုင်းမှ မြောက်ပိုင်းအထိ မတူကွဲပြားသော အမျိုးအစား စုံစုံလင်လင်ဖြင့် လာလေသည်။ ကွဲပြားသည့် မျိုးစိတ်များမှာ ကွဲပြားသည့် ဒေသများတွင် စိုက်ပျိုးရန် သင့်တော်၏။ စပါးအမျိုးမျိုးလည်း ရှိသည်။ တောင်ပိုင်းသည် ရာသီဥတု ပိုမိုပူပြင်းသောကြောင့် ဆန်လုံးပိုရှည်ကာ တောင်ပိုင်းမှ လူတို့အဖို့ သင့်တော်သည့် မိမိကိုယ်ပိုင် မျိုးကွဲများ ရှိသည်၊ ဆိုလိုသည်မှာ စေးကပ်လွန်းခြင်း မရှိသည့် အင်ဒိက (indica) ဆန်ကဲ့သို့ မျိုးကွဲများကို ဒေသခံလူတို့က စားသုံးရလေသည်။ ၎င်းတို့၏ ဆန်မှာ စေးကပ်လွန်း၍ မရပေ၊ သို့မဟုတ်ပါက ၎င်းတို့ စားချင်စိတ်ကုန်ပြီး ခံတွင်းတွေ့နိုင်ကြမည် မဟုတ်ပေ။ မြောက်ပိုင်းသည် အမြဲတမ်း ပိုအေးသောကြောင့် ထိုနေရာက လူတို့သည် ပိုမိုစွဲမြဲသည့်အရာများကို စားရသည်နှင့်အမျှ မြောက်ပိုင်းသားများသည် ပိုစေးကပ်သော ဆန်ကို စားကြ၏။ ထို့အပြင် မြေပြင်အထက်တွင် ပေါက်ရောက်သည့် ပဲမျိုးကွဲများစွာနှင့် အာလူး၊ ကန်စွန်းဥ၊ ပိန်းဥနှင့် အခြား အရာများစွာကဲ့သို့သော မြေအောက်တွင် ပေါက်သည့် အမြစ်ဟင်းသီးဟင်းရွက်များလည်း ရှိ၏။ အာလူးသည် မြောက်ပိုင်းတွင်ပေါက်၏။ မြောက်ပိုင်းတွင် အာလူးများ၏ အရည်အသွေးမှာ အလွန်ကောင်း၏။ လူတို့၌ စားစရာ အစေ့အဆန်များ မရှိသည့်အခါ အာလူးသည် အဓိက အစားအစာအဖြစ် ၎င်းတို့ကို တစ်နေ့သုံးနပ် စားနေနိုင်စေ၏။ အာလူးကို အရန်အစားအစာတစ်ခုအဖြစ်လည်း အသုံးပြုနိုင်သည်။ ကန်စွန်းဥ၏ အရည်အသွေးသည် အာလူး၏ အရည်အသွေးထက် အတော်အတန် မကောင်းသော်လည်း၊ ၎င်းတို့ကို နေ့စဉ်အစာ သုံးနပ်ပြည့်ရန် အဓိက အစားအစာတစ်ခုအဖြစ် အသုံးပြုနိုင်သေး၏။ အစေ့အဆန်များ ရဖို့ ခက်ခဲသည့်အချိန်တွင်၊ လူတို့သည် ကန်စွန်းဥများဖြင့် ဆာလောင်မှုကို တွန်းလှန်နိုင်သည်။ တောင်ပိုင်းသားများ စားလေ့ရှိသည့် ပိန်းဥကိုလည်း ထိုနည်းတူ အသုံးပြုနိုင်ပြီး ယင်းသည်လည်း

အဓိကအစားအစာတစ်ခုအဖြစ် ဖြည့်ဆည်းနိုင်သည်။ ၎င်းတို့သည် လူတို့၏ နေ့စဉ်အစားအသောက် အတွက် လိုအပ်သည့် အစိတ်အပိုင်းများဖြစ်သော အမျိုးမျိုး ကွဲပြားသော အစေ့အဆန်များစွာ ဖြစ်၏။ လူတို့သည် အစေ့အဆန် အမျိုးမျိုးကို ခေါက်ဆွဲ၊ ပေါက်စီ၊ ထမင်းနှင့် ဆန်ခေါက်ဆွဲများ ပြုလုပ်ရန် အသုံးပြုကြ၏။ ဘုရားသခင်သည် ဤအစေ့အဆန် အမျိုးမျိုးကို လူသားမျိုးနွယ်အပေါ် အလျှံအပယ် ပေးသနားထား၏။ မျိုးကွဲပေါင်းမြောက်မြားစွာ အဘယ်ကြောင့် ရှိသည်မှာ ဘုရားအလိုတော်နှင့်ဆိုင်သော ကိစ္စရပ်တစ်ခု ဖြစ်သည်။ ၎င်းတို့သည် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့နှင့် အနောက်ပိုင်းတို့၏ မတူကွဲပြားသော မြေဆီလွှာများနှင့် ရာသီဥတုများတွင် သင့်တော်စွာ ပေါက်ရောက်ကြစဉ်တွင်၊ ၎င်းတို့၏ အမျိုးမျိုးသော ပေါင်းစပ်ဖွဲ့စည်းမှုများနှင့် ပါဝင်ပစ္စည်းများသည် လူ့ခန္ဓာကိုယ်၏ အမျိုးမျိုးသော ပေါင်းစပ်ဖွဲ့စည်းမှုများ၊ ပါဝင်ပစ္စည်းများနှင့် ကိုက်ညီကြသည်။ လူတို့သည် ဤအစေ့အဆန်များကို စားခြင်းဖြင့်သာ ၎င်းတို့၏ကိုယ်ခန္ဓာများက လိုအပ်သည့် အာဟာရများနှင့် ဒြပ်အမျိုးမျိုးကို ထိန်းသိမ်းနိုင်ကြ၏။ မြောက်ပိုင်းအစာနှင့် တောင်ပိုင်းအစာတို့ ကွဲပြားကြသော်လည်း၊ ၎င်းတို့တွင် ကွဲပြားမှုများထက် တူညီချက်များ သာ၍များပြားစွာ ရှိသည်။ ၎င်းတို့နှစ်ခုလုံးသည် လူ့ခန္ဓာကိုယ်၏ ပုံမှန်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး လူ့ခန္ဓာကိုယ်၏ ပုံမှန်ရှင်သန်မှုကို ထောက်ပံ့ ပေးနိုင်သည်။ ထို့ကြောင့် လူ့ခန္ဓာကိုယ်သည် ဤမတူကွဲပြားသော အစားအစာများက ထောက်ပံ့ပေးသည့်အရာကို လိုအပ်သောကြောင့် ဒေသအသီးသီးတွင် ထုတ်လုပ်သည့် မျိုးစိတ်များ အလျှံပယ် ရှိလေသည်- ၎င်းတို့သည် လူ့ခန္ဓာကိုယ်၏ ပုံမှန် တည်ရှိခြင်းကို ထိန်းသိမ်းဖို့ ပုံမှန်လူ့ဘဝကို အသက်ရှင်နေထိုင်နိုင်ဖို့အလို့ငှာ မြေဆီလွှာမှ ပေါက်သည့် အစာအမျိုးမျိုးဖြင့် ထောက်ပံ့ခံရဖို့ လိုအပ်ကြ၏။ အတိုချုပ်အနေဖြင့်၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို အလွန်ထောက်ထားခဲ့၏။ လူတို့အပေါ် ဘုရားသခင်ပေးသနားသော အစာအမျိုးမျိုးသည် မရိုးရှင်းပေ- ဆန့်ကျင်ဘက်အနေဖြင့်၊ ၎င်းတို့သည် လွန်စွာ မျိုးစုံကြသည်။ လူတို့သည် ကောက်နှံများကို စားလိုပါက စားနိုင်၏။ လူအချို့က ဆန်ထက် ဂျုံကို ပိုမိုနှစ်သက်ကြပြီး၊ ဂျုံကို မကြိုက်ပါက ဆန်စားနိုင်ကြသည်။ ဆန်လုံးရှည်၊ ဆန်လုံးတို စသည်ဖြင့် ဆန်မျိုးစုံရှိပြီး အသီးသီးက လူတို့၏စားချင်စိတ်များကို အာသာပြေစေနိုင်၏။ ထို့ကြောင့် လူတို့သည် ဤအစေ့အဆန်များကို စားပါက- ၎င်းတို့သည် ၎င်းတို့၏အစာနှင့်ပတ်သက်၍ ဇီဇာမကြောင် လွန်းသရွေ့- အာဟာရချို့တဲ့မည်မဟုတ်သကဲ့သို့ သေသည်အထိ ကျန်းမာစွာနေနိုင်ရန် သေချာသည်။ ယင်းမှာ လူသားမျိုးနွယ်အပေါ် အစာပေးသနားခဲ့ချိန်က ဘုရားသခင်၏စိတ်ထဲတွင်ရှိခဲ့သော စိတ်ကူး ဖြစ်သည်။ လူ့ခန္ဓာကိုယ်သည် ဤအရာများမရှိ၍

မရပေ- ယင်းသည် လက်တွေ့အရှိတရား မဟုတ်လော။ ဤအရာများသည် လူက မိမိဘာသာ မဖြေရှင်းနိုင်သည့် လက်တွေ့ကျသော ပြဿနာများ ဖြစ်သော်လည်း ၎င်းတို့အတွက် ဘုရားသခင်က ပြင်ဆင် ပေးခဲ့ပေသည်။ သူက ထိုအရာများကို ကြိုတင်၍ တွေးခဲ့ပြီး လူသားမျိုးနွယ်အတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

သို့သော် ယင်းသည် ဘုရားသခင်က လူသားမျိုးနွယ်အား ပေးခဲ့သည့်အရာအားလုံး မဟုတ်ချေ- လူသားမျိုးနွယ်ကို သူက ဟင်းသီးဟင်းရွက်များကိုလည်း ပေးခဲ့သေး၏။ အခြားမည်သည့် အရာမျှမပါဘဲ ထမင်းနှင့်ပတ်သက်၍ သင်စားသမျှမှာ ထမင်းသာ ဖြစ်ပါက၊ သင့်အနေဖြင့် လုံလောက်သော အာဟာရဓာတ်များ ရရှိကောင်းရရှိနိုင်မည် မဟုတ်။ တစ်နည်းအားဖြင့်၊ သင်၏ အစာများနှင့်အတူ စားရန် ဟင်းသီးဟင်းရွက်အနည်းငယ် ကြော်လိုက်ပါက သို့မဟုတ် အသုပ်တစ်ပွဲ ရောစပ်လိုက်ပါက၊ ဟင်းသီးဟင်းရွက်များတွင်ရှိသည့် ဗီတာမင်များနှင့် ၎င်းတို့၏ အမျိုးမျိုးသော မရှိမဖြစ်လိုအပ်သည့် ဓာတုပစ္စည်းများနှင့် အခြားအာဟာရများသည် သင့်ခန္ဓာကိုယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ အလိုအလျောက် ထောက်ပံ့ပေးနိုင်လိမ့်မည်။ ပြီးလျှင် လူတို့သည် အစာများကြားတွင် အသီးအနှံအနည်းငယ်ကိုလည်း စားနိုင်သည်၊ မဟုတ်လော။ တစ်ခါတစ်ရံတွင် လူတို့သည် အရည်များ၊ သို့မဟုတ် အခြားအာဟာရများ၊ သို့မဟုတ် ကွဲပြားသည့် အရသာများ လိုအပ်ပြီး၊ ဤလိုအပ်ချက်များကို ဖြည့်ဆည်းဖို့ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ ရှိလေသည်။ အရှေ့၊ အနောက်၊ တောင်နှင့် မြောက်တို့သည် မတူကွဲပြားသော မြေဆီလွှာများနှင့် ရာသီဥတုများ ရှိသည်နှင့်အမျှ၊ မတူကွဲပြားသည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို ထုတ်လုပ်ကြလေသည်။ တောင်ပိုင်း ရာသီဥတုသည် ပူလွန်းသည့်အတွက်၊ ထိုနေရာက အသီးအနှံများနှင့် ဟင်းသီးဟင်းရွက် အများစုသည် စားသည်နှင့်တစ်ပြိုင်နက် လူ့ခန္ဓာကိုယ်ထဲက အပူနှင့်အအေးကို မျှစေနိုင်သည့် အေးစေသော အမျိုးအစားများဖြစ်ကြသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ မြောက်ပိုင်းတွင် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံ မျိုးကွဲများ ပိုနည်းပါး၏၊ သို့တိုင် ဒေသခံတို့အတွက် လုံလောက်၏။ သို့ရာတွင် များမကြာမီနှစ်များတွင် လူမှုအဖွဲ့အစည်းထဲက ဖွံ့ဖြိုးတိုးတက်မှုများ နှင့် လူမှုရေးတိုးတက်မှုများဟု ဆိုသည့်အရာအပြင်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့နှင့် ချိတ်ဆက်ထားသည့် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတွင် တိုးတက်မှုများကြောင့်၊ မြောက်ပိုင်းသားများသည်လည်း တောင်ပိုင်းက သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ သို့မဟုတ် ဒေသန္တရ ထွက်ကုန်များကို စားသုံးနိုင်ကြပြီး၊ တစ်နှစ် လေးရာသီပတ်လုံးပင် ထိုသို့ စားနိုင်ကြ၏။ ဤအရာက လူတို့၏ စားချင်စိတ်များနှင့် ရုပ်ဝတ္ထုတပ်မက်မှုများကို

ဖြည့်ဆည်းနိုင်သော်လည်း၊ ၎င်းတို့၏ ကိုယ်ခန္ဓာများသည် ကွဲပြားသည့် ဘေးအန္တရာယ်အဆင့်များကို အမှတ်တမဲ့ ခံရကြ၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် လူသားမျိုးနွယ်အတွက် ဘုရားသခင်ပြင်ဆင်ပေးထားသော အစားအစာများထဲတွင် တောင်ပိုင်းသားတို့အတွက် ရည်ရွယ်သည့် အစားအစာများ၊ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များရှိသည့်အပြင် မြောက်ပိုင်းသားတို့အတွက် ရည်ရွယ်သည့် အစားအစာများ၊ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များ ရှိသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ သင်သည် တောင်ပိုင်း၌ မွေးပါက၊ တောင်ပိုင်းမှ အရာများကို စားခြင်းသည် သင့်အတွက် သင့်တော်၏။ တောင်ပိုင်း၌ သီးခြားရာသီဥတုရှိသောကြောင့်၊ ဘုရားသခင်က ဤအစားအစာများ၊ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို တိတိကျကျ ပြင်ဆင်ထားခြင်းဖြစ်၏။ မြောက်ပိုင်းသည် မြောက်ပိုင်းသားတို့၏ ကိုယ်ခန္ဓာများအတွက် လိုအပ်သည့် အစားအစာရှိ၏။ သို့တိုင် လူတို့သည် အငမ်းမရ စားချင်သောက်ချင်စိတ်များ ရှိသောကြောင့် ၎င်းတို့သည် လူမှုအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဒီရေထဲတွင် မိမိတို့ကိုယ်ကိုယ် တွန်းပို့ခံရဖို့ အမှုမဲ့အမှတ်မဲ့ ခွင့်ပြုခဲ့ကြပြီး ဤနိယာမများကို ချိုးဖောက်မှန်းမသိ ချိုးဖောက်မိနေကြ၏။ လူတို့အနေဖြင့် ၎င်းတို့၏ဘဝများသည် ယခင်ထက် ပိုကောင်းမွန်သည်ဟု ခံစားရသော်လည်း၊ ဤကဲ့သို့သော လူမှုအဖွဲ့အစည်းဆိုင်ရာ တိုးတက်မှုမျိုးသည် အရေအတွက် ပိုမိုများပြားနေသော လူတို့၏ကိုယ်ခန္ဓာများအဖို့ မသိမသာ စိမ့်ဝင်ပျံ့နှံ့တတ်သော အန္တရာယ်ကို ဖြစ်စေလေသည်။ ဤသည်မှာ ဘုရားသခင် မြင်လိုသောအရာ မဟုတ်သကဲ့သို့ ဤအစားအစာများ၊ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို လူသားမျိုးနွယ်အား ပေးခဲ့ချိန်တွင် သူရည်ရွယ်ခဲ့သည့် အရာမဟုတ်ပေ။ လူသားများ ကိုယ်၌က ဘုရားသခင်၏ နိယာမများကို ချိုးဖောက်ခြင်းဖြင့် လက်ရှိအခြေအနေကို ဖြစ်စေပြီဖြစ်သည်။

ထိုအရာများအားလုံးအပြင်၊ လူသားမျိုးနွယ်အပေါ် ဘုရားသခင် ပေးသနားထားသော ရက်ရောမှုသည် အမှန်တကယ် များပြား ကြွယ်ဝပြီး၊ နေရာသီးသီးသည် မိမိ၏ဒေသထွက်ကုန် ရှိ၏။ ဥပမာအားဖြင့်၊ အချို့အရပ်များသည် (ဂျူဂျူဘီဟု လူအများ သိကြသည့်) စွံပလွန်သီးအနီများ ပေါ်ကြွယ်သည်၊ အခြား အရပ်များသည် သစ်ကြားသီးတွင် ပေါ်ကြွယ်ဝပြီး၊ အခြားအရပ်များက မြေပဲ၊ သို့မဟုတ် အခြားအခွံမာသီးအမျိုးမျိုး ပေါ်ကြွယ်၏။ ဤရုပ်ဝတ္ထုပစ္စည်းများအားလုံးက လူ့ခန္ဓာကိုယ် လိုအပ်သည့် အာဟာရများကို ထောက်ပံ့ပေးသည်။ သို့သော် ဘုရားသခင်သည် နှစ်၏ ရာသီဥတုနှင့် အချိန်အခါအလိုက် လူသားမျိုးနွယ်ကို အမှုအရာများကို မှန်ကန်သည့် ပမာဏနှင့် မှန်ကန်သည့် အချိန်တွင်

ထောက်ပံ့ပေးလေသည်။ လူသားမျိုးနွယ်သည် ရုပ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုကို တပ်မက်ကာ အငမ်းမရဖြစ်ကြသဖြင့်၊ လူသားမျိုးနွယ်ကို သူဖန်ဆင်းခဲ့ချိန်က လူသားကြီးထွားမှုနှင့်ဆိုင်သော သဘာဝ နိယာမများကို ချိုးဖောက်ပြီး ထိခိုက်ပျက်စီးစေရန် လွယ်ကူလျက် နေစေသည်။ ဥပမာအနေဖြင့် ချယ်ရီသီးကို ကြည့်ကြစို့။ ၎င်းတို့သည် ဇွန်လတွင် ရင့်မှည့်လာကြသည်။ ပုံမှန်အခြေအနေများအောက်တွင်၊ ဩဂုတ်လရောက်သည်နှင့် ချယ်ရီသီးများ မကျန်တော့ပေ။ ချယ်ရီသီးများကို နှစ်လသာ လတ်လတ်ဆတ်ဆတ် သိမ်းထား၍ရ၏၊ သို့သော် သိပ္ပံနည်းကျ နည်းပညာများကို အသုံးပြုခြင်းဖြင့်၊ လူတို့သည် ယခုအခါ ထိုကာလကို ၁၂ လအထိ၊ နောက်နှစ် ချယ်ရီရာသီအထိပင် တိုးနိုင်ကြ၏။ ဤသည်မှာ ချယ်ရီသီးများ တစ်နှစ်ပတ်လုံး ရှိသည်ဟု ဆိုလိုသည်။ ဤဖြစ်ရပ်သည် မှုမှန်သလော။ (မှုမမှန်ပါ။) သို့ဖြစ်လျှင် ချယ်ရီသီးများကို စားသုံးရန် အကောင်းဆုံးရာသီသည် မည်သည့်အချိန်ဖြစ်သနည်း။ ယင်းသည် ဇွန်လမှ ဩဂုတ်လအထိ ကာလဖြစ်ပေမည်။ ဤအချိန်ကို လွန်သွားလျှင် ၎င်းတို့ကို သင်မည်မျှ လတ်ဆတ်စွာ သိမ်းထားစေကာမူ အရသာတူမည် မဟုတ်သကဲ့သို့၊ လူ့ခန္ဓာကိုယ်မှ လိုအပ်သည့်အရာကိုလည်း မထောက်ပံ့ချေ။ ၎င်း၏သက်တမ်း ကုန်သည့်ရက်စွဲ ကျော်လွန်သည်နှင့်၊ သင့်အနေဖြင့် မည်သည့် ဓာတုပစ္စည်းများကို အသုံးပြုသည်ဖြစ်စေ၊ သဘာဝအတိုင်း သင်စိုက်ပျိုးသည့်အခါ ၎င်းတို့ ရှိသည့် အရာတိုင်းဖြင့် ၎င်းတို့ကို သင် ပြည့်ဝစေနိုင်လိမ့်မည် မဟုတ်ချေ။ ထို့အပြင်၊ ထိုဓာတုပစ္စည်းများက လူသားများကို လုပ်ဆောင်သည့် ထိခိုက်မှုသည် ၎င်းတို့ မည်သည့်အရာ ကြိုးစားပါစေ၊ မည်သူမျှ ဖြေရှင်း သို့မဟုတ် ပြောင်းလဲ၍ မရနိုင်သည့် အရာတစ်ခု ဖြစ်သည်။ ထို့ကြောင့် လက်ရှိဈေးကွက်စီးပွားရေးသည် လူတို့ထံ မည်သည့်အရာ ယူဆောင် လာသနည်း။ လူတို့၏ဘဝများ ပိုကောင်းလာပုံရသည်၊ အရပ်ဒေသများကြား သယ်ယူပို့ဆောင်ရေးက အလွန်အဆင်ပြေ လာပြီးဖြစ်ကာ လူတို့သည် လေးရာသီ၏ မည်သည့်ရာသီတွင်မဆို အသီးအနှံမျိုးစုံ စားနိုင်ကြ၏။ မြောက်ပိုင်းသားတို့သည် တောင်ပိုင်းမှ ငှက်ပျောသီးများအပြင် ဒေသထွက် မည်သည့်စားကောင်း သောက်ဖွယ်များကိုမဆို၊ သစ်သီးဝလံ သို့မဟုတ် အခြားအစားအစာကို စားနိုင်ကြ၏။ သို့ရာတွင် ဤသည်မှာ လူသားမျိုးနွယ်အား ဘုရားသခင်ပေးလိုသည့် ဘဝမဟုတ်ပေ။ ဤကဲ့သို့သော ဈေးကွက်စီးပွားရေးမျိုးသည် လူတို့၏ဘဝများကို အကျိုးကျေးဇူးအချို့ ယူဆောင်ကောင်းယူဆောင်လာနိုင်သော်လည်း အန္တရာယ်ကိုလည်း ယူဆောင်လာနိုင်ပေသည်။ ဈေးထဲ၌ အလျှံပယ် ပေါမများမှုကြောင့် များစွာသောလူတို့သည် ၎င်းတို့၏ ပါးစပ်များထဲသို့ မည်သည့်အရာ ထည့်နေသည်ကို တွေးတောခြင်းမရှိဘဲ စားကြ၏။ ၎င်းတို့၏ အပြုအမူသည် သဘာဝနိယာမများကို

ချိုးဖောက်လျက်ရှိပြီး လုတို့၏ကျန်းမာရေးကို အန္တရာယ်ရှိစေ၏။ ထို့ကြောင့် ဈေးကွက်စီးပွားရေးသည် လူတို့ကို စစ်မှန်သော ပျော်ရွှင်မှု မယူဆောင်ပေးနိုင်ပေ။ သင်ကိုယ်တိုင် ကြည့်လော့။ ဈေးထဲ၌ စပျစ်သီးများကို လေးရာသီလုံး ရောင်းသည်မဟုတ်လော။ အမှန်တွင်၊ စပျစ်သီးများသည် ခူးဆွတ်ပြီးနောက် တိုတောင်းသော အချိန်ကာလ တစ်ခုသာ လတ်ဆတ်နေ၏။ နောက်နှစ် ဇွန်လအထိ ထားပါက၊ ၎င်းတို့ကို စပျစ်သီးများဟုခေါ်၍ ရသေးသလော။ "အမှိုက်" သည် ၎င်းတို့အတွက် ပိုကောင်းသော နာမည်တစ်ခု ဖြစ်မည်လော။ ၎င်းတို့၌ တကယ်ကို လတ်ဆတ်သော စပျစ်သီး၏ ဒြပ် မကင်းမဲ့ချေ- ၎င်းတို့အထဲတွင် ဓာတုပစ္စည်းများ ပို၍ရှိနေပေသည်။ တစ်နှစ် ကြာပြီးနောက်၊ ၎င်းတို့သည် မလတ်ဆတ်တော့သည်သာမက၊ ၎င်းတို့ရှိသည့် အာဟာရဓာတ်များ ကုန်ဆုံးသွားသည်မှာ ကြာပြီ ဖြစ်ပေသည်။ စပျစ်သီးများကို လူတို့စားသောအခါ- "ငါတို့ ကံကောင်း လိုက်ပါဘိ။ လွန်ခဲ့သည့်အနှစ် ၃၀ က ဤရာသီမှာ စပျစ်သီးစား၍ ရနိုင်ခဲ့ပါ့မည်လော။ စားချင်လျှင်ပင် စားနိုင်ခဲ့မည်မဟုတ်။ ဘဝက ယခု အင်မတန်ကောင်းလှသည်" ဟူသော ခံစားချက် ရှိကြသည်။ ဤသည်မှာ အမှန်တကယ် ပျော်ရွှင်မှုလော။ သင်စိတ်ဝင်စားပါက ဓာတုပစ္စည်းများနှင့် တာရှည်ခံအောင် ပြုလုပ်ထားသည့် စပျစ်သီးများကို ကိုယ်တိုင် သုတေသနပြုပြီး ၎င်းတို့ကို မည်သည့် အရာဖြင့် ပြုလုပ်ထားသည်ဆိုသည်နှင့် ဤဒြပ်ပစ္စည်းများက လူသားများအဖို့ အကျိုးပြုခြင်းရှိမရှိဆိုသည်တို့ကို ကြည့်နိုင်သည်။ ပညတ်တော်ခေတ်၌၊ ဣသရေလအမျိုးများသည် အဲဂုတ္တုပြည်ကို စွန့်ခွာခဲ့ပြီး ခရီးသွား နေခဲ့ကြချိန်တွင် ဘုရားသခင်သည် ၎င်းတို့အား ငုံးငှက်နှင့် မန္နမုန့်တို့ကို ပေးခဲ့၏။ ဘုရားသခင်သည် ၎င်းတို့အား ဤအရာများကို တာရှည်ခံအောင် လုပ်ခွင့်ပေးခဲ့သလော။ ၎င်းတို့ထဲမှ အချို့သည် ရေရှည်ကို မကြည့်တတ်သကဲ့သို့ နောက်နေ့၌ နောက်ထပ်မရှိတော့မည်ကို စိုးရိမ်ကြသောကြောင့်၊ နောင်အတွက် အချို့ကို ဖယ်ထားခဲ့ကြသည်။ ထို့နောက် မည်သည့်အရာ ဖြစ်ခဲ့သနည်း။ နောက်တစ်နေ့တွင်၊ ယင်းသည် ပုပ်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် သင်ငတ်မွတ်မသွားစေဖို့ သေချာသည့် ပြင်ဆင်မှုများကို ဘုရားသခင် ပြုလုပ်ပြီးဖြစ်သည့်အတွက် အချို့ကို ဖယ်ထားဖို့ သင့်ကို ဘုရားသခင် ခွင့်မပြုပေ။ သို့သော် လူသားမျိုးနွယ်သည် ထိုသို့သော စိတ်ချယုံကြည်မှု မရှိသကဲ့သို့ ဘုရားသခင်ကို စစ်မှန်သော ယုံကြည်ခြင်းလည်း မရှိပေ။ ၎င်းတို့သည် ကိုင်တွယ်ဖြေရှင်းဖို့ မိမိတို့ကိုယ်ကိုယ် အမြဲနေရာပေးချင်ကြပြီး၊ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏ ပြင်ဆင်မှုများနောက်ကွယ်က ဂရုစိုက်မှုနှင့် အတွေးတို့ကို လုံးဝ မမြင်နိုင်ကြချေ။ ၎င်းတို့သည်

ထိုအရာကို မခံစားနိုင်ကြ၊ ထို့ကြောင့် “ဘုရားသခင်၏ လုပ်ဆောင်မှုများက စိတ်မချရပေ။ ကျွန်ုပ်တို့ လိုအပ်သည့်အရာ ဘုရားသခင် ပေးမည်မပေးမည် သို့မဟုတ် မည်သည့်အချိန်တွင် ပေးမည်ကို မည်သူသိသနည်း။ ကျွန်ုပ် အလွန်ဆာလောင်ပြီး ဘုရားသခင်က မပေးလျှင်၊ ကျွန်ုပ် ငတ်မွတ်လိမ့်မည် မဟုတ်လော။ အာဟာရချို့တဲ့မည်မဟုတ်လော” ဟု အမြဲတွေးရင်း၊ ၎င်းတို့၏ ယုံကြည်ခြင်းကို ဘုရားသခင်၌ အပြည့်အဝ မထားနိုင်ကြချေ။ လူသား၏ စိတ်ချယုံကြည်မှု မည်မျှမခိုင်လုံသည်ကို မြင်လော့။

အစေ့အဆန်များ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် အခွံမာအသီးမျိုးစုံ- ဤရာများအားလုံးသည် သက်သတ်လွတ် အစားအစာများ ဖြစ်ကြ၏။ ၎င်းတို့သည် သက်သတ်လွတ်အစာများ ဖြစ်ကြသော်လည်း လူ့ခန္ဓာကိုယ်၏လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန် လုံလောက်သည့် အာဟာရဓာတ်များ ပါရှိ၏။ သို့ရာတွင် ဘုရားသခင်က၊ “လူသားမျိုးနွယ်ကို ဤအစားအစာများသာ ငါပေးမည်။ ဤအရာများကိုသာ ၎င်းတို့ စားကြပါလေ့စေ” ဟု မပြောခဲ့ပေ။ ဘုရားသခင်သည် ထိုနေရာ၌ မရပ်တန့်ခဲ့ဘဲ လူသားမျိုးနွယ်အတွက် သာ၍ပင် အရသာရှိသော နောက်ထပ် အစားအစာများစွာကို ဆက်လက်ပြင်ဆင်ပေးခဲ့၏။ ဤအစားအစာများမှာ အဘယ်နည်း။ သင်တို့အများစုက မြင်နိုင်၊ စားနိုင်သော အသားငါးအမျိုးမျိုးတို့ ဖြစ်ကြ၏။ သူသည် လူသားအတွက် အသားငါး နှစ်မျိုးလုံးကို အလွန်များစွာ ပြင်ဆင်ခဲ့သည်။ ငါးများသည် ရေထဲ၌နေကြပြီး၊ ဒြပ်ပစ္စည်းအနေဖြင့် ရေထဲက ငါး၏ အသားသည် ကုန်းနေ တိရစ္ဆာန်များ၏ အသားနှင့် ကွာခြားကာ လူကို မတူကွဲပြားသော အာဟာရဓာတ်များ ပေးနိုင်၏။ ငါးသည်လည်း လူ့ခန္ဓာကိုယ်ထဲက အပူနှင့်အအေးကို ညှိပေးနိုင်သည့် ဂုဏ်သတ္တိများရှိပြီး၊ ယင်းသည် လူသားအဖို့ အလွန့်အလွန် အကျိုးပြုလေသည်။ သို့ရာတွင် အရသာကောင်းသည့်အစာကို အလွန်အကျွံ မစားရပေ။ ငါပြောပြီးသည့်အတိုင်း၊ လူတို့အနေဖြင့် ဘုရားသခင်၏ နှင်းအပ်မှုများကို ပုံမှန်နည်းလမ်းတစ်ခုဖြင့်၊ ရာသီဥတုနှင့် အချိန်ကာလနှင့်အညီ မှန်ကန်စွာ မွေ့လျော်နိုင်ဖို့အလို့ငှာ ဘုရားသခင်သည် သင့်တော်သည့်အချိန်တွင် သင့်တော်သည့် ပမာဏကို လူသားမျိုးနွယ်အပေါ် ပေးသနားလေသည်။ ဥစား၊ အသားစားအတွက် မွေးမြူသော ကြက်ဘဲများ အတန်းအစားတွင် မည်သည့် အစားအစာ အမျိုးအစားများ ပါဝင်သနည်း။ ကြက်၊ ငုံး၊ ခို စသည်တို့ ဖြစ်သည်။ လူများစွာက ဘဲနှင့် ငန်းတို့ကိုလည်း စားကြ၏။ ဘုရားသခင်သည် ဤအသားမျိုးစုံကို ထောက်ပံ့ထားသော်လည်း သူ၏ရွေးချယ်ခြင်းခံရသူများနှင့် သက်ဆိုင်သော သတ်မှတ်ချက် အချို့ကို သူ ပြုလုပ်ခဲ့ပြီး ပညတ်တော်ခေတ်အတွင်းတွင် ၎င်းတို့၏ အစားအသောက်နှင့်ပတ်သက်၍ တိကျသည့် ကန့်သတ်ချက်များ ထားရှိခဲ့လေသည်။

ယနေ့ခေတ်တွင်၊ ဤကန့်သတ်ချက်များသည် တစ်ဦးချင်းစီ၏အရသာနှင့် ကိုယ်တိုင်ကိုယ်ကျ အနက်ပြန်မှုပေါ်တွင် အခြေခံထားသည်။ ဤအသားအမျိုးမျိုးသည် ပရိုတိန်းနှင့် သံဓာတ်တို့ကို ပြန်လည်ဖြည့်ဆည်းပေးရင်း၊ သွေးကို ကြွယ်ဝ စေလျက်၊ ကြွက်သားများနှင့် အရိုးများကို သန်မာစေပြီး ရုပ်ခန္ဓာ ခွန်အားတည်ဆောက်ပေးလျက် လူ့ခန္ဓာကိုယ်ကို ကွဲပြားသည့် အာဟာရဓာတ်များပေး၏။ လူတို့က ၎င်းတို့ကို မည်သို့ ချက်ပြုတ်ပြီး စားသောက်ကြပါစေ၊ ဤအသားများသည် လူတို့၏ အစားအစာ အနံ့အရသာကို တိုးတက်စေပြီး၊ ၎င်းတို့၏ စားချင်စိတ်ကို အားပေးကူညီစဉ်တွင် ၎င်းတို့၏ဝမ်းများကိုလည်း ဖြည့်ဆည်း ပေးလျက်ရှိ၏။ အရေးအကြီးဆုံးအနေဖြင့်၊ ဤအစားအစာများသည် လူ့ခန္ဓာကိုယ်ကို နေ့စဉ် အာဟာရလိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်လေသည်။ ဤသည်မှာ လူသားမျိုးနွယ်အတွက် အစားအစာ အဆင်သင့် ပြင်ဆင်ပေးသည့်အချိန်တွင် ဘုရားသခင် ထည့်သွင်း စဉ်းစားခဲ့သည့် အချက်ဖြစ်သည်။ ဟင်းသီးဟင်းရွက်များ ရှိ၏၊ အသားရှိ၏- ဤသည်မှာ ကြွယ်ဝများပြားသည် မဟုတ်လော။ သို့ရာတွင် လူသားမျိုးနွယ်အတွက် အစားအစာအားလုံးကို ဘုရားသခင် ပြင်ဆင်ခဲ့ချိန်တွင် ဘုရားသခင်၏ ရည်ရွယ်ချက်က မည်သည့်အရာဖြစ်သည်ကို လူတို့နားလည်သင့်သည်။ ယင်းမှာ လူသားမျိုးနွယ်အနေဖြင့် ဤအစားအစာများကို လွန်လွန်ကဲကဲ မွေ့လျော်ခံစားဖို့ ဖြစ်သလော။ လူသည် ဤရုပ်ဝတ္ထု တပ်မက်မှုများကို ဖြည့်ဆည်းဖို့ ကြိုးပမ်းရာ၌ ပိတ်မိလာသည့်အချိန်တွင် မည်သည့် အရာဖြစ်သနည်း။ ၎င်းသည် အာဟာရ လွန်ကဲလာသည် မဟုတ်လော။ အာဟာရများ လွန်းခြင်းသည် လူ့ခန္ဓာကိုယ်ကို နည်းလမ်းအမျိုးမျိုးဖြင့် ဖိစီးနှိပ်စက်သည် မဟုတ်လော။ (ဟုတ်ပါသည်။) ဤသည်မှာ ဘုရားသခင်က သင့်တော်သော အချိန်တွင် သင့်တော်သည့်ပမာဏကို ခွဲဝေသတ်မှတ်ပေးပြီး လူတို့အား ကွဲပြားသည့် အချိန်ကာလများ၊ ရာသီဥတုများနှင့်အညီ ကွဲပြားသည့်အစာများကို မွေ့လျော်စေသည့် အကြောင်းရင်းဖြစ်၏။ ဥပမာအားဖြင့်၊ အလွန်ပူပြင်းသော နွေရာသီ ပြီးနောက်၊ လူတို့သည် ၎င်းတို့၏ကိုယ်ခန္ဓာထဲတွင် အပူဓာတ်များစွာအပြင်၊ ရောဂါ ဖြစ်စေနိုင်သော ခြောက်သွေ့မှုနှင့် စိုထိုင်းမှုတို့ကို စုဆောင်းမိကြသည်။ ဆောင်းဦးရာသီ ရောက်သည့်အခါ၊ သစ်သီးဝလံ အမျိုးအစားများစွာ ရင့်မှည့်ကြပြီး ဤသစ်သီးများကို လူတို့စားကြသောအခါ ၎င်းတို့ ကိုယ်ခန္ဓာထဲက စိုထိုင်းမှုသည် ဖယ်ရှားခံရပေသည်။ ဤအချိန်တွင်၊ ကျွဲနွားတိရစ္ဆာန်နှင့် သိုးတို့သည်လည်း သန်သန်မာမာ ကြီးထွားကြပြီး ဖြစ်သောကြောင့် ဤသည်မှာ လူတို့သည် အာဟာရအတွက် အသားကို ပိုမိုစားသုံးသင့်သည့် အချိန်ဖြစ်သည်။ အသားအမျိုးမျိုးကို စားသုံးခြင်းအားဖြင့်၊ လူတို့၏ခန္ဓာကိုယ်များသည် ဆောင်းရာသီ၏ အအေးဒဏ်ကို ၎င်းတို့ ခံနိုင်စေဖို့ အားအင်နှင့် အနွေးဓာတ်ရရှိကြပြီး၊

အကျိုးဆက်အနေဖြင့် ၎င်းတို့သည် ဆောင်းရာသီကို ဘေးကင်းစွာနှင့် ကျန်းမာစွာ ကျော်ဖြတ်နိုင်ကြပေသည်။ အဆုံးစွန် ဂရုစိုက်ခြင်းနှင့် တိကျခြင်းတို့နှင့်အတူ၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ထောက်ပံ့ပေးရမည့်အရာနှင့် ထောက်ပံ့ရမည့်အချိန်၊ ပြီးလျှင် မည်သည့်အချိန်တွင် မတူညီသော အရာများကို ကြီးထွားစေမည်၊ အသီးသီးစေကာ ရင့်မှည့်စေမည်ဆိုသည်တို့ကို ထိန်းချုပ်ပြီး ပူးပေါင်း လုပ်ဆောင်လေသည်။ ဤအရာသည် "လူသား၏ နေ့စဉ်ဘဝ၌ လိုအပ်သည့်အစားအစာကို ဘုရားသခင်ပြင်ဆင်ပုံ" နှင့် ဆက်နွှယ်လေသည်။ အစားအစာအမျိုးအစားများစွာအပြင်၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ရေအရင်းအမြစ်ဖြင့်လည်း ထောက်ပံ့ပေး၏။ အစာစားပြီးနောက်တွင်၊ လူတို့သည် ရေသောက်ဖို့လိုသေး၏။ သစ်သီးဝလံတစ်ခုတည်းက လုံလောက်မည်လော။ လူတို့သည် သစ်သီးဝလံဖြင့်သာ အသက်မရှင်နိုင်ပေ၊ သည့်အပြင် အချို့ရာသီများတွင် သစ်သီးဝလံမရှိပေ။ သို့ဖြစ်လျှင် လူသားမျိုးနွယ်၏ ရေပြဿနာကို မည်သို့ဖြေရှင်းနိုင်သနည်း။ ဘုရားသခင်သည် ရေကန်များ၊ မြစ်များနှင့် စမ်းချောင်းများအပါအဝင် မြေပေါ်မြေအောက်၌ ရေအရင်းအမြစ်များစွာကို ပြင်ဆင်ခြင်းဖြင့် ထိုအရာကို ဖြေရှင်းပြီး ဖြစ်သည်။ ဤရေအရင်းအမြစ်များ ညစ်ညမ်းမှုမျှမရှိသရွေ့ ၎င်းတို့ကို လူတို့က ကြိုးကိုင်ခြယ်လှယ်ခြင်း မရှိသရွေ့ မဖျက်ဆီးသရွေ့ သောက်သုံးနိုင်၏။ တစ်နည်းအားဖြင့်၊ လူသားမျိုးနွယ်၏ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်များ၏ ဘဝများကို အားဖြည့်သည့် အစာအရင်းအမြစ်များအရ၊ လူတို့၏ဘဝများသည် ကြွယ်ဝကာ ပေါများပြီး မည်သည့်အရာမျှ မချို့တဲ့ဖို့အလို့ငှာ ဘုရားသခင်သည် အလွန်တိကျ၊ အလွန်မှန်ကန်ပြီး အလွန် သင့်တော်သော ပြင်ဆင်မှုများကို ပြုလုပ်ထားပြီးဖြစ်၏။ ဤသည်မှာ လူတို့ ခံစားပြီး မြင်နိုင်သော အရာတစ်ခုဖြစ်သည်။

ထို့အပြင် ဘုရားသခင်သည် အရာခပ်သိမ်းတို့အလယ်တွင် လူ့ခန္ဓာရှိ ဒဏ်ရာအနာတရများကို ပျောက်ကင်းစေရန် သို့မဟုတ် ဖျားနာမှုကို ကုသရန် အထူးသဖြင့် ရည်ရွယ်ထားသည့် အပင်အချို့၊ တိရစ္ဆာန်များနှင့် ဆေးဖက်ဝင်အပင်အမျိုးမျိုးကို ဖန်ဆင်းခဲ့၏။ ဥပမာအနေဖြင့်၊ တစ်စုံတစ်ဦးသည် မီးပူလောင်ပါက၊ သို့မဟုတ် မတော်တဆ ရေနွေးလောင်ပါက မည်သို့လုပ်ဆောင်သင့်သနည်း။ အပူလောင်အကွက်ကို ရေနှင့်သာ သင်ဆေးကြောနိုင်သလော။ အဝတ်စဟောင်းတစ်ခုတစ်လေဖြင့် ယင်းကို ပတ်စည်း၍ ရနိုင်သလော။ ထိုသို့ လုပ်ဆောင်ပါက၊ ဒဏ်ရာသည် ပြည်ဖြင့် ပြည့်လိမ့်မည် သို့မဟုတ် ရောဂါပိုးဝင်ကောင်းဝင်လိမ့်မည်။ ဥပမာအနေဖြင့်၊ တစ်စုံတစ်ဦး အဖျားရှိလျှင်၊ သို့မဟုတ် အအေးမိလျှင်၊ အလုပ်လုပ်စဉ် ဒဏ်ရာအနာတရဖြစ်လျှင်၊ အစားမှားသဖြင့် ဝမ်းပျက်လျှင်၊ သို့တည်းမဟုတ် အသက်ရှင် နေထိုင်မှုပုံစံ အကြောင်းရင်းများ သို့မဟုတ် စိတ်ခံစားချက်ဆိုင်ရာ

ပြဿနာများကြောင့် သွေးကြောဆိုင်ရာရောဂါများ၊ စိတ်ပိုင်းဆိုင်ရာ ရောဂါများ၊ သို့မဟုတ် ကိုယ်တွင်းအင်္ဂါနှင့်ဆိုင်သော ရောဂါများ အပါအဝင် ရောဂါအချို့ဖြစ်ပေါ်လျှင် ထိုရောဂါ အခြေအနေများ အားလုံးကို ကုသသည့် လိုက်လျောညီထွေသော အပင်များရှိ၏။ သွေးလည်ပတ်မှုကို တိုးတက်စေပြီး၊ သွေးတန့်မှုကို ဖယ်ရှားပေးသည့် အပင်များ၊ နာကျင်မှု သက်သာစေသည့်အပင်များ၊ သွေးတိတ်စေသည့် အပင်များ၊ မေ့ဆေးထုံဆေးပေးသည့် အပင်များ၊ အသားအရေကို ကုသပြီး ပုံမှန်အခြေအနေသို့ ပြန်ရောက်စေဖို့ အထောက်အကူပြုသည့် အပင်များနှင့်၊ သွေးပုပ်များကို စွန့်ပစ်ပြီး ကိုယ်ခန္ဓာမှ အဆိပ်အတောက်များကို ဖယ်ရှားပေးသည့် အပင်များရှိ၏- အတိုချုပ် အနေဖြင့်၊ ဤအပင်များသည် နေ့စဉ်အသက်တာတွင် အသုံးဝင်မှုများ ရှိ၏။ ၎င်းတို့ကို လူတို့က အသုံးပြုနိုင်ပြီး လိုအပ်လာပါက လူ့ခန္ဓာကိုယ်အတွက် ဘုရားသခင် ပြင်ဆင်ထားခြင်း ဖြစ်သည်။ ဘုရားသခင်သည် ၎င်းတို့ထဲမှ အချို့ကို လူသားအား ကံအားလျော်စွာဖြင့် ရှာဖွေတွေ့ရှိခွင့်ပေးခဲ့သော်လည်း အခြား အရာများကိုမူ ထိုသို့ရှာဖွေတွေ့ရှိရန် ဘုရားသခင် ရွေးချယ်ခဲ့သည့် လူတို့က ရှာဖွေတွေ့ရှိခဲ့ကြသည်၊ သို့မဟုတ် သူစီစဉ်ညွှန်ကြားသည့် အထူးသဘာဝဖြစ်စဉ်၏ အကျိုးဆက် တစ်ခုအဖြစ် ရှာဖွေ တွေ့ရှိခဲ့ကြလေသည်။ ဤအပင်များကို ရှာဖွေတွေ့ရှိပြီးနောက်တွင်၊ လူသားမျိုးနွယ်သည် ၎င်းတို့ကို လက်ဆင့်ကမ်းကြမည်ဖြစ်ပြီး လူများစွာတို့သည် ၎င်းတို့အကြောင်း သိလာခဲ့ကြပေလိမ့်မည်။ ထိုသို့ဖြင့် ဤအပင်များကို ဘုရားသခင်၏ ဖန်ဆင်းခြင်းသည် တန်ဖိုးနှင့် အဓိပ္ပာယ်ရှိလေသည်။ အကျဉ်းချုပ်အားဖြင့်၊ ဤအရာများ အားလုံးသည် ဘုရားသခင်ထံမှ ဖြစ်ပြီး လူသားမျိုးနွယ်၏ ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်တစ်ရပ်ကို သူဖန်ဆင်းခဲ့ချိန်တွင် ဘုရားသခင် ပြင်ဆင်ကာ စိုက်ပျိုးခဲ့ခြင်းဖြစ်၏။ ၎င်းတို့သည် မုချလိုအပ်ပေသည်။ ဘုရားသခင်၏ အတွေး လုပ်ငန်းစဉ်များသည် လူသား၏ အတွေးလုပ်ငန်းစဉ်များထက် သာ၍စေ့စပ်စုံလင် ကြသလော။ ဘုရားသခင်ပြုခဲ့သမျှကို သင်မြင်သောအခါ ဘုရားသခင်၏ လက်တွေ့ကျသောဘက်ကို သင်ခံစားမိသလော။ ဘုရားသခင်သည် လျှို့ဝှက်စွာ အလုပ်လုပ်၏။ ဤလောကသို့ လူသား မလာခဲ့သေးမီက၊ လူသားမျိုးနွယ်နှင့် သူမထိတွေ့သေးမီက ဘုရားသခင်သည် ဤအရာအားလုံးကို ဖန်ဆင်းခဲ့၏။ လူသားမျိုးနွယ်အနေနှင့် ဘုရားသခင်က ၎င်းတို့အတွက် ပြင်ဆင်ထားသော ကြွယ်ဝပြီး ပေါများသည့် ဤရုပ်ဝတ္ထုလောက၌ အစားအစာ၊ သို့မဟုတ် အဝတ်အစားနှင့် ပတ်သက်၍ စိုးရိမ်စရာ ကင်းလျက်၊ မည်သည့်အရာမျှ ချို့တဲ့နေခြင်းမရှိဘဲ ပျော်ရွှင်စွာ နေထိုင်နိုင်ဖို့အလို့ငှာ၊ အရာရာသည် စိတ်ထဲတွင်ရှိသည့် လူသားမျိုးနွယ်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်၊ လူသား၏ တည်ရှိမှုအဖို့ ၎င်းတို့၏ ရှင်သန်မှုအတွက်

စိတ်ကူးနှင့်အတူ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့သော ပတ်ဝန်းကျင်တစ်ခုတွင်၊ လူသားမျိုးနွယ်သည် ဆက်လက် မျိုးပွားကာ ရှင်သန်နိုင် ကြလေသည်။

ဘုရားသခင်၏ လုပ်ဆောင်ချက် အကြီး၊ အသေး အားလုံးထဲတွင် တန်ဖိုး သို့မဟုတ် အဓိပ္ပာယ် တစ်ခုတစ်လေ မရှိသောအရာ ရှိသလော။ သူပြုလုပ်သမျှ၌ တန်ဖိုးနှင့် အဓိပ္ပာယ်ရှိ၏။ ငါတို့၏ ဆွေးနွေးမှုကို အများပြောသည့် အကြောင်းအရာတစ်ခုဖြင့် စကြစို့။ လူများက မကြာခဏ မေးကြသည်- မည်သည့်အရာ အရင်လာသနည်း၊ ကြက်လော၊ ကြက်ဥလော။ (ကြက်ဖြစ်ပါသည်။) ကြက်အရင်လာသည်မှာ သေချာ၏။ အဘယ်ကြောင့် ကြက်အရင် လာသနည်း။ အဘယ်ကြောင့် ကြက်ဥအရင်လာ၍ မရနိုင်သနည်း။ ကြက်သည် ကြက်ဥမှ ပေါက်သည်မဟုတ်လော။ ၂၁ ရက်ကြာ ကြက်ဥကို ဝပ်ပြီးနောက် ကြက်ပေါက်၏။ ထို့နောက် ယင်းကြက်သည် ကြက်ဥများ ပိုမိုဥပြီး ထိုကြက်ဥများမှ ကြက်များ ပိုမိုများပြားစွာ ပေါက်ပြန်၏။ ထိုသို့ဆိုလျှင် ကြက်အရင်လာသလော၊ ကြက်ဥအရင် လာသလော။ သင်တို့သည် "ကြက်" ဟု တပ်အပ် သေချာမှုဖြင့် ဖြေကြ၏။ သို့သော် ဤသည်မှာ အဘယ်ကြောင့် သင်တို့၏ အဖြေဖြစ်သနည်း။ (သမ္မာကျမ်းစာက ဘုရားသခင်သည် ငှက်များနှင့် သားရဲများကို ဖန်ဆင်းခဲ့သည်ဟု ဆိုပါသည်။) ထို့ကြောင့်၊ သင်တို့၏ အဖြေသည် သမ္မာကျမ်းစာကို အခြေခံထားပေသည်။ သို့သော် သင်တို့သည် ဘုရားသခင်၏လုပ်ဆောင်မှုများနှင့် သက်ဆိုင်သော လက်တွေ့ကျသည့် အသိပညာတစ်ခုတစ်လေ ရှိသည်၊ မရှိသည်ကို ငါ မြင်နိုင်ဖို့အလို့ငှာ သင်တို့၏ ကိုယ်ပိုင် သိနားလည်မှုအကြောင်းကို ငါသင်တို့ကို ပြောပြစေချင်၏။ ယခုတွင်၊ သင်တို့၏ အဖြေနှင့် ပတ်သက်၍ သင်တို့သေချာသလော၊ မသေချာသလော။ (ဘုရားသခင်သည် ကြက်ကို ဖန်ဆင်းခဲ့ပါသည်၊ ထို့နောက် ထိုကြက်အား မျိုးပွားနိုင်စွမ်းကို ပေးခဲ့သည်၊ ယင်းမှာ ဥများဝပ်နိုင်စွမ်းကို ဆိုလိုသည်။) ဤအနက်ပြန်မှုမှာ အနည်းနှင့် အများ မှန်၏။ ကြက်အရင်လာပြီးနောက် ကြက်ဥလာပါသည်။ ဤသည်မှာ သေချာ၏။ ယင်းသည် အထူးသဖြင့် လေးနက်သော နက်နဲသည့်အရာတစ်ခု မဟုတ်သော်လည်း လောကလူတို့သည် ယင်းအား အလွန်လေးနက်သည်ဟု စဉ်းစားပြီး ထိုအရာကို ကောက်ချက်တစ်ခု ရလာခြင်းမရှိဖူးဘဲ၊ တွေးခေါ်မှုဆိုင်ရာ သဘောတရားများဖြင့် ဖြေရှင်းဖို့ ကြိုးစားကြလေသည်။ ဤသည်မှာ ၎င်းတို့အား ဘုရားသခင် ဖန်ဆင်းခဲ့သည်ကို လူတို့မသိသည့်အခါ သကဲ့သို့သာဖြစ်၏။ ၎င်းတို့သည် ဤအခြေခံစဉ်းမျဉ်းကို မသိသကဲ့သို့ ကြက်ဥအရင်လာသင့်သည်၊ သို့မဟုတ် ကြက်အရင်လာသင့်သည် ဆိုသည်ကိုလည်း ရှင်းရှင်းလင်းလင်း မသိကြချေ။ ၎င်းတို့သည် မည်သည့်အရာ အရင်လာသင့်သည်ကို

မသိသောကြောင့် ဘယ်သောအခါမျှ အဖြေရှာမရနိုင်ဖြစ်ကြ၏။ ကြက်အရင်လာသည်မှာ အတော်အတန် သဘာဝကျပါသည်။ ကြက်မတိုင်မီ ကြက်ဥရှိခဲ့ပါက၊ ယင်းသည် ပုံမှန်မဟုတ်ဘဲ ဖြစ်လိမ့်မည်။ ယင်းသည် အင်မတန် ရိုးရှင်းသော အရာဖြစ်၏- ကြက်သည် တကယ်ကို အရင်လာပါသည်။ ဤသည်မှာ အဆင့်မြင့်သော အသိပညာမလိုအပ်သည့် မေးခွန်း ဖြစ်သည်။ လူသားအနေဖြင့် မွေ့လျော်သင့်သည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အရာရာကို ဘုရားသခင် ဖန်ဆင်းခဲ့၏။ ကြက်ရှိသည်နှင့်တစ်ပြိုင်နက် ကြက်ဥက ထုံးစံအတိုင်း လိုက်လာ၏။ ယင်းမှာ အရန်သင့် ဖြေရှင်းချက်တစ်ခု မဟုတ်သလော။ ကြက်ဥကိုသာ အရင်ဖန်ဆင်းခဲ့ပါက ယင်းကိုဝပ်ရန် ကြက်လိုဦးမည် မဟုတ်လော။ ကြက်ကို တိုက်ရိုက်ဖန်ဆင်းခြင်းက များစွာပို၍ အရန်သင့်ဖြစ်သည့် ဖြေရှင်းချက် ဖြစ်သည်။ ဤနည်းအားဖြင့်၊ ကြက်သည် ဥများကို ဥနိုင်ပြီး အထဲက ကြက်ပေါက်ကလေးများကို ဥဖောက်နိုင်ကာ၊ လူတို့က စားဖို့ ကြက်ရှိကြလေသည်။ အဆင်ပြေလိုက်သည့်ဖြစ်ခြင်း။ အမှုအရာများကို ဘုရားသခင် ပြုလုပ် လုပ်ဆောင်ပုံသည် လုံးဝ ရှုပ်ထွေးခက်ခဲခြင်းမရှိဘဲ၊ သပ်ရပ်ကာ ရှင်းလင်း၏။ ကြက်ဥသည် မည်သည့်နေရာမှ လာသနည်း။ ကြက်မှလာ၏။ ကြက်မရှိဘဲ ကြက်ဥမရှိပေ။ ဘုရားသခင် ဖန်ဆင်းခဲ့သည်မှာ အသက်ရှိသော အရာတစ်ခုဖြစ်၏။ လူသားမျိုးနွယ်သည် ထိုသို့သော ရိုးရှင်းသည့်အရာများတွင် အမြဲရစ်ပတ်ငြိတွယ်လျက်နှင့် ဖြစ်နိုင်ချေ မရှိသည့် အတွေးမှားများ တစ်ပုံတစ်ခေါင်းဖြင့် အဆုံးသတ်ကြလျက်၊ အဓိပ္ပါယ်မရှိသကဲ့သို့ ရယ်ဖွယ်ဖြစ်၏။ လူသည် ကလေးဆန်လွန်းလှပါတကား။ ကြက်ဥနှင့် ကြက်တို့အကြား ဆက်နွှယ်မှုသည် ရှင်းလင်း၏- ကြက်အရင်လာသည်။ ဤသည်မှာ တိကျအမှန်ကန်ဆုံး ရှင်းပြချက်၊ နားလည်ရန် အတိကျဆုံး နည်းလမ်းနှင့် အတိကျဆုံး အဖြေဖြစ်၏။ ဤသည်မှာ မှန်ကန်၏။

မည်သည့်အကြောင်းအရာများကို ယခုပင် ငါတို့ ဆွေးနွေးကြပြီး ဖြစ်သနည်း။ လူသားမျိုးနွယ် နေထိုင်သည့် ပတ်ဝန်းကျင်နှင့် ထိုပတ်ဝန်းကျင်အတွက် ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အရာ၊ ပြီးလျှင် သူ ပြုလုပ်ခဲ့သည့် ပြင်ဆင်မှုများအကြောင်း ဆွေးနွေး ပြောဆိုခြင်းဖြင့် ငါတို့ စခဲ့ကြသည်။ သူ စီစဉ်ခဲ့သည့် အရာ၊ လူသားမျိုးနွယ်အတွက် ဘုရားသခင်ပြင်ဆင်ခဲ့သော ဖန်ဆင်းခြင်း အရာများကြား ဆက်နွှယ်မှုများနှင့် လူသားမျိုးနွယ်ကို ထိခိုက်နစ်နာစေခြင်းမှ သူ၏ ဖန်ဆင်းခြင်းအရာများကို တားဆီးဖို့ ဤဆက်နွှယ်မှုများအား ဘုရားသခင် စီစဉ်ပုံတို့ကို ငါတို့ ဆွေးနွေး ခဲ့ကြသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ၎င်းတို့၏ အမြင့်မားဆုံး အသုံးဝင်မှုဖြင့် အသုံးတော်ခံခွင့်ပေးရင်း၊ သူ၏ ဖန်ဆင်းခြင်းအတွင်းရှိ မတူညီသော အရာများစွာက လူသားမျိုးနွယ်၏ ပတ်ဝန်းကျင်အပေါ် ရှိကောင်းရှိခဲ့နိုင်သည့်

ထိခိုက်နစ်နာစေမှုကိုလည်း လျော့ပါးစေခဲ့ပြီး၊ လူသားမျိုးနွယ်ထံ အကျိုးရှိစေသည့် သဘာဝအင်အားစုများနှင့်အတူ အကျိုးရှိသော ပတ်ဝန်းကျင်တစ်ရပ်ကို ဆောင်ကြဉ်းပေးခဲ့သည်၊ ထိုသို့ဖြင့် လူသားမျိုးနွယ်အား ထိုသို့သော ပတ်ဝန်းကျင်တစ်ရပ်ကို ကျင့်သားရနိုင်စေကာ ဘဝနှင့် မျိုးပွားခြင်း သံသရာကို မှန်မှန် ဆက်လက်ဖြစ်စေလေသည်။ ထို့နောက်၊ လူ့ခန္ဓာကိုယ်က လိုအပ်သည့် အစားအစာ၊ လူသားမျိုးနွယ်၏ နေ့စဉ်အစားအသောက်အကြောင်း ငါတို့ ဆွေးနွေးပြောဆိုခဲ့ကြသည်။ ဤသည်မှာလည်း လူသားမျိုးနွယ် ရှင်သန်ရေးအတွက် လိုအပ်သည့် အခြေအနေတစ်ရပ်ဖြစ်သည်။ ဆိုလိုသည်မှာ၊ လူ့ခန္ဓာကိုယ်သည် အသက်ရှူခြင်းတစ်ခုတည်းဖြင့်၊ အာဟာရအတွက် နေရောင်မျှဖြင့်၊ သို့မဟုတ် လေဖြင့်၊ သို့တည်းမဟုတ် သင့်တော်သည့် အပူချိန်များဖြင့်သာ မရှင်သန်နိုင်ပေ။ လူသားများသည် ၎င်းတို့၏ဝမ်းများကို ဖြည့်ရန်လည်း လိုအပ်ပြီး၊ ဘုရားသခင်သည် မည်သည့်အရာကိုမျှ လျစ်လျူရှုမသွားဘဲ ၎င်းတို့ ထိုသို့လုပ်ဆောင်နိုင်ရန် လူသားမျိုးနွယ်၏ အစာ အရင်းအမြစ်များ ဖြစ်သည့် အမှုအရာများ၏ အရင်းအမြစ်များကို လူသားမျိုးနွယ် အတွက် ပြင်ဆင်ပေးခဲ့သည်။ သင်တို့သည် အင်မတန် ကြွယ်ဝကာ ပေါများသည့် ခြံထွက်ပစ္စည်းဖြစ်သည့် လူသားမျိုးနွယ်၏ အစားအသောက်အရင်းအမြစ်များကို မြင်တွေ့ပြီးသောအခါ ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် သူ၏ ဖန်ဆင်းခြင်း အရာခပ်သိမ်းတို့အတွက် ထောက်ပံ့မှုအရင်းအမြစ်ဖြစ်သည်ဟု သင်ဆိုနိုင်သလော။ အကယ်၍ ဖန်ဆင်းခြင်း အချိန်ကာလ အတောအတွင်းတွင် ဘုရားသခင်သည် သစ်ပင်များနှင့် မြက်များ သို့မဟုတ် အခြားသောသက်ရှိများ တချို့တလေကိုသာ ဖန်ဆင်းခဲ့ပါက၊ ပြီးလျှင် ဤသက်ရှိသတ္တဝါအမျိုးမျိုးနှင့် အပင်များသည် နွားများနှင့် သိုးများစားရန်အတွက်၊ သို့မဟုတ် မြင်းကျားများ၊ သမင်များနှင့် အခြားတိရစ္ဆာန် အမျိုးမျိုးအတွက်၊ ဥပမာအနေဖြင့် ခြင်္သေ့များက မြင်းကျားများနှင့် သမင်များကဲ့သို့သော အရာများကို စားဖို့ဖြစ်ပြီး၊ ကျားများက သိုးများနှင့် ဝက်များကို စားဖို့ဖြစ်သော်လည်း လူသားတို့စားရန် သင့်တော်သည့်အရာ တစ်ခုမျှပင် မရှိပါက ယင်းသည် အလုပ်ဖြစ်ခဲ့လိမ့်မည်လော။ အလုပ်ဖြစ်ခဲ့မည် မဟုတ်ပေ။ လူသားမျိုးနွယ်အနေဖြင့် အချိန်ကြာမြင့်စွာ ရှင်သန်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ လူတို့သည် သစ်ရွက်များကိုသာစားလျှင် မည်သို့ဖြစ်မည်နည်း။ အလုပ် ဖြစ်ခဲ့လိမ့်မည်လော။ လူတို့သည် သိုးများအတွက် ရည်ရွယ်ထားသော မြက်ကို စားနိုင်မည်လော။ ၎င်းတို့အနေဖြင့် အနည်းငယ်မျှသာ စမ်းကြည့်ပါက၊ ထိခိုက်ကောင်းထိခိုက်မည်မဟုတ်သော်လည်း၊ ထိုသို့သော အရာများကို အချိန်ကြာမြင့်စွာ စားပါက ၎င်းတို့၏ အစာအိမ်များသည် ယင်းကို ခံနိုင်မည်မဟုတ်သကဲ့သို့၊ လူတို့သည် ကြာကြာ အသက်ရှင်ခဲ့ကြလိမ့်မည် မဟုတ်ပေ။ တိရစ္ဆာန်များ စားနိုင်သော်လည်း

လူသားများအဖို့ အဆိပ်ရှိသည့် အရာများပင် ရှိလေသည်- တိရစ္ဆာန်များက ထိုအရာများကို အကျိုးဆက်မရှိဘဲ စားကြ၏၊ သို့သော် လူသားများအတွက်မူ ထိုသို့ မဟုတ်ပေ။ ဆိုလိုသည်မှာ ဘုရားသခင်သည် လူသားများကို ဖန်ဆင်းခဲ့၏၊ ထို့ကြောင့် လူ့ကိုယ်ခန္ဓာ၏ အခြေခံသဘောတရားများ၊ တည်ဆောက်ပုံနှင့် လူသားများ လိုအပ်သည့်အရာတို့ကို ဘုရားသခင် အသိဆုံးဖြစ်၏။ ဘုရားသခင်သည် ခန္ဓာကိုယ်၏ ပေါင်းစပ်ဖွဲ့စည်းမှု နှင့် ပါရှိသည့်အရာ၊ ယင်း၏ လိုအပ်ချက်များနှင့် လူ့ခန္ဓာကိုယ်၏ ကိုယ်တွင်းအင်္ဂါများ လည်ပတ်ခြင်းနှင့် အမျိုးမျိုးသော ဒြပ်ပစ္စည်းများကို မည်သို့ စုပ်ယူကာ ဖယ်ရှားပြီး စွန့်ထုတ်သည်ကို လုံးဝ ရှင်းလင်းပြတ်သားမှုဖြင့် သိလေသည်။ လူသားများက မသိကြ။ တစ်ခါတစ်ရံတွင် ၎င်းတို့ အမြော်အမြင်မရှိဘဲ စားကြသည်၊ သို့မဟုတ် မဆင်မခြင် မိမိတို့ဘာသာ ချက်ပြုတ်စားသောက်ကြသည်၊ ထိုသို့လုပ်ဆောင်ခြင်း လွန်ကဲလွန်းခြင်းက မညီမျှမှု ဖြစ်စေ၏။ သင်သည် သင့်အတွက် ဘုရားသခင်ပြင်ဆင်ပေးထားသည့် အရာများကို ပုံမှန်နည်းလမ်းဖြင့် စားသောက်ကာ မွေ့လျော်ပါက ကျန်းမာရေး ပြဿနာများ ရှိလိမ့်မည်မဟုတ်ပေ။ တစ်ခါတစ်ရံ သင်သည် စိတ်ဆိုးမာန်ဆိုးဖြစ်ကာ သွေးတန့်မှုကို တွေ့ကြုံ ခံစားရလျှင်ပင်၊ ဤအရာက ပြဿနာ လုံးဝမဖြစ်ပေါ်စေပေ။ သင့်အနေဖြင့် အချို့သော အပင်အမျိုးအစားကို စားရန်သာလိုပြီး သွေးတန့်နေခြင်း ပျောက်သွားလိမ့်မည်။ ဘုရားသခင်သည် ဤအရာအားလုံးအတွက် ပြင်ဆင်ထားပြီးဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏အမြင်တွင်၊ လူသားမျိုးနွယ်သည် အခြားသက်ရှိ အရာများထက် များစွာမြင့်မားပေသည်။ ဘုရားသခင်သည် အပင်အမျိုးအစားအသီးသီးအတွက် ပတ်ဝန်းကျင်တစ်ရပ်ကို ပြင်ဆင်ပေးခဲ့ပြီး၊ တိရစ္ဆာန်အမျိုးအစား အသီးသီးအတွက် အစားအစာနှင့် ပတ်ဝန်းကျင်တစ်ခုကို ပြင်ဆင်ပေးခဲ့သော်လည်း၊ လူသားမျိုးနွယ်သည် ၎င်းတို့ ပတ်ဝန်းကျင်၏ တင်းကျပ်ဆုံး လိုအပ်ချက်များရှိပြီး ထိုလိုအပ်ချက်များကို နည်းနည်းလေးမျှ လျစ်လျူရှု၍မရနိုင်ပေ။ လျစ်လျူရှုမိခဲ့ပါက၊ လူသားမျိုးနွယ်သည် ပုံမှန်နည်းလမ်းဖြင့် ကြီးထွားတိုးတက်ခြင်း၊ အသက်ရှင်ခြင်းနှင့် မျိုးပွားခြင်းတို့ကို ဆက်လက်လုပ်နိုင်ခဲ့မည် မဟုတ်ပေ။ ဤအရာကို သူ၏ စိတ်နှလုံးထဲတွင် အသိဆုံးသောသူမှာ ဘုရားသခင် ဖြစ်၏။ ဤအရာကို ဘုရားသခင် လုပ်ဆောင်ခဲ့ချိန်တွင်၊ သူသည် အခြားမည်သည့်အရာမဆိုထက် ထိုအရာအပေါ် သာ၍ အလေးထားခဲ့၏။ သင့်ဘဝတွင် သင်မြင်နိုင်ပြီး မွေ့လျော်နိုင်သည့် သာမညောင်ည အရာတစ်ချို့ သို့မဟုတ် မွေးကတည်းက သင်၌ရှိခဲ့ပြီးဖြစ်သည့် သင်မြင်ကာ မွေ့လျော်သော အရာတစ်ခု၏ အရေးပါမှုကို သင့်အနေဖြင့် သတိပြုမိနိုင်ခြင်း ရှိကောင်း ရှိလိမ့်မည်မဟုတ်သော်လည်း၊ ဘုရားသခင်သည် သင့်အတွက် အချိန်ကြာမြင့်စွာက သို့မဟုတ်

တိတ်တဆိတ်ဖြင့် ပြင်ဆင်မှုများ ပြုလုပ်ထားနှင့်ပြီးဖြစ်သည်။ တတ်နိုင်သမျှ အကြီးမားဆုံး အတိုင်းအတာအထိ၊ ဘုရားသခင်သည် လူသားမျိုးနွယ်အဖို့ မသင့်လျော်သကဲ့သို့ လူ့ကိုယ်ခန္ဓာကို အန္တရာယ်ဖြစ်စေကောင်း ဖြစ်စေနိုင်မည့် အပျက်သဘောဆောင်သော အရာအားလုံးကို ဖယ်ရှား၍ လျော့ပါးစေပြီးဖြစ်၏။ ဤအရာက မည်သည့်အရာကို ပြသနည်း။ ယင်းက ယခုအချိန်ကာလ လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ချိန်က ၎င်းတို့အပေါ် ဘုရားသခင် ထားရှိခဲ့သည့် သဘောထားကို ပြပါသလော။ ထိုသဘောထားမှာ အဘယ်နည်း။ ဘုရားသခင်၏သဘောထားမှာ ဂရုတစိုက်ရှိပြီး လေးနက်၏၊ ပြီးလျှင် ထိုသဘောထားသည် မည်သည့်ရန်သူ အင်အားစုများမဆို၊ ပြင်ပ အရာများ သို့မဟုတ် သူနှင့်သက်ဆိုင်ခြင်း မရှိသော အခြေအနေများ၏ မည်သည့်နှောင့်ယှက်မှုကိုမျှ သည်းမခံခဲ့ပေ။ ဤတွင် ယခုအချိန်ကာလ လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းနှင့် စီမံခန့်ခွဲခြင်းထဲက ဘုရားသခင်၏သဘောထားကို မြင်နိုင်ပေသည်။ ပြီးလျှင် ဘုရားသခင်၏သဘောထားမှာ အဘယ်နည်း။ လူသားမျိုးနွယ် မွေ့လျော်သည့် ရှင်သန်မှုနှင့် ဘဝအတွက် ပတ်ဝန်းကျင်မှတစ်ဆင့်အပြင်၊ ၎င်းတို့၏နေ့စဉ် အစားအသောက်နှင့်နေ့စဉ်လိုအပ်ချက်များတွင် လူကို ဘုရားသခင်သည် ဖန်ဆင်းခဲ့သည့် အချိန်ကတည်းက လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ တာဝန်ယူသော သဘောထား အပြင်၊ ယခုအချိန်ကာလ လူသားမျိုးနွယ်ကို ကယ်တင်ရန် သူ၏ စိတ်ပိုင်းဖြတ်မှုကို ငါတို့တွေ့နိုင်၏။ ဤအရာများတွင် ဘုရားသခင်၏ စစ်မှန်မှုကို မြင်နိုင်သလော။ သူ၏ အံ့သြဖွယ်ရာဖြစ်ခြင်းကို မြင်နိုင်သလော။ သူ၏ မတွေးတတ်အောင် နက်နဲမှုကို မြင်နိုင်သလော။ သူ၏ အနန္တတန်ခိုးကို မြင်နိုင်သလော။ ဘုရားသခင်သည် လူသားမျိုးနွယ် တစ်ရပ်လုံးကို ထောက်ပံ့ရန်အပြင် သူ၏ ဖန်ဆင်းခြင်း အရာခပ်သိမ်းကို ထောက်ပံ့ခြင်းအဖို့ သူ၏အမြော်အမြင်ရှိပြီး တန်ခိုးကြီးမားသော နည်းလမ်းများကို အသုံးပြုလေသည်။ ယခု သင်တို့ကို အလွန်များစွာ ငါ ပြောပြီးဖြစ်သည်၊ ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏ဟု သင်တို့ပြောနိုင်သလော။ (ပြောနိုင်ပါသည်။) ယင်းမှာ သေချာပေါက် ထိုသို့ဖြစ်၏။ သင်တို့၌ သံသယတစ်ခုတစ်လေ ရှိသလော။ (မရှိပါ။) ဘုရားသခင်သည် အရာခပ်သိမ်းကို တည်ရှိကာ အသက်ရှင်စေနိုင်ပြီး၊ မျိုးပွားကာ ဆက်လက်ရှင်သန်စေနိုင်သည့် ထောက်ပံ့မှု၏ အရင်းအမြစ်ဖြစ်ပြီး ဘုရားသခင်ကိုယ်တိုင်မှတစ်ပါး အရင်းအမြစ် မရှိသောကြောင့်၊ ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်သည်ကိုပြရန် အရာခပ်သိမ်းအတွက် ဘုရားသခင်၏ ထောက်ပံ့မှုသည် လုံလောက်ပေသည်။ လူတို့၏ အခြေခံအကျဆုံး ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များဖြစ်စေ၊ ၎င်းတို့၏ နေ့စဉ်ဘဝလိုအပ်ချက်များဖြစ်စေ၊ သို့မဟုတ် လူတို့၏ဝိညာဉ်များကို သူထောက်ပံ့ပေးသည့်

သမ္မာတရား လိုအပ်မှုဖြစ်စေ ဘုရားသခင်သည် အရာခပ်သိမ်း၏ လိုအပ်ချက် အားလုံးနှင့် လူသားမျိုးနွယ်၏ လိုအပ်ချက်အားလုံးကို ထောက်ပံ့ ပေး၏။ နည်းလမ်းအားလုံးဖြင့်၊ လူသားရှုထောင့်မှ ဘုရားသခင်၏ ပင်ကိုလက္ခဏာနှင့် သူ၏ အဆင့်အတန်းကို ကြည့်သည်တွင်၊ ဘုရားသခင်ကိုယ်တိုင်သာလျှင် အရာခပ်သိမ်းအတွက် အသက် အရင်းအမြစ်ဖြစ်၏။ ဤသည်မှာ မှန်သလော။ (မှန်ပါသည်။) ဆိုလိုသည်မှာ ဘုရားသခင်သည် လူတို့အနေနှင့် မြင်နိုင်ကာ ခံစားနိုင်သော ဤရုပ်ဝတ္ထုလောက၏ အုပ်စိုးသူ၊ အရှင်သခင်နှင့် ထောက်ပံ့သူဖြစ်၏။ လူသားမျိုးနွယ် အတွက် ဤသည်မှာ ဘုရားသခင်၏ ပင်ကိုလက္ခဏာ မဟုတ်လော။ ဤတွင် အခြားအရာ တစ်ခုမျှမရှိပေ။ ထို့ကြောင့် ကောင်းကင်၌ ငှက်များပျံသန်းနေသည်ကို သင်တွေ့သည့်အခါ၊ ဘုရားသခင်သည် ပျံသန်းနိုင်သော အရာများအားလုံး ဖန်ဆင်းခဲ့သည်ကို သင်သိသင့်သည်။ ရေထဲ၌ ကူးခပ်ကြသော သက်ရှိသတ္တဝါများရှိပြီး ၎င်းတို့သည် မိမိတို့၏ ကိုယ်ပိုင် ရှင်သန်မှု နည်းလမ်းများ ရှိကြ၏။ မြေကြီးထဲတွင် အသက်ရှင်ကြသည့် သစ်ပင်များနှင့် အပင်များသည် နွေဦးရာသီတွင် အဖူးထွက်ပြီး ပေါက်ကာ၊ ဆောင်းဦးရာသီတွင် အသီးသီးပြီး ရွက်ဟောင်းခြွေသည်၊ ပြီးလျှင် ဆောင်းရာသီ အရောက်တွင် ထိုအပင်များသည် ဆောင်းရာသီကို ကျော်လွှား လွန်မြောက်ဖို့ ပြင်ဆင်ကြသည်နှင့်အမျှ အရွက်အားလုံး ကြွေကျကုန်လေသည်။ ယင်းမှာ ၎င်းတို့၏ ကိုယ်ပိုင် ရှင်သန်မှု နည်းလမ်းဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီး အသီးသီးသည် ကွဲပြားသော ပုံစံများနှင့် ကွဲပြားသော နည်းလမ်းများဖြင့် အသက်ရှင်ကြကာ ၎င်း၏အသက်ခွန်အားနှင့် ၎င်းရှင်သန်သည့် ပုံသဏ္ဍာန်ကို ပြသရန် ကွဲပြားသည့် နည်းလမ်းများကို အသုံးပြုကြ၏။ အသက်ရှင်ခြင်းနှင့်ပတ်သက်၍ သတ္တဝါများ မည်သို့လုပ်ဆောင်သည်ဖြစ်စေ၊ ၎င်းတို့အားလုံးသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် ရှိကြ၏။ ကွဲပြားသော ဇီဝပုံစံများနှင့် သက်ရှိအရာအားလုံးအပေါ် ဘုရားသခင် အုပ်စိုးခြင်း ရည်ရွယ်ချက်မှာ အဘယ်နည်း။ ယင်းသည် လူသားမျိုးနွယ်၏ ရှင်သန်မှုအတွက်လော။ (ဟုတ်ပါသည်။) သူသည် လူသားမျိုးနွယ် ရှင်သန်ရေးအတွက် ဘဝနိယာမအားလုံးကို ထိန်းချုပ်၏။ ဤအရာက လူသားမျိုးနွယ်၏ ရှင်သန်မှုသည် ဘုရားသခင်အတွက် မည်မျှ အရေးကြီးသည်ကိုသာ ပြလေသည်။

လူသားမျိုးနွယ်၏ ပုံမှန် ရှင်သန်ပြီး မျိုးပွားနိုင်စွမ်းသည် ဘုရားသခင်အဖို့ အဆုံးစွန် အရေးကြီးသောအရာ ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်သည် လူသားမျိုးနွယ်နှင့် သူ၏ ဖန်ဆင်းခြင်း အရာခပ်သိမ်းကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးနေပေသည်။ သူသည် ကွဲပြားသောနည်းလမ်းများဖြင့် အရာခပ်သိမ်းကို ထောက်ပံ့ပေးပြီး အရာခပ်သိမ်း၏

ရှင်သန်မှုကို ထိန်းသိမ်းခြင်းဖြင့်၊ လူသားမျိုးနွယ်၏ ပုံမှန် ရှင်သန်မှုကို ထိန်းပေးရင်း လူသားမျိုးနွယ်ကို ရှေ့ဆက် လှမ်းနိုင်စေသည်။ ဤသည်တို့မှာ ငါတို့ ယနေ့ မိတ်သဟာယပြုသည့် ကဏ္ဍနှစ်ခုဖြစ်သည်။ ဤကဏ္ဍနှစ်ခုမှာ မည်သည်တို့ဖြစ်သနည်း။ (ကြီးမားသောရှုထောင့်မှဆိုလျှင်၊ ဘုရားသခင်သည် လူသား အသက်ရှင်သည့် ပတ်ဝန်းကျင်ကို ဖန်ဆင်းခဲ့၏။ ယင်းသည် ပထမကဏ္ဍဖြစ်သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်က လိုအပ်ပြီး မြင်နိုင်၊ ထိတွေ့နိုင်သည့် ဤရုပ်ဝတ္ထုပစ္စည်းများကိုလည်း ပြင်ဆင်ခဲ့၏။) ဤကဏ္ဍနှစ်ခု မှတဆင့် ငါတို့သည် ငါတို့၏ အဓိကအကြောင်းအရာကို ဆွေးနွေးပြီး ဖြစ်သည်။ ငါတို့၏ အဓိက အကြောင်းအရာမှာ အဘယ်အရာနည်း။ (ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏။) ဤခေါင်းစဉ်နှင့် ပတ်သက်၍ ငါ၏ မိတ်သဟာယတွင် ထိုသို့သော အကြောင်းအရာများ အဘယ်ကြောင့် ရှိခဲ့သည်ကို သိနားလည်မှုအချို့ သင်တို့ ယခု ရှိသင့်ကြ၏။ အဓိက အကြောင်းအရာနှင့် ဆက်စပ်မှုမရှိသော ဆွေးနွေးမှု တစ်ခုတစ်လေ ရှိလေပြီလော။ လုံးဝ မရှိပါ။ ဤအရာတို့ကို ကြားပြီးနောက် သင်တို့ထဲမှ အချို့သည် သိနားလည်မှု အချို့ရရှိပြီး ဤနှုတ်ကပတ်တော်များသည် သြဇာသက်ရောက်မှုရှိသည်၊ ၎င်းတို့သည် အလွန်အရေးကြီးသည်ဟု ယခု ထင်ကောင်း ထင်ကြလိမ့်မည်ဖြစ်သော်လည်း အခြားသူများသည် တိုက်ရိုက် နားလည်မှု အချို့သာရှိပြီး ဤနှုတ်ကပတ်တော်များသည် ၎င်းတို့ အထဲနှင့် ၎င်းတို့ကိုယ်၌က အရေးမကြီးဟု ထင်ကောင်း ထင်ကြပေမည်။ လက်ရှိအခိုက်အတန့်တွင် သင်တို့ ဤအရာကို မည်သို့နားလည်သည်ဖြစ်စေ သင်တို့၏ အတွေ့အကြုံသည် တစ်နေ့နေ့ကို ခရီးပေါက်သည့်အချိန်၊ သင်တို့၏သိနားလည်မှုသည် အဆင့်တစ်ခုခုသို့ ရောက်သည့်အချိန်၊ ဆိုလိုသည်မှာ ဘုရားသခင်၏ လုပ်ဆောင်မှုများနှင့် ဘုရားသခင် ကိုယ်တိုင်နှင့်သက်ဆိုင်သော သင်တို့၏အသိပညာက အဆင့်တစ်ခုခုသို့ ရောက်ရှိသည့်အချိန်တွင်၊ သင်တို့သည် ဘုရားသခင်၏ လုပ်ဆောင်မှုများအဖို့ လေးနက်ပြီး ရိုးသားစစ်မှန်သော သက်သေခံချက်တစ်ခုကို ပေးရန် သင်တို့ ကိုယ်တိုင်၏ လက်တွေ့ကျသောစကားများကို အသုံးပြုကြလိမ့်မည်။

သင်တို့၏ လက်ရှိသိနားလည်မှုသည် အတော်အတန် အပေါ်ယံဖြစ်ပြီး တိုက်ရိုက်ဖြစ်သည်ဟု ငါထင်၏၊ သို့သော် ငါ၏ ကဏ္ဍနှစ်ခု မိတ်သဟာယကို ကြားရင်းဖြင့်၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ထောက်ပံ့ရန် မည်သည့်နည်းများ အသုံးပြုသည်၊ သို့မဟုတ် လူသားမျိုးနွယ်ကို မည်သည့်အရာများ ဘုရားသခင် ထောက်ပံ့သည်ကို အနည်းဆုံး သင်တို့သတိပြုမိနိုင်ကြသလော။ သင်တို့၌ အခြေခံယူဆချက်တစ်ရပ်၊ အခြေခံ

သိနားလည်မှုတစ်ရပ် ရှိသလော။ (ရှိပါ၏။) သို့သော် ငါဆွေးနွေးခဲ့သည့် ဤကဏ္ဍနှစ်ခုသည် သမ္မာကျမ်းစာနှင့် ဆက်နွယ်မှုရှိသလော။ (မရှိပါ။) ၎င်းတို့သည် နိုင်ငံတော်ခေတ်တွင် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့နှင့် ဆက်နွယ်မှုရှိသလော။ (မရှိပါ။) ထိုသို့ဆိုလျှင် ငါသည် ထိုအရာများနှင့်ပတ်သက်၍ အဘယ်ကြောင့် ဆွေးနွေးခဲ့သနည်း။ ယင်းမှာ ဘုရားသခင်ကို သိဖို့ ထိုအရာများကို လူတို့နားလည်ရမည်ဖြစ်သောကြောင့်လော။ (ဟုတ်ပါသည်။) ဤအရာများကိုသိရန် အလွန်လိုအပ်ပြီး ၎င်းတို့ကို နားလည်ရန်လည်း အလွန်လိုအပ်သည်။ ဘုရားသခင်ကို အလုံးစုံ သိနားလည်ဖို့ သင်တို့ကြိုးစားကြသည်နှင့်အမျှ၊ သင့်ကိုယ်သင် သမ္မာကျမ်းစာနှင့် မကန့်သတ်နှင့်၊ ပြီးလျှင် လူသားနှင့်သက်ဆိုင်သော ဘုရားသခင်၏ တရားစီရင်ခြင်း၊ ပြစ်တင်ဆုံးမခြင်းတို့နှင့် သင့်ကိုယ်သင် မကန့်သတ်နှင့်။ ဤအရာ ပြောဆိုရာတွင် ငါ၏ရည်ရွယ်ချက်မှာ အဘယ်နည်း။ ယင်းမှာ ဘုရားသခင်သည် သူ့ရွေးချယ်ခံလူတို့၏ ဘုရားသခင်သာမဟုတ်သည်ကို လူတို့အား သိခွင့်ပေးဖို့ ဖြစ်သည်။ သင်သည် လောလောဆယ် ဘုရားသခင်နောက်သို့ လိုက်ပြီး၊ သူသည် သင်၏ဘုရားသခင်ဖြစ်သော်လည်း သူ့နောက်သို့ မလိုက်သော သူတို့၏ ဘုရားသခင် ဖြစ်သလော။ ဘုရားသခင်သည် သူ့နောက်သို့ မလိုက်သောသူတို့အားလုံး၏ ဘုရားသခင်လော။ ဘုရားသခင်သည် အရာခပ်သိမ်း၏ ဘုရားသခင်လော။ (ဟုတ်ပါသည်။) သို့ဖြစ်လျှင် ဘုရားသခင်၏အမှုနှင့် လုပ်ဆောင်ချက်များသည် နယ်ပယ်အရ သူ့နောက်လိုက်သောသူတို့ထိမျှသာ ကန့်သတ်ပါသလော။ (မကန့်သတ်ပါ။) သူ၏အမှုနှင့် လုပ်ဆောင်ချက်များ၏ နယ်ပယ်မှာ အဘယ်နည်း။ အနည်းဆုံးအနေဖြင့်၊ သူ၏ အမှုနှင့် လုပ်ဆောင်ချက်များ၏ နယ်ပယ်မှာ လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် ဖန်ဆင်းခြင်း အရာအားလုံးကို ခြုံငုံပေသည်။ အများဆုံးအနေဖြင့်၊ ယင်းသည် လူတို့ မမြင်နိုင်သည့် စကြဝဠာတစ်ခုလုံးကို ခြုံငုံ၏။ ထို့ကြောင့် ဘုရားသခင်သည် လူသားမျိုးနွယ်အားလုံးကြားတွင် သူ၏အမှုကို လုပ်ဆောင်ပြီး သူ၏လုပ်ဆောင်မှုများကို ဆောင်ရွက်ကာ၊ ဤအရာသည် ဘုရားသခင်ကို သူ၏ အလုံးစုံဖြင့် လူတို့သိလာဖို့ အခွင့်ပေးရန် လုံလောက်ပေသည်။ သင်သည် ဘုရားသခင်ကို သိချင်ပါက၊ သူ့ကို အမှန်တကယ် သိကျွမ်းလိုပါက၊ သူ့ကို အမှန်တကယ် နားလည်လိုပါက၊ သင့်ကိုယ်သင် ဘုရားသခင်၏ အမှုအဆင့်သုံးဆင့်နှင့်သာ သို့မဟုတ် အတိတ်က သူ ဆောင်ရွက်ခဲ့သည့် အမှုဇာတ်ကြောင်းများနှင့်သာ မကန့်သတ်လေနှင့်။ သင်သည် သူ့ကို ထိုနည်းဖြင့် သိရန်ကြိုးစားပါက သင်သည် ဘုရားသခင်အား ကန့်သတ်ချက်များ ထားရှိနေခြင်း၊ သူ့ကို ဘောင်ခတ်နေခြင်းဖြစ်သည်။ သင်သည် ဘုရားသခင်အား အလွန်သေးနုပ်သော အရာတစ်ခုအဖြစ် မြင်နေခြင်းဖြစ်သည်။ ထိုသို့

လုပ်ဆောင်ခြင်းက လူတို့ကို မည်သို့ ထိခိုက်မည်နည်း။ သင်သည် ဘုရားသခင်၏ အံ့ဩဖွယ်ရာကောင်းခြင်းနှင့် သာလွန်မှုတို့ကို မည်သည့်အခါမျှ သိနိုင်မည် မဟုတ်သကဲ့သို့ သူ၏တန်ခိုး၊ အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်းနှင့် သူ၏ ဩဇာအာဏာ အတိုင်းအတာတို့ကိုလည်း မည်သည့်အခါမျှ သိနိုင်မည်မဟုတ်ပေ။ ထိုသို့သော သိနားလည်မှုတစ်ရပ်သည် ဘုရားသခင်မှာ အရာခပ်သိမ်း၏ အုပ်စိုးရှင်ဖြစ်သည်ဆိုသည့် သမ္မာတရားအား သင်၏လက်ခံနိုင်စွမ်းအပြင် ဘုရားသခင်၏ စစ်မှန်သော ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းတို့နှင့်ဆိုင်သည့် သင်၏ အသိပညာအပေါ် သက်ရောက်မှုတစ်ခု ရှိလိမ့်မည်။ တစ်နည်းအားဖြင့်၊ ဘုရားသခင်ကို သင်၏သိနားလည်ခြင်းသည် အတိုင်းအတာအားဖြင့် အကန့်အသတ်ရှိပါက၊ သင်ရရှိနိုင်သည့် အရာသည်လည်း အကန့်အသတ်ရှိ၏။ ဤသည်မှာ သင့်အနေဖြင့် သင်၏အတိုင်းအတာကို ချဲ့ထွင်ကာ သင်၏နယ်ပယ်ကို တိုးချဲ့ရမည့် အကြောင်းရင်း ဖြစ်သည်။ ဘုရားအမှု၏ နယ်ပယ်၊ သူ၏ စီမံခန့်ခွဲမှု၊ သူ၏အုပ်စိုးမှုနှင့် သူ စီမံခန့်ခွဲသည့် အရာအားလုံးနှင့် သူ အုပ်စိုးသည့် အရာများ- ထိုအရာအားလုံးကို သင် နားလည်ဖို့ ကြိုးစားသင့်၏။ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို သင် သိလာသင့်သည်မှာ ဤအရာများမှတဆင့် ဖြစ်သည်။ ထိုသို့သော နားလည်မှုတစ်ခုဖြင့်၊ ၎င်းတို့ကြားတွင် ဘုရားသခင်က အရာခပ်သိမ်းကို အုပ်စိုးသည်၊ စီမံခန့်ခွဲပြီး ထောက်ပံ့သည်ကို မရည်ရွယ်ဘဲ သင်ခံစားလာ ရလိမ့်မည်ဖြစ်ပြီး၊ သင်သည် အရာခပ်သိမ်း၏ အစိတ်အပိုင်း တစ်ရပ်နှင့် အဖွဲ့ဝင်တစ်ဦးဖြစ်သည်ကိုလည်း အမှန်တကယ် ခံစားရလိမ့်မည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ထောက်ပံ့ပေးသည်နှင့်အမျှ၊ သင်သည်လည်း ဘုရားသခင်၏ အုပ်စိုးမှုနှင့် ထောက်ပံ့မှုကို လက်ခံလျက်ရှိပေသည်။ ဤသည်မှာ မည်သူမျှမငြင်းနိုင်သည့် အမှန်တရားဖြစ်သည်။ အရာခပ်သိမ်းသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်၌ ၎င်းတို့၏ ကိုယ်ပိုင် နိယာမများကို လိုက်နာရပြီး၊ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင်၊ အရာခပ်သိမ်းသည် ရှင်သန်မှုအတွက် မိမိတို့ကိုယ်ပိုင် စည်းမျဉ်းများ ရှိကြလေသည်။ လူသားမျိုးနွယ်၏ ကံကြမ္မာနှင့် လိုအပ်ချက်များ သည်လည်း ဘုရားသခင်၏အုပ်စိုးမှုနှင့် ထောက်ပံ့မှုတို့ဖြင့် အတူတကွ ဆက်နွှယ်၏။ ယင်းမှာ ဘုရားသခင်၏စိုးမိုးမှုနှင့် အုပ်စိုးမှု အောက်တွင် လူသားမျိုးနွယ်နှင့် အရာခပ်သိမ်းတို့သည် ဆက်နွှယ်ကြသည်၊ တစ်ဦးကိုတစ်ဦး အမှီပြုကြပြီး ကံတူ အကျိုးပေးတူကြသည့် အကြောင်းရင်း ဖြစ်သည်။ ဤသည်မှာ အရာခပ်သိမ်းကို ဘုရားသခင်ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်နှင့် တန်ဖိုးဖြစ်၏။ ဤအရာကို ယခုနားလည်ကြပြီလော။ သို့ဆိုလျှင် ယနေ့ မိတ်သဟာယပြုချက်ကို ထိုအရာနှင့်အတူ အဆုံးသတ်ကြစို့။ နှုတ်ဆက်ပါသည်။ (ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။)

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၉)

## ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏ (၃)

ဤအချိန်ကာလအတွင်းတွင် ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် ဆက်နွှယ်သည့် အမှုအရာများစွာအကြောင်း ငါတို့ ပြောဆိုပြီးဖြစ်ကာ၊ လတ်တလောတွင် ဤအရာနှင့်ဆက်နွှယ်ပြီး အလွန်အရေးကြီးသည့် အကြောင်းအရာ တစ်ခုကို ငါတို့ ပြောခဲ့သည်။ အကြောင်းအရာမှာ မည်သည့်အရာဖြစ်သနည်း။ (ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏။) ငါပြောခဲ့သည့် အချက်များနှင့် ခေါင်းစဉ်က အယောက်တိုင်းအပေါ် သိသာသည့် ထင်မြင်ချက်တစ်ခု ပေးခဲ့ပုံရသည်။ ပြီးခဲ့သည့်အခေါက်က လူသားမျိုးနွယ်အတွက် ဘုရားသခင် ဖန်ဆင်းခဲ့သည့် ရှင်သန်မှုအတွက် ပတ်ဝန်းကျင်၏ လက္ခဏာသွင်ပြင် အနည်းငယ်နှင့် လူသားမျိုးနွယ်အတွက် ဘုရားသခင် ပြင်ဆင်ထားပြီးဖြစ်သည့် လူတို့အတွက် အသက်ရှင်ဖို့ အာဟာရအမျိုးအစား များစွာအကြောင်းကို ငါတို့ ပြောခဲ့ကြသည်။ အမှန်တွင် ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အရာသည် လူတို့၏ ရှင်သန်ခြင်းအတွက် ပတ်ဝန်းကျင်တစ်ခု ပြင်ဆင်ပေးခြင်းအထိ ကန့်သတ် မထားသကဲ့သို့၊ ၎င်းတို့၏ နေ့စဉ်အာဟာရကို ပြင်ဆင်ပေးခြင်း အထိသာ ကန့်သတ်ထားခြင်းလည်း မဟုတ်ပေ။ ယင်းထက် လူတို့၏ ရှင်သန်ခြင်းနှင့် လူသားမျိုးနွယ်၏ အသက်တာများ အတွက် အမျိုးမျိုးသော ရှုထောင့်များနှင့် လက္ခဏာသွင်ပြင်များစွာ ပါဝင်သော နက်နဲပြီး လိုအပ်သည့် အမှုများစွာ ပြည့်စုံစေခြင်း ပါရှိလေသည်။ ဤအရာအားလုံးသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များဖြစ်သည်။ ဘုရားသခင်၏ ဤလုပ်ဆောင်ချက်များသည် လူတို့၏ ရှင်သန်ခြင်းနှင့် ၎င်းတို့၏ နေ့စဉ်အာဟာရအတွက် ပတ်ဝန်းကျင်တစ်ခု ပြင်ဆင် ပေးခြင်းတွင်သာ ကန့်သတ်မထားပေ- ယင်းတို့သည် ထို့ထက်ပို၍ များစွာ ကျယ်ပြန့်သည့် နယ်ပယ်တစ်ခုရှိသည်။ ဤအမှုနှစ်မျိုးမှအပ၊ လူသားအတွက် အသက်ရှင်ဖို့ လိုအပ်သည့် ရှင်သန်ခြင်းအတွက် ပတ်ဝန်းကျင်များနှင့် အခြေအနေ များစွာကိုလည်း သူ ပြင်ဆင်ပေးလေသည်။ ဤသည်မှာ ယနေ့ ငါတို့ဆွေးနွေးမည့် အကြောင်းအရာ ဖြစ်သည်။ ယင်းသည် ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့်လည်း ဆက်နွှယ်မှု ရှိသည်။ သို့မဟုတ်ပါက ယင်းအကြောင်းကို

ဤနေရာတွင် ပြောဆိုခြင်းသည် အဓိပ္ပာယ်မရှိဖြစ်ပေမည်။ လူတို့သည် ဘုရားသခင်ကို သိချင်သော်လည်း၊ စကားလုံးတစ်လုံးအဖြစ် "ဘုရားသခင်" နှင့်သက်ဆိုင်သည့် တိုက်ရိုက် သိမြင်နားလည်မှု တစ်ခုသာ ရှိပါက၊ သို့မဟုတ် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်း၏ အမျိုးမျိုးသော လက္ခဏာသွင်ပြင်များနှင့်ဆိုင်သည့် တိုက်ရိုက် သိနားလည်မှုတစ်ခုသာ ရှိပါက၊ ယင်းမှာ စစ်မှန်သည့် သိနားလည်မှု မဟုတ်ပေ။ သို့ဆိုလျှင် ဘုရားသခင်နှင့် သက်ဆိုင်သည့် အသိပညာဆီသို့ သွားသည့် လမ်းကြောင်းမှာ မည်သည့်အရာဖြစ်သနည်း။ ယင်းမှာ သူ၏လုပ်ဆောင်ချက်များ မှတစ်ဆင့် သူ့ကို သိကျွမ်းလာခြင်းနှင့် သူ၏လက္ခဏာသွင်ပြင် များစွာအားလုံးဖြင့် သူ့ကို သိကျွမ်းလာခြင်း ဖြစ်သည်။ ထို့ကြောင့် အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့ချိန် ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့်ဆိုင်သည့် အကြောင်းအရာ အပေါ် ငါတို့ နောက်ထပ် မိတ်သဟာယ ပြုရမည်ဖြစ်သည်။

အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့ကတည်းက၊ ထိုအရာအားလုံးသည် စနစ်ကျသည့် နည်းလမ်းနှင့် သူ ပြဋ္ဌာန်းထားသည့် နိယာမများနှင့်အညီ လည်ပတ်နေကြပြီး ဆက်လက် တိုးတက်နေကြပြီးဖြစ်သည်။ သူ၏ အကြည့်အောက်တွင်၊ သူ၏ အုပ်စိုးမှုအောက်တွင်၊ လူသားမျိုးနွယ်သည် ရှင်သန်ပြီးဖြစ်ကာ တစ်လျှောက်လုံးတွင် အရာခပ်သိမ်းသည် စနစ်ကျသည့် နည်းလမ်းဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး ဖြစ်သည်။ ဤနိယာမများကို ပြောင်းလဲနိုင်သည့်အရာ သို့မဟုတ် ဖျက်ဆီးနိုင်သည့်အရာ မည်သည့်အရာမျှ မရှိပေ။ သတ္တဝါအားလုံး ပွားများနိုင်သည်မှာ ဘုရားသခင်၏ အုပ်စိုးမှုကြောင့် ဖြစ်ပြီး သတ္တဝါအားလုံး ရှင်သန်နိုင်သည်မှာ သူ၏ အုပ်စိုးမှုနှင့် စီမံခန့်ခွဲမှုကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် သတ္တဝါအားလုံး ဖြစ်တည်လာသည်၊ ရှင်သန်သည်၊ ပျောက်ကွယ်ကာ အစီအစဉ်တကျပုံစံဖြင့် ပြန်ဝင်စား ကြလေသည်။ နွေဦးရာသီ ရောက်သည့်အခါတွင်၊ ဖွဲဖွဲရွာနေသည့် မိုးက လတ်ဆတ်သည့် ရာသီနှင့်ဆိုင်သော ခံစားချက်ကို ဆောင်ကြဉ်းလာပြီး ကမ္ဘာမြေကို စွတ်စိုစေသည်။ မြေပြင်သည် စတင်ပျော့ပျောင်းလာကာ မြက်ပင်များက မြေဆီလွှာကို ဖြတ်သန်းထိုးတက်ကာ အညှောင့်စထွက်စဉ်တွင်၊ သစ်ပင်များက တဖြည်းဖြည်း အစိမ်းရောင် သန်းလာကြသည်။ ဤသက်ရှိအရာ အားလုံးက ကမ္ဘာမြေကြီးဆီသို့ လတ်ဆတ်သည့် ရှင်သန်တက်ကြွမှု ဆောင်ကြဉ်းလာသည်။ ဤသည်မှာ သတ္တဝါအားလုံး ဖြစ်တည်လာပြီး ရှင်သန်လာနေချိန်ကဲ့သို့ပင် ဖြစ်သည်။ တိရစ္ဆာန်မျိုးစုံသည် နွေဦး၏ နွေးထွေးမှုကို ခံစားပြီး နှစ်သစ်တစ်ခုကို စတင်ရန် ၎င်းတို့၏ တွင်းများထဲမှ ထွက်လာကြသည်။ သက်ရှိသတ္တဝါ အားလုံးသည် နွေရာသီအတွင်းတွင် နေပူစာလှုံကြပြီး ရာသီဥတုက သယ်ဆောင် လာသည့် နွေးထွေးမှုကို နှစ်သက်ခံစားကြသည်။ ၎င်းတို့ လျင်မြန်စွာ

ကြီးထွားကြသည်။ သစ်ပင်များ၊ မြက်ပင်များနှင့် အပင်အမျိုးအစား အားလုံးသည် အလွန် လျင်မြန်သည့်နှုန်းဖြင့် ကြီးထွားနေကြသည်မှာ နောက်ဆုံးတွင် ဖူးပွင့်ကာ အသီးသီးကြသည်အထိ ဖြစ်သည်။ လူသားတို့ အပါအဝင် သက်ရှိသတ္တဝါအားလုံးသည် နွေရာသီအတွင်းတွင် အလွန်အလုပ်များကြသည်။ ဆောင်းဦးရာသီတွင်၊ မိုးသည် ဆောင်းဦးရာသီ၏ အေးမြမှုကို သယ်ဆောင်လာပြီး သက်ရှိသတ္တဝါ အမျိုးအစားအားလုံးသည် ရိတ်သိမ်းခြင်း ရာသီ ရောက်ရှိခြင်းကို စတင်ခံစားကြရသည်။ အရာအားလုံးသည် အသီးသီးကြပြီး၊ ဆောင်းရာသီအတွက် ပြင်ဆင်ရာတွင် အစားအစာရှိရန်အလို့ငှာ လူသားတို့သည် ဤအသီးအနှံ အမျိုးအစား အမျိုးမျိုးကို စတင်ရိတ်သိမ်း ကြသည်။ ဆောင်းရာသီတွင် အရာအားလုံးသည် အေးမြသည့်ရာသီ စတင်လာသည်နှင့်အမျှ ဆိတ်ငြိမ်မှုနှင့် ငြိမ်သက်မှုတို့တွင် တဖြည်းဖြည်း စတင်နေသားကျ လာကြပြီး၊ လူတို့သည်လည်း ဤရာသီ အတောအတွင်းတွင် အနားယူကြလေသည်။ တစ်ရာသီမှ တစ်ရာသီ၊ နွေဦးရာသီမှ နွေရာသီ၊ ဆောင်းဦးရာသီ၊ ဆောင်းရာသီသို့ ကူးပြောင်းခြင်း- ဤပြောင်းလဲမှုများသည် ဘုရားသခင် တည်ထောင်ခဲ့သည့် နိယာမများအတိုင်း အားလုံး ဖြစ်ပေါ်ကြခြင်း ဖြစ်သည်။ သူသည် ဤနိယာမများကို အသုံးပြုလျက် အရာခပ်သိမ်းနှင့် လူသားမျိုးနွယ်ကို ဦးဆောင်ပြီး ခြားနားသည့်အပူချိန်များနှင့် ရာသီဥတုများရှိသည့် ရှင်သန်ခြင်းအတွက် ပတ်ဝန်းကျင်တစ်ခုကို ပြင်ဆင်ရင်း၊ လူသားမျိုးနွယ်အတွက် ထူးကဲဆန်းစုံပြီး စိတ်ဝင်စားဖွယ်ကောင်းသော ဘဝလမ်းခရီး တစ်ခုကို ဖန်တီးခဲ့သည်။ ထို့ကြောင့် ရှင်သန်ခြင်းအတွက် ဤစနစ်ကျသည့် ပတ်ဝန်းကျင်မျိုးအတွင်းတွင်၊ လူသားများသည် စနစ်ကျသည့်နည်းလမ်းတစ်ခုဖြင့် ရှင်သန်ကာ တိုးပွားနိုင်လေသည်။ လူသားများက ဤနိယာမများကို မပြောင်းလဲနိုင်သကဲ့သို့ မည်သည့် လူ သို့မဟုတ် သတ္တဝါကမျှ ယင်းတို့ကို မချိုးဖောက်နိုင်ပေ။ မရေတွက်နိုင်သော ပြောင်းလဲမှုများ ဖြစ်ပွားပြီးဖြစ်သော်လည်း- ပင်လယ်များက ကွင်းပြင်များ ဖြစ်လာစဉ် ကွင်းပြင်များက ပင်လယ်များဖြစ်လာကာ- ဤနိယာမများက ဆက်လက် တည်ရှိနေသည်။ ဘုရားသခင် တည်ရှိသောကြောင့်၊ ပြီးလျှင် သူ၏အုပ်စိုးမှုနှင့် သူ၏စီမံခန့်ခွဲမှုကြောင့် ထိုနိယာမများ တည်ရှိပေသည်။ ဤစနစ်ကျသည့် ပိုမိုကြီးမားသည့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သော ပတ်ဝန်းကျင်မျိုးဖြင့်၊ လူတို့၏ ဘဝများသည် ဤနိယာမများနှင့် စည်းမျဉ်းများအတွင်းတွင် ရှေ့ဆက်လေသည်။ ဤနိယာမများအောက်တွင် လူတို့၏ မျိုးဆက်များ တစ်ဆက်ပြီးတစ်ဆက် ဖြစ်ပေါ်စေပြီး လူတို့၏ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက်သည် ထိုနိယာမများ အောက်တွင် ရှင်သန်ကြပြီး ဖြစ်သည်။ လူတို့သည် ရှင်သန်ခြင်းအတွက် ဤစနစ်ကျသည့်

ပတ်ဝန်းကျင်အပြင်၊ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက်အတွက် ဘုရားသခင် ဖန်ဆင်းခဲ့သည့် များစွာသော အရာအားလုံးကို မွေ့လျော်ကြပြီး ဖြစ်သည်။ ဤနိယာမအမျိုးအစားများသည် ပင်ကိုအားဖြင့် ဖြစ်သည်ဟု ခံစားကြပြီး ယင်းတို့ကို အထင်သေးစွာ အလေးမမူကြသော်လည်း၊ ၎င်းတို့သည် ဤနိယာမများကို ဘုရားသခင်က စီစဉ်ညွှန်ကြားနေသည်၊ ဤနိယာမများအပေါ် ဘုရားသခင် အုပ်စိုးနေသည်ဆိုသည်ကို မခံစားနိုင်ကြသော်လည်း၊ မည်သို့ပင်ဖြစ်စေကာမူ ဘုရားသခင်သည် ဤမပြောင်းလဲသည့်အမှုတွင် အမြဲ ပါဝင်ပတ်သက်ပေသည်။ ဤမပြောင်းလဲသည့် အမှုတွင် သူ၏ရည်ရွယ်ချက်သည် လူသားမျိုးနွယ်၏ ရှင်သန်ခြင်းနှင့် လူသားမျိုးနွယ်က ဆက်လက်ရှင်သန်နိုင်ဖို့အလို့ငှာ ဖြစ်ပေသည်။

## လူသားမျိုးနွယ်အားလုံးကို ပြုစုပျိုးထောင်ရန်အလို့ငှာ ဘုရားသခင်သည် အရာခပ်သိမ်းအတွက် နယ်နိမိတ်များ ချမှတ်သည်

ယနေ့ အရာခပ်သိမ်းအပေါ် ဘုရားသခင် ဖြစ်ပေါ်စေပြီး ဖြစ်သည့် ဤနိယာမ အမျိုးအစားများက လူသားမျိုးနွယ် အားလုံးအား မည်သို့ ပြုစုပျိုးထောင်ပုံနှင့်ဆိုင်သည့် အကြောင်းအရာကို ငါ ပြောမည် ဖြစ်သည်။ ဤသည်မှာ တော်တော်ကြီးမားသည့် အကြောင်းအရာ ဖြစ်၏၊ ထို့ကြောင့် သင်တို့အတွက် ယင်းတို့ကို ရှင်းရှင်းလင်းလင်း အသေးစိတ် ချပြနိုင်ရန်အလို့ငှာ ယင်းကို အပိုင်းအချို့အဖြစ်သို့ ခွဲလိုက်ပြီး တစ်ခုချင်းဆွေးနွေးနိုင်သည်။ ဤနည်းဖြင့် သင်တို့အတွက် သဘောပေါက်ဖို့ သာ၍ လွယ်ကူလိမ့်မည်ဖြစ်ပြီး၊ တဖြည်းဖြည်း သင်တို့ နားလည်နိုင်ပေသည်။

သို့ဆိုလျှင် ပထမဆုံး အပိုင်းဖြင့် စလိုက်ကြစို့။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန်တွင် တောင်များ၊ လွင်ပြင်များ၊ ကန္တာရများ၊ တောင်ကုန်းများ၊ မြစ်များနှင့် အင်းအိုင်များအတွက် နယ်နိမိတ်များ ရေးဆွဲခဲ့သည်။ ကမ္ဘာမြေပေါ်တွင် တောင်များ၊ လွင်ပြင်များ၊ ကန္တာရများနှင့် တောင်ကုန်းများအပြင် ရေအစုအဝေးများအမျိုးမျိုး ရှိသည်။ ဤအရာများသည် မတူညီသည့် မြေပြင်အနေအထားများ ဖြစ်သည် မဟုတ်လော။ ထိုအရာများကြားတွင်၊ ဘုရားသခင်သည် နယ်နိမိတ်များ ရေးဆွဲခဲ့သည်။ နယ်နိမိတ်များ ရေးဆွဲခြင်းနှင့်ပတ်သက်၍ ငါတို့ ပြောသည့်အခါတွင်၊ ယင်းမှာ တောင်များက မိမိတို့၏ အကန့်အသတ်ဘောင်များ ရှိသည်၊ လွင်ပြင်များက မိမိတို့၏ ကိုယ်ပိုင် အကန့်အသတ်ဘောင်များ ရှိသည်၊ ကန္တာရများက နယ်နိမိတ် တချို့ရှိပြီး တောင်ကုန်းများက ပုံသေ နယ်ပယ်တစ်ခု ရှိသည်ဟု ဆိုလိုပေသည်။ မြစ်များနှင့် အင်းအိုင်များကဲ့သို့ ရေအစုအဝေးများနှင့်ဆိုင်သည့် ပုံသေပမာဏ တစ်ခုလည်း ရှိလေသည်။ ဆိုလိုသည်မှာ

ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန်တွင်၊ သူသည် အရာရာတိုင်းကို ရှင်းလင်းလင်းလင်း ခွဲခြားခဲ့သည်။ သတ်မှတ်ထားသည့် မည်သည့် တောင်မဆို၏အချင်းဝက်က ကီလိုမီတာ မည်မျှရှိသင့်ပြီး ယင်း၏အတိုင်းအတာက မည်သည့်အရာ ဖြစ်သည် ဆိုသည်တို့ကို ဘုရားသခင် တွက်ချက်ထားပြီး ဖြစ်သည်။ သတ်မှတ်ထားသည့် မည်သည့် လွင်ပြင်မဆို၏ အချင်းဝက်က ကီလိုမီတာ မည်မျှရှိသင့်ပြီး၊ ယင်း၏အတိုင်းအတာက မည်သည့်အရာဖြစ်သည်ကိုလည်း သူ တွက်ချက်ပြီးဖြစ်သည်။ အရာခပ်သိမ်းကို ဖန်ဆင်းနေချိန်တွင်၊ ကန္တာရများ၏ နယ်နိမိတ်များအပြင်၊ တောင်ကုန်းများ၏ အပိုင်းအခြားနှင့် ယင်းတို့၏ အချိုးအစားများ၊ ပြီးလျှင် အဘယ်အရာဖြင့် ၎င်းတို့ကို နယ်သတ်မှတ်ထားသည် စသည်တို့ကိုလည်း သူ တွက်ချက်ခဲ့သည်- ဤအရာ အားလုံးကို သူက ချမှတ်ထားခဲ့ခြင်းဖြစ်သည်။ မြစ်များနှင့် အင်းအိုင်များ၏ အပိုင်းအခြားကို ၎င်းတို့အား ဖန်ဆင်းခြင်း လုပ်ဆောင်ချက်အတွင်းတွင် သူ တွက်ချက်ခဲ့သည်- ၎င်းတို့အားလုံးသည် ၎င်းတို့၏ ကိုယ်ပိုင် နယ်နိမိတ်များ ရှိကြသည်။ သို့ဆိုလျှင် "နယ်နိမိတ်များ" ဟု ငါတို့ ပြောဆိုသည့်အခါတွင် အဘယ်အရာကို ဆိုလိုသနည်း။ အရာခပ်သိမ်းအတွက် နိယာမများကို တည်ထောင်ခြင်းအားဖြင့် ဘုရားသခင်က အရာခပ်သိမ်းအပေါ် မည်သို့ အုပ်စိုးကြောင်းကို ငါတို့ ခုတင် ဆွေးနွေးခဲ့ကြသည်။ ဆိုလိုသည်မှာ တောင်များ၏ အပိုင်းအခြားနှင့် နယ်နိမိတ်များသည် ကမ္ဘာ၏လည်ပတ်မှုကြောင့် သို့မဟုတ် အချိန်ကုန်လွန်မှုကြောင့် တိုးချဲ့သွားလိမ့်မည်မဟုတ်၊ သို့မဟုတ် လျော့သွားလိမ့်မည်မဟုတ်ပေ။ ၎င်းတို့သည် ပုံသေဖြစ်၏၊ မပြောင်းလဲကြသကဲ့သို့ ၎င်းတို့၏ မပြောင်းလဲနိုင်ခြင်းကို ချမှတ်သူမှာ ဘုရားသခင် ဖြစ်သည်။ လွင်ပြင်များ၏ ဧရိယာများ အတွက်မူ၊ ၎င်းတို့၏ အပိုင်းအခြားက အဘယ်အရာ ဖြစ်သည်၊ ၎င်းတို့ကို အဘယ်အရာနှင့် နယ်သတ်မှတ်ထားသည်- ဤအရာကို ဘုရားသခင်က ချမှတ်ထားပြီးဖြစ်သည်။ ၎င်းတို့သည် နယ်နိမိတ်များ ရှိကြပြီး၊ ယင်းမှာ မြေကြီး၏ တောင်ပူစာတစ်ခုသည် လွင်ပြင်တစ်ခု၏ မြေပြင်မှ ကြုံရာကျပန်း ပေါ်ထွက်လာဖို့ မဖြစ်နိုင်သကဲ့သို့ ဖြစ်သည်။ လွင်ပြင်သည် ရုတ်တရက် တောင်အဖြစ် ပြောင်းမသွားနိုင်ပေ- ဤသည် ဖြစ်နိုင်မည်မဟုတ်ပေ။ ဤသည်မှာ ယခုတင် ငါတို့ ပြောခဲ့သည့် နိယာမများနှင့် နယ်နိမိတ်များ၏ အဓိပ္ပာယ် ဖြစ်သည်။ ကန္တာရအတွက်မူ၊ သဲကန္တာရ၏ တိကျသည့် အသုံးဝင်မှုများ သို့မဟုတ် အခြားမြေအနေအထား အမျိုးအစား သို့မဟုတ် ပထဝီဝင်ဆိုင်ရာ နေရာကို ဤနေရာ၌ ငါတို့ ပြောမည်မဟုတ်ဘဲ၊ ၎င်းတို့၏ နယ်နိမိတ်များကိုသာ ပြောမည် ဖြစ်သည်။ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် ကန္တာရ၏ အကန့်အသတ်များသည်လည်း ကျယ်လာလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည်

ယင်းအား သူ၏နိယာမ၊ သူ၏အကန့်အသတ်များကို ပေးထားပြီး ဖြစ်သောကြောင့် ဖြစ်သည်။ သူ၏နေရာက မည်မျှကြီးမားပြီး၊ သူ၏ အသုံးဝင်မှုက အဘယ်အရာဖြစ်သည်၊ အဘယ်အရာနှင့် နယ်သတ်မှတ်ထားပြီး၊ အဘယ်အရပ်၌ ရှိသည်- ဤအရာကို ဘုရားသခင်က ချမှတ်ထားနှင့်ပြီး ဖြစ်သည်။ ယင်းသည် သူ၏အကန့်အသတ်များကို ကျော်လွန်မည် မဟုတ်၊ သို့မဟုတ် ယင်း၏အနေအထားကို ပြောင်းမည်မဟုတ်သကဲ့သို့ ယင်း၏ နယ်မြေသည် ထင်ရာမြင်ရာ ချဲ့ထွင်လိမ့်မည်မဟုတ်ပေ။ မြစ်များနှင့် အင်းအိုင်များကဲ့သို့ ရေများ၏ စီးဆင်းမှုများသည် စနစ်တကျဖြစ်ပြီး အဆက်မပြတ် ဖြစ်သော်လည်း၊ ၎င်းတို့၏ အပိုင်းအခြား သို့မဟုတ် ၎င်းတို့၏ နယ်နိမိတ်များကို ကျော်လွန်၍ မည်သည့်အခါမျှ လှုပ်ရှားကြလိမ့်မည်မဟုတ်ပေ။ ၎င်းတို့အားလုံးသည် စနစ်ကျသည့် ပုံစံတစ်ခုတွင် ၎င်းတို့ စီးဆင်းရမည့် လမ်းကြောင်းတစ်ခုဖြင့် စီးဆင်းကြလေသည်။ ထို့ကြောင့် ဘုရားသခင်၏ အုပ်စိုးမှု နိယာမများအောက်တွင် မည်သည့် မြစ်များ သို့မဟုတ် အင်းအိုင်များကမျှ အကြောင်းမဲ့ ခြောက်သွေ့သွားလိမ့်မည်မဟုတ် သို့မဟုတ် ကမ္ဘာမြေ၏ လည်ပတ်ခြင်း သို့မဟုတ် အချိန်ကုန်လွန်ခြင်းကြောင့် ၎င်း၏ စီးဆင်းရာ ဦးတည်ချက် သို့မဟုတ် ပမာဏကို အကြောင်းမဲ့ ပြောင်းလဲလိမ့်မည် မဟုတ်ပေ။ ဤအရာအားလုံးသည် ဘုရားသခင်၏ လက်အတွင်းတွင် ရှိသည်။ ဆိုလိုသည်မှာ ဤလူသားမျိုးနွယ်အလယ် ဘုရားသခင် ဖန်ဆင်းခဲ့သည့် အရာခပ်သိမ်းသည် ၎င်းတို့၏ သတ်မှတ်ထားသည့် နေရာများ၊ ဧရိယာများနှင့် အကန့်အသတ်များ ရှိကြသည်။ ယင်းမှာ၊ ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန်တွင်၊ ယင်းတို့၏ နယ်နိမိတ်များကို ထူထောင်ခဲ့ပြီး၊ ယင်းတို့သည် အကြောင်းမဲ့ မပြင်နိုင်၊ အသစ်မလဲနိုင်သကဲ့သို့ မပြောင်းလဲနိုင်ပေ။ “အကြောင်းမဲ့” ဟူသည်မှာ မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းသည် ၎င်းတို့သည် ရာသီဥတု၊ အပူချိန် သို့မဟုတ် ကမ္ဘာ၏လည်ပတ်မှုနှုန်းတို့ကြောင့် ၎င်းတို့၏မူလနဂိုပုံစံကို ကြုံရာကျပန်း ရွှေ့ခြင်း၊ ချဲ့ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ဖြစ်မည်မဟုတ်ဟု ဆိုလိုသည်။ ဥပမာအားဖြင့်၊ တောင်တစ်လုံးသည် အမြင့်တစ်ခု ရှိသည်၊ အောက်ခြေက သူ့နေရာနှင့်သူရှိသည်၊ သူ၏ ပင်လယ်ရေမျက်နှာပြင်အမြင့် တစ်ခုရှိပြီး အပင်ပမာဏတစ်ခု ရှိလေသည်။ ဤအရာအားလုံးကို ဘုရားသခင် စီစဉ်ထားပြီး၊ တွက်ချက်ခဲ့ခြင်းဖြစ်ကာ ယင်းသည် အကြောင်းမဲ့ ပြောင်းလဲသွားလိမ့်မည် မဟုတ်ပေ။ လွင်ပြင်များ အတွက်မူ လူအများစုသည် လွင်ပြင်များတွင် နေထိုင်ကြပြီး မည်သည့် ရာသီဥတု ပြောင်းလဲမှုကမျှ ၎င်းတို့၏ နယ်ပယ် သို့မဟုတ် ၎င်းတို့တည်ရှိမှု၏ တန်ဖိုးကို သက်ရောက်မှု ရှိမည်မဟုတ်ပေ။ ဘုရားသခင် ဖန်ဆင်းခဲ့သည့် ဤမြေအနေအထား အမျိုးမျိုးနှင့် ပထဝီဆိုင်ရာ ပတ်ဝန်းကျင်များအတွင်း

ပါရှိသည့် အရာများသည်ပင် အကြောင်းမဲ့ ပြောင်းလဲလိမ့်မည်မဟုတ်ပေ။ ဥပမာအားဖြင့်၊ ကန္တာရ၏ ပေါင်းစပ်ဖွဲ့စည်းမှု၊ မြေအောက်က တွင်းထွက်ပစ္စည်း အမျိုးအစားများ၊ ကန္တာရတစ်ခုတွင် ပါဝင်သည့် သဲပမာဏနှင့် သဲ၏အရောင်၊ ကန္တာရ၏ သိပ်သည်းမှု- ဤအရာများသည် အကြောင်းမဲ့ ပြောင်းလဲလိမ့်မည်မဟုတ်ပေ။ ၎င်းတို့ အကြောင်းမဲ့ ပြောင်းလဲလိမ့်မည် မဟုတ်သည်မှာ အဘယ်ကြောင့်နည်း။ ယင်းမှာ ဘုရားသခင်၏ အုပ်စိုးမှုနှင့် သူ၏ စီမံခန့်ခွဲမှုကြောင့် ဖြစ်သည်။ ဘုရားသခင် ဖန်ဆင်းခဲ့သည့် ဤမတူညီသော မြေပြင်အနေအထားများနှင့် ပထဝီဆိုင်ရာ ပတ်ဝန်းကျင်အားလုံးအတွင်းတွင်၊ ဘုရားသခင်သည် စီစဉ်ထားကာ စနစ်တကျရှိသည့် နည်းလမ်းတစ်ရပ်ဖြင့် အရာရာတိုင်းကို စီမံခန့်ခွဲနေသည်။ ထို့ကြောင့် ဤပထဝီဆိုင်ရာ ပတ်ဝန်းကျင်တို့သည် ဘုရားသခင်၏ ဖန်ဆင်းခြင်း ခံရပြီးနောက်တွင် နှစ်ပေါင်း ထောင်သောင်းချီပင် တည်ရှိနေကြဆဲဖြစ်ကာ ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ထမ်းဆောင်နေကြဆဲ ဖြစ်သည်။ မီးတောင်များ ပေါက်ကွဲသည့်အချိန်နှင့် ငလျင်များ ဖြစ်ပွားသည့် အချိန်ကာလများ တချို့ရှိပြီး၊ ကြီးမားသည့် ကုန်းမြေရွေ့ပြောင်းမှုများ ရှိသော်လည်း၊ ဘုရားသခင်သည် မည်သည့် မြေအနေအထားမျိုးကိုမျှ ယင်း၏ နဂို လုပ်ငန်းဆောင်တာများကို လုံးဝ ဆုံးရှုံးခွင့်ပေးမည်မဟုတ်ပေ။ ဤအရာအားလုံး- လူသားမျိုးနွယ်က တွေ့မြင်ပြီး မွေ့လျော်ခံစားရသည့် ဤအရာအားလုံး- ကမ္ဘာမြေပေါ်တွင် စနစ်ကျသည့်ပုံစံတစ်ခုဖြင့် ရှင်သန်နိုင်သည်မှာ ဤနိယာမများအပေါ် ဘုရားသခင်၏ ဤစီမံခန့်ခွဲမှု၊ သူ၏ အုပ်စိုးမှုနှင့် ထိန်းချုပ်မှုတို့ကြောင့်သာ ဖြစ်ပေသည်။ သို့ဆိုလျှင် ဘုရားသခင်သည် ကမ္ဘာမြေပေါ် တည်ရှိသည့် ဤမြေအနေအထား အမျိုးမျိုးအားလုံးကို အဘယ်ကြောင့် ဤနည်းလမ်းဖြင့် စီမံခန့်ခွဲသနည်း။ သူ၏ ရည်ရွယ်ချက်မှာ ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင် အမျိုးမျိုးတွင် ရှင်သန်သည့် သက်ရှိသတ္တဝါများ အားလုံးသည် တည်ငြိမ်သည့် ပတ်ဝန်းကျင်တစ်ခုကို ရရှိကြဖို့အလို့ငှာနှင့် ထိုတည်ငြိမ်သည့် ပတ်ဝန်းကျင်တစ်ခုအတွင်းတွင် ၎င်းတို့ ဆက်လက် အသက်ရှင်ကာ တိုးပွားနိုင်ကြဖို့အလို့ငှာ ဖြစ်သည်။ ရွေ့ပြောင်းနိုင်သည့် အရာများနှင့် မရွေ့ပြောင်းနိုင်သည့် အရာများ၊ မိမိတို့၏ နှာခေါင်းပေါက်များမှတစ်ဆင့် အသက်ရှူသည့်အရာများနှင့် မရှူသည့်အရာများ— ဤအရာများအားလုံးသည် လူသားမျိုးနွယ်၏ ရှင်သန်ရေးအတွက် တစ်မူထူးခြားသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးကြလေသည်။ ဤသို့သော ပတ်ဝန်းကျင်မျိုးသည်သာ လူသားများ၏ မျိုးဆက် တစ်ဆက်ပြီး တစ်ဆက်ကို ပြုစုပျိုးထောင်နိုင်ပြီး ဤသို့သော ပတ်ဝန်းကျင်မျိုးကသာ လူသားများကို မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ငြိမ်းချမ်းစွာ ဆက်လက်

ရှင်သန်စေနိုင်ပေသည်။

ယခုတင် ငါပြောပြီးသည့် အကြောင်းအရာသည် အတော် ကြီးမားသည့် အကြောင်းအရာဖြစ်သည်၊ ထို့ကြောင့် ယင်းသည် သင်တို့၏ အသက်တာများမှ အတော်အတန် ခြားနားပုံ ပေါ်ကောင်းပေါ် နိုင်သည်၊ သို့သော် သင်တို့အားလုံး နားလည်နိုင်သည်ဟု ငါ ယုံကြည်သည်၊ ဟုတ်ပါသလော။ ဆိုလိုသည်မှာ အရာခပ်သိမ်းအပေါ် သူ၏အုပ်စိုးမှုထဲက ဘုရားသခင်၏နိယာမများသည် အလွန် အရေးကြီးသည်- ကေန်အမှန် အလွန်အရေးကြီး၏။ ဤနိယာမများအောက်တွင် သက်ရှိအားလုံး၏ ကြီးထွားခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်မှာ အဘယ်အရာနည်း။ ယင်းမှာ ဘုရားသခင်၏ အုပ်စိုးမှုကြောင့် ဖြစ်သည်။ အရာခပ်သိမ်းက သူ၏ အုပ်စိုးမှုအတွင်းတွင် ၎င်းတို့၏ကိုယ်ပိုင် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ကြသည်မှာ သူ၏ အုပ်စိုးမှုကြောင့် ဖြစ်သည်။ ဥပမာအားဖြင့်၊ တောင်များက သစ်တောများကို ပျိုးထောင်ပေးပြီး၊ သစ်တောများက ထိုတောင်များအတွင်း နေထိုင်ကြသည့် ငှက်များနှင့် သားရဲတိရစ္ဆာန်မျိုးစုံကို တစ်ပြန်တစ်လှည့် ပျိုးထောင်ပြီး စောင့်ရှောက်လေသည်။ လွင်ပြင်များသည် လူသားတို့အတွက် ကောက်ပဲသီးနှံများ စိုက်ပျိုးရန်အပြင် ငှက်များနှင့် သားရဲအမျိုးမျိုးတို့အတွက် ပြင်ဆင်ထားသည့် စင်မြင့်တစ်ခု ဖြစ်သည်။ လွင်ပြင်များသည် လူသားမျိုးနွယ် အများစုကို ပြန့်ပြူးသည့် မြေပေါ်တွင် နေထိုင်ခွင့်ပေးပြီး လူများ၏ဘဝများ၌ သက်သာလွယ်ကူမှု ပေးလေသည်။ ပြီးလျှင် လွင်ပြင်များတွင် မြက်ခင်းပြင်များလည်း ပါဝင်သည်- အလွန်ကြီးမားသည့် မြက်ခင်းပြင်များ ဖြစ်သည်။ မြက်ခင်းပြင်များသည် ကမ္ဘာမြေကြီး၏ ကြမ်းပြင် အတွက် အပင်အဖုံးအကာတစ်ခု ပေးလေသည်။ ၎င်းတို့သည် မြေဆီလွှာကို ကာကွယ်ပေးပြီး မြက်ခင်းပြင်များပေါ် အသက်ရှင်သည့် ကျွဲနွား၊ သိုးများနှင့် မြင်းများကို ပြုစုစောင့်ရှောက်သည်။ ကန္တာရသည်လည်း သူ၏ကိုယ်ပိုင် လုပ်ငန်းဆောင်တာကို ဆောင်ရွက်သည်။ ယင်းသည် လူသားများအတွက် နေထိုင်ရန် နေရာတစ်ခု မဟုတ်ပေ။ ယင်း၏ အခန်းကဏ္ဍမှာ စိုစွတ်သည့် ရာသီဥတုများကို ပိုမိုခြောက်သွေ့စေရန်ဖြစ်သည်။ မြစ်များနှင့် အင်းအိုင်တို့၏ စီးဆင်းမှုသည် လူတို့၏ သောက်သုံးရေကို သက်သာလွယ်ကူသည့် နည်းလမ်းဖြင့် ဆောင်ကြဉ်းပေးသည်။ ၎င်းတို့စီးဆင်းသည့်အရပ်တိုင်းတွင် လူများသည် သောက်ရန် ရေရှိလိမ့်မည် ဖြစ်ပြီး အရာခပ်သိမ်း၏ ရေလိုအပ်မှုများကို ဖြည့်ဆည်းပေးလိမ့်မည် ဖြစ်သည်။ ဤသည်တို့မှာ မြေအနေအထား အမျိုးမျိုးအတွက် ဘုရားသခင် ရေးဆွဲထားသည့် နယ်နိမိတ်များ ဖြစ်သည်။

ဘုရားသခင် ရေးဆွဲထားသည့် ဤနယ်နိမိတ်များကြောင့် မြေအနေအထားအမျိုးမျိုးသည်

ရှင်သန်မှုအတွက် မတူညီသည့် ပတ်ဝန်းကျင်များကို ဖြစ်ပေါ်စေပြီး၊ ရှင်သန်မှုအတွက် ဖြစ်သည့် ဤပတ်ဝန်းကျင်များသည် ငှက်များနှင့် သားရဲတိရစ္ဆာန် အမျိုးမျိုးတို့အတွက် အဆင်ပြေပြီးဖြစ်ကာ၊ ယင်းတို့ကို ရှင်သန်ဖို့ နေရာလည်း ပေးထားပြီး ဖြစ်သည်။ ဤအရာမှ သက်ရှိသတ္တဝါ အမျိုးမျိုး၏ ရှင်သန်မှု ပတ်ဝန်းကျင်များအတွက် နယ်နိမိတ်များ ဖြစ်ပေါ် ပြီးဖြစ်သည်။ ဤသည်မှာ နောက်တွင် ငါတို့ ဆွေးနွေးပြောဆိုမည့် ဒုတိယအပိုင်း ဖြစ်သည်။ ပထမဦးဆုံးအနေဖြင့်၊ ငှက်များ၊ သားရဲတိရစ္ဆာန်များနှင့် ပိုးမွှားများက မည်သည့်နေရာတွင် အသက်ရှင်နေထိုင် ကြသနည်း။ သစ်တောများနှင့် သစ်ပင်အုပ်များတွင် နေကြသလော။ ဤအရာများသည် ၎င်းတို့၏ နေအိမ်များ ဖြစ်သည်။ ထို့ကြောင့် ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင် အမျိုးမျိုးအတွက် နယ်နိမိတ်စည်းများ ထူထောင်ခြင်းအပြင်၊ ဘုရားသခင်သည် အမျိုးမျိုးသော ငှက်များနှင့် သားရဲတိရစ္ဆာန်များ၊ ငါးများ၊ ပိုးမွှားများနှင့် အပင်များ အားလုံးအတွက်လည်း နယ်နိမိတ်စည်းများ ရေးဆွဲခဲ့ပြီး၊ နိယာမများကို ထူထောင်ခဲ့သည်။ အမျိုးမျိုးသော ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်များကြားက မတူညီမှုများကြောင့်နှင့် မတူညီသည့် ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်များ တည်ရှိမှုကြောင့်၊ မတူညီသည့် ငှက်အမျိုးအစားများနှင့် သားရဲတိရစ္ဆာန်အမျိုးအစားများ၊ ငါးများ၊ ပိုးမွှားများနှင့် အပင်တို့သည် ရှင်သန်မှုအတွက် မတူညီသည့် ပတ်ဝန်းကျင်များ ရှိကြလေသည်။ ငှက်များ၊ သားရဲတိရစ္ဆာန်များနှင့် ပိုးမွှားများသည် အပင် အမျိုးမျိုး ကြားတွင် နေထိုင်ကြသည်၊ ငါးများက ရေထဲတွင်နေပြီး အပင်များက မြေပေါ်တွင် ပေါက်ကြသည်။ ကုန်းမြေတွင် တောင်များ၊ လွင်ပြင်များနှင့် တောင်ကုန်းများကဲ့သို့သော နယ်မြေ အမျိုးမျိုးပါဝင်သည်။ ငှက်များနှင့် သားရဲ တိရစ္ဆာန်တို့သည် ၎င်းတို့၏ သတ်မှတ်ထားသည့် နေအိမ် ရှိသည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် ဟိုဟိုသည်သည် မည်သည့်လမ်းကိုမဆို လှည့်လည်သွားလာတော့မည် မဟုတ်ပေ။ ၎င်းတို့၏ နေအိမ်များသည် တောများနှင့် တောင်များဖြစ်သည်။ အကယ်၍ တစ်နေ့တွင် ၎င်းတို့၏ နေအိမ်များ ဖျက်ဆီးခံရပါက၊ ဤစနစ်ကျမှုသည် ပရမ်းပတာ ဖြစ်သွားပေလိမ့်မည်။ စနစ်ကျမှုက ပရမ်းပတာ ဖြစ်သွားသည် နှင့်တစ်ပြိုင်နက် အကျိုးဆက်များမှာ အဘယ်အရာများ ဖြစ်သနည်း။ ပထမဦးဆုံး ထိခိုက်မည့်သူများမှာ မည်သူတို့ ဖြစ်သနည်း။ (လူသားမျိုးနွယ်ဖြစ်ပါသည်။) လူသားမျိုးနွယ် ဖြစ်သည်။ ဘုရားသခင် ထူထောင်ပြီးဖြစ်သည့် ဤနိယာမများနှင့် အကန့်အသတ်များ အတွင်းတွင်၊ တစ်မူထူးခြားသည့်ဖြစ်ရပ် တစ်ခုတစ်လေကို သင်တို့ တွေ့ဖူးသလော။ ဥပမာအားဖြင့်၊ ဆင်များက သဲကန္တာရထဲတွင် လမ်းလျှောက်ခြင်း ဖြစ်သည်။ ထိုကဲ့သို့သော အရာ တစ်ခုတစ်လေကို သင်တို့ တွေ့ဖူးသလော။ ဆင်များသည် တောထဲတွင်နေထိုင်ပြီး ယင်းမှာ ၎င်းတို့အတွက် ဘုရားသခင်

ပြင်ဆင်ထားခဲ့သည့် ရှင်သန်မှုအတွက် ပတ်ဝန်းကျင် ဖြစ်သောကြောင့်၊ ဤအရာ အမှန်တကယ် ဖြစ်ပျက်ခဲ့ပါက၊ အလွန်ထူးဆန်းသည့် ဖြစ်ရပ်တစ်ခု ဖြစ်ပေမည်။ ၎င်းတို့သည် ရှင်သန်မှုအတွက် ၎င်းတို့၏ ကိုယ်ပိုင် ပတ်ဝန်းကျင်နှင့် ၎င်းတို့၏ ကိုယ်ပိုင် သတ်မှတ်ထားသည့် နေအိမ် ရှိလေသည်၊ ထို့ကြောင့် ဆင်သည် အဘယ်ကြောင့် ဟိုဟိုသည်သည် ပြေးလွှားနေမည်နည်း။ ခြင်္သေ့ သို့မဟုတ် ကျားများက သမုဒ္ဒရာကမ်းစပ်နားတွင် လမ်းလျှောက်နေ ကြသည်ကို တစ်ဦးတစ်လေက မြင်ဖူးသလော။ သင် မမြင်ဖူးပါချေ။ ခြင်္သေ့နှင့် ကျားတို့၏ နေအိမ်သည် သစ်တောများနှင့် တောင်များဖြစ်သည်။ သမုဒ္ဒရာထဲက ဝေလငါးများ သို့မဟုတ် ငါးမန်းများက သဲကန္တာရကို ဖြတ်ကူးခတ်နေကြသည်ကို တစ်ဦးတစ်လေက မြင်ဖူးပါသလော။ သင် မမြင်ဖူးပါပေ။ ဝေလငါးများနှင့် ငါးမန်းများသည် သမုဒ္ဒရာထဲတွင် ၎င်းတို့၏ နေအိမ်ကို ပြုလုပ်ကြပေသည်။ လူသားများ၏ ရှင်သန်မှု ပတ်ဝန်းကျင်တွင် ဝက်ဝံညိုများနှင့်အတူ နေထိုင်သည့်လူများ ရှိသလော။ ၎င်းတို့ နေအိမ်များ၏ အတွင်းအပြင်တွင် ဒေါင်းများ သို့မဟုတ် အခြားငှက်များ အမြဲတမ်းဝန်းရံသည့် လူများ ရှိသလော။ လင်းယုန်များ သို့မဟုတ် တောင်ကြောင်းများက မျောက်များနှင့် ဆော့ကစားနေကြသည်ကို တစ်ဦးတစ်ယောက်က မြင်ဖူးပါသလော။ (မမြင်ဖူးပါ။) ဤအရာများအားလုံးက တစ်မူထူးဆန်းသည့် ဖြစ်ရပ်များ ဖြစ်ကြပေမည်။ သင်တို့၏ နားတွင် တစ်မူထူးခြားပုံပေါ်သည့် ဤအရာများကို ငါပြောဆိုရသည့် အကြောင်းရင်းမှာ ဘုရားသခင် ဖန်ဆင်းခဲ့သည့် အရာခပ်သိမ်းသည်- တစ်နေရာထဲတွင် ၎င်းတို့ ပုံသေသတ်မှတ်ခံရသည်ဖြစ်စေ၊ သို့မဟုတ် မိမိတို့၏ နှာခေါင်းပေါက်များမှတစ်ဆင့် အသက်ရှူနိုင်သည်ဖြစ်စေ၊ အသက်မရှူနိုင်သည်ဖြစ်စေ- ရှင်သန်မှုအတွက် မိမိတို့၏ ကိုယ်ပိုင် နိယာမများရှိသည်ကို သင်တို့အား နားလည်စေရန်ဖြစ်သည်။ ဤသက်ရှိသတ္တဝါများကို ဘုရားသခင် မဖန်ဆင်းမီ အချိန်ကြာမြင့်စွာကတည်းက၊ ဘုရားသခင်သည် ရှင်သန်မှုအတွက် ၎င်းတို့၏ ကိုယ်ပိုင် နေအိမ်နှင့် ၎င်းတို့၏ ကိုယ်ပိုင်ပတ်ဝန်းကျင်ကို ၎င်းတို့အတွက် ပြင်ဆင်နှင့်ခဲ့ပြီး ဖြစ်သည်။ ဤသက်ရှိသတ္တဝါများသည် ရှင်သန်မှုအတွက် ၎င်းတို့၏ သတ်မှတ်ထားသည့် ကိုယ်ပိုင် ပတ်ဝန်းကျင်၊ ၎င်းတို့၏ ကိုယ်ပိုင်အစားအစာနှင့် ၎င်းတို့၏ သတ်မှတ်ထားသည့် ကိုယ်ပိုင် နေအိမ်များရှိကြပြီး၊ ၎င်းတို့၏ ရှင်သန်မှုအတွက် သင့်တော်သော သတ်မှတ်ထားသည့် ကိုယ်ပိုင်နေရာများ၊ ၎င်းတို့၏ ရှင်သန်မှုအတွက် သင့်တော်သည့် အပူချိန်များရှိသည့် နေရာများ ရှိခဲ့ကြသည်။ ထိုသို့ဖြင့် ၎င်းတို့သည် မည်သည့်လမ်းကိုမဆို ဟိုဟိုသည်သည် လှည့်လည်သွားလာခြင်း သို့မဟုတ် လူသားမျိုးနွယ်၏ ရှင်သန်မှုကို ထိခိုက်ခြင်း သို့မဟုတ် လူတို့၏ ဘဝများကို သက်ရောက်စေခြင်းတို့

ပြုမည်မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်က ရှင်သန်မှုအတွက် အကောင်းဆုံးသော ပတ်ဝန်းကျင်ကို လူသားမျိုးနွယ်အတွက် ထောက်ပံ့ပေးရင်း၊ အရာအားလုံးကို စီမံခန့်ခွဲသည့်ပုံ ဖြစ်သည်။ အရာခပ်သိမ်း အတွင်းရှိ သက်ရှိသတ္တဝါအသီးသီးသည် ရှင်သန်မှုအတွက် ၎င်းတို့၏ ကိုယ်ပိုင် ပတ်ဝန်းကျင်များ အတွင်းတွင် ၎င်းတို့၏ကိုယ်ပိုင် အသက်ကို အားဖြည့်ပေးသည့် အစားအစာ ရှိကြသည်။ ထိုအစားအစာများနှင့်အတူ၊ ၎င်းတို့သည် ရှင်သန်မှုအတွက် ၎င်းတို့၏ ဇာတိပတ်ဝန်းကျင်ဖြင့် ဆက်သွယ်မှု ရှိပေသည်။ ထိုပတ်ဝန်းကျင်မျိုးတွင်၊ ၎င်းတို့သည် ဘုရားသခင်က သူတို့အတွက် ချမှတ်ခဲ့သည့် နိယာမများနှင့်အညီ ဆက်လက် ရှင်သန်၊ တိုးပွားကာ ရှေ့ဆက်ကြလေသည်။ ဤနိယာမ အမျိုးအစားများကြောင့်၊ ဘုရားသခင်၏ ကြိုတင်ပြဋ္ဌာန်းခြင်းကြောင့်၊ အရာခပ်သိမ်းသည် လူသားမျိုးနွယ်နှင့် သဟဇာတဖြစ်ခြင်းဖြင့် ရှင်သန်ပြီး လူသားမျိုးနွယ်သည် အရာခပ်သိမ်းနှင့်အတူ အပြန်အလှန် မှီခိုခြင်းဖြင့် အတူတကွ ယှဉ်တွဲနေထိုင်လေသည်။

ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ပြီး ယင်းတို့အတွက် နယ်နိမိတ်များကို ထူထောင်ခဲ့သည်။ ယင်းတို့အလယ်တွင် သူသည် သက်ရှိအမျိုးအစားအားလုံးကို ပြုစုစောင့်ရှောက်ခဲ့သည်။ ထိုအတောအတွင်းတွင်၊ သူသည် လူသားမျိုးနွယ်အတွက် မတူညီသည့် ရှင်သန်မှု နည်းလမ်းများကိုလည်း ပြင်ဆင်ခဲ့သည်၊ ထို့ကြောင့် လူသားများသည် ရှင်သန်ရန် နည်းလမ်း တစ်ခုတည်းသာ ရှိခြင်း မဟုတ်သည်သာမက၊ ရှင်သန်မှုအတွက် ပတ်ဝန်းကျင် အမျိုးအစားတစ်ခုသာ ၎င်းတို့ရှိခြင်း မဟုတ်ကြသည်ကိုလည်း သင် မြင်နိုင်ပေသည်။ လူသားမျိုးနွယ်၏ ဘဝကို အသွေးအသားနှင့် ဆက်လက်ရှင်သန်ခွင့်ပေးခြင်းအတွက် အရေးကြီးသည့်အရာ ဖြစ်သော၊ လူသားများအတွက် အစားအစာနှင့် ရေအရင်းအမြစ် အမျိုးအစား အမျိုးမျိုးကို ဘုရားသခင် ပြင်ဆင်လျက်ရှိသည့်အကြောင်းကို ယခင်က ငါတို့ ပြောဆိုဆွေးနွေးခဲ့ကြသည်။ သို့သော် ဤလူသားမျိုးနွယ်ထဲတွင် လူအားလုံးက အစေ့အဆန်များဖြင့်သာ အသက်ရှင်နေသည် မဟုတ်ပေ။ လူတို့သည် မတူညီသည့် ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် မြေပြင်အနေအထားများကြောင့် မတူညီသည့် ရှင်သန်မှု နည်းလမ်းများ ရှိကြသည်။ ဤရှင်သန်မှု နည်းလမ်းများ အားလုံးကို ဘုရားသခင် ပြင်ဆင်ထားပြီး ဖြစ်သည်။ ထို့ကြောင့် လူသားအားလုံးသည် လယ်စိုက်ပျိုးရေးတွင် ပါဝင်ပတ်သက်ကြသည် မဟုတ်ပေ။ ဆိုလိုသည်မှာ လူသားအားလုံးက ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းမှ ၎င်းတို့၏ အစားအစာကို ရရှိခြင်း မဟုတ်ပေ။ ဤသည်မှာ ငါတို့ ပြောဆိုဆွေးနွေးမည့် တတိယအပိုင်း ဖြစ်သည်။ လူသားမျိုးနွယ်၏ မတူကွဲပြားသည့် ဘဝနေထိုင်မှု ပုံစံအမျိုးမျိုးကြောင့် နယ်နိမိတ်များ

ဖြစ်ပေါ်လာသည်။ သို့ဆိုလျှင် လူသားများသည် အခြား မည်သည့် ဘဝနေထိုင်မှုပုံစံ အမျိုးအစားများ ရှိကြသနည်း။ ခြားနားသော အစားအစာ အရင်းအမြစ်များအရ၊ အခြား မည်သည့်လူအမျိုးအစားများ ရှိသနည်း။ အဓိက အမျိုးအစားအချို့ ရှိသည်။

ပထမဆုံးက အမဲလိုက်သည့် ဘဝနေထိုင်မှုပုံစံ ဖြစ်သည်။ ယင်းက မည်သည့်အရာဖြစ်သည်ကို အယောက်တိုင်း သိသည်။ အမဲလိုက်ခြင်းဖြင့် အသက်မွေးသည့်သူများသည် အဘယ်အရာကို စားသနည်း။ (တောကောင်သား ဖြစ်ပါသည်။) သူတို့သည် တောထဲက ငှက်များနှင့် သားရဲတိရစ္ဆာန်တို့ကို စားကြသည်။ “တောကောင်သား” သည် ခေတ်စကားလုံး ဖြစ်၏။ မုဆိုးများက ယင်းကို တောကောင်သား အနေဖြင့် မတွေးပေ။ အစားအစာအဖြစ်၊ ၎င်းတို့၏နေ့စဉ် အာဟာရအဖြစ် တွေးသည်။ ဥပမာအားဖြင့်၊ ၎င်းတို့ သမင်တစ်ကောင် ရသည်။ ဤသမင်ကို ၎င်းတို့ ရသည့်အခါတွင် လယ်သမားက မြေကြီးမှ ကောက်ပဲသီးနှံတို့ကို ရသကဲ့သို့ပင် ဖြစ်သည်။ လယ်သမား တစ်ဦးသည် မြေကြီးမှ အစားအစာကိုရပြီး ဤအစားအစာကို သူမြင်သည့်အခါတွင် ပျော်ရွှင်ပြီး စိတ်အေးသက်သာ ခံစားရသည်။ စားစရာ ကောက်ပဲသီးနှံများဖြင့် မိသားစုသည် ဆာလောင်လိမ့်မည် မဟုတ်ပေ။ သူ၏ စိတ်နှလုံးသည် ပူပန်သောက ကင်းကာ စိတ်ကျေနပ်မှု ခံစားရသည်။ မုဆိုးတစ်ဦးသည်လည်း သူဖမ်းမိသည့်အကောင်ကို ကြည့်သည့်အခါတွင်၊ သူ့အနေဖြင့် အစားအစာနှင့်ပတ်သက်၍ နောက်ထပ် စိုးရိမ်ဖို့ မလိုသောကြောင့်၊ စိတ်အေးသက်သာ ခံစားရကာ စိတ်ကျေနပ်မှု ရရှိလေသည်။ နောက်တစ်ခါ စားဖို့ တစ်စုံတစ်ရာရှိပြီး၊ ဆာလောင်ဖို့ မလိုအပ်ပေ။ ဤသည်မှာ အသက်မွေးမှုအတွက် အမဲလိုက်သူ တစ်ဦးဖြစ်သည်။ အမဲလိုက်ခြင်းဖြင့် အသက်ရှင်သူ အများစုသည် တောင်ပေါ် သစ်တောများထဲတွင် နေထိုင်ကြသည်။ ၎င်းတို့ လယ်မစိုက်ကြပေ။ ထိုနေရာတွင် စိုက်ပျိုးနိုင်သည့်မြေကို ရှာတွေ့ရန် မလွယ်ပေ၊ ထို့ကြောင့် ၎င်းတို့သည် သက်ရှိအမျိုးမျိုး၊ သားကောင် အမျိုးအစား အမျိုးမျိုးတို့အပေါ်တွင် ရှင်သန်ကြသည်။ ဤသည်မှာ သာမန်လူသားတို့မှ ကွဲပြားသည့် ပထမ ဘဝနေမှုပုံစံမျိုး ဖြစ်သည်။

ဒုတိယအမျိုးအစားက တိရစ္ဆာန်ထိန်းကျောင်းသူတစ်ဦး၏ ဘဝပုံစံ ဖြစ်သည်။ အသက်မွေးမှုတစ်ခုအတွက် တိရစ္ဆာန်များ ထိန်းကျောင်းသည့်လူများသည် လယ်မြေကိုလည်း စိုက်ပျိုးကြသလော။ (မစိုက်ပျိုးကြပါ။) သို့ဆိုလျှင် ၎င်းတို့ မည်သည့်အရာ လုပ်ကိုင်ကြသနည်း။ ၎င်းတို့ အဘယ်သို့ အသက်ရှင်ကြသနည်း။ (အများအားဖြင့်၊ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းအတွက် ကျွဲနွားများနှင့် သိုးများကို ထိန်းကျောင်းကြပြီး ဆောင်းရာသီ၌ ၎င်းတို့၏ ခြံမွေးတိရစ္ဆာန်များကို သတ်ဖြတ်ပြီး စားသောက်ကြပါ၏။ ၎င်းတို့၏

အဓိကအစားအစာမှာ အမဲသားနှင့် သိုးသားဖြစ်ပြီး နွားနို့လက်ဖက်ရည်ကို သောက်ကြပါသည်။ တိရစ္ဆာန် ထိန်းကျောင်းသူများမှာ လေးရာသီလုံး အလုပ်များ ကြသော်လည်း၊ ၎င်းတို့ ကောင်းကောင်းစား ကြပါသည်။ ၎င်းတို့တွင် နွားနို့၊ နို့ထွက်ပစ္စည်းများနှင့် အသားတို့ အများအပြားရှိကြပါသည်။) အသက်မွေးဝမ်းကျောင်းအတွက် တိရစ္ဆာန်များကို ထိန်းကျောင်းသူများသည် အဓိကအားဖြင့် အမဲသားနှင့် သိုးသားကို စားကြသည်၊ သိုးနို့နှင့် နွားနို့ကို သောက်ကြပြီး၊ ၎င်းတို့ ဆံပင်ကို လေတိုက်ပြီး ၎င်းတို့၏မျက်နှာကို နေရောင်ကျရောက်လျက် ကွင်းပြင်ထဲတွင် ၎င်းတို့၏တိရစ္ဆာန်များကို ထိန်းကျောင်းရန် ကျွဲများနှင့် မြင်းများကို စီးကြသည်။ ၎င်းတို့သည် ခေတ်ပေါ်လူနေမှုဘဝ၏ ဖိအားများ ရင်မဆိုင်ရပေ။ ၎င်းတို့သည် ကျယ်ပြန့်သည့် အပြာရောင် ကောင်းကင်များနှင့် မြက်ဖုံးသော လွင်ပြင်များကို တစ်နေ့လုံး ငေးစိုက်ကြည့်ကြသည်။ တိရစ္ဆာန်အုပ်ကျောင်းခြင်းနှင့် ပတ်သက်၍ အသက်မွေးဝမ်းကြောင်းသော လူအများစုသည် မြက်ခင်းပြင်များပေါ်တွင် နေကြပြီး၊ မျိုးဆက်များစွာကြာ ၎င်းတို့၏ ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာသည့် ဘဝနေမှုပုံစံကို ဆက်လက် နေထိုင်နိုင်ကြပြီး ဖြစ်သည်။ မြက်ခင်းပြင်များပေါ်က ဘဝသည် အနည်းငယ် အထီးကျန်သော်လည်း၊ အလွန် ပျော်ရွှင်ဖွယ်ကောင်းသည့် ဘဝတစ်ခုလည်း ဖြစ်သည်။ ယင်းသည် ဆိုးဝါးသည့် ဘဝနေမှုပုံစံတစ်ခု မဟုတ်ပေ။

တတိယအမျိုးအစားမှာ ငါးဖမ်းခြင်း ဘဝနေထိုင်မှုပုံစံ ဖြစ်သည်။ လူသားမျိုးနွယ်ထဲမှ လူနည်းစုသည် သမုဒ္ဒရာအနား သို့မဟုတ် သေးငယ်သည့် ကျွန်းများပေါ်တွင် နေထိုင်ကြလေသည်။ ၎င်းတို့သည် သမုဒ္ဒရာကို မျက်နှာမူလျက်၊ ရေများက ပတ်လည်ဝိုင်းထားလေသည်။ ဤလူအများသည် အသက်မွေး ဝမ်းကျောင်းအတွက် ငါးဖမ်းသည်။ အသက်မွေးဝမ်းကျောင်း အတွက် ငါးဖမ်းသည့် ဤလူများအတွက် အစားအစာ အရင်းအမြစ်မှာ အဘယ်အရာနည်း။ ၎င်းတို့၏ အစားအစာ အရင်းအမြစ်များတွင် ငါးမျိုးစုံ၊ ပင်လယ်စာနှင့် အခြားသော ပင်လယ်၏ ထုတ်ကုန်ပစ္စည်းများ ပါဝင်သည်။ အသက်မွေးဝမ်းကျောင်း အတွက် ငါးဖမ်းသည့်လူတို့သည် မြေကို ထွန်ယက်စိုက်ပျိုးခြင်း မပြုကြဘဲ၊ ထိုအစား နေ့စဉ် ငါးဖမ်းခြင်းဖြင့် အချိန်ကုန်ဆုံးကြသည်။ ၎င်းတို့၏ အဓိက အစားအစာတွင် ငါးအမျိုးမျိုးနှင့် ပင်လယ် ထုတ်ကုန်များ ပါဝင်သည်။ ၎င်းတို့သည် ဤအရာများကို ဆန်၊ ဂျုံမှုန့်နှင့် နေ့စဉ် လိုအပ်သည့်အရာများဖြင့် ရံဖန်ရံခါ လဲလှယ်ကြသည်။ ဤသည်မှာ ရေအနီးတွင်နေထိုင်ကြသည့် လူများက အသက်ရှင်နေထိုင်သည့် မတူညီကွဲပြားသော ဘဝနေမှုပုံစံတစ်ခု ဖြစ်သည်။ ရေအနီးတွင်နေထိုင်လျက်၊ ၎င်းတို့သည် ယင်းကို ၎င်းတို့၏ အစာအတွက် မှီခိုအားထားကြပြီး ငါးဖမ်းခြင်းမှ ၎င်းတို့၏ အသက်မွေးမှု

ပြုကြသည်။ ငါးဖမ်းခြင်းသည် ၎င်းတို့ကို အစားအစာ အရင်းအမြစ်တစ်ခု ပေးသည်သာမက၊ အသက်မွေးဝမ်းကျောင်းအဖို့ နည်းလမ်းတစ်ခုလည်း ဖြစ်ပေသည်။

မြေကို ထွန်ယက်စိုက်ပျိုးခြင်းမှအပ၊ လူသားမျိုးနွယ်သည် အများဆုံးအနေဖြင့် အထက်တွင် ဖော်ပြခဲ့သော ဘဝနေမှု ပုံစံသုံးခုအတိုင်း အသက်ရှင်ကြလေသည်။ သို့သော် လူအများစုသည် အသက်မွေးမှုတစ်ခုအတွက် လယ်လုပ် ကြသော်လည်း၊ လူအနည်းစုကသာ တိရစ္ဆာန်များ ထိန်းကျောင်းခြင်း၊ ငါးဖမ်းခြင်းနှင့် အမဲလိုက်ခြင်းတို့ဖြင့် အသက်မွေးကြလေသည်။ ပြီးလျှင် လယ်စိုက်ခြင်းဖြင့် အသက်မွေးသော လူများသည် အဘယ်အရာ လိုအပ်ကြသနည်း။ ၎င်းတို့ လိုအပ်သည်မှာ မြေဖြစ်သည်။ မျိုးဆက် တစ်ဆက်ပြီး တစ်ဆက်၊ ၎င်းတို့သည် မြေကြီးထဲတွင် ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းဖြင့် အသက်ရှင်ကြပြီး၊ ၎င်းတို့က ဟင်းသီးဟင်းရွက်ကို စိုက်ပျိုးသည်ဖြစ်စေ၊ သစ်သီးများ သို့မဟုတ် အစေ့အဆန်များကို စိုက်ပျိုးသည်ဖြစ်စေ၊ ၎င်းတို့၏ အစာနှင့် နေ့စဉ်လိုအပ်ချက်များကို ၎င်းတို့ ရရှိသည်မှာ မြေကြီးမှဖြစ်ပေသည်။

ဤမတူညီသည့် လူ့ဘဝနေထိုင်မှုပုံစံများကို ကျောထောက် နောက်ခံပြုထားသည့် အခြေခံ သတ်မှတ်ချက်များမှာ မည်သည့်အရာများ ဖြစ်သနည်း။ ၎င်းတို့ ရှင်သန်နိုင်သည့် ပတ်ဝန်းကျင်ကို အခြေခံအဆင့်ဖြင့် ထိန်းသိမ်းဖို့ လုံးဝ မလိုအပ်သလော။ ဆိုလိုသည်မှာ အမဲလိုက်ခြင်းဖြင့် အသက်မွေးသူများက တောတောင် သစ်တောများ သို့မဟုတ် ငှက်များနှင့် သားရဲတိရစ္ဆာန်များကို ဆုံးရှုံးရပါက၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းက ကုန်ဆုံးသွားပေမည်။ ဤလူမျိုးစုများနှင့် ဤသို့သောလူစားမျိုးများ သွားသင့်သည့် လမ်းကြောင်းသည် မရေမရာဖြစ်လာမည်ဖြစ်ပြီး၊ ၎င်းတို့ ပျောက်ပင်ပျောက်ကွယ်သွားပေမည်။ ပြီးလျှင် မိမိတို့၏ အသက်မွေးမှုအတွက် တိရစ္ဆာန် ထိန်းကျောင်းသူများကော အဘယ်သို့နည်း။ အဘယ်အရာကို ၎င်းတို့ အားထားကြသနည်း။ ၎င်းတို့အမှန်တကယ် မှီခိုကြသည်မှာ ၎င်းတို့၏ ခြံမွေး တိရစ္ဆာန်များ မဟုတ်ဘဲ ၎င်းတို့၏ ခြံမွေးတိရစ္ဆာန်များ ရှင်သန်နိုင်သည့် ပတ်ဝန်းကျင်- မြက်ခင်းပြင်ဖြစ်သည်။ မြက်ခင်းပြင်များ မရှိလျှင် တိရစ္ဆာန်ထိန်းကျောင်းသူများက ၎င်းတို့၏ ခြံမွေးတိရစ္ဆာန်များကို မည်သည့်နေရာတွင် လွှတ်ထားမည်နည်း။ ကျွဲနွားများနှင့် သိုးများက အဘယ်အရာကို စားကြမည်နည်း။ ခြံမွေးတိရစ္ဆာန်များမရှိဘဲနှင့်၊ ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်သည့် ဤလူမျိုးများသည် အသက်မွေးဝမ်းကျောင်းစရာ ရှိမည် မဟုတ်ပေ။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် အရင်းအမြစ်မရှိဘဲနှင့်၊ ဤလူများသည် အဘယ်အရပ်သို့ သွားကြမည်နည်း။ ၎င်းတို့အတွက် ဆက်လက်ရှင်သန်ရပ်တည်ဖို့ အလွန် ခက်ခဲလာပေမည်။

၎င်းတို့ အနာဂတ်ရှိမည် မဟုတ်ပေ။ ရေအရင်းအမြစ်များမရှိပါက၊ မြစ်များနှင့် အင်းအိုင်များ လုံးဝ ခန်းခြောက်သွားပါက၊ အသက်ရှင်ရန် ရေအပေါ် မှီခိုအားထားရသည့် ငါးများအားလုံး ရှိပါဦးမည်လော။ ရှိတော့မည်မဟုတ်ပေ။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အတွက် ရေနှင့် ငါးများအပေါ် အမှီပြုရသည့် ဤလူများသည် ဆက်ပြီး ရှင်သန်နိုင်ပါ့မည်လော။ ၎င်းတို့ အစားအစာ မရှိတော့သည့်အခါတွင်၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အတွက် အရင်းအမြစ်မရှိတော့သည့်အခါတွင်၊ ဤလူများသည် ဆက်လက်ရှင်သန်နိုင်မည် မဟုတ်ပေ။ ဆိုလိုသည်မှာ၊ သတ်မှတ်ထားသည့် မည်သည့် လူမျိုးစုမဆိုသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း သို့မဟုတ် ရှင်သန်မှုနှင့်ပတ်သက်သည့် ပြဿနာတစ်ခု ကြုံရပါက၊ ထိုလူမျိုးစုသည် ရှေ့ဆက်တော့မည် မဟုတ်သကဲ့သို့ ကမ္ဘာ့ မြေမျက်နှာပြင်မှ ပျောက်ကွယ် သွားနိုင်ပြီး မျိုးသုဉ်းသွားနိုင်ပေသည်။ ပြီးလျှင် အသက်မွေးဝမ်းကျောင်းအတွက် လယ်စိုက်ပျိုးသူများသည် ၎င်းတို့၏ မြေများကို ဆုံးရှုံးသွားပါက၊ အပင်မျိုးစုံကို ၎င်းတို့ မစိုက်ပျိုးနိုင်ဘဲ၊ ထိုအပင်များမှ အစားအစာများ မရရှိနိုင်ပါက၊ ရလဒ်သည် မည်သည့်အရာ ဖြစ်မည်နည်း။ အစားအစာမရှိဘဲနှင့်၊ လူများသည် ဆာလောင်ပြီး သေဆုံးကုန်ကြမည် မဟုတ်လော။ လူတို့သည် ဆာလောင်ပြီး သေကြေကုန်လျှင်၊ လူသားမျိုးနွယ် ပျောက်ကွယ်သွားမည် မဟုတ်လော။ ထို့ကြောင့် ဤသည်မှာ ပတ်ဝန်းကျင်အမျိုးမျိုးကို ထိန်းသိမ်းရာတွင် ဘုရားသခင်၏ ရည်ရွယ်ချက် ဖြစ်သည်။ ပတ်ဝန်းကျင် အမျိုးမျိုး၊ ဂေဟစနစ်များနှင့် ယင်းတို့အတွင်းရှိ မတူကွဲပြားသည့် သက်ရှိသတ္တဝါများအားလုံးကို ထိန်းသိမ်းရာတွင် ဘုရားသခင်၌ ရည်ရွယ်ချက် တစ်ခုသာရှိသည်- ယင်းမှာ လူပေါင်းစုံကို ပြုစုစောင့်ရှောက်ရန်၊ မတူညီသည့် ပထဝီဆိုင်ရာ ပတ်ဝန်းကျင်များတွင် ရှင်သန်နေထိုင်ကြသည့် လူများကို စောင့်ရှောက်ရန်ဖြစ်သည်။

အကယ်၍ ဖန်ဆင်းခြင်း အရာခပ်သိမ်းသည် ၎င်းတို့၏ ကိုယ်ပိုင် နိယာမများ ဆုံးရှုံးခဲ့လျှင်၊ ၎င်းတို့သည် တည်ရှိတော့မည် မဟုတ်ပေ။ အကယ်၍ အရာခပ်သိမ်း၏ နိယာမများသည် ဆုံးရှုံးသွားပါက၊ အရာခပ်သိမ်းထဲတွင် ရှိသည့် သက်ရှိသတ္တဝါတို့သည် ရှေ့ဆက်နိုင်မည် မဟုတ်တော့ပေ။ လူသားမျိုးနွယ်သည်လည်း ရှင်သန်မှုအတွက် ၎င်းတို့ မှီခိုရသည့် ၎င်းတို့၏ပတ်ဝန်းကျင်ကို ဆုံးရှုံးသွားမည် ဖြစ်သည်။ လူသားမျိုးနွယ်သည် ဤအရာအားလုံး ဆုံးရှုံးသွားပါက၊ ၎င်းတို့ ရှင်သန်နေကြပြီးသည့်အတိုင်း မျိုးဆက်များ တစ်ဆက်ပြီး တစ်ဆက် ရှင်သန်ကာ ပွားများဖို့ ဆက်လက် လုပ်ဆောင်နိုင်ကြမည် မဟုတ်ပေ။ ယခုအချိန်ထိ လူသားများ ရှင်သန်ပြီးဖြစ်သည့် အကြောင်းရင်းမှာ ဘုရားသခင်သည် ၎င်းတို့ကို ပြုစုစောင့်ရှောက်ရန်၊ မတူညီသော နည်းလမ်းများဖြင့် လူသားမျိုးနွယ်ကို ပြုစုစောင့်ရှောက်ရန်

ဖန်ဆင်းခြင်း အရာခပ်သိမ်းအား ထောက်ပံ့ပေးထားပြီး ဖြစ်သောကြောင့် ဖြစ်သည်။ လူသားမျိုးနွယ်သည် ယခုအချိန်ထိ၊ မျက်မှောက်ခေတ် အထိ ရှင်သန်ပြီးဖြစ်သည်မှာ ဘုရားသခင်သည် လူသားမျိုးနွယ်ကို မတူညီသည့် နည်းလမ်းများဖြင့် ပြုစုစောင့်ရှောက်သောကြောင့်သာ ဖြစ်သည်။ သင့်လျော်ပြီး သဘာဝ နိယာမများက ကောင်းမွန်သည့် အစီအစဉ်ဖြင့် ရှိကြသည့် ရှင်သန်မှုအတွက် သတ်မှတ်ထားသော ပတ်ဝန်းကျင်တစ်ခုဖြင့်၊ ကမ္ဘာမြေ၏ မတူညီသော လူအမျိုးအစားအားလုံး၊ မတူညီသော လူမျိုးစုအားလုံးသည် သူတို့၏ ကိုယ်ပိုင် ပြဋ္ဌာန်းထားသည့် နယ်မြေများအတွင်းတွင် ရှင်သန်နိုင်ကြလေသည်။ ယင်းတို့ကို ချမှတ်ထားသည်မှာ ဘုရားသခင် ဖြစ်သောကြောင့်၊ ဤနယ်မြေများ သို့မဟုတ် နယ်နိမိတ်များကို မည်သူမျှ ကျော်မသွားနိုင်ပေ။ ဘုရားသခင်သည် နယ်နိမိတ်များကို ဤနည်းလမ်းဖြင့် အဘယ်ကြောင့် ချမှတ်ထားသနည်း။ ဤသည်မှာ လူသားမျိုးနွယ်အားလုံးအတွက် အလွန်အရေးကြီးသည့်- အမှန်တကယ် အလွန်အရေးကြီးသည့်- ကိစ္စရပ်တစ်ခု ဖြစ်သည်။ ဘုရားသခင်သည် သက်ရှိသတ္တဝါ အမျိုးအစား အသီးသီးအတွက် အပိုင်းအခြားတစ်ခုကို ချမှတ်ခဲ့ပြီး လူသားအမျိုးအစား အသီးသီးအတွက် ရှင်သန်မှု နည်းလမ်းများကို သတ်မှတ်ခဲ့သည်။ သူသည် ကမ္ဘာမြေကြီးပေါ် ရှိ မတူကွဲပြားသော လူအမျိုးအစားများနှင့် မတူကွဲပြားသော လူမျိုးစုများကိုလည်း ပိုင်းခြားခဲ့ပြီး ၎င်းတို့အတွက် အပိုင်းအခြားတစ်ခုကို ထူထောင်ခဲ့သည်။ ဤသည်မှာ နောက်ထပ် ငါတို့ ဆွေးနွေးမည့် အရာဖြစ်သည်။

စတုတ္ထအနေဖြင့်၊ ဘုရားသခင်သည် မတူကွဲပြားသည့် လူမျိုးစုများကြားတွင် နယ်နိမိတ်များ ရေးဆွဲခဲ့သည်။ ကမ္ဘာမြေကြီးပေါ်တွင် လူဖြူ၊ လူမည်း၊ လူညို၊ လူဝါတို့ရှိကြသည်။ ဤသည်တို့သည် မတူကွဲပြားသည့် လူအမျိုးအစားများဖြစ်သည်။ ဘုရားသခင်သည် ဤကွဲပြားသည့် လူအမျိုးအစားတို့၏ ဘဝများအတွက် နယ်ပယ်ကိုလည်း သတ်မှတ်ခဲ့ပြီး၊ ယင်းကို သတိမမူမိဘဲ၊ လူတို့သည် ဘုရားသခင်၏ စီမံခန့်ခွဲမှုအောက်တွင် ရှင်သန်မှုအတွက် သင့်တော်သော ၎င်းတို့၏ ပတ်ဝန်းကျင်အတွင်းတွင် နေထိုင်ကြလေသည်။ ဤအရာ၏ အပြင်သို့ မည်သူမျှ မထွက်နိုင်ပေ။ ဥပမာအားဖြင့် လူဖြူများကို စဉ်းစားကြည့်ကြစို့။ ၎င်းတို့၏ အများစု နေထိုင်သည့် ပထဝီမြေ အပိုင်းအခြားမှာ မည်သည့်အရာ ဖြစ်သနည်း။ အများစုသည် ဥရောပနှင့် အမေရိကတွင် နေထိုင်ကြသည်။ လူမည်းများ အဓိကနေထိုင်သည့် ပထဝီမြေအပိုင်းအခြားမှာ အာဖရိက ဖြစ်သည်။ လူညိုများမှာ ထိုင်း၊ အိန္ဒိယ၊ မြန်မာ၊ ဗီယက်နမ်နှင့် လာအို ကဲ့သို့သော အရှေ့တောင်အာရှနှင့် အာရှတောင်ပိုင်းရှိ နိုင်ငံများတွင် အဓိကအားဖြင့် နေထိုင်ကြသည်။ လူဝါများသည် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားတို့ကဲ့သို့

နိုင်ငံများဖြစ်သည့် အာရှတွင် အဓိက နေထိုင်ကြသည်။ ဤကွဲပြားသည့် လူမျိုးများသည် ကမ္ဘာလောက၏ ကွဲပြားသည့် အစိတ်အပိုင်းများ တစ်လျှောက် ပျံ့နှံ့စေရန်အလို့ငှာ၊ ဘုရားသခင်သည် ဤမတူညီသည့် လူမျိုးစု အမျိုးအစား အားလုံးကို သင့်လျော်စွာ ဖြန့်ခဲ့သည်။ ကမ္ဘာ၏ ဤမတူညီသည့် အစိတ်အပိုင်းများတွင်၊ ဘုရားသခင်သည် မတူကွဲပြားသည့် လူသားမျိုးနွယ်စု အသီးသီးအတွက် သင့်တော်သည့် ရှင်သန်မှုအတွက် ပတ်ဝန်းကျင် တစ်ခုကို ကြာမြင့်စွာသော အချိန်ကတည်းက ပြင်ဆင်ခဲ့သည်။ ဤရှင်သန်မှုဆိုင်ရာ ပတ်ဝန်းကျင်များ အတွင်းတွင်၊ ဘုရားသခင်သည် ၎င်းတို့အတွက် ခြားနားသော အရောင်များနှင့် ဖွဲ့စည်းပုံတို့ ရှိသည့် မြေကြီးများကို ပြင်ဆင်ခဲ့သည်။ တစ်နည်းအားဖြင့် လူဖြူများ၏ ကိုယ်ခန္ဓာများကို ဖွဲ့စည်းထားသည့် အစိတ်အပိုင်းများသည် လူမည်းတို့၏ ကိုယ်ခန္ဓာများကို ဖွဲ့စည်းထားသည့်အရာများနှင့် မတူညီကြ သကဲ့သို့၊ အခြားလူမျိုးစုများ၏ ကိုယ်ခန္ဓာများကို ဖွဲ့စည်းထားသည့် အစိတ်အပိုင်းများမှလည်း ၎င်းတို့ ကွာခြားပေသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန်တွင်၊ ထိုလူမျိုးစုအတွက် ရှင်သန်မှု ပတ်ဝန်းကျင် တစ်ခုကို ပြင်ဆင်နှင့်ခဲ့ပြီးဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် သူ၏ ရည်ရွယ်ချက်မှာ ထိုလူအမျိုးအစား စတင်တိုးပွားပြီး အရေအတွက် တိုးလာသည့်အခါတွင်၊ ၎င်းတို့ကို ပိုင်းအခြား တစ်ခုခုအတွင်းတွင် ပြင်ဆင်သတ်မှတ်ပေးနိုင်ဖို့ ဖြစ်သည်။ ဘုရားသခင်သည် လူသားတို့ကို မဖန်ဆင်းမီတွင်၊ ထိုအရာအားလုံးကို သူ စဉ်းစားထားနှင့်ပြီးဖြစ်သည်- လူဖြူများအတွက် ၎င်းတို့ကို ဖွံ့ဖြိုးတိုးတက်ပြီး ရှင်သန်ခွင့်ပြုရန် ဥရောပနှင့် အမေရိကကို သူ သီးသန့်ထားခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် ကမ္ဘာမြေကြီးကို ဖန်ဆင်းနေခဲ့ချိန်တွင် သူသည် အစီအစဉ်တစ်ခု ရှိနှင့်ပြီးဖြစ်သည်၊ ထိုကုန်းမြေအပိုင်းထဲတွင် သူထားရှိသည့်အရာကို ထားရှိခြင်းနှင့် ထိုကုန်းမြေအပိုင်းတွင် သူ ပြုစုပျိုးထောင်သည့်အရာကို ပြုစုပျိုးထောင်ခြင်းတွင် ရည်မှန်းချက် တစ်ခုနှင့် ရည်ရွယ်ချက် တစ်ခု ရှိနှင့်ခဲ့ပြီးဖြစ်သည်။ ဥပမာအားဖြင့် ဘုရားသခင်သည် မည်သည့်တောင်များ၊ လွင်ပြင်များ မည်မျှ၊ ရေအရင်းအမြစ်များ မည်မျှ၊ မည်သည့်ငှက်နှင့် သားရဲတိရစ္ဆာန် အမျိုးအစားများ၊ မည်သည့်ငါးများနှင့် မည်သည့်အပင်များ ထိုကုန်းမြေပေါ်တွင် ရှိရမည်ဆိုသည်ကို အချိန်ကြာမြင့်စွာကတည်းက ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ သတ်မှတ်ထားသည့် လူသား အမျိုးအစား တစ်ခုအတွက်၊ သတ်မှတ်ထားသည့် လူမျိုးစု တစ်ခုအတွက်၊ ရှင်သန်မှု ပတ်ဝန်းကျင် တစ်ခုကို ပြင်ဆင်သည့်အခါတွင်၊ ဘုရားသခင်သည် ရှုထောင့်ပေါင်းစုံမှ ကိစ္စရပ်များစွာကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ခဲ့သည်။ ပထဝီဆိုင်ရာ ပတ်ဝန်းကျင်၊ မြေကြီး၏ ဖွဲ့စည်းပုံ၊ မတူကွဲပြားသော ငှက်များနှင့် သားရဲတိရစ္ဆာန် မျိုးစေ့များ၊ မတူကွဲပြားသော

ငါးအမျိုးအစားများ၏ အရွယ်အစား၊ ငါး၏ ကိုယ်များကို ဖွဲ့စည်းထားသည့် အစိတ်အပိုင်းများ၊ ရေအရည်အသွေး ကွဲပြားမှုများအပြင်၊ မတူကွဲပြားသည့် အပင်အမျိုးအစား အားလုံး...ထိုအရာအားလုံးကို ဘုရားသခင်သည် အချိန်ကြာမြင့်စွာကတည်းက ပြင်ဆင်ခဲ့ပြီး ဖြစ်သည်။ ထိုပတ်ဝန်းကျင်မျိုးသည် လူဖြူများအတွက် ဘုရားသခင် ဖန်ဆင်းပြီး ပြင်ဆင်ခဲ့သည့် ရှင်သန်မှုအတွက် ပတ်ဝန်းကျင် တစ်ခုဖြစ်ပြီး ယင်းသည် ပင်ကိုအားဖြင့် ၎င်းတို့နှင့် သက်ဆိုင်ပေသည်။ အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့ချိန်တွင် ထိုအထဲ၌ အတွေးများစွာ ထားရှိခဲ့ပြီး အစီအစဉ် တစ်ခုဖြင့် ဆောင်ရွက်ခဲ့သည်ကို သင်တို့ မြင်ပြီလော။ (မြင်ပါသည်။ လူအမျိုးအစား အမျိုးမျိုးအတွက် ဘုရားသခင်၏ စဉ်းစားဆင်ခြင်မှုများက အလွန် စဉ်းစဉ်းစားစား ရှိသည်ကို ကျွန်ုပ်တို့ တွေ့ရပြီး ဖြစ်ပါသည်။ မတူကွဲပြားသည့် လူသား အမျိုးအစားများအတွက် သူ ဖန်ဆင်းခဲ့သည့် ရှင်သန်မှု ပတ်ဝန်းကျင်အတွက်၊ သူသည် မည်သည့် ငှက်များ၊ သားရဲတိရစ္ဆာန်များနှင့် ငါးအမျိုးအစားများကို ပြင်ဆင်မည်၊ တောင်များ မည်မျှနှင့် မြေပြန့်လွင်ပြင်များ မည်မျှ ပြင်ဆင်မည်ဆိုသည်ကို အဆုံးစွန် ထောက်ထားမှုနှင့် တိကျမှုတို့ဖြင့် သူ ထည့်သွင်းစဉ်းစားခဲ့ပါသည်။) ဥပမာ လူဖြူများကို ကြည့်လော့။ မည်သည့်အစားအစာများကို လူဖြူများက အဓိက စားသုံးကြသနည်း။ လူဖြူများ စားသုံးသည့် အစားအစာများက အာရှသားများ စားသုံးသည့်အစားအစာနှင့် အလွန် ကွဲပြားသည်။ လူဖြူများ စားသည့် အဓိက အစားအစာများက များသောအားဖြင့် အသား၊ ဥများ၊ နွားနို့နှင့် ကြက်ဘဲအသားတို့ ပါဝင်သည်။ ပေါင်မုန့်နှင့် ထမင်းကဲ့သို့သော ဂျုံစပါးတို့သည် ယေဘုယျအားဖြင့် ပန်းကန်၏ ဘေးတွင်ထားသည့် ဖြည့်စွက် အစားအစာများ ဖြစ်သည်။ ဟင်းသီးဟင်းရွက်သုပ်ကို စားသည့်အခါတွင်ပင်၊ အမဲကင် သို့မဟုတ် ကြက်ကင် အပိုင်းအစ အနည်းငယ်ကို ထည့်တတ်ကြပြီး၊ ဂျုံပါဝင်သည့် အစားအစာများကို စားသည့်အခါတွင်ပင်၊ ဒိန်ခဲ၊ ဥများ သို့မဟုတ် အသားတို့ကို ဖြည့်စွက်တတ်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ အဓိက အစားအစာများသည် ဂျုံပါဝင်သည့် အစားအစာများ သို့မဟုတ် ထမင်းများ မဟုတ်ဟု ဆိုရပေမည်။ ၎င်းတို့သည် အလွန်များသည့် အသားနှင့် ဒိန်ခဲများ ပမာဏကို စားကြသည်။ ၎င်းတို့ စားသုံးသည့် အစားအစာများက ကယ်လိုရီ အလွန်မြင့်မားသည့်သောကြောင့် ရေခဲရေကို ၎င်းတို့ မကြာခဏ သောက်ကြသည်။ ထို့ကြောင့် လူဖြူများသည် သူမတူထူးကဲစွာ သန်စွမ်းကြသည်။ ယင်းမှာ ၎င်းတို့၏ အသက်မွေးမှု အရင်းအမြစ်နှင့် ၎င်းတို့အတွက် ဘုရားသခင် ပြင်ဆင်ထားသည့် ရှင်သန်ခြင်း ပတ်ဝန်းကျင် ဖြစ်သည်၊ ယင်းက အခြားလူမျိုးစုများ၏ ဘဝနေထိုင်မှုပုံစံမှ ကွဲပြားသည့် ဤဘဝပုံစံကို ရှိခွင့်ပေးလေသည်။ ဤဘဝပုံစံတွင် မှန်ခြင်း၊ မှားခြင်း မရှိပေ- ယင်းသည် မွေးရာပါ၊ ဘုရားသခင်

ခွဲခန့်မှတ်သားထားခြင်း ဖြစ်ပြီး၊ ယင်းသည် ဘုရားသခင်၏ လမ်းညွှန်စေစားချက်များနှင့် သူ၏စီမံခန့်ခွဲမှုများမှ ထွက်ပေါ်လာပေသည်။ ဤလူမျိုးစုက ၎င်းတို့၏ အသက်မွေးမှုအတွက် ဤဘဝပုံစံနှင့် ဤအရင်းအမြစ်များ ရှိသည်မှာ ၎င်းတို့၏ မျိုးနွယ်စုကြောင့်နှင့် ဘုရားသခင်က ၎င်းတို့အတွက် ပြင်ဆင် ပေးထားသည့် ရှင်သန်မှု ပတ်ဝန်းကျင်ကြောင့် ဖြစ်သည်။ သင့်အနေဖြင့် လူဖြူများအတွက် ဘုရားသခင် ပြင်ဆင် ပေးထားသည့် ရှင်သန်မှု ပတ်ဝန်းကျင်နှင့် ထိုပတ်ဝန်းကျင်မှ ၎င်းတို့ ရရှိသည့် နေ့စဉ် အာဟာရသည် ကြွယ်ဝကာ ပေါများသည်ဟု ဆိုနိုင်ပေသည်။

ဘုရားသခင်သည် အခြား လူမျိုးနွယ်စုများအတွက်လည်း ရှင်သန်မှုအတွက် လိုအပ်သည့် ပတ်ဝန်းကျင်ကို ပြင်ဆင်ပေးခဲ့သည်။ လူမည်းများလည်း ရှိသည်- လူမည်းများသည် မည်သည့်နေရာတွင် တည်ရှိကြသနည်း။ ၎င်းတို့သည် အဓိကအားဖြင့် အာဖရိက အလယ်ပိုင်းနှင့် တောင်ပိုင်းများတွင် တည်ရှိကြသည်။ အသက်ရှင်ခြင်းအတွက် ဘုရားသခင်သည် ထိုပတ်ဝန်းကျင်မျိုးတွင် ၎င်းတို့အတွက် အဘယ်အရာကို ပြင်ဆင်ခဲ့သနည်း။ အပူပိုင်း မုတ်သုံသစ်တောများ၊ ငှက်များနှင့် သားရဲတိရစ္ဆာန်မျိုးစုံ၊ ကန္တာရများနှင့် လူတို့နှင့်အတူ ရှင်သန်သည့် အပင်မျိုးစုံတို့ ဖြစ်သည်။ ၎င်းတို့သည် ရေ၊ ၎င်းတို့၏ အသက်မွေးမှုများနှင့် အစားအစာတို့အတွက် အရင်းအမြစ်များ ရှိသည်။ ဘုရားသခင်သည် ၎င်းတို့အပေါ် မတရား မပြုလုပ်ပေ။ သူတို့ မည်သည့်အရာကို လုပ်ဆောင်ဖူးသည် ဖြစ်စေ၊ ၎င်းတို့၏ ရှင်သန်မှုက ပြဿနာ တစ်ခု မဖြစ်ဖူးပေ။ ၎င်းတို့သည်လည်း ကမ္ဘာလောက၏ တစ်စိတ်တစ်ဒေသတွင် နေရာ တစ်ခုခုနှင့် နယ်ပယ် တစ်ခုခုကို နေရာ ယူထားကြသည်။

ယခုတွင် လူဝါများ အကြောင်းကို ပြောကြစို့။ လူဝါများသည် အဓိကအားဖြင့် အရှေ့အရပ်တွင် နေထိုင်ကြသည်။ အရှေ့အရပ်နှင့် အနောက်အရပ်တို့၏ ပတ်ဝန်းကျင်များနှင့် ပထဝီဝင်ဆိုင်ရာ အနေအထားများတွင် မည်သည့်ကွာခြားချက်များ ရှိသနည်း။ အရှေ့အရပ်တွင် ကုန်းမြေအများစုသည် သီးနှံဖြစ်ထွန်းပြီး၊ ဝတ္ထုပစ္စည်းများနှင့် သတ္တုသိုက်များ ကြွယ်ဝသည်။ ဆိုလိုသည်မှာ မြေပေါ်နှင့် မြေအောက် အရင်းအမြစ်မျိုးစုံ ပေါများပေသည်။ ဤလူစုအတွက်၊ ဤလူမျိုးနွယ်စုအတွက်၊ ကိုက်ညီသည့် မြေဆီလွှာ၊ ရာသီဥတုနှင့် ၎င်းတို့အတွက် သင့်တော်သည့် ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင် အမျိုးမျိုးတို့ကိုလည်း ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။ ထိုပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် အနောက်အရပ်ရှိ ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင် အကြားတွင် ကြီးမားသည့် ကွာခြားမှုများ ရှိသော်လည်း၊ လူများ လိုအပ်သည့် အစားအစာ၊ အသက်မွေးမှုများနှင့် ရှင်သန်မှုအတွက် အရင်းအမြစ်များကိုလည်း

ဘုရားသခင်က ပြင်ဆင်ထားခဲ့သည်။ ယင်းသည် အနောက်အရပ်တွင် လူဖြူများ၌ ရှိသည့်အရာနှင့် ကွဲပြားသည့် ရှင်သန်မှု ပတ်ဝန်းကျင်တစ်ခုသာ ဖြစ်သည်။ သို့သော် သင်တို့ကို ပြောပြရန်လိုသည့် အရာတစ်ခုမှာ အဘယ်အရာနည်း။ အရှေ့တိုင်း မျိုးနွယ်စု၏ လူအရေအတွက်သည် အတော်အတန် များပြားသည်၊ ထို့ကြောင့် ဘုရားသခင်သည် ကမ္ဘာမြေ၏ ထိုအပိုင်းတွင် အနောက်တိုင်းအရပ်နှင့် မတူညီသည့် အစိတ်အပိုင်း များစွာ ဖြည့်စွက်ခဲ့ပေသည်။ ထိုနေရာတွင် သူသည် မတူညီသည့် မြေပြင် ရှုခင်းများစွာနှင့် အလျှံပယ် ဖြစ်သော ဝတ္ထုပစ္စည်း မျိုးစုံကို ဖြည့်စွက်ခဲ့သည်။ သဘာဝ အရင်းအမြစ်များ အလွန် ပေါကြွယ်ဝလေသည်။ မြေပြင် အနေအထားသည်လည်း အမျိုးမျိုး ရှိပြီး ကွဲပြားသည်၊ အရှေ့တိုင်းလူမျိုးနွယ်စု၏ များပြားလှသည့် လူအရေအတွက်ကို ပြုစုစောင့်ရှောက်ဖို့ရာ လုံလောက်ပေသည်။ အရှေ့တိုင်းကို အနောက်တိုင်းမှ ခွဲခြားသည့်အရာမှာ အရှေ့အရပ်တွင်- တောင်ဘက်မှ မြောက်ဘက်၊ အရှေ့ဘက်မှ အနောက်ဘက်- ရာသီဥတုသည် အနောက်တိုင်းထက် သာ၍ကောင်းမွန်ပေသည်။ ရာသီဥတု လေးခုသည် ရှင်းလင်းစွာ ကွဲပြား၏၊ အပူချိန်များက သင့်မြတ်သည်၊ သဘာဝ အရင်းအမြစ်များက ပေါကြွယ်ဝပြီး၊ သဘာဝရှုခင်းနှင့် မြေပြင် အနေအထား အမျိုးအစားများသည် အနောက်တိုင်းထက် သာ၍ ကောင်းမွန်လေသည်။ ဘုရားသခင်သည် အဘယ်ကြောင့် ဤအရာကို လုပ်ဆောင် ခဲ့သနည်း။ ဘုရားသခင်သည် လူဖြူများနှင့် လူဝါများကြားတွင် အလွန် အကျိုးအကြောင်းသင့်သည့် ဟန်ချက်ညီမှု တစ်ခုကို ဖန်ဆင်းခဲ့သည်။ ဤအရာက မည်သည့်အရာကို ဆိုလိုသနည်း။ ယင်းမှာ လူဖြူများ၏ အစားအစာ၊ ၎င်းတို့ အသုံးပြုသည့် အရာများနှင့် ၎င်းတို့ မွေ့လျော်ခံစားဖို့အတွက် ပေးထားသည့် အရာများ၏ လက္ခဏာ သွင်ပြင်အားလုံးသည် လူဝါများ မွေ့လျော်နိုင်သည့် အရာများထက် သာလွန် ကောင်းမွန်လေသည်။ သို့သော် ဘုရားသခင်သည် မည်သည့်လူမျိုးနွယ်စုကိုမျှ ဘက်မလိုက်ပေ။ ဘုရားသခင်သည် လူဝါများကို ရှင်သန်မှုအတွက် သာ၍ လှပပြီး သာ၍ ကောင်းမွန်သည့် ပတ်ဝန်းကျင် တစ်ခုကို ပေးခဲ့သည်။ ဤသည်မှာ ဟန်ချက်ညီမှုဖြစ်သည်။

ဘုရားသခင်သည် မည်သည့်လူအမျိုးအစားက ကမ္ဘာလောက၏ မည်သည့်အပိုင်းတွင် နေထိုင်သင့်သည်ကို ကြိုတင်ခွဲခန့်ထားပြီး ဖြစ်သည်။ လူသားတို့က ဤကန့်သတ်ချက်များကို ကျော်လွန်၍ သွားနိုင်သလော။ (သူတို့မသွားနိုင်ပါ။) အံ့သြဖွယ်ကောင်းသည့် အရာတစ်ခု ပါတကား။ မတူညီသည့်ခေတ်များ သို့မဟုတ် ထူးခြားသော အချိန်ကာလများအတောအတွင်းတွင် စစ်ပွဲများ သို့မဟုတ် ပိုင်နက်ကျူးလွန်မှုများ ရှိလျှင်ပင်၊ ဤစစ်ပွဲများနှင့် ပိုင်နက်ကျူးလွန်မှုများက လူမျိုးနွယ်စု အသီးသီးအတွက် ဘုရားသခင်

ခွဲခန့်မှတ်သားထားပြီးဖြစ်သည့် ရှင်သန်မှုအတွက် ပတ်ဝန်းကျင်များကို လုံးဝ မဖျက်ဆီးနိုင်ပေ။ ဆိုလိုသည်မှာ ဘုရားသခင်သည် ကမ္ဘာလောက၏ အစိတ်အပိုင်း တစ်ခုခုတွင် လူအမျိုးအစား တစ်ခုခုကို ချမှတ်ထားပြီးဖြစ်ကာ ၎င်းတို့သည် ထိုအကန့်အသတ်များကို ကျော်လွန်မသွားနိုင်ကြပေ။ လူများက ၎င်းတို့၏ ပိုင်နက်ကို ပြောင်းလဲရန် သို့မဟုတ် ချဲ့ထွင်ရန် အချို့သော ရည်မှန်းချက်မျိုး ရှိလျှင်ပင်၊ ဘုရားသခင်၏ ခွင့်ပြုချက် မရှိဘဲနှင့်၊ ဤသည်မှာ ၎င်းတို့အတွက် စွမ်းဆောင်ရရှိဖို့ အလွန် ခက်ခဲလိမ့်မည် ဖြစ်သည်။ ယင်းမှာ အောင်မြင်ဖို့ အလွန် ခက်ခဲလိမ့်မည် ဖြစ်သည်။ ဥပမာအားဖြင့်၊ လူဖြူများသည် ၎င်းတို့၏ ပိုင်နက်မြေကို ချဲ့ထွင်လိုခဲ့ကြပြီး အချို့သော အခြားနိုင်ငံများကို ကိုလိုနီနိုင်ငံ အဖြစ် သိမ်းပိုက် အုပ်ချုပ်ခဲ့ကြသည်။ ဂျာမနီက နိုင်ငံအချို့ကို ကျူးကျော်ခဲ့ပြီး၊ ဗြိတိန်က အိန္ဒိယကို တစ်ကြိမ် သိမ်းပိုက်ခဲ့သည်။ ရလဒ်က မည်သည့်အရာ ဖြစ်ခဲ့သနည်း။ အဆုံးတွင် ၎င်းတို့ ကျရှုံးခဲ့ကြသည်။ ၎င်းတို့၏ ရှုံးနိမ့်မှုမှ အဘယ်အရာကို ငါတို့ မြင်ရသနည်း။ ဘုရားသခင် ခွဲခန့်မှတ်သား ထားပြီးသည့်အရာကို ဖျက်ဆီးပစ်ရန် ခွင့်မပြုထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဗြိတိန်၏ နယ်မြေချဲ့ထွင်မှုတွင် မည်မျှ ကြီးမားသည့် အရှိန်အဟုန်ကို သင် မြင်ရသည်ဖြစ်စေ၊ နောက်ဆုံးတွင် ၎င်းတို့သည် အိန္ဒိယနှင့် သက်ဆိုင်သည့် နယ်မြေကို စွန့်ခွာရင်း၊ ဆုတ်ခွာခဲ့ရဆဲဖြစ်သည်။ ဘုရားသခင်သည် ခွင့်မပြုခဲ့သောကြောင့်၊ ထိုနယ်မြေတွင် နေထိုင်ကြသူများသည် ဗြိတိသျှလူမျိုး မဟုတ်ဘဲ၊ အိန္ဒိယလူမျိုးများ ဖြစ်နေဆဲ ဖြစ်သည်။ သမိုင်း သို့မဟုတ် နိုင်ငံရေးကို သုတေသနပြုခဲ့သူ အချို့က ဤအရာနှင့်ပတ်သက်သည့် သုတေသနစာတမ်းများ ထောက်ပံ့ပေးထားပြီး ဖြစ်သည်။ အချို့သော မျိုးနွယ်စုကို သိမ်းပိုက်မရနိုင်ခဲ့သောကြောင့် သို့မဟုတ် အခြားလူသား အကြောင်းပြချက် အချို့ကြောင့် ဖြစ်နိုင်သည်ဟု ဆိုရင်း၊ ဗြိတိန် အဘယ်ကြောင့် ရှုံးနိမ့်ခဲ့ရသည် ဆိုသည်အတွက် အကြောင်းရင်းများ ၎င်းတို့ ပေးကြလေသည် ....။ ဤသည်တို့မှာ တကယ့် အကြောင်းရင်းများ မဟုတ်ပေ။ တကယ့် အကြောင်းရင်းမှာ ဘုရားသခင်ကြောင့် ဖြစ်သည်- ယင်းကို သူ ခွင့်မပြုခဲ့ပေ။ ဘုရားသခင်သည် လူမျိုးစု တစ်စုကို နယ်မြေ တစ်စိတ်တစ်ဒေတွင် နေထိုင်ခွင့်ပေးပြီး ထိုနေရာတွင် ၎င်းတို့ကို အခြေချစေသည်၊ ပြီးလျှင် ဘုရားသခင်သည် ၎င်းတို့ကို ထိုနယ်မြေမှ ရွှေ့ပြောင်းခွင့်မပြုပါက၊ မည်သည့်အခါတွင်မျှ ရွှေ့ပြောင်းနိုင်လိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် ၎င်းတို့အတွက် သတ်မှတ်ထားသည့် နယ်မြေ တစ်ခု ခွဲဝေပေးပါက၊ ၎င်းတို့သည် ထိုဒေသအတွင်း၌ နေထိုင်ကြလိမ့်မည်။ လူသားမျိုးနွယ်သည် ဤသတ်မှတ်ထားသည့် နယ်မြေမှ ရုန်းထွက်ခြင်း သို့မဟုတ် မိမိတို့ကိုယ်ကိုယ် လွတ်မြောက်စေခြင်း မပြုလုပ်နိုင်ပေ။ ဤသည်မှာ သေချာသည်။ နယ်ချဲ့သူများ၏

အင်အားစုများ မည်မျှပင်ကြီးမားသည် ဖြစ်စေ သို့မဟုတ် နယ်ချဲ့ခံရသည့်သူများက မည်မျှ အားနည်းသည် ဖြစ်စေ၊ နောက်ဆုံးတွင် နယ်ချဲ့သူတို့၏ အောင်မြင်မှုက ဘုရားသခင် ဆုံးဖြတ်ဖို့အတွက် ဖြစ်ပေသည်။ ယင်းကို သူက ခွဲခန့်မှတ်သားထားနှင့်ပြီးဖြစ်ကာ မည်သူမျှ မပြောင်းလဲနိုင်ပေ။

အထက်က ဖော်ပြထားသည်မှာ ဘုရားသခင်က လူမျိုးနွယ်စု အမျိုးမျိုးကို ဖြန့်ထားပုံ ဖြစ်သည်။ မျိုးနွယ်စုများကို ဖြန့်ဖို့ ဘုရားသခင်သည် အဘယ်အရာကို လုပ်ဆောင်ပြီးဖြစ်သနည်း။ ပထမဦးစွာ၊ သူသည် လူတို့အတွက် မတူညီသည့် နေရာများကို ခွဲဝေပေးရင်း၊ ကြီးမျှားသည့် ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်ကို ပြင်ဆင်ခဲ့သည်၊ ယင်းနောက်တွင် ထိုနေရာများ၌ မျိုးဆက်များ တစ်ဆက်ပြီးတစ်ဆက် ရှင်သန်ခဲ့ကြသည်။ ဤအရာကို သတ်မှတ်ထားပြီးဖြစ်သည်- ၎င်းတို့၏ ရှင်သန်မှုအတွက် သတ်မှတ်ထားသည့် နယ်မြေကို သတ်မှတ်ထားပြီး ဖြစ်သည်။ ပြီးလျှင် ၎င်းတို့၏ ဘဝများ၊ ၎င်းတို့ စားသည့်အရာ၊ ၎င်းတို့ သောက်သည့်အရာ၊ ၎င်းတို့၏ အသက်မွေးမှုများ- ထိုအရာအားလုံးကို အချိန်ကြာမြင့်စွာက ဘုရားသခင် သတ်မှတ်ထားခဲ့သည်။ ပြီးလျှင် အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့ချိန်တွင်၊ သူသည် မတူညီသည့် လူအမျိုးအစားများ အတွက် မတူညီသည့် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်- မတူညီသည့် မြေကြီးဖွဲ့စည်းပုံများ၊ မတူညီသည့် ရာသီဥတုများ၊ မတူညီသည့် အပင်များနှင့် မတူညီသည့် ပထဝီဆိုင်ရာ ပတ်ဝန်းကျင်များ ရှိကြသည်။ မတူညီသည့် နေရာများသည် မတူညီသည့် ငှက်များနှင့် သားရဲတိရစ္ဆာန်များပင် ရှိသည်၊ မတူညီသည့် ရေများက ၎င်းတို့၏ သီးသန့် ငါးအမျိုးအစားများနှင့် ရေထွက်ပစ္စည်းများ ရှိကြသည်။ ပိုးမွှားအမျိုးအစားများကိုပင်လျှင် ဘုရားသခင်က ပိုင်းခြားသတ်မှတ်ပေသည်။ ဥပမာအားဖြင့် အမေရိကတိုက်တွင် ကြီးပြင်းသည့်အရာများ အားလုံးသည် အလွန် ကြီးမား၊ အလွန် မြင့်မားပြီး၊ အလွန် ကျန်းမာသန်စွမ်းသည်။ တောင်တန်း သစ်တောထဲတွင် ရှိသည့် သစ်ပင်များ၏ အမြစ်များ အားလုံးသည် အလွန် တိမ်သော်လည်း၊ သစ်ပင်က အလွန် မြင့်မားစွာ ကြီးထွားလေသည်။ မီတာ တစ်ရာ သို့မဟုတ် မီတာ တစ်ရာကျော် အမြင့်များအထိပင် ရောက်ရှိနိုင်ကြသော်လည်း၊ အာရှတွင် ရှိသည့် သစ်တောများထဲက သစ်ပင်များသည် အများအားဖြင့် သိပ်မမြင့်ကြပေ။ ဥပမာအားဖြင့် ရှားစောင်းလက်ပပ်ပင်များကို ကြည့်လော့။ ဂျပန်တွင် ယင်းအပင်များသည် အလွန်သေးသွယ်ပြီး၊ အလွန်ပါးသော်လည်း၊ အမေရိကန် ပြည်ထောင်စုတွင် ရှိသည့် ရှားစောင်းလက်ပပ်ပင်များမှာ အလွန်ကြီးမားလေသည်။ ဤတွင် ခြားနားမှု တစ်ခု ရှိ၏။ ယင်းသည် နာမည် တစ်ခုတည်းနှင့် အပင်အမျိုးအစား တစ်ခုတည်း ဖြစ်သော်လည်း၊

အမေရိကတိုက်တွင် ယင်းသည် အထူးသဖြင့် ကြီးမားစွာ ပေါက်လေသည်။ ဤသွင်ပြင်လက္ခဏာ အမျိုးမျိုးထဲက ခြားနားမှုများကို လူတို့က မမြင် သို့မဟုတ် သတိမမူမိနိုင်သော်လည်း၊ အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့ချိန်တွင်၊ သူသည် ယင်းတို့ကို အသေးစိတ် ချပြခဲ့ပြီး မတူညီသည့် ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်များ၊ မတူညီသည့် မြေမျက်နှာသွင်ပြင်များနှင့် မတူညီသည့် လူမျိုးနွယ်စုများအတွက် မတူညီသည့် သက်ရှိများကို ပြင်ဆင်ခဲ့သည်။ ဤသည်မှာ ဘုရားသခင်သည် မတူညီသည့် လူအမျိုးအစားများကို ဖန်ဆင်းခဲ့ပြီး၊ ၎င်းတို့အသီးသီး လိုအပ်သည့်အရာနှင့် ၎င်းတို့၏ ဘဝနေထိုင်မှုပုံစံများက မည်သည့်အရာဖြစ်သည်ကို သူ သိရှိသောကြောင့် ဖြစ်သည်။

ဤအရာများထဲမှ အချို့ကို ပြောဆိုပြီးသည့်နောက်တွင်၊ ယခုတွင် ငါတို့ ဆွေးနွေးခဲ့သည့် အဓိက အကြောင်းအရာနှင့်ပတ်သက်သည့် တစ်စုံတစ်ရာကို လေ့လာကြပြီး ဖြစ်သည်ဟု သင်တို့ ခံစားရသလော။ ယင်းကို သင်တို့ စတင် နားလည်နေကြသည်ဟု ခံစားရသလော။ သာ၍ ကျယ်ပြန့်သည့် အကြောင်းအရာများအတွင်း ဤသွင်ပြင်လက္ခဏာများ အကြောင်း ပြောဆိုဖို့ ငါ ရွေးချယ်ရသည့် အကြောင်းရင်းနှင့်ဆိုင်သည့် အကြမ်းဖျင်း စိတ်ကူးတစ်ခု ယခု သင်တို့ ရှိသင့်သည်ဟု ငါ ယုံကြည်သည်။ မှန်သလော။ ထိုအရာများထဲမှ မည်မျှကို သင်တို့ နားလည်သည်နှင့် ပတ်သက်၍ အနည်းငယ် သင်တို့ ပြောကောင်း ပြောနိုင်ပေမည်။ (လူသားမျိုးနွယ် အားလုံးသည် အရာခပ်သိမ်းအတွက် ဘုရားသခင် သတ်မှတ်ထားသည့် နိယာမများအားဖြင့် ပြုစုစောင့်ရှောက် ခံရပြီး ဖြစ်သည်။ ဘုရားသခင်သည် ဤနိယာမများကို ပိုင်းခြားသတ်မှတ်သည့်အချိန်တွင်၊ သူသည် မတူညီသည့် မျိုးနွယ်စုများကို ပတ်ဝန်းကျင်များ၊ မတူညီသည့် ဘဝနေထိုင်မှု ပုံစံများ၊ မတူညီသည့် အစားအစာများ၊ မတူညီသည့် ရာသီဥတုများနှင့် အပူချိန်များကို ပံ့ပိုးခဲ့ပါသည်။ ဤသည်မှာ လူသားမျိုးနွယ် အားလုံးသည် ကမ္ဘာမြေတွင် အခြေချနိုင်ပြီး ရှင်သန်နိုင်ရန်အလို့ငှာ ဖြစ်ပါသည်။ ဤအရာမှ လူသားမျိုးနွယ်၏ ရှင်သန်မှုအတွက် ဘုရားသခင်၏ အစီအစဉ်များသည် အလွန် တိကျသည်ကို ကျွန်ုပ်တွေ့မြင်နိုင်ပြီး၊ သူ၏ဉာဏ်ပညာ၊ စုံလင်မှုနှင့် ကျွန်ုပ်တို့ လူသားများအတွက် သူ၏ချစ်ခြင်းမေတ္တာကို တွေ့မြင်နိုင်ပါသည်။) (ဘုရားသခင် သတ်မှတ်ထားသည့် နိယာမများနှင့် နယ်ပယ်များကို မည်သည့်လူ၊ အဖြစ်အပျက် သို့မဟုတ် အမှုအရာကမျှ ပြောင်းလဲ၍မရနိုင်ပါ။ အားလုံးသည် သူ၏ အုပ်စိုးမှုအောက်တွင် ရှိပါသည်။) အရာခပ်သိမ်း၏ ကြီးထွားမှုအတွက် ဘုရားသခင် သတ်မှတ်ခဲ့သည့် နိယာမများ၏ ရှုထောင့်မှ ကြည့်ရာတွင်၊ လူသားမျိုးနွယ်အားလုံးသည် အမျိုးအစား အစုံအလင်ဖြင့် ဘုရားသခင်၏ ထောက်ပံ့မှုနှင့် ပြုစုစောင့်ရှောက်မှု ခံရကြသည် မဟုတ်လော။ ဤနိယာမများသည် ဖျက်ဆီးခံခဲ့ရပါက

သို့မဟုတ် ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် ဤနိယာမများကို မထူထောင်ခဲ့ပါက၊ လူသားမျိုးနွယ်၏ ရှေ့ရေးက မည်သည့်အရာ ဖြစ်မည်နည်း။ လူသားများသည် ရှင်သန်မှုအတွက် ၎င်းတို့၏ အခြေခံပတ်ဝန်းကျင်ကို ဆုံးရှုံးသွားပြီးသည့်နောက်တွင်၊ အစားအစာ အရင်းအမြစ် တစ်ခုတစ်လေ ၎င်းတို့ ရှိပါဦးမည်လော။ အစားအစာ အရင်းအမြစ်သည် ပြဿနာ တစ်ခု ဖြစ်လာနိုင်သည်။ လူများသည် ၎င်းတို့၏ အစားအစာ အရင်းအမြစ် ဆုံးရှုံးသွားပါက၊ ဆိုလိုသည်မှာ ၎င်းတို့သည် စားစရာ မည်သည့်အရာမျှ မရရှိနိုင်ပါက၊ ရက်ပေါင်းမည်မျှ ၎င်းတို့ ရှေ့ဆက်နိုင်မည်နည်း။ တစ်လပင် ခံဖို့ ဖြစ်နိုင်မည် မဟုတ်သကဲ့သို့၊ ၎င်းတို့၏ တကယ့် ရှင်သန်မှုသည် ပြဿနာ တစ်ခု ဖြစ်လာပေမည်။ ထို့ကြောင့် လူတို့၏ ရှင်သန်မှုအတွက်၊ ၎င်းတို့၏ ဆက်လက် တည်ရှိခြင်း၊ မျိုးပွားခြင်းနှင့် အသက်ရှင်နေနိုင်မှုတို့အတွက် ဘုရားသခင် လုပ်ဆောင်သည့်အရာ တစ်ခုချင်းစီတိုင်းသည် အလွန် အရေးကြီး၏။ သူ၏ ဖန်ဆင်းခြင်း အရာများထဲတွင် ဘုရားသခင် လုပ်ဆောင်သည့် အရာတစ်ခုချင်းစီတိုင်းသည် လူသားမျိုးနွယ်၏ ရှင်သန်မှုနှင့် နီးစပ်စွာ ဆက်စပ်နေပြီး ခွဲခြား၍မရပေ။ လူသားမျိုးနွယ်၏ ရှင်သန်မှုသည် ပြဿနာ တစ်ခု ဖြစ်လာပါက၊ ဘုရားသခင်၏ စီမံခန့်ခွဲမှု ရှေ့ဆက်နိုင်ပါမည်လော။ ဘုရားသခင်၏ စီမံခန့်ခွဲမှု တည်ရှိဦးမည်လော။ ဘုရားသခင်၏ စီမံခန့်ခွဲမှုသည် သူ ပြုစုပျိုးထောင်သည့် လူသားမျိုးနွယ် အားလုံး၏ ရှင်သန်မှုနှင့် ယှဉ်တွဲ တည်ရှိသည်၊ ထို့ကြောင့် ဘုရားသခင်သည် သူ၏ ဖန်ဆင်းခြင်း အရာအားလုံးအတွက် မည်သည့် ပြင်ဆင်မှုများကို ပြုလုပ်ပြီး လူသားတို့အတွက် မည်သည့်အရာကို သူလုပ်ဆောင်သည် ဖြစ်စေ၊ ဤအရာများ အားလုံးသည် သူ့အတွက် လိုအပ်ပြီး လူသားမျိုးနွယ်၏ ရှင်သန်မှုအတွက် အလွန် အရေးကြီးပေသည်။ အရာခပ်သိမ်းအတွက် ဘုရားသခင် ပိုင်းခြားသတ်မှတ်ခဲ့သည့် ဤနိယာမများသည် သွေဖည်သွားခဲ့မည် ဆိုပါက၊ ဤနိယာမများသည် ပျက်ပြားသွားခဲ့မည် သို့မဟုတ် နှောင့်ယှက်ခံခဲ့ရမည် ဆိုပါက၊ အရာအားလုံးသည် ဆက်လက် တည်ရှိနိုင်မည် မဟုတ်၊ လူသားမျိုးနွယ်၏ ရှင်သန်မှုအတွက် ပတ်ဝန်းကျင်သည် ဆက်လက် တည်ရှိမည် မဟုတ်သကဲ့သို့၊ ၎င်းတို့၏ နေ့စဉ် အာဟာရ ဖြစ်စေ လူသားမျိုးနွယ်ကိုယ်၌ ဖြစ်စေ တည်ရှိမည် မဟုတ်တော့ပေ။ ဤအကြောင်းအကြောင့်၊ လူသားမျိုးနွယ်၏ ကယ်တင်ခြင်းနှင့်ဆိုင်သည့် ဘုရားသခင်၏ စီမံခန့်ခွဲမှုလည်း ဆက်လက် တည်ရှိမည် မဟုတ်ပေ။

ငါတို့ ဆွေးနွေးပြီးသည့် အရာတိုင်း၊ တစ်ခုချင်းစီတိုင်း၊ အချက်အလက်တိုင်းသည် လူတစ်ဦးချင်းစီတိုင်း၏ ရှင်သန်မှုနှင့် အတွင်းကျကျ ဆက်နွယ်ပေသည်။ သင်တို့က၊ “ကိုယ်တော် ပြောနေသည့် အကြောင်းအရာသည် အလွန် ကြီးမားလှသည်၊ ယင်းမှာ ကျွန်ုပ်တို့

မမြင်နိုင်သည့် အရာတစ်ခု ဖြစ်သည်။” ဟု ပြောကောင်း ပြောကြမည်ဖြစ်ပြီး၊ “ကိုယ်တော်ပြောနေသည့် အကြောင်းအရာသည် ကျွန်ုပ်နှင့် မည်သို့မျှ မဆိုင်ပါ။” ဟု ပြောမည့် လူများ ရှိကောင်း ရှိပေမည်။ သို့သော် သင်သည် အရာခပ်သိမ်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရှင်သန်နေသည်ကို မမေ့နှင့်။ သင်သည် ဘုရားသခင်၏အုပ်စိုးမှုအောက်ရှိ အရာအားလုံးထဲမှ တစ်ဦး ဖြစ်သည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာများသည် ဘုရားသခင်၏ အုပ်စိုးမှုမှ ခွဲထွက်၍မရနိုင်သကဲ့သို့၊ မည်သည့် လူတစ်ဦးတစ်ယောက်မျှ သူ၏အုပ်စိုးမှုမှ မိမိကိုယ်ကိုယ် ခွဲထွက်၍မရပေ။ သူ၏အုပ်စိုးမှုနှင့် သူ၏ပံ့ပိုးမှုတို့ကို ဆုံးရှုံးခြင်းသည် လူတို့၏အသက်များ၊ လူတို့၏ အသွေးအသား ဘဝများ ပျောက်ကွယ်သွားမည်ကို ဆိုလိုပေမည်။ ဤသည်မှာ လူသားမျိုးနွယ်အတွက် ရှင်သန်မှု ပတ်ဝန်းကျင်များအား ဘုရားသခင် တည်ဆောက်ခြင်း၏ အရေးပါမှု ဖြစ်သည်။ သင်သည် မည်သည့်လူမျိုးနွယ်စုနှင့် သက်ဆိုင်သည်ဖြစ်စေ သို့မဟုတ် အနောက်အရပ်ဖြစ်စေ၊ အရှေ့အရပ်ဖြစ်စေ၊ မည်သည့် ကုန်းမြေတစ်စတွင် သင် နေထိုင်သည်ဖြစ်စေ- သင်သည် လူသားမျိုးနွယ်အတွက် ဘုရားသခင် ထူထောင်ခဲ့သည့် ရှင်သန်မှုအတွက် ဖြစ်သော ပတ်ဝန်းကျင်မှ မိမိကိုယ်ကိုယ် ခွဲထွက်၍မရသကဲ့သို့၊ လူသားတို့အတွက် သူ ထူထောင်ခဲ့သည့် ရှင်သန်မှုအတွက် ပြုစုပျိုးထောင်ပေးခြင်းနှင့် ပံ့ပိုးခြင်း ပတ်ဝန်းကျင်မှ မိမိကိုယ်ကိုယ် သင် ခွဲထွက်၍မရနိုင်ပေ။ သင်၏ အသက်မွေးဝမ်းကျောင်း မည်သည့်အရာဖြစ်စေ၊ အသက်ရှင်သန်ရန် မည်သည့်အရာကို သင်မှီခိုသည်ဖြစ်စေ၊ ပြီးလျှင် အသွေးအသားဖြင့် သင့်ဘဝကို အားဖြည့်ရန် မည်သည့်အရာကို သင် မှီခိုသည်ဖြစ်စေ သင်သည် ဘုရားသခင်၏ အုပ်စိုးမှုနှင့် သူ၏စီမံခန့်ခွဲမှုမှ မိမိကိုယ်ကိုယ် ခွဲထွက်၍ မရနိုင်ပေ။ လူအချို့က၊ “ကျွန်ုပ်က လယ်သမားမဟုတ်ပါ။ အသက်ရှင်ခြင်းအတွက် ကောက်ပဲသီးနှံ မစိုက်ပါ။ ကျွန်ုပ်၏ အစားအစာအတွက် ကောင်းကင်ဘုံကို ကျွန်ုပ် အမှီမပြုပါ၊ ထို့ကြောင့် ကျွန်ုပ်၏ ရှင်သန်မှုသည် ဘုရားသခင် ထူထောင်ခဲ့သည့် ရှင်သန်မှုအတွက်ဖြစ်သော ပတ်ဝန်းကျင်အတွင်းတွင် ဖြစ်နေခြင်း မဟုတ်ပါ။ ထိုပတ်ဝန်းကျင်မျိုးမှ မည်သည့်အရာကိုမျှ ကျွန်ုပ်ကို ပေးမထားပါ။” ဟု ဆိုကြသည်။ ယင်းမှာ မှန်သလော။ သင်က အသက်ရှင်ခြင်းအတွက် ကောက်ပဲသီးနှံမစိုက်ပျိုးဟု ဆိုသော်လည်း၊ အစေ့အဆန်များကို သင်မစားသလော။ အသားနှင့် ဥများကို သင် မစားသလော။ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများကို မစားသလော။ သင် စားသည့်အရာတိုင်း၊ သင် လိုအပ်သည့် ဤအရာအားလုံးသည် လူသားမျိုးနွယ်အတွက် ဘုရားသခင် ထူထောင်ခဲ့သည့် ရှင်သန်မှုအတွက် ပတ်ဝန်းကျင်နှင့် ခွဲခြား၍မရနိုင်ပေ။ ပြီးလျှင် လူသားမျိုးနွယ် လိုအပ်သည့် အရာရာတိုင်း၏ အရင်းအမြစ်သည် ရှင်သန်မှုအတွက် သင်တို့၏ ပတ်ဝန်းကျင်များ အလုံးစုံ

ပါဝင်သည့် ဘုရားသခင်ဖန်ဆင်းခဲ့သော အရာအားလုံးမှ ခွဲခြား၍မရပေ။ သင် သောက်သုံးသည့်ရေ၊ သင် ဝတ်သည့် အဝတ်အစားနှင့် သင် အသုံးပြုသည့် အရာများ အားလုံး- ဤအရာများထဲမှ မည်သည့်အရာသည် ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာအားလုံးထဲတွင် မပါဝင်သနည်း။ လူအချို့က၊ "ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာများမှ မရရှိသည့် ပစ္စည်းအချို့ရှိသည်။ ပလတ်စတစ်သည် ထိုပစ္စည်းများထဲမှ တစ်ခု ဖြစ်သည်။ ယင်းသည် ဓါတုပစ္စည်း တစ်ခု၊ လူလုပ်ထားသည့် အရာတစ်ခု ဖြစ်သည်။"ဟု ဆိုကြသည်။ ယင်းမှာ မှန်ပါ၏လော။ ပလတ်စတစ်သည် ဧကန်အမှန် လူလုပ်ထားသည့် အရာဖြစ်ပြီး၊ ဓါတုပစ္စည်း တစ်ခု ဖြစ်သည်၊ သို့သော် ပလတ်စတစ်၏ မူလ ပါဝင်ပစ္စည်းများသည် မည်သည့်နေရာမှ လာသနည်း။ မူလ ပါဝင်ပစ္စည်းများသည် ဘုရားသခင် ဖန်ဆင်းခဲ့သည့် ဝတ္ထုပစ္စည်းများမှ ရရှိခဲ့ပေသည်။ သင် မြင်ကာ နှစ်သက်ခံစားသည့် အရာများ၊ သင် အသုံးပြုသည့် အရာတစ်ခုစီတိုင်း၊ ထိုအရာအားလုံးကို ဘုရားသခင် ဖန်ဆင်းခဲ့သည့် အရာများမှ ရရှိပေသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် မည်သည့် မျိုးနွယ်စုနှင့် သက်ဆိုင်သည် ဖြစ်စေ၊ မည်သည့် အသက်မွေးဝမ်းမှု ဖြစ်စေ၊ သို့မဟုတ် ရှင်သန်မှုအတွက် မည်သည့် ပတ်ဝန်းကျင် အမျိုးအစားတွင် ၎င်းတို့ နေထိုင်သည် ဖြစ်စေ၊ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် ဘုရားသခင်၏ ပံ့ပိုးပေးသည့်အရာမှ ခွဲထွက်၍မရနိုင်ပေ။ သို့ဆိုလျှင် ယနေ့ ငါတို့ ဆွေးနွေးပြီးသည့် ဤအရာများသည် "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏။" ဟူသည့် ခေါင်းစဉ်နှင့် ဆက်နွယ်သလော။ ယနေ့ ငါတို့ ဆွေးနွေးပြီးသည့် အရာများသည် ဤသာ၍ကြီးမားသည့် အကြောင်းအရာအောက်မှာ အကျုံးဝင်သလော။ (အကျုံးဝင်ပါသည်။) ယနေ့ ငါပြောဆိုပြီးသည့် အရာအချို့က အနည်းငယ် ယေဘုယျဆန်ပြီး ဆွေးနွေးရန် ခက်ခဲကောင်း ခက်ခဲပေမည်။ သို့သော် ယခု သင်တို့သည် ယင်းနှင့် သက်ဆိုင်သည့် သာ၍ ကောင်းမွန်သော သိနားလည်မှု တစ်ခု ရှိသည်မှာ သေချာသလောက် ဖြစ်သည်ဟု ငါ ထင်သည်။

မိတ်သဟာယပြုရာတွင် ဤပြီးခဲ့သည့် အခေါက် အနည်းငယ်တွင်၊ ငါတို့ မိတ်သဟာယပြုပြီးသည့် အကြောင်းအရာများ၏ အပိုင်းအခြားသည် အတော်အတန် ကျယ်ပြန့်သကဲ့သို့၊ ယင်းတို့၏ နယ်ပယ်သည် အတော်အတန် ကျယ်ပြန့်သည်၊ ထို့ကြောင့် သင်တို့အတွက် အားလုံးကို ခံယူရန် အနည်းငယ် အားထုတ်ရပေသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းအရာများသည် ဘုရားသခင်၌ လူတို့၏ ယုံကြည်မှုတွင် ယခင်က မကိုင်တွယ် မဖြေရှင်းဖူးသော အရာများ ဖြစ်သောကြောင့် ဖြစ်သည်။ လူအချို့သည် ဤအရာများကို နက်နဲမှု တစ်ခုအဖြစ် ကြားကြပြီး အချို့လူများက ပုံပြင်တစ်ပုဒ်အနေနှင့် ကြားကြသည်- မည်သည့် ရှုထောင့်သည် မှန်သနည်း။ မည်သည့်ရှုထောင့်မှ ဤအရာအားလုံးကို

သင်တို့ကြားသနည်း။ (ဘုရားသခင်သည် သူ၏ ဖန်ဆင်းခြင်း အရာအားလုံးကို မည်သို့ စနစ်တကျ စီစဉ်သည်ဆိုသည်နှင့်၊ အရာခပ်သိမ်းသည် နိယာမများ ရှိသည်ဆိုသည်တို့ကို ကျွန်ုပ်တို့ တွေ့မြင်ကြပြီးဖြစ်ကာ၊ ဤနှုတ်ကပတ်တော်များမှတစ်ဆင့် လူသားမျိုးနွယ်၏ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ လုပ်ဆောင်ချက်များနှင့် သူ၏ စေ့စပ်သည့် စီစဉ်မှုများကို ကျွန်ုပ်တို့ နားလည်နိုင်ပါသည်။) မိတ်သဟာယပြုခြင်းဖြင့် ဤအချိန်များမှ တစ်ဆင့်၊ အရာခပ်သိမ်းနှင့်ဆိုင်သည့် ဘုရားသခင်၏ စီမံခန့်ခွဲမှု နယ်ပယ်မှာ မည်မျှဝေးဝေး တိုးချဲ့သည်ကို သင်တို့မြင်ပြီလော။ (လူသားမျိုးနွယ် အားလုံးကို ကျော်လွန်သည်၊ အရာခပ်သိမ်းကို ကျော်လွန်ပါသည်။) ဘုရားသခင်သည် လူမျိုးနွယ်စု တစ်စု၏ ဘုရားသခင်လော။ သူက လူအမျိုးအစား တစ်ခု၏ ဘုရားလော။ သူသည် လူသားမျိုးနွယ်၏ သေးငယ်သည့် အစိတ်အပိုင်း တစ်ခု၏ ဘုရားလော။ (မဟုတ်ပါ။) ထိုသို့မဟုတ်သည့်အတွက် ဘုရားသခင်နှင့်ဆိုင်သည့် သင်တို့၏ အသိပညာအရ၊ သူသည် လူသားမျိုးနွယ်၏ သေးငယ်သည့် အစိတ်အပိုင်း တစ်ခု၏ ဘုရားသာ ဖြစ်ပါက၊ သို့မဟုတ် သူသည် သင် တစ်ဦးတည်း၏ ဘုရား ဖြစ်ပါက၊ ဤရှုထောင့်သည် မှန်ကန်သလော။ ဘုရားသခင်သည် အရာခပ်သိမ်းကို စီမံခန့်ခွဲပြီး အုပ်စိုးသည့်အတွက်၊ လူတို့သည် အရာခပ်သိမ်းအပေါ် သူ၏အုပ်စိုးမှု၌ ထုတ်ဖော်ပြထားသည့် သူ၏ လုပ်ဆောင်ချက်များ၊ သူ၏ဉာဏ်ပညာနှင့် သူ၏အနန္တတန်ခိုးတို့ကို မြင်တွေ့သင့်ပေသည်။ ဤသည်မှာ လူတို့ သိရမည့်အရာ တစ်ခု ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို စီမံသည်၊ အရာခပ်သိမ်းအပေါ် အုပ်စိုးပြီး၊ လူသားမျိုးနွယ်အားလုံးကို အုပ်စိုးသည်ဟု သင်ဆိုသော်လည်း၊ လူသားမျိုးနွယ်အပေါ် သူ၏ အုပ်စိုးမှုနှင့်ဆိုင်သည့် သိနားလည်ခြင်း သို့မဟုတ် ထိုးထွင်းသိမြင်ခြင်း မရှိပါက၊ အရာခပ်သိမ်းအပေါ် သူ အုပ်စိုးသည်ကို သင် အမှန်တကယ် အသိအမှတ်ပြုနိုင်ပါသလော။ သင့်အနေဖြင့်၊ "ငါ၏ဘဝကို ဘုရားသခင်က လုံး၀ အုပ်စိုးသည်ကို ငါ သိသောကြောင့် ငါ အသိအမှတ်ပြုနိုင်သည်။"ဟု သင်၏ စိတ်နှလုံးတွင် တွေးကောင်းတွေးနိုင်သည်။ သို့သော် ဘုရားသခင်သည် အမှန်တကယ် ထိုမျှ သေးငယ်သလော။ မသေးငယ်ပေ။ သင်သည် သင့်အတွက် ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် သင့်အထဲက သူ၏အမှုကိုသာ မြင်ပြီး၊ ဤအရာများမှသာ သူ၏အုပ်စိုးမှုကို သင်မြင်ပေသည်။ ယင်းမှာ အလွန် သေးငယ်သည့် နယ်ပယ် တစ်ခု ဖြစ်ပြီး၊ ဘုရားသခင်နှင့်ဆိုင်သည့် စစ်မှန်သည့် အသိပညာအတွက် သင်၏ မျှော်လင့်ချက်များအပေါ် ထိခိုက်နစ်နာစေသည့် သက်ရောက်မှု ရှိလေသည်။ ယင်းက အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အုပ်စိုးမှုနှင့်သက်ဆိုင်သည့် သင်၏ စစ်မှန်သည့် အသိပညာကိုလည်း ကန့်သတ်သည်။ သင်သည် ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်၏အသိကို

သင့်အတွက် ဘုရားသခင် ပံ့ပိုးပေးသည့်အရာနှင့် သင့်အတွက် သူ၏ ကယ်တင်ခြင်း နယ်ပယ်အထိသာ ကန့်သတ်ထားပါက၊ သူသည် အရာရာတိုင်းအပေါ် အုပ်စိုးသည်၊ အရာခပ်သိမ်းအပေါ် အုပ်စိုးပြီး လူသားအားလုံးအပေါ် အုပ်စိုးသည်ကို မည်သည့်အခါတွင်မျှ သင် သတိပြုမိနိုင်မည် မဟုတ်ပေ။ ဤအရာများအားလုံးကို သင် သတိမပြုမိနိုင်သည့်အခါ၊ ဘုရားသခင်သည် သင်၏ ကံကြမ္မာအပေါ် အုပ်စိုးသည်ဆိုသည့် အချက်ကို သင် အမှန်တကယ် သတိပြုနိုင်မည်လော။ သတိမပြုနိုင်ပေ။ သင်၏ စိတ်နှလုံးတွင် ထိုရှုထောင့်ကို သင် မည်သည့်အခါတွင်မျှ သတိပြုမိနိုင်လိမ့်မည် မဟုတ်ပေ- ထိုသို့သော မြင့်မားသည့် သိနားလည်မှု အဆင့်တစ်ခုကို သင် မည်သည့်အခါတွင်မျှ ရောက်ရှိနိုင်လိမ့်မည် မဟုတ်။ ငါ ပြောနေသည့်အရာကို သင်နားလည်သည် မဟုတ်လော။ အမှန်တကယ်တွင် သင်သည် ဤခေါင်းစဉ်များ၊ ငါပြောဆိုနေသည့် ဤအကြောင်းအရာကို မည်သည့်အတိုင်းအတာအထိ နားလည်နိုင်သည်ကို ငါသိသည်၊ သို့ဆိုလျှင် အဘယ်ကြောင့် ငါသည် ထိုအကြောင်းကို ပြောမြဲပြောနေရသနည်း။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာများသည် ဘုရားသခင်၏ နောက်လိုက် တစ်ဦးချင်းစီတိုင်း၊ ဘုရားသခင်၏ ကယ်တင်ခြင်းကို ခံလိုသည့် လူတစ်ဦးချင်းစီတိုင်းက နားလည်ရမည့် အရာများ ဖြစ်သောကြောင့် ဖြစ်သည်- ဤအကြောင်းအရာများကို သိနားလည်ဖို့ မုချ လိုအပ်သည်။ ဤအခိုက်အတန့်တွင် ယင်းတို့ကို သင် နားမလည်သော်လည်း၊ တစ်နေ့နေ့တွင် သင်၏ အသက်နှင့် သမ္မာတရားအပေါ် သင်၏ အတွေ့အကြုံသည် အဆင့် တစ်ခုကို ရောက်ရှိသွားချိန်၊ သင်၏ အသက် စိတ်သဘောထားထဲက ပြောင်းလဲမှုသည် အဆင့် တစ်ခုကို ရောက်ရှိသွားပြီး၊ ဝိညာဉ်ရင့်ကျက်မှု အတိုင်းအတာ တစ်ခုခုကို သင် ရရှိသည့်အချိန်၊ ထိုအခါမှသာ မိတ်သဟာယ၌ ငါ သင့်ကို ဆက်သွယ်ပြောဆိုနေသည့် ဤအကြောင်းအရာများသည် ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာအား သင်၏ လိုက်စားမှုကို အမှန်တကယ် ပံ့ပိုးပေးကာ ဖြည့်ဆည်းပေးလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ဤနှုတ်ကပတ်တော်များသည် အုတ်မြစ် တစ်ခုချရန်၊ အရာခပ်သိမ်းအပေါ် ဘုရားသခင် အုပ်စိုးသည်ဆိုသည့် သင်၏ အနာဂတ် သိနားလည်မှုနှင့် ဘုရားသခင် ကိုယ်တိုင်နှင့်ဆိုင်သည့် သင်၏ သိနားလည်မှုအတွက် သင့်ကို ပြင်ဆင်ရန် ဖြစ်ပေသည်။

လူတို့၏ စိတ်နှလုံးများတွင် ဘုရားသခင်နှင့်ဆိုင်သည့် သိနားလည်မှု မည်ရွေ့မည်မျှရှိပါစေ၊ ယင်းမှာ ၎င်းတို့ စိတ်နှလုံးများတွင် ဘုရားသခင် ကိုင်စွဲထားသည့် နေရာ အတိုင်းအတာလည်း ဖြစ်ပေသည်။ ၎င်းတို့ စိတ်နှလုံးများတွင် ဘုရားသခင်နှင့်ဆိုင်သည့် အသိ မည်ရွေ့မည်မျှ ကြီးမားပါစေ၊ ယင်းမှာ ၎င်းတို့၏ စိတ်နှလုံးများထဲတွင် ဘုရားသခင်

မည်မျှကြီးမြတ်သည်ဆိုသည့်အရာ ဖြစ်၏။ သင် သိသည့် ဘုရားက အနှစ်မဲ့ပြီး မရေမရာ ဖြစ်ပါက၊ သင် ယုံကြည်သည့် ဘုရားသည်လည်း အနှစ်မဲ့ပြီး မရေမရာဖြစ်ပေသည်။ သင် သိသည့် ဘုရားသည် သင်၏ကိုယ်ပိုင် ကိုယ်ရေးကိုယ်တာ အသက်တာ၏ နယ်ပယ်ထိ ကန့်သတ်ထားခြင်း ခံရပြီး စစ်မှန်သည့် ဘုရားသခင် ကိုယ်တိုင်နှင့် ဘာမျှသက်ဆိုင်မှု မရှိပေ။ ထို့ကြောင့် ဘုရားသခင်၏ လက်တွေ့ကျသည့် လုပ်ဆောင်ချက်များကို သိခြင်း၊ ဘုရားသခင်၏ စစ်မှန်မှုနှင့် သူ၏ အရာအားလုံး တတ်စွမ်းနိုင်ခြင်းကို သိခြင်း၊ ဘုရားသခင် ကိုယ်တိုင်၏ စစ်မှန်သည့် ပင်ကိုလက္ခဏာကို သိခြင်း၊ သူ၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို သိခြင်း၊ သူ၏ ဖန်ဆင်းခြင်း အရာအားလုံးကြားတွင် သူ ထင်ရှားစေပြီးဖြစ်သည့် လုပ်ရပ်များကို သိခြင်း- ဤအရာများသည် ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာကို လိုက်စားသည့် လူတစ်ဦးစီတိုင်းအဖို့ အလွန် အရေးကြီးပေသည်။ ယင်းတို့သည် လူများအနေဖြင့် သမ္မာတရား၏ စစ်မှန်မှုထဲကို ဝင်ရောက်နိုင်ခြင်း ရှိမရှိဆိုသည့်အပေါ် တိုက်ရိုက် ဆက်စပ်မှုရှိသည်။ သင်သည် ဘုရားသခင်နှင့်ဆိုင်သည့် သင်၏သိနားလည်မှုကို စကားလုံးများ သက်သက်အဖြစ်သာ ကန့်သတ်ထားပါက၊ သင်၏ နည်းပါးသော ကိုယ်ပိုင်အတွေ့အကြုံအထိသာ၊ သင် ခန့်မှန်းသည့်အရာကို ဘုရားသခင်၏ကျေးဇူးတော်ဖြစ်ဖို့အထိ သို့မဟုတ် ဘုရားသခင်အဖို့ သင်၏ နည်းပါးသော သက်သေခံချက်များ အထိသာ ယင်းကို ကန့်သတ်ထားပါက၊ သင်ယုံကြည်သည့် ဘုရားသခင်သည် စစ်မှန်သည့်ဘုရားသခင်ကိုယ်တိုင် လုံးဝ မဟုတ်ဟု ငါပြော၏။ ထို့မျှမက သင်ယုံကြည်သည့် ဘုရားသခင်သည် စိတ်ကူးသက်သက် ဘုရားသခင် တစ်ပါးဖြစ်ပြီး၊ စစ်မှန်သည့်ဘုရားသခင် မဟုတ်ဟုလည်း ဆိုနိုင်သည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် စစ်မှန်သည့် ဘုရားသခင်သည် အရာရာတိုင်းအပေါ် အုပ်စိုးသည့်၊ အရာရာတိုင်းအလယ်တွင် လျှောက်လှမ်းသည့်၊ အရာရာတိုင်းကို စီမံသည့်သူ ဖြစ်သည်။ သူသည် လူသားမျိုးနွယ်အားလုံး၏ ကံကြမ္မာနှင့် အရာရာတိုင်း၏ ကံကြမ္မာကို မိမိလက်တွင် ကိုင်စွဲထားသူ ဖြစ်သည်။ ငါပြောဆိုနေသည့် ဘုရားသခင်၏ အမှုနှင့် လုပ်ဆောင်ချက်များသည် လူအစိတ်အပိုင်း အနည်းငယ်မျှအထိသာ ကန့်သတ်မထားပေ။ ဆိုလိုသည်မှာ ယင်းတို့သည် လတ်တလော၌ သူ့နောက်ကို လိုက်နေသည့်လူများ အထိသာ ကန့်သတ်မထားပေ။ သူ၏ လုပ်ဆောင်ချက်များသည် အရာခပ်သိမ်းထဲတွင်၊ အရာခပ်သိမ်း၏ ရှင်သန်မှုနှင့် အရာခပ်သိမ်း၏ ပြောင်းလဲခြင်း နိယာမများထဲတွင် သိသာထင်ရှားလေသည်။

သင်သည် သူ၏ ဖန်ဆင်းခြင်း အရာအားလုံးထဲတွင် ဘုရားသခင်၏လုပ်ဆောင်ချက် တစ်ခုတစ်လေကို မမြင်နိုင်ပါက သို့မဟုတ် သတိမပြုမိနိုင်ပါက၊ သင်သည် သူ၏ မည်သည့်

လုပ်ဆောင်ချက်များကိုမျှ သက်သေမခံနိုင်ပေ။ သင်သည် ဘုရားသခင်အတွက် သက်သေမခံနိုင်ပါက၊ သင်သည် သင်သိသည့် သေးငယ်သည့် ဘုရားဟုခေါ်သည့်အရာကိုသာ ဆက်လက် ပြောဆိုပါက၊ သင်၏ကိုယ်ပိုင် စိတ်ကူးများအထိ ကန့်သတ်ထားပြီး သင်၏ကျဉ်းမြောင်းသည့် စိတ်အတွင်း ပိတ်လှောင်ထားသည့် ထိုဘုရား၊ ထိုဘုရားမျိုးကို သင် ဆက်လက်ပြောဆိုပါက၊ ဘုရားသခင်သည် သင်၏ယုံကြည်ခြင်းကို မည်သည့်အခါတွင်မျှ ချီးမွမ်းလိမ့်မည် မဟုတ်ပေ။ သင်သည် ဘုရားသခင်အတွက် သက်သေခံသည့်အခါတွင်၊ သင်က ဘုရားသခင်၏ကျေးဇူးတော်ကို မည်သို့ မွေ့လျော်သည်၊ ဘုရားသခင်၏ ပဲ့ပြင်ဆုံးမမှုနှင့် သူ၏ ပြစ်တင်ဆုံးမခြင်းကို သင် မည်သို့ လက်ခံသည်ဆိုသည်နှင့်၊ သူ့အတွက် သင်၏ သက်သေခံခြင်း၌ သူ၏ ကောင်းချီးမင်္ဂလာများကို သင် မည်သို့ မွေ့လျော်ခံစားသည် ဆိုသည်တို့အရသာ သင် ထိုသို့သက်သေခံပါက၊ ယင်းမှာ ဘယ်မှာမှ လုံလောက်ရန် မနီးစပ်သကဲ့သို့ သူ့ကို စိတ်ကျေနပ်စေရန်ပင် မနီးစပ်ပေ။ သင်သည် ဘုရားသခင်၏ အလိုနှင့်ကိုက်ညီသည့် နည်းလမ်းတစ်ခုဖြင့် ဘုရားသခင်အတွက် သက်သေခံလိုပါက၊ စစ်မှန်သည့် ဘုရားသခင် ကိုယ်တိုင်အတွက် သက်သေခံလိုပါက၊ သင်သည် ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းကို သူ၏ လုပ်ဆောင်ချက်များမှ မြင်ရမည် ဖြစ်သည်။ သင်သည် ဘုရားသခင်၏ ဩဇာအာဏာကို အရာခပ်သိမ်းအပေါ် သူ၏အုပ်စိုးမှုမှ တွေ့မြင်ရမည်ဖြစ်ပြီး လူသားမျိုးနွယ် အားလုံးအတွက် သူ မည်သို့ ပံ့ပိုးပေးသည်ဆိုသည့် သမ္မာတရားကို သင် မြင်ရမည်။ သင်သည် သင်၏ နေ့စဉ် အာဟာရနှင့် ဘဝ၌ သင်၏လိုအပ်ချက်များက ဘုရားသခင်ထံမှ လာသည်ဆိုသည်ကိုသာ အသိအမှတ်ပြုပြီး ဘုရားသခင်သည် လူသားမျိုးနွယ်အားလုံးနှင့်ဆိုင်သည့် ပံ့ပိုးမှုအတွက် သူ၏ ဖန်ဆင်းခြင်း အရာအားလုံးကို ဆောင်ယူပြီးဖြစ်သည်ဆိုသည်နှင့် အရာခပ်သိမ်းအပေါ် အုပ်စိုးခြင်းအားဖြင့် လူသားမျိုးနွယ် အားလုံးကို သူဦးဆောင်နေသည် ဆိုသည့်အမှန်တရားကို သင်မတွေ့မြင်နိုင်ပါက၊ သင်သည် ဘုရားသခင်အတွက် မည်သည့်အခါတွင်မျှ သက်သေခံနိုင်လိမ့်မည် မဟုတ်ပေ။ ဤအရာအားလုံးကို ပြောဆိုရာတွင် ငါ၏ရည်ရွယ်ချက်မှာ မည်သည့်အရာ ဖြစ်သနည်း။ ယင်းမှာ သင်တို့သည် ဤအရာကို ပေါ့ပေါ့တန်တန် သဘောမထားဖို့အလို့ငှာ၊ ငါ ပြောဆိုပြီးဖြစ်သည့် ဤအကြောင်းအရာများသည် သင်တို့၏ ကိုယ်ပိုင် ကိုယ်ရေးကိုယ်တာ အသက်အတွင်း ဝင်ရောက်ခြင်းနှင့် ဆီလျော်မှု မရှိဟု မှားယွင်းစွာ မယုံကြည်ကြဖို့အလို့ငှာနှင့်၊ သင်တို့အနေဖြင့် ဤအကြောင်းအရာများကို အသိပညာ သို့မဟုတ် အယူဝါဒ အမျိုးအစား တစ်ခုမျှ အဖြစ် သဘောမထားကြစေဖို့အလို့ငှာ ဖြစ်သည်။ သင်သည် ထိုသဘောထားမျိုးဖြင့် ငါ ပြောဆိုနေသည့်အရာကို နားထောင်ပါက၊ အမှုအရာ တစ်ခုကိုမျှ ရရှိလိမ့်မည် မဟုတ်ပေ။

သင်သည် ဘုရားသခင်ကို သိရန်ဖြစ်သော ဤကြီးမားသည့် အခွင့်အရေးကို ဆုံးရှုံးလိမ့်မည် ဖြစ်သည်။

ဤအရာများ အားလုံးအကြောင်းကို ပြောဆိုရာတွင် ငါ၏ ရည်မှန်းချက်မှာ အဘယ်အရာနည်း။ ငါ၏ရည်မှန်းချက်မှာ ဘုရားသခင်ကို လူများသိစေရန်၊ ဘုရားသခင်၏ လက်တွေ့ကျသည့် လုပ်ဆောင်ချက်များကို လူတို့အား နားလည်စေရန် ဖြစ်သည်။ သင်သည် ဘုရားသခင်ကို သိနားလည်ပြီး သူ၏ လုပ်ဆောင်ချက်များကို သိရှိသည်နှင့်တစ်ပြိုင်နက်၊ ထိုအခါမှသာ သင်သည် သူ့ကို သိကျွမ်းရန် အခွင့်အရေး သို့မဟုတ် ဖြစ်နိုင်ချေ ရှိလိမ့်မည် ဖြစ်သည်။ ဥပမာအားဖြင့် သင်သည် လူတစ်ဦးကို သိနားလည်လိုပါက၊ ၎င်းတို့ကို မည်သို့ နားလည်လာမည်နည်း။ ယင်းမှာ ၎င်းတို့၏ အပြင်ပန်းသွင်ပြင်ကို ကြည့်ခြင်းမှတစ်ဆင့်လော။ ၎င်းတို့ ဝတ်သည့်အရာနှင့် ဝတ်ပုံစားပုံကို ကြည့်ခြင်းမှတစ်ဆင့် ဖြစ်သလော။ ယင်းမှာ ၎င်းတို့ လမ်းလျှောက်ပုံကို ကြည့်ခြင်းမှတစ်ဆင့်လော။ ယင်းမှာ ၎င်းတို့၏ အသိပညာ အတိုင်းအတာကို ကြည့်ခြင်းမှတစ်ဆင့်လော။ (မဟုတ်ပါ။) သို့ဆိုလျှင် လူတစ်ဦးကို သင်တို့ မည်ကဲ့သို့ သိနားလည်ကြသနည်း။ သင်တို့သည် လူတစ်ဦး၏ အပြောအဆို၊ အပြုအမူ၊ ၎င်းတို့၏ အတွေးများ၊ ၎င်းတို့ကိုယ်တိုင်နှင့် ပတ်သက်၍ ၎င်းတို့ဖော်ပြကာ ထုတ်ဖော်ပြသည့်အရာများပေါ် အခြေခံ၍ အကဲဖြတ်မှုများ ပြုကြသည်။ ဤသည်မှာ လူတစ်ဦးကို သင်တို့ ပေါင်းသင်းခြင်းအားဖြင့် သိကျွမ်းအောင် ကြိုးစားပုံ၊ လူတစ်ဦးကို သင်တို့ နားလည်ပုံ ဖြစ်သည်။ ထိုနည်းတူ သင်တို့သည် ဘုရားသခင်ကို သိကျွမ်းလိုပါက၊ သူ၏ လက်တွေ့ကျသည့်ဘက်၊ သူ၏ စစ်မှန်သည့်ဘက်ကို နားလည်လိုပါက၊ သူ၏ လုပ်ဆောင်ချက်များမှတစ်ဆင့်နှင့် သူ လုပ်ဆောင်သည့် လက်တွေ့ကျသော အရာတစ်ခုတိုင်းမှတစ်ဆင့် သူ့ကို သင်တို့ သိရမည်။ ဤသည်မှာ အကောင်းဆုံး နည်းလမ်းဖြစ်ပြီး၊ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

## ဘုရားသခင်သည် လူသားမျိုးနွယ် ရှင်သန်မှုအတွက် တည်ငြိမ်သည့်ပတ်ဝန်းကျင်ကို ပေးရန် အရာခပ်သိမ်းကြားရှိ ဆက်နွယ်မှုများကို ဟန်ချက်ညီစေသည်

ဘုရားသခင်သည် သူ၏ လုပ်ဆောင်ချက်များကို အရာခပ်သိမ်း အလယ်နှင့် သူအုပ်စိုးသည့် အရာခပ်သိမ်း အလယ်တွင် ထင်ရှားစေပြီး အရာခပ်သိမ်း၏ နိယာမများကို ထိန်းချုပ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်း၏နိယာမများကို မည်သို့ အုပ်စိုးသည်ဆိုသည့်အပြင် ထိုနိယာမများ အောက်တွင် လူသားမျိုးနွယ် အားလုံးကို မည်သို့ ထောက်ပံ့ကာ ပြုစုပျိုးထောင်သည်ဆိုသည့် အကြောင်းကို ခုလေးတင် ငါတို့ ပြောဆိုခဲ့ကြသည်။ ဤသည်မှာ

ရှုထောင့်တစ်ခု ဖြစ်သည်။ ဆက်လက်၍ အရာရာတိုင်းကို ထိန်းချုပ်မှု ရှိဖို့ရန် ဘုရားသခင် အသုံးပြုသော နည်းလမ်းတစ်ခု ဖြစ်သည့် နောက်ထပ် ရှုထောင့်တစ်ခုနှင့်ပတ်သက်၍ ငါတို့ ပြောကြမည်။ အရာခပ်သိမ်းကို ဖန်ဆင်းပြီးနောက်တွင် ယင်းတို့ကြားရှိ ဆက်နွှယ်မှုများကို ဘုရားသခင် မည်သို့ ဟန်ချက်ညီစေသည်ကို ငါ ပြောနေခြင်း ဖြစ်သည်။ ဤသည်မှာလည်း သင်တို့အတွက် အတော်အတန် ကြီးမားသည့် အကြောင်းအရာ တစ်ခုဖြစ်သည်။ အရာအားလုံးကြားရှိ ဆက်နွှယ်မှုများကို ဟန်ချက်ညီစေခြင်း- ဤသည်မှာ လူများ ပြီးမြောက်နိုင်သည့် အရာတစ်ခုလော။ မဟုတ်ပါ၊ လူများက ထိုသို့သော စွမ်းဆောင်မှု တစ်ခုကို မတတ်စွမ်းနိုင်ပေ။ လူများက ဖျက်ဆီးခြင်းသာ တတ်စွမ်းနိုင်သည်။ အရာအားလုံးကြားက ဆက်နွှယ်မှုများကို ဟန်ချက်ညီအောင် ၎င်းတို့ မလုပ်နိုင်ပေ။ ၎င်းတို့သည် ထိုအရာများကို မစီမံနိုင်သကဲ့သို့၊ ထိုသို့သော ကြီးမားသည့် ဩဇာအာဏာ သို့မဟုတ် တန်ခိုးသည် လူသားမျိုးနွယ်၏ ဖမ်းဆုပ်နိုင်မှုကို ကျော်လွန်ပေသည်။ ဘုရားသခင် ကိုယ်တိုင်သာ ဤအရာမျိုးကို လုပ်ဆောင်ရန် တန်ခိုးရှိသည်။ သို့သော် ထိုသို့သော အရာတစ်ခုကို လုပ်ဆောင်ရာတွင် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အဘယ်အရာ ဖြစ်သနည်း- ယင်းသည် မည်သည့် အရာအတွက် ဖြစ်သနည်း။ ဤသည်မှာလည်း လူသားမျိုးနွယ်၏ ရှင်သန်မှုနှင့် နီးကပ်စွာ ဆက်နွှယ်ပေသည်။ ဘုရားသခင် လုပ်ဆောင်လိုသည့် အရာ တစ်ခုစီတိုင်းသည် လိုအပ်၏ သူ လုပ်ကောင်း လုပ်နိုင်သည့်အရာ သို့မဟုတ် မလုပ်နိုင်သည့်အရာ တစ်ခုမျှ မရှိပေ။ သူ့အတွက် လူသားမျိုးနွယ်၏ ရှင်သန်မှုကို ကာကွယ်ရန်နှင့် လူတို့အား ရှင်သန်မှုအတွက် သင့်လျော်သော ပတ်ဝန်းကျင် တစ်ခုကို ပေးရန်အလို့ငှာ သူ လုပ်ဆောင်ရမည့် မရှိမဖြစ်၊ အလွန် အရေးပါသည့် အရာအချို့ ရှိလေသည်။

"ဘုရားသခင်သည် အရာအားလုံးကို ဟန်ချက်ညီစေသည်" ဟူသည့် စကားစု၏ တိုက်ရိုက် အဓိပ္ပာယ်မှ၊ ယင်းမှာ အလွန် ကျယ်ပြန့်သည့် အကြောင်းအရာ တစ်ခု ဖြစ်ပုံရလေသည်။ ပထမဦးစွာ ယင်းက "အရာအားလုံးကို ဟန်ချက်ညီစေခြင်း" သည်လည်း အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ ထိန်းချုပ်နိုင်ခြင်းအား ရည်ညွှန်းသည်ဟူသည့် အယူအဆကို လူတို့အား ပေးလေသည်။ "ဟန်ချက်ညီစေသည်" ဟူသည့် ဤစကားလုံးက အဘယ်အရာကို ဆိုလိုသနည်း။ ပထမဦးစွာ "ဟန်ချက်ညီစေသည်" ဟူသည်မှာ တစ်စုံတစ်ခုကို ဟန်ချက်ပျက်ခွင့် မပေးခြင်းကို ရည်ညွှန်းသည်။ ယင်းက ပစ္စည်းများကို ချိန်တွယ်ရန် ချိန်ခွင်များကို အသုံးပြုခြင်းနှင့် တူသည်။ ချိန်ခွင်များကို ဟန်ချက်ညီစေရန်အလို့ငှာ၊ တစ်ဖက်စီ၏ အလေးချိန်က တူညီရမည် ဖြစ်သည်။ ဘုရားသခင်သည် မတူကွဲပြားသော အမှုအရာ အမျိုးအစား များစွာ ဖန်ဆင်းခဲ့သည်- မိမိတို့ နေရာတွင် တည်ရှိသည့် အရာများ၊

ရွေ့လျားသည့် အရာများ၊ အသက်ရှင်နေသည့် အရာများ၊ အသက်ရှူနေသည့် အရာများအပြင်၊ အသက်မရှူသည့် အရာများ ဖြစ်သည်။ ၎င်းတို့ အချင်းချင်း အားဖြည့်ပေးသကဲ့သို့ အချင်းချင်း ထိန်းချုပ်ကြသည့် အပြန်အလှန် မှီခိုခြင်း၊ အပြန်အလှန် ဆက်သွယ်ခြင်းနှင့်ဆိုင်သည့် ဆက်နွယ်မှုတစ်ခု စွမ်းဆောင်ရရှိဖို့ ဤအရာများ အားလုံးအတွက် လွယ်ကူပါသလော။ ဤအရာအားလုံးတွင် အခြေခံသဘောတရားများ သေချာပေါက် ရှိသည်၊ သို့သော် ယင်းတို့သည် အလွန် ရှုပ်ထွေးသည် မဟုတ်လော။ ယင်းမှာ ဘုရားသခင်အတွက် မခက်ခဲပေ၊ သို့သော် လူများအတွက် ယင်းသည် လေ့လာရန် အလွန် ရှုပ်ထွေးသည့် အရာတစ်ခု ဖြစ်သည်။ "ဟန်ချက်ညီစေသည်" ဆိုသည့် စကားလုံးသည် အလွန် ရိုးရှင်းသည့် စကား တစ်လုံးဖြစ်ပေသည်။ သို့သော် လူများက ယင်းကို လေ့လာခဲ့မည်ဆိုပါက၊ ပြီးလျှင် လူများက မိမိတို့ကိုယ်ကိုယ် ဟန်ချက်ညီမှု ဖန်တီးရန် လိုအပ်ခဲ့ပါက၊ ယင်းနှင့်ပတ်သက်၍- လူသား ဇီဝဗေဒပညာရှင်များ၊ နက္ခဗေဒပညာရှင်များ၊ ရူပဗေဒပညာရှင်များ၊ ဓာတုဗေဒ ပညာရှင်များနှင့် သမိုင်းပညာရှင်များပင်လျှင်- ပညာတတ် မျိုးစုံက အလုပ်လုပ်လျှင်ပင်၊ ထိုသုတေသန၏ နောက်ဆုံးရလဒ်က မည်သည့်အရာ ဖြစ်မည်နည်း။ ယင်း၏ ရလဒ်က မည်သည့်အရာမျှဖြစ်မည် မဟုတ်ပေ။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်းနှင့်ဆိုင်သည့် ဘုရားသခင်၏ ဖန်ဆင်းခြင်းသည် အလွန် မယုံနိုင်ဖွယ်ရာဖြစ်ပြီး လူသားမျိုးနွယ်သည် ယင်း၏လျှို့ဝှက်ချက်များကို မည်သည့်အခါတွင်မျှ ဖော်ထုတ်လိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်။ အရာခပ်သိမ်းကို ဘုရားသခင် ဖန်ဆင်းခဲ့ချိန်တွင်၊ ၎င်းတို့ကြားတွင် အခြေခံသဘောတရားများကို သူ ထူထောင်ခဲ့သည်၊ အပြန်အလှန် ကန့်သတ်ချက်၊ ဖြည့်စွမ်းပေးခြင်းနှင့် အာဟာရတို့အတွက် မတူညီသည့် ရှင်သန်မှု နည်းလမ်းများကို သူ ထူထောင်ခဲ့သည်။ ဤနည်းစနစ် အမျိုးမျိုးသည် အလွန် ရှုပ်ထွေးပြီး၊ ယင်းတို့သည် သေချာပေါက် မရိုးရှင်းပေ သို့မဟုတ် ဦးတည်ချက် တစ်ခုတည်း မဟုတ်ပေ။ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ ထိန်းချုပ်မှု နောက်ကွယ်ရှိ အခြေခံသဘောတရားများကို အတည်ပြုရန် သို့မဟုတ် လေ့လာရန် လူများသည် ၎င်းတို့၏ဉာဏ်များ၊ ၎င်းတို့ ရရှိပြီးဖြစ်သော အသိပညာနှင့် ၎င်းတို့ လေ့လာပြီးဖြစ်သည့် ဖြစ်ရပ်များကို အသုံးပြုသည့်အခါ၊ ဤအရာများသည် ရှာဖွေတွေ့ရှိရန် အလွန့်အလွန် ခက်ခဲပြီး ရလဒ် တစ်ခုတစ်လေကို ရရှိရန်လည်း အလွန် ခက်ခဲလေသည်။ ရလဒ် တစ်ခုတစ်လေ ရရှိဖို့ လူများအတွက် အလွန် ခက်ခဲသည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာခပ်သိမ်းကို စိုးမိုးရန် လူသား အတွေးနှင့် အသိပညာကို အမှီပြုနေချိန်တွင်၊ ၎င်းတို့၏ ဟန်ချက်ကို ထိန်းထားရန် လူတို့အတွက် အလွန် ခက်ခဲလေသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်း၏ ရှင်သန်မှု အခြေခံ

သဘောတရားများကို လူတို့ မသိကြပါက၊ ဤဟန်ချက်ညီမှုမျိုးကို မည်သို့ ကာကွယ်ရမည်ကို ၎င်းတို့သိကြလိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူတို့သည် အရာခပ်သိမ်းကို စီမံပြီး စိုးမိုးရမည်ဆိုပါက၊ ဤဟန်ချက်ညီမှုကို ဖျက်ဆီးမိဖို့ အလားအလာ အလွန်များပေမည်။ ဟန်ချက်ညီမှု ပျက်စီးသွားသည်နှင့်တစ်ပြိုင်နက်၊ ရှင်သန်မှုအတွက် လူသားမျိုးနွယ်၏ ပတ်ဝန်းကျင်သည်လည်း ပျက်စီးသွားမည် ဖြစ်ပြီး၊ ထိုအရာ ဖြစ်ပျက်သည့်အခါတွင် လူသားမျိုးနွယ်၏ ရှင်သန်မှုအတွက် ကပ်ဆိုက်သောကာလ တစ်ခုက လိုက်လာမည် ဖြစ်သည်။ ယင်းက ကပ်ဘေးတစ်ခု ဆောင်ကြဉ်းပေမည်။ လူသားမျိုးနွယ်သည် ကပ်ဘေးအလယ်တွင် အသက်ရှင်နေရပါက၊ ၎င်းတို့၏ အနာဂတ်သည် မည်သည့်အရာ ဖြစ်မည်နည်း။ ရလဒ်သည် အကဲဖြတ်ဖို့ အလွန် ခက်ခဲမည်ဖြစ်ပြီး သေချာမှုဖြင့် ကြိုတင်မှန်းဆရန် ဖြစ်နိုင်မည် မဟုတ်ပေ။

သို့ဆိုလျှင် အရာခပ်သိမ်းကြားရှိ ဆက်နွယ်မှုများကို ဘုရားသခင်သည် မည်သို့ ဟန်ချက်ညီစေသနည်း။ ပထမဦးစွာ ကမ္ဘာလောကတွင် တစ်နှစ်ပတ်လုံး ရေခဲနှင့် နှင်းများဖုံးနေသည့် နေရာအချို့ရှိစဉ်တွင်၊ အချို့နေရာများတွင်မူ လေးရာသီလုံးက နွေဦးရာသီကဲ့သို့ဖြစ်ကာ၊ မည်သည့်အခါတွင်မျှ ဆောင်းရာသီ ရောက်မလာသကဲ့သို့၊ ဤကဲ့သို့သော နေရာများတွင် ရေခဲအကွက် သို့မဟုတ် နှင်းပွင့်တစ်ဖတ်မျှကဲ့သို့သောအရာကို များများစားစား သင် လုံးဝ တွေ့မြင်ရမည် မဟုတ်ပေ။ ဤတွင် ငါတို့သည် ပိုကြီးမားသည့် ရာသီဥတု အကြောင်းကို ပြောနေခြင်းဖြစ်ပြီး ဤဥပမာသည် ဘုရားသခင်က အရာခပ်သိမ်းကြားရှိ ဆက်နွယ်မှုများကို ထိန်းညှိသည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ဤသို့ဖြစ်သည်- တောင်စဉ် တစ်ခုကို အပင်မျိုးစုံက မြေပြင်ကို ဖုံးလွှမ်းလျက်၊ စိမ်းစိုသည့် သဘာဝပေါက်ပင်များက ဖုံးထားပြီး၊ တောအုပ်တန်းများက အလွန် အုပ်ဆိုင်းသည်မှာ ယင်းတောအုပ်များထဲသို့ သင် လမ်းလျှောက်သည့်အခါ၊ အပေါ်က နေကိုပင် မမြင်နိုင်ပေ။ သို့သော် အခြား တောင်စဉ်တောင်တန်းများကို ကြည့်ခြင်းအားဖြင့်၊ မြက်ပင်ရွက်ချွန်း တစ်ပင်မျှပင် ပေါက်နေခြင်းမရှိ၊ သီးနှံမဖြစ်ထွန်းသည့် မြေတစ်လွှာပြီး တစ်လွှာသာ ထပ်လျက်၊ တောင်ကြမ်းကြီးများ ဖြစ်သည်။ အပြင်ပန်းမှ ကြည့်ပါက၊ အမျိုးအစား နှစ်ခုလုံးသည် အခြေခံအားဖြင့် တောင်တန်းများ ဖြစ်ပေါ်စေဖို့ ကြီးမားသည့် မြေကြီး အစုအပုံများ တစ်ခုပေါ် တစ်ခုဆင့်ထားခြင်း ဖြစ်ပေသည်၊ သို့သော် တစ်ခုသည် အုပ်ဆိုင်းနေသည့် သစ်တောဖြင့် ဖုံးလွှမ်းထားစဉ်တွင် အခြားတစ်ခုက မြက်ပင်ရွက်ချွန်း တစ်ပင်မျှပင်မရှိဘဲ၊ ဖြစ်ထွန်းမှု ကင်းမဲ့လေသည်။ ဤသည်မှာ အရာခပ်သိမ်းတို့ကြား ဆက်နွယ်မှုများကို ဘုရားသခင် ဟန်ချက်ညီစေသည့် ဒုတိယ နည်းလမ်းဖြစ်သည်။ တတိယနည်းလမ်းမှာ ဤသို့ဖြစ်၏- လမ်းခရီးတစ်ခုကို ကြည့်ရာတွင်၊ သင်သည်

အဆုံးမရှိသည့် မြက်ခင်းပြင်များ၊ လှုပ်ယမ်းနေသည့် မြက်ခင်းစိမ်းကွင်းပြင်ကို မြင်ကောင်းမြင်ရပေမည်။ အခြားလမ်းတစ်ခုကို ကြည့်ရာတွင်၊ သဲပြင်ကို လေတိုက်သံ တရှီးရှီး အလယ်တွင် ရေ အရင်းအမြစ် တစ်ခုတစ်လေကို မဆိုထားနှင့် သက်ရှိ တစ်ကောင်တစ်မြည်းမျှပင် မရှိဘဲ၊ မျက်စိတစ်ဆုံး မြင်နိုင်သရွေ့ ဝေးလံသည့် ကျတ်တီးမြေဖြစ်သည့် ကန္တာရကို မြင်ကောင်းမြင်ရပေမည်။ စတုတ္ထနည်းလမ်းမှာ ဤသို့ဖြစ်၏- လမ်းတစ်ခုကို ကြည့်ရာတွင်၊ အရာရာတိုင်းသည် ကြီးမားသည့် ရေ အစုအဝေးဖြစ်သည့် ပင်လယ်အောက် နစ်မြုပ်နေစဉ်တွင်၊ အခြားတစ်လမ်းကို ကြည့်ရာတွင်၊ လတ်ဆတ်သည့် စမ်းရေ တစ်ပေါက်ကိုပင် ရှာတွေ့ရန် သင် ဝန်ပိရလေသည်။ ပဥ္စမနည်းလမ်းမှာ ဤသို့ဖြစ်၏- ဤနေရာရှိ ကုန်းမြေ တစ်ခုတွင် ခပ်ဖွဲဖွဲမိုးက မကြာခဏ ရွာတတ်ပြီး မြူထခြင်း၊ ရာသီဥတုက မြူဆိုင်းကာ စိုထိုင်းသော်လည်း၊ ထိုနေရာရှိ ကုန်းမြေတွင် အရှိန်ပြင်းသည့် နေက ကောင်းကင်တွင် မကြာခဏ တွဲခိုနေပြီး မိုးစက် တစ်ပေါက် ကျချိန် ဆိုသည်မှာ ဖြစ်တောင့်ဖြစ်ခဲ အဖြစ်အပျက် တစ်ခု ဖြစ်သည်။ ဆဌမမြောက် နည်းလမ်းမှာ ဤသို့ဖြစ်သည်- တစ်နေရာတွင်၊ လေထု ပါးလွှာပြီး လူက အသက်ရှူရန် ခက်ခဲသည့် ကုန်းပြင်မြင့် တစ်ခု ရှိသော်လည်း၊ အခြားနေရာတွင်မူ ရွှေ့ပြောင်းနေထိုင်သည့် ငှက်အမျိုးအစား အမျိုးမျိုးတို့အတွက် ကျက်စားရာများ အဖြစ် အသုံးတော်ခံသည့် ရွံ့ဗွက်အိုင်များနှင့် ကုန်းမြေနိမ့်များ ရှိလေသည်။ ဤသည်တို့မှာ မတူညီသည့် ရာသီဥတု အမျိုးအစားများ ဖြစ်သည်၊ သို့မဟုတ် ယင်းတို့သည် မတူညီသည့် ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်များနှင့် ကိုက်ညီသည့် ရာသီဥတုများ သို့မဟုတ် ပတ်ဝန်းကျင်များ ဖြစ်သည်။ ယင်းမှာ လူတို့ ရှင်သန်သည့် ပတ်ဝန်းကျင်များ၏ လေ၊ အပူချိန်နှင့် စိုထိုင်းဆတို့တွင် ဟန်ချက်ညီမှု တစ်ခု ရရှိဖို့အလို့ငှာ၊ ဘုရားသခင်သည် ရာသီဥတုမှ ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်အထိ၊ ပြီးလျှင် မြေကြီး၏ မတူညီသော အစိတ်အပိုင်းများမှသည် ရေ အရင်းအမြစ်များ ပမာဏအထိ၊ ကြီးမားကျယ်ပြန့်သည့် ပတ်ဝန်းကျင်အားဖြင့် ရှင်သန်မှုအတွက် လူသားမျိုးနွယ်၏ အခြေခံကျသော ပတ်ဝန်ကျင်များကို ဟန်ချက်ညီစေခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။ ဤအလွန်ခြားနားသော ပထဝီဝင်ဆိုင်ရာ ပတ်ဝန်းကျင်များကြောင့်၊ လူများသည် တည်ငြိမ်သည့်လေထု ရှိကြပြီး၊ မတူကွဲပြားသည့် ရာသီများ၏ အပူချိန်နှင့် စိုထိုင်းဆတို့သည် တည်ငြိမ်နေမြဲ ဖြစ်ပေသည်။ ဤအရာက ၎င်းတို့အမြဲ အသက်ရှင်ကြပြီး ဖြစ်သည့်အတိုင်းပင် လူတို့အား ထိုသို့သော ပတ်ဝန်းကျင်မျိုးတွင် ဆက်လက် အသက်ရှင်ခွင့် ပေးလေသည်။ ပထမဦးစွာ ကြီးမားကျယ်ပြန့်သည့် ပတ်ဝန်းကျင်သည် ဟန်ချက်ညီ ရပေမည်။ ဤအရာကို မတူညီသည့်

ပထဝီမြေဆိုင်ရာ တည်နေရာများနှင့် ဖွဲ့စည်းမှုများအပြင်၊ ဘုရားသခင် အလိုရှိပြီး လူသားမျိုးနွယ် လိုအပ်သည့် ဟန်ချက်ညီမှုကို ရရှိရန်အလို့ငှာ၊ အချင်းချင်း ကန့်သတ်ကာ ထိန်းချုပ်ခွင့်ပေးသည့် မတူညီသော ရာသီဥတုများကြား ပြောင်းလဲမှုများကို အသုံးချခြင်းမှတစ်ဆင့် လုပ်ဆောင်ထားပေသည်။ ဤသည်မှာ ကြီးမားကျယ်ပြန့်သည့် ပတ်ဝန်းကျင် ရှုထောင့်မှ ပြောဆိုခြင်း ဖြစ်သည်။

ယခုတွင် သဘာဝပေါက်ပင်များ ကဲ့သို့သော သာ၍ အနုစိတ်သည့် အသေးစိတ် အချက်အလက်များနှင့်ပတ်သက်၍ ငါတို့ ပြောဆိုမည် ဖြစ်သည်။ ယင်းတို့၏ ဟန်ချက်ညီမှုကို မည်သို့ ရရှိသနည်း။ ယင်းမှာ ရှင်သန်မှုအတွက် ဟန်ချက်ညီသည့် ပတ်ဝန်းကျင် အတွင်းတွင် သဘာဝပေါက်ပင်များသည် မည်သို့ ဆက်လက် ရှင်သန်နိုင်ကြသနည်းဟု ဆိုရမည် ဖြစ်သည်။ အဖြေမှာ ရှင်သန်မှုအတွက် ၎င်းတို့၏ ပတ်ဝန်းကျင်ကို ကာကွယ်ရန် အပင်အမျိုးအစား အမျိုးမျိုး၏ သက်တမ်း၊ ကြီးထွားမှုနှုန်းနှင့် မျိုးပွားမှုနှုန်းများကို စီမံခြင်းအားဖြင့် ဖြစ်သည်။ မြက်ပင်ငယ်လေးများကို ဥပမာအဖြစ် ယူကြစို့- နွေဦးရာသီ အညွန့်များ၊ နွေရာသီ အပွင့်များနှင့် ဆောင်းဦးရာသီ အသီးများ ရှိကြသည်။ အသီးက မြေပေါ်ကိုကျသည်။ နောက်နှစ်တွင် အသီးမှ အစေ့က အညှောက်ပေါက်ပြီး တူညီသည့် နိယာမအတိုင်း ဆက်လက် ဖြစ်ပေါ်သည်။ မြက်ပင်၏ သက်တမ်းက အလွန် တိုသည်။ မြေပေါ်ကျသည့် အစေ့တိုင်းက အမြစ်ပေါက်ပြီး အညှောက်ထွက်သည်၊ ဖူးပွင့်ပြီး အသီးများ သီးကာ၊ ဖြစ်စဉ်တစ်ခုလုံးက- နွေဦးရာသီ၊ နွေရာသီနှင့် ဆောင်းဦးရာသီ- ရာသီသုံးခု နောက်မှသာ ပြီးပြည့်စုံလေသည်။ သစ်ပင်မျိုးစုံတို့သည်လည်း ၎င်းတို့၏ ကိုယ်ပိုင် သက်တမ်းများနှင့် အစို့အညှောက်ထွက်ခြင်း၊ အသီးသီးခြင်းတို့အတွက် မတူညီသည့် ကာလများ ရှိကြသည်။ အချို့အပင်များက နှစ် ၃၀ မှ အနှစ် ၅၀ ကြာပြီးနောက် သေဆုံးကြသည်- ဤသည်မှာ ၎င်းတို့၏ သက်တမ်း ဖြစ်၏။ သို့သော် ၎င်းတို့၏အသီးများမှာ မြေသို့ ကျပြီးနောက်၊ ယင်းက အမြစ်များနှင့် အညှောက်များပေါက်၊ ပန်းများ ပွင့်ကာ အသီးသီးပြီး၊ နောက်ထပ် အနှစ် ၃၀ မှ ၅၀ အထိ ရှင်သန်ကြလေသည်။ ယင်းမှာ ၎င်း၏ ပြန်လည် ဖြစ်ပေါ်မှုနှုန်း ဖြစ်သည်။ သစ်ပင်အိုက သေပြီး သစ်ပင်ငယ်တစ်ပင် ပေါက်လာသည်။ ဤသည်မှာ သစ်တောထဲတွင် သစ်ပင်များ ပေါက်နေသည်ကို သင်အမြဲမြင်ရသည့် အကြောင်းရင်း ဖြစ်သည်။ သို့သော် ၎င်းတို့တွင်လည်း ၎င်းတို့၏ ပုံမှန်စက်ဝန်းနှင့် မွေးဖွားခြင်း၊ သေဆုံးခြင်း ဖြစ်စဉ်များရှိသည်။ အချို့သစ်ပင်များက နှစ်တစ်ထောင်ကျော်အထိ အသက်ရှင်နိုင်ပြီး၊ အချို့မှာ အနှစ် ၃၀၀၀ အထိပင် အသက်ရှင်နိုင်လေသည်။ ယေဘုယျအားဖြင့် ပြောရလျှင်၊ ယင်းသည် မည်သည့် အပင်အမျိုးအစား ဖြစ်ပါစေ၊ ၎င်းတို့၏သက်တမ်း မည်မျှ ရှည်ကြာသည်ဖြစ်စေ၊

ဘုရားသခင်သည် ၎င်းက မည်မျှ ကြာကြာ ရှင်သန်သည်၊ ၎င်း၏ မျိုးပွားနိုင်စွမ်း၊ မျိုးပွားသည့် မြန်နှုန်းနှင့် ကြိမ်ရေနှုန်း၊ ပြီးလျှင် ၎င်းက ထုတ်လုပ်သည့် အပင်ပေါက် ပမာဏတို့အပေါ် အခြေခံ၍ စီမံလေသည်။ ဤအရာက မြက်ပင်များမှ သစ်ပင်များအထိ အပင်များကို ဟန်ချက်ညီသည့် ဂေဟစနစ်ဆိုင်ရာ ပတ်ဝန်းကျင် အတွင်းတွင် ဆက်လက် ရှင်သန်ကာ ကြီးထွားနိုင်ရန် အခွင့်ပေးလေသည်။ ထို့ကြောင့် ကမ္ဘာမြေကြီးပေါ်က သစ်တော တစ်ခုကို သင်ကြည့်သည့်အခါတွင်၊ ထိုသစ်တောအတွင်း ပေါက်ရောက်သည့် အရာတိုင်း၊ မြက်ပင်များနှင့် သစ်ပင်များ နှစ်ခုလုံးသည် ၎င်းတို့၏ကိုယ်ပိုင် နိယာမများနှင့်အညီ ဆက်လက် မျိုးပွားကာ ကြီးထွားနေကြလေသည်။ ၎င်းတို့သည် နောက်ထပ် လူသားမျိုးနွယ်၏ အားထုတ်မှု သို့မဟုတ် အကူအညီ မလိုအပ်ကြပေ။ ၎င်းတို့သည် ရှင်သန်မှုအတွက် ၎င်းတို့၏ ကိုယ်ပိုင် ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ကြသည်မှာ ဤဟန်ချက်ညီမှုမျိုး ၎င်းတို့ ရှိခြင်းကြောင့်သာ ဖြစ်သည်။ ကမ္ဘာလောက၏ သစ်တောများနှင့် မြက်ခင်းပြင်များသည် ကမ္ဘာမြေကြီးပေါ်တွင် ဆက်လက် ရှင်သန်နိုင်ကြသည်မှာ ရှင်သန်မှုအတွက် သင့်လျော်သည့် ပတ်ဝန်းကျင် တစ်ခု ၎င်းတို့ ရှိကြသောကြောင့်သာ ဖြစ်သည်။ ၎င်းတို့၏ တည်ရှိခြင်းသည် လူများ၏ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်အပြင်၊ သစ်တောများနှင့် မြက်ခင်းပြင်များတွင် ကျက်စားသည့် သက်ရှိမျိုးစုံ- ငှက်များ၊ သားရဲတိရစ္ဆာန်များ၊ ပိုးမွှားများနှင့် အနုစိတ် သက်ရှိ မျိုးစုံတို့၏ မျိုးဆက် တစ်ဆက်ပြီး တစ်ဆက်ကို ပြုစုပျိုးထောင်ပေးလေသည်။

ဘုရားသခင်သည် တိရစ္ဆာန် မျိုးစုံကြား ဟန်ချက်ညီမှုကိုလည်း ထိန်းချုပ်သည်။ ဤဟန်ချက်ညီမှုကို သူ မည်သို့ ထိန်းချုပ်သနည်း။ ယင်းသည် အပင်များနှင့် ဆင်တူသည်— သူသည် ၎င်းတို့၏ မျိုးပွားနိုင်စွမ်း၊ မျိုးပွားသည့် အရေအတွက်နှင့် မျိုးပွားခြင်း ကြိမ်ရေနှုန်းနှင့် တိရစ္ဆာန် လောကတွင် ၎င်းတို့ ဆောင်ရွက်သည့် အခန်းကဏ္ဍတို့ကို အခြေခံ၍ ၎င်းတို့၏ ဟန်ချက်ညီမှုကို စီမံကာ ၎င်းတို့၏ အရေအတွက်ကို ပိုင်းခြားသတ်မှတ်လေသည်။ ဥပမာအားဖြင့် ခြင်္သေ့များက မြင်းကျားများကို စားသည်၊ သို့ဆိုလျှင် ခြင်္သေ့၏ အရေအတွက်က မြင်းကျားများ၏ အရေအတွက်ကို ကျော်လွန် သွားပါက၊ မြင်းကျားများ၏ ကံကြမ္မာက မည်သို့ ဖြစ်မည်နည်း။ ၎င်းတို့ မျိုးသုဉ်း လာပေမည်။ ပြီးလျှင် မြင်းကျားများသည် ခြင်္သေ့များထက် များစွာ သာ၍ နည်းပါးသည့် သားပေါက်များကို ပေါက်ဖွားပါက၊ ၎င်းတို့၏ ကံကြမ္မာက မည်သည့်အရာ ဖြစ်မည်နည်း။ ၎င်းတို့သည်လည်း မျိုးသုဉ်း လာမည် ဖြစ်သည်။ ထို့ကြောင့် မြင်းကျားများ အရေအတွက်သည် ခြင်္သေ့များ၏ အရေအတွက်ထက် အလွန် များရပေမည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် မြင်းကျားများက မိမိတို့ကိုယ်ကိုယ်အတွက်သာ တည်ရှိခြင်း မဟုတ်ဘဲ၊ ခြင်္သေ့များအတွက်လည်း

တည်ရှိကြသောကြောင့် ဖြစ်သည်။ ယင်းကို ဤသို့လည်း ပြောနိုင်သည်- မြင်းကျားတိုင်းသည် မြင်းကျားများ တစ်အုပ်လုံး၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော်လည်း၊ ခြင်္သေ့၏ပါးစပ်အတွက်လည်း အစာ ဖြစ်ပေသည်။ ခြင်္သေ့၏ မျိုးပွားမှုနှုန်းသည် မြင်းကျားများထက် လုံးဝ ပိုလွန်၍ မရပေ၊ ထို့ကြောင့် ၎င်းတို့၏ အရေအတွက်သည် မြင်းကျားများ၏ အရေအတွက်ထက် ပိုများ၍ မရပေ။ ဤနည်းဖြင့်သာ ခြင်္သေ့များ၏ အစားအစာ အရင်းအမြစ်ကို အာမခံနိုင်ပေသည်။ ထို့ကြောင့် ခြင်္သေ့များသည် မြင်းကျား၏ သဘာဝရန်သူ ဖြစ်သော်လည်း၊ နေရာတစ်ခုတည်း အတွင်းတွင် မျိုးစိတ်နှစ်ခုက အေးအေးလူလူ အနားယူ နေကြသည်ကို လူများက မကြခဏ တွေ့ကြရပေသည်။ ခြင်္သေ့များက ၎င်းတို့ကို အမဲလိုက်ခြင်းနှင့် စားသောက်ခြင်းကြောင့်၊ မြင်းကျားများသည် မည်သည့်အခါတွင်မျှ အရေအတွက် လျော့ကျသွားလိမ့်မည် သို့မဟုတ် မျိုးသုဉ်း သွားလိမ့်မည် မဟုတ်သကဲ့သို့၊ ခြင်္သေ့များသည် "ဘုရင်" အဖြစ် ၎င်းတို့၏ အဆင့်အတန်းကြောင့် ၎င်းတို့၏ အရေအတွက်သည် မည်သည့်အခါတွင်မျှ တိုးပွားလိမ့်မည် မဟုတ်ပေ။ ဤဟန်ချက်ညီမှုသည် အချိန်ကြာမြင့်စွာက ဘုရားသခင် ထူထောင်ခဲ့သည့် အရာတစ်ခု ဖြစ်သည်။ ဆိုလိုသည်မှာ တိရစ္ဆာန်များသည် ဤဟန်ချက်ညီမှုမျိုးကို ရရှိနိုင်ကြဖို့အလို့ငှာ ဘုရားသခင်သည် တိရစ္ဆာန်များ အားလုံးကြားတွင် ဟန်ချက်ညီမှု နိယာမများကို ထူထောင်ခဲ့ပြီး၊ ဤသည်မှာ လူများ မကြာခဏ မြင်လေ့ရှိသည့် အရာတစ်ခု ဖြစ်သည်။ ခြင်္သေ့များသည် မြင်းကျားများ၏ တစ်ခုတည်းသော သဘာဝ ရန်သူများ ဖြစ်သလော။ မဟုတ်ပေ၊ မိကျောင်းများလည်း မြင်းကျားများကို စားကြသည်။ မြင်းကျားသည် အလွန် အကူအညီမဲ့သည့် တိရစ္ဆာန် အမျိုးအစား တစ်မျိုး ဖြစ်ပုံရသည်။ သူတို့၌ ခြင်္သေ့၏ ရက်စက်ခြင်းမျိုး မရှိကြသကဲ့သို့၊ ဤကြောက်မက်ဖွယ် ရန်သူဖြစ်သည့် ခြင်္သေ့ တစ်ကောင်နှင့် ရင်ဆိုင် ရသည့်အခါတွင် ၎င်းတို့ လုပ်နိုင်သမျှမှာ ပြေးဖို့သာ ဖြစ်သည်။ ပြန်လည် ခုခံဖို့ပင် စွမ်းအား မဲ့ကြသည်။ ၎င်းတို့သည် ခြင်္သေ့ကို လွတ်အောင် မပြေးနိုင်ကြသည့်အခါတွင်၊ မိမိတို့ကိုယ်ကိုယ် သူ့အား စားခွင့်ပေးရုံသာ တတ်နိုင်ကြသည်။ ဤအရာကို တိရစ္ဆာန် လောကတွင် မကြာခဏ တွေ့မြင်နိုင်သည်။ ဤအရာမျိုးကို သင်တို့ မြင်တွေ့ရသည့်အခါတွင်၊ မည်သည့် ခံစားချက်များနှင့် အတွေးများ ရှိကြသနည်း။ မြင်းကျားအတွက် ဝမ်းနည်းမိသလော။ ခြင်္သေ့ကို စက်ဆုပ်မိသလော။ မြင်းကျားက အလွန်လှပသည်ဟု ထင်ရသည်။ သို့သော် ခြင်္သေ့များက ၎င်းတို့ကို အမြဲ လောဘတကြီးနှင့် ကြည့်နေကြသည်။ ပြီးလျှင် မြင်းကျားများသည် မိုက်မဲစွာဖြင့် ဝေးဝေး မပြေးကြချေ။ ၎င်းတို့ကို ခြင်္သေ့က သစ်ပင် တစ်ပင်အောက် အေးမြသည့် အရိပ်ထဲတွင် စောင့်ဆိုင်းနေသည်ကို ၎င်းတို့မြင်ရသည်။ ယင်းက ၎င်းတို့ကို အချိန်မရွေး လာပြီး

စားသောက်နိုင်သည်။ ဤအရာကို ၎င်းတို့၏ စိတ်နှလုံးတွင် သိသော်လည်း၊ ထိုကုန်းမြေတစ်စကို ၎င်းတို့ စွန့်ခွာလိမ့်ဦးမည် မဟုတ်ပေ။ ဤသည်မှာ အံ့ဖွယ် အရာတစ်ခု၊ ဘုရားသခင်၏ ခွဲခန့်မှတ်သား ထားခြင်းနှင့် သူ၏ စည်းမျဉ်းကို သိသာထင်ရှားစေသည့် အံ့ဖွယ် အရာတစ်ခု ဖြစ်သည်။ သင်က မြင်းကျားအတွက် ဝမ်းနည်းမိသော်လည်း၊ သူ့ကို မကယ်တင်နိုင်သကဲ့သို့၊ ခြင်္သေ့ကို သင် စက်ဆုပ်သော်လည်း၊ ယင်းကို သင် ဇီဝိန်မချုပ်စေနိုင်ပေ။ မြင်းကျားသည် ခြင်္သေ့အတွက် ဘုရားသခင် ပြင်ဆင်ထားသည့် အစားအစာ ဖြစ်သော်လည်း၊ ခြင်္သေ့က မည်မျှ များစွာ စားသောက်သည် ဖြစ်စေ၊ မြင်းကျားများသည် ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပေ။ ခြင်္သေ့များ မွေးဖွားသည့် သားပေါက် အရေအတွက်သည် အလွန် နည်းပါးပြီး အလွန် နှေးကွေးစွာ ၎င်းတို့ သားပေါက်ကြသည်၊ ထို့ကြောင့် မြင်းကျား မည်မျှ များစွာ ၎င်းတို့ စားကြသည် ဖြစ်စေ၊ ၎င်းတို့၏ အရေအတွက်သည် မြင်းကျားများ၏ အရေအတွက်ထက် မည်သည့်အခါတွင်မျှ ကျော်လွန်လိမ့်မည် မဟုတ်ပေ။ ဤအရာတွင်၊ ဟန်ချက်ညီမှု ရှိလေသည်။

ဤဟန်ချက်ညီမှုမျိုးကို ထိန်းသိမ်းရာတွင် ဘုရားသခင်၏ ရည်မှန်းချက် ပန်းတိုင်မှာ အဘယ်နည်း။ ဤသည်မှာ လူများ၏ ရှင်သန်မှုအတွက် ပတ်ဝန်းကျင်အပြင် လူသားမျိုးနွယ်၏ ရှင်သန်မှုနှင့် ပတ်သက်ရပေသည်။ မြင်းကျားများ သို့မဟုတ် ခြင်္သေ့၏ အလားတူ မည်သည့် သားကောင်မဆို— သမင် သို့မဟုတ် အခြား တိရစ္ဆာန်များသည်— အလွန်နှေးကွေးစွာ မျိုးပွားပြီး ခြင်္သေ့၏ အရေအတွက်က သိသိသာသာ တိုးပွားပါက၊ လူသားများက မည်သည့် အန္တရာယ်မျိုးကို ရင်ဆိုင်ရမည်နည်း။ ခြင်္သေ့များက ၎င်းတို့၏ သားကောင်ကို စားသည်မှာ သာမန်ဖြစ်ရပ် တစ်ခု ဖြစ်သော်လည်း၊ ခြင်္သေ့က လူတစ်ဦးကို စားသည်မှာ အဖြစ်ဆိုးတစ်ခု ဖြစ်သည်။ ဤအဖြစ်ဆိုးက ဘုရားသခင် ခွဲခန့်မှတ်သားထားသည့် အရာတစ်ခု မဟုတ်ပေ၊ ယင်းမှာ လူသားမျိုးနွယ်အပေါ် သူ ကျရောက်စေသည့် အရာတစ်ခု ဖြစ်ဖို့မဆိုထားနှင့်၊ သူ၏ စည်းမျဉ်းအောက်တွင်ပင် မဖြစ်ပွားပေ။ ယင်းထက် ထိုအရာသည် လူများက မိမိတို့ကိုယ်ကိုယ်အပေါ် ကျရောက်စေသည့် အရာတစ်ခု ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင် မြင်သည့်အတိုင်း၊ အရာအားလုံးကြားက ဟန်ချက်ညီမှုသည် လူသားမျိုးနွယ်၏ ရှင်သန်မှုအတွက် အလွန်အရေးပါပေသည်။ အပင်များဖြစ်စေ သို့မဟုတ် တိရစ္ဆာန်များဖြစ်စေ၊ မည်သည့်အရာကမျှ ယင်း၏ သင့်တော်သည့် ဟန်ချက်ညီမှုကို ဆုံးရှုံး၍မရပေ။ အပင်များ၊ တိရစ္ဆာန်များ၊ တောင်တန်းများနှင့် အင်းအိုင်များ— ဘုရားသခင်သည် လူသားမျိုးနွယ်အတွက် ပုံမှန် ဂေဟစနစ်ဆိုင်ရာ ပတ်ဝန်းကျင် တစ်ခုကို ပြင်ဆင်ထားပြီး ဖြစ်သည်။ လူတို့သည် ဤဂေဟစနစ်ဆိုင်ရာ ပတ်ဝန်းကျင်မျိုး— ဟန်ချက်ညီသည့် ပတ်ဝန်းကျင် တစ်ခု-

ရှိသည့်အခါမှသာ ၎င်းတို့၏ ရှင်သန်မှုက လုံခြုံစိတ်ချ ရပေသည်။ သစ်ပင်များ သို့မဟုတ် မြက်ပင်များသည် မျိုးပွားဖို့ အားနည်းသည့် စွမ်းရည် တစ်ခု ရှိပါက၊ သို့မဟုတ် ၎င်းတို့၏ မျိုးပွားမှု နှုန်းက အလွန် နှေးကွေးပါက၊ မြေကြီးက သူ၏ အစိုဓာတ်ကို ဆုံးရှုံးမည် မဟုတ်လော။ မြေကြီးက ၎င်း၏ အစိုဓာတ်ကို ဆုံးရှုံးပါက၊ ကောင်းမွန်ပါဦးမည်လော။ မြေကြီးသည် ၎င်း၏ သီးပင်စားပင်များနှင့် ၎င်း၏ အစိုဓာတ်ကို ဆုံးရှုံးပါက၊ ယင်းသည် အလွန် လျင်မြန်စွာ တိုက်စားခံရမည် ဖြစ်ပြီး၊ ၎င်း၏နေရာတွင် သဲများ ဖြစ်လာပေမည်။ မြေကြီးက ယိုယွင်းလာသည့်အခါတွင်၊ လူများ၏ ရှင်သန်မှုအတွက် ပတ်ဝန်းကျင်သည်လည်း ဖျက်ဆီး ခံရပေမည်။ ဤပျက်စီးမှုနှင့်အတူ ကပ်ဘေးများစွာ ပါရှိလာပေမည်။ ဤဂေဟစနစ်ဆိုင်ရာ ဟန်ချက်ညီမှု မရှိဘဲနှင့်၊ ဤဂေဟစနစ်ဆိုင်ရာ ပတ်ဝန်းကျင်မျိုး မရှိဘဲနှင့်၊ လူတို့သည် အရာအားလုံးကြားက ဟန်ချက်မညီမှုများကြောင့် ကပ်ဘေးများကို မကြာခဏ ခံစားကြရမည် ဖြစ်သည်။ ဥပမာအားဖြင့် ဖားများ၏ ဂေဟစနစ် ပတ်ဝန်းကျင် ပျက်ဆီးခြင်းသို့ ဆိုက်ရောက်စေသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဟန်ချက်မညီမျှမှုတစ်ခု ရှိသည့်အခါ၊ ဖားများသည် အတူတကွ စုဝေးကြသည်၊ ၎င်းတို့၏ အရေအတွက်က သိသိသာသာ တိုးပွားလာပြီး၊ မြို့များရှိ လမ်းများပေါ်တွင် ဖြတ်ကူးနေသည့် အရေအတွက် များပြားသည့် ဖားများကိုပင် လူတို့ တွေ့မြင်ကြရသည်။ အရေအတွက် များပြားသည့် ဖားများက လူတို့၏ ရှင်သန်မှုအတွက် ပတ်ဝန်းကျင်ကို နေရာယူကြပါက၊ ယင်းကို မည်သို့ ခေါ်ဆိုမည်နည်း။ ကပ်ဘေးတစ်ခု ဖြစ်သည်။ ယင်းကို အဘယ်ကြောင့် ကပ်ဘေးတစ်ခုဟု ခေါ်ဆိုရမည်နည်း။ လူသားမျိုးနွယ်အတွက် အကျိုးရှိသည့် ဤသေးငယ်သည့် တိရစ္ဆာန်များသည် ၎င်းတို့အတွက် သင့်တော်သည့် နေရာတွင် ဆက်လက် တည်ရှိကြသည့်အခါ လူများအတွက် အသုံးဝင်သည်။ ၎င်းတို့သည် လူများ၏ ရှင်သန်မှုအတွက် ဖြစ်သော ပတ်ဝန်းကျင်၏ ဟန်ချက်ညီမှုကို ထိန်းသိမ်းပေးသည်။ သို့သော် ၎င်းတို့သည် ကပ်ဘေးတစ်ခု ဖြစ်လာပါက၊ လူများ၏ဘဝ စနစ်ကျမှုကို ၎င်းတို့ ထိခိုက်ကြလိမ့်မည် ဖြစ်သည်။ ဖားများက ၎င်းတို့ ကိုယ်ခန္ဓာများပေါ်တွင် ၎င်းတို့နှင့်အတူ ယူဆောင်လာသည့် အရာအားလုံးနှင့် ပစ္စည်းများ အားလုံးသည် လူများ၏ ဘဝ အရည်အသွေးကို ထိခိုက်စေနိုင်သည်။ ၎င်းတို့သည် လူတို့၏ ရုပ်ပိုင်းဆိုင်ရာ အင်္ဂါများပင် တိုက်ခိုက်ခံရစေနိုင်သည်- ဤသည်မှာ ကပ်ဘေး အမျိုးအစားများထဲမှ တစ်ခု ဖြစ်သည်။ လူသားများ မကြာခဏ တွေ့ကြုံရသည့် နောက်ထပ် ကပ်ဘေးတစ်မျိုးမှာ ကျိုင်းကောင်များ အရေအတွက်များစွာ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ဤသည်မှာ ကပ်ဘေးတစ်ခု ဖြစ်သည် မဟုတ်လော။ ဟုတ်ပါသည်၊ ယင်းသည် ကြောက်စရာကောင်းသည့် ကပ်ဘေးတစ်ခု ဖြစ်သည်။ လူများက မည်မျှ တတ်စွမ်းနိုင်သည်မှာ အရေးမကြီးပေ— လူများက လေယာဉ်ပျံများ၊

အမြောက်များနှင့် အဏုမြူဗုံးများ ပြုလုပ်နိုင်သည်— ကျိုင်းကောင်များ ကျူးကျော်လာသည့်အခါတွင်၊ လူသားမျိုးနွယ်သည် မည်သည့် ဖြေရှင်းချက် ရှိကြသနည်း။ ကျိုင်းကောင်များအပေါ် အမြောက်များကို အသုံးပြုနိုင်သလော။ ယင်းတို့ကို စက်သေနတ်များဖြင့် ပစ်၍ရသလော။ မရပေ။ ထို့နောက် ယင်းတို့ကို မောင်းထုတ်ရန် ပိုးသတ်ဆေးများ ဖြန်း၍ရသလော။ ယင်းသည်လည်း လွယ်ကူသည့် အလုပ်မဟုတ်ပေ။ ဤကျိုင်းကောင်လေးများက မည်သည့်အရာကို လုပ်ဆောင်ဖို့ လာကြသနည်း။ ၎င်းတို့သည် အထူးသဖြင့် ကောက်ပဲသီးနှံများနှင့် အစေ့အဆန်များကို စားကြသည်။ ကျိုင်းကောင်များ သွားသည့် နေရာတိုင်းတွင်၊ ကောက်ပဲသီးနှံများက လုံးဝ ပျက်ပြုန်းကုန်သည်။ ကျိုင်းကောင်များ ကျူးကျော်ဝင်ရောက်သည့် အချိန်များတွင်၊ တစ်နှစ်ပတ်လုံးအတွက် လယ်သမားများ မှီခိုအားထားသည့် အစားအစာ အားလုံးသည် မျက်စိတစ်မှိတ် အတွင်း ကျိုင်းကောင်များ၏ လုံးဝ စားသုံးခြင်း ခံလိုက်ရနိုင်ပေသည်။ လူသားများအတွက်၊ ကျိုင်းကောင်များ ရောက်ရှိလာခြင်းသည် ဒေါသထွက်စရာ ဖြစ်သည်သာမက- ကပ်ဘေးတစ်ခု ဖြစ်သည်။ ထို့ကြောင့် များပြားသည့် ကျိုင်းကောင် အရေအတွက် ထွက်ပေါ်ခြင်းသည် ကပ်ဘေးတစ်မျိုး ဖြစ်သည်ကို ငါတို့ သိကြသော်လည်း၊ ကြွက်များရော အဘယ်သို့နည်း။ ကြွက်များကို စားမည့် ငှက်များ မရှိပါက၊ ၎င်းတို့သည် အလွန်လျင်မြန်စွာ ပွားများကြလိမ့်မည်၊ သင် စိတ်ကူးနိုင်သည် ထက်ပင် အလွန် မြန်ဆန်စွာ ပွားများကြလိမ့်မည် ဖြစ်သည်။ ကြွက်များသည် အဟန့်အတား မရှိ ပျံ့နှံ့ပါက၊ လူသားများသည် ကောင်းမွန်သည့် ဘဝများကို နေထိုင်နိုင်ကြမည်လော။ လူသားများသည် မည်သည့် အခြေအနေမျိုးနှင့် ရင်ဆိုင် ရမည်နည်း။ (ကပ်ရောဂါ တစ်ခုနှင့် ရင်ဆိုင် ရပါမည်။) သို့သော် ကပ်ရောဂါသည် တစ်ခုတည်းသော အကျိုးဆက် ဖြစ်မည်ဟု သင် ထင်သလော။ ကြွက်များသည် မည်သည့်အရာကိုမဆို ဝါးနိုင်ပြီး သစ်သားများကိုပင် ကိုက်ဖြတ်ကြလိမ့်မည်။ အိမ်တစ်အိမ်တွင် ကြွက်နှစ်ကောင်သာ ရှိပါက၊ ထိုအိမ်တွင် နေထိုင်ကြသူတိုင်း စိတ်အနှောင့်အယှက် ဖြစ်ရလိမ့်မည်။ တစ်ခါတစ်ရံတွင် ၎င်းတို့သည် ဆီများကို ခိုးပြီး စားသည်၊ ပြီးလျှင် တစ်ခါတစ်ရံတွင် ၎င်းတို့သည် ပေါင်မုန့် သို့မဟုတ် သီးနှံအစားအစာများကို စားကြသည်။ ၎င်းတို့ မစားသည့်အရာများကို ဝါးသာဝါးကြပြီး လုံးဝ ရှုပ်ပွသွားစေသည်။ အဝတ်များ၊ ဖိနပ်များ၊ ပရိဘောဂများကို ၎င်းတို့ ဝါးကြသည်— အရာရာတိုင်းကို ဝါးကြသည်။ တစ်ခါတစ်ရံတွင် ၎င်းတို့သည် ကြောင်အိမ်ပေါ် တက်ကြလိမ့်မည်— ကြွက်များ တက်နင်းပြီးနောက်တွင် ဤပန်းကန်များကို သုံး၍ ရနိုင်ပါသေးသလော။ ယင်းတို့ကို သင် ပိုးသတ်လျှင်ပင် စိတ်အေးသက်သာ ခံစားရလိမ့်မည် မဟုတ်ပေ၊ ထို့ကြောင့် ယင်းတို့ကို သင် လွှင့်သာ လွှင့်ပစ်လိုက်လေသည်။ ဤသည်တို့မှာ

လူများထံ ကြွက်များ သယ်ဆောင်လာသည့် အနှောင့်အယှက်များ ဖြစ်သည်။ ကြွက်များသည် သေးငယ်သော သတ္တဝါလေးများ ဖြစ်သော်လည်း၊ လူများသည် ၎င်းတို့ကို မကိုင်တွယ် မဖြေရှင်း နိုင်ကြသကဲ့သို့၊ ထိုအစား ၎င်းတို့၏ ထိခိုက်ပျက်စီးမှုများကိုသာ သည်းညည်းခံကြရသည်။ ကြွက်တစ်အုပ်ကြီးကို မဆိုထားနှင့်၊ နှစ်ကောင်တည်းကပင် နှောင့်ယှက်ဖျက်ဆီးခြင်းကို ဖြစ်ပေါ်စေရန် လုံလောက်လေသည်။ ၎င်းတို့၏ အရေအတွက်များသည် အလွန်များပြားပြီး ကပ်ဘေးတစ်ခု ဖြစ်လာခဲ့ပါက၊ အကျိုးဆက်များက မတွေးဝံ့စရာ ဖြစ်ပေမည်။ ပုရွက်ဆိတ်လောက် သေးငယ်သော သတ္တဝါများသည်ပင် ကပ်ဘေး အန္တရာယ်တစ်ခု ဖြစ်လာနိုင်သည်။ ထိုသို့ဖြစ်ပျက်ခဲ့မည်ဆိုပါ၊ လူသားမျိုးနွယ်ကို ၎င်းတို့ လုပ်ဆောင်မည့် ထိခိုက်ပျက်စီးမှုကိုလည်း လျစ်လျူရှု၍ မရပေ။ ပုရွက်ဆိတ်တို့သည် အိမ်များကို အလွန်များစွာ ထိခိုက်မှု ပေးနိုင်သည်မှာ အိမ်များ ပြိုကျသွားတတ်ပေသည်။ ၎င်းတို့၏ ခွန်အားကို လျစ်လျူရှု၍ မရပေ။ မတူကွဲပြားသည့် ငှက်အမျိုးအစားများသည် ကပ်ဘေးတစ်ခုကို ဖန်တီးပါက၊ ယင်းသည် ထိတ်လန့်စရာဖြစ်မည် မဟုတ်လော။ (ဖြစ်ပါသည်။) တစ်နည်းပြောရလျှင်၊ တိရစ္ဆာန်များ သို့မဟုတ် သက်ရှိများ ရှိသည့်နေရာတိုင်းတွင်၊ ၎င်းတို့ မည်သည့်အမျိုးအစား ဖြစ်သည် ဖြစ်စေ၊ ၎င်းတို့၏ ဟန်ချက်ညီမှု ဆုံးရှုံးသွားပါက၊ ၎င်းတို့ ကြီးထွားလာလိမ့်မည်၊ မျိုးပွားလိမ့်မည် ဖြစ်ပြီး၊ ပုံမှန်မဟုတ်သည့် အတိုင်းအတာ၊ သာမန်မဟုတ်သည့် အတိုင်းအတာအတွင်းတွင် ရှင်သန်ကြလိမ့်မည် ဖြစ်သည်။ ယင်းက လူသားမျိုးနွယ်ထံ မတွေးဝံ့စရာ အကျိုးဆက်များ ယူဆောင်လာမည် ဖြစ်သည်။ ယင်းက လူတို့၏ ရှင်သန်မှုနှင့် ဘဝများကို သက်ရောက်မည် သာမက၊ လူတို့က လုံးဝ ပျက်သုဉ်းခြင်းနှင့် မျိုးသုဉ်းမှု ကံအကြောင်းတရားကို ခံစားကြရသည့်အဆင့်ထိပင် လူသားမျိုးနွယ်ထံ ကပ်ဘေးလည်း ယူဆောင်လာမည် ဖြစ်သည်။

ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ချိန်တွင် ယင်းတို့ကို ဟန်ချက်ညီစေရန်၊ တောင်များနှင့် အင်းအိုင်များ၊ အပင်များနှင့် တိရစ္ဆာန်မျိုးစုံ၊ ငှက်များနှင့် ပိုးမွှားများ၏ အသက်ရှင်သန်မှု အခြေအနေများကို ဟန်ချက်ညီစေရန် နည်းစနစ် မျိုးစုံကို အသုံးပြုခဲ့သည်။ သူ၏ ရည်မှန်းချက် ပန်းတိုင်မှာ သူထူထောင်ခဲ့သည့် နိယာမများအောက်တွင် သက်ရှိသတ္တဝါ မျိုးစုံကို ရှင်သန်နေထိုင်ပြီး ပွားများခွင့်ပေးရန် ဖြစ်သည်။ ဖန်ဆင်းခြင်း အရာများထဲမှ မည်သည့်အရာမျှ ဤနိယာမများ၏ အပြင်ဘက်သို့ သွား၍ မရနိုင်သကဲ့သို့၊ ဤနိယာမများကို ချိုးဖောက်၍ မရနိုင်ပေ။ ဤအခြေခံ ပတ်ဝန်းကျင် အမျိုးအစား အတွင်းတွင်သာ လူသားများသည် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ဘေးကင်းစွာနှင့် ပွားများစွာ ရှင်သန်နိုင်ပေသည်။ မည်သည့် သက်ရှိသတ္တဝါမဆိုသည် ဘုရားသခင် ထူထောင်ထားသည့်

အရေအတွက် သို့မဟုတ် နယ်ပယ်ကို ကျော်သွားပါက၊ သို့မဟုတ် သူ ချမှတ်သည့် ကြီးထွားမှုနှုန်း၊ မျိုးပွားမှု အကြိမ်ရေ သို့မဟုတ် အရေအတွက်ကို ကျော်လွန်ပါက၊ လူသားမျိုးနွယ်၏ ရှင်သန်မှု အတွက် ပတ်ဝန်းကျင်သည် ပျက်စီးမှု အဆင့်အမျိုးမျိုးကို ခံစားရပါပေမည်။ ပြီးလျှင် တစ်ချိန်တည်းတွင်၊ လူသားမျိုးနွယ်၏ ရှင်သန်မှုသည် ခြိမ်းခြောက် ခံရပေမည်။ သက်ရှိသတ္တဝါ အမျိုးအစား တစ်ခုက အရေအတွက် အလွန်များလျှင်၊ လူများ၏ အစားအစာကို လုယက်လိမ့်မည်၊ လူများ၏ ရေ အရင်းအမြစ်များကို ဖျက်ဆီးလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့၏ မွေးရပ်မြေများကို ဖျက်ဆီးကြလိမ့်မည်။ ထိုသို့ဖြင့် လူသားမျိုးနွယ်၏ မျိုးပွားမှု သို့မဟုတ် ရှင်သန်မှု အခြေအနေသည် ချက်ချင်း ထိခိုက်ခံရပေမည်။ ဥပမာအားဖြင့်၊ ရေသည် အရာအားလုံးအတွက် အလွန် အရေးကြီး၏။ ကြွက်များ၊ ပုရွက်ဆိတ်များ၊ ကျိုင်းကောင်များနှင့် ဖားများ သို့မဟုတ် အခြားတိရစ္ဆာန်အမျိုးအစားတစ်ခုတစ်လေသည် အလွန်များပါက၊ ရေကို ပိုသောက်ကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့ သောက်သုံးသည့် ရေပမာဏ တိုးပွားလာသည်နှင့်အမျှ၊ သတ်မှတ်ထားသည့် သောက်ရေ အရင်းအမြစ် နယ်ပယ်နှင့် ရေ ပါဝင်သည့်နေရာများအတွင်းရှိ လူများ၏ သောက်သုံးရေနှင့် ရေ အရင်းအမြစ်များ လျော့ကျလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့သည် ရေ ပြတ်လပ်မှုများကို တွေ့ကြုံကြရလိမ့်မည်။ တိရစ္ဆာန်မျိုးစုံ၏ အရေအတွက် တိုးမြင့်လာခြင်းကြောင့်၊ လူများ၏ သောက်သုံးရေသည် ဖျက်ဆီးခံရပါက၊ ညစ်ညမ်းသွားပါက၊ သို့မဟုတ် ပြတ်တောက်သွားပါက၊ ရှင်သန်မှုအတွက် ထိုခက်ခဲကြမ်းတမ်းသည့် ပတ်ဝန်းကျင်မျိုး အောက်တွင် လူသားမျိုးနွယ်၏ ရှင်သန်မှုသည် ဆိုးရွားစွာ ခြိမ်းခြောက်ခံရလိမ့်မည် ဖြစ်သည်။ သက်ရှိသတ္တဝါများ၏ အမျိုးအစားတစ်မျိုးသာ သို့မဟုတ် အမျိုးအစား အချို့သည် ၎င်းတို့၏သင့်တော်သည့် အရေအတွက်ကို ကျော်လွန်သွားပါက၊ ရှင်သန်မှုအတွက် လူသားမျိုးနွယ်၏ နေရာအတွင်းရှိ လေ၊ အပူချိန်၊ အစိုဓာတ်နှင့် လေထု ဖွဲ့စည်းမှုပင်လျှင် အဆိပ်သင့်လိမ့်မည်ဖြစ်ပြီး အဆင့်အမျိုးမျိုးအထိ ဖျက်ဆီးခံရလိမ့်မည်။ ဤအခြေအနေများအောက်တွင်၊ လူသားတို့၏ ရှင်သန်မှုနှင့် ကံကြမ္မာသည် ဤဂေဟစနစ်ဆိုင်ရာ အကြောင်းရင်းများက ဖြစ်ပေါ်စေသည့် ခြိမ်းခြောက်မှုများကိုလည်း ခံရလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ဤဟန်ချက်ညီမှုများ ဆုံးရှုံးသွားပါက၊ လူတို့ အသက်ရှူသည့်လေသည် ပျက်စီးလိမ့်မည်၊ ၎င်းတို့သောက်သည့်ရေ ညစ်ညမ်းလိမ့်မည် ဖြစ်ကာ၊ ၎င်းတို့လိုအပ်သည့် အပူချိန်သည်လည်း ပြောင်းလဲသွားလိမ့်မည် ဖြစ်ကာ၊ အဆင့်အမျိုးမျိုးထိ ထိခိုက်ခံရပေလိမ့်မည်။ ထိုအရာဖြစ်ပါက လူသားမျိုးနွယ်နှင့် ပင်ကိုအားဖြင့် သက်ဆိုင်သည့် ရှင်သန်မှုအတွက် ပတ်ဝန်းကျင်များသည် အလွန် ကြီးမားသည့် ထိခိုက်မှုများနှင့် စိန်ခေါ်မှုများကို ခံရလိမ့်မည် ဖြစ်သည်။ လူသားတို့၏ ရှင်သန်မှုအတွက်

အခြေခံ ပတ်ဝန်းကျင် ဖျက်ဆီးခံရပြီးဖြစ်သည့် ဤဖြစ်ရပ်မျိုးတွင်၊ လူသားမျိုးနွယ်၏ ကံကြမ္မာနှင့် ရှေ့ရေးသည် မည်သည့်အရာ ဖြစ်မည်နည်း။ ဤသည်မှာ အလွန် အရေးကြီးသည့် ပြဿနာ တစ်ခု ဖြစ်သည်။ လူသားမျိုးနွယ်အတွက် ဖန်ဆင်းခြင်း အရာအသီးသီးသည် မည်သည့် အကြောင်းရင်းအတွက် တည်ရှိရသည်၊ သူ ဖန်ဆင်းခဲ့သည့် အမှုအရာ အမျိုးအစားတိုင်းက မည်သည့် အခန်းကဏ္ဍ ရှိကြသည်၊ အမှုအရာ အသီးသီးက လူသားမျိုးနွယ်အပေါ် မည်သည့် သက်ရောက်မှုမျိုးရှိပြီး၊ မည်သည့် အဆင့်ထိ ယင်းက လူသားမျိုးနွယ်အတွက် အကျိုးပြုသည်ကို ဘုရားသခင် သိသည့်အတွက်ကြောင့်၊ ဘုရားသခင်၏ စိတ်နှလုံးထဲတွင် ဤအရာ အားလုံးအတွက် အစီအစဉ် တစ်ခုရှိပြီး သူ ဖန်ဆင်းခဲ့သည့် အမှုအရာ အားလုံး၏ သွင်ပြင်လက္ခဏာ တစ်ခုစီတိုင်းကို သူ စီမံသောကြောင့်၊ ယင်းမှာ သူ လုပ်ဆောင်သည့် အမှုအရာ တစ်ခုစီတိုင်းသည် လူသားမျိုးနွယ်အတွက် အလွန် အရေးကြီးရသည့် အကြောင်းရင်း ဖြစ်သည်။ ထို့ကြောင့် ယခုမှစ၍၊ ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာအားလုံးထဲတွင် ဂေဟစနစ်ဆိုင်ရာ ဖြစ်ရပ်အချို့ သို့မဟုတ် ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာများထဲတွင် သဘာဝနိယာမ အချို့အလုပ်လုပ်သည်ကို သင် သတိပြုမိသည့်အခါတိုင်းတွင်၊ ဘုရားသခင် ဖန်ဆင်းခဲ့သည့် အရာ တစ်ခုစီတိုင်း၏ လိုအပ်မှုနှင့်ပတ်သက်၍ သင်သည် သံသယဖြစ်လိမ့်မည် မဟုတ်တော့ပေ။ အရာခပ်သိမ်းနှင့်ဆိုင်သည့် ဘုရားသခင်၏ စီမံခန့်ခွဲမှုများနှင့် လူသားမျိုးနွယ်အတွက် သူ၏ ထောက်ပံ့ခြင်း နည်းလမ်း အမျိုးမျိုးတို့ကို ထင်ရာမြင်ရာ ဝေဖန်အကဲဖြတ်မှုများ ပြုလုပ်ရန် မသိနားမလည်သည့် စကားများကို သင် အသုံးပြုတော့မည် မဟုတ်ပေ။ သူ၏ ဖန်ဆင်းခြင်း အရာအားလုံးအတွက် ဘုရားသခင်၏ နိယာမများနှင့်ပတ်သက်၍ ထင်ရာမြင်ရာ ကောက်ချက်ချခြင်းများလည်း သင် ပြုလိမ့်မည် မဟုတ်။ ဤသည်မှာ မှန်သည် မဟုတ်လော။

ယခုတင် ငါတို့ ပြောဆိုနေကြပြီးဖြစ်သည့် ဤအရာအားလုံးသည် မည်သည့်အရာ ဖြစ်သနည်း။ ယင်းနှင့်ပတ်သက်၍ ခဏ စဉ်းစားကြည့်ကြလော့။ ဘုရားသခင်သည် သူ လုပ်ဆောင်သည့်အရာ တစ်ခုစီတိုင်းတွင် သူ၏ ကိုယ်ပိုင်ရည်ရွယ်ချက် ရှိသည်။ သူ၏ ရည်ရွယ်ချက်သည် လူသားများအဖို့ နားမလည်နိုင်စရာ ဖြစ်သော်လည်း၊ လူသားမျိုးနွယ်၏ ရှင်သန်မှုနှင့် အမြဲ ခွဲခြားမရနိုင်အောင်၊ အင်အားကြီးမားစွာ ဆက်နွှယ်လေသည်။ ယင်းသည် လုံးဝ မရှိမဖြစ် ဖြစ်ပေသည်။ ဤသည်မှာ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အချည်းနှီး ဖြစ်သည့်အရာကို မည်သည့်အခါတွင်မျှ မလုပ်ဆောင်သောကြောင့် ဖြစ်သည်။ သူ လုပ်ဆောင်သည့်အရာ တစ်ခုတိုင်း နောက်ကွယ်ရှိ အခြေခံသဘောတရားများသည် သူ၏အစီအစဉ်နှင့် သူ၏ဉာဏ်ပညာတို့ဖြင့် စိမ့်ဝင်ပျံ့နှံ့လေသည်။ ထိုအစီအစဉ်၏

နောက်ကွယ်ရှိ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်သည် လူသားမျိုးနွယ်ကို ကာကွယ်ခြင်းအတွက်၊ ကပ်ဘေး၊ အခြားသက်ရှိသတ္တဝါများ၏ ကျူးကျော်ဝင်ရောက်မှုများနှင့် ဘုရားသခင်၏ မည်သည့် ဖန်ဆင်းခြင်းအရာမဆိုက လူသားများအဖို့ ဖြစ်ပေါ်စေသည့် မည်သည့် အန္တရာယ်မျိုးကိုမဆို ရှောင်လွှဲရန် လူသားမျိုးနွယ်အား ကူညီဖို့ ဖြစ်သည်။ သို့ဆိုလျှင် ဤအကြောင်းအရာအတွင်း ငါတို့ မြင်ရပြီးဖြစ်သည့် ဘုရားသခင်၏ လုပ်ဆောင်ချက်များသည် လူသားမျိုးနွယ်အတွက် ဘုရားသခင် ထောက်ပံ့ပေးသည့် အခြားနည်းလမ်းအား ဖြစ်စေသည်ဟု ဆို၍ရနိုင်မည်လော။ ဤလုပ်ဆောင်ချက်များမှတစ်ဆင့်၊ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ကျွေးမွေးကာ ထိန်းကျောင်းနေသည်ဟု ငါတို့ ဆိုနိုင်မည်လော။ (ဆိုနိုင်ပါသည်။) ဤအကြောင်းအရာနှင့် ငါတို့ မိတ်သဟာယ၏ ခေါင်းစဉ်- "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ကြားတွင် ခိုင်မာသည့် ဆက်နွှယ်မှုတစ်ခု ရှိသလော။ (ရှိပါသည်။) အလွန် ခိုင်မာသည့် ဆက်နွှယ်မှုတစ်ခုရှိပြီး ဤအကြောင်းအရာသည် ယင်း၏ ရှုထောင့်တစ်ခု ဖြစ်သည်။ ဤအကြောင်းအရာများ အကြောင်းကို မပြောဆိုမီတွင်၊ လူများသည် ဘုရားသခင်၊ ဘုရားသခင်ကိုယ်တိုင်နှင့် သူ၏ လုပ်ဆောင်ချက်များနှင့် သက်ဆိုင်သည့် မရေရာသည့် စိတ်ကူးစိတ်သန်း အချို့သာ ရှိခဲ့ကြသည်- ၎င်းတို့သည် မှန်ကန်သည့် သိနားလည်မှု ကင်းမဲ့ခဲ့ကြသည်။ သို့သော် သူ၏လုပ်ဆောင်ချက်များနှင့် သူ လုပ်ဆောင်ပြီးသည့် အရာများနှင့်ပတ်သက်၍ လူများကို ပြောဆိုသည့်အခါတွင် ၎င်းတို့သည် ဘုရားသခင် လုပ်ဆောင်သည့်အရာ၏ အခြေခံသဘောတရားများကို သိနားလည်ကာ သဘောပေါက်နိုင်ကြပြီး၊ ယင်းတို့နှင့် သက်ဆိုင်သည့် သိနားလည်မှုကို ၎င်းတို့ ရရှိနိုင်ကာ ယင်းတို့အား လက်လှမ်းမီလာနိုင်ကြသည်- ဤသည်မှာ မှန်သည် မဟုတ်လော။ ဖန်ဆင်းခြင်းနှင့် အရာခပ်သိမ်းအပေါ် အုပ်စိုးခြင်းကဲ့သို့ မည်သည့်အရာကိုမဆို သူ လုပ်ဆောင်သည့် အခါတိုင်းတွင်၊ ဘုရားသခင်၏ စိတ်နှလုံးထဲ၌ အလွန် ရှုပ်ထွေးသည့် သီအိုရီများ၊ အခြေခံသဘောတရားများနှင့် စည်းမျဉ်းများ မျိုးစုံရှိသော်လည်း၊ ယင်းတို့၏ အစိတ်အပိုင်းတစ်ခုကို မိတ်သဟာယတွင် သင့်တို့အား လေ့လာသင်ယူခွင့်ပေးခြင်းမျှဖြင့် ဤသည်တို့မှာ ဘုရားသခင်၏ လုပ်ဆောင်ချက်များဖြစ်ပြီး စစ်မှန်နိုင်သလောက် စစ်မှန်သည်ကို သင်တို့၏ စိတ်နှလုံးများတွင် သိနားလည်မှု ရရှိရန် သင်တို့အတွက် ဖြစ်နိုင်သည် မဟုတ်လော။ (ဟုတ်ပါသည်။) သို့ဆိုလျှင် ဘုရားသခင်နှင့်သက်ဆိုင်သည့် သင်တို့၏ လတ်တလော နားလည်မှုသည် ယခင်ကနှင့် မည်သို့ကွာခြားသနည်း။ ယင်း၏ အနှစ်သာရတွင် ကွာခြားပေသည်။ ယခင်က သင်တို့၏ သိနားလည်မှုသည် အလွန်ပေါ့တန်ခဲ့၊ အလွန်ဝေဝါးခဲ့သော်လည်း၊ ယခုတွင် သင်တို့၏သိနားလည်မှုသည် ဘုရားသခင်၏

လုပ်ဆောင်ချက်များနှင့် ကိုက်ညီဖို့၊ ဘုရားသခင်၏ အရာအားလုံးနှင့်ဖြစ်ခြင်းနှင့် ကိုက်ညီဖို့၊ ခိုင်မာသည့် အထောက်အထား အများအပြား ပါရှိလေသည်။ ထို့ကြောင့် ငါ ပြောဆိုပြီးသည့်အရာအားလုံးသည် သင်တို့၏ ဘုရားသခင်နှင့် သက်ဆိုင်သည့် သိနားလည်မှုအတွက် အံ့ဩလောက်စရာ အသိပညာတိုးစေသော အချက်အလက် ဖြစ်ပေသည်။

ယနေ့ စုစည်းခြင်းအတွက် ထိုမျှသာ ဖြစ်လိမ့်မည်။ နှုတ်ဆက်ပါသည်။ ကောင်းသော ညနေခင်း ဖြစ်ပါစေ။ (နှုတ်ဆက်ပါသည်၊ ဘုရားသခင်။)

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

# အတုမရှိ ဘုရားသခင်ကိုယ်တော်တိုင် (၁၀)

## ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏ (၄)

ယနေ့ အထူးအကြောင်းအရာတစ်ခုအပေါ် ငါတို့ မိတ်သဟာယဖွဲ့နေကြခြင်း ဖြစ်သည်။ ယုံကြည်သူ အယောက်စီတိုင်းအတွက် သိဖို့၊ တွေ့ကြုံခံစားဖို့နှင့် နားလည်ဖို့ လိုအပ်သည့် အဓိကအရာ နှစ်ခုသာရှိသည်။ ဤအရာနှစ်ခုမှာ အဘယ်နည်း။ ပထမမှာ တစ်ဦးချင်းစီ၏ အသက်ထဲသို့ ဝင်ရောက်မှုဖြစ်ပြီး၊ ဒုတိယမှာ ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် ဆက်နွယ်သည်။ လတ်တလော ငါတို့ ပြောဆိုနေကြပြီးဖြစ်သည့် ဘုရားသခင်ကို သိကျွမ်းခြင်း အကြောင်းအရာနှင့် စပ်လျဉ်း၍၊ ယင်းကို ကြိုးပမ်းရရှိနိုင်သည်ဟု သင်တို့ ထင်သလော။ ယင်းသည် လူအများစု ဧကန်အမှန် လက်လှမ်းမမီသည့်နေရာတွင် ရှိသည်ဟု ပြော၍ ရနိုင်သည်။ သင်တို့သည် ဤနှုတ်ကပတ်တော်များအားဖြင့် လက်ခံယုံကြည်ကောင်း ယုံကြည်နိုင်မည် မဟုတ်သော်လည်း၊ ဤအရာကို ငါ အဘယ်ကြောင့်ပြောသနည်း။ အဘယ်ကြောင့်ဆိုသော် ငါယခင်က ပြောနေခဲ့သည့်အရာကို သင်တို့ နားထောင်နေခဲ့ချိန်တွင်၊ ငါမည်သို့ ပြောဆိုခဲ့သည်ဖြစ်စေ သို့မဟုတ် မည်သည့်စကားလုံးများဖြင့် ပြောဆိုခဲ့သည်ဖြစ်စေ၊ သင်တို့သည် ဤစကားများက မည်သည့်အရာအကြောင်း ဖြစ်သည်ကို တိုက်ရိုက်ရော သဘောတရားအရပါ နှစ်ခုလုံးဖြင့် သိရှိနိုင်ခဲ့ကြသည်။ သို့သော် သင်တို့အားလုံးအတွက်၊ လွန်စွာ လေးနက်သည့် ပြဿနာတစ်ရပ်မှာ ငါသည် ထိုသို့သောအရာများကို အဘယ်ကြောင့် ပြောခဲ့သည် သို့မဟုတ် ထိုသို့သော အကြောင်းအရာများနှင့်ပတ်သက်၍ ငါ အဘယ်ကြောင့်

ပြောဆိုခဲ့သည်ကို သင်တို့ နားမလည်ခဲ့ကြခြင်း ဖြစ်သည်။ ဤသည်မှာ ပြဿနာ၏ အခရာဖြစ်သည်။ ထို့ကြောင့် သင်၏ ဤအရာများကို ကြားပြီးသည့်နောက် ဘုရားသခင်နှင့် သူ၏လုပ်ဆောင်ချက်များနှင့်ဆိုင်သည့် သင်တို့၏ သိနားလည်မှုကို အနည်းငယ် ဖြည့်စွက်ကာ ကြွယ်ဝစေခဲ့သော်လည်း၊ သင်တို့သည် ဘုရားသခင်ကို သိခြင်းက အားသွန်ခွန်စိုက် လုပ်ရသော အားထုတ်မှုကို ဖြစ်ပေါ်စေသည်ဟု ခံစားရဆဲ ဖြစ်သည်။ ဆိုလိုသည်မှာ ငါပြောသည့်အရာကို ကြားပြီးနောက် သင်တို့ အများစုသည် ငါအဘယ်ကြောင့် ယင်းကို ပြောဆိုပြီးဖြစ်သည် သို့မဟုတ် ယင်းသည် ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် မည်သည့် ဆက်စပ်မှု ရှိသည်ဆိုသည်ကို နားမလည်ကြပေ။ ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် ယင်း၏ဆက်စပ်မှုကို သင်တို့ နားမလည်နိုင်သည့် အကြောင်းရင်းမှာ သင်တို့၏ဘဝအတွေ့အကြုံသည် အပေါ်ယံ ဖြစ်လွန်းသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် လူတို့၏ အသိပညာနှင့် အတွေ့အကြုံသည် အလွန်ပေါ့တန်သည့် အဆင့်တွင် ရှိနေပါက၊ သူနှင့်သက်ဆိုင်သည့် ၎င်းတို့၏ အသိပညာ အများစုသည် မရေရာသကဲ့သို့ စိတ်ကူးသက်သက် ဖြစ်လိမ့်မည်။ ယင်းသည် ယေဘုယျကာ၊ အယူဝါဒဆိုင်ရာနှင့် အယူအဆဆိုင်ရာသာ ဖြစ်ပေလိမ့်မည်။ သဘောတရားအရ၊ ယင်းသည် အကျိုးအကြောင်း ဆီလျော်ပြီး ယုတ္တိတန်ပုံရသော်လည်း သို့မဟုတ် ယုတ္တိတန်သည်ဟု ထင်ရသော်လည်း၊ လူအများစု၏နှုတ်များမှ ထွက်လာသည့် ဘုရားသခင်နှင့်ပတ်သက်သော အသိပညာသည် အမှန်တကယ် အနှစ်သာရ ကင်းမဲ့၏။ ယင်းသည် အနှစ်သာရ ကင်းမဲ့သည်ဟု ငါအဘယ်ကြောင့် ဆိုသနည်း။ ယင်းက အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် စပ်လျဉ်း၍ သင်ကိုယ်တိုင် ပြောဆိုသည့်အရာ၏ မှန်ကန်ခြင်းနှင့် တိကျမှု တို့အတွက်မူ ရှင်းလင်းသော သိနားလည်မှုတစ်ခု သင် အမှန်တကယ် မရှိသောကြောင့် ဖြစ်သည်။ ထို့သို့ဖြင့်၊ လူအများစုသည် ဘုရားသခင်ကို သိခြင်းအကြောင်း သတင်းအချက်အလက်များနှင့် အကြောင်းအရာများစွာကို ကြားပြီးဖြစ်သော်လည်း၊ ဘုရားသခင်နှင့်ပတ်သက်သည့် ၎င်းတို့၏ အသိပညာသည် သဘောတရားနှင့် မရေရာသကဲ့သို့ စိတ်ကူးသက်သက်ဖြစ်သည့် အယူဝါဒတို့ကို မကျော်လွန်သေးပေ။ သို့ဆိုလျှင် ဤပြဿနာကို မည်သို့ဖြေရှင်းနိုင်သနည်း။ ယင်းနှင့်ပတ်သက်၍ သင်တို့ စဉ်းစားဖူးသလော။ တစ်စုံတစ်ဦးသည် သမ္မာတရားကို မလိုက်စားပါက၊ စစ်မှန်မှုကို ၎င်းတို့ ပိုင်ဆိုင်နိုင်သလော။ တစ်စုံတစ်ဦးသည် သမ္မာတရား လိုက်စားခြင်း မရှိပါက၊ ၎င်းတို့သည် သေချာပေါက် စစ်မှန်မှု မရှိကြပေ၊ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အသိပညာ သို့မဟုတ် အတွေ့အကြုံ တကယ်ကို မရှိကြချေ။ ဘုရားသခင်၏

နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် သိနားလည်မှု မရှိသူများသည် ဘုရားသခင်ကို သိရှိနိုင်သလော။ လုံးဝ မသိရှိနိုင်ပေ။ ၎င်းတို့နှစ်ခုသည် အချင်းချင်း ဆက်စပ်နေကြ၏။ ထို့ကြောင့် လူအများစုက၊ “ဘုရားသခင်ကို သိကျွမ်းခြင်းသည် အဘယ်ကြောင့် အလွန်ခက်ခဲရသနည်း။ မိမိကိုယ်ကိုယ် သိခြင်းအကြောင်း ကျွန်ုပ် ပြောသည့်အခါ၊ နာရီများစွာကြာ ကျွန်ုပ်ပြောနိုင်သော်လည်း၊ ဘုရားသခင်ကို သိကျွမ်းခြင်းအကြောင်းနှင့် ပတ်သက်လာသည့်အခါ၊ ကျွန်ုပ် စကားများ ပျောက်ဆုံးရသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်ုပ် အနည်းငယ် ပြောနိုင်သည့်အခါတွင်ပင်၊ ကျွန်ုပ်၏ စကားများမှာ မရမကလုပ်ယူ၍ပြောရခြင်းဖြစ်ပြီး၊ ငြီးငွေ့ဖွယ် ကောင်းသည်ဟု ထင်ရသည်။ ထိုစကားများ ပြောနေသည်ကို ကျွန်ုပ်ကိုယ်ကျွန်ုပ် ကြားရသည့်အချိန်တွင် အချိုးမကျပင်ဖြစ်နေ၏” ဟုပြောကြပေသည်။ ဤသည်မှာ အရင်းအမြစ်ဖြစ်သည်။ ဘုရားသခင်ကို သိကျွမ်းခြင်းသည် ခက်ခဲလွန်းသည်၊ သူ့ကို သိကျွမ်းခြင်းက အားထုတ်မှုများစွာ လိုအပ်သည်၊ သို့မဟုတ် သင့်အနေဖြင့် ဆွေးနွေးစရာ မည်သည့်အကြောင်းအရာမျှ မရှိသကဲ့သို့ အခြားသူများနှင့် သင့်ကိုယ်သင်အား ဆွေးနွေးပြောဆိုရန်နှင့် ထောက်ပံ့ပေးရန် စစ်မှန်သည့်အရာ တစ်ခုတစ်လေကိုမျှ သင် မစဉ်းစားနိုင်ပါက၊ ဤအရာက သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်များကို တွေ့ကြုံခံစားပြီးသူတစ်ဦး မဟုတ်သည်ကို သက်သေပြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်များမှာ အဘယ်နည်း။ သူ၏ နှုတ်ကပတ်တော်များသည် သူ၏အရာအားလုံးနှင့် ဖြစ်ခြင်း၏ ဖော်ပြချက်များ ဖြစ်သည် မဟုတ်လော။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို မတွေ့ကြုံရသေးပါက၊ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့နှင့်ဆိုင်သည့် အသိပညာတစ်ခုတစ်လေ သင်ထံတွင် ရှိနိုင်မည်လော။ ဧကန်မုချ မရှိနိုင်ပေ။ ဤအရာအားလုံး ဆက်နွှယ်နေကြ၏။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များနှင့်သက်ဆိုင်သည့် အတွေ့အကြုံ မရှိပါက၊ သင်သည် ဘုရားသခင်၏အလိုကို သဘောမပေါက်နိုင်သကဲ့သို့၊ သူ၏စိတ်သဘောထားက မည်သည့်အရာဖြစ်သည်၊ မည်သည့်အရာကို သူနှစ်သက်သည်၊ မည်သည့်အရာကို သူစက်ဆုပ်သည်၊ လူတို့နှင့်ဆိုင်သည့် သူ၏ သတ်မှတ်ချက်များက မည်သည့်အရာများဖြစ်သည်၊ ကောင်းမြတ်သောသူတို့အပေါ် မည်သည့် သဘောထားမျိုး သူထားရှိပြီး၊ ဆိုးယုတ်သောသူတို့အပေါ် မည်သည့် သဘောထားမျိုး သူ ထားရှိသည်ဆိုသည်တို့ကို သင် မသိပေ။ ဤအရာအားလုံးသည် ကျိန်းသေ ဒွိဟဖြစ်စေပြီး သင့်အဖို့ မရှင်းမလင်း ဖြစ်လေသည်။ ထိုသို့သော မရှင်းလင်းမှုအလယ်တွင် သင်သည် ဘုရားသခင်ကို ယုံကြည်ပြီးနောက်၊ သမ္မာတရား လိုက်စားကာ ဘုရားသခင်

နောက်လိုက်သူများထဲမှ တစ်ဦး ဖြစ်သည်ဟု သင် အခိုင်အမာဆိုသည့်အခါ၊ ထိုသို့သော အခိုင်အမာ ပြောဆိုချက်များသည် လက်တွေ့ကျပါသလော။ လက်တွေ့မကျပေ။ ထို့ကြောင့် ဘုရားသခင်ကိုသိကျွမ်းခြင်းအကြောင်း ငါတို့ ဆက်လက် ဆွေးနွေးကြစို့။

ယနေ့၏ အကြောင်းအရာကို ကြားရဖို့ သင်တို့အားလုံး စိတ်ထက်သန်လျက် ရှိသည်၊ မှန်သလော။ ဤအကြောင်းအရာသည်လည်း ငါတို့ လတ်တလော ဆွေးနွေးနေကြပြီးဖြစ်သည့်၊ "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူသည့် အကြောင်းအရာနှင့်လည်း ဆက်စပ်နေ၏။ ဘုရားသခင်က အရာရာတိုင်းအပေါ် အုပ်စိုးပုံ၊ မည်သည့်နည်းလမ်းဖြင့် ထိုသို့ သူ အုပ်စိုးသည်ဆိုသည်နှင့် ယင်းတို့က ဘုရားသခင် ဖန်ဆင်းခဲ့သည့် ဤဂြိုဟ်ပေါ်တွင် တည်ရှိဖို့အလို့ငှာ အရာခပ်သိမ်းကို မည်သည့် အခြေခံသဘောတရားများဖြင့် သူ စီမံခန့်ခွဲသည်ဆိုသည်တို့ကို လူတို့အား အသိပေးရန် မတူကွဲပြားသော နည်းလမ်းများနှင့် ရှုထောင့်များကို အသုံးပြုရင်း၊ မည်သို့ "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဆိုသည်နှင့်ပတ်သက်၍ ငါတို့ များစွာ ပြောဆိုကြပြီး ဖြစ်သည်။ ဘုရားသခင်က လူသားမျိုးနွယ်အတွက် မည်သို့ ထောက်ပံ့ပေးသည်- ထိုသို့သော ထောက်ပံ့ခြင်းကို မည်သည့် နည်းလမ်းအားဖြင့် သူပေးသည်၊ လူတို့အား မည်သည့် အသက်ရှင်နေထိုင်မှု ပတ်ဝန်းကျင်မျိုးများကို သူထောက်ပံ့ပေးသည် ဆိုသည်နှင့် လူသားအတွက် တည်ငြိမ်သည့် အသက်ရှင်နေထိုင်မှု ပတ်ဝန်းကျင်အား မည်သည့်နည်းလမ်း၊ ပြီးလျှင် မည်သည့် အစပြုမှတ်တို့မှ သူထောက်ပံ့ပေးသည်ဆိုသည်တို့နှင့် ပတ်သက်၍လည်း များစွာ ငါတို့ ပြောဆိုပြီးဖြစ်သည်။ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏အုပ်စိုးမှု၊ အုပ်ချုပ်မှုနှင့် သူ၏စီမံခန့်ခွဲမှုတို့အကြား ဆက်နွယ်မှုနှင့်သက်ဆိုင်၍ ငါ တိုက်ရိုက် မပြောဆိုရသေးသော်လည်း၊ သူသည် အရာခပ်သိမ်းအား ဤနည်းဖြင့် စီမံအုပ်ချုပ်ရသည့်အကြောင်းအရင်းများအပြင်၊ လူသားမျိုးနွယ်အား ဤနည်းဖြင့် ထောက်ပံ့ပေးကာ အာဟာရဖြစ်စေသည့်အကြောင်းရင်းများကိုလည်း ငါသွယ်ဝိုက် ပြောဆိုထားပြီးဖြစ်သည်။ ဤအရာအားလုံးမှာ သူ၏စီမံခန့်ခွဲမှုနှင့် ဆက်စပ်၏။ ငါတို့ပြောဆိုပြီးဖြစ်သည့်အရာ၏ ပါဝင်သည့်အကြောင်းအရာမှာ- ပတ်ဝန်းကျင်ကြီးတစ်ရပ်လုံးမှ လူတို့၏အခြေခံလိုအပ်ချက်များနှင့် စားမြဲအစားအစာကဲ့သို့သော သာ၍များစွာ သေးငယ်သောအရာများအထိ၊ အရာခပ်သိမ်းအပေါ် ဘုရားသခင်အုပ်ချုပ်ကာ ယင်းတို့အား စနစ်တကျပုံစံဖြင့် လည်ပတ်စေပုံမှသည် လူမျိုးတိုင်း၏ လူတို့အတွက် သူဖန်ဆင်းခဲ့သော မှန်ကန်ကာ သင့်တော်သည့် အသက်ရှင်နေထိုင်မှု ပတ်ဝန်းကျင်အထိ စသည်ဖြင့်- လွန်စွာ ကျယ်ပြန့်ပြီးဖြစ်၏။

ဤကျယ်ပြန့်သည့်အကြောင်းအရာ အားလုံးသည် ဇာတိပကတိ၌ လူသားများ အသက်ရှင်ပုံနှင့် ဆက်စပ်၏- ဆိုလိုသည်မှာ အားလုံးသည် ပကတိမျက်စိဖြင့် မြင်နိုင်ပြီး၊ တောင်များ၊ မြစ်များ၊ သမုဒ္ဒရာများ၊ လွင်ပြင်များစသည်တို့ကဲ့သို့သော လူတို့ ခံစားနိုင်သည့် ရုပ်ဝတ္ထုလောက၏အရာများနှင့် ဆက်စပ်နေ၏။ ဤသည်တို့မှာ မြင်နိုင်ကာ ထိတွေ့နိုင်သည့်အရာများအားလုံး ဖြစ်သည်။ ငါသည် လေနှင့် အပူချိန်အကြောင်း ပြောဆိုသောအခါ၊ သင်တို့သည် လေ၏တည်ရှိမှုကို တိုက်ရိုက်ခံစားရန် သင်တို့၏ ထွက်သက်ဝင်သက်ကို အသုံးပြုနိုင်ပြီး၊ အပူချိန် အနိမ့်အမြင့်ကို ခံစားရန် သင်တို့၏ကိုယ်ခန္ဓာကို အသုံးပြုနိုင်၏။ သစ်ပင်များ၊ မြက်ပင်များနှင့် တောများထဲရှိ ငှက်များနှင့် သားရဲများ၊ ကောင်းကင်တွင် ပျံသည့်အရာများနှင့် မြေကြီးပေါ် လျှောက်သည့်အရာများ၊ ပြီးလျှင် တိရစ္ဆာန်တွင်းများမှ ထွက်လာသည့် အမျိုးမျိုးသော တိရစ္ဆာန်ငယ်လေးများ၊ အားလုံးကို လူတို့၏ ကိုယ်ပိုင် မျက်လုံးများနှင့်မြင်နိုင်ပြီး၊ ၎င်းတို့၏ ကိုယ်ပိုင်နားများနှင့် ကြားနိုင်ပေသည်။ ဤအရာအားလုံးက ခြုံငုံမိသည့် အတိုင်းအတာသည် ကျယ်ပြန့်သော်လည်း၊ ဘုရားသခင် ဖန်ဆင်းခဲ့သည့် အရာခပ်သိမ်းထဲတွင် ၎င်းတို့သည် ရုပ်ဝတ္ထုလောကကိုသာ ကိုယ်စားပြု၏။ ရုပ်ဝတ္ထု အရာများသည် လူတို့မြင်နိုင်ကာ ခံစားနိုင်သော အရာများဖြစ်၏၊ ဆိုလိုသည်မှာ ယင်းတို့ကို သင် ထိတွေ့သောအခါ၊ သင်သည် ယင်းတို့ကို ခံစားရပြီး၊ သင်၏မျက်လုံးများက ယင်းတို့ကို မြင်သည့်အခါ၊ သင်၏ ဦးနှောက်သည် သင့်အား ပုံရိပ်တစ်ခု၊ ရုပ်ပုံတစ်ခု ပေးလေသည်။ ယင်းတို့သည် စစ်မှန်ကာ အမှန်တကယ်ရှိသည့် အရာများ ဖြစ်သည်။ သင့်အဖို့ ယင်းတို့သည် စိတ်ကူးသက်သက် မဟုတ်ဘဲ၊ ပုံသဏ္ဌာန်တစ်ခု ရှိ၏၊ ယင်းတို့သည် စတုရန်းပုံ သို့မဟုတ် အဝိုင်း သို့မဟုတ် အရှည်သို့မဟုတ် အတို ဖြစ်ကောင်းဖြစ်နိုင်ပြီး၊ အရာဝတ္ထု အသီးသီးက သင့်အား မတူကွဲပြားသည့် ထင်မြင်ချက်တစ်ခု ပေး၏။ ဤအရာအားလုံးသည် ဖန်ဆင်းခြင်း၏ ရုပ်ဝတ္ထုကဏ္ဍကို ကိုယ်စားပြုကြ၏။ ထို့ကြောင့် ဘုရားသခင်အတွက် “အရာခပ်သိမ်း အပေါ် ဘုရားသခင်၏အုပ်စိုးမှု” ဟူသည့် စကားရပ်ထဲက “အရာခပ်သိမ်းများ” သည် မည်သည့်အရာ ပါဝင်သနည်း။ ယင်းတို့သည် လူသားများ မြင်ကာ ထိတွေ့နိုင်သည့်အရာများ တကယ်ကို မပါဝင်ပေ။ ထို့ပြင် မြင်၍မရနိုင်သကဲ့သို့ စမ်းသပ်ထိတွေ့မရနိုင်သော အရာများအားလုံး ပါဝင်သည်။ ဤသည်မှာ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏အုပ်စိုးမှု၏ စစ်မှန်သော အဓိပ္ပာယ်များအနက် တစ်ခုဖြစ်သည်။ လူသားများအဖို့ ထိုသို့သော အရာများသည် မြင်၍မရနိုင်သကဲ့သို့၊ စမ်းသပ်ထိတွေ့မရနိုင်သောလည်း၊ ဘုရားသခင်အတွက်- ယင်းတို့ကို သူ၏မျက်လုံးများဖြင့် ကြည့်နိုင်ကာ သူ၏အချုပ်အခြာအာဏာ နယ်ပယ်အတွင်းတွင် ရှိသရွေ့-

ယင်းတို့သည် အမှန်တကယ် တည်ရှိလေသည်။ ယင်းတို့သည် စိတ်ကူးသက်သက်ဖြစ်ပြီး မတွေးတတ်အောင်ဖြစ်သည့်အပြင်၊ လူသားများအဖို့ ယင်းတို့ကို မြင်၍မရနိုင်သကဲ့သို့ စမ်းသပ်ထိတွေ့၍ မရနိုင်သော်လည်း၊ ဘုရားသခင်အဖို့ ယင်းတို့မှာ အကယ်စင်စစ်နှင့် အမှန်တကယ် တည်ရှိကြလေသည်။ ဤသည်မှာ ဘုရားသခင် အုပ်စိုးသည့် အရာခပ်သိမ်းအလယ်ရှိ အခြားသော လောကဖြစ်ပြီး၊ ယင်းသည် ဘုရားသခင် စိုးမိုးသည့် အရာခပ်သိမ်း အတိုင်းအတာ၏ နောက်ထပ် အစိတ်အပိုင်းတစ်ခုဖြစ်၏။ ဤသည်မှာ မိတ်သဟာယပြုခြင်းအတွက် ယနေ့၏ အကြောင်းအရာ ဖြစ်သည်- ဘုရားသခင်သည် ဝိညာဉ်လောကကို မည်သို့ အုပ်စိုးပြီး စီမံအုပ်ချုပ်သည် ဆိုသည့်အရာ ဖြစ်သည်။ ဤအကြောင်းအရာသည် ဘုရားသခင်က အရာခပ်သိမ်းကို မည်သို့ အုပ်စိုးပြီး စီမံခန့်ခွဲသည်ဆိုသည်ကို ခြုံငုံသည့်အတွက်၊ ယင်းသည် ရုပ်ဝတ္ထုလောက၏ပြင်ပရှိ လောက-ဝိညာဉ်လောက-နှင့် ဆက်နွယ်ပြီး၊ ထို့ကြောင့် ငါတို့အတွက် နားလည်ရန် လုံးဝ ပဓာနကျပေသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးကာ နားလည်ပြီးသည့်နောက်တွင်သာ၊ လူတို့က “ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏” ဟူသော နှုတ်ကပတ်တော်များ၏ စစ်မှန်သောအဓိပ္ပာယ်ကို စစ်မှန်စွာ နားလည်နိုင်ပေသည်။ ဤသည်မှာ ဤအကြောင်းအရာကို ငါတို့ ပြောဆိုဆွေးနွေးကြမည့် အကြောင်းရင်းဖြစ်သည်။ ယင်း၏ ရည်ရွယ်ချက်မှာ “ဘုရားသခင်သည် အရာခပ်သိမ်းအပေါ် အုပ်စိုးကာ အရာခပ်သိမ်းကို စီမံခန့်ခွဲ၏” ဟူသော အကြောင်းအရာကို စုံလင်စေရန် ဖြစ်သည်။ သင်တို့သည် ဤအကြောင်းအရာကို ကြားသည့်အခါ၊ သင်တို့အဖို့ ထူးဆန်းသည် သို့မဟုတ် နားမလည်နိုင်စရာ ဖြစ်သည်ဟု ခံစားရကောင်း ခံစားရနိုင်သည်၊ သို့သော် သင်တို့ မည်သို့ ခံစားရသည်ဖြစ်စေ၊ ဝိညာဉ်လောကသည် ဘုရားသခင် အုပ်စိုးသည့် အရာခပ်သိမ်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည့်အတွက်၊ ဤအကြောင်းအရာနှင့်ဆိုင်သည့် သိနားလည်မှု တစ်ခုကို သင်တို့ ရရှိရမည်။ သင်တို့ ရရှိသည်နှင့်တစ်ပြိုင်နက်၊ “ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏” ဟူသော စကားရပ်၏ သာ၍ နက်နဲသော သဘောပေါက်ခြင်း၊ သိနားလည်မှုနှင့် အသိပညာတစ်ခုကို သင်တို့ ရရှိလိမ့်မည်။

## ဝိညာဉ်လောကကို ဘုရားသခင် အုပ်စိုးကာ စီမံခန့်ခွဲပုံ

ရုပ်ဝတ္ထုလောကအတွက် လူတို့သည် အချို့သောအရာများ သို့မဟုတ် ဖြစ်စဉ်များကို နားမလည်သည့်အခါတိုင်းတွင်၊ ၎င်းတို့သည် ဆီလျော်သည့် သတင်းအချက်အလက်များကို

ရှာဖွေနိုင်ကြသည် သို့မဟုတ် ထိုအရာများ၏ မူလဇာစ်မြစ်များနှင့် နောက်ခံကို သိရန် လမ်းကြောင်းအမျိုးမျိုးကို အသုံးပြုနိုင်၏။ သို့သော် ယနေ့ ငါတို့ ပြောဆိုနေကြသည့် အခြားလောက- ရုပ်ဝတ္ထုလောကပြင်ပတွင် တည်ရှိသည့် ဝိညာဉ်လောက- နှင့်ပတ်သက်လာသည့်အခါ၊ လူတို့သည် ယင်းနှင့်ပတ်သက်၍ တစ်ခုတစ်လေသိရှိရန် နည်းလမ်းများ သို့မဟုတ် လမ်းကြောင်းများ လုံးဝမရှိပေ။ ဤအရာကို အဘယ်ကြောင့် ငါပြောသနည်း။ အဘယ်ကြောင့်ဆိုသော် လူသားမျိုးနွယ်၏ လောကတွင် ရုပ်ဝတ္ထုလောက၏ အရာရာတိုင်းသည် လူသား၏ ရုပ်ခန္ဓာတည်ရှိမှုမှ ခွဲထုတ်၍ မရသောကြောင့် ဖြစ်ပြီး၊ ရုပ်ဝတ္ထုလောက၏ အရာရာတိုင်းသည် ၎င်းတို့၏ ရုပ်ခန္ဓာအသက်ရှင်မှုနှင့် ရုပ်ခန္ဓာအသက်တာများမှ ခွဲခြား၍မရဟု လူတို့ ခံစားကြသောကြောင့်၊ လူအများစုသည် ၎င်းတို့အဖို့ မြင်၍ရနိုင်သည့် ၎င်းတို့၏မျက်စိရှေ့က ရုပ်ဝတ္ထုအရာများကိုသာ သိကြ သို့မဟုတ် မြင်ကြလေသည်။ သို့ရာတွင် ဝိညာဉ်လောကနှင့် ပတ်သက်လာသည့်အခါ- ဆိုလိုသည်မှာ အခြားလောကနှင့်သက်ဆိုင်သည့် အရာရာတိုင်းနှင့် ပတ်သက်လာသည့်အခါ- လူအများစုက မယုံကြည်ကြဟုဆိုပါက မှန်ကောင်းမှန်နိုင်ပေမည်။ လူတို့သည် ယင်းကို မမြင်နိုင်သကဲ့သို့၊ ယင်းကို နားလည်ရန် သို့မဟုတ် ယင်းနှင့် ပတ်သက်၍ မည်သည့်အရာကိုမျှ သိရန်၊ ဝိညာဉ်လောကသည် ရုပ်ဝတ္ထုလောကမှ မည်သို့ လုံးဝကွဲပြားပြီး- ယင်းသည် လူသားများအတွက် လျှို့ဝှက်ပြီး သိုသိပ်သော်လည်း- ဘုရားသခင်၏ အမြင်တွင် ပွင့်လင်းနေသည်ဆိုသည်ကို ပြောဖို့ မလိုအပ်ဟု လူတို့ ယုံကြည်ကြသောကြောင့်၊ လူတို့သည် ဤလောက၏ လက္ခဏာသွင်ပြင် အမျိုးမျိုးကိုနားလည်ရန် လမ်းကြောင်းတစ်ခုကို ရှာတွေ့ဖို့ အလွန် ခက်ခဲသည့်အချိန်တစ်ခု ရှိကြလေသည်။ ငါပြောဆိုမည့် ဝိညာဉ်လောက၏ မတူကွဲပြားသော သွင်ပြင်လက္ခဏာများသည် ဘုရားသခင်၏ စီမံအုပ်ချုပ်မှုနှင့် အချုပ်အခြာအာဏာတို့နှင့်သာ သက်ဆိုင်သည်။ ငါသည် မည်သည့် နက်နဲမှုများကိုမျှ ထုတ်ဖော်ပြမည်မဟုတ်သကဲ့သို့၊ သင်တို့ သိလိုသည့် လျှို့ဝှက်ချက်များထဲမှ တစ်ခုတစ်လေကိုမျှ သင်တို့အား ငါပြောမည်လည်း မဟုတ်ပေ။ ဤအရာက ဘုရားသခင်၏ အချုပ်အခြာအာဏာ၊ ဘုရားသခင်၏ စီမံအုပ်ချုပ်မှု၊ ဘုရားသခင်၏ ထောက်ပံ့ခြင်းနှင့် သက်ဆိုင်သောကြောင့်၊ သင်တို့ သိရှိရန် လိုအပ်သည့် အပိုင်းကိုသာ ငါပြောမည်။

ပထမဦးစွာ၊ သင်တို့ကို ငါမေးခွန်းတစ်ခု မေးပါရစေ- သင်တို့၏စိတ်တွင်၊ ဝိညာဉ်လောကဟူသည်မှာ အဘယ်နည်း။ ယေဘုယျအားဖြင့်ပြောရလျှင်၊ ယင်းသည် ရုပ်ဝတ္ထုလောကပြင်ပရှိ လောကတစ်ခု၊ လူတို့အဖို့ မြင်၍မရနိုင်သကဲ့သို့ လက်ဆုပ်လက်ကိုင် ပြ၍မရနိုင်သော လောကတစ်ရပ်ဖြစ်၏။ သို့သော် သင်တို့၏ စိတ်ကူးတွင် မည်သည့်

လောကမျိုးသည် ဝိညာဉ်လောက ဖြစ်သင့်သနည်း။ ယင်းကို မမြင်နိုင်သည် အကျိုးဆက်အနေဖြင့် သင်တို့သည် ယင်းကို တွေးနိုင်စွမ်းမရှိ ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် သင်တို့သည် ဒဏ္ဍာရီပုံပြင်အချို့ကို ကြားသည့်အခါ၊ ယင်းနှင့်ပတ်သက်၍ သင်တို့ စဉ်းစားဆဲဖြစ်ပြီး၊ သင်တို့သည် ယင်းနှင့်ပတ်သက်၍ တွေးတောသည်ကို မရပ်နိုင်ပေ။ ငါသည် ဤအရာကို အဘယ်ကြောင့် ပြောသနည်း။ ၎င်းတို့ ငယ်ရွယ်ချိန် များစွာသောလူတို့ကို ဖြစ်ပျက်သည့်အရာ တစ်စုံတစ်ခု ရှိသည်- တစ်စုံတစ်ဦးက ၎င်းတို့အား- တစ္ဆေများ၊ သို့မဟုတ် ဝိညာဉ်များအကြောင်း- ကြောက်လန့်ဖွယ် ဇာတ်လမ်းတစ်ပုဒ် ပြောသည့်အခါ၊ ၎င်းတို့သည် အလွန်အမင်း ကြောက်ရွံ့ကြ၏။ ၎င်းတို့သည် အသေအချာ အဘယ်ကြောင့် ကြောက်ရွံ့ကြသနည်း။ ယင်းမှာ ၎င်းတို့သည် ထိုအရာများကို စိတ်ကူးနေကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ယင်းတို့ကို မမြင်နိုင်သော်လည်း၊ ယင်းတို့အားလုံးသည် ၎င်းတို့၏အခန်း ပတ်ပတ်လည်၊ ကွယ်ဝှက်ထားသည့် သို့မဟုတ် မှောင်သည့် ထောင့်တစ်နေရာရာတွင် ရှိသည်ဟု ခံစားကြရပြီး၊ ၎င်းတို့ အလွန်ကြောက်လန့်ကြသည်မှာ မအိပ်ဝံ့ကြချေ။ အထူးသဖြင့် ညအခါတွင်၊ ၎င်းတို့သည် ၎င်းတို့၏ အခန်းများထဲ၌ တစ်ဦးတည်းနေဖို့ သို့မဟုတ် ခြံဝင်းထဲ၌ တစ်ဦးတည်း သွားဖို့ အလွန်စိုးရွံ့ကြလေသည်။ ယင်းမှာ သင်တို့၏ စိတ်ကူးစိတ်သန်းနှင့်ဆိုင်သော ဝိညာဉ်လောကဖြစ်ပြီး၊ ကြောက်ဖွယ်ရာဖြစ်သည်ဟု လူတို့ထင်ကြသည့် လောကတစ်ခု ဖြစ်သည်။ အမှန်မှာ ယင်းကို အယောက်တိုင်းက အတိုင်းအတာတစ်ချို့အထိ စိတ်ကူးကြပြီး အယောက်တိုင်းက အနည်းငယ် ခံစားနိုင်ကြလေသည်။

ဝိညာဉ်လောကအကြောင်း ပြောဆိုခြင်းဖြင့် အစပြုကြစို့။ ယင်းမှာ အဘယ်နည်း။ သင်တို့ကို တိုကာ ရိုးရှင်းသော ရှင်းလင်းချက်တစ်ရပ် ငါပေးမည်- ဝိညာဉ်လောကသည် အရေးကြီးသောနေရာတစ်ခု၊ ရုပ်ဝတ္ထုလောကနှင့် ကွဲပြားသောနေရာ တစ်ခု ဖြစ်သည်။ ယင်းသည် အရေးကြီးသည်ဟု ငါအဘယ်ကြောင့် ပြောသနည်း။ ဤအရာကို ငါတို့ အသေးစိတ် ဆွေးနွေးကြမည်။ ဝိညာဉ်လောက၏ တည်ရှိခြင်းသည် လူသားမျိုးနွယ်၏ ရုပ်ဝတ္ထုလောကနှင့် ခွဲခြား၍မရအောင် ဆက်စပ်နေသည်။ ယင်းသည် အရာခပ်သိမ်းအပေါ် ဘုရားသခင်၏ အုပ်စိုးမှုထဲက လူသား၏ ရှင်ခြင်းနှင့် သေခြင်းသံသရာတွင် အဓိကအခန်းကဏ္ဍတစ်ခုကို ဆောင်ရွက်သည်။ ဤသည်မှာ ယင်း၏အခန်းကဏ္ဍဖြစ်ပြီး၊ ဤသည်မှာ ယင်း၏တည်ရှိခြင်းက အရေးကြီးရသည့် အကြောင်းရင်းများထဲမှ တစ်ခုဖြစ်သည်။ ယင်းသည် အာရုံငါးပါးအဖို့ မသိသာသောနေရာတစ်ခုဖြစ်သောကြောင့်၊ ဝိညာဉ်လောက တည်ရှိသည်၊ မတည်ရှိသည်ကို မည်သူမျှ တိကျစွာ အကဲမဖြတ်နိုင်ပေ။ ယင်း၏ အမျိုးမျိုးသော အင်အားများသည် လူသား

တည်ရှိမှုနှင့် အတွင်းကျကျ ဆက်စပ်နေသည်၊ ယင်း၏ အကျိုးဆက်အနေဖြင့် လူသားမျိုးနွယ်၏ အသက်တာ စနစ်ကျမှုသည် ဝိညာဉ်လောကအားဖြင့် ကြီးမားစွာ လွှမ်းမိုးခံရလေသည်။ ဤသည်မှာ ဘုရားသခင်၏ အချုပ်အခြာအာဏာ ပါဝင်သလော မပါဝင်သလော။ ပါဝင်ပါသည်။ ဤအရာကို ငါပြောသောအခါ၊ ဤအကြောင်းအရာကို ငါအဘယ်ကြောင့် ဆွေးနွေးနေသည်ကို သင်တို့နားလည်ကြ၏။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ယင်းသည် ဘုရားသခင်၏ အချုပ်အခြာ အာဏာအပြင်၊ သူ၏စီမံအုပ်ချုပ်မှုတို့နှင့် သက်ဆိုင်သောကြောင့် ဖြစ်သည်။ လူတို့အဖို့ မြင်၍မရနိုင်သည့်-ဤကဲ့သို့သော လောကတစ်ခုတွင်၊ ယင်း၏ ကောင်းကင်ဘုံနှင့်ဆိုင်သော အမိန့်ပြန်တမ်း၊ အမိန့်နှင့် စီမံအုပ်ချုပ်မှုစနစ်တို့သည် ရုပ်ဝတ္ထုလောကနှင့်ဆိုင်သော မည်သည့်နိုင်ငံမဆို၏ ဥပဒေများနှင့် စနစ်တိုင်းထက် များစွာသာလွန်ပြီး၊ ဤလောက၌ အသက်ရှိနေသည့် မည်သည့်သတ္တဝါကမျှ ယင်းတို့ကို ဆန့်ကျင်ဝံ့မည်မဟုတ် သို့မဟုတ် ချိုးဖောက်ဝံ့မည် မဟုတ်ပေ။ ဤအရာက ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် စီမံအုပ်ချုပ်မှုတို့နှင့် ဆက်စပ်သလော။ ဝိညာဉ်လောကတွင်၊ ရှင်းလင်းသည့် စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်များ၊ ရှင်းလင်းသည့် ကောင်းကင်ဘုံနှင့်ဆိုင်သော အမိန့်ပြန်တမ်းများနှင့် ရှင်းလင်းသော ပြဋ္ဌာန်းချက်များ ရှိ၏။ ကွဲပြားသောအဆင့်များနှင့် အမျိုးမျိုးသော နယ်ပယ်များတွင်၊ အစေ့ခံအရံများသည် ကောင်းကင်ဘုံနှင့် သက်ဆိုင်သော အမိန့်ပြန်တမ်းတစ်ရပ်ကို ချိုးဖောက်ခြင်း၏အကျိုးဆက်က မည်သည့်အရာဖြစ်သည်ကို ၎င်းတို့သိကြသည့်အတွက်၊ ၎င်းတို့၏တာဝန်များကို တင်းကျပ်စွာ လိုက်နာစောင့်ထိန်းကြပြီး စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာကြသည်။ ဘုရားသခင်က ဆိုးယုတ်သူကို မည်သို့ အပြစ်ပေးပြီး၊ ကောင်းသူကို မည်သို့ ဆုလာဘ်ချီးမြှင့်သည်၊ ပြီးလျှင် အရာခပ်သိမ်းအပေါ် သူ မည်သို့စီမံအုပ်ချုပ်ကာ အုပ်စိုးသည်ကို ၎င်းတို့ ရှင်းလင်းစွာသိကြလေသည်။ ထို့အပြင် သူသည် ကောင်းကင်ဘုံနှင့်သက်ဆိုင်သော အမိန့်ပြန်တမ်းများနှင့် ပြဋ္ဌာန်းချက်များကို မည်သို့ ဆောင်ရွက်သည်ကို ၎င်းတို့ ရှင်းလင်းစွာ မြင်ကြလေသည်။ ဤသည်တို့သည် လူသားမျိုးနွယ်တို့ နေထိုင်သော ရုပ်ဝတ္ထုလောကနှင့် ကွဲပြားသလော။ ဧကန်အမှန် ကြီးမားစွာ ကွဲပြားပေသည်။ ဝိညာဉ်လောကသည် ရုပ်ဝတ္ထုလောကနှင့် လုံးဝကွဲပြားသော လောကတစ်ခုဖြစ်၏။ ကောင်းကင်ဘုံနှင့် သက်ဆိုင်သော အမိန့်ပြန်တမ်းများနှင့် ပြဋ္ဌာန်းချက်များ ရှိသည့်အတွက်၊ ဤအရာက ဘုရားသခင်၏ အချုပ်အခြာအာဏာ၊ စီမံအုပ်ချုပ်မှု၊ ထို့အပြင် သူ၏စိတ်သဘောထားအပြင်၊ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့ကို ခြုံငုံပေသည်။ ဤအရာကို ကြားရပြီးနောက်၊ ဤအကြောင်းအရာကို ငါပြောရန် အလွန်

လိုအပ်သည်ဟု သင်တို့ မခံစားရသလော။ သင်တို့သည် ယင်းအဖို့ ရှိရင်းစွဲဖြစ်သည့် လျှို့ဝှက်ချက်များကို သင်ယူရန် ဆန္ဒရှိသည် မဟုတ်လော။ (ဟုတ်ကဲ့၊ ရှိပါသည်။) ယင်းမှာ ဝိညာဉ်လောက၏ အယူအဆဖြစ်သည်။ ယင်းသည် ရုပ်ဝတ္ထုလောကနှင့် အတူယှဉ်တွဲတည်ရှိကာ၊ တစ်ပြိုင်နက်တည်း ဘုရားသခင်၏ စီမံအုပ်ချုပ်မှုနှင့် အချုပ်အခြာအာဏာကို နာခံရသော်လည်း၊ ဤလောကနှင့်ဆိုင်သည့် ဘုရားသခင်၏ စီမံအုပ်ချုပ်မှုနှင့် အချုပ်အခြာအာဏာသည် ရုပ်ဝတ္ထုလောကထက် များစွာသာ၍ တင်းကျပ်၏။ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်လာသည့်အခါ၊ ဝိညာဉ်လောကသည် လူသားမျိုးနွယ်၏ ရှင်ခြင်းနှင့်သေခြင်း သံသရာနှင့်ဆိုင်သော အလုပ်အတွက် တာဝန်ရှိပုံနှင့်ပတ်သက်၍ ငါတို့ စတင်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ ဝိညာဉ်လောက သတ္တဝါများနှင့်ဆိုင်သော အလုပ်၏ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်သောကြောင့် ဖြစ်သည်။

လူသားမျိုးနွယ်အလယ်တွင်၊ ငါသည် လူအားလုံးကို အမျိုးအစား သုံးမျိုးအဖြစ် ခွဲခြားသည်။ ပထမအမျိုးအစားမှာ ဘာသာရေး ယုံကြည်မှုများ မရှိသည့် မယုံကြည်သူများဖြစ်ကြ၏။ ၎င်းတို့ကို မယုံကြည်သူများဟု ခေါ်၏။ အလွန့်အလွန်များပြားသော မယုံကြည်သူအများစုမှာ ပိုက်ဆံတွင်သာ ယုံကြည်ခြင်း ရှိကြ၏၊ ၎င်းတို့သည် ၎င်းတို့၏ကိုယ်ကျိုးစီးပွားများကိုသာ ထိန်းသိမ်းကြသည်၊ ရုပ်ဝါဒီဖြစ်ကြပြီး၊ ရုပ်ဝတ္ထုလောကကိုသာ ယုံကြည်ကြသည်-၎င်းတို့သည် ရှင်ခြင်းနှင့် သေခြင်း သံသရာ သို့မဟုတ် နတ်ဘုရားများနှင့် တစ္ဆေများအကြောင်း ပြောဆိုထားသည့် မည်သည့်အရာကိုမျှ မယုံကြည်ကြပေ။ ငါသည် ဤလူတို့ကို မယုံကြည်သူများအဖြစ် အမျိုးအစားခွဲခြားပြီး၊ ၎င်းတို့သည် ပထမအမျိုးအစားဖြစ်၏။ ဒုတိယအမျိုးအစားမှာ မယုံကြည်သူများမှလွဲ၍ ယုံကြည်ခြင်းရှိသည့် အမျိုးမျိုးသော လူများဖြစ်၏။ လူသားမျိုးနွယ်အလယ်တွင်၊ ငါသည် ဤယုံကြည်ခြင်း ရှိသောလူတို့ကို အဓိကအမျိုးအစား အချို့ထဲသို့ ခွဲခြား၏- ပထမမှာ ယုဒလူမျိုး၊ ဒုတိယမှာ ဘရင်ဂျီ၊ တတိယမှာ ခရစ်ယာန်၊ စတုတ္ထမှာ မွတ်စလင်နှင့် ပဉ္စမမှာ ဗုဒ္ဓဘာသာဝင်တို့ဖြစ်ကြသည်။ ငါးမျိုးရှိ၏။ ဤသည်တို့မှာ ယုံကြည်ခြင်းရှိသည့် လူအမျိုးအစား အမျိုးမျိုးဖြစ်သည်။ တတိယအမျိုးအစားသည် ဘုရားသခင်ကို ယုံကြည်သူများ ပါဝင်ပြီး၊ ဤအရာတွင် သင်တို့ ပါဝင်ပေသည်။ ထိုသို့သော ယုံကြည်သူများသည် ယနေ့ ဘုရားသခင် နောက်လိုက်သောသူများ ဖြစ်ကြ၏။ ဤလူတို့ကို အမျိုးအစားနှစ်မျိုး ခွဲခြားထားသည်- ဘုရားသခင် ရွေးချယ်ထားသော လူများနှင့် အစေခံသူများ ဖြစ်သည်။ ဤအဓိကအမျိုးအစားများကို ရှင်းလင်းစွာ ခွဲခြားထားပြီးဖြစ်သည်။ ထို့ကြောင့် ယခု သင်တို့၏စိတ်များထဲတွင် သင်တို့သည် လူသားများ၏ အမျိုးအစားများနှင့် အဆင့်များကို ရှင်းလင်းစွာ ခွဲခြားနိုင်ကြသည်၊ ဟုတ်သည် မဟုတ်လော။

ပထမအမျိုးအစားမှာ မယုံကြည်သူများ ဖွဲ့စည်းပါဝင်ပြီး၊ ၎င်းတို့ အဘယ်အရာ ဖြစ်သည်ကို ငါ ပြောပြီးဖြစ်သည်။ ကောင်းကင်ရှိ အဖိုးအိုကို ယုံကြည်ခြင်း ရှိသူများအား မယုံကြည်သူများအဖြစ် ယူဆရသလော။ မယုံကြည်သူအများအပြားသည် ကောင်းကင်ရှိ အဖိုးအိုကိုသာ ယုံကြည်ကြသည်။ ၎င်းတို့သည် လေ၊ မိုး၊ မိုးခြိမ်းသံ စသည်ဖြင့်၊ အားလုံးကို ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းတို့အတွက် ၎င်းတို့ အားထားကြသည့် ဤအရာက ထိန်းချုပ်ထားသည်ဟုသာ ၎င်းတို့ ယုံကြည်ကြသည်- သို့သော် ဘုရားသခင်ကို ယုံကြည်ခြင်းအား ပြောဆိုသည့်အခါ၊ ၎င်းတို့သည် ဘုရားသခင်ကို ယုံကြည်ရန် လိုလားနေကြခြင်း မရှိပေ။ ဤသည်ကို ယုံကြည်ခြင်း ရှိခြင်းအဖြစ် ခေါ်ဆို၍ရနိုင်သလော။ ထိုသို့သော လူများသည် မယုံကြည်သူများထဲတွင် ပါဝင်ပေသည်။ ဤအရာကို သင် နားလည်သည်၊ ဟုတ်ပါသလော။ ဤအတန်းစားများကို မမှားလေနှင့်။ ဒုတိယအမျိုးအစားတွင် ယုံကြည်ခြင်း ရှိသည့် လူများပါဝင်ပြီး၊ တတိယအမျိုးအစားမှာ လတ်တလောတွင် ဘုရားသခင် နောက်လိုက်သော သူများဖြစ်၏။ သို့ဆိုလျှင် ငါသည် လူသားအားလုံးကို ဤအမျိုးအစားများထဲသို့ အဘယ်ကြောင့် ခွဲခြားလေပြီနည်း။ (အဘယ်ကြောင့်ဆိုသော် အမျိုးမျိုးသော လူအမျိုးအစားတို့သည် မတူကွဲပြားသော အဆုံးသတ်များနှင့် ခရီးပန်းတိုင်များ ရှိကြသောကြောင့် ဖြစ်သည်။) ယင်းမှာ ထိုအရာနှင့်သက်ဆိုင်သည့် သွင်ပြင်လက္ခဏာတစ်ခု ဖြစ်သည်။ ဤအမျိုးမျိုး လူမျိုးများနှင့် လူအမျိုးအစားများသည် ဝိညာဉ်လောကသို့ ပြန်သွားကြသည့်အခါ၊ ၎င်းတို့အသီးသီးသည် သွားစရာ မတူကွဲပြားသော နေရာတစ်ခု ရှိကြလိမ့်မည်ဖြစ်ပြီး၊ ရှင်ခြင်းနှင့် သေခြင်းသံသရာ၏ အမျိုးမျိုးသော နိယာမများကို ခံစားရမည်ဖြစ်သည်၊ ထို့ကြောင့် ယင်းမှာ လူသားများအား ဤအဓိက အမျိုးအစားများထဲသို့ ငါ အမျိုးအစား ခွဲခြားရပြီးဖြစ်သည့် အကြောင်းရင်းဖြစ်သည်။

### ၁။ မယုံကြည်သူများ၏ ရှင်ခြင်းနှင့် သေခြင်းသံသရာ

မယုံကြည်သူများ၏ ရှင်ခြင်းနှင့်သေခြင်းသံသရာဖြင့် အစပြုကြစို့။ သေဆုံးပြီးနောက် လူတစ်ဦးသည် ဝိညာဉ်လောကမှ အစောင့်တစ်ဦး၏ ခေါ်ဆောင်သွားခြင်းခံရ၏။ အတိအကျအားဖြင့် လူတစ်ဦး၏ မည်သည့်အရာသည် ယူသွားခြင်းခံရသနည်း။ တစ်ဦးတစ်ယောက်၏ ဇာတိခန္ဓာမဟုတ်ဘဲ၊ တစ်ဦးတစ်ယောက်၏ ဝိညာဉ်ဖြစ်၏။ တစ်ဦးတစ်ယောက်၏ ဝိညာဉ် ယူဆောင်သွားခြင်းခံရသည့်အခါ၊ ၎င်းတို့သည် ခုလေးတင် သေဆုံးသွားသူများ၏ လိပ်ပြာများကို အထူးလက်ခံသည့် ဝိညာဉ်လောက၏ ကိုယ်စားလှယ်လုပ်ငန်း ဖြစ်သော တစ်နေရာသို့ ရောက်ရှိသွားကြသည်။ (မှတ်ချက်-

သေဆုံးပြီးနောက် မည်သူမဆို ပထမဦးဆုံး သွားသည့်နေရာမှာ ဝိညာဉ်အဖို့ ထူးဆန်းသည်။)
ဤနေရာသို့ ၎င်းတို့ ခေါ်ဆောင်သွားခံရသောအခါ၊ အရာရှိတစ်ဦးသည် ၎င်းတို့၏အမည်၊
လိပ်စာ၊ အသက်နှင့် ၎င်းတို့၏ အတွေ့အကြုံများတို့ကို အတည်ပြုရင်း၊ ပထမဆုံး
စစ်ဆေးမှုများကို ဆောင်ရွက်သည်။ ၎င်းတို့ အသက်ရှင်ခဲ့စဉ် ၎င်းတို့ ပြုခဲ့သည့်အရာတိုင်းကို
စာအုပ်တစ်အုပ်တွင် မှတ်တမ်းတင်ထားကာ တိကျမှန်ကန်မှုအတွက် အတည်ပြုနိုင်ရန်
စစ်ဆေး၏။ အားလုံးကို စစ်ဆေးပြီးနောက်တွင်၊ ၎င်းတို့ အပြစ်ပေး ခံရမည်လော သို့မဟုတ်
လူသားတစ်ဦးအဖြစ် ဆက်လက်၍ လူဝင်စား ရမည်လောဟူသည်ကို ဆုံးဖြတ်ရန်
ထိုသူ၏ဘဝတစ်လျှောက်လုံး အပြုအမူနှင့် လုပ်ဆောင်ချက်များကို အသုံးပြုလေသည်၊
ယင်းမှာ ပထမအဆင့်ဖြစ်သည်။ ဤပထမအဆင့်သည် ထိတ်လန့်ဖွယ် ဖြစ်သလော။
တစ်ခုတည်းသော ဖြစ်ပျက်ပြီးဖြစ်သည့်အရာမှာ ထိုလူသည် မှောင်မိုက်ပြီး
အကျွမ်းတဝင်မရှိသော နေရာတစ်ခုသို့ ရောက်ရှိပြီးခြင်း ဖြစ်သောကြောင့်၊ ဤသည်မှာ အလွန်
ထိတ်လန့်ဖွယ် မကောင်းပေ။

ဒုတိယအဆင့်တွင် ဤလူသည် ၎င်း၏ဘဝတစ်လျှောက်လုံး မကောင်းသည့်အရာများစွာ
ပြုလုပ်ပြီးဖြစ်ကာ၊ များစွာသော ဆိုးညစ်သည့်လုပ်ဆောင်ချက်များ ကျူးလွန်ပြီးဖြစ်ပါက၊
၎င်းသည် ကိုင်တွယ်ဖြေရှင်းခြင်းခံရရန် အပြစ်ဒဏ်ပေးခြင်း နေရာတစ်နေရာသို့
ခေါ်ဆောင်သွားခြင်းခံရပေမည်။ ယင်းသည် လူတို့အား အပြစ်ဒဏ် ပေးခြင်းအတွက်
အတိအကျ အသုံးပြုသည့်နေရာ ဖြစ်လိမ့်မည်။ ၎င်းတို့ မည်သို့
အပြစ်ပေးခံရမည်ဆိုသည်နှင့်သက်ဆိုင်သည့် အသေးစိတ်များမှာ ၎င်းတို့ ကျူးလွန်ပြီးသည့်
အပြစ်များပေါ်အပြင် ၎င်းတို့ မသေဆုံးမီ ဆိုးညစ်သည့် အရာများ
မည်မျှပြုလုပ်ခဲ့သည်ဟူသည့်အပေါ် မူတည်သည်- ဤသည်မှာ ဒုတိယအဆင့်တွင်
ဖြစ်ပေါ်သည့် ပထမ အခြေအနေဖြစ်၏။ ၎င်းတို့မသေဆုံးမီ ပြုလုပ်ခဲ့သည့် မကောင်းသော
အရာများနှင့် ကျူးလွန်ခဲ့သည့် မကောင်းမှုကြောင့် ၎င်းတို့၏ အပြစ်ပေးခြင်းနောက်
၎င်းတို့ဝင်စားသည့်အခါ- ၎င်းတို့ ရုပ်ဝတ္ထု လောကထဲသို့ နောက်တစ်ကြိမ် မွေးဖွားသောအခါ-
လူအချို့သည် ဆက်လက်၍ လူဖြစ်လိမ့်မည်ဖြစ်သော်လည်း၊ အချို့မှာ တိရစ္ဆာန်များ
ဖြစ်လာကြလိမ့်မည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် ဝိညာဉ်လောကသို့ ပြန်သွားပြီးနောက်
၎င်းကျူးလွန်ပြီးဖြစ်သည့် မကောင်းမှုကြောင့်၊ ၎င်းသည် အပြစ်ဒဏ်ပေးခြင်း ခံရ၏။ ထို့အပြင်
၎င်းတို့ လုပ်ဆောင်ပြီးဖြစ်သည့် ဆိုးညစ်သောအရာများကြောင့်၊ ၎င်းတို့၏ နောက်ထပ်
ဝင်စားမှုတွင် ၎င်းတို့သည် လူသားတစ်ဦးအဖြစ် ပြန်သွားလိမ့်မည် မဟုတ်ဘဲ၊
တိရစ္ဆာန်တစ်ကောင်အဖြစ် ပြန်သွားလိမ့်မည်မှာ သေချာသလောက်ဖြစ်သည်။ ၎င်းတို့

ဖြစ်လာနိုင်သည့် တိရစ္ဆာန်အမျိုးမျိုးတွင် နွားများ၊ မြင်းများ၊ ဝက်များနှင့် ခွေးများ ပါဝင်သည်။ အချို့လူများသည် ငှက်များ သို့မဟုတ် ဘဲများ သို့မဟုတ် ဘဲငန်းများအဖြစ် ပြန်မွေးဖွားနိုင်သည်...။ ၎င်းတို့သည် တိရစ္ဆာန်များအဖြစ် ဝင်စားပြီးနောက်တွင်၊ ၎င်းတို့ တစ်ဖန် သေဆုံးသည့်အခါ၊ ဝိညာဉ်လောကသို့ ပြန်သွားကြလိမ့်မည်။ ထိုနေရာတွင် ယခင်ကဲ့သို့ ၎င်းတို့ မသေဆုံးမီ ၎င်းတို့၏အပြုအမူအပေါ် အခြေပြု၍ ၎င်းတို့ လူသားများအဖြစ် ဝင်စားခြင်း ရှိမရှိကို ဝိညာဉ်လောကမှ ဆုံးဖြတ်လိမ့်မည်။ လူအများစုသည် အလွန် များစွာသော မကောင်းမှုများကို ကျူးလွန်ကြပြီး၊ ၎င်းတို့၏ အပြစ်များသည် ဆိုးရွားလွန်းလှ၍၊ ထို့ကြောင့် ၎င်းတို့သည် တိရစ္ဆာန်အဖြစ် ခုနစ်ကြိမ်မှ ဆယ့်နှစ်ကြိမ်ထိ ဝင်စားကြရသည်။ ခုနစ်ကြိမ်မှ ဆယ့်နှစ်ကြိမ်- ယင်းသည် ကြောက်မက်ဖွယ် ဖြစ်သည် မဟုတ်လော။ (ကြောက်မက်ဖွယ်ဖြစ်ပါသည်။) မည်သည့်အရာက သင်တို့ကို အထိတ်တလန့် ဖြစ်စေသနည်း။ လူတစ်ဦးက တိရစ္ဆာန် တစ်ကောင် ဖြစ်လာခြင်း- ယင်းသည် ထိတ်လန့်ဖွယ်ဖြစ်၏။ ပြီးလျှင် လူတစ်ဦးအတွက်၊ တိရစ္ဆာန်တစ်ဦး ဖြစ်လာရာတွင် အနာကျင်ဆုံးသော အရာများမှာ မည်သည့်အရာများ ဖြစ်သနည်း။ ဘာသာစကား မရှိခြင်း၊ ရိုးရှင်းသော အတွေးများသာ ရှိခြင်း၊ တိရစ္ဆာန်များ ပြုလုပ်သည့် အရာများသာ ပြုလုပ်နိုင်ကာ၊ တိရစ္ဆာန်များ စားသည့် အစာများသာ စားနိုင်ခြင်း၊ တိရစ္ဆာန်တစ်ကောင်၏ ရိုးရှင်းသော စိတ်နေစိတ်ထားနှင့် ကိုယ်လက်အမူအရာ မျက်နှာရိပ်ကဲ ရှိခြင်း၊ လမ်းမတ်မတ် မလျှောက်နိုင်ခြင်း၊ လူသားများနှင့် ပြောဆိုမဆွေးနွေးနိုင်ခြင်းနှင့် လူသားများ၏ မည်သည့် အပြုအမူ သို့မဟုတ် လုပ်ရပ်များကမျှ တိရစ္ဆာန်တို့နှင့် မည်သည့် ဆက်စပ်မှုမျှမရှိသည့် အချက်တို့ ဖြစ်သည်။ ဆိုလိုသည်မှာ အရာခပ်သိမ်းထဲတွင် တိရစ္ဆာန်တစ်ကောင်ဖြစ်ခြင်းသည် သက်ရှိသတ္တဝါ အားလုံးအနက် သင့်အား အနိမ့်ဆုံးဖြစ်စေပြီး၊ လူတစ်ဦးဖြစ်ခြင်းထက် သာ၍ ဆင်းရဲဒုက္ခများစွာ ပါဝင်လေသည်။ ဤသည်မှာ မကောင်းမှု များစွာပြုလုပ်ပြီးဖြစ်ကာ ကြီးမားသော အပြစ်များ ကျူးလွန်ပြီးသော သူများနှင့်ဆိုင်သည့် ဝိညာဉ်လောက၏ အပြစ်ပေးခြင်း လက္ခဏာသွင်ပြင် တစ်ရပ်ဖြစ်၏။ ၎င်းတို့၏ အပြစ်ပေးခံရခြင်း ပြင်းထန်မှုနှင့် ပတ်သက်လာသည့်အခါ၊ ဤအရာကို ၎င်းတို့ ဖြစ်လာသည့် မည်သည့် တိရစ္ဆာန်အမျိုးအစားမဆိုအပေါ် မူတည်လျက် ဆုံးဖြတ်ပေသည်။ ဥပမာအားဖြင့်၊ ဝက်တစ်ကောင်ဖြစ်ခြင်းသည် ခွေးတစ်ကောင် ဖြစ်ခြင်းထက် သာ၍ကောင်းသလော။ ဝက်တစ်ကောင်သည် ခွေးတစ်ကောင်ထက် သာ၍ကောင်းမွန်စွာ သို့မဟုတ် သာ၍ဆိုးရွားစွာ အသက်ရှင်သလော။ သာ၍ဆိုးရွား၏၊ ဟုတ်ပါသလော။ လူတို့သည် နွားများ သို့မဟုတ် မြင်းများ ဖြစ်လာကြပါက ၎င်းတို့သည် ဝက်များအဖြစ် ၎င်းတို့ဖြစ်မည်ထက် သာ၍ကောင်းမွန်စွာ သို့မဟုတ် သာ၍ဆိုးရွားစွာ

အသက်ရှင်လိမ့်မည်လော။ (သာ၍ကောင်းမွန်စွာ အသက်ရှင်မည်။) လူတစ်ဦးသည် ကြောင်တစ်ကောင်အဖြစ် ပြန်လည်မွေးဖွားခြင်းဖြင့် ပို၍ သက်သောင့်သက်သာ ရှိလိမ့်မည်လော။ သူသည် အလားတူပင် တိရစ္ဆာန်တစ်ကောင်ဖြစ်မည် ဖြစ်ပြီး၊ ကြောင်များသည် သူတို့၏ အချိန်အများစုကို အိပ်စက်ခြင်းဖြင့် ပျင်းရိပျင်းတွဲနေကြရသောကြောင့်၊ ကြောင်တစ်ကောင် ဖြစ်ခြင်းသည် နွားတစ်ကောင် သို့မဟုတ် မြင်းတစ်ကောင်ဖြစ်ခြင်းထက် များစွာ ပို၍ လွယ်ကူပေမည်။ နွား သို့မဟုတ် မြင်းတစ်ကောင်ဖြစ်လာခြင်းမှာ သာ၍ ပင်ပန်းခက်ခဲပေသည်။ ထို့ကြောင့် လူတစ်ဦးသည် နွား သို့မဟုတ် မြင်းတစ်ကောင်အဖြစ် ဝင်စားပါက၊ ၎င်းတို့သည် အလုပ်ကြိုးစားရသည်- ယင်းမှာ ပြင်းထန်သည့် အပြစ်ပေးခြင်းနှင့် ဆင်တူပေသည်။ ခွေးတစ်ကောင်သည် ၎င်း၏သခင်နှင့် သာ၍ရင်းနှီးသော ဆက်ဆံရေးရှိသောကြောင့်၊ ခွေးတစ်ကောင် ဖြစ်လာခြင်းသည် နွား သို့မဟုတ် မြင်းတစ်ကောင် ဖြစ်လာခြင်းထက် အနည်းငယ် သာ၍ကောင်းပေမည်။ နှစ်အချို့ ကြာအောင် အိမ်မွေးတိရစ္ဆာန်များ ဖြစ်ပြီးနောက်တွင် အချို့သော ခွေးတို့သည် ၎င်းတို့၏သခင်များ ပြောသည့်အရာ များစွာကို နားလည်နိုင်ကြသည်။ တစ်ခါတစ်ရံ ခွေးသည် ၎င်း၏သခင်၏ စိတ်နေစိတ်ထားနှင့် သတ်မှတ်ချက်များကို ကျင့်သားရနိုင်ကြပြီး သခင်က ခွေးကို ပို၍ကောင်းမွန်စွာ ဆက်ဆံကာ ခွေးသည် ပို၍ ကောင်းမွန်စွာ စားသောက်ရပြီး၊ ၎င်းနာကျင်သည့်အခါ သာ၍ ကြည့်ရှုစောင့်ရှောက်ခြင်း ခံရ၏။ သို့ဆိုလျှင် ခွေးသည် ပျော်ရွှင်ဖွယ်ရာ ဘဝတစ်ခုကို မွေ့လျော်ခံစားသည် မဟုတ်လော။ သို့ဖြစ်၍ ခွေးတစ်ကောင် ဖြစ်ခြင်းသည် နွား သို့မဟုတ် မြင်းတစ်ကောင် ဖြစ်ခြင်းထက် သာ၍ကောင်းပေ၏။ ဤအရာတွင် လူတစ်ဦး၏ အပြစ်ဒဏ် ပြင်းထန်မှုသည် တိရစ္ဆာန်တစ်ကောင်အဖြစ် အကြိမ်ရေမည်မျှ ထိုသူ ဝင်စားရသည်ဆိုသည့်အပြင် မည်သည့် အမျိုးအစား ဖြစ်သည်ဆိုသည့်အရာကိုလည်း ဆုံးဖြတ်လေသည်။

၎င်းတို့အသက်ရှင်စဉ်တွင် ၎င်းတို့သည် အပြစ်များစွာ ကျူးလွန်ခဲ့သောကြောင့်၊ အချို့သောလူများသည် တိရစ္ဆာန်များအဖြစ် သက်တမ်း ခုနစ်ကြိမ်မှ ဆယ့်နှစ်ကြိမ် ဝင်စားခြင်းဖြင့် အပြစ်ပေး ခံရပေသည်။ အကြိမ်ရေ အလုံအလောက် အပြစ်ပေးခံရပြီးနောက်၊ ဝိညာဉ်လောကသို့ ပြန်သွားသည့်အခါ၊ ၎င်းတို့သည် အခြား တစ်နေရာသို့- အပြစ်ပေးခံရနှင့်ပြီးဖြစ်ကာ လူသားများအဖြစ် ဝင်စားရန် ပြင်ဆင်လျက်ရှိသည့် အမျိုးအစားများ ဖြစ်ကြသော ဝိညာဉ်အမျိုးမျိုးရှိသည့် နေရာတစ်ခုသို့- ခေါ်ဆောင်သွားခံရ၏။ ဤနေရာတွင် ဝိညာဉ်အသီးသီးသည် ၎င်းတို့ မည်သည့် မိသားစုမျိုးတွင် မွေးဖွားမည်၊ ၎င်းတို့လူဝင်စားပြီးသည်နှင့် တစ်ပြိုင်နက် မည်သည့်အခန်းကဏ္ဍမျိုးတွင်

ပါဝင်မည် စုသည့်အတိုင်း အမျိုးအစား ခွဲခြားခံရကြ၏။ ဥပမာအားဖြင့် လူအချို့သည် ဤလောကသို့ လာသည့်အခါ၊ အဆိုတော်များ ဖြစ်လာကြလိမ့်မည်၊ ထို့ကြောင့် ၎င်းတို့သည် အဆိုတော်များအလယ် အထားခံရ၏။ အချို့သောသူများမှာ ဤလောကသို့ လာသည့်အခါ၊ စီးပွားရေးသမားများ ဖြစ်လာမည်ဖြစ်ကာ၊ ထို့ကြောင့် ၎င်းတို့သည် စီးပွားရေးသမားများအလယ် အထားခံရ၏။ ပြီးလျှင် တစ်စုံတစ်ဦးသည် လူသား ဖြစ်လာပြီးနောက်၊ သိပ္ပံပညာဆိုင်ရာ သုတေသီတစ်ဦး ဖြစ်လာဖို့ ဖြစ်ပါက၊ ၎င်းတို့သည် သိပ္ပံပညာဆိုင်ရာ သုတေသီများအလယ်တွင် အထားခံကြရလေသည်။ ၎င်းတို့သည် အုပ်စုအလိုက်ခွဲခံရပြီးနောက်တွင်၊ အသီးသီးကို မတူကွဲပြားသည့် အချိန်နှင့် သတ်မှတ်ထားသည့် ရက်စွဲအတိုင်း၊ ယနေ့ လူတို့ အီးမေးလ်ပို့သည့်အတိုင်း၊ ပေးပို့ခြင်းခံရလေသည်။ ဤအရာတွင် ရှင်ခြင်းနှင့်သေခြင်း သံသရာတစ်ခု ပြီးစီးလိမ့်မည်။ လူတစ်ဦး ဝိညာဉ်လောကထဲသို့ ရောက်ရှိသည့်ရက်မှ ၎င်း၏အပြစ်ဒဏ် အဆုံးသတ်သည်အထိ သို့မဟုတ် ၎င်းသည် တိရစ္ဆာန် တစ်ကောင်အဖြစ် ကြိမ်ဖန်များစွာ ဝင်စားပြီးဖြစ်ကာ လူသား တစ်ဦးအဖြစ် ပြန်ဝင်စားရန်ပြင်ဆင်နေသည်အထိ၊ ဤဖြစ်စဉ် ပြီးစီးပေသည်။

အပြစ်ဒဏ်ပေးခြင်းခံရပြီးဖြစ်ကာ တိရစ္ဆာန်များအဖြစ် ဝင်စားခြင်း မရှိသူများအတွက်မူ၊ ၎င်းတို့သည် လူသားများအဖြစ် ဝင်စားရန် ရုပ်ဝတ္ထုလောကသို့ လျင်မြန်စွာ အပို့ခံရမည်လော။ သို့မဟုတ် ၎င်းတို့ လူသားအလယ် မရောက်ရှိနိုင်မီ မည်မျှ ကြာလိမ့်မည်နည်း။ ဤအရာဖြစ်ပျက်နိုင်သည့် ကြိမ်နှုန်းမှာ အဘယ်နည်း။ ယင်းအဖို့ အချိန်ကန့်သတ်ချက်များရှိသည်။ ဝိညာဉ်လောကတွင် ဖြစ်ပျက်သည့် အရာရာတိုင်းသည် တိကျသည့် အချိန်ကန့်သတ်ချက်များနှင့် စည်းကမ်းများကို လိုက်နာရသည်- ယင်းကို ငါ ကိန်းဂဏန်းများနှင့် ရှင်းပြပါက၊ သင်တို့ နားလည်လိမ့်မည်။ အချိန်ကာလတိုအတွင်း ပြန်ဝင်စားသူများ အတွက်၊ ၎င်းတို့သေဆုံးသည့်အခါ၊ လူသားများအဖြစ် ပြန်ဝင်စားဖို့ ၎င်းတို့အတွက် ပြင်ဆင်မှုများ ပြုလုပ်နှင့်ပြီးဖြစ်လိမ့်မည်။ ဤအရာ ဖြစ်ပျက်နိုင်သည့် အတိုဆုံးအချိန်မှာ သုံးရက်ဖြစ်သည်။ အချို့သော လူများအတွက် ယင်းသည် သုံးလကြာသည်၊ အချို့အတွက် ယင်းသည် သုံးနှစ်ကြာသည်၊ အချို့အတွက် ယင်းသည် အနှစ် သုံးဆယ်ကြာသည်၊ အချို့အတွက် ယင်းသည် အနှစ်သုံးရာ ကြာသည်၊ စသည်ဖြင့် ဖြစ်၏။ ထို့ကြောင့် ဤအချိန် စည်းမျဉ်းများနှင့်ပတ်သက်၍ မည်သည့်အရာများ ပြော၍ ရနိုင်မည်နည်း၊ ပြီးလျှင် ယင်းတို့၏ အသေးစိတ် အချက်အလက်များမှာ အဘယ်နည်း။ ယင်းတို့သည် ရုပ်ဝတ္ထု လောက- လူ့လောကသည် ဝိညာဉ်တစ်ခုထံမှ လိုအပ်သည့်အရာ အပေါ်နှင့် ဤလောကတွင် ဤဝိညာဉ်ပါဝင်ဖို့ ရည်ရွယ်ထားသည့် အခန်းကဏ္ဍတို့အပေါ် အခြေခံထားပေ၏။ လူတို့သည်

သာမန် လူများအဖြစ် ပြန်ဝင်စားကြသည့်အခါ၊ ၎င်းတို့အများစုသည် အလွန် လျင်မြန်စွာ ပြန်လူဝင်စားကြ၏၊ အဘယ့်ကြောင့်ဆိုသော် လူ့လောကသည် ထိုသို့သော သာမန်လူတို့ကို အရေးတကြီး လိုအပ်မှု ရှိသောကြောင့် ဖြစ်သည်- ထို့ကြောင့် သုံးရက်ကြာပြီးနောက် ၎င်းတို့သည် မသေဆုံးမီရှိခဲ့သည့် မိသားစုနှင့် လုံးဝ ကွဲပြားသည့် မိသားစုတစ်စုထံသို့ ထပ်မံပေးပို့ခြင်း ခံကြရလေသည်။ သို့သော် ဤလောကတွင် အထူးအခန်းကဏ္ဍ၌ ပါဝင်သောသူအချို့ ရှိ၏။ “အထူး” ဆိုသည်မှာ လူ့လောကတွင် ဤလူများအတွက် ကြီးမားသည့် တောင်းဆိုချက်မရှိဟု ဆိုလိုသည်။ ထိုသို့သော အခန်းကဏ္ဍကို ပါဝင်ရန် လူများစွာ မလိုပေ၊ ထို့ကြောင့် ယင်းသည် အနှစ်သုံးရာ ကြာကောင်းကြာနိုင်သည်။ တစ်နည်းအားဖြင့် ဤဝိညာဉ်သည် အနှစ်သုံးရာကြာတိုင်း တစ်ကြိမ်သာလာလိမ့်မည် သို့မဟုတ် အနှစ်သုံးထောင်ပင်ကြာတိုင်း တစ်ကြိမ်သာ လာလိမ့်မည် ဖြစ်သည်။ ဤသည်မှာ အဘယ်ကြောင့်နည်း။ ယင်းမှာ နှစ်သုံးရာ ကြာသည်ဖြစ်စေ သို့မဟုတ် နှစ်သုံးထောင် ကြာသည်ဖြစ်စေ လူ့လောကတွင် ထိုသို့သော အခန်းကဏ္ဍတစ်ခု မလိုအပ်သောကြောင့် ဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့ကို ဝိညာဉ်လောက၏ တစ်နေရာရာတွင် ထိန်းသိမ်းထား၏။ ဥပမာအနေဖြင့် ကွန်ဖြူးရှပ်ကို ကြည့်လော့- သူသည် တရုတ်ရိုးရာ ယဉ်ကျေးမှုအပေါ် နက်နဲသိမ်မွေ့သော သက်ရောက်မှု ရှိခဲ့ပြီး၊ သူ၏ရောက်ရှိလာမှုသည် ထိုအချိန်ကာလ လူတို့၏ ယဉ်ကျေးမှု၊ အသိပညာ၊ ရိုးရာနှင့် တွေးခေါ်မှုတို့အပေါ် နက်နက်ရှိုင်းရှိုင်း သက်ရောက်ခဲ့သည်။ သို့သော် ဤကဲ့သို့သောလူတစ်ဦးကို ခေတ်တိုင်းတွင် မလိုအပ်ပေ၊ ထို့ကြောင့် သူသည် ပြန်လည်ဝင်စားခြင်းမတိုင်မီ ဝိညာဉ်လောကတွင် နှစ်သုံးရာ သို့မဟုတ် နှစ်သုံးထောင် စောင့်ဆိုင်းရင်း၊ ထိုနေရာတွင် နေခဲ့ရသည်။ လူ့လောကသည် ဤသို့သောတစ်စုံတစ်ဦးကို မလိုအပ်သောကြောင့်၊ ၎င်း၏အခန်းကဏ္ဍကဲ့သို့ အခန်းကဏ္ဍများ အလွန် နည်းပါးသကဲ့သို့၊ သူ့အတွက် လုပ်စရာ အနည်းငယ်သာရှိသည့်အတွက်၊ ၎င်းသည် အကြောင်းမဲ့သက်သက် စောင့်ဆိုင်းခဲ့ရလေသည်။ ထိုသို့ဖြင့် သူ့အား လူ့လောကက လိုအပ်သည်နှင့်တစ်ပြိုင်နက် ပို့လိုက်ရန် အချိန်များစုတွင် ဝိညာဉ်လောကထဲက တစ်နေရာတွင် သူ့ကို အချည်းနှီး ထိန်းသိမ်းထားခဲ့ရသည်။ ယင်းမှာ လူအများစု ပြန်လည်ဝင်စားသည့် အကြိမ်နှုန်းအတွက် ဝိညာဉ်နယ်ပယ်၏ အချိန်စည်းမျဉ်းများ ဖြစ်၏။ လူတို့အနေဖြင့် သာမန် ဖြစ်စေ၊ ထူးခြားသည် ဖြစ်စေ၊ ၎င်းတို့၏ ပြန်လည်ဝင်စားခြင်းများအတွက် ဝိညာဉ်လောကသည် သင့်တော်သည့် စည်းမျဉ်းများနှင့် မှန်ကန်သည့် အလေ့အကျင့်များရှိကာ၊ ဤစည်းမျဉ်းများနှင့် အလေ့အကျင့်များကို ဘုရားသခင်မှ ချပေးလိုက်ခြင်းဖြစ်၏၊ မည်သည့်အစောင့်မျှ သို့မဟုတ် ဝိညာဉ်လောက၏ မည်သည့်သတ္တဝါကမျှ ဆုံးဖြတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း မဟုတ်ပေ။

ဤအရာကို သင် ယခု နားလည်ပြီ၊ ဟုတ်ပါသလော။

မည်သည့်ဝိညာဉ်အတွက်မဆို၊ ၎င်း၏ ပြန်လည်ဝင်စားခြင်း၊ ဤဘဝတွင် ၎င်း၏ အခန်းကဏ္ဍက မည်သည့်အရာဖြစ်သည်၊ မည်သည့် မိသားစုထဲတွင် ၎င်းမွေးဖွားသည်ဆိုသည်နှင့် ၎င်း၏ဘဝ မည်သည့်အရာနှင့်တူသည်တို့မှာ ထိုဝိညာဉ်၏ ယခင်ဘဝ တစ်သက်တာနှင့် နီးစပ်စွာ ဆက်နွှယ်လေသည်။ လူမျိုးစုံ လူ့လောကထဲသို့ လာကြပြီး၊ ၎င်းတို့ ဆောင်ရွက်သည့် တာဝန်များကဲ့သို့ ၎င်းတို့ပါဝင်သည့် အခန်းကဏ္ဍ ကွဲပြားလေသည်။ ဤသည်တို့မှာ မည်သည့် တာဝန်များ ဖြစ်သနည်း။ လူအချို့သည် အကြွေးပြန်ဆပ်ရန် လာကြပေပြီ။ ၎င်းတို့သည် ၎င်းတို့၏ ယခင်ဘဝများ၌ အခြားသူများကို ငွေများစွာ အကြွေးတင်ခဲ့ပါက၊ ဤဘဝတွင် ထိုအကြွေးများကို ပြန်ဆပ်ရန် ၎င်းတို့ လာကြလေသည်။ ထိုအတောအတွင်းတွင် အချို့လူများသည် အကြွေးကောက်ခံရန် လာကြ၏။ ၎င်းတို့သည် ၎င်းတို့၏ ယခင်ဘဝတစ်သက်တာများတွင် အလွန်များသော အရာများနှင့် အလွန်များသော ငွေကြေးများ လိမ်လည်ခံခဲ့ကြရလေသည်။ အကျိုးဆက်အနေဖြင့်၊ ဝိညာဉ်လောကသို့ ၎င်းတို့ ရောက်ပြီး နောက်တွင်၊ ဝိညာဉ်လောကသည် ၎င်းတို့အား တရားမျှတမှုပေးကာ ဤဘဝတစ်သက်တာတွင် ၎င်းတို့၏ အကြွေးများကို ကောက်ခံခွင့် ပေးလေသည်။ အချို့သူများသည် ကျေးဇူးကြွေးဆပ်ရန် လာကြပြီးဖြစ်သည်- ယခင်ဘဝ တစ်သက်တာအတွင်းတွင်- ဆိုလိုသည်မှာ ၎င်းတို့၏ ယခင် ပြန်ဝင်စားခြင်းအတွင်းတွင်- တစ်စုံတစ်ဦးသည် ၎င်းတို့ကို ကြင်နာခဲ့ကာ၊ ဤဘဝတွင် ပြန်ဝင်စားရန် ကြီးမားသည့် အခွင့်အရေး တစ်ရပ် ရရှိပြီးဖြစ်သောကြောင့်၊ ၎င်းတို့သည် ထိုကျေးဇူးကြွေးများ ပြန်ဆပ်ရန် ပြန်လည်မွေးဖွားကြ၏။ သို့သော်လည်း အခြားသူများကမူ အသက်များ အလျော်တောင်းရန် ပြန်လည်မွေးဖွားခဲ့ကြပေပြီ။ မည်သူတို့၏ အသက်များကို ၎င်းတို့ တောင်းဆိုသနည်း။ ယခင်ဘဝများ၌ ၎င်းတို့ကို သတ်ခဲ့သည့် လူများ၏ အသက်များကို ၎င်းတို့ တောင်းကြပေသည်။ အတိုချုပ်အားဖြင့် လူတိုင်း၏ လက်ရှိဘဝသည် ၎င်းတို့၏ယခင်ဘဝ တစ်သက်တာများနှင့် ခိုင်မာသော ဆက်စပ်မှုတစ်ခု ရှိလေသည်။ ဤဆက်စပ်မှုသည် ခွဲခြား၍မရနိုင်ပေ။ ဆိုလိုသည်မှာ လူတိုင်း၏ လက်ရှိဘဝသည် ယခင်ဘဝအားဖြင့် ကြီးမားစွာ သက်ရောက်မှု ခံရပေသည်။ ဥပမာအားဖြင့် ကျန်းသည် သူမသေဆုံးမီတွင် လီအား ငွေကြေးမြောက်များစွာ လိမ်လည်ခဲ့သည် ဆိုပါစို့။ သို့ဆိုလျှင် ကျန်းသည် လီကို အကြွေးတင်သလော။ အကြွေးတင်၏၊ ထို့ကြောင့် လီသည် ကျန်းထံမှ အကြွေးကောက်ခံသင့်သည်မှာ သဘာဝကျသလော။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့ သေဆုံးပြီးနောက်တွင်၊ ၎င်းတို့ နှစ်ဦးအကြားတွင် ကျေအေးရန် အကြွေးတစ်ခု ရှိနေသည်။

၎င်းတို့ ပြန်ဝင်စားကြပြီး ကျန်းသည် လူသားဖြစ်လာသည့်အခါ၊ လီသည် ၎င်းထံမှ သူ၏အကြွေးကို မည်သို့ကောက်ခံသနည်း။ တစ်နည်းမှာ လီသည် ကျန်း၏ သားအဖြစ် ပြန်လည် မွေးဖွားခြင်း ဖြစ်သည်။ ကျန်းသည် ဝင်ငွေမြောက်မြားစွာရသည်၊ ထို့နောက် ယင်းကို လီက ဖြုန်းတီး၏။ ကျန်း ဝင်ငွေ မည်မျှရသည်ဖြစ်စေ၊ သူ့သားလီက ယင်းကို ဖြုန်းတီးပစ်သည်။ ကျန်း ဝင်ငွေ မည်မျှရသည်ဖြစ်စေ၊ မည်သည့်အခါမျှ လောက်ငခြင်း မရှိပေ။ ထိုအတောအတွင်းတွင်၊ ၎င်း၏သားမှာ အကြောင်းရင်းအချို့ကြောင့် အမျိုးမျိုးသော နည်းလမ်းများဖြင့် ၎င်းဖခင်၏ပိုက်ဆံများကို အဆုံးတွင် အမြဲသုံးပစ်သည်ချည်း ဖြစ်၏။ ကျန်းက၊ "ငါ့သားသည် အဘယ်ကြောင့် ထိုသို့သော ဆိုးသည့်ကံကို အမြဲ ယူဆောင်လာသနည်း။ အခြားသူများ၏သားများသည် အဘယ်ကြောင့် အလွန် လိမ္မာရသနည်း။ ငါ၏သားသည် အဘယ်ကြောင့် မည်သည့် ရည်မှန်းချက်မျှ မရှိရသနည်း၊ အဘယ်ကြောင့် သူသည် လွန်စွာ အသုံးမကျဖြစ်ကာ မည်သည့်ငွေမျှ ရှာနိုင်စွမ်း မရှိရသနည်း၊ ပြီးလျှင် ငါသည် အဘယ်ကြောင့် သူ့ကို အမြဲပံ့ပိုးနေရသနည်း။ ငါသည် သူ့ကို ပံ့ပိုးရမည် ဖြစ်သည့်အတွက်၊ ပံ့ပိုးမည်- သို့သော် သူ့ကို ငါ ငွေမည်မျှပေးပါစေ၊ သူ အမြဲ နောက်ထပ် လိုအပ်ရသည်မှာ အဘယ်ကြောင့်နည်း။ သူသည် အဘယ်ကြောင့် အလုပ် ကြိုးစားနိုင်စွမ်း မရှိဘဲ၊ ယင်းအစား လတ်လျားလတ်လျားနေခြင်း၊ စားခြင်း၊ သောက်ခြင်း၊ မတရား မေထုန်ပြုခြင်းနှင့် လောင်းကစားခြင်းကဲ့သို့သော အရာမျိုးစုံကို လုပ်ရသနည်း။ ဘာတွေများ ဖြစ်နေသနည်း" ဟု တွေးရင်း၊ နားဝေတိမ်တောင် ဖြစ်နေ၏။ ထို့နောက် ကျန်းက၊ "ငါသည် အတိတ်ဘဝက သူ့အပေါ် အကြွေးတစ်ခုတင်ခဲ့၍ ဖြစ်နိုင်သည်။ ကောင်းပြီ သို့ဆိုလျှင် ငါသည် အပြည့်အဝ ဆပ်လိုက်မည်။ ငါ အပြည့်အဝ မဆပ်မချင်း ဤအရာ အဆုံးသတ်မည် မဟုတ်" ဟု ခေတ္တခဏ တွေးမိ၏။ လီသည် သူ၏အကြွေးကို အမှန်တကယ် ပြန်ထေပြီးဖြစ်သည့်နေ့ ရောက်ကောင်းရောက်လာမည်ဖြစ်ပြီး၊ သူ အသက်လေးဆယ် သို့မဟုတ် ငါးဆယ်ရှိသည့်အချိန်တွင်၊ သူက "ငါ့ဘဝ၏ ပထမတစ်ပိုင်းတွင် ငါသည် ကောင်းသည့်အရာတစ်ခုမျှ မလုပ်ဆောင်လေပြီ။ ငါ့အဖေ ရှာဖွေထားသည့် ငွေအားလုံးကို ငါဖြုန်းတီးမိပြီ၊ ထို့ကြောင့် ငါသည် လူကောင်းတစ်ယောက် စဖြစ်သင့်ပြီ။ ငါ့ကိုယ်ငါ စိတ်တင်းမည်။ ငါသည် ရိုးသားပြီး ကောင်းမွန်စွာ အသက်ရှင်သောသူတစ်ဦး ဖြစ်မည်ဖြစ်ပြီး၊ ငါ့အဖေကို မည်သည့်အခါမျှ တစ်ဖန် သောကရောက်စေမည် မဟုတ်" ဟု သဘောပေါက်ရင်း သူ ရုတ်တရက် အသိတရားရကောင်းရလာပေမည်။ သူသည် အဘယ်ကြောင့် ဤသို့စဉ်းစားသနည်း။ သူသည် အဘယ်ကြောင့် သာ၍ကောင်းဖို့ ရုတ်တရက် ပြောင်းလဲသွားသနည်း။ ဤအတွက် အကြောင်းရင်း တစ်ခု ရှိသလော။ အကြောင်းရင်းမှာ

အဘယ်နည်း။ (အဘယ်ကြောင့်ဆိုသော် လီသည် သူ၏အကြွေးကို ကောက်ခံပြီးဖြစ်သောကြောင့် ဖြစ်သည်။ ကျန်းသည် သူ၏အကြွေးကို ဆပ်ပြီးဖြစ်သည်။) ဤအရာတွင် အကြောင်းနှင့် အကျိုးရှိသည်။ ဤဇာတ်လမ်းမှာ ၎င်းတို့၏ လတ်တလော တစ်သက်တာများမတိုင်မီ အချိန်ကာလကြာမြင့်စွာက စတင်ခဲ့ပေသည်။ ၎င်းတို့၏ ဤအတိတ်ဘဝဇာတ်လမ်းသည် ပစ္စုပ္ပန်သို့ ပါလာပြီးဖြစ်ကာ၊ မည်သူကမျှ အခြားသူကို အပြစ်တင်၍ မရပေ။ ကျန်းသည် ၎င်း၏သားအား မည်သည့်အရာကို သွန်သင်ပေးခဲ့သည်ဖြစ်စေ၊ သူ၏သားသည် မည်သည့်အခါကမျှ နားမထောင်ခဲ့သကဲ့သို့၊ မည်သည့်အခါကမျှ အလုပ်ကြိုးစားခဲ့ခြင်း မရှိပေ။ သို့သော် အကြွေးကျေခဲ့သည့်နေ့တွင်၊ သူ၏ သားကို သွန်သင်စရာ မလိုအပ်ပေ- သူ၏သားသည် အလိုအလျောက် နားလည်သွားခဲ့၏။ ဤသည်မှာ ရိုးရှင်းသော ဥပမာတစ်ခု ဖြစ်သည်။ ထိုသို့သော ဥပမာများစွာ ရှိသလော။ (ရှိပါသည်။) ယင်း က လူတို့အား မည်သည့်အရာ ပြောပြသနည်း။ (၎င်းတို့ ကောင်းကောင်းနေသင့်ပြီး မကောင်းမှု မကျူးလွန်သင့်ပါ။) ၎င်းတို့ မကောင်းမှု မပြုသင့်သကဲ့သို့၊ ၎င်းတို့၏ အပြစ်များအတွက် ပြစ်ဒဏ်ပေးခြင်း ရှိလိမ့်မည်ဖြစ်သည်။ မယုံကြည်သူ အများစုသည် မကောင်းမှုများစွာ ကျူးလွန်ကြကာ ၎င်းတို့၏ အပြစ်များသည် ဒဏ်ခတ်ခံရခြင်းနှင့် ကြုံရသည်၊ မှန်ပါသလော။ သို့သော် ထိုသို့သော ဒဏ်ခတ်ခြင်းသည် ထင်ရာမြင်ရာ ဖြစ်သလော။ လုပ်ရပ်တိုင်းအတွက်၊ နောက်ကြောင်းရာဇဝင်တစ်ခုရှိပြီး၊ ယင်း၏ ဒဏ်ခတ်ခံရခြင်း နောက်ကွယ်က အကြောင်းရင်းတစ်ခု ရှိပေသည်။ သင်သည် တစ်စုံတစ်ဦးကို ငွေများလိမ်လည်ပြီးနောက် သင်ကို မည်သည့်အရာမျှ မဖြစ်ဟု ထင်သလော။ သင်သည် ထိုငွေကို လိမ်ပြီးနောက်တွင်၊ မည်သည့်အကျိုးဆက်မျှ သင် ရင်ဆိုင်ရလိမ့်မည် မဟုတ်ဟု ထင်သလော။ ယင်းမှာ ဖြစ်နိုင်မည် မဟုတ်။ အကျိုးဆက်များ ဧကန် ရှိလိမ့်မည်။ ၎င်းတို့ မည်သူဖြစ်သည်ကို ပဓာနမထားဘဲ၊ သို့မဟုတ် ဘုရားသခင်တစ်ပါး ရှိသည်ကို ၎င်းတို့ ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ တစ်ဦးချင်းစီတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်အပြုအမူအတွက် တာဝန်ယူရမည်ဖြစ်ပြီး၊ ၎င်းတို့၏လုပ်ရပ်များအတွက် အကျိုးဆက်များကို ခံရမည်ဖြစ်သည်။ ဤရိုးရှင်းသော နမူနာနှင့်စပ်လျဉ်း၍- ကျန်း၏ အပြစ်ပေးခံရခြင်းနှင့် လီ၏ ပြန်ပေးဆပ်ခံရခြင်း- ဤသည်မှာ တရားသည် မဟုတ်လော။ လူတို့သည် ထိုသို့သောအရာများကို လုပ်ဆောင်သည့်အခါ၊ ဤသည်မှာ ဖြစ်ပေါ်သည့် ရလဒ်အမျိုးအစား ဖြစ်သည်။ ယင်းကို ဝိညာဉ်လောက၏ စီမံအုပ်ချုပ်မှုမှ ခွဲခြား၍မရပေ။ ၎င်းတို့ မယုံကြည်သူများ ဖြစ်သော်လည်း၊ ဘုရားသခင်ကို မယုံကြည်သူများ၏ တည်ရှိမှုသည် ကောင်းကင်ဘုံနှင့် သက်ဆိုင်သည့် ဤအမိန့်ပြန်တမ်းများနှင့် အမိန့်မျိုးတို့ကို နာခံရပေသည်။

ယင်းတို့မှ မည်သူမျှ မလွတ်မြောက်နိုင်သကဲ့သို့၊ ဤ လက်တွေ့အရှိတရားကို မည်သူမျှ မရှောင်ရှားနိုင်ပေ။

ယုံကြည်ခြင်း မရှိသူများသည် လူသားများအဖို့ မြင်နိုင်သည့် အရာရာတိုင်းသည် တည်ရှိသော်လည်း၊ မြင်၍မရနိုင်သည့်အရာတိုင်း သို့မဟုတ် လူတို့မှ အလွန်ကွာလှမ်းသောအရာတိုင်းသည် မတည်ရှိဟု မကြာခဏ ယုံကြည်ကြသည်။ ၎င်းတို့က "ရှင်ခြင်းနှင့် သေခြင်းသံသရာ" မရှိသကဲ့သို့၊ "အပြစ်ဒဏ်" မရှိဟု ယုံကြည်ဖို့ သာ၍ နှစ်သက်ကြသည်။ ထိုသို့ဖြင့် ၎င်းတို့သည် စိတ်မလုံမလဲ ဖြစ်ခြင်းမရှိဘဲ၊ အပြစ်ပြုကာ မကောင်းမှု ကျူးလွန်ကြ၏။ နောက်ပိုင်းတွင် ၎င်းတို့သည် အပြစ်ပေးခံရ၏၊ သို့မဟုတ် တိရစ္ဆာန်များအဖြစ် ပြန်ဝင်စားကြ၏။ မယုံကြည်သူများထဲတွင် လူအမျိုးအစား အမျိုးမျိုး၏ အများစုသည် ဤရက်စက်သော သံသရာထဲသို့ ကျရောက်ကြသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်လောကသည် သက်ရှိသတ္တဝါ အားလုံးအပေါ် ၎င်း၏ စီမံအုပ်ချုပ်မှုတွင် တင်းကျပ်သည်ကို ၎င်းတို့ မသိသောကြောင့် ဖြစ်သည်။ သင်ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ ဘုရားသခင်က သူ၏ မျက်လုံးများဖြင့် စောင့်ကြည့်လေ့လာသည့် နယ်ပယ်ကို လူတစ်ဦးမျှ သို့မဟုတ် အရာဝတ္ထုတစ်ခုမျှက မလွတ်မြောက်နိုင်သကဲ့သို့၊ ဘုရားသခင်၏ ကောင်းကင်ဘုံနှင့်သက်ဆိုင်သော အမိန့်ပြန်တမ်းများနှင့် အမိန့်များ၏ စည်းမျဉ်းများနှင့် ကန့်သတ်မှုများကို လူတစ်ဦးမျှ သို့မဟုတ် အရာဝတ္ထုတစ်ခုကမျှ မလွတ်မြောက်နိုင်သောကြောင့် ဖြစ်သည်ဆိုသည့် အမှန်တရား တည်ရှိ၏။ ထို့ကြောင့် သင်သည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ အပြစ်ပြုရန်နှင့် မကောင်းမှုကျူးလွန်ရန်မှာ လက်မခံနိုင်ဖွယ် ဖြစ်ပြီး၊ လုပ်ရပ်အားလုံးက အကျိုးဆက်များ ရှိသည်ကို ဤရိုးရှင်းသည့် နမူနာက အယောက်တိုင်းကို ပြောပြပေသည်။ အခြားသူတစ်ဦးအား ငွေလိမ်လည်ခဲ့သူ တစ်စုံတစ်ဦးသည် အပြစ်ပေးခံရသောအခါ၊ ထိုသို့သော အပြစ်ဒဏ်သည် မျှတ၏။ ဤကဲ့သို့သော အများအားဖြင့် တွေ့ကြရသည့် အပြုအမူသည် ဝိညာဉ်လောကတွင် အပြစ်ပေးခံရပြီး ထိုသို့သော အပြစ်ဒဏ်ကို ဘုရားသခင်၏ အမိန့်များနှင့် ကောင်းကင်ဘုံနှင့်သက်ဆိုင်သော အမိန့်ပြန်တမ်းများအားဖြင့် ချမှတ်ပေသည်။ ထို့ကြောင့် ဆိုးဆိုးရွားရွား အပြစ်ရှိပြီး ဆိုးယုတ်သော အပြုအမူသည်- မုဒိမ်းကျင့်ခြင်းနှင့် တိုက်ခိုက်လုယူခြင်း၊ လိမ်လည်ခြင်းနှင့် လှည့်ဖြားခြင်း၊ ခိုးမှုနှင့် လုယက်မှု၊ လူသတ်မှုနှင့် မီးရှို့မှု စသည်ဖြင့်သည်- ပြင်းထန်မှုကွဲပြားသည့် အပြစ်ဒဏ်အမျိုးမျိုးကို သာ၍ပင် ခံရသည်။ ပြင်းထန်မှုကွဲပြားသည့် ဤအပြစ်ဒဏ်များတွင် မည်သည့်အရာ ပါဝင်သနည်း။ ယင်းတို့ထဲမှ အချို့သည် အချိန်ကို

အသုံးပြုခြင်းဖြင့် ပြင်းထန်မှုအဆင့်ကို သတ်မှတ်သည်၊ အချို့မှာမူ ကွဲပြားသော နည်းပညာများမှတစ်ဆင့် ထိုသို့ လုပ်ဆောင်လေသည်။ အခြားသူများသည် လူတို့ ပြန်ဝင်စားသည့်အခါ၊ ၎င်းတို့ မည်သည့်နေရာ သွားကြသည်ကို သတ်မှတ်ခြင်းအားဖြင့် ထိုသို့ လုပ်ဆောင်ဆဲဖြစ်၏။ ဥပမာအားဖြင့် အချို့လူများသည် အယုတ္တ အနတ္တထွက်သည်။ "အယုတ္တ အနတ္တထွက်သည်" ဆိုသည်မှာ မည်သည့်အရာကို ရည်ညွှန်းသနည်း။ ယင်းသည် အခြားသူများအား မကြာခဏ ဆဲဆိုခြင်းနှင့် အခြားသူများကို ဆဲဆိုသည့် မလိုမုန်းထားသော စကားကို မကြာခဏ အသုံးပြုခြင်းတို့ကို ဆိုလိုသည်။ မလိုမုန်းထားသော စကားက မည်သည့်အရာကို ညွှန်ပြသနည်း။ ယင်းက လူသည် ဆိုးယုတ်သော နှလုံးသား ရှိသည်ကို ညွှန်ပြပေသည်။ အခြားသူတို့အား ဆဲဆိုသော ရိုင်းစိုင်းသည့် စကားသည် ထိုသို့သောလူတို့၏ ပါးစပ်များမှ လာလေ့ရှိကာ၊ ထိုသို့သော မလိုမုန်းထားသည့် စကားက ပြင်းထန်သည့် အကျိုးဆက်များ ဆောင်ကြဉ်း၏။ ဤလူများသေဆုံးကာ သင့်တော်သည့် အပြစ်ဒဏ်ရရှိပြီးနောက်၊ ၎င်းတို့သည် ဆွံ့အသူများအဖြစ် ပြန်လည်မွေးဖွားကောင်း မွေးဖွားနိုင်သည်။ အချို့သောလူများသည် ၎င်းတို့အသက်ရှင်စဉ်တွင် လွန်စွာ အပိုင်ကြံတတ်သည်။ ၎င်းတို့သည် အခြားသူများအပေါ် မကြာခဏ အခွင့်အရေးယူကြသည်။ ၎င်းတို့၏ သေးငယ်သည့် လျှို့ဝှက်ကြံစည်မှုများသည် အထူးသဖြင့် ကောင်းမွန်စွာ စီစဉ်ထားကြကာ လူတို့ကို များစွာ ထိခိုက်နစ်နာစေကြသည်။ ၎င်းတို့ ပြန်လည်မွေးဖွားသည့်အခါ၊ ကျပ်မပြည့်သူများ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဒုက္ခိတဖြစ်သော လူများအဖြစ် ဖြစ်နိုင်သည်။ အချို့သော လူများသည် အခြားသူများ၏ ကိုယ်ရေးကိုယ်တာကိစ္စကို မကြာခဏ ချောင်းကြည့်လေ့ရှိသည်။ ၎င်းတို့၏မျက်လုံးများသည် ၎င်းတို့ သိခွင့်မရှိသည့် အရာများစွာကို မြင်ကြပြီး ၎င်းတို့ မသိသင့်သည့် အရာများစွာကို သိကြ၏။ အကျိုးဆက်အနေဖြင့် ၎င်းတို့ ပြန်လည်မွေးဖွားသည့်အခါ၊ ၎င်းတို့ မျက်စိကန်းကောင်း ကန်းနိုင်သည်။ လူအချို့သည် ၎င်းတို့ အသက်ရှင်စဉ်တွင် လွန်စွာ လျင်မြန်ထက်မြက်၏။ ၎င်းတို့သည် မကြာခဏ ခိုက်ရန်ဖြစ်ပွားလေ့ရှိကာ မကောင်းမှုများစွာ လုပ်ကြ၏။ ဤအရာကြောင့်၊ ၎င်းတို့သည် ဒုက္ခိတ၊ ခြေကျိုးနေသူအဖြစ် သို့မဟုတ် လက်တစ်ဘက်မရှိဘဲလျက် ပြန်မွေးဖွားနိုင်သည်။ သို့မဟုတ်ပါက ၎င်းတို့သည် ကျောဘုနှင့်လူများ သို့မဟုတ် လည်ပင်းရွဲ့သူများအဖြစ် ပြန်မွေးဖွားနိုင်သည် သို့မဟုတ် ခြေထော့ကျိုးဖြင့် လမ်းလျှောက်နိုင်၏၊ ခြေတစ်ဘက်မှာ အခြားတစ်ဘက်ထက် သာ၍တိုခြင်း စသည်တို့ဖြစ်နိုင်၏။ ဤအရာတို့တွင် ၎င်းတို့သည် အသက်ရှင်စဉ် ၎င်းတို့ကျူးလွန်ခဲ့သည့် မကောင်းမှုအဆင့်များအပေါ် အခြေခံ၍ အမျိုးမျိုးသော အပြစ်ဒဏ်များ ခံကြရပြီး ဖြစ်သည်။

လူအချို့သည် အဘယ်ကြောင့် မျက်လုံးများစွေကြသည်ဟု သင်တို့ ထင်သနည်း။ ထိုသို့သောလူများစွာ ရှိသလော။ ဤခေတ်တွင် မနည်းပေ။ အချို့သောလူများသည် ၎င်းတို့၏အတိတ်ဘဝများတွင် ၎င်းတို့၏ မျက်လုံးများကို လွန်စွာအသုံးပြုခဲ့ပြီး မကောင်းသည့် အရာများစွာ လုပ်ဆောင်ခဲ့သောကြောင့် မျက်လုံးစွေရခြင်းဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့သည် စွေသော မျက်လုံးများဖြင့် ဤဘဝတွင် မွေးဖွားခဲ့ကြခြင်းဖြစ်ပြီး၊ ဆိုးရွားသော ကိစ္စများတွင်၊ ၎င်းတို့သည် မျက်စိကန်းလျက်ပင် မွေးဖွားကြရ၏။ ဤသည်မှာ ဒဏ်ခတ်ခံရခြင်းဖြစ်၏။ လူအချို့သည် ၎င်းတို့မသေဆုံးမီ အခြားသူများနှင့် အဆင်ပြေကြသည်။ ၎င်းတို့၏ ဆွေမျိုးများ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သို့မဟုတ် ၎င်းတို့နှင့် ဆက်စပ်သောလူများအတွက် ကောင်းသောအရာများစွာ ၎င်းတို့ လုပ်ဆောင်ကြသည်။ ၎င်းတို့သည် မရှိဆင်းရဲသားများအား ပေးကမ်းစွန့်ကြဲပြီး၊ အခြားသူများကို စောင့်ရှောက်ကြသည်၊ သို့မဟုတ် ငွေကြေးအရ ကူညီကြပြီး၊ လူတို့က ၎င်းတို့အား လွန်စွာ အထင်ကြီးကြလေသည်။ ထိုသို့သောလူများသည် ဝိညာဉ်လောကသို့ ပြန်သွားသည့်အခါ၊ အပြစ်ပေးခြင်း မခံရပေ။ မယုံကြည်သူ တစ်ဦးအတွက် မည်သည့်နည်းဖြင့်မဆို အပြစ်ပေးမခံရခြင်းမှာ ၎င်းတို့သည် အလွန်ကောင်းမြတ်သော လူတစ်ဦး ဖြစ်ခဲ့သည်ဟု ဆိုလို၏။ ဘုရားသခင်၏ တည်ရှိခြင်းကို ယုံကြည်မည့်အစား ၎င်းတို့သည် ကောင်းကင်ရှိ အဖိုးအိုကိုသာ ယုံကြည်ကြ၏။ ထိုသို့သော လူတစ်ဦးသည် ၎င်းတို့လုပ်ဆောင်သမျှတိုင်းကို စောင့်ကြည့်လျက် ၎င်းတို့၏အထက်တွင် ဝိညာဉ်တစ်ပါးရှိသည်ဟု ယုံကြည်၏- ယင်းမှာ ဤလူ ယုံကြည်သမျှ ဖြစ်သည်။ ရလဒ်မှာ ဤလူသည် များစွာ သာ၍ လိမ္မာခြင်းဖြစ်၏။ ထိုသို့သော လူများသည် ကြင်နာသောစိတ်နှလုံးရှိပြီး စေတနာရှိကြသကဲ့သို့ နောက်ဆုံးတွင် ဝိညာဉ်လောကသို့ ၎င်းတို့ ပြန်သွားသည့်အခါ၊ ဝိညာဉ်လောကသည် ၎င်းတို့အား အလွန်ကောင်းမွန်စွာ ဆက်ဆံလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့ မကြာမီ ပြန်ဝင်စားကြလိမ့်မည်။ ၎င်းတို့ ပြန်လည်မွေးဖွားကြသောအခါ၊ မည်သည့် မိသားစုမျိုးများတွင် ၎င်းတို့ ရောက်ရှိကြလိမ့်မည်နည်း။ ထိုသို့သော မိသားစုများသည် ချမ်းသာကြွယ်ဝခြင်း မရှိသော်လည်း၊ ၎င်းတို့၏ မိသားစုဝင်များ အလယ်တွင် စိတ်သဘောထား ညီညွတ်ခြင်းရှိလျက်၊ မည်သည့် အန္တရာယ်မဆိုမှ ကင်းလွတ်လိမ့်မည်။ ထိုနေရာတွင် ဤပြန်ဝင်စားသော လူများသည် ဘေးကင်း၊ ပျော်ရွှင်ဖွယ်ရာ နေ့ရက်များကို ဖြတ်သန်းကြလိမ့်မည်ဖြစ်ပြီး၊ အယောက်တိုင်းသည် ဝမ်းမြောက်ကာ ကောင်းမွန်သော ဘဝများကို အသက်ရှင်ကြလိမ့်မည်။ ဤလူများ အရွယ်ရောက်သောအခါတွင်၊ ကြီးမားသည့်၊ ဆွေကြီးမျိုးကြီးမိသားစုများ ရှိကြလိမ့်မည်၊ ၎င်းတို့၏ သားသမီးများသည် ပါရမီ

ရှိကြလိမ့်မည်ဖြစ်ပြီး၊ အောင်မြင်မှုကို ပျော်မွေ့ကြရလိမ့်မည်ဖြစ်ကာ၊ ၎င်းတို့၏မိသားစုများသည် ကောင်းမွန်သော အခွင့်အလမ်းကို မွေ့လျော်ခံစားရလိမ့်မည်- ထိုသို့သောရလဒ်တစ်ခုသည် ဤလူတို့၏ အတိတ် ဘဝများနှင့် ကြီးမားစွာ ဆက်စပ်ပေသည်။ ဆိုလိုသည်မှာ လူတို့ သေဆုံးပြီးနောက် ၎င်းတို့ သွားကြပြီး ပြန်ဝင်စားကြသည့်နေရာ၊ ၎င်းတို့ အမျိုးသားဖြစ်စေ အမျိုးသမီးဖြစ်စေ၊ ၎င်း၏ဘဝပေးတာဝန်များက မည်သည့်အရာများဖြစ်သည်၊ ဘဝတွင် မည်သည့်အရာကို ၎င်းတို့ ဖြတ်သန်းရမည်၊ မည်သည့် ဆုတ်ဆိုင်းမှုများကို ၎င်းတို့ ကြံ့ကြံ့ခံရမည်၊ မည်သည့် ကောင်းချီးမင်္ဂလာများကို ၎င်းတို့ မွေ့လျော်ခံစားရမည်၊ မည်သူတို့ကို ၎င်းတို့ ဆုံတွေ့ပြီး ၎င်းတို့ထံ မည်သည့်အရာများဖြစ်ပျက်လိမ့်မည်- ဤအရာကို မည်သူမျှ ကြိုတင်မခန့်မှန်းနိုင်၊ မရှောင်ရှားနိုင်ပေ၊ သို့မဟုတ် ယင်းတို့မှ ပုန်းကွယ်၍မရနိုင်ပေ။ ဆိုလိုသည်မှာ သင့်ဘဝ သတ်မှတ်ခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ သင့်ထံ မည်သည့်အရာ ဖြစ်ပျက်သည်ဖြစ်စေ- ယင်းကို ရှောင်ရှားဖို့ သင် မည်သို့မည်ပုံနှင့် မည်သည့် နည်းလမ်းဖြင့်မဆို ကြိုးစားပါစေ- ဝိညာဉ်လောကၡ ဘုရားသခင်က သင့်အတွက် စီစဉ်ထားသည့် ဘဝလမ်းကြောင်းကို သင် ချိုးဖောက်၍ မရနိုင်ပေ။ အကြောင်းမှာ သင်သည် ပြန်ဝင်စားသည့်အခါ၊ သင့်ဘဝ၏ကံကြမ္မာကို သတ်မှတ်ထားနှင့်ပြီး ဖြစ်သောကြောင့် ဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ အယောက်တိုင်းသည် ဤအရာကို ရင်ဆိုင်သင့်ပြီး ရှေ့ဆက် သွားသင့်သည်။ ဤသည်မှာ ဤလောကတွင် အသက်ရှင်သောသူ မည်သူမျှ မရှောင်ရှားနိုင်သည့် ကိစ္စတစ်ရပ်ဖြစ်ပြီး၊ မည်သည့်ကိစ္စမျှ သာ၍ မစစ်မှန်ပေ။ သင်တို့အားလုံးသည် ငါ ပြောနေခဲ့သည့် အရာရာတိုင်းကို နားလည်ပြီးဖြစ်သည်၊ ဟုတ်ပါသလော။

ဤအရာများကို နားလည်ပြီးနောက်၊ ဘုရားသခင်သည် မယုံကြည်သူများ၏ ရှင်ခြင်းနှင့်သေခြင်း သံသရာအတွက် အလွန် အမှားမခံသကဲ့သို့၊ တင်းကျပ်သော စစ်ဆေးမှုများနှင့် စီမံအုပ်ချုပ်မှု ရှိသည်ကို သင်တို့ ယခု မြင်ကြပြီလော။ ပထမအနေဖြင့်၊ သူသည် ဝိညာဉ်လောကတွင် ကောင်းကင်ဘုံနှင့်သက်ဆိုင်သော အမိန့်ပြန်တမ်းများ၊ အမိန့်များနှင့် စနစ်များ အမျိုးမျိုးကို ထူထောင်ပြီးဖြစ်ကာ၊ ဤအရာများကို ကြေငြာပြီးသည်နှင့် တစ်ပြိုင်နက်၊ ယင်းတို့ကို ဘုရားသခင် သတ်မှတ်ထားသည့်အတိုင်း ဝိညာဉ်လောကရှိ တရားဝင် ရာထူးအမျိုးမျိုးတွင် ရှိသော သတ္တဝါများက အလွန်တင်းကျပ်စွာ ဆောင်ရွက်ကြပြီး၊ ယင်းတို့ကို မည်သူကမျှ မချိုးဖောက်ဝံ့ကြပေ။ ထို့ကြောင့် လူ့လောကရှိ လူသားမျိုးနွယ်၏ ရှင်ခြင်းနှင့်သေခြင်း သံသရာ၌၊ တစ်စုံတစ်ဦးသည်

တိရစ္ဆာန်တစ်ကောင်အဖြစ် ဝင်စားသည်ဖြစ်စေ၊ လူသားတစ်ဦးအဖြစ် ဝင်စားသည်ဖြစ်စေ၊ နှစ်ခုလုံးအတွက် ဥပဒေများရှိ၏။ ဤဥပဒေများသည် ဘုရားသခင်ထံမှ လာသောကြောင့်၊ မည်သူမျှ မချိုးဖောက်ဝံ့ကြသကဲ့သို့ မည်သူမျှ ချိုးဖောက်နိုင်ခြင်းလည်း မရှိပေ။ လူတို့ မြင်ရသည့် ရုပ်ဝတ္ထုလောကသည် ပုံမှန်ဖြစ်ကာ စနစ်တကျ ရှိသည်မှာ ဘုရားသခင်၏ ဤအချုပ်အခြာ အာဏာကြောင့်နှင့် ထိုသို့သော ဥပဒေများ တည်ရှိသောကြောင့်သာ ဖြစ်သည်။ လူသားများသည် ၎င်းတို့အဖို့ လုံးဝ မြင်၍မရနိုင်သည့် အခြားလောကနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ တည်ရှိနိုင်ပြီး ယင်းနှင့်အတူ သဟဇာတဖြစ်စွာ အသက်ရှင်နိုင်သည်မှာ ဘုရားသခင်၏ ဤအချုပ်အခြာ အာဏာကြောင့်သာ ဖြစ်သည်- ထိုအရာအားလုံးကို ဘုရားသခင်၏ အချုပ်အခြာအာဏာမှ ခွဲခြား၍မရနိုင်ပေ။ လူတစ်ဦး၏ သွေးသားဘဝ သေဆုံးပြီးနောက်၊ ဝိညာဉ်သည် အသက်ရှိဆဲဖြစ်ပြီး၊ ထို့ကြောင့် ယင်းသည် ဘုရားသခင်၏ စီမံအုပ်ချုပ်မှုအောက်တွင် မရှိပါက၊ မည်သည့်အရာ ဖြစ်မည်နည်း။ ထိုဝိညာဉ်သည် နေရာတိုင်းကို ကျူးကျော် ဝင်ရောက်ရင်း၊ နေရာအနှံ့ သွားလာမည်ဖြစ်ကာ၊ လူ့လောကရှိ သက်ရှိအရာများကိုပင် အန္တရာယ်ပေးလိမ့်မည်။ ထိုသို့သော အန္တရာယ်သည် လူသားမျိုးနွယ်အပေါ်တွင်သာမက၊ အပင်များနှင့် တိရစ္ဆာန်များအပေါ်လည်း အန္တရာယ်ပြုနိုင်ပေမည်- သို့သော် ပထမဆုံး အန္တရာယ်ပြုခံရမည်မှာ လူတို့ ဖြစ်ပေမည်။ ဤသည်သာ ဖြစ်ခဲ့ပါက- ထိုသို့သော ဝိညာဉ်တစ်ခုသည် စီမံအုပ်ချုပ်မှု မရှိဘဲ၊ လူတို့ကို အစစ်အမှန် အန္တရာယ်ပြုကာ ဆိုးညစ်သည့် အရာများကို အမှန်တကယ် လုပ်ဆောင်ခဲ့ပါက- ဝိညာဉ်လောကတွင်လည်း ဤဝိညာဉ်သည် သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ခြင်းခံရလိမ့်မည်။ အမှုအရာများသည် ဆိုးရွားခဲ့ပါက၊ ထိုဝိညာဉ်သည် မကြာခင် တည်ရှိတော့မည် မဟုတ်သကဲ့သို့၊ ဖျက်ဆီးခြင်းခံရပေမည်။ ဖြစ်နိုင်ပါက၊ ယင်းကို တစ်နေရာရာတွင် ထားရှိမည်ဖြစ်ပြီး၊ ထို့နောက် ပြန်ဝင်စားစေလိမ့်မည်။ ဆိုလိုသည်မှာ ဝိညာဉ်အမျိုးမျိုးနှင့်ဆိုင်သည့် ဝိညာဉ်လောက၏ စီမံအုပ်ချုပ်မှုကို အဆင့်များနှင့် စည်းမျဉ်းများနှင့်အညီ ညွှန်ကြားကာ ဆောင်ရွက်ပေသည်။ လူသား၏ ရုပ်ဝတ္ထုလောကသည် ပရမ်းပတာ ဖြစ်ခြင်းထဲသို့ မကျရောက်သည်မှာ၊ ရုပ်ဝတ္ထုလောက၏ လူသားများသည် ပုံမှန်စိတ်နေစိတ်ထား၊ ပုံမှန် ဆင်ခြင်တုံတရားနှင့် စနစ်တကျရှိသော သွေးသားဘဝကို ပိုင်ဆိုင်သည်မှာ ထိုသို့သော စီမံအုပ်ချုပ်မှုကြောင့်သာ ဖြစ်သည်။ လူသားမျိုးနွယ်သည် ထိုသို့သော သာမန်ဘဝတစ်ခု ရှိသည့်နောက်တွင်သာ ဇာတိပကတိ၌ အသက်ရှင်သူတို့သည် ဆက်လက် ရှင်သန်နိုင်လိမ့်မည်ဖြစ်ပြီး၊ မျိုးဆက်များတစ်လျှောက် မျိုးပွားနိုင်လိမ့်မည် ဖြစ်သည်။

ခုတင်ကြားရပြီးဖြစ်သည့် နှုတ်ကပတ်တော်များနှင့်သက်ဆိုင်၍ မည်သည့်အရာကို သင်တွေးထင်သနည်း။ ယင်းတို့သည် သင့်အဖို့ အသစ်အဆန်း ဖြစ်သလော။ ယနေ့၏ မိတ်သဟာယ အကြောင်းအရာများက သင်တို့အား မည်သည့် ထင်မြင်ချက်များ ရှိသွားစေသနည်း။ ယင်းတို့၏ ထူးခြားဆန်းသစ်မှုမှလွဲ၍ အခြားတစ်ခုတစ်လေကို သင်ခံစားရသလော။ (လူတို့သည် လိမ္မာသင့်ကြပြီး၊ ဘုရားသခင်သည် ကြီးမြတ်ကာ ရိုသေလေးမြတ် ခံရသင့်သည်ကို ကျွန်ုပ်တို့ မြင်ရသည်။) (လူအမျိုးအစား အမျိုးမျိုး၏ အဆုံးသတ်များကို ဘုရားသခင် ကိုင်တွယ်ပုံနှင့်ပတ်သက်သည့် ဘုရားသခင်၏ ဆွေးနွေးမှုကို ယခုတင် ကြားပြီးနောက်၊ တစ်ဖက်တွင် ဘုရားသခင်၏စိတ်သဘောထားသည် မည်သည့် ပုန်ကန်ပြစ်မှားမှုကိုမျှ ခွင့်မပြုသကဲ့သို့ သူ့ကို ကျွန်ုပ် ရိုသေလေးမြတ်သင့်သည်ကို ကျွန်ုပ်ခံစားရ၏။ အခြားတစ်ဖက်တွင် မည်သည့်လူစားမျိုးကို ဘုရားသခင် နှစ်သက်ပြီး မည်သည့် လူစားမျိုးကို သူမနှစ်သက်သည်ကို ကျွန်ုပ်သိ၏၊ ထို့ကြောင့် ကျွန်ုပ်သည် ဘုရားသခင် နှစ်သက်သည့်သူများထဲမှ တစ်ဦး ဖြစ်လိုပါ၏။) ဤနယ်ပယ်တွင် ဘုရားသခင်သည် သူ၏ လုပ်ရပ်များ၌ မူအရ လုပ်ဆောင်သည်ကို သင်တို့ မြင်သလော။ သူ ဆောင်ရွက်သည့် အခြေခံသဘောတရားများမှာ အဘယ်နည်း။ (သူသည် လူတို့၏ အဆုံးသတ်များကို ၎င်းတို့ လုပ်ဆောင်သည့် အရာအားလုံးအရ သတ်မှတ်ပါသည်။) ဤသည်မှာ ငါတို့ ခုတင်ပြောခဲ့သည့် မယုံကြည်သူများ၏ အဆုံးသတ် အမျိုးမျိုးအကြောင်း ဖြစ်၏။ မယုံကြည်သူများနှင့် ပတ်သက်သည့်အခါ၊ ဘုရားသခင်၏ လုပ်ရပ်များ နောက်ကွယ်ရှိ အခြေခံသဘောတရားသည် ကောင်းသူများကို ဆုချခြင်းနှင့် ဆိုးညစ်သူများကို အပြစ်ပေးခြင်း တစ်ခုလော။ ခြွင်းချက်များ တစ်ခုတစ်လေ ရှိသလော။ (မရှိပါ။) ဘုရားသခင်၏လုပ်ရပ်များ နောက်ကွယ်တွင် အခြေခံသဘောတရား တစ်ရပ်ရှိသည်ကို သင်တို့မြင်သလော။ မယုံကြည်သူများသည် ဘုရားသခင်ကို အမှန်တကယ် မယုံကြည်ကြသကဲ့သို့၊ ၎င်းတို့သည် သူ၏ စီစဉ်ညွှန်ကြားမှုများကို ကျိုးနွံနာခံခြင်း မရှိပေ။ ထို့အပြင် ၎င်းတို့သည် သူ့ကို အသိအမှတ်ပြုရန် မဆိုထားနှင့်၊ သူ၏ အချုပ်အခြာအာဏာကိုပင် မသိပေ။ ပို၍ ဆိုးရွားသည်မှာ၊ ၎င်းတို့သည် ဘုရားသခင်ကို မထီမဲ့မြင်ပြုကာ သူ့ကို ကျိန်ဆဲကြပြီး၊ ဘုရားသခင်ကို ယုံကြည်သူများ အပေါ် ရန်လိုကြ၏။ ဘုရားသခင်အပေါ် ၎င်းတို့၏ ဤသဘောထား ရှိသော်လည်း၊ ၎င်းတို့နှင့်ဆိုင်သည့် ဘုရားသခင်၏ စီမံအုပ်ချုပ်မှုမှာ သူ၏အခြေခံသဘောတရားများမှ သွေဖည်ခြင်း မရှိဆဲဖြစ်၏။ သူသည် ၎င်းတို့အား သူ၏ အခြေခံသဘောတရားများနှင့် သူ၏စိတ်သဘောထားနှင့်အညီ စနစ်တကျပုံစံဖြင့် စီမံအုပ်ချုပ်၏။ ဘုရားသခင်သည် ၎င်းတို့၏ ရန်လိုမှုကို မည်သို့ သဘောထားသနည်း။

မသိနားမလည်မှုအဖြစ် သဘောထားပေသည်။ အကျိုးဆက်အနေဖြင့် သူသည်- အလွန်များလှသော မယုံကြည်သူများ အများစုဖြစ်သည့်- ဤလူတို့ကို အတိတ်တွင် တိရစ္ဆာန်များအဖြစ် ပြန်ဝင်စားစေပြီး ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏အမြင်တွင်၊ မယုံကြည်သူများသည် အတိအကျ မည်သည့်အရာများ ဖြစ်သနည်း။ ၎င်းတို့အားလုံးသည် သားရဲများ ဖြစ်ကြ၏။ ဘုရားသခင်သည် သားရဲများအပြင် လူသားမျိုးနွယ်ကို စီမံအုပ်ချုပ်ပြီး၊ သူသည် ထိုသို့သော လူတို့အတွက် တူညီသော အခြေခံသဘောတရားများ ရှိ၏။ ဤလူများနှင့်သက်ဆိုင်သည့် သူ၏ စီမံအုပ်ချုပ်မှုတွင်ပင်၊ အရာခပ်သိမ်းအပေါ် သူ၏အုပ်စိုးမှုနောက်ကွယ်က သူ၏ ဥပဒေများကဲ့သို့ သူ၏စိတ်သဘောထားကို မြင်၍ရနိုင်ဆဲဖြစ်သည်။ ထို့ကြောင့် ငါခုတင် ဖော်ပြခဲ့သည့် မယုံကြည်သူများကို သူ စီမံအုပ်ချုပ်သည့် အခြေခံသဘောတရားများတွင် သင်တို့သည် ဘုရားသခင်၏ အချုပ်အခြာအာဏာကို တွေ့မြင်ကြသလော။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားကို သင်တို့ မြင်သလော။ (ကျွန်ုပ်တို့ မြင်ပါသည်။) တစ်နည်းအားဖြင့် အရာအားလုံးထဲမှ မည်သည့်အရာကို သူ ကိုင်တွယ်ဖြေရှင်းသည် ဖြစ်စေ၊ ဘုရားသခင်သည် သူ၏ကိုယ်ပိုင် အခြေခံ သဘောတရားများ နှင့် စိတ်သဘောထားနှင့်အညီ ဆောင်ရွက်လေသည်။ ဤသည်မှာ ဘုရားသခင်၏ အနှစ်သာရဖြစ်၏။ သူသည် ထိုသို့သော လူများကို သားရဲများအဖြစ် ယူဆသောကြောင့်သာ၊ သူ ချမှတ်ထားပြီးဖြစ်သည့် အမိန့်များ သို့မဟုတ် ကောင်းကင်ဘုံနှင့်သက်ဆိုင်သော အမိန့်ပြန်တမ်းများကို မည်သည့်အခါတွင်မျှ သာမန်ကာလျှံကာ ချိုးဖောက်မည် မဟုတ်ပေ။ ဘုရားသခင်သည် စိုးစဉ်းမျှ မဆင်မခြင်မပြုဘဲ၊ အခြေခံ သဘောတရားများနှင့်အညီ ဆောင်ရွက်ပြီး၊ သူ၏ လုပ်ရပ်များသည် မည်သည့် အကြောင်းရင်းမျှ၏ သက်ရောက်မှု လုံးဝ မခံရပေ။ သူ လုပ်ဆောင်သည့်အရာတိုင်းသည် သူ၏ကိုယ်ပိုင် အခြေခံသဘောတရားများကို လိုက်နာ၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ဘုရားသခင်ကိုယ်တိုင်၏ အနှစ်သာရကို ပိုင်ဆိုင်သောကြောင့် ဖြစ်သည်။ ဤသည်မှာ မည်သည့် အဖန်ဆင်းခံသတ္တဝါကမျှ မပိုင်ဆိုင်သော သူ၏ အနှစ်သာရ၏ လက္ခဏာသွင်ပြင် တစ်ရပ်ဖြစ်သည်။ ဘုရားသခင်သည် သူဖန်ဆင်းခဲ့သည့်အရာ အားလုံးထဲက အရာဝတ္ထုတိုင်း၊ လူတိုင်းနှင့် သက်ရှိတိုင်းကို ကိုင်တွယ်ရာတွင်၊ ချဉ်းကပ်ရာတွင်၊ စီမံခန့်ခွဲရာတွင်၊ စီမံအုပ်ချုပ်ပြီး အုပ်စိုးရာတို့တွင် တာဝန်ကျေပွန်ကာ တာဝန်သိပြီး ဤတွင် သူသည် မည်သည့်အခါကမျှ သတိမမူခြင်း မရှိဖူးပေ။ ကောင်းသော သူများအဖို့ သူသည် ယဉ်ကျေးသိမ်မွေ့ပြီး ကြင်နာ၏။ ဆိုးညစ်သောသူများအပေါ်၊ သူသည် အကြင်နာကင်းသော အပြစ်ဒဏ်သင့်စေပြီး၊ သက်ရှိသတ္တဝါ အမျိုးမျိုးအတွက် သူသည် ကွဲပြားသောအချိန်များတွင်

လူ့လောက၏ ခြားနားသော သတ်မှတ်ချက်များအတိုင်း အချိန်ကိုက်ပြီး ပုံမှန်ဖြစ်သော နည်းဟန်တစ်ခုဖြင့် သင့်တော်သော အစီအစဉ်များ သူ ပြုလုပ်သည်မှာ၊ ဤသက်ရှိသတ္တဝါ အမျိုးမျိုးသည် စနစ်ကျသော ပုံစံဖြင့် ၎င်းတို့ပါဝင်သည့် အခန်းကဏ္ဍများအတိုင်း ပြန်ဝင်စားကြပြီး၊ ရုပ်ဝတ္ထုလောကနှင့် ဝိညာဉ်လောကအကြားတွင် စနစ်ကျသော နည်းလမ်းတစ်ခုဖြင့် ရွေ့လျားကြလေသည်။

သက်ရှိသတ္တဝါတစ်ခု၏ သေဆုံးခြင်းသည်- ရုပ်ခန္ဓာအသက် အဆုံးသတ်ခြင်းသည်- ထိုသက်ရှိသတ္တဝါသည် ရုပ်ဝတ္ထုလောကမှ ဝိညာဉ်လောကထဲသို့ ကူးပြောင်းပြီးဖြစ်သည်ကို ညွှန်ပြသည်၊ အသစ်သော ရုပ်ခန္ဓာအသက်၏ မွေးဖွားခြင်းမှာမူ သက်ရှိသတ္တဝါ တစ်ခုသည် ဝိညာဉ်လောကမှ ရုပ်ဝတ္ထုလောကသို့ ရောက်လာပြီးဖြစ်ကာ ၎င်း၏အခန်းကဏ္ဍကို စတင်တာဝန်ယူကာ ဆောင်ရွက်သည်ကို ညွှန်ပြပေသည်။ ယင်းသည် သတ္တဝါတစ်ခု၏ ထွက်ခွာခြင်းဖြစ်စေ ရောက်ရှိခြင်းဖြစ်စေ၊ နှစ်ခုလုံးသည် ဝိညာဉ်လောက၏အလုပ်မှ ခွဲခြား၍မရပေ။ တစ်စုံတစ်ဦးသည် ရုပ်ဝတ္ထုလောကထဲသို့ ရောက်လာသည့်အချိန်တွင်၊ မည်သည့် မိသားစုသို့ ထိုလူ သွားမည်၊ ၎င်းတို့ဆိုက်ရောက်မည့် ခေတ်၊ ၎င်းတို့ဆိုက်ရောက်မည့်အချိန်နှင့် ၎င်းတို့ဆောင်ရွက်မည့် အခန်းကဏ္ဍအဖို့၊ ဝိညာဉ်လောကတွင် ဘုရားသခင်က သင့်တော်သည့် အစီအမံများနှင့် ချမှတ်ချက်များ ဖော်ဆောင်ထား နှင့်ပြီး ဖြစ်သည်။ ထို့သို့ဖြင့် ဤလူ၏အသက်တာတစ်ခုလုံး- ၎င်းတို့ လုပ်ဆောင်သည့်အရာများနှင့် ၎င်းတို့ လျှောက်လှမ်းသည့် လမ်းကြောင်းများသည်- သွေဖည်မှု စိုးစဉ်းမျှမရှိဘဲ ဝိညာဉ်လောကတွင် ပြဋ္ဌာန်းထားသည့် အစီအစဉ်များအတိုင်း ရှေ့ဆက်လိမ့်မည်။ ထို့အပြင် ရုပ်ခန္ဓာအသက် အဆုံးသတ်သည့်အချိန်နှင့် ယင်းအဆုံးသတ်သည့် ပုံစံနှင့် နေရာတို့သည် ဝိညာဉ်လောကအဖို့ ရှင်းလင်းသိသာကာ ထိုးထွင်းသိမြင်နိုင်ပေသည်။ ဘုရားသခင်သည် ရုပ်ဝတ္ထုလောကကို အုပ်စိုးပြီး၊ ဝိညာဉ်လောကကိုလည်း အုပ်စိုးကာ၊ သူသည် ဝိညာဉ်တစ်ပါး၏ ပုံမှန် ရှင်ခြင်းနှင့်သေခြင်း သံသရာကို နှောင့်နှေးစေမည် မဟုတ်သကဲ့သို့၊ ထိုသံသရာနှင့်ဆိုင်သည့် အစီအစဉ်များတွင် မည်သည့် အမှားများမျှ ကျူးလွန်နိုင်မည် မဟုတ်ပေ။ ဝိညာဉ်လောက၏ တရားဝင်ရာထူးများ၌ ရှိသည့် အစောင့်အသီးသီးသည် ဘုရားသခင်၏ ညွှန်ကြားချက်များ၊ စည်းမျဉ်းများနှင့်အညီ ၎င်းတို့၏ တာဝန်တစ်ခုချင်းစီကို ထမ်းဆောင်ကာ ၎င်းတို့ လုပ်သင့်သော အရာများကို လုပ်ကြပေမည်။ ထို့ကြောင့် လူသားမျိုးနွယ်၏လောကတွင်၊ လူသားက ရှုမြင်ရသည့် ရုပ်ဝတ္ထု ဖြစ်စဉ်တိုင်းသည် စနစ်တကျရှိပြီး၊ ပရမ်းပတာများ မပါရှိပေ။ ဤအရာအားလုံးမှာ ဘုရားသခင်၏ အရာခပ်သိမ်းအပေါ် စနစ်တကျ အုပ်ချုပ်မှုကြောင့်အပြင်၊ သူ၏ ဩဇာအာဏာသည်

အရာခပ်သိမ်းအပေါ် အုပ်စိုးသည်ဆိုသည့် အချက်ကြောင့်လည်း ဖြစ်သည်။ သူ၏ အုပ်စိုးမှုတွင် လူသားများ နေထိုင်သည့် ရုပ်ဝတ္ထုလောက ပါဝင်သည့်အပြင်၊ လူသားမျိုးနွယ်၏ နောက်ကွယ်ရှိ မမြင်နိုင်သော ဝိညာဉ်လောကလည်း ပါဝင်၏။ ထို့ကြောင့် လူသားများသည် ကောင်းမွန်သောဘဝ ရှိလိုပြီး ကောင်းမွန်သော ပတ်ဝန်းကျင်များတွင် နေထိုင်ရန် မျှော်လင့်ပါက၊ မြင်၍ရနိုင်သည့် ရုပ်ဝတ္ထု လောကတစ်ခုလုံးဖြင့် ထောက်ပံ့ပေး ခံရခြင်းအပြင်၊ ၎င်းတို့ကို မည်သူမျှ မမြင်နိုင်သည့်၊ လူသားမျိုးနွယ်ကိုယ်စား သက်ရှိသတ္တဝါတိုင်းကို အုပ်ချုပ်ကာ စနစ်တကျရှိသည့် ဝိညာဉ်လောကဖြင့်လည်း ထောက်ပံ့ပေးရမည် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ ဖြစ်သည်ဟု ပြောပြီးသည့်နောက်၊ ငါတို့သည် "အရာခပ်သိမ်း" အပေါ် ငါတို့၏ အသိရှိခြင်းနှင့် နားလည်သဘောပေါက်ခြင်းတို့ကို တိုးပွားစေကြပြီး ဖြစ်သည် မဟုတ်လော။ (ဟုတ်ပါသည်။)

## ၂။ ယုံကြည်ခြင်းရှိသော လူအမျိုးမျိုး၏ ရှင်ခြင်းနှင့်သေခြင်းသံသရာ

မယုံကြည်သူများဟူသော ပထမအတန်းအစားရှိ လူတို့၏ ရှင်ခြင်းနှင့် သေခြင်းသံသရာကို ငါတို့ ခုတင် ဆွေးနွေးခဲ့ကြသည်။ ယခုတွင်၊ ယုံကြည်ခြင်းရှိသည့် လူအမျိုးမျိုးဟူသော ဒုတိယအတန်းအစားကို ဆွေးနွေးကြစို့။ "ယုံကြည်ခြင်းရှိသောလူအမျိုးမျိုး၏ ရှင်ခြင်းနှင့် သေခြင်းသံသရာ" သည် လွန်စွာအရေးကြီးသည့် အကြောင်းအရာ နောက်တစ်ခု ဖြစ်ကာ၊ ယင်းနှင့်သက်ဆိုင်၍ သင်တို့ နားလည်မှုအချို့ရှိရန် အလွန်လိုအပ်၏။ ပထမဦးစွာ၊ "ယုံကြည်ခြင်းရှိသောလူများ" တွင် ရှိသည့် "ယုံကြည်မှု" သည် မည်သည့်ယုံကြည်မှုများအား ရည်ညွှန်းသည်ကို ငါတို့ ပြောဆိုကြစို့- ယုဒဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဘရင်ဂျီဘာသာ၊ အစ္စလမ်ဘာသာနှင့် ဗုဒ္ဓဘာသာ တည်းဟူသော အဓိက ဘာသာငါးမျိုးကို ဖြစ်သည်။ မယုံကြည်သူများအပြင် ဤအဓိကဘာသာ ငါးမျိုးကို ယုံကြည်သောသူများသည် ကမ္ဘာ့လူဦးရေ၏ ကြီးမားသော အချိုးအစားတစ်ခုကို နေရာယူထားသည်။ ဤဘာသာ ငါးမျိုးအကြားတွင်၊ ၎င်းတို့၏ယုံကြည်ခြင်းမှ အသက်မွေးဝမ်းကျောင်းမှုတစ်ခု ပြုထားသောသူ အနည်းငယ်ရှိ၏၊ သို့သော် ဤဘာသာများသည် နောက်လိုက်များစွာ ရှိကြလေသည်။ ၎င်းတို့ သေဆုံးသောအခါ ကွဲပြားသည့်အရပ်တစ်ခုသို့ သွားကြလိမ့်မည်။ မည်သူနှင့် "ကွဲပြားသနည်း"။ ငါတို့ခုတင်ဆွေးနွေးနေကြသည့် မယုံကြည်သူများနှင့်- ယုံကြည်ခြင်းမရှိသူများနှင့်- ဖြစ်၏။ ၎င်းတို့သေဆုံးပြီးနောက်၊ ဤဘာသာငါးမျိုး၏ ယုံကြည်သူများသည် အခြားနေရာတစ်ခု၊ မယုံကြည်သူများမှ ကွဲပြားသည့် တစ်နေရာရာသို့ သွားကြ၏။ သို့သော် ယင်းမှာ ဖြစ်စဉ်တစ်ခုတည်း ဖြစ်နေဆဲဖြစ်သည်။ ဝိညာဉ်လောကသည် ထိုနည်းတူ ၎င်းတို့မသေဆုံးမီ

လုပ်ဆောင်ခဲ့သည့်အရာအားလုံးအပေါ် အခြေပြု၍ ၎င်းတို့ကို တရားစီရင်လိမ့်မည် ဖြစ်သည်၊ ထို့နောက်တွင် ၎င်းတို့သည် လျော်ညီစွာ ကိုင်တွယ်ဖြေရှင်းခံရကြလိမ့်မည်။ သို့ရာတွင် ဤလူများသည် အရေးယူခံရရန် ကွဲပြားသော နေရာတစ်ခုသို့ အဘယ်ကြောင့် အပို့ခံရပါသနည်း။ ဤအရာအတွက် အရေးကြီးသည့် အကြောင်းရင်းတစ်ရပ် ရှိ၏။ ယင်းမှာ အဘယ်နည်း။ ယင်းကို သင်တို့အား ဥပမာတစ်ခုဖြင့် ငါရှင်းပြမည်။ သို့ရာတွင် ငါမရှင်းပြမီတွင်၊ သင်တို့သည် "၎င်းတို့သည် ဘုရားသခင်၌ ယုံကြည်ခြင်း အနည်းငယ်သာရှိသောကြောင့် ဖြစ်နိုင်သည်။ ၎င်းတို့သည် အပြည့်အဝ မယုံကြည်သူများ မဟုတ်" ဟု မိမိဘာသာ စဉ်းစားကောင်း စဉ်းစားကြလိမ့်မည်။ သို့သော်၊ ဤသည်မှာ အကြောင်းရင်း မဟုတ်ပေ။ ၎င်းတို့သည် အခြားသူများထံမှ သီးခြားထားခံရသည့် အလွန်အရေးကြီးသော အကြောင်းရင်းတစ်ရပ် ရှိ၏။

ဥပမာအနေနှင့်၊ ဗုဒ္ဓဘာသာကို ကြည့်လော့။ သင်တို့ကို ငါအမှန်တရားတစ်ခု ပြောပြမည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ပထမဦးစွာ ဗုဒ္ဓဘာသာသို့ သက်ဝင်ပြောင်းလဲပြီးသူတစ်ဦးဖြစ်ပြီး၊ ဤသည်မှာ ၎င်းတို့၏ ယုံကြည်ခြင်း မည်သည့်အရာဖြစ်သည်ကို သိသော လူတစ်ဦး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသည် ၎င်းတို့၏ဆံပင်ကို ညှပ်ကာ ဘုန်းကြီးများ သို့မဟုတ် သီလရှင်များ ဖြစ်သွားသည့်အခါ၊ ယင်းမှာ ၎င်းတို့သည် လူ့လောက၏ ပွက်ပွက်ညံသံများကို ကျော်ခိုင်းစွန့်ခွာရင်း၊ မိမိတို့ကိုယ်ကိုယ် လောကီ ကမ္ဘာမှ ခွဲထွက်ပြီးဖြစ်သည်ဟု ဆိုလိုပေသည်။ နေ့စဉ်၊ ၎င်းတို့သည် သုတ်များကို ရွတ်ဖတ်ပြီး ဗုဒ္ဓ၏နာမတို့ကို သံပြိုင်ရွတ်ဆိုကြသည်၊ သက်သတ်လွတ် အစာကိုသာ စားကြသည်၊ တပသီဘဝများကို နေထိုင်အသက်ရှင်ကြပြီး ၎င်းတို့၏နေ့ရက်များကို ဆီမီးခွက်၏ အေးစက်၊ မှေးမှိန်သော အလင်းရောင်ကိုသာ အဖော်ပြုလျက် ဖြတ်သန်းကြ၏။ ၎င်းတို့သည် ၎င်းတို့၏ဘဝတစ်ခုလုံးကို ဤကဲ့သို့ ကုန်ဆုံးကြသည်။ ဗုဒ္ဓဘာသာဝင် တစ်ဦး၏ခန္ဓာအသက် ကုန်ဆုံးသောအခါ၊ ၎င်းတို့သည် ၎င်းတို့၏ဘဝ အကျဉ်းချုပ်တစ်ရပ် ပြုလုပ်၏။ သို့သော် ၎င်းတို့၏စိတ်နှလုံးများတွင် ၎င်းတို့ သေဆုံးပြီးနောက် မည်သည့်နေရာသို့ သွားမည်၊ မည်သူနှင့်တွေ့မည်၊ သို့မဟုတ် ၎င်းတို့၏ အဆုံးသတ် မည်သည့်အရာဖြစ်မည်ကို သိကြမည် မဟုတ်ပေ- စိတ်ထဲတွင်၊ ၎င်းတို့သည် ထိုသို့သော အရာများနှင့်သက်ဆိုင်၍ ရှင်းရှင်းလင်းလင်း သိကြမည်မဟုတ်ပေ။ ၎င်းတို့သည် ၎င်းတို့၏ ဘဝတစ်လျှောက်လုံး ယုံကြည်မှုတစ်ရပ်ကို ကျိုးကြောင်းမမြင်ဘဲ၊ ထိန်းသိမ်းထားခြင်းထက် ပို၍ မည်သည့်အရာမျှ လုပ်ဆောင်ပြီးကြလိမ့်မည် မဟုတ်၊ ယင်းနောက်တွင် ၎င်းတို့သည် ၎င်းတို့၏ ကျိုးကြောင်းမမြင်သော ဆန္ဒများ၊ စံများနှင့်အတူ လူ့လောကမှ ထွက်ခွာကြ၏။ ယင်းမှာ ၎င်းတို့ သက်ရှိလောကမှ ထွက်ခွာသည့်အခါ၊

ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ရုပ်ခန္ဓာဘဝ အဆုံးသတ်ခြင်းဖြစ်သည်။ ထို့နောက်တွင်၊ ၎င်းတို့သည် ဝိညာဉ်လောကရှိ ၎င်းတို့၏မူလနေရာသို့ ပြန်သွားကြသည်။ ဤလူသည် ကမ္ဘာမြေသို့ပြန်သွားရန် ပြန်ဝင်စားပြီး၊ ၎င်းတို့၏ မိမိတို့ကိုယ်ကိုယ် ပျိုးထောင်ခြင်းကို ဆက်လက်လုပ်ဆောင်ခြင်း ရှိမရှိဆိုသည်မှာ ၎င်းတို့ မသေမီ ၎င်းတို့၏ အပြုအမူနှင့် လက်တွေ့လုပ်ဆောင်မှုတို့အပေါ် မူတည်လေသည်။ ၎င်းတို့၏တစ်သက်တာအတွင်း မည်သည့်အမှားမျှ မပြုလုပ်ခဲ့ပါက၊ ၎င်းတို့သည် လျင်မြန်စွာ ပြန်လည်လူဝင်စားကြလိမ့်မည်ဖြစ်ပြီး၊ ဤလူ့အနေဖြင့် ဘုန်းကြီး သို့မဟုတ် သီလရှင်တစ်ပါး နောက်တစ်ကြိမ် ပြန်ဖြစ်မည့် ကမ္ဘာမြေပေါ်သို့ တစ်ဖန် ပြန်ပို့ခံရလိမ့်မည် ဖြစ်သည်။ ဆိုလိုသည်မှာ၊ ပထမဆုံးအကြိမ် မိမိကိုယ်ကိုယ် ပျိုးထောင်ခြင်းအား ၎င်းတို့ လက်တွေ့လုပ်ဆောင်ခဲ့ပုံနှင့်အညီ ၎င်းတို့သည် ၎င်းတို့၏ ရုပ်ခန္ဓာဘဝအတွင်း မိမိကိုယ်ကိုယ် ပျိုးထောင်ခြင်းကို လက်တွေ့လုပ်ဆောင်ကြပြီး၊ ထို့နောက် ၎င်းတို့၏ ရုပ်ခန္ဓာဘဝ နိဂုံးချုပ်သည့်နောက်တွင် ၎င်းတို့ အဆန်းစစ်ခံကြရမည့်နေရာ ဝိညာဉ်လောကသို့ ပြန်သွားကြလေသည်။ ထို့နောက်တွင်၊ မည်သည့်ပြဿနာမျှ မတွေ့ရှိရပါက၊ ၎င်းတို့သည် လူ့လောကသို့ တစ်ဖန်ပြန်လာနိုင်ကြပြီး ဗုဒ္ဓဘာသာသို့ နောက်တစ်ဖန် ကူးပြောင်းပြီး၊ ထိုသို့ဖြင့် ၎င်းတို့၏ လက်တွေ့လုပ်ဆောင်မှုကို ဆက်ကြလေသည်။ သုံးကြိမ်မှ ခုနစ်ကြိမ်ထိ လူပြန်ဝင်စားပြီးနောက်၊ ရုပ်ခန္ဓာဘဝအသီးသီး ကုန်ဆုံးပြီးနောက် ၎င်းတို့ သွားသည့်နေရာဖြစ်သည့် ဝိညာဉ်လောကသို့ နောက်တစ်ဖန် ပြန်သွားကြလိမ့်မည်။ လူ့လောကထဲက ၎င်းတို့၏ အရည်အချင်းနှင့် အပြုအမူအမျိုးမျိုးသည် ဝိညာဉ်လောက၏ ကောင်းကင်ဘုံနှင့်ဆိုင်သော အမိန့်ပြန်တမ်းများနှင့် ကိုက်ညီလျက်ရှိပါက၊ ဤအချိန်မှစ၍ ၎င်းတို့သည် ထိုနေရာတွင် ဆက်လက်တည်ရှိကြမည် ဖြစ်သည်။ ၎င်းတို့သည် လူသားအဖြစ် ပြန်ဝင်စားတော့မည်မဟုတ်သကဲ့သို့၊ ကမ္ဘာမြေပေါ်တွင် မကောင်းမှုပြုခြင်းအတွက် ၎င်းတို့ အပြစ်ပေးခံရမည့် မည်သည့်အန္တရာယ်မျှလည်း ရှိမည်မဟုတ်ပေ။ ၎င်းတို့သည် ဤဖြစ်စဉ်ကို မည်သည့်အခါတွင်မျှ တစ်ဖန် ဖြတ်သန်းရမည်မဟုတ်ပေ။ ယင်းထက်၊ ၎င်းတို့၏အခြေအနေများပေါ်မူတည်၍၊ ၎င်းတို့သည် ဝိညာဉ်နယ်ပယ်တွင် ရာထူးတစ်ခုကို ယူကြလိမ့်မည်။ ဤသည်မှာ "ဗုဒ္ဓအဖြစ်ကို ရရှိခြင်း" ဟု ဗုဒ္ဓဘာသာဝင်များ ရည်ညွှန်းသည့်အရာဖြစ်၏။ ဗုဒ္ဓအဖြစ်ကို ရရှိခြင်းဟူသည်မှာ ဝိညာဉ်လောက၏ အရာရှိတစ်ဦးအဖြစ် အောင်မြင်မှုကို ရရှိခြင်းဖြစ်ပြီး၊ ထို့နောက်တွင် ပြန်ဝင်စားခြင်း သို့မဟုတ် အပြစ်ဒဏ်ခံရမည့် အန္တရာယ် မရှိတော့ခြင်းကို အဓိကအားဖြင့် ဆိုလိုသည်။ ထို့အပြင်၊ ယင်းက ပြန်ဝင်စားပြီးနောက် လူသားဖြစ်ခြင်း၏ ဒုက္ခများ ခံစားရခြင်း မရှိတော့ဟု ဆိုလိုသည်။

ထို့ကြောင့် ၎င်းတို့အနေဖြင့် တိရစ္ဆာန် တစ်ကောင်အဖြစ် ပြန်လည်ဝင်စားမည့် အလားအလာ တစ်စုံတစ်ရာ ရှိသေးသလော။ (မရှိပါ။) ဤအရာက ၎င်းတို့သည် ဝိညာဉ်လောကတွင် အခန်းကဏ္ဍတစ်ရပ်၌ စတင်ပါဝင်ရန် ဆက်လက်တည်ရှိကြမည် ဖြစ်ပြီး ပြန်လည်ဝင်စားတော့မည် မဟုတ်ဟု ဆိုလိုပေသည်။ ဤသည်မှာ ဗုဒ္ဓဘာသာတွင် ဗုဒ္ဓအဖြစ် ပေါက်မြောက်မှုကို ရရှိခြင်းနှင့်သက်ဆိုင်သည့် ဥပမာတစ်ရပ်ဖြစ်သည်။ ပေါက်မြောက်မှုကို မရရှိသူများအတွက်မူ ၎င်းတို့၏ ဝိညာဉ်လောကသို့ ပြန်ရောက်သည့်အခါ၊ ၎င်းတို့သည် အသက်ရှင်စဉ် မိမိကိုယ်ကိုယ် ပျိုးထောင်ခြင်းအား လုံ့လဝီရိယရှိစွာ လက်တွေ့မလုပ်ဆောင်ခဲ့ သို့မဟုတ် ဗုဒ္ဓဘာသာမှ ပြဋ္ဌာန်းထားသည့်အတိုင်း သုတ်များကို ရွတ်ဖတ်ခြင်းနှင့် ဗုဒ္ဓ၏အမည်နာမတို့ကို သံပြိုင်ရွတ်ဆိုခြင်းတွင် တာဝန်မကျေပွန်ခဲ့ကြောင်း၊ ယင်းအစား မကောင်းသည့် လုပ်ရပ်များစွာကို ကျူးလွန်ခဲ့ပြီး ဆိုးယုတ်သော အမူအကျင့်များစွာ၌ ပါဝင်ခဲ့သည်ကို ရှာဖွေတွေ့ရှိသော သက်ဆိုင်ရာ အရာရှိ၏ စစ်ဆေးခြင်းနှင့် အတည်ပြုခြင်းကို ခံလာရလေသည်။ ထို့နောက် ဝိညာဉ်လောကတွင် ၎င်းတို့၏ မကောင်းမှုပြုခြင်းနှင့်ပတ်သက်၍ တရားစီရင်မှုတစ်ခုကို ပြုလုပ်ပြီးနောက်တွင် ၎င်းတို့အပြစ်ပေးခံရမည်မှာ သေချာပေ၏။ ဤတွင်၊ ခြွင်းချက်များ မရှိပေ။ ထိုသို့ဖြစ်သဖြင့်၊ ထိုသို့သောလူတစ်ဦးသည် ပေါက်မြောက်မှုကို မည်သည့်အချိန်တွင် ရရှိနိုင်သနည်း။ ၎င်းတို့ မကောင်းမှု ကျူးလွန်ခြင်းမရှိသည့် တစ်သက်တာတွင်- ဝိညာဉ်လောကသို့ ပြန်သွားကြပြီးနောက် ၎င်းတို့မသေဆုံးမီ မည်သည့်အမှားမျှ မလုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ ထို့နောက် ၎င်းတို့သည် သုတ်များကို ဆက်လက်ရွတ်ဖတ်ရင်းနှင့် ဗုဒ္ဓ၏အမည်နာမတို့ကို သံပြိုင်ရွတ်ဆိုရင်း၊ ၎င်းတို့၏နေ့ရက်များကို ဆီမီး၏ အေးစက် မှေးမှိန်သော အလင်းရောင်ဖြင့် ဖြတ်သန်းရင်း၊ မည်သည့်သက်ရှိကိုမျှ သတ်ဖြတ်ခြင်း သို့မဟုတ် အသားတစ်ခုတစ်လေ စားခြင်းကို ရှောင်ကြဉ်ရင်း၊ ဆက်လက် ပြန်ဝင်စားကြလေသည်။ ၎င်းတို့သည် လူ့လောက ဒုက္ခများကို အဝေး၌ ချန်ရင်းနှင့် အခြားသူများနှင့် အငြင်းပွားခြင်းမရှိဘဲလျက်၊ လူ့လောကတွင် ပါဝင်ခြင်းမရှိကြပေ။ ဤဖြစ်စဉ်တွင်၊ ၎င်းတို့သည် မည်သည့်မကောင်းမှုမျှ မကျူးလွန်ကြပါက၊ ဝိညာဉ်လောကသို့ ၎င်းတို့ ပြန်သွားကြပြီး ၎င်းတို့၏ လုပ်ရပ်များနှင့် အပြုအမူအားလုံး ဆန်းစစ်ခံရပြီးနောက်တွင် ၎င်းတို့သည် သုံးကြိမ်မှ ခုနှစ်ကြိမ်အထိ ဆက်ဖြစ်သည့် သံသရာတစ်ခုဖြင့် လူသားနယ်ပယ်ထဲသို့ နောက်တစ်ဖန် ပြန်ပို့ ခံရကြလေသည်။ ဤအချိန်အတွင်းတွင် လက်မခံနိုင်ဖွယ် အပြုအမူကို မကျူးလွန်ပါက၊ ၎င်းတို့၏ ဗုဒ္ဓအဖြစ်ကို ရရှိခြင်းသည် ထိခိုက်ခြင်းရှိမနေသကဲ့သို့ နှောင့်နှေးလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ယုံကြည်ခြင်းရှိသူအားလုံး၏ ရှင်ခြင်းနှင့် သေခြင်းသံသရာ၏ အင်္ဂါရပ်တစ်ခုဖြစ်သည်။

၎င်းတို့သည် "ပေါက်မြောက်မှုကို ရရှိနိုင်" ကြသကဲ့သို့ ဝိညာဉ်လောကတွင် ရာထူးတစ်ရပ်ကို ရယူနိုင်ကြလေသည်။ ဤသည်မှာ မယုံကြည်သူများနှင့် ၎င်းတို့ကို ကွဲပြားစေသည့်အရာ ဖြစ်၏။ ပထမဦးစွာ၊ ၎င်းတို့သည် ကမ္ဘာမြေပေါ် အသက်ရှင်ဆဲရှိစဉ်တွင်၊ ဝိညာဉ်လောကတွင် ရာထူးတစ်ရပ် လက်ခံနိုင်သောသူတို့သည် မိမိတို့ကိုယ်ကိုယ် မည်သို့ ပြုမူနေထိုင်ကြသနည်း။ ၎င်းတို့အနေဖြင့် မည်သည့်မကောင်းမှုမျှ လုံးဝမပြုရန် သေချာရမည်။ ၎င်းတို့အနေဖြင့်၊ လူသတ်မှု၊ မီးရှို့မှု၊ မုဒိမ်းမှု သို့မဟုတ် တိုက်ခိုက်လုယက်မှုကို မကျူးလွန်ရ။ လိမ်လည်မှု၊ လှည့်ဖြားမှု၊ ခိုးမှု သို့မဟုတ် လုယက်မှုတို့ကို ၎င်းတို့ ကျူးလွန်ပါက၊ ၎င်းတို့သည် ပေါက်မြောက်မှု မရရှိနိုင်ပေ။ တစ်နည်းအားဖြင့်၊ ၎င်းတို့သည် မကောင်းမှုပြုခြင်းနှင့် ဆက်စပ်မှု သို့မဟုတ် နီးနွယ်မှု တစ်ခုတစ်လေရှိပါက၊ ဝိညာဉ်လောကက ၎င်းတို့ကို ပေးသည့် အပြစ်ဒဏ်မှ ၎င်းတို့ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ပေ။ ဗုဒ္ဓအဖြစ်ကို ရရှိသော ဗုဒ္ဓဘာသာဝင်များအတွက် ဝိညာဉ်လောကသည် သင့်တော်သော အစီအမံများ ပြုလုပ်ပေးသည်- ဗုဒ္ဓဘာသာနှင့် ကောင်းကင်က အဖိုးအိုတို့ကို ယုံကြည်ပုံရသူများကို စီမံအုပ်ချုပ်ရန် ၎င်းတို့ တာဝန်ပေးခံရနိုင်သည်- ၎င်းတို့အနေဖြင့် တရားစီရင်ပိုင်ခွင့်တစ်ခု ခွဲဝေသတ်မှတ်ပေးခံရနိုင်သည်။ ၎င်းတို့အနေဖြင့် မယုံကြည်သူများကိုလည်း ကွပ်ကဲအုပ်ချုပ်ကောင်း အုပ်ချုပ်နိုင်သည် သို့မဟုတ် သိပ်အရေးမပါသော တာဝန်များဖြင့် ရာထူးများ ရှိကောင်းရှိနိုင်ပေသည်။ ထိုသို့သော ခွဲဝေသတ်မှတ်ခြင်းသည် ၎င်းတို့ ဝိညာဉ်များ၏ အမျိုးမျိုးသော သဘာဝများနှင့်အညီ ဖြစ်ပေသည်။ ဤသည်မှာ ဗုဒ္ဓဘာသာ၏ ဥပမာတစ်ရပ်ဖြစ်သည်။

ငါတို့ ပြောဆိုပြီးဖြစ်သည့် ဘာသာငါးခုထဲတွင်၊ ခရစ်ယာန်ဘာသာသည် တော်တော်ထူးခြား၏။ မည်သည့်အရာက ခရစ်ယာန်ဘာသာကို အလွန် ထူးခြားစေသနည်း။ ဤသူတို့သည် စစ်မှန်သောဘုရားသခင်ကို ယုံကြည်ကြသည့် လူများ ဖြစ်၏။ စစ်မှန်သောဘုရားသခင်ကို ယုံကြည်သောသူများသည် ဤနေရာတွင် မည်သို့ စာရင်းသွင်းခံရနိုင်သနည်း။ ခရစ်ယာန်ဘာသာသည် ယုံကြည်ခြင်း တစ်မျိုးဖြစ်သည်ဟု ဆိုရာတွင်၊ ယင်းသည် ယုံကြည်ခြင်းနှင့်သာ အသေအချာ သက်ဆိုင်ပေမည်။ ယင်းသည် အခမ်းအနားတစ်မျိုး၊ ဘာသာတရားတစ်မျိုးနှင့် စစ်မှန်ရိုးသားစွာ ဘုရားသခင်နောက်လိုက်သူများ၏ ယုံကြည်ခြင်းမှ လုံးဝ ကွဲပြားသည့် အရာတစ်ခုမျှ ဖြစ်ပေမည်။ "အဓိကဘာသာ ငါးမျိုး" ထဲတွင် ခရစ်ယာန်ဘာသာကို ငါ စာရင်းသွင်းရသည့် အကြောင်းရင်းမှာ ခရစ်ယာန်ဘာသာသည် ယုဒဘာသာ၊ ဗုဒ္ဓဘာသာနှင့် အစ္စလမ်ဘာသာတို့၏ အဆင့်သို့ လျှော့ချခံရခဲ့သောကြောင့် ဖြစ်၏။ ဤနေရာမှ လူအများစုသည် ဘုရားသခင် တည်ရှိခြင်းကို ယုံကြည်ဖို့မပြောနှင့်၊

ဘုရားသခင်ရှိသည် သို့မဟုတ် သူသည် အရာခပ်သိမ်းအပေါ် အုပ်စိုးသည်ကို မယုံကြည်ကြချေ။ ယင်းအစား ၎င်းတို့သည် ဓမ္မပညာ ဆွေးနွေးရန် ကျမ်းစာကို အသုံးပြုရုံမျှပြုကြပြီး၊ ကြင်နာရန်၊ ဆင်းရဲဒုက္ခကို ကြံ့ကြံ့ခံရန်နှင့် ကောင်းသောအရာများကို လုပ်ဆောင်ရန် လူတို့အား သွန်သင်ဖို့ ဓမ္မပညာကို အသုံးပြုကြ၏။ ခရစ်ယာန်ဘာသာသည် ထိုသို့သောဘာသာတရားမျိုး ဖြစ်လာပြီဖြစ်သည်- ယင်းသည် လူသားကို စီမံခြင်းနှင့် ကယ်တင်ခြင်းနှင့်သက်ဆိုင်သည့် ဘုရားသခင်၏ အမှုနှင့် မည်သည့် ဆက်နွှယ်မှုမျှ လုံးဝ မရှိဘဲလျက်၊ ဓမ္မပညာဆိုင်ရာ သဘောတရားများအပေါ်သာ အာရုံစိုက်လေသည်။ ယင်းသည် ဘုရားသခင်နောက်လိုက်သော်လည်း၊ ဘုရားသခင်၏ အမှန်တကယ် အသိအမှတ်ပြုခြင်းမခံရသည့် လူတို့၏ ဘာသာတရားတစ်ခု ဖြစ်လာလေပြီ။ သို့သော်၊ ဘုရားသခင်သည် ထိုသို့သောလူတို့ကို ချဉ်းကပ်ရာတွင်လည်း အခြေခံသဘောတရားတစ်ခု ရှိ၏။ သူသည် ၎င်းတို့အား မယုံကြည်သူများကို ဆက်ဆံကိုင်တွယ်သကဲ့သို့ သဘောရှိသာမန်ကာလျှံကာ ဆက်ဆံခြင်း သို့မဟုတ် ကိုင်တွယ်ဖြေရှင်းခြင်း မပြုပေ။ ၎င်းတို့ကို ဗုဒ္ဓဘာသာဝင်များအား သူဆက်ဆံသည့်နည်းတူ ဆက်ဆံလေသည်။ အသက်ရှင်နေစဉ်တွင် ခရစ်ယာန်တစ်ဦးသည် ကိုယ့်စည်းကမ်းနှင့်ကိုယ်နေခြင်းကို ကျင့်သုံးနိုင်ပါက၊ ပညတ်တော်ဆယ်ပါးကို တင်းကျပ်စွာ လိုက်နာပြီး ပညတ်တရားနှင့် ပညတ်တော်များနှင့်အညီ မိမိတို့ကိုယ်တိုင်၏ အပြုအမူနှင့်သက်ဆိုင်၍ တောင်းဆိုချက်များပြုကာ ယင်းတို့ကို ၎င်းတို့၏အသက်တာတစ်ခုလုံး လိုက်နာနိုင်ပါက၊ ၎င်းတို့အနေဖြင့် "ချီဆောင်ခြင်း" ဟုခေါ်သည့်အရာကို အမှန်တကယ် မရရှိနိုင်မီ ရှင်ခြင်းနှင့်သေခြင်းသံသရာများကို ဖြတ်သန်းရင်း တူညီသောအချိန်ပမာဏကို ကုန်ဆုံးရမည်ဖြစ်သည်။ ဤချီဆောင်ခြင်းကို ရရှိပြီးနောက်တွင်၊ ၎င်းတို့သည် ရာထူးတစ်ရပ် လက်ခံကာ ယင်း၏ အရာရှိများထဲမှ တစ်ဦးဖြစ်လာသည့်နေရာ ဝိညာဉ်လောကထဲတွင် ဆက်လက်တည်ရှိကြလေသည်။ အလားတူပင်၊ ၎င်းတို့သည် ကမ္ဘာမြေပေါ်တွင် မကောင်းမှုကျူးလွန်ပါက- ၎င်းတို့သည် အလွန်အပြစ်နှင့်ပြည့်ကာ များလှစွာသော အပြစ်များကို ကျူးလွန်ပါက- ၎င်းတို့သည် ခြားနားသော ပြင်းထန်မှုဖြင့် မလွဲကေန် အပြစ်ပေးခံရပြီး ဆုံးမပဲ့ပြင်ခံရကြမည် ဖြစ်သည်။ ဗုဒ္ဓဘာသာတွင်၊ ပေါက်မြောက်မှုကို ရရှိခြင်းဆိုသည်မှာ အဆုံးစွန် သုခတည်းဟူသော စင်ကြယ်သည့် နယ်မြေသို့ ရှေ့ဆက်ခြင်းဟု ဆိုလိုသော်လည်း၊ ခရစ်ယာန်ဘာသာတွင် ယင်းကို မည်သို့ခေါ်ဝေါ် ကြသနည်း။ ယင်းကို "ကောင်းကင်နိုင်ငံထဲသို့ ဝင်ရောက်ခြင်း" နှင့် "ချီဆောင်ခံရခြင်း" ဟု ခေါ်၏။ အမှန်တကယ် ချီဆောင်ခံရသူတို့သည်လည်း ရှင်ခြင်းနှင့်သေခြင်း သံသရာကို သုံးကြိမ်မှ ခုနစ်ကြိမ်ထိ ဖြတ်သန်းရပြီး၊ ထို့နောက်တွင်

သေဆုံးပြီးနောက်၊ ၎င်းတို့ အိပ်ပျော်သွားသည့်အလား ဝိညာဉ်လောကသို့ ရောက်လာကြ၏။ ၎င်းတို့သည် စံချိန်မီပါက၊ ရာထူးတစ်ခုကို ရယူရန် ထိုနေရာတွင် ဆက်တည်ရှိနိုင်ပြီး၊ ကမ္ဘာမြေပေါ် ရှိ လူတို့နှင့် မတူဘဲ ရိုးရှင်းသောနည်းလမ်းတစ်ခုဖြင့် သို့မဟုတ် အစဉ်အလာအတိုင်း ပြန်ဝင်စားကြလိမ့်မည် မဟုတ်ပေ။

ဤဘာသာအားလုံးအကြားတွင်၊ ၎င်းတို့ပြောဆို၍ ၎င်းတို့ရရှိအောင် ကြိုးပမ်းသည့် နိဂုံးသည် ဗုဒ္ဓဘာသာတွင် ပေါက်မြောက်မှု ရရှိခြင်းနှင့် အတူတူဖြစ်သည်။ ဤ “ပေါက်မြောက်မှု” ကို ကွဲပြားသော နည်းလမ်းများဖြင့် ရရှိခြင်းသာ ဖြစ်သည်။ ၎င်းတို့အားလုံးသည် သူတော်ချင်းချင်း သီတင်းလွှေလွှေ ပေါင်းဖက်တွေ့ဖြစ်ကြ၏။ ၎င်းတို့၏အပြုအမူတွင် ဘာသာရေး ကျင့်ဝတ်သီလများကို တင်းကျပ်စွာ လိုက်နာနိုင်သော ဤဘာသာများ၏ နောက်လိုက်များ တစ်စိတ်တစ်ပိုင်းအတွက်၊ ဘုရားသခင်သည် သင့်တော်သော ပန်းတိုင်တစ်ခု၊ သင့်တော်သည့် သွားစရာနေရာတစ်ခု ပေးပြီး ၎င်းတို့ကို သင့်လျော်စွာ ကိုင်တွယ်၏။ ဤအရာအားလုံးသည် ကျိုးကြောင်းဆီလျော်သော်လည်း၊ လူတို့စိတ်ကူးသကဲ့သို့ မဟုတ်ပေ၊ မှန်သည် မဟုတ်လော။ ယခုတွင်၊ ခရစ်ယာန်ဘာသာထဲက လူတို့အား မည်သည့်အရာ ဖြစ်ပျက်သည့်အကြောင်းကို ကြားရပြီးနောက်၊ သင်တို့ မည်သို့ခံစားရသနည်း။ ၎င်းတို့၏ အတိဒုက္ခသည် မမျှတဟု သင် ခံစားရသလော။ ၎င်းတို့ကို စာနာသလော။ (အနည်းငယ် စာနာပါသည်။) လုပ်ဆောင်၍ရသောအရာ ဘာမျှ မရှိပေ။ ၎င်းတို့အနေဖြင့် မိမိတို့ကိုယ်ကိုယ်သာ အပြစ်တင်စရာရှိ၏။ ငါသည် ဤအရာကို အဘယ်ကြောင့်ပြောသနည်း။ ဘုရားသခင်၏အမှုသည် စစ်မှန်၏။ သူသည် အသက်ရှင်ကာ အကယ်ရှိပြီး၊ သူ၏အမှုသည် လူသားမျိုးနွယ် အားလုံးနှင့် လူတစ်ဦးစီတိုင်းကို ရည်ရွယ်၏။ ထိုသို့ဖြစ်လျှင် ၎င်းတို့သည် ဤအရာကို အဘယ်ကြောင့် လက်မခံကြသနည်း။ ၎င်းတို့သည် အဘယ်ကြောင့် ဘုရားသခင်ကို အလွန်ထိတ်ထိတ်ပျာပျာ ဆန့်ကျင်ပြီး ညှဉ်းပန်းနှိပ်စက်ကြသနည်း။ ဤသို့သော နိဂုံးမျိုးကို ရရှိဖို့ပင် မိမိတို့ကိုယ်ကိုယ် ကံကောင်းသည်ဟု ၎င်းတို့ စဉ်းစားသင့်သည်၊ ထိုသို့ဆိုလျှင် သင်တို့သည် ၎င်းတို့အတွက် အဘယ်ကြောင့် စိတ်မကောင်းဖြစ်ကြသနည်း။ ၎င်းတို့ ဤသို့ကိုင်တွယ်ခံရခြင်းသည် ကြီးမားသော သည်းခံမှုကိုပြ၏။ ဘုရားသခင်ကို ၎င်းတို့ ဆန့်ကျင်သည့်အတိုင်းအတာကို ထောက်ဆလျှင်၊ ၎င်းတို့သည် ဖျက်ဆီးခံရသင့်သော်လည်း၊ ဘုရားသခင်သည် ဤအရာကို မလုပ်ဆောင်ပေ။ ယင်းအစား သူသည် ခရစ်ယာန်ဘာသာအား သာမန်ဘာသာ တစ်စုံတစ်ခုကဲ့သို့ အလားတူ တကယ်ကို ကိုင်တွယ်လေသည်။ ထို့ကြောင့်၊ အခြားဘာသာများ အကြောင်း အသေးစိတ်ပြောရန် လိုအပ်မှုတစ်စုံတစ်ရာ ရှိသလော။ ဤဘာသာတရားအားလုံး၏ သီးခြားလက္ခဏာမှာ လူတို့အနေဖြင့် အခက်အခဲကို

သာ၍ခံစားရန်၊ မကောင်းမှု မပြုရန်၊ ကောင်းသော လုပ်ရပ်များ လုပ်ဆောင်ရန်၊ သူတစ်ပါးအား ဆဲရေးခြင်း မပြုရန်၊ သူတစ်ပါးအပေါ် ဝေဖန်ချက်မပေးရန်၊ အငြင်းပွားမှုများမှ မိမိကိုယ်ကိုယ် ကင်းအောင်နေရန်နှင့် လူကောင်းများဖြစ်ရန်တို့ ဖြစ်၏- ဘာသာရေး သွန်သင်မှု အများစုမှာ ဤကဲ့သို့ဖြစ်၏။ ထို့ကြောင့် ဤယုံကြည်မှု ရှိသူများ- ဘာသာတရား အမျိုးမျိုးနှင့် ဂိုဏ်းဂဏအမျိုးမျိုး၏ ဤနောက်လိုက်များသည်- ၎င်းတို့၏ ဘာသာရေးကျင့်ဝတ်သီလများကို တင်းကျပ်စွာ လိုက်နာနိုင်ကြပါက၊ ကမ္ဘာမြေပေါ်တွင် ၎င်းတို့ရှိကြသည့် အချိန်အတွင်းတွင် ကြီးမားသောအမှားများ သို့မဟုတ် အပြစ်များ ကျူးလွန်မိကြမည် မဟုတ်ပေ။ ပြီးလျှင် သုံးကြိမ်မှ ခုနစ်ကြိမ်ထိ ပြန်ဝင်စားပြီးနောက်တွင် ဤလူများသည်- ဘာသာရေး ကျင့်ဝတ်သီလများကို တင်းကျပ်စွာလိုက်နာနိုင်သော သူများသည်- အများအားဖြင့် ဝိညာဉ်လောကတွင် ရာထူးတစ်ခုကို လက်ခံရန် ဆက်လက်တည်ရှိကြမည် ဖြစ်သည်။ ထိုသို့သောလူများ အများအပြား ရှိသလော။ (အများအပြားမရှိပါ။) သင်၏အဖြေကို မည်သည့်အရာအပေါ် အခြေပြုသနည်း။ ကောင်းမှုပြုဖို့နှင့် ဘာသာရေး စည်းမျဉ်းများနှင့် ပညတ်များကို လိုက်နာဖို့မှာ မလွယ်ကူပေ။ ဗုဒ္ဓဘာသာသည် လူတို့အား အသားစားခွင့်မပြုပေ- ယင်းကို သင် လုပ်ဆောင်နိုင်မည်လော။ သင်သည် မီးခိုးရောင် ဝတ်ရုံများဝတ်ရပြီး ဗုဒ္ဓဘာသာဘုရားကျောင်းများတွင် တစ်နေကုန် သုတ်များ ရွတ်ဖတ်ပြီး ဗုဒ္ဓ၏အမည်နာမများ သံပြိုင်ရွတ်ဆိုရမည်ဆိုပါက၊ ယင်းကို သင်လုပ်ဆောင်နိုင်မည်လော။ လွယ်ကူမည်မဟုတ်ပေ။ ခရစ်ယာန်ဘာသာတွင် ပညတ်တော်ဆယ်ပါး၊ ပညတ်ချက်များနှင့် ပညတ်တရားများရှိ၏၊ ဤအရာများသည် လိုက်နာရန် လွယ်ကူသလော။ မလွယ်ကူပေ။ ဥပမာအားဖြင့်- သူတစ်ပါးကို ဆဲရေးခြင်းမပြုရဟူသည်ကို ကြည့်လော့- လူတို့သည် ဤစည်းကမ်းကို တကယ်ကို လိုက်နာနိုင်စွမ်း မရှိပေ။ မိမိတို့ကိုယ်ကိုယ် မတားဆီးနိုင်ဘဲလျက်၊ ၎င်းတို့ ဆဲရေးကြ၏- ပြီးလျှင် ဆဲရေးပြီးနောက်၊ ၎င်းတို့သည် ထိုစကားများကို ပြန်မရုပ်သိမ်းနိုင်ကြချေ၊ ထို့ကြောင့် ၎င်းတို့ မည်သည့်အရာ လုပ်ဆောင်ကြသနည်း။ ညတွင် ၎င်းတို့သည် မိမိတို့၏အပြစ်များကို ဝန်ခံကြ၏။ တစ်ခါတစ်ရံတွင်၊ အခြားသူများကို ၎င်းတို့ဆဲရေးပြီးနောက်၊ ၎င်းတို့၏စိတ်နှလုံးများတွင် အမုန်းတရားကို သိုထားကြဆဲဖြစ်ပြီး၊ ၎င်းတို့သည် ထိုသူတို့အား နောက်ထပ် အန္တရာယ်ပြုဖို့ အချိန်တစ်ခုကို အသေးစိတ်စီမံချက် ရေးဆွဲကြသည်ထိပင် လုပ်ဆောင်ကြလေသည်။ အတိုချုပ်အနေဖြင့်၊ သေဆုံးနေသော ဤတရားသေဝါဒ အလယ်တွင် အသက်ရှင်ကြသူတို့အတွက် အပြစ်ပြုခြင်း သို့မဟုတ် မကောင်းမှုကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရန်မှာ မလွယ်ကူပေ။ ထို့ကြောင့်၊ ဘာသာတရားတိုင်းတွင် လက်တစ်ဆုပ်စာ လူတို့သာလျှင် ပေါက်မြောက်မှုကို အမှန်တကယ် ရရှိနိုင်ကြ၏။ ဤဘာသာတရားများနောက်

အလွန်များလှသော လူတို့က လိုက်ကြသောကြောင့်၊ ဝိညာဉ်လောကတွင် အခန်းကဏ္ဍတစ်ရပ်ကို လက်ခံရန် အတော်များများက ဆက်လက် တည်ရှိနိုင်ကြမည်ဟု သင်ယူဆ၏။ သို့ရာတွင်၊ ထိုမျှမများပေ။ အနည်းငယ်သာလျှင် ဤအရာကို အမှန်တကယ် ရရှိနိုင်ကြလေသည်။ ယင်းမှာ ယုံကြည်ခြင်းရှိသောလူများ၏ ရှင်ခြင်းနှင့်သေခြင်းသံသရာအတွက် ယေဘုယျအားဖြင့် ထိုမျှသာ ဖြစ်သည်။ ၎င်းတို့ကို ကွာခြားစေသည့်အရာမှာ ၎င်းတို့သည် ပေါက်မြောက်မှုကို ရရှိနိုင်ကြပြီး၊ ဤသည်မှာ ၎င်းတို့ကို မယုံကြည်သူများနှင့် ကွာခြားစေသည့်အရာ ဖြစ်သည်။

## ၃။ ဘုရားသခင်၏ နောက်လိုက်များ၏ ရှင်ခြင်းနှင့် သေခြင်းသံသရာ

ဆက်လက်၍၊ ဘုရားသခင် နောက်လိုက်သောသူတို့၏ ရှင်ခြင်းနှင့်သေခြင်း သံသရာအကြောင်း ပြောကြစို့။ ဤအရာသည် သင်တို့နှင့်သက်ဆိုင်၏၊ ထို့ကြောင့် အာရုံစိုက်ကြလော့။ ပထမဦးစွာ ဘုရားသခင်၏ နောက်လိုက်သောသူများကို မည်သို့ အမျိုးအစား ခွဲခြားနိုင်သည်ဆိုသည်နှင့်ပတ်သက်၍ စဉ်းစားလော့။ (ဘုရားသခင် ရွေးချယ်ထားသူများနှင့် အစေခံသူများ ဖြစ်သည်။) ကေန်အမှန် နှစ်မျိုး ရှိ၏- ဘုရားသခင် ရွေးချယ်ထားသူများနှင့် အစေခံသူများ ဖြစ်သည်။ ပထမဦးစွာ ၎င်းတို့ထဲတွင် အနည်းငယ်သာရှိသည့် ဘုရားသခင် ရွေးချယ်ထားသူများ အကြောင်းကို ငါတို့ ပြောကြစို့။ "ဘုရားသခင် ရွေးချယ်ထားသော သူများ" ဆိုသည်မှာ မည်သူတို့ကို ရည်ညွှန်းသနည်း။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ကာ လူသားမျိုးနွယ် ဖြစ်တည်လာခဲ့သည့်နောက်တွင်၊ သူ့နောက်လိုက်မည့် လူတစ်စုကို ရွေးချယ်ခဲ့သည်။ ဤသည်တို့ကို "ဘုရားသခင် ရွေးချယ်ထားသောသူများ" အဖြစ် ရိုးရှင်းစွာ ရည်ညွှန်းပေသည်။ ဤလူများကို ဘုရားသခင်၏ ရွေးချယ်ခြင်းအဖို့ အထူးနယ်ပယ်တစ်ခုနှင့် အရေးပါမှုတို့ရှိခဲ့သည်။ ဤနယ်ပယ် ထူးခြားသည်မှာ အရေးကြီးသော အမှုကို သူ လုပ်ဆောင်သည့် အချိန်တွင် လာကြရမည့် ရွေးချယ်ထားသူ အနည်းငယ်အထိသာ ကန့်သတ်ထားပေသည်။ ပြီးလျှင် အရေးပါမှုမှာ အဘယ်နည်း။ ၎င်းတို့သည် ဘုရားသခင်၏ ရွေးချယ်ခြင်းခံကြရသည့် အုပ်စုတစ်စု ဖြစ်ခဲ့သည့်အတွက်၊ အရေးပါမှု ကြီးမားပေသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် ဤလူတို့အား ပြည့်စုံစေပြီး စုံလင်စေရန် ဆန္ဒရှိကာ၊ သူ၏စီမံခန့်ခွဲခြင်း အမှုပြီးဆုံးသည်နှင့်တစ်ပြိုင်နက်၊ ဤလူတို့ကို သူ ရယူလိမ့်မည်ဖြစ်သည်။ ဤအရေးပါမှုမှာ ကြီးမားသည်မဟုတ်လော။ ထို့ကြောင့် ၎င်းတို့သည် ဘုရားသခင်က ရယူရန် ရည်ရွယ်ထားသူများ ဖြစ်ကြသည့်အတွက်၊ ဤရွေးချယ်ခံရသူများသည် ဘုရားသခင်အဖို့ ကြီးမားသော အရေးပါမှု ရှိပေသည်။ အစေခံသူများအတွက်မူ၊ ဘုရားသခင်၏

ကြိုတင်ခွဲခန့်မှတ်သားခြင်း အကြောင်းအရာမှ တစ်ခဏ နားပြီး၊ ၎င်းတို့၏ဇာစ်မြစ်များအကြောင်းကို ဦးစွာပြောကြစို့။ တိုက်ရိုက်အားဖြင့် "အစေခံသူ" တစ်ဦးသည် အစေခံသောသူဖြစ်၏။ အစေခံသောသူများသည် ယာယီဖြစ်၏။ ၎င်းတို့သည် ထိုသို့ ရေရှည် သို့မဟုတ် အစဉ်အမြဲ မလုပ်ဆောင်ကြဘဲ၊ ယာယီ ခန့်အပ် သို့မဟုတ် စုဆောင်းခံရသူများဖြစ်၏။ ၎င်းတို့အများစု၏ ဇာစ်မြစ်မှာ ၎င်းတို့သည် မယုံကြည်သူများထဲမှ ရွေးချယ်ခံခဲ့ကြရပေသည်။ ၎င်းတို့သည် ဘုရားသခင်၏ အမှုတွင် အစေခံသူများ အခန်းကဏ္ဍကို ခံယူရမည်ဟု ထုတ်ပြန်ကြေညာထားချိန်တွင် ကမ္ဘာမြေသို့ ၎င်းတို့ လာခဲ့ကြပေသည်။ ၎င်းတို့သည် အရင်ဘဝတွင် တိရစ္ဆာန်တစ်ကောင် ဖြစ်ပြီးကောင်း ဖြစ်ပြီးနိုင်သော်လည်း၊ မယုံကြည်သူများလည်း ဖြစ်ပြီးကောင်း ဖြစ်ပြီးနိုင်ပေသည်။ ယင်းမှာ အစေခံသူများ၏ ဇာစ်မြစ်များဖြစ်ကြ၏။

ဘုရားသခင် ရွေးချယ်ထားသူများနှင့်ပတ်သက်၍ နောက်ထပ် ပြောဆိုကြစို့။ ၎င်းတို့ သေဆုံးကြသည့်အခါ၊ မယုံကြည်သူများနှင့် ယုံကြည်ခြင်းရှိသော လူအမျိုးမျိုးတို့၏ နေရာနှင့် လုံးဝ မတူကွဲပြားသော နေရာတစ်ခုသို့ သွားကြလေသည်။ ယင်းသည် ၎င်းတို့နှင့်အတူ ကောင်းကင်တမန်များနှင့် ဘုရားသခင်၏ စေတမန်များ အတူပါရှိသည့်နေရာတစ်ခု ဖြစ်သည်။ ယင်းသည် ဘုရားသခင်က ကိုယ်တိုင်ကိုယ်ကျ စီမံအုပ်ချုပ်သည့် နေရာတစ်ခုဖြစ်၏။ ဤနေရာတွင် ဘုရားသခင် ရွေးချယ်ထားသောသူတို့သည် ၎င်းတို့၏ကိုယ်ပိုင်မျက်လုံးများဖြင့် ဘုရားသခင်ကို မရှုမြင်နိုင်ကြသော်လည်း၊ ယင်းသည် ဝိညာဉ်လောက၏ အခြားမည်သည့်နေရာနှင့်မျှ မတူပေ။ ဤသည်မှာ မတူကွဲပြားသော နေရာတစ်ခု၊ ဤလူတစ်စုတို့ သေဆုံးပြီးနောက် သွားသည့်နေရာဖြစ်၏။ ၎င်းတို့သေဆုံးသည့်အခါ၊ ၎င်းတို့သည်လည်း ဘုရားသခင်၏ စေတမန်များ၏ မညှာမတာ စုံစမ်းစစ်ဆေးခြင်းကို ခံရ၏။ ပြီးလျှင် မည်သည့်အရာကို စုံစမ်းစစ်ဆေးသနည်း။ ဘုရားသခင်၏ စေတမန်များသည် ဤလူတို့က ဘုရားသခင်ကို ၎င်းတို့၏ယုံကြည်မှုတွင် ၎င်းတို့၏ဘဝတစ်လျှောက်လုံး လျှောက်လှမ်းကြပြီးဖြစ်သည့် လမ်းကြောင်းများ၊ ထိုအချိန် အတောအတွင်းတွင် ၎င်းတို့သည် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ဖူးခြင်း ရှိမရှိ၊ သို့မဟုတ် ကျိန်ဆဲခဲ့ဖူးခြင်း ရှိမရှိဆိုသည်နှင့် ဆိုးရွားသည့် အပြစ်များ သို့မဟုတ် မကောင်းမှုများ ကျူးလွန်ခဲ့ခြင်း ရှိမရှိကို စုံစမ်းစစ်ဆေးကြ၏။ ဤစုံစမ်းစစ်ဆေးမှုက ထိုသီးခြားလူသည် နေခွင့်ရမည်လော သို့မဟုတ် ထွက်ခွာရမည်လော ဟူသည့် မေးခွန်းကို ဖြေရှင်းလိမ့်မည်။ "ထွက်ခွာသည်" ဟူသည်မှာ မည်သည်ကို ရည်ညွှန်းသနည်း။ ပြီးလျှင် "နေသည်" ဟူသည်မှာ မည်သည်ကို ရည်ညွှန်းသနည်း။ "ထွက်ခွာသည်" ဟူသည်မှာ ၎င်းတို့၏အပြုအမူအပေါ် အခြေခံ၍

၎င်းတို့သည် ဘုရားသခင် ရွေးချယ်ထားသူများ၏ အဆင့်အတန်းများ အလယ် ကျန်ရှိခြင်း ရှိမရှိဆိုသည်ကို ရည်ညွှန်း၏။ "နေ"ဖို့ ခွင့်ပြုခံရခြင်း ဟူသည်မှာ ၎င်းတို့သည် နောက်ဆုံးသောကာလ အတွင်းတွင် ဘုရားသခင်၏စုံလင်စေခြင်း ခံရမည့်သူများအလယ် ကျန်ရှိနိုင်သည်ကို ဆိုလိုပေသည်။ နေသူများအတွက် ဘုရားသခင်သည် အထူး အစီအစဉ်များ ရှိသည်။ သူ၏အမှု ကာလအသီးသီးအတွင်းတွင်၊ ဘုရားသခင်သည် ထိုသို့သောလူတို့ကို တမန်တော်များ အဖြစ်ဆောင်ရွက်ရန် သို့မဟုတ် အသင်းတော်များကို ပြန်လည် နိုးထစေခြင်း သို့မဟုတ် စောင့်ရှောက်ခြင်း အမှုကို လုပ်ဆောင်ရန် စေလွှတ်လိမ့်မည်။ သို့သော် ထိုသို့သောအမှုကို လုပ်နိုင်စွမ်း ရှိသူများသည် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ပြန်မွေးဖွားကြသည့် မယုံကြည်သူများလောက် မကြာမကြာ ပြန်မဝင်စားကြပေ။ ထို့ထက် ၎င်းတို့သည် ဘုရားသခင်၏ အမှု၏ သတ်မှတ်ချက်များနှင့် အဆင့်များနှင့်အညီ ကမ္ဘာမြေပေါ်သို့ ပြန်သွားကြရကာ၊ မကြာခဏ မဝင်စားကြပေ။ ထို့ကြောင့် ၎င်းတို့ မည်သည့်အချိန်တွင် ပြန်ဝင်စားသည်ဆိုသည်နှင့်ပတ်သက်၍ စည်းမျဉ်း တစ်ခုတစ်လေ ရှိသလော။ ၎င်းတို့သည် နှစ်အနည်းငယ်ကြာတိုင်း တစ်ကြိမ် လာကြသလော။ ၎င်းတို့သည် ထိုသို့သော အကြိမ်ရေနှုန်းဖြင့် လာကြသလော။ မလာကြပေ။ ဤအရာသည် ဘုရားသခင်၏အမှု၊ ယင်း၏အဆင့်များနှင့် သူ၏လိုအပ်ချက်များအပေါ် အခြေခံထားပြီး၊ သတ်မှတ်ထားသည့် စည်းမျဉ်းများ မရှိပေ။ တစ်ခုတည်းသော စည်းမျဉ်းမှာ ဘုရားသခင်သည် နောက်ဆုံးသောကာလအတွင်းတွင် သူ့အမှု၏နောက်ဆုံးအဆင့်ကို လုပ်ဆောင်သည့်အခါ၊ ဤရွေးချယ်ထားသောလူများ အားလုံး လာကြလိမ့်မည်ဖြစ်ပြီး၊ ဤသို့လာခြင်းသည် ၎င်းတို့၏ နောက်ဆုံး ပြန်ဝင်စားခြင်း ဖြစ်လိမ့်မည်။ ယင်းမှာ အဘယ်ကြောင့်နည်း။ ဤသည်မှာ ဘုရားသခင်၏အမှု၏ နောက်ဆုံးအဆင့်အတွင်း စွမ်းဆောင်ရရှိမည့်ရလဒ်အပေါ် အခြေခံထားခြင်း ဖြစ်၏- အကြောင်းမှာ အမှု၏ ဤနောက်ဆုံးသောအဆင့်အတွင်းတွင်၊ ဘုရားသခင်သည် ဤရွေးချယ်ထားသောသူများကို လုံးဝပြည့်စုံ စေလိမ့်မည် ဖြစ်သောကြောင့်ပင်တည်း။ ဤသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။ ဤနောက်ဆုံးသောအဆင့်အတွင်းတွင် ဤလူတို့သည် ပြည့်စုံစေခြင်းခံရပြီး စုံလင်စေခြင်း ခံရပါက၊ ၎င်းတို့သည် ယခင်ကကဲ့သို့ ပြန်ဝင်စားကြလိမ့်မည် မဟုတ်ပေ။ ၎င်းတို့၏ လူသားဖြစ်ခြင်း ဖြစ်စဉ်သည် ၎င်းတို့၏ ပြန်ဝင်စားခြင်း ဖြစ်စဉ်ကဲ့သို့ လုံးဝ ပြီးဆုံးခြင်းသို့ ရောက်လာလိမ့်မည်။ ဤသည်မှာ နေမည့်သူများနှင့် ဆက်နွှယ်၏။ ထို့ကြောင့် မနေနိုင်သောသူများသည် မည်သည့်နေရာသို့ သွားကြသနည်း။ နေခွင့်မရသူများသည် ၎င်းတို့၏ ကိုယ်ပိုင် သင့်တော်သည့် ခရီးပန်းတိုင် ရှိပေသည်။ ပထမဦးဆုံးအနေဖြင့်၊ ၎င်းတို့၏

မကောင်းမှုပြုခြင်း၊ ၎င်းတို့ ပြုလုပ်ပြီးဖြစ်သည့်အမှားများနှင့် ၎င်းတို့ ကျူးလွန်ပြီးဖြစ်သည့် အပြစ်များ၏ အကျိုးဆက်အနေဖြင့် ၎င်းတို့သည်လည်း အပြစ် ပေးခံရလိမ့်မည်။ ၎င်းတို့အပြစ်ပေး ခံရပြီးနောက်တွင်၊ ဘုရားသခင်သည် အခြေအနေများနှင့် လိုက်လျောညီထွေ ဖြစ်သည့်အတိုင်း သူတို့ကို မယုံကြည်သူများအလယ် ပို့ရန် အစီအစဉ်များ ပြုလုပ်လိမ့်မည် သို့မဟုတ် ယုံကြည်ခြင်းရှိသော လူအမျိုးမျိုးအလယ် သွားရန် ၎င်းတို့အတွက် စီစဉ်လိမ့်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ၎င်းတို့အတွက် ဖြစ်နိုင်ခြေရှိသော ရလဒ်နှစ်ခုရှိသည်- တစ်ခုမှာ အပြစ်ဒဏ်ပေးခံရခြင်းနှင့် ပြန်ဝင်စားပြီးနောက် ဘာသာတရားတစ်ခုခုနှင့်ဆိုင်သော လူတို့အကြား အသက်ရှင်ခြင်း ဖြစ်ကောင်းဖြစ်မည်ဖြစ်ပြီး၊ အခြားတစ်ခုမှာ မယုံကြည်သူများ ဖြစ်လာခြင်း ဖြစ်သည်။ ၎င်းတို့သည် မယုံကြည်သူများ ဖြစ်လာကြပါက၊ အခွင့်အရေးအားလုံး ဆုံးရှုံးသွားလိမ့်မည်။ သို့သော် ၎င်းတို့သည် ယုံကြည်ခြင်းရှိသော လူများ ဖြစ်လာကြပါက- ဥပမာအားဖြင့် ၎င်းတို့ ခရစ်ယာန်များ ဖြစ်လာကြပါက- ၎င်းတို့သည် ဘုရားသခင် ရွေးချယ်ထားသောသူများ၏ အဆင့်အတန်းများ အလယ်သို့ ပြန်သွားရန် အခွင့်အရေးတစ်ခု ရှိကြလိမ့်ဦးမည်ဖြစ်သည်။ ဤတွင် လွန်စွာရှုပ်ထွေးသော ဆက်နွယ်မှုများရှိ၏။ တိုတိုပြောရလျှင် ဘုရားသခင် ရွေးချယ်ထားသောသူများထဲမှ တစ်ဦးသည် ဘုရားသခင်ကို ပုန်ကန်ပြစ်မှားသော တစ်စုံတစ်ရာ လုပ်ဆောင်မိပါက၊ ၎င်းတို့သည် အခြားသူတိုင်းကဲ့သို့ပင် အပြစ်ပေးခံရလိမ့်မည်။ ဥပမာအားဖြင့် ယခင်က ငါတို့ဆွေးနွေးခဲ့ကြသည့် ပေါလုကို ကြည့်လော့။ ပေါလုသည် အပြစ်ပေးခံရသည့် လူတစ်ဦး၏ ဥပမာတစ်ရပ်ဖြစ်သည်။ ငါပြောနေသည့်အကြောင်းအရာကို သင်တို့ သဘောပေါက်သလော။ ဘုရားသခင် ရွေးချယ်ထားသူများ၏ နယ်ပယ်မှာ ပုံသေ ဖြစ်သလော။ (အများအားဖြင့် ဖြစ်ပါသည်။) ယင်း၏အများစုမှာ ပုံသေ ဖြစ်သည်၊ သို့သော် ယင်း၏ သေးငယ်သောအစိတ်အပိုင်း တစ်ခုသည် ပုံသေမဟုတ်ပေ။ ယင်းမှာ အဘယ်ကြောင့်နည်း။ ဤနေရာ၌ ငါသည် အသိသာ အထင်ရှားဆုံးသော အကြောင်းရင်းကို ရည်ညွှန်းလေပြီ- မကောင်းမှု ကျူးလွန်ခြင်း ဖြစ်သည်။ လူတို့ မကောင်းမှု ကျူးလွန်သည့်အခါ ဘုရားသခင်သည် ၎င်းတို့ကို မလိုချင်သကဲ့သို့၊ ဘုရားသခင်သည် ၎င်းတို့ကို မလိုချင်သည့်အခါတွင်၊ သူသည် ၎င်းတို့အား လူမျိုးများ နှင့် လူအမျိုးအစား အမျိုးမျိုးတို့အကြား ပစ်လိုက်လေသည်။ ဤအရာက ၎င်းတို့ကို မျှော်လင့်ချက် မရှိဘဲ ဖြစ်သွားစေပြီး၊ ၎င်းတို့အတွက် ပြန်သွားဖို့ ခက်ခဲစေလေသည်။ ဤအရာအားလုံးသည် ဘုရားသခင် ရွေးချယ်ထားသော သူများ၏ ရှင်ခြင်းနှင့် သေခြင်းသံသရာနှင့် ဆက်နွယ်ပေသည်။

ဤနောက်အကြောင်းအရာသည် အစေခံသူများ၏ ရှင်ခြင်းနှင့်သေခြင်း သံသရာနှင့် ဆက်နွှယ်နေ၏။ အစေခံသူများ၏ ဇာစ်မြစ်များအကြောင်းကို ငါတို့ ခုတင် ဆွေးနွေးခဲ့သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ၎င်းတို့၏ အတိတ်ဘဝများတွင် မယုံကြည်သူများနှင့် တိရစ္ဆာန်များ ဖြစ်ခဲ့ကြပြီးနောက် ပြန်ဝင်စားကြသည် ဆိုသည့်အချက် ဖြစ်သည်။ အမှု၏နောက်ဆုံးအဆင့် ရောက်ရှိသည့်အတွက်၊ ဘုရားသခင်သည် မယုံကြည်သူများမှ ထိုသို့သော လူတစ်စုကို ရွေးချယ်ထားပြီးဖြစ်ကာ ဤအုပ်စုသည် အထူးအုပ်စုဖြစ်၏။ ဤလူတို့ကို ရွေးချယ်ရခြင်းတွင် ဘုရားသခင်၏ ရည်မှန်းချက်မှာ သူ၏အမှုကို ၎င်းတို့ အစေခံရန်အတွက် ဖြစ်၏။ "အစေခံခြင်း" ဆိုသည်မှာ ကြားရသည်မှာ ရည်မွန်လှသောစကားလုံး မဟုတ်သကဲ့သို့ အယောက်တိုင်း၏ စိတ်ဆန္ဒများနှင့် မကိုက်ညီသော်လည်း၊ ယင်းသည် မည်သူ့ကို ရည်ရွယ်သည်ကို ငါတို့ကြည့်သင့်သည်။ ဘုရားသခင်၏ အစေခံသူများ တည်ရှိနေခြင်းသည် အထူး အရေးပါမှုတစ်ရပ် ရှိ၏။ ၎င်းတို့သည် ဘုရားသခင်၏ ရွေးချယ်ထားခြင်း ခံခဲ့ရသည့်အတွက် အခြားမည်သူမျှ ၎င်းတို့၏အခန်းကဏ္ဍကို မဆောင်ရွက်နိုင်ပေ။ ပြီးလျှင် ဤအစေခံသူများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။ ဘုရားသခင်၏ ရွေးချယ်ခံရသူများကို အစေခံရန်ဖြစ်၏။ အများအားဖြင့်၊ ၎င်းတို့၏အခန်းကဏ္ဍမှာ ဘုရားသခင်၏ အမှုကို အစေခံရန်၊ ဘုရားသခင်၏ အမှုတွင် ပူးပေါင်းလုပ်ဆောင်ရန်နှင့် ဘုရားသခင် ရွေးချယ်ထားသူများကို သူစုံလင်စေခြင်းအမှုကို ကူညီဆောင်ကြဉ်းပေးရန်တို့ ဖြစ်သည်။ ၎င်းတို့အနေဖြင့် အားထုတ်ကြိုးပမ်းနေကြခြင်း ရှိမရှိ၊ အမှု၏ ရှုထောင့်အချို့ကို ဆောင်ရွက်နေခြင်း ရှိမရှိ၊ သို့မဟုတ် အချို့သော အလုပ်များကို တာဝန်ယူခြင်း ရှိမရှိဆိုသည်ကို ပဓာနမထားဘဲ၊ ဤအစေခံသူများနှင့်ပတ်သက်၍ ဘုရားသခင်၏ သတ်မှတ်ချက်မှာ အဘယ်နည်း။ ၎င်းတို့နှင့်သက်ဆိုင်သည့် သူ၏သတ်မှတ်ချက်များမှာ အလွန်မည်သာမတော ဖြစ်လွန်းနေသလော။ (မဟုတ်ပါ။ ၎င်းတို့ကို သစ္စာစောင့်သိရန်သာ ဘုရားသခင် တောင်းဆိုပါသည်။) အစေခံသူများသည်လည်း သစ္စာစောင့်သိရမည်ဖြစ်၏။ သင်၏ဇာစ်မြစ် သို့မဟုတ် ဘုရားသခင်သည် သင့်ကို အဘယ်ကြောင့် ရွေးချယ်သည်ကို ပဓာနမထားဘဲ၊ သင်သည် ဘုရားသခင်ကိုလည်းကောင်း၊ သင့်ကို ဘုရားသခင် အပ်နှံသည့် မည်သည့် စေခိုင်းချက်တာဝန်များကိုမဆို၊ ပြီးလျှင် သင် တာဝန်ရှိသည့် အလုပ်နှင့် သင်ထမ်းဆောင်သည့် တာဝန်များကိုလည်းကောင်း သစ္စာစောင့်သိရမည်။ ဘုရားသခင်ကို သစ္စာစောင့်သိခြင်းနှင့် ကျေနပ်စေခြင်းဟာ တတ်စွမ်းနိုင်သည့် အစေခံသူများအတွက်၊ ၎င်းတို့၏အဆုံးသတ်မှာ မည်သည့်အရာ ဖြစ်လိမ့်မည်နည်း။ ၎င်းတို့ ဆက်လက်တည်ရှိနိုင်ကြလိမ့်မည်။ ဆက်လက်တည်ရှိသော အစေခံသူများဖြစ်ဖို့ရန်မှာ ကောင်းချီးမင်္ဂလာ တစ်ခုလော။

ဆက်လက်တည်ခြင်းသည် မည်သည့်အရာကို ဆိုလိုသနည်း။ ဤကောင်းချီးမင်္ဂလာ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ အဆင့်အတန်းတွင်၊ ၎င်းတို့သည် ဘုရားသခင်၏ရွေးချယ်ခံရသူများနှင့် တူပုံမရပေ။ ၎င်းတို့သည် ကွဲပြားပုံရ၏။ သို့သော် အမှန်တွင်၊ ဤဘဝတွင် ၎င်းတို့ မွေ့လျော်သည့် အရာသည် ဘုရားသခင်၏ ရွေးချယ်ခံသူတို့ မွေ့လျော်သည့်အရာနှင့် တူညီသည် မဟုတ်လော။ အနည်းဆုံးအနေဖြင့်၊ ယင်းသည် ဤဘဝတွင် တူညီပေသည်။ ဤအရာကို သင်တို့ မငြင်းကြပေ၊ ဟုတ်သည်မဟုတ်လော။ ဘုရားသခင်၏ မိန့်မြွက်ချက်များ၊ ဘုရားသခင်၏ ကျေးဇူးတော်၊ ဘုရားသခင်၏ ထောက်ပံ့မှု၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများ- ဤအရာများကို မည်သူ မမွေ့လျော်ဘဲ နေသနည်း။ ထိုသို့သော အလျှံပယ်ရှိခြင်းကို အယောက်တိုင်း မွေ့လျော် ခံစားကြ၏။ အစေခံသူတစ်ဦး၏ ကိုယ်ပိုင်လက္ခဏာသည် အစေခံမှုကို လုပ်ဆောင်သူတစ်ဦး ဖြစ်သော်လည်း၊ ဘုရားသခင်အဖို့ ၎င်းတို့သည် သူဖန်ဆင်းခဲ့သော အရာအားလုံးထဲမှ တစ်ဦးသာ ဖြစ်၏။ ၎င်းတို့၏ အခန်းကဏ္ဍမှာ အစေခံသူ၏ အခန်းကဏ္ဍသာ ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် ဘုရားသခင်၏ ဖန်ဆင်းခံသတ္တဝါများ ဖြစ်သည့်အတွက်၊ အစေခံသူတစ်ဦးနှင့် ဘုရားသခင်၏ရွေးချယ်ခံရသူတစ်ဦးတို့အကြား ကွာခြားချက် တစ်ခုတစ်လေ ရှိသလော။ လက်တွေ့အားဖြင့် မရှိပေ။ အမည်ခံအားဖြင့် ပြောရလျှင် ကွာခြားချက်ရှိ၏၊ အနှစ်သာရနှင့် ၎င်းတို့ပါဝင်သည့် အခန်းကဏ္ဍအရ ကွာခြားချက်ရှိ၏- သို့ရာတွင် ဘုရားသခင်သည် ဤလူစုကို မမျှမတ မဆက်ဆံပေ။ ထို့ကြောင့် ဤလူများသည် အစေခံသူများဟု အဘယ်ကြောင့် သတ်မှတ်ခံထားရသနည်း။ သင်တို့သည် ဤအရာနှင့် သက်ဆိုင်၍ သိနားလည်မှုတစ်ခု ရှိရပေမည်။ အစေခံသူများသည် မယုံကြည်သူများထဲမှ လာကြ၏။ မယုံကြည်သူများထဲမှ ၎င်းတို့လာသည်ဟု ငါတို့ ဖော်ပြသည်နှင့် တစ်ပြိုင်နက်၊ ၎င်းတို့တွင် တူညီသည့် မကောင်းသည့် နောက်ခံသမိုင်း ရှိကြသည်မှာ သိသာပေသည်- ၎င်းတို့အားလုံးသည် ဘုရားမဲ့ဝါဒီများဖြစ်ကြပြီး၊ အတိတ်တွင်လည်း ထိုသို့ ဖြစ်ခဲ့ကြ၏။ ၎င်းတို့သည် ဘုရားသခင်ကို မယုံကြည်ကြသကဲ့သို့၊ ဘုရားသခင်၊ သမ္မာတရားနှင့် အပြုသဘောဆောင်သော အရာအားလုံးကို ရန်လိုခဲ့ကြသည်။ ၎င်းတို့သည် ဘုရားသခင်ကို သို့မဟုတ် ဘုရားသခင်တည်ရှိခြင်းကို မယုံကြည်ကြချေ။ ထိုသို့ဖြစ်သဖြင့်၊ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နားလည်ခြင်းငှာ တတ်စွမ်းနိုင်ကြပါသလော။ ကြီးမားသော အတိုင်းအတာအထိ ၎င်းတို့ နားလည်နိုင်စွမ်းမရှိဟု ပြောသည်မှာ တရားပေသည်။ တိရစ္ဆာန်များသည် လူ့စကားများကို နားလည်နိုင်စွမ်း မရှိကြသကဲ့သို့၊ အစေခံသူများသည် ဘုရားသခင် မည်သည့်အရာ ပြောနေသည်၊ မည်သည့်အရာကို သူ တောင်းဆိုသည်၊ သို့မဟုတ်

ထိုသို့သော တောင်းဆိုချက်များကို သူ အဘယ်ကြောင့် ပြုသည်တို့ကို နားမလည် နိုင်ကြပေ။ ၎င်းတို့ နားမလည်ပေ။ ၎င်းတို့အဖို့ ဤအရာများသည် နားမလည်နိုင်ဖွယ်ရာ ဖြစ်ပြီး၊ ၎င်းတို့ ဉာဏ်အလင်းမရဘဲ ရှိနေကြ၏။ ဤအကြောင်းကြောင့်၊ ဤလူတို့သည် ငါတို့ပြောဆိုခဲ့သည့် အသက်ကို မပိုင်ဆိုင်ကြပေ။ အသက်မရှိဘဲနှင့်၊ သမ္မာတရားကို လူတို့ နားလည်နိုင်ကြသလော။ ၎င်းတို့သည် သမ္မာတရားဖြင့် ပြင်ဆင်ထားပါသလော။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သက်ဆိုင်သည့် အတွေ့အကြုံနှင့် အသိပညာတို့ကို ၎င်းတို့ ရှိကြပါသလော။ (မရှိပါ။) ယင်းမှာ အစေခံသူတို့၏ ဇာစ်မြစ်များဖြစ်၏။ သို့သော်၊ ဘုရားသခင်သည် ဤလူတို့ကို အစေခံသူများ ဖြစ်စေသည့်အတွက်၊ ၎င်းတို့နှင့်သက်ဆိုင်သည့် သူ၏သတ်မှတ်ချက်များတွင် စံနှုန်းများ ရှိဆဲဖြစ်၏။ သူသည် ၎င်းတို့အပေါ် အထင်အမြင်မသေးသကဲ့သို့၊ ၎င်းတို့အပေါ် ဝတ်ကျေတမ်းကျေ ပြုခြင်းလည်း မရှိပေ။ ၎င်းတို့သည် သူ၏နှုတ်ကပတ်တော်များကို နားမလည်ကြသကဲ့သို့၊ အသက်ကို ပိုင်ဆိုင်ခြင်း မရှိကြသော်လည်း၊ ဘုရားသခင်သည် ၎င်းတို့ကို ကြင်နာစွာ ဆက်ဆံဆဲဖြစ်ပြီး၊ ၎င်းတို့နှင့် သက်ဆိုင်သော သူ၏သတ်မှတ်ချက်များနှင့် ပတ်သက်လာသည့်အခါ စံနှုန်းများ ရှိဆဲဖြစ်၏။ သင်တို့သည် ယခုတင် ဤစံနှုန်းများနှင့် ပတ်သက်၍ ပြောဆိုခဲ့ကြသည်- ဘုရားသခင်ကို သစ္စာစောင့်သိခြင်းနှင့် သူပြောသည့်အရာကိုလုပ်ဆောင်ခြင်းတို့ ဖြစ်သည်။ သင်၏အစေခံမှုတွင်၊ သင်သည် လိုအပ်သည့်နေရာတွင် အစေခံရမည်ဖြစ်ပြီး၊ တကယ့်အဆုံးထိတိုင် အစေခံရမည်ဖြစ်၏။ သင်သည် သစ္စာစောင့်သိသော အစေခံသူတစ်ဦး ဖြစ်နိုင်ပါက၊ အဆုံးထိတိုင်အောင် အစေခံနိုင်ပြီး သင့်ကို ဘုရားသခင် အပ်နှံထားသည့် စေခိုင်းချက်တာဝန်ကို ဖြည့်ဆည်းနိုင်ပါက၊ သင်သည် တန်ဖိုးရှိသော အသက်တာကို အသက်ရှင်လိမ့်မည်ဖြစ်သည်။ ဤအရာကို သင် လုပ်ဆောင်နိုင်ပါက၊ သင်သည် ဆက်လက် တည်ရှိနိုင်လိမ့်မည်။ သင်သည် ဘုရားသခင်ကို သိရန် အနည်းငယ် သာ၍အားထုတ်ပါက၊ အနည်းငယ် သာ၍ကြိုးစားပါက၊ ဘုရားသခင်ကိုသိရန် သင်၏ကြိုးပမ်းအားထုတ်မှုများကို ဆတက်ထမ်းပိုး ပြုလုပ်နိုင်ပါက၊ ဘုရားသခင်ကို သိခြင်းအကြောင်း အနည်းငယ်ပြောဆိုနိုင်ပါက၊ သူ့အဖို့ သက်သေခံနိုင်ပါက၊ သည့်အပြင် သူ၏ အလိုတော်နှင့်သက်ဆိုင်သည့် တစ်စုံတစ်ရာကို သင် နားလည်နိုင်ပါက၊ ဘုရားသခင်၏အမှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ပြီး၊ ဘုရားသခင်၏ ရည်ရွယ်ချက်များကို အတော်အတန် အရေးထားနိုင်ပါက၊ သင်သည် အစေခံသူတစ်ဦးအနေဖြင့် အခွင့်အလမ်းတွင် ပြောင်းလဲမှုတစ်ခု တွေ့ကြုံရလိမ့်မည်ဖြစ်သည်။ ဤအခွင့်အလမ်း၌ ပြောင်းလဲမှုသည် မည်သည့်အရာ ဖြစ်လိမ့်မည်နည်း။ သင်သည် ဆက်လက်တည်ရှိရုံသက်သက် ဖြစ်လိမ့်မည် မဟုတ်တော့ပေ။ သင်၏အပြုအမူအနေအထိုင်၊ သင်၏ကိုယ်ပိုင် မျှော်မှန်းချက်များနှင့်

လိုက်စားမှုများအပေါ် မူတည်၍၊ ဘုရားသခင်သည် သင့်ကို ရွေးချယ်ခံရသူများထဲမှ တစ်ဦးဖြစ်စေလိမ့်မည်။ ဤအရာသည် အခွင့်အလမ်းထဲက သင်၏ ပြောင်းလဲမှု ဖြစ်လိမ့်မည်။ အစေခံသူများအတွက်၊ ဤအရာနှင့်ပတ်သက်၍ အကောင်းဆုံးသော အရာမှာ အဘယ်နည်း။ ယင်းမှာ ၎င်းတို့အနေဖြင့် ဘုရားသခင်၏ရွေးချယ်ခံရသူ ဖြစ်လာနိုင်ခြင်း ဖြစ်သည်။ အကယ်၍ ၎င်းတို့သည် ထိုသို့ဖြစ်ပါက၊ ယင်းမှာ ၎င်းတို့သည် မယုံကြည်သူများ ဖြစ်ကြသည့်ပုံစံကဲ့သို့ တိရစ္ဆာန်များအဖြစ် ဝင်စားတော့မည်မဟုတ်ဟု ဆိုလိုပေသည်။ ယင်းမှာ ကောင်းပါ၏လော။ ကောင်းပေသကဲ့သို့ သတင်းကောင်းလည်း ဖြစ်၏- ယင်းမှာ အစေခံသူများသည် ပုံသွင်း၍ရသည်ဟု ဆိုလိုပေသည်။ အစေခံသူများအတွက်၊ ဘုရားသခင်သည် ၎င်းတို့ကို အစေခံဖို့ ခွဲခန့်မှတ်သားလိုက်သည်နှင့်တစ်ပြိုင်နက်၊ ၎င်းတို့သည် ထိုသို့ ထာဝရ လုပ်ဆောင်ကြလိမ့်မည်ဆိုသည်မှာ မမှန်ပေ။ ထိုသို့ သေချာပေါက် မဟုတ်ပေ။ ဘုရားသခင်သည် ဤလူ၏ တစ်ဦးချင်း အပြုအမူနှင့် သင့်လျော်သည့် နည်းလမ်းဖြင့် ၎င်းတို့ကို ကိုယ်တွယ်ကာ တုန့်ပြန်မည်ဖြစ်သည်။

သို့ရာတွင်၊ တကယ့်အဆုံးထိတိုင် အစေမခံနိုင်သည့် စေခံသူများ ရှိ၏။ ၎င်းတို့၏ အစေခံမှုအတွင်းတွင်၊ လမ်းတစ်ဝက်၌ အရှုံးပေးကာ ဘုရားသခင်ကို စွန့်ပစ်သူများအပြင် အပြစ်များ တစ်သီတစ်တန်း ကျူးလွန်သော လူများ ရှိကြ၏။ ဘုရားသခင်၏ အမှုကို ကြီးမားသော ထိခိုက်မှု ဖြစ်စေပြီး ကြီးမားသော ဆုံးရှုံးမှု ဖြစ်ပေါ်စေသည့်သူများပင်ရှိပြီး၊ ဘုရားသခင်အား ကျိန်ဆဲသည့် အစေခံသူများ စသည်ဖြင့်ပင် ရှိကြ၏။ ဤသို့ ပြင်၍ မရသော အကျိုးဆက်များသည် မည်သည့်အရာကို ညွှန်ပြသနည်း။ ထိုသို့သော ဆိုးယုတ်သည့် လုပ်ရပ်တစ်ခုတစ်လေသည် ၎င်းတို့၏အစေခံမှု အဆုံးသတ်ခြင်းကို ညွှန်ပြပေလိမ့်မည်။ သင်၏ အစေခံမှုအတွင်း သင်၏အပြုအမူသည် လွန်ကဲစွာ ညံ့ဖျင်းလွန်းသောကြောင့်နှင့် သင်သည် လွန်လွန်းပြီ ဖြစ်သောကြောင့်၊ သင်၏အစေခံမှုက စံမမီသည်ကို ဘုရားသခင် တွေ့သည်နှင့်တစ်ပြိုင်နက်၊ သူသည် သင်၏ အစေခံရန် အရည်အချင်း ပြည့်မီမှုကို ဖယ်ရှားမည်ဖြစ်သည်။ သင့်ကို သူ အစေခံခွင့်ပြုတော့မည် မဟုတ်ပေ။ သူသည် သင့်အား သူ၏တကယ့်မြင်ကွင်းရှေ့နှင့် ဘုရားသခင်၏ အိမ်တော်မှ ဖယ်ရှားလိမ့်မည် ဖြစ်သည်။ သင်သည် အစေမခံလိုသည်မှာ ဟုတ်ပါသလော။ သင်သည် စဉ်ဆက်မပြတ် မကောင်းမှု ပြုလိုလျက်ရှိသည် မဟုတ်လော။ သင်သည် တစ်သမတ်တည်း သစ္စာမဲ့သည် မဟုတ်လော။ ကိုင်း ဒီလိုဆို၊ လွယ်ကူသည့် ဖြေရှင်းချက်တစ်ရပ် ရှိ၏- သင်၏ အစေခံရန် အရည်အချင်းပြည့်မီမှု ဖယ်ရှားခံရမည်ဖြစ်သည်။ ဘုရားသခင်အဖို့၊ အစေခံတစ်ဦးထံမှ ၎င်း၏ အစေခံရန် အရည်အချင်းပြည့်မီမှုကို ဖယ်ရှားခြင်းဆိုသည်မှာ ဤအစေခံသူ၏ အဆုံးသတ်ကို

ကြေညာလိုက်ပြီ ဖြစ်သည်ဟု ဆိုလိုပြီး၊ ၎င်းတို့သည် ဘုရားသခင်ကို အစေခံရန် အရည်အချင်းမီတော့မည် မဟုတ်ပေ။ ဘုရားသခင်သည် ဤလူ၏အစေခံမှုကို နောက်ထပ် မလိုအပ်တော့သကဲ့သို့ မည်မျှကောင်းမွန်သော အရာများကို ၎င်းတို့ ပြောကောင်းပြောကြပါစေ၊ ထိုစကားများသည် အချည်းနှီး ဖြစ်ပေလိမ့်မည်။ အမှုအရာများ ဤအဆင့်ထိ ရောက်သည့်အခါတွင်၊ အခြေအနေသည် ပြန်လည်ပြုပြင်မရနိုင်သောအရာ ဖြစ်လာပြီးဖြစ်လိမ့်မည်။ ဤကဲ့သို့သော အစေခံသူများသည် ပြန်လမ်းရှိလိမ့်မည် မဟုတ်။ ပြီးလျှင် ဤကဲ့သို့သော အစေခံသူများကို ဘုရားသခင်သည် မည်သို့ ကိုင်တွယ်ဖြေရှင်းသနည်း။ သူသည် ၎င်းတို့အား အစေခံမှုမှ ရပ်စဲရုံမျှ ရပ်စဲသလော။ မဟုတ်ပေ။ သူသည် ၎င်းတို့အား ဆက်လက်တည်ရှိနေခြင်းမှ တားဆီးရုံမျှ တားဆီး သလော။ သို့မဟုတ် သူသည် ၎င်းတို့အား ဘေးဖယ်ထားပြီး၊ ၎င်းတို့ ပြောင်းလဲမှုတစ်ခု ပြုလုပ်ရန် စောင့်ဆိုင်းသလော။ မစောင့်ဆိုင်းပေ။ ဘုရားသခင်သည် အစေခံသူများနှင့် ပတ်သက်လာသည့်အခါ အမှန်တကယ် သိပ်ချစ်ခင်သည် မဟုတ်ပေ။ လူတစ်ဦးသည် ဘုရားသခင်ကို ၎င်းတို့၏ အစေခံရာ၌ ဤသဘောထားမျိုးရှိပါက၊ ဤသဘောထား၏ အကျိုးဆက်အနေဖြင့်၊ ဘုရားသခင်သည် ၎င်းတို့၏ အစေခံရန် အရည်အချင်း ပြည့်မီမှုကို ဖယ်ရှားလိမ့်မည် ဖြစ်ပြီး၊ မယုံကြည်သူများအလယ်သို့ ၎င်းတို့ကို နောက်တစ်ကြိမ် ပြန်ပစ်ထည့်လိမ့်မည် ဖြစ်သည်။ ပြီးလျှင် မယုံကြည်သူများ အလယ် ပြန်ပစ်ခြင်းခံရသော အစေခံသူတစ်ဦး၏ ကံကြမ္မာမှာ အဘယ်နည်း။ မယုံကြည်သူများ၏ ကံကြမ္မာနှင့် အတူတူဖြစ်၏- ၎င်းတို့သည် တိရစ္ဆာန် တစ်ကောင်အဖြစ် ပြန်ဝင်စားစေခြင်းခံရမည်ဖြစ်ပြီး၊ မယုံကြည်သူများကဲ့သို့ ဝိညာဉ်လောကတွင် အလားတူ အပြစ်ပေးခြင်းကို ရရှိမည် ဖြစ်သည်။ ထို့အပြင်၊ ထိုသို့သော လူသည် ဘုရားသခင်၏ အမှုနှင့် မည်သည့်ဆက်စပ်မှုမျှ မရှိတော့သည့်အတွက်၊ ဘုရားသခင်သည် ဤလူ၏အပြစ်ဒဏ်တွင် ကိုယ်တိုင် မည်သည့်စိတ်ဝင်စားမှုမျှ ရှိလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ ဘုရားသခင်၌ ၎င်းတို့၏ ယုံကြည်မှု အသက်တာ၏နိဂုံး ဖြစ်သည်သာမက၊ ၎င်းတို့ကိုယ်တိုင်၏ ကံကြမ္မာ၏ နိဂုံးဖြစ်သည့်အပြင်၊ ၎င်းတို့ကံကြမ္မာနှင့် သက်ဆိုင်သည့် ကြေညာချက်လည်း ဖြစ်သည်။ ထို့ကြောင့်၊ အစေခံသူများသည် ညံ့ဖျင်းစွာ အစေခံပါက၊ မိမိတို့ကိုယ်တိုင် အကျိုးဆက်များကို ခံစားရမည်ဖြစ်သည်။ အစေခံသူတစ်ဦးသည် တကယ့်အဆုံးထိတိုင် အစေခံနိုင်စွမ်းမရှိပါက၊ သို့မဟုတ် လမ်းတစ်ဝက်တွင် ၎င်းတို့၏ အစေခံရန် အရည်အချင်းပြည့်မီမှု ဖယ်ရှားခံရပါက၊ မယုံကြည်သူများအလယ်သို့ ပစ်ထည့်ခြင်း ခံရမည်ဖြစ်ပြီး- ဤအရာဖြစ်ပျက်ပါက၊ ထိုသို့သော လူသည် ခြံမွေးတိရစ္ဆာန်များ နည်းတူ၊ အသိဉာဏ် သို့မဟုတ် ဆင်ခြင်တုံတရားမရှိသော

လူများနည်းတူ ကိုင်တွယ်ဖြေရှင်းခြင်း ခံရလိမ့်မည်ဖြစ်သည်။ ငါဤသို့ပြောသည့်အခါ၊ သင်တို့နားလည်နိုင်သည်၊ မဟုတ်လော။

အထက်တွင်ဆိုခဲ့ပြီးဖြစ်သည်မှာ ဘုရားသခင်က သူ၏ ရွေးချယ်ထားသူများနှင့် အစေခံသူများ၏ ရှင်ခြင်းနှင့်သေခြင်း သံသရာအား ကိုင်တွယ်ပုံဖြစ်၏။ ဤအရာကို ကြားပြီးနောက်တွင်၊ သင်တို့ မည်သို့ ခံစားရသနည်း။ ငါသည် ယခင်က ဤအကြောင်းအရာကို ပြောဆိုဖူးသလော။ ဘုရားသခင်၏ ရွေးချယ်ခြင်းခံရသူများနှင့် အစေခံသူများနှင့်ပတ်သက်သည့် အကြောင်းအရာကို ငါ ပြောဆိုဖူးသလော။ ငါ အမှန်တကယ် ပြောဆိုဖူး၏၊ သို့သော် သင်တို့ မမှတ်မိပေ။ ဘုရားသခင်သည် သူ၏ရွေးချယ်ခြင်းခံရသူများနှင့် အစေခံသူများအပေါ် ဖြောင့်မတ်၏။ အခြေအနေအားလုံးတွင်၊ သူသည် ဖြောင့်မတ်၏။ ငါ မှန်သလော။ ဤအရာတွင် သင်အပြစ်ရှာနိုင်သည့် နေရာတစ်ခုခု ရှိသလော။ "ဘုရားသခင်သည် ရွေးချယ်ခံရသူများအပေါ် အဘယ်ကြောင့် သည်းခံလွန်းသနည်း။ ပြီးလျှင် သူသည် အစေခံသူများအပေါ် အဘယ်ကြောင့် အနည်းငယ်သာ သည်းခံသနည်း" ဟု ပြောမည့်လူများ ရှိသည်မဟုတ်လော။ တစ်စုံတစ်ဦးသည် အစေခံသူများအတွက် ရပ်တည်ပေးရန် ဆန္ဒရှိသလော။ "ဘုရားသခင်သည် အစေခံသူများအား အချိန်ပို၍ ပေးနိုင်သလော၊ ပြီးလျှင် ၎င်းတို့အပေါ် သာ၍ စိတ်ရှည်ပြီး သည်းခံနိုင်သလော။" ထိုသို့သော မေးခွန်းကို ဖွင့်ဟရန်မှာ မှန်ကန်သလော။ (မမှန်ပေ။) ပြီးလျှင် အဘယ်ကြောင့် မမှန်သနည်း။ (အစေခံသူများဖြစ်စေခြင်း လုပ်ရပ်မှတစ်ဆင့်ဖြင့်သာ အမှန်တကယ် ကျွန်ုပ်တို့ မျက်နှာသာပေးခံရခဲ့ပြီး ဖြစ်သောကြောင့် ဖြစ်ပါသည်။) အစေခံသူများသည် အစေခံရန် အခွင့်ပေးခံရခြင်း သက်သက်ဖြင့် မျက်နှာသာပေးခံရကြပြီး ဖြစ်သည်။ "အစေခံသူများ" ဟူသည့် အမည် မရှိဘဲနှင့်၊ ပြီးလျှင် ၎င်းတို့ လုပ်သည့် အလုပ်မရှိဘဲနှင့်၊ ဤလူများသည် မည်သည့်နေရာတွင် ရှိမည်နည်း။ ၎င်းတို့သည် ခြံမွေးတိရစ္ဆာန်များနှင့်အတူ အသက်ရှင်ရင်းနှင့် သေဆုံးရင်း၊ မယုံကြည်သူများအလယ်တွင် ရှိကြပေမည်။ ၎င်းတို့သည် ယနေ့တွင် ဘုရားသခင်၏ ရှေ့မှောက်သို့ လာဖို့နှင့် ဘုရားသခင်၏ အိမ်တော်သို့ လာဖို့ အခွင့်ပေးခံရလျက်၊ မွေ့လျော်ခံစားရသည့် ကျေးဇူးတော်များမှာ ကြီးမားလှပေတကား။ ဤသည်မှာ အင်မတန် ကြီးမားသော ကျေးဇူးတော် တစ်ခု ဖြစ်၏။ ဘုရားသခင်သည် သင့်အား အစေခံရန် အခွင့်အရေးကို မပေးပါက၊ သင်သည် သူ၏ရှေ့မှောက်သို့ လာရန် အခွင့်အရေး မည်သည့်အခါတွင်မျှ ရှိမည် မဟုတ်ပေ။ အနည်းဆုံးအနေဖြင့်ပြောရလျှင်၊ သင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ကာ ပေါက်မြောက်မှုကို ရရှိထားပြီး ဖြစ်လျှင်ပင်၊ အများဆုံးအနေဖြင့် သင်သည် ဝိညာဉ်လောကတွင် လက်တိုလက်တောင်းလုပ်ရသူ တစ်ဦးသာဖြစ်၏။ သင်သည်

ဘုရားသခင်ကို မည်သည့်အခါတွင်မျှ တွေ့ရမည်မဟုတ်၊ သူ၏အသံ သို့မဟုတ် သူ၏ နှုတ်ကပတ်တော်များကို ကြားရမည်မဟုတ်၊ သို့မဟုတ် သူ၏ချစ်ခြင်းမေတ္တာနှင့် ကောင်းချီးမင်္ဂလာများကို ခံစားရမည်မဟုတ်သကဲ့သို့၊ သင်သည် သူနှင့် မျက်နှာချင်းဆိုင်လာရဖို့ မည်သည့်အခါမျှ ဖြစ်နိုင်မည် မဟုတ်ပေ။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ၎င်းတို့ ရှေ့မှောက်တွင် ရှိသည့် တစ်ခုတည်းသောအရာမှာ ရိုးရှင်းသည့် အလုပ်တာဝန်များ ဖြစ်၏။ ၎င်းတို့သည် ဘုရားသခင်အားသိရန် မဖြစ်နိုင်သကဲ့သို့၊ ၎င်းတို့အနေဖြင့် လိုက်နာကာ နာခံရုံသာ ရှိသည်။ အစေခံသူများမှာမူ အမှု၏ဤအဆင့်အတွင်းတွင် များစွာရရှိကြ၏။ ပထမဦးစွာ၊ ၎င်းတို့သည် ဘုရားသခင်နှင့် မျက်နှာချင်းဆိုင်ဖို့ လာနိုင်ကြသည်၊ သူ၏အသံကို ကြားနိုင်ကြသည်၊ သူ၏နှုတ်ကပတ်တော်များကို ကြားနိုင်ကြပြီး၊ လူတို့အပေါ် သူအပ်နှင်းသည့် ကျေးဇူးတော်များနှင့် ကောင်းချီးမင်္ဂလာများကို တွေ့ကြုံခံစားနိုင်ကြလေသည်။ ထို့အပြင်၊ ၎င်းတို့သည် ဘုရားသခင် အပ်နှင်းသည့် နှုတ်ကပတ်တော်များနှင့် သမ္မာတရားများကို မွေ့လျော်ခံစားနိုင်ကြ၏။ အစေခံသူများသည် အမှန်တကယ် မြောက်မြားလှစွာ ရရှိကြပေသည်။ ထို့ကြောင့် အစေခံသူတစ်ဦးအနေဖြင့် သင်သည် သင့်တော်သည့် ကြိုးပမ်းအားထုတ်မှုပင် မပြုနိုင်ပါက၊ ဘုရားသခင်သည် သင့်ကို ထားရှိနိုင်သေးသလော။ သူသည် သင့်ကို မထားနိုင်ပေ။ သူသည် သင့်ထံမှ များစွာ မတောင်းဆိုသော်လည်း၊ သင်သည် သူတောင်းဆိုသည့် မည်သည့်အရာကိုမျှ မှန်ကန်စွာ မလုပ်ဆောင်ပေ။ သင်သည် သင်၏တာဝန်ကို စောင့်ထိန်းခြင်း မရှိလေပြီ။ ထို့သို့ဖြစ်သဖြင့်၊ ဘုရားသခင်သည် သင့်ကို မထားနိုင်သည်မှာ သေချာ၏။ ဘုရားသခင်၏ ဖြောင့်မတ်သော စိတ်သဘောထားမှာ ယင်းသို့ဖြစ်သည်။ ဘုရားသခင်သည် သင့်ကို အလိုမလိုက်လွန်းသော်လည်း၊ သူသည် သင့်အပေါ် ခွဲခြားဆက်ဆံခြင်းလည်း မရှိပေ။ ဤအရာများသည် ဘုရားသခင် ပြုမူသည့် အခြေခံသဘောတရားများဖြစ်၏။ ဘုရားသခင်သည် လူများနှင့် သတ္တဝါများ အားလုံးကို ဤပုံစံဖြင့် ဆက်ဆံလေသည်။

ဝိညာဉ်လောကနှင့်ပတ်သက်လာသည့်အခါ၊ ထိုအထဲက သတ္တဝါ အမျိုးမျိုးသည် မှားယွင်းသောအရာ တစ်စုံတစ်ခုကို လုပ်ဆောင်မိပါက သို့မဟုတ် ၎င်းတို့၏အလုပ်ကို မှန်ကန်စွာ မလုပ်ဆောင်ပါက၊ ဘုရားသခင်သည်လည်း ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းရန် အလားတူ လိုက်လျောညီထွေဖြစ်သော ကောင်းကင်ဘုံနှင့်ဆိုင်သည့် အမိန့်ပြန်တမ်းများနှင့် အမိန့်များရှိ၏။ ဤသည်မှာ အကြွင်းမဲ့ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ထောင်စုနှစ်အချို့ကြာသည့် စီမံခန့်ခွဲခြင်း အမှုအတောအတွင်းတွင်၊ အပြစ်များ ကျူးလွန်မိခဲ့ကြသည့် တာဝန်ထမ်းဆောင်သူ အချို့သည် မျိုးဖြုတ် ခံကြရပြီးဖြစ်သော်လည်း၊ အချို့မှာ-

ယနေ့ထက်ထိ- ထိန်းသိမ်း ခံရဆဲဖြစ်ပြီး၊ အပြစ်ပေးခံရဆဲဖြစ်၏။ ဤသည်မှာ ဝိညာဉ်လောကရှိ သတ္တဝါတိုင်း ရင်ဆိုင်ရမည့်အရာဖြစ်၏။ ၎င်းတို့သည် မှားယွင်းသော အရာတစ်စုံတစ်ခုကို လုပ်ဆောင်မိပါက သို့မဟုတ် မကောင်းမှု ကျူးလွန်မိပါက၊ အပြစ်ပေးခံရ၏- ဤသည်မှာ သူရွေးချယ်ထားသောသူများနှင့် အစေခံသူများအပေါ် ဘုရားသခင်၏ ချဉ်းကပ်မှုနှင့် တူညီပေသည်။ ထို့ကြောင့် ဝိညာဉ်လောကနှင့် ရုပ်ဝတ္ထုလောက နှစ်ခုလုံးတွင်၊ ဘုရားသခင် ဆောင်ရွက်သည့် အခြေခံသဘောတရားများသည် မပြောင်းလဲပေ။ သင်သည် ဘုရားသခင်၏ ဆောင်ရွက်ချက်များကို မြင်နိုင်သည်ဖြစ်စေ၊ မမြင်နိုင်သည်ဖြစ်စေ၊ ၎င်းတို့၏အခြေခံသဘောတရားများ ပြောင်းလဲခြင်း မရှိပေ။ တစ်လျှောက်လုံးတွင် ဘုရားသခင်သည် အရာရာတိုင်းကို သူ၏ချဉ်းကပ်မှုနှင့် အရာခပ်သိမ်းကို သူ၏ကိုင်တွယ်မှုတွင် တူညီသော အခြေခံသဘောတရားများ ရှိပြီးဖြစ်သည်။ ဤသည်မှာ ပြောင်းလဲ၍မရနိုင်ပေ။ ဘုရားသခင်သည် မယုံကြည်သူများအလယ်ရှိ သင့်တော်သော ပြုမူပြောဆိုပုံဖြင့် အသက်ရှင်သည့်သူတို့အပေါ် ကြင်နာလိမ့်မည်ဖြစ်ပြီး၊ ဘာသာတရား အသီးသီးထဲရှိ ကောင်းကောင်းမွန်မွန်ပြုမူပြီး မကောင်းမှု မလုပ်ဆောင်ကြသည့် သူတို့အတွက် ဘုရားသခင် စီမံခန့်ခွဲသည့် အရာခပ်သိမ်းထဲက ၎င်းတို့၏အခန်းကဏ္ဍများကို လုပ်ဆောင် ခွင့်ပေးရင်းနှင့် ၎င်းတို့လုပ်သင့်သည့်အရာကို လုပ်ခွင့်ပြုရင်း၊ အခွင့်အရေးများကို ချန်ထားလိမ့်မည်။ ထို့အတူ ဘုရားသခင်နောက် လိုက်သူများထဲနှင့် သူရွေးချယ်ထားသောလူတို့ထဲတွင်၊ ဘုရားသခင်သည် သူ၏အခြေခံသဘောတရားများနှင့်အညီ မည်သူ့ကိုမျှ ခွဲခြားဆက်ဆံခြင်း မရှိပေ။ သူသည် စိတ်ရင်းမှန်ဖြင့် သူ့နောက်လိုက်နိုင်သူတိုင်းအပေါ် ကြင်နာပြီး စိတ်ရင်းမှန်ဖြင့် သူ့နောက်လိုက်သူတိုင်းကို ချစ်၏။ ယင်းမှာ- မယုံကြည်သူများ၊ ယုံကြည်ခြင်းရှိသော လူအမျိုးအစား အမျိုးမျိုးနှင့် ဘုရားသခင် ရွေးချယ်ထားသူများကဲ့သို့သော- လူအမျိုးအစား အချို့အတွက် ၎င်းတို့အပေါ် ဘုရားသခင် အပ်နှင်းသည့်အရာ ခြားနားခြင်းသာ ဖြစ်ပေသည်။ ဥပမာအားဖြင့် မယုံကြည်သူများကို ကြည့်လော့- ၎င်းတို့သည် ဘုရားသခင်ကို မယုံကြည်သကဲ့သို့ ဘုရားသခင်က ၎င်းတို့အား သားရဲများကဲ့သို့ မြင်သော်လည်း၊ အရာခပ်သိမ်း အလယ်တွင် ၎င်းတို့အသီးသီးသည် စားစရာအစာရှိ၏၊ ၎င်းတို့၏ ကိုယ်ပိုင်နေရာတစ်ခုရှိကာ၊ ပုံမှန် ရှင်ခြင်းနှင့်သေခြင်း သံသရာ ရှိလေသည်။ မကောင်းမှုပြုသူတို့သည် အပြစ်ပေးခြင်းခံရကာ ကောင်းမှုပြုသူများသည် ကောင်းချီးခံစားရပြီး ဘုရားသခင်၏ ကြင်နာမှုကို လက်ခံရရှိကြ၏။ ယင်းမှာ ဤသို့ ဖြစ်သည်မဟုတ်လော။ ယုံကြည်ခြင်းရှိသော လူများအတွက် ပြန်လည်မွေးဖွားခြင်း တစ်ခုပြီးတစ်ခုမှတစ်ဆင့် ၎င်းတို့သည် ဘာသာရေး ကျင့်ဝတ်သီလများကို အတိအကျ လိုက်နာနိုင်ပါက၊ ထိုပြန်လည်

ဝင်စားခြင်းများအားလုံး၏ နောက်ပိုင်းတွင်၊ ဘုရားသခင်သည် နောက်ဆုံးတွင် ၎င်းတို့အဖို့ သူ၏ကြေညာချက် ပြုလုပ်လိမ့်မည်။ ထို့အတူ သင်တို့အတွက် ယနေ့တွင်၊ သင်တို့သည် ဘုရားသခင် ရွေးချယ်ထားသူများထဲမှ တစ်ဦးဖြစ်သည်ဖြစ်စေ၊ အစေခံသူ တစ်ဦးဖြစ်စေ၊ ဘုရားသခင်သည် အလားတူ သင်တို့ကိုလည်း လိုက်နာ စေလိမ့်မည်ဖြစ်ပြီး၊ သူချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အမိန့်များနှင့်အညီ သင်တို့၏အဆုံးသတ်ကို ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။ ဘာသာတရား အမျိုးမျိုးနှင့်သက်ဆိုင်သော သူများဖြစ်သည်- ယုံကြည်ခြင်းရှိသော လူအမျိုးအစား အမျိုးမျိုးဖြစ်သော၊ ဤလူအမျိုးအစား အမျိုးမျိုးထဲတွင်၊ ဘုရားသခင်သည် အသက်ရှင်ဖို့ နေရာကို ၎င်းတို့အား ပေးပြီးပြီလော။ ယုဒလူမျိုးများ အဘယ်မှာနည်း။ ဘုရားသခင်သည် ၎င်းတို့၏ ယုံကြည်ခြင်းတွင် ဝင်ရောက်နှောင့်ယှက်လေပြီလော။ သူ မနှောင့်ယှက်လေပြီ၊ မှန်ပါသလော။ ခရစ်ယာန်များနှင့် ပတ်သက်၍ကော အဘယ်နည်း။ ၎င်းတို့နှင့်ပတ်သက်၍လည်း သူမနှောင့်ယှက်လေပြီ။ သူသည် ၎င်းတို့အား ၎င်းတို့၏ ကိုယ်ပိုင် လုပ်ထုံးလုပ်နည်းများကို လိုက်နာခွင့်ပြုသည်၊ သူသည် ၎င်းတို့အား စကားမပြောပေ သို့မဟုတ် မည်သည့် အသိဉာဏ်ပွင့်လင်းစေခြင်းကိုမျှ မပေးပေ၊ ထို့အပြင် ၎င်းတို့ထံ မည်သည့်အရာကိုမှ သူ မထုတ်ဖော်ပြပေ။ သင် မှန်သည်ဟုထင်ပါက၊ ဤနည်းဖြင့် ယုံကြည်လော့။ ဘရင်ဂျီတို့သည် မာရိကိုယုံကြည်ကြပြီး၊ မာရိမှတစ်ဆင့် သတင်းသည် ယေရှုထံသို့ လက်ဆင့်ကမ်းခြင်း ဖြစ်သည်ဟု ယုံကြည်ကြသည်။ ယင်းမှာ ၎င်းတို့၏ယုံကြည်မှုပုံစံ ဖြစ်သည်။ ဘုရားသခင်သည် ၎င်းတို့၏ယုံကြည်ခြင်းကို ပြုပြင်ဖူးသလော။ ဘုရားသခင်သည် ၎င်းတို့အား စိတ်ကြိုက်လုပ်ကိုင်ခွင့်ပေး၏။ သူသည် ၎င်းတို့အား အလေးဂရုမပြုသကဲ့သို့၊ အသက်ရှင်ဖို့ နေရာတစ်ခုခုကို ပေးလေသည်။ မွတ်စလင်များ၊ ဗုဒ္ဓဘာသာဝင်များနှင့် စပ်လျဉ်း၍၊ သူသည် အလားတူ ဖြစ်သည် မဟုတ်လော။ ၎င်းတို့အတွက်လည်း သူသည် နယ်နိမိတ်များ ချမှတ်ပြီးဖြစ်ကာ ၎င်းတို့၏ သက်ဆိုင်ရာယုံကြည်မှုများတွင် ဝင်ရောက်နှောင့်ယှက်ခြင်း မရှိဘဲ၊ ၎င်းတို့၏ ကိုယ်ပိုင် အသက်ရှင်ရာ နေရာများကို ရှိခွင့်ပြု၏။ အရာအားလုံးကို ကောင်းမွန်စွာ စနစ်တကျ စီမံထား၏။ ဤအရာအားလုံးတွင် သင်တို့သည် မည်သည့်အရာကို မြင်ကြသနည်း။ ဘုရားသခင်သည် ဩဇာအာဏာ ပိုင်ဆိုင်သော်လည်း၊ သူသည် ယင်းကို အလွဲသုံးစားမပြုပေ။ ဘုရားသခင်သည် အရာခပ်သိမ်းကို စုံလင်သော စနစ်ကျမှုဖြင့် စီစဉ်ထားပြီး စနစ်ကျသည့် နည်းဟန်တစ်ခုဖြင့် ယင်းကို လုပ်ဆောင်ကာ၊ ဤတွင် သူ၏ဉာဏ်ပညာနှင့် အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်း တည်ရှိလေသည်။

ယနေ့တွင် ငါတို့သည် ထိုနယ်ပယ်အပေါ် ဘုရားသခင်၏ စီမံအုပ်ချုပ်မှုနှင့် အုပ်စိုးမှုတို့၏

လက္ခဏာသွင်ပြင် တစ်ရပ်ကို ကိုယ်စားပြုသော၊ ဝိညာဉ်လောက၏ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သစ်လွင်ပြီး ထူးခြားသော အကြောင်းအရာတစ်ခုကို ထည့်သွင်းဆွေးနွေးကြပြီး ဖြစ်သည်။ ဤအရာများကို သင်တို့ နားမလည်မီတွင်၊ သင်တို့က "ဤအရာနှင့်ပတ်သက်သည့် အရာရာတိုင်းသည် နက်နဲမှုတစ်ရပ်ဖြစ်ပြီး ကျွန်ုပ်တို့၏ အသက်ထဲသို့ ဝင်ရောက်မှုနှင့် မည်သည့်ပတ်သက်မှုမျှ မရှိပါ။ ဤအရာတို့သည် လူတို့ အမှန်တကယ် အသက်ရှင်ပုံမှ ကင်းကွာနေပြီး၊ ယင်းတို့ကို ကျွန်ုပ်တို့ နားလည်ရန် မလိုအပ်သကဲ့သို့၊ ယင်းတို့အကြောင်းကိုလည်း ကျွန်ုပ်တို့ ကြားရန် ဆန္ဒမရှိပါ။ ယင်းတို့သည် ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် လုံးဝ ဆက်စပ်ခြင်းမရှိပါ" ဟု ပြောကြပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။ ယခုတွင် ထိုသို့သော အတွေးနှင့်ပတ်သက်၍ ပြဿနာတစ်ခုရှိသည်ဟု သင်တို့ထင်သလော။ ယင်းမှာ မှန်ကန်ပါ၏လော။ (မမှန်ကန်ပါ။) ထိုသို့သော အတွေးသည် မမှန်ကန်သကဲ့သို့ ဆိုးရွားသည့် ပြဿနာများ ရှိ၏။ ဤအရာအတွက် အကြောင်းရင်းမှာ သင်သည် အရာခပ်သိမ်းအပေါ် ဘုရားသခင် မည်သို့အုပ်စိုးသည်ကို သဘောပေါက်ရန် ဆန္ဒရှိပါက၊ သင်မြင်တွေ့နိုင်သည့်အရာနှင့် သင်၏ တွေးခေါ်သည့်နည်းလမ်းက သဘောပေါက်နိုင်သည့်အရာကိုသာ သက်သက် နားလည်၍မရပေ။ သင်သည် သင့်အဖို့ မြင်ကောင်း မြင်နိုင်မည် မဟုတ်သော်လည်း၊ သင်မြင်နိုင်သော ဤလောကနှင့် ခွဲခြား၍မရအောင် ချိတ်ဆက်နေသည့် အခြားလောက၏ အချို့တစ်ဝက်တို့ကိုလည်း နားလည်ရမည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏အချုပ်အခြာအာဏာနှင့် သက်ဆိုင်ပြီး၊ "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" ဟူသော အကြောင်းအရာနှင့် သက်ဆိုင်ပေသည်။ ယင်းသည် ထိုအရာနှင့်ပတ်သက်သည့် သတင်းအချက်အလက်ဖြစ်၏။ ဤသတင်းအချက်အလက် မရှိဘဲနှင့်၊ ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် အဘယ်သို့ ဖြစ်သည်ဆိုသည်နှင့်ပတ်သက်သည့် လူတို့၏ အသိပညာတွင် အပြစ်အနာအဆာများနှင့် ချို့တဲ့မှုများ ရှိပေမည်။ သို့ဖြစ်၍ ယနေ့ ငါတို့ပြောပြီးသည့်အရာကို ငါတို့၏ ယခင်အကြောင်းအရာများကို အချောသတ်ခြင်းအပြင် "ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏"ဆိုသည့်အရာ၏ ပါဝင်သည့် အကြောင်းအရာကို နိဂုံးချုပ်ခြင်းဖြစ်သည်ဟု ပြောနိုင်၏။ ဤအရာကို နားလည်ပြီးနောက်တွင်၊ သင်တို့သည် ယခု ဤပါဝင်သည့် အကြောင်းအရာမှတစ်ဆင့် ဘုရားသခင်ကို သိနိုင်ကြပြီလော။ သာ၍ အရေးကြီးသည်မှာ၊ ယနေ့တွင် ငါသည် အစေခံသူများနှင့် ပတ်သက်သည့် အလွန်အရေးကြီးသော သတင်းအချက်အလက် တစ်ရပ်ကို သင်တို့ထံ လက်ဆင့်ကမ်းပြီးဖြစ်၏။ သင်တို့သည် ဤကဲ့သို့သော အကြောင်းအရာများကို

နားထောင်ရခြင်းအား အလွန် နှစ်သက်သကဲ့သို့ သင်တို့သည် ဤအရာများကို အမှန်တကယ် ဂရုစိုက်သည်ကို ငါသိသည်။ ထို့ကြောင့် ယနေ့ ငါပြောပြီးဖြစ်သည့်အရာ နှင့်ပတ်သက်၍ သင်တို့ စိတ်ကျေနပ်သည်ဟု ခံစားရသလော။ (ဟုတ်ကဲ့။ ကျွန်ုပ်တို့ ခံစားရပါသည်။) အခြားအရာများထဲမှ အချို့သည် သင်တို့အပေါ် အလန်ခိုင်မာသည့် ယူဆချက်တစ်ရပ် မဖြစ်စေနိုင်ကောင်းသော်လည်း၊ အစေခံသူများနှင့်ပတ်သက်သည့် ငါ ပြောဆိုပြီးဖြစ်သော အရာသည် သင်တို့ တစ်ဦးစီတိုင်း၏ ဝိညာဉ်ကို တို့ထိသည့်အတွက်၊ ဤအကြောင်းအရာက သင်တို့အပေါ် အထူးသဖြင့် ခိုင်မာသည့် ယူဆချက်တစ်ရပ် ဖြစ်စေပြီးဖြစ်သည်။

## လူသားမျိုးနွယ်နှင့်ပတ်သက်၍ ဘုရားသခင်၏ သတ်မှတ်ချက်များ

### ၁။ ဘုရားသခင်ကိုယ်တော်တိုင်၏ ပင်ကိုလက္ခဏာနှင့် အဆင့်အတန်း

"ဘုရားသခင်သည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်၏" နှင့်သက်ဆိုင်သော အကြောင်းအရာအပြင်၊ "ဘုရားသခင်သည် အတုမရှိသော ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်၏" နှင့်သက်ဆိုင်သော အကြောင်းအရာ၏ အဆုံးသို့ ငါတို့ ရောက်ရှိပြီဖြစ်သည်။ ထိုသို့ပြီးမြောက်သည်နှင့်အညီ၊ ငါတို့သည် အမှုအရာများကို အကျဉ်းရုံးရန် လိုသည်။ မည်သည့် အကျဉ်းချုပ်မျိုး ငါတို့ ပြုလုပ်ရမည်နည်း။ ယင်းသည် ဘုရားသခင် ကိုယ်တော်တိုင်နှင့်ပတ်သက်သည့် သုံးသပ်ချက်တစ်ခု ဖြစ်သည်။ ထိုသို့ ဖြစ်သဖြင့်၊ ယင်းသည် ဘုရားသခင်၏ လက္ခဏာသွင်ပြင်တိုင်းအပြင်၊ ဘုရားသခင်ကို လူတို့ယုံကြည်သည့် ပုံစံနှင့်လည်း ဧကန်ဖြစ်သော ဆက်စပ်မှုတစ်ခု ရှိရပေမည်။ ထို့ကြောင့် ပထမဦးစွာ ငါသည် သင်တို့ကို မေးရမည်- ဤတရားဟောချက်များကို ကြားရပြီးသည့်နောက်၊ သင်တို့၏စိတ်အမြင်ထဲတွင် ဘုရားသခင်သည် မည်သူနည်း။ (ဖန်ဆင်းရှင် ဖြစ်ပါသည်။) သင်တို့၏ စိတ်အမြင်ထဲတွင် ရှိသော ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်၏။ အခြားအရာများ ရှိသေးသလော။ ဘုရားသခင်သည် အရာခပ်သိမ်း၏ သခင်ဖြစ်၏။ ဤစကားများသည် သင့်တော်ပါသလော။ (သင့်တော်ပါသည်။) ဘုရားသခင်သည် အရာခပ်သိမ်းကို အုပ်စိုးပြီး အရာခပ်သိမ်းကို စီမံအုပ်ချုပ်သောသူ ဖြစ်၏။ သူသည် ရှိသမျှအားလုံးကို ဖန်ဆင်းခဲ့၏။ ရှိသမျှအားလုံးကို စီမံအုပ်ချုပ်ပြီး၊ ရှိသမျှအားလုံးအပေါ် အုပ်စိုးကာ ရှိသမျှအားလုံးအတွက် ထောက်ပံ့ပေး၏။ ဤသည်မှာ ဘုရားသခင်၏ အဆင့်အတန်းဖြစ်ပြီး၊ သူ၏ ပင်ကိုလက္ခဏာဖြစ်၏။ အရာခပ်သိမ်းနှင့် ရှိသမျှအရာ အားလုံးအတွက် ဘုရားသခင်၏ စစ်မှန်သော ပင်ကိုလက္ခဏာမှာ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်းအားလုံးကို အုပ်ချုပ်သူ ဖြစ်၏။ ယင်းမှာ ဘုရားသခင် ပိုင်ဆိုင်သော ပင်ကိုလက္ခဏာဖြစ်ပြီး၊ သူသည်

အရာခပ်သိမ်းတို့အလယ်တွင် အတုမရှိဖြစ်၏။ လူသားမျိုးနွယ်ထဲတွင် ဖြစ်စေ၊ ဝိညာဉ်လောကတွင်ဖြစ်စေ- ဘုရားသခင်၏ သတ္တဝါများထဲမှ မည်သူကမျှ ဘုရားသခင်၏ ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းကို တုအောင်တုရန် သို့မဟုတ် အစားထိုးရန် မည်သည့်နည်းလမ်း သို့မဟုတ် မည်သည့်အခွင့်အလမ်းမျှ အသုံးမပြုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်းတို့ အလယ်တွင် ဤပင်ကိုလက္ခဏာ၊ တန်ခိုး၊ သြဇာအာဏာနှင့် ဖန်ဆင်းခြင်းအပေါ် အုပ်ချုပ်နိုင်စွမ်းကို ပိုင်ဆိုင်သောသူ- ငါတို့၏ အတုမရှိသော ဘုရားသခင် ကိုယ်တော်တိုင်- တစ်ဦးတည်းသာ ရှိသောကြောင့် ဖြစ်သည်။ သူသည် အရာခပ်သိမ်းအလယ် နေထိုင်ကာ ရွေ့လျားသွားလာသည်။ သူသည် အရာခပ်သိမ်း၏အထက် အမြင့်ဆုံးသောနေရာသို့ တက်ကြွနိုင်၏။ သူသည် လူသားဖြစ်လာခြင်း၊ အသွေးအသား ရှိသည့် သူတို့ထဲမှ တစ်ဦးဖြစ်လာခြင်း၊ လူတို့နှင့် မျက်နှာချင်းဆိုင်လာခြင်းနှင့် ၎င်းတို့နှင့်အတူ အကောင်းအဆိုးများကို မျှဝေခံစားခြင်းဖြင့် သူ့ကိုယ်သူ နှိမ့်ချနိုင်၏၊ သို့သော် တစ်ချိန်တည်းတွင် သူသည် ရှိသမျှအရာ အားလုံး၏ ကံကြမ္မာနှင့် ယင်းတို့အားလုံး ရွေ့လျားသည့်ဦးတည်ရာကို ဆုံးဖြတ်ရင်း၊ ရှိသမျှအရာအားလုံးကို ကွပ်ကဲအုပ်ချုပ်လေသည်။ ထို့အပြင် သူသည် လူသားမျိုးနွယ်အားလုံး၏ ကံကြမ္မာကို လမ်းပြပြီး၊ လူသားမျိုးနွယ်၏ ဦးတည်ချက်ကို ထိန်းကျောင်းပေး၏။ ဤကဲ့သို့သော ဘုရားသခင်တစ်ပါးကို သက်ရှိသတ္တဝါအားလုံးက ဝတ်ပြု ကိုးကွယ်သင့်သည်၊ နာခံသင့်ပြီး သိရှိသင့်ပေသည်။ ထို့ကြောင့် သင်သည် လူသားမျိုးနွယ်ထဲမှ မည်သည့်အုပ်စု သို့မဟုတ် မည်သည့် အမျိုးအစားနှင့်သက်ဆိုင်သည်ဖြစ်စေ၊ ဘုရားသခင်ကို ယုံကြည်ခြင်း၊ ဘုရားသခင် နောက်လိုက်ခြင်း၊ ဘုရားသခင်အား ရိုသေလေးမြတ်ခြင်း၊ ဘုရားသခင်၏ အုပ်ချုပ်မှုကို လက်ခံခြင်းနှင့် သင်၏ကံကြမ္မာအတွက် သူ၏ အစီအစဉ်များကို လက်ခံခြင်းသည်သာ မည်သည့် လူမဆိုနှင့် မည်သည့် သက်ရှိသတ္တဝါအတွက်မဆို တစ်ခုတည်းသော ရွေးချယ်စရာ- လိုအပ်သော ရွေးချယ်စရာ- ဖြစ်၏။ ဘုရားသခင်၏ အတုမရှိမှုတွင်၊ လူတို့က သူ၏သြဇာအာဏာ၊ သူ၏ ဖြောင့်မတ်သော စိတ်သဘောထား၊ သူ၏အနှစ်သာရနှင့် အရာခပ်သိမ်းအဖို့ သူထောက်ပံ့ပေးသည့် နည်းလမ်းများ အားလုံး လုံးဝ အတုမရှိသည်ကို တွေ့ကြ၏။ ဤအတုမရှိမှုသည် ဘုရားသခင်ကိုယ်တိုင်၏ စစ်မှန်သော ပင်ကိုလက္ခဏာကို သတ်မှတ်ပြီး သူ၏အဆင့်အတန်းကိုလည်း သတ်မှတ်၏။ ထို့ကြောင့် သတ္တဝါတို့ အားလုံးထဲတွင်၊ ဝိညာဉ်လောကထဲရှိ သို့မဟုတ် လူသားမျိုးနွယ်အလယ်ရှိသည့် မည်သည့် သက်ရှိသတ္တဝါမဆို ဘုရားသခင်၏ကိုယ်စား ရပ်တည်ရန် ဆန္ဒရှိပါက၊ ဘုရားသခင်ကို တုပရန် မည်သည့် ကြိုးပမ်းမှုမဆိုကဲ့သို့ အောင်မြင်ဖို့ ဖြစ်နိုင်မည် မဟုတ်ပေ။

ဤသည်မှာ အမှန်တရားဖြစ်၏။ ဘုရားသခင်ကိုယ်တော်တိုင်၏ ပင်ကိုလက္ခဏာ၊ တန်ခိုးနှင့် အဆင့်အတန်းကို ပိုင်ဆိုင်သည့် ဤကဲ့သို့သော ဖန်ဆင်းရှင်နှင့် အုပ်စိုးသူတစ်ဦး၏ လူသားမျိုးနွယ်နှင့်သက်ဆိုင်သော သတ်မှတ်ချက်များကား အဘယ်နည်း။ ဤသည်မှာ အယောက်တိုင်းအဖို့ ရှင်းလင်းသင့်ပြီး အယောက်တိုင်းက အမှတ်ရသင့်ပေသည်။ ဤသည်မှာ ဘုရားသခင်နှင့် လူသား နှစ်ဦးလုံးအတွက် အလွန် အရေးကြီးပေသည်။

## ၂။ ဘုရားသခင်အပေါ် လူသားမျိုးနွယ်၏ သဘောထားအမျိုးမျိုး

ဘုရားသခင်အပေါ် လူတို့ပြုမူပုံသည် ၎င်းတို့၏ကံကြမ္မာကို အဆုံးအဖြတ်ပေးသည့်အပြင်၊ ၎င်းတို့အပေါ် ဘုရားသခင် မည်သို့ ပြုမူပြီး ၎င်းတို့ကို မည်သို့ကိုင်တွယ်မည်ကို ဆုံးဖြတ်ပေးသည်။ ဤအချိန်တွင် ဘုရားသခင်အပေါ် လူတို့ပြုမူပုံ နှင့်သက်ဆိုင်သည့် ဥပမာအချို့ ငါပေးမည်။ ဘုရားသခင် ရှေ့မှောက်တွင် ၎င်းတို့ မိမိတို့ကိုယ်ကိုယ် ပြုမူနေထိုင်သည့် ပုံစံများနှင့် သဘောထားများသည် မှန်ကန်ခြင်း ရှိမရှိဆိုသည်ကို နားထောင်ကာ ကြည့်ကြစို့။ အောက်ပါ လူအမျိုးအစား ခုနှစ်မျိုးတို့၏ အပြုအမူကို စဉ်းစားကြစို့-

၁) ဘုရားသခင်အပေါ် ၎င်း၏သဘောထားက အထူးသဖြင့် ရယ်ဖွယ်ကောင်းသော လူတစ်မျိုးရှိ၏။ ဤလူတို့က ဘုရားသခင်သည် ဘုရားလောင်းတစ်ပါး သို့မဟုတ် လူ့ရိုးရာယုံကြည်မှု၏ သန့်ရှင်းသူတစ်ဦးကဲ့သို့ ဖြစ်ပြီး၊ အချင်းချင်း ဆုံသည့်အခါတိုင်း သုံးကြိမ်ဦးညွှတ်ဖို့နှင့် အစာစားပြီးတိုင်း အမွှေးတိုင်ထွန်းပေးရန် လူသားများကို လိုအပ်သည်ဟု ထင်ကြ၏။ အကျိုးဆက်အနေဖြင့်၊ ဘုရားသခင်၏ ကျေးဇူးတော်အတွက် ၎င်းတို့ အလွန့်အလွန် ကျေးဇူးတင်ရှိကာ ဘုရားသခင်အပေါ် ကျေးဇူးတင်ခြင်း ခံစားရသည့်အခါတိုင်းတွင်၊ ၎င်းတို့သည် ဤ စိတ်ဆန္ဒမျိုး မကြာခဏ ရှိကြသည်။ ထို့ကြောင့် ယနေ့ ၎င်းတို့ယုံကြည်သော ဘုရားသခင်သည် ၎င်းတို့၏ နှလုံးသားများတွင် ၎င်းတို့ တမ်းတကြသော သန့်ရှင်းသူကဲ့သို့ တွေ့ဆုံသည့်အခါ၊ သုံးကြိမ်ဦးညွှတ်ပြီး၊ အစာစားပြီးတိုင်း အမွှေးတိုင်ထွန်းသော နည်းလမ်းကို လက်ခံနိုင်ရန် ၎င်းတို့ ဆန္ဒရှိကြလေသည်။

၂) လူအချို့သည် ဘုရားသခင်အား သက်ရှိအားလုံးကို ဒုက္ခဆင်းရဲမှ ကယ်ဆယ်နိုင်စွမ်းရှိပြီး၊ ၎င်းတို့ကို ကယ်တင်နိုင်စွမ်း ရှိသည့် သက်ရှိဗုဒ္ဓတစ်ပါးကဲ့သို့ မြင်ကြ၏။ ၎င်းတို့သည် သူ့ကို ၎င်းတို့အား ဒုက္ခပင်လယ်မှ ဝေးရာသို့ ခေါ်ဆောင်သွားနိုင်စွမ်းရှိသည့် သက်ရှိဗုဒ္ဓတစ်ပါးကဲ့သို့ မြင်ကြ၏။ ဤလူတို့၏ ဘုရားသခင်ကို ယုံကြည်မှုသည် ဘုရားသခင်အား ဗုဒ္ဓတစ်ပါးကဲ့သို့

ကိုးကွယ်ဝတ်ပြုခြင်း ဖြစ်စေသည်။ ၎င်းတို့သည် အမွေးတိုင် မထွန်းသော်လည်း၊ မကန်တော့သော်လည်း သို့မဟုတ် ပူဇော် ပသခြင်းများ မပေးသော်လည်း၊ စိတ်ထဲတွင် ၎င်းတို့သည် ဘုရားသခင်မှာ ၎င်းတို့အား ကြင်နာကာ ငဲ့ညှာရန်၊ မည်သည့် သက်ရှိသတ္တဝါကိုမျှ မသတ်ရန်၊ အခြားသူများကို ဆဲရေးတိုင်းထွာခြင်းမှ ရှောင်ကြဉ်ရန်၊ ရိုးသားဖြောင့်မတ်ပုံရသည့် ဘဝတစ်ခုကို အသက်ရှင်ရန်နှင့် အပြစ်များ မကျူးလွန်ရန်သာ တောင်းဆိုသည့် ထိုသို့သော ဗုဒ္ဓတစ်ပါးသာဖြစ်သည်ဟု ခံစားကြလေသည်။ ဤအရာများမှာ ၎င်းတို့နှင့်ပတ်သက်၍ သူ တောင်းဆိုသည့် အရာအားလုံးဖြစ်သည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ ဤသည်မှာ ၎င်းတို့၏နှလုံးသားများထဲက ဘုရားသခင်ဖြစ်၏။

၃) လူအချို့က ဘုရားသခင်အား ကြီးမြတ်သောသူ သို့မဟုတ် ကျော်ကြားသူ တစ်စုံတစ်ဦးကဲ့သို့ ဝတ်ပြုကိုးကွယ်ကြ၏။ ဥပမာအားဖြင့် ဤကြီးမြတ်သောလူက မည်သည့်နည်းဖြင့် စကားပြောရန် နှစ်သက်သည်ဖြစ်စေ၊ မည်သည့် လေယူလေသိမ်းဖြင့် သူ စကားပြောသည်ဖြစ်စေ၊ မည်သည့်စကားလုံးများနှင့် ဝေါဟာရကို သူ အသုံးပြုသည်၊ သူ၏ အသံနေအသံထား၊ သူ၏ လက်ဟန်များ၊ ခံယူချက်များနှင့် အပြုအမူများ၊ သူ၏ ဟန်အမူအရာ- ယင်းတို့အားလုံးကို ၎င်းတို့ အတုခိုးကြပြီး၊ ဤသည်တို့မှာ ဘုရားသခင်ကို ၎င်းတို့၏ ယုံကြည်မှု လမ်းကြောင်းတွင် ၎င်းတို့ အပြည့်အဝ ပေါက်ဖွားလာစေရမည့် အရာများဖြစ်သည်။

၄) လူအချို့က သူသည် အရာခပ်သိမ်း၏ အထက်တွင် ရှိကာ မည်သူမျှ သူ့ကို ပုန်ကန်ပြစ်မှားဝံ့ခြင်းမရှိ- တစ်ဦးတစ်ယောက်က ပြစ်မှားမိပါက၊ ထိုလူ အပြစ်ပေးခံရလိမ့်မည်ဟု ခံစားရလျက်၊ ဘုရားသခင်အား ဧကရာဇ်တစ်ပါးကဲ့သို့ မြင်ကြသည်။ ဧကရာဇ်များသည် ၎င်းတို့၏နှလုံးသားများတွင် နေရာတစ်ခုခု စွဲကိုင်ထားကြသောကြောင့်၊ ထိုသို့သော ဧကရာဇ်တစ်ဦးကို ၎င်းတို့ ကိုးကွယ်ကြခြင်း ဖြစ်သည်။ ဧကရာဇ်တို့၏ အတွေးများ၊ အပြုအမူ၊ သြဇာအာဏာနှင့် သဘာဝ- ၎င်းတို့၏ စိတ်ဝင်စားမှုများနှင့် ကိုယ်ရေးကိုယ်တာ ဘဝတို့ပင်လျှင်- အားလုံးသည် ၎င်းတို့ နားလည်ရမည်ဟု ဤလူများ ခံစားကြသည့် အရာတစ်ခု ဖြစ်လာသည်။ ယင်းတို့သည် ၎င်းတို့ ပူပန်ရသည့် ပြဿနာများနှင့် ကိစ္စရပ်များ ဖြစ်လာကြသည်။ အကျိုးဆက်အနေဖြင့်၊ ၎င်းတို့သည် ဘုရားသခင်အား ဧကရာဇ် တစ်ပါးကဲ့သို့ ဝတ်ပြုကိုးကွယ်ကြ၏။ ထိုသို့သော ယုံကြည်မှု ပုံစံတစ်ခုသည် ရယ်ဖွယ်ရာဖြစ်၏။

၅) အချို့သောလူများက ဘုရားသခင် တည်ရှိခြင်း၌ အထူးယုံကြည်ခြင်း ရှိပြီး ဤယုံကြည်ခြင်းသည် နက်နဲကာ မဆုတ်မနစ် ဖြစ်သည်။ သို့သော်

ဘုရားသခင်နှင့်ပတ်သက်သည့် ၎င်းတို့၏ အသိပညာသည် အလွန်အပေါ်ယံဆန်ပြီး၊ သူ၏ နှုတ်ကပတ်တော်များနှင့်ဆိုင်သည့် အတွေ့အကြုံများစွာ မရှိကြသောကြောင့်၊ ၎င်းတို့သည် ဘုရားသခင်အား ရုပ်တုဆင်းတု တစ်ခုကဲ့သို့ ဝတ်ပြုကိုးကွယ်ကြ၏။ ဤရုပ်တုသည် ၎င်းတို့၏ နှလုံးသားများတွင်ရှိသော ဘုရားသခင်ဖြစ်၏။ ယင်းမှာ ၎င်းတို့ ကြောက်ရွံ့ကာ ဦးညွှတ်ရမည်ဖြစ်ပြီး၊ ၎င်းတို့လိုက်လျှောက်ကာ အတုခိုးရမည်ဟု ၎င်းတို့ ခံစားကြရသည့် အရာတစ်ခု ဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်အား ၎င်းတို့၏ ဘဝတစ်ခုလုံးတွင် လိုက်လျှောက်ရမည့် ရုပ်တုတစ်ခုကဲ့သို့မြင်၏။ ၎င်းတို့သည် ဘုရားသခင်ပြောဆိုသော အသံနေအသံထားကို အတုခိုးကာ၊ အပြင်ပန်းအားဖြင့် ဘုရားသခင်နှစ်သက်သောသူများကို ၎င်းတို့ အတုခိုးကြ၏။ ၎င်းတို့သည် ရိုးစင်းပြီး၊ ဖြူစင်ကာ ရိုးသားပုံရသည့် အရာများကို မကြာခဏ လုပ်ဆောင်ကြပြီး၊ ၎င်းတို့မည်သည့်အခါမျှ မခွဲခွာနိုင်သည့် ကြင်ဖော်ကြင်ဖက် သို့မဟုတ် အဖော်တစ်ဦး ဖြစ်သည့်အလား ဤရုပ်တုနောက်ကို လိုက်ကြ၏။ ယင်းမှာ ၎င်းတို့၏ယုံကြည်မှုပုံစံ ဖြစ်သည်။

၆) ဘုရားသခင်၏ နှုတ်ကပတ်တော်များစွာကို ဖတ်ရပြီးဖြစ်ကာ တရားဟောချက် များစွာကြားပြီးဖြစ်သော်လည်း၊ စိတ်ထဲတွင် ဘုရားသခင်အပေါ် ၎င်းတို့၏အပြုအမူ နောက်ကွယ်က တစ်ခုတည်းသော အခြေခံသဘောတရားမှာ ၎င်းတို့သည် အမြဲ မျက်နှာလိုမျက်နှာရ လုပ်သင့်ကာ ဖော်လံဖားသင့်သည် သို့မဟုတ် ဘုရားသခင်အား ချီးမွမ်းကာ လက်တွေ့မကျသော နည်းလမ်း တစ်ရပ်ဖြင့် သူ့ကို ချီးကျူးသင့်သည်ဟု ခံစားရသော လူအမျိုးအစား တစ်မျိုး ရှိ၏။ ဘုရားသခင်သည် ၎င်းတို့အား ထိုသို့ပြုမူဖို့ တောင်းဆိုသော ဘုရားသခင် တစ်ပါးဖြစ်သည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ ထို့အပြင် ၎င်းတို့ ထိုသို့ မလုပ်ဆောင်ပါက၊ သူ၏ဒေါသကို အချိန်မရွေး ၎င်းတို့ နှိုးဆွနိုင်သည် သို့မဟုတ် သူ့အား အမှတ်မထင် ပြစ်မှားမိနိုင်ကာ၊ ဤအပြစ်ပြုခြင်း၏ အကျိုးဆက်အနေဖြင့်၊ ဘုရားသခင်သည် ၎င်းတို့အား အပြစ်ပေးလိမ့်မည်ဟု ၎င်းတို့ ယုံကြည်ကြ၏။ ယင်းမှာ ၎င်းတို့၏ နှလုံးသားများတွင် ၎င်းတို့ ထိန်းသိမ်းထားသည့် ဘုရားသခင်ဖြစ်၏။

၇) ထို့နောက် ဘုရားသခင်၌ ဝိညာဉ်ရေးအာဟာရ ရှာတွေ့သော လူအများစုရှိ၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ဤလောကတွင် အသက်ရှင်ကြသောကြောင့် ဖြစ်သည်၊ ၎င်းတို့သည် ငြိမ်သက်ခြင်း သို့မဟုတ် ပျော်ရွှင်ခြင်း မရှိဘဲ၊ မည်သည့်နေရာတွင်မျှ ကိုယ်စိတ်ချမ်းသာမှု ၎င်းတို့ ရှာမတွေ့ကြပေ။ ဘုရားသခင်ကို ၎င်းတို့ ရှာတွေ့သည်နှင့်တစ်ပြိုင်နက်၊ သူ၏နှုတ်ကပတ်တော်များကို ၎င်းတို့

မြင်ကာကြားပြီးနောက်တွင်၊ ၎င်းတို့၏နှလုံးသားများတွင် ၎င်းတို့သည် လျှို့ဝှက်သော ဝမ်းမြောက်မှုနှင့် ပီတိတို့ကို စတင်သိထားကြသည်။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် နောက်ဆုံး၌ ၎င်းတို့၏ စိတ်ဝိညာဉ်အား ပျော်ရွှင်စေမည့် နေရာ ရှာတွေ့ပြီးဖြစ်သကဲ့သို့၊ ၎င်းတို့အား ဝိညာဉ်ရေး အာဟာရ ထောက်ပံ့ပေးမည့် ဘုရားသခင်ကို နောက်ဆုံးတွင် ရှာတွေ့ပြီဟု ၎င်းတို့ ယုံကြည်ကြသောကြောင့်ဖြစ်သည်။ ဘုရားသခင်အား ၎င်းတို့ လက်ခံကာ သူ့နောက် စတင်လိုက်ပြီးနောက်တွင်၊ ၎င်းတို့သည် ပျော်ရွှင်လာကာ ၎င်းတို့၏ဘဝများကို ကျေနပ်ကြလေသည်။ ၎င်းတို့သည် တိရစ္ဆာန်များကဲ့သို့ အိပ်ပျော်နေစဉ် ယောင်ယမ်း လမ်းလျှောက်ကာ ဘဝကို ဖြတ်သန်းကြသော မယုံကြည်သူများကဲ့သို့ မပြုမူကြတော့ဘဲ၊ ဘဝတွင် မျှော်လင့်စောင့်စားစရာ တစ်စုံတစ်ရာ ရှိသည်ဟု ၎င်းတို့ခံစားကြရ၏။ ထို့ကြောင့် ဤဘုရားသခင်က ၎င်းတို့၏ ဝိညာဉ်ရေးရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ကာ ၎င်းတို့အား စိတ်ရောဝိညာဉ်ပါ ကြီးမားသည့် ပျော်ရွှင်မှု ဆောင်ကြဉ်းပေးနိုင်သည်ဟု ၎င်းတို့ ထင်ကြသည်။ မသိလိုက်ဘဲနှင့်၊ ၎င်းတို့သည် ၎င်းတို့အား ထိုသို့သော ဝိညာဉ်ရေး အာဟာရပေးပြီး ၎င်းတို့၏ စိတ်ဝိညာဉ်များနှင့် ၎င်းတို့၏ မိသားစုဝင် အားလုံးထံ ပျော်ရွှင်မှုဆောင်ကြဉ်းပေးသည့် ဤဘုရားသခင်ကို မခွာနိုင်ဖြစ်လာကြသည်။ ဘုရားသခင်ကို ယုံကြည်မှုသည် ဝိညာဉ်ရေးရာ အာဟာရကို ဆောင်ကြဉ်းဖို့ထက် မည်သည့်အရာမျှ မလိုအပ်ဟု ၎င်းတို့ ယုံကြည်သည်။

သင်တို့ထဲမှ တစ်ဦးတစ်ယောက်သည် ဘုရားသခင်အပေါ် အထက်ဖော်ပြပါ သဘောထားအမျိုးမျိုးကို ရှိသလော။ (ရှိပါသည်။) ဘုရားသခင်ကို ၎င်းတို့၏ ယုံကြည်မှု၌ လူတစ်ဦး၏နှလုံးသားသည် ထိုသဘောထားများထဲမှ တစ်ခုတစ်လေကို သိထားပါက၊ ၎င်းတို့သည် ဘုရားသခင်ရှေ့မှောက် အမှန်တကယ် လာနိုင်ကြသလော။ တစ်စုံတစ်ဦးသည် ၎င်း၏ စိတ်နှလုံးတွင် ဤသဘောထားများထဲမှ တစ်ခုတစ်လေ ရှိပါက၊ ဘုရားသခင်ကို ၎င်းတို့ ယုံကြည်သလော။ ထိုသို့သော လူတစ်ဦးသည် အတုမရှိသော ဘုရားသခင်ကိုယ်တော်တိုင်ကို ယုံကြည်သလော။ (မယုံကြည်ပါ။) သင်သည် အတုမရှိသော ဘုရားသခင် ကိုယ်တော်တိုင်ကို မယုံကြည်သည့်အတွက် မည်သူ့ကို သင် ယုံကြည်သနည်း။ သင်ယုံကြည်သည်မှာ အတုမရှိသော ဘုရားသခင် ကိုယ်တော်တိုင်မဟုတ်လျှင်၊ သင်သည် ရုပ်တုတစ်ခု သို့မဟုတ် ကြီးမြတ်သော လူတစ်ဦး သို့မဟုတ် ဘုရားလောင်းတစ်ပါးကို ယုံကြည်သည် သို့မဟုတ် သင်၏နှလုံးသားထဲရှိသည့် ဗုဒ္ဓကို ကိုးကွယ်သည်မှာ ဖြစ်နိုင်၏။ ထို့အပြင် သင်သည် သာမန်လူတစ်ဦးကို ယုံကြည်သည်မှာ ဖြစ်နိုင်၏။ တိုတိုပြောရလျှင် ဘုရားသခင်အပေါ် လူတို့၏ယုံကြည်မှု ပုံစံအမျိုးမျိုးနှင့် သဘောထားများကြောင့်၊ ၎င်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင်

သိမြင်ခြင်းနှင့်ဆိုင်သော ဘုရားသခင်ကို ၎င်းတို့၏နှလုံးသားများတွင် ထားကြသည်၊ ၎င်းတို့၏ စိတ်ကူးစိတ်သန်းကို ဘုရားသခင်အပေါ် သတ်မှတ်ကြသည်၊ ဘုရားသခင်နှင့်ပတ်သက်သည့် ၎င်းတို့၏ သဘောထားများနှင့် စိတ်ကူးစိတ်သန်းများကို အတုမရှိသော ဘုရားသခင်ကိုယ်တော်တိုင်နှင့် ဘေးချင်းယှဉ်လျက် ထားကြကာ၊ ထို့နောက်တွင် ယင်းတို့ကို အထွတ်အမြတ်ထားခံရစေဖို့ ဆွဲကိုင် ထားကြ၏။ လူတို့သည် ဘုရားသခင်အပေါ် ထိုသို့သော မသင့်တော်သည့် သဘောထားများရှိသောအခါ၊ ယင်းသည် မည်သည့် အဓိပ္ပာယ်နည်း။ ယင်းမှာ ၎င်းတို့သည် စစ်မှန်သော ဘုရားသခင် ကိုယ်တော်တိုင်ကို ငြင်းပယ်ပြီးဖြစ်ကာ အယောင်ဆောင်သော ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်နေကြသည်ဟု ဆိုလိုပေသည်။ ယင်းက ဘုရားသခင်ကို ယုံကြည်နေစဉ်တွင်၊ ၎င်းတို့သည် ဘုရားသခင်ကို ငြင်းပယ်နေကြပြီး သူ့ကို ဆန့်ကျင်နေကြသကဲ့သို့၊ စစ်မှန်သော ဘုရားသခင်၏ တည်ရှိမှုကို ၎င်းတို့ ငြင်းပယ်သည်ကို ညွှန်ပြပေသည်။ လူတို့သည် ထိုသို့သော ယုံကြည်မှုပုံစံများကို ဆက်လက် စွဲကိုင်နေကြပါက၊ မည်သည့်အကျိုးဆက်များကို ၎င်းတို့ ရင်ဆိုင် ရလိမ့်မည်နည်း။ ထိုသို့သော ယုံကြည်မှုပုံစံများကြောင့်၊ ၎င်းတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းခြင်းသို့ တစ်ကြိမ်တစ်ခါမျှ သာ၍ နီးစပ်နိုင်ကြလိမ့်မည်လော။ (၎င်းတို့ နီးစပ်နိုင်ကြလိမ့်မည် မဟုတ်ပါ။) ဆန့်ကျင်ဘက်အနေဖြင့်၊ ၎င်းတို့ရှာဖွေသည့် ဦးတည်ချက်သည် ၎င်းတို့ လျှောက်လှမ်းဖို့ ဘုရားသခင် တောင်းဆိုသည့် ဦးတည်ချက်နှင့် ဆန့်ကျင်ဘက် ဖြစ်သည့်အတွက်၊ ၎င်းတို့၏ အယူအဆများနှင့် စိတ်ကူးစိတ်သန်းများကြောင့် ၎င်းတို့သည် ဘုရားသခင်၏လမ်းခရီးမှ သာ၍ သွေဖည်သွားကြလိမ့်မည် ဖြစ်သည်။ “မြင်းရထားကို မြောက်ဘက်သို့ မောင်းခြင်းအားဖြင့် တောင်ဘက်သို့သွားခြင်း” ဟူသည့် ဇာတ်လမ်းကို သင်တို့ ကြားဖူးသလော။ ဤအရာသည် မြင်းရထားကို မြောက်ဘက်သို့ မောင်းခြင်းအားဖြင့် တောင်ဘက်သို့ သွားခြင်းနှင့်ဆိုင်သည့် ထိုသို့သော ကိစ္စရပ်တစ်ခုသာ ဖြစ်ကောင်း ဖြစ်နိုင်သည်။ လူတို့သည် ဘုရားသခင်ကို ထိုသို့သော အဓိပ္ပာယ် မရှိသည့်ပုံစံဖြင့် ယုံကြည်ပါက၊ သင် ပို၍ ကြိုးစားလေလေ၊ ဘုရားသခင်ထံမှ သာ၍ ဝေးကွာလေလေ ဖြစ်လိမ့်မည်။ ထို့ကြောင့် ငါသည် သင်တို့အား ဤသို့ဆုံးမ၏- သင်တို့ စတင်ဆောင်ရွက်ခြင်း မပြုမီ၊ သင်သည် မှန်ကန်သည့် လမ်းကြောင်းတွင် အမှန်တကယ် သွားနေခြင်း ရှိမရှိဆိုသည်ကို ဦးစွာ သိမြင်ရမည်။ သင်၏ အားထုတ်မှုများတွင် အာရုံစိုက်ပြီး၊ သင့်ကိုယ်သင် “ငါယုံကြည်သည့် ဘုရားသခင်သည် အရာခပ်သိမ်းကို အုပ်စိုးသူလော။ ငါယုံကြည်သည့် ဘုရားသခင်သည် ငါ့အား ဝိညာဉ်ရေး အာဟာရပေးသည့် တစ်စုံတစ်ဦးမျှ ဖြစ်သလော။ သူသည် ငါ၏ ရုပ်တုသက်သက် ဖြစ်သလော။ ငါယုံကြည်သည့် ဤဘုရားသခင်သည် ငါ့အား

အဘယ်အရာ တောင်းဆိုသနည်း။ ဘုရားသခင်သည် ငါပြုသမျှတိုင်းကို လက်ခံသလော။ ငါ၏ လုပ်ရပ်များနှင့် လိုက်စားမှု အားလုံးသည် ဘုရားသခင်ကို သိရှိရန် ကြိုးစားခြင်းနှင့် ကိုက်ညီသလော။ ယင်းတို့သည် ငါနှင့်ပတ်သက်၍ ဘုရားသခင်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသလော။ ငါလျှောက်သည့် လမ်းကြောင်းကို ဘုရားသခင်က အသိအမှတ်ပြုကာ လက်ခံပါသလော။ ဘုရားသခင်သည် ငါ၏ ယုံကြည်ခြင်းနှင့်ပတ်သက်၍ စိတ်ကျေနပ်သလော" ဟု မေးဖြစ်အောင်မေးလော့။ သင်သည် သင့်ကိုယ်သင် ဤမေးခွန်းများကို မကြာခဏ ထပ်တလဲလဲ မေးသင့်သည်။ သင်သည် ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာကို ရှာဖွေဖို့ ဆန္ဒရှိပါက၊ သင်သည် ဘုရားသခင်ကို စိတ်ကျေနပ်စေရာတွင် မအောင်မြင်နိုင်မီ ရှင်းလင်းသည့် အသိနှင့် ရှင်းလင်းသည့် ရည်ရွယ်ချက်များ ရှိရမည်။

သူ၏သည်းခံနိုင်ခြင်း အကျိုးဆက်အနေဖြင့် ဘုရားသခင်သည် ငါခုတင်ပြောခဲ့သည့် မသင့်တော်သော သဘောထားများကို မကျေမနပ်နှင့် လက်ခံမည်မှာ ဖြစ်နိုင်သလော။ ဤလူတို့၏ သဘောထားများကို ဘုရားသခင်သည် ချီးကျူးနိုင်မည်လော။ (မချီးကျူးနိုင်ပါ။) လူသားများနှင့် သူ၏နောက်သို့ လိုက်သော သူတို့အပေါ် ဘုရားသခင်၏သတ်မှတ်ချက်များမှာ အဘယ်နည်း။ သူသည် လူတို့ရှိဖို့ မည်သည့်သဘောထားမျိုး တောင်းဆိုသည်ကို သင် ရှင်းရှင်းလင်းလင်း သိပါသလော။ ဤအချိန်တွင် ငါသည် များစွာ ပြောပြီးဖြစ်သည်။ ဘုရားသခင်ကိုယ်တော်တိုင် အပြင် သူ၏ လုပ်ဆောင်ချက်များနှင့် သူ၏အရာအားလုံးနှင့်ဖြစ်ခြင်းတို့နှင့် ပတ်သက်၍ များစွာ ငါ ပြောဆိုပြီး ဖြစ်သည်။ ဘုရားသခင်သည် လူတို့ထံမှ မည်သည့်အရာ ရယူလိုသည်ကို ယခုသင်တို့သိသလော။ ဘုရားသခင်သည် သင့်ထံမှ မည်သည့်အရာ လိုချင်သည်ကို သင်သိသလော။ ကျယ်ကျယ် ပြောလော့။ အတွေ့အကြုံများနှင့် လက်တွေ့လုပ်ဆောင်မှုမှ သင်တို့၏ အသိပညာသည် ချို့တဲ့နေဆဲ သို့မဟုတ် လွန်စွာ အပေါ်ယံဆန်ဆဲဖြစ်ပါက၊ ဤနှုတ်ကပတ်တော်များ နှင့်ဆိုင်သည့် သင်တို့၏ အသိပညာနှင့်ပတ်သက်၍ တစ်စုံတစ်ရာကို သင်တို့ ပြောနိုင်၏။ သင်တို့သည် အကျဉ်းချုပ် အသိပညာတစ်ခု ရှိကြသလော။ ဘုရားသခင်သည် လူသားအပေါ် မည်သည့်အရာ တောင်းဆိုသနည်း။ (ဤဆွေးနွေးမှုများ အချို့အတွင်းတွင်၊ ကျွန်ုပ်တို့သည် သူ့အား သိရန်၊ သူ၏လုပ်ဆောင်ချက်များအား သိရန်၊ သူသည် အရာခပ်သိမ်းအတွက် အသက်အရင်းအမြစ် ဖြစ်ကြောင်းကို သိရန်နှင့် သူ၏ အဆင့်အတန်းနှင့် ကိုယ်ပိုင်လက္ခဏာတို့နှင့် အကျွမ်းဝင်ရန် တောင်းဆိုခြင်းအား ဖော်ပြပြောဆို်ပြီးဖြစ်ပါသည်။) ပြီးလျှင် ဘုရားသခင်သည် လူတို့အား သူ့ကိုသိရန် တောင်းဆိုသည့်အခါ၊ နောက်ဆုံးရလဒ်မှာ အဘယ်နည်း။ (ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်ပြီး၊ လူသားများသည် ဖန်ဆင်းခံ

သတ္တဝါများဖြစ်ကြသည်ကို ၎င်းတို့ နားလည်ကြပါသည်။) လူတို့သည် ထိုသို့သော အသိပညာကို ရရှိကြသည့်အခါ၊ ဘုရားသခင်အပေါ် ၎င်းတို့၏သဘောထား၌၊ ၎င်းတို့၏ တာဝန် ထမ်းဆောင်ခြင်း၌၊ သို့မဟုတ် ၎င်းတို့၏ အသက်စိတ်သဘောထားများ၌ မည်သည့် အပြောင်းအလဲများ ရှိသနည်း။ သင်တို့သည် ဤအရာနှင့်ပတ်သက်၍ စဉ်းစားဖူးကြသလော။ ဘုရားသခင်ကို သိကျွမ်းကာ သူ့ကို နားလည်သည့်အခါ၊ ၎င်းတို့ လူကောင်းများ ဖြစ်လာကြသည်ဟု ဆိုနိုင်မည်လော။ (ဘုရားသခင်ကို ယုံကြည်မှုသည် လူကောင်း တစ်ဦးဖြစ်ရန် ကြိုးစားခြင်း မပါဝင်ပါ။ ထို့ထက် ယင်းမှာ အဆင့်မီသော ဘုရားသခင်၏ ခံတ္တဝါတစ်ဦးဖြစ်လာခြင်းနှင့် ရိုးသားသော လူတစ်ဦးဖြစ်လာခြင်းတို့နှင့် သက်ဆိုင်သော လိုက်စားမှု ဖြစ်ပါသည်။) အခြား တစ်ခုတစ်လေ ရှိသေးသလော။ (ဘုရားသခင်အား အမှန်တကယ် စစ်မှန်စွာ သိပြီးနောက်တွင်၊ ကျွန်ုပ်တို့သည် သူ့ကို ဘုရားသခင်အဖြစ် သဘောထားနိုင်ကြသည်။ ဘုရားသခင်သည် အစဉ်အမြဲ ဘုရားသခင် ဖြစ်သည်၊ ကျွန်ုပ်တို့သည် ဖန်ဆင်းခံ သတ္တဝါများဖြစ်သည်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သင့်ပြီး၊ ကျွန်ုပ်တို့၏ မှန်ကန်သည့် နေရာတွင် နေသင့်သည်ကို ကျွန်ုပ်တို့ သိသည်။) အလွန်ကောင်း၏။ အခြားသူအချို့ထံမှ နားထောင်ကြစို့။ (ကျွန်ုပ်တို့သည် ဘုရားသခင်ကို သိပြီး နောက်ဆုံးတွင် ဘုရားသခင်ကို အမှန်တကယ် ကျိုးနွံနာခံကာ၊ ဘုရားသခင်ကို ကြောက်ရွံ့ပြီး မကောင်းမှုကို ရှောင်ကြဉ်သော လူများ ဖြစ်နိုင်ကြသည်။) ယင်းမှာ မှန်ပေ၏။

## ၃။ သူ့အပေါ် လူသားမျိုးနွယ်ထားရှိဖို့ ဘုရားသခင် တောင်းဆိုသော သဘောထား

အမှန်တွင် ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ် လွန်စွာတောင်းဆိုမှု မပြုပေ- သို့မဟုတ် အနည်းဆုံးအနေဖြင့် သူသည် လူတို့စိတ်ကူးသလောက် မညှာမတာမခိုင်းပေ။ အကယ်၍ ဘုရားသခင်သည် မည်သည့်နှုတ်ကပတ်တော်များကိုမျှ မမိန့်မြွက်ခဲ့ပါက၊ အကယ်၍ သူသည် သူ၏စိတ်နေသဘောထား သို့မဟုတ် လုပ်ဆောင်ချက်များ တစ်ခုတစ်လေကို ထုတ်ဖော်မပြခဲ့ပါက၊ ဘုရားသခင်ကို သိကျွမ်းခြင်းသည် သင်တို့အတွက် လွန်စွာ ခက်ခဲပေမည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်နှင့် အလိုကို ကောက်ချက်ချရမည်ဖြစ်သောကြောင့် ဖြစ်သည်။ ဤသည်မှာ လုပ်ဆောင်ရန် လွန်စွာခက်ခဲပေမည်။ သို့သော် သူ၏အမှု နောက်ဆုံးအဆင့်တွင်၊ ဘုရားသခင်သည် နှုတ်ကပတ်တော်များစွာကို ပြောဆိုပြီးဖြစ်သည်၊ များစွာသော အမှုပမာဏကို လုပ်ဆောင်ပြီးဖြစ်ကာ၊ လူသားနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များစွာ ပြုလုပ်ပြီးဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်များနှင့် သူ၏ များစွာသော အမှုပမာဏတွင်၊ သူသည် လူတို့အား သူ

နှစ်သက်သည့်အရာ၊ သူစက်ဆုပ်သည့်အရာနှင့် ၎င်းတို့ မည်သို့သော လူများ ဖြစ်သင့်သည်ဆိုသည်တို့ကို လူတို့အား သူ အသိပေးပြီး ဖြစ်သည်။ ဤအရာများကို နားလည်ပြီးနောက်တွင်၊ ၎င်းတို့၏နှလုံးသားများတွင် လူတို့သည် ဘုရားသခင်၏ သတ်မှတ်ချက်များနှင့်ဆိုင်သော တိကျသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်တစ်ရပ် ရှိသင့်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မရေရာမှုဖြင့် ဘုရားသခင်ကို ယုံကြည်ခြင်း မရှိကြသကဲ့သို့၊ မရေရာသော ဘုရားသခင်ကို မယုံကြည်ကြတော့သည့်အပြင်၊ မရေရာမှု သို့မဟုတ် ဘာမျှမရှိခြင်းအလယ်တွင် ဘုရားသခင်၌ ယုံကြည်ခြင်း မရှိကြသောကြောင့် ဖြစ်သည်။ ထို့ထက် ၎င်းတို့သည် သူ၏ မိန့်မြွက်ချက်များကို ကြားနိုင်ကြသည်၊ သူ၏သတ်မှတ်ချက်များ နှင့်ဆိုင်သည့် စံနှုန်းများကို နားလည်နိုင်ကြပြီး ယင်းတို့ကို ကြိုးပမ်းရရှိနိုင်ကြကာ ဘုရားသခင်သည် ၎င်းတို့ သိသင့်ပြီး နားလည်သင့်သည့်အရာအားလုံးကို ၎င်းတို့အား ပြောပြရန် လူသားမျိုးနွယ်၏ ဘာသာစကားကို အသုံးပြုလေသည်။ ယနေ့တွင် လူတို့သည် ဘုရားသခင်၏ ဖြစ်ခြင်းနှင့် ၎င်းတို့အပေါ် ဘုရားသခင် တောင်းဆိုသည့်အရာကို မသိကြသေးပါက၊ တစ်ဦးတစ်ယောက်က ဘုရားသခင်ကို အဘယ်ကြောင့် ယုံကြည်သင့်သည်ကို ၎င်းတို့ မသိကြသကဲ့သို့ သူ့ကို မည်သို့ ယုံကြည်ရမည် သို့မဟုတ် သူ့ကို မည်သို့ ဆက်ဆံရမည်ဆိုသည်ကို မသိကြပါက- ဤအရာနှင့်ပတ်သက်၍ ပြဿနာတစ်ရပ် ရှိပေသည်။ ယခုတွင်ပင် သင်တို့အသီးသီးသည် သီးသန့်နယ်ပယ်တစ်ခုနှင့်ပတ်သက်၍ ပြောဆိုခဲ့ကြ၏။ သင်တို့သည် အတိအကျဖြစ်စေ၊ ယေဘုယျသဘောဖြစ်စေ အမှုအရာအချို့ကို သိကြ၏။ သို့သော် လူသားမျိုးနွယ်နှင့်သက်ဆိုင်သည့် ဘုရားသခင်၏ မှန်ကန်၊ ပြည့်စုံကာ တိကျသည့် သတ်မှတ်ချက်များကို ငါသည် သင်တို့အား ပြောပြရန် ဆန္ဒရှိ၏။ ယင်းတို့သည် နှုတ်ကပတ်တော် အနည်းငယ်မျှသာဖြစ်ပြီး လွန်စွာရိုးရှင်း၏။ ယင်းတို့ကို သင်တို့ သိနှင့်ပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။ လူသားမျိုးနွယ်နှင့် ဘုရားသခင် နောက်လိုက်သော သူများနှင့်ဆိုင်သည့် ဘုရားသခင်၏ မှန်ကန်သော သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။ သူသည် သူ့နောက်သို့လိုက်သောသူများထံမှ အမှုအရာ ငါးခုကို တောင်းဆိုသည်- စစ်မှန်သောယုံကြည်မှု၊ သစ္စာစောင့်သိသော နောက်လိုက်ခြင်း၊ အကြွင်းမဲ့ ကျိုးနွံနာခံခြင်း၊ စစ်မှန်သော အသိပညာနှင့် အူလှိုက်သည်းလှိုက် ရိုသေလေးမြတ်ခြင်းတို့ ဖြစ်သည်။

ဤအရာငါးခုတွင် လူတို့သည် သူ့ကို မေးခွန်းမထုတ်တော့ရန် သို့မဟုတ် ၎င်းတို့၏ စိတ်ကူးစိတ်သန်းများ သို့မဟုတ် မရေရာသကဲ့သို့ စိတ်ကူးသက်သက် ရှုထောင့်အမြင်များကို အသုံးပြုရင်း သူ့နောက် မလိုက်ရန် ဘုရားသခင် တောင်းဆို၏။ ၎င်းတို့သည် ဘုရားသခင်

နောက်သို့ မည်သည့် စိတ်ကူးစိတ်သန်းများ သို့မဟုတ် အယူအဆများကိုမျှ အခြေခံ၍ မလိုက်ရ။ သူနောက်သို့လိုက်သောသူ အယောက်တိုင်းက ထိုသို့ သစ္စာစောင့်သိစွာ လုပ်ဆောင်ရန်၊ စိတ်မပါ့တပါ သို့မဟုတ် ဆက်ကပ်အပ်နှံမှု မရှိဘဲ မလိုက်ရန် သူ တောင်းဆိုသည်။ ဘုရားသခင်သည် သင့်အပေါ် သတ်မှတ်ချက်များ တစ်ခုတစ်လေ ပြုလုပ်သည့်အခါ၊ သင့်ကို စစ်ဆေးသည့်အခါ၊ သင့်ကို တရားစီရင်သည့်အခါ၊ သင့်ကို ကိုင်တွယ်ဖြေရှင်းပြီး ပြုပြင်သည့်အခါ သို့မဟုတ် သင့်ကို ဆုံးမပဲ့ပြင်ပြီး ရိုက်နှက်သည့်အခါ၊ သင်သည် သူ့ကို လုံးဝ ကျိုးနွံနာခံသင့်ပေသည်။ သင်သည် အကြောင်းပြချက်များကို ပြောဆိုသင့်ဖို့မဆိုထားနှင့်၊ အကြောင်းတရားကို သင် မမေးသင့် သို့မဟုတ် သတ်မှတ်ချက်များကို မပြုလုပ်သင့်ပေ။ သင်၏နာခံမှုသည် အကြွင်းမဲ့ ဖြစ်ရမည်။ ဘုရားသခင်နှင့်ဆိုင်သည့် အသိပညာသည် လူတို့ အချို့တဲ့ဆုံးသော နယ်ပယ် ဖြစ်၏။ ၎င်းတို့သည် ထိုသို့သော စကားများက ဘုရားသခင်နှင့်သက်ဆိုင်သည့် အသိပညာအတွက် အတိကျဆုံးသော အဓိပ္ပာယ် ဖွင့်ဆိုချက်ဖြစ်သည်ဟု ယုံကြည်လျက်၊ ဘုရားသခင်နှင့် ဆက်နွယ်ခြင်းမရှိသော ဆိုရိုးများ၊ မိန့်မြွက်ချက်များနှင့် စကားများကို ဘုရားသခင်အပေါ် သတ်မှတ်ကြသည်။ လူတို့၏ စိတ်ကူးစိတ်သန်း၊ ၎င်းတို့ ကိုယ်တိုင်၏ ဆင်ခြင်တုံတရားနှင့် ၎င်းတို့၏ကိုယ်ပိုင် အသိပညာမှလာသော ဤဆိုရိုးများသည် ဘုရားသခင်၏ အနှစ်သာရနှင့် စိုးစဉ်းမျှ ဆက်နွယ်မှုမရှိသည်ကို ၎င်းတို့ မသိကြချေ။ ထို့ကြောင့် လူတို့ ရှိကြဖို့ ဘုရားသခင် ဆန္ဒရှိသည့် အသိပညာနှင့် ပတ်သက်လာသည့်အခါ၊ သူသည် သင့်ကို သူနှင့် သူ၏နှုတ်ကပတ်တော်များအား သတိပြုမိဖို့ တောင်းဆိုရုံမျှ မတောင်းဆိုဘဲ၊ ဘုရားသခင်နှင့်ပတ်သက်သည့် သင်၏ အသိပညာသည် မှန်ကန်ဖို့လည်း တောင်းဆိုသည်ကို ငါသည် သင်တို့အား ပြောပြလို၏။ သင်သည် ဝါကျတစ်ကြောင်းသာ ပြောနိုင်လျှင်ပင် သို့မဟုတ် အနည်းငယ်မျှသာ သိလျှင်ပင်၊ ဤအနည်းငယ်မျှသည် မှန်ကန်ပြီး စစ်မှန်ကာ ဘုရားသခင် ကိုယ်တော်တိုင်၏ အနှစ်သာရနှင့် သဟဇာတဖြစ်၏။ ဤသည်မှာ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ့အပေါ် လက်တွေ့မကျသည့် သို့မဟုတ် ပေါ့ပေါ့တန်တန်ဖြစ်သော ချီးမွမ်းခြင်း သို့မဟုတ် ချီးကျူးခြင်းတစ်ခုတစ်လေကို စက်ဆုပ်ရွံရှာသောကြောင့် ဖြစ်သည်။ ထိုထက်ပို၍ လူတို့က သူ့ကို မတုမတန် သဘောထားကြသောအခါ၊ သူမုန်းတီး၏။ ဘုရားသခင်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးနေသည့် အတောအတွင်းတွင် လူတို့သည် တုံ့ဆိုင်းခြင်းမရှိဘဲ သဘောရှိ ပြောဆိုရင်း၊ သင့်တော်သည်ဟု ၎င်းတို့ မြင်သည်အတိုင်း ပြောဆိုရင်း၊ အမှန်တရားများကို အလေးထားခြင်းမရှိဘဲ ပြောဆိုကြသည်ကို သူမုန်းတီး၏။ ထို့အပြင်

ဘုရားသခင်ကို ၎င်းတို့သိသည်ဟု ယုံကြည်ပြီး၊ ချုပ်တည်းမှု မရှိသကဲ့သို့ ကိုယ်နှုတ်စောင့်ထိန်းမှုမရှိဘဲ သူနှင့် ဆက်နွှယ်သည့် အကြောင်းအရာများကို ဆွေးနွေးကြရင်း၊ သူနှင့်ပတ်သက်သည့် ၎င်းတို့၏ အသိပညာနှင့်ပတ်သက်၍ ကြွားဝါကြသောသူတို့ကို မုန်းတီး၏။ အထက်ဖော်ပြပါ သတ်မှတ်ချက်များ ငါးခုအနက် နောက်ဆုံးမှာ အူလှိုက်သည်းလှိုက် ရိုသေလေးမြတ်ခြင်းဖြစ်သည်- ဤသည်မှာ သူ့နောက်လိုက် သူတို့အားလုံးအပေါ် ဘုရားသခင်၏ အဆုံးစွန်သော သတ်မှတ်ချက် ဖြစ်၏။ တစ်စုံတစ်ဦးသည် ဘုရားသခင်နှင့် ပတ်သက်သည့် မှန်ကန်ပြီး စစ်မှန်သော အသိပညာတစ်ခု ပိုင်ဆိုင်သည့်အခါ၊ ၎င်းတို့သည် ဘုရားသခင်ကို အမှန်တကယ် ရိုသေလေးမြတ်နိုင်ကြပြီး မကောင်းမှုကို စစ်မှန်စွာ ရှောင်ကြဉ်နိုင်ကြ၏။ ဤရိုသေလေးမြတ်မှုသည် ၎င်းတို့နှလုံးသား၏ နက်ရှိုင်းသော နေရာများမှ လာပေသည်။ ဤရိုသေလေးမြတ်မှုသည် လိုလိုလားလား ပေးထားခြင်းဖြစ်ပြီး၊ ဘုရားသခင်ထံမှ ဖိအား၏ ရလဒ်တစ်ခု မဟုတ်ပေ။ ဘုရားသခင်သည် သူ့ထံ ကောင်းမွန်သည့် သဘောထား သို့မဟုတ် အမူအကျင့် သို့မဟုတ် အပြင်ပန်း အပြုအမူ တစ်ခုတစ်လေနှင့်ဆိုင်သည့် လက်ဆောင်တစ်ခုပေးရန် သင့်အား မတောင်းဆိုပေ။ ထို့ထက် သင်သည် သူ့အား ရိုသေလေးမြတ်ရန်နှင့် သင့်နှလုံးသား၏ နက်ရှိုင်းသောနေရာများတွင် သူ့ကို ကြောက်ရွံ့ရန် သူတောင်းဆို၏။ ထိုသို့သော ရိုသေလေးမြတ်မှုကို သင်၏ အသက် စိတ်သဘောထား၌ ပြောင်းလဲမှုများ၊ ဘုရားသခင်နှင့်ပတ်သက်သည့် အသိပညာနှင့် ဘုရားသခင်၏လုပ်ဆောင်ချက်များကို သိနားလည်ခြင်း တစ်ခု ရရှိခြင်း၊ ဘုရားသခင်၏အနှစ်သာရကို သိနားလည်လာခြင်းနှင့် သင်သည် ဘုရားသခင်၏ သတ္တဝါများထဲမှ တစ်ဦးဖြစ်သည်ဆိုသည့် အချက်ကို သင်၏ အသိအမှတ်ပြုခြင်းတို့၏ ရလဒ်တစ်ခုအဖြစ် ကြိုးပမ်းရရှိပေသည်။ ထို့ကြောင့် ဤနေရာတွင် ရိုသေလေးမြတ်မှုကို အဓိပ္ပာယ်သတ်မှတ်ရန် "အူလှိုက်သည်းလှိုက်" ဟူသော စကားလုံးကို အသုံးပြုရာတွင် ငါ၏ရည်မှန်းချက်မှာ ဘုရားသခင်အတွက် ၎င်းတို့၏ရိုသေလေးမြတ်မှုသည် ၎င်းတို့ နှလုံးသားများ၏ အရင်းခံနေရာမှ လာသင့်သည်ကို လူသားများ နားလည်ရန်အတွက် ဖြစ်သည်။

ယခုတွင် ထိုသတ်မှတ်ချက်ငါးခုကို စဉ်းစားလော့- သင်တို့ထဲမှ တစ်ဦးတစ်လေသည် ပထမသုံးခုကို ရရှိနိုင်စွမ်း ရှိသလော။ ဤအရာအားဖြင့် ငါသည် စစ်မှန်သောယုံကြည်မှု၊ သစ္စာစောင့်သိသော နောက်လိုက်ခြင်းနှင့် အကြွင်းမဲ့ ကျိုးနွံနာခံခြင်းတို့ကို ရည်ညွှန်းနေခြင်း ဖြစ်သည်။ သင်တို့အထဲတွင် တစ်ဦးတစ်လေသည် ဤအရာများကို လုပ်နိုင်စွမ်းရှိသလော။ ငါသည် ငါးခုစလုံးဟုပြောခဲ့ပါက၊ သင်တို့ထဲတွင် လုပ်နိုင်စွမ်းရှိသူ တစ်ဦးမျှ ရှိမည်မဟုတ်သည်မှာ မလွဲမသွေဖြစ်မည်ကို ငါသိ၏၊ သို့သော် ငါသည် သုံးခုသို့

လျှော့ချပြီးဖြစ်သည်။ သင်တို့သည် ၎င်းအရာတို့ကို စွမ်းဆောင်ရရှိပြီးခြင်း ရှိမရှိကို တစ်ချက် စဉ်းစားလော့။ “စစ်မှန်သောယုံကြည်မှု” သည် ကြိုးပမ်းရရှိရန် လွယ်ကူသလော။ (မလွယ်ကူပါ။) လူတို့သည် ဘုရားသခင်အား မကြာခဏ မေးခွန်း ထုတ်သည့်အတွက်၊ ယင်းမှာ မလွယ်ကူပေ။ “သစ္စာစောင့်သိသော နောက်လိုက်ခြင်း” ရော အဘယ်သို့နည်း။ ဤ “သစ္စာစောင့်သိသော” ဟူသည်မှာ အဘယ်အရာကို ရည်ညွှန်းသနည်း။ (စိတ်မပါ့တပါ ဖြစ်ခြင်းမဟုတ်ဘဲ၊ စိတ်ပါလက်ပါဖြစ်ခြင်းဖြစ်သည်။) စိတ်မပါ့တပါ ဖြစ်ခြင်း မဟုတ်ဘဲ စိတ်ပါလက်ပါဖြစ်ခြင်းဖြစ်သည်။ သင် ထိထိမိမိ ပြောဆိုလေပြီ။ သို့ဖြစ်၍ သင်တို့သည် ဤသတ်မှတ်ချက်ကို စွမ်းဆောင်နိုင်စွမ်း ရှိသလော။ သင်သည် သာ၍ ကြိုးစားရပေမည်၊ ဟုတ်ပါသလော။ ယခုတွင် သင်သည် ဤသတ်မှတ်ချက်တွင် မအောင်မြင်သေးပေ။ “အကြွင်းမဲ့ ကျိုးနွံနာခံခြင်း” ရော- သင် စွမ်းဆောင်ပြီးပြီလော။ (မစွမ်းဆောင်သေးပါ။) သင်သည် ယင်းကိုလည်း မစွမ်းဆောင်ကြသေးပေ။ သင်သည် မကြာခဏ နာခံမှု မရှိသကဲ့သို့ ပုန်ကန်၏။ သင်သည် မကြာခဏ နားမထောင်ပေ၊ လိုက်နာရန် ဆန္ဒမရှိပေ၊ သို့မဟုတ် မကြားလိုပေ။ ဤသည်တို့သည် အသက်ထဲသို့ ဝင်ရောက်ခြင်းကို ကြိုးပမ်းရရှိပြီးနောက် လူတို့ ပြည့်မီကြသည့် အခြေခံကျဆုံးသော သတ်မှတ်ချက် သုံးရပ် ဖြစ်သော်လည်း၊ သင်တို့သည် ယင်းတို့ကို မစွမ်းဆောင်ကြသေးချေ။ ထို့ကြောင့် ယခုတွင် သင်တို့သည် ကြီးမားသော အလားအလာ ရှိသလော။ ယနေ့တွင် ဤနှုတ်ကပတ်တော်များအား ငါပြောသည်ကို ကြားပြီးနောက်၊ သင်တို့ လိုလားတောင့်တကြသလော။ (လိုလားတောင့်တကြပါသည်။) သင်တို့ လိုလားတောင့်တသင့်သည်မှာ မှန်၏။ လိုလားတောင့်တခြင်းကို ရှောင်ကြဉ်ဖို့ မကြိုးစားနှင့်။ သင်တို့ကိုယ်စား ငါ လိုလားတောင့်တမိသည်။ အခြားသတ်မှတ်ချက်နှစ်ခုကို ငါဆွေးနွေးမည်မဟုတ်။ ဤနေရာရှိ မည်သူမျှ ယင်းတို့ကို စွမ်းဆောင်ရရှိနိုင်စွမ်းမရှိသည်မှာ သေချာသည်။ သင်တို့သည် လိုလားတောင့်တနေကြ၏။ ထို့ကြောင့် သင်တို့သည် သင်တို့၏ရည်မှန်းချက်များကို သတ်မှတ်ပြီးပြီလော။ မည်သည့် ရည်မှန်းချက်များနှင့် မည်သည့် ဦးတည်ချက်များဖြင့် သင်တို့ လိုက်စားကာ သင်တို့၏ အားထုတ်မှုများကို မြှုပ်နှံသင့်သနည်း။ သင်သည် ရည်မှန်းချက်တစ်ခုတစ်လေ ရှိသလော။ ငါ ရှင်းရှင်းပြောမည်- သင်တို့သည် ဤသတ်မှတ်ချက်ငါးခုကို စွမ်းဆောင် ရရှိပြီးသည်နှင့်တစ်ပြိုင်နက်၊ သင်တို့သည် ဘုရားသခင်အား စိတ်ကျေနပ်စေပြီးဖြစ်လိမ့်မည်။ ၎င်းတို့ အသီးသီးသည် အညွှန်းတစ်ခု ဖြစ်သည့်အပြင်၊ အသက်ထဲသို့ လူတစ်ဦး၏ ဝင်ရောက်မှုနှင့်ဆိုင်သည့် ရင့်ကျက်မှု၏ နောက်ဆုံးရည်မှန်းချက်လည်း ဖြစ်သည်။ ငါသည် အသေးစိတ်ပြောဆိုရန်နှင့် ယင်းကို ပြည့်မီကြဖို့ သင်တို့ကို တောင်းဆိုရန် ဤသတ်မှတ်ချက်များမှ တစ်ခုတည်းကိုသာ

ရွေးချယ်လျှင်ပင်၊ ယင်းကို စွမ်းဆောင်ရရှိရန် လွယ်ကူလိမ့်မည် မဟုတ်ပေ။ သင်သည် အတိုင်းအတာတစ်ရပ်အထိ အခက်အခဲကို ကြံ့ကြံ့ခံရမည်ဖြစ်ပြီး၊ အားထုတ်မှု ပမာဏတစ်ခုခု ထားရှိရမည် ဖြစ်သည်။ မည်သို့သော စိတ်နေစိတ်ထားမျိုး သင်တို့ ရှိသင့်သနည်း။ ယင်းသည် ခွဲစိတ်သည့်စားပွဲပေါ်သို့တက်ရန် စောင့်ဆိုင်းနေသည့် ကင်ဆာဝေဒနာရှင်တစ်ဦးနှင့် အလားတူ ဖြစ်သင့်သည်။ ငါ အဘယ်ကြောင့် ဤသို့ပြောသနည်း။ သင်သည် ဘုရားသခင်ကို ယုံကြည်ရန် ဆန္ဒရှိပါက၊ ပြီးလျှင် သင်သည် ဘုရားသခင်ကို ရရှိကာ သူ၏ စိတ်ကျေနပ်မှုကို ရရှိရန်ဆန္ဒရှိပါက၊ သင်သည် အတိုင်းအတာ တစ်ရပ်အထိ နာကျင်မှုကို သည်းခံပြီး အားထုတ်မှု အတိုင်းအတာတစ်ရပ်ကို မထားရှိဘဲနှင့်၊ ဤအရာများကို သင် စွမ်းဆောင်ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ သင်တို့သည် တရားဟောချက် များစွာကို ကြားပြီးဖြစ်သော်လည်း၊ ကြားဖူးခြင်းသက်သက်က ဤတရားဒေသနာသည် သင်၏တရားဒေသနာ ဖြစ်သွားသည်ဟု မဆိုလိုပေ။ သင်သည် ယင်းကို မှတ်သားကာ သင်နှင့်သက်ဆိုင်သော အရာတစ်ခုအဖြစ် ပြောင်းလဲရမည်။ ဤနှုတ်ကပတ်တော်များနှင့် တရားဟောချက်တို့အား သင် အသက်ရှင်သည့် နည်းလမ်းကို လမ်းပြခွင့်ပေးကာ သင့်ဘဝထံ လူ့ဘဝနှင့်ဆိုင်သော တန်ဖိုးနှင့် အဓိပ္ပာယ်တို့ကို ဆောင်ကြဉ်းခွင့်ပေးရင်း၊ ယင်းကို သင့်ဘဝထဲသို့ လက်သင့်ခံရမည်ဖြစ်ပြီး သင်၏တည်ရှိမှုထဲသို့ ယူဆောင်ရမည် ဖြစ်သည်။ ထိုသို့ ဖြစ်ပျက်သည့်အခါ၊ ဤနှုတ်ကပတ်တော်များကို သင်၏ ကြားနာခြင်းသည် ကြားနာရကျိုးနပ်လိမ့်မည် ဖြစ်သည်။ ငါပြောသည့် နှုတ်ကပတ်တော်များသည် သင်၏ဘဝတွင် တိုးတက်မှု တစ်ခုတစ်လေ မဖြစ်ပေါ်စေပါက သို့မဟုတ် သင်၏ ဖြစ်တည်မှုတွင် မည်သည့်တန်ဖိုးကိုမျှ မဖြည့်စွက်ပါက၊ ယင်းတို့ကို သင်၏ နားထောင်ခြင်းတွင် အဓိပ္ပာယ်မရှိပေ။ ဤအရာကို သင်တို့ နားလည်သည်၊ မဟုတ်လော။ ယင်းကိုနားလည်ပြီးနောက်၊ ဆက်လက် ဖြစ်ပျက်သည့်အရာမှာ သင်တို့အပေါ်တွင်သာ မူတည်သည်။ သင်တို့ စတင်လုပ်ဆောင်ကြရမည်။ သင်တို့သည် အရာခပ်သိမ်း၌ အလွန် အလေးအနက်ထားရမည်။ မရေမရာ မဖြစ်လေနှင့်။ အချိန်သည် လျင်မြန်စွာ ကုန်ဆုံးနေသည်။ သင်တို့ထဲမှ အများစုသည် ဘုရားသခင်ကို ဆယ်နှစ်ကျော် ယုံကြည်နှင့်ကြပြီး ဖြစ်သည်။ ဤကုန်လွန်ခဲ့သည့် ဆယ်နှစ်ကို ပြန်တွေးကြည့်လော့။ သင်တို့ မည်မျှရရှိလေပြီနည်း။ ပြီးလျှင် သင်တို့၌ ဤတစ်သက်တာတွင် အသက်ရှင်ဖို့ ဆယ်စုနှစ်ပေါင်း မည်မျှကျန်သေးသနည်း။ မရှည်ကြာပေ။ ဘုရားသခင်၏အမှုက သင့်ကို စောင့်နေခြင်း ရှိမရှိ၊ သူသည် သင့်ကို အခွင့်အရေးတစ်ရပ် ချန်ထားပေးခြင်း ရှိမရှိ သို့မဟုတ် သူသည် တူညီသော အမှုကို တစ်ဖန်ပြန်ပြုမည် မပြုမည်ကို မေ့ထားလော- ဤအရာများကို မပြောလေနှင့်။ သင်သည် သင့်ဘဝ၏ လွန်ခဲ့သော ဆယ်နှစ်တာကာလကို နောက်ပြန်လှည့်နိုင်သလော။

ကုန်လွန်သွားသော နေ့ရက်တိုင်းနှင့် သင်လှမ်းသည့် ခြေလှမ်းတိုင်းဖြင့်၊ သင်၌ တစ်ရက်လျော့နည်းသွားပေ၏။ အချိန်သည် မည်သူကိုမျှ မစောင့်ပေ။ သင်သည် အစားအစာ၊ အဝတ်အစားများ သို့မဟုတ် အခြားမည်သည့်အရာမဆိုထက်၊ ဘုရားသခင်ကို ယုံကြည်ခြင်းအား သင့်ဘဝတွင် အကြီးမားဆုံးသော အရာဖြစ် ချဉ်းကပ်မှသာ၊ ဘုရားသခင်ကို ယုံကြည်ခြင်းမှ သင်သည် အကျိုးရရှိပေလိမ့်မည်။ သင်သည် အချိန်ရှိမှသာ ယုံကြည်ပြီး၊ သင်၏ ယုံကြည်ခြင်းအဖို့ သင်၏အာရုံအားလုံးကို မြှုပ်နှံနိုင်စွမ်း မရှိပါက၊ ပြီးလျှင် သင်သည် အစဉ် စိတ်ရှုပ်ထွေးမှုတွင် နစ်နေပါက၊ မည်သည့်အရာမျှ ရရှိလိမ့်မည် မဟုတ်ပေ။ ဤအရာကို သင်တို့ နားလည်သည်၊ မဟုတ်လော။ ယနေ့ ဤနေရာ၌ ငါတို့ နားမည်။ နောက်မှ တွေ့ကြမည်။ (ဘုရားသခင် ကျေးဇူးတော် ချီးမွမ်းပါသည်။)

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

# နောက်ဆက်တွဲ-
# ဘုရားသခင်၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှု၌ ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို ရှုမြင်ခြင်း

သခင်ယေရှုခရစ်တော်နောက်သို့ လိုက်သည့် သန်းရာပေါင်းများစွာသော အခြားသူများကဲ့သို့ပင် ငါတို့သည် ကျမ်းစာ၏ ပညတ်တရားများနှင့် ပညတ်တော်များကို လိုက်နာကြသည်၊ သခင်ယေရှုခရစ်တော်၏ များပြားပြည့်လျှံသော ကျေးဇူးတော်ကို ခံစားကြသည်၊ ပြီးလျှင် အတူတကွ စုဝေးကြသည်၊ ဆုတောင်းကြသည်၊ ချီးမွမ်းကြပြီး သခင်ယေရှုခရစ်တော်၏နာမ၌ အစေခံကြသည်- ပြီးလျှင် ဤအရာအားလုံးကို ငါတို့သည် သခင့်၏ စောင့်ရှောက်မှုနှင့် ကွယ်ကာမှုအောက်၌ လုပ်ဆောင်ကြသည်။ ငါတို့သည် မကြာခဏ အားနည်းတတ်ကြပြီး မကြာခဏလည်း ခွန်အားရှိတတ်ကြသည်။ ငါတို့၏ လုပ်ရပ်များ အားလုံးသည် သခင်၏ သွန်သင်ချက်များ နှင့်အညီဖြစ်သည်ဟု ငါတို့ ယုံကြည်ကြသည်။ သို့ဖြစ်လျှင် ငါတို့သည် ကောင်းကင်ဘုံ၌ရှိသော အဖ၏အလိုကို လုပ်ဆောင်ခြင်း လမ်းကြောင်းပေါ်၌ ရှိကြသည်ဟု မိမိတို့ကိုယ်မိမိ ယုံကြည်နေကြသည်မှာ သိသာထင်ရှားပေသည်။ သခင်ယေရှု၏ ပြန်ကြွလာခြင်း၊ သူ၏ ဘုန်းအသရေထင်ရှားသော ကြွဆင်းခြင်း၊ ကမ္ဘာပေါ်က ငါတို့၏အသက်တာ အဆုံးသတ်၊ နိုင်ငံတော်၏ ပေါ်ထွန်းခြင်းနှင့် ဗျာဒိတ်ကျမ်း၌ ကြိုတင်ဟောထားသကဲ့သို့ အရာရာတိုင်းကို ငါတို့ တောင့်တကြသည်။

သခင်ရောက်ရှိလာသည်၊ ကပ်ဘေးဒုက္ခကို သူခေါ်ဆောင်လာသည်၊ ကောင်းသောသူများကို ဆုချီးမြှင့်ပြီး ဆိုးယုတ်သောသူများကို အပြစ်ဒဏ်ပေးသည်၊ ပြီးလျှင် သူ့နောက်သို့လိုက်ပြီး သူ၏ပြန်ကြွလာခြင်းကို ကြိုဆိုသောသူ အားလုံးအား လေထဲတွင် သူနှင့်တွေ့ဆုံရန် သူ ဆောင်ယူလေသည်။ ဤအရာကို ငါတို့စဉ်းစားသည့်အခါတိုင်းတွင်၊ စိတ်ခံစားချက်များဖြင့် မွှန်မထူဘဲမနေနိုင်ဖြစ်ကြပြီး နောက်ဆုံးသောကာလ၌ ငါတို့ မွေးဖွားကြကာ သခင်၏ ကြွလာခြင်းကို မျက်မြင်ကြုံတွေ့ဖို့ အခွင့်အလမ်းကောင်းရှိကြသည်ကို ကျေးဇူးတင်စိတ်နှင့် ပြည့်ကြပေသည်။ ငါတို့သည် ညှဉ်းပန်းနှိပ်စက်မှုကို ခံစားခဲ့ရပြီး ဖြစ်သော်လည်း၊ အပြန်အလှန်အားဖြင့် “အတိုင်းထက် အလွန်ကြီးမြတ် လေးလံသော နိစ္စထာဝရဘုန်းအသရေ” ကို ငါတို့ရရှိကြပေပြီ။ ကြီးမြတ်လှသော ကောင်းချီးမင်္ဂလာတစ်ပါး ဖြစ်ပေသည်တကား။ ဤတောင့်တမှုနှင့် သခင်အပ်နှင်းသည့် ကျေးဇူးတော်အားလုံးက ငါတို့သည် စဉ်ဆက်မပြတ် ဆုတောင်းရာတွင် တည်ကြည်စေပြီး အတူတကွ စုရုံးရာတွင် သာ၍ လုံ့လဝီရိယရှိစေသည်။ နောက်နှစ်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်၊ မနက်ဖြန် ဖြစ်ကောင်းဖြစ်နိုင်သည်၊ သို့မဟုတ် လူသားက စိတ်ကူးနိုင်သည်ထက် သာ၍တိုတောင်းသည့်အချိန်အတွင်း ဖြစ်ကောင်းဖြစ်နိုင်သည်၊ သခင်သည် သူ့ကို စိတ်ထက်သန်သော အရေးတယူပြုမှုဖြင့် စောင့်မျှော်နေခဲ့ကြသည့် လူတစ်စုအလယ် ပေါ်ထွန်းရင်း ရုတ်တရက် ဆင်းကြွလိမ့်မည်။ သခင်၏ ပေါ်ထွန်းခြင်းကို ရှုမြင်ရသော ပထမဦးဆုံးလူစုထဲတွင် ရှိခြင်းအလို့ငှာ၊ ချီဆောင်ခြင်း ခံရသည့် သူများအလယ်တွင် ရှိခြင်းအလို့ငှာ၊ ငါတို့အားလုံးသည် နောက်ကျကျန်ခဲ့လိုခြင်းမရှိဘဲ အချင်းချင်း အရှေ့ရောက်သို့ အပြေးအလွှား သွားကြသည်။ ဤနေ့ရက်ရောက်လာခြင်းအတွက် ငါတို့သည် အဖိုးအခကို အမှုမထားဘဲ၊ အရာအားလုံးကို ပေးဆပ်ပြီးဖြစ်သည်။ အချို့က ၎င်းတို့၏အလုပ်များကို စွန့်ခွာကြသည်၊ အချို့က ၎င်းတို့၏ မိသားစုများကို စွန့်လွှတ်ကြသည်၊ အချို့က ၎င်းတို့၏ အိမ်ထောင်ကို စွန့်လွှတ်ကြသည်၊ ပြီးလျှင် အချို့က ၎င်းတို့စုဆောင်းထားသမျှ အားလုံးကို ပေးလှူကြသည်။ ကောင်းလိုက်သည့် ကိုယ်ကျိုးမငဲ့သော ဆက်ကပ်အပ်နှံမှု လုပ်ရပ်များပါတကား။ ထိုသို့သော ရိုးသားစစ်မှန်မှုနှင့် သစ္စာစောင့်သိမှုသည် အတိတ်ခေတ်များ၏ သန့်ရှင်းသူများကိုပင် ကေန်မုချ ကျော်လွန်ပေ၏။ သခင်သည် သူ နှစ်သက်သည့် မည်သူမဆိုပေါ် ကျေးဇူးတော်ကို အပ်နှင်းပြီး၊ သူ နှစ်သက်သည့် မည်သူမဆိုအပေါ် သနားကရုဏာကိုပြသည်နှင့်အမျှ၊ ငါတို့၏ ဆက်ကပ်အပ်နှံခြင်းနှင့် အသုံးခံခြင်းလုပ်ရပ်များကို သူ၏ မျက်လုံးများဖြင့် ကြာမြင့်စွာကတည်းက ရှုမြင်ပြီးဖြစ်သည်ဟု ငါတို့ ယုံကြည်ကြသည်။ ထို့ကြောင့် ငါတို့၏ လှိုက်လှိုက်လှဲလှဲ ဆုတောင်းချက်များသည်လည်း သူ၏နားထဲသို့ ရောက်ပြီး ဖြစ်သကဲ့သို့၊ ငါတို့၏

ရည်စူးနှစ်မြှုပ်ထားမှုအတွက် သခင်သည် ငါတို့ကို ဆုလာဘ်ပေးလိမ့်မည်ဟု ငါတို့ယုံကြည်သည်။ ထို့အပြင်၊ ကမ္ဘာလောကကို မဖန်ဆင်းမီတွင် ဘုရားသခင်သည် ငါတို့အပေါ်ကျေးဇူးပြုခဲ့ပြီးဖြစ်ကာ ငါတို့ကို သူပေးပြီးဖြစ်သော ကောင်းချီးမင်္ဂလာများနှင့်ကတိတော်များကို မည်သူမျှ ယူဆောင် မသွားနိုင်ပေ။ ငါတို့အားလုံးသည် အနာဂတ်အတွက်စီစဉ်နေကြပြီး၊ လေထဲ၌ သခင်နှင့် ဆုံတွေ့ရန် ချီဆောင်ခြင်း ခံရစိမ့်သောငှာ အလဲအထပ်လုပ်ဖို့ပုံမှန်လုပ်နေကျအတိုင်း ငါတို့၏ ဆက်ကပ်အပ်နှံမှုနှင့် အသုံးခံမှုတို့ကို လောင်းကစားလုပ်သည့်တိုကင်ပြားများ သို့မဟုတ် အရင်းအနှီးတို့ ဖြစ်စေကြပြီးဖြစ်သည်။ ထို့အပြင်၊ ငါတို့သည်တိုင်းနိုင်ငံအားလုံးနှင့် လူအားလုံးတို့အပေါ် ဦးဆောင်ရန် သို့မဟုတ် ရှင်ဘုရင်များအဖြစ် စိုးစံရန်နည်းနည်းလေးမျှ မတွန့်ဆုတ်ဘဲ အနာဂတ်ပလ္လင်ပေါ် မိမိတို့ကိုယ်ကိုယ် ထားရှိကြပြီးဖြစ်သည်။ ဤအရာအားလုံးကို လုပ်လေ့ရှိသည့်အရာတစ်ခု၊ မျှော်လင့် ထားရမည့် အရာတစ်ခုအဖြစ်သဘောထားကြပေသည်။

သခင်ယေရှုကို ဆန့်ကျင်သူအားလုံးအား ငါတို့ မတူမတန် သဘောထားကြသည်၊ ၎င်းတို့အားလုံး၏ အဆုံးသတ်သည် ပျက်သုဉ်းခြင်း ဖြစ်လိမ့်မည်။ သခင်ယေရှုသည်ကယ်တင်ရှင် ဖြစ်သည်ကို မယုံရန် ၎င်းတို့ကို မည်သူပြောခဲ့သနည်း။ မှန်ပေ၏၊ ၎င်းတို့နားမလည်ကြသည့်အတွက် လောကလူတို့အပေါ် ကြင်နာသနားရာတွင် သခင်ယေရှုကိုငါတို့အတုယူကြသည့် အချိန်များရှိသကဲ့သို့၊ ငါတို့သည် ၎င်းတို့အပေါ် သည်းခံပြီးခွင့်လွှတ်ကြရမည်မှာ မှန်ပေသည်။ သမ္မာကျမ်းစာနှင့် မကိုက်ညီသော အရာတိုင်းသည်အများနှင့်မတူကွဲလွဲ ဆန့်ကျင်ပြီး မိစ္ဆာဒိဋ္ဌိအယူဖြစ်သည့်အတွက်၊ ငါတို့လုပ်သမျှတိုင်းသည်သမ္မာကျမ်းစာ၏ နှုတ်ကပတ်တော်များနှင့်အညီဖြစ်သည်။ ဤသို့သော ယုံကြည်မှုမျိုးသည်ငါတို့တစ်ဦးစီတိုင်း၏ စိတ်ထဲ၌ နက်ရှိုင်းစွာ အမြစ်တွယ်ထားသည်။ ငါတို့၏ သခင်သည်ကျမ်းစာထဲ၌ရှိပြီး၊ အကယ်၍ ငါတို့သည် ကျမ်းစာကို မသွေဖည်လျှင် သခင့်ကိုလည်းသွေဖည်လိမ့်မည်မဟုတ်၊ ဤအခြေခံသဘောတရား အတိုင်း ငါတို့ အသက်ရှင်လျှင်၊ငါတို့သည် ကယ်တင်ခြင်းကို ရရှိမည်။ ငါတို့သည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက်စေ့ဆော်ကြသည်၊ အားပေးကြသည်၊ ထို့ပြင် အတူတကွ စုဝေးတိုင်း ငါတို့ပြောသမျှနှင့်လုပ်သမျှတို့သည် သခင့်အလိုနှင့်အညီဖြစ်ဖို့၊ သခင်လက်ခံသော အရာဖြစ်ဖို့ ငါတို့မျှော်လင့်ကြသည်။ ငါတို့၏ပတ်ဝန်းကျင်သည် အကြီးအကျယ် ရန်လိုသော်လည်း၊ ငါတို့၏နှလုံးသားများသည် ဝမ်းမြောက်ခြင်းနှင့် ပြည့်နေကြသည်။ ထိုကဲ့သို့ အလွယ်တကူလက်လှမ်းမီနိုင်သော အနီးအပါး၌ ရှိနေသည့် ကောင်းချီးများအကြောင်းငါတို့တွေးမိသောအခါ၌၊ ငါတို့မစွန့်လွှတ် နိုင်သောအရာ တစ်စုံတစ်ခု ရှိသလော။ ငါတို့ခွဲခွာရန်

ဝန်လေးနေ သည့်အရာ တစ်စုံတစ်ခုရှိသလော။ ထိုအရာအားလုံးမှာ သိသာထင်ရှားပေသည်၊ ထို့ပြင် ထိုအရာအားလုံးတို့မှာ ဘုရားသခင်၏ ဂရုတစိုက်ကြည့်ရှုမှုအောက်တွင် ရှိသည်။ နောက်ချေးပုံထဲမှ ချီမခြင်းခံခဲ့ရသော ချို့တဲ့သူ ဤလူနည်းစုဖြစ်သည့် ငါတို့သည် သခင်ယေရှု၏ သာမန်နောက်လိုက်များ အားလုံးကဲ့သို့ပင်ဖြစ်သည်၊ ချီဆောင်ခြင်းခံရဖို့၊ ကောင်းချီးပေးခြင်းခံရဖို့၊ တိုင်းနိုင်ငံများ အားလုံးကို အုပ်စိုးဖို့ ငါတို့စိတ်ကူးယဉ်ကြသည်။ ငါတို့၏ ဖောက်ပြန်ပျက်စီးမှုသည် ဘုရားသခင်၏ မျက်စိရှေ့၌ ဖော်ထုတ်ဖွင့်ချခြင်း ခံထားရသည်၊ ဘုရားသခင်၏ မျက်စိထဲတွင် ငါတို့၏အလိုဆန္ဒများနှင့် လောဘတို့သည် ပြစ်တင်ရှုတ်ချခြင်းခံရပြီးဖြစ်သည်။ သို့သော်လည်း ထိုအရာအားလုံးသည် အလွန် မထင်မရှားနှင့် အလွန်အကျိုးသင့် အကြောင်းသင့် ဖြစ်ပျက်ခြင်းကြောင့်၊ ငါတို့ထဲတွင် မည်သူကမျှ ငါတို့၏ တောင့်တမှုများ မှန်မမှန်ကို မစဉ်းစားမိကြပေ၊ ငါတို့ စွဲကိုင်ယုံကြည်ထားသော အရာများ၏ တိကျမှုကိုဆိုလျှင် သာ၍ပင် သံသယမဝင်မိကြပေ။ ဘုရားသခင်၏ အလိုကို မည်သူ သိနိုင်သနည်း။ လူသားလျှောက်လှမ်းသည့် လမ်းကြောင်းမှာ အတိအကျအားဖြင့် အဘယ်အရာဖြစ်သည်ကို ရှာဖွေရမည်၊ သို့မဟုတ် စူးစမ်းရမည်ကို ငါတို့မသိကြ၊ စုံစမ်းမေးမြန်းဖို့အတွက် စိတ်ဝင်စားရန်မှာမူ ဝေလာဝေးပင် ဖြစ်သည်။ အကြောင်းမူကား ငါတို့သည် ချီဆောင် ခံရနိုင်ခြင်း ရှိ မရှိ၊ ကောင်းချီး ပေးခံရနိုင်ခြင်း ရှိ မရှိ၊ ကောင်းကင်နိုင်ငံ၌ ငါတို့အတွက် နေရာတစ်နေရာရှိ မရှိ၊ ထို့ပြင် အသက်ရေစီးသောမြစ်မှ ရေနှင့် အသက်ပင်မှ အသီးကို ငါတို့လည်း ရ မရ စသည့် အကြောင်းအရာတို့ကိုသာ ငါတို့အရေးစိုက်ကြသောကြောင့် ဖြစ်သည်။ သခင့်ကို ကျွန်ုပ်တို့ ယုံကြည်ကြပြီး သူ၏ နောက်လိုက်များ ဖြစ်လာကြသည်မှာ ဤအရာများကို ရရှိခြင်းအလို့ငှာ မဟုတ်သလော။ ငါတို့၏ အပြစ်များသည် ခွင့်လွှတ်ခြင်းခံရပြီးဖြစ်သည်၊ ငါတို့သည် နောင်တရပြီးဖြစ်သည်၊ ခါးသော စပျစ်ရည်ခွက်ကို ငါတို့သောက်ပြီးဖြစ်ကာ လက်ဝါးကပ်တိုင်ကို ငါတို့၏ကျောပေါ်၌ ငါတို့တင်ထားရှိပြီး ဖြစ်သည်။ ငါတို့ပေးပြီးသော အဖိုးအခကို သခင်က လက်ခံမည်မဟုတ်ဟု မည်သူပြောနိုင်သနည်း။ ငါတို့သည် ဆီအလုံအလောက် မပြင်ဆင်ထားရသေးဟု မည်သူပြောနိုင်သနည်း။ ငါတို့သည် မိုက်သောသတို့သမီးများ သို့မဟုတ် စွန့်ပစ်ခြင်းခံရသူများထဲမှ တစ်ဦး ငါတို့မဖြစ်လိုပေ။ ထို့အပြင်၊ ကျမ်းစာထဲတွင် "ထိုအခါ သူတပါးက ဤအရပ်၌ ခရစ်တော်ရှိသည်၊ ထိုအရပ်၌ရှိသည်ဟု ဆိုသော်လည်းမယုံကြနှင့်။ အကြောင်းမူကား၊ ခရစ်တော်၏အယောင်ကို ဆောင်သောသူနှင့် မိစ္ဆာ ပရောဖက်တို့သည် ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို ပြကြလိမ့်မည်။" (ရှင်မဿဲခရစ်ဝင် ၂၄:၂၃-၂၄) ဟု

ဆိုထားသည့်အတွက်၊ ခရစ်တော်၏ အယောင်ကိုဆောင်သော သူများ၏ လှည့်စားခြင်းမှ ငါတို့ကို ကာကွယ်စောင့်ရှောက်ဖို့ သခင့်ကို တောင်းလျှောက်ရင်း၊ ငါတို့ အစဉ်မပြတ် ဆုတောင်းကြသည်။ ကျမ်းစာ၏ ဤကျမ်းချက်များကို ငါတို့ အလွတ်ကျက်မှတ်ထားပြီးဖြစ်သည်။ ထိုကျမ်းချက်များကို ငါတို့ အလွတ်ရသကဲ့သို့၊ ထိုကျမ်းချက်များကို အဖိုးတန်သော ရတနာတစ်ပါးအဖြစ်၊ အသက်အဖြစ်၊ ငါတို့ကယ်တင်ခံရနိုင်ခြင်း ရှိ မရှိ သို့မဟုတ် ချီဆောင်ခံရနိုင်ခြင်း ရှိ မရှိ ဆိုသည်ကို အဆုံးအဖြတ်ပေးသော မှတ်တမ်းစာစောင် အဖြစ် မြင်ကြသည်...။

နှစ်ပေါင်းထောင်နှင့်ချီကြာ၊ အသက်ရှင်သူများသည် မိမိတို့၏ အလိုဆန္ဒများနှင့် အိပ်မက်များကို မိမိတို့နှင့်အတူ ယူဆောင်လျက်၊ ကွယ်လွန်သွားကြပြီးဖြစ်သော်လည်း၊ ကောင်းကင်နိုင်ငံသို့ ၎င်းတို့ ရောက်ရှိခြင်း ရှိ မရှိဆိုသည်ကို မည်သူမျှ အမှန်တကယ် မသိပေ။ တစ်ချိန်ကဖြစ်ခဲ့သည့် အဖြစ်အပျက်များ အားလုံးကို မေ့လျော့သွားကြရင်း၊ သေလွန်သောသူများ ပြန်လာကြသကဲ့သို့၊ ၎င်းတို့သည် ဘိုးဘေးတို့၏ သွန်သင်မှုများနှင့် လမ်းကြောင်းများကို လိုက်လျှောက်ကြဆဲ ဖြစ်သည်။ ဤနည်းဖြင့်၊ နှစ်များနှင့် ရက်များ ကုန်လွန်သည်နှင့်အမျှ၊ ငါတို့၏ ဘုရားသခင်ဖြစ်သည့် ငါတို့၏ သခင်ယေရှုသည် ငါတို့လုပ်သမျှတိုင်းကို အမှန်တကယ် လက်ခံသည်၊ လက်မခံသည်ကို မည်သူမျှ မသိကြပေ။ ငါတို့ လုပ်ဆောင်နိုင်သမျှမှာ ရလဒ်တစ်ခုရှိဖို့ မျှော်လင့်စောင့်စားပြီး ဖြစ်ပျက်လာမည့် အရာရာတိုင်းနှင့် ပတ်သက်၍ မှန်းဆဖို့ ဖြစ်သည်။ သို့သော် ဘုရားသခင်သည် ငါတို့ထံ မည်သည့်အခါမျှ ပေါ်ထွန်းမလာဘဲ၊ မည်သည့်အခါမျှ ငါတို့ကို စကားမပြောဘဲ တောက်လျှောက် နှုတ်ဆိတ်မြဲနှုတ်ဆိတ်လေပြီ။ ထို့ကြောင့်၊ ငါတို့သည် ကျမ်းစာ နောက်ကိုလိုက်ကာ နိမိတ်လက္ခဏာများ နှင့်အညီ ဘုရားသခင်၏ အလိုနှင့် စိတ်သဘောထားကို စိတ်လိုလက်ရ အကဲဖြတ်ချက်များ ပြုလုပ်ကြသည်။ ဘုရားသခင်၏ နှုတ်ဆိတ်မှုနှင့် ငါတို့ နေသားကျလာပြီဖြစ်သည်။ ငါတို့၏ အပြုအမူများ မှန်သည်၊ မှားသည်ကို ငါတို့၏ ကိုယ်ပိုင် စဉ်းစားတွေးခေါ် ပုံဖြင့် အကဲဖြတ်ခြင်းနှင့်လည်း ငါတို့ နေသားကျလာကြပြီ ဖြစ်သည်။ ငါတို့ကို ဘုရားသခင် တောင်းဆိုသောအရာများအစား ငါတို့၏အသိပညာ၊ အယူအဆများ နှင့် ကိုယ်ကျင့်တရား ကျင့်ဝတ်များအပေါ် အားထားရသည်ကို ငါတို့နေသားကျလာကြပြီ ဖြစ်သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ခြင်းကိုလည်း ငါတို့နေသားကျလာကြပြီ ဖြစ်သည်။ ငါတို့လိုအပ်သည့်အခါတိုင်းတွင်၊ ဘုရားသခင်အား အကူအညီပေးစေခြင်းကိုလည်း ငါတို့ နေသားကျလာကြပြီဖြစ်သည်။ အရာအားလုံးအတွက် ဘုရားသခင်ထံ လက်ဖြန့်တောင်းခြင်းနှင့် ဘုရားသခင်အား အမိန့်ပေးရခြင်းကိုလည်း

ငါတို့နေသားကျ လာကြပြီဖြစ်သည်၊ သန့်ရှင်းသော ဝိညာဉ်တော်က ငါတို့အား မည်သို့ ဦးဆောင်နေသည်ကို အာရုံမစိုက်ဘဲ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီရခြင်းကို ငါတို့နေသားကျလာကြပြီ ဖြစ်သည်၊ ထို့ထက်ပို၍ ငါတို့သည် ငါတို့ကိုယ်တိုင်၏ အရှင်သခင်ဖြစ်ကြသည့် နေ့ရက်များကိုလည်း ငါတို့ နေသားကျလာပြီးဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှ မျက်နှာချင်းဆိုင် မတွေ့ဖူးသည့် ဤကဲ့သို့သော ဘုရားသခင်တစ်ပါးကို ငါတို့ ယုံကြည်ကြသည်။ ဘုရားသခင်၏ စိတ်သဘောထားက မည်သည့်အရာနှင့်တူသည်၊ သူ၏ အရာအားလုံးနှင့် ဖြစ်ခြင်း၊ သူ၏ အသွင်သဏ္ဌာန်က မည်သည့်အရာနှင့်တူသည်၊ သူကြွလာသည့်အခါ သူ့ကို ငါတို့သိမည် မသိမည် အစရှိသော မေးခွန်းများ- ဤအရာများထဲမှ မည်သည့်အရာမျှ အရေးမကြီးပေ။ အရေးကြီးသည်မှာ သူသည် ငါတို့၏ နှလုံးသားထဲ၌ ရှိပြီး၊ ငါတို့အားလုံး သူ့ကို စောင့်ဆိုင်းကြသည်ဆိုသည့်အချက်ဖြစ်ပြီး၊ သူသည် ဤသို့ဖြစ်သည် သို့မဟုတ် ထိုသို့ဖြစ်သည်ကို ငါတို့ စိတ်ကူးကြည့်နိုင်သည်မှာ လုံလောက်ပေသည်။ ငါတို့သည် ငါတို့၏ ယုံကြည်ခြင်းကို အသိအမှတ်ပြုသည်၊ ငါတို့၏ဝိညာဉ်ရေးရာ ပြည့်ဝခြင်းကို တန်ဖိုးထားသည်။ အရာအားလုံးကို နောက်ချေးကဲ့သို့ ငါတို့ သဘောထားပြီး အရာအားလုံးကို ခြေဖဝါးအောက်၌ နင်းကြသည်။ ငါတို့သည် ဘုန်းအသရေတင့်သော သခင်၏ နောက်လိုက်များ ဖြစ်သောကြောင့်၊ ခရီးသည် မည်မျှ ရှည်လျားပြီး ခက်ခဲကြမ်းတမ်းသည်ဖြစ်စေ၊ မည်သည့် အခက်အခဲများနှင့် အန္တရာယ်များ ငါတို့အပေါ် ကျရောက်သည်ဖြစ်စေ၊ ငါတို့သည် သခင့်နောက်လိုက်ကြသည်နှင့်အမျှ မည်သည့်အရာကမျှ ငါတို့၏ ခြေလှမ်းများကို မရပ်တန့်စေနိုင်ပေ။ "တဖန်၊ ကျောက်သလင်းကဲ့သို့ ကြည်လင်၍၊ ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်ထဲက ထွက်သော၊ အသက်ရေစီးရာမြစ်...၊ ထိုမြစ်နှစ်ဘက်၌လည်းကောင်း၊ အသက်ပင်ရှိ၏။ ထိုအသက်ပင်သည် အသီးတစ်ဆယ့် နှစ်မျိုးကို သီးတတ်၏။ မိမိအသီးကိုလည်း လတိုင်းပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏ အနာရောဂါ ငြိမ်းစရာတို့ ဖြစ်၏။ နောက်တဖန် ကျိန်ခြင်းဘေးတစ်စုံတစ်ခုမျှမရှိ။ ထိုမြို့၌ ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်ရှိ၍ ဘုရားသခင်၏ ကျွန်တို့သည် ဘုရားဝတ်ကို ပြုကြလိမ့်မည်။ မျက်နှာတော်ကိုမြင်ရ၍ သူတို့နဖူး၌လည်း နာမတော်ရေးထား လျက်ရှိလိမ့်မည်။ ထိုမြို့၌ ညဉ့်မရှိရ၊ ဆီမီးကိုအလိုမရှိ။ နေ၏ အရောင်ကိုလည်း အလိုမရှိ။ အကြောင်းမူကား၊ ထာဝရအရှင်ဘုရားသခင်သည် သူတို့၌ ရောင်ခြည်တော်ကို လွှတ်တော်မူ၍ သူတို့သည် ကမ္ဘာအဆက်ဆက် စိုးစံရကြလတံ့။" (ဗျာဒိတ်ကျမ်း ၂၂:၁-၅) ဤနှုတ်ကပတ်တော်များကို ငါတို့ကျူးသေည့်အချိန်တိုင်းတွင်၊ ငါတို့၏နှလုံးသားများသည် အတိုင်းမသိသော ဝမ်းမြောက်ခြင်း၊ စိတ်ကျေနပ်ခြင်းတို့နှင့်

ပြည့်လျှမ်းကာ ငါတို့၏ မျက်လုံးများမှ မျက်ရည်များ စီးကျလေ့ရှိသည်။ ငါတို့ကို ရွေးချယ်သည့်အတွက် သခင်ကို ကျေးဇူးတော်ချီးမွမ်းပါ၏၊ သူ၏ကျေးဇူးတော်အတွက် သခင့်ကို ကျေးဇူးတော်ချီးမွမ်းပါ၏။ သူသည် ဤဘဝ၌ ငါတို့ကို အဆတစ်ရာ ပေးပြီးဖြစ်သကဲ့သို့၊ လာမည့် လောက၌ ငါတို့ကို ထာဝရအသက် ပေးပြီးဖြစ်သည်။ အကယ်၍ သူက ငါတို့ကို ယခုသေခိုင်းမည်ဆိုလျှင်၊ နည်းနည်းလေးမျှ မညည်းညူဘဲ၊ ထိုသို့ ငါတို့ လုပ်ဆောင်ကြမည်ဖြစ်သည်။ အို သခင်။ ကျေးဇူးပြု၍ မကြာမီ ကြွလာတော်မူပါ။ ကိုယ်တော််ကို ကျွန်ုပ်တို့ အသည်းအသန် တောင့်တပြီး ကိုယ်တော််အတွက် အရာအားလုံး စွန့်လွှတ်ပြီးဖြစ်ပုံကို ထောက်ထားလျက်၊ တစ်မိနစ်၊ တစ်စက္ကန့်မျှပင် မနှောင့်နှေးနှင့်တော့။

ဘုရားသခင်သည် တိတ်ဆိတ်နေပြီး ငါတို့ထံ မည်သည့်အခါမျှ မပေါ်ထွန်းလေပြီ၊ သို့သော် သူ့အမှုသည် လုံး၀ မရပ်တန့်သေးပေ။ သူသည် ကမ္ဘာမြေကြီးတစ်ခုလုံးကို ကြည့်ရှုစစ်ဆေးပြီး အရာအားလုံးကို ကွပ်ကဲကာ လူသား၏ စကားအားလုံးနှင့် လုပ်ဆောင်ချက်အားလုံးကို ရှုမြင်သည်။ သူသည် မိမိ၏ စီမံခန့်ခွဲမှုကို တိတ်ဆိတ်စွာနှင့် သိသာထင်ရှားသော သက်ရောက်မှုများမရှိဘဲ၊ ဖြည်းဖြည်းမှန်မှန် လှုပ်ရှားသော အဆင့်များဖြင့် သူ၏အစီအစဉ်နှင့်အညီ ဦးစီးဦးရွက် ပြုသော်လည်း၊ သူ၏ခြေလှမ်းများသည် လူသားမျိုးနွယ်နှင့် ယခင်ထက် တစ်လှမ်းပြီးတစ်လှမ်း ပို၍ တိုးကာ နီးကပ်လာလျက် ရှိပြီး၊ သူ၏တရားပလ္လင်ကိုလည်း အလင်း၏မြန်နှုန်းဖြင့် စကြဝဠာ၌ ထိထိရောက်ရောက် အသုံးချသည်၊ ယင်းနောက်တွင် သူ၏ပလ္လင်သည် ငါတို့အလယ်သို့ ချက်ချင်း ဆင်းသက်လာပေသည်။ ယင်းသည် အံ့မခန်းသော ကြီးကျယ်ခမ်းနားလိုက်သည့် မြင်ကွင်းပါတကား၊ အင်မတန် ခန့်ညားပြီး တည်ကြည်သော ရင်ဖိုဖွယ်မြင်ကွင်းပါတကား။ ချိုးငှက်တစ်ကောင် ကဲ့သို့၊ ဟိန်းဟောက်သော ခြင်္သေ့တစ်ကောင်ကဲ့သို့ ဝိညာဉ်တော်သည် ငါတို့အလယ်သို့ ကြွလာသည်။ ဝိညာဉ်တော်သည် ဉာဏ်ပညာ ဖြစ်သည်၊ သူသည် ဖြောင့်မတ်ခြင်းဖြစ်ပြီး ဘုန်းအာနုဘော်ဖြစ်ကာ၊ သူသည် ဩဇာအာဏာကို စွဲကိုင်ကာ ချစ်ခြင်းမေတ္တာ၊ သနားကရုဏာတို့နှင့်ပြည့်လျက်၊ ငါတို့အလယ်သို့ တိတ်တဆိတ် ကြွလာသည်။ သူ၏ ရောက်ရှိခြင်းကို မည်သူမျှ သတိမထားမိကြ၊ သူ၏ ရောက်ရှိခြင်းကို မည်သူမျှမကြိုဆိုကြသကဲ့သို့၊ ထို့အပြင်၊ သူ လုပ်ဆောင်တော့မည့် အရာအားလုံးကို မည်သူမျှ မသိကြချေ။ လူ၏အသက်တာသည် ယခင်ကဲ့သို့ ဆက်လက်ရှင်သန်သည် သူ့စိတ်နှလုံးသည် မပြောင်းလဲသကဲ့သို့၊ နေ့ရက်များသည် ထုံးစံအတိုင်း ကုန်လွန်လေသည်။ ဘုရားသခင်သည် ငါတို့ အလယ်တွင် အခြားလူများကဲ့သို့ လူတစ်ဦးအဖြစ်၊ နောက်လိုက်များထဲမှ အရေးမပါဆုံးသော သူတစ်ဦးနှင့် သာမန် ယုံကြည်သူတစ်ဦးအဖြစ် အသက်ရှင်သည်။ သူသည်

သူ၏ ကိုယ်ပိုင်လိုက်စားမှုများ၊ ကိုယ်ပိုင် ရည်မှန်းချက်ပန်းတိုင်များ ရှိသည့်အပြင်၊ သာမန်လူများက မပိုင်ဆိုင်သည့် ဘုရားသဘောသဘာဝ ရှိသည်။ သူ၏ ဘုရားသဘောသဘာဝ တည်ရှိခြင်းကို မည်သူမျှ သတိမပြုမိသကဲ့သို့၊ သူ၏ အနှစ်သာရနှင့် လူသား၏ အနှစ်သာရတို့ကြား ခြားနားမှုကို မည်သူကမျှ မသိမြင်လေပြီ။ ငါတို့၏အမြင်၌ သူသည် မထင်ရှားသည့် ယုံကြည်သူတစ်ဦးသာ ဖြစ်သည့်အတွက် ငါတို့သည် ချုပ်တည်းခြင်း မရှိသကဲ့သို့ စိုးရွံ့ခြင်းမရှိဘဲ၊ သူနှင့်အတူ အသက်ရှင်ကြလေသည်။ သူသည် ငါတို့၏ လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်ပြီး၊ ငါတို့၏ အတွေးများနှင့် စိတ်ကူးများအားလုံးသည် သူ၏ ရှေ့တွင် ဖွင့်ချထားလေသည်။ သူ၏တည်ရှိမှုကို မည်သူမျှ စိတ်မဝင်စားကြ၊ သူ၏ အလုပ်နှင့်ပတ်သက်သည့် မည်သည့်အရာကိုမျှ မည်သူမျှ စိတ်မကူးကြည့်ကြသကဲ့သို့၊ ထို့အပြင် သူ၏ ပင်ကိုလက္ခဏာနှင့် ပတ်သက်၍ မည်သူမျှ ရေးရေးမျှ မသိကြပေ။ ငါတို့ လုပ်ဆောင်သည့်အရာဟူသမျှမှာ သူသည် ငါတို့နှင့် ဘာမျှ မပတ်သက်သည့်အလား၊ ငါတို့၏ လိုက်စားမှုများကို ဆက်လက် ဆောင်ရွက်ခြင်း ဖြစ်ပေသည်…။

မရည်ရွယ်ပါဘဲလျက်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ "မှတစ်ဆင့်" နှုတ်ကပတ်တော်တစ်ပိုဒ်ကို ဖော်ပြသည်၊ ပြီးလျှင် အလွန်မျှော်လင့်မထားဟု ခံစားရသော်လည်း၊ ယင်းကို ဘုရားသခင် ထံမှလာသော မိန့်မြွက်ချက်တစ်ခုအဖြစ် ငါတို့ သတိပြုမိကြပြီး၊ ယင်းကို ဘုရားသခင်ထံမှ အသင့်လက်ခံကြသည်။ ယင်းမှာ အဘယ်ကြောင့်ဆိုသော် ဤနှုတ်ကပတ်တော်များကို မည်သူက ဖော်ပြသည်ဖြစ်စေ၊ ယင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှလာသရွေ့၊ ငါတို့အနေဖြင့် လက်ခံသင့်ပြီး ငြင်းပယ်၍မရနိုင်သောကြောင့် ဖြစ်သည်။ နောက်လာမည့် မိန့်မြွက်ချက်သည် ငါမှတစ်ဆင့်ဖြစ်နိုင်သကဲ့သို့ သင်မှတစ်ဆင့် သို့မဟုတ် အခြားတစ်စုံတစ်ဦးမှတစ်ဆင့် ဖြစ်နိုင်ပေသည်။ မည်သူမှတစ်ဆင့် ပြောသည်ဖြစ်စေ၊ အားလုံးသည် ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်သည်။ သို့တိုင် မည်သို့ပင်ဖြစ်စေ ဤလူသည် ဘုရားသခင် တကယ့်ကို မဖြစ်နိုင်သကဲ့သို့၊ ငါတို့သည်လည်း ဤကဲ့သို့သော သာမန်လူတစ်ဦးကို ငါတို့၏ဘုရားသခင်အဖြစ် မည်သည့်နည်းနှင့်မျှ ရွေးချယ်မည် မဟုတ်သည့်အတွက်၊ မည်သူ ဖြစ်နေပါစေ၊ ဤလူကို ငါတို့အနေဖြင့် မကိုးကွယ်သင့်ပေ။ ငါတို့၏ ဘုရားသခင်သည် အလွန်ကြီးမြတ်ပြီး အလွန်ရိုသေအပ်ပေသည်။ ထိုသို့သော အလွန်မထင်ရှားသည့် လူတစ်ဦးက ဘုရားသခင်ကို မည်သို့ ကိုယ်စားပြုနိုင်မည်နည်း။ ထို့အပြင်၊ ဘုရားသခင် ကြွလာပြီး၊ ကောင်းကင်နိုင်ငံသို့ ငါတို့အား ပြန်ခေါ်သွားမည်ကို ငါတို့အားလုံး စောင့်ဆိုင်းနေကြသည်၊ ထို့ကြောင့် အလွန်မထင်ရှားသော သူတစ်ဦးက ထိုသို့သော အရေးကြီးပြီး

ခက်ခဲကြမ်းတမ်းသည့် အလုပ်တာဝန်ကို မည်သို့ ထမ်းဆောင်နိုင်မည်နည်း။ အကယ်၍ သခင် တစ်ဖန် ကြွလာပါက၊ လူထုအားလုံးမြင်နိုင်ဖို့အလို့ငှာ ဖြူသောမိုးတိမ်ပေါ်၌ ဖြစ်ရပေမည်။ ယင်းသည် အလွန်ပင် ကျက်သရေရှိလိုက်မည့်ဖြစ်ခြင်းပါတကား။ သာမန်လူတစ်စု အကြားတွင် သူသည် တိတ်ဆိတ်စွာ မည်သို့ ပုန်းနေနိုင်မည်နည်း။

လူများအကြား၌ ကွယ်ဝှက်လျက် ငါတို့ကို ကယ်တင်ခြင်း အလုပ်သစ်အား လုပ်ဆောင်နေသူမှာ ဤသာမန်လူ ဖြစ်သည်။ သူသည် ငါတို့ကို မည်သည့် ရှင်းပြချက်မျှ မပေးသကဲ့သို့၊ အဘယ်ကြောင့် ကြွလာပြီးဖြစ်သည်ကိုလည်း ငါတို့ကို မပြောပြပေ၊ သို့သော် ဖြေးဖြေးမှန်မှန် ခြေလှမ်းများနှင့် သူ၏အစီအစဉ်အတိုင်း သူလုပ်ရန်ရည်ရွယ်သည့် အမှုကိုသာ လုပ်ဆောင်လေသည်။ သူ၏ နှုတ်ကပတ်တော်များနှင့် မိန့်မြွက်ချက်များသည် ယခင်ထက်ပို၍ မကြာမကြာဖြစ်လာသည်။ နှစ်သိမ့်ခြင်း၊ တိုက်တွန်းခြင်း၊ အသိပေးခြင်းနှင့် သတိပေးခြင်းမှသည် အပြစ်တင်ခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းတို့အထိ၊ သိမ်မွေ့ကာ သာယာညင်းပျောင်းသော လေသံမှသည် ခက်ထန်၍ ဘုန်းအာနုဘော်ရှိသော နှုတ်ကပတ်တော်များအထိ- အားလုံးသည် လူသားအပေါ် ကရုဏာတရားကို ပေးအပ်ပြီး သူ့အထဲတွင် စိုးရိမ်ပူပန်ခြင်းကို သွတ်သွင်းပေးသည်။ သူပြောသမျှအရာတိုင်းသည် ငါတို့အတွင်းရှိ နက်နက်ရှိုင်းရှိုင်း ကွယ်ဝှက်ထားသည့် လျှို့ဝှက်ချက်များကို အရိုက်ထိလေသည်။ သူ၏နှုတ်ကပတ်တော်များသည် ငါတို့၏ နှလုံးသားများကို စူးသည်၊ ငါတို့၏ စိတ်ဝိညာဉ်တို့ကို စူးပြီး၊ ငါတို့အနေဖြင့် မည်သည့်နေရာတွင် ပုန်းရမည်ကို နည်းနည်းမျှ မသိစေဘဲလျက်၊ မခံမရပ်နိုင်သော အရှက်ရခြင်းဖြင့် ငါတို့ကို ပြည့်စေသည်။ ဤလူ၏နှလုံးသားထဲ၌ရှိသော ဘုရားသခင်သည် အမှန်တကယ် ငါတို့ကို ချစ် မချစ်ဆိုသည်နှင့် သူသည် အတိအကျအားဖြင့် မည်သည့်အရာကို တိတ်တဆိတ် ဆောင်ရွက်နေသည်ကို ငါတို့ စတင် စူးစမ်းမိကြသည်။ ဤဆင်းရဲဒုက္ခများကို ကြံ့ကြံ့ခံပြီးမှသာ ငါတို့ ချီဆောင်ခြင်းခံရနိုင်ခြင်း ဖြစ်ကောင်း ဖြစ်မည်လော။ ငါတို့၏ ဦးခေါင်းများထဲတွင်၊ ငါတို့သည် လာမည့် ခရီးပန်းတိုင်နှင့် ငါတို့၏ အနာဂတ်ကံကြမ္မာအကြောင်းကို တွက်ချက်နေကြသည်။ သို့ဖြစ်စေကာမူ ယခင်ကဲ့သို့ ငါတို့အလယ်တွင် အမှုပြုရန် ဘုရားသခင် လူ့ဇာတိ ခံယူနှင့်ပြီးဖြစ်သည်ကို ငါတို့ထဲမှ မည်သူမျှ မယုံကြည်ကြပေ။ သူသည် ငါတို့နှင့်အတူ ထိုမျှအချိန်ကြာမြင့်စွာ အဖော်ပြုပေးပြီး ဖြစ်သော်လည်း၊ ငါတို့နှင့် မျက်နှာချင်းဆိုင်လျက် နှုတ်ကပတ်တော်များစွာကို ပြောဆိုနှင့်ပြီးဖြစ်သော်လည်း၊ ငါတို့သည် ထိုသို့သော သာမန်လူတစ်ယောက်ကို ငါတို့ အနာဂတ်၏ ဘုရားသခင်အဖြစ် လက်ခံရန် လိုလားလျက် မရှိသေးသကဲ့သို့၊ မထင်ရှားသော ဤလူထံ ငါတို့၏ အနာဂတ်နှင့် ကံကြမ္မာ၏ အခွင့်အာဏာကို

အပ်နှံရန် သာ၍ပင် လိုလားခြင်း မရှိကြပေ။ ငါတို့သည် သူ့ထံမှ အသက်ရေ၏ အဆုံးမရှိသော အထောက်အပံ့တစ်ခုကို မွေ့လျော်ခံစားရပြီး၊ သူမှတစ်ဆင့် ငါတို့သည် ဘုရားသခင်နှင့် မျက်နှာချင်းဆိုင် အသက်ရှင်ရသည်။ သို့သော် ငါတို့သည် ကောင်းကင်ဘုံ၌ရှိသော သခင်ယေရှု၏ ကျေးဇူးတော်ကိုသာ ကျေးဇူးတင်နေကြပြီး၊ ဘုရား သဘောသဘာဝကို ပိုင်ဆိုင်သည့် ဤသာမန်လူ၏ ခံစားချက်များကိုမူ လုံး၀ မည်သို့မျှ အရေးမစိုက်ကြပေ။ သို့ဖြစ်စေကာမူ၊ သူသည် လူသားတို့၏ သူ့အား ပစ်ပယ်မှုကို အာရုံမခံစားနိုင်သည့်အလား၊ လူသား၏ ကလေးဆန်မှုနှင့် မသိနားမလည်မှုကို ထာဝရခွင့်လွှတ်ပေးနေပြီး၊ သူ့အပေါ် လူသား၏ အကြည်ညိုမရှိသည့် သဘောထားကို အစဉ်အမြဲ သည်းခံသည့်အလား၊ သူ၏အတွင်းအကျဆုံး နှလုံးသားကို ဖော်ပြလျက်နေရင်း၊ ယခင်ကကဲ့သို့ သူသည် နှိမ့်ချစွာဖြင့် လူ့ဇာတိတွင် ကွယ်ဝှက်လျက်၊ သူ၏ အမှုကို လုပ်ဆောင်လေသည်။

ငါတို့ သတိမထားမိလိုက်ဘဲနှင့်၊ မထင်ရှားသော ဤသူသည် ငါတို့ကို ဘုရားသခင်၏ အမှုနှင့်သက်ဆိုင်သည့် အဆင့်တစ်ခုပြီးတစ်ခုထဲသို့ ဦးဆောင်ကာ ခေါ်သွားပြီးဖြစ်သည်။ ငါတို့သည် မရေတွက်နိုင်သော စမ်းသပ်မှုများကို ကြုံရသည်၊ မရေတွက်နိုင်သော ပြစ်တင်ဆုံးမမှုများကို ခံရပြီး၊ သေခြင်းတရားဖြင့် စမ်းသပ်ခြင်း ခံရကြလေသည်။ ဘုရားသခင်၏ ဖြောင့်မတ်ပြီး ဘုန်းအာနုဘော် ရှိသော စိတ်သဘောထားကို ငါတို့ သိရှိကြသည်၊ သူ၏ ချစ်ခြင်းမေတ္တာနှင့် ကရုဏာတို့ကိုလည်း မွေ့လျော်ကြသည်၊ ဘုရားသခင်၏ ကြီးမားသော တန်ခိုးအာဏာနှင့် ဉာဏ်ပညာကို အသိအမှတ်ပြုလာကြသည်၊ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းမှုကို မျက်မြင်တွေ့ကြရပြီး၊ လူသားကို ကယ်တင်ရန် ဘုရားသခင်၏ ထက်သန်သည့် ဆန္ဒကိုလည်း ရှုမြင်ကြရသည်။ ဤသာမန်လူ၏ နှုတ်ကပတ်တော်များတွင်၊ ငါတို့သည် ဘုရားသခင်၏ စိတ်သဘောထားနှင့် အနှစ်သာရကို သိလာကြသည်၊ ဘုရားသခင်၏ အလိုကို နားလည်လာကြသည်၊ လူ၏ သဘာဝနှင့် အနှစ်သာရကို သိလာကြသည်၊ ပြီးလျှင် ကယ်တင်ခြင်းနှင့် စုံလင်ခြင်းဆီသို့ သွားရာလမ်းခရီးကို မြင်လာကြလေသည်။ သူ၏ နှုတ်ကပတ်တော်များက ငါတို့ကို “သေ” စေပြီး၊ ငါတို့ကို “တစ်ဖန်ပြန်မွေးဖွား” စေသည်၊ သူ၏နှုတ်ကပတ်တော်များက ငါတို့ကို နှစ်သိမ့်မှု ယူဆောင်ပေးသည်၊ သို့သော် အပြစ်ရှိခြင်းနှင့် အကြွေးတင်ရှိခြင်း ခံစားချက်တို့ဖြင့်လည်း ငါတို့ကို ဖိစီးနှိပ်စက်ခံရစ်စေ၏။ သူ၏နှုတ်ကပတ်တော်များက ငါတို့အား ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို ဆောင်ကြဉ်းပေးသော်လည်း၊ အဆုံးမရှိသော နာကျင်မှုကိုလည်း ပေးသည်။ တစ်ခါတစ်ရံတွင် ငါတို့သည် သူ့လက်ထဲ၌ သတ်ဖို့ရာထားသော သိုးများကဲ့သို့ ဖြစ်၏၊ တစ်ခါတစ်ရံတွင် ငါတို့သည် သူ၏အမြတ်နိုးဆုံးနှင့် ဂုဏ်အယူဆုံး

သူများကဲ့သို့ဖြစ်ပြီး သူ၏ နူးညံ့သော ချစ်ခြင်းမေတ္တာကို မွေ့လျော်ကြလေသည်။ တစ်ခါတစ်ရံတွင် ငါတို့သည် သူ၏ရန်သူကဲ့သို့ ဖြစ်ပြီး သူ၏စူးစိုက်ကြည့်ခြင်း အောက်တွင် သူ၏အမျက်ဒေါသဖြင့် ပြာမှုန့်ဖြစ်သွားကြသည်။ ငါတို့သည် သူ့အားဖြင့် ကယ်တင်ခံရသည့် လူသားမျိုးနွယ်ဖြစ်သည်၊ သူ၏အမြင်တွင် ငါတို့သည် လောက်ကောင်များ ဖြစ်ကြပြီး၊ နေ့ရောညပါ စိတ်ထက်သန်စွာ သူရှာဖွေဖို့ စိတ်ပိုင်းဖြတ်ထားသည့် ပျောက်သောသိုးသငယ်များ ဖြစ်ကြသည်။ သူသည် ငါတို့အပေါ် ကရုဏာပြည့်ဝသည်၊ ငါတို့ကို စက်ဆုပ်ရွံရှာသည်၊ ငါတို့ကို ချီးမြှောက်ပေးသည်၊ ငါတို့ကို နှစ်သိမ့်ပေးကာ တိုက်တွန်းသည်၊ သူသည် ငါတို့ကို လမ်းပြသည်၊ ငါတို့ကို အသိဉာဏ်ပွင့်လင်းစေသည်၊ ငါတို့ကို ပြစ်တင်ဆုံးမပြီး ပဲ့ပြင်သည်၊ ပြီးလျှင် သူသည် ငါတို့ကို ကျိန်ဆဲပင် ကျိန်ဆဲလေသည်။ သူသည် နေ့ရောညပါ ငါတို့နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှု လုံးဝ မရပ်ပေ၊ နေ့ရောညပါ ငါတို့ကို ကာကွယ်စောင့်ရှောက်သည်၊ မည်သည့်အခါမျှ ငါတို့အနားမှ မခွာဘဲ ငါတို့အဖို့အလို့ငှာ အလွန်အမင်း ကြိုးစားပြီး ငါတို့အတွက် မည်သည့်အဖိုးအခကိုမဆို ပေးဆပ်သည်။ သေးငယ်ပြီး သာမန်ဖြစ်သော ဤဇာတိခန္ဓာ၏ မိန့်မြွက်ချက်များအတွင်း၌ ငါတို့သည် ဘုရားသခင်၏ အလုံးစုံကို မွေ့လျော်ကြရပြီး ဘုရားသခင်က ငါတို့အပေါ် အပ်နှင်းထားသည့် ခရီးပန်းတိုင်ကို ရှုမြင်ကြရပြီးဖြစ်သည်။ ဤသို့ဖြစ်လင့်ကစား၊ ဝင့်ဝါခြင်းသည် ငါတို့၏ စိတ်နှလုံးများ အတွင်းတွင် ဒုက္ခပြဿနာ လှုံ့ဆော်ပေးနေဆဲဖြစ်ပြီး၊ ဤသို့သော လူတစ်ဦးကို ငါတို့၏ ဘုရားသခင်အဖြစ် တက်ကြွစွာ လက်ခံရန် လိုလားခြင်းမရှိသေးပေ။ သူသည် ငါတို့ကို ပျော်မွေ့ရန် အလွန့်အလွန်များလှသည့် မန္နမုန့် ပေးပြီးဖြစ်သော်လည်း၊ ဤအရာထဲမှ မည်သည့်အရာကမျှ ငါတို့၏ နှလုံးသားများရှိ သခင်၏နေရာကို မယူနိုင်ပေ။ ငါတို့သည် ဤလူ၏ ထူးခြားသော ပင်ကိုလက္ခဏာနှင့် အဆင့်အတန်းကို အလွန် မလိုလားခြင်းဖြင့်သာ လက်ခံကြသည်။ သူ ဘုရားသခင်ဖြစ်သည်ကို ငါတို့အနေဖြင့် အသိအမှတ်ပြုပါရန် ငါတို့ကို တောင်းဆိုဖို့ သူ၏နှုတ်ကို မဖွင့်သရွေ့ သူသည် မကြာမီ ရောက်ရှိမည့် ဘုရားသခင်ဖြစ်သော်လည်း၊ ငါတို့သည် သူ့ကို ငါတို့အလယ်တွင် အချိန်ကြာမြင့်စွာကတည်းက အလုပ်လုပ်နေပြီး ဖြစ်သည့် ဘုရားသခင်အဖြစ် မိမိတို့သဘောနှင့်မိမိတို့ မည်သည့်အခါမျှ သဘောထားလိမ့်မည် မဟုတ်ပေ။

ဘုရားသခင်သည် သူ၏ စိတ်နှလုံးကို ဖွင့်ဟစဉ် တစ်ချိန်တည်းတွင် ငါတို့ အဘယ်အရာလုပ်သင့်သည်ဆိုသည်နှင့်ပတ်သက်၍ ငါတို့ကို ဆိုဆုံးမဖို့ နည်းလမ်းမျိုးစုံနှင့် ရှုထောင့်မျိုးစုံကို အသုံးပြုရင်း သူ၏ မိန့်မြွက်ချက်များကို ဆက်လက် မိန့်ကြားလေသည်။ သူ၏ နှုတ်ကပတ်တော်များသည် အသက် အစွမ်းတန်ခိုးကို သယ်ဆောင်သည်၊ ငါတို့ လျှောက်လှမ်းသင့်သည့် လမ်းခရီးကို ပြသပြီး၊ သမ္မာတရားက မည်သည့်အရာဖြစ်သည်ကို

ငါတို့အား နားလည်နိုင်စေလေသည်။ သူ၏နှုတ်ကပတ်တော်များက ငါတို့ကို စတင်ဆွဲဆောင်လာသည်၊ သူ၏ စကားပြောသည့် လေသံနှင့် ပြောဟန်တို့ကို ငါတို့ စတင်အာရုံစိုက်ကြပြီး မသိစိတ်၏ စေ့ဆော်မှုအရ သာမညောင်ည ဖြစ်သော ဤလူ၏ အတွင်းကျကျ ခံစားချက်များ၌ စတင် စိတ်ဝင်စားကြသည်။ သူသည် ငါတို့ကိုယ်စား အပင်ပန်းခံကြိုးစားသည်၊ ငါတို့အတွက်ကြောင့် အအိပ်ပျက်ခံပြီး၊ အစားပျက်ခံသည်၊ ငါတို့အတွက် ငိုကြွေးသည်၊ သက်ပြင်းချသည်၊ ငါတို့အတွက် နာမကျန်းဖြစ်လျက် ညည်းညူသည်၊ ငါတို့၏ ခရီးပန်းတိုင်နှင့် ငါတို့၏ ကယ်တင်ခြင်းအတွက် အရှက်ကွဲခြင်းကိုခံသည်၊ ပြီးလျှင် ငါတို့၏ ထုံထိုင်းခြင်းနှင့် ပုန်ကန်ခြင်းက သူ၏နှလုံးသားမှ မျက်ရည်များနှင့် သွေးများကို ကျစေသည်။ ဤသို့သော ဖြစ်ခြင်းနှင့် ရှိခြင်းသည် မည်သည့် သာမန်လူနှင့်မျှ မသက်ဆိုင်သကဲ့သို့ ဖောက်ပြန်ပျက်စီးသော မည်သည့်လူသားတစ်ဦးကမျှ မပိုင်ဆိုင်နိုင်ပေ သို့မဟုတ် မရရှိနိုင်ပေ။ မည်သည့် သာမန်လူကမျှ မပိုင်ဆိုင်သည့် သည်းခံခြင်းနှင့် စိတ်ရှည်ခြင်းကို သူပြသပြီး သူ့မေတ္တာသည် ဖန်ဆင်းခံသတ္တဝါ တစ်ဦးတစ်ယောက်ကိုမျှ မအပ်နှင်းထားသည့် မေတ္တာဖြစ်သည်။ သူမှအပ မည်သူကမျှ ငါတို့၏ အတွေးအားလုံးကို မသိနိုင်၊ သို့မဟုတ် ငါတို့၏ သဘာဝနှင့် အနှစ်သာရတို့နှင့် သက်ဆိုင်သည့် ထိုသို့သော ရှင်းလင်းကာ ပြည့်စုံသည့် သဘောပေါက်မှု မရှိနိုင်ပေ၊ သို့မဟုတ် လူသားမျိုးနွယ်၏ ပုန်ကန်မှုနှင့် ဖောက်ပြန်ပျက်စီးမှုကို တရားမစီရင်နိုင်ပေ၊ သို့မဟုတ် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ကိုယ်စား ငါတို့ကို စကားပြောပြီး ငါတို့၏အလယ်၌ ယခုကဲ့သို့ အလုပ်မလုပ်နိုင်ပါ။ သူမှအပ မည်သူကမျှ ဘုရားသခင်၏ ဩဇာအာဏာ၊ ဉာဏ်ပညာနှင့် ဂုဏ်သိက္ခာတို့ဖြင့် အပ်နှင်းခြင်းမခံရပေ။ ဘုရားသခင်၏ စိတ်သဘောထားနှင့် ဘုရားသခင်၏ အရာအားလုံးနှင့် ဖြစ်ခြင်းတို့သည် သူ့အထဲ၌ အလုံးစုံ ပေါ်ထွက်လာသည်။ သူမှအပ မည်သူကမျှ ငါတို့အား လမ်းခရီးကို မပြနိုင်သကဲ့သို့ အလင်းကို မဆောင်ကြဉ်းပေးနိုင်ပေ။ သူမှအပ မည်သူကမျှ ဖန်ဆင်းခြင်းမှ ယနေ့အထိ ဘုရားသခင်က ဖွင့်ပြခြင်း မရှိသော နက်နဲမှုများကို ငါတို့အား ထုတ်ဖော်မပြသနိုင်ပေ။ သူမှအပ မည်သူကမျှ ငါတို့ကို စာတန်၏ကျေးကျွန်ဘဝနှင့် ငါတို့၏ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားမှ မကယ်တင်နိုင်ပေ။ သူသည် ဘုရားသခင်ကို ကိုယ်စားပြုသည်။ သူသည် ဘုရားသခင်၏ အတွင်းကျကျ နှလုံးသား၊ ဘုရားသခင်၏ တိုက်တွန်းမှုများနှင့် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ တရားစီရင်ခြင်း နှုတ်ကပတ်တော်များကို ဖော်ပြလေသည်။ သူသည် ခေတ်သစ်တစ်ခေတ်၊ ကာလသစ်တစ်ခုကို အစပြုပြီးဖြစ်ကာ ကောင်းကင်သစ်နှင့် မြေကြီးသစ်၊ ပြီးလျှင် အမှုသစ်ကို ဖွင့်လှစ်ပြီးဖြစ်သကဲ့သို့ မရေရာမှုတွင် ငါတို့

အသက်ရှင်နေထိုင်ခဲ့သည့် အသက်တာကို အဆုံးသတ်ပေးရင်းနှင့် ငါတို့၏ ဖြစ်တည်မှု တစ်ခုလုံးအား ကယ်တင်ခြင်းသို့ သွားရာလမ်းကြောင်းကို အပြည့်အ၀ ရှင်းရှင်းလင်းလင်း မြင်နိုင်စေလျက်၊ ငါတို့ထံသို့ မျှော်လင့်ခြင်းကို ယူဆောင်ပြီးဖြစ်သည်။ သူသည် ငါတို့၏ ဖြစ်တည်မှုတစ်ခုလုံးကို သိမ်းပိုက်ပြီး ဖြစ်ကာ ငါတို့၏ နှလုံးသားများကို ရရှိပြီးဖြစ်သည်။ ထိုအခိုက်အတန့်မှစ၍၊ ငါတို့၏စိတ်များသည် သတိရှိလာပြီဖြစ်သကဲ့သို့၊ ငါတို့၏ စိတ်ဝိညာဉ်များသည် ပြန်လည်အသက်ဝင်လာသည်ဟု ထင်ရသည်။ ငါတို့အလယ်၌ အသက်ရှင်ပြီး၊ ငါတို့၏ ငြင်းပယ်ခြင်းကို အချိန်ကြာမြင့်စွာကတည်းက ခံခဲ့ရပြီးသူဖြစ်သည့် သာမန်ဖြစ်သည့် မထင်ရှားသော ဤလူသည်- နိုးနေသည်ဖြစ်စေ အိပ်မက်မက်နေသည်ဖြစ်စေ ငါတို့၏အတွေးများထဲ၌ အမြဲရှိပြီး၊ နေ့ရောညပါ ငါတို့တောင့်တနေသော သခင်ယေရှု ဖြစ်သည် မဟုတ်လော။ သူဖြစ်ပေသည်။ အကယ်စင်စစ် သူဖြစ်၏။ သူသည် ငါတို့၏ ဘုရားသခင်ဖြစ်သည်။ သူသည် သမ္မာတရား၊ လမ်းခရီးနှင့် အသက်ဖြစ်သည်။ သူသည် ငါတို့ကို တစ်ဖန် အသက်ရှင်နိုင်စေပြီး၊ အလင်းကို တွေ့မြင်နိုင်စေကာ ငါတို့၏ စိတ်နှလုံးများကို ပုံ့လွင့်ခြင်းမှ ရပ်တန့်စေပြီး ဖြစ်သည်။ ငါတို့သည် ဘုရားသခင်၏ အိမ်တော်သို့ ပြန်လာကြပြီးဖြစ်သည်၊ ငါတို့သည် သူ၏ပလ္လင်ရှေ့သို့ ပြန်လာကြပြီးဖြစ်သည်၊ ငါတို့သည် သူနှင့် မျက်နှာချင်းဆိုင် တွေ့ကြရပေပြီ၊ သူ၏မျက်နှာထားကို ငါတို့ မျက်မြင်တွေ့ပြီး ဖြစ်သကဲ့သို့၊ ရှေ့၌ရှိသောလမ်းကိုလည်း မြင်တွေ့ပြီးဖြစ်သည်။ ဤအချိန်တွင်၊ ငါတို့၏ စိတ်နှလုံးများသည် သူ၏ သိမ်းပိုက်ခြင်းကို လုံး၀ ခံရကြသည်။ သူမည်သူ ဖြစ်သည်ကို ငါတို့ သံသယမဝင်တော့ပေ၊ သူ့အမှုနှင့် သူ၏ နှုတ်ကပတ်တော်ကို ငါတို့မဆန့်ကျင်တော့သကဲ့သို့၊ သူ၏ရှေ့၌ ငါတို့သည် လဲကျပျပ်ဝပ်ကြ၏။ ငါတို့၏ ကျန်ရှိနေသော အသက်တာ၌ ဘုရားသခင်၏ ခြေရာများနောက်သို့ လိုက်ဖို့နှင့် သူ၏ စုံလင်စေခြင်းကို ခံရဖို့၊ ပြီးလျှင် သူ၏ကျေးဇူးတော်ကို ပြန်လည်ပေးဆပ်ဖို့နှင့် ငါတို့အတွက် သူ၏ချစ်ခြင်းမေတ္တာကို ပြန်လည်ပေးဆပ်ဖို့၊ ပြီးလျှင် သူ၏ စီစဉ်ညွှန်ကြားမှုနှင့် စီစဉ်မှုများကို နာခံဖို့နှင့် သူ၏ အမှုနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန်၊ ပြီးလျှင် ငါတို့ကို သူပေးအပ်ထားသည့် အရာကို ပြည့်စုံစေရန် တတ်နိုင်သည့်အရာရာတိုင်းကို လုပ်ဆောင်ဖို့ထက် မည်သည့် အရာကိုမျှ ငါတို့ ဆန္ဒမရှိပေ။

ဘုရားသခင်၏ သိမ်းပိုက်မှုကို ခံရခြင်းသည် သိုင်းပြိုင်ပွဲ တစ်ခုနှင့်တူသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော် တစ်ခုစီသည် ငါတို့အား ဒဏ်ရာရစေပြီး ထိတ်လန့်မှုဖြင့် ပြည့်စေရစ်လျက်၊ ငါတို့၏ သေကွင်း သေကွက်များကို ထိုးနှက်လေသည်။ သူသည် ငါတို့၏

အယူအဆများ၊ ငါတို့၏ စိတ်ကူးများနှင့် ငါတို့၏ ဖောက်ပြန်ပျက်စီးသော စိတ်သဘောထားကို ဖော်ထုတ်သည်။ ငါတို့ ပြောသမျှနှင့် လုပ်သမျှမှသည် ငါတို့၏ အတွေးများနှင့် စိတ်ကူးများ တစ်ခုချင်းစီတိုင်းအထိ၊ ငါတို့၏ သဘာဝအနှစ်သာရသည် ငါတို့ကို ကြောက်ရွံ့စရာအခြေအနေတစ်ခုထဲ ထားရှိကာ ငါတို့၏ အရှက်ကို ကွယ်ဝှက်စရာနေရာမရှိအောင် တုန်လှုပ်စေလျက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များ၌ ထုတ်ဖော်ပြခံရလေသည်။ သူသည် ငါတို့၏ စိတ်ပျက်ဖွယ် မပြည့်စုံမှုများ အားလုံးဖြင့် ငါတို့ အဖော်ထုတ်ခံရသကဲ့သို့ ခံစားရစေလျက်၊ လုံးဝ သိမ်းသွင်းခံလိုက်ရသကဲ့သို့ သာ၍ပင် ခံစားရစေရင်း၊ ငါတို့၏ လုပ်ရပ်များ၊ ငါတို့၏ ရည်မှန်းချက် ပန်းတိုင်များနှင့် ရည်ရွယ်ချက်များ၊ ငါတို့ကိုယ်တိုင်ပင် မည်သည့်အခါမျှ မတွေ့ရှိသေးသည့် ဖောက်ပြန်သော စိတ်သဘောထားကိုပင် တစ်ခုပြီးတစ်ခု ငါတို့အား သူ ပြောပြလေသည်။ သူ့ကို ဆန့်ကျင်ခြင်းအတွက် သူသည် ငါတို့ကို တရားစီရင်သည်၊ သူ့ကို ပြစ်မှားစော်ကားခြင်းနှင့် ပြစ်တင်ရှုတ်ချခြင်းအတွက် ငါတို့ကို သူပြစ်တင်ဆုံးမပြီး၊ သူ၏ အမြင်တွင် ငါတို့၌ ရွေးနုတ်ထိုက်သော အင်္ဂါရပ် တစ်ခုမျှမရှိ၊ ငါတို့သည် ရှင်သန်နေသော စာတန်ဖြစ်သည်ဟု ငါတို့အား ခံစားစေလေသည်။ ငါတို့၏ မျှော်လင့်ချက်များ ပျောက်လွင့်သွားသည်၊ အကျိုးအကြောင်း မသင့်သော မည်သည့် တောင်းဆိုမှုကိုမျှ ငါတို့မပြုဝံ့တော့ပေ၊ သို့မဟုတ် သူ့အပေါ် မည်သည့်မျှော်လင့်ချက်ကိုမျှ ငါတို့ လက်သင့်မခံဝံ့တော့သကဲ့သို့၊ ငါတို့၏ အိမ်မက်များသည်ပင် ညတွင်းချင်း ပျောက်ကွယ်သွားသည်။ ဤသည်မှာ ငါတို့ထဲမှ မည်သူမျှ စိတ်မကူးနိုင်သကဲ့သို့၊ ငါတို့ထဲမှ မည်သူမျှ လက်မခံနိုင်သည့် အမှန်တရားတစ်ခု ဖြစ်သည်။ အချိန်တစ်ခဏအတွင်းတွင်၊ ငါတို့သည် ငါတို့၏ အတွင်းပိုင်း ဟန်ချက်ညီမှုကို ဆုံးရှုံးပြီး၊ ရှေ့တွင်ရှိသော လမ်းကို မည်သို့ဆက်ရမည်ကို ငါတို့မသိကြချေ၊ သို့မဟုတ် ငါတို့၏ ယုံကြည်ခြင်းများ၌ မည်သို့ ရှေ့ဆက်ရမည်ကို မသိကြပေ။ ငါတို့၏ ယုံကြည်ခြင်းသည် ဒုံးရင်းပြန်ဆိုက်သည့်အလားဖြစ်ပြီး၊ သခင်ယေရှုကို ငါတို့ တစ်ခါမျှ မတွေ့ဖူးသည့်အလား သို့မဟုတ် တစ်ခါမျှ မသိကျွမ်းဖူးသည့်အလား ထင်ရလေသည်။ ငါတို့၏ မျက်စိရှေ့၌ရှိသော အရာတိုင်းသည် ငါတို့ကို စိတ်ရှုပ်ထွေးမှုဖြင့် ပြည့်စေပြီး၊ စိတ်မပိုင်းဖြတ်နိုင်ဘဲ တွေဝေနေစေသည်။ ငါတို့သည် တုန်လှုပ် ချောက်ချားကြသည်၊ စိတ်ပျက်ကြသည်၊ ပြီးလျှင် ငါတို့၏ နှလုံးသားထဲက နက်ရှိုင်းသောနေရာတွင် ထိန်းထား၍မရသည့် ဒေါသနှင့် အရှက်ရခြင်း ရှိကြသည်။ ငါတို့သည် ရင်ဖွင့်ဖို့ ကြိုးစားကြသည်၊ ထွက်ပေါက်ရှာဖို့ ကြိုးစားကြပြီး၊ ထို့ပြင် သူ့ကို ရင်ဖွင့်နိုင်ဖို့အလို့ငှာ ငါတို့၏ ကယ်တင်ရှင် ယေရှုကို ဆက်စောင့်ဖို့ ကြိုးစားကြသည်။ ငါတို့သည် မောက်မာခြင်း မရှိသကဲ့သို့၊ နှိမ့်ချခြင်းလည်း မရှိဘဲ၊ အပြင်ပန်း၌ ပုံမှန်ဖြစ်သလို

ထင်ရသည့်အချိန်များရှိသော်လည်း၊ ငါတို့၏ နှလုံးသားတွင် ယခင်က တစ်ခါမျှ မခံစားဖူးသည့် ဆိုးရွားမှုဝေဒနာ၏ ဖိစီးနှိပ်စက်ခြင်းကို ခံရလေသည်။ တစ်ခါတစ်ရံတွင် ငါတို့သည် အပြင်ပန်း၌ ခါတိုင်းနှင့်မတူ တည်ငြိမ်နေသည်ဟု ထင်ကောင်း ထင်ရနိုင်သော်လည်း၊ ငါတို့၏ စိတ်များမှာ မုန်တိုင်းထန်သော ပင်လယ်ကဲ့သို့ အလွန်အမင်း စိတ်ဆင်းရဲခြင်းဖြင့် စိတ်နှောင့်အယှက် ဖြစ်နေရသည်။ သူ၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုသည် ငါတို့၏ လွန်ကဲသော စိတ်ဆန္ဒများကို အဆုံးသတ်ပေးပြီး သူသည် ငါတို့၏ ကယ်တင်ရှင်ဖြစ်ပြီး ငါတို့ကို ကယ်တင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ရန် လိုလားဘဲဖြစ်စေရင်း၊ ငါတို့၏ မျှော်လင့်ချက်များနှင့် အိပ်မက်များ အားလုံးကို ခွာချပစ်လေသည်။ ဘုရားသခင်၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုသည် သူနှင့် ငါတို့အကြား မည်သူကမျှ ကြိုးစား၍ မဖြတ်ကူးလိုသည့် အလွန်နက်လှသော ချောက်နက်ကြီးတစ်ခုကို ဖြစ်ပေါ်စေပြီးဖြစ်သည်။ သူ၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုသည် ပထမဦးဆုံးအကြိမ် ငါတို့ခံစားရပြီးဖြစ်သည့် အင်မတန်ကြီးမားသော ဆုတ်ဆိုင်းမှု၊ ငါတို့၏အသက်တာ၌ အင်မတန်ကြီးမားသော အရှက်ရမှုဖြစ်သည်။ သူ၏တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုသည် ဘုရားသခင်၏ ဂုဏ်သရေနှင့် လူသား၏ ပုန်ကန်ပြစ်မှားမှုကို သည်းမခံခြင်းအား ငါတို့ကို အမှန်တကယ် နားလည်စေသည်၊ ယင်းနှင့်ယှဉ်ရာတွင် ငါတို့သည် အလွန့်အလွန် နိမ့်ကျပြီး အလွန့်အလွန် မစင်ကြယ်ကြပေ။ သူ၏တရားစီရင်မှုနှင့် ဝေဖန်ပြစ်တင်မှုက ငါတို့ မည်မျှ မာနထောင်လွှားပြီး ခမ်းကြီးနားကြီးနိုင်သည်၊ ပြီးလျှင် လူသည် ဘုရားသခင်နှင့် မည်သည့်အခါမျှ ယှဉ်နိုင်မည် မဟုတ်သည်ကို သို့မဟုတ် ဘုရားသခင်နှင့် တန်းတူဖြစ်မည် မဟုတ်သည်ကို ငါတို့အား ပထမဦးဆုံးအကြိမ် နားလည်စေသည်။ သူ၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုက ထိုသို့သော ဖောက်ပြန်ပျက်စီးသည့် စိတ်သဘောထားတစ်ခုဖြင့် နောက်ထပ် အသက်မရှင်ဖို့၊ ဤသဘာဝနှင့် အနှစ်သာရကို အမြန်ဆုံး ဖယ်ရှားဖို့နှင့် ဘုရားသခင်အဖို့ ဆိုးယုတ်သောသူဖြစ်ခြင်းနှင့် မုန်းတီးစက်ဆုပ်ဖွယ်ဖြစ်ခြင်းကို ရပ်စဲရန် တမ်းတမိစေပြီးဖြစ်သည်။ သူ၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုသည် ငါတို့အား သူ၏စီစဉ်ညွှန်ကြားမှုများနှင့် အစီအစဉ်များကို ပုန်ကန်လိုစိတ် မရှိတော့ဘဲ၊ သူ၏နှုတ်ကပတ်တော်များကို ပျော်ရွှင်စွာ နာခံစေပြီးဖြစ်သည်။ သူ၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုသည် အသက်ဆက်လက်ရှင်သန်ရန် စိတ်ဆန္ဒအား ငါတို့ကို နောက်တစ်ကြိမ် ပေးပြီးဖြစ်သကဲ့သို့၊ သူ့ကို ငါတို့၏ ကယ်တင်ရှင်အဖြစ် ပျော်ရွှင်စွာ လက်ခံစေပြီး ဖြစ်သည်။ ငါတို့သည် သိမ်းပိုက်ခြင်းအမှုမှ၊ ငရဲမှ၊ သေမင်း၏ အရိပ်လွှမ်းမိုးသော ချိုင့်မှ လှမ်းထွက်လာပြီးဖြစ်သည်...။ အနန္တတန်ခိုးရှင် ဘုရားသခင်သည် ဤလူစုဖြစ်သည့် ငါတို့ကို

ရရှိပြီးဖြစ်သည်။ သူသည် စာတန်အပေါ် အောင်နိုင်ပြီးဖြစ်သကဲ့သို့ သူ၏ရန်သူ အမြောက်အများကို နှိမ်နင်းပြီး ဖြစ်သည်။

ငါတို့သည် ဖောက်ပြန်ပျက်စီးသည့် ဆိုးယုတ်သော စိတ်သဘောထားတစ်ခု ပိုင်ဆိုင်သည့် ထိုသို့သော သာမန် လူတစ်စုသာဖြစ်သည်၊ ခေတ်များ မတိုင်မီ ဘုရားသခင်၏ ခွဲခန့်မှတ်သားခြင်းကို ခံထားရသူများ ဖြစ်ပြီး နောက်ချေးပုံထဲမှ ဘုရားသခင် ချီမပြီးသော ချို့တဲ့သူများ ဖြစ်သည်။ တစ်ခါက ငါတို့သည် ဘုရားသခင်ကို ငြင်းပယ်ကာ ပြစ်တင်ရှုတ်ချခဲ့ကြသော်လည်း၊ ယခု၌ ငါတို့သည် သူ၏ သိမ်းပိုက်ခြင်း ခံရပြီးဖြစ်သည်။ ဘုရားသခင်ထံမှ ငါတို့သည် အသက်၊ ထာဝရအသက်၏လမ်းခရီးကို ရရှိပြီးဖြစ်သည်။ ကမ္ဘာပေါ်၌ ငါတို့ မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ၊ မည်သို့သော နှိပ်စက်ညှဉ်းပန်းမှုများနှင့် ကပ်ဘေးဒုက္ခများကို ကြံ့ကြံ့ခံရသည် ဖြစ်စေ၊ ငါတို့သည် အနန္တတန်ခိုးရှင်ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ဝေးကွာ၍မရနိုင်ပေ။ အကြောင်းမှာ သူသည် ငါတို့၏ ဖန်ဆင်းရှင်နှင့် ငါတို့၏ တစ်ခုတည်းသော ရွေးနုတ်ခြင်း ဖြစ်သောကြောင့်တည်း။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် စမ်းရေတွင်းမှ ရေကဲ့သို့ တိုးထွက်လာပြီး သင်နှင့် ငါ ပြီးလျှင် အခြားသူတို့နှင့် သမ္မာတရားကို အမှန်တကယ် ရှာဖွေပြီး ဘုရားသခင်၏ ပေါ်ထွန်းခြင်းကို စောင့်မျှော်နေသူ အားလုံးအဖို့ ပေးထားလေသည်။

မဆုံးနိုင်သော တစ်လှည့်စီဖြစ်ပေါ်မှုဖြင့် နေသာပြီးနောက် လထွက်လာသကဲ့သို့ပင်၊ ဘုရားသခင်၏ အမှုသည် မည်သည့်အခါမျှ မရပ်တန့်သကဲ့သို့၊ သင့်အပေါ်၊ ငါ့အပေါ်နှင့် အခြားသူများအပေါ်၊ ပြီးလျှင် ဘုရားသခင်၏ ခြေရာများနောက် လိုက်ပြီး သူ၏ တရားစီရင်မှုနှင့် ပြစ်တင်ဆုံးမမှုကို လက်ခံသော သူအားလုံးအပေါ် ဆောင်ရွက်လေသည်။

၂၀၁၀ ခုနှစ်၊ မတ်လ ၂၃ ရက်

ဤအရာကို “အနန္တတန်ခိုးရှင် ဘုရားသခင် အသင်းတော်၏ မူလအစနှင့် ဖွံ့ဖြိုးတိုးတက်ပုံ” အဖို့ ကျမ်းဦးစကားတစ်ခုအဖြစ် ဘုရားသခင်က ရေးထားခြင်းဖြစ်သည်။

## နိဂုံးအမှာစကား

ဤနှုတ်ကပတ်များသည် ဘုရားသခင်၏ ဖော်ပြချက်များ အလုံးစုံ

ဖွဲ့စည်းပါဝင်ခြင်းမရှိသော်လည်း၊ ယင်းတို့သည် လူများအတွက် ဘုရားသခင်အား သိကျွမ်းခြင်း၏ ရည်ရွယ်ချက်များနှင့် စိတ်သဘောထား၌ ပြောင်းလဲမှုတစ်ခု ကြုံခြင်းတို့ကို စွမ်းဆောင်ရရှိဖို့ လုံလောက်ပါသည်။ တရုတ်ပြည်မထဲက ဘုရားသခင်၏ အမှု အဆုံးသတ်ပြီးဖြစ်သောကြောင့်၊ ဤအရာက သူမြွက်ဆိုသင့်သည့် နှုတ်ကပတ်များအားလုံးကို သူ မြွက်ဆိုပြီးဖြစ်သည်ကို သက်သေပြပြီး၊ ဘုရားသခင်သည် ဤနှုတ်ကပတ်တော်များကိုသာ ပြောဆိုနိုင်သည့်အတွက်၊ သူသည် သစ်လွင်သောအရာ တစ်ခုတစ်လေမျှ ပြောဖို့ ရှိကောင်းရှိနိုင်မည်မဟုတ်ဟု တွေးထင်သော သူအချို့ ရှိကောင်းရှိပေမည်။ ထို့အပြင်၊ နှုတ်ကပတ်တော်သည် လူ့ဇာတိ၌ ပေါ်လာ၏ တွင် နိုင်ငံတော်ခေတ်ထဲက ဘုရားသခင်၏ ဖော်ပြချက်များ အားလုံးပါရှိသကဲ့သို့၊ ဤစာအုပ်ကို ရရှိခြင်းသည် ဘုရားသခင်၏ အရာခပ်သိမ်းအား ရရှိခြင်းနှင့် ညီမျှသည် သို့မဟုတ် ဤစာအုပ်သည် သမ္မာကျမ်းစာ လုပ်ဆောင်ခဲ့သကဲ့သို့ပင် လူသားမျိုးနွယ်အား အနာဂတ်တွင် ဦးဆောင်လိမ့်မည်ဟု ယုံကြည်သောသူများ ရှိလေသည်။ လူတို့သည် ဘုရားသခင်အပေါ် ကန့်သတ်ချက်များ ချမှတ်ရန် အမြဲ နှစ်သက်ကြသောကြောင့်၊ ထိုသို့သော အမြင်များကို ကိုင်စွဲထားသော သူများသည် အနည်းစု မဟုတ်ဟု ငါယုံကြည်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းတတ်စွမ်းနိုင်ပြီး၊ အလုံးစုံကို ခြုံငုံသောသူ ဖြစ်သည်ဟု ၎င်းတို့အားလုံး ကြေညာကြသော်လည်း၊ ၎င်းတို့၏ သဘာဝက ဘုရားသခင်အား အတိုင်းအတာတစ်ခုခုအတွင်း ဘောင်ခတ်ရန် လွယ်ကူစေဆဲ ဖြစ်သည်။ အယောက်တိုင်းသည် ဘုရားသခင်ကို သိကျွမ်းလာနေကြသော်လည်း၊ ထိုချိန်အတောအတွင်းတွင်၊ အယောက်တိုင်းသည် ဘုရားသခင်ကို ခုခံလည်းခုခံကာ ဘောင်ခတ်လည်းဘောင်ခတ်နေကြပေသည်။

နိုင်ငံတော်ခေတ်ထဲက ဘုရားသခင်၏ အမှုသည် အစပြုရုံသာရှိသေးသည်။ ဤစာအုပ်ထဲက ဘုရားသခင်၏ မိန့်မြွက်ချက်များ အားလုံးသည် ထိုအချိန်က သူ့နောက်လိုက်နေခဲ့ကြသော သူများသက်သက်ကို ရည်ရွယ်ထားပြီး၊ ယင်းတို့သည် သူ၏ လတ်တလော လူ့ဇာတိခံယူခြင်းတွင် ပြုလုပ်ထားပြီးဖြစ်သည့် သူ၏ ဖော်ပြချက်များ အစိတ်အပိုင်းတစ်ခုမျှ ဖြစ်သည်။ ယင်းတို့သည် ဘုရားသခင်၏ အရာအားလုံးကို ကိုယ်စားမပြုပေ။ ထို့အပြင်၊ ယင်းသည် ဘုရားသခင်က ဤလူ့ဇာတိခံယစဉ်အတွင်း လုပ်ဆောင်လိမ့်မည့် အမှုအားလုံးကို ခြုံငုံသည်ဟု ဆို၍မရပေ။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်များကို အမျိုးမျိုးသော လူမျိုးစုများနှင့် နောက်ခံများမှ လူတို့ထံ ရည်ရွယ်လိမ့်မည်ဖြစ်ပြီး၊ သူသည် လူသားမျိုးနွယ် အားလုံးကို သိမ်းပိုက်ကာ၊ ခေတ်ဟောင်းကို အဆုံးသတ်လိမ့်မည် ဖြစ်သည်။ ထိုသို့ဖြင့်၊ သူသည် သူ့နှုတ်ကပတ်တော်များ၏ အင်မတန် သေးငယ်သော အစိတ်အပိုင်းတစ်ခုကိုသာ

ဖော်ပြပြီးနောက်တွင် ထိုအရာအားလုံးကို မည်သို့ လက်စသတ်နိုင်မည်နည်း။ ယင်းမှာ ဘုရားသခင်၏ အမှုသည် ကွဲပြားခြားနားသော အချိန် ကာလများနှင့် ကွဲပြားခြားနားသော အဆင့်များအဖြစ်သို့ ခွဲခြားထားသောကြောင့်သာ ဖြစ်သည်။ သူသည် သူ၏ အစီအစဉ်နှင့်အညီ အမှုပြုနေပြီး၊ သူ၏ ခြေလှမ်းများနှင့်အညီ သူ၏ နှုတ်ကပတ်များကို ဖော်ပြနေသည်။ လူသားသည် ဘုရားသခင်၏ အရာခပ်သိမ်း တတ်စွမ်းနိုင်ခြင်းနှင့် ဉာဏ်ပညာကို အဘယ်သို့ နားလည်နိုင်မည်နည်း။ ဤနေရာတွင် ငါ ရှင်းပြရန် ဆန္ဒရှိသည့် အချက်မှာ ဤသို့ဖြစ်သည်- ဘုရားသခင်၏ ဖြစ်ခြင်းနှင့် အရာအားလုံးသည် ထာဝရ မကုန်ခမ်းနိုင်သကဲ့သို့ အဆုံးမရှိဖြစ်သည်။ ဘုရားသခင်သည် အသက်နှင့် အရာခပ်သိမ်း၏ အရင်းအမြစ် ဖြစ်သည်။ သူ့ကို မည်သည့် ဖန်ဆင်းခံသတ္တဝါကမျှ နားမလည်နိုင်ပေ။ နောက်ဆုံးအနေနှင့်၊ အယောက်တိုင်းကို ငါ ဆက်လက်သတိပေးရမည်။ ဘုရားသခင်အား စာအုပ်များ၊ စကားလုံးများ၊ သို့မဟုတ် သူ၏ အတိတ်က မိန့်မြွက်ချက်များဖြင့် နောက်တစ်ဖန် ဘောင်မခတ်နှင့်။ ဘုရားသခင့်အမှု၏ ထူးခြားသော ပင်ကိုလက္ခဏာအတွက် စကားလုံးတစ်လုံးသာ ရှိသည်- အသစ်ဟူ၍ ဖြစ်၏။ သူသည် လမ်းဟောင်းများကို လျှောက်ရန် သို့မဟုတ် သူ၏ အမှု တစ်ကျော့ပြန်ရန် မနှစ်သက်ပေ။ ထို့အပြင် သူသည် လူတို့အား သူ့ကို နယ်ပယ်တစ်ခုအတွင်း ဘောင်ခတ်ခြင်းအားဖြင့် မကိုးကွယ်စေချင်ပေ။ ဤသည်မှာ ဘုရားသခင်၏ စိတ်သဘောထားဖြစ်သည်။

**အနန္တတန်ခိုးရှင် ဘုရားသခင် အသင်းတော်**

ဘုရားသခင်၏ နှုတ်ကပတ်တော်များကို သင်ထပ်၍ဖတ်ချင်ပြီး နောက်ဆုံးသောကာလ၌
ဘုရားသခင်၏ လုပ်ဆောင်မှုကို သိချင်လျှင် ကျေးဇူးပြုပြီး ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။


ဇော်ဂျီ ဝက်ဘ်ဆိုဒ်

https://my.kingdomsalvation.org/

ဇော်ဂျီ ဆက်သွယ်ရန် ဖုန်းနံပါတ်များ

959-441-136-387

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်

အပလီကေးရှင်း ဒေါင်းလုဒ်

**YouTube:** https://l.kingdomsalvation.org/my/video

**Facebook:** https://l.kingdomsalvation.org/my/facebook

**Instagram:** https://www.instagram.com/kingdomsalvationmy/

**Email:** contact.my@kingdomsalvation.org